# ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ




**ဆရာတော် ဦးဇောတာလင်္ကာရ**

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊

ဒီဃနိကာယကောဝိဒ

A.A.(City College of San Francisco)
B.A.(San Francisco State University)

၂၃၅၄၀

# ဝိနည်းတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ

ဆရာတော် ဦးဇောတာလင်္ကာရ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊
ဒီယနိကာယကောဝိဒ
A.A.(City College of San Francisco)
B.A.(San Francisco State University)

မြတ်ဆုမွန်

မြတ်ဆုမွန်စာပေ
အမှတ် ၈၊ ဝတ်ကျောင်းလမ်း
ပုဇွန်တောင်မြို့နယ်၊ ဖုန်း–၂၉၇၈၆၄။

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

Copyright © 2002 by Sayadaw U Jotālaṅkāra, USA

First Edition: 2002 Myat Su Mon, Myanmar.
1000 copies

Printed in
Yangoon, Myanmar



# ဆရာတော်ဦးဇောတာလင်္ကာရ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ

ဒီဃနိကာယကောဝိဒ

# ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ




ဆရာတော် ဦးဇောတာလင်္ကာရ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊
ဒီဃနိကာယကောဝိဒ
A.A.(City College of San Francisco)
B.A.(San Francisco State University)

## စာအုပ်မှတ်တမ်း

၂၀၀၂-ခု၊ ဇွန်လ။ ပထမအကြိမ်။ အုပ်ရေ (၁၀၀၀)။

စာမူခွင့်ပြုချက်-၂၀၆/၂၀၀၂/၄၊ အဖုံးခွင့်ပြုချက်-၂၁၄/၂၀၀၂/၄။

**Computer Type Set**

ဆရာတော် ဦးဇောတာလင်္ကာရ

TBSA Myanmar (SILA) TCSTN Fonts ဖြင့် ရိုက်သည်။

ကိုစိုးစိုးလှိုင် (မြတ်ဆုမွန်)

**Cover Design**

OKKA MOE MYINT (N.D. Myanmar)

**Book Layout**

ဦးအောင်မွန် (မြတ်ဆုမွန်)

**Offset Film**

ကိုမြတ်စိုးနှင့်အဖွဲ့ (Adorn)

**Scanning & Color Separation**

ဦးစန်မင်း (New Day)

ထုတ်ဝေသူ

ဦးထွန်းထွန်းဦး၊ နှင်းဦးလွင်စာပေ။ အမှတ်-၅၃၃၊ အေ၊ ၈-ရပ်ကွက်၊ ပြည်လမ်း။

ပုံနှိပ်သူ

ဦးကျော်စန်းလင်း (ယာယီ/၈၆၉)၊ **EVERGREEN OFFSET**

အမှတ်-၉၀၊ ၈-လမ်း၊ လမ်းမတော်မြို့နယ်။

စီစဉ်သူ

ဒေါ်သက်သက်နိုင်(မြတ်ဆုမွန်)

စာအုပ်ချုပ်

ကိုဇော်ဝမ်း

မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊
ပါမောက္ခချုပ်ဆရာတော်
အမေရိကန်နိုင်ငံ၊ ဟော့မွန်ဗေးမြို့၊ ဓမ္မာနန္ဒဝိဟာရကျောင်းတိုက်၊ ပဓာနနာယကဆရာတော်
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

# ဆရာတော်ဦးသီလာနန္ဒာဘိဝံသ (D.Litt.) ၏

## ဤကျမ်းနှင့်စပ်ရာ အမှာစာ

ဦးဇောတာလင်္ကာရသည် ဘုန်းကြီး၏ကြီးတပည့်ဖြစ်၏။ သူ ဘုန်းကြီးထံသို့ရောက်သောအခါ ဓမ္မာစရိယ အောင်ပြီးပြီ၊ တိပိဋကရေစာမေးပွဲ၌လည်း ပိဋကတစ်ပုံ ဒီဃနိကာယ်အောင်ပြီးဖြစ်၏။ ခေတ်အနေဖြင့်ပြောရလျှင် စာအတော်တတ်ပြီးဖြစ်၏။ သို့သော် သူ ဘုန်းကြီးထံသို့ရောက်လာခြင်း၌ အကြောင်းရှိရမည်-ဟု ထင်၏။

မဏိသာရမဉ္ဇူဆရာကဲ့သို့ သူလည်း စာတတ်သည်ကို မသိသေး၍ လာရောက်ဟန်တူ၏။ မဏိ.မဉ္ဇူဆရာသည် ရေငုံဘုန်းတော်ကြီးထံ ဋီကာကျော်စာတက်၍ ၃-ရက်ခန့်ရှိသောအခါ မလာတော့၊ ထို့နောက် သတိရ၍ ဆရာတော့်ထံလျှောက်မည့်အသွား ဆရာတော်ကလည်း လူအလွှတ်ကြည့်နိုင်း၍ လမ်းမှာဆုံကြသည်။ ဆရာတော်နည်းပြကောင်းသဖြင့် စာတတ်သွားပြီဖြစ်၍ မလာတော့ကြောင်း လျှောက်ရာ 'ယင်းသို့ဖြစ်လျှင် ဋီကာကျော်ကိုတက်၍ စာတတ်သဖြင့် ဋီကာကျော်ကို ပူဇော်သောအားဖြင့် ဋီကာအဖွင့်ကျမ်းတစ်စောင်ပြုစုရမည်' ဆိုသဖြင့် ဋီကာကျော်အဖွင့် မဏိသာရမဉ္ဇူကျမ်းကိုရေး၍ ကျေးဇူးဆပ်သည်ဟုဆို၏။ ယခုလည်း ထို့အတူပင် ဘုန်းကြီးသင်ကြားပေးသော နည်းများဖြင့်ပင် စာတတ်တစ်ပါးဖြစ်သွားဟန်ရှိသည်။

သူသည် ဘုန်းကြီး၏စောင်မချက်ဖြင့် ဂျပန်နိုင်ငံသို့လည်းကောင်း၊ အမေရိကန်နိုင်ငံသို့လည်းကောင်း ရောက်၍ ယခုတိုင်လက်တွဲ၍ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်၏။ အမေရိကန်နိုင်ငံ၌နေစဉ် ဆန်ဖရန်စစ္စကို City College of San Francisco မှ A.A. (Associate in Arts) ဒီဂရီကို ဂုဏ်ထူးဖြင့်လည်းကောင်း၊ ပြည်နယ်တက္ကသိုလ် State University of San Francisco မှ B.A.ဘွဲ့ကို ဂျပန်စာဂုဏ်ထူးဖြင့်လည်းကောင်း ရယူခဲ့သူလည်းဖြစ်ပါသည်။

တစ်နေ့သော် အဋ္ဌကထာ,ဋီကာတို့၌ ကွဲလွဲချက်များရှိနေရာ ထိုကွဲလွဲချက်များကိုဖော်ထုတ်၍ အဖြေမပေးနိုင်သည့်တိုင်အောင် မိမိတို့အဖို့ သိပြီးသားဖြစ်နေလျှင် တော်သေးသည်-ဟု ယူဆ၍ အဋ္ဌကထာ,ဋီကာလာ ကွဲလွဲသည့် နေရာများကိုဖော်ထုတ်၍ ကျမ်းတစ်စောင်အဖြစ်ပြုလျှင် ကောင်းမည် ထင်ကြောင်း ပြောမိသည်။ ထိုကို အစယူ၍ ယခု 'ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ' ဤကျမ်းကြီး ရေးသားခဲ့ခြင်းဖြစ်၏။

ထိုသို့ရေးသားရာ၌ မိမိကိုအသိပေး၍ ရေးသားသောအချက်များရော၊ ရေးပြီးနောက်မှ အသိပေးသောအချက်များပါပေါင်း၍ စာမျက်နှာ(၉၀၀)နီးပါးရှိ ဤကျမ်းစာကြီးကိုရေးသားခဲ့ပြီး ဘုန်းကြီးထံ တင်ပြခဲ့ပါသည်။

ဘုန်းကြီးထံ တင်ပြခဲ့သည်ဆိုသော်လည်း သူ့အစွမ်းသူ့သတ္တိဖြင့် ရေးသားခြင်းဖြစ်ပါသည်။ ဤကျမ်းစာတွင်ပါဝင်သမျှ ကောင်းသောအချက်ဖြစ်စေ, မကောင်းသောအချက်ဖြစ်စေ သူ့တာဝန်ဖြစ်ပါသည်။ ကျမ်းပြုပုဂ္ဂိုလ်ပီပီ သူ့သာလျှင်တာဝန်ရှိသောပုဂ္ဂိုလ်ဖြစ်ပါသည်။

ဤမျှကြီးကျယ်သော ကျမ်းကြီးတစ်စောင်ပြုစုရာမှာ လွယ်ကူသောကိစ္စမဟုတ်ပါ။ ရေးသားသော အချက်အလက်တိုင်း အထောက်အထားများပါပြရသဖြင့် ပို၍တာဝန်ကြီးပါသည်။ မည်မျှဂရုတစိုက် ရေးသားထားသည်ကိုလည်း ကျမ်းစာကိုအနည်းငယ်ဖတ်ကြည့်ရုံဖြင့် သိနိုင်ပါလိမ့်မည်။ အခြား ခက်ခဲသော နေရာများစွာပါရှိရာ ထိုနေရာတို့၌ ထိုထိုကျမ်းဆရာတို့၏အယူအဆကိုပြ၍ ဆုံးဖြတ်ထား သည်ကို တွေ့ရမည်ဖြစ်ပါသည်။

အကျယ်ချဲ့ရန် လိုမည်မဟုတ်ပါ။ ဤကျမ်းစာကိုပြည်းကြည့်လျှင်ပင် ကျမ်းစာ၏အတိမ်အနက်ကို သိရပါလိမ့်မည်။ ဤမျှကြီးကျယ်ကောင်းမွန်သော ကျမ်းတစ်စောင်ကိုပြုစုသည့်အတွက် အားလုံးက ဝမ်းသာရမည်ဖြစ်ပါသည်။

တိုက်ဆိုက်ဆိုင်ဆိုင် ဤကျမ်းစာပြီးသည့်နှစ်မှာမှ မြန်မာနိုင်ငံတော်အစိုးရက ချီးမြှင့်သော 'အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ' ဘွဲ့ကြီးကိုရရှိခဲ့သဖြင့်လည်း 'ရေနှင့်ကြာ' အသင့်ပင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

ဤကျမ်းစာကို ရေးသူကရေးသော်လည်း ဖတ်သူရှိမှ ကျေးဇူးများပါသည်။ ပါဠိတော်, အဋ္ဌကထာ, ဋီကာမှ မှတ်သားဖွယ်ကောင်းသောအချက်အလက်များကို တစ်စုတည်းတွေ့ရသဖြင့် အားပါးတရဖတ်ရမည့်စာအုပ် ဖြစ်ပါသည်။

စာရေးသူ ရေးရကျိုးနပ်အောင် ဖတ်ဖြစ်အောင် ဖတ်ကြပါဟု တိုက်တွန်းလိုပါသည်။

ဦးသီလာနန္ဒာဘိဝံသ (D.Litt.)<br>
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ။

သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

A.A. (City College of San Francisco), B.A. (San Francisco State University)

# ဆရာတော် ဦးဇောတာလင်္ကာရ၏

## ဤကျမ်းဖြစ်ပေါ်လာပုံ ကြောင်းခြင်းရာစုံ

ဤကျမ်းစာအုပ်ဖြစ်ပေါ်လာပုံ ကြောင်းရာစုံကိုတင်ပြလိုပါသည်။

စာရေးသူ ငယ်ရွယ်စဉ်က လပွတ္တာမြို့နယ်၊ လပွတ္တလုတ်ရွာ၊ ကျေးဖူးရှင်အောက်ကျောင်း ဆရာတော်ဘုရားကြီးထံဝယ် (၈)နှစ်တိုင်တိုင် သဒ္ဒါကြီးသဒ္ဒါငယ်နှင့်သင်ရိုးပိဋကကျမ်းများကို နေ့ဝါရော ညဝါစာပေများပါ အတော်ပင်စုံလင်အောင်သင်ယူခဲ့ရပါသည်။

ထို့နောက် ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပါဠိတက္ကသိုလ်၌လည်း တိုက်အုပ်၊ တိုက်ကြပ်၊ စာချဆရာတော်များထံမှ စာမေးပွဲဆိုင်ရာကျမ်းဂန်များကိုသင်ယူ၍ စာမေးပွဲများဆင်နွှဲခဲ့ရာ (၁၀)နှစ်တာ ကာလအတွင်း ပဌမပြန်ငယ်,လတ်,ကြီး,အစိုးရဓမ္မာစရိယနှင့် ဒီဃနိကာယ်ပိဋကတစ်ပုံတို့ကို အောင်မြင်ခဲ့ပါသည်။ မည်သို့ပင် စာမေးပွဲများကိုအောင်မြင်စေကာမူ စာရေးသူအနေဖြင့် မိမိအပေါ်မိမိ အားမရသည့်အချက်က ပါဠိတော်,အဋ္ဌကထာ,ဋီကာများကို စနစ်တကျမကြည့်ရှုတတ်ခြင်းပင်ဖြစ်ပါသည်။

'ငါ မည်သို့မည်ပုံ စနစ်တကျစာကြည့်တတ်အောင် ကြိုးစားရပါမည်နည်း?' ဟု စဉ်းစားနေချိန်ကာလမှာ မဟာစည်ရိပ်သာရှိ မိတ်ဆွေမွန်ကြီးဖြစ်တော်မူသော ဘုန်းကြီးဦးကဝိဇေက သတင်းကောင်းပေးလာပါသည်။ 'မန္တလေးမြို့ အနောက်ပြင် အဘယာရာမရွှေဂူတိုက်၌ ဆရာတော်ဦးသီလာနန္ဒဟာ ပိဋကစာပေလည်းနှံ့စပ်၏၊ ဘာသန္တရလည်းကြွယ်ဝ၏၊ မဟာစည်ဆရာတော်ကြီးများပင် ပိဋကစာပေနှင့်ရော ဘာသန္တရစာပေများ၌ပါ လေးစားအားထားရသော ပုဂ္ဂိုလ်ဖြစ်၏။ အကယ်၍ အရှင်ဘုရား... ဆရာတော်ထံမှာနေလိုလျှင် ဆက်သွယ်ပေးမည်' ဟု အကြံပေးစကား ဆိုလာပါသည်။ စာရေးသူက 'ဘုန်းကြီး... ဆက်သွယ်ပေးလျှင် ဆရာတော်ထံ၌နေပါမည်' ဟု လျှောက်ထားသောအခါ ဘုန်းကြီး ဦးကဝိဇေက စာဖြင့်ဆက်သွယ်ပေးလိုက်ပါသည်။ မိတ်ဆွေဘုန်းကြီး၏ဆက်သွယ်ပေးမှုကြောင့် ၁၃၃၁ (၁၉၆၉-ခုနှစ်) နှစ်ဦးလောက်ကစ၍ ဆရာတော်ဦးသီလာနန္ဒထံဝယ် ပညာရည်နို့ သောက်စို့ခွင့်ရခဲ့ပါသည်။

ဆရာတော်ကား မှတ်ဉာဏ်ကောင်း၏။ ဓမ္မပဒဂါထာ၊ဇာတ်ဂါထာ အများအားဖြင့် သူ့နှုတ်ဖျားတွင်ရှိ၏။ အဋ္ဌကထာ၊ ဋီကာများ၌ မတူညီသောအဆိုအမိန့်များကို ညွှန်ကြားနိုင်၏။ ဆရာတော်သုံးစွဲသော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများဝယ် အချင်းချင်းကျမ်းညွှန်းများ၊ ကွဲလွဲချက်များ၊ မှတ်ချက်များဖြင့် ပြည့်နှက်လျက်ရှိ၏။ ဆရာတော်သည် ပညာရေးနှင့်ပတ်သက်၍ ဆရာစားမထား၊ လျှို့ဝှက်ချက်မရှိ၊ တပည့်များအပေါ် သူကဲ့သို့ပင်ဖြစ်စေချင်ပုံရသည်။

စာရေးသူကား ဆရာတော်၏စာပေလေ့လာပုံစနစ်ကို လွန်စွာအားကျမိခဲ့ပါသည်။ စွမ်းအားရှိသရွေ့လည်း နာယူမှတ်သားခဲ့ပါသည်၊ ဆရာတော်၏သဘောထားကိုလည်း ရိုသေလေးစားခဲ့ပါသည်။ ထိုစဉ်က ဆရာတော်၏ ဥပသမ္ပဒသင်တန်း, သိမ်သင်တန်း စသောခေတ်မှီပို့ချချက်များကို ကောင်းစွာမှတ်ယူနိုင်ခဲ့သည့်ပြင်၊ ရူပသိဒ္ဓိ, မောဂ္ဂလာန် စသော ပါဠိသဒ္ဒါကျမ်းများ၊ မုဂ္ဂဗောဓ, ဝိဒဂ္ဓမုခမဏ္ဍန, တရ်ကသံဂြဟ, သုတဗောဓ စသော သက္ကတကျမ်းများကိုလည်း သင်ယူခွင့်ရခဲ့ပါသည်။

စာရေးသူအနေဖြင့် ဆက်လက်၍ ပညာရည်နို့သောက်စို့လိုသော်လည်း ၁၃၃၅-ခုနှစ် (၁၉၇၄)၌ မမျှော်လင့်ဘဲ ငယ်ဆရာတော်တစ်ပါး၏စီမံချက်အရ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်း ဒက္ခိဏာရုံကျောင်းဝယ် ကျောင်းထိုင်ဘုန်းကြီးဖြစ်ခဲ့ရပြန်လေသည်။

ကံကား ဆန်းကြယ်လှပါဘိ။ ၁၉၇၉–ခုနှစ်သို့ရောက်သော် ဂျပန်နိုင်ငံ၊ ကီတကျူးရှူးမြို့ မိုဂျီကမ္မဋ္ဌာန်းအေးစေတီတော် ဂေါပကအဖွဲ့မှ သာသနာပြုပင့်ခေါ်သောအခါ ဆရာတော်ဦးသီလာနန္ဒ၏ ထောက်ခံချီးမြှင့်မှုကြောင့် ဂျပန်နိုင်ငံသို့ကြွရောက်၍ (၆)နှစ်တာကာလ သာသနာပြုခဲ့ပြီးလျှင်၊ ၁၉၈၅–ခုနှစ်ဝယ် ဆရာတော်၏ဩဝါဒခံ ထေရဝါဒဗုဒ္ဓဘာသာအသင်းကြီးမှ ဆရာတော်၏ချီးမြှောက်ချက် ကြောင့်ပင် အမေရိကသို့ကြွရောက် ယနေ့တိုင်အောင်သာသနာပြုခွင့်ရခဲ့ပါသည်။ ပြန်လည်ဆုံဆည်း ခွင့်ရသော ယခုအခါ၌ ဆရာတော်ထံမှ များစွာသောအားပေးချီးမြှောက်မှုကို ခံယူရပြန်ပါသည်။

တစ်နေ့သောအခါ ဆရာတော်က 'အဋ္ဌကထာ, ဋီကာတို့၌ ကွဲလွဲချက်များရှိနေရာ ထိုကွဲလွဲချက် များကိုဖော်ထုတ်၍ အဖြေမပေးနိုင်သည့်တိုင်အောင် မိမိတို့အဖို့ သိပြီးသားဖြစ်နေလျှင် တော်သေးသည်– ဟု ယူဆ၍ အဋ္ဌကထာ, ဋီကာလာ ကွဲလွဲသည့်နေရာများကိုဖော်ထုတ်၍ ကျမ်းစာတစ်စောင်အဖြစ် ပြုစုလျှင် ကောင်းမည်ထင်ကြောင်း'အမိန့်ရှိဖူးပါသည်။ ဆရာတော်၏တောင့်တမိန့်ဆိုချက်ကို ကျေးဇူး တုံ့ဆပ်သောအနေဖြင့် ဤကျမ်းစာပေါ်ထွက်လာရခြင်းဖြစ်ပါသည်။

ဆရာတော်၏တောင့်တတော်မူချက်အတိုင်း ထိုထိုအဋ္ဌကထာ,ဋီကာတို့၌ပါရှိသော ကွဲလွဲချက် အဆိုအမိန့်များကိုရှာဖွေ၍ အပြည့်အစုံမဖော်ထုတ်နိုင်သေးစေကာမူ တတ်အားသမျှရရှိထားသော မတူညီသောအဆိုအမိန့်များ, မိမိငယ်ရွယ်စဉ်ကမှတ်စုများ၊ ဆရာတော်၏သင်တန်းပို့ချချက်နှင့် မှတ်စု မှတ်ရာများ၊ အခြားကောင်းနိုးရာရာတို့ကိုစုစည်း၍ 'ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ' ဟုအမည်ပေးလျက် ဝိနည်းဆိုင်ရာ,သုတ္တန်ဆိုင်ရာ,အဘိဓမ္မာဆိုင်ရာ မှတ်စုထွေလာ–ဟူ၍ သုံးပိုင်းခွဲကာ စာတစ်အုပ်ဖြစ်မြောက်ရန် အားထုတ်ခဲ့ရာတွင် 'ဝိနည်းဆိုင်ရာနှင့် သုတ္တန်ဆိုင်ရာ မှတ်စုထွေလာ' မပြီးခင်မှာပင် စာမျက်နှာ(၉၀၀)ခန့်ရှိနေပြီဖြစ်၍ ဤစာအုပ်ကို ပဌမတွဲအဖြစ် ထုတ်ဝေရပါတော့မည်။

ဤစာအုပ်တွင် ဝိနည်းဆိုင်ရာမှတ်ဖွယ်များကိုပြဆိုရာမှာ သုတ္တန်နှင့်ဆက်သွယ်သောအရာများကို တွေ့ရပါလိမ့်မည်။ ဥပမာ–ဟေဝဘိက္ခုရဟန်းအရေအတွက်နှင့်ပတ်သက်၍ ပါရာဇိကဏ်အဋ္ဌကထာလာ အဆိုအမိန့်နှင့် ထေရဂါထာအဋ္ဌကထာလာအဆိုအမိန့် အနည်းငယ်ကွာဟပုံ၊ ဒါနမဟုတ်သော ဒါနငါးမျိုးနှင့်ပတ်သက်၍ ပရိဝါပါဠိတော်လာနှင့် ပါထေယျပါဠိတော်လာတူညီပုံ။

ထို့ပြင် ဝိနည်းပါဠိတော်,အဋ္ဌကထာ, ဋီကာတို့၌ ဥပသမ္ပဒကမ္မဝါစာများ မပါမရှိကြသော်လည်း ရှေးဆရာတော်တို့က အထောက်သာကေများကို ရှာကြံကြလျက် ပြုစုခဲ့ကြသော 'ဆရာအမျိုးမျိုး ဒွန်ကမ္မဝါစာအထွေထွေ'ကိုလည်းကောင်း၊ 'ဝါကျိုးဝါပြတ်ဖြစ်ခဲ့သော် နောင်အခါ၌ ထိုကျိုးပြတ်သော ဝါကိုထည့်၍ ရေတွက်ရန်သင့်,မသင့်'ဟူသော အဆုံးအဖြတ်ကိုလည်းကောင်း၊ ဝတ်ဆောက်တည်ရာ၌ 'အဂ္ဂသမောဓာန်နှင့် မိဿကသမောဓာန်တို့၏ ခြားနားပုံ'ကိုလည်းကောင်း၊ 'ဣမံ ကထိနစီဝရံ သံဃဿ ဒေမ'၌ 'သံဃဿ ဒေမ'အရ ပုရိမဝဿံဝုတ္ထ သီမဋ္ဌကသံဃာအားလှူရမည်–ဟူသော ဝါဒ, အာရာမိကသံဃာအားလှူရမည်–ဟူသောဝါဒ, အာဂတာနာဂတ စာတုဒ္ဒိသသံဃာအားလှူရမည်– ဟူသောဝါဒ, ကျောင်းတိုက်အတွင်း၌ ကထိန်သင်္ကန်းလှူဒါန်းလျှင် စာတုဒ္ဒိသသံဃာအားလည်းကောင်း၊ ကျောင်းတိုက်ပြင်ဘက်၌လှူဒါန်းလျှင် ကျောင်းတိုက်နာမည်ကိုတပ်၍ အာရာမိကသံဃာအား လည်းကောင်း လှူရမည်–ဟူသောဝါဒ'ဟု 'ကထိန်သင်္ကန်းကိုအလှူခံရာဝယ် ဆရာအမျိုးမျိုး ကွဲလွဲချက် အထွေထွေကိုလည်းကောင်း၊ 'ကျောင်းရေစက်ချနှင့်ပတ်သက်၍ သီးလုံးဆရာတော်, ပခုက္ကူဆရာတော်, ပဌမအဘယာရာမဆရာတော်, ဒုတိယအဘယာရာမဆရာတော်, မဟာစည်ဆရာတော်တို့၏ ကျောင်း ရေစက်ချပုံနည်းမျိုးစုံကိုလည်းကောင်း'အစရှိသော မှတ်သားဖွယ်ရာများကို လေ့လာနိုင်ပါသည်။

သုတ္တန်ဆိုင်ရာမှတ်ဖွယ်ရာများကို ပြဆိုရာမှာလည်း ဝိနည်း,အဘိဓမ္မာတို့နှင့် ဆက်နွယ်သော အရာများကိုလည်း ဖတ်ရှုရမည်ဖြစ်ပါသည်။ သရဏဂုံနှင့်စပ်သွယ် သိမှတ်ဖွယ်၌ 'တပုဿ ဘလ္လိက

ကုန်သည်နှစ်ယောက်တို့ ဒွေဝါစိကသရဏဂုံဆောက်တည်ပုံ'ကို ဝိနည်းမဟာဝါပါဠိတော်မှလည်းကောင်း၊ ငါးပါးသီလနှင့်ပတ်သက်သော အကြောင်းအရာအချို့ကို အဘိဓမ္မာဝိဘင်းပါဠိတော်, ဝိဘင်းအဋ္ဌကထာ(သမ္မောဟဝိနောဒနီအဋ္ဌကထာ)တို့မှလည်းကောင်း ရယူပါသည်။

ထို့ပြင် 'ကိုယ့်ဥစ္စာကိုယ်ပေး၍ အပါယ်ကျသူများ ဟူသော ပဟေဠိစကားကိုလည်းကောင်း၊ သီလရှိလျက်ပုံလွန်သော ပုထုဇဉ်ရဟန်း၏စေတီပုထိုးကို ခွင့်ပြုတော်မမူဘဲ အိမ်၏အလယ်၌ ကာမဂုဏ်ခံစားလျက် ကွယ်လွန်သော စကြဝတေးမင်း၏စေတီကို ဘုရားရှင်ခွင့်ပြုတော်မူခြင်းအကြောင်းကိုလည်းကောင်း၊ 'အစွဲအလမ်းနှင့်သေလျှင် မိမိအိမ်, မိမိကျောင်းပတ်ဝန်းကျင်၌ပင် တစ္ဆေ ဘုတ်ပြိတ္တာ, ခွေး, ကြက်, ကြွက် စသည်ဖြစ်တတ်ပုံကိုလည်းကောင်း၊ အပဒါန်ပါဠိတော်၌ 'လေးနှစ်, ငါးနှစ်သားအရွယ်ရဟန္တာများပါရှိသော်လည်း မိလိန္ဒပဉှာ၌ 'ခုနစ်နှစ်သားအောက် ကလေးများ တရားထူးမရနိုင်ကြောင်းဖော်ပြသောကြောင့်' ကျမ်းဂန်နှစ်ခုတို့၏ အဆိုအမိန့်ကွဲပြားပုံကိုလည်းကောင်း စသော စိတ်ဝင်စားဖွယ်များကိုလည်း ဖတ်ရှုနိုင်ပါသည်။

ဤကျမ်းစာအုပ်ဖြစ်မြောက်ရန်အတွက် အဖက်ဖက်မှကူညီအားပေးချီးမြှင့်တော်မူသော ကျေးဇူးရှင်ဓမ္မာနန္ဒဆရာတော်, စာမူကိုဖတ်ရှုပေးတော်မူကြသော ဦးသြသဓ(ဓမ္မာစရိယ), ဦးဉာဏိက (ဓမ္မာစရိယ), ဦးကေလာသ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့အားလည်းကောင်း၊ ကွန်ပြူတာသုံးစွဲနည်းကိုသင်ပြပေးလေ့ရှိသော မောင်မောင်အေးနှင့် စာအုပ်အဖြစ် အသင့်ရိုက်နှိပ်နိုင်ရန်အထိ ကွန်ပြူတာဖြင့်လည်းကောင်း မြန်မာပြည်ပုံနှိပ်တိုက်နှင့် ဆက်သွယ်ခြင်းဖြင့်လည်းကောင်း အားကြိုးမာန်တက် ဆောင်ရွက်ကူညီပေးရှာသော မောင်သီဟဉာဏတို့အားလည်းကောင်း၊ မြတ်ဆုမွန် ဦးအောင်မွန်–ဒေါ်သက်သက်ခိုင်တို့အားလည်းကောင်း၊ ဤစာအုပ်ပုံနှိပ်ထုတ်ဝေနိုင်ရန်အတွက် မတည်ငွေလှူဒါန်းကြသော Kung Spinuch Pongsavas (La Verne), Kwang-ne Chun (Japan), Otakihiroko (Japan), Daw Than Kyi (Dhammānanda Vihāra, Half Moon Bay), Steven Shwe တို့နှင့် သဒ္ဓါတတ်အားသမျှ လှူဒါန်းကြသောသူတို့အားလည်းကောင်း အထူးကျေးနပ်ကျေးဇူးတင်လျက် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကာ မှတ်တမ်းတင်အပ်ပါသည်။

ဦးဇောတာလင်္ကာရ

၁၃၆၃–ခုနှစ်၊ တပေါင်းလပြည့် (၂၈–၃–၂၀၀၂) ကြာသပတေးနေ့။

သာသနဓဇသိရိပဝရဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

A.A. (City College of San Francisco), B.A. (San Francisco State University)

# ဆရာတော် ဦးဇောတာလင်္ကာရ

## ထေရုပ္ပတ္တိအကျဉ်း

ဆရာတော်သည် မြောင်းမြခရိုင်၊ လပွတ္တာမြို့နယ်၊ လပွတ္တာလုပ်မြောက်ဘက်ရွာနေ အဘဦးဖြိုး အမိ ဒေါ်အေးတင်တို့မှ ၁၃၀၀-ပြည့်နှစ် ဝါခေါင်လပြည့်ကျော်(၆)ရက် (၈၊ ၁၆၊ ၁၉၃၈ ခုနှစ်) အင်္ဂါနေ့တွင် ဖွားသန့်စင်၍ မွေးချင်းရှစ်ဦးတွင် ပဉ္စမမြောက်သားရတနာဖြစ်ပါသည်။

ငယ်မည်'မောင်သန်းဆောင်'ဟု ခေါ်တွင်လေသည်။ ငယ်စဉ်အခါ ဦးကြီးအရင်းဖြစ်သူ လပွတ္တာမြို့နယ် အောက်ကမ္ဘလာကျောင်းဆရာတော် ဦးဝိမလထံတော်၌ သင်ပုန်းကြီးနှင့်အခြေခံပါဠိစာပေများကို သင်ယူခဲ့ပါသည်။ အသက်(၁၀)နှစ်အရွယ်တွင် မိဘများနှင့်အတူ ပုသိမ်ခရိုင် ငပုတောမြို့နယ် ဇီးဖြူဆိပ်ရွာသို့ပြောင်းရွှေ့နေထိုင်ပြီး ဇီးဖြူဆိပ်ကျောင်းဆရာတော်ဦးပညာဇောတထံ အခြေခံမြန်မာစာနှင့် ဂဏန်းသင်္ချာတို့ကို သင်ယူတတ်မြောက်ခဲ့ပါသည်။

၁၃၁၃-ခုနှစ် ဝါဆိုလဆန်း(၁၂)ရက် (၇၊ ၁၅၊ ၁၉၅၁-ခုနှစ်) တနင်္ဂနွေနေ့တွင် မွေးရပ်မြေဖြစ်သည့် လပွတ္တာမြို့နယ် လပွတ္တာလုပ်မြောက်ဘက်ရွာ အောက်ကျောင်းဆရာတော်ဘုရားကြီးကိုဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးနှင့် ဦးလေး,ဒေါ်လေးများဖြစ်ကြသည့် ဦးကျင်၊ ဦးကျော်စိန်-ဒေါ်စိန်သင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ပါသည်။

လပွတ္တာလုပ်အောက်ကျောင်းဆရာတော်ဘုရားကြီးထံတော်၌ အသက်(၁၃)နှစ်အရွယ်မှစ၍ သာမဏေဘဝဖြင့် ရူပသိဒ္ဓိသဒ္ဒါကြီးသဒ္ဒါငယ်ကျမ်းများနှင့် သုတ်သုံးကျမ်း ဝိနည်းငါးကျမ်း ဋီကာကျော်၊ အဋ္ဌသာလိနီအဋ္ဌကထာ၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ စသော သင်ရိုးပိဋကပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို သင်ယူခဲ့ပါသည်။

လပွတ္တာလုပ်မြောက်ဘက်ရွာ အောက်ကျောင်းဆရာတော်ဘုရားကြီးနှင့် ပြည်မြို့ နိဗ္ဗိန္ဒတောရ ဆရာတော်ဘုရားကြီးတို့မှာ ဆရာတူတပည့်များဖြစ်ကြပြီး နိဗ္ဗိန္ဒဆရာတော်ဘုရားကြီး၏ စီစဉ်ပေးချက်အရ ၁၃၁၉-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၁၀)ရက် (၄၊ ၁၃၊ ၁၉၅၈-ခုနှစ်) တနင်္ဂနွေနေ့တွင် လပွတ္တာလုပ်မြောက်ဘက်ရွာ အောက်ကျောင်းဆရာတော်ဘုရားကြီးကိုဥပဇ္ဈာယ်ပြု၍ ပြည်မြို့၊ နိဗ္ဗိန္ဒတောရ ဗဒ္ဓသိမ်၌ ကြို့ပင်ကောက်မြို့၊ လမ်းမတော်ရပ်နေ ဦးညိုအုန်း-ဒေါ်သိန်း၊ ဦးမောင်စံ-ဒေါ်ပုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ပါသည်။

ရဟန်းဖြစ်စ ပဌမဝါတွင် လပွတ္တာမြို့ ရွှေဟင်္သာကျောင်း၌ သီတင်းသုံးနေတော်မူသော အောက်ကျောင်းဆရာတော်ဘုရားကြီးထံတော်၌ ဆက်လက်ပညာသင်ယူလျက်နေပါသည်။ ၁၃၂၁-ခုနှစ် (၁၉၆၀-ပြည့်နှစ်) နွေဦးပိုင်းမှစ၍ စာမေးပွဲဆိုင်ရာကျမ်းစာများကိုသင်ယူရန် ကြို့ပင်ကောက်မြို့၊ တိုက်ကျောင်းပါဠိတက္ကသိုလ်သို့ပြောင်းရွှေ့လျက် ၁၃၃၀-ပြည့်နှစ် (၁၉၆၉-ခုနှစ်)အထိ သီတင်းသုံးခဲ့ပါသည်။ တိုက်အုပ်ဆရာတော် ဦးတိလောက၊ တိုက်ကြပ်ဆရာတော် ဦးဥတ္တရာဘိဓဇ၊ စာချဆရာတော်များ ဦးအာဒိစ္စဓဇ၊ ဦးနရိန္ဒာစာရ (ယခု-အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ, အဂ္ဂမဟာပဏ္ဍိတ, နိုင်ငံတော်သံဃမဟာနာယက တိုက်ကျောင်းဆရာတော်)တို့မှ သင်ယူခဲ့ပါသည်။ ထိုကျောင်းတိုက်၌ သီတင်းသုံးနေစဉ် ၁၃၂၃-ခုနှစ်တွင် ပုပ္ပါးတောင်ကလပ် ဦးကုမာရကျောင်း၌ပို့ချသော စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံဆရာတော်ဘုရားကြီး၏ပဋ္ဌာန်းသင်တန်းကို တက်ရောက်သင်ကြားခဲ့ပါသည်။ ၁၃၂၉-ခုနှစ် တပေါင်း-တန်ခူး(နှစ်လခန့်) ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာတွင် မဟာစည်ဆရာတော်ဘုရားကြီးထံတော်တွင် သတိပဋ္ဌာန်တရား ပွားများအားထုတ်ခဲ့ပါသည်။

ပါဠိပထမပြန်စာမေးပွဲများကို ဝင်ရောက်ဖြေဆိုရာတွင် ပထမငယ်တန်း(၁၉၆၀–ပြည့်နှစ်)၊ ပထမလတ်တန်းစာမေးပွဲ(၁၉၆၁–ခုနှစ်)တွင်ကျရှုံးသော်လည်း မလျှော့သောဇွဲဖြင့် ကြိုးစားခဲ့သဖြင့် (၁၉၆၂–ခုနှစ်)တွင်မူ တစ်နိုင်ငံလုံး၌ တတိယ၊ ပထမကြီးတန်း(၁၉၆၃–ခုနှစ်)တွင် (ပထမကျော်အောက် ပထမဖြင့်) အောင်မြင်ခဲ့ပါသည်။ ၁၉၆၄–ခုနှစ်တွင် အစိုးရသာသနဓဇဓမ္မာစရိယဘွဲ့၊ ၁၉၆၆–ခုနှစ် (၁၇)ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲတွင် ဒီဃဘာဏကဘွဲ့၊ ထိုနှစ်မှာပင် သာသနဓဇ သီရိပဝရဓမ္မာစရိယဘွဲ့နှင့် လှည်းကူးမြို့ နိကာယ်ငါးရပ်ပိဋကသုံးပုံစာမေးပွဲတွင် တတိယဆုရရှိခဲ့ပါသည်။ ၁၃၂၉–ခုနှစ်တွင် ရန်ကုန်မြို့ မင်္ဂလာဂတိဝိသုဒ္ဓိအသင်းကြီးမှကျင်းပသော နိကာယ်ငါးရပ်စာမေးပွဲ၌ အာဂုံပြန်နှင့် ရေးဖြေနှစ်ရပ်လုံးအောင်မြင်သောကြောင့် ဒီဃနိကာယဘာဏကကဝိဗျတ္တိရည်ဏာဘွဲ့၊ ၁၉၆၉–ခုနှစ် (၂၁)ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲတွင် သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေစာမေးပွဲကိုအောင်မြင်၍ ဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်တို့ကို ရရှိခဲ့ပါသည်။

ဆရာတော်သည် ဘွဲ့အမျိုးမျိုးရရှိထားသော်လည်း ပါဠိတော်, အဋ္ဌကထာ, ဋီကာများကို ကောင်းစွာ မကြည့်တတ်သေးဟု ယူဆတော်မူသောကြောင့်လည်းကောင်း၊ ဘာသာခြားစာပေနှင့် စကားကို တတ်မြောက်မထားပါက နိုင်ငံရပ်ခြားဗုဒ္ဓသာသနာပြုလုပ်ငန်း၌ မတွင်ကျယ်နိုင်ဟု ယုံကြည်မှု ရှိတော်မူသောကြောင့်လည်းကောင်း ၁၃၃၁–ခုနှစ်မှ ၁၃၃၄–ခုနှစ်(၁၉၇၀–၁၉၇၃ ခုနှစ်)အထိ မန္တလေးမြို့ အနောက်ပြင်၊ အဘယာရာမရွှေဂူတိုက်သို့ပြောင်းရွှေ့လျက် ဒုတိယမြောက် အဘယာရာမဆရာတော် ဦးပဒုမထံတော်တွင် ကာတန္တသဒ္ဒါကျမ်း၊ ဆရာတော်ဦးသီလာနန္ဒာဘိဝံသ(ယခု အမေရိကန် သာသနာပြု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ D.Litt. ပါမောက္ခချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန်မြို့)ထံတော်တွင် အခြားသော သက္ကတဘာသာ ကျမ်းများနှင့် အခြေခံအင်္ဂလိပ်စာတို့ကို သင်ယူခဲ့ပါသည်။

၁၃၃၄–ခုနှစ်တွင် ငယ်ဆရာဖြစ်သည့် ဇီးဖြူဆိပ်ဆရာတော်၏တိုက်တွန်းချီးမြှောက်မှုကြောင့် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်ရှိ ကျိုက်ပိုင်းဒက္ခိဏာရုံကျောင်းတိုက်၌ ကျောင်းထိုင်ဆရာတော်အဖြစ် တာဝန်ယူခဲ့ရသည်။ သို့ဖြင့် မထင်မှတ်ဘဲ ဒက္ခိဏာရုံကျောင်းတိုက်၌ ကျောင်းထိုင်ဆရာတော်ဖြစ်သွားပြီး တပည့်ရဟန်းသာမဏေတို့အား (၆)နှစ်တိုင်တိုင် စာပေပို့ချခဲ့ပါသည်။

ကျိုက်ပိုင်းဒက္ခိဏာရုံကျောင်းတိုက်၌ စာပေပို့ချနေစဉ် ဂျပန်နိုင်ငံ ကိတကျူးရှူးမြို့၊ မိုဂျိကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့၏ ပင့်လျှောက်ချက်အရ ကမ္ဘာအေးစေတီမြန်မာကျောင်း၌ ၁၉၇၉–ခုနှစ်၊ ဩဂုတ်လ(၂၅)ရက်နေ့မှ ၁၉၈၅–ခုနှစ်၊ စက်တင်ဘာလ(၃)ရက်နေ့အထိ (၆)နှစ်တိုင်တိုင် သာသနာ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဂျပန်ပြည်၌သီတင်းသုံးနေတော်မူစဉ် မိုဂျိဆရာတော်ဦးဝေပုလ္လ (ယခု – အဂ္ဂမဟာပဏ္ဍိတ၊ ဝေပုလ္လာရာမဆရာတော်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့)နှင့် ဆရာတော် ဦးဓမ္မာစာရ တို့ထံမှ ဂျပန်စာသင်ယူခဲ့ရပါသည်။ ဆရာတော်ဦးခေမိန္ဒ(ယခု–အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မိုဂျိဆရာတော်)ထံ၌လည်း ဂျပန်စာနှင့်ပတ်သက်၍ မသိသည်များကို မေးမြန်းခဲ့ရပါသည်။ ဂျပန်ဘာသာစကားအထိုက်အလျောက်တတ်မြောက်သွားသောအခါ အခြေခံဗုဒ္ဓဘာသာသင်ခန်းစာ (Nanpou jouzabubukkyou no Oshie)ကို ဂျပန်ဘာသာဖြင့် ရေးသားထုတ်ဝေခဲ့ပါသည်။

၁၉၈၅–ခုနှစ်တွင် အမေရိကန်နိုင်ငံ၊ ထေရဝါဒဗုဒ္ဓဘာသာအသင်းကြီး၏ပင့်လျှောက်ချက်အရ အမေရိကန်ပြည်ထောင်စုသို့ကြွရောက်ခဲ့ပါသည်။ ရောက်ခါစတွင် အခြေအနေအရ ကယ်လီဖိုးနီးယားပြည်နယ်၊ လော့စ်အိန်ဂျလိစ်မြို့ရှိ ပိနန်ဆရာတော်ဦးပညာဝံသကျောင်း၌ နေထိုင်ခဲ့ရပါသည်။ ယင်းနောက် ကျေးဇူးရှင်ဓမ္မာနန္ဒဆရာတော်က ခေါ်ယူသဖြင့် ဒေလီစီတီးမြို့၊ မြန်မာကျောင်းသို့

ကြွရောက်ရပါသည်။ အမေရိကန်၌ နေထိုင်မှုအဆင်ပြေချောမွတ်စေရန် Green-Card ရသည်အထိ ဆရာတော်ကပင် ကူညီစောင့်ရှောက်ပေးတော်မူခဲ့ပါသည်။ ဓမ္မာနန္ဒဆရာတော်နှင့်အတူ သီတင်းသုံးလျက် အဘိဓမ္မာသင်တန်း၊ ဝိသုဒ္ဓိမဂ်သင်တန်း၊ စက္ကဝတ္တိသုတ်၊ သင်္ဂါလသုတ်စသော လူတို့ သိမှတ်ဖွယ်ရာ သုတ္တန်သင်တန်းများနှင့် လူငယ်များ ဘာသာရေးနှင့်ကင်းဝေးမသွားအောင် အခြေခံ ဗုဒ္ဓဘာသာသင်တန်းများကို ပို့ချပေးပါသည်။ ဒေလီစီတီးမြို့ရှိ မြန်မာကျောင်းကို ဟာ့မွန်ဗေးမြို့သို့ ပြောင်းရွှေ့ပြီး ဓမ္မာနန္ဒဝိဟာရကျောင်းသစ်တည်ထောင်သောအခါလည်း အဆိုပါသင်တန်းများကို ယနေ့တိုင်ဆက်လက်ပို့ချလျက်ရှိပါသည်။

အမေရိကန်နိုင်ငံ၌ သီတင်းသုံးနိုက် လော့စ်အိန်ဂျဲလိစ်မြို့နှင့် ဆန်ဖရန်စစ္စကိုမြို့တို့၌ Adult School, City College of San Francisco နှင့် San Francisco State University တို့၌ အဆင့်ဆင့်ပညာသင်ယူခဲ့ပြီးနောက် City College of San Francisco မှ Scholarship Award (Fall, 1989), Dean's List Certificate of Merit (1989-1990), Dean's Honor List Certificate (Spring, 1990), A.A. Degree=Associate in Arts with Honor (June, 1990), Scholarship Award (Fall, 1990) နှင့် San Francisco State University မှ အဓိက ဂျပန်ဘာသာဂုဏ်ထူးဖြင့် B.A. ဘွဲ့ကို ၁၉၉၅–ခုနှစ် မေ (၂၇)ရက်နေ့တွင် ရရှိခဲ့ပါသည်။

ဆရာတော်သည် စာရေးဝါသနာပါသည့်အတိုင်း Dhammānanda Newsletter စာစောင်၌ အင်္ဂလိပ်–မြန်မာနှစ်ဘာသာဖြင့် ဗုဒ္ဓဘာသာသာသနာရေးရာဆောင်းပါးများကိုရေးသားပြီး အမြို့မြို့ အရပ်ရပ်မှ စာဖတ်ပရိသတ်၏ ဘာသာရေးဆိုင်ရာမေးခွန်းများကိုလည်း ရှင်းလင်းဖြေကြားပေးလျက် ရှိပါသည်။ အမေရိကန်နိုင်ငံ၌ နေထိုင်လျက်ရှိသော မြန်မာနွယ်ဖွား ဒါယကာ ဒါယိကာမတို့အားလည်း တရားဟောခြင်း, တရားပြခြင်းစသော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ဆရာတော် ရေးသားပြုစုသောကျမ်းများမှာ–

၁။ Nanpou Jouzabubukkyou no Oshie (တောင်ပိုင်းထေရဝါဒဗုဒ္ဓဘာသာသင်ခန်းစာ)

၂။ Meisou Shidousho (ဆရာတော်ဦးသီလာနန္ဒာဘိဝံသ ရေးသားတော်မူသော 'ကမ္မဋ္ဌာန်းလမ်းညွှန် အလုပ်ပေးတရား' Meditation Instructions)၏ ဂျပန်ဘာသာပြန်)

၃။ ဓမ္မာနန္ဒဝတ်ရွတ်စဉ်

၄။ ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သီကောင်းစရာ (ပဥ္စမတွဲ)

၅။ The Basic Teachings of the Theravāda Buddhism (Dhammananda Newsletter စာစောင်၌ ရေးသားဆဲ)တို့ ဖြစ်ပါသည်။

ယင်းသို့ ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားအောင်ဆောင်ရွက်နေတော်မူပါသဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက ဆရာတော်အား ၂၀၀၂–ခုနှစ်တွင် 'အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ'ဘွဲ့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ။

# ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ

## မာတိကာ


- ပဏ္ဍာမနှင့် ပဋိညာဉ် ၁
- ရှိခိုးဦးတင် ပဋိညာဉ် ၂


## ပထမပိုင်း

### ဝိနည်းဆိုင်ရာ မှတ်စုအဖြာဖြာ

#### ဥပသမ္ပဒကံဆောင်(ရဟန်းခံ)နှင့်စပ်သွယ် သိမှတ်ဖွယ်


ဥပသမ္ပဒကံမဆောင်မီ ရှေးဦးစွာပြုလုပ်ရမည့် ပုစ္ဆာကိစ္စရှစ်ပါး ၃
၁။ ပဌမပုစ္ဆာကိစ္စ ၃
၂။ ဒုတိယပုစ္ဆာကိစ္စ ၄
၃။ တတိယပုစ္ဆာကိစ္စ ၄
- ဟတ္ထပါသ်ယူပုံများ ၄
- ဥတ်ကမ္မဝါစာရွတ်ဖတ်ရာ၌ အမည်မှည့်ခြင်း နှစ်မျိုး ၆
- အမည်မှည့်ခြင်း၏အကျိုး ၇
၄။ စတုတ္ထပုစ္ဆာကိစ္စ ၇
(၁-၅) အနာကြီး ငါးမျိုးမေးခြင်း ၇
(၆) လူသားစင်စစ်ဟုတ်ရဲ့လားလို့ မေးခြင်း ၇
(၇) ယောက်ျားစင်စစ်ဟုတ်ရဲ့လားလို့ မေးခြင်း ၇
(၈) ကိုယ့်ကိုယ်ကို အစိုးပိုင်သူဟုတ်ရဲ့လားလို့ မေးခြင်း ၈
(၉) ကြွေးမြီကင်းသူဟုတ်ရဲ့လားလို့ မေးခြင်း ၈
(၁၀) မင်းမှုထမ်း(အစိုးရအမှုထမ်း)အဖြစ်မှ ကင်းလွတ်သူဟုတ်ရဲ့လားလို့ မေးခြင်း ၈
(၁၁) ရဟန်းပြုရန် မိခင်ဖခင်တို့ကခွင့်ပြုသူဟုတ်ရဲ့လားလို့ မေးခြင်း ၈
(၁၂) အသက်နှစ်ဆယ်ပြည့်ပြီလားလို့ မေးခြင်း ၈
(၁၃) သင်ပဠွင်းလောင်းမှာ သပိတ်သင်္ကန်းပြည့်စုံပါပြီလားလို့ မေးခြင်း ၈
(၁၄) သင်ဟာ အဘယ်အမည်ရှိပါသလဲလို့ မေးခြင်း ၉
(၁၅) သင်၏ဥပဇ္ဈာယ်ဆရာဟာ အဘယ်အမည်ရှိပါသလဲလို့ မေးခြင်း ၉
- ပဏ္ဍုက် ငါးမျိုး ၉
- ဥဘတောဗျည်း နှစ်မျိုး ၉
- ဂဗ္ဘဝိသ-ယူပုံများ ၁၀
၅။ ပဉ္စမပုစ္ဆာကိစ္စ ၁၂
၆။ ဆဋ္ဌပုစ္ဆာကိစ္စ ၁၂
၇။ သတ္တမပုစ္ဆာကိစ္စ ၁၂
- အယံ နာဂေါ-၌ 'အယံ' အသုံး ၁၂
- ဥပဇ္ဈာယ်ကို သုံးသပ်ရာ၌ 'ဣမ'သဒ္ဒါကို မသုံးခြင်းအကြောင်း ၁၃
- အာဝုသော, ဘန္တေ-အသုံး ၁၃

၈။ အဌမပုစ္ဆာကိစ္စ ၁၃
- ရဟန်းခံသံဃာ့ပရိသတ်တွင် ပါရာဇိကကျပြီးပုဂ္ဂိုလ်ပါခဲ့သော် ကံပျက်မည်လား? ၁၃
- လူပုဂ္ဂိုလ် ကမ္မဝါရွတ်က ကံချွတ်မချွတ် ၁၄

ရဟန်းလောင်း နှစ်ပါး သုံးပါးတို့ တစ်ပြိုင်နက်ရဟန်းခံရာ၌ သိမှတ်ဖွယ်ရာအဖြာဖြာ

၁။ ဆရာ ဥပဇ္ဈာယ်၊ နာဂနွယ်၊ မှီတွယ်နည်းမျိုးစုံ ၁၄
၂။ ဆရာအမျိုးမျိုး ဒွန်ကမ္မဝါစာအထွေထွေ ၁၈
- ပရိပုဏ္ဏသ ပတ္တစီဝရံ...၌ ၂၁
- ကမ္မဝါအသက် ကြောင်းနှစ်ချက် ၂၁
- ဘာသာဋီကာဆရာတော်၏ အဆိုအမိန့် ၂၁
၃။ ရှိုးရိုးကမ္မဝါစာ ၂၂
- ဝိသဇ္ဇနီသံနှင့် မဖတ်သင့် ၂၂
- ဥပသမ္ပန္နမှ ဥပစမ်း=ဥပစင်း=ဦးပဥ္စင်း ၂၂
၄။ ပတ္တကလ္လအင်္ဂါ ငါးပါး ၂၂
(၁) ဝတ္ထု(ရဟန်းလောင်း)၏ပြည့်စုံခြင်း ၂၂
(၂) ရဟန်းလောင်း၏ရဟန်းဖြစ်ခြင်း၏အန္တရာယ်၊ သံဃာအား အာပတ်သင့်ခြင်း၏အန္တရာယ်တို့မှစင်ကြယ်ခြင်း ၂၂
(၃) သိမ်၏ပြည့်စုံခြင်း ၂၂
(၄) ပရိသတ်၏ပြည့်စုံခြင်း ၂၂
(၅) ပုစ္ဆာကိစ္စများကို စိစစ်ပြီးခြင်း ၂၂
၅။ သော ဘာသေယျ-ရွတ်ဖတ်ဟန်များ ၂၄
၆။ တုဏှီ၊ တုဏှိ မည်သို့ရွတ်ဖတ်သင့်သနည်း? ၂၄
၇။ ကမ္မဝါစာနိဂုံး ဖတ်ရွတ်ထုံး ၂၄
၈။ အရိပ်တိုင်းရာ၌ သိမှတ်ဖွယ် ၂၅
- ဥတု သုံးပါးနှင့် နေ့အဖို့တို့ကို ပြောကြားခြင်း ၂၅
- အရိပ်၊ ဥတု၊ နေ့အဖို့ သုံးပါးလုံးကို ပြောကြားခြင်း ၂၅
၉။ ဗျတ္တပုဂ္ဂိုလ်-ဟူသည်၊ ပဋိဗလပုဂ္ဂိုလ်-ဟူသည် ၂၆
၁၀။ ရဟန်းဖြစ်ရန် အင်္ဂါငါးတန် ၂၆
(၁) ဝတ္ထုသမ္ပတ္တိ ၂၆
(၂) ဉတ္တိသမ္ပတ္တိ ၂၆
(၃) အနုဿာဝနသမ္ပတ္တိ ၂၆
(၄) သီမာသမ္ပတ္တိ ၂၆
(၅) ပရိသာသမ္ပတ္တိ ၂၆
၁၁။ အဘဗ္ဗပုဂ္ဂိုလ်ဆယ့်တစ်ယောက် ၂၇
၁၂။ သိက္ခာချရန် အင်္ဂါခြောက်ပါး
(၁) စိတ် ၂၈
(၂) ခေတ် ၂၈
(၃) ကာလ ၂၈
(၄) ပယောဂ ၂၈
(၅) ပုဂ္ဂလ ၂၈
(၆) ဓာနုမ ၂၈
- ခေတ်ပုဒ် ၂၆-ပါး၊ ၇၈-ပါး ၂၈

## ဝိနည်းမှာ သိမ်


၁။ သိမ်–ဟူသည် ၃၀

၂။ သိမ် နှစ်မျိုး ၃၀

၃။ ဝိပတ္တိသိမ်(သိမ်ပျက်) ၁၁–မျိုး ၃၀

၄။ သမ္ပတ္တိ သုံးပါး

(၁) နိမိတ္တသမ္ပတ္တိ = နိမိတ်၏ပြည့်စုံခြင်း ၃၂

(၂) ပရိသာသမ္ပတ္တိ = ပရိသတ်၏ပြည့်စုံခြင်း ၃၂

(၃) ကမ္မဝါစာသမ္ပတ္တိ = ကမ္မဝါစာ၏ပြည့်စုံခြင်း ၃၂

၅။ နိမိတ် ရှစ်မျိုး

(၁) ပဗ္ဗတနိမိတ် = တောင်နိမိတ် ၃၂

(၂) ပါသာဏနိမိတ် = ကျောက်နိမိတ် ၃၂

(၃) ဝနနိမိတ် = တောနိမိတ် ၃၂

(၄) ရုက္ခနိမိတ် = သစ်ပင်နိမိတ် ၃၂

(၅) မဂ္ဂနိမိတ် = လမ်းနိမိတ် ၃၂

(၆) ဝမ္မိကနိမိတ် = တောင်ပို့နိမိတ် ၃၂

(၇) နဒီနိမိတ် = မြစ်နိမိတ် ၃၂

(၈) ဥဒကနိမိတ် = ရေနိမိတ် ၃၂

၆။ နိမိတ်အနည်းအများ ၃၅

၇။ ညှောင်စောင်းချပုံ ၃၅

၈။ ဝိနယာလင်္ကာရဋီကာလာ ညှောင်စောင်းကွက်ပုံ ၃၆

၉။ နိမိတ်ကြားပုံ နှစ်မျိုး ၃၆

– နိမိတ်အနီးကြားပုံ ၃၆

– အဝေးကြားပုံ ၃၇

၁၀။ ဗဒ္ဓသိမ် နှစ်မျိုး ၃၇

၁၁။ ဗဒ္ဓသိမ် သုံးမျိုး ၃၈

၁၂။ သိပ်သမုတ်နည်း နှစ်မျိုး ၃၈

၁၃။ အဗဒ္ဓသိမ် သုံးမျိုး ၃၉

(၁) ဂါမသိမ် ၃၉

(၂) သတ္တဗ္ဘန္တရသိမ် ၄၀

(၃) ဥဒကုက္ခေပသိမ် ၄၀

၁၄။ စပ်ကောင်းသောသိမ်များ ၄၂

၁၅။ မစပ်ကောင်းသောသိမ်များ ၄၂

၁၆။ အဗဒ္ဓသိမ်ချင်း အဇ္ဈောတ္ထရဏ၊ သမ္ဘေဒ၊ သက်ရဖြစ်ပုံများ ၄၃

၁၇။ ဥပသမ္ပဒါ ရှစ်မျိုး (ရဟန်းဖြစ်မှု ရှစ်မျိုး)

(၁) ဧဟိဘိက္ခုူပသမ္ပဒါ = ဧဟိဘိက္ခုခေါ်ခြင်းဖြင့် ရဟန်းဖြစ်ခြင်း ၄၄

(၂) သရဏဂမနူပသမ္ပဒါ = သရဏဂုံဖြင့် ရဟန်းဖြစ်ခြင်း ၄၆

(၃) ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ = ဩဝါဒခံယူခြင်းဖြင့် ရဟန်းဖြစ်ခြင်း ၄၆

(၄) ပဥှဗျာကရဏူပသမ္ပဒါ = အမေးပြဿနာကို ဖြေဆိုခြင်းဖြင့် ရဟန်းဖြစ်ခြင်း ၄၆

(၅) ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ = ဂရုခံ(ရှစ်ပါး)ကို ခံယူခြင်းဖြင့် ရဟန်းဖြစ်ခြင်း ၄၇

(၆) ဒူတေနူပသမ္ပဒါ = တမန်စေလွှတ်ခြင်းဖြင့် ရဟန်းဖြစ်ခြင်း ၄၇

(၇) အဋ္ဌဝါစိကူပသမ္ပဒါ = ကမ္မဝါစာရှစ်ကြိမ်ရွတ်ဖတ်ခြင်းဖြင့် ရဟန်းဖြစ်ခြင်း ၄၈

(၈) ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ = ဉတ်နှင့်တကွ လေးကြိမ်မြောက်ကမ္မဝါစာဖြင့် ရဟန်းဖြစ်ခြင်း ၄၈

၁၈။ သံဃာ နှစ်မျိုး ၄၈
၁၉။ ကံနှင့်စပ်၍ သံဃာ ငါးမျိုး ၄၈
၂၀။ ကံ လေးမျိုး ၄၉

ဝါဆိုဝါကပ်နှင့်စပ်သွယ် သိမှတ်ဖွယ်

၁။ ဝါကပ်ခြင်း နှစ်မျိုး ၅၁
၂။ ဝါကပ်ခြင်း နှစ်မျိုး၏ကာလအပိုင်းအခြား ၅၁
၃။ ဝါထပ်ဓိပ္ပာယ် သိမှတ်ဖွယ် ၅၂
၄။ ဝါကပ်နည်း နှစ်မျိုး ၅၂
၅။ ခရီးအကြား နေလိုရာကျောင်း၌ နေလို့ရသလော? ၅၂
၆။ ပြောင်းရာသို့လိုက် ၅၂
၇။ အာလယရှိလျက် ဝါမကပ်မိ ၅၃
၈။ ဝါမကပ်လို၍ ကျောင်းကျော်လျှင် ၅၃
၉။ ပုရိမဝါ ကျိုးပျက်ခဲ့သော် ၅၃
၁၀။ သူတို့အတွက်ဆိုလျှင် မပင့်သော်လည်း သွားသင့်သည် ၅၃
၁၁။ ပင့်ခေါ်မှ သွားထိုက်သည် ၅၄
၁၂။ ဝါပန်နည်းများ ၅၄
၁၃။ သွားခါနီး အာဘောဂ ၅၄
၁၄။ လုံးဝ နှလုံးသွင်းမှု မရှိခဲ့သော် ၅၄
၁၅။ ဝါကပ်သည့်နေ့၌ပင် သတ္တာဟကိစ္စဖြင့် သွားနိုင်သလော? ၅၄
၁၆။ သတ္တာဟကရဏီယဝိနိစ္ဆယ ၅၅
၁၇။ ညဉ့်မအိပ်ဘဲ ထပ်မသွားရ ၅၆
၁၈။ မေ့ကျန်လျှင် ပြန်ယူကောင်းသလော? ၅၆
၁၉။ မပင့်ဖိတ်ဘဲ သွားလျှင် ၅၆
၂၀။ သတ္တာဟကိစ္စမရှိဘဲ သွားသော်လည်း ၅၆
၂၁။ အနီးကျောင်း(မဝေးသောကျောင်း)သို့သွားရာ ပြန်မရောက်နိုင်လျှင် ၅၆
၂၂။ အပြင်၌ ၆ ရက်သာ နေသင့် ၅၆
၂၃။ အရုဏ်ယူနည်း ၅၇
၂၄။ နဝမ်သွားခြင်း ၅၇
၂၅။ နဝမ်ကဲ့သို့ အခြားသတ္တာဟတို့၌ မပြန်လာဘဲ နေခွင့်မရှိ ၅၈
၂၆။ ပဝါရဏာနေ့ပင် ဝါကျွတ်ပြီလော? ၅၈
၂၇။ ပဝါရဏာနေ့၌ပင် ဝါပန်သင့်ပုံ ၅၈
၂၈။ ဝါကျွတ်အဆုံးအဖြတ် ၅၈
၂၉။ ဝါကျွတ်ကာလ အပိုင်းအခြား ၅၉
၃၀။ ဝါဆိုသင်္ကန်း(ဝဿာဝါသိကစီဝရ) ၅၉
၃၁။ ဝဿံဝုဋ္ဌသင်္ကန်းနှင့် ဝဿာဝါသိကသင်္ကန်း ၆၂
၃၂။ ဝါဆိုသင်္ကန်း၊ ကပ်လှူဒါန်း၊ မြစွမ်းဂတိကျိုး ၆၂
၃၃။ ဝါကျိုးပြတ်သော်၊ ထိုဝါနော်၊ ရသော်ရ,မရ ၆၃

ဒေသနာခံ ဒေသနာကြား သတိထား

၁။ ဒေသနာခံပုံ ဘတ်ထား ၆၃
၂။ ဒေသနာကြားရာ၌ အထူးသတိပြုဖွယ် ၆၄

## ပရိဝါသ်နှင့်စပ်သွယ် သိမှတ်ဖွယ်


၁။ ပရိဝါသ်-ဟူသည် ၆၅
၂။ မာန်နတ်-ဟူသည် ၆၅
၃။ အဗ္ဘာန်-ဟူသည် ၆၅
၄။ ပရိဝါသ် သုံးမျိုး ၆၅


## ပဋိစ္ဆန္နပရိဝါသ်နှင့်စပ်သွယ် သိမှတ်ဖွယ်


၁။ ဖုံးလွှမ်းခြင်း ၁၀-မျိုး ၆၆
၂။ ကောဟပ္ပဋိစ္ဆန္န ပရိဝါသတောင်းပုံ ၆၇
၃။ ကောဟပ္ပဋိစ္ဆန္န ပရိဝါသ်ပေး ကမ္မဝါစာ ၆၇
၄။ ဝတ်ဆောက်တည်ပုံ ကြားပုံ ၆၇
၅။ ဝတ် နှစ်မျိုး ၆၈
၆။ အာရောစနခေတ် (ပရိဝါသ်ကြားရာခေတ်)ဟူသည် ၆၈
၇။ မဟာပဒုမထေရ်၏ဝါဒ ၆၉
၈။ ဥတုဇသဒ္ဒကို သံသယမရှိသင့် ၆၉
၉။ ဝိနယသမုဂ္ဂဝိနိစ္ဆယကျမ်း အဆိုအမိန့်မှာ ၇၁
၁၀။ ဝိသုဒ္ဓါရုံဆရာတော်ကြီးအဆို ၇၅
၁၁။ ပရိဝါသ်ဆောက်တည်နေဆဲရဟန်း၏ ရတ္တိစ္ဆေဒ(ညဥ့်ပြတ်ခြင်း) သုံးမျိုး ၇၅
၁၂။ မာနတ် နှစ်မျိုး ၇၆
၁၃။ အပ္ပဋိစ္ဆန္နမာနတ်တောင်းပုံ ၇၆
၁၄။ အပ္ပဋိစ္ဆန္နမာနတ်ပေးပုံ ၇၆
၁၅။ အပ္ပဋိစ္ဆန္နမာနတ်ကြားပုံ ၇၇
၁၆။ အပ္ပဋိစ္ဆန္နအဗ္ဘာန်တောင်းပုံ ၇၇
၁၇။ အပ္ပဋိစ္ဆန္နအဗ္ဘာန်ကမ္မဝါစာ ၇၇
၁၈။ ဒဏ်သား ငါးမျိုး ၇၇
၁၉။ ကောဟပ္ပဋိစ္ဆန္န မာနတ်တောင်းပုံ ၇၈
၂၀။ ကောဟပ္ပဋိစ္ဆန္န မာနတ်ပေး ကမ္မဝါစာ ၇၈
၂၁။ ကောဟပ္ပဋိစ္ဆန္န မာနတ်ကြားပုံ ၇၉
၂၂။ မာနတ်ဆောက်တည်နေဆဲရဟန်း၏ ရတ္တိစ္ဆေဒ(ညဥ့်ပြတ်ခြင်း) လေးမျိုး ၇၉
၂၃။ မာနတ်စောင့်ပုံ ၇၉
၂၄။ ကောဟပ္ပဋိစ္ဆန္နအဗ္ဘာန်တောင်းပုံ ၈၀
၂၅။ ကောဟပ္ပဋိစ္ဆန္နအဗ္ဘာန်ကမ္မဝါစာ ၈၀
၂၆။ ဆာဟပ္ပဋိစ္ဆန္နပရိဝါသ်တောင်းပုံ ၈၁
၂၇။ ဆာဟပ္ပဋိစ္ဆန္နပရိဝါသ်ပေး ကမ္မဝါစာ ၈၁
၂၈။ ဆာဟပ္ပဋိစ္ဆန္နပရိဝါသ်ဆောက်တည်၍ ပရိဝါသ်ကြားပုံနှင့် ဝတ်ပြန်ချပုံ ၈၁


## Parivāsa-yācana


၁။ Probationer (asking for Probation in Sīmā):
Saṅgha (imposing Probation): ၈၂
၂။ Probationer (in Sīmā):
Declaration of Probation: ၈၃

## Mānatta-yācana


၁။ Probationer (in Sīmā): ၈၄
၂။ Asking for *mānatta:* ၈၅
၃။ Saṅgha (imposing *mānatta):* ၈၅
၄။ Declaration of *mānatta:* ၈၆
၅။ Probationer (in Sīmā): ၈၈
Declaration of *mānatta:*


## Abbhāna-yācana


၁။ Asking for rehabilitation *(Abbhāna):* ၈၈
၂။ Saṅgha (rehabilitation): ၈၉
၃။ ဖုံးလွှမ်းသောအာပတ်နှင့် မဖုံးလွှမ်းသောအာပတ်၌ မာနတ်ကျင့်ပုံ ၉၀
၄။ ကောဟပ္ပဋိစ္ဆန္န အပ္ပဋိစ္ဆန္န မာနတ်တောင်းပုံ ၉၀
၅။ ကောဟပ္ပဋိစ္ဆန္န အပ္ပဋိစ္ဆန္န မာနတ်ပေးပုံကမ္မဝါစာ ၉၀
၆။ ကောဟပ္ပဋိစ္ဆန္န အပ္ပဋိစ္ဆန္န မာနတ်ကြားပုံ ၉၁
၇။ ကောဟပ္ပဋိစ္ဆန္န အပ္ပဋိစ္ဆန္န အဗ္ဘာန်တောင်းပုံ ၉၁
၈။ ကောဟပ္ပဋိစ္ဆန္န အပ္ပဋိစ္ဆန္န အဗ္ဘာန်ကမ္မဝါစာ ၉၁


## သုဒ္ဓန္တပရိဝါသ်နှင့်စပ်သွယ် သိမှတ်ဖွယ်


၁။ ပရိဝါသ်ပြောင်းလွှဲယူသင့်ပုံ ၉၂
၂။ သုဒ္ဓန္တပရိဝါသ်တောင်းပုံ ၉၂
၃။ သုဒ္ဓန္တပရိဝါသ်ပေး ကမ္မဝါစာ ၉၂
၄။ သုဒ္ဓန္တပရိဝါသ်ကြားပုံ ၉၃
၅။ သုဒ္ဓန္တမာနတ်တောင်းပုံ ၉၃
၆။ သုဒ္ဓန္တမာနတ်ပေး ကမ္မဝါစာ ၉၃
၇။ သုဒ္ဓန္တမာနတ်ကြားပုံ ၉၃
၈။ သုဒ္ဓန္တအဗ္ဘာန်တောင်းပုံ ၉၄
၉။ သုဒ္ဓန္တအဗ္ဘာန်ကမ္မဝါစာ ၉၄
၁၀။ သုဒ္ဓန္တသမောဓာနမာနတ်တောင်းပုံ ၉၄
၁၁။ သုဒ္ဓန္တသမောဓာနမာနတ်ပေးကမ္မဝါစာ ၉၅
၁၂။ သုဒ္ဓန္တသမောဓာနမာနတ်ကြားပုံ ၉၅
၁၃။ သုဒ္ဓန္တသမောဓာနအဗ္ဘာန်တောင်းပုံ ၉၅
၁၄။ သုဒ္ဓန္တသမောဓာနအဗ္ဘာန်ကမ္မဝါစာ ၉၆
၁၅။ သမောဓာန်သုံးပါး ၉၆


## ဩဓာနသမောဓာန်ပရိဝါသ်နှင့်စပ်သွယ် သိမှတ်ဖွယ်


၁။ မူလာယပဋိကဿနပရိဝါသ်တောင်းပုံ ၉၇
၂။ မူလာယပဋိကဿနပရိဝါသ်ပေးကမ္မဝါစာ ၉၇
၃။ ဩဓာနသမောဓာနပရိဝါသ်တောင်းပုံ ၉၈
၄။ ဩဓာနသမောဓာနပရိဝါသ်ပေးကမ္မဝါစာ ၉၈
၅။ ဩဓာနသမောဓာနပရိဝါသ်ကြားပုံ ၉၈

၆။ ဩဓာနသမောဓာနမာနတ်တောင်းပုံ ၉၉
၇။ ဩဓာနသမောဓာနမာနတ်ပေးကမ္မဝါစာ ၉၉
၈။ ဩဓာနသမောဓာနမာနတ်ကြားပုံ ၁၀၀
၉။ ဩဓာနသမောဓာနအဗ္ဘာန်တောင်းပုံ ၁၀၀
၁၀။ ဩဓာနသမောဓာနအဗ္ဘာန်ကမ္မဝါစာ ၁၀၀
၁၁။ ပါရိဝါသိကအပ္ပဋိစ္ဆန္နမူလာယပဋိကဿနတောင်းပုံ ၁၀၁
၁၂။ ပါရိဝါသိကအပ္ပဋိစ္ဆန္နမူလာယပဋိကဿနကမ္မဝါစာ ၁၀၁
၁၃။ ပါရိဝါသိကအပ္ပဋိစ္ဆန္နမူလာယပဋိကဿနပရိဝါသ်ကြားပုံ ၁၀၁
၁၄။ ပါရိဝါသိကအပ္ပဋိစ္ဆန္နမူလာယပဋိကဿနသမောဓာနမာနတ်တောင်းပုံ ၁၀၂
၁၅။ ပါရိဝါသိကအပ္ပဋိစ္ဆန္နမူလာယပဋိကဿနသမောဓာနမာနတ်ပေး ကမ္မဝါစာ ၁၀၂
၁၆။ ပါရိဝါသိကအပ္ပဋိစ္ဆန္နမူလာယပဋိကဿနသမောဓာနမာနတ်ကြားပုံ ၁၀၂
၁၇။ ပါရိဝါသိကအပ္ပဋိစ္ဆန္နမူလာယပဋိကဿနသမောဓာနအဗ္ဘာန်တောင်းပုံ ၁၀၃
၁၈။ ပါရိဝါသိကအပ္ပဋိစ္ဆန္နမူလာယပဋိကဿနသမောဓာနအဗ္ဘာန်ကမ္မဝါစာ ၁၀၃
၁၉။ အပ္ပဋိစ္ဆန္နမာနတ္တမူလာယပဋိကဿနတောင်းပုံ ၁၀၄
၂၀။ အပ္ပဋိစ္ဆန္နမာနတ္တမူလာယပဋိကဿနကမ္မဝါစာ ၁၀၄
၂၁။ အပ္ပဋိစ္ဆန္နမာနတ်ကိုအရင်းသို့ငင်၍မာနတ်ထပ်တောင်းပုံ ၁၀၄
၂၂။ အပ္ပဋိစ္ဆန္နမာနတ်ကိုအရင်းသို့ငင်၍မာနတ်ပေးကမ္မဝါစာ ၁၀၄
၂၃။ အပ္ပဋိစ္ဆန္နမာနတ်ကိုအရင်းသို့ငင်၍နောက်ထပ်ပေးအပ်သောမာနတ်ကြားပုံ ၁၀၅
၂၄။ အပ္ပဋိစ္ဆန္နမာနတ်ကိုအရင်းသို့ငင်၍မာနတ်ကျင့်ပြီးအဗ္ဘာန်တောင်းပုံ ၁၀၅
၂၅။ အပ္ပဋိစ္ဆန္နမူလာယပဋိကဿနအဗ္ဘာန်သွင်းကမ္မဝါစာ ၁၀၆


အဂ္ဃသမောဓာန်ပရိဝါသ်နှင့်စပ်သွယ် သိမှတ်ဖွယ်


၁။ အဂ္ဃသမောဓာန်ပရိဝါသ်တောင်းပုံ ၁၀၇
၂။ အဂ္ဃသမောဓာန်ပရိဝါသ်ပေးကမ္မဝါစာ ၁၀၇
၃။ အဂ္ဃသမောဓာန် ၁၀၈
၄။ ပရိဝါသ်ဆောက်တည်. ပရိဝါသ်ကြားပုံ ၁၀၈
၅။ အဂ္ဃသမောဓာန်မာနတ်တောင်းပုံ ၁၀၈
၆။ အဂ္ဃသမောဓာန်မာနတ်ပေးကမ္မဝါစာ ၁၀၈
၇။ အဂ္ဃသမောဓာန်မာနတ်ဆောက်တည်မာနတ်ကြားပုံ ၁၀၉
၈။ အဂ္ဃသမောဓာန်အဗ္ဘာန်တောင်းပုံ ၁၀၉
၉။ အဂ္ဃသမောဓာန်အဗ္ဘာန်သွင်းကမ္မဝါစာ ၁၀၉
၁၀။ အဂ္ဃသမောဓာနမာနတ်+အပ္ပဋိစ္ဆန္နမာနတ်နှစ်ခုရောတောင်းပုံ ၁၁၀
၁၁။ အဂ္ဃသမောဓာနမာနတ်+အပ္ပဋိစ္ဆန္နမာနတ်ပေးကမ္မဝါစာ ၁၁၀
၁၂။ အဂ္ဃသမောဓာနမာနတ်+အပ္ပဋိစ္ဆန္နမာနတ်ဆောက်စည်၍ကြားပုံ ၁၁၁
၁၃။ အဂ္ဃသမောဓာနအဗ္ဘာန်+အပ္ပဋိစ္ဆန္နအဗ္ဘာန်တောင်းပုံ ၁၁၁
၁၄။ အဂ္ဃသမောဓာနအဗ္ဘာန်+အပ္ပဋိစ္ဆန္နအဗ္ဘာန်သွင်းကမ္မဝါစာ ၁၁၁


မိဿကသမောဓာန်နှင့်စပ်သွယ် သိမှတ်ဖွယ်


၁။ မိဿကသမောဓာန်ပရိဝါသ်တောင်းပုံ ၁၁၂
၂။ မိဿကသမောဓာန်ပရိဝါသ်ပေးကမ္မဝါစာ ၁၁၃
၃။ မိဿကသမောဓာန်မာနတ်တောင်းပုံ ၁၁၃
၄။ မိဿကသမောဓာန်မာနတ်ပေးကမ္မဝါစာ ၁၁၃

၅။ မိဿကသမောဓာန်မာနတ်ဆောက်တည်၍ကြားပုံ ၁၁၄
၆။ မိဿကသမောဓာန်အဗ္ဘာန်တောင်းပုံ ၁၁၄
၇။ မိဿကသမောဓာန်အဗ္ဘာန်သွင်းကမ္မဝါစာ ၁၁၄
၈။ အဂ္ဃသမောဓာန်နှင့် မိဿကသမောဓာန်တို့၏ခြားနားဟန် ၁၁၅

## ဥပုသ်နှင့်စပ်သွယ် သိမှတ်ဖွယ်

၁။ ဥပုသ်ကိုးမျိုး ၁၁၆
၂။ သံဃဥတ်ထားပုံ ၁၁၇
- သုတ္တုဒ္ဒေသဥပုသ် ငါးပါး ၁၁၇
၃။ ဂဏဥပုသ် နှစ်မျိုး ၁၁၇
၄။ ပါရိသုဒ္ဓိဥပုသ် နှစ်မျိုး ၁၁၇
၅။ ဥပုသ်ပြုခြင်းကိစ္စ ၁၁၈

## ပဝါရဏာနှင့်စပ်သွယ် သိမှတ်ဖွယ်

၁။ ပဝါရဏာလေးမျိုး ၁၁၈
၂။ ဝဿံဝုဋ္ဌပဝါရဏာသုံးမျိုး ၁၁၉
၃။ ပဝါရဏာအပြား(၁၀)ပါး ၁၂၀
၄။ ပဝါရဏာဥတ်ခြောက်မျိုး ၁၂၂
၅။ ဒိဋ္ဌိစသည်တို့၏အဓိပ္ပာယ် ၁၂၃
၆။ သံဃပဝါရဏာပြုရာ၌ မှတ်သားဖွယ်ကား ၁၂၃
၇။ ပဝါရဏာပြုချိန်အတွင်း နေထိုင်ပုံ ၁၂၅
၈။ ဂဏဥတ်ထားပုံများ ၁၂၅
၉။ တစ်ပါးတည်းရှိရာ၌ အဓိဋ္ဌာန်ပဝါရဏာပြုပုံ ၁၂၆
၁၀။ ပဝါရဏာပြုပြီးသော်လည်း ထပ်ပြုပေမယ့် အာပတ်မသင့်ပုံ ၁၂၆
၁၁။ ဆန္ဒဆောင်မှု-ဟူသည် ၁၂၆
၁၂။ ပဝါရဏာပေးပုံ၊ ပဝါရဏာလျှောက်ပုံ၊ ကိုယ်စားပဝါရဏာပြုပုံ ၁၂၆

## ကထိန်နှင့်စပ်သွယ် သိမှတ်ဖွယ်

၁။ ကထိန်-ဟူသည် ၁၂၇
၂။ ကထိန်အင်္ဂါလေးပါး ၁၂၈
၃။ အတ္ထာရခင်းခြင်း-ဟူသည် ၁၂၈
၄။ အဘယ်ရဟန်းတို့သည် ကထိန်ခင်းခြင်းကိုရထိုက်၍ အဘယ်ရဟန်းတို့သည် မရထိုက်ပါသနည်း? ၁၂၈
၅။ ကထိန်အာနိသင် ရ,မရကိုသာ ၁၂၈
၆။ သင်္ကန်းပေးခြင်းနှင့်ပတ်သက်၍သာ ၁၂၉
၇။ ကထိန်ခင်းခါနီးမှ အဓိဋ္ဌာန်တင်, ပစ္စုဒ္ဓါရ်ပြုလို့ ရသလော? ၁၂၉
၈။ ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ခဲ့သော် ၁၂၉
၉။ ဥပစာရသိမ်-ဟူသည် ၁၂၉
၁၀။ ပဌမပဝါရဏာမပြုမိသော ရဟန်းတော်များ ကထိန်မခင်းကောင်းသလော? ၁၂၉
၁၁။ သံဃာမရှိဘဲ ကထိန်ခင်းကောင်းသလော? ၁၃၀
၁၂။ ကထိန်သင်္ကန်းခံယူမည့်ရဟန်း သိမ်ထဲမလိုက်ဘဲ အပေးမြောက်မည်လော? ၁၃၀
၁၃။ အခြားကျောင်း၌ ဝါမှထသောရဟန်းတော်တို့ လုံး၀ ကထိန်မခင်းထိုက်သလော? ၁၃၀

၁၄။ ကထိန်သင်္ကန်းကို မည်သူတွေလှူနိုင်ကြပါသနည်း? ၁၃၀
၁၅။ ကထိန်ကျင်းပုံ ၁၃၁
၁၆။ မလှူမီတစ်ရက်ရက်က ကထိန်လျာသင်္ကန်းကို ကျောင်းတိုက်အတွင်းသို့ သွင်းကောင်းသလော? ၁၃၁
၁၇။ ကထိန်သင်္ကန်းလှူလျှင် ၁၃၁
- ကထိန်သင်္ကန်းနှင့်အတူ ဆောင်ယူအပ်သောသင်္ကန်း ၁၃၂
- ဥပစာရသိမ်ပ၌ ကထိန်သင်္ကန်းအလှူခံခဲ့သော် ၁၃၂
- ကထိန်သင်္ကန်း လှူဒါန်းရာဝယ် ၁၃၂
၁၈။ (၁၁)ခဏ်းသာလော? သင်္ကန်းအခဏ်း မ-သာအပ်သလော? ၁၃၃
- မခွဲမဖြတ် စပ်ကြောင်းပြကာမျှ အပ်သလော? ၁၃၃
၁၉။ အရိပ်နိမိတ်-ဟူသည် ၁၃၄
၂၀။ ပရိယာယ်ကထာ-ဟူသည် ၁၃၄
၂၁။ မိုးပေါ်ကျကဲ့သို့ ၁၃၄
၂၂။ သန္နိဓိနှစ်မျိုး ၁၃၄
၂၃။ ပလိဗောဓ-ဟူသည် ၁၃၅
၂၄။ ကထိန်အာနိသင်ငါးပါး ၁၃၅
၂၅။ မဟာစည်ဆရာတော်၏ ကထိန်ခွင့်ပြုခြင်းအကြောင်း ဆောင်ပုဒ်များစသည် ၁၃၆
၂၆။ ကထိန်ခင်းသောရဟန်းတို့ ရထိုက်သောအကျိုးငါးပါး ၁၃၆
၂၇။ ကထိန်သင်္ကန်းလှူသောဒါယကာတို့ ရနိုင်သောအကျိုးငါးပါး ၁၃၆
၂၈။ ကထိန်သင်္ကန်းလှူဒါန်းရကျိုး ငါးပါး/ရှစ်ပါး ၁၃၇
၂၉။ ကထိန်ကိုတဖန်ထပ်၍ ခင်းကောင်းသလော? ၁၃၇
၃၀။ တိစီဝရိက်အဓိဋ္ဌာန်တင်ထားမှုမရှိပဲ ကထိန်ခင်းကောင်းသလော? ၁၃၈
၃၁။ အကာလသင်္ကန်း-ဟူသည် ၁၃၈


## ကာလိကလေးသွယ် မှတ်သားဖွယ်


၁။ ယာဝကာလိက ခဲဖွယ်ဘောဇဉ်များ ၁၃၉
၂။ ယာမကာလိက အဖျော်ရည်များ ၁၄၁
- အနုလောမအဖျော်ရည်များ ၁၄၂
၃။ သတ္တာဟကာလိကများ ၁၄၄
- ပျားသုံးမျိုး ၁၄၅
၄။ ယာဝဇီဝိကများ ၁၄၇


## ကပ်မှုနှင့်စပ်သွယ် သိမှတ်ဖွယ်


၁။ အကပ်မြောက်ရန် အင်္ဂါငါးပါး ၁၄၉
၂။ အကပ်မမြောက်သောအရာများ ၁၅၁
၃။ အကပ်ပျက်ကြောင်းခြောက်ပါး ၁၅၂
၄။ မစားအပ်သော အသားကြီး ၁၀-မျိုး ၁၅၃
၅။ ဥဒ္ဒိဿကတမံသ(ရည်ရွယ်၍ သတ်အပ်သောအသား) ၁၅၄
၆။ အရိုး စသည်ကို သုံးဆောင်လျှင် ၁၅၅
၇။ စေတိယသန္တကဝိနိစ္ဆယ ၁၅၆
၈။ ဗုဒ္ဓသန္တကဝိနိစ္ဆယ ၁၅၇

## မတာသန္တကနှင့်စပ်သွယ် သိမှတ်ဖွယ်


- မတကရဟန်း၏ရွှေငွေ ၁၆၃
- မတကရဟန်း၏ကျွန် ၁၆၄
- မတကရဟန်း၏အာရာမ်စောင့် ၁၆၄
- မတကရဟန်း၏ကျွဲနွားစသည် ၁၆၄
- ဥပနိက္ခေပပစ္စည်း(အပ်နှံထားသောပစ္စည်း) ၁၆၄

၁။ သုဒိန္နနှင့် သုဂ္ဂဟိတ ၁၆၄
၂။ ဝိဿာသဂ္ဂါဟက–ယူလျှင် ၁၆၅
၃။ သီတင်းသုံးဖော်. ဆရာသမားတို့ စုတေခါနီး ဝိဿာသဂ္ဂါဟ–ယူနည်းကား မကောင်း ၁၆၅


## ကျောင်းရေစက်ချနှင့်စပ်သွယ် သိမှတ်ဖွယ်


၁။ ကျောင်းအနုမောဒနာဂါထာများ၊ ကျောင်းအနုမောဒနာဂါထာနိဿယ ၁၆၆
၂။ ပခုက္ကူကျောင်းရေစက်ချနည်း ၁၆၇
- ကျောင်းရေစက်ချအနက် ၁၆၈
၃။ သီးလုံးဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော ကျောင်းရေစက်ချနည်း ၁၇၀


## သံဃိကကျောင်းရေစက်ချဝိနိစ္ဆယ


၁။ သူစိလောမဘီလူးနှင့် ခရလောမဘီလူး ၁၇၁
၂။ (အဂ္ဂမဟာပဏ္ဍိတ) ကျေးဇူးရှင်အဘယာရာမဆရာတော်ဘုရားကြီး၏ကျောင်းရေစက်ချနှင့်စပ်သွယ်သိမှတ်ဖွယ် ၁၇၂
၃။ ဒုတိယမြောက်အဘယာရာမဆရာတော်ဘုရားကြီး၏ကျောင်းရေစက်ချများ ၁၇၄
၄။ မဟာစည်ဆရာတော်ဘုရားကြီး၏သိမ်ရေစက်ချ ၁၇၅


## သိက္ခာထပ်ခြင်းနှင့်စပ်သွယ် သိမှတ်ဖွယ်


၁။ မဟာစည်ဆရာတော်ဘုရားကြီး၏ သိမ်ထပ်.ကံထပ်ခြင်းနှင့်ပတ်သက်သော ဩဝါဒကထာ ၁၇၆


## ကလျာဏီမြစ်၌ သိမ်စီမံခြင်းအကြောင်း


၁။ ကလျာဏီမြစ်၌ သိမ်စီမံခြင်း ၁၇၇
၂။ ကလျာဏီမြစ်၌ ဥဒကုက္ခေပသိမ်၌ ရဟန်းထပ်မံခံယူခြင်း ၁၇၈
၃။ ကလျာဏီမြစ်၌ ဥပသမ္ပဒကံဆောင်ခြင်း ၁၇၉


## ပါတိမောက် စသည်နှင့်စပ်သွယ် သိမှတ်ဖွယ်


၁။ ဩဝါဒပါတိမောက် ဂါထာတော်များ ၁၈၁
၂။ အာဏာပါတိမောက် ၁၈၅
၃။ ဝိပဿီစသော ဘုရားခုနစ်ဆူတို့ကိုသာ ထုတ်ဖော်ညွှန်ပြခြင်းအကြောင်း ၁၈၆
၄။ သာသနာဟူသည် ၁၈၆
၅။ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် သုံးပါးတို့၏ထူးခြားဟန် ၁၈၆
၆။ ယပ်ကိုင်ခြင်း(ဓမ္မကထိကတို့အလေ့) ၁၈၈
၇။ ဗျသနတရားငါးပါး ၁၈၈
၈။ ခိုးခြင်းငါးပါး ၁၈၉
၉။ ရဟန်းတို့မစားထိုက်သောဝတ္ထုငါးမျိုး ၁၈၉
၁၀။ ဒါနမဟုတ်သော ဒါနငါးမျိုး ၁၈၉

# ဒုတိယပိုင်း

## သုတ္တန်ဆိုင်ရာ မှတ်စုအဖြာဖြာ

### သရဏဂုံနှင့်စပ်သွယ် သိမှတ်ဖွယ်


၁။ သရဏ–ဟူသည် ၁၉၁

၂။ သရဏဂမန(သရဏဂုံ) ၁၉၂

၃။ သရဏဂတ(ကိုးကွယ်ဆည်းကပ်သူ) ၁၉၃

၄။ သရဏဂမနပ္ပဘေဒ(သရဏဂုံအပြား) ၁၉၃

(၁) လောကုတ္တရာသရဏဂုံ ၁၉၄

(၂) လောကီသရဏဂုံ ၁၉၄

၅။ လောကီသရဏဂုံကား လေးမျိုးပြား ၁၉၅

၆။ ပဏိပါတ လေးမျိုး ၁၉၈

၇။ အယူတပါး ဆွေမျိုးရသေ့ရဟန်း(ရိုးရာနတ်)ကိုရှိခိုးလျှင် သရဏဂုံပျက်သလော? ၂၀၀

၈။ လောကုတ္တရာသရဏဂုံကျိုး အမျိုးမျိုး ၂၀၀

၉။ လောကီသရဏဂုံ ကျိုးဖုံဖုံ ၂၀၂

၁၀။ ဆတ္တမာဏဝနတ်သား ၂၀၅

၁၁။ တိသရဏဂမနိယထေရ် ၂၀၆

၁၂။ သရဏဂမနိယထေရ် ၂၀၆

၁၃။ သရဏဂုံညစ်နွမ်းခြင်း ၂၀၆

၁၄။ သရဏဂုံ၏ပျက်ခြင်း ၂၀၆


### ဥပါသကာနှင့်စပ်သွယ် သိမှတ်ဖွယ်


၁။ အဘယ်သူသည် ဥပါသကာမည်ပါသနည်း? ၂၀၈

၂။ အဘယ်ကြောင့် ဥပါသကာ–ဟု ခေါ်သနည်း? ၂၀၈

၃။ ဥပါသကာ၏သီလသည် အဘယ်နည်း? ၂၀၈

၄။ ဥပါသကာ၏အသက်မွေးဝမ်းကြောင်းသည် အဘယ်နည်း? ၂၀၈

၅။ မှားယွင်း(မကောင်း)သော ကုန်သန်းရောင်းဝယ်မှု(မိစ္ဆာဝါဏိဇ္ဇာ) ငါးမျိုး ၂၀၈

၆။ ဥပါသကာ၏ပျက်စီးခြင်းသည် အဘယ်နည်း? ၂၀၉

၇။ ဥပါသကာ၏ပြည့်စုံခြင်းသည် အဘယ်နည်း? ၂၁၁

၈။ ဥပါသကာ၏ဂုဏ် ၁၀–ပါး ၂၁၂


### ငါးပါးသီလနှင့်စပ်သွယ် သိမှတ်ဖွယ်


၁။ ပါဏာတိပါတသိက္ခာပုဒ်နှင့်ပတ်သက်၍ သိမှတ်ဖွယ်များ ၂၁၃

၂။ သူတစ်ပါး၏အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ကျိုးများ ၂၁၄

၃။ အဒိန္နာဒါနသိက္ခာပုဒ်နှင့်ပတ်သက်၍ သိမှတ်ဖွယ်များ ၂၁၅

၄။ အဒိန္နာဒါနကံကို လွန်ကျူးခဲ့မှုကြောင့် အဝတ်မရှိပြိတ္တာမဖြစ်ရသောဝတ္ထု(ခလ္လာဋိယပေတိဝတ္ထု) ၂၁၅

၅။ အဒိန္နာဒါနကံမှ ရှောင်ကြဉ်ခြင်း၏အကျိုးများ ၂၁၇

၆။ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်(သီလ)နှင့်စပ်သွယ် သိမှတ်ဖွယ် ၂၁၇

၇။ ယောကျ်ားများအတွက် မသွားလာထိုက်သောအမျိုးသမီး(အဂမနီယဋ္ဌာန–၂၀) ၂၁၇

၈။ 'ဒု,သ,န,သော'ဟူသော အက္ခရာလေးလုံး ၂၁၉

၉။ အရှင်အာနန္ဒာမထေရ်၏ ဘဝတစ်ကွေ့ အမှားတွေ့ရပုံ ၂၂၁

၁၀။ ကိုယ့်ဥစ္စာဖြစ်လျက် ကိုယ်မပိုင်သူများ ၂၂၁

၁၁။ ကိုယ့်ဥစ္စာကိုယ်ပေး၍ အပါယ်ကျသူများ ၂၂၂
၁၂။ ကိုယ့်ဥစ္စာကိုယ်ပြန်နိုး၍ အပါယ်ကျသူများ ၂၂၂
၁၃။ ကာမေသုမိစ္ဆာစာရကံ၏အပြစ်နှင့်စပ် သိမှတ်စရာ ၂၂၂
၁၄။ ကာမေသုမိစ္ဆာစာရကံမှ ရှောင်ကြဉ်ကျိုးများ ၂၂၃
၁၅။ မုသာဝါဒသိက္ခာပုဒ်နှင့်စပ်၍ သိမှတ်ဖွယ်များ ၂၂၄
၁၆။ မုသာဝါဒမှရှောင်ကြဉ်ကျိုးများ ၂၂၄
၁၇။ သုရာမေရယသိက္ခာပုဒ်နှင့်စပ်၍ သိမှတ်ဖွယ်များ ၂၂၅
၁၈။ သုရာမေရယကံမှ ရှောင်ကြဉ်ကျိုးများ ၂၂၅
၁၉။ ကတညုတာနှင့် ကတဝေဒီတာတို့၏ထူးခြားဟန် ၂၂၆
၂၀။ မဓာဝီ-ဟူသည်၊ ပဏ္ဍိတ-ဟူသည် ၂၂၇
၂၁။ ငါးပါးသီလ-ဟူသည် ၂၂၈
၂၂။ သုရာနှင့်မေရယ(သေရည်နှင့်အရက်)အထူး ၂၃၀
၂၃။ ကံငါးပါးပြစ်.ကျိုး ဆောင်ပုဒ်များ ၂၃၁
၂၄။ ငါးပါးသီလစောင့်ထိန်းရကျိုးပြဝတ္ထု ၂၃၁
၂၅။ နဝင်္ဂပေါ်သထပုစ္ဆာ ၂၃၂
၂၆။ နဝင်္ဂပေါသထဝိသဇ္ဇနာ(ပါဠိ) ၂၃၂
- နဝင်္ဂုပုသ်အဖြေ(မြန်မာပြန်) ၂၃၃

ဘုရား၊ ဘုရားအလောင်း ပစ္စေကဗုဒ္ဓါနှင့် သာဝကတို့နှင့်စပ်သွယ် သိမှတ်ဖွယ်များ

၁။ နှစ်ကျိပ်ရှစ်ဆူဘုရားရှင်များ, ပွင့်ရာကမ္ဘာများနှင့် ဗောဓိပင်များ ၂၃၅
၂။ ဝေမတ္တတရား ငါးပါး၊ ရှစ်ပါး ၂၃၆
၃။ အဝိဇဟိတလေးဌာနနှင့်စပ်သွယ် သိမှတ်ဖွယ် ၂၃၉
၄။ သံဝေဇနီယလေးဌာနနှင့်စပ်သွယ် သိမှတ်ဖွယ် ၂၄၀
၅။ စေတီထိုက်သူလေးဦးနှင့်စပ်သွယ် သိမှတ်ဖွယ် ၂၄၁
- ထူပါရဟ=ဟူသည် ၂၄၁
၆။ ဗောဓိသတ္တ(ဘုရားအလောင်း)နှင့်စပ်သွယ် သိမှတ်ဖွယ် ၂၄၃
- ဘုရားအလောင်း သုံးမျိုး ၂၄၃
- အလောင်းတော်များ၊ သုံးမျိုးပြား၊ ကြောင်းကား ဘယ်ပုံနည်း? ၂၄၄
၇။ နိယတဗျာဒိတ်နှင့်စပ်သွယ် သိမှတ်ဖွယ် ၂၄၆
- 'ဗျာဒိတ်' ဟူသော စကားသည် ၂၄၆
- နိယတဗျာဒိတ်ရ အင်္ဂါရှစ်ပါး ၂၄၆
- နိယတဗျာဒိတ်ရ အကျိုး ၁၈-ပါး ၂၄၉
- ဗျာဒိတ်ခံခဲ့ပုံ အချုပ်လင်္ကာ ၂၅၂
၈။ ဗုဒ္ဓဘူမိ လေးပါး ၂၅၃
၉။ ဘုရားအလောင်းတော်ကို ဘုရားရဟန္တာများကပင် ပူဇော်ကြသလော? ၂၅၄
၁၀။ အဇ္ဈာသယ ခြောက်ပါး ၂၅၄
၁၁။ ကောလာဟလနှင့်စပ်သွယ် သိမှတ်ဖွယ် ၂၅၄
- ကောလာဟလငါးပါး ၂၅၄
၁၂။ စေတီနှင့်စပ်သွယ် သိမှတ်ဖွယ် ၂၅၇
- စေတီ-ဟူသည်၊ စေတီ သုံးမျိုး၊ လေးမျိုး ၂၅၇
- ရွှေဝါရောင်နတ်သမီး ၂၅၉
၁၃။ နက္ခတ္တပရိစ္ဆေဒခေါ် နေ့ထူးများနှင့်စပ်သွယ် သိမှတ်ဖွယ် ၂၆၀

၁၄။ အနန္တရာယိကဓမ္မ လေးပါး ၂၆၀
၁၅။ ပစ္စေကဗုဒ္ဓါနှင့်စပ်သွယ် သိမှတ်ဖွယ် ၂၆၁
၁၆။ သာဝကတို့နှင့်စပ်သွယ် သိမှတ်ဖွယ် ၂၆၁
၁၇။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝကတို့၏မျိုးနွယ်များ ၂၆၂
၁၈။ ဘုရားနှင့်ပစ္စေကဗုဒ္ဓါတို့၏ တူပုံနှင့်ခြားနားပုံများ ၂၆၂
၁၉။ အသီတိမဟာသာဝကနှင့်စပ်သွယ် သိမှတ်ဖွယ်ရာ ၂၆၃
– လက်ျာတော်ရံ ရဟန္တာမထေရ်(၄၀) ၂၆၆
– လက်ဝဲတော်ရံ ရဟန္တာ(၄၀) ၂၆၇

## တေဒဂ်ရ ရဟန္တာထေရ်များ(၄၁)ပါး

၁။ အရှင်ကောဏ္ဍညမထေရ်အကြောင်း သိကောင်းစရာ ၂၆၉
၂။ အရှင်သာရိပုတ္တရာမထေရ်နှင့် အရှင်မဟာမောဂ္ဂလ္လာန်မထေရ်တို့အကြောင်း သိကောင်းစရာ ၂၆၉
၃။ အရှင်မဟာကဿပမထေရ်အကြောင်း သိကောင်းစရာ ၂၇၀
၄။ အရှင်အနုရုဒ္ဓါမထေရ်အကြောင်း သိကောင်းစရာ ၂၇၁
– ဆီမီးညှိမှု၊ ပမာပြု၊ ဝေစု မျှဝေရာ ၂၇၃
၅။ အရှင်ဘဒ္ဒိယမထေရ်အကြောင်း သိကောင်းစရာ ၂၇၅
၆။ အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်အကြောင်း သိကောင်းစရာ ၂၇၆
၇။ အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်အကြောင်း သိကောင်းစရာ ၂၇၆
၈။ အရှင်မန္တာဏိပုတ္တပုဏ္ဏမထေရ်အကြောင်း သိကောင်းစရာ ၂၇၇
– ကထာဝတ္ထုဆယ်ပါး–ဟူသည်မှာ ၂၇၈
၉။ အရှင်မဟာကစ္စာနမထေရ်အကြောင်း သိကောင်းစရာ ၂၇၈
၁၀။ အရှင်စူဠပန္ထကမထေရ်နှင့် အရှင်မဟာပန္ထကမထေရ်တို့အကြောင်း သိကောင်းစရာ ၂၇၉
– အတိတ်ဝဋ်ကျွေး၊ ဉာဏ်နုံ့နှေး၊ ဖြစ်ရေး စူဠပဏ် ၂၈၀
၁၁။ အရှင်သုဘူတိမထေရ်အကြောင်း သိကောင်းစရာ ၂၈၂
၁၂။ အရှင်ရေဝတအကြောင်း သိကောင်းစရာ ၂၈၄
၁၃။ အရှင်ကင်္ခါရေဝတအကြောင်း သိကောင်းစရာ ၂၈၄
၁၄။ အရှင်သောဏကောဠိဝိသမထေရ်အကြောင်း သိကောင်းစရာ ၂၈၅
၁၅။ အရှင်သောဏကုဋိကဏ္ဏမထေရ်အကြောင်း သိကောင်းစရာ ၂၈၆
၁၆။ အရှင်သီဝလိမထေရ်အကြောင်း သိကောင်းစရာ ၂၈၈
– နောက်ဆုံးဘဝ၊ သန္ဓေက၊ ဆန်းလှထွေပြား အံ့ဖွယ်များ ၂၈၉
– ဆံချစဉ်ဝယ်၊ ကိလေပယ်၊ ဖြစ်တယ် ရဟန္တာ ၂၉၂
၁၇။ အရှင်ဝက္ကလိမထေရ်အကြောင်း သိကောင်းစရာ ၂၉၄
၁၈။ အရှင်ရာဟုလာနှင့် အရှင်ရဋ္ဌပါလတို့အကြောင်း သိကောင်းစရာ ၂၉၅
– ရာဟုလောဝါဒသုတ်အနှစ်ချုပ် ၂၉၈
၁၉။ အရှင်ကုဏ္ဍဓာနမထေရ်အကြောင်း သိကောင်းစရာ ၂၉၉
– ဝဋ်လိုက်လေပြီ ဓာနထေရ် ၂၉၉
၂၀။ အရှင်ဝင်္ဂီသမထေရ်အကြောင်း သိကောင်းစရာ ၃၀၁
၂၁။ အရှင်ဥပသေနမထေရ်အကြောင်း သိကောင်းစရာ ၃၀၄
၂၂။ အရှင်ဒဗ္ဗအကြောင်း သိကောင်းစရာ ၃၀၅
– သင်တုန်းကိစ္စ၊ ပြီးဆုံးက၊ ဖြစ်ထ ရဟန္တာ/ခုနစ်နှစ်ရွယ်၊ ကိလေပယ်၊ အံ့ဖွယ် ရှင်ဒဗ္ဗာ ၃၀၇
၂၃။ အရှင်ပိလိန္ဒဝစ္ဆမထေရ်အကြောင်း သိကောင်းစရာ ၃၀၈
– နှုတ်ထွက်ကြမ်းတာ သူ့ဝါသနာ။ ဝါသနာဘာဂီ ဆက်တိုင်းမှီ ၃၀၉

၂၄။ အရှင်ဗာဟိယဒါရုစီရိယအကြောင်း သိကောင်းစရာ ၃၁၁
- ငါကသူ့သတ်၊ သူငါ့သတ်၊ လည်ပတ် ဝဋ်ကျွေးမည် ၃၁၄
၂၅။ အရှင်ကုမာရကဿပအကြောင်း သိကောင်းစရာ ၃၁၅
- ဝမ္မိကသုတ်၊ အချုပ်ပြဿနာ=မေးပုစ္ဆာ+ဝမ္မိကသုတ်၊ အချုပ်ပြဿနာ=ဖြေကြားလွှာ ၃၁၇
၂၆။ အရှင်ကောဋ္ဌိတမထေရ်အကြောင်း သိကောင်းစရာ ၃၁၉
၂၇။ အရှင်အာနန္ဒာအကြောင်း သိကောင်းစရာ ၃၁၉
- ဘုရားရှင်၏အလုပ်အကျွေးပြဿနာရှိခဲ့ရာ ၃၂၃
- လုပ်ကျွေးပြုရန်၊ ဆုရှစ်တန်၊ တောင်းခံ အာနန္ဒာ ၃၂၄
- လေးယာပထ၊ လွတ်ကာပ၊ ဖြစ်ရ ရဟန္တာ ၃၂၆
၂၈။ အရှင်ဥရုဝေလကဿပအကြောင်း သိကောင်းစရာ ၃၂၇
၂၉။ အရှင်ကာဠုဒါယီမထေရ်အကြောင်း သိကောင်းစရာ ၃၂၉
၃၀။ အရှင်ဗာကုလမထေရ်အကြောင်း သိကောင်းစရာ ၃၃၁
- မိပိအိပ်ထက်၊ ကျောင်းအိုတွက်၊ ပြုလျက်မွမ်းမံပြီ ၃၃၃
၃၁။ အရှင်သောဘိတမထေရ်အကြောင်း သိကောင်းစရာ ၃၃၇
၃၂။ အရှင်ဥပါလိမထေရ်အကြောင်း သိကောင်းစရာ ၃၃၈
၃၃။ အရှင်နန္ဒကမထေရ်အကြောင်း သိကောင်းစရာ ၃၄၀
၃၄။ အရှင်နန္ဒမထေရ်အကြောင်း သိကောင်းစရာ ၃၄၁
- ပြတ်စွာဗုဒ္ဓ၊ ညီနန္ဒ၊ သက်က မည်သူ ကြီးသနည်း? ၃၄၂
- နန္ဒမင်းသား၏အဖို့ရာ မင်္ဂလာ သုံးမျိုး၊ မင်္ဂလာ ငါးမျိုး ၃၄၃
၃၅။ အရှင်မဟာကပ္ပိနမထေရ်အကြောင်း သိကောင်းစရာ ၃၄၆
- အစဉ်အတိုင်းဟောကြားအပ်သော တရားစကားလေးမျိုး ၃၄၉
၃၆။ အရှင်သာဂတမထေရ်အကြောင်း သိကောင်းစရာ ၃၅၁
၃၇။ အရှင်ရာဓမထေရ်အကြောင်း သိကောင်းစရာ ၃၅၃
၃၈။ အရှင်မောဃရာဇာမထေရ်အကြောင်း သိကောင်းစရာ ၃၅၆
- သက်န်း၏ခေါင်းပါးညံ့ဖျင်းခြင်း သုံးမျိုး ၃၆၄


တေဒဂ်ရ ရဟန္တာထေရီများ(၁၃)ပါး


၁။ အရှင်မ မဟာပဇာပတိဂေါတမီထေရီအကြောင်း သိကောင်းစရာ ၃၆၅
၂။ အရှင်မခေမာထေရီအကြောင်း သိကောင်းစရာ ၃၆၈
- ကိကီမင်းကြီး၏သမီးတော်ခုနစ်ယောက် ၃၇၂
၃။ အရှင်မဥပ္ပလဝဏ္ဏာထေရီအကြောင်း သိကောင်းစရာ ၃၇၅
၄။ အရှင်မပဋာစာရာထေရီအကြောင်း သိကောင်းစရာ ၃၈၃
၅။ အရှင်မဓမ္မဒိန္နာထေရီအကြောင်း သိကောင်းစရာ ၃၈၉
၆။ အရှင်မနန္ဒာထေရီအကြောင်း သိကောင်းစရာ ၃၉၂
- သုံးယောက်နန္ဒာ မှတ်ဖွယ်ရာ ၃၉၂
- ပုဂ္ဂိုလ်လေးစား မှတ်ဖွယ်ကား ၃၉၅
၇။ အရှင်မသောဏာထေရီအကြောင်းသိကောင်းစရာ ၃၉၈
၈။ အရှင်မသကုလာထေရီအကြောင်းသိကောင်းစရာ ၄၀၁
၉။ အရှင်မကုဏ္ဍလကေသာထေရီအကြောင်းသိကောင်းစရာ ၄၀၂
- မိဘမေတ္တာ၊ ကြီးလှစွာ၊ လိုပါလိုက်ရ-သမီးကိစ္စ ၄၀၄
၁၀။ အရှင်မဘဒ္ဒါကာပိလာနီထေရီအကြောင်းသိကောင်းစရာ ၄၀၉
၁၁။ အရှင်မဘဒ္ဒါကစ္စာနာ ခေါ် ယသော်ဓရာထေရီအကြောင်းသိကောင်းစရာ ၄၁၀

၁၂။ အရှင်မကိသာဂေါတမီထေရီအကြောင်းသိကောင်းစရာ ၄၁၂
၁၃။ အရှင်မသိင်္ဂါလကမာတာထေရီအကြောင်းသိကောင်းစရာ ၄၁၆

## တေဒဂ်ရ ဥပါသကာ(၁၀)ဦး

၁။ တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်အကြောင်းသိကောင်းစရာ ၄၁၈
- တပုဿနှင့်ဘလ္လိကညီနောင်နှစ်ဦးတို့အတွက် မှတ်သားချက်များ ၄၂၂
- တပုဿအမည် အဆုံးအဖြတ် ၄၂၂
- ဥတ္တလ(ဥက္ကလ)=ဩဂ္ဂတိုင်း ၄၂၂
၂။ အနာထပိဏ်သူဌေးအကြောင်း သိကောင်းစရာ ၄၂၄
- ဇေတဝန်ကျောင်းတိုက်တော် အနုမောဒနာဂါထာတရား ၄၂၇
- စည်ရှင်ဆရာတော်ကြီးနှင့် မဟာစည်ဆရာတော်ဘုရားတို့ ရေးသားအပ်သော ကျောင်းလှူဒါန်းရကျိုးမှတ်ဖွယ်လင်္ကာများ ၄၂၉
- မှတ်သားဖွယ်ပါ ဇေတဝန်ကျောင်းနေရာ ၄၂၉
- ပယ်ဖွဲ့လင်္ကာ မှတ်ဖွယ်ရာ ၄၃၁
၃။ စိတ္တသူကြွယ်အကြောင်း သိကောင်းစရာ ၄၃၁
၄။ ဟတ္ထကာဠဝကမင်းသား ဥပါသကာအကြောင်း သိကောင်းစရာ ၄၃၇
- ဒေဝတာဗလိ၊ ပူဇော်ဘိ၊ စောင့်၏ နတ်ဘီလူး ၄၄၅
၅။ မဟာနာမသာကီဝင်မင်းအကြောင်း သိကောင်းစရာ ၄၄၆
၆။ ဥဂ္ဂသူဌေးအကြောင်း သိကောင်းစရာ ၄၄၇
၇။ ဥဂ္ဂတသူဌေးအကြောင်း သိကောင်းစရာ ၄၄၉
၈။ သူရမ္ဗဋ္ဌသူဌေးအကြောင်း သိကောင်းစရာ ၄၅၀
- မာရ်နတ်ကဲစမ်း၊ မဖြုံတမ်း၊ ငေါက်ငမ်း ဆူပစ်သည် ၄၅၁
၉။ ဆရာဇီဝကအကြောင်း သိကောင်းစရာ ၄၅၂
၁၀။ နကုလပိတုသူဌေးအကြောင်း သိကောင်းစရာ ၄၅၃
- ၄က်ဖြစ်တောင် တစ်ကိုင်းထဲ နားလိုလျှင် ၄၅၅

## တေဒဂ်ရ ဥပါသိကာ(၁၀)ဦး

၁။ သုဇာတာသူဌေးသမီးအကြောင်း သိကောင်းစရာ ၄၅၆
၂။ ဝိသာခါအကြောင်း သိကောင်းစရာ ၄၆၀
- ဘုန်းကံကြီးသူ၊ ငါးဦးလူ၊ မည်သူတွေပါနည်း? ၄၆၀
- ခုနစ်နှစ်ရွယ်မှာ၊ ဝိသာခါ၊ ဖြစ်လာသောတာပန် ၄၆၁
- ဝိသာခါတောင်းပြား ဆုရှစ်ပါး ၄၇၁
- ယာဂုအကျိုး အမျိုးမျိုး ၄၇၃
- မဟာလတာတန်ဆာပိုင်ရှင် သုံးဦး ၄၇၇
၃။ ခုဇ္ဇုတ္တရာနှင့် သာမာဝတီတို့အကြောင်း သိကောင်းစရာ ၄၇၇
- ခြေရာကိုကြည့် စိတ်ကိုသိ ၄၈၂
၄။ ဥတ္တရာနန္ဒမာတာ ဥပါသိကာအကြောင်း သိကောင်းစရာ ၄၉၁
- ဒိဋ္ဌဓမ္မဝေဒနီယကံနှင့်စပ်သွယ် သိမှတ်ဖွယ် ၄၉၄
- ဒိဋ္ဌဓမ္မဝေဒနီယကုသိုလ်ကံ၏အကျိုးကိုခံစားကြရသော ပုဂ္ဂိုလ်ခုနစ်ယောက် ၄၉၄
- မျက်မှောက်လောက၊ ကျိုးပေးရန်၊ လေးတန်အင်္ဂါလို ၄၉၆
- ခဏတာတွက်၊ စည်းစိမ်မက်၊ မာန်ဟက် သိရိမာ ၄၉၉
၅။ ကောလိယသာကီဝင်မင်းသမီး သုပ္ပဝါသာအကြောင်း သိကောင်းစရာ ၅၀၀

၆။ သုပ္ပိယာ ဥပါသိကာမအကြောင်း သိကောင်းစရာ ၅၀၅
– သူမစေတနာ၊ ဒါနရာ၊ လွန်စွာ အံ့သြဖွယ် ၅၀၅
၇။ ကာတိယာနီ ဥပါသိကာမအကြောင်း သိကောင်းစရာ ၅၀၇
– မတုန်လှုပ်ပါ၊ သူ့သဒ္ဓါ၊ လွန်စွာအံ့သြဖွယ် ၅၀၇
၈။ နကုလမာတာ ဥပါသိကာမအကြောင်း သိကောင်းစရာ ၅၀၈
၉။ ကုရရဃရမြို့သူ ကာဠီဥပါသိကာမအကြောင်း သိကောင်းစရာ ၅၀၉

## ဇာတ်တော်ငါးရာငါးဆယ်နှင့်စပ်သွယ် သိမှတ်ဖွယ်

၁။ တစ်ကြိမ်စီသာဖြစ်သော သတ္တဝါ(၁၁)မျိုး ၅၁၁
(၁) ခေါက်ရှာငှက်ဘဝ ၁–ကြိမ် ၅၁၁
(၂) ဇီလုံးငှက်ဘဝ ၁–ကြိမ် ၅၁၂
(၃) တင်ကျီးငှက်ဘဝ ၁–ကြိမ် ၅၁၂
(၄) သစ်တောက်ငှက်ဘဝ ၁–ကြိမ် ၅၁၂
(၅) ဖားဘဝ ၁–ကြိမ် ၅၁၃
(၆) ကျွဲဘဝ ၁–ကြိမ် ၅၁၃
(၇) ယုန်ဘဝ ၁–ကြိမ် ၅၁၃
(၈) စာဝတီး(စာပေါင်းသောင်း)ငှက်ဘဝ ၁–ကြိမ် ၅၁၄
(၉) ဝက်ဘဝ ၁–ကြိမ် ၅၁၄
(၁၀) ကိန္နရာဘဝ ၁–ကြိမ် ၅၁၄
(၁၁) ဝန်လိုငှက်ဘဝ ၁–ကြိမ် ၅၁၄
၂။ နှစ်ကြိမ်စီဖြစ်သော သတ္တဝါခုနစ်မျိုး ၅၁၅
(၁) ကျီးဘဝ ၂–ကြိမ် ၅၁၅
(၂) ခါဘဝ ၂–ကြိမ် ၅၁၅
(၃) ကြက်ဘဝ ၂–ကြိမ် ၅၁၆
(၄) ကြွက်ဘဝ ၂–ကြိမ် ၅၁၇
(၅) စက္ကဝါက်ငှက်ဘဝ ၂–ကြိမ် ၅၁၇
(၆) ဥသြငှက်ဘဝ ၂–ကြိမ် ၅၁၇
– မိန်းမတို့ မရောင့်ရဲခြင်းသုံးပါး ၅၁၈
– လင်ကို မထီမဲ့မြင်ပြုတတ်သောအကြောင်းရှစ်ပါး ၅၁၈
– မိန်းမတို့ရောင့်တက်ကြောင်း ကိုးပါး ၅၁၈
– မာယာ(၄၀) ၅၁၈
– မိန်းမပျက်အင်္ဂါ(၂၅)ပါး ၅၁၉
– မပေါင်းအပ်သော မိန်းမများ ၅၁၉
– မချစ်သင့်သော မိန်းမ ငါးယောက် ၅၁၉
(၇) ဂဠုန်ဘဝ ၂–ကြိမ် ၅၂၀
၃။ သုံးကြိမ်စီဖြစ်သော သတ္တဝါငါးမျိုး ၅၂၁
(၁) ငွေးဘဝ ၃–ကြိမ် ၅၂၁
(၂) ဒေါင်းဘဝ ၃–ကြိမ် ၅၂၂
–ပစ္စေကဗောဓိဉာဏ်ထက် ဘုရားအလောင်းတိရစ္ဆာန်၏ဉာဏ်က ကြီးမြတ်သလော? ၅၂၃
–ပစ္စေကဗုဒ္ဓါအရှင်မြတ်က ဥဒေါင်းကို ရှိခိုးသလော? ၅၂၄
(၃) ဆတ်ဘဝ ၃–ကြိမ် ၅၂၄

(၄) ဖွတ်ဘဝ ၃-ကြိမ် ၁၂၅
(၅) ငါးဘဝ ၃-ကြိမ် ၁၂၅
၄။ လေးကြိမ်စီဖြစ်သော သတ္တဝါလေးမျိုး ၁၂၆
(၁) လင်းတဘဝ ၄-ကြိမ် ၁၂၆
(၂) ငုံးဘဝ ၄-ကြိမ် ၁၂၇
(၃) မြင်းဘဝ ၄-ကြိမ် ၁၂၈
(၄) နဂါးဘဝ ၄-ကြိမ် ၁၂၉
၅။ ငါးကြိမ်ဖြစ်ခဲ့ရသော သတ္တဝါတစ်မျိုး
(၁) နွားဘဝ ၅-ကြိမ် ၁၃၀
၆။ ခြောက်ကြိမ်ဖြစ်ခဲ့ရသော သတ္တဝါတစ်မျိုး
(၁) ဒိဘဝ ၆-ကြိမ် ၁၃၂
၇။ ခုနစ်ကြိမ်ဖြစ်ခဲ့ရသော သတ္တဝါတစ်မျိုး
(၁) ဆင်ဘဝ ၇-ကြိမ် ၁၃၃
၈။ ကိုးကြိမ်စီဖြစ်တော်မူခဲ့ရသော သတ္တဝါသုံးမျိုး ၁၃၆
(၁) ကျေးသားဘဝ ၉-ကြိမ် ၁၃၆
- မြို့သစ်ချ၊ မြီးဟောင်းဆပ်၊ ရွှေအိုးမြှုပ်ခြင်း ၁၃၈
- သောကဆယ်မျိုး ၁၃၉
(၂) သမင်ဘဝ ၉-ကြိမ် ၁၄၄
- သမင်မင်းက မင်းကျင့်တရားဆယ်ပါးဟောခြင်း ၁၄၇
(၃) ဟင်္သာဘဝ ၉-ကြိမ် ၁၄၉
- အလိုကြီး၍ ဆုံးရှုံးခြင်း ၁၄၉
- မနေအပ်ငြား အရပ်များ ၁၅၀
- ဟင်္သာ ခြောက်မျိုး ၁၅၂
၉။ ဆယ်ကြိမ်ဖြစ်ခဲ့ရသော သတ္တဝါတစ်မျိုး
(၁) ခြင်္သေ့ဘဝ ၁၀-ကြိမ် ၁၅၃
- ခြင်္သေ့လေးမျိုး ၁၅၃
- တိတ္တိတို့၏ကျင့်စဉ်အချို့ ၁၅၄
- ဆူးအခင်းတို့၌အိပ်ခြင်း
- ပဥ္စာတပအကျင့်ကို ကျင့်ခြင်း
၁၀။ တစ်ဆယ့်နှစ်ကြိမ်ဖြစ်ခဲ့ရသော သတ္တဝါတစ်မျိုး
(၁) မျောက်ဘဝ ၁၂-ကြိမ် ၁၅၆
- ကမ္ဘာတည်သည့်အရာ လေးမျိုး ၁၅၆
- ရန်အောင်ကြောင်းတရား လေးပါး ၁၅၆
၁၁။ တိရစ္ဆာန်ဘဝ ဖြစ်ထမှတ်ဖွယ် လက်ာသွယ် ၁၆၁
၁၂။ ပြိတ္တာဘဝ ၅-ကြိမ်
- ပရဒါရကံ၏အကျိုးများကား ၁၆၃
- ဘဝတိုင်းမှာ၊ ယောက်ျားသာ၊ ဖြစ်ရာလိုကြသော် ၁၆၃
- ယောက်ျားဘဝ၊ ရလိုကြ၊ မိန်းမများကိုသော် ၁၆၃
- နတ်၏စည်းစိမ်၊ အကြိမ်ကြိမ်၊ မြိန်မြိန်မွေ့လိုသော် ၁၆၃

၁၃။ နတ်ဘဝ ၁၄-ကြိမ် ၅၆၄
၁၄။ သိကြားဘဝ ၂၁-ကြိမ် ၅၆၉
- မိုက်လှချည်လား မြေခွေးရယ် ၅၇၂
- သင်က ပိုမိုက်သည် မဟုတ်လော? ၅၇၂
- မြေခွေးစကား ကြားပြီးခါမှ နောင်တရ ၅၇၂
- ခြိုခွန်စရို ခုန်မတော့မှာပဲ ၅၇၃
- ရဟန်းရှိခိုး ဘာအကျိုး ရရှိရှိသနည်း? ၅၇၄
- ချီးမွမ်းခံရ ဤဘဝ သေကနတ်ပြည်ရောက် ၅၇၄
- သင်၏ရုပ်လှွာ၊ အိုအိုလာ၊ ဖိုးမှာ နည်းလာပြီ ၅၇၅
၁၅။ ရက္ခစိုးနတ်ဘဝ ၃၀-ကြိမ် ၅၈၀
- မင်္ဂလာသစ်ပင်စောင့်ရက္ခစိုး၏တရား ၅၈၃
- သံသဂ္ဂနိုးနှောခြင်း ငါးပါး ၅၈၅
- ကိုယ်တိုင်ကျင့်သုံးပြီးမှ သူတစ်ပါးကို ဆုံးမပါ ၅၈၇
၁၆။ လူ့ဘဝ ၃၅၃-ကြိမ် ၅၉၁
- ကန္တာရ(ခရီးခဲ)ငါးမျိုး ၅၉၂
- ဘုရားအလောင်းအပေါ်၌ ဒေဝဒတ်၏ရန်ငြိုးဖွဲ့ခြင်းအစ ရွဲကုန်သည်ဘဝက ၅၉၃
- ဒေဝဓမ္မတရား နှစ်ပါး ၅၉၄
- နတ်သုံးမျိုး ၅၉၅
- သားလေးမျိုး ၅၉၅
- အာသယာနုသယဉာဏ်တော်သည် ဘုရားရှင်မှာသာ ၅၉၈
- သိကြားဖြစ်ကြောင်းတရား ခုနစ်ပါး ၅၉၉
- မဃသတို့သား၏ ဇနီးလေးယောက် ၆၀၀
- အကျိုးပေးချိန်တန်လျှင် ၆၀၁
- မစ္ဆရိယတရား လွန်ဆိုးရွား ၆၀၃
- ပညာရှိရန်သူထက် ပညာမဲ့မိတ်ဆွေက ကြောက်ဖို့ကောင်း ၆၀၃
- နက္ခတ်ကောင်းကို စောင့်မိ၍ စုတ်နှင့်လွဲရ ၆၀၅
- ပေါက်တူးကြောင့် ခြောက်ကြိမ်လူထွက်ရ ၆၁၀
- သစ်မျောဆယ်တင် အသုံးဝင်၊ လူမျောဆယ်တင် ဘေးဖြစ်အင် ၆၁၁
- အစွဲသံသရာ ကြောက်စရာ ၆၁၁
- ကောသလအိပ်မက် (၁၆)ချက် ၆၁၂
- ခုနစ်ဖဝါးလှမ်း၍ အတူသွားဖူးလျှင် ၆၁၈
- အကျိုးစီးပွားဖြစ်ကြောင်း ခြောက်ပါး ၆၁၉
- ဥပါတ် ငါးမျိုး ၆၂၀
- ခြောက်ပါးသောခန္ဓာကိုယ်အပြစ်မှ ကင်းသောမိန်းမ(ခြောက်ပြစ်ကင်းသောမိန်းမ) ၆၂၃
- ကောင်းခြင်းငါးဖြာ ၆၂၃
- ဘုရားရှင်ဆုံးမသော ဒေါသ၏အပြစ်များ ၆၃၁
- သဋ္ဌဝ နှစ်မျိုး ၆၃၄
- အရိယ လေးမျိုး(ဒုကနိပါတ်၊ ဏ္ဍသမာနဂေါတ္တဇာတ်။ ၈၁၊ ၄၊ ၂။ ၃၈။) ၆၃၄
- ကြိုတင်မသိနိုင်သောတရား ငါးမျိုး ၆၃၆
- မေတ္တာအကျိုး(၁၁)ပါး ၆၃၇
- ရန်သူ့ မိတ်ဆွေ ခွဲခြားတတ်ဖို့ ၆၄၆

- တံစိုးလက်ဆောင်–ဟူသည် ၆၄၉
- သံကိုကြွက်စား၊ သားကိုစွန်ချီ ၆၅၀
- ရှေးလူတို့ မိမိတို့၏သားကို တစ်နယ်တစ်ကျေး၌ပညာသင်စေရာ၌ ခံယူချက်သုံးပါး ၆၆၁
- တပည့် နှစ်မျိုး ၆၆၁
- အရိယာ လေးမျိုး (တိကနိပါတ်၊ တိလမုဋ္ဌိဇာတ်။ ဇာ၊ ဋ၊ ၂။ ၂၅၆။) ၆၆၁
- မယား ခုနစ်မျိုး (တိကနိပါတ်၊ သုဇာတဇာတ်။ ဇာ၊ ဋ၊ ၂။ ၃၁၃–၃၁၅။) ၆၆၆
- လိပ်ခဲတင်းလင်း (လိပ်ခဲတန်းလန်း) ၆၆၉
- လာဘ်ဖြစ်ကြောင်းအကျင့်လေးပါး ၆၇၃
- လောကဓံကိုမသိ၍ ငိုကြွေးခြင်း ၆၈၀
- ရှေ့ဆောင်နွားလား၊ ဖြောင့်ဖြောင့်သွားက၊ နောက်နွားတစ်သိုက်၊ ဖြောင့်ဖြောင့်လိုက်သို့ ၆၈၆
- မကောင်းသောအရာ လေးပါး ၆၉၀
- သားသေ၍ ဖခင်မငိုခြင်းအကြောင်း ၆၉၃
- သားသေ၍ မိခင်မငိုခြင်းအကြောင်း ၆၉၃
- မောင်သေ၍ နှမ မငိုခြင်းအကြောင်း ၆၉၄
- လင်သေ၍ မယားမငိုခြင်းအကြောင်း ၆၉၄
- သခင်သေ၍ ကျွန်မမငိုခြင်းအကြောင်း ၆၉၅
- ရန်သူကိုအောင်နိုင်ခြင်း ငါးပါး ၆၉၉
- ပစ္စေကဗုဒ္ဓါဟောသောတရားများ ၇၀၁
- စေတနာသုံးတန်၊ ပြည့်ဝမှန်၊ ထက်သန်အကျိုးပေး ၇၀၃
- စေတနာသုံးပုံ၊ မပြည့်စုံ၊ ကျိုးကုန်သူမရ ၇၀၄
- မရောင့်ရဲသောအရာဝတ္ထု (၁၆)မျိုး ၇၀၇
- တောင်းလျှင်လည်းမုန်း၊ မပေးလျှင်လည်းမုန်း၊ နှစ်မုန်း မဖြစ်သင့် ၇၁၁
- သုံးတန်စေတနာ၊ ပြဋ္ဌာန်းကာ၊ လှူရာအကျိုးကြီး ၇၁၄
- ပဏ္ဍုကမ္ဗလာ၊ မြကျောက်ဖြာ၊ ပူရာကြောင်းလေးမျိုး ၇၂၁
- ကိုယ်ဝန်ဆောင်တို့၏အသွင်အပြင် ၇၂၇
- ငယ်ရွယ်စဉ် မသေခြင်း၏အကြောင်း ကောင်းမှုများ ၇၂၉
- ရာမသုခမိန် ဟောကြားသောတရား ၇၃၁
- နောင်တဆယ်မျိုး ၇၃၅
- စေတီသုံးမျိုး ၇၃၆
- ဒါနဟူသည် ရဟန်း ရှင် လူ မည်သူမဆို ပြုသင့်သောအရာ ၇၃၇
- အရိပ်နေလျက် အခက်မချိုးရာ ၇၃၉
- စိတ္တသုခမိန်ဟောသောတရားအချို့–'အရွယ်(၁၀)ပါး' ၇၄၁
- သိဝိမင်းကြီးဟောကြားသော တရားအချို့– 'လှူမည်ဟု ဝန်ခံပြီးမှ မလှူခဲ့သော်' ၇၄၃
- ဘီလူးထန်းရွက်ကြောက်သလော? ၇၄၆
- ကတညုူနှင့် ကတဝေဒီ ၇၄၉
- ကာမဂုဏ် ပုံပမာ ၇၅၁
- မိစ္ဆာဝါဒ ငါးမျိုး ၇၅၂
- မိတ်ဆွေးကြောင်း သုံးပါး ၇၅၂
- ငရဲကြီးရှစ်ထပ် မည်ပညတ် ၇၅၄
- ဝန်တိုစဉ်းလဲ ကျငရဲ ၇၅၄
- ရသေ့ရဟန်း၊ ဆဲလူသွမ်း၊ ကျလမ်းငရဲကား ၇၅၄

- ရသေ့ပြိတ်များ ရေဲကျသူများ ၁၅၅
- ကာဠသုတ်ရေဲကျ ကြောင်းကံက ၁၅၇
- တာပနရေဲကျရ ကြောင်းကံက ၁၅၇
- အဖကိုသတ် ကျလတ်ရေဲ ၁၅၇
- အမိသတ်သူ ကျမှုရေဲ ၁၅၈
- ကိုယ်ဝန်ဖျက်သူ ခံယူရေဲ ၁၅၉
- လင်ငယ်မယားငယ်နေသူ ကျရမည့်ရေဲမှု ၁၆၀
- ယောက္ခမစော်ကားသူများ ရေဲလား ၁၆၁
- တံငါ,မုဆိုး ကျရှိးရေဲမှာ ၁၆၁
- လာဘ်စားသည့်သူ ကျမှုရေဲ ၁၆၁
- သား,ငှက်မုဆိုးကား ရေဲလား ၁၆၂
- နတ်ပြည်ချမ်းသာ ရဖို့မှာ ၁၆၂
- နတ်များသေခါနီး နိမိတ်ငါးပါးထင်ပုံ ၁၆၃
- ရဟန်းတို့လူထွက်ခါနီး နိမိတ်ငါးပါးထင်ပုံ ၁၆၃
- ပေါရိသာဒ၏ခွန်အားကြီးခြင်းနှင့် တန်ခိုးကြီးခြင်းအကြောင်းများ ၁၆၄
- တေမိယမင်းသား တစ်ဆယ့်ခြောက်မျိုးသောနည်းတို့ဖြင့် အစမ်းသပ်ခံရခြင်း ၁၆၅
- သက္ကာရ,ဂါရဝ,ပူဇာတို့၏အထူးကား ၁၆၆
- အသားအရေ ကြည်လင်ခြင်းအကြောင်း ၁၆၆
- နာရဒရသေ့ဟောကြားသော 'အနီး၌ရှိသော ဘေးရန်များ' ၁၆၉
- သားတရားစီရင်ခန်းဝယ် ဘီလူးမ၏လက္ခဏာ ၁၇၁
- ရထားတရားစီရင်ခန်းဝယ် သိကြားမင်း၏အဖြစ်ကို သိခြင်းအကြောင်းများ ၁၇၂
- ရှားလုံတံပြဿနာဖြေခန်းဝယ် ရှားလုံတံ၏အရင်းအဖျားကို သိနိုင်ခြင်းအကြောင်း ၁၇၂
- ဦးခေါင်းခွံပြဿနာဖြေခန်းဝယ် ယောကျာ်း၏ဦးခေါင်းခွံနှင့် မိန်းမ၏ဦးခေါင်းခွံခွဲခြားပုံ ၁၇၂
- မြွေပြဿနာဖြေခန်းဝယ် မြွေဖို,မြွေမ ခွဲခြားပုံ ၁၇၂
- စည်းစိမ်ရှင်နှင့် ပညာရှင်...မည်သူက မြတ်သနည်း? ၁၇၂
- လျှို့ဝှက်စကားကို မည်သူအား ပြောကြားအပ်သနည်း? ၁၇၂
- သာဓုနရတရား လေးပါး ၁၇၅
- ပုဏ္ဏကမြင်း၏ လျင်မြန်ခြင်းကား ၁၇၆
- စွန့်ခြင်းကြီး ငါးပါး ၁၇၇
- ဇာတ်တော်ပေါင်းလကာ်၊ ဖြစ်တော်ပေါင်းလကာ် ၁၇၈
- အဖြစ်တော်ပေါင်းချုပ် ဘုရားရှိခိုးလကာ် ၁၇၉


## ပရိက္ခရာနှင့်စပ်သွယ် သိမှတ်ဖွယ်


၁။ ပရိက္ခရာ သုံးစရာ, သင်္ကန်းသုံးထည်၏အသုံး, သပိတ်၏အသုံး ၁၈၀
၂။ ပဲခွပ်ဓားငယ်၏ အသုံးအပ်၏အသုံး ၁၈၀
၃။ ခါးပန်းကြိုး၏အသုံး, ပုဝါရေစစ်၏အသုံး ၁၈၁
၄။ ပရိက္ခရာ(၉)ပါး ၁၈၁
၅။ ပရိက္ခရာ(၁၀)ပါး, (၁၁)ပါး, (၁၂)ပါး ၁၈၂


## အာသဝက္ခယ် စသည် သိမှတ်ဖွယ်


၁။ အာသဝက္ခယ် ဝဟ်-လော? အာသဝက္ခယာဝဟ်-လော? ၁၈၂
၂။ ဘုရားအလောင်းမှန် အနုလောမဉာဏ် ၁၈၂
၃။ သာဓုခေါ်စဉ်ပင် ဖလသမာပတ်ဝင်စား ၁၈၃

### ဝါဆိုစဉ်နှင့်စပ်သွယ် သိမှတ်ဖွယ်


၁။ မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီး၏ ဝါဆိုစဉ်လင်္ကာ ၇၈၅

၂။ ဝါဆိုတော်မူရာ တစ်ဆယ့်ငါးဌာန ၇၈၅

၃။ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ ဝါဆိုစဉ်ဘုရားရှိခိုးလင်္ကာ ၇၈၆

၄။ ဝါဆိုစဉ်ဘုရားရှိခိုးလင်္ကာ ၇၈၆

၅။ ဗုဒ္ဓဝါဆိုစဉ်ဘုရားရှိခိုးလင်္ကာ ၇၈၇

၆။ ဘုရားရှင်သီတင်းသုံးတော်မူရာ ဝါဆိုစဉ်တေးထပ် ၇၈၈


### မြတ်စွာဘုရား၏ဓာတ်တော်နှင့်စပ်သွယ် သိမှတ်ဖွယ်


၁။ မြတ်စွာဘုရား၏အရိုးတော်ကွင်းဆက် ၇၈၉

၂။ သရီရဓာတ်တော်များ၏ အရောင်အဆင်းသုံးမျိုး ၇၈၉

၃။ ဓာတ်တော်အရွယ်အစားသုံးမျိုး ၇၈၉

၄။ မပြိုကွဲသော(အသမ္ဘိန္န)ဓာတ်တော်ခုနစ်ဆူ ၇၈၉

၅။ ဓာတုဘာဇနီယကထာ ၇၉၁

၆။ ဓာတ်တော်ခွဲဝေခန်း ၇၉၃

၇။ ဂန္ဓာရတိုင်းသည် တရုတ်ပြည်လော? ၇၉၆

- ဂန္ဓာရတိုင်း ၇၉၇
- ဂန္ဓာရတိုင်း အကျယ်ဝေဖန်ပြဆိုချက် ၇၉၈

၈။ ရဟန္တာတိုင်း ဓာတ်တော်ကျသလား ၇၉၉

၉။ ကိလေသာမရှိသူ၏ရုပ်အလောင်း ၈၀၁


### ကပ်(ကမ္ဘာ)နှင့်စပ်သွယ် သိမှတ်ဖွယ်


၁။ ကပ်နှင့်ကမ္ဘာ ၈၀၁


### စေတီနှင့်စပ်သွယ် သိမှတ်ဖွယ်


၁။ စေတီတိုင်းပင်၊ တန်ခိုးသွင်၊ မှန်ပင်ပြသလော? ၈၀၂


### ပရိတ်နှင့်စပ်သွယ် သိမှတ်ဖွယ်


၁။ ပရိတ်-ဟူသည် ၈၀၄

၂။ ပရိတ်ရွတ်ဖတ်သောပုဂ္ဂိုလ်၏အင်္ဂါ သုံးပါး၊ လေးပါး ၈၀၄

၃။ ပရိတ်ရွတ်သောပုဂ္ဂိုလ်၏ ဝိပတ္တိ(ပျက်စီးခြင်း) နှစ်ပါး ၈၀၅

၄။ ပရိတ်ရွတ်သောပုဂ္ဂိုလ်၏ သမ္ပတ္တိ(ပြည့်စုံခြင်း) နှစ်ပါး ၈၀၅

၅။ ပရိတ်နာယူသောပုဂ္ဂိုလ်၏အင်္ဂါ သုံးပါး၊ လေးပါး ၈၀၆

၆။ ပရိတ်နာယူသောပုဂ္ဂိုလ်၏ ဝိပတ္တိ(ပျက်စီးခြင်း) နှစ်ပါး ၈၀၆

၇။ ပရိတ်နာယူသောပုဂ္ဂိုလ်၏ သမ္ပတ္တိ(ပြည့်စုံခြင်း) နှစ်ပါး ၈၀၇

၈။ ပရိတ်ရွတ်မှုနှင့်အကျိုးများ ၈၀၇

၉။ ပရိတ်ကြီး(၁၁)သုတ်အကျိုးပြလင်္ကာ ၈၀၇


### ဗုဒ္ဓပူမခသံဃာလှူပုံ စသည် သိမှတ်ဖွယ်


၁။ ဗုဒ္ဓပ္ပမုခသံဃာအား မည်သို့လှူမည်နည်း? ၈၀၉

၂။ ဆွမ်းတော်တင်ကို မည်သူအား ပေးထိုက်(ကျွေးထိုက်)ပါသနည်း? ၈၀၉

၃။ အစွဲအလမ်းနှင့်သေရလျှင်


သုတေသနစာကြည့်တိုက်
စာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။
၂၅၃၄၀

ဘုရားကိုးဆူသိမှတ်ဖွယ်


၁။ ဘုရားကိုးဆူပူဇော်မှု ရှေးကပင်ရှိခဲ့သလော? ၈၁၀

၂။ ဘုရားကိုးဆူ ပူဇော်မှုဆုတောင်း ၈၁၂


ခြားနားသော အဆိုအမိန့်များ


၁။ ဖွားဖက်တော် ခုနစ်ပါး ဆိုမိန့်ပြား ၈၁၂

၂။ ဒုလ္လဘငါးပါး ဆိုမိန့်ခြား ၈၁၃

၃။ ဝါဆိုစဉ်ဌာနနှင့်ပတ်သက်၍ မတူညီသောအဆိုအမိန့်များ ၈၁၄

၄။ ပဋ္ဌမဝိပါက်တော်နှင့်ပတ်သက်၍ ခြားနားသောအဆိုအမိန့် ၈၁၇

၅။ ရဟန္တာဖြစ်နိုင်သည့်အရွယ်နှင့်စပ်၍ မတူညီသည့်အဆိုအမိန့် ၈၁၈

- လေးနှစ်သား ရဟန္တာ ၈၁၈

- ငါးနှစ်သား ရဟန္တာများ ၈၁၈

- ခုနစ်နှစ်အောက် ငယ်ရွယ်သူ တရားထူးမရနိုင်(မဗ္ဗာဘိသမယ မဖြစ်နိုင်) ၈၁၈

၆။ ပဥ္စဂ္ဂဒါယကာပုဏ္ဏားအကြောင်းနှင့်စပ်၍ မတူညီသည့်အဆိုအမိန့် ၈၁၈

၇။ အဦးအလှူ ငါးမျိုး အနည်းငယ်ကွဲပြား ၈၁၉

၈။ သာတာဂိရနှင့် ဟေမဝတတို့နှင့်စပ်၍ မတူညီသည့်အဆိုအမိန့် ၈၂၁

၉။ သာသနာ ၅၀၀၀ နှင့်စပ်သွယ် ဆိုမိန့်အသွယ်သွယ် ၈၂၁

၁၀။ မဟာမောဂ္ဂလာန်၊ ရှေးဟောင်းကံ၊ မိန့်ဟန်လွန်ခြားနား ၈၂၂

၁၁။ ဗြဟ္မစရိယ နှစ်မျိုး ၈၂၃

၁၂။ ဂန္ဓာရီဓါလတ် အတတ်နှစ်မျိုး ၈၂၃

၁၃။ ဂန္ဓာရီ-ဟူသည် ၈၂၃


ဒါနအမျိုးမျိုး အကျိုးအထွေထွေ


၁။ ဒါနအကျိုး ငါလိုသိလျှင် ၈၂၄

၂။ အသမ္ဘဇာန်, သမ္ဘဇာန် နှစ်တန်ကုသိုလ်မျိုး ၈၂၅

၃။ အလှူပေးသူ, မပေးသူ ဘယ်မှုခြားသနည်း? ၈၂၅

၄။ ဥဒေါင်းမြီးယပ်, သားမြီးယပ်လှူကျိုး ၁-ပါး ၈၂၆

၅။ ခြေနင်းလှူဒါန်းရကျိုး ၁-ပါး ၈၂၇

၆။ နို့ဓမ်းလှူရကျိုး ၁-ပါး ၈၂၇

၇။ ပျားရည်လှူရကျိုး ၁-ပါး ၈၂၇

၈။ မွေးညှပ်လှူဒါန်းရကျိုး ၁-ပါး ၈၂၇

၉။ ဓားငယ်လှူဒါန်းရကျိုး ၁-ပါး ၈၂၈

၁၀။ သော့တံလှူဒါန်းရကျိုး ၁-ပါး ၈၂၈

၁၁။ သော့ခလောက်လှူဒါန်းရကျိုး ၂-ပါး ၈၂၈

၁၂။ အင်းပျဉ်(မြင်းခုံခွေးခြေ)လှူဒါန်းရကျိုး ၂-ပါး ၈၂၈

၁၃။ ခြေဆေးအင်းပျဉ်လှူဒါန်းကျိုး ၂-ပါး ၈၂၉

၁၄။ မီးခွက် မီးအိမ်, ဆီမီးတိုင်လှူဒါန်းရကျိုး ၃-ပါး ၈၂၉

၁၅။ အဝိုးတံလှူဒါန်းရကျိုး ၃-ပါး ၈၃၀

၁၆။ အပ်အိမ်လှူဒါန်းရကျိုး ၃-ပါး ၈၃၀

၁၇။ အံသကိုင်္ဂလှူဒါန်းရကျိုး ၃-ပါး ၈၃၉၀

၁၈။ ဖိနပ်လှူဒါန်းရကျိုး ၃-ပါး ၈၃၁

၁၉။ အိုးခွက်လှူဒါန်းရကျိုး ၃-ပါး ၈၃၁

၂၀။ ဟင်းခွက်ဆွမ်းစားခွက် လှူဒါန်းရကျိုး ၃-ပါး ၁၃၂
၂၁။ အရသာ(အသားရည်)လှူဒါန်းရကျိုး ၄-ပါး ၁၃၃
၂၂။ ဆီကျည်လှူဒါန်းရကျိုး ၅-ပါး ၁၃၃
၂၃။ ခြေနယ်ဆီလှူဒါန်းရကျိုး ၅-ပါး ၁၃၃
၂၄။ ထောပတ်ဆီ လှူရကျိုး ၅-ပါး ၁၃၄
၂၅။ သွားတိုက်ဆေး(တံပူ)/သွားတိုက်တံလှူဒါန်းရကျိုး ၅-ပါး ၁၃၄
၂၆။ အပ်လှူရကျိုး ၅-ပါး ၁၃၅
၂၇။ လက်သည်းလှီးဓား(လက်သည်းညှပ်)လှူရကျိုး ၅-ပါး ၁၃၅
၂၈။ ရေစစ်လှူဒါန်းရကျိုး ၅-ပါး ၁၃၆
၂၉။ သပိတ်ခြေလှူရကျိုး ၅-ပါး ၁၃၆
၃၀။ ရေသုတ်(ရေသနပ်)ပုဆိုးလှူဒါန်းရကျိုး ၅-ပါး ၁၃၇
၃၁။ အပေါ်ရုံ အာယောဂပတ်လှူဒါန်းရကျိုး ၅-ပါး ၁၃၇
၃၂။ အင်းပျဉ်(ပလ္လင်) လှူရကျိုး ၅-ပါး ၁၃၈
၃၃။ လက်သုတ်ပဝါလှူဒါန်းကျိုး ၅-ပါး ၁၃၈
၃၄။ ဆွမ်းလှူဒါန်းရကျိုး ၅-ပါး ၁၃၉
၃၅။ (အပဒါန်လာ) ယာဂုလှူဒါန်းရကျိုး ၅-ပါး/(အင်္ဂုတ္တိုရ်လာ) ယာဂုလှူဒါန်းကျိုး ၅-ပါး ၁၄၀
၃၆။ တံမြက်လှည်းခြင်းအကျိုး ၅-ပါး ၁၄၁
၃၇။ ဓားငယ်လှူဒါန်းရကျိုး ၅-ပါး ၁၄၁
၃၈။ တိုင်လှူဒါန်းရကျိုး ၅-ပါး ၁၄၂
၃၉။ မွေ့ရာ(ဘုံလျှို)လှူဒါန်းရကျိုး ၆-ပါး ၁၄၂
၄၀။ ခေါင်းအုံးလှူဒါန်းရကျိုး ၆-ပါး ၁၄၃
၄၁။ ခါးပန်းကြိုးလှူဒါန်းရကျိုး ၆-ပါး ၁၄၅
၄၂။ တောင်ဝှေးလှူဒါန်းရကျိုး ၆-ပါး ၁၄၅
၄၃။ ထီးလှူဒါန်းရကျိုး ၈-ပါး ၁၄၆
၄၄။ ယပ်, ထန်းရွက်ယပ်လှူဒါန်းရကျိုး ၈-ပါး ၁၄၆
၄၅။ မျက်စဉ်းလှူဒါန်းရကျိုး ၈-ပါး ၁၄၇
၄၆။ အခြင်နှင့်နရယ်ဒိုင်းမြားလှူဒါန်းရကျိုး ၈-ပါး ၁၄၈
၄၇။ ပဲခွပ် သင်တုန်း လှူဒါန်းရကျိုး ၈-ပါး ၁၄၈
၄၈။ နှာနှပ်တံ,နှာနှပ်ဆေးလှူဒါန်းရကျိုး ၈-ပါး ၁၄၉
၄၉။ သင်္ကန်းလှူဒါန်းရကျိုး ၈-ပါး ၁၅၀
၅၀။ သင်္ကန်းလှူဒါန်းရကျိုး ၁၀-ပါး ၁၅၁
၅၁။ 'သင်္ကန်းလှူဒါန်းရကျိုး၆-ပါးပြ' ဆောင်ပုဒ် ၁၅၁
၅၂။ 'ပံသကူသင်္ကန်းလှူဒါန်းရကျိုးပြ' ဆောင်ပုဒ် ၁၅၁
၅၃။ တိဏကုဋိဒါယကတ္ထေရအပဒါန်လာ ကျောင်းလှူဒါန်းရကျိုးများ ၁၅၁
- မင်းကွန်း တိပိဋကရေဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော
- ကျောင်းလှူအကျိုး ခုနစ်ပါး တရားလင်္ကာ ၁၅၃
- ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော ကျောင်းလှူအကျိုး ရှစ်ပါးလင်္ကာ ၁၅၃
- အခြားကျမ်းဂန်အမျိုးမျိုးမှ ကျောင်းလှူရကျိုးအထွေထွေ ၁၅၃
၅၄။ သပိတ်လှူဒါန်းရကျိုး ၁၀-ပါး ၁၅၄
၅၅။ ဆေးလှူဒါန်းရကျိုး ၁၀-ပါး ၁၅၅
၅၆။ ဆွမ်း,အဖျော် လှူဒါန်းရကျိုး ၃-ပါး ၁၅၅

၅၇။ ယာဂုလှူဒါန်းရကျိုး ၁၀-ပါး ၈၅၆
၅၈။ ကရား ရေဘူး ကြွတ် လှူဒါန်းရကျိုး ၁၀-ပါး ၈၅၇

ရေလှူရကျိုး အမျိုးမျိုး

၁။ ပဒုမုတ္တရဘုရားရှင်၏(ထင်းရှူး)ဗောဓိပင်ကို နံ့သာရည်ပက်ဖျန်းသွန်းလောင်းခဲ့သောအကျိုးများ ၈၅၈
၂။ သိဒ္ဓတ္ထဘုရားရှင်အား ရေလှူခဲ့ရသောအကျိုးများ ၈၅၉
၃။ အရံတံခါးမှအထွက် ပျဉ်ချပ်ခင်းခြင်းနှင့် သောက်ရေတည်ထားခြင်း၏အကျိုးများ ၈၅၉
၄။ ပဒုမုတ္တရဘုရားရှင်အား လက်ဖြင့် ရေကို ကြဲဖြောက်ပူဇော်ခဲ့သော ကောင်းမှု၏အကျိုးများ ၈၅၉
၅။ ရဟန်းသံဃာအတွက် သောက်ရေအိုး၌ ရေအပြည့်လှူခဲ့သော ကောင်းမှု၏အကျိုးများ ၈၆၀
၆။ ဥဒကဒါယိကာထေရီ၏ ရေလှူခဲ့ရသောအကျိုးများ ၈၆၀
၇။ ရေလှူဒါန်းရကျိုး ၁၀-ပါး ၈၆၁

ဘုရားဂုဏ်တော်ပွားရအကျိုး အမျိုးမျိုး

၁။ ဝိသုဒ္ဓိမဂ်လာ ဘုရားဂုဏ်တော်ပွားရကျိုးများ ၈၆၁
၂။ အင်္ဂုတ္တိုရ်လာ ဂုဏ်တော်ပွားရကျိုးများ ၈၆၁
၃။ လူတစ်,အာရုစ်၊ ဆယ့်ခြောက်ဖြစ်၊ ရှင်ချစ်မြတ်နှုတ်တော် ၈၆၂

သာသနာ ကွယ်ပုံ တည်ပုံ သိမှတ်ဖွယ်

၁။ သာသနာကွယ်ကြောင်းတရား ၁၅-ပါး ၈၆၃
၂။ သာသနာတည်ကြောင်းတရား ၁၅-ပါး ၈၆၃
၃။ ယုဂငါးပါး သိပွားစရာ ၈၆၄
၄။ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ယုဂငါးမျိုးနှင့်စပ်သွယ် သိမှတ်ဖွယ် ၈၆၅
၅။ ဗုဒ္ဓ လေးမျိုး ၈၆၆
- ဤကျမ်းနိဂုံး၊ ပြီးအဆုံး၌ ဆုသုံးအမျှဝေ ၈၆၇
- ကျမ်းကိုးစာရင်း ၈၆၈

# ပိဋကတော်နှင့်စပ်
# မှတ်စုထွေလာ သိကောင်းစရာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပဏာမနှင့်ပဋိညာဉ်

အနန္တဂုဏာသမ္ဘုဏ္ဍံ၊ ဗုဒ္ဓံ ဓမ္မဉ္စ မောက္ခဒံ။
သံဃမုတ္တမမာစေရေ၊ မဟာဂုဏေ နမာမဟံ။
နမိတွာ ပိဋကတ္တယာ၊ နာနာပကရဏေဟိ စ။
သုချာတာနမာစေရာနံ၊ ဥဒ္ဒရိတွာန သံဟတံ။
နာနလက္ခိတဉာတဗ္ဗံ၊ ဣမံ ဂန္ထံ လိခါ မဟံ။

အဟံ=နာမ်ရုပ်နှစ်ခု ပေါင်းကာစု၍ ခေါ်မှုပညတ် 'ဇောတာလက်ာရ'ဟု သမုတ်အပ်သောငါသည်။ အနန္တဂုဏာသမ္ဘုဏ္ဍံ=အဆုံးမရှိ ဂုဏ်အတိနှင့်ပြည့်စုံတော်မူဘိသော။ ဗုဒ္ဓဥ=သိစရာပုံ အလုံးစုံကို အကုန်သိပြား မြတ်ဘုရားကိုလည်းကောင်း။ မောက္ခဒံ=ဆင်းရဲထွေလာ ဝဋ်ဒုက္ခာမှ လွတ်ရာအမှန် မြတ်နိဗ္ဗာန်ကို ကေန်ပေးတတ်သော။ ဓမ္မဉ္စ=ဗုဒ္ဓမြွက်ဖော် တရားတော်ကိုလည်းကောင်း။ ဥတ္တမံ=အမြတ်အကောင်း စုကာပေါင်း၍ အကောင်းအမြတ်ဖြစ်တော်မူသော။ သံဃဥ=ရှစ်တန်အရိယာ သံဃာတော်ကိုလည်းကောင်း။ မဟာဂုဏေ=သိက္ခာသုံးရပ် ကျင့်သုံးလတ်သဖြင့် ကြီးမြတ်သောဂုဏ်ရှိတော်မူကြကုန်သော။ အာစေရေ စ=ကျေးဇူးရှင် လပွတ္တလုတ်ရွာ အောက်ကျောင်းဆရာတော်ဘုရားကြီး၊ ပြည်နိဗ္ဗိန္ဒတောရဆရာတော်ဘုရားကြီး၊ ကြို့ပင်ကောက် တိုက်ကျောင်းဆရာတော်ဘုရားကြီး အစရှိလျက် သီးသီးပွင့်ကား ကျေးဇူးများသည့်ဆရာသမားတို့ကိုလည်းကောင်း။ နမာမိ= ဘယ,လာဘ ကုလကြဉ်ဖယ် ဂုဏ်ကိုရွယ်လျက် ကြည်သွယ်ရွှင်ပြုံး စိတ်နှလုံးနှင့် ပြည့်ဖုံးသဒ္ဓါ ရှိညွတ်စွာဖြင့် နှစ်ဖြာလက်ယှဉ် ဦးထိပ်တင်လျက် မာန်လျှင်ပယ်လျော့ ရှိခိုးကန်တော့ပါ၏။

နမိတွာ= ဘယ,လာဘ ကုလကြဉ်ဖယ် ဂုဏ်ကိုရွယ်လျက် ကြည်သွယ်ရွှင်ပြုံး စိတ်နှလုံးနှင့် ပြည့်ဖုံးသဒ္ဓါ ရှိညွတ်စွာဖြင့် နှစ်ဖြာလက်ယှဉ် ဦးထိပ်တင်လျက် မာန်လျှင်ပယ်လျော့ ရှိခိုးကန်တော့ပြီး၍၊ (ဝါ) နမိတွာ=ဘုရား, တရား သံဃာများနှင့် ထင်ရှားလှပေ ဆရာသမားတွေကို ရှိသေညွတ်လျှိုး ရှိခိုးပြီး၍။ ပိဋကတ္တယာစ=ဝိနည်း,သုတ္တန် ဘိဓမ္မံဟု သုံးတန်ခေါ်ရ ပိဋကမှလည်းကောင်း။ သုချာတာနံ= ပိဋကတ်ဉာဏ် အမြင်သန်၍ အလွန်ကျော်ကြား ထင်ရှားတော်မူပါကုန်သော။ အာစေရာနံ= ကျမ်းဂန်ရေးသား ဆရာတော်ဘုရားတို့၏။ နာနာပကရဏေဟိ စ= အမျိုးမျိုးအဖုံဖုံ ကျမ်းဂန်စုံတို့မှလည်းကောင်း။ ဥဒ္ဒရိတွာန=တတ်အားသမျှ ထုတ်ဆောင်ရ၍။ သံဟတံ= ကောင်းစွာသတ်မှတ် စုစည်းအပ်ထသော။ နာနာလက္ခိတဉာတဗ္ဗံ= ပိဋကတ်လာ မှတ်စရာနှင့် သိစရာအထွေထွေ ရှာဖွေစုလတ်တင်ပြအပ်သမို့ 'ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ'မည်သော။ ဣမံ ဂန္ထံ= ဤကျမ်းဂန်ကို။ အဟံ=ကျမ်းဂန်အဖြာဖြာ ဖွေရှာဝလေ့ စာဖြင့်မွေ့၍နေလေ့ရှိသော ငါသည်။ လိခါမိ=ရဟန်းရှင်လူ ပြည်သူပြည်သား အကျိုးများဖို့ ကြိုးစား၍သာရေးသားပါအံ့။ ။

## ရှိခိုးဦးတင် ပဋိညာဉ်

၁။ အတုမရှိ၊ ဂုဏ်တော်တိ၊ ပြည့်ဘိ မြတ်ဗုဒ္ဓါ။

၂။ ဆင်းရဲလွတ်ရန်၊ ပြည်နိဗ္ဗာန်၊ ပေးမှန် တရားပါ။

၃။ အကောင်းသတ်မှတ်၊ ဂုဏ်တော်ထပ်၊ ရှစ်ရပ်မြတ်သံဃာ။

၄။ ကျေးဇူးကြီးမား၊ ဂုဏ်တော်များ၊ ထင်ရှားမြတ်ဆရာ။

၅။ နှစ်ဖြာလက်ယှဉ်၊ ဦးထိပ်တင်၊ ကြည်လင်ရှိခိုးပါ။

၆။ ရှိခိုးပြီးနောက်၊ ကျမ်းဂန်လှောက်၊ မွှေနှောက်ဖွေရှာကာ။

၇။ ဝိနည်းကစ၊ ပိဋကမှ၊ ရှုဆချင်ဖွယ်၊ အသွယ်သွယ်၊ စုခြယ်ကြောင်းအရာ။

၈။ ဆရာထိုထို၊ ရေးသားဆို၊ ထိုထိုကျမ်းများစွာ။

၉။ တတ်အားသမျှ၊ ထုတ်နုတ်ထ၊ တင်ပြအပ်တော့မှာ။

၁၀။ ထူးထွေထပ်ထပ်၊ မှတ်သိအပ်၊ ကြောင်းရပ်ဤကျမ်းလွှာ။

၁၁။ ပိဋကတော်နှင့်စပ်၊ မှတ်စုထွေလာ၊ သိကောင်းစရာ–ဟု၊
သညာသတ်မှတ်၊ အမည်တပ်၊ ခေါ်အပ်ကြဖို့ပါ။

၁၂။ ရဟန်းရှင်လူ၊ များပြည်သူ၊ ကျိုးမူများဖို့ရာ။

၁၃။ ရဟန်းရှင်လူ၊ ခပ်သိမ်းသူ၊ လွယ်ကူရှုစေဌာ။

၁၄။ ဤသို့စိတ်ထား၊ စုဖွဲ့ငြား၊ ရေးသားတင်ပြမှာ။

၁၅။ ဝမ်းသာရွှင်ပြုံး၊ ပီတိဖုံး၊ ကြည့်သုံးများသူငါ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ဝိနည်းဆိုင်ရာ မှတ်စုအဖြာဖြာ

## ဥပသမ္ပဒကံဆောင်(ရဟန်းခံ)နှင့်စပ်သွယ် သိမှတ်ဖွယ်

ဥပသမ္ပဒကံ မဆောင်မီ ရှေးဦးစွာပြုလုပ်ရမည့် ပုဗ္ဗကိစ္စ ရှစ်ပါး

(၁) ဥပဇ္ဈာယဂါဟာပနံ
(၂) ပတ္တစီဝရာစိက္ခဏံ
(၃) တတော တံ ဟတ္ထပါသတော ဗဟိ ပေသေတွာ အနုသာသကသမ္မုတိကမ္မကရဏံ
(၄) သမ္မတေန စ ဂန္တွာ အနုသာသနံ
(၅) တေန စ ပဌမတရံ အာဂန္တွာ သံဃဿ ဉတ္တိံ ဌပေတွာ ဥပသမ္ပဒါပေက္ခံ 'အာဂစ္ဆာဟီ'တိ ဟတ္ထပါသေဧဝ အဗ္ဘာနံ
(၆) တေန ဘိက္ခူနံ ပါဒေ ဝန္ဒာပေတွာ ဥပသမ္ပဒါယာစာပနံ
(၇) တတော အန္တရာယိကဓမ္မပုစ္ဆကသမ္မုတိကမ္မကရဏံ
(၈) သမ္မတေန စ ပုစ္ဆနန္တိ ဣမာနိ အဋ္ဌ ပုဗ္ဗကိစ္စာနိ နာမ။ (ဝိမတိ၊ ၁၊ ၁၃၆။)

### (၁)ပဌမပုဗ္ဗကိစ္စ

ရှေးဦးစွာ ဥပဇ္ဈာယ်ကို ယူစေခြင်း။

ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော။ (ဝိ၊ ၃၊ ၁၃၀။)

ဝဇ္ဇာဝဇ္ဇံဥပနိဇ္ဈာယတီတိ ဥပဇ္ဈာ။ တံ ဥပဇ္ဈံ "ဥပဇ္ဈာယော မေ ဘန္တေ ဟောဟီ"တိ ဧဝံ ဝဒါပေတွာ ဂါဟာပေတဗ္ဗော။
(ဝိ၊ ဋ၊ ၃၊ ၃၁၅။)

ဥပဇ္ဈာယ်ဟူသည် တပည့်တို့၏အပြစ်ကြီးငယ်ကို ကပ်၍မပြတ် ကြည့်ရှုဆုံးမတတ်သော ဆရာတည်း။

ဝဇ္ဇာဝဇ္ဇံ ဥပနိဇ္ဈာယတီတိ ဥပဇ္ဈာတိ ဣမိနာ ဥပဇ္ဈာယသဒ္ဒသမာနတ္ထော ဥပဇ္ဈာသဒ္ဒေါပီတိ ဒဿေတိ။
(သာရတ္ထ၊ ၃၊ ၂၆၇။)

ဥပဇ္ဈာတိ ဥပဇ္ဈာယသဒ္ဒသမာနတ္ထော အာကာရန္တော ဥပဇ္ဈာသဒ္ဒေါတိ ဒဿေတိ။ ဥပဇ္ဈာယသဒ္ဒေါ ဧဝ ဝါ ဥပဇ္ဈာ ဥပယောဂပစ္စတ္တဝစနေသု ယကာရလောပံ ကတွာ ဧဝံ ဝုတ္တော ကရဏဝစနာဒီသု ဥပဇ္ဈာ သဒ္ဒဿ ပယောဂါဘာဝါတိ ဒဋ္ဌဗ္ဗံ။
(ဝိမတိ၊ ၂၊ ၁၃၂။)

မနသာ ဥပေစ္စ သိဿာနံ ဝဇ္ဇာဝဇ္ဇံ ဈာယတီတိ ဥပဇ္ဈာယော, ဥပဇ္ဈာ စ။ ဈေ စိန္တာယံ၊ ဏော၊ ပုဗ္ဗတြ ဧ အယ။
(အဘိဓာနပ္ပဒီပိကာဋီကာ၊ ၂၈၄။)

ဥပဇ္ဈာယ်ဆရာ သိမ်ထဲမှာ မရှိသော်လည်း ရဟန်းခံလို့ဖြစ်တယ်၊ ကံမပျက်။ သံဃာအား ဒုက္ကဋ်အာပတ်သာ သင့်တယ်။

န ဘိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊ ၃၊ ၁၂၄။)

ယော ။ ပ။ ဒုက္ကဋဿာတိ သိက္ခာပဒပညတ္တိတော ပဋ္ဌာယ ဧဝံ ဥပသမ္ပာဒေန္တဿ အာပတ္တိ ဟောတိ၊ ကမ္မံ ပန န ကုပ္ပတိ၊ ကေစိ ကုပ္ပတီတိ ဝဒန္တိ၊ တံ န ဂဟေတဗ္ဗံ။ (ဝိ၊ ဋ၊ ၃၊ ၃၀၇။)

ယထာ စ အပရိပုဏ္ဏပတ္တစီဝရဿ ဥပသမ္ပာဒနကာလေ ကမ္မဝါစာယ "အဿ ပတ္တံ ကိတ္တေတွာ ကမ္မဝါစာယ ကတာယပိ ဥပသမ္ပဒါ ရုဟတိ၊ ဧဝံ အယံ ဗုဒ္ဓရက္ခိတော အာယသ္မတော ဓမ္မရက္ခိတဿ ဥပသမ္ပဒါပေက္ခော"တိ အဿ ပုဂ္ဂလံ ကိတ္တေတွာ ကေဝလံ သန္တပဒနီဟာရေန ကမ္မဝါစာယ ကတာယ ဥပသမ္ပဒါ ရုဟတိယေဝါတိ ဒဋ္ဌဗ္ဗံ။ တေနေဝါဟ "ကမ္မံ ပန န ကုပ္ပတီ"တိ။ "န ဘိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပါဒေယျ၊ အာပတ္တိ ဒုက္ကဋဿာ"တိ ဧတ္တကမေဝ ဝတွာ "သော စ ပုဂ္ဂလော အနုပသမ္ပန္နော"တိအဝုတ္တတ္တာ ကမ္မဝိပတ္တိလက္ခဏဿ စ အသမ္ဘဝတော "တံ န ဂဟေတဗ္ဗ"န္တိ ဝုတ္တံ။ (သာရတ္ထ၊ ၃၊ ၂၆၃။)

"ကမ္မံ ပန န ကုပ္ပတီ"တိ ဣဒံ ဥပဇ္ဈာယာဘာဝေပိ "ဣတ္ထန္နာမဿ ဥပသမ္ပဒါပေက္ခော, ဣတ္ထန္နာမေန ဥပဇ္ဈာယေန"တိ မတဿဝါ ဝိဗ္ဘမန္တဿ ဝါ ပုရာဏဥပဇ္ဈာယဿ, အညဿ ဝါ ယဿ ကဿစိ အဝိဇ္ဇမာနဿာပိ နာမေန သဗ္ဗတ္ထ ဥပဇ္ဈာယကိတ္တနဿ ကတတ္တာ ဝုတ္တံ။ ယဒိ ဟိ ဥပဇ္ဈာယကိတ္တနံ န ကရေယျ၊ "ပုဂ္ဂလံ န ပရာမသတီ"တိ ဝုတ္တကမ္မဝိပတ္တိ ဧဝ သိယာ။ တေနေဝ ပါဠိယံ "အနုပဇ္ဈာယက"န္တိ ဝုတ္တံ။ အဋ္ဌကထာယမ္ပိဿ "ဥပဇ္ဈာယံ အကိတ္တေတွာ"တိ အဝတွာ "ဥပဇ္ဈာယံ အဂါဟာပေတွာ သဗ္ဗေန သဗ္ဗံ ဥပဇ္ဈာယဝိရဟိတံ"ကာရေန္တဝ အတ္တောတိ ဝုတ္တော။ (ဝိမတိ၊ ၂၊ ၁၂၅။)

ပုနောပသမ္ပဒါသိမ်ထပ်ရာဝယ် ရဟန်းဖြစ်၍ ဥပဇ္ဈာယ်ထပ်ယူစရာမလို။ (အချို့ဆရာတို့ ဆိုကြ၏)

ဥပဇ္ဈာယ်ထပ်ယူလဲ ကိစ္စမရှိ၊ အပြစ်မရှိနိုင်။

## (၂)ဒုတိယပုစ္ဆကိစ္စ

သပိတ်သင်္ကန်းကို ပြောကြားခြင်း။

ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ၊ အယံ တေ ပတ္တော၊ အယံ သံဃာဋိ၊ အယံ ဥတ္တရာသင်္ဂေါ၊ အယံ အန္တရဝါသကော။ (ဝိ၊ ၃၊ ၁၃၀။)

သပိတ်သင်္ကန်းမပြည့်စုံတဲ့ရဟန်းလောင်းကို ရဟန်းခံပေးလဲ ရဟန်းတော့ ဖြစ်တာဘဲ၊ ဒုက္ကဋ်အာပတ်သင့်ရုံဘဲ။

န ဘိက္ခဝေ အပတ္တစီဝရကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊ ၃၊ ၁၂၅။)

ခေတ္တငှါးထားတဲ့ သပိတ်သင်္ကန်းရှိတဲ့ရဟန်းလောင်းကို ရဟန်းခံပေးလဲ ရဟန်းတော့ ဖြစ်တာဘဲ၊ ဒုက္ကဋ်အာပတ်သင့်ရုံဘဲ။

န ဘိက္ခဝေ ယာစိတကေန ပတ္တစီဝရေန ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊ ၃၊ ၁၂၆။)

အပတ္တစီဝရဝတ္ထုသုပိ ပတ္တစီဝရာနံ အဘာဝေပိ "ပရိပုဏ္ဏဿ ပတ္တစီဝရ"န္တိ ကမ္မဝါစာယ သာဝိတတ္တာ ကမ္မကောပံ အဝတွာ ဒုက္ကဋမေဝ ဝုတ္တံ၊ ဉတ္တိဒေါသော သာဝနာယ ဟာပနေ ကော ကမ္မကောပေါ ဧဝ သိယာ။ (ဝိမတိ၊ ၂၊ ၁၂၆။)

## (၃)တတိယပုစ္ဆကိစ္စ

သံဃာ၏ဟတ္ထပါသ်မှ အပသို့ ထုတ်ခြင်း

ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ။ (ဝိ၊ ၃၊ ၁၃၀။)

**အနုသာသကသမ္မုတိဉတ်**

သုဏာတု မေ ဘန္တေ သံဃော၊ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံ အနုသာသေယျံ။

သုဏာတု မေ ဘန္တေ သံဃော၊ ဣတ္ထန္နာမော ဣတ္ထန္နာမဿ အာယသ္မတော ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ ဣတ္ထန္နာမံ အနုသာသေယျံ။ (ဝိ၊ ၃၊ ၁၃၁။)

ဤအနုသာသကသမ္မုတိဉတ်ရွတ်ချိန်၌ "အတ္တသမ္မုတိ"ရ မိမိကို လွတ်၍(အနည်းဆုံး)ရဟန်းလေးပါး ရှိရမည်။

သယံ ကမ္မာရဟတ္တာ အတ္တာနံ မုဉ္စိတွာ စတုဝဂ္ဂါဒိကော ဂဏော သဗ္ဗတ္ထ ဣစ္ဆိတဗ္ဗော။ (ဝိမတိ၊ ၂၊ ၁၃၂။)

**ဟတ္ထပါသ်ယူပုံများ**

အမုမှိ ဩကာသေ မနီးမဝေး၊ ယဉ်ကျေးဘွယ်ရာ၊ သံဃာတို့ဘောင်၊ တစ်ဆဲ့နှစ်တောင်မျှ၊ ပမာဏဟု၊ နိုင်းဆအရပ်၊ ဟတ္ထပါသ်၌။ (ဝိနည်းငယ်လေးစောင်ပါဌ်နှင့် ကမ္မါခက်ဆစ်မှတ်ဖွယ်၊ ရဟန်းလောင်းဆုံးမခဏ်း၊ ၂၀၈ ၂၀၉။)

(တိုးတိုးမှန်မှန်ပြောတဲ့စကားကိုသံဃာတော်များမကြားလောက်ရာနားမလည်လောက်ရာ)တဆယ့်နှစ်တောင့်ထွာခန့်ဝေးကွာတဲ့ ဟိုအရပ်မှာ ခေတ္တခဏ ရပ်တည်နေပါချေ။(ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးစီစစ်ထားသော ဥပသမ္ပဒကမ္မဝါစာ၊ ၁၁။)

အမုမှိ ဩကာသေ သံဃာ့ဘောင်မှ နှစ်တောင့်ထွာဟတ္ထပါသ် လွတ်လောက်ရာ ထိုအရပ်၌။ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ၄၇၂။)

ဂစ္ဆ ဟူသော ပါဌ်အရ အလွန်ကြီး သွားလိုက်မည် စိုး၍ "အမုမှိ ဩကာသေ တိဋ္ဌာဟိ" ဟု နှစ်တောင့်ထွာ ဟတ္ထပါသ် လွတ်လောက်ရာအရပ်၌ အသွားတန့်ဖို့ရန် ထပ်မံညွှန်ကြားခြင်း ဖြစ်သည်။ (မင်းကွန်း တိပိဋကရေမူ၊ (၃၇)ခန်းကမ္မဝါစာ၊ ၄၆။)

# ဥပသမ္ပဒကံဆောင်(ရဟန်းခံ)နှင့်စပ်သွယ် သိမှတ်ဖွယ်

ဟတ္ထပါသအရ ၁၊ တစ်တောင့်ထွာဟတ္ထပါသ်၊ ၂၊ နှစ်တောင့်ထွာဟတ္ထပါသ်၊ ၃၊ ၁၂ တောင်ဟတ္ထပါသ်=ဟု (၃)မျိုးရှိသည်တွင် "အမုမှိ ဩကာသေ" အရ အချို့က ၂-တောင့်ထွာ ဟတ္ထပါသ် လွတ်လောက်ရာ အရပ်-ဟု ယူဆကြ၏ ။ အချို့က ၁၂-တောင်ဟတ္ထပါသ်လွတ်လောက်ရာအရပ်-ဟု ယူဆကြ၏။ သံဃအလယ်၌ သင်ပြမှုပြုကြသဖြင့် ရက်ကြောက်ကာ မပြေကြားဝံ့သည်ကို အကြောင်းပြု၍"ဧကမန္တံ အနုသာသိတွာ" -ဟု မိန့်ထားသည်ကို ထောက်လျှင် သံဃာနှင့်ကင်းကင်းရှင်းရှင်း လွတ်လောက်ရာအရပ်က ပို၍ သင့်လျော်မည်ထင်၏။ ထို့ကြောင့် အချို့က သိမ်အပြင်ဘက် တနေရာရာသို့ သွား၍သော်လည်းကောင်း အခန်းတွင်းဝင်၍သော်လည်းကောင်း သင်ပြမှုပြုကြလေသည်။ (ကိုးဆောင် ကံဆောင် ကမ္မဝါစာ၊ ၁၄။)

အမုမှိ ဩကာသေ -ဟု သာမညအားဖြင့် ဟောတော်မူပါသော်လည်း သံဃဥပစာလွတ်လေအောင် သံဃာမှ ၁၂ တောင်ထက် အလွန်ကွာဝေးသော အရပ်၌ နေလင့်ခြင်းသည် သင့်မြတ်ရာသတည်း။ (သာသနဝိသောဓနီကျမ်း၊ တတိယတွဲ၊ ၄၉။)

ဟတ္ထဿ+ပါသော (သမီပေါ) ဟတ္ထပါသော-လက်၏အနီးအရပ်၊ ဟတ္ထာ+ပသတိ ဖုသတိ အဿို ဌာနေတိ ဝါ ဟတ္ထပါသော-လက်၏ထိလောက်ရာအရပ်၊ (လက်လှမ်းမှီရာအရပ်)၊ (ပါစိတျာဒိယောဇနာ, ပဝါရဏာသိက္ခာပုဒ်။) တနည်း ပါသသဒ္ဒါသည် (ကွင်း)အနက်ကို ဟော၏၊ လက်၂-ဘက်ကို ကွင်းလုပ်၍ ယူနိုင်လောက်ရာအရပ်ကို "ဟတ္ထပါသ်"ဟု ကြံကြသေး၏၊ ထိုဟတ္ထပါသ်ကို "၂ တောင့်ထွာ ဝေးသောအရပ်"ဟု ဖွင့်ကြသည်။ (ကင်္ခါဝိတရဏီ အဋ္ဌကထာ ဘာသာဋီကာ၊ ၃၈။)

ဟတ္ထပါသေ ဌိတောတိ ပဝါရဏာပဟောနကံ ဘောဇနံ ဂဏှိတွာ ဒါယကော အစုတေယျဟတ္ထပမာဏေ ဩကာသေ ဟောတီတိ အတ္ထော။ (ဝိ၊ ဋ္ဌ၊ ၃၊ ပဌမပဝါရဏာသိက္ခာပုဒ်အဖွင့်၊ ၈၈။)

ဟတ္ထပါသေ ဌိတောတိ ဧတ္ထ ပန သစေ ဘိက္ခု နိသိန္နော ဟောတိ၊ အာသနဿ ပစ္ဆိမန္တတော ပဋ္ဌာယ, သစေ ဌိတော၊ ပဏှိအန္တတော ပဋ္ဌာယ, သစေ နိပန္နော၊ ယေန ပဿေန နိပန္နော၊ တဿ ပါရိမန္တတော ပဋ္ဌာယ, ဒါယကဿ နိသိန္နဿ ဝါ ဌိတဿ ဝါ နိပန္နဿ ဝါ ဌပေတွာ ပသာရိတဟတ္ထံ ယံ အာသန္နတရံ အင်္ဂံ၊ တဿ ဩရိမန္တေန ပရိစ္ဆိန္ဒိတွာ အစုတေယျဟတ္ထော "ဟတ္ထပါသော"တိ ဝေဒိတဗ္ဗော။ (ဝိ၊ ဋ္ဌ၊ ၃၊ ပဌမပဝါရဏာသိက္ခာပုဒ်အဖွင့်၊ ၉၂။)

ဟတ္ထပါသာ ဝါ န ဝိဇဟိတဗ္ဗန္တိ အထ ဝါ တံ ဃရံ သမန္တတော ဟတ္ထပါသာ န ဝိဇဟိတဗ္ဗံ၊ အစုတေယျရတနပ္ပမာဏာ ပ္ပဒေသာ ဥဒ္ဓံ န ဝိဇဟိတဗ္ဗန္တိ ဝုတ္တံ ဟောတိ။ (ဝိ၊ ဋ္ဌ၊ ၂၊ ဥဒေါသိတသိက္ခာပုဒ်အဖွင့်၊ ၂၃၄။)

အထက်ပါ ဝိနည်းမဟာဝါအဋ္ဌကထာအလို "ဟတ္ထပါသ်"သည် နှစ်တောင့်ထွာဖြစ်၏။

ဟတ္ထပါသေတိ ဣဒံ ဒွါဒသဟတ္ထံ သန္ဓာယ ဝုတ္တံ၊ တသ္မာ ဒွါဒသဟတ္ထဗ္ဘန္တရေ ဌိတံ "ဣမ"န္တိ ဝတွာ အဓိဋ္ဌာတဗ္ဗံ။ တတော ပရံ"တေ"န္တိ ဝတွာ အဓိဋ္ဌာတဗ္ဗန္တိ ကေစိ ဝဒန္တိ။ ဂဏ္ဌိပဒေသု ပနေတ္ထ န ကိဉ္စိ ဝုတ္တံ။ ပါဠိယံ အဋ္ဌကထာယဉ္စ သဗ္ဗတ္ထ "ဟတ္ထပါ-သော"တိ အစုတေယျဟတ္ထော ဝုစ္စတိ၊ တသ္မာ ဣဓာပိ ဝိသေသသိကပ္ပနာယ ကာရဏံ ဂဝေသိတဗ္ဗံ။ (သာရတ္ထ၊ ၂၊ ၃၈၈။)

သာရတ္ထဒီပနီဋီကာအလို"ဟတ္ထပါသ်"အရ တစ်ဆယ့်နှစ်တောင်ဖြစ်၏၊ ပါဠိတော်,အဋ္ဌကထာများအရ နှစ်တောင့်ထွာဖြစ်၏။

ဟတ္ထပါသော နာမ အစုတေယျဟတ္ထော ဝုစ္စတိ။ ဒွါဒသဟတ္ထန္တိ ကေစိ ဝဒန္တိ၊ တံ ဣစ္ဆ န သမေတိ။ (ဝိမတိ၊ ၁၊ ၃၁၂-၃၁၃။)

ဝိနယာလင်္ကာရဋီကာ ပဌမအုပ် စာမျက်နှာ ၉၁ ၌လည်း ရှု။

ဝိမတိဝိနောဒနီဋီကာအလို "ဟတ္ထပါသ်"အရ နှစ်တောင့်ထွာဖြစ်၏။ ကေစိဆရာတို့အလို တစ်ဆယ့်နှစ်တောင်ဖြစ်၏။

ဟတ္ထပါသော နာမ ဒိယဍ္ဎဟတ္ထဟတ္ထပမာဏော။ (ကင်္ခါဋီကာသစ်၊ နိဒါန်းအဖွင့်၊ ၁၃၆။)

ဟတ္ထပါသာတိက္ကမေတိ ဧတ္ထ ဟတ္ထပါသော နာမ အစုတေယျရတနပ္ပမာဏော ပဒေသော။ (ကင်္ခါဋီကာသစ်၊ ၂၈၉။)

ကင်္ခါဋီကာသစ်အလို "ဟတ္ထပါသ်"အရ တစ်တောင့်ထွာ, သို့မဟုတ် နှစ်တောင့်ထွာဖြစ်၏။

ဟတ္ထပါသောတိ ပဝါရဏာပဟောနကံ ဘောဇနံ ဒါတုံ အဘိဟရိတွာ ဌိတောကာသော အစုတေယျဟတ္ထပ္ပမာဏော ဟောတီတိ ဝုတ္တံ ဟောတိ။ (ဝိနယဝိနိစ္ဆယဋီကာ၊ ၁၊ ပဝါရဏာသိက္ခာပုဒ်အဖွင့်၊ ၄၆၄။)

ဂဏှတော ပစ္ဆိမံ အင်္ဂံ၊ ဒဒတော ပုရိမံ ပန။
ဥဘိန္နံ အစုတေယျံ စေ၊ ဝိနာ ဟတ္ထံ ပသာရိတံ။
(ဝိနယဝိနိစ္ဆယ၊ ၁၊ ၂၇၅။)

ပဋိဂ္ဂါဟကဒါယကာနံ ပစ္ဆိမပုရိမာနံ ဥဘိန္နံ အင်္ဂါနံ အန္တရေ ဩကာသေ။ အဓုံ ဥပမုံ ဟတ္ထံ တေယျံ တတိယံ ယဿာတိ ဝိဂ္ဂဟော။ အတိရေကဝိဒတ္ထိဒွိရတနပ္ပမာဏန္တိ အတ္ထော။ (ဝိနယဝိနိစ္ဆယဋီကာ၊ ၁၊ ၄၆၉။)

ဟတ္ထပါသန္တိ အနုတေယျရတနပ္ပမာဏပဒေသဲ ။ (ဝိနယဝိနိစ္ဆယဋီကာ၊ ၁၊ သဘောဇနသိက္ခာပုဒ်အဖွင့်၊ ၅၁၁။)

ဝိနယဝိနိစ္ဆယဋီကာအလို "ဟတ္ထပါသ်"အရ နှစ်တောင့်ထွာဖြစ်၏။

ဟတ္ထဿ ပါသော သမီပေါ ဟတ္ထပါသော၊ အနုတေယျဟတ္ထဒ္ဓယန္တရော။ ဒွါဒသဟတ္ထဒ္ဓန္တရောတိပိ ဝဒန္တိ။

(ခုဒ္ဒသိက္ခာဋီကာသစ်၊ စိဝရနိဒ္ဒေသ၊ ၂၇၂။)

ခုဒ္ဒသိက္ခာဋီကာအလို "ဟတ္ထပါသ်"အရ နှစ်တောင့်ထွာဖြစ်၏။ "တစ်ဆယ့်နှစ်တောင"ဟုလည်း ဆိုကြ၏။

ဟတ္ထဿ ပါသော ဟတ္ထပါသော။ ရဋ္ဌိဝသေန တု အနုတေယျဟတ္ထော ဟတ္ထပါသော နာမ။

(ခုဒ္ဒသိက္ခာဋီကာသစ်၊ ပဋိဂ္ဂါဟနိဒ္ဒေသအဖွင့်၊ ၃၀၈။)

ဟတ္ထပါသောတိ ဟတ္ထဿ ပါသော သမီပေါ ဟတ္ထပါသော၊ ဟတ္ထော ပသတိ ဖုသတိ အသ္မိံ ဌာနေတိ ဝါ ဟတ္ထပါသော၊ အနုတေယျဟတ္ထော ပဒေသော။ (ပါစိတ်ယောဇနာ၊ ပဌမပဝါရဏာသိက္ခာပုဒ်အဖွင့်၊ ၇၃။)

ပါစိတ်ယောဇနာ ပဌမပဝါရဏာသိက္ခာပုဒ်အဖွင့်အလို "ဟတ္ထပါသ်"အရ နှစ်တောင့်ထွာဖြစ်၏။

ဟတ္ထပါသံ အဝိဇဟိတွာတိ ဣမိနာ န ဒူရေ ဋ္ဌိတာ၊ အထ ခေါ သမီပေတိ ဒဿေတိ။ ဟတ္ထပါသန္တိ ဒိယနုဟတ္ထပ္ပမာဏံ။ အနုတေယျဟတ္ထပ္ပမာဏန္တိပိ ဝဒန္တိ။ တဉ္စ ဝလဉ္ဇံ အာစရိယာတိပိ ဝဒန္တိ။ တံ ပန ပဋိဂ္ဂဟဏသိက္ခာပဒေ အာဂတံ၊ ဣဓ အညမညဝသေန တတ္ထ ဘိက္ခုပ္ပဋ္ဌာနဝသေန ဟတ္ထပါသော ဝေဒိတဗ္ဗော။ ပါရိဝါသိကဿ အဝိပ္ပဝါသဋ္ဌာနေ ဒွါဒသဟတ္ထော အာဂတော ဆန္ဒါနဋ္ဌာနေ ကိဉ္စာပိ ဟတ္ထပါသံ အဝိဇဟိတွာ ဋ္ဌိတေနာတိ သာမညေန ဝုတ္တံ၊ ဥက္ကဋ္ဌပရိစ္ဆေဒေန ပန ဒွါဒသဟတ္ထောဝ သမီပေါ ဩကာသော ဟတ္ထပါသော။ (ကင်္ခါယောဇနာမဟာဋီကာ၊ ၁၊ နိဒါန်းအဖွင့်၊ ၈၅။)

ကင်္ခါယောဇနာမဟာဋီကာ, ပဋိဂ္ဂဟဏသိက္ခာပုဒ်လာ"ဟတ္ထပါသ်"အရ တစ်တောင့်ထွာဖြစ်၏၊ နှစ်တောင့်ထွာလည်း ယူကြ၏။ ပရိဝါသ်ဆောက်တည်သောရဟန်း၏အဝိပ္ပဝါသ(ကင်း၍မနေရာ)ဌာနဌ်မှု တစ်ဆယ့်နှစ်တောင -ဟု ယူ၏။

ဉတ်ကမ္မဝါစာရွတ်ဖတ်ရာ၌ အမည်မှည့်ခြင်း ၂-မျိုး

(က)မူလအမည်အတိုင်း ဖတ်ခြင်း၊

(ခ) ထိုခဏ၌ အမည်မှည့်၍ ဖတ်ခြင်း-နှစ်မျိုးရှိ၏။

အမည်မှည့်၍ ဖတ်ရာ၌

တသ္မိံမှိ ခဏေ"အယံ တိဿော"တိ ဝါ"နာဂေါ"တိ ဝါ နာမံ ကရောန္တေဟိ အနုသာသကသမ္မုတိတော ပဋ္ဌမမေဝ ကာတဗ္ဗံ။

(ဝိမတိ၊ ၂၊ ၁၃၀။)

ထောက်၍ "(၁) ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော..စသည်ဖြင့်မရွတ်ဆိုမီ ရှေးဦးစွာ နာမည်မှည့်ခြင်း၊

(၂) ဂစ္ဆ အမုမှိ ဩကာသေတိဋ္ဌာဟိ မတိုင်ခင်မှာမှ အမည်မှည့်ခြင်း"ဟူ၍ နှစ်မျိုးရှိရာတွင်(၁)ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော မရွတ်ဆိုမီ အစကမှည့်တာကပိုကောင်းသည်၊ အဘယ့်ကြောင့်နည်းဟူမူ ဉတ်မတိုင်မီ"နာဂ"ဆိုတဲ့အသုံးတွေကို သုံးထားသောကြောင့်တည်း။ မင်းကွန်းတိပိဋကဓရမှူ (၃၇)ခန်းကမ္မဝါစာ၊ ၄၅ ၌လည်း အစကပင် အမည်မှည့်သည်။ အဘယာရာမ ဒုတိယမြောက်ဆရာတော်ဘုရားကြီးကလည်း အစကပင် အမည်မှည့်တာကို နှစ်သက်တော်မူသည်။ အနုသာသကသမ္မုတိဉတ်မရွတ်ဆိုခင် မှည့်။ (ဘာသာဋီကာဆရာတော်)

ဝိသုဒ္ဓါရုံအဆုံးအဖြတ်၌လည်း ဥပဇ္ဈာယ်ယူစေခြင်း, သပိတ်သင်္ကန်းကို ပြောကြားခြင်း, သံဃာ့ဘောင်မှ အပသို့ ထုတ်ခြင်းတို့၌ "သာမဏေရ"ဟူသာ သုံးစွဲပြီးနောက်မှ "နာဂ, တိဿ"အမည်မှည့်သည်။ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ၄၇၂။)

ကိုးဆောင်ကံဆောင်ကမ္မဝါစာ၌ သပိတ်သင်္ကန်းကို ကြားပြီးနောက်မှ အမည်မှည့်သည်။

မှတ်ချက်။ ။ ဥပဇ္ဈာယ်ဆရာနှင့် ရဟန်းလောင်း၏ပင်ကိုယ် အမည်များသည် ဣန္ဒက, ကောဝိဒ စသော ရွတ်ဖတ်၍ လွယ်ကူသော အမည်များဖြစ်လျှင် ထိုအမည်ရင်းအတိုင်းဖြင့်ပင်"အယံ ဣန္ဒကော အာယသ္မတော ကောဝိဒဿ ဥပသမ္ပဒါပေက္ခော" စသည်ဖြင့် ရွတ်ဖတ်လျှင် ပို၍ သင့်လျော်ပါသည်။ ။ အမည်မှည့်ချိန်နှင့် ပတ်သက်၍လည်း အမျိုးမျိုး ယူဆကြ၏။ တချို့က "ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော"မဆိုမီကပင် အမည်မှည့်ထားနှင့်ကြ၏၊ သင့်မြတ်ပါ၏။ တချို့ကား "ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ"ဖြင့် ရဟန်းလောင်းကို အပြင်ထုတ်ပြီးမှ အမည်မှည့်ကြ၏။ ရဟန်းလောင်းအနီးအနားမှာ မရှိတော့သဖြင့် စဉ်းစားသင့်၏။ (သင့်မည်မထင်)၊ အမှန်မှာ ဥပဇ္ဈာယ်ယူမှု သပိတ်သင်္ကန်း ပြောကြားမှု ပုစ္ဆကိစ္စတိုင်အောင် ဥပဇ္ဈာယ်နှင့် ရဟန်းလောင်း၏အမည်များကို သုံးသပ်သော

စကား မပါသေးသဖြင့် တိဿ, နာဂအမည်များကို မမှည့်သော်လည်း အပြစ်မရှိနိုင်ပါ။ ။ သို့သော် ဥပဇ္ဈာယ်ယူမှုစသော ပုဗ္ဗကိစ္စများ၌ပင် အာဂုသော နာဂစသည်ဖြင့် အာလုပ်ပုဒ်သုံးလိုလျှင်ကား ကြိုတင်၍ အမည်မှည့်ထားရမည်၊ သတိထားပါလေ။
(ကိုးဆောင် ကံဆောင် ကမ္မဝါစာ၊ ၁၃။)

အမည်မှည့်ခြင်း၏အကျိုး။ ။ မူလအမည်အတိုင်း ဖတ်ရွတ်ခြင်းသည် ရဟန်းလောင်းအဖို့ မိမိအမည်အတွက် မထောင်းတာသော်လည်း "သင့်ဥပဇ္ဈာယ်ဆရာ၏အမည်သည် မည်သူနည်း"ဟု သမ္မုတိရ ရဟန်းက မေးသည့်အခါ မဖြေဘဲလည်း မနေဝံ့၊ ဖြေပြန်တော့လည်း မိမိ၏ဖခင့်နာမည်ကို ခေါ်ရသည်နှင့်တူသောကြောင့် မရိုသေရာ ရောက်၏၊ ဤသို့ ရဟန်းလောင်းမှာ အခက်တွေ့မှာစိုး၍ အမည်သစ်မှည့်ရ၏။

"တိဿ, နာဂ"ဟု အမည်သစ်မှည့်ခြင်းသည် သုခဂ္ဂဟဏအကျိုးရှိ၏။ အမည်သစ်မမှည့်ဘဲ မူလအမည်နှင့် ဖတ်ပါက အချို့ဘွဲ့မည်"ဦးမာလာ, ဦးဂန္ဓမာ, ရှင်မာလာ, ရှင်ဂန္ဓမာ"ရှိရာ၌ လိင်နှင့် ဝိဘတ်အက္ခရာတို့အတွက် ရွတ်ဖတ်သူ ရဟန်းတော်တို့မှာလည်း အခက်တွေ့နိုင်၏။ အထက်ပါအတိုင်း အမည်မှည့်ထားပါက ဖတ်ရွတ်ရာ၌ ယူလွယ်ခြင်းအကျိုးရှိ၏။

အထူးမှတ်ဖွယ်ရာကား။ ။ မူလအမည်နှင့်ပင် ရွတ်ဖတ်, အမည်သစ်မှည့်၍ပင် ရွတ်ဖတ် အစ ဉာတ်မှစ၍ ကမ္မဝါစာနိဂုံးဆုံးသည်တိုင်အောင် အမည်တမျိုးတည်းဖြင့်သာ ဖတ်ရသည်။ ဉာတ်၌ မူလအမည်ဖြင့် ဖတ်၍ ကမ္မဝါစာစသည်၌ တိဿ, နာဂ အမည်သစ်ဖြင့် ဖတ်လျှင် မအပ်၊ ကံပျက်၏။

ယံ ပန ဥပသမ္ပဒါပေက္ခဥပဇ္ဈာယာနံ ဧကတ္ထ ဂဟိတံ နာမံ၊ တဒေဝ ဉတ္တိယာ, သဗ္ဗတ္ထ အနုဿာဝနာသု စ ဂဟေတဗ္ဗံ။ ဂဟိတတော ဟိ အညသ္မိံ ဂဟိတေ ဗျဥ္ဇနံ ဘိန္နံ နာမ ဟောတိ၊ ကမ္မံ ဝိပဇ္ဇတိ။ (ဝိမတိ၊ ၂၊ ၁၃၀။)

တတ္ထ စ ကိဥ္စာပိ ဥပဇ္ဈာယဿေဝ နာမံ အဂ္ဂဟေတွာ ယေန ကေနစိ နာမေန "တိဿဿ ဥပသမ္ပဒါပေက္ခော"တိအာဒိနာပိ ပုဂ္ဂလေ ပရာမဋ္ဌေ ကမ္မံ သုကတမေဝ ဟောတိ အနုပဇ္ဈာယကာဒီနံ ဥပသမ္ပဒါကမ္မံ ဝိယ ဥပဇ္ဈာယဿ အဘာဝေပိ အဘဗ္ဗတ္တေပိ ကမ္မဝါစာယ ပုဂ္ဂလေ ပရာမဋ္ဌေ ကမ္မဿ သိဇ္ဈနတော။ ဥပသမ္ပဒါပေက္ခဿ ပန ယထာသကံ နာမံ ဝိနာ အညေန နာမေန အနုဿာဝိတေ ကမ္မံ ကုပ္ပတိ၊ သော အနုပသမ္ပန္နောဝ ဟောတိ။ (ဝိမတိ၊ ၂၊ ၁၃၀။)

## (၄) စတုတ္ထပုဗ္ဗကိစ္စ

သမ္မုတိရရဟန်းက လိုက်၍ သွန်သင်ဆုံးမခြင်း။ အနာကြီး ၅ မျိုးမေးခြင်း

(၁) နူနာ, (၂) အသားပို မြင်းဖုနာ, (၃) အရေပြားတွင် အဖြူအနီကွက်နေသော သမင်ယက် သမင်ဖြူနာ, (၄) ချောင်းဆိုးသွေးပါအဆုတ်နာ မြစ်ခြောက်နာ, (၅)သည်းခြေရူး နတ်ဖမ်းစားရူးနာ -ဤအနာကြီး၅ မျိုး ရှိမရှိမေးခြင်း။

အကြောင်းက...ဘုရားရှင်လက်ထက်တော်ဝယ် အနာကြီး၅ မျိုး စွဲကပ်နေသူတွေက ဆရာဇီဝက၏အကုအသခံချင်တဲ့အတွက် ရဟန်းပြုကြတယ်၊ ရောဂါပျောက်တဲ့ အခါကျတော့ လူထွက်သွားကြတယ်။
အဲဒါကို အကြောင်းပြုပြီး ဆရာဇီဝကက ကဲ့ရဲ့တယ်။ အဲဒါကြောင့် ဘုရားရှင်က "အနာကြီး၅ မျိုးစွဲကပ်နေသူကို ရှင်ရဟန်းပြုမပေးရ" လို့ သိက္ခာပုဒ်ပညတ်တော်မူတယ်။

(၆)လူသားစင်စစ်ဟုတ်ရဲ့လားလို့ မေးခြင်း။

အကြောင်းက ဘုရားရှင်လက်ထက်တော်က လူယောင်ဖန်ဆင်းနိုင်တဲ့နဂါးတကောင်ကို ရဟန်းပြုပေးရာတွင် တနေ့တော့ နဂါးမှန်းသိရသောကြောင့် "တိရစ္ဆာန်ကို ရှင်ရဟန်းပြု မပေးရ"လို့ သိက္ခာပုဒ်ပညတ်တော်မူတယ်။
မှတ်ချက်။။ နဂါးဟူသည် မည်သို့ပင် လူယောင်ဖန်ဆင်းထားနိုင်သော်လည်း ဇာတ်တူနဂါးမနှင့် မေထုန်မှီဝဲသော်လည်းကောင်း, လွတ်လွတ်လပ်လပ် အိပ်ပျော်နေသော်လည်းကောင်း ဤအကြောင်း၂ မျိုးကြောင့် ပင်ကိုယ်နဂါးပုံသဏ္ဌာန်ပေါ်စမြဲဖြစ်၏။

နဂါးဟူလတ်၊ မျိုးဇာတ်တူပျော်၊ လွတ်လွတ်နော်၊ အိပ်သော်သဘာဝ ပေါ်တတ်လှ။

(၇) ယောကျ်ားစင်စစ် ဟုတ်ရဲ့လားလို့ မေးခြင်း။

အကြောင်းကား -ဘုရားရှင်လက်ထက်တော်က နပုံး ပဏ္ဍုက် ဥဘတောဗျည်းများ ရဟန်းပြုကြသဖြင့် သာသနာတော်နှင့်

မလျော်သော အဖြစ်များ ပေါ်ပေါက်သည်ကို အကြောင်းပြု၍ "(ယောကျ်ားစစ်မဟုတ်သော ပဏ္ဍုက် ဥဘတောဗျည်းတို့ကို ရှင်ရဟန်းပြု မပေးရ"လို့ သိက္ခာပုဒ်ပညတ်တော်မူတယ်။

(၈)ကိုယ့်ကိုယ်ကို အစိုးပိုင်သူ ဟုတ်ရဲ့လားလို့ မေးခြင်း။

အကြောင်းကား ရှေးတုံးက ကျွန်ဆိုတာ ရှိခဲ့တယ်၊ တချို့ကျေးကျွန်များသည် အရှင်သခင့်ထံ ခွင့်မပန်ပဲ ရှင်ရဟန်းပြုနေကြတယ်။ ကျေးပိုင်ကျွန်ပိုင်များက သူတို့၏ကျေးကျွန်များကို ပြန်ခေါ်လိုသော်လည်း "ရှင်ရဟန်းများကို အနှောက်အယှက်မပေးရ"ဟူသော ဗိမ္ဗိသာရမင်းကြီး၏အမိန့်အာဏာတော်ကို မလွန်ဆန်ရဲကြသဖြင့် ရှင်ရဟန်းပြုပေးသူများကို ကဲ့ရဲ့ရှုတ်ချကြ၏၊ အဲဒီဖြစ်ရပ်များကို အကြောင်းပြု၍"ကျေးကျွန်ကို ရှင်ရဟန်းပြု မပေးရ"လို့ သိက္ခာပုဒ်ပညတ်တော်မူတယ်။

(၉)ကြွေးမြီကင်းသူ ဟုတ်ရဲ့လားလို့ မေးခြင်း။

အကြောင်းကား ဘုရားရှင်လက်ထက်တော်က ကြွေးရှိသူများသည် ကြွေးမဆပ်နိုင်သဖြင့် ကြွေးမဆပ်ရအောင် ပြေးရှောင်ကာ ရှင်ရဟန်းပြုနေကြတယ်။ ကြွေးရှင်တွေက တွေ့ရှိကြစေကာမူ ဘာမျှမတတ်နိုင်ပဲ ရှင်ရဟန်းပြုပေးသူများကိုသာ ကဲ့ရဲ့ကြတယ်၊ အဲဒီဖြစ်ရပ်များကို အကြောင်းပြု၍"ကြွေးမြီရှိသူကို ရှင်ရဟန်းပြု မပေးရ"လို့ သိက္ခာပုဒ်ပညတ်တော်မူတယ်။

(၁၀)မင်းမှုထမ်း(အစိုးရအမှုထမ်း)အဖြစ်မှ ကင်းလွတ်သူ ဟုတ်ရဲ့လားလို့ မေးခြင်း။

ဗိမ္ဗိသာရမင်းကြီးက "ဘုရင့်ထံမှ ခွင့်မရသောမင်းမှုထမ်းများကို ရှင်ရဟန်းပြု မပေးပါရန်"လျှောက်ထားတောင်းပန်မှုကို အကြောင်းပြု၍ ဘုရားရှင်က "မင်းမှုထမ်းများကို ရှင်ရဟန်းပြု မပေးရ"လို့ သိက္ခာပုဒ်ပညတ်တော်မူတယ်။

ယခုခေတ်မှာ မင်းမှုထမ်းဟုတ်ပေမဲ့ အခွင့်ယူထားခိုက်မှာ ဆိုရင် မင်းမှုထမ်းအဖြစ်မှ ကင်းလွတ်နေတယ်လို့ပဲ ယူရပါတယ်။

(ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးစီစစ်ထားသော ဥပသမ္ပဒကမ္မဝါစာ၊ ၁၄။)

(၁၁)ရဟန်းပြုရန် မိခင်ဖခင်တို့က ခွင့်ပြုသူ ဟုတ်ရဲ့လားလို့ မေးခြင်း။

ဘုရားရှင်၏ညီတော် နန္ဒမင်းသားနှင့် သားတော် ရာဟုလာတို့ကို ဘုရားရှင်၏ဆန္ဒတော်အတိုင်း ရှင်ရဟန်းပြုပေးလိုက်သောအခါ စိတ်ဆင်းရဲခြင်းများစွာ ဖြစ်ရရှာသော ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက "မိဘတို့၏ ကျေကျေနပ်နပ် ခွင့်ပြုချက်မရှိသော သားသမီးများကို ရှင်ရဟန်းပြု မပေးပါရန်"လျှောက်ထားတောင်းပန်ရှာ၏။ ယင်းလျှောက်ထားတောင်းပန်မှုကို အကြောင်းပြု၍ "မိခင်ဖခင်တို့ ခွင့်မပြုသောသားသမီးကို ရှင်ရဟန်းပြု မပေးရ"လို့ သိက္ခာပုဒ်ပညတ်တော်မူတယ်။

(၁၂)အသက်နှစ်ဆယ် ပြည့်ပြီလားလို့ မေးခြင်း။

အသက်နှစ်ဆယ်မပြည့်သေးပဲ ရဟန်းပြုကြသော ကလေးသူငယ်ဆယ့်ခုနစ်ဦး(သတ္တရသဝဂ္ဂီ)တို့၏ဆာလောင်မွတ်သိပ်ဒဏ်ကို သည်းမခံနိုင်၍ ထမင်း ဟင်းတောင်းခြင်း, အိပ်ရာထဲတွင် အညစ်အကြေးစွန့်ခြင်းတို့ကို အကြောင်းပြု၍ ဘုရားရှင်က "အသက်နှစ်ဆယ် မပြည့်သေးသူကို ရဟန်းပြု မပေးရ" လို့ သိက္ခာပုဒ်ပညတ်တော်မူတယ်။

ပဋိသန္ဓေ(၇)လနှင့် မွေးသူကား အလွန်ရှား၏၊ သို့သော် ထိုသို့သော ပုဂ္ဂိုလ်အတွက်လည်း ပြည့်စုံစေရန် ၁၉ နှစ်မှ ငါးလအပို အလွန်ကိုလည်း ပြသည်။ အများအားဖြင့် ၉ လကျော်မှာ မွေးသူသာများသည်ဟု ဆိုကြ၏၊ ထိုသို့သော ပုဂ္ဂိုလ်မှာ ၁၉ နှစ်မှ ၃ လလွန်လျှင် အသက်၂၀ ကောင်းကောင်း ပြည့်တော့သည်သာ။ (မဟာစည်ဆရာတော်ဘုရားကြီးစီစစ်ထားသောဥပသမ္ပဒကမ္မဝါစာ၊ ၂၀။)

(၁၃)သင်ပုန္နင်းလောင်းမှာ သပိတ်သင်္ကန်း ပြည့်စုံပါပြီလားလို့ မေးခြင်း။

ဘုရားရှင်လက်ထက်တော်က ကိုယ်ပိုင်သပိတ်သင်္ကန်းမရှိသူများ သူတပါးထံမှ သပိတ်သင်္ကန်း ခေတ္တခဏ ငှါးရမ်းပြီး ရဟန်းခံကြတယ်၊ ရဟန်းခံပြီးသောအခါ ပိုင်ရှင်များက သပိတ်သင်္ကန်းများကို ပြန်ယူသွားကြသောကြောင့် တက္ကတွန်းများကဲ့သို့ သင်္ကန်းမပါ ဗလာကိုယ်တည်း လက်ချည်းဖြင့်သာ ဆွမ်းခံဝင်သဖြင့် လူအများကဲ့ရဲ့သည်ကို အကြောင်းပြု၍ "ကိုယ်ပိုင်သပိတ်သင်္ကန်း မရှိသူကို ရဟန်းခံ မပေးရ"လို့ ပညတ်တော်မူတယ်။

(၁၄)သင်ဟာ အဘယ်အမည်ရှိပါသလဲလို့ မေးခြင်း။
"နာဂ"အမည်ရှိပါသည်ဘုရား ဟု ဖြေကြားရသည်။

(၁၅)သင်၏"အပြစ်ကြီးအပြစ်ငယ် အသွယ်သွယ်ကို ကြည့်ရှုဆုံးမမည့်" ဥပဇ္ဈာယ်ဟာ အဘယ်အမည်ရှိပါသလဲလို့ မေးခြင်း။

"သုဏာသိ နာဂ အယံ တေ သစ္စကာလော ဘူတကာလော၊ ယံ ဇာတံ၊ တံ သံဃမဇ္ဈေ ပုစ္ဆန္တေ သန္တံ 'အတ္ထီ' တိ ဝတ္တဗ္ဗံ၊ အသန္တံ'နတ္ထီ'တိ ဝတ္တဗ္ဗံ၊ မာ ခေါ ဝိတ္ထာယိ၊ မာ ခေါ မင်္ကု အဟောသိ၊ ဧဝံ တံ ပုစ္ဆိဿန္တိ သန္တိ တေ ဧဝရူပါ အာဗာဓာ ကုဋ္ဌံ ဂဏ္ဍော ကိလာသော သောသော အပမာရော၊ မနုဿောသိ၊ ပုရိသောသိ၊ ဘုဇိဿောသိ၊ အဏဏောသိ၊ နသိ ရာဇဘဋော၊ အနုညာတောသိ မာတာပိတူဟိ၊ ပရိပုဏ္ဏဝီသတိဝဿောသိ၊ ပရိပုဏ္ဏံ တေ ပတ္တစီဝရံ၊ ကိံ နာမောသိ၊ ကော နာမော တေ ဥပဇ္ဈာယော"တိ။

(ဝိ၊ ၃၊ ဥပသမ္ပဒါဝိဓိ၊ ၁၃၁။)

(၁)န ဘိက္ခဝေ ပဉ္စဟိ အာဗာဓေဟိ ဖုဋ္ဌော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊ ၃၊ ၁၀၃။)

(၂)တိရစ္ဆာနဂတော ဘိက္ခဝေ အနုပသမ္ပန္နော ဥပသမ္ပါဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော။ (ဝိ၊ ၃၊ ၁၂၁။)

(၃)ပဏ္ဍကော ဘိက္ခဝေ အနုပသမ္ပန္နော န ဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော။ (ဝိ၊ ၃၊ ၁၁၉။)

ပဏ္ဍုက် ၅ မျိုး

(၁) အာသိတ္တပဏ္ဍုက်=သူတပါး၏အင်္ဂါဇာတ်ကို ခံတွင်းဖြင့် စုပ်၍ သုက်ကို မြိုသွင်းရမှ ကိလေသာရာဂပူပန်မှုငြိမ်းသူ၊

(၂) ဥသူယပဏ္ဍုက်=သူတပါးတို့မှီဝဲပေါင်းဖော်သောမေထုန်မှုကို ချောင်းမြောင်းကြည့်ရှုရမှ ကိလေသာရာဂပူပန်မှုငြိမ်းခြင်း၊

(၃)ဩပက္ကမိကပဏ္ဍုက်=ဖုံးစေ့ကိုနှားများကဲ့သို့ သင်းကွပ်ထားသည်နှင့် တူသောသူ၊

(၄)ပက္ခပဏ္ဍုက်=လဆန်းပက္ခ၌ဖြစ်စေ, လဆုတ်ပက္ခ၌ဖြစ်စေ ကိလေသာရာဂထကြွသောင်းကြမ်းသဖြင့် မေထုန်မှီဝဲရမှ ကိလေသာရာဂငြိမ်းသူ၊

(၅)နပုံသကပဏ္ဍုက်(နပုံပဏ္ဍုက်)=မိန်းမယောကျ်ားမဟုတ်သော (ဘာဝရုပ်ချို့တဲ့)သူ။

ဤပဏ္ဍုက်၅ မျိုးတွင် အာသိတ္တပဏ္ဍုက်နှင့်ဥသူယပဏ္ဍုက်၂ မျိုးသည် ရဟန်းဖြစ်ခွင့်ရှိ၏၊ ကျန်၃ မျိုးကားလုံးဝရဟန်းဖြစ်ခွင့်မရှိပါ၊ ကုရုန္ဒီအဋ္ဌကထာအလိုကတော့ ပက္ခပဏ္ဍုက်သည် ပဏ္ဍုက်ဖြစ်သောပက္ခ၌သာ ရဟန်းဖြစ်ခွင့်မရှိသော်လည်း ပဏ္ဍုက်မဖြစ်သောပက္ခ၌ရဟန်းဖြစ်ခွင့်ရှိ၏၊ မည်သို့ပင်ရဟန်းအဖြစ်ရစေကာမူ ပဏ္ဍုက်အမူအကျင့်ကို ပြုကျင့်တာနှင့်တပြိုင်နက် အလိုလို ရဟန်းမဟုတ်တော့ပဲ ရဟန်းအသွင်ကိုလည်း ဖျက်ဆီးပစ်ရမည်။

ပဏ္ဍကော ဘိက္ခဝေတိ ဧတ္ထ အာသိတ္တပဏ္ဍကော ဥသူယပဏ္ဍကော ဩပက္ကမိကပဏ္ဍကော ပက္ခပဏ္ဍကော နပုံသကပဏ္ဍကောတိ ပဉ္စပဏ္ဍကာ။ တတ္ထ ယဿ ပရေသံ အင်္ဂဇာတံ မုခေန ဂဟေတွာ အသုစိနာ အာသိတ္တဿ ပရိဠာဟော ဝူပသမ္မတိ၊ အယံ အာသိတ္တပဏ္ဍကော။ ယဿ ပရေသံ အဇ္ဈာစာရံ ပဿတော ဥသူယာယ ဥပ္ပန္နာယ ပရိဠာဟော ဝူပသမ္မတိ၊ အယံ ဥသူယပဏ္ဍကော။ ယဿ ဥပက္ကမေန ဗီဇာနိ အပနီတာနိ၊ အယံ ဩပက္ကမိကပဏ္ဍကော။ ဧကစ္စော ပန အကုသလာဝိပါကာနုဘာဝေန ကာဠပက္ခေ ပဏ္ဍကော ဟောတိ၊ ဇုဏှပက္ခေ ပနဿ ပရိဠာဟော ဝူပသမ္မတိ၊ အယံ ပက္ခပဏ္ဍကော။ ယော ပန ပဋိသန္ဓိယံယေဝ အဘာဝကော ဥပ္ပန္နော၊ အယံ နပုံသကပဏ္ဍကောတိ။ တေသု အာသိတ္တပဏ္ဍကဿ စ ဥသူယပဏ္ဍကဿ စ ပဗ္ဗဇ္ဇာ န ဝါရိတာ၊ ဣတရေသံ တိဏ္ဏံ ဝါရိတာ။ တေသုပိ ပက္ခပဏ္ဍကဿ ယသ္မိံ ပက္ခေ ပဏ္ဍကော ဟောတိ၊ တသ္မိံယေဝဿ ပက္ခေ ပဗ္ဗဇ္ဇာ ဝါရိတာတိ ကုရုန္ဒိယံ ဝုတ္တံ။ ယဿ စေတ္ထ ပဗ္ဗဇ္ဇာဝါရိတာ၊ တံ သန္ဓာယ ဣဒံ ဝုတ္တံ"အနုပသမ္ပန္နော န ဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော"တိ။ သောပိ လိင်္ဂနာသနေနေဝ နာသေတဗ္ဗော။ ဣတော ပရံ "နာသေတဗ္ဗော"တိ ဝုတ္တေသုပိ ဧသေဝနယော။

(ဒိ၊ ၄၊ ၃၊ ၂၉၇ ၂၉၈။ ဝိ၊ သင်္ဂဟ။ ၁၄၅ ၁၄၆။ ကင်္ခါ၊ ၄၊ ၁၀၄။ ကင်္ခါ၊ ဋီ၊ ၁၆၉။)

ဥဘတောဗျဉ္ဇနကော ဘိက္ခဝေ အနုပသမ္ပန္နော န ဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော။ (ဝိ၊ ၃၊၁၂၄။)

ဥဘတောဗျည်း၂ မျိုး

(၁)ဣတ္ထိဥဘတောဗျည်း=မိမိကိုယ်တိုင်လည်း ပဋိသန္ဓေယူနိုင်, သူတပါးကိုလည်း ပဋိသန္ဓေပေးနိုင်သည်။

(၂)ပုရိသဥဘတောဗျည်း=သူတပါးကိုသာ ပဋိသန္ဓေပေးနိုင်၍ မိမိကိုယ်တိုင်တော့ ပဋိသန္ဓေမယူနိုင်။

(ဝိ၊ ၄၊ ၃၊ ၃၀၆။ ဝိ၊သင်္ဂဟ။ ၁၄၆။)

မှတ်ဖွယ်။ ။ အကုသိုလ်ကံကြောင့် ဘာဝရုပ်နှင့်ကင်း၍လည်း လိင်အင်္ဂါသည် ဖြစ်၏။
ကေဝလံ ဘာဝသဟိတာနံယေဝ ဗျဉ္ဇနလိင်္ဂါနံ ပဝတ္တိဒဿနတ္ထံ အဋ္ဌကထာသု "ဣတ္ထိန္ဒြိယံ ပဋိစ္စ ဣတ္ထိလိင်္ဂါဒီနိ"တိအာဒိနာ (အဘိ၊ ၇၊ ၁၁၇။) ဣန္ဒြိယံ ဗျဉ္ဇနကာရဏတ္တေန ဝုတ္တံ၊ ဣဓ ပန အကုသလဗလေန ဣန္ဒြိယံ ဝိနာပိ ဗျဉ္ဇနံ ဥပ္ပဇ္ဇတီတိ ဝုတ္တံ။
(ဝိမတိ၊ ၂၊ ၁၂၄။)

(၄)န ဘိက္ခဝေ ဒါသော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊ ၃၊၁၀၇။ ဘုဇိဿောဟသိအတွက်။)
(၅)န ဘိက္ခဝေ ဣဏာယိကော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊ ၃၊ ၁၀၇။)
(၆)န ဘိက္ခဝေ ရာဇဘဋော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊ ၃၊ ၁၀၄။)
(၇)န ဘိက္ခဝေ အနနုညာတော မာတာပိတူဟိ ပုတ္တော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊၃၊၁၁၆။)
မာတာပိတူဟီတိ ဇနနိဇနကေ သန္ဓာယ ဝုတ္တံ။ သစေ ဒွေ အတ္ထိ၊ ဒွေပိ အာပုစ္ဆိတဗ္ဗာ။ သစေ ပိတာ မတော မာတာ ဝါ၊ ယော ဇီဝတိ၊ သော အာပုစ္ဆိတဗ္ဗော။ ပဗ္ဗဇိတာပိ အာပုစ္ဆိတာဝ။ပ။ ကောစိ မာတာပိတူဟိ သဒ္ဓိံ ဘဏ္ဍိတွာ "ပဗ္ဗာဇေထ မ"န္တိ အာဂစ္ဆတိ၊ "အာပုစ္ဆိတွာ ဧဟီ"တိ စ ဝုတ္တော "နာဟံ ဂစ္ဆာမိ၊ သစေ န ပဗ္ဗာဇေထ၊ ဝိဟာရံ ဝါ ဈာပေမိ၊ သတ္ထေန ဝါ တုမှေ ပဟရာမိ၊ တုမှာကံ ဉာတကဥပဋ္ဌာကာနံ ဝါ အာရာမစ္ဆေဒနာဒီဟိ အနတ္ထံ ဥပ္ပါဒေမိ၊ ရုက္ခာ ဝါ ပတိတွာ မရာမိ၊ စောရမဇ္ဈံ ဝါ ပဝိသာမိ၊ ဒေသန္တရံ ဝါ ဂစ္ဆာမီ"တိ ဝဒတိ၊ တံ ဇီဝသေဝ ရက္ခဏတ္ထာယ ပဗ္ဗာဇေတုံ ဝဋ္ဋတိ။ပ။ (ဝိ၊ ၄၊ ၃၊ ၂၉၂-၂၉၄။)

(၈)န ဘိက္ခဝေ ဇာနံ ဦနဝီသတိဝဿော ပုဂ္ဂလော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ ယထာဓမ္မော ကာရေတဗ္ဗော။
(ဝိ၊ ၃၊ ၁၀၉။)
ယော ပန ဘိက္ခု ဇာနံ ဦနဝီသတိဝဿံ ပုဂ္ဂလံ ဥပသမ္ပာဒေယျ။ သော စ ပုဂ္ဂလော အနုပသမ္ပန္နော၊ တေ စ ဘိက္ခူ ဂါရယှာ၊ ဣဒံ တသ္မိံ ပါစိတ္တိယံ။ (ဝိ၊ ၂၊ ၁၇၀။)

ဂဗ္ဘဝီသ-ယူပုံများ
ယံ ဘိက္ခဝေ မာတုကုစ္ဆိသ္မိံ ပဌမံ စိတ္တံ ဥပ္ပန္နံ၊ ပဌမံ ဝိညာဏံ ပါတုဘူတံ၊ တဒုပါဒါယ သာဝဿ ဇာတိ။ အနုဇာနာမိ ဘိက္ခဝေ ဂဗ္ဘဝီသံ ဥပသမ္ပာဒေတုန္တိ။ (ဝိ၊ ၃၊ ၁၂၉။)
ဤအရာ၌ အမိဝမ်းတွင်း၌ ၁၂ လတိုင်တိုင် ပဋိသန္ဓေနေ၍ သီတင်းကျွတ်လပြည်နေ့၌ မွေးဖွားသူသည် ၁၉ နှစ်ပြည့် သီတင်းကျွတ်လပြည်ကျော် တရက်နေ့တွင် ရဟန်းခံယူနိုင်၏။ ပေါရာဏကထေရ်တို့အယူကတော့ တနှစ်မှာ ရက်မစုံ၆ လရှိ၍ ၆ ရက်လျော့နည်းသောကြောင့် အနှစ်၂၀-တွင် ၄-လလျော့နည်းသွားသော်လည်း ၃-နှစ် တစ်ကြိမ် ဝါထပ်၍ ၁၈-နှစ်မှာ ၆-လတိုးလာသောကြောင့် ၁၉ နှစ်ပြည့်နှစ် လအလိုဝါခေါင်လပြည့်ကျော်တရက်မှာပင် ယင်းသာမဏေကို ရဟန်းခံပေးကောင်းသည် ဟု လာ၏။
တတ္ထ ယော ဒွါဒသမာသေ မာတုကုစ္ဆိသ္မိံ ဝသိတွာ မဟာပဝါရဏာယ ဇာတော၊ သော တတော ပဋ္ဌာယ ယာဝ ဧကူနဝီသတိမေ ဝဿေ မဟာပဝါရဏာ တံ အတိက္ကမိတွာ ပါဋိပဒေ ဥပသမ္ပာဒေတဗ္ဗော၊ ဧတေနုပါယေန ဟာယနဝဍ္ဎနံ ဝေဒိတဗ္ဗံ။
ပေါရာဏကတ္ထေရာ ပန ဧကူနဝီသတိဝဿံ သာမဏေရံ နိက္ခမနီယပုဏ္ဏမာသိံ အတိက္ကမ္မ ပါဋိပဒဒိဝသေ ဥပသမ္ပာဒေန္တိ၊ တံ ကသ္မာတိ။ ဝုစ္စတေ၊ ဧကသ္မိံဝဿေ ဆ စာတုဒ္ဒသိကဥပေါသထာ ဟောန္တိ။ ဣတိ ဝီသတိယာ ဝဿေသု စတ္တာရော မာသာ ပရိဟာယန္တိ။ ရာဇာနော တတိယေ တတိယေ ဝဿေ ဝဿံ ဥက္ကမန္တိ၊ ဣတိ အဋ္ဌာရသသု ဝဿေသု ဆ မာသာ ဝဍ္ဎန္တိ၊ တတော ဥပေါသထဝသေန ပရိဟီနေ စတ္တာရော မာသေ အပနေတွာ ဒွေ မာသာ အဝသေသာ ဟောန္တိ၊ တေ ဒွေမာသေ ဂဟေတွာ ဝီသတိ-ဝဿာနိ ပရိပုဏ္ဏာနိဟောန္တီတိ နိက္ခမိတွာ နိက္ခမနီယပုဏ္ဏမာသိံ အတိက္ကမ္မ ပါဋိပဒေ ဥပသမ္ပာဒေန္တိ။ ဧတ္ထ ပန ယော ပဝါရေတွာ ဝီသတိဝဿော ဘဝိဿတိ၊ တံ သန္ဓာယ "ဧကူနဝီသတိဝဿ"န္တိ ဝုတ္တံ။ (ဝိ၊ ၄၊ ၃၊ ၁၃၆။)
သန္ဓေတည်နေ့၊ စတုံရွေ့၊ ပြေ့စေဝီသတိ။
ခုနစ်လဖွား၊ ဆယ်လဖွား၊ ထင်ရှားလူ့ဝယ်ရှိ။
လောက၌ ခုနစ်လဖွား၊ ဆယ်လဖွား၊ နှစ်မျိုးသာ ထင်ရှားရှိ၏။
ဖွားသက္ကရာဇ်၊ ဆယ့်ကိုးနှစ်မှ၊ ငါးလ,နှစ်လ၊ စွန်းတုံက၊ ဂဗ္ဘဝီသပြည့်။
ဖွားသက္ကရာဇ်ကို တွက်စစ်၍ ဆယ့်ကိုးနှစ်လုံးလုံးပြည့်သည်မှ ခုနစ်လဖွားသူမှာ ငါးလစွန်းလျှင် ဂဗ္ဘဝီသပြည့်၍ ဆယ်လဖွားသူမှာ နှစ်လစွန်းလျှင် ဂဗ္ဘဝီသပြည့်၏။ ။ အဋ္ဌကထာနည်းတည်း။

ရက်သုံးဆယ်လ၊ ဆယ့်နှစ်လ၊ ဝဿအမှန်သိ။

အဠကထာ၌, လာသော အာစရိယဝါဒအလိုကား "တိံသရတ္တိဒိဝေါ မာသော "ဟူ၍ ဟောတော်မူသောကြောင့် ရက်ပေါင်းသုံးဆယ်ပြည့်မှ တစ်လအမှန်ဖြစ်သည်။ ။ ဒွါဒသမာသာ ဧကံ သံဝစ္ဆရံ"ဟူ၍ ဟောတော်မူသောကြောင့် တစ်ဆယ့်နှစ်လသည်သာ တနှစ်အမှန်ဖြစ်သည်၊ တနှစ်တနှစ်အဖို့တွင် အရက်သုံးဆယ်မပြည့်သော ရက်မစုံလပေါင်း ခြောက်လပါရှိ၏၊ ဝါထပ်သည်အတွက် တနှစ်တွင် တစ်ဆယ့်သုံးလရှိသော နှစ်မျိုးသည် သုံးနှစ်လျှင် တစ်ကြိမ်တစ်ကြိမ် လာ၏။

ဆယ့်ကိုးနှစ်ကို၊ ခြောက်လပို၊ ဝါဆိုထပ်သည့်တွက်။

လေးလမျှတုံ၊ ယုတ်လျော့ကုန်၊ မစုံလအတွက်။

ဖွားသည့်နေ့မှစ၍ တစ်ဆယ့်ကိုးနှစ်ပြည့်ပြီး ဟု ဆိုရသောအခါ ဝါဆိုထပ်သည့်အတွက် ခြောက်လအပိုထွက်လာ၏၊ ရက်မစုံလအတွက် ရက်ပေါင်း၁၁၄ ရက် ယုတ်လျော့လျက် ရှိ၏၊ ထိုရက်ပေါင်းကို လေးလမျှဆိုသည်၊ သုံးလနှင့်၂၄ ရက်တည်း။

ယုတ်ပိုညှိက၊ ကျန်သေသ၊ နှစ်လခြောက်ရက်ထွက်။

ဝါထပ်အတွက် ခြောက်လပိုသည်တွင် ရက်မစုံအတွက် ယုတ်ခဲ့သော ရက်တို့နှင့်ပယ်နှုတ်နှိုင်းညှိသည်ရှိသော် အကျန်နှစ်လခြောက်ရက် အပိုထွက်သည်။

သုံးလစွန်းက၊ ခုနစ်လ၊ ဂဗ္ဘဝီသပြည့်။

ခုနစ်လဖွားသူမှာ တစ်ဆယ့်ကိုးမှ သုံးလစွန်းလျှင် ဂဗ္ဘဝီသပြည့်၍ ရဟန်းခံရပြီ။ ။ ဆယ်လဖွားမှာမူကား ပဋိသန္ဓေဆယ်လနှင့် ထိုအပို နှစ်လခြောက်ရက်ကို ပေါင်းသော် တနှစ်ပြည့်လျက်ရှိသောကြောင့် ဖွားသက္ကရာဇ်နှစ် တစ်ဆယ့်ကိုးနှစ်ပြည့်ခဲ့လျှင် ဂဗ္ဘဝီသပြည့်၊ တစ်ဆယ့်ကိုးနှစ်လုံးလုံးရှိလျှင် ရဟန်းခံရပြီ။ ။ ရဟန်းလောင်း၏အမိဖြစ်သူက သူ၏သားသည် ဆယ်လဖွားဖြစ်ပါသည် ဟု အတပ်ပြောသော်လည်း အမှန်မုချ အယုံရခက်လှသော အရာမျိုးဖြစ်ခဲ့၍ အယုတ်ဆုံးအားဖြင့် ခုနစ်လဖွားကို အတည်ပြု၍ တစ်ဆယ့်ကိုးနှစ်နှင့်သုံးလအောက် မယုတ်စေရ။ ပိုလျှင်သာ ပိုစေရမည်ဟု ငါ့တို့ကျေးဇူးရှင်စံကျောင်းဆရာတော်ကြီးမိန့်တော်မူ၏။ (ဝိနယသံခိပ်ကျမ်း၊ ရဟန်းခံအမြွက်။ ၁၀၈-၁၁၀။)

ယထာ အညာ ဣတ္ထိကာ နဝ ဝါ ဒသ ဝါ မာသေ ဂဗ္ဘံ ကုစ္ဆိနာ ပရိဟရိတွာ ဝိဇာယန္တိ၊ န ဟေဝံ ဗောဓိသတ္တံ ဗောဓိသတ္တမာတာ ဝိဇာယတိ၊ ဒသေဝ မာသာနိ ဗောဓိသတ္တံ ဗောဓိသတ္တမာတာ ကုစ္ဆိနာ ပရိဟရိတွာ ဝိဇာယတိ။ အယမေတ္ထ ဓမ္မတာ။

(ဒီ၊ ၂၊ မဟာပဒါနသုတ်၊ ၁၂။)

နဝ ဝါ ဒသ ဝါတိဧတ္ထ ဝါသဒ္ဒေန ဝိကပ္ပနဝသေန သတ္တ ဝါ အဋ္ဌ ဝါ ဧကာဒသ ဝါ ဒွါဒသ ဝါတိ ဧဝမာဒီနံ သင်္ဂဟော ဝေဒိတဗ္ဗော။ တတ္ထ သတ္တမာသဇာတော ဇီဝတိ၊ သီတုဏှက္ခမော ပန န ဟောတိ။ အဋ္ဌမာသဇာတော န ဇီဝတိ၊ အဝသေသာ ဇီဝန္တိ။

(ဒီ၊ ဋ၊၂၊၂၉။)

သတ္တမာသဇာတောတိ ပဋိသန္ဓိဂ္ဂဟဏတော သတ္တမေ မာသေ ဇာတော။ သော သီတုဏှက္ခမော န ဟောတိ အတိဝိယ သုခုမာလတာယ။ အဋ္ဌမာသဇာတော ကာမံ သတ္တမာသဇာတတော ဗုဒ္ဓိဝယဝါ၊ ဧကစ္စေ ပန စမ္မပဒေသော ဝုဒ္ဓိ ပါပုဏန္တာ ဃဋ္ဋနံ န သဟန္တိ၊ တေန သော န ဇီဝတိ။ "သတ္တမာသဇာတဿ ပန န တာဝ တေ ဇာတာ"တိ ဝဒန္တိ။ (ဒီ၊ ဋီ၊ မဟာဝဂ္ဂဋီကာ၊ ၂၈ ၂၉။)

(၉) န ဘိက္ခဝေ အပတ္တစီဝရကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။ န ဘိက္ခဝေ ယာစိတကေန ပတ္တစီဝရေန ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊ ၃၊ ၁၂၅ ၁၂၆။)

(၁၀)န ဘိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊ ၃၊ ၁၂၄။)

အထူးမှတ်ဖွယ်။ ။ ရဟန်းမခံကောင်းသူတို့ကို ဆိုရာ၌"အာပတ္တိ ဒုက္ကဋဿ"ပါလျှင် ဒုက္ကဋ်အာပတ်သင့်ရုံမျှ၊ ကံမပျက် ရဟန်းဖြစ်၏။ "နာသေတဗ္ဗော"ပါလျှင် ဒုက္ကဋ်သင့်ရုံမျှမက ကံလည်းပျက်၍ ရဟန်းလည်း မဖြစ်ဟုမှတ်။

အနုဇာနာမိ ဘိက္ခဝေ ဂေါတ္တေနပိ အနုဿာဝေတုံ။ (ဝိ၊ ၃၊ ၁၂၉။)

အရှင်မဟာကဿပမထေရ်က အရှင်အာနန္ဒာအား မိမိကို ဥပဇ္ဈာယ်ယူစေသော ရဟန်းလောင်းကို ဆုံးမစေရာတွင် အရှင်အာနန္ဒာက မထေရ်မြတ်၏အမည်တော်ကိုမယူဝံ့ကြောင်း, ဝန်လေးကြောင်းကို ပြန်ကြား၏၊ ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားသောအခါ ဘုရားရှင်က "အနွယ်အားဖြင့် ပြောကြားဆုံးမနိုင်ခြင်းကို ခွင့်ပြုတော်မူသည်။

ဂေါတ္တေနပိ အနုဿာဝေတုန္တိ"မဟာကဿပဿ ဥပသမ္ပဒါပေက္ခော"တိ ဧဝံ ဂေါတ္တံ ဝတွာ အနုဿာဝေတုံ အနုဇာနာမီတိ အတ္ထော။ (ဝိ၊ ဋ၊ ၃၊ ၃၁၅။)

## (၅) ပဉ္စမပုစ္ဆာကိစ္စ

အနုသာသကသမ္မုတိရ ရဟန်းက သံဃာ့ထံပြန်လာ၍ သွန်သင်ဆုံးမပြီးကြောင်း သံဃာအား အသိပေးလျှောက်ထားခြင်း။
န ဘိက္ခုဝေ ဧကေတော အာဂန္တဗ္ဗံ၊ အနုသာသကေန ပဌမတရံ အာဂန္ဒွာ သံဃော ဉာပေတဗ္ဗော။ (ဝိ၊ ၃၊ ၁၃၁။)

ဩသာရဏာဉတ် (ရဟန်းလောင်းကိုပြန်ခေါ်သောဉတ်)

သုဏာတု မေ ဘန္တေ သံဃော၊ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ အနုသိဋ္ဌော သော မယာ၊ ယဒိသံဃဿ ပတ္တကလ္လံ၊ နာဂေါ အာဂစ္ဆေယျ။ (ဝိ ၃၊ ၁၃၁။)

## (၆) ဆဋ္ဌပုစ္ဆာကိစ္စ

သံဃာတော်အားရှိခိုးစေ၍ရဟန်းအဖြစ်ကိုတောင်းပန်စေခြင်း။
ဧကံသံ ဥတ္တရာသင်္ဂံ ကာရာပေတွာ ဘိက္ခူနံ ပါဒေ ဝန္ဒာပေတွာ ဥက္ကုဋိကံ နိသီဒါပေတွာ အဉ္ဇလိံ ပဂ္ဂဏှာပေတွာ ဥပသမ္ပဒံ ယာစာပေတဗ္ဗော "သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ ဒုတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ တတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ (ဝိ၊ ၃၊ ၁၃၁-၁၃၂။)

ဥလ္လုမ္ပတု မန္တိ ဥဒ္ဓရတု မံ။ (ဝိ၊ ဋ၊ ၃၊ ၃၁၅။)

ဥလ္လုမ္ပတု မန္တိ ဥဒ္ဓရတု မံ၊ အကုသလာ ဝုဋ္ဌာပေတွာ ကုသလေ ပတိဋ္ဌပေတု၊ သာမဏေရဘာဝါ ဝါ ဥဒ္ဓရိတွာ ဘိက္ခုဘာဝေ ပတိဋ္ဌပေတု။(ဝိ၊ ဋ၊ ၂၆၅။)

ဥဒ္ဓရတူတိ အနုပသမ္ပန္နဘာဝတော ဥပသမ္ပတ္တိယံ ပတိဋ္ဌပေတူတိ အတ္ထော။ (ဝိမတိ။ ၂၊ ၁၃၂။)

ရဟန်းအဖြစ်တောင်းခြင်းကို ရဟန်းလောင်းက မပြုသော်လည်း "နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ"ဟု ကမ္မဝါ၌ ထည့်ဖတ်လျှင် ပြီးတော့သည်၊ ကံမပျက်။ (သိက္ခာထပ်ရာ၌ သတိပြုရန်)

## (၇) သတ္တမပုစ္ဆာကိစ္စ

အန္တရာယိကဓမ္မတို့ကို မေးစိစစ်ဖို့ရန် ပုစ္ဆကဉတ်ထားခြင်း။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ။ (ဝိ၊ ၃၊ ၁၃၂။)

"သုဏာတု"ပုဒ်အသုံးနှင့်ပတ်သက်၍ မဇ္ဈိမပုရိသ်ကို သုံးစွဲသင့်ရာ၌ ပဌမပုရိသ်ကို သုံးစွဲခြင်းအကြောင်းများ။

သုဏာတူတိ သဝနာဏတ္တိယံ ပဌမပုရိသေကဝစနံ။ တဉ္စ ကိဉ္စာပိ ယော သံဃော သဝနကိရိယာယ နိယောဇီယတိ၊ တဿ သမ္မုခတ္တာ"သုဏာဟိ"တိ မဇ္ဈိမပုရိသေကဝစနေန ဝတ္တဗ္ဗံ၊ တထာပိ ယသ္မာ သံဃသဒ္ဒသန္နိဓာနေ ပဌမပုရိသပယောဂေါဝ သဒ္ဒဝိဒူဟိ သမာစိဏ္ဏော ဘဂဝန္တအာယသ္မန္တာဒိသဒ္ဒသန္နိဓာနေသုဝိယ "အဓိဝါသေတု မေ ဘဝံ ဂေါတမော။ ဧတဿ သုဂတကာလော၊ ယံဘဂဝါ သာဝကာနံ သိက္ခာပဒံ ပညပေယျ။ ပက္ကမတာယသ္မာ။ သုဏန္တု မေ အာယသ္မန္တော"တိအာဒီသု ဝိယ။ တသ္မာ ဣဓ ပဌမပုရိသပယောဂေါ ကတော။ အထ ဝါ ဂါရဝဝသေနေဝေတံ ဝုတ္တံ။ ဂရုဋ္ဌာနီယေသု ဟိ ဂါရဝဝသေန မဇ္ဈိမပုရိသပယောဂဂုပ္ပတ္တိယမ္ပိ ပဌမပုရိသပယောဂံ ပယုဉ္ဇန္တိ "ဒေသေတု သုဂတော ဓမ္မ"န္တိအာဒီသု ဝိယာတိ ဒဋ္ဌဗ္ဗံ။ (ဝိမတိ၊ ၂၊ ၁၃၂ ၁၃၃။)

သံဃသဒ္ဒါ အာယသ္မန္တသဒ္ဒါ ဘန္တေသဒ္ဒါဟူသော အာလုပ်သဒ္ဒါအနီးရှိရာ၌ ရိုသေလေးစားသောအားဖြင့် ပဌမပုရိသ်ဖြင့် တိုက်တွန်းမှုပြုလေ့ရှိကြသည်။ (ဝိနည်းမဟာဝါဘာသာဋီကာ၊ ၂၇၃။)

အယံ နာဂေါ-၌ "အယံ"အသုံး

အယံ နာဂေါ၌ "အယံ"ဟူသော "အနီး"ဟောပုဒ်ကို ဟတ္ထပါသ်အတွင်းဖြစ်၍ သုံးစွဲရခြင်းအကြောင်း။ (ရဟန်းလောင်းကား သံဃာ၏ဟတ္ထပါသ်အတွင်းရှိမှသာ ကံမြောက်၍ အနီးဟောပုဒ်"အယံ"ကို သုံးသည်၊ အထူးသိဖွယ်ကား"အနုသာသကသမ္မုတိဉတ်၌ တစ်ဉ် ရဟန်းလောင်းကို သံဃာ၏ဟတ္ထပါသ်မှ အပသို့ ထုတ်ထားသောကြောင့် "အယံ"ကို မသုံးပါ။)

အယန္တိ ဥပသမ္ပဒါပေက္ခသ ဟတ္ထပါသေ သန္နိဟိတဘာဝဒဿနံ။ တေန စ ဟတ္ထပါသေ ဠိတဿေဝ ဥပသမ္ပဒါ ရုဟတီတိ သိဇ္ဈတိ ဟတ္ထပါသတော ဗဟိဠိတဿ"အယ"န္တိ န ဝတ္တဗ္ဗတော။ တေနေဝ အနုသာသကသမ္မုတိယံ သော ဟတ္ထပါသတော ဗဟိ ဠိတတ္တာ"အယ"န္တိ န ဝုတ္တော။ တသ္မာ ဥပသမ္ပဒါပေက္ခော အနုပသမ္ပန္နော ဟတ္ထပါသေ ဌပေတဗ္ဗော။ (ဝိမတိ၊ ၂၊ ၁၃၄။)

ဥပဇ္ဈာယ်ကို သုံးသပ်ရာ၌ "ဣမ"သဒ္ဒါကို မသုံးခြင်းအကြောင်း

"အာယသ္မတော"တိပဒံ အဝတွာပိ "အယံ ဗုဒ္ဓရက္ခိတော ဓမ္မရက္ခိတဿ ဥပသမ္ပဒါပေက္ခော"တိ ဝတ္တုံ ဝဋ္ဋတိ။ တေနေဝ "ဣတ္ထန္နာမေန ဥပဇ္ဈာယေန"တိ ဧတ္ထ "အာယသ္မတော"တိပဒံ န ဝုတ္တံ။ (ဝိမတိ၊ ၂ ၁၃၄။)

နနု စေတ္ထ ဥပဇ္ဈာယောပိ ဥပသမ္ပဒါပေက္ခော ဝိယ ဟတ္ထပါသေ ဠိတော ဧဝ ဣစ္ဆိတဗ္ဗော၊ အထ ကသ္မာ"အယံ ဣတ္ထန္နာမော ဣမဿ ဣတ္ထန္နာမဿ ဥပသမ္ပဒါပေက္ခော"တိ ဧဝံ ဥပဇ္ဈာယပရာမသနေပိ ဣမသဒ္ဒဿ ပယောဂေါ န ကတောတိ? နာယံ ဝိရောဓော ဥပဇ္ဈာယဿ အဘာဝေပိ ကမ္မကောပါဘာဝတော။ (ဝိမတိ၊ ၂၊ ၁၃၄။)

ရဟန်းလောင်းနာမည်ကို ပြရာ၌ "အယံ နာဂေါ"ဟု ဣမသဒ္ဒါနှင့်တွဲဖက်၍ ပြသကဲ့သို့ ဥပဇ္ဈာယ်ဆရာ၏အမည်ကို ပြရာ၌ "ဣမဿ အာယသ္မတော တိဿဿ"ဟု ဣမသဒ္ဒါ မပါသောကြောင့် ဥပဇ္ဈာယ်ဆရာသည် ဤသံဃာအတွင်း၌ မပါဘဲ သိမ်အပြင်ဘက်အခြားတစ်နေရာ၌ ရောက်နေစေကာမူ ကံမပျက် -ဟု မှတ်ပါ။ မှန်၏ ဥပဇ္ဈာယ်ဆရာ လုံးဝမရှိစေကာမူ "အာယသ္မတော တိဿဿ"ဟု ဥပဇ္ဈာယ်နာမည်ကို ထည့်၍ ရွတ်ဆိုလျှင်ပင် ကမ္မဝါစာ၌ ယုတ်လျော့မှု မရှိသောကြောင့် ကံ အထမြောက်ပါသည်။ (ဝိနည်းမဟာဝါဘာသာဋီကာ၊ ၂၇၅။ဝိမတိ၊ ၂၊ ၁၃၄ ။)

အာဝုသော, ဘန္တေ အသုံး

သီတင်းကြီးက "ဘန္တေ", သီတင်းငယ်က "အာဝုသော"ဟု ဆိုစေကာမူ ကံမပျက်ပါ။ ကေစိဆရာတို့အလိုအားဖြင့် တစ်နေရာ၌"အာဝုသော"ဟု ဆိုပြီး နောက်တစ်နေရာ၌"ဘန္တေ"ဟုဆိုသော်လည်း နှစ်မျိုးလုံးသည်"အာလုပ်"ကိစ္စပြီးသောကြောင့် "ကံမပျက်"တဲ့။

သောပိ (ဝုဍ္ဎတရော) စေ "ဘန္တေ"တိ ဝဒေယျ၊ နဝကတရော ဝါ "အာဝုသော"တိ၊ ကမ္မကောပေါ နတ္ထိ။ ကေစိ ပန "ဧကတ္ထ 'အာဝုသော'တိ ဝတွာ အညတ္ထ 'ဘန္တေ'တိ ဝုတ္တေပိ နတ္ထိ ဒေါသော ဥဘယေနာပိ အာလပနဿသိဇ္ဈနတော"တိ ဝဒန္တိ။ (ဝိမတိ၊ ၂၊၁၃၃။)

(၈) အဋ္ဌမပုစ္ဆကိစ္စ

အန္တရာယိကဓမ္မတို့ကို မေးစိစစ်ခြင်း။

သုဏာသိ နာဂ။ပ။ ဥပဇ္ဈာယော။ (ဝိ၊ ၃၊ ၁၃၂။)

ဤပုစ္ဆကိစ္စ၈ ပါးကို မပြုပဲကံပြုသော်လည်း ဝတ္ထု၊သမ္မုတ္တိစသည်နှင့် ပြည့်စုံလျှင် ကံမြောက်သည်ပင်။

အန္တရာယိကဓမ္မတို့တွင် မနုဿောသိ, ပုရိသောသိ, ပရိပုဏ္ဏဝီသတိဝဿောသိ ဤသုံးခုသာ အရေးကြီးသည်။ ကြွင်းအင်္ဂါများ မပြည့်စုံသော်လည်း ကမ္မဝါ၌ ပရိသုဒ္ဓေါ စသည်ထည့်ဖတ်လျှင်ကား ကံမပျက်၊ ထည့်မဖတ်လျှင်တော့ ကံပျက်သည်။ မပြည့်စုံသည်ကို သိလျက်နှင့်ထည့်ဖတ်သဖြင့် ဖတ်သောရဟန်းအားမူ ဒုက္ကဋ်အာပတ်သင့်သည်။ မနုဿောသိ စသည်သုံးခုမပြည့်စုံလျှင်ကား...ထည့်ဖတ်သော်လည်း ရဟန်းမဖြစ်။

ရဟန်းခံသံဃာ့ပရိသတ်တွင် ပါရာဇိကကျပြီးပုဂ္ဂိုလ်ပါခဲ့သော် ကံပျက်မည်လား...ထိုပုဂ္ဂိုလ်ကို ချန်၍ ဂိုဏ်းပြည့်လျှင်ကံမပျက်။ ထို့ကြောင့် ဥပဇ္ဈာယ်ပါရာဇိကကျပြီးသော်လည်း သူ့ကို ချန်၍ ဂိုဏ်းပြည့်လျှင် ကံမပျက်။

ပါရာဇိကကျပြီးရဟန်း တစ်ပါးတည်း ကမ္မဝါဖတ်လျှင် ကံပျက်မည်လား...ပါရာဇိကကျနေသော ဗျတ္တပဋိဗလပုဂ္ဂိုလ်ကို ကမ္မဝါစာ ရွတ်ဖော်စေရာ၌ သမဏသညာမစွန့်သေးသည်ဖြစ်၍, သံဃာကလည်း ရဟန်း -ဟုသာ အမှတ်သညာရှိနေရကား ကံမပျက်နိုင်ပါ။

"ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော"တိ(ဝိ၊၃၊၉၉)ဝုတ္တဋ္ဌာနေ ယထာ အဘိက္ခုနာ ကမ္မဝါစာယ သာဝိတာ ယပိ ကမ္မံ ရုဟတိ ကမ္မဝိပတ္တိယာ အသမ္ဘဝတော၊ ဧဝံ သမ္ပဒမိဒံ ဒဋ္ဌဗ္ဗံ။ တတြိဒံ ယုတ္တိ ဥပသမ္ပန္နပုဗ္ဗော ဧဝ စေ ကမ္မဝါစံ သာဝေတိ၊

သံဃော စ တသ္မိံ ဥပသမ္ပန္နသညီ၊ ဝေဇ္ဇော ကမ္မံ ရုဟတိ၊ ∴ အညထာတိ နော ခန္တီတိ အာစရိယော။ (ဝဇိရဗုဒ္ဓိဋီကာ၊ ၁၀၉။)

လူပုဂ္ဂိုလ်ကမ္မဝါရွတ်က ကံချွတ်မချွတ်

ဗျတ္တပဋိဗလလူက ရွတ်ဖတ်လျှင်တော့ အနုပသမ္ပန္နသညီဖြစ်ရကား ကံပျက်၏။

မန်လည်ဆရာတော်ဘုရားက မေးတော်မူသည်...

ကမ္မဝါရွတ်မှု၌၊ ဘိက္ခုမှ ပြည့်စုံ၊ ဆိုပုံက လွန်များ။ ။

လူဖြစ်သူ မှန်မှန်ရွတ်က၊ ကံချွတ်မည်လား။ ။

မင်းကွန်းအလယ်တောရဆရာတော်ဘုရားက ဖြေကြားတော်မူသည်...

ကမ္မဝါ ရွတ်မှု၌၊ ဘိက္ခုမှ ပြည့်စုံ၊ ဆိုပုံက လွန်များ။ ။

လူ့အသွင်၊ သမဏသညာကြွဲလို့၊ ထိုသူပင် မှန်အောင်ရွတ်သော်လည်း၊ ကံချွတ်လောက်သား။ ။

(သတပဒိက ပုစ္ဆာဝိသဇ္ဇနာကျမ်း၊ သောဠသမပုစ္ဆာ၊ ၉၃။)

တတြိဒံ ယုတ္တိ ဥပသမ္ပန္နပုဗ္ဗောဝေ စေ ကမ္မဝါစံ သာဝေတိ၊ သံဃော စ တသ္မိံ ဥပသမ္ပန္နသညီ၊ ဝေဇ္ဇော ကမ္မံ ရုဟတိ၊ န အညထာတိ နော ခန္တီတိ အာစရိယော။ ဂဟဋ္ဌော ဝါ တိတ္ထိယော ဝါ ပဏ္ဍကော ဝါ အနုပသမ္ပန္နသညီ ကမ္မဝါစံ သာဝေတိ၊ သံဃေန ကမ္မဝါစာ န ဝုတ္တာ ဟောတိ၊ "သံဃော ဥပသမ္ပာဒေယျ၊ သံဃော ဥပသမ္ပာဒေတိ၊ ဥပသမ္ပန္နော သံဃေနာ"တိ(ဝိ၊၃၊၁၃၃) ဟိ ဝစနတော သံဃေန ကမ္မဝါစာယ ဝတ္တဗ္ဗာယ သံဃပရိယာပန္နေန, သံဃပရိယာပန္နသညိတေန ဝါ ကေနေ ဝုတ္တာ သံဃေန ဝုတ္တာဝ ဟောတီတိ ဝေဒိတဗ္ဗော၊ အယမေဝ သဗ္ဗကမ္မေသု ယုတ္တိ။ (ဝဇိရဗုဒ္ဓိဋီကာ၊ ၁၀၉။)

## ရဟန်းလောင်း၂-ပါး ၃-ပါးတို့ တပြိုင်နက် ရဟန်းခံရာ၌ သိမှတ်ဖွယ်ရာ အဖြာဖြာ ဆရာ, ဥပဇ္ဈာယ် နာဂရယ် ဆက်သွယ်ပုံမျိုးမျိုး

အနုဇာနာမိ ဘိက္ခဝေ ဒွေ ကောနုဿာဝနေ ကာတုံ။ အနုဇာနာမိ ဘိက္ခဝေ ဒွေ တယော ကောနုဿာဝနေ ကာတုံ၊ တဉ္စ ခေါ ကေနေ ဥပဇ္ဈာယေန, န တွေဝ နာနုပဇ္ဈာယေနာတိ။ (ဝိ၊ ၃၊ ၁၂၉။)

ဒွေ ကောနုဿာဝနေတိ ဒွေ ကေတော အနုဿာဝနေ၊ ကေနေ ကေဿ, အညေန ဣတရဿာတိ ဧဝံ ဒွီဟိဝါ အာစရိယေဟိ ကေနေ ဝါ ကေကွဏော ကမ္မဝါစံ အနုဿာဝန္တေဟိ ဥပသမ္ပာဒေတုံ အနုဇာနာမီတိ အတ္ထော။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၁၅ ။)

(၁) ဒွေ တယော ကောနုဿာဝနေ ကာတုံ၊ တဉ္စ ခေါ ကေနေ ဥပဇ္ဈာယေနာတိ ဒွေ ဝါ တယော ဝါ ဧနေ ပုရိမနယေနေဝ ကေတော အနုဿာဝနေ ကာတုံ အနုဇာနာမိ၊ တဉ္စ ခေါ အနုဿာဝနကိရိယံ ကေနေ ဥပဇ္ဈာယေန အနုဇာနာမီတိ အတ္ထော။ တသ္မာ ကေနေ အာစရိယေန ဒွေ ဝါ တယော ဝါ အနုဿာဝေတဗ္ဗာ။ [ဧကုပဇ္ဈာယ] (ဝိ၊ ဋ္ဌ၊ ၃။၃၁၅။)

(၁) (က) (ခ)







ဇ္ဈာယ်=ဥပဇ္ဈာယ် နာ=နာဂ(ရဟန်းလောင်း) ဆရာ=ကမ္မဝါဆရာ

ဤ၌ ရဟန်းလောင်း၂ ပါး၃ ပါးတို့ကို ကမ္မဝါဆရာတဦးက ကမ္မဝါစာရွတ်ဖတ်ရာဝယ် ဒွန်ဖတ်ရမည်၊ ငုံဖတ်မရ။ ဥပဇ္ဈာယ်ဆရာလည်း တစ်ပါးတည်း ဖြစ်စေရမည်။ (ကမ္မဝါဆရာအများ ဖြစ်ပါကလည်း ဒွန်ပင်ဖတ်ရမည်။)

## ရဟန်းလောင်း၂ ပါး ၃ ပါးတို့ တပြိုင်နက် ရဟန်းခံရာ၌ သိမှတ်ဖွယ်ရာ အဖြာဖြာ

(၂) ဒွိဟိ ဝါ တီဟိ ဝါ အာစရိယေဟိ ဝိသုံ ဝိသုံ ဧကေန ဧကဿာတိ ဧဝံ ဧကပ္ပဟာရေနေဝ ဒွေ တယော ဝါ ကမ္မဝါစာ ကာတဗ္ဗာ။ [ဧကုပဇ္ဈာယ] (ဝိ၊ ၄၊ ၃၊ ၃၁၅။)




ဤ၌ ရဟန်းလောင်း၂-ပါးရှိရာတွင် ကမ္မဝါဆရာ၂-ပါးက, ရဟန်းလောင်း၃-ပါးရှိရာတွင် ကမ္မဝါဆရာ၃ ပါးက အသီးအသီးမိမိရဟန်းလောင်းကို မိမိငဲ့ဖတ်ရမည်၊ တပြိုင်နက်ဖတ်ရမည်။ ဥပဇ္ဈာယ်လည်း တပါးတည်း ရှိရမည်။

(၃) သစေ ပန နာနာစရိယာ နာနုပဇ္ဈာယာ ဟောန္တိ၊ တိဿတ္ထေရော သုမနတ္ထေရဿ သဒ္ဓိဝိဟာရိကံ,သုမနတ္ထေရော တိဿတ္ထေရဿ သဒ္ဓိဝိဟာရိကံ အနုဿာဝေတိ၊ အညမညဉ္စ ဂဏပူရကာ ဟောန္တိ၊ ဝဋ္ဋတိ။ (ဝိ၊ ၄၊ ၃၊ ၃၁၅။)




ဤ၌ ဥပဇ္ဈာယ်အရှင်သုမန၏တပည့်နာဂကို အရှင်တိဿက ကမ္မဝါဆရာ ပြုလုပ်၍လည်းကောင်း, ဥပဇ္ဈာယ်အရှင်တိဿ၏တပည့်နာဂကို အရှင်သုမနက ကမ္မဝါဆရာ ပြုလုပ်၍လည်းလောင်း (နာနုပဇ္ဈာယကနာနာစရိယက) ငဲ့ဖတ် ဖတ်ရသည်။

(၄) ယမ္ပနေတ္ထ "တိဿတ္ထေရော သုမနတ္ထေရဿ သဒ္ဓိဝိဟာရိကံ, သုမနတ္ထေရော တိဿတ္ထေရဿ သဒ္ဓိဝိဟာရိက"န္တိ ဧဝံ ဥပဇ္ဈာယေဟိ အညမညံ သဒ္ဓိဝိဟာရိကာနံ အနုဿာဝနကရဏံ ဝုတ္တံ၊ တံ ဥပလက္ခဏမတ္တံ။ တသ္မာ သစေ တိဿတ္ထေရော သုမနတ္ထေရဿ သဒ္ဓိဝိဟာရိကံ, သုမနတ္ထေရော နန္ဒတ္ထေရဿ သဒ္ဓိဝိဟာရိကံ အနုဿာဝေတိ၊ အညမညဉ္စ ဂဏပူရကာ ဟောန္တိ၊ ဝဋ္ဋတိဧဝ။
(ဝိမတိ၊ ၂၊ ၁၃၂။)




ဤ၌ သုမနထေရ်သည် (မိမိတပည့်၏)ဥပဇ္ဈာယ်, (နန္ဒထေရ်၏တပည့်၏)ကမ္မဝါဆရာ ၂ မျိုးလုံးဖြစ်သည်။ နန္ဒထေရ်

ကား (မိမိတပည့်၏) ဥပဇ္ဈာယ်သာဖြစ်၍ တိဿထေရ်ကား (သုမနထေရ်၏တပည့်၏) ကမ္မဝါစာဆရာသာဖြစ်သည်။ ငဲ့ဖတ်ပင်။

(၅) သစေ ပန ဥပဇ္ဈာယော သယမေဝ အတ္တနော သဒ္ဓိဝိဟာရိကံ အနုဿာဝေတီတိ ဧတ္ထ ဝတ္တဗ္ဗမေဝ နတ္ထိ၊ ကမ္မံ သုကတမေဝ ဟောတိ။ (ဝိမတိ၊ ၂၊ ၁၃၂။)




တပြိုင်နက်တည်း ဥပဇ္ဈာယ်အသီးသီး, ကမ္မဝါစာဆရာအသီးသီး, နာဂအသီးသီးရှိရာ မိမိဆိုင်ရာ ငဲ့၍ ဖတ်ရမည်။ အထက်ပါပုံစံ၌ တိဿထေရ်သည် မိမိတပည့်၏ဥပဇ္ဈာယ်လည်းဖြစ်, ကမ္မဝါစာဆရာလည်းဖြစ်သည်။ သုမနထေရ်လည်း နည်းတူပင်။

ဥပဇ္ဈာယ်ဆရာကိုယ်တိုင် ကမ္မဝါစာဖတ်ကောင်းပါသလော့?

အာယသ္မတော တိဿဿ စသည်ဖြင့် မိမိ၏အမည်ကို မိမိ ပြန်ခေါ်နေသည်နှင့် မတူပါသလော့?

သစေ ပန ဥပဇ္ဈာယော သယမေဝ အတ္တနော သဒ္ဓိဝိဟာရိကံ အနုဿာဝေတီတိ ဧတ္ထ ဝတ္တဗ္ဗမေဝ နတ္ထိ၊ ကမ္မံ သုကတမေဝ ဟောတိ။ အနုပဇ္ဈာယကဿပိ ယေန ကေနစိ အနုဿာဝိတေ ဥပသမ္ပဒါ ဟောတိ၊ ကိမင်္ဂ ပန သဥပဇ္ဈာယကဿ ဥပဇ္ဈာယေနေဝ အနုဿာဝနေတိ ဒဋ္ဌဗ္ဗံ။ (ဝိမတိ၊ ၂၊ ၁၃၂။)

ဥပဇ္ဈာယ်ဆရာကိုယ်တိုင် ကမ္မဝါစာရွတ်ဖတ်ရာ၌ ဆိုဖွယ်မရှိပါ၊ ကောင်းသောကံဆောင်မှုပင် ဖြစ်၏။ အကြောင်းကား ဥပဇ္ဈာယ်မရှိတဲ့ ရဟန်းလောင်းသည်ပင် ဥပဇ္ဈာယ်နှင့်ပတ်သက်သော (အာယသ္မတော တိဿဿ, အာယသ္မတာ တိဿေန) ပုဒ်များကို ထည့်ရွတ်ဖတ်လျှင် ရဟန်းဖြစ်သေးလျှင် ဥပဇ္ဈာယ်ရှိတဲ့ ရဟန်းလောင်းအား ဥပဇ္ဈာယ်ကိုယ်တိုင် ကမ္မဝါစာရွတ်ဖတ်ရာ၌ အဘယ်မှာ ဆိုဖွယ်ရှိတော့မည်နည်း? လုံးဝ ဆိုဖွယ်မရှိတော့ပါ။

(၆) အမှတ်(၃)စကားဖြင့် တစ်ပါးသောပုဂ္ဂိုလ်က အခြားတစ်ပါးသောပုဂ္ဂိုလ်၏တပည့်ကို ကမ္မဝါဖတ်လျှင် အပ်သည်ကို ပြထားသဖြင့် ကိုယ့်ဥပဇ္ဈာယ်, ကိုယ့်ရဟန်းလောင်း, ကိုယ့်ကမ္မဝါစာဆရာအသီးအသီးစီ တပြိုင်နက် ဖတ်လျှင်လည်း အပ်ကြောင်း ပြပြီးဖြစ်တော့သည်။

(က)

| ကမ္မဝါဆရာ | နာဂ | ဥပဇ္ဈာယ် |
|---|---|---|
| ၁ | ၁ | ၁ |
| ၂ | ၁ | ၁ |
| ၃ | ၁ | ၁ |

ဤပုံစံများကား ရိုးရိုးအတိုင်းပင် ဖြစ်၏။

(ခ)

| ကမ္မဝါဆရာ | နာဂ | ဥပဇ္ဈာယ် |
|---|---|---|
| ၁ | ၂ | ၁ |
| ၂ | ၂ | ၁ |
| ၃ | ၂ | ၁ |

ဤတိက ပဌမပုံစံ၌ ဒွန်ဖတ်ရမည်။ ဒုတိယပုံစံ၌ ငဲ့၍သော်လည်းကောင်း, ဒွန်သော်လည်းကောင်း ဖတ်နိုင်သည်။ တတိယ

## ရဟန်းလောင်း၂ ပါး ၃ ပါးတို့ တပြိုင်နက် ရဟန်းခံရာ၌ သိမှတ်ဖွယ်ရာ အဖြာဖြာ

ပုံစံ၌ကား ကမ္မဝါဆရာတပါးက ရဟန်းလောင်းတပါးကိုလည်းကောင်း, အခြားကမ္မဝါဆရာနှစ်ပါးက အခြားရဟန်းတပါးကိုလည်းကောင်းအသီးသီးစီငဲ့၍သော်လည်းကောင်း, ကမ္မဝါဆရာသုံးပါးလုံးက ဒွန်သော်လည်းကောင်း တပြိုင်နက် ဖတ်နိုင်သည်။

(ဂ)

| ကမ္မဝါဆရာ | နာဂ | ဥပဇ္ဈာယ် |
|---|---|---|
| ၁ | ၃ | ၁ |
| ၂ | ၃ | ၁ |
| ၃ | ၃ | ၁ |

ပဌမပုံစံ၌ ဒွန်သာဖတ်ရမည်။ ဒုတိယပုံစံ၌ ဒွန်ရော ငဲ့ဖတ်ပါ နှစ်မျိုးလုံး ရနိုင်သည်။ တတိယပုံစံ၌လည်း အသီးသီး ငဲ့၍သော်လည်းကောင်း, သုံးပါးလုံးကို ရည်၍ ဒွန်သော်လည်းကောင်း ဖတ်နိုင်သည်။

(ဃ)

| ကမ္မဝါဆရာ | နာဂ | ဥပဇ္ဈာယ် | |
|---|---|---|---|
| ၁ | ၂ | ၂ | × |
| ၁ | ၃ | ၃ | × |
| ၂ | ၂ | ၂ | |

ပဌမပုံစံရော ဒုတိယပုံစံပါ နှစ်မျိုးလုံး မအပ်ပါ။
တတိယပုံစံကတော့ အမှတ်(၆)ပုံစံကဲ့သို့ အသီးအသီး ငဲ့ဖတ်ပါ။

(၇) သစေ ပန နာနာ ဥပဇ္ဈာယာ ဟောန္တိ၊ ဧကော အာစရိယော ဟောတိ၊ "နတွေဝ နာနုပဇ္ဈာယေနာ"တိ ပဋိက္ခိတ္တတ္တာ န ဝဋ္ဋတိ၊ ဣဒံ သန္ဓာယ ဟိ ဧသ ပဋိက္ခေပေါ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၁၅။)

(က) (ခ)




ဤပုံစံနှစ်မျိုးလုံး မအပ်ပါ။

အထူးမှတ်ချက်။ ။ "ဒွတ္တယော ဧကာနုဿာဝနေ ကာတုံ"ဟု မိန့်တော်မူသောကြောင့် ရဟန်း ၃ ပါးထက် ပို၍ကား ဥပဇ္ဈာယ်အသီးအသီး ဖြစ်စေကာမူ တပြိုင်နက် မရွတ်ကောင်း ဟု မှတ်ပါ။ (မဟာဝါဘာသာဋီကာ၊ ၂၇၁။)

ကမ္မဝါစာရွတ်ဖတ်ရာ၌...ပါဠိတော်, အဋ္ဌကထာတို့မှာ တစ်ပါးသာ ရွတ်ဖတ်ပုံပါပါလျက် "အဘယ်အကျိုးငှါ ၂ ပါး ၃ ပါးတို့ဖြင့် ကမ္မဝါစာကို ရွတ်ဖတ်ကြပါသနည်း? ဘယ်ခေတ်က စခဲ့ပါသနည်း?

ပေါရာဏကဝိနယဓရတ္ထေရာ ကမ္မဝိပတ္တိသင်္ကာပရိဟာရတ္ထံ ဒွိဟိ တီဟိ ဧကတော ကမ္မဝါစံ(အနုဿာဝနံ) သာဝယန္တိ။ (ဝိနယဝိနိစ္ဆယဋီကာ၊ ၂။ ၃၅၀။)

ပေါရာဏကဝိနယဓရတ္ထေရာ၊ ရှေးဝိနည်းဓိုရ်မထေရ်တို့သည်။ ကမ္မဝိပတ္တိသင်္ကာပရိဟာရတ္ထံ၊ ကံပျက်ခြင်း၌ ယုံမှားခြင်းကို ပယ်ဖျောက်ခြင်းငှါ။ ဒွိဟိ တီဟိ၊ နှစ်ပါးသုံးပါးသော ဗျတ္တပဋိဗလရဟန်းတို့ကို။ ကမ္မဝါစံ(အနုဿာဝနံ)၊ ကမ္မဝါစာကို။ သာဝယန္တိ၊ ရွတ်ဖတ်ခြင်းကို ပြုစေတော်မူကုန်၏။

ဝိနယဝိနိစ္ဆယဋီကာသည် သာသနာသက္ကရာဇ် ၁၈၀၀ သို့မဟုတ် ၁၉၀၀-လောက်က ပေါ်ခဲ့၏။
မှတ်ချက်။ ။ ယခုခေတ်၌ ဥပဇ္ဈာယ်တစ်ပါး၏ရဟန်းလောင်းတစ်ပါးကို ကမ္မဝါစာဆရာ ၃ ပါး, ၃ ပါးထက်အများပင် တပြိုင်နက် ရွတ်ဆိုကြ၏၊ ထိုသို့ရွတ်ဆိုရာ၌ အပြစ်မရှိသော်လည်း ပါဠိတော် အဋ္ဌကထာ အတိုင်းကား မဟုတ်ချေ၊ တစ်ပါး၏ အသံကို အခြားပုဂ္ဂိုလ်က ညီအောင် ညှိ၍ လိုက်နေရသဖြင့် ဌာန်ကရိုဏ်း မှန်အောင် သတိထားဘို့ လစ်ဟင်းဘွယ် ရှိ၏၊ တစ်ပါးက မပီလျှင် အခြားပုဂ္ဂိုလ်က ပီသောကြောင့် အကျိုးရသည်မဟုတ်ပါလော-ဟူအံ့၊ ထိုသို့ ပီဘို့ဆိုလျှင် တစ်ပါးစီရွတ်ခြင်းက သာ၍ပီစရာရှိ၏၊ အမှန်အားခြင့် ရှေးခေတ်က ကမ္မဝါစာဆရာ တစ်ပါးတည်းသာ ရှိခဲ့ပါသည်။ (ဝိနည်းမဟာဝါဘာသာဋီကာ၊ ၂၇၁။)

# ဆရာအမျိုးမျိုး ဒွန်ကမ္မဝါစာအထွေထွေ

ဒွန်တွဲ၍ ကမ္မဝါစာဖတ်ရာ၌ မည်သို့မည်ပုံ ဒွန်တွဲရမည်-ဟု ဝိနည်းပါဠိတော်, အဋ္ဌကထာ, ဝဇိရဗုဒ္ဓိ, သာရတ္ထဒီပနီဋီကာတို့၌ တိုက်ရိုက် မလာမရှိပါ၊ ထိုထိုပါဠိတော်, အဋ္ဌကထာ, ဋီကာတို့၏အစွန်းအစ စကားများကို ထောက်ထား၍ ဒွန်ကမ္မဝါစာပြုလုပ်ကြခြင်းဖြစ်ပါသည်။

ဣတ္ထန္နာမော စ ဣတ္ထန္နာမော စ ဘိက္ခူ ဣတ္ထန္နာမဿ ဘိက္ခုနော သံဃဘေဒါယ ပရက္ကမန္တဿ အနုဝတ္တကာ ဝဂ္ဂဝါဒကာ။ တေသံ ဝတ္ထုံ န ပဋိနိဿဇ္ဇန္တိ။ (ဝိ၊ ၁၊ ၂၆၉။ ဘေဒါနုဝတ္တကသိက္ခာပုဒ်။)

သံဃော ဣတ္ထန္နာမဉ္စ ဣတ္ထန္နာမဉ္စ ဘိက္ခူ သမ္မန္နေယျ...ဣတ္ထန္နာမဿ စ ဣတ္ထန္နာမဿ စ ဘိက္ခူနံ သမ္မုတိ... ဣတ္ထန္နာမော စ ဣတ္ထန္နာမော စ ဘိက္ခူ...။ (ဝိ၊ ၁၊ ၂၂၅။ ကုဋိကာရသိက္ခာပုဒ်။ ၂၃၈။ ဝိဟာရကာရသိက္ခာပုဒ်။)

တို့ကို ထောက်၍...

(၁) သုဏာတု မေ ဘန္တေ သံဃော၊ နာဂေါ စ နာဂေါ စ သာမဏေရာ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏံ တေသံ ပတ္တစီဝရံ၊ တေ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂဉ္စ နာဂဉ္စ သာမဏေရေ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ နာဂေါ စ နာဂေါ စ သာမဏေရာ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏံ တေသံ ပတ္တစီဝရံ၊ နာဂေါ စ နာဂေါ စ သာမဏေရာ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံဃော နာဂဉ္စ နာဂဉ္စ သာမဏေရေ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဿာယသ္မတော ခမတိ နာဂဿ စ နာဂဿ စ သာမဏေရာနံ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။ ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ ။ သော ဘာသေယျ။

။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ သော ဘာသေယျ။

ဥပသမ္ပန္နာ သံဃေန နာဂေါ စ နာဂေါ စ သာမဏေရာ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

စလင်းမဟာဝါဂဏ္ဌိသစ်။ ။ ဘေဒါနုဝတ္တကသိက္ခာပုဒ်၌ ဣတ္ထန္နာမော စ ဣတ္ထန္နာမော စ ဘိက္ခူ ဟု လာရှိ၍ "နာဂေါ စ နာဂေါ စ သာမဏေရာ" ဟူသော စကားကို ရေးသားသတည်း၊ ၎င်းသိက္ခာပုဒ်၌ အနုဝတ္တကာ-ဗဟုဝုစ် ကြိယာလာရှိ၍ ဥပသမ္ပဒါပေက္ခာ ဟူသော ဗဟုဝုစ်ကြိယာကို ရေးသားသတည်း၊ ၎င်းသိက္ခာပုဒ်၌ တေသံ ဝတ္ထုံ န ပဋိနိဿဇ္ဇန္တိ ဟု လာရှိ၍ ပရိပုဏ္ဏံ တေသံ ဟူသောစကားကို ရေးသားသတည်း။

တိပိဋကဓရမှု၌ ဣမေ ပါသည်သာ ထူး၏။

ဗုဒ္ဓရက္ခိတော စ ဓမ္မရက္ခိတော စ အာယသ္မတော သာရိပုတ္တဿ ဥပသမ္ပဒါပေက္ခော။ (ဝိနယဝိနိစ္ဆယဋီကာ၊ ၂၊ ၁၇၄။)ကို ထောက်၍...သမူဟာပေက္ခဒွန္ဒကမ္မဝါစာ

(၂) သုဏာတု မေ ဘန္တေ သံဃော၊ နာဂေါ စ နာဂေါ စ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ စ ပရိသုဒ္ဓေါ စ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏံ အဿ စ အဿ စ ပတ္တစီဝရံ၊ နာဂေါ စ နာဂေါ စ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂဉ္စ နာဂဉ္စ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊

သော ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ နာဂေါ စ နာဂေါ စ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ စ ပရိသုဒ္ဓေါ စ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏံ အဿ စ အဿ စ ပတ္တစီဝရံ၊ နာဂေါ စ နာဂေါ စ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံဃော နာဂဉ္စ နာဂဉ္စ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဿာယသ္မတော ခမတိ နာဂဿ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ သော ဘာသေယျ။ ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ သော ဘာသေယျ။

ဥပသမ္ပန္နော သံဃေန နာဂေါ စ နာဂေါ စ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝ မေတံ ဓာရယာမိ။ ။

သင်္ဂဇာဆရာတော်သည် စံကျောင်းဆရာတော်အား ဒွန်တွဲဖတ်ရာ၌ "ပရိပုဏ္ဏဿ စ အဿ စ ပတ္တစီဝရံ"ဟု ရွတ်ဖတ်မှ တော်မည် ဟု တိုင်ပင်ပြီးနောက် သင်္ဂဇာဆရာတော်စကားသည် ယုတ္တိရှိသတည်း ဟု စံကျောင်းဆရာတော်က အမိန့်ရှိပြီးနောက် တပည့် စလင်းဂဏ္ဍိဆရာတော် ဦးပဏ္ဍိစ္စ, ရွှေရေးဆောင်ဆရာတော်စသည်တို့ကို ဖတ်စေတော်မူသည်၊ သင်္ဂဇာဆရာတော်စကားသည် ဝိမတိ, ဝိနယဝိနိစ္ဆယဋီကာစကားအမြွက်နှင့် ညီညွတ်သတည်း။ (စလင်းဂဏ္ဍိ၊ ၁၆၁။)

အယံ ဗုဒ္ဓရက္ခိတော စ အယံ ဓမ္မရက္ခိတော စ အာယသ္မတော သံဃရက္ခိတဿ ဥပသမ္ပဒါပေက္ခော။ (ဝိမတိ၊ ၂၊ ၁၃၁။) ကို ထောက်၍လည်း ဤသို့ (သမ္ဗုဟာပေက္ခ)ဒွန္ဒကမ္မဝါစာ ရှိနိုင်ပြန်သည်။

(၃) သုဏာတု မေ ဘန္တေ သံဃော၊ အယံ စ နာဂေါ အယံ စ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏံ အဿ စ အဿ စ ပတ္တစီဝရံ၊ နာဂေါ စ နာဂေါ စ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂံ စ နာဂံ စ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ စ နာဂေါ အယံ စ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏံ အဿ စ အဿ စ ပတ္တစီဝရံ၊ နာဂေါ စ နာဂေါ စ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံဃော နာဂံ စ နာဂံ စ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဿာယသ္မတော ခမတိ နာဂဿ စ နာဂဿ စ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ သော ဘာသေယျ။ ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ သော ဘာသေယျ။

ဥပသမ္ပန္နော သံဃေန နာဂေါ စ နာဂေါ စ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝ မေတံ ဓာရယာမိ။ ။

တိပိဋကဓရမူ၌ "ပရိပုဏ္ဏဿ စ အဿ စ" ဟု ရှိ၏။

တေန ခေါ ပန သမယေန အာယသ္မာ စ အနုရုဒ္ဓေါ အာယသ္မာ စ နန္ဒိယော အာယသ္မာ စ ကိမိလော ပါစီနဝံသဒါယေ ဝိဟရန္တိ။ (ဝိ၊ ၃၊ ၄၉၇။)

အထ ခေါ ဘဒ္ဒိယော စ သကျရာဇာ အနုရုဒ္ဓေါ စ အာနန္ဒော စ ဘဂု စ ကိမိလော စ ဒေဝဒတ္တော စ ဥပါလိကပ္ပကေန သတ္တမာ.....စတုရင်္ဂိနိယာ သေနာယ နိယျိံသု။ (ဝိ၊ ၄၊ ၃၃၈။)

တို့ကို ထောက်၍.......

(၄) သုဏာတု မေ ဘန္တေ သံဃော၊ အယံ စ နာဂေါ အယံ စ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ၊ပရိပုဏ္ဏံမေသံ ပတ္တစီဝရံ၊ နာဂေါ စ နာဂေါ စ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂံ စ နာဂံ စ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ စ နာဂေါ အယံ စ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏံမေသံ ပတ္တစီဝရံ၊ နာဂေါ စ နာဂေါ စ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံဃော နာဂံ စ နာဂံ စ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဿာယသ္မတော ခမတိ နာဂဿ စ နာဂဿ စ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ သော ဘာသေယျ။ ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ သော ဘာသေယျ။

ဥပသမ္ပန္နာ သံဃေန နာဂေါ စ နာဂေါ စ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝ မေတံ ဓာရယာမိ။ ။

အယဉ္စ ဝိတက္ကော အယဉ္စ ဝိစာရော သန္တာ ဟောန္တိ သမိတာ ဝူပသန္တာ။ (အဘိ၊ ၂၊ ဝိဘင်း၊ ၂၆၇။)

ကို ထောက်၍..........

(၅) သုဏာတု မေ ဘန္တေ သံဃော၊ အယဉ္စ နာဂေါ အယဉ္စ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏမေသံ ပတ္တစီဝရံ၊ နာဂေါ စ နာဂေါ စ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂဉ္စ နာဂဉ္စ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယဉ္စ နာဂေါ အယဉ္စ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏမေသံ ပတ္တစီဝရံ၊ နာဂေါ စ နာဂေါ စ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံဃော နာဂဉ္စ နာဂဉ္စ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဿာယသ္မတော ခမတိ နာဂဿ စ နာဂဿ စ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ သော ဘာသေယျ။ ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ သော ဘာသေယျ။

ဥပသမ္ပန္နာ သံဃေန နာဂေါ စ နာဂေါ စ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝ မေတံ၊ ဓာရယာမိ။ ။

ဣမေ အဿဇိပုနဗ္ဗသုကာ ဘိက္ခူ ကုလဒူသကာ ပါပသမာစာရာ၊ ဣမေသံ ပါပကာ သမာစာရာ ဒိဿန္တိ စေဝ သုယျန္တိ စ၊

..အဿဇိပုနဗ္ဗသုကာနံ ဘိက္ခူနံ.. (ဝိ၊ ၁၊ ၂၇၉။)

ဣမေ ပဏ္ဍုကလောဟိတကာ ဘိက္ခူ အတ္တနာ ဘဏ္ဍနကာရကာ ကလဟကာရကာ ဝိဝါဒကာရကာ ဘဿကာရကာ....

ပဏ္ဍုကလောဟိတကာနံ ဘိက္ခူနံ... (ဝိ၊ ၄၊ တဇ္ဇနီယကမ္မ၊ ၃။)

တို့ကို ထောက်၍.......

(၆) သုဏာတု မေ ဘန္တေ သံဃော၊ ဣမေ နာဂဒတ္တာ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏမေသံ ပတ္တစီဝရံ၊ နာဂဒတ္တာ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂဒတ္တေ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ဣမေ နာဂဒတ္တာ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏမေသံ ပတ္တစီဝရံ၊ နာဂဒတ္တာ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံဃော နာဂဒတ္တေ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဿာယသ္မတော ခမတိ နာဂဒတ္တာနံ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ သော ဘာသေယျ။ ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ သော ဘာသေယျ။

ဥပသမ္ပန္နာ သံဃေန နာဂဒတ္တာ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။။

"အဿဇိပုနဗ္ဗသုကာ ဘိက္ခူ..အဿဇိပုနဗ္ဗသုကာနံ ဘိက္ခူနံ...ပဏ္ဍုကလောဟိတကာ ဘိက္ခူ..ပဏ္ဍုကလောဟိတကာနံ ဘိက္ခူနံ"တို့ကို ထောက်လျှင်..."နာဂဒတ္တာ သာမဏေရာ..နာဂဒတ္တေ သာမဏေရေ..နာဂဒတ္တာနံ သာမဏေရာနံ"တို့လည်း ဖြစ်သင့်၏။ တိပိဋကရေမှူ၌ ပရိပုဏ္ဏ တေသံ ဟု ရှိသည်။

(၇) သုဏာတု မေ ဘန္တေ သံဃော၊ ဣမေ နာဂါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏမေသံ ပတ္တစီဝရံ၊ နာဂါ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂေ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ဣမေ နာဂါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါ အန္တရာယိကေဟိ

ဓမ္မေဟိ၊ ပရိပုဏ္ဏံမေသံ ပတ္တစီဝရံ၊ နာဂါ သံဃံ ဥပသမ္ပဒံ ယာစတ္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံဃော နာဂေ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဿာယသ္မတော ခမတိ နာဂါနံ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ သော ဘာသေယျ။ ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ သော ဘာသေယျ။

ဥပသမ္ပန္နာ သံဃေန နာဂါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

ဤနည်းကား...အဋ္ဌကထာနည်းတည်း။ အနက်အားလျော်စွာ ကေဝုစ်ကို ဗဟုဝုစ်ပြင်ရုံမျှဖြင့် ပါဠိတော်နှင့်မညီ ဟု မဆိုထိုက်၍ အသင့်ပင်မှတ်၊ ဤသို့ အနက်အားလျော်စွာ ကေဝုစ်ကို ဗဟုဝုစ် ပြင်ဆင်ရွတ်ဖတ်စေခြင်းသည် မာဂဓပါဠိဘာသာဟောပြခြင်း ဓမ္မတာ ပင်တည်း။ ရဟန်းလောင်းတစ်ပါး၌ တိုက်ရိုက်ခွင့်ပြုအပ်သော ကေဝုစ်ကမ္မဝါစာဖြင့် နှစ်ပါး သုံးပါးသော ရဟန်းလောင်းတို့၌လည်း အနက်အားလျော်စွာ ယင်းကမ္မဝါစာ ဗဟုဝုစ်အဖြစ်ကို အဝုတ္တသိဒ္ဓိနည်းဖြင့် ပြီးစေတော်မူ၏၊ ပါဠ္ဗာနုလောမနည်းပင်ဖြစ်၏။

အထူးသဖြင့် လိုက်နာရန်မှာ ဒွန်းနည်းအရ 'စ'ပုဒ်သည် ဂုဏ်နောင် ထိုင်ရမည်, ဒြဗ်နောင် ထိုင်ရမည် ဟု အငြင်းပွားစရာ မလိုပါ။ ကိုးကားထားသော ပါဠိ, အဋ္ဌကထာ, ဋီကာများကို ကြည့်ရှုပါက သိသာနိုင်ပါသည်၊ အကယ်၍ တစ်စွန်းရောက် ငြင်းခုံပါက ထိုပါဠိ, အဋ္ဌကထာ, ဋီကာများကို ပစ်ပယ်ရာ ရောက်လိမ့်မည်။

ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ကုသလေ ခန္ဓေ စ မဟာဘူတေ စ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ။ (အဘိ၊ ၇၊ ပဋ္ဌာန၊ ၁၊ ၂၀။)

တွဉ္စ ဘဒ္ဒေ သုဇီ ဟောဟိ၊ ဧသော စာပိ မဟာမိဂေါ။ (ဇာတက၊ ၁၊ သုဝဏ္ဏမိဂ၊ ၁၂၆။)

ပရိပုဏ္ဏဿ ပတ္တစီဝရံ...၌

ပရိပုဏ္ဏံ ဧတေသံ ပတ္တစီဝရံ ဟူ၍၎င်း,

ပရိပုဏ္ဏံ အဿ စ အဿ စ ပတ္တစီဝရံ ဟူ၍၎င်း,

ပရိပုဏ္ဏဿ စ အဿ စ ပတ္တစီဝရံ· ဟူ၍၎င်း ဖတ်ရွတ်သင့်၏။

မဟာဓမ္မိကာရာမတိုက် စလင်းဆရာတော်ကား အဿ ၌ တ-သဒ္ဒါသည် လွန်ပြီးသော ရဟန်းလောင်း(၃)ယောက်ကို စွဲနိုင်ဟောနိုင်ရကား ပရိပုဏ္ဏဿ ဟု အဿသဒ္ဒါတစ်ချက်တည်းနှင့် ဖတ်သော်လည်း သင့်လျော်၏ ဟု အမိန့်ရှိသည်။ (တိပေဋကဝိနိစ္ဆယကျမ်း၊ ၃၊ ၄၄၉။)

ကမ္မဝါအသက် ကြောင်းနှစ်ချက်

ကမ္မဝါစာကို တိုက်ရိုက် မဟောထားခဲ့သောအရာ၌ ကံ(၄)ပါးအား လျော်စွာ...

(၁) မာဂဓဘာသာ ဖတ်ရွတ်နည်းဖြင့် ဖတ်ရွတ်သည်ဖြစ်စေ၊

(၂) လိုအပ်သော အနက်အဓိပ္ပါယ်ပါရှိသည်ဖြစ်စေ၊

ဤအကြောင်းနှစ်ပါးစုံလျှင် ကမ္မဝါစာသမ္ပတ္တိ ပြည့်စုံ၍ ကံပြီးမြောက်သည်ကို သိအပ်သောကြောင့်တည်း။

(တိပေဋကဝိနိစ္ဆယကျမ်း၊ ၃၊ ၄၄၆။)

ဘာသာဋီကာဆရာတော်၏ အဆိုအမိန့်...

ဒွေ တယော ဧကာနုဿာဝနေ ကာတုံ၊တဉ္စ ခေါ ဧကေန ဥပဇ္ဈာယေနာတိ ဒွေ ဝါ တယော ဝါ ဇနေ ပုရိမနယေနေဝ ဧကတော အနုဿာဝနေ ကာတုံ အနုဇာနာမိ၊ တဉ္စ ခေါ အနုဿာဝနကိရိယံ ဧကေန ဥပဇ္ဈာယေန အနုဇာနာမီတိ အတ္ထော။

(ဝိ၊ ဋ္ဌ၊ ၃၊ ၃၁၅။)

"ဒွေ ဝါ တယော ဝါ သာမဏေရေ"ဟု မဆိုဘဲ "ဇနေ"ဟု ဆိုသောကြောင့် "ရဟန်းလောင်းများအတွက် သာမဏေ ဖြစ်-မဖြစ်ကို စိစစ်ဖွယ်မလို"ဟု သိသာ၏။ (ဝိနည်းမဟာဝါဘာသာဋီကာ၊ ပဋ္ဌမ၊ ၂၆၈။)

သို့သော် စောဒနာစရာကား...တေ ဇနာ အပိသုဏာ'ထ-၌ ဘုရားရှင်များကိုပင် ဇနသဒ္ဒါဖြင့် ဟောထားပါသည်။

## ရှိးရှိးကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏ'ဿ ပတ္တစီဝရံ၊ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ ကလ္လံ၊ သံဃော နာဂံ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏ'ဿ ပတ္တစီဝရံ၊ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံဃော နာဂံ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဿာယသ္မတော ခမတိ နာဂဿ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ သော ဘာသေယျ။ ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ သော ဘာသေယျ။

ဥပသမ္ပန္နော သံဃေန နာဂေါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

(ဝိ၊ ၃၊ ၁၃၂-၁၃၃။)

### ဝိသဇ္ဇနီသံနှင့် မဖတ်သင့်

ဘန္တေ ၌ ဘန်ကိုရွတ်သောအခါ ဘန်း-ဟု ဝိသဇ္ဇနီသံမပါစေမူ၍ ဘ ၏အထက်နှုတ်ခမ်း အောက်နှုတ်ခမ်းနှစ်ဖက်တွင် တစ်ဖက်ဖက်-ဟု ဆိုအပ်သော သြဋ္ဌဌာန်တစ်ခုကို ဌာန်ယူလျှင် တစ်ခုကို ကရိုဏ်းယူရသော သကဋ္ဌာန+ကရိုဏ်း-ဟု ဆိုအပ်သော သြဋ္ဌကရိုဏ်း ဖုဋ္ဌပယတ် ဓနိတ ဝိမုတ္တ ဒီဃဂရု ဝဝတ္ထိတတွင် ပါဝင်၏၊ တေ-ကို ရွတ်သောအခါ ဒန္တဌာန် ဇိဝှါဂ္ဂကရိုဏ်း ဖုဋ္ဌပယတ် သိထိလ ဝိမုတ္တ ဒီဃဂရု ဝဝတ္ထိတတွင် ပါဝင်၏၊ ဤသို့ ဌာန်ကရိုဏ်းပယတ်ဗျဉ္ဇနဗုဒ္ဓိတို့ကို အတတ်သိ၍ ရွတ်ရမည်။ ဘန်းတေ ဟု ဝိသဇ္ဇနီသံနှင့်ရွတ်လျှင် ကံပျက်၏ဟု ရှေးက ဆရာတော်ကြီး အဆက်ဆက်တို့အယူတော်ရှိကြ၏၊ တွံတေးဂိုဏ်းအုပ်ဆရာတော် ဦးနာဂလည်း ပရိတ်ကြီးနိဿယ(နိဒါန်း စာမျက်နှာ ၅)၌ ဝိသဇ္ဇနီသံပါလျှင် ကံပျက်ကြောင်း မိန့်ခဲ့၏။

### ဥပသမ္ပန္နမှ ဥပစမ်း→ဥပစင်း→ဦးပဇ္ဇင်း

ဥပသမ္ပန္နောကို သီဟိုဠ်သံဖြင့် "ဥပစမ်း"ဟု ပြန်၍၊ မြန်မာက "ဥပစင်း"ဟု ခေါ်ရာမှ "ဦးပဇ္ဇင်း"ဟု ပြောင်းလွဲလာသည်၊ တ ချို့က-ဝတ္ထု၊ ဉတ္တိ၊အနုဿာဝန၊သီမာ၊ ပရိသတ်၏ပြည့်စုံ ခြင်း ငါးမျိုးကို ရည်ရွယ်၍ "ပဉ္စ အင်္ဂါနိ ယဿာတိ ပဉ္စင်္ဂေါ၊ ဥတ္တမော ပဉ္စင်္ဂေါ"ဟု ဝိဂ္ဂဟပြု၍ "ဦးပဇ္ဇင်း"ဟု ခေါ်ကြောင်း ကြံကြံ ဖန်ဖန် ပြောကြသေး၏။ (ကမ္မဝါဘာသာဋီကာ၊ ၁၂၀။)

## ပတ္တကလ္လအင်္ဂါ၅-ပါး

(၁)ဝတ္ထု(ရဟန်းလောင်း)၏ပြည့်စုံခြင်း၊
(၂)ရဟန်းလောင်း၏ရဟန်းဖြစ်ခြင်း၏အန္တရာယ်, သံဃာအား အာပတ်သင့်ခြင်း၏အန္တရာယ်တို့မှ စင်ကြယ်ခြင်း၊
(၃)သိမ်၏ပြည့်စုံခြင်း၊
(၄)ပရိသတ်၏ပြည့်စုံခြင်း၊
(၅)ပုဗ္ဗကိစ္စများကို စိစစ်ပြီးခြင်း=ဤငါးပါးတည်း။

တံ ပနေတံ ပတ္တကလ္လံ (၁)ဝတ္ထုသမ္ပဒါ,
(၂)အန္တရာယိကေဟိ ဓမ္မေဟိ စဿ ပရိသုဒ္ဓတာ,
(၃)သီမသမ္ပဒါ,
(၄)ပရိသသမ္ပဒါ,
(၅)ပုဗ္ဗကိစ္စနိဋ္ဌာပနန္တိ ဣမေဟိ ပဉ္စဟိ အင်္ဂေဟိ သင်္ဂဟိတံ။ (ဝိမတိ၊ ၂၊ ၁၃၅။)

(၁) ဝတ္ထုသမ္ပဒါဟူသည် အဘဗ္ဗပုဂ္ဂိုလ် ၁၁ ကျိပ်တယောက်နှင့်ပါရာဇိကကျသူတို့မှတပါး အသက်နှစ်ဆယ်ပြည့်၍ ရဟန်းမဟုတ်သေးပဲ လူသားယောကျ်ားစင်စစ်ဖြစ်သော ပုဂ္ဂိုလ်ပင်တည်း။

ပတ္တကလ္လအင်္ဂါ၅-ပါး

တတ္ထ ဝတ္ထုသမ္ပဒါ နာမ ယထာဝုတ္တေဟိ ကောဒသဟိ အဘဗ္ဗပုဂ္ဂလေဟိ စေဝ အန္တိမဝတ္ထုအဇ္ဈာပန္နေဟိ စ အညော ပရိပုဏ္ဏဝီသတိဝဿော အနုပသမ္ပန္နော မနုဿပုရိသော၊ တေသ္မိံ ပုဂ္ဂလေ သတိ ဧဝ ဣဒံ သံဃဿ ဥပသမ္ပဒါကမ္မံ ပတ္တကလ္လံ နာမ ဟောတိ၊ နာသတိ။ ကတဉ္စ ကုပ္ပမေဝ ဟောတိ။ (ဝိမတိ၊ ၂၊ ၁၃၅။)

(၂) အန္တရာယိကဓမ္မတို့မှ စင်ကြယ်ခြင်း ဟူသည် အနာကြီး၅-မျိုးမှအစ မိဘတို့ခွင့်မပြုခြင်းအဆုံးရှိသော ရဟန်းဖြစ်ခြင်းနှင့်ကာရကသံဃာအား အာပတ်သင့်ခြင်း၏အန္တရာယ်တို့မှ ကင်းစင်ခြင်းပင်တည်း။

အန္တရာယိကေဟိ ဓမ္မေဟိ စဿ ပရိသုဒ္ဓတာ နာမ ယထာဝုတ္တဿေဝ ဥပသမ္ပဒါဝတ္ထုဘူတဿ ပုဂ္ဂလဿ ယေ ဣမေ ဘဂဝတာ ပဋိက္ခိတ္တာ ပဉ္စာဗာဓဖုဋ္ဌတာဒယော မာတာပိတူဟိ အနနုညာတတာပရိယောသာနာစေဝ ဟတ္ထစ္ဆိန္နတာဒယော စ ဒေါသဓမ္မာ ကာရကသံဃဿ အာပတ္တာဒိအန္တရာယဟေတုတာယ "အန္တရာယိကာ"တိ ဝုစ္စန္တိ တေဟိ အန္တရာယိကေဟိ ဒေါသဓမ္မေဟိ ပရိမုတ္တတ္တာ၊ ဣမိဿာ စ သတိဧဝ ဣဒံ ကမ္မံ ပတ္တကလ္လံ နာမ ဟောတိ၊ နာသတိ။ ကတံ ပန ကမ္မံ သုကတမေဝ ဟောတိ ဌပေတွာ ဦနဝီသတိဝဿပုဂ္ဂလံ။ (ဝိမတိ၊ ၂၊ ၁၃၅။)

(၃) သီမာသမ္ပဒါ ဟူသည် ဥပေါသထက္ခန္ဓကဌ် လာရှိသော အပြစ်ဒေါသများမှ ကင်းလွတ်သော (က) ဗဒ္ဓသိမ်, (ခ) အဗဒ္ဓသိမ်၏ ပြည့်စုံခြင်းပင်တည်း။

သီမာသမ္ပဒါ ပန ဥပေါသထက္ခန္ဓကေ(ဝိ၊ ၃၊ ၁၅၀) ဝက္ခမာနနယေန သဗ္ဗဒေါသဝိရဟိတာယ ဗဒ္ဓါဗဒ္ဓဝသေန ဒုဝိဓာယ သီမာယ ဝသေနေဝ ဝေဒိတဗ္ဗော။ တာဒိသာယ ဟိ သီမာယ သတိ ဧဝ ဣဒံ ကမ္မံ ပတ္တကလ္လံ နာမ ဟောတိ၊ နာသတိ။ ကတဉ္စ ကမ္မံ ဝိပဇ္ဇတိ။ (ဝိမတိ၊ ၂၊ ၁၃၆။)

(၄) ပရိသသမ္ပဒါ ဟူသည် ဥပသမ္ပဒါကံအားလျောက်ပတ်သော ရဟန်းတို့သည် အယုတ်ဆုံးအားဖြင့် မဇ္ဈိမဒေသဌ် ဆယ်ပါး,ကျန်ဒေသများဌ် ငါးပါးရှိရပြီး ထိုရဟန်းတို့သည် ပါရာဇိကကျသူမဟုတ်ကြပဲ တူမျှသော ပေါင်းသင်းဆက်ဆံမှုရှိကြလျက် တစ်သိမ်တည်းဌ်ဟတ္ထပါသ်ကို မစွန့်ခြင်း, ဆန္ဒဆောင်ထိုက်သော ရဟန်းတို့၏ဆန္ဒကို ဆောင်ခြင်း, မျက်မှောက်ရှိရဟန်း တို့၏ တားမြစ်မှု မရှိခြင်း, သံဃာ၏ ဟတ္ထပါသ်၏အတွင်းဌ် ရဟန်းလောင်းမှတပါး လူအစရှိသော ဝဇ္ဇနီယပုဂ္ဂိုလ်တို့ မရှိခြင်းတို့ပင်တည်း။ ပရိသတ်အပြစ် အင်္ဂါလေးမျိုးတွင် ရှေ့သုံးမျိုးကြောင့်သာ ကံပျက်၏၊ နောက်ဆုံးအင်္ဂါကြောင့် ကံမပျက်ပါ။

ပရိသသမ္ပဒါ ပန ယေ ဣမေ ဥပသမ္ပဒါကမ္မဿ သဗ္ဗန္တိမေန ပရိစ္ဆေဒေန ကမ္မပတ္တာ ဒသဟိ ဝါ ပဉ္စဟိ ဝါ အနူနာ ပါရာဇိကံ အနာပန္နာ, အနုက္ခိတ္တာ စ သမာနသံဝါသကာ ဘိက္ခူ၊ တေသံ ဧကသီမာယံ ဟတ္ထပါသံ အဝိဇဟိတွာ ဌာနံ, ဆန္ဒာရဟာနဉ္စ ဆန္ဒဿ အာနယနံ, သမ္မုခီဘူတာနဉ္စ အပ္ပဋိက္ကောသနံ, ဥပသမ္ပဒါပေက္ခဝဇ္ဇိတာနံ ဥပေါသထက္ခန္ဓကေ ပဋိက္ခိတ္တာနံ ဂဟဋ္ဌာဒိအနုပသမ္ပန္နာနဉ္စေဝ ပါရာဇိကုက္ခိတ္တကနာနာသံဝါသကဘိက္ခုနီနဉ္စ ဝဇ္ဇနီယပုဂ္ဂလာနံ သံဃဿ ဟတ္ထပါသေ အဘာဝေါ စာတိ ဣမေဟိ စတူဟိ အင်္ဂေဟိ သင်္ဂဟိတာ။ ဧဝရူပါယ စ ပရိသသမ္ပဒါယ သတိ ဧဝ ဣဒံ ပတ္တကလ္လံ နာမ ဟောတိ၊ နာသတိ။ တတ္ထ ပုရိမာနံ တိဏ္ဏံ အင်္ဂါနံ အညတရဿပိ အဘာဝေ ကတံ ကမ္မံ ဝိပဇ္ဇတိ၊ န ပစ္ဆိမဿ။ (ဝိမတိ၊ ၂၊ ၁၃၆။)

(၅) ပုဗ္ဗကိစ္စနိဋ္ဌာပန ဟူသည် "ဥပဇ္ဈာယ်ကို ယူစေခြင်း"အစရှိသော ပုဗ္ဗကိစ္စ ၈ ပါးကို မေးမြန်းစိစစ်ပင်တည်း။ ဤပုဗ္ဗကိစ္စတို့ကို မမေးမြန်း မစိစစ်ပဲလည်း ဝတ္ထုသမ္ပတ္တိစသည်တို့ ထင်ရှားရှိနေလျှင်ပင် ကံမြောက်တော့၏။

ပုဗ္ဗကိစ္စနိဋ္ဌာပနံ နာမ ယာနိမာနိ " ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော "တိ အာဒိနာ ပါဠိယံ ဝုတ္တာနိ "ဥပဇ္ဈံ ဂါဟာပနံ,။ ပ။ သမ္မတေန စ ပုစ္ဆန"န္တိ ဣမာနိ အဋ္ဌ ပုဗ္ဗကိစ္စာနိ၊ တေသံ သဗ္ဗေသံ ယာထာဝတော ကရဏေန နိဋ္ဌာပနံ။ တေသ္မိဉ္စ ပုဗ္ဗကမ္မနိဋ္ဌာပနေ သတိဧဝ ဣဒံ သံဃဿ ဥပသမ္ပဒါကမ္မံ ပတ္တကလ္လံ နာမ ဟောတိ၊ နာသတိ။ တေသု ပန ပုဗ္ဗကမ္မေသု အကတေသုပိ ကတံ ကမ္မံ ယထာဝုတ္တဝတ္ထုသမ္ပတ္တိအာဒီသု ဝိဇ္ဇမာနေသု အကုပ္ပမေဝ ဟောတိ။ တဒေဝမေတ္ထ ပတ္တကလ္လံ ဣမေဟိ ပဉ္စဟိ အင်္ဂေဟိ သင်္ဂဟိတန္တိ ဝေဒိတဗ္ဗံ။ (ဝိမတိ၊ ၂၊ ၁၃၆။)

ဣတ္ထန္နာမံ ဥပသမ္ပာဒေယျ ဟု ဆိုရခြင်း၌ မှတ်သားဖွယ် (ဝိမတိ၊ ၂၊ ၁၃၇။)

ဤဝတ္ထုသမ္ပဒါစသည်နှင့်ပြည့်စုံသူကို ရဟန်းပြုရာ၏, ပြုလော့ဟု တောင့်တခြင်း,စီရင်ခြင်းအနက်ကိုရည်ညွှန်းလျက် ဆိုသည်။

ဣတ္ထန္နာမံ ဥပသမ္ပာဒေယျာတိ ဥပသမ္ပဒါနိပ္ဖါဒနေန တံ သမင်္ဂီ ကရေယျ ကရောတူတိ ပတ္ထနာယံ, ဝိဓိမှိ ဝါ ဣဒံ ဒဋ္ဌဗ္ဗံ။

"ဣတ္ထန္နာမဿ ဥပသမ္ပဒံ ဒဒေယျ"ဟု မဆိုပဲ "ဣတ္ထန္နာမံ ဥပသမ္ပာဒေယျ"ဟု ဆိုရခြင်း၌ မှတ်သားဖွယ်

ဤဥပသမ္ပဒကံကို ဒါနအရာ၌ မရေတွက်ပဲ(မသွင်းပဲ) ကမ္မလက္ခဏာ(ကံအမှတ်အသား)အနေဖြင့်သာ ရေတွက်သည်ဟု မှတ်ပါ။

"ဣတ္ထန္နာမဿ ဥပသမ္ပဒံ ဒဒေယျာ"တိ အဝတ္វာ "ဣတ္ထန္နာမံ ဥပသမ္ပာဒေယျာ"တိ ဝုတ္တတ္တာ ဣဒံ ဥပသမ္ပဒကမ္မံ ဒါနေ အသင်္ဂဟေတွာ ကမ္မလက္ခဏေ ဧဝ သင်္ဂဟိတန္တိ ဒဋ္ဌဗ္ဗံ။ (ဝိမတိ၊ ၂၊ ၁၃၇။)

သော ဉတ္တိ၌ မှတ်သားဖွယ် (ဝိမတိ၊ ၂၊ ၁၃၇။)

"သော ဉတ္တိ"ကို ဉတ္တိဒုတိယကံစသည်၌ မချွတ်မယွင်း ရွတ်ဆိုရမည်၊ ဉတ္တိကံ၌တော့ ရွတ်ဆိုဖွယ်မလို၊ "ယျ"အက္ခရာကို ရွတ်ဆိုပြီးကာမျှ၌ ဉတ္တိကံပြီးတော့၏။

သော ဉတ္တီတိ "သံဃော ဉာပေတဗ္ဗော"တိ ဝုတ္တဉာပနာ သော။ ဣဒဥ္စ အနုဿာဝနာနမ္ပိ သဗ္ဗာဝသူစနတ္ထံ ဝုစ္စတိ။ အဝဿံ ဆုတံ ဝတ္တဗ္ဗမေဝ၊ ဉတ္တိကမ္မေ ဧဝ တံ န ဝတ္တဗ္ဗံ။ တတ္ထ ပန ယျ-ကာရေ ဝုတ္တမတ္တေ ဧဝ ဉတ္တိကမ္မံ နိဋ္ဌိတံ ဟောတီတိ ဒဋ္ဌဗ္ဗံ။

တုဏှီသည် စကားမဆိုခြင်းအနက်၌ နိပါတ်ပုဒ်တည်း။

တုဏှီတိ စ အကထနတ္ထေ နိပါတော၊ အကထနကော အဿ ဘဝေယျာတိ အတ္ထော။ ခမတိ သံဃဿ ဣတ္ထန္နာမဿ ဥပသမ္ပဒါတိ ပကတေန သမ္ဗန္ဓော။ တတ္ထ ကာရဏမာဟ"တသ္မာ တုဏှီ"တိ။ တတ္ထ "အာသိ"တိ သေသော။ (ဝိမတိ၊ ၂၊ ၁၃၇။)

(ဤ၌ ပကတ-သဒ္ဒါသည် ဆိုဆဲအားထုတ်ဆဲလိုက်လာဆဲ ဟူသော"အဓိကတ"သဒ္ဒါ၏အနက်နှင့်တူ၏။)

မောန မဘာသနံ တုဏှီ (အဘိဓာန်၊ ၄၂၉။) နိပါတ်ပင်။

## သော ဘာသေယျ- ရွတ်ဖတ်ဟန်များ

ရွှေကျင်ဆရာတော်က လုံးတင်သံဖြင့်၄င်း, ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်က စသတ်သံဖြင့်၄င်း, ချောင်းဦးဆရာတော်က ညသတ်သံဖြင့်၄င်း, စိတြာရာမဆရာတော်နှင့် ဆရာတော်ဦးဗုဓ်တို့က အောက်မြစ်သံဖြင့်၄င်း ရွတ်ဖတ်တော်မူကြကြောင်းကို မိမိ၏ ကျေးဇူးရှင်သိက္ခာဝါတော် (၇၀)ရှိတော်မူသော ကျောက္ကာ မဟာဗောဓိဆရာတော်ဘုရားကြီးသည် ဥပသမ္ပဒကံဆောင်တိုင်း အောက်ပါလင်္ကာကို ရွတ်ကာမိန့်တော်မူလေ့ရှိပါသည်။ (ကမ္မာကမ္မ-နိဒါန်း၊ ဓ-ချ။)

၁။လုံးတင်, စသတ်၊ ညသတ်, အောက်မြစ်၊ ရွတ်ပုံလှစ်၊ မိန့်လစ် ဆရာတော်။

၂။လုံးတင်ရွှေကျင်၊ ခင်မွန်စသတ်၊ ညသတ်ချောင်းဦး၊ အထူးမိန့်ထုတ်၊ အောက်မြစ်ဟုတ်၊ စိတ်,ဗုဓ်ဆရာတော်။

| | |
|---|---|
| သော ဘာသိယျ | ရွှေကျင်ဆရာတော် |
| သော ဘာသစ်ယျ | ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော် |
| သော ဘာသည်ယျ | ချောင်းဦးဆရာတော် |
| သော ဘာသေ့ယျ | စိသတာရာမဆရာတော်နှင့် ဆရာတော်ဦးဗုဓ် |

တုဏှိ, တုဏှီ မည်သို့ ဖတ်ရွတ်သင့်သနည်း?

ကမ္မဝါစာ ဖတ်ရွတ်ရာ၌ တုဏှိ-ဟူ၍ ရဿနှင့်၄င်း, တုဏှီ-ဟူ၍ ဒီဃနှင့်၄င်း ဖတ်ရွတ်ကြရာတွင် တုဏှိ ဟု ရဿနှင့်ဖတ်ရွတ်ခြင်းသည် "နိဂ္ဂဟိတကို ဝိမုတ္တ, ဝိမုတ္တကို နိဂ္ဂဟိတ, သိထိလကို ဓနိတ, ဓနိတကို သိထိလ"ဟု ဖတ်ရွတ်သော ကံပျက်ခြင်း အင်္ဂါလေးပါးသို့ မပါမဝင်၍ ကံကား မပျက်၊ ဒုရုတ္တာရဏ ဒုက္ကဋ်အာပတ်သင့်သည်၊ တုဏှီ ဟု ဒီဃနှင့် ဖတ်ရွတ်ခြင်းကား ဒီဃေ ဝတ္တဗ္ဗေ ရဿန္တိ"သော တုဏှီ အဿာ"တိ ဝတ္တဗ္ဗေ သော တုဏှိ အဿာတိ ဝစနံ (ဝဇိရဗုဒ္ဓိဋီကာ ၊ ၅၇၉)နှင့် ညီညွတ်သည်၊ ထို့ကြောင့် တုဏှီ ဟု ဒီဃနှင့် ဖတ်ရွတ်ခြင်းသာ သင့်လျော်မှန်ကန်သည်။ (ဝိနယသမုဟဝိနိစ္ဆယကျမ်း၊ ပ၊ ၅၀၃။)

ကမ္မဝါစာနိဂုံး ဖတ်ရွတ်ထုံး

ကမ္မဝါစာနိဂုံးကို သုံးခေါက်ဖတ်ရွတ်ခြင်းသည် ရှေးဆရာတို့၏အလေ့အလာမျှသာဖြစ်သည်၊ ပါဠိ,အဋ္ဌကထာ,ဋီကာတို့၌မရှိမလာကြောင်း ဗန်မော်ဆရာတော်အဆုံးအဖြတ်(ဝိနယသမုဟဝိနိစ္ဆယ၊ ပ၊ ၂၉၂)၌၄င်း, ယင်းကျမ်း တုဏှိ, တုဏှီဝိဝါဒမှတ်ချက်၌

"သုံးခေါက်ဖတ်ရွတ်ခြင်းကား အဋ္ဌကထာ၊ဋီကာမရှိ၍ အပိုအမိုသာ၊ တခေါက်နှင့်ပင် ပြီးကောင်း၏ -ဟု (ဝိနယသမုဟဝိနိစ္ဆယ၊ ပ၊ ၅၀၃)၌၄င်း ပါရှိသည်။

ကမ္မဝါစာနိဂုံး ဉတ္တိ သဒ္ဒါ သတိထား(ထည့်မရွတ်ဖတ်ရ)

ဉတ္တိ သဒ္ဒေါ ပရိသမာပနတ္ထေ ကတော၊ သော စ ကမ္မဝါစာယ အနင်္ဂ။ တသ္မာ အနုဿာဝကေန "ဓာရယာမိ"တိ ဧတ္ထ မိ ကာရပရိယောသာနမေဝ ဝတွာ နိဋ္ဌာပေတဗ္ဗံ၊ ဉတ္တိ သဒ္ဒေါ န ပယုဉ္ဇိတဗ္ဗောတိ ဒဋ္ဌဗ္ဗံ။ (ဝိမတိ၊ ၂၊ ၁၃၇ ၁၃၈။)

အရိပ်တိုင်းရာ၌ သိမှတ်ဖွယ်

ခြောက်ဖဝါးခုနှစ်ဖဝါးအတိုင်းအတာရှိသောအရိပ်ကို "ပေါရိသ=တစ်သူ(လက်တစ်ဖောင်)ခေါ်၏။

ဆာယာ မေတဗ္ဗာတိ ဧကပေါရိသာ ဝါ ဒွိပေါရိသာ ဝါတိ ဆာယာ မေတဗ္ဗာ။ (ဝိ၊ ၄၊ ၃၊ ၃၁၆။)

ဧကပေါရိသာ ဝါတိအာဒိ သတ္တာနံ သရီရစ္ဆာယံ ပါဒေဟိ မိနိတွာ ဇာနနပ္ပကာရဒဿနံ။ ဆသတ္တပဒပရမတာ ဟိ ဆာယာ "ပေါရိသာ"တိ ဝုစ္စတိ။ (ဝိမတိ၊ ၂၊ ၁၃၈။)

ဥတု ၃ ပါးနှင့် နေ့အဖို့တို့ကို ပြောကြားခြင်း

ဥတုပ္ပမာဏံ အာစိက္ခိတဗ္ဗန္တိ "ဝဿာနော ဟေမန္တော ဂိမှော"တိ ဧဝံ ဥတုပ္ပမာဏံ အာစိက္ခိတဗ္ဗံ။ ဧတ္ထ စ ဥတုယေဝ ဥတုပ္ပမာဏံ။ (ဝိ၊ ၄၊ ၃၊ ၃၁၆။)

အကယ်၍ ဝဿာနစသော ဥတုများ မပြည့်စုံသေးလျှင် နေ့အဖို့ကို ပြောကြားပါတဲ့။ တနည်းအားဖြင့် ယင်းဥတုသည် ပြည့်သည်ဖြစ်စေ၊ မပြည့်သည်ဖြစ်စေ ဥတုကိုလည်း ပြောကြားပါ၊ "နံနက်ချမ်း၊ ညနေချမ်း"ဟူ၍ နေ့အဖို့ကိုလည်း ပြောကြားပါတဲ့။

သစေ ဝဿာနာဒယော အပရိပုဏ္ဏာ ဟောန္တိ၊ ယတ္တကေဟိ ဒိဝသေဟိ ယဿ ယော ဥတု အပရိပုဏ္ဏော။ တေ ဒိဝသေ သလ္လက္ခေတွာ သော ဒိဝသဘာဂေါ အာစိက္ခိတဗ္ဗော။ အထ ဝါ အယံ နာမ ဥတု၊ သော စ ခေါ ပရိပုဏ္ဏော ဝါ အပရိပုဏ္ဏောဝါတိ ဧဝံ ဥတုပ္ပမာဏံ အာစိက္ခိတဗ္ဗံ။ "ပုဗ္ဗဏှော ဝါ သာယန္ဟော ဝါ"တိ ဧဝံ ဒိဝသဘာဂေါ အာစိက္ခိတဗ္ဗော။ (ဝိ၊ ၄၊ ၃၊ ၃၁၆။)

ယဒိ ဥတုဝေမဇ္ဈေ ဥတုသမ္မာဒိတော၊ တဒါ တသ္မိံ ဥတုမှိ အဝိသိဋ္ဌဒိဝသာစိက္ခနံ"ဒိဝသဘာဂါစိက္ခန"န္တိ ဒဿေတိ။ (ဝိမတိ၊ ၂၊ ၁၃၈။)

အရိပ် ဥတု နေ့အဖို့ သုံးပါးလုံးကို ပြောကြားခြင်း

သင်္ဂီတိတိ ဉာဒမေဝ သဗ္ဗံ ဧကတော ကတွာ "တွံ ကိံ လဘသိ? ကာ တေ ဆာယာ? ကိံ ဥတုပ္ပမာဏံ? ကော ဒိဝသ ဘာဂေါ?"တိ ပုဋ္ဌော "ဣဒံ နာမ လဘာမိ ဝဿံ ဝါ ဟေမန္တံ ဝါ ဂိမှံ ဝါ၊ အယံ မေ ဆာယာ၊ ဣဒံ ဥတုပ္ပမာဏံ၊ အယံ ဒိဝသ ဘာဂေါ"တိ ဝဒေယျာသိ"တိ ဧဝံ အာစိက္ခိတဗ္ဗံ။ (ဝိ၊ ၄၊ ၃၊ ၃၁၆။)

ဝိမတိဝိနောဒနီဋီကာ၌မူ မိမိ၏ရဟန်းဖြစ်သော "နှစ်၊ ဥတု၊ လ၊လဆန်း+လဆုတ်၊ ရက်၊ နေ့၊ နက္ခတ်၊ နံနက်ချမ်းစသည့် နေ့အဖို့၊ အရိပ်အတိုင်းအတာ၊ နာရီတို့ကို ပြောကြားရမည်"ဟု လာရှိ၏။

ဝတ္တဗ္ဗကမတော ပန ကလိယုဂဝဿာဒီသု သဗ္ဗဒေသပသိဒ္ဓေသု အသုကဝဿေ အသုကဥတုမှိ အသုကမာသေ အသုကေ ကဏှေ ဝါ သုက္ကေ ဝါ ပက္ခေ အသုကတိထိဝါရဝိသေသယုတ္တေ နက္ခတ္တေ ပုဗ္ဗဏှာဒိဒိဝသဘာဂေ ဧတ္တကေ ဆာယာပမာဏေ၊ နာဠိကာပမာဏေ(ကာလပ္ပမာဏေသိ၊) ဝါ မယာ ဥပသမ္ပဒါ လဒ္ဓါတိ ဝဒေယျာသီတိ ဧဝံ အာစိက္ခိတဗ္ဗံ။ (ဝိမတိ၊ ၂၊ ၁၃၈။)

ပိဏ္ဍိယာလောပဘောဇန -ဟူသည် သလုံးမြင်းခေါင်း ခြေနှစ်ချောင်းဖြင့် လှည့်လည်ရှာမှီး၍ ရသောဆွမ်းတည်း(ဆွမ်းခံ၍ရသောဆွမ်း)။

ပိဏ္ဍိယာလောပဘောဇနန္တိ ဇင်္ဃပိဏ္ဍိမံသဗလေန စရိတွာ အာလောပါလောပမတ္တေန ပရိယိဋ္ဌဘောဇနံ။ (ဝိမတိ၊ ၂၊ ၁၀၄။)

ဝိဟာရ ဟူသည် မြက်မိုးကုဋီငယ်စသည်နှင့်တကွသော တံတိုင်းဖြင့်ပိုင်းခြားအပ်သော အလုံးစုံသော သံဃာ့အာရာမ်တည်း။

ဝိဟာရောတိ တိဏကုဋိကာဒိသဟိတော ပါကာရပရိက္ခိတ္တော သကလော သံဃာရာမော။ (ဝိမတိ၊ ၂၊ ၁၀၄။)

အဍ္ဍယောဂဟူသည် ဂဠုန်တောင်ဟပ် တစ်ဖက်ရပ်မိုးသောကျောင်း၊ ပြာသာဒ်ရှည်တည်း။

အဍ္ဍယောဂေါတိ ဧကသာလော ဒီဃပါသာဒေါ။ ဟတ္ထိပိဋ္ဌိဂရုဋသဏ္ဌာနော ဒီဃပါသာဒေါတိပိ ဝဒန္တိ။ (ဝိမတိ၊ ၂၊ ၁၀၄၊)

ပါသာဒဟူသည် လေးထောင့်စပ်စပ် ဘုံအဆင့်များစွာရှိလျက် မြင့်မားသော ပြာသာဒ်တည်း။
ပါသာဒေါတိ စတုရဿော ဥစ္စော အနေကဘူမကပါသာဒေါ။ (ဝိမတိ၊ ၂၊ ၁၀၄-၁၀၅။)

ဟမ္မိယဟူသည် ထီးထွတ်မတပ်သော ပြာသာဒ်ဦးပြည်းတည်း။
မုဏ္ဍစ္ဆဒနော စန္ဒိကင်္ဂဏယုတ္တော နာတိဥစ္စော ပါသာဒေါ။ (ဝိမတိ၊ ၂၊ ၁၀၅။)

ဂုဟာဟူသည် ဥမင်လိုဏ်ဂူတည်း။
ဂုဟာတိ ပဗ္ဗတဂုဟာ။ (ဝိမတိ၊ ၂၊ ၁၀၅။)

ပူတိမုတ္တဟူသည် နွားကျင်ငယ်တည်း။
ပူတိမုတ္တန္တိ ဂေါမုတ္တံ။ (ဝိမတိ၊ ၂၊ ၁၀၅။)

ဗျတ္တပုဂ္ဂိုလ် -ဟူသည် အဋ္ဌကထာနှင့်တကွ ဝိနည်းပိဋကကို နှုတ်တက်ဆောင်နိုင်သောရဟန်း, ထိုမျှလောက် နှုတ်တက် မဆောင်နိုင်လျှင် ဥတ္တိစတုတ္ထကမ္မဝါစာမျှ နှုတ်တက်ဆောင်ထားနိုင်မှု ဤအရာ၌ ဗျတ္တပုဂ္ဂိုလ်ဖြစ်တော့၏။

ဗျတ္တော နာမ ယဿ သာဋ္ဌကထံ ဝိနယပိဋကံ ဝါစုဂ္ဂတံ ပဝတ္တတိ။ တသ္မိံ အသတိ ယဿ အန္တမသော ဣဒံ ဉတ္တိစတုတ္ထ ဝါစာမတ္တမ္ပိ သုဂ္ဂဟိတံ ဟောတိ၊ ဝါစုဂ္ဂတံ ပဝတ္တတိ၊ အယမ္ပိ ဣမသ္မိံ အတ္ထေ ဗျတ္တော။ (ဝိ၊ ၃၊ ၃၊ ၂၆၄။)

ပဋိဗလပုဂ္ဂိုလ် ဟူသည်

ချောင်းဆိုး, ခယရပ်, သလိပ်နာစသည်ကြောင့်ဖြစ်စေ, နှုတ်ခမ်းသွားလျှာအစရှိသည်တို့၏(အနေအထား) မပြည့်စုံခြင်းကြောင့် ဖြစ်စေ, ပရိယတ်၌ အလေ့အလာ မပြုခြင်းကြောင့်ဖြစ်စေ ပုဒ်ပါဠ်အက္ခရာ ဌာန်ကရိုဏ်း မှန်ကန်စွာ ကမ္မဝါစာကို မရွတ်ဖတ်နိုင်သည် ပြင် ပုဒ်ဗျည်းတို့ကို ကျော်လွှားရွတ်ဖတ်ခြင်းကိုပြုသော"အပ္ပဋိဗလ"ပုဂ္ဂိုလ်ဖြစ်၏၊ ထိုပုဂ္ဂိုလ်မှအပြန်ဖြစ်သောသူသည် "ပဋိဗလပုဂ္ဂိုလ်" မည်တည်း။

ယော ပန ကာသသောသသေမှာဒိနာ ဝါ ဂေလညေန, ဩဋ္ဌဒန္တဇိဝှါဒီနံ ဝါ အသမ္ပတ္တိယာ, ပရိယတ္တိယံ ဝါ အကတပရိစ ယတ္တာ န သက္ကောတိ ပရိမဏ္ဍလေဟိ ပဒဗျဉ္စနေဟိ ကမ္မဝါစံ သာဝေတုံ၊ ဗျဉ္စနံ ဝါ ပဒံ ဝါ ဟာပေတိ၊ အညထာဝါ ဝတ္တဗ္ဗံ အညထာ ဝဒတိ၊အယံ အပ္ပဋိဗလော။ တဗ္ဗိပရီတော ဣမသ္မိံ အတ္ထေ "ပဋိဗလော"တိ ဝေဒိတဗ္ဗော။ (ဝိ၊ ၃၊ ၃၊ ၂၆၄-၂၆၆။)

ပရိမဏ္ဍလေဟီတိ ပရိပုဏ္ဏေဟိ။ (ဝိမတိ၊ ၂၊ ၁၀၄။)

မှတ်ချက်။ ။ ဤ"ပုဗ္ဗကိစ္စ-ပါး"စသောမှတ်စုများသည် ၁၃၃၂-ခု၊ တော်သလင်းလဆန်း(၄)ရက် သောကြာနေ့မှ (၆)ရက်တနင်္ဂနွေနေ့အထိ မန္တလေးမြို့ အနောက်ပြင် အဘယာရာမရွှေဂူတိုက် ကျေးဇူးရှင် ဒုတိယနာယကဆရာတော် အရှင်သီလာနန္ဒာဘိဝံသပို့ချသော ဥပသမ္ပဒသင်တန်းမှ မှတ်စုများနှင့် အခြားသင့်နိုးရာရာ မှတ်စုများကို စုစည်းထားခြင်းဖြစ်၏။

* * * * *

## ရဟန်းဖြစ်ရန် အင်္ဂါငါးတန်

သိက္ခာတင် ပဉ္စင်္ဂ ဟူသော ဆိုရိုးစကားအရ ရဟန်းဖြစ်ရန် သိက္ခာတင်သောအခါ၌.....
(၁)ဝတ္ထုသမ္ပတ္တိ=ဝတ္ထု(ရဟန်းလောင်း)၏ပြည့်စုံခြင်း၊
(၂)ဉတ္တိသမ္ပတ္တိ=ဉတ်၏ပြည့်စုံခြင်း၊
(၃)အနုဿာဝနသမ္ပတ္တိ=ကမ္မဝါစာ၏ပြည့်စုံခြင်း၊
(၄)သီမာသမ္ပတ္တိ=သိမ်၏ပြည့်စုံခြင်း၊
(၅)ပရိသာသမ္ပတ္တိ=(သံဃ)ပရိသတ်၏ပြည့်စုံခြင်း။ ဤငါးပါးနှင့်ပြည့်စုံမှ ရဟန်းဖြစ်၏။

ဝတ်, ဉတ်, ကမ္မဝါ၊ သိမ်, ပရိသာ၊ ငါးဖြာ သမ္ပတ္တိ။ (ဝိနယသံခိပ်၊ ရဟန်းခံခန်းအဖွင့်၊ ၁၀၈။)
ရဟန်းဖြစ်ရန်၊ လိုအပ်မှန်၊ ကျမ်းဂန် လာအရှိ။

## ပတ္တကလ္လအင်္ဂါ၅-ပါး

(၁)အသက်နှစ်ဆယ်မပြည့်သောသူ, ပါရာဇိကကျပြီးသောသူ, ပဏ္ဍုက်အစရှိသော အဘဗ္ဗပုဂ္ဂိုလ် တစ်ဆယ့်တစ်ယောက်=ဤတစ်ဆယ့်သုံးယောက်သော ပုဂ္ဂိုလ်တို့ မဟုတ်လျှင် "ဝတ္ထုသမ္ပတ္တိ"ဖြစ်၏။

ဝတ္ထုတြ ဥပသမ္ပဒါပေက္ခော ပုဂ္ဂလော၊ သော ဌပေတွာ ဦနဝီသတိဝဿံ အန္တိမဝတ္ထုအဇ္ဈာပန္နပုဗ္ဗံ, ပဏ္ဍကာဒယော စ ဧကာဒသ အဘဗ္ဗပုဂ္ဂလေ ဝေဒိတဗ္ဗော။ ပ။ ဣမေ ပန ဌပေတွာ အညသ္မိံ ဥပသမ္ပဒါပေက္ခေ သတိ ဥပသမ္ပဒကမ္မံ ဝတ္ထုသမ္ပတ္တိဝသေန အကုပ္ပံ ဟောတိ။ (ကင်္ခါ၊ ဋ္ဌ၊ ၁ဝ၄-၁ဝ၆။)

ဦနဝီသ၊ အန္တိမ၊ ဘဗ္ဗ တဆယ့်တစ်။
ဆယ့်သုံး ဝိပတ်၊ ကင်းစင်လတ်၊ အမြတ် သမ္ပတ္တိ။ (ဝိနယသံခိပ်၊ ရဟန်းခံခန်း၊ ၁ဝ၈။)

အဘဗ္ဗပုဂ္ဂိုလ်ဆယ့်တစ်ယောက်

(၁)ပဏ္ဍုက် (၂)ထေယျသံဝါသက (၃)တိတ္ထိယပက္ကန္တက(တိတ္ထိအသွင်အပြင်, အယူကိုယူသူ) (၄)တိရစ္ဆာန် (၅)အမေသတ်သူ (၆)အဖေသတ်သူ (၇)ရဟန္တာသတ်သူ (၈)ဘိက္ခုနီဖျက်ဆီးသူ (၉)သံဃာသင်းခွဲသူ (၁ဝ)ဘုရားရှင်အား သွေးစိမ်းတည်အောင် ပြုသူ (၁၁)ဥဘတောဗျည်း။

ပဏ်, ထေ, ပက်, ဆန်၊ ပဉ္စာနန်၊ ဒွ္ဒသန်, ဥဘောဗျည်း။ (ဝိနယသံခိပ်၊ ရဟန်းခံခန်းအမြွက်၊ ၁ဝ၈၊)

(၂)ဝတ္ထု,သံဃာ,ပုဂ္ဂိုလ်ဆိုင်ရာ ပုဒ်တို့ကို မရွတ်ဖတ်ခြင်း, ဉတ်ကို လုံးဝ မရွတ်ဖတ်ခြင်း, ကမ္မဝါစာကို ရွတ်ဖတ်ပြီးမှ ဉတ်ကို ရွတ်ဖတ်ခြင်း=ဤကား ဉတ်၏အပြစ်ငါးပါးဖြစ်၏။ ထိုအပြစ်ငါးပါးမှကင်းလွတ်လျှင် "ဉတ္တိသမ္ပတ္တိ"ဖြစ်၏။

ကထံ ဉတ္တိသမ္ပတ္တိဝသေန အကုပ္ပံ ဟောတိ? ဝတ္ထုသံဃပုဂ္ဂလဉတ္တီနံ အပရာမသနာနိ, ပစ္ဆာ ဉတ္တိဋ္ဌပနဉ္စာတိ ဣမေ တာဝ ပဉ္စ ဉတ္တိဒေါသာ။ ပ။ ဣတိ ဣမေဟိ ဒေါသေဟိ ဝိမုတ္တာယ ဉတ္တိယာ သမ္ပန္နံ ဉတ္တိသမ္ပတ္တိဝသေန အကုပ္ပံ ဟောတိ။ (ကင်္ခါ၊ ဋ္ဌ၊၁ဝ၆။)

ဝတ်,သံ,ပုဂ်,ဉတ်၊ မသုံးသပ်၊ ဉတ်ကို နောက်မှာထား။
ဉတ္တိဝိပတ်၊ အင်ငါးရပ်၊ သမ္ပတ် အပြန်ငါး။ (ဝိနယသံခိပ်၊ ရဟန်းခံခန်းအမြွက်၊ ၁၁ဝ။)

(၃)ဝတ္ထု,သံဃာ,ပုဂ္ဂိုလ်နှင့်ဆိုင်ရာ ပုဒ်တို့ကို မရွတ်ဖတ်ခြင်း, ကမ္မဝါစာကို လုံးဝမရွတ်ဖတ်ပဲ ဉတ်ကိုသာ လေးကြိမ်ရွတ်ဖတ်ခြင်း, သို့မဟုတ်ရွတ်ဖတ်စဉ်အတွင်း အချို့သော အက္ခရာ,ပုဒ်တို့ကို မရွတ်ဖတ်ခြင်း(ကျော်သွားခြင်း), ရှေးဦးစွာ ဉတ်ကို မရွတ်ဖတ်ပဲ ကမ္မဝါစာကို ရွတ်ဖတ်ခြင်း-ဤငါးပါးကား ကမ္မဝါစာ၏အပြစ်များဖြစ်၏။ ထိုအပြစ်တို့မှ ကင်းလွတ်လျှင် "အနုဿာဝနသမ္ပတ္တိ"ဖြစ်၏။

အနုဿာဝနဝသေန အကုပ္ပတာယပိ ဝတ္ထုသံဃပုဂ္ဂလာနံ အပရာမသနာနိ, သာဝနာယ ဟာပနံ, အကာလေ သာဝနန္တိ ဣမေ ပဉ္စ အနုဿာဝနဒေါသာ။ ပ။ ဣတိ ဣမေဟိ ဒေါသေဟိ ဝိမုတ္တာယ အနုဿာဝနာယ သမ္ပန္နံ အနုဿာဝနသမ္ပတ္တိဝသေန အကုပ္ပံဟောတိ။ (ကင်္ခါ၊ ဋ္ဌ၊ ၁ဝ၆။)

ကမ္မဝါလဲ၊ ဉတ္တိနဲ၊ ခွဲလေ ဝိပ်,သံ,ငါး။
အက္ခရ,ပဒ်၊ ယုတ်လျော့ကျန်၊ ဆယ်တန် သဒ္ဒါများ။
ကမ္မဝါမှာ၊ ကံပျက်ရာ၊ ဉတ်မှာ ထိုနည်းလား။ (ဝိနယသံခိပ်၊ ရဟန်းခံခန်းအမြွက်၊ ၁၁ဝ။)

(၄) တစ်ဆယ့်တစ်ပါးသော ဝိပတ္တိသိမ်တို့မှ ကင်းလွတ်၍ နိမိတ္တသမ္ပတ္တိ, ပရိသာသမ္ပတ္တိ, ကမ္မဝါစာသမ္ပတ္တိ ဟူသော သမ္ပတ္တိသုံးပါးနှင့် ပြည့်စုံသော သိမ်သည် ဥပသမ္ပဒါကံပြုရာ၌ ပြည့်စုံလုံလောက်သောသိမ်ဖြစ်၍ "သီမာသမ္ပတ္တိ"ဖြစ်၏။
ပုဗ္ဗေ ဝုတ္တံ ဝိပတ္တိသီမာလက္ခဏံ သမတိက္ကန္တာယ ပန သီမာယ ကတံ သီမာသမ္ပတ္တိဝသေန အကုပ္ပံ ဟောတိ။ (ကင်္ခါ၊ဋ္ဌ၊၁ဝ၆။)

(၅) ကမ္မပတ္တရဟန်းတို့ သိမ်အတွင်းသို့ မလာမရောက်ခြင်း, ဆန္ဒထိုက်သောရဟန်းတို့၏ဆန္ဒကို မဆောင်ခြင်း, သိမ်အတွင်းသို့ ရောက်၍ မျက်မှောက်၌ ရှိသော ရဟန်းတို့၏တားမြစ်ခြင်း...ဤသုံးပါးသည် ပရိသာဒေါသ (ပရိသာဝိပတ္တိ)ဖြစ်၏၊ ထိုသုံးပါးမှ ကင်းလွတ်သော ပရိသတ်သည် ပြုအပ်သော ဥပသမ္ပဒါကံသည် "ပရိသာသမ္ပတ္တိ" ဖြစ်၏။

ယာဝတိကာ ဘိက္ခူ ကမ္မပ္ပတ္တာ၊ တေသံ အနာဂမနံ, ဆန္ဒာရဟာနံ ဆန္ဒဿ အနာဟရဏံ, သမ္မုခီဘူတာနံ ပဋိက္ကောသနန္တိ ဣမေပန တယော ပရိသာဒေါသာ၊ တေဟိ ဝိမုတ္တာယ ပရိသာယ ကတံ ပရိသာသမ္ပတ္တိဝသေန အကုပ္ပံ ဟောတိ။ (ကင်္ခါ၊ဋ္ဌ၊၁ဝ၇။)

ကမ္မပတ္တ၊ မလာကြ၊ ဆန္ဒ မဆောင်ဘိ။

မျက်မှောက်မြစ်တား၊ ဤသုံးပါး၊ ပျက်ငြား ဝိပတ္တိ။
ငါးပါး ပကတတ်၊ ဂိုဏ်းပြည့်လတ်၊ ကမ္မပတ္တသိ။
ဂိုဏ်းမပြည့်လာ၊ ဝိပတ်သာ၊ ပြည့်လာ သမ္မတ္တိ။
ထိုမှကြွင်းထွေ၊ သိမ်တွင်းနေ၊ ထိုက်လေ ဆန္ဒသာ။
ဆန္ဒမလာ၊ ဝိပတ်သာ၊ လာလျှင် သမ္မတ်ငြား။
မျက်မှောက်တားမြစ်၊ ဝိပတ်ဖြစ်၊ မမြစ် သမ္မတ်ငြား။ (ဝိနယသံခိပ်၊ ရဟန်းခံခန်းအမြွက်၊ ၁၁၉ ၁၂၁။)

## သိက္ခာချရန် အင်္ဂါ၆-ပါး

သိက္ခာချ ဆင္ဂင်္ဂါဟူသော ဆိုရိုးစကားအရ......

(၁) စိတ်=သိက္ခာချလိုသော စိတ်ရှိသည်လည်း ဖြစ်စေ၊

(၂) ခေတ်=ဗုဒ္ဓံ ပစ္စက္ခာမိ အစရှိသော သိက္ခာကို ကျစေနိုင်သော ခေတ်ပုဒ်လည်း မှန်စေ၊

(၃) ကာလ=ဝတ္တမာနကာလ(ဗုဒ္ဓံ ပစ္စက္ခာမိ,...ဂိဟီတိ မံ ဓာရေထ-စသော ပစ္စုပ္ပန်ကာလနှင့်စပ်သောပုဒ်), အနာဂတ်ကာလ(အလံ မေ ဗုဒ္ဓေန စသော မသုံးသပ်အပ်သောကာလနှင့်စပ်သောပုဒ်=အာချာတ်ကြိယာမပါသောပုဒ်) တမျိုးမျိုးဖြစ်စေ၊

[ဝိနယသံခိပ်၌မူ ပစ္စုပ္ပန်ကာလနှင့်ယှဉ်သော ဝတ္တမာန်ဝိဘတ်, ပဥ္စမီဝိဘတ်များလည်း ဖြစ်စေ ပစ္စုပ္ပန်ကာလဆိုရာ၌ "အလံ မေ ဗုဒ္ဓေန"စုသည်ကိုလည်း သင်္ဂြိုဟ်လေ ဟု ပါရှိ၏။]

(၄) ပယောဂ=မြွက်ဆိုခြင်း ဝစီပယောဂလည်း ဖြစ်စေ၊

(၅) ပုဂ္ဂလ=နားထောင်သူကလည်း လူဇာတ်ဖြစ်သောပုဂ္ဂိုလ် မှန်စေ။ (သိက္ခာချသူ, နားထောင်သူ နှစ်ဦးလုံးသည် ရူးသူ, စိတ်ပျံ့လွင့်သူ, ဝေဒနာနှိပ်စက်ခံရသူများ မဖြစ်စေရ)။

(၆) ဇာနန=ထိုခေတ်ပုဒ်ကို ရွတ်ဆို၍ ဆုံးလျှင်ဆုံးခြင်း ဤသူသည် ရဟန်းသိက္ခာကို စွန့်ပါသည်တကား ဟု သိသည်လည်း ဖြစ်စေ။

ဤအင်္ဂါ၆ ပါး စုံလင်ခဲ့လျှင် ထိုခဏ၌ သိက္ခာကျတော့သည်။

စိတ်, ခေတ်, ကာလ၊ ပယောဂ၊ ဇာန, ပုဂ္ဂလာ။
ချလိုစိတ်သန်၊ ခေတ်ပုဒ်မှန်၊ ပစ္စုပ္ပန်နှင့်သာ၊
ဝစီမြွက်ဆို၊ လူပုဂ္ဂိုလ်၊ ဆိုခြင်း သိမှသာ။ (ဝိနယသံခိပ်၊ ၉၄ ၉၅။)
ဤသည်ခြောက်ပါး၊ စုံလင်သွား၊ ကျငြား ကျင့်သိက္ခာ။

စိတ္တ ခေတ္တ ကာလ ပယောဂ ပုဂ္ဂလ ဝိဇာနနဝသေန သိက္ခာယ ပစ္စက္ခာနံ ဉတ္တာ တဒဘာဝေန အပစ္စက္ခာနံ ဝေဒိတဗ္ဗံ။ ကထံ? ဥပသမ္ပဘာဝတော စဝိတုကာမတာစိတ္တေနေဝ ဟိ သိက္ခာပစ္စက္ခာနံ ဟောတိ၊ န ဒဝါ ဝါ ရဝါ ဝါ ဘဏန္တဿ။ ဧဝံ စိတ္တဝသေန သိက္ခာပစ္စက္ခာနံ ဟောတိ၊ န တဒဘာဝေန။ (ကင်္ခါ၊ ၄၊ ၁၀၇။)

### ခေတ်ပုဒ် ၂၆-ပါး/၇၈-ပါး

၁။ ဗုဒ္ဓံ ပစ္စက္ခာမိ ဘုရားကို စွန့်ပါ၏၊
၂။ ဓမ္မံ ပစ္စက္ခာမိ တရားကို...၊
၃။ သံဃံ ပစ္စက္ခာမိ သံဃာကို...၊
၄။ သိက္ခံ ပစ္စက္ခာမိ သိက္ခာကို...၊
၅။ ဝိနယံ ပစ္စက္ခာမိ ဝိနည်းကို...၊
၆။ ပါတိမောက္ခံ ပစ္စက္ခာမိ ပါတိမောက်ကို...၊
၇။ ဥဒ္ဒေသံ ပစ္စက္ခာမိ ပါတိမောက္ခုဒ္ဒေသကို...၊
၈။ ဥပဇ္ဈံ ပစ္စက္ခာမိ ဥပဇ္ဈာယ်ကို...၊
၉။ အာစရိယံ ပစ္စက္ခာမိ ဆရာကို[ကမ္မဝါစာဆရာ စသည်ကို]...၊
၁၀။ သဒ္ဓိဝိဟာရိကံ ပစ္စက္ခာမိ အတူနေတပည့်ကို...၊
၁၁။ အန္တေဝါသိကံ ပစ္စက္ခာမိ အနီးနေတပည့်ကို...၊

၁၂။ သမာနုပဇ္ဈာယကံ ပစ္စက္ခာမိ တူသော ဥပဇ္ဈာယ်ရှိသူကို...၊
၁၃။ သမာနာစရိယကံ ပစ္စက္ခာမိ တူသော ဆရာရှိသူကို...၊
၁၄။ သဗြဟ္မစာရိ ပစ္စက္ခာမိ သီတင်းသုံးဘော်ကို...၊
ဤ၁၄ ပါးကား ဝတ္တမာန်ဝိဘတ်နှင့်စပ်သောပုဒ်များတည်း။
၁၅။ ဂိဟီတိ မံ ဓာရေဟိ ကျွန်ုပ်ကို လူဟူ၍ မှတ်ပါ၊
၁၆။ ဥပါသကောတိ မံ ဓာရေဟိ ကျွန်ုပ်ကို ဥပါသကာဟူ၍...၊
၁၇။ အာရာမိကောတိ မံ ဓာရေဟိ ကျွန်ုပ်ကို အာရာမ်စောင့်ဟူ၍...၊
၁၈။ သာမဏေရောတိ မံ ဓာရေဟိ ကျွန်ုပ်ကို သာမဏေဟူ၍...၊
၁၉။ တိတ္ထိယောတိ မံ ဓာရေဟိ ကျွန်ုပ်ကို တိတ္ထိဟူ၍...၊
၂၀။ တိတ္ထိယသာဝကောတိ မံ ဓာရေဟိ ကျွန်ုပ်ကို တိတ္ထိ၏တပည့်ဟူ၍...၊
၂၁။ အသမဏောတိ မံ ဓာရေဟိ ကျွန်ုပ်ကို ရဟန်းမဟုတ်သူဟူ၍...၊
၂၂။ အသကျပုတ္တိယောတိ မံ ဓာရေဟိ ကျွန်ုပ်ကို သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်ဟူ၍ မှတ်ပါ။

ဤ၈ ပါးကား ပဉ္စမီဝိဘတ်နှင့်စပ်သောပုဒ်များတည်း။

၂၃။ အလံ မေ ဗုဒ္ဓေန ငါ့အား ဘုရားဖြင့် တော်ပြီ၊ ဝါ။ ရှိပါစေတော့၊
၂၄။ ကိံ နု မေ ဗုဒ္ဓေန ............အဘယ်ပြုဖွယ်ရှိအံ့နည်း၊
၂၅။ န မမတ္ထော ဗုဒ္ဓေန ...........အကျိုးမရှိ၊ဝါ၊ အလိုမရှိ၊
၂၆။ သုမုတ္တာဟံ ဗုဒ္ဓေန ငါသည် ဘုရားမှ ကောင်းစွာလွတ်ပြီ။

ဤ၄ ပါးကား အနာဂတ်ကာလနှင့်စပ်သောပုဒ်များတည်း။ ကျန်ဝမ္မမှ သဗြဟ္မစာရီတိုင်အောင် ၁၃ ပုဒ်တို့ကိုလည်း ဤနည်းအတိုင်း တွဲစပ်ပါက ပုဒ်ပေါင်း ၅၆ ပုဒ်ဖြစ်သည်။

တစ်ခုတည်းသော အနက်ကိုပင် ဟောသော အမျိုးမျိုးသော ပရိယာယ် ဝေဝုစ်များရှိ၏၊ ဗုဒ္ဓ၏ပရိယာယ်ဖြစ်သော ဒသဗလ စသော သဒ္ဒါ, ဓမ္မ၏ပရိယာယ်ဖြစ်သော သွာက္ခာတ စသော သဒ္ဒါများသည် ဝေဝုစ်မည်၏၊ ထိုပရိယာယ်ဝေဝုစ်ဖြင့် "ဒသဗလံ ပစ္စက္ခာမိ၊ သွာက္ခာတံ ပစ္စက္ခာမိ"စသည် ဆို၍ ချလျှင်လည်း ခေတ်သို့ရောက်သည်သာ။

ကောက်ပင်တို့၏စည်ပင်ရာလယ်ကို ခေတ္တဟု ခေါ်သကဲ့သို့ သိက္ခာချခြင်း၏အထမြောက်ရာဖြစ်သောကြောင့် "ဗုဒ္ဓံ ပစ္စက္ခာမိ" စသော ဝါကျတို့ကိုလည်း သဒိသူပစာအားဖြင့် "ခေတ္တ"ဟု ခေါ်၏။ [ယထာ လောကေ သဿာနံ ဝိရူဟနဋ္ဌာနံ ခေတ္တန္တိ ဝုစ္စတိ၊ဧဝံ ဣမာနိပိ ဗုဒ္ဓါဒီနိ ပဒါနိ သိက္ခာပစ္စက္ခာနဿ ဝိရူဟနဋ္ဌာနတ္တာ ခေတ္တန္တိ ဝုစ္စတိ၊ ကင်္ခါဋီကာ ။](ကင်္ခါဘာသာဋီကာ၊ ပ၊ ၁၃၃ ၁၃၄။)

မှတ်ဖွယ်။ ဗုဒ္ဓံ ပစ္စက္ခာမိ၊ ဘုရားကိုစွန့်ပါ၏ ဆိုသော်လည်း ဘုရားကို မကိုးကွယ်လို၍ ဆိုသည်မဟုတ်၊ သိက္ခာကျရုံမျှ ဆိုသည်ဖြစ်၍ အကုသိုလ်မဖြစ်။ (ဝိနယသံခိပ်၊ ၉၅။)

ပယောဂေါ။ ပ။ "ဗုဒ္ဓံ ပစ္စက္ခာမိ"တိအာဒိနာ(ဝိ၊ ၁၊ ၃၂) နယေန ယာယ ကာယစိ ဘာသာယ ဝစီဘေဒံ ကတွာ ဝါစသိကပ္ပယောဂေနေဝ ပစ္စက္ခာနံ ဟောတိ၊ န အက္ခရလိခနံ ဝါ ဟတ္ထမုဒ္ဒါဒိဒဿနံ ဝါ ကာယပ္ပယောဂံ ကရေန္တဿ။ ဧဝံ ဝါစသိကပ္ပ ယောဂေနေဝ ပစ္စက္ခာနံ ဟောတိ၊ န တဒဘာဝေန။ (ကင်္ခါ၊ ဋ၊ ၁၀၈။)

ပုဂ္ဂလော ပန ဒုဝိဓော ယော စ ပစ္စက္ခာတိ၊ ယဿ စ ပစ္စက္ခာတိ။ တတ္ထ ယော ပစ္စက္ခာတိ၊ သော သစေ ဥမ္မတ္တကခိတ္တ စိတ္တဝေဒနာဋ္ဋာနံ အညတရော န ဟောတိ။ ယဿ ပန ပစ္စက္ခာတိ၊ သော သစေ မနုဿဇာတိကော ဟောတိ၊ န စ ဥမ္မတ္တကာဒီနံ အညတရော၊ သမ္မုခီဘူတော စ [သမ္မုခီဘူတောယေဝ (သျာ)] သိက္ခာပစ္စက္ခာနံ ဟောတိ။ န ဟိ အသမ္မုခီဘူတဿ ဒူတေန ဝါ ပဏ္ဏေန ဝါ အာရောစနံ ရုဟတိ။ ဧဝံ ယထာဝုတ္တပုဂ္ဂလဝသေန ပစ္စက္ခာနံ ဟောတိ၊ န တဒဘာဝေန။ (ကင်္ခါ၊ ဋ၊ ၁၀၈။)

ဝိဇာနနမ္ပိ နိယမိတာနိယမိတဝသေန ဒုဝိဓံ။ တတ္ထ ယဿ ယေသံ ဝါ နိယမေတွာ "ဣမဿ, ဣမေသံ ဝါ အာရောစေမိ" တိ ဝဒတိ၊ သစေ တေ ယထာ ပကတိယာ လောကေ မနုဿာ ဝစနံ သုတွာ အာဝဇ္ဇနသမယေ ဇာနန္တိ၊ ဧဝံ တဿ ဝစနာနန္တရမေဝ တဿ"အယံ ဥက္ကဏ္ဍိတော"တိ ဝါ "ဂိဟိဘာဝံ ပတ္ထယတီ"တိ ဝါ ယေန ကေနစိ အာကာရေန သိက္ခာပစ္စက္ခာနဘာဝံ ဇာနန္တိ၊ ပစ္စက္ခာတာ'ဝ ဟောတိ သိက္ခာ။ (ကင်္ခါ၊ ဋ၊ ၁၀၈။)

* * * * *

# ဝိနည်းမှာ သိမ်

"သိမ်"ဟူသည် ရှိသမျှရဟန်းတော်များ တစုတဝေးတည်း အညီအညွတ်ပေါင်းစု၍ ကံကြီးကံငယ်ဆောင်ရာ နယ်တခုအဖြစ်သီးခြား သတ်မှတ်ထားသော နေရာပင်ဖြစ်သည်။ (သိမ်သင်တန်း၊ ၁။)

သိမ် ၂ မျိုး

(၁) ဗဒ္ဓသိမ်=တဆယ့်တပါးသော ဝိပတ္တိသိမ်တို့ကို လွန်၍ သမ္ပတ္တိသုံးပါးနှင့်ပြည့်စုံလျက် နိမိတ်ချင်းဆက်စပ်ပြီး ၄ ပါး, ၄ ပါးထက်များသော ရဟန်းတော်တို့ စုပေါင်းကာ ဉတ်ကမ္မဝါစာဖတ်၍ သမုတ်အပ်သောသိမ်။

(၂) အဗဒ္ဓသိမ်=ဉတ်ကမ္မဝါစာဖတ်၍ မသမုတ်ရပဲ အလိုလို ဖြစ်နေသောသိမ်။

သီမာ စ နာမေသာ ဗဒ္ဓသီမာ အဗဒ္ဓသီမာတိ ဒုဝိဓာ ဟောတိ။ တတ္ထ ကောဒသ ဝိပတ္တိသီမာယော အတိက္ကမိတွာ တိဝိဓ သမ္ပတ္တိယုတ္တာ နိမိတ္တေန နိမိတ္တံ သမ္ဗန္ဓိတွာ သမ္မတာ သီမာ ဗဒ္ဓသီမာ နာမ။ (ကင်္ခါ၊ ၄၊ ၈၇။)

## ဝိပတ္တိသိမ်(သိမ်ပျက်) ၁၁ မျိုး

(၁)အတိခုဒ္ဒကာ,
(၂)အတိမဟတီ, ၊
(၃)ခဏ္ဍနိမိတ္တာ,
(၄)ဆာယာနိမိတ္တာ,
(၅)အနိမိတ္တာ,
(၆)ဗဟိသီမေ ဋ္ဌိတာ သမ္မတာ,
(၇)နဒိယာ သမ္မတာ,
(၈)သမုဒ္ဒေ သမ္မတာ,
(၉)ဇာတဿရေ သမ္မတာ,
(၁၀)သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတာ,
(၁၁)သီမာယ သီမံ အဇ္ဈောတ္ထရန္တေန သမ္မတာတိ

ဣမာ ဟိ "ကောဒသဟိ အာကာရေဟိ သီမတော ကမ္မာနိ ဝိပဇ္ဇန္တိ"(ဝိ၊ ၅၊ ၃၈၁) ဝစနတော ကောဒသ ဝိပတ္တိသီမာယော နာမ။ (ကင်္ခါ၊ ၄၊ ၈၇။)

ကြီး,ငယ်,ကျိုး,ရိပ်၊ အနိမိတ်၊ ဗဟိဒ်တည်သမုတ်။
အိုင်,သမုဒ်,မြစ်၊ စပ်,လွှမ်းလစ်၊ ဆယ့်တစ် သိမ်ပျက်ထုတ်။ (ဝိနယသံခိပ်၊ သိမ်ခန်းအဖြွက်၊ ၁၂၆။)

(၁)အတိခုဒ္ဒကာ သိမ် ဟူသည် ရဟန်းတော်၂၁ ပါးမျှ မဆန့်လောက်အောင် အလွန်ကျဉ်းငယ်သောသိမ်တည်း။

အတိခုဒ္ဒကာ နာမ ကေဝီသတိ ဘိက္ခူ နိသီဒိတုံ န သက္ကောန္တိ။ (ကင်္ခါ၊ ၄၊ ၈၇ ၈၈။)

[ဣတ္ထိလိင်အရာ၌ က အက္ခရာနောက်ရှိလျှင် (အ)ကို ဣ ပြုမြဲဖြစ်၍ "ခုဒ္ဒိကာ"ဟု ပါဠ်မှန်ရှိပါစေ၊ ဥပမာ "ဒါယိကာ, ဥပါသိကာ"ပုဒ်မျိုးကဲ့သို့တည်း။ (ကင်္ခါဘာသာဋီကာ၊ ပ၊ ၃၉။)]

(၂) အတိမဟတီသိမ် ဟူသည် သုံးယူဇနာထက် အလွန်ကြီးကျယ်သောသိမ်တည်း။ သုံးယူဇနာထက် တစ်ဆံဖျားမျှ ပိုလွန်သွားလျှင် ကျယ်လွန်းသွားသော သိမ်ပျက်ဖြစ်တော့၏။

အတိမဟတီ နာမ ယာ အန္တမသော ကေသဂ္ဂမတ္တေနာပိ တိယောဇနံ အတိက္ကမိတွာ သမ္မတာ။ (ကင်္ခါ၊ ၄၊ ၈၈။)

(၃)ခဏ္ဍနိမိတ္တာသိမ် ဟူသည် နိမိတ်ကျိုး(နိမိတ်မစပ်)သောသိမ်တည်း။ အရှေ့အရပ်၌ နိမိတ်ကြားပြီးနောက် အစဉ်အတိုင်း တောင်အရပ်, အနောက်အရပ်, မြောက်အရပ်တို့၌ နိမိတ်တို့ကို ဆက်လက်ကြား၍ အရှေ့အရပ်၌ နိမိတ်ကို ထပ်မကြားရသည်။ ဤသို့ နိမိတ်

စပ်အောင်ကြားလျှင် အခဏ္ဍနိမိတ္တာ(နိမိတ်မကျိုးသော)သိမ်ဖြစ်၏။ အကယ်၍ မြောက်အရပ်၌ နိမိတ်ကြား၍အပြီးတွင် တန့်ရပ်လိုက်လျှင်ကား မြောက်အရပ်နိမိတ်နှင့် အရှေ့အရပ်နိမိတ်အကြား၌ ပြတ်နေသောကြောင့် "ခဏ္ဍနိမိတ္တ ဝိပတ္တိသိမ်ပျက်" တစ်မျိုးဖြစ်တော့၏။ နိမိတ်မလောက်သော အခွဲလျှင်အနှစ်ရှိသော ထန်းပင် အုန်းပင်စသည်တို့ကိုဖြစ်စေ, သစ်ငုတ်တို့ကို ဖြစ်စေ, မြေပုံသဲပုံတစ်ခုခုကို တောင်နိမိတ်ပြု၍ဖြစ်စေ သမုတ်အပ်သော သိမ်လည်း ကျိုးပြတ်သောနိမိတ်ရှိသော သိမ်တစ်မျိုးပင်တည်း။

ခဏ္ဍနိမိတ္တာ နာမ အဃဋိတနိမိတ္တာ ဝုစ္စတိ၊ပုရတ္ထိမာယ ဒိသာယ နိမိတ္တံ ကိတ္တေတွာ အနုက္ကမေနေဝ ဒက္ခိဏာယ ပစ္ဆိမာယ ဥတ္တရာယ ဒိသာယ ကိတ္တေတွာ ပုန ပုရတ္ထိမာယ ဒိသာယ ပုဗ္ဗကိတ္တိတံ ပဋိကိတ္တေတွာ ဌပေတုံ ဝဋ္ဋတိ၊ ဧဝံ အခဏ္ဍနိမိတ္တာ ဟောတိ ။ အပရာပိ ခဏ္ဍနိမိတ္တာ နာမ ယာ အနိမိတ္တုပဂံ တစသာရရုက္ခံ ဝါ ခါဏုကံ ဝါ ပံသုပုဉ္ဇဝါလုကပုဉ္ဇာနံ ဝါ အညတရံ အန္တရာ ဧကံ နိမိတ္တံ ကတွာ သမ္မတာ။ (ကင်္ခါ၊ ၄၊ ၈၈။)

(၄) ဆာယာနိမိတ္တာ သိမ် ဟူသည် တောင်ရိပ်စသည်ကို နိမိတ်ပြု၍ သမုတ်အပ်သောသိမ်တည်း။

ဆာယာနိမိတ္တာ နာမ ပဗ္ဗတစ္ဆာယာဒီနံ ယံကိဉ္စိ ဆာယံ နိမိတ္တံ ကတွာ သမ္မတာ။ (ကင်္ခါ၊ ၄၊ ၈၈။)

(၅)အနိမိတ္တာ သိမ် ဟူသည် လုံးဝနိမိတ်မကြားပဲ သမုတ်အပ်သော (နိမိတ်မရှိသော) သိမ်တည်း။

အနိမိတ္တာ နာမ သဗ္ဗေန သဗ္ဗံ နိမိတ္တာနိ အကိတ္တေတွာ သမ္မတာ။(ကင်္ခါ၊ ၄။ ၈၈။)

(၆)ဗဟိသီမေ ဌိတသမ္မတာ သိမ် ဟူသည် နိမိတ်တို့ကို ကြားပြီးနောက် နိမိတ်တို့၏ပြင်ဖက်၌နေလျက် သမုတ်အပ်သောသိမ်တည်း။

ဗဟိသီမေ ဌိတသမ္မတာ နာမ နိမိတ္တာနိ ကိတ္တေတွာ နိမိတ္တာနံ ဗဟိဌိတေန သမ္မတာ။ (ကင်္ခါ၊ ၄၊ ၈၈။)

(၇, ၈, ၉)နဒိယာ သမုဒ္ဒေ ဇာတဿရေ သမ္မတာ သိမ်-ဟူသည် မြစ်, သမုဒ္ဒရာ, အလိုလိုဖြစ်သောအင်းအိုင်တို့၌ သမုတ်အပ်သောသိမ်တို့တည်း။ ယင်းသိမ်တို့သည် သမုတ်အပ်သော်လည်း ဗဒ္ဓသိမ်တို့ မဖြစ်ကြပါ။

နဒိယာ သမုဒ္ဒေ ဇာတဿရေ သမ္မတာ နာမ ဧတေသု နဒီအာဒီသု သမ္မတာ။ သာ ဟိ ဧဝံ သမ္မတာပိ "သဗ္ဗာ ဘိက္ခဝေ နဒီ အသီမာ(ဗဒ္ဓသိမ် မဖြစ်)၊ သဗ္ဗော သမုဒ္ဒေါ အသီမော၊ သဗ္ဗော ဇာတဿရော အသီမော"တိ (ဝိ၊ ၃၊ ၁၅၀)ဝစနတော အသမ္မတာဝ ဟောတိ။ (ကင်္ခါ၊ ၄၊ ၈၈။)

(၁၀)သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတာ သိမ် ဟူသည် မိမိသိမ်ဖြင့် သူတပါးသိမ်ကို ဆက်စပ်လျက် သမုတ်အပ်သောသိမ်တည်း။

သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတာ နာမ အတ္တနော သီမာယ ပရေသံ သီမံ သမ္ဘိန္ဒန္တေန သမ္မတာ။ သစေ ဟိ ပေါရာဏကဿ ဝိဟာရဿ ပုရတ္ထိမာယ ဒိသာယ အမ္ဗော စေဝ ဇမ္ဗူ စာတိ ဒွေ ရုက္ခာ အညမညံ သံသဋ္ဌဝိဋပါ ဟောန္တိ၊ တေသု အမ္ဗဿ ပစ္ဆိမဒိသာဘာဂေ ဇမ္ဗူ၊ ဝိဟာရသီမာ စ ဇမ္ဗုံ အန္တော ကတွာ အမ္ဗံ ကိတ္တေတွာ ဗဒ္ဓါ ဟောတိ၊ အထ ပစ္ဆာ တဿ ဝိဟာရဿ ပုရတ္ထိမာယ ဒိသာယ ဝိဟာရေ ကတေ သီမံ ဗန္ဓန္တာ ဘိက္ခူ တံ အမ္ဗံ အန္တော ကတွာ ဇမ္ဗုံ ကိတ္တေတွာ ဗန္ဓန္တိ၊ သီမာယ သီမံ သမ္ဘိန္နာ ဟောတိ။ (ကင်္ခါ၊၄၊၈၈။)

(၁၁)သီမာယ သီမံ အဇ္ဈောတ္ထရန္တေန သမ္မတာ သိမ်-ဟူသည် သူတပါးတို့၏ဗဒ္ဓသိမ်တစ်ခုလုံးကိုသော်လည်းကောင်း, တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း လွှမ်းမိုး၍(အတွင်းပြု၍) သမုတ်အပ်သောသိမ်တည်း။

သီမာယ သီမံ အဇ္ဈောတ္ထရန္တေန သမ္မတာ နာမ ပရေသံ ဗဒ္ဓသီမံ သကလံ ဝါ တဿာ ပဒေသံ ဝါ အန္တော ကတွာ အတ္တနော သီမံ သမ္မန္နတိ၊ သီမာယ သီမံ အဇ္ဈောတ္ထရိတာ နာမ ဟောတိ။ (ကင်္ခါ၊ ၄၊ ၈၈။)

ရဟန်း၄ ပါး ဥတ်ထား၍ ကံပြုလောက်သော အရပ်ကို "တဿာ ပဒေသံ=ထိုသိမ်ဟောင်း၏တစိတ်တရပ်"ဟု ဆိုသည်။ ထို့ကြောင့် သိမ်ဟောင်း၏ကံပြုလောက်ရာ တစိတ်တရပ်ကိုဖြစ်စေ၊ သိမ်ဟောင်းတခုလုံးကိုဖြစ်စေ, လွှမ်းမိုး၍ သိမ်သမုတ်လျှင် အဇ္ဈောတ္ထရဏာ အပြစ်သင့်၏။ သိမ်ဟောင်း၏ကံပြုလောက်သောတစ်စိတ်ကို(တစ်ဆံဖျားမျှလောက်ဖြစ်စေ)ဆက်စပ်၍ သိမ်သမုတ်လျှင် သမ္ဘေဒအပြစ်ဖြစ်၏။ [သမ္ဘိန္ဒန္တီတိ ယတ္တ စတူဟိ ဘိက္ခူဟိ နိသီဒိတုံ န သက္ကာ၊ တတ္တကတော ပဋ္ဌာယ ယာဝ ကေသဂ္ဂမတ္တမ္ပိ အန္တော သီမာယ ကရောန္တော သမ္ဘိန္ဒတိ။ စတုန္နံ ဘိက္ခူနံ ပဟောနကတော ပဋ္ဌာယ ယာဝ သကလမ္ပိ အန္တော ကရောန္တော အဇ္ဈောတ္ထရန္တီတိ ဝေဒိတဗ္ဗံ။ (ဝိမတိ၊၂၊ ၁၆၈။)

မှတ်ချက်။ ။ ဤဝိမတိ၌ ၃-ပါး ကံပြုလောက်ကို မပြသော်လည်း ၃-ပါး ညှတ်ထား၍ ပြုရသော ပါရိသုဒ္ဓိဥပုသ်ကံကိုပါ ကံပြုလောက်သော အရပ်၌ သွင်းပါ။ ဤသို့ အချောတ္တရဏ, သမ္မောဒပြုရာ၌ ရေးသိမ်ဟောင်း မပျက်ပါ၊ နောက်အသစ်သာ အထမမြောက်သော ဝိပတ္တိသိမ်ပျက်ဖြစ်ရပါသည်။ မှန်၏ ရေးသိမ်ဟောင်းသည် တမင်္ဂလာနုတ်ပစ်မှသော်၄င်း, သာသနာကွယ်မှသော်၄င်း ပျက်ရသည်။ (ကင်္ခါဘာသာဋီကာ၊ ပ၊ ၄၄။)

## သမ္ပတ္တိ ၃-ပါး

(၁)နိမိတ္တသမ္ပတ္တိ=နိမိတ်၏ပြည့်စုံခြင်း၊
(၂)ပရိသာသမ္ပတ္တိ=ပရိသတ်၏ပြည့်စုံခြင်း၊
(၃)ကမ္မဝါစာသမ္ပတ္တိ=ကမ္မဝါစာ၏ပြည့်စုံခြင်း၊
ဤ၃-ပါးနှင့်ယှဉ်သောသိမ်သည် ဗဒ္ဓသိမ်မည်၏။

တိဝိဓသမ္ပတ္တိယုတ္တာတိ နိမိတ္တသမ္ပတ္တိယာ ပရိသာသမ္ပတ္တိယာ ကမ္မဝါစာသမ္ပတ္တိယာ စ ယုတ္တာ။ (ကင်္ခါ၊ ဋ္ဌ၊ ၈၈။)

နိမိတ္တသမ္ပတ္တိ ဟူသည် ၈-မျိုးသော နိမိတ်တို့တွင် နိမိတ်လောက်သော တစ်မျိုးမျိုးကိုဖြစ်စေ, ၂ မျိုး ၃ မျိုးကိုဖြစ်စေ ကျနစွာ နိမိတ်ကြား၍ သမုတ်ခြင်းတည်း၊ အကယ်၍ နိမိတ်ကြားပုံ နေရာမကျလျှင်လည်း နိမိတ္တသမ္ပတ္တိပျက်သည်။

## နိမိတ် ၈ မျိုး

(၁)ပဗ္ဗတနိမိတ်=တောင်နိမိတ်
(၂)ပါသာဏနိမိတ်=ကျောက်နိမိတ်
(၃)ဝနနိမိတ်=တောနိမိတ်
(၄)ရုက္ခနိမိတ်=သစ်ပင်နိမိတ်
(၅)မဂ္ဂနိမိတ်=လမ်းနိမိတ်
(၆)ဝမ္မိကနိမိတ်=တောင်ပို့နိမိတ်
(၇)နဒီနိမိတ်=မြစ်နိမိတ်
(၈)ဥဒကနိမိတ်=ရေနိမိတ်

တောင် ကျောက်-တော သစ်၊ လမ်းဖြစ် တောင်ဖို့၊ မြစ်-ရေတို့၊ မှတ်ဖို့ နိမိတ်ရှစ်။ (ကင်္ခါဘာသာဋီကာ၊ ပ၊ ၄၅။)

(၁) တောင်သည် ၁။ မြေမှုန့်သက်သက်တောင်, ၂။ ကျောက်သက်သက်တောင်, ၃။ မြေမှုန့်နှင့်ကျောက်ရောသောတောင် ဟူ၍ သုံးမျိုးရှိ၏၊ ယင်းသုံးမျိုးလုံးပင် ဆင်ပမာဏလောက်ရှိလျှင် "တောင်နိမိတ်"လောက်၏။ ဆင်ပမာဏထက် ငယ်လျှင် မအပ်။ ဆင်ပမာဏ ထက်ကြီးသော်လည်း သဲပုံကား မအပ်။

သုဒ္ဓပံသုသုဒ္ဓပါသာဏဥဘယမိဿကဝသေန ဟိ တိဝိဓောပိ ပဗ္ဗတော ဟတ္ထိပ္ပမာဏတော ပဋ္ဌာယ ဥဒ္ဓံ နိမိတ္တုပဂေါ၊ တတော ဩမကတရော န ဝဋ္ဋတိ။ (ကင်္ခါ၊ ဋ္ဌ၊ ၈၉။)

ဆင်ပမာဏသည် အယုတ်ဆုံး ၇-တောင်ထွာရှိ၏။

ဟေဋ္ဌိမကောဋိယာ အဖုဋ္ဌမရတနုဗ္ဗေဓော ဟတ္ထိပ္ပမာဏော။ (ဝဇိရဗုဒ္ဓိဋီကာ၊ ၄၅၂။)
ဟတ္ထိပ္ပမာဏော နာမ ပဗ္ဗတော ဟေဋ္ဌိမကောဋိယာ အဖုဋ္ဌမရတနုဗ္ဗေဓော။ (သာရတ္ထ၊ တ၊ ၂၇၀။)

(၂) ကျောက်နိမိတ်အရာ၌ သံတွေခဲဖြစ်စေ, ကျောက်ခဲဖြစ်စေ ကျောက်နိမိတ်လုပ်နိုင်သည်ချည်း ဖြစ်၏။ ဆင်ပမာဏအောက် ငယ်သောပမာဏရှိသောကျောက်မှသည် အငယ်ဆုံးအားဖြင့် ၃၂-ပိုတင်လဲခဲပမာဏရှိသော ကျောက်တုံးကျောက်ခဲသံတွေခဲသည် "ကျောက်နိမိတ်"လောက်တော့၏။

ပါသာဏနိမိတ္တေ အယောဂုဠမ္ပိ ပါသာဏသင်္ချမေဝ ဂစ္ဆတိ၊ တသ္မာ ယော ကောစိ ပါသာဏော ဥက္ကဋ္ဌသဝသေန ဟတ္ထိပ္ပမာဏတော ဩမကတရံ အာဒိံ ကတွာ ဟေဋ္ဌိမပရိစ္ဆေဒေန ဒွတ္တိံသပလဂုဠပိဏ္ဍပရိမာဏော နိမိတ္တုပဂေါ၊ န တတော ခုဒ္ဒကတရော။ ပိဋ္ဌိပါသာဏော(ကျောက်ဖျာသည်) ပန အတိမဟန္တောပိ ဝဋ္ဋတိ။ (ကင်္ခါ၊ ဋ္ဌ၊ ၈၉။)

၃၂ ပိုလ်ဟူရာ၌ "ပိုလ်နှင့်ပတ်သက်၍ အယူအဆအမျိုးမျိုးရှိသည်ကို တွေ့ရသည်၊ ဝိနယသာဂဏ္ဌိ(၃၂၀) "ရွှေဥမင်ဆရာတော်ဘုရားကား ၁-ပိဿာကို တစ်ပိုလ်ဟူ၏၊ ဆရာတို့ကား အကျပ်ငါးဆယ်ကို တစ်ပိုလ်ဟူကုန်၏၊ ကေစိဆရာတို့ကား ငါးကျပ်ကို တစ်ပိုလ်ဟူကုန်၏၊ အညေဆရာတို့ကား အကျပ်လေးဆယ်ကို တစ်ပိုလ်ဟူကုန်၏"ဟု ဝါဒအမျိုးမျိုးတို့ကို ထုတ်ဖေါ်ပြ၍ အလုံးစုံသော ဝါဒ၌ပင်ဝိပတ္တိဖြစ်ခြင်း၏အကြောင်းမထင်ဟု ဆုံးဖြတ်ချက်ချတော်မူလေသည်၊ (သိမ်သင်တန်း၊ ၃၃။)

ယခုခေတ်ဆရာတော်အများကမူ ဤပလ-မှာ ကုန္ဒိနိုင်ငံအသုံးအနှုန်းဖြစ်၏၊ သက္ကတကျမ်းတို့၌လည်း တစ်ပိုလ်လျှင် ဒင်္ဂါးကျပ်ချိန်ငှိ သားရှိကြောင်း၊ (အမရကောသ၁၉,၈၆နှင့် ဝါစပ္ပတိစသည်) ယင်းလည်း ရေးကျမ်းဂန်များအလို ၄ တိုလာ, ဆေးကျမ်းအလို ၈-တိုလာ, လောကသုံးအလို ၃-တိုလာ ၂-ပဲ ၈-ရွေးရှိသည်ဟု သတ်မှတ်သင့်ကြောင်း မိန့်ဆိုကြသည်။ (ပိုလ်အဆုံးအဖြတ်အကျယ်ကို တိပေဋကဝိနိစ္ဆယကျမ်း ပထမတွဲ၊ အဘိဓာန်နိဿယသစ်တို့မှာ ကြည့်ပါရန်) (သိမ်သင်တန်း၊ ၃၃။)

"မန်လည်ဆရာတော်ဘုရားကြီးသည် မိုးတားမြို့ ဘုရားကြီးကျောင်းတိုက် သိမ်ကို ရေနိမိတ်ဖြင့်သမုတ်ရာ တွင်းတစ်ခုရေမနေ၍ ယခုရောင်းချနေသော သိမ်ကျောက်တိုင်မျိုးကိုပင် ကျောက်နိမိတ်ပြုလုပ်၍ သမုတ်တော်မူဘူးသည်၊ ထိုဆရာတော်ဘုရားကြီးသည်ပင်လျှင် ရွှေဂူမြို့ အင်ကြင်းတောရသိမ်ကို ရေနိမိတ်ဖြင့်သမုတ်ရာ တွင်းတစ်ခုရေမနေ၍ ဓားသွေးသည့်ကျောက်တုံးကိုစိုက်၍ ကျောက်နိမိတ်ဖြင့်ပြုလုပ် သမုတ်တော်မူဘူးသည်"ဟုလည်း နဘက်ဆရာတော်ကြီး အမိန့်ရှိသည်ကို မှတ်သားထားသော စစ်ကိုင်းတောင်ရိုး ကျစ္စာချောင်ဆရာတော်ဘုရားကြီး မှတ်တမ်းအရ သိရသည်၊ မဃဒေဝလင်္ကာသစ်၌လည်း မန်လည်ဆရာတော်ဘုရားကြီးသည် တစ်ပိုလ်လျှင် "လေးကျပ်မျှ"ရှိကြောင်း မိန့်တော်မူပါသည်။

"လှူဘောင်ခေါ်ရေး၊ လေးရွေးတပဲ၊ ထိုပဲနှစ်ဆယ်၊ မှတ်ဘွယ်တကျပ်၊ တရပ်၄င်း၊ ရွေးပေါင်းစပ်စစ်၊ သုံးဆယ်နှစ်မူ၊ ခေါ်လစ်နာမ၊ ကလဥမှန်၊ ဆယ်ပြန်ကလဥ၊ လေးကျပ်မျှဖြင့်၊ မဂဓပိုလ်၊ (ပိုဒ်ရေ ၃၀၅) (သိမ်သင်တန်း၊ ၃၄။)

(၃) မြက်တော, အခွံလျှင်အနှစ်ရှိသော ထန်းအုန်းတောကိုမယူရ၊ အတွင်း၌ အနှစ်ရှိသော ကျွန်းပင်, အင်ကြင်းပင်စသည်ဖြင့်ပြီးသော တောနှင့် အနှစ်ရှိသောအပင်၃ ပင်+အနှစ်မရှိသောအပင်၂ ပင်ရောတောမျိုးသည်"တောနိမိတ်"လောက်၏။

ဝနနိမိတ္တေ တိဏဝနံ ဝါ တစသာရတာလနာဠိကေရာဒိရုက္ခဝနံ ဝါ န ဝဋ္ဋတိ။ အန္တောသာရာနံ ပန သာကသာလာဒီနံ အန္တောသာရမိဿကာနံ ဝါ ရုက္ခာနံ ဝနံ ဝဋ္ဋတိ၊ တဥ္စ ခေါ ဟေဋ္ဌိမပရိစ္ဆေဒေန စတုပဉ္စရုက္ခမတ္တမ္ပိ၊ တတော ဩရံ န ဝဋ္ဋတိ၊ ပရံ ယောဇနသတိကမ္ပိ ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၁၉ ၃၂၀။)

ဝနနိမိတ္တေ အန္တောသာရေဟိ ဝါ အန္တောသာရမိဿကေဟိ ဝါ ရုက္ခေဟိ စတုပဉ္စရုက္ခမတ္တမ္ပိ နိမိတ္တုပဂံ၊ တတော ဦနကတရံ န ဝဋ္ဋတိ။ (ကင်္ခါ၊ ဋ္ဌ၊ ၈၉။)

ဝဇိရဗုဒ္ဓိ(၄၅၂)၌ကား ၅ ပင်ရှိသောတောဖြစ်လျှင် အနှစ်ရှိ ၃ ပင်, အနှစ်မဲ့ ၂ ပင် ရှိရမည်ဟူ၏၊ ကင်္ခါဋီကာသစ်(၁၄၀)၌လည်း "၄ ပင်ရှိလျှင် အနှစ်ရှိ ၃ ပင်, အနှစ်မဲ့ ၁ ပင်၊ ၅ ပင်ရှိလျှင် အနှစ်၃ ပင်, အနှစ်မဲ့ ၂ ပင် ရှိရမည်"ဟု ယူသင့်ကြောင်း မိန့်သည်။ ဝိမတိဝါဒ, ကင်္ခါဋီကာသစ်ဝါဒ နှစ်ပါးတို့တွင် ကင်္ခါဋီကာသစ်ဝါဒသာ အဋ္ဌကထာနှင့် လိုက်လျောကြောင်း စလင်းဂဏ္ဌိ၌ မိန့်သည်။ (သိမ်သင်တန်း၊ ၄၁။)

စတုပဉ္စရုက္ခနိမိတ္တမတ္တမ္ပီတိ ဧကေန္တေသု နိမိတ္တသဒ္ဒေါ နတ္ထိ ။ ဧတ္ထ တယော စေ သာရရုက္ခာ ဟောန္တိ၊ ဒွေ အသာရရုက္ခာ၊ သာရရုက္ခာနံ ဗဟုတ္တံ ဣစ္ဆိတဗ္ဗံ။ (ဝဇိရဗုဒ္ဓိ၊ ၄၅၂။)

(၄) အခွံလျှင်အနှစ်ရှိသော ထန်းပင် အုန်းပင်စသည်သည် သစ်ပင်နိမိတ်မလောက်ပါ၊ အတွင်း၌ အနှစ်ရှိ၍ အသက်ရှင်လျက်ရှိသော အပင်မျိုးသည် အောက်ထစ်ဆုံးအားဖြင့် အမြင့်လက်၈ သစ် လုံးပတ် သီဟိုဠ်ကြည်စ်ရီးပမာဏရှိမူ"သစ်ပင်နိမိတ်"လောက်၏။ ထို့အောက်သေးငယ်လျှင် မအပ်။

ရုက္ခနိမိတ္တေ တစသာရော တာလနာဠိကေရာဒိရုက္ခော န ဝဋ္ဋတိ၊ အန္တောသာရော ဇီဝမာနကော အဋ္ဌမသော ဥဗ္ဗေဓတော အဋ္ဌင်္ဂုလော ပရိဏာဟတော သူစိဒဏ္ဍကပ္ပမာဏောပိ ဝဋ္ဋတိ၊ တတော ဩရံ န ဝဋ္ဋတိ၊ ပရံ ဒွါဒသယောဇနော သုပ္ပတိဋ္ဌိတနိဂြောဓောပိ ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၀။)

ရုက္ခော ဇီဝန္တောယေဝ အန္တောသာရော ဘူမိယံ ပတိဋ္ဌိတော၊ အဋ္ဌမသော ဥဗ္ဗေဓတော အဋ္ဌင်္ဂုလော, ပရိဏာဟတော သူစိ

ဒဏ္ဍကပ္ပမာဏောပိ နိမိတ္တုပဂေါ၊ တတော ခြမကတရော န ဝဋ္ဋတိ။ (ကင်္ခါ၊ ၄၊ ၈၉။)

သီဟိုဠ်ကညစ်ရိုးသည် လက်သန်းပမာဏရှိ၏ဟု (သာရတ္ထ၊ ၃၊ ၂၇၀)၌ ဆို၏။

သူစိဒဏ္ဍကပ္ပမာဏောတိ သီဟဠဒီပေ လေခနဒဏ္ဍပ္ပမာဏောတိ ဝဒန္တိ၊ သော စ ကနိဋ္ဌင်္ဂုလိပရိမာဏောတိ ဒဋ္ဌဗ္ဗံ။

(၅) လမ်းနိမိတ်၌ တောသွားလမ်း, လယ်သွားလမ်း, မြစ်သွားလမ်း, တစ်ဖက်ဆည်ကန်သွားလမ်းစသည်တို့သည် မအပ်ကုန်၊ ၂ ရွာ ၃-ရွာထုတ်ချင်းထွင်း၍သွားသော လူသွားလမ်း, လှည်းသွားလမ်းတို့သည်သာ "လမ်းနိမိတ်"အဖြစ် အပ်ကုန်၏။

မဂ္ဂနိမိတ္တေ အရညခေတ္တနဒီတဠာကမဂ္ဂါဒယော န ဝဋ္ဋန္တိ၊ ဇင်္ဃမဂ္ဂေါ ဝါ သကဋမဂ္ဂေါ ဝါ ဝဋ္ဋတိ၊ ယော နိဗ္ဗိဇ္ဈိတွာ ဒွေ တီဏိ ဂါမန္တရာနိ ဂစ္ဆတိ။ ယော ပန ဇင်္ဃမဂ္ဂေါ သကဋမဂ္ဂတော ဩက္ကမိတွာ ပုန သကဋမဂ္ဂမေဝ ဩတရတိ၊ ယေ ဝါ ဇင်္ဃမဂ္ဂ သကဋမဂ္ဂါ အဝဠဉ္ဇာ၊ တေ န ဝဋ္ဋန္တိ။ ဇင်္ဃသတ္ထသကဋသတ္ထေဟိ ဝဠဉ္ဇိယမာနာယေဝ ဝဋ္ဋန္တိ။ (ဝိ၊ ၄၊ ၃၊ ၃၂၀။)

မဂ္ဂေါ ဇင်္ဃမဂ္ဂေါ ဝါ ဟောတု သကဋမဂ္ဂေါ ဝါ၊ ယော ဝိနိဝိဇ္ဈိတွာ ဒွေ တီဏိ ဂါမခေတ္တာနိ ဂစ္ဆတိ၊ တာဒိသော ဇင်္ဃသတ္ထသကဋသတ္ထေဟိ ဝလဉ္ဇိယမာနောယေဝ နိမိတ္တုပဂေါ၊ အဝလဉ္ဇိတော (အဝလဉ္ဇိယမာနော=သျှာ) န ဝဋ္ဋတိ။ (ကင်္ခါ၊ ၄၊ ၈၉။)

(၆) တောင်ပို့နိမိတ်၌ အောက်ထစ်ဆုံးအပိုင်းအားဖြင့် သိမ်သမုတ်မည့်နေ့မှာပင် ပေါက်လာသော လက်၈ သစ်အမြင့်ရှိ၍ လုံးပတ်နွားချိုပမာဏရှိသော တောင်ပို့သည်ပင် "တောင်ပို့နိမိတ်"အဖြစ် အပ်တော့သည်၊ ထို့အောက်ငယ်လျှင် မအပ်၊ ထို့ထက်ကြီးသော တောင်ပို့ကား ဟိမဝန္တာတောင်လောက်ပင် ဖြစ်သော်လည်း အပ်သည်။

ဝမ္မိကနိမိတ္တေ ဟေဋ္ဌိမပရိစ္ဆေဒေန တံ ဒိဝသံ ဇာတော အဋ္ဌင်္ဂုလုဗ္ဗေဓော ဂေါဝိသာဏပ္ပမာဏောပိ ဝဋ္ဋတိ၊ တတော ခြရံ န ဝဋ္ဋတိ၊ ပရံ ဟိမဝန္တပဗ္ဗတသဒိသောပိ ဝဋ္ဋတိ။ (ဝိ၊ ၄၊ ၃၊ ၃၂၁။)

ဝမ္မိကော ပန ဟေဋ္ဌိမပရိစ္ဆေဒေန တံဒိဝသံ ဇာတော အဋ္ဌင်္ဂုလုဗ္ဗေဓော ဂေါဝိသာဏမတ္တောပိ ဝမ္မိကော နိမိတ္တုပဂေါ၊ တတော ခြမကတရော န ဝဋ္ဋတိ။ (ကင်္ခါ၊ ၄၊ ၈၉။)

မှတ်ချက် ။ ။ တောင်ပို့နိမိတ် ။ ။ "ဝမ္မိကော"ဟု စချီပြီး ဖြစ်သောကြောင့် "ဂေါဝိသာဏမတ္တောပိ"နောက်၌"ဝမ္မိကော" ဟု မရှိသင့်။ ရေနိမိတ်များ၌ "ရုက္ခော, မဂ္ဂေါ"ဟု စချီပြီးလျှင် နောက်ထပ် ရုက္ခော, မဂ္ဂေါ မပါတော့ချေ။ အကယ်၍ အာဓာရထားလိုလျှင်လည်း"ဝနနိမိတ္တေ"စသည်ကဲ့သို့ "ဝမ္မိကနိမိတ္တေ"ဟု ထားရာ၏၊ အရတူသောပုဒ်များ၌ ထိုကဲ့သို့ ဝိဘတ်၂ မျိုးလည်း မထားကောင်း။ (ကင်္ခါဘာသာဋီကာ၊ ပ၊ ၅၀။)

(၇) မြစ်နိမိတ်၌ တရားစောင့်သောမင်းတို့၏လက်ထက်၌ကဲ့သို့ လခွဲတစ်ကြိမ်ဖြစ်စေ, ၁၀ ရက်တစ်ကြိမ်ဖြစ်စေ, ၅ ရက်တစ်ကြိမ်ဖြစ်စေ,မိုးရာသီမိုးကောင်းသောအခါဝယ် မိုးလေးလပတ်လုံး ရေမပြတ်သောမြစ်သည်သာ "မြစ်နိမိတ်"လောက်၏၊ မိုးကောင်းမိုးမှန်သော မိုးလေးလအတွင်း ရေအလျဉ်ပြတ်လျှင်သော်လည်းကောင်း, ရေကျန်နေသော်လည်း ရေမစီးလျှင်သော်လည်းကောင်း မြစ်ဟု မခေါ်ရ။

နဒီနိမိတ္တေ ယဿာ ဓမ္မိကာနံ ရာဇူနံ ကာလေ အန္ဝဍ္ဎမာသံ အနုဒသာဟံ အနုပဉ္စာဟန္တိ ဇဝံ အနတိက္ကမိတွာ ဒေဝေ ဝဿန္တေ ဝလာဟကေသု ဝိဂတမတ္တေသု သောတံ ပစ္ဆိဇ္ဇတိ၊ အယံ နဒီသင်္ချံ န ဂစ္ဆတိ။ ယဿာ ပန ဤဒိသေ သုဝုဋ္ဌိကာလေ ဝဿာနဿ စာတုမာသေ သောတံ န ပစ္ဆိဇ္ဇတိ၊ ပ၊ အယံ နဒီသင်္ချံ ဂစ္ဆတိ၊ သီမံ ဗန္ဓန္တာနံ နိမိတ္တံ ဟောတိ။ (ဝိ၊ ၄၊ ၃၊ ၃၂၁။)

(၈) ရေနိမိတ်၌ ရေမရှိရာ အရပ်ဝယ် လှေမှာ ဖြစ်စေ, အိုးစသည်မှာ ဖြစ်စေ ရေထည့်၍ ထိုရေ ကို နိမိတ်ကြားခြင်းငှါ မအပ်၊ မြေမှာ တည်သောရေသာ အပ်သည်၊ ယင်းရေသည်လည်း တွင်း, လေးထောင့်ကန်, တစ်ဖက်ဆည်ကန်, ဇာတဿရအိုင်, ဆားငန်ချောင်း စသည်၌ တည်သောမစီးသောရေသာ အပ်သည်၊ "ရေနိမိတ်"လုပ်နိုင်သည်၊ မြစ်, ရေပြွန်, မြောင်းစသည်တို့၌တည်သော စီးနေသော ရေသည် မအပ်၊ ယင်းတို့ကို ရေနိမိတ်မလုပ်နိုင်။

ဥဒကနိမိတ္တေ နိရုဒကေ ဌာနေ နာဝါယ ဝါ စာဋိအာဒီသု ဝါ ဥဒကံ ပူရေတွာ ဥဒကနိမိတ္တံ ကိတ္တေတုံ န ဝဋ္ဋတိ၊ ဘူမိဂတမေဝ ဝဋ္ဋတိ။ တဉ္စ ခေါ အပ္ပဝတ္တနဥဒကံ အာဝါဋပေါက္ခရဏိတဠာကဇာတဿရလောဏိသမုဒ္ဒါဒီသု ဌိတံ၊ အဋ္ဌိတံ ပန ဩဃနဒီ ဥဒကဝါဟကမာတိကာဒီသု ဥဒကံ န ဝဋ္ဋတိ။ (ဝိ၊ ၄၊ ၃၊ ၃၂၂။)

နိမိတ်အနည်းအများ။ ။ နိမိတ်ထားရာ၌ ၂ ခုတည်းမထားရ၊ ၂-ခုတည်းထားလျှင် အလျားလိုက်ဖြစ်၍ ဘေးဘက်၌ သိမ်အပိုင်းအခြားကို မသိနိုင်၊ ၃-ခုထားလျှင် ၃-ထောင့်သိမ် ဖြစ်နိုင်၏။ ထို့ကြောင့် နိမိတ်၃ ခုမှစ၍ အထက်၌ အလိုရှိသလောက် နိမိတ်များများ ထားနိုင်သည်၊ ယခုကာလ၌ အရပ်ရှစ်မျက်နှာဝယ် နိမိတ်ရှစ်ခု ထားလေ့ရှိကြ၏။ (ကင်္ခါဘာသာဋီကာ၊ ပ။ ၄၅ ၄၆။)

ကျေးဇူးရှင်ဆရာတော်အရှင်သီလာနန္ဒာဘိဝံသ၏ "သိမ်သင်တန်း၊ စာမျက်နှာ ၂၈"၌လည်း "ထောင်နိမိတ် ၂ ခုတည်းဖြင့် ဖြစ်စေ, တစ်ခုတည်းဖြင့် ဖြစ်စေ မသမုတ်အပ်၊ အနည်းဆုံး နိမိတ် ၃ ခုရှိမှ သိမ်အောင်သောကြောင့်တည်း၊ ဆိုလတ္တံ့သော ကျောက်နိမိတ်စသည်တို့၌လည်း နည်းတူပင် မှတ်အပ်၏"။

## ညောင်စောင်းချပုံ

သိမ်ပုံကျမ်းလာ ညောင်စောင်းကွက်ပုံ




သိမ်ပုံကျမ်းလာ ညောင်စောင်းကွက်ချလိုသောအခါ အလျားနှင့်အနံ ညီရသည်၊ ဤပုံမှာ အလျား အတောင်၂၀(ပေ ၆၀)အနံ အတောင် ၂၀(ပေ ၆၀)ရှိသည်၊ ညောင်စောင်းကွက်မှာ အလျား ၄-တောင်, အနံ ၂ တောင်(၆ပေ×၃ပေ) ဖြစ်ပါသည် ။ သိမ်နုတ်ပုံမှာ အမှတ် ၁ အကွက်မှစ၍ အမှတ်စဉ်အတိုင်း လှည့်၍ နုတ်ရမည်၊ အမှတ် ၅၀ အကွက်ပြီးလျှင် ပြီးတော့သည်၊တကွက်စီ၌ ရဟန်း ၅ ပါးချောင်ချောင်ချိချိ ထိုင်နိုင်ပါမည်၊ ထို့ထက်များလျှင် အချင်းချင်း ထိနိုင်စရာ အကြောင်းရှိ၍ မလျော်ပါ၊ သို့သော် ခပ်ကြုံကြုံ့ထိုင်လျှင် ၆ ပါးထိုင်နိုင်ပါသည်။

ဤနုတ်နည်းမှာ "ခရုပတ်"ခေါ်သော နုတ်နည်းတမျိုးပင် ဖြစ်ပါသည်၊ ဤနည်း၌ အမှတ်(၁)မှ (၅၀)အထိ မဟုတ်ပဲ အမှတ် (၅၀) မှ အမှတ်(၁)အထိ ပြောင်းပြန် နုတ်လိုကလည်း နုတ်နိုင်ပါသည် ၊ သို့သော် အနုလုံ, ပဋိလုံ ၂ နည်းလုံး နုတ်ဖွယ် မလိုပါ၊ အကျိုးသက်ရောက်မှု မထူးခြားသောကြောင့် ဖြစ်ပါသည်။ (သိမ်သင်တန်း၊ သိမ်နုတ်နည်း၊ ၁၈၀ ၁၈၁။)

အကွက်တွက်နည်းမှာ အနားတဖက်၏အလျားကွက်ပေါင်းကိုတည်၍ အနားတဖက်၏အနံကွက်ပေါင်းဖြင့် မြှောက်ပါ၊ ရရှိသောဂဏန်းကို ၂ ဖြင့် ထပ်မြှောက်လျှင် လိုအပ်သော အကွက်ပေါင်းရတော့သည်။(၅×၅×၂=၅၀)

## ဝိနယာလင်္ကာရဋီကာလာ ညောင်စောင်းကွက်ပုံ

| | | | |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၈ | ၇ | ၆ | ၅ |
| ၉ | ၁၀ | ၁၁ | ၁၂ |
| ၁၆ | ၁၅ | ၁၄ | ၁၃ |
| ၁၇ | ၁၈ | ၁၉ | ၂၀ |
| ၂၄ | ၂၃ | ၂၂ | ၂၁ |
| ၂၅ | ၂၆ | ၂၇ | ၂၈ |
| ၃၂ | ၃၁ | ၃၀ | ၂၉ |

ဝိနယာလင်္ကာရဋီကာ၌ကား လေးထောင့်စပ်စပ် အကွက်များ မဟုတ်ပဲ ညောင်စောင်းကွက်များ ချပုံကိုပြပါသည်၊ ညောင်စောင်းပမာဏကိုလည်း အလျား ၅-တောင်၊ အနံ ၅-ထွာ (၂ တောင့်တထွာ)ဟု ပြပါသည်၊ အကွက်ချပုံမှာ ကလျာဏီကျောက်စာ၌ ပြသည်နှင့်အတူတူပင် ဖြစ်ပါသည်။

ဤပုံစံအတိုင်း အမှတ်စဉ်အလိုက် နုတ်သွား၍ ၃၂-အကွက်ပြီးလျှင် သိမ်နုတ်ကံပြီးတော့သည်၊ သံဃာအရေအတွက်ကိုပြရာ၌ "၄-ပါးဖြစ်စေ၊ ထိုထက်အလွန်ဖြစ်စေ"ဟု မိန့်၍ နေရာပြောင်းကာ ပြောင်းကာ ဖတ်ရာ၌ "သုံးကြိမ်ဖြစ်စေ၊ ၇ ကြိမ်ဖြစ်စေ" ဟု ဆိုပါသည်၊ ဝိမတိ၌ "၅-ပါး၊ ၆ ပါးမျှ"ဟု ဆိုသည်မှာ "ရဟန်းတို့၏ပကတတ်အဖြစ်ကို သိနိုင်ခဲသောကြောင့်၄င်း၊ လဇ္ဇီပေသလရဟန်းတို့ကိုရနိုင်ခဲသောကြောင့်၄င်း ဖြစ်သည်"ဟု ဆိုပါသည်။ (ဝိမတိ၊ ၁၊ ၃၆၀။)

အကွက်သွားသောနည်းမှာ ယခုအခါ "လူးလာတုန့်ခေါက်"ဟု ခေါ်သောနည်းပင်ဖြစ်ပါသည်။ (သိမ်သင်တန်း၊၁၇၈ ၁၇၉။)

ယခုခေတ် သိမ်နုတ်သောအခါ အထက်ပါပုံစံ ၂ မျိုးကို အသုံးပြုများကြသည်။

## နိမိတ်ကြားပုံ ၂-မျိုး

နိမိတ်ကြားနည်းမှာ အနီးကြား၊ အဝေးကြားဟူ၍ ၂ မျိုးရှိ၏၊ ယင်း၂ မျိုးတွင် အနီးကြားနည်းမှာ ဝိနည်းဓိုရ်တစ်ပါးက နိမိတ်စောင့်များထံသို့သွား၍ မေးလျက် ကြားခြင်းဖြစ်သည်၊ အဝေးကြားနည်းမှာကား သံဃာ့အလယ်၌နေ၍ ဝိနည်းဓိုရ်တစ်ပါးက (မည်သည့်နိမိတ်ရှိသည် ဟု သိထားသော)တစ်ပါးပါးကို မေးလျက် ကြားခြင်းဖြစ်သည်။ အနီးကြားနည်းမှာ နိမိတ်စောင့်က နိမိတ်အနီး၌နေ၍ ဖြေရသည်၊အဝေးကြားမှာမူ နိမိတ်အနီး၌ နေ၍ဖြစ်စေ၊ မနေမူ၍ဖြစ်စေ ထိုထိုအရပ်၌ မည်သည့်နိမိတ်ရှိသည် ဟု သိထားသော မည်သူမဆို ဖြေနိုင်သည်။

### နိမိတ်အနီးကြားပုံ

ဝိနည်းဓိုရ်မေး။ ။ ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ ဤသိမ်၏ အရှေ့အရပ်က အမှတ်အသားဟာ ဘာပါလဲ?။

နိမိတ်စောင့် ဖြေ။ ။ (၁) ပဗ္ဗတော ဘန္တေ တောင်ပါဘုရား။
(၂) ပါသာဏော ဘန္တေ ကျောက်ပါဘုရား။
(၃) ဝနံ ဘန္တေ တောပါဘုရား။
(၄) ရုက္ခော ဘန္တေ သစ်ပင်ပါဘုရား။
(၅) မဂ္ဂေါ ဘန္တေ လမ်းပါဘုရား။

(၆) ဝမ္မိကော ဘန္တေ  တောင်ပို့ပါဘုရား။
(၇) နဒီ ဘန္တေ  မြစ်ပါဘုရား။
(၈) ဥဒကံ ဘန္တေ  ရေပါဘုရား။

ဝိနည်းဓိုရ်နိမိတ်ကြား။  ။ (၁) အယံ ပဗ္ဗတော နိမိတ္တံ  အဲဒီ တောင်ဟာ ဤသိမ်၏အရှေ့အရပ်က အမှတ်အသားဖြစ်သည်။
(၂) အယံ ပါသာဏော နိမိတ္တံ- အဲဒီ ကျောက်ဟာ ဤသိမ်၏အရှေ့အရပ်က အမှတ်အသားဖြစ်သည်။
(၃) ဣဒံ ဝနံ နိမိတ္တံ  အဲဒီတောဟာ ဤသိမ်၏အရှေ့အရပ်က အမှတ်အသားဖြစ်သည်။
(၄) အယံ ရုက္ခော နိမိတ္တံ  အဲဒီသစ်ပင်ဟာ ဤသိမ်၏အရှေ့အရပ်က အမှတ်အသားဖြစ်သည်။
(၅) အယံ မဂ္ဂေါ နိမိတ္တံ  အဲဒီလမ်းဟာ ဤသိမ်၏အရှေ့အရပ်က အမှတ်အသားဖြစ်သည်။
(၆) အယံ ဝမ္မိကော နိမိတ္တံ  အဲဒီတောင်ပို့ဟာ ဤသိမ်၏အရှေ့အရပ်က အမှတ်အသားဖြစ်သည်။
(၇) အယံ နဒီ နိမိတ္တံ  အဲဒီမြစ်ဟာ ဤသိမ်၏အရှေ့အရပ်က အမှတ်သြားဖြစ်သည်။
(၈) ဣဒံ ဥဒကံ နိမိတ္တံ  အဲဒီရေဟာ ဤသိမ်၏အရှေ့အရပ်က အမှတ်အသားဖြစ်သည်။

ဤကား အရှေ့အရပ်တခု၌ နိမိတ် ၈ မျိုးလုံးကို ဖြေခြင်း, ကြားခြင်းများဖြစ်သည်။ အမှန်အားဖြင့် သက်ဆိုင်ရာ နိမိတ်ကိုသာ ဖြေခြင်း, ကြားခြင်းပြုလုပ်ရသည်။ ဤသို့ အရှေ့တောင်, တောင်, အနောက်တောင်, အနောက်, အနောက်မြောက်, မြောက်, အရှေ့မြောက် အစဉ်အတိုင်း မေး, ဖြေ, ကြား သွားပြီးလျှင် အရှေ့အရပ်၌ ပဌမကြားအပ်ပြီးသော နိမိတ်ကို ထပ်၍ မေး, ဖြေ, ကြားရ၏။

ပုရတ္ထိမာယ အနုဒိသာယ  အရှေ့တောင်အရပ်က၊
ဒက္ခိဏာယ ဒိသာယ  တောင်အရပ်က၊
ဒက္ခိဏာယ အနုဒိသာယ- အနောက်တောင်အရပ်က၊
ပစ္ဆိမာယ ဒိသာယ  အနောက်အရပ်က၊
ပစ္ဆိမာယ အနုဒိသာယ  အနောက်မြောက်အရပ်က၊
ဥတ္တရာယ ဒိသာယ  မြောက်အရပ်က၊
ဥတ္တရာယ အနုဒိသာယ  အရှေ့မြောက်အရပ်က၊
ပုရတ္ထိမာယ ဒိသာယ အရှေ့အရပ်က။

## အဝေးကြားပုံ

ဝိနည်းဓိုရ်မေး။  ။ ပုရတ္ထိမာယ ဒိသာယ ကိ နိမိတ္တံ  ဤသိမ်၏အရှေ့အရပ်က အမှတ်အသားဟာ ဘာပါလဲ?။
တပါးပါးက ဖြေ။  ။ ပဗ္ဗတော ဘန္တေ  တောင်ပါဘုရား။
ဝိနည်းဓိုရ်နိမိတ်ကြား။  ။ ဧသော ပဗ္ဗတော နိမိတ္တံ  အဲဒီ တောင်ဟာ ဤသိမ်၏အရှေ့အရပ်က အမှတ်အသားဖြစ်သည်။

ဤသို့ အရပ်အစဉ်အတိုင်း မေး, ဖြေ, ကြား သွားပြီးလျှင် နိမိတ်စပ်အောင် ပဌမကြားအပ်ပြီးသော အရှေ့အရပ်၌ နိမိတ်ကို ထပ်မံ၍ မေး, ဖြေ, ကြားရ၏။ အနီးကြား ကြားသောအခါ "ဣမ (အယံ/ဣဒံ)"သဒ္ဒါကို သုံး၍ အဝေးကြား ကြားသောအခါ "ဧတ (ဧသော/ဧတံ)"သဒ္ဒါကို သုံးသည်။

## ဗဒ္ဓသိမ် ၂ မျိုး

ဗဒ္ဓသိမ်သည် (၁)ခဏ္ဍသိမ်, (၂)မဟာသိမ်ဟူ၍ ၂ မျိုးရှိ၏။

(၁) ကျောင်းတိုက်တစ်ခုလုံးကို မခြုံမငုံမူ၍ ကျောင်းတိုက်၏တစ်ပိုင်းတစ်စိတ်တစ်ထောင့်တစ်ကွက်၌ သမုတ်သော ဗဒ္ဓသိမ်သည် ခဏ္ဍသိမ်မည်၏။ (၂) ကျောင်းတိုက်တခုလုံးကိုဖြစ်စေ, အနီးအစပ်ဖြစ်သော ကျောင်းတိုက်အများကိုဖြစ်စေ ခြုံ၍သမုတ်သောဗဒ္ဓသိမ်သည် မဟာသိမ်မည်၏။

ဘုရားလက်ထက်တော်၌ ရာဇဂြိုဟ်ပြည်မှာ တဆယ့်ရှစ်ရပ်သော ကျောင်းတိုက်ကြီးတို့ကို တသိမ်တည်းပြု၍ သမုတ်၏။ သီဟိုဠ်ကျွန်း၌ အရှင်မဟိန္ဒထေရ်သည် အနုရာဓမြို့ကိုပါ ခြုံ၍ သမုတ်၏။ အနုရာဓမြို့သည် သိမ်တွင်းကျ၏။ ယခုကာလ၌ကား သိမ်

ဆိုလျှင် လူများမဝင်ရ-ဟု ထင်မှတ်ကြ၏။ မာတုဂါမများ မဝင်ဝံ့ရှိကြ၏။ အနုရာဓမြို့သူတို့ကား သိမ်တွင်း၌ နေကြရကုန်၏။
တိုက်ထောင့်ခဏ္ဍ၊ တိုက်လုံးကျ၊ ဗဒ္ဓ သိမ်မဟာ။ (ဝိနယသံခိပ်၊ သိမ်ခန်းအဖြွက်၊ ၁၂၇။)

ခဏ္ဍသိမ်ပမာဏ။ ။ ခဏ္ဍသိမ်ဟူသည် ငယ်သောသိမ်ဖြစ်ကြောင်း သိရပြီ၊ အဘယ်မျှငယ်၍ အဘယ်မျှကြီးသည်ကို ယူရမည် နည်း ဟူ မူ " ယင်းခဏ္ဍသိမ်သည် အောက်ထစ်ဆုံး အပိုင်းအခြားအားဖြင့် ရဟန်း ၂၁- ပါးဆန့်လျှင် အပ်သည် ၊ ထို့ အောက်ငယ်လျှင် မအပ်၊ ထို့ထက်အလွန် ရဟန်းတစ်ထောင်ပင်ဆန့်သော်လည်း အပ်သည်"ဟု အဋ္ဌကထာ(၃၂၃)၌ မိန့်သည်။

သာ ဟေဋ္ဌိမပရိစ္ဆေဒေန သစေ ဧကဝီသတိ ဘိက္ခူ ဂဏှာတိ၊ ဝဋ္ဋတိ။ တတော ဩရံ န ဝဋ္ဋတိ။ ပရံ ဘိက္ခုသဟဿံ ဂဏှန္တီပိ ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၃။)

အကြီးဖက် ပမာဏကိုပြုရာဝယ် "ရဟန်းတစ်ထောင်ဆန့်သော်လည်း အပ်သည်" ဟူသောစကား၌ ယောင်တတ်သည်၊ "ရဟန်းတစ်ထောင်ဆန့်သည်အထိသာ ခဏ္ဍသိမ်-ဟု ခေါ်ရသည်၊ ရဟန်းတစ်ထောင်ဆန့်လောက်သော ပမာဏသည် ခဏ္ဍသိမ်၏အကြီးဆုံး ပမာဏဖြစ်သည်"ဟု ယူမှားမိတတ်သည်၊ အမှန်မှာ ရဟန်းတစ်ထောင်ထက် အလွန်ဆန့်သော်လည်း မဟာသိမ်အတွင်းဖြစ်လျှင် ခဏ္ဍသိမ်-ဟုပင် ခေါ်ရသည်၊ အောက်ပါ သာဓကတို့ကို ရှုပါ။

သဟဿတော အဓိကံ ဂဏှန္တီပိ ဝိဟာရပစ္စန္တေ ခဏ္ဍိတေ ခဏ္ဍသီမာယေဝ နာမ။ (ပါစိတျာဒိယောဇနာ၊ ပ၊သုဓမ္မဝတီ ၂၃၂။)

"ပရံ ဘိက္ခုသဟဿံ ဂဏှန္တီပိ ဝဋ္ဋတိ"ဟူသောစကားကို တစ်ထောင်ထက်အလွန် ဆန့်က မဟာသိမ်မည်သောကြောင့် မိန့်သည်မဟုတ်၊ အလျော်အားဖြင့်သာ်လျှင် မိန့်သတည်း၊ တထောင်ထက် အလွန်ဆန့်စေကာမူ မဟာသိမ်၏အတွင်းကျသောကြောင့် ခဏ္ဍသိမ်မည်သည်သာတည်း (စလင်းဂဏ္ဌိ၊ ၁၈၅)။ (သိမ်သင်တန်း၊ ၁၀၁။)

## ဗဒ္ဓသိမ် ၃ မျိုး

ဗဒ္ဓသိမ်သည်

(၁)ခဏ္ဍသိမ်=ကျောင်းတိုက်တခုလုံးကို ဗဒ္ဓသိမ် သမုတ်လျှင် ထိုသိမ်ကို"မဟာသိမ်"ဟု ယခုအခါ ခေါ်ကြ၏။ထိုသို့ "မဟာသိမ်"သမုတ်ထားလျှင် ကျောင်းတိုက်အတွင်းရှိ သံဃာအားလုံး ကံပြုတိုင်း စုရုံးရသဖြင့် တာဝန်ကြီးလေး၏၊ ထို့ကြောင့် ပရိဝါသ် မာနတ်စသော ကံများ၌ သံဃာအားလုံးမပါပဲလည်း ကံပြီးစေခြင်းငှါ မဟာသိမ်မသမုတ်မီ ကျောင်းတိုက်၏သင့်တော်ရာ အရပ်တခုကိုပိုင်းဖြတ်၍ သမုတ်အပ်သောသိမ်၊

(၂)သမာနသံဝါသကသိမ်=ဗဒ္ဓသိမ်သမုတ်ရာ၌ ပဌမကမ္မဝါစာသည် "သမာနသံဝါသ=တူသော ကံကြီး ကံငယ်ရှိအောင်သမုတ်ကြောင်း" ကမ္မဝါစာဖြစ်၏၊ ထိုကမ္မဝါစာဖြင့် သမုတ်အပ်သောကြောင့် ဗဒ္ဓသိမ်ကိုပင်"သမာနသံဝါသကသိမ်"ဟုလည်း ခေါ်နိုင်၏။[သမာန+သံဝါသ=အတူတကွ နေကြောင်း ကံကြီးကံငယ်ရှိရာသိမ်။]

(၃)အဝိပ္ပဝါသသိမ်=ထို(ပဌမ)ကမ္မဝါစာအပြီးတွင် အဝိပ္ပဝါသကမ္မဝါစာဖြင့် နောက်ထပ် သမုတ်ပြန်၏၊ ထိုကမ္မဝါစာ၏တန်ခိုးကြောင့် ထိုသိမ်အတွင်းမှာ (၃ ယူဇနာ ကျယ်စေကာမူ) တိစီဝရိတ် အဓိဋ္ဌာန်တင်ထားအပ်သော သင်္ကန်းနှင့် ဝေးကွာ၍ နေခွင့်ရ၏။ ထိုဒုတိယအကြိမ်သမုတ်အပ်သော သိမ်ကိုလည်း"အဝိပ္ပဝါသသိမ်"ဟု ခေါ်၏။ [အဝိပ္ပဝါသ=တိစီဝရိတ်အဓိဋ္ဌာန်တင်၍ ထားအပ်သော သင်္ကန်းနှင့် ကင်းကွာ၍ နေသော်လည်း နေသည်မမည်ကြောင်း=နိဿဂ္ဂိမထိုက်ကြောင်း ဖြစ်သောသိမ်။]

ဟူ၍ ၃ မျိုးရှိ၏၊ ဤ"ခဏ္ဍ, သမာနသံဝါသက, အဝိပ္ပဝါသသိမ်"ဟူသည် တသီးတခြား မဟုတ်၊ ပြခဲ့သော ဗဒ္ဓသိမ်ပင် ဖြစ်ရကား (ထမနဲနှင့်ယာဂုအလား) နာမည်သာ ကွဲပြားသောကြောင့် "ခဏ္ဍသီမာ သမာနသံဝါသသီမာ အဝိပ္ပဝါသသီမာတိ တဿာယေဝ ပဘေဒေါ (ကင်္ခါ၊ ဋ္ဌ၊ ၉၀)"ဟု မိန့်သည်။ (ကင်္ခါဘာသာဋီကာ၊ ပ၊ ၅၃ ၅၄။)

## သိမ်သမုတ်နည်း ၂ -မျိုး

သိမ်သမုတ်ရာတွင် (၁) ဝိသုံဂါမအမိန့်ခံ၍ သိမ်သမုတ်နည်း, (၂) ဝိသုံဂါမအမိန့်မခံပဲ နယ်သိမ်း၍ သမုတ်နည်းဟု ၂ မျိုးရှိ၏၊ထို၂ မျိုးတို့တွင် နယ်သိမ်းသမုတ်နည်းက ပို၍ခက်၏ ။

"နယ်သိမ်း"၏အဓိပ္ပါယ်ကား သိမ်သမုတ်မည့်ဂါမခေတ်ကို သုတ်သင်စောင့်ရှောက်ခြင်းကိုပင် ဆိုလိုသည်၊ ဤသို့ သုတ်သင်စောင့်ရှောက်ရခြင်းမှာ ဝဂ်မဖြစ်စေရန်(ကံပြုသံဃာအစု မကွဲစေရန်)ဖြစ်သည်၊ သိမ်သမုတ်မည့် ဂါမခေတ်အတွင်းရှိ ရဟန်းတို့

ကို သိမ်သမုတ်သံဃာ၏ဟတ္ထပါသ်သို့ ရောက်အောင်ဆောင်ခြင်း, သံဃာ့ဟတ္ထပါသ်သို့ မလာရောက်နိုင်သော ရဟန်း (တစ်ပါးဖြစ်စေ, အများဖြစ်စေ) ရှိလျှင် ထိုရဟန်း(တို့)အထံမှ ဆန္ဒယူဆောင်ခြင်း, သို့မဟုတ် ထိုရဟန်းတို့ကို ဂါမခေတ်အတွင်း ရှိနှင့်ပြီး ဝိသုံဂါမသိမ်, ဗဒ္ဓသိမ်တို့အတွင်း၌ဝင်၍ (သိမ်သမုတ်ခြင်းကိစ္စ အစပြုသည်မှ ပြီးသည်တိုင်အောင်) နေစေခြင်းတို့ကို "သုတ်သင်သည်" ဟု ခေါ်၍၊ သိမ်သမုတ်နေစဉ်အတွင်း အခြားဂါမခေတ်မှ ရဟန်းများ သိမ်သမုတ်ရာ ဂါမခေတ်အတွင်းသို့ ဝင်မလာစေရန် လူ, သာမဏေတို့ကို အစောင့်ချထားခြင်းကို "စောင့်ရှောက်ခြင်း"ဟု ခေါ်သည်။

ဤသို့ သုတ်သင်မှု, စောင့်ရှောက်မှုပြုခြင်းကိုပင် "နယ်သိမ်းသည်"ဟု ခေါ်ဝေါ်ခြင်းဖြစ်၏။ ပြခဲ့သည့်အတိုင်း သုတ်သင်, စောင့်ရှောက်မှု ဟူသော နယ်သိမ်းခြင်းကိစ္စကိုပြု၍ သိမ်သမုတ်ခြင်းကို "နယ်သိမ်းသိမ်သမုတ်ခြင်း"ဟု ခေါ်ရသည်။ (သိမ်သင်တန်း၊ ၈၂ ၈၄။)

ဝိသုံဂါမ။ ။ ယမ္ပိ ဧကသ္မိံယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ အယံ ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ၊ တသ္မာ သာ စ ဣတရာ စ ပကတိဂါမနဂရနိဂမသီမာ ဗဒ္ဓသီမာသဒိသာယေဝ ဟောန္တိ၊ ကေဝလံ ပန တိစီဝရဝိပ္ပဝါသပရိဟာရံ န လဘန္တိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၃၃)။

တခုတည်းသောဂါမခေတ်၌ တစိတ်တဒေသသောအရပ်ကို "ဤအရပ်သည် အသီးအခြားရွာ (ဝိသုံဂါမ)ဖြစ်စေဟု ပိုင်းခြားသတ်မှတ်၍ မင်းက တစုံတယောက်အား ပေးလျှင် ထိုအရပ်သည် အသီးအခြားဂါမသိမ် (ဝါ) ဝိသုံဂါမသိမ် ဖြစ်တော့သည်။ ဤဝိသုံဂါမသိမ်နှင့် ပကတိဂါမသိမ်, နဂရသိမ်, နိဂမသိမ်တို့သည် ဗဒ္ဓသိမ်နှင့်တူကုန်၏၊ ယင်းတို့၏အတွင်း၌ ကံကြီးကံငယ်တို့ကိုဆောင်နိုင်ကုန်၏။ တိစီဝရိတ်သက်န်းနှင့်ကင်း၍ မဆောင်နိုင်သည်သာ ထူး၏။

ဝိသုံဂါမအမိန့်ရပြီးသော မြေကွက်၌ သိမ်မသမုတ်ပဲ ကံကြီးကံငယ်ပြုနိုင်ပါလျက် အဘယ့်ကြောင့် သိမ်သမုတ်ရပါသနည်းဟု မေးဖွယ်ရှိ၏၊ ရှေးခေတ်အမိန့်စာတို့၌ သိမ်သမုတ်ရန် အသုံးမပြုလျှင် ပေးရင်းအမိန့်ပျက်ပြယ်စေဟု ပါသောကြောင့်လည်း သိမ်သမုတ်ရခြင်းဖြစ်သည်၊ အခြားအကြောင်းတခုမှာကား ဝိသုံဂါမအမိန့်ကို အစိုးရက ပြန်သိမ်းလိုလျှင် သိမ်းနိုင်သည်၊ ဝိသုံဂါမမြေပေါ်၌ သိမ်သမုတ်မထားလျှင် အမိန့်ကိုပြန်သိမ်းလိုက်သောအခါ ဝိသုံဂါမပျက်သွားမည်ဖြစ်၏၊ ဝိသုံဂါမပျက်သွားလျှင် ထိုနေရာသည် ပကတိဂါမပြန်ဖြစ်သွားသဖြင့် လွယ်ကူစွာ ကံပြုနိုင်သော နေရာမဟုတ်တော့ပေ၊ ဝိသုံဂါမမြေပေါ်၌ ဗဒ္ဓသိမ်သမုတ်ထားလျှင်ကား ဝိသုံဂါမကို ရုပ်သိမ်းလိုက်သောအခါ ဝိသုံဂါမသာ ပျက်သွားသည်၊ သမုတ်ထားသော ဗဒ္ဓသိမ်ကား မပျက်တော့၊ မှန်၏၊ ဗဒ္ဓသိမ်ဟူသည် ကမ္မဝါစာဖြင့် နုတ်သောအခါမှသာ၄င်း, သာသနာကွယ်သောအခါမှသာ၄င်း ပျက်နိုင်သည်၊ အခြားအကြောင်းကြောင့် မပျက်နိုင်၊ ထိုသို့ အစိုးရတို့က ဝိသုံဂါမအမိန့်ကို ရုပ်သိမ်းခဲ့သော်လည်း ရဟန်းတော်များ ကံပြုနိုင်သော ဗဒ္ဓသိမ်အဖြစ် ကျန်ရှိစိမ့်သောငှါ ဗဒ္ဓသိမ်သမုတ်ရခြင်း ဖြစ်လေသည်။ (သိမ်သင်တန်း၊ ၂၂၀။)

မှတ်ချက်။ ။ မင်းသာ ဝိသုံဂါမ ပေးနိုင်သည်ဟု တိုက်ရိုက်ပြသော်လည်း မင်းထံမှမြေကိုခွဲနိုင်, စိတ်နိုင်သော အာဏာရရှိထားသော လက်အောက်အရာရှိတို့လည်း ပေးနိုင်သည်ဟု ယူအပ်၏။ (အကျယ်ကို တိပေဋကဝိနိစ္ဆယကျမ်းမှာ ကြည့်ပါ)၊

ဂါမကြီး၌၊ နယ်သီးကွက်မှု၊ မင်းစိုးပြု၊ ဝိသုဂါမသာ။ (ဝိနယသံခိပ်၊ ၁၃၀။)

## အဗဒ္ဓသိမ် ၃ မျိုး

အဗဒ္ဓသီမာ ပန ဂါမသီမာ, သတ္တဗ္ဘန္တရသီမာ, ဥဒကုက္ခေပသီမာတိ တိဝိဓာ။ (ကင်္ခါ၊ ဋ္ဌ၊ ၉၀။)

(၁) ဂါမသိမ်= ထိုထိုတိုင်းပြည်အတွင်း၌ သူကြီးတယောက် ကြီးစိုးရာဖြစ်ကြသော ရွာနယ်အသီးသီး, မြို့နယ်အသီးသီး, နိဂုံးနယ်အသီးသီးသည် တခုတခုစီသော ဂါမသိမ်အသီးသီး ဖြစ်ကြ၏။ အသီးသီးသော ဗဒ္ဓသိမ်စုနှင့်တူ၏။ တခုသော ရွာနယ်တွင်ရှိသော သံဃာကို အကုန် သိမ်ရုံးနိုင်ခဲ့သည်ရှိသော် ထိုနယ်ရွာအတွင်းမှာ ဘယ်နေရာ၌မဆို ဥပသမ္ပဒစသော ကံကြီးကံငယ်တို့ကို ပြုရ၏။ အနီးအစပ်ဖြစ်ကုန်သော တပါးသော ရွာနယ်တို့နှင့် သစ်ပင်ချုံနွယ်စသည် ကူးယှက်သော်လည်း အဋ္ဌကထာတို့၌ သင်္ကရဖြစ်မှုကို ပြဆိုချက်မရှိ။ (ဝိနယသံခိပ်၊ သိမ်ခန်းအဖြွက်၊ ၁၃၀။)

ဂါမဂ္ဂဟဏေန စေတ္ထ နဂရမ္ပိ ဂဟိတမေဝ ဟောတိ။ တတ္ထ ယတ္တကေ ပဒေသေ တဿ ဂါမဿ ဘောဇကာ ဗလိံ လဘန္တိ၊ သော ပဒေသော အပ္ပေါ ဝါ ဟောတု မဟန္တော ဝါ ဂါမသီမာတွေဝ သင်္ချံ ဂစ္ဆတိ။ နဂရနိဂမသီမာသုပိ ဧသေဝ နယော။

(ဝိ၊ ဋ္ဌ၊ ၃၊ ၃၃၃။)

ယာဝတာ ဇော် ဂါမက္ခေတ္တံ၊ အယံ ဂါမသီမာ နာမ။ (ကင်္ခါ၊ ၄၊ ၉၀။)

ရွာ-နိဂုံး-မြို့ အထူး [ဆရာမြတ်တို့ ဆောင်ပုဒ်]

၁။ တံတိုင်း မလုံ၊ ဈေးသာစုံ၊ နိဂုံ အမည်ပေး။

၂။ တံတိုင်းရံပြု၊ ဈေးလည်းစု၊ မြို့ဟု ခေါ်ရန်ပေး။

၃။ တံတိုင်း ဈေးနာ၊ မရှိပါ၊ ရွာသာ မည်လေသေး။ (ကင်္ခါဘာသာဋီကာ၊ ပ၊ ၅၄။)

(၂) သတ္တဗ္ဘန္တရသိမ်=လူတို့နေရာ ရွာနယ် မြို့နယ် နိဂုံးနယ်တို့မှ အလွတ်ဖြစ်၍ ဤအရပ်ကား မည်သည့်ရွာနယ် ဖြစ်သည်ဟု ပြောဆိုခွင့်မရှိသော တောအရပ် တောင်အရပ်များ၌ သတ္တဗ္ဘန္တရသိမ်ကို ရအပ်၏။

အဂါမကေ စေတိ ဂါမနိဂမနဂရသီမာဟိ အပရိစ္ဆိန္နေ အဋဝိပ္ပဒေသေ။ (ဝိ၊ ၄၊ ၃၊ ၃၃၃။)

အဂါမကေ သမန္တာ သတ္တဗ္ဘန္တရာ သတ္တဗ္ဘန္တရသီမာ နာမ။ (ကင်္ခါ၊ ၄၊ ၉၀။)

ရွာနယ်လွတ်လေ၊ တောတောင်မြေ၊ ယူလေ သတ္တဗ္ဘန္တရာ။ (ဝိနယသံခိပ်၊ သိမ်ခန်းအဖြက်၊ ၁၃၁။)

နှစ်ဆယ့်ရှစ်တောင်သည် အဗ္ဘန္တရတစ်ခုမည်၏၊ အဗ္ဘန္တရ ခုနစ်ခုသည် အတောင်(၁၉၆)ရှိ၏၊ တစ်ဘက် အဘို့တည်း။ အရှေ့အနောက်ဖြစ်စေ, တောင်မြောက်ဖြစ်စေ ထုတ်ချင်းခတ် တိုင်းတာသည်ရှိသော် အတောင်(၃၉၂)ဖြစ်၏၊ ဤကား သတ္တဗ္ဘန္တရသိမ်တစ်ခု၏အကျယ်ပမာဏတည်း။

တောင်နှစ်ဆယ့်ရှစ်၊ 'အဗ္ဘန်တစ်၊ ခုနစ်ဆနောဧး။ [ဆ=၆, နော=၉, ဧး=၁]

ထုတ်ချင်းခတ်မူ၊ နှစ်ပြန်ယူ၊ တော်မူ ဒွိ,နော,တေး။ [ဒွိ=၂, နော=၉, တေး=၃]

သံဃာစွန်းမှ၊ ခုနစ်အန္တရာ၊ ယူမြဲသာ၊ သံဃာ ပွားတိုင်းပွား၊ (ဝိနယသံခိပ်၊ သိမ်ခန်းအဖြက်၊ ၁၃၁ ၁၃၂။)

အဗ္ဘန္တရတစ်ခုလျှင် ၂၈ တောင်ရှိ၏၊ ပရိသတ်ပြင်ဘက်၌ ထုတ်ချင်းပေါက် ၁၄ အဗ္ဘန္တရ(အတောင်၃၉၂)ရှိသော အရပ်ကို (ပရိသတ်ပါတွက်လျှင် ထို့ထက်ပင် ကျယ်ရမည်ဖြစ်ရကား) တောယေလျှင် ထိုအဗ္ဘန္တရ မရနိုင်သောကြောင့် "ဝိဉ္ဈာတော သမုဒ္ဒရာအလယ်ကျွန်းငယ်တို့၌သာ ရနိုင်သည်"ဟုဆိုသည်၊ အဂမနပထ ဟူသည် နေ့ချင်းမပြန်နိုင်သော လမ်းရှိသော တောတည်း၊ နေ့ချင်းပြန်နိုင်မူကား ထိုကျွန်းသည် နီးရာ ဂါမတွင် ပါဝင်၏၊ သို့ဖြစ်လျှင် ဝိဉ္ဈာဋဝိအာဒီသု၌ အာဒိဖြင့်လည်း နေ့ချင်းမပြန်နိုင်သော တောဟူသမျှကို ယူသင့်သည်။ (ကင်္ခါဘာသာဋီကာ၊ ပ၊ ၅၅။)

အထ ဝါ အဂါမကေစေတိ ဝိဉ္ဈာဋဝိသဒိသေ အရညေ ဘိက္ခု ဝသတိ၊ အထဿ ဌိတောကာသတော သမန္တာ သတ္တဗ္ဘန္တရာ သမာနသံဝါသကသီမာတိ အတ္ထော။ အယံ သီမာ တိစီဝရဝိပ္ပဝါသပရိဟာရမ္ပိ လဘတိ။ တတ္ထ ဇော် အဗ္ဘန္တရံ အဋ္ဌဝီသတိဟတ္ထပ္ပမာဏံ ဟောတိ၊ မဇ္ဈေ ဌိတဿ သမန္တာ သတ္တဗ္ဘန္တရာ ဝိနိဗ္ဗေဓေန စုဒ္ဒသ ဟောန္တိ။ (ဝိ၊ ၄၊ ၃၊ ၃၃၃။)

တတ္ထ အဂါမကံ နာမ အရညံ ဝိဉ္ဈာဋဝိအာဒီသု ဝါ သမုဒ္ဒမဇ္ဈေ ဝါ မစ္ဆဗန္ဓာနံ အဂမနပထေသု ဒီပကေသု လဗ္ဘတိ။

သမန္တာ သတ္တဗ္ဘန္တရာတိ မဇ္ဈေ ဌိတာနံ သဗ္ဗဒိသာသု သတ္တဗ္ဘန္တရာ ဝိနိဗ္ဗေဓေန စုဒ္ဒသ ဟောန္တိ။ တတ္ထ ဇော် အဗ္ဘန္တရံ အဋ္ဌဝီသတိဟတ္ထပ္ပမာဏံ ဟောတိ၊ အယဉ္စ သီမာ ပရိသာဝသေန ဝဍ္ဎတိ၊ တသ္မာ သမန္တာ ပရိသာပရိယန္တတော ပဋ္ဌာယ အဗ္ဘန္တရပရိစ္ဆေဒေါ ကာတဗ္ဗော။(ကင်္ခါ၊ ၄၊ ၉၀။)

(၃) ဥဒကုက္ခေပသိမ်=မြစ်ကြီးမြစ်ငယ် ပင်လယ် သမုဒြာ ဇာတဿရခေါ်သော အင်းကြီးအင်းငယ် အိုင်ကြီးအိုင်ငယ် ရေနယ်ရေခေတ်ဟူသမျှတို့၌ ဥဒကုက္ခေပသိမ်ကို ရအပ်၏။

မြစ်သမုဒြာ၊ ဇာတဿရ၊ ရေနယ်ကျ၊ ဥဒကုက္ခေပါ။ (ဝိနယသံခိပ်၊ သိမ်ခန်းအဖြက်၊ ၁၃၂။)

မင်းစိုးရာဇာတို့ တရားစောင့်သောအခါ၌ မိုးဥတုမှာ ငါးရက်တကြိမ် ဆယ်ရက်တကြိမ် မလွန်မူ၍ ရွာသောမိုးကို မိုးမှန်ဆိုသည်။ ထိုကဲ့သို့ ရွာသောအခါ၌ မိုးလေးလပတ်လုံး အဝန်းညီစွာ ဝတ်ရုံ၍ ကူးသော ရဟန်း၏သင်းပိုင်စွန်းကို စွတ်လောက်အောင် မပြတ်စီးသော ရေရှိသော ချောင်းမြောင်းသည် အယုတ်ဆုံးအားဖြင့် မြစ်အင်္ဂါလောက်၏။ ။ မိုးမှန်မရွာမူ၍ မိုးပါးရှားသောအခါ၌ မိုးလအတွင်းမှာပင် ရေပြတ်ခဲ့သော်လည်းကောင်း, ဆောင်းလ နွေလတို့၌ ရေမရှိခဲ့သော်လည်းကောင်း သဲသောင်ပြင်အတိ ဖြစ်နေသော်လည်း မြစ်ပင်သာတည်း။ မြစ်အင်္ဂါမပျက် သဲပြင် သောင်ပြင်ပေါ်၌ပင် ကံကြီးကံငယ် ပြုရ၏။

သဗ္ဗာ ဘိက္ခဝေ နဒီ အသီမာတိ ယာ ကာစိ နဒီလက္ခဏပ္ပတ္တာ နဒီနိမိတ္တာနိ ကိတ္တေတွာ"ဧတံ ဗဒ္ဓသီမံ ကရောမာ"တိ ကတာပိ အသီမာဝ ဟောတိ၊ သာ ပန အတ္တနော သဘာဝေနေဝ ဗဒ္ဓသီမာသဒိသာ၊ သဗ္ဗမေတ္ထ သံဃကမ္မံ ကာတုံ ဝဋ္ဋတိ။ (ဝိ၊၄၊၃၊ ၃၃၃။)

မိုးမှန်ရွာက၊ မိုးလေးလတွင်း၊ သင်းပိုင်စွတ်လောက်၊ စီးတုံမြောက်၊ လောက်ပြီး မြစ်အင်္ဂါ။
မိုးခေါင်သော်လည်းကောင်း၊ ဆောင်းနွေပေါက်ဘိ၊ ရေမရှိ၊ သဲတိ မြစ်ပင်သာ။ (ဝိနယသံခိပ်၊ သိမ်ခန်းအဖွင့်၊၁၃၂။)

မိုးမှန်ရွာသောအခါ၌ လူတို့၏တူးမှု ဆွမှု ဆယ်မှု ဖို့မှုတို့ဖြင့် ပြုလုပ်ခြင်းမရှိပဲ ရေ၏အစွမ်းသက်သက်ဖြင့် အင်းအိုင်ကြီးငယ်ဖြစ်၍ မိုးလေးလပတ်လုံး လက်ခြေဆေးလောက်အောင် ရေမပြတ်တည်နေသောဌာန ဇာတဿရလောက်၏။ မိုးပါးရှားသောအခါ မိုးလေးလအတွင်း၌သော်လည်းကောင်း, ဆောင်းနွေတို့၌သော်လည်းကောင်း ရေမရှိသော်လည်း ထိုနေရာ၌ လူတို့သည် ဘူး,ဖရုံ, ဂျုံ မယင်း စိုက်ပျိုးမှုကို မပြုကြသည်ဖြစ်ကုန်မူကား ဇာတဿရ ပကတိအတိုင်းပင်၊ ရေမရှိသော အိုင်အပြင်၌ ကံကြီးကံငယ် ဆောင်ရ၏။

ဇာတဿရော နာမ ယေန ကေနစိ ခဏိတွာ အကတော သယံဇာတသောဗ္ဘာ [သယံဇာတသောမ္ဘော(က)] သမန္တတော အာဂတေန ဥဒကေန ပူရိတော တိဋ္ဌတိ။ (ဝိ၊ ၄၊ ၃၊ ၃၃၃။)

ဇာတဿရေ ကမ္မံ ကရောန္တေဟိပိ ယတ္ထ ပုဗ္ဗေ ဝုတ္တပ္ပကာရေ ဝဿကာလေ ဝဿေ ပစ္ဆိန္နမတ္တေ ပိဝိတုံ ဝါ ဟတ္ထပါဒေ ဝါ ဓောဝိတုံ ဥဒကံ န ဟောတိ, သုက္ခတိ၊ အယံ န ဇာတဿရော၊ ဂါမက္ခေတ္တသင်္ချမေဝ ဂစ္ဆတိ၊ တတ္ထ ကမ္မံ န ကာတဗ္ဗံ။ ယတ္ထ ပန ဝုတ္တပ္ပကာရေ ဝဿကာလေ ဥဒကံ သန္တိဋ္ဌတိ၊ အယမေဝ ဇာတဿရော။ တဿ ယတ္တကေ ပဒေသေ ဝဿာနံ စာတုမာသေ ဥဒကံ တိဋ္ဌတိ၊ တတ္ထ ကမ္မံ ကာတုံ ဝဋ္ဋတိ။ ။ သမဝဿဒေဝကာလေ ပဟောနကဇာတဿရော ပန သစေပိ ဒုဗ္ဗုဋ္ဌိကာလေ ဝါ ဂိမှဟေမန္တေသု ဝါ သုက္ခတိ၊ နိရုဒကော ဟောတိ၊ တတ္ထ သံဃကမ္မံ ကာတုံ ဝဋ္ဋတိ။...။ သစေ ပနေတ္ထ ဥဒကတ္ထာ အာဝါဋံ ဝါ ပေါက္ခရဏီ အာဒီနိ ဝါ ခဏန္တိ၊တံ ဌာနံအဇာတဿရော ဟောတိ၊ ဂါမသီမာသင်္ချံ ဂစ္ဆတိ။ လာဗုတိပုသကာဒိဝပ္ပေ [လာပုတိမ္ဗရုသကာဒိဝပ္ပေ (သီ)] ကတေပိ ဧသေဝ နယော။ (ဝိ၊ ၄၊ ၃၊ ၃၃၆ ၃၃၇။)

လူမပြုဘဲ၊ သူ့အလိုဇနီ၊ အင်း,အိုင်ဖြစ်၍၊ မိုးခေတ်လေးလ၊ ရေတည်က၊ လောက်ထ ဇာတဿာ။
ဆောင်းနွေရောက်ဘိ၊ ရေမရှိ၊ ပကတိပင်သာ။ (ဝိနယသံခိပ်၊ သိမ်ခန်းအဖွင့်၊ ၁၃၂ ၁၃၃။)

ရေရှိရာ၌ ရေကိုလည်းကောင်း, သဲသောင်ပြင်၌ သဲတို့ကိုလည်းကောင်း အားကုန်လွှဲ၍ ပစ်ကြဲသည်ရှိသော် ထိုရေ ထိုသဲတို့၏ကျရာအရပ်အတွင်းဖြစ်သော ရေပြင် သောင်ပြင်အရပ်သည် ဥဒကုက္ခေပသိမ်ဖြစ်၏။

ယံ မၛ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေပါတိ ယံ ဌာနံ မၛ္ဈိမဿ ပုရိသဿ သမန္တတော ဥဒကုက္ခေပေန ပရိစ္ဆိန္နံ။ ကထံ ပန ဥဒကံ ဥက္ခိပိတဗ္ဗံ? ယထာ အက္ခဓုတ္တာ ဒါရုဂုဠံ ခိပန္တိ၊ ဧဝံ ဥဒကံ ဝါ ဝါလိကံ ဝါ ဟတ္ထေန ဂဟေတွာ ထာမမၛ္ဈိမေန ပုရိသေန သဗ္ဗထာမေန ခိပိတဗ္ဗံ။ ယတ္ထ ဧဝံ ခိတ္တံ ဥဒကံ ဝါ ဝါလိကာ ဝါ ပတတိ၊ အယမေကော ဥဒကုက္ခေပေါ၊ တဿ အန္တော ဟတ္ထပါသံ ဝိဇဟိတွာ ဌိတော ကမ္မံ ကောပေတိ။ ယာဝ ပရိသာ ဝဍ္ဎတိ၊ တာဝ သီမာပိ ဝဍ္ဎတိ၊ ပရိသပရိယန္တတော ဥဒကုက္ခေပေါ ယေဝ ပမာဏံ။ ဇာတဿရသမုဒ္ဒေသုပိ ဧသေဝ နယော။ (ဝိ၊ ၄၊ ၃၊ ၃၃၄။ ကင်္ခါ၊ ၄၊ ၉၁။)

အားကုန်လွှဲ၍၊ ရေ,သဲ ကြဲပစ်၊ ကျရာခေတ်၊ သိမ်ဖြစ် ရေ,သောင်မှာ။ (ဝိနယသံခိပ်၊ သိမ်ခန်းအဖွင့်၊ ၁၃၃။)

မြစ်အင်္ဂါ ဇာတဿရအင်းအိုင်အင်္ဂါ ညီညွတ်ရာ အရပ်တိုင်း၌ သိမ်ငြိမ်းဆောက်၍ ပြုအပ်၏ ဟူလို။

ယတ္ထ ပန ဝုတ္တပ္ပကာရေ ဝဿကာလေ ဥဒကံ သန္တိဋ္ဌတိ၊ အယမေဝ ဇာတဿရော။ တဿ ယတ္တကေ ပဒေသေ ဝဿာနံ စာတုမာသေ ဥဒကံ တိဋ္ဌတိ၊ တတ္ထ ကမ္မံ ကာတုံ ဝဋ္ဋတိ။ သစေ ဂမ္ဘီရံ ဥဒကံ၊ အဋ္ဋကံ ဗန္ဓိတွာ တတ္ထ ဌိတေဟိပိ ဇာတဿရဿ အန္တောဇာတရုက္ခမှိ ဗဒ္ဓအဋ္ဋကေပိ ကာတုံ ဝဋ္ဋတိ။ (ဝိ၊ ၄၊ ၃၊ ၃၃၆။)

ရေပြင်, ရွှံပြင်၊ ဖြစ်ခဲ့လျှင်၊ ထိုတွင် သိမ်ငြိမ်းထား။

လှေ,ဘောင်တို့နှင့် ကံပြုကြရာ၌ လှေကြိုး ဖေါင်ကြိုးများကို မြစ်ကမ်း၌ လှမ်း၍မချည်ရ၊ ထိုနေရာ၌သာ ဝါးစိုက်၍ ကျောက်ချလျက် ပြုရမည်။

နဒိယာ ပန ကမ္မံ ကရိဿာမာတိ ဂတေဟိ သစေ နဒီ ပရိပုဏ္ဏာ ဟောတိ သမတိတ္တိကာ၊ ဥဒကသာဋိကံ နိဝါသေတွာပိ အန္တောနဒိယံယေဝ ကမ္မံ ကာတဗ္ဗံ။ သစေ န သက္ကောန္တိ၊ နာဝါယပိ ဌတွာ ကာတဗ္ဗံ။ ဂစ္ဆန္တိယာ ပန နာဝါယ ကာတုံ န ဝဋ္ဋတိ။ ကသ္မာ? ဥဒကုက္ခေပမတ္တမေဝ ဟိ သီမာ၊ တံ နာဝါ သီဃမေဝ အတိက္ကာမေတိ။ ဧဝံသတိ အညိဿာ သီမာယ ဉတ္တိ, အညိဿာ အနုဿာဝနာ ဟောတိ၊ တသ္မာ နာဝံ အရိတ္တေန ဝါ ဌပေတွာ ပါသာဏေ ဝါ လမ္ဗိတွာ [လင်္ဂေတွာ(သီ)] အန္တောနဒိယံ ဇာတရုက္ခေ

ဝါ ဗန္ဓိတွာ ကမ္မံ ကာတဗ္ဗံ။ အန္တောနဒိယံ ဗဒ္ဓအဋ္ဌကေပိ အန္တောနဒိယံ ဇာတရုက္ခေပိ ဌိတေဟိ ကာတုံ ဝဋ္ဋတိ။...။ ဗဟိနဒိတီရေ ဇာတရုက္ခဿ အန္တောနဒိယံ ပဝိဋ္ဌသာခါယ ဝါ ပါရောဟေ ဝါ နာဝံ ဗန္ဓိတွာ ကမ္မံ ကာတုံ န ဝဋ္ဋတိ။ ကရောန္တေဟိ သီမာ ဝါ သောဓေတဗ္ဗာ၊ ဆိန္ဒိတွာ ဝါဿ ဗဟိ ပတိဋ္ဌိတဘာဝေါ နာသေတဗ္ဗော။ နဒီတီရေ ပန ခါဏုကံ ကောဋ္ဋေတွာ တတ္ထ ဗဒ္ဓနာဝါယ န ဝဋ္ဋတိ။ (ဝိ၊ ၃၊ ၃၊ ၃၃၄ ၅။)

လှေ,ဘောင်နှင့်သာ၊ ပြုကြရာ၊ ကမ်းမှာ မချည်ရ။ (ဝိနယသံခိပ်၊ သိမ်ခန်းအဖြွက်၊ ၁၃၂ ၁၃၄။)

## စပ်ကောင်းသောသိမ်များ

- ဂါမသိမ်အချင်းချင်း၊
- ဂါမသိမ်နှင့် ဗဒ္ဓသိမ်၊
- နဒီသိမ်နှင့် ဥဒကုက္ခေပသိမ်၊
- အရညသိမ်နှင့် သတ္တဗ္ဗန္တရသိမ်။

ဂါမသိမ်နှင့် ဗဒ္ဓသိမ်နှစ်ပါးသည် နိဿယနိဿိတဖြစ်ကြ၍ အဇ္ဈောတ္ထရဏအပြစ်လည်းမရှိ, သမ္ဘေဒအပြစ်လည်းမရှိ, သစ်ပင်ချုံနွယ်စသည်ကူးယှက်သော်လည်း ကံပျက်ရန် သက်ရအပြစ်လည်းမရှိ။

တာသံ[ဂါမသီမာဗဒ္ဓသီမာနံ] နိဿယနိဿိတဘာဝေန သဘာဂတာ, သမ္ဘေဒဇ္ဈောတ္ထရဏာဒိဒေါသာဘာဝေါ စ သုတ္တတောဝ သိဒ္ဓေါ။ သက်ရတာ·သိ (ဝိမတိ၊ ၂၊ ၁၅၀။)

ဂါမနှင့်ဗဒ်၊ လွမ်းစပ်ရောဘိ၊ ပြစ်မရှိ၊ နိဿိ, နိဿယ။ (ဝိနယသံခိပ်၊ သိမ်ခန်းအဖြွက်၊ ၁၃၄။)

ဗဒ္ဓသီမာဂါမသီမာနံ အညမညံ သဘာဂတာ, သမ္ဘေဒါဒိဒေါသာဘာဝေါ စ သုတ္တသုတ္တာနုလောမတော သိဒ္ဓေါ။ ဣမိနာ ဧဝ နယေန အရညသီမာသတ္တဗ္ဗန္တရသီမာနံ, နဒီအာဒိဥဒကုက္ခေပသီမာနဉ္စ သုတ္တသုတ္တာနုလောမတော အညမညံ သဘာဂတာ, သမ္ဘေဒါဒိဒေါသာဘာဝေါ စ သိဒ္ဓေါတိ ဝေဒိတဗ္ဗော။ (ဝိမတိ၊ ၂၊ ၁၅၀-၁၅၁။)

## မစပ်ကောင်းသောသိမ်များ

- ဗဒ္ဓသိမ်အချင်းချင်း၊
- ဥဒကုက္ခေပသိမ်အချင်းချင်း၊
- သတ္တဗ္ဗန္တရသိမ်အချင်းချင်း၊
- ဗဒ္ဓသိမ်နှင့် ဥဒကုက္ခေပသိမ်၊
- ဗဒ္ဓသိမ်နှင့် သတ္တဗ္ဗန္တရသိမ်၊
- ဥဒကုက္ခေပသိမ်နှင့် ဂါမသိမ်၊
- ဥဒကုက္ခေပသိမ်နှင့် သတ္တဗ္ဗန္တရသိမ်။

ထိုသို့ စပ်ကောင်းသောသိမ်, မစပ်ကောင်းသောသိမ် ဟု နှစ်မျိုးရှိရာတွင် စပ်ကောင်းသောသိမ်ကို သဘာဂသိမ် (သဘောတူသောသိမ်), မစပ်ကောင်းသော သိမ်ကို ဝိသဘာဂသိမ်(သဘောမတူသောသိမ်) ဟု ခေါ်သည်၊ ထို့ပြင် မှီရာဖြစ်သော သိမ်ကို နိဿယသိမ်, မှီတတ်သောသိမ်ကို နိဿိတသိမ် ဟု ခေါ်သည်၊ ဥပမာ ဂါမနှင့် ဗဒ္ဓတို့တွင် ဂါမသိမ်သည် နိဿယသိမ်ဖြစ်၍ ဗဒ္ဓသိမ်သည် နိဿိတသိမ်ဖြစ်လေသည်။ (သိမ်သင်တန်း၊ ၁၄၂ ၁၄၃။)

ဗဒ္ဓသီမာယ ပန အညာယ ဗဒ္ဓသီမာယ, နဒီအာဒိသီမာသု စ ဗန္ဓိတုံ ပဋိက္ခေပသိဒ္ဓိတော စေဝ ဥဒကုက္ခေပသတ္တဗ္ဗန္တရသီမာနံ နဒီအာဒီသု ဧဝ ကာတုံ နိယမနသုတ္တသာမတ္ထိယေန ဗဒ္ဓသီမာဂါမသီမာဒီသု ကရဏပဋိက္ခေပသိဒ္ဓိတော စ တာသံ အညမညံ ဝိသဘာဂတာ, ဥပ္ပတ္တိက္ခဏေ, ပစ္ဆာ စ ရက္ခာဒီဟိ သမ္ဘေဒါဒိဒေါသသ ဘ္ဘဝေါ စ ဝုတ္တနယေန သုတ္တသုတ္တာနုလောမတော သိဇ္ဈန္တိ။ (ဝိမတိ၊ ၂၊ ၁၅၁။)

## အဗဒ္ဓသိမ်ချင်း အဇ္ဈောတ္ထရဏ, သမ္ဘိန္န, သင်္ကရ ဖြစ်ပုံများ

ဂါမသိမ်နယ်မှ လွတ်ရာတောအရပ်၌ သံဃာနှစ်ဖွဲ့တို့သည် တစ်ဌာနနှင့် တစ်ဌာန သတ္တဗ္ဘန္တရနှစ်ပြန်စာအတွင်းမှာ ကံပြုကြကုန်အံ့၊ နှစ်ကျိပ်တစ်ပါး စည်းဝေးလောက်သည်မှစ၍ ထိုထက်အလွန် သိမ်နယ်ချင်းထပ်မိမှု အဇ္ဈောတ္ထရဏ(သိမ်တစ်ခုက အခြားသိမ်တစ်ခုအား လွှမ်းမိုးခြင်း=သိမ်ချင်းထပ်ခြင်း)ဖြစ်၏။

နှစ်ကျိပ်တစ်ပါး စည်းလောက်သည်မှ ယုတ်လျော့၍ ထပ်မိမှု သမ္ဘိန္န(သိမ်အချင်းချင်းစပ်ခြင်း)ဖြစ်၏။

သိမ်နယ်တွင်း၌ ပေါက်ရောက်သော သစ်ပင် ချုံနွယ် ကူးယှက်ထိပါးမှု သင်္ကရ(သိမ်ချင်းရောယှက်ခြင်း)ဖြစ်၏။ ကံပြုမှု တပြိုင်နက် ကျခဲ့လျှင် ကံဆောင်မှု နှစ်ခုလုံး ပျက်၏။ ရှေ့နောက်ကျခဲ့လျှင် နောက်ကံဆောင်မှု ပျက်၏။ သတ္တဗ္ဘန္တရနှင့် ဥဒကုက္ခေပဖြစ်မှုကား တည်နေရာဌာနချင်း တခြားစီဖြစ်ကြ၍ အဇ္ဈောတ္ထရဏ, သမ္ဘိန္န နှစ်ပါးမရ၊ သစ်ပင် ချုံနွယ်စသည်ကူးယှက်မှုအတွက် ကံပျက်စေသော သင်္ကရကိုသာ ရထိုက်၏။ ထို့ကြောင့် သံဃာတစ်ဖွဲ့နှင့် တစ်ဖွဲ့ တောနယ်မှာ ဖြစ်ခဲ့အံ့၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ အကြား အတောင်သုံးရာခန့်ထက် မနည်းစေမူ၍ ကံပြုကြရာ၏၊ ရေနယ်မှာ ဖြစ်အံ့၊ အတောင်တစ်ရာထက် မနည်းစေမူ၍ ကံပြုကြရာ၏။ အဘယ့်ကြောင့်နည်းဟုမူ သိမ်နယ်နိမိတ်ကို အမှန်အကန် သိခြင်းငှါ ခက်ခဲလှ၏၊ သံဃာပွားတိုင်းလည်း သိမ်ပွားတတ်၏၊ ကျယ်၍ကား မလွန်နိုင်၊ ထို့ကြောင့်ပေတည်း။

ဂါမနှင့် သတ္တဗ္ဘန္တရ, ဂါမနှင့် ဥဒကုက္ခေပတို့၌ အဇ္ဈောတ္ထရဏ, သမ္ဘိန္နနှစ်ပါးမရှိ၊ သစ်ပင် ချုံနွယ် စသည်ကူးယှက် ထိစပ်မှုအတွက် ကံပျက်စေသော သင်္ကရကိုသာ ရအပ်၏။

ဂါမနှင့် သတ်၊ ဥ ရောလတ်၊ မအပ် ကံပျက်ကြ။ (ဝိနယသံခိပ်၊ သိမ်ခန်းအဖြွက်၊ ၁၃၄။)

သတ္တဗ္ဘန္တရ အပိုင်းအခြားနှင့် တစ်ဖွဲ့သောသံဃာ ကံပြုနေဆဲအခါ၌ အတောင်သုံးရာကျော်မျှ ကွာဝေးသောဌာနက ယင်းသတ္တဗ္ဘန္တရသိမ်ကို ခြုံ၍ စပ်၍ သစ်ပင်စသည်ရောယှက်၍ ဗဒ္ဓသိမ်ကို သမုတ်ခဲ့သော် သုံးပါးလုံးအတွက်ပင် ထိုဗဒ္ဓသိမ်ပျက်ရာ၏။

ရှေးအခါ၌ ဗဒ္ဓသိမ်ရှိဖူးသောရွာသည် နောက်အခါ၌ ပျက်ပြား၍ တောနယ်ဖြစ်လေ၏၊ ထိုသိမ်ရှိရာအရပ်၌ သတ္တဗ္ဘန္တရသိမ်နှင့် ကံပြုရာ၌လည်း သုံးပါးလုံးပင် ရသင့်၏၊ ဤ၌ သင်္ကရမှုမှာ ထိုဗဒ္ဓသိမ်ဟောင်း၌ သံဃာရှိလျက် မသိမ်းခဲ့မှသာ ကံပျက်ရာ၏။

ဥဒကုက္ခေပ၌လည်း ဗဒ္ဓသိမ်အရပ်သည် ရေလွှမ်းကမ်းပြိုမှုနှင့် မြစ်ပြင်ဖြစ်၍သွားရာ၌ မြစ်ပြင်မှာ ဥဒကုက္ခေပသိမ်အဖြစ်နှင့်ကံပြုကြရာ၌ ဥဒကုက္ခေပအပိုင်းအခြားသည် ဗဒ္ဓသိမ်အရပ်ကို လွှမ်းမိုးမှု, စပ်မှု, ထိုဗဒ္ဓသိမ်အရပ်၌ ကျောက်ချ၍ ထိုးဝါးစိုက်၍ ပြင်ပ၌ ကံပြုမှုစသည်ဖြင့် အပြစ်သုံးပါးကို ထိုက်သည်အားလျော်စွာ သိလေ။

သုံးပါးလုံး= လွှမ်းမိုးမှု(အဇ္ဈောတ္ထရဏ), စပ်မှု(သမ္ဘိန္န), ရောယှက်မှု(သင်္ကရ)

ဗဒ္ဓနှင့်သတ်၊ ဥ ရောလတ်၊ သုံးရပ် အပြစ်ရ။ (ဝိနယသံခိပ်၊ သိမ်ခန်းအဖြွက်၊ ၁၃၅။)

သီဟိုဠ်ကျွန်း ကလျာဏီမြစ်ကို ဖြတ်သန်းသော တံတားကြီးတစ်ခုရှိ၏၊ မြစ်လယ်မှာ ထိုတံတား၏အနီး၌ ဥဒကုက္ခေပသိမ်တန်ဆောင်းငယ် ရှိ၏၊ ကံပြုသောအခါ၌ တံတားပေါ်မှ နင်းကြမ်းထိုး၍ ထိုသိမ်တန်ဆောင်းသို့ ကူးကြ၏၊ သိမ်တန်ဆောင်း၌ သံဃာစုံ၍ ကံပြုမည်ရှိသောအခါဝယ် ထိုနင်းကြမ်းကို နုတ်ယူ၍ ထား၏၊ ကံပြုပြီးလျှင် ထိုနင်းကြမ်းခင်းပြန်၍ တံတားသို့ လျှောက်ကူးကြ၏၊ တံတားခြေဖြစ်သောတိုင်တို့သည် ကံပြုရာ ဌာနမှ ရေတစ်ကျအတွင်း၌ ရှိကုန်၏၊ အပ်, မအပ် အဓိကရဏ်းကြီးစွာ ဖြစ်ကြ၏၊ ဂိုဏ်းပင်ကွဲကြ၏၊ မင်းတုံးရှင်ဘုရင် လက်ထက်၌ သီဟိုဠ်မှ အဆုံးအဖြတ်ခံယူရန် နှစ်ကြိမ်လာရောက်၏၊ ပထမအကြိမ်မှာ ထိုသိမ် မအပ်ကြောင်းကို သာသနာပိုင်ဆရာတော်ကြီးက ပါဠိဘာသာဖြင့် ဝိနိစ္ဆယစကားရေးသား ဆုံးဖြတ်၍ ပေးလိုက်သည်။ ဒုတိယအကြိမ်မှာ ထိုသိမ်အပ်ကြောင်းကို ခင်မကန်ဆရာတော်ဘုရားကြီးက ပါဠိဘာသာနှင့် ဝိနိစ္ဆယစကား ရေးသားဆုံးဖြတ်၍ ပေးလိုက်သည်။ ဂိုဏ်းနှစ်ဂိုဏ်းသည်ဝိနိစ္ဆယစာတမ်းကြီး ကိုယ်စီလက်ကိုင်ရှိကြသဖြင့် ရှေးကထက်တိုးတက်၍ အခိုင်အမြဲ ကွဲပြားကြ၏။ သာသနာပိုင်ဆရာတော်ကြီးဝိနိစ္ဆယကို ချီးမွမ်းသူများကြ၏။ (ဝိနယသံခိပ်၊ သိမ်ခန်းအဖြွက်၊ ၁၃၅။)

＊ ＊ ＊ ＊ ＊

## ဥပသမ္ပဒါ ၈-မျိုး(ရဟန်းဖြစ်မှု ၈-မျိုး)

၁။ ဧဟိဘိက္ခုပသမ္ပဒါ=ဧဟိဘိက္ခုခေါ်ခြင်းဖြင့် ရဟန်းဖြစ်ခြင်း၊
၂။ သရဏာဂမနူပသမ္ပဒါ=သရဏဂုံဖြင့် ရဟန်းဖြစ်ခြင်း၊
၃။ ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ=ဩဝါဒခံယူခြင်းဖြင့် ရဟန်းဖြစ်ခြင်း၊
၄။ ပဥှဗျာကရဏူပသမ္ပဒါ=အမေးပြဿနာကိုဖြေဆိုခြင်းဖြင့် ရဟန်းဖြစ်ခြင်း၊
၅။ ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ=ဂရုဓံ(ရှစ်ပါး)ကိုခံယူခြင်းဖြင့် ရဟန်းဖြစ်ခြင်း၊
၆။ ဒူတေနူပသမ္ပဒါ=တမန်စေလွှတ်ခြင်းဖြင့် ရဟန်းဖြစ်ခြင်း၊
၇။ အဋ္ဌဝါစိကူပသမ္ပဒါ=ကမ္မဝါစာရှစ်ကြိမ်ရွတ်ဖတ်ခြင်းဖြင့် ရဟန်းဖြစ်ခြင်း၊
၈။ ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ=ဉတ်နှင့်တကွ လေးကြိမ်မြောက်ကမ္မဝါစာဖြင့် ရဟန်းဖြစ်ခြင်း။

အယဥ္စ ဥပသမ္ပဒါ နာမ အဋ္ဌဝိဓာ ဧဟိဘိက္ခူပသမ္ပဒါ, သရဏာဂမနူပသမ္ပဒါ, ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ, ပဥှဗျာကရဏူပသမ္ပဒါ, ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ, ဒူတေနူပသမ္ပဒါ, အဋ္ဌဝါစိကူပသမ္ပဒါ, ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါတိ။ (ဝိ၊ ဋ္ဌ၊ ၁၊ ၂၀၆။)

၁။ ဧဟိဘိက္ခူပသမ္ပဒါ -ဟူသည် "ရဟန်း လာလော့, ကောင်းစွာ ဆင်းရဲ၏အဆုံးကို ပြုဖို့ရန် မြတ်သောအကျင့်(သာသနဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယ)ကို ကျင့်လှည့်လော့"ဟု ဘုရားရှင်က ခေါ်တော်မူသည်နှင့် တပြိုင်နက် လူ့အသွင်ကွယ်ပျောက်၍ အလိုအလျောက် ခေါင်းတုန်းရိတ်ပြီး သင်္ကန်းတို့ကို ဝတ်ရုံလျက် သပိတ်ကိုလွယ်ကာ ဖြစ်လာရသော ရဟန်းမျိုးတည်း။

ဧဟိ ဘိက္ခူတိ ဧဟိ ဘိက္ခု နာမ [ဧဟိ ဘိက္ခူတိ ဘိက္ခု နာမ (သီ၊ သျာ)] ဘဂဝတော "ဧဟိ ဘိက္ခူ"တိ ဝစနမတ္တေန ဘိက္ခုဘာဝံ ဧဟိဘိက္ခူပသမ္ပဒံ ပတ္တော။ ဘဂဝါ ဟိ ဧဟိဘိက္ခုဘာဝါယ ဥပနိဿယသမ္ပန္နံ ပုဂ္ဂလံ ။ ပ။ "ဧဟိ ဘိက္ခု၊ စရ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယာ"တိ ဝဒတိ။ တဿ သဟေဝ ဘဂဝတော ဝစနေန ဂိဟိလိင်္ဂံ အန္တရဓာယတိ၊ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ ရုဟတိ၊ ဘဏ္ဍုကာသာယဝသနော ဟောတိ ဧကံ နိဝါသေတွာ ဧကံ ပါရုပိတွာ ဧကံ အံသေ ဌပေတွာ ဝါမအံသေ အာသတ္တနီလုပ္ပလဝဏ္ဏမတ္တိကာပတ္တော။

တိစီဝရဉ္စ ပတ္တော စ၊ ဝါသိ သူစိ စ ဗန္ဓနံ။
ပရိဿာဝနေန အဋ္ဌေတေ၊ ယုတ္တယောဂဿ ဘိက္ခုနောတိ

ဧဝံ ဝုတ္တေဟိ အဋ္ဌဟိ ပရိက္ခာရေဟိ သရီရေ ပဋိမုက္ကေဟိယေဝ သဋ္ဌိဝဿိကတ္ထေရော [ဝဿသတိကတ္ထေရော (သီ၊ သျာ)၊ ဝဿသဋ္ဌိကတ္ထေရော(က)] ဝိယ ဣရိယာပထသမ္ပန္နော ဗုဒ္ဓါစရိယကော ဗုဒ္ဓုပဇ္ဈာယကော သမ္မာသမ္ဗုဒ္ဓံ ဝန္ဒမာနောယေဝ တိဋ္ဌတိ။ (ဝိ၊ ဋ္ဌ၊ ၁၊ ၂၀၅။)

တိစီဝရဉ္စ သင်္ကန်း ၃ ထည်သည်လည်းကောင်း၊ ပတ္တော စ သပိတ်သည်လည်းကောင်း၊ ဝါသိ ပဲခွပ်သည်လည်းကောင်း၊ ဝါ တံပူဖြတ်ကြောင်း ဓားငယ်သည်လည်းကောင်း၊ သူစိ စ-အပ်သည်လည်းကောင်း၊ ဗန္ဓနံ ခါးပန်းကြိုးသည်လည်းကောင်း၊ ပရိဿာဝနေန-ပဝါရေစစ်နှင့်တကွ၊ အဋ္ဌ-ရှစ်ပါးကုန်သော၊ ဧတေ-ဤပရိက္ခရာတို့သည်၊ ယုတ္တယောဂဿ အားထုတ်အပ်သော ဘာဝနာနုယောဂရှိသော(အားထုတ်အပ်သော ဘာဝနာအားထုတ်မှုရှိသော)[ယုတ္တော+ဘာဝနာနုယောဂေါ အဿာတိ ယုတ္တယောဂေါ၊] ဘိက္ခုနော ရဟန်း၏၊ ပရိက္ခာရာ ပရိက္ခရာတို့တည်း။

ဣတိ ဧဝံ ဤသို့၊ ဝုတ္တေဟိ-မိန့်တော်မူအပ်ကုန်သော၊ သရီရေ-ကိုယ်၌၊ ပဋိမုက္ကေဟိယေဝ စွပ်အပ်သည်သာလျှင် ဖြစ်ကုန်သော၊အဋ္ဌဟိ ရှစ်ပါးကုန်သော၊ ပရိက္ခာရေဟိ ပရိက္ခရာတို့ဖြင့်၊ ဝဿသဋ္ဌိကတ္ထေရော ဝိယ ဝါခြောက်ဆယ်ရပြီးသောထေရ်ကဲ့သို့၊ ဣရိယာပထသမ္ပန္နော-ဣရိယာပုထ်နှင့်ပြည့်စုံသည်၊ ဗုဒ္ဓါစရိယကော ဘုရားဟူသောဆရာရှိသည်၊ ဗုဒ္ဓုပဇ္ဈာယကော ဘုရားဟူသော ဥပဇ္ဈာယ်ရှိသည်၊(ဟုတွာ-ဖြစ်၍)၊ [ဘုရားရှင်က သရဏဂုံဆရာ ကမ္မဝါစာဆရာ အရာ၌လည်းကောင်း ဥပဇ္ဈာယ်အရာ၌လည်းကောင်း တည်သည်-ဟူလို။]ဝန္ဒမာနောယေဝ-ရှိခိုးလျက်သာလျှင်၊ တိဋ္ဌတိ-တည်၏။ (ပါရာဇိကဏ်ဘာသာဋီကာ၊ ၁၊ ၃၄၉။)

ဧဟိဘိက္ခူပသမ္ပဒါတိ ယဿကုလပုတ္တဿဒိန်"ဧဟိ ဘိက္ခူ"တိဝစနေန ဘဂဝတာဒိန္နဥပသမ္ပဒါ။ (ဥတ္တရဝိနိစ္ဆယဋီကာ၊၄၈၇။)

ဘုရားရှင်၏ပဉ္စဝဂ္ဂီခေါ်သော ဝါတော် ၂၀ အတွင်း၌ ပဉ္စဝဂ္ဂီ ၅-ဦး, ယသ အမျိုးကောင်းသားနှင့် သူ၏အပေါင်း ၅၄ ယောက်, ဘဒ္ဒဝဂ္ဂီ ညီနောင် ၃၀, ရသေ့ တစ်ထောင်, အဂ္ဂသာဝကလောင်း နှစ်ဦးအပါအဝင် ပရိဗိုဇ် ၂၅၀, အင်္ဂုလိမာလ ...စုစု ပေါင်း ၁၃၄၁ ဦးတို့သည် ဝိနည်းပိဋကတော်လာ "ဧဟိဘိက္ခု"ရဟန်းတို့ဖြစ်ကုန်၏။

ဘဂဝါ ဟိ ပဌမဗောဓိယံ ကေသို့ သဟဿပရိ ဓေစတ္တာလီသုတ္တရာနိ တီဏိ ဘိက္ခုသတာနိ အဟေသုံ။ သေယျထိဒံ?၊ ပဉ္စ ပဉ္စ ဝဂ္ဂိယတ္ထေရာ, ယသော ကုလပုတ္တော, တဿ ပရိဝါရာ စတုပဏ္ဏာသသဟာယကာ, တိံသ ဘဒ္ဒဝဂ္ဂိယာ, သဟဿပုရာဏ-ဇဋိလာ, သဒ္ဓိံ ဒွိဟိ အဂ္ဂသာဝကေဟိ အမုတေယျသတာ ပရိဗ္ဗာဇကာ, ဧကော အင်္ဂုလိမာလတ္ထေရောတိ။

ဝတ္တုဧ္စတ် အဋ္ဌကထာယံ

တီဏိ သတံ သဟဿဉ္စ၊ စတ္တာလီသံ ပုနာပရေ။

ဧကော စ ထေရော သပ္ပညော၊ သဗ္ဗေ တေ ဧဟိဘိက္ခုကာတိ။ (ဝိ၊ ဋ္ဌ၊ ၂၀၆။)

တီဏိသတံ သုံးရာတို့လည်းကောင်း၊ သဟဿဉ္စ-တစ်ထောင်လည်းကောင်း၊ စတ္တာလီသံ လေးဆယ်လည်းကောင်း၊ ပုန တဖန်၊အပရေ အခြားသော၊ ဧကော တစ်ပါးသော၊ သပ္ပညော ပညာရှိသော၊ ထေရော စ အင်္ဂုလိမာလထေရ်လည်းကောင်း၊ (ဣတိ ဤသို့) သဗ္ဗေ အလုံးစုံကုန်သော၊ တေ ဤရဟန်းတို့သည်၊ ဧဟိဘိက္ခုကာ ဧဟိဘိက္ခုရဟန်းတို့တည်း။

သုတ်ပိဋကတော်လာ "ဧဟိဘိက္ခု"ရဟန်းတို့ကား အခြံအရံ၃-ရာရှိသော သေလပုဏ္ဏား, အခြံအရံ တစ်ထောင်ရှိသော မဟာကပ္ပိနမင်း, ကပိလဝတ်ပြည်သား အမျိုးကောင်းသား တစ်သောင်း, ပါရာယနိကပုဏ္ဏား တစ်သောင်းခြောက်ထောင်...စုစုပေါင်း ၂၇၃၀၀ တို့တည်း။ ဣတိ ဧဝမာဒယော ဟုလာရှိသောကြောင့် ထိုမျှမက ရှိပုံရ၏။

န ကေဝလဥ္စ တေ ဧဝ၊ အညေပိ ဗဟူ သန္တိ။ သေယျထိဒံ?၊ တိသတပရိဝါရော သေလော ဗြာဟ္မဏော, သဟဿပရိဝါရာ မဟာကပ္ပိနော, ဒသသဟဿာ ကပိလဝတ္ထု ဝါသိနော ကုလပုတ္တာ, သောဠသသဟဿာ ပါရာယနိကဗြာဟ္မဏာတိ ဧဝမာဒယော၊ တေ ပန ဝိနယပိဋကေ ပါဠိယံ န နိဒ္ဒိဋ္ဌတ္တာ န ဝုတ္တာ၊ ဣမေ တတ္ထ(ထိုဝိနည်းပါဠိတော်၌) နိဒ္ဒိဋ္ဌတ္တာ ဝုတ္တာတိ။

သတ္တဝီသ သဟဿာနိ၊ တီဏိယေဝ သတာနိ စ။

ဧတေပိ သဗ္ဗေ သင်္ခါတာ၊ သဗ္ဗေ တေ ဧဟိဘိက္ခုကာတိ။ (ဝိ၊ ဋ္ဌ၊ ၁၊ ၂၀၆။)

သတ္တဝီသသဟဿာနိ ၂ သောင်း ၇ ထောင်တို့သည်လည်းကောင်း၊ တီဏိယေဝ သတာနိ ၃ ရာသာလျှင် တို့သည်လည်းကောင်း၊ သဗ္ဗေ အလုံးစုံကုန်သော၊ ဧတေပိ-ဤရဟန်းတို့ကိုလည်း၊ သင်္ခါတာ-ဧဟိဘိက္ခု၌ သွင်းယူရေတွက်အပ်ကုန်၏၊ သဗ္ဗေ အလုံးစုံကုန်သော၊ တေ ဤရဟန်းတို့သည်၊ [၂ ရပ်ပေါင်း နှစ်သောင်း ရှစ်ထောင် ခြောက်ရာ့လေးဆယ့်တစ်ပါးတို့သည်၊] ဧဟိဘိက္ခုကာ ဧဟိဘိက္ခုရဟန်းတို့တည်း၊ ဣတိ အပြီးတည်း။ ["သဗ္ဗေတေ ဧဟိဘိက္ခုကာ"သည် ဧဟိဘိက္ခုအားလုံး၏ နိဂုံးတည်း။] (ပါရာဇိကဏ်ဘာသာဋီကာ၊ ၁၊ ၃၅၀-၃၅၁။)

ထေရဂါထာအဋ္ဌကထာ ဝင်္ဂီသတ္ထေရဂါထာအဖွင့်၌လာသော ဧဟိဘိက္ခုပြသမ္ပဒါဖြင့် ဖြစ်ကြသော ရဟန်းတော်များကား..."အညာသိကောဏ္ဍညအမှူးပြုသော ပဉ္စဝဂ္ဂီမထေရ်ငါးပါး, ယသမထေရ်, သူ၏သူငယ်ချင်းများ=ဝိမလမထေရ်, သုဗာဟုမထေရ်, ပုဏ္ဏဇိမထေရ်, ဂဝမ္ပတိမထေရ် လေးပါးတို့နှင့် အခြားသူငယ်ချင်း ငါးဆယ့်ငါးပါး, ဘဒ္ဒဝဂ္ဂီညီနောင်မထေရ် သုံးဆယ်, ဥရုဝေလကဿပအမှူးပြုသောရသေ့တစ်ထောင်, အဂ္ဂသာဝကနှစ်ပါး,သူတို့၏အခြံအရံ ပရိဗိုဇ် နှစ်ရာ့ငါးဆယ်, အင်္ဂုလိမာရမထေရ်"ဟူ၍ တစ်ထောင့်သုံးရာ့ငါးဆယ်...[အတိအကျ ရေတွက်ပါမူ"တစ်ထောင့်သုံးရာ့လေးဆယ့်ရှစ်ပါး"တို့ဖြစ်၏။ (ဥရုဝေလကဿပေါ ဇဋိလော ပဉ္စန္နံ ဇဋိလသတာနံ နာယကော ဟောတိ...၊ နဒီကဿပေါ ဇဋိလော တိဏ္ဏံ ဇဋိလသတာနံ နာယကော ဟောတိ...၊ ဂယာကဿပေါ ဇဋိလော ဒွိန္နံ ဇဋိလသတာနံ နာယ ကော ဟောတိ..."ဝိနည်းမဟာဝါ ဥရုဝေလပါဋိဟာရိယကထာ စာမျက်နှာ ၃၂ ကို ထောက်၍ ရသေ့ပေါင်း တစ်ထောင့်သုံးယောက်ယူလျှင် စုစုပေါင်းတစ်ထောင့်ငါးဆယ့်တစ်ပါးတို့ ဖြစ်၏။)]

အညာသိ ကောဏ္ဍညပ္ပမုခါ ပဉ္စဝဂ္ဂိယတ္ထေရာ, ယသတ္ထေရော, တဿ သဟာယဘူတာ ဝိမလော သုဗာဟု ပုဏ္ဏဇိ ဂဝမ္ပတီတိ စတ္တာရော, အပရေပိ တဿ သဟာယဘူတာ ပဉ္စပညာသ, တိံသ ဘဒ္ဒဝဂ္ဂိယာ, ဥရုဝေလကဿပပ္ပမုခါ သဟဿပုရာဏဇဋိလာ, ဒွေအဂ္ဂသာဝကာ, တေသံ ပရိဝါရဘူတာ အမုတေရသသတာ (အမုတေယျသတာ?)ပရိဗ္ဗာဇကာ, စောရော အင်္ဂုလိမာလတ္ထေရောတိ သဗ္ဗေသဟဿံ ပညာသာဓိကာနိ တီဏိ သတာနိ စ ဟောန္တိ။ တေနေတံ ဝုတ္တံ

"သတတ္တယံ သဟဿဉ္စ၊ ပညာသဉ္စ ပနာပရေ။

တေ ထေရာ မဟာပညာ၊ သဗ္ဗေဝ ဧဟိဘိက္ခုကာ"တိ။

(ထေရဂါထာ၊ ဋ္ဌ၊ ၂၊ ၅၃၈ ၅၃၉။)

သေလပုဏ္ဏား, သူ၏တပည့် သုံးရာ, မဟာကပ္ပိနမင်း, သူ၏အခြံအရံ မင်းချင်းယောကျ်ားတစ်ထောင်, သုဒ္ဓေါဒနမင်းကြီးသည်စေလွှတ်အပ်သော ကပိလဝတ်မင်းနေပြည်သား မင်းချင်းယောကျ်ား တစ်သောင်း, မဟာဗာဝရီပုဏ္ဏားဆရာကြီး၏အဇိတစသောတပည့်ပေါင်းတစ်သောင်းခြောက်ထောင်=စုစုပေါင်း နှစ်သောင်းခုနစ်ထောင်သုံးရာ့နှစ်ပါး (အင်္ဂုတ္တိုရ်အဋ္ဌကထာစသည်တို့အရ "သုဒ္ဓေါဒနမင်းကြီးစေလွှတ်သော ခေါင်းဆောင်အမတ် ဆယ်ယောက်, ဗာဝရီဆရာကြီး၏အဇိတစသော တပည့်ကြီး တစ်ဆယ့်ခြောက်ယောက်တို့

ကို ထည့်သွင်းရေတွက်လျှင် 'နှစ်သောင်းခုနှစ်ထောင်သုံးရာနှစ်ဆယ့်ရှစ်ပါး'တို့ဖြစ်၏)=အားလုံးစုစုပေါင်း နှစ်သောင်းရှစ်ထောင်ခြောက်ရာခုနှစ်ဆယ်ရှစ်(၂၈၆၇၈)ပါးတို့ဖြစ်၏။ [အတိအကျရေတွက်ပါမူ "တစ်ထောင်သုံးရာလေးဆယ့်ရှစ်ပါး+နှစ်သောင်းခုနှစ်ထောင်သုံးရာနှစ်ဆယ့်ရှစ်ပါး=အားလုံးစုစုပေါင်း"နှစ်သောင်းရှစ်ထောင်ခြောက်ရာခုနှစ်ဆယ်ခြောက်(၂၈၆၇၆)ပါးတို့ဖြစ်၏။]

န ကေဝလဉ္စ ဧတေ ဧဝ၊ အထ ခေါ် အညေပိ ဗဟူ သန္တိ။ သေယျထိဒံ? သေလော ဗြာဟ္မဏော, တဿ အန္တေဝါသိက ဘူတာ တိသတဗြာဟ္မဏာ, မဟာကပ္ပိနော, တဿ ပရိဝါရဘူတံ ပုရိသသဟဿံ, သုဒ္ဓေါဒနမဟာရာဇေန ပေသိတာ ကပိလဝတ္ထု ဝါသိနော ဒသသဟဿပုရိသာ, မဟာဗာဝရိယဗြာဟ္မဏဿ အန္တေဝါသိကဘူတာ အဇိတာဒယော သောဠသ သဟဿပရိမာဏာတိ။ ဧဝံ ဝုတ္တာတော(ဝုတ္တေဟိ -သီ) အညေ န ဧဟိဘိက္ခုဘာဝေန ဥပသမ္ပဒါ။ (ထေရဂါထာအဋ္ဌကထာ၊ ၂၊ ၅၃၉။)

၂။ သရဏဂမနူပသမ္ပဒါ ဟူသည် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"အစရှိသောနည်းဖြင့် သုံးကြိမ်တိုင်တိုင် ပီပီပြင်ပြင် ရွတ်ဆို၍ သရဏဂုံသုံးပါးကို ခံယူခြင်းဖြင့် ဖြစ်လာသောရဟန်းမျိုးတည်း။ ဥတ္တရဝိနိစ္ဆယဋီကာအရ ပဉ္စမဗောဓိ၌သာ သရဏဂုံသုံးပါးဖြင့် ရဟန်းဖြစ်မှုမျိုးကို ခွင့်ပြုတော်မူခဲ့သည်။ တီဟိ သရဏဂမနေဟိ ဥပသမ္ပဒန္တေ"တိ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"တိ အာဒိနာ နယေန တိက္ခတ္တုံ ဝါစံ ဘိန္ဒိတွာ ဝုတ္တေဟိ တီဟိ သရဏဂမနေဟိ ဥပသမ္ပန္နော။ (ဝိ၊ ၄၊ ၁၊ ၂၀၆။)

သရဏဂမနေန စာတိ ပဉ္စမဗောဓိယံ တီဟိ သရဏဂမနေဟိ အနုညာတဥပသမ္ပဒါ။ (ဥတ္တရဝိနိစ္ဆယဋီကာ၊ ၄၈၇။)

၃။ ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ ဟူသည် "ဤသို့ ဤပုံကျင့်ရမည်"ဟု ဘုရားရှင်၏အဆုံးအမ ဩဝါဒသုံးမျိုးကို ခံယူခြင်းဖြင့် အရှင်မဟာကဿပထေရ်၏ရဟန်းအဖြစ်မျိုးတည်း။

ဩဝါဒ၃-မျိုး ။ (၁)ဟိရီဩတ္တပ္ပကို ဖြစ်စေရန် ဩဝါဒ, (၂)တရားနာရာ၌ စိတ်စူးစိုက်ထားဖို့ရန် ဩဝါဒ, (၃)သာယာတတ်သော သုခဝေဒနာနှင့်တကွဖြစ်သော ကာယဂတာသတိကို မစွန့်ဖို့ရန် ဩဝါဒ။

ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ နာမ"တသ္မာတိဟ တေ ကဿပ ဧဝံ သိက္ခိတဗ္ဗံ 'တိဗ္ဗံ မေ ဟိရောတ္တပ္ပံ ပစ္စုပဋ္ဌိတံ ဘဝိဿတိ ထေရေသု နဝေသု မဇ္ဈိမေသု စာ'တိ၊ ဧဝံ ဟိ တေ ကဿပ သိက္ခိတဗ္ဗံ။ တသ္မာတိဟ တေ ကဿပ ဧဝံ သိက္ခိတဗ္ဗံ 'ယံ ကိဉ္စိ ဓမ္မံ သောဿာမိ ကုသလူပသံဟိတံ၊ သဗ္ဗံ တံ အဋ္ဌိံ ကတွာ မနသိ ကတွာ သဗ္ဗစေတသာ သမန္နာဟရိတွာ ဩဟိတသောတော ဓမ္မံ သောဿာမိ'တိ၊ ဧဝံ ဟိ တေ ကဿပ သိက္ခိတဗ္ဗံ။ တသ္မာတိဟ တေ ကဿပ ဧဝံ သိက္ခိတဗ္ဗံ 'သာတသဟဂတာ စ မေ ကာယဂတာသတိ န ဝိဇဟိဿတီ'တိ၊ ဧဝံ ဟိ တေ ကဿပ သိက္ခိတဗ္ဗ"န္တိ(သံ၊ ၁၊၄၂၀) ဣမိနာ ဩဝါဒပဋိဂ္ဂဟဏေန မဟာကဿပ ထေရဿ အနုညာတဥပသမ္ပဒါ။ (ဝိ၊ ၄၊ ၁၊ ၂၀၆။)

သဗ္ဗစေတသာ သမန္နာဟရိတွာ'တိ စိတ္တဿ ထောကမ္ပိ ဗဟိ ဂန္တုံ အဒေန္တော သဗ္ဗေန သမန္နာဟာရစိတ္တေန သမန္နာဟရိတွာ။ (သံ၊ ၄၊ ၂၊ ၁၈၃။)

တရားနာစဉ် စိတ်ကို အပြင်အာရုံသို့ အနည်းငယ်မျှ မထွက်သွားစေပဲ အစွမ်းကုန် တရားနလုံးသွင်းကြောင်းစိတ်ဖြင့် နလုံးသွင်းခြင်း။

ဩဟိတသောတောတိ ဌပိတသောတော၊ ဉာဏသောတဉ္စ ပသာဒသောတဉ္စ ဩဒဟိတွာ မယာ ဒေသိတံ ဓမ္မံ သက္ကစ္စမေဝ သုဏိဿာမီတိ ဧဝံ ဟိ တေ သိက္ခိတဗ္ဗံ။ (သံ၊ ၄၊ ၂၊ ၁၈၃။)

ထားအပ်သောနားရှိသည်ဟူသည် ဉာဏ်တည်းဟူသောနား, သောတပသာဒရုပ်တည်းဟူသောနားတို့ကို စွင့်၍ ဟောကြားအပ်သောတရားတော်ကို ရိုသေစွာ နာယူမည်-ဟု ဤသို့ ကျင့်သင့်သည်, ကျင့်ရမည်။

သာတသဟဂတာ စ မေ ကာယဂတာသတီတိ အသုဘေသု စေဝ အာနာပါနေ စ ပဌမဇ္ဈာနဝသေန သုခသမ္ပယုတ္တာ ကာယဂတာသတိ။ (သံ၊ ၄၊ ၂၊ ၁၈၃။)

အသုဘကာယနှင့် အာနာပါနကာယကို အာရုံပြု၍ ပဌမဈာန်သုခနှင့်ယှဉ်သောသတိ။

ယော စ ပနာယံ တိဝိဓော ဩဝါဒေါ၊ ထေရဿ အယမေဝ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ အဟောသိ။ (သံ၊ ၄၊ ၂၊ ၁၈၃။)

(၄) ပဉှာဗျာကရဏူပသမ္ပဒါ ဟူသည် ပြဿနာကို ဖြေဆိုခြင်းဖြင့် ခွင့်ပြုအပ်သော သောပါကသာမဏေ၏ရဟန်းအဖြစ်မျိုးတည်း။

ဘုရားရှင်သည် ပုဗ္ဗာရုံကျောင်းတိုက်ဝယ် စင်္ကြံကြွနေတော်မူစဉ် အတုလိုက်၍ စင်္ကြံသွားသော သောပါကသာမဏေကို "သောပါက...ဥဒ္ဓုမာတကသညာ(ဖူးဖူးယောင်သောအလောင်းကို ပဋိဘာဂနိမိတ်ထင်အောင် ရှု၍ရအပ်သော ပဌမဈာန်သညာ)နှင့် ရူပသညာ(ကသိုဏ်းရုပ်ကို အာရုံပြု၍ရအပ်သော ဈာန်သညာ)တို့သည် အနက်အဓိပ္ပါယ်အားဖြင့် ထူးကုန်သလော? သဒ္ဒါအားဖြင့် ထူးကုန်

သလော? အနက်အဓိပ္ပါယ် တစ်မျိုးတည်း ဖြစ်ကုန်သလော? သို့မဟုတ် သဒ္ဒါမျှသာ ထူးသလော?"ဟု ဆယ်ပါးသော အသုဘနှင့်စပ်၍ ပြဿနာတို့ကို မေးတော်မူလေ၏။ [ဤ၌ သညာကို ခေါင်းတပ်၍ ထားသော်လည်း ဈာန်တစ်ခုလုံးကို ယူစေလိုသည်။]

သောပါကသာမဏေက "ဥဒ္ဓုမာတကအလောင်းကို ပဋိဘာဂနိမိတ်ထင်အောင် ရှု၍ ရအပ်သော ပဌမဈာန်သည် ဥဒ္ဓုမာတကသညာမည်၏၊ ကသိုဏ်းရုပ်ကို အာရုံပြု၍ ရအပ်သော ဈာန်သည် ရူပသညာမည်၏၊ ထိုနှစ်မျိုးလုံးပင် ရူပဈာန်အဖြစ်ဖြင့် အနက်တူသောကြောင့် အနက်အဓိပ္ပါယ်တစ်မျိုးတည်းဖြစ်ပါသည်၊ သဒ္ဒါအားဖြင့်ကား မတူကြသောကြောင့် သဒ္ဒါမျှသာ ထူးပါသည်ဘုရား"ဟု ဖြေဆိုလေ၏။

ဘုရားရှင်က "သောပါက...သင်သည် ငါဘုရား၏သဗ္ဗညုတဉာဏ်နှင့် နီးနော၍ ပြဿနာတို့ကို ဖြေကြားနိုင်ပေ၏"ဟု အားရကျေနပ်တော်မူသည်ဖြစ်၍ ခုနစ်အရွယ် သောပါကသာမဏေယ်ကို ပြဿနာဖြေဆိုနိုင်ခြင်းဖြင့် ရဟန်းအဖြစ် ခွင့်ပြုတော်မူ၏။

ပဉှာဗျာကရဏူပသမ္ပဒါ နာမ သောပါကဿ အနုညာတဉပသမ္ပဒါ။ ဘဂဝါ ကိရ ပုဗ္ဗာရာမေ အနုစင်္ကမန္တံ သောပါကသာမဏေရ "ဥဒ္ဓုမာတကသညာတိ ဝါ သောပါက 'ရူပသညာ'တိ ဝါ ဣမေ ဓမ္မာ နာနတ္ထာ နာနာ ဗျဉ္စနာ၊ ဥဒါဟု ဧကတ္ထာ ဗျဉ္စနမေဝ နာန"န္တိ ဒသ အသုဘနိဿိတေ ပဉှေ ပုစ္ဆိ။ သော တေ ဗျာကာသိ။ ဘဂဝါ တဿ သာဓုကာရံ ဒတွာ "ကတိဝဿောသိ တွံ သောပါကာ"တိ ပုစ္ဆိ။ သတ္တဝဿောဟံ ဘဂဝါတိ။ သောပါက တွံ မမ သဗ္ဗညုတဉာဏေန သဒ္ဓိံ သံသန္ဒိတွာ ပဉှေ ဗျာကာသီတိ အာရဒ္ဓစိတ္တော ဥပသမ္ပဒံ အနုဇာနိ။ အယံ ပဉှာဗျာကရဏူပသမ္ပဒါ။ (ဝိ၊ ၄၊ ၁၊ ၂၀၆။)

(၅) ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ ဟူသည် မဟာပဇာပတိဂေါတမီအား ဂရုဓံရှစ်ပါးကို ခံယူခြင်းဖြင့် ခွင့်ပြုအပ်သော ရဟန်းအဖြစ်မျိုးတည်း။

သစေ အာနန္ဒ မဟာပဇာပတိ ဂေါတမီ ဣမေ အဋ္ဌ ဂရုဓမ္မေ ပဋိဂ္ဂဏှာတိ၊ သာဝဿာ ဟောတု ဥပသမ္ပဒါ။ (ဝိ၊ ၄၊၄၅၅။)

သစေ ခေါ တွံ ဂေါတမိ ဣမေ အဋ္ဌ ဂရုဓမ္မေ ပဋိဂ္ဂဏှေယျာသိ၊ သာဝ တေ ဘဝိဿတိ ဥပသမ္ပဒါ။ (ဝိ၊ ၄၊၄၅၅ ၄၅၆။)

အဟံ ဘန္တေ အာနန္ဒ ဣမေ အဋ္ဌ ဂရုဓမ္မေ ပဋိဂ္ဂဏှာမိ ယာဝဇီဝံ အနတိက္ကမနီယေ။ (ဝိ၊ ၄၊ ၄၅၆။)

ယဒဂ္ဂေန အာနန္ဒ မဟာပဇာပတိယာ ဂေါတမိယာ အဋ္ဌ ဂရုဓမ္မာ ပဋိဂ္ဂဟိတာ၊ တဒေဝ[တဒေဝဿာ(က)] ဥပသမ္ပန္နာတိ။ (ဝိ၊ ၄၊ ၄၅၈။)

ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ နာမ မဟာပဇာပတိယာ အဋ္ဌဂရုဓမ္မဿ ပဋိဂ္ဂဟဏေန အနုညာတဉပသမ္ပဒါ။ (ဝိ၊၄၊၁၊ ၂၀၇။)

ဂရုဓံ ၈ ပါး........

၁။ ဘိက္ခုနီသည် ဝါတစ်ရာ(အနှစ်တစ်ရာ)ရှိသော်လည်း ရဟန်းဖြစ်၍ တစ်နေ့သာ ရှိသေးသောရဟန်းကို ရှိခိုးရခြင်း။

၂။ ဘိက္ခုနီသည် (တစ်ယူဇနာဝက်အတွင်း၌ သြဝါဒပေးမည့်) ရဟန်းယောကျ်ားမရှိသောကျောင်း၌ ဝါမဆိုရခြင်း။

၃။ ဘိက္ခုနီသည် လခွဲတိုင်း ဘိက္ခုသံဃာထံမှ ဥပုသ်နေ့ကိုမေးမှု, သြဝါဒခံယူဖို့ရန်ချဉ်းကပ်ခွင့်တောင်းမှုကို တောင့်တရခြင်း။

၄။ ဝါကျွတ်ပြီးသော ဘိက္ခုနီသည် ဥဘတောသံဃာ၌ ပဝါရဏာပြုရခြင်း။

၅။ သံဃာဒိသိသ်အာပတ်သင့်ထားသော ဘိက္ခုနီသည် ဥဘတောသံဃာ၌ ပက္ခမာနတ်ကျင့်ရခြင်း။

၆။ နှစ်နှစ်တိုင်ပတ်လုံး သိက္ခာပုဒ် ၆ ပါးတို့၌ ကျင့်ပြီးသော သိက္ခမာန်အား ဥဘတောသံဃာ၌ ရဟန်းမအဖြစ် ခံပေးရခြင်း။

၇။ ဘိက္ခုနီသည် မည်သည့်အကြောင်းကြောင့်မျှ ရဟန်းယောကျ်ားကို မဆေးရေး, မရေရွတ်ရခြင်း။

၈။ ရဟန်းမ ဖြစ်သည့်နေ့မှစ၍ ဘိက္ခုနီတို့၏ ရဟန်းယောကျ်ားတို့အပေါ်၌ ပြောဆိုဆုံးမခြင်း၏အကြောင်းကို တားမြစ်ခြင်း၊ ရဟန်းယောကျ်ားတို့၏ ဘိက္ခုနီတို့အပေါ်၌ ပြောဆိုဆုံးမခြင်း၏အကြောင်းကို မတားမြစ်ခြင်း။

သာကီဝင်မင်းသမီးငါးရာတို့သည် မဟာပဇာပတိ ဂေါတမီ၏အတူနေတပည့်မအဖြစ်ဖြင့် ရဟန်းတို့အထံ၌ ရဟန်းပြုကြရသည်။ ထို့ကြောင့် ယင်းသာကီဝင်မင်းသမီးငါးရာတို့သည် "ဧကတောဉပသမ္ပန္န"ဖြစ်ကုန်၏။

အနုဇာနာမိ ဘိက္ခဝေ ဘိက္ခူဟိ ဘိက္ခုနိယော ဥပသမ္ပာဒေတုန္တိ ဣမာယ အနုပညတ္တိယာ ဘိက္ခူ ပဥ္စသတာ သာကိယာနိယော မဟာပဇာပတိယာ သဒ္ဓိဝိဟာရိနိယောကတွာ ဥပသမ္ပာဒေသုံ၊ ဣတိ တာ သဗ္ဗာပိ ဧကတောဉပသမ္ပန္နာ နာမ အဟေသုံ။ (ဝိ၊၄၊၄၊၁၊၂၈။)

(၆) ဒူတေနူပသမ္ပဒါ ဟူသည် အဍ္ဎကာသိပြည့်တန်ဆာမသည် ဘိက္ခုနီမတို့ထံ၌ ရဟန်းအဖြစ်ရပြီး "ဘုရားရှင်၏အထံတော်၌ ရဟန်းပြုအံ့"ဟု သာဝတ္ထိပြည်သို့ သွားလိုသော်လည်း လမ်းခရီးဝယ် သေသောက်ကြူးတို့၏အန္တရာယ်ကြောင့် တမန်လွှတ်၍ ပြုခွင့်တောင်းရာ ထိုတမန်ဖြင့်ပင် ခွင့်ပြုအပ်သော ရဟန်းမအဖြစ်မျိုးတည်း။ (ဝိ၊ ၄၊ ၄၇၁။ စူဠဝါပါဠိတော်မြန်မာပြန်၊ ၄၇၂။)

အန္တရာယ်တစ်စုံတစ်ခုရှိလျှင် တမန်ဖြင့် ရဟန်းမ(ဘိက္ခုနီ)ပြုခွင့်ရှိသောကြောင့် ဒူတေနူပသမ္ပဒါဖြင့် အမုကာသိမှ တပါး အခြားသော ဘိက္ခုနီမများလည်း ရှိပုံရ၏။

ဒူတေနူပသမ္ပဒါ နာမ အမုကာသိယာ ဂဏိကာယ အနုညာတဉပသမ္ပဒါ။ (ဝိ၊ ၄၊ ၁၊ ၂၀၇။)

(၇) အဋ္ဌဝါစိကူပသမ္ပဒါ -ဟူသည် ဘိက္ခုနီသံဃာမှ ၄ ကြိမ်, ဘိက္ခုသံဃာမှ ၄ ကြိမ်=ပေါင်း ၈ ကြိမ်သော ဉတ်ကမ္မဝါစာတို့ဖြင့် ခွင့်ပြုအပ်သော ဘိက္ခုနီ၏ရဟန်းအဖြစ်မျိုးတည်း။

အဋ္ဌဝါစိကူပသမ္ပဒါ နာမ ဘိက္ခုနိယာ ဘိက္ခုနိသံဃတော ဉတ္တိစတုတ္ထေန, ဘိက္ခုသံဃတော ဉတ္တိစတုတ္ထေနာတိ ဣမေဟိ ဒွီဟိ ကမ္မေဟိ ဉပသမ္ပဒါ။ (ဝိ ၄၊ ၁၊ ၂၀၇။)

(၈) ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ -ဟူသည် ဘိက္ခုတို့အတွက် ယခုကာလ ဉတ္တိစတုတ္ထကံဖြင့် ခွင့်ပြုအပ်သော ရဟန်းအဖြစ်မျိုးတည်း။

"အနုဇာနာမိ ဘိက္ခဝေ ဣမေဟိ တီဟိ သရဏဂမနေဟိ ပဗ္ဗဇ္ဇံ ဉပသမ္ပဒံ"ဟု ဝိနည်းမဟာဝါ, မဟာခန္ဓက၊ ၂၉ ၌ သာသနာတော်တည်စတွင် သရဏဂုံ၃-ပါးဖြင့် ရှင်အဖြစ်ကိုရော ရဟန်းအဖြစ်ကိုပါ ခွင့်ပြုတော်မူခဲ့သည်။

ဤဉတ္တိစတုတ္ထကမ္မူပသမ္ပဒါကို သရဏဂုံဖြင့် ရဟန်းအဖြစ်ကို ပယ်သောအခါမှစ၍ ခွင့်ပြုတော်မူခဲ့သည်။

မှတ်ချက်။ [ ဉတ္တိစတုတ္ထဉပသမ္ပဒကံဖြင့် ပဌမဆုံးရဟန်းဖြစ်ရသော ပုဂ္ဂိုလ်ကား အရှင်ရာဓထေရ်ဖြစ်၏၊ သရဏဂုံဖြင့် ရဟန်းအဖြစ်ကို ပယ်တော်မူပြီးနောက် သရဏဂုံဖြင့် ပဌမဆုံး ရှင်သာမဏေအဖြစ်ကို ရသောသူကား ရှင်ရာဟုလာဖြစ်၏။]

ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ နာမ ဘိက္ခူနံ ဧတရဟိ ဉပသမ္ပဒါ။ ဣမာသု အဋ္ဌသု ဉပသမ္ပဒါသု "ယာ သာ ဘိက္ခဝေ မယာ တီဟိ သရဏဂမနေဟိ ဉပသမ္ပဒါ အနုညာတာ၊ တံ အဇ္ဇတဂ္ဂေ ပဋိက္ခိပါမိ။ အနုဇာနာမိ ဘိက္ခဝေ ဉတ္တိစတုတ္ထေန ကမ္မေန ဉပသမ္ပါဒေတု"န္တိ (ဝိ၊ ၃၊ ၇၀) ဧဝံ အနုညာတာယ ဣမာယ ဉပသမ္ပဒါယ ဉပသမ္ပန္နောတိ ဝုတ္တံ ဟောတိ။ (ဝိ၊ ၄၊ ၁၊ ၂၀၇။)

* * * * *

## သံဃာ ၂ မျိုး

(၁) ဒက္ခိဏေယျသံဃာ= ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်အပေါင်း၊

(၂) သမ္မုတိသံဃာ= အရိယာ, ပုထုဇဉ် ဟု အထူးဆိုခြင်းမရှိပဲ သာမညအားဖြင့် ရဟန်းအပေါင်း(ရဟန်းအားလုံး)။

"သံဃော"တိ ဣမိနာ ပန ပဒေန ကိဉ္စာပိ အဝိသေသတော ပုဂ္ဂလသမူဟော ဝုတ္တော၊ အထ ခေါ သော ဒက္ခိဏေယျသံဃော, သမ္မုတိသံဃော စာတိ ဒုဝိဓော ဟောတိ။ တတ္ထ ဒက္ခိဏေယျသံဃောတိ အဋ္ဌ အရိယပုဂ္ဂလသမူဟော ဝုစ္စတိ၊ သမ္မုတိသံဃောတိ အဝိသေသေန ဘိက္ခုသမူဟော၊ သော ဣဓ အဓိပ္ပေတော။ (ကင်္ခါ၊ ၄၊ ၈၅။)

## ကံနှင့်စပ်၍ သံဃာ ၅ မျိုး

(၁) စတုဝဂ္ဂသံဃာ= လေးပါးအစုရှိသော သံဃာသည် ဉပသမ္ပဒါကံ, ပဝါရဏာကံ, အဗ္ဘာနကံတို့ကိုထား၍ ကျန်သံဃာ့ကံ အားလုံးကို ပြုနိုင်သည်၊

(၂) ပဉ္စဝဂ္ဂသံဃာ= ငါးပါးအစုရှိသော သံဃာသည် မဇ္ဈိမဇနပုဒ်(မဇ္ဈိမဒေသ)၌ ဉပသမ္ပဒါကံ, အဗ္ဘာနကံတို့ကို ထား၍ ကျန်သံဃာ့ကံအားလုံးကို ပြုနိုင်သည်။ (မဇ္ဈိမဒေသမှတပါး ကျန်ဒေသများ၌ အဗ္ဘာနကံကို ထား၍ ကျန်သံဃာ့ကံများကို ပြုနိုင်သည။)

(၃) ဒသဝဂ္ဂသံဃာ=ဆယ်ပါးအစုရှိသောသံဃာသည် အဗ္ဘာနကံကိုထား၍ ကျန်သံဃာ့ကံ အားလုံးကို ပြုနိုင်သည်။

(၄) ဝီသတိဝဂ္ဂသံဃာ= နှစ်ဆယ်အစုရှိသောသံဃာသည် သံဃာ့ကံအားလုံးကို ပြုနိုင်သည်၊

(၅) အတိရေကဝီသတိဝဂ္ဂသံဃာ= နှစ်ဆယ်ထက်အလွန်ရှိသောသံဃာသည်လည်း သံဃာ့ကံအားလုံးကို ပြုနိုင်သည်ပင်တည်း။ အတိရေကဝီသတိဝဂ္ဂသံဃာကို ဆိုရခြင်းအကြောင်းကား..."စတုဝဂ္ဂ အစရှိသောသံဃာသည် ပြုထိုက်သောကံကို သက်ဆိုင်ရာသံဃာ အရေအတွက်အောက် ယုတ်လျော့သဖြင့် မအပ်, ပိုလွန်မှုကား အပ်၏"ဟု ပြခြင်းငှါ ဆိုသည်။ ဤသံဃာ့ကံအားလုံး၌ သမ္မုတိသံဃာ ကိုသာ ယူရမည်။

## ကံ ၄ မျိုး

ပဉ္စ သံဃာ၊ စတုဝဂ္ဂေါ ဘိက္ခုသံဃော၊ ပဉ္စဝဂ္ဂေါ ဘိက္ခုသံဃော၊ ဒသဝဂ္ဂေါ ဘိက္ခုသံဃော၊ ဝီသတိဝဂ္ဂေါ ဘိက္ခုသံဃော၊ အတိရေကဝီသတိဝဂ္ဂေါ ဘိက္ခုသံဃော။ တတြ ဘိက္ခဝေ ယွာယံ စတုဝဂ္ဂေါ ဘိက္ခုသံဃော ဌပေတွာ တီဏိ ကမ္မာနိ ဥပသမ္ပဒံ ပဝါရဏံ အဗ္ဘာနံ ဓမ္မေန သမဂ္ဂေါ သဗ္ဗကမ္မေသု ကမ္မပ္ပတ္တော။ တတြ ဘိက္ခဝေ ယွာယံ ပဉ္စဝဂ္ဂေါ ဘိက္ခုသံဃော ဌပေတွာ ဒွေ ကမ္မာနိ မဇ္ဈိမေသု ဇနပဒေသု ဥပသမ္ပဒံ အဗ္ဘာနံ ဓမ္မေန သမဂ္ဂေါ သဗ္ဗကမ္မေသု ကမ္မပ္ပတ္တော။ တတြ ဘိက္ခဝေ ယွာယံ ဒသဝဂ္ဂေါ ဘိက္ခုသံဃော ဌပေတွာ ဧကံ ကမ္မံ အဗ္ဘာနံ ဓမ္မေန သမဂ္ဂေါ သဗ္ဗကမ္မေသု ကမ္မပ္ပတ္တော။ တတြ ဘိက္ခဝေ ယွာယံ ဝီသတိဝဂ္ဂေါ ဘိက္ခုသံဃော ဓမ္မေန သမဂ္ဂေါ သဗ္ဗကမ္မေသု ကမ္မပ္ပတ္တော။ တတြ ဘိက္ခဝေ ယွာယံ အတိရေကဝီသတိဝဂ္ဂေါ ဘိက္ခုသံဃော ဓမ္မေန သမဂ္ဂေါ သဗ္ဗကမ္မေသု ကမ္မပ္ပတ္တော။ (ဝိ၊ ၃၊ ၄၃၉ ၄၄၀။)

သော ပနေသ ကမ္မဝသေန ပဉ္စဝိဓော(ဝိ၊ ၃၊ ၄၃၉) ဟောတိ စတုဝဂ္ဂေါ ပဉ္စဝဂ္ဂေါ ဒသဝဂ္ဂေါ ဝီသတိဝဂ္ဂေါ အတိရေကဝီသတိဝဂ္ဂေါတိ။ တတ္ထ စတုဝဂ္ဂေန ဌပေတွာ ဥပသမ္ပဒပဝါရဏာအဗ္ဘာနာနိ သဗ္ဗံ သံဃကမ္မံ ကာတုံ ဝဋ္ဋတိ၊ ပဉ္စဝဂ္ဂေန ဌပေတွာ မဇ္ဈိမေသု ဇနပဒေသု ဥပသမ္ပဒဉ္စ အဗ္ဘာနကမ္မဉ္စ သဗ္ဗံ သံဃကမ္မံ ကာတုံ ဝဋ္ဋတိ။ ဒသဝဂ္ဂေန အဗ္ဘာနကမ္မမတ္တံ ဌပေတွာ သဗ္ဗံ သံဃကမ္မံ ကာတုံ ဝဋ္ဋတိ။ ဝီသတိဝဂ္ဂေန န ကိဉ္စိ သံဃကမ္မံ ကာတုံ န ဝဋ္ဋတိ၊ တထာ အတိရေကဝီသတိဝဂ္ဂေန၊ သော ပန စတုဝဂ္ဂါဒိနာ သံဃေန ကတ္တဗ္ဗံ ကမ္မံ ဦနကတရေန ကာတုံ န ဝဋ္ဋတိ၊ အတိရေကေန ပန ဝဋ္ဋတီတိ ဒဿနတ္ထံ ဝုတ္တော။ ဣမသ္မိံ ပနေတ္ထ စတုဝဂ္ဂံ ဥပါဒါယ သဗ္ဗောပိ သမ္မုတိသံဃော အဓိပ္ပေတော။ (ကင်္ခါ၊ ဋ္ဌ၊ ၈၅ ၈၆။)

## ကံ ၄ မျိုး

(၁) အပလောကနကံ= သံဃာကို ပန်ကြား၍ ပြုအပ်သောကံ၊
(၂) ဉတ္တိကံ= ဉတ်ဖြင့် ပြုအပ်သောကံ၊
(၃) ဉတ္တိဒုတိယကံ= ဉတ်လျှင် ၂ ကြိမ်မြောက်ရှိသော ကမ္မဝါစာဖြင့် ပြုအပ်သောကံ၊
(၄) ဉတ္တိစတုတ္ထကံ= ဉတ်လျှင် ၄ ကြိမ်မြောက်ရှိသော ကမ္မဝါစာဖြင့် ပြုအပ်သောကံ။

(၁) အပလောကနကံ ဟူသည် သိမ်တွင်း၌တည်သောသံဃာကို သုတ်သင်၍ ဆန္ဒထိုက်သော ပုဂ္ဂိုလ်တို့၏ဆန္ဒကို ဆောင်ယူပြီးလျှင် ညီညွတ်သောသံဃာ၏သဘောတူညီမှုဖြင့် ၃ ကြိမ်တိုင်တိုင် ကြားသိစေ၍(ပန်ကြား၍) ပြုအပ်သောကံတည်း။ [ဤစကားအရ "အပလောကနကံကိုလည်း ဟတ္ထပါသ်စပ်လျက် ညီညွတ်သောသံဃာသာပြုရသည်"ဟု မှတ်ပါ။]

အပလောကနကမ္မံ နာမ သီမဋ္ဌကသံဃံ သောဓေတွာ ဆန္ဒာရဟာနံ ဆန္ဒံ အာဟရိတွာ သမဂ္ဂဿ သံဃဿ အနုမတိယာ တိက္ခတ္တုံ သာဝေတွာ ကတ္တဗ္ဗကမ္မံ။ (ဝိ၊ ဋ္ဌ၊ ၄၊ ၃၉, ၂၄၃။ ဝိနယသင်္ဂဟဋ္ဌကထာ၊ ၃၉၄။)

မဟာသိမ်အတွင်း၌ တည်နေသောသံဃာကို ဟတ္ထပါသ်သို့ဆောင်ခြင်း, ဆန္ဒထိုက်သူတို့၏ဆန္ဒကိုဆောင်ခြင်း, မလာလိုလျှင် သိမ်အပြင်ဘက်သို့ ထွက်နေစေခြင်းကို "သီမဋ္ဌကသံဃာသုတ်သင်ခြင်း"ဟု ဆိုသည်။ (စူဠဝဂ္ဂဘာသာဋီကာ၊ ၁၀၅။)

အပလောကနကံနှင့်သက်ဆိုင်သောအရာသည် ၅ ဌာနရှိ၏။

၁။ ဩသာရဏာ=ကဏ္ဋကသာမဏေ၏မိမိမိုက်ပြစ်ကို ဝန်ချတောင်းပန်သဖြင့် ပြန်လည်လက်ခံသွင်းနံသောအရာဌာန၊

၂။ နိဿာရဏာ=ဘုရားရှင်၏ကျေးဇူးမဲ့စကားစသည်ကိုဆိုသော ကဏ္ဋကသာမဏေအား ဒဏ်ပေးခြင်းဖြင့် နှင်ထုတ်သောအရာဌာန၊

၃။ ဘဏ္ဍုကမ္မ=ဆံရိတ်ခြင်းဟူသောအရာဌာန၊

၄။ ဗြဟ္မဒဏ္ဍ=ဗြဟ္မဒဏ်ပေးခြင်း၊ [ဗြဟ္မဒဏ်ပေးခြင်းသည် ဆန္နထေရ်နှင့်သာ ပတ်သက်သော်လည်း အခြားပြောဆိုဆုံးမခက်သော ရဟန်းတို့အားလည်း ဗြဟ္မဒဏ်ပေးအပ်သည်= န ကေဝလံ ပနေသ ဆန္နဿေဝ ပညတ္တော၊ ယော အညောပိ ဘိက္ခု မုခရော ဟောတိ၊ ဘိက္ခူ ဒုရုတ္တဝစနေဟိ ဃဋ္ဋေန္တော ခုံသေန္တော ဝမ္ဘေန္တော ဝိဟရတိ၊ တဿပိ ဒါတဗ္ဗော။ (ဝိ၊ ဋ္ဌ၊၄၊၂၅၁)]

၅။ ကမ္မလက္ခဏ=ကံသည်သာ လက္ခဏာဖြစ်သောအရာဌာန၊ [ဆဗ္ဗဂ္ဂီရဟန်းတို့၏မကြည်ညိုဖွယ်အပြုအမူတို့ကြောင့် ဘိက္ခုနီ

တို့က ထိုရဟန်းတို့ကို ရှိမခိုးအပ်ဟု ဒဏ်ထားသဖြင့် ပြုအပ်သောအရာဌာနဖြစ်၏။ ဘိက္ခုသံဃာအရာ၌ကား စာရေးတံချရာအရပ်, ဆွမ်းစားစရပ်စသည်တို့၌ ခိုးသူလုယက်ခြင်း, ဆွေးမြေ့ခြင်း, ပျောက်ပျက်ခြင်းတို့ကြောင့် သက်န်းနှမ်းပါးသော ရဟန်းတို့အား သံဃာကိုပန်ကြား၍ သင်္ကန်းပေးခြင်းစသောအရာဌာနတည်း။]

အပလောကနကမ္မံ ကတမာနိ ပဉ္စ ဌာနာနိ ဂစ္ဆတိ? ဩသာရဏံ နိဿာရဏံ ဘဏ္ဍုကမ္မံ ဗြဟ္မဒဏ္ဍံ ကမ္မလက္ခဏညေဝ ပဉ္စမံ။ အပလောကနကမ္မံ ဣမာနိ ပဉ္စ ဌာနာနိ ဂစ္ဆတိ။ (ဝိ၊ ၅၊ ၃၈၄။ ဝိနယသင်္ဂဟဋ္ဌကထာ၊ ၃၉၄။)

ယဉ္ဟိ ဘိက္ခုသံဃော သလာကဂ္ဂယာဂုဂ္ဂဘတ္တဂ္ဂဉပေါသထဂ္ဂေသု အပလောကနကမ္မံ ကရောတိ၊ ဧတမ္ပိ ကမ္မလက္ခဏမေဝ။ အဆ္ဍိနွှစိဝရဖိဏ္ဍစိဝရနဋ္ဌစိဝရာန ဉ် သံဃံ သန္နိပါတေတွာ ဗျတ္တေန ဘိက္ခုနာ ယာဝတတိယံ သာဝေတွာ အပလောကနကမ္မံ ကတွာ စီဝရံ ဒါတုံ ဝဋ္ဋတိ။ ပ။ သံဃကိစ္စံ ကရောန္တာနံ ကပ္ပိယကာရကာဒီနံ ဘတ္တဝေတနမ္ပိ အပလောကနကမ္မေန ဒါတုံ ဝဋ္ဋတိ။ (ဝိဋ္ဌ၊၄၊၂၅၃)

(၂) ဉတ္တိကံ ဟူသည် သိမဋ္ဌသံဃာကို သုတ်သင်၍ ဆန္ဒဆောင်ထိုက်သောရဟန်းတို့၏ ဆန္ဒကို ဆောင်ပြီးလျှင် ညီညွတ်သော သံဃာ၏ သဘောတူညီမှုဖြင့် ဉတ်တစ်ကြိမ်ဖြင့် ပြုအပ်သောကံတည်း။

ဉတ္တိကမ္မံ နာမ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ ဧကာယ ဉတ္တိယာ ကတ္တဗ္ဗကမ္မံ။ (ဝိ၊ ဋ္ဌ၊ ၄၊၃၉၊၂၄၃။ ဝိနယသင်္ဂဟဋ္ဌကထာ၊ ၃၉၄။)

ဉတ္တိကံနှင့်သက်ဆိုင်သောအရာဌာနသည် ၉ ဌာနရှိ၏။

၁။ ဩသာရဏ=ရဟန်းလောင်းကို သံဃာ့အလယ်သို့ သွင်းသောအရာဌာန၊

၂။ နိဿာရဏ= ဥဗ္ဗာဟိတဝိနိစ္ဆယ၌ ဓမ္မကထိကရဟန်းကို နှင်ထုတ်သောအရာဌာန၊

၃။ ဥပေါသထ=ဥပုသ်ပြုသောအရာဌာန၊

၄။ ပဝါရဏာ=ပဝါရဏာပြုသောအရာဌာန၊

၅။ သမ္မုတိ=ရဟန်းလောင်းကို ဆုံးမရာ, အန္တရာယိကဓမ္မတို့ကို မေးစိစစ်ရာ, ဝိနည်းတော်ကို မေးရာ, ဝိနည်းတော်ကို ဖြေသော အရာတို့၌ မိမိ, သူတပါးကို သမုတ်သောအရာဌာန၊

၆။ ဒါန=ဂိုဏ်း,သံဃာအား စွန့်ထားသော သင်္ကန်းသပိတ်စသော နိဿဂ္ဂိဝတ္ထုကို ပိုင်ရှင်ရဟန်းအား ပြန်ပေးသောအရာဌာန၊

၇။ ပဋိဂ္ဂဟဏ=ဂိုဏ်းသံဃာအထံ၌ ပြောကြားသောအာပတ်ကို ခံယူရာဌာန၊

၈။ ပစ္စုက္ကမုန=ပဝါရဏာငင်သောအရာဌာန၊

၉။ ကမ္မလက္ခဏ=ကံသည်သာမှတ်အပ်သော သဘောလက္ခဏာဖြစ်သော အရာဌာနတို့ဖြစ်၏။

ဉတ္တိကမ္မံ ကတမာနိ နဝ ဌာနာနိ ဂစ္ဆတိ? ဩသာရဏံ နိဿာရဏံ ဥပေါသထံ ပဝါရဏံ သမ္မုတိံ ဒါနံ ပဋိဂ္ဂဟဏံ ပစ္စုက္ကမုနံ ကမ္မလက္ခဏညေဝ နဝမံ။ ဉတ္တိကမ္မံ ဣမာနိ နဝ ဌာနာနိ ဂစ္ဆတိ။ (ဝိ၊ ၅၊ ၃၈၄။ ဝိနယသင်္ဂဟဋ္ဌကထာ၊ ၃၉၄။)

(၃) ဉတ္တိဒုတိယကံ ဟူသည် သိမဋ္ဌသံဃာကို သုတ်သင်၍ ဆန္ဒဆောင်ထိုက်သောရဟန်းတို့၏ဆန္ဒကို ဆောင်ပြီးလျှင် ညီညွတ်သော သံဃာ၏သဘောတူညီမှုဖြင့် ဉတ်တစ်ကြိမ် ကမ္မဝါစာတစ်ကြိမ်ဖြင့် ပြုအပ်သောကံတည်း။

ဉတ္တိဒုတိယကမ္မံ နာမ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ ဧကာယ ဉတ္တိယာ ဧကာယ စ အနုဿာဝနာယာတိ ဧဝံ ဉတ္တိဒုတိယာယ အနုဿာဝနာယ ကတ္တဗ္ဗကမ္မံ။ (ဝိ၊ ဋ္ဌ၊ ၄၊ ၃၉, ၂၄၃။ ဝိနယသင်္ဂဟဋ္ဌကထာ၊ ၃၉၄။)

ဉတ္တိဒုတိယကံနှင့်သက်ဆိုင်သောအရာသည် ၇ ဌာနရှိ၏။

၁။ ဩသာရဏ= ကောင်းမွန်စွာ ပြုကျင့်သော ဥပါသကာအား သပိတ်မှောက်ကံကို ပြန်လှန်သည်၏အစွမ်းဖြင့် သွတ်သွင်းသောအရာဌာန၊

၂။ နိဿာရဏ=ရဟန်းတို့အား လာဘ်မရအောင် အားထုတ်ခြင်း, ရဟန်းတို့၏အကျိုးမဲ့ကို ပြုလုပ်ခြင်း, ရဟန်းတို့အား နေရာ မရအောင် အားထုတ်ခြင်း, ဆဲရေး ရေရွတ်ခြင်း, ရဟန်းအချင်းချင်း ကွဲပြားအောင် ကုံးတိုက်ခြင်း, ဘုရားရှင်၏ကျေးဇူးမဲ့ကိုပြောဆိုခြင်း, တရားတော်၏ကျေးဇူးမဲ့ကို ပြောဆိုခြင်း, သံဃာတော်၏ကျေးဇူးမဲ့ကို ပြောဆိုခြင်းဟူသော အင်္ဂါ ၈ ပါးနှင့်ပြည့်စုံသော ဥပါသကာအား သပိတ်မှောက်ကံပြု၍ နှင်ထုတ်သောအရာဌာန၊

၃။ သမ္မုတိ=သိမ်သမုတ်ခြင်း, တိစီဝရိတ်သင်္ကန်းနှင့် ညဉ့်ကင်း၍ နေနိုင်ခြင်းအကျိုးငှါ သမုတ်ခြင်း, ဂိလာနရဟန်းအား အခင်းသစ်ကိုပြုခြင်းငှါ သမုတ်ခြင်း, ဆွမ်းညွှန်ရဟန်းဟူ၍ သမုတ်ခြင်း, ကျောင်းခံယူထိုက်သောရဟန်းဟူ၍ သမုတ်ခြင်း, ဘဏ္ဍာစိုးရဟန်း ဟူ၍ သမုတ်ခြင်း, သံဃိကသင်္ကန်းကို ခံထိုက်သောရဟန်းဟူ၍ သမုတ်ခြင်း, သင်္ကန်းကို ဝေ

ဖန်သောရဟန်းဟူ၍ သမုတ်ခြင်း, ယာဂုသစ်သီးခဲဘွယ်ကို ဝေဘန်သောရဟန်းဟူ၍ သမုတ်ခြင်း, အပ်စသော အနည်းငယ်သောဝတ္ထုပစ္စည်းကို အလို ရှိသောသူအား စွန့်တတ်သောရဟန်းဟူ၍ သမုတ်ခြင်း, မိုးရေခံသင်္ကန်းကို ခံယူထိုက်သောရဟန်းဟူ၍ သမုတ်ခြင်း, သံဃိကသပိတ်တို့ကို ခံယူထိုက်သောရဟန်းဟူ၍ သမုတ်ခြင်း, အရံစောင့် သာမဏေတို့ကို စေခိုင်းတတ်သောရဟန်းဟူ၍ သမုတ်ခြင်းဟူသော သမ္မုတိပေးရာဌာန၊

၄။ ဒါန=ကထိန်သင်္ကန်းကို ပေးရာ, သေသောရဟန်း၏သင်္ကန်းစသည်တို့ကို ပေးရာဌာန၊

၅။ ဥဒ္ဒရဏ=ကထိန်နုတ်ရာဌာန၊

၆။ ဒေသန=ကုဋိနေရာ, ကျောင်းနေရာတို့ကို ပြောကြားရာဌာန၊

၇။ ကမ္မလက္ခဏ=တိဏဝတ္ထာရကသမထ, မောဟာရောပနကံစသော ကမ္မလက္ခဏအရာဌာနတို့ဖြစ်၏။

ဉတ္တိဒုတိယကမ္မံ ကတမာနိ သတ္တ ဌာနာနိ ဂစ္ဆတိ? ဩသာရဏံ နိဿာရဏံ သမ္မုတိံ ဒါနံ ဥဒ္ဒရဏံ ဒေသနံ ကမ္မလက္ခဏညေဝ သတ္တမံ။ ဉတ္တိဒုတိယကမ္မံ ဣမာနိ သတ္တ ဌာနာနိ ဂစ္ဆတိ။ (ဝိ၊ ၅၊ ၃၈၄။ ဝိနယသင်္ဂဟအဋ္ဌကထာ၊ ၃၉၄။)

(၄) ဉတ္တိစတုတ္ထကံ ဟူသည် သီမဋ္ဌကသံဃာကို သုတ်သင်၍ ဆန္ဒဆောင်ထိုက်သောရဟန်းတို့၏ဆန္ဒကို ဆောင်ပြီးလျှင် ညီညွတ်သောသံဃာ၏သဘောတူညီမှုဖြင့် ဉတ်တစ်ကြိမ် ကမ္မဝါစာသုံးကြိမ်ဖြင့် ပြုအပ်သောကံတည်း။

ဉတ္တိစတုတ္ထကမ္မံ နာမ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ ကောယ ဉတ္တိယာ တီဟိ စ အနုဿာဝနာဟိတိ ဧဝံ ဉတ္တိစတုတ္ထာဟိ တီဟိ အနုဿာဝနာဟိ ကတ္တဗ္ဗကမ္မံ။ (ဝိ၊ ဠ၊ ၄၊ ၃၉, ၂၄၃။ ဝိနယသင်္ဂဟအဋ္ဌကထာ၊ ၃၉၄။)

ဉတ္တိစတုတ္ထကံနှင့်သက်ဆိုင်သောအရာသည် ၇ ဌာနရှိ၏။

၁။ ဩသာရဏ=တဇ္ဇနီယစသော ၇ ပါးသောကံ ငြိမ်းအေးသဖြင့် သံဃာ့ဘောင်သို့ ပြန်သွင်းသောအရာဌာန၊

၂။ နိဿာရဏ=တဇ္ဇနီယစသော ၇ ပါးသောကံတို့ကြောင့် သံဃာ့ဘောင်မှ နှင်ထုတ်အပ်သောအရာဌာန၊

၃။ သမ္မုတိ=ရဟန်းမတို့အား ဆုံးမတတ်သောရဟန်းကို သမုတ်ရာဌာန၊

၄။ ဒါန=ပရိဝါသ်ပေးရာ, မာနတ်ပေးရာဌာန၊

၅။ နိဂ္ဂဟ=အရင်းသို့ တဖန်ပြန်၍ ငင်သည်၏အစွမ်းဖြင့် နှိမ်နင်းရာဌာန၊

၆။ သမနုဘာသန=ဥက္ခိတ္တကရဟန်း၏နောက်လိုက်ရဟန်းမ, ယာဝတတိယကသံဃာဒိသေသ်အာပတ်သင့်သောရဟန်း, အရိဋ္ဌရဟန်း, စဏ္ဍာရဟန်းမတို့ကို ဆုံးမရာဌာန၊

၇။ ကမ္မလက္ခဏ=ဥပသမ္ပဒကံ, အဗ္ဘာနကံဟူသော ကမ္မလက္ခဏအရာဌာနတို့ဖြစ်၏။

ဉတ္တိစတုတ္ထကမ္မံ ကတမာနိ သတ္တ ဌာနာနိ ဂစ္ဆတိ? ဩသာရဏံ နိဿာရဏံ သမ္မုတိံ ဒါနံ နိဂ္ဂဟံ သမနုဘာသနံ ကမ္မလက္ခဏညေဝ သတ္တမံ။ ဉတ္တိစတုတ္ထကမ္မံ ဣမာနိ သတ္တ ဌာနာနိ ဂစ္ဆတိ။ (ဝိ၊ ၅၊ ၃၈၄။ ဝိနယသင်္ဂဟအဋ္ဌကထာ၊ ၃၉၄။)

း း း း း

## ဝါဆိုဝါကပ်နှင့်စပ်သွယ် သိမှတ်ဖွယ်

### ဝါကပ်ခြင်း ၂ မျိုး

(၁) ပုရိမိကာဝါကပ်ခြင်း [ပုရိမဝါကပ်ခြင်းဟုလည်း ခေါ်၏]၊

(၂) ပစ္ဆိမိကာဝါကပ်ခြင်း [ပစ္ဆိမဝါကပ်ခြင်းဟုလည်း ခေါ်၏]။

### ဝါကပ်ခြင်း ၂ မျိုး၏ကာလအပိုင်းအခြား

(၁) ဝါဆိုလပြည့်ကျော်တစ်ရက်နေ့၌ ဝါကပ်ခြင်းသည် ပုရိမိကာဝါကပ်ခြင်းဖြစ်၏။

(၂) ဝါခေါင်လပြည့်ကျော်တစ်ရက်နေ့၌ ဝါကပ်ခြင်းသည် ပစ္ဆိမိကာဝါကပ်၏ခြင်းဖြစ်၏။

ဒွေမာ ဘိက္ခဝေ ဝဿူပနာယိကာ ပုရိမိကာ ပစ္ဆိမိကာ၊ အပရဇ္ဇုဂတာယ အာသဠှိယာ ပုရိမိကာ ဥပဂန္တဗ္ဗာ၊ မာသဂတာယ အာသဠှိယာ ပစ္ဆိမိကာ ဥပဂန္တဗ္ဗာ၊ ဣမာ ခေါ ဘိက္ခဝေ ဒွေ ဝဿူပနာယိကာတိ။ (ဝိ၊ ၃၊ ၁၉၂။)

ပုရိမိကာ၊ ပစ္ဆိမာ၊ နှစ်ဖြာ ဝါကပ်နည်း။

ဝါနှစ်လတွင်၊ လဆုတ်တရက်၊ ဝါကပ်ရက်၊ နှစ်ချက် စဉ်တိုင်းတည်း။ (ဝိနယသံခိပ်၊ ဝါဆိုခန်း၊၁၅၃။)

## ဝါထပ်မိပ္ပါယ် သိမှတ်ဖွယ်

ဝါထပ်သည့်နှစ်၌ ပဌမဝါဆို, ဒုတိယဝါဆို-ဟု နှစ်လထပ်သည်၊ ဤသို့ ဝါဆိုနှစ်လထပ်သည်ကို "ဝါထပ်သည်"ဟု ခေါ်စမှတ်ပြုကြသည်၊ ထိုသို့ ဝါဆိုလ နှစ်ထပ်ဖြစ်ရခြင်းမှာ တစ်နှစ်တာအတွက် ရက်ပေါင်း ၃၆၅-ရက်ရှိသင့်ရာတွင် မြန်မာပက္ခဒိန်နှစ်၌ ရက်မစုံ ၆-လပါဝင်၍ ရက်ပေါင်း ၃၅၄-ရက်သာ ရှိရကား ထိုရက်မစုံလများအတွက် လိုအပ်သော ရက်များကို အစားပေးသောအားဖြင့် ကောင်းကင် နေသွား, လသွားများနှင့် ကိုက်ညီစေလျက် အများအားဖြင့် သုံးနှစ်တစ်ကြိမ် ဝါထပ်လေ့ရှိသည်။

ထိုဝါထပ်သည့်နှစ်၌ ဒုတိယဝါဆိုလပြည့်ကျော်တရက်နေ့တွင် ပုရိမဝါကပ်၍ ဝါခေါင်လပြည့်ကျော်တရက်နေ့တွင် ပစ္ဆိမဝါကပ်ရ၏။ ဝါထပ်ရက်ငင်မှုမည်သည် မင်းစိုးရာဇာတို့နှင့်ဆက်စပ်နေသောကြောင့် "အနုဇာနာမိ ဘိက္ခဝေ ရာဇူနံ အနုဝတ္တိတုံ"(ဝိ၊၃၊ ၁၉၃)အရ တစ်လရွှေ၍ ဝါကပ်ရသည်။

ဝါထပ်ကြုံတွေ့၊ တလရွှေ့၊ ရွှေသို့တိုးသတည်း။ (ဝိနယသံခိပ်၊ ဝါဆိုခန်း၊ ၁၅၃။)

**ဝါကပ်နည်း ၂-မျိုး**

ဝါကပ်နည်းသည် (က) ဝစီဘေဒ=နှုတ်မြွက်ဆို၍ ဝါကပ်နည်း၊

(ခ)၊ အာလယပရိဂ္ဂဟ=အာလယစိတ်မျှဖြစ်၍ ဝါကပ်နည်း ဟူ၍ ၂-မျိုးရှိ၏။

ဝစီဘေဒ၊ အာလယ၊ ဒွယ ဝါကပ်နည်း။

ဝစီဘေဒဝါကပ်နည်းသည်လည်း (၁) "ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ"ဟူသော စကားပြည့်စုံသော ဝါကပ်နည်း, (၂)"ဣဓ ဝဿံ ဥပေမိ"ဟူသော စကားမပြည့်စုံသော ဝါကပ်နည်း ဟု နှစ်မျိုးရှိပြန်၏။

၁။ အမိုးနှင့်ပြည့်စုံခြင်း, ၂။ အကာနှင့် ပြည့်စုံခြင်း, ၃။ တံခါးအိမ် တံခါးဖွင့် တံခါးရွက်နှင့်ပြည့်စုံခြင်း, ၄။ ဝါတွင်းသုံးလပတ်လုံး နေရန်ကျောင်းဖြစ်ခြင်း=ဤအင်္ဂါလေးပါးနှင့်ပြည့်စုံသော ကျောင်းမျိုး၌သာ "ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ" ဟု ပြည့်စုံသော ဝစီဘေဒကို မြွက်ဆို၍ ကပ်ရမည်။ ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ ဤကျောင်းတိုက်၌ ဤသုံးလပတ်လုံး ဝါသို့ (မိုးအခါ၌နေခြင်းသို့)ကပ်ရောက်ပါ၏။

ကျောင်းမဟုတ်သော ခရီးသွားဆဲ လှည်း, လှေ, သင်္ဘောတို့၌မူ အမိုးအကာ, တံခါးတို့နှင့် တကွ ယာယီကုဋိပြုလုပ်၍ "ဣဓ ဝဿံ ဥပေမိ "ဟု မပြည့်စုံသော ဝစီဘေဒနည်းကို ဆို၍ ကပ်ရမည် ။ ဣဓ ဝဿံ ဥပေမိ ဤလှည်း သို့မဟုတ် လှေ သို့မဟုတ် သင်္ဘော၌ ဝါသို့ ကပ်ရောက်ပါ၏ ။

ယင်းကဲ့သို့သော ကုဋိကိုမျှ မရခဲ့သော် လှည်း, လှေ အမိုးတွင်းသို့ဝင်၍ "ဣဓ ဝဿံ ဝသိဿာမိ ဤနေရာ၌ ဝါလပတ်လုံးနေပါတော့အံ့"ဟု အာလယစိတ်ဖြစ်၍ ကပ်ရမည်။ ကျောင်းမဟုတ်သောကြောင့် ဝိဟာရသဒ္ဒါကို မဆိုရ။

ခရီးအကြား နေလိုရာကျောင်း၌ နေလို့ရသလော?

လှည်း, လှေ, သင်္ဘောတို့၌ ဝါဆို၍လိုက်သွားရာ ဝါတွင်းမှာပင် မိမိအလိုရှိရာ ရပ်ရွာသို့ ရောက်ခဲ့လျှင် ဆင်း၍နေရစ်ရ၏၊ ထိုရွာမှာ ဝါကျွတ်စေရ၏၊ ထို့ကြောင့် တေမာသံသဒ္ဒါကို မဆိုရ။ လှည်း, လှေ, သင်္ဘောတို့၌ပင် ဝါကျွတ်သည်တိုင်အောင် နေရလိမ့်မည်ဖြစ်လျှင် တေမာသံ'သဒ္ဒါကို ဆိုသင့်ရာ၏။

လှည်း, လှေ နှစ်ဖြာ၊ နွားခြံမှာ၊ ဝါကပ်ရသည်ချည်း။

လမ်းခရီးသွားဆဲ လှည်းဝိုင်း, လှေ, သင်္ဘော, နွားကျောင်းသားတို့နေရာနွားခြံဌာနတို့၌လည်း ဝါကပ်ရ၏။ (ဝိ၊၃၊၂၁၁။ ဝိ၊ဌ၊၃၊၃၅၃။) မှတ်ချက်။ ။ အင်္ဂါနှင့်ပြည့်စုံသော ကျောင်းမှာ ဝါကပ်ရာ၌ နှုတ်မြွက်၍ မဆိုမိသော်လည်း ဤကျောင်း၌ သုံးလပတ်လုံး ငါနေမည်ဟု စိတ်ဖြစ်ခဲ့လျှင် ဝါကပ်ခြင်းမြောက်ပါ၏။

ပြောင်းရာသို့လိုက်

ရွာ၌ဝါကပ်ပြီးမှ တစုံတခုသောဘေးရန်ကြောင့် ဝါတွင်းမှာပင် အရပ်တပါးသို့ ထိုရွာပြောင်းရွှေ၍ သွားခဲ့ရသော် ရဟန်းသည်လည်း ယင်းရွာသွားရာသို့ လိုက်၍နေရ၏၊ ဝါမပျက်။ ရွာ၌ကပ်ရာ၊ ရွာသွားရာ၊ မကွာလိုက်သတည်း၊

### အာလယရှိလျက် ဝါမကပ်မိ

ဤကျောင်းတိုက်၌ ဝါကပ်မည်ဟု အာလယရှိလျက် သတိမေ့လျော့၍ ဝါမကပ်မိသော်လည်း ဝါမပျက်။

အင်္ဂါနှင့်ပြည့်စုံသောကျောင်းမှာ ကပ်ရာ၌ နှုတ်မြွက်၍ မဆိုမိသော်လည်း ဤကျောင်း၌ သုံးလပတ်လုံး ငါနေမည်ဟု စိတ်ဖြစ်ခဲ့လျှင် ဝါကပ်ခြင်းမြောက်၏။ (ဝိနယသံခိပ်၊ ဝါဆိုခန်း၊ ၁၅၅။)

သစေ ဣမ ဝသိဿာမီတိ အာလယော အတ္ထိ၊ အသတိယာ ပန ဝဿံ န ဥပေတိ၊ ဂဟိတသေနာသနံ သုဂ္ဂဟိတံ၊ ဆိန္နဝဿော န ဟောတိ၊ ပဝါရေတုံ လဘတိယေဝ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၅၅။)

### ဝါမကပ်လို၍ ကျောင်းကျော်လျှင်

ဝါမကပ်လိုသည်ဖြစ်၍ မိမိရောက်နေရာကျောင်းကို(ကျောင်း၏ဥပစာကို) ကျော်လွန်သွားတိုင်း တစ်ကျောင်းလွန်လျှင် တစ်အာပတ်သင့်၏။ ယနေ့ ဝါကပ်ရာနေ့မှန်း သိပါလျက် ဝါမကပ်သောရဟန်းမှာလည်း ဒုက္ကဋ်အာပတ်သင့်၏။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊၃၉၈။)

န ဘိက္ခဝေ တဒဟု ဝဿူပနာယိကာယ ဝဿံ အနုပဂန္တုကာမေန သဉ္စိစ္စ အာဝါသော အတိက္ကမိတဗ္ဗော၊ ယော အတိက္ကမေယျ၊ အာပတ္တိ ဒုက္ကဋဿ။ န ဘိက္ခဝေ ဝဿံ ဥပဂန္တဗ္ဗံ၊ ယော န ဥပဂစ္ဆေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊ ၃၊ ၁၉၃။)

ယော အတိက္ကမေယျာတိ ဧတ္ထ ဝိဟာရဂဏနာယ အာပတ္တိယော ဝေဒိတဗ္ဗာ။ သစေ ဟိ တံ ဒိဝသံ ဝိဟာရသတဿ ဥပစာရံ ဩက္ကမိတွာ အတိက္ကမတိ၊ သတံ အာပတ္တိယော။ သစေ ပန ဝိဟာရူပစာရံ အနောက္ကမိတွာဝ နိဝတ္တတိ၊ ဧကာ ဧဝ အာပတ္တိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၄၉။)

နောပေတုကာမော အာဝါသံ၊ တဒဟု တိက္ကမေယျ ဝါ။
ဘဝေယျ ဒုက္ကဋာပတ္တိ၊ ဇာနံ ဝါနုဂစ္ဆတော။ (ခုဒ္ဒသိက္ခာ၊ ၁၁။)

### ပုရိမဝါ ကျိုးပျက်ခဲ့သော်

ပုရိမဝါကျိုးပျက်သောရဟန်းသည်လည်းကောင်း, တစ်စုံတစ်ခုသော အကြောင်းကြောင့် ပုရိမဝါ မကပ်ခဲ့ရသောရဟန်းသည်လည်းကောင်း ပစ္ဆိမဝါသို့ ကပ်ရမည်။

န ဘိက္ခဝေ ဝဿံ ဥပဂန္တွာ ပုရိမံ ဝါ တေမာသံ ပစ္ဆိမံ ဝါ တေမာသံ အဝသိတွာ စာရိကာ ပက္ကမိတဗ္ဗာ၊ ယော ပက္ကမေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊ ၃၊ ၁၉၃။)

ကေနစိ အန္တရာယေန ပုရိမိကာ အနုပဂတေန ပစ္ဆိမိကာ ဥပဂန္တဗ္ဗာ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၄၉။)

ဒုတိယံ ဥပဂစ္ဆေယျ၊ ဆိန္နဝဿောနုပါဂတော။
န ပက္ကမေယျ တေမာသံ၊ အဝသိတွာန စာရိကံ။
(ခုဒ္ဒသိက္ခာ၊ ဝဿူပနာယိက၊ ၄။)

ဆိန္နဝဿော၊ ပြတ်သောပုရိမဝါရှိသော ရဟန်းသည်၎င်း။ အနုပါဂတော၊ အန္တရာယ်ကြောင့် ပုရိမဝါ မကပ်ခဲ့သော ရဟန်းသည်၎င်း။ ဒုတိယံ၊ ဒုတိယဝါသို့။ ဝါ၊ ပစ္ဆိမဝါသို့။ ဥပဂစ္ဆေယျ၊ ကပ်ရာ၏။ တေမာသံ၊ ဝါတွင်း၃ လပတ်လုံး။ အဝသိတွာ၊ မနေမူ၍။ စာရိကံ၊ ဒေသစာရီကို။ ဝါ၊ လှည့်လည်အပ်သောအရပ်သို့။ န ပက္ကမေယျ၊ မဖဲသွားရာ။(ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ၃၉၈။)

### သူတို့အတွက် ဆိုလျှင် မပင့်သော်လည်း သွားသင့်သည်

သီတင်းသုံးဖော် ငါးယောက်, မိဘနှစ်ယောက်တို့၌ အကြောင်းရှိခဲ့သော် မပင့် မခေါ်သော်လည်း ဝါပန်၍ သွားကောင်းသည်၊ ခုနစ်ရက်အတွင်း ပြန်ရမည်။

အနုဇာနာမိ ဘိက္ခဝေ သတ္တန္နံ သတ္တာဟကရဏီယေန အပ္ပဟိတေပိ ဂန္တုံ၊ ပဂေဝ ပဟိတေ၊ ဘိက္ခုဿ ဘိက္ခုနိယာ သိက္ခမာနာယ သာမဏေရဿ သာမဏေရိယာ မာတုယာ စ ပိတုဿ စ။ အနုဇာမိ ဘိက္ခဝေ သတ္တန္နံ သတ္တာဟကရဏီယေန အပ္ပဟိတေပိ ဂန္တုံ၊ ပဂေဝ ပဟိတေ၊ သတ္တာဟံ သန္နိဝတ္တော ကာတဗ္ဗော။ (ဝိ၊ ၃၊ ၂၀၅။)

သီတင်းသုံးဖော်၊ မိဘသော်၊ မခေါ် သွားထိုက်ပါ။ (ဝိနယသံခိပ်၊ ဝါဆိုခန်း၊ ၁၅၆။)

### ပင့်ခေါ်မှ သွားထိုက်သည်....(တုံ ၃-ချက်)

အထက်ပါ ၇-ယောက်တို့မှ ကြွင်းကျန်သောသူတို့ဖြစ်ခဲ့ကြမူ ပင့်ခေါ်မှုရှိမှ ဝါပန်သွားအပ်သည်။ ပင့်ခေါ်ရာ၌လည်း ကပ္ပိယစကားပါရှိမှ သွားအပ်သည်။ ကပ္ပိယစကားနှင့် ပင့်ခဲ့လျှင်ကား ဘယ်သူထံသို့ မဆို ဝါပန်၍သွားလျှင် သွားအပ်သည်ချည်းတည်း။

ဣစ္ဆာမိ ဒါနဉ္စ ဒါတုံ, ဓမ္မဉ္စ သောတုံ, ဘိက္ခူ စ ပဿိတုံ... ဤကား ကပ္ပိယစကားတည်း။

အရှင်ဘုရားတို့အား ဝတ္ထုပစ္စည်းကို လှူဒါန်းလိုပါသည်ဘုရား၊ တရားတော်ကို နာယူလိုပါသည်ဘုရား၊ အရှင်ဘုရားတို့ကို ဖူးမျှော်လိုပါသည်ဘုရား...ဤကဲ့သို့ လျှောက်ထားပင့်ဖိတ်အပ်သောစကားတည်း။ (ဒါတုံ, သောတုံ, ပဿိတုံ) ဤသုံးခုကို တုံသုံးချက်ဟု ပြောရိုးရှိကြသည်။ ယင်းတုံ သုံးချက်တွင် တစ်ချက်ချက်နှင့် ညီညွတ်လျှင် ဝါပန်၍ သွားနိုင်သည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။

သော စေ ဘိက္ခုနံ့ သန္တိကေ ဒူတံ ပဟိဏေယျ "အာဂစ္ဆန္တု ဘဒ္ဒန္တာ၊ ဣစ္ဆာမိ ဒါနဉ္စ ဒါတုံ ဓမ္မဉ္စ သောတုံ ဘိက္ခူ စ ပဿိတု"န္တိ။ ဂန္တဗ္ဗံ ဘိက္ခဝေ သတ္တာဟကရဏီယေန ပဟိတေ၊ န တွေဝ အပ္ပဟိတေ၊ သတ္တာဟံ သန္နိဝတ္တော ကာတဗ္ဗော။ (ဝိ၃၊၁၉၄ ၆။)

ထိုပြင်သေသ၊ ကြွင်းသမျှ၊ ပင့်မှ သွားထိုက်ရာ။
ကပ္ပိယစကား၊ ပါရှိငြား၊ သွားအပ်သည်ချည်းသာ။ (ဝိနယသံခိပ်၊ ဝါဆိုခန်း၊ ၁၅၆။)

### ဝါပန်နည်းများ

(၁) အန္တောသတ္တာဟေ အာဂစ္ဆိဿာမိ။ (သာရတ္ထ၊ ၃၊ ၂၈၂။ ဝိမတိ၊ ၂၊ ၁၇၅။)
(၂) သတ္တာဟဗ္ဘန္တရေ အာဂမိဿာမိ။ (ဝိမတိ၊ ၂၊ ၁၇၆။)
(၃) အန္တောသတ္တာဟေ ပဋိနိဝတ္တေဿာမိ။ (ဝိနယသံခိပ်၊ ဝါဆိုခန်း၊ ၁၅၆။)
(၄) သတ္တာဟဗ္ဘန္တရေ ပဋိနိဝတ္တေဿာမိ။ (ဝိနယသံခိပ်၊ ဝါဆိုခန်း၊ ၁၅၆။)

ခုနစ်ရက်အတွင်း ပြန်လာပါအံ့ ဟု နှုတ်ဖြင့် မြွက်ဆို၍ဖြစ်စေ, စိတ်ဖြင့် နှလုံးသွင်း၍ဖြစ်စေ ဝါပန်နိုင်သည်။

### သွားခါနီး အာဘောဂ

၇ ရက်အတွင်း ပြုဖွယ်ကိစ္စကြောင့် သွားရာ၌ ကျောင်းတိုက်မှမထွက်မီ ကျောင်းတိုက်ဥပစာအတွင်း၌ပင် "၇ ရက်အတွင်း ပြန်လာမည်"ဟု နှလုံးသွင်းမှုရှိရသည်။ ထိုသို့ နှလုံးသွင်းမှု မပြုပဲ ကျောင်းတိုက်ဥပစာကို ကျော်လွန်သွားလျှင် ဝါပျက်၏"ဟု ပြောကြ၏။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ၄၀၂။)

ဇဝံ ဂစ္ဆန္တေန စ အန္တောဥပစာရသီမံ ဋ္ဌိတေနေဝ "အန္တောသတ္တာဟေ အာဂစ္ဆိဿာမီ"တိ အာဘောဂံ ကတွာ ဂန္တဗ္ဗံ။ သစေ အာဘောဂံ အကတွာ ဥပစာရသီမံ အတိက္ကမတိ၊ ဆိန္နဝဿော ဟောတီတိ ဝဒန္တိ။ (သာရတ္ထ၊ ၃၊ ၂၈၂။)

ရှေးဦးခဏ အာဘောဂ သွားမည်ပြုသောနေ့၌ ယနေ့ ပြန်ခဲ့မည် နက်ဖန်ပြန်ခဲ့မည်ဟူ၍လည်းကောင်း, ခုနစ်ရက်အတွင်း ပြန်ခဲ့မည်ဟူ၍လည်းကောင်း ရှေးအဖို့၌ နှလုံးသွင်းသည်ဖြစ်အံ့၊ သွားခါနီးမေ့လျော့၍ ဝါမပန်ပဲ သွားသော်လည်း ဝါမပျက်။ (ဝိနယသံခိပ်၊၁၅၆။)

အန္တောဥပစာရသီမာယံ ဋ္ဌိတေနေဝ သတ္တာဟကရဏီယနိမိတ္တံ သလ္လက္ခေတွာ ဣမိနာ နိမိတ္တေန ဂန္တွာ "အန္တောသတ္တာဟေ အာဂစ္ဆိဿာမီ"တိ အာဘောဂံ ကတွာ ဂန္တုံ ဝဋ္ဋတိ။ ပုရိမက္ခဏေ အာဘောဂံ ကတွာ ဂမနက္ခဏေ ဝိဿရိတွာ ဂတေပိ ဒေါသော နတ္ထိ "သကရဏီယော ပက္ကမတီ"တိ ဝုတ္တတ္တာ။ (ဝိမတိ၊ ၂၊ ၁၇၅ ၁၇၆။)

### လုံးဝ နှလုံးသွင်းမှု မရှိခဲ့သော်

မသွားခင်ရော သွားခါနီးအချိန်ပါ လုံးဝ နှလုံးသွင်း မရှိပဲ သွားသော် ဝါပျက်၏။

သဗ္ဗထာ ပန အာဘောဂံ အကတွာ ဂတဿ ဝဿစ္ဆေဒေါတိ ဝဒန္တိ။ (ဝိမတိ၊ ၂၊ ၁၇၆။)

### ဝါကပ်သည့်နေ့၌ပင် သတ္တာဟကိစ္စဖြင့် သွားနိုင်သလော?

ယနေ့ဝါကပ်ပြီးနောက် သတ္တာဟကရဏီယ(၇ ရက်အတွင်း ပြုဖွယ်ကိစ္စ)ရှိ၍ တစ်အရုဏ်မျှ မတက်စေရသေးပဲ ဖဲသွားခဲ့သော်လည်း ၇ ရက်အတွင်း ပြန်လာလျှင် အပြစ်မရှိ။

ဝဿံ ဥပဂန္တွာ ပန အရုဏံ အနုဋ္ဌာပေတွာ တဒဟေဝ သတ္တာဟကရဏီယေန ပက္កမန္တဿာပိ အန္တောသတ္တာဟေ နိဝတ္တန္တဿ အနာပတ္တိ။ (ဗိ၊ ၄၊ ၃၊ ၃၅၅။)

ဝဿံ ဥပဂန္တွာ ပန အရုဏံ အနုဋ္ဌာပေတွာပိ တဒဟေဝ သတ္တာဟကရဏီယေန ပက္ကမန္တဿာပိ အန္တောသတ္တာဟေ နိဝတ္တေန္တဿာပိ အနာပတ္တိ။ (ခုဒ္ဒသိက္ခာဋီကာသစ်၊ ၃၈၇။)

## သတ္တာဟကရဏီယဝိနိစ္ဆယ

သတ္တာဟကရဏီယဖြင့် သွားသောပုဂ္ဂိုလ်များတွင် ခုနစ်ရက်တွင်းဝယ် ရက်မစေ့ခင် ပြန်လာသောပုဂ္ဂိုလ်များသည်...တိုက်အတွင်း၌ အရုဏ်ကိုတက်စေပြီးမှသာလျှင် နောက်ထပ်တဘန် ဝါကိုပန်၍ သွားကောင်းသလော?။ မတက်စေဘဲလည်း သွားကောင်းပါသေးသလော?။ အဘယ်သို့မှတ်ရမည်နည်းဟူငြားအံ့။ ခုနစ်စေ့၍ပြန်လာသောရဟန်းမှာသာ နေရင်းတိုက်၌ အရုဏ်ကိုတက်စေပြီးမှ ဝါပန်၍နောက်ထပ်တဘန် သွားကောင်းသည်။ ခုနစ်ရက်မစေ့ခင် ပြန်လာသော ရဟန်းများမှာမူကား နေရင်းတိုက်၌ အရုဏ်ကိုမတက်စေဘဲလည်း သတ္တာဟကိစ္စဖြင့် တဘန်ဝါပန်၍ သွားကောင်းသေးပါ၏ဟူ၍ မှတ်ရာ၏။ ယင်းသို့ပင် သွားကောင်းသော်လည်း နောက်ထပ်တဘန် ဝါကိုပန်၍ သွားသောရဟန်းသည်နေရင်းတိုက်၌ အရုဏ်ကိုမခံဘဲ ဝါကိုပန်၍ တဘန်သွားအံ့။ ရှေးကရက်နှင့်ဆက်၍ ခုနစ်ရက်သာ နေရမည်။ ရှေးကရက်နှင့်ဆက်၍ ခုနစ်ရက်နေပုံကား အကယ်၍ လဆန်းတရက်နေ့၌ ဝါပန်၍ အရပ်တပါးသို့သွားသောရဟန်းသည် သွား၍ပြုရာသောကိစ္စပြီးစီး၍ လဆန်းနှစ်ရက်နေ့၌ နေရင်းကျောင်းသို့ပြန်လာ၍ နောက်ထပ်တဘန် ဝါပန်၍သွားလိုလျှင် ၄င်းရောက်လာသော နှစ်ရက်နေ့၌ပင် ဝါကိုပန်၍ နောက်ထပ်တဘန် သွားကောင်းသေး၏။ သွားကောင်းသော်လည်း မိမိနောက်ထပ်တဘန် ဝါကိုပန်သောနေ့မှစ၍ ခုနစ်ရက်မနေရ။ ရှေးကလဆန်းတရက်နေ့နှင့်ဆက်၍သာ ခုနစ်ရက်ရသည်။ သို့ဖြစ်၍ ရှေးကတရက်နှင့်ဆက်စပ်၍ နောက်ထပ် ဝါကိုပန်ပြီးမှ တိုက်ပဥ္စခြောက်ရက်ပေါင်း ခုနစ်ရက်စေ့၍ လဆန်းခုနစ်ရက်နေ့၌ နေရင်းကျောင်းတိုက်သို့ပြန်လာ၍ အရုဏ်ကိုတက်စေရမည်။ သုံးရက်နေ့ လေးရက်နေ့စသည်တို့၌ ပြန်လာ၍ဝါကိုထပ်၍ပန်သောရဟန်းများလည်း ဤအတူ စပ်၍ဆက်၍ ခုနစ်ရက်သာ နေရာ၏။ ထို့ထက်အလွန် မနေရာ။ နေလျှင် ဝါပြတ်၏ဟူ၍မှတ်ရာ၏။ ဤကား ရှေးကရက်နှင့်ဆက်စပ်၍ နောက်ခုနစ်ရက်ယူပုံတည်း။

အချို့ကား ဝါကိုပန်၍သွားသောရဟန်းသည် ကိစ္စပြီး၍ ခုရနိက္ခေပပြု၍ ကျောင်းသို့ပြန်လာသည်ရှိသော် ကျောင်းသို့ရောက်လျှင် ခုနစ်ရက်စေ့စေ့ မစေ့စေ့ ဘယ်နေ့ကပင် ပြန်လာသည်ဖြစ်စေ နေရင်းကျောင်း၌အရုဏ်ကိုတက်စေပြီးမှသာလျှင် နောက်ထပ်တဘန် ဝါကိုပန်၍သွားကောင်းသည်။ အရုဏ်မတက်စေလျှင် ဝါကိုပန်၍ မသွားကောင်းဟူ၍ဆိုကြကုန်၏။ သို့ဆိုကြကုန်သော်လည်း ထိုစကားများကို သာရအားဖြင့် မမှတ်ယူအပ်။ ပြဆိုအပ်ခဲ့ပြီးသောစကားရပ်ကိုသာ သာရအားဖြင့် မှတ်ယူအပ်၏။

အချို့ကလည်း ဝါကိုပန်၍သွားသောရဟန်းသည် လမ်းသို့ကျသောအခါမှ တစုံတရာသောဝတ္ထုများကို မေ့လျော့၍ ကျောင်းမှာကျန်ရစ်သောကြောင့် ကျောင်းသို့ပြန်၍လာမိလျှင် ထိုနေ့၌ မသွားကောင်းတော့ပြီဟူ၍၄င်း ထိုနေ့၌ ဝါကိုပန်၍လည်းမရတော့ပြီဟူ၍၄င်း ယူကြကုန်၏။ ဤသို့လည်း မယူအပ်။ အဘယ်သို့ ယူအပ်လေသနည်းဟူမူ ဝါကိုပန်၍အရပ်တပါးသို့သွားသောရဟန်းသည် ငါသည် ယခုကိစ္စဖြင့် မသွားတော့ပြီဟူ၍ ဓုရနိက္ခေပ ဝန်ကိုချခြင်းမရှိလျှင် ကိစ္စရှိ၍ နေရင်းကျောင်းသို့ တနေ့ချင်း၌ ဆယ်ခေါက် အခေါက်တရာပင် ပြန်လာ၍ ကိစ္စချောမောအောင် ဆောင်ရွက်၍ပင် နေရပြန်သည်။ ပြန်၍ တစုံတရာကိုပင် ယူရသော်လည်း ကိစ္စမရှိအပ်သည်သာတည်း။ ထိုသို့မဟုတ် ၄င်းသတ္တာကရဏီယဖြင့်သွားသောရဟန်းသည် ဓုရနိက္ခေပပြု၍ ပြန်လာအံ့။ ပြန်လာသောရဟန်းသည် နောက်ထပ်တဘန် သွားလိုပြန်အံ့။ နေရင်းကျောင်းသို့ရောက်အောင် ပြန်လာပြီး၍ ရှေးကပြအပ်ခဲ့ပြီးသောနည်းဖြင့် သွားကောင်း၏။ ထိုသို့ ဓုရနိက္ခေပပြု၍ ပြန်လာသောရဟန်းသည် နေရင်းကျောင်းသို့ရောက်အောင် မပြန်လာဘဲ လမ်းခုလပ်က တဘန်ဝါကိုပန်၍၄င်း, ဝါကိုမပန်ဘဲ၄င်း မသွားကောင်း မသွားအပ်။ သွားလျှင် ဝါပြတ်၏ဟူ၍မှတ်ရာ၏။ ဝါကို တဘန်ပန်လိုပြန်လျှင် နေရင်းကျောင်းသို့သာ ရောက်အောင်ပြန်လာ၍ ဝါကိုပန်၍ သွားရာ၏။ သွားသောအခါ၌လည်း ရှေးက ပြအပ်ခဲ့ပြီးသော နည်းအတိုင်းသာ အရုဏ်ကိုဆက်စပ်၍ ယူရာ၏။ ဤသို့ ယူအပ်သည်ဟူပေ။ (ခဲရပ်)။ (ညောင်လွန့် ဒုတိယ, တောရဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူအပ်သော ဝိနယဂဏ္ဌိဋ္ဌာနဝိနိစ္ဆယတ္ထကျမ်း၊ ၁၉၃ ၁၉၄။)

အထက်ပါ အဆုံးအဖြတ်သည် ဝိနယဝိနိစ္ဆယဋီကာနှင့် ညီအံ့ထင်သည်။

ယထာ ဝဿံ ဝသိတွာ အရုဏံ အနုဋ္ဌာပေတွာဝ သတ္တာဟကရဏီယေန ဂစ္ဆတော အနာပတ္တိ၊ တထာ ဂတဋ္ဌာနတော အန္တောသတ္တာဟေ အာဂန္တွာ ပုနပိ အရုဏံ အနုဋ္ဌာပေတွာဝ သတ္တာဟကရဏီယေန ဂစ္ဆတော အနာပတ္တိ။ (ဝိနယဝိနိစ္ဆယဋီကာ၊၂၊၂၀၈)

## ညဉ့်မအိပ်ပဲ ထပ်မသွားရ

နောက်ဆုံးသတ္တာဟ၌ အထူးခွင့်ပြုချက်ရသကဲ့သို့ ထိုအတူ ဝါဆိုပြီးသောအခါ ပဌမရက်၌ ညဉ့်မအိပ်ပဲ သတ္တာဟကိစ္စရှိလျှင် သွားကောင်းသော်လည်း နောက်ရက်များ၌ကား အခြားအရပ်သို့ သတ္တာဟကိစ္စဖြင့်ပင် သွားပြီး၍ ပြန်လာသူ၏ညဉ့်မအိပ်ပဲ ထပ်၍သွားခြင်းငှာ မအပ်-ဟု မှတ်ပါ။ (မဟာဝါဘာသာဋီကာ၊ ၄၂၁။)

ပဌမသတ္တာဟေ အရုဏံ အနုဋ္ဌာပေတွာ ဂမနေ အနုညာတေပိ တတော ပရေသု သတ္တာဟေသု အာဂတဿ အရုဏံ အနုဋ္ဌာပေတွာ ဂမနံ န ဝဋ္ဋတီတိ နိဋ္ဌမေတ္ထ ဂန္တဗ္ဗံ။ (ဝိမတိ၊ ၂၊ ၁၇၇ ၁၇၈။)

## မေ့ကျန်လျှင် ပြန်ယူကောင်းသလော?

ဝါပန်၍ ထွက်သွားပြီးမှ ထီးမေ့ကျန်ခြင်း, ဖိနပ်မေ့ကျန်ခြင်းစသည်တို့ကြောင့် တိုက်တွင်းသို့ တဖန်ပြန်ရောက်ခဲ့သော် ပန်ပြီးဝါပျက်၏၊ ထိုကဲ့သို့ ပြန်ဝင်မိသည်ရှိသော် ထိုနေ့၌ မသွားရပြီ၊ တိုက်တွင်းမှာ နေပြီး၍ နက်ဖြန်မှ ဝါပန်သွားရသည်၊ ထိုနေ့၌ပင် တဖန်ဝါပန်၍ သွားမိခဲ့အံ့၊ ဝါပျက်၏ဟု ဆိုကြ၏။ ဆင်ခြင်။ (ဝိနယသံခိပ်၊ဝါဆိုခန်း၊ ၁၅၆ ၁၅၇။)
အဘယာရာမ လေးခဏ်းကမ္မဝါစာ၊ ၁၈၄ ၌လည်း ရှုပါ။

ကေစိ ပန "သတ္တမေဒိဝသေ အာဂန္တွာ အရုဏံ အနုဋ္ဌာပေတွာ တဒဟေဝ ဒိဝသဘာဂေပိ ဂန္တုံ ဝဋ္ဋတီ"တိ ဝဒန္တိ၊ တံ န ဂဟေတဗ္ဗံ "အရုဏော ဥဋ္ဌာပေတဗ္ဗော"တိ ဝုတ္တတ္တာ။ (ဝိမတိ၊ ၂၊၁၇၆။)

## မပင့်ဖိတ်ပဲ သွားလျှင်

မပင့်ဖိတ်လျှင် ဝါပန်၍ သွားသော်လည်း ဝါလည်းပျက်, ဒုက္ကဋ်အာပတ်လည်း သင့်၏။

အနိမန္တိတေန ဂန္တုံ န ဝဋ္ဋတီတိ ဧတ္ထ အနိမန္တိတတ္တာ သတ္တာဟကိစ္စံ အဓိဋ္ဌဟိတွာ ဂစ္ဆန္တဿပိ ဝဿစ္ဆေဒေါ စေဝ ဒုက္ကဋဉ္စ ဟောတီတိ ဝေဒိတဗ္ဗံ။ (သာရတ္ထ၊ ၃၊ ၂၈၂။)

## သတ္တာဟကိစ္စမရှိပဲ သွားသော်လည်း

သတ္တာဟကိစ္စမရှိပဲ ၇ ရက်အတွင်း ပြန်လာမည်ဟု နှလုံးသွင်း၍သွားရာ ၇ ရက်အတွင်း ပြန်လာအံ့၊ ဒုက္ကဋ်သာ သင့်၏၊ ခုနစ်ရက်အတွင်း ပြန်လာသောကြောင့် ဝါမပျက်ဟု ဆရာတို့ ဆိုကြ၏။
ယော ပန သတ္တာဟကရဏီယနိမိတ္တာဘာဝေပိ"သတ္တာဟဗ္ဘန္တရေ အာဂမိဿာမိ"တိ အာဘောဂံ ကတွာ ဂန္တွာ သတ္တာဟဗ္ဘန္တရေ အာဂစ္ဆတိ၊ တဿ အာပတ္တိယေဝ၊ ဝဿစ္ဆေဒေါ နတ္ထိ သတ္တာဟဿ သန္နိဝတ္တတ္တာတိ ဝဒန္တိ။ ဝီမံသိတွာ ဂဟေတဗ္ဗံ။ (ဝိမတိ၊၂၊၁၇၆)

## အနီးကျောင်း(မဝေးသောကျောင်း)သို့သွားရာ ပြန်မရောက်နိုင်လျှင်

ယနေ့ပြန်မည် ဟု နှလုံးသွင်းရှိလျက် မဝေးလှသောကျောင်းသို့ သွား၍ အရုဏ်မတက်မီ ရောက်အောင် ပြန်လာသောအခါ ရောက်အောင် မလာနိုင်သော်လည်း ဝါလည်းမပျက်, အာပတ်လည်းမသင့်။
နာတိဒူရေ ဝိဟာရော ဟောတိ၊ တတ္ထ ဂန္တွာ အဇ္ဇေဝ အာဂမိဿာမီတိ သမ္မာပုဏိတုံ န သက္ကောတိ၊ ဝဋ္ဋတိ။ (ဝိ၊ ၄၊၃၊၃၅၂။)

သမ္မာပုဏိတုံ န သက္ကောတိ၊ ဝဋ္ဋတီတိ တဒဟေဝ အာဂမနေ သဥဿာဟတ္တာ ဝဿစ္ဆေဒေါ ဝါ အာပတ္တိ ဝါ န ဟောတီတိအဓိပ္ပါယော။ (ဝိမတိ၊ ၂၊ ၁၇၆။)

သမ္မာပုဏိတုံ န သက္ကောတိ၊ ဝဋ္ဋတီတိ ဧတ္ထ "အဇ္ဇေဝ အာဂမိဿာမီ"တိ သာမန္တဝိဟာရံ ဂန္တွာ ပုန အာဂစ္ဆန္တဿ အန္တရာမဂ္ဂေ သစေ အရုဏုဂ္ဂမနံ ဟောတိ၊ ဝဿစ္ဆေဒေါပိ န ဟောတိ၊ ရတ္တိစ္ဆေဒဒုက္ကဋဉ္စ နတ္ထီတိ ဝဒန္တိ။ (သာရတ္ထ၊ ၃၊ ၂၈၃။)

## အပြင်၌ ၆ ရက်သာ နေ့သင့်

သတ္တာဟကိစ္စဖြင့် ဝါပန်၍သွားသောရဟန်းသည် တစ်ခြားအရပ်၌ ၆ ရက်သာ နေထိုင်ခွင့်ရှိသည်။ မိမိကျောင်း၌ ခုနစ်ခုမြောက်အရုဏ်တက်စေရမည်။

သတ္တာဟဝါရေန အရုဏော ဥဋ္ဌာပေတဗ္ဗောတိ ဧတ္ထ ဆဒိဝသာနိ ဗဟိဒ္ဓါ ဝီတိနာမေတွာ သတ္တမေ ဒိဝသေ ပုနာရုဏာဝေ အန္တောဥပစာရသီမာယ ပဝိသိတွာ အရုဏံ ဥဋ္ဌာပေတွာ ပုနဒိဝသေ သတ္တာဟံ အဓိဋ္ဌာယ ဂန္တဗ္ဗန္တိ အဓိပ္ပါယော။ (ဝိမတိ၊၂၊ ၁၇၆။)

## အရုဏ်ယူနည်း

သတ္တာဟံ သန္နိဝတ္တော ကာတဗ္ဗောတိ သတ္တာဟေယေဝ သန္နိဝတ္တိတဗ္ဗော၊ အဋ္ဌမော အရုဏော တတ္ထေဝ န ဥဋ္ဌာပေတဗ္ဗော တိ အတ္ထော။ (ဝိ၊ ၄၊ ၃၅၀။)

၇ ရက်နေ့၌ မိမိကျောင်းသို့ ပြန်လာရမည်၊ ရှစ်ခုမြောက်အရုဏ်ကို အခြားအရပ်၌ မတက်စေရ။

ဤ၌ "အဋ္ဌမအရုဏ်"ဟူသည် ၇ ရက်မြောက်နေ့၏ အဆုံး၌တက်လာမည့်အရုဏ်တည်း၊ မိမိကျောင်းမှ ထွက်လာခဲ့ရာနေ့၏ လွန်ပြီးသော အတိတ်အရုဏ်ကိုပါယူ၍ တွက်ရသောကြောင့် ထိုအရုဏ်သည် အဋ္ဌမအရုဏ်ဖြစ်ရ၏၊ ထို့ကြောင့် လဆန်းတစ်ရက်နေ့၌ ကျောင်းမှ ထွက်ချိန်ဝယ် "အတိတ်အရုဏ်ဖြင့် တစ်အရုဏ်ရပြီ"ဟု ယူ၍ "၇ ရက်မြောက်(ကျောင်းပြန်ရမည့်) နေ့၌ ၇ အရုဏ်ရနေပြီ"ဟုမှတ်ပါ။ (မဟာဝါဘာသာဋီကာ၊ ၄၀၂။)

မှတ်ချက်။ ။ ဤသို့ အတိတ်အရုဏ်ပါယူနည်းကို ပါရာဇိကဏ်အဋ္ဌကထာ, ဒုတိယအုပ်, ပဌမကထိနသိက္ခာပုဒ် ဒသာဟပရမံပုဒ်၌ ဖွင့်ပြခဲ့သည်။ ကောဒသေ အရုဏုဂ္ဂမနေတိတ္ထေ ယံ ဒိဝသံ စီဝရံ ဥပ္ပန္နံ၊ တဿ ယော အရုဏော, သော ဥပ္ပန္နဒိဝသနိဿိတော၊ တ သ္မာ စီဝရုပ္ပါဒဒိဝသေန သဒ္ဓိံ ကောဒသေ အရုဏုဂ္ဂမနေ နိဿဂ္ဂိယံ ဟောတီတိ ဝေဒိတဗ္ဗံ။ (ဝိ၊ ၄၊ ၂၊ ၂၂၂။ ကံ်ဒါ၊ ၄၊ ၁၅၅။)

အထူးမှတ်ချက်။ ။ အထက်ပါ ဋီကာအရ "မိမိကျောင်း၌ ခုနစ်ခုမြောက် အရုဏ်ကို ပြန်လည်တက်စေရမည်"ဟူသောစကားနှင့် အဋ္ဌကထာအရ"တခြားအရပ်၌ ရှစ်ခုမြောက်အရုဏ်ကို မတက်စေရ(မိမိကျောင်း၌သာ ရှစ်ခုမြောက်အရုဏ်ကို တက်စေရမည်)"ဟူသောစကားနှစ်ရပ်တို့သည် ဆန့်ကျင်သလို ရှိကြ၏။ အမှန်ကတော့ မဆန့်ကျင်ကြပါ။

ဋီကာအလိုက မိမိကျောင်းမှ ထွက်သည့်နေ့ အတိတ်အရုဏ်ကို မယူပါ။ အဋ္ဌကထာအလိုကတော့ ထွက်သည့်နေ့ အတိတ်အရုဏ်ကိုပါ ယူထားပါသည်။ ထို့ကြောင့် ဋီကာအရ ခုနစ်ခုမြောက်အရုဏ်နှင့် အဋ္ဌကထာအရ ရှစ်ခုမြောက် အရုဏ်သည် အတူတူပင်ဖြစ်ပါသည်။

အဋ္ဌမော၊ ရှစ်ရက်မြောက်နေ့ အစအဦးဖြစ်သော။ အရုဏော၊ ခုနစ်ရက်မြောက်နေ့ဆုံးဖြစ်သော(သတ္တမ)အရုဏ်ကို။ တတ္ထေဝ၊ ထိုသွားရောက်ရာအရပ်တစ်ပါး၌ပင်။ န ဥဋ္ဌာပေတဗ္ဗော၊ မထစေအပ်။ ဣတိ အတ္ထော၊ ဤကားလိုအပ်သောအနက်တည်း ဟု အဋ္ဌကထာ၌ ဓေတ္တဖလ,ဇ္ဈတိရေကဝါကျ၏အနက်မှန် ထင်ရှားအောင်ပေး။(ဒုတိယမြောက် အဘယာရာမဆရာတော်၏လေးခဏ်းကမ္ဘဝါစာ၊ ၁၈၅။)

## နဝမီသွားခြင်း

သီတင်းကျွတ်လဆန်း(၉)ရက်နေ့၌ သတ္တာဟဆောင်၍ ဝါပန်သွားသောရဟန်းအား ရောက်ရာဌာနမှာ သတ္တမအရုဏ်၌ ဝါကျွတ်သည်ဖြစ်၍ သတ္တာဟကိစ္စအတွက်နှင့် မိမိကျောင်းတိုက်သို့ တဖန်ပြန်ဖွယ် မလိုပြီ၊ မပြန်လိုလျှင် နေရ၏၊ ပြန်လိုလျှင် ပြန်ရ၏။

အချို့ကား ဝါမပန်ပဲပင် ထိုလဆန်း(၉)ရက်နေ့၌ ထွက်သွားကြ၏၊ ငါတို့ကျေးဇူးရှင် ဆရာတော်ကြီးများကား ဝါပန်၍ သွားရမည် ဟု မိန့်၏။

လဆန်းကိုးရက်၊ ဝါပန်ထွက်၊ ပြန်ရက် မရှိပြီ။ (ဝိနယသံခိပ်၊ ဝါဆိုခန်း၊ ၁၅၇။)

သော သတ္တာဟံ အနာဂတာယ ပဝါရဏာယ သကရဏီယော ပက္ကမတိ၊ အာဂစ္ဆေယျ ဝါ သော ဘိက္ခဝေ ဘိက္ခု တံ အာဝါသံ နဝါ အာဂစ္ဆေယျ၊ တဿ ဘိက္ခဝေ ဘိက္ခုနော ပုရိမိကာ စ ပညာယတိ၊ ပဋိဿဝေ စ အနာပတ္တိ။ (ဝိ၊ ၃၊ ၂၁၆။)

နဝမိတော ပဋ္ဌာယ ဂန္တုံ ဝဋ္ဋတိ၊ အာဂစ္ဆတု ဝါ မာ ဝါ၊ အနာပတ္တိ။ (ဝိ၊ ၄၊ ၃၊ ၃၅၅။)

"နဝမိတော ပဋ္ဌာယ ဂန္တုံ ဝဋ္ဋတိ ၉ ရက်မြောက်နေ့မှစ၍ သွားကောင်း၏"ဟူရာ၌ အကြောင်းကိစ္စအထူးမရှိဘဲ သွားချင်ရုံဖြင့် သွားကောင်းသည် ဟု မမှတ်ရ၊ ပါဠိတော်၌ "သကရဏီယော ပက္ကမတိ ထုံးစံအတိုင်း မိဘဆရာစသသည်တို့၏ကိစ္စအတွက် ပြုဘွယ်ရှိမှ သွားကောင်းသည်"ဟု မှတ်ပါ။ ဤသို့ နဝမီ-ဟု ခေါ်ရသော ကိုးရက်နေ့၌ သွားခြင်းကို "နဝမီ-သွားခြင်း"ဟု ပြောစမှတ်ပြုကြသည်။ (မဟာဝါဘာသာဋီကာ၊ ၄၂၁။)

နဝမီရက်သွားသောရဟန်းသည် (အန္တောသတ္တာဟေ ပဋိနိဝတ္တေဿာမိ)ဟု ဝါပန်ခဲ့သည့်အတိုင်း ခုနစ်ရက်အတွင်း မပြန်ခဲ့သော် မုသာဝါဒမထိုက်သလောဟူငြားအံ့။ ဝါပန်သော်လည်း ဝိနည်းကံရှိသည်အလျောက်သာ ဝါပန်ရသောကြောင့် မုသာဝါဒမထိုက် ဟုမှတ်။ ဥပမာသော်ကား နိဿဂ္ဂိယဝတ္ထုကို ဝိနည်းကံရှိသည်အားလျော်စွာ စွန့်ရာ မုသာဝါဒမထိုက်သကဲ့သို့တည်း။ (အဘယာရာမ လေးခဏ်းကမ္ဘဝါစာ၊ ၁၈၆။)

## နဝမိကဲ့သို့ အခြားသတ္တာဟတို့၌ မပြန်လာပဲ နေခွင့်မရှိ

ဤနောက်ဆုံးသတ္တာဟ၌သာ အထူးခွင့်ပြုချက်အနေအားဖြင့် မပြန်လာပဲ နေခွင့်ရသော်လည်း အခြားသော ရှေ့သတ္တာဟတို့၌ကားဤသို့ မပြန်လာပဲ နေခွင့်မရှိဟု မှတ်ပါ။ (မဟာဝါဘာသာဋီကာ၊ ၄၂၁။)

ပစ္ဆိမသတ္တာဟေ အနာဂမနေ အနုညာတေပိ အညသတ္တာဟေသု န ဝဋ္ဋတိ။ (ဝိမတိ၊ ၂၊ ၁၇၇။)

## ပဝါရဏာနေ့ပင် ဝါကျွတ်ပြီလော?

ပဝါရဏာဒိဝသဿ အရုဏုဂ္ဂမနသမနန္တရမေဝ"ဝုတ္ထဝဿော"တိ ဝုစ္စတိ၊ ဥက္ကံသနယေန"ပါဋိပဒဒိဝသတော ပဋ္ဌာယာ"တိ ဝုတ္တံ၊ တေနေဝ "မဟာပဝါရဏာယ ပဝါရိတာ"တိ ဝုတ္တံ။ အညထာ အန္တရာယေန အပဝါရိတာ "ဝုတ္ထဝဿော"တိ န ဝုစ္စတီတိ အာပဇ္ဇတိ။ (ဝဇိရဗုဒ္ဓိဋီကာ၊ ၁၂၀။)

ပဝါရေတွာ ပန ဂန္တုံ ဝဋ္ဋတိ ပဝါရဏာယ[ပဝါရဏာရဏာဿ (က)] တံဒိဝသသန္နိဿိတတ္တာ။ (ဝဇိရဗုဒ္ဓိဋီကာ၊ ၄၇၂။)

ဝဇိရဗုဒ္ဓိဋီကာအလိုသော်...ပါဠိတော်အဓိပ္ပါယ်ကို မှချယူ၍ သီတင်းကျွတ်လပြည့်နေ့နံနက်အစ အရုဏ်အလွန်ကပင် ဝါကျွတ်ပြီဟု ယူဆ၍ ပဝါရဏာပြုပြီးသော် အရပ်တပါးသို့ သတ္တာဟကိစ္စမရှိ ဝါမပန်ပဲ သွားခြင်းငှါအပ်၏။ အထွက်တရက်နေ့မှာမှ ဝါကျွတ်၏ဟူသော အဋ္ဌကထာစကားကား ဥက္ကဋ္ဌနည်းတည်း။

## ပဝါရဏာနေ့၌ပင် ဝါပန်သင့်ပုံ

ပါဠိယံ "သော သတ္တာဟံ အနာဂတာယ ပဝါရဏာယ သကရဏီယော ပက္ကမတီတိ ဝုတ္တတ္တာ ပဝါရဏာဒိဝသေပိ သတ္တာဟကရဏီယံ ဝိနာ ဂန္တုံ န ဝဋ္ဋတီတိ ဝေဒိတဗ္ဗံ။ (ဝိမတိ၊ ၃၊ ၁၇၉။)

ဝဿံဝုတ္ထာတိ ပဒဿ အဋ္ဌကထာယံ "ပုရိမိကာယ ဥပဂတာ မဟာပဝါရဏာယ ပဝါရိတာ ပါဋိပဒဒိဝသတော ပဋ္ဌာယ 'ဝုတ္ထဝဿာ'တိ ဝုစ္စန္တီတိ(ဝိ၊ ၄၊ ၁၂၄၈) ဝုတ္တတ္တာ မဟာပဝါရဏာဒိဝသေ ပဝါရေတွာ ဝါ အပ္ပဝါရေတွာ ဝါ အညတ္ထ ဂစ္ဆန္တေဟိ သတ္တာဟကရဏီယနိမိတ္တေ သတိ ဧဝ ဂန္တဗ္ဗံ၊ နာသတိ၊ ဣတရထာ ဝဿစ္ဆေဒေါ ဒုက္ကဋဉ္စ ဟောတီတိ ဝေဒိတဗ္ဗံ။ (ဝိမတိ၊၁၊ ၁၆၃ ၁၆၄။)

ပဝါရဏာဒိဝသေပိ တဒဟေဝ အာဂန္တုံ အသက္ကုဏေယျဋ္ဌာနံ ပဝါရဏတ္ထာယ ဂစ္ဆန္တေန လဒ္ဓမာနေနေ သတ္တာဟကရဏီယေန ဂန္တုံဝဋ္ဋတိ။ (ဝိနယဝိနိစ္ဆယဋီကာ၊ ၁၊၂၀၉။)

ဝိမတိဝိနောဒနီဋီကာနှင့် ဝိနယဝိနိစ္ဆယဋီကာတို့အလိုကား...ပဝါရဏာနေ့၌ပင် သတ္တာဟကိစ္စမရှိပဲ မသွားအပ်၊ ယင်းကိစ္စရှိပါကဝါပန်၍ သွားရမည်။

## ဝါကျွတ်အဆုံးအဖြတ်

ပဝါရဏက္ခန္ဓကအလို သီတင်းကျွတ်လပြည့်နေ့ ဝါကျွတ်သည် ဟူသောအဓိပ္ပါယ်, ကထိနက္ခန္ဓကအလို သီတင်းကျွတ်လဆုတ်၁-ရက်နေ့ ဝါကျွတ်သည် ဟူသောအဓိပ္ပါယ်..ဤ၂-ပါးသောအဓိပ္ပါယ်တို့သည် တစ်အရုဏ်အတွက် ဆင်ခြင်ဖွယ်ရှိလေသည်။ သို့ရာတွင် သီတင်းကျွတ်လပြည့်နေ့ ဝါကျွတ်သည်ဟူရာ၌-ဥပစာအားဖြင့် ဆိုသည်။ လဆုတ်တရက်နေ့ ဝါကျွတ်သည်ဟူရာ၌ မုချအားဖြင့် ဆိုသည် ဟု ဘုရားကြီးဆရာတော်ကြီးမှ ဆင်းသက်၍လာသော ငါတို့တိုက်ကျောင်းဆရာတော် ၂ ဆက်တို့ ဆုံးဖြတ်တော်မူကြသည်။ ဥပမာသော်ကား မြွေတွင်းမှ ထွက်သည်ဟူသကဲ့သို့တည်း။ ရှင်းဦးအံ့ မြွေတွင်းမှထွက်ရာ၌ တပိုင်းတစထွက်လျှင် ထွက်သည်ဟု ခေါ်ကြ၏။ စင်စစ် တကောင်းလုံး တွင်းပြင်သို့ မရောက်သေး။ ထို့အတူပင် လပြည့်နေ့၌ ဝါကျွတ်ကား ကျွတ်ပြီ သို့ရာတွင် လုံးလုံး မကျွတ်သေးဟူလို။ (ကြို့ပင်ကောက်မြို့ ဒုတိယမြောက်တိုက်ကျောင်းဆရာတော်ဘုရားကြီး၏သြဝါဒမှ)
မှတ်ချက်[လပြည့်နေ့ည အရုဏ်ကိုပင် လဆုတ်တစ်ရက် ဟု ယူပါ။]

ငင်းပြင် မြတ်စွာဘုရားသည် တာဝတိံသာမှ လပြည့်နေ့ ဆင်းသက်တော်မူသဖြင့် ဘုရားရှင်သည် ဝါမကျွတ်ပဲ မဆင်းတန်ရာ ဟူသော အမေးနှင့်ပတ်သက်၍ ဆင်တဲဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း ဆုံးဖြတ်တော်မူသည်။ "မြတ်စွာဘုရား တာဝတိံသာမှဆင်းသည်မှာ ၇-ဝါသာရှိသေး၏၊ ထိုစဉ်အခါက 'ဝဿူပနာယိကက္ခန္ဓက'ကို ပညတ်တော်မမူရသေး။ ထို့ကြောင့်သာ လပြည့်နေ့မှာ ဆင်းသည်"ဟု မိန့်တော်မူသည်။

### ဝါကျွတ်ကာလ အပိုင်းအခြား

(၁) ပုရိမဝါကပ်သောရဟန်းတို့သည် သီတင်းကျွတ်လပြည့်ကျော်တရက်နေ့ဝင် နံနက် အရုဏ်တွင် ဝါကျွတ်သည်။

(၂) ပစ္ဆိမဝါကပ်သောရဟန်းတို့သည် တန်ဆောင်မုန်းလပြည့်ကျော်တရက်နေ့ဝင် နံနက် အရုဏ်တွင် ဝါကျွတ်သည်။

ဤ"ဝါဆိုဝါကပ်နှင့်စပ်သွယ် သိမှတ်ဖွယ်"မှတ်စုကို ၁၃၄၀ ခု သီတင်းကျွတ်လဆန်း(၇)ရက် တနင်္ဂနွေနေ့ ညနေ (၃)နာရီ(၁၅)မိနစ် အချိန်၌ စုဆောင်းပြီးသည်။

။ ။ ။ ။ ။

## ဝါဆိုသင်္ကန်း(ဝဿာဝါသိကစီဝရ)

ဝဿာဝါသိကစီဝရဒါန(ဝါဆိုသင်္ကန်းအလှူ)သည် တစ်ခုသောကျောင်းတိုက်အာရာမ်တွင်း၌ဖြစ်စေ, အာရာမ်ပြင်၌ဖြစ်စေ, ဝါတွင်း၌ဖြစ်စေ, ဝါပြင်၌ဖြစ်စေ, အမှတ်မရှိသောအရပ်, ကာလတို့၌ ကျောင်းတိုက်ကိုမရည်မှတ်ပဲလည်းကောင်း, ရည်မှတ်၍လည်းကောင်း"ဣမာနိ စီဝရာနိ ဝဿံဝုတ္ထသံဃဿ ဒမ္မိ"ဟူ၍လည်းကောင်း, "ဤသင်္ကန်းတို့ကို ဝါကျွတ်ပြီးသောသံဃာအား လှူပါ၏" ဟူ၍လည်းကောင်း ဆို၍ လှူအပ်၏၊ ဤသို့လှူခြင်းသည် ဝဿာဝါသိကစီဝရဒါန(ဝါဆိုသင်္ကန်းအလှူ)မည်၏။

ဝဿံဝုဋ္ဌသံဃဿ ဒေတီတိ ဝိဟာရံ ပဝိသိတွာ "ဣမာနိ စီဝရာနိ ဝဿံဝုဋ္ဌသံဃဿ ဒမ္မိ"တိ ဒေတိ။ ယာဝတိကာ ဘိက္ခူ တသ္မိံ အာဝါသေ ဝဿံဝုဋ္ဌာတိ ယတ္တကာ ဝဿစ္ဆေဒံ အကတွာ ပုရိမဝဿံဝုဋ္ဌာ၊ တေဟိ ဘာဇေတဗ္ဗံ၊ အညေသံ န ပါပုဏာတိ။ ဒိသာပက္ကန္တဿာပိ သတိ ပဋိဂ္ဂါဟကေ ယာဝ ကထိနဿုဗ္ဘာရာ ဒါတဗ္ဗံ၊ အနတ္ထတေ ကထိနေ အန္တောဟေမန္တေ ဧဝဉ္စ ဝတွာ ဒိန္နံ ပစ္ဆိမဝဿံ ဝုဋ္ဌာနမ္ပိ ပါပုဏာတီတိ လက္ခဏညူ ဝဒန္တိ။ (ဝိ၊ ၄၊ ၃၊ ၄၂၄။)

ဝဿံဝုဋ္ဌသံဃဿ ဒေတီတိ ကား၊ ဝိဟာရံ ကျောင်းတိုက်သို့၊ ပဝိသိတွာ ဝင်၍၊ ဣမာနိ စီဝရာနိ ဝဿံဝုဋ္ဌသံဃဿ ဒမ္မိတိ ဤသင်္ကန်းတို့ကို မိုးပတ်လုံးနေပြီးသော သံဃာအား လှူပါ၏ဟူ၍၊ (ဝတွာ ဆို၍၊) ဒေတိ လှူအံ့၊ ယာဝတိကာ၊ ပ၊ ဝဿံဝုဋ္ဌာတိ ကား၊ ယတ္တကာ အကြင်မျှ အတိုင်းအရည်ရှိသော ရဟန်းတို့သည်၊ ဝဿစ္ဆေဒံ ဝါပြတ်ခြင်းကို၊ အကတွာ မပြုမူ၍၊ ပုရိမဝဿံ ပုရိမဝါပတ်လုံး၊ ဝုဋ္ဌာ နေပြီးကုန်ပြီ၊ တေဟိ ထိုမျှ အတိုင်းအရည်ရှိသော ရဟန်းပုရိမဝဿံဝုဋ္ဌရဟန်းတို့သည်၊ ဘာဇေတဗ္ဗံ ဝေဘန်ရာ၏၊ အညေသံ အခြားသောရဟန်းတို့၏(အထံသို့)၊ န ပါပုဏာတိ မရောက်၊ ဒိသာပက္ကန္တဿာပိ အရပ်တစ်ပါးသို့ ဖဲသွားသော ရဟန်းအားလည်း၊ ပဋိဂ္ဂါဟကေ အစားယူမည် ပုဂ္ဂိုလ်သည်၊ သတိ ရှိလတ်သော်၊ ကထိနဿ-ကထိန်ကို၊ ယာဝ ဥဗ္ဘာရာ နုတ်ရာကာလတိုင်အောင်၊ ဒါတဗ္ဗံ ပေးရာ၏၊ ပန ကား၊ ကထိနေ ကို၊ အနတ္ထတေ မခင်းအပ်သော်၊ အန္တောဟေမန္တေ ဆောင်းဥတုအတွင်း၌၊ ဧဝဉ္စ ဤသို့လည်း၊ ("ဣမာနိ စီဝရာနိ ဝဿံဝုဋ္ဌသံဃဿ ဒမ္မိ"ဟူ၍လည်း၊) ဝတွာ လျှောက်၍၊ ဒိန္နံ လှူအပ်သောသင်္ကန်းသည်၊ ပစ္ဆိမဝဿံ ပစ္ဆိမဝါပတ်လုံး၊ ဝုဋ္ဌာနမ္ပိ နေပြီးသော ရဟန်းတို့၏(အထံသို့)လည်း၊ ပါပုဏာတိ ရောက်၏၊ [ပိ ဖြင့် ပုရိမဝဿံဝုဋ္ဌကို ပေါင်း၏။] ဣတိ သို့၊ လက္ခဏညူ ဝိနည်းလက္ခဏာကိုသိသောပညာရှိတို့သည်၊ ဝဒန္တိ ဆိုကုန်၏။

အန္တောဟေမန္တေတိ ဣမိနာ အနတ္ထတေ ကထိနေ ဝဿာနံ ပစ္ဆိမေ မာသေ(သီတင်းကျွတ်လဆုတ်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ) ဒိန္နံ ပုရိမဝဿံဝုဋ္ဌာနညေဝ ပါပုဏာတိ၊ တတော ပရံ ဟေမန္တေ ဒိန္နံ ပစ္ဆိမဝဿံ ဝုဋ္ဌာနမ္ပိ ဝုဋ္ဌဝဿတ္တာ ပါပုဏာတိ၊ ဟေမန္တတော ပန ပရံ ပိဋ္ဌိသမယေ ဝဿံဝုဋ္ဌသံဃဿာတိ ဧဝံ ဝတွာ ဒိန္နံ အနန္တရေ ဝဿေ ဝါ တတော ပရေသု ဝါ ယတ္ထ ကတ္ထစိ တသ္မိံ ဝုဋ္ဌဝဿာနံ သဗ္ဗေသံ ပါပုဏာတိ၊ ယေ ပန သဗ္ဗထာ အဝုဋ္ဌဝဿာ၊ တေသံ န ပါပုဏာတီတိ ဒဿေတိ။ ဟု (ဝိမတိ၊ ၂၊ ၂၀၃။)၌ လာ၏။

ဝဿံဝုတ္ထသံဃဿ ဒေတီတိ ဧတ္ထ ပန သစေ ဝိဟာရံ ပဝိသိတွာ ဣမာနိ စီဝရာနိ ဝဿံဝုတ္ထသံဃဿ ဒမ္မီတိ ဝဒတိ၊ ယေ တတ္ထ ဝဿစ္ဆေဒံ အကတွာ ပုရိမဝဿံဝုတ္ထာ၊ တေသံ ဗဟိသီမဋ္ဌာနံပိ ပါပုဏာတိ၊ န အညေသံ။ (ကင်္ခါ၊ ၄၊ ၁၆၂။)

ဤစကားရပ်တို့ဖြင့် ကျောင်းတိုက်တွင်း, ဝါတွင်း၌ လှူသည်ကို သိအပ်သည်။

သစေ ပန ဗဟိဥပစာရသီမာယံ ဌိတော ဝဿံဝုဋ္ဌသံဃဿ ဒမ္မီတိ ဝဒတိ၊ သမ္ပတ္တာနံ သဗ္ဗေသံ ပါပုဏာတိ။ အထ အသုက ဝိဟာရေ ဝဿံဝုဋ္ဌသံဃဿာတိ ဝဒတိ၊ တတြ ဝဿံဝုဋ္ဌာနမေဝ ယာဝ ကထိနဿုဗ္ဘာရာ ပါပုဏာတိ။ သစေ ပန ဂိမှာနံ ပဌမဒိဝ သတော ပဋ္ဌာယ ဧဝံ ဝဒတိ၊ တတြ သမ္မုခီဘူတာနံ သဗ္ဗေသံ ပါပုဏာတိ။ ကသ္မာ? ပိဋ္ဌိသမယေ ဥပ္ပန္နတ္တာ။ (ဝိ၊ ၄၊၃၊၄၂၄။ ဝိနယ သင်္ဂဟ၊၂၅၆။)

ပန ဆက်ဦးအံ့၊ ဗဟိဥပစာရသီမာယံ ဥပစာရသိမ်၏အပြင်၌၊ ဌိတော တည်သော ဒါယကာသည်၊ ဝဿံဝုဋ္ဌသံဃဿ ဒမ္မီတိ ဝါကျွတ်သံဃာအား လှူပါ၏ဟူ၍၊ သစေ ဝဒတိ အကယ်၍ ဆိုအံ့၊ (ဧဝံ သတိ သော်၊) သမ္ပတ္တာနံ ရောက်လာကုန်သော၊ သဗ္ဗေသံ

အလုံးစုံသော ရဟန်းတို့၏(အထံသို့)၊ ပါပုဏာတိ -[မည်သည့် ကျောင်းတိုက်မဆို မိုးလပတ်လုံး နေပြီးသော ရဟန်းအားလုံးတို့သို့ ရောက်၏]၊ အထ သို့မဟုတ်၊ အသုကဝိဟာရေ-ထိုမည်သော ကျောင်းတိုက်၌၊ ဝဿံဝုဋ္ဌသံဃဿ ဝါကျွတ်သံဃာအား၊ ဒမ္မိ လှူပါ၏၊ ဣတိ ဤသို့၊(သစေ)ဝဒတိ-အကယ်၍ ဆိုအံ့၊ (ဧဝံ သတိ)၊ တတြ-ထိုကျောင်းတိုက်၌၊ ဝဿံဝုဋ္ဌာနမေဝ-မိုးလပတ်လုံး နေပြီးသော ရဟန်းတို့၏(အထံသို့)သာ၊ ကထိနဿ-ကထိန်ကို၊ ယာဝ ဥဗ္ဘာရာ-နုတ်သည့်တိုင်အောင်၊ ပါပုဏာတိ ရောက်၏၊ ပန ဆက်ဦးအံ့၊ ဂိမှာနံ -(ကထိန်ခေတ်ကုန်ရာ)နွေလတို့၏၊ ပဌမဒိဝသတော-ပထမနေ့မှ (တပေါင်းလဆုတ်တစ်ရက်နေ့မှ)၊ ပဋ္ဌာယ စ၍၊ ဧဝံ ဤသို့၊ ("အသုကဝိဟာရေ ဝဿံဝုဋ္ဌ-သံဃဿ ဒမ္မိ"ဟူ၍၊) သစေ ဝဒတိ-အကယ်၍ ဆိုအံ့၊ (ဧဝံ သတိ)၊ တတြ-ထိုကျောင်းတိုက်၌၊ သမ္မုခီဘူတာနံ -မျက်မှောက်ဖြစ်၍ဖြစ်ကုန်သော၊ သဗ္ဗေသံ -အလုံးစုံကုန်သော ရဟန်းတို့၏(အထံသို့)၊ ပါပုဏာတိ -ရောက်၏၊ ကသ္မာ အဘယ့်ကြောင့်နည်း?၊ ပိဋ္ဌိသမယေ -သင်္ကန်းကာလ၏ပြင်ဘက်အခါ၌၊ ဥပ္ပန္နတ္တာ -ဖြစ်သည်၏အဖြစ်ကြောင့်တည်း။

အသုကဝိဟာရေ ။ပ။ ပါပုဏာတိ -ဤဝါကျ၌ ကျောင်းတိုက်အပြင်ဘက်၌ နေလျက် ကျောင်းတိုက်ကို နာမည်တပ်၍ "မည်သည့်ကျောင်းတိုက်၌ ဝဿံဝုဋ္ဌသံဃာအား လှူပါ၏"ဟု လျှောက်၏၊ ထိုလျှောက်ခြင်းသည် ယခုအခါ ကထိန်ခေတ်ဝယ် ကျောင်းတိုက်ပြင်ဘက်၌ ကထိန်သင်္ကန်းလှူနည်းနှင့် ခပ်ဆင်ဆင် တူနေ၏၊ "တတြ ဝဿံဝုဋ္ဌာနမေဝ ယာဝ ကထိနဿုဗ္ဘာရာ ပါပုဏာတိ"ဟု ဆိုသောကြောင့် ကထိန်သင်္ကန်းနှင့်လည်း သဘောတူနေ၏၊ သို့ရာတွင် စာတုဒ္ဒိသသံဃိကကား မဖြစ်နိုင်တော့၊ အာရာမ သံဃိကသာ ဖြစ်နိုင်တော့သည်၊ ထိုအာရာမသံဃိကသင်္ကန်းကို ကထိန်သင်္ကန်းလုပ်၍ ခင်းလိုကလည်း "ယာဝ ကထိနဿုဗ္ဘာရာ ပါပုဏာတိ"ဟု ဆိုသောကြောင့် ခင်းနိုင်ခွင့်ရှိပေသည်၊ ထို့ကြောင့် ယခုအခါ ကျောင်းတိုက်တွင်း၌ ကထိန်သင်္ကန်းလှူလျှင် "စာတုဒ္ဒိသ သံဃိက"အဖြစ်ဖြင့် ရေစက်ချပါ၊' ကျောင်းတိုက်ပြင်ဘက်၌ ကထိန်သင်္ကန်းလှူလျှင် ကျောင်းတိုက်နာမည်ကိုတပ်၍"အာရာမသံဃိက" အဖြစ်ဖြင့် ရေစက်ချပါ၊ ထိုနှစ်မျိုးလုံးပင်ကထိန်သင်္ကန်းလည်းဖြစ်နိုင်, ထိုကျောင်းတိုက်တွင်းရှိ သံဃာများလည်း ဝေယူနိုင်သည်ဟု မှတ်ပါ။ (ဝိနည်းမဟာဝါဘာသာဋီကာ၊ ၃၊၃၂၀-၃၂၁။)

သစေ ပန ဗဟိဥပစာရသီမာယံ ဌိတော ဝဿံဝုတ္ထသံဃဿ ဒမ္မီတိ ဝဒတိ၊ ယတ္ထ ကတ္ထစိ ဝုတ္ထဝဿာနံ သဗ္ဗေသံ သမ္မုတ္တာနံ ပါပုဏာတိ။ (ကင်္ခါ၊ ၄၊ ၁၆၂။)

ဤစကားရပ်တို့ဖြင့် ကျောင်းတိုက်အာရာမ်အပဖြင့် ကျောင်းတိုက်ကို မရည်မှတ်ပဲ လှူသည်ကို သိရသည်။

ဂိမှာနံ ပဌမဒိဝသတော ပဋ္ဌာယ ဧဝံ ဝဒတိ၊ တတြ သံမုခီဘူတာနံ သဗ္ဗေသံ ပါပုဏာတိ၊ န အညေသံ။ (ကင်္ခါ၊ ၄၊ ၁၆၂။)

ဤစကားရပ်တို့ဖြင့် ဝါပအခါ၌လည်း လှူအပ်သည်ကို သိရသည်။

အန္တောဝဿေယေဝ "ဝဿံ ဝသန္တာနံ ဒမ္မီ"တိ ဝုတ္တေ ဆိန္နဝဿာ န လဘန္တိ၊ ဝဿံ ဝသန္တာဝ လဘန္တိ။ စီဝရမာသေ ပန " ဝဿံဝသန္တာနံ ဒမ္မီ"တိ ဝုတ္တေ ပစ္ဆိမိကာယ ဝဿူပဂတာနံယေဝ ပါပုဏာတိ၊ ပုရိမိကာယ ဝဿူပဂတာနဉ္စ ဆိန္နဝဿာနဉ္စ န ပါပုဏာတိ။ (ဝိ၊ ၄၊ ၃၊ ၄၂၄-၄၂၅။ ဝိနယသင်္ဂဟ၊ ၄၊ ၂၅၆။)

အန္တောဝဿေယေဝ-ဝါတွင်း၌သာလျှင်၊ ဝဿံ ဝသန္တာနံ ဒမ္မီတိ-မိုးလပတ်လုံး နေဆဲရဟန်းတို့အား လှူပါ၏ဟူ၍၊ ဝုတ္တေ လျှောက်အပ်သော်၊ ဆိန္နဝဿာ-ကျိုးပြတ်သော ဝါရှိသောရဟန်းတို့သည်၊ န လဘန္တိ မရကုန်၊ ဝဿံ ဝသန္တာဝ မိုးလပတ်လုံး နေဆဲ ရဟန်းတို့သည်သာလျှင်၊ လဘန္တိ ရကုန်၏၊ ပန ဆက်ဦးအံ့၊ စီဝရမာသေ -သင်္ကန်းလ(သီတင်းကျွတ်လဆုတ်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိသင်္ကန်းကာလ)၌၊ ဝဿံဝသန္တာနံ ဒမ္မီတိ -မိုးလပတ်လုံး နေဆဲရဟန်းတို့အား လှူပါ၏ဟူ၍၊ ဝုတ္တေ လျှောက်အပ် သော်၊ ပစ္ဆိမိကာယ -ပစ္ဆိမဝါ၌၊ ဝဿူပဂတာနံယေဝ -ဝါကပ်သောရဟန်းတို့၏(အထံသို့)သာ၊ ပါပုဏာတိ ရောက်၏၊ ပုရိမိကာယ ပုရိမဝါ၌၊ ဝဿူပဂတာနဉ္စ ဝါကပ်ပြီးသော ရဟန်းတို့၏(အထံသို့)လည်းကောင်း၊ ဆိန္နဝဿာနဉ္စ-ကျိုးပြတ်သောဝါရှိသော ရဟန်း တို့၏(အထံသို့)လည်းကောင်း၊ န ပါပုဏာတိ မရောက်။

ဝဿံ ဝသန္တာနံ ဒမ္မိ ဝါကပ်ဆဲရဟန်းတို့အား လှူပါ၏၊ ဝဿာဝါသိကံ ဒေမ-ဝါဆိုသင်္ကန်းကို လှူပါကုန်၏ အလိုရှိတိုင်း နလုံးသွင်းသဖြင့် ဆို၍လှူအပ်ကုန်၏။ (ဝဇိရူပမဗျာကရဏကျမ်း၊ ၁၈၇-၁၈၉။)

စီဝရမာသတော ပဋ္ဌာယ ယာဝ ဟေမန္တဿ ပစ္ဆိမော ဒိဝသော၊ တာဝ "ဝဿာဝါသိကံ ဒေမာ"တိ ဝုတ္တေ ကထိနံ အတ္ထတံ ဝါ ဟောတု အနတ္ထတံ ဝါ၊ အတီတဝဿံဝုဋ္ဌာနမေဝ ပါပုဏာတိ။ ဂိမှာနံ ပဌမဒိဝသတော ပဋ္ဌာယ ဝုတ္တေ ပန မာတိကာ အာရောပေတဗ္ဗာ"အတီတဝဿာဝါသဿ ပဉ္စ မာသာ အတိက္ကန္တာ၊ အနာဂတော စတုမာသစ္စယေန ဘဝိဿတိ၊ ကတရဝဿာဝါသဿ ဒေတိ"တိ။ သစေ "အတီတဝဿဝုဋ္ဌာနံ ဒမ္မီ"တိ ဝဒတိ၊ တံ အန္တောဝဿံဝုဋ္ဌာနမေဝ ပါပုဏာတိ၊ ဒိသာပက္ကန္တာနမ္ပိ သဘာဂါ ဂဏှိတုံ လဘန္တိ။ (ဝိ၊ ၄၊ ၃၊ ၄၂၅။ ဝိနယသင်္ဂဟ၊ ၄၊ ၂၅၆။)

စိဝရမာသတော သင်္ကန်းလမှ၊ ပဋ္ဌာယ စ၍၊ ယာဝ-အကြင်မျှလောက်၊ ဟေမန္တဿ-ဆောင်လ၏၊ ပစ္ဆိမော နောက်ဆုံးဖြစ်သော၊ ဒိဝသော တပေါင်းလပြည့်နေ့သည်၊ (အတ္ထိ ရှိ၏၊) တာဝ-ထိုနောက်ဆုံးနေ့တိုင်အောင်၊ ဝဿာဝါသိကံ ဒေမာတိ မိုးလပတ်လုံးနေခြင်းရှိသော ရဟန်းတို့အား လှူအပ်သော သင်္ကန်းကို လှူပါကုန်၏ဟူ၍၊ ဝုတ္တေ-လျှောက်ထားအပ်သော်၊ ကထိနံ ကထိန်သည်(ကထိန်ကို)၊ အတ္ထတံ ဝါ ခင်းအပ်သည်မူလည်း၊ ဟောတု-ဖြစ်စေ၊ အနတ္ထတံ ဝါ-မခင်းအပ်သည်မူလည်း၊ (ဟောတု)၊ အတီတဝဿံ အတိတ်ဝါပတ်လုံး၊ ဝုဋ္ဌာနမေဝ နေပြီးသော ရဟန်းတို့၏(အထံသို့)သာ၊ ပါပုဏာတိ-ရောက်၏၊ ပန စင်စစ်သော်ကား၊ ဂိမှာနံ နွေလတို့၏၊ ပဌမဒိဝသတော တပေါင်းလဆုတ်တစ်ရက်နေ့မှ၊ ပဋ္ဌာယ-စ၍၊ ဝုတ္တေ-လျှောက်အပ်သော်၊ မာတိကာ မာတိကာကို၊ အာရောပေတဗ္ဗာ တက်ရောက်စေထိုက်၏၊ အတီတဝဿာဝါသဿ-အတိတ်ဝါ၌ နေခြင်းရှိသော သံဃာ၏အတွက်၊ ပဉ္စမာသာ ငါးလတို့သည်၊ အတိက္ကန္တာ-လွန်ကုန်ပြီ၊ အနာဂတေ-အနာဂတ်ဝါသည်၊ စတုမာသစ္စယေန-လေးလလွန်ရာအခါ၌ (လေးလလွန်ခါမှ)၊ ဘဝိဿတိ ဖြစ်လတ္တံ့၊ ကတရဝဿာဝါသဿ၊ အဘယ်ဝါ၌နေခြင်းရှိသော သံဃာအား၊ ဒေတိ လှူသနည်း?၊ ဣတိ ဤသို့၊ (မာတိကာ အာရောပေတဗ္ဗာ၊) အတီတဝဿံ အတိတ်ဝါပတ်လုံး၊ ဝုဋ္ဌာနံ နေပြီးသော ရဟန်းတို့အား၊ ဒမ္မိ လှူပါ၏၊ ဣတိ ဤသို့၊ သစေ ဝဒတိ အကယ်၍ လျှောက်အံ့၊ (ဧဝံ သတိ)၊ တံ-ထိုသင်္ကန်းကို၊ အန္တောဝဿံ ဝါတွင်း၌၊ ဝုဋ္ဌာနမေဝ နေပြီးသော ရဟန်းတို့၏(အထံသို့)သာ၊ ပါပုဏာတိ ရောက်၏၊ ဒိသာပက္ကန္တာနမ္ပိ အရပ်တစ်ပါးသို့ ဖဲသွားပြီးသော ရဟန်းတို့၏(အတွက်)လည်း၊ သဘာဂါ သဘောတူသော ရဟန်းတို့သည်၊ ဂဏှိတုံ ယူခြင်းငှါ(ယူခွင့်ကို)၊ လဗ္ဘန္တိ ရကုန်၏။

သစေ "အနာဂတေ ဝဿာဝါသိကံ ဒမ္မီ"တိ ဝဒတိ၊ တံ ဌပေတွာ ဝဿူပနာယိကဒိဝသေ ဂဟေတဗ္ဗံ။ အထ "အဂုတ္တော ဝိဟာရော၊ စောရဘယံ အတ္ထိ၊ န သက္ကာ ဌပေတုံ ဂဏှိတွာ ဝါ အာဟိဏ္ဍိတု"န္တိ ဝုတ္တေ "သမ္ပတ္တာနံ ဒမ္မီ"တိ ဝဒတိ၊ ဘာဇေတွာ ဂဟေတဗ္ဗံ။ သစေ ဝဒတိ "ဣတော မေ ဘန္တေ တတိယေ ဝဿေ ဝဿာဝါသိကံ န ဒိန္နံ၊ တံ ဒမ္မီ"တိ၊ တသ္မိံ အန္တောဝဿေ ဝုဋ္ဌဘိက္ခူနံ ပါပုဏာတိ။ သစေ တေ ဒိသာပက္ကန္တာ၊ အညော ဝိဿာသိကော ဂဏှာတိ၊ ဒါတဗ္ဗံ။ အထ ကောယေဝ အဝသိဋ္ဌော၊ သေသာ ကာလင်္ကတာ၊ သဗ္ဗံ ဧကဿေဝ ပါပုဏာတိ။ သစေ ဧကောပိ နတ္ထိ၊ သံဃိကံ ဟောတိ၊ သမ္မုခီဘူတေဟိ ဘာဇေတဗ္ဗံ။ (ဝိ၊ဋ္ဌ၊၃၊၄၂၅။ ဝိနယသင်္ဂဟ၊၂၅၆။)

အနာဂတေ အနာဂတ်ဝါ၌၊ ဝဿာဝါသိကံ-မိုးလပတ်လုံး နေခြင်းရှိသော ရဟန်းတို့အား လှူအပ်သော သင်္ကန်းကို၊ ဒမ္မိ လှူပါ၏၊ ဣတိ ဤသို့၊ သစေ ဝဒတိ အကယ်၍ လျှောက်အံ့၊ (ဧဝံ သတိ)၊ ထံ-ထိုသင်္ကန်းကို၊ ဌပေတွာ မဝေသေးပဲ သိမ်းထား၍၊ ဝဿူပနာယိကဒိဝသေ ဝါကပ်ရာနေ့၌၊ ဂါဟေတဗ္ဗံ-ယူစေထိုက်၏၊ [စာအုပ်တို့၌ "ဂဟေတဗ္ဗံ"ဟု ရှိ၏၊ "ဝါကပ်သော ရဟန်းတို့ကို ထိုဝဿာဝါသိကသင်္ကန်းကို ဝေ၍ ယူစေထိုက်၏"ဟု အဓိပ္ပါယ်ရသေကြောင့် "ဂါဟေတဗ္ဗံ"ဟု ရှိသင့်သည်၊ မဟာဝါဘာသာဋီကာ၊ ၃၊ ၃၂၂။] အထ သို့မဟုတ်၊ ဝိဟာရော ကျောင်းသည်၊ အဂုတ္တော မလုံခြုံသည်၊ (သစေ ဟောတိ အကယ်၍ ဖြစ်အံ့၊) စောရဘယံ ခိုးသူဘေးသည်၊(သစေ)အတ္ထိ ရှိအံ့၊ ဌပေတုံ ဝါ သိမ်းထားခြင်းငှါသော်လည်းကောင်း၊ ဂဏှိတွာ သွားလေရာရာယူ၍၊ အာဟိဏ္ဍိတုံ ဝါ လှည့်လည်ခြင်းငှါသော်လည်းကောင်း၊ န သက္ကာ မတတ်ကောင်း၊ ဣတိ ဤသို့၊ ဝုတ္တေ (သင်္ကန်းခံယူသော ရဟန်းက "အနာဂတေ ဝဿာဝါသိကံ ဒမ္မီ"ဟုလျှောက်သော အလှူရှင်အား) ပြောဆိုလတ်သော်၊ သမ္ပတ္တာနံ ရောက်လာသော ရဟန်းတို့အား၊ ဒမ္မိ လှူပါ၏၊ ဣတိ ဤသို့၊ (သစေ)ဝဒတိ လျှောက်အံ့၊ (ဧဝံ သတိ)၊ ဘာဇေတွာ ဂဟေတဗ္ဗံ (ထိုလှူသော အချိန်မှာပင်) ဝေဖန်၍ ယူကောင်း၏။

သစေ ဝဒတိ အကယ်၍ လျှောက်အံ့၊ (ကိံ ဝဒတိ-အဘယ်သို့ လျှောက်အံ့သနည်း?)၊ ဘန္တေ၊ မေ တပည့်တော်သည်၊ ဣတော ဤနှစ်မှ၊ တတိယေ ဝဿေ သုံးနှစ်မြောက်၌၊ ဝဿာဝါသိကံ ဝါဆိုသင်္ကန်းကို၊ န ဒိန္နံ မလှူအပ်ခဲ့၊ တံ ထိုဝါဆိုသင်္ကန်းကို၊ ဒမ္မိ လှူပါ၏၊ ဣတိ သို့၊ (သစေ ဝဒတိ၊ ဧဝံ သတိ)၊ တသ္မိံ အန္တောဝဿေ ထိုလွန်ခဲ့ပြီးသော တတိယဝါတွင်း၌၊ ဝုဋ္ဌဘိက္ခူနံ နေပြီးကုန်သော ရဟန်းတို့၏(အထံသို့)၊ ပါပုဏာတိ ရောက်၏၊ တေ ထိုတတိယဝဿံဝုဋ္ဌရဟန်းတို့သည်၊ ဒိသာ အရပ်မျက်နှာတို့သို့၊ ပက္ကန္တာ ဖဲသွားပြီးကုန်သည်၊ သစေ (ဟောန္တိ) အကယ်၍ ဖြစ်ကုန်အံ့၊ အညော-တစ်ပါးသော၊ ဝိဿာသိကော အကျွမ်းဝင်ခြင်းရှိသော ရဟန်းသည်၊ (သစေ)ဂဏှာတိ အကယ်၍ ယူအံ့၊ (ဧဝံ သတိ)၊ ဒါတဗ္ဗံ-ပေးအပ်၏၊ အထ သို့မဟုတ်၊ ကောယေဝ တစ်ပါးတည်းသာ၊ အဝသိဋ္ဌော ကြွင်းကျန်သည်၊(သစေ ဟောတိ အံ့၊) သေသာ-ကြွင်းသောရဟန်းတို့သည်၊ ကာလင်္ကတာ ပျံလွန်တော်မူပြီးကုန်သည်၊ (သစေ ဟောန္တိ အကယ်၍ ဖြစ်ကုန်အံ့၊ ဧဝံ သတိ၊) သဗ္ဗံ အလုံးစုံသော ဝဿာဝါသိကသင်္ကန်းသည်၊ ဧကဿေဝ တစ်ပါးတည်း၏(အထံသို့)သာ၊ ပါပုဏာတိ ရောက်၏၊ ဧကောပိ တစ်ပါးသည်လည်း၊ သစေ နတ္ထိ အကယ်၍ မရှိတော့အံ့၌(ဧဝံ သတိ)၊ သံဃိကံ သံဃိကသည်၊ ဟောတိ ဖြစ်၏၊ သမ္မုခီ ဘူတေဟိ မျက်မှောက်ဖြစ်၍ဖြစ်သော ရဟန်းတို့သည်၊ ဘာဇေတဗ္ဗံ ဝေဖန်ထိုက်၏။

(မဟာဝါဘာသာဋီကာ၊ ၃၊ ၃၁၉ ၃၂၂။)

ဝဿာဝါသိကံ ။ ။ ဝဿံ ဝါလပတ်လုံး+အာဝါသော ယဿာတိ ဝဿာဝါသော ဝါလပတ်လုံး၌နေခြင်းရှိသောရဟန်း၊ ဝဿာဝါသဿ+ဒိန္နံ ဝဿာဝါသိကံ ဝါလပတ်လုံး နေခြင်းရှိသောရဟန်းအား လှူအပ်သောသင်္ကန်း။

ယခုကာလ၌ ဝါဆိုခါနီးလှူလေ့ရှိကြ၏၊ ထိုသင်္ကန်းကို "ဝဿာဝါသိက"ဟုလည်း အချို့က ခေါ်ကြ၏၊ အမှန်ကား "ဝါတွင်း၌နေသော ရဟန်းအား ဝါကျွတ်မှဖြစ်စေ, ဝါကျွတ်သောအခါ သုံးစွဲရန် ဝါတွင်း၌ဖြစ်စေ လှူအပ်သောသင်္ကန်းကိုသာ "ဝဿာဝါသိကသင်္ကန်း"ဟုခေါ်သည်။ (မဟာဝါဘာသာဋီကာ၊ ၆၁၃။)

## ဝဿံဝုဋ္ဌသင်္ကန်းနှင့် ဝဿာဝါသိကသင်္ကန်း

ဝဿံဝုဋ္ဌသင်္ကန်းကို ဝါကျွတ်သောအခါမှ ဒါယကာတို့ လှူကြသည်ဖြစ်၍ ဝါကျွတ်သောအခါမှပင် ရဟန်းတို့သည်လည်း ထိုသင်္ကန်းကို ရထိုက်သည်၊ ဝါကျိုးဝါပြတ်လျှင် မရထိုက်၊ ဝါမကျိုး ဝါမပြတ်လျှင် အရပ်တစ်ပါးသို့ ဖဲသွားသော ရဟန်းသည် သင်္ကန်းဝေဖန်သောအခါ၌ မရှိသော်လည်း ထိုရဟန်း၏အဖို့ကို ရထိုက်၏။ တစ်ပါးသောရဟန်းတို့သည် ထိုဝဿံဝုဋ္ဌသင်္ကန်းကို မရထိုက်ကုန်။ (ဝိ၊ ၃၊ ၃၄၄၄။)

ဝဿာဝါသိကသင်္ကန်းမှာကား ဝါဆိုဦး၌ပင် ယေဘုယျအားဖြင့် လှူကြသည်ဖြစ်၍ ဝါဆိုသောနေ့၌ပင် ထိုသင်္ကန်းကို ဝေဖန်၍ ယူကြသည်။

ဝဿူပနာယိကဒိဝသေ ပစ္စယံ ကေပသေ ဌတွာ ဝဿဂ္ဂေန ဂဏှိတုံ လဘတိ။ သေနာသနံ န လဘတိ၊ နိဗဒ္ဓဝဿာဝါသိကံ သေနာသနံ ဂဏှိတုကာမေန ဝတ္တံ နိက္ခိပိတွာ ဂဟေတဗ္ဗံ။ (ဝိ၊ ဌ၊ ၄=ပါရိဝါသိကက္ခန္ဓက၊ ၉။)

ဝဿူပနာယိကဒိဝသေ ဝါကပ်ရာနေ့၌၊ ပစ္စယံ ဝါဆိုသင်္ကန်းစသောပစ္စည်းကို၊ ကေပသေ တစ်ခုသော ဘေး၌၊ ဌတွာ ရပ်၍၊ ဝဿဂ္ဂေန ဝါစဉ်ဖြင့်၊ ဂဏှိတုံ ယူခြင်းငှါ၊ လဘတိ ရ၏၊ သေနာသနံ ကျောင်းကိုကား၊ (ဝဿဂ္ဂေန ဖြင့်၊ ဂဏှိတုံ ငှါ၊) န လဘတိ မရ["ဝတ်ဆောက်တည်နေသောရဟန်းသည် အညံ့ဆုံးအိပ်ရာနေရာကိုသာ ရခွင့်ရှိသောကြောင့် ကျောင်းတစ်ကျောင်းလုံးကို ယူခွင့်မရ" ဟုလို၊] နိဗဒ္ဓဝဿာဝါသိကံ မြဲသော ဝဿာဝါသိကသင်္ကန်းရှိသော(မိုးလပတ်လုံး နေခြင်းရှိသော ရဟန်းတို့အား လှူထိုက်သော မြဲသော သင်္ကန်းရှိသော၊) သေနာသနံ ကျောင်းကို၊ ဂဏှိတုကာမေန ယူလိုသော ပါရိဝါသိကရဟန်းသည်၊ ဝတ္တံ ဝတ်ကို၊ နိက္ခိပိတွာ ချပြီး၍၊ ဂဟေတဗ္ဗံ ခံယူအပ်၏။

ပစ္စယန္တိ ဝဿာဝါသိကလာဘံ သန္ဓာယ ဝုတ္တံ။ (သာရတ္ထ၊ ၃၊ ၃၇၀။)

အပွကအားဖြင့်ကား ဝဿာဝါသိကသင်္ကန်းကို ဝါတွင်းအခါ, ဝါကျွတ်အခါတို့၌လည်း လှူကြ၏။

ဝဿံဝုဋ္ဌသင်္ကန်း, ဝဿာဝါသိကသင်္ကန်း ဤနှစ်မျိုးတို့သည် လှူရာကာလ အနည်းငယ်မျှသာ ထူးကြ၏၊ ထိုသင်္ကန်းနှစ်မျိုးလုံးကို ဝါမကျိုးမပြတ်သော ရဟန်းတို့သာ ရထိုက်ကုန်၏၊ တစ်နည်းအထူးကား ဝဿံဝုဋ္ဌသင်္ကန်းကို သာမညအားဖြင့် လှူကြသည်၊ ဝဿာဝါသိကသင်္ကန်းကိုကား ကျောင်းဒါယကာစသည်တို့က မိမိတို့ကျောင်းစသည်ကို မှတ်၍လည်းကောင်း, ကျောင်းစသည်ကို သုတ်သင်စေခြင်းငှါလည်းကောင်း များသောအားဖြင့် လှူကြသည်၊ အပွကအားဖြင့် သာမညအားဖြင့်လည်း လှူကြသည်လည်း ရှိ၏၊ ဤသို့လည်း ထူးသေး၏။ (ဝိနယဂဏ္ဌိဋ္ဌာနဝိနိစ္ဆယကျမ်း၊ ၃၅၈ ၃၆၂။)

## ဝါဆိုသင်္ကန်း၊ ကပ်လှူဒါန်း၊ မြဲစွမ်းဂတိကျိုး

သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ ဂတိမြဲသော အကျိုးကို ပေးနိုင်သည့် ကောင်းမှု ခုနစ်မျိုးမှာ.......

(၁) သရဏဂုံ သုံးပါး၊ (၂) ငါးပါးသီလ၊ (၃) စာရေးတံဆွမ်း၊ (၄) လဆန်းပက္ခ, လဆုတ်ပက္ခ၌ လှူသောဆွမ်း၊ (၅) ဝါဆိုသင်္ကန်း၊ (၆) ရေတွင်းရေကန်၊ (၇) ကျောင်းအလှူတို့တည်း။

ဆောင်ပုဒ်=ဝါဆိုသင်္ကန်း၊ ပေးလှူဒါန်းက၊ ဂတိမြဲလှ၊ စူဠသောတာ၊ တူလှစွာကြောင့်၊ ပါယ်မှာမသိ၊ သုဂတိမြဲ၊ လွန်ထူးကဲသည်၊ မှတ်စွဲဝါဆိုသင်္ကန်း လှူကျိုးတည်း။ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၁၁။)

ယေသံ ပန ကုလာနံ တီဏိ သရဏာနိ ပဉ္စ သီလာနိ ဧကံ သလာကဘတ္တံ ဧကံ ပက္ခိကဘတ္တံ ဧကံ ဝဿာဝါသိကံ ဧကော ပေါက္ခရဏီ ဧကော အာဝါသော၊ ဧဝရူပါနိ နိဗဒ္ဓပုညာနိ အတ္ထိ၊ တေသမ္ပိ ဂတိ နိဗဒ္ဓါ၊ သောတာပန္နသဒိသာနေဝ တာနိ ကုလာနိ။ (အံ၊ ဌ၊ ၃၊ သဥပါဒိသေသသုတ္တဝဏ္ဏနာ၊ ၂၆၅။)

## ဝါကျိုးပြတ်သော်၊ ထိုဝါနော်၊ ရေသော် ရ, မရ

အချို့ဆရာတို့၏အယူကား"ဝါကျိုးပြတ်သောရဟန်းသည် ထေရ်စဉ်ဝါစဉ် အရိအသေခံယူသောအခါဖြစ်စေ,ဥပုသ်ပဝါရဏာကို သာယာသောအခါဖြစ်စေ ထိုကျိုးပြတ်သောဝါကို ထည့်၍ မတွက်ရ၊ ကျိုးပြတ်သော ဝါကို ထည့်တွက်၍ အကြီးအကဲအဖြစ်ဖြင့် အရိအသေခံခြင်း, ဥပုသ်ပဝါရဏာကို သာယာခြင်းသည် သံဝါသထေနက-ပေါင်းသင်းဆက်ဆံမှုကို ခိုးရာရောက်သည်"ဟု ယူဆကြသည်။ ဤကျမ်းပြုသူ၏ဆရာတို့အလိုကား"ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့အား ဝါကပ်ရန် ခွင့်ပြုပညတ်တော်မူချက်ဖြစ်၍ ဘုရားရှင်၏ဝေဠုဝန်ကျောင်းတော်ဝယ် ဝါဆိုရာ ဒုတိယဝါ, တတိယဝါ, စတုတ္ထဝါ, သတ္တရသမဝါနှင့်ဝီသတိမဝါဟူ၍ ငါးဝါတို့ရှိသည်အနက် ဝီသတိမဝါမှတစ်ပါး ကျန်လေးဝါတို့တွင် တစ်ဝါဝါ ဝါဆိုချိန်၌ ဝါကပ်ရန် ခွင့်ပြုတော်မူချက် ဖြစ်နိုင်သောကြောင့် ဝါကပ်ရန် ခွင့်မပြုမီ နေခဲ့သောနှစ်များကို "ဝါအဖြစ် ထည့်သွင်း၍ မရေတွက်အပ်ပြီလော? အရှင်ကောဏ္ဍညမထေရ်အား "ရတ္တညူ"ဟု ဧတဒဂ်ရာထူးပေးရာမှာလည်း ဘုရားရှင်၏တပည့်များအနက် အရှင်မြတ်ထက် အရှင်စော၍ ရဟန်းပြုသူမရှိပဲ အရှင်မြတ်သည်သာ ပဌမဆုံးရဟန်းပြုသူဖြစ်လျက် ရဟန်းဖြစ်ရာ အချိန်ကာလကြာမြင့်စွာသော ညဉ့်တို့ကို သိသူဖြစ်သောကြောင့် ထိုရတ္တညူဧတဒဂ်ဘွဲ့ကို ချီးမြှင့်တော်မူခြင်းဖြစ်၏၊ ဝါကျိုးဝါပြတ်မပါပဲ ရရှိထားသော ဝါတို့ကို ရေတွက်၍ 'ဝါအကြီးဆုံး'အနေဖြင့် ချီးမြှင့်တော်မူခြင်းလည်း မဟုတ်နိုင်ချေ၊ ဘုရားရှင်သည် ဖြစ်ပြီးခါစ ရဟန်းသစ်အား 'တာဝဒေဝ ဆာယာ မေတဗ္ဗာ'စသည်ဖြင့် ရဟန်းရက်ချုပ်ကို ပြောကြားပေးရန် မိန့်မှာတော်မူခဲ့၏၊ ထိုသို့ ရဟန်းသစ်အား သူ၏ရဟန်းရက်ချုပ်ကို ပြောကြားရခြင်းမှာ မိမိထက် အချိန်စော၍ ရဟန်းဖြစ်သူကို အရိအသေပြုရန်, မိမိအောက် နောက်ကျမှ ရဟန်းဖြစ်သူ၏အရိအသေပြုမှုကို ခံယူနိုင်ရန် ဖြစ်၏၊ အရင်ဖြစ်သော ရဟန်းက ဝါကျိုးဝါပြတ်ဖြစ်၍ နောက်မှဖြစ်သောရဟန်းက ဝါမကျိုးဝါမပြတ်လျှင် အချို့ဆရာတို့၏အလိုအရ...အရင်ဖြစ်သောရဟန်းက နောက်မှဖြစ်သောရဟန်းကို အရိအသေပြုရ, ရှိခိုးရပေလိမ့်မည်၊ ထိုသို့ ယူဆလျှင် ဘုရားရှင်၏ရဟန်းသစ်အား ပြောကြားပေးရန် မှာသော 'တာဝဒေဝ ဆာယာ မေတဗ္ဗာ'စသော ရဟန်းရက်ချုပ်စကားသည် အဓိပ္ပါယ်မရှိ ဖြစ်သွားနိုင်သည်၊ 'ဥပသမ္ပန္နော ကူဋဝဿံ ဂဏေန္တော ပိ အသမဏော န ဟောတိ (ဝိ၊ ၄၊ ၃၊ ၃၀၃)'ဟူသော ဝိနည်းမဟာဝါအဋ္ဌကထာ မဟာခန္ဓကလာ စကားနှင့် 'ကူဋဝဿံ ဂဏေန္တောတိ ကူဋဝဿံ ဂဏေတွာ သံဝါသံ သာဒိယန္တောတိ အဓိပ္ပါယော(သာရတ္ထ၃၊၂၅၉)' ဟူသော သာရတ္ထဒီပနီဋီကာလာ စကားတို့အရ ရဟန်းသည် ကောက်ကျစ်သောဝါ(မမှန်သောဝါ)ကို ရေတွက်၍ ပေါင်းသင်းဆက်ဆံမှုကို သာယာစေကာမူ ရဟန်းမဟုတ်တော့သည် မဟုတ်ပါ၊"အရိအသေကိုခံခြင်း, ဥပုသ်ပဝါရဏာကိုသာယာခြင်းကြောင့် 'သံဝါသထေနက'မဖြစ်"ဟု ဆိုလို၏)။ ထို့ကြောင့် ဘုရားရှင်၏ဝါဆိုဝါကပ်ခွင့်ပြုပညတ်တော်မူချက်သည် မိုးရာသီ၌ ခရီးသွားလာနေကြသော ရဟန်းတို့နှင့် ပတ်သက်၍ လူတို့၏အကြည်ညိုမဲ့ ကဲ့ရဲ့မှုမှ ကင်းဝေး၍ မိုးကာလဝယ် ပရိယတ်, ပဋိပတ်တရားများကို အားထုတ်နိုင်ကြစေရန် ခွင့်ပြုတော်မူခြင်းဖြစ်၏၊ ပုရိမဝါကပ်၍ ဝါကျိုးပြတ်မှု မရှိလျှင် ဝါဆိုသင်္ကန်းလာဘ, ကထိန်ခံထိုက် ကထိန်အကျိုးအာနိသင်များကို ရနိုင်ကြ၍ ဝါကျိုးပြတ်လျှင်ကား ထိုဝါဆိုသင်္ကန်းလာဘ်, ကထိန်မခံထိုက် ကထိန်အာနိသင်များကို မရနိုင်ကြ ဟုသာ ပညတ်တော်မူခဲ့၏၊ ဝါကျိုးဝါပြတ်ရဟန်းကား သက်ဆိုင်သော လာဘ်လာဘ, အကျိုးအာနိသင်တို့ကို မရသည်မှတစ်ပါး သူ၏ရဟန်းဖြစ်ရာ နှစ်ကာလများ ယုတ်လျော့မသွားသောကြောင့် ဝါကျိုးဝါပြတ်နှစ်ကိုလည်း ထည့်သွင်းရေတွက်ရမည်သာတည်း။

* * * * *

# ဒေသနာခံ ဒေသနာကြား သတိထား

## ဒေသနာခံ ဥတ်ထား

သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဣတ္ထန္နာမော ဘိက္ခု အာပတ္တိံ သရတိ ဝိဝရတိ ဥတ္တာနိံ ကရောတိ ဒေသေတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ ဣတ္ထန္နာမဿ ဘိက္ခုနော အာပတ္တိံ ပဋိဂ္ဂဏှေယျံ။ (ဝိ၊ ၄၊ ၄၊ ကမ္မဝဂ္ဂဝဏ္ဏနာ၊ ၂၅၈။)

ဤကား ဒေသနာခံ သံဃာဖြစ်က ဥတ်ထားပုံတည်း။

သုဏာတု မေ အာယသ္မန္တော၊ အယံ ဣတ္ထန္နာမော ဘိက္ခု အာပတ္တိံ သရတိ ဝိဝရတိ ဥတ္တာနိံ ကရောတိ ဒေသေတိ၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ အဟံ ဣတ္ထန္နာမဿ ဘိက္ခုနော အာပတ္တိံ ပဋိဂ္ဂဏှေယျံ။ (ဝိ၊ ၄၊ ၄၊ ၂၅၈။)

ဤကား ဒေသနာခံ သုံးပါးဂိုဏ်းဖြစ်က ဥတ်ထားပုံတည်း။

သုဏန္တု မေ အာယသ္မန္တာ၊ အယံ ဣတ္ထန္နာမော ဘိက္ခု အာပတ္တိံ သရတိ ဝိဝရတိ ဥတ္တာနိံ ကရောတိ ဒေသေတိ၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ အဟံ ဣတ္ထန္နာမဿ ဘိက္ခုနော အာပတ္တိံ ပဋိဂ္ဂဏှေယျံ။

ဤကား ဒေသနာခံ နှစ်ပါးဂိုဏ်းဖြစ်က ဉတ်ထားပုံတည်း။

ဤဉတ်မထားခင်က ဒေသနာကြားပုဂ္ဂိုလ်က "အဟံ ဘန္တေ (အာဝုသော) သမ္ဗာ အာပတ္တိယော အာရောစေယျာမိ"လို ကြားရမည်။

"ပဿသိ အာဝုသော (ဘန္တေ)" စသည်ဖြင့် တစ်ပါးထံ၌ သုံးပါး, နှစ်ပါး ဒေသနာကြားနိုင်သည်။

၃၉၈။ အဒေသနာဂါမိနိယံ၊ အနာပတ္တိံ စ ဒေသိတံ။
နာနာသံဝါသနိဿီမ ဋ္ဌိတာနံ စတုပဉ္စဟိ။
မနသာ'ပကတတ္တာနံ၊ နာနေကာတိ န ဒေသယေ။
(ခုဒ္ဒသိက္ခာ၊ ဒေသနာနိဒ္ဒေသ)

အဒေသနာဂါမိနိယံ ဒေသနာဂါမိ မဟုတ်သော ပါရာဇိက, သံဃာဒိသိသ်အာပတ်ကို၊ န ဒေသယေ ဒေသနာ မပြောရာ၊ အနာပတ္တိံ စ အနာပတ်ကိုလည်း၊ ဝါ မသင့်သော အာပတ်ကိုလည်း၊ န ဒေသယေ ဒေသနာ မပြောရာ၊ ဒေသိတံ ဒေသနာပြောအပ်ပြီးသော အာပတ်ကို၊ န ဒေသယေ ထပ်၍ ဒေသနာမပြောရာ၊ နာနာသံဝါသနိဿီမဋ္ဌိတာနံ အမျိုးမျိုးသော သံဝါသရှိသော ပုဂ္ဂိုလ်, သိမ်ပြင်ဖက်၌ တည် သော ပု ဂ္ဂိုလ် တို့ အား ၊ န ဒေသယေ ဒေသနာ မပြောရာ ၊ စတုပဉ္စဟိ လေးပါး, ငါးပါးတို့သည် ၊ (ကေဟော တပေါင်းတည်း၊ ဟုတ္ဝာ ဖြစ်၍) န ဒေသယေ ဒေသနာမပြောရာ၊ မနသာ စိတ်ဖြင့်၊ န ဒေသယေ ဒေသနာမပြောရာ၊ အပကတတ္တာနံ ပကတတ် မဟုတ် သော ရဟန်းတို့အား၊ န ဒေသယေ ဒေသနာ မပြောရာ၊ နာနာ အမျိုးမျိုးသော အာပတ်တို့ကို၊ ဧကာတိ တစ်ပါးသော အာပတ်ဟူ၍၊ န ဒေသယေ ဒေသနာမပြောရာ။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ဒေသနာနိဒ္ဒေသ၊ ၄၉၉ ၅၀၀။)

[ဝိ၊ ၅၊ ဒိဋ္ဌာဝိကမ္မဝဂ္ဂ၊ ၃၂၄ ၃၂၅။ ဝိ၊ ၄၊ ၄၊ ၂၁၉။ တို့၌လည်း ကြည့်ပါ။]

အဒေသနာဂါမိနိယံ န ဒေသယေ= ဒေသနာပြောခြင်းဖြင့် အာပတ်မှမထနိုင်သော ပါရာဇိက သံဃာဒိသိသ်အာပတ်ကို ဒေသနာမပြောရ။ သို့သော် ပရိဝါသ်, မာနတ်မဆောက်တည်မီ ဒေသနာပြောကောင်းပါသည် (အာဝိကရဏပြုကောင်းပါသည်)။

အနာပတ္တိံ စ န ဒေသယေ=အာပတ်မဟုတ်သော ဣန္ဒြိယသံဝရသီလပျက်ခြင်း, ပစ္စဝေက္ခဏာ မဆင်ခြင်မိပဲ စားမိ၍ ပစ္စယသန္နိဿိတသီလပျက်ခြင်းတို့၌ ဒေသနာမပြောရ။ ဒေသနာပြောသော်လည်း အပြစ်မှ မလွတ်ပါ။

နာ နာ သံဝါသဿ န ဒေသယေ= အယူမတူသော လဒ္ဓိနာနာ သံဝါသကပုဂ္ဂိုလ် အထံ၌ဖြစ်စေ, ဥက္ခိတ္တကကံပြုအပ်သည် အတွက် ကမ္မနာနာသံဝါသကပုဂ္ဂိုလ်အထံ၌ဖြစ်စေ ဒေသနာမပြောရ။

စတုပဉ္စဟိတိတ္တေ သမာနဝဿိကပဝါရဏာယံ ဝိယ စတူဟိ ဝါ ပဉ္စဟိ ဝါ ဧကတော ဟုတ္ဝာ ဧကဿ သန္တိကေ န ဒေသယေတိ အတ္ထော။ ဒွိန္နံ ဝါ တိဏ္ဏံ ဝါ ဝဋ္ဋတိ။ ကထံ ဒေသေတဗ္ဗန္တိ စေ? ဧကဿ သန္တိကေ တီဟိပိ ဧကတော နိသီဒိတွာ "အဟံ ဘန္တေ ဧကံ ပါစိတ္တိယာပတ္တိံ အာပန္နော၊ တံ တုမှမူလေ ပဋိဒေသေမိ"တိ ဧဝံ အတ္တနာ အာပန္နအာပတ္တိဝသေန ဝတ္တေ တေန "ပဿသိ အာဝုသော တံ အာပတ္တိ"န္တိ ဧဝံ တိက္ခတ္တုံ ဝုတ္တေ"အာမ ဘန္တေ ပဿာမိ"တိ ဝါ "အာမာဝုသော ပဿာမိ"တိ ဝါ ဝုတ္တေ ပုန တေန "အာယတိံ သံဝရေယျာထာ"တိ ဝါ "သံဝရေယျာသီ"တိ ဝါ ဝုတ္တေ "သာဓု သုဋ္ဌု သံဝရိဿာမိ"တိ ဝတ္တဗ္ဗံ၊ ဧဝံ ဒေသေတဗ္ဗံ။

(ခုဒ္ဒသိက္ခာပုရာဏဋီကာ၊ ဒေသနာနိဒ္ဒေသဝဏ္ဏနာ၊ ၂၀၃။)

ဒိန္နံ တိဏ္ဏံ ပန ဧကတော ဒေသေတုံ ဝဋ္ဋတိ။ (ဝိမတိ၊ ၂၊ ၃၀၇။)

ဒေသနာကြားရာ၌ အထူးသတိပြုဖွယ်

မာဠကသီမာယ(တန်ဆောင်းမိုးသောသိမ်၌) ဟိ ဋ္ဌိတေန သီမန္တရိကာယ ဋ္ဌိတဿ, သီမန္တရိကာယ ဝါ ဋ္ဌိတေန အဝိပ္ပဝါသသီမာယဋ္ဌိတဿာပိ အာပတ္တိံ ဒေသေတုံ န ဝဋ္ဋတိ။ (ဝိ၊ ၄၊ ၄၊ ဒိဋ္ဌာဝိကမ္မဝဂ္ဂဝဏ္ဏနာ၊ ၂၁၉။)

နိဿီမဋ္ဌိတဿ န ဒေသယေ=ဒေသနာ ပြော သူက ဗဒ္ဓသိမ် အ တွင်း၌ နေ ၍ ဒေသနာ ခံ သူ က သိမ်၏ပြင် ဖက် သီမန္တရိက် စသည်၌ဖြစ်စေ, အခြားတစ်သိမ်၌ဖြစ်စေနေလျှင် ဒေသနာပြောမှု အထမမြောက်ပါ။ (ပရိဝါဘာသာဋီကာ၊၂၂၇။ ခုဒ္ဒသိက္ခာဘာသာဋီကာ၊၅၀၀ ၅၀၁။)

စ တု ပ ဉ္စ ဟိ န ဒေ သ ယေ=၄ ပါးဖြစ်စေ, ၅ ပါးဖြစ်စေ, ထို့ထက်အများဖြစ်စေ စုပေါင်း၍ ဒေသနာမပြောရ။ "၂ ပါး ၃ ပါးပေါင်း၍ကား တပြိုင်နက် ဒေသနာပြောနိုင်၏"ဟု အဓိပ္ပါယ်ထွက်၏။

မနသာ န ဒေသယေ=နှုတ်မမြွက်ပဲ စိတ်သက်သက်ဖြင့် ဒေသနာမပြောရ။

အပကတတ္တာနံ န ဒေသယေ= ပကတတ်မဟုတ်သော (က) ပါရာဇိကကျသူ, (ခ) ဥက္ခိတ္တကပုဂ္ဂိုလ်, (ဂ) ဥပုသ် ပဝါရဏာတန့်ရပ်ထားရာ ပုဂ္ဂိုလ် ထိုပုဂ္ဂိုလ်တို့အထံ၌ ဒေသနာမပြောရ။

နာနေကာတိ န ဒေသယေ=အာပတ်က နာနာဝတ္ထုကြဖြစ်၍ များစွာဖြစ်ပါလျက် "ဧကဝတ္ထုကံ ဧကံ အာပတ္တိံ"ဟု ဆို၍ ဒေသနာမပြောရ။ အာပတ်တစ်ချက်ကိုကား"သမ္ဗဟုလာ"ဟု ဆို၍ပြောနိုင်၏။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ဒေသနာနိဒ္ဒေသ။၅၀၀ ၅၀၁။)

* * * * *

## ပရိဝါသ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ဂရုကအာပတ်ခေါ် သံဃာဒိသိသ်အာပတ်များကို ပရိဝါသ်ဆောက်တည်ခြင်း, မာနတ်ကျင့်ခြင်း, အဗ္ဘာန်သွင်းခြင်းတို့ဖြင့် ကုစားရသည်။

ပရိဝါသ်ဟူသည် သံဃာဒိသိသ်အာပတ်ကို ကုစားရာ၌ ရှေးဦးစွာ (မိမိဖုံးထားသည်ဟု ထင်ရသောရက်အတိုင်းအတာအရ) ကျင့်ဝတ်များကို မကျိုးမပေါက်အောင် ကျင့်သုံးခြင်းတည်း။

မာနတ်ဟူသည် သံဃာဒိသိသ်အာပတ်သင့်နေ၍ ရဟန်းတို့က မကျေမနပ် မမြတ်မနိုး မကြည်မညိုဖြစ်၍နေရာ ကျေနပ် မြတ်နိုး ကြည်ညိုအောင် ကျင့်သုံးအပ်သောအကျင့်ပင်တည်း။

အဗ္ဘာန်ဟူသည် မာနတ်ကျင့်ပြီး၍ ရဟန်းတို့က ကျေနပ်သောကြောင့် သံဃာ့အလယ်သို့ လက်ခံသွင်းခေါ်ခြင်းတည်း။

ဤကဲ့သို့ ပရိဝါသ်, မာနတ်, အဗ္ဘာန်ဟူသော ဝိနည်းကံတို့ကို ပြုမူဆောင်ရွက်ခြင်းဖြင့် ဂရုကအာပတ်မှ ထ၏။

ဂရုကာပတ္တိဝုဋ္ဌာနန္တိ ပရိဝါသမာနတ္တာဒိဟိ ဝိနယကမ္မေဟိ ဂရုကာပတ္တိတော ဝုဋ္ဌာနံ။ (ဝိနယသင်္ဂဟ၊ ၄၊ ၃၃၀။)

ပရိဝါသ် ၃ မျိုး

(၁) ပဋိစ္ဆန္နပရိဝါသ်= ဖုံးလွှမ်းအပ်သောအာပတ်ကြောင့် ပေးအပ်သော ပရိဝါသ်။

(၂) သုဒ္ဓန္တပရိဝါသ်= အာပတ်အပိုင်းအခြားကိုလည်းမသိ, ညဥ့်အပိုင်းအခြားကိုလည်းမသိ စသည်ကြောင့် အာပတ်မှ စင်ကြယ် ရန်ပေးအပ်သော ပရိဝါသ်။

(၃) သမောဓာနပရိဝါသ်= ပေါင်း၍ဆောက်တည်အပ်သော ပရိဝါသ်။

ပရိဝါသော နာမ ပဋိစ္ဆန္နပရိဝါသော, သုဒ္ဓန္တပရိဝါသော, သမောဓာနပရိဝါသောတိ တိဝိဓော ဟောတိ။ (ဝိ၊ ၄၊၄၊၁၈။)

တိဝိဓော ပရိဝါသော ပဋိစ္ဆန္နပရိဝါသော သုဒ္ဓန္တပရိဝါသော သမောဓာနပရိဝါသောတိ။ (ဝိနယသင်္ဂဟ၊၄၊ ၃၃၀။)

## ပဋိစ္ဆန္နပရိဝါသ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ပဋိစ္ဆန္နပရိဝါသ်နှင့်ပတ်သက်၍ ဖုံးလွှမ်းအပ်သောအာပတ်ကြောင့် ပေးအပ်သောပရိဝါသ်ဟူ၍ ဆိုရာဝယ် တစ်ရက်ဖုံးလွှမ်းအပ်သောအာပတ်, နှစ်ရက်ဖုံးလွှမ်းအပ်သောအာပတ်စသည်, တခုသောအာပတ်, နှစ်ခုသောအာပတ်စသည်တို့ရှိရာ မိမိဖုံးလွှမ်းထားသည်ထင်သော အာပတ်ရက်အတိုင်းအတာအရ ဆောက်တည်ရသည်။ ဤပဋိစ္ဆန္နပရိဝါသ်ကို ပေးသူသည် ဖုံးလွှမ်းခြင်း ၁၀ မျိုးကို သိအပ်သည်။

ပဋိစ္ဆန္နပရိဝါသော တာဝ ယထာပဋိစ္ဆန္နာယ အာပတ္တိယာ ဒါတဗ္ဗော၊ ကဿစိ ဟိ ဧကာဟပဋိစ္ဆန္နာ အာပတ္တိ ဟောတိ, ယထာ အယံ ဥဒါယိတ္ထေရဿ၊ ကဿစိ ဒွိဟာဒိပဋိစ္ဆန္နာ, ယထာ ပရတော အာဂတာ ဥဒါယိတ္ထေရဿေဝ၊ ကဿစိ ဧကာ အာပတ္တိ ဟောတိ, ယထာ အယံ ၊ ကဿစိ ဒွေ တိဿော တတုတ္တရိ ဝါ, ယထာ ပရတော အာဂတာ ၊ တသ္မာ ပဋိစ္ဆန္နပရိဝါသံ ဒေန္တေန ပဥ္စမံ တာဝ ပဋိစ္ဆန္နဘာဝေါ ဇာနိတဗ္ဗော။ (ဝိ၊ ၄၊ ၄၊ ၁၈။ ဝိနယသင်္ဂဟ၊ ၄၊ ၃၃၀ ၃၃၁။)

တသ္မာ ပဋိစ္ဆန္နပရိဝါသံ ဒေန္တေန ပဥ္စမမေဝ ဝုတ္တနယေန ပဋိစ္ဆန္နဘာဝံ ဉတွာ တတော ပဋိစ္ဆန္နဒိဝသေ စ အာပတ္တိယော စ သလ္လက္ခေတွာ သစေ ဧကာ ဧကာဟပ္ပဋိစ္ဆန္နာ ဟောတိ၊ "အဟံ ဘန္တေ ဧကံ အာပတ္တိံ အာပဇ္ဇိံ သဉ္စေတနိကံ သုက္ကဝိဿဋ္ဌိံ ဧကာဟပ္ပဋိစ္ဆန္နံ"န္တိ ဧဝံ ပရိဝါသံ ယာစာပေတွာ ခန္ဓကေ(ဝိ၊၄၊၁၀၄)အာဂတနယေန ကမ္မဝါစံ ဝတွာ ပရိဝါသော ဒါတဗ္ဗော။ အထ ဒွိဟတီဟာဒိပ္ပဋိစ္ဆန္နာ ဟောတိ၊ ဒွိဟပ္ပဋိစ္ဆန္နံ တီဟပ္ပဋိစ္ဆန္နံ စတူဟပ္ပဋိစ္ဆန္နံ ပဉ္စာဟပ္ပဋိစ္ဆန္နံ။ ပ။ စုဒ္ဒသာဟပ္ပဋိစ္ဆန္နန္တိ ဧဝံ ယာဝ စုဒ္ဒသဒိဝသာနိ ဒိဝသဝသေန ယောဇနာ ကာတဗ္ဗာ၊ ပဉ္စဒသဒိဝသပ္ပဋိစ္ဆန္နာယံ "ပက္ခပ္ပဋိစ္ဆန္န"န္တိ ယောဇနာ ကာတဗ္ဗာ။ ပ။..............................

သစေ ပန ဒွေ တိဿော တဒုတ္တရိ ဝါ အာပတ္တိယော ဟောန္တိ၊ ယထာ "ဧကံ အာပတ္တိ"န္တိ ဝုတ္တံ၊ ဧဝံ "ဒွေ အာပတ္တိယော, တိဿော အာပတ္တိယော"တိ ဝတ္တဗ္ဗံ။ တတော ပရံ ပန သတံ ဝါ ဟောတု, သဟဿံ ဝါ၊ "သမ္ဗဟုလာ"တိ ဝတ္တုံ ဝဋ္ဋတိ။

နာနာဝတ္ထုကာသုပိ "အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပန္နော ဧကံ သုက္ကဝိဿဋ္ဌိံ ဧကံ ကာယသံသဂ္ဂံ။ပ။ သဉ္စရိတ္တံ ကောဟယပ္ပဋိစ္ဆန္နာယော"တိ ဧဝံ ဂဏနဝသေန ဝါ(အရေအတွက်၏အစွမ်းအားဖြင့်သော်၄င်း), "အဟံ ဘန္တေ။ပ။ အာပန္နော နာနာဝတ္ထုကာယော ကောဟယပ္ပဋိစ္ဆန္နာယော"တိ ဧဝံ ဝတ္ထုကိတ္တနဝသေန ဝါ(သံဃာဒိသေသ်ဟူသောအမည်နှင့်တကွ သုက္ကဝိဿဋ္ဌိ, ကာယသံသဂ္ဂစသောဝတ္ထုကိုပြောပြခြင်း၏အစွမ်းအားဖြင့်သော်၄င်း), "အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပန္နော ကောဟယပ္ပဋိစ္ဆန္နာယော"တိ ဧဝံ နာမမတ္တဝသေန ဝါ(သံဃာဒိသေသ်ဟူသော အမည်မျှ၏အစွမ်းအားဖြင့်သော်၄င်း) ယောဇနာ ကာတဗ္ဗာ။.....ဣဒဉ္စ ပရိဝါသာဒိဝိနယကမ္မံ ဝတ္ထုဝသေန ဂေါတ္တဝသေန နာမဝသေန အာပတ္တိဝသေန စ ကာတုံ ဝဋ္ဋတိယေဝ။ (ကင်္ခါ၊ ၄၊ ၁၄၆။)

## ဖုံးလွှမ်းခြင်း ၁၀–မျိုး

၁။ အာပတ်သင့်သည်လည်း ဖြစ်စေ၊
၂။ အာပတ်သင့်ပြီဟူသော အမှတ်ရှိသည်လည်း ဖြစ်စေ၊
၃။ ဥက္ခိတ္တရဟန်းမဟုတ် ပကတတ်ရဟန်း မှန်သည်လည်းဖြစ်စေ၊
၄။ ငါကား ပကတတ်ရဟန်းပဲဟု အမှတ်ရှိသည်လည်းဖြစ်စေ၊
၅။ ထိုအခါ၌ အန္တရာယ်မရှိသည်လည်း ဖြစ်စေ၊
၆။ အန္တရာယ်မရှိဟု သိသည်လည်း ဖြစ်စေ၊
၇။ ဒေသနာကြားရန် တပါးသောရဟန်းထံသို့ သွားနိုင် ဒေသနာကြားနိုင်သည်လည်း ဖြစ်စေ၊
၈။ ဒေသနာကြားရန် တပါးသောရဟန်းထံသို့ သွားနိုင် ကြားနိုင်၏ဟု သိသည်လည်း ဖြစ်စေ၊
၉။ ဖုံးလွှမ်းလိုသော စိတ်ရှိသည်လည်း ဖြစ်စေ၊
၁၀။ ဒေသနာမကြားမူ၍ အရုဏ်တက်စေသဖြင့် ဖုံးလွှမ်းသည်လည်း ဖြစ်စေ။

သင့်တုံအာပတ်၊ ပကတတ်၊ ကင်းလတ် အန္တရာယ်။
ကြားငါစွမ်းငြား၊ သည်းပွါး၊ ရှစ်ပါး သရုပ်ချယ်။
ဖုံးလွှမ်းလိုငြား၊ ဖုံးလွှမ်းငြား၊ ဆယ်ပါး ဖုံးလွှမ်းဖွယ်။ (ဝိနယသံခိပ်၊ သံဃာဒိသိသ်အာပတ်ကုစားနည်း။)

အယံ ဟိ အာပတ္တိ နာမ ဒသဟာကာရေဟိ ပဋိစ္ဆန္နာ ဟောတိ။ တတ္ထာယံ မာတိကာ၊ အာပတ္တိ စ ဟောတိ အာပတ္တိသညီ စ၊ ပကတတ္တော စ ဟောတိ ပကတတ္တသညီ စ၊ အနန္တရာယိကော စ ဟောတိ အနန္တရာယိကသညီ စ၊ ပဟု စ ဟောတိ ပဟုသညီ စ၊ ဆာဒေတုကာမော စ ဟောတိ ဆာဒေတိ စာတိ။ (ဝိ၊ ၄၊ ၄၊ ၁၈ ၁၉။)

ပရိဝါသ်တောင်းရာ၌ အာပတ်တစ်ခုဖြစ်အံ့ "ဧကံ အာပတ္တိံ", နှစ်ခုဖြစ်အံ့ "ဒွေ အာပတ္တိယော", သုံးခုဖြစ်အံ့ "တိဿော အာ ပတ္တိယော"ဟု ဆိုအပ်သည်။ ထိုထက်များမူကား "သမ္ဗဟုလာ အာပတ္တိယော"ဟု ဆိုအပ်သည်။ ဝတ္ထုကွဲပြားသော အာပတ်တို့၌ "အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပန္နော ဧကံ သုက္ကဝိဿဋ္ဌိံ, ဧကံ ကာယသံသဂ္ဂံ, ဧကံ ဒုဋ္ဌုလ္လဝါစံ, ဧကံ အတ္တကာမံ,ဧကံ သဉ္စရိတ္တံ, ကောဟယပ္ပဋိစ္ဆန္နာယော"ဟု ဤသို့ အရေအတွက်၏အစွမ်းအားဖြင့်လည်းကောင်း၊ "အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပန္နော နာနာဝတ္ထုကာ ကောဟယပ္ပဋိစ္ဆန္နာယော"ဟု ဤသို့ ဝတ္ထုကို ကြားသည်၏အစွမ်းအားဖြင့်လည်းကောင်း၊"အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပန္နော ကောဟယပ္ပဋိစ္ဆန္နာယော"ဟု ဤသို့ အမည်၏အစွမ်းအားဖြင့်လည်းကောင်း စသည်ဖြင့် တောင်းနိုင်သည်။ ဤသုံးနည်းတို့တွင် နောက်ဆုံးနည်းသည် အကောင်းဆုံးဖြစ်၏ဟု ပရိဝါသမာနတ္တာဒိဝိနိစ္ဆယကျမ်း၌ဆိုပါသည်။

"သုက္ကဝိဿဋ္ဌိ, ကာယသံသဂ္ဂ"ဟု စသည်ကို ဆိုခြင်းသည်လည်းကောင်း, "နာနာဝတ္ထုကာယော"ဟု ဆိုခြင်းသည်လည်းကောင်း ဝတ္ထု, ဂေါတ္တတို့ကို ကြားသည်မည်၏။ "သံဃာဒိသေသော"ဟု ဆိုခြင်းသည်လည်းကောင်း, "အာပတ္တိယော"ဟု ဆိုခြင်းသည်လည်းကောင်း နာမ, အာပတ္တိတို့ကို ကြားသည်မည်၏။ "သမ္ဗဟုလာ"ဟု ဆိုခြင်းသည်ကား အလုံးစုံသော အာပတ်တို့ကို သိမ်းကြုံးကြားရာရောက်၏။ (ဝိနယသင်္ဂဟ၊ ၄၊ ၃၃၄။ ဝိနယာလင်္ကာရ၊ ဋီ၊ ၂၊ ၂၅၂။)

## ကောဟပ္ပဋိစ္ဆန္န ပရိဝါသတောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ကောဟပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ ယာစာမိ။ (သုံးကြိမ်တောင်းပါ)

[အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ကောဟပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ ယာစာမိ။ အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ကောဟပ္ပဋိစ္ဆန္နာယော၊ ဒုတိယမ္ပိဘန္တေ သံဃံ ။ပ။ ယာစာမိ။ အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ကောဟပ္ပဋိစ္ဆန္နာယော၊ တတိယမ္ပိ အဟံ ဘန္တေ။ပ။ ယာစာမိ။ ဝိနယသင်္ဂဟ၊ ၄၊ ၃၃၄ ၃၃၅။]

## ကောဟပ္ပဋိစ္ဆန္န ပရိဝါသ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ကောဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ပရိဝါသံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ ဒဒေယျ၊ သော ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ကောဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ပရိဝါသံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ ဒေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

ဒိန္နော သံဃေန တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသော၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

ကမ္မဝါစာအဆုံးမှာ ထိုရဟန်းသည် သိမ်တန်ဆောင်းဝန်း၌ပင် "ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ"ဟု ဆို၍ ဝတ်ကိုဆောက်တည်ရသည်။ ထိုနောက် သံဃာအား ဝတ်ကို ကြားရသည်။

## ဝတ်ဆောက်တည်ပုံ ကြားပုံ

ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ ။ အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ကောဟပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသာမိ၊ ဝေဒယာမဟံ ဘန္တေ၊ ဝေဒယတီတိ မံ သံဃော ဓာရေတု။
။

(စူဠဝဂ္ဂအဋ္ဌကထာ၊ ၂၃ ၌ ဝေဒယာမဟံ...ဝေဒယတီတိ.., ဝိနယသင်္ဂဟဋ္ဌကထာ၊ ၃၃၆ ၌ကား ဝေဒိယာမဟံ..ဝေဒိယတီတိ..ရှိ။) ပရိဝါသ်ဆောက်တည်သောအခါ သုံးခါဆိုရမည်။

"ဝတ္တံ သမာဒိယာမိ၊ ပရိဝါသံ သမာဒိယာမီ"တိ ဣမေသံ ဒွိန္နံ အညတရံ ဝါ ဒွယံ ဝါ တိက္ခတ္တုံ ဝတ္တာ။ (ဝိ၊ဝိနိစ္ဆယ၊၁၊ ၂၄၈။)

ဝတ်ကို တကြိမ်သာ ကြားအပ်၏၊ သုံးကြိမ် ကြားရမည်ဟု ပါဠိ အဋ္ဌကထာဋီကာတို့၌ မဆို။ (ပရိဝါသမာနတ္တာဒိဝိနိစ္ဆယ ကျမ်းဆရာတော်)။မည်သည့်ဘာသာဖြင့်မဆို ကြားနိုင်သည်၊ ကြားပြီး၍ ဝတ်ကို ချလိုသည့်အခါ "ပရိဝါသံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ"ဟု ဆို၍ ချပါ။ ဝတ်ဆောက်တည်သောအခါ၌ဖြစ်စေ, ဝတ်ချသောအခါ၌ဖြစ်စေ တစ်ပုဒ်တည်းဖြင့်ပင် ဆောက်တည်နိုင်, ချနိုင်သည်၊ နှစ်ပုဒ်တို့ဖြင့်မူ အထူးကောင်းမွန်ပါသည်။

ဣမဥ္စ အတ္ထံ ဂဟေတွာ ယာယ ကာယစိ ဝါစာယ အာရောစေတုံ ဝဋ္ဋတိယေဝ။

အာရောစေတွာ သစေ နိက္ခိပိတုကာမော ဟောတိ၊ "ပရိဝါသံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမီ"တိ နိက္ခိပိတဗ္ဗံ။ ဧကပဒေနပိ စေတ္ထ နိက္ခိတ္တော ဟောတိ ပရိဝါသော၊ ဒွီဟိ ပန သုနိက္ခိတ္တောယေဝ။ သမာဒါနေပိ ဧသေဝ နယော။ (ဝိနယသင်္ဂဟ၊ ၄၊ ၃၃၆။)

ဝတ်ကိုချသောအခါ သံဃာ့အထံ၌ဖြစ်စေ, ရဟန်းတစ်ပါးပါးအထံ၌ဖြစ်စေ ချနိုင်သည်။ မကြားအပ်သေးသောသူတို့အား ဝတ်ကို ကြား၍ ချရသည်။

အထူးမှတ်ဖွယ်။ ။ ဝတ်ကြားသူသည် တပါးတည်းသော ပုဂ္ဂိုလ်အား ကြားသည်ရှိသော် အဆုံး၌ "ဝေဒယာမိ တံ အာယသ္မာ ဓာရေတု"ဟူ၍လည်းကောင်း, နှစ်ပါးကုန်သော သူတို့အား "ဝေဒယာမိ မံ အာယသ္မန္တာ ဓာရေန္တု"ဟူ၍လည်းကောင်း, သုံးပါးကုန်သော သူတို့အား "ဝေဒယာမိ မံ အာယသ္မန္တော ဓာရေန္တု"ဟူ၍လည်းကောင်း, လေးပါး/လေးပါးထက်လွန်ကုန်သော သူတို့အား "ဝေဒယာမိ မံ သံဃော ဓာရေတု"ဟူ၍လည်းကောင်း ကြားအပ်၏။

ဝတ် ၂ မျိုး

(၁) အနိက္ခိတ္တဝတ်=ရဟန်းသံဃာ နည်းပါး၍ စောင့်ရှောက်ခြင်းငှါ လွယ်သောအရပ်ဒေသဝယ် သိမ်အပြင်၌ ဆောက်တည်၍ တစ်ကြိမ် ကြားပြီးနောက် အဇ္ဈာန်သွင်းသည်တိုင်အောင် မချပဲ ကျင့်ရသောဝတ်။

(၂) နိက္ခိတ္တဝတ်=စောင့်ရှောက်ခြင်းငှါ မလွယ်သောအရပ်ဒေသဝယ် ဝတ်ကို ချ၍ မိုးသောက်ယာမ် (အရုဏ်မတက်မီ)အခါ၌ အခြားရဟန်းတစ်ပါးနှင့်အတူ အာရာမ်ရှိသောကျောင်း၏ အာရာမ်မှ, အာရာမ်မရှိသောကျောင်း၏ အာရာမ်ထိုက်သော နေရာမှ ခဲနှစ်ကျခဲနှစ်ပစ် အရပ်ကိုလွန်၍ လမ်းမကြီးမှဖဲလျက် ချုံ စောင်းရန်းတို့ဖြင့် ဖုံးလွှမ်းသော အရပ်၌နေကာ အရုဏ်၏အတွင်းမှာသာ ဆိုအပ်ပြီးသောနည်းဖြင့် ဝတ်ကို ဆောက်တည်၍ကြားပြီးလျှင် အရုဏ်တက်သောအခါ ချ၍ ကျင့်အပ်သောဝတ်။

သစေ အပ္ပဘိက္ခုကော' ဝိဟာရော ဟောတိ၊ သဘာဂါ ဘိက္ခူ ဝသန္တိ၊ ဝတ္တံ အနိက္ခိပိတွာ ဝိဟာရေယေဝ ရတ္တိပရိဂ္ဂဟော ကာတဗ္ဗော။ အထ န သက္ကာ သောဓေတုံ၊ ဝုတ္တနယေနေဝ ဝတ္တံ နိက္ခိပိတွာ ပစ္စူသသမယေ ဧကေန ဘိက္ခုနာ သဒ္ဓိံ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပတော, အပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပါရဟဋ္ဌာနတော ဒွေ လေဍ္ဍုပါတေ အတိက္ကမိတွာ မဟာမဂ္ဂတော ဩက္ကမ္မဂုမ္ဗေန ဝါ ဝတိယာ ဝါ ပဋိစ္ဆန္နဋ္ဌာနေ နိသီဒိတဗ္ဗံ၊ အန္တောအရုဏေယေဝ ဝုတ္တနယေန ဝတ္တံ သမာဒိယိတွာ အာရောစေတဗ္ဗံ။... ဥဂ္ဂတေ အရုဏေ ဝတ္တံ နိက္ခိပိတဗ္ဗံ။ (ဝိနယသင်္ဂဟ၊ ၄၊ ၃၃၆။)

ဤသို့ ဝတ်ဆောက်တည်နေစဉ် အတွင်း တစ်စုံတစ်ယောက်သောရဟန်း လာသည်ကို မြင်သော်လည်းကောင်း, ထိုရဟန်း၏ အသံကို ကြားသော်လည်းကောင်း ထိုရဟန်းအား ကြားရသည်၊ မကြားလျှင် ညဉ့်လည်းပြတ်, ဝတ်လည်းပျက်သည်။ အကယ်၍ တစ်ဆယ့်နှစ်တောင်ဥပစာအတွင်းသို့ဝင်၍ သွားသည်ကို မသိလျှင် ညဉ့်သာပြတ်သည်၊ ဝတ်မပျက်ပါ။

သစေ အညော ကောစိ ဘိက္ခု ကေနစိဒေဝ ကရဏီယေန တံ ဌာနံ အာဂစ္ဆတိ၊ သစေ ဧသ တံ ပဿတိ၊ သဒ္ဒံ ဝါဿ သုဏာတိ၊ အာရောစေတဗ္ဗံ၊ အနာရောစေန္တဿ ရတ္တိစ္ဆေဒေါ စေဝ ဝတ္တဘေဒေါ စ။ အထ ဒွါဒသဟတ္ထံ ဥပစာရံ ဩက္ကမိတွာ အဇာနန္တဿေဝ ဂစ္ဆတိ၊ ရတ္တိစ္ဆေဒေါ ဟောတိယေ၀၊ ဝတ္တဘေဒေါ ပန နတ္ထိ။ (ဝိနယသင်္ဂဟ၊ ၄၊ ၃၃၆။ ဝိ၊ ၄၊ ၄၊ ၂၃။)

အနိက္ခိတ္တ၊ နိက္ခိတ္တ၊ ပြားက ဝတ်နှစ်မျိုး။ (ဝိနယသံခိပ်၊ သံဃာဒိသိသ်ကုစားနည်း၊ ၉၉။)

အာရောစနခေတ်(ပရိဝါသ်ကြားရာခေတ်)ဟူသည် အာရာမ်ရှိလျှင် အာရာမ်, အာရာမ်မရှိလျှင် အာရာမ်ထိုက်သောအရပ်တည်း။

ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပတော, အပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပါရဟဋ္ဌာနတော။ (ဝိနယသင်္ဂဟ၊ ၄၊၃၃၆။)

အချို့က "ဒွေ လေဍ္ဍုပါတေ အတိက္ကမိတွာ"ဟူ၍ အဋ္ဌကထာ၌ ဆိုခြင်းကြောင့် ခဲနှစ်ကျအတွင်းမှာ ဝတ်မစောင့်အပ်၊ မိမိတို့၏အာရာမ်၏ခဲနှစ်ကျအတွင်းရှိ ကျောင်းတိုက်က သံဃာများကိုလည်း ကြားရမည်ဟု ဆို၏၊ မသင့်။ ခဲနှစ်ကျဆိုခြင်းမှာ အာရောစနခေတ်ဖြစ်၍ ဆိုသည်မဟုတ် သရဇ္ဈာယ်သံကို ကြားမှာ စိုး၍သာဆိုသည်။ ထိုကြောင့် တေရသကဏ်၌ "ဒွေ လေဍ္ဍုပါတေ အတိက္ကမိတွာ"တိ ဘိက္ခူနံ သဇ္ဈာယနသဒ္ဒသဝနူပစာရဝိဇဟနတ္ထံ(သာရတ္ထ၊ ၃၊ ၃၇၁)"ဟု မိန့်အပ်၏။ ။ ဤ"သဇ္ဈာယနသဒ္ဒသဝနူပစာရဝိဇဟနတ္ထံ"ဟူသော ပါဌ်ဖြင့် အသံအရ ကရဒက်စသော ဥတုဇသဒ္ဒမဟုတ်ကြောင်း၊ ရဟန်း၏ရွတ်ဖတ်သံဟူသော စိတ္တဇသဒ္ဒဖြစ်ကြောင်း ထင်ရှား၏၊ အာရာမ်၏အပြင်ဖက်၌ အဆင်းကိုမမြင်, အသံကိုမကြားရမှု တစ်ဆယ့်နှစ်တောင်အရပ်သည် "အာရောစနခေတ်"မည်၏။

ထို့ကြောင့် အဋ္ဌကထာတို့၌ "အထ ဒွဒသဟတ္ထံ ဥပစာရံ ဩက္ကမိတွာ အဇာနန္တဿေဝ ဂစ္ဆတိ၊ ရတ္တိစ္ဆေဒေါ ဟောတိယေ၀၊ ဝတ္တဘေဒေါ ပန နတ္ထိ"ဟူ၍ မိန့်အပ်၏။

အဆင်းကို မြင်အံ့ မြင်ရာ အရပ်, အသံကို ကြားအံ့ ကြားရာအရပ်သည်"အာရောစနခေတ်"မည်၏။ ထို့ကြောင့် အဋ္ဌကထာတို့၌ "သစေ ဧသ တံ ပဿတိ၊ သဒ္ဒံ ဝါဿ သုဏာတိ၊ အာရောစေတဗ္ဗံ၊ အနာရောစေန္တဿ ရတ္တိစ္ဆေဒေါ စေဝ ဝတ္တဘေဒေါ စ" ဟူ၍မိန့်အပ်၏။ (ပရိဝါသ မာနတ္တာဒိ ဝိနိစ္ဆယကျမ်း၊ ၄၃ ၄၄။)

မဟာပဒုမထေရ်၏ဝါဒ။ ။ အနိက္ခိတ္တဝတ်ကျင့်နေသော ရဟန်းတို့မှာ ကျောင်းတိုက်ဥပစာအတွင်း၌ ရှိသမျှ ရဟန်းတို့အား ပြောကြားဖို့ရန် တာဝန်ရှိသော်လည်း နိက္ခိတ္တဝတ်ကျင့်သောရဟန်းတို့အား ဥပစာရသိမ်ခေါ် ကျောင်းတိုက်အတွင်းရှိရဟန်းအားလုံးတို့အား ဝတ်ကြားဖွယ်မလို၊ မြင်အပ်သောရဟန်း ကြားအပ်သော အသံရှိသောရဟန်းနှင့်, တဆယ့်နှစ်တောင်ဥပစာအတွင်း၌ရောက်နေသော ရဟန်းတို့အားသာ ဝတ်ကြားဖို့ရန် တာဝန်ရှိသည်၊ ဤကား နိက္ခိတ္တဝတ်ဆောက်တည်သော ရဟန်းများအတွက် သီးခြားဖြစ်သော အစောင့်အရှောက်တည်း ဟု မဟာပဒုမထေရ်ဆိုလိုသည်။ [နိက္ခိတ္တဝတ္တဿ ပရိဟာရော၏ဆိုလိုရင်း။]

ဝတ္တံ နိက္ခိပိတ္វာ ပရိဝသန္တဿ ဥပစာရဂတာနံ သဗ္ဗေသံ အာရောစနကိစ္စံ နတ္ထိ၊ ဒိဋ္ဌရူပါနံ သုတသဒ္ဒါနံ အာရောစေတဗ္ဗံ၊ အဒိဋ္ဌအသုတာနမ္ပိ အန္တောဒွါဒသဟတ္ထဂတာနံ အာရောစေတဗ္ဗံ။ "ဣဒံ ဝတ္တံ နိက္ခိပိတ္វာ ဝသန္တဿ လက္ခဏ"န္တိ ဝုတ္တံ။ (ဝဇိရဗုဒ္ဓိ၊၅၁၂။ သာရတ္ထ၊၃၊ ၃၇၁။)

အယံ ပနေတ္ထ ထေရဿ အဓိပ္ပါယော-ဝတ္တံ နိက္ခိပိတ္វာ ပရိဝသန္တဿ။ ပ။ ဣဒံ ဝတ္တံ နိက္ခိပိတ္វာ ပရိဝသန္တဿ လက္ခဏန္တိ။ ထေရဿာတိ မဟာပဒုမတ္ထေရဿ။ (ဝိနယာလင်္ကာရ၊ ၂၊ ၂၁၀။)

ယထာဝုတ္တံ ဒုဝိဓံ ဉာနံ ပရိဝသန္တမာနတ္တစာရိကဘိက္ခူဟိ နိသိဒိတဗ္ဗဋ္ဌာနံ ဟောတိ။ တေသု စ ယဒိ အန္တောဝိဟာရေယေဝ နိသီဒိတ္វာ ပရိဝသတိ၊ ဥပစာရသီမာဂတာနံ သဗ္ဗေသံ ဘိက္ခူနံ အာရောစေတဗ္ဗံ ဟောတိ။ အထ ဗဟိဥပစာရသီမာယံ၊ ဒိဋ္ဌရူပါနံ သုတသဒ္ဒါနံ အာရောစေတဗ္ဗံ။ အဒိဋ္ဌအသုတာနမ္ပိ အန္တောဒွါဒသဟတ္ထဂတာနံ အာရောစေတဗ္ဗမေဝ။ ဝုတ္တဉှိ ဝဇိရဗုဒ္ဓိဋီကာယံ (၅၁၂) "ဝတ္တံ နိက္ခိပိတ္វာ ဝသန္တဿ။ ပ။ လက္ခဏန္တိ ဝုတ္တ"န္တိ။ ဣဒဉ္စ ဝတ္တံ အနိက္ခိပိတ္វာ ဝသန္တဿ အန္တောဝိဟာရေယေဝ ရတ္တိပရိဂ္ဂဟဿ စ နိက္ခိပိတ္វာ ဝသန္တဿ ဥပစာရသီမံ အတိက္ကမိတွာ ဝတ္တသမာဒါနဿ စ အဋ္ဌကထာယံ(ဝိနယသင်္ဂဟ၊ ၄၊ ၃၃၆) ဝုတ္တတ္တာ ဝုတ္တံ။ ဥပစာရော ပန အန္တောသီမာယ ဋ္ဌိတာနံ သကလဥပစာရသီမာ ဟောတိ၊ ဗဟိဥပစာရသီမာယ ဋ္ဌိတာနံ ဒွါဒသဟတ္ထမတ္တံ။ (ဝိနယာလင်္ကာရ၊ ၂၊ ၂၂၅ ၂၂၆။)

တိုက်တွင်း၌သာ နေ၍ ကျင့်သူမှာ တိုက်တာ ဥပစာရတခုလုံးသည် "အာရောစနခေတ်" ပေတည်း ။ တိုက်ပြင်၌ ထွက်၍ ကျင့်သူမှာ မိမိနေရာမှ တဆယ့်နှစ်တောင်တွင်း အရပ်သည် "အာရောစနခေတ်" ပေတည်း ။ နိက္ခိတ္တဝတ်သားတို့မှာ တိုက်တွင်း၌လည်း တဆယ့်နှစ်တောင်သာ အာရောစနခေတ်ရှိ၏ဟု လာသော ဋီကာဝါဒကို မယူအပ် ။ ထိုခေတ်အတွင်းသို့ ရောက်လာသမျှသော ရဟန်းတို့ကိုမကြားပဲ မနေရ၊ ရဟန်းသစ်ရောက်လာမှန်း သိလျက်နှင့် မကြားလျှင် ညဉ့်လည်း ပြတ်၏၊ ဝတ္တဘေဒဒုက္កဋ်လည်း သင့်၏။ မသိ၍ မကြားမိလျှင် ညဉ့်သာ ပြတ်၏၊ ဝတ္တဘေဒဒုက္ကဋ်လွတ်၏။

ရဟန်းတို့၏အဆင်းကိုမြင်ရမှု, ရဟန်းတို့၏အသံကို ကြားရမှု, ရဟန်းတို့၏တီးနက်သော ကလတက်သံ ကြေးစည်သံ ခေါင်းလောင်းသံစသော အသံကြားမှု ရှိရာတို့၌ကား အနီးအဝေး ဉာနမရွေးပြီ၊ တယူဇနာ ကွာဝေးရာ၌ပင် ဖြစ်ငြားသော်လည်း ရဟန်းမှန်းသိခဲ့သော် ရဟန်းပြုလုပ်သော အသံမှန်းသိခဲ့သော် သွား၍ ကြားရမည် ။ မကြားခဲ့လျှင် ညဉ့်လည်းပြတ်၏၊ ဒုက္ကဋ်လည်းသင့်၏၊ မသိ၍မကြားမိခဲ့လျှင် ညဉ့်သာ ပြတ်၏၊ ဒုက္ကဋ်အာပတ် လွတ်၏၊ အကယ်မသိ၍ မကြားမိခဲ့လျှင် နစ်ပါးစုံမှ လွတ်၏ဟု ဆိုကြ၏။ ဆင်ခြင်ကြလေ။

တိုက်တွင်းနေခါ၊ တိုက်လုံးသာ၊ ပြင်မှာ တောင်ဆယ့်နှစ် ။
ဒိဋ္ဌ, သုတ၊ ရှိချေက၊ ဉာန မရွေ့ခေတ် ။ (ဝိနယသံခိပ်၊ သံဃာဒိသိသ်အာပတ်ကုစားနည်း၊ ၁၀၀။)

## ဥတုဇသဒ္ဒကို သံသယမရှိသင့်

ဤ၌ အသံဟူသည် စိတ္တဇသဒ္ဒကိုသာ ယူအပ်၏ ။ ထို့ကြောင့် "သဒ္ဒံ ဝါ သုဏာတိ"၌ "အဿ"ဟူသော သမ္ဗန်ကို ပြ၏၊ အဿ ဟူသော သမ္ဗန်ဖြင့် ထိုရဟန်း၏ပျို့အန်သံ, ချောင်းဟန့်သံတို့ကိုသာ ယူအပ်၏၊ ထို့ကြောင့် အဋ္ဌကထာတို့၌"အယဉှိ နေသံ ဆဒ္ဒသဒ္ဒံ ဝါ ဥက္កាសိတသဒ္ဒံ ဝါ ခိပိတသဒ္ဒံ ဝါ သုတွာ အာဂန္တုကဘာဝံ ဇာနာတိ၊ ဂန္တွာ အာရောစေတဗ္ဗံ"ဟူ၍ မိန့်အပ်၏။ "ဆဒ္ဒသဒ္ဒံ ဝါ ပျို့အန်သော အသံကိုလည်းကောင်း၊ ဥက္ကာသိတသဒ္ဒံ ဝါ ချောင်းဟန့်သော အသံကိုလည်းကောင်း၊ ခိပိတသဒ္ဒံဝါ ချေဆတ်သော အသံကိုလည်းကောင်း"ဟူ၍ အနက်ပေး။

အယဉ္ဟိ နေသံ ဆတ္တသဒ္ဒံ ဝါ ဥက္ကាសိតသဒ္ဒံ ဝါခိပိတသဒ္ဒံ ဝါ သုတွာဝ အာဂန္တုကဘာဝံ ဇာနာတိ၊ ဂန္တွာ အာရောစေတဗ္ဗံ။ (ဝိ၊ ၄၊ ၄၊ ၁၁။)

ပုတ်အုပ်စာ, ပေစာတို့၌ 'ဆတ္တ'ဟု ဒန္တဇပထမက္ခရာ 'တ္တ'ဒွေဘော်နှင့် ရှိကြ၏၊ ရွှေဥမင်နိဿယ၌လည်း 'ထီးသံကိုလည်းကောင်း'ဟု အနက်ပေး၏၊ သဒ္ဒါလွဲ၍ အနက်လွဲခြင်းမျှသာ ဖြစ်သည်။ အကယ်၍ ထီးသံကိုဆိုလိုက ထီးသံနှင့်နီးစပ်သော ဖိနပ်

သံကိုလည်း ယှဉ်လျက်"ဆတ္တသဒ္ဒံ ဝါ ဥပါဟနသဒ္ဒံ ဝါ"ဟူ၍ ဥပါဟနသဒ္ဒါနှင့် တွဲ၍ဆိုသင့်ရာ၏၊ ဆိုသင့်လျက် "ဥပါဟနသဒ္ဒံ ဝါ" ဟု မဆိုသည်ကို ထောက်က "ဆတ္တသဒ္ဒံ ဝါ"မဟုတ်သည်အဖြစ်ကို သန္နိဋ္ဌာန်ကျ မှတ်အပ်၏၊ "ဥက္ကာသိတသဒ္ဒံ ဝါ, ခိပိတသဒ္ဒံ ဝါ" ဟူသော စိတ္တဇသဒ္ဒကို မြင်သဖြင့် "ဆဒ္ဒသဒ္ဒံ ဝါ"ဟူသော စကားကို စိတ္တဇသဒ္ဒဟူ၍ သန္နိဋ္ဌာန်ကျ မှတ်အပ်၏။ ထိုအသံတို့သည် "အဿာသပဿာသ"တို့ကဲ့သို့ စိတ္တဇတို့သာတည်း။

အချို့က ကြေးစည်သံ, ခေါင်းလောင်းသံ, ကရဒက်သံကိုပင် သံသယရှိ၍ ဝတ်စောင့်သည့်အခါ၌ ဟိုကျောင်း သည်ကျောင်းတို့သို့သွား၍ နံနက် ကြေးစည်, ခေါင်းလောင်း, ကရဒက်တို့ကို ရှင်သာမဏေများကို ထိုးစေပါမည်အကြောင်းနှင့် လျှောက်ကြကုန်၏၊ ထိုထိုကျောင်းတိုက်တို့က ထိုးပါစေမည်ဟု အကယ်၍ ဝန်ခံစေကာမူ ဝန်ခံသည့်အတိုင်း ရှင်သာမဏေတို့သာ ထိုးမည်, မထိုးမည်ကိုလည်း သံသယရှိသင့်၏။ ထို့ကြောင့် "ဥတုဇသဒ္ဒ"ကို သံသယ မရှိသင့်ဟူ၍ သန္နိဋ္ဌာန်ကျ မှတ်သားအပ်၏၊ "သဗ္ဗာယနသဒ္ဒ သဝနူပစာရဝိဇဟနတ္ထံ"ဟူသောဋီကာစကားကို ထောက်၍လည်း သံသယမရှိသင့်ကြောင်းကို ပြခဲ့ပြီ။

[တနည်းလည်း] ဤကြေးစည်သံ, ခေါင်းလောင်းသံ, ကရဒက်သံသည် ရဟန်းတီးခေါက်သော အသံဟူ၍ သေချာစွာ မသိနိုင်,မပိုင်းခြားနိုင်ခြင်းကြောင့် သံသယ မရှိသင့်။ ထို့ကြောင့် အဋ္ဌကထာတို့၌ "သမဏော အယန္တိ ဝဝတ္ထာနမေဝ ပမာဏံ"ဟူ၍ မိန့်အပ်၏။"အယံ ဤသူသည်၊ သမဏော ရဟန်းတည်း၊ ဣတိ ဤသို့၊ ဝဝတ္ထာနမေဝ ပိုင်းခြား ဆုံးဖြတ်နိုင်ခြင်းသည်သာလျှင်၊ ပမာဏံ ပမာဏတည်း။

အချို့က "အဝေးကြီး၌ရှိသော လူစုလူအုပ်ကို မြင်ရာ၌ ဤလူအုပ်၌ ရဟန်းများပါလေသလော" ဟူ၍လည်းကောင်း, "ဤလူအုပ်သည် ရဟန်းများဖြစ်လေသလော"ဟူ၍လည်းကောင်း သံသယဖြစ်တတ်၏၊ "သမဏော အယန္တိ ဝဝတ္ထာနမေဝ ပမာဏံ" ဟူသည်နှင့်အညီ ရဟန်းဟူ၍ သေချာစွာ မသိရသည်အတွက် သံသယ မရှိသင့်ဟူ၍ သန္နိဋ္ဌာန်ကျ မှတ်အပ်၏။ အကယ်၍ ရဟန်းဟု သေသေချာချာ သိအံ့၊ အဝိသယဖြစ်က ဝတ်ပျက်ခြင်းကြောင့် ဒုက္ကဋ်အာပတ်သာ မသင့်သည်၊ ညဥ့်ပျက်ခြင်းကား ဖြစ်၏၊ ဝိသယဖြစ်က ဝတ်ပျက်ခြင်းလည်းဖြစ်၏၊ ဒုက္ကဋ်အာပတ်လည်း သင့်၏။ (ပရိဝါသမာနတ္တာဒိ ဝိနိစ္ဆယကျမ်း၊ ပရိဝါသမာနတ်အဆုံးအဖြတ်၊ ၄၅ ၄၇။)

ဘာသာဋီကာဆရာတော်က "ဆတ္တသဒ္ဒံ ဝါ တံတွေးထွေးသံကိုသော်လည်းကောင်း၊ ("ဆတ္တသဒ္ဒံ ဝါ ထီးသံကိုသော်လည်းကောင်း"ဟုရှိ၏၊)ဟု အနက်ပေးတော်မူ၏၊

ဆတ္တသဒ္ဒံ။ ။ စာအုပ်တို့၌ ဒန္တဇပဉ္စမက္ခရာ"တ"ဖြင့် ဆတ္တသဒ္ဒံ ဟုရှိ၏၊ "ထီးသံ"ဟုလည်း ရှေးက အနက်ပေး၏၊ ထီးဆောင်းသွားလျှင် ထီးသံကြားဖို့ ခဲယဉ်းလှ၏၊ "ဥက္ကာသိတသဒ္ဒ ခိပိတသဒ္ဒ"တို့နှင့် တွဲ၍ဆိုအပ်သောကြောင့် ပုဂ္ဂိုလ်၏စိတ်ကြောင့်ဖြစ်သော စိတ္တဇသဒ္ဒမျိုးနှင့်သာ ဆိုင်၏၊ ထို့ကြောင့် တတိယက္ခရာ "ဒ"သံယုတ်ဖြင့် "ဆဒ္ဒသဒ္ဒံ ဝါ"ဟု ပြင်ကြသည်၊ ထို"ဆဒ္ဒ" ဓာတ်သည် "ထွေးအန်ခြင်း"အနက်ကို ဟော၏၊ ထိုထွေးအန်သံသည် ဥက္ကာသိတသဒ္ဒတို့ကဲ့သို့ ပုဂ္ဂိုလ်၏"စိတ္တဇသဒ္ဒ"ပင် ဖြစ်၏။ ရှေးဝါဒ။။ ဆတ္တသဒ္ဒံ ဟူသော ပါဌ်ကိုတွေ့ကြသော ရှေးဆရာတို့ကား ထီးသံ, ဖိနပ်သံတို့သည် ဥတုဇအသံများဖြစ်ကြ၏၊ ထိုဥတုဇဖြစ်သောအသံ၏ အရှင်များကိုလည်း "ဝတ်ကြားရမည်"ဟု ဆိုသောကြောင့် ရဟန်းတီးခေါက်အပ်သော "တုံးသံ, ခေါင်းလောင်းသံ"၏အရှင်များကိုလည်း "ဝတ်ကြားရမည်"ဟု ယူဆလျက် ထိုထိုကျောင်းတိုက်သို့ သွား၍ ရဟန်းမခေါက်ဖို့ရန် လျှောက်ထားကြသည်၊ဤကဲ့သို့ ဥတုဇသဒ္ဒမျိုးကိုသာ သံသယရှိရမည်ဆိုလျှင် ယခုအခါ တိက်ရီကော်တာဖြင့် အသံဖမ်း၍ အသံချဲ့စက်ဖြင့် ဟစ်ကြသော ဓမ္မကထိကတို့၏အသံကိုလည်း သံသယရှိရလိမ့်မည်။ (စူဠဝါဘာသာဋီကာ၊ ၃၂။)

နဒီအာဒီသု နာဝါယ ဂစ္ဆန္တမ္ပိ ပရတီရေ ဌိတမ္ပိ အာကာသေန ဂစ္ဆန္တမ္ပိ ပဗ္ဗတတလအရညာဒီသု ဒူရေ ဌိတမ္ပိ ဘိက္ခုံ ဒိသွာ သစေ "ဘိက္ခူ"တိ ဝဝတ္ထာနံ အတ္ထိ၊ နာဝါဒီဟိ ဝါ ဂန္တွာ မဟာသဒ္ဒံ ကတွာ ဝါ ဝေဂေန အနုဗန္ဓိတွာ ဝါ အာရောစေတဗ္ဗံ၊ အနာရောစေန္တဿ ရတ္တိစ္ဆေဒေါ စေဝ ဝတ္တဘေဒဒုက္ကဋဉ္စ သစေ ဝါယာမန္တောပိ သမ္ပာပုဏိတုံ ဝါ သာဝေတုံ ဝါ န သက္ကောတိ၊ ရတ္တိစ္ဆေဒေါဝ ဟောတိ၊ န ဝတ္တဘေဒဒုက္ကဋံ။

သံဃသေနာဘယတ္ထေရော ပန ဝိသယာဝိသယေ န ကထေတိ။ "ဝိသယေ ကိရ အနာရောစေန္တဿ ရတ္တိစ္ဆေဒေါ စေဝ ဝတ္တဘေဒဒုက္ကဋဉ္စ ဟောတိ၊ အဝိသယေ ပန ဥဘယမ္ပိ နတ္ထီ"တိ။

ကရဝီကတိဿတ္ထေရော "သမဏော အယန္တိ ဝဝတ္ထာနမေဝ ပမာဏံ၊ သစေပိ အဝိသယော ဟောတိ၊ ဝတ္တဘေဒဒုက္ကဋမေဝ နတ္ထိ၊ ရတ္တိစ္ဆေဒေါ ပန ဟောတိယေဝါ"တိ အာဟ။ (ဝိ၊ ဋ္ဌ၊ ၄၊ ၁၁။)

နဒီအာဒီသု မြစ်အစရှိသော အရပ်တို့၌၊ နာဝါယ လှေဖြင့်၊ ဂစ္ဆန္တမ္ပိ သွားသည်လည်းဖြစ်သော၊ ပရတီရေ တဖက်ကမ်း၌၊ ဌိတမ္ပိ တည်နေသည်လည်းဖြစ်သော၊ အာကာသေန ကောင်းကင်ဖြင့်၊ ဂစ္ဆန္တမ္ပိ သော၊ ပဗ္ဗတတလအရညာဒီသု တောင်အပြင်,တောအရပ်အစရှိသည်တို့၌၊ ဒူရေ အဝေး၌၊ ဌိတမ္ပိ သော၊ ဘိက္ခုံ ကို၊ ဒိသွာ ၍၊ (အယံ ဤသူကား၊) ဘိက္ခု ရဟန်းတည်း၊ ဣတိ

ဤသို့၊ ဝဝတ္တာနံ ပိုင်းခြားသတ်မှတ်, ဆုံးဖြတ်နိုင်ခြင်းသည်၊ သစေ အတ္ထိ-အကယ်၍ ရှိသည်ဖြစ်အံ့၊ (ဇဝံ သတိ ဤသို့ ဖြစ်သည်ရှိသော်၊) နာဝါဒီဟိ လေ့အစရှိသည်တို့ဖြင့်၊ ဂန္တွာ ဝါ-လိုက်သွား၍သော်လည်းကောင်း၊ မဟာသဒ္ဒံ ကျယ်စွာသောအသံကို၊ ကတွာဝါ ပြု၍သော်လည်းကောင်း၊ ဝေဂေန လျင်သောအဟုန်ဖြင့်၊ အနုဗန္ဓိတွာ ဝါ -အမှီလိုက်၍သော်လည်းကောင်း၊ အာရောစေတဗ္ဗံ ကြားအပ်၏၊ အနာရောစေန္တဿ မပြောသောရဟန်း၏၊ ရတ္တိစ္ဆေဒေါစေဝ ညဉ့်ပြတ်ခြင်းသည်လည်းကောင်း၊ ဝတ္တဘေဒဒုက္ကဋဉ္စ ဝတ္တဘေဒဒုက္ကဋ်ရှိ အာပတ်သည်လည်းကောင်း၊ (ဟောတိ ၏၊) ဝါယမန္တောပိ လုံ့လပြုပါသော်လည်း၊ သမ္ပာပုဏိတုံ ဝါ မှီခြင်းငှါသော်လည်းကောင်း၊ သာဝေတုံ ဝါ ကြားသိစေခြင်းငှါသော်လည်းကောင်း၊ သစေ န သက္ကောတိ အကယ်၍ မစွမ်းနိုင်သည်ဖြစ်အံ့၊ (ဇဝံ သတိ)၊ ရတ္တိစ္ဆေဒေါဝ ညဉ့်ပြတ်ခြင်းသည်သာ၊ ဟောတိ ၏၊ဝတ္တဘေဒဒုက္ကဋံ -ဝတ္တဘေဒဒုက္ကဋ်အာပတ်သည်၊ န(ဟောတိ) မဖြစ်။

ပန ဝါဒတပါးကား၊ သံဃသေနာဘယတ္ထေရော - သံဃသေနာဘယထေရ်သည်၊ ဝိသယာဝိသယေန စွမ်းနိုင်လောက်ရာ အရပ်,စွမ်းနိုင်လောက်ရာ မဟုတ်သော အရပ်ဖြင့်၊ ကထေတိ ဆို၏၊ (ကိံ ဘယ်လို ဆိုသနည်းဟုမူကား)၊ ဝိသယေ စွမ်းနိုင်လောက်ရာ အရပ်၌၊အနာရောစေန္တဿ မပြောကြားသောရဟန်း၏၊ ရတ္တိစ္ဆေဒေါစေဝ ဝတ္တဘေဒဒုက္ကဋဉ္စ ဟောတိ ၏၊ ပန အပြန်အားဖြင့်ကား၊ အဝိသယေ စွမ်းနိုင်လောက်ရာ မဟုတ်သောအရပ်၌၊ ဥဘယမ္ပိ ရတ္တိစ္ဆေဒ, ဝတ္တဘေဒဒုက္ကဋ် နှစ်ပါးစုံသည်လည်း၊ နတ္ထိ မရှိ၊ က္လတိ ဤသို့၊(ကထေတိ)ကိရ ဆိုသတတ်။

သံဃသေနာဘယထေရ်က "စွမ်းနိုင်လောက်ရာအရပ် (ကြားနိုင်ကောင်းရာ), စွမ်းနိုင်လောက်ရာ မဟုတ်သောအရပ်(ကြားနိုင်ကောင်းရာ မဟုတ်ရာ)အားဖြင့် ဆို၏၊ အကယ်၍ ကြားနိုင်ကောင်းသောအရာ၌ မကြားလျှင် ညဉ့်ပြတ်ခြင်း, ဝတ္တဘေဒဒုက္ကဋ် အာပတ်သင့်ခြင်း နှစ်မျိုးလုံးဖြစ်၏၊ ကြားနိုင်သောအရာ မဟုတ်ရာ၌မူ နှစ်ပါးလုံးပင် မဖြစ်"ဟု ဆိုသည်။

ကရဝီကတိဿတ္ထေရော-ကရဝီကတိဿထေရ်သည်၊ အယံ ဤသူသည်၊ သမဏော ရဟန်းတည်း၊ က္လတိ သို့၊ ဝဝတ္ထာနမေဝ ပိုင်းခြားသတ်မှတ်နိုင်ခြင်းသည်သာ၊ ပမာဏံ -လိုရင်း ပမာဏတည်း၊၌အဝိသယော စွမ်းနိုင်လောက်ရာ မဟုတ်သောအရပ်သည်၊ သစေပိဟောတိ အကယ်၍မူလည်း ဖြစ်စေဦးတော့၊ (ဇဝံ သတိပိ ဤသို့ ဖြစ်သော်လည်း)၊ ဝတ္တဘေဒဒုက္ကဋမေဝ သည်သာ၊ နတ္ထိ မရှိ၊ ရတ္တိ စ္ဆေဒေါ ပန သည်ကား၊ ဟောတိ ယေဝ ဖြစ်သည်သာ၊ က္လတိ အာဟ ဤသို့ ဆို၏။ (ဤဝါဒကို ပမာဏပြုလိုသောကြောင့် နောက်မှဆိုသည်။)

ကရဝိကတိဿထေရ်ကား "ဤသူကား ရဟန်းဟု ပိုင်းခြားသတ်မှတ်နိုင်ခြင်းသည်သာ လိုရင်းတည်း၊ အကယ်၍ မကြားနိုင်သောအရာဖြစ်အံ့၊ ဝတ္တဘေဒဒုက္ကဋ်အာပတ်သာ မဖြစ်၊ ညဉ့်ပြတ်ခြင်းကား ဖြစ်သည်သာတည်း"ဟု ဆိုသည်။

ဘိက္ခုုတိ ဝဝတ္ထာနံ။ ။ "ရဟန်း"ဟု ပိုင်းခြားသတ်မှတ် ဆုံးဖြတ်နိုင်မှသာ လိုက်သွားခြင်းအစရှိသည်ဖြင့် ဝတ်ကြားဖို့လိုသည်၊"ရဟန်းလေလော, အဝတ်ဝါဝါဝတ်ထားသော လူလေလော"စသည်ဖြင့် ယုံမှားသံသယဖြစ်နေလျှင် လိုက်သွားခြင်းစသည်ဖြင့် "ဝတ်ကြားဖွယ်"မလိုဟု ဆိုကြသည်။ (ရူဌဝါဘာသာဋီကာ၊ ၃၃။)

ဝိနယသမုဟဝိနိစ္ဆယကျမ်း(ပဥ္စမတွဲ)ဝတ္တဝိဝါဒဆေဒနီကျမ်း (စာမျက်နှာ၂၆၉ ၂၇၄) အဆိုအမိန့်မှာ...

ကျောင်းတိုက်တွင်း၌ ဝတ်ဆောက်တည်၍ အရဏ်ခံလိုသော ပရိဝါသ်သား မာနတ်သားတို့သည် တိုက်တွင်းရှိ ရဟန်းအလုံးစုံကို အကုန်ကြားအပ်သည်၊ အကုန်မကြားပဲနေလျှင် ရတ္တိစ္ဆေဒဝတ္တဘေဒဒုက္ကဋ်တို့မှမလွတ် ဝတ်နေရာ မရောက် ဟု ပြောဆိုကြသော အယူဝါဒ။

ဝတ္တံ နိက္ခိပိတွာ ပရိဝသန္တဿ ဥပစာရဂတာနံ သဗ္ဗေသံ အာရောစနကိစ္စံ နတ္ထိ၊ ဒိဋ္ဌရူပါနံ သုတသဒ္ဒါနံ အာရောစေတဗ္ဗံ။ အဒိဋ္ဌအသုတာနံပိ အန္တောဒွါဒသဟတ္ထဂတာနံ အာရောစေတဗ္ဗံ၊ က္လဒံ ဝတ္တံ နိက္ခိပိတွာ ပရိဝသန္တဿ လက္ခဏံ။ (သာရတ္ထ၊ ၂၊ ၃၇၁။)

ဟူ၍ သာရတ္ထဒီပနီဋီကာ၌ လာရကား အနိက္ခိတ္တဝတ်သားသာလျှင် တတိုက်လုံး သံဃာကို ကြားအပ်သည်၊ နိက္ခိတ္တဝတ်သားမှာကား မြင်အပ်သောအဆင်း, ကြားအပ်သောအသံရှိသော ရဟန်းတို့အားသာ ကြားအပ်သည်၊ တတိုက်လုံးသံဃာကို ကြားဖွယ် မရှိ၊ ကျောင်းတိုက်တွင်း၌ပင် ဝတ်ဆောက်တည်၍ တဆယ့်နှစ်တောင်ဟတ္ထပါသ်တွင်းရှိ ရဟန်းတို့အားသာ ကြားသဖြင့် ဝတ်နေအပ်၏ဟု ပြောဆိုရေးသားကြသော အယူဝါဒ။ ဤအယူဝါဒနှစ်ပါး ကွဲပြားကြသည်မှလည်း...

(၁) သစေ န ကဉ္စိ ပဿတိ၊ ဝိဟာရံ ဂန္တွာ အတ္တနာ သဒ္ဓိံ ဂတဘိက္ခုဿ ဧကဿ သန္တိကေ နိက္ခိပိတဗ္ဗန္တိ မဟာသုမတ္ထေရော အာဟ။ မဟာပဒုမတ္ထေရော ပန"ယံ ပဉ္စမံ ပဿတိ၊ တဿ အာရောစေတွာ နိက္ခိပိတဗ္ဗံ။ အယံ နိက္ခိတ္တဝတ္တဿ ပရိဟာရော "တိ အာဟ။ (ဝိ၊ ဌ၊ ၄၊ ၁၇။)

(၂) အနိက္ခိတ္တဝတ္တေန အန္တောဥပစာရဂတာနံ သဗ္ဗေသမ္ပိ အာရောစေတဗ္ဗတ္တာ "အယံ နိက္ခိတ္တဝတ္တဿ ပရိဟာရော"တိ ဝုတ္တံ။ တတ္ထ နိက္ခိတ္တဝတ္တဿာတိ ဝတ္တံ နိက္ခိပိတွာ ပရိဝသန္တဿာတိ အတ္ထော။ အယံ ပနေတ္ထ ထေရဿ အဓိပ္ပါယော ဝတ္တံ နိက္ခိပိ-

တွာ ပရိဝသန္တဿ ဥပစာရဂတာနံ သဗ္ဗေသံ အာရောစနကိစ္စံ နတ္ထိ။ပ။ ဣဒံ ဝတ္တံ နိက္ခိပိတွာ ပရိဝသန္တဿ လက္ခဏန္တိ။ (သာရတ္ထ၊၂၊ ၃၇၁။)

ဤသံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာပါဠ် နှစ်ရပ်တို့တွင် သံဝဏ္ဏေတဗ္ဗဖြစ်သော အဋ္ဌကထာပါဠ်သည် ကျောင်းတိုက်တွင်း ရဟန်းတို့ကို မသုတ်သင်နိုင်လျှင် ဝတ်ကိုချ၍ ကျောင်းတိုက်ပြင်ပသို့ ထွက်သဖြင့် နိက္ခိတ္တဝတ်နေအပ်သည်၏ အဖြစ်ကို ပြဆိုအပ်သောအရာတွင် ပကတတ်ရဟန်း ပြန်မှန်းမသိ ပြန်လေဘိသောကြောင့် အရုဏ်တက်သောအခါ ဝတ်ချစရာမရှိ၍ ဝတ်ချအံ့သောငှါ ကျောင်းတိုက်သို့ အလာမှာ ထေရဝါဒကို ပြဆိုအပ်သော ပါဠ်ဖြစ်သည်။ သံဝဏ္ဏနာဖြစ်သော ဋီကာပါဠ်သည်လည်း ထိုထေရဝါဒနှစ်ရပ်တို့တွင် မဟာပဒုမထေရ်၏ဝါဒကိုဖွင့်ဆိုအပ်သော ပါဠ်ဖြစ်သည်၊ ဤဋီကာပါဠ်ဖြင့် နိက္ခိတ္တဝတ်သားဖြစ်သည်တကားဟု တစ်တိုက်လုံးသံဃာကို မကြားပဲ ဝတ်ဆောက်တည်၍ ကျောင်းတိုက်တွင်းမှာ အရုဏ်တက်စေအပ်၏ဟု မမှတ်အပ်၊ အဘယ့်ကြောင့်နည်းဟုမူကား လာရင်း သံဝဏ္ဏေတဗ္ဗထေရဝါဒသည် ဝတ်ဆောက်တည်၍ နေအပ်သည်၏အဖြစ်ကို ဆိုဆုံးဖြတ်သည့်အရာတွင် လာသော ထေရဝါဒ မဟုတ်၊ ဝတ်ချအပ်သည်၏အဖြစ်ကို ဆုံးဖြတ်သည့်အရာတွင် လာသော ထေရဝါဒဖြစ်၍ သံဝဏ္ဏနာဖြစ်သော ထိုဋီကာအဆုံးအဖြတ်ကိုလည်း ဝတ်ချရာတွင်သာ ယူမှတ်အပ်သောကြောင့်တည်း၊ ထိုသို့ မမှတ်အပ်မူကား ရဟန်းများသောကျောင်း၌ တစ်တိုက်လုံးကို မကြားနိုင်သော ပရိဝါသ်သား,မာနတ်သားတို့သည် ဝတ်ကိုချပြီးလျှင် ကျောင်းတိုက်တွင်း၌ပင် မျက်စိအာရုံ, နားအာရုံများကို ရှောင်ရှား လတ်၍ ၁၂-တောင် ဟတ္ထပါသ်တွင်းရှိ ရဟန်းများကိုသာ ကြား၍နေအပ်သည်၏အဖြစ်ကို မဆိုမူ၍ 'အထ န သက္ကာ သောဓေတုံ၊ ဝုတ္တနယေနေဝ ဝတ္တံ နိက္ခိပိတွာ (ဝိ၊၄၊၄၊ ၁၇)'အစရှိသဖြင့်တတိုက်လုံးကို မကြားနိုင်လျှင် ဝတ်ကိုချ၍ ကျောင်းတိုက်ပြင်ပ ခဲနှစ်ကျ ကျော် အဖေါ်ပကတတ်ရဟန်းနှင့် ထွက်၍ နေအပ်သည်၏အဖြစ်ကိုသာ ဆိုဆုံးဖြတ်သော ၄င်းထေရဝါဒ၏မိုရာ လာရင်း အဋ္ဌကထာ စကားရပ်နှင့်ပင် ဆန့်ကျင်လေ၍ သံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာနှစ်ရပ် ဆန့်သော ဒေါသဋီကာဆရာအား ဖြစ်လေရာ၏ဟူသော အဖြစ်ကို ဆိုဘွယ်ရှိသည်။ ဝဇိရဗုဒ္ဓိဋီကာ၌လည်း ဤအရာနှင့် အလားတူ ဝတ်ယူပြီးလျှင် ဝတ်ကိုမချမိ သတိမေ့လျော့သဖြင့် သိမ်မှ ထွက်သွားသော အရာမှာ -

(၃) ယဿ မာဠကေ နာရောစိတံ၊ တဿ အာရောစေတွာ နိက္ခိပိတဗ္ဗံ။ ယဿ အာရောစိတံ၊ တဿ ပုန အာရောစနကိစ္စံ နတ္ထိ၊ ကေဝလံ နိက္ခိပိတဗ္ဗမေဝ။ ဝတ္တံ နိက္ခိပိတွာ ဝသန္တဿ ဥပစာရသီမာဂတာနံ သဗ္ဗေသံ အာရောစနကိစ္စံ နတ္ထိ။ ဒိဋ္ဌရူပါနံ သုတသဒ္ဒါနံ အာရောစေတဗ္ဗံ၊ အဒိဋ္ဌအဿုတာနမ္ပိ အန္တောဒွါဒသဟတ္ထဂတာနံ အာရောစေတဗ္ဗံ။ "ဣဒံ ဝတ္တံ နိက္ခိပိတွာ ဝသန္တဿ လက္ခဏ"န္တိ ဝုတ္တံ။ (ဝဇိရဗုဒ္ဓိ၊ ၅၁၂။)

ဟူ၍ ကျောင်းတိုက်တွင်း၌ ဝတ်ချအပ်သော အရာတွင်သာ ထို"ဝတ္တံ နိက္ခိပိတွာ ပရိဝသန္တဿ"စသော သာရတ္ထဒီပနီဋီကာ၏ဝိနိစ္ဆယမျိုးလာသည်၊ ထို့ကြောင့် ဝတ်ချသည့်အရာတွင်သာ ၄င်းဝိနိစ္ဆယစကားရပ်တို့ကို မှတ်အပ်ကုန်၏၊ သီးဖျားဆွတ် တစ်ပိုင်းဖြတ် ထိုသာရတ္ထဒီပနီဋီကာတခုတွေ့, တစ်ခုတွင်မှလည်း မဟာပဒုမထေရ်၏အာဘော်အဓိပ္ပါယ်ဖြစ်ကာမျှကိုသာ အသက်သာ ခံလိုသောအဓလေ့ဖြင့်တွေ့တော်လေခြင်းဟု ယူကာ မှတ်ကာ ပြောဟောကာနှင့် လာရင်းအဋ္ဌကထာ ဘယ်အရာတွင် လာလေသနည်းဟူ၍၄င်း, ဤဋီကာအလိုအဆိုစကား ကျမ်းတပါးမှာ ရှိလေသေးသလောဟူ၍၄င်း, ဤအရာတွင် ငါ၏အထင်အလို ပုဂ္ဂိုလ်တစ်ပါး ဆရာများတို့ဉာဏ်အား ထင်မြင်ကြပါလေ၏လောဟူ၍၄င်း, လာရင်းအဋ္ဌကထာ ဋီကာတစ်ပါး အဆိုများကို ရှေ့နောက်စဉ်းစား၍ မကြည့်မရှု ဗဟုသုတ ဝိနယဓရ ပုဂ္ဂိုလ်များနှင့်လည်း နီးနှောဆွေးနွေးခြင်းကို မပြု၊ တစ်ခုတွေ့ တစ်ခုမှတ်နှင့်သာ နေချေက အယူတစ်ပါး စာတစ်ခြားဖြစ်၍ ချော်ချွတ်တိမ်းပါးနေကျအယူရေမော်ဖြစ်သည်၊ မတိမ်းမပါးစေခြင်းငှါ ပါဠိအဋ္ဌကထာ ဋီကာတက်လက်ဖြင့် အထက်အောက်နှော၍ သဘောအယူဖြောင့်မတ်အောင် လုံ့လပြုအပ်သည်။

ထိုအဋ္ဌကထာ ဋီကာစကားရပ်တို့၏ပိဏ္ဍတ္ထအဓိပ္ပါယ် မှတ်ဖွယ်အကျဉ်းကား...ကျောင်းတိုက် အ တွင်း ၌ အရုဏ် မတက်စေမူ၍ ဝတ်ချရုံမျှ အနာရောစနဒုက္ကဋ်ကင်းရုံဖြစ်လျှင် တစ်တိုက်လုံး ရဟန်းအား ကြားဘွယ်ကိစ္စမရှိပြီ၊ မြင်အပ်ကြားအပ်သော အဆင်းအသံရှိသော ရဟန်း, မမြင်မကြားသော်လည်း တစ်ဆယ့်နှစ်တောင် ဟတ္ထပါသ်အတွင်းရှိ ရဟန်း ဤရဟန်းတို့အားသာလျှင် ကြား၍ ချအပ်၏၊ အရုဏ်တက်သည်တိုင်အောင် ဝတ်ကိုမချပဲ နေလိုမူကား တစ်တိုက်လုံးကို ကြားအပ်သည်၊ မကြားလျှင် အနာရောစနဒုက္ကဋ် ရတ္တိစ္ဆေဒဒုက္ကဋ်တို့မှမလွတ် ဝတ်နေကျိုးမရှိ၊ အပြစ်သာ ရောက်လေဘိသည်ဟု မှတ်အပ်၏၊ ထို့ကြောင့် မဟုတ်လော

(၄) တေန ခေါ ပန သမယေန သာဝတ္ထိယံ မဟာဘိက္ခုသံဃော သန္နိပတိတော ဟောတိ၊ န သက္ကောန္တိ ပါရိဝါသိကာ ဘိက္ခူ ပရိဝါသံ သောဓေတုံ၊ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ၊ အနုဇာနာမိ ဘိက္ခဝေ ပရိဝါသံ နိက္ခိပိတုံ။ (ဝိ၊၄၊ ၈၇။)

(၅) တေန ခေါပန သမယေန သာဝတ္ထိယံ မဟာဘိက္ခုသံဃော သန္နိပတိတော ဟောတိ၊ န သက္ကောန္တိ မာနတ္တစာရိကာ ဘိက္ခူ မာနတ္တံ သောဓေတုံ၊ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ မာနတ္တံ နိက္ခိပိတုံ။ (ဝိ၊ ၄၊ ၉၉။)

ဟု ကျောင်းတိုက်အရံတွင်းရှိ ရဟန်းအလုံးစုံကို အကုန် မကြားနိုင်ခြင်းဟူသော အကြောင်းကြောင့် ပရိဝါသ်မာနတ်ကို ချ စိမ့်သောငှါ ခွင့်ပြုတော်မူအပ်၏၊ ၎င်းပါဠိတော်၌ န သက္ကောန္တိ-ဟူသောပါဌ်ကို

(၆) န သက္ကောန္တီတိ သံဃဿ မဟန္တတာယ တတ္ထ တတ္ထ ဂန္တွာ သဗ္ဗေသံ အာရောစေတုံ အသက္ကောန္တာ သောစေတုံ န သက္ကောန္တိ။ (ဋိ၊ ၄၊ ၄၊ ၁၄။)

ဟူ၍ အဋ္ဌကထာဖွင့်ဆိုအပ်သည်ကိုမြော်၍ ပါဠိတော်၏အဓိပ္ပါယ်ကို ဖြောင့်ဖြောင့် ယူလေ။

ပရိဝါသ်မာနတ်ချပြီးလျှင် ကျောင်းတိုက်ပြင်သို့ ထွက်၍ နေအပ်သည်၏အဖြစ်ကိုကား- စူဠဝဂ္ဂါဒိအဋ္ဌကထာ (၁၇, ၂၃)၌

(၇) အထ န သက္ကာ သောဓေတုံ၊ ဝတ္တနယေနေဝ ဝတ္တံ နိက္ခိပိတွာ ပစ္စူသသမယေ စတူဟိ ပဉ္စဟိ ဝါ ဘိက္ခူဟိ သဒ္ဓိံ ပရိ က္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပတော, အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနတော ဒွေ လေဍ္ဍုပါတေ အတိက္ကမိတွာ မဟာမဂ္ဂတော ဩက္ကမ္မဂုမ္ဗေန ဝါ ဝတိယာ ဝါ ပဋိစ္ဆန္နဋ္ဌာနေ နိသီဒိတဗ္ဗံ။ အန္တောအရုဏေယေဝ ဝတ္တနယေန ဝတ္တံ သမာဒိယိတွာ အာရောစေတဗ္ဗံ။

(၈) အထ န သက္ကာ သောဓေတုံ၊ ဝတ္တနယေနေဝ ဝတ္တံ နိက္ခိပိတွာ ပစ္စူသသမယေ ဧကေန ဘိက္ခုနာ သဒ္ဓိံ မာနတ္တ ဝဏ္ဏနာယံ ဝုတ္တနယေနေဝ ဥပစာရသီမံ အတိက္ကမိတွာ မဟာမဂ္ဂါ ဩက္ကမ္မ ပဋိစ္ဆန္နေ ဌာနေ နိသီဒိတွာ အန္တောအရုဏေယေဝ ဝုတ္တ နယေနေဝ ဝတ္တံ သမာဒိယိတွာ တဿ ဘိက္ခုနော ပရိဝါသော အာရောစေတဗ္ဗော။ (ဋိ၊ ၄၊ ၄၊ ၂၃။)

ဟူ၍ အဋ္ဌကထာဆရာမြတ် မိန့်အပ်၏၊ အရံကျောင်းတိုက်တွင်းရှိ ရဟန်းအားလုံးတို့ကို အကုန်မကြားမူ၍ ကျောင်းတိုက် အရံတွင်း ဝတ်နေလျှင် သပိတ်ကွဲ ကိုယ်ကြေ ဝတ်နေကျိုးမနပ်၊ သံဃာဒိသိသ်အာပတ်စင်ကြယ်စေလို၍ ဝတ်နေသည်အတွက် စင်ကြယ် မည်ဝေးစွ အနာရောစနဒုက္ကဋ်အာပတ်ပင် ထပ်မံ၍ တတေတေ သင့်လေရာသည်၏အဖြစ်ကိုလည်း

(၉) အာဂန္တုကဿာတိ အတ္တနော ဝသနဝိဟာရံ အာဂတဿာပိ ဧကဿ ဝါ ဗဟူနံ ဝါ ဝုတ္တနယေနေဝ အာရောစေတဗ္ဗံ။ ရတ္တိစ္ဆေဒဝတ္တဘေဒါပိ စေတ္ထ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာ။ (ဋိ၊ ၄၊ ၄၊ ၁၁။)

အစရှိသည်ဖြင့် အဋ္ဌကထာ၌မိန့်အပ်၏၊ ထိုသို့ မိန့်သည်အရာကိုလည်း အနိက္ခိတ္တဝတ်သားကို ရည်၍ မိန့်အပ်သည်ဟူ၍ မမှတ်အပ်၊ အဘယ့်ကြောင့် နည်းဟူမူကား

(၁၀) ပါရိဝါသိကေန ဘိက္ခဝေ ဘိက္ခုနာ အာဂန္တုကေန အာရောစေတဗ္ဗံ၊ အာဂန္တုကဿ အာရောစေတဗ္ဗံ၊ (ဝိ၊၄၊၈၃။) မာနတ္တစာရိကေန ဘိက္ခဝေ ဘိက္ခုနာ အာဂန္တုကေန အာရောစေတဗ္ဗံ၊ အာဂန္တုကဿ အာရောစေတဗ္ဗံ။ (ဝိ၊ ၄၊ ၉၆။)

ဟူ၍ သာမညသာ သံဝဏ္ဏေတဗ္ဗပါဠိတော် လာသည်၊ နိက္ခိတ္တသော, အနိက္ခိတ္တသော ဟူ၍ အထူးမလာသောကြောင့်တည်း။

ဝတ်ကို ချ၍ နေသည်အခိုက် ဝတ်မရှိ၍ ပါရိဝါသိက မာနတ္တစာရိကမဟုတ်၊ ပကတတ်ဟု ဆိုအပ်သောကြောင့် ပရိဝါသ်သား,မာနတ်သားတို့ပြုအပ်သော ကျင့်ဝတ်မှ လွတ်ရာ၏၊ ဝတ်ဆောက်တည်မှစ၍ ဝတ်မချမီအတွင်း ဝတ်နှင့်တကွ ဖြစ်၍ ပါရိဝါသိကမာနတ္တစာရိကဒဏ်သားဟု ဆိုအပ်သောကြောင့် ၎င်းတို့ပြုအပ်သော ကျင့်ဝတ် ချွတ်ယွင်းပျက်စီးလျှင် ပညတ္တိဒေါသမှ မလွတ်ရာသည်၏သဘောကို ထောက်ရှုအပ်သည်၊ နိက္ခိတ္တ အနိက္ခိတ္တဟူသည်ကိုလည်း ဝတ်ကိုချခိုက် နိက္ခိတ္တ ဝတ်ဆောက်တည်ပြန်သည့်ကာလ ဝတ်နှင့်တကွဖြစ်၍ ဝတ်မချမီအတွင်း အနိက္ခိတ္တပင်ဟု မှတ်ယူအပ်သည်၊ အချင်းခပ် သိမ်း ဝတ်မချသည်ကိုသာအနိက္ခိတ္တဟူ၍ မမှတ်အပ်၊ ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့် အလွန် ကွာဝေးသောကြောင့် ဘေးရန်ရှိသော ခရီးခဲကိုကဲ့သို့ ရှောင်လွှဲစွန့်ပစ်အပ်သော ဝါဒဟူ၍ နောက်ဝါဒကို မှတ်အပ် ၏၊ ရှေ့ဝါဒကိုကား ပါဠိ, အဋ္ဌကထာ, ဋီကာလမ်းရိုးကျသောကြောင့် ဝါဒကောင်း, ဝါဒမှန်, ဝါဒမြတ်, ရွှေပု, ရွှေဖာ, ရွှေ သေတ္တာတို့၌ လုံခြုံစွာ သိုမှီးသိမ်းဆည်းအပ်သော ရတနာမှန်ရတနာကောင်းကဲ့သို့ အောက်မေ့ နှစ်သက် စုံမက် မြတ်နိုးအပ် သော ဝါဒဟူ၍ မှတ်ယူအပ်သည်။

(၁) သစေ-၍၊ ကိဉ္စိ(ကဉ္စိ)-တစ်စုံတစ်ယောက်သော ရဟန်းကို၊ န ပဿတိ မမြင်အံ့၊ ဝိဟာရံ ကျောင်းတိုက်သို့၊ ဂန္တွာ သွား၍၊ အတ္တနာ မိမိနှင့်၊ သဒ္ဓိံ-တကွ၊ ဂတဘိက္ခုဿ-အရဏ်မတက်မီက သွားဘော် ပကတတ်ရဟန်းတို့တွင်၊ ဧကဿ တစ်ယောက် သောရဟန်း၏၊ သန္တိကေ-အထံ၌၊ နိက္ခိပိတဗ္ဗံ-ဝတ်ချအပ်၏၊ ဣတိ-သို့၊ မဟာသုမနတ္ထေရော-သည်၊ အာဟ-ဆို၏၊ မဟာပဒုမ ထ္ထေရော ပန မဟာပဒုမထေရ်သည်ကား၊ ယံ-အကြင်ရဟန်းကို၊ ပဌမံ-ရှေးဦးစွာ၊ ပဿတိ မြင်အံ့၊ တဿ ထိုရဟန်းအား၊ အာ ရောစေတွာ ကြား၍၊ နိက္ခိပိတဗ္ဗံ ချအပ်၏၊ အယံ ဤသို့ချခြင်းသည်၊ နိက္ခိတ္တဝတ္တဿ ဝတ်ကိုချသော ရဟန်း၏၊ ပရိဟာရော အ စောင့်အရှောက်တည်း၊ ဣတိ သို့၊ အာဟ ဆို၏။ (ဋိ၊ ၄၊ ၄၊ ၁၇။)

(၂) အနိက္ခိတ္တဝတ္တေန-ဝတ်ကို မချသောရဟန်းသည်၊ အန္တောဥပစာရဂတာနံ ဥပစာရကျောင်းတိုက်အတွင်းသို့ ရောက်လာကုန် သော၊ သဗ္ဗေသမ္ပိ အလုံးစုံသောရဟန်းတို့အားလည်း၊ အာရောစေတဗ္ဗတ္တာ ကြားအပ်သည်၏အဖြစ်ကြောင့်၊ "အယံ နိက္ခိတ္တဝတ္တဿ ပရိဟာရော"တိ "အယံ နိက္ခိတ္တဝတ္တဿ ပရိဟာရော"ဟူ၍၊ (မဟာပဒုမတ္ထေရေန သည်၊) ဝုတ္တံ ၏၊တတ္ထ (ဝစနေ) ထိုစကားရပ်

၌၊ နိက္ခိတ္တဝတ္တသာတိ -နိက္ခိတ္တဝတ္တသဟူသည်ကား၊ ဝတ္တံ -ကို၊ နိက္ခိပိတွာ -ချ၍၊ ပရိဝသန္တဿ -နေသောရဟန်း၏၊ ဣတိ (အယံ) ဤသည်ကား၊ အတ္ထော -တည်း၊ အယံ ပန -ဤဆိုလတ္တံ့သည်ကား၊ ဧတ္ထ -ဤဝတ်ချရာ၌၊ထေရဿ မဟာပဒုမထေရ်၏၊ အဓိပ္ပါယော အလိုတည်း၊ ဝတ္တံ ကို၊ နိက္ခိပိတွာ ချ၍၊ ပရိဝသန္တဿ -နေသောရဟန်းအား၊ဥပစာရဂတာနံ -ဥပစာရကျောင်းတိုက်၌ တည်ကုန်ရောက်ကုန်သော၊ သဗ္ဗေသံ ခပ်သိမ်းကုန်သော ရဟန်းတို့အား၊ အာရောစနကိစ္စံ -ကြားဘွယ်ကိစ္စသည်၊ နတ္ထိ မရှိ၊ ဒိဋ္ဌရူပါနံ မြင်အပ်သော အဆင်းရှိကုန်သော ရဟန်းတို့အားငှင်း၊ သုတသဒ္ဒါနံ -ကြားအပ်သော အသံရှိကုန်သော ရဟန်းတို့အားငှင်း၊ အာရောစေတဗ္ဗံ ကြားအပ်၏၊ အဒိဋ္ဌအသုတာနံ -မမြင် မကြားကုန်သော၊ အန္တောဒွါဒသဟတ္ထဂတာနံပိ -တစ်ဆယ့်နှစ်တောင် ဟတ္ထပါသ်အတွင်း၌ တည်ကုန်ရောက်ကုန်သော ရဟန်းတို့အားလည်း၊အာရောစေတဗ္ဗံ -ကြားအပ်၏၊ ဣဒံ -ဤသို့ ကြားရခြင်းသည်၊ ဝတ္တံ ကို၊ နိက္ခိပိတွာ ၍၊ ပရိဝသန္တဿ နေသောရဟန်း၏၊ လက္ခဏံ -လက္ခဏာတည်း၊ ဣတိ (အယံ) -ဤသည်လျှင်၊ (ထေရဿ မဟာပဒုမထေရ်၏၊ အဓိပ္ပါယော -တည်း။)(သာရတ္ထ၊၃၊၃၇၁။)

(၃) ယဿ အကြင်ရဟန်းအား၊ မာဠကေ -ခဏ္ဍသိမ်၌၊ နာရောစိတံ -မကြားရ၊ တဿ -ထိုရဟန်းအား၊ အာရောစေတွာ ကြား၍၊ နိက္ခိပိတဗ္ဗံ -ချအပ်၏၊ ယဿ -အား၊ အာရောစိတံ -ကြားအပ်ပြီ၊ တဿ -အား၊ ပုန တဖန်၊ အာရောစနကိစ္စံ ကြားဖွယ်ကိစ္စသည်၊ နတ္ထိ မရှိ၊ ကေဝလံ -သက်သက်၊ နိက္ခိပိတဗ္ဗမေဝ -ချရုံမျှ ချအပ်သည်သာလျှင်တည်း။ (ဝတ္တံ နိက္ခိပိတွာ -စသော ပါဠ်တို့၏အနက်ကား ရှေးဋီကာပါဠ်၏အနက်နှင့် မထူးခြားလှပြီ။ ။ ဝဇိရဗုဒ္ဓိ၊ ၅၁၂။)

(၄) တေန ခေါ ပန သမယေန ၌၊ သာဝတ္ထိယံ ၌၊ မဟာဘိက္ခုသံဃော -များစွာသော ရဟန်းသံဃာသည်၊ သန္နိပတိတော စည်းဝေးသည်၊ ဟောတိ ၏၊ ပါရိဝါသိကာ -ပရိဝါသ်နေကုန်သော၊ ဘိက္ခူ -ရဟန်းတို့သည်၊ ပရိဝါသံ ပရိဝါသ်ကို၊သောဓေတုံ ကျောင်းတိုက်တွင်းရှိ ရဟန်းအလုံးစုံကို အကုန်ကြားသောအားဖြင့် သုတ်သင်ခြင်းငှါ၊ န သက္ကောန္တိ မတတ်နိုင်ကုန်၊ဘဂဝတော -မြတ်စွာဘုရားအား၊ ဧတမတ္ထံ ထိုအကြောင်းကို၊ အာရောစေသုံ -ကြားလျှောက်ကုန်၏၊ ဘိက္ခဝေ တို့၊ ပရိဝါသံ ကို၊နိက္ခိပိတုံ ချစိမ့်သောငှါ၊ အနုဇာနာမိ ၏။ (ဝိ၊ ၄၊ ၈၇။)

(၅) တေန ခေါ ပန သမယေန။ လ။ မာနတ္တစာရိကာ မာနတ်ကျင့်ကုန်သော၊ ဘိက္ခူ တို့သည်။ လ။ အနုဇာနာမိ ၏။
(ဝိ၊ ၄၊ ၉၉။)

(၆) န သက္ကောန္တိ တိ ဟူသည်ကား သံဃဿ -၏၊ မဟန္တတာယ -များသည်၏အဖြစ်ကြောင့်၊ တတ္ထ တတ္ထ ထိုထို သံဃာ ရှိရာသို့၊ ဂန္တွာ သွား၍၊ သဗ္ဗေသံ ခပ်သိမ်းကုန်သော ရဟန်းတို့အား၊ အာရောစေတုံ ငှါ၊ အသက္ကောန္တာ မတတ်နိုင်ကုန်သည်ဖြစ်၍၊ သောဓေတုံ ငှါ၊ န သက္ကောန္တိ မတတ်နိုင်ကုန်။ (ဝိ၊ ဋ္ဌ၊ ၄၊ ၁၄။)

(၇) အထ ထိုသို့မဟုတ်၊ သောဓေတုံ သုတ်သင်ခြင်းငှါ၊ န သက္ကာ -မတတ်နိုင်ကုန်သည်ဖြစ်အံ့၊ ဝုတ္တနယေနေဝ မာနတ္တံ နိက္ခိပါမိ, ဝတ္တံ နိက္ခိပါမိ နှစ်ပုဒ်တို့တွင် တပုဒ်ပုဒ်ဖြင့်သော်ငှင်း, နှစ်ပုဒ်လုံးတို့ဖြင့်သော်ငှင်း ချအပ်သည်၏အဖြစ်ကို ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်၊ ဝတ္တံ ကို၊ နိက္ခိပိတွာ -၍၊ ပစ္စူသသမယေ -မိုးသောက်ထအခါ၌၊ စတူဟိ ဝါ ဘိက္ခူဟိ လေးယောက်သော ရဟန်းတို့နှင့်ငှင်း၊ ပဉ္စဟိ ဝါ ဘိက္ခူဟိ -ငါးယောက်သော ရဟန်းတို့နှင့်ငှင်း၊ သဒ္ဓိံ တကွ၊ ပရိက္ခိတ္တဿ အရံရှိသော၊ဝိဟာရဿ ကျောင်း၏၊ ပရိက္ခေပတော အရံမှ၊ အပရိက္ခိတ္တဿ အရံမရှိသော၊ ဝိဟာရဿ -၏၊ ပရိက္ခေပါရဟဋ္ဌာနတော အစွန်ကျောင်းမှ ခဲတစ်ကျဟုဆိုအပ်သော အရံထိုက်ရာအရပ်မှ၊ ဒွေ လေဍ္ဍုပါတေ -ခဲနှစ်ကျတို့ကို၊ အတိက္ကမိတွာ -လွန်၍၊ မဟာမဂ္ဂတော လမ်းကြီးမှ၊ ဩက္ကမ္မ ဖဲ၍၊ ဂုမ္ဗေန ဝါ ချုံဖြင့်ငှင်း၊ ဝတိယာ ဝါ စည်းစောင်ရန်းဖြင့်ငှင်း၊ ပဋိစ္ဆန္နဋ္ဌာနေ ဖုံးကွယ်ရာအရပ်၌၊ နိသီဒိတဗ္ဗံ နေအပ်၏၊ အန္တောအရုဏေယေဝ အရုဏ်အတွင်း၌သာလျှင်၊ ဝုတ္တနယေနေဝ မာနတ္တံ သမာဒိယာမိ, ဝတ္တံ သမာဒိယာမိ နှစ်ပုဒ်တို့တွင် တစ်ပုဒ်ပုဒ်ဖြင့်သော်ငှင်း, နှစ်ပုဒ်လုံးတို့ဖြင့်သော်ငှင်း ဆောက်တည်အပ်သည်၏အဖြစ်ကို ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်သာလျှင်၊ ဝတ္တံ ဝတ်ကို၊ သမာဒိယိတွာ ကောင်းစွာယူ၍၊ ဝါ ဆောက်တည်၍၊ အာရောစေတဗ္ဗံ ကြားအပ်၏။ (ဝိ၊ဋ္ဌ၊၄၊ ၁၇။)

(၈) အထ -ထိုသို့မဟုတ်၊ သောဓေတုံ ငှါ၊ န သက္ကာ အံ့၊ ဝုတ္တနယေနေဝ ပရိဝါသံ နိက္ခိပါမိ, ဝတ္တံ နိက္ခိပါမိ နှစ်ပုဒ်တို့တွင် တပုဒ်ပုဒ်ဖြင့်သော်ငှင်း, နှစ်ပုဒ်လုံးတို့ဖြင့်သော်ငှင်း ချအပ်သည်၏အဖြစ်ကို ပြဆိုအပ်ခဲ့ပြီးသောနည်းဖြင့်သာလျှင်၊ ဝတ္တံ ဝတ်ကို၊ နိက္ခိပိတွာ ၍၊ ပစ္စူသသမယေ ၌၊ ဧကေန သော၊ ဘိက္ခုနာ နှင့်၊ သဒ္ဓိံ တကွ၊ မာနတ္တဝဏ္ဏနာယံ မာနတ်အဖွင့်၌၊ ဝုတ္တနယေနေဝ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်၊ ဥပစာရသီမံ အရံကျောင်းတိုက်အပိုင်းအခြားကို၊ အတိက္ကမိတွာ လွန်၍၊မဟာမဂ္ဂါ လမ်းကြီးမှ၊ ဩက္ကမ္မ ၍၊ ပဋိစ္ဆန္နေ သော၊ ဌာနေ ၌၊ နိသီဒိတွာ -၍၊ အန္တောအရုဏေယေဝ ၌သာလျှင်၊ ဝုတ္တနယေနေဝ ပရိဝါသံ သမာဒိယာမိ, ဝတ္တံ သမာဒိယာမိ နှစ်ပုဒ်တို့တွင် တပုဒ်ပုဒ်ဖြင့်သော်ငှင်း, နှစ်ပုဒ်လုံးတို့ဖြင့်သော်ငှင်းဆောက်တည်အပ်သည်၏အဖြစ်ကို ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်၊ ဝတ္တံ -ဝတ်ကို၊ သမာဒိယိတွာ -၍၊ တဿ ဘိက္ခုနော ထိုရဟန်းအား၊ ပရိဝါသော ကို၊ အာရောစေတဗ္ဗော ၏။ (ဝိ၊ ဋ္ဌ၊ ၄၊ ၂၃။)

(၉) အာဂန္တုကဿာတိ-ဟူသည်ကား၌အတ္တနော-မိမိ၏၊ ဝသနဝိဟာရံ ဝတ်နေရာကျောင်းတိုက်သို့၊ အာဂတဿာပိ ရောက်လာသည်လည်းဖြစ်သော၊ ဧကဿ ဝါ-တယောက်သော ရဟန်းအားငှင်း၊ ဗဟူနံ ဝါ-များစွာကုန်သော ရဟန်းတို့အားငှင်း၊ ဝုတ္တနယေနေဝ-တပေါင်းတစုတည်းနေလျှင် တဝတည်း ကြားအပ်သည်၏အဖြစ်, အသီးအသီးနေလျှင် ထိုထိုနေရာ အရပ်သို့သွား၍ ကြားအပ်သည်၏အဖြစ်ကို ပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်၊ အာရောစေတဗ္ဗံ ၏၊ ရတ္တိစ္ဆေဒဝတ္တဘေဒါပိ စ ရတ္တိစ္ဆေဒ ဝတ္တဘေဒဒုက္ကဋ်တို့ကိုလည်း၊ ဧတ္ထ ဤအာဂန္တုကအား ကြားရာ၌၊ ဝုတ္တနယေနေဝ-အာဝါသိကအား ကြားရာ၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်၊ ဝေဒိတဗ္ဗာ-သိအပ်ကုန်၏။ (ဝိ၊ ဋ္ဌ၊ ၄၊ ၁၁။)

(၁၀) ဘိက္ခဝေ တို့၊ ပါရိဝါသိကေန ပရိဝါသ်ကို ဆောက်တည်သော၊ အာဂန္တုကေန သော၊ ဘိက္ခုနာ သည်၊ အာဝါသိကဿ ကျောင်းနေဖြစ်သော၊ ဘိက္ခုနော-အား၊ အာရောစေတဗ္ဗံ-ကြားအပ်၏၊ ပါရိဝါသိကေန သော၊ အာဝါသိကေန သော၊ ဘိက္ခုနာ သည်၊ အာဂန္တုကဿ-အား၊ အာရောစေတဗ္ဗံ-၏။ (ဝိ၊ ၄၊ ၁၁, ၈၃, ၉၆။)

## ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးအဆို

ဤဝတ်အကျင့်သည်"အပဏ္ဏက"မချွတ်မယွင်း ကျင့်ရမည့်အကျင့်ဖြစ်ခြင်းကြောင့် ဥပစာအတွင်းသို့ ရောက်သော ရဟန်းဟူက ကြားရမည်။ ထို့ကြောင့် ပရိဝါသ်စောင့်သောရဟန်းသည် ထိုနေ့ ပရိဝါသ်ယူပြီး ထိုနေ့တိုက်တွင်းရှိ သံဃာကို အကုန်မကြားနိုင်လျှင် ထိုနေ့ဝတ်သွားမစောင့်မူ၍ နောက်တနေ့မှာ စောင့်ရမည်၊ ဝတ်စောင့်နေတုန်း ပကတတ်များကို အရုဏ်မတက်မီ ပြန်သွားစေခြင်းလည်း မသင့်၊ ဥပစာအတွင်းသို့ ရောက်ပြီးရဟန်းအားလုံးကို မကြားပဲ တွေ့အပ်သော အဆင်းရှိသော ရဟန်း, ကြားအပ်သော အသံရှိသော ရဟန်းများကိုသာ ကြား၍ဝတ်ကို ချခြင်းလည်း မသင့်ဟူ၍ မိန့်တော်မူ၏၊ မာနတ်စောင့်ရာ၌လည်း ထို့အတူပင် မိန့်ဆိုတော်မူ၏။

ဤ၌ ဋီကာဝါဒထက် ဝိသုဒ္ဓါရုံဆရာတော်ဝါဒက လေး၏၊ ထိုဝါဒအတိုင်းယူ၍ မလွန်နိုင်ချေ၊ သို့သော်လည်း ဋီကာဝါဒကို မပယ်အပ်ချေ။ (ပရိဝါသ မာနတ္တာဒိ ဝိနိစ္ဆယကျမ်း၊ ၁၄၂။)

**ပရိဝါသ်ဆောက်တည်နေဆဲရဟန်း၏ရတ္တိစ္ဆေဒ(ညဉ့်ပြတ်ခြင်း) ၃-မျိုး**

(၁) သဟဝါသ=ပကတတ်ရဟန်းနှင့်ဖြစ်စေ, ဝတ်သားချင်းဖြစ်စေ တမိုးတည်းနေရာ၌ ညဉ့်အခါဝယ် အတူတကွ အိပ်ခြင်း။

(၂) ဝိပ္ပဝါသ=အရုဏ်တက်ဆဲအခါ၌ တစ်ဆယ့်နှစ်တောင်အတွင်း ပကတတ်ရဟန်းနှင့်ကင်း၍ တစ်ပါးတည်းနေခြင်း။

(၃) အနာရောစန=အာဂန္တုကအစရှိသော ရဟန်းတို့အား ဝတ်ကိုမကြားခြင်း။

သဟဝါသ=ရဟန်းနှင့်မူ၊ အမိုးတူ၊ အိပ်မူ သဟဖြစ်။
ဝိပ္ပဝါသ= ပကတတ်ကင်းလျက်၊ အရုဏ်တက်၊ ဝတ်ပျက် ဝိပ္ပဝါသဖြစ်။
အနာရောစန=တိုက်တွင်းနေခါ၊ တိုက်လုံးသာ၊ ပြင်မှာ တောင်ဆယ့်နှစ်၊
ဒိဋ္ဌ, သုတ၊ ရှိချေက၊ ဌာန မရွေ့ခေတ်၊ (ဝိနယသံခိပ်၊ သံဃာဒိသိသ်အာပတ်ကုစားနည်း)
ဤသို့ကြုံလာ၊ မကြားပါ၊ အနာရောစနဖြစ်။

တယော ခေါ ဥပါလိ ပါရိဝါသိကဿ ဘိက္ခုနော ရတ္တိစ္ဆေဒါ၊ သဟဝါသော ဝိပ္ပဝါသော အနာရောစနာ၊ ဣမေ ခေါ ဥပါလိ တယော ပါရိဝါသိကဿ ဘိက္ခုနော ရတ္တိစ္ဆေဒါတိ။ (ဝိ၊ ၄၊ ၈၇။)

သဟဝါသောတိ ယွာယံ ပကတတ္တေန ဘိက္ခုနာ သဒ္ဓိံ ဧကစ္ဆန္နေတိအာဒိနာ နယေန ဝုတ္တော ဧကတော ဝါသော။ ဝိပ္ပဝါသောတိ ဧကကဿေဝ ဝါသော။ အနာရောစနာတိ အာဂန္တုကာဒီနံ အနာရောစနာ။ ဧတေသု တီသု ဧကေကေန ကာရဏေန ရတ္တိစ္ဆေဒေါ ဟောတိ။ (ဝိ၊ ဋ္ဌ၊ ၄၊ ၁၄။)

သဟဝါသ အရ ဧကစ္ဆန္နစသည်၌ ပကတတ်ရဟန်းနှင့်အတူတကွ လဲလျောင်းနေခြင်းကိုသာ ယူရသည်၊ ထိုင်ခြင်း, ရပ်ခြင်း, သွားခြင်းတို့ကို မယူရ။

သဟဝါသောတိ ဝုတ္တပ္ပကာရေ ဆန္နေ ပကတတ္တေန ဘိက္ခုနာ သဒ္ဓိံ သယနမေဝ အဓိပ္ပေတံ, န သေသဣရိယာပထကပ္ပနံ၊ (သာရတ္ထ၊ ၃၊ ၂၇၁။)

အချို့က ပရိဝါသ်စောင့်ရာ၌ ဝတ်ကိုချလိုက်လျှင် အသစ်ဖြစ်သွား၍ ဝတ်ကို ပြန်ဆောက်တည်သောအခါ ကြားပြီးသောရဟန်းကိုလည်း ထပ်၍ ကြားရဦးမည်၊ မကြားရသေးသောရဟန်းကိုလည်း နောင် တွေ့မြင်မှ, အသံကိုကြားမှ ကြားရမည်၊ မတွေ့မမြင်, အသံကိုမကြားရမူကား မကြားရတော့ပြီဟု အယူရှိ၏၊ ထိုတွင် ဝတ်ကိုချလိုက်သည့်အတွက် အသစ်ဖြစ်သွားသည်၊ နောင်တဖန်

ဆောက်တည်သောအခါ ကြားပြီးရဟန်းကို ထပ်ကြားရမည်ဟူ၍ ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့၌ အရိပ်အမြွက်ကိုမျှ မမြင်။ ကြားပြီးသော ရဟန်းကို နောက်ထပ်၍ မကြားရပုံသည်ကား "ယထာ ဗဟိ ဒိသွာ အာရောစိတဿ ဘိက္ခုနော ဝိဟာရံ အာဂတေ ပုန အာရောစနကိစ္စံ နတ္ထိ၊ ဧဝံ အညံ ဝိဟာရံ ဂတေနပိ တတ္ထ ပုဗ္ဗေ အာရောစိတဿ ပုန အာရောစနကိစ္စံ နတ္ထီတိ ဝဒန္တိ(သာရတ္ထ၊ ၃၊ ၃၇၀။) ဟူသော ဋီကာဖြင့် ထင်ရှား၏။

မကြားရသေးသော ရဟန်းကိုတွေ့မြင်ပါလျက် မကြားပဲ ဝတ်ကိုချ၍ နောက်၌လည်း ဝတ်ကိုဆောက်တည်၍ မကြားသည်ဖြစ်အံ့၊အနာရောစနဝတ္တဘေဒဒုက္ကဋ်သင့်ခြင်း, ညဉ့်ပြတ်ခြင်းတို့ဖြစ်သည်။

သစေ အညော ကောစိ ဘိက္ခု ကေနစိဒေဝ ကရဏီယေန တံ ဌာနံ အာဂစ္ဆတိ၊ သစေ ဧသ တံ ပဿတိ၊ သဒ္ဒံ ဝါဿ သုဏာတိ၊ အာရောစေတဗ္ဗံ၊ အနာရောစေန္တဿ ရတ္တိစ္ဆေဒေါ စေဝ ဝတ္တဘေဒေါ စ။ အထ ဒွါဒသဟတ္ထံ ဥပစာရံ ဩက္ကမိတွာ အဇာနန္တဿေဝ ဂစ္ဆတိ၊ ရတ္တိစ္ဆေဒေါ ဟောတိယေဝ၊ ဝတ္တဘေဒေါ ပန နတ္ထိ။ (ဝိနယသင်္ဂဟ၊ ၄၊ ၃၃၆။)

## မာနတ် ၂ မျိုး

(၁) အပဋိစ္ဆန္န မာနတ်=အာပတ်သင့်၍ ထိုနေ့ အရုဏ် မတက် မီ အတွင်း၌ တစ်ပါးသော ရဟန်း၏အထံ၌ "အဟံ ဘန္တေ သံဃာဒိသေသံ အာပန္နော၊ တံ တုမှမူလေ အာဝိကရောမိ"ဟူ၍လည်းကောင်း, "အာရောစေယျာမိ"ဟူ၍လည်းကောင်း ကြားခဲ့လျှင် ဖုံးလွှမ်းခြင်း မရှိပြီ။ ဒေသနာဂါမိ ၊အာပတ်မဟုတ်သောကြောင့် "ပဋိဒေသေမိ"ဟူ၍ မဆိုရ။ (ပရိဝါသ်မနေရပဲ) မဖုံးလွှမ်းသော အပဋိစ္ဆန္န အာပတ်အတွက်သာ ကျင့်ရသော မာနတ်သည် အပဋိစ္ဆန္နမာနတ်မည်၏။

(၂) ပဋိစ္ဆန္နမာနတ်=ဖုံးလွှမ်းသော ပဋိစ္ဆန္နအာပတ်အတွက် ဖုံးလွှမ်းသော ရက်အရေအတွက်စေ့အောင် ပရိဝါသ်နေပြီးမှ ထိုပရိဝါသ်၏အဆုံး၌ ကျင့်ရသော မာနတ်သည် ပဋိစ္ဆန္နမာနတ်မည်၏။

မဖုံးလွှမ်းမူ၊ မာနတ်ယူ၊ ဖုံးမူ ပရိဝါသ်။
အပဋိစ္ဆန်၊ ပဋိစ္ဆန်၊ နှစ်တန် မာနတ်မှတ်။ (ဝိနယသံခိပ်၊ သံဃာဒိသိသ်ကုစားနည်း။)

အပ္ပဋိစ္ဆန္နမာနတ္တံ နာမ ယံ အပ္ပဋိစ္ဆန္နာယ အာပတ္တိယာ ပရိဝါသံ အဒတွာ ကေဝလံ အာပတ္တိံ အာပန္နဘာဝေနေဝ မာနတ္တာရဟဿ မာနတ္တံ ဒီယျတိ။ ပဋိစ္ဆန္နမာနတ္တံ နာမ ယံ ပဋိစ္ဆန္နာယ အာပတ္တိယာ ပရိဝုတ္ထပရိဝါသဿ ဒီယျတိ။ (ဝိ၊ ၄၊ ၄။ ၁၆။)

## အပ္ပဋိစ္ဆန္နမာနတ်တောင်းပုံ

အဟံ ဘန္တေ ဧကံ အာပတ္တိံ အာပဇ္ဇိံ သဉ္စေတနိကံ သုက္ကဝိဿဋ္ဌိံ အပ္ပဋိစ္ဆန္နံ၊ သောဟံ ဘန္တေ သံဃံ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ အပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ယာစာမိ။ အဟံ ဘန္တေ ဧကံ အာပတ္တိံ အာပဇ္ဇိံ သဉ္စေတနိကံ သုက္ကဝိဿဋ္ဌိံ အပ္ပဋိစ္ဆန္နံ၊ ဒုတိယမ္ပိ သောဟံ ဘန္တေ သံဃံ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ အပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ယာစာမိ။ အဟံ ဘန္တေ ဧကံ အာပတ္တိံ အာပဇ္ဇိံ သဉ္စေတနိကံ သုက္ကဝိဿဋ္ဌိံ အပ္ပဋိစ္ဆန္နံ၊ တတိယမ္ပိ သောဟံ ဘန္တေ သံဃံ ဧကိ-ဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ အပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ယာစာမိ။

[သင့်ရောက်သော သံဃာဒိသေသ်အာပတ်အမည်ဖြင့် အစားထိုး၍ မာနတ်တောင်းပါ၊ များစွာသောသံဃာဒိသေသ် အာပတ်များသင့်ရောက်ပါမူ "သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော...သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစာမိ"စသည်ဖြင့် ဆို၍ မာနတ်တောင်းပါ။]

## အပ္ပဋိစ္ဆန္နမာနတ်ပေးပုံ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု ဧကံ အာပတ္တိံ အာပဇ္ဇိ သဉ္စေတနိကံ သုက္ကဝိဿဋ္ဌိံ အပ္ပဋိစ္ဆန္နံ၊ သော သံဃံ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ အပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿ ဘိက္ခုနော ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ အပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ဒဒေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု ဧကံ အာပတ္တိံ အာပဇ္ဇိ သဉ္စေတနိကံ သုက္ကဝိဿဋ္ဌိံ အပ္ပဋိစ္ဆန္နံ၊ သော သံဃံ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ အပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ အပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ဒေတိ၊ ယဿာယသ္မတော

ခမတိ တိဿဿ ဘိက္ခုနော ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ အပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။ ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ။

ဒိန္နံ သံဃေန တိဿဿ ဘိက္ခုနော ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ အပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

## အပ္ပဋိစ္ဆန္နမာနတ်ကြားပုံ

“မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ”ဟု မာနတ်ဆောက်တည်၍...

အဟံ ဘန္တေ ဧကံ အာပတ္တိံ အာပဇ္ဇိံ သဉ္စေတနိကံ သုက္ကဝိဿဋ္ဌိံ အပ္ပဋိစ္ဆန္နံ၊ သောဟံ ဘန္တေ သံဃံ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ အပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ အပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ မာနတ္တံ စရာမိ၊ ဝေဒယာမဟံ ဘန္တေ၊ ဝေဒယတီတိ မံ သံဃော ဓာရေတု။ ။ ဟူ၍ ကြားအပ်သည်။

သုံးပါးတို့၏အထံ၌ “အာယသ္မန္တော ဓာရေန္တု”၊ နှစ်ပါးတို့၏အထံ၌ “အာယသ္မန္တာ ဓာရေန္တု”၊ တပါး၏အထံ၌ “အာယသ္မာ ဓာရေတု”ဟု ကြား၍ “မာနတ္တံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ”ဟု ဆို၍ချပါ။

## အပ္ပဋိစ္ဆန္နအဗ္ဘာန်တောင်းပုံ

အဟံ ဘန္တေ ဧကံ အာပတ္တိံ အာပဇ္ဇိံ သဉ္စေတနိကံ သုက္ကဝိဿဋ္ဌိံ အပ္ပဋိစ္ဆန္နံ၊ သောဟံ သံဃံ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ အပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ အပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစာမိ။ အဟံ ဘန္တေ။ ပ။ သောဟံ စိဏ္ဏမာနတ္တော ဒုတိယမ္ပိ ဘန္တေ သံဃံ အဗ္ဘာနံ ယာစာမိ။ အဟံ ဘန္တေ။ ပ။ သောဟံ စိဏ္ဏမာနတ္တောတတိယမ္ပိ ဘန္တေ သံဃံ အဗ္ဘာနံ ယာစာမိ။

## အပ္ပဋိစ္ဆန္နအဗ္ဘာန်ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု ဧကံ အာပတ္တိံ အာပဇ္ဇိ အပ္ပဋိစ္ဆန္နံ၊ သော သံဃံ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ အပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ အပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ ယဒိ သံဃဿပတ္တကလ္လံ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု ဧကံ အာပတ္တိံ အာပဇ္ဇိ သဉ္စေတနိကံ သုက္ကဝိဿဋ္ဌိံ အပ္ပဋိစ္ဆန္နံ၊ သော သံဃံ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ အပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အဗ္ဘာနံ၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

အဗ္ဘိတော သံဃေန တိဿော ဘိက္ခု၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

## ဒဏ်သား ၅ မျိုး

ဒဏ်သားရဟန်းဟူသည်

(၁) ပါရိဝါသိက=ပရိဝါသ်စောင့်ဆဲရဟန်း၊

(၂) မူလာယ ပဋိကဿနာရဟ=မာနတ်မတက်ရသေးမီ ဝတ်ဆောက်တည်၍ နေဆဲ၌ သံဃာဒိသေသ်အာပတ်သင့်၍ အရင်းသို့ ငင်ထိုက်သောရဟန်း၊ အဗ္ဘာန်မသွင်းမီ မာနတ်ဆောက်တည်၍နေဆဲ၌ သံဃာဒိသေသ်အာပတ်သင့်၍ မာနတ်ပြန်ငင်ခြင်းငှါထိုက်သောရဟန်း၊

(၃) မာနတ္တာရဟ=ဝတ်စောင့်ပြီး၍ မာနတ်တက်ခြင်းငှါ ထိုက်သောရဟန်း၊
(၄) မာနတ္တစာရိက=မာနတ်ကျင့်ဆဲရဟန်း၊
(၅) အဗ္ဘာနာရဟ=မာနတ်ကျင့်ပြီး၍ အဗ္ဘာန်သွင်းခြင်းငှါ ထိုက်သောရဟန်း ဟူ၍ ငါးမျိုးရှိ၏။

သတ်ပြဖွယ်။ ။ အာပတ်ကို ဖုံးလွှမ်းထားသောနေ့တို့ပတ်လုံးသော်လည်းကောင်း, ကုက္ကုစ္စသံသယကို ပယ်ဖျောက်ခြင်းအကျိုးငှာ ထိုထက်အလွန်သော်လည်းကောင်း ပရိဝါသ်ဆောက်တည်ကျင့်သုံးရသည်၊ ဝတ်ကို ဆောက်တည်ကျင့်သုံးပြီးသောရဟန်းသည်သာ မာနတ်ထိုက်သည်(မာနတ္တာရဟ)၊ နိက္ခိတ္တပရိဝါသ်ဆောက်တည်ကျင့်သုံးသောရဟန်းသည် ဝတ်ကိုဆောက်တည်၍ မာနတ်တောင်းရသည်၊ အနိက္ခိတ္တပရိဝါသ်ကို ဆောက်တည်ကျင့်သုံးသောရဟန်းမူကား ဝတ်ကို တဖန်ဆောက်တည်ဖွယ်မရှိပြီ၊ ထိုရဟန်းသည် ဖုံးလွှမ်းသောနေ့တို့ကို လွန်ကာမျှဖြင့်သာလျှင် မာနတ်ထိုက်တော့သည်။ (ဝိနယသင်္ဂဟ၊ ၄၊ ၃၃၇။)

## ကောဟပွင်္ဂစ္ဆန္န မာနတ်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ကောဟပွင်္ဂစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပွင်္ဂစ္ဆန္နာနံ ကောဟပရိဝါသံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပွင်္ဂစ္ဆန္နာနံ ကောဟပရိဝါသံ အဒါသိ၊ သောဟံ ဘန္တေ ပရိဝုတ္ထပရိဝါသော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပွင်္ဂစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစာမိ။

အဟံ ဘန္တေ ။ ပ။ သောဟံ ပရိဝုတ္ထပရိဝါသော၊ ဒုတိယမ္ပိ ဘန္တေ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပွင်္ဂစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစာမိ။

အဟံ ဘန္တေ။ ပ။ သောဟံ ပရိဝုတ္ထပရိဝါသော၊ တတိယမ္ပိ အဟံ ဘန္တေ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပွင်္ဂစ္ဆန္နာနံဆာရတ္တံ မာနတ္တံ ယာစာမိ။

[ဒုတိယမ္ပိ, တတိယမ္ပိ ဟု (ထည့်၍) မဆိုပဲ သုံးကြိမ်တောင်းလျှင်လည်း ပြည့်စုံပါသည်။]

## ကောဟပွင်္ဂစ္ဆန္န မာနတ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ကောဟပွင်္ဂစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပွင်္ဂစ္ဆန္နာနံ ကောဟပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပွင်္ဂစ္ဆန္နာနံ ကောဟပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပွင်္ဂစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပွင်္ဂစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ဒဒေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ကောဟပွင်္ဂစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပွင်္ဂစ္ဆန္နာနံ ကောဟပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပွင်္ဂစ္ဆန္နာနံ ကောဟပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပွင်္ဂစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပွင်္ဂစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ဒေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပွင်္ဂစ္ဆန္နာနံ ဆာရတ္တံ မာနတ္တဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သောဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

ဒိန္နံ သံဃေန တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပွင်္ဂစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

မာနတ်ပေး ကမ္မဝါစာ၏အဆုံး၌ မာနတ်တောင်းသောရဟန်းသည် သိမ်တန်ဆောင်းဝန်း၌ပင် "မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ"ဟူ၍ ဆောက်တည်အပ်သည်၊ ဆောက်တည်ပြီးလျှင် ထိုသိမ်တန်ဆောင်းဝန်း၌ပင် သံဃာအား ကြားအပ်သည်။ (ဝိ၊ ၄၊ ၄၊ ၁၆။ဝိနယသင်္ဂဟ၊ ၄၊ ၃၃၈။)

## ကောဟပဋိစ္ဆန္န မာနတ်ကြားပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ကောဟပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပဋိစ္ဆန္နာနံ ကောဟပရိဝါသံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပဋိစ္ဆန္နာနံ ကောဟပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထပရိဝါသော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ မာနတ္တံ စရာမိ၊ ဝေဒယာမဟံ ဘန္တေ၊ ဝေဒယတီတိ မံ သံဃော ဓာရေတု။

(ဝိ၊ ၄၊၄၊၁၆။"ဝိနယသင်္ဂဟဋ္ဌကထာ, ၃၃၈ ၌ကား ဝေဒိယာမဟံ ဘန္တေ၊ ဝေဒိယတီတိ မံ သံဃော ဓာရေတု ဟုရှိသည်။)

မာနတ်ဆောက်တည်နေဆဲရဟန်း၏ ရတ္တိစ္ဆေဒ (ညဉ့်ပြတ်ခြင်း) ၄ မျိုး

မာနတ်ကျင့်နေဆဲရဟန်း၏ညဉ့်ပြတ်ခြင်းတို့သည်....

(၁) သဟဝါသ=ပကတတ်ရဟန်းစသည်တို့နှင့်တကွ တစ်မိုးတစ်ရံတည်းသောကျောင်း၌ အတူတကွ အိပ်ခြင်း၊

(၂) ဝိပ္ပဝါသ=အရုဏ်တက်ရာအခါ၌ ပကတတ်ရဟန်းနှင့် ကင်း၍နေခြင်း၊

(၃) အနာရောစနာ=မာနတ်ကို မကြားခြင်း၊

(၄) ဦနေ ဂဏေ စရဏ=လေးပါးအောက် ယုတ်လျော့သောဂိုဏ်း၌ မာနတ်ကျင့်ခြင်း တို့တည်း။

စတ္တာရော ခေါ ဥပါလိ မာနတ္တစာရိကဿ ဘိက္ခုနော ရတ္တိစ္ဆေဒါ၊ သဟဝါသော ဝိပ္ပဝါသော အနာရောစနာ ဦနေ ဂဏေ စရဏံ၊ ဣမေ ခေါ ဥပါလိ စတ္တာရော မာနတ္တစာရိကဿ ဘိက္ခုနော ရတ္တိစ္ဆေဒါတိ။ (ဝိ၊ ၄၊ ၉၉။)

ဦနေ ဂဏေတိ ဧတ္ထ ဂဏောတိ စတ္တာရော ဝါ အတိရေကာ ဝါ၊ တသ္မာ သစေပိ တီဟိ ဘိက္ခူဟိ သဒ္ဓိံ ဝသတိ၊ ရတ္တိစ္ဆေဒေါယေဝ။ (ဝိ၊ ၄၊ ၄၊ ၁၅။ ဝိနယသင်္ဂဟ၊ ၄၊ ၃၉၁။)

မာနတ်ဆောက်တည်၍ ရေးဦးစွာ ကြားစဉ်အခါ၌ ပကတတ်ရဟန်းလေးပါးအောက် ယုတ်လျော့ခဲ့လျှင် "ဦနေ ဂဏေ စရဏံ"ဟူသော ပါဠိတော်အရ ရတ္တိစ္ဆေဒဖြစ်၏၊ ကြားမှုမှာလည်း ပရိဝါသ်သားမှာ ဝတ်ကိုမချပဲ ကျင့်ခဲ့သော် တစ်ကြိမ်ကြားအပ်ပြီး သောရဟန်းကို တဖန် ကြားဖွယ်ကိစ္စမရှိပြီ။ မာနတ်၌မူကား ကြားအပ်ပြီးသော ရဟန်းကိုပင်သော်လည်း ထပ်မံ၍ (ဒေဝသိကံ အာ ရောစေတဗ္ဗံ။ ဝိ၊၄၊၉၇ အရ) နေ့စဉ် ကြားရသည်၊ မကြားခဲ့လျှင် ထိုနေ့ပျက်၏၊ ရတ္တိစ္ဆေဒဖြစ်၏။

ဦနေဂဏော၊ ဒေဝသိက၊ သဟဝါသာ၊ ဝိပ္ပဝါ၊ လေးဖြာ မာနတ်၌။ (ဝိနယသံခိပ်၊ သံဃာဒိသိသ်အားပတ်ကုစားနည်း။)

ပရိဝါသ်ဆောက်တည်ဆဲ, မာနတ်ကျင့်ဆဲရဟန်းတို့သည် မကြားရသေးသောရဟန်းကို တွေ့မြင်သောအခါ ကြားရသည်၊ မ ကျန်းမမာ၍ မစွမ်းနိုင်လျှင် ရဟန်းကို တမန်စေလွှတ်၍ ကြားရသည်[လူ, သာမဏေကို စေလွှတ်၍ ကြားခြင်းငှါ မရ]၊ အာဂန္တုက ရဟန်းကိုသုတ်သင်ခြင်းငှါ ဥပုသ်နေ့ ပဝါရဏာနေ့တို့၌လည်း ကြားရသည်။ မာနတ်ကျင့်ဆဲရဟန်းသည်ကား နေ့တိုင်းပင် ကြားရ သည်။

ပါရိဝါသိကေန ဘိက္ခဝေ ဘိက္ခုနာ အာဂန္တုကေန အာရောစေတဗ္ဗံ၊ အာဂန္တုကဿ အာရောစေတဗ္ဗံ၊ ဥပေါသထေ အာရော စေတဗ္ဗံ၊ ပဝါရဏာယ အာရောစေတဗ္ဗံ၊ သစေ ဂိလာနော ဟောတိ၊ ဒူတေနပိ အာရောစေတဗ္ဗံ။ (ဝိ၊ ၄၊ ၈၃။)

မာနတ္တစာရိကေန ဘိက္ခဝေ ဘိက္ခုနာ အာဂန္တုကေန အာရောစေတဗ္ဗံ၊ အာဂန္တုကဿ အာရောစေတဗ္ဗံ၊ ဥပေါသထေ အာ ရောတဗ္ဗံ၊ ပဝါရဏာယ အာရောစေတဗ္ဗံ၊ ဒေဝသိကံ အာရောစေတဗ္ဗံ၊ သစေ ဂိလာနော ဟောတိ၊ ဒူတေနပိ အာရောစေတဗ္ဗံ။ (ဝိ၊ ၄၊ ၉၆ ၉၇။)

ကြားပြီး၍ မာနတ်ကို ချလိုသည်ဖြစ်အံ့၊ "မာနတ္တံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ"ဟု ဆို၍ သံဃာ့အလယ်၌ ချအပ်သည်၊ သိမ်တန်ဆောင်းဝန်းမှ ရဟန်းတို့ထွက်ကုန်သည်ရှိသော် တပါးသောရဟန်း၏အထံ၌လည်း ချနိုင်သည်၊ သိမ်က ထွက်မှ သတိရ လျှင် အတူတကွသွားသောရဟန်း၏အထံ၌ ချနိုင်သည်။ အကယ်၍ ထိုရဟန်းကပါ ဖဲသွားလျှင် သိမ်တန်ဆောင်းဝန်းအတွင်း၌ မ ကြားရသေးသောရဟန်းတပါးပါး၏အထံ၌ မာနတ်ကို ကြား၍ ချရသည်။ ချပြီးသောအခါမှစ၍ ပကတတ်ရဟန်းအရာ၌ တည် သည်။ (ဝိနယသင်္ဂဟ၊၄၊၃၃၉။)

## မာနတ်စောင့်ပုံ

နည်းသောရဟန်းရှိသော ကျောင်းဖြစ်၍ သဘောတူသော ရဟန်းတို့သည်သာ နေကုန်မူကား ဝတ်ကို မချပဲ ကျောင်းအတွင်း

၌သာလျှင် ဆောက်တည်နိုင် ညဉ့်တို့ကို ရေတွက်နိုင်သည်၊ သုတ်သင်ခြင်း၄၊ မစွမ်းနိုင်မှုကား ပရိဝါသ်စောင့်ရာတွင် ဆိုခဲ့ပြီးသော နည်းဖြင့် ဝတ်ကိုချ၍ မိုးသောက်သောအခါ၌ ၄-ပါး ၅-ပါးသော ရဟန်းတို့နှင့်တကွ အာရာမ်ရှိသောကျောင်း၏အာရာမ်မှ, အာရာမ် မရှိသောကျောင်း၏အာရာမ်ထိုက်သောနေရာမှ ခဲနစ်ကျတို့ကို လွန်၍ လမ်းမကြီးမှ ဖဲ၍ ချုံဖြင့်လည်းကောင်း, စောင်းရန်းဖြင့်လည်း ကောင်း ဖုံးလွှမ်းသောနေရာ၌ နေအပ်သည်၊ အရုဏ်အတွင်း၌သာလျှင် ဆိုခဲ့ပြီးသောနည်းဖြင့် မာနတ်ကို ဆောက်တည်၍ ကြားအပ် သည်။

မာနတ်စောင့်သောရဟန်းသည် တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စဖြင့် ထိုအရပ်သို့လာသော အမှတ်မရှိသော တစ်ပါးသောရဟန်း ကို မြင်သည်မှုလည်းဖြစ်စေ, ထိုရဟန်း၏အသံကို ကြားသည်မှုလည်းဖြစ်စေ ဝတ်ကို ကြားရမည်။ မကြားလျှင် ညဉ့်ပြတ်ခြင်း, ဝတ္တ ဘေဒဒုက္ကဋ်သင့်ခြင်းတို့သည် ဖြစ်ကုန်၏၊ အကယ်၍ ၁၂-တောင်ရှိသော ဥပစာအတွင်းသို့ ဝင်၍သွားသည်ကို မသိလျှင် ညဉ့်ပြတ် ခြင်းသာ ဖြစ်၍ ဝတ်ပျက်ခြင်းကား မရှိပါ။

ကြားပြီးသောအခါမှစ၍ တစ်ပါးသော ရဟန်းကို ထားလျက် ကြွင်းသောရဟန်းတို့သည် ပြုဖွယ်ကိစ္စရှိပါက သွားနိုင်ကြ သည်၊အရုဏ်တက်သောအခါ ထိုရဟန်း၏အထံ၌ ဝတ်ကြား၍ ချအပ်သည်။ အကယ်၍ ထိုရဟန်းသည်လည်း ပြုဖွယ်ကိစ္စရှိသော ကြောင့်အရုဏ်မတက်မီ သွားလျှင် တစ်ပါးသော ကျောင်းမှ ထွက်လာသောရဟန်းကိုလည်းကောင်း, အာဂန္တုကိုလည်းကောင်း ရှေးဦး စွာ မြင်သောရဟန်း၏အထံ၌ ဝတ်ကို ကြား၍ ချအပ်သည်။ အကယ်၍ တစ်စုံတစ်ယောက်သောရဟန်းကို မမြင်ပါမူကား ကျောင်းသို့ သွား၍လည်း ရှေးဦးစွာမြင်သောရဟန်း၏အထံ၌ ကြား၍ ချအပ်သည်။ဤကား မာနတ်စောင့်ရာ နိက္ခိတ္တဝတ်နှင့်စပ်သွယ် သိမှတ် ဖွယ်တည်း။ (ဝိနယသင်္ဂဟ၊ ၄၊၃၃၉။)

**အဗ္ဘာန်မသွင်းမီ လိုအပ်သောအစီအစဉ်များ။** ။ မာနတ်ကျင့်ပြီးသောရဟန်းကို ၂၀-အရေအတွက်ရှိသောသံဃာက သိမ်ထဲ၌ အဗ္ဘာန် သွင်းအပ်သည်၊ သံဃာက ရှေးဦးစွာ အဗ္ဘာန်ထိုက်သည်ကို ပြုအပ်သည်၊ နိက္ခိတ္တဝတ်ဆောက်တည်သော ရဟန်းသည် ဝတ်ချထားသော အခါ ပကတတ်အရာ၌ တည်သောကြောင့် အဗ္ဘာန်မသွင်းထိုက်။ ဝတ်ကိုဆောက်တည်စေမှသာ အဗ္ဘာန်သွင်းထိုက်သည်၊ ထိုရဟန်းသည် ဝတ်ကို ဆောက်တည်၍ အဗ္ဘာန်တောင်းအပ်သည်။ မချသော ဝတ်ရှိသော ရဟန်းသည်ကား တဖန် ဝတ်ကို ဆောက်တည်ဖွယ်ကိစ္စ မရှိပြီ၊ ထိုရဟန်းသည် ခြောက်ညဉ့်လွန်သဖြင့်သာလျှင် အဗ္ဘာန်ထိုက်တော့သည်။ (ဝိနယသင်္ဂဟ၊ ၄၊ ၃၃၉ ၃၄၀။)

## ကောဟပ္ပဋိစ္ဆန္န အဗ္ဘာန်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ကောဟပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟ ပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထပရိဝါသော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ ဘန္တေ စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစာမိ။

အဟံ ဘန္တေ။ ပ။ သောဟံ စိဏ္ဏမာနတ္တော ဒုတိယမ္ပိ ဘန္တေ သံဃံ အဗ္ဘာနံ ယာစာမိ။

အဟံ ဘန္တေ။ ပ။ သောဟံ စိဏ္ဏမာနတ္တော တတိယမ္ပိ ဘန္တေ သံဃံ အဗ္ဘာနံ ယာစာမိ။

[ဒုတိယမ္ပိ, တတိယမ္ပိ တို့ မပါပဲ သုံးကြိမ်ဆိုလျှင်လည်း အဗ္ဘာန်တောင်းခြင်းကိစ္စပြီးသည်။]

## ကောဟပ္ပဋိစ္ဆန္န အဗ္ဘာန်ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ကောဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တောသံဃံ အဗ္ဘာနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေယျ၊ သော ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ကောဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏ

မာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အဗ္ဘာနံ၊ သော တုဏှဿ။ ယဿနက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

အဗ္ဘိတော သံဃေန တိဿော ဘိက္ခု၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

ဤသို့ ကမ္မဝါစာကို ရွတ်ဖတ်၍ အဗ္ဘာန်သွင်းအပ်သည်၊ တစ်ရက်ဖုံးလွှမ်းသောအာပတ်၏ပရိဝါသ်ဆောက်တည်ခြင်း, မာနတ်ကျင့်ခြင်း, အဗ္ဘာန်သွင်းခြင်းအစီအစဉ်ကဲ့သို့ နှစ်ရက်ဖုံးလွှမ်းသောအာပတ်စသည်၏အစီအစဉ်ကိုလည်း သိပါလေ။

၁၃၆၂ ခုကဆုန်လဆန်းရက်(၀၅/၁၀/၂၀၀၀)ဗုဒ္ဓဟူးနေ့တွင် အမေရိကန်ရဟန်းတော် ဘိက္ခုနာဂသေန၏ဝတ်ဆောက်တည်မှုနှင့်ပတ်သက်၍ အမေရိကားနိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဟာ့မွန်းဗေးမြို့ ကျေးရွာရှင် ဓမ္မာနန္ဒဝိဟာရကျောင်းတိုက်ဆရာတော် စီရင်အပ်သော "သဉ္စေတနိကသုက္ကဝိသဋ္ဌိဆာဟပ္ပဋိဆန္နပရိဝါသ်, မာနတ်, အဗ္ဘာန်ဆိုင်ရာအစီအစဉ်များ"ကား

## ဆာဟပ္ပဋိစ္ဆန္နပရိဝါသ်တောင်းပုံ

အဟံ ဘန္တေ ဧကံ အာပတ္တိံ အာပဇ္ဇိံ သဉ္စေတနိကံ သုက္ကဝိသဋ္ဌိံ ဆာဟပ္ပဋိစ္ဆန္နံ၊ သောဟံ ဘန္တေ သံဃံ တဿာ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပ္ပဋိဝါသံ ယာစာမိ၊

ဒုတိယမ္ပိ အဟံ ဘန္တေ... ယာစာမိ။

တတိယမ္ပိ အဟံ ဘန္တေ... ယာစာမိ။

## ဆာဟပ္ပဋိစ္ဆန္နပရိဝါသ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု ဧကံ အာပတ္တိံ အာပဇ္ဇိ သဉ္စေတနိကံ သုက္ကဝိသဋ္ဌိံ ဆာဟပ္ပဋိစ္ဆန္နံ၊ သော သံဃံ တဿာ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပ္ပဋိဝါသံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿ ဘိက္ခုနော တဿာ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပ္ပဋိဝါသံ ဒဒေယျ၊ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု ဧကံ အာပတ္တိံ အာပဇ္ဇိ သဉ္စေတနိကံ သုက္ကဝိသဋ္ဌိံ ဆာဟပ္ပဋိစ္ဆန္နံ၊ သော သံဃံ တဿာ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပ္ပဋိဝါသံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော တဿာ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပ္ပဋိဝါသံ ဒေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော တဿာ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပ္ပဋိဝါသဿ ဒါနံ၊သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ သော ဘာသေယျ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ သော ဘာသေယျ။

ဒိန္နော သံဃေန တိဿဿ ဘိက္ခုနော တဿာ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပ္ပဋိဝါသော၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

## ဆာဟပ္ပဋိစ္ဆန္နပရိဝါသ်ဆောက်တည်၍ ပရိဝါသ်ကြားပုံနှင့်ဝတ်ပြန်ချပုံ

ပရိဝတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ (သုံးကြိမ်ဆို၍ ဝတ်ဆောက်တည်ပါ)

အဟံ ဘန္တေ ဧကံ အာပတ္တိံ အာပဇ္ဇိံ သဉ္စေတနိကံ သုက္ကဝိသဋ္ဌိံ ဆာဟပ္ပဋိစ္ဆန္နံ၊ သောဟံ သံဃံ တဿာ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပ္ပဋိဝါသံ ယာစိံ၊ တဿ မေ သံဃော တဿာ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပ္ပဋိဝါသံ အဒါသိ၊ သောဟံ ပရိဝသာမိ၊ ဝေဒိယာမဟံ ဘန္တေ၊ ဝေဒိယတီတိ မံ သံဃော ဓာရေတု။(သုံးကြိမ်တောင်းပါ)

ပရိဝါသံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ။ (သုံးကြိမ်ဆို၍ ဝတ်ချပါ)

ဆရာတော်က အမေရိကန်ရဟန်းတော် ဘိက္ခုနာဂသေနကို အင်္ဂလိပ်ဘာသာဖြင့် ပရိဝါသ်တောင်းခြင်း, ဆောက်တည်ခြင်း, - ကြားခြင်း, ဝတ်ချခြင်းတို့ကို ပြုလုပ်စေပါသည်၊ ၆-ရက်ဖုံးလွှမ်းသော်လည်း အပိုအလွန်အားဖြင့် ၁၃၆၂ ခု ကဆုန်လဆန်း ၉-ရက်(၂၀၀၀ ခု မေလ ၁၁ ရက်) ကြာသပတေးနေ့ နံနက်အရုဏ်မှစ၍ ကဆုန်လဆုတ် ၃ ရက်(မေလ ၂၀ ရက်) စနေနေ့ အရုဏ်အထိ ၁၀-ရက်တိုင်တိုင် ပရိဝါသ်ဆောက်တည်စေပါသည်။

## Parivāsa-yācana

Probationer (asking for Probation in Sīmā):

I, your reverences, have fallen into one offense: the intentional emission of semen, concealed for six days. So I, honored Sirs, ask the order for the six-day probation for that one offense: the intentional emission of semen, concealed for six days.

For the second time, I, your reverences, have . . . six days.
For the third time, I, your reverences, have . . . six days.

Saṁgha (imposing Probation):

Honored Sirs, let the Order listen to me. This monk Tissa has fallen into one offense: the intentional emission of semen, concealed for six days. He is asking the Order for six-day probation for that one offense: the intentional emission of semen, concealed for six days. If it seems right to the Order, the Order may impose six-day probation on the monk Tissa. This is the motion.

Honored Sirs, let the Order listen to me. This monk Tissa has fallen into one offense: the inten-tional emission of semen, concealed for six days. He is asking the Order for six-day probation for that one offense: the intentional emission of semen, concealed for six days. The Order imposes six-day probation on the monk Tissa for that one offense: the intentional emission of semen, concealed for six days. If the imposing of the six-day probation on the monk Tissa for that one offenese: the intentional emission of semen, concealed for six days, is pleasing to a venerable, he should be silent; he to whom it is not pleasing should speak.

For the second time I speak forth this matter:

Honored Sirs, let the Order listen to me. This monk Tissa has fallen into one offense: the intentional emission of semen, concealed for six days. He is asking the Order for six-day probation for that one offense: the intentional emission of semen, concealed for six days. The Order imposes six-day probation on the monk Tissa for that one offense: the intentional emission of semen, concealed for six days. If the imposing of the six-day probation on the monk Tissa for that one offense: the intentional emi-ssion of semen, concealed for six days, is pleasing to a venerable, he should be silent; he to whom it is not pleasing should speak.

For the third time I speak forth this matter:

Honored Sirs, let the Order listen to me. This monk Tissa has fallen into one offense: the intentional emission of semen, concealed for six days. He is asking the Order for six-day probation for that one offense: the intentional emission of semen, concealed for six days. The Order imposes six-day probation on the monk Tissa for that one offense: the intentional emission of semen,

concealed for six days. If the imposing of the six-day probation on the monk Tissa for that one offense: the intentional emission ot semen, concealed for six days, is pleasing to a venerable, he should be silent; he to whom it is not pleasing should speak.

Six-day probation has been imposed by the Order on the monk Tissa for that one offense: the intentional emission of semen, concealed for six days. It is pleasing to the Order, therefore it is silent. Thus do I hold it.

**Probationer (in Sīmā):**

I take upon myself the probation; I take upon myself the duty. (3 times)

**Declaration of Probation:**

I, your reverences, have fallen into one offenses: the intentional emission of semen, concealed for six days. So I, honored Sirs, asked the Order for the six-day probation for that one offense: the intentional emission of semen, concealed for six days. The Order has imposed on me the six-day probation for that one offense: the intentional emission of semen, concealed for six days. I now perform the six-day probation. Honored Sirs, I declare; let the Order hold: 'He declared.' (3 times)

I put down the probation; I put down the duty.

အမေရိကန်ရဟန်းတော် ဘိက္ခုနာဂသေန၏ဆယ်ရက်တာကာလ ပရိဝါသ်ဆောက်တည်ပြီးနောက် မာနတ်နှင့်ပတ်သက်၍ မာနတ်တောင်းပုံ, မာနတ်ပေးပုံ, မာနတ်ဆောက်တည်၍ ကြားပုံ, မာနတ်ချပုံအစီအစဉ်များကား...

ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ (သုံးကြိမ်ဆိုပါ)

အဟံ ဘန္တေ ဧကံ အာပတ္တိံ အာပဇ္ဇိံ သဉ္စေတနိကံ သုက္ကဝိသဋ္ဌိံ ဆာဟပ္ပဋိစ္ဆန္နံ၊ သောဟံ သံဃံ တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသာမိ၊ ဝေဒိယာမဟံ ဘန္တေ၊ ဝေဒိယတီတိ မံ သံဃော ဓာရေတု။(သုံးကြိမ်ဆိုပါ)

မှတ်ချက်။ ။ နိက္ခိတ္တဝတ်ဆောက်တည်သူဖြစ်၍ ပရိဝါသ်ဆောက်တည်လျက် ဝတ်ကြားပြီးမှ မာနတ်တောင်းရသည်။

## မာနတ်တောင်းပုံ

အဟံ ဘန္တေ ဧကံ အာပတ္တိံ အာပဇ္ဇိံ သဉ္စေတနိကံ သုက္ကဝိသဋ္ဌိံ ဆာဟပ္ပဋိစ္ဆန္နံ၊ သောဟံ သံဃံ တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပရိဝါသံ အဒါသိ၊ သောဟံ ဘန္တေ ပရိဝုတ္ထပရိဝါသော သံဃံ တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ယာစာမိ။ (သုံးကြိမ်ဆိုပါ)

## မာနတ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု ဧကံ အာပတ္တိံ အာပဇ္ဇိ သဉ္စေတနိကံ သုက္ကဝိသဋ္ဌိံ ဆာဟပ္ပဋိစ္ဆန္နံ၊ သော သံဃံ တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပရိဝါသံ ယာစိ၊ သံဃော

တိဿဿ ဘိက္ခုနော တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿ ဘိက္ခုနော တာယ ဧကာယ အပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ဒဒေယျ၊ သော ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု ဧကံ အာပတ္တိံ အာပဇ္ဇိ သဉ္စေတနိကံ သုက္ကဝိသဋ္ဌိံ ဆာဟပ္ပဋိစ္ဆန္နံ၊ သော သံဃံ တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ဒေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တဿ ဒါနံ၊ သော တုဏှ'ဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ သော ဘာသေယျ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ သော ဘာသေယျ။

ဒိန္နံ သံဃေန တိဿဿ ဘိက္ခုနော တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

## မာနတ်ဆောက်တည်၍ ကြားပုံနှင့် မာနတ်ချပုံ

မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ (သုံးကြိမ်ဆိုပါ)

အဟံ ဘန္တေ ဧကံ အာပတ္တိံ အာပဇ္ဇိံ သဉ္စေတနိကံ သုက္ကဝိသဋ္ဌိံ ဆာဟပ္ပဋိစ္ဆန္နံ၊ သော'ဟံ သံဃံ တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပရိဝါသံ အဒါသိ၊ သော'ဟံ ပရိဝုတ္ထပရိဝါသော သံဃံ တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော'ဟံ မာနတ္တံ စရာမိ၊ ဝေဒိယာမဟံ ဘန္တေ၊ ဝေဒိယတီတိ မံ သံဃော ဓာရေတု။ (သုံးကြိမ်ဆိုပါ)

ရဟန်းတပါး၏အထံ၌ကြားလျှင် "ဝေဒိယတီတိ မံ အာယသ္မာ ဓာရေတု"ဟု ဆိုပါ။

ရဟန်းနှစ်ပါး၏အထံ၌ကြားလျှင် "ဝေဒိယတီတိ မံ အာယသ္မန္တာ ဓာရေန္တု"ဟု ဆိုပါ။

ရဟန်းသုံးပါး၏အထံ၌ကြားလျှင် "ဝေဒိယတီတိ မံ အာယသ္မန္တော ဓာရေန္တု"ဟု ဆိုပါ။

မာနတ္တံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ။ (သုံးကြိမ်ဆိုပါ)

အမေရိကန်ရဟန်းတော် ဘိက္ခုနာဂသေနကို အင်္ဂလိပ်ဘာသာဖြင့်ပင် မာနတ်တောင်းခြင်းစသည်ကို ပြုလုပ်စေပါသည်။

### Mānatta-yācana

Probationer (in Sīmā):

I take upon myself the probation; I take upon myself the duty.

I, your reverences, have fallen into one offense: the intentional emission of semen, concealed for six days. So I, honored Sirs, asked the Order for the six-day probation for that one offense: the

intentional emission of semen, concealed for six days. The Order has imposed on me the six-day probation for that one offene: the intentional emission of semen, concealed for six days. I now perform the six-day probation. Honored Sirs, I declare; let the Order hold: 'He declared.' (3 times)

Asking for *mānatta*:

I, your reverences, have fallen into one offense: the intentional emission of semen, concealed for six days. So I, honored Sirs, asked the Order for the six-day probation for that one offense: the intentional emission of semen, concealed for six days. The Order imposed on me the six-day probation for that one offense: the intentional emission of semen, concealed for six days. Having performed the six-day probation, I now ask the Order the six-night *mānatta* for that one offense: the intentional emission of semen, concealed for six days. (3 times)

Saṁgha (imposing *mānatta*):

Honored Sirs, let the Order listen to me. This monk Tissa has fallen into one offense: the intentional emission of semen, concealed for six days. He asked the Order for six-day probation for that one offense: the intentional emission of semen, concealed for six days. And the Order imposed on the monk Tissa the six-day probation for that one offense: the intentional emission of semen, concealed for six days. Having performed the probation, he is now asking the Order for a six-night *mānatta* for that one offense: the intentional emission of semen, concealed for six days. If it seems right to the Order, the Order may impose six-night *mānatta* on the monk Tissa. This is the motion.

Honored Sirs, let the Order listen to me. This monk Tissa has fallen into one offense: the intentional emission of semen, concealed for six days. He asked the Order for six-day probation for that one offense: the intentional emission of semen, concealed for six days. And the Order imposed on the monk Tissa the six-day probation for that one offense: the intentional emission of semen, concealed for six days. having performed the probation, he is now asking the Order a six-night *mānatta* for that one offense: the intentional emission of semen, concealed for six days. If the imposing of the six-night *mānatta* on the monk Tissa for that one offense: the intentional emission of semen, concealed for six days, is pleasing to a venerable, he should be silent; he to whom it is not pleasing should speak.

For the second time I speak forth this matter:

Honored Sirs, let the Order listen to me. This monk Tissa has fallen into one offense: the intentional emission of semen, concealed for six days. He asked the Order for six-day probation for that one offense: the intentional emission of semen, concealed for six days. And the Order imposed on the monk Tissa the six-day probation for that one offense: the intentional emission of semen, concealed for six days. Having performed the probation, he is now asking the Order a six-night *mānatta* for that one offense: the intentional emission of semen, concealed for six days. The Order now imposes on the monk Tissa six-night *mānatta* for that one offense: the intentional emission of semen, concealed for six days. If the imposing of the six-night *mānatta* on the monk Tissa for that

one offense: the intentional emission of semen, concealed for six days, is pleasing to a venerable, he should be silent; he to whom it is not pleasing should speak.

For the third time I speak forth this matter:

Honored Sirs, let the Order listen to me. This monk Tissa has fallen into one offense: the intentional emission of semen, concealed for six days. He asked the Order for six-day probation for that one offense: the intentional emission of semen, concealed for six days. And the Order imposed on the monk Tissa the six-day probation for that one offense: the intentional emission of semen, concealed for six days. Having performed the probation, he is now asking the Order a six-night *mānatta* for that one offense: the intentional emission of semen, concealed for six days. The Order now imposes on the monk Tissa six-night *mānatta* for that one offense: the intentional emission of semen, concealed for six days. If the imposing of the six-night *mānatta* on the monk Tissa for that one offense: the intentional emission of semen, concealed for six days, is pleasing to a venerable, he should be silent; he to whom it is not pleasing should speak.

Six-night *mānatta* has been imposed by the Order on the monk Tissa for that one offense: the intentional emission of semen, concealed for six days. It is pleasing to the Order, therefore it is silent. Thus do I hold it.

Probationer (in Sīmā):

I take upon myself the *mānatta*; I take upon myself the duty.

Declaration of *mānatta:*

I, your reverences, have fallen into one offense: the intentional emission of semen, concealed for six days. So I, honored Sirs, asked the Order for the six-day probation for that one offense: the intentional emission of semen, concealed for six days. The Order imposed on me the six-day probation for that one offense: the intentional emission of semen, concealed for six days. Having performed the six-day probation I asked the Order for *mānatta* for that one offense: the intentional emission of semen, concealed for six days. The Order imposed on me the six-night *mānatta* for that one offense: the intentional emission of semen, concealed for six days. I now perform the *mānatta*. Honored Sirs, I declare; let the Order hold: 'He declared.' (3 times)

I put down the *mānatta*; I put down the duty.

Probationer (in vihāra or elsewhere; in this case there must be a minimum of four monks to whom the declaration is made):

I take upon myself the *mānatta*; I take upon myself the duty.

I, your reverences, have fallen into one offense: the intentional emission of semen, concealed for six days. So I, honored Sirs, asked the Order for the six-day probation for that one offense: the intentional emission of semen, concealed for six days. The Order imposed on me the six-day

probation for that one offense: the intentional emission of semen, concealed for six days. Having performed the six-day probation I asked the Order for *mānatta* for that one offense: the intentional emission of semen, concealed for six days. The Order imposed on me the six-night *mānatta* for that one offense: the intentional emission of semen, concealed for six days. I now perform the *mānatta*. Honored Sirs, I declare; let the Order hold: 'He declared.' (3 times)

I put down the *mānatta*, I put down the duty.

မှတ်ချက်။ ။ အနိက္ခိတ္တဝတ်ဆောက်တည်သူသည် ပရိဝါသ်ဆောက်တည်စဉ်ဝယ် ကြားပြီးသူ(ရဟန်း)ကို ထပ်မံကြားရန်မလိုသော်လည်း မာနတ်ဆောက်တည်စဉ်၌ကား နေ့စဉ် ကြားရသည်၊ နိက္ခိတ္တဝတ်ဆောက်တည်သူကား ပရိဝါသ်ဆောက်တည်စဉ်ရော မာနတ်ဆောက်တည်စဉ် မှာပါ ကြားပြီးသူ(ရဟန်း)ကိုလည်း နေ့စဉ် ကြားရသည်၊ ဝတ်ဆောက်တည်သူသည် ပရိဝါသ်ဆောက်တည်စဉ် ရဟန်း တစ်ပါးပါးရှိလျှင် ကိစ္စပြီးသော်လည်း မာနတ်ဆောက်တည်စဉ်အခါ၌ကား အနည်းဆုံး ရဟန်းလေးပါးရှိရသည်။

မာနတ် ၆ ရက် ကျင့်ပြီးသော ဘိက္ခု နာဂသေနကို အဗ္ဘာန်သွင်းခေါ်မှုနှင့် ပတ်သက်သော အစီအစဉ်များကား ဘိက္ခု နာဂသေနသည်နိက္ခိတ္တဝတ်ဆောက်တည်သူဖြစ်၍ ရှေးဦးစွာ မာနတ်ဆောက်တည်ပြီးမှ အဗ္ဘာန်တောင်းရပါသည်။

မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ (သုံးကြိမ်ဆိုပါ)

အဟံ ဘန္တေ ဧကံ အာပတ္တိံ အာပဇ္ဇိံ သဉ္စေတနိကံ သုက္ကဝိသဋ္ဌိံ ဆာဟပ္ပဋိစ္ဆန္နံ၊ သောဟံ သံဃံ တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထပရိဝါသော သံဃံ တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ မာနတ္တံ စရာမိ၊ ဝေဒိယာမဟံ ဘန္တေ၊ ဝေဒိယတီတိ မံ သံဃော ဓာရေတု။ (သုံးကြိမ်ဆိုပါ)

## အဗ္ဘာန်တောင်းပုံ

အဟံ ဘန္တေ ဧကံ အာပတ္တိံ အာပဇ္ဇိံ သဉ္စေတနိကံ သုက္ကဝိသဋ္ဌိံ ဆာဟပ္ပဋိစ္ဆန္နံ၊ သောဟံ သံဃံ တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပရိဝါသံ အဒါသိ၊ သောဟံ ဘန္တေ ပရိဝုတ္ထပရိဝါသော သံဃံ တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ ဘန္တေ စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစာမိ။ (သုံးကြိမ်ဆိုပါ)

## အဗ္ဘာန်သွင်း ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု ဧကံ အာပတ္တိံ အာပဇ္ဇိ သဉ္စေတနိကံ သုက္ကဝိသဋ္ဌိံ ဆာဟပ္ပဋိစ္ဆန္နံ၊ သော သံဃံ တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု ဧကံ အာပတ္တိံ အာပဇ္ဇိ သဉ္စေတနိကံ သုက္ကဝိသဋ္ဌိံ ဆာဟပ္ပဋိစ္ဆန္နံ၊ သော သံဃံ တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိသဋ္ဌိယာ ဆာဟပ္ပဋိစ္ဆန္နာယ ဆာဟပရိဝါသံ ယာစိ၊ သံဃော

တိဿဿ ဘိက္ခုနော တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ ဆာဟပဋိစ္ဆန္နာယ ဆာဟပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ ဆာဟပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာယ ဧကာယ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ ဆာဟပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အဗ္ဘာနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ ။ပ။ သော ဘာသေယျ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ပ။ သော ဘာသေယျ။

အဗ္ဘိတော သံဃေန တိဿော ဘိက္ခု၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

ဓမ္မာနန္ဒဝိဟာရ ဆရာတော်က မာနတ်ကျင့်ပြီးသော အမေရိကန် ရဟန်းတော် ဘိက္ခု နာဂသေနကို အင်္ဂလိပ်ဘာသာဖြင့် အဗ္ဘာန် တောင်းခံမှုအစီအစဉ်ကို ပြုလုပ်စေပါသည်။

Probationer (in Sīmā):

I take upon myself the *mānatta*; I take upon myself the duty.

Declaration of *mānatta*:

I, your reverences, have fallen into one offense: the intentional emission of semen, concealed for six days. So I, honored Sirs, asked the Order for the six-day probation for that one offense: the intentional emission of semen, concealed for six days. The Order imposed on me the six-day probation for that one offense: the intentional emission of semen, concealed for six days. Having performed the six-day probation I asked the Order for *mānatta* for that one offense: the intentional emission of semen, concealed for six days. The Order imposed on me the six-night *mānatta* for that one offense: the intentional emission of semen, concealed for six days. I now perform the *mānatta*. Honored Sirs, I declare; let the Order hold: 'He declared.' (3 times)

## Abbhāna-yācana

Asking for rehabilitation (*Abbhāna*):

I, your reverences, have fallen into one offense: the intentional emission of semen, concealed for six days. So I, honored Sirs, asked the Order for the six-day probation for that one offense: the intentional emission of semen, concealed for six days. The Order imposed on me the six-day probation for that one offense: the intentional emission of semen, concealed for six days. Having performed the six-day probation I asked the Order for *mānatta* for that one offense: the intentional emission of semen, concealed for six days. The Order imposed on me the six-night *mānatta* for that one offense: the intentional emission of semen, concealed for six days. Having performed the *mānatta*, I now ask the Order for rehabilitation. (3 times)

Saṁgha (rehabilitation):

Honored Sirs, let the Order listen to me. This monk Tissa has fallen into one offense: the intentional emission of semen, concealed for six days. He asked the Order for six-day probation for that one offense: the intentional emission of semen, concealed for six days. And the Order imposed on the monk Tissa the six-day probation for that one offense: the intentional emission of semen, concealed for six days. Having performed the probation, he asked the Order for a six-night *mānatta* for that one offense: the intentional emission of semen, concealed for six days. Having performed *mānatta*, he now asks the Order for rehabilitation. If it seems right to the Order, the Order may rehabilitate the monk Tissa. This is the motion.

Honored Sirs, let the Order listen to me. This monk Tissa has fallen into one offense: the intentional emission of semen, concealed for six days. He asked the Order for six-day probation for that one offense: the intentional emission of semen, concealed for six days. And the Order imposed on the monk Tissa the six-day probation for that one offense: the intentional emission of semen, concealed for six days. Having performed the probation, he asked the Order for a six-night *mānatta* for that one offense: the intentional emission of semen, concealed for six days. Having performed *mānatta*, he asked the Order for rehabilitation. The Order now rehabilitates the monk Tissa. If the rehabilitation of the monk Tissa is pleasing to a venerable, he should be silent; he to whom it is not pleasing should speak.

For the second time I speak forth this matter:

Honored Sirs, let the Order listen to me. This monk Tissa has fallen into one offense: the intentional emission of semen, concealed for six days. He asked the Order for six-day probation for that one offense: the intentional emission of semen, concealed for six days. And the Order imposed on the monk Tissa the six-day probation for that one offense: the intentional emission of semen, concealed for six days. Having performed the probation, he asked the Order for a six-night *mānatta* for that one offense: the intentional emission of semen, concealed for six days. Having performed *mānatta*, he asked the Order for rehabilitation. The Order now rehabilitates the monk Tissa. If the rehabilitation of the monk Tissa is pleasing to a venerable, he should be silent; he to whom it is not pleasing should speak.

For the third time I speak forth this matter:

Honored Sirs, let the Order listen to me. This monk Tissa has fallen into one offense: the intentional emission of semen, concealed for six days. He asked the Order for six-day probation for that one offense: the intentional emission of semen, concealed for six days. And the Order imposed on the monk Tissa the six-day probation for that one offense: the intentional emission of semen, concealed for six days. Having performed the probation, he asked the Order for a six-night *mānatta* for that one offense: the intentional emission of semen, concealed for six days. Having performed *mānatta*, he asked the Order for rehabilitation. The Order now rehabilitates the monk Tissa. If the rehabilitation of the monk Tissa is pleasing to a venerable, he should be silent; he to whom it is not pleasing should speak.

The monk Tissa has been rehabilitated by the Order. It is pleasing to the Order, therefore it is silent. Thus do I hold it.

If it seems right to the Order: If, of the Order, it is the formal act that has an opportune time (literal translation).

❀ ❀ ❀

## ဖုံးလွှမ်းသောအာပတ်နှင့်မဖုံးလွှမ်းသောအာပတ်၌ မာနတ်ကျင့်ပုံ

အချို့သော ရဟန်းအား တစ်ခုသော အာပတ်သည် တစ်ရက် ဖုံးလွှမ်း၍ တစ်ခုသော အာပတ်သည် မဖုံးလွှမ်းသည်ဖြစ်အံ့၊ ထိုရဟန်းအားဖုံးလွှမ်းသော အာပတ်၏ပရိဝါသ်ကို ပေး၍ ပရိဝါသ်မှုထသောအခါ မာနတ်ကို ပေးသောသံဃာသည် အပ္ပဋိစ္ဆန္နအာပတ်ကို ပဋိစ္ဆန္နအာပတ်သို့ ပေါင်း၍ ပေးအပ်သည်။ အကယ်၍ ဖုံးလွှမ်းသော အာပတ်သည် တစ်ရက်ဖုံးလွှမ်းသည် ဖြစ်အံ့။

## ဧကာဟပ္ပဋိစ္ဆန္န အပ္ပဋိစ္ဆန္န မာနတ်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ဧကာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ဧကာဟပ္ပဋိစ္ဆန္နာနံ ဧကာဟပရိဝါသံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ဧကာဟပ္ပဋိစ္ဆန္နာနံ ဧကာဟပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထပရိဝါသော၊ အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစာမိ။ (သုံးကြိမ်တောင်းပါ။)

## ဧကာဟပ္ပဋိစ္ဆန္န အပ္ပဋိစ္ဆန္န မာနတ်ပေးပုံ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ဧကာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ဧကာဟပ္ပဋိစ္ဆန္နာနံ ဧကာဟပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ဧကာဟပ္ပဋိစ္ဆန္နာနံ ဧကာဟပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ဒဒေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ဧကာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ဧကာဟပ္ပဋိစ္ဆန္နာနံ ဧကာဟပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ဧကာဟပ္ပဋိစ္ဆန္နာနံ ဧကာဟပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ဒေတိ၊ ယဿာယသ္မတော ခမတိ တိဿဿဘိက္ခုနော တာသံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တဿ ဒါနံ၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

ဒိန္နံ သံဃေန တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

ကမ္မဝါစာပရိယောသာနေ စ ဝတ္တသမာဒါနာဒိ သဗ္ဗံ ဝုတ္တနယမေဝ။ (ဝိနယသင်္ဂဟ၊ ၄၊ ၃၄၅။) ကမ္မဝါစာ၏အဆုံး၌ ဝတ်ဆောက်တည်ခြင်းအစရှိသော အစီအစဉ်များသည် ဆိုအပ်ခဲ့ပြီးသောနည်းအတိုင်းပင်တည်း။

## ကောဟပ္ပဋိစ္ဆန္န အပ္ပဋိစ္ဆန္န မာနတ်ကြားပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ကောဟပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟ-ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထပရိဝါသော၊ အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ မာနတ္တံ စရာမိ၊ဝေဒယာမဟံ ဘန္တေ၊ ဝေဒယတီတိ မံ သံဃော ဓာရေတု။

ဤသို့ ကြားအပ်သည်။

ခြောက်ညဉ့်ပြည့်အောင် မာနတ်ကျင့်ပြီးသောရဟန်းကို နှစ်ကျိပ်ရှိသောသံဃာက သိမ်၌ အဗ္ဘာန်သွင်းအပ်သည်။

## ကောဟပ္ပဋိစ္ဆန္န အပ္ပဋိစ္ဆန္န အဗ္ဘာန်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ကောဟပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထပရိဝါသော၊ အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ ဘန္တေ စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစာမိ။

ဤသို့ သုံးကြိမ်တောင်းပါ။

## ကောဟပ္ပဋိစ္ဆန္န အပ္ပဋိစ္ဆန္န အဗ္ဘာန်ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ကောဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေယျ၊ သော ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ကောဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ကောဟပ္ပဋိစ္ဆန္နာနံ ကောဟပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော၊ အယံ တသော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေတိ ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အဗ္ဘာနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

အဗ္ဘိတော သံဃေန တိဿော ဘိက္ခု၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

ဤကမ္မဝါစာကို ရွတ်ဖတ်၍ အဗ္ဘာန်သွင်းအပ်သည်။

## သုဒ္ဓန္တပရိဝါသ်နှင့်စပ်သွယ် သိမှတ်ဖွယ်

သံဃာဒိသိသ်အာပတ် အနည်းအများ သင့်ပြီး၍ ရက်ပေါင်းမည်မျှ ဖုံးလွှမ်းမိသည်ဟူ၍ လုံးဝမသိသောရဟန်း, မမှတ်မိသောရဟန်း, ယုံမှားဒွိဟရှိနေသောရဟန်းတို့အား ပေးအပ်သော ပရိဝါသ်သည် "သုဒ္ဓန်(သုဒ္ဓန္တ)ပရိဝါသ်" မည်၏။ ထိုသုဒ္ဓန်သည် စူဠသုဒ္ဓန်,မဟာသုဒ္ဓန်ဟူ၍ နှစ်ပါးရှိ၏။

(၁) ရဟန်းခံသောနေ့မှစ၍ မည်သည့်ရက် မည်သည့်လတိုင်အောင် ငါသည် စင်ကြယ်ခဲ့၏၊ သည်ကနောက်ကို သံဃာဒိသိသ်မှ စင်ကြယ်သည်ဟူ၍ မထင်ရှိနေရာ၌ စင်ကြယ်သည်မထင်သော နေ့ရက်စုကို ရေတွက်၍ ထိုနေ့ရက်စု အရေအတွက်စေ့အောင် ကျင့်ရသောသုဒ္ဓန်သည် စူဠသုဒ္ဓန်မည်၏။

(၂) ရဟန်းခံသောနေ့မှစ၍ ယနေ့တိုင်အောင် သံဃာဒိသိသ်အာပတ်မှ တစ်နေ့တစ်ရက်မျှ စင်ကြယ်သည်မထင်ရှိနေရာ၌ ရဟန်းခံသောနေ့မှစ၍ ပရိဝါသ်ယူနေသော နေ့တိုင်အောင် နေ့ရက်တို့ကို ရေတွက်၍ စေ့အောင်ကျင့်ရသောသုဒ္ဓန်သည် မဟာသုဒ္ဓန်မည်၏။

ဖုံးလွှမ်းရက်ကို၊ သက်သက်မသိ၊ မမှတ်မိငြား၊ ယုံမှားရှိရာ၊ ကျင့်အပ်စွာ၊ သညာ သုဒ္ဓန္တ။

စူဠ, မဟာ၊ သုဒ္ဓန်မှာ၊ နှစ်ဖြာ အပြားရ။ (ဝိနယသံခိပ်၊ သံဃာဒိသိသ်ကုစားနည်း။)

သုဒ္ဓန္တပရိဝါသော ဒုဝိဓော စူဠသုဒ္ဓန္တော မဟာသုဒ္ဓန္တောတိ။ ဒုဝိဓောပိ စေသ ရတ္တိစ္ဆေဒံ သကလံ ဝါ ဧကစ္စံ ဝါ အဇာနန္တဿ စ အဿရန္တဿ စ တတ္ထ ဝေမတိကဿ စ ဒါတဗ္ဗော။ အာပတ္တိပရိယန္တံ ပန "ဧတ္တကာ အဟံ အာပတ္တိယော အာပန္နော"တိ ဇာနာတု ဝါ မာ ဝါ၊ အကာရဏမေတံ၊

(၁) တတ္ထ ယော ဥပသမ္ပဒတော ပဋ္ဌာယ အနုလောမက္ကမေန ဝါ အာရောစိတဒိဝသတော ပဋ္ဌာယ ပဋိလောမက္ကမေန ဝါ "အသုကဥ္စ အသုကဥ္စ ဒိဝသံ ဝါ ပက္ခံ ဝါ မာသံ ဝါ သံဝစ္ဆရံ ဝါ တဝ သုဒ္ဓဘာဝံ ဇာနာသီ"တိ ပုစ္ဆိယမာနော"အာမ ဘန္တေ ဇာနာမိ၊ ဧတ္တကံ နာမ ကာလံ အဟံ သုဒ္ဓေါ"တိ ဝဒတိ၊ တဿ ဒိန္နော သုဒ္ဓန္တပရိဝါသော စူဠသုဒ္ဓန္တောတိ ဝုစ္စတိ။

(၂) ယော ပန ယထာဝုတ္တေန အနုလောမပဋိလောမနယေန ပုစ္ဆိယမာနောပိ ရတ္တိပရိယန္တံ န ဇာနာတိ နဿရတိ၊ ဝေမတိကော ဝါ ဟောတိ၊ တဿ ဒိန္နော သုဒ္ဓန္တပရိဝါသော မဟာသုဒ္ဓန္တောတိ ဝုစ္စတိ။ (ဝိဋ္ဌ၊၄၊၂၅-၂၆။ ဝိနယသင်္ဂဟ၊ ၃၄၇ ၃၄၈။)

ပရိဝါသ်ပြောင်းလွဲယူသင့်ပုံ။ ။ အချို့က သုဒ္ဓန္တပရိဝါသ်ယူဆဲမှာလည်းကောင်း, ပရိဝါသ်မပြီးဆုံးမီမှာလည်းကောင်း အဂ္ဃသမောဓာန်ပရိဝါသ်ကို ပြောင်း၍ မယူကောင်းဟု ဆိုကြ၏။ စူဠဝါပါဠိတော်၌ တစ်ခုသောအာပတ်အတွက် ပရိဝါသ်ယူနေဆဲ, နောက်တစ်ခု သတိရသောအခါ ထိုနောက်တစ်ခုအတွက် ပရိဝါသ်ယူကောင်းကြောင်းကို ဟောတော်မူသဖြင့် သုဒ္ဓန္တပရိဝါသ်ယူဆဲ အဂ္ဃသမောဓာန်ပရိဝါသ်ပြောင်းလွဲ၍ ယူကောင်းသည်ဟု သန္နိဋ္ဌာန်ကျမှတ်အပ်၏။ (ပရိဝါသ မာနတ္တာဒိ ဝိနိစ္ဆယကျမ်း၊ ၉၄။)

## သုဒ္ဓန္တပရိဝါသ်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ အာပတ္တိပရိယန္တံ န ဇာနာမိ၊ ရတ္တိပရိယန္တံ န ဇာနာမိ၊ အာပတ္တိပရိယန္တံ နဿရာမိ၊ ရတ္တိပရိယန္တံ နဿရာမိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သောဟံ သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစာမိ။ (သုံးကြိမ်တောင်းပါ။)

## သုဒ္ဓန္တပရိဝါသ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ န ဇာနာတိ၊ ရတ္တိပရိယန္တံ န ဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ဒဒေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ န ဇာနာတိ၊ ရတ္တိပရိယန္တံ န ဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံဒေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသဿ ဒါနံ၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

ဒိန္နော သံဃေန တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသော၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

## သုဒ္ဓန္တပရိဝါသ်ကြားပုံ

ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ အာပတ္တိပရိယန္တံ န ဇာနာမိ၊ ရတ္တိပရိယန္တံ န ဇာနာမိ၊ အာပတ္တိပရိယန္တံ နဿရာမိ၊ ရတ္တိပရိယန္တံ နဿရာမိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သောဟံ ဘန္တေ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသာမိ၊ ဝေဒိယာမဟံ ဘန္တေ၊ ဝေဒိယတီတိ မံ သံဃော ဓာရေတု။ ။

ပရိဝါသ်ဆောက်တည်၍ ရက်စေ့သောအခါ "သုဒ္ဓန္တမာနတ်"ကို တောင်းပါ။

## သုဒ္ဓန္တမာနတ်တောင်းပုံ

ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ အာပတ္တိပရိယန္တံ န ဇာနာမိ၊ ရတ္တိပရိယန္တံ န ဇာနာမိ၊ အာပတ္တိပရိယန္တံ နဿရာမိ၊ ရတ္တိပရိယန္တံ နဿရာမိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သောဟံ ဘန္တေ ပရိဝုတ္ထပရိဝါသော သံဃံ တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ ယာစာမိ။ ။

ဤသို့ သုံးကြိမ်တောင်းပါ။

## သုဒ္ဓန္တမာနတ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ န ဇာနာတိ၊ ရတ္တိပရိယန္တံ န ဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ ဒဒေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ န ဇာနာတိ၊ ရတ္တိပရိယန္တံ န ဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ၊သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ ဒေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တဿ ဒါနံ၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

တတိယမ္ပ ဧတမတ္ထံ ဝဒါမိ။ ပ။

ဒိန္နံ သံဃေန တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

## သုဒ္ဓန္တမာနတ်ကြားပုံ

မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။

ပဲငှကတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပန္နော၊ အာပတ္တိပရိယန္တံ န ဇာနာမိ၊ ရတ္တိပရိယန္တံ န ဇာနာမိ၊ အာပတ္တိပရိယန္တံ နဿရာမိ၊ ရတ္တိပရိယန္တံ နဿရာမိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သောဟံ သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထပရိဝါသော သံဃံ တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ မာနတ္တံ စရာမိ၊ ဝေဒိယာမဟံ ဘန္တေ၊ ဝေဒိယတီတိ မံ သံဃော ဓာရေတု။ ။

ဤသို့ မာနတ်ကိုကြားရသည်၊ အရုဏ်တက်၍ ချသောအခါ၌လည်း ကြား၍ ချရသည်။

## သုဒ္ဓန္တအဗ္ဘာန်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပန္နော၊ အာပတ္တိပရိယန္တံ န ဇာနာမိ၊ ရတ္တိပရိယန္တံ န ဇာနာမိ၊ အာပတ္တိပရိယန္တံ နဿရာမိ၊ ရတ္တိပရိယန္တံ နဿရာမိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သောဟံ သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထပရိဝါသော သံဃံ တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ ဘန္တေ စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစာမိ။ ။

ဤသို့ သုံးကြိမ်တောင်းပါ။

## သုဒ္ဓန္တအဗ္ဘာန်ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပန္နော၊ အာပတ္တိပရိယန္တံ န ဇာနာတိ၊ ရတ္တိပရိယန္တံ န ဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ၊သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေယျ၊ သော ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော ၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာ ဒိသေသာ အာပတ္တိယော အာပန္နော၊ အာပတ္တိပရိယန္တံ န ဇာနာတိ၊ ရတ္တိပရိယန္တံ န ဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရ တ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ၊သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေတိ၊ ယဿာယသ္မတော ခမတိတိဿဿ ဘိက္ခုနော အဗ္ဘာနံ၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

အဗ္ဘိတော သံဃေန တိဿော ဘိက္ခု၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

[ဝိနယသင်္ဂဟဋ္ဌကထာ, ၃၅၀ ၃၅၂တို့၌ ကြည့်ရှုနိုင်သည်။]

အကယ်၍ ပရိဝါသဆောက်တည်ပြီး၍ ရက်စေ့သောအခါ သံဃာဒိသေသ်အာပတ်တို့ထပ်မံသင့်သော်လည်း မဖုံးလွှမ်းသည် ဖြစ်ကုန်အံ့၊ ယင်းအာပတ်တို့၏အပ္ပဋိစ္ဆန္နမာနတ်နှင့် ပေါင်း၍ "သုဒ္ဓန္တ သမောဓာန မာနတ်"ကို တောင်းရမည်။

## သုဒ္ဓန္တသမောဓာနမာနတ်တောင်းပုံ

ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပန္နော၊ အာပတ္တိပရိယန္တံ န ဇာနာမိ၊ ရတ္တိပရိယန္တံ န ဇာနာမိ၊ အာပတ္တိပရိယန္တံ နဿရာမိ၊ ရတ္တိပရိယန္တံ နဿရာမိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သောဟံ သံဃံ

တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထပရိဝါသော။ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစာမိ။ ။

ဤသို့ သုံးကြိမ်တောင်းပါ။

## သုဒ္ဓန္တသမောဓာနမာနတ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ န ဇာနာတိ၊ ရတ္တိပရိယန္တံ န ဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ၊သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ဒဒေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ န ဇာနာမိ၊ ရတ္တိပရိယန္တံ န ဇာနာမိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံအဒါသိ၊ သော ပရိဝုတ္ထပရိဝါသော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ဒေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

ဒိန္နံ သံဃေန တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

## သုဒ္ဓန္တသမောဓာနမာနတ်ကြားပုံ

မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ အာပတ္တိပရိယန္တံ န ဇာနာမိ၊ ရတ္တိပရိယန္တံ န ဇာနာမိ၊ အာပတ္တိပရိယန္တံ နဿရာမိ၊ ရတ္တိပရိယန္တံ နဿရာမိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သောဟံ သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထပရိဝါသော။ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ မာနတ္တံ စရာမိ၊ ဝေဒယာမဟံ ဘန္တေ၊ ဝေဒယတီတိ မံ သံဃော ဓာရေတု။ ။

အရုဏ်တက်၍ ချသောအခါ၌လည်း တဖန်ကြား၍ "မာနတ္တံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ"ဟု ဆို၍ ချပါလေ။

## သုဒ္ဓန္တသမောဓာနအဗ္ဘာန်တောင်းပုံ

မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ အာပတ္တိပရိယန္တံ န ဇာနာမိ၊ ရတ္တိပရိယန္တံ န ဇာနာမိ၊ အာပတ္တိပရိယန္တံ နဿရာမိ၊ ရတ္တိပရိယန္တံ နဿရာမိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သောဟံ သံဃံ

တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထပရိဝါသော။ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ၊ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ ဘန္တေ စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစာမိ။ ။

ဤသို့ သုံးကြိမ်ဆို၍ တောင်းပါ။

## သုဒ္ဓန္တသမောဓာန အဗ္ဘာနကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ န ဇာနာတိ၊ ရတ္တိပရိယန္တံ န ဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ န ဇာနာတိ၊ ရတ္တိပရိယန္တံ န ဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော။ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အဗ္ဘာနံ၊ သော တုဏှဿ၊ ယဿ န က္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

အဗ္ဘိတော သံဃေန တိဿော ဘိက္ခု၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

## သမောဓာန် ၃ ပါး

သမောဓာနပရိဝါသ်သည် ဩဓာနသမောဓာန်, အဂ္ဃသမောဓာန်, မိဿကသမောဓာန် ဟူ၍ သုံးပါးပြားသည်။

ဩဓာန်, အဂ္ဃံ၊ မိဿက်၊ သုံးတန် သမောမှတ်။ (ဝိနယသံခိပ်ကျမ်း၊ ၉၇။)

သမောဓာနပရိဝါသော နာမ တိဝိဓော ဟောတိ ဩဓာနသမောဓာနော အဂ္ဃသမောဓာနော မိဿကသမောဓာနောတိ။

(ဝိ၊ ၄၊ ၄၊ ၂၆။ "ဝိနယသင်္ဂဟဋ္ဌကထာ၊ ၃၅၃ ၌မူ နာမ နေရာတွင် ပန ရှိသည်သာထူးသည်။)

## ဩဓာနသမောဓာန်ပရိဝါသ်နှင့်စပ်သွယ် သိမှတ်ဖွယ်

(၁) ဝတ်ကိုမချမီအတွင်း ဝတ်တင်းလင်းရှိနေစဉ် သင့်လာသော သံဃာဒိသေသ်အာပတ်သည် အန္တရာပတ်မည်၏၊ အန္တရာပတ် သင့်သည်ရှိသော် ကျင့်ပြီးသောရက်စုသည် ပျက်၍ကုန်၏၊ ထိုပုဂ္ဂိုလ်ကို ဉတ်ကမ္မဝါစာဖြင့် အရင်းသို့ ငင်ရ၏၊ ထိုအန္တရာပတ်ကို မဖုံးလွှမ်းခဲ့လျှင် ဩဓာနပရိဝါသ်ကို မပေးရ၊ ထိုအန္တရာပတ်ကို မာနတ်၌ ထည့်သွင်းရသည်၊ ဖုံးလွှမ်းခဲ့သည်ရှိသော် ထိုအန္တရာပတ်ကို မူလအာပတ်၌ ပေါင်း၍ ပရိဝါသ်အသစ်ပေးရသည်၊ ဤပရိဝါသ်ကို "ဩဓာနသမောဓာန်"ဟု ခေါ်သည်။

ဝတ်ကိုချ၍ ထားဆဲအခါ၌ သင့်သော သံဃာဒိသေသ်ကိုမူကား အန္တရာပတ်ဟူ၍ မဆိုအပ်၊ မဖုံးလွှမ်းခဲ့လျှင် မာနတ်၌ ထည့်သွင်းရမည်၊ ဖုံးလွှမ်းခဲ့လျှင် နောက်မှ အသီးအခြား ပရိဝါသ်နေရမည်။

## ဩဓာနသမောဓာန်ပရိဝါသ်နှင့်စပ်သွယ် သိမှတ်ဖွယ်

အန္တရာပတ်သင့်မှုသည် ပရိဝါသ်ကျင့်ဆဲ၌ သင့်သည်လည်း ရှိ၏၊ ပရိဝါသ်ရက်စေ့ပြီးသော မာနတ္တာရဟအခိုက်၌ သင့်သည်လည်းရှိ၏၊ မာနတ်ကျင့်ဆဲ၌ သင့်သည်လည်း ရှိ၏၊ မာနတ်ရက်စေ့ပြီးသော အဗ္ဘာနာရဟအခိုက်၌ သင့်သည်လည်း ရှိ၏၊ အဗ္ဘာနာရဟအခိုက်၌ပင် သင့်သော်လည်း ပရိဝါသ်ကျင့်ပြီးသော ရက်တို့ပါ အကုန်ပျက်ကုန်၏၊ အစအလယ်တို့၌သင့်မှု ဆိုဖွယ်မရှိ။

ဝတ်တင်းလင်းရှိ၊ သံဃာဒိ၊ သင့်ဘိ အန္တရာ။

ကျင့်ပြီးရက်တွင်း၊ ပျက်တုံလျှင်း၊ အရင်း ငင်ဘို့ရာ။

အန္တရာပတ်၊ မဖုံးလတ်၊ မာနတ်မှာ ထည့်ပါ။

ဖုံးလွှမ်းခဲ့လျှင်း၊ မူလတွင်း၊ ပေါင်းသွင်း ဩဓာနာ။ (ဝိနယသံခိပ်ကျမ်း၊ ၉၇ ၉၈။)

ဩဓာနသမောဓာနော နာမ အန္တရာပတ္တိံ အာပဇ္ဇိတွာ ပဋိစ္ဆာဒေန္တဿ ပရိဝုတ္ထဒိဝသေ ဩဓုနိတွာ မက္ခေတွာ ပုရိမာယ အာပတ္တိယာ မူလဒိဝသပရိစ္ဆေဒေ ပစ္ဆာ အာပန္နံ အာပတ္တိံ သမောဓာယ ဒါတဗ္ဗပရိဝါသော ဝုစ္စတိ။ ပ။

သစေ ပန နိက္ခိတ္တဝတ္တော အာပဇ္ဇတိ၊ မူလာယ ပဋိကဿနာရဟော နာမ န ဟောတိ။ ကသ္မာ? ယသ္မာ န သော ပရိဝသန္တော အာပန္နော၊ ပကတတ္တဋ္ဌာနေ ဌိတော အာပန္နော၊ တသ္မာ တဿာ အာပတ္တိယာ ဝိသုံ မာနတ္တံ စရိတဗ္ဗံ။ သစေ ပဋိစ္ဆန္နာ ဟောတိ၊ ပရိဝါဝါသောပိ ဝသိတဗ္ဗော။

စူဠဝဂ္ဂအဋ္ဌကထာ၊ ၂၆ ၂၇နှင့် ဝိနယသင်္ဂဟဋ္ဌကထာ၊ ၃၅၃-၃၇၃ တို့၌ အကျယ်တဝင့် ကြည့်ရှုနိုင်သည်။

အကယ်၍ ပက္ခဖုံးလွှမ်းအပ်သော အာပတ်အတွက် ပရိဝါသ်ဆောက်တည်နေသောရဟန်းသည် ဝတ်ကိုမချပဲ စောင့်စဉ်အကြား၌တဖန် ငါးရက်ဖုံးလွှမ်းသော အာပတ်သို့ သင့်ရောက်သည်ဖြစ်အံ့၊ ထိုရဟန်းသည် သံဃာ၏အထံ၌ အရင်းသို့ ငင်၍ဆောက်တည်အပ်သော မူလာယပဋိကဿန ပရိဝါသ်ကို တောင်းရသည်။

## မူလာယပဋိကဿန ပရိဝါသ်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ပက္ခပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသန္တော အန္တရာသမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ပဉ္စာဟပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစာမိ။ ။ (သုံးကြိမ်တောင်းပါ။)

## မူလာယပဋိကဿန ပရိဝါသ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပက္ခပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သော ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပဉ္စာဟပဋိစ္ဆန္နာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပဋိစ္ဆန္နာနံ မူလာယ ပဋိကဿေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပက္ခပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သော ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပဉ္စာဟပဋိစ္ဆန္နာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပဋိစ္ဆန္နာနံ မူလာယကဿနံ ယာစတိ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပဋိစ္ဆန္နာနံ မူလာယ ပဋိကဿတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပဋိစ္ဆန္နာနံ မူလာယပဋိကဿနာ၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

ပဋိကဿိတော သံဃေန တိဿော ဘိက္ခု အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပဋိစ္ဆန္နာနံ မူလာယပဋိကဿနာ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

မူလာယပဋိကဿနာ (ဝိ၊ ၄၊ ၁၁၅။ ဝိနယသင်္ဂဟ၊ ၄၊ ၃၅၅။)
မူလာယပဋိကဿနံ (ပရိဝါသမာနတ္တာဒိဝိနိစ္ဆယကျမ်း၊ ၁၀၀။)
မူလာယ (သျာ၊ ပရိဝါသမာနတ္တာဒိဝိနိစ္ဆယကျမ်း၊ ၁၀၀။)
ဤသို့ အရင်းသို့ ငင်ပြီးနောက် ထိုရဟန်းသည် သံဃာ၏အထံ၌ အန္တရာပတ်ကို မူလအာပတ်၌ပေါင်း၍ အသစ်ဆောက်တည်အပ်သော သြဓာနသမောဓာနပရိဝါသ်တောင်းရသည်။

## သြဓာနသမောဓာန ပရိဝါသ်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ပက္ခပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ပဉ္စာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစိံ၊ တံ မံ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿိ၊ သောဟံ ဘန္တေ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တီသု သမောဓာနပရိဝါသံ ယာစာမိ။
ဤသို့ သုံးကြိမ်တောင်းပါ။

## သြဓာနသမောဓာန ပရိဝါသ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပက္ခပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သော ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပဉ္စာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစိ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿိ၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တီသု သမောဓာနပရိဝါသံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တီသု သမောဓာနပရိဝါသံ ဒဒေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပက္ခပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သော ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပဉ္စာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစိ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿိ၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တီသု သမောဓာနပရိဝါသံယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တီသု သမောဓာနပရိဝါသံ ဒေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တီသု သမောဓာနပရိဝါသဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။
ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။
တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။
ဒိန္နော သံဃေန တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တီသု သမောဓာနပရိဝါသော၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။
ကမ္မဝါစာ၏အဆုံး၌ ဝတ်ကြားခြင်းအစရှိသည်ကို ဆိုခဲ့ပြီးသောနည်းအတိုင်း ပြုလုပ်ရသည်။

## သြဓာနသမောဓာနပရိဝါသ်ကြားပုံ

ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။
အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ပက္ခပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသန္တော

## ဩဓာနသမောဓာန်ပရိဝါသ်နှင့်စပ်သွယ် သိမှတ်ဖွယ်

အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ မူလာယ ပဋိကဿနံ ယာစိံ၊ တံ မံ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿိ၊ သောဟံ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တိသု သမောဓာနပရိဝါသံ ယာစိံ၊ တဿ မေ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တိသု သမောဓာနပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသာမိ၊ ဝေဒယာမဟံ ဘန္တေ၊ ဝေဒယတီတိ မံ သံဃော ဓာရေတု။ ။

ဤသို့ ပရိဝါသ်ကြားရသည်၊ ပရိဝါသ်စောင့်ပြီးသောအခါ မာနတ်တောင်းပါ။

## ဩဓာနသမောဓာန မာနတ်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ပက္ခပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစိံ၊ တံ မံ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿိ၊ သောဟံ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တိသု သမောဓာနပရိဝါသံ ယာစိံ၊ တဿ မေ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တိသု သမောဓာနပရိဝါသံ အဒါသိ၊ သောဟံ ဘန္တေ ပရိဝုတ္ထပရိဝါသော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစာမိ။ ။

ဤသို့ သုံးကြိမ်တောင်းပါ။

## ဩဓာနသမောဓာန မာနတ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပက္ခပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သော ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစိ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံမူလာယပဋိကဿိ၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တိသု သမောဓာနပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တိသု သမောဓာနပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ဒဒေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပက္ခပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သော ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစိ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာ·ဟပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿိ၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ သမောဓာနပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ သမောဓာနပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ဒေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

ဒိန္နံ သံဃေန တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆာဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

ကမ္မဝါစာ၏အဆုံး၌ ဝတ်ဆောက်တည်ခြင်းစသော အစီအရင်များကို ဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း ပြုလုပ်ရသည်။

## ဩဓာနသမောဓာန မာနတ်ကြားပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ပက္ခပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ပဉ္စာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿနံ ယာစိံ၊ တံ မံ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿိ၊ သောဟံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တီသု သမောဓာနပရိဝါသံ ယာစိံ၊ တဿ မေ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တီသု သမောဓာနပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထပရိဝါသော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ မာနတ္တံ စရာမိ၊ ဝေဒယာမဟံ ဘန္တေ၊ ဝေဒယတီတိ မံ သံဃော ဓာရေတု။ ။

ဤသို့ မာနတ်ကို ကြားအပ်၏၊ မာနတ်ကျင့်သုံးသော ရက်စေ့သောအခါ အဗ္ဘာန်တောင်းအပ်သည်။

## ဩဓာနသမောဓာန အဗ္ဘာန်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ပက္ခပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ပဉ္စာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿနံ ယာစိံ၊ တံ မံ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿိ၊ သောဟံ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တီသု သမောဓာနပရိဝါသံ ယာစိံ၊ တဿ မေ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တီသု သမောဓာနပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထပရိဝါသော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာရတ္တံ အဒါသိ၊ သောဟံ ဘန္တေ စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစာမိ။ ။

ဤသို့ သုံးကြိမ်တောင်းပါ။

## ဩဓာနသမောဓာန အဗ္ဘာန်ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပက္ခပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သော ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပဉ္စာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿနံ ယာစိ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿိ၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တီသု သမောဓာနပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တီသု သမောဓာနပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပက္ခပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သော ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပဉ္စာဟပ္ပဋိစ္ဆာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿနံ ယာစိ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿိ၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တီသု သမောဓာနပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ပုရိမာသု အာပတ္တီသု သမောဓာန

ပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ ပဉ္စာဟပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အဗ္ဘာနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

အဗ္ဘိတော သံဃေန တိဿော ဘိက္ခု၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

မူလအာပတ်ကို ပက္ခဖုံးလွှမ်း၍ အကြား၌ သင့်သော အာပတ်ကို မဖုံးလွှမ်းမူ၍ အရင်းသို့ငင်ရာ၌ကား....

## ပါရိဝါသိက အပ္ပဋိစ္ဆန္န မူလာယပ္ပဋိကဿနတောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ပက္ခပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿနံ ယာစာမိ။ ။

ဤသို့ သုံးကြိမ်တောင်းပါ။

## ပါရိဝါသိက အပ္ပဋိစ္ဆန္န မူလာယပ္ပဋိကဿန ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပက္ခပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သော ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿနံ ယာစိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာန အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပက္ခပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သော ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿနံ ယာစိ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

ပဋိကဿိတော သံဃေန တိဿော ဘိက္ခု အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

ဤသို့ ကမ္မဝါစာဖြင့် အရင်းသို့ ငင်အပ်၏၊ ငင်အပ်ပြီးသောရဟန်းသည် တဖန် အရင်းမှစ၍ ပရိဝါသ်စောင့်အပ်သည်။

## ပါရိဝါသိက အပ္ပဋိစ္ဆန္န မူလာယပ္ပဋိကဿန ပရိဝါသ်ကြားပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ပက္ခပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿနံ ယာစိံ၊ တံ မံ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿိ၊ သောဟံ ပရိဝသာမိ၊ ဝေဒယာ

မဟံ ဘန္တေ၊ ဝေဒယတီတိ မံ သံဃော ဓာရေတု။ ။

ဤသို့ ကြားအပ်သည်၊ ပရိဝါသ်စောင့်ပြီးသော ရဟန်းသည်း မာနတ်တောင်းရသည်။

## ပါရိဝါသိက အပ္ပဋိစ္ဆန္န မူလာယပ္ပဋိကဿန သမောဓာနမာနတ်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ပက္ခပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿနံ ယာစိံ၊ တံ မံ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿိ၊ သောဟံ ဘန္တေ ပရိဝုတ္ထပရိဝါသော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစာမိ။ ။

ဤသို့ သုံးကြိမ်တောင်းပါ။

## ပါရိဝါသိက အပ္ပဋိစ္ဆန္န မူလာယပ္ပဋိကဿန သမောဓာနမာနတ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပက္ခပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သော ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿနံ ယာစိ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ဒဒေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပက္ခပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သော ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿနံ ယာစိ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿိ၊ သော ပရိဝုတ္ထပရိဝါသော သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ဒေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

ဒိန္နံ သံဃေန တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

ကမ္မဝါစာ၏အစုံး၌ မာနတ်ဆောက်တည်ခြင်းအစရှိသော အစီအစဉ်များကို ဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း ပြုလုပ်ရမည်။

## ပါရိဝါသိက အပ္ပဋိစ္ဆန္န မူလာယပ္ပဋိကဿန သမောဓာနမာနတ်ကြားပုံ

မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ပက္ခပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ အပဋိစ္ဆန္နာယော၊ သောဟံ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿနံ ယာစိံ၊ တံ မံ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပ္ပဋိကဿိ၊ သောဟံ ပရိဝုတ္ထပရိဝါသော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ

အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ မာနတ္တံ စရာမိ၊ ဝေဒယာမဟံ ဘန္တေ၊ ဝေဒယတီတိ မံ သံဃော ဓာရေတု။ ။

ဤသို့ မာနတ်ကြားရသည်။ မာနတ်ကျင့်ပြီးသောရဟန်းသည် အဗ္ဘာန်တောင်းရသည်။

## ပါရိဝါသိက အပ္ပဋိစ္ဆန္န မူလာယပဋိကဿန သမောဓာနအဗ္ဘာန်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ပက္ခပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစိံ၊ တံ မံ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿိ၊ သောဟံ ပရိဝုတ္ထပရိဝါသော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ ဘန္တေ စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစာမိ။ ။

ဤသို့ သုံးကြိမ်တောင်းပါ။

## ပါရိဝါသိက အပ္ပဋိစ္ဆန္န မူလာယပဋိကဿန သမောဓာနအဗ္ဘာန်ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပက္ခပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သော ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစိ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနောသမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ ပက္ခပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပက္ခပ္ပဋိစ္ဆန္နာနံ ပက္ခပရိဝါသံ အဒါသိ၊ သော ပရိဝသန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစိ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာရတ္တံ အဒါသိ၊သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အဗ္ဘာနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

အဗ္ဘိတော သံဃေန တိဿော ဘိက္ခု၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

ဤသို့ ကမ္မဝါစာကို ဖတ်၍ အဗ္ဘာန်သွင်းအပ်၏။ ဤနည်းဖြင့် မာနတ်ထိုက်သောအခါ, မာနတ်ကျင့်ဆဲအခါ, အဗ္ဘာန်ထိုက်သောအခါတို့၌လည်း အကြား၌ အာပတ်သင့်၍ ဖုံးလွှမ်းသော ရဟန်းအား အရင်းသို့ ငင်ခြင်းကိုပြု၍သာလျှင် မူလအာပတ်၌ အကြားအာပတ်ကိုပေါင်း၍ မာနတ်ကိုပေး၍ မာနတ်ကျင့်ပြီးသောရဟန်းအား အဗ္ဘာန်သွင်းအပ်သည်။

အပ္ပဋိစ္ဆန္နမာနတ္တမူလာယပဋိကဿန။ ။ အကယ်၍ မဖုံးလွှမ်းသော အာပတ်သို့ ရောက်၍ မာနတ်ကျင့်စဉ် အကြား၌ အာပတ်သင့်၍ မဖုံးလွှမ်းသည်ဖြစ်အံ့၊ ထိုရဟန်းကို အရင်းသို့ငင်၍ အကြား၌ဖြစ်သောအာပတ်၌ တဖန် မာနတ်ကိုပေး၍ မာနတ်ကျင့်ပြီးသည်ရှိသော် အဗ္ဘာန်သွင်းအပ်၏၊ အရင်းသို့ငင်ခြင်းကို ပြုသောသံဃာသည် ရှေးဦးစွာ အရင်းသို့ငင်ခြင်းကို တောင်းစေအပ်သည်။

မှတ်ချက်။ ။ “သောဟံ ပရိဝသန္တော” ဟူ၍ လာသောနေရာ၌…

၁။ မာနတ်ထိုက်သော အခါ၌ဖြစ်လျှင် "သောဟံ ပရိဝုတ္ထပရိဝါသော"ဟူ၍လည်းကောင်း,

၂။ မာနတ်ကျင့်ဆဲအခါ၌ဖြစ်လျှင် "သောဟံ ပရိဝုတ္ထပရိဝါသော မာနတ္တံ စရန္တော"ဟူ၍လည်းကောင်း,

၃။ အဗ္ဘာန်ထိုက်သော အခါ၌ဖြစ်လျှင် "သောဟံ ပရိဝုတ္ထပရိဝါသော စိဏ္ဏမာနတ္တော အဗ္ဘာနာရဟော"ဟူ၍လည်းကောင်း ဆိုအပ်၏။

## အပ္ပဋိစ္ဆန္နမာနတ္တမူလာယပဋိကဿနတောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ မာနတ္တံ စရန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစာမိ။ ။

ဤသို့ သုံးကြိမ်တောင်းပါ။

## အပ္ပဋိစ္ဆန္နမာနတ္တမူလာယပဋိကဿနကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိ ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော မာနတ္တံ စရန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော မာနတ္တံ စရန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစတိ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယ ပဋိကဿနာ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

ပဋိကဿိတော သံဃေန တိဿော ဘိက္ခု အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

ဤသို့ ကမ္မဝါစာကို ဖတ်၍ အရင်းသို့ငင်ပြီးနောက်...

## အပ္ပဋိစ္ဆန္နမာနတ်ကို အရင်းသို့ငင်၍ မာနတ်ထပ်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ မာနတ္တံ စရန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစိံ၊ တံ မံ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿိ၊ သောဟံ ဘန္တေ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစတိ။ ။

ဤသို့ သုံးကြိမ်တောင်းပါ။

## အပ္ပဋိစ္ဆန္နမာနတ်ကို အရင်းသို့ငင်၍ မာနတ်ပေးကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ

သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော မာနတ္တံ စရန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစိ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿိ၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ဒဒေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော မာနတ္တံ စရန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစိ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿိ၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

ဒိန္နံ သံဃေန တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

ဤသို့ ကမ္မဝါစာ၏အဆုံး၌ မာနတ်ဆောက်တည်ခြင်းအစရှိသော အစီအစဉ်များကို ဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း ပြုလုပ်ရသည်။

## အပ္ပဋိစ္ဆန္နမာနတ်ကို အရင်းသို့ငင်၍ နောက်ထပ် ပေးအပ်သော မာနတ်ကြားပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ မာနတ္တံ စရန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစိံ၊ တံ မံ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿိ၊ သောဟံ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော မာနတ္တံ စရာမိ၊ ဝေဒယာမဟံ ဘန္တေ၊ ဝေဒယတီတိ မံ ဓာရေတု။ ။

ဤသို့ မာနတ်ကို ကြားအပ်သည်။

မာနတ်ကျင့်ပြီးသောရဟန်းကို အဗ္ဘာန်သွင်းအပ်သည်။

## အပ္ပဋိစ္ဆန္နမာနတ်ကို အရင်းသို့ငင်၍ မာနတ်ကျင့်ပြီး အဗ္ဘာန်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ မာနတ္တံ စရန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစိံ၊ တံ မံ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿိ၊ သောဟံ သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ ဘန္တေ စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစာမိ။ ။

ဤသို့ သုံးကြိမ်တောင်းပါ။

## အပ္ပဋိစ္ဆန္န မူလာယပဋိကဿန အဗ္ဘာန်သွင်းကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော မာနတ္တံ စရန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစိ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿိ၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော မာနတ္တံ စရန္တော အန္တရာ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿနံ ယာစိ၊ သံဃော တိဿံ ဘိက္ခုံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ မူလာယပဋိကဿိ၊ သော သံဃံ အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော အန္တရာ သမ္ဗဟုလာနံ အာပတ္တီနံ အပ္ပဋိစ္ဆန္နာနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အဗ္ဘာနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

အဗ္ဘိတော သံဃေန တိဿော ဘိက္ခု၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

ဤသို့ ကမ္မဝါစာကို ရွတ်ဖတ်၍ အဗ္ဘာန်သွင်းအပ်သည်။

အဗ္ဘာန်ထိုက်သောအခါ၌လည်း အကြား၌ အာပတ်သင့်၍ မဖုံးလွှမ်းသောရဟန်းအားလည်း ဤနည်းဖြင့်ပင်လျှင် အရင်းသို့ ငင်၍မာနတ်ပေးခြင်းကိုလည်းကောင်း, အဗ္ဘာန်သွင်းခြင်းကိုလည်းကောင်း သိအပ်သည်၊ အထူးမှာ "မာနတ္တံ စရန္တော"ဟူသောအရာ၌ "စိဏ္ဏမာနတ္တော အဗ္ဘာနာရဟော"ဟု ဆိုအပ်သည်။ (ပရိဝါသမာနတ္တာဒိဝိနိစ္ဆယကျမ်း၊ ၁၃၁။)

## အဂ္ဃသမောဓာန်ပရိဝါသ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ရက်ရှည်ဖုံးလွှမ်းသောအာပတ်, ရက်တိုဖုံးလွှမ်းသောအာပတ် -ဟူ၍ အထွေအလာ သံဃာဒိသေသ်အာပတ်အများ ရှိနေခဲ့သော်အရှည်ဆုံးသော အာပတ်၌ အလုံးစုံကို ပေါင်းရုံး၍ ပေးအပ်ကျင့်အပ်သော ပရိဝါသ်သည် "အဂ္ဃသမောဓာန်"မည်၏။

အဂ္ဃသမောဓာနော နာမ သမ္ဗဟုလာသု အာပတ္တီသု ယာ ဧကာ ဝါ ဒွေ ဝါ တိဿော ဝါ သမ္ဗဟုလာ အာပတ္တိယော သဗ္ဗစိရပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာယ တာသံ ရတ္တိပရိစ္ဆေဒဝသေန အဝသေသာနံ ဦနတရပဋိစ္ဆန္နာနံ အာပတ္တီနံ ပရိဝါသော ဒီယျတိ၊ အယံ ဝုစ္စတိ အဂ္ဃသမောဓာနော။ (ဝိ၊ ၄၊ ၄၊ ၂၇။ ဝိနယသင်္ဂဟ၊ ၄၊ ၂၇၃။)

အဂ္ဃသမောဓာနော နာမ-အဂ္ဃသမောဓာနမည်သည်ကို၊ သမ္ဗဟုလာသု-များစွာကုန်သော၊ အာပတ္တီသု အာပတ်တို့တွင်၊ ဧကာ ဝါ-တစ်ချက်သော်လည်းဖြစ်သော၊ ဒွေဝါ-နှစ်ချက်သော်လည်းဖြစ်ကုန်သော၊ တိဿောဝါ -သုံးချက်သောလည်းဖြစ်ကုန်သော၊ သမ္ဗဟုလာဝါ -များစွာသော်လည်းဖြစ်ကုန်သော၊ ယာ အာပတ္တိယော-အကြင်အာပတ်တို့သည်၊ ဝါ -တို့ကို၊ သဗ္ဗစိရပဋိစ္ဆန္နာယော အလုံးစုံသော အာပတ်တို့ထက် ကြာမြင့်စွာသော ရက်တို့ပတ်လုံး ဖုံးထားအပ်ကုန်သည်၊ (ဟောန္တိ)၊ တာသံ ထိုအာပတ်တို့၏၊ အဂ္ဃေန အပိုင်းအခြားအားဖြင့်၊ သမောဓာယ -ပေါင်း၍၊ တာသံ -ထိုအာပတ်တို့၏၊ ရတ္တိပရိစ္ဆေဒဝသေန -ညဉ့်အပိုင်းအခြား၏အစွမ်းအားဖြင့်၊ အဝသေသာနံ ကြွင်းကုန်သော၊ ဦနတရပဋိစ္ဆ န္နာနံ ယုတ်လျော့သော ရက်ပတ်လုံး ဖုံးထားအပ်ကုန်သော၊ အာပတ္တီနံ အာပတ်တို့၏အတွက်၊ (ယော) ပရိဝါသော -အကြင်ပရိဝါသ်ကို၊ ဒီယျတိ -ပေးအပ်၏၊ အယံ ဤပရိဝါသ်ကို၊ အဂ္ဃသမောဓာနော -အဂ္ဃသမောဓာန်မည်၏ဟူ၍၊ ဝုစ္စတိ ဆိုအပ်၏။ (စူဠဝါဘာသာဋီကာ၊၇၄)

ရှည်,တိုထွေလာ၊ အာပတ်အများ၊ ရှိငြားတထုံး၊ အရှည်ဆုံး၌၊ ပေါင်းရုံး၍သာ၊ ကျင့်ဆောင်ရာ၊ မှတ်ပါ အဂ္ဃတည်း။
(ဝိနယသံခိပ်၊ သံဃာဒိသိသ်ကုစားနည်း၊ ၉၈။)

## အဋ္ဌသမောဓာန်ပရိဝါသ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ဝတ်ဆောက်တည်ရာ၌ အဋ္ဌသမောဓာန်ဆောက်တည်ခြင်းကို ရှေးဆရာတော်ကြီးများ လွန်စွာနှစ်သက်တော်မူကြသည်၊ အကြောင်းကား...တရက်ဖုံးလွှမ်းအပ်သောအာပတ် တကုဋေ, နှစ်ရက်ဖုံးလွှမ်းအပ်သောအာပတ် တကုဋေစသည်ဖြင့် အာပတ်ကုဋေကုဋာ မရေမတွက်နိုင်အောင် များပြားစေကာမူ အကြာဆုံး ဖုံးလွှမ်းအပ်သောအာပတ်က ဆယ်ရက်သာ ရှိမည်ဆိုလျှင် ယင်းအကြာဆုံး ဖုံးလွှမ်းအပ်သောအာပတ်သို့ပေါင်း၍ ဆယ်ရက် ဝတ်စောင့်လျှင် ထိုဆိုခဲ့ပြီးသော မရေမတွက်နိုင်အောင် များပြားသောအာပတ်တို့သည် ကင်းစင်လွင့်ပျောက်ခြင်းသို့ ရောက်ကုန်သောကြောင့်တည်း။

ယခုကာလ ရဟန်းတော်များတွင် အချို့သော ပုဂ္ဂိုလ်တို့သည် အာပတ်ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ နံနက်တိုင်း ဝတ်ထား၍ ဒေသနာကြားကြကုန်၏၊ ဤသို့ မကြားနိုင်လည်း လခွဲတိုင်း ဥပုသ်ပြုသောအခါ၌ ဒေသနာကြားကြကုန်၏၊ ထို့ကြောင့် လခွဲထက်ပို၍ ဖုံးလွှမ်းသူ ရှားပေလိမ့်မည်၊ သို့ဖြစ်၍ အဋ္ဌသမောဓာန်ကိုလည်း အလွန်ဆုံး လခွဲလောက်သာ ယူရန်သင့်၏၊ အချို့သော ပုဂ္ဂိုလ်တို့ကား အာပတ်သင့်သည်, မသင့်သည်ကို မသိကြပဲ ရမ်းဆ၍ စောင့်တတ်ကြကုန်၏၊ ထိုကဲ့သို့ အာပတ်သင့်သည်, မသင့်သည်ကို မသိသောသူများကား ဖုံးလွှမ်းခြင်း အကြောင်းဆယ်ပါးမှ လွတ်ကုန်သောကြောင့် အပ္ပဋိစ္ဆန္နမာနတ်ကိုသာ ယူရန်သင့်ကုန်၏။

တောကျောင်း၌ တစ်ပါးတည်းနေရာ၌ အာပတ်သင့်သည်ဖြစ်၍ သဘောတူပုဂ္ဂိုလ်များ အလာကိုစောင့်နေဆဲတွင် လွန်သွားသောရက်တို့ကို ဖုံးလွှမ်းသောရက်ထဲသို့ မသွင်းရပေ။ ငါ့ကို မည်သူမျှမသိ၊ ငါ ဒေသနာမကြားတော့ဘူး ဟူ၍ နလုံးသွင်းမှသာ ဖုံးလွှမ်းရာရောက်၏၊ထိုသို့ ရက်ရှည်လများ ဖုံးလွှမ်းမိပါမူကား အရှည်ဆုံး ဖုံးလွှမ်းသောအာပတ်၌ ပေါင်း၍ အဋ္ဌသမောဓာနပရိဝါသ် စောင့်အပ်၏ ။

အချို့သူတို့သည် "အာပတ္တိပရိယန္တံ န ဇာနာမိ၊ ရတ္တိပရိယန္တံ န ဇာနာမိ၊ အာပတ္တိပရိယန္တံ နဿရာမိ၊ ရတ္တိပရိယန္တံ နဿရာမိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော"ဟူသော ပါဠိတော်ကို ထောက်၍ အာပတ် ဘယ်လောက်သင့်သင့် သုဒ္ဓန္တပရိဝါသ်ကိုစောင့်က ကျေသည် ဟု အယူရှိ၍ သုဒ္ဓန္တပရိဝါသ်ကို စောင့်ကြကုန်၏ ။ ပါဠိတော်အလိုမူကား ထိုသူတို့ယူသကဲ့သို့ ဖြစ်ယောင် အဓိပ္ပါယ်ရောက်၏၊ အဋ္ဌကထာ၌မူကား ထိုအဓိပ္ပါယ်မျိုးမရောက်။ မဟာသုဒ္ဓန္တမှာ ရဟန်းဖြစ်သောနေ့မှစ၍ ငါးဝါရလျှင် ငါးနှစ်, ခြောက်ဝါရလျှင် ခြောက်နှစ် စောင့်ရမည်ဟု ဆို၏၊ စူဠသုဒ္ဓန္တမှာလည်း အနုလောမနည်းအားဖြင့် ငါးဝါရသူဖြစ်အံ့၊ ရဟန်းဖြစ်သည်မှစ၍ နှစ်ဝါစင်ကြယ်လျှင် နှစ်ဝါကိုချန်၍ သုံးဝါစောင့်, သုံးဝါစင်ကြယ်လျှင် သုံးဝါကိုချန်၍ နှစ်ဝါစောင့်ရမည်ဟု ဆို၏၊ ပဋိလောမနည်းအားဖြင့်ရဟန်းဖြစ်သည်မှစ၍ တနှစ်မစင်ကြယ်လျှင် တနှစ်စောင့်, နှစ်နှစ်မစင်ကြယ်လျှင် နှစ်နှစ်စောင့်, သုံးနှစ်မစင်ကြယ်လျှင် သုံးနှစ်စောင့်ရမည်ဟု လာ၏။ ထို့ကြောင့် မှန်းဆ၍ ရက်အနည်းငယ်, တစ်လ, နှစ်လ စောင့်ရုံမျှနှင့် ကျေမည်လက္ခဏာ အရိပ်မထင်။ ထိုအဋ္ဌကထာတို့၏အလိုကို ထောက်လျှင် "သုဒ္ဓန္တပရိဝါသ်ကို နှစ်ရှည်လများ မကုစားပဲ နေသောရဟန်းများသာ စောင့်ရမည်" အဓိပ္ပါယ်ရောက်၏။

ထို့ကြောင့် သုဒ္ဓန္တပရိဝါသ်ကို ဆောက်တည်ခြင်းထက် အဋ္ဌသမောဓာန်ပရိဝါသ်ကို ဆောက်တည်ခြင်းက သာ၍ အရေးပါအရာရောက် ကောင်းလှ၏။(ပရိဝါသမာနတ္တာဒိဝိနိစ္ဆယကျမ်း၊ ၁၃၃ ၁၃၅။)

## အဋ္ဌသမောဓာန်ပရိဝါသ်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ သမ္ဗဟုလာ အာပတ္တိယော ဒွီဟပ္ပဋိစ္ဆန္နာယော၊ သမ္ဗဟုလာ အာပတ္တိယော တီဟပ္ပဋိစ္ဆန္နာယော၊ သမ္ဗဟုလာ အာပတ္တိယော စတုဟပ္ပဋိစ္ဆန္နာယော၊ သမ္ဗဟုလာ အာပတ္တိယော ပဉ္စာဟပ္ပဋိစ္ဆန္နာယော၊ သမ္ဗဟုလာ အာပတ္တိယော ဆာဟပ္ပဋိစ္ဆန္နာယော၊ သမ္ဗဟုလာ အာပတ္တိယော သတ္တာဟပ္ပဋိစ္ဆန္နာယော၊ သမ္ဗဟုလာ အာပတ္တိယော အဋ္ဌာဟပ္ပဋိစ္ဆန္နာယော၊ သမ္ဗဟုလာ အာပတ္တိယော နဝါဟပ္ပဋိစ္ဆန္နာယော၊ သမ္ဗဟုလာ အာပတ္တိယော ဒသာဟ ပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ယာစာမိ။

ဤသို့ သုံးကြိမ်တောင်းပါ။

## အဋ္ဌသမောဓာန်ပရိဝါသ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ သမ္ဗဟုလာ အာပတ္တိယော ဒွီဟပ္ပဋိစ္ဆန္နာယော၊ပ၊ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ယာစ

တိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ဒဒေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ သမ္ဗဟုလာ အာပတ္တိယော ဒွီဟပ္ပဋိစ္ဆန္နာယော။ပ၊ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ဒေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

ဒိန္နော သံဃေန တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသော၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

## အဂ္ဃသမောဓာန် ပရိဝါသ်ဆောက်တည်, ပရိဝါသ်ကြားပုံ

ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ ။

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ သမ္ဗဟုလာ အာပတ္တိယော ဒွီဟပ္ပဋိစ္ဆန္နာယော၊ ပ၊ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသာမိ၊ ဝေဒယာမဟံ ဘန္တေ၊ ဝေဒယတီတိ မံ သံဃော ဓာရေတု။ ။

တစ်ပါးမှာ "သွာ"၊ နှစ်ပါးမှာ "န္တာ"၊ သုံးပါးမှာ "န္တော"၊ လေးပါးမှာ "သံဃော"၊ မှတ်လော ဆိုးရိုးညီ။ ။

တစ်ပါး၏အထံမှာ "အာယသွာ", နှစ်ပါး၏အထံမှာ "အာယသ္မန္တာ", သုံးပါး၏အထံမှာ "အာယသ္မန္တော", လေးပါး (လေးပါးထက်အလွန် ရဟန်းတို့)၏အထံမှာ "သံဃော"ဟု ကြားရသည်။

ထို့နောက်... "ပရိဝါသံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ"ဟု ဆို၍ ဝတ်ချရသည်။

အဂ္ဃသမောဓာနပရိဝါသ်ဆောက်တည်ပြီးသောရဟန်းသည် မာနတ်တောင်းရသည်။

## အဂ္ဃသမောဓာန် မာနတ်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ပ၊ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထပရိဝါသော သံဃံ တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ ယာစာမိ။ ။

ဤသို့ သုံးကြိမ်တောင်းပါ။

## အဂ္ဃသမောဓာန် မာနတ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ပ၊ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ ဒဒေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ပ၊ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ ဒေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

ဒိန္နံ သံဃေန တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

ထို့နောက် မာနတ်ဆောက်တည်၍ မာနတ်ကြားရသည်။

## အဋ္ဌသမောဓာန်မာနတ်ဆောက်တည် မာနတ်ကြားပုံ

မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ပ၊ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာ၊ သောဟံ သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထပရိဝါသော သံဃံ တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ မာနတ္တံ စရာမိ၊ ဝေဒယာမဟံ ဘန္တေ၊ ဝေဒယတီတိ မံ သံဃော ဓာရေတု။ ။

ဤသို့ ကြားရသည်၊ မာနတ်ချသောအခါ၌လည်း ထပ်မံ၍ မာနတ်ကြားပြီးမှ "မာနတ္တံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ"ဟု ဆို၍ ချရသည်။

မာနတ်ကျင့်၍ ရက်စေ့ပြီးသောအခါ အဗ္ဘာန်တောင်းရသည်။

## အဋ္ဌသမောဓာန် အဗ္ဘာန်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ပ၊ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထပရိဝါသော သံဃံ တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ ဘန္တေ စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစာမိ။ ။

ဤသို့ သုံးကြိမ်တောင်းပါ။

## အဋ္ဌသမောဓာန အဗ္ဘာန်သွင်း ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ ပ၊ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ ပ၊ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ

ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဋ္ဌေန သမောဓာနပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အဗ္ဘာနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

အဗ္ဘိတော သံဃေန တိဿော ဘိက္ခု၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

အကယ်၍ အဋ္ဌသမောဓာနပရိဝါသ်စောင့်ပြီးသောရဟန်းသည် ထပ်မံ၍ အာပတ်သင့်သော်လည်း မဖုံးလွှမ်းသည်ဖြစ်အံ့၊ ထို အာပတ်တို့ကိုပါ ရော၍ အဋ္ဌသမောဓာနမာနတ်ကို တောင်းအပ်သည်။

## အဋ္ဌသမောဓာနမာနတ်+အပ္ပဋိစ္ဆန္နမာနတ် နှစ်ခုရောတောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ ပ၊ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဋ္ဌေန သမောဓာနပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဋ္ဌေန သမောဓာနပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထပရိဝါသော၊ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပဋိစ္ဆန္နာယော၊ သောဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစာမိ။ ။

ဤသို့ သုံးကြိမ်တောင်းပါ။

## အဋ္ဌသမောဓာနမာနတ်+အပ္ပဋိစ္ဆန္နမာနတ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ ပ၊ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဋ္ဌေန သမောဓာနပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဋ္ဌေန သမောဓာနပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ဒဒေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ ပ၊ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဋ္ဌေန သမောဓာနပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဋ္ဌေန သမောဓာနပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ဒေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

ဒိန္နံ သံဃေန တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

## အဂ္ဃသမောဓာနမာနတ် +အပ္ပဋိစ္ဆန္နမာနတ် ဆောက်တည်၍ ကြားပုံ

မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ပ၊သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထပရိဝါသော၊ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ မာနတ္တံ စရာမိ၊ ဝေဒယာမဟံ ဘန္တေ၊ ဝေဒယတီတိမံ သံဃော ဓာရေတု။ ။

ဤသို့ ဆို၍ ကြားပါ။

မာနတ်ဝတ်ကို ချလိုပါက "မာနတ္တံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ" ဟု ဆို၍ ချပါ။

ကြားပြီး၍ မချလျှင် နံနက်၌ ထိုရဟန်းများ မပါလာက အနာရောစန ဖြစ်၍ ဝတ်ပျက်၏။

ဤ၌ အဂ္ဃသမောဓာနမာနတ်ဟု သာမညမဆိုမူ၍ "အဂ္ဃသမောဓာနမာနတ်, အပ္ပဋိစ္ဆန္နမာနတ်"ဟု ဆိုခြင်းသည် မဖုံးလွှမ်းအပ်သောအာပတ်ပါ ပါသွားပြီးဖြစ်၍ အပ္ပဋိစ္ဆန္နအာပတ်အတွက် အသီးအခြား မာနတ်ကျင့်ရန် မလိုသည့်အဖြစ်ကို သိစေလို၍ ဖြစ်သည်။

၆ ရက် မာနတ်ကျင့်၍ ပြည့်သောအခါ အဗ္ဘာန်တောင်းပါ။

## အဂ္ဃသမောဓာန အဗ္ဘာန် +အပ္ပဋိစ္ဆန္န အဗ္ဘာန်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ပ၊သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ အဒါသိ၊ သောဟံ ပရိဝုတ္ထပရိဝါသော၊ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ ဘန္တေ စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစာမိ။။

ဤသို့ ဆို၍ သုံးကြိမ်တောင်းပါ။

## အဂ္ဃသမောဓာနအဗ္ဘာန် +အပ္ပဋိစ္ဆန္နအဗ္ဘာန်သွင်း ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ပ၊ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေယျ၊ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ပ၊ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗ

ဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဥ္စ အပ္ပဋိစ္ဆန္နာနဥ္စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဥ္စ အပ္ပဋိစ္ဆန္နာနဥ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အဗ္ဘာနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

အဗ္ဘိတော သံဃေန တိဿော ဘိက္ခု၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

* * * * *

## မိဿကသမောဓာန်နှင့်စပ်သွယ် သိမှတ်ဖွယ်

ဝတ္ထုအမျိုးမျိုးရှိကုန်သော အာပတ်တို့ကို ပေါင်း၍ ပေးအပ်သောပရိဝါသ်သည် "မိဿကသမောဓာနပရိဝါသ်"မည်၏။

မိဿကသမောဓာနော နာမ ယော နာနာဝတ္ထုကာ အာပတ္တိယော ဧကတော ကတွာ ဒီယျတိ။ (ဝိ၊ ၄၄၄၂၈။ ဝိနယသင်္ဂဟ၊ ၄၁၃၇၈။)

ယော-အကြင်ပရိဝါသ်ကို၊ နာနာဝတ္ထုကာ-အမျိုးမျိုးသော ဝတ္ထုရှိကုန်သော၊ အာပတ္တိယော အာပတ်တို့ကို၊ ဧကတော တပေါင်းတည်း၊ ကတွာ-ပြု၍၊ ဒီယျတိ-ပေးအပ်၏၊ အယံ-ဤပရိဝါသ်သည်၊ မိဿကသမောဓာနော နာမ-မိဿကသမောဓာန် မည်၏။

ယောဇနာ၌ကား "ဧတ္ထ ဝတ္ထုဝသေန မိဿကာ အာပတ္တိယော သမောဓာနေတွာ ဒါတဗ္ဗော ပရိဝါသော မိဿကသမောဓာနောတိ ဝစနတ္တော ကာတဗ္ဗော"ဟု မိန့်သည်။ စူဠဝါဘာသာဋီကာ၊ ၇၅။)

အချို့သော အာပတ်ကား သုက္ကဝိဿဋ္ဌိမှုနှင့် သင့်သည်၊ အချို့ကား ကာယသံသဂ္ဂမှုနှင့် သင့်သည်။ ဤသို့စသည်ဖြင့် အမှုဝတ္ထု မတူကြသော အာပတ်များတို့ကို ပေါင်းရုံး၍ ပေးအပ်, ကျင့်အပ်သော ပရိဝါသ်သည် မိဿကသမောဓာန်မည်၏။

မတူအမှု၊ ဝတ္ထုထွေပြား၊ အာပတ်များ၊ ပေါင်းငြား မိဿက။ (ဝိနယသံခိပ်ကျမ်း၊ သံဃာဒိသိသ်ကုစားနည်း။)

ရက်တူ၊ နာနာဝတ္ထုကအာပတ်တို့ကို ပေါင်းရောစု၍ ပေးအပ်သောပရိဝါသ်သည် မိဿကသမောဓာနပရိဝါသ်မည်၏။ ထို့ကြောင့် အဋ္ဌကထာ၌- မိဿကသမောဓာနော နာမ ယော နာနာဝတ္ထုကာ အာပတ္တိယော ဧကတော ကတွာ ဒီယျတိ။ ။ ဟူ၍ မိန့်အပ်၏။

မိဿကသမောဓာနော နာမ မိဿကသမောဓာန်မည်သည်ကား၊ ယော ပရိဝါသော အကြင်ပရိဝါသ်ကို၊ နာနာဝတ္ထုကာ အာပတ္တိယော အထူးထူးသော ဝတ္ထုရှိကုန်သော အာပတ်တို့ကို၊ ဧကတော-တပေါင်းတည်း၊ ကတွာ ပြု၍၊ ဒီယျတိ ပေးအပ်၏၊ သော ထိုပရိဝါသ်တည်း။

ဤ၌ ရက်တူကိုပေါင်းကြောင်း အဋ္ဌကထာ၌မဆို။ မဆိုသော်လည်း အဂ္ဃသမောဓာနပရိဝါသ်က ဆိုအပ်ခဲ့ပြီးသော စကားကို ပြန်သဖြင့် ၎င်းအနက်ကို သိသင့်၍ မဆိုခြင်းဖြစ်သည်။ သို့ဖြစ်၍ ၎င်းပြအပ်ခဲ့ပြီးသည်အတိုင်း ရက်တူ နာနာဝတ္ထုကအာပတ်တို့ကို ပေါင်း၍ ပေးအပ်သော ပရိဝါသ်သည် မိဿကသမောဓာနပရိဝါသ်မည်၏ဟူ၍ မှတ်ရာ၏။

မိဿကသမောဓာနပရိဝါသ်ကို သက်သက်ကျင့်လိုလျှင် ရက်တူနာနာဝတ္ထုကအာပတ်၏အတွက်သာ ကျင့်အပ်၏ဟူ၍ မှတ်ရာ၏။ ထို့ကြောင့် ယခုကာလ၌ ကျင့်ကြသော အဂ္ဃသမောဓာနပရိဝါသ်ကို ကျင့်လျှင် ရက်တူနာနာဝတ္ထုကအာပတ်လည်း အတွင်းဝင်၍ ပါလာသည်ဖြစ်၍ မိဿကသမောဓာနပရိဝါသ်လည်း တခါတည်း ပါလာသည်သာတည်းဟူ၍ မှတ်ရာ၏။ သို့ဖြစ်၍ ပရိဝါသ်ကို ကျင့်လိုလျှင် "အဂ္ဃ သမောပရိဝါသ်"သာလျှင် အကောင်းဆုံးတည်းဟူ၍ ငါတို့၏ကျေးဇူးရှင်ဆရာတော်မိန့်တော်မူ၏။

(ဝိနယဂဏ္ဌိဒွာနဝိနိစ္ဆယတ္ထကျမ်း၊ ၂၉၀။)

## မိဿကသမောဓာန်ပရိဝါသ်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ နာနာဝတ္ထုကာယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ ယာစာမိ။ ။

ဤသို့ သုံးကြိမ်တောင်းပါ။

နှစ်ရက်စသည်ဖြင့်ဖုံးလွှမ်းလျှင် ဒွီဟပ္ပဋိစ္ဆန္နာယော စသည်ဖြင့် ဆိုပါ။

ဒွီဟပ္ပဋိစ္ဆန္နာဒီသု ဒွီဟပ္ပဋိစ္ဆန္နာယောတိအာဒိနာ ဝတ္တဗ္ဗံ။ ကမ္မဝါစာပိ ဧဝမေဝ ယောဇေတဗ္ဗာ။ ။

## မိဿကသမောဓာန်ပရိဝါသ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ နာနာဝတ္ထုကာယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿဘိက္ခုနော တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ ဒဒေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ နာနာဝတ္ထုကာယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ ဒေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သမောဓာနပရိဝါသဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ပ။

ဒိန္နော သံဃေန တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သမောဓာနပရိဝါသော၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

## မိဿကသမောဓာန်
## ပရိဝါသ်ဆောက်တည်၍ ပရိဝါသ်ကြားပုံ

ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ ။ ဤသို့ သုံးကြိမ် ဆို၍ ဆောက်တည်ပါ။

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ နာနာဝတ္ထုကာယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသာမိ၊ ဝေဒိယာမဟံ ဘန္တေ၊ ဝေဒိယတီတိ မံ သံဃော ဓာရေတု။ ။

ဤသို့ သုံးကြိမ် ဆို၍ ကြားပါ။

ထို့နောက် ဝတ်ချလိုပါက "ပရိဝါသံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ"ဟု သုံးကြိမ် ဆို၍ ဝတ်ချပါ။

## မိဿကသမောဓာန်မာနတ်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ နာနာဝတ္ထုကာယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ အဒါသိ၊ သောဟံ ဘန္တေ ပရိဝုတ္ထပရိဝါသော၊ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနံ စ အပ္ပဋိစ္ဆန္နာနံ စ ဆာရတ္တံ မာနတ္တံ ယာစာမိ။ ။

ဤသို့ သုံးကြိမ် တောင်းပါ။

## မိဿကသမောဓာန်မာနတ်ပေး ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ နာနာဝတ္ထုကာယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနံ စ အပ္ပဋိစ္ဆန္နာနံ စ ဆာရတ္တံ မာနတ္တံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနံ စ အပ္ပဋိစ္ဆန္နာနံ စ ဆာရတ္တံ မာနတ္တံ ဒဒေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ နာနာဝတ္ထုကာယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနံ စ အပ္ပဋိစ္ဆန္နာနံ စ ဆာရတ္တံ မာနတ္တံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနံ စ အပ္ပဋိစ္ဆန္နာနံ စ ဆာရတ္တံ မာနတ္တံ ဒေတိ၊

ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနံ စ အပ္ပဋိစ္ဆန္နာနံ စ ဆာရတ္တံ မာနတ္တဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယံပိ တေမတ္ထံ ဝဒါမိ။ ပ။ တတိယံပိ တေမတ္ထံ ဝဒါမိ။ ပ။

ဒိန္နံ သံဃေန တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနံ စ အပ္ပဋိစ္ဆန္နာနံ စ ဆာရတ္တံ မာနတ္တံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

## မိဿကသမောဓာန် မာနတ်ဆောက်တည်၍ ကြားပုံ

မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ ။ ဤသို့ သုံးကြိမ် ဆို၍ ဆောက်တည်ပါ။

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ နာနာဝတ္ထုကာယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ အဒါသိ၊ သောဟံ ဘန္တေ ပရိဝုဋ္ဌပရိဝါသော၊ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနံ စ အပ္ပဋိစ္ဆန္နာနံ စ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနံ စ အပ္ပဋိစ္ဆန္နာနံ စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ မာနတ္တံ စရာမိ၊ ဝေဒိယာမဟံ ဘန္တေ၊ ဝေဒိယတီတိ မံ သံဃော ဓာရေတု။။

ဤသို့ သုံးကြိမ် မာနတ်ကြားပါ။

မာနတ်ချလိုသောအခါ "မာနတ္တံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ။" ဟ၍ သုံးကြိမ်ဆို၍ မာနတ်ကို ချပါ။

## မိဿကသမောဓာန် အဗ္ဘာန်တောင်းပုံ

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ နာနာဝတ္ထုကာယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ အဒါသိ၊ သောဟံ ဘန္တေပရိဝုဋ္ဌပရိဝါသော၊ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံအာပတ္တီနံ ပဋိစ္ဆန္နာနံ စ အပ္ပဋိစ္ဆန္နာနံ စ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနံ စ အပ္ပဋိစ္ဆန္နာနံ စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ ဘန္တေ စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစာမိ။

ဤသို့ သုံးကြိမ်တောင်းပါ။

## မိဿကသမောဓာန် အဗ္ဘာန်သွင်း ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ နာနာဝတ္ထုကာယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ အဒါသိ၊ သော ပရိဝုဋ္ဌပရိဝါသော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနံ စ အပ္ပဋိစ္ဆန္နာနံ စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနံ စ အပ္ပဋိစ္ဆန္နာနံ စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေယျ၊ သော ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ နာနာဝတ္ထုကာယော ဧကာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သမောဓာနပရိဝါသံ အဒါသိ၊ သော ပရိဝုဋ္ဌပရိဝါသော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနံ စ အပ္ပဋိစ္ဆန္နာနံ စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနံ စ အပ္ပဋိစ္ဆန္နာနံ စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အဗ္ဘာနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သောဘာသေယျ။

ဒုတိယံပိ တေမတ္ထံ ဝဒါမိ။ ပ။ တတိယံပိ တေမတ္ထံ ဝဒါမိ။ ပ။

အဒ္ဓိတော သံဃေန တိဿော ဘိက္ခူ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။
(အဂ္ဂမဟာပဏ္ဍိတ အဘယာရာမဆရာတော်ဘုရားကြီးပြင်ဆင်အပ်သော ၃၅-ခဏ်းကမ္မဝါစာ၊ ၃၀-၃၆။)

သမ္ဗဟုလ, သမ္ဗဟုလ။ ။ သမ္ဗဟုလာ-၌ "သမ္ဗဟောတီတိ သမ္ဗဟုလံ၊ သံပုဗ္ဗော ဟု သတ္တာယံ၊ လော၊ ပဿ ဗော၊ သမ္ဗဟုလမ္ပိ" ဟူသော အဘိဓာနပ္ပဒီပိကာသူစိ အလိုအားဖြင့် "သမ္ဗဟုလ-သမ္ဗဟုလ"၂ချက်သင့်၏။ ။ "သမ္ဗဟောတီတိ သမ္ဗဟုလံ၊ လော"ဟူသော အဘိဓာနဋီကာ၌"သမ္ဗဟုလ"၊ သဒ္ဒနီတိ၌ ဟုဓာတ်, ဟူဓာတ် နှစ်ချက်ရှိသည်ကို ထောက်က သမ္ဗဟုလ, သမ္ဗဟူလ နှစ်ချက်သင့်၏။ ။"ဟု သတ္တာယံ"မရှိ၊ "ဟူ သတ္တာယံ"ဟူ၍သာ ရှိသောဓာတ်ကျမ်းအလိုအားဖြင့် "သမ္ဗဟူလ"သာ သင့်၏။

ငါတို့ကား အလုံးစုံသော သက္ကတကျမ်းတို့၌ အများဟော "ပဟု"သဒ္ဒါမရှိ၊ "ဗဟု"သဒ္ဒါသာ ရှိသည်ကို ထောက်၍လည်း ကောင်း, များသောအားဖြင့် ပါဠိတော်တို့၌ "သမ္ဗဟုလ"သဒ္ဒါကိုသာ တွေ့ရသောကြောင့်လည်းကောင်း "ဗဟုမှိ သချ်ာနေ အလန္တိ ဗဟုလော၊ သံ သုဋ္ဌု ဗဟုလော သမ္ဗဟုလော"ဟူသော ကစ္စည်း, ရူပသိဒ္ဓိတို့အရ "ဗဟုလ"၌ သံသဒ္ဒါယှဉ်၍ "သမ္ဗဟုလ"ကိုသာ နှစ်သက်ကုန်၏။ (ပရိဝါသမာနတ္တာဒိဝိနိစ္ဆယကျမ်း၊ ၁၆၇။)

## အဋ္ဌသမောဓာန်နှင့် မိဿကသမောဓာန်တို့၏ခြားနားဟန်

အဋ္ဌသမောဓာနမိဿကသမာဓာနာနံ ကော ဝိသေသော၊ ကိံ နာနာကရဏန္တိ? ဝုစ္စတေ အဋ္ဌသမောဓာနပရိဝါသော အစိရ ပ္ပဋိစ္ဆန္နာ အာပတ္တိယော စိရပ္ပဋိစ္ဆန္နာယံ အာပတ္တိယံ သမောဓာနေတွာ တဿာ စိရပ္ပဋိစ္ဆန္နာယ အာပတ္တိယာ အဋ္ဌဝသေန ဒီယတိ၊ မိ ဿကသမောဓာနပရိဝါသော နာနာဝတ္ထုကာ အာပတ္တိယော သမောဓာနေတွာ တာသံ မိဿကဝသေန ဒီယတိ၊ အယမေတေသံ ဝိသေသော။

အထ ဝါ အဋ္ဌသမောဓာနော သဘာဂဝတ္ထုနံ အာပတ္တီနံ သမောဓာနဝသေန ဟောတိ, ဣတရော ဝိသဘာဂဝတ္ထုနန္တိ အာစ ရိယာ။ တေနေဝါဟ အာစရိယဝဇိရဗုဒ္ဓိတ္ထေရော "အဋ္ဌသမောဓာနော နာမ သဘာဂဝတ္ထုကာယော သမ္ဗဟုလာ အာပတ္တိယော အာပ န္နဿ ဗဟုရတ္တိ ပဋိစ္ဆာဒိတာပတ္တိယံ နိက္ခိပိတွာ ဒါတဗ္ဗော ၊ ဣတရော နာနာဝတ္ထုကာနံ ဝသေနာတိ အယမေတေသံ ဝိသေသော"တိ (ဝဇိရဗုဒ္ဓိဋီကာ၊ ၅၁၃)။

အဋ္ဌသမောဓာနပရိဝါသ်ဟူသည် သဘာဂဝတ္ထုကအာပတ်များသင်းရောက်သည့်အခါ အများဆုံး ဖုံးလွှမ်းသောရက်သို့ ပေါင်း၍ ပေးအပ်သောပရိဝါသ်တည်း၊ မိဿကသမောဓာနပရိဝါသ်ဟူသည် နာနာဝတ္ထုကအာပတ်တို့ကို ပေါင်း၍ ပေးအပ်သော ပရိဝါသ်တည်း၊ ဤသို့ ထူးသည်။ အထက်ပါ ဋီကာစကားကို ဆရာတို့ မနှစ်သက်ကြပါ။ ထိုစကားကို ဝိနယာလင်္ကာရ(၂၊၂၅၀ ၂၅၁)၌လည်း ပြ၏။

အဋ္ဌသမောဓာနပရိဝါသ်သည် "အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ"စသည် ဆိုသဖြင့် ဝတ္ထု, ဂေါတ္တ, နာမ,အာပတ်တို့ကို ယူအပ်သောကြောင့် ရက်ရှည်ဖုံးလွှမ်းမှုရော ရက်တိုဖုံးလွှမ်းမှုပါ ပါဝင်လျက် သဘာဂဝတ္ထုက, ဝိသဘာဂ ဝတ္ထုကအာပတ်အားလုံးတို့မှ ထမြောက်၏ ဟု မှတ်အပ်၏။

အဋ္ဌသမောဓာနဝသေန ပရိဝါသေ ဒိန္နေ "အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ"န္တိအာဒိဝစနေ နေဝ ဝတ္ထုဿ စ ဂေါတ္တဿ စ နာမဿ စ အာပတ္တိယာ စ ဂဟိတတ္တာ စိရပ္ပဋိစ္ဆန္နာဟိ အစိရပ္ပဋိစ္ဆန္နာဟိ စ သဘာဂဝတ္ထုကာဟိ စ ဝိသဘာဂဝတ္ထုကာဟိ စ သဗ္ဗာဟိ အာပတ္တီဟိ ဝုဋ္ဌာတီတိ ဒဋ္ဌဗ္ဗံ။ (ဝိနယာလင်္ကာရ၊ ၂၊ ၂၅၂။)

* * * * *

# ဥပုသ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ဥပေါသထသဒ္ဒါသည် သီလနှင့်ပြည့်စုံသည်ဖြစ်၍ နေခြင်းအနက်ကို ဟော၏။ သံဃဥပုသ်၌ ပါတိမောက်ရွတ်သည်ကို နား ထောင်ပြီးလျှင် ဤသီလသိက္ခာပုဒ်လည်း ငါ့မှာ ပြည့်စုံ၏။ ဤသို့ စသည်ဖြင့် နေရသောကြောင့် ပါတိမောက်ရွတ်ပြခြင်းကို "ဥပုသ် ပြုခြင်း"ဟု ခေါ်၏။ နှစ်ပါး သို့မဟုတ် သုံးပါးသောရဟန်းတော်တို့သည် အချင်းချင်း ပရိသုဒ္ဓေါ အဟံ ဘန္တေ စသည်ဖြင့် မိမိမှာ အာ ပတ်မှစင်ကြယ်ကြောင်းကို လျှောက်ခြင်းတို့ကိုလည်းကောင်း,တပါးတည်းနေလျှင် "အဇ္ဇ မေ ဥပေါသထော ပန္နရသော/စာတုဒ္ဒသောတိ အဓိဋ္ဌာမိ ယနေ့ ငါအတွက် တဆယ့်ငါးရက်/တဆယ့်လေးရက် ဥပုသ်နေ့ပါတကား (စင်ကြယ်ရာနေ့ပါတကား)"ဟု အဓိဋ္ဌာန်ခြင်းကို လည်းကောင်း "ဥပုသ်ပြုခြင်း"ဟုပင် ခေါ်၏။

## ဥပုသ် ၉ မျိုး

(၁) စာတုဒ္ဒသီဥပုသ် (ဥတုသုံးပါးတို့တွင် တတိယပက္ခ, သတ္တမပက္ခဖြစ်သော ဆယ့်လေးရက်နေ့တို့၌ ပြုအပ်သောဥပုသ်)၊

(၂) ပန္နရသီဥပုသ် (ဥတုသုံးပါးတို့တွင် ကျန်လဆန်း, လဆုတ်ပက္ခဆယ့်ငါးရက်နေ့တို့၌ ပြုအပ်သောဥပုသ်)၊

(၃) သာမဂ္ဂီဥပုသ် (စာတုဒ္ဒသီ, ပန္နရသီဥပုသ်တို့မှတပါး သံဃာညီညွတ်သောနေ့၌ "အဇ္ဇုပေါသထော သာမဂ္ဂီ"ဟုရွတ်ဆို၍ ပြုအပ်သောဥပုသ်)။

ဤကား နေ့၏အစွမ်းအားဖြင့် သုံးပါးဖြစ်၏။

စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီ၊ သုံးလီ နေ့အပြား။ (ဝိနယသံခိပ်၊ ဥပုသ်အပြား၊ ၁၄၃။)

ဒိဝသဝသေန ဟိ တယော ဥပေါသထာ စာတုဒ္ဒသိကော ပန္နရသိကော သာမဂ္ဂိဥပေါသထောတိ၊ ဧဝံ တယော ဥပေါသထာ ဝုတ္တာ။ တတ္ထ ဟေမန္တဂိမှဝဿာနာနံ တိဏ္ဏံ ဥတူနံ တတိယသတ္တမပက္ခေသု ဒွေ ဒွေ ကတွာ ဆ စာတုဒ္ဒသိကာ၊ အဝသေသာ အ ဋ္ဌာရသပန္နရသိကာတိ ဧဝံ ဧကသံဝစ္ဆရေ စတုဝီသတိ ဥပေါသထာ၊ ဣဒံ တာဝ ပကတိစာရိတ္တံ။ (ကင်္ခါ၊ ဋ္ဌ၊ ၈၆။ ဝိနယသင်္ဂဟ၊ ဋ္ဌ၊၁၉၉။)

ယဒါ ပန ကောသမ္ဗကက္ခန္ဓကေ(ဝိ၊ ၄၊ ၁၄၂) အာဂတနယေန ဘိန္နေ သံဃေ ဩသာရိတေ တသ္မိံ ဘိက္ခုသ္မိံ သံဃော တဿ ဝတ္ထုဿ ဝူပသမာယ သံဃဿ သာမဂ္ဂိံ ကရောတိ၊ တဒါ"တာဝဒေဝ ဥပေါသထော ကာတဗ္ဗော၊ ပါတိမောက္ခံ ဥဒ္ဒိသိတ ဗ္ဗ"န္တိ ဝစနတော(ဝိ၊ ၃၊ ၅၀၇) ဌပေတွာ စာတုဒ္ဒသပန္နရသေ အညောပိ ယော ကောစိ ဒိဝသော သာမဂ္ဂိဥပေါသထဒိဝသော နာမ ဟောတိ။ (၄င်း၊ဋ္ဌ၊၈၆။)

(၄) သံဃဥပုသ်(လေးပါး, လေးပါးထက်အလွန်ရှိသော သံဃာသည်ပြုအပ်သောဥပုသ်)၊

(၅) ဂဏဥပုသ်(သုံးပါး သို့မဟုတ် နှစ်ပါးသော ရဟန်းတို့ အချင်းချင်း ပြုအပ်သောဥပုသ်)၊

(၆) ပုဂ္ဂလဥပုသ်(ရဟန်းတစ်ပါးတည်းရှိရာတွင် ပြုအပ်သောဥပုသ်)။

ဤကား ပြုတတ်သော ကာရကပုဂ္ဂိုလ်၏အစွမ်းအားဖြင့် သုံးပါးဖြစ်၏။

သံဃ ဂဏ၊ ပုဂ္ဂလ၊ သုံးဝ ပြုသူပြား။ (ဝိနယသံခိပ်၊ ဥပုသ်အပြား၊ ၁၄၂။)

အပရေပိ တယော ဥပေါသထာ သံဃေ ဥပေါသထော, ဂဏေ ဥပေါသထော, ပုဂ္ဂလေ ဥပေါသထောတိ၊ ဧဝံ ကာရက ဝသေန တယော ဥပေါသထာ ဝုတ္တာ။ (ကင်္ခါ၊ ဋ္ဌ၊ ၉၃။ ဝိနယသင်္ဂဟ၊ ဋ္ဌ၊ ၂၀၀။)

(၇) သုတ္တုဒ္ဒေသဥပုသ်(ပါတိမောက်ကို ရွတ်ပြ၍ ပြုအပ်သောဥပုသ်)၊

(၈) ပါရိသုဒ္ဓိဥပုသ်(ပရိသုဒ္ဓေါ အဟံ အာဝုသော/ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ ဟု ရွတ်ဆို၍ ပြုအပ်သောဥပုသ်)၊

(၉) အဓိဋ္ဌာန်ဥပုသ်(အဇ္ဇ မေ ဥပေါသထော ပန္နရသော/စာတုဒ္ဒသောတိ အဓိဋ္ဌာမိ ဟု အဓိဋ္ဌာန်ပြုအပ်သောဥပုသ်)။

ဤကား ပြုအပ်သောအခြင်းအရာ ကာတဗ္ဗာကာရ၏အစွမ်းအားဖြင့် သုံးပါးဖြစ်၏။

သုတ္တုဒ္ဒေသာ၊ ပါရိသုဒ္ဓိ၊ ဓိဋ္ဌာန်ဘိ၊ တြိ ပြုပုံပြား။ (ဝိနယသံခိပ်၊ ဥပုသ်အပြား၊ ၁၄၂။)

အပရေပိ တယော ဥပေါသထာ သုတ္တုဒ္ဒေသော, ပါရိသုဒ္ဓိဥပေါသထော, အဓိဋ္ဌာနဥပေါသထောတိ၊ ဧဝံ ကာတဗ္ဗာကာရ ဝသေန တယော ဥပေါသထာ ဝုတ္တာ။ (ကင်္ခါ၊ ဋ္ဌ၊ ၉၃။ ဝိနယသင်္ဂဟ၊ ဋ္ဌ၊ ၂၀၀။)

သံဃဥပုသ်ပြုသောအခါ သံဃဉတ်ထား၍ ပါတိမောက်ကို ရွတ်ပြ၍ ဥပုသ်ပြုရသည်။

သံဃဉတ်ထားပုံ

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇုပေါသထော ပန္နရသော/စာတုဒ္ဒသော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဥပေါသထံ ကရေယျ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျ။

## သုတ္တုဒ္ဒေသဥပုသ် ၅ ပါး(ဝိ၊ ၃၊ ၁၅၁)

(၁) နိဒါန်းအကုန် ရွတ်ပြခြင်းဟူသော နိဒါနုဒ္ဒေသ၊

(၂) နိဒါန်းမှစ၍ ပါရာဇိကကုန်သည်အထိ ရွတ်ပြခြင်းဟူသော ပါရာဇိကုဒ္ဒေသ၊

(၃) သံဃာဒိသေသ်ကုန်သည်အထိ ရွတ်ပြခြင်းဟူသော သံဃာဒိသေသုဒ္ဒေသ၊

(၄) အနိယတကုန်သည်အထိ ရွတ်ပြခြင်းဟူသော အနိယတုဒ္ဒေသ၊

(၅) နိဒါန်းမှစ၍ "အဝိဝဒမာနေဟိ သိက္ခိတဗ္ဗံ"တိုင်အောင် ဘိက္ခုပါတိမောက်အကုန် ရွတ်ပြခြင်းဟူသော ဝိတ္ထာရုဒ္ဒေသ။

အန္တရာယ် ၁၀ ပါးတွင် တစ်ပါးပါးမျှ မရှိလျှင် ဝိတ္ထာရုဒ္ဒေသကိုသာ ရွတ်ပြရ၏။ "အန္တရာယ်မရှိပဲ နိဒါနုဒ္ဒေသစသော ရှေ့ဥဒ္ဒေသ၄ ပါးကို မရွတ်ပြရ" ဟု မဟာဝါပါဠိတော် ဥပေါသထက္ခန္ဓက(၁၅၂)၌ အထူးတားမြစ်တော် မူသည်။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ၅၁၆။)

ပါတိမောက်သုတ်၊ ရွတ်ဖော်ထုတ်၊ သုတ္တုဒ္ဒေသငြား။
နိဒါန်း, ပါရာဇိ၊ သံဃာဒိ၊ အနိ, ဝိတ္ထာရာ။
ပါတိမောက်သုတ်၊ ငါးခဏ်းထုတ်၊ သရုပ်ဖော်ပြရာ။
အကျဉ်း, အကျယ်၊ သုတ္တုဒ်ဝယ်၊ ငါးသွယ် အပြားလာ။
မိး, မင်း, ခိုးသူ၊ မိုးရေ, လူ၊ ဘီလူး, သားရဲ, မြွေ။
အသက်, ဗြဟ္မ၊ စရိယ၊ ဒသ အန္တရေ။

န ဘိက္ခဝေ အသတိ အန္တရာယေ သံခိတ္တေန ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ၊ ယော ဥဒ္ဒိသေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊၃၊၁၅၁။)

## ဂဏဥပုသ် ၂ မျိုး

(၁) သိမ်အတွင်း၌ ရဟန်း၂ ပါးသာရှိ၍ ၂ ပါးအချင်းချင်း ပါရိသုဒ္ဓိပြုရသော ဂဏဥပုသ်၊

(၂) သိမ်အတွင်း၌ ရဟန်း၃ ပါးသာရှိ၍ ဉတ်ထား၍ ၃ ပါးအချင်းချင်း ပါရိသုဒ္ဓိပြုရသော ဂဏဥပုသ်။

နှစ်ပါး, သုံးပါး၊ ချင်းချင်းကြား၊ နည်းများ သံဃာမှာ။ (ဝိနယသံခိပ်၊ ဥပုသ်အပြား၊ ၁၄၃။)

ဂဏဉတ်ထားပုံ

သုဏန္တု မေ ဘန္တေ အာယသ္မန္တာ၊ အဇ္ဇုပေါသထော ပန္နရသော/စာတုဒ္ဒသော၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရေယျာမ။ (ဝိ၊ ၃၊ ၁၆၇။ ဝိနယသင်္ဂဟ၊ ၄၊ ၂၀၀။)

ခုဒ္ဒသိက္ခာ၊ ဥပေါသထနိဒ္ဒေသ၌ကား "သုဏန္တု မေ အာယသ္မန္တော"ဟု ရှိ၏။

## ပါရိသုဒ္ဓိဥပုသ် ၂ မျိုး

(၁) သုတပါးတို့၏အထံ၌ "ပရိသုဒ္ဓေါ အဟံ ဘန္တေ" စသည်ပြောကြားသဖြင့် ပြုအပ်သော ပါရိသုဒ္ဓိဥပုသ်၊

(၂) အချင်းချင်း "ပရိသုဒ္ဓေါ အဟံ ဘန္တေ" စသည်ပြောကြားသဖြင့် ပြုအပ်သော ပါရိသုဒ္ဓိဥပုသ်။

သုတပါးတို့၏အထံ၌ ပြုအပ်သော ပါရိသုဒ္ဓိဥပုသ်သည် (၁)ပဝါရဏာပြုပြီးသော ရဟန်းတို့၏အထံ၌ ပြုခြင်း, (၂)သံဃဥပုသ်ပြုပြီးသော ရဟန်းတို့၏အထံ၌ ပြုခြင်းဟူ၍ ၂ မျိုးရှိ၏။ ပစ္ဆိမဝါကပ် မကပ်သောရဟန်း, ဝါကျိုးဝါပြတ်သောရဟန်းတို့သည် မဟာပဝါရဏာနေ့၌ ပဝါရဏာပြုပြီးသော ရဟန်းတို့၏အထံ၌၄င်း, ဝါမကပ်သောရဟန်း, ဝါကျိုးဝါပြတ်သော ရဟန်းတို့သည် ပစ္ဆိမပဝါရဏာနေ့၌ ပဝါရဏာပြုပြီးကြသောရဟန်းတို့၏အထံ၌၄င်း ဉတ်မထားပဲ ပါရိသုဒ္ဓိဥပုသ်ပြုကြရသည်။ အာဝါသိကရဟန်းအရေအတွက်နှင့်အမျှဖြစ်စေ, ယုတ်လျော့၍ဖြစ်စေနောက်မှရောက်လာကြသော ရဟန်းတို့သည် သံဃဥပုသ်ပြုပြီးသောအာဝါသိကရဟန်းတို့၏အထံ၌ ဉတ်မထားပဲ ပါရိသုဒ္ဓိဥပုသ်ပြုကြရသည်။

ပါရိသုဒ္ဓိဥပေါသထော တာဝ အညေသဥ္စ သန္တိကေ အညမညဥ္စ အာရောစနဝသေန ဒုဝိဓော။ တတ္ထ ယွာယံ အညေသံ သန္တိကေ ကရီယတိ၊ သောပိ ပဝါရိတာနဥ္စ အပ္ပဝါရိတာနဥ္စ သန္တိကေ ကရဏဝသေန ဒုဝိဓော။ တတ္ထ မဟာပဝါရဏာယ ပဝါရိတာနံ သန္တိကေ ပစ္ဆိမိကာယ ဥပဂတေန ဝါ အနုပဂတေန ဝါ ဆိန္နဝဿေန ဝါ စာတုမာသိနိယံ ပန ပဝါရိတာနံ သန္တိကေ အနုပဂတေန ဝါ ဆိန္နဝဿေန ဝါ ကာယသာမဂ္ဂိံ ဒတွာ "ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေထာ"တိ တိက္ခတ္တုံ ဝတွာ ကာတဗ္ဗော။ ဌပေတွာ ပန ပဝါရဏာဒိဝသံ အညသ္မိံ ကာလေ အာဝါသိကေဟိ ဥဒ္ဒိဋ္ဌမတ္တေ ပါတိမောက္ခေ အဝုဋ္ဌိတာယ ဝါ ဧကစ္စာယ ဝုဋ္ဌိတာယ ဝါ သဗ္ဗာယ ဝါ ဝုဋ္ဌိတာယ ပရိသာယ ယေ အညေ သမသမာ ဝါ ထောကတရာ ဝါ အာဂစ္ဆန္တိ၊ တေဟိ တေသံ သန္တိကေ ဝုတ္တနယေနေဝ ပါရိသုဒ္ဓိ အာရောစေတဗ္ဗာ။ (ဝိနယသင်္ဂဟ၊ ၄၊ ၂၀၀။)

## ဥပုသ်ပြုခြင်းကိစ္စ

သံဃဥပုသ်သည် ဉတ္တိကံဖြစ်သောကြောင့် ဉတ်ဆုံးလျှင် ဥပုသ်ပြုခြင်းကိစ္စ ပြီးတော့သည်။

ဥပေါသထဿ ဉတ္တိကမ္မဘာဝတော ဉတ္တိယာ သမတ္တာယ ဥပေါသထော ကတော နာမ ဟောတီတိ အာဟ "ယျ ကာရေ သမ္မတ္တေ န လဗ္ဘတီ"တိ။ (သာရတ္ထ၊ ၂၊ ၃၅၆။ ပဥ္စမဒုဋ္ဌဒေါသသိက္ခာပုဒ်အဖွင့်။)

* * * * *

# ပဝါရဏာနှင့်စပ်သွယ် သိမှတ်ဖွယ်

## ပဝါရဏာ(၄)မျိုး

(၁) ဝဿံဝုဋ္ဌပဝါရဏာ၊ (ဝဿံဝုတ္ထ လည်း ရေးကြ၏)
(၂) ပစ္စယပဝါရဏာ၊
(၃) ပဋိက္ခေပပဝါရဏာ၊
(၄) ယာဝဒတ္ထပဝါရဏာ။

(၁) "အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုဋ္ဌာနံ ဘိက္ခူနံ တီဟိ ဌာနေဟိ ပဝါရေတု"န္တိ (ဝိ၊ ၃၊ ၂၂၃)အယံ ဝဿံဝုဋ္ဌပဝါရဏာ။ ပကာရေဟိ ဒိဋ္ဌာဒီဟိ ဝါရေတိ သံဃာဒိကေ ဘဇာပေတိ တောယာတိ ပဝါရဏာ။ (သာရတ္ထ၊ ၃၊ ၅၉။)[ပ+ဝရ+ယု ဝရ ဘတ္တိယံ] [ရဟန်းတို့ ဝါမှ ထသော ရဟန်းတို့အား မြင်၍ဖြစ်စေ, ကြား၍ဖြစ်စေ, ယုံမှား၍ဖြစ်စေ သုံးပါးသော အကြောင်းတို့ဖြင့် ဖိတ်ကြားခြင်း "ပဝါရဏာပြုခြင်းငှါ" ခွင့်ပြု၏ ဟု(ဝိ၊ ၃၊ ၂၂၃)၌] လာသော ပဝါရဏာသည် "ဝဿံဝုဋ္ဌပဝါရဏာ"မည်၏။

တောယ ဤမိမိကိုယ်ကိုအပ်နှံခြင်း, ပြောဆိုဖို့ရန်ခွင့်ပေးခြင်းဖြင့်၊ ပကာရေဟိ ဒိဋ္ဌာဒီဟိ မြင်ခြင်းအစရှိကုန်သော အပြားတို့ဖြင့်၊ ဝါရေတိ သံဃာဒိကေ ဘဇာပေတိ သံဃာ, ဂိဏ်း, ပုဂ္ဂိုလ်တို့သို့ မိမိကိုယ်ကို ကပ်ရောက်စေတတ်၏၊ ဣတိ ထို့ကြောင့်၊ သာ ထိုမိမိကိုယ်ကို အပ်နှံခြင်း, ပြောဆိုဖို့ရန် ခွင့်ပေးခြင်းသည်၊ ပဝါရဏာ ပဝါရဏာမည်၏
ဝါကျွတ်ကုန်သောရဟန်းတို့၏အပြစ်ရှိလျှင် ပြောဆိုဖို့ရန် ခွင့်ပေးခြင်းကိုပင် "အချင်းချင်းဖိတ်မန်ကြခြင်း"ဟု ခေါ်၏၊ ထိုဖိတ်မန်ခြင်းသည်"ဝဿံဝုဋ္ဌပဝါရဏာ"မည်၏။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ပဝါရဏာနိဒ္ဒေသ။ ၅၃၇။)

(၂) "ဣစ္ဆာမဟံ ဘန္တေ သံဃံ စာတုမာသံ ဘေသဇ္ဇေန ပဝါရေတု"န္တိ (ဝိ၊၂၊ ၁၃၅)စ, "အညတြ ပုန ပဝါရဏာယ အညတြ နိစ္စ ပဝါရဏာယာ"တိ (ဝိ၊၂၊၁၃၇) အယံ ပစ္စယပဝါရဏာ ပဝါရေတိ ပစ္စယေ ဣစ္ဆာပေတိ တောယာတိ ကတွာ၊ စီဝရာဒီဟိ ဥပနိမန္တနာယေတံ အဓိဝစနံ။ (သာရတ္ထ၊ ၃၊ ၅၉။)

ဟု လာသော ပဝါရဏာသည် "ပစ္စယပဝါရဏာ"မည်၏။

တောယ ဤဖိတ်မန်ထားခြင်းဖြင့်၊ ပဝါရေတိ ပစ္စယေ ဣစ္ဆာပေတိ ပစ္စည်းတို့ကို အလိုရှိစေ၏၊ ဣတိ ထို့ကြောင့်၊ သာ ထိုဖိတ်မန်ထားခြင်းသည်၊ ပဝါရဏာ ပဝါရဏာမည်၏။ [ဝရဓာတ် ဣစ္ဆာအနက်]

သက်နံစသောပစ္စည်းတို့ဖြင့် အလိုရှိသောအခါ တောင်းခံဖို့ရန် ဖိတ်မန်ထားခြင်းသည် "ပစ္စယပဝါရဏာ"မည်၏။
(၃)"ပဝါရိတော နာမ အသနံ ပညာယတိ၊ ဘောဇနံ ပညာယတိ၊ ဟတ္ထပါသေ ဌိတော အဘိဟရတိ၊ ပဋိက္ခေပေါ ပညာယတိ၊ ဧသော ပဝါရိတော နာမာ"တိ (ဝိ၊ ၂၊ ၁၁၁) အယံ ပဋိက္ခေပပဝါရဏာ။ ဝိပ္ပကတဘောဇနတာဒိပဉ္စင်္ဂသဟိတော ဘောဇနပဋိက္ခေပေါယေဝ ဟေတ္ထ ပကာရယုတ္တာ ဝါရဏာတိ ပဝါရဏာ။ (သာရတ္ထ၊ တ၊ ၅၉။)
ဟု ပဋ္ဌမပဝါရဏာသိက္ခာပုဒ်၌လာသော ပဝါရဏာသည် "ပဋိက္ခေပပဝါရဏာ"မည်၏။

ဝိပ္ပကတဘောဇနတာဒိပဉ္စင်္ဂသဟိတော စား၍မပြီးသေးသော ဘောဇဉ်ရှိသူ၏အဖြစ်(စားဆဲဘောဇဉ်)အစရှိသော ငါးပါးသောအင်္ဂါနှင့်တကွဖြစ်သော၊ ဘောဇနပဋိက္ခေပေါ ဟေတ္ထ ပကာရယုတ္တာ(ဝိပ္ပကတဘောဇဉ်အစရှိသော ငါးပါးသော အင်္ဂါအပြားနှင့်ယှဉ်သော)၊ဝါရဏာ တားမြစ်ခြင်းတည်း၊ ဣတိ ထို့ကြောင့်၊ ပဝါရဏာ ပဝါရဏာမည်၏။ [ဘူဝါဒိ, ဒိဝါဒိ ဝရဓာတ်၊ အာဝရဏ တားမြစ်ခြင်း]
[ဆောင်ပုဒ်] စားဆဲ, ဘောဇဉ်၊ ဟတ်တွင်းဝင်၊ ဆောင်စဉ်, ကိုယ်နှုတ်မြစ်၊
အင်္ဂါငါးလီ၊ ပြည့်စုံညီ၊ သင့်ပြီ ပဝါရေတ်။ (ဝိနယသံခိပ်၊ ၂၄။)

ဘောဇဉ်တမျိုးမျိုးကို စားနေစဉ် ဟတ္ထပါသ်အတွင်းသို့ ကပ်လာသောအခြားဘောဇဉ်ကို တန်ပြီတော်ပြီဟုတားမြစ်ခြင်းသည် "ပဋိက္ခေပပဝါရဏာ"တည်း။

ပဋိက္ခေပပဝါရဏာတိ ပဉ္စန္နံ ဘောဇနာနံ အညတရံ ဘုဉ္ဇမာနေန ယဿ ကဿစိ အဘိဟဋဘောဇနဿ ပဋိက္ခေပသင်္ခါတာ ပဝါရဏာ။ သာ စ န ကေဝလံ ပဋိက္ခေပမတ္တေန ဟောတိ၊ အထ ခေါ ပဉ္စင်္ဂဝသေန။ တတြိမာနိ ပဉ္စင်္ဂါနိ အသနံ, ဘောဇနံ, ဒါယကဿ ဟတ္ထပါသေ ဌာနံ, အဘိဟာရော, အဘိဟဋဿ ပဋိက္ခေပေါတိ။

အသနန္တိ ဝိပ္ပကတဘောဇနံ၊ ဘုဉ္ဇမာနော စေသ ပုဂ္ဂလော ဟောတီတိ အတ္ထော။

ဘောဇနန္တိ ပဝါရဏပ္ပဟောနကံ ဘောဇနံ၊ ဩဒနာဒီနဉ္စ အညတရံ ပဋိက္ခိပိတဗ္ဗံ ဘောဇနံ ဟောတီတိ အတ္ထော။

ဒါယကဿ ဟတ္ထပါသေ ဌာနန္တိ ပဝါရဏပ္ပဟောနကံ ဘောဇနံ ဂဏှိတွာ ဒါယကဿ အဍ္ဍတေယျဟတ္ထပ္ပမာဏေ ဩကာသေ အဝဋ္ဌာနံ။

အဘိဟာရောတိ ဟတ္ထပါသေ ဌိတဿ ဒါယကဿ ကာယေန အဘိဟာရော။

အဘိဟဋဿ ပဋိက္ခေပေါတိ ဧဝံ အဘိဟဋဿ ကာယေန ဝါ ဝါစာယ ဝါ ပဋိက္ခေပေါ။
ဣတိ ဣမေသံ ပဉ္စန္နံ အင်္ဂါနံ ဝသေန ပဝါရဏာ ဟောတိ။ (ဝိနယသင်္ဂဟအဋ္ဌကထာ၊ ၁၂၃ ၁၂၄။)

ပဉ္စန္နံ ဘောဇနာနံ အညတရံ ဘုဉ္ဇန္တဿ အညသ္မိံ ဘောဇနေ အဘိဟဋေ ပဋိက္ခေပသင်္ခါတာ ပဝါရဏာတိ သမ္ဗန္ဓော။
(ဝိနယာလင်္ကာရဋီကာ၊ ပ၊ ၂။)

ပယ်မြစ်ခြင်းသည် "ပဝါရဏာ"မည်၏။

(၄) "ပဏီတေန ခါဒနီယေန ဘောဇနီယေန သဟတ္ထာ သန္တပ္ပေသိ သမ္ပဝါရေသီ"တိ(မ၊ ၁၊ ၂၉၉) အယံ ယာဝဒတ္ထပဝါရဏာ။ ယာဝဒတ္ထံ ဘောဇနဿ ပဝါရဏာ ယာဝဒတ္ထပဝါရဏာ။ (သာရတ္ထ၊ တ၊ ၅၉။)
ဟု ထိုထိုပါဠိတော်၌လာသော ပဝါရဏာသည် "ယာဝဒတ္ထပဝါရဏာ"မည်၏။

ယာဝဒတ္ထံ အလိုရှိတိုင်း၊ ဘောဇနဿ ပဝါရဏာ ဘောဇဉ်ကို အပြားအားဖြင့် အလိုရှိစေခြင်းတည်း၊ ယာဝဒတ္ထပဝါရဏာ ခြင်း။ ဘောဇဉ်ကို အလိုရှိတိုင်း ခံယူဖို့ရန် ဖိတ်မန်ခြင်းသည် "ယာဝဒတ္ထပဝါရဏာ"မည်၏။

ထို(၄)ပါးသော ပဝါရဏာတို့တွင် ဤ၌လိုအပ်သောပဝါရဏာသည် ဝဿံဝုဋ္ဌပဝါရဏာဖြစ်၏။ ယင်းပဝါရဏာသည်...
(၁) အညမညပဝါရဏာ
(၂) အဓိဋ္ဌာနပဝါရဏာ
(၃) သံဃပဝါရဏာ ဟူ၍ သုံးပါးရှိ၏။

(၁) ၂ ပါး, ၃ ပါး, ၄ ပါးတို့၏အချင်းချင်းပြုထိုက်သော ပဝါရဏာသည် "အညမညပဝါရဏာ"မည်၏။ ထိုသို့ပြုရာ၌ ၃ ပါး, သို့မဟုတ်၄ ပါးဖြစ်လျှင် ဉတ်ထား၍ ပြုရ၏၊ ၂ ပါးဖြစ်လျှင် ဉတ်မထားပဲ ပြုရ၏၊ ဤအညမညပဝါရဏာကို "ဂဏပဝါရဏာ"ဟုလည်း ခေါ်၏။ [အညမညံ ကတ္တဗ္ဗာ ပဝါရဏာ အညမညပဝါရဏာ]

(၂) တစ်ပါးတည်းရှိရာ၌ အဓိဋ္ဌာန်ပြုရသော ပဝါရဏာသည် "အဓိဋ္ဌာနပဝါရဏာ"မည်၏၊ ယင်းပဝါရဏာကို "ပုဂ္ဂလပဝါရဏာ"ဟုလည်းခေါ်၏။

(၃) ၅ ပါးစသည်ပြုအပ်သော ပဝါရဏာသည် "သံဃပဝါရဏာ"မည်၏

သစေ ပန သဗ္ဗေပိ ပဉ္စ ဇနာ ကေတော သန္နိပတိတွာ သံဃဉတ္တိံ ဌပေတွာ ပဝါရေန္တိ၊ စတ္တာရော ဝါ တယော ဝါ ကေတော သန္နိပတိတွာ ဂဏဉတ္တိံ ဌပေတွာ အညမညံ ပဝါရေန္တိ၊ ဒွေ အညမညံ ပဝါရေန္တိ၊ ကေကော ဝသန္တော အဓိဋ္ဌာနပဝါရဏံ ကရောတိ၊ သဗ္ဗမေတံ ဓမ္မေန သမဂ္ဂံ နာမ ပဝါရဏာကမ္မန္တိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၅၇။)

တပါးတည်းက၊ မိဋ္ဌာန၊ ခေါ်ရ ပုဂ္ဂလာ။
နှစ်, သုံး, လေးပါး၊ ဂဏထား၊ ငါးပါး သံဃာသာ။ (ဝိနယသံခိပ်၊ ၁၄၅။)
ဒွိန္နံ တိဏ္ဏံ စတုန္နဥ္၊ အညမညပ္ပဝါရဏာ။
ကေဿ စ အဓိဋ္ဌာနံ၊ သေသာ သံဃပ္ပဝါရဏာ။ (ခုဒ္ဒသိက္ခာ၊ ၄၃၃။)

ဒွိန္နံ ၂ ပါးသော ရဟန်းတို့၏၄င်း၊ တိဏ္ဏံ ၃ ပါးသော ရဟန်းတို့၏၄င်း၊ စတုန္နံ စ ၄ ပါးသော ရဟန်းတို့၏၄င်း၊ အညမညပ္ပဝါရဏာ အချင်းချင်းပြုအပ်သော ပဝါရဏာသည်၊ (ဟောတိ ဖြစ်၏၊) ကေဿ စ တစ်ပါးသောရဟန်း၏ကား၊ ။အဓိဋ္ဌာနံ အဓိဋ္ဌာန်ခြင်းဟူသောပဝါရဏာသည်၊ (ဟောတိ-ဖြစ်၏၊) သေသာ ကြွင်းသော ပဝါရဏာသည်၊ သံဃပ္ပဝါရဏာ သံဃပဝါရဏာသည်၊(ဟောတိ-ဖြစ်၏။) (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ၅၃၆ ၅၃၇။) [ဝိ၊ ၃၊၂၂၈ ၂၃၀။]ကြည့်ပါ။

"အညမညပ္ပဝါရဏာ"တျာဒီနံ အညမညေဟိ ကာတဗ္ဗာ ပဝါရဏာ။ တတ္ထ တိဏ္ဏံ စတုန္နဥ္စ ဂဏဉတ္တိံ ဌပေတွာ အညမညပ္ပဝါရဏာ၊ ဒွိန္နံ ပန အဋ္ဌပေတွာဝ။ အဓိဋ္ဌာနန္တိ အဓိဋ္ဌာနပ္ပဝါရဏာ၊ ယုပစ္စယန္တာနံ ဘာဝေ နိယတနပုံသကတ္တာ "အဓိဋ္ဌာန"န္တိ ဝုတ္တံ၊ သေသာ ပဉ္စာဒီဟိ ကာတဗ္ဗာ အဝသေသာ သံဃပ္ပဝါရဏာ သံဃဝသေန ဉတ္တိံ ဌပေတွာ ကာတဗ္ဗာ။(ခုဒ္ဒသိက္ခာဘိနဝဋီကာ။ ၄၂၅။)

## ပဝါရဏာအပြား (၁၀)ပါး

(၁) သံဃပဝါရဏာ
(၂) ဂဏပဝါရဏာ
(၃) ပုဂ္ဂလပဝါရဏာ ဟု ပြုတတ်သော ကာရကပုဂ္ဂိုလ်နှင့်စပ်၍ ၃ ပါး၊
(၄) တေဝါစိကပဝါရဏာ
(၅) ဒွေဝါစိကပဝါရဏာ
(၆) ကေဝါစိကပဝါရဏာ
(၇) သမာနဝဿိကပဝါရဏာ ဟု ပဝါရဏာပြုပုံအခြင်းအရာ ကာတဗ္ဗာကာရနှင့်စပ်၍ ၄ ပါး၊
(၈) စာတုဒ္ဒသီပဝါရဏာ
(၉) ပန္နရသီပဝါရဏာ
(၁၀) သာမဂ္ဂီပဝါရဏာ ဟု နေ့နှင့်စပ်၍ ၃ ပါး

ဤသို့ (၁၀)ပါးပြား၏။
[ဆောင်ပုဒ်] သံဃ, ဂဏ၊ ပုဂ္ဂလ၊ သုံးဝ ပဝါရဏာ။
တေး, ဒွေး, ကေ၊ ဝါစိကနှင့်၊ သမာနဝဿ၊ ဤလေးတန်၊ ဆိုဟန်ပြားသည်သာ။
စာတုဒ္ဒသီ, ပန္နရသီ၊ သာမဂ္ဂီ၊ သုံးလီ နေ့တွက်မှာ။ (ဝိနယသံခိပ်၊ ၁၄၄ ၁၄၅။)

(၄) သိမ်အတွင်း၌ အနည်းဆုံး သံဃာ ၅ ပါးစသည်ရှိရာဝယ် တေဝါစိကဉတ်ထား၍ "သံဃံ ဘန္တေ ပဝါရေမိ" အစရှိသောစကားကို ၃ ကြိမ်စီဆို၍ တစ်ပါးချင်း ပဝါရဏာပြုသည်ကို "တေဝါစိကပဝါရဏာ"ဟု ခေါ်သည်။ တေဝါစိကဉတ်ထားလျှင် တေဝါစိကပဝါရဏာကိုသာ ပြုခြင်းငှါ အပ်၏၊ ကျန်ပဝါရဏာများကို ပြုခြင်းငှါ မအပ်။
"တေဝါစိကံ ပဝါရေယျာ"တိ ဝုတ္တေ ပန တေဝါစိကမေဝ ဝဋ္ဋတိ၊ အညံ န ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၃၊၃၅၆။ ဝိနယသင်္ဂဟဋ္ဌကထာ၊၂၀၇။)

(၅) အန္တရာယ်ရှိလာသောကြောင့် ၃ ကြိမ်စီ ဆိုခွင့်မရရာ၌ ဒွေဝါစိကဉတ်ထား၍ ၂ ကြိမ်စီ ဆိုလျက် တပါးချင်း ပဝါရဏာပြုသည်ကို "ဒွေဝါစိကပဝါရဏာ"ဟု ခေါ်သည်။ ဒွေဝါစိကဉတ်ထားလျှင် ဒွေဝါစိက, တေဝါစိက ပဝါရဏာ ၂ မျိုးကို ပြုခြင်းငှါအပ်၏၊ ကျန်၂ မျိုးကိုကား ပြုခြင်းငှါ မအပ်။ (ဝိ၊ ၄၊ ၃၊ ၃၅၆။ ဝိနယသင်္ဂဟဋ္ဌကထာ။ ၂၀၇။)

"ဒွေဝါစိကံ ပဝါရေယျာ"တိ ဝုတ္တေ ဒွေဝါစိကံ တေဝါစိကဉ္စ ဝဋ္ဋတိ၊ ဧကဝါစိကဉ္စ သမာနဝဿိကဉ္စ န ဝဋ္ဋတိ။

(၆) အန္တရာယ်နီးကပ်လာသောကြောင့် ၂-ကြိမ်စီမှ ဆိုခွင့်မရရာ၌ ဧကဝါစိကဉတ်ထား ၍ ၁ ကြိမ်စီ ဆိုလျက် တစ်ပါးချင်း ပဝါရဏာပြုသည်ကို "ဧကဝါစိကပဝါရဏာ"ဟု ခေါ်သည်။ ဧကဝါစိကဉတ်ထားလျှင် ဧကဝါစိက, ဒွေဝါစိက, တေဝါစိက ပဝါရဏာ ၃ မျိုးကို ပြုခြင်းငှါ အပ်၏၊ သမာနဝဿိကပဝါရဏာကိုသာ ပြုခြင်းငှါ မအပ်။ (ဝိ၊ ၄၊ ၃၊ ၃၅၆။ ဝိနယသင်္ဂဟဋ္ဌကထာ၊ ၂၀၇။)

"ဧကဝါစိကံ ပဝါရေယျာ"တိ ဝုတ္တေ ပန ဧကဝါစိကဒွေဝါစိကတေဝါစိကာနိ ဝဋ္ဋန္တိ၊ သမာနဝဿိကမေဝ န ဝဋ္ဋတိ

(၇) အန္တရာယ်ရှိသောကြောင့် အသီးအသီး ၁ ပါးချင်း ဆိုခွင့်မရရာ၌ သမာနဝဿိကဉတ်ထား၍ ဝါတူပေါင်းလျက် ငါးပါးတတွဲ, ဆယ်ပါးတတွဲ စသည်ဖြင့် ဆို၍ပြုရသည်ကို "သမာနဝဿိကပဝါရဏာ"ဟု ခေါ်သည်၊ သမာနဝဿိကဉတ်ထားလျှင် အားလုံးသော ပဝါရဏာကို ပြုခြင်းငှါအပ်၏။

"သမာနဝဿိက"န္တိ ဝုတ္တေ သဗ္ဗံ ဝဋ္ဋတိ။ (ဝိ၊ ၄၊ ၃၊ ၃၅၆။ ဝိနယသင်္ဂဟဋ္ဌကထာ၊ ၂၀၇။)

"သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ"ဟု သဗ္ဗသင်္ဂါဟိကဉတ်ထားလျှင် သမာနဝဿိကပဝါရဏာမှတပါး ကျန်ပဝါရဏာအားလုံးကို ပြုခြင်းငှါ အပ်၏။

ပဝါရဏာကမ္မေပိ သတိ အန္တရာယေ ဒွေဝါစိကံ ဧကဝါစိကံ သမာနဝဿိကံ ဝါ ပဝါရေတုံ ဝဋ္ဋတိ။ တ္ထေ (ဝိ၊ ၄၊ ၃၊ ၃၅၉) ဉတ္တိံ ဌပေန္တေနပိ "ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဒွေဝါစိကံ ပဝါရေယျာ"တိ ဝတ္တဗ္ဗံ။ ဧကဝါစိကေ "ဧကဝါစိကံ ပဝါရေယျာ" တိ, သမာနဝဿိကေပိ "သမာနဝဿံ ပဝါရေယျာ"တိ ဝတ္တဗ္ဗံ။ တ္ထေ စ ဗဟူပိ သမာနဝဿာ ဧကတော ပဝါရေတုံ လဘန္တိ။

(ဝိနယသင်္ဂဟဋ္ဌကထာ၊ ၂၀၇။)

ဤတေဝါစိကပဝါရဏာစသည် ၄ ပါးကား သံဃပဝါရဏာချည်းတည်း။

[ဆောင်] တေး, ဒွေး, ဧက၊ သမာန၊ သံဃပဝါရဏာ။ (ဝိနယသံခိပ်၊ ၁၄၅။)

(၈) သီတင်းကျွတ်လဆန်း(၁၄)ရက်, လဆုတ်(၁၄)ရက်, တန်ဆောင်မုန်းလဆန်း(၁၄)ရက်နေ့တို့၌ ပြုအပ်သော ပဝါရဏာသည် "စာတုဒ္ဒသီပဝါရဏာ"မည်၏။

မှတ်ချက်။ ။ ရဟန်းတို့နိုက်ရန်ဖြစ်သောအခါ ပဝါရဏာငင်၍ ပုရိမဝါသား ရဟန်းများအတွက် "သီတင်းကျွတ်လဆန်း(၁၄)ရက်နှင့်သီတင်းကျွတ်လကွယ်နေ့တို့၌ ပြုရသည်၊ ပစ္ဆိမဝါသား ရဟန်းများအတွက် တန်ဆောင်မုန်းလဆန်း(၁၄)ရက်နေ့၌ ပြုရသည်။

(၉) ပုရိမဝါသား ရဟန်းများအတွက် သီတင်းကျွတ်လပြည့်နေ့, ပစ္ဆိမဝါသား ရဟန်းများအတွက် တန်ဆောင်မုန်းလပြည့်နေ့၌ ပြုအပ်သောပဝါရဏာသည် "ပန္နရသီပဝါရဏာ"မည်၏။

(၁၀) ကွဲပြားသောသံဃာတို့ ညီညွတ်သောအခါ ပုရိမဝါမှထသောရဟန်းတို့၏သီတင်းကျွတ်လပြည့်ကျော်တရက်မှစ၍ တန်ဆောင်မုန်းလပြည့်အထိ ၂၉ ရက်တို့တွင် တနေ့နေ့၌ ပြုအပ်သော ပဝါရဏာသည် "သာမဂ္ဂီပဝါရဏာ"မည်၏။

ပုရိမဝဿံ ဝုဋ္ဌာနံ ပန ပုဗ္ဗကတ္တိကပုဏ္ဏမာ ဝါ, တေသံယေဝ သစေ ဘဏ္ဍနကာရကေဟိ ဥပဒ္ဒုတာ ပဝါရဏံ ပစ္စုက္ကဍ္ဎန္တိ၊ အထ ပုဗ္ဗကတ္တိကမာသဿ ကာဠပက္ခစာတုဒ္ဒသော ဝါ, ပစ္ဆိမကတ္တိကပုဏ္ဏမာ ဝါ, ပစ္ဆိမဝဿံဝုဋ္ဌာနဉ္စ ပစ္ဆိမကတ္တိကပုဏ္ဏမာ ဧဝါတိ [ပစ္ဆိမကတ္တိကပုဏ္ဏမာ ဧဝ ဝါတိ(က)] ဣမေ တယော ပဝါရဏာဒိဝသာပိ ဟောန္တိ၊ ဣဒမ္ပိ ပကတိစာရိတ္တမေဝ။ တထာရူပပစ္စယေ ယေ ပန သတိ ဒွိန္နံ ကတ္တိကပုဏ္ဏမာနံ ပုရိမေသု စာတုဒ္ဒသေသုပိ ပဝါရဏံ ကာတုံ ဝဋ္ဋတိ။

ပုရိမဝဿံဝုဋ္ဌာနံ ပန ကတ္တိကမာသဿဗ္ဘန္တရေ အယမေဝ သာမဂ္ဂိပဝါရဏာဒိဝသော နာမ ဟောတိ။ (ကင်္ခါ၊ ၄၊ ၈၆။)

ခုဒ္ဒသိက္ခာဘိနဝဋီကာ၊ ၄၂၅ ၌လည်း အလားတူပင် ပါရှိ၏၊ အထူးမှာကား ဘိန္နသ ပန သံဃဿ သာမဂ္ဂိယံ ယော ကောစိ ဒိဝသော ပဝါရဏာဒိဝသော ဟောတိ။

## ✲ ပဝါရဏာဉတ် (၆)မျိုး

(၁) သဗ္ဗသင်္ဂါဟိကာဉတ် (သာမညဉတ်လည်း ခေါ်၏)
(၂) တေဝါစိကာဉတ်
(၃) ဒွေဝါစိကာဉတ်
(၄) ဧကဝါစိကာဉတ်
(၅) သမာနဝဿိကာဉတ်
(၆) ဂဏဉတ်

## ✲ (၁) သဗ္ဗသင်္ဂါဟိကာဉတ်ထားပုံ

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ။

ဤဉတ်သည် သမာနဝဿိကပဝါရဏာမှတပါး ကျန်ပဝါရဏာအားလုံးနှင့် သက်ဆိုင်သော သာမညဉတ်တည်း။

## ✲ ပဝါရဏာပြုပုံ...

သံဃံ ဘန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။ ဒုတိယမ္ပိ၊ ပ။ တတိယမ္ပိ ဘန္တေ သံဃံ၊ ပ၊ ပဋိကရိဿာမိ။

အထက်ပါ သဗ္ဗသင်္ဂါဟိကာဉတ်ထား၍ ပဝါရဏာပြုပါက တေဝါစိက, ဒွေဝါစိက, ဧကဝါစိက ပဝါရဏာအမျိုးမျိုး ပြုနိုင်သည် ချည်း။ သို့သော် ဝါတူပြု၍မရ။ (သမာနဝဿိကပဝါရဏာပြုမရ)

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျာတိ အယံ သဗ္ဗသင်္ဂါဟိကာ နာမ ဉတ္တိ၊ ဧဝဉှိ ဝုတ္တေ တေဝါစိကံ ဒွေဝါစိကံ ဧကဝါစိကဉ္စ ပဝါရေတုံ ဝဋ္ဋတိ၊ သမာနဝဿိကံ န ဝဋ္ဋတိ။ (ဝိ၊ ၄၊ ၃၊ ၃၅၆။)

## ✲ (၂) တေဝါစိကာဉတ်ထားပုံ

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တေဝါစိကံ ပဝါရေယျ။
ပဝါရဏာပြုပုံ...အထက်နည်းအတိုင်းပင်။

တေဝါစိကာဉတ်ထား၍ ပဝါရဏာပြုပါက သုံးကြိမ်ဆို၍ ပြုရသည်။ ဒွေဝါစိက(၂ ကြိမ်), ဧကဝါစိက(၁ ကြိမ်) ဆို၍ ပဝါရဏာပြု၍မရ၊ ဝါတူလည်း ပြု၍မရ။

## ✲ (၃) ဒွေဝါစိကာဉတ်ထားပုံ

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဒွေဝါစိကံ ပဝါရေယျ။
ပဝါရဏာပြုပုံပါဠိကား ဆိုခဲ့ပြီးအတိုင်းပင်။

အန္တရာယ်စသည်ရှိခဲ့သော် ဒွေဝါစိကာဉတ်ထား၍ ပဝါရဏာပြုပါက ဒွေဝါစိကပဝါရဏာ(၂ ကြိမ်ဆို၍)ပြုနိုင်သည်။ ထို့ထက်အလွန် တေဝါစိကပဝါရဏာ (၃ ကြိမ်ဆို၍) လည်း ပြုနိုင်သည်၊ ထို့အောက်အယုတ် ဧကဝါစိကပဝါရဏာ (၁ ကြိမ်ဆို၍) တော့ ပြု၍မရ၊ ဝါတူလည်း မရ။

❋ (၄) ဧကဝါစိကဉတ်ထားပုံ

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဧကဝါစိကံ ပဝါရေယျ။ ပဝါရဏာပြုပုံ... ယခင်အတိုင်းပင်။

အန္တရာယ်စသည်ရှိခဲ့သော် ဧကဝါစိကဉတ်ထား၍ ပဝါရဏာပြုပါက ဧကဝါစိကပဝါရဏာ(၁ ကြိမ်ဆို၍)ပြုနိုင်သည်။ ထိုထက်အလွန် ဒွေဝါစိကပဝါရဏာ(၂ ကြိမ်ဆို၍လည်းကောင်း), တေဝါစိကပဝါရဏာ(၃ ကြိမ်ဆို၍လည်းကောင်း)ပြုနိုင်သည်၊ သို့သော် ဝါတူပြု၍မရ။

❋ (၅) သမာနဝဿိကဉတ်ထားပုံ

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော သမာနဝဿိကံ ပဝါရေယျ။ ပဝါရဏာပြုပုံ... ယခင်အတိုင်းပင်။

အန္တရာယ်စသည်ရှိခဲ့သော် ဤဉတ်ကိုထား၍ ပဝါရဏာပြုပါက ၁ ကြိမ်, ၂ ကြိမ်, ၃ ကြိမ်ဆို၍လည်း ပြုနိုင်သည်၊ ဝါတူလည်း ပြုနိုင်သည်။

❋ ဆိုခဲ့ပြီးသော သံဃပဝါရဏာနှင့်သက်ဆိုင်သော ဉတ်၅ မျိုးတို့တွင် (၁) သဗ္ဗသင်္ဂါဟိကဉတ်, (၃) ဒွေဝါစိကဉတ်, (၄) ဧကဝါစိကဉတ်, (၅) သမာနဝဿိကဉတ်တို့သည် အန္တရာယ်စသည်ရှိမှုနှင့် ပတ်သက်ကြသည်၊ အန္တရာယ်စသည်မရှိခဲ့သော် (၂) တေဝါစိကဉတ်ကို ထား၍ ပဝါရဏာပြုသင့်သည်။

❋ "တေဝါစိကပဝါရဏာ, ဒွေဝါစိကပဝါရဏာ, ဧကဝါစိကပဝါရဏာ, သမာနဝဿိကပဝါရဏာ"ဟု ပဝါရဏာပြုပုံ အခြင်းအရာကာတဗ္ဗာကာရအားဖြင့် ပဝါရဏာ ၄ မျိုးရှိသည်တွင် တေဝါစိကပဝါရဏာသည် ဂရုကအဖြစ်ဆုံး(လေးလေးပင်ပင်အရှိဆုံး)တည်း၊ ထို့ကြောင့် အနည်းငယ်စီပေါ့၍ သမာနဝဿိကပဝါရဏာကို အပေါ့ဆုံးဟု မှတ်ပါ။

ဒိဋ္ဌစသည်တို့၏အဓိပ္ပါယ်

ဒိဋ္ဌ။ ။ အာပတ်သင့်နိုင်လောက်သော အကြောင်းဝတ္ထု အမှုတစုံတရာ ကျူးလွန်နေသည်ကို ကိုယ်တိုင်မြင်လျှင် "ဒိဋ္ဌ"။

သုတ။ ။ သူတပါးပြောသည်ကို ကြားလျှင် "သုတ"။

ပရိသင်္ကာ။ ။ မမြင်ရ မကြားရသော်လည်း အနေအထိုင် အပြောအဆို (သူ၏နေရာ၌ မိန်းမများပန်ဆင်အပ်သောပန်း သို့မဟုတ် တိုးတိုးပြောသံ သို့မဟုတ် အရက်နံ့စသည်)ကို ထောက်၍ ယုံမှားသံသယဖြစ်ခြင်းကို "ပရိသင်္ကာ"ဟု ခေါ်သည်။

(ခုဒ္ဒသိက္ခာဘာသာ ဋီကာ၊ ၃၅၉။)

## ❋ သံဃပဝါရဏာပြုရာ၌ မှတ်သားဖွယ်ကား

"ဖိတ်သည့်အခါတုံးက 'သံဃံ ဘန္တေ ပဝါရေမိ' ဟု သံဃာကို ဖိတ်သည်၊ ပဋိညာဉ်ပြုသည့်အခါကျတော့ 'ဝဒန္တု မံ အာယသ္မန္တော'ဟု ပုဂ္ဂိုလ်ကို ပဋိညာဉ်ပြုခြင်းဖြစ်၍ ရှေ့စကားနှင့် နောက်စကားသည် မညီ ဆန့်ကျင်သည်"ဟု စောဒနာကြားအံ့။...ဝဇိရဗုဒ္ဓိဋီကာဆရာကြီးအလိုအားဖြင့် "တစ်ပါး, နှစ်ပါး, သုံးပါး, လေးပါးသောပုဂ္ဂိုလ်သည်ပင် သံဃာ၌အတွင်းဝင်သည်ဖြစ်၍ ရှေ့စကားနှင့် နောက်စကား မဆန့်ကျင်, ညီညွတ်လှသည်"ဟု သောနနာရာ၏။

❋ တနည်း....အဆက်ဆက်သော ဆရာကြီးများအလိုအားဖြင့်ကား

တစ်စုံတစ်ယောက်သော ရဟန်းပုဂ္ဂိုလ်၌ ဒိဋ္ဌ, သုတ, ပရိသင်္ကီတအပြစ်များကို တစ်စုံတစ်ယောက်သော ရဟန်းပုဂ္ဂိုလ်က မြင်, ကြား, ရွံရှားမှုရှိ၍ ...ငါ့ရှင်..သင်သည် ပဝါရဏာပြုတုံးက ဖိတ်ထားသည်ဖြစ်၍ သင်၌ ဒိဋ္ဌ, သုတ, ပရိသင်္ကီတအပြစ်များကို ငါသည် မြင်, ကြား, ရွံရှားမှု ရှိလေ၏၊ ထိုအပြစ်များကို ကုစားပါလေ...ဟု ဆိုသော်....ထိုအပြောခံရသော ရဟန်းက အရှင်

ဘုရား..ကျွန်ုပ်ဖိတ်စဉ်က သံဃာကိုသာ ဖိတ်ခြင်းဖြစ်၍ ပုဂ္ဂိုလ်မျှသာဖြစ်သောအရှင်ဘုရားက ပြောရုံဖြင့် ကျွန်ုပ်မကုစားနိုင်, သံဃာက ပြောမှသာ ကုစားနိုင်မည် ဟု အမြွက်ထောင်ရာ၏၊ ထိုအမြွက်ထောင်မှုကို တားမြစ်စိမ့်သောငှာ "သံဃံ ဘန္တေ ပဝါရေမိ"ဟု ဖိတ်စဉ်က သံဃာကို ဖိတ်သော်လည်း"ဝဒန္တု မံ အာယသ္မန္တော"ဟု ပုဂ္ဂိုလ်ကို ပဋိညာဉ်ပြုခြင်းဖြစ်၍ ရှေ့စကားနှင့် နောက်စကား မ ဆန့်ကျင် အလွန်ပင် ညီညွတ်လှတော့၏-ဟု စောဒနာအမြွက်ကို သောဓနာစွက်၍ ဖြေရာ၏။

(ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ဆရာတော် ဘုရားကြီး၏သြဝါဒကထာ)

ဝဒန္တု မံ အာယသ္မန္တော။ ။ ဖိတ်မန်တုန်းက "သံဃံ ဘန္တေ ပဝါရေမိ"ဟု သံဃာကို ဖိတ်မန်ခဲ့သော်လည်း အကြောင်းရှိ၍ ပြောဆိုဆုံးမသောအခါ သံဃာစည်းဝေးပြီးမှ သံဃာက ဆုံးမရမည်မဟုတ်၊ ပုဂ္ဂိုလ်တစ်ပါးချင်း, နှစ်ပါးချင်းက ဆုံးမရသောကြောင့် "ဝဒန္တုမံ အာယသ္မန္တော"ဟု လျှောက်သည်၊ အချို့ကား....တစ်ပါးမှာ "သ္မာ"၊ နှစ်ပါးမှာ "န္တာ"၊ သုံးပါးမှာ "န္တော"၊ လေးပါး "ဃော"ဟု စပ်ဆို၍ လေးပါးဖြစ်လျှင် "ဝဒတု မံ သံဃော"ဟု ဆိုရမည်-ဟု ပြောကြသေး၏၊ ထိုစကားသည် ခုဒ္ဒသိက္ခာ ဆန္ဒါနနိဒ္ဒေသနှင့် ပဝါရဏာဒါနာနုဇာနနကထာ အဖွင့် ဤအဋ္ဌကထာ(ဝိ၊ ဋ္ဌ၊ ၃၊ ၃၅၇)၌လာသော "ဝဒတု တံ သံဃော"ဟူသော စကားကို နည်းမှီထားဟန်တူ၏၊ ထိုနေရာတို့၌ "ဝဒတု တံ သံဃော"ဟု ရှိရခြင်းမှာ ပဝါရဏာဆောင်သော ရဟန်းက ပဝါရဏာ ပေးလိုက်သော ရဟန်း၏ကိုယ်စား လျှောက်ထားသောအရာဖြစ်၍ "ဝဒတု တံ သံဃော သံဃာက ထိုတိဿရဟန်းကို ပြောဆိုဆုံးမတော်မူပါ"ဟု သံဃာကို သိမ်းကျုံး၍လျှောက်ထားခြင်းသာတည်း၊ အခြားနေရာ၌ကား "ဝဒတု မံ သံဃော"ဟု မရှိပါ။

(မဟာဝါဘာသာဋီကာ၊ ပါဠိတော်နိဿယ၊၃၊၃၉၃။)

(၁) ဝဒန္တု မံ အာယသ္မန္တော (ဝိ၊ ၃၊ ၂၂၃။ ကစ္စာသယမူ၊ ဝိနည်းငယ်လေးစောင်ပါဌ်၊ ခုဒ္ဒသိက္ခာ၊ ၁၅၂။)

(၂) ဝဒတု မံ သံဃော (ကစ္စာသယမူ၊ ဝိနည်းငယ်လေးစောင်ပါဌ်၊ မူလသိက္ခာ၊ ၁၇၀။)

ပါဌ်နှစ်ထွေရှိရာတွင် ပါဠိတော်ရှိပါဌ်သည်သာ ဆိုလတ္တံ့သော ဋီကာနှင့်ညီညွတ်, အဓိပ္ပါယ်လည်းကောင်း၏၊ ဆရာအစဉ် အဆက်တို့လည်း ၎င်းအတိုင်းအတည်ပြု၍ ပဝါရဏာပြုတော်မူကြ၏။

"သံဃံ အာဝုသော ပဝါရေမိ"တိ ဝုတ္တတ္တာ ပစ္ဆာပိ "ဝဒတု မံ သံဃော"တိ ဝတ္တဗ္ဗံ ဝိယ ဒိဿတိ။ အယံ ပနေတ္ထ အဓိပ္ပါယော-ယသ္မာ အဟံ သံဃံ ပဝါရေမိ၊ တသ္မာ တတ္ထ ပရိယာပန္နာ ထေရာ, မဇ္ဈိမာ, နဝါ ဝါ အဝိသေသေနာယသ္မန္တော သဗ္ဗေပိ မံ ဝဒန္တူတိ။ (ဝဇိရဗုဒ္ဓိဋီကာ၊ ပဝါရဏာက္ခန္ဓက၊ ၄၇၄။)

"သံဃံ အာဝုသော ပဝါရေမိ"တိ၊ -ဟူ၍။ ဝုတ္တတ္တာ၊ ရှေ့၌ဆိုအပ်ခဲ့သည်၏အဖြစ်ကြောင့်။ ပစ္ဆာပိ၊ နောက် ပဝါရဏာကာရ သည်း။ "ဝဒတု မံ သံဃော"တိ၊ ဟူ၍။ ဝတ္တဗ္ဗံ ဝိယ၊ ရှေ့နောက်ညီအောင် ဆိုသင့်သကဲ့သို့, ဆိုသင့်လေသယောင် ဆိုသင့်သလိုလို။ ဒိဿတိ၊ ဉာဏ်၌ထင်ရ၏။ အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ ဧတ္ထ၊ ဤဘိတ်ကြားရာ၌။ အဓိပ္ပါယော၊ ဆိုလိုရင်းအဓိပ္ပါယ်တည်း။ ယသ္မာ၊ ငြင့်။ အဟံ၊ သည်။ သံဃံ၊ကို။ ပဝါရေမိ၊ ၏။ တသ္မာ၊ ငြင့်။ တတ္ထ၊ ထိုဘိတ်ကြားအပ်ရာ သံဃာ၌။ ပရိယာပန္နာ၊ အကျုံးဝင်ကုန်သော။ ထေရာ ဝါ၊ ထေရ်လည်းဖြစ်ကုန်သော။ မဇ္ဈိမာ ဝါ၊ မဇ္ဈိမလည်းဖြစ်ကုန်သော။ နဝါ ဝါ၊ နဝလည်းဖြစ်ကုန်သော။ အဝိသေသေန၊ ထေရ သာဟူ၍၎င်း, မဇ္ဈိမ သာဟူ၍၎င်း, နဝ သာဟူ၍၎င်း ထူးခြားခြင်း မရှိသဖြင့်။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ အာယသ္မန္တော၊ အရှင်တို့သည်။ မံ၊ ကို။ ဝဒန္တု၊ ကုန်လော့။ ဣတိ အဓိပ္ပါယော၊ ဤကား"ဝဒန္တု မံ အာယသ္မန္တော"ပါဌ်၏ဆိုလိုအပ်သောအဓိပ္ပါယ်တည်း။ ( ဋီကာအဖွင့် ကျနအောင်ပေး)

ဋီကာ အဓိပ္ပါယ်ကား....

ရှေ့၌ "သံဃံ ပဝါရေမိ" ဆိုခဲ့သည်နှင့် ရှေ့နောက်ညီအောင် နောက်ဖိတ်ကြားသော အာကာရ ၌လည်း "ဝဒတု မံ သံဃော" ဟူ၍ သံဃော ကတ္တားဖြင့် ဆိုသင့်လေယောင်ထင်ရ၏။ သို့သော် သံဃ, ဂဏ, ပုဂ္ဂလ အားလုံးဆုံးမပိုင်အောင် "ဝဒန္တု မံ အာယသ္မန္တော"ဟူ၍သာ ဆိုသင့်၏။ အကယ်၍ ဝဒတု မံ သံဃော ဟူ၍ ဆိုချေသော် သံဃာကသာ ဆုံးမပိုင်၍ ဂိုဏ်း, ပုဂ္ဂိုလ် မဆိုပိုင် ဖြစ်ရာ၏။ ထို့ကြောင့် "ဝဒန္တု မံ အာယသ္မန္တော"ဟူ၍ ဆိုအပ်၏ဟူလို။

(မန္တလေးမြို့ ဒုတိယမြောက် အဘယာရာမဆရာတော်က ၁၃၃၅ ခု ဝါခေါင်လဆုတ်(၇)ရက်နေ့၌ ချီးမြှင့်တော်မူသည်။)

## ပဝါရဏာပြုချိန်အတွင်း နေထိုင်ပုံ

သီတင်းကြီးထေရ်တို့သည် ပဝါရဏာပြုသောအခါ ဆောင့်ကြောင့်ထိုင်၍ ဖိတ်ကြရသည်။ ဖိတ်ပြီးဖိတ်နေကြစဉ် သီတင်းငယ်ထေရ်သည် မိမိပဝါရဏာပြုလှည့် မရောက်သေးသမျှ ဆောင့်ကြောင့်ထိုင်၍ပင် နေရသည်။ (ဒုဒုသိက္ခာဘာသာဋီကာ။ ၅၄၀။)

န ဘိက္ခဝေ ထေရေသု ဥက္ကုဋိကံ နိသိန္နေသု ပဝါရယမာနေသု အာသနေသု အစ္ဆိတဗ္ဗံ၊ ယော အစ္ဆေယျ၊ အာပတ္တိ ဒုက္ကဋဿ။

အနုဇာနာမိ ဘိက္ခဝေ သဗ္ဗေဟေဝ ဥက္ကုဋိကံ နိသိန္နေဟိ ပဝါရေတုံ။ (ဝိ၊ ၃၊ ၂၂၄။)

[န အာသနေသု အစ္ဆိတဗ္ဗံ နေရာထိုင်တို့၌ ထိုင်၍ မနေရ၊]

မထေရ်ကြီးတပါး၏ ဆောင့်ကြောင့်ထိုင်နေရသည်အတွက် မူးမိုက်၍လဲသွားမှုကို အကြောင်းပြု၍ မိမိပဝါရဏာပြုပြီးချိန်တိုင်အောင်သာ ဆောင့်ကြောင့်ထိုင်ရမည်။ "ပဝါရဏာပြုပြီးသောအခါ အာသန(နေရာ)၌ ထိုင်နိုင်သည်"ဟု ခွင့်ပြုတော်မူ၏။ (မဟာဝါဘာသာဋီကာ၊၃၊ ၃၅။)

အနုဇာနာမိ ဘိက္ခဝေ တဒမန္တရာ ဥက္ကုဋိကံ နိသီဒိတုံ၊ ယာဝ ပဝါရေတိ၊ ပဝါရေတွာ အာသနေ နိသီဒိတုံ။ (ဝိ၊ ၃၊ ၂၂၄။)

ရဟန်းတို့ (မိမိ)ပဝါရဏာပြုစဉ်အတွင်း ဆောင့်ကြောင့်ထိုင်နေခြင်းငှါ၊ ပဝါရဏာပြုပြီးနောက် နေရာ၌ ထိုင်နေခြင်းငှါ ခွင့်ပြုတော်မူ၏ဟု (မိန့်တော်မူ၏)။ (ဝိနည်း မဟာဝါပါဠိတော်မြန်မာပြန်၊ ၂၂၃။)

မှတ်ချက်။ ။ ဤပဝါရဏာကိစ္စ၌သာ အသီးသီး ထိုင်၍ သံဃာကို ဖိတ်ရန် ဖျော့ကြောက်ထားရမည် ဖြစ်သောကြောင့် မိမိဖိတ်မန်မပြီးမီ ဆောင့်ကြောင့် ထိုင်ဖို့ရန် မိန့်တော်မူသည်၊ ဥပုသ်ကံစသည်၌ကား မည်သူကိုမျှ ဖျော့ကြောက်ရမည် မဟုတ်သောကြောင့် မိမိဆိုင်ရာ အာသန(နေရာ)၌ ချမ်းသာစွာ ထိုင်နေ၍ ပါတိမောက်ရွတ်သူကလည်း ရွတ်နိုင်၊ နာသူကလည်း နာနိုင်၏ ဟု မှတ်ပါ။ (မဟာဝါဘာသာဋီကာ၊ ၃၊ ၃၆။)

## ❊ (၆) ဂဏဉတ်ထားပုံများ

သုဏာတု မေ အာယသ္မန္တာ၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပဝါရေယျာမ။

ဂဏဉတ်ကို လေးပါးရှိသည်ဖြစ်စေ, သုံးပါးရှိသည်ဖြစ်စေ ထားရာ၏၊ ပဝါရဏာပြုရာ၌သာ အာစရိယဝါဒအနေဖြင့် ပါဠိအနည်းငယ် ပြောင်းလွဲမှုရှိသည်။ (ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ဆရာတော်ဘုရားကြီး၏ဩဝါဒကထာမှ)

ဝိနည်းမဟာဝါ ပဝါရဏာက္ခန္ဓကပါဠိတော်၌ လေးပါးဂဏဉတ်ထားပုံနှင့် သုံးပါးဂဏဉတ်ထားပုံမှာ..အာလုပ်ပုဒ်အသုံးကွဲပြားတာတွေ့ရ၏။ လေးပါးဂဏဉတ်ထားသောအခါ "အာယသ္မန္တော"ဟု သုံး၍ သုံးပါးဂဏဉတ်ထားသောအခါ "အာယသ္မန္တာ" ဟု သုံးသည်။

### လေးပါးဂဏဉတ်ထား၍ ❊ ဂဏပဝါရဏာပြုပုံ

သုဏန္တု မေ အာယသ္မန္တော၊ အဇ္ဇ ပဝါရဏာ၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပဝါရေယျာမ။ (ဝိ၊ ၃၊ ၂၂၈။)

အဟံ အာဝုသော/ဘန္တေ အာယသ္မန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။

ဒုတိယမ္ပိ။ပ ။ တတိယမ္ပိ အဟံ အာဝုသော/ဘန္တေ အာယသ္မန္တေ ပဝါရေမိ......ပဿန္တော ပဋိကရိဿာမိ။ (ဝိ၊ ၃၊ ၂၂၈။)

တစ်ပါးက သုံးပါးအထံ၌ ပြုရခြင်းဖြစ်၍ သုံးပါးမှာ န္တော။

### သုံးပါးဂဏဉတ်ထား၍ ❊ ဂဏပဝါရဏာပြုပုံ

သုဏန္တု မေ အာယသ္မန္တာ၊ အဇ္ဇ ပဝါရဏာ၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပဝါရေယျာမ။ (ဝိ၊ ၃၊ ၂၂၉။)

အဟံ အာဝုသော/ဘန္တေ အာယသ္မန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တာ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။

ဒုတိယမ္ပိ။ပ။ တတိယမ္ပိ အဟံ အာဝုသော/ဘန္တေ အာယသ္မန္တေ ပဝါရေမိ....ပဿန္တော ပဋိကရိဿာမိ။ (ဝိ၊ ၃၊ ၂၂၉။)

တစ်ပါးက နှစ်ပါးအထံ၌ ပြုရခြင်းဖြစ်၍ နှစ်ပါးမှာ န္တာ။

❊ နှစ်ပါး ဂဏပဝါရဏာပြုပုံ

ဤဂဏပဝါရဏာ၌ကား ဉတ်မထားရတော့ပဲ ပဝါရဏာသာ ပြုရ၏။

အဟံ အာဝုသော/ဘန္တေ အာယသ္မန္တံ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒတု မံ အာယသ္မာ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။

ဒုတိယမ္ပိ။ပ။ တတိယမ္ပိ အဟံ အာဝုသော/ဘန္တေ အာယသ္မန္တံ ပဝါရေမိ.....ပဿန္တော ပဋိကရိဿာမိ။ (ဝိ၊ ၃၊ ၂၃၀။)

တစ်ပါးက တစ်ပါးထံ၌ ပြုရခြင်းဖြစ်၍ တပါးမှာ သွာ။

[ဤ ❊ ခရေပွင့်ပြ အမှတ်ပြ ပဝါရဏာစကားစုကို ၁၃၂၇-ခု သီတင်းကျွတ်လပြည့် ပဝါရဏာနေ့ ညနေ၌ ပဝါရဏာမပြုမီ ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ဆရာတော်ဘုရားကြီး ညွှန်ကြားပေးတော်မူစဉ် မှတ်သားမိသည်။]

## တစ်ပါးတည်းရှိရာ၌ အဓိဋ္ဌာန်ပဝါရဏာပြုပုံ

အဇ္ဇ မေ ပဝါရဏာ ပန္နရသီတိ (စာတုဒ္ဒသီတိ) အဓိဋ္ဌာမိ။

အဓိဋ္ဌာန်ပဝါရဏာမပြုလျှင် ဒုက္ကဋ်အာပတ်သင့်၏။ "အဇ္ဇ မေ ပဝါရဏာ"တိ အဓိဋ္ဌာတဗ္ဗံ။ နော စေ အဓိဋ္ဌေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ၊ ၃၊ ၂၃၀။)

"နော စေ အဓိဋ္ဌေယျ၊ အာပတ္တိ ဒုက္ကဋဿာ"(ဝိ၊ ၃၊ ၂၃၀)တိ ဧကဿ ဝုတ္တဒုက္ကဋံ့, တဿေဝ ဝုတ္တံ ပုဗ္ဗကိစ္စဥ္စ သံဃဂဏာ နမ္ပိ နေတဗ္ဗံ။ (ဝဇိရဗုဒ္ဓိဋီကာ၊ ၄၇၄။)

## ပဝါရဏာပြုပြီးသော်လည်း ထပ်ပြုပေမဲ့ အာပတ်မသင့်

တေဟိ ပဝါရိတမတ္တေ အထညေ အာဝါသိကာ ဘိက္ခူ အာဂစ္ဆ န္တိ ဗဟုတရာ၊ တေဟိ ဘိက္ခဝေ ဘိက္ခူဟိ ပုန ပဝါရေတဗ္ဗံ၊ ပဝါရိတာနံ အနာပတ္တိ။ (ဝိ၊ ၃၊ ၂၃၄။)

ပုန ပဝါရေတဗ္ဗန္တိ ပုန ပုဗ္ဗကိစ္စံ ကတွာ ဉတ္တိံ ဌပေတွာ သံဃတ္ထေရတော ပဋ္ဌာယ ပဝါရေတဗ္ဗံ။ (ဝိ၊ ၄၊ ၃၊ ၃၅၈။)

## မိမိက ပဝါရဏာပြုပြီးသော်လည်း သံဃာ၏ပဝါရဏာကံ မပျက်စီးရန်အတွက် ဆန္ဒပေးအပ်သည်။

ပဝါရဏာဒိဝသေ ပန ဗဟိသီမာယံ ပဝါရဏံ အဓိဋ္ဌဟိတွာ အာဂတေနပိ ဆန္ဒော ဒါတဗ္ဗော၊ တေန သံဃဿ ပဝါရဏာကမ္မံ န ကုပ္ပတိ။ (ဝိ၊ ၄၊ ၃၊ ၃၅၈။)

ဆန္ဒဆောင်မှုဟူသည် သံဃာအားသာ ရောက်၏, ဂိုဏ်းအား မရောက်၊ ထို့ကြောင့် ဆန္ဒမဆောင်လျှင် ဝဂ်ဖြစ်၍ (ကံပျက်၏)။ သံဃဿေဝ ဆန္ဒာဂမနံ၊ န ဂဏဿာတိ ကတွာ ဝဂ္ဂံ နာမ ဟောတိ။ (ဝဇိရဗုဒ္ဓိဋီကာ၊ ၄၆၂။)

ဆန္ဒပါရိသုဒ္ဓိ စ သံဃမဇ္ဈေယေဝ အာဂစ္ဆတိ, န ဂဏမဇ္ဈံ၊ တသ္မာ "ဝဂ္ဂ"န္တိ ဝုတ္တံ။ (သာရတ္ထ၊ တ၊ ၂၇၆။)

ယသ္မာ ပန ဆန္ဒပါရိသုဒ္ဓိ သံဃေဧဝ အာဂစ္ဆတိ၊ န ဂဏေ, န ပုဂ္ဂလေ၊ တသ္မာ "ဝဂ္ဂ"န္တိ ဝုတ္တံ။ (ဝိမတိ၊ ၂၊ ၁၆၇။)

## ပဝါရဏာပေးပုံ

ပဝါရဏံ ဒမ္မိ၊ ပဝါရဏံ မေ ဟရ၊ ပဝါရဏံ မေ အာရောစေဟိ၊ မမတ္ထာယ ပဝါရေဟိ။

## ပဝါရဏာလျှောက်ပုံ

တိဿေန ဘိက္ခုနာ ပဝါရဏာ ဒိန္နာ၊ တမဟံ သံဃဿ အာရောစေမိ။

## ကိုယ်စား ပဝါရဏာပြုပုံ

တိဿော ဘန္တေ ဘိက္ခု သံဃံ ပဝါရေတိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒတု တံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿတိ။ ဒုတိယမ္ပိ။ တတိယမ္ပိ။

ကိုယ်စား ပဝါရဏာပြုပေးရာ၌ ဝဒန္တု တံ အာယသ္မန္တော....ဟု အဘယာရာမ လေးခဏ်းကမ္မဝါမှာ လာ၏။

ဤသို့ဆောင်လာသောပုဂ္ဂိုလ်က ကိုယ်စားပဝါရဏာပြုလျှင် ပဝါရဏာပေးလိုက်သောပုဂ္ဂိုလ်သည် ပဝါရဏာပြုပြီးဖြစ်၏။

ဆောင်လာသောပုဂ္ဂိုလ်က သံဃာ့အထံသို့ရောက်လျှင် အိပ်ပျော်နေခြင်းစသည်ကြောင့် ကိုယ်စားပဝါရဏာမပြုမိသော်လည်း ပဝါရဏာရောက်ပြီးဖြစ်ရကား ပဝါရဏာကံမှာ သမဂ္ဂကံဖြစ်နိုင်သည်။ ပေးလိုက်သောပုဂ္ဂိုလ်၏ပဝါရဏာပြုခြင်းကိစ္စသည်လည်း ပြီးနိုင်သည်သာ။ (မဟာဝါဘာသာဋီကာ၊ ဒု၊ ၃၉-၄၀။)

ဇဝဦ တေန တဿတ္ထာယ ပဝါရိတံ ဟောတီတိ ဧတ္ထ ဇဝံ တေန အပ္ပဝါရိတောပိ တဿ သံဃပ္ပတ္တိမတ္တေန သံဃပဝါရဏာကမ္မံ သမဂ္ဂကမ္မမေဝ ဟောတီတိ ဒဋ္ဌဗ္ဗံ။ (ဝိမတိ၊ ၂၊ ၁၈၀။)

[ဤ "ပဝါရဏာနှင့်စပ်သွယ် သိမှတ်ဖွယ်"ကား ၁၃၃၀ ခု သီတင်းကျွတ်လဆန်း(၈)ရက် တနင်းလာနေ့ ညနေ (၆)နာရီတွင် ရေးမှတ်ထားသောမှတ်စုနှင့် အခြားကောင်းနိုးရာရာတို့ကို စုစည်းထားသော မှတ်တမ်းလွှာပင်ဖြစ်၏။]

* * * * *

# ကထိန်နှင့်စပ်သွယ် သိမှတ်ဖွယ်

ကထိနသဒ္ဒါသည် "ထိရ"အနက်ကို ဟောသော အနိပ္ဖန္နပါဋိပဒိကပုဒ်တည်း၊ "ထိရ"အနက်ကိုဟောသော ရုဠှီပုဒ်ဖြစ်သည်ဟူလို။ "ထိရ ခိုင်မြဲ"ဟူသည်လည်း ကထိန်၏အာနိသင်(အကျိုး)ငါးပါးကို ကထိန်ခင်းရာကျောင်းတိုက်အတွင်း၌ ထားနိုင်လောက်အောင် ခိုင်ခန့်ခြင်းကို ဆိုလိုသည်။

ကထိနန္တိ ပဉ္စာနိသံသေ အန္တောကရဏသမတ္ထတာယ ထိရန္တိ အတ္ထော"တိ ဂဏ္ဌိပဒေသု ဝုတ္တံ။ (သာရတ္ထ၊ ၃၊ ၃၃၅။) ဝဇိရဗုဒ္ဓိဋီကာ၊ ၄၈၈ ၌မူ ဂဏ္ဌိပဒေသု ဝုတ္တံ ဟူသောပါဠိမပါပဲ လိခိတံ ဟု ပါ၏။ ဝိမတိဝိနောဒနီဋီကာ ဒုတိယတွဲ၊ ၁၉၃ ၌ကား အတ္ထော သာ ပါ၏။

ကထိန (၁) အနာမန္တစာရစသောအကျိုးအာနိသင်ငါးပါးကို ကထိန်ခင်းရာကျောင်းထိုက်အတွင်း၌ ထားနိုင်လောက်အောင် တည်တန့်ခိုင်မြဲခြင်းကြောင့် ကထိန်၊

(၂) အကျိုးအာနိသင်ငါးပါးတို့ကို ကထိန်ခင်းရာကျောင်းတိုက်ပြင်ပသို့ ထွက်မသွားရအောင် သိမ်းကျုံး၍ယူတတ်သောကြောင့် ကထိန်၊

(၃) သစ်ပင်ကြီးကဲ့သို့ မြဲမြံခိုင်ခံ့သောသဘောသတ္တိရှိသောကြောင့် ကထိန်၊

(၄) ဘုရားစသောပညာရှိ သူတော်ကောင်းတို့ ချီးမွမ်းအပ်သောကြောင့် ကထိန်။

ကေနဋ္ဌေန ကထိနန္တိ? ထိရဋ္ဌေန။ ကသ္မာ ထိရန္တိ? အနာမန္တစာရ အသမာဒါနစာရ ဂဏဘောဇန ယာဝဒတ္ထစီဝရ ယော စ တတ္ထ စီဝရုပ္ပါဒသင်္ခါတေ ပဉ္စာနိသံသေ အန္တောကရဏသမတ္ထတာယ။

"ကထိနန္တိ။ ပ။ ထိရန္တိ အတ္ထော"တိ ဋီကာသု (ဝဇိရ၊ ၄၈၈။ သာရတ္ထ၊၃၊၃၃၅။ ဝိမတိ၊၂၊၁၉၃။ ကင်္ခါ၊ဋီသစ်၊၂၇၃)ဝစနတော ဝိညာယတိ။ အထ ဝါ ပဉ္စာနိသံသေ အညတ္ထ ဂန္တုံ အဒတွာ ကထတိ သင်္ဂဏှာတီတိ ကထိနံ၊ အယံ ဝစနတ္ထော ယထာဝုတ္တဝိနယတ္ထမဉ္ဇူသာပါဌဝသေန (ကင်္ခါ၊ ဋီသစ်၊ ၂၇၃)ဝိညာယတိ။ အထ ဝါ ကဌတိ ကိစ္ဆေန ဇီဝတီတိ ကထိနော၊ ရုက္ခော၊ တဿ ဇသောတိ ကထိနော၊ ထိရဘာဝေါ၊ သော ဧတဿ အတ္ထီတိ ကထိနံ၊ ပညတ္တိဇာတံ ဌကာရဿ ထကာရံ ကတွာ ကထိနန္တိ ဝုတ္တံ။ အထ ဝါ ကထီယတေ သိလာဃတေ ပသံသီယတေ ဗုဒ္ဓါဒီဟီတိ ကထိနံ၊ အယံ နယော "ကတ္ထ သိလာဃာယ"န္တိ ဓာတွတ္ထသံဝဏ္ဏနာယ စ "ဗုဒ္ဓါဒီ ကထိနဝတ္တံ နာမ ဗုဒ္ဓပ္ပသတ္ထ"န္တိ အဋ္ဌကထာဝစနေန(ဝိ၊ ဋ္ဌ၊ ၃၊ ၃၉၀) စ သမေတီတိ ဒဋ္ဌဗ္ဗော။ (ဝိနယာလင်္ကာရ၊ ၂၊ ၉၁-၉၂။)

"ကထိန်"ဟူသည် အကျိုးပေးမြဲမြံခိုင်ခံ့သောအလုပ်, အကျိုးငါးချက်ကို တပြိုင်နက်တည်း ပေါင်းရုံးသိမ်းကျုံး၍ ရရှိစေနိုင်သောအလုပ်, ဘုရားစသောပညာရှိတို့ချီးမွမ်းအပ်သောအလုပ်ပင်ဖြစ်သည်။ သင်္ကန်းဖြတ်ခြင်း,ချုပ်ခြင်း,ဆိုးခြင်း,လှူခြင်း,ခင်းခြင်းစသောကထိန်မှုနှင့် စပ်သမျှအရာအားလုံးကို ခြုံ၍ ခေါ်ဝေါ်အပ်သော ဝေါဟာရသမုဟပညတ်မျှသာ ဖြစ်သည်။ (ဝိ၊၅၊ ၃၀၈။ ဝိ၊ ဋ္ဌ၊ ၄၊ ၂၁၄။ ဝိမတိ၊၂၊ ၃၀၄။ ဝိနယာလင်္ကာရ၊ ဋီ၊ ၂၊ ၈၉။ တိပိဋက ပါဠိ မြန်မာအဘိဓာန်၊က ဝဂ်၊ အတွဲ ၅၊ ၁၉၇-၁၉၈။)

တေသဉ္စေဝ ဓမ္မာနန္တိ ယေသု ရူပါဒိဓမ္မေသု သတိ ကထိနံ နာမ ဟောတိ၊ တေသံ သမောဓာနံ မိဿီဘာဝေါ။ နာမံ နာမကမ္မန္တိအာဒိနာ ပန 'ကထိန'န္တိ ဣဒံ ဗဟူသု ဓမ္မေသု နာမမတ္တံ၊ န ပရမတ္ထတော ဧကော ဓမ္မော အတ္ထီတိ ဒဿေတိ။ (ဝိ၊ ဋ္ဌ၊ ၄၊၂၁၄။)

ယေသု ရူပါဒိဓမ္မေသူတိ "ပုရိမဝဿံဝုတ္ထာ ဘိက္ခူ, ပဉ္စဟိ အနူနော သံဃော, စီဝရမာသော, ဓမ္မေန သမေန သမုပ္ပန္နံ စီဝရ"န္တိဧဝမာဒိသု ယေသု ရူပါရူပဓမ္မေသု။ သတီတိ သန္တေသု။ မိဿီဘာဝေါတိ သံသဂ္ဂတာ သမူဟပညတ္တိမတ္တံ။ တေနာဟ "န ပရမတ္ထတောဧကော ဓမ္မော အတ္ထီ"တိ။ (ဝိမတိ၊ ၂၊ ၃၀၄။)

ကထိန်အင်္ဂါ ၄ ပါး

(၁)"တေသံ သမောဓာနံ မိဿီဘာဝေါ"ကိုထောက်၍ ပုရိမဝဿံဝုတ္ထရဟန်းဟူသော ရုပ်နာမ်၏ပေါင်းမိခြင်း၊

(၂)ငါးပါးထက်မလျော့သော သံဃာဟူသော ရုပ်နာမ်၏ပေါင်းမိခြင်း၊

(၃)သင်္ကန်းကာလဟူသော ကာလပညတ်၏တိုက်ဆိုင်ခြင်း၊

(၄)တရားသဖြင့်ဖြစ်သော သင်္ကန်းဟူသော ရုပ်ကလာပ်အပေါင်း၏ဖြစ်ပေါ်လာခြင်း၊....

ဤသို့ အစရှိသော ရုပ်တရားနာမ်တရားတို့၏အပေါင်းကို "ကထိန်"ဟု မှတ်ပါ။

[ဆောင်] ပုရိမဝါ, နေပြီးပါသည့်, သံဃာရဟန်း, ငါးပါးပြွမ်း၏၊ သင်္ကန်းကာလ, ခါသမယဝယ်, ဓမ္မစစ်စစ်,
သင်္ကန်းဖြစ်ဟု, တွက်စစ်လေးလီ, အင်္ဂါညီသား, ၂လီရုပ်နာမ်, အပေါင်းမှန်၊ ခေါ်ရန်ကထိနတ် မည်ပညတ်။
(ပရိဝါဘာသာဋီကာ၊ ၂၁၃။)

## အတ္ထာရ ခင်းခြင်းဟူသည်....

သက္ကတ၌ "အာသ္တာရ (Spreading)"ဟု ရှိ၏၊ အာပုဗ္ဗ သ္တရဓာတ်သည် ပါဠိ၌ အာပုဗ္ဗ ထရဓာတ်ဖြစ်၏၊ အတ္ထာဒန (ဖုံးအုပ်ဖုံးလွှမ်း) အနက်ကိုဟော၏၊ ဖြန့်ခင်းခြင်းဟူသည် ထိုခင်းရာဌာနကို ဖုံးလွှမ်းခြင်းပင်တည်း၊ ထို့ကြောင့် "ကထိန်"ဟု ခေါ်ဝေါ်အပ်သောပညတ်တမျိုးကို မိမိတို့၏ကျောင်းတိုက်အတွင်း၌ (ကျောင်းတိုက်ကို ဖုံးလွှမ်းသောအားဖြင့်)ထားခြင်းကို "ခင်းခြင်း"ဟု မှတ်ပါ။ ထိုသို့ဖုံးလွှမ်းထားသည့်အတွက် ကထိန်၏အရှိန်အဝါ အာနိသင်ငါးပါးသည် အခြားသို့လွန်၍ မသွားတော့ဘဲ ဤကျောင်းတိုက်မှာပင် တည်နေရတော့သည်။ (မဟာဝါဘာသာဋီကာ၊ ३၊ ၅၃၁။)

## အဘယ်ရဟန်းတို့သည် ကထိန်ခင်းခြင်းကို ရထိုက်၍, အဘယ်ရဟန်းတို့သည် မရထိုက်ပါသနည်း?

အယုတ်ဆုံးအားဖြင့် ငါးပါး, ထိုထက်မက အရာအထောင်ဖြစ်သောရဟန်းတို့သည် ကထိန်ခင်းခြင်းကို ရထိုက်သည်၊ ငါးပါးအောက် ယုတ်လျော့သောရဟန်းသည် ကထိန်ခင်းခြင်းကို မရထိုက်ပါ။ ပုရိမဝါကပ်၍ ပဌမပဝါရဏာပြုသောရဟန်းတို့သည် ကထိန်ခင်းထိုက်၍ ဝါကျိုးဝါပြတ်ရဟန်း, ပစ္ဆိမဝါကပ်သောရဟန်းတို့သည် ကထိန်မခင်းထိုက်ပါ။ အခြားကျောင်းတိုက်၌ ပုရိမဝါကျွတ်သောရဟန်းတို့သည်လည်း (ဤကျောင်းတိုက်၌) ကထိန်ခင်းခြင်းကို မရထိုက်ကြပါ"ဟု မဟာပစ္စရီအဋ္ဌကထာ၌ ဆို၏၊ ကထိန်မခင်းထိုက်သောရဟန်းအားလုံးတို့သည် (ဤကျောင်းတိုက်၌) ပုရိမဝါကျွတ်သောရဟန်းတို့၏ ဂဏပူရက(ဂိုဏ်းပြည့်ရဟန်း)တို့သာ ဖြစ်ကြ၍ ကထိန်အာနိသင်ကို မရကြပါ၊ (ဤကျောင်းတိုက်၌) ပုရိမဝါကျွတ်၍ ကထိန်ခင်းသောရဟန်းတို့သည်သာ ကထိန်အာနိသင်ကို ရကြကုန်၏။

ကထိနတ္ထာရံ ကေ လဘန္တိ၊ ကေ န လဘန္တီတိ။ ဂဏနဝသေန တာဝ ပစ္ဆိမကောဋိယာ ပဉ္စ ဇနာ လဘန္တိ၊ ဥဒ္ဒံ သတသဟဿမ္ပိ၊ ပဉ္စန္နံ ဟေဋ္ဌာ န လဘန္တိ။ ဝုတ္ထဝဿဝသေန ပုရိမိကာယ ဝဿံ ဥပဂန္တွာ ပဌမပဝါရဏာယ ပဝါရိတာ လဘန္တိ၊ ဆိန္နဝဿာ ဝါ ပစ္ဆိမိကာယ ဥပဂတာ ဝါ န လဘန္တိ၊ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တီတိ မဟာပစ္စရိယံ ဝုတ္တံ၊ ပုရိမိကာယ ဥပဂတာနံ ပန သဗ္ဗေ ဂဏပူရကာ ဟောန္တိ၊ အာနိသံသံ န လဘန္တိ၊ အာနိသံသော ဣတရေသံယေဝ ဟောတိ။ (ဝိ၊ ဋ္ဌ၊ ၃၈၈။)

## ကထိန်အာနိသင် ရမရကိုသာ...

ပုရိမဝါကပ်၍ ပဌမပဝါရဏာပြုကြသောရဟန်းတို့သည် (ကထိန်ခင်းခြင်းကို) ရကြ၍ ဝါကျိုးပြတ်သောရဟန်း, ပစ္ဆိမဝါကပ်သောရဟန်း, အခြားကျောင်းတိုက်၌ ဝါမှထသောရဟန်းတို့သည် (ကထိန်ခင်းခြင်းကို) မရကြ ဟူသောဝိနည်းမဟာဝါအဋ္ဌကထာစကားသည်ကထိန်အာနိသင်မရကြသည်ကိုသာ ရည်၍ဆိုခြင်းဖြစ်၏၊ ကထိန်သင်္ကန်းပေးခြင်းကံ(ကထိနဒုဿဒါနကံ)ကို ရည်၍ပြော

ဆိုသောစကားမဟုတ်ပါ။

"ဝုတ္ထဝဿဝသေန ပုရိမိကာယ ဝဿံ ဥပဂန္တွာ ပဌမပဝါရဏာယ ပဝါရိတာ လဘန္တိ၊ ဆိန္နဝဿာ ဝါ ပစ္ဆိမိကာယ ဥပဂတာ ဝါ န လဘန္တိ။ အညသ္မိံ ဝိဟာရေ ဝုဟ္ထဝဿာပိ န လဘန္တီတိ မဟာပစ္စရိယံ ဝုတ္တ"န္တိ ဣဒံ အဋ္ဌကထာယ (ဝိ၊ ဋ္ဌ၊ ၃၊၃၈၈) အာနိသံသလာဘံ သန္ဓာယ ဝုတ္တံ၊ န ကမ္မံ။ (ဝိနယဝိနိစ္ဆယဋီကာ၊ ၂၊၂၃၁။)

## သင်္ကန်းပေးခြင်းနှင့်ပတ်သက်၍သာ...

"အယုတ်ဆုံးအားဖြင့် ငါးပါးအရေအတွက်ရှိသောရဟန်း, ထို့ထက်မက များပြားလှသော အရာအထောင်ဖြစ်သောရဟန်းတို့သည်ကထိန်ခင်းခြင်းကို ရထိုက်ကုန်သည်"ဟူသောစကားသည် ကမ္မဝါစာဖြင့် သင်္ကန်းပေးခြင်းကိုသာ ရည်ပါသည်၊ သိမ်အတွင်း၌ လေးပါးသံဃာက တပါးအား ဉတ်ကမ္မဝါစာဖြင့် သင်္ကန်းပေးရမည် ဖြစ်သောကြောင့် အနည်းဆုံး ငါးပါးရှိမှ ကထိန်ခင်းနိုင်၏၊ ငါးပါး၏အထက်၌ကား တသိန်းသော သံဃာများလည်း ခင်းနိုင်သည်။

"ကထိနတ္ထာရံ ကေ လဘန္တိ၊ ကေ န လဘန္တီတိ? ဂဏနဝသေန တာဝ ပစ္ဆိမကောဋိယာ ပဉ္စ ဇနာ လဘန္တိ၊ ဥဒ္ဓံ သတသဟဿမ္ပိ၊ ပဉ္စန္နံ ဟေဋ္ဌာ န လဘန္တီ"တိ ဣဒံ အဋ္ဌကထာယ(ဝိ ၊ဋ္ဌ၊၃ ၊၃၈၈) အတ္ထာရကဿ ဘိက္ခုနော သံ ဃဿ ကထိနဒုဿကမ္မံ သန္ဓာယ ဝုတ္တံ။ (ဝိနယဝိနိစ္ဆယဋီကာ၊ ဒု၊ ၂၃၁။)

တဉ္စ ကထိနဒုဿဒါနကမ္မံ စတ္တာရော ကထိနဒုဿဒါယကာ, ဧကော ပဋိဂ္ဂါဟကောတိ ပဉ္စသု ဘိက္ခူသု ဝိဇ္ဇမာနေသုယေဝ သမ္ဘဝတိ၊ န တတော ဦနေသူတိ ပစ္ဆိမကောဋိယာ ဝဥတိ။ (ဝိနယာလင်္ကာရဋီကာ၊ဒု၊ ၁၂၉။)

## ကထိန်ခင်းခါနီးမှ အဓိဋ္ဌာန်တင်, ပစ္စုဒ္ဓိုရ်ပြုလို့ ရသလော?

ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ဆောင်ထားသော်လည်း ယင်းသင်္ကန်းကို ပစ္စုဒ္ဓိုရ်ပြု၍ ကထိန်ခင်းခါနီးမှ တိစီဝရိက်အဓိဋ္ဌာန်တင်၍ကထိန်ခင်းလျှင် ရသည်သာတည်း။ (ဝိနယာလင်္ကာရဋီကာ၊ ဒု၊ ၁၁၃။)

## ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ခဲ့သော်...

ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ထားသောသင်္ကန်းကို"ဣမံ ပစ္စုဒ္ဓရာမိ"ဟု သာမညအားဖြင့်သာ ပစ္စုဒ္ဓိုရ်ပြုရသည်၊"ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ"ဟု ဝိသေသအားဖြင့် ပစ္စုဒ္ဓိုရ်မပြုရ၊ အဓိဋ္ဌာန်တင်စဉ်က "ဣမံ စီဝရံ(ဣမာနိ စီဝရာနိ) ပရိက္ခာရစောဠံ(ပရိက္ခာရစောဠာနိ) အဓိဋ္ဌာမိ ဤသင်္ကန်းကို(ဤသင်္ကန်းတို့ကို) ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ပါ၏"ဟု သာမညအားဖြင့် အဓိဋ္ဌာန်တင်ထားသောကြောင့်တည်း။

ပရိက္ခာရစောဠာဓိဋ္ဌာနေန အဓိဋ္ဌိတံ စီဝရံ"ဣမံ ပစ္စုဒ္ဓရာမိ"တိ သာမညတော ပစ္စုဒ္ဓရိတဗ္ဗံ၊ န"ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ"တိ ဝိသေသတော ပစ္စုဒ္ဓရိတဗ္ဗံ၊ ကသ္မာ? ပုဗ္ဗေ အလဒ္ဓနာမတ္တာ။ (ဝိနယာလင်္ကာရဋီကာ၊ ဒု၊ ၁၁၂။)

[ဆောင်ပုဒ်] (၁) ပရိက္ခာရစောဠ၊ ဓိဋ္ဌာန၊ တင်ထစီဝရံ။

(၂) ပစ္စုဒ္ဓါရ၊ ဓိဋ္ဌာန်ချ၊ နာမ သာမညံ။

(၃) နာမမသား၊ တင်ခဲ့ငြား၊ ရှေ့သွား အကြောင်းကံ။

## ဥပစာရသိမ်ဟူသည် သံဃာ့လာဘ်ကိုဝေဘန်ရာစသည့် ကျောင်းတိုက်နေရာဌာနတခုလုံး ဖြစ်သည်။

ဥပစာရသီမာ သံဃလာဘဝိဘဇနာဒိဋ္ဌာနမေဝ ဟောတိ။ (ဝိနယာလင်္ကာရဋီကာ၊ ၂၊ ၁၁၅။)

## ပဌမပဝါရဏာမပြုမိသော ရဟန်းတော်များ ကထိန်မခင်းကောင်းသလော?

ပဌမပဝါရဏာယ ပဝါရိတာ ဟု ဝိနည်းမဟာဝါအဋ္ဌကထာလာ စကားမှာ အန္တရာယ်ရှိသဖြင့် ပဝါရဏာမပြုလိုက်ကြရပဲပုရိမဝါကျွတ်လာကြသောရဟန်းတို့အား ကထိန်ခင်းခြင်း၏ဖြစ်သင့်သောကြောင့် ဝါကျိုးပြတ်ခြင်းမရှိပဲ (ပုရိမ)ဝါမှထသည်(ဝါကျွတ်သည်)၏အဖြစ်ကို ပြခြင်းငှါ ဆို၏။

ပဌမပဝါရဏာယ ပဝါရိတာတိ(ဝိ၊ ဋ္ဌ၊ ၃၊ ၃၈၈) ဣဒံ ဝဿစ္ဆေဒံ အကတွာ ဝဿံဝုတ္ထဘာဝသန္ဒဿနတ္ထံ ဝုတ္တံ အန္တရာယေန အပ္ပဝါရိတာနမ္ပိ ဝုတ္ထဝဿာနံ ကထိနတ္ထာရသမ္ဘဝတော။ တေနေဝ "အပ္ပဝါရိတာ ဝါ"တိ အဝတွာ "ဆိန္နဝဿာ ဝါ ပစ္ဆိမိ

ကာယ ဥပဂတာ ဝါ န လဘန္တီ"တိ ဧတ္တကမေဝ ဝုတ္တံ။ (သာရတ္ထ၊ ၃။ ၃၃၅။)

## သံဃာမရှိပဲ ကထိန်ခင်းကောင်းသလော?

ကထိန်ခင်းမှုသည် သံဃာမရှိသော်လည်း ခင်းကောင်းပါသည်၊ ကထိန်သင်္ကန်းပေးသောအခါ၌သာ မိမိတို့ကျောင်းတိုက်၌ ပုရိမဝါသားရဟန်းငါးပါးမရှိလျှင် အခြားရဟန်းတော်တို့ကို ဂိုဏ်းပြည့်(ဂဏပူရက)ပြုလုပ်စေ၍ ကထိနဓိဝရဒါနကမ္မဝါစာဖြင့် ပေးရသည်။

သစေ ပုရိမိကာယ ဥပဂတာ စတ္တာရော ဝါ ဟောန္တိ တယော ဝါ ဒွေ ဝါ ဧကော ဝါ၊ ဣတရေ ဂဏပူရကေ ကတွာ ကထိနံ အတ္ထရိတဗ္ဗံ။ (ဝိ၊ ၄၊ ၃၊ ၃၈၈။)

အထ ခေါ သံဃေန အတ္တာရကဿ ကထိနဒုဿဒါနကာလေ ပစ္ဆိမကောဋိယာ စတ္တာရော ကထိနဒုဿဿ ဒါယကာ, ဧကောပဋိဂ္ဂါဟကောတိ ပဉ္စန္နံ ဒါယကပဋိဂ္ဂါဟကပုဂ္ဂလာနံ အတ္ထိတာယ သော ပဉ္စာ ကတ္တဗ္ဗော အတ္ထာရော ဝဋ္ဋတိ။ (ဝိနယာလင်္ကာရ၊ ၂၊၁၂၈။)

မှတ်ချက် ။ ။ ဤ၌ ကတွာ-ကို သမာနကာလ မကြံရ၊ ပုဗ္ဗကာလကြံပါ၊ ကထိန်ခင်းခွင့်မရှိသော ဆိန္နဝဿစသောပုဂ္ဂိုလ်တို့ကို ဂဏပူရကပြု၍ ဉတ္တိဒုတိယကမ္မဝါစာဖြင့် ကထိန်သင်္ကန်းကို ပေးစေပြီးမှ ပုရိမဝါကပ်၍ ဝါကျွတ်လာသောရဟန်းတို့ကသာ ကထိန်ခင်းရသောကြောင့် "ဉတ္တိဒုတိယကံသာ ခင်းခြင်းမည်သည်"ဟု ဋီကာဆရာတို့ကလည်း မဆိုပါ။

ပုနပိ ဝုတ္တံ အဋ္ဌကထာယံ"သစေ ပုရိမိကာယ ဥပဂတာ စတ္တာရော ဝါ ဟောန္တိ တယော ဝါ ဒွေ ဝါ ဧကော ဝါ၊ ဣတရေ ဂဏပူရကေ ကတွာ ကထိနံ အတ္ထရိတဗ္ဗ"န္တိ(ဝိ၊ ၄၊ ၃၊ ၃၈၈)။ ဧဝံ အလဒ္ဓမာနကထိနတ္ထာရေဟေယေဝ ဆိန္နဝဿာဒယော ဂဏပူရကေ ကတွာ ဉတ္တိဒုတိယကမ္မဝါစာယ ကထိနဒုဿံ ဒါပေတွာ ပုရိမိကာယ ဥပဂတေဟိ ကထိနဿ အတ္ထရိတဗ္ဗဘာဝတော "ဉတ္တိဒုတိယကမ္မမေဝ အတ္ထာရော နာမာတိ ဋီကာစရိယာ န ဝဒေယျု"န္တိ အဝစိမှာတိ။ (ဝိနယာလင်္ကာရဋီကာ၊ ၂၊ ၁၂၆။)

## ကထိန်သင်္ကန်းခံယူမည့်ရဟန်း သိမ်ထဲမလိုက်ပဲ အပေးခြောက်မည်လော?

ကထိန်သင်္ကန်းကိုခံယူမည့်ရဟန်းသည် ဟတ္ထပါသ်အတွင်း၌မရှိပဲ သိမ်၏အပြင်ဖက်၌တည်ရှိနေစေကာမူ ပေးလျှင် အပ်၏ဟု အချို့ ယူဆကြသော်လည်း ဟတ္ထပါသ်အတွင်း၌တည်နေမှသာ ထိုရဟန်းအား ကထိန်သင်္ကန်းကို ပေးထိုက်၏..အဘယ့်ကြောင့်ဆိုသော် ထိုရဟန်းသည် ကမ္မပ္ပတ္တ(ကမ္မာရဟ) ဖြစ်သောကြောင့်တည်း။

"ယဿ သံဃော ကထိနဒုဿံ ဒေတိ၊ တံ ဟတ္ထပါသေ အကတွာပိ ဗဟိသီမာယ ဌိတဿပိ ဒါတုံ ဝဋ္ဋတီ"တိ ဝဒန္တိ၊ တံ ဟတ္ထပါသေ ကတွာ ဧဝ ဒါတဗ္ဗံ။ ကသ္မာ? "တဿ ကမ္မပ္ပတ္တတ္တာ"တိ ဝုတ္တံ။ (ဝဇိရဗုဒ္ဓိ၊ ၄၈၈။)

## အခြားကျောင်း၌ ဝါမှတသောရဟန်းတော်တို့ လုံးဝ ကထိန်မခင်းထိုက်သလော?

အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တိ-ဟူသော ဝိနည်းမဟာဝါအဋ္ဌကထာစကားသည် နာနာသီမာ(သိမ်သီးခြား)ဖြစ်၍ အခြားကျောင်းတိုက်၌ ဝါမှတသောရဟန်းတော်တို့သည် ဤကျောင်းတိုက်၌ ကထိန်ခင်းခြင်းကို မရ-ဟု ဆိုလိုသည်၊ မိမိတို့ကျောင်းတိုက်၌မူ မိမိတို့ ခင်းနိုင်ကြသည်။

"အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တီ"တိ နာနာသီမာယ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာ ဣမသ္မိံ ဝိဟာရေ ကထိနတ္ထာရံ န လဘန္တီတိ အတ္ထော။ (သာရတ္ထ၊ ၃၊၃၃၅။)

## ကထိန်သင်္ကန်းကို မည်သူတွေ လှူနိုင်ကြပါသနည်း?

နတ်, လူ,သီတင်းသုံးဖော်ငါးယောက်(နတ်နှင့်ရဟန်းရှင်လူ) မည်သူမဆို ကထိန်သင်္ကန်းကို လှူနိုင်ကြပါသည်။

သီတင်းသုံးဖော်ငါးယောက်=(၁)ရဟန်းယောကျ်ား, (၂)ရဟန်းမိန်းမ, (၃)သာမဏေ, (၄)သာမဏေရီ, (၅)သိက္ခာမာန်။

ကထိနံ ကေန ဒိန္နံ ဝဋ္ဋတိ? ယေန ကေနစိ ဒေဝေန ဝါ မနုဿေန ဝါ ပဉ္စန္နံ ဝါ သဟဓမ္မိကာနံ အညတရေန ဒိန္နံ ဝဋ္ဋတိ။ (ဝိ၊ ၄၊ ၃၊ ၃၈၉။)

မှတ်ချက် ။ ။ မိမိတို့တိုက်တာမှာ ရှိရင်းဖြစ်သော သံဃိက, ဂဏိက, ပုဂ္ဂလိကသင်္ကန်းဖြင့် ကထိန်ခင်းသင့်, မခင်းသင့်သံသယဖြစ်ရာမှာ"ပဉ္စန္နံ သဟဓမ္မိကာနံ" စကားကိုထောက်၍ ဂဏိက, ပုဂ္ဂလိကသင်္ကန်းဖြင့် ခင်းသင့်သည်ကို သိအပ်၏၊ ထိုအတူပင် သံဃာက

ပေးလျှင် သံဃိကသင်္ကန်းဖြင့်လည်း ခင်းသင့်ရာသတည်း။ (စလင်းဂဏ္ဌိ၊ ၃၊ ၅၉၂။)

အထက်ပါ အဋ္ဌကထာ အရ ဂဏိက, ပုဂ္ဂလိက သင်္ကန်းဖြင့်တိုက်ရိုက်ခင်း၍မရသေး၊ ယင်းဂဏိက, ပုဂ္ဂလိက သင်္ကန်းကို "ဣမံကထိနစီဝရံ သံဃဿ ဒေမ"ဟု သံဃာအား လှူဒါန်းပြီး သံဃာ့သင်္ကန်းဖြစ်သွားမှသာ ကထိန်ခင်းနိုင်သည်။

## ကထိန်ကျင်းပုံ

ကထိန်နှင့်ဆိုင်ရာကျင့်ဝတ်ကို နားမလည်သောဒါယကာက "အရှင်ဘုရား, ဘယ်လိုနည်းဖြင့် ကထိန်သင်္ကန်းကို လှူဒါန်းထိုက်ပါသလဲဘုရား"ဟု မေးလာလျှင် ရဟန်းက "ဒါယကာ, သုံးထည်သောသင်္ကန်းတို့တွင် တစ်ထည်ထည်ကို ကထိန်သင်္ကန်းကို လှူပါ၏ဟု ဆို၍ လှူဒါန်းသင့်၏၊ သို့သော် ရေးခေတ်က သင်္ကန်းလျှာအဝတ်မျှသာ ဖြစ်၍ ဖြတ်, ယှဉ်, ချုပ်, ဆိုး ပြုဖွယ်ကိစ္စအမျိုးမျိုးအတွက် လိုအပ်သော အပ်, အပ်ချည်, ဆိုးရည်, ယင်းကိစ္စများကို ဆောင်ရွက်တော်မူကြမည့် ရဟန်းတော်တို့အား ယာဂုဆွမ်းတို့ကို လှူဒါန်းသင့်ကြောင်းပြောကြားရ၏။

ကထိနဒါယကဿ ဝတ္တံ အတ္ထိ၊ သစေ သော တံ အဇာနန္တော ပုစ္ဆတိ "ဘန္တေ ကထံ ကထိနံ ဒါတဗ္ဗ"န္တိ၊ တဿ ဧဝံ အာစိက္ခိတဗ္ဗံ "တိဏ္ဏံ စီဝရာနံ အညတရပ္ပဟောနကံ သူရိယုဂ္ဂမနသမယေ ဝတ္တုံ 'ကထိနစီဝရံ ဒေမာ'တိ ဒါတုံ ဝဋ္ဋတိ၊ တဿ ပရိကမ္မတ္ထံ ဧတ္တကာ နာမ သူစိယော, ဧတ္တကံ သုတ္တံ, ဧတ္တကံ ရဇနံ, ပရိကမ္မံ ကရောန္တာနံ ဧတ္တကာနံ ဘိက္ခူနံ ယာဂုဘတ္တဉ္စ ဒါတုံ ဝဋ္ဋတီ"တိ။
(ဝိ၊ ဋ္ဌ၊ ၃၊ ၃၈၉။ ဝိနယသင်္ဂဟအဋ္ဌကထာ၊ ၂၉၈။)

## မလ္လမိတရက်ရက်က ကထိန်လျာသင်္ကန်းကို ကျောင်းတိုက်အတွင်းသို့ သွင်းကောင်းသလော?

မလ္လမိရက်များက ကျောင်းတိုက်တွင်းသို့ ကထိန်သင်္ကန်းသွင်းလာခြင်းကို အပြစ်မရှိဟုမှတ်အပ်၏။

ဒါယကဿ ဟတ္ထတော သာဋကံ လဒ္ဓဒိဝသေယေဝ သံဃေန အတ္ထာရကဿ ဘိက္ခုနော ဒါတဗ္ဗံ၊ (ဝိနယာလင်္ကာရ၊၂၊၁၀၅။)

စလင်းဂဏ္ဌိ၊ ၃၂၉ ၃၃၃ တို့၌ အကျယ်ကြည့်ပါ။ [မှတ်ချက်] ကျောင်းတိုက်ရှိ ရဟန်းတစ်ပါးပါး၏သံဃာအား လှူဒါန်းသော သင်္ကန်းဖြင့်ပင် ကထိန်ခင်းအပ်သောကြောင့် မလ္လမိရက်များတွင် ကထိန်သင်္ကန်းကို ကျောင်းတိုက်တွင်းသို့ သွင်းကောင်းပါသည်။

## ကထိန်သင်္ကန်းလှူလျှင်

"ကထိနစီဝရံ ဒေမ ကထိန်သင်္ကန်းကို လှူပါကုန်၏"(ဝိ၊ ဋ္ဌ၊ ၃၊ ၃၈၉)ဟူသောစကားသည် "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ ဤကထိန်သင်္ကန်းကို သံဃာအား လှူပါကုန်၏"ဟု ဆိုလို၏၊ အကြောင်းကား "ဣဒံ သံဃဿ ကထိန ဒုဿံ ဥပ္ပန္နံ" ဟူသော ကမ္မဝါစာနှင့်ကိုက်ညီသောကြောင့်တည်း(ဝိနယာလင်္ကာရ၊ ၃၊ ၉၄)။ ကင်္ခါအဋ္ဌကထာ၌ကား "ဣမိနာ ကထိနံ အတ္ထရထ ဤသင်္ကန်းဖြင့် ကထိန်ခင်းတော်မူကြပါကုန်"ဟု ဆို၏။ ထို့ကြောင့် "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ၊ ဣမိနာ ကထိနံ အတ္ထရထ ဤကထိန်သင်္ကန်းကို သံဃာအား လှူဒါန်းပါကုန်၏၊ ဤသင်္ကန်းဖြင့် ကထိန်ခင်းတော်မူကြပါကုန်အရှင်ဘုရားတို့"ဟု ဆို၍ လှူဒါန်းလျှင် ပို၍ပြည့်စုံ၏။

'ကထိနစီဝရံ ဒေမာ'တိ ဒါတုံ ဝဋ္ဋတိ၊ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၈၉။)

ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတီတိ ဧတ္ထ "သံဃဿ ကထိနစီဝရံ ဒေမာ"တိ ဝတ္တဗ္ဗံ။ ဧဝဉ္စိ သတိ "ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္န"န္တိ(ဝိ၊ ၃၊ ၃၅၂)ကမ္မဝါစာယ သမေတိ။ (ဝိနယာလင်္ကာရ၊ ၂၊ ၉၄။)

သစေ ပုရိမသံဃံဝုဋ္ဌာနံ ဂဟဋ္ဌပဗ္ဗဇိတေသု ယော ကောစိ ဓမ္မေန သမေန စီဝရံ ဒေတိ"ဣမိနာ ကထိနံ အတ္ထရထာ"တိ။
(ကင်္ခါ၊ ဋ္ဌ၊ ၁၅၂။)

## ကထိန်သင်္ကန်းနှင့်အတူ ဆောင်ယူအပ်သောသင်္ကန်း

ကထိန်ခင်းရာ၌ ကထိန်သင်္ကန်းတစ်ထည်အပြင် အာနိသင်ဟု ခေါ်ရသော အပိုသင်္ကန်းများ ပါလာတတ်သေး၏၊ "ထိုအာနိသင်သင်္ကန်းများကို ကထိန်ခံသော ရဟန်းအား လှူပါ၏"ဟု ဒါယကာတို့က လျှောက်လျှင် ထိုကထိန်ခံသော ရဟန်းသာ ပိုင်၏၊ အထူးမလျှောက်လျှင် ထိုကျောင်းတိုက်၌ ပုရိမဝါကျွတ်သော ရဟန်းသံဃာက ပိုင်သည်။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၉၀ ၃၉၁။)

ဝေံ အတ္ထတေ ပန ကထိနေ သစေ ကထိနစီဝရေန သဒ္ဓိံ အာဘတံ အာနိသံသံ ဒါယကာ "ယေန အမှာကံ ကထိနံ ဂဟိတံ၊ တဿေဝ ဒေမာ"တိ ဒေန္တိ၊ ဘိက္ခုသံဃော အနိဿရော၊ အထ အဝိစာရေတွာဝ ဒတွာ ဂစ္ဆန္တိ၊ ဘိက္ခုသံဃော ဣဿရော။

မှတ်ချက်။ ။ ယခုအခါကား အာနိသံသဟူရာ၌ အဝတ်သင်္ကန်းသာမက "ဥတ်မကြီးအတွက်"ဟု ရည်မှန်းထားသော ဥတ်ရဲ ပစ္စည်းတွေ (မျက်နှာသုတ်ပုဝါ, ဇောင်မှစ၍) အမျိုးမျိုး ပါရှိတတ်၏၊ "ထိုအားလုံးကိုလည်း ကထိန်ခံသောကိုယ်တော်အား လှူပါ၏"ဟု အထူး မလျှောက်ထားသည်သာ များ၏၊ သို့သော် "ဥတ်သင်္ကန်းရသောကိုယ်တော်"ဟူသည် "ဤကျောင်းတိုက်ဆရာတော်(ဘုန်းတော်ကြီး)ပင် ဖြစ်၏"ဟု ဒါယကာတို့က နားလည်နေကြသောကြောင့် (သံဃိကစစ်စစ် ဖြစ် မဖြစ်, ကထိန်မြောက် မမြောက်ကို မစဉ်းစားတော့ဘဲ) ထိုဆရာတော် (ထိုဘုန်းတော်ကြီး)သည်သာ ဥတ်မကြီးကို ပိုင်သည်ဟု ယူဆကြတော့သည်၊ အကယ်၍သာ ထိုဥတ်မကြီးကိုလည်း သံဃိကရေစက်ချလျှင် သံဃာသာဆိုင်ပါသည်၊ ဝေစုဝေရာ၌လည်း အဝတ်မဟုတ်သော ဂရုဘဏ်လည်းမဟုတ်သော ပစ္စည်းများကို တိုက်တွင်းတိုက်ပက ရောက်ရှိသော မျက်မှောက်သံဃာအားလုံး ဝေငှရပါသည်။

(မဟာဝါဘာသာဋီကာ၊၁၈၂-၁၈၃။)

သပရိဝါရဲ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ-ဟု ရေစက်ချ လှူလျှင် အခြားတိုက်မှ ပင့်ထားသော ပုဂ္ဂိုလ်များ မရ၊ အခြားပစ္စည်းများကိုသာ ရနိုင်သည်။ ယော စ တတ္ထ စီဝရုပ္ပါဒေါ နှင့် ဝိနယာလင်္ကာရ၊ ၂၊ ၉၃၊ ကြည့်ပါ၊ ယင်း၌ ဝတ္ထုဒါနံ အရ သံဃိကသင်္ကန်းကိုသာ ဆိုလိုသည်။ စလင်းဂဏ္ဌိ၊ ဒု၊ ၅၉၂ ကြည့်၊ ပန်ကြားလျှင်ကား ရနိုင်သည်။ အဋ္ဌကထာ၌ ကထိနစီဝရံ ဒေမ ဟု သမ္ပဒါန်မပါပဲ လှူငြားသော်လည်း သံဃာကိုရည်မှတ်၍ လှူသောကြောင့် သံဃိကသာတည်း၊ အပြစ်မဆိုသာ။ (စလင်းဂဏ္ဌိ၊၃၁၆)

**ကထိနစီဝရ=ကထိန်ခင်းသောသင်္ကန်း၊**

**ကထိနာနိသံသစီဝရ=ကထိန်ခင်းသောသင်္ကန်းမှအပိုအလွန်ဖြစ်သောသင်္ကန်းအဝတ်များ။** (ဝိနယာလင်္ကာရ၊ ၂၊ ၉၃၊ ၁၀၅။)

## ဥတ်ကထိန်

ကထိန်နှင့်စပ် အင်္ဂါရစ်ရပ်ကို သိနားလည်သောရဟန်းအား ကထိန်ခင်းမည့်သင်္ကန်း(ဒုဂုဏ်, ကေသီ, သင်းပိုင်တို့တွင် တခုခု)ကို ဉတ္တိဒုတိယကမ္မဝါစာဖြင့် ဗဒ္ဓ (ဥဒကုက္ခေပ,သတ္တဗ္ဘန္တရ)သိမ်အတွင်း၌သာ သံဃာကပေးအပ်ရသည်၊ ယင်းသို့ ဥတ်ကမ္မဝါစာဖြင့် ပေးအပ်ရသည်ကို စွဲ၍ "ဥတ်ကထိန်"ဟု ခေါ်ကြသည်။ (တိပိဋက ပါဠိ-မြန်မာ အဘိဓာန်၊ က-ဝဂ်၊ အတွဲ-၅၊ ၁၉၉။)

## ဥပစာရသိမ်ပ၌ ကထိန်သင်္ကန်းအလှူခံခဲ့သော်

ကျောင်းတိုက်ကို ရည်ညွှန်း၍ လှူလျှင် အပ်ကြောင်း ကထိန်အရသာ၊ စာမျက်နှာ ၆၃ ၌ ဆိုသည်။ ကျောင်းတိုက်မရည်ညွှန်းပဲ "သံဃဿ ဒေမ"ဟုသာ ဆို၍လှူအံ့၊ သွင်းရာကျောင်းတိုက်၌ ခင်းနိုင်သည်။ ထိုကျောင်းတိုက်၌ မခင်းမဝေဖန်ပဲ တစ်ပါးကျောင်းသို့ ရွှေပြောင်းအံ့၊ ထိုရောက်ရာကျောင်း သံဃိကဖြစ်၍ ကထိန်ခင်းကောင်းကြောင်း ယင်း၌ ဆိုသည်။

## ကထိန်သင်္ကန်း လှူဒါန်းရာဝယ်

ပြည်မြို့ လယ်တီတောရဆရာတော် ဦးဉာဏက"ကထိန်သင်္ကန်းသည် ပုရိမဝဿံဝုတ္ထ သီမဋ္ဌကသံဃိက ဖြစ်၏"ဟု မိန့်၏။

ဣမံ ကထိနစီဝရံ သံဃဿ ဒေမ၊ ဣမိနာ ကထိနံ အတ္ထရထ။

ဣမံ ကထိနစီဝရံ ဤကထိန်လျာသင်္ကန်းကို၊ သံဃဿ-သီမဋ္ဌကပုရိမဝါသား သံဃာများအား၊ ဒေမ ကပ်လှူပါကုန်၏၊ ဣမိနာ ဤသင်္ကန်းကထိန်လျာဖြင့်၊ ကထိနံ -ကထိန်ကို၊ (တုမေ -အရှင်မြတ်တို့သည်၊) အတ္ထရထ ယထာဓမ္မ ဝိနယဖြင့် ကျနသေချာ ခင်းတော်မူကြပါကုန်အရှင်ဘုရား။ (ပြည်မြို့ လယ်တီတောရ ဆရာတော် ဦးဉာဏရေး ကထိနတ္ထာရစာတန်း။)

အုဂ်ဖိုရ်ဆရာတော်က "ကထိန်သင်္ကန်းသည် 'အာရာမိကသံဃိက'သာ ဖြစ်သတဲ့၊ အကြောင်းယုတ္တိကား 'ဝဿံဝုတ္ထသံဃာအား'သာ အာရာမ်ဖြင့် ပိုင်းခြား၍ ခွင့်ပြုတော်မူခြင်း, အာနိသင်ငါးပါး၌ ပါဝင်သော 'ယော စ တတ္ထ စီဝရုပ္ပါဒေါ၊ သော နေသံ ဘဝိဿတိ'ဟူသော အာနိသင်ခေတ် ဖြစ်ခြင်းကြောင့်"ဟူ၏။ (ကန်တွင်းမဟာထေရုပ္ပတ္တိ၊ ၂၅။)

ပခုက္ကူက"ကထိန်သင်္ကန်းကို 'စာတုဒ္ဒိသာ သံဃိက'အလှူခံရမည်ဟု မိန့်တော်မူသတဲ့၊ အကြောင်းယုတ္တိကား 'ဣမံ ကထိနစီဝရံ သံဃဿ ဒေမ'ဟု သံဃာသာမည ဆိုသောကြောင့်"ဟူ၏။ (ကန်တွင်းမဟာထေရုပ္ပတ္တိ၊ ၂၅။)

"ဣမံ ကထိနစီဝရံ သံဃဿ ဒေမ"ဟု သံဃိကမြောက်အောင် လှူမှသာ ကထိန်ခင်းထိုက်၏။

သံဃိက ဟူရာမှာ 'အာဂတာနာဂတစာတုဒ္ဒိသာ သံဃိက'ကိုသာ ယူရမည်၊ ဤစာတုဒ္ဒိသာသံဃိက ကထိန်သင်္ကန်းမှသာ ကထိန်မြောက်ထိုက်၏၊ ဤစာတုဒ္ဒိသာသံဃိကအပြင် အာရာမိကသံဃိက, သမ္မုခီဘူတသံဃိက-ဟူ၍ မရှိပြီ၊ ထိုသံဃိကမျိုးကို ဝေဖန်ရာမျိုး

၌သာ အသုံးပြုအပ်၏၊ အကယ်၍ အာရာမိကသံဃိက, သမ္မုခီဘူတသံဃိက အဖြစ်ဖြင့် လှူခဲ့လျှင် သံဃိကအစစ် မဖြစ်နိုင်၊ ဂဏိက မျိုးသာ ဖြစ်နိုင်၏၊ စာတုဒ္ဒိသာသံဃိကဖြစ်ခဲ့လျှင် 'ဆိုင်သူတစ်မျိုး, ပိုင်သူတစ်မျိုး'ဟု နှစ်မျိုးနှစ်စားရှိရာ အရပ်လေးမျက်နှာရှိ စာတုဒ္ဒိ သာသံဃာသည် ဆိုင်သူသာမည်၏၊ ပိုင်သူမမည်၊ တိုက်တွင်းရှိသံဃာ သမ္မုခီဘူတသံဃာသည်သာ ဆိုင်သူလည်းမည်၏, ပိုင်သူလည်း မည်၏၊ ဤအရာ၌ကား...စာတုဒ္ဒိသာသံဃိက ကထိန်သင်္ကန်းဖြစ်သောကြောင့် အဋ္ဌကထာရယကထိန်ပုဗ္ဗကရဏ ကထိနတ္ထာရဟာဖြစ်၍ ဉတ္တိဒုတိယ ကမ္မဝါစာတည်းဟူသော မြတ်စွာဘုရား၏အမိန့်တော်ဖြင့် ကထိန်သင်္ကန်းကို ပေးရာ သမ္မာပဒါနသတ္တိ(သမ္ပဒါနသတ္တိ?)ရှိသော ကထိန စိဝရပဋိဂ္ဂါဟကရဟန်းသည်သာ ဆိုင်သူမည်၏၊ ကထိနာနိသံသပရိဝါရသင်္ကန်းလာဘ်များ၌ကား ကထိနတ္ထာရဟာရဟန်း, အနုမောဒက ရဟန်းများသာ ဆိုင်သူပိုင်သူ မည်၏။

ဤကား ရေစကြိုဆရာတော်ဘုရားကြီး၏ကင်္ခါဝိတရဏီအဋ္ဌကထာနိဿယ နိဿဂ္ဂိယဝဏ္ဏနာ ပဌမကထိနသိက္ခာပုဒ်၌ လာ သော အဆုံးအဖြတ်တည်း။ (မဟာဝိသုတာရာမ ဝိနိစ္ဆယပေါင်းချုပ်၊ ကထိနစိဝရဝိနိစ္ဆယ၊ ၄၂၅ ၅၂၆။)

ဘာသာဋီကာဆရာတော်က "ယခုအခါ ကျောင်းတိုက်တွင်း၌ ကထိန်သင်္ကန်းလှူဒါန်းလျှင် 'စာတုဒ္ဒိသသံဃိက'အဖြစ်ဖြင့် ရေစက်ချပါ၊ ကျောင်းတိုက်ပြင်ဘက်၌ ကထိန်သင်္ကန်းလှူလျှင် ကျောင်းတိုက်နာမည်ကို တပ်၍ 'အာရာမသံဃိက'အဖြစ်ဖြင့် ရေစက်ချ ပါ၊ ထိုနှစ်မျိုးပင် ကထိန်သင်္ကန်းလည်းဖြစ်နိုင်, ထိုကျောင်းတိုက်တွင်းရှိ သံဃာများသာလည်း ဝေယူနိုင်သည်ဟု မှတ်ပါ"ဟု မိန့်၏။

(မဟာဝါဘာသာဋီကာ၊ ၃၊ ၃၂၁။)

ငါတို့၏ကျေးဇူးရှင် ဓမ္မာနန္ဒဆရာတော်လည်း ဘာသာဋီကာဆရာတော်၏အယူအတိုင်းပင် ယူတော်မူ၏၊ အကယ်၍ ကျောင်း တိုက်ပြင်ပ၌ ကထိန်သင်္ကန်းကို "စာတုဒ္ဒိသသံဃိကအဖြစ်ဖြင့် ရေစက်ချလျှင် ထိုသင်္ကန်းကို ပင့်ဖိတ်ထားသော အခြားကျောင်းတိုက်မှ ပုရိမဝဿံဝုတ္ထသံဃာများကလည်း ပိုင်ဆိုင်ခွင့် ရှိ၏ ဟု မိန့်တော်မူ၏။

## ၁၁ ခဏ်းသာလော? သင်္ကန်းအခဏ်း မ သာအပ်သလော?

သင်္ကန်းကိုစီရင်ရာ၌ ပဥ္စက, သတ္တက, နဝက, ဧကာဒသက အခဏ်းကိုသာ အဋ္ဌကထာဆရာပြသည်။ ဆက္က, အဋ္ဌက, ဒသက အခဏ်းကို မပြ။ ထိုသို့ မပြသောအခဏ်းသည်လည်း အပ်၏ဟု ဝိနယဂဏ္ဌိပကာသနီ၌ပြ၏။ ယင်းသို့ ပြသော်လည်း ကျမ်း အနအရင့်ကိုထောက်၍ အဋ္ဌကထာ၌ပြသည်ကို သန္နိဋ္ဌာန်ချမှတ်။ (မဟာဝါပါဠိတော်နိဿယသစ်၊ ၃၊ ၁၅၀။)

စီဝရဝိစာရဏာမတ္တေနာတိ "ပဉ္စကံ ဝါ သတ္တကံ ဝါ နဝကံ ဝါ ဧကာဒသကံ ဝါ ဟောတူ"တိ ဧဝံ ဝိစာရိတမတ္တေန။

(ဝိ၊ ဋ္ဌ၊ ၃၊ ၃၉၁။)

ဟူ၍လာသော အဋ္ဌကထာပါဌ်၌ ဆ, အဋ္ဌ, ဒသခဏ်းတို့ကို "ဝိဝဋ္ဋမ္ပိ နာမ ကရိဿတိ"အစရှိသည်ဖြင့် လာသော ပါဠိတော် မြတ်နှင့်အလွန်ဆန့်ကျင်လေရာသောကြောင့် အဋ္ဌကထာမဆိုလေသည်၊ စတုရင်္ဂုလဝိတ္ထာရပမာဏအောက် သေးငယ်စေလွန်းသဖြင့် မ သင့်မလျော်ကပ်သော မြောင်းတရပ်လွှာတို့နှင့် ပမာဏမခြားမနားရှိလေရာသောကြောင့်လည်း ဧကာဒသခဏ်းထက် လွန်၍ အဋ္ဌ ကထာမဆိုလေသည်။ (ဝိနယသမုဟဝိနိစ္ဆယကျမ်း၊ ပတွဲ၊ ကထိနဝိသောဓနီ၊ ၁၄၂။)

ဤ၌ ဧကာဒသက(ဆယ့်တစ်ခဏ်း)သင်္ကန်းကို အဆုံးသတ်ထားသော်လည်း အဝုတ္တဝိကပ္ပနဝါသဒ္ဒါကြောင့် ထို၁၁ ခဏ်းထက် များသော အခဏ်းရှိသော သင်္ကန်းများကိုလည်း ယူနိုင်၏၊ သို့သော် ထိုအခဏ်းများသော သင်္ကန်းတို့မှာ အလုပ်တာဝန်များ သလောက် အသုံးပြုရာ၌ အကျိုးမများပါ၊ ရှေးက ပံ့သုကူသင်္ကန်းများ၌သာ တိုတိုထွာထွာ အဝတ်တွေကို စပ်၍ချုပ်ရသောကြောင့် အခဏ်းပမာဏ မထားပဲ အလွန်များရသည်၊ ထို့ပြင် ရိုးရိုးသင်္ကန်းချုပ်ရာ၌ ပဌမ"ခေါင်"ဟု ခေါ်ရသော အဝတ်လွှာ၏ဝဲဘက်ယာဘက်၌ အစုံရံ၍ချုပ် ရသောကြောင့် စုံဂဏန်းမရှိပဲ (မ)ဂဏန်းချည်းသာ ရှိရပါသည်။ (မဟာဝါဘာသာဋီကာ၊ ၃၊ ၁၈၆ ၁၈၇။)

## မခွဲမဖြတ် စပ်ကြောင်းပြကာမျှ အပ်သလော?

အညတြ ပဉ္စကေန ဝါ အတိရေကပဉ္စကေန ဝါတိ ပဉ္စ ဝါ အတိရေကာနိ ဝါ ခဏ္ဍာနိ ကတ္ဝာ မဟာမဏ္ဍလအဍ္ဎမဏ္ဍလာနိ ဒဿေတွာ ကတေနေဝ ဝဋ္ဋတိ၊ ဧဝံ သမဏ္ဍလိကတံ ဟောတိ။ တံ ဌပေတွာ အညေန အစ္ဆိန္နကေန ဝါ ဒုတ္တိစတုခဏ္ဍေန ဝါ န ဝ ဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၉၂။)

၅ ခဏ်း, ၅ ခဏ်းထက်အလွန် အခဏ်းတို့ကိုပြုလုပ်ရမည်၊ ထို့နောက် မဟာမဏ္ဍလအဍ္ဎမဏ္ဍလာနိ ဒဿေတွာ ဟု အဋ္ဌ

ကထာ၌ ပြသောကြောင့် မြောင်းတလုပ်မှာ မဖြတ်ပဲ စပ်ကြောင်းပြကာမျှ အပ်၏ဟု အဓိပ္ပါယ်ယူရမည်။ အတိရေကပဥ္စကေန - အရကို ဝိနယတ္ထမဉ္ဇူသာဋီကာ၌ သတ္တာဒိခဏ္ဍာနိ - ဟု ပြ၏။ ထိုသို့ပြရာ၌ ကောဒသက အခဏ်းကို အဆုံးထား၍ယူမှ အဋ္ဌကထာနှင့် ညီသည်။ (မဟာဝါပါဠိတော်နိဿယသစ်၊ ၃၊ ၁၅၁။)

အစ္ဆိန္နကေန ။ ။ ဤစကားကို ထောက်၍ ကထိန်သင်္ကန်းသည် ဖြတ်၍ချုပ်ရသော သင်္ကန်းဖြစ်ရမည်၊ မဖြတ်ပဲ ချုပ်အပ်သောသင်္ကန်း မဖြစ်ရ၊ ဒွတ္တိစတုက္ခဏ္ဍာ သင်္ကန်းလည်း မဟုတ်ရ၊ အနည်းဆုံး ငါးခဏ်းရှိသောသင်္ကန်းဖြစ်ရမည်ဟု မှတ်ပါ၊ ကထိန်သင်္ကန်းမဟုတ်လျှင်ကား အစ္ဆိန္နက (ဖြတ်အပ်သော သင်္ကန်းမဟုတ်သော်လည်း ဝိကပ္ပနာပြု၍ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍ ဝတ်ကောင်း၏၊) သို့သော် တိစီဝရိတ်အဓိဋ္ဌာန်တင်၍ကား မဆောင်ကောင်းပါ။ (မဟာဝါဘာသာဋီကာ၊ ၃၊ ၁၉၂။)

အရိပ်နိမိတ်ဟူသည်...

"ဤသင်္ကန်းသည် ကောင်း၏၊ ဤသင်္ကန်းဖြင့် ကထိန်ခင်းခြင်းငှါ သင့်လျော်၏"ဟု သင်္ကန်းလှူချင်အောင် အရိပ်နိမိတ်ပြောဆိုသောကြောင့် လှူလာသောသင်္ကန်းဖြင့် ကထိန်မခင်းရ။

နိမိတ္တကတေနာ"တိ ...။ အဋ္ဌကထာသု ပန "အယံ သာဋကော သုန္ဒရော၊ သက္ကာ ဣမိနာ ကထိနံ အတ္ထရိတုန္တိ ဧဝံ နိမိတ္တကမ္မံ ကတွာ လဒ္ဓေနာ"တိ ဝုတ္တံ။ (ဝိ၊ ၄၊ ၃၊ ၃၉၂။)

ပရိယာယ်ကထာဟူသည်...

"ကထိန်သင်္ကန်းကို ပေးလှူသင့်၏၊ (ဘာကြောင့် လှူသင့်သလဲဆိုတော့) ကထိနဒါယကာမှာ အကျိုးများသောကြောင့် ဖြစ်၏"ဟု ပရိယာယ်စကားပြောကြားခြင်းကြောင့် ဖြစ်ပေါ်လာသောသင်္ကန်းဖြင့်လည်း ကထိန်မခင်းရ။

ပရိကထာကတေနာတိ ကထိနံ နာမ ဒါတုံ ဝဋ္ဋတိ၊ ကထိနဒါယကော ဗဟုံ ပုညံ ပသဝတီတိ ဧဝံ ပရိကထာယ ဥပ္ပါဒိတေန။ (ဝိ၊ ၄၊ ၃၊ ၃၉၂။)

မိုးပေါ်ကျကဲ့သို့...

ကထိနသင်္ကန်းဟူသည် အလွန်သန့်ရှင်းမြင့်မြတ်သော သင်္ကန်းဖြစ်ရမည်၊ မယ်တော်ကိုပင် မတောင်းကောင်း၊ ကောင်းကင်မှ အလို အလျောက် ကျလာသော မိုးပေါ်ကျ အဝတ်ကဲ့သို့ မည်သူ့ကိုမျှ အရိပ်အမြွက် ပရိယာယ်စကား မပြောကြားရပဲ လှူဒါန်းလာသော သင်္ကန်းမျိုးဖြင့်သာ ကထိန်ခင်းရသည်။

ကထိနံ နာမ အတိဥက္ကဋ္ဌံ ဝဋ္ဋတိ၊ မာတရမ္ပိ ဝိညာပေတုံ န ဝဋ္ဋတိ၊ အာကာသတော ဩတိဏ္ဏသဒိသမေဝ ဝဋ္ဋတိ။

(ဝိ၊ ၄၊ ၃၊ ၃၉၂။)

မှတ်ချက်။ ။ အမိကို မိမိတို့တိုက်တာမှာ ကထိန်ခင်းရမည်ဟူ၍သာ တောင်းခြင်းငှါ မအပ်သတည်း။ ကုသိုလ်တရားပွါးများစေခြင်းငှါ အမိကိုချီးမြှောက်သောအားဖြင့် မိမိတို့တိုက်တာမှတပါးသော မည်သည့်တိုက်တာမှာ ကထိန်ခင်းရမည်ဟူ၍ တိုက်တွန်းနှိုးဆော်သဖြင့် ကထိန်ခင်းစေမှုကား အပြစ်မဆိုသာ၊ ကထိန်မြောက်သည်သာတည်း။ (စလင်းဂဏ္ဌိ၊)

သန္နိဓိ ၂-မျိုး

(၁) ရေးက ကထိန်သင်္ကန်းလျာအဝတ်ကိုသာ လှူလေ့ရှိ၍ ယင်းအဝတ်ကို လှူသည့်နေ့မှာ ချုပ်ဆိုးခြင်းမပြုပဲ သိမ်းဆည်းထားလျက် နောက်မှ ချုပ်ဆိုးမှုပြုခြင်းသည် "ကရဏသန္နိဓိ"(ပြုခြင်းအားဖြင့် သိုမှီးခြင်း)ဖြစ်၏။

(၂) သံဃာသည် ယနေ့ရသောသင်္ကန်းကို နောက်နေ့မှ ကထိန်ခံမည့်ရဟန်းအား ဉတ်ကမ္မဝါစာဖြင့်ပေးခြင်းသည် "နိစယသန္နိဓိ"(ကထိန်အဝတ်ကို မပေးသေးပဲ သိမ်းထားသောအားဖြင့် သိုမှီးခြင်း)ဖြစ်၏။ ဤကား ဝိနည်းမဟာဝါအဋ္ဌကထာအလိုတည်း။

သန္နိဓိကတေနာတိ ဧတ္ထ ဒုဝိဓော သန္နိဓိ ကရဏသန္နိဓိ စ နိစယသန္နိဓိ စ။ တတ္ထ တဒဟေဝ အကတွာ ဌပေတွာ ကရဏံ ကရဏသန္နိဓိ။ သံဃော အဇ္ဇ ကထိနဒုဿံ လဘိတွာ ပုနဒိဝသေ ဒေတိ၊ အယံ နိစယသန္နိဓိ။ (ဝိ၊ ၄၊ ၃၊ ၃၉၂။)

(၁) ဒါယကာထံမှ ကထိန်သင်္ကန်း(အဝတ်)ကို ရသောနေ့၌ပင် သံဃာက ကထိန်ခင်းထိုက်သောရဟန်းအား မပေးလျှင်

"နိစယသန္နိမိ"ဖြစ်၏။

(၂) ကထိန်ခင်းထိုက်သောရဟန်းက သံဃာ့ထံမှ သင်္ကန်းရသောနေ့၌ပင် ကထိန်မခင်းလျှင် "ကရဏသန္နိမိ"ဖြစ်၏။ ဤကား ဝိနယာလင်္ကာရဋီကာအလိုတည်း။

ဒါယကဿ ဟတ္ထတော သာဋကံ လဒ္ဓဒိဝသေယေဝ သံဃေန အတ္ထာရကဿ ဘိက္ခုနော ဒါတဗ္ဗံ၊ ဧဝံ အဒေန္တေ နိစယ သန္နိမိ ဟောတိ။ အတ္ထာရကေနပိ သံဃတော လဒ္ဓဒိဝသေယေဝ ကထိနံ အတ္ထရိတဗ္ဗံ၊ ဧဝံ အကရောန္တေ ကရဏသန္နိမိ ဟောတိ။ (ဝိနယာလင်္ကာရ၊ ၂၊ ၁၀၅။)

## ပလိဗောဓဟူသည်

ကထိန်အာနိသင်ငါးပါးကို မပျက်ပြယ်အောင် တားဆီးနိုင်သော ပညတ်တမျိုးကို "ပလိဗောဓ"ဟု ခေါ်၏။

ကထိန်မှအခြေအရံအာနိသင်အဖြစ်ဖြင့် ရအပ်သောအဝတ်သည် သင်္ကန်းချုပ်၍ မပြီးသေးသမျှ ထိုအာနိသင်တို့ကို တားဆီးနိုင်သောကြောင့် "စီဝရပလိဗောဓ"မည်၏။

ချုပ်၍ပြီးသောအခါဖြစ်စေ, ပျောက်ပြက်သွားသောအခါ ဖြစ်စေ, လာလတံ့သော အခြားနည်းဖြင့် ကိစ္စပြီးသောအခါဖြစ်စေ စီဝရပလိဗောဓပျက်၏၊ သို့သော် ဤကျောင်းတိုက်၌ နေမြဲနေသေးလျှင်ကား အာဝါသပလိဗောဓက တားဆီးထားသောကြောင့် အာနိသင်ငါးပါးရသေး၏၊ ဤကျောင်းတိုက်၌ "မနေတော့အံ့"ဟု ကြံ၍ ရွှေပြောင်းဖဲသွားသောအခါ ထိုအာဝါသပလိဗောဓလည်း ပြတ်၏၊ ကထိန်အာနိသင်လည်း တပေါင်းလပြည့်မရောက်စေကာမူ ပျက်ပြယ်လေတော့၏။ (မဟာဝါဘာသာဋီကာ၊ ၃၊ ၁၇၆။)

## ကထိန်အာနိသင်၅ ပါး(ဝိ၊ ၃၊ ၃၅၁-၃၅၂။ ဝိ၊ ၄၊ ၃၊ ၃၈၈။)

(၁) အနာမန္တစာရ=အစေလကဝဂ် စာရိတ္တသိက္ခာပုဒ်၌ ဒါယကာက ဆွမ်းဖိတ်ထားသော်လည်း ထင်ရှား(အနီး)ရှိသောရဟန်းကို ခွင့်မပန်ပဲ ပုရေဘတ္တ၌ဖြစ်စေ, ပစ္ဆာဘတ္တ၌ဖြစ်စေ အိမ်တို့၌ မလှည့်လည်ရ-(ဝိ ၊ ၂ ၊ ၁၃၄) ဟု ပညတ်တော်မူ၏၊ ထိုပညတ်တော်အရ ပါစိတ်အာပတ်မသင့်ခြင်းသည် ကထိန်၏အကျိုးအာနိသင်တစ်မျိုးတည်း။

အနာမန္တစာရောတိ ယာဝ ကထိနံ န ဥဒ္ဓရိယတိ၊ တာဝ အနာမန္တေတွာ စရဏံ ကပ္ပိဿတိ၊ စာရိတ္တသိက္ခာပဒေန အနာပတ္တိ ဘဝိဿတီတိ အတ္ထော။ (ဝိ၊ ၄၊ ၃၊ ၃၈၈။)

(၂) အသမာဒါနစာရ=ဒုတိယကထိနစီဝရသိက္ခာပုဒ်အရ အဓိဋ္ဌာန်တင်ထားသောသင်္ကန်းကို သွားလေရာသို့ယူ၍ အရုဏ်တက်ချိန်၌ မိမိနှင့် မကင်းအောင် နေရရိုးတည်း၊ ကင်း၍နေလျှင် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏(ဝိ၊ ၁၊ ၂၉၇)၊ ထိုသို့ မယူပဲ ပေါ့ပေါ့ပါးပါး သွားနိုင်သည် ကထိန်၏အကျိုးအာနိသင်တစ်မျိုးတည်း။

အသမာဒါနစာရောတိ တိစီဝရံ အသမာဒါယ စရဏံ၊ စီဝရဝိပ္ပဝါသော ကပ္ပိဿတီတိ အတ္ထော။ (ဝိ၊ ၄၊ ၃၊ ၃၈၈။)

(၃)ဂဏဘောဇန="ထမင်းစားကြွပါ"စသည် မအပ်သောနည်းဖြင့် ပင့်ဖိတ်လျှင် ရဟန်းလေးပါး, လေးပါးထက် အလွန်အတူ ခံယူ၍မစားကောင်း၊ ဘောဇနဝဂ် ဂဏဘောဇနသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်၏(ဝိ၊ ၂၊၁၁၁)၊ ထိုသို့ ခံယူစားခြင်းကြောင့် အာပတ်မသင့်ခြင်းသည် ကထိန်၏အကျိုးအာနိသင်တစ်မျိုးတည်း။

ဂဏဘောဇနန္တိ ဂဏဘောဇနမ္ပိ ကပ္ပိဿတိ။ (ဝိ၊ ၄၊ ၃၊ ၃၈၈။)

မှတ်ချက်။ ။ ပရမ္ပရဘောဇနသိက္ခာပုဒ်အရလည်း အာပတ်မသင့်ပါ၊ ထိုသိက္ခာပုဒ်၏အနာပတ္တိဝါရကို ကြည့်ပါ၊ ဂဏဘောဇနနှင့် သဘောသွား အနည်းငယ် တူ၍ အာနိသင်ထဲ၌ မထည့်ဟန်တူသည်၊ သို့မဟုတ် ထိုသိက္ခာပုဒ်က ကထိန်ပညတ်ပြီးမှ ပညတ်အပ်သောကြောင့် ဖြစ်သည် ဟု ကြံပါ။ (မဟာဝါဘာသာဋီကာ၊ ၃၊ ၁၇၀။)

(၄) ယာဝဒတ္ထစီဝရ= ကထိန်အာနိသင်မရလျှင် သင်္ကန်း(အဝတ်)သစ်များကို အဓိဋ္ဌာန်မတင်, ဝိကပ္ပနာမပြုပဲ ဆယ်ရက်လွန်အောင်မထားရ၊ ထားလျှင် ပဌမကထိနသိက္ခာပုဒ်အရ အာပတ်သင့်၏(ဝိ၊ ၁၊ ၂၉၇)၊ ကထိန်အာနိသင်ရလျှင်ကား အဓိဋ္ဌာန်မတင်, ဝိကပ္ပနာမပြုပဲ သင်္ကန်း(အဝတ်)သစ်များကို အလိုရှိသလောက်(တပေါင်းလပြည့်တိုင်အောင်) ထားနိုင်၏၊ ထိုသို့ ထားသည့်အတွက် ပဌမကထိနသိက္ခာပုဒ်အရ အာပတ်မသင့်ခြင်းသည် ကထိန်၏အကျိုးအာနိသင်တမျိုးတည်း။

ယာဝဒတ္ထစီဝရန္တိ ယာဝဒတ္ထကေန စီဝရေန အတ္ထော၊ တာဝတကံ အနဓိဋ္ဌိတံ အဝိကပ္ပိတံ ကပ္ပိဿတီတိ အတ္ထော။ (ဝိ၊၄၊၃၊ ၃၈၈။)

(၅) ယော စ တတ္ထ စိဝရုပ္ပါဒေါ၊ သော နေသံ ဘဝိဿတိ=ကထိန်ခင်းရာ ကျောင်းတိုက်၌ သံဃိကသင်္ကန်း=အဝတ်အထည်)ဟူသမျှသည် ကထိန်အာနိသင်ရထားသော ထိုကျောင်းတိုက်ရှိ ရဟန်းများဝေ၍ယူနိုင်၏၊ ထိုသို့ ယူနိုင်ခြင်းသည် ကထိန်၏အကျိုးအာနိသင်တစ်မျိုးတည်း။ [ကထိန်အာနိသင်မရသောရဟန်းနှင့် အခြားကျောင်းတိုက်မှလာသော အာဂန္တုကများသည် ကထိန်(အာနိသင်ရ)လအတွင်း၌သံဃိကသင်္ကန်း(အဝတ်အထည်)များကို ဝေ၍ မယူနိုင်ပါ။] (မဟာဝါဘာသာဋီကာ၊၃၊ ၁၇၀။)

ယော စ တတ္ထ စိဝရုပ္ပါဒေါတိ တတ္ထ ကထိနတ္ထတသီမာယံ မတကစီဝရံ ဝါ ဟောတု သံဃံ ဥဒ္ဒိဿ ဒိန္နံ ဝါ သံဃိကေန တတြုပ္ပါဒေန အာဘတံ ဝါ၊ ယေန ကေနစိ အာကာရေန ယံ သံဃိကစီဝရံ ဥပ္ပဇ္ဇတိ၊ တံ တေသံ ဘဝိဿတီတိ အတ္ထော။
(ဝိ၊ ၄၊ ၃၊ ၃၈၈။)

## မဟာစည်ဆရာတော်၏ကထိန်ခွင့်ပြုခြင်း အကြောင်းဆောင်ပုဒ်များ

၁။ ကထိန်နိသင်၊ ငါးပါးတွင်၊ လေးအင် အကျိုးမှာ။
၂။ သီတင်းကျွတ်က၊ တလမျှ၊ ရကြတော့သည်သာ။
၃။ သုံးထည်သင်္ကန်း၊ ဆောင်ယူထမ်း၊ ပင်ပန်းဝန်လေးရာ။
၄။ ဘဒ္ဒဝဂ္ဂီ၊ သုံးဆယ်ထေရ်၊ လာသည် ခဲယဉ်းစွာ။
၅။ ဘုရားထံမှောက်၊ စုံညီရောက်၊ မေးလျှောက်ပြီးသောခါ။
၆။ ထိုကြောင့်နှင်းချိန်၊ မြတ်ဘုန်းရှိန်၊ ကထိန်ခွင့်ပြုပါ။ (ဝိ၊ ၃၊ ၃၅၁။)

## မဟာစည်ဆရာတော်၏ကထိန်ခေါ်ခြင်း အကြောင်းဆောင်ပုဒ်များ

၁။ ကထိန်ခေတ်ခါ၊ နိုင်စေတာ၊ စွဲကာ ကထိန်မည်။
၂။ ကထိန်ဘောင်ကြီး၊ ခင်းဟန်ပြီး၊ တနည်း ကထိန်မည်။
၃။ ကထိန်ခင်းက၊ ကျိုးငါး၀၊ ငါးလတိုင်ရသည်။
(၁။ သာရတ္ထ၊ ၃၊ ၃၃၅။ ၂။ ဝိ၊ ၄၊ ၂၅၂။ ၃။ ဝိ၊ ၃၊ ၃၅၁။)

## ကထိန်ခင်းသောရဟန်းတို့ ရထိုက်သောအကျိုး(၅)ပါး

၁။ မပန်မကြား၊ လိုရာသွား၊ ပြစ်များ မသင့်ပြီ။
၂။ သုံးထည်ထဲမှာ၊ ထားလိုရာ၊ ထားကာ သွားနိုင်သည်။
၃။ လေးပါးဟုပင်၊ ဂိုဏ်းဘောဇဉ်၊ စားချင် စားနိုင်သည်။
၄။ သင်္ကန်းများစွာ၊ ငါးလမှာ၊ သိမ်းကာ ထားနိုင်သည်။
၅။ သံဃာလှူငြား၊ သင်္ကန်းများ၊ သူ့အားသာ ဖြစ်သည်။
(ဝိနည်းမဟာဝါ၊ ကထိနက္ခန္ဓက၊ ၃၅၂။)

ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများ၌ ကထိန်သင်္ကန်းလှူဒါန်းသော ဒါယကာတို့ ရထိုက်သောအကျိုးကား တိုက်ရိုက် မလာရှိသော်လည်း ဆရာတော်များက ကထိန်သင်္ကန်းခံယူသော ရဟန်းတော်တို့ ရထိုက်သော ကထိန်အာနိသင် အကျိုး ၅ပါးနှင့် လျော်သော "ကထိန်သင်္ကန်းလှူဒါန်းရကျိုး ၅ ပါး"ကို သုတ္တာနုလောမအနေဖြင့် ရေးသားဟောပြောလေ့ရှိကြပါသည်။

## ကထိန်သင်္ကန်းလှူသောဒါယကာတို့ ရနိုင်သောအကျိုး(၅)ပါး

၁။ လှူသူမှာလဲ၊ နည်းတူပဲ၊ ရမြဲ ကျိုးငါးဖြာ။
၁။ တားဆီးကင်းကွာ၊ လွတ်လပ်စွာ၊ လိုရာ သွားနိုင်သည်။
၂။ တာဝန်ကိစ္စ၊ မလေးရ၊ ပေါ့လှလေတော့သည်။
(ကြောင့်ကြမဲ့ကာ၊ ပေါ့ပါးစွာ၊ လိုရာ သွားနိုင်သည်။)
၃။ စားလိုရာများ၊ စားသော်ငြား၊ ဘေးကား မဖြစ်ပြီ။

၄။ ပစ္စည်းအများ၊ သိမ်းပိုက်ထား၊ ဘေးကား မရှိပြီ။
၅။ ကိုယ့်ပစ္စည်းများ၊ သူတပါး၊ ယူသွား ကင်းပသည်။
(ကိုယ့်ပစ္စည်းများ၊ သူတပါး၊ ယူကား မရပြီ။)
၆။ ကထိန်ဒကာ၊ ကျိုးငါးဖြာ၊ လျော်စွာ ရနိုင်သည်။

မှတ်ချက်။ ။ အထက်ပါ သံပေါက်ကဗျာများကို မဟာစည် ဓမ္မဒေသနာဆောင်ပုဒ်များ၊ ၂၃ ကြိမ်မြောက် ပူဇော်ပွဲ ဩဝါဒကထာ၊ ၁၅ ၁၆။ မဟာစည်ထေရုပ္ပတ္တိကဝိလာသိနီ၊ ပထမတွဲ၊ ၃၅၂ ၃၅၃တို့မှ ရယူသည်။

## ကထိန်သင်္ကန်းလှူဒါန်းရကျိုး ၅ ပါး

၁။ စကြာမင်းကြီး၊ ပုံမိုးတူစွာ၊ သွားရာဒေသ၊ အေးချမ်းလှ၍၊ ကြီးစွာ့တန်ခိုး၊ လွန်ကျော်ဟိုးသည်၊ မှတ်ရိုးအနာဂမ္ဘ လှူကျိုးတည်း။

၂။ သူဌေးဇောတိက၊ ပုံမျှတူစွာ၊ ဥစ္စာစေ၊ ပေါကြွယ်ဝလျက်၊ ကိုယ်မှတခြား၊ သူတပါးလက်၊ လုယက်မပါ၊ ဖြစ်ရရှာသည်၊ မှတ်ပါ အသမာဒါန လှူကျိုးတည်း။

၃။ ကျောင်းအမဝိသာခါ၊ ပမာတူငြား၊ သားနှင့် သမီး၊ ဖြင်ပည်းယှက်မွေး၊ မြစ်မြေးတူစုံ၊ ဆွေပုံသတင်း၊ ကင်းရှင်းရောဂါ၊ နေထိုင်ကာဖြင့်၊ ဥစ္စာစေ၊ ပေါကြွယ်ဝသည်၊ မှတ်ကြ ဂဏဘောဇန လှူကျိုးတည်း။

၄။ နရုဒ္ဓါလား၊ မင်းသားတူစွာ၊ ဥစ္စာစေ၊ လိုတိုင်းရလျက်၊ ကြွယ်ဝဥစ္စာ၊ လွန်ချမ်းသာသည်၊ မှတ်ပါ ယာဝစီဝရ လှူကျိုးတည်း။

၅။ သိရီဓမ္မ၊ သောကရာဇာ၊ ပမာပုံမျိုး၊ အုပ်စိုးခါခါ၊ ဩဇာလွှမ်းမိုး၊ တန်ခိုးကြွယ်ဝ၊ ခံစားရသည်၊ မှတ်ကြ ယောစစီဝရုပ္ပါ လှူကျိုးတည်း။

(က) ကထိန်ဒါန မြတ်လှပေတာ၊
သုံးလူထွတ်မှူး ချီးကျူးခါခါ။
ဇေတိဘိက္ခု ခေါ်ပြုလေရာ၊
မြတ်ရဟန်း ရွှင်လန်းဖြစ်ရတာ။

(ခ) ကထိန်ဒါန ပြုကြသူမှာ၊
ဘဝါဘဝ မုချချမ်းသာ။
ခံစားစံစား ရွှင်အားဖြာဖြာ၊
အဆုံးကြ ရောက်ရနိဗ္ဗူတာ။

## တနည်း=ကထိန်သင်္ကန်းလှူဒါန်းရကျိုး ၈ ပါး

လှပအဆင်း၊ ချမ်းသာခြင်းသည်၊ ဘေးကင်းလီလီ၊ အသက်ရှည်၍၊ ပေါက်သည်ပဒေသာ၊ ကြီးဗလာနှင့်၊ ပညာပြည့်ဝ၊ နိဗ္ဗာန်ရသည်၊ အဋ္ဌကထိန် လှူကျိုးတည်း။ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၁၀။)

## ကထိန်ကို တဖန်ထပ်၍ ခင်းကောင်းသလော?

ထပ်၍ခင်းဖူးကြောင်း ထုံးဟောင်းသက်သေလည်းမရှိ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာလည်း မမိန့်မဆိုချေ။ ထပ်၍ခင်းပြန်လျှင် ထပ်တုံတလဲလဲ လာဘ်မပြဲ အပြစ်သာ ဖြစ်ပြန်တော့သည်။

ကထိန်နုတ်ပြီး၍ တဖန် ထပ်မံခင်းပြန်ခြင်းသည် တောထွက်ခင်ကြီးများနှင့် အလားတူသည်၊ ၎င်းခင်ကြီးများသည် နံနက်ဆွမ်းခံ သွားရာ ရွာသို့ရောက်လျှင် သီလရှင်တို့ဇရပ်က ဆီးကြို၍ ယာဂုတိုက်သည်ကို သောက်ခဲ့၊ ရွာတွင်း၌ သဒ္ဓါ၍ ကပ်လှူကြသော သူတို့၏အိမ်ဦးနွားနို့များကိုလည်း သောက်ခဲ့ပြီးလျှင် တောကျောင်းသို့ ရောက်သည့်အခါ ကောသနိက်စုတင်ဆောက်တည်၍ စားကြပြန်သည်ဟု အမိန့်ရှိတော်မူဖူးသည်။ (စံကျောင်းဆရာတော်ကြီး)

ငါတို့ရဟန်းငယ်စဉ် ရွှေကျင်တိုက်၌လည်း နန်းတော်က ကထိန်ခင်းပြီးနောက် အာဠဝီလမ်း သူဌေးတန်း ဒါယကာတို့က ကထိန်လှူလိုကြောင်းနှင့် လျှောက်ထားလာရာ ထပ်၍လည်းကောင်း, နုတ်၍လည်းကောင်း မခင်းကောင်းပြီဟု ငါတို့ကျေးဇူးရှင် ရွှေကျင်ဆရာတော်ဘုရားကြီးမခံ၊ ပယ်လှန်တော်မူသောကြောင့် သက်သက်လှူ၍သာ ဒါယကာတို့ ပြန်သွားကြရဖူးလေသည်။

တောင်ဖီလာဆရာတော်လည်း တောရဆောက်တည်စဉ်အခါက ကထိန်ဒါယကာ တဆယ့်တဦးများပင် ဆိုင်၍လျှောက်ထားသည်ကို ရှေးရှေး ကထိန်ကို နုတ်၍ နုတ်၍ မခင်းပဲ ရက်ချင်းတူအောင် အခါပေးလျက် တရက်ထည်း, တပေါင်းထည်း စု၍ လာဘ်များသူသင်္ကန်းဖြင့် ကထိန်ခင်းကြောင်းကို ၎င်းဆရာတော်စီရင်သော ဝိနယာလင်္ကာရကျမ်းတွင် ဆိုသတတ်။

(ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ အပုနကထိနတ္ထာရဝိနိစ္ဆယ၊ ၄၅-၄၆။)

## တိစီဝရိတ်အဓိဋ္ဌာန်တင်ထားမှုမရှိပဲ ကထိန်ခင်းကောင်းသလော?

ရှေး၌ မဆောင်ဖူးပဲလျက် သံဃာအလယ်မှာမှ သင်္ကန်းဟောင်းကို အဓိဋ္ဌာန်တင်ပြီးလျှင် ချက်ချင်း အဓိဋ္ဌာန်ချ၍ ကထိန်သင်္ကန်းကို အဓိဋ္ဌာန်တင်ကြသည်ကား ကလေးကစားသည်နှယ် ရယ်ချင်ဖွယ်ကောင်းလှ၏။

စတုဝီသတိယာ အာကာရေဟိ အနတ္ထတံ ဟောတိ ကထိနံ။ သတ္တရသဟာကာရေဟိ အတ္ထတံ ဟောတိ ကထိနံ။

(ဝိ၊ ၅၊ ၃၀၂-၃၀၃။)

ပရိဝါပါဠိတော် (ဝိ ၊ ၅၊ ၃၀၂-၃၀၃), မဟာဝါကထိနက္ခန္ဓက ပါဠိတော် (ဝိ ၊ ၃ ။ ၃၅၂-၃၅၃) လာ အနတ္ထတာကာရ နှစ်ဆယ့်လေးပါး၊ အတ္ထတာကာရ ဗာဆယ့်ခုနစ်ပါးတို့၌ သင်္ကန်းဟောင်းကို တိစီဝရိတ်အဓိဋ္ဌာန်တင်၍ ဆောင်မှ ကထိန်ခင်းကောင်းကြောင်းကို အမြွက်မျှမမိန့်မဆို ။ သင်္ကန်းကို ခိုးသူလုယက်သော ရဟန်းအား အဓိဋ္ဌာန်ချဖို့ရာ အဘယ်မှာ သင်္ကန်းဟောင်းရှိချေအံ့နည်း။ ထို့ကြောင့် ရှေးက အဓိဋ္ဌာန်တင်၍ ဆောင်နေကျ သင်္ကန်းရှိလျှင် နောက်တင်မည့် ကထိန်သင်္ကန်းမှာ အဓိဋ္ဌာန်မစွဲမည်ကြောင့် သင်္ကန်းဟောင်းကို အဓိဋ္ဌာန်ချရသည်။ အဓိဋ္ဌာန်တင်ထားသော သင်္ကန်းမရှိသော ပုဂ္ဂိုလ်ကား အင်္ဂါရှစ်ပါးနှင့်ပြည့်စုံပါလျှင် သာလွန်၍ ကထိန်ခင်းကောင်းတော့သည်။ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ အတေစီဝရိက ကထိနတ္ထာရဝိနိစ္ဆယ၊ ၄၇။)

## အကာလသင်္ကန်းဟူသည်...

ကထိန်မခင်းလျှင် တစ်ဆယ့်တစ်လအတွင်း၌ ဖြစ်သောသင်္ကန်း, ကထိန်ခင်းလျှင် ခုနစ်လအတွင်း၌ ဖြစ်သောသင်္ကန်း, ကာလ၌ပင် အကာလသင်္ကန်းအဖြစ် ရည်ညွှန်းလှူသောသင်္ကန်းသည် "အကာလသင်္ကန်း"ဖြစ်၏။

အကာလစီဝရံ နာမ အနတ္ထတေ ကထိနေ ဧကာဒသမာသေ ဥပ္ပန္နံ၊ အတ္ထတေ ကထိနေ သတ္တမာသေ ဥပ္ပန္နံ၊ ကာလေပိ အာဒိဿဒိန္နံ၊ ဧတံ အကာလစီဝရံ နာမ။ (ဝိ၊ ၁၊ တတိယကထိနသိက္ခာပဒ်၊ ၃၀၄။)

အာဒိဿ ဒိန္နန္တိ သံဃဿ ဝါ "ဣဒံ အကာလစီဝရ"န္တိ ဥဒ္ဒိသိတွာ ဒိန္နံ၊ ဧကပုဂ္ဂလဿ ဝါ "ဣဒံ တုယှံ ဒမ္မီ"တိ ဒိန္နံ။

(ဝိ၊ ဋ၊ ၂၊ ၂၃၉။)

ကာလေ ပန "သံဃဿ ဣဒံ အကာလစီဝရံ ဒမ္မီ"တိ အနုဒ္ဒိသိတွာ "သံဃဿ ဒမ္မီ"တိ ဒိန္နံ ဝုတ္ထဝဿေဟိယေဝ ဘာဇေတဗ္ဗံ, န အညေဟီတိ "ကာလစီဝရ"န္တိ ဝုစ္စတိ ၊ အာဒိဿ ဒိန္နံ ပန သမ္မုခီဘူတေဟိ သဗ္ဗေဟေဝ ဘာဇေတဗ္ဗန္တိ အကာလစီဝရံ။ တသ္မာ ကာလေပိ အာဒိဿ ဒိန္နဿ ဝုတ္ထဝဿေဟိ သေသေဟိ စ သမ္ပတ္တေဟိ ဘာဇနီယတ္တာ အကာလစီဝရသာမညတော "ကာလေပိ အာဒိဿ ဒိန္နံ၊ ဧတံ အကာလစီဝရ"န္တိ အတ္ထုဒ္ဒါရဝသေန ဝုတ္တံ။ (သာရတ္ထ၊ ၂၊ ၃၉၇။)

တုယှံ ဒမ္မီတိ ဒိန္နန္တိ "တုယှံ ဘန္တေ အကာလစီဝရံ ဒမ္မီ"တိ ဧဝံ ဒိန္နံ၊ ဧဝမ္ပိ ကာလေ အာဒိဿ ဒိန္နံ နာမ ဟောတီတိ အဓိပ္ပါယော။ (ဝိမတိ၊ ၁၊ ၃၂၁။)

တတ္ထ ဟိ ဘိက္ခုနိ သံဃဿ "သမ္ပတ္တာ ဘာဇေန္တု"တိ ဧဝံ အာဒိဿ ဒိန္နမေဝ "အကာလစီဝရံ ကာလစီဝရ"န္တိ အဓိဋ္ဌဟိတွာ ဘာဇေန္တိယာ နိဿဂ္ဂိယံ။ (ဝဇိရဗုဒ္ဓိ၊ ၂၃၅။)

* * * * *

## ကာလိကလေးသွယ် မှတ်သားဖွယ်

ကာလိကဟူသည် ရဟန်းတို့အတွက် အချိန်ကာလသတ်မှတ်၍ စားအပ်သောက်အပ်သောအစာအာဟာရကို ဆိုလိုသည်။

(၁) ယာဝကာလိက=(နံနက်အရုဏ်တက်၍)အကပ်ခံပြီးသောအခါမှ မွန်းမတည့်မီအတွင်း သုံးဆောင်နိုင်သောခဲဖွယ်ဘောဇဉ်။

(၂) ယာမကာလိက=(ယနေ့အရုဏ်တက်ပြီးနောက်)အကပ်ခံပြီးသောအခါမှ နောက်နေ့အရုဏ်တက်အတွင်း သုံးဆောင်နိုင်သော အဖျော်ရည်မျိုး။

(၃) သတ္တာဟကာလိက=အကပ်ခံပြီးသောအခါမှ ခုနစ်ရက်အတွင်း သုံးဆောင်နိုင်သော(ထောပတ်, ဆီဦး, ဆီ, ပျားရည်, သကာ တင်လဲရည်)အစာ။

(၄) ယာဝဇီဝိက=တခါအကပ်ခံပြီးလျှင် တသက်လုံး သုံးဆောင်နိုင်သောဆေးပစ္စည်း။

ပဋိဂ္ဂဟိတာ စတ္တာရော၊ ကာလိကာ ယာဝကာလိကံ။
ယာမကာလိကံ သတ္တာဟ-ကာလိကံ ယာဝဇီဝိကံ။
(ခုဒ္ဒသိက္ခာ၊ ကာလိကနိဒ္ဒေသ၊ ဂါထာ၈၄။)

ဝိကာလဘောဇနသိက္ခာပဒေ နိဒ္ဒိဋ္ဌံ ခါဒနီယဘောဇနီယံ ယာဝ မဇ္ဈန္ဟိကသင်္ခါတော ကာလော၊ တာဝ ဘုဉ္ဇိတဗ္ဗတော ယာဝကာလိကံ။ သဒ္ဓိံ အနုလောမပါနေဟိ အဋ္ဌဝိဓံ ပါနံ ယာဝ ရတ္တိယာ ပစ္ဆိမယာမသင်္ခါတော ယာမော၊ တာဝ ပရိဘုဉ္ဇိတဗ္ဗတော ယာမော ကာလော အဿာတိ ယာမကာလိကံ။ သပ္ပိအာဒိ ပဉ္စဝိဓံ ဘေသဇ္ဇံ သတ္တာဟံ နိဓေတဗ္ဗတော သတ္တာဟော ကာလော အဿာတိ သတ္တာဟ ကာလိကံ။ ဌပေတွာ ဥဒကံ အဝသေသံ သဗ္ဗမ္ပိ ယာဝဇီဝံ ပရိဟရိတွာ သတိ ပစ္စယေ ပရိဘုဉ္ဇိတဗ္ဗတော ယာဝဇီဝိကန္တိ ဝုစ္စတိ။ (ဝိ၊ဋ္ဌ၊ ၃၊၁၀၅။)

အရုဏောဒယေဝ ပဋိဂ္ဂဟိတံ ယာဝကာလိကံ သတ္တက္ခတ္တုမ္ပိ နိဒဟိတွာ ယာဝကာလော နာတိက္ကမတိ တာဝ, ယာမကာလိကံ ဧကံအဟောရတ္တံ, သတ္တာဟကာလိကံ သတ္တရတ္တံ, ဣတရံ သတိ ပစ္စယေ ယာဝဇီဝမ္ပိ ပရိဘုဉ္ဇနသ္သ အနာပတ္တိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၁၀၅။)

အရုဏုဂ္ဂမနတော ယာဝဋ္ဌိတမဇ္ဈန္ဟိကော၊ တာဝ ပရိဘုဉ္ဇိတဗ္ဗတ္တာ ယာဝ မဇ္ဈန္ဟိကသင်္ခါတော ကာလော အဿာတိ ယာဝကာလိကံ၊ ပိဋ္ဌခါဒနီယာဒိကံ ဝတ္ထု၊ ဋ္ဌိတမဇ္ဈန္ဟိကတော ပဋ္ဌာယ တံ ပရိဘုဉ္ဇိတုံ န သက္ကာ၊ ကာလပရိစ္ဆေဒဇာနနတ္ထံ ကာလတ္ထမ္ဘော ဝါ ယောဇေတဗ္ဗော၊ ကာလဒ္ဓုရေ ဝါ ကာတဗ္ဗံ။ ယာဝ ရတ္တိယာ ပစ္ဆိမသင်္ခါတော ယာမော၊ တာဝ ပရိဘုဉ္ဇိတဗ္ဗတော ယာမော ကာလော အဿာတိ ယာမကာလိကံ။ ပဋိဂ္ဂဟေတွာ သတ္တာဟံ နိဓေတဗ္ဗတော သတ္တာဟော ကာလော အဿာတိ သတ္တာဟကာလိကံ။ ဌပေတွာ ဥဒကံ အဝသေသံသဗ္ဗမ္ပိ ပဋိဂ္ဂဟိတံ ယာဝဇီဝံ ပရိဟရိတွာ သတိ ပစ္စယေ ပရိဘုဉ္ဇိတဗ္ဗတော ဇီဝသ ယတ္တကော ပရိစ္ဆေဒေါ ယာဝဇီဝံ၊ တံ အဿ အတ္ထီတိယာဝဇီဝိကံ။ (ခုဒ္ဒသိက္ခာဘိနဝဋီကာ၊ ကာလိကနိဒ္ဒေသဝဏ္ဏနာ၊ ၂၉၇။)

ယာဝ, ယာမ၊ သတ္တာဟ၊ ယာဝဇီဝိကာ။
ကပ်ပြီးသည်မှ၊ ထိုလေးဝ၊ ကာလ ပိုင်းခြားရာ။
ထို့နေ့နံနက်၊ ယံသုံးချက်၊ ရက်ခွန်, ထက်ဆုံးသာ။ (ဝိနယသံခိပ်ကျမ်း၊ ၂၆၊ ကာလိကလေးပါးအမြွက်။)

## ယာဝကာလိက ခဲဖွယ်ဘောဇဉ်များ

၈၅။ ပိဋ္ဌ မူလံ ဖလံ ခဇ္ဇံ၊ ဂေါရသော ဓညဘောဇနံ။
ယာဂုသူပပ္ပဘုတယော၊ ဟောန္တေတေ ယာကာလိကာ။
(ခုဒ္ဒသိက္ခာ၊ ကာလိကနိဒ္ဒေသ)

ပိဋ္ဌံ အမှုန့်ခဲဖွယ်၄င်း၊ မူလံ အမြစ်ခဲဖွယ်၄င်း၊ ဖလံ အသီးခဲဖွယ်၄င်း၊ ခဇ္ဇံ မုန့်ခဲဖွယ်၄င်း၊ ဂေါရသော (နို့ရည်,နို့ဓမ်း,ရက်တက် ဟူ သော) နွားမှုဖြစ်သော အရသာ ၃ ပါး၄င်း ၊ ဓညဘောဇံ စပါးမျိုးမှုဖြစ်သော ဘောဇဉ် ၃ ပါး၄င်း ၊ ယာဂုသူပပ္ပဘုတယော ယာဂု, ဟင်းရည် အစ ရှိသော သောက်ဖွယ်တို့၄င်း၊ (ဣတိ ဤသို့ ၊) ဧတေ ဤအာဟာရတို့သည် ၊ ယာဝကာလိကာ ယာဝကာလိကတို့သည်၊ ဝါ၊ မွန်းတည့်ကာလတိုင်အောင် သုံးဆောင်ရာကာလရှိသော အာဟာရတို့သည်၊ ဟောန္တိ ဖြစ်ကုန်၏။

(ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ၁၃၅။) [ဝိ၊ ၂၊ ၁၁၅။ ဝိ၊ဋ္ဌ၊၃၊ ၉၉။ စသည်တို့၌ ကြည့်]

အမှုန့်ခဲဖွယ်ဟူသည် စပါး၇ မျိုးတို့၏ဆန်မှုန့်, ပဲမှုန့်, ပိန္နဲစေ့ တောင်ပိန္နဲစေ့ ထန်းစေ့ အုန်းမှုန့်စေ့တို့၏အမှုန့်တို့တည်း၊ ထိုထို မြို့နယ်ဒေသတို့၌ခဲဖွယ်ကိစ္စ ဘောဇဉ်ကိစ္စကို ပြီးစေသောအမှုန့်ဟူသမျှသည် အမှုန့်ခဲဖွယ်မည်၏။

အမြစ်ခဲဖွယ်ဟူသည် "မုန်လာမြစ်(မုန်လာဥ), ဟင်းခါးမြစ်, ဟင်းခလာဖိုမြစ်, ဟင်းချဉ်နီမြစ်, ဟင်းဆန်ကွဲမြစ်,ကြွက်နာပေါင်းမြစ်, ကင်းပိတ်မြစ်, ဟင်းခါးပန်းတူမြစ်"ဤသို့ စသည်ဖြင့် ဟင်းချက်၍ အချဉ်တယ်၍ စားကောင်းသော အမြစ်များတည်း။

အသီးခဲဖွယ်ဟူသည် ပိန္နဲသီး, တောင်ပိန္နဲသီး, ထန်းသီး, အုန်းသီး, သရက်သီး, သပြေသီး, ဝေးသီး, မန်ကျည်းသီး, ရောက်သီး, (ရောက်ကြီး သမ္ဘရိ), သီးသီး, ဖူးသီး, ဖရုံသီး, သခွါးပြေတ်သီး, တည်သီး, သခွါးဆစ်သီးစသည်ပင်တည်း။

ဖလခါဒနီယေ ပနသ လဗုဇ တာလ နာဠိကေရ အမ္ဗ ဇမ္ဗု အမ္ဗာဋက တိန္တိဏိက မာတုလုင်္ဂ(ရှောက်သီး) ကပိဋ္ဌ လာဗု ကုမ္ဘဏ္ဍ ပုဿဖလ တိမ္ဗရူသက တိပုသ ဝါတိင်္ဂဏ စောစ မောစ မဓုကာဒီနံ ဖလာနိ ယာနိ လောကေ တေသု တေသု ဇနပဒေသု ပကတိအာဟာ ရဝသေန မနုဿာနံ ခါဒနီယတ္ထံ ဘောဇနီယတ္ထဉ္စ ဖရန္တိ၊ သဗ္ဗါနိ တာနိ ယာဝကာလိကာနိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၁၀၂။)
မှတ်ချက်။ ။ မွန်းမလွဲမီသာ စားကောင်းသော ဤယာဝကာလိကအသီးတို့၌ "ရှောက်သီး"ပါနေ၏။ မာတုလုင်္ဂပုဒ်၏အနက်ကို အဘယာရာမဆရာတော်၏အဘိဓာန်နိဿယသစ်(ဂါထာနံပါတ် ၅၇၇၊ နှာ ၂၁၉ ၂၂၁)၌ ရှုပါ။ ယာဝကာလိက၏အချုပ်မှတ်ဖွယ် လက္ခဏာမှာ ထမင်းအဖြစ် ဟင်း,ဟင်းလျာလက်သုပ်အဖြစ်ဖြင့် စားလေ့ရှိခြင်းတည်း။ သံပရာသီးကို ဟင်းလျာလက်သုပ် မလုပ်ကြ။ ရှောက်သီးကိုကား...... ဟင်းလျာအဖြစ် ဓာတ်စာအဖြစ်ဖြင့် လက်သုပ်လုပ်ကြ၏။ ထို့ကြောင့် ရှောက်သီးကို နေလွဲအခါ၌ သုံးစွဲလို လျှင် မန်ကျည်းရေကဲ့သို့ လူသာမဏေတို့ကို သကြားရည် ထန်းလျက်ရည်စသည်၌ ထည့်စေပြီးလျှင် အဖတ်မပါအောင် စစ်စေပြီးမှ အကပ်ခံကောင်း၏။ ဆေးဖြင့်ရော၍ သောက်လိုလျှင်လည်း ရေအနည်းငယ်ဖြင့် ရှောက်ရည်ကို ရောပြီးလျှင် စစ်ပြီးမှ အကပ်ခံကောင်း ၏ ဟုမှတ်ပါ။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊၁၃၆။)
မုန့်ခဲဖွယ်ဟူသည် မုန့်ကြွက်ကြစ်(သက္ခလိ), လျှင်းမုန့်/ကတွတ်မုန့်(မောဒက)အစရှိသော စပါးမျိုး ပဲမျိုးတို့မှဖြစ်သော မုန့်မျိုးဖြစ်၏။
ခဇ္ဇန္တိ သက္ခလိမောဒကာဒိပုဗ္ဗဏ္ဏာပရဏ္ဏမယံ ခါဒနီယဥ္စ။ (ခုဒ္ဒသိက္ခာဘိနဝဋီကာ၊ ၂၉၈။)
နွားမှဖြစ်သော အရသာဟူသည် "ခီရံ ဒဓိ ဃတံ တက္ကံ၊ နောနီတံ ပဉ္စ ဂေါရသာ-နို့ရည်, ဒိန်(နို့ခမ်း/နို့ချဉ်), ထောပတ်, ရက်တက်, ဆီဦး"(အဘိဓာန်၊ ၅၀၁)အရ နွားမှဖြစ်သော အရသာ ငါးမျိုးရှိသော်လည်း ထောပတ်နှင့်ဆီဦးတို့မှာ သတ္တာဟကာလိကဖြစ်၍ ဤ၌ နို့ ရည်, ဒိန်, ရက်တက် သုံးမျိုးသာတည်း။
ဓညဘောဇန-စပါးမျိုးမှဖြစ်သော ဘောဇဉ်၃-ပါးဟူသည် ဘောဇဉ် ၅-ပါးတွင် ဩဒန, သတ္တု, ကုမ္မာသ(ထမင်း, မုန့်ညက်, မယောမုန့်)တို့တည်း။ မစ္ဆ, မံသ(ငါး, အသား)တို့ကိုကား ပဘုတိသဒ္ဒါဖြင့် ယူသည်။
[ဓညာနိ ဝုစ္စန္တိ ပုဗ္ဗဏ္ဏံ အပရဏ္ဏံ။ ပုဗ္ဗဏ္ဏံ နာမ သာလိ ဝီဟိ ယဝေါ ဂေါဓုမော ကင်္ဂု ဝရကော ကုဒြူသကော(ကုဒြူသကော သျာမူ)။ အပရဏ္ဏံ နာမ သူပေယျံ။ (စူဠနိဒ္ဒေသပါဠိ၊ ၂၈၁။)]

သာလိ ဝီဟိ ယဝေါ ကင်္ဂု၊ ကုဒြူသ ဝရ ဂေါဓုမာ။
သတ္တန္နမေသံ ဓညာနံ၊ ဩဒနော ဘောဇ္ဇယာဂု စ။

သလေး, ကောက်ကြီး, မုယော, ဆပ်,လူး,ပြောင်း, နှတ်ကောက် ဤစပါးခုနစ်မျိုးမှဖြစ်သော ဆန်ကိုချက်အပ်သော ထမင်း, လက်ကော်၍ ရသော ယာဂုသည် "ဩဒန"မည်၏။ [အဘယာရာမဆရာတော်၏အဘိဓာန်နိဿယသစ်၊ ဂါထာ၄၅၀-၄၅၁၊ နှာ၁၆၈ ၁၆၉ ၌"သာလိဝီဟိ စ ကုဒြူသကော၊ ဂေါ့ဓူမော ဝရကော ယဝေါ။ ကင်္ဂုတိ သတ္တဓညာနိ" =သာလိ-သလေး(ကောက်ကြီး)၊ ဝီဟိ ကောက်လတ် (ကောက် ကြမ်း)၊ ကုဒြူသ (ကုဒြူသ)-လူး၊ ဂေါဓူမ-ဂျုံ ၊ ဝရက-ပြောင်း ၊ ယဝ မုယော (ဗာလီ)၊ ကင်္ဂု ဆပ်၊ ဣတိ ဤသည်တို့ကား၊ သတ္တဓညာနိ စပါး၇ပါးတို့တည်း။ ဟု ပါရှိရကား စပါးမျိုးအနက်ပေးပုံချင်း အနည်းငယ် ကွဲလွဲလျက်ရှိ၏။]

ဩဒနဟူသည် စပါး၇မျိုးတို့၏ဆန်တို့မှ ဖြစ်သော ထမင်းတည်း။

ဩဒနော နာမ သာလိ ဝီဟိ ယဝေါ ဂေါဓုမော ကင်္ဂု ဝရကော ကုဒြူသကောတိ သတ္တန္နံ ဓညာနံ တဏ္ဍုလေဟိ နိဗ္ဗတ္တော။ တတ္ထ သာလီတိ အန္တမသော နီဝါရံ ဥပါဒါယ သဗ္ဗာပိ သာလိဇာတိ၊ ဝီဟီတိ သဗ္ဗာပိ ဝီဟိဇာတိ၊ ယဝဂေါဓုမေသု ဘေဒေါ နတ္ထိ။ ကင်္ဂူတိသေတရတ္တကာဠဘေဒါ သဗ္ဗာပိ ကင်္ဂုဇာတိ။ ဝရကောတိ အန္တမသော ဝရကစောရကံ ဥပါဒါယ သဗ္ဗာ သေတဝဏ္ဏာ ဝရကဇာတိ။ ကုဒြူသကောတိ ကာဠကော ဒြဝေါ စေဝ သာမာကာဒိဘေဒါ စ သဗ္ဗာပိ တိဏဓညဇာတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၈၉။)

အန္တမသော အောက်ထစ်ဆုံးအားဖြင့်၊ နီဝါရံ ကျိတ်စပါးကို၊ ဥပါဒါယ-အစပြု၍၊ သဗ္ဗာပိ အလုံးစုံလည်းဖြစ်သော၊ သာလိဇာတိ သလေးစပါးမျိုးသည်၊ သာလီတိ သာလိမည်၏။ သဗ္ဗာပိ သော၊ဝီဟိဇာတိ ကောက်စပါးမျိုးသည်၊ ဝီဟီတိ ဝီဟိမည်၏။ ယဝဂေါဓုမေသု-မုယော, ဂျုံ(နှတ်ကောက်)တို့၌၊ ဘေဒေါ အထူးအပြားသည်၊ နတ္ထိ-မရှိ။ သေတရတ္တကာဠဘေဒါ ဖြူသောအဆင်း, ညိုသောအဆင်း, မည်းနက်သောအဆင်း အပြားရှိသော၊ သဗ္ဗာပိ-သော၊ ကင်္ဂုဇာတိ-ဆတ်မျိုးသည်၊ ကင်္ဂူတိ ကင်္ဂုမည်၏။ အန္တမသော-ဖြင့်၊ ဝရကစောရကံ-ပြောင်းသူခိုးကို၊ ဝါ ပြောင်းဖူးကို၊ ဥပါဒါယ-၍၊ သဗ္ဗာ သော၊ သေတဝဏ္ဏာ-ဖြူသော အဆင်းရှိသော၊ ဝရကဇာတ-ပြောင်းမျိုးသည်၊ ဝရကောတိ-ဝရကမည်၏၊ [အပင်၏အလယ်၌ဖူးသောကြောင့် အထက်၌ ဖူးသလို မထင်ရှားရကား ပြောင်းဖူးကို "ပြောင်းသူခိုး"ဟု ခေါ်သ တတ်၊] ကာဠကော ဒြဝေါ စေဝ မည်းနက်သောလူးသည်လည်းကောင်း၊ သာမာကာဒိဘေဒါ လမန်းဆန်အစရှိသော အပြားရှိသော၊ သဗ္ဗာပိ သော၊ တိဏဓညဇာတိ စ-မြက်စပါးမျိုးသည်လည်းကောင်း၊ ကုဒြူသကောတိ ကုဒြူသကမည်၏။ (ပါစိတ်ဘာသာဋီကာ၊၁၊ ၂၃၃-၂၃၄။)

ငှင်းစပါးခုနစ်မျိုးကို ကျက်စွာလှော်၍ ပြုလုပ်အပ်သော အနဆုပ်, ပေါက်ပေါက်ဆုပ်, ကရေကရာ အမှုန့်အခဲ အလုံး အပြား ဟူသောမုံ့လုံးသည် "သတ္တု"မည်၏။

ဂျုံမည်သော ကုလားစပါးကိုလုပ်သော ပေါင်မုံ့ကုလားမုံ့သည် "ကုမ္မာသ"မည်၏။ မုယောမုံ့မည်၏။

[ကုမ္မာသ။ ။ "ယဝါဒယော ပူတိံ ကတွာ ကတတ္တာ (မုယောစသည်တို့ကို အပုတ်စိမ်၍ လုပ်အပ်သောကြောင့်) ကုစ္ဆိတေန မသီယတိ အာမသီယတီတိ ကုမ္မာသော"ဟု ယောဇနာဖွင့်၏။ (ပါစိတ်ဘာသာဋီကာ၊ ၁၊ ၂၃၃။)

ကုမ္မာသော။ ။ "အဒ္ဒသိန္နာ စ ဂေါဓုမာ, အညေ စ ဏကာဒယော၊ ကုမ္မာသဣတိ ကထျန္တေ"ဟု ဆို၍ အဒ္ဒသိန္န ဂေါဓုမ =တဝက်ကျက်ရုံ ပြုတ်အပ်သော ဂျုံ, ကုလားပဲ စသည်ကို "ကုမ္မာသ"ဟု ထောမနိဓိ၌ ဆိုသည်၊ ဤ၌ကား "ယဝေဟိ ကတော"ဟု ဆိုသောကြောင့် "တဝက်ကျက်ရုံ ပြုတ်အပ်သော မုယောဆန်ကို ပြုလုပ်ထားသော စားဘွယ်တမျိုး"ဟု မှတ်ပါ။

(ကင်္ခါဘာသာဋီကာ၊ ၂၊ ၁၀၅။)]

ရေ၌ဖြစ်သော မိကျောင်းလပိုင်စသော ငါးသည် "မစ္ဆ"မည်၏။

ထိုမှကြွင်းသော ကုန်းသတ္တဝါဟူသမျှ(၏အသား)သည် "မံသ"မည်၏။

(ကင်္ခါသယမှု၊ ဝိနည်းငယ်လေးဆောင်၊ ဝိနယကောသလ္လကျမ်း၊ ၁၇၆ ၁၇၇။)

ဓညဘောဇနန္တိ သာနုလောမာနံ ဓညာနံ ဩဒနသတ္တုကုမ္မာသသင်္ခါတဘောဇနဥ္စ။

ပဘုတိ-သဒ္ဒေန မစ္ဆမံသသင်္ခါတံ ဓညဘောဇနတော အဝသိဋ္ဌံ ဘောဇနဥ္စ ပိဋ္ဌမူလဖလခါဒနီယတော အဝသိဋ္ဌံ ကန္ဒခါဒနီယံ, မုဠာလခါဒနီယာဒိဥ္စ သင်္ဂဏှာတိ။ (ခုဒ္ဒသိက္ခာဘိနဝဋီကာ၊ ၂၉၈။)

အချုပ်မှာ ယာဝကာလိက ဟူသည် ထိုထို အရပ်ဒေသတို့၌ ပကတိ အာဟာရကိစ္စအနေဖြင့် အစဉ်အဆက် စားသုံးရိုးဖြစ်သော အစားအစာပင်တည်း။

ဘောဇဉ်, ခဲဘွယ်၊ အသွယ်သွယ်၊ အကျယ် များလှစွာ။
အရပ်တိုင်းမှာ၊ အာဟာရကိစ္စ၊ စားရိုးကျ၊ ယာဝကာလိကာ။
(ဝိနယသံခိပ်၊ ကာလိကလေးပါးအမြွက်၊ ၂၆ ၂၇။)

## ယာမကာလိက အဖျော်ရည်များ

၈၆။ မဓုမုဒ္ဒိကသာလူက စောစမောစမ္ဗုဇမ္ဗုဇံ။
ဖာရုသံ နာဂ္ဂိသန္တတ္တံ၊ ပါနကံ ယာမကာလိကံ။
(ခုဒ္ဒသိက္ခာ၊ ကာလိကနိဒ္ဒေသ။)

မဓုမုဒ္ဒိကသာလူကစောစမောစမ္ဗဇမ္ဗုဇံ သစ်မည်စည်သီး, မုဒရက်သီး, ကြာစွယ်, တောင်ငှက်ပျောသီး, အိမ်ငှက်ပျောသီး, သရက်သီး, သပြေသီးတို့မှလည်း ဖြစ်သော၊ ဖာရုသံ ဖက်သက်သီးမှလည်း ဖြစ်သော၊ နာဂ္ဂိသန္တတ္တံ(န +အဂ္ဂိ+သန္တတ္တံ) မီးဖြင့် မချက်အပ်သော၊ ပါနကံ သောက်ဖွယ်အရည်သည်၊ ဝါ အဖျော်ရည်သည်၊ ယာမကာလိကံ ယာမကာလိကတည်း၊ ဝါ နောက်ဆုံးညဉ့်ယာမ်ကာလဟူသောသုံးဆောင်ရာ ကာလရှိသော သောက်ဖွယ်တည်း။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ကာလိကနိဒ္ဒေသ၊ ၁၃၇။)

အနုဇာနာမိ ဘိက္ခဝေ အဋ္ဌ ပါနာနိ အမ္ဗပါနံ ဇမ္ဗုပါနံ စောစပါနံ မောစပါနံ မဓုကပါနံ [မဓုပါနံ (သီ, သျာ)] မုဒ္ဒိကပါနံ သာလူကပါနံ ဖာရုသကပါနံ။ (ဝိ၊ ၃၊ ၃၄၄။)

သပြေသီးအဖျော်, သရက်သီးအဖျော်, မုဒြက်သီးအဖျော်, ဖက်သက်တရော်သီးအဖျော်, သစ်မည်စည်ပွင့်အဖျော်, အိမ်ငှက်ပျောသီးအဖျော်, တောင်ငှက်ပျောသီးအဖျော်, ကြာစွယ်အဖျော် ဟူ၍ ယာမကာလိကဝတ္ထု၌ ဟောတော်မူရင်း အဖျော်မျိုးရှစ်ပါး။ ။ သစ်မည်စည်ပွင့်သည် အလွန်အရည်ပေါ၏၊ ရေမရောပဲနှင့်ပင် သောက်လောက်အောင် ရနိုင်သော ဇာတိရသရှိ၏၊ ဇာတိရသအတိုင်း အဖျော်ကိစ္စနှင့် မွန်းလွဲသောအခါ သောက်ခြင်းငှါ မအပ်၊ ရေနှင့်ရောမှ အပ်သည်၊ ယာဝကာလိကဝတ္ထုတို့မှဖြစ်သော ဇာတိရသာတို့၌ ဤနည်းချည်းမှတ်။ ကြံရည်, တင်လဲရည်, ပျားရည်တို့၌လည်း ရေရောမှ ထိုဖျော်ရည်ကိစ္စ၌ အပ်သည်၊ ရေမရောလျှင် သတ္တာဟကာလိက အတိုင်းပင်။

သပြေ, သရက်၊ မုဒြက်၊ ဖက်သက်, သစ်မည်စည်။
ငှက်ပျောနှစ်မျိုး၊ ကြာစွယ်တိုး၊ ရှစ်မျိုး အဖျော်ရည်။ (ဝိနယသံခိပ်၊ ကာလိကလေးပါးအမြွက်၊ ၂၇။)

မုဒရက်သီးဟူသည် သပျက်သီးတည်း၊ အောက်မြန်မာပြည် အချို့အရပ်၌ ရှိသော "မြရာသီး"ကိုပင် ရခိုင်နယ်၌ "ဖက်သက်သီး"ဟု ခေါ်သတဲ့၊ ပုံသဏ္ဌာန်မှာ အထက်မြန်မာပြည်တောထဲ၌ ပေါက်သော "ဇောင်ဖဲ့သီး"နှင့် တူ၏။

သပြေ-သရက်, မုဒရက်, ဖက်သက် သစ်မည်ဆီ။

တောအိမ် ငှက်ပျော, ကြာစွယ်နှော, မှတ်လော ရှစ်ဖျော်ရည်။ (ပါတိမောက်ဘာသာဋီကာ၊ သုဒ္ဓပါစိတ်၊ ၂၆၄)

အမ္ဗပါနန္တိ အာမေဟိ ဝါ ပက္ကေဟိ ဝါ အမ္ဗေဟိ ကတပါနံ၊(အာမအမ္ဗ သရက်သီးစိမ်း။ ပက္ကအမ္ဗ သရက်သီးမှည့်)

ဇမ္ဗုပါနန္တိ ဇမ္ဗုဖလေဟိ ကတပါနံ။ စောစပါနန္တိ အဋ္ဌိကေဟိ ကဒလိဖလေဟိ ကတပါနံ။ (အဋ္ဌိကကဒလိဖလ အစေ့ရှိသော တောငှက်ပျော။ မောစပါနန္တိ အနဋ္ဌိကေဟိ ကဒလိဖလေဟိ ကတပါနံ။ (အနဋ္ဌိကကဒလိဖလ အစေ့မရှိသော အိမ်ငှက်ပျော)။ မဓုက ပါနန္တိမဓုကာနံ ဇာတိရသေန ကတပါနံ။ တံ ပန ဥဒကသမ္ဘိန္နံ ဝဋ္ဋတိ၊ သုဒ္ဓံ ပန န ဝဋ္ဋတိ။ (ဇာတိရသ ပင်ကိုယ်အသီးရည်။ မဓုက သစ်မည်စည်သီးခေါ် မယ်ဇယ်သီး)။ မုဒ္ဒိကပါနန္တိ မုဒ္ဒိကာ ဥဒကေ မဒ္ဒိတွာ အမ္ဗပါနံ ဝိယ ကတပါနံ။ (မုဒ္ဒိက မုဒရက်သီးခေါ် သပျက်သီး)။ သာလူကပါနန္တိ ရတ္တုပ္ပလနီလုပ္ပလာဒီနံ သာလူကေ မဒ္ဒိတွာ ကတပါနံ။ (ရတ္တုပ္ပလနီလုပ္ပလာဒီနံ သာလူက ကြာနီ ကြာညိုအစရှိသည်တို့၏ကြာစွယ်)။ ဖာရုသကပါနန္တိ ဖာရုသကဖလေဟိ အမ္ဗပါနံ ဝိယ ကတပါနံ။ (ဖာရုသက ဖက်သက်သီး=ရခိုင် အခေါ်မြရာသီး)။ ဣမာနိ အဋ္ဌပါနာနိ သီတာနိပိ အာဒိစ္စပါကာနိပိ ဝဋ္ဋန္တိ၊ အဂ္ဂိပါကာနိ န ဝဋ္ဋန္တိ။ (ဝိ၊ ၄၊ ၃၊ ၃၈၃။)

ဤအဖျော်ရည်ရှစ်မျိုးတို့ကား နေချက်မှ အပ်ကုန်၏၊ မီးချက်မူ မအပ်ကုန်။

အနုလောမ အဖျော်ရည်များ

၈၇။ သာနုလောမာနိ ဓညာနိ၊ ဌပေတွာ ဖလဇော ရသော။
မဓုကပုပ္ဖမညတြ၊ သဗ္ဗော ပုပ္ဖရသောပိ စ။
၈၈။ သဗ္ဗပတ္တရသော စေဝ၊ ဌပေတွာ ပက္ကဍာကဇံ။
သီတောဒမဒ္ဒိတောဒိစ္စ-ပါကော ဝါ ယာမကာလိကော။
(ခုဒ္ဒသိက္ခာ၊ ကာလိကနိဒ္ဒေသ။)

သာနုလောမာနိ စပါးအားလျော်သော သီးကြီး၉-လုံး,ပဲတို့နှင့်တကွဖြစ်ကုန်သော၊ ဓညာနိ စပါးသီးတို့ကို၊ ဌပေတွာ ချန်ထား၍၊ ဖလဇော အသီးမှဖြစ်သော၊ ရသော-အရည်သည် ၄င်း၊ မဓုကပုပ္ဖံ သစ်မည်စည်ပွင့်ကို၊ အညတြ-ကြဉ်၍၊ သဗ္ဗော-အလုံးစုံသော၊ ပုပ္ဖရသောပိ စ၊ အပွင့်အရည်သည်၄င်း၊ ပက္ကဍာကဇံ-ကျက်သောဟင်းရွက်မှဖြစ်သော ဟင်းရည်ကို၊ ဌပေတွာ-ချန်ထား၍၊ သဗ္ဗပတ္တရသောစေဝ အလုံးစုံ အရွက်ရည်သည်၄င်း၊ သီတောဒမဒ္ဒိတော-ရေအေး၌ နယ်အပ် ဖျော်အပ်သည်၊ (သမာနော ဝါ ဖြစ်သော်၄င်း)၊ အာဒိစ္စပါကော နေပူ၌ကျက်ခြင်းရှိသည်၊ (သမာနော ဝါ ဖြစ်သော်၄င်း)၊ ယာမကာလိကော-ယာမကာလိကတည်း။ဝါ-နောက်ဆုံးညဉ့်ယာမ်ကာလဟူသော သုံးဆောင်ရာ ကာလရှိသော သောက်ဖွယ်တည်း။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ကာလိကနိဒ္ဒေသ၊၁၃၈။)

အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ဖလရသံ ဌပေတွာ ဓညဖလရသံ၊ အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပတ္တရသံ ဌပေတွာ ဍာကရသံ၊ အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပုပ္ဖရသံ ဌပေတွာ မဓုကပုပ္ဖရသံ။ (ဝိ၊ ၃၊ ၃၄၄။)

သာနုလောမဓညဟူသည် "ထန်းအုန်း၂ ကွဲ၊ ပိန္နဲ၂ စုံ၊ ဖူးဖရုံ၊ မှတ်တုံ ၃ သခွါး"နှင့်အညီ ထန်း, အုန်း, အိမ်ပိန္နဲ, တောင်ပိန္နဲ, ဖူး, ဖရုံ, သခွါးပြေွတ်, သခွါးကြောင်, သခွါးဆေတ် ဤအသီးကြီး၉ လုံးနှင့် ပဲဟူသမျှတည်း။ ယင်းတို့သည် စပါးမှဖြစ်သောဆန်နှင့် တူရကား ဓညာနုလောမတို့တည်း။ ထိုအနုလောမဖြစ်သော အသီးကြီး ပဲတို့နှင့်တကွဖြစ်သော စပါးတို့ကို "သာနုလောမာနိ ဓညာနိ ဌပေတွာ"ဟု ဆိုသည်။ ထိုစပါး, ပဲ, အသီးတို့မှာ ယာဝကာလိကဖြစ်သောကြောင့် ယာမကာလိက၌ မသွင်းပဲ ချန်ထားရသည်။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ၁၃၈-၁၃၉။)

တာလ နာဠိကေရ ပနသ လဗုဇ အလာဗု ကုမ္ဘဏ္ဍ ပုဿဖလ တိပုသ ဧဠာလုကဖလာနီတိ နဝ မဟာဖလာနိ, သဗ္ဗဉ္စ အပရဏ္ဏံ သတ္တဓညာနိ အနုလောမေန္တီတိ သဟ အနုလောမေဟီတိ သာနုလောမာနိ။ သာနုလောမဓညာနံ ပန ရသော ယာဝကာလိကော။ (ခုဒ္ဒသိက္ခာဘိနဝဋီကာ၊ ကာလိကနိဒ္ဒေသဝဏ္ဏနာ၊ ၂၉၉။)

သီးကြီးကိုးပါး၊ ပဲမျိုးများ၊ စပါး ခုနစ်မည်။
အလျော်စပါး၊ လေးမျိုးအား၊ ရှောင်ရှား အဖျော်ရည်။

ဝိနယသံခိပ် (ကာလိကလေးပါးအမြွက်၊ ၂၈)၌ အဖျော်ရည်လုပ်နည်းမှာ အကပ်မခံသေးသော သပြေသီး သရက်သီးစသည်ကို ရေအေး၌ စိမ်စေ၍ သောက်ချိန်ကျသောအခါ လူသာမဏေတို့ကို ကောင်းစွာ စစ်စေပြီးမှ အကပ်ခံ၍ သောက်အပ်၏၊ ကောင်းစွာစစ်ခြင်းဆိုသည်ကား ယာဝကာလိကဝတ္ထုတို့၏အဖတ်အနယ်ဟူ၍ မပါစေရ။ အရည်ကြည်သက်သက်ရအောင် ရေစစ်ပဝါထူထူနှင့် စစ်ရ

မည်၊ အဖတ်ဟူ၍ မုန့်ညင်းစေ့ခန့်မျှ ပါရှိလျှင်ပင် မသောက်အပ်ပြီ။ ။ ဇီးဖြူ ရှိရား သဖန်းခါးအစရှိသော ယာဝဇီဝိကဝတ္ထုတို့နှင့် ပြုလုပ်အပ်သော အဖျော်ရည်၌မူကား အဖတ်ပါသော်လည်း ကိစ္စမရှိ။

ပါတိမောက်ဘာသာဋီကာ (ဝိကာလဘောဇနသိက္ခာပုဒ်၊ ၂၆၄)ဝယ် အဖျော်ဂ မျိုး၌ မန်ကျည်းဖျော်ရည်, ဆီး, ရောက်ဖျော်ရည်စသည်တို့ မပါသေး၊ ထိုမန်ကျည်းဖျော်ရည်စသည်ကို "အနုလောမ(တိုက်ရိုက်ပြအပ်သော အဖျော်ဂ မျိုးအား လျော်သော အတူဖြစ်သော)အဖျော်"ဟု ခေါ်သည်၊ အဖျော်ရည်လုပ်ရာ၌ ရေစိမ်းဖြင့် လုပ်ရမည်၊ မန်းကျည်း, ရောက်, လိမ္မော်များကို မီးဖြင့် ချက်၍ ဖျော်ရည်လုပ်ထားလျှင် အမှုန့်မပါသော်လည်း ယာမကာလိကမဟုတ်၊ ယာဝကာလိကသာ၊ သို့ဖြစ်၍ ယခုအခါ နိုင်ငံခြားမှ မီးဖြင့် ချက်၍ ကြာရှည်ခံအောင် လုပ်ထားသော လိမ္မော်ဖျော်ရည်စသည်ကို ယာမကာလိကမဟုတ်ဟု မှတ်။

ဖျော်ရည်အကပ်ခံရာ၌ သတိပြုဖွယ်ကား မန်ကျည်းဖျော်ရည်စသည်၌ အသီးများကို မွန်းလွဲလျှင် အကပ်မခံကောင်းတော့ပါ၊ ရဟန်းတော်တို့ ဖျော်ရည်သောက်လိုသည့်အခါ လူသာမဏေတို့ကို မန်ကျည်းသီးစသည်ကို အစိမ်နိုင်း၍ သူတို့ဘာသာ အဖပ်အမှုန် မပါအောင်စစ်ပြီးသောဖျော်ရည်သာ မွန်းလွဲအခါ၌ သောက်ကောင်းသော ယာမကာလိက ဖြစ်သည်။

အကြောင်းရှိမှ သောက်ကောင်း။ ။ ထို့သို့ စစ်ပြီးသောဖျော်ရည်ကိုကား မွန်းမတည့်မီ အကပ်ခံထားစေကာမူ ထိုနေ့အဖို့၌ နောက်ဆုံးညဉ့်၏အရုဏ်မတက်မီတိုင်အောင် သောက်ကောင်း၏၊ သို့သော် နေလွဲအခါ၌မူ အကြောင်းမဲ့သက်သက် မသောက်ကောင်း၊ "ပိပါသ" ခေါ် မွတ်သိပ်ဆာလောင်နေမှသာ အဆာပြေအောင် သောက်ကောင်းသည်၊ "ဖျော်ရည်သောက်ရာ၌ မွတ်သိပ်ဆာလောင်ခြင်းဟူသော ပိပါသသည်ပင် သောက်ကောင်းခြင်း၏အကြောင်းဖြစ်သည်"ဟု ဆိုလိုသည်။

ဖလခေါ ရသော အရ အသီးကြီး၉ လုံး, ပဲတို့နှင့်တကွ စပါးမျိုးတို့မှ ဖြစ်သော အသီးရည်ကို ကြဉ်၍ အသီးမှဖြစ်သော အရည်ဟူသမျှသည် ယာမကာလိကတည်း။

ပုပ္ဖရသောအရ သစ်မည်စည်ပွင့်ရည်မှတပါးသော အပွင့်ရည်ဟူသမျှသည် ယာမကာလိကတည်း။ သစ်မည်စည်ပွင့်ရည်ကိုကား မီးဖြင့် ချက်သည်ဖြစ်စေ, နေဖြင့်ချက်သည်ဖြစ်စေ မွန်းလွဲသောအခါ၌ မသောက်အပ်၊ သစ်မည်စည်ပွင့်ရည်ကို အရက်ချက်ရာ၌ အသုံးပြုနိုင်သောကြောင့် ပယ်ပုံရသည်။

မှတ်ချက်= ဌပေတွာ မဓုကပုပ္ဖရသန္တိ ဧတ္ထ မဓုကပုပ္ဖရသော အဂ္ဂိပါကော ဝါ ဟောတု အာဒိစ္စပါကော ဝါ၊ ပစ္ဆာဘတ္တံ န ဝဋ္ဋတိ။ ပုရေဘတ္တမ္ပိ ယံ ပါနံ ဂဟေတွာ မဇ္ဇံ ကရောန္တိ၊ သော အာဒိတော ပဋ္ဌာယ န ဝဋ္ဋတိ။ မဓုကပုပ္ဖံ အလ္လံ ဝါ သုက္ခံ ဝါ ဘဇ္ဇိတံ ဝါ တေန ကတဖာဏိတံ ဝါ ယတော ပဋ္ဌာယ မဇ္ဇံ န ကရောန္တိ၊ တံ သဗ္ဗံ ပုရေဘတ္တံ ဝဋ္ဋတိ။ (ဝိ၊ ၌၊ ၃၊ ၃၈၃။)

စိုသောသစ်မည်စည်ပွင့်ကို၄င်း, ခြောက်သောသစ်မည်စည်ပွင့်ကို၄င်း, လှော်ထားသောသစ်မည်စည်ပွင့်ကို၄င်း, သစ်မည်စည်ပွင့်ဖြင့်ပြုလုပ်အပ်သောတင်လဲရည်ကို၄င်း အရက်မပြုလုပ်သေးသမျှ နံနက်အခါ၌ သုံးဆောင်ကောင်း၏။ [သစ်မည်စည်ပွင့်ကို အရည်ညှစ်၍ နေလုမ်းလျှင်တင်လဲရည်ကဲ့သို့ ဖြစ်သွား၏။]

သဗ္ဗပတ္တရသောအရ ဟင်းချက်ထားအပ်သော ယာဝကာလိကအရွက်ရည်ဟူသော ဟင်းရည်ကို ကြဉ်၍ အလုံးစုံသော အရွက်ရည်သည် ယာမကာလိကတည်း။ ကုရုန္ဒီအဋ္ဌကထာအလိုအားဖြင့် ယာဝကာလိကအရွက်တို့ကိုပင် ရေအေးဖြင့် နယ်၍ စိမ်၍ဖြစ်စေ, နေပူ လှမ်း၍ဖြစ်စေ ပြုလုပ်အပ်သောအရည်သည်လည်း ယာမကာလိကတည်း။

ကုရုန္ဒိယံ ပန "ယာဝကာလိကပတ္တာနမ္ပိ သီတောဒကေန မဒ္ဒိတွာ ကတရသော ဝါ အာဒိစ္စပါကော ဝါ ဝဋ္ဋတီ"တိ ဝုတ္တံ။ (ဝိ၊ ၌၊ ၃၊ ၃၈၃ ။)

ယာဝကာလိကပဏ္ဏာနန္တိ ပဏ္ဏေ သန္ဓာယ ဝုတ္တံ၊ အာမာနိ ပန အနုပသမ္ပန္နေဟိ သီတောဒကေ မဒ္ဒိတွာ ပရိဿာဝေတွာ ဒိန္နပါနံ ပစ္ဆာဘတ္တမ္ပိ ကပ္ပတိဧဝ။ အယဉ္စ မဟာအဋ္ဌကထာယံ သရူပတော အဝုတ္တောတိ အာဟ "ကုရုန္ဒိယံ ပနာ"တိ အာဒိ။ (ဝိမတိ၊ ၂၊ ၁၉၁။)

သီတောဒမဒ္ဒိတောဒိစ္စပါကော အရ ယာမကာလိကဖြစ်ထိုက်သော အသီးအပွင့်အရွက်များကို ဖျော်ရည်လုပ်သောအခါ ရေအေးဖြင့် နယ်၍စိမ်၍သော်၄င်း, နေပူလှမ်း၍သော်၄င်း လုပ်နိုင်၏။ မီးဖြင့်ကား မချက်ကောင်းပါ။ ထို့ကြောင့် မီးဖြင့်ချက်ထားသော လိမ္မော်ရည်စသည်များကို ဆရာတို့သည် ယာမကာလိကအဖြစ်ဖြင့် သုံးတော်မမူကြ။ အဆီဖြစ်အောင်ချက်၍ ထိုအဆီရည်၏အစက်အနည်းငယ်ကို သကြားရည်ဖြင့် ရောကာ လမနစ်(ဘိလပ်ရည်)လုပ်ရာ၌ကား အဗ္ဗောဟာရိက ဟု ယူကြကြောင်းဖော်ပြ၏။

(ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ကာလိကနိဒ္ဒေသ၊၁၃၉။)

မှတ်ချက်။ ။ လဘက်ရွက်ဟူသော ပတ္တသည် လဘက်သုပ် ခါဒနီယအဖြစ်ဖြင့် စားလေ့ရှိသော ယာဝကာလိကအရွက်တည်း။ အခြောက်လှမ်းထားသော်လည်း ရေနွေးဖြင့်ဖျော်လိုက်သောအခါ လဘက်စိုနှင့် မထူးပြီ။ ထို့ကြောင့် သီတောဒမဒ္ဒိတလည်း မဟုတ်, အာဒိစ္စပါကလည်း မဟုတ်သောမီးဖြင့် ကျိုချက်အပ်သော လဘက်ရည်ကို ပါနက(အဖျော်)အဖြစ်ဖြင့် မအပ်ဟူ၍ မှတ်ပါ။ (ခုဒ္ဒသိက္ခာ ဘာသာဋီကာ၊ ကာလိကနိဒ္ဒေသ၊ ၁၄၀။)

အဋ္ဌ ပါနာနိ အနုညာတာနိ၊ အဝသေသာနိ ဝေတ္တ တိန္တိဏိက မာတုလုင် ကပိတ္ထ ကောသမ္ဗ ကရမန္ဒာဒိခုဒ္ဒကဖလပါနာနိ အဋ္ဌပါနဂတိကာနေဝ။ တာနိ ကိဉ္စာပိ န အနုညာတာနိ၊ အထ ခေါ ကပ္ပိယံ အနုလောမေန္တိ၊ တသ္မာ ကပ္ပန္တိ။ ဌပေတွာ ဟိ သာနုလောမံ ဓညဖလရသံ အညံ ဖလပါနံ နာမ အကပ္ပိယံ နတ္ထိ၊ သဗ္ဗံ ယာမကာလိကံယေဝါတိ ကုရုန္ဒိယံ ဝုတ္တံ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၈၅။)

အဋ္ဌ ပါနာနိ-ဖျော်ရည်ရှစ်မျိုးတို့ကို၊ အနုညာတာနိ- ခွင့်ပြုတော်မူအပ်ကုန်ပြီ၊ အဝသေသာနိ - ဖျော်ရည်ရှစ်မျိုးမှ ကြွင်းကုန်သော၊ ဝေတ္တတိန္တိဏိက မာတုလုင် ကပိတ္ထ ကောသမ္ဗ ကရမန္ဒာဒိခုဒ္ဒကဖလပါနာနိ ကြိမ်သီး, မန်ကျည်းသီး, ရှောက်သီး, သီးသီး, ကြို့သီး, ခံသီးအစရှိသော ငယ်သောအသီးတို့၏အရည်တို့သည်၊ အဋ္ဌပါနဂတိကာနေဝ ရှစ်မျိုးသောဖျော်ရည်နှင့် အလားတူကုန်သည် သာတည်း၊ တာနိ ထိုအနုလောမဖျော်ရည်တို့ကို၊ ကိဉ္စာပိ န အနုညာတာနိ-အကယ်၍ကား တိုက်ရိုက် ခွင့်ပြုတော်မမူအပ်ပါပေကုန်၊ အထ ခေါ - ထိုသို့ပင် ခွင့်ပြုတော်မမူအပ်ပါကုန်သော်လည်း၊ ကပ္ပိယံ -အပ်သောအရာကို၊ အနုလောမေန္တိ -လျော်ပါကုန်၏၊ တသ္မာ ထို့ကြောင့်၊ ကပ္ပန္တိ အပ်ကုန်၏၊ ဟိ - မှန်၏၊ သာနုလောမံ -အနုလောမအသီးရည်နှင့်တကွဖြစ်သော၊ ဓညဖလရသံ စပါးသီး၏အရည်ကို၊ ဌပေတွာ -ကြဉ်ဖယ်ထား၍၊ အညံ -တပါးသော၊ အကပ္ပိယံ- မအပ်သော၊ ဖလပါနံ နာမ အသီးဖျော်ရည်မည်သည်၊ နတ္ထိ - မရှိ၊ သဗ္ဗံ အလုံးစုံသော အသီးဖျော်ရည်သည်၊ ယာမကာလိကံယေဝ -ယာမကာလိကချည်းသာတည်း၊ ဣတိ - ဤသို့၊ ကုရုန္ဒိယံ ကုရုန္ဒီအဋ္ဌကထာ၌၊ ဝုတ္တံ ဆိုအပ်၏။

## သတ္တာဟကာလိကများ

၈၉။ သပ္ပိနောနီတတေလာနိ၊ မဓုဖာဏိတမေဝ စ။
သတ္တာဟကာလိကာ သပ္ပိ၊ ယေသံ မံသမဝါရိတံ။
၉၀။ တေလံ တိလဝသေရဏ္ဍ -မဓုသာသပသမ္ဘဝံ။
ခုဒ္ဒါဘမရမဓုကရိ မက္ခိကာဟိ ကတံ မဓု။
ရသာဒိ ဥစ္ဆုဝိကတိ၊ ပက္ကာပက္ကာ စ ဖာဏိတံ။
(ခုဒ္ဒသိက္ခာ၊ ကာလိကနိဒ္ဒေသ။)

သပ္ပိနောနီတတေလာနိ ထောပတ်, ဆီဦး, ဆီတို့သည်၎င်း၊ မဓုဖာဏိတမေဝ စ -ပျားရည်, တင်လဲတို့သည်၎င်း၊ သတ္တာဟကာလိကာ -သတ္တာဟကာလိကတို့မည်၏။ ဝါ - ၇-ရက်ကာလဟူသော သုံးဆောင်ရာ ကာလရှိသော အာဟာရ တို့မည်၏။ ယေသံ အကြင်နွားစသော သတ္တဝါတို့၏၊ မံသံ - အသားကို၊ အဝါရိတံ - မတားမြစ်အပ်၊ (တေသံ ထိုအပ်သော အသားရှိသော နွားစသော သတ္တဝါတို့၏၊) သပ္ပိ ထောပတ်သည်၊ (သပ္ပိ သပ္ပိမည်၏။)

တိလဝသေရဏ္ဍမဓုသာသပသမ္ဘဝံ နှမ်း,သားငါးအဆီ,ကြက်ဆူစေ့,သစ်မည်စည်စေ့,မုန်ညင်းစေ့တို့မှ ဖြစ်ခြင်းရှိသောဆီသည်၊ တေလံ တေလမည်၏။ ခုဒ္ဒါဘမရမဓုကရိမက္ခိကာဟိ -ပျားငယ်,ပျားပိတုန်းကြီး,အတံတို့၌ ပျားအုံပြုတတ်သော ယင်ပျားတို့သည်၊ကတံ ပြုအပ်သောပျားရည်သည်၊ မဓု မဓုမည်၏။ ပက္ကာ စ အဖတ်မပါပဲ ချက်အပ်သည်မူလည်းဖြစ်သော၊ အပက္ကာ စ မချက်အပ်သည်မူ လည်းဖြစ်သော၊ ရသာဒိ ကြံရည်အစရှိသော၊ ဥစ္ဆုဝိကတိ -ကြံမှအထူးပြုအပ်သော စားဖွယ်သောက်ဖွယ်သည်၊ ဖာဏိတံ ဖာဏိတမည်၏။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ကာလိကနိဒ္ဒေသ၊ ၁၄၀-၁၄၁။)

ယာနိ ခေါ ပန တာနိ ဂိလာနာနံ ဘိက္ခူနံ ပဋိသာယနီယာနိ ဘေသဇ္ဇာနီတိ သပ္ပိ နာမ ဂေါသပ္ပိ ဝါ အဇိကာသပ္ပိ ဝါ မဟိံသသပ္ပိ ဝါ ယေသံ မံသံ ကပ္ပတိ တေသံ သပ္ပိ။ နဝနီတံ နာမ တေသံ ယေဝ နဝနီတံ။ တေလံ နာမ တိလတေလံ သာသပတေလံ မဓုကတေလံ ဧရဏ္ဍကတေလံ ဝသာတေလံ။ မဓု နာမ မက္ခိကာမဓု။ ဖာဏိတံ နာမ ဥစ္ဆုမှာ နိဗ္ဗတ္တံ။

တာနိ ပဋိဂ္ဂဟေတွာ သတ္တာဟပရမံ သန္နိဓိကာရကံ ပရိဘုဥ္ဇိတဗ္ဗာနီတိ သတ္တာဟပရမတာ ပရိဘုဥ္ဇိတဗ္ဗာနိ။ (ဝိ၊ ၁၊၃၆၃။)
[ပါစိတ်ပါဠိတော်, ဘောဇနဝဂ်, ပဏီတဘောဇနသိက္ခာပုဒ်(ဝိ၊ ၂၊ ၁၁၉)နှင့် ဝိနည်းမဟာဝါပါဠိတော်, ဘေသဇ္ဇက္ခန္ဓက, ပဥ္စဘေသဇ္ဇကထာ(ဝိ၊၃၊ ၂၉၁)တို့၌လည်း ကြည့်ပါ။]

ထောပတ်မျိုး, ဆီဦးမျိုး, ဆီမျိုး, ပျားရည်မျိုး, သကာတင်လဲဟူသော တင်လဲမျိုး၊ ဤ၀တ္ထုငါးမျိုးသည် အကပ်ခံပြီးနောက်

၇ ရက်သုံးဆောင်နိုင်သောကြောင့် "သတ္တာဟကာလိက"မည်၏။

အပ်သောအသားရှိသော နွားမ, ကျွဲမစသည်တို့၏နို့ရည်မှဖြစ်သော ထောပတ်ကို ဤသတ္တာဟကာလိကအရာ၌ "သပ္ပိ"ဟု မှတ်ပါ။

မှတ်ချက်။ ။ မအပ်သောအသားရှိသော လူမိန်းမ, မြင်းမစသည်တို့၏နို့ရည်မှဖြစ်သော ထောပတ်ကိုကား သုံးစွဲကောင်းပါ၏။ သို့သော် ၇ ရက်လွန်လျှင် ဒုက္ကဋ်အာပတ်သာ သင့်သောကြောင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်စေနိုင်သော ထောပတ်ကိုသာ ဤဂါထာ၌ ပြထားသည်ဟု မှတ်ပါ။

အကပ္ပိယမံသသပ္ပိနော၀ိ ကပ္ပိယသမ္ဘဝေ တတ္ထ သတ္တာဟာတိက္ကမေ ဒုက္ကဋဿ ဝက္ခမာနတ္တာ နိဿဂ္ဂိယဝတ္ထုမေဝ စေတ္ထ ဒဿေတုံ "ယေသံ မံသမပ္ပဝါရိတ"န္တိ ဝုတ္တံ။ (ခုဒ္ဒသိက္ခာဘိနဝဋီကာ၊ ၃၀၀။ )

အကပ္ပိယမံသသပ္ပိနော-မအပ်သော အသားရှိသော သတ္တဝါအမတို့၏ထောပတ်၏၊ ကပ္ပိယသမ္ဘဝေပိ အပ်သည်၏အဖြစ်၏ ဖြစ်သင့်ခြင်းရှိပါသော်လည်း၊ တတ္ထ ထို(၁၀၀)ဂါထာ၌၊ သတ္တာဟာတိက္ကမေ-၇ ရက်ကျော်လွန်လျှင်၊ ဒုက္ကဋဿ ဒုက္ကဋ်အာပတ်သင့်ခြင်းကို၊ဝက္ခမာနတ္တာ ပြောဆိုလတံ့ဖြစ်သောကြောင့်၊ နိဿဂ္ဂိယဝတ္ထုမေဝ နိဿဂ္ဂိပါစိတ်အာပတ်သင့်စေနိုင်သောဝတ္ထုကိုသာလျှင်၊ ဧတ္ထ စ ဤဂါထာ၌ကား၊ ဒဿေတုံ ပြခြင်းငှါ၊ "ယေသံ မံသမပ္ပဝါရိတ"န္တိ "ယေသံ မံသမပ္ပဝါရိတံ"ဟူ၍၊ ဝုတ္တံ ဆိုအပ်၏။

နှမ်းဆီ, သား, ငါးတို့၏အဆီ, ကြက်ဆူဆီ, သစ်မည်စည်ဆီ, မုန်ညင်းဆီ ဤဆီများသည် "တေလ"မည်၏။ [ယခုခေတ် အသုံးများသောပဲဆီ, ပြောင်းဖူးဆီ, သံလွင်ဆီ,သစ်ရွက်ဆီများလည်း ဤ"တေလ"၌ သွင်းယူသင့်သည်။]

ပျား၃ မျိုး။ ။ ခုဒ္ဒမဓု-သစ်ခေါင်းပျားငယ်, ဘမရ-ပျားပိတုန်း(ပျားကြီး), မဓုကရိမက္ခိကာ-သစ်ကိုင်းဒုတ်တံတို့၌ အုံဖွဲ့သော ပျားအလတ်(ယင်ပျား?)ဟူ၍ ပျား၃ မျိုးရှိ၏။

မဓုကရီဟိ နာမ မဓုမက္ခိကာဟိ, ခုဒ္ဒကမက္ခိကာဟိ, ဘမရမက္ခိကာဟိ စ ကတံ မဓု။ (ဝိ၊ ၄၊ ၂၊ ၂၉၃။)

ခုဒ္ဒါတိ ခုဒ္ဒမက္ခိကာ။ ဘမရာတိ မဟာဘမရမက္ခိကာ။ ဒဏ္ဍကေသု မဓုကရာ မဓုကရိမက္ခိကာ နာမ။ တာဟိ တီဟိ မက္ခိကာဟိ ကတံ မဓု နာမာတိ အတ္ထော။ (ခုဒ္ဒသိက္ခာပုရာဏဋီကာ၊ ကာလိကနိဒ္ဒေသဝဏ္ဏနာ၊ ၁၁၆ ၁၁၇။)

ခုဒ္ဒါ ခုဒ္ဒမဓုမက္ခိကာ စ ဘမရာ စ ခုဒ္ဒဘမရံ၊ ခုဒ္ဒဇ္ဈတ္တာ နပုံသကေကဝစနံ။ မဓုံ ကရောန္တီတိ မဓုကရီယော၊ တာ ဧဝ မက္ခိကာ မဓုကရိမက္ခိကာ၊ ခုဒ္ဒဘမရမေဝ မဓုကရိမက္ခိကာတိ ကမ္မဓာရယော။ တာဟိ ကတံ မဓု မဓု နာမာတိ အတ္ထော။ (ခုဒ္ဒသိက္ခာပုရာဏဋီကာ၊ ကာလိကနိဒ္ဒေသဝဏ္ဏနာ၊ ၃၀၀)ဋီကာသစ်၌ကား "ခုဒ္ဒ, ဘမရ ပျား၂ မျိုးသာပြ၍ မဓုကရိမက္ခိကာကို ယင်း၂ မျိုး၏ဝိသေသနအဖြစ်ဖြင့် ဆိုလေသည်မှာ အဋ္ဌကထာနှင့် မညီ။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ကာလိကနိဒ္ဒေသ၊ ၁၄၂။)

ထော, ဆီ, ဆီ, ပျား၊ တင်လဲအား၊ ငါးပါး သတ္တာဟာ။

အကပ်ခံပြီးနောက် ထိုနေ့ မွန်းလွဲသောအခါမှစ၍ ကြံရည်, တင်လဲရည်, သကြားခဲ, သကာခဲ, ထန်းလျက်ရည်, ထန်းလျက် တင်လဲ, ထန်းလျက်သကာတို့သည် ဂိလာနပုဂ္ဂိုလ်အား ရေမရောပဲပင် သောက်အပ်ကုန်၏၊ ကျန်းမာသူတို့အား ရေနှင့်ရော၍ အဖျော် အဖြစ်ဖြင့် သုံးဆောင်အပ်ကုန်၏၊ ထောပတ်, ပျားရည်, ဆီတို့၌လည်း ထို့အတူမှတ်ပါ။

အနုဇာနာမိ ဘိက္ခဝေ ဥစ္ဆုရသံ။ (ဝိ၊ ၃၊ ၃၄၄။)

အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠံ၊ အဂိလာနဿ ဂုဠောဒကံ။ (ဝိ၊ ၃၊ ၃၂၀။)

ကြံရည်၌မူ၊ ရေစင်ကူ၊ မာသူ အပ်သည်သာ။ (ဝိနယသံခိပ်၊ ကာလိကလေးပါးအဖြွက်။)

ဥစ္ဆုရသသည် အဖတ်ပါလျှင် ယာဝကာလိကဖြစ်၏၊ အဖတ်မပါလျှင် သတ္တာဟကာလိကပင်ဖြစ်၏၊ သို့သော် ညနေသောက် ကောင်းသော အနေအားဖြင့် အရည်ချင်း(ရသချင်းတူသောကြောင့် ယာမကာလိကသောက်ဖွယ်၌ရော၍ ဟောထားတော်မူသည်၊ ဝိမတိ) ကြံရည်သည် သတ္တာဟကာလိကဖြစ်သော်လည်း "အဂိလာနဿ ဂုဠောဒကံ"ဟူသော သီးခြား ခွင့်ပြုတော်မူအပ်သော စကားတော် ကြောင့် ဆာရုံမျှဖြင့် ညနေအခါ၌ သောက်ကောင်းပါသည်။ (မဟာဝါဘာသာဋီကာ၊ မဟာဝဂ္ဂပါဠိတော်နိဿယ၊ ၅၀၈ ၅၀၉။)

ကြံရည်သည် အဖတ်မပါလျှင် မချက်အပ်သည်ဖြစ်စေ, ချက်အပ်သည်ဖြစ်စေ သတ္တာဟကာလိကဖြစ်သော ဖာဏိတပင်တည်း။ ဂုဠ(သကာခဲ ကြံသကာ) စသည်ကား ချက်ပြီးသော ပက္ကချည်းသာတည်း။ [ရှေးခေတ်က ဥစ္ဆုဝိကတိကိုသာ ဖာဏိတ ဟု ယူရသော်လည်း ယခုခေတ်၌ ထန်းမှ ဖြစ်သော ထန်းရည်, ထန်းလျက်, သကာ, နယ်နှစသော သောက်ဖွယ်စားဖွယ်များသည် ဖာဏိတပင်တည်း။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ကာလိကနိဒ္ဒေသ၊ ၁၄၂။)

ဥစ္ဆုရသော နိကသဋ္ဌော ပစ္ဆာဘတ္တံ ဝဋ္ဋတိ။ ဣတိ ပါနာနိ အနုဇာနန္တေန ဣမေပိ စတ္တာရော ရသာ အနုညာတာတိ။ (ဝိ၊၄၊၃၊ ၃၈၃ ၃၈၄။)

ဥဇ္ဇုရသော-ကြံရည်သည်၊ နိကသဋ္ဌော-အဖတ်မပါမူကား၊ ပစ္ဆာဘတ္တံ မွန်းတည့်ပြီးသည်မှနောက်၌၊ ဝဋ္ဋတိ- သောက်ကောင်း၏၊ ဣတိ ဤသို့၊ ပါနာနိ ဖျော်ရည်တို့ကို၊ အနုဇာနန္တေန ခွင့်ပြုတော်မူသော မြတ်စွာဘုရားသည်၊ စတ္တာရော (အသီး, အရွက်, အပွင့်, ကြံရည် အားဖြင့် ) လေးမျိုးကုန်သော၊ ဣမေပိ ရသာ ဤရသာရည်တို့ကို လည်း၊ အနုညာတာ ခွင့်ပြုတော် မူအပ်ကုန်ပြီ၊ ဣတိ ဤသို့မှတ်အပ်၏။

"ဥဇ္ဇုရသော နိကသဋ္ဌော"တိ ဣဒံ ပါတဗ္ဗသာမညေန ယာမကာလိကကထာယံ ဝုတ္တံ၊ တံ ပန သတ္တာဟကာလိကမေဝါတိ ဂဟေတဗ္ဗံ။ ဣမေ စတ္တာရော ရသာတိ ဖလပတ္တပုပ္ဖဥစ္ဆုရသာ စတ္တာရော။ (ဝိမတိ၊ ၂၊ ၁၉၁။)

၉၁။ သဝတ္ထုပက္ကာ သာမံ ဝါ၊ ဝသာ ကာလေ အမာနုသာ။

အညေသံ န ပစေ ဝတ္ထုံ၊ ယာဝကာလိကဝတ္ထုနံ။

(ခုဒ္ဒသိက္ခာ၊ ကာလိကနိဒ္ဒေသ။)

ကာလေ နံနက်အခါ၌၊ သာမံ ဝါ-ကိုယ်တိုင်သော်၎င်း၊ (ပရေဟိ ဝါ သူတပါးတို့သည်၎င်း၊) သဝတ္ထုပက္ကာ ဝသာ၏တည်ရာ အသားနှင့်တကွ ချက်အပ်သော၊ အမာနုသာ လူဆီမှတပါးသော၊ ဝသာ-အဆီသည်၊ (သတ္တာဟကာလိကာ သတ္တာဟကာလိကတည်း၊) အညေသံ သားငါးအဆီမှတပါးသော၊ ယာဝကာလိကဝတ္ထုနံ-ယာဝကာလိကဖြစ်သော တည်ရာဝတ္ထုရှိကုန်သော ထောပတ်အစရှိသည်တို့၏၊ ဝတ္ထုံ နွားနို့စသောဝတ္ထုကို၊ န ပစေ-ကိုယ်တိုင်မချက်ရာ။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ကာလိကနိဒ္ဒေသ၊ ၁၄၃။)

အဆီ၅ မျိုး။ ။ အစ္ဆဝသာ ဝက်ဝံဆီ, မစ္ဆဝသာ-ငါးဆီ, သုသုကာဝသာ လင်းပိုင်ဆီ(မိကျောင်းဆီ), သူကရဝသာ-ဝက်ဆီ, ဂဒြဘဝသာ-မြည်းဆီ။ [အစ္ဆဝသာ ဝံ(ဝက်ဝံ)၏အဆီ (ခုဒ္ဒသိက္ခာဘာသာဋီကာ)၊ အစ္ဆဝသာ အောင်းဆီ(မဟာဝဂ္ဂပါဠိတော်နိဿယ၊ ၄၄၈) သုသုကဝသာ မကာရ်း၏အဆီ (ခုဒ္ဒသိက္ခာဘာသာဋီကာ)၊ သုသုကာဝသာ-လင်းပိုင်ဆီ(ဝါ)မိကျောင်းဆီ(မဟာဝါပါဠိတော်နိဿယ၊ ၄၄၈)။]

ဤဆီ၅ မျိုးကို နံနက်၌ ကိုယ်တိုင် အကပ်ခံအပ်, ကိုယ်တိုင် ချက်အပ်, အဖတ်နှင့်အဆီ မရောအောင် ကိုယ်တိုင် စစ်အပ်လျက် ဆီကိုသုံးဆောင်သောနည်းဖြင့် သုံးဆောင်ဖို့ရန် ခွင့်ပြုတော်မူသည်။

အနုဇာနာမိ ဘိက္ခဝေ ဝသာနိ ဘေသဇ္ဇာနိ အစ္ဆဝသံ မစ္ဆဝသံ သုသုကာဝသံ သူကရဝသံ ဂဒြဘဝသံ ကာလေ ပဋိဂ္ဂဟိတံ ကာလေ နိပ္ပက္ကံ (နိပက္ကံ) ကာလေ သံသဋ္ဌံ တေလပရိဘောဂေန ပရိဘုဉ္ဇိတုံ။ (ဝိ၊ ၃၊ ၂၉၁-၁၉၂။)

မှတ်ချက်။ ။ ဤအရာ၌"အစ္ဆဝသံ"ဟု ဆိုသဖြင့် လူ၏အဆီမှတပါးသော မအပ်သောအသားရှိသောသတ္တဝါတို့၏အဆီကို သုံးဆောင်ရန် ခွင့်ပြုတော်မူအပ်သည်။ (အောက်ပါ ပါရာဇိကဏ်အဋ္ဌကထာ)

"အစ္ဆဝသ"န္တိ ဝစနေန ဌပေတွာ မနုဿဝသံ သဗ္ဗေသံ အကပ္ပိယမံသာနံ ဝသာ အနုညာတာ။ မစ္ဆဂ္ဂဟဏေန စ သုသုကာပိ ဂဟိတာ ဟောန္တိ၊ ဝါဠမစ္ဆတ္တာ ပန ဝိသုံ ဝုတ္တံ။ မစ္ဆာဒိဂ္ဂဟဏေန စေတ္ထ သဗ္ဗေသမ္ပိ ကပ္ပိယမံသာနံ ဝသာ အနုညာတာ။ မံသေသု ဟိ ဒသမနုဿဟတ္ထိအဿသုနခအဟိသီဟဗျဂ္ဃဒီပိအစ္ဆတရစ္ဆာနံ မံသာနံ အကပ္ပိယာနိ။ ဝသာသု ဧကာ မနုဿဝသာဝ။ ခီရာဒီသု အကပ္ပိယံ နာမ နတ္ထိ။ (ဝိ၊ ၄၊ ၂၊ ၂၉၂။)

မှတ်ချက်။ ။ အစ္ဆသည် အသားကြီး၁၀-ပါး၌ ပါဝင်သော မအပ်သော အသားရှိသောသတ္တဝါတည်း။ ထိုအစ္ဆဝသာဖြင့် လူ၏အဆီမှတပါးသော မအပ်သော အသားရှိသောသတ္တဝါအားလုံးတို့၏အဆီကို ယူနိုင်သည်။ မစ္ဆဝသာဖြင့် အပ်သော အသားရှိသော ကြက်, ငှက်, နွား, ကျွဲအစရှိသောသတ္တဝါတို့၏အဆီကို ယူနိုင်သည်။ [ဝသာ အစ္ဆာဒီနံ အကပ္ပိယာနံ, သူကရာဒီနံ ကပ္ပိယာနဉ္စ သတ္တာနံ ဝသာ။ (ခုဒ္ဒသိက္ခာဘိနဝဋီကာ၊ ကာလိကနိဒ္ဒေသ၊ ၃၀၁။] ထို့ကြောင့် ယခုအခါ အားနည်းသောစာသင်သားတို့သည် ဆေးအဖြစ်ဖြင့် ညနေပိုင်း၌ ဗာလီတို့နှင့် မရောသော အသားဖတ် မပါအောင် စစ်ပြီးသော ငါးကြီးဆီ, ကြက်ဆီစစ်စစ် ကို သုံးနိုင်ပါသည်။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ၁၄၄။)

သတ္တာဟကာလိကကို အကပ်ခံပြီးနောက် ၇-ရက်သာ စားသုံးကောင်းသည်။ သတ္တာဟံ ပန အနတိက္ကမိတွာ ဂိလာနေန အဂိလာနေနပိ ဝုတ္တနယေနေဝ ယထာသုခံ ပရိဘုဉ္ဇိတဗ္ဗံ။ (ဝိ၊ ၄၊ ၂၊ ၂၉၅။) "အနုဇာနာမိ ဘိက္ခဝေ ပဉ္စဘေသဇ္ဇာနိ"တိ(ဝိ၊၃၊ ၂၉၁) ဧဝံ ဘေသဇ္ဇနာမေန အနုညာတာနိ အာဟာရတ္ထံ ဖရိတုံ သမတ္ထာနိ သပ္ပိနဝနီတတေလမဓုဖာဏိတာနိ။ တာနိ ပဋိဂ္ဂဟေတွာ တဒဟု ပုရေဘတ္တံ ယထာသုခံ, ပစ္ဆာဘတ္တတော ပဋ္ဌာယ သတိ ပစ္စယေ ဝုတ္တနယေနေဝ သတ္တာဟံ ပရိဘုဉ္ဇိတဗ္ဗာနိ။ (ဝိ၊၄၊ ၂၊ ၂၉၆။ ဘေသဇ္ဇသိက္ခာပုဒ်အဖွင့်။)

သတိ ပစ္စယေတိ ယာမကာလိကံ ပိပါသာယ သတိ, သတ္တာဟကာလိကံ ယာဝဇီဝိကဉ္စ တေန တေန ဥပသမေတဗ္ဗကေ အာဗာဓေ သတိ တဿ ဥပသမနတ္ထံ ပရိဘုဉ္ဇိတော အနာပတ္တိ။ (ဝိ၊၄၊ ၃၊ ၉၇။ ပဌမပဝါရဏာသိက္ခာပုဒ်အဖွင့်။)

ပဋ္ဌာဘတ္တတော ပဋ္ဌာယ သတိ ပစ္စယေတိ ဝုတ္တတ္တာ ပဋိဂ္ဂဟိတဘေသဇ္ဇာနိ ဒုတိယဒိဝသတော ပဋ္ဌာယ ပုရေဘတ္တမ္ပိ သတိ ပစ္စယေ ပရိဘုဉ္ဇိတဗ္ဗာနိ န အာဟာရတ္ထံ ဘေသဇ္ဇတ္ထာယ ပဋိဂ္ဂဟိတတ္တာတိ ဝဒန္တိ။ (သာရတ္ထ၊ ၂၊ ၄၃၄။)

## ယာဝဇီဝိကများ

၉၂။ ဟလိဒ္ဒိ သိင်္ဂိဝေရဉ္စ၊ ဝစတ္တံ လသုဏံ ဝစာ။
ဥသီရံ ဘဒ္ဒမုတ္တဉ္စ-တိဝိသာ ကဋုရောဟိဏီ။
ပဉ္စမူလာဒိကဉ္စာပိ၊ မူလံ တံ ယာဝဇီဝိကံ။
၉၃။ ဗိလင်္ဂံ မရိစံ ဂေါဋ္ဌ ဖလံ ပိပ္ပလိ ရာဇိကာ။
တိဖလေရဏ္ဍကာဒီနံ၊ ဖလံ တံ ယာဝဇီဝိကံ။
၉၄။ ကပ္ပါသနိမ္ဗကုဋဇ-ပဋောလသုလသာဒီနံ။
သူပေယျပဏ္ဏံ ဝဇ္ဇေတွာ၊ ပဏ္ဏံ တံ ယာဝဇီဝိကံ။
(ခုဒ္ဒသိက္ခာ၊ ကာလိကနိဒ္ဒေသ။)

ဟလိဒ္ဒိ နနွင်းသည်၎င်း၊ သိင်္ဂိဝေရဉ္စ ချင်းသည်၎င်း၊ ဝစတ္တံ ဆိတ်ဖူးသည်၎င်း၊ လသုဏံ-ကြက်သွန်ဖြူသည်၎င်း၊ ဝစာ လင်းနေ သည်၎င်း ၊ ဥသီရံ ပန်းရင်းသည်၎င်း၊ ဘဒ္ဒမုတ္တဉ္စ နွားမြေရင်းသည်၎င်း ၊ အတိဝိသာ တိဝုသ်သည်၎င်း၊ ကဋုရောဟိဏီ ကုလားဆောင်းမေးခါးသည်၎င်း၊ ပဉ္စမူလာဒိကံ ပဉ္စမူလအစရှိသော၊ မူလဉ္စာပိ အမြစ်သည်၎င်း၊ တံ-ထိုအလုံးစုံသည်၊ ယာဝဇီဝိကံ ယာဝဇီဝိကတည်း၊ ဝါ တသက်လုံး စားသုံးနိုင်သောအမြစ်အစာမျိုးတည်း။

ပဉ္စမူလ သဒ္ဒေန ခုဒ္ဒပဉ္စမူလမဟာပဉ္စမူလာနိ ဂဟိတာနိ။ (ခုဒ္ဒသိက္ခာဘိနဝဋီကာ၊ ကာလိကနိဒ္ဒေသဝဏ္ဏနာ၊ ၃၀၃။)

ဗိဠင်္ဂံ အိပ်မွေ့သီးသည်၎င်း၊ မရိစံ-ငရုတ်သီးသည်၎င်း၊ ဂေါဋ္ဌဖလံ သမင်စာသီးသည်၎င်း၊ ပိပ္ပလိ ပိတ်ချင်းသီးသည်၎င်း၊ ရာဇိကာ မုန်ညင်းသီးသည်၎င်း ၊ တိဖလေရဏ္ဍကာဒီနံ ကနခို, ကြက်ဆူအစရှိသည်တို့၏၊ ဖလံ အသီးသည်၎င်း၊ တံ ထိုအလုံးစုံသော အသီးသည်၊ ယာဝဇီဝကံ ယာဝဇီဝကတည်း၊ ဝါ တသက်လုံးစားသုံးနိုင်သောအသီးအစာမျိုးတည်း။

သူပေယျပဏ္ဏံ ဟင်း၏အစီးအပွါးဖြစ်သော ဟင်းရွက်ကို၊ ဝါ-ဟင်းချက်၍စားကောင်းသောအရွက်ကို၊ ဝဇ္ဇေတွာ ကြဉ်၍၊ ကပ္ပါသနိမ္ဗကုဋဇပဋောလသုလသာဒီနံ ဝါ, တမာ, လက်ထုတ်, ဗြူးတား, ရုံး အစရှိသည်တို့၏၊ ယံ ပဏ္ဏံ အကြင်အရွက်သည်၊ အတ္ထိ ရှိ၏၊ တံ ထိုအရွက်သည်၊ ယာဝဇီဝိကံ ယာဝဇီဝိကတည်း၊ ဝါ-တသက်လုံးစားသုံးနိုင်သော အရွက်အစာမျိုးတည်း။

ချင်း(ဂျင်း)ကို ယာဝဇီဝိက ဟု ဆိုရာ၌ လက်သုပ်လုပ်ဖို့ရန် အချဉ်စိမ်ထားသောချင်းမဟုတ်။ နဂိုသဘောအတိုင်း ငရုတ်သီးကဲ့သို့ ပူစပ်သော အရသာရှိသော ချင်းကို ဆိုလိုသည် ။ ထိုယာဝဇီဝိက အာဟာရတို့သည် မကျန်းမမာ၍ ထိုအာဟာရနှင့် သင့်တော်သော ရောဂါရှိမှသာဆေးအဖြစ်ဖြင့် သုံးကောင်းသော အာဟာရများ ဖြစ်ကြသည်။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ကာလိကနိဒ္ဒေသ၊ ၁၄၅။)

ည ချင်းသုပ် ။ ။ ယခုခေတ်၌ သံဃာတော်တို့အား အချို့အရပ်၌ကပ်လေ့ရှိသော ညချင်း (ဂျင်း)သုပ်ကား ကြက်သွန်, ဆီ, ဆား, ချင်းများကို တစ်ခုစီကြည့်လျှင် သတ္တာဟကာလိကနှင့် ယာဝဇီဝိကချည်းဖြစ်၍ "အပ်၏"ဟု ထင်ဖွယ်ရှိ၏။ သို့သော် ချင်းကို (ပင်ကိုယ်အကြမ်းအတိုင်းမဟုတ်ပဲ) စားကောင်းအောင် ပြုပြင်ကာ လက်သုပ်တမျိုးဖြစ်အောင် စီမံထားသဖြင့် "ယာဝကာလိကခဲဖွယ်တွင် ပါဝင်နေပြီ"ဟု ဆရာတို့ယူကြ၏။ "ယာဝကာလိကမဟုတ်"ဟု ငြင်းစေကာမူ ထိုချင်းသုပ်ကြောင့် ကင်းပျောက်မည့်ရောဂါရှိမှ စားကောင်းသည်၊ အကြောင်းမဲ့ဖြစ်စေ, မွတ်သိပ်ဆာလောင်၍ဖြစ်စေ စားလျှင်ကား မည်သည့်နည်းနှင့်မျှ လွတ်လပ်ခွင့် မရချေ။ အကပ်ခံလျှင် ဒုက္ကဋ်၊ မျိုတိုင်းမျိုတိုင်းဒုက္ကဋ်များစွာ မုချသင့်ရတော့မည်။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ကာလိကနိဒ္ဒေသ၊ ၁၄၆။)

ယာမကာလိကာဒီနိ အာဟာရတ္ထာယ ပဋိဂ္ဂဟဏအဇ္ဈောဟာရေသု၊ ကာလေ ဝိကာလသညိဿ, ဝေမတိကဿ စ (ဝေမတိကာဒီနဉ္စ၊ သီ, ယောဇနာ) ဒုက္ကဋံ၊ ကာလေ ကာလသညိဿ ယာမကာလိကာဒီနိ သတိ ပစ္စယေ (မွတ်သိပ်ခြင်းအကြောင်း, နာမကျန်းအကြောင်း ရှိလသော်) ပရိဘုဉ္ဇန္တဿ ဥမ္မတ္တကာဒီနဉ္စ အနာပတ္တိ။ (ကင်္ခါ၊ ၄၊ ၂၂၅။)

မှတ်ချက်။ ။ ဟင်းချက်စားကောင်းသောအရွက်ကို ကြဉ်၍ ကြွင်းသောအရွက်များကို "ယာဝဇီဝိက"ဟု ဆိုသောကြောင့် မန်ကျည်းရွက် ကင်ပွန်းချဉ်ရွက် ပြည်ပန်းညိုရွက် အစရှိသောအရွက်တို့၌ နုသော (မနုမရင့်တချို့)အရွက်ကိုသာ ဟင်းချက်၍စားလေ့ရှိသောကြောင့် ရင့်သောအရွက်ကို "ယာဝဇီဝိက"ဟု ယူရသည်။ ထို့ကြောင့် ညနေအခါ၌ သင့်မြတ်သော ရောဂါရှိလျှင် ထန်းလျက်ရည်စသည်နှင့်ကျို၍ သောက်နိုင်သည်။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ကာလိကနိဒ္ဒေသ၊ ၁၄၇။)

အစေးအခွံနှင့်ဆားစသည်

၉၅။ ဠပေတွာ ဥစ္ဆုနိယျာသံ၊ သရသံ ဥစ္ဆုဇံ တစံ။
နိယျာသော စ တစော သဗ္ဗော၊ လောဏံ လောဟံ သိလာ တထာ။
၉၆။ သုဒ္ဓသိတ္ထဥ္စ သေဝါလော၊ ယဥ္စ ကိဉ္စိ သုဓျာပိတံ။
ဝိကဋာဒိပ္ပဘေဒဥ္စ၊ ဉာတဗ္ဗံ ယာဝဇီဝိကံ။
(ခုဒ္ဒသိက္ခာ၊ ကာလိကနိဒ္ဒေသ။)

ဥစ္ဆုနိယျာသံ-ကြံအစေးကိုငှင်း၊ သရသံ-အရည်နှင့်တကွဖြစ်သော၊ ဥစ္ဆုဇံ-ကြံမှဖြစ်သော၊ တစံ အခွံကိုငှင်း၊ ဠပေတွာ ထား၍၊ သဗ္ဗော-အလုံးစုံသော၊ နိယျာသော စ-အစေးကိုငှင်း၊ တစော-အခွံအခေါက်ကိုငှင်း၊ လောဏံ-ဆားကိုငှင်း၊ လောဟံ သံကိုငှင်း၊ ဝါ ကြေးကိုငှင်း၊ သိလာ-ကျောက်ကိုငှင်း၊ တထာ-ထိုမှတပါး၊ သုဒ္ဓသိတ္ထဥ္စ-ပျားရည်မဖက် သက်သက်သော ပျားဖယောင်းကိုငှင်း၊ သေဝလော-မှော်ကိုငှင်း၊ သုဓျာပိတံ-ကောင်းစွာ မီးလောင်စေအပ်ပြီးသော၊ ယဥ္စ ကိဉ္စိ-အမှတ်မထား တစ်ပါးပါးသောပြာ, မီးသွေးကိုငှင်း၊ ဝိကဋာဒိပ္ပဘေဒဥ္စ-မဟာဝိကဋဆေးအစရှိသော အပြားရှိသော၊ ယဥ္စ ကိဉ္စိ-အမှတ်မထား တစ်ပါးပါးသော သစ်အုစသည်ကိုငှင်း၊ ယာဝဇီဝိကံ-ယာဝဇီဝိကဟူ၍ဉာတဗ္ဗံ-သိထိုက်၏။ [ဝိ၊ ၃၊ ၂၉၂-၈။ ဝိ၊ ၄၊ ၂၊ ၂၉၅။ ဝိ၊ ၄၊ ၃၊ ၁၀၁။ တို့၌လည်း ကြည့်ပါ။]

"ယဥ္စ ကိဉ္စိ သုဓျာပိတံ"အရ ကောက်ပဲတို့မှဖြစ်သော အစာနှင့်အသားအရိုးပင်ဖြစ်စေကာမူ ကောင်းကောင်း မီးလောင်စေအပ်ပြီးဖြစ်၍ ကျွမ်းနေလျှင် (မီးသွေးခဲဖြစ်နေလျှင် ပြာဖြစ်နေလျှင်) ယာဝဇီဝိကတည်း။

"ဝိကဋာဒိပ္ပဘေဒဥ္စ"အရ "မဟာဝိကဋဆေး"ဟု ခေါ်ဝေါ်အပ်သော ကျင်ကြီး, မြေညက်, ကျင်ငယ်, ပြာ အစရှိသော အလုံးစုံသည်လည်း ယာဝဇီဝိကတည်း။ အာဒိသဒ္ဒါဖြင့် ကန္ဒခါဒနီယ(အအုခဲဖွယ်)စသည်၌ ပြအပ်သော ဟင်းချက်၍ မရကောင်းသော သစ်အု သစ်မြစ်သစ်ပွင့် အမှုန့်တို့ကို ယူရသည်။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ကာလိကနိဒ္ဒေသ၊ ၁၄၈။)

အချုပ်အားဖြင့် ထိုထိုအရပ်ဒေသတို့၌ ပကတိသော အာဟာရကိစ္စအနေဖြင့် စားရိုးမရှိသောဝတ္ထုမျိုးသည် "ယာဝဇီဝက" မည်၏၊ ဇီးဖြူ, ရှိရား, သဖန်းခါးစသည်ဖြင့် ထိုယာဝဇီဝိကမျိုးသည် များပြားလှ၏။

အရပ်တိုင်းမှာ၊ အာဟာရကိစ္စ၊ မစားကြ၊ ယာဝဇီဝိကာ။
ဇီးဖြူ, ရှိရား၊ သဖန်းခါး၊ များ၏ အနန္တာ။ (ဝိနယသံခိပ်၊ ကာလိကလေးပါးအဖြွက်။)

အနဇာနာမိ ဘိက္ခဝေ မူလာနိ ဘေသဇ္ဇာနိ ဟလိဒ္ဒိံ သိင်္ဂိဝေရံ ဝစံ ဝစတ္တံ အတိဝိသံ ကဋုကရောဟိဏိံ ဥသီရံ ဘဒ္ဒမုတ္တကံ၊ ယာနိ ဝါ ပနညာနိပိ အတ္ထိ မူလာနိ ဘေသဇ္ဇာနိ နေဝ ခါဒနီယေ ခါဒနီယတ္ထံ ဖရန္တိ၊ န ဘောဇနီယေ ဘောဇနီယတ္ထံ ဖရန္တိ၊ တာနိ ပဋိဂ္ဂဟေတွာ ယာဝဇီဝံ ပရိဟရိတုံ၊ သတိ ပစ္စယေ ပရိဘုဉ္ဇိတုံ၊ အသတိ ပစ္စယေ ပရိဘုဉ္ဇန္တဿ အာပတ္တိ ဒုက္ကဋဿာတိ။ (ဝိ၊ ၃၊ ၂၉၂။)

တေသံ စူဠပဉ္စမူလံ မဟာပဉ္စမူလန္တိအာဒိနာ နယေန ဂဏ္ဍိယမာနာနံ ဂဏနာယ အန္တော နတ္ထိ၊ ခဒနီယတ္ထဉ္စ ဘောဇနီယတ္ထဉ္စ အဖရဏဘာဝေါယေဝ ပနေတေသံ လက္ခဏံ။ တသ္မာ ယံ ကိဉ္စိ မူလံ တေသု တေသု ဇနပဒေသု ပကတိအာဟာရဝသေန မနုဿာနံ ခါဒနီယတ္ထံ ဘောဇနီယတ္ထဉ္စ ဖရတိ(ပြီးစေနိုင်၏)၊ တံ ယာဝကာလိကံ၊ ဣတရံ ယာဝဇီဝိကန္တိ ဝေဒိတဗ္ဗံ။(ဝိ၊၄၊၃၊၉၉။ ဝိနယသင်္ဂဟ ဠကထာ၊၉၄။)

ယာဝဇီဝိက၏လက္ခဏာ။ ။ ၉၇။ မူလံ သာရံ တစော ဖဂ္ဂု၊ ပဏ္ဏံ ပုပ္ဖံ ဖလံ လတာ။
အာဟာရတ္ထမသာဓေန္တံ၊ သဗ္ဗံ တံ ယာဝဇီဝိကံ။ (ခုဒ္ဒသိက္ခာ၊ ကာလိကနိဒ္ဒေသ။)

အာဟာရတ္ထံ-အာဟာရ၏ကိစ္စကို၊ အသာဓေန္တံ-မပြီးစေနိုင်သော၊ မူလံ-အမြစ်သည်ငှင်း၊ သာရံ-အနှစ်သည်ငှင်း ၊ ["သာရော" ဟု ဆိုလိုလျက် "သာရံ"ဟု လိင်္ဂဝိပလ္လာသဖြင့် ဆိုသတတ်။] တစော-အခွံအခေါက်သည်ငှင်း၊ ဖေဂ္ဂု-အကာသည်ငှင်း၊ ပဏ္ဏံ အရွက်သည်ငှင်း၊ပုပ္ဖံ အပွင့်သည်ငှင်း၊ ဖလံ-အသီးသည်ငှင်း၊ လတာ-နွယ်သည်ငှင်း၊ တံ သဗ္ဗံ ထအလုံးစုံသည်၊ ယာဝဇီဝိကံ ယာဝဇီဝိကတည်း။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ကာလိကနိဒ္ဒေသ၊ ၁၄၉။)

အပ်သောသုံးဆောင်ရာကာလ။ ။ ၉၈။ သဗ္ဗကာလိကသမ္ဘောဂေါ၊ ကာလေ သဗ္ဗဿ ကပ္ပတိ။
သတိ ပစ္စယေ ဝိကာလေ၊ ကပ္ပတေ ကာလိကတ္တယံ။

သဗ္ဗကာလိကသမ္ဘောဂေါ အလုံးစုံသော ကာလိကတို့ကို သုံးဆောင်ခြင်းသည်၊ ကာလေ-နံနက် အခါ၌၊ သဗ္ဗဿ ဂိလာန ဟုတ်, မဟုတ်သော အလုံးစုံသော ရဟန်း အား၊ ကပ္ပတိ အပ်၏၊ ပစ္စယေ-ပိပါသ, ဂေလည အကြောင်းသည်၊ သတိ ရှိလသော်၊ ဝိကာလေ နေလွဲအခါ၌သော်မှလည်း၊ ကာလိကတ္တယံ-ယာဝကာလိကမှတပါးသော ကာလိက ၃ ပါးတို့၏အပေါင်းသည်၊ ကပ္ပတေ အပ်၏။

"သတိ ပစ္စယေ ဝိကာလေ"အရ ယာမကာလိကစသော ကာလိက ၃-ပါးကား အကြောင်းရှိလျှင် နေလွဲကာလ၌ အပ်၏၊ "အကြောင်း"ဟူသည် ယာမကာလိကအတွက် ရေဆာသကဲ့သို့ မွတ်သိပ်ဆာလောင်ခြင်း, သတ္တာဟကာလိကနှင့်ယာဝဇီဝိကတို့အတွက် ထိုဆေးနှင့် သင့်မြတ်သော အနာရောဂါဖြစ်ခြင်းတည်း၊ ထိုသို့အကြောင်းရှိလျှင်ကား ဝိကာလ၌သော်မှ သုံးစွဲကောင်းသေးလျှင် နံနက်ကာလအတွက်မှာ အထူး ပြောဖွယ်မလို၊ သုံးစွဲကောင်းသည်ဟု မှတ်ပါ၊ ဥပမာ ရှေးနေ့က အကပ်ခံအပ်ပြီးသောဆေးကို နောက်နောက်နေ့၏နံနက်၌လည်း သောက်ကောင်းသကဲ့သို့တည်း။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ကာလိကနိဒ္ဒေသ၊ ၁၅၀။)

သတိ ပစ္စယေတိ ယာမကာလိကံ ပိပါသာယ သတိ(ဆာလောင်မွတ်သိပ်ခြင်းဖြစ်လျှင်) ပိပါသစ္ဆေဒနတ္ထံ, သတ္တာဟကာလိကံ ယာဝဇီဝိကဉ္စ တေန တေန ဥပသမေတဗ္ဗကေ အာဗာဓေ သတိ (ထိုထိုဆေးဖြင့်ငြိမ်းစေထိုက် ပျောက်ကင်းစေထိုက်သော အနာရောဂါရှိလျှင်)တဿ ဥပသမနတ္ထံ ပရိဘုဉ္ဇတော အနာပတ္တိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၉၇။)

ကာလိကရောပုံ။ ။ ကာလိက ၄ ပါးတွင် ယာဝကာလိကသည် အတိုးဆုံးဖြစ်၏၊ ထို့ထက် ယာမကာလိကရှည်၏၊ ထို့ထက် သတ္တာဟကာလိကရှည်၏၊ ထို့ထက် ယာဝဇီဝိကသည် အရှည်ဆုံးဖြစ်၏။ အတိုမျိုးနှင့် အရှည်မျိုး ရောမိကြသည်ရှိသော် အရှည်က အတိုဘက်သို့ ပါရ၏။ ထို့နေ့၌ အကပ်ခံအပ်သော ရှည်သော နောက်ကာလိကဝတ္ထုတို့သည် တိုသော ရှေ့ကာလဝတ္ထုနှင့်ရောနှော မိကြကုန်သည်ရှိသော် မိမိတို့၏ရှည်သောကာလကို စွန့်၍ တိုသောကာလိကအဖြစ်သို့ ရောက်ကြလေကုန်၏၊ တိုသော ကာလိကအတိုင်းသာ အပ်ကြလေကုန်၏။

အတိုအရှေ၊ ရောမိချေ၊ အရှေသူ့ဘက်ပါ။ (ဝိနယသံခိပ်၊ ကာလိကလေးပါးအမြွက်။)

[ဝိ၊ ၃၊ ၃၄၉။ ဝိ၊ ဋ္ဌ၊ ၃၊ ၃၈၅ ၆။ ကံ၊ ဋ္ဌ၊ ၂၂၆။ ပါတိမောက်ဘာသာဋီကာ၊သုဒ္ဓပါစိတ်၊ဘောဇနဝဂ်၊ သန္နိဓိကာရက သိက္ခာပုဒ်၊ ၂၆၈ တို့၌လည်း ကြည့်ရှုပါ။]

* * * * *

## ကပ်မှုနှင့်စပ်သွယ် သိမှတ်ဖွယ်

ဘုရားရှင် ဝေသာလီပြည် မဟာဝုန်တော စုလစ်မွတ်ချွန်အထွတ်တပ်သောစရပ်၌ သီတင်းသုံးနေတော်မူစဉ် ပံသုကူစုတင် ဆောင် သုသာန်နေ ရဟန်း တ ပါး သည် မိ ဘ ဘိုး ဘွား တို့ အတွက် လူ တို့ စွန့် ပစ် ထား အပ် သော ခဲ ဖွယ် ဘော ဇဉ်ကို ( အကပ် မခံပဲ) ကိုယ်တိုင် ယူ၍ စားမှုနှင့်ပတ်သက်၍ "အကပ်မခံပဲ အစာအာဟာရကို စားလျှင် ပါစိတ်အာပတ်သင့်စေ"ဟု ဘုရားရှင်၏ပညတ်တော်မူချက်ကြောင့် အကပ်ခံမှု စတင်ခဲ့သည်။ (ဝိ၊ ၂၊ ၁၂၀။)

### အကပ်မြောက်ရန် အင်္ဂါ၅ ပါး

(၁) ကပ်မည့်သူက ကပ်မည့်ဝတ္ထုကို ရှေးရှုဆောင်ခြင်း၊

(၂) အကပ်ခံမည့်ရဟန်း၏၂-တောင့်ထွာ ဟတ္ထပါသ်သို့ ရောက်ခြင်း၊

(၃) "ထာမမဇ္ဈိမ"ဟု ခေါ်အပ်သော အားအလယ်အလတ်ရှိသူ၏ကြွမြောက်နိုင်သောဝတ္ထုဖြစ်ခြင်း၊

(၄) ကပ်သူက ကာယ, ကာယပဋိဗဒ္ဓ, နိဿဂ္ဂိယ ၃ မျိုးတွင် တစ်မျိုးမျိုးဖြင့် ပေးခြင်း၊

(၅) အကပ်ခံမည့်ရဟန်းက ကာယ, ကာယပဋိဗဒ္ဓ ၂ မျိုးတွင် တစ်မျိုးမျိုးဖြင့် ခံယူခြင်း။

ဤအင်္ဂါ၅ ပါးပြည့်စုံလျှင် အကပ်မြောက်သည်။

၁၀၆။ ဒါတုကာမာဘိဟာရော စ၊ ဟတ္ထပါသေရဏက္ခမံ။
တိဓာ ဒေန္တေ ဒွိဓာ ဂါဟော၊ ပဉ္စင်္ဂေ ပဋိဂ္ဂဟော။
(ခုဒ္ဒသိက္ခာ၊ ပဋိဂ္ဂါဟနိဒ္ဒေသ။)

ဒါတုကာမာဘိဟာရော စ ပေးခြင်းငှါ အလိုရှိသူ၏ရှေးရှုဆောင်ခြင်းငှင်း၊ ဟတ္ထပါသော ၂ တောင့်ထွာ ဟတ္ထပါသ်ငှင်း၊ ဧရဏက္ခမံ အားအလယ်အလတ်ရှိသော ယောကျ်ား၏ကြွမြောက်ခြင်း၌ ခံ့သောဝတ္ထုငှင်း၊ တိဓာ ကာယ, ကာယပဋိဗဒ္ဓ, နိဿဂ္ဂိယ ဟူသော၃ ပါးအပြားအားဖြင့်၊ ဒေန္တေ ပေးလတ်သော်၊ ဒွိဓာ-ကာယ,ကာယပဋိဗဒ္ဓဟူသော ၂ ပါးအပြားအားဖြင့်၊ ဂါဟော ခံယူခြင်းငှင်း၊ ဧဝံ ဤသို့၊ ပဋိဂ္ဂဟော အကပ်ခံယူခြင်းသည်၊ ပဉ္စင်္ဂေါ ၅ပါးသော အင်္ဂါရှိ၏။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ၁၆၀။)

ဒိန္နံ နာမ ကာယေန ဝါ ကာယပဋိဗဒ္ဓေန ဝါ နိဿဂ္ဂိယေန ဝါ ဒေန္တေ ဟတ္ထပါသေ ဌိတော ကာယေန ဝါ ကာယပဋိဗဒ္ဓေန ဝါ ပဋိဂ္ဂဏှာတိ၊ ဇတံ ဒိန္နံ နာမ။ (ဝိ၊ ၂၊ ၁၂၁။)

ကာယအရ ကိုယ်၏အစိတ်အပိုင်းဖြစ်သော လက်စသည်တည်း။ လက်ဖြင့်လှမ်း၍ကပ်လျှင် ကာယ(ကိုယ်)ဖြင့် ကပ်ရာ ရောက်၏၊

ကာယေနာတိ ဟတ္ထာဒီသု ယေန ကေနစိ သရီရာဝယဝေန အန္တမသော ပါဒင်္ဂုလိယာပိ ဒီယျမာနံ ကာယေန ဒိန္နံ နာမ ဟောတိ၊ ပဋိဂ္ဂဟဏေပိ ဧသေဝ နယော။ ယေန ကေနစိ ဟိ သရီရာဝယဝေန ဂဟိတံ ကာယေန ဂဟိတမေဝ ဟောတိ။ သစေပိ နတ္ထုကရဏီယာ(နှာနှတ်ဆံဖြင့်) ဒီယျမာနံ နာသာပုဋေန(နှာခေါင်းဖူးဖြင့်), အကလ္လကော (မကျန်းမာသည်ဖြစ်၍) မုခေန ပဋိဂ္ဂဏှာတိ။ အာဘောဂမတ္တမေဝ ဟိ ဧတ္ထ ပမာဏန္တိ အယံ နယော မဟာပစ္စရိယံ ဝုတ္တော။

ကာယပဋိဗဒ္ဓအရ ကိုယ်၏အစိတ်အပိုင်းဖြစ်သော လက်စသည်ဖြင့် ကိုင်ထား, ထိစပ်ထားသော ယောက်ချို ဇွန်း ပန်းကန် ခွက်စသည်တည်း။ လက်ဝယ်ကိုင်ထားသော ပန်းကန်ခွက်ဇွန်းစသည်ဖြင့် ကပ်လျှင် ကာယပဋိဗဒ္ဓ(ကိုယ်နှင့်စပ်သောဝတ္ထု)ဖြင့် ကပ်ရာ ရောက်၏။

ကာယပဋိဗဒ္ဓေနာတိ ကဋစ္ဆုအာဒီသု ယေန ကေနစိ ဥပကရဏေန ဒိန္နံ ကာယပဋိဗဒ္ဓေန ဒိန္နံ နာမ ဟောတိ။ ပဋိဂ္ဂဟဏေ ပိ ဧသေဝ နယော။ ယေန ကေနစိ သရီရပဋိဗဒ္ဓေန ပတ္တထာလကာဒိနာ ဂဟိတံ ကာယပဋိဗဒ္ဓေန ဂဟိတမေဝ ဟောတိ။

နိဿဂ္ဂိယအရ ကာယ, ကာယပဋိဗဒ္ဓတို့ဖြင့် တိုက်ရိုက် ပေးခြင်း ကပ်ခြင်းမဟုတ်ပဲ ၂ တောင့်ထွာ အတွင်းမှာပင် လှမ်း၍ ပစ်ပေးလျှင် နိဿဂ္ဂိယ(ပစ်လွှတ်ခြင်း)ဖြင့် ကပ်ရာရောက်၏။

နိဿဂ္ဂိယေနာတိ ကာယတော စ ကာယပဋိဗဒ္ဓတော စ မောစေတွာ ဟတ္ထပါသေ ဌိတဿ ကာယေန ဝါ ကာယပဋိဗဒ္ဓေန ဝါ ပါတိယမာနမ္ပိ နိဿဂ္ဂိယေန ပယောဂေန ဒိန္နံ နာမ ဟောတိ။ အယံ တာဝ ပါဠိဝဏ္ဏနာ။

အကပ်ခံယူသော ရဟန်းအတွက်ကား ကာယဖြင့်လည်း ယူနိုင်၊ ကာယပဋိဗဒ္ဓ(ကိုယ်နှင့်စပ်သော သပိတ် ခွက် ပန်းကန်စသည်)ဖြင့်လည်း ယူနိုင်သည်။

မှတ်ချက်။ ။ ထေရဝါဒဗုဒ္ဓဘာသာဝင်များအနက် ယိုးဒယား, ကမ္ဘောဒီယား, လာအို(လော)လူမျိုးတို့၏ထုံးတမ်းစဉ်လာတစ်ခုမှာ အမျိုးသမီးက ကပ်သောအခါ ရဟန်းက ကာယ(ကိုယ်၏အစိတ်အပိုင်းဖြစ်သော လက်စသည်)ဖြင့် အကပ်ခံရိုး မရှိကြ၊ ကာယပဋိဗဒ္ဓ (ကိုယ်နှင့်စပ်သော, ထိထားကိုင်ထားသော လက်သုပ်ပုဝါစသည်)ဖြင့် ခံယူရသည်။

အယံ ပနေတ္ထ ပါဠိမုတ္တကဝိနိစ္ဆယော --- ပဉ္စဟင်္ဂေဟိ ပဋိဂ္ဂဟဏံ ရုဟတိ ထာမမဇ္ဈိမဿ ပုရိသဿ ဥစ္စာရဏမတ္တံ (သိမ့်၍ ဥဿရဏမတ္တံ)ဟောတိ၊ ဟတ္ထပါသော ပညာယတိ၊ အဘိဟာရော ပညာယတိ၊ ဒေဝေါ ဝါ မနုဿော ဝါ တိရစ္ဆာနဂတော ဝါ ကာယေန ဝါ ကာယပဋိဗဒ္ဓေန ဝါ နိဿဂ္ဂိယေန ဝါ ဒေတိ၊ တဉ္စေ ဘိက္ခု ကာယေန ဝါ ကာယပဋိဗဒ္ဓေန ဝါ ပဋိဂ္ဂဏှာတိ။ ဧဝံ ပဉ္စင်္ဂေဟိ ပဋိဂ္ဂဟဏံ ရုဟတိ။ (ဝိ၊ ၄၊ ၃။ ၁၀၉။)

ဆောင်ပုဒ်။ ။ ရှေးရှုလည်းဆောင်၊ နှစ်တောင့်ထွာရောက်၊ မြှောက်နိုင်ဝတ္ထု၊ သုံးခုပေးခြင်း၊ ခံခြင်းနှစ်လျောက်၊

ကျမ်းလာထောက်၊ ကပ်မြှောက် အင်္ဂါငါးပါးတည်း။ (ဝိနယကောသလ္လကျမ်း)

ရှေးရှုလည်းဆောင်၊ ၂-တောင့်ထွာရောက်၊ မြှောက်နိုင်ဝတ္ထု၊ ၃ ခုပေးခြင်း၊ ခံခြင်းနှစ်လျောက်၊ ကပ်ခံမြှောက်၊

မှတ်လောက် အင်္ဂါငါးပါးတည်း။ (ပါတိမောက်ဘာသာဋီကာ၊ ၂၇၁။ ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ၂၆၁။)

"ရှေးရှုဆောင်"ဟူသောစကားဝယ် လက်ဖြင့် ရှေ့တိုးပေးမှ ရှေးရှုဆောင်ရာရောက်သည် မဟုတ်ပဲ ဦးခေါင်းဖြင့် ရွက်ထားအပ်သော စားဖွယ်ခွက်ကို လှူလို၍ ဦးခေါင်းကို အနည်းငယ် စောင်းငဲ့ပေးလိုက်လျှင် ရှေးရှုဆောင်ရာ ရောက်သောကြောင့် ရဟန်းက ထိုခွက်ကို လက်ဖြင့်ထိကာမျှဖြင့် အကပ်မြှောက်သည်။ အားအလတ်ရှိသူ ကြွမြှောက်နိုင်သော ယာဂုအိုးကြီးကို သာမဏေငယ်က မကြွနိုင်၍ မြေပေါ်မှာပင် လိမ့်လျက် ကပ်ရာ၌လည်း ရဟန်းက လက်ထိုးပေးကာ (ထိရုံ ထိ၍ဖြစ်စေ) အကပ်ခံနိုင်၏။ (ပါတိမောက်ဘာသာဋီကာ၊ ၂၇၁။)

မှတ်ချက်။ ။ ဤစကားအရ ယခုကာလ တစ်ယောက်တည်း ကြွနိုင်သောစားပွဲကို ဟင်းဖိတ်မည်စိုး၍ ၂ ယောက် ၃ ယောက်ကိုင်လျက် ကပ်ခြင်း, စားပွဲခင်းတို့ ကြမ်းပြင်မှာ ထိနေလျက် ကပ်ခြင်း, ကပ်မည့်သူက ရှေးရှုဆောင်၍ ၂ တောင့်ထွာအတွင်းရောက်ရှိသောဝတ္ထုကို လက်မြှောက်လှမ်းယူ၍ အကပ်ခံခြင်းများ၌ အကပ်မြောက်သည်ဟုချည်း မှတ်ပါ။ (ပါတိမောက်ဘာသာဋီကာ၊ ၂၇၂။)

ထာမမဇ္ဈိမခေါ်သော အားအလယ်အလတ်ရှိသူ ကြွမြှောက်နိုင်သော စားဖွယ်သောက်ဖွယ်ပါရှိသော စားပွဲကို သာမဏေငယ် ၂ ပါး ၃ ပါး မကြွနိုင်၍ လိမ့်လျက် ကပ်ရာ၌လည်း ရဟန်းက လက်ထိုးပေးကာ (ထိရုံမျှဖြင့်) အကပ်ခံနိုင်သည်။

ဧကော ဗဟူနိ ဘတ္တဗျဉ္ဇနဘောဇနာနိ သီသေ ကတွာ ဘိက္ခုဿ သန္တိကံ **အာဂန္တွာ** ဋ္ဌိတကောဝ ဂဏှထာတိ ဝဒတိ၊ န တာဝ အဘိဟာရော ပညာယတိ၊ တသ္မာ န ဂဟေတဗ္ဗံ။ သစေ ပန ဉြသကမ္ပိ ဩနမတိ၊ ဘိက္ခုနာ ဟတ္ထံ ပ သာ ရေ တွာ ဟေဋ္ဌိမ ဘာဇနံ ဧကဒေသေနာပိ သမ္ပဋိစ္ဆိတဗ္ဗံ။ ဧတ္တာဝတာ သဗ္ဗဘာဇနာနိ ပဋိဂ္ဂဟိတာနိ ဟောန္တိ၊ တတော ပဋ္ဌာယ ဩရောပေတွာ ဝါ ဥဂ္ဃါဋေတွာ ဝါ ယံ ဣစ္ဆတိ၊ တံ ဂဟေတွာ ဘုဉ္ဇိတုံ ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၁၁ဝ။)

ဒါယကာ ယာဂုကုဋံ ဌပေတွာ ဂတာ၊ တံ ဒဟရသာမဏေရော ပဋိဂ္ဂဏှာပေတုံ န သက္ကောတိ၊ ဘိက္ခု ပတ္တံ ဥပနာမေတိ၊ သာမဏေရော ကုဋဿ ဂီဝံ ပတ္တဿ မုခဝဋ္ဋိယံ ဌပေတွာ အာဝဇ္ဇေတိ၊ ပတ္တဂတာ ယာဂု ပဋိဂ္ဂဟိတာဝ ဟောတိ။ အထ ဝါ ဘိက္ခု ဘူမိယံ ဟတ္ထံ ဌပေတိ၊ သာမဏေရော ပဝဋ္ဋေတွာ တတ္ထ အာရောပေတိ၊ ဝဋ္ဋတိ။ ပူဝပစ္ဆိဘတ္တပစ္ဆိဥစ္ဆုဘာရာဒီသုပိ ဧသေဝ နယော။ (ဝိ ၊ ဋ္ဌ၊ ၃၊ ၁၁၄ ၁၁၅။)

သစေပိ ဒွေ တယော ဝါ သာမဏေရာ ယံ မဉ္စိမော ပုရိသော ဥက္ခိပိတုံ သက္ကောတိ၊ ဧဝရူပံ ဘာရံ ပဝဋ္ဋေန္တော ဘိက္ခုနော ဘူမိယံ ဌပိတဟတ္ထံ အာရောပေန္တိ၊ ဥက္ခိပိတွာ ဝါ ဘိက္ခုနော ပသာရိတဟတ္ထေ ဧကဒေသေနာပိ ဌပေန္တိ၊ တံ ပဋိဂ္ဂဟိတမေဝ ဟောတိ။ (ကင်္ခါ၊ ဋ္ဌ၊ ၂၃ဝ။)

ဟတ္ထပါသ်တိုင်းနည်း ။ ။ ၂ တောင့်ထွာ ဟတ္ထပါသ်တိုင်းရာ၌ ရေ့ကလာ၍ ကပ်ရာဝယ် ရဟန်းက ထိုင်နေလျှင် တင်ပါး၏နောက်ဖက်စွန်းဖြင့်၄င်း, ရပ်နေလျှင် ဖနောင့်စွန်းဖြင့်၄င်း, စောင်းလျက် လှဲနေလျှင် စောင်းသောနံပါး၏ပြင်ဖက်စွန်းဖြင့်၄င်း, ဝမ်းလျားမှောက်၍နေရာဦးခေါင်းနား၌ လာ၍ကပ်လျှင် ဦးခေါင်းစွန်း၏အနီးဆုံးဖြစ်သော လည်ပင်းဖြင့်၄င်း, ဉာသို့လျှင် လှမ်းယူသော လက်မှတပါး အနီးဆုံးကိုယ်အင်္ဂါ၏နောက်ဖက်စွန်းဖြင့် တိုင်း၍ ကပ်သူအတွက်မှာမူ လှမ်း၍ပေးသောလက်မှတပါး အခြားအနီးဆုံးကိုယ်အင်္ဂါ၏ဉာဖက်စွန်းဖြင့် တိုင်းတာရသည်။

ဟတ္ထပါသေ ဋ္ဌိတောတိ ဧတ္ထ ပန သစေ ဘိက္ခု နိသိန္နော ဟောတိ၊ အာသနဿ ပစ္ဆိမန္တတော ပဋ္ဌာယ, သစေ ဋ္ဌိတော၊ ပဏှိအန္တတော ပဋ္ဌာယ, သစေ နိပန္နော၊ ယေန ပဿေန နိပန္နော၊ တဿ ပါရိမန္တတော ပဋ္ဌာယ, ဒါယကဿ နိသိန္နဿ ဝါ ဋ္ဌိတဿ ဝါ နိပန္နဿ ဝါ ဌပေတွာ ပသာရိတဟတ္ထံ ယံ အာသန္နတရံ အင်္ဂံ၊ တဿ ဩရိမန္တေန ပရိစ္ဆိန္ဒိတွာ အမုတေယျဟတ္ထော "ဟတ္ထပါသော"တိဝေဒိတဗ္ဗော။ (ဝိ၊ ဋ္ဌ၊ ၃။ ၉၂။)

## အကပ်မမြောက်သော အရာများ

၁၀၇။ အသံဟာရိယေ တတ္ထဇာတေ၊ သုခုမေ စိဉ္စအာဒိနံ။
ပဏ္ဏေ ဝါသယှဘာရေ စ၊ ပဋိဂ္ဂါဟော န ရုဟတိ။
(ခုဒ္ဒသိက္ခာ၊ ပဋိဂ္ဂါဟနိဒ္ဒေသ။)

အသံဟာရိယေ မပြောင်းရွှေ့နိုင်သော ကျောက်ဖြာစသည်၌၄င်း၊ တတ္ထဇာတေ ထိုသစ်ပင်၌ ဖြစ်၍နေသော ပဒုမ္မာကြာရွက်စသည်၌၄င်း၊ စိဉ္စအာဒိနံ မန်ကျည်းပင်အစရှိသည်တို့၏၊ သုခုမေ သိမ်မွေ့သေးငယ်သော၊ ပဏ္ဏေ ဝါ အရွက်၌၄င်း၊ အသယှဘာရေ စ ထာမမဉ္ဈိမယောကျ်ားတစ်ယောက်၏ မဆောင်အပ် မဆောင်နိုင်သောဝန်၌၄င်း၊ ပဋိဂ္ဂါဟော အကပ်ခံခြင်းသည်၊ န ရုဟတိ မတက်ရောက်၊ဝါ အကပ်မမြောက်။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ၁၆၁။)

တတ္ထဇာတကေ ပန ပဒုမိနိပဏ္ဏေ ဝါ ကိံသုကပဏ္ဏာဒိမှိ ဝါ န ဝဋ္ဋတိ။ န ဟိ တံ ကာယပဋိဗဒ္ဓသင်္ချံ ဂစ္ဆတိ။ ယထာ စ တတ္ထဇာတကေ၊ ဧဝံ ခါဏုကေ ဗန္ဓိတွာ ဌပိတမဉ္စာဒိမှိ အသံဟာရိမေ ဖလကေ ဝါ ပါသာဏေ ဝါ န ရုဟတိယေဝ၊ တေပိ တတ္ထဇာတကသင်္ခေပုပဂါ ဟောန္တိ။ ဘူမိယံ အတ္ထတေသု သုခုမေသု တိန္တိဏိကာဒိပဏ္ဏေသုပိ ပဋိဂ္ဂဟဏံ န ရုဟတိ၊ န တာနိ သန္ဓာရေတုံ သမတ္ထာနီတိ။ မဟန္တေသု ပန ပဒုမိနိပဏ္ဏာဒီသု ရုဟတိ။ သစေ ဟတ္ထပါသံ အတိက္ကမ္မ ဋ္ဌိတော ဒီဃဒဏ္ဍကေန ဥဠုင်္ကေန ဒေတိ၊ အာဂန္တွာ ဒေဟီတိ ဝတ္တဗ္ဗော၊ ဝစနံ အသုတွာ ဝါ အနာဒိယိတွာ ဝါ ပတ္တေ အာကိရတိယေဝ၊ ပုန ပဋိဂ္ဂဟေတဗ္ဗံ။ ဒူရေ ဌတွာ ဘတ္တပိဏ္ဍံ ခိပန္တေပိ ဧသေဝ နယော။ (ဝိ၊ ဋ္ဌ၊ ၃။ ၁၁၁။)

အသံဟာရိယေ ။ ။ သစ်ငုတ်ဝယ် ဖွဲ့ချည်၍ထားအပ်သော ညောင်စောင်းအင်းပျဉ်နှင့် ရွှေ့ပြောင်း၍ မရလောက်အောင် နိုင်မြဲနေသော ပျဉ်ချပ် ကျောက်ဖြာစသည်တည်း၊ ထိုဝတ္ထုများတွင် ညောင်စောင်း အင်းပျဉ်သည် သစ်ငုတ်၌ ချည်ထားအပ်သောကြောင့် မပြောင်းမရွှေ့နိုင်။ ပျဉ်ချပ်သည် (ထာမမဉ္ဈိမ မမြောက်နိုင်လောက်အောင် မကြီးသော်လည်း) သံရိုက်ထားသောကြောင့်၄င်း, ကျောက်ဖြာသည် အကြီးကြီးမဟုတ်သော်လည်း မြေကြီးနှင့် တွဲနေသောကြောင့်၄င်း မပြောင်းမရွှေ့နိုင်၊ ပျဉ်ချပ်ကျောက်ဖြာတို့က

မမြော်က်နိုင်လျှင် အသယှာဟာရ၌ ပါသွားလိမ့်မည်။

တတ္ထဇာတကေ။ ။ ထိုသစ်ပင်၌ဖြစ်သော (ထိုသစ်ပင်မှ မခူးရသေးသော) ပဒုမ္မာကြာရွက် ပေါက်ရွက်တို့၌ထည့်၍ အကပ် ခံသော်လည်း အကပ်မမြောက်။ ဘာ့ကြောင့်နည်း? ထိုသစ်ပင်နှင့်စပ်နေသေးရကား "ကာယပ္ပဋိဗဒ္ဓ ကိုယ်နှင့်စပ်နေသော ဝတ္ထု" ဟု မခေါ်နိုင်သောကြောင့်တည်း။ ပြအပ်ပြီးသော အသံဟာရိယဝတ္ထုတို့၌လည်း ထိုအတူ ကာယပ္ပဋိဗဒ္ဓဟု မခေါ်နိုင်။

သုခုမေ စိဥ္စာအာဒီနံ ပဏ္ဏေ။ ။ (ကပ်အပ်သောပစ္စည်းကို မဆောင်ယူနိုင်လောက်အောင်) သေးငယ်သော မန်ကျည်းရွက် စသည်၌ထည့်၍အကပ်ခံလျှင် အကပ်မမြောက်။ "ရိုးတံနှင့် တကွသော မန်ကျည်းရွက်များကို မြေကြီးပေါ်၌ စီချထားပြီးလျှင် ထိုအ ရွက်တို့ကို ထိကိုင်လျက် အကပ်ခံသော်လည်း အကပ်မမြောက်"ဟူလို။ အကယ်၍ ပဒုမ္မာကြာရွက်ကြီးဖြစ်လျှင် တတ္ထဇာတကလည်း မဟုတ်လျှင် ထည့်၍ အကပ်ခံနိုင်၏။

အသယှ ဘာရေ။ ။ ထာမမၛ္ဈိမ (ခွန်အားအလယ်အလတ်ရှိသူ) မမြောက်နိုင်လောက်အောင် လေးနေသော စားပွဲကြီး, ထ မင်းအိုးဟင်းအိုးကြီးစသည်ဖြင့်လည်း အကပ်မမြောက်။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ပဋိဂ္ဂါဟနိဒ္ဒေသ။ ၁၆၂ ၁၆၃။)

## အကပ်ပျက်ကြောင်း ၆-ပါး

(၁) "အကပ်ခံထားသော စားဖွယ်ကို မစားတော့အံ့"ဟု အာလယပြတ်စွန့်လိုက်ခြင်းကြောင့်လည်း အကပ်ပျက်သည်၊ ယင်း သို့ စွန့်ရာ၌ လက်က လွတ်မှ အကပ်ပျက်သည်။

(၂) သိက္ခာချခြင်း (လူထွက်ခြင်း)ကြောင့်လည်း အကပ်ပျက်သည်။

(၃) သူတပါးအား ပေးခြင်းကြောင့်လည်း အကပ်ပျက်သည်။ ယင်းသို့ ပေးရာ၌ နှုတ်ကပေးသော်လည်း လက်မလွှတ်သေး လျှင် အကပ်မပျက်ပါ။

(၄) လူအစရှိသည်တို့ လုယူသောကြောင့်လည်း အကပ်ပျက်သည်။

(၅) (အကပ်ခံယူသောရဟန်း၏)သေခြင်းကြောင့်လည်း အကပ်ပျက်သည်။

(၆) ဘိက္ခုအဖြစ်မှ ဘိက္ခုနီအဖြစ်, ဘိက္ခုနီအဖြစ်မှ ဘိက္ခုအဖြစ်သို့ လိင်ဖေါက်ပြန်ခြင်းတို့ကြောင့်လည်း အကပ်ပျက်သည်။

ဆောင်ပုဒ်။ ။ စွန့် ချ ပေး လု၊ မစ္စု လိင်ပြန်၊ ဤခြောက်တန်၊ ကပ်ခံ ပျက်ကြောင်းတည်း။

(ဝိနယကောသလ္လကျမ်း။ ပါတိမောက်ဘာသာဋီကာ၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်၊ ဒန္တပေါနသိက္ခာပုဒ်၊ ၂၇၅။)

ပဋိဂ္ဂဟဏံ နာမ လိင်္ဂပရိဝတ္တနေန, ကာလံကိရိယာယ, သိက္ခာပစ္စက္ခာနေန, ဟီနာယာဝတ္တနေန, အနုပသမ္ပန္နဿ ဒါနေန, အနပေက္ခဝိဿဇ္ဇနေန, အစ္ဆိန္ဒိတွာ ဂဟဏေန စ ဝိဇဟတိ။ (ဝိ၊ ဋ၊ ၃၊ ၂၄၀။)

ပဋိဂ္ဂဟဏံနာမ အကပ်ခံခြင်းမည်သည်ကို၊ လိင်္ဂပရိဝတ္တနေန လိင်ပြန်ခြင်းကြောင့်သော်လည်းကောင်း၊ ကာလံကိရိယာယ သေခြင်းကြောင့်လည်းကောင်း၊ သိက္ခာပစ္စက္ခာနေန သိက္ခာချခြင်းကြောင့်သော်လည်းကောင်း၊ ဟီနာယာဝတ္တနေန လူထွက်ခြင်း ကြောင့်သော်လည်းကောင်း၊ အနုပသမ္ပန္နဿ လူသာမဏေအား၊ ဒါနေန-အ ပိုင်ပေးခြင်းကြောင့်သော်လည်းကောင်း၊ အနပေက္ခဝိဿဇ္ဇ နေန မငဲ့မကွက်စွန့်ပစ်ခြင်းကြောင့်သော်လည်းကောင်း၊ အစ္ဆိန္ဒိတွာ (ခိုးသူစသည်တို့)လုရ၍၊ ဂဟဏေနစ ယူခြင်းကြောင့်သော်လည်း ကောင်း၊ ဝိဇဟတိ စွန့်၏။

"ဟီနာယာဝတ္တနေနာတိ ပါရာဇိကံ အာပန္နဿ ဂိဟိဘာဝူပဂမနေနာ"တိ တီသုပိ ဂဏ္ဌိပဒေသု ဝုတ္တံ၊ တံ သုဝုတ္တံ။

(သာရတ္ထ၊ ၂၊ ၁၀၄။ ဝိမတိ၊ ၁၊ ၁၅၆။)

ဟီနာယာဝတ္တနေန အရ ပါရာဇိကကျ၍ လူအဖြစ်သို့ရောက်ခြင်း (လူဝတ်လဲခြင်း)ကို ဆိုလိုသည်။ "သိက္ခာပစ္စက္ခာနေန အရကား ပါရာဇိကကျသည် မဟုတ်ပဲ သိက္ခာချခြင်းကို ဆိုလိုသည်။

အနပေက္ခဝိဿဇ္ဇနေနာတိ အညဿ အဒတွာဝ အနတ္ထိကဘာဝေန ပဋိဂ္ဂဟိတဝတ္ထုနော ဗဟိ ဆဍ္ဍနေန။ (ဝိမတိ၊ ၁၊ ၁၅၇။)

ဒါနအပြင် "ဝိဿဇ္ဇန"ဟု သီးခြားဆိုခြင်းကြောင့် မည်သူအားမျှ မပေးပဲ "အကပ်ခံအပ်သော ဤဝတ္ထုကို မသုံးမစား တော့အံ့"ဟု မငဲ့မကွက် စွန့်ပစ်လိုက်ခြင်းကို "အနပေက္ခဝိဿဇ္ဇန"ဟု ဆိုသည်။

အစ္ဆိန္ဒိတွာ ဂါဟေနာတိ စောရာဒီဟိ အစ္ဆိန္ဒိတွာ ဂဟဏေန။ (သာရတ္ထ၊ ၂၊ ၁၀၅။)

## မစားအပ်သော အသားကြီး ၁၀ မျိုး

မစားအပ်သော အသားကြီး ၁၀ မျိုးကား ၁။ လူသား, ၂။ ခွေးသား, ၃။ မြင်းသား, ၄။ ဆင်သား, ၅။ သစ်သား, ၆။ ကျားသား, ၇။ ခြင်္သေ့သား, ၈။ ဝက်ဝံသား, ၉။ အောင်းသား, ၁၀။ မြွေသားတည်း၊ ဤသတ္တဝါတို့၏အရိုးအရေ အသွေးအမွေးတို့ပါ ရဟန်းနှင့်သာမဏေတို့အား မအပ်။

လူ ခွေး မြင်း ဆင်, သစ် ကျား လျှင်, ခြင်္သေ့ ဝံ အောင်း မြွေ,

ရိုး ရေ သား သွေး, အမွေးတို့ပါ, မသုံးရာ, ဆယ်ဖြာအမျိုးပေ။ (ပါတိမောက်ဘာသာဋီကာ၊ ၂၃။)

### မအပ်သောအသားများ

၁၁၃။ မနုဿဟတ္ထိအဿာနံ၊ မံသံ သုနခဒီပိနံ။

သီဟဗျဂ္ဃတရစ္ဆာနံ၊ အစ္ဆဿ ဥရဂဿ စ။

၁၁၄။ ဥဒ္ဒိဿ ကတမံသဉ္စ၊ ယဉ္စ အပ္ပဋိဝေက္ခိတံ။

ထုလ္လစ္စယံ မနုဿာနံ၊ မံသေ သေသေသု ဒုက္ကဋံ။

(ခုဒ္ဒသိက္ခာ၊ အကပ္ပိယမံသနိဒ္ဒေသ။)

မနုဿဟတ္ထိအဿာနံ လူ, ဆင်, မြင်း တို့၏၄င်း၊ သုနခဒီပိနံ ခွေး, သစ်တို့၏၄င်း ၊ သီဟ ဗျဂ္ဃ တရစ္ဆာနံ ခြင်္သေ့, ကျား, အောင်းတို့၏၄င်း၊ အစ္ဆဿ ဝံ၏၄င်း၊ ဥရဂဿ စ မြွေ၏၄င်း၊ ယံ မံသံ အကြင်အသားသည်၄င်း၊ ဥဒ္ဒိဿ သီတင်းသုံးဘော်ကို ရည်ရွယ်၍ ၊ ကတမံသဉ္စ ပြုအပ်သော အသားသည်၄င်း၊ အပ္ပဋိဝေက္ခိတံ မစူးစမ်း မမေးမြန်းအပ်သော၊ ယံ မံသံ စ အကြင်အသားသည်၄င်း၊ (အတ္တိ ရှိ၏၊ တေသု ထိုအသား ၁၂ ပါးတို့တွင်၊ ) မနုဿာနံ လူတို့၏၊ မံသေ အသား၌၊ (ပရိဘုဉ္စတော သုံးစားသော ရဟန်း၏၊) ထုလ္လစ္စယံ ထုလ္လစ္စည်းအာပတ်သည်၊ ဟောတိ ဖြစ်၏၊ သေသေသု ကြွင်းသော အသား ၁၁ ပါးတို့၌၊ ပရိဘုဉ္စတော သုံးစားသော **ရဟန်း၏** ဒုက္ကဋံ ဒုက္ကဋ်အာပတ်သည်၊ဟောတိ ဖြစ်၏။

တရစ္ဆ အောင်း(မြန်မာပြန်)

အောင်း yak (မြန်မာ အင်္ဂလိပ်အဘိဓာန်), hyena.(အဖရိကတိုက်ရှိ တောခွေးတစ်မျိုး), တရစ္ဆ, a yak စမရ(ပ), စာမရီ (ဣ) (ဦးဟုတ်စိန် မြန်မာ အင်္ဂလိပ် ပါဠိ အဘိဓာန်)၊

**yak-n** a type of long-haired ox. found in Tibet:

တိဗက်နိုင်ငံမှ အမွေးရှည် နွားတစ်မျိုး။ စာမရီ။ တဗက်နွား။ (ကျောင်းသားသုံး အင်္ဂလိပ် အင်္ဂလိပ်/မြန်မာ အဘိဓာန်)

**Taraccha,** *m.* a hyaena (CONCISE PALI-ENGLISH DICTIONARY By A.P. Buddhadatta Mahathera)

**Taraccho,** A hyena (A DICTIONARY OF THE PALI LANGUAGE BY ROBERT CAESAR CHILDERS)

**hyena,** *n* any nocturnal carnivore of the family *hyaenidae,* feeding chiefly on carrion. Also, **hyaena.** (The Random House College Dictionary)

သုနခမံသန္တိ ဧတ္ထ အရညကောကာ နာမ သုနခသဒိသာ ဟောန္တိ၊ တေသံ မံသံ ဝဋ္ဋတိ။ ယော ပန ဂါမသုနခိယာ ဝါ ကောကေနကောကသုနခိယာ ဝါ ဂါမသုနခေန သံယောဂေါ ဥပ္ပန္နော၊ တဿ မံသံ န ဝဋ္ဋတိ၊ သော ဟိ ဥဘယံ ဘဇတိ။

အဟိမံသန္တိ ကဿစိ အပါဒကဿ ဒီဃဇာတိကဿ မံသံ န ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၇၆။)

သုနခမံသန္တိ ဧတ္ထ ၌၊ အရညကောကာ နာမ ဝံပုလွေတို့မည်သည်၊ သုနခသဒိသာ ခွေးနှင့်တူကုန်သည်၊ ဟောန္တိ ဖြစ်ကုန်၏၊ တေသံ ထိုဝံပုလွေတို့၏၊ မံသံ အသားသည်၊ ဝဋ္ဋတိ အပ်၏၊ ပန ဆက်ဦးအံ့၊ ယော အကြင်ဝံပုလွေသည်၊ ဂါမသုနခိယာ ရွာ၌ဖြစ်သော ခွေးမ၏၊ ကောကေန ဝံပုလွေနှင့်(သံယောဂေါ ဝါ ပေါင်းဖော်ခြင်းကြောင့်သော်လည်းကောင်း၊)ကောကသုနခိယာ ဝံပုလွေမ၏၊ ဂါမသုနခေန ရွာခွေးနှင့်၊ သံယောဂေါ ဝါ ကြောင့်သော်လည်းကောင်း၊ ဥပ္ပန္နော ဖြစ်ပြီ ၊ တဿ ထိုအစပ်ဖြစ်သော ခွေး၏ ၊ မံသံ သည်၊ န ဝဋ္ဋတိ မအပ်၊ (ကသ္မာ အဘယ်ကြောင့် ၊ န ဝဋ္ဋတိ မအပ်သနည်း?၊) ဟိ (ယသ္မာ) အကြင့်ကြောင့်၊ သော ထိုအစပ်ဖြစ်သော ခွေးသည်၊ ဥဘယံ ဝံပုလွေခွေးနှစ်ဖက်သို့၊ ဘဇတိ ကပ်ဝင်၏၊ (တသ္မာ ထိုကြောင့်၊ န ဝဋ္ဋတိ မအပ်၊)

အဟိမံသန္တိ ကား၊ ကဿစိ အမှတ်မရှိ တစ်စုံတစ်ခုသော၊ အပါဒကဿ အခြေမရှိသော၊ ဒီဃဇာတိကဿ ရှည်သောဇာတ်ရှိသောမြွေနဂါး၏၊ မံသံ အသားသည်၊ န ဝဋ္ဋတိ မအပ်။ (မဟာဝါဘာသာဋီကာ၊ ဒု၊ ဘေသဇ္ဇက္ခန္ဓကအဖွင့်၊ ၁၁၃ ၁၁၄။)

ကောကာ နာမ။ ။ အဘိဓာန် (၆၁၅) နိသျယ၌ "ကောက, ဝက-ဝံပုလွေ" ဟု ရှိ၏၊ သစ်ကျုတ်ဟုလည်း ရေးကပေးကြ၏၊ သဒ္ဒနီတိဓာတုမာလာ(၁၆)၌ "ကောကောတိ အရညသုနခေါ"ဟု ဆို၏၊ ရှေးနိသျယ၌ ကောကကို တောခွေး (ခွေးအ) ဟု အနက်ပေး၏၊ တောခွေးကို ခွေးနှင့်တူ၏ဟု မဆိုသင့်၊ ခွေးအစစ်ပင် ဖြစ်၏၊ ထို့ကြောင့် "အရညသုနခ"ဟူသည်လည်း "ဝံပုလွေ" ပင်ဖြစ်ရာ၏။ (မဟာဝါဘာသာဋီကာ၊ ၁၊ ၁၁၃။)

ဤအသားကြီး ၁၀ ပါးတွင် လူသားကို ဇာတ်တူသား ဖြစ်သောကြောင့်၄င်း, ခွေးသား မြွေသားတို့ကို စက်ဆုပ်ရွံရှာဖွယ်ကောင်းသောကြောင်.၄င်း, ဆင်သား မြင်းသားတို့ကို မင်း၏အသုံးအဆောင်ရတနာ ဖြစ်သောကြောင့်၄င်း, ခြင်္သေ့စသော သတ္တဝါငါးမျိုးတို့၏အသားတို့ကိုကား တောနေရဟန်းများအား ဘေးရန်ပြုမည်စိုးသောကြောင့်၄င်း ဝိနည်းမဟာဝါအဋ္ဌကထာ ဘေသဇ္ဇက္ခန္ဓက (၃၇၆)၌ ပယ်တော်မူသည်။

မနုဿမံသံ သဇာတိတာယ ပဋိက္ခိတ္တံ၊ ဟတ္ထိအဿမံသံ ရာဇင်္ဂတာယ၊ သုနခမံသဉ္စ အဟိမံသဉ္စ ပဋိကူလတာယ၊ **သီဟမံသာဒီနိ ပဉ္စ အတ္တနော** အနုပဒ္ဒဝတ္ထာယာတိ။ (ဝိ၊ ၄၊ ၃၊ ၃၇၆။)

ဥဒ္ဒိဿကတမံသ။ ။ ဘိက္ခု, ဘိက္ခုနီ, သိက္ခမာန်, သာမဏေ, သာမဏေမဟူသော သီတင်းသုံးဘော်၅ ယောက်တွင် တစ်ယောက်ယောက်ကို ရည်စူး၍ သတ်အပ်သော သတ္တဝါ၏အသားကို "ဥဒ္ဒိဿကတမံသ"ဟု ခေါ်သည်၊ ယင်းအသားကို သီတင်းသုံးဘော် တစ်ယောက်ယောက်အား ရည်စူး၍ပြုအပ်စေကာမူ ၅ ယောက်လုံးမအပ်။ တောအရပ်သို့ ရောက်သောအခါ ဈေးလည်းမနီးပါပဲလျက် ကြက်သားဟင်းပါလာလျှင်"ငါ့အတွက် သတ်ပြီးချက်ထားလေသလား"ဟု သံသယရှိရုံမျှဖြင့် မစားကောင်း၊ သေချာစွာ သိလျှင်ကား ဆိုဖွယ်မရှိပြီ။ မသိလျှင်, သံသယမရှိလျှင် စားကောင်း၏။ တချို့အရပ်၌ ငါးများကို လှောင်ထား၍ လတ်လတ်ဆတ်ဆတ် စားလေ့ရှိကြ၏၊ ထိုငါးများကိုလှောင်ထားရာမှ ရဟန်းများအတွက်ယူ၍ ချက်လျှင်လည်း ဥဒ္ဒိဿကတမံသပင်ဖြစ်၏။

(ခုဒ္ဒသိက္ခာဘာသာဋီကာ၊ အကပ္ပိယမံသနိဒ္ဒေသ၊၁၆၉ ၁၇၀။)

န ဘိက္ခဝေ ဇာနံ ဥဒ္ဒိဿကတံ မံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ဘုဉ္ဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။

အနုဇာနာမိ ဘိက္ခဝေ တိကောဋိပရိသုဒ္ဓံ မစ္ဆမံသံ အဒိဋ္ဌံ အသုတံ အပရိသင်္ကိတံ။ (ဝိ၊ ၃၊ ၃၃၄ ၃၃၅။)

ဘိက္ခဝေ ရဟန်းတို့ ၊ ဇာနံ သိလျက်၊ ဥဒ္ဒိဿကတံ မံသံ-ရည်စူး၍ သတ်ဖြတ်ပြုအပ်သောအသားကို၊ န ဘုဉ္ဇိတဗ္ဗံ မစားအပ်၊ ယော အကြင်ရဟန်းသည်၊ ဘုဉ္ဇေယျ စားရာ၏၊ တဿ ထိုရဟန်းအား၊ ဒုက္ကဋဿ အာပတ္တိ ဒုက္ကဋ်အာပတ်သင့်၏။

ဘိက္ခဝေ တို့၊ အဒိဋ္ဌံ ကိုယ်တိုင်လည်း မမြင်အပ်သော၊ အသုတံ ကြားလည်း မကြားအပ်သော၊ အပရိသင်္ကိတံ ယုံမှားလည်း မယုံမှားအပ်သော၊ တိကောဋိပရိသုဒ္ဓံ သုံးပါးသောအကြောင်းတို့မှ စင်ကြယ်သော၊ မစ္ဆမံသံ ငါးအမဲကို၊ အနုဇာနာမိ ငါဘုရားခွင့်ပြုတော်မူ၏။

တိကောဋိပရိသုဒ္ဓန္တိ တီဟိ ကောဋီဟိ ပရိသုဒ္ဓံ၊ ဒိဋ္ဌာဒီဟိ အပရိသုဒ္ဓီဟိ ဝိရဟိတန္တိ အတ္ထော။ တေနေဝါဟ အဒိဋ္ဌံ အသုတံ အပရိသင်္ကိတ"န္တိ။ (ဝိ၊ ၄၊ ၂၊ ၁၈၉။)

ကောဋိသဒ္ဒါသည် ဤနေရာ၌ "အစွန်"အနက်ကို မဟော၊ ဒိဋ္ဌစသော အကြောင်း အခြေအမြစ်အနက်ကို ဟော၏၊ ထို့ကြောင့် သာရတ္ထဒီပနီဋီကာ, ဒုတိယတွဲ, ၃၅၉ ၌ "တီဟိ ကောဋီဟီတိ တီဟိ အာကာရေဟိ, တီဟိ ကာရဏေဟီတိ အတ္ထော"ဟုလည်းကောင်း, ဝိမတိဝိနောဒနီဋီကာ, ပဌမတွဲ, ၂၉၅ ၌ "တီဟိ ကောဋီဟီတိ အသုဒ္ဓမူလေဟိ မစင်ကြယ်သော ဒိဋ္ဌသုတပရိသင်္ကိတ ဟူသော အခြေအမြစ်တို့မှ"ဟုလည်းကောင်း ဖွင့်၏၊ ထောမနိဓိ၌လည်း ကောဋိသဒ္ဒါ၏အနက်များတွင် "သံသယဿ+အာလမ္ဗန ယုံမှားသံသယ၏ဆွဲမှီရာ"အနက်လည်းပါ၏၊ ထိုအနက်သည် "အသုဒ္ဓမူလ"အနက်နှင့် သဘောတူပင်တည်း။

(ပါရာဇိကဏ်အဋ္ဌကထာ ဘာသာဋီကာ၊ ၈၊၁၂၆။)

အဒိဋ္ဌံ နာမ ဘိက္ခူနံ အတ္ထာယ မိဂမစ္ဆေ ဝဓိတွာ ဂယှမာနံ အဒိဋ္ဌံ။ အသုတံ နာမ ဘိက္ခူနံ အတ္ထာယ မိဂမစ္ဆေ ဝဓိတွာ ဂဟိတန္တိ အသုတံ။ အပရိသင်္ကိတံ ပန ဒိဋ္ဌပရိသင်္ကိတံ, သုတပရိသင်္ကိတံ, တဒုဘယဝိမုတ္တပရိသင်္ကိတဉ္စ ဉတွာ တဗ္ဗိပက္ခတော ဇာနိတဗ္ဗံ။ (ဝိ၊ ၄၊၂၊၁၈၉။)

အဒိဋ္ဌံနာမ အဒိဋ္ဌမည်သည်၊ ဘိက္ခူနံ ရဟန်းတို့၏၊ အတ္ထာယ အလို့ငှါ၊ မိဂမစ္ဆေ သားငါးတို့ကို၊ ဝဓိတွာ သတ်၍၊ ဂယှမာနံ ယူအပ်သည်ကို၊ အဒိဋ္ဌံ မမြင်အပ်သော သားငါးတည်း။

အသုတံ နာမ အသုတမည်သည်၊ ဘိက္ခူနံ တို့၏၊ အတ္ထာယ ငှါ၊ မိဂမစ္ဆေ တို့ကို၊ ဝဓိတွာ ၍၊ ဂဟိတံ ယူအပ်ပြီတဲ့၊ ဣတိ ဤသို့၊ အသုတံ မကြားအပ်သော သားငါးတည်း။

အပရိသင်္ကိတံ ပန အပရိသင်္ကိတကိုကား၊ ဒိဋ္ဌသင်္ကိတံ-မြင်အပ်သောအကြောင်းအရာသို့ အစဉ်လိုက်သောပရိသင်္ကိတကိုလည်းကောင်း၊ သုတပရိသင်္ကိတံ ကြားအပ်သော အကြောင်းအရာသို့ အစဉ်လိုက်သော ပရိသင်္ကိတကိုလည်းကောင်း၊ တဒုဘယဝိမုတ္တပရိသင်္ကိတံ စ ထိုဒိဋ္ဌသုတနှစ်ပါးစုံမှလွတ်သော အကြောင်းအရာသို့ အစဉ်လိုက်သော ပရိသင်္ကိတကိုလည်းကောင်း၊ ဉတွာ သိပြီး၍၊ တဗ္ဗိပက္ခတော ထို၃ မျိုး၏ဆန့်ကျင်ဖက်အားဖြင့်၊ ဇာနိတဗ္ဗံ သိအပ်သိထိုက်၏။

[ဒိဋ္ဌပရိသင်္ကိတ, သုတပရိသင်္ကိတ, တဒုဘယဝိမုတ္တပရိသင်္ကိတ ဤသုံးမျိုး၏အကျယ်ကို ပါရာဇိကဏ္ဍအဋ္ဌကထာ,ဒုတိယအုပ်, ပဉ္စမသံဃာဒိသေသသိက္ခာပုဒ်အဖွင့် ၁၈၉ ၁၉၀ တို့၌ ကြည့်နိုင်သည်။]

အပ္ပဋိဝေက္ခိတမံသ။ ။ အသားဟင်းကိုရလျှင် အပ်သောသတ္တဝါ၏အသား ဟုတ် မဟုတ်ကို သတိထား၍ စဉ်းစားလိုက်ရသည်။ တွေ့နေကျဖြစ်၍ အပ်သော အသားမှန်းသိလျှင် မေးဖွယ်မလို၊ မသိလျှင် သို့မဟုတ် မသေချာလျှင် မေးပြီးမှ စားရသည်။ ထို့သို့ မဆင်ခြင်ပဲ စားလျှင်"န ဘိက္ခဝေ အပ္ပဋိဝေက္ခိတွာ (မဆင်ခြင် မစဉ်းစား သတိမထားမူ၍) မံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ၊ အာပတ္တိ ဒုက္ကဋဿ"ဒုက္ကဋ်အာပတ် ဟု ဘေသဇ္ဇက္ခန္ဓက (ဝိ၊ ၃၊ ၃၁၂)၌ပင် ပညတ်တော်မူသည်။ (ခုဒ္ဒသိက္ခာ ဘာသာဋီကာ ၊ အကပ္ပိယမံသနိဒ္ဒေသ၊ ၁၇၀။)

အပ္ပဋိဝေက္ခိကဂ္ဂါတိ အပ္ပဋိပုစ္ဆိတွာ။ သစေ ပန "အသုကမံသ"န္တိ ဇာနာတိ၊ ပဋိပုစ္ဆနကိစ္စံ နတ္ထိ။ အဇာနန္တေန ပန ပုစ္ဆိတွာဝ ခါဒိတဗ္ဗံ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၇၆။)

## အရိုးစသည်ကို သုံးဆောင်လျှင်

၁၁၅။ အဋ္ဌိပိ လောဟိတံ စမ္မံ၊ လောမမေသံ န ကပ္ပတိ။
သစိတ္တကံဝ ဥဒ္ဒိဿ ကတံ သေသာ အစိတ္တကာတိ။
(ခုဒ္ဒသိက္ခာ၊ အကပ္ပိယမံသနိဒ္ဒေသ။)

ဧသံ ထိုမအပ်သော အသားရှိသော သတ္တဝါတို့၏၊ အဋ္ဌိပိ အရိုးသည်လည်းကောင်း၊ လောဟိတံ သွေးသည်လည်းကောင်း၊ စမ္မံ အရေသည်လည်းကောင်း၊ လောမံ အမွေးသည်လည်းကောင်း၊ န ကပ္ပတိ မအပ်၊ ဥဒ္ဒိဿကတံဝ ဥဒ္ဒိဿကတမံသကို စားခြင်းကြောင့် သင့်ရောက်အပ်သော အာပတ်သည်သာ၊ သစိတ္တကံ သစိတ္တကတည်း၊ ဝါ စိတ်နှင့်တကွ သင့်ရောက်ခြင်းရှိသော အာပတ်တည်း၊ သေသာ ကြွင်းသော အသားတို့ကို စားခြင်းကြောင့် သင့်ရောက်အပ်သော အာပတ်တို့သည်၊ အစိတ္တကာ အစိတ္တကတို့တည်း၊ ဣတိ မအပ်သောအသားနှင့်စပ်၍ မှတ်ဖွယ်အပြီးတည်း။

သစိတ္တက၊ အစိတ္တက။ ။ ဥဒ္ဒိဿကတမံသကို ပညတ်တော်မူရာ၌ "ဇာနံ သိလျက်"ဟု မိန့်တော်မူသောကြောင့် "ဥဒ္ဒိဿကတမံသ"ဟု သိသော စိတ်ရှိလျက် စားမှ အာပတ်သင့်၏၊ ကြွင်းသော အသားတို့၌ လူသား, ဆင်သားစသည်ဖြင့် မသိသော်လည်း စားလျှင် အာပတ်သင့်၏။ ထို့တွင် လူသားအတွက် ထုလ္လစ္စည်း ဟု ပညတ်တော်မူ၏၊ ကျန်သော အသားတို့အတွက်ကား ဒုက္ကဋ် အာပတ် ဟု ပညတ်တော်မူသည်။ ဘေသဇ္ဇက္ခန္ဓကရှု (ခုဒ္ဒသိက္ခာ ဘာသာဋီကာ၊ အကပ္ပိယမံသနိဒ္ဒေသ၊ ၁၇၁။)

ဣမေသံ မနုဿာဒီနံ ဒသန္နံ မံသမ္ပိ အဋ္ဌိပိ လောဟိတမ္ပိ စမ္မမ္ပိ လောမမ္ပိ သဗ္ဗံ န ဝဋ္ဋတိ၊ ယံကိဉ္စိ ဉတွာ ဝါ အညတွာ ဝါ ခါဒန္တဿ အာပတ္တိယေဝ၊ ယဒါ ဇာနာတိ၊ တဒါ ဒေသေတဗ္ဗာ။ "အပုစ္ဆိတွာ ခါဒိဿာမိ"တိ ဂဏှတော ပဋိဂ္ဂဟဏေ ဒုက္ကဋ်၊ "ပုစ္ဆိတွာ ခါဒိဿာမိ"တိ ဂဏှတော အနာပတ္တိ။ ဥဒ္ဒိဿ ကတံ ပန ဇာနိတွာ ခါဒန္တဿေဝ အာပတ္တိ၊ ပစ္ဆာ ဇာနန္တော အာပတ္တိယာ န ကာရေတဗ္ဗောတိ။ (ဝိ၊ဋ္ဌ၊၃၊ ၃၇၆။)

- ။ လူ,ခွေး,မြင်း,ဆင်၊ သစ်,ကျား,ခြင်၊ ဝံလျှင်, အောင်း,မြွေမျိုး။
- ။ ရိုး,ရေ,သား,သွေး၊ အမွေးတို့ပါ၊ မသုံးရာ၊ ဆယ်ဖြာ အသားမျိုး။
- ။ လူမှာ ထုလ္လစ္စည်း၊ အကြွင်းဒုက္ကဋ်၊ ထောပတ်တမူ၊ သားဆီဟူ၊ လူကြဉ် သုံးအပ် ကိုး။
- ။ ဆင်ခြင်မဲ့ပါ၊ ဆယ့်တဖြာ၊ အာပတ် အစိတ်မျိုး။
- ။ သိတင်းငါးရပ်၊ ရည်၍သတ်၊ မအပ် ထိုအသား။
- ။ မြင်ခြင်း,ကြားခြင်း၊ ယုံမှားခြင်း၊ ကင်းစေ စွန်းသုံးပါး။

(ဝိနယသံခိပ်၊ အကပ္ပိယအသားမျိုး။)

။ ။ ။ ။ ။

# မန္တလေးမြို့ အဘယာရာမရွှေဂူတိုက် ဒုတိယမြောက် အဘယာရာမဆရာတော်ဘုရားကြီး၏ စေတိယသန္တက ဝိနိစ္ဆယ

ယော ပန သံဃိကဝလ္လိမတ္တမ္ပိ အဂ္ဂဟေတွာ အာဟရိမေန ဥပကရဏေန သံဃိကာယ ဘူမိယာ ပုဂ္ဂလိကဝိဟာရံ ကာရေတိ၊ ဥပမုံ သံဃိကံ ဟောတိ၊ ဥပမုံ ပုဂ္ဂလိကံ။ ပါသာဒေါ စေ ဟောတိ၊ ဟေဋ္ဌာပါသာဒေါ သံဃိကော၊ ဥပရိ ပုဂ္ဂလိကော။...စသည်။ (ဝိ၊ ဋ္ဌ၊ ၄၊ သေနာသနက္ခန္ဓက၊ ၈၆။)

သံဃိကသန္တကမြေပေါ်၌ ပုဂ္ဂလိကသစ်ဝါးစသော အဆောက်အဦဖြင့် ဆောက်လုပ်အပ်သော ပုဂ္ဂလိကကျောင်းသည် "ဥပမုသံဃိက, ဥပမုပုဂ္ဂလိက"ဖြစ်၏။ စေတိယသန္တကမြေပေါ်၌ ဆောက်လုပ်အပ်သောကျောင်းသည်လည်း ထိုနည်းအတူ "ဥပမုစေတိယသန္တက, ဥပမုပုဂ္ဂလိက"ဖြစ်သည်ဟူ၍ ယူဆထိုက် ယူဆသင့်သည်။ အဋ္ဌကထာ, ဋီကာအဆိုအမိန့်မရှိခဲ့တကားဟူငြားအံ့။ ဆိုလတ္တံ့သာဓကတို့ကို ထောက်ထားသောအားဖြင့် စေတိယသန္တကသည် သံဃိကသန္တကထက် ဂရုကာတဗ္ဗ အလေးပြုအပ်ရကား..ယခင်အဓိပ္ပါယ်ကို သိလောက်တန်ရာပြီဖြစ်သောကြောင့် အဋ္ဌကထာ, ဋီကာတို့၌ ယခင်အဓိပ္ပါယ်ကို သီးခြား မဆိုတော့ပြီ၊ အဋ္ဌကထာ,ဋီကာတို့၏သဘောတံထွာ ဓမ္မတာတည်း။

ထိုမှတပါးတုံလည်း လဟုကသံဃိကသန္တကပက္ခ၌ ဥပမုသံဃိက, ဂရုကာတဗ္ဗစေတိယသန္တကပက္ခ၌ကား ပုဂ္ဂလိက ဤသို့ ဆိုခြင်းငှါ အလျှင်းပင် မသင့်သည်ကိုလည်း သတိပြု နှလုံးသွင်း ဆင်ခြင်ပါလေဦး။

တတ္ထ စေတိယဿ ဝါ သံဃဿ ဝါ သန္တကေန စေတိယဿ သန္တကံ ရက္ခာပေတုံ ဝဋ္ဋတိ၊ စေတိယဿ သန္တကေန သံဃဿ သန္တကံ ရက္ခာပေတုံ န ဝဋ္ဋတိ။ ယံ ပန စေတိယဿ သန္တကေန သဒ္ဓိံ သံဃဿ သန္တကံ ဌပိတံ ဟောတိ၊ တံ စေတိယသန္တကေ ရက္ခာပိတေ ရက္ခိတမေဝ ဟောတီတိ ဧဝံ ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၁။ ၃၁၃။ ဒုတိယပါရာဇိကသိက္ခာပုဒ်၊ ဥပနိဓိကထာအဖွင့်။)

စေတိယဿ ပဒီပတ္ထာယ ဝါ ခဏ္ဍဖုလ္လပ္ပဋိသင်္ခရဏတ္ထာယ ဝါ ဒိန္နော အာရာမော ပဋိဇဂ္ဂိတဗ္ဗော။ ဝေတ္တနံ သန္တကမ္ပိ ဇဂ္ဂါပေတဗ္ဗော။ ဝေတ္တနဥ္စ ပနေတ္ထ စေတိယသန္တကမ္ပိ သံဃသန္တကမ္ပိ ဒါတုံ ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၁၊၃၄၁။ ဝိနယသင်္ဂဟဋ္ဌကထာ၊ ၄၃၃။)

သံဃိကေန ဟိ အပလောကေတွာ စေတိယကိစ္စံ ကာတုံ ဝဋ္ဋတိ၊ စေတိယဿ သန္တကေန အပလောကေတွာပိ သံဃိကကိစ္စံ ကာတုံ န ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၄၊ ၂၅၄။ ပရိဝါအဋ္ဌကထာ၊ ကမ္မဝဂ်။)

သံဃိကေနာပိတိ န ကေဝလဉ္စ တတြုပ္ပါဒတော ပစ္စယဒါယကေဟိ စတုပစ္စယတ္ထာယ သံဃဿ ဒိန္နဝတ္ထုနာပိတိ အတ္ထော။ (ဝိမတိ၊ ၂၊ ၃၁၈။)

ဤသာဓကတို့ကို ထောက်ထားသောအားဖြင့် စေတိယသန္တကသည် သံဃိကသန္တကထက် ဂရုကာတဗ္ဗဖြစ်သည်ကို သိအပ်၏။

ဆယ်ဖို့တဖို့

သံဃိကာနိ ဘိက္ခဝေ ဗီဇာနိ ပုဂ္ဂလိကာယ ဘူမိယာ ရောပိတာနိ ဘာဂံ ဒတွာ ပရိဘုဉ္ဇိတဗ္ဗာနိ။ ပုဂ္ဂလိကာနိ ဘိက္ခဝေ ဗီဇာနိ သံဃိကာယ ဘူမိယာ ရောပိတာနိ ဘာဂံ ဒတွာ ပရိဘုဉ္ဇိတဗ္ဗာနိ။ (ဝိ၊ ၃၊ ၃၄၈။)

ဘာဂံ ဒတွာတိ ဒသဘာဂံ ဒတွာ။ ဣဒံ ကိရ ဇမ္ဗုဒီပေ ပေါရာဏကစာရိတ္တံ။ တသ္မာ ဒသ ကောဋ္ဌာသေ ကတွာ ဧကော ကောဋ္ဌာသော ဘူမိသာမိကာနံ ဒါတဗ္ဗော။ (ဝိ၊ဋ္ဌ၊ ၃၊ ၃၈၄။)

ဒသဘာဂံ ဒတွာတိ ဒသမဘာဂံ ဒတွာ။ တေနေဝါဟ "ဒသ ကောဋ္ဌာသေ ကတွာ ဧကော ကောဋ္ဌာသော ဘူမိသာမိကာနံ ဒါတဗ္ဗော"တိ။ (သာရတ္ထ၊ ၃၊ ၃၃၃။)

ဣဒံ ဤသို့ မြေပိုင်ရှင်အား ဆယ်စုတစ်စုပေးရခြင်းသည်၊ ဇမ္ဗုဒီပေ ဇမ္ဗူဒိပ် ဣန္ဒိယတောင်ပိုင်း၌၊ ပေါရာဏကစာရိတ္တံ ကိရ မနု, မဟာသမ္မတစသော မင်းဟောင်းမင်းကောင်းမင်းမြတ်တို့၏အလေ့အကျင့် သဘောတံထွာ ဓမ္မတာထုံးတမ်းပုံစံ သက်သေဖြစ်သတတ်။ (အဋ္ဌကထာ အံ့ပေး။)

ဒသ ကောဋ္ဌာသေ ကတွာ စသော အဋ္ဌကထာပါဌ်ဖြင့် ဒသဘာဂံ ၌ ဒသပုဒ်၏"ဒသန္နံ ပူရဏော ဒသော" ပူရဏတဒ္ဓိတ်ပြု၍ မဟာဝုတ္တိဖြင့် အပစ္စည်းသက်၍ ပြီးသည်၏အဖြစ်ကို သိစေ၏။ (ဋီကာ အဓိပ္ပါယ် ဥပေါ်သထော စတုဒ္ဒသော စသည်၌ကဲ့သို့တည်း။)

သံဃိကမျိုးစေ့ကို ပုဂ္ဂလိကမြေပေါ်၌ စိုက်ပျိုးသော် ဆယ်စုတစုကို မြေပိုင်ရှင်အား ပေး၍ ကျန်သည်တို့ကို စိုက်ပျိုးသူ အလိုရှိတိုင်းသုံးဆောင်ထိုက်၏။ ပုဂ္ဂလိကမျိုးစေ့ကို သံဃိကမြေပေါ်၌ စိုက်ပျိုးသော် ဆယ်စုတစုကို သံဃာအား ပေး၍ ကျန်သည်တို့ကို စိုက်ပျိုးသူအလိုရှိတိုင်း သုံးဆောင်ထိုက်၏။(ပါဠိ, အဋ္ဌကထာအဓိပ္ပါယ်)

စေတိယသန္တကမြေပေါ်စိုက်ပျိုးရာ၌လည်း ထိုနည်းဆိုခဲ့တိုင်း ပြုကျင့်အပ်၏။ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန်အဆို တိုက်ရိုက်မရှိတကားဟူငြားအံ့ - စေတိယသန္တကမြေပေါ် ကျောင်းဆောက်လုပ်ခြင်း၌ ဝိနိစ္ဆယအတိုင်းပင် မှတ်အပ်၏။

စေတိယသန္တကကို မည်သူတစ်ယောက်မျှ အစိုးတရ ပြုခွင့်မရှိ၊ ဂေါပကလူရဟန်းတို့သည် အစောင့်အရှောက်မျှသာ ဖြစ်သောကြောင့် ၎င်းတို့ပြောဆိုတိုင်း မပြုသင့်ပါ-စေတီအားထိုက်သောပစ္စည်းများကို ယထာရဟပြုအပ်၏၊ သစ်သီးကြီးငယ်များကို စေတိယ ဝတ်ပြု၍ သုံးဆောင်အပ်၏၊ စေတီ စေတီအိမ်-တန်ဆောင်း ပြုပြင်လောက်က ပြုပြင်သင့်၏၊ သစ်ဝါးစသည်များကို ရောင်းချဖလှယ်၍ စေတီပြုပြင် စေတီအိမ်, စေတီကျောင်းစသည်ကို ဆောက်လုပ်အပ်၏။

မန္တလေးမြို့ အနောက်ပြင် အဘယာရာမရွှေဂူတိုက် ဒုတိယမြောက် အဘယာရာမဆရာတော်ဘုရားကြီး၏စေတိယသန္တကနှင့် ပတ်သက်သည့် ဝိနယဝိနိစ္ဆယကို ၁၃၃၅-ခု တော်သလင်းလဆန်း(၁၄)ရက်နေ့တွင် လက်ခံရရှိသည်။

## မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီး၏<br>ဗုဒ္ဓသန္တကဝိနိစ္ဆယ

"ဗုဒ္ဓသန္တကမြေပေါ်တွင် မိမိပိုင်မျိုးစေ့တို့ဖြင့် စိုက်ပျိုး၍ ပေါက်ရောက်ဖြစ်ပွားလာသော သီးနှံများကို အသုံးပြုရာ၌"သံဃိကမြေပေါ်တွင် ပုဂ္ဂလိကမျိုးစေ့စိုက်ပျိုး၍ ပေါက်ပွားလာသော အသီးအပွင့်စသည်ကို သုံးဆောင်စီမံရာ၌ ပြုကျင့်ရသကဲ့သို့ ပြုကျင့်ရမည်-ဟုအမိန့်ရှိပါသည်။

၎င်းသံဃိကမြေ၌ ပုဂ္ဂလိကမျိုးစေ့စိုက်ပျိုး၍ ပေါက်ရောက်လာသော အသီးအပွင့်စသည်ကို အသုံးပြုရာ၌ ပြုကျင့်ရသောထုံးမှာ ပုဂ္ဂလိကာနိ ဗီဇာနိ သံဃိကာယ ဘူမိယာ ရောပိတာနိ ဘာဂံ ဒတွာ ပရိဘုဉ္ဇိတဗ္ဗာနိ။ (ဝိ၊ ၃၊ ၃၄၈။ ဝုမပဗ္ဗဇိတဝတ္ထု။)

ဘာဂံ ဒတွာတိ ဒသမဘာဂံ ဒတွာ။ ဇ္ဇာဒံ ကိရ ဇမ္ဗုဒီပေ ပေါရာဏကစာရိတ္တံ။ တသ္မာ ဒသ ကောဋ္ဌာသေ ကတွာ ဧကော ကောဋ္ဌာသော ဘူမိသာမိကာနံ ဒါတဗ္ဗော။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၈၄။ ဝိနယသင်္ဂဟအဋ္ဌကထာ၊ ၄၆၂။)

ဤအထက်ပါ ထုံးစံအတိုင်း ရရှိလာသော ဝတ္ထုပစ္စည်းကို ဆယ်ပုံပုံ၍ တပုံကို မြေရှင်စေတီအား လှူပြီး, ၉ ပုံကို မိမိသုံးဆောင်ခွင့်ရှိသည်ဟု မိန့်ကြားပါသည်ဘုရား။

အကယ်၍ မြေကလည်း ဗုဒ္ဓသန္တက, မျိုးစေ့ကလည်း ဗုဒ္ဓသန္တကဖြစ်ခဲ့ပါမူ...

တတ္ထ ယံ သတ္ထု ဒိန္နံ၊ တံ ကိံ ကာတဗ္ဗန္တိ? ယော သတ္ထာရံ ပဋိဇဂ္ဂတိ ဝတ္တသမ္ပန္နော ဘိက္ခု၊ တဿ ဒါတဗ္ဗံ။ ပိတုသန္တကမ္ပိ ပုတ္တဿ ပါပုဏာတိ၊ ဘိက္ခုသံဃဿ ဒါတုမ္ပိ ဝဋ္ဋတိ၊ သပ္ပိတေလာနိ ပန ဂဟေတွာ ဒီပါ ဇလိတဗ္ဗာ၊ သာဋကံ ဂဟေတွာ ပဋာကာ အာရောပေတဗ္ဗာ။ (မ၊ဋ္ဌ၊ ၄၊ ၂၂၅။ ဒက္ခိဏာဝိဘင်္ဂသုတ်အဖွင့်။)

ပဋိမာယ ဝါ စေတိယဿ ဝါ ပုရတော အာဓာရကေ ပတ္တံ ဌပေတွာ ဒက္ခိဏောဒကံ ဒတွာ ဗုဒ္ဓါနံ ဒေမာတိ၊ တတ္ထ ယံ ပဌမံ ခါဒနီယံ ဘောဇနီယံ ဒေန္တိ၊ ဝိဟာရံ ဝါ အာဟရိတွာ ဇ္ဇာဒံ စေတိယဿ ဒေမာတိ ပိဏ္ဍပါတဉ္စ မာလာဂန္ဓာဒီနိ စ ဒေန္တိ၊ တတ္ထ ကထံ ပဋိပဇ္ဇိတဗ္ဗန္တိ? မာလာဂန္ဓာဒီနိ တာဝ စေတိယေ အာရောပေတဗ္ဗာနိ၊ ဝတ္ထေဟိ ပဋာကာ တေလေန ပဒီပါ ကာတဗ္ဗာ၊ ပိဏ္ဍပါတမဓုဖာဏိတာဒီနိ ပန ယော နိဗဒ္ဓစေတိယဇဂ္ဂကော ဟောတိ ပဗ္ဗဇိတော ဝါ ဂဟဋ္ဌော ဝါ၊ တဿေဝ ဒါတဗ္ဗာနိ။ နိဗဒ္ဓဇဂ္ဂကေ အသတိ အာဟဋဘတ္တံ ဌပေတွာ ဝတ္တံ ကတွာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ ဥပကဋ္ဌေ ကာလေ ဘုဉ္ဇိတွာ ပစ္ဆာပိ ဝတ္တံ ကာတုံ ဝဋ္ဋတိယေဝ။ (ဝိ၊ ဋ္ဌ၊၃၊၄၂၄။)

၎င်းအထက်ပါ အဋ္ဌကထာများလာ စကားအတိုင်း ဝတ္တသမ္ပန္နဖြစ်အောင် စေတိယပဋိဇဂ္ဂနအမှုပြုကျင့်ကာ သုံးဆောင်ရမည် ဟု အမိန့်ရှိပါသည်ဘုရား။

မင်းကွန်း ဓမ္မနာဒတိုက် ဘုန်းကြီးဦးဝေပုလ္လ၏ ရန်ကုန် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း မဟာတိလောကာရုံဆရာတော် ဦးတိလောကသို့ ပေးစာမှ...၁၃၃၅-ခု နတ်တော်လဆန်း(၃)ရက်။

## မတသန္တကနှင့်စပ်သွယ် သိမှတ်ဖွယ်

မိမိပိုင် သန္တကတို့ကို အခြားသူအား မအပ်မထားသော ကျောင်းထိုင်ဆရာတော်တပါး ပျံလွန်တော်မူခဲ့သော် ၎င်း၏သန္တကတို့နှင့်ပင် အန္တိမ အဂ္ဂိဈာပနပွဲကျင်းပကြသော ဒါယကာတို့အား...

(၁) သံဃိကပစ္စည်းကို သုံးသည် မည်, မမည်၊ မည်ခဲ့သော် မည်သည့်အပြစ်။

(၂) ထိုမတသန္တကသံဃိကပစ္စည်းကို သဘောတူ ပဝါရဏာပြုကြသည့် သံဃာလောက်က သုံးစွဲရန် ခွင့်ပြုနိုင်, မပြုနိုင်။

ဤပြဿနာ(၂)ချက် အဖြေထွက်ရန် လိုချင်ပါသည်။

ဤမေးခွန်း(၂)ချက်ကို ရန်ကုန် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း မဟာတိလောကာရုံ ဆရာတော် ဦးတိလောကက မေးသည်။

### မတသန္တကမှ အန္တိမအဂ္ဂိဈာပနသို့

အထက်ပါ ပြဿနာ(၂)ချက်၏အဖြေကိုရှာလျှင်...

တေန ခေါ ပန သမယေန အညတရော ဘိက္ခု ဗဟုဘဏ္ဍော ဗဟုပရိက္ခာရော ကာလင်္ကတော ဟောတိ။ ဘဂဝတော တေမတ္ထံ အာရောစေသုံ။ ဘိက္ခုဿ ဘိက္ခဝေ ကာလင်္ကတေ သံဃော သာမီ ပတ္တစီဝရေ၊ အပိ စ ဂိလာနုပဋ္ဌာကာ ဗဟူပကာရာ။ အနုဇာနာမိ ဘိက္ခဝေ သံဃေန တိစီဝရဉ္စ ပတ္တဉ္စ ဂိလာနုပဋ္ဌာကာနံ ဒါတုံ၊ ယံ တတ္ထ လဟုဘဏ္ဍံ လဟုပရိက္ခာရံ၊ တံ သမ္မုခီဘူတေန သံဃေန ဘာဇေတုံ၊ ယံ တတ္ထ ဂရုဘဏ္ဍံ ဂရုပရိက္ခာရံ၊ တံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကန္တိ။ (ဝိ၊ ၃၊ ၄၂၀ ၄၂၁)

တေန ခေါ ပန သမယေန ထိုအခါ၌၊ အညတရော-မထင်ရှားသော၊ ဘိက္ခု ရဟန်းသည်၊ ဗဟုဘဏ္ဍော များသောဘဏ္ဍာရှိသည်၊ ဗဟုပရိက္ခာရော များသောပရိက္ခရာရှိသည်၊ (ဟုတ္វာ -ဖြစ်၍၊) ကာလင်္ကတော သေသည်၊ ဟောတိ ဖြစ်၏၊ ဘဂဝတော မြတ်စွာဘုရားအား၊ တေမတ္ထံ ထိုအကြောင်းကို၊ အာရောစေသုံ -လျှောက်ထားကြကုန်၏၊ ဘိက္ခဝေ ရဟန်းတို့၊ ဘိက္ခုဿ ရဟန်း၏၊ ကာလင်္ကတေ သေခြင်းကို ပြုခြင်းကြောင့်၊ ပတ္တစီဝရေ သပိတ် သင်္ကန်း၌၊ သံဃော သံဃာသည်၊ သာမီ ဥစ္စာရှင်တည်း၊ (ပိုင်ဆိုင်၏)၊ အပိ စ အမှန်ကတော့၊ ဂိလာနုပဋ္ဌာကာ လူနာ၏အလုပ်အကျွေးတို့သည်၊ ဗဟူပကာရာ များသော ကျေးဇူးရှိကုန်၏၊ (ကျေးဇူးများကုန်၏)၊ ဘိက္ခဝေ ရဟန်းတို့၊ သံဃေန သံဃာသည်၊ တိစီဝရဉ္စ သင်္ကန်းသုံးထည်ကိုင်း၊ ပတ္တဉ္စ သပိတ်ကို၎င်း၊ ဂိလာနုပဋ္ဌာကာနံ လူနာ၏အလုပ်အကျွေးတို့အား၊ ဒါတုံ ပေးခြင်းငှါ၊ အနုဇာနာမိ ငါဘုရားခွင့်ပြုတော်မူ၏၊ တတ္ထ ထိုဘဏ္ဍာ, ပရိက္ခရာတို့တွင်၊ ယံ လဟုဘဏ္ဍံ အကြင်လဟုဘဏ်သည်၎င်း၊ ယံ လဟုပရိက္ခာရံ-အကြင်လဟုပရိက္ခရာသည်၎င်း၊ (အတ္ထိ ရှိ၏)၊ တံ ထိုလဟုဘဏ်, လဟုပရိက္ခရာကို၊ သမ္မုခီဘူတေန သံဃေန မျက်မှောက်ဖြစ်သောသံဃာသည်၊ ဘာဇေတုံ ဝေဖန်ခြင်းငှါ၊ (အနုဇာနာမိ ငါဘုရားခွင့်ပြုတော်မူ၏)၊ တတ္ထ ထိုဘဏ္ဍာ, ပရိက္ခရာတို့တွင်၊ ယံ ဂရုဘဏ္ဍံ အကြင်အမြတ်ပြုအပ်သော ဘဏ္ဍာသည်၎င်း၊ (အကြင်ဂရုဘဏ်သည်၎င်း)၊ ယံ ဂရုပရိက္ခာရံ အကြင်အလေးအမြတ်ပြုအပ်သော ပရိက္ခရာသည်၎င်း၊ (အကြင်ဂရုပရိက္ခရာသည်၎င်း)၊(အတ္ထိ ရှိ၏၊) တံ ထိုဂရုဘဏ်, ဂရုပရိက္ခရာကို၊အာဂတာနာဂတဿ ရောက်လာပြီး, မရောက်လာသေးသော၊ စာတုဒ္ဒိသဿ အရပ်လေးမျက်နှာ၌ရှိသော၊ သံဃဿ သံဃာ၏(အတွက်)၊ အဝိဿဇ္ဇိကံ မစွန့်အပ်, မစွန့်ထိုက်၊ အဝေဘင်္ဂိကံ မဝေဖန်အပ်, မဝေဖန်ထိုက်၊ ဣတိ ဤသို့ မိန့်တော်မူပြီ။

ဟူသော မဟာဝါပါဠိတော်, စီဝရက္ခန္ဓက, မတသန္တကကထာ အရ ...

မတသန္တကသံဃိကအမွေဥစ္စာကား (၁) ပတ္တစီဝရ(သပိတ် သင်္ကန်း), (၂) လဟုဘဏ်, (၃) ဂရုဘဏ် ဟူ၍ သုံးမျိုးပြား၏။

အမွေခံ ပုဂ္ဂိုလ်လည်း (၁) ဂိလာနုပဋ္ဌာက, (၂) သမ္မုခီဘူတသံဃာ, (၃) စာတုဒ္ဒိသသံဃာ ဟူ၍ သုံးမျိုးပင် ပြား၏။

တိစီဝရပတ္တအဝသေသလဟုဘဏ္ဍဂရုဘဏ္ဍဝသေန အာမိသဒါယဇ္ဇံ တိဝိဓံ ဟောတိ။ တေသု တိစီဝရပတ္တံ ဂိလာနုပဋ္ဌာကဿ ဘာဂေါ ဟောတိ၊ အဝသေသလဟုဘဏ္ဍံ သမ္မုခီဘူတသံဃဿ၊ ပဉ္စဝီသတိဂရုဘဏ္ဍံ စာတုဒ္ဒိသသံဃဿ။ (ဝိနယာလင်္ကာရ၊ ၃၊ ၃၅။)

အမွေဥစ္စာ(၁) ပတ္တစီဝရသည် အမွေခံ(၁) ဂိလာနုပဋ္ဌာကနှင့်၎င်း, အမွေဥစ္စာ(၂) လဟုဘဏ်သည် အမွေခံ(၂) သမ္မုခီဘူတသံဃာနှင့်၎င်း,အမွေဥစ္စာ(၃) ဂရုဘဏ်သည် အမွေခံ (၃) စာတုဒ္ဒိသသံဃာနှင့်၎င်း အသီးအသီး သက်ဆိုင်သောကြောင့် မအပ်မထား ပျံလွန်တော်မူသွားသော ဆရာတော်၏ပစ္စည်းစုသည် သံဃိကပင် ဖြစ်သော်လည်း ပတ္တစီဝရတို့သည် ဂိလာနုပဋ္ဌာကတို့အား ရထိုက်သော ပစ္စည်းများဖြစ်၍ကျန်လဟုဘဏ်, ဂရုဘဏ်ပစ္စည်းတို့ကိုသာ စိစစ်ရပေမည်။

မှတ်ချက်။ ။ [ဂိလာနုပဋ္ဌာကမရှိခဲ့သော် ပတ္တစီဝရကို လဟုဘဏ်ပစ္စည်းမျိုး၌ ထည့်သွင်းရမည်။]

ထိုပစ္စည်း(၂)မျိုးတွင်လည်း ဂရုဘဏ်ပစ္စည်းသည် မစွန့်ကောင်း မခွဲခြမ်းမဝေဘန်ကောင်းသော အဝိဿဇ္ဇိယ, အဝေဘင်္ဂိယ ပစ္စည်းမျိုးဖြစ်၍ အန္တိမအင်္ဂါရပ်ပွဲကျင်းပရန်အတွက် သုံးစွဲဖို့ ဘယ်သံဃာကမှ ခွင့်မပြုနိုင်ပါ။
လဟုဘဏ်ပစ္စည်းကိုတော့...

သစေ အာဝါသေ မရတိ၊ တဿ ပတ္တစီဝရမတ္တမေဝ ဥပဋ္ဌကဿ ဂစ္ဆတိ၊ သစေပိ အဝသေသံ ကပ္ပိယဘဏ္ဍံ ဝါ အကပ္ပိယ ဘဏ္ဍံ ဝါ သမဏာနံ အနုရူပံ ဝါ အနနုရူပံ ဝါ ဝေဘင်္ဂိကံ ဝါ အဝေဘင်္ဂိကံ ဝါ နိဿဂ္ဂိယံ ဝါ အနိဿဂ္ဂိယံ ဝါ၊ သဗ္ဗံ တံ သံဃ သန္တကမေဝ ဟောတိ၊ ယထာဓမ္မေန ပဋိပဇ္ဇိတဗ္ဗံ။ (ဝိနယဂုဠှတ္ထဒီပနီ။ )

မတကဿ ဟိရညာဒိအကပ္ပိယဘဏ္ဍံ ဟောတိ၊ ဥဂ္ဂဟိတံ စေတံ ဟောတိ၊ ဥဂ္ဂဟိတေ ဝုတ္တနယေန ပဋိပဇ္ဇိတဗ္ဗံ၊ ဓမ္မေန ဥပ္ပန္နံ စေ၊ ကပ္ပိယကာရကာနံ အာစိက္ခိတဗ္ဗော။ (ဝဇိရဗုဒ္ဓိ၊ ၄၉၉။)

အညေသံ အဒတွာ ဒူရေ ထပိတပရိက္ခာရာပိ တတ္ထ သံဃဿေဝ ဟောန္တိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၄၁၅။)

ဝေဘန်အပ်သော ကပ္ပိယဘဏ္ဍာဖြစ်အံ့ ကျောင်းတိုက်တွင်း၌ရှိသော သမ္မုခီဘူတသံဃာအား ဝေဘန်အပ်၏။ နိဿဂ္ဂိယ သက်န်း စသောဝတ္ထုဖြစ်အံ့ "ဣဒ္ဓတ္ထန္နာမော ဘန္တေ ဘိက္ခု ကာလင်္ကတော၊ တဿ ဘန္တေ ဣဒံ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ"အစရှိသည်ဖြင့် ရဟန်းတစ်ပါးကို သမုတ်၍ စွန့်ရမည်။ ရွှေငွေအစရှိသော အကပ္ပိယဝတ္ထုဖြစ်အံ့ "ဣတ္ထန္နာမော ဘန္တေ ဘိက္ခုကာလင်္ကတော၊ သော ရူပိယံ ပဋိဂ္ဂဟေသိ၊ ဣဒံ တဿ နိဿဂ္ဂိယံ၊ ဣမာဟံ နိဿဇ္ဇာမိ"ဟု သမ္မုတိရ ရဟန်းတစ်ပါး ကို စွန့်စေရမည်၊ စွန့်ပြီးလျှင် ရူပိယပဋိဂ္ဂဟသိက္ခာပုဒ်၌ ဆိုအပ်သောနည်းဖြင့် ကျင့်ရမည်။ တရားတော်နှင့်လျော်သဖြင့်ဖြစ်သော ရွှေ ငွေအစရှိသောအကပ္ပိယပစ္စည်းဖြစ်အံ့ ကပ္ပိယကာရကတို့အား ကြားရမည်။

သူတပါးတို့အား မပေးမစွန့်ပဲ အဝေး၌ထားအပ်သော ပရိက္ခရာတို့သည် ထိုထိုကျောင်းတိုက်၌ရှိသည်ဖြစ်အံ့၊ ထိုထိုကျောင်းတိုက် ၌ရှိသော သမ္မုခီဘူတသံဃာက ရထိုက်၏။

ဟူသော အဆိုအမိန့်တို့အရ...သမ္မုခီဘူတသံဃာနှင့်သက်ဆိုင်သည်ဖြစ်၍ သံဃာကို ပန်ကြားလျက် သံဃာစိတ်သဘော တူညီကြလျှင် ထိုမတသန္တကလဟုဘဏ်ပစ္စည်းတို့နှင့် အန္တိမအင်္ဂါရပ်ပွဲကျင်းပနိုင်ပါသည်။

အဋ္ဌကထာ, ဋီကာတို့၌ တိုက်ရိုက် မလာရှိသော်လည်း "သံဃိကေန ဟိ အပလောကေတွာ စေတိယကိစ္စံ ကာတုံ ဝဋ္ဋတိ"သံဃာ ကို ပန်ကြား၍ စေတိယကိစ္စကို ပြုခြင်းငှါ အပ်ကြောင်း ပရိဝါအဋ္ဌကထာ(၂၅၄)စကားကို နယဂ္ဂါဟပြုပြီး ဤနေရာ၌လည်း သ ဘောတူညီညွတ်ပါက အပ်သည်ဟု ဆိုရပါမည်။

[သံဃိကဖြစ်သော မတကပုဂ္ဂိုလ်၏ဥစ္စာပရိက္ခရာများတွင် လဟုဘဏ်ဖြစ်သော ပစ္စည်းဥစ္စာ ပရိက္ခရာတို့ကို သံဃာကို ပန် ကြား၍ သံဃာစိတ်သဘောညီကြလျှင် ထိုမတကပုဂ္ဂိုလ်အား သင်္ဂြိုဟ်ခြင်းကိစ္စကို ပြုခြင်းငှါ အပ်သည်၏အဖြစ်ကိုကား အဋ္ဌကထာ ဋီ ကာတို့၌ တိုက်ရိုက် မလာ၊ ထိုသို့ မလာသော်လည်း "သံဃိကေန ဟိ အပလောကေတွာ စေတိယကိစ္စံ ကာတုံ ဝဋ္ဋတိ"ဟု သံဃာကို ပန်ကြား၍စေတိယကိစ္စကို ပြုခြင်းငှါ အပ်ကြောင်းကို ပရိဝါအဋ္ဌကထာ၌လာသောကြောင့် အပ်၏ဟူ၍ပင် သိအပ်၏။ ဂရုဘဏ်ဖြစ် မှု အဝေဘင်္ဂိက, အဝိဿဇ္ဇိကဖြစ်သောကြောင့် မအပ်။ (ဝိနယသမုဟဝိနိစ္ဆယ၊ ပဥ္စမတွဲ၊ ၈၀။)]

ထို့ကြောင့် မိမိပိုင် သန္တကတို့ကို မအပ်မထား ပျံလွန်တော်မူသွားသော ဆရာတော်၏ပစ္စည်းတို့သည် မတသန္တကသံဃိက ပစ္စည်းများဖြစ်၍ ထိုပစ္စည်းတို့နှင့် အန္တိမအင်္ဂါရပ်ပွဲကျင်းပကြသော ဒါယကာတို့အား..

(၁) သံဃိကပစ္စည်းကို သုံးစွဲသည်မည်ပါသည်၊ သံဃိကပစ္စည်းကို သုံးသည်အတွက် ဒါယကာတို့၏စိတ်ဓာတ်ကို လိုက်၍ အပြစ်ထိုက်ပါသည်။

(၂) ထိုမတသန္တကသံဃိကပစ္စည်းများတွင် လဟုဘဏ်ပစ္စည်းများကို သဘောတူ ပဝါရဏာပြုကြသည် (သမ္မုခီဘူတ)သံဃာ လောက်က သုံးစွဲရန် ခွင့်ပြုနိုင်ပါသည်။ ဂရုဘဏ်ပစ္စည်းကိုတော့ ခွင့်မပြုနိုင်ပါ။

ဆိုခဲ့ပြီးလာ၊ ပြဿနာ၂ ချက်၊ အဖြေတွက်၊ လိုကွက် ဖြေပါသည်။

လိုလျှင်ထည့်ဖွက်၊ ပိုလျှင်ဖျက်၊ ဉာဏ်သက် မဟာထေရ်။

၁၃၃၈ ခု တန်ဆောင်မုန်းလဆုတ်(၉)ရက် တနင်္ဂနွေနေ့ ည၉ နာရီ ၅၀ မိနစ် (၁၁/၁၄/၇၆)။

## ပဥ္စမ နောက်ဆက်တွဲ မေးခွန်း

"မတသန္တကမှ အန္တိမအင်္ဂါရပ်နသို့"ခေါင်းစဉ်ပါ ဝိနိစ္ဆယစာတမ်းကို ကောင်းစွာ ရှုကြည့်ရ၍ ကျေးဇူးတင်ပါသည်။ ထို ဝိနိစ္ဆယတို့တွင်...

(၁) တံ သမ္မုခီဘူတေန သံဃေန ဘာဇေတုံ။ (ဝိ၊ ၃၊ ၄၂၁) ဤပါဠိအပိုင်း၌ သမ္မုခီဘူတသံဃာအရ အပိုင်းအခြားလိုမည် ထင်သည်၊ သိလိုပါ၏။

(၂) ပျံလွန်တော်မူစဉ် သမ္မုခီဘူတသံဃာကား မရှိခဲ့၊ ပျံလွန်တော်မူပြီးနောက်မှ ရောက်လာကြသည့် သံဃာတော်များကို သမ္မုခီဘူတသံဃာ ဟု ဆိုနိုင်မည်လား? မကွဲပြား၊ သိလို၏တချက်။

(၃) သံဃိကေန ဟိ အပလောကေတွာ စေတိယကိစ္စံ ကာတုံ ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၄။ ၂၅၄။)

ဤအဋ္ဌကထာအရ သူရှိတိုင်း ရှင်း၏၊ ၄င်း၌ ဆက်လက်၍ "စေတိယဿ သန္တကေန အပလောကေတွာပိ သံဃိကကိစ္စံ ကာတုံ န ဝဋ္ဋတိ။ တာဝကာလိကံ ပန ဂဟေတွာ ပါကတိကံ ကာတုံ ဝဋ္ဋတိ"ဟု လာသော စကားအရ...

<u>သံဃိကေန အပလောကေတွာပိ ပုဂ္ဂလိကကိစ္စံ ကာတုံ န ဝဋ္ဋတိ</u> -ဟူ၍ အဋ္ဌကထာဘောဂရှိခဲ့သော် ဘယ်လိုပါလဲ?

ဤကား မဟာတိလောကာရုံဆရာတော်၏ဒုတိယမေးခွန်းလွှာ (သို့မဟုတ်) နောက်ဆက်တွဲ မေးခွန်းများဖြစ်၏။

## နောက်တွဲအတွက် ဖြေလွှာဆက်

တေန ခေါ ပန သမယေန အညတရော ဘိက္ခု ဥတုကာလံ ဧကော ဝသိ။ တတ္ထ မနုဿာ "သံဃဿ ဒေမာ"တိ စီဝရာနိ အဒံသု။ ပ။ သော ဘိက္ခု တာနိ စီဝရာနိ အာဒါယ သာဝတ္ထိံ **ဂန္တွာ** ဘိက္ခူနံ ဧတမတ္ထံ အာရောစေသိ၊ ဘိက္ခူ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ' ဘိက္ခဝေ သမ္မုခီဘူတေန သံဃေန ဘာဇေတုံ။ (ဝိ၊ ၃၊ ၄၁၄။)

တာနိ စီဝရာနိ အာဒါယ သာဝတ္ထိံ **ဂန္တ္ဝာတိ** ဧတ္ထ တာနိ စီဝရာနိ ဂတာဂတဋ္ဌာနေ သံဃိကာနေဝ ဟောန္တိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၄၁၁။)

ရဟန်းတစ်ပါးသည် ဆောင်းနွေဟူသော ဥတုကာလဝယ် တစ်ပါးတည်းနေရာ လူတို့က "သံဃဿ ဒေမ"ဟု သင်္ကန်းတို့ကို လှူခဲ့၏၊ ထိုရဟန်းသည် "သံဃဿ"ဟု ဆိုသောစကားပိုဒ်ကို သံသယရှိ၍ ထိုသင်္ကန်းတို့ကိုယူကာ သာဝတ္ထိသို့ သွားပြီးလျှင် ရဟန်းတို့အား လျှောက်၏၊ ရဟန်းတို့က ဘုရားရှင်အား ထိုအကြောင်းကို လျှောက်ထားပေးကြသောအခါ ဘုရားရှင်က "(ရောက်ရာအရပ်၌)သမ္မုခီဘူတသံဃာသည် ခွဲဝေယူခြင်းငှါ ခွင့်ပြုတော်မူ၏"ဟူသော မိန့်ခွန်းတော်တချက်။

ဣဓ ပန ဘိက္ခု ဥတုကာလံ ဧကော ဝသတိ၊ တတ္ထ မနုဿာ "သံဃဿ ဒေမာ"တိ စီဝရာနိ ဒေန္တိ၊ အနုဇာနာမိ ဘိက္ခဝေ တာနိ စီဝရာနိ အဓိဋ္ဌာတုံ "မယှိမာနိ စီဝရာနီ"တိ။ (ဝိ၊ ၃၊ ၄၁၄။)

ဥတုကာလ၌ ရဟန်းတစ်ပါးတည်းပင်နေရာ လူတို့က "သံဃဿ ဒေမ"ဟု သင်္ကန်းတို့ကို လှူကြ၏။ "ဤသင်္ကန်းတို့သည် ငါ့အား ရောက်ကုန်၏"ဟု အဓိဋ္ဌာန်ပြုယူလျှင် ထိုရဟန်းတပါးအားသာ ရထိုက်သည် ဟု မိန့်ခွန်းတော်တချက်။

တဿ စေ ဘိက္ခဝေ ဘိက္ခုနော တံ စီဝရံ အနဓိဋ္ဌိတေ အညော ဘိက္ခု အာဂစ္ဆတိ၊ သမကော ဒါတဗ္ဗော ဘာဂေါ။

တေဟိ စေ ဘိက္ခဝေ ဘိက္ခူဟိ တံ စီဝရံ ဘာဇိယမာနေ အပါတိတေ ကုသေ အညော ဘိက္ခု အာဂစ္ဆတိ၊ သမကော ဒါတဗ္ဗော ဘာဂေါ။

တေဟိ စေ ဘိက္ခဝေ ဘိက္ခူဟိ တံ စီဝရံ ဘာဇိယမာနေ ပါတိတေ ကုသေ အညော ဘိက္ခု အာဂစ္ဆတိ၊ နာကာမာ ဒါတဗ္ဗော ဘာဂေါ။ (ဝိ၊ ၃၊ ၄၁၄။)

အဓိဋ္ဌာန်ပြု၍ မယူခင် တစ်ပါးသောရဟန်းလာသည်ရှိသော် ထိုရဟန်းအား ဖို့တူပေးရမည် ဟူသော အချက်တချက်။

ရှိနှင့်သောရဟန်းတို့က စာရေးတံမချခင် ရောက်လာသောရဟန်းအားလည်း ဖို့တူပေးရမည် ဟူသော အချက်တချက်။

စာရေးတံချပြီးမှ ရောက်လာသောရဟန်းအား မပေးလိုက အဖို့ဘာဂမပေးပဲ နေနိုင်သည် (ပေးလိုကလည်း ပေးနိုင်သည် [အတ္တာပနန္ဒနည်း] ဟူသော အချက်တချက်။

အညတရသ္မိံ အာဝါသေ ဒွေ ဘိက္ခူ ဝသန္တိ၊ တတ္ထ ဧကော ကာလကတော၊ ဣတရော တဿ ပရိက္ခာရံ အပါပေတွာ တံ ထေယျစိတ္တေန ဂဏှာတိ၊ သံဃသန္တကံ ဂဟိတံ ဟောတိ၊ ဘဏ္ဍဋ္ဌေန ကာရေတဗ္ဗော၊ အနာဝါသေ ဂဏှာတိ၊ န ကာရေတဗ္ဗော အသာမိကဿ ဂဟိတတ္တာ။ (ဝိဓိရုပ္ပိ၊ ၄၉၉။)

ကျောင်းတကျောင်း၌ ရဟန်း၂ ပါးနေကြရာ တပါးပျံလွန်၍ ကျန်ရှိသောတပါးက ပျံလွန်သူရဟန်း၏ပရိက္ခရာကို (ငါ့အားရောက်၏ ဟူသော အဓိဋ္ဌာန်နည်းဖြင့် မယူပဲ) ထေယျစိတ်ဖြင့် ယူသည်ရှိသော် သံဃသန္တကကို ယူသည်မည်သောကြောင့် "ဘဏ္ဍဋ္ဌ" ဖြင့်ဆုံးဖြတ်ရမည်။ ရဟန်းတို့အမြဲနေရာ မဟုတ်သော အိမ်, တောစသော အနာဝါသအရပ်၌ မတသန္တကပရိက္ခရာကို ထေယျစိတ်ဖြင့်ယူသော်လည်း ကျောင်းအာရာမ်ဖြင့် ပိုင်းခြားခြင်း, စောင့်ရှောက်ခြင်း မရှိသောကြောင့် သံဃသမ္မုခမဖြစ်မီအတွင်း "အသာမိက"

ဖြစ်သင့်သည်ဖြစ်၍ ဘဏ္ဍာဠဖြင့် မဆုံးဖြတ်ရ။

ဤနေရာ၌ တစုံတယောက်သောသူအား မပေးမအပ်ခဲ့သော မတသန္တကပစ္စည်းသည် မုခအားဖြင့် သံဃသန္တကဖြစ်သင့်ပါသော်လည်း ကျောင်းအာရာမ်ဖြင့်ပိုင်းခြားခြင်း, စောင့်ရှောက်ခြင်း မရှိသောကြောင့် အနာဝါသအရပ်၌ မတသန္တကသည် သံဃသမ္မုခမဖြစ်မီအတွင်း အသာမိကဖြစ်သည်၊ သံဃသမ္မုခဖြစ်လျှင် သသာမိက သံဃသန္တကဖြစ်သည် ဟု ရည်ရွယ်ရင်း ဋီကာအာဘောဂရှိသောအချက်တချက်။

ဝိနယသမုဟဝိနိစ္ဆယကျမ်း (ပဋ္ဌမတွဲ) မတသန္တကဝိနိစ္ဆယ (နှာ ၉၉ ၁၀၀)၌ စံကျောင်းဆရာတော်ဘုရားကြီးကလည်း..........

ဥတုကာလတ္တေ ဝဿာနတော အညံ ကာလံ၊ တာနိ စီဝရာနိ အာဒါယ သာဝတ္တိံ **ဂန္တွာတိ** ဗွေ တာနိ စီဝရာနိ ဂတဂတဋ္ဌာနေ သံဃိကာနေဝ ဟောန္တိ။ (ဝိ၊ ၄၊ ၃၊ ၄၁၁။)

အနမိဋ္ဌဟိတွာဝ တာနိ စီဝရာနိ ဂဟေတွာ အညံ ဝိဟာရံ ဥဒ္ဒိဿ ဂစ္ဆတိ၊ တတ္ထ ဘိက္ခူဟိ စ သဒ္ဓိံ ဘာဇေဿာမိတိ၊ တာနိ စီဝရာနိ ဂတဂတဋ္ဌာနေ သံဃိကာနေဝ ဟောန္တိ။ (ဝိနယသင်္ဂဟဋ္ဌကထာ၊ ၂၅၉။)

"တစ်စုံတစ်ယောက်သောသူတို့သည် ဝိနည်းအရာ၌ မလိမ္မာ၍ ရဟန်းသာမဏေတို့သေဆုံးရာ ကျောင်းတိုက်, ကျောင်းမဟုတ်ရာအရပ်တို့၌ မတသန္တကသံဃိကပရိက္ခရာများကို ဝေဘန်ခွဲခြားဓိဋ္ဌာန်ခြင်းကို မပြုပဲ သကသညာဥစ္စာ ဟု မှတ်ထင်ခြင်းစိတ်သဘောဖြင့် တစ်ပါးသော ဥပစာရသိမဝိဟာရများသို့ သွားကြကုန်၏၊ ထိုမတသန္တကသံဃိကပရိက္ခရာများသည် လဟုဘဏ်ပရိက္ခရာဖြစ်အံ့၊ ဂတဂတဋ္ဌာန၌ သမ္မုခီဘူတသံဃိကဘဏ္ဍာဖြစ်လေတော့သည်၊ ဂရုဘဏ်ပရိက္ခရာဖြစ်အံ့၊ ဂတဂတဋ္ဌာန၌ စတုဒိသာ (စာတုဒ္ဒိသ)သံဃိကဖြစ်လေတော့သည်-ဟူ၍ အမြဲမှတ်ယူသင့်သည်"ဟုဆုံးဖြတ်တော်မူသော အချက်တချက်။

ထိုထို အချက်ပေါင်းများစွာတို့ကို ထောက်ထားလျှင်...

(၁) အချက်သိလိုတာနှင့်ပတ်သက်၍....သမ္မုခီဘူတသံဃာအရ ပျံလွန်တော်မူစဉ်က ရှိနှင့်သော သံဃာရော နောက်မှရောက်လာသော သံဃာပါ "သမ္မုခီဘူတသံဃာ"လို့ ယူရပါမည်။ အဘယ့်ကြောင့် ဆိုသော်...ပျံလွန်တော်မူချိန်၌ ရဟန်းရှိမှု, မရှိမှုက ပဓာနမဟုတ်ပဲ (ရှိသော်လည်း ယူတတ်မှုရမည်, မယူတတ်က မရနိုင်၊ မယူတတ်ပဲ ယူမိက ဘဏ္ဍာဠ(သို့မဟုတ်)ဘဏ္ဍာဒေယျဖြင့်ပင် ဆုံးဖြတ်ခံရမည်)အဓိဋ္ဌာန်ဖြင့်ယူချိန်, ဝေဖန်ခွဲခြမ်းချိန်တို့သာ ပဓာနလိုရင်းဖြစ်သောကြောင့်တည်း။ ထိုအချိန်တို့၌ ရှိသောသံဃာကိုသာ "သမ္မုခီဘူတသံဃာ"လို့ ခေါ်ဆိုရပါမည်။

(၂) အချက်သည် (၁)အချက်၌ ပါဝင်ပြီးဖြစ်ပါသည်။

(ပျံလွန်တော်မူစဉ် သမ္မုခီဘူတသံဃာမရှိခဲ့သော် ပျံလွန်တော်မူပြီးမှ ရောက်လာကြသည် သံဃာတော်များကိုပင် "သမ္မုခီဘူတသံဃာ"ဟု ဆိုရပါမည်။)

(၃) အချက် ...ပျံလွန်တော်မူသော ဆရာတော်၏ရုပ်ကလာပ် အန္တိမအဂ္ဂိရှာပနပွဲကို "ပုဂ္ဂလိကကိစ္စ"ဟူ၍ ဆိုခြင်းထက် ကြွရောက်၍ ပြီးမြောက်အောင် ချီးမြှောက်တော်မူကြသော "သမ္မုခီဘူတသံဃာတော်တို့နှင့်သက်ဆိုင်သောကိစ္စ"ဟူ၍ သတ်မှတ်လျှင် ပိုပြီးလျော်ကန်မည်ဖြစ်သောကြောင့် "နာကာမာ ဒါတဗ္ဗော ဘာဂေါ (ကာမာ ပန ဒါတဗ္ဗော ဧဝ)"ဟူသောပါဠိတော်ကို နယဂ္ဂါဟပြု၍ သမ္မုခီဘူတသံဃာတော်တို့အပေါ်မှာသာ တည်နေပါတော့သည်။

ထို့ကြောင့် သမ္မုခီဘူတသံဃာက မတသန္တကလဟုဘဏ်ပစ္စည်းများဖြင့် အန္တိမအဂ္ဂိရှာပနပွဲကို ပြုလုပ်နိုင်ပါသည်။

၁၃၃၈ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက် (၁၁/၁၆/၇၆) ဗုဒ္ဓဟူးနေ့ ညနေ ၃:၅၀ အချိန်တွင် ဝိနိစ္ဆယတစ်ခု ရေးပြီးသည်။

## ဒုတိယ နောက်ဆက်တွဲ အမေးပုစ္ဆာ

နောက်တွဲအဆက် ဖြေရှင်းချက်စာတမ်း၌ အချို့အဆိမ့်နှင့်တူသော ပါဠိ+အဋ္ဌကထာ+ဋီကာတည်းဟူသော အဆိုအမိန့်တွေနှင့် မြိုင်လှ၏, ခိုင်လှ၏၊ သို့သော်...

အပညတ္တံ န ပညပေတဗ္ဗံ၊ ပညတ္တံ ဝါ န သမုစ္ဆိန္ဒိတဗ္ဗံ၊ ယထာ ပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိတဗ္ဗံ။ (ဝိ၊၁၊၃၃၇။)

ပညတ်တော်မူသည့်အတိုင်း ကျင့်လို၍၄င်း, အပိုအလိုမရှိ၊ ဗုဒ္ဓဘုရားရှင်၏အလိုတော်မိမိ သိလို၍၄င်း၊ ထို့ပြင်

အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။
အထညံ မနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။ (ဓမ္မပဒ၊ ၃၇။)

ဘာသာရပ်တစ်ခုတွင် မိမိကိုယ်တိုင် ကြေညက်ပါမှ ပညာရှိအလယ် တင့်တယ်နိုင်မည်၊ သူတထူး လက်ခံနိုင်မည်၊ ဤသဘောကိုနှစ်နှစ်ကာကာ ယုံကြည်လေးစား အရေးထားသောကြောင့်ငှင်း ပြဿနာပြုလုပ် အမေးပုစ္ဆာ ထုတ်ရဦးတော့မည်။

ယထာ ဟိ သုနခေါ နာမ အသမ္ဘိန္နခီရပက္ကပါယာသံ သပ္ပိနာ ယောဇေတွာ ဥဒရပူရံ ဘောဇိတောပိ ဂူထံ ဒိသွာ အခါဒိတွာ ဂန္တုံ န သက္ကာ၊ အခါဒမာနော ဃာယိတွာပိ ဂစ္ဆတိ၊ အဃာယိတွာ ဝ ဂတဿ ကိရဿ သီသံ ရုဇ္ဇတိ။(မ၊ ဋ္ဌ၊ ၂၊ ၁၉၃။)

ပါဠိ+အဋ္ဌကထာ+ဋီကာတနည်း အာစရိယလဒ္ဓိကိုပါမှီးလျက် အပြီးဝိနိစ္ဆယ ငါချပါသော်လည်း အလိုတော်မကျ စောဒက စကား မဆိုရပြောအုံ၊ လားလားမှမပြီး ခေါင်းကိုက်မည့်အရှင်ကြီးပဲဟူ၍ စွဲမည်ဘေး ကြောက်ရသေး၏။

<u>ဝိနိစ္ဆယစာတမ်း</u>၌ (၁) ဝေဖန်ခွဲခြားချိန်, အဓိဋ္ဌာန်ဖြင့်ယူချိန်တို့သာ ပစာနလိုရင်းဖြစ်သောကြောင့်တည်း၊ (၂) ကွင်းအတွင်းစာသား၌ ရှိသော်လည်း ယူတတ်မှရမည်၊ မယူတတ်က မရနိုင်၊ မယူတတ်ပဲ ယူမိပါက ဘဏ္ဍဂ္ဃဖြင့်ပင် ဆုံးဖြတ်ခံရမည် ဤစကားကား ပေါ့သယောင်နှင့်လေး၏၊ တိမ်မယောင်နှင့်နက်၏၊ ထို့ကြောင့်...တံ သမ္ပုဒိဘူတေန သံဃေန ဘာဇေတုံ (ဝိ၊၃၊၄၂၀) ဤပါဠိတော်၌ "တံ သမ္ပုဒိဘူတေန အဓိဋ္ဌဟိတွာ ဘာဇေတုံ"ဟူ၍ လာရှိလျှင်၊ ဝါ ဗုဒ္ဓဟောကြားလျှင် ပေသလဘိက္ခုတို့အတွက် အကျိုးထွက်မည်။

န ဟိ ဗုဒ္ဓါနံ ဒေသနာယ အာလသိယံ အတ္ထိ။ (ဝဇိရဗုဒ္ဓိ၊ ၄၅၆။)

ဗုဒ္ဓဘုရားရှင်တို့မည်သည် ဒေသနာတော်ကို ဟောကြားခြင်း၌ ပျင်းရိမှုမရှိခဲ့သည် မဟုတ်လော? ထို့ကြောင့် သဇီဝနှင့် နိဇ္ဇီဝ ကွဲပြားအောင် ဝိနိစ္ဆယချပါအုံး။

ငှင်းနောက် အနာဝါသေ ဂစ္ဆာတိ၊ န ကာရေတဗ္ဗော၊ အဿာမိကဿ ဂဟိတတ္တာ။(ဝဇိရဗုဒ္ဓိ၊ ၄၉၉။)ထုတ်ပြပါဠိ၊

တတ္ထ တတ္ထ သံဃဿေဝါတိ တသ္မိံ တသ္မိံ ဝိဟာရေ ဌိတဿ သံဃဿေဝ၊ ဣဒံ ဝိဟာရေ ဌပိတပရိက္ခာရေ သန္ဓာယ ဝုတ္တံ။ သစေ ဂါမေ ဝါ အရညေ ဝါ ဌပိတာ ဟောန္တိ၊ သကလော ၀ သံဃော ဣဿရော၊ ကသ္မာ? သံဃဿေဝ ဒါယဇ္ဇဘာဝတော။ (ပါစိတျာဒိယောဇနာ၊ ၃၈၇။)

ဂါမ, အရည (ဝါ) အနာဝါသ၌ဖြစ်သော်လည်း "သဿာမိက"ပင် မဟုတ်လား? ဋီကာမရှင်း လင်းပါအုံး။

## ဒုတိယနောက်ဆက်တွဲ ကောက်ချက်ချအဖြေ

ပဋ္ဌမ်နောက်ဆက်တွဲ ကောက်ချက်လဲ မရေရာ။
ထေရ်ဆရာထွေထူး စိတ်ကူးသဇ္ဇာ။ ။
Secondက ထောက်ကွက်ပါ နောက်တက်လာမှာတော့ မမျှော်မှန်း။
ဉာဏ်နဲ့သည့် သည်ကလေး သွေးလန့်ခမန်း။ ။

တံ သမ္ပုဒိဘူတေန သံဃေန ဘာဇေတုံ။ (ဝိ၊ ၃၊ ၄၂၀။)ဟူသော ဗုဒ္ဓဟောကြားချက်ဟာ လိုကွက်ရှိတယ် မထင်ပါ။ သမ္ပုဒိဘူတသံဃာဆိုလျှင် "ဘာဇေတုံ(ခွဲခြမ်းဝေဖန်)"မှ ရပါသည်။ "အဓိဋ္ဌာတုံ [အဓိဋ္ဌဟိတွာ] (အဓိဋ္ဌာန်ပြု)"လို့ မရပါဘူး။

သမ္ပုဒိဘူတပုဂ္ဂိုလ်ဆိုလျှင်တော့ "အနုဇာနာမိ ဘိက္ခဝေ တေန ဘိက္ခုနာ တာနိ စီဝရာနိ အဓိဋ္ဌာတုံ" (ဝိ၊ ၃၊ ၄၁၄) အရ "အဓိဋ္ဌာန်ယူလို့ ရပါသည်။

ပါဠိတော်ကို ဆရာတော်ဖြည့်စွက်ချင်သည်ဆိုလျှင်တော့ တံ သမ္ပုဒိဘူတေန ပုဂ္ဂလေန အဓိဋ္ဌာတုံ ဝါ သံဃေန ဘာဇေတုံ ဝါ ဟူ၍ ဖြည့်စွက်တော်မူပါ။ ဒါတောင် ဝါ သဒ္ဒါကို သမုစ္စယတ္ထမကြံပဲ ဝိကပ္ပနတ္ထကြံမှ ဖြစ်ပါမည်။

ငှင်းနောက် "အညတရသ္မိံ အာဝါသေ ဒွေ ဘိက္ခူ ဝသန္တိ။ ပ။ အနာဝါသေ ဂစ္ဆာတိ၊ န ကာရေတဗ္ဗော အဿာမိကဿ ဂဟိတတ္တာ"(ဝဇိရဗုဒ္ဓိ၊ ၄၉၉) အနာဝါသ၌ မတာသန္တကပစ္စည်းကို အဿာမိက ဟု ဋီကာဆိုသည်မှာ သံဃသမ္ပုခမဖြစ်မီ အခိုက်အတန့်ကို စွဲ၍ ဆိုသောစကားမျှ ဖြစ်ပါသည်။

သစေ ဂါမေ ဝါ အရညေ ဝါ ဌပိတာ ဟောန္တိ၊ သကလော ၀ သံဃော ဣဿရော ဆိုသော ပါစိတျာဒိယောဇနာစကားကလည်း ဂါမ, အရည အနာဝါသ၌ မတာသန္တကပစ္စည်းရှိသောနေရာသို့ ဘယ်ရဟန်းသံဃာမျှ မရောက်လာသေးသောအချိန်ကို စွဲ၍ ဆိုသော စကားဖြစ်ပါသည်။

သာမန်အားဖြင့် ကြည့်မည်ဆိုလျှင်တော့ ဋီကာစကားနှင့်ယောဇနာစကားဟာ ကွဲပြားခြားနားနေသည်ဟု ထင်ရသည်၊

အမှန်ကတော့ မခြားနားပါ၊ "သကလောဝ သံဃော ဣဿရော"ဟု ဆိုသော်လည်း "ဆိုင်သာဆိုင် မပိုင်ဘူး"ဆိုသောစကားလိုပါပဲ။ ...ဘာကြောင့်လဲ ဆိုတော့

အနဇ္ဈာနာမိ ဘိက္ခဝေ။ ပ။ သမ္မုခီဘူတေန သံဃေန ဘာဇေတုံ။ (ဝိ၊ ၃၊ ၄၂၀ ၄၂၁။)

သမ္မုခီဘူတေနာတိ ဥပစာရသီမာယ ဋ္ဌိတေန သံဃေန ယဏ္ဍိ ပဟရိတွာ ကာလံ ဃောသေတွာ ဘာဇေတဗ္ဗံ။ သီမဋ္ဌဿ ( ဥပစာရသိမ်အတွင်း၌ တည်သော) အသမ္ပတ္တဿာပိ (ဝေစုဝေရာသို့ ရောက်မလာသော ရဟန်း၏လည်း) ဘာဂံ ဂဏှန္တော န ဝါရေ တဗ္ဗော။ (ဝိ၊ ၄၊ ၃၊ ၄၂၀။)

မတကစီဝရံ အဓိဋ္ဌာတီတိ ဧတ္ထ မဂ္ဂံ ဂစ္ဆန္တော တဿ ကာလကိရိယံ သုတွာ အဝိဟာရဋ္ဌာနေ စေ ဒွါဒသရတနဗ္ဘန္တရေ အညေသံ ဘိက္ခုနံ့ အဘာဝံ ဥတွာ "ဣဒံ စီဝရံ မယှံ ပါပုဏာတီ"တိ အဓိဋ္ဌာတိ၊ သွာမိဋ္ဌိတံ။ (သာရတ္ထ၊ ၃၊ ၃၄၃။)

စသော ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ကို ကြည့်လျှင် သီမဋ္ဌ၌ မတသန္တကပစ္စည်းကို မျက်မှောက်၌ သံဃာရှိလျှင် သံဃာ ကခွဲဝေယူနိုင်ခြင်း, ပုဂ္ဂိုလ်ရှိလျှင် ပုဂ္ဂိုလ်က အဓိဋ္ဌာန်၍ယူနိုင်ခြင်း။ အနာဝါသအရပ်၌လည်း မတသန္တကပစ္စည်းကို တစ်ဆယ့်နှစ် တောင်အတွင်း၌ ပုဂ္ဂိုလ်ရှိလျှင် ထိုပုဂ္ဂိုလ်က အဓိဋ္ဌာန်ပြု၍ ယူလို့ရခြင်း, သံဃာရှိလျှင် ထိုသံဃာက ဝေဖန်ခွဲခြမ်းယူလို့ရခြင်း...စ သော အကြောင်းအချက်တို့ကို ထောက်ဆ၍ "ဆိုင်သာဆိုင် မပိုင်ဘူး"ဟု ဆိုရပါမည်။

ဥပမာတစ်ခုပြရလျှင် အရွယ်ရောက်ပြီးတဲ့အမျိုးသမီးတစ်ယောက် ဆိုကြပါစို့...အိမ်ထောင်မကျ, လက်မထပ်ရသေးခင် ထို အမျိုးသမီးကို မည်သည့်အမျိုးသားကမဆို ပိုင်ဆိုင်ခွင့်ရှိပါသည်၊ တိတိကျကျ ပိုင်ရှင်တစ်ယောက်က မသတ်မှတ်ရသေး, အိမ်ထောင်မ ကျ လက်မထပ်ရသေးတဲ့အပေါ်မှာတော့ ကာမပိုင်လင်ရှိတယ်, အိမ်ထောင်ရှင်မ ဖြစ်တယ် လို့ မဆိုနိုင်ပါ။

ဥပမာတစ်နည်းပြောရလျှင် လမ်းပေါ်မှာရှိနေတဲ့ ပိုင်ရှင်မဲ့ ပစ္စည်းများတစ်လုံးဆိုကြပါစို့ ဒီပစ္စည်းများကို ဘယ်သူမှ မ တွေ့သေးလျှင် (တွေ့ရုံသာတွေ့၍ ကောက်မယူရသေးလျှင်) အရှင်ရှိတယ်လို့ မဆိုနိုင်ပါဘူး၊ ဒါပေမဲ့ သူသူငါငါကတော့ ရပိုင်ခွင့်ရှိ ပါတယ်။

ဤဥပမာတွေလိုပါပဲ...အနာဝါသအရပ်မှာရှိသော မတသန္တကပစ္စည်းဟာလဲ အများသံဃာနှင့် ဆိုင်တော့ဆိုင်ပါတယ်၊ ပိုင် ဆိုင်ခွင့်လဲ ရှိပါတယ်။ သို့ပေမဲ့ တိတိကျကျ ပိုင်ဆိုင်အောင်လုပ်တတ်သူ ပိုင်ရှင်ရဟန်းပုဂ္ဂိုလ်, သံဃာမရှိသေးလို့ (မရှိသေးတဲ့ အခိုက်အတန့်မို့)"အဿာမိက"လို့ ဆိုလိုတာပါ။

ထို့ကြောင့်.....ဝရိရဗုဒ္ဓိဋီကာစကားနှင့် ပါစိတျာဒိယောဇနာစကားတို့ မဆန့်ကျင်ကြပါဘူရား။

ခက်သဗျာ ဆက်စရာ ကုန်လို့။
ဉာဏ်နသည့် သည်ကလေး တွေးနံ့သမို့။ ။
ထွေထွေရာ စာပေရပ် မွေတတ်တဲ့ မြတ်ဆရာ။
ဦးနှောက်ကို ခြောက်အောင်ပြု ရှုတတ်သဗျာ။ ။
ဟုတ်တယ်တော့ ထင်ရာ ဉာဉ်မှာတော့ မှတ်စွဲ။
ထေရ်ဆရာ ရှခင်း ပြုခြင်းသာပဲ။ ။
စာသဘင် ကြာရင်တော့ သည်ကလေး။
ဦးနှောက်ထွေ ဝေကာမူး ရူးလိမ့်မယ်လေး။ ။

၁၃၃၈ ခု တန်ဆောင်မုန်းလဆုတ် (၁၄)ရက် (၁၁/၁၉/၇၆) သောကြာနေ့ည ၈း၃၀ အချိန်တွင် ရေးပြီးသည်။

သေခါနီး စိတ်ဖြင့်သာ ပေးခဲ့လျှင် သံဃာသာပိုင်

မရဏသမယေ ဝတ္တုံ အသဟန္တော စေ စိတ္တေနေဝ ဒေတိ၊ ပုညံ ပသဝတိ၊ သံဃောဝ တဿ သာမီ။ (ဝဇိရ၊ ၄၉၉။)

မတကရဟန်း၏ရွေငွေ ကပ္ပိယကာရကအား ပြောကြားရမည်။ မတကဿ ဟိရညာဒိအကပ္ပိယဘဏ္ဍံ ဟောတိ၊ ဥဂ္ဂဟိတံ စေတံ ဟောတိ၊ ဥဂ္ဂဟိတေ ဝုတ္တနယေန ပဋိပဇ္ဇိတဗ္ဗံ။ ဓမ္မေန ဥပ္ပန္နံ စေ၊ ကပ္ပိယကာရကော အာစိက္ခိတဗ္ဗော။ (ဝဇိရ၊ ၄၉၉။)

မတကရဟန်း၏ကျွန်ကို သံဃာမပိုင်...ဒါသော စ ဂဟိတော ဟောတိ၊ န သံဃော သာမီ။ (ဝဇိရ၊ ၄၉၉။)
မတကရဟန်း၏အာရာမ်စောင့်ကို သံဃာပိုင်...အာရာမိကော စ၊ သံဃော သာမီ။ (ဝဇိရ၊ ၄၉၉။)

မတကရဟန်း၏ကျွဲနွားစသည်-ကျောင်းတိုက်တွင်း၌ သံဃာပိုင်၊ တိုက်အပ၌ သံဃာမပိုင်

ဂါဝိမဟိံသီအာဒယော ဟောန္တိ၊ အာဝါသဂတာနံ သံဃော သာမီ၊ အနာဝါသဂတာနံ န သံဃော သာမီ။ သံဃော စ အာဝါသံ အာနေတွာ အတ္တနော သန္တကံ ကတွာ ပစ္ဆာ သမိပေ ဗဟိသီမာယ ဋ္ဌပေတိ၊ ကာရကသံဃော သာမီ၊ တထာ အာရာမိကေ။ (ဝဇိရ၊၄၉၉)

ဥပနိက္ခေပပစ္စည်း(အပ်နှံထားသော ပစ္စည်း)

မသေမီ အပ်နှံထားသောပစ္စည်းကို အပ်နှံထားရာ ပုဂ္ဂိုလ်သည် ပိုင်၏၊ အပ်ထားရာတွင် မပါဝင်သောပစ္စည်းများကိုကား သံဃာသည် ပိုင်၏။

မတကဿ ပရိက္ခာရော နိက္ခေပဝသေန ဌပိတော ဟောတိ၊ သောဝ(အပ်နှံထားရာ ပုဂ္ဂိုလ်သည်) သာမီ၊ မဟဂ္ဃေါ စ ဟောတိ၊ သေသဿ သံဃော သာမီ။ (ဝဇိရ၊ ၄၉၉။)

## သုဒိန္နနှင့်သုဂ္ဂဟိတ

ကထံ ပန ဒိန္နံ ဟောတိ? ကထံ ဂဟိတံ?

"ဣမံ တုယှံ ဒေမိ ဒဒါမိ ဒဇ္ဇာမိ ဩဏောဇေမိ ပရိစ္စဇာမိ ဝိဿဇ္ဇာမိ နိဿဇ္ဇာမိ"တိ ဝါ (သမ္မုခ)

"ဣတ္ထန္နာမဿ ဒေမိ။ ပ။ နိဿာဇ္ဇာမိ"တိ ဝါ (ပရမ္မုခ) ဝဒတိ၊ သမ္မုခါပိ ပရမ္မုခါပိ ဒိန္နံယေဝ ဟောတိ။ (သုဒိန္နမြောက်သည်)။

"တုယှံ ဂဏှာဟီ"တိ ဝုတ္တေ "မယှံ ဂဏှာမိ"တိ ဝဒတိ (သုဂ္ဂဟိတမြောက်သည်)။

သုဒိန္နံ သုဂ္ဂဟိတဉ္စ။ (ဝိ၊ ဋ္ဌ၊ ၂။ ၂၃၁။ ပဌမကထိနသိက္ခာပုဒ်။)

ပန ပရိဟာရပက္ခမှတပါး စောဒကပက္ခကို ဆိုဦးအံ့၊ ကထံ ဒိန္နံ ဟောတိ အဘယ်သို့လျှင် ပေးအပ်သနည်း၊ ကထံ ဂဟိတံ အဘယ်သို့လျှင် ယူအပ်သနည်း၊ ဣမံ ဤသင်္ကန်းကို၊ တုယှံ သင်အား၊ ဒေမိ ပေးပါ၏၊ (ဣတိဝါ ဤသို့သော်လည်းကောင်း၊) ဒဒါမိ (ဣတိ ဝါ)၊ ဒဇ္ဇာမိ (ဣတိ ဝါ)၊ ဩဏောဇေမိ စွန့်ပါ၏၊ (ဣတိ ဝါ)၊ ပရိစ္စဇာမိ (ဣတိ ဝါ)၊ ဝိဿဇ္ဇာမိ (ဣတိ ဝါ)၊ နိဿဇ္ဇာမိ စွန့်ပါ၏၊ ဣတိ ဝါ၊ ဣတ္ထန္နာမဿ ဤမည်သောသူအား၊ [မျက်ကွယ်၌ နေသူကို ရည်ရွယ်၍ဆိုသည်။] ဒေမိ၊ (ဣတိဝါ)။ပ။ ဝဒတိ ဆိုအံ့၊ သမ္မုခါပိ မျက်မှောက်၌လည်းကောင်း၊ ပရမ္မုခါပိ မျက်ကွယ်၌လည်းကောင်း၊ ဒိန္နံယေဝ ဟောတိ ပေးအပ်သည်သာဖြစ်၏၊ တုယှံ သင့်ဖို့၊ ဂဏှာဟိ ယူလော့၊ ဣတိ ဝုတ္တေ ဤသို့ ဆိုအပ်သည်ရှိသော်၊ မယှံ ငါဖို့၊ ဂဏှာမိတိ ယူပါ၏ဟူ၍၊ ဝဒတိ ဆိုအံ့၊ သုဒိန္နံ ကောင်းစွာပေးအပ်သည်လည်းကောင်း၊ သုဂ္ဂဟိတဉ္စ ကောင်းစွာ ယူအပ်သည်လည်းကောင်း၊ ဟောတိ ဖြစ်၏။

ပေးခြင်းကိစ္စအထမြောက်သည်ကို "သုဒိန္န"ဟုလည်းကောင်း, ယူခြင်းကိစ္စအထမြောက်သည်ကို "သုဂ္ဂဟိတ"ဟုလည်းကောင်း ဆိုပါသည်၊ မျက်မှောက်၌ "သင့်အား[အရှင့်အား] ဤသင်္ကန်းပေးပါ၏"ဟုဖြစ်စေ "စွန့်ပါ၏"ဟုဖြစ်စေ ဆို၍ ပေးလျှင် "သုဒိန္န"ဖြစ်၏၊ မျက်ကွယ်ဖြစ်လျှင် မိမိပေးလိုရာပုဂ္ဂိုလ်၏နာမည်ကို ဖေါ်၍...ဥပမာ "ဦးဇောတိကအား ဤသင်္ကန်းကို ပေးပါ၏"ဟု ဖြစ်စေ"စွန့်ပါ၏"ဟုဖြစ်စေ ဆို၍ပေးလျှင် "သုဒိန္န"ဖြစ်၏၊ "သင့်ဖို့ ယူလော့"ဟု ဆိုလျှင်လည်း "သုဒိန္န"ပင်တည်း၊ ထိုသို့ သုဒိန္နဖြစ်သောဥစ္စာကို"တပည့်တော် [ငါ] ယူပါ၏"ဟု ဆိုလျှင် "သုဂ္ဂဟိတ"ဖြစ်တော့၏။(ပါရာဇိကဏ်ဘာသာဋီကာ၊ စတုတ္ထအုပ်၊ ၂၄၀။)

ပေးသူက "ပေး၏, စွန့်ပါ၏, ယူလော့"ဟု တစ်ခုခုဆိုလျှင် "သုဒိန္န"ဖြစ်၏။ ယူသူက"ယူပါ၏"ဟု ဆိုလျှင်"သုဂ္ဂဟိတ" ဖြစ်၏။ "သင့်ဥစ္စာပြုလော့"စသည်ဆိုလျှင် "ဒုဒ္ဒိန္န"ဖြစ်၏၊ "ငါ့ဥစ္စာပြုပါ၏"စသည်ဆိုလျှင် "ဒုဂ္ဂဟိတ"ဖြစ်၏။ "သင့်ဥစ္စာပြုလော့"ဟုဆိုလျှင် "ကောင်းပါပြီအရှင်ဘုရား, တပည့်တော်ဖို့ ယူပါ၏"ဟု ယူပါက "သုဂ္ဂဟိတ"ဖြစ်၏။

အပေးအယူပြုလုပ်ရာ၌ ပေးသူယူသူတို့ကို "ပေးပါ၏" "ယူပါ၏"ဟု နှုတ်ဖြင့် ဆိုစေပြီးမှ ထိုသို့ နှုတ်ဖြင့် မြွက်ဆို၍ ပေးကြောင်းယူကြောင်း စာချုပ်၌ ရေးရသည်။ ဤသို့ပြုလျှင် နောင်မရှုပ်နိုင်။

"ဣမံ တုယှံ ဒေမိ။ ပ။ ဒိန္နံယေဝ ဟောတိ။ "တုယှံ ဂဏှာဟီ"တိ။ ပ။ "မယှံ ဂဏှာမိ"တိ ဝဒတိ၊ သုဒိန္နံ, သုဂ္ဂဟိတဉ္စ။

"တဝ သန္တကံ ကရောဟိ၊ တဝ သန္တကံ ဟောတု၊ တဝ သန္တကံ ကရိဿသီ"တိ ဝုတ္တေ"မမ သန္တကံ ကရောမိ၊ မမ သန္တကံ ဟောတု၊ မမ သန္တကံ ကရိဿာမီ"တိ ဝဒတိ၊ ဒုန္နိန္နံ, ဒုဂ္ဂဟိတဉ္စ။ နေဝ ဒါတာ ဒါတုံ ဇာနာတိ၊ န ဣတရော ဂဟေတုံ။ သစေ ပန "တဝ သန္တကံ ကရောဟီ"တိ ဝုတ္တေ "သာဓု ဘန္တေ မယှံ ဂဏှာမီ"တိ ဂဏှာတိ၊ သုဂ္ဂဟိတံ။ (ဝိ၊ ၄၊ ၂၊ ၂၃၁။)

အပေးခံရသူ (ခ) ဝိဿာသဂ္ဂါဟက

သစေ ပန သော ဇီဝမာနောယေဝ သဗ္ဗံ အတ္တနော ပရိက္ခာရံ နိဿဇ္ဇိတွာ ကဿစိ အဒါသိ၊ ကောစိ ဝါ ဝိဿာသံ အဂ္ဂဟေသိ၊ ယဿ ဒိန္နံ ယေန စ ဂဟိတံ၊ တဿေဝ ဟောတိ။ (ဝိ၊ ၄၊ ၂၊ ၄၁၅။ မတသန္တကကထာ။)

ပန ဆက်၍ဆိုဦးအံ့၊ သော ထိုရဟန်းသည်(ပျံလွန်တော်မူသော ရဟန်းသည်)၊ ဇီဝမာနောယေဝ အသက်ရှင်စဉ်ပင်၊ သဗ္ဗံ အလုံးစုံသော၊ အတ္တနော မိမိ၏၊ ပရိက္ခာရံ ပရိက္ခရာကို၊ နိဿဇ္ဇိတွာ စွန့်၍၊ ကဿစိ တစုံတယောက်အား၊ သစေ အဒါသိ အကယ်၍ ပေးခဲ့ပြီးဖြစ်အံ့၊ ကောစိ ဝါ တစုံတယောက်သည်မူလည်း၊ ဝိဿာသံ အကျွမ်းဝင်သဖြင့်၊ (သစေ) အဂ္ဂဟေသိ အကယ်၍ ယူပြီးဖြစ်အံ့(ဧဝံ သတိ ဤသို့ ဖြစ်သည်ရှိသော်)၊ ယဿ အကြင်သူအား၊ ဒိန္နံ ပေးအပ်ပြီ၊ ယေန စ အကြင်သူသည်လည်း၊ ဂဟိတံ ယူအပ်ပြီ၊တဿေဝ ထိုသူ၏ဉစ္စာသည်သာ၊ (ပေးရာပုဂ္ဂိုလ်, ယူတတ်သောပုဂ္ဂိုလ်၏ဉစ္စာသည်သာ၊) ဟောတိ ဖြစ်၏။ (မဟာဝါဘာသာဋီကာ၊၂၈၈။)

သိတင်းသုံးဘော်, ဆရာသမားတို့ စုတေခါနီး

ဝိဿာသဂ္ဂါဟ ဟူသောအတတ်ကို အတတ်ကောင်းလုပ်၍ အလေ့အလာ မပြုသင့်ရာ။ သေခါနီးကို ပစ္စည်းတောင်းရမ်းခြင်း, ဝိဿာသဂ္ဂါဟယူခြင်း အလေ့အလာများကို သား, မြေး, မြစ် အစဉ်အဆက် အသက်ထက်ဆုံး ရှောင်ကြဉ်ကြရမည်၊ ရှောင်ကြဉ်နိုင်ကြစေကုန်သတည်း။ သေသောသူ၏မတသန္တကကို သူရသင့်, ငါရသင့် အမွေလုယက်ခြင်း အမှုကိုလည်း မပြုမိစေရ။ ပစ္စည်းပရိက္ခရာတွေကို စွန့်ပစ်ခဲ့၍ ထိုသူစုတေ သေလွန်ရှာသကဲ့သို့ ငါးလည်း စွန့်ပစ်စုတေ သေလွန်ရလိမ့်မည်တကားဟူ၍ သံဝေဂတရားကိုသာ တိုးပွါးအောင်နှလုံးသွင်းကုန်ရာသည်။ နှလုံးသွင်းနိုင်ကြစေကုန်သတည်း။ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ မတသန္တကဝိနိစ္ဆယ၊၉၆။)

፨ ፨ ፨ ፨ ፨

## ကျောင်းရေစက်ချနှင့်စပ်သွယ် သိမှတ်ဖွယ်

ဒါယကာတို့လျှောက်တိုင်း သုံးဆောင်နိုင်

ဒါယကာတို့က ပေးလှူသောအခါ၌ အဖိုးတသိန်းထိုက်သောကမ္ဗလာကိုပင် 'ခြေသုတ်ပုဆိုးပြု၍ သုံးဆောင်တော်မူကြပါ'ဟု လျှောက်ထား၍ လှူဒါန်းလျှင် ဒါယကာတို့လျှောက်တိုင်း သုံးဆောင်နိုင်သည်၊ ထို့အတူ 'ဤညောင်စောင်း, အင်းပျဉ်စသော သေနာသနပစ္စည်းကို လွင်တီးခေါင်း၌ပင် အလိုရှိတိုင်း သုံးဆောင်တော်မူကြပါ'ဟု လျှောက်ထားကြလျှင်လည်း ထိုသေနာသနပစ္စည်းများကို လွင်တီးခေါင်၌ထား၍ သုံးဆောင်နိုင်၏ ဟု ဆိုကြသည်။

"ဒါယကာတို့က 'ကိုယ်ဖြင့် တွေ့ထိ၍ အလိုရှိတိုင်း သုံးဆောင်တော်မူကြပါ'ဟု လျှောက်ထား၍ လှူအပ်သော သေနာသနပစ္စည်း, ညောင်စောင်း,အင်းပျဉ်စသည်ကိုလည်း ဒါယကာလျှောက်ထားတိုင်း သုံးစွဲသောသူအား အပြစ်မရှိ"ဟု မာတိကာအဋ္ဌကထာ သီဟိုဠ်ဂဏ္ဌိပဒ၌ဆိုအပ်သောကြောင့် ထိုကဲ့သို့ ဒါယကာလျှောက်ထားသည့်အတိုင်း သုံးစွဲသောရဟန်းအား အာပတ်မသင့်။

"ယသ္မာ ပန ဒါယကေဟိ ဒါနကာလေယေဝ သဟဿဂ္ဃနကမ္ပိ ကမ္ဗလံ 'ပါဒပုဉ္ဆနိံ ကတွာ ပရိဘုဉ္ဇထာ'တိ ဒိန္နံ တထေဝ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ တသ္မာ 'ဣမံ မဉ္စပီဌာဒိသေနာသနံ အဗ္ဘောကာသေပိ ယထာသုခံ ပရိဘုဉ္ဇထာ'တိ ဒါယကေဟိ ဒိန္နံ စေ၊ သဗ္ဗသ္မိမ္ပိ ကာလေ အဗ္ဘောကာသေ နိက္ခိပိတုံ ဝဋ္ဋတီ"တိ ဝဒန္တိ။ (သာရတ္ထ၊ ၃၊ ၂၆။)

"ဒါယကေဟိ 'ကာယေန ဖုသိတွာ ယထာသုခံ ပရိဘုဉ္ဇထာ'တိ ဒိန္နသေနာသနံ, မဉ္စပီဌာဒိဉ္စ ဒါယကေန ဝုတ္တနိယာမေန ပရိဘုဉ္ဇတော ဒေါသော နတ္ထိ"တိ မာတိကဋ္ဌကထာယ သီဟဠဂဏ္ဌိပဒေ ဝုတ္တတ္တာ တထာ ပရိဘုဉ္ဇတော အနာပတ္တိ။ (ဝိနယဝိနိစ္ဆယဋီကာ၊ ၂၊၃၁၆။)

ကမ္ဗလံ လက္ခမဂ္ဃမ္ပိ၊ ပါဒပုဉ္ဆာယ စေ ဒဒေ။

တထာ နံ ပရိဘုဉ္ဇေယျ၊ ယထေဝံ တန္တိ ဇာနိယံ။
(ခုဒ္ဒသိက္ခာ၊ သျ၊ ဘူမိနိဒ္ဒေသ၊ ၄၅၇။)

ကမ္ဗလံ လက္ခမ္ဗုဏ္ဍမှိ သိန်းတန်သပြာ ကမ္ဗလာကိုစဉ်လျက်လည်း၊ ပါဒပုဉ္ဆာယ စေ ဒဒေ အကယ်၍ ခြေသုတ်စိမ့်သောငှါလှူငြား အံ့၊ တထာ ထိုလှူတိုင်း၊ နံ ထိုကမ္ဗလာကို၊ ပရိဘုဉ္ဇေယျ ယထာ-သုံးရာသကဲ့သို့၊ ဧဝံ ဤအတူ၊ တန္တိ ထိုကျောင်း, ညောင်စောင်း,အင်းပျဉ်ကို ထိုသို့ဆို၍ လှူတိုင်းသုံးရာ၏ဟူ၍၊ ဇာနိယံ သိအပ်၏။

ကျောင်းရေစက်ချခြင်း ကာယာဒီဟိ ဖုသိတွာ ယထာသုခံ ထည့်ခြင်းသည် သာရတ္ထဒီပနိဋီကာနှင့် ညီသောကြောင့် ယုတ္တတရတည်း။ (ခုဒ္ဒသိက္ခာ၊ သျ၊ ဘူမိနိဒ္ဒေသ။)

## ကျောင်းအနုမောဒနာဂါထာများ

သီတံ ဥဏှံ ပဋိဟန္တိ၊ တတော ဝါဠမိဂါနိ စ။
သရီသပေ စ မကသေ၊ သိသိရေ စာပိ ဝုဋ္ဌိယော။
တတော ဝါတာတပေါ ဃောရော၊ သဉ္ဇာတော ပဋိဟညတိ။
လေဏတ္ထဉ္စ သုခတ္ထဉ္စ၊ ဈာယိတုဉ္စ ဝိပဿိတုံ။
ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန(ဗုဒ္ဓေဟိ သျာ) ဝဏ္ဏိတံ။
တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။
ဝိဟာရေ ကာရယေ ရမ္မေ၊ ဝါသယေတ္ထ ဗဟုဿုတေ။
တေသံ အန္နဉ္စ ပါနဉ္စ၊ ဝတ္ထသေနာသနာနိ စ။
ဒဒေယျ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ။
တေ တဿ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခာပနူဒနံ။
ယံ သော ဓမ္မံ ဣဓညာယ၊ ပရိနိဗ္ဗာတိ အနာသဝေါ။
(ဝိ၊ ၄၊ ၂၉၁ ၂၉၂, ၃၁၄။)

### ကျောင်းအနုမောဒနာဂါထာ နိဿယ

(ဝိဟာရော ယခုအခါ, ကောင်းမွန်စွာဖြင့်, သဒ္ဒါရှင်လန်း, လှူဒါန်းအပ်သော ကျောင်းသည်၊) သီတံ အချွတ်ဗာဟီ, ၂လီပျက်မှုအအေးဥတုကိုလည်းကောင်း၊ ဥဏှံ တောမီးစသား, လောင်သော်ငြားက, ရောင်ရှားရမှု, အပူဥတုကိုလည်းကောင်း၊ တတော ထိုမှတပါး၊ဝါဠမိဂါနိ စ ခြင်္သေ့ သစ် ကျား, စသည်မြားမြောင်, ရဲရင့်သော သားကောင်တို့ကိုလည်းကောင်း၊ သရီသပေ စ ကိုယ်ဖြင့်တွား၍, သွားကြမြားမြောင်, မြွေကင်းစသော အကောင်တို့ကိုလည်းကောင်း၊ မကသေ စ သမာဓိဖျက်, လွန်နှောင့်ယှက်သည့်, ခြင်မှက်တို့ကိုလည်းကောင်း၊သိသိသေစာပိ သိသိရအခါ, မိုးလည်းပါသဖြင့်, လွန်စွာအေးစေ, ဆောင်းတွင်းလေတို့ကိုလည်းကောင်း၊ ဝုဋ္ဌယော စ မကြာမကြာ, ရွာလေ့ရှိသော မိုးရေတို့ကိုလည်းကောင်း၊ ပဋိဟန္တိ (ပဋိဟနတိ) ပူအေးနှစ်ဝ, ဘေးမခအောင်, နှေညပုံသေ, တားဆီးနိုင်ပေသတည်း။

တတော (တေန ဝိဟာရေန) ကြည်ပျူရှှင်လန်း, သဒ္ဒါစွမ်းဖြင့်, လှူဒါန်းအပ်သော ထိုကျောင်းသည်၊ ဃောရော သစ်ပင်မားမတ်, ချိုးတွေပြုတ်အောင်, တိုက်ခတ်ငွေ့ရမ်း, အလွန်ကြမ်းသော၊ သဉ္ဇာတော နွေလအခါ, မနေသာအောင်, ရံခါခုတိုင်, ဖြစ်ပေါ်နိုင်သော၊ ဝါတာတပေါ လေဖြင်းလေကြမ်း, လေသရမ်းနှင့်, လောင်ကျွမ်းလိုက်ဆူ, နေအပူကို၊ ပဋိဟညတိ ကျောင်းတွင်းခဏ, ဝင်လိုက်ရလျှင်, နှေညပုံသေ, တားမြစ်နိုင်ပေသတည်း။

လေဏတ္ထဉ္စ အာရုံကောင်းဖြင့်, ကိန်းအောင်းမွေ့လျော်, စံပျော်ခြင်းအကျိုးငှါလည်းကောင်း၊ သုခတ္ထဉ္စ ဆိုခဲ့သမျှ, ဘေးမခသဖြင့်, အေးမြချမ်းသာ, နေထိုင်ရခြင်းအကျိုးငှါလည်းကောင်း၊ ဈာယိတုဉ္စ သမာဓိမြဲမြံ, ရှုအားသန်သည့်, လောကီဈာန်အကျိုးငှါလည်းကောင်း၊ ဝိပဿိတုဉ္စ ရုပ်နာမ်ဓမ္မ, သင်္ခါရဌ်, နိစ္စစသည်, မမှိကင်းမှု, ဝိပဿနာရှုခြင်းအကျိုးငှါလည်းကောင်း၊ သံဃဿ စာတုဒ္ဒိသာ,အာဂတာနာဂတ, ဘုရားသားကောင်း, သံဃာတော်အပေါင်းအား၊ (သံဃသ အရပ်၄ ပါး, မေတ္တာပွါး၍, တရားဖြင့်

ပျော်, သံဃာတော်အပေါင်းအား၊) ဝိဟာရဒါနံ အသိအလိမ္မာ, ဉာဏ်ပညာနှင့်, သဒ္ဓါကောင်းသူ, ကျောင်းအလှူကို၊ အဂ္ဂ ထိုထိုဒါန, ဟူသမျှထက်, ခေါင်ကလွှမ်းခြုံး, အသာဆုံးဟု, ဗုဒ္ဓေန ကြောင်းကျိုးစုံလင်, အကုန်မြင်သည့်, ရှင်ပင်ထွဋ်ထား, မြတ်ဘုရားသည်၊ ဝဏ္ဏိတံ သံယုတ္တခေါ်မှန်း,နိကာယကျမ်း၌, ချီးမွမ်းတော်မူအပ်ပေသတည်း။

တသ္မာ ဟိ (တသ္မာ ဧဝ) ထိုသို့ပေါင်းယူ, ကျောင်းအလှူက, တမူတိုးပွါး, အကျိုးများသည်၏အဖြစ်ကြောင့်ပင်၊ ပဏ္ဍိတော ပြောတိုင်းမယုံ, ကြောင်းကျိုးစုံအောင်, ဖုံဖုံဆင်ခြင်, ပညာ့ရှင်ဖြစ်သော၊ ပေါသော လူကြီးသူမ, ဟူသမျှသည်၊ အတ္တနော အတ္ထံ ခု ရောနောင်ပါ, သံသရာဝယ်, မုန်စွာပွါးတိုး, ကိုယ့်အကျိုးကို၊ သမ္ပဿံ(သမ္ပဿန္တော)·လှမ်းကာအစဉ်, မြော်မြင်နိုင်သည်ရှိသော်၊ ရမ္မေ နှလုံးမွေ့လျော်, ပျော်ဖွယ်ကောင်းကုန်သော၊ ဝိဟာရေ ကမ္မဋ္ဌာန်းကျောင်း, စာချကျောင်းနှင့်, ကျောင်းကြီးကျောင်းငယ်, အသွယ်သွယ်သောကျောင်းတို့ကို၊ ကာရယေ နေမည်သံဃာ, ရှိနေရာကို, ကောင်းစွာရှာဖွေ, ဆောက်လုပ်စေရာ၏၊ ဧတ္ထ ဤသို့ကြိုးကုတ်, သပြာထုတ်၍,ဆောက်လုပ်အပ်ပြီး, ကျောင်းအသီးသီး၌၊ ဗဟုဿုတေ ပရိယတ်နှင့်, ပဋိပတ်တွင်, ကျွမ်းကျင်သောအား, များသော သုတရှင်တို့ကို၊ ဝါသယေ စာပေပို့ချ, တရားပြ၍, နေ့ညပုံသေ, သီတင်းသုံးစေရာသတည်း။

ဥဇုဘူတေသု စိတ်နေစိတ်ထား, ရိုးသားဖြူလွှင်, သူတော်စင်ဖြစ်ကြပေကုန်သော၊ တေသု မိမိကျောင်းတွင်, အစဉ်မွေ့လျော်, ထိုဘုန်းတော်ကြီးတို့အား၊ အန္နဉ္စ နံနက်အခါ, စားသောက်ရာသည့်, ရသာချိုချဉ်, ဆွမ်းဘောဇဉ်ကိုလည်းကောင်း၊ ပါနဉ္စ ညချမ်းအခါ, သုံးဆောင်ရာသည့်, အဖျော်ယမကာကိုလည်းကောင်း၊ ဝတ္ထသေနာသနာနိ စ သင်္ကန်းပရိက္ခရာ, အိပ်ရာနေရာတို့ကိုလည်းကောင်း၊ ဝိပ္ပသန္နေန အထူးကြည်လင်, သဒ္ဓါရှင်သော၊ စေတသာ ဉာဏ်ရောင်လျှံဖိတ်, ကုသိုလ်စိတ်ဖြင့်၊ ဒဒေယျ သာသနာတည်မှု, အရှည်ရှု၍, ဂရုစိုက်ကာ,ပေးလှူရာသတည်း။

တေ(ထေရာ) ကျောင်းထိုင်အင်္ဂါ, ပြည့်စုံစွာဖြင့်, ကျောင်းမှာမွေ့လျော်, ထိုဘုန်းတော်ကြီးတို့သည်၊ တဿ (ဒါယကဿ) ပစ္စည်း၄ဖြာ, ထောက်ပံ့ကာဖြင့်, ကျောင်းမှာမပြတ်, ရောက်လာတတ်သော, ထိုကျောင်းဒကာ (ကျောင်းအမ)အား၊ သဗ္ဗဒုက္ခာပနူဒနံ သံသရာဒုက္ခ,ရှုပ်သမျှကို, မုချပိုင်ပိုင်, ပယ်နှုတ်နိုင်သော၊ ဓမ္မံ ရုပ်နာမ်၂ဖြာ, လေးသစ္စာဝယ်, မုန်စွာသိကြောင်း, တရားကောင်းကို၊ ဒေသေန္တိ ဒေသနာနည်း, ကိုယ်တွေ့နည်းဖြင့်, သီးသီးကျန, ဟောပြကြကုန်၏၊ ယံ ဓမ္မံ ရုပ်နာမ်နှင့်စပ်, ပရမတ်ကို, တပ်အပ်သိကြောင်း, ယင်းကဲ့သို့သောတရားကောင်းကို၊ သော (ဒါယကော) တရားအနှစ်, တရားစစ်ကို, အားသစ်လိုက်နာ, ထိုကျောင်းဒကာ (ကျောင်းအမ)သည်၊ ဣဓ ဤဗုဒ္ဓမြတ်စွာ, သာသနာတော်၌ပင်၊ အညာယ ကြားနာစဉ်းစား, ဘာဝနာပွါးသဖြင့်, ဉာဏ်အားထိမိ, ကိုယ်တိုင်သိ၍၊ အနာသဝေါ ဘဝါဘဝ, ခွါမရသည့်, အာသဝကုန်ခန်း, ရဟန္တာဖြစ်လျက်၊ ပရိနိဗ္ဗာတိ အနုပါဒိသေသ, နိဗ္ဗာနဖြင့်,အေးမြ ငြိမ်းချမ်းရပေသတည်း။ (စူဠဝါဘာသာဋီကာ၊ သေနာသနက္ခန္ဓက ပါဠိတော် နိဿယ၊ ၅၇၅ ၅၇၇။)

## ပခုက္ကူ ကျောင်းရေစက်ချနည်း

မယံ ဘန္တေ သဒ္ဓါယ ကုသလကမ္မံဧဝ အနတ္တဘဥ္စနတော စေဝ အတ္တဇနနတော စ သက် နာမ၊ အကုသလကမ္မံ ပန အတ္တဘဥ္စနတော စေဝ အနတ္တဇနနတော စ နော သကန္တိ ဇာနနသမတ္ထေ ကမ္မဿ ကတဉာဏေ ဌတွာ နိဗ္ဗာနမန္တိရေ မဂ္ဂဖလသမ္ပတ္တိယာ အနဘောဂတ္ထာယ စ သံဃဿ ဖာသုဝိဟာရတ္ထာယ စ မူလံ ဒတွာ ဝိဟာရံ ကာရာပယိမှာ၊ ကာရာပေတွာ ဝိဟာရေ နိဋ္ဌိတေ ဝိဟာရ ဒါနတော ပုဗ္ဗေဝ ရတနတ္တယံ ပဏာမာမ၊ ပဏာမိတွာ တိသရဏေန သဟ ပဉ္စသီလံ သမာဒိယာမ၊ သမာဒိယိတွာ ယထာနိဋ္ဌာပိတံ ဣမံ ဝိဟာရံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ကပ္ပိယကုဋိံ ကာတုံ ဒေမ၊ သံဃော ကပ္ပိယကုဋိံ ကတွာ ကာယင်္ဂါဝ ယဝေဟိ ဖုသိတွာ ဖုသိတွာ ယထာသုခံ ပရိဘုဉ္ဇတု၊ ဂဟဋ္ဌာ စ အာဂတာဝတ္ထာယံ ယထာသုခံ ဝသန္တု၊ ဣမဿ သမယေ နိမန္တိတာနံ အာယသ္မန္တာနံ စ ပစ္စေကံ ပရိစ္ဆိန္ဒိတွာ ဒါတဗ္ဗဝတ္ထုနိ ဒက္ခိဏောဒကံ ပါတေတွာ ဒေမ၊ ဒတွာ သင်္ခါရာ အနိစ္စာ ဒုက္ခာ အနတ္တာတိပိ ဝိပဿနံ တင်္ကာနရူပံ ဘာဝေမ၊ ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု၊ ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု၊ ဣမံ ပုညပတ္တိံ သဗ္ဗသတ္တာနံ ဒေမ၊ တေ အနုမောဒန္တု၊ အမေသု ပမတ္တေသုပိ အယံ မဟာပထဝီ သက္ခိဋ္ဌာနေ ဌတွာ ကမ္ပတု။

ဤကား သံဃိကကျောင်းရေစက်ချနည်းတည်း။

ဂဏိက(ဂိုဏ်းအား)လှူလိုလျှင် "ဣမံ ဝိဟာရံ အာယသ္မန္တာနံ ကပ္ပိယကုဋိံ ကာတုံ ဒေမ၊ အာယသ္မန္တော ကပ္ပိယကုဋိံ ကတွာ ကာယင်္ဂါဝယဝေဟိ ဖုသိတွာ ဖုသိတွာ ယထာသုခံ ပရိဘုဉ္ဇန္တု"ဟု ပြောင်းလဲ၍ ဆိုရမည်။

ပုဂ္ဂလိက(ပုဂ္ဂိုလ်အား)လှူလိုလျှင် "ဣမံ ဝိဟာရံ အာယသ္မတော ကပ္ပိယကုဋိံ ကာတုံ ဒေမ၊ အာယသ္မာ ကပ္ပိယကုဋိံ ကတွာ ကာယင်္ဂါဝယဝေဟိ ဖုသိတွာ ဖုသိတွာ ယထာသုခံ ပရိဘုဉ္ဇတု"ဟု ပြောင်းလဲ၍ ဆိုရမည်။

ဂဟပတီတိ မနုဿာ အာဝါသံ ကတွာ "ကပ္ပိယကုဋိံ ဒေမ၊ ပရိဘုဉ္ဇထာ"တိ ဝဒန္တိ၊ သော ဂဟပတိ နာမ။ "ကပ္ပိယကုဋိံ ကာတုံ ဒေမာ"တိ ဧဝမ္ပိ ဝဋ္ဋတိယေဝ=ဟူ၍ ဘေသဇ္ဇက္ခန္ဓက အဋ္ဌကထာ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၈)၌ ဆိုခြင်းကြောင့် "ကပ္ပိယကုဋိံ ဒေမ၊ ပရိဘုဉ္ဇထ၊ ကပ္ပိယကုဋိံ ကာတုံ ဒေမ"ဟူသော ကပ္ပိယဝေါဟာရမပါပဲ "သံဃဿ ဒေမ၊ အာယသ္မန္တာနံ ဒေမ၊ အာယသ္မတော ဒေမ" ဟု ရေစက်ချ၍ လှူအပ်သောကျောင်းသည် အကပ္ပိယကုဋိသာ ဖြစ်သဖြင့် "အန္တောဝုတ္ထ, အန္တောပက္က"ပြုကောင်းသော ကုဋိမြောက်စေခြင်းငှါ "ကပ္ပိယကုဋိံ ကာတုံ ဒေမ၊ သံဃော ကပ္ပိယကုဋိံ ကတွာ ပရိဘုဉ္ဇတု"ဟူသော ကပ္ပိယဝေါဟာရကို ကျောင်းရေစက်ချတိုင်း ပါစေရမည်။

သံဃိကမဉ္စေ ပန အပစ္စတ္ထရိတွာ နိပဇ္ဇနေ့ လောမာနိ ဂဏှေတွာ ကာရေတဗ္ဗော (ဝိ၊ ဋ္ဌ၊ ၂၊ ၁၂၄)ဟူသော ကာယသံသဂ္ဂသိက္ခာပုဒ် အဋ္ဌကထာနှင့်အညီ ပုဂ္ဂလိကအခင်းမပါပဲ သံဃိကကျောင်း အိပ်ရာနေရာ၌ အိပ်မိလျှင် အမွေးအရေအတွက်အတိုင်း အာပတ်သင့်လေရကား ထိုအာပတ်တို့မှ လွတ်ကင်းစေရခြင်း အကျိုးငှါ

"ယသ္မာ ပန ဒါယကေဟိ ဒါနကာလေယေဝ သတာသဟဿဋ္ဌနကမ္ပိ ကမ္ဗလံ 'ပါဒပုဉ္ဆနိံ ကတွာ ပရိဘုဉ္ဇထာ'တိ ဒိန္နံ၊ တထေဝ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ တသ္မာ 'ဣမံ မဉ္စပီဌာဒိသေနာသနံ အဇ္ဈောကာသေပိ ယထာသုခံ ပရိဘုဉ္ဇထာ'တိ ဒါယကေဟိ ဒိန္နံ စေ၊ သဗ္ဗသ္မိမ္ပိ ကာလေ အဇ္ဈောကာသေ နိက္ခိပိတုံ ဝဋ္ဋတီ"တိ ဝဒန္တိ။ (သာရတ္ထ၊ ၃၊ ၂၆။)

ဟူသော ပထမ သေနာသနသိက္ခာပုဒ် တေရသကဏ္ဍဋီကာကို အမှီပြု၍ "ကာယင်္ဂါဝယဝေဟိ ဖုသိတွာ ဖုသိတွာ ယထာသုခံ ပရိဘုဉ္ဇတု" ဟူသော 'ရေစက်ချနည်းကို ဆရာစဉ်ဆက် အသုံးပြုတော်မူကြ၏။

မှတ်ချက်။ [ဆဋ္ဌမူ သာရတ္ထဒီပနီဋီကာ၌ကား "သဟဿဋ္ဌနကမ္ပိ"ဟု ရှိသော်လည်း ဓမ္မပဒအဋ္ဌကထာ ဝိသာခါဝတ္ထု၌ ခြေသုတ်ပုဆိုးအဖြစ် လှူဒါန်းရန် အရှင်အာနန္ဒာမထေရ် ညွှန်ကြားသောအရာမှာကား

"သတသဟဿဋ္ဌနကံ(ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၆၂)"ဟု ရှိသောကြောင့် ဤ၌ "သတသဟဿဋ္ဌနကမ္ပိ"ပါ၌သည် သင့်လျော်လှ၏။ သာရတ္ထဒီပနီ ရှေးမူများ၌ "သတသဟဿဋ္ဌနကမ္ပိ"ဟု ရှိဟန်တူ၏။]

ဤတေရသကဏ္ဍဋီကာစကားသည် "ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ (ဝိ၊ ဋ္ဌ၊ ၄၊ ၉၇)"ဟူသော စူဠဝဂ္ဂ သေနာသနက္ခန္ဓက အဋ္ဌကထာ ပရိဘာသာစကားနှင့် ညီညွတ်သင့်မြတ်၏။

ပဗ္ဗဇိတပရိဘောဂေ ဟိ အာဂါရိကာနံ စေတိယဋ္ဌာနိယော (ဝိ၊ ဋ္ဌ၊ ၂၊ ၆၇)ဟူသော တတိယပါရာဇိကဏ်အဋ္ဌကထာနှင့်အညီ လူတို့၏ကိုးကွယ်ထိုက်သော စေတီအရာ၌တည်သော ရဟန်းသံဃာ၏ဥစ္စာကို အခိုက်အတန့် အကြောင်းအားလျော်စွာ သွားလာနေထိုင်ခြင်းစသည်ကို မပြုပဲ မနေနိုင်ရကား အပြစ်လွတ်ကင်းစေခြင်းငှါ ယခင် သေနာသနက္ခန္ဓကအဋ္ဌကထာ ပရိဘာသာစကားကိုပင် အမှီပြု၍ "ဂဟဋ္ဌာ စ အာဂတာဂတ္တာယံ ယထာသုခံ ဝသန္တု" ဟု လူတို့အတွက် ထည့်စွက်၍ ရေစက်ချရာ၏။

ပြခဲ့သော စကားအစဉ်ကိုလည်း ကျောင်းရှင်ဒါယကာက ကိုယ်တိုင် ဆို၍ လှူရမည်၊ စိတ်ကလည်း ဤအတိုင်းပင် နလုံးသွင်းရမည်၊ နားမလည်လျှင်လည်း ဉာတိပဝါရိတဒါယကာ(ဆွေမျိုး, ဖိတ်ကြားထားအပ်သော ဒါယကာ)တို့ကို လည်ပတ်အောင် သင်ကြားပြသရမည်။

## ကျောင်းရေစက်ချ အနက်

ဘန္တေ အရှင်ဘုရားတို့၊ မယံ အကျွန်ုပ်တို့သည်၊ သဒ္ဒါယ-ပစ္စုပ္ပန်လောက, တမလွန်လောက, ကံ, ကံ၏အကျိုး, ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကို ယုံကြည်ကြပါကုန်၍၊ ကုသလကမ္မံ ဝေ ကုသိုလ်ကံသည်သာလျှင်၊ အနတ္ထာဘဉ္စနတော စေဝ အကျိုးမဲ့ကို ဖျက်ဆီးတတ်သောကြောင့်လည်းကောင်း၊ အတ္ထဇနနတော စ အကျိုးစီးပွါးကို ဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ သကံ နာမ ကိုယ်ပိုင်ဥစ္စာဖြစ်သောကံမည်၏၊ အကုသလကမ္မံ ပန အကုသိုလ်ကံသည်ကား၊ အတ္ထဘဉ္စနတော စေဝ အကျိုးစီးပွါးကို ဖျက်ဆီးတတ်သောကြောင့်လည်းကောင်း၊အနတ္ထဇနနတော စ အကျိုးမဲ့ကို ဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ နော သကံ ကိုယ်ပိုင်ဥစ္စာဖြစ်သော ကံမဟုတ်ချေ၊ ဣတိ ဤသို့၊ ဇာနနသမတ္ထေ-သိခြင်းငှါ စွမ်းနိုင်သော၊ ကမ္မဿကတဉာဏေ ကမ္မဿကတဉာဏ်၌၊ ဌတွာ တည်ကြပါကုန်၍၊ နိဗ္ဗာနမနုရေ နိဗ္ဗာန်တည်းဟူသော ရွှေအိမ်, ရွှေနန်း၌၊ မဂ္ဂဖလသမ္ပတ္တိယာ မဂ်စည်းစိမ်, ဖိုလ်စည်းစိမ်ကို၊ အနဘောဂတ္တာယစ ခံစားရပါခြင်းအကျိုးငှါလည်းကောင်း၊ သံဃဿ သံဃာတော်၏၊ ဖာသုဝိဟာရတ္ထာယ စ ချမ်းသာစွာ နေရခြင်းအကျိုးငှါလည်းကောင်း၊ မူလံ အဖိုးအခကို၊ ဒတွာ ပေးဝေကြပါကုန်၍၊ ဝိဟာရံ ကျောင်းကို၊ ကာရာပယိမှာ ဆောက်လုပ်စေကြပါကုန်ပြီ၊ ကာရာပေတွာ ဆောက်လုပ်စေကြပါကုန်ပြီး၍၊ ဝိဟာရေ ကျောင်းသည်၊ နိဋ္ဌိတေ ပြီးစီးအောင်မြင် ညီရှိသော်၊ ဝိဟာရဒါနတော ကျောင်းလှူရာအခါမှ၊ ပုဗ္ဗေဝ ရှေ့၌သာလျှင်၊ ရတနတ္တယံ ဘုရား,တရား, သံဃာအားဖြင့် သုံးပါးသော ရတနာအပေါင်းကို၊ ပဏာမာမ

ရှိခိုကြပါကုန်၏၊ ပဏာမိတွာ ရှိခိုးကြကုန်ပြီး၍၊ တိသရဏေန သုံးပါးသောသရဏဂုံနှင့်၊ သဟ တကွ၊ ပဉ္စသီလံ ငါးပါးသီလကို၊ သမာဒိယာမ ဆောက်တည်ကြပါကုန်၏၊ သမာဒိယိတွာ ဆောက်တည်ကြကုန်ပြီး၍၊ ယထာနိဋ္ဌာပိတံ အကြင်အကြင် ပြီးဆုံးစေအပ်ပြီးသော၊ ဣမံ ဝိဟာရံ ဤကျောင်းကို၊ အာဂတာနာဂတဿ ဤကျောင်းတိုက်အတွင်းသို့ရောက်ပြီး, ရောက်ဆဲ, ရောက်လတ္တံ့သာသနာတော်တွင်းသို့ ရောက်ပြီး, ရောက်ဆဲ, ရောက်လတ္တံ့သော၊ စာတုဒ္ဒိသဿ လေးပါးသောအ ရပ်မျက်နှာ၌နေသော၊ သံဃဿ သံဃာတော်အား၊ ကပ္ပိယကုဋိ ယာဝကာလိက, ယာမကာလိကတို့ကို သိုမှီးသိမ်းဆည်းခြင်းငှါ အပ်သောကုဋိကို၊ ကာတုံ ပြုခြင်းငှါ၊ ဒေမ လှူဒါန်းကြပါကုန်၏။

သံဃော သံဃာတော်သည်၊ ကပ္ပိယကုဋိ ယာဝကာလိက,ယာမကာလိကတို့ကို သိုမှီးသိမ်းဆည်းခြင်းငှါ အပ်သောကုဋိကို၊ ကတွာ ပြု၍၊ ကာယင်္ဂါဝယဝေဟိ ကိုယ်အင်္ဂါ အစိတ်အစိတ်တို့ဖြင့်၊ ဖုသိတွာ ဖုသိတွာ ထိ၍ ထိ၍၊ ယထာသုခံ ချမ်းသာသည်အားလျော်စွာ အလိုရှိတိုင်း၊ ပရိဘုဉ္ဇတု နေထိုင်သုံးဆောင်တော်မူပါလော့၊ ဂဟဋ္ဌာ စ လူတို့သည်လည်း၊ အာဂတာဝတ္တာယံ ဤကျောင်းတိုက်သို့ ရောက်လာဆဲအခိုက်အတန့်၌၊ ယထာသုခံ ချမ်းသာသည်အားလျော်စွာ အလိုရှိတိုင်း၊ ဝသန္တု နေကြပါစေကုန်သတည်း။

ဣမသ္မိံ သမယေ ဤကျောင်းပူဇော်ပွဲ ကျင်းပဆဲအခါ၌၊ နိမန္တိတာနံ ပင့်ဖိတ်အပ်ကုန်သော၊ အာယသ္မန္တာနံ စ အရှင်ဘုရားတို့အားလည်း၊ ပစ္စေကံ အသီးအသီး တစ်ပါးစီ တစ်ပါးစီ၊ ပရိစ္စိန္ဒိတွာ သတ်မှတ်ပိုင်းခြားကြပါကုန်၍၊ ဒါတဗ္ဗဝတ္ထုနို လှူဒါန်းဖွယ်ဝတ္ထုတို့ကို၊ ဒက္ခိဏောဒကံ အလှူရေစက်ကို၊ ပါတေတွာ ကျစေကြပါကုန်၍၊ ဒေမ လှူဒါန်းကြပါကုန်၏။

ဒတွာ လှူဒါန်းကြပါကုန်ပြီး၍၊ သင်္ခါရာ အလှူရှင်ပုဂ္ဂိုလ်, အလှူခံပုဂ္ဂိုလ်ဟု သမုတ်အပ်သော ရုပ်နာမ်သင်္ခါရ, သီလစေတနာ, ဒါနစေတနာဟု သမုတ်အပ်သော နာမ်သင်္ခါရ, လှူရန်ဝတ္ထု ကျောင်းဟု သမုတ်အပ်သော ရုပ်သင်္ခါရ, ကြွင်းသော သက်ရှိသက်မဲ့ သင်္ခါရဟူသမျှတို့သည်၊ အနိစ္စာ ဖြစ်ပြီး၍ ထင်ရှားမရှိခြင်း, ပျက်စီးလွယ်ခြင်းကြောင့် မမြဲပါကုန်၊ ဒုက္ခာ ဖြစ်ခြင်းပျက်ခြင်း ဘေးအပေါင်းတို့သည် အမြဲမပြတ် နှိပ်စက်၍ နေခြင်းကြောင့် ဆင်းရဲလှပါကုန်၏၊ အနတ္တာ မိမိတို့က အစိုးမရခြင်းကြောင့် မိမိအလိုသို့လိုက်၍ မိမိသဘောကျ စီမံပေးတတ်သော အစိုးရ အတ္တ မရှိပါကုန်, မဟုတ်ပါကုန်၊ ဣတိပိ ဤသို့လည်း၊ ဝိပဿနံ ဝိပဿနာကို၊ တင်္ခဏာ နရှုပ် ထိုခဏအားလျော်စွာ၊ ဘာဝေမ ပွါးစေပါကုန်၏။

မေ အကျွန်ုပ်၏၊ ဣဒံ ပုညံ ရတနာသုံးပါးကို ရှိခိုးပူဇော်ကြောင်းဖြစ်သော ရတနတ္တယပဏာမကုသိုလ်စေတနာ, သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလဆောက်တည်ကြောင်းဖြစ်သော သီလကုသိုလ်စေတနာ, ကျောင်းကို သံဃိကလှူဒါန်းကြောင်းဖြစ်သော ဝိဟာရဒါနသံဃိကကုသိုလ်စေတနာ, ပရိတ်တော်, တရားတော်ကို နာကြောင်းဖြစ်သော ဓမ္မသဝနကုသိုလ်စေတနာ, ဒါတဗ္ဗဝတ္ထုတို့ကို လှူဒါန်းကြောင်းဖြစ်သော ဒါနကုသိုလ်စေတနာ, သင်္ခါရတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ စီးဖြန်းကြောင်းဖြစ်သော ဘာဝနာကုသိုလ်စေတနာ ဤကောင်းမှုအပေါင်းသည်၊ အာသဝက္ခယံ ပေါက်သောအိုးမှ ရေယိုသကဲ့သို့ သတိတည်းဟူသော တံခါးရွက်ဖြင့် မပိတ်မဆို့အပ်သော ခြောက်ပါးသောဒွါရမှ ယိုစီးကျလာတတ်သော လောဘ, ဒိဋ္ဌိ, မောဟဟုဆိုအပ်သော ကာမာသဝ, ဘဝါသဝ,ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတည်းဟူသော လေးပါးသော အာသဝေါတရားတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဖိုလ်, နိဗ္ဗာန်ကို၊ ဝဟံ ရွက်ဆောင်နိုင်သည်၊ ဟောတု ဖြစ်ပါစေသား၊ မေ အကျွန်ုပ်၏၊ ဣဒံ ပုညံ ဤဆိုအပ်ပြီးသော ကောင်းမှုအပေါင်းသည်၊ နိဗ္ဗာနဿ ဒုက္ခခပ်သိမ်းအေးငြိမ်းရာဖြစ်သော နိဗ္ဗာန်၏၊ ပစ္စယော ရလွယ်ရောက်လွယ်သော အကြောင်းထူးသည်၊ ဟောတု ဖြစ်ပါစေသား။

ဣမံ ပုညပတ္တိံ ဤကောင်းမှု၏အဖို့ကို၊ သဗ္ဗသတ္တာနံ အမိ, အဘ, ဆရာသမား, ဆွေမျိုး, မိတ်ဆွေ, ကိုယ်စောင့်နတ်, ကျောင်းစောင့်နတ်, အိမ်စောင့်နတ်, မြို့စောင့်နတ်, ရွာစောင့်နတ်, တောစောင့်နတ်,တောင်စောင့်နတ်, လောကစောင့်နတ်, သာသနာတော်စောင့်နတ်,ယမမင်း, ပြည့်ရှင်မင်း, ယခုစည်းဝေးဆဲဖြစ်သော သူတော်ကောင်းတို့မှစ၍ စကြဝဠာအနန္တ သုံးဆယ့်တစ်ဘုံတို့၌ ကျင်လည်ကုန်သော အလုံးစုံသော သတ္တဝါတို့အား၊ ဒေမ အမျှ...အမျှ...ပေးဝေကြပါကုန်၏၊ တေ သတ္တာ ထိုအလုံးစုံသော သတ္တဝါတို့သည်၊ အနုမောဒန္တု အကျွန်ုပ်တို့က ပေးဝေအပ်သော ကောင်းမှုအဖို့တို့ကို သာဓု..သာဓု..ဟု ဝမ်းမြောက်ကြပါစေကုန်သတည်း၊ အမေ့သု အကျွန်ုပ်တို့သည်၊ ပမတ္တေသုပိ ကာလကြာ၍ မေ့လျော့ကြပါကုန်သော်လည်း၊ အယံ မဟာပထဝီ ယူဇနာပေါင်း နှစ်သိန်းလေးသောင်း အထုရှိသောဤမြေကြီးသည်၊ သက္ခိဋ္ဌာနေ အကျွန်ုပ်တို့၏သက်သေခံအရာ၌၊ ဌတွာ တည်၍၊ ကမ္ဗတု သွက်သွက်ခါအောင် တုန်လှုပ်၍ သက်သေခံပါစေသော်။

ဂဏိကရေစက်ချရာ၌ "ဣမံ ဝိဟာရံ ဤကျောင်းကို၊ အာယသ္မန္တာနံ အရှင်ဘုရားတို့အား၊ ကပ္ပိယကုဋိ ကို၊ ကာတုံ ပြုခြင်းငှါ၊ဒေမ ကုန်၏၊ အာယသ္မန္တော အရှင်ဘုရားတို့သည်၊ ကပ္ပိယကုဋိ ကို၊ ကတွာ ပြုကြကုန်၍၊ ကာယင်္ဂါဝယဝေဟိ တို့ဖြင့်၊ ဖုသိပွာ ဖုသိတွာ ၍၊ ယထာသုခံ အလိုရှိတိုင်း၊ ပရိဘုဉ္ဇန္တု နေထိုင် သုံးဆောင်တော်မူကြပါကုန်ဘုရား" ဟု ပြောင်းလဲဆိုရမည်။

ပုဂ္ဂလိကရေစက်ချရာ၌ "ဣမံ ဝိဟာရံ ကို၊ အာယသ္မတော အရှင်ဘုရားအား၊ ကပ္ပိယကုဋိ ကို၊ ကာတုံ ၊ ဒေမ ကုန်၏၊

အာယသ္မာ-အရှင်ဘုရားသည်၊ ကပ္ပိယကုဋိ -ကို၊ ကတွာ-၍၊ ကာယင်္ဂဝါယဝေဟိ-ထိုဖြင့်၊ ဖုသိတွာ ဖုသိတွာ-၍၊ ယထာသုခံ-အလို ရှိတိုင်း၊ ပရိဘုဉ္ဇတု -နေထိုင်သုံးဆောင်တော်မူပါလော့(...ပါဘုရား)"ဟု ပြောင်းလဲဆိုရမည်။

ဤဂဏ်ိက, ပုဂ္ဂလိကရေစက်ချရာ၌ လိုရင်းပင် မဟုတ်သော်လည်း မလွန်နိုင်သောနည်းဖြစ်၍"ကာယင်္ဂဝါယဝေဟိ ဖုသိတွာ ဖုသိတွာ "ဟု ထည့်လိုက်ပေ၏။

[ဤကျောင်းရေစက်ချနည်းကို မဟာဝိသုတာရာမ ဝိနိစ္ဆယပေါင်းချုပ် (၆၀၁-၆၀၆)မှ ရယူပါသည်။]

## သီးလုံးဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော သံဃိကကျောင်းရေစက်ချနည်း

မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ စ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ စ ဣမံ ဝိဟာရံ ကပ္ပိယကုဋိံ ကာတုံ စ ပုဂ္ဂလိကမိဝ ကာယာဒီဟိ ဖုသိတွာ ယထာသုခံ ပရိဘုဉ္ဇိတုံ စ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒက္ခိဏောဒကံ ပါတေတွာ ဒေမ၊ သံဃော ဘန္တေ ယထာသုခံ ပရိဘုဉ္ဇတု၊ ဣဒံ ပုညံ နိဗ္ဗာနဿ အဓိဂမာယ ပစ္စယော ဟောတု၊ ယာဝ နိဗ္ဗာနဿ အဓိ ဂမော မာ ဟောတု၊ တာဝ ဘဝါဘဝေသု သံသရန္တာ သပ္ပုရိသူပနိဿယာဒီဟိ သတ္တဟိ အရိယဓနေဟိ တီဟိ ဂန္ဓေဟိ တီဟိ ရသေဟိ စ ဒသဟိ ဝိပဿနာဉာဏေဟိ စ ဝိပဿနာဉာဏဿ ကာရဏေဟိ နဝဟိ ဉာဏေဟိ စ သမ္ပန္နာ ဘဝါမ၊ ဣမံ ပုညဘာဂံ မာတာပိတူနဉ္စ အာစရိယာနဉ္စ ယမရာဇဿ စ သက္ကဿ စ ဉာတိပေတာနဉ္စ တထာ သေသာနံ တီသု ဘဝေသု သံသရန္တာနံ သဗ္ဗ သတ္တာနဉ္စ ဘာဇေမ၊ တေ တေ သတ္တာ အမှေဟိ သဒ္ဓိံ ပုညဘာဂံ သမံ လဘန္တု။

ဘန္တေ အရှင်ဘုရားတို့၊ မယံ အကျွန်ုပ်တို့သည်၊ သံသာရဝဋ္ဋဒုက္ခတော သံသရာဝဋ်ဆင်းရဲမှ၊ မောစနတ္ထာယ စ ထွက်မြောက် ပါရခြင်းအကျိုးငှါလည်းကောင်း၊ နိဗ္ဗာနဿ-နိဗ္ဗာန်ကို၊ သစ္ဆိကရဏတ္ထာယ စ-မျက်မှောက်ပြုပါရခြင်းအကျိုးငှါလည်းကောင်း၊ ဣမံ ဝိဟာရံ ဤကျောင်းကို၊ ကပ္ပိယကုဋိံ -ကပ္ပိယကုဋိကို၊ ကာတုံ စ -ပြုခြင်းငှါလည်းကောင်း၊ ပုဂ္ဂလိကမိဝ-ပုဂ္ဂိုလ်၏ဥစ္စာကဲ့သို့၊ ကာယာ ဒီဟိ -ကိုယ်, လက်,ခြေအင်္ဂါအစရှိသည်တို့ဖြင့်၊ ဖုသိတွာ-ထိပါးသုံးသပ်၍၊ ယထာသုခံ -အလိုတော်ရှိသည့်အတိုင်း၊ ပရိဘုဉ္ဇိတုံ စ -သုံး ဆောင်ပါစေခြင်းအကျိုးငှါလည်းကောင်း၊ အာဂတာနာဂတဿ-ရောက်ပြီးရောက်ဆဲဖြစ်သော၊ စာတုဒ္ဒိသဿ -အရပ်လေးမျက်နှာ၌ ပိတ် ပင်ဆီးတားခြင်းမရှိသည်ဖြစ်၍ သွားလာခြင်းရှိသော၊ သံဃဿ-သံဃာတော်အား၊ ဒက္ခိဏောဒကံ အလှူရေစက်ကို၊ ပါတေတွာ သွန်းချ ၍၊ ဒေမ လှူဒါန်းပူဇော်ပါကုန်၏၊

ဘန္တေ တို့၊ သံဃော သံဃာတော်သည်၊ ယထာသုခံ -အလိုတော်ရှိတိုင်း၊ ပရိဘုဉ္ဇတု -သုံးဆောင်တော်မူပါလော့၊ ဣဒံ ပုညံ -ဤ ကောင်းမှုသည်၊ နိဗ္ဗာနဿ နိဗ္ဗာန်ကို၊ အဓိဂမာယ -ရခြင်း၏၊ ပစ္စယော -အထောက်အပံ့သည်၊ ဟောတု -ဖြစ်ပါစေသတည်း၊ ယာဝ အကြင်မျှလောက်၊ နိဗ္ဗာနဿ ကို၊ အဓိဂမော ရခြင်းသည်၊ မာ ဟောတု မဖြစ်ပါသေး၊ တာဝ ထိုမျှလောက်၊ ဘဝါဘဝေသု ဘဝ ကြီးငယ်တို့၌၊ သံသရန္တာ -ကျင်လည်ရကုန်သည်ရှိသော်၊ သပ္ပုရိသူပနိဿယာဒီဟိ ဘုရားအစရှိသော သူတော်ကောင်းတို့ကို မှီဝဲဆည်း ကပ်ရခြင်း, သူတော်ကောင်းတို့၏တရားကို ကြားနာရခြင်း, အသင့်အားဖြင့် နှလုံးသွင်းရခြင်း, မဂ်ဖိုလ်နိဗ္ဗာန်နှင့် လျော်ကန်ထိုက်တန် သော အကျင့်ကိုကျင့်ရခြင်း ဟု ဆိုအပ်ကုန်သော ဖိုလ်လေးပါးတို့၏အကြောင်းအင်္ဂါလေးပါးတို့နှင့်လည်းကောင်း၊ သတ္တဟိ အရိယ ဓနေဟိ စ သဒ္ဓါ, သီလ,သုတ,စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပ -တည်းဟူသော သူတော်ကောင်းဥစ္စာခုနစ်ပါး တရားအစုတို့နှင့်လည်း ကောင်း၊ တီဟိ ဂန္ဓေဟိ စ သုံးပါးကုန်သီလဂန္ဓ, သမာဓိဂန္ဓ, ပညာဂန္ဓတို့နှင့်လည်းကောင်း၊ တီဟိ ရသေဟိ စ သုံးပါးကုန်သော အတ္ထရသ, ဓမ္မရသ, ဝိမုတ္တိရသတို့နှင့်လည်းကောင်း၊ ဒသဟိ ဝိပဿနာဉာဏေဟိ စ -ဆယ်ပါးကုန်သော သမ္မသနဉာဏ်, ဥဒယဗ္ဗယ ဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်,နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမ ဉာဏ်တို့နှင့်လည်းကောင်း၊ ဝိပဿနာဉာဏဿ -ဝိပဿနာဉာဏ်၏၊ ကာရဏေဟိ -အကြောင်းဖြစ်ကုန်သော၊ နဝဟိ ဉာဏေဟိ စ ကိုးပါးကုန်သော ဂမ္ဘီရပညာ, ပုထုပညာ, မဟာပညာ, တိက္ခပညာ, ဟာသပညာ, ဇဝနပညာ, နိဗ္ဗေဓိကပညာ, ပရပ္ပဝါဒမဒ္ဒနပညာ, ဌာနာဋ္ဌာနကောသလ္လပညာတို့နှင့်လည်းကောင်း၊ သမ္ပန္နာ -ပြည့်စုံကုန်သည်၊ ဘဝေယျာမ -ဖြစ်ရပါလိုကုန်၏။

ဣမံ ပုညဘာဂံ ဤကောင်းမှုအဖို့ကို၊ မာတာပိတူနဉ္စ -မိခင်ဘခင်တို့အားလည်းကောင်း၊ အာစရိယာနဉ္စ ဆရာသမားတို့အား လည်းကောင်း၊ ယမရာဇဿ စ ငရဲမင်းအားလည်းကောင်း၊ သက္ကဿ စ သိကြားမင်းအားလည်းကောင်း၊ ဉာတိပေတာနဉ္စ ဆွေမျိုး ပေါက်ဖော်တော်စပ်သော ပြိတ္တာတို့အားလည်းကောင်း၊ တထာ ထိုမှတစ်ပါး၊ သေသာနံ ကြွင်းကျန်ကုန်သေးသော၊ တီသု ဘဝေသု ဘုံသုံးပါးတို့၌၊ သံသရန္တာနံ ကျင်လည်ကုန်သော၊ သဗ္ဗသတ္တာနဉ္စ အလုံးစုံသော သတ္တဝါတို့အားလည်းကောင်း၊ ဘာဇေမ အမျှပေးဝေ

ပါကုန်၏၊ တေ တေသတ္တာ ထိုထိုသတ္တဝါတို့သည်၊ အမေ့ပဟိ အကျွန်ုပ်တို့နှင့်၊ သဒ္ဓိံ အတူတကွ၊ ပုညဘာဂံ ကောင်းမှုအဖို့ကို၊ သမံ ထပ်တူထပ်မျှ၊ လဘန္တု ရကြပါစေကုန်သတည်း။

ဂဏိကကျောင်းခံသည်ဖြစ်မူ "ဣမံ ဝိဟာရံ ကပ္ပိယကုဋိံ ကာတုံ အာယသ္မန္တာနံ ဒေမ"စသည်ဖြင့် ဆို၍ ခံရာ၏။

ပုဂ္ဂလိကကျောင်းခံသည်ဖြစ်မူ "ဣမံ ဝိဟာရံ ကပ္ပိယကုဋိံ ကာတုံ အာယသ္မတော ဒေမ"ဟု စသည်ဖြင့် ဆို၍ ခံရာ၏။

ဤကျောင်းရေစက်ချနည်းများကိုကား သီးလုံးဆရာတော်ဘုရားကြီးရေးသားတော်မူအပ်သော "ဝိနည်းဖြတ်ထုံး (၃၈ ၄၁)"မှ ရယူသည်။

## သံဃိကကျောင်း ရေစက်ချ ဝိနိစ္ဆယ

သံဃိကကျောင်းများ၌ ရေစက်ချမှု ကျမ်းဂန်ကိုလည်း ကြည့်ရှု, အာစရိယဝါဒကိုလည်း အလေးဂရုပြုလျက် အပြစ်ကင်းသော နည်းဖြင့် ရေစက် မချပေးပါက

ထိုသံဃိကကျောင်း၌ သုံးဆောင်နေထိုင်သော ရဟန်းသံဃာတော်များသည် ခြေဖဝါး, လက်ဖဝါးများကို ချန်လှပ်၍ ကြွင်းသောကိုယ်အင်္ဂါကြီးငယ်တို့ဖြင့် ထိပါးသုံးစွဲလျှင် အမွေးအရေအတွက်နှင့်အမျှ အာပတ်သင့်ကြောင်းကို ကျမ်းဂန်များ၌ အထင်အရှား ပြဆိုထားသည်။ (စူဠဝဂ္ဂအဋ္ဌကထာ၊ သေနာသနက္ခန္ဓက၊ ၈၇။)

သစေ နိဒ္ဒါယတောပိ ပစ္စတ္ထရဏေ သင်္ကုဋိတေ (သင်္ကုစိတေ သီ) ကောစိ သရီရာဝယဝေါ မဉ္စံ ဝါ ပီဌံ ဝါ ဖုသတိ၊

အာပတ္တိယေဝ။ လောမေသု ပန လောမဂဏနာယ အာပတ္တိယော၀။ ပရိဘောဂသီသေန အပဿယန္တဿာပိ ဧသေဝ နယော။

ဟတ္ထတလပါဒတလေဟိ ပန ဖုသိတုံ ဝါ အက္ကမိတုံ ဝါ ဝဋ္ဋတိ။ (ဝိ၊ ၄၊ ၄၊ ၈၇။)

ကိုရင်=သာမဏေများလည်း သံဃာအပါအဝင်ဖြစ်၍ အာဘိသမာစာရိကဝတ် ဟု ဆိုအပ်သော သေခိယခန္ဓက ဝတ်စုတို့ကို ကေန်မချွတ် ကျင့်ကြရမည်ဖြစ်သောကြောင့် ရဟန်းတော်များနှင့် အလားတူပင် ဖြစ်ပေသည်၊ လူဥပါသကာများအဖို့ ရဟန်းတော်များ၏အသုံးအဆောင်ပစ္စည်းသည် လူတို့အား စေတီထိုက် စေတီအရာ၌ တည်ကြောင်းကို ကျမ်းဂန်များ၌ပြဆိုထားသောကြောင့် သံဃိကကျောင်းကို မဆိုထားနှင့် ပုဂ္ဂလိကကျောင်း၌သော်လည်း ပျက်လိုပျက်ပစေ, အညစ်အကြေး လိမ်းထေးပေရေ, မရိုမသေ အဂါရဝစိတ်ဖြင့် ကျင့်သုံးနေထိုင်မိလျှင် အပြစ်ရှိသည်သာဖြစ်၏။

ပဗ္ဗဇိတပရိဘောဂေါ ဟိ အာဂါရိကာနံ စေတီယဋ္ဌာနိယော။ (ဝိ၊ ၄၊ ၂၊ ၆၇။)

ထို့ကြောင့် သံဃိကကျောင်းကို သုံးဆောင်နေထိုင်သော ရဟန်း, သာမဏေများ အပြစ်ကင်းအောင် ရှေးဆရာတော်ကြီးများ အစဉ်အဆက် ရေစက်ချပေးသော နည်းကို အလွန် ရိုသေလေးစားစွာဖြင့် လိုက်နာကျင့်သုံးအပ်ပေသည်။

သူစိလောမဘီလူးနှင့် ခရလောမဘီလူး။ ကဿပဘုရားရှင် သာသနာတော်၌ ရဟန်းတစ်ပါးသည် အဝေးရပ်မှ ပြန်လာ၍ ချွေး အညစ်အကြေး လူးလဲလိမ်းကျံသော ကိုယ်ခန္ဓာဖြင့် ကောင်းစွာ ခင်းထားအပ်သော သံဃိကခုတင်ညောင်စောင်းကို မရိုမသေဖြင့် အခင်းမခင်းပဲ အိပ်ခဲ့ဖူး၏၊ သီလစင်ကြယ်လျက် ထိုဘဝ၌ တရားထူးမရပဲ ဂယာရွာ၏ တံခါးအနီး အမှိုက်တို့ကို စွန့်ပစ်ရာအရပ်၌ အပ်နှင့်တူသော အမွေးရှိသော "သူစိလောမဘီလူး"ဖြစ်ရ၏။

သူစိလောမ၏မိတ်ဆွေ ခရလောမသည်လည်း ရှေးက သီလရှိသော ဥပါသကာ သူတော်ကောင်းတစ်ယောက်ဖြစ်ပါလျက် သံဃိကကျောင်းဝယ် ခင်းကျင်းထားအပ်သော နေရာ၌ မိမိ၏အပေါ်ခြုံကို မခင်းပဲ လျောင်းအိပ်ဖူး၏၊ ထိုအပြစ်ကြောင့် "ခရလောမ" မည်သော (အမွေးအလွန်ကြမ်းသော) နတ်ဘီလူး ဖြစ်ရလေသည်။

သူစိလောမဿာတိ ကထိနသူစိသဒိသလောမဿ။ သော ကိရ ကဿပဿ ဘဂဝတော သာသနေ ပဗ္ဗဇိတွာ ဒူရဋ္ဌာနတော အာဂတော သေဒမလဂ္ဂဟိတေန ဂတ္တေန သုပညတ္တံ သံဃိကမဉ္စံ အနာဒရေန အပစ္စတ္ထရိတွာ နိပဇ္ဇိ၊ တဿ ပရိသုဒ္ဓသီလဿ တံ ကမ္မံ သုဒ္ဓဝတ္ထေ ကာဠကံ ဝိယ အဟောသိ။ သော တဿိံ အတ္တဘာဝေ ဝိသေသံ နိဗ္ဗတ္တေတုံ အသက္ကောန္တော ကာလ ကံတွာ ဂယာဂါမဒွါရေ သင်္ကာရဋ္ဌာနေ ယက္ခော ဟုတွာ နိဗ္ဗတ္တိ။ (သံ၊ ၄၊ ၁၊ ၂၇၆။)

ခရောတိ သုံသုမာရပိဋ္ဌိ ဝိယ ဆဒနိဋ္ဌကာဟိ ဝိသမစ္ဆာဒနပိဋ္ဌိ ဝိယ စ ခရသရီရော။ သော ကိရ ကဿပသမ္မာသမ္ဗုဒ္ဓ ကာလေ သီလသမ္ပန္နော ဥပါသကော ဟေဒိဝသေ ဝိဟာရေ စိတ္တတ္ထရဏာဒီဟိ အတ္တတာယ (သန္ထတာယ သီ၊သျာ)

ဘူမိယာ သံဃိကေ အတ္တရဏေ အတ္တနော ဥတ္တရာသင်္ဂ အပစ္စတ္ထရိတွာ နိပဇ္ဇိ။ သံဃိကံ တေလံ အဘာဇေတွာ အတ္တနော ဟတ္ထေဟိ သရီရံ မက္ခေသိတိပိ ဝဒန္တိ။ သော တေန ကမ္မေန သဂ္ဂေ နိဗ္ဗတ္တိတုံ အသက္ကောန္တော တသေ္မ ဂါမသ္မ ဒွါရေ သင်္ကာရဋ္ဌာနေ ယက္ခော ဟုတွာ နိဗ္ဗတ္တိ။.....တေ ဥဘောပိ သဟာယာ ဇာတာ။ (သံ၊ ဋ္ဌ၊ ၁၊ ၂၇၇။)
ထိုသူတို့သည် ဤဘုရားရှင်လက်ထက်တော်၌ တရားနာကြရ၍ မဂ်ဖိုလ်ကို ရကြလေ၏။

မှတ်ချက်။ ။ ထိုအပြစ်မျိုးမှ ကင်းလွတ်ဖို့ ရည်ရွယ်ချက်ဖြင့် အချို့ သံဃာတော်များသည် နေရာထိုင်များကို ခင်းပြီးမှ ထိုင်သော အလေ့အထကို ပြုတော်မူကြလေသည်။

ထို့ကြောင့် ပုဂ္ဂလိကကျောင်းဖြစ်စေ, သံဃိကကျောင်းဖြစ်စေ မရှိမသေ နေထိုင်အသုံးပြုလျှင် ဒုပ္ပရိဘောဂ=မကောင်းသော သုံးဆောင်ခြင်းပင်ဖြစ်၏။

ဤနေရာ၌ ဘုရားရှင်က "ချွေးအညစ်အကြေးတို့ဖြင့် လူးလဲသောကိုယ်ခန္ဓာဖြင့် ထိပါး၍သော်လည်းကောင်း, မဆေးသောခြေ ဆေးပြီးသော်လည်း စိုစွတ်သောခြေတို့ဖြင့် နင်း၍လည်းကောင်း ထိုကျောင်းကို အသုံးပြုက ဒုက္ကဋ်အာပတ်"ဟု ပညတ်တော်မူသည်။

ထိုအာပတ်သင့်သော အပြစ်များမှ ကင်းလွတ်အောင် သံဃိကကျောင်း ရေစက်ချရာ၌

ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ။ (ဝိ၊ ဋ္ဌ၊ ၄၊ ၉၇။)

ဤအဋ္ဌကထာ ဆိုလိုပုံမှာ "အကြင်အကြောင်းအရာ အခြင်းအရာဖြင့် ကျောင်းလှူဒါန်းသူ ဒကာ, ဒကာမတို့က သံဃာတော်တို့အား လျှောက်ထားပြောဆိုကြကုန်၏၊ ထိုလျှောက်ထားပြောဆိုအပ်သည့်အတိုင်း ရဟန်း, သာမဏေတို့သည် သုံးဆောင်နေထိုင် ကျင့်ကြံကြရမည်"ဟု ဆိုလိုသည်။

ကျေးဇူးရှင်(အဂ္ဂမဟာပဏ္ဍိတ)အဘယာရာမဆရာတော်ဘုရားကြီးက ဤအဋ္ဌကထာစကားအရ ကျောင်းလှူသူ ဒကာ, ဒကာမ တို့အား နားလည်အောင် ပြောပြပေးရမည် ဟု မိန့်တော်မူပါသည်။

လျှောက်ထားချက် ၃ ချက်။

(၁) ကျောင်းဒကာ, ကျောင်းအမတို့က "သံဃာတော် အရှင်သူမြတ်တို့ဘုရား...တပည့်တော်များ ဆောက်လုပ်လှူဒါန်းအပ်သော ဤကျောင်းကို မဆေးရသေးသောခြေ, ဆေးပြီး၍ စိုစွတ်သောခြေ, ဖိနပ်နှင့်တကွသော ခြေတို့ဖြင့် နင်း၍လည်းကောင်း, ခြေဖဝါး လက်ဖဝါးမှတစ်ပါး ကျောကုန်းစသော ချွေးအညစ်အကြေး လိမ်းကျံသော ကိုယ်အင်္ဂါတို့ဖြင့် မှီးတင်း ပွတ်တိုက်၍ လည်းကောင်း ချမ်းချမ်းသာသာ အလိုရှိသလို သုံးဆောင်တော်မူကြပါဘုရား"ဟု လျှောက်ထားခြင်း၊

(၂) ဝိနည်းကံအားလျော်စွာ အန္တောဝုတ္ထ အန္တောပက္က အပြစ်ဘေးမှ ကင်းလွတ်၍ ရဟန်း, သံဃာတော် အရှင်သူမြတ်အား သင့်လျော် လျောက်ပတ် အပ်စပ်သော ကပ္ပိယကုဋီကို ပြုလုပ်၍ သုံးဆောင်တော်မူကြပါဘုရား"ဟု လျှောက်ထားခြင်း၊

(၃) ဤကျောင်းကို ဘုရားအမှူးရှိသော လက်ထက်တော်သာဝက သံဃာတော်အရှင်သူမြတ်များနှင့်တကွ ထိုထိုအရပ်မျက်နှာ တို့မှ ရောက်ပြီး, ရောက်ဆဲ, ရောက်လတ္တံ့သော ဓမ္မဓမ္မလျော် သံဃာတော်တို့အား နိဗ္ဗာန်ရည်မှန်း၍ လှူဒါန်းပါကုန်၏"ဟု လျှောက်ထားခြင်း။

ဤ(၃)မျိုးသော စကားရပ်တို့ကို ကျောင်းဒကာ, ကျောင်းအမ ဖြစ်သူတို့က ကိုယ်တိုင်လျှောက်ဆို၍ ကိုယ်တိုင်ရေစက်ချ လှူမည်အရာမျိုးဖြစ်၏။

စာမရ မလျှောက်ထားတတ် ရေစက်မချတတ်သောကြောင့်သာ ဆရာသမားဖြစ်သောပုဂ္ဂိုလ်တို့က ကျောင်းဒကာ+ကျောင်းအမ တို့၏ကိုယ်စား ရေစက်ချပေးရိုး ပြုလုပ်ကြရသည်။

ဤနေရာ၌ဒွါနဝယ် ခုဒ္ဒသိက္ခာ ဘာသာဋီကာ ကျမ်းပြုဆရာတော်ဘုရားသည်ကား နံပါတ်(၁)ပါ စကားရပ်ကို မထည့်သွင်းပဲ ချန်ချွင်းလျက် (၂၊၃)စကားရပ်များအရ ဣမံ ဝိဟာရံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ကပ္ပိယကုဋိ ကာတုံ ဒေမ။

ဤသို့ ရေစက်ချပေးတော်မူသည်။

နိကာယ်ငါးရပ် ပိဋကတ်ထိပ်သီး အချို့သော ဆရာတော်ဘုရားကြီးများသည် နံပါတ်(၂)စကားရပ်ကို မထည့်မသွင်း ချန်ချွင်း လျက် ရေစက်ချတော်မူကြသည်။

အမှန်စင်စစ်မှာ ကျောင်းဒကာ+ကျောင်းအမတို့အား ဤ(၃)မျိုးလုံးကို နားလည်အောင် ပြောပြ၍ ရေစက်သွန်းချပေးခြင်းသာ အကောင်းဆုံးဖြစ်ပါသည်။

ပြဆိုခဲ့ပြီးသော အဋ္ဌကထာစကားအရ လှူဒါန်းသူတို့၏လျှောက်ထားချက်အရ ကျင့်သုံးလျက် အပြစ်ကင်းကြောင်းကို ပုဗ္ဗာရုံကျောင်းတော်ကြီးကို ရေစက်ချအခမ်းအနား ကျောင်းလှူပူဇော်ပွဲ ကျင်းပပြုလုပ်ရာ ဝတ္ထုသာကေဖြင့် ဆက်လက်ပြဆိုပါအံ့။

## ဝိသာခါကျောင်းအမကြီး၏အဆွေခင်ပွန်းမ ကုသိုလ်ပါဝင်

ဝိသာခါ၏အဆွေခင်ပွန်းမဖြစ်သော ဒါယိကာမတစ်ယောက်သည် အဖိုးတစ်သိန်းထိုက်တန်သော ကမ္ဗလာအခင်းကို ကုသိုလ်ပါဝင်လိုကြောင်း ပြောသောအခါ ဝိသာခါကျောင်းအမက "ကျောင်းပြာသာဒ်၏ဘုံနှစ်ဆင့်တို့ကိုလည်းကောင်း, တိုက်ခန်းတစ်ထောင်တို့ကိုလည်းကောင်း ကြည့်ရှု၍ ခင်းပါတော့"ဟု ခွင့်ပြုလိုက်၏။

အဆွေခင်ပွန်းမသည် မိမိ၏ကမ္ဗလာအဝတ်ကို ခင်းဖို့ရာ အဆိုပါဌာနများ၌ လိုက်လံကြည့်ရှုရာ အားလုံး ခင်းပြီးလည်းဖြစ်, မိမိအခင်းအောက် ယုတ်ညံ့သော အခင်းတစ်ခုကိုမျှ မတွေ့ရှိရသည်ဖြစ်၍ မခင်းရပဲနေရသောကြောင့် တစ်ခုသောအရပ်ဝယ် ငိုပြီးနေလေ၏။

အရှင်အာနန္ဒာမထေရ်သည် ငိုကြွေးနေသော ဒါယိကာမကို မြင်သဖြင့် "အဘယ့်ကြောင့် ငိုကြွေးနေသနည်း?"ဟု မေးလေသော် ဒါယိကာမသည် ထိုအကြောင်းကို လျှောက်ထားလေ၏၊ အရှင်အာနန္ဒာမထေရ်က "မစိုးရိမ်လင့်၊ ငါသည် သင့်အား ခင်းဖို့ရာအရပ်ကို ပြောကြားပေအံ့"ဟု မိန့်တော်မူပြီးလျှင် စောင်းတန်းခြေရင်း ခြေဆေးရာအရပ်၌ "ဤတစ်သိန်းတန်ကမ္ဗလာအဝတ်ကို ခြေသုတ်ပုဆိုးပြု၍ ခင်းလေလော့"ဟု မိန့်ကြားတော်မူ၍ "ရဟန်းတို့သည် ခြေတို့ကို ဆေး၍ ရေးဦးစွာ ဤကမ္ဗလာအဝတ်ပုဆိုး၌ ခြေကိုသုတ်သင်ပြီးမှ ကျောင်းတွင်းသို့ ဝင်ကြကုန်လတ္တံ့၊ ဤသို့လျှင် သင့်အား များသောအကျိုးသည် ဖြစ်လတ္တံ့"ဟု မိန့်တော်မူ၏။

(ဓမ္မပဒ၊ ၄၊ ၁၊ ၂၆၂။)

ပြဆိုအပ်ပြီးသော ဝတ္ထုအတိုင်း အလှူရှင်က "အဖိုးတစ်သိန်းထိုက်တန်သော ကမ္ဗလာကြီးကို ခြေသုတ်ပုဆိုးပြုလုပ်၍ အသုံးပြုတော်မူပါကုန်"ဟု လျှောက်ထားချက်အရ အလိုရှိတိုင်း ရဟန်းသံဃာတော်များ အသုံးပြုရ၏၊ တစ်စုံတစ်ခုမျှ အပြစ်မရှိပေ။ (သာရတ္ထ၊ ၃၊ ၂၆။)

အကယ်၍ ဤမျှတန်ဖိုးရှိသောပစ္စည်းကို ယခုလို မလျှောက်ထားပဲ လှူခဲ့လျှင် ခြေသုတ်အဖြစ်ဖြင့် အသုံးပြုပါက အမှန်အပြစ်ရှိသည်။

ထို့အတူ သံဃိက ခုတင် ညောင်စောင်းစသော အိပ်ရာနေရာများကို လှူဒါန်းသူ ဒါယကာက "ဟင်းလင်းအပြင် မိုးရွာနေပူလွင်တီးခေါင်အရပ်၌ ထားပြီး အလိုရှိသလို အသုံးပြုတော်မူပါကုန်"ဟု လျှောက်ထား၍ လှူလျှင် ထိုအရပ်များ၌ အခါခပ်သိမ်းထား၍ သုံးဆောင်သော်လည်း အာပတ်မသင့်, အပြစ်မရှိ၊ ထိုသို့ မလျှောက်ထားလျှင် အဆိုပါအတိုင်း အသုံးပြုပါက အာပတ်သင့်, အပြစ်ရှိ၏။ (သာရတ္ထ၊ ၃၊ ၂၆။)

ဤဆိုအပ်ပြီး အဋ္ဌကထာ, ဋီကာ စကားရပ်များကို ထောက်ထား၍ (၁,၂,၃)ညွှန်ပြချက်အတိုင်း ရေစက်ချပေးပါလျှင် သုံးဆောင်သော ရဟန်းသံဃာများ အပြစ်ကင်း၏။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည်လည်း ကျောင်းရေစက်ချရာ၌ ဆိုအပ်ပြီး (၃)မျိုးလုံးပါဝင်ပုံကို ပါဠိအနက်နှင့်တကွ ပြဆိုတော်မူထားပါသည်။

ဣမံ ဝိဟာရံ ကပ္ပိယကုဋိံ ကာတုံ သံဃဿ ဒေမ၊ ကာယကာယပဋိဗဒ္ဓေဟိ ဖုသိတွာ ယထာသုခံ ပရိဘုဉ္ဇထ။ ။

သုံးခေါက်ဆို။ ဣမံ ဝိဟာရံ ဤကျောင်းကို၊ ကပ္ပိယကုဋိံ ရဟန်းတော်မြတ်တို့အား သင့်လျော်လျောက်ပတ် အလွန်အပ်သော ကပ္ပိယကုဋိကို၊ကာတုံ -ပြုစိမ့်သောငှါ၊ သံဃဿ အရပ်ဒိသာ ရှစ်မျက်နှာမှ ရောက်လာသမျှ ဓမ္မမွေလျော် သံဃာတော်အား၊ ဒေမ လှူဒါန်းပါကုန်၏၊ တုမှေ အရှင်ဘုရားတို့သည်၊ ကာယကာယပဋိဗဒ္ဓေဟိ -ခြေဖဝါး လက်ဖဝါး တင်ပါး ကျောက်ကုန်း အစရှိကုန်သော ကိုယ်အင်္ဂါ, ဖိနပ်သင်္ကန်း အပေါ်လွှမ်း အစရှိကုန်သောကိုယ်နှင့်စပ်သော ဝတ္ထုတို့ဖြင့်၊ ယထာသုခံ အလိုတော်ရှိတိုင်း၊ ဖုသိတွာ ထိပါး၍၊ ပရိဘုဉ္ဇထ ဣရိယာပထ မျှတမိုတင်း သီတင်းသုံးကာ သုံးဆောင်တော်မူပါကုန်လော့။

ကပ္ပိယကုဋိမြောက်အောင် ကျောင်းရေစက်ချနည်း။ ။ ဆိုနေကျရေစက်ချဉ် လောင်းစွက်ထည့်သွင်း၍ ဆိုရန်။ မိမိ ပုဂ္ဂလိကကျောင်းဖြစ်ခဲ့သော် "သံဃဿ"နေရာမှာ "အာယသ္မတော"ဟု ထည့်လေ။ ။ သူတစ်ပါးတို့ ချ၍ပေးသူဖြစ်ခဲ့သော် "သံဃဿ"နေရာမှာ "အာယသ္မတော တိဿထေရဿ၊ အာယသ္မတော သုမနထေရဿ"စသည်ဖြင့် ကျောင်းရှင်ပုဂ္ဂိုလ် ဘွဲ့အမည်ကို ထည့်လေ။

⁘ အကပ္ပိယ၊ ကျောင်းဖြစ်က၊ များလှပြစ်ဆာနာ။

⁘ ဝိနည်းမတတ်၊ ကျောင်းထိုင်လတ်၊ အားပတ်မဆုံးရာ။

(ဝိနယသံခိပ်ကျမ်း၊ ကျောင်းဟူသော မိုရာနိဿယအခြွက်၊ ဣတ္ထာသယမူ၊ ၄၁-၄၃။)

ဤသို့လည်း သတိပေး ဆုံးမတော်မူထား၏။

လင်္ကာပေသလ ဝိနယဂရုက ဆရာသမား အဆက်ဆက်တို့လည်း ဤသို့ ရေစက်ချမှု ပြုတော်မူကြကုန်၏။

ဤဗုဒ္ဓမြတ်စွာ သာသနာ၌ ဗုဒ္ဓပါဝစနဖြစ်သော ပိဋကတ် အတတ်မြောက်ဆုံး ပုဂ္ဂိုလ်များကို "ဗုဒ်အစ ဗုဒ်အဆုံး"ဟု အစဉ်အဆက် ဆိုထုံးရှိ၏၊ "ဗုဒ်အစ"ဆိုသည်မှာ "အရှင်မဟာဗုဒ္ဓဃောသ"ဖြစ်၏၊ "ဗုဒ်အဆုံး"ဆိုသည်မှာ လူအမည် ဦးဗုဒ် ဖြစ်၍ ရဟန်းဘွဲ့တော် "ဉာဏဓဇ"ဖြစ်ပါသည်။

မှတ်ချက်။ ။ [စာပြုသူ ကြားဖူးသော ဆိုရိုးသည်ကား "ဗုဒ်အစ-ဗုဒ်အလယ်-ဗုဒ်အဆုံး"ဟု ဖြစ်၏၊ "ဗုဒ်အစ"ဆိုသည်မှာ "ဗုဒ္ဓဘုရားရှင်"ဖြစ်၍ "ဗုဒ်အလယ်"မှာ "အရှင်မဟာဗုဒ္ဓဃောသ"ဖြစ်လျက် "ဗုဒ်အဆုံး"မှာကား "ဆရာတော်ဦးဗုဒ်" ဖြစ်၏။]

မိုးကြီးချုပ်လို့ ဗုဒ်ကြီးမြှည် ပူစီတို့ဖုံး။
သာသနာ ဝါယာမာ တဖန်ထုတ်ရန်ဖို့၊
ရွှေဗုဒ်ကယ် မယ်ဆံထုံးမှာ နားလှည့်ပါအုံး။

ဟု တဘောင်ပေါ်ခဲ့သည်။

တစ်သာသနာလုံး အားကိုးအားထားပြုရသောကျမ်းပေါင်းများစွာကိုလည်း ပြုစုတော်မူသွားသော ဆရာတော်ဦးဗုဒ်၏ခုဒ္ဒသိက္ခာ နိဿယ (၄၅၇)၌

ကမ္ဗလံ လက္ခမတ္တမ္ပိ၊ ပါဒပုဉ္ဆာဃ စေ ဒဒေ။
တထာ နံ ပရိဘုဉ္ဇေယျ၊ ယထေဝံ တတ္ထိ ဇာနိယံ။

ဤသို့ ကျောင်းရေစက်ချအမှုကို အထူးကြောင့်ကြပြုကာ "သင်္ဂဟဂါထာ"ဖြင့် မှာကြား မိန့်ထားရေးသားသွားပေသည်။

ထို့ကြောင့် သုံးဆောင်နေထိုင်သောပုဂ္ဂိုလ်များ အပြစ်ကင်းသည်ထက် ကင်းအောင် ပုဂ္ဂလိကကျောင်းဖြစ်စေ, သံဃိကကျောင်း ဖြစ်စေ, စာတုဒ္ဒိသာဇရပ်ကိုဖြစ်စေ ရေစက်ချရာ၌ (၁-၂ ၃)ဤလျှောက်ထားချက် ၃ ချက် အဆို(၃)ထွေ ပါရှိလေအောင် သတိဆောင် တော်မူကြကုန်ရာ၏။

**ကျောင်းရေစက်ချပုံအကျဉ်း**

အဓောတအလ္လပါဒေဟိ အဉ္ဇလိတွာ စ သေဒမလဂ္ဂဟိတေဟိ ကာယကာယပဋိဗဒ္ဓေဟိ ကာယာဒီဟိ ဖုသိတွာ စ ယထာသုခံ ပရိဘုဉ္ဇထ၊ ဣမံ ဝိဟာရံ ကပ္ပိယကုဋိံ အာဂတာနာဂတဿ သံဃဿ ဒေမ၊ ကပ္ပိယကုဋိံ ကတွာ ပရိဘုဉ္ဇထ။

အကျယ်ကို သိလိုပါက အဘယာရာမ ဆရာတော်ဘုရားကြီး၏အဆုံးအဖြတ် ဝိသုဒ္ဓါရုံရှင့်ကျင့်ဝတ်သစ် မူကျယ်ကြီး(၉၄)၌ ရှုကြပါကုန်။

မှတ်ချက်။ ။ ဤ "သံဃိကကျောင်း ရေစက်ချ ဝိနိစ္ဆယ"ကို ရန်ကုန်မြို့ ဗဟန်း မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက် ပဓာန မဟာနာယကဆရာတော် အရှင်ဝါသဝါဘိဝံသ မဟာထေရ်၏ "သဗ္ဗမင်္ဂလ ဓမ္မဒေသနာ (၄၆၅-၄၇၀)"မှ ရယူပါသည်။

## မန္တလေးမြို့ ဒုတိယမြောက် အဘယာရာမဆရာတော်ဘုရားကြီး၏ ကျောင်းရေစက်ချများ

အဋ္ဌကထာ, ဋီကာတို့နှင့် အညီ ကျောင်းအလှူခံရာ အစီအစဉ်ကို ပြဆိုအံ့...

(၁) စာတုဒ္ဒိသသံဃိကကျောင်းခံခြင်း၊
(၂) အာရာမိကသံဃိကကျောင်းခံခြင်း၊
(၃) အလိုရှိရာ သံဃာကို ပိုင်းခြား၍ ကျောင်းခံခြင်း၊
(၄) ပုဂ္ဂလိကကျောင်းခံခြင်း အားဖြင့် လေးပါးအပြားရှိ၏။

ထိုလေးပါးတို့တွင်...(၁) စာတုဒ္ဒိသသံဃိကကျောင်းခံလိုသော်...

"မယံ ဘန္တေ ဣမံ ဝိဟာရံ ကပ္ပိယကုဋိံ ကတွာ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒေမ၊ ကာယာဒီဟိ ဖုသိတွာ

ယထာသုခံ ပရိဘုဉ္ဇထ။

ဘန္တေ အရှင်ဘုရား၊ မယံ တပည့်တော်တို့သည်၊ ဣမံ ဝိဟာရံ-ဤကျောင်းကို၊ ကပ္ပိယကုဋိ ကတွာ ကပ္ပိယကုဋိကို ပြု၍၊ အာဂတာနာဂတဿ ရောက်လာပြီး, မရောက်လာသေးသော၊ စာတုဒ္ဒိသဿ သံဃဿ-အရပ်လေးမျက်နှာ၌ တည်သောသံဃာအား၊ ဒေမ လှူပါကုန်၏၊ ကာယာဒီဟိ ကိုယ်အစရှိသည်တို့ဖြင့်၊ ဖုသိတွာ ထိ၍၊ ယထာသုခံ ချမ်းသာသလို အလိုရှိတိုင်း၊ ပရိဘုဉ္ဇထ နေထိုင်သုံးဆောင်တော်မူပါကုန်။"

(၂) အာရာမိကသံဃိကကျောင်းခံလိုသော်...

"မယံ ဘန္တေ ဣမံ ဝိဟာရံ ကပ္ပိယကုဋိ ကတွာ ဣမသ္မိံ အာရာမေ ဌိတသံဃဿ ဒေမ၊ ကာယာဒီဟိ ဖုသိတွာ ယထာသုခံ ပရိဘုဉ္ဇထ-ဟု ဒါယကာကို ဆိုစေ၍ ခံအပ်၏။

ဣမသ္မိံ အာရာမေ ဤကျောင်းတိုက် အာရာမ်တွင်း၌၊ ဌိတသံဃဿ-သီတင်းသုံးတည်နေသော သံဃာအား၊ ဒေမ ကုန်၏။"

(၃) အလိုရှိရာ သံဃာကို ပိုင်းခြား၍ ကျောင်းခံလိုသော်...

"မယံ ဘန္တေ ဣမံ ဝိဟာရံ ကပ္ပိယကုဋိ ကတွာ ဈေကျင်နိကာယေ ဌိတသံဃဿ ဒေမ ဟူ၍လည်းကောင်း,'သုဓမ္မနိကာယေ ဌိတသံဃဿ ဒေမ' ဟူ၍လည်းကောင်း, 'ဒွါရနိကာယေ ဌိတသံဃဿ ဒေမ' ဟူ၍လည်းကောင်း, 'မဂ္ဂလေးနဂရေ ဌိတသံဃဿ ဒေမ' ဟူ၍လည်းကောင်း စသည်ဖြင့် အလိုရှိရာ သံဃာကို ပိုင်းခြားဆိုစေ၍ ခံအပ်၏။"

(၄) ပုဂ္ဂလိကကျောင်းခံလိုသော်...

"မယံ ဘန္တေ ဣမံ ဝိဟာရံ ကပ္ပိယကုဋိ ကတွာ အာယသ္မတော ဒေမ ဟု ဒါယကာကို ဆိုစေ၍ ခံအပ်၏။"

[မှတ်ချက်] တစ်ပါးသောရဟန်းက အခြားတစ်ပါးသောရဟန်းအတွက် ကျောင်းခံရာ၌ကား...

"မယံ ဘန္တေ ဣမံ ဝိဟာရံ ကပ္ပိယကုဋိ ကတွာ (သုမန)နာမကဿ အာယသ္မတော ဒေမ ဟု ဒါယကာကို ဆိုစေ၍ ခံအပ်၏။

အမှာစကား။ ။ သုမနနာမကဿ ဆိုရာ၌ အမည်အားလျော်စွာ ထည့်၍ အသုံးပြုပါလေ။

၁၃၂၉ ခု တပို့တွဲလဆန်း ၆-ရက်နေ့တွင် ဆရာတော်ဘုရားကြီးထံမှ ရယူသည်။

## မဟာစည်ဆရာတော်ဘုရားကြီး၏
## သိမ်ရေစက်ချ

မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ သာဓိကစတ္တာလီသသဟဿကဟာပဏေ ပရိစ္စဇိတွာ ကာရာပိတံ မနောရမ္မံ ပါသာဒိကံ အတိသောဘိတံ သီမာဝါသံ သံဃဿ ဒေမ အဇ္ဇတေဟိ ဓာတေဟိ စ သောဒကေဟိ ပါဒေဟိ အက္ကမိတွာ သဗ္ဗကာယင်္ဂေဟိ ဖုသိတွာ စ ယထာသုခံ ဘိက္ခူဟိ ပရိဘုဉ္ဇိတုံ ကပ္ပိယကုဋိဥ္စ ကာတုံ, ဝဿနမမ္မ သဝနာဒိကာလေ စ ဥပါသကောပါသိကာဟိပိ ယထာသုခံ ဥပသေဝိတုံ၊ ဧတ္တ ဘန္တေ အနုဇာနိတဗ္ဗာနံ အနုဇာနိတုံ, နိဝါရေတဗ္ဗာနဥ္စ နိဝါရေတုံ သာသနာ့ရိပ်သာ နာယကဘူတဿ ဘဒ္ဒန္တကေသရမဟာထေရဿ စ နိယျာတေမ၊ ဧတ္တ စ ဘန္တေ ဘိက္ခူ ယထိစ္ဆိတာနိ ဝိနယကမ္မာနိ တဒညာနိ စ သာသနဟိတကမ္မာနိ ကတွာ ဗုဒ္ဓသာသနံ သောဘေန္တု၊ အတ္တနော ဟိတံ သမထဝိပဿနာမဂ္ဂဖလသံယုတ္တံ သမ္မာဒေန္တု။

ဣဒံ နော ပုညံ အာသဝက္ခယာဝဟံ ဟောတု။

မှတ်ချက်။ ။ ၁၃၂၉ ခု ကဆုန်လဆန်း ၁၀ ရက် ကြာသပတေးနေ့၊ နတ္တလင်းမြို့ သာသနာ့ရိပ်သာ သိမ်ကို မဟာစည်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ရေစက်ချပေးတော်မူသည်။ မူအတိုင်း။ နတ္တလင်း သာသနာ့ရိပ်သာ ဦးအဂ္ဂစာရထံမှ။

* * * * *

## သိက္ခာထပ်ခြင်းနှင့်စပ်သွယ် သိမှတ်ဖွယ်

သိက္ခာထပ်ခြင်းဟူသည် ဖြစ်ပြီးသားရဟန်းကို ဥပသမ္ပဒကမ္မဝါစာဖြင့် ထပ်မံဖတ်ရွတ်ပြုလုပ်ခြင်းဖြစ်၍ ကံထပ်ခြင်းပင်ဖြစ်သည်၊ ယင်းကို သိမ်ထပ်ခြင်းဟူလည်း ခေါ်သည်။ လောက၌ အဘိသိက်သွန်းပြီးသောမင်းကို အကြိမ်ကြိမ် အဘိသိက်သွန်းသော်လည်း အပြစ်တစုံတရာ မတွေ့ရ၊ အဘိသိက်သွန်းခြင်း၏စွမ်းအင်ကြောင့် မင်း၏တန်ခိုးအာနုဘော်တိုးပွါးခြင်းအကျိုးကိုသာ မြင်ရသကဲ့သို့လည်းကောင်း, သာသနာတော်၌ ကိစ္စအားလုံးပြီးပြီးသော စေတီတော်, ဆင်းတုတော်များကို "အနေကဇာတင်မှု"ကို အဖန်ဖန် ပြုသော်လည်း အပြစ်မထင်အတိုင်းထက်အလွန် တန်ခိုးအာနုဘော်ကြီးခြင်းစသော အကျိုးအာနိသင်တို့ကိုသာ မြင်တွေ့ကြကုန်သည်ဖြစ်၍ အကြိမ်ကြိမ် ပြုကြကုန်သကဲ့သို့ ထို့အတူ ပြုအပ်ပြီးသော ဥပသမ္ပဒကံရှိသော ရဟန်းကို တဖန်ထပ်၍ ကမ္မဝါစာဖတ်ရာ၌ အပြစ် မမြင်ပါ၊ အကယ်၍ ရှေးက ပြုခဲ့သောကံ၌ ဝတ္ထုအစရှိသောအင်္ဂါငါးပါးတို့တွင် အင်္ဂါတပါးပါး မပြည့်စုံခဲ့လျှင် ကံပျက်သောကြောင့် ရဟန်းမဖြစ်ပဲ ရှိရာ၏၊ ယခု ပြုလုပ်သော သိမ်ထပ်မှုကံက အင်္ဂါငါးပါးပြည့်စုံသည်ဖြစ်၍ ကံပြည့်စုံသောကြောင့် ရဟန်းဖြစ်ရခြင်း, ရှေးက ကမ္မသမ္ပတ္တိဖြစ်လျှင်လည်း ပို၍မြဲမြံခိုင်ခံ့ခြင်းအကျိုးတို့ကို မြင်တွေ့ကုန်သည်ဖြစ်၍ သိက္ခာထပ်(သိမ်ထပ်)ခြင်းကို ပြုကုန်၏။

ယထာ ဟိ လောကေ အဘိသိတ္တမ္ပိ ရာဇာနံ ပုနပ္ပုနာဘိသိဉ္စနေ အာဒီနဝံ န ပဿန္တိ၊ အထ ခေါ အဘိသေကာနုဘာဝေန ရာဇိဒ္ဓိပ္ပတ္တတာဒီဟိ ကာရဏေဟိ အာနိသံသမေဝ ပဿန္တိ၊ ယထာ စ သာသနေ စေတိယံ ဝါ ပဋိမံ ဝါ နိဋ္ဌိတသဗ္ဗကိစ္စံ "အနေကဇာတိသံသာရံ"န္တိအာဒီဟိ ဘဂဝတော ဝစနေဟိ အဘိသေကမင်္ဂလံ ကရောန္တာပိ ပုနပ္ပုနကရဏေ အာဒီနဝံ အပဿန္တာ ပုနပ္ပုနံ ကရောန္တိယေဝ၊ ဧဝမေဝ ကတဥပသမ္ပဒကမ္မံ ဘိက္ခုံ ပုနဒေဝ ကမ္မဝါစာဘဏနေ အာဒီနဝံ အပဿန္တာ ပုဗ္ဗေ ကတကမ္မသို ဝတ္ထုအာဒီသု ပဉ္စသု အင်္ဂေသု ကေသုဉ္စိ အင်္ဂေ အပရိပုဏ္ဏေ သတိ ကမ္မကောပသမ္ဘဝတော ဣဒါနိ ကတကမ္မေန ပရိပုဏ္ဏအင်္ဂေ သတိ ကမ္မသမ္ပတ္တိသမ္ဘဝဉ္စ ပုဗ္ဗေဝ ကမ္မသမ္ပတ္တိသမ္ဘဝေပိ ဒဠှီကမ္မထိရတရသမ္ဘဝဉ္စ အာနိသံသံ ပဿန္တာ ကရောန္တိ။ (ဝိနယာလင်္ကာရ၊ ၂၊ ၂၇ဝ။)

ဘဒ္ဒန္တတိလောကသာရ (ရဝေထွန်း)၏သိက္ခာထပ်ခြင်းနှင့်ပတ်သက်၍ သမိုင်းကြောင်းကို လေ့လာတင်ပြထားပုံကား...ဤကဲ့သို့ သိက္ခာထပ်ခြင်းအမှုကို ဘုရားရှင်လက်ထက်၌ ပြုလုပ်သည်ဟု စာပေမရှိသော်လည်း မြန်မာနိုင်ငံ သာသနာဝင်တွင်မူ ပုဂံခေတ်ကပင် ရှိခဲ့ကြောင်း သိရသည်။ "ပတ်ကုံးထိုထို၊ မြို့သီဟိုဠ်တွင်၊ ကုသိုလ်ပျော်ပါး၊ သခင်များတို့၊ စကားမြွက်ဆို၊ တို့သီဟိုဠ်မှာ၊ ကြည်ညိုနှလုံး၊ သီတင်းသုံးမူ၊ ထုံးစံကျမ်းလာ၊ တို့သိက္ခာကို၊ ထပ်ပါရမည်၊ မိန့်ရှိသည်၌"ဟု ရှေးပေါင်းလောင်းသမိုင်းပျို့ ၂၁ တွင် ပါရှိပါသည်။ ပုဂံခေတ် နရပတိစည်သူ(၅၃၆ ၅၇၃)လက်ထက် ပေါင်လောင်ရှင် မဟာကဿပ သီဟိုဠ်သို့ ကြွတော်မူရာ သီဟိုဠ်ရဟန်းတော်များက သိမ်ထပ် (ထပ်မံရဟန်းခံ)ရန် ပြောကြောင်း ဆိုလေသည် ။ အင်းဝ သာလွန်မင်း လက်ထက် တောင်ဖီလာ ဆရာတော် ပြုစုခဲ့သည့် ဝိနယာလင်္ကာရဋီကာတွင်လည်း ဗုဒ္ဓရုပ်ပွါးတော်များအား အထပ်ထပ် အနေကဇာတင်က ဗုဒ္ဓ၏ဂုဏ်တော်တန်ခိုးတော်များ ပိုမိုတိုးတက် လာနိုင်သကဲ့သို့ ရဟန်းတော်များအားလည်း အထပ်ထပ် သိက္ခာထပ်ခြင်းကြောင့် ရဟန်းမဖြစ်ခဲ့လျှင်လည်း ရဟန်းဖြစ်ခြင်း, ဖြစ်ခဲ့လျှင်လည်း တန်ခိုးအရှိန်အဝါ တိုးတက်ခြင်းများဖြစ်နိုင်ကြောင်း ပါရှိခဲ့ပေသည်။

ဓမ္မစေတီမင်းလက်ထက်က မြန်မာရဟန်းတော်များ သီဟိုဠ်ကျွန်းသို့ ကြွ၍ သိက္ခာသစ်တင်သကဲ့သို့ အမရပူရခေတ်တွင် သီဟိုဠ်ရဟန်းတော်များ မြန်မာနိုင်ငံသို့ ကြွရောက်၍ သိက္ခာထပ်ခဲ့ကြသည်။ သီဟိုဠ် သာသနာ၏အလေ့မှာ အခြားနိုင်ငံမှ လာသော ရဟန်းတော်များအား သိက္ခာသစ် တင်သောအလေ့ရှိကြ၍ မြန်မာနိုင်ငံကမူ သိက္ခာထပ်သောအလေ့ ရှိကြောင်း သာသနာဝင်မှတ်တမ်းများအရ သိရပေသည်။ (ဘဒ္ဒန္တတိလောကသာရ(ရဝေထွန်း) မြတ်မင်္ဂလာ ဘာသာရေး ပြဿနာများ၊ ၉၁ ၉၂။)

## မဟာစည်ဆရာတော်ဘုရားကြီး၏
## သိမ်ထပ်, ကံထပ်ခြင်းနှင့်ပတ်သက်သော ဩဝါဒကထာ

နောက်တခုကတော့ ဥပသမ္ပဒကံထပ်ပြီး သံယောဇဉ် ပွါးစေတဲ့အလုပ်ကို မပြုလုပ်ကြဖို့ပါပဲ၊ မူလ ရဟန်းခံစဉ်က အသက်၂ဝ ပြည့်မပြည့်နှင့် စပ်ပြီးတော့ဖြစ်စေ, သိမ်, ဥတ်, ကမ္မဝါ, ကမ္မကာရကသံဃာတို့နှင့်စပ်ပြီးတော့ဖြစ်စေ သံသယရှိလို့ သိမ်ထပ်တာ, ကံထပ်တာကတော့ အပြစ်မရှိပါဘူး၊ သို့ပေမဲ့ မူလ ရဟန်းခံစဉ်က ကံဆောင်မှုနှင့်စပ်ပြီး သံသယမရှိပဲနဲ့ ရဟန်းဒကာ,ရဟန်းအမ ပွါးရုံမျှအတွက် ကံထပ်တာကတော့ သံယောဇဉ်ပွါးစေတဲ့အလုပ်ပဲ၊ ဒါပေမယ့် စာသင်သား ရဟန်းငယ်ဘဝဆိုယင် စာသင်ရာမှာ အထောက်အပံ့ရရေးအတွက်ဆိုတော့ တော်ပါသေးရဲ၊ ကမ္မဋ္ဌာန်းဆရာ မထေရ်ကြီးဘဝရောက်နေမှ ကံထပ်တာကတော့ မတော်ပါဘူး၊ မူလ ရဟန်းခံစဉ်ကပင် ရဟန်းဖြစ်နေယင် နောက်ထပ် ဥပသမ္ပဒကံဆောင်တာဟာ အပိုပါပဲ၊ ရဟန်းဒကာခံတဲ့သူများမှာလဲ ရဟန်းဒကာ အစစ်မဖြစ်ပါဘူး၊ အမည်ခံမျှပါပဲ၊ သင်္ကန်း, သပိတ်လှူတဲ့ကုသိုလ်အပြင် အခြားကုသိုလ်အထူးကိုလဲ မရပါဘူး၊ အမည်ခံ ရဟန်းဒကာ, ဒကာမ

များမှာရော, အဲဒီကံထပ်တဲ့ရဟန်းမှာရော သံသယဇောဖြစ်ပွါးရုံမျှပါပဲ၊ တခါက ရိပ်သာတခုမှာ ကမ္မဋ္ဌာန်းဆရာက တနာရီလောက် အတွင်းမှာပင် ရဟန်းဒကာ, ဒကာမသုံးဦးတို့၏သင်္ကန်း,သပိတ်သုံးစုံကိုအလှူခံပြီး သုံးကြိမ်တိုင်တိုင် ကံထပ်တာကို တွေ့ဖူးတယ်၊ အဲဒီတုန်းက ဘုရားတပည့်တော်မှာ များစွာ အရှက်ရခဲ့ပါတယ်၊ ဘာကြောင့် လဲဆိုတော့ မဟာစည်၏တပည့် ကမ္မဋ္ဌာန်းဆရာတပါးက အဲဒီလို ပြုလုပ်တာကို မြင်တွေ့ကြားသိရတဲ့မလိုလားသူများက "မဟာစည်သြဝါဒခံ ကမ္မဋ္ဌာန်းဆရာက ဒီလိုလုပ်တယ်"လို့ ကဲ့ရဲ့ကြမှာကို မြော်တွေးပြီး မြင်မိလို့ပါပဲ၊ ဒါကြောင့် သံသယမရှိပဲအကြောင်းမဲ့သိမ်ထပ်ခြင်း, ကံထပ်ခြင်းကို ရှောင်ကြဉ်ကြရန် အထူး သတိပေးပါတယ်။

ကံထပ်ပေးလိုတဲ့ ဒကာ, ဒကာမများ ပေါ်လာယင်လဲ "ကုသိုလ်အထူးမရကြောင်း, အပိုသက်သက် ဖြစ်ကြောင်း, ဒီလောက်အရွယ်ကြီးမှ ကံထပ်ယင် ရှက်ဖွယ်ကောင်းကြောင်း" စသည်ဖြင့် ပြောဟောပြီး လက်မခံပဲ ပယ်လိုက်ကြစေလိုပါတယ်၊ ဘုရားတပည့်တော် ကိုယ်တိုင်ကတော့ အဲဒီအတိုင်းပဲ နားလည်အောင် ပြောဟောပြီး ပယ်ခဲ့ပါတယ်၊ အမှန်ကတော့ ရဟန်းဒကာ, ဒကာမတွေရဲ့ သင်္ကန်းစသည်ကို ခံယူပြီး အကြောင်းမဲ့ သိမ်ထပ်တာ, ကံထပ်တာဟာ ကိတ္တိမသား မွေးသလိုပင် သံသယဇော် ပွားစေတဲ့ အလုပ်ပါပဲ။ (မဟာစည်ထေရုပ္ပတ္တိဝိလာသိနီ၊ ဆစတ္တာလီသတိမပိုင်း၊ ၃၈၃၃၈၄။ မဟာစည် ဝိနယဝိနိစ္ဆယသင်္ဂဟ၊ နှစ်ပတ်လည်သြဝါဒကထာ၊၃၁၈-၃၁၉။)

## ကလျာဏီမြစ်၌ သိမ်စီမံခြင်းအကြောင်း
## ကလျာဏီဂင်္ဂါယ သီမဝိစာနံ

တတော ပရံ သီဟဠရာဇာ သိတဂဇပတိဿ ယထာသန္ဒေသံ ကရိဿာမီတိ သီဟဠိယာမစ္စေ အာဏာပေတွာ ဘဂဝတာ နဟာနပရိဘောဂေန ပရိဘုတ္တာယ ကလျာဏီဂင်္ဂါယ နာဝါသင်္ဃာဋံ ကာရာပေတွာ တဿုပရိ ပါသာဒံ ကာရာပေတွာ စေလဝိတာနံ ဗန္ဓာပေတွာ နာနာဝိဓမ္ပိ ဝိတာနောလမ္ဗကံ ကာရာပေသိ။ ဝိဒါဂမမဟာထေရဿ မဟာဝိဟာရဝါသီ မဝေဏိဘူတဘိက္ခုသံဃတောပိ ဂရုဟာပရူပဝါဒမတ္တဝိရဟိတံ ဂဏမုစ္စိနာပေသိ။ တဒါ ဝိဒါဂမ မဟာထေရော ဓမ္မကိတ္တိမဟာထေရံ, ဝနရတနမဟာထေရံ, ပဥ္စပရိဝေဏာဝါသိ မင်္ဂလတ္ထေရံ, သီဟဠရာဇယုဝရာဇာစရိယတ္ထေရာဒိကံ စတုဝီသတိပရိမာဏံ ဂဏမုစ္စိနိ။ ဇဝံ ရာဇာ နာဝါသင်္ဃာဋံ ပဋိသန္ဓာပေတွာ ဂဏဉ္စုစ္စိနာပေတွာ ဒုတိယာသဠှမာသဿ ကာလပက္ခေ တေဒသမိယံ ဗုဒ္ဓဝါရေ ဓမ္မကိတ္တိမဟာထေရာဒယော ကမ္မကာရကေ စတုဝီသတိ ဘိက္ခူ နိမန္တာပေတွာ နာဝါသင်္ဃာဋမဘိရူဟာပေတွာ တေသံ စတုစတ္တာလီသာနံ ရာမညဒေသိယာနံ ဘိက္ခူနမုပသမ္ပဒါနံ ကာရာပေသိ။

တတော သီဟဠဒေသိယာနံ မဟာထေရာနံ ပုဗ္ဗေ ပရဒေသတော အာဂတာနံ ဘိက္ခူနံ ဥပသမ္ပဒါနကာလေ ယထာစိဏ္ဏာနုရူပံ တေ စတ္တာလီသရာမညဘိက္ခူ ဂိဟိဘာဝေ ပတိဋ္ဌာပေတွာ ပုန ဝနရတနမဟာထေရော ကာသာယဒါနသရဏာဂမနဒါနဝသေန ပဗ္ဗဇ္ဇာပေတွာသာမဏေရဘူမိယံ ပတိဋ္ဌာပေသိ။ (ကလျာဏီကျောက်စာပါဠိ၊ ၂၉ ၃၀။)

## ကလျာဏီမြစ်၌ သိမ်စီမံခြင်း

တတော ပရံ ထိုနောက်မှ၊ သီဟဠရာဇာ သီဟိုဠ်မင်းသည်၊ သိတဂဇပတိဿ ဆင်ဖြူရှင်မင်း၏၊ ယထာသန္ဒေသံ အမှာစာအတိုင်း၊ ကရိဿာမိ ပြုအံ့၊ ဣတိ ဤသို့၊ မနသိ ကရိတွာ နှလုံးသွင်း၍၊ သီဟဠိယာမစ္စေ သီဟိုဠ်အမတ်တို့ကို၊ အာဏာပေတွာ စေခိုင်း၍၊ နဟာနပရိဘောဂေန ရေသပ္ပါယ်တော်မူခြင်းဟူသော သုံးဆောင်ခြင်းဖြင့်၊ ဘဂဝတာ မြတ်စွာဘုရားသည်၊ ပရိဘုတ္တာယ သုံးဆောင်တော်မူအပ်သော၊ ကလျာဏီဂင်္ဂါယ-ကလျာဏီမြစ်၌၊ နာဝါသင်္ဃာဋံ လှေဖောင်ကို၊ ကာရာပေတွာ ပြုစေ၍၊ တဿ ထိုဖောင်၏၊ ဥပရိ အထက်၌၊ ပါသာဒံ ပြာသာဒ်ကို၊ ကာရာပေတွာ ပြုစေ၍၊ စေလဝိတာနံ ပုဆိုးဗိတာန်မျက်နှာကြက်ကို၊ ဗန္ဓာပေတွာ ကြက်စေ၍၊ နာနာဝိဓံ အထူးထူးအပြားပြားရှိသော၊ ဝိတာနောလမ္ဗကမ္ပိ တွဲလျားဆွဲတန်ခွန် ဗိတာန်ကိုလည်း၊ ကာရာပေသိ ပြုစေ၏။

ဝိဒါဂမမဟာထေရဿ ဝိဒါဂမ မဟာထေရ်ကိုလည်း၊ မဟာဝိဟာရဝါသီ ပဝေဏိဘူတ ဘိက္ခုသံဃတော မဟာဝိဟာရဝါသီအနွယ်အဆက်ဖြစ်သောရဟန်းအပေါင်းမှ၊ ဂရုဟာပရူပဝါဒမတ္တဝိရဟိတံ ကဲ့ရဲ့ခြင်း စွပ်စွဲခြင်းမှ ကင်းသော၊ ဂဏံ ဂိုဏ်းကို၊ ဥစ္စိနာပေသိ ရွေးကောက်စေ၏၊ တဒါ ထိုအခါ၌၊ ဝိဒါဂမမဟာထေရော-ဝိဒါဂမမဟာထေရ်သည်၊ ဓမ္မကိတ္တိမဟာထေရံ ဓမ္မကိတ္တိမဟာထေရ်ကိုငှင်း၊ ဝနရတနမဟာထေရံ ဝနရတနမဟာထေရ်ကိုငှင်း၊ ပဥ္စပရိဝေဏာဝါသိမင်္ဂလတ္ထေရံ -ပရိဝုဏ်ငါးခုရှိသောကျောင်း၌နေသော မင်္ဂလမထေရ်ကိုငှင်း၊ သီဟဠရာဇ ယုဝရာဇာစရိယတ္ထေရာဒိကံ သီဟိုဠ်မင်းကြီး အိမ်ရှေ့မင်းတို့၏ဆရာဖြစ်သောမထေရ်အစရှိသော၊ စတုဝီသတိပရိမာဏံ နှစ်ကျိပ်လေးပါးအတိုင်းအရှည်ရှိသော၊ ဂဏံ ဂိုဏ်းကို၊ ဥစ္စိနိ ရွေးကောက်၏။

ဇဝံ ဤသို့၊ ရာဇာ သီဟိုဠ်မင်းသည်၊ နာဝါသဃာင်္ဂ လေ့ဖောင်ကို၊ ပဋိသဇ္ဇာပေတွာ စီရင်စေ၍၊ ဂဏ္ဍူ ဂိုဏ်းကိုလည်း၊ ဥစ္စိနာပေတွာ ရွေးကောက်စေ၍၊ ဒုတိယာသင္ဂမာသဿ ဒုတိယဝါဆိုလ၏၊ ကာလပက္ခေ လကွယ်ပက္ခဖြစ်သော၊ တေရသမိယံ တဆဲ့တရက်နေ့၌၊ ဖုဒ္ဓဝါရေ ဗုဒ္ဓဟူးနေ့၌၊ ဓမ္မကိတ္တိမဟာထေရာဒယော ဓမ္မကိတ္တိမဟာထေရ်အစရှိကုန်သော၊ ကမ္မကာရကေ ကံဆောင် ဖြစ်ကုန်သော၊ဝါ ကံပြုတတ်ကုန်သော၊ စတုဝီသတိဘိက္ခူ နှစ်ဆဲ့လေးပါးသောရဟန်းတို့ကို၊ နိမ္မန္တာပေတွာ ပင့်ဆောင်စေ၍၊ နာဝါ သဃာင်္ဂ လေ့ဖောင်သို့၊ အဘိရူဟာပေတွာ တက်စေ၍၊ စတုစတ္တာလီသာနံ လေးဆဲ့လေးပါးကုန်သော၊ ရာမညဒေသိယာနံ ရာမညတိုင်း သားဖြစ်ကုန်သော၊ တေသံဘိက္ခူနံ ထိုရဟန်းတို့အား၊ ဥပသမ္ပဒါနံ ပဉ္စင်းအဖြစ်ကိုပေးခြင်းကို၊ ကာရာပေသိ ပြုစေ၏။

တတော တဒါ ကာလေ ထိုအခါ၌၊ သီဟဠဒေသိယာနံ သီဟဠတိုင်းသားဖြစ်ကုန်သော၊ဝါ သီဟိုဠ်သားဖြစ်ကုန်သော၊ မဟာထေရာနံ မဟာထေရ်တို့၏၊ (ယထာစိဏ္ဏာနုရူပံ ၌ သမ္ဗန္ဓစပ်) ပုဗ္ဗေ ရှေးသော အခါ၌၊ ပရဒေသတော အရပ်တပါးမှ၊ အာဂတာနံ လာကုန်သော၊ ဘိက္ခူနံ ရဟန်းတို့အား၊ ဥပသမ္ပဒါနကာလေ ပဉ္စင်းအဖြစ်ကို ပေးသောအခါ၌၊ ယထာစိဏ္ဏာနုရူပံ အလေ့အကျက် အားလျော်စွာ၊ တေ စတုစတ္တာလီသရာမညဘိက္ခူ ထိုလေးဆဲ့လေးပါးသော ရာမညတိုင်းသားရဟန်းတို့ကို၊ ဂိဟိဘာဝေ လူ၏အဖြစ်၌၊ ပတိဋ္ဌာပေတွာ တည်စေ၍၊ ပုန တဘန်၊ ဝနရတနမဟာထေရော ဝနရတနမဟာထေရ်သည်၊ ကာသာယဒါနသရဏာဂမနဒါနဝသေန သင်္ကန်းပေးခြင်း, သရဏဂုံပေးခြင်းတို့၏အစွမ်းဖြင့်၊ ပဗ္ဗာဇေတွာ ရှင်ပြုစေ၍၊ သာမဏေရဘူမိယံ သာမဏေအဖြစ်၌၊ ပတိဋ္ဌာပေသိ တည်စေ၏။ (ကလျာဏီကျောက်စာနိဿယ၊ ၁၅၄ ၁၅၅။)

[နိဿယအမှာ။ သီဟိုဠ်ဆရာတို့သည် အရပ်တပါးမှ လာသောရဟန်းကို လူဝတ်လဲစေပြီးမှ အသစ်ပဉ္စင်းခံခြင်းကို အဘယ် ကြောင့် အလေ့အကျက်ပြုလေသနည်းဟုမူကား...ထိုအရပ်တပါးကလာသော အရှင်တို့သည် မိမိတို့၏သိက္ခာပဟောင်း၌ ရွံ့ရှာခြင်းရှိကုန် သည်ဖြစ်၍ သီဟိုဠ်ကျွန်း၌ စင်ကြယ်သော ပဉ္စင်းအဖြစ်ကို ယူအံ့ဟု လာကုန်သည်။ ထိုအရှင်တို့ကို လူမထွက်စေဘဲ ဝတ်တိုင်းရုံတိုင်း သော အဝတ်ဖြင့် ပဉ္စင်းခံလေသည်ရှိသော် နောက်ပြီးကာလ မိမိတို့၏အရပ်သို့ရောက်သောအခါ ဆယ်ဝါပြည့်သော ဂဏပူရကအစရှိသော ရဟန်းတို့၏အလုပ်အကျွေးပရိသတ်အဖြစ်ကိုယူ၍ နေရသဖြင့် နှလုံးမသာရှိလတ်သော် ငါတို့သိက္ခာဝါဟောင်းကို မစွန့်ဟူ၍ ဆိုပြီးလျှင် သိက္ခာဝါအသစ်ကိုသာ မရေတွက်ဘဲ သိက္ခာဝါအဟောင်းနှင့်တကွ ရေတွက်၍ မထေရ်ကြီးပြုပြန်လေကုန်၏။ ထိုသို့ ပြုခြင်းသည် မ လျောက်ပတ်သောကြောင့် လူထွက်စေပြီးမှသာလျှင် ပဉ္စင်းခံခြင်းကို အလေ့အကျင့်ပြုလေသတည်း]။

[သီဟိုဠ်ဆရာတို့ကား သိက္ခာဝါဟောင်းကို စွန့်စေ၍ ပဉ္စင်းခံခြင်းကို အလေ့အကျက်ပြုလေသည်၊ တောင်ဘီလာဆရာမြတ်တိုက ား သိက္ခာဟောင်းကို မစွန့်မူ၍ အဘန်တလဲလဲ သိက္ခာထပ်ခြင်းသည်သာ သင့်၏ဟု ဝိနယာလင်္ကာရဋီကာ ဒုတိယအုပ် ကမ္မာကမ္မ ဝိနိစ္ဆယကထာအပိုင်း(၂၆၉ ၂၇၀)၌ ချီးမွမ်းသည်]။

[စကားနှစ်ရပ်သည် ဆန့်ကျင်သကဲ့သို့ ထင်၏ဟူမူ မဆန့်ကျင်၊ အဘယ်ကြောင့်နည်းဟူမူကား သီဟိုဠ်ဆရာတို့သည် သင်္ဂါ ယနာတင်သော ရဟန်းတို့၏အနွယ်အဆက်မှစ၍ စင်ကြယ်သော ပဉ္စင်းအနွယ်အဆက်ကို သိနိုင်သောကြောင့် အသစ်ပဉ္စင်းခံခြင်းသည် လျောက်ပတ်၏ဟုအလေ့အကျက်ပြုလေသည်]။

[ယခု နောက်ပြီးကာလကား ထိုသို့ စင်ကြယ်သော အနွယ်အဆက်၏အဖြစ်ကို အတတ်မသိနိုင်ပြီ၊ သိက္ခာဟောင်းကို မစွန့်မူ ၍ အဘန်တလဲလဲ သိက္ခာထပ်ခြင်းကို ချီးမွမ်းတော်မူလေသည်။

ထိုကြောင့် စကားနှစ်ရပ်သည် မဆန့်ကျင်၊ လျောက်ပတ်လေသည်ချည်းတည်း ဟုမှာဆိုလေသည်]။

[သီဟိုဠ်ဆရာတို့ထံ ထပ်မံပဉ္စင်းခံလိုသော အရှင်တို့သည် မူလဥပသမ္ပဒကံကို သံသယရှိ၍ ထပ်မံ ပဉ္စင်းခံလိုကြ၏၊ ထိုကြောင့် သီဟိုဠ်ဆရာတို့သည် ထိုသံသယကင်းပျောက်အောင် လူဝတ်လဲစေပြီးမှ မူလသိက္ခာကို စွန့်စေပြီးမှ ပဉ္စင်းခံပေးလေ့ပြုသတည်း]။

[တောင်ဘီလာဆရာတော်ချီးမွမ်းသည်မှာ မူလဥပသမ္ပဒကံကို သံသယရှိ၍ ပဉ္စင်း ထပ်မံခံခြင်းမျိုးမဟုတ်၊ ဒဠှီကမ္မ ဖြစ်စေရန် သာပဉ္စင်းထပ်ခံခြင်းမျိုးဖြစ်၍ ချီးမွမ်းသည်၊ လူဝတ်လဲရန် မလို။ ။ ဝိသောဓကေ]။ (ကလျာဏီကျောက်စာ နိဿယ၊ ၂၀၃ ၂၀၅ ။)

## ကလျာဏီမြစ် ဥဒကုက္ခေပသိမ်၌ ရာမညတိုင်းမှ
## သွားကြသော မထေရ်များ ရဟန်းထပ်မံ ခံယူခြင်း အကြောင်း
## · ကလျာဏီဂင်္ဂါယ ဥပသမ္ပဒကမ္မကရဏံ

တတော ပရံ ဗုဒ္ဓဝါရဿ ရတ္တိယံ မောဂ္ဂလာနတ္ထေရော စ, ကုမာရကဿပတ္ထေရော စ, မဟာသီဝလိတ္ထေရော စ, သာရိပု တ္တတ္ထေရော စ, ဉာဏသာဂရတ္ထေရော စာတိ ပဉ္စတ္ထေရာ စတုဝီသတိပရိမာဏာဿ ဂဏဿ သန္တိကေ ဓမ္မကိတ္တိမဟာထေရမုပဇ္ဈာယံ

ပဉ္စပရိဝေဏဝါသိမင်္ဂလတ္ထေရ မာစရိယံ ကတွာ ဥပသမ္ပန္နာ။ ဒွါဒသမိယံ ပန ဂုရုဝါရဿ ရတ္တိယံ သုမနတ္ထေရော စ, ကဿပတ္ထေရော စ, နန္ဒတ္ထေရော စ, ရာဟုလတ္ထေရော စ, ဗုဒ္ဓဝံသတ္ထေရော စ, သုမင်္ဂလတ္ထေရော စ, စူဠနန္ဒတ္ထေရော (စုလ္လနန္ဒတ္ထေရော) စ, သောဏုတ္တရတ္ထေရော စ, ဂုဏသာဂရတ္ထေရော စ, ဓမ္မရက္ခိတတ္ထေရော စာတိ ဒသတ္ထေရာ ဝနရတနမဟာထေရမုပဇ္ဈာယံ ပဉ္စပရိဝေဏဝါသိ မင်္ဂလတ္ထေရ မာစရိယံ ကတွာ ဥပသမ္ပန္နာ။ တတော ပရံ တေရသမိယံ သုက္ကဝါရဿ ဒိဝါကာလေ စူဠသုမင်္ဂလတ္ထေရော စ, ဇဝနပညာထေရော စ, စူဠကဿပတ္ထေရော စ, စူဠသီဝလိတ္ထေရော စ, မဏိသာရတ္ထေရော စ, ဓမ္မရာဇိကတ္ထေရော စ, စန္ဒသာရတ္ထေရော စာတိ သတ္တပိ ထေရာ ဝနရတနမဟာထေရမုပဇ္ဈာယံ ပဉ္စပရိဝေဏဝါသိမင်္ဂလတ္ထေရမေဝါစရိယံ ကတွာ ဥပသမ္ပန္နာ။ တတော စုဒ္ဒသမိယံ သန္ဓိဝါရေ တေသံ သိဿာ ဗာဝီသတိ ဒဟရဘိက္ခူ ပဉ္စပရိဝေဏဝါသိမင်္ဂလတ္ထေရမုပဇ္ဈာယံ သီဟဠယုဝရာဇာ စရိယတ္ထေရမာစရိယံ ကတွာ ဥပသမ္ပန္နာ။ (ကလျာဏီကျောက်စာပါဠိ၊၃၀ ၃၁။)

## ကလျာဏီမြစ်၌ ဥပသမ္ပဒကံ ဆောင်ခြင်း

တတော-ထိုသာမဏေအဖြစ်၌တည်ပြီးသောနောက်မှ၊ ဗုဒ္ဓဝါရဿ ဗုဒ္ဓဟူးနေ့၏၊ ရတ္တိယံ ညဉ့်၌၊ မောဂ္ဂလာနတ္ထေရောစ မောဂ္ဂလာန်မထေရ်၄င်း၊ ကုမာရကဿပေါစ ကုမာရကဿပမထေရ်၄င်း၊ မဟာသီဝလိတ္ထေရောစ မဟာသီဝလိမထေရ်၄င်း၊ သာရိပုတ္တတ္ထေရောစ သာရိပုတ္တမထေရ်၄င်း၊ ဉာဏသာဂရတ္ထေရောစ ဉာဏသာဂရမထေရ်၄င်း၊ ဣတိ ဣမေ ပဉ္စတ္ထေရာ ဤငါးပါးသော မထေရ်တို့သည်၊ စတုဝီသတိပရိမာဏဿ နှစ်ဆဲ့လေးပါးအတိုင်းအရှည်ရှိသော၊ ဂဏဿ ဂိုဏ်း၏၊ သန္တိကေ အထံ၌၊ ဓမ္မကိတ္တိမဟာထေရံ ဓမ္မကိတ္တိမဟာထေရ်ကို၊ ဥပဇ္ဈာယံ ကတွာ ဥပဇ္ဈာယ်ပြု၍၊ ပဉ္စပရိဝေဏဝါသိမင်္ဂလတ္ထေရံ ပဉ္စပရိဝေဏဝါသိ မင်္ဂလမထေရ်ကို၊ အာစရိယံ ကတွာ ကမ္မဝါစာဆရာပြု၍၊ဥပသမ္ပန္နာ၊ ပဉ္စင်းခံကုန်၏။

ဒွါဒသမိယံ ပန တဆဲ့နှစ်ရက်နေ့၌ကား၊ ဂုရုဝါရဿ ကြာသပတေးနေ့၏၊ ရတ္တိယံ ညဉ့်၌၊ သုမနတ္ထေရောစ သုမနမထေရ်၄င်း၊ ကဿပတ္ထေရောစ ကဿပမထေရ်၄င်း၊ နန္ဒတ္ထေရောစ နန္ဒမထေရ်၄င်း၊ ရာဟုလတ္ထေရောစ ရာဟုလမထေရ်၄င်း၊ ဗုဒ္ဓဝံသတ္ထေရောစ ဗုဒ္ဓဝံသမထေရ်၄င်း၊ သုမင်္ဂလတ္ထေရောစ သုမင်္ဂလမထေရ်၄င်း၊ စူဠနန္ဒတ္ထေရောစ စူဠနန္ဒမထေရ်၄င်း၊ သောဏုတ္တရတ္ထေရောစ သောဏုတ္တရမထေရ်၄င်း၊ ဂုဏသာဂရတ္ထေရောစ ဂုဏသာဂရမထေရ်၄င်း၊ ဓမ္မရက္ခိတတ္ထေရောစ ဓမ္မရက္ခိတမထေရ်၄င်း၊ ဣတိ ဣမေ ဒသတ္ထေရာ ဤတကျိပ်သောမထေရ်တို့သည်၊ ဝနရတနမဟာထေရံ ဝနရတနမဟာထေရ်ကို၊ ဥပဇ္ဈာယံ ကတွာ ဥပဇ္ဈာယ်ပြု၍၊ ပဉ္စပရိဝေဏဝါသိ မင်္ဂလတ္ထေရံ ကို၊ အာစရိယံ ကတွာ ကမ္မဝါစာဆရာပြု၍၊ ဥပသမ္ပန္နာ ပဉ္စင်းခံကြကုန်၏။

တတော ပရံ ထိုမှနောက်၌၊ တေရသမိယံ တဆဲ့သုံးရက်မြောက်၌၊ သုက္ကဝါရဿ သောကြာနေ့၏၊ ဒိဝါကာလေ နေ့အခါ၌၊ စူဠသုမင်္ဂလတ္ထေရောစ စူဠသုမင်္ဂလမထေရ်၄င်း၊ ဇဝနပညာထေရောစ ဇဝနပညာမထေရ်၄င်း၊ စူဠကဿပတ္ထေရောစ စူဠကဿပမထေရ်၄င်း။ စူဠသီဝလိတ္ထေရောစ စူဠသီဝလိမထေရ်၄င်း၊ မဏိသာရတ္ထေရောစ မဏိသာရမထေရ်၄င်း၊ ဓမ္မရာဇိကတ္ထေရောစ ဓမ္မရာဇိကမထေရ်၄င်း၊ စန္ဒသာရတ္ထေရောစ စန္ဒသာရမထေရ်၄င်း၊ ဣတိ ဣမေ သတ္တပိ ထေရာ ဤခုနစ်ပါးသော မထေရ်တို့သည်လည်း၊ ဝနရတနမဟာထေရံ ကို၊ ဥပဇ္ဈာယံ ကတွာ ၍၊ ပဉ္စပရိဝေဏဝါသိမင်္ဂလတ္ထေရမေဝ ကိုပင်လျှင်၊ အာစရိယံ ကတွာ ၍၊ ဥပသမ္ပန္နာ ကုန်၏။

တတော ထိုမှ၊ စုဒ္ဒသမိယံ တဆဲ့လေးရက်မြောက်၌၊ သန္ဓိဝါရေ စနေနေ့၌၊ တေသံ ထိုမထေရ်တို့၏၊ သိဿာ တပည့်ဖြစ်ကုန်သော၊ ဗာဝီသတိဒဟရဘိက္ခူ နှစ်ဆဲ့နှစ်ပါးသော ပဉ္စင်းငယ်တို့သည်၊ ပဉ္စပရိဝေဏဝါသိမင်္ဂလတ္ထေရံ ပဉ္စပရိဝေဏဝါသိ မင်္ဂလမထေရ်ကို၊ ဥပဇ္ဈာယံ ကတွာ ဥပဇ္ဈာယ်ပြု၍၊ သီဟဠယုဝရာဇာစရိယတ္ထေရံ သီဟိုဠ်အိမ်ရှေ့မင်း၏ဆရာမထေရ်ကို၊ အာစရိယံ ကတွာ ကမ္မဝါစာဆရာပြု၍၊ ဥပသမ္ပန္နာ ပဉ္စင်းခံကြကုန်၏၊ [နိဿယဥ္စကား သီဟဠရာဇယုဝရာဇာစရိယတ္ထေရမာစရိယံ ကတွာ ဟု ရှိ၍ "သီဟိုဠ်မင်းကြီး, အိမ်ရှေ့မင်းတို့၏ဆရာဖြစ်သော မထေရ်ကို ကမ္မဝါစာဆရာပြု၍" ဟု အနက်ပေးသင့်၏။] (ကလျာဏီကျောက်စာ နိဿယ၊ ၁၅၅ ၁၅၆။)

* * * * *

## ပါတိမောက်နှင့်စပ်သွယ် သိမှတ်ဖွယ်

ဝိနယပညတ္တိယာစနကထာဝယ် ဝိနည်းပညတ်ဖို့ရန် တောင်းပန်ချိန်၌ တချို့သိက္ခာပုဒ်များပညတ်တော်မူပြီးလေပြီ၊ တချို့ ပညတ်တော်မူပြီးကြောင်းကိုလည်း "သာမံပါက ပရိမောစနဥ္စ, ရတ္တိစ္ဆေဒေါ, ဝဿစ္ဆေဒေါ"ဟူသော ရှေ့စကားတို့ဖြင့် သိသာ၏၊ ထို့ကြောင့် မပညတ်ရသေးသော သိက္ခာပုဒ်တို့ကို ရည်ရွယ်၍ "ဝိနယပညတ္တိယာ"ဟု ဆိုသတတ်။(ပါရာဇိကဏ်ဘာသာဋီကာ၊၂၊ ၁၁၉။)

ဝိနယပညတ္တိယာတိ ပုဗ္ဗေ အပညတ္တသိက္ခာပဒံ သန္ဓာယ ဝုတ္တံ။ ထေရော ဟိ ပညတ္တသိက္ခာပဒါနိ ဌပေတွာ ဣဒါနိ ပညပေတဗ္ဗသိက္ခာပဒါနိ။ (သာရတ္ထ၊ ၁၊ ၄၃၈။)

ပါတိမောက်ဟူသည် အလွန်မြတ်သောတရား(တနည်း) သုဂတိဘဝ၌ ဖြစ်တတ်သော အတ္တာနုဝါဒစသော ဘေးတို့မှ စောင့်ရှောက်တတ်,ဒုဂ္ဂတိဘေးတို့မှ လွတ်စေတတ်သော ဘုရားရှင်တို့၏အဆုံးအမနှင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်များတည်း။ ထိုပါတိမောက်သည် ဩဝါဒပါတိမောက်(ခန္တီ ပရမံ တပေါ တိတိက္ခာ စသော သုံးဂါထာတို့ဖြင့် ညွှန်ပြအပ်သော ဘုရားရှင်တို့၏ အဆုံးအမတော်)နှင့် အာဏာပါတိမောက်(အမိန့်အာဏာ ပညတ်တော်ကိုပြသော သိက္ခာပုဒ်တော်များ ဖြစ်၏။ ဩဝါဒပါတိမောက်ကို ဘုရားရှင်တို့သာ ပြတော်မူကြ၍ အာဏာပါတိမောက်ကိုကား သာဝကတို့သာ ပြကြသည်။

ပါတိမောက္ခန္တိ ပ အတိ မောက္ခံ အတိ ပ မောက္ခံ အတိသေဋ္ဌံ အပဟိဥတ္တမန္တိ အတ္ထော ။ သီလံ ယော နံ ပါတိ ရက္ခတိ ၊ တံ မောက္ခေတိ မောစယတိ အာပါယာဒီဟိ ဒုက္ခေဟိ, အတ္တာနုဝါဒါဒီဟိ ဝါ ဘယေဟိတိ ပါတိမောက္ခံ။ (ကခ်ါ၊ ၄၊ ၈၄။)

"ခန္တီ ပရမံ တပေါ တိတိက္ခာ။ ပ။

သဗ္ဗပါပဿ အကရဏံ။ ပ။

အနူပဝါဒေါ အနူပဃာတော"တိ အာဒိနာ(ဒီ၊ ၂၊ ၄၂။ ခု၊ ၁၊ ၄၁) နယေန ဝုတ္တာ တိဿော ဂါထာယော ဩဝါဒပါတိမောက္ခံ နာမ၊ တံ ဗုဒ္ဓါ ဧဝ ဥဒ္ဒိသန္တိ၊ န သာဝကာ။ "သုဏာတု မေ ဘန္တေ သံဃော"တိ အာဒိနာ (ဝိ၊ ၃၊ ၁၆၀) နယေန ဝုတ္တံ အာဏာပါတိ မောက္ခံ နာမ၊ တံ သာဝကာ ဧဝ ဥဒ္ဒိသန္တိ၊ န ဗုဒ္ဓါ။ (ကခ်ါ၊ ၄၊ ၈၄။)

ဝိပဿီ, သိခီ, ဝေဿဘူ ဘုရားရှင်တို့၏သာသနာတော် ကြာမြင့်စွာ မတည်ခြင်း၏အကြောင်းနှင့်ပတ်သက်၍ အရှင်သာရိပုတ္တမထေရ်၏မေးခွန်းနှင့်စပ်ကာ ဘုရားရှင်က "တပည့်တို့အား တရားတော်ကို အကျယ်မဟောကြခြင်း, သိက္ခာပုဒ်ကို ပညတ်တော်မမူခဲ့ကြခြင်း,(အာဏာ)ပါတိမောက်ကို ပြတော်မမူခဲ့ကြခြင်း=ဤအကြောင်းတို့ကြောင့် ထိုဘုရားရှင်တို့၏သာသနာတော် ကြာမြင့်စွာ မတည်ခြင်းဖြစ်၏ပါရာဇိကပါဠိတော်(ဝိ၊ ၁၊ ၉)"ဟု ဖြေဆိုတော်မူရာတွင် ပါရာဇိကဏ်အဋ္ဌကထာ(ဝိ၊ ၄၊ ၁၊ ၁၅၃)၌ အာဏာပါတိမောက်ကို ပြတော်မမူကြခြင်းဖြစ်၏၊ ဩဝါဒပါတိမောက်ကိုကား ပြတော်မူခဲ့ကုန်၏ ဟု ဖွင့်ဆို၏။

ဝိပဿီဘုရားရှင်သည် ၆ နှစ်ကုန်ဆုံးတိုင်း တကြိမ် ဩဝါဒပါတိမောက်ကို ကိုယ်တော်တိုင်ပြတော်မူခဲ့သည်၊ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ရှိကြသော ရဟန်းတော်တို့သည် ဗန္ဓုမတီမင်းနေပြည်တော်၏အနီး ခေမမည်သောမိဂဒါယုံတွင် ဝိပဿီဘုရားရှင် သီတင်းသုံးတော်မူရာသို့ ကြွရောက်ကုန်လျက် ဩဝါဒပါတိမောက်ကို နာယူကြရသည်။ ထိုစဉ်က ဇမ္ဗူဒိပ်တွင် ကျောင်းပေါင်း ရှစ်သောင်းလေးထောင်ရှိရာ တစ်ကျောင်းတစ်ကျောင်း၌ တသောင်း, နှစ်သောင်း, ထိုထက်မက များစွာ နေထိုင်ကြသတဲ့။ ဥပုသ်နေ့ကို လျှောက်ကြသောနတ်တို့က ထိုထိုကျောင်းတိုက်သို့သွား၍ "အရှင်ဘုရားတို့, တနှစ်လွန်သွားပါပြီ, နှစ်နှစ်လွန်သွားပါပြီ, သုံးနှစ်, လေးနှစ်, ငါးနှစ်လွန်သွားပါပြီ၊ ဤနှစ်သည် ၆ ခုမြောက် သောနှစ်ပါတည်း၊ လာမည့် လပြည့်နေ့၌ ဘုရားဖူးခြင်း, ဥပုသ်ပြုခြင်းငှါ သွားချိန်တန်ပါပြီ၊ အရှင်ဘုရားတို့၏စည်းဝေးဖို့ရာ အခါရောက်ပါပြီ"ဟု လျှောက်ထားကြကုန်၏။

ကန်နိုးအာနုဘော် ရှိကုန်သော ရဟန်းတို့သည် မိမိတို့၏ကိုယ်ပိုင်တန်ခိုးအာနုဘော်ဖြင့် ကြွကုန်၏။ တန်ခိုးအာနုဘော် မရှိသော ရဟန်းတို့သည် နတ်တို့၏တန်ခိုးဖြင့် ကြွကုန်၏၊ ဝိပဿီဘုရားရှင်သည် သံဃာ့ပရိသတ်အားဩဝါဒပါတိမောက်ကို ပြတော်မူသည်။

ဝိပဿီ ဘဂဝါ ဆန္နံ ဆန္နံ ဝဿာနံ သကိံ သကိံ ဩဝါဒပါတိမောက္ခံ ဥဒ္ဒိသိ၊ တဉ္စ ခေါ သာမံယေဝ။ သာဝကာ ပနဿ အတ္တနော အတ္တနော ဝသနဋ္ဌာနေသု န ဥဒ္ဒိသိံသု။ သကလဇမ္ဗုဒီပေ ဧကသ္မိံယေဝ ဌာနေ ဗန္ဓုမတိယာ ရာဇဓာနိယာ ခေမေ မိဂဒါယေ ဝိပဿိဿ ဘဂဝတော ဝသနဋ္ဌာနေ သဗ္ဗောပိ ဘိက္ခုသံဃော ဥပေါသထံ အကာသိ၊ တဉ္စ ခေါ သံဃုပေါသထမေဝ။ န ဂဏုပေါသထံ, န ပုဂ္ဂလုပေါသထံ, န ပါရိသုဒ္ဓိဥပေါသထံ, န အဓိဋ္ဌာနုပေါသထံ။ (ဝိ၊ ၄၊ ၁၊ ၁၅၃။)

ဆန္နံ ဆန္နံ ဝဿာနံ။ ။ အစ္စယေနာတိ ပါဌသေသော ဒဋ္ဌဗ္ဗော၊ အထ ဝါ ဆန္နံ ဆန္နံ ဝဿာနံ ဩသာနဒိဝသံ (အဆုံးနေ့) အပေက္ခိတွာ သကိံ သကိန္တိ ဝုတ္တန္တိ, တဒပေက္ခမိဒံ သာမိဝစနံ ထိုအဆုံးနေ့ကို ငဲ့သော သာမိဝိဘတ်ရှိသော သဒ္ဒါတည်း။ ["မေ တပည့်တော်၏ +စကားကို"ဟု ပေးရသောပုဒ်မျိုး ဖြစ်သည်။] (ပါရာဇိကဏ်ဘာသာဋီကာ၊ ၂။ ၁၂၅။)

တဒါ ကိရ ဇမ္ဗုဒီပေ စတုရာသီတိဝိဟာရသဟဿာနိ ဟောန္တိ၊ ဧကမေကသ္မိံ ဝိဟာရေ အဗ္ဗောကိဏ္ဏာနိ ဒသပိ ဝီသတိပိ

ဘိက္ခုသဟဿာနိ ဝသန္တိ၊ ဘိယျောပိ ဝသန္တိ။ ဥပေါသထာရောစိကာ ဒေဝတာ တတ္ထ တတ္ထ ဂန္တွာ အာရောစေန္တိ "မာရိသာ ဇေ၀ံ ဝဿံ အတိက္ကန္တံ၊ ဒွေ, တီနိ, စတ္တာရိ, ပဉ္စ ဝဿာနိ အတိက္ကန္တာနိ၊ ဣဒံ ဆဋ္ဌံ ဝဿံ။ အာဂမိနိယာ ပုဏ္ဏမာသိယာ ဗုဒ္ဓဒဿနတ္ထံ ဥပေါသထကရဏတ္ထဉ္စ ဂန္တဗ္ဗံ၊ သမ္ပတ္တော ဝေါ သန္နိပါတကာလော"တိ။ တတော သာနုဘာဝါ ဘိက္ခူ အတ္တနော အတ္တနော အာနုဘာဝေန ဂစ္ဆန္တိ၊ ဣတရေ ဒေဝတာနုဘာဝေန။ ကထံ? တေ ကိရ ဘိက္ခူ ပါစီနသမုဒ္ဒန္တေ ဝါ ပစ္ဆိမဥတ္တရဒက္ခိဏသမုဒ္ဒန္တေ ဝါ ဌိတာ ဂမိယဝတ္တံ ပူရေတွာ ပတ္တစီဝရမာဒါယ "ဂစ္ဆာမာ"တိ စိတ္တံ ဥပ္ပါဒေန္တိ၊ သဟ စိတ္တုပ္ပါဒါ ဥပေါသထဂ္ဂံ ဂတာဝ ဟောန္တိ။ တေ ဝိပဿိံ သမ္မာသမ္ဗုဒ္ဓံ အဘိဝါဒေတွာ နိသီဒန္တိ။ ဘဂဝါပိ သန္နိသိန္နာယ ပရိသာယ ဣမံ ဩဝါဒပါတိမောက္ခံ ဥဒ္ဒိသတိ

### ဩဝါဒပါတိမောက် ဂါထာတော်များ

ခန္တီ ပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။
သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။
အနုပဝါဒေါ အနုပဃာတော၊ ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။
(ဒီ၊ ၄၊ ၁၊ ၁၅၄ ၁၅၅။)

တိတိက္ခာ အရာရာ၀ယ်, အနာခံခြင်းဟူသော၊ ခန္တီ အဓိဝါသနခန္တီသည်၊ ပရမံ မွန်မြတ်သော၊ တပေါ အကျင့်တည်း၊ ဗုဒ္ဓါ ဘုရားရှင်တို့သည်၊ နိဗ္ဗာနံ နိဗ္ဗာန်ကို၊ ပရမံ အမြတ်ဆုံးဟူ၍၊ ဝဒန္တိ ဟောတော်မူကုန်၏၊ ပရူပဃာတီ သူတပါးကို ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်သည်၊ န ဟိ ပဗ္ဗဇိတော ရဟန်းအစစ် မဖြစ်နိုင်၊ ပရံ သူတပါးကို၊ ဝိဟေဌယန္တော ညှဉ်းဆဲတတ်သောပုဂ္ဂိုလ်သည်၊ သမဏော သမဏအစစ်သည်၊ န ဟောတိ မဖြစ်နိုင်။

သဗ္ဗပါပဿ အလုံးစုံသော အကုသိုလ်ကို၊ အကရဏံ မပြုမကျင့် ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊ ကုသလဿ စတုဘူမိကကုသိုလ်ကို၊ ဥပသမ္ပဒါ ပြီးစေခြင်းသည်လည်းကောင်း၊ သစိတ္တပရိယောဒပနံ မိမိစိတ်ကို ဖြူစင်စေခြင်းသည်လည်းကောင်း၊ ဧတံ ဤသုံးမျိုးသည်၊ ဗုဒ္ဓါနံ ဘုရားရှင်တို့၏၊ သာသနံ အဆုံးအမတော်တည်း။ [သဗ္ဗပါပဿ ယုတ်မာသော့သွမ်း, ဟော့ရမ်းသမျှ, အကုသိုလ်အစုစုကို၊ အကရဏံ လုံးဝပြောင်စင်အောင်, ရှောင်ကြဉ်သမှု, မပြုမလုပ်ခြင်းလည်းကောင်း၊ ကုသလဿ ကာမမဟဂ္ဂုတ်, လောကုတ်အထိ, ရှိရှိသမျှ, ကုသလကို၊ ဥပသမ္ပဒါ တဆင့်တဆင့်, ရင့်ထက်ရင့်၍, မလင့်ပုံသေ, ပြည့်စုံစေခြင်းလည်းကောင်း၊ သစိတ္တပရိယောဒါပနံ မိမိစိတ်ရင်း, ပွတ်သစ်ဝင်းသည့်, ခရသင်းအနေ, ဖြူစင်စေခြင်းလည်းကောင်း၊ ဧတံ အကုသိုလ်ကင်း, ကုသိုလ်သွင်း၍, စိတ်ရင်းစင်ရှိး, ဤ၃မျိုးသည်၊ ဗုဒ္ဓါနံ ဂဂ်ါသဲတူ, ပွင့်တော်မူသည့်, ဆူဆူထွတ်ထား, မြတ်ဘုရားတို့၏၊ သာသနံ လိုရင်းနှန်းပြ, ထုံးအရဖြင့်, သုံးကြပစေ, ဆုံးမတော်မူချက်ပါပေတည်း။ (ပါတိမောက်ဘာသာဋီကာ၊ အချီးနိဒါန်း၊ ၈။) ]

အနုပဝါဒေါ နှုတ်ဖြင့် မစွပ်စွဲခြင်းသည်လည်းကောင်း၊ အနုပဃာတော ကိုယ်စိတ်တို့ဖြင့် မညှဉ်းဆဲ မနှိပ်စက်ခြင်းသည်လည်းကောင်း၊ ပါတိမောက္ခေ ပါတိမောက္ခ သီလ၌၊ သံဝရော စ စောင့်စည်းခြင်းသည် လည်းကောင်း၊ ဘတ္တသ္မိံ ဆွမ်း၌၊ မတ္တညုတာ စ ခံယူသုံးဆောင်ခြင်း၌အတိုင်းအရှည်ပမာဏကို သိသူ၏အဖြစ်သည်လည်းကောင်း၊ ပန္တံ အစွန်အဖျားကျ၍ ဆိတ်ငြိမ်သော၊ သယနာသနံ စ အိပ်ရာနေရာကျောင်းသည်လည်းကောင်း၊ ဝါ အိပ်ရာနေရာကျောင်း၌ ကိန်းအောင်းခြင်းသည်လည်းကောင်း၊ အဓိစိတ္တေ ဝိပဿနာ၏ အခြေခံဖြစ်သော လွန်ကဲသောသမာပတ်စိတ်၌၊ ဝါ မဂ်ဖိုလ်စိတ်၌၊ အာယောဂေါ စ လွန်စွာကြိုးကုတ်, အားထုတ်ခြင်းသည်လည်း ကောင်း၊ ဧတံ ဤငါးမျိုးသည်၊ဗုဒ္ဓါနံ ဘုရားရှင်တို့၏၊ သာသနံ အဆုံးအမတော်တည်း။

မှတ်ချက်။ ။ ဓမ္မပဒအဋ္ဌကထာ အာနန္ဒတ္ထေရပဉှဝတ္ထု(ဓမ္မပဒ၊ ၄၊ ၂၊ ၁၅၃ ၁၅၄)၌ကား...အရှင်အာနန္ဒာမထေရ်သည် ဘုရားရှင်အား ဥပုသ်နှင့် ပတ်သက်၍ မေးလျှောက်ထားရာဝယ် ဘုရားရှင်က "ဝိပဿီဘုရားရှင်သည် ခုနစ်ခုမြောက် နှစ်တိုင်း တစ်ကြိမ် ဥပုသ်ပြု

တော်မူ၏၊ သိခီဘုရားရှင်နှင့် ဝေဿဘူဘုရားရှင်တို့သည် ခြောက်ခုမြောက် နှစ်တိုင်း တစ်ကြိမ် ဥပုသ်ပြုတော်မူကုန်၏၊ ကကုသန် ဘုရားရှင်နှင့်ကောဏာဂုံဘုရားရှင်တို့သည် နှစ်စဉ် နှစ်တိုင်း တစ်ကြိမ် ဥပုသ်ပြုတော်မူကုန်၏၊ ကဿပဘုရားရှင်သည်ကား ခြောက်လ တစ်ကြိမ် ဥပုသ်ပြုတော်မူ၏။ ထိုဘုရားရှင်တို့၏ဥပုသ်ပြုရာ ကာလခြားနားပုံကို 'အဆုံးအမဂါထာများ'ကား ဤဂါထာများသာတည်း" ဟု မိန့်တော်မူ၍ အလုံးစုံသော ဘုရားရှင်တို့၏တူသော ဥပုသ်ကို ထင်ရှားပြတော်မူလိုရကား ဤ(ဩဝါဒပါတိမောက်)ဂါထာများကို ဟောကြားတော်မူ၏။

ဤအဋ္ဌကထာ၌ကား "သဗ္ဗပါပဿ...ဂါထာ, ခန္တီ ပရမံ...ဂါထာ, အနုပဝါဒေါ...ဂါထာ"ဟု စဉ်ထား၏။

ပရူပဝါဒံ ပရာပကာရံ သီတုဏှာဒိဘေဒဥ ဂုဏောပရောဓံ ခမတိ သဟတိ အဓိဝါသေတီတိ ခန္တိ။ (သာရတ္ထ၊ ၁၊ ၄၄၁။)

ပရူပဝါဒံ သူတပါးတို့၏စွပ်စွဲကဲ့ရဲ့ခြင်းလည်းဖြစ်သော၊ ပရာပကာရံ-သူတပါးတို့၏ကျေးဇူးမဲ့ပြုခြင်းလည်းဖြစ်သော၊ သီတုဏှာဒိဘေဒေစ သီတဥဏှ(အာဒိဖြင့် ဇိဃစ္ဆာ, ပိပါသ, ဍံသ, မကသ, သရီသပသမ္ဖဿကိုယူ)အစရှိသည်လည်းဖြစ်သော၊ ဂုဏောပ ရောဓံ အကောင်းဂုဏ်ကို နှောက်ယှက်ဖျက်ဆီးမှုကို၊ ခမတိ သဟတိ သည်းခံတတ်၏၊ အဓိဝါသေတိ ပြန်၍မပြော, ပြန်၍ မပြုပဲ သူတပါးက ပြောသမျှ, ပြုသမျှကို မိမိ အပေါ်၌သာ တည်စေ၏(အဓိ မိမိအပေါ်၌သာ၊ ဝါသေတိ တည်နေစေ၏၊ မိမိကသာ အနစ်နာခံ၏)၊ ဣတိ ထို့ကြောင့်၊ ခန္တိ ခန္တိမည်၏။

သာ ပန သီလာဒီနံ ပဋိပက္ခဓမ္မေ သဝိသေသံ တပတိ သန္တပတိ ဝိဓမတီတိ ပရမံ ဥတ္တမံ တပေါ။ တိတိက္ခနံ ခမနံ တိတိက္ခာ၊ ခန္တိယာယေဝေတံ ဝေဝစနံ။ အက္ခရစိန္တကာ ဟိ ခမာယံ တိတိက္ခာသဒ္ဒံ ဝဏ္ဏေန္တိ၊ တသ္မာ ဝေမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော "တိ တိက္ခာသင်္ခါတာ အဓိဝါသနခန္တိ နာမ ဥတ္တမံ တပေါ"တိ။ (သာရတ္ထ၊ ၁၊ ၄၄၁။)

ပန စင်စစ်သော်ကား၊ သာ ထိုခန္တိသည်၊ သီလာဒီနံ ပဋိပက္ခဓမ္မေ သီလစသည်တို့၏ဆန့်ကျင်ဘက် လောဘ ဒေါသစသော တရားတို့ကို၊ သဝိသေသံ အထူးနှင့်တကွ၊ တပတိ သန္တပတိ လောင်မြှိုက်တတ်၏၊ ဝိဓမတိ ပယ်ဖျောက်ဖျက်ဆီးတတ်၏၊ ဣတိ ထို့ကြောင့်၊ တပေါ တပမည်၏။

ဆာလောင်မွတ်သိပ်ခြင်းကို သည်းမခံနိုင်လျှင်, သည်းမခံနိုင်၍ စိတ်လည်းဆင်းရဲလျှင် စားသောက်ချင်သော လောဘနှင့် လို တာမရ၍ ဆင်းရဲသော ဒေါမနဿ ဒေါသဖြစ်၏၊ သူတပါးက စွပ်စွဲလျှင် ဒေါသဖြစ်၏၊ ဤသို့ လောဘ ဒေါသစသော တရားများ ဖြစ်လျှင် ပါဏာတိပါတစသော သီလပျက်မှုဖြစ်တော့၏၊ ထိုသီလပျက်ကြောင်းတရားတို့ကို လောင်မြှိုက်တတ်သောကြောင့် ခန္တီသည် အမြတ်ဆုံး အကျင့်ဖြစ်၏။ [ဉပနိဇ္ဈာယနခန္တိ အာရုံ၌ ရှုဆင်ခြင်လျက် နှစ်သက်တတ်သော ဉာဏ်ကိုလည်း "ခန္တိ"ဟု ခေါ်ရကား ထို ဉပနိဇ္ဈာယနခန္တိကို တားမြစ်လို၍"တိတိက္ခာ"ဟု ဝိသေသန ကူ(မ)ရသည်။]

နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါတိ ဘဝေန ဘဝန္တရံ ဝိနာတိ ဘဝနိကန္တိဘာဝေန သံသိဗ္ဗတိ, သတဏှာဿေဝ ဝါ အာယတိံ ပုန ဗ္ဘဝဘာဝတော ဖလေန သဒ္ဓိံ ကမ္မံ ဝိနာတိ သံသိဗ္ဗတီတိ ဝါနန္တိ သင်္ချံ ဂတာယ တဏှာယ နိက္ခန္တံ နိဗ္ဗာနံ တတ္ထ တဿာ သဗ္ဗသော အဘာဝတော။ တံ နိဗ္ဗာနံ ပန သန္တပဏီတနိပုဏသိဝခေမာဒိနာ သဗ္ဗာကာရေန ပရမန္တိ ဝဒန္တိ ဗုဒ္ဓါ။ (သာရတ္ထ၊ ၁၊၄၄၁ ၄၄၂။)

ဘဝေန ဘဝန္တရံ ဘဝတခုနှင့်ဘဝတခုကို၊ ဘဝနိကန္တိဘာဝေန ဘဝနိကန္တိ၏အဖြစ်ဖြင့်၊ ဝိနာတိ သံသိဗ္ဗတိ ချုပ်စပ်တတ်၏၊ ဝါ တနည်းကား၊ သတဏှာဿေဝ တဏှာရှိသောသူအားသာလျှင်၊ အာယတိံ နောင်အခါ၌၊ ပုနဗ္ဘဝဘာဝတော တဖန်ဘဝသစ်၏ ဖြစ်ခြင်းကြောင့်၊ ဖလေန အကျိုးနှင့်၊ သဒ္ဓိံ တကွ၊ ကမ္မံ ကံကို၊ ဝိနာတိ သံသိဗ္ဗတိ ချုပ်စပ်တတ်၏၊ ဣတိ ထို့ကြောင့်၊ ဝါနန္တိ သင်္ချံ ဝါနဟူ၍ ရေတွက်ခြင်းသို့၊ ဂတာယ ရောက်သော၊ တဏှာယ တဏှာမှ၊ နိက္ခန္တံ ထွက်မြောက်ခြင်းသည်၊ နိဗ္ဗာနံ နိဗ္ဗာန်မည်၏၊ (အကြောင်းကား)တတ္ထ ထိုနိဗ္ဗာန်၌၊ တဿာ ထိုတဏှာ၏၊ သဗ္ဗသော အချင်းခပ်သိမ်း၊ အဘာဝတော မရှိခြင်းကြောင့်တည်း။ ပန စင်စစ်ကား၊ တံ နိဗ္ဗာနံ ထိုနိဗ္ဗာန်ကို၊ သန္တပဏီတနိပုဏသိဝခေမာဒိနာ ငြိမ်သက်, မွန်မြတ်, သိမ်မွေ့, အေးမြ, ဘေးမရှိခြင်းအစရှိ သော၊ သဗ္ဗာကာရေန အားလုံးသောအခြင်းအရာဖြင့်၊ ပရမန္တိ (ဘယ်တရားနှင့်ယှဉ်ယှဉ်) အသာဆုံးဟူ၍၊ ဗုဒ္ဓါ ဘုရားရှင်တို့သည်၊ ဝဒန္တိ ဟောတော်မူကုန်၏။

န ဟိ ပဗ္ဗဇိတော ပရူပဃာတီတိ ယော အဓိဝါသနခန္တိရဟိတတ္တာ ပရံ ဥပဃာတေတိ ဗာဓေတိ ဝိဟိံသတိ၊ သော ပဗ္ဗဇိ တော နာမ န ဟောတိ ပဗ္ဗာဇေတဗ္ဗမလဿ အပဗ္ဗာဇနတော။..."န ဟိ ပဗ္ဗဇိတော"တိ ဧတဿ ဟိ"န သမဏော ဟောတီ"တိ ဝေဝစနံ။ "ပရူပဃာတီ"တိ ဧတဿ "ပရံ ဝိဟေဌယန္တော"တိ ဝေဝစနံ။ (သာရတ္ထ၊ ၁၊ ၄၄၂။)

ယော အကြင်သူသည်၊ အဓိဝါသနခန္တိရဟိတတ္တာ-အဓိဝါသနခန္တိမရှိသောကြောင့်၊ ပရံ-သူတပါးကို၊ ဥပဃာတေတိ ဗာဓေတိ ဝိဟိံသတိ ညှဉ်းဆဲနှိပ်စက်တတ်၏၊ သော-ထိုသူသည်၊ ပဗ္ဗာဇေတဗ္ဗဓမ္မဿ -(မိမိသန္တာန်မှ)နှင်ထုတ်စေအပ်ထွက်သွားစေအပ်သော အကုသိုလ်တရားကို၊ အပဗ္ဗာဇနတော-မနှင်ထုတ် မထွက်သွားစေတတ်သောကြောင့်၊ ပဗ္ဗဇိတော နာမ န ဟောတိ -ပဗ္ဗဇိတမမည်နိုင်။ "န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော"ဟူသော စတုတ္ထပါဒသည် "န ဟိ ပဗ္ဗဇိတော ပရူပဃာတီ"ဟူသော တတိယပါဒ၏ ဝေဝစနပရိယာယ်တည်း၊ သူတပါးကိုညှဉ်းဆဲသူသည် ဒေါသစသော ကိလေသာတို့ကို ငြိမ်းစေတတ်သော သမဏမဖြစ်နိုင်။

အထ ဝါ ယော အဓိဝါသနခန္တိယာ အဘာဝါ ပရူပဃာတီ ဟောတိ၊ ပရံ အန္တမသော ဍံသမကသမ္ပိ ဇီဝိတာ ဝေါရောပေတိ ၊ သော န ဟိ ပဗ္ဗဇိတော။ ကိံ ကာရဏာ? ပါပမလဿ အပဗ္ဗာဇိတတ္တာ အနီဟဋတ္တာ။ "ပဗ္ဗာဇယမတ္တနော မလံ၊ တသ္မာ ပဗ္ဗဇိတောတိ ဝုစ္စတီ"တိ(ခု၊ ၁၊ ၆၉) ဣဒဉှိ ပဗ္ဗဇိတလက္ခဏံ။ ယောပိ နဟေဝ ခေါ ဥပဃာတေတိ န မာရေတိ၊ အပိစ ဒဏ္ဍာဒီဟိ ဝိဟေဌေတိ၊ သောပိ ပရံ ဝိဟေဌယန္တော သမဏော န ဟောတိ။ ကိံ ကာရဏာ? ဝိဟေသာယ အသမိတတ္တာ။ သမိတတ္တာ သမဏောတိ ဝုစ္စတီတိ ဣဒဉှိ သမဏလက္ခဏံ။"သမိတတ္တာ ဟိ ပါပါနံ၊ သမဏောတိ ပဝုစ္စတီ"တိ(ခု၊ ၁၊ ၅၁) ဟိ ဝုတ္တံ။ (သာရတ္ထ၊ ၁၊ ၄၄၂။)

အဓိဝါသနခန္တိမရှိခြင်းကြောင့် သူတပါးကိုသတ်သောသူ, ယုတ်စွအဆုံး ခြင်မက်ကိုသတ်သောသူပင် "ပဗ္ဗဇိတ"မဟုတ်၊ အကြောင်းကား မကောင်းမှုအညစ်အကြေးကို မနှင်ထုတ်သောကြောင့်တည်း။ မိမိ၏မကောင်းမှုအညစ်အကြေးကို နှင်ထုတ်ခြင်းသည် "ပဗ္ဗဇိတ"၏လက္ခဏာဖြစ်၏။ မသတ်စေကာမူ ဒုတ်စသည်တို့ဖြင့် သူတပါးကို ညှဉ်းဆဲသောသူသည် "သမဏ"မဟုတ်၊ အကြောင်းကား ညှဉ်းဆဲခြင်းဖြင့် ကိလေသာကို မငြိမ်းစေနိုင်သောကြောင့်တည်း။ မကောင်းမှုတို့ကို ငြိမ်းစေခြင်းသည် "သမဏ"၏လက္ခဏာပင်တည်း။

သဗ္ဗပါပဿာတိ သဗ္ဗာကုသလဿ သဗ္ဗဿပိ ဒွါဒသာကုသလဿ သဗ္ဗစိတ္တုပ္ပါဒသင်္ဂဟိတဿ သာဝဇ္ဇဓမ္မဿ။ အကရဏန္တိ အနုပ္ပါဒနံ။ ကရဏဉှိ နာမ တဿ အတ္တနော သန္တာနေ ဥပ္ပါဒနန္တိ တပ္ပဋိက္ခေပတော အကရဏံ အနုပ္ပါဒနံ။ ကုသလဿာတိ စတုဘူမိကကုသလဿ။ "ကုသလဿာတိ ဟိ ဣဒံ "ဧတံ ဗုဒ္ဓါန သာသန"န္တိ ဝက္ခမာနတ္တာ အရိယမဂ္ဂဓမ္မေ တေသဥ္စ သမ္ဘာရဘူတေ တေဘူမိကကုသလေ ဗောဓေတိ။ ဥပသမ္ပဒါတိ ဥပသမ္ပာဒနံ။ တံ ပန အတ္တတော တဿ ကုသလဿ သမဓိဂမော ပဋိလာဘော။ (သာရတ္ထ၊ ၁၊ ၄၄၃။)

သဗ္ဗပါပ အရ အလုံးစုံသော အကုသိုလ်ဟူသည် အကုသိုလ်စိတ္တုပ္ပါဒ်တွင် ပါဝင်သော အပြစ်ရှိသော တရားအားလုံးတည်း၊ ထိုတရားအားလုံးကို မိမိသန္တာန်၌ မဖြစ်အောင် ရှောင်ကြဉ်ခြင်းကို "အကရဏ"ဟု ဆိုသည်။

ကုသလ အရ ကာမ, ရူပ, အရူပ, လောကုတ္တရာဟူသော စတုဘူမိကကုသိုလ်တည်း။ ထိုကုသိုလ်ကို မိမိသန္တာန်၌ ဖြစ်စေခြင်းသည် "ဥပသမ္ပဒါ"မည်၏။

သစိတ္တပရိယောဒပနန္တိ အတ္တနော စိတ္တဿ ဇောတနံ စိတ္တဿ ပဘဿရဘာဝကရဏံ သဗ္ဗသော ပရိသောဓနံ။ တံ ပန အရဟတ္တေန ဟောတိ။ ဧတ္ထ စ ယသ္မာ အဂ္ဂမဂ္ဂသမင်္ဂီနော စိတ္တံ သဗ္ဗသော ပရိယောဒပီယတိ နာမ၊ အဂ္ဂဖလက္ခဏေ ပန ပရိယောဒပိတံ ဟောတိ ပုန ပရိယောဒပေတဗ္ဗတာယ အဘာဝတော၊ တသ္မာ ပရိနိဋ္ဌိတပရိယောဒပနတံ သန္ဓာယ ဝုတ္တံ "တံ ပန အရဟတ္တေန ဟောတီ"တိ။ ဣတိ သီလသံဝရေန သဗ္ဗပါပံ ပဟာယ လောကိယလောကုတ္တရာဟိ သမထဝိပဿနာဟိ ကုသလံ သမ္ပာဒေတွာ အရဟတ္တဖလေန စိတ္တံ ပရိယောဒပေတဗ္ဗန္တိ ဧတံ ဗုဒ္ဓါနံ သာသနံ ဩဝါဒေါ အနုသိဋ္ဌိ။ (သာရတ္ထ၊ ၁၊ ၄၄၃။)

မိမိ၏စိတ်ကို ဖြူစင်စေခြင်းသည် အရဟတ္တဖိုလ်ကျမှ ပြီးဆုံး၏၊ ထို့ကြောင့် အစွမ်းကုန်ဖြူစင်သော အရဟတ္တဖိုလ်ကို ရည်ရွယ်၍"သစိတ္တပရိယောဒပနံ"ဟု ဆိုသည်။

ဤသို့ သီလသံဝရဖြင့် မကောင်းမှုအားလုံးကို ပယ်၍ လောကီလောကုတ္တရာသမထဝိပဿနာတို့ဖြင့် ကုသိုလ်ကို ပြည့်စုံစေလျက် အရဟတ္တဖိုလ်ဖြင့် စိတ်ကို အစွမ်းကုန် ဖြူစင်စေအပ်၏၊ ဤကား ဘုရားရှင်တို့၏အဆုံးအမပင်တည်း။

အနုပဝါဒေါတိ ဝါစာယ ကဿစိ အနုပဝဒနံ။ အနုပဃာတောတိ ကာယေန မနသာ စ ကဿစိ ဥပဃာတာကရဏံ မနသာပိ ပရေသံ အနတ္ထစိန္တနာဒိဝသေန ဥပဃာတကရဏဿ ဝဇ္ဇေတဗ္ဗတ္တာ။ (သာရတ္ထ၊ ၁၊ ၄၄၃။)

နှုတ်ဖြင့် တစုံတယောက်ကိုမျှ မစွပ်စွဲခြင်းသည် "အနုပဝါဒ(အနူပဝါဒ)"မည်၏။ ကိုယ်ဖြင့်လည်းကောင်း, စိတ်ဖြင့်လည်းကောင်း တစုံတယောက်ကိုမျှ မညှဉ်းဆဲ, ညှဉ်းဆဲဖို့ရန် မကြံခြင်းသည် "အနုပဃာတ(အနူပဃာတ)"မည်၏။

ပါတိမောက္ခေတိ ယံ တံ ပအတိမောက္ခံ ဥတ္တမံ သီလံ၊ ပါတိ ဝါ သုဂတိဘယေဟိ မောက္ခေတိ ဒုဂ္ဂတိဘယေဟိ၊ ယော ဝါ

နံ ပါတိ၊ တံ မောက္ခေတီတိ ပါတိမောက္ခန္တိ ဝုစ္စတိ၊ တသ္မိံ ပါတိမောက္ခေ စ။ သံဝရောတိ သတ္တန္နံ အာပတ္တိက္ခန္ဓာနံ အဝီတိက္ကမ လက္ခဏော သံဝရော။ (သာရတ္ထ၊ ၁၊ ၄၄၃။)

အလွန်မြတ်သောသီလ, (တနည်း) သုဂတိဘဝ၌ဖြစ်တတ်သော အတ္တာနုဝါဒစသောဘေးတို့မှ စောင့်ရှောက်တတ်, ဒုဂ္ဂတိဘေးတို့မှ လွတ်စေတတ်ကြောင့် ပါတိမောက္ခမည်သော သီလကို (ဝိနည်းပိဋက၌လာသော သီလအားလုံးကို) "ပါတိမောက္ခသီလ"ဟု ခေါ်၏၊ ထိုသီလကို မလွန်ကျူးခြင်းသည် "ပါတိမောက္ခသီလ၌စောင့်စည်းခြင်း"မည်၏။

မတ္တညုတာတိ ဘောဇနေ မတ္တညုတာ ပဋိဂ္ဂဟဏပရိဘောဂဝသေန ပမာဏညုတာ။ (သာရတ္ထ၊ ၁၊ ၄၄၃။)

လှူသောအခါ မိမိအား မျှတလောက်ရုံခံယူခြင်းဟူသော ပဋိဂ္ဂဟဏမတ္တညုတာ, သုံးဆောင်သောအခါ မိမိနှင့်သင့်တော်သော အစာကိုစားခြင်းဟူသော ပရိဘောဂမတ္တညုတာ-ဟု ၂-မျိုးရှိ၏။

ပန္တဉ္စ သယနာသနန္တိ ဇနသင်္ဃဋ္ဋဝိရဟိတံ နိဇ္ဇနသမ္ဗာဓံ ဝိဝိတ္တံ သေနာသနဉ္စ။ ဧတ္ထ ဒွီဟိယေဝ ပစ္စယေဟိ စတုပစ္စယ သန္တောသော ဒီပိတောတိ ဝေဒိတဗ္ဗော ပစ္စယသန္တောသသာမညေန ဣတရဒွယဿပိ လက္ခဏဟာရနယေန ဇောတိတဘာဝတော။ (သာရတ္ထ၊ ၁၊၄၄၃ ၄၄၄။)

လူအများ၏ရှုပ်ထွေးထိပါးခြင်းမှကင်း၍ လူအပေါင်းဖြင့်ကျဉ်းမြောင်းခြင်းမရှိပဲ လူတို့မှဆိတ်ငြိမ်သောကျောင်း၌ နေခြင်းတည်း။

ဤ"မတ္တညုတာ စ ဘတ္တသ္မိံ, ပန္တဉ္စ သယနာသနံ"၂-ပါဒတို့ဖြင့် ဆွမ်း, ကျောင်းဟူသော ပစ္စည်း၂ ပါး၌ တင်းတိမ်ရောင့်ရဲမှု အကျင့်ကို ပြ၏၊ ထို၂ ပါး၌ တင်းတိမ်ရောင့်ရဲမှုအကျင့်ကို တိုက်ရိုက်ပြသဖြင့် သင်္ကန်း, ဆေးဟူသော အခြားပစ္စည်း၂ ပါး၌ တင်းတိမ် ရောင့်ရဲမှုအကျင့်ကိုလည်း ပစ္စည်း၌ တင်းတိမ်ရောင့်ရဲမှုအကျင့်လက္ခဏာချင်းတူသောကြောင့် ဥပလက္ခဏနည်း, လက္ခဏဟာရနေတ္တိ နည်းအားဖြင့် ပြပြီးဖြစ်တော့၏။

အဓိစိတ္တေ စ အာယောဂေါတိ ဝိပဿနာပါဒကံ အဋ္ဌသမာပတ္တိစိတ္တံ အဓိစိတ္တံ၊ တတောပိ စ မဂ္ဂဖလစိတ္တမေဝ အဓိစိတ္တံ၊ တသ္မိံ ယထာဝုတ္တေ အဓိစိတ္တေ အာယောဂေါ စ၊ အနုယောဂေါတိ အတ္ထော။ (သာရတ္ထ၊ ၁၊ ၄၄၄။)

(ရှာန်သမာပတ်ကို အခြေခံ၍ ဝိပဿနာအားထုတ်ရာ၌) ဝိပဿနာ၏အခြေခံဖြစ်သော သမာပတ်ရှစ်ပါးသည် အဓိစိတ္တ(လွန်ကဲသောစိတ်), တနည်းအားဖြင့် မဂ်ဖိုလ်စိတ်သည် "အဓိစိတ္တ"မည်၏၊ ထိုအဓိစိတ္တ၌ လွန်စွာကြိုးကုတ် အားထုတ်ခြင်းပင်တည်း။

ဧတံ ဗုဒ္ဓါန သာသနန္တိ ဧတံ ပရဿ အနုပဝဒနံ အနုပဃာတနံ ပါတိမောက္ခေ သံဝရော ပဋိဂ္ဂဟဏပရိဘောဂေသု မတ္တညုတာဝိဝိတ္တသေနာသနသေဝနံ အဓိစိတ္တာနုယောဂေါ စ ဗုဒ္ဓါနံ သာသနံ ဩဝါဒေါ အနုသိဋ္ဌိ။ (သာရတ္ထ၊ ၁၊ ၄၄၄။)

အနုပဝဒန, အနုပဃာတန, ပါတိမောက္ခသံဝရ, ပန္တသေနာသနသေဝန, အဓိစိတ္တာနုယောဂ ဤ၅ ပါးသည်လည်း ဘုရားရှင်တို့၏အဆုံးအမတော်ပင်တည်း။

မှတ်ချက်။ ။ ပါရာဇိကဏ်ဘာသာဋီကာ, ဒုတိယအုပ် ၁၂၆ ၁၂၉တို့၌ ကြည့်ရှုနိုင်သည်။

၁။ သည်းခံကျင့်သုံး, အမြတ်ဆုံးပေ၊
နိဗ္ဗာန်မြတ်လှ, ဗုဒ္ဓမိန့်ပေ။
ရဟန်းမှန်လျှင်, မညှဉ်းတတ်ပေ၊
ညှဉ်းဆဲက, သမဏ မဟုတ်ပေ။
၂။ မကောင်းမှုများ, ရှောင်ရှားပယ်လေ၊
ကောင်းမှုတရား, ဖြစ်ပွါးစုံစေ။
မိမိစိတ်ဓာတ်, ဆွတ်ဆွတ်ဖြူစေ၊
ဤသုံးပါး, ဘုရား ဆုံးမပေ။
၃။ သူ့ကိုစွပ်စွဲ, ညှဉ်းဆဲကင်းစေ၊
ကိုယ်ကျင့်သီလ, လုံးဝလုံစေ။
အစာ၌လဲ, သိမြဲတိုင်းရှည်(ရှေ)၊
လူသူဆိတ်တောင်း, တောကျောင်းမှာနေ။

## ပါတိမောက်နှင့်စပ်သွယ် သိမှတ်ဖွယ်

စိတ်မြတ်လုပ်ငန်း, ကြိုးပမ်းပါလေ၊
ဤခြောက်ပါး, ဘုရားဆုံးမပေ။
(မဟာစည် ဓမ္မဒေသနာ ဆောင်ပုဒ်များ၊ ၇၁-၇၂။)

ဤသုံးဂါထာတို့သည် အလုံးစုံသော ဘုရားရှင်တို့၏ဩဝါဒပါတိမောက်ဂါထာတော်များဖြစ်ကုန်၏၊ သက်တော်ရှည် ဘုရားရှင်တို့သည် သာသနာတော်(အဆုံးအမတော်)ကုန်ဆုံးသည့်တိုင်အောင် ဩဝါဒပါတိမောက်ကိုသာ ပြတော်မူကြကုန်၏၊ သက်တော်တို ဘုရားရှင်တို့သည်ကား ပဌမဗောဓိ၌သာ ပြတော်မူကြကုန်၏။

သဗ္ဗဗုဒ္ဓါနံ ဟိ ဣမာ တိဿော ဩဝါဒပါတိမောက္ခဂါထာယော ဟောန္တိ။ တာ ဒီဃာယုကဗုဒ္ဓါနံ ယာဝ သာသနပရိယန္တာ ဥဒ္ဒေသမာဂစ္ဆန္တိ၊ အပ္ပါယုကဗုဒ္ဓါနံ ပဌမဗောဓိယံယေဝ။ (ဝိ၊ ၄၊ ၁၊ ၁၅၅။)

ယာဝ သာသနပရိယန္တာ အရ သက်တော်ထင်ရှား မြတ်ဘုရားတို့၏အဆုံးအမတော်ဆုံးသည့်တိုင်အောင် ဆိုလိုသည်။

"ပဌမဗောဓိယံ ဝီသတိဝဿန္တရေ"(ဝိ၊ ၄၊ ၁၊ ၁၄၆)ဟု ရှေ့၌ဆိုသောကြောင့် ပဌမဗောဓိကို ဝါတော်၂၀ အတွင်းဟု မဟာဂဏ္ဌိပုဒ်၌ဆိုသည်၊ သုတ္တန်ဋီကာတို့ကို ပြုသော အရှင်ဓမ္မပါလထေရ်ကား ၄၅ ဝါကို ၃ ပိုင်းပိုင်း၍ ပဌမ ၁၅ ဝါကို ပဌမဗောဓိ(သစ္စာ ၄ ပါးကို သိကြရာ ပဌမအပိုင်း)ဟုလည်းကောင်း, ဒုတိယ ၁၅ ဝါကို မဇ္ဈိမဗောဓိ, တတိယ ၁၅ ဝါကို တတိယဗောဓိ ဟုလည်းကောင်း မိန့်တော်မူ၏။"ပဌမဗောဓိယံ ဝီသတိဝဿန္တရေ"ဟူသော စကားကိုကား "ဝါ ၂၀ အတွင်း၌ ပဌမဗောဓိပါဝင်သောကြောင့် ဆိုသည်"ဟု မိန့်သည်။ (ပါရာဇိကဏ်ဘာသာဋီကာ၊ ၂၊ ၁၃၀။)

ယာဝ သာသနပရိယန္တာတိ ဧရမာနကဗုဒ္ဓါနံ အနုသာသနပရိယန္တံ သန္ဓာယ ဝုတ္တံ၊ ယာဝ ဗုဒ္ဓါ ဓရန္တိ၊ တာဝ ဥဒ္ဒိသိတဗ္ဗတံ အာဂစ္ဆန္တီတိ ဝုတ္တံ ဟောတိ။ ဩဝါဒပါတမောက္ခဉှိ ဗုဒ္ဓါယေဝ ဥဒ္ဒိသန္တိ, န သာဝကာ။ ပဌမဗောဓိယံယေဝ ဥဒ္ဒေသမာဂစ္ဆန္တီတိ သမ္ဗန္ဓော။ ပဌမဗောဓိစေတ္ထ ဝီသတိဝဿပရိစ္ဆိန္နာတိ မဟာဂဏ္ဌိပဒေ ဝုတ္တံ။ တဉ္စ ဟေဋ္ဌာ အဋ္ဌကထာယမေဝ "ဘဂဝတော ဟိ ပဌမဗောဓိယံ ဝီသတိဝဿန္တရေ နိဗဒ္ဓုပဋ္ဌာကော နာမ နတ္ထိ"တိ ကထိတတ္တာ "ပဌမဗောဓိ နာမ ဝီသတိဝဿာနီ"တိ ဂဟေတွာ ဝုတ္တံ။ အာစရိယဓမ္မပါလတ္ထေရေန ပန"ပဉ္စစတ္တာလီသာယ ဝဿေသု အာဒိတော ပန္နရသ ဝဿာနိ ပဌမဗောဓီ"တိ ဝုတ္တံ။ ဧဝဉ္စ သတိ မဇ္ဈေ ပန္နရသ ဝဿာနိ မဇ္ဈိမဗောဓိ၊ အန္တေ ပန္နရသ ဝဿာနိ ပစ္ဆိမဗောဓီတိ တိဏ္ဏံ ဗောဓီနံ သမပ္ပမာဏတာ သိယာတိ တမ္ပိ ယုတ္တံ။ ပန္နရသတ္တိကေန ဟိ ပဉ္စစတ္တာလီသဝဿာနိ ပူရေန္တိ။ အဋ္ဌကထာယံ ပန ပန္နရသဝဿပ္ပမာဏာယ ပဌမဗောဓိယာ ဝီသတိဝဿေသု ယေဝ အန္တောဂဓတ္တာ "ပဌမဗောဓိယံ ဝီသတိဝဿန္တရေ"တိဝုတ္တန္တိ ဧဝမ္ပိ သက္ကာ ဝိညာတုံ။ (သာရတ္ထ၊ ၁၊ ၄၄၄။)

[အာစရိယဓမ္မပါလတ္ထေရေန ပန "ပဉ္စစတ္တာလီသာယ။ ပ။ သိယာ၊ တမ္ပိ ယုတ္တံ။ ပ။ ပရိပူရေန္တိ။ ပ။ ဧဝမ္ပိ သက္ကာ ဝိညာတုံ။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၁၊ ၃၁၅။)

တဿ (ဘဂဝတော) ပဉ္စစတ္တာလီသာယ ဝဿေသု အာဒိတော ပန္နရသ ဝဿာနိ ပဌမဗောဓိ၊ (သဂါထာဝဂ္ဂ၊ ဋီ၊၁၊၂၀၁။)]

## အာဏာပါတိမောက်

"သုဏာတု မေ ဘန္တေ သံဃော"အစရှိသော (ဝိနည်းမဟာဝါ ဥပေါသထက္ခန္ဓက ပါတိမောက္ခုဒ္ဒေသာနုဇာနနာ၊ ၁၄၀)လာသောနည်းဖြင့် ဆိုအပ်သော ပါတိမောက်သည် "အာဏာပါတိမောက်"မည်၏၊ ထိုပါတိမောက်ကို သာဝကတို့သာ ပြကုန်၏၊ ဘုရားရှင်တို့ပြတော်မမူကုန်။ သိက္ခာပုဒ်ပညတ်တော်မူသောအခါမှစ၍ အာဏာပါတိမောက်ကိုသာ ပြအပ်သည်။ ငါတို့ဘုရားရှင်သည် ပဌမဗောဓိ၌ ဝါတော် ၂၀ မျှကာလပတ်လုံး ဩဝါဒပါတိမောက်ကို ပြတော်မူပြီးနောက်..တခုသောနေ့၌ ပုဗ္ဗါရုံကျောင်းတိုက်တော်တွင် မိဂါရသူဋ္ဌေး၏အမိအရာ၌တည်သော ဝိသာခါ၏ပြာသာဒ်ဝယ် နေတော်မူစဉ် "ရဟန်းတို့, ငါသည် ဤနေ့မှနောက်၌ ဥပုသ်ကို မပြုတော့အံ့၊ ဩဝါဒပါတိမောက်ကို မပြတော့အံ့၊ သင်တို့ချည်းသာ ဥပုသ်ပြုကြလော, အာဏာပါတိမောက်ကို ပြကြကုန်လော"ဟု မိန့်တော်မူ၏။

"သုဏာတု မေ ဘန္တေ သံဃော"တိ အာဒိနာ(ဝိ၊ ၃၊ ၁၄၀) နယေန ဝုတ္တံ အအာဏာပါတိမောက္ခံ နာမ၊ တံ သာဝကာဧဝ ဥဒ္ဒိသန္တိ၊ န ဗုဒ္ဓါ။ (ကင်္ခါ၊ ၄၊ ၉၄။)

သိက္ခာပဒပညတ္တိကာလတော ပန ပဘုတိ အာဏာပါတိမောက္ခမေဝ ဥဒ္ဒိသိယတိ၊ တဉ္စ ခေါ ဘိက္ခူဧဝ ဥဒ္ဒိသန္တိ၊ န ဗုဒ္ဓါ။ တသ္မာ အမှာကမ္ပိ ဘဂဝါ ပဌမဗောဓိယံ ဝီသတိဝဿမတ္တမေဝ ဣဒံ ဩဝါဒပါတိမောက္ခံ ဥဒ္ဒိသိ။ အထေကဒိဝသံ ပုဗ္ဗာရာမေ မိဂါရမာတုပါသာဒေ နိသိန္နော ဘိက္ခူ အာမန္တေသိ"န ဒါနာဟံ ဘိက္ခဝေ ဣတော ပရံ ဥပေါသထံ ကရိဿာမိ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ၊

တုမှေယေဝ ဒါနိ ဘိက္ခဝေ တ္ထတော ပရံ ဥပေါသထံ ကရေယျာထ ပါတိမောက္ခံ ဥဒ္ဒိသေယျာထ။ အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ တထာဂတော အပရိသုဒ္ဓါယ ပရိသာယ ဥပေါသထံ ကရေယျ ပါတိမောက္ခံ ဥဒ္ဒိသေယျာ"တိ(ဝိ၊၄၊ ၄၂၄။ အံ၊၃ ၊ ၄၄။ ခု၊ ၁၊ ၁၃၈)။ (ဝိ၊ ဋ၊၁၊ ၁၅၅။) သိက္ခာပုဒ်မပညတ်ရသေးလျှင် အာဏာပါတိမောက်မရှိ၊ သိက္ခာပုဒ်ပညတ်မှ အာဏာပါတိမောက်ရှိကြောင်းကို "သိက္ခာပဒပညတ္တိကာလတော"ဟူသောစကားက ပြ၏၊ "သိက္ခာပုဒ်ပညတ်"ဟု ဆိုရာ၌လည်း အချို့သော သိက္ခာပုဒ်တို့ကို ပညတ်ပြီးရုံမျှဖြင့် အာဏာပါတိမောက်ကို ခွင့်ပြုတော်မမူသေး, ပဌမဗောဓိကုန်လွန်၍ ဩဝါဒပါတိမောက်ဟောပြတော်မူမည့် ပရိသတ်တွင် ဒုသီလပါဝင်နေမှ အာဏာပါတိမောက်ပြဖို့ရန် ခွင့်ပြုတော်မူသည်။

နနု စ ကာနိစိ သိက္ခာပဒါနိ ပဌမဗောဓိယံ န တာဝ အာဏာပါတိမောက္ခံ အနုညာတံ ပစ္ဆာ ထေရဿ အာယာစနေန အနုညာတတ္တာ၊ တသ္မာ ကထမေတံ ဝုတ္တံ "သိက္ခာပဒပညတ္တိကာလတော ပန ပဘုတိ အာဏာပါတိမောက္ခမေဝ ဥဒ္ဒိသီယတီ"တိ၊ ယဒိပိ ကာနိစိ သိက္ခာပဒါနိ ပဌမဗောဓိယံ အာဏာပါတိမောက္ခံ န အနုညာတံ၊ တထာပိ အပညတ္တေ သိက္ခာပဒေ အာဏာပါတိမောက္ခံ နတ္ထိ၊ ကိန္တု ပညတ္တေယေဝါတိ ဣမမတ္ထံ ဒဿေတုံ "သိက္ခာပဒပညတ္တိကာလတော ပန ပဘုတီ"တိ ဝုတ္တံ။ (သာရတ္ထ၊ ၁ ၊ ၄၄၄။)

## ဝိပဿီစသော ဘုရား ၇ ဆူတို့ကိုသာ ထုတ်ဖော်ညွှန်ပြခြင်းအကြောင်း

ဘုရားရှင်သည် ဝိပဿီအစရှိသော ဘုရား ၇ ဆူတို့၏သာသနာတော်(ဗြဟ္မစရိယ)၏ကြာမြင့်စွာတည်ရှိခြင်း, မရှိခြင်း၏အဖြစ်ကိုသာဟော၍ ဗုဒ္ဓဝံသဒေသနာ၌ကဲ့သို့ ၂၅ ဆူသောဘုရားရှင်တို့၏သာသနာတော်၏ကြာရှည်တည်တန့်မှု, မတည်တန့်မှုကို မဟောခြင်း၏အကြောင်းကား ထိုဘုရား၇ ဆူတို့၏ပဋိဝေဓသာသနာတော်သည် စင်စစ်အားဖြင့် ယခုတိုင် ထင်ရှားရှိပြီး မကွယ်ပျောက်သေးသောကြောင့် ထိုဘုရားရှင်တို့၏သာသနာတော်၏ကြာမြင့်စွာ တည်ရှိခြင်း, မတည်ရှိခြင်းကို ဟောတော်မူခြင်းဖြစ်၏။ မှန်၏၊ ထိုဘုရားရှင်တို့၏သာ တပည့်သာဝကတို့သည် သုဒ္ဓါဝါသဘုံ၌ တည်ရှိကုန်သေးသည်၊ အခြားဘုရားရှင်တို့၏တပည့်သာဝကတို့ကား ပရိနိဗ္ဗာန်စံလွန်ကုန်ပြီးဖြစ်၍ သုဒ္ဓါဝါသဘုံ၌ မရှိကြတော့ကုန်။

ကသ္မာ ပနေတ္ထ ဘဂဝါ ဝိပဿီအာဒီနံ သတ္တန္နံယေဝ ဗုဒ္ဓါနံ ဗြဟ္မစရိယဿ စိရဋ္ဌိတိကာစိရဋ္ဌိတိကဘာဝံ ကထေသိ၊ န ဗုဒ္ဓဝံသဒေသနာယံ ဝိယ ပဉ္စဝီသတိယာ ဗုဒ္ဓါနံ၊ တတော ဝါ ပန ဘိယျောတိ? ယေသံ သမ္မာသမ္ဗုဒ္ဓါနံ ပဋိဝေဓသာသနံ ဓရတေဝ၊ နိဋ္ဌယေန အဇ္ဇာပိ ဓရတိ, န အန္တရဟိတံ၊ တေဝ ကိတ္တေန္တော ဝိပဿီအာဒီနံယေဝ ဘဂဝန္တာနံ ဗြဟ္မစရိယဿ စိရဋ္ဌိတိကာစိရဋ္ဌိတိကဘာဝံ ဣဓ ကထေသိ။ တေသံယေဝ ဟိ သာဝကာ တဒါ စေဝ ဓရေယုံ စ သုဒ္ဓါဝါသဘူမိယံ ဋ္ဌိတာ၊ န အညေသံ ပရိနိဗ္ဗုတတ္တာ။ (သာရတ္ထ၊ ၁၊ ၄၃၉။)

## သာသနာဟူသည်

"သာသနာ"ဟူသည် အဓိသီလ, အဓိစိတ္တ, အဓိပညာ ဟု ဆိုအပ်သော သိက္ခာသုံးပါးဖြင့်ရေတွက်အပ်သည့် (မြတ်စွာဘုရား၏)အဆုံးအမတည်း၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးပါးသည် "သာသနာ"ပင်တည်း။ တနည်းအားဖြင့် ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ ဤသုံးပါးသည် "သာသနာ"ပင်၊ မုချအားဖြင့်ကား ဗောဓိပက္ခိယတရား(၃၇)ပါးသည် "သာသနာ"မည်၏။

သာသနန္တိ အဓိသီလအဓိစိတ္တအဓိပညာသင်္ခါတသိက္ခတ္တယသင်္ဂဟိတံ သာသနံ။ (သာရတ္ထ၊ ၁၊ ၁၆။)
သာသနန္တိ ပရိယတ္တိပဋိပတ္တိပဋိဝေဓဝသေန တိဝိဓံ သာသနံ။ နိပ္ပရိယာယတော ပန သတ္တတိံသဗောဓိပက္ခိယဓမ္မံ။ (သာ၊၁၊၃၄။)

## သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် သုံးပါးတို့၏ထူးခြားဟန်

(၁) သစ္စဉာဏ်=သစ္စာတရား အမှန်တရား ဟု သိသောဉာဏ်။
(၂) ကိစ္စဉာဏ်=သစ္စာတရား၌ ပြုလုပ်ရမည့်ကိစ္စကို သိသောဉာဏ်။
(၃) ကတဉာဏ်=သစ္စာတရား၌ ပြုလုပ်ရမည့်ကိစ္စကို ပြုလုပ်ပြီးပြီ ဟု သိသောဉာဏ်။
ဒုက္ခသစ္စာ၌ (၁) သစ္စဉာဏ်ကား "ဤ(ပဋိသန္ဓေနေရခြင်းစသော)တရားသည် ဆင်းရဲခြင်း အမှန်တရားတည်း"ဟု သိသောဉာဏ်,

(၂) ကိစ္စဉာဏ်ကား "ဤဒုက္ခတရားသည် ပိုင်ပိုင် နိုင်နိုင် ပိုင်းခြား၍ သိရမည့် တရားတည်း"ဟု သိသောဉာဏ်,
(၃) ကတဉာဏ်ကား "ဤကဲ့သို့ ပိုင်းခြား၍ သိရမည့် ဒုက္ခသစ္စာတရားကို ငါသည် ပိုင်ပိုင် နိုင်နိုင် ပိုင်းခြား၍ သိခဲ့ပြီ"ဟု သိသောဉာဏ်=ဤသုံးပါးတို့တည်း။

"ဣဒံ ဒုက္ခံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ပ၊ အာလောကော ဥဒပါဒိ။ (သစ္စဉာဏ်)။

"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ပ၊ အာလောကော ဥဒပါဒိ။ (ကိစ္စဉာဏ်)။

"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ပ၊ အာလောကော ဥဒပါဒိ။ (ကတဉာဏ်)။

သမုဒယသစ္စာ၌ (၁) သစ္စဉာဏ်ကား "ဤသမုဒယတဏှာသည် ဒုက္ခ၏အကြောင်း အမှန်တရားတည်း"ဟု သိသောဉာဏ်,
(၂) ကိစ္စဉာဏ်ကား "ဤသမုဒယတဏှာသည် ပယ်စွန့်ရမည့် တရားဖြစ်၏"ဟု သိသောဉာဏ်,
(၃) ကတဉာဏ်ကား "ဤပယ်စွန့်ရမည့် သမုဒယတဏှာတရားကို ငါသည် ပယ်စွန့်ပြီးခဲ့ပြီ"ဟု သိသောဉာဏ်=ဤသုံးပါးတို့တည်း။

"ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ပ၊ အာလောကော ဥဒပါဒိ။ (သစ္စဉာဏ်)။

"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ပ၊ အာလောကော ဥဒပါဒိ။ (ကိစ္စဉာဏ်)။

"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ပ၊ အာလောကော ဥဒပါဒိ။ (ကတဉာဏ်)

နိရောဓသစ္စာ၌ (၁) သစ္စဉာဏ်ကား "ဤနိဗ္ဗာန်တရားသည် ဒုက္ခ၏အပြီးသတ် ချုပ်ငြိမ်းခြင်း အမှန်တရားတည်း"ဟု သိသောဉာဏ်,
(၂) ကတဉာဏ်ကား "ဤနိဗ္ဗာန်တရားသည် မျက်မှောက်ပြုရမည့် ကိုယ်တိုင် ထိုးထွင်း၍ သိရမည့် တရားဖြစ်၏"ဟု သိသောဉာဏ်,
(၃) ကတဉာဏ်ကား "ဤကဲ့သို့ မျက်မှောက်ပြုရမည့် နိဗ္ဗာန်တရားကို ငါသည် မျက်မှောက် ပြုပြီးခဲ့ပြီ"ဟု သိသောဉာဏ်=ဤသုံးပါးတို့တည်း။

"ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ပ၊ အာလောကော ဥဒပါဒိ။ (သစ္စဉာဏ်)

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ပ၊ အာလောကော ဥဒပါဒိ။ (ကိစ္စဉာဏ်)။

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ"န္တိ မ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ပ၊ အာလောကော ဥဒပါဒိ။ (ကတဉာဏ်)။

မဂ္ဂသစ္စာ၌ (၁) သစ္စဉာဏ်ကား "ဤမဂ္ဂင်ရှစ်ပါးသည် ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့ ပို့ဆောင်တတ်သော အမှန်တရားတည်း"ဟု သိသောဉာဏ်,
(၂) ကိစ္စဉာဏ်ကား "ဤမဂ္ဂင်ရှစ်ပါးတရားသည် ပွါးများအောင် အားထုတ်ရမည့် တရားဖြစ်၏"ဟု သိသောဉာဏ်,
(၃) ကတဉာဏ်ကား "ဤပွါးများအောင် အားထုတ်ရမည့် မဂ္ဂင်ရှစ်ပါးတရားကို ငါသည် ပွါးများအောင် အားထုတ်ပြုလုပ်ပြီး ခဲ့ပြီ"ဟု သိသောဉာဏ်=ဤသုံးပါးတို့တည်း။

"ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ပ၊ အလောကော ဥဒပါဒိ။ (သစ္စဉာဏ်)။

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု

စက္ခုံ ဥဒပါဒိ၊ ပ၊ အာလောကော ဥဒပါဒိ။ (ကိစ္စဉာဏ်)။

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ပ၊ အာလောကော ဥဒပါဒိ။ (ကတဉာဏ်)

(ဝိ၊ ၃၊ ပဉ္စဝဂ္ဂိယကထာ၊ ဓမ္မစက္ကပဝတ္တနသုတ္တ၊ ၁၄ ၁၆။ အရှင်သီလာနန္ဒာဘိဝံသ၏တရားဦး, သစ္စာသိပုံ ဉာဏ်မျိုးစုံ၊၅၉-၆၀။)

ဧတ္ထ စ "ဣဒံ ဒုက္ခံ အရိယသစ္စံ၊ ဣဒံ ဒုက္ခသမုဒယ"န္တိ ဧဝံ စတူသု သစ္စေသု ယထာဘူတဉာဏံ သစ္စဉာဏံ နာမ။ တေသု ယေဝ "ပရိညေယျံ ပဟာတဗ္ဗံ သစ္ဆိကာတဗ္ဗံ ဘာဝေတဗ္ဗ"န္တိ ဧဝံ ကာတဗ္ဗကိစ္စဇာနနဉာဏံ ကိစ္စဉာဏံ နာမ။ "ပရိညာတံ ပဟီနံ သစ္ဆိကတံ ဘာဝိတ"န္တိ ဧဝံ တဿ ကတဘာဝဇာနနဉာဏံ ကတဉာဏံ နာမ။ (သာရတ္ထ၊ ၃၊ ၁၇၉ ၁၈၀။)

## ယပ်ကိုင်ခြင်း(ဓမ္မကထိကတို့အလေ့)

ဗီဇနီဂဟဏံ ဓမ္မကထိကာနံ ဓမ္မတာတိ ဝေဒိတဗ္ဗံ၊ ဘဂဝါ ဟိ ဓမ္မကထိကာနံ ဓမ္မတာဒဿနတ္ထမေဝ ဝိစိတ္တဗီဇနိံ ဂဏှာတိ။ န ဟိ အညထာ သဗ္ဗဿာပိ လောကဿ အလင်္ကာရဘူတံ ပရမုက္ကံသဂတသိက္ခာသံယမာနံ ဗုဒ္ဓါနံ မုခစန္ဒမဏ္ဍလံ ပဋိစ္ဆာဒေတဗ္ဗံ ဟောတိ။ (သာရတ္ထ၊၁၊ ၆၀။)

ဗီဇနီဂဟဏံ ပရိသာယ ဓမ္မကထိကာနံ ဟတ္ထကုက္ကုစ္စဝိနောဒနမုခဝိကာရပဋိစ္ဆာဒနတ္ထံ ဓမ္မတာဝသေန အာစိဏ္ဏန္တိ ဝေဒိတဗ္ဗံ။ တေနေဝ ဟိ အစ္ဆန္နသညတပ္ပတ္တာ ဗုဒ္ဓါပိ သာဝကာပိ ဓမ္မကထိကာနံ ဓမ္မတာဒဿနတ္ထမေဝ စိတ္တဗီဇနိံ ဂဏှန္တိ။ (ဝိမတိ၊ ၁၊ ၁၆။)

ယပ်ကိုင်ခြင်းသည် ပရိသတ်၏ရှေ့၌ လက်လှုပ်ခြင်းကို ပယ်ဖျောက်ရန်, မျက်နှာဖောက်ပြန်ခြင်းတို့ကို ဖုံးလွှမ်းချန်အလို့ငှာ ဓမ္မကထိကတို့၏အလေ့ပင်တည်း။

ယင်းဋီကာစကားတို့ကို ထောက်၍ ရှေးဆရာတော်တို့ ယပ်ကြီးများကို ကိုင်ကြဟန်တူသည်။

## ဗျသနတရား ၅-ပါး

ပဉ္စ ဗျသနာနိ ဉာတိဗျသနံ ဘောဂဗျသနံ ရောဂဗျသနံ သီလဗျသနံ ဒိဋ္ဌိဗျသနံ။ (ဝိ၊ ၅=ပရိဝါရ၊ ၂၃၀။)

ဗျာသနာနိ ပျက်စီးခြင်းတို့သည်၊ ဉာတိဗျသနံ ဆွေမျိုးတို့၏ပျက်စီးခြင်း၊ ဘောဂဗျသနံ စည်းစိမ်တို့၏ပျက်စီးခြင်း၊ ရောဂဗျသနံ ကျန်းမာခြင်း(အာရောဂျဂုဏ်)ကို ဖျက်ဆီးတတ်သော ရောဂါ။ သီလဗျသနံ သီလ၏ပျက်စီးခြင်း၊ ဒိဋ္ဌိဗျသနံ သမ္မာဒိဋ္ဌိကို ဖျက်ဆီးတတ်သော မိစ္ဆာဒိဋ္ဌိ၊ ပဉ္စ ငါးပါးတို့တည်း။

ပဉ္စ ဗျသနာနိ၊ ဉာတိဗျသနံ ဘောဂဗျသနံ ရောဂဗျသနံ သီလဗျသနံ ဒိဋ္ဌိဗျသနံ။ နာဝုသော သတ္တာ ဉာတိဗျသနဟေတု ဝါ ဘောဂဗျသနဟေတု ဝါ ရောဂဗျသနဟေတု ဝါ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ၊ သီလဗျသနဟေတု ဝါ အာဝုသော သတ္တာ ဒိဋ္ဌိဗျသနဟေတု ဝါ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။ (ဒီ၊ ၃၊ ၁၉၆)

ပါထိကဝဂ္ဂပါဠိတော်၌ကား "သတ္တဝါတို့သည် ဉာတိဗျသန, ဘောဂဗျသန, ရောဂဗျသနတို့ကြောင့် အပါယ်သို့ မကျရောက်ကုန်သော်လည်း သီလဗျသန, ဒိဋ္ဌိဗျသနတို့ကြောင့် အပါယ်သို့ ကျရောက်နိုင်ကုန်၏"။

ဝိယဿတီတိ ဗျသနံ၊ ဟိတသုခံ ခိပတိ ဝိဒ္ဓံသေတီတိ အတ္ထော။ ဉာတီနံ ဗျသနံ ဉာတိဗျသနံ၊ စောရရောဂဘယာဒီဟိ ဉာတိဝိနာသောတိ အတ္ထော။ ဘောဂါနံ ဗျသနံ ဘောဂဗျသနံ၊ ရာဇစောရာဒိဝသေန ဘောဂဝိနာသောတိ အတ္ထော။ ရောဂေါ ဧဝ ဗျသနံ ရောဂဗျသနံ။ ရောဂေါ ဟိ အာရောဂျံ ဗျသတိ ဝိနာသေတီတိ ဗျသနံ။ သီလဿ ဗျသနံ သီလဗျသနံ။ ဒုဿီလျဿေတံ နာမံ။ သမ္မာဒိဋ္ဌိံ ဝိနာသယမာနာ ဥပ္ပန္နာ ဒိဋ္ဌိ ဧဝ ဗျသနံ ဒိဋ္ဌိဗျသနံ။ ဧတ္ထ စ ဉာတိဗျသနာဒီနိ တီဏိ နေဝ အကုသလာနိ န တိလက္ခဏာဟတာနိ။ သီလဒိဋ္ဌိဗျသနဒွယံ အကုသလံ တိလက္ခဏာဟတံ။ တေနေဝါဟ "နာဝုသော သတ္တာ ဉာတိဗျသနဟေတု ဝါ"တိအာဒိမာဟ။ (ဒီ၊ ဋ္ဌ၊ ၃၊ ၂၁၁။)

အင်္ဂုတ္တိုရ်ပါဠိတော် (အံ၊ ၃၊ ဗျသနသုတ္တ၊ ၁၂၉ ၁၃၀), သာရတ္ထဒီပနီဋီကာ (သာရတ္ထ၊ ၃၊ ၄၇၄ ၄၇၅)တို့၌လည်း ကြည့်ရှုနိုင်သည်။

## သမ္ပဒါတရား ၅ ပါး

ပဉ္စ သမ္ပဒါ ဉာတိသမ္ပဒါ ဘောဂသမ္ပဒါ အရောဂသမ္ပဒါ သီလသမ္ပဒါ ဒိဋ္ဌိသမ္ပဒါ။ (ဝိ၊ ၅၊ ၂၃၀။)

ပဉ္စ သမ္ပဒါ။ ဉာတိသမ္ပဒါ ဘောဂသမ္ပဒါ အာရောဂျသမ္ပဒါ သီလသမ္ပဒါ ဒိဋ္ဌိသမ္ပဒါ။ နာဝုသော သတ္တာ ဉာတိသမ္ပဒါဟေတု ဝါ ဘောဂသမ္ပဒါဟေတု ဝါ အာရောဂျသမ္ပဒါဟေတု ဝါ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ၊ သီလသမ္ပဒါဟေတု ဝါ အာဝုသော သတ္တာ ဒိဋ္ဌိသမ္ပဒါဟေတု ဝါ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။ (ဒီ၊ ၃၊ ၁၉၆။)

သမ္ပဒါ ပြည့်စုံခြင်းတို့သည်၊ ဉာတိသမ္ပဒါ ဆွေမျိုးတို့၏ပြည့်စုံခြင်း၊ ဘောဂသမ္ပဒါ စည်းစိမ်တို့၏ပြည့်စုံခြင်း၊ အရောဂသမ္ပဒါ(အာရောဂျသမ္ပဒါ) အနာရောဂါမရှိသူ၏အဖြစ်၏ပြည့်စုံခြင်း၊ သီလသမ္ပဒါ သီလ၏ပြည့်စုံခြင်း၊ ဒိဋ္ဌိသမ္ပဒါ သမ္မာဒိဋ္ဌိ၏ပြည့်စုံခြင်း။ ပဉ္စ ငါးပါးတို့တည်း။

ပါထိကဝဂ္ဂပါဠိတော်အရ..."သတ္တဝါတို့သည် ဉာတိသမ္ပဒါ ဘောဂသမ္ပဒါ အာရောဂျသမ္ပဒါတို့ကြောင့် နတ်ပြည်သို့ မရောက်နိုင်၊ သီလသမ္ပဒါ ဒိဋ္ဌိသမ္ပဒါတို့ကြောင့် နတ်ပြည်သို့ ရောက်နိုင်ကုန်၏။

ဉာတိသမ္ပဒါတိ ဉာတီနံ သမ္ပဒါ ပါရိပူရိ ဗဟုဘာဝေါ။ ဘောဂသမ္ပဒါယပိ ဧသေဝ နယော။ အာရောဂျဿ သမ္ပဒါ အာရောဂျသမ္ပဒါ။ ပါရိပူရိ ဒီဃရတ္တံ အရောဂတာ။ သီလဒိဋ္ဌိသမ္ပဒါသုပိ ဧသေဝ နယော။ သီလဒိဋ္ဌိသမ္ပဒါ ကုသလာ၊ တိလက္ခဏာဟတာ။ တေနေဝ "နာဝုသော သတ္တာ ဉာတိသမ္ပဒါဟေတု ဝါ"တိအာဒိမာဟ။ (ဒီ၊ ဋ္ဌ၊ ၃၊ ၂၁၁။)

အင်္ဂုတ္တိုရ်ပါဠိတော် (အံ၊ ၂၊ ၁၃၀), သာရတ္ထဒီပနီဋီကာ (သာရတ္ထ၊ ၃၊ ၄၇၅)တို့၌လည်း ကြည့်ရှုနိုင်သည်။

## ခိုးခြင်း ၅ ပါး

၁။ ထေယျာဝဟာရ=ပုန်းလျှိုး ကွယ်လျှိုး မသိအောင် ခိုးခြင်း၊ ၂။ ပသယှာဝဟာရ=အနိုင်ထက်, နှိပ်စက်၍ ခိုးခြင်း၊ ၃။ ပရိကပ္ပါဝဟာရ=ကြံဆမှန်းထားခြင်းရှိသော ခိုးခြင်း၊ ၄။ ပဋိစ္ဆန္နာဝဟာရ=မြက်စသည်ဖြင့် ဖုံးထားအပ်သောဘဏ္ဍာကို ခိုးခြင်း၊ ၅။ ကုသာဝဟာရ=မဲဖြင့် ခိုးခြင်း။

ပဉ္စ အဝဟာရာ ထေယျာဝဟာရော ပသယှာဝဟာရော ပရိကပ္ပါဝဟာရော ပဋိစ္ဆန္နာဝဟာရော ကုသာဝဟာရော။ (ဝိ၊ ၅၊၂၃၀)

## မစားထိုက် (မသုံးဆောင်ထိုက်)သောဝတ္ထု ၅ မျိုး

၁။ အဒိန္န=လှူသာမဏေစသူတို့က မပေးအပ်(မကပ်အပ်)သော ဝတ္ထု၊

၂။ အဝိဒိတ=ကပ်နေမှန်း မသိအပ်သော ဝတ္ထု၊

၃။ အကပ္ပိယ=ကပ္ပိမှုကို မပြုအပ်သော ဝတ္ထု၊ ဝါ မအပ်သောအသား, ဘောဇဉ် ၊

၄။ အပ္ပဋိဂ္ဂဟိတ=အကပ်မခံအပ်သော ဝတ္ထု၊

၅။ အကတာတိရိတ္တ=မပြုအပ်သော အတိရိတ်ဝိနည်းကံရှိသော ဝတ္ထု။

ပဉ္စ အကပ္ပိယာနိ န ဘုဉ္ဇိတဗ္ဗာနိ၊ အဒိန္နဉ္စ ဟောတိ၊ အဝိဒိတဉ္စ ဟောတိ၊ အကပ္ပိယဉ္စ ဟောတိ၊ အပ္ပဋိဂ္ဂဟိတဉ္စ ဟောတိ၊ ကထာတိရိတ္တဉ္စ ဟောတိ။ (ဝိ၊ ၅၊ ၂၃၁။)

အဒိန္နန္တိ အညေန အဒိန္နံ။ အဝိဒိတန္တိ ပဋိဂ္ဂဏှာမီတိ စေတနာယ အဘာဝေန အဝိဒိတံ။ အကပ္ပိယန္တိ ပဉ္စဟိ သမဏကပ္ပေဟိ အကပ္ပိယကတံ, ယံ ဝါ ပနညမ္ပိ အကပ္ပိယမံသံ အကပ္ပိယဘောဇနံ။ အကတာတိရိတ္တန္တိ ပဝါရေတွာ အတိရိတ္တံ အကတံ။ (ဝိ၊ ဋ္ဌ၊ ၄၊ ၁၇၃။)

## ဒါနမဟုတ်သော ဒါန ၅ မျိုး

လောက၌ ကောင်းမှုမဟုတ်ကုန်ပဲ ကောင်းမှု ဟု သမုတ်ကြသော အလှူ ၅ မျိုးကား.....

၁။ မဇ္ဇဒါန=သေရည်အရက်, မူးယစ်ဆေးဝါးအလှူ၊

၂။ သမဇ္ဇဒါန=ပွဲသဘင်အလှူ၊

၃။ ဣတ္ထိဒါန=မိန်းမအလှူ၊

၄။ ဥသဘဒါန=နွားလားဥသဘအလှူ၊

၅။ စိတ္တကမ္မဒါန=ဆန်းကြယ်စွာ ပြုအပ်သော မိန်းမရုပ် ယောကျ်ားရုပ်အလှူ၊ [ကိလေသာတိုးပွားကြောင်းဖြစ်သော မိန်းမနှင့် ယောကျ်ားတို့၏ပျော်ပါးပုံကို ထုလုပ် ရေးဆွဲအပ်သော အရုပ်မျိုး။]

ပဉ္စ ဒါနာနိ အပုညာနိ ပုညသမ္မတာနိ လောကသ္မိံ မဇ္ဇဒါနံ သမဇ္ဇဒါနံ ဣတ္ထိဒါနံ ဥသဘဒါနံ စိတ္တကမ္မဒါနံ။ (ဝိ၊ ၅၊ ၂၃၁)

သမဇ္ဇဒါနန္တိ နဋသမဇ္ဇာဒိဒါနံ(ကချေသည်တို့၏ကပွဲသဘင်အစရှိသောအလှူ)။ ဥသဘဒါနန္တိ ဂေါဂဏာသု(နွားမအပေါင်း၏) အန္တရေ ဥသဘဝိဿဇ္ဇနံ(အကြား၌ နွားလားဥသဘကို လွှတ်ပေးခြင်း)။ စိတ္တကမ္မဒါနန္တိ အာဝါသံ ကာရေတွာ တတ္ထ စိတ္တကမ္မံ ကာရေတုံ ဝဍ္ဎတိ(ကျောင်းဆောက်လုပ်စေပြီး၍ ထိုကျောင်း၌ ဆန်းကြယ်စွာ ပြုလုပ်အပ်သော ပန်းချီဆေးရေး"ဇာတ်နိပါတ်"အရုပ်မျိုးကား အပ်၏)၊ ဣဒံ ပန ပဋိဘာနစိတ္တကမ္မဒါနံ သန္ဓာယ ဝုတ္တံ(ဤပါဠိတော်လာ ပန်းချီဆေးရေးရုပ်အလှူကား ရေးရှုထင်လာသော ဉာဏ်ဖြင့် ဆန်းကြယ်စွာ ပြုလုပ်အပ်သော ပန်းချီဆေးရေးရုပ်အလှူကို ရည်၍ ဆို၏)။ ဣမာနိ ဟိ ပဉ္စ ကိဉ္စာပိ လောကဿ ပုညသမ္မတာနိ၊ အထ ခေါ အပုညာနိ အကုသလာနိယေဝ (အမှန်စင်စစ် ဤငါးပါးတို့သည် မကောင်းမှု အကုသိုလ်တို့သာတည်း)။ (ဝိ၊ ဋ္ဌ၊ ၄၊ ၁၇၃-၁၇၄။)

ဣတ္ထိပုရိသသံယောဂါဒိကံ ကိလေသသမုဒါစာရဟေတုကံ ပဋိဘာနစိတ္တကမ္မံ နာမ။ (ဝိမတိ ၊၂၊ ၂၈၉။)

မှတ်ဖွယ်။ ။ ဘုရားပွဲ ကျောင်းပွဲစသည်၌ ကပွဲ သီချင်းဆိုပွဲ ဆိုင်း အငြိမ့်စသော ပျော်ဖွယ် ရွှင်ဖွယ်ထည့်ခြင်းကို "သမဇ္ဇဒါန"ဟု ခေါ်၏၊ နွားမတို့ရှိရာ နွားခြံစသည်သို့ မေထုန်မှီဝဲဖို့ရန် နွားလားကြီးကို လွှတ်ပေးခြင်းကို "ဥသဘဒါန"ဟု ခေါ်၏၊ [ဥသဘဒါနန္တိ ။ပ။ ဣဒံ ဥပလက္ခဏဝသေန ဝုတ္တံ၊ သဗ္ဗာသံပိ မနုဿာမနုဿာနံ ဣတ္ထီနံ မေထုနရတိဝသေန ပုရိသာနံ ဒါနံပိ ဂဟေတဗ္ဗံ။ (ယောဇနာ.....)အရ နွားမတို့၏အကြား၌ နွားလားကို လွှတ်ပေးခြင်းကို "ဥသဘဒါန"ဟု ဆိုခြင်းကား ဥပလက္ခဏာမျှသာတည်း၊ လူ လူမဟုတ်သော အမအားလုံးကို မေထုန်မှီဝဲဖို့ရန် ယောကျ်ားတို့အား ပေးခြင်းသည်လည်း "ဥသဘဒါန"ပင် ဖြစ်၏-ဟု ဆို၏။] (ပရိဝါဘာသာဋီကာ၊ ၁၀၀။)

# ဝိနယဆိုင်ရာမှတ်စုအဖြာဖြာ ဤတွင်ပြီးဆုံးပြီ။

# သုတ္တန်ဆိုင်ရာ မှတ်စုအဖြာဖြာ

## သရဏဂုံနှင့်စပ်သွယ် သိမှတ်ဖွယ်

သရဏဂုံနှင့်ပတ်သက်၍ သရဏ, သရဏဂမန, သရဏဂတ, သရဏဂမနပ္ပဘေဒ, သရဏဂမနဖလ, သရဏဂမနသံကိလေသ, သရဏဂမနဘေဒတို့ကို သိနားလည်အပ်သည်။

သရဏ(ကိုးကွယ်ရာ)ဟူသည် ရတနာ ၃ ပါးပင်တည်း၊ ထိုရတနာ ၃-ပါးတို့ကို ကိုးကွယ်ဆည်းကပ်ခြင်းဖြင့်ပင် ဝဋ်ဘေး, စိတ်၌ပြင်းစွာထိတ်လန့်ခြင်း, ကိုယ်ဆင်းရဲခြင်း, ဒုဂ္ဂတိဘဝ၌ အကျုံးဝင်သော ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဟူသော အနှိပ်စက်ခံရခြင်းပူလောင်ခံရခြင်းကိုပယ်ဖျောက်ဖျက်ဆီးတတ်သောကြောင့် "သရဏ"ဟု ခေါ်၏။

ဣဒါနိ တေသု သရဏဂမနေသု ကောသလ္လတ္ထံ သရဏံ သရဏဂမနံ ယော စ သရဏံ ဂစ္ဆတိ သရဏဂမနပ္ပဘေဒေါ သရဏဂမနဖလံ သံကိလေသော ဘေဒေါတိ အယံ ဝိဓိ ဝေဒိတဗ္ဗော။ သေယျထိဒံ သရဏတ္ထတော တာဝ ဟိံသတီတိ သရဏံ။ သရဏဂတာနံ တေနေဝ သရဏဂမနေန ဘယံ သန္တာသံ ဒုက္ခံ ဒုဂ္ဂတိပရိကိလေသံ ဟနတိ ဝိနာသေတီတိ အတ္ထော၊ ရတနတ္တယဿေဝေတံ အဓိဝစနံ။ (ဒီ၊ဋ္ဌ၊၁၊၂၀၅။)

ဟိံသတ္ထဿ သရ သဒ္ဒဿ ဝသေနေတံ ပဒံ ဒဋ္ဌဗ္ဗန္တိ"ဟိံသတီတိ သရဏ"န္တိ ဝတွာ တံ ပန ဟိံသနံ ကေသံ ကထံ ကဿ ဝါတိ စောဒနံ သောဓေန္တော "သရဏဂတာန"န္တိအာဒိမာဟ။ တတ္ထ ဘယန္တိ ဝဋ္ဋဘယံ။ သန္တာသန္တိ စိတ္တုတြာသံ တေနေဝ စေတသိကဒုက္ခဿ ဂဟိတတ္တာ။ ဒုက္ခန္တိ ကာယိကဒုက္ခံ။ ဒုဂ္ဂတိပရိကိလေသန္တိ ဒုဂ္ဂတိပရိယာပန္နံ သဗ္ဗမ္ပိ ဒုက္ခံ၊ တယိဒံ သဗ္ဗံ ပရတော ဖလကထာယံ အာဝိ ဘဝိဿတိ။ (သီလက္ခန္ဓဝဂ္ဂဋီကာ၊ ၂၇၇။)

ဟိံသတ္ထဿ သရ သဒ္ဒဿ ဝသေနေတံ သိဒ္ဓန္တိ ဒဿေန္တော ဓာတွတ္ထဝသေန "ဟိံသတီတိ သရဏ"န္တိ ဝတွာ တံ ပန ဟိံသနံ ကေသံ, ကထံ, ကဿ ဝါတိ စောဒနံ သောဓေတိ "သရဏဂတာန"န္တိ အာဒိနာ။ ကေသန္တိ သရဏဂတာနံ။ ကထန္တိ တေနေဝ သရဏဂမနေန။ ကဿာတိ ဘယာဒီနန္တိ ယထာက္ကမံ သောဓနာ။ ..သရဏဂတာနန္တိ "သရဏ"န္တိ ဂတာနံ။ သရဏဂမနေနာတိ "သရဏ"န္တိ ဂမနေန ကုသလစေတနာယ။ ဘယန္တိ ဝဋ္ဋဘယံ။ သန္တာသန္တိ စိတ္တုတြာသံ တေနေဝ စေတသိကဒုက္ခဿ သင်္ဂဟိတတ္တာ။ ဒုက္ခန္တိ ကာယိကဒုက္ခဂ္ဂဟဏံ။ ဒုဂ္ဂတိပရိကိလေသန္တိ ဒုဂ္ဂတိပရိယာပန္နံ သဗ္ဗမ္ပိ ဒုက္ခံ "ဒုဂ္ဂတိယံ ပရိကိလိဿနံ သံဝိဇာမနံ၊ သမုပတာပနံ ဝါ"တိ ကတွာ။ ဟိံသနဉ္စေတ္ထ ဝိနာသနမေဝ၊ န ပန သတ္တဟိံသနမိဝါတိ ဒဿေတိ"ဟနတိ ဝိနာသေတီ"တိက္ကမိနာ။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊၂၊ ၁၇၆။)[သာရတ္ထဒီပနီဋီကာ၊ ပဌမတွဲ၊ ၄၁၅ ၄၁၆တို့၌လည်း ကြည့်ရှုနိုင်သည်။]

အကျယ်တနည်းကား...ဗုဒ္ဓ(ဘုရား)ရတနာသည် အကြောင်းဖြစ်သော အစီးအပွါး၌ သတ္တဝါတို့ကို ဖြစ်စေခြင်းအားဖြင့်လည်းကောင်း, အစီးအပွါးမဲ့မှ သတ္တဝါတို့ကို ဆုတ်နစ်စေခြင်းအားဖြင့်လည်းကောင်း သတ္တဝါတို့၏ဝဋ်ဘေးကို ပယ်ဖျောက် ဖျက်ဆီးတော်မူတတ်သောကြောင့်"သရဏ"မည်၏။

ဓမ္မ(တရား)ရတနာသည် ဘဝတည်းဟူသော ခရီးခဲမှ ကယ်တင်ခြင်းအားဖြင့်လည်းကောင်း, သက်သာရာ သက်သာကြောင်းကို ပေးခြင်းအားဖြင့်လည်းကောင်း သတ္တဝါတို့၏ဝဋ်ဘေးကို ပယ်ဖျောက်ဖျက်ဆီးတတ်သောကြောင့် "သရဏ"မည်၏။

သံဃ(သံဃာ)ရတနာသည် အနည်းငယ်ပင် ပြုအပ်သောကောင်းမှုတို့၏ပြန့်ပြောသော အကျိုးကို ရစေခြင်းအားဖြင့် သတ္တဝါတို့၏ဝဋ်ဘေးကို ပယ်ဖျောက်ဖျက်ဆီးတတ်သောကြောင့် "သရဏ"မည်။

အထ ဝါ ဟိတေ ပဝတ္တနေန အဟိတာ စ နိဝတ္တနေန သတ္တာနံ ဘယံ ဟိံသတိ ဗုဒ္ဓေါ။ ဘဝကန္တာရာ ဥတ္တာရဏေန အဿာသဒါနေန စ ဓမ္မော။ အပ္ပကာနမ္ပိ ကာရာနံ ဝိပုလဖလပဋိလာဘကရဏေန သံဃော။ တသ္မာ ဣမိနာပိ ပရိယာယေန ရတနတ္တယံ သရဏံ။ (ဒီ၊ဋ္ဌ၊ ၁၊ ၂၀၆။)

"သမ္ပန္နသီလာ ဘိက္ခဝေ ဝိဟရထ -ပြည့်စုံသော သီလရှိကြသည်ဖြစ်၍ နေကြကုန်လော"စသည်ဖြင့် သတ္တဝါတို့ကို အစီးအပွါး၌တိုက်တွန်းတော်မူခြင်း, "ပါဏာတိပါတ၏အကျိုးသည် တမလွန်ဘဝ၌ဆိုးဝါးလှ၏"ဤသို့ စသည်ဖြင့် သတ္တဝါတို့ကို အစီးအပွါးမဲ့မှ ဆုတ်နစ်စေတော်မူခြင်းအားဖြင့် သတ္တဝါတို့၏ဝဋ်ဘေးကို ဖျက်ဆီးတော်မူရာရောက်၏၊ "ကောင်းသောအကြောင်းကိုဖြစ်စေ၍ မကောင်းသောအကြောင်းကို မဖြစ်စေလျှင် ဝဋ်ဘေးကို မဖြစ်စေရာရောက်သည်"ဟူ၏။

ဟိတေ ပဝတ္တနေနာတိ "သမ္ပန္နသီလာ ဘိက္ခဝေ ဝိဟရထာ"တိအာဒိနာ(မ၊ ၁၊ ၃၉, ၄၃) အတ္ထေ နိယောဇနေန။

အဟိတာ စ နိဝတ္တနေနာတိ "ပါဏာတိပါတဿ ခေါ ပါပကော ဝိပါကော၊ ပါပကံ အဘိသမ္ပရာယ"န္တိအာဒိနာ အာဒီနဝဒဿနာဒိမုခေန အနတ္ထတော နိဝတ္တနေန။

ဘယံ ဟိ"သတီတိ ဟိတာဟိတေသု အပဝတ္တိပဝတ္တိဟေတုကံ ဗျသနံ အပ္ပဝတ္တိကရဏေန ဝိနာသေတိ။

(သီလက္ခန္ဓဝဂ္ဂဋီကာ၊ ၂၇၇။)

ဟိတေ ပဝတ္တနေနာတိ "သမ္ပန္နသီလာ ဘိက္ခဝေ ဝိဟရထာ"တိအာဒိနာ အတ္တေ သတ္တာနံ နိယောဇနေန။

အဟိတာ စ နိဝတ္တနေနာတိ "ပါဏာတိပါတဿ ခေါ ပါပကော ဝိပါကော၊ ပါပကံ အဘိသမ္ပရာယ"န္တိအာဒိနာ အာဒီနဝဒဿနာဒိမုခေန အနတ္ထတော စ သတ္တာနံ နိဝတ္တနေန။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၇၆။)

မဂ်တရားသည် (ခုနစ်ဘဝအထက်၌ မဖြစ်စေခြင်းစသည်ဖြင့်) ဘဝခရီးခဲမှ ထုတ်ဆောင်ကယ်တင်နိုင်၏၊ ဖိုလ်နိဗ္ဗာန်တရားသည် (ဖလသမာပတ်ဝင်စား၍ နိဗ္ဗာန်ကို အာရုံပြုသောအခါ သံသရာဒုက္ခ၏)အလွန်သက်သာမှုကို ပေးနိုင်၏၊ (ပရိယတ်တရားလည်း ကြားနာ၍ နေရလျှင်ပင် စိတ်ကြည်လင် ချမ်းသာ၏၊ တရားအတိုင်း ကျင့်လျှင်လည်း ချမ်းသာ၏၊ ဤနည်းအားဖြင့် သက်သာရာ သက်သာကြောင်းကို ပေးနိုင်၏။)

ဘဝကန္တာရာ ဥတ္တာရဏေန မဂ္ဂသင်္ခါတော ဓမ္မော၊ ဣတရော အဿာသဒါနေန သတ္တာနံ ဘယံ ဟိ"သတီတိ ယောဇနာ။

(သီလက္ခန္ဓဝဂ္ဂဋီကာ၊ ၂၇၇။)

ဘဝကန္တာရာ ဥတ္တာရဏေန မဂ္ဂသင်္ခါတော ဓမ္မော၊ ဖလနိဗ္ဗာနသင်္ခါတော ပန အဿာသဒါနေန သတ္တာနံ ဘယံ ဟိ"သတီတိ ယောဇနာ။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၇၆။)

အရိယာသံဃာတော်သည် အနုတ္တရပုညခေတ္တဖြစ်ရကား (သံဃာတော့်အပေါ်၌) အနည်းငယ်သော ဒါနမှု, ရိုသေမှုစသော ကောင်းမှုကိုပြုလျှင် ကြီးကျယ်သောအကျိုးကို ပေးနိုင်၏။

ကာရာနန္တိ ဒါနဝသေန ပူဇာဝသေန စ ဥပနီတာနံ သက္ကာရာနံ။ ဝိပုလဖလပဋိလာဘကရဏေန သတ္တာနံ ဘယံ ဟိ"သတီတိ ယောဇနာ၊ အနုတ္တရဒက္ခိဏေယျဘာဝတောတိ အဓိပ္ပါယော။ (သီလက္ခန္ဓဝဂ္ဂဋီကာ၊ ၂၇၇ ၂၇၈။)

ကာရာနန္တိ ဒါနဝသေန, ပူဇာဝသေန စ ဥပနီတာနံ သက္ကာရာနံ။ အနုပသဂ္ဂေါပိ ဟိ သဒ္ဒေါ သဥပသဂ္ဂေါ ဝိယ အတ္ထဝိသေသဝါစကော "အပ္ပကမ္ပိ ကတံ ကာရံ၊ ပုညံ ဟောတိ မဟပ္ဖလ"န္တိအာဒီသု ဝိယ။ အနုတ္တရဒက္ခိဏေယျဘာဝတော ဝိပုလဖလပဋိလာဘကရဏေန သတ္တာနံ ဘယံ ဟိ"သတီတိ ယောဇေတဗ္ဗံ။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၇၆။)

ဤသို့အားဖြင့် ရတနာ၃ ပါးလုံးပင် သတ္တဝါတို့၏ဝဋ်ဘေးကို ပယ်ဖျောက်ဖျက်ဆီးတော်မူနိုင်သောကြောင့် "သရဏ" မည်၏။ [ကာရ သဒ္ဒါသည် ကုသိုလ်ကောင်းမှုအနက်ကို ဟော၏။]

ဣမိနာပိ ပရိယာယေန ရတနတ္တယံ သရဏံ။ (ဒီ၊ ၁၊ ၂၀၆။)

ဣမိနာပိ ပရိယာယေနာတိ ရတနတ္တယဿ ပစ္စေကံ **ဟိံသက** ဘာဝကာရဏဒဿနဝသေန ဝိဘဇိတွာ ဝုတ္တေန ဣမိနာပိ ကာရဏေန။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၇၆။)

"သရဏဂမန(သရဏဂုံ)"ဟူသည် ရတနာ၃ ပါး၌ကြည်ညိုခြင်း, ရတနာ၃ ပါးသာလျှင် အလေးပြုစရာရှိသူ၏အဖြစ်တို့ဖြင့် ကိလေသာကိုပယ်ဖျောက်ပြီးသော, ရတနာ၃ ပါးဟူသောလည်းလျောင်းရာရှိသည်၏အဖြစ်ဟူသော အခြင်းအရာအားဖြင့်ဖြစ်သော စိတ္တုပ္ပါဒ်တည်း။ ရတနာ၃ ပါးကို ကိုးကွယ်ရာဟု ဆည်းကပ်ကြောင်း(သိကြောင်း)စိတ္တုပ္ပါဒ်သည် "သရဏဂမန"မည်၏၊ ဤနေရာ၌ စိတ္တုပ္ပါဒ်ဟူသည် ပုထုဇဉ်သေက္ခတို့အတွက် မဟာကုသိုလ်စိတ္တုပ္ပါဒ်, ရဟန္တာအတွက် မဟာကြိယာစိတ္တုပ္ပါဒ်ပင်တည်း။ [ဉာဏ်မရှိပဲ ကြည်ညိုရုံသာဖြစ်သောပုထုဇဉ်အတွက် ဉာဏဝိပ္ပယုတ်စိတ္တုပ္ပါဒ်ဟု မှတ်ပါ။]

မှတ်ချက်။ ။"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"စသည်ဖြင့် နှုတ်မြွက်ကြောင်း စိတ်သည် ကိုးကွယ်ရာဟု ဆည်းကပ်ကြောင်း(သိကြောင်း) စိတ်တည်း၊ ထိုစိတ်(စေတသိက်)ကို "သရဏဂမန"ဟု ခေါ်၏၊ ထို့ကြောင့် သီလပေးရာ၌ "တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ"အဆုံးဝယ် သီလပေးသောပုဂ္ဂိုလ်က "သရဏဂမနံ ပရိပုဏ္ဏံ အသင့်မှာ သရဏဂုံပြည့်စုံပြီ, (ဗုဒ္ဓ ဓမ္မ သံဃ ၃ ပါးလုံးအတွက် ကိုးကွယ်ရာဟု ဆည်းကပ်ကြောင်း စိတ်၃ မျိုးပြည့်စုံပြီ)"ဟု ဆိုလေ့ရှိကြ၏၊ ထိုသို့ဆိုရာ၌ ဤ"သရဏဂမနံ"ကို ထောက်၍ ဆိုသည်ဟု မှတ်ပါ။ (သီလက္ခန် ဘာသာဋီကာ၊ ၃၊ ၂၃၅ ၂၃၆။)

တပ္ပသာဒတဂ္ဂရုကတာဟိ ဝိဟတကိလေသော တပ္ပရာယဏတာကာရပ္ပဝတ္တော စိတ္တုပ္ပါဒေါ သရဏဂမနံ။ (ဒီ၊ ၁၊ ၂၀၆။)

"သမ္မာသမ္ဗုဒ္ဓေါ ဘဂဝါ, သွာက္ခာတော ဓမ္မော, သုပ္ပဋိပန္နော သံဃော"တိ ဝေံ ပဝတ္တော တတ္ထ ရတနတ္တယေ ပသာဒေါ တပ္ပသာဒေါ၊ တဒေဝ ရတနတ္တယံ ဂရု ဧတဿာတိ တဂ္ဂရု၊ တဗ္ဘာဝေါ တဂ္ဂရုတာ၊ တပ္ပသာဒေါ စ တဂ္ဂရုတာ စ တပ္ပသာဒတဂ္ဂရုတာ၊ တာဟိ တပ္ပသာဒတဂ္ဂရုတာဟိ။ ဝိဓုတဒိဋ္ဌိဝိစိကိစ္ဆာသမ္မောဟအဿဒ္ဓိယာဒိတာယ ဝိဟတကိလေသော။ တဒေဝ ရတနတ္တယံ ပရာယဏံ ပရာဂတိ တာဏံ လေဏန္တိ ဧဝံ ပဝတ္တိယာ တပ္ပရာယဏတာကာရပ္ပဝတ္တော စိတ္တုပ္ပါဒေါ သရဏဂမနံ သရဏန္တိ ဂစ္ဆတိ ဧတေနာတိ။ ပသာဒ-ဂ္ဂဟဏေန လောကိယသရဏဂမနမာဟ။ တဉှိ ပသာဒပ္ပဓာနံ။ ဂရုတာဂဟဏေန လောကုတ္တရံ။ အရိယာ ဟိ ရတနတ္တယံ ဂုဏာဘိညတာယ ပါသာဏစ္ဆတ္တံ ဝိယ ဂရုံ ကတွာ ပဿန္တိ။ တသ္မာ တပ္ပသာဒေန ဝိက္ခမ္ဘနဝသေန ဝိဟတကိလေသော၊ တဂ္ဂရုတာယ သမုစ္ဆေဒဝသေနာတိယောဇေတဗ္ဗံ အဂါရဝကရဏဟေတူနံ သမုစ္ဆိန္နတော။ (သီလက္ခန္ဓဝဂ္ဂဋီကာ၊ ၂၇၈။)

"သမ္မာသမ္ဗုဒ္ဓေါ ဘဂဝါ၊ သွာက္ခာတော ဓမ္မော၊သုပ္ပဋိပန္နော သံဃော"တိ ဧဝမာဒိနာ တသ္မိံ ရတနတ္တယေ ပသာဒေါ တပ္ပသာဒေါ၊ တဒေဝ ရတနတ္တယံ ဂရု ဧတဿာတိ တဂ္ဂရု၊ တဿ ဘာဝေါ တဂ္ဂရုတာ၊ တပ္ပသာဒေါ စ တဂ္ဂရုတာ စ တပ္ပသာဒတဂ္ဂရုတာ၊ တာဟိ။ ဝိဟတကိလေသော ဝိဓုတဝိစိကိစ္ဆာသမ္မောဟာဿဒ္ဓိယာဒိပါပဓမ္မတ္တာ၊ တဒေဝ ရတနတ္တယံ ပရာယဏံ ပရာဂတိ တာဏံ လေဏံ ဧတဿာတိ တပ္ပရာယဏော၊ တဿ ဘာဝေါ တပ္ပရာယဏတာ၊ သာယေဝ အာကာရော တပ္ပရာယဏတာကာရော၊ တေန ပဝတ္တော တပ္ပရာယဏတာကာရပ္ပဝတ္တော။ ဧတ္ထ စ ပသာဒဂ္ဂဟဏေန လောကိယံ သရဏဂမနမာဟ။ တဉှိ သဒ္ဓါပဓာနံ၊ န ဉာဏပဓာနံ၊ ဂရုတာဂဟဏေန ပန လောကုတ္တရံ။ အရိယာ ဟိ ရတနတ္တယံ ဂုဏာဘိညတာယ ပါသာဏစ္ဆတ္တံ ဝိယ ဂရုံ ကတွာ ပဿန္တိ၊ တသ္မာ တပ္ပသာဒေန တဒင်္ဂပ္ပဟာနဝသေန ဝိဟတကိလေသော၊ တဂ္ဂရုတာယ စ အဂါရဝကရဏဟေတူနံ သမုစ္ဆေဒဝသေနာတိ ယောဇေတဗ္ဗံ။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊၂၊၁၇၇။)

တပ္ပသာဒဖြင့် လောကီသရဏဂုံကို ဆို၏၊ မှန်၏..လောကီသရဏဂုံ၌ ယုံကြည်မှုသည် ပဓာနဖြစ်၏၊ [တချို့မှာ ဉာဏ်ပါသော်လည်း ဉာဏ်သည် သဒ္ဓါ၏နောက်လိုက်တည်း။ သီလက္ခန်ဘာသာဋီကာ၊ ၃၊ ၂၃၆]

တဂ္ဂရုတာဖြင့် လောကုတ္တရာသရဏဂုံကို ဆို၏။ မှန်၏ အရိယာပုဂ္ဂိုလ်သည် ရတနာ၃-ပါး၏ဂုဏ်တော်ကို အထူးသိခြင်းကြောင့် ရတနာ၃ ပါးကို "အလွန် အလေးပြုစရာ"ဟု သိမြင်နေကြပေသည်။

မှတ်ချက်။ ။ "ရတနာ ၃ ပါးကို အရိယာဖြစ်သူတို့သာ အလွန်လေးစားကြ၏"ဟု ဆိုသည်အားလျော်စွာ ယခုအခါ အချို့ဘုန်းတော်ကြီးများနှင့် ပုထုဇဉ်မြန်မာတို့သည် "ရတနာ၃ ပါးကို ကိုးကွယ်ပါသည်"ဟု ဆိုကြသော်လည်း လေးစားသင့်သလောက် အလေးဂရုမပြုကြ၊ ထို့ကြောင့်ပင် သက်တော်ထင်ရှား မြတ်ဘုရား၏ကိုယ်စားတော်ဖြစ်သော ဆင်းတုတော် ရုပ်ပွါးတော် စေတီတော် မြတ်တို့၏အနီးအပါးဝယ် မရိုမသေ မလေးမစား ကျောပေး၍ပင် ထိုင်ကာ စားကြ သောက်ကြ ဟေးလားဝါးလား စကားပြောရုံမက, ဘုရားဝိုင်းအတွင်း၌ ပွဲသဘင်ကိုပင် ကျင်းပဝံ့ကြလေ၏။ (သီလက္ခန်ဘာသာဋီကာ၊ ၃၊ ၂၃၆။)

ဋီကာဟောင်းအရ "ရတနာ ၃ ပါး၌ ကြည်ညိုမှု ဝိက္ခမ္ဘန၏အစွမ်းအားဖြင့် ကိလေသာတို့ကို ပယ်အပ်သည်"ဟု ဆိုသော်လည်း မဟဂ္ဂုတ်ဈာန်၏ဝိက္ခမ္ဘနမဟုတ်, ရတနာ ၃ ပါးကို တသက်လုံး ယုံကြည်နေသောကြောင့် တဒင်္ဂမဟုတ်ပဲ ဝိက္ခမ္ဘန ဟု ဆိုသည်။ ဋီကာသစ်အရကား "ရတနာ ၃ ပါး၌ ကြည်ညိုမှု တဒင်္ဂပဟာန်၏အစွမ်းအားဖြင့် ကိလေသာတို့ကို ပယ်သည်။ ရတနာ ၃ ပါးသာလျှင် အလေးပြုသူအရိယာတို့၏အနေဖြင့်ကား အဂါရဝပြုခြင်း၏အကြောင်း မကောင်းသော ကိလေသာတို့ကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ ပယ်သတ်ပြီးဖြစ်၏။

"သရဏဂတ(ကိုးကွယ်ဆည်းကပ်သူ)"ဟူသည် သရဏဂုံနှင့် ပြည့်စုံသောသူပင် ဖြစ်၏၊ "ဤရတနာ ၃ ပါးသည် ငါ၏ ကိုးကွယ်ရာ, အားထားရာဖြစ်၏"ဟု ရတနာ ၃ ပါး၌ ကြည်ညိုမှု, အလေးပြုမှု-ဟူသော စိတ္တုပ္ပါဒ်ဖြင့် (ရတနာ ၃ ပါးကို) ကိုးကွယ်ဆည်းကပ်သိမှတ်သူသည် "သရဏဂတ"မည်၏။

တံသမင်္ဂီသတ္တော သရဏံ ဂစ္ဆတိ။ ဝုတ္တပ္ပကာရေန စိတ္တုပ္ပါဒေန တောနိ မေ တီဏိ ရတနာနိ သရဏံ တောနိ ပရာယဏန္တိ ဧဝံ ဥပေတီတိ အတ္ထော။ (ဒီ၊ ဋ္ဌ၊ ၁၊ ၂၀၆။)

"တံသမင်္ဂီ"တိအာဒိ ကတ္တုဝိဘာဝနာ။ တေန ယထာဝုတ္တစိတ္တုပ္ပါဒေန သမင်္ဂီတိ တံသမင်္ဂီ။ တေနာဟ "ဝုတ္တပ္ပကာရေန စိတ္တု ပ္ပါဒေနာ"တိ ။ ဥပေတီတိ ဘဇတိ သေဝတိ ပယိရုပါသတိ၊ ဇာနာတိ ဝါ၊ ဗုဇ္ဈတီတိ အတ္ထော။ (ဂစ္ဆတိ မှီဝဲဆည်းကပ် သိမှတ်ပါ၏။) (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၇၈။) [သာရတ္ထ၊ ၁၊ ၄၁၅-၄၁၆တို့၌လည်း ကြည့်ရှုနိုင်သည်။]

"သရဏဂမနပ္ပဘေဒ(သရဏဂုံအပြား)"သည် (၁) လောကုတ္တရာသရဏဂုံ, (၂)လောကီသရဏဂုံ ဟူ၍ နှစ်မျိုးပြား၏။

(၁) လောကုတ္တရာသရဏဂုံသည် သစ္စာ ၄-ပါးသိမြင်ပြီးဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့၏ မဂ်ခဏ၌ သရဏဂုံ၏ ညစ်နွမ်းကြောင်း ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖြတ်နိုင်ခြင်းကြောင့် အာရုံအားဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ ကိစ္စအားဖြင့် ရတနာ ၃ ပါးလုံး၌ ပြီးစီးပြည့်စုံတော့၏။ "လောကုတ္တရာသရဏဂုံသည် မဂ်ခဏ၌ ပြီးစီး၏"ဟု ဆိုလို၏၊ မဂ်ခဏ၌ပြီးစီးသော သရဏဂုံသည် မပျက်နိုင်သောကြောင့်၄င်း၊ မဂ်နှင့်ဖိုလ်တို့သည် ပုဂ္ဂိုလ်တပါးတည်း၏တသန္တာန်တည်း၌ဖြစ်သောကြောင့်၄င်း မဂ်ခဏ ဖိုလ်ခဏမှတပါးသော အခြားစိတ်ဖြစ်ရာ ခဏတို့၌ပြီးစီးမြဲပြီးစီး(တည်မြဲ တည်)သည်သာတည်း။

သရဏဂမနပ္ပဘေဒေ ပန ဒုဝိဓံ သရဏဂမနံ လောကုတ္တရံ လောကိယဉ္စ။ တတ္ထ လောကုတ္တရံ ဒိဋ္ဌသစ္စာနံ မဂ္ဂက္ခဏေ သရဏဂမနုပက္ကိလေသသမုစ္ဆေဒေန အာရမ္မဏတော နိဗ္ဗာနာရမ္မဏံ ဟုတွာ ကိစ္စတော သကလေပိ ရတနတ္တယေ ဣဇ္ဈတိ။ (ဒီ၊ ဋ၁၊၂၀၆)

"နိဗ္ဗာနာရမ္မဏံ ဟုတွာ"တိ ဧတေန အတ္ထတော စတုသစ္စာဓိဂမော ဧဝ လောကုတ္တရသရဏဂမနန္တိ ဒဿေတိ။ တတ္ထ ဟိ နိဗ္ဗာနဓမ္မော သစ္ဆိကိရိယာဘိသမယဝသေန, မဂ္ဂဓမ္မော ဘာဝနာဘိသမယဝသေန ပဋိဝိဇ္ဈိယမာနောယေဝ သရဏဂမနတ္ထံ သာဓေတိ။ ဗုဒ္ဓဂုဏာ ပန သာဝကဂေါစရဘူတာ ပရိညာဘိသမယဝသေန၊ တထာ အရိယသံဃဂုဏာ၊ တေနာဟ"ကိစ္စတော သကလေပိ ရတနတ္တယေ ဣဇ္ဈတီ"တိ။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၇၈။)

သရဏဂုံကို ညစ်နွမ်းစေတတ်သော ကိလေသာတို့ကို အကြွင်းမဲ့ပယ်ဖြတ်သောအားဖြင့်၄င်း၊ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့်၄င်း၊ မဂ်ကိစ္စအားဖြင့်၄င်း လောကုတ္တရာသရဏဂုံသည် မဂ်ခဏ၌ပြီးစီးသည် ဟူလို။

"လောကုတ္တရာသရဏဂုံသည် (လောကီသရဏဂုံကဲ့သို့ ရတနာ ၃ ပါး၏ဂုဏ်တော်ကို အာရုံပြုနေဖွယ်မလို) သစ္စာ ၄ ပါးကို သိခြင်းသည်ပင် လောကုတ္တရာသရဏဂုံဖြစ်တော့၏"ဟု "နိဗ္ဗာနာရမ္မဏံ ဟုတွာ"ပါဠ်ဖြင့် ပြ၏။

သရဏဂမနုပက္ကိလေသသမုစ္ဆေဒေနာတိ‌ဧတ္ထ ပဟာနာဘိသမယံ သန္ဓာယ ဝုတ္တံ၊ အာရမ္မဏတောတိ သစ္ဆိကိရိယာဘိသမယံ။ နိဗ္ဗာနာရမ္မဏံ ဟုတွာ အာရမ္မဏတော ဣဇ္ဈတီတိ ဟိ ယောဇေတဗ္ဗံ။ "ကိစ္စတော"တိ တဒဝသေသံ ဘာဝနာဘိသမယံ, ပရိညာဘိသမယဉ္စ သန္ဓာယ ဝုတ္တံ။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၇၈။)

"သရဏ၊ပ၊သမုစ္ဆေဒေန"ဖြင့် ပဟာနာဘိသမယ(ပဟာနကိစ္စ)ကို ပြ၏၊ "အာရမ္မဏတောတိ၊ပ၊နိဗ္ဗာနာရမ္မဏံ ဟုတွာ"ဖြင့် သစ္ဆိကိရိယာဘိသမယ (သစ္ဆိကိရိယကိစ္စ)ကို ပြ၏၊ "ကိစ္စတော"ဖြင့် ဘာဝနာဘိသမယ (ဘာဝနာကိစ္စ) ပရိညာဘိသမယ (ပရိညာကိစ္စ) ၂ ပါးကိုပြ၏။

"အာရမ္မဏတော နိဗ္ဗာနာရမ္မဏံ ဟုတွာ"တိ ဧတေန ဝါ မဂ္ဂက္ခဏာနုရူပံ ဧကာရမ္မဏတံ ဒဿေတွာ "ကိစ္စတော"တိ ဣမိနာ ပဟာနတော အဝသေသံ ကိစ္စတ္တယံ ဒဿိတန္တိ ဒဋ္ဌဗ္ဗံ။"မဂ္ဂက္ခဏေ, နိဗ္ဗာနာရမ္မဏံ ဟုတွာ"တိ စ ဝုတ္တတ္တာ အတ္ထတော မဂ္ဂဉာဏသင်္ခါတော စတုသစ္စာဓိဂမော ဧဝ လောကုတ္တရသရဏဂမနန္တိ ဝိညာယတိ။ တတ္ထ ဟိ စတုသစ္စာဓိဂမနေ သရဏဂမနုပက္ကိလေသဿ ပဟာနာဘိသမယဝသေန သမုစ္ဆိန္နတ္တံ ဘဝတိ၊ နိဗ္ဗာနဓမ္မော ပန သစ္ဆိကိရိယာဘိသမယဝသေန, မဂ္ဂဓမ္မော စ ဘာဝနာဘိသမယဝသေန ပဋိဝိဇ္ဈိယမာနောယေဝ သရဏဂမနတ္ထံ သာဓေတိ၊ ဗုဒ္ဓဂုဏာ ပန သာဝကဂေါစရဘူတာ ပရိညာဘိသမယဝသေန ပဋိဝိဇ္ဈိယမာနာ သရဏဂမနတ္ထံ သာဓေန္တိ၊တထာအရိယသာဝကဂုဏာ။ တေနာဟ "သကလေပိ ရတနတ္တယေ ဣဇ္ဈတီ"တိ။

(သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၇၈။)

"မဂ္ဂက္ခဏေ"ဖြင့် မဂ်ကိုဖြစ်စေခြင်းဟူသော ဘာဝနာကိစ္စကိုလည်း ပြပြီးဖြစ်၏၊ သာဝကတို့ သိထိုက်သော ဗုဒ္ဓဂုဏ်တော်များကို၄င်း၊ အရိယာသံဃာတော်၏ဂုဏ်တော်များကို၄င်း ပိုင်းခြား၍ သိပြီးဖြစ်သောကြောင့် ပရိညာကိစ္စသည် ပြီးစီး၏၊ မိမိကိုယ်တိုင် နိဗ္ဗာန်ကို မြင်၍ မဂ်ဖြင့် ကိလေသာတို့ကို သတ်နိုင်ရကား ဓမ္မဂုဏ်တော်များကိုလည်း ပိုင်းခြား၍သိခြင်းကိစ္စ ပြီးတော့သည်သာတည်း။ (သီလက္ခန်ဘာသာဋီကာ၊ ၃၊ ၂၃၇ ၂၃၈။)

(၂) လောကီသရဏဂုံသည် ပုထုဇဉ်တို့၏သရဏဂုံညစ်နွမ်းကြောင်း ကိလေသာတို့ကို ပယ်ခွါနိုင်ခြင်းကြောင့် အာရုံအားဖြင့် ဘုရားအစရှိသော ရတနာ၃ ပါး၏ဂုဏ်တော်ဟူသော အာရုံရှိသည်ဖြစ်၍ ပြီးစီးပြည့်စုံ၏၊ ယင်းလောကီသရဏဂုံသည် လိုရင်းအနက်အားဖြင့် ဘုရားအစရှိသော ကြည်ညိုသောစိတ်၏တည်ရာ အာရုံတို့၌ သဒ္ဓါကိုရခြင်း, သဒ္ဓါအရင်းခံသော သမ္မာဒိဋ္ဌိ, ပုညကြိယာဝတ္ထု ဆယ်ပါးတို့တွင် ဒိဋ္ဌိဇုကမ္မပင်တည်း။

လောကိယံ ပုထုဇ္ဇနာနံ သရဏဂမနုပက္ကိလေသဝိက္ခမ္ဘနေန အာရမ္မဏတော ဗုဒ္ဓါဒိဂုဏာရမ္မဏံ ဟုတွာ ဣဇ္ဈတိ။ တံ အတ္ထတော ဗုဒ္ဓါဒီသု ဝတ္ထူသု သဒ္ဓါပဋိလာဘော သဒ္ဓါမူလိကာ စ သမ္မာဒိဋ္ဌိ ဒသသု ပုညကြိယာဝတ္ထူသု ဒိဋ္ဌိဇုကမ္မန္တိ ဝုစ္စတိ။ (ဒီ၊ ၁၊ ၂၀၆။)

လောကီသရဏဂုံသည်လည်း (က)ဉာဏဝိပ္ပယုတ်သရဏဂုံ, (ခ)ဉာဏသမ္ပယုတ်သရဏဂုံ ဟူ၍ ၂ မျိုးပြား၏။

"သမ္မာသမ္ဗုဒ္ဓေါ ဘဂဝါ ဘုရားရှင်သည် အလုံးစုံသောတရားတို့ကို မှန်ကန်စွာ ကိုယ်တော်တိုင် သိတော်မူ၏"ဤသို့ စသည်ဖြင့် ယုံကြည်မှုသဒ္ဓါဖြစ်ခြင်းကို "သဒ္ဓါပဋိလာဘ"ဟု ခေါ်၏၊ ဤစကားဖြင့် မိဘတို့က တိုက်တွန်းသဖြင့် ပြုလုပ်ရသော သားသမီးငယ်တို့၏သဒ္ဓါကဲ့သို့ဖြစ်၍ (က)ဉာဏဝိပ္ပယုတ်သရဏဂုံကို ပြသည်။

"သဒ္ဓါမူလိကာ"ဖြင့် သမ္မာဒိဋ္ဌိ(ဉာဏ်)ဖြစ်ရာ၌ ယုံကြည်မှုသဒ္ဓါသည် အရင်းခံလျက်ရှိ၏ဟု သိစေ၏၊ ဘုရားစသည်ကို ဖူးမြင်ရသောအခါ ရှေးဦးစွာ ကြည်ညိုမှုသဒ္ဓါဖြစ်၏၊ ယင်းသဒ္ဓါကို အရင်းခံမှ ဂုဏ်တော်များ၌ အသိဉာဏ်ပေါ်လာနိုင်သည်၊ ဤ"သမ္မာဒိဋ္ဌိ"ပါဌ်ဖြင့် (ခ)ဉာဏသမ္ပယုတ်သရဏဂုံကို ပြသည်။

သဒ္ဓါပဋိလာဘော "သမ္မာသမ္ဗုဒ္ဓေါ ဘဂဝါ"တိအာဒိနာ။ သဒ္ဓါမူလိကာတိ ယထာဝုတ္တသဒ္ဓါပုဗ္ဗင်္ဂမာ သမ္မာဒိဋ္ဌိ ဗုဒ္ဓသုဗုဒ္ဓတံ, ဓမ္မသုဓမ္မတံ, သံဃသုပ္ပဋိပတ္တိဉ္စ လောကိယာဝဗောဓဝသေနေဝ သမ္မာ ဉာယေန ဒဿနတော။ "သဒ္ဓါမူလိကာ သမ္မာဒိဋ္ဌိ"တိ ဧတေန သဒ္ဓူပနိဿယာ ယထာဝုတ္တလက္ခဏာ ပညာ လောကိယသရဏဂမနန္တိ ဒဿေတိ၊ တေနာဟ "ဒိဋ္ဌိဇုကမ္မန္တိ ဝုစ္စတီ"တိ ဒိဋ္ဌိဧဝ အတ္တနော ပစ္စယေဟိ ဥဇုံ ကရီယတီတိ ကတွာ၊ ဒိဋ္ဌိ ဝါ ဥဇုံ ကရီယတိ ဧတေနာတိ ဒိဋ္ဌိဇုကမ္မံ၊ တထာပဝတ္တော စိတ္တုပ္ပါဒေါ။..သဒ္ဓါပုဗ္ဗင်္ဂမသမ္မာဒိဋ္ဌိဂ္ဂဟဏံ ပန စိတ္တုပ္ပါဒဿ တပ္ပဓာနတာယာတိ ဒဋ္ဌဗ္ဗံ။ "သဒ္ဓါပဋိလာဘော"တိ ဣမိနာ မာတာဒီဟိ ဥဿာဟိတဒါရကာဒီနံ ဝိယ ဉာဏဝိပ္ပယုတ္တသရဏဂမနံ ဒဿေတိ၊ "သမ္မာဒိဋ္ဌိ"တိ ဣမိနာ ဉာဏသမ္ပယုတ္တသရဏဂမနံ။

(သီလက္ခန္ဓဝဂ္ဂဋီကာ၊၂၇၉။)

"သဒ္ဓါပဋိလာဘော"တိ ဣမိနာ သမ္မာဒိဋ္ဌိဝိရဟိတာပိ သဒ္ဓါ လောကိယသရဏဂမနန္တိ ဒဿေတိ၊ "သဒ္ဓါမူလိကာ စ သမ္မာဒိဋ္ဌိ"တိ ပန ဧတေန သဒ္ဓူပနိဿယာ ယထာဝုတ္တာ ပညာတိ လောကိယမ္ပိ ဟိ သရဏဂမနံ ဒုဝိဓံ ဉာဏသမ္ပယုတ္တံ, ဉာဏဝိပ္ပယုတ္တဉ္စ။ တတ္ထ ပဌမေန ပဒေန မာတာဒီဟိ ဥဿာဟိတဒါရကာဒီနံ ဝိယ ဉာဏဝိပ္ပယုတ္တံ သရဏဂမနံ ဂဟိတံ၊ ဒုတိယေန ပန ဉာဏသမ္ပယုတ္တံ။ တဒုဘယမေဝ ပုညကိရိယဝတ္ထုဝိသေသဘာဝေန ဒဿေတုံ "ဒသသု ပုညကိရိယဝတ္ထူသု ဒိဋ္ဌိဇုကမ္မန္တိ ဝုစ္စတီ"တိ အာဟ။ ဒိဋ္ဌိဧဝ အတ္တနော ပစ္စယေဟိ ဥဇုံ ကရီယတီတိ ဟိ အတ္ထေန သမ္မာဒိဋ္ဌိယာ ဒိဋ္ဌိဇုကမ္မဘာဝေါ၊ ဒိဋ္ဌိ ဥဇုံ ကရီယတိ ဧတေနာတိ အတ္ထေန ပန သဒ္ဓါယပိ။ သဒ္ဓါ သမ္မာဒိဋ္ဌိဂ္ဂဟဏေန စေတ္ထ တပ္ပဓာနဿာပိ စိတ္တုပ္ပါဒဿ ဂဟဏံ။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊၂၊ ၁၇၉။)

သဒ္ဓါပဋိလာဘ, သမ္မာဒိဋ္ဌိ ၂ မျိုးကိုပင် ပုညကိရိယဝတ္ထုဆယ်ပါးတွင် "ဒိဋ္ဌိဇုကမ္မပုညကိရိယဝတ္ထု"ဟု ခေါ်ရသည်။

## လောကီသရဏဂုံကား ၄ မျိုးပြား

လောကီသရဏဂုံသည် (၁)အတ္တသန္နိယျာတန=မိမိကို အပ်နှင်းခြင်းဟူသော သရဏဂုံ၊

(၂)တပ္ပရာယဏတာ=ရတနာ၃ ပါးသာလျှင် လည်းလျောင်းရာရှိသူ၏အဖြစ်ဟူသောသရဏဂုံ။

(၃)သိဿဘာဝူပဂမန=တပည့်၏အဖြစ်သို့ ကပ်ရောက်ခြင်းဟူသော သရဏဂုံ၊

(၄)ပဏိပါတ=မွန်မွန်မြတ်မြတ် ပျပ်ဝပ်ခြင်းဟူသော သရဏဂုံ ဟူ၍ ၄ မျိုးပြား၏။

တယိဒံ စတုဓာ ဝတ္တတိ အတ္တသန္နိယျာတနေန တပ္ပရာယဏတာယ သိဿဘာဝူပဂမနေန ပဏိပါတေနာတိ။ ဒီ၊ဋ္ဌ၊၁၊၂၀၆။)

(၁) အတ္တသန္နိယျာတနသရဏဂုံဟူသည် "ယနေ့ကိုအစပြု၍ တပည့်တော်သည် မိမိကို ဘုရား, တရား, သံဃာအားသာ အပ်နှင်းပါ၏" ဤသို့ ဘုရားအစရှိသော ရတနာတို့အား မိမိကို စွန့်ခြင်းတည်း။ ထို့ပြင် ဘုရားရှင်အား မိမိကို စွန့်ပါ၏၊ တရားအား မိမိကို စွန့်ပါ၏၊ သံဃာအား မိမိကို စွန့်ပါ၏၊ (ရတနာ၃-ပါးအတွက် မိမိအသက်ကို စွန့်ပါ၏)။ "တပည့်တော်သည် မိမိကို စွန့်အပ်ပြီးပါပြီ၊ အသက်ကို စွန့်အပ်ပြီးသည်သာတည်း၊ အသက်ထက်ဆုံး ဘုရားရှင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏, သိမှတ်ပါ၏။ ဘုရားရှင်သည် တပည့်တော်၏ကိုးကွယ်ရာ, ပုန်းအောင်းရာ, စောင့်ရှောက်တတ်သော ရတနာပါတည်း" ဤသို့လည်း မိမိကိုယ်ကို အပ်နှင်းကြောင်း သရဏဂုံသည် "အတ္တသန္နိယျာတနသရဏဂုံ"မည်၏။

အတ္တသန္နိယျာတနံ နာမ "အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ၊ ဓမ္မဿ။ သံဃဿာ"တိ ဧဝံ ဗုဒ္ဓါဒီနံ အတ္တပရိစ္စဇနံ။ အပိ စ ဘဂဝတော အတ္တာနံ ပရိစ္စဇာမိ၊ ဓမ္မဿ၊ သံဃဿ, အတ္တာနံ ပရိစ္စဇာမိ။ ဇီဝိတံ ပရိစ္စဇာမိ၊ ပရိစ္စတ္တောယေဝ မေ အတ္တာ၊ ပရိစ္စတ္တံယေဝ ဇီဝိတံ၊ ဇီဝိတပရိယန္တိကံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဗုဒ္ဓေါ မေ သရဏံ လေဏံ တာဏန္တိ ဧဝမ္ပိ အတ္တသန္နိယျာတနံ ဝေဒိတဗ္ဗံ။ (ဒီ ၊ဋ္ဌ၊ ၁၊ ၂၀၆ ၂၀၇။)

အတ္တာ သန္နိယျာတီယတိ အပ္ပီယတိ ပရိစ္စဇီယတိ ဧတေနာတိ အတ္တသန္နိယျာတနံ၊ ယထာဝုတ္တံ သရဏဂမနသင်္ခါတံ ဒိဋ္ဌိ

ဇကမ္ပံ။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၈၀။)

သန္နိယျာတီယတိ ကောင်းစွာ အပ်နှင်းအပ်၏၊ အပ္ပီယတိ-အပ်နှင်းအပ်၏၊ ပရိစ္စဇီယတိ-စွန့်အပ်၏။

အတ္တသန္နိယျာတန-အရ မိမိကို အပ်နှင်းကြောင်းဖြစ်သော ဒိဋ္ဌိဇုကမ္မကို ကောက်ရသည်။

သန္နိယျာတနနှင့် ပရိစ္စဇနသည် သဘောတူတည်း၊ မိမိကို ရတနာ၃-ပါးအား စွန့်ခြင်းဟူသည် သံသရာမှ လွတ်မြောက်ခြင်း အကျိုးငှါ စွန့်ခြင်းပင်တည်း။

အတ္တပရိစ္စဇနန္တိ သံသာရဒုက္ခနိတ္ထရဏတ္ထံ အတ္တနော အတ္တဘာဝဿ ပရိစ္စဇနံ။ (သီလက္ခန္ဓဝဂ္ဂဋီကာ၊ ၂၇၉။)

ဇီဝိတပရိယန္တိကန္တိ ဘာဝနပုံသကဝစနံ၊ ယာဝဇီဝံ ဂစ္ဆာမီတိ အတ္ထော။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၈၀။)

"တပုဿ ဘလ္လိကကုန်သည်နှစ်ယောက်"တို့ ခံယူဆောက်တည်အပ်သော ပဌမဆုံး ဒွေဝါစိကသရဏဂုံသည်လည်းကောင်း, "ယသသူဌေးသား၏ဘခင်ကြီး"ခံယူဆောက်တည်အပ်သော ပဌမဆုံး တေဝါစိကသရဏဂုံသည်လည်းကောင်း, "အတ္တသန္နိယျာတနသရဏဂုံ"ပင် ဖြစ်၏။ တပုဿဘလ္လိကတို့သည် ပဌမဆုံး ဒွေဝါစိကသရဏဂုံယူ ဥပါသကာများဖြစ်ကြ၍ ယသသူဌေးသား၏ဘခင်ကြီးကား ပဌမဆုံး တေဝါစိကသရဏဂုံယူ ဥပါသကာဖြစ်၏။ ထို့နောက် "ယသသူဌေးသား၏မိခင်နှင့်ဇနီးဟောင်း"တို့ ဆောက်တည်အပ်သော တေဝါစိကသရဏဂုံသည်လည်း"အတ္တသန္နိယျာတနသရဏဂုံ"ပင်တည်း။ ထိုမိခင်နှင့်ဇနီးဟောင်းတို့သည် ပဌမဆုံး တေဝါစိကသရဏဂုံယူ ဥပါသိကာမများဖြစ်ကြ၏။

အထ ခေါ တပုဿဘလ္လိကာ ဝါဏိဇာ ဘဂဝန္တံ ဧတဒဝေါစုံ "ဧတေ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ ဓမ္မဉ္စ၊ ဥပါသကေ နော ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတေ သရဏံ ဂတေ"တိ။ တေ စ လောကေ ပဌမံ ဥပါသကာ အဟေသုံ ဒွေဝါစိကာ။ (ဝိ၊ ၃၊ ၄-၅။)

သောဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၊ ဥပါသကံ မံ ဘဂဝါ ဓာရေတု-အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတန္တိ။ သောဝ လောကေ ပဌမံ ဥပါသကော အဟောသိ တေဝါစိကော။ (ဝိ၊ ၃၊ ၂၃။)

ဧတာ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၊ ဥပါသိကာယော နော ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတာ သရဏံ ဂတာတိ။ တာ စ လောကေ ပဌမံ ဥပါသိကာ အဟေသုံ တေဝါစိကာ။ (ဝိ၊ ၃၊ ၂၅)

ဘုရားရှင်ကိုယ်တော်တိုင်ဟောသော သရဏဂုံသုံးပါး=သရဏတ္တယ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ သရဏတ္တယံ(သရဏဂမနံ နိဋ္ဌိတံ သျာ)။ (ခု၊ ၁၊ ၁။)

ဘုရားရှင်သည် ဗာရာဏသီမြို့အနီး ဣသိပတနမည်သော မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူစဉ် အရှင်ယသသည် မိတ်ဆွေများနှင့်တကွ ရဟန္တာဖြစ်ကြပြီးနောက် ရဟန္တာခြောက်ကျိပ်တပါးတို့ လူအများအကျိုးစီးပွါးအလို့ငှါ သာသနာပြုသောအခါ ရှင်ပြု, ရဟန်းပြုပေးရန် ဤသရဏဂုံသုံးပါးကို ဟောတော်မူခဲ့သည်။

ကေန ကတ္တံ ကဒါ ကသ္မာ၊ ဘာသိတံ သရဏတ္တယံ(ရတနတ္တယံသျာ)။ကေန ဘာသိတန္တိ ဘဂဝတာ ဘာသိတံ၊ န သာဝကေဟိ, န ဣသီဟိ, န ဒေဝတာဟိ။ ကတ္တာတိ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ။ ကဒါတိ အာယသ္မတော ယသေ သဒ္ဓိံ သဟာယကေဟိ အရဟတ္တံ ပတ္တေ ဧကသဋ္ဌိယာ အရဟန္တေသု ဗဟုဇနဟိတာယ (ဗဟုဇနဟိတာယ သုခါယ၊သျာ) လောကေ ဓမ္မံ ဒေသနံ ကရောန္တေသု။ ကသ္မာတိ ပဗ္ဗဇ္ဇတ္ထဉ္စ ဥပသမ္ပဒတ္ထဉ္စ။ (ခု၊ ဋ္ဌ၊ ၁၊ ၃-၄။)

(၂)တပ္ပရာယဏတာသရဏဂုံဟူသည် "ယနေ့ကိုအစပြု၍ 'တပည့်တော်သည် ဘုရားသာ လည်းလျောင်းရာရှိသူ, တရားသာ လည်းလျောင်းရာရှိသူ, သံဃာတော်သာ လည်းလျောင်းရာရှိသူတည်း'ဟု တပည့်တော်ကို မှတ်တော်မူကြပါ"ဤသို့ ထိုရတနာ၃ပါးသာ လည်းလျောင်းရာ ရှိသူ၏အဖြစ်ဖြင့် ဆောက်တည်ခြင်းတည်း။ အာဠဝကအစရှိသောနတ်တို့၏ဆောက်တည်အပ်သော သရဏဂုံတည်း။

တပ္ပရာယဏတာ နာမ "အဇ္ဇာဒိံ ကတွာ 'အဟံ ဗုဒ္ဓပရာယဏော, ဓမ္မပရာယဏော, သံဃပရာယဏော'တိ မံ ဓာရေထာ" တိဧဝံတပ္ပရာယဏဘာဝေါ။ (ဒီ၊ဋ္ဌ၊ ၁၊ ၂၀၆။)

ဘာသာဋီကာဆရာတော်၏အလိုအားဖြင့် "စာအုပ်တို့၌ 'အဟံ'ဟု ရှိ၏၊ 'မံ ဓာရေထ'ကို ထောက်လျှင် 'အယံ ဗုဒ္ဓပရာ

ယဏောါပေါတိ မံ ဓာရေထ ဤသူသည် ဗုဒ္ဓပရာယဏရှိသူတည်း၊ပေ၊ သံဃပရာယဏရှိသူတည်း၊ ဤသို့ အကျွန်ုပ်ကို မှတ်ကြပါ' ဟု ဆိုမှ ရှေနောက် ညီ၏၊ မူလပဏ္ဏာသ ဘယဘေရဝသုတ် အဋ္ဌကထာ၌လည်း 'အယံ'ဟုပင် ရှိ၏၊[ဆဋ္ဌမူ၊ မဋ္ဌ၊ ၁၊ ဘယဘေရဝ သုတ္တဝဏ္ဏနာ၊ ၁၃၇-၌ကား'အဟံ'ရှိ၏၊] အဟံကို အမှန်ဟု ဆိုလျှင် 'ပရိသုဒ္ဓေါ အဟံ ဘန္တေ, ပရိသုဒ္ဓေါတိ မံ ဓာရေထ'ကဲ့သို့ 'အဟံ ဗုဒ္ဓါပေ၊ ဓမ္မါပေ၊ သံဃပရာယဏော၊ ဗုဒ္ဓါပေ၊ဓမ္မါပေ၊သံဃပရာယဏောတိ မံ ဓာရေထ'ဟု ၂ ထပ်ရှိမှ အဓိပ္ပါယ်မှန်မည်။

"သော အဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမံ ပုရာ ပုရံ။

နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတ"န္တိ(ခု၊ ၁၊ ၃၀၇)။

ဧဝမ္ပိ အာဠဝကာဒီနံ သရဏဂမနံ ဝိယ တပ္ပရာယဏတာ ဝေဒိတဗ္ဗာ။ (ဒီ၊ ဋ္ဌ၊ ၁၊ ၂၀၇။)

သော အဟံ ထိုငါသည်၊ သမ္ဗုဒ္ဓံ-ကိုယ်တိုင်သိမြင် ဘုရားရှင်ကို၊ နမဿမာနော-ရှိခိုးလျက်၄င်း၊ ဓမ္မဿ တရားတော်၏၊ သုဓမ္မတံ စ ကောင်းသောတရား၏အဖြစ်ကို၄င်း၊ (သံဃဿ သံဃာတော်၏၊ သုပ္ပဋိပန္နတံ စ ကောင်းစွာ ကျင့်တော်မူသည်၏အဖြစ်ကို၄င်း၊ အဘိတ္ထဝိတွာ ချီးမွမ်း၍၄င်း)၊ ဂါမာ နတ်ရွာတရွာမှ၊ ဂါမံ နတ်ရွာတရွာသို့၄င်း၊ ပုရာ နတ်မြို့တမြို့မှ၊ ပုရံ နတ်မြို့တမြို့သို့၄င်း၊ ဝိစရိဿာမိ လှည့်လည်ပါတော့အံ့၊ ဣတိ ဧဝမ္ပိ-ဤသို့လည်း၊ အာဠဝကာဒီနံ အာဠဝကအစရှိသောနတ်တို့၏၊ သရဏဂမနံဝိယ သရဏဂုံကဲ့သို့၊ တပ္ပရာယဏတာ ထိုရတနာ၃-ပါးဟူသော လည်းလျောင်းရာရှိသူ၏အဖြစ်ဟူသော သရဏဂုံကို၊ ဝေဒိတဗ္ဗာ သိအပ်၏။

အာဠဝကာဒီနန္တိ အာဒိ-သဒ္ဒေန သာတာဂိရဟေမဝတာဒီနံ သင်္ဂဟော ဒဋ္ဌဗ္ဗော။ နနု စေတေ အာဠဝကာဒယော မဂ္ဂေနေဝ အာဂတသရဏဂမနာ၊ ကထံ တေသံ တပ္ပရာယဏတာသရဏဂမနံ ဝုတ္တန္တိ? မဂ္ဂေနာဂတသရဏဂမနေဟိပိ "သော အဟံ ဝိစရိဿာမိ ။ပ။ သုဓမ္မတံ(သံ၊၁၊၂၁၇။ ခု၊ ၁၊ ၃၀၇), တေ မယံ ဝိစရိဿာမ၊ ဂါမာ ဂါမံ နဂါ နဂံ။ ပ။ သုဓမ္မတ"န္တိ (ခု၊ ၁၊ ၃၀၅) တေဟိ တပ္ပရာယဏတာကာရဿ ပဝေဒိတတ္တာ တထာ ဝုတ္တံ။ (သီလက္ခန္ဓဝဂ္ဂဋီကာ၊ ၂၇၉ ၂၈၀။)

အာဠဝကာဒီနန္တိ အာဒိသဒ္ဒေန သာတာဂိရဟေမဝတာဒီနံ သင်္ဂဟော။ နနု စ ဧတေ အာဠဝကာဒယော အဓိဂတမဂ္ဂတ္တာ မဂ္ဂေနေဝ အာဂတသရဏဂမနာ၊ ကသ္မာ တေသံ တပ္ပရာယဏတာသရဏဂမနံ ဝုတ္တန္တိ? မဂ္ဂေနာဂတသရဏဂမနေဟိပိ တေဟိ တပ္ပရာယဏတာကာရဿ ပဝေဒိတတ္တာ။ "သော အဟံ ဝိစရိဿာမိ။ ပ။ သုဓမ္မတံ(သံ၊၁၊ ၂၁၇။ ခု၊၁ ၊၃၀၇), တေ မယံ ဝိစရိဿာမ၊ ဂါမာ ဂါမံ နဂါ နဂံ။ ပ။ သုဓမ္မတ"န္တိ(ခု၊ ၁၊ ၃၀၅) စ ဟိ ဧတေဟိ တပ္ပရာယဏတာကာရော ပဝေဒိတော။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊၂၊ ၁၈၁။)

အာဠဝကာဒီနံ၌ အာဒိသဒ္ဒါဖြင့် သာတာဂိရနတ်, ဟေမဝတနတ်စသည်တို့ကိုယူပါ။ ထိုနတ်တို့၏သရဏဂုံသည် မဂ်ဖြင့်လာသောသရဏဂုံဖြစ်ပါလျက် အဘယ့်ကြောင့် (လောကီ) တပ္ပရာယဏတာသရဏဂုံကို ဆိုအပ်သနည်းဟုမူ "တပည့်တော်တို့သည် ကိုယ်တိုင်သိမြင်ဘုရားရှင်ကို ရှိခိုးလျက် တရားတော်၏ကောင်းသောတရား၏အဖြစ်ကို၄င်း, သံဃာတော်၏ကောင်းစွာ ကျင့်တော်မူသည်၏ အဖြစ်ကို၄င်း ချီးမွမ်းလျက် တရွာမှ တရွာသို့၄င်း တမြို့မှ တမြို့သို့၄င်း လှည့်လည်ပါကုန်အံ့"ဟု ထိုနတ်တို့သည် ထိုဘုရား, တရား, သံဃာတို့သည်သာ လည်းလျောင်းရာရှိသူ၏အဖြစ်ဟူသောအခြင်းအရာကို ပြောကြားအပ်သောကြောင့် ထိုနတ်တို့၏သရဏဂုံကို တပ္ပရာယဏတာသရဏဂုံ ဟု ဆိုအပ်၏။ ထိုအာဠဝက သာတာဂိရ ဟေမဝတနတ်တို့သည် သောတာပန်ဖြစ်ပြီးမှ ဤဂါထာတို့ကို ရွတ်ဆိုလျှောက်ကြသည် မဟုတ်လော, အဘယ့်ကြောင့် လောကီသရဏဂုံကို ပြရာ၌ ထည့်ထားပါသနည်း? အဖြေကား သောတာပန်ဖြစ်ပြီးမှ ရွတ်ဆိုကြသော်လည်း "နမဿမာနော ဝိစရိဿာမိ ရှိခိုးလျက် လှည့်လည်အံ့"ဟု ဆိုသဖြင့် ဘုရားသာလျှင် အမြဲလည်းလျောင်းရာ ရှိကြောင်းကို ပြရာရောက်သောကြောင့် လောကီလောကုတ္တရာ ဟု မခွဲခြားပဲ သာမညအားဖြင့် တပ္ပရာယဏတာသရဏဂုံ၏သာဓကအဖြစ်ဖြင့် ထည့်သွင်း ပြထားသည်။ (သီလက္ခန်ဘာသာဋီကာ၊ ၃၊ ၂၄၃။)

(၃) သိဿဘာဝူပဂမနသရဏဂုံဟူသည် "ယနေ့ကို အစပြု၍ 'အကျွန်ုပ်သည် ဘုရား၏သာ အနည်းနေတပည့်တည်း၊ တရား၏သာ အနီးနေတပည့်တည်း၊ သံဃာ၏သာ အနီးနေတပည့်တည်း'ဟု အကျွန်ုပ်ကို မှတ်ကြပါ" ဤသို့ ဆို၍ တပည့်၏အဖြစ်သို့ ကပ်ရောက်ခြင်းတည်း။ "တပည့်တော်သည် အမှန်စင်စစ် ဆရာဖြစ်သော မြတ်စွာဘုရားကို အကယ်၍ ဖူးတွေ့ရငြားအံ့၊ ရှင်တော်မြတ်ဘုရားကိုသာ ဖူးတွေ့ရရာ၏။ ကောင်းသော ပဋိပတ္တိဂမနရှိတော်မူသော မြတ်စွာဘုရားကို အကယ်၍ ဖူးတွေ့ရငြားအံ့၊ ရှင်တော်မြတ်ဘုရားကိုသာ ဖူးတွေ့ရရာ၏။ မဖေါက်မပြန် ကိုယ်တော်တိုင် သစ္စာ၄ ပါးကို သိတော်မူသော မြတ်စွာဘုရားကို ဖူးတွေ့ရငြားအံ့၊ ရှင်တော်မြတ်ဘုရားကိုသာ ဖူးတွေ့ရရာ၏"ဤသို့ မဟာကဿပထေရ်၏သရဏဂုံကဲ့သို့ တပည့်၏အဖြစ်သို့ ကပ်ရောက်ကြောင်း သရဏဂုံသည် "သိဿဘာဝူပဂမနသရဏဂုံ"မည်၏။

သိဿဘာဝူပဂမနံ နာမ "အဇ္ဇာဒိံ ကတွာ 'အဟံ ဗုဒ္ဓဿ အန္တေဝါသိကော၊ ဓမ္မဿ၊ သံဃဿ အန္တေဝါသိကော'တိ မံ ဓာရေထာ"တိ ဧဝံ သိဿဘာဝူပဂမော။ "သတ္ထာရဉ္စ ဝတာဟံ ပဿေယျံ ဘဂဝန္တမေဝ ပဿေယျံ၊ သုဂတဉ္စ ဝတာဟံ ပဿေယျံ

ဘဂဝန္တမေဝ ပဿေယျံ၊ သမ္မာသမ္ဗုဒ္ဓံ ဝတာဟံ ပဿေယျံ ဘဂဝန္တမေဝ ပဿေယျ"န္တိ (သံ၊၁၊၄၁၉) ဝေမွိ မဟာကဿပဿ သရဏဂမနံ ဝိယ သိဿဘာဝူပဂမနံ ဝေဒိတဗ္ဗံ။ (ဒီ၊ ဋ၊ ၁၊ ၂၀၆ ၂၀၇။)

သတ္ထာရဉ္စ ဝတာဟံ ပဿေယျံ စသည်သည် နိဒါနဝဂ္ဂ,ကဿပသံယုတ်, စီဝရသုတ်ပါဠိတော်တည်း။ ထိုအဋ္ဌကထာ၌ "သတ္ထာရဉ္စ ဝတာဟံ ပဿေယျံ ဘဂဝန္တမေဝ ပဿေယျန္တိ သစေ အဟံ သတ္ထာရံ ပဿေယျံ၊ ဣမမေဝ ဘဂဝန္တံ ပဿေယျံ။ န ဟိ မေ ဣတော အညေန သတ္ထာရာ ဘဝိတုံ သက္ကာတိ။ သုဂတဉ္စ ဝတာဟံ ပဿေယျံ ဘဂဝန္တမေဝ ပဿေယျန္တိ သစေ အဟံ သမ္မာပဋိပတ္တိယာ သုဋ္ဌု ဂတတ္တာ သုဂတံ နာမ ပဿေယျံ၊ ဣမမေဝ ဘဂဝန္တံ ပဿေယျံ။ န ဟိ မေ ဣတော အညေန သုဂတေန ဘဝိတုံ သက္ကာတိ။ သမ္မာသမ္ဗုဒ္ဓဉ္စ ဝတာဟံ ပဿေယျံ ဘဂဝန္တမေဝ ပဿေယျန္တိ သစေ အဟံ သမ္မာ သာမဉ္စ သစ္စာနိ ဗုဒ္ဓတ္တာ သမ္မာသမ္ဗုဒ္ဓံ နာမ ပဿေယျံ၊ ဣမမေဝ ဘဂဝန္တံ ပဿေယျံ။ န ဟိ မေ ဣတော အညေန သမ္မာသမ္ဗုဒ္ဓေန ဘဝိတုံ သက္ကာတိ အယမေတ္ထ အဓိပ္ပါယော။ ဧဝံ ဒဿနေနေဝ "ဘဂဝတိ 'အယံ သတ္ထာ, အယံ သုဂတော, အယံ သမ္မာသမ္ဗုဒ္ဓေါ'တိ နိက္ကင်္ခေါ အဟံ အာဝုသော အဟောသိ"န္တိ ဒီပေတိ။"(သံ၊ ဋ၊ ၂၊ ၁၈၂။)

ဘာသာဋီကာဆရာတော်၏အလိုကား ဤ"သတ္ထာရဉ္စ"၌ စ-ကို 'သစေ'ဟု ဖွင့်ဟန်တူ၏၊ သို့မဟုတ်, "သတ္ထာရဉ္စေ"ဟု သော်လည်း မူလပါဠိ ဖြစ်စရာရှိ၏၊ ဝတ-ကိုကား အထူးမဖွင့်၊ ဧကံသတ္ထအနက်ပင် ဖြစ်သင့်၏၊ နောက်ဝါကျတို့၌လည်း "သမ္မာပဋိပတ္တိယာပေ၊ သမ္မာသမ္ဗုဒ္ဓံ နာမ ပဿေယျံ"ဟု ဖွင့်သည်၊ ဆိုလိုရင်းမှာ "တပည့်တော်သည် ဆရာအစစ်ကို ဖူးတွေ့ရမည် ဖြစ်လျှင်, ဤရှင်တော်မြတ် ဘုရားကိုသာ ဖူးတွေ့ရာပါ၏၊ ဤရှင်တော်မြတ်ဘုရားမှ တပါးသောပုဂ္ဂိုလ်သည် တပည့်တော်၏ဆရာ မဖြစ်နိုင်ပါ"စသည်တည်း။

(၄)ပဏိပါတသရဏဂုံဟူသည် "ယနေ့ကို အစပြု၍ အကျွန်ုပ်သည် ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီမှုကို ပြုခြင်း, အရိအသေပြုခြင်းကို ဘုရားအစရှိကုန်သော ဝတ္ထု၃-ပါးတို့၏အတွက်သာ ပြုလုပ်ပါမည်"ဟု ဘုရားအစရှိသော ဝတ္ထုတို့၌ မွန်မွန်မြတ်မြတ် ပျပ်ဝပ်မှုကို ပြုခြင်းတည်း။ အဘိဝါဒန ပစ္စုဋ္ဌာန အဉ္ဇလိကမ္မ သာမိစိကမ္မတို့ကို ပြုခြင်းသည် "ပဏိပါတ"ပင်တည်း။ ဗြဟ္မာယု ပုဏ္ဏား၏ဆောက်တည်အပ်သော သရဏဂုံမျိုးပင်။

"အထ ခေါ ဗြဟ္မာယု ဗြာဟ္မဏော ဥဋ္ဌာယာသနာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဘဂဝတော ပါဒေသု သိရသာ နိပတိတွာ ဘဂဝတော ပါဒါနိ မုခေန စ ပရိစုမ္ဗတိ၊ ပါဏီဟိ စ ပရိသမ္ဗာဟတိ၊ နာမဉ္စ သာဝေတိ "ဗြဟ္မာယု အဟံ ဘော ဂေါတမ ဗြာဟ္မဏော၊ ဗြဟ္မာယု အဟံ ဘော ဂေါတမ ဗြာဟ္မဏော"တိ (မ၊ ၂၊ ၃၄၅) ဝေမွိ ပဏိပါတော ဒဋ္ဌဗ္ဗော။ (ဒီ၊ ဋ၊ ၁၊ ၂၀၇။)

အထ ပြဿနာကို ဖြေပြီးရာ ထိုအခါ၌၊ ဗြဟ္မာယု ဗြာဟ္မဏော ဗြဟ္မာယုပုဏ္ဏားသည်၊ အာသနာ နေရာမှ၊ ဥဋ္ဌာယ-ထ၍၊ ဧကံသံ လက်ဝဲတဖက် ပခုံးထက်၌၊ ဥတ္တရာသင်္ဂံ-အပေါ်ရုံကို၊ ကရိတွာ-ပြု၍၊ (တနည်း) ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ လက်ကတော့တင်၍၊ ဘဂဝတော မြတ်စွာဘုရား၏၊ ပါဒေသု-ခြေတော်တို့၌၊ သိရသာ-ဦးခေါင်းဖြင့်၊ နိပတိတွာ-ပျပ်ဝပ်၍၊ ဘဂဝတော ၏၊ပါဒါနိ ခြေတော်တို့ကို၊ မုခေန စ နှုတ်ခမ်းဖြင့်လည်း၊ ပရိစုမ္ဗတိ ထက်ဝန်းကျင်စုပ်၏၊ ပါဏီဟိစ လက်တို့ဖြင့်လည်း၊ ပရိသမ္ဗာဟတိ ထက်ဝန်းကျင်ဆုတ်နယ်၏၊ ဘော ဂေါတမ အရှင်ဂေါတမ၊ အဟံ သည်၊ ဗြဟ္မာယု -ဗြဟ္မာယုမည်သော၊ ဗြာဟ္မဏော ပုဏ္ဏားပါတည်း၊ ဗြဟ္မာယု မည်သော၊ ဗြာဟ္မဏော ပါတည်း၊ ဣတိ ဤသို့၊ နာမဉ္စ-အမည်ကိုလည်း၊ သာဝေတိ ကြားစေ၏၊ ဣတိ ဝေမွိ ဤသို့လည်း၊ ပဏိပါတော မွန်မွန်မြတ်မြတ်ပျပ်ဝပ်ကြောင်းသရဏဂုံကို၊ ဒဋ္ဌဗ္ဗော မှတ်အပ်၏။

[ဝေမွိနောက်၌ "ဗြဟ္မာယုနော ဗြာဟ္မဏဿ သရဏဂမနံ ဝိယ"ဟု ရှိလျှင် ရှေ့နောက်ညီ၏၊ ကျနေဟန် တူ၏။]

မဇ္ဈိမပဏ္ဏာသ ဗြဟ္မာယုသုတ်၌ လာသော ပါဠိတော်တည်း၊ ထိုပုဏ္ဏားသည် မိမိတိုင်းပြည်၌ အသက်တရာနှစ်ဆယ် ရှိပြီဖြစ်၍ အသက်အကြီးဆုံး, ပစ္စည်းလည်း အပေါဆုံး, ပညာလည်း အတတ်ဆုံး ပါမောက္ခကြီးဖြစ်၏၊ မြတ်စွာဘုရားသည် သူ၏နေရာ မိထိလာပြည်သို့ ကြွရောက်တော်မူလာသောအခါ ပြဿနာကိုမေး၍ အဖြေ၏အဆုံး၌ အဋ္ဌကထာလာသည်အတိုင်း ပရမနိပစ္စာကာရ(လွန်စွာ နှိမ့်ချတုံ့ဝပ်ခြင်းဟူသောအခြင်းအရာ)ကိုပြုသည်၊ ထိုနောက် အနာဂါမိဖြစ်၍ ဗြဟ္မာ့ပြည်သို့ ရောက်သည်။ (သီလက္ခန်ဘာသာဋီကာ၊ ၃၊ ၂၄၃။)

ပဏိပါတ၄ မျိုး။ ။ ပဏိပါတသည် (၁)ဉာတိပဏိပါတ=ဆွေမျိုးအဖြစ်၏အစွမ်းဖြင့် မွန်မွန်မြတ်မြတ် ပျပ်ဝပ်ခြင်း။

(၂)ဘယပဏိပါတ=ကြောက်သည်၏အဖြစ်၏အစွမ်းအားဖြင့် မွန်မွန်မြတ်မြတ် ပျပ်ဝပ်ခြင်း။

(၃)အာစရိယပဏိပါတ=ဆရာအဖြစ်၏အစွမ်းအားဖြင့် မွန်မွန်မြတ်မြတ် ပျပ်ဝပ်ခြင်း။

(၄)ဒက္ခိဏေယျပဏိပါတ=အလှူခံထိုက်သောပုဂ္ဂိုလ်ဟု မွန်မွန်မြတ်မြတ် ပျပ်ဝပ်ခြင်း။

ဟု ၄ မျိုးရှိ၏။

ထို၄ မျိုးတွင် ဒက္ခိဏေယျပဏိပါတအားဖြင့်(သာ) သရဏဂုံဖြစ်၏၊ ကျန်၃ ပါးတို့ဖြင့် သရဏဂုံမဖြစ်။ အကြောင်းကား အမြတ်၏အစွမ်းဖြင့်သာလျှင် ကိုးကွယ်ရာကို ယူခြင်း, ပျက်ခြင်းသည် ဖြစ်၏၊ ထိုကြောင့် ဒက္ခိဏေယျပဏိပါတအားဖြင့်သာ သရဏဂုံဖြစ်၏။

သာကီဝင်မင်းမျိုး(ဝါ)ကောလိယမင်းမျိုး တစုံတယောက်က "ဗုဒ္ဓသည် ငါတို့၏ဆွေတော်မျိုးတော်တည်း"ဟု နလုံးသွင်း၍ ရှိခိုးပါမူ ထိုသူသည် သရဏဂုံယူသည် မမည်၊ "ဉာတိပဏိပါတကြောင့် သရဏဂုံ မဖြစ်"ဟူ၏။

"ရဟန်းဂေါတမသည် မင်းတို့ပူဇော်အပ်သော တန်ခိုးအာနုဘော်ကြီးသောပုဂ္ဂိုလ်ဖြစ်၏၊ အကယ်၍ ငါသည် သူ့ကို ရှိမခိုးလျှင် ငါ၏အကျိုးစီးပွါးမဲ့ကို ပြုပေရာ၏"ဟု တွေးတော၍ ကြောက်ခြင်းကြောင့် ရှိခိုး၏၊ ထိုသူသည် သရဏဂုံယူသည် မမည်၊ ဘယပဏိပါတကြောင့် ရှိခိုးရာ၌ သရဏဂုံမဖြစ်။

ဘုရားအလောင်းဖြစ်ရာအခါ၌ ဘုရားအလောင်း၏အထံတွင် တစုံတခုသင်ယူအပ်ပြီးသော အတတ်ကို အမှတ်ရ၍ဖြစ်စေ, ဘုရားဖြစ်ရာအခါ၌ ဘုရားရှင်၏အထံတွင် တစ်စုံတစ်ခုသော အဆုံးအမကို နာယူရ၍ဖြစ်စေ ဘုရားရှင်သည် ငါအား အတတ်သင်ပေးသော ဆရာတည်း ဟု နလုံးသွင်း၍ ရှိခိုးလျှင် သရဏဂုံယူသည် မမည်၊ အာစရိယပဏိပါတကြောင့် ရှိခိုးရာ၌ သရဏဂုံ မဖြစ်။

"အတတ်ကိုသင်ပေးသော ဆရာဟု သဘောထား၍ ကိုးကွယ်လျှင် သရဏဂုံယူရာမရောက်"ဟု ဆိုသောကြောင့် ယခုအခါ များစွာသောလူတို့သည် မိမိဆရာ ဘုန်းတော်ကြီးကို ကိုးကွယ်ပါသည်ဟု ဆိုသော်လည်း ဆရာအဖြစ်ဖြင့်သာ ကိုးကွယ်ကြသောကြောင့် ဤသရဏဂုံနှင့်မဆိုင်၊ သံဃသရဏဂုံအစစ်အမှန်မှာ ဂုဏ်ကိုရည်မှန်း၍ အရိယာသံဃာကို ကိုးကွယ်ခြင်းသာဖြစ်သည်။ (သံလက္ခဏ်ဘာသာဋီကာ၊၃၊၂၄၅။)

"ဤပုဂ္ဂိုလ်သည် အလှူခံထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပေတည်း"ဟု နလုံးသွင်း၍ ရှိခိုးသောသူမှသာ သရဏဂုံယူသည် မည်၏၊ ဒက္ခိဏေယျပဏိပါတကြောင့် ရှိခိုးရာ၌ကား သရဏဂုံဖြစ်၏။

သော ပနေသ ဉာတိဘယာစရိယဒက္ခိဏေယျဝသေန စတုဗ္ဗိဓော ဟောတိ။ တတ္ထ ဒက္ခိဏေယျပဏိပါတေန သရဏဂမနံ ဟောတိ၊ န ဣတရေဟိ။ သေဋ္ဌဝသေနေဝ ဟိ သရဏံ ဂဏှာတိ၊ သေဋ္ဌဝသေန စ ဘိဇ္ဇတိ။ တသ္မာ ယော သာကိယော ဝါ ကောလိယော ဝါ "ဗုဒ္ဓေါ အမှာကံ ဉာတကော"တိ ဝန္ဒတိ၊ အဂ္ဂဟိတမေဝ ဟောတိ သရဏံ။ ယော ဝါ "သမဏော ဂေါတမော ရာဇပူဇိတော မဟာနုဘာဝေါ အဝန္ဒိယမာနော အနတ္ထမ္ပိ ကရေယျာ"တိ ဘယေန ဝန္ဒတိ၊ အဂ္ဂဟိတမေဝ ဟောတိ သရဏံ။ ယော ဝါ ဗောဓိသတ္တကာလေ ဘဂဝတော သန္တိကေ ကိဉ္စိ ဥဂ္ဂဟိတံ သရမာနော ဗုဒ္ဓကာလေ ဝါ

"စတုဓာ ဝိဘဇေ ဘောဂေ၊ ပဏ္ဍိတော ဃရမာဝသံ။
ဧကေန ဘောဂံ ဘုဉ္ဇေယျ၊ ဒွီဟိ ကမ္မံ ပယောဇယေ။
စတုတ္ထဉ္စ နိဓာပေယျ၊ အာပဒါသု ဘဝိဿတီ"တိ (ဒီ၊ ၃၊ ၁၅၃)

ဧဝရူပံ အနုသာသနိံ ဥဂ္ဂဟေတွာ "အာစရိယော မေ"တိ ဝန္ဒတိ၊ အဂ္ဂဟိတမေဝ ဟောတိ သရဏံ။ ယော ပန အယံ လောကေ အဂ္ဂဒက္ခိဏေယျောတိ ဝန္ဒတိ၊ တေနေဝ ဂဟိတံ ဟောတိ သရဏံ။ (ဒီ၊ ဋ္ဌ၊ ၁၊ ၂၀၇။)

ဃရံ အိမ်၌၊ အာဝသံ နေသော၊ ပဏ္ဍိတော ကြောင်းကျိုးမြင်သိ, ပညာရှိသည်၊ ဘောဂေ စည်းစိမ်တို့ကို၊ စတုဓာ ၄ စု ၄ ပုံအားဖြင့်၊ ဝိဘဇေ ခွဲခြားဝေဘန်ရာ၏၊ ဧကေန တစ်ပုံဖြင့်၊ ဘောဂေ စည်းစိမ်တို့ကို၊ ဘုဉ္ဇေယျ သုံးဆောင်ခံစားရာ၏၊ ဒွီဟိ ၂ပုံတို့ဖြင့်၊ ကမ္မံ လယ်ယာလုပ်ငန်း ကူးသန်းရောင်းဝယ်မှုကို၊ ပယောဇယေ ယှဉ်စေရာ၏၊ဝါ သုံးစွဲရာ၏၊ အာပဒါသု ဘေးရန်တို့သည်၊ (မင်း,မီး,ရေ,ခိုးသူ,မချစ်မနှစ်သက်သော အမွေခံအစရှိသော ဘေးရန်တို့သည်)၊ (ဥပ္ပန္နာသု ဖြစ်ကုန်လသော်၊) ဘဝိဿတိ သုံးစွဲဖို့ရန် ဖြစ်လတ့်၊ ဣတိ ဤသို့ နလုံးသွင်း၍၊ စတုတ္ထံ စ ၄ ခုမြောက် တစ်ပုံကိုကား၊ နိဒါပေယျ သိုမှီးသိမ်းဆည်းထားရာ၏။

ဉာတိ။ ပ။ ဝသေနာတိတ္တေ ဉာတိဝသေန, ဘယဝသေန, အာစရိယဝသေန, ဒက္ခိဏေယျဝသေနာတိ ပစ္စေက် ယောဇေတဗ္ဗံ ဒွန္ဒပရတော သုယျမာနတ္တာ။ ဉာတိဝသေနာတိ ဉာတိဘာဝဝသေန။ ဘာဝပ္ပဓာနနိဒ္ဒေသော ဟိ အယံ၊ ဘာဝလောပနိဒ္ဒေသော ဝါ တဗ္ဘာဝသေဝ အဓိပ္ပေတတ္တာ။ ဇဝံ သေသေသုပိ ပဏိပါတပဒေန စေတေသံ သမ္ဗန္ဓော တဗ္ဗသေန ပဏိပါတဿ စတုဗ္ဗိဓတ္တာ။ တေနာဟ "ဒက္ခိဏေယျပဏိပါတေနာ"တိ၊ ဒက္ခိဏေယျတာဟေတုကေန ပဏိပါတေနေဝါတိ အတ္ထော။ ဣတရေဟီတိ ဉာတိဘာဝါဒိဟေတုကေဟိ ပဏိပါတေဟိ။

ဃရာဝသန္တိ ဃရေ ဝသန္တော၊ ကမ္မပ္ပယောဇနီယယောဂတော စေတ္ထ ဘုမ္မတ္ထေ ဥပယောဂဝစနံ။ .."ဧကေန ဘောဂေ ဘုဉ္ဇေယျာ"တိ ဝုတ္တကောဋ္ဌာသတောယေဝ ဂဟေတွာ ဘိက္ခူနမ္ပိ ကပဏဒ္ဓိကာဒီနမ္ပိ ဒါနံ ဒါတဗ္ဗံ၊ ပေသကာရနှာပိတကာဒီနမ္ပိ ဝေတနံ ဒါတဗ္ဗန္တိ

အယံ ဘောဂပရိဂ္ဂဟဏာနုသာသနီ၊ ဝေရှုပ် အနုသာသနီ ဉဂ္ဂဟေတွာတိ အတ္ထော။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊၂၊၁၈၂။)

စား, ဝတ်, နေရာအိမ်တို့ကို "ဘောဂ"ဟု ဆိုသည်၊ မိမိဥစ္စာရှိသောပစ္စည်းကို ၄ ပုံပုံ၍ တစ်ပုံဖြင့် စား ဝတ် နေရေးကို သုံးစွဲရမည်၊ ဤအဖို့မှပင် စားဦးစားဖျားကို လှူခြင်း, တောင်းရမ်းသူတို့အား ပေးခြင်းဟူသော ဒါနမှု, ရက်ကန်းလက်ခစသည်ပေးခြင်းတို့ကိုလည်း ပြုရမည် ဟု ပါထိကဝဂ္ဂအဋ္ဌကထာအတိုင်း သီလက္ခန်ဋီကာသစ်ဖွင့်သည်။

## အယူတပါး ဆွေမျိုးရသေ့ရဟန်းကို ရှိခိုးလျှင် သရဏဂုံပျက်သလော?

ဧဝံ ဂဟိတသရဏဿ စ ဥပါသကဿ ဝါ ဥပါသိကာယ ဝါ အညတိတ္ထိယေသု ပဗ္ဗဇိတမ္ပိ ဉာတိ"ဉာတကော မေ အယ"န္တိ ဝန္ဒတော သရဏဂမနံ န ဘိဇ္ဇတိ၊ ပဂေဝ အပဗ္ဗဇိတံ။ တထာ ရာဇာနံ ဘယဝသေန ဝန္ဒတော။ သော ဟိ ရဋ္ဌပူဇိတတ္တာ အဝန္ဒိယမာနော အနတ္ထမ္ပိ ကရေယျာတိ။ တထာ ယံ ကိဉ္စိ သိပ္ပံ သိက္ခာပကံ တိတ္ထိယမ္ပိ "အာစရိယော မေ အယ"န္တိ ဝန္ဒတောပိ န ဘိဇ္ဇတိ၊ ဧဝံ သရဏဂမနပ္ပဘေဒေါ ဝေဒိတဗ္ဗော။ (ဒီ၊ ဋ္ဌ၊ ၁၊ ၂၀၇ ၂၀၈။)

ဧဝံ ဤသို့၊ ဂဟိတသရဏဿ သရဏဂုံယူပြီးသော၊ ဥပါသကဿဝါ ဥပါသကာ၏သော်၄င်း၊ ဥပါသိကာယဝါ ဥပါသိကာမ၏သော်၄င်း၊ အညတိတ္ထိယေသု သာသနာတော်အယူမှ အခြားသော အယူရှိသော တိတ္ထိတို့၌၊ ပဗ္ဗဇိတမ္ပိ ရသေ့၏အဖြစ်သို့ ကပ်ရောက်သည်လည်းဖြစ်သော၊ ဉာတိံ ဆွေမျိုးကို၊ "အယံ-ဤရသေ့သည်၊ မေ-ငါ၏၊ ဉာတကော ဆွေမျိုးတည်း၊" ဣတိ ဤသို့ နှလုံးသွင်း၍၊ ဝန္ဒတော ရှိခိုးလသော်၊ သရဏဂမနံ သရဏဂုံသည်၊ န ဘိဇ္ဇတိ မပျက်၊ အပဗ္ဗဇိတံ ရသေ့အဖြစ်သို့မကပ်ရောက်သော၊ (ဉာတိံ ကို၊ ဝန္ဒတော-သော်၊ သရဏဂမနံ သည်၊) ပဂေဝ ဘိဇ္ဇတိ-အဘယ်မှာ ပျက်တော့အံ့နည်း၊ (န ဘိဇ္ဇတိဧဝ မပျက်သည်သာ)။

ရာဇာနံ မင်းကို၊ ဘယဝသေန ဘေး၏အဖြစ်၏အစွမ်းကြောင့်၊ ဝန္ဒတော-သော်၊ တထာ-ထို့အတူ၊ (သရဏဂမနံ န ဘိဇ္ဇတိ)၊ (ကသ္မာ အဘယ့်ကြောင့်၊ သရဏဂမနံ သည်၊ န ဘိဇ္ဇတိ-မပျက်စီးသနည်း၊) ဟိ-အကြင့်ကြောင့်၊ သော-ထိုမင်းသည်၊ ရဋ္ဌပူဇိတတ္တာ တိုင်းပြည်သည်ပူဇော်အပ်သည်၏အဖြစ်ကြောင့်၊ ဝါ တိုင်းသူပြည်သား လူအများသည် ပူဇော်အပ်သည်၏အဖြစ်ကြောင့်၊ အဝန္ဒိယမာနော ရှိမခိုးအပ်သော်၊ (ရှိခိုးမခံရလျှင်)။ အနတ္ထမ္ပိ အကျိုးစီးပွါးမဲ့ကိုလည်း၊ ကရေယျ ပြုရာ၏၊ ဣတိ ထို့ကြောင့်၊ (ရာဇာနံ ဘယဝသေန ဝန္ဒတော သရဏဂမနံ န ဘိဇ္ဇတိ)။ [ရိုးရာနတ်များကို ဖမ်းစားမှာ ကြောက်၍ ပူဇော်ခြင်း, ရှိခိုးခြင်းသည် သရဏဂုံ မပျက်ပါ။]

## လောကုတ္တရာသရဏဂုံကျိုး အမျိုးမျိုး

လောကုတ္တရာသရဏဂုံ၏အကျိုးရင်းသည် ဖိုလ်လေးပါးဖြစ်၍ အကျိုးဆက်ကား ဆင်းရဲခပ်သိမ်းတို့၏ကုန်ရာ နိဗ္ဗာန်တည်း။ အခြားအကျိုးဆက်များကား တစုံတခုသော သင်္ခါရကို နိစ္စ, သုခ, အတ္တ-ဟု မယူခြင်း, ပဉ္စာနန္တရိယကံကို လုံးဝ မကျူးလွန်ခြင်း စသည်တို့ပင်တည်း။

လောကုတ္တရဿ သရဏဂမနဿ စတ္တာရိ သာမညဖလာနိ ဝိပါကဖလံ(အကျိုးရင်းတည်း) သဗ္ဗဒုက္ခက္ခယော (အလုံးစုံသော ဒုက္ခတို့၏ကုန်ရာကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည်) အာနိသံသဖလံ(အကျိုးဆက်တည်း)။ ဝုတ္တဉှေတံ

"ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။
ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။
အရိယံ စဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။
ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏမုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတီ"တိ(ခု၊ ၁၊ ၄၂)။

အပိ စ နိစ္စာဒိတော(နိစ္စတော၊ မဋ္ဌ၊၁၊၁၃၈) အနုပဂမနာဒိဝသေနပေတဿ အာနိသံသဖလံ ဝေဒိတဗ္ဗံ။ ဝုတ္တဉှေတံ "အဋ္ဌာနမေတံ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော ကဉ္စိ သင်္ခါရံ နိစ္စတော ဥပဂစ္ဆေယျ။ ပ။ ကဉ္စိ သင်္ခါရံ သုခတော။ ပ။ ကဉ္စိ သင်္ခါရံ အတ္တတော ဥပဂစ္ဆေယျ။ ပ။ မာတရံ ဇီဝိတာ ဝေါရောပေယျ။ ပ။ ပိတရံ။ ပ။ အရဟန္တံ။ ပ။ ပဒုဋ္ဌစိတ္တော တထာဂတဿ လောဟိတံ ဥပ္ပါဒေယျ။ ပ။ သံဃံ ဘိန္ဒေယျ။ ပ။ အညံ သတ္ထာရံ ဥဒ္ဒိသေယျ၊ နေတံ ဌာနံ ဝိဇ္ဇတီ"တိ(အံ၊ ၁၊ ၂၉)။

ယော စ အကြင်ပုဂ္ဂိုလ်သည်၊ ဗုဒ္ဓဉ္စ မြတ်စွာဘုရားကို၄င်း၊ ဓမ္မဉ္စ-တရားတော်ကို၄င်း၊ သံဃဉ္စ-အရိယာသံဃာတော်ကို၄င်း၊

သရဏံ -ကိုးကွယ်ရာဟူ၍၊ ဂတော -ဆည်းကပ်၏၊ စတ္တာရိ -လေးပါးကုန်သော၊ အရိယသစ္စာနိ -အရိယာအဖြစ်ကို ပြုတတ်သော သစ္စာတို့ကို၊ သမ္မ(သမ္မာ) မဖေါက်မပြန် မှန်ကန်စွာ၊ ပညာယ -မဂ်ပညာဖြင့်၊ ပဿတိ -မြင်၏၊ ဒုက္ခံ ဒုက္ခသစ္စာကိုင်၄း၊ ဒုက္ခသမုပ္ပါဒံ ဒုက္ခ၏ဖြစ်ကြောင်းသမုဒယသစ္စာကိုင်၄း၊ ဒုက္ခဿ ဒုက္ခသစ္စာကို၊ အတိက္ကမံစ -လွန်မြောက်ကြောင်းနိရောဓသစ္စာကိုင်၄း၊ အရိယံ မြတ်သော၊ အဋ္ဌင်္ဂိကံ ရှစ်ပါးသော အင်္ဂါရှိသော၊ ဒုက္ခူပသမဂါမိနံ -ဒုက္ခ၏ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော၊ မဂ္ဂံစ -မဂ္ဂသစ္စာကို င်၄း။(ပဿတိ -မြင်၏)။(တဿ -ထိုသူ၏၊)တေ -ဤသစ္စာလေးပါးကို သိမြင်ခြင်းသည်၊ ဝါ -ဤသစ္စာလေးပါးကို သိမြင်ကြောင်း အရိယာမဂ်သည်၊ ခေမံ ဘေးတို့၏ကုန်ရာဖြစ်သော၊ သရဏံ -သရဏဂုံတည်း။ ["သရဏဂမန်"ဟု ဆိုလိုလျက် ဂမန ပုဒ်ချေထားသည်ဟု ကြံပါ။] တေ -သည်၊ ဥတ္တမံ -မြတ်သော၊သရဏံ တည်း၊ ဧတံ သရဏံ -ဤသစ္စာလေးပါးကို သိမြင်းခြင်းဟူသော သရဏဂုံကို၊ အာဂမ္မ -ရောက်၍၊ သဗ္ဗဒုက္ခာ -အလုံးစုံသောဒုက္ခမှ၊ ပမုစ္စတိ -လွတ်၏။

အရိယမဂ္ဂေါ ဧဝ လောကုတ္တရသရဏဂမနန္တိ "စတ္တာရိ သာမညဖလာနိ ဝိပါက"န္တိ ဝုတ္တံ။ သဗ္ဗဒုက္ခက္ခယောတိ သကလဿ ဝဋ္ဋဒုက္ခဿ အနုပ္ပါဒနိရောဓော။ ဧတ္ထ "စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတီ"တိ ဧဝံ ဝုတ္တံ အရိယသစ္စဒဿနံ။ (သီလက္ခန္ဓဝဂ္ဂဋီကာ၊၂၈၀။)

လောကိယဿ သရဏဂမနဿ အညတိတ္ထိယာဝန္ဒနာဒိနာ ကုပ္ပနတော စလနတော စ အကုပ္ပံ အစလံ လောကုတ္တရမေဝ သရဏဂမနံ ပကာသေတုံ "စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတီ"တိ ဝုတ္တံ။ ဝါစာသိလိဋ္ဌတ္တတ္တ သမ္မာသဒ္ဒဿ ရဿတ္တံ။..ဒုက္ခဿ စ အတိက္ကမန္တိ ဒုက္ခနိရောဓံ။ ဒုက္ခူပသမဂါမိနန္တိ ဒုက္ခနိရောဓဂါမိံ။ "တေ"န္တိ "စတ္တာရိ။ ပ။ ပဿတီ"တိ (ခု၊ ၁၊ ၄၂)ဧဝံ ဝုတ္တံ လောကုတ္တရသရဏဂမနသင်္ခါတံ အရိယသစ္စဒဿနံ။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၈၄။)

အပိစ -သည်သာမကသေး၊ နိစ္စာဒိတော -နိစ္စအစရှိသောအားဖြင့်၊ အနုပဂမနာဒိဝသေနပိ မကပ်ရောက်ခြင်းအစရှိသည်တို့၏ အစွမ်းဖြင့်လည်း၊ ဧတဿ ဤလောကုတ္တရာသရဏဂုံ၏၊ အာနိသံသဖလံ -အကျိုးဆက်ကို၊ ဝေဒိတဗ္ဗံ သိအပ်၏၊ ဟိ သာဓကကား၊ အဋ္ဌာနမေတံ၊ ပ၊ နေတံ ဌာနံ ဝိဇ္ဇတီတိ -ဟူသော၊ ဧတံ -ဤပါဠိတော်ကို၊ (ဘဂဝတာ သည်)၊ ဝုတ္တံ ဟောတော်မူအပ်၏၊ ဘိက္ခဝေ တို့၊ ယံ အကြင်ဇနက အကြောင်းကြောင့်၊ ဝါ -အကြင်ဥပတ္ထမ္ဘက အကြောင်းကြောင့်၊ ဒိဋ္ဌိသမ္ပန္နော မဂ်ဒိဋ္ဌိနှင့်ပြည့်စုံသော၊ ပုဂ္ဂလော ပုဂ္ဂိုလ်သည်၊ ကဉ္စိ တစ်စုံတစ်ခုသော၊ သင်္ခါရံ သင်္ခါရကို၊ နိစ္စတော နိစ္စအားဖြင့်၊ ဝါ နိစ္စဟူ၍၊ ဥပဂစ္ဆေယျ ကပ်ရောက်ရာ၏၊ ဧတံ ဤအကြောင်းသည်၊ အဋ္ဌာနံ သင့်သောအကြောင်းမဟုတ်၊ (ဧသော ဤအခွင့်သည်)၊ အနဝကာသော သင့်သောအခွင့်မဟုတ်၊ ဧတံ ဌာနံ -ဤအကြောင်းသည်၊ န ဝိဇ္ဇတိ မရှိ၊ ယံ -အကြင်အကြောင်းကြောင့်၊ ဝါ -အကြင် အခွင့်ကြောင့်၊ (အခွင့်ဟူသည်လည်း အကြောင်းပင်တည်း)၊ ဒိဋ္ဌိသမ္ပန္နော -သော၊ ပုဂ္ဂလော -သည်၊ ကဉ္စိ -သော၊ သင်္ခါရံ -ကို၊ သုခတော သုခအားဖြင့်၊ ပေ၊ ကဉ္စိ-သော၊ ဓမ္မံ တရားကို၊ အတ္တတော -အတ္တအားဖြင့်၊ ဥပဂစ္ဆေယျ ၏၊ ပ၊ မာတရံ -အမိရင်းကို၊ ဇီဝိတာ -ဇီဝိတိန္ဒြေမှ၊ ဝေါရောပေယျ ချရာ၏၊ ပ၊ ပိတရံ အဖရင်းကို၊ ပ၊ အရဟန္တံ ရဟန္တာကို၊ပ၊ ပဒုဋ္ဌစိတ္တော -ပြစ်မှားသော စိတ်ရှိသည်၊ ဝါ ဒေါသသည် ဖျက်ဆီးအပ်သော စိတ်ရှိသည်၊ (ဟုတ္ဝာ ဖြစ်၍)၊ [ဇီဝကကဲ့သို့ ပဒုဋ္ဌမဟုတ်သော စိတ်ဖြင့် သွေးကိုဖြစ်စေခြင်းကား အဋ္ဌာနမဟုတ်, ဒေဝဒတ်ကဲ့သို့ ပဒုဋ္ဌစိတ်ဖြင့် သွေးကိုဖြစ်စေခြင်းသည်သာလျှင် အဋ္ဌာနတည်း၊ ထို့ကြောင့် "ပဒုဋ္ဌစိတ္တော"ဟု ဝိသေသနပြုသည်၊] တထာဂတဿ သက်တော်ထင်ရှား မြတ်စွာဘုရား၏(ကိုယ်တော်၌)၊ လောဟိတံ သွေးကို၊ ဥပ္ပါဒေယျ -ဖြစ်စေရာ၏၊ပ၊သံဃံ -သံဃာကို၊ ဘိန္ဒေယျ သင်းခွဲရာ၏၊ [သံဃာသင်းခွဲပုံကို ဝိနည်း စူဠဝဂ္ဂ, သံဃဘေဒကက္ခန္ဓက ၃၅၈ စသည်တို့၌ ကြည့်ရှုပါ။] ၊ပ၊ အညံ အခြားသောသာသနာပ ဆရာကို၊ သတ္ထာရံ ဆရာဟူ၍၊ ဥဒ္ဒိသေယျ ညွှန်ပြရာ၏၊ ဧတံ -ဤအကြောင်းသည်၊ အဋ္ဌာနံ သင့်သောအကြောင်းမဟုတ်၊ (ဧသော -ဤအခွင့်သည်)၊ အနဝကာသော သင့်သော အခွင့်မဟုတ်၊ ဧတံ ဌာနံ ဤအကြောင်းသည်၊ န ဝိဇ္ဇတိ မရှိ။

ဒိဋ္ဌိသမ္ပန္နောတိ မဂ္ဂဒိဋ္ဌိယာ သမန္နာဂတော သောတာပန္နော။

ကဉ္စိ သင်္ခါရန္တိ စတုဘူမကေသု သင်္ခတသင်္ခါရေသု ကေသင်္ခါရမ္ပိ။

နိစ္စတော ဥပဂစ္ဆေယျာတိ "နိစ္စော"တိ ဂဏှေယျ။

"သုခတော ဥပဂစ္ဆေယျာ"တိ "ဧကန္တသုခီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ"တိ(ဒီ၊ ၁၊ ၂၉)ဧဝံ အတ္တဒိဋ္ဌိဝသေန သုခတော ဂါဟံ သန္ဓာယေတံ ဝုတ္တံ။ ဒိဋ္ဌိဝိပ္ပယုတ္တစိတ္တေန ပန အရိယသာဝကော ပရိဠာဟာဘိဘူတော ပရိဠာဟဝူပသမတ္ထံ မတ္တဟတ္ထိပရိတ္တာသိတော ဝိယ စောက္ခဗြာဟ္မဏော ဥက္ကာရဘူမိံ ကဉ္စိ သင်္ခါရံ သုခတော ဥပဂစ္ဆတိ။

အတ္တဝါရေ ကသိဏာဒိပညတ္တိသင်္ဂဟတ္ထံ "သင်္ခါရ"န္တိ အဝတွာ "ကဉ္စိ ဓမ္မ"န္တိ ဝုတ္တံ။ (သီလက္ခန္ဓဝဂ္ဂဋီကာ၊ ၂၈၀။)

အတ္တဝါရေ ကသိဏာဒိပဏ္ဏတ္တိသင်္ဂဟဏတ္ထံ "သင်္ခါရ"န္တိ အဝတွာ "ဓမ္မ"န္တိ ဝုတ္တံ။ ယထာဟ ပရိဝါရေ

"အနိစ္စာ သဗ္ဗေ သင်္ခါရာ၊ ဒုက္ခာနတ္တာ စ သင်္ခတာ။

နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ"တိ(ဝိ၊ ၅၊ ၁၅၇။)

ဣမေသု ပန တီသုပိ ဝါရေသု(နိစ္စ, သုခ, အတ္တဟု မယူကြောင်းကိုပြရာ ဝါရတို့၌) အရိယသာဝကဿ စတုဘူမကဝသေနေဝ ပရိစ္ဆေဒေါ(ရှုရာတရား၏အပိုင်းအခြားကို) ဝေဒိတဗ္ဗော၊ တေဘူမကဝသေနေဝ ဝါ။ ယံ ယဉ္ဟိ ပုထုဇ္ဇနော "နိစ္စံ သုခံ အတ္တာ"တိ ဂါဟံ ဂဏှာတိ၊ တံ တံ အရိယသာဝကော "အနိစ္စံ ဒုက္ခံ အနတ္တာ"တိ ဂဏှန္တော ဂါဟံ ဝိနိဝေဌေတိ (ဖြေရှင်း၏)။
(သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊၁၈၄ ၅။)

ဒိဋ္ဌိဟု သာမညဆိုသော်လည်း အတ္တပ္ပကရဏလိုက်၍ အရာဌာနအားလျော်စွာ "မဂ္ဂသမ္မာဒိဋ္ဌိ"ကိုယူပါ၊ သင်္ခါရအရကိုလည်း အရိယာပုဂ္ဂိုလ်ဖြစ်၍ လောကုတ္တရာတရားကိုလည်း အာရုံပြုနိုင်သောကြောင့် စတုဘူမကသင်္ခါရကို ယူရသည်။

သုခဟု ယူရာ၌ ရှေးဦးစွာ သင်္ခါရတခုခုကို အတ္တဟု စွဲလမ်းပြီးမှ ထိုအတ္တသည် "ကောန်သုခရှိ၏၊ သေပြီးမှနောက်၌လည်း ပျက်စီးခြင်း မရှိ"ဤသို့ အတ္တဒိဋ္ဌိအရင်းခံ၍ ထိုအတ္တကိုပင် သုခရှိ၏ဟု ယူခြင်းတည်း၊ ထိုအယူကို အရိယာသည် မယူပါ ဟူလို။

စောက္ခသဒ္ဒါသည် "စင်ကြယ်"ဟူသော အနက်ကို ဟော၏၊ အလွန်စင်ကြယ်လိုသော စောက္ခပုဏ္ဏားသည် အမှုန်ယစ်သော ဆင်က လိုက်သောအခါ မစင်ကျင်ကြီးတွေပြည့်နေသော မြေအရပ်ကိုပင် "သုခဌာန"ဟု ထင်မှတ်သကဲ့သို့, ဒိဋ္ဌိကင်းသော အရိယာ သာဝကလည်း ကိလေသာ အပူငြိမ်းစေခြင်းငှါ ကာမချမ်းသာကို ခံစား၏၊ ထိုခံစားမှုသည် ဒိဋ္ဌိမယှဉ်သော ဉာဏဝိပ္ပယုတ်စိတ်ဖြင့် ကာမအရသာဖြစ်သောသင်္ခါရကို သုခဟု ယူခြင်းပင်တည်း။

ဒိဋ္ဌိဝိပ္ပယုတ္တစိတ္တေန ပန အရိယသာဝကော အရ သောတာပန် သကဒါဂါမ်ကို ရည်ရွယ်သည်။

အနတ္တဟု ယူရာ၌ " ကဥ္စိ သင်္ခါရံ"ဟု ဟောတော်မမူပဲ "ကဥ္စိ ဓမ္မံ"ဟု ဟောတော်မူရခြင်းကား ရုပ်နာမ်သင်္ခါရသာမက, ကသိဏ်းစ သော ပညတ်များကိုပါ အတ္တဟု (ဒိဋ္ဌိသမ္ပန္န ပုဂ္ဂိုလ်၏) မစွဲလမ်းတော့ခြင်းကို ပြတော်မူလိုသောကြောင့်တည်း၊ မှန်၏၊ ပညတ်နှင့်နိဗ္ဗာန်ကိုအနတ္တဟု ပရိဝါပါဠိတော် သမုဋ္ဌာနသီသသင်္ခေပ၊ ၁၅၆ ၌ မိန့်တော်မူသည်။

အနိစ္စာ သဗ္ဗေ သင်္ခါရာ၊ ဒုက္ခာနတ္တာ စ သင်္ခတာ။
နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ။

တေဘူမကသင်္ခါရကို ယူသောနည်း။ ။ ပြအပ်ပြီးသောနည်း၌ သင်္ခါရံ-အရ စတုဘူမကသင်္ခါရကို နိစ္စစသည်ဖြင့် မရှုပုံကို ပြ၏၊ (တစ်နည်း) သင်္ခါရံ အရ တေဘူမကသင်္ခါရကိုသာ ယူသင့်၏၊ ဘာကြောင့်နည်း...ပုထုဇဉ်သည် တေဘူမကသင်္ခါရတို့တွင် အကြင်အကြင်သင်္ခါရကို နိစ္စစသည်ဖြင့် ယူ၏၊ ထိုထိုသင်္ခါရကို အရိယာက အနိစ္စ ဒုက္ခ အနတ္တဟု ရှုလျက် ပုထုဇဉ်ဘဝတုန်းက နိစ္စ စသောအယူကို ဖြေရှင်းသောကြောင့်တည်း။ (သီလက္ခန်ဘာသာဋီကာ၊၃၊၂၅၀။)

"မာတရ"န္တိအာဒီသု ဇနိကာ မာတာ(အမေရင်း), ဇနကော ပိတာ(အဖရင်း), မနုဿဘူတော ခီဏာသဝေါ အရဟာ (လူဇာတ်ဖြစ်သော ရဟန္တာ)တိ အဓိပ္ပေတော။

ပဒုဋ္ဌစိတ္တောတိ ဝဓကစိတ္တေန ပဒုဋ္ဌစိတ္တော။

လောဟိတံ ဥပ္ပါဒေယျာတိ ဇီဝမာနကသရီရေ ခုဒ္ဒကမက္ခိကာယ ပိဝနမတ္တမ္ပိ လောဟိတံ ဥပ္ပါဒေယျ။

သံဃံ ဘိန္ဒေယျာတိ သမာနသံဝါသကံ သမာနသီမာယံ ဌိတံ သံဃံ"ကမ္မေန, ဥဒ္ဒေသေန, ဝေါဟာရန္တော, အနုဿာဝနေန, သလာကဂ္ဂါဟေနာ"တိ(ဝိ၊ ၅၊ ၃၄၉) ဧဝံ ဝုတ္တေဟိ ပဉ္စဟိ ကာရဏေဟိ ဘိန္ဒေယျ။

အညံ သတ္ထာရန္တိ အညံ တိတ္ထကရံ "အယံ မေ သတ္ထာ"တိ ဧဝံ ဂဏှေယျ၊ နေတံ ဌာနံ ဝိဇ္ဇတီတိ အတ္ထော။ (သီလက္ခန္ဓဝဂ္ဂဋီကာ၊ ၂၈၁။)

ပဒုဋ္ဌစိတ္တောတိ ဝဓကစိတ္တေန ပဒူသနစိတ္တော၊ ပဒူသိတစိတ္တော ဝါ။

သံဃံ ဘိန္ဒေယျာတိ သမာနသံဝါသကံ သမာနသီမာယံ ဌိတံ သံဃံ ပဉ္စဟိ ကာရဏေဟိ ဘိန္ဒေယျ။ ဝုတ္တဉ္စေတံ "ပဉ္စဟုပါလိ အာကာရေဟိ သံဃော ဘိဇ္ဇတိ ကမ္မေန, ဥဒ္ဒေသေန, ဝေါဟာရန္တော, အနုဿာဝနေန, သလာကဂ္ဂါဟေနာ"တိ(ဝိ၊ ၅၊ ၃၄၉)။

အညံ သတ္ထာရန္တိ ဣတော အညံ တိတ္ထကရံ "အယံ မေ သတ္ထာ"တိ ဧဝံ ဂဏှေယျ။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊၂၊၁၈၅။)

## လောကီသရဏဂုံ ကျိုးဖုံ

လောကီသရဏဂုံ၏အကျိုးသည် အကျိုးရင်းနှင့် အကျိုးဆက် ဟူ၍ နှစ်မျိုးရှိ၏။ အကျိုးရင်းက "ဘဝသမ္ပဒါ သုဂတိဘဝနှင့် ပြည့်စုံခြင်း"တည်း၊ အပါယ်ဘုံသို့မကျရောက်ရပဲ လူ့ဘဝ, နတ်ဘဝဟု ဆိုအပ်သောသုဂတိဘဝကို ရရှိခြင်းပင်ဖြစ်၏။ အကျိုးဆက်ကား "ဘောဂသမ္ပဒါ လူ့စည်းစိမ်, နတ်စည်းစိမ်နှင့်ပြည့်စုံခြင်း"တည်း၊ နတ်ဖြစ်လျှင် အခြားသောနတ်တို့ထက် အသက်ရှည်ခြင်း, အဆင်းလှ

ခြင်း, ချမ်းသာခြင်း, အခြံအရံများခြင်း, အစိုးရခြင်း, ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ(အာရုံ ၅ ပါး) ဤ၁၀ ပါးသောအရာ ဌာနတို့ဖြင့် သာလွန်ကုန်၏။

လောကိယဿ ပန သရဏဂမနဿ ဘဝသမ္ပဒါပိ ဘောဂသမ္ပဒါပိ ဖလမေဝ။ ဝုတ္တဉှေတံ

"ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယဘူမိံ။

ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တီ"တိ (သံ၊ ၁၊ ၂၅)။

အပရမ္ပိ ဝုတ္တံ "အထ ခေါ သက္ကော ဒေဝါနမိန္ဒော အသီတိယာ ဒေဝတာသဟဿေဟိ သဒ္ဓိံ ယေနာယသ္မာ မဟာမောဂ္ဂလ္လာနော တေနုပသင်္ကမိ။ ပ။ ဧကမန္တံ ဌိတံ ခေါ သက္ကံ ဒေဝါနမိန္ဒံ အာယသ္မာ မဟာမောဂ္ဂလ္လာနော ဧတဒဝေါစ"သာဓု ခေါ ဒေဝါနမိန္ဒ ဗုဒ္ဓံ သရဏဂမနံ ဟောတိ။ ဗုဒ္ဓံ သရဏဂမနဟေတု ခေါ ဒေဝါနမိန္ဒ ဧဝမိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။ ပ။ တေ အညေ ဒေဝေ ဒသဟိ ဌာနေဟိ အဓိဂဏှန္တိ ဒိဗ္ဗေန အာယုနာ ဒိဗ္ဗေန ဝဏ္ဏေန ဒိဗ္ဗေန သုခေန ဒိဗ္ဗေန ယသေန ဒိဗ္ဗေန အာဓိပတေယျေန ဒိဗ္ဗေဟိ ရူပေဟိ သဒ္ဒေဟိ ဂန္ဓေဟိ ရသေဟိ ဖောဋ္ဌဗ္ဗေဟီ"တိ(သံ၊ ၂၊ ၄၆၃)။ ဧသ နယော ဓမ္မေ စ သံဃေ စ။ အပိ စ ဝေလာမသုတ္တာဒိ(အံ၊ ၃၊ ၁၉၅)ဝသေနာပိ သရဏဂမနဿ ဖလဝိသေသော ဝေဒိတဗ္ဗော။ ဧဝံ သရဏဂမနဿ ဖလံ ဝေဒိတဗ္ဗံ။ (ဒီ၊ဋ္ဌ၊၁၊၂၀၈ ၂၀၉။)

ယေကေစိ အမှတ်မရှိ ကြွင်းမဲ့ဉဿုံ အလုံးစုံသော လူတို့သည် ၊ ဗုဒ္ဓံ -မြတ်စွာဘုရားကို၊ သရဏံ ကိုးကွယ်ရာဟူ၍၊ ဂတာသေ ဆည်းကပ်ကြကုန်၏၊ တေ ထိုလူတို့သည်၊ အပါယဘူမိံ အပါယ်ဘုံသို့၊ န ဂမိဿန္တိ မရောက်ကြကုန်လတ့်၊ မာနုသံ(မာနုသံ) လူတို့၌ ဖြစ်သော၊ ဒေဟံ -ကိုယ်ကို၊ ပဟာယ ပယ်စွန့်ရ၍၊ ဝါ -ပယ်စွန့်ရသည်ရှိသော်၊ ဒေဝကာယံ နတ်အပေါင်းကို၊ ဝါ နတ်ပြည်ကို၊ ပရိပူရေဿန္တိ -ပြည့်စေကုန်လတ့်။

အပရမ္ပိ အခြားအကျိုးကိုလည်း၊ ဝုတ္တံ -(အရှင်မဟာမောဂ္ဂလ္လာန်ထေရ်သည်)ဟောတော်မူအပ်၏၊ "အထခေါ ထိုအခါ၌၊ ဒေဝါနံ နတ်တို့၏၊ ဣန္ဒော အရှင်ဖြစ်သော၊ သက္ကော -သိကြားသည်၊ အသီတိယာ ဒေဝတာသဟဿေဟိ ရှစ်သောင်းသောနတ်တို့ နှင့်၊ သဒ္ဓိံ တကွ၊ ယေန အကြင်အရပ်၌၊ အာယသ္မာ မဟာမောဂ္ဂလ္လာနော -အရှင်မဟာမောဂ္ဂလ္လာန်သည်၊ (အတ္ထိ ရှိ၏)။ တေန ထို အရှင်ရှိရာသို့၊ ဥပသင်္ကမိ ကပ်လေ၏၊ ပေ၊ ဧကမန္တံ သင့်တော်သောအရပ်၌၊ ဌိတံ -ရပ်နေသော၊ ဒေဝါနံ နတ်တို့၏၊ ဣန္ဒံ အရှင်ဖြစ်သော၊ သက္ကံ -သိကြားကို၊ အာယသ္မာ မဟာမောဂ္ဂလ္လာနော -အရှင်မဟာမောဂ္ဂလ္လာန်သည်၊ ဧတံ ဤဆိုမည့်စကားကို၊ အဝေါစ မိန့်တော်မူ၏၊ 'ဒေဝါနံ နတ်တို့၏၊ ဣန္ဒ အရှင်ဖြစ်သောသိကြား၊ ဗုဒ္ဓံ မြတ်စွာဘုရားကို၊ သရဏဂမနံ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်းသည်၊ သာဓု ကောင်းသည်၊ ဟောတိ ဖြစ်၏၊ ဒေဝနမိန္ဒ နတ်တို့၏အရှင်ဖြစ်သော သိကြား၊ ဗုဒ္ဓံ ကို၊ သရဏဂမနဟေတု ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်းဟူသော အကြောင်းကြောင့်၊ ဧဝံ -ဤဆို လတ့်သောနည်းအားဖြင့်၊ ဣဓ ဤလောက၌၊ ဧကစ္စေ အချို့ကုန်သော၊ သတ္တာ သတ္တဝါတို့သည်၊ ကာယဿ ဥပါဒိန္နက (ကံကြောင့်ဖြစ်သော) ခန္ဓာကိုယ်၏၊ ဘေဒါ ပျက်ခြင်းဟူသော၊ မရဏာ သေခြင်းမှ၊ ပရံ နောက်၌၊ သုဂတိံ သုခအပေါင်း၏လည်းလျောင်းရာဖြစ်သော၊ သဂ္ဂံ လောကံ နတ်ပြည်သို့၊ ဥပပဇ္ဇန္တိ ကပ်ရောက်ကြရကုန်၏၊ ပေ၊ တေ ထိုသရဏဂုံတည်သောနတ်တို့သည်၊ အညေ ဒေဝေ အခြား သရ ဏဂုံ မတည်သောနတ်တို့ကို၊ ဒသဟိ ဌာနေဟိ ဆယ်ပါးသော အရာဌာနတို့ဖြင့်၊ အဓိဂဏှန္တိ လွှမ်းမိုး၍ယူနိုင်ကုန်၏၊ ဒိဗ္ဗေန အာယုနာ နတ်၌ဖြစ်သောအသက်ဖြင့်၎င်း၊ဒိဗ္ဗေန ဝဏ္ဏေန နတ်၌ဖြစ်သော အဆင်းဖြင့်၎င်း၊ ဒိဗ္ဗေန သုခေန နတ်၌ဖြစ်သော ချမ်းသာဖြင့်၎င်း၊ ဒိဗ္ဗေနယသေန နတ်၌ဖြစ်သော အခြံအရံဖြင့်၎င်း၊ ဒိဗ္ဗေန အာဓိပတေယျေန နတ်၌ဖြစ်သောအစိုးရသူ၏အဖြစ်ဖြင့်၎င်း၊ ဒိဗ္ဗေဟိ ရူပေဟိ နတ်၌ဖြစ်ကုန်သော ရူပါရုံတို့ဖြင့်၎င်း၊ သဒ္ဒေဟိ သဒ္ဒါရုံတို့ဖြင့်၎င်း၊ ဂန္ဓေဟိ ဂန္ဓာရုံတို့ဖြင့်၎င်း၊ ရသေဟိ ရသာရုံတို့ဖြင့်၎င်း၊ ဖောဋ္ဌဗ္ဗေဟိ ဖောဋ္ဌဗ္ဗာရုံတို့ဖြင့်၎င်း၊ (အဓိဂဏှန္တိ လွှမ်းမိုး၍ယူနိုင်ကုန်၏)၊ ဣတိ ဤသို့၊ (အာယသ္မတာ မဟာမောဂ္ဂလ္လာနေန ဝုတ္တံ အရှင်မဟာမောဂ္ဂလ္လာန်သည် ဟောတော်မူအပ်၏)။ ဓမ္မေစ တရား၌၎င်း၊ ဝါ ဓမ္မသရဏဂုံ၌၎င်း၊ သံဃေစ သံဃာ၌၎င်း၊ ဝါ -သံဃသရဏဂုံ၌၎င်း၊ ဧသော ဤအစီအရင်သည်၊ နယော သိကြောင်းအစီအရင်တည်း။ အပိစ သည်မျှမကသေး၊ ဝေလာမသုတ္တာဒိဝသေနပိ ဝေလာမသုတ်အစရှိသည်တို့၏အစွမ်းဖြင့်လည်း၊ သရဏဂမနဿ သရဏဂုံ၏၊ ဖလဝိသေသော အကျိုးအထူးကို၊ ဝေဒိတဗ္ဗော -သိအပ်၏၊[ဝေလာမသုတ်ကို အင်္ဂုတ္တိုရ် တတိယအုပ် နဝကနိပါတ် ၁၉၅ ၌၎င်း, သီလက္ခန်ဒီကာသစ်ဒုတိယအုပ် သရဏဂမနကထာဝဏ္ဏနာ ၁၈၆၌၎င်း ရှုပါ၊ ဝေလာမသုတ္တာဒိ ၌ အာဒိဖြင့် အဂ္ဂပသာဒသုတ်(အံ၊ ၁၊ ၃၄၃။ ခု၊ ၁၊၂၅၄),ဆတ္တမာဏဝကဝိမာနဝတ္ထု(ခု၊ ၂၊ ၇၆)စသည်ကို ယူပါလေ။] ဧဝံ ဤသို့လျှင်၊ ဒဋ္ဌဗ္ဗံ မှတ်အပ်၏။

ဘဝသမ္ပဒါတိ သုဂတိဘဝဝသေန သမ္ပဒါ၊ ဣဒံ ဝိပါကဖလံ(သုဂတိဘဝ၏အစွမ်းပြည့်စုံခြင်းသည် အကျိုးရင်းတည်း)။

ဘောဂသမ္ပဒါတိ မနုဿဘောဂဒေဝဘောဂေဟိ သမ္ပဒါ၊ ဣဒံ ပန အာနိသံသဖလံ(လူစည်းစိမ်,နတ်စည်းစိမ်တို့နှင့် ပြည့်စုံခြင်းသည် အကျိုးဆက်တည်း)။

ဂတာ သေတိဇ္ဇွေ သေ -ဏ္ဍတိ နိပါတမတ္တံ [သေ -သည် နိပါတ်မျှသာ, အနက်မရှိ]။

မာနုသတ္တိ စ ဂါထာဗန္ဓဝသေန ဝိသညောဂနိဒ္ဒေသော၊ မနုဿေသု ဇာတန္တိ အတ္ထော [မာနုသံကား ဆန်းကြောင့် သံ၌ သံယုဂ်ကိုချေထားသည်၊ "မနုဿေသု ဇာတံ မာနုသံ"တဒ္ဓိတ်ပုဒ်တည်း]။

ဒေဝကာယန္တိ ဒေဝသံဃံ၊ ဒေဝပုရံ ဝါ "ဒေဝါနံ ကာယော သမူဟော ဇွော"တိ ကတွာ။

ဝေလာမသုတ္တံ နာမ အင်္ဂုတ္တရနိကာယေ နဝနိပါတေ ဇာတိဂေါတ္တရူပဘောဂသဒ္ဓါပညာဒီဟိ မရိယာဒဝေလာတိက္ကန္တေဟိ ဥဠာရေဟိ ဂုဏေဟိ သမန္နာဂတတ္တာ ဝေလာမနာမကဿ ဗောဓိသတ္တဘူတဿ စတုရာသီတိသဟဿရာဇူနံ အာစရိယဗြာဟ္မဏဿ ဒါနကထာပဋိသညုတ္တံ သုတ္တံ(အံ၊ ၃၊ ၁၉၅ ၁၉၇)။ တတ္ထ ဟိ ကရိဿသ စတုတ္ထဘာဂပ္ပမာဏာနံ စတုရာသီတိသဟဿသင်္ချာနံ သုဝဏ္ဏပါတိရူပိယပါတိကံသပါတီနံ ယထာက္ကမံ ရူပိယသုဝဏ္ဏဟိရညပူရာနံ, သဗ္ဗာလင်္ကာရပဋိမဏ္ဍိတာနံ, စတုရာသီတိယာ ဟတ္ထိသဟဿာနံ, စတုရာသီတိယာ အဿသဟဿာနံ, စတုရာသီတိယာ ရထသဟဿာနံ, စတုရာသီတိယာ ဓေနုသဟဿာနံ, စတုရာသီတိယာ ကညာသဟဿာနံ, စတုရာသီတိယာ ပလ္လင်္ကသဟဿာနံ စတုရာသီတိယာ ဝတ္ထကောဋိသဟဿာနံ, အပရိမာဏဿ စ ခဇ္ဇဘောဇ္ဇာဒိဘေဒဿ အာဟာရဿ ပရိစ္စဇနဝသေန သတ္တမာသာဒိကာနိ သတ္တသံဝစ္ဆရာနိ နိရန္တရံ ပဝတ္တဝေလာမမဟာဒါနတော ဧကဿ သောတာပန္နဿ ဒိန္နဒါနံ မဟပ္ဖလတရံ၊ တတော သတံ သောတာပန္နာနံ ဒိန္နဒါနတော ဧကဿ သကဒါဂါမိနော၊ တတော ဧကဿ အနာဂါမိနော၊ တတော ဧကဿ အရဟတော၊ တတော ဧကဿ ပစ္စေကဗုဒ္ဓဿ၊ တတော သမ္မာသမ္ဗုဒ္ဓဿ၊ တတော ဗုဒ္ဓပ္ပမုခဿ သံဃဿ ဒိန္နဒါနံ မဟပ္ဖလတရံ၊ တတော စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ဝိဟာရကရဏံ၊ တတော သရဏဂမနံ မဟပ္ဖတရန္တိ အယမတ္ထော ပကာသိတော။'ဝုတ္တဉ္စေတံ "ယံ ဂဟပတိ ဝေလာမော ဗြာဟ္မဏော ဒါနံ အဒါသိ မဟာဒါနံ၊ ယော စေကံ ဒိဋ္ဌိသမ္ပန္နံ ဘောဇေယျ၊ ဣဒံ တတော မဟပ္ဖလတရံ၊ ယော စ သတံ ဒိဋ္ဌိသမ္ပန္နာနံ ဘောဇေယျ၊ ယော စေကံ သကဒါဂါမိံ ဘောဇေယျ၊ ဣဒံ တတော မဟပ္ဖလတရ"န္တိအာဒိ(အံ၊ ၃၊ ၁၉၆)။ကသ္မာ စ ဥက္ကဋ္ဌပရိစ္ဆေဒတော လောကုတ္တရသေဝ သရဏဂမနဿ ဖလံ ဒဿိတန္တိ ဝေဒိတဗ္ဗံ။ တထာ ဟိ ဝေလာမသုတ္တဋ္ဌကထာယံ ဝုတ္တံ"သရဏံ ဂစ္ဆေယျာ"တိဇ္ဇွေ မဂ္ဂေနာဂတံ အနိဝတ္တနသရဏံ အဓိပ္ပေတံ၊ အပရေ ပနာဟု 'အတ္တာနံ နိယျာတေတွာ ဒိန္နတ္တာ သရဏဂမနံ တတော မဟပ္ဖလတရ'န္တိ ဝုတ္တ"န္တိ(အံ၊ ဋ္ဌ၊ ၃၊ ၂၇၂)။ ကူဋဒန္တသုတ္တဋ္ဌကထာယံ ပန ဝက္ခတိ "ယသ္မာ စ သရဏဂမနံ နာမ တိဏ္ဏံ ရတနာနံ ဇီဝိတပရိစ္စာဂမယံ ပုညကမ္မံ သဂ္ဂသမ္ပတ္တိံ ဒေတိ၊ တသ္မာ မဟပ္ဖလတရဉ္စ မဟာနိသံသတရဉ္စာတိ ဝေဒိတဗ္ဗ"န္တိ(ဒီ၊ဋ္ဌ၊၁၊၂၇၂)။ ကသ္မာ ပန နယေန လောကိယသာပိ သရဏဂမနဿ ဖလံ ဣဓ ဒဿိတမေဝါတိ ဂဟေတဗ္ဗံ။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊၂၊ ၁၈၅ -၁၈၇။)

ရှေးက ဝေလာမပုဏ္ဏားသည် ငွေဖြင့်ပြည့်သောရွှေခွက်ရှစ်သောင်းလေးထောင်,ရွှေဖြင့်ပြည့်သောငွေခွက်ရှစ်သောင်းလေးထောင်, ရတနာခုနစ်ပါးဖြင့်ပြည့်သောကြေးခွက်ရှစ်သောင်းလေးထောင်, တန်ဆာအမျိုးမျိုးတို့ဖြင့်ဆင်သထားးအပ်ကုန်သောဆင်ရှစ်သောင်းလေးထောင်, မြင်းရှစ်သောင်းလေးထောင်, ရထားရှစ်သောင်းလေးထောင်, နို့စားနွားမရှစ်သောင်းလေးထောင်, အမျိုးသမီးပျိုရှစ်သောင်းလေးထောင်, ပလ္လင်ရှစ်သောင်းလေးထောင်, အခင်းအဝတ်ကုဋေရှစ်သောင်းလေးထောင်တို့ကို လှူခဲ့၏၊ ခဲဖွယ် စားဖွယ် သောက်ဖွယ်တို့ကိုကား အတိုင်းအတာမရှိ ထမင်းရေချောင်းစီး ခုနစ်နှစ်နှင့် ခုနစ်လတိုင်တိုင် လှူခဲ့၏။ သောတာပန်တစ်ယောက်ကို ကျွေးမွေးရခြင်းသည် ဝေလာမပုဏ္ဏား၏ကြီးကျယ်များပြားလှသောအလှူထက် သာ၍အကျိုးကြီး၏၊ သကဒါဂါမ်တစ်ယောက်ကို ကျွေးမွေးရခြင်းသည် သောတာပန်တစ်ရာကို ကျွေးမွေးရခြင်းထက် သာ၍အကျိုးကြီး၏၊ အနာဂါမ်တစ်ယောက်ကို ကျွေးမွေးရခြင်းသည် သကဒါဂါမ်တစ်ရာကို ကျွေးမွေးရခြင်းထက် သာ၍အကျိုးကြီး၏၊ ရဟန္တာတစ်ပါးကို ကျွေးမွေးရခြင်းသည် အနာဂါမ်တစ်ရာကို ကျွေးမွေးရခြင်းထက် သာ၍အကျိုးကြီး၏၊ ပစ္စေကဗုဒ္ဓါတစ်ပါးကို ကျွေးမွေးရခြင်းသည် ရဟန္တာတစ်ရာကို ကျွေးမွေးရခြင်းထက် အကျိုးကြီး၏၊ သမ္မာသမ္ဗုဒ္ဓတစ်ဆူကို ကျွေးမွေးရခြင်းသည် ပစ္စေကဗုဒ္ဓါတစ်ရာကို ကျွေးမွေးရခြင်းထက် သာ၍အကျိုးကြီး၏၊ မြတ်စွာဘုရားအမှူးရှိသော သံဃာကို ကျွေးမွေးရခြင်းသည် သမ္မာသမ္ဗုဒ္ဓတစ်ဆူကို ကျွေးမွေးတော်မူရခြင်းထက် သာ၍အကျိုးကြီး၏၊ စာတုဒ္ဒိသသံဃာကို ရည်ညွှန်း၍ ကျောင်းဆောက်လုပ်လှူခြင်းသည် မြတ်စွာဘုရားအမှူးရှိသော သံဃာကို ကျွေးမွေးရခြင်းထက် သာ၍အကျိုးကြီး၏၊ ဘုရား တရား သံဃာကို ကိုးကွယ်ရာဟု ဆည်းကပ်ခြင်း(သရဏဂုံ)သည် စာတုဒ္ဒိသသံဃာကို ရည်ညွှန်း၍ကျောင်းဆောက်လုပ်လှူခြင်းထက် သာ၍ အကျိုးကြီး၏။ [ဤ၌ သရဏဂုံအရ လောကုတ္တရာသရဏဂုံကို ယူအပ်၏ ဟု ဝေလာမသုတ္တအဋ္ဌကထာ၌ ဆိုသည်၊ အပရေဆရာတို့၏အလိုကား "မိမိကို အပ်နှင်း၍ ဆောက်တည်အပ်သောကြောင့် သရဏဂုံသည် ထိုကျောင်းအလှူထက် သာလွန်၍ အကျိုးကြီး၏"ဟု ဆိုသည်။]

ယသ္မာ သက်ိ ပရိစ္စတ္တေပိ ဝိဟာရေ ပုနပ္ပုနံ ဆာဒနခဏ္ဍဖုလ္လပ္ပဋိသင်္ခရဏာဒိဝသေန ကိစ္စံ အတ္ထိယေဝ၊ သရဏံ ပန ဧကဘိက္ခုဿ ဝါ သန္တိကေ သံဃဿ ဝါ ဂဏဿ ဝါ သကိံ ဂဟိတံ ဂဟိတမေဝ ဟောတိ၊ နတ္ထိ တဿ ပုနပ္ပုနံ ကတ္တဗ္ဗတာ၊ တသ္မာ တံ ဝိဟာရဒါနတော အပ္ပဋ္ဌတရဉ္စ အပ္ပသမာရမ္ဘတရဉ္စ ဟောတိ၊ ယသ္မာ စ သရဏဂမနံ နာမ တိဏ္ဏံ ရတနာနံ ဇီဝိတပရိစ္စာဂမယံ

ပုညကမ္မံ သဂ္ဂသမ္ပတ္တိံ ဒေတိ၊ တသ္မာ မဟပ္ဖလတရဉ္စ မဟာနိသံသတရဉ္စာတိ ဝေဒိတဗ္ဗံ။ (ဒီ၊ဌ၊ ၁၊ ၂၇၂။)

ယသ္မာ အကြောင့်ကြောင့်၊ ဝိဟာရေ ကျောင်းကို၊ သကိံ တကြိမ်၊ ပရိစ္စတ္တေပိ စွန့်လွှတ်အပ်ပြီးသော်လည်း၊ ပုနပ္ပုနံ အဖန်ဖန် အထပ်ထပ်၊ ဆာဒနခဏ္ဍာဖုလ္လပ္ပဋိသင်္ခရဏာဒိဝသေန အမိုးမိုးရခြင်း, ကျိုးပြတ်သောအရပ် ပေါက်ကွဲသောအရပ်ကို ပြုပြင်ရခြင်းအစရှိ သည်တို့၏အစွမ်းဖြင့်၊ ကိစ္စံ ကိစ္စသည်၊ အတ္ထိယေဝ ရှိသေးသည်သာ၊ ပန စင်စစ်သော်ကား၊ သရဏံ ကိုးကွယ်ရာကို၊ ကောဘိက္ခုသ ရဟန်းတပါး၏၊ သန္တိကေ ဝါ အထံ၌သော်၎င်း၊ သံဃဿ သံဃာ၏၊ သန္တိကေ ဝါ ၌သော်၎င်း၊ ဂဏဿ သန္တိကေ ဝါ ဂိုဏ်း၏ အထံ၌သော်၎င်း၊ ဂဟိတံ ယူအပ်သည်၊ (သမာနံ ဖြစ်လသော်)၊ ဂဟိတမေဝ ယူအပ်သည်သာ၊ ဟောတိ ဖြစ်၏၊ တတ္ထ ထိုသရဏဂုံ၌၊ တဿ ထိုသရဏဂုံ၏၊ ပုန ပ္ပုနံ ထပ်၊ ကတ္တဗ္ဗတာ ပြုဖွယ်၏အဖြစ်သည်၊ နတ္ထိ မရှိ၊ တသ္မာ ထို့ကြောင့်၊ တံ ထိုသရဏဂုံသည်၊ ဝိဟာရဒါနတော ကျောင်းအလှူထက်၊ အပ္ပဋ္ဌတရဉ္စ သာ၍နည်းသော ကိစ္စရှိသည်၎င်း၊ အပ္ပသမာရမ္ဘတရဉ္စ သာ၍နည်းသော ကောင်းစွာ အားထုတ်ကြောင်း သတ္တုပီဠာရှိသည်၎င်း၊ ဟောတိ ဖြစ်၏၊ စ ဆက်၍ပြောရလျှင်၊ ယသ္မာ ကြောင့်၊ သရဏဂမနံနာမ သရဏဂုံမည် သည်၊ ဝါ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်းမည်သည်၊ တိဏ္ဏံ သုံးပါးကုန်သော၊ ရတနာနံ ရတနာတို့အား၊ ဇီဝိတပရိစ္စာဂမယံ အသက် ကိုစွန့်ကြောင်း စေတနာဖြစ်သော၊ ပုညကမ္မံ ကောင်းမှုကံသည်၊(ဟုတ္ဝာ ၍)၊ သဂ္ဂသမ္ပတ္တိံ နတ်ပြည်စည်းစိမ်ကို၊ ဒေတိ ပေးနိုင်၏၊ တသ္မာ ကြောင့်၊ မဟပ္ဖလတရဉ္စာတိ သာ၍များသော အကျိုးရင်းရှိ၏ဟူ၍၎င်း၊ မဟာနိသံသတရဉ္စာတိ သာ၍ များသော အကျိုးဆက် ရှိ၏ဟူ၎င်း၊ ဝေဒိတဗ္ဗံ သိထိုက်၏။

သရဏဂုံယူရာ၌ ရတနာသုံးပါးကို ယုံကြည်၍ ယူသူသည် ပုထုဇဉ် အဖြစ်မှာပင် ရှိစေကာမူ "သင်သည် ယူအပ်သော သရဏ ဂုံကို မဖျက်လျှင် သင်၏အသက်ကို သတ်မည်"ဟု တစုံတယောက်က ခြိမ်းချောက်သော်လည်း "အသက်ကိုသာ အသေခံမည်၊ သရ ဏဂုံကိုကား မဖျက်"ဟု စွဲစွဲမြဲမြဲ ယူအပ်သော သရဏဂုံကို ရည်ရွယ်၍ "သံဃိကဝိဟာရဒါနထက် အကျိုးကြီးသည်"ဟု မိန့်တော်မူ သည်။

အဂ္ဂတော ဝေ ပသန္နာနံ၊ အဂ္ဂံ ဓမ္မံ ဝိဇာနတံ။
အဂ္ဂေ ဗုဒ္ဓေ ပသန္နာနံ၊ ဒက္ခိဏေယျေ အနုတ္တရေ။
အဂ္ဂေ ဓမ္မေ ပသန္နာနံ၊ ဝိရာဂူပသမေ သုခေ။
အဂ္ဂေ သံဃေ ပသန္နာနံ၊ ပုညက္ခေတ္တေ အနုတ္တရေ။
အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊ အဂ္ဂံ ပုညံ ပဝဍ္ဎတိ။
အဂ္ဂံ အာယု စ ဝဏ္ဏော စ၊ ယသော ကိတ္တိ သုခံ ဗလံ။
အဂ္ဂဿ ဒါတာ မေဓာဝီ၊ အဂ္ဂဓမ္မသမာဟိတော။
ဒေဝဘူတော မနုဿော ဝါ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။
(အံ၊ ၁၊ ၃၄၄။ ခု၊ ၁၊ ဣတိဝုတ္တက၊ အဂ္ဂပ္ပသာဒသုတ်၊ ၂၅၅။)

အမြတ်ဆုံး ရတနာသုံးပါး၌ ကြည်ညိုကုန်၍ ရတနာသုံးပါး၏အမြတ်ဆုံးသဘော(ဂုဏ်)ကို သိကုန်လျက် မြတ်သောအလှူကို ခံထိုက်ကာ အတုမရှိသည့်အမြတ်ဆုံးဘုရား၌ ကြည်ညိုကုန်သောသူတို့အားလည်းကောင်း,အလုံးစုံသော ကိလေသာတို့ကင်းပြတ်ကြောင်း ငြိမ်းအေးကြောင်းဖြစ်၍ ဝဋ်ဆင်းရဲကုန်ခြင်းဖြင့် ချမ်းသာသည့်အမြတ်ဆုံးတရား၌ ကြည်ညိုသူတို့အားလည်းကောင်း, အတုမရှိ ကောင်း မှုတည်းဟူသော မျိုးစေ့၏စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သည့် အမြတ်ဆုံးသံဃာ၌ကြည်ညိုသူတို့အားလည်းကောင်း, အ မြတ်ဆုံးဖြစ်သော ရတနာသုံးပါး၌ အလှူကို ပေးလှူကုန်သောသူတို့အားလည်းကောင်း အမြတ်ဆုံး ကုသိုလ်သည် တိုးပွား၏၊ ပြန့်ပြော များမြတ်သော အသက်သည်လည်းကောင်း, အဆင်းသည်လည်းလောင်း, အခြံအရံသည်လည်းကောင်း, အကျော်အစောသည်လည်းကော င်း, ချမ်းသာသည်လည်းကောင်း, ခွန်အားသည်လည်းကောင်း တိုးပွား၏။

အမြတ်ဆုံးဖြစ်သော ရတနာသုံးပါးအား ပေးလှူတတ်သော အမြတ်ဆုံးဖြစ်သော ကြည်ညိုမှု, ပေးလှူမှုစသော တရားနှင့်ပြည့်စုံ သောပညာရှိသည် နတ်ဖြစ်သော်လည်းကောင်း, လူဖြစ်သော်လည်းကောင်း အမြတ်ဆုံးဖြစ်သော မဂ်ဖိုလ်ကို ရသည်ဖြစ်၍ ဝမ်းမြောက်ရ ၏။

ဆတ္တမာဏဝနတ်သား။ ။ ဘုရားရှင် သာဝတ္ထိမြို့တော်အနီး ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆတ္တမည်သော ပုဏ္ဏား လုလင်သည် အရွယ်ရောက်လတ်သော် ဖခင်သည် စေလွှတ်အပ်သည်ဖြစ်၍ ဥက္ကဋ္ဌမြို့နေ ပေါက္ခရသာတိပုဏ္ဏားဆရာကြီး၏အထံတွင် ပုဏ္ဏားတို့တတ်အပ်သောအတတ်ပညာ အပြီးတိုင်တတ်မြောက်လျက် ဆရာ့ကန်တော့ဖို့ ငွေယူရန် သာဝတ္ထိသို့ ပြန်လာခဲ့လေသည်။

မိဘတို့မှ ငွေအသပြာတစ်ထောင်ယူ၍ ဥက္ကဋ္ဌမြို့သို့ ပြန်အသွားတွင် လမ်းခရီးအကြား၌ ဘုရားရှင်၏အထံမှာ သရဏဂုံ သီလ

တို့ကို ခံယူဆောက်တည်လျက် ဆက်လက်သွားရာ ခိုးသူတယောက်၏ ဆိပ်လူးမြားဖြင့် ပစ်ခတ်ခံရလေသည်၊ ပုဏ္ဏားလုလင်သည် ရတနာသုံးပါး၏ဂုဏ်ကို အောက်မေ့လျက် ကွယ်လွန်ရသောကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သမီးတထောင်ခြံရံကာ ရွှေဗိမာန်ရှင် ဆတ္တမာဏဝအမည်ရှိ နတ်သားဖြစ်ခဲ့လေသည်။ (ခုဒ္ဒကနိကာယ်၊ ၂၊ ဝိမာနဝတ္ထု၊ ဆတ္တမာဏဝကဝိမာနဝတ္ထု၊ ၇၆ ၈၀။ ဝိမာနဝတ္ထုအဋ္ဌကထာ၊ ၂၁၂ ၂၂၅။)

တိသရဏဂမနိယထေရ်။ ။ ဝိပဿီဘုရားရှင်လက်ထက်တော်၌ မျက်မမြင် မိဘတို့ကို လုပ်ကျွေးသော အမျိုးကောင်းသားတဦးသည် အဂ္ဂသာဝကနိဿဘထေရ်ထံမှ သရဏဂုံသုံးပါးကို ခံယူလျက် အနှစ်တသိန်းပတ်လုံး စောက်ရှောက်ခဲ့သော ကောင်းမှုကြောင့် သေလွန်သည့်အခါ တာဝတိံသာဘုံ၌ဖြစ်ရလေသည်၊ ထို့နောက် သံသရာ၌ကျင်လည်နေရစဉ်အတွင်းဝယ် လူ့စည်းစိမ်, နတ်စည်းစိမ်တို့ကို ကြိမ်ဖန်များစွာ ခံစားလျက် ငါတို့ဘုရားရှင်လက်ထက်တော်၌ သာဝတ္ထိမြို့တော်တွင် ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝသောအမျိုးမှာ ဖြစ်ရသည်၊ ခုနစ်နှစ်သားအရွယ်တွင်(ကစားဖော်)သူငယ်ချင်းများနှင့်အတူ ကျောင်းတိုက်တတိုက်သို့ သွားသောအခါ ရဟန္တာတပါးက တရားဟော၍ သရဏဂုံပေးလေသည်၊ ထိုသူငယ်သည် သရဏဂုံယူပြီး, မိမိ၏ရှေးဘဝ၌ဆောက်တည်ခဲ့သော သရဏဂုံကို အောက်မေ့လျက် ဝိပဿနာပွားများသောကြောင့် ရဟန္တာဖြစ်ခဲ့လေသည်။ (ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိ၊ ၁၊ တိသရဏဂမနိယတ္ထေရအပဒါန်၊ ၈၂ ၈၄။ အပဒါနဋ္ဌကထာ၊ ၂၊ ၃၉ ၄၀။)

သရဏဂမနိယထေရ်။ ။ သရဏဂမနိယထေရ်၏အကြောင်းကား ပဒုမုတ္တရဘုရားရှင်လက်ထက်တော်၌ ဟိမဝန္တာဝယ် နတ်မင်းဖြစ်ခဲ့လေသည်၊ ထိုနတ်မင်းသည် အခြားသော နတ်ဘီးလူးမင်းနှင့် စစ်ပြင်ချိန်တွင် ပဒုမုတ္တရဘုရားရှင်ကြွရောက်တော်မူလျက် တရားရေအေးတိုက်ကျွေးသဖြင့် စစ်ပြေငြိမ်းခဲ့လေသည်၊ ထိုစဉ် ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်သော သရဏဂုံကောင်းမှုကြောင့် လူ့နတ်စည်းစိမ်းကို ကြိမ်ဖန်များစွာခံစားရလျက် ငါတို့ဘုရားရှင်လက်ထက်တော်၌ ရဟန္တာဖြစ်ခဲ့လေသည်။ (ခုဒ္ဒကနိကာယ်၊ထေရာပဒါနပါဠိ၊၁၊ သရဏဂမနိယတ္ထေရအပဒါန်၊ ၁၆၂ ၁၆၃။အပဒါနဋ္ဌကထာ၊ ၂၊ ၁၁၀။)

သရဏဂုံညစ်နွမ်းခြင်း။ ။ လောကီသရဏဂုံမှာ ညစ်နွမ်းခြင်းရှိသော်လည်း လောကုတ္တရာသရဏဂုံမှာမူကား ညစ်နွမ်းခြင်းမရှိ။ လောကီသရဏဂုံ၏ညစ်နွမ်းခြင်းတို့ကား ရတနာ ၃ ပါး၏ဂုဏ်တော်ကို လုံးလုံးမသိခြင်း, ပြင်းစွာ တွေဝေခြင်း (အညာဏ), ဘုရားဟုတ်လေသလော?, မဟုတ်လေသလော?-ဟု ယုံမှားခြင်း(သံသယ), ရတနာ၃-ပါး၏အရဟံစသော ဂုဏ်တော်ကိုပင် ဂုဏ်မဟုတ် ဟု ပြောင်းပြန်ယူခြင်း(မိစ္ဆာဉာဏ), ရတနာ၃-ပါးကို မရိုသေခြင်း(အနာဒရ), မလေးစားခြင်း(အဂါရဝ)တို့တည်း။ သရဏဂုံ၏အကျိုးမပြန့်နှံ့ခြင်း, မတောက်ပခြင်း, မမြင့်မြတ်ခြင်းတို့လည်း သရဏဂုံ၏ညစ်နွမ်းခြင်းတို့ပင်တည်း။

လောကိယသရဏဂမနံ တီသု ဝတ္ထူသု(ကုသိုလ်စိတ်၏တည်ရာ ရတနာ ၃ ပါးတို့၌) အညာဏသံသယမိစ္ဆာဉာဏာဒီဟိ သံကိလိဿတိ၊ န မဟာဇုတိကံ ဟောတိ န မဟာဝိပ္ဖါရံ၊ လောကုတ္တရဿ နတ္ထိ သံကိလေသော။ (ဒီ၊ ဋ္ဌ၊ ၁၊ ၂၀၉။)

အညာဏံ ဝတ္ထုတ္တယဿ ဂုဏာနံ အဇာနနံ တတ္ထ သမ္မောဟော။ "ဗုဒ္ဓေါ နု ခေါ၊ န နု ခေါ"တိအာဒိနာ ဝိစိကိစ္ဆာ သံသယော။ မိစ္ဆာဉာဏံ တဿ ဂုဏာနံ အဂုဏဘာဝပရိကပ္ပနေန ဝိပရီတဂ္ဂါဟော။ အာဒိသဒ္ဒေန အနာဒရာဂါရဝါဒီနံ သင်္ဂဟော။ န မဟာဇုတိကန္တိ န ဥဇ္ဇလံ၊ အပရိသုဒ္ဓံ အပရိယောဒါတန္တိ အတ္ထော။ န မဟာဝိပ္ဖါရန္တိ အနုဠာရံ။ (သီလက္ခန္ဓဝဂ္ဂဋီကာ၊၂၈၂။)

သံသယော နာမ "ဗုဒ္ဓေါ နု ခေါ, န နု ခေါ"တိအာဒိနာ (ဒီ၊ ဋ္ဌ၊ ၂၊ ၁၈၅။ မ၊ ဋ္ဌ၊ ၂၊ ၁၁၉,၂၂၀) ဝိစိကိစ္ဆာ။ မိစ္ဆာဉာဏံ နာမ ဝတ္ထုတ္တယဿ ဂုဏာနံ အဂုဏဘာဝပရိကပ္ပနေန ဝိပရီတဂ္ဂါဟော။...န မဟာဇုတိကန္တိအာဒိပိ သံကိလေသပရိယာယောဧဝ။ တတ္ထ န မဟာဇုတိကန္တိ န မဟုဇ္ဇလံ။ အပရိသုဒ္ဓံ အပရိယောဒါတန္တိ အတ္ထော။ န မဟာဝိပ္ဖါရန္တိ န မဟာနုဘာဝံ၊ အပဏီတံ အနုဠာရန္တိ အတ္ထော။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၈၇။)

သရဏဂုံ၏ပျက်ခြင်း။ ။ လောကီသရဏဂုံ၏ပျက်ခြင်းသည် (၁) အပြစ်ရှိသော ပျက်ခြင်း, (၂) အပြစ်မရှိသော ပျက်ခြင်း ဟူ၍ နှစ်မျိုးပြား၏။ အပြစ်ရှိသော သရဏဂုံပျက်ခြင်းသည် သာသနာတွင်းဆရာမှ တစ်ပါးသောဆရာအစရှိသည်တို့၌ မိမိကို အပ်နှင်းခြင်းအစရှိသည်တို့ကြောင့် ဖြစ်၏၊ ထိုသို့ ပျက်ရခြင်းသည် မကောင်းသောအကျိုးရှိ၏။ အပြစ်ရှိသည်ဟူရာ၌ သာသနာပဆရာတို့ကို ချစ်ခင်ခြင်းတဏှာ, ထိုဆရာတို့၏အယူကိုပင် အမှန်ထင်သော မိစ္ဆာဒိဋ္ဌိအစရှိသည်တို့ကြောင့် ဖြစ်၏။ (၂) အပြစ်မရှိသောပျက်ခြင်းကား သေခြင်းကြောင့် ဖြစ်၏၊လောကီသရဏဂုံသည် သေလျှင် ပျက်၏။ ထိုသို့ပျက်ရခြင်းသည် အပြစ်မရှိ။ အပြစ်မရှိဟူရာ၌ သာသနာပဆရာတို့၌ ချစ်ခင်ခြင်းတဏှာ, ထိုဆရာတို့၏အယူကို အမှန်ထင်သော မိစ္ဆာဒိဋ္ဌိအစရှိသည်တို့မှ ကင်းသောကြောင့်ပင်တည်း။

လောကိယဿ စ သရဏဂမနဿ ဒုဝိဓော ဘေဒေါ သာဝဇ္ဇော စ အနဝဇ္ဇော စ။ တတ္ထ သာဝဇ္ဇော အညသတ္ထာရာဒီသု အတ္တသန္နိယျာတနာဒီဟိ ဟောတိ၊ သော စ အနိဋ္ဌဖလော ဟောတိ။ အနဝဇ္ဇော ကာလကိရိယာယ ဟောတိ၊ သော အဝိပါကတ္တာ အဖလော။ လောကုတ္တရဿ ပန နေဝတ္ထိ ဘေဒေါ၊ ဘဝန္တရေပိ ဟိ အရိယသာဝကော အညံ သတ္ထာရံ န ဥဒ္ဒိသတီတိ။ ဇဝံ သရဏဂမနဿ သံကိလေသော စ ဘေဒေါ စ ဝေဒိတဗ္ဗောတိ။ (ဒီ၊ ဋ္ဌ၊ ၁၊ ၂၀၉။)

သာဝဇ္ဇောတိ တဏှာဒိဋ္ဌာဒိဝသေန သဒေါသော၊ လောကိယသရဏဂမနံ သိက္ခာသမာဒါနံ ဝိယ အဂ္ဂဟိတကာလပရိစ္ဆေဒံ ဇီဝိတပရိယန္တမေဝ ဟောတိ၊ တသ္မာ တဿ ခန္ဓဘေဒေန ဘေဒေါတိ အာဟ "အနဝဇ္ဇော ကာလကိရိယာယာ"တိ။ သောတိ အနဝဇ္ဇော သရဏဂမနဘေဒေါ။ သတိပိ အနဝဇ္ဇတ္တေ ဣဋ္ဌဖလောပိ န ဟောတီတိ အာဟ "အဖလော"တိ။ ကသ္မာ? အဝိပါကတ္တာ။ န ဟိ တံ အကုသလန္တိ။ (သီလက္ခန္ဓဝဂ္ဂဋီကာ၊ ၂၈၂။)

သော စ(သေ၍သရဏဂုံပျက်ခြင်းသည်ကား) တဏှာဒိဋ္ဌာဒိဝိရဟိတတ္တာ အဒေါသောတိ အာဟ "အနဝဇ္ဇော ကာလကိရိယာယ ဟောတီ"တိ။ သောတိ အနဝဇ္ဇော သရဏဂမနဘေဒေါ။ သတိပိ အနဝဇ္ဇတ္တေ ဣဋ္ဌဖလောပိ န ဟောတိ၊ ပဂေဝ အနိဋ္ဌဖလော အဝိပါကတ္တာ။ န ဟိ တံ အကုသလံ(ကုသလာကုသလံ-က) ဟောတိ၊ အထ ခေါ ဘေဒနမတ္တန္တိ အဓိပ္ပါယော။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊၁၈၇။)

ကာလံ ကိရိယာယ။ သရဏဂုံဆောက်တည်မှုသည် သီလဆောက်တည်မှုနှင့် တူ၏၊ သီလသည် ကာလအပိုင်းအခြား ရှိ မရှိ ၂-မျိုးဖြစ်၏၊ သရဏဂုံဆောက်တည်မှုလည်း ထို့အတူပင်တည်း၊ ကာလအပိုင်းအခြား မရှိပဲ ဆောက်တည်လျှင် သေမှ သရဏဂုံ ပျက်သည်။

မှတ်ချက်။။ သေလျှင် သရဏဂုံပျက်သောကြောင့် ယခုအခါ လူသေလျှင် သရဏဂုံတင်ကြဟန်တူသည်၊ သို့သော် အလောင်း ကောင်သည် သရဏဂုံ မယူနိုင်ပါ၊ သေသူက အနားမှာဖြစ်နေလျှင်သာ ယူနိုင်စရာရှိပါသည်။ (သီလက္ခန်ဘာသာဋီကာ၊ ၃၊ ၂၅၄။)

လောကုတ္တရာသရဏဂုံကား ညစ်နွမ်းခြင်း, ပျက်စီးခြင်း မရှိ၊ ဤဘဝကို မဆိုထားနှင့် ဘဝတပါး၌သော်လည်း အရိယာ ပုဂ္ဂိုလ်သည် သာသနတွင်းဆရာမှ အခြားသောဆရာကို ဆရာဟူ၍ မညွှန်ပြတော့ပါ၊ ထို့ကြောင့် လောကုတ္တရာသရဏဂုံသည် ဘယ် တော့မှ မပျက်စီးတော့ပါ။

လောကုတ္တရဿ ပန နေဝတ္ထိ ဘေဒေါ၊ ဘဝန္တရေပိ ဟိ အရိယသာဝကော အညံ သတ္ထာရံ န ဥဒ္ဒိသတီတိ။ ဇဝံ သရဏဂမ နဿသံကိလေသော စ ဘေဒေါ စ ဝေဒိတဗ္ဗော။ (ဒီ၊ ဋ္ဌ၊ ၁၊ ၂၀၉။)

ဘဝန္တရေပီတိ အညသ္မိံ ဘဝေ။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၈၇။)

* * * * *

## ဥပါသကာနှင့်စပ်သွယ် သိမှတ်ဖွယ်

ဥပါသကာနှင့်ပတ်သက်၍ သိမှတ်စရာများကား......

(၁) အဘယ်သူသည် ဥပါသကာမည်ပါနည်း?

(၂) အဘယ်ကြောင့် ဥပါသကာ-ဟု ခေါ်သနည်း?

(၃) ဥပါသကာ၏သီလသည် အဘယ်နည်း?

(၄) ဥပါသကာ၏အသက်မွေးဝမ်းကြောင်းသည် အဘယ်နည်း?

(၅) ဥပါသကာ၏ပျက်စီးခြင်းသည် အဘယ်နည်း?

(၆) ဥပါသကာ၏ပြည့်စုံခြင်းသည် အဘယ်နည်း?

ဤမေးခွန်းများနှင့်အဖြေများပင်တည်း။

ဥပါသကဝိဓိကောသလ္လတ္ထံ ပနေတ္ထ ကော ဥပါသကော, ကသ္မာ ဥပါသကောတိ ဝုစ္စတိ၊ ကိမဿ သီလံ, ကော အာဇီဝေါ, ကာ ဝိပတ္တိ, ကာ သမ္ပတ္တီတိ ဣဒံ ပကိဏ္ဏကံ ဝေဒိတဗ္ဗံ။(ဒီ၊ ဋ္ဌ၊ ၁၊ ၂၀၉။)

ဥပါသကဝိဓိကောသလ္လတ္ထန္တိ ဥပါသကဘာဝဝိဓာနကောသလ္လတ္ထံ။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၈၈။)

"ဥပါသကဘာဝဝိဓာန"ဟု ဘာဝသဒ္ဒါထည့်၍ ဋီကာသစ်ဖွင့်သောကြောင့် "ဥပါသက"၌ ဘာဝပစ္စည်း ဘာဝလောပ ကြံပါ၊ ဥပါသကာ အစစ်၏ဖြစ်ကြောင်းဖြစ်ရာဟူသည် ရတနာ၃ ပါးကို ဆည်းကပ်ရုံသာ မက, သီလရှိခြင်း, အသက်မွေးမှု၏သမ္မာအာဇီဝ

ဖြစ်ခြင်းစသည်တို့တည်း။ (သီလက္ခန်ဘာသာဋီကာ၊ ၃၊ ၂၅၅။)

(၁) အဘယ်သူသည် ဥပါသကာမည်သနည်း? ရတနာ၃-ပါး၌ ကိုးကွယ်ရာဟူ၍ ဆည်းကပ်တတ်သော လူဝတ်ကြောင်သည်"ဥပါသကာ"မည်ပါသည်။

ကော ဥပါသကောတိ ယော ကောစိ သရဏဂတော ဂဟဋ္ဌော။ ဝုတ္တဉှေတံ "ယတော ခေါ မဟာနာမ ဗုဒ္ဓံ သရဏံ ဂတော ဟောတိ၊ ဓမ္မံ သရဏံ ဂတော ဟောတိ၊ သံဃံ သရဏံ ဂတော ဟောတိ။ ဧတ္တာဝတာ ခေါ မဟာနာမ ဥပါသကော ဟောတီတိ

(သံ၊ ၃၊၃၄၄ မဟာဝဂ္ဂ-သောတာပတ္တိသံယုတ်)။ (ဒီ၊ ဋ၊ ၁၊ ၂၀၉။)

ယော ကောစီတိ ခတ္တိယာဒီသု ယော ကောစိ၊ တေန သရဏဂမနမေဝ ကာရဏံ၊ န ဇာတိအာဒိဝိသေသောတိ ဒဿေတိ။ (သီလက္ခန္ဓဝဂ္ဂဋီကာ၊၂၈၂။) သရဏဂုံ ၃-ပါး ဆည်းကပ်သူ ဟူသမျှကို "ဥပါသကာ (ဥပါသိကာ)"ဟု ခေါ်နိုင်ရကား မင်း ပုဏ္ဏားစသော အမျိုးဇာတ်အနွယ်တို့သည် ဥပါသကဖြစ်ဖို့ အရေးအခင်း၌ လိုရင်းမဟုတ်ဟု ယောကောစိပါဌ်ဖြင့် ပြသည်။

(၂) အဘယ်ကြောင့် ဥပါသကာ-ဟု ခေါ်သနည်း? ရတနာ၃-ပါးကို ဆည်းကပ်တတ်သည်၏အဖြစ်ကြောင့်"ဥပါသကာ"ဟု ခေါ်ပါသည်။

ကသ္မာ ဥပါသကောတိ ရတနတ္တယံ ဥပါသနတော။ သော ဟိ ဗုဒ္ဓံ ဥပါသတီတိ ဥပါသကော။ တထာ ဓမ္မံ သံဃံ။(ဒီ၊ဋ၊၁၊ ၂၀၉)

ဥပါသနတောတိ တေနေဝ သရဏဂမနေန, တတ္ထ စ သက္ကစ္စကိရိယာယ အာဒရဂါရဝဗဟုမာနာဒိယောဂေန ပယိရုပါသနတော။ (သီလက္ခန္ဓဝဂ္ဂဋီကာ၊ ၂၈၂။)

ရတနာ ၃-ပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်းဟူသည် အရိုအသေပြုခြင်း, လေးစားခြင်း, မြတ်နိုးခြင်းစသည်နှင့် ယှဉ်သဖြင့် ဆည်းကပ်ခြင်းပင်တည်း။

(၃) ဥပါသကာ၏သီလသည် အဘယ်နည်း? ငါးပါးသီလသည် "ဥပါသကာ၏သီလ"တည်း။

ကိမဿ သီလန္တိ ပဉ္စ ဝေရမဏိယော။ ယထာဟ"ယတော ခေါ မဟာနာမ ဥပါသကော ပါဏာတိပါတာ ပဋိဝိရတော ဟောတိ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာ၊ မုသာဝါဒါ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဟောတိ၊ ဧတ္တာဝတာ ခေါ မဟာနာမ ဥပါသကော သီလဝါ ဟောတီတိ (သံ၊ ၃၊ ၃၄၅ မဟာဝဂ္ဂ-သောတာပတ္တိသံယုတ်)။(ဒီ၊ ဋ၊ ၁၊ ၂၀၉။)

ကိမဿ သီလန္တိ ကီဒိသံ အဿ ဥပါသကဿ သီလံ၊ ကိတ္တကေန သီလေနာယံ သီလသမ္ပန္နော နာမ ဟောတီတိ အတ္ထော။

(သီလက္ခန္ဓဝဂ္ဂဋီကာ၊ ၂၈၂။)

ဝေရမဏိယောတိ ဝေရံ ဝုစ္စတိ ပါဏာတိပါတာဒိဒုဿီလျံ၊ တဿ မဏနတော ဟနနတော ဝိနာသနတော ဝေရမဏိယော၊ ပဉ္စ ဝိရတိယော ဝိရတိပဓာနတ္တာ တဿ သီလဿ၊ တေနေဝါဟ "ပဋိဝိရတော ဟောတီ"တိ။ (သီလက္ခန္ဓဝဂ္ဂဋီကာ၊ ၂၈၃။)

ဤ၌ ပါဏာတိပါတစသော ၅-မျိုးမှ ရှောင်ကြဉ်ကြောင်းဖြစ်သော ဝိရတိတို့ကို "ဝေရမဏီ"ဟု ခေါ်၏။

(၄) ဥပါသကာ၏အသက်မွေးဝမ်းကြောင်းသည် အဘယ်နည်း? မှားယွင်းသော ကူးသန်းရောင်းဝယ်မှုငါးမျိုးကို ပယ်စွန့်၍ တရားမကင်းသောအသက်မွေးမှု, မှုမှုတတ အသက်မွေးမှုတို့ကို ပြုခြင်းသည် "ဥပါသကာ၏အသက်မွေးဝမ်းကြောင်း"ဖြစ်၏။

မှားယွင်းသောကူးသန်းရောင်းဝယ်မှု(မိစ္ဆာဝဏိဇ္ဇာ)ငါးမျိုးကား

(၁)သတ္ထဝဏိဇ္ဇာ=လက်နက်ကို ကူးသန်းရောင်းဝယ်ခြင်း၊

(၂) သတ္တဝဏိဇ္ဇာ=လူသတ္တဝါကို ကူးသန်းရောင်းဝယ်ခြင်း၊

(၃) မံသဝဏိဇ္ဇာ=တိရစ္ဆာန်တို့ကို မွေးမြူ၍ အသားကို ကူးသန်းရောင်းဝယ်ခြင်း၊

(၄) မဇ္ဇဝဏိဇ္ဇာ=သေရည်အရက်ကို ကူးသန်းရောင်းဝယ်ခြင်း၊

(၅) ဝိသဝဏိဇ္ဇာ=အဆိပ်ကို ကူးသန်းရောင်းဝယ်ခြင်း-တို့တည်း။

ကော အာဇီဝေါတိ ပဉ္စ မိစ္ဆာဝဏိဇ္ဇာ ပဟာယ ဓမ္မေန သမေန ဇီဝိတကပ္ပနံ။ ဝုတ္တဉှေတံ "ပဉ္စိမာ ဘိက္ခဝေ ဝဏိဇ္ဇာ ဥပါသကေန အကရဏီယာ။ ကတမာ ပဉ္စ? သတ္ထဝဏိဇ္ဇာ သတ္တဝဏိဇ္ဇာ မံသဝဏိဇ္ဇာ မဇ္ဇဝဏိဇ္ဇာ ဝိသဝဏိဇ္ဇာ။ ဣမာ ခေါ ဘိက္ခဝေ ပဉ္စ ဝဏိဇ္ဇာ ဥပါသကေန အကရဏီယာ"တိ(အံ၊ ၂၊ ၁၈၃)။ (ဒီ၊ ဋ၊ ၁၊ ၂၁၀။)

ဝဏိဇ္ဇာတိ ဝါဏိဇကမ္မာနိ။ ဥပါသကေနာတိ တိသရဏဂတေန။ သတ္ထဝဏိဇ္ဇာတိ အာဝုဓဘဏ္ဍံ ကာရေတွာ တဿ ဝိက္ကယော။ သတ္တဝဏိဇ္ဇာတိ မနုဿဝိက္ကယော။ မံသဝဏိဇ္ဇာတိ သူကရမိဂါဒယော ပေါသေတွာ တေသံ ဝိက္ကယော။ မဇ္ဇဝဏိဇ္ဇာတိ ယံ ကိဉ္စိ မဇ္ဇံ ကာရေတွာ တဿ ဝိက္ကယော။ ဝိသဝဏိဇ္ဇာတိ ဝိသံ ကာရေတွာ တဿ ဝိက္ကယော။ ဣတိ သဗ္ဗမ္ပိ ဣမံ ဝဏိဇ္ဇံ နေဝ အတ္တနာ ကာတုံ, န ပရေ သမာဒပေတွာ ကာရေတုံ ဝဋ္ဋတိ။ (အံ၊ ဋ္ဌ၊ ၃၊ ၆၂။)

ဤရောင်းဝယ်ကုန်သွယ်မှုငါးမျိုးကို ကိုယ်တိုင်လည်း မပြုထိုက်, သူတပါးကိုလည်း မပြုစေထိုက်။

သတ္ထဝဏိဇ္ဇာတိ အာဝုဓဘဏ္ဍံ ကတွာ ဝါ ကာရေတွာဝါ ကတံ ဝါ ပဋိလဘိတွာ တဿ ဝိက္ကယော။ အာဝုဓဘဏ္ဍံ ကာရေတွာ တဿ ဝိက္ကယောတိ ဣဒံ ပန နိဒဿနမတ္တံ။ သူကရမိဂါဒယော ပေါသေတွာ တေသံ ဝိက္ကယောတိ သူကရမိဂါဒယော ပေါသေတွာ တေသံ မံသံ သမ္ပာဒေတွာ ဝိက္ကယော။ (အံ၊ ဋီ၊ ၃၊ ၅၃။)

မိစ္ဆဝဏိဇ္ဇာတိ န သမ္မာဝဏိဇ္ဇာ အယုတ္တဝဏိဇ္ဇာ အသာရုပ္ပဝဏိဇ္ဇာ(အလွဲအမှား, မမှန်မကန်, မသင့်မလျော်သော ကူးသန်းရောင်းဝယ်ခြင်း)။

ဓမ္မေနာတိ ဓမ္မတော အနပေတေန၊ တေန အညမ္ပိ အဓမ္မိကံ ဇီဝိကံ ပဋိက္ခိပတိ။(ဓမ္မေန ဖြင့် "တရားမှ မကင်းသောအသက်မွေးခြင်းဖြင့်"ဟု ဖွင့်ဆိုခြင်းကြောင့် ထိုပါဠ်ဖြင့် မိစ္ဆာဝဏိဇ္ဇာမှတပါးသော မတရားအသက်မွေးမှုဟူသမျှကို ပယ်၏။

သမေနာတိ အဝိသမေန၊ တေန ကာယဝိသမာဒိဒုစ္စရိတံ ဝဇ္ဇေတွာ ကာယသမာဒိနာ သုစရိတေန ဇီဝိကံ ဒဿေတိ။ သမေနာတိ သမေန ဟူသည်ကား၊ အဝိသမေန သူ့ဖို့ ကိုယ့်ဖို့ မမျှမတမဟုတ်, မျှတသော အသက်မွေးခြင်းဖြင့်၊ တေန ထိုဓမ္မေနပါဠ်ဖြင့်၊ အညံ မိစ္ဆာဝဏိဇ္ဇာမှတပါးသော၊ အဓမ္မိကံ ဇီဝိကမ္ပိ မတရားအသက်မွေးမှုဟူသမျှကိုလည်း၊ ပဋိက္ခိပတိ ပယ်၏။

သတ္ထဝဏိဇ္ဇာတိ အာဝုဓဘဏ္ဍံ ကတွာ ဝါ ကာရေတွာ ဝါ ယထာဘတံ ဝါ ပဋိလဘိတွာ တဿ ဝိက္ကယော။ [လက်နက်ဘဏ္ဍာကို ကိုယ်တိုင်ပြုလုပ်၍ဖြစ်စေ, သူတပါးကို ပြုလုပ်စေ၍ဖြစ်စေ, အလိုအလျောက်ရ၍ဖြစ်စေ ထိုလက်နက်ဘဏ္ဍာကို ရောင်းဝယ်ကုန်သွယ်ခြင်း။]

သတ္တဝဏိဇ္ဇာတိ မနုဿဝိက္ကယော။ မံသဝဏိဇ္ဇာတိ သူနကာရာဒယော ဝိယ မိဂသူကရာဒိကေ ပေါသေတွာ မံသံ သမ္ပာဒေတွာ ဝိက္ကယော။ မဇ္ဇဝဏိဇ္ဇာတိ ယံ ကိဉ္စိ မဇ္ဇံ ယောဇေတွာ တဿ ဝိက္ကယော။ [သေရည်အရက် မူးယစ်ဆေးဝါးကို ပြုလုပ်၍ ရောင်းဝယ်ကုန်သွယ်ခြင်း။] ဝိသဝဏိဇ္ဇာတိ ဝိသံ ယောဇေတွာ ဝါ ဝိသံ ဂဟေတွာ ဝါ တဿ ဝိက္ကယော။ (သီလက္ခန္ဓဝဂ္ဂဋီကာ၊ ၂၈၃။ သီလက္ခန္ဓအဘိနဝဋီကာ၊၂၊၁၈၉ ၁၉၀။)

တတ္ထ သတ္ထဝဏိဇ္ဇာ ပရောပရောဓနိမိတ္တတာယ အကရဏီယာ ဝုတ္တာ၊ သတ္တဝဏိဇ္ဇာ အဘုဇိဿဘာဝကရဏတော၊ မံသဝဏိဇ္ဇာ ဝဓဟေတုတော၊ မဇ္ဇဝဏိဇ္ဇာ ပမာဒဋ္ဌာနတော။ (သီလက္ခန္ဓဝဂ္ဂဋီကာ၊ ၂၈၃။)

တတ္ထ သတ္ထဝဏိဇ္ဇာ ပရောပရောဓနိမိတ္တတာယ အကရဏီယာတိ ဝုတ္တာ၊ သတ္တဝဏိဇ္ဇာ အဘုဇိဿဘာသကရဏတော၊ မံသဝဏိဇ္ဇာ ဝဓဟေတုတော၊ မဇ္ဇဝဏိဇ္ဇာ ပမာဒဋ္ဌာနတော၊ ဝိသဝဏိဇ္ဇာ ပရူပဃာတကရဏတော။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊၂၊၁၉၀။)

သတ္ထဝဏိဇ္ဇာ။ ။ လက်နက်ကို ကိုယ်တိုင်လုပ်၍ဖြစ်စေ, အလုပ်ခိုင်း၍ဖြစ်စေ, လုပ်ပြီးသည်ကို ရ၍ဖြစ်စေ သူတပါးကို နှိပ်စက်ကြောင်းဖြစ်၍ "ထိုလက်နက်အရောင်းအဝယ်ကို မပြုထိုက်"ဟု တားမြစ်တော်မူသည်။

သတ္တဝဏိဇ္ဇာ။ ။ လူသတ္တဝါကို အရောင်းအဝယ် ကုန်သွယ်ခြင်းသည် ထိုသို့အရောင်းခံရသူအဖို့ သူ့ကိုယ်သူ မပိုင်တော့သဖြင့် ကျွန်,ကျွန်မ, ကျွန်မယားဖြစ်သွားသောကြောင့် "ထိုလူအရောင်းအဝယ်ကို မပြုထိုက်"ဟု တားမြစ်တော်မူသည်။

မံသဝဏိဇ္ဇာ။ ။ သားသတ်သမားအစရှိသူတို့ကဲ့သို့ သမင် ဝက်စသော တိရစ္ဆာန်တို့ကို မွေးမြူ၍ အသားကို တိုးပွါးစေ, ပြည့်စုံစေလျက် ရောင်းဝယ်ခြင်း၊ ထိုသားကောင်တို့ကို သတ်ကြမည်ဖြစ်သောကြောင့် "ထိုအရောင်းအဝယ်ကို မပြုထိုက်"ဟု တားမြစ်တော်မူသည်။

မဇ္ဇဝဏိဇ္ဇာ။ ။ သေရည်အရက်ကို ကိုယ်တိုင်လုပ်၍ဖြစ်စေ, အလုပ်ခိုင်း၍ ဖြစ်စေ, လုပ်ပြီးသည်ကို ယူ၍ ဖြစ်စေ ရောင်းဝယ်ခြင်း၊ ထိုသေရည်အရက်ကို သောက်သူမှာ ကုသိုလ်ကောင်းမှု၌ မေ့လျော့ကြောင်း ဖြစ်သောကြောင့် "ယင်းရောင်းဝယ်မှုကို မပြုထိုက်"ဟု တားမြစ်တော်မူသည်။

ဝိသဝဏိဇ္ဇာ။ ။ အဆိပ်ကို (ကိုယ်တိုင်)ဖော်စပ်၍သော်လည်းကောင်း, ဖော်စပ်သူတို့ကို ချီးမြှောက်၍သော်လည်းကောင်း (ဖော်စပ်ခိုင်း၍သော်လည်းကောင်း)ရောင်းဝယ်ခြင်း၊ သူတပါးကို သတ်ကြောင်း(ညှဉ်းဆဲကြောင်း)ဖြစ်သောကြောင့် "ထိုအဆိပ်ရောင်းဝယ်ခြင်းကို မပြုထိုက်"ဟု တားမြစ်တော်မူသည်။

(၅) ဥပါသကာ၏ပျက်စီးခြင်းသည် အဘယ်နည်း? ငါးပါးသီလနှင့် မိစ္ဆာဝဏိဇ္ဇာငါးမျိုးစသည်တို့မှရှောင်ကြဉ်သော အသက်မွေးဝမ်း

ကြောင်း၏ပျက်စီးခြင်း(ငါးပါးသီလနှင့် သမ္မာအာဇီဝ၏ပျက်စီးခြင်း)သည် "ဥပါသကာ၏ပျက်စီးခြင်း"မည်၏။

ကာ ဝိပတ္တီတိ ယာ တဿေဝ သီလဿ စ အာဇီဝဿ စ ဝိပတ္တိ၊ အဘဝဿ ဝိပတ္တိ။

အပိ စ ယာဟ သေ စဏ္ဍာလော စေဝ ဟောတိ မလဉ္စ ပတိကုဋ္ဌော(ပတိကိဋ္ဌော-သီ) စ၊ သာပိဿ ဝိပတ္တီတိ ဝေဒိတဗ္ဗာ။ တေ စ အတ္ထတော အဿဒ္ဓိယာဒယော ပဉ္စ ဓမ္မာ ဟောန္တိ။ ယထာဟ"ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဥပါသကော ဥပါသက စဏ္ဍာလော စ ဟောတိ ဥပါသကမလဉ္စ ဥပါသကပတိကုဋ္ဌော စ။ ကတမေဟိ ပဉ္စဟိ၊ အဿဒ္ဓေါ ဟောတိ၊ ဒုဿီလော ဟောတိ၊ ကောတူဟလမင်္ဂလိကောဟောတိ၊ မင်္ဂလံ ပစ္စေတိ, နော ကမ္မံ၊ ဣတော စ ဗဟိဒ္ဓါ ဒက္ခိဏေယျံ ပရိယေသတိ၊ တတ္ထ စ ပုဗ္ဗကာရံ ကရောတိ"တိ(အံ၊၂၊စဏ္ဍာလသုတ္တ၊ ၁၈၁)။ (ဒီ၊ ဋ္ဌ၊ ၁၊ ၂၁၀။)

အပိစ သည်သာမကသေး၊ ယာဟ(ဝိပ္ပဋိပတ္တိယာ) အကြင်ဖောက်ပြန်စွာ ကျင့်ခြင်းကြောင့်၊ သေ ဤဥပါသကာသည်၊ စဏ္ဍာလော စေဝ ဒွန်စဏ္ဍားသည်၎င်း၊ မလဉ္စ အညစ်အကြေးသည်၎င်း၊ ပတိကုဋ္ဌောစ-ကဲ့ရဲ့အပ်သည်၎င်း၊ (ပတိကိဋ္ဌောစ အညံ့စားသည်၎င်း)၊ ဟောတိ ၏၊ အဿ-ထိုဥပါသကာ၏၊ သာပိ(ဝိပ္ပဋိပတ္တိ) ထိုဖောက်ပြန်စွာ ကျင့်ခြင်းကိုလည်း၊ ဝိပတ္တီတိ ပျက်စီးခြင်းဟူ၍၊ ဝေဒိတဗ္ဗာ ၏၊ တေစ ထိုဖောက်ပြန်စွာ ကျင့်ကြောင်းတရားတို့သည်လည်း၊ အတ္ထတော တရားကိုယ်အနက်အားဖြင့်၊ အဿဒ္ဓိယာဒယော အဿဒ္ဓိယအစရှိကုန်သော၊ ပဉ္စ ငါးပါးကုန်သော၊ ဓမ္မာ တို့သည်၊ ဟောန္တိ-ကုန်၏၊ ယထာဟ အဘယ်ကဲ့သို့ ဟောတော်မူသနည်း? ဘိက္ခဝေ တို့၊ ပဉ္စဟိ ငါးပါးကုန်သော၊ ဓမ္မေဟိ တို့နှင့်၊ သမန္နာဂတော-ပြည့်စုံသော၊ ဥပါသကော-သည်၊ ဥပါသကစဏ္ဍာ လောစ ဥပါသကာဒွန်းစဏ္ဍားသည်၎င်း၊ ဥပါသကမလဉ္စ ဥပါသကာအညစ်အကြေးသည်၎င်း၊ ဥပါသကပတိကုဋ္ဌောစ ဥပါသကာရွံ့ဖွယ်သည်၎င်း၊ (ဥပါသကပတိကိဋ္ဌောစ-ဥပါသကာအညံ့စားသည်၎င်း၊ ဟောတိ ၏၊ ကတမေဟိ ပဉ္စဟိ-အဘယ်တရား ငါးပါးတို့နှင့်၊ (သမန္နာဂတော ဥပါသကော ဥပါသကစဏ္ဍာလော စ ဥပါသကမလဉ္စ ဥပါသကပတိကုဋ္ဌော စ ဟောတိ-နည်း?) အဿဒ္ဓေါ(စ) သဒ္ဓါမရှိသည်လည်း၊ ဟောတိ ၏၊ ဒုဿီလော(စ) သီလမရှိသည်လည်း၊ ဟောတိ ၏၊ ကောတူဟလမင်္ဂလိကော(စ) ကောတူဟလ မင်္ဂလာရှိသည်လည်း၊ဝါ အထူးအဆန်းဖြစ်သော ဒိဋ္ဌသုတမုတကို မင်္ဂလာဟု အယူရှိသည်လည်း၊ ဟောတိ ၏၊ မင်္ဂလံ(စ) ဒိဋ္ဌသုတ မုတမင်္ဂလာကိုလည်း၊ ပစ္စေတိ-အကျိုးရကြောင်းဟု ယုံကြည်၏၊ ကမ္မံ ကံကို၊ နော (ပစ္စေတိ)-အကျိုးရကြောင်းဟု မယုံကြည်၊ ဣတော ဤသဗ္ဗညုမြတ်စွာဘုရား၏သာသနာတော်မှ၊ ဗဟိဒ္ဓါစ အပ၌လည်း၊ ဒက္ခိဏေယျံ-အလှူခံထိုက်သောပုဂ္ဂိုလ်ကို၊ ပရိယေသတိ ရှာမှီး၏၊ စ ရှာမှီးရုံသာ မကသေး၊ တတ္ထ-ထိုသာသနာပ၌၊ ပုဗ္ဗကာရံ-ရှေးဦးစွာ ပြုအပ်သော လှူဒါန်းခြင်း, မြတ်နိုးပူဇော်ခြင်းစသော အမှုကို၊ ကရောတိ ပြု၏၊ (ဘိက္ခဝေ, ပဉ္စဟိ ကုန်သော၊ ဣမေဟိ ဓမ္မေဟိ-တို့နှင့်၊ သမန္နာဂတော သော၊ ဥပါသကော-သည်၊ ဥပါသက စဏ္ဍာလောစ သည်၎င်း၊ ဥပါသကမလဉ္စ သည်၎င်း၊ ဥပါသကပတိကုဋ္ဌောစ သည်၎င်း၊ ဟောတိ ၏၊) ဣတိ ဤသို့၊ (အာဟ အင်္ဂုတ္တရနိကာယ်, ပဉ္စကနိပါတ်, စတုတ္ထပဏ္ဏာသက, စဏ္ဍာလသုတ်၌ ဟောတော်မူ၏)။

တဿေဝါတိ ပဉ္စဝေရမဏိလက္ခဏဿ သီလဿ စေဝ ပဉ္စမိစ္ဆာဝဏိဇ္ဇာလက္ခဏဿ အာဇီဝဿ စ။ ဝိတ္တီတိ ဘေဒေါ, ပကောပေါ စ။ ယာယာတိ ယာယ ပဋိပတ္တိယာ ။ စဏ္ဍာလောတိ ဥပါသကစဏ္ဍာလော (နီစဓမ္မဇာတိကဋ္ဌေန ဥပါသကစဏ္ဍာလော ဋီသစ်)။ မလန္တိ ဥပါသကမလံ(မလီနဋ္ဌေန ဥပါသကမလံ ဋီသစ်)။ ပဋိကိဋ္ဌောတိ ဥပါသကပဟီနော(ပတိကိဋ္ဌောတိ လာမကဋ္ဌေန ဥပါသကပဟီနော ဋီသစ်)။ ဗုဒ္ဓါဒီသု ကမ္မကမ္မဖလေသု စ သဒ္ဓါဝိပရိယာယော အဿဒ္ဓိယံ မိစ္ဆာဓိမောက္ခော၊ ယထာဝုတ္တေန အဿဒ္ဓိ ယေန သမန္နာဂတော အဿဒ္ဓေါ။ ယထာဝုတ္တသီလဝိပတ္တိအာဇီဝဝိပတ္တိဝသေန ဒုဿီလော။ "ဣမိနာ ဒိဋ္ဌာဒိနာ ဣဒံ နာမ မင်္ဂလံ ဟောတီ"တိ ဧဝံ ဗာလဇနပရိကပ္ပိတကောတူဟလသင်္ခါတေန ဒိဋ္ဌသုတမုတမင်္ဂလေန သမန္နာဂတော ကောတူဟလမင်္ဂလိကော။ မင်္ဂလံ ပစ္စေတီတိ ဒိဋ္ဌမင်္ဂလာဒိဘေဒံမင်္ဂလမေဝ ပတ္တိယာယတိ။ နော ကမ္မန္တိ ကမ္မဿကတံ နော ပတ္တိယာယတိ။ ဣတော စ ဗဟိဒ္ဓါတိ ဣတော သဗ္ဗညုဗုဒ္ဓသာသနတော ဗဟိဒ္ဓါ ဗာဟိရကသမယေ။ ဒက္ခိဏေယျံ ပရိယေသတီတိ ဒုပ္ပဋိပန္နံ ဒက္ခိဏာရဟသညီ ဂဝေသတိ။ ပုဗ္ဗကာရံ ကရောတီတိ ဒါနမာနနာဒိကံ ကုသလကိရိယံ ပဌမတရံ ကရောတိ။ ဧတ္ထ စ ဒက္ခိဏေယျပရိယေသနပုဗ္ဗ ကာရေ ဧကံ ကတွာ ပဉ္စ ဓမ္မာ ဝေဒိတဗ္ဗာ။ (သီလက္ခန္ဓဝဂ္ဂဋီကာ၊ ၂၈၃။)

တတ္ထာတိ ဗဟိဒ္ဓါ ဗာဟိရကသမယေ။ ပုဗ္ဗကာရံ ကရောတီတိ ပဌမတရံ ဒါနမာနနာဒိကံ ကုသလကိရိယံ ကရောတိ၊ ဗာဟိရကသမယေ ပဌမတရံ ကုသလကိရိယံ ကတွာ ပစ္ဆာ သာသနေ ကရောတီတိ ဝုတ္တံ ဟောတီတိ။ တတ္ထာတိ ဝါ တေသံ ဗာဟိရကာနံ တိတ္ထိယာနန္တိပိ ဝဒန္တိ။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၉၀။)

စဏ္ဍာလောစသည်၌ သိမှတ်ဖွယ်။ ။ လောက၌ အမျိုးညံ့သူကို "စဏ္ဍာလ"ဟု ခေါ်၏၊ အဿဒ္ဓိယစသည်ရှိသော ဥပါသကာလည်း ဥပါသကာအများတွင် နိမ့်ကျသူဖြစ်သောကြောင့် စဏ္ဍာလနှင့်တူ၏၊ မလသဒ္ဒါသည် အညစ်အကြေးကို ဟော၏၊ အဿဒ္ဓိယစသည်ရှိ

သော ဥပါသကာလည်း အညစ်အကြေးပင်ဖြစ်၏၊ ပတိကုဋ္ဌသဒ္ဒါသည် ကဲ့ရဲ့အပ်, စက်ဆုပ်အပ်အနက်ကို ဟော၏၊ အဿဒ္ဓိယစသည် ရှိသောဥပါသကာလည်း ကဲ့ရဲ့အပ်သူ, စက်ဆုပ်အပ်သူဖြစ်၏၊ ဋီကာများ၌ကား "ပတိကိဋ္ဌော"ဟု ရှိ၏၊ ပတိကိဋ္ဌသဒ္ဒါသည် အယုတ်အညံ့အနက်ကို ဟော၏၊ ထိုဥပါသကာသည် အထက်တန်း ဥပါသကာအောက် ယုတ်ညံ့သူဖြစ်၏။

အဿဒ္ဓေါ။ ။ "အဿဒ္ဓ"ဟူသည် ဘုရားစသော ရတနာ၃ ပါးနှင့် ကံ, ကံ၏အကျိုးတို့၌ မယုံကြည်သူတည်း၊ သဒ္ဓါ၏ပြောင်းပြန်ဖြစ်၍အမှားကို အမှန်ဟု ဆုံးဖြတ်တတ်သော မိစ္ဆာဓိမောက္ခရှိသူပင်ဖြစ်၏။

ဒုဿီလော။ ။ "ဒုဿီလ"ဟူသည် သီလဝိပတ္တိ (ငါးပါးသီလပျက်နေသူ) အာဇီဝဝိပတ္တိ (အသက်မွေးမှု ပျက်စီးနေသူ ၊ ဝါ မိစ္ဆာဇီဝ) ဖြစ်နေသူတည်း။

ကောတူဟလမင်္ဂလိကော။ ။ ကောတူဟလ သဒ္ဒါသည် အထူးအဆန်းအနက်ကို ဟော၏၊ တစုံတခု ကောင်းသောအရာကို မြင်ရ (ဒိဋ္ဌ),ကြားရ(သုတ), နမ်းရ စားသောက်ရ တွေ့ထိရ(မုတ)ခြင်းကြောင့် မင်္ဂလာဖြစ်၏၊ ထိုဒိဋ္ဌမင်္ဂလာစသည်ကြောင့် ကောင်းကျိုးရတော့မည်ဟု လူပြိန်း လူအတို့သည် ရေးရေးကပင် ကြုံဆခဲ့ကြ၏၊ ["ကံကြောင့် အကျိုးရသည်ဟု မယူဆပဲ ထိုဒိဋ္ဌမင်္ဂလာစသည်ကြောင့် အကျိုးရသည်"ဟု ယူဆကြသည်၊ အမင်္ဂလာကို တွေ့ရ ကြားရ တွေ့ထိရရာ၌လည်း ဤနည်းပင်တည်း၊ ထိုသူ့ကို "ကောတူဟလမင်္ဂလာရှိသူ"ဟု ခေါ်သည်။]

မှတ်ချက်။ ။ ထိုဒိဋ္ဌမင်္ဂလာစသည်ကြောင့် အကျိုးရသည်ဟု ယူမှ "ကောတူဟလမင်္ဂလိက"ဟု ခေါ်ရသည်၊ ထိုဒိဋ္ဌမင်္ဂလာစသည်ကို မြင်ရကြားရ တွေ့ထိရခြင်းသည် ပုဗ္ဗနိမိတ်မျှသာတည်း၊ "အကျိုးရသည်မှာ ထိုမင်္ဂလာကြောင့် မဟုတ်, ရှေးကံကြောင့်သာ ဖြစ်သည်" ဟု ယူဆလျှင်ကံ ကံ၏အကျိုးကို ယုံကြည်သောကြောင့် "ကောတူဟလမင်္ဂလိကပုဂ္ဂိုလ်"ဟု မခေါ်ရ။

မင်္ဂလံ ပစ္စေတိ, နော ကမ္မံ။ ။ ဒိဋ္ဌမင်္ဂလာစသည်ကိုသာ ယုံကြည်၏၊ ကံကြောင့် ကောင်းကျိုး ဆိုးကျိုးရမှုကို မယုံကြည်။
ဣတော စ ဗဟိဒ္ဓါ ဒက္ခိဏေယျံ ပရိယေသတိ။ ။ သဗ္ဗညုဘုရားရှင်၏သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့၏အယူ၌ မကောင်းသဖြင့် ကျင့်သူကို အလှူခံထိုက်သော ပုဂ္ဂိုလ် ဟု အမှတ်ရှိသည်ဖြစ်၍ ရှာ၏။

တတ္ထ စ ပုဗ္ဗကာရံ ကရောတိ။ ။ သာသနာပတိတ္ထိတို့၏အထံ၌ ရှေးဦးစွာ ပေးလှူခြင်း(ဒါန), မြတ်နိုးခြင်း(မာနန)စသော ကောင်းမှုကို ပြုပြီးနောက်မှ သာသနာတော်၌ ကောင်းမှုပြု၏။ [အဿဒ္ဓေါစသည်ကို ပြရာ၌ ၆ ပါးဖြစ်နေသော်လည်း "ဒက္ခိဏေယျံ ပရိယေသတိ"နှင့်"ပုဗ္ဗကာရံ ကရောတိ"ကို တပါးတည်းယူ၍ ငါးပါးဖြစ်သည်ဟု ဋီကာတို့ဆိုကြသည်။

(၆) ဥပါသကာ၏ပြည့်စုံခြင်းသည် အဘယ်နည်း? သီလ၏ပြည့်စုံခြင်း (သီလသမ္ပဒါ), အသက်မွေးဝမ်းကြောင်း၏ပြည့်စုံခြင်း(အာဇီဝသမ္ပဒါ)တို့သည် "ဥပါသကာ၏ပြည့်စုံခြင်း"မည်၏။

ကာ သမ္ပတ္တီတိ ယာ စဿ သီလသမ္ပဒါ စေဝ အာဇီဝသမ္ပဒါ စ၊ သာ သမ္ပတ္တိ။ ယေ စဿ ရတနဘာဝါဒိကရာ သဒ္ဓါဒယော ပဉ္စ ဓမ္မာ။ ယထာဟ "ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဥပါသကော ဥပါသကရတနဉ္စ ဟောတိ ဥပါသကပဒုမဉ္စ ဥပါသကပုဏ္ဍရီကဉ္စ။ ကတမေဟိ ပဉ္စဟိ? သဒ္ဓေါ ဟောတိ၊ သီလဝါ ဟောတိ၊ န ကောတူဟလမင်္ဂလိကော ဟောတိ၊ ကမ္မံ ပစ္စေတိ, နော မင်္ဂလံ၊ န ဣတော ဗဟိဒ္ဓါ ဒက္ခိဏေယျံ ဂဝေသတိ, ဣဓ စ ပုဗ္ဗကာရံ ကရောတီ"တိ(အံ၊ ၂၊ ၁၈၁)။ (ဒီ၊ ဋ၊ ၂၁၀။)

သီလသမ္ပဒါတိ ယထာဝုတ္တေန ပဉ္စဝေရမဏီလက္ခဏေန သီလေန သမ္ပဒါ။ အာဇီဝသမ္ပဒါတိ ပဉ္စမိစ္ဆာဝဏိဇ္ဇာဒိပ္ပဟာန လက္ခဏေန အာဇီဝေန သမ္ပဒါ။

...။ စတုန္နံ ပရိသာနံ ရတိဇနနဋ္ဌေန ဥပါသကောဝ ရတနံ ဥပါသကရတနံ။ ဂုဏသောဘာကိတ္တိသဒ္ဒသုဂန္ဓတာဒီဟိ ဥပါသကောဝ ပဒုမံ ဥပါသကပဒုမံ။ တထာ ဥပါသကပုဏ္ဍရီကံ။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၉၁။)

ကာ သမ္ပတ္တီတိ ကာ သမ္ပတ္တိဟူသော ပုစ္ဆာ၏၊ (ဝိသဇ္ဇနံ အဖြေကား၊) အဿ ထိုဥပါသကာ၏၊ ယာ သီလသမ္ပဒါစေဝ အကြင်သီလ၏ပြည့်စုံခြင်းသည်၎င်း၊ ယာ အာဇီဝသမ္ပဒါစ အကြင်အာဇီဝ၏ပြည့်စုံခြင်းသည်၎င်း၊ အတ္ထိ ၏၊ သာ ထိုသီလ၏ပြည့်စုံခြင်း, အာဇီဝ၏ပြည့်စုံခြင်းသည်၊ သမ္ပတ္တိ သမ္ပတ္တိမည်၏၊ စ သည်သာမကသေး၊ အဿ ထိုဥပါသကာ၏၊ ရတနဘာဝါဒိကရာ ရတနာ၏အဖြစ်အစရှိသည်ကို ပြုတတ်ကုန်သော၊ သဒ္ဓါဒယော သဒ္ဓါအစရှိကုန်သော၊ ပဉ္စ ငါးပါးကုန်သော၊ ယေ ဓမ္မာ အကြင်တရားတို့သည်၊ (သန္တိ ရှိကုန်၏၊ တေ ဓမ္မာ တို့သည်၊ သမ္ပတ္တိ ၏)၊ ယထာဟ အဘယ်ကဲ့သို့ ဟောတော်မူသနည်း၊ ဘိက္ခဝေ တို့ ပဉ္စဟိ

ဓမ္မေဟိ သမန္နာဂတော ဥပါသကော ငါးပါးကုန်သောတရားတို့နှင့်ပြည့်စုံသော ဥပါသကာသည်၊ ဥပါသကရတနဉ္စ ဥပါသကာရတနာသည်၄င်း၊ ဥပါသကပဒုမဉ္စ ဥပါသကာပဒုမ္မာကြာသည်၄င်း၊ ဥပါသကပုဏ္ဍရီကဉ္စ ဥပါသကာပုဏ္ဍရိက်ကြာသည်၄င်း၊ ဟောတိ ၏၊ ကတမေဟိ ပဉ္စဟိ အဘယ်တရားငါးပါးတို့နှင့်၊ (သမန္နာဂတော ဥပါသကော ဥပါသကရတနဉ္စ ဥပါသကပဒုမဉ္စ ဥပါသကပုဏ္ဍရီကဉ္စ ဟောတိ နည်း?) သဒ္ဓေါ သဒ္ဓါရှိသည်(ရတနာ ၃ ပါး, ကံနှင့်ကံ၏အကျိုးတို့၌ယုံကြည်သူသည်)၊ ဟောတိ ၏၊ သီလဝါ သီလရှိသည်၊ ဟောတိ ၏၊ ကောတူဟလမင်္ဂလိကော ကောတူဟလမင်္ဂလာရှိသည်၊ဝါ အထူးအဆန်းဖြစ်သော ဒိဋ္ဌသုတမုတကို မင်္ဂလာဟု အယူရှိသည်၊ န ဟောတိ မဖြစ်၊ ကမ္မံ ကံကို၊ ပစ္စေတိ ယုံကြည်၏၊ မင်္ဂလံ (ဒိဋ္ဌသုတမုတ)မင်္ဂလာကို၊ နော (ပစ္စေတိ) မယုံကြည်၊ ဣတော ဤဘုရားရှင်သာသနာတော်မှ၊ ဗဟိဒ္ဓါ အပ၌၊ ဒက္ခိဏေယျံ အလှူခံထိုက်သော ပုဂ္ဂိုလ်ကို၊ န ဂဝေသတိ မရှာမှီးတော့၊ စ မရှာမှီးရုံသာ မကသေး၊ ဣဓ ဤသာသနာတော်၌၊ ပုဗ္ဗကာရံ-ရှေးဦးစွာ ပြုအပ်သော ပေးလှူခြင်း, မြတ်နိုးခြင်းစသော ကောင်းမှုကို၊ ကရောတိ ပြု၏၊ ဣတိ ဤသို့၊ (အာဟ အင်္ဂုတ္တရနိကာယ်,ပဉ္စကနိပါတ်, စတုတ္ထပဏ္ဏာသက ဥပါသကဝဂ်, စဏ္ဍာလသုတ်၌ ဟောတော်မူ၏)။

ဥပါသကရတန။ ။ ဥပါသကာရတနာဟူသည် ပရိသတ်၄ ပါးတို့ကို မွေ့လျော်နှစ်သက်မှုကို ဖြစ်စေတတ်သောကြောင့် (စတုန္နံ ပရိသာနံ ရတိဇနနဋ္ဌေန) ဥပါသကာသည်ပင် ရတနာမည်၏။ ထိုဥပါသကာရောက်ရှိရာ ပရိသတ်သည် အလွန်နှစ်သက် မွေ့လျော် ပျော်ရွှင်ကြ၏။

ဥပါသကပဒုမ, ဥပါသကပုဏ္ဍရီက။ ။ ဥပါသကာပဒုမ္မာကြာ, ဥပါသကာပုဏ္ဍရိက်ကြာဟူသည် သီလစသော ဂုဏ်အားဖြင့် တင့်တယ်ခြင်း(ဂုဏသောဘာ) ကျော်စောသတင်းအားဖြင့် မွှေးကြိုင်ခြင်း(ကိတ္တိသဒ္ဒသုဂန္ဓတာယ)ကြောင့် ဥပါသကာသည်ပင် ပဒုမ္မာကြာ, ပုဏ္ဍရိက်ကြာမည်တော့၏။

မှတ်ချက်။ ။ ဤ၌ သီလပျက်, သီလရှိသည်ကို ထောက်၍ "ဥပါသကာဒွန်းစဏ္ဍား, ဥပါသကာရတနာ"ဟု ခွဲသကဲ့သို့ ရဟန်းသာမဏေများလည်း သီလပျက်မှု, သီလရှိမှုကို ထောက်၍ "ရဟန်းဒွန်းစဏ္ဍား သာမဏေဒွန်းစဏ္ဍား, ရဟန်းညစ် သာမဏေညစ်, ရဟန်းညံ့ သာမဏေညံ့(ရဟန်းပျက် သာမဏေပျက်)"ဟူ၍၄င်း, "ရဟန်းရတနာ သာမဏေရတနာ, ရဟန်းပဒုမ္မာ သာမဏေပဒုမ္မာ, ရဟန်းပုဏ္ဍရိက် သာမဏေပုဏ္ဍရိက်"ဟူ၍၄င်း ခေါ်သင့်၏ဟု မှတ်ပါ။ (သီလက္ခန်ဘာသာဋီကာ၊ ၃၊ ၂၆၂။)

ဤသရဏဂုံနှင့် ဥပါသကာနှင့်စပ်သွယ် ရှုဖွယ်ရာကျမ်းဂန်များကား ဒီဃနိကာယ် သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ သာမညဖလသုတ် ၂၀၅ ၂၁၀, သီလက္ခန္ဓဝဂ္ဂဋီကာ ၂၇၇ ၂၈၄, သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ ဒုတိယအုပ် ၁၇၅ ၁၉၁, မဇ္ဈိမနိကာယ် မူလပဏ္ဏာသဋ္ဌကထာ မူလပရိယာယဝဂ် ဘယဘေရဝသုတ် ၁၃၆ ၁၄၁, ခုဒ္ဒကနိကာယ် ဣတိဝုတ္တကဋ္ဌကထာ ပုတ္တသုတ္တဝဏ္ဏနာ ၂၁၃ ၂၁၇, သာရတ္ထဒီပနီ ဋီကာ ပဌမအုပ် ဝေရဉ္ဇကဏ္ဍဝဏ္ဏနာ ၄၁၉ ၄၂၄ စသည်တို့ဖြစ်၏။

## ဥပါသကာ၏ဂုဏ် ၁၀ ပါး

မင်းကြီး...ဥပါသကာ၏ဂုဏ်တို့သည် ၁၀ ပါးရှိပါကုန်သည်၊ ထိုဆယ်ပါးတို့ကား..........

(၁) ဤလောက၌ ဥပါသကသည် သံဃာနှင့်တူမျှသော ချမ်းသာဆင်းရဲရှိသူ ဖြစ်၏၊

(၂) တရားတော်လျှင် အကြီးအမှူးထားသူ ဖြစ်၏၊

(၃) ဥစ္စာပစ္စည်း အင်အားအလျောက် ဝေဖန်ခွဲခြားခြင်း၌ မွေ့လျော်သူ ဖြစ်၏၊

(၄) ဘုရားသာသနာတော် ပျက်ပြားဆုတ်ယုတ်သည်ကို ကြားသိတွေမြင်သော် တိုးတက်စည်ပင်ခြင်းငှါ လုံ့လထုတ်၏၊

(၅) ကောင်းသောအယူဝါဒရှိသူ ဖြစ်၏၊ ဒိဋ္ဌသုတမုတမင်္ဂလာအယူမှ ကင်းလွတ်၍ အသက်ဟူသော အကြောင်းကြောင့်လည်း သာသနာတော်မှ တပါးသောသူကို ဆရာဟူ၍ မညွှန်ကြား၊

(၆) ကိုယ်အမှုအရာ နှုတ်အမှုအရာကိုလည်း စောင့်စည်း၏၊

(၇) သင့်တင့်ညီညွတ်ခြင်း၌ မွေ့လျော်သူ သင့်တင့်ညီညွတ်ခြင်း၌ ပျော်ပိုက်သူ ဖြစ်၏၊

(၈) မငြူစူတတ်သူ ဖြစ်၏၊

(၉) ကောက်ကျစ်စဉ်းလဲသည်၏အစွမ်းဖြင့် သာသနာတော်၌ ကျက်စားကျင်လည်သူ မဟုတ်၊

(၁၀) ဘုရား, တရား သံဃာကို ကိုးကွယ်ရာဟု ဆည်းကပ်သူ ဖြစ်၏။

ဒသ ဣမေ မဟာရာဇ ဥပါသကဿ ဥပါသကဂုဏာ။ ကတမေ ဒသ? ဣဓ မဟာရာဇ ဥပါသကော သံဃေန သမာနသုခဒုက္ခော ဟောတိ၊ ဓမ္မာဓိပတေယျော ဟောတိ၊ ယထာဗလံ သံဝိဘာဂရတော ဟောတိ၊ ဇိနသာသနပရိဟာနိံ ဒိသွာ အဘိဝဍ္ဎိယာ ဝါယမတိ။ သမ္မာဒိဋ္ဌိကော ဟောတိ၊ အပဂတကောတူဟလမင်္ဂလိကော ဇီဝိတဟေတုပိ န အညံ သတ္ထာရံ ဥဒ္ဒိသတိ၊ ကာယိကဝါစသိကဉ္စဿ ရက္ခိတံ ဟောတိ၊ သမဂ္ဂါရာမော ဟောတိ သမဂ္ဂရတော၊ အနုသူယကော ဟောတိ၊ န စ ကုဟနဝသေန သာသနေ စရတိ၊ ဗုဒ္ဓံ သရဏံ ဂတော ဟောတိ၊ ဓမ္မံ သရဏံ ဂတော ဟောတိ၊ သံဃံ သရဏံ ဂတော ဟောတိ။ ဣမေ ခေါ မဟာရာဇ ဒသ ဥပါသကဿ ဥပါသကဂုဏာ၊ ယေ သဗ္ဗေ ဂုဏာ တယိ သံဝိဇ္ဇန္တိ။ (မိလိန္ဒပဉှ၊ မေဏ္ဍကပဉှာရမ္ဘကထာ၊ ဥပါသကဂုဏ၊ ၁၀၁ ၁၀၂။)

## ငါးပါးသီလနှင့်စပ်သွယ် သိမှတ်ဖွယ်

ငါးပါးသီလနှင့်ပတ်သက်၍ မှတ်သားဖွယ်ရာကား များစွာသောကျမ်းဂန်တို့၌ လာရှိပါ၏။

ပဉ္စ သိက္ခာပဒါနိ၊ ပါဏာတိပါတာ ဝေရမဏီ အဒိန္နာဒါနာ ဝေရမဏီ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ မုသာဝါဒါ ဝေရမဏီ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ။ (ဒီ၊ ၃၊ ၁၉၆။)

သိက္ခာပဒ(သိက္ခာပုဒ်)ဟူသည် ကျင့်အပ်ကျင့်ထိုက်သော အစု၊ တနည်းအားဖြင့် အဓိစိတ္တအဓိပညာသိက္ခာတို့ကို ရဖို့ရန် အခြေခံတည်း။

သိက္ခိတဗ္ဗံ ပဒံ သိက္ခာပဒံ၊ သိက္ခာကောဋ္ဌာသောတိ အတ္ထော။ သိက္ခာယ ဝါ ပဒံ သိက္ခာပဒံ၊ အဓိစိတ္တအဓိပညာသိက္ခာယ အဓိဂမုပါယောတိ အတ္ထော။ အယမေတ္ထ သင်္ခေပေါ၊ ဝိတ္ထာရတော ပန သိက္ခာပဒကထာ ဝိဘင်္ဂပကရဏေ သိက္ခာပဒဝိဘင်္ဂေ အာဂတာဧဝ။ (ဒီ၊ဋ္ဌ၊ ၃၊ ၂၁၀။)

(၁) သူတပါး၏အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်, (၂) အရှင်မပေးသော သူတပါး၏ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်, (၃) ကာမဂုဏ်တို့၌မှားယွင်းသောအကျင့်မှရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်, (၄) မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်, (၅)ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကိုသောက်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တို့တည်း။

### (၁) ပါဏာတိပါတသိက္ခာပုဒ်နှင့်ပတ်သက်၍ သိမှတ်ဖွယ်များ

ပါဏာတိပါတာ ပဋိဝိရတော၊ အဒိန္နာဒါနာ ပဋိဝိရတော၊ ကာမေသုမိစ္ဆာစာရာ ပဋိဝိရတော၊ မုသာဝါဒါ ပဋိဝိရတော၊ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ပဋိဝိရတော၊ သီလဝါ ကလျာဏဓမ္မော။ (ခု၊ ၁၊ ဣတိဝုတ္တက၊ ၂၃၉။)

ပါဏော။ ။ ပါဏဟူသည် သတ္တဝါ ဟုခေါ်အပ်သော ခန္ဓာအစဉ်တည်း၊ ပရမတ္ထအားဖြင့် ရုပ်ဇီဝိတိန္ဒြေ နာမ်ဇီဝိတိန္ဒြေပင်တည်း။ အမှန်ကတော့ ပါဏအရသည် ရုပ်ဇီဝိတိန္ဒြေဖြစ်သော်လည်း ယင်းရုပ်ဇီဝိတိန္ဒြေကို ဖျက်ဆီးအပ်သည်ရှိသော် ထိုရုပ်ဇီဝိတိန္ဒြေနှင့်တွဲစပ်နေသော နာမ်ဇီဝိတိန္ဒြေသည်လည်း ပျက်စီးရတော့၏၊ ထို့ကြောင့် ပါဏအရ ဇီဝိတိန္ဒြေ၂-မျိုးလုံးကိုပင် ယူရသည်။

ပါဏာတိပါတော။ ။ ပါဏာတိပါတ(ပါဏ+အတိ+ပါတ) သတ္တဝါ၏အသက်ကုန်ဆုံးရမည့်အချိန် အတိုင်းအတာအထိ မစောင့်ပဲ လျင်မြန်စွာ အသက်ကုန်စေခြင်း, လက်နက်စသည်တို့ဖြင့် အနိုင်အထက် သတ်ဖြတ်ခြင်းတည်း။ ပါဏာတိပါတ (သူ၏အသက်ကို သတ်ခြင်း)ဟူသည် (သတ်လိုသော)သတ္တဝါ၌ သတ္တဝါ ဟုအမှတ်ရှိလျက် ဇီဝိတိန္ဒြေကို ဖြတ်တတ်သော လုံ့လကို ဖြစ်စေတတ်သော ကာယဒွါရ ဝစီဒွါရနှစ်ပါးတို့တွင် တပါးပါးသောဒွါရ၌ဖြစ်သော သတ်လိုသော စေတနာပင်တည်း။ ထိုပါဏာတိပါတမှ ရှောင်ကြဉ်ကြောင်းသီလ(သိက္ခာပုဒ်)။

ပါဏာတိပါတောတိဧတ္ထ ပါဏဿ သရသေနေဝ ပတနသဘာဝဿ အန္တရာ ဧဝ အတိပါတနံ အတိပါတော၊ သဏိကံ ပတိတုံ အဒတွာ သီဃံ ပါတနန္တိ အတ္ထော။ အတိက္ကမ္မ ဝါ သတ္ထာဒီဟိ အဘိဘဝိတွာ ပါတနံ အတိပါတော၊ ပါဏဃာတောတိ ဝုတ္တံ ဟောတိ။

ပါဏောတိ စေတ္ထ ခန္ဓသန္တာနော၊ ယော သတ္တောတိ ဝေါဟာရီယတိ၊ ပရမတ္ထတော ရူပါရူပဇီဝိတိန္ဒြိယံ။ ရူပဇီဝိတိန္ဒြိယေ ဟိ ဝိကောပိတေ ဣတရမ္ပိ တံသမ္ဗန္ဓတာယ ဝိနဿတီတိ။ တသ္မိံ ပန ပါဏေ ပါဏသညိနော ဇီဝိတိန္ဒြိယုပစ္ဆေဒကဥပက္ကမသမုဋ္ဌာပိကာ ကာယဝစီဒွါရာနံ အညတရဒွါရပ္ပဝတ္တာ ဝဓကစေတနာ ပါဏာတိပါတော။ (ခု၊ ဣတိဝုတ္တကဋ္ဌ၊ ၂၁၇။)

ပါဏောတိ ဇီဝိတိန္ဒြိယပ္ပဋိဗဒ္ဓါ ခန္ဓသန္တတိ၊ တံ ဝါ ဥပါဒါယ ပညတ္တော သတ္တော။ တသ္မိံ ပန ပါဏေ ပါဏသညိနော

တဿ ပါဏဿ ဇီဝိတိန္ဒြိယုပစ္ဆေဒကဥပက္ကမသမုဋ္ဌာပိကာ ကာယဝစီဒွါရာနံ အညတရဒွါရပ္ပဝတ္တာ ဝဓကစေတနာ ပါဏာတိပါတော။ (ခု၊ ၄၊ ၁၁၆။)

ပါဏာတိပါတာ ပဋိဝိရတောတိ သိက္ခာပဒသမာဒါနေန ပါဏာတိပါတတော ဝိရတော၊ အရကာ ဋ္ဌိတော။ (ဣတိဝုတ္တကဋ္ဌ၊၂၂၂ ၂၂၃။)

သမာဒါနဝသေန တာဝ ဝိရမန္တော အတ္တနော ဝါ ပရေသံ ဝါ ပါဏာတိပါတာဒိအကုသလတော ဝိရမတိ။ ပ။ သမ္ပတ္တ ဝသေနာပိ ဝိရမန္တော ဝုတ္တပ္ပကာရာကုသလတောဝ။ (ခုဒ္ဒကပါဠ၊ ၄၊ သိက္ခာပဒ၊၂၂။)

ပါဏာတိပါတာ ဝိရတာ၊ မုသာဝါဒါ စ သညတာ။

ထေယျာ စ အတိစာရာ စ၊ မဇ္ဇပါနာ စ အာရကာ။ (ခု၊ ၂၊ ဝိမာနဝတ္ထု၊ ၁၇။)

ပါဏောတိ ဝေါဟာရတော သတ္တော, ပရမတ္ထတော ဇီဝိတိန္ဒြိယံ။ ပါဏဿ အတိပါတော ပါဏဝဓော ပါဏဃာတော ပါဏာတိပါတော၊ အတ္ထတော ပါဏေ ပါဏသညိနော ဇီဝိတိန္ဒြိယုပစ္ဆေဒကဥပက္ကမသမုဋ္ဌာပိကာ ကာယဝစီဒွါရာနံ အရတညဒွါရ ပဝတ္တာ ဝဓကစေတနာ။ တတော ပါဏာတိပါတာ။ ဝိရတာတိ ဩရတာ၊ နိဝတ္တာတိ အတ္ထော။ (ဝိမာနဝတ္ထုအဋ္ဌကထာ၊ ၆၅။)

သူတပါး၏အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ကျိုးများ

၁။ အင်္ဂါကြီးငယ်နှင့်ပြည့်စုံခြင်း၊
၂။ အလုံးအရပ်နှင့်ပြည့်စုံခြင်း၊
၃။ လျင်မြန်မှုနှင့်ပြည့်စုံခြင်း၊
၄။ ညီညွတ်စွာ တည်သောခြေဘဝါးရှိခြင်း၊
၅။ တင့်တယ်နှစ်လိုဖွယ်ရှိခြင်း၊
၆။ (အသားအရေ)နူးညံ့ခြင်း၊
၇။ သန့်ရှင်းစင်ကြယ်ခြင်း၊
၈။ ရဲရင့်ခြင်း၊
၉။ ခွန်အားဗလကြီးမားခြင်း၊
၁၀။ ယုံကြည်အားထားထိုက်သောစကားရှိခြင်း၊
၁၁။ လူအများချစ်ခင်ခြင်း၊
၁၂။ အပြစ်မရှိခြင်း၊
၁၃။ မဖျက်ဆီးနိုင်သော ပရိသတ်ရှိခြင်း(မကွဲမပျက်သော ပရိသတ်ရှိခြင်း)၊
၁၄။ ကိုယ်ခက်တရော်မရှိခြင်း၊
၁၅။ (သူတပါးတို့)မဖျက်ဆီးနိုင်ခြင်း၊
၁၆။ သူတပါး၏လုံ့လပယောဂဖြင့် မသေရခြင်း၊
၁၇။ အခြွေအရံများခြင်း၊
၁၈။ တင့်တယ်လှပသော အဆင်းရှိခြင်း၊
၁၉။ တင့်တယ်သော (ကိုယ်)သဏ္ဌာန်ရှိခြင်း၊
၂၀။ အနာကင်းခြင်း၊
၂၁။ စိုးရိမ်ကြောင့်ကြမရှိခြင်း၊
၂၂။ ချစ်ခင်မြတ်နိုးအပ်သောသူတို့နှင့် ကွေကွင်းမှုမရှိခြင်း၊
၂၃။ အသက်ရှည်ခြင်းအစရှိသော အကျိုးများတည်း။

ပါဏာတိပါတာ ဝေရမဏိယာ စေတ္တ အင်္ဂပစ္စင်္ဂသမ္ပန္နတာ အာရောဟပရိဏာဟသမ္ပတ္တိတာ ဇဝသမ္ပတ္တိတာ သုပ္ပတိဋ္ဌိတပါဒ တာ စာရုတာ မုဒုတာ သုစိတာ သူရတာ မဟာဗလတာ ဝိဿတ္ထဝစနတာ လောကပိယတာ နေလတာ အဘေဇ္ဇပရိသတာ အစ္ဆမ္ဘိတာ ဒုပ္ပဓံသိတာ(အပ္ပဓံသိတာ သီ) ပရူပက္ကမေန အမရဏာတာ အနန္တပရိဝါရတာ သုရူပတာ သုသဏ္ဌာနတာ အပ္ပါဗာဓတာ အသောကိတာ ပိယေဟိ မနာပေဟိ သဒ္ဓိံ အဝိပ္ပယောဂတာ ဒီဃာယုကတာတိ ဧဝမာဒီနိ ဖလာနိ။ (ခုဒ္ဒကပါဠဋ္ဌကထာ၊ သိက္ခာပဒ၊ ၂၃။)

(၂) အဒိန္နာဒါန်သိက္ခာပုဒ်နှင့်ပတ်သက်၍ သိမှတ်ဖွယ်များ

အဒိန္နာဒါနဟူသည် အရှင်သည်မပေးအပ်သော သူတပါး၏ဥစ္စာကို ခိုးယူခြင်းတည်း။ ထိုသူတပါး၏ဥစ္စာ၌ သူတပါးဥစ္စာမှန်းသိလျက် ယင်းဥစ္စာကို ယူလိုသော လုံ့လကိုဖြစ်စေတတ်သော ခိုးလိုသော စေတနာသည် "အဒိန္နာဒါန"မည်၏။ ထိုအဒိန္နာဒါနမှရှောင်ကြဉ်ခြင်းသည် "ဒုတိယသိက္ခာပုဒ်(သီလ)ဖြစ်၏။

အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ၊ ပရဿ ဟရဏံ ထေယျံ စောရိကာတိ ဝုတ္တံ ဟောတိ။ တတ္ထ အဒိန္နန္တိ ပရပရိဂ္ဂဟိတံ၊ ယတ္ထ ပရော ယထာကာမကာရိတံ အာပဇ္ဇန္တော အဒဏ္ဍာရဟော အနုပဝဇ္ဇော စ ဟောတိ၊ တသ္မိံ ပရပရိဂ္ဂဟိတေ ပရပရိဂ္ဂဟိတ သညိနော တဒါဒါယကဉပက္ကမသမုဋ္ဌာပိကာ ထေယျစေတနာ အဒိန္နာဒါနံ။ (အဒိန္နာဒါနာပဋိဝိရတောတိသိက္ခာပဒသမာဒါနေန အဒိန္နာဒါနတော ဝိရတော အာရကာ ဋ္ဌိတော)။ (ဣတိဝုတ္တက၊ ဋ္ဌ၊ ၂၁၉ ၂၂၀။)

အဒိန္နာဒါနန္တိတ္ထ အဒိန္နန္တိ ပရပရိဂ္ဂဟိတံ။ ပ။ တဒါဒါယကဉပက္ကမသမုဋ္ဌာပိကာ ကာယဝစီဒွါရာနံ အညတရဒွါရပ္ပဝတ္တာ ထေယျစေတနာ အဒိန္နာဒါနံ။ (ခုဒ္ဒကပါဌ၊ ဋ္ဌ၊ သိက္ခာပဒ၊ ၁၆။)

ထေယျာတိ ထေယျံ ဝုစ္စတိ ထေနဘာဝေါ၊ စောရိကာယ ပရဿဟရဏန္တိ အတ္ထော။ အတ္ထတော ပရပရိဂ္ဂဟိတေ ပရပရိဂ္ဂဟိ တသညိနော တဒါဒါယကဉပက္ကမသမုဋ္ဌာပိကာ ထေယျစေတနာ ထေယျံ။ တတော ထေယျာ သညတာ, အာရကာတိ ဝါ သမ္ဗန္ဓော။ (ဝိမာနဝတ္ထုအဋ္ဌကထာ၊ ဉတ္တရာဝိမာနဝဏ္ဏနာ၊ ၆၅။)

အဒိန္နာဒါနကံကို လွန်ကျူးခဲ့မှုကြောင့် အဝတ်မရှိပြိတ္တာမဖြစ်ရသောဝတ္ထု(ခလ္လာဋိယပေတိဝတ္ထု)

လွန်လေပြီးသောအခါက အလွန်ချောမောလှပ၍ ဆံပင်ကောင်းသော ပြည့်တန်ဆာမတယောက်ရှိသတဲ့၊ သူမ၏ဆံပင်လှပတင့် တယ်မှုကို မြင်ရသောလူငယ်များက သူမအပေါ်နှစ်သက်သဘောကျသည်ကို သည်းမခံနိုင်, မနာလိုမရှုစိမ့်နိုင်ကြသော အခြားအမျိုးသမီး တွေက သူမ၏အလုပ်အကျွေးကျွန်မကို ဥစ္စာပြင့်ဖြားယောင်း၍ ဆံပင်ကျွတ်ဆေးကို ပေးကြကုန်၏၊ ကျွန်မက ထိုဆေးကို ရေချိုးက သည်မှုန့်နှင့်ရောစပ်လျက် ဂင်္ဂါမြစ်၌ ရေဆင်းချိုးသောအခါ သူမအား ပေးလေသည်၊ သူမသည် ထိုဆေးကို ဆံပင်ရင်းတိုင်အောင် ဆွတ်ဖျန်း၍ ရေ၌ငုပ်ကာမျှဖြင့် ဆံပင်များသည် အမြစ်အရင်းပါမကျန် ကျွတ်ကုန်တော့၏၊ သူမ၏ဦးခေါင်းသည် ဗူးခါးသီးကဲ့သို့ ဆံပင် လုံးဝမရှိတော့ပဲ ပြောင်ချောနေလေသည်။

သူမသည် ဦးထိပ်မွေးနုတ်ထားအပ်သောနိမကဲ့သို့ အကြည့်ရဆိုးသည်ဖြစ်၍ ရှက်သောကြောင့် မြို့တွင်းသို့ မဝင်တော့ပဲ အဝတ် ဖြင့် ဦးခေါင်းကို ရစ်ပတ်လျက် မြို့ပြင် တစ်နေရာ၌ ၂-ရက် ၃ -ရက် နေပြီးမှ မြို့သို့ ပြန်ခဲ့လေသည်၊ သူမသည် ဆီနှင့်အရက် သေစာ တို့ကို ရောင်းဝယ်ခြင်းဖြင့် အသက်မွေးလေသည်၊ တနေ့သောအခါ သူမသည် အရက်မူး၍အိပ်ပျော်နေသော လူသုံးယောက်တို့၏အဝတ် ပုဆိုးများကို ချွတ်ယူခဲ့လေသည်။

ထိုနောက် တနေ့သောအခါ၌ သူမသည် ဆွမ်းခံကြွလာသော ရဟန္တာတစ်ပါးကို ဖူးမြင်ရ၍ကြည်ညိုပြီး အိမ်သို့ ပင့်လျက် နှမ်း ဆီထွေး (နှမ်းမှုန့် ညက်)ကို လှူဒါန်းခဲ့လေသည်၊ ကြည်ညိုသောစိတ်ဖြင့် ထီးကို ဆောင်းမိုးလျက် ရဟန္တာအရှင်မြတ်၏အနုမောဒနာတရား ချီးမြှင့်သောအခါ"တပည့်တော်မရဲ့ ဆံပင်များသည် ရှည်လျားသေးသွယ် နူးညံ့ပြီး တွန့်သော(ကောသော)အဖျားရှိသည် ဖြစ်ရပါလိုကုန် ၏ဘုရား"ဟု ဆုတောင်းခဲ့လေသည်။

သူမသည် သေလွန်ရှိသော် ကောင်း+မကောင်း ရောစပ်သောကံ၏အကျိုးကြောင့် သမုဒ္ဒရာအလယ် ကျွန်းငယ်တခု၌ ရွှေဗိ မာန်ရှင်ပြိတ္တာမ ဖြစ်ရလေသည်၊ သူမ၏ဆံပင်များသည် တောင့်တသည့်အတိုင်း ဖြစ်လာခဲ့ကြသော်လည်း သူတပါးတို့၏အဝတ်ပုဆိုးတို့ ကို ခိုးခဲ့မိသော မကောင်းမှုကြောင့် အဝတ်မရှိ အချည်းစည်းဖြစ်ရလေသည်။

ငါတို့ဘုရားရှင်ပွင့်တော်မူ၍ ဓမ္မစကြာတရားတော်ကို ဟောတော်မူပြီးနောက်ပိုင်း၌ သာဝတ္ထိပြည်သား ကုန်သည်များသည် သု ဝဏ္ဏဘူမိသို့ အသွားတွင် သမုဒ္ဒရာထဲ၌ လေမှန်တိုင်းကြောင့် သူတို့၏သင်္ဘော(လှေ)သည် ဟိုဟိုဒီဒီ လှည့်လည် မျောပါလျက် တစ်ခု သော အရပ်သို့ ဆက်ရောက်ခဲ့လေသည်၊ ထိုအရပ်ရှိ ဗိမာန်ရှင်ပြိတ္တာမသည် ကုန်သည်တို့အား(ဗိမာန်တွင်းမှ) ဗိမာန်နှင့်တကွ မိမိကို ပြလေသည်၊ ထိုအခါ အကြီးအမှူးကုန်သည်က "အိုနှမ...ဗိမာန်အတွင်း၌နေသော သင်သည် လူမိန်းမလေလော? သို့မဟုတ် နတ်မိန်း မလေလော?ဟု မေးလျက် ဗိမာန်မှအပြင်သို့ထွက်၍ ပြပါ၊ ကျွန်ုပ်တို့ ကြည့်လိုကြပါသည်"ဟု ပြောဆိုလေသည်။

ပြိတ္တာမက "ကျွန်မမှာ အဝတ်မရှိ အချည်းစည်းဖြစ်၍ အပြင်သို့ထွက်ဖို့ရန် ခက်ခဲလှပါသည်၊ ရှက်လည်းရှက်ပါသည်၊ ကျွန်မ ၏ခန္ဓာကိုယ်ကို ဆံပင်များဖြင့် ဖုံးကွယ်လွှမ်းခြုံထားရပါသည်၊ ကျွန်မသည် နှမ်းမှုန့်ညက်ကိုပေးလှူခြင်းမျှသော ကောင်းမှု အနည်းငယ် ကိုသာ ပြုခဲ့ဖူးပါသည်"ဟု ပြောဆိုလေသည်။

အကြီးအမှူးကုန်သည်က "အိုနှမ..ကျွန်ုပ် အပေါ်ရုံအဝတ်ကို သင်အား ပေးပါမည်၊ ဤအဝတ်ကို ဝတ်၍ ထွက်ခဲ့ပါ၊ သင်၏

လုပတင့်တယ်ခြင်းကို ငါတို့ကြည့်လိုကြပါသည်"ဟု ပြောလေသော်...

ပြိတ္တာမက "အိုအရှင်...သင်၏လက်ဖြင့် ကျွန်မ၏လက်ထဲသို့ထည့်ပေးသော်လည်း ကျွန်မမသုံးဆောင်ထိုက် မသုံးဆောင်နိုင်ပါ၊ (အကယ်၍ သုံးဆောင်စေလိုပါလျှင်) ကဲ, ကဲ၏အကျိုးကို ယုံကြည်လျက် သဒ္ဓါတရားနှင့်ပြည့်စုံပြီး ရတနာသုံးပါးကိုရည်၍ ကိုးကွယ်ဆည်းကပ်တတ်သော ဥပါသကာသည် ဤလူအုပ်ထဲတွင် ရှိပါသည်၊ ထိုဥပါသကာကို သင်၏ပေးလှူအပ်သော အဝတ်ကို ဝတ်စေ၍ ထိုကောင်းမှု၏အဖို့ကို ကျွန်မအား ပေးဝေလျှင် ကျွန်မမှာ နတ်အဝတ်ကိုဝတ်ရလျက် ချမ်းသာခြင်းသို့ ရောက်ပါလိမ့်မည်"ဟု ပြောလေသည်။

သူမ၏စကားကို ကြားရသော ကုန်သည်တို့သည် ထိုဥပါသကာကို ရေချိုးစေ၍ အဝတ်နှစ်ထည်တို့ကို ဝတ်စေလျက် စားကောင်းသောက်ဖွယ်တို့ကို ကျွေးမွေးလှူဒါန်းပြီးလျှင် ထိုကောင်းမှု၏အဖို့ကို သူမအား ပေးဝေခဲ့လေသည်။

သူမသည် ချက်ချင်းပင် နတ်အစားအစာနှင့်တူသော အစားအစာ, အဖျော်ယမကာ, နတ်အဝတ်နှင့်တူသော အဝတ် များစွာတို့ကို ရရှိခဲ့လေသည်၊ ထို့နောက် သူမသည် စင်ကြယ်သောကိုယ်ရှိသည်ဖြစ်၍ ကောင်းမြတ်ဖြူစင်သောအဝတ်တို့ကို ဝတ်ဆင်လျက် "ဤသို့ဖြစ်ရခြင်းသည် သင်တို့ကောင်းမှု၏အကျိုးထူးပင်တည်း"ဟု ပြလို၍ ရွှင်လန်းဝမ်းမြောက်စွာ ဗိမာန်မှ ထွက်လာလေသည်။

ထိုအခါ ကုန်သည်တို့သည် မျက်မှောက်မှာပင် ကောင်းမှု၏အကျိုးကို မြင်ကြရသောကြောင့် အံ့ဩကုန်၍ ထိုဥပါသကာကို ရိုသေမြတ်နိုး ရှိခိုးကုန်လျက် ဆည်းကပ်ကြလေသည်၊ ဥပါသကာကလည်း တရားစကားဖြင့် သူတို့ကို အတိုင်းထက်အလွန် ကြည်ညိုစေ၍ သရဏဂုံသီလတို့၌ တည်စေလေသည်။

ကုန်သည်တို့က "အိုနတ်သမီး..သင်၏ဗိမာန်သည် ဆင်ရုပ်မြင်းရုပ်မိန်းမရုပ်ယောက်ျားရုပ်စသည်တို့၏အစွမ်းအားဖြင့်လည်းကောင်း,ခြူးပန်းခြူးနွယ်စသည်တို့၏အစွမ်းအားဖြင့်လည်းကောင်း ကောင်းစွာ ပြုပြင်စီရင်အပ်သော ဆန်းကြယ်သောသဘောရှိ၏၊ နှစ်သက်မြတ်နိုးဖွယ်ရှုချင်ဖွယ်လည်း ရှိ၏၊ ထွန်းလင်းတောက်ပ၏၊ ဤဗိမာန်သည် အဘယ်ကောင်းမှု၏အကျိုးပါနည်း?"ဟု မေးကြလေသည်။

သူမက "ကျွန်မသည် ကြည်လင်သောစိတ်ဖြင့် ဆွမ်းခံကြွလာသော ရဟန္တာတပါးအား နှမ်းဆီထွေး(နှမ်းမှုန့်ညက်)ကို လှူဒါန်းခဲ့သောကောင်းမှုကြောင့် ကြာမြင့်စွာသောကာလပတ်လုံး ဤဗိမာန်၌ ခံစားနေရပါသည်၊ ထိုကံ၏အကျိုးသည် အနည်းငယ်သာ ကျန်ပါတော့သည်၊ မကြာမီကာလ လေးလလွန်လျှင် သေ၍ အမှန်တကယ် ဆင်းရဲကြမ်းတမ်းသော ငရဲသို့ ကျရောက်ရပါလိမ့်သည်၊ ထိုငရဲဆင်းရဲကိုခံစားရမှာကတော့ ကျွန်မပြုခဲ့သော(သူတပါးတို့၏ဥစ္စာကို ခိုးခဲ့သော)မကောင်း၏အကျိုးဖြစ်ပါလိမ့်မည်"ဟု ပြောလေသည်။

ထိုစကားကို ကြားရသော ဥပါသကာသည် သူမကို သနားကရုဏာဖြစ်လာ၍ "ငါသည် ယခုပင် သူမ၏ထောက်တည်အားကိုးရာဖြစ်အံ့"ဟု စိတ်ကူးလျက် "အိုနတ်သမီး..တယောက်က ငါ့အားလှူဒါန်းသောဒါန၏ဆွမ်းအားဖြင့် သင့်မှာ လိုအပ်သမျှ ပြည့်စုံ၍ ပြန်ပြောသောစည်းစိမ်တွေ ဖြစ်လာသေးတာမို့ ယခု သင်သည် ဤဥပါသကာတို့အား ပေးလှူ၍ မြတ်စွာဘုရားဂုဏ်တော်တို့ကို အကြိမ်ကြိမ်အဖန်ဖန် အောက်မေ့လျှင် ငရဲသို့ကျရောက်ခြင်းမှ လွတ်မြောက်ပါလိမ့်မည်"ဟု ပြောလေသည်။

သူသည် လွန်စွာရွှင်လန်းနှစ်သက်သည်ဖြစ်၍ "ကောင်းပါပြီ"ဟု ပြောဆို၍ ထိုဥပါသကာတို့ကို နတ်၌ဖြစ်သော ထမင်းအဖျော်(အစားအစာ အဖျော်ယမကာ)များဖြင့် ရောင့်ရဲစေလျက် နတ်၌ဖြစ်သောအဝတ်များနှင့် ရတနာအမျိုးမျိုးကို လှူဒါန်းလေသည်၊ မြတ်စွာဘုရားကိုလည်း ရည်သန်၍ နတ်ပုဆိုးဝတ်စုံကို ထိုဥပါသကာတို့၏လက်ထဲတွင် အပ်နှင်းလှူဒါန်းပြီး"အရှင်ဘုရား..မထင်မရှား ဗိမာန်ရှင်ပြိတ္တာမတစ်ဦးက မြတ်စွာဘုရား၏ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏"ဟု သာဝတ္ထိပြည်သို့ သွား၍ မြတ်စွာဘုရားကို ကျွန်မ၏စကားဖြင့် ရှိခိုးကြပါကုန်လော့"ဟု ရှိခိုးခြင်းကိုလည်း ပို့လွှတ်လေ၏၊ ထိုသင်္ဘော(လှေ)ကိုလည်း မိမိ၏တန်ခိုးအာနုဘော်ဖြင့် ထိုကုန်သည်ဥပါသကာတို့အလိုရှိသော ဆိပ်ကမ်းသို့ ထိုနေ့ပင်လျှင် ရောက်စေသည်။

ထိုကုန်သည်တို့သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ သွားရောက်လျက် မြတ်စွာဘုရားအား နတ်ပုဆိုးဝတ်စုံကို လှူဒါန်း၍၎င်း(ဗိမာန်ရှင်ပြိတ္တာမ၏)ရှိခိုးမှုကို လျှောက်ကြား၍၎င်း အစမှစ၍ ဖြစ်ကြောင်းကုန်စင်ကို မြတ်စွာဘုရားအား လျှောက်ထားကြလေသည်။

မြတ်စွာဘုရားသည် ထိုအဋ္ဌုပ္ပတ်ဖြစ်ရပ်စုံကို အကြောင်းပြု၍ ရောက်ရှိလာသောပရိသတ်အား အကျယ်တဝင့် တရားဟောတော်မူသောကြောင့် လူအများအား အကျိုးရှိခဲ့လေသည်၊ ထိုကုန်သည်ဥပါသကာတို့သည် ဒုတိယနေ့၌ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များအား အလှူကြီးပေး၍ ထိုကောင်းမှု၏အဖို့ကို ဗိမာန်ရှင်ပြိတ္တာမအား ပေးဝေကြကုန်သည်၊ သူမသည် (ထိုဥပါသကာတို့ပြုသောကောင်းမှု၏အဖို့ကို ရသောကြောင့်) ပြိတ္တာဘဝမှစုတေ၍ တာဝတိံသာနတ်ပြည်ဝယ် ရတနာအမျိုးမျိုးတို့ဖြင့်တောက်ပသော ရွှေဗိမာန်၌ နတ်သမီးတထောင်ခြံရံလျက် နတ်သမီးဖြစ်ရလေသည်။ (ခု၊ ၂၊ ခလ္လာဋိယပေတဝတ္ထု၊ ၁၃၃ ၁၃၅။ ပေတဝတ္ထုအဋ္ဌကထာ၊ ၄၃ ၄၉။)

အဒိန္နာဒါနကံမှရှောင်ကြဉ်ခြင်း၏အကျိုးများ

၁။ များစွာသော ဥစ္စာစပါးရှိခြင်း၊

၂။ အပိုင်းအခြားမရှိသော စည်းစိမ်ရှိခြင်း၊

၃။ မြဲမြံနိုင်ခံ့သော စည်းစိမ်ရှိခြင်း၊

၄။ လိုအပ်သောစည်းစိမ်းတို့ကို လျင်မြန်စွာ ရခြင်း၊

၅။ မင်းစသည်တို့နှင့် မဆက်ဆံသောစည်းစိမ်ရှိခြင်း၊

၆။ ပြန့်ပြောသောစည်းစိမ်ရှိခြင်း၊

၇။ ထိုထိုအရာဌာနတို့၌ အကြီးအကဲဖြစ်ရခြင်း၊

၈။ မရှိသည်၏အဖြစ်ကို မသိရခြင်း၊

၉။ ချမ်းသာစွာ နေရခြင်းစသောအကျိုးများတည်း။

အဒိန္နာဒါနာ ဝေရမဏိယာ မဟာဓနဓညတာ အနန္တဘောဂတာ ထိရဘောဂတာ ဣစ္ဆိတာနံ ဘောဂါနံ ခိပ္ပံ ပဋိလာဘော ရာဇာဒီဟိ အသာဓာရဏဘောဂတာ ဥဠာရဘောဂတာ တတ္ထ တတ္ထ ဇေဋ္ဌကဘာဝေါ နတ္ထိဘာဝဿ အဇာနနတာ သုခဝိဟာရိတာတိ ဧဝမာဒီနိ။ (ဣတိဝုတ္တကဋ္ဌကထာ၊ ပုတ္တသုတ္တဝဏ္ဏနာ၊ ၂၂၄။)

## (၃) ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်(သီလ)နှင့်စပ်သွယ် သိမှတ်ဖွယ်

မသွားလာထိုက်သောအဂမနီယဋ္ဌာနခေါ်သော ဝတ္ထုကာမတို့၌ မေထုန်မှီဝဲလိုသောကိလေသာကာမဖြင့် လွန်ကြူးကြောင်း ကာယဒွါရ၌ ဖြစ်သောစေတနာသည် "ကာမေသု မိစ္ဆာစာရ"မည်၏။ ထိုကာမေသုမိစ္ဆာစာရမှ ကြဉ်ရှောင်ခြင်းသည်"ကာမဂုဏ်တို့၌ မှားယွင်းသောအကျင့်မှ ရှောင်ကြဉ်သောသီလ"ဖြစ်၏။

### ယောကျ်ားများအတွက် မသွားလာထိုက်သောအမျိုးသမီး(အဂမနီယဋ္ဌာန)၂၀

[ဆောင်ပုဒ်]။ ။ မာ ပိ မာပိ, ဘာနှင့်-ဘ, ဉာ ဂေါ-ဓမ်-သာ သ။

ဓ-ဆန်-ဘော-ပ, ဩ-ဩ-ဒါ, ကမ္မ ဓ မုဟာ။

(မာ) မာတုရက္ခိတာ=မိခင်စောင့်ရှောက်အပ်သောမိန်းမ၊ [ဖခင်သေ၍ဖြစ်စေ ကွဲကွာနေ၍ဖြစ်စေ, အမိချည်း စောင့်ရှောက်အပ်သူ။]

(ပိ) ပိတုရက္ခိတာ=ဖခင်စောင့်ရှောက်အပ်သောမိန်းမ။

(မာပိ) မာတာပိတုရက္ခိတာ=မိဘ၂ ပါးလုံး စောင့်ရှောက်အပ်သော မိန်းမ၊[ဤ၌ မာတုရက္ခိတာဖြစ်လျှင် ပိတုရက္ခိတာ မဟုတ်, ပိတုရက္ခိတာဖြစ်လျှင် မာတုရက္ခိတာမဟုတ်, မာတာပိတုရက္ခိတာ ဖြစ်လျှင် မာတုရက္ခိတာ ပိတုရက္ခိတာ ၂ မျိုးလုံးမဟုတ်နိုင်ပုံကို သတိပြုပါ။]

(ဘာ) ဘာတုရက္ခိတာ=မောင်ကြီးမောင်ငယ်စောင့်ရှောက်အပ်သော၊[မိဘမရှိ, အမညီမ မရှိ(ရှိသော်လည်း မစောင့်ရှောက်နိုင်၍) မောင် (အစ်ကို)အရင်းက စောင့်ရှောက်ထားရသူ။]

(ဘ) ဘဂိနိရက္ခိတာ=မိဘ၂-ပါးလုံးမရှိ၍ အမညီမအရင်းတို့စောင့်ရှောက်ထိန်းသိမ်းထားအပ်သော မိန်းမ။

(ဉာ) ဉာတိရက္ခိတာ=ဆွေမျိုးစောင့်ရှောက်အပ်သော မိန်းမ။ [မိဘ မောင် အမ ညီမအရင်းတို့မရှိ, ရှိသော်လည်း မစောင့်ရှောက်နိုင်၍ ဝမ်းကွဲဆွေမျိုးက စောင့်ရှောက်ထားသူ။]

(ဂေါ) ဂေါတ္တရက္ခိတာ=အနွယ်တူလူတို့က စောင့်ရှောက်အပ်သော မိန်းမ၊ [ဤမြန်မာနိုင်ငံ၌ ဆွေမျိုးသာ အရေးကြီး၏, အနွယ်ကား အရေးမကြီးကြ၊ အိန္ဒိယနိုင်ငံ၌ကား ကဿပအနွယ်, ဂေါတမအနွယ်, ဝသိဋ္ဌအနွယ်စသည်ဖြင့် အနွယ်လည်းအရေးကြီးသည်၊ ဆွေမျိုးမစပ်သော်လည်း အနွယ်စပ်တတ်သေး၏၊ ရှမ်းပြည်က ရှမ်းမလေးတယောက် မန္တလေးရောက်လာလျှင် ရှမ်းလူမျိုးက စောင့်ရှောက်ထားရာ၌ ဂေါတ္တရက္ခိတာဟုပင် ဆိုထိုက်၏။]

(ဓမ်) ဓမ္မရက္ခိတာ=အတူတကွ တရားကျင့်ဖော်ဖြစ်သူတို့ စောင့်ရှောက်အပ်သော မိန်းမ၊ [ဓမ္မအရ တရားကိုမယူနှင့် ဓမ္မကျင့်ဘက် ဖြစ်သူများကိုယူ၊ ယခုကာလ၌ မိဘစသည်တို့ကိုခွဲ၍ သီလရှင် ရသေ့မစသည်ပြုလုပ်နေသူများသည် ဓမ္မရက္ခိတာပင်ဖြစ်၏၊"ဧကံ သတ္ထာရံ ဥဒ္ဒိဿ ပဗ္ဗဇိတေဟိ"တိ ဣမိနာ ပဏ္ဍရင်္ဂပရိဗ္ဗာဇိကာဒယော (အဝတ်ဖြူဝတ်သော ပရိဗ္ဗိုဇ်မစသည်တို့ကို)ဝုတ္တာ၊...သဥ္စရိတ္တသိက္ခာပဒသာရတ္ထဋီကာ (သာရတ္ထ၊ ၂၊ ၃၂၇။)]

ဤရှစ်ယောက်သောမိန်းမတို့သည် ကာမပိုင်ယောကျ်ားမရှိသော မိန်းမများတည်း၊ မိမိတို့ကာမအတွေကို မိမိသဘောရှိပေးနိုင်ကြသည်၊ မိဘစသည်တို့က စောင့်ရှောက်ပါသည်-ဟုဆိုသော်လည်း သူတပါးတို့ မစော်ကားနိုင်ရုံသာ စောင့်ရှောက်ခြင်းဖြစ်သည်၊ ကာမကို မိဘတို့မပိုင်ကြ၊ သို့ဖြစ်၍ ထိုမိန်းမများသည် မိမိကာမကို သူတပါးအား ပေးသည့်အတွက် "ကာမေသုမိစ္ဆာစာရ"မဖြစ်၊ သို့သော် အရှက်တကွဲ အကျိုးနဲဖြစ်ရခြင်း ဟူသော အပြစ်ကြီးကား ကာမေသုမိစ္ဆာစာရထက် ကြောက်ဖွယ်ကောင်းရုံသာမက လွန်ကျူးမိသည့်အတွက် နောင်တ တဖန် ပူပန်သောကဖြင့် အပါယ်သို့ သွားရမည်မှာ အလွန်ဖြောင့်သော လမ်းကြီးပါပေတည်း။

(သာ) သာရက္ခာ=အစောင့်အရှောက်ရှိသော မိန်းမ။ [ သာရက္ခာ နာမ ဂဗ္ဘေပိ ပရိဂ္ဂဟိတာ ဟောတိ "မယံ့ သော"တိ ဟူသော သဥ္စရိတ္တသိက္ခာပုဒ်ပါဠိတော်(ဝိ၊ ၁၊ ၂၀၃)နှင့်အညီ ဝမ်းတွင်း၌ တည်နေတုန်းကပင် ဖွားမြင်လာလျှင် မယားပြုရန် တောင်းရမ်းသတ်မှတ်ထားအပ်သော မိန်းမတည်း၊ ယခုကာလ၌ လက်မထပ်ရသေးသော်လည်း ပြောဆိုကြောင်းလမ်းပြီးသော မိန်းမများသည် သာရက္ခာ၌ ပါဝင်ကြ၏။]

(သ) သပရိဒဏ္ဍာ=မင်းပြစ်မင်းဒဏ်ထားအပ်သော မိန်းမ(မင်းပြစ်မင်းဒဏ်မကင်းသော မိန်းမ၊ ["ယဿာ ဂမနေ ရညာ ဒဏ္ဍော ဌပိတော(ထပိတော)၊ သာ သပရိဒဏ္ဍာ"ဟူသော တေရသကဏ်ဋီကာ(သာရတ္ထ၊ ၂၊ ၃၂၈)နှင့်အညီ ပြည့်ရှင်မင်းစသော အာဏာပိုင်တို့က မိမိကိုယ်တိုင် သိမ်းပိုက်မည်ဖြစ်၍ သွားလာသူတို့အား ဒဏ်ထားတတ်လေသည်၊ ထိုမိန်းမမျိုးကိုသာ သပရိဒဏ္ဍာ-ဟု ခေါ်သည်၊ ယခု ရာဇဝတ်ဥပဒေအပြစ်မျိုးမှာ သပရိဒဏ္ဍာနှင့်မဆိုင်။]

"ပစ္ဆိမာနံ ဒွိန္န"န္တိ သာရက္ခသပရိဒဏ္ဍာနံ မိစ္ဆာစာရော ဟောတိ တာသံ သဿာမိကကဘာဝတော"ဟူသော တေရသကဏ်ဋီကာ(သာရတ္ထ၊ ၂၊ ၃၂၈)နှင့်အညီ ဤသာရက္ခာသပရိဒဏ္ဍာ၂-ယောက်တို့သည် အလွတ်အလပ် မဟုတ်ကြ, မိမိတို့ကာမကို ပိုင်ဆိုင်သော ပိုင်ရှင်ရှိကြလေပြီ၊ သို့ဖြစ်၍ တပါးသောယောကျ်ားတို့အား ကာမကိုပေးလျှင် ပိုင်ရှင်ယောကျ်ား၏ဥစ္စာကို ခိုးပေးရာကျသောကြောင့် "ကာမေသုမိစ္ဆာစာရ"သင့်ရလေသည်၊ ယခုကာလ ရာဇဝတ်ဥပဒေကို သပရိဒဏ္ဍာ၌ ဒဏ်ဟုဆိုလျှင် မာတုရက္ခိတာစသော မိန်းမများကို သဘောမတူပဲ ကျူးလွန်က ဥပဒေအရ အပြစ်ဒဏ်မကင်းကြသဖြင့် မာတုရက္ခိတာစသည်ကိုလည်း သပရိဒဏ္ဍာ-ဟု ဆိုရလိမ့်မည်၊ သို့ဖြစ်လျှင် ထိုမာတုရက္ခိတာစသည်တို့က မိမိကာမကို ယောကျ်ားတို့အား ပေးရာ၌"သာရက္ခာနံ သပရိဒဏ္ဍာနံ မိစ္ဆာစာရော"အရ မိစ္ဆာစာရသင့်ရလိမ့်မည်၊ စင်စစ်ကား မာတုရက္ခိတာစသောမိန်းမရှစ်ယောက်တို့၌ ကာမေသုမိစ္ဆာစာရပြစ်မရှိ၊ ထို့ကြောင့် အစိုးရတို့က စောင့်ရှောက်မှုနှင့်ဥပဒေအရ ဒဏ်ထားမှုတို့သည် သာရက္ခာ သပရိဒဏ္ဍာအရ လုံးဝမသက်ဆိုင်-ဟုမှတ်။

(ဓ) ဓနက္ကီတာ=ဥစ္စာဖြင့်ဝယ်အပ်သောမယား၊ [အိန္ဒိယမှ သဘော်ခပေးစရာမရှိပဲ မြန်မာနိုင်ငံသို့ လိုက်လာပြီးနောက် မြန်မာနိုင်ငံရောက်က ဆိုင်ရာမှ လေလံပစ်သည်ကို ဝယ်ယူအပ်သော မယားမျိုးစသည်တည်း။]

(ဆန်) ဆန္ဒဝါသိနီ=သူ၏မယားဖြစ်ဖို့ရန် ဆန္ဒသဘောတူသဖြင့် သူ့အိမ်၌သွားရောက်နေထိုင်သောမယား၊ [ယခုကာလ မိဘစသည်တို့က သဘောမတူသော်လည်း မိန်းကလေးက ဆန္ဒတူသဖြင့် ထွက်ပြေးကြရာ၌ မိန်းကလေးက ဆန္ဒဝါသိနီမယားအရာမြောက်သောကြောင့် ယောကျ်ား၌ မိစ္ဆာစာရပြစ်မရှိတော့ပြီ။]

(ဘော) ဘောဂဝါသိနီ=စည်းစိမ်ဥစ္စာအတွက် နေထိုင်သောမယား၊ [ဓနက္ကီတာကား ထိုမိန်းမနှင့်သက်ဆိုင်သူထံ ဥစ္စာပေး၍ ယူရသည်၊ ဤဘောဂဝါသိနီကား ဆင်းရဲလှသဖြင့် ဆန်ဖွပ်ဖို့ မောင်း ကျည်ပွေ့အစရှိသော အသုံးအဆောင်ကလေး ရရုံမျှဖြင့်မယားဖြစ်ရသော မိန်းမမျိုးတည်း။]

(ပ) ပဋဝါသိနီ=အဝတ်ထမီစသော အဝတ်တန်ဆာအတွက် နေထိုင်သောမယား။

(ဩ) ဩဒပတ္တကိနီ=ရေခွက်၌ လက်ဆုံချ၍ ထိမ်းမြားရသောမယား၊ [ရေခွက်၌ ၂-ယောက်စလုံး လက်ကိုချစေပြီးလျှင် "ဤရေခွက်၌ရေသည် မကွဲမပြားတသားထည်း တည်နေသကဲ့သို့ သင်တို့ဇနီးမောင်နှံလဲ မကွဲမပြား တည်နေကြပါစေ" ဟု လူကြီးသူမတို့က ပြောဆိုထိမ်းမြားအပ်သောမယားတည်း၊ ယခုကာလ၌ လက်ထပ်၍ ယူသောမယားများသည် ဤဩဒပတ္တကိနီမယားချည်းတည်း။]

(ဩ) ဩဘဋ္ဋစုမ္ဗဋာ(ဩဘတစုမ္ဗဋာ)=ချအပ်သော ခေါင်းခုရှိသောမယား၊ [ဦးခေါင်းပေါ်၌ ခေါင်းခုထားပြီးလျှင် ထင်းစသည်ရောင်း၍ အသက်မွေးရသော ဆင်းရဲသူမကလေးကို တချို့က မယားအဖြစ် အတည်ယူလိုက်သည့်အခါ ထင်းစသည်ကို မရောင်းရတော့ပြီဖြစ်၍ ခေါင်းပေါ်က ခေါင်းခုကျသွားပြီးဟူလို။]

(ဒါ) ဒါသီဘရိယာ=ကျွန်မယား၊ [တချို့က ကျွန်မကိုပင် အတည်မယားပြုသည်။]

(ကမ္မ) ကမ္မကာရီဘရိယာ=အစေခံမယားမျိုး၊ [အချို့က အိမ်မှာခိုင်းထားသောကလေးမကိုပင် မယားအဖြစ် အတည်ယူထားသည်။]

(ဓ) ဓဇာဟဋာ=စစ်တိုက်ရာတွင် စစ်အောင်သဖြင့် အောင်လံကိုစိုက်ထောင်၍ ယူဆောင်အပ်သော သုံ့ပန်းတို့တွင် အချို့ကို

မယားပြုရန် သိမ်းပိုက်အပ်သောမယားမျိုးတည်း။

(မုဟာ) မုဟုတ္တိကာ=အတည်အမြဲမဟုတ်ပဲ ရက်အနည်းငယ်မျှ ခဏမျှ မယားပြုအပ်သောမယား။

[ဓနက္ကီတာစသော မယား၉-ယောက်သည် နောက်မှ အကြောင်းမသင့်၍ ကွဲစေကာမူ ပင်ကိုယ်က အမြဲယူအပ်သော မယားများတည်း၊ ဤမုဟုတ္တိကာမယားကား ၇ ရက်မျှ နက္ခတ်သဘင်ကစားလိုသောအခါဖြစ်စေ, တည်ဖို့ အတွက်ဖြစ်စေ, တခဏမျှဖြစ်စေ, ဥစ္စာပေး၍ ပေါင်းအပ်သော ပြည့်တန်ဆာမမျိုးတည်း။]

## အထူးမှတ်သားဖွယ်

ဤပြခဲ့သောမယားများသည် မိမိပိုင်ဆိုင်သော ယောကျ်ားများနှင့်သာ ပျော်ပါးခွင့်ရှိ၏၊ မိမိကာမကို အခြားယောကျ်ားတို့အား ပေးလျှင် ခိုး၍ပေးရာ ရောက်သောကြောင့် ကာမေသုမိစ္ဆာစာရပြစ်ရှိ၏၊ ထို့ကြောင့် ပြည့်တန်ဆာတို့သည် မိမိကို ငွေပေးထားသော ယောကျ်ားနှင့်ကိစ္စမပြီးသေးသမျှ အခြားယောကျ်ားကို လက်မခံရ, လက်ခံလျှင် မိစ္ဆာစာရသင့်၏၊ [ဂရုဓမ္မဇာတ်တော်လာ ဥပ္ပလဝဏ် အလောင်းပြည့်တန်ဆာမဝတ္ထုကြည့် (ဇာ၊ ၁၊ ဂရုဓမ္မဇာတက၊ ၈၁။ ဋ္ဌ၊ ၂၊ ကုရုဓမ္မဇာတကဝဏ္ဏနာ၊ ၃၃-၃၄၂။)] အချုပ်မှာ မာတုရက္ခိတာစသော ၈-ယောက်သည် မိမိကာမကို သူများအားပေးသော်လည်း မိစ္ဆာစာရမဖြစ်, သာရက္ခာစသော ၁၂-ယောက်ကား မိမိယောကျ်ားမှ တပါး အခြားယောကျ်ား ကို ပေးလျှင် မိစ္ဆာစာရဖြစ်၏၊ ယောကျ်ားတို့မှာ ကိုယ်ပိုင် မယားမှတပါး မာတုရက္ခိတာစသော ၂၀ လုံးကို ကျူးလွန်ရာ၌ မိစ္ဆာစာရဖြစ်ကြ၏၊ ဥပမာ=ဓနက္ကီတာမယားရှိလျှင် ထိုမယား၌ သွားလာနိုင်၏၊ သူတပါး၏ဓနက္ကီတာ စသောမယားများကိုငှင်း, မာတုရက္ခိတာစသောအမျိုးသမီးများကိုငှင်းမသွားလာကောင်းဟူလို။ (သဂြိုဟ်ဘာသာဋီကာ၊ ၃၃၃ ၃၃၆။)

ကာမေသုမိစ္ဆာ၊ သူ့အိမ်ရာနိုက်၊ ကိလေသာစက်၊ ကျူးမမက်နှင့်၊ သူ့ထက်ကိုက၊ ဣဿရနှင့်၊ ဘောဂဥစ္စာ၊ စည်းစိမ်သာမူ၊ မိစ္ဆာတရား၊ မောဟပွါး၏၊ မသွားလာအပ်၊ မစပ်ရာဘိ၊ ကျမ်းလာယှိသား၊ အဂမနိယ၊ မိန်းမအပြား၊ နှစ်ကျိပ်အားတွင်၊ သူ့မယားဖြစ်၊ တကျိပ်နှစ်နှင့်၊ မိချစ်ဘခင်၊ မောင်လျှင်အစ်မ၊ ဉာတိစသည့်၊ စောင့်ကြအနိုင်၊ ကာမပိုင်သခင်၊ အရှင်ကင်းလစ်၊ လင်မဲ့ရှစ်နိုက်၊ စင်စစ်အဂမနိ၊ သိမသိပင်၊ ဖြစ်ကျင်တပဲ၊ မှိုဝဲလိုစိတ်၊ ရေနှယ်ဖိတ်လျက်၊ ဣတ္ထိပုရိသ၊ ပယောဂဖြင့်၊ လုံ့လပြုခြင်း၊ မဂ်ချင်းချင်းနိုက်၊ ထည့်သွင်းသာယာ၊ အင်လေးဖြာတို့၊ ညီပါတုံလစ်၊ ဤကံညစ်ကို၊ အပြစ်မသိ၊ အလိုရှိတိုင်း၊ ပြုမိပြုရာ၊ မိစ္ဆာအမှု၊ ကျူးလွန်ပြုက၊ ဝတ္ထုပဟုထ၊ ထိုမိန်းမတို့၊ သီလယှိမဲ့၊ လိုမဟဲ့နှင့်၊ လိုဟဲ့အလျောက်၊ ထိုသယောက်တို့၊ ပြစ်ရောက်နည်းများ၊ ဟူတတ်ငြား၏၊ သူ့မယားဖြစ်၊ တကျိပ်နှစ်နိုက်၊ အပြစ်တူကွ၊ မလွတ်ကြဘူး၊ မိန်းမယောကျ်ား၊ နှစ်ဦးသားပင်၊ နှစ်ပါးကံမိုက်၊ အပါယ်ထိုက်ရှင့်၊ မှတ်ပိုက်စင်စစ်၊ လင်မဲ့ရှစ်မှာ၊ ယောကျ်ားသာဟု၊ ကျမ်းလာမမှား၊ ဆုံးဖြတ်ခြား၏၊ မြောက်ငြားကမ္မ၊ ပထအကျိုး၊ ငရဲအိုးတည့်၊ လိုဆိုးကျင့်မိုက်၊ ဒုစရိုက်နိုက်၊ ပျော်ပိုက်လိုက်စား၊ ကြာသမားတို့၊ ပြစ်များအိမ်ရာ၊ ကံမိစ္ဆာဖြင့်၊ ခန္ဓာအသက်၊ ယွင်းပျက်ဤကိုယ်၊ အနန္တိုရ်ဝယ်၊ ဟင်းလိုကျက်ကျက်၊ ပြုတ်ကျိုချက်လိမ့်၊ ပွက်ပွက်လျှံဝေ၊ ကြေးသံရေနိုက်၊ မကြေမညက်၊ ဆူကြွက်ကြွက်နှင့်၊ အောက်ထက်ပြန်ပြောင်း၊ နှစ်ခြောက်သောင်းမှ၊ ဥက္ကောင်းတခါ၊ ပေါ်ပြန်လာ၍၊ မကြာခဏ၊ ဒု, သ, န, သော၊ ကြောက်မောဘွယ်လိ၊ ပုဒ်အာဒိမျှ၊ မချိဟစ်ကြော်၊ လုံးစီအော်လျက်၊ လော်ဟကုမ္ဘီ၊ ကြေးနီအိုးတွင်း၊ ငုပ်လျှိုးခြင်းဖြင့်၊ နှစ်ဆင်းပြန်လတ်၊ ခစီးပတ်ဟူ၊ မမြတ်ယုတ်မာ၊ ကျူးလွန်စွာသည်၊ မိစ္ဆာပြစ်လေး၊ သင့်ဒဏ်ဘေးနှင့်၊ မိုက်ကြွေးမြောင်းမြိ၊ မလွတ်ပြီသို့၊ ဒုဿီယွင်းဘောက်၊ ကျင့်မှားမှောက်သား၊ လေးယောက်အိမ်ဖျက်၊ ဆင်းရဲနက်၏၊ မွေညက်ယဉ်မှိန်း၊ စိတ်ကိုထိန်းလော့၊ မိန်းမယောကျ်ား၊ နှစ်ဦးသားတို့၊ ငါးပါးအာရုံ၊ကြိုက်ကြုံတွေ့ခါ၊ ကိလေသာဖြင့်၊ လွန်စွာယှဉ်ပြိုင်၊ စစ်ကြီးဆိုင်သို့၊ အနိုင်အထက်၊ ကိုယ်လက်ထန်ပြင်း၊ ထိရန့်ရင်း၏၊ မကင်းသတိ၊ သမာဓိနှင့်၊ ဉာဏ်ယှိမပြိန်း၊ ကျိတ်မျိုထိန်းလော့၊ တသိန်းကမ္ဘာ၊ ပြည့်ပြီးစွာသည့်၊ မြတ်လျာအလောင်း၊ ပွင့်လုညောင်းလျက်၊ မကောင်းမိတ်လိုက်၊ အပျော်ကြိုက်၍၊ ကျိုက်ကျိုက်ပွက်ဆူ၊ အောက်ရောရူနှင့်၊ လူတွင်နိမ့်ကျ၊ သမုတ်ကြသား၊ မိန်းမနပုန်း၊ ကျောက်ကုန်းရိုက်ပုတ်၊ ဗီဇထုတ်က၊ အယုတ်နွားမျောက်၊ ဆဲ့လေးမြောက်အောင်၊ ကြောက်စဘွယ်ဘေး၊ ခံရသေးသည်။ ။ မိုက်မေး ပရဒါရာတည်း။

(မဃဒေဝလင်္ကာသစ်၊ ပုတ္တောဝါဒခဏ်း၊ ပိုဒ် ၂၃၂-၆၃၊ နှာ ၁၆၃-၁၆၄။)

ဒု,သ,န,သော။ ။ ကဿပဘုရားရှင်လက်ထက်တော်က သူဋ္ဌေးသားလေးယောက်တို့သည် သူတပါးတို့ကဲ့သို့ ကုသိုလ်ကောင်းမှု မပြုလုပ်ကြပဲ အနှစ်နှစ်သောင်းတို့တိုင်တိုင် ပစ္စည်းဥစ္စာတို့ဖြင့် ဖြားယောင်းကုန်လျက် သူတပါးတို့၏ဇနီးမယားတို့၌ ကျူးလွန်ပျော်ပါးခြင်း(ပရဒါရိကကံ=ပရဒါရကံ)အမှုကို ပြုခဲ့ကြသောကြောင့် သေလွန်သည်ရှိသော် အဝီစိငရဲကြီး၌ ဘုရားနှစ်ဆူတို့၏အကြားကာလပတ်လုံး ကျက်ခဲ့ပြီးနောက် ထိုမကောင်းမှုကံကြွင်း၏အစွမ်းဖြင့် လောဟကုမ္ဘီငရဲ၌ကျရပြန်သဖြင့် အနှစ်သုံးသောင်းတို့ဖြင့် အောက်အပြင်သို့ ကျရောက်၍ တဖန်အနှစ်သုံးသောင်းတို့ဖြင့် ငရဲအိုး၏အထက်မျက်နှာပြင်သို့ ရောက်လာသောအခါ တခုစီသောဂါထာကို ရွတ်ဆိုလိုကုန်လျက် ရွတ်ဆိုခြင်းငှါ မစွမ်းနိုင်ရကား ဒု,သ,န,သော=ဟူသော အစအက္ခရာတလုံးစီကိုသာ ရွတ်ဆိုမိပြီးလျှင် တဖန် ကျွမ်း

ပြန်လျက် ငရဲအိုးတွင်းသို့သာ နစ်မြုပ်ဝင်သွားကြရလေ၏။

တေ တတောပဋ္ဌာယ အဘိရူပါနံ ဣတ္ထီနံ ခနံ ပေသေတွာ ဝီသတိဝဿသဟဿာနိ ပရဒါရိကကမ္မံ ကတွာ ကာလံ ကတွာ အဝိစိနိရယေ နိဗ္ဗတ္တာ။ တေ ဇကံ ဗုဒ္ဓန္တရံ နိရယေ ပစ္စိတွာ တတ္ထ ကာလံ ကတွာ ပဏ္ဏာဝသေသေန သဋ္ဌိယောဇနိကာယ လောဟကုမ္ဘိယာ နိဗ္ဗတ္တိတွာ တိံသာယ ဝဿသဟဿေဟိ ဟေဋ္ဌိမတလံ ပတွာ ပုနပိ တိံသာယ ဝဿသဟဿေဟိ လောဟကုမ္ဘိမုခံ ပတွာ ဧကေကံ ဂါထံ ဝတ္တုကာမာ ဟုတွာ ဝတ္တုံ အသက္ကောန္တာ ဧကေကံ အက္ခရံ ဝတွာ ပုန ပရိဝတ္တိတွာ လောဟကုမ္ဘိမေဝ ပဝိဋ္ဌာ။

"ဒု,သ,န,သော"ဟူသောအက္ခရာလေးလုံး၏အပြည့်အစုံဂါထာတို့ကား...

ဒုဇ္ဇီဝိတ မဇီဝိမှ၊ ယေသန္တေ န ဒဒမှသေ။

ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံ နာကမှ အတ္တနော။

ယေသံ -အကြင်ငါတို့အား၊ ဝါ-ယေသံ နော-အကြင်ငါတို့သည်၊ ဘောဂေသု -စည်းစိမ်တို့သည်၊ ဝိဇ္ဇမာနေသု -ထင်ရှားရှိကုန်လျက်၊ န ဒဒမှသေ မပေးမလှူမိကြကုန်၊ အတ္တနော-မိမိ၏၊ ဒီပံ -မှီခိုရာ ကိုင်းကျွန်းသဖွယ်ဖြစ်သော ကုသိုလ်ကောင်းမှုကို၊ န အကမှ မပြုမိကုန်၊ တေ နော ထိုငါတို့သည်၊ ဒုဇ္ဇီဝိတံ -မကောင်းသော အသက်မွေးခြင်းကို၊ အဇီဝိမှ အသက်မွေးမိကြလေကုန်၏။

သဋ္ဌိဝဿသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။

နိရယေ ပစ္စမာနနံ၊ ကဒါ အန္တော ဘဝိဿတိ။

နိရယေ လောဟကုမ္ဘိ' ဤသည်ငရဲ သံရေထဲ၌၊ ပစ္စမာနနံ -ကျက်ကြရကုန်သော ငါတို့အား၊ သဗ္ဗသော ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ သဋ္ဌိဝဿသဟဿာနိ အနှစ်ခြောက်သောင်းတို့သည်၊ ပရိပုဏ္ဏာနိ -ပြည့်ကုန်ပြီ၊ ကဒါ -အဘယ်အခါ၌၊ အန္တော (ဤဆင်းရဲ၏)အဆုံးသည်၊ ဘဝိဿတိ ဖြစ်ပါလတံ့နည်း။

နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပဋိဒိဿတိ။

တဒါ ဟိ ပကတံ ပါပံ၊ မမ တုယှဉ္စ မာရိသာ။

မာရိသာ ရောင်းရင်းတို့၊ မမ စ -ငါအားလည်းကောင်း၊ တုယှဉ္စ တုမှာကဉ္စ -သင်တို့အားလည်းကောင်း၊ အန္တော အဆုံးအပိုင်းအခြားသည်၊ နတ္ထိ မရှိပြီ၊ အန္တော -(ဤငရဲ၏)အဆုံးအပိုင်းခြားသည်၊ ကုတော အတ္ထိ -အဘယ်မှာ ရှိအံ့နည်း၊ အန္တော -ငရဲခံရခြင်း၏ အဆုံးအပိုင်းအခြားသည်၊ န ပဋိဒိဿတိ မထင်၊ ဟိ -ထိုစကားသင့်စွ၊ တဒါ -ထိုဗာရာဏသီပြည်တွင် လူဖြစ်စဉ်အခါက၊ (တယာ စ တုမှေဟု စ သင်တို့သည်လည်းကောင်း၊ မယာ စ -ငါသည်လည်းကောင်း)၊ ပါပံ -မကောင်းမှုကို၊ ပကတံ များစွာ ပြုမိခဲ့လေပြီ။

သောဟံ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ။

ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ။

သောဟံ ထိုငါသည်၊ ဣတော -လောဟကုမ္ဘီ သံရေပူငရဲမှ၊ ဂန္တွာ သွားရ၍၊ မာနုသိံ -လူ၌ဖြစ်သော၊ ယောနိံ ဘဝကို၊ လဒ္ဓါန ရပါမူကား၊ ဝဒညူ အလှူခံသူ လူပုဂ္ဂိုလ်တို့၏စကားကို သိလေ့ရှိသည်ဖြစ်၍၊ သီလသမ္ပန္နော သီလနှင့်ပြည့်စုံသည်ဖြစ်၍၊ နူန စင်စစ်အားဖြင့်၊ ဗဟုံ များစွာ၊ ကုသလံ ကုသိုလ်ကောင်းမှုကို၊ ကာဟာမိ -ပြုပါတော့အံ့။ (ဓမ္မပဒ၊ ၌၊ ၁၊ ၂၈၆ ၂၈၈။)

ပေတဝတ္ထုပါဠိတော် သေဋ္ဌိပုတ္တပေတဝတ္ထု (ခု၊ ၂၊ ၂၁၆), ပေတဝတ္ထုအဋ္ဌကထာ သေဋ္ဌိပုတ္တပေတဝတ္ထုဝဏ္ဏနာ(၂၆၂ ၂၆၃)တို့၌လည်း လာရှိ၏၊ သေဋ္ဌိပုတ္တပေတဝတ္ထု၌ကား သ,န,ဒု,သော-ဟု အက္ခရာလေးလုံးအတွက် လေးဂါထာစဉ်လျက် ရှိ၏။ ထိုအဋ္ဌကထာ၌ အောက်ပါအတိုင်း ဖွင့်ဆို၏။

သဋ္ဌိဝဿသဟဿာနီတိ ဝဿာနံ သဋ္ဌိသဟဿာနိ။ တသ္မိံ ကိရ လောဟကုမ္ဘိနိရယေ နိဗ္ဗတ္တသတ္တော အဓော ဩဂစ္ဆန္တော (အဓော ဂစ္ဆန္တော သီ၊ဣ) တိံသာယ ဝဿသဟဿေဟိ ဟေဋ္ဌိမတလံ ပါပုဏာတိ၊ တတော ဥဒ္ဓံ ဥဂ္ဂစ္ဆန္တောပိ တိံသာယဧဝ ဝဿသဟဿေဟိ မုခဝဋ္ဋိပဒေသံ ပါပုဏာတိ၊ တာယ သညာယ သော "သဋ္ဌိဝဿသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော"တိ ဂါထံ ဝတ္တုကာမော သ ဣတိ ဝတွာ အဓိမတ္တဝေဒနာပ္ပတ္တော ဟုတွာ အဓောမုခေါ ပတိ။ ဘဂဝါ ပန တံ ရညော(ပသေနဒီကောသလမင်းအား) ပရိပုဏ္ဏံ ကတွာကထေသိ။ သေနယော သေသဂါထာသုပိ။

ကဒါ အန္တော ဘဝိဿတီတိ လောဟကုမ္ဘိနိရယေ ပစ္စမာနနံ အမှာကံ ကဒါ နု ခေါ ဣမဿ ဒုက္ခဿ အန္တော ပရိယောသာနံဘဝိဿတိ။

တထာဟီတိ ယထာ တုယှံ မယှဉ္စ ဣမဿ ဒုက္ခဿ နတ္ထိ အန္တော၊ န အန္တော ပဋိဒိဿတိ၊ တထာ တေန ပကာရေန ပါပကံ ကမ္မံ ပကတံ တယာ မယာ စာတိ ဝိဘတ္တိံ ဝိပရိဏာမေတွာ ဝတ္တဗ္ဗံ။

ဒုဇ္ဇီဝိတန္တိ ဝိညူဟိ ဂရဟိတဗ္ဗံ ဇီဝိတံ။ ယေ သန္တေတိ ယေ မယံ သန္တေ ဝိဇ္ဇမာနေ ဒေယျဓမ္မေ။ န ဒဒမှသေတိ န အဒဒမှ။

## ငါးပါးသီလနှင့်စပ်သွယ် သိမှတ်ဖွယ်

ဣတောတိ ဣမသ္မာ လောဟကုမ္ဘိနိရယာ။ **ဂန္တွာတိ အပဂန္တွာ**။ ယောနိံ လဒ္ဓါန မာနုသိန္တိ မနုဿယောနိံ မနုဿတ္တဘာဝံ လဘိတွာ။ ဝဒညူတိ ပရိစ္စာဂသီလော(ပရိစ္စာဂသီလော ဝါ သီ), ယာစကာနံ ဝါ ဝစနညူ။ သီလသမ္ပန္နောတိ သီလာစာရသမ္ပန္နော။ ကာဟာမိ ကုသလံ ဗဟုန္တိ ပုဗ္ဗေ ဝိယ ပမာဒံ အနာပဇ္ဇိတွာ ဗဟုံ ပဟူတံ ကုသလံ ပုညကမ္မံ ကရိဿာမိ၊ ဥပစိနိဿာမိတိ အတ္ထော။

အရှင်အာနန္ဒာမထေရ်၏ဘဝတကွေ့ အမှားတွေ့ရပုံ။ ။ ကမ္ဘာတသိန်းပတ်လုံး ဖြည့်အပ်သောပါရမီရှိသော အရှင်အာနန္ဒာမထေရ်သော်မှလည်း သံသရာ၌ ကျင်လည်စဉ် တခုသောဘဝဝယ် ပန်းထိမ်သည်မျိုး၌ဖြစ်၍ သူတပါး၏ဇနီးမယား၌ကျူးလွန်သော ပရဒါရကံကို ပြုမှားမိသောကြောင့် ငရဲ၌ ကျက်ခံရပြီးမှ ထိုကံကျိုးအကြွင်းအကျန်၏အစွမ်းဖြင့် တစ်ဆယ့်လေးဘဝတိုင်တိုင် ယောကျ်ား၏ ခြေရင်းအလုပ်အကျွေးမိန်းမဖြစ်ရဖူးပြီး ခုနစ်ဘဝတိုင်တိုင် ဝှေးစေ့ထုတ်ခံရခြင်းသို့ ရောက်ရဖူးလေသည်။

(ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ သောရေယျတ္ထေရဝတ္ထု၊ ၂၀၈။)

အာနန္ဒတ္ထေရောပိ ကပ္ပသတသဟဿံ ပူရိတပါရမိ အရိယသာဝကော သံသာရေ သံသရန္တော ကေသိဉ္စိ အတ္တဘာဝေ ကမ္မာရကုလေ နိဗ္ဗတ္တော၊ ပရဒါရကမ္မံ ကတွာ နိရယေ ပစ္စိတွာ ပက္ကာဝသေသေန စုဒ္ဒသသု အတ္တဘာဝေသု ပုရိသဿ ပါဒပရိစာရိကာ ဣတ္ထီ အဟောသိ၊ သတ္တသု အတ္တဘာဝေသု ဗီဇုဒ္ဓရဏံ ပါပုဏိ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၀၈။)

မဟာနာရဒကဿပဇာတ်တော်၌ကား "အရှင်အာနန္ဒာအလောင်းတော်သည် တခုသောဘဝဝယ် မဂဓတိုင်း ရာဇဂြိုဟ်ပြည်တွင် ရွှေပန်းထိမ်သည်သားဖြစ်စဉ်အခါက မကောင်းသောမိတ်ဆွေတို့နှင့်ပေါင်းမိ၍ သူတပါးတို့၏ဇနီးမယားတို့ကို ပြစ်မှားကျူးလွန်မိခဲ့လေသည်။ ထိုမကောင်းမှုကံကြောင့်...

(၁) ရောရုဝငရဲသို့ ကျရောက်ခဲ့ရခြင်း၊

(၂) ဘိန္နာဂတပြည်၌ ဝှေးစေ့ထုတ်ခံရသော ဆိတ်ဖြစ်ခဲ့ရခြင်း၊

(၃) တောမျောက်ဘဝ၌ မွေးဖွားစကပင် ဖခင်မျောက်ကြီးက ဝှေးစေ့ကို ကိုက်ဖြတ်၍ ထုတ်ခံရခြင်း၊

(၄) ဒဿနတိုင်း၌ ဝှေးသင်းခံရသော နွားဖြစ်ခဲ့ရခြင်း၊

(၅) ဝဇ္ဇီတိုင်း၌ ရွာသူကြီးမျိုးမှာဖြစ်သော်လည်း ယောကျ်ားမဟုတ် မိန်းမမဟုတ် နပုံးပဏ္ဍုက်ဖြစ်ခဲ့ရခြင်း၊

(၆-၉) လေးဘဝတိုင်တိုင်ဆက်၍ သိကြားမင်း၏အလုပ်အကျွေးနတ်သမီးဖြစ်ခဲ့ရခြင်း၊

(၁၀) တာဝတိံသာနတ်ပြည်၌ ဇဝနနတ်သား၏နတ်မိဖုရားကြီးဖြစ်ခဲ့ရခြင်း၊

(၁၁) မိထိလာပြည်၌ အင်္ဂတိမင်းကြီး၏သမီးတော် "ရုစာ"အမည်ရှိ မင်းသမီးဖြစ်ခဲ့ရခြင်း။...

မြတ်လျာအလောင်း၊ ပွင့်လုညောင်းလျက်၊ မကောင်းမိတ်လိုက်၊ အပျော်ကြိုက်၍၊ ကျိုက်ကျိုက်ပွက်ဆူ၊
အောက်ရောရုနှင့်၊ လူတွင်နိမ့်ကျ၊ သမုတ်ကြသား၊ မိန်းမ နပုန်း၊ ကျောက်ကုန်းရိုက်ပုတ်၊ ဗီဇထုတ်က၊
အယုတ်နွား မျောက်၊ ဆဲ့လေးမြောက်အောင်၊ ကြောက်စဘွယ်ဘေး၊ ခံရသေးသည်။ ။ မိုက်မှေး ပရဒါရာတည်း။

(မဟာသုတကာရီ မဃဒေဝလင်္ကာသစ် တတိယပိုင်း ၊ ၂၃၂၊ ၆၃၊ နှာ ၁၆၄။)

ဤသည်တို့ကား အရှင်အာနန္ဒာမထေရ်အလောင်းတော်၏ ဘဝတကွေ့ဝယ် သူတပါးဇနီးမယားတို့ကို ပြစ်မှားကျူးလွန်ခဲ့သော ပရဒါရကံ၏အကျိုးရင်းအကျိုးဆက်များပင်တည်း"။ (ဇာ၊ ၂၊ ၂၅၇ ၂၇၅။ ဇာ၊ ဋ္ဌ၊ ၇၊ ၁၀၆ ၁၄၉။)

## ကိုယ့်ဥစ္စာဖြစ်လျက် ကိုယ်မပိုင်သူများ

နဝမပုစ္ဆာ။ ကိုယ့်ဥစ္စာမှန်သားနှင့်၊ သူများသာစိုးဆိုင်၊ ကိုယ်မပိုင်ပါရ။ ။
ဖြစ်တဲ့အင်-ဘယ်မျိုးဘယ်နွယ်ဝင်နှင့်၊ ဘယ်တိုင်းခွင် ပြည်သူလေ့ပေသိ၊ ဘုန်းတွေ့ပါစ။ ။

နဝမဝိသဇ္ဇနာ။ ကိုယ့်ဥစ္စာမှန်သားနှင့်၊ သူများသာစိုးဆိုင်၊ ကိုယ်မပိုင်ပါခဲ့။ ။
အိမ်ကြီးရှင် လူမျိုးလူနွယ်ဝင်ပ၊ ဇမ္ဗူခွင် ပြည်သူလေ့ကို၊ ဘုန်းတွေ့ပါရဲ့။ ။

အိမ်ကြီးရှင်ဟူသည်ကား လင်ရှိသော အိမ့်ရှင်မိန်းမကို ဆိုလိုသည်၊ ဇမ္ဗူဒိပ်ကျွန်းသူ အိမ့်ရှင်မိန်းမတို့မှာ မိမိဖဿ(မိမိအတွေ့)ကို ကိုယ့်ဥစ္စာမှန်သားနှင့် ကိုယ်အစိုးမပိုင်၊ လင်သာ စိုးပိုင်သည်။ မြောက်ကျွန်းသူ မိန်းမတို့မှာကား "ယေန ဥတ္တရကုရုဝှော၊ မဟာနေရု သုဒဿနော။ မနုဿာ တတ္ထ ဇာယန္တိ၊ အမမာ အပရိဂ္ဂဟာ။ (ဒီ၊ ၃၊ ၁၆၁)=မြောက်ကျွန်းနေလူတို့သည် အဝတ်တန်ဆာ အဖျော်ယမကာ အစားအစာ စသည်တို့၌ ငါ့ဥစ္စာဟူ၍လည်း စွဲလမ်းမှုမရှိကုန်, ငါ၏ဇနီးမယားဟူ၍လည်း သိမ်းဆည်းမှု မရှိကုန်"

ဟု ဟောတော်မူသောကြောင့် ဒါရပရိဂ္ဂဟ(မယားအဖြစ်ဖြင့် သိမ်းဆည်းပိုင်ဆိုင်ခြင်း)မရှိရကား ကိုယ့်ဖသ ကိုယ့်ကာမကို ကိုယ်သာ အစိုးပိုင်သည်။

နိစ္စဝိတ္တိဝတ္ထုသို့ ယသ္မာ မာတုဂါမော နာမ အတ္တနော ဖဿေ အနိဿရော။

(သံ၊ ဋ္ဌ၊ ၂၊ ၂၀၃=နိဒါနဝဂ် လက္ခဏသံယုတ် အဋ္ဌကထာ။ ဝိ၊ ဋ္ဌ၊ ၂၊ ၉၉=ပါရာဇိကဏ် စတုတ္ထ သိက္ခာပုဒ် ဝိနီတဝတ္ထု အဋ္ဌကထာ။)

အနိဿရောတိ မာတုဂါမော သသာမိကော အတ္တနော ဖဿေ အနိဿရော။ (သာရတ္ထဒီပနီ၊ ၂၊ ၂၉၅။)

မနုဿာ တတ္ထ ဇာယန္တီတိ တတ္ထ ဥတ္တရကုရုမှိ မနုဿာ ဇာယန္တိ။ အမမာတိ ဝတ္ထာဘရဏပါနဘောဇနာဒီသုပိ မမတ္တ ဝိရဟိတာ။ အပရိဂ္ဂဟာတိ ဣတ္ထိပရိဂ္ဂဟေန အပရိဂ္ဂဟာ။ တေသံ ကိရ "အယံ မယှံ ဘရိယာ"တိ မမတ္တံ န ဟောတိ၊ မာတရံ ဝါ ဘဂိနိံ ဝါ ဒိသွာ ဆန္ဒရာဂေါ နုပ္ပဇ္ဇတိ။ (ဒီ၊ ဋ္ဌ၊ ၃၊ ၁၄၆။)

## ကိုယ့်ဥစ္စာ ကိုယ်ပေး၍ အပါယ်ကျသူများ

ဒသမပုစ္ဆာ။ ကိုယ့်ဟာကို ကိုယ်ပေးလျက်၊ လေးပါယ်ဝကျသူ၊ ဘယ်လူတို့လေသိ။ ။
ဆန်းတဖြာ တခန်းငယ် တပုံသာပ၊ ကျမ်းအလာ သည်တဦး၊ ထူးလှပါဘိ။ ။
ဒသမဝိသဇ္ဇနာ။ ကိုယ့်ဟာကို ကိုယ်ပေးလျက်၊ လေးပါယ်ဝကျသူ၊ ဤသူတို့ပင်ဘဲ။ ။
ဆန်းတဖြာ တခန်းငယ် တပုံသာပ၊ ကျမ်းဂန်လာ အိမ့်ရှင်မတို့မှာ၊ ထူးနိုင်မှုနဲ့။ ။

လင်ရှိသော အိမ့်ရှင်မတို့သည် ကိုယ့်ဖသ ကိုယ့်ကာမကို မိမိလင်မှတပါး အခြားသောသူအား ပေးလျှင် အပါယ်သို့ကျသည်၊ ကျကြောင်းကိုလည်း ၄င်းနိစ္စဝိတ္တိဝတ္ထု(အရေမရှိသော ပြိတ္တာမဝတ္ထု) စသည်ကိုထောက်၍ သိအပ်၏။

## ကိုယ့်ဥစ္စာ ကိုယ်ပြန်ခိုး၍ အပါယ်ကျသူများ

ကောဒသမပုစ္ဆာ။ ကိုယ့်ဟာကို ကိုယ်ခိုးလို့၊ အကျိုးမဲ့ အပါယ်ဝင် အကယ်ပင် မလွဲ။ ။
သည်အရာ ဘယ်ပုဂ္ဂိုလ် ဘယ်စေနာနှင့်၊ ဘယ်ဟာကို ဘယ့်နှယ်ခိုးသာမို့၊ ဆိုးရသလဲ။ ။
ကောဒသမဝိသဇ္ဇနာ။ ကိုယ့်ဟာကို ကိုယ်ခိုးလို့၊ အကျိုးမဲ့ အပါယ်ဝင်-အကယ်ပင် မလွဲ။ ။
သည်နည်းတွင်-သည်အိမ်ရှင် ဟိုစေနာနှင့်၊ ဟိုဟာကို တိတ်တိတ်ခိုးသာမို့၊ ဆိုးရသဘဲ။ ။

ဤပုစ္ဆာသည် ဒသမပုစ္ဆာနှင့် ပေးသည်, ခိုးသည်-ဟူသော ဝေါဟာရကိုစွဲ၍ ကွဲအောင်မေးသည်၊ အဓိပ္ပါယ်မှာ အတူတူပင်။

နိစ္စဝိတ္တိဝတ္ထုသို့ ယသ္မာ မာတုဂါမော နာမ အတ္တနော ဖဿေ အနိဿရော၊ သာ စ တံ သာမိကဿ သန္တကံ ဖဿံ ထေနေတွာ ပရေသံ အဘိရတိံ ဥပ္ပါဒေတိ၊ တသ္မာ ကမ္မသဘာဂတာယ သုခသမ္ဖဿာ ဝဋ္ဋိတွာ ဒုက္ခသမ္ဖဿံ အနုဘဝိတုံ နိစ္စဝိတ္တိ ဟုတွာ ဥပ္ပန္နာ။ (သံ၊ဋ္ဌ၊၂၊ ၂၀၃=နိဒါနဝဂ်၊ လက္ခဏသံယုတ် အဋ္ဌကထာ။ ဝိ၊ ဋ္ဌ၊ ၂၊ ၉၉ ၁၀၀=ပါရာဇိကဏ် အဋ္ဌကထာ။)

(ပညာဝိမံသနကထာကျမ်း၊ သတပဒိက ပုစ္ဆာဝိသဇ္ဇနာကျမ်း၊ ၈၈ ၈၉။)

စဝိတွာ (သီ)၊ ဝတ္တိတွာ (က)၊ ခံသိတွာ (ဝိ၊ ဋ္ဌ၊ ၂၊ ၁၀၀)

နိစ္စဝိတ္တိဝတ္ထုသို့-အရေမရှိသော (အရေခြောက်ကပ်နေသော)ပြိတ္တာမဝတ္ထု၌၊ ယသ္မာ အကြင့်ကြောင့်၊ မာတုဂါမော နာမ မာတုဂါမ(မိန်းမ)မည်သည်၊ အတ္တနော ဖဿေ မိမိ၏ဖဿအတွေ့၌၊ အနိဿရော အစိုးမရ(မိမိမပိုင်)၊ သာ စ ထိုမာတုဂါမသည်ကား၊ တံ သာမိက ဿ သန္တကံ ဖဿံ-လင်၏ပိုင်ဆိုင်သော ထိုမိမိဖဿအတွေ့ကို၊ ထေနေတွာ-ခိုး၍ (မိမိ၏လင်ယောကျ်ား မသိအောင် ပြု၍)၊ ပရေသံ အခြားယောကျ်ားတို့၏၊ အဘိရတိံ ကာမဖြင့် မွေ့လျော်ခြင်းကို၊ ဥပ္ပါဒေတိ-ဖြစ်စေအံ့၊ တသ္မာ ထိုမိမိဖဿအတွေ့ကို မိမိ၏လင်ယောကျ်ားမသိအောင် ခိုး၍ အခြားယောကျ်ားတို့အား ပေးသောကြောင့်၊ ကမ္မသဘာဂတာယ ကံ၏တူသောအဖြစ်ဖြင့်၊ သုခသမ္ဖဿာ ချမ်းသာသောအတွေ့မှ၊ ဝဋ္ဋိတွာ လိမ်၍၊ (ဝါ) ဝတ္တိတွာ-လည်၍၊ (ဝါ) စဝိတွာ-ရွေ့လျော၍၊ (ဝါ) ခံသိတွာ လျောကျ၍၊ ဒုက္ခသမ္ဖဿံ ဆင်းရဲကြမ်းတမ်းသောအတွေ့ကို၊ အနုဘဝိတုံ ခံစားခြင်းငှါ၊ နိစ္စဝိတ္တိ ဟုတွာ ဥပ္ပန္နာ-အရေမရှိ အရေခြောက်ကပ်နေသော ပြိတ္တာမ ဖြစ်ရလေ၏။

ကာမေသု မိစ္ဆာစာရကံ၏အပြစ်နှင့်စပ် သိမှတ်စရာ။ ။ သီလစသောဂုဏ်မဲ့သောအဂမနီယဋ္ဌာနဌ် ပြစ်မှားကျူးလွန်လျှင် အပြစ်ငယ်၏၊ သီလစသည်ဂုဏ်ရှိသောအဂမနီယဋ္ဌာနဌ် ပြစ်မှားကျူးလွန်လျှင် အပြစ်ကြီး၏၊ သီလစသည်ဂုဏ်ကင်းမဲ့သော်လည်း အနိုင်အထက်

ကျူးလွန်လျှင် အပြစ်ကြီး၏၊ နှစ်ဦးသဘောတူ ပြုကျင့်လျှင် အပြစ်နည်း၏၊ သဘောတူပြုကျင့်ရာ၌လည်း ကိလေသာ, လုံ့လအားထုတ်မှုတို့နုံးညံ့လျှင် အပြစ်နည်း၏၊ ကိလေသာ, အားထုတ်မှုတို့ပြင်းထန်လျှင် အပြစ်ကြီး၏။

ကာမေသူတိ မေထုနသမာစာရေသု။ မိစ္ဆာစာရောတိ ဧကန္တနိန္ဒိတော လာမကာစာရော။ လက္ခဏတော ပန အသဒ္ဓမ္မာဓိပ္ပါယေန ကာယဒွါရပ္ပဝတ္တာ အဂမနီယဋ္ဌာနဝီတိက္ကမစေတနာ ကာမေသု မိစ္ဆာစာရော။ တတ္ထ အဂမနီယဋ္ဌာနံ နာမ ပုရိသာနံ တာဝ မာတုရက္ခိတာဒယော ဒသ, ဓနက္ကီတာဒယော ဒသာတိ ဝီသတိ ဣတ္ထိယော၊ ဣတ္ထီသု ပန ဒွိန္နံ သာရက္ခသပရိဒဏ္ဍာနံ, ဒသန္နဉ္စ ဓနက္ကီတာဒီနန္တိ ဒွါဒသန္နံ ဣတ္ထီနံ အညပုရိသာ။ သွာယံ မိစ္ဆာစာရော သီလာဒိဂုဏရဟိတေ အဂမနီယဋ္ဌာနေ အပ္ပသာဝဇ္ဇော၊ သီလာဒိဂုဏသမ္ပန္နေ မဟာသာဝဇ္ဇော။ ဂုဏရဟိတေပိ စ အဘိဘဝိတွာ မိစ္ဆာ စရန္တဿ မဟာသာဝဇ္ဇော၊ ဉဘိန္နံ သမာနစ္ဆန္ဒတာယ အပ္ပသာဝဇ္ဇော။ သမာနစ္ဆန္ဒဘာဝေပိ ကိလေသာနံ ဉပက္ကမာနဉ္စ မုဒုတာယ အပ္ပသာဝဇ္ဇော၊ တိဗ္ဗတာယ မဟာသာဝဇ္ဇော။(ဣတိဝုတ္တကဋ္ဌကထာ၊၂၂၀။)

ကာမေသု မိစ္ဆာစာရကံမှ ရှောင်ကြဉ်ကျိုးများ

၁။ ရန်သူမရှိခြင်း၊

၂။ သတ္တဝါများတို့ချစ်ခင်မြတ်နိုးခြင်း၊

၃။ ထမင်း, အဖျော်, အဝတ်တန်းဆာစသည်တို့ကို ရရှိခြင်း၊

၄။ ချမ်းသာစွာ အိပ်ရခြင်း၊

၅။ ချမ်းသာစွာ နိုးရခြင်း၊

၆။ အပါယ်ဘေးမှလွတ်ခြင်း(အပါယ်မကျခြင်း)၊

၇။ မိန်းမ, နပုံးတို့ မဖြစ်ခြင်း၊

၈။ အမျက်ဒေါသနည်းခြင်း (အမျက်ဒေါသမထွက်ခြင်း)၊

၉။ မှန်ကန်စွာ ပြုလေ့ရှိခြင်း=သစ္စာရှိခြင်း၊ (အရှိအသေပြုလေ့ရှိခြင်း)၊

၁၀။ မျက်နှာရွှင်ခြင်း, အသရေရှိခြင်း၊

၁၁။ နှစ်သိမ့်စေခြင်းဖြင့် ချမ်းသာခြင်း၊

၁၂။ ပြည့်စုံသောဣန္ဒြေရှိခြင်း၊

၁၃။ ပြည့်စုံသောလက္ခဏာရှိခြင်း၊

၁၄။ ရွံရှာခြင်းကင်းခြင်း(ယုံမှားကင်းခြင်း)၊

၁၅။ ကြောင့်ကြကင်းခြင်း၊

၁၆။ ချမ်းသာစွာ နေလေ့ရှိခြင်း၊

၁၇။ တစုံတခုသောအရပ်မှ ဘေးမရှိခြင်း(ဘယ်အရပ်မှာနေနေ ဘေးမရှိခြင်း)၊

၁၈။ ချစ်သောသူတို့နှင့် ကွေကွင်းမှုမရှိခြင်း။

အစရှိသည်တို့တည်း။

အဗြဟ္မစရိယာ ဝေရမဏိယာ ဝိဂတပစ္စတ္ထိကတာ သဗ္ဗသတ္တာနံ ပိယမနာပတာ အန္နပါနဝတ္ထစ္ဆာဒနာဒီနံ လာဘိတာ သုခသုပနတာ သုခပဋိဗုဇ္ဈနတာ အပါယဘယဝိမောက္ခော ဣတ္ထိဘာဝနပုံသကဘာဝါနံ အဘဗ္ဗတာ အက္ကောဓနတာ သစ္စကာရိတာ (သက္ကစ္စကာရိတာ၊သီ) အမင်္ကုတာ အာရာဓနသုခတာ ပရိပုဏ္ဏိန္ဒြိယတာ ပရိပုဏ္ဏလက္ခဏတာ နိရာသင်္ကတာ အပ္ပေါဿုက္ကတာ သုခဝိဟာရိတာ အကုတောဘယတာ ပိယဝိပ္ပယောဂါဘာဝေါတိ ဧဝမာဒီနိ။ ယသ္မာ ပန မိစ္ဆာစာရာ ဝေရမဏိယာ ဖလာနိပိ ဧတ္တေဝ အန္တောဂဓာနိ၊ တသ္မာ (တသ္မာ အဗြဟ္မစရိယာ ဝေရမဏိယာ သီ, သျာ)။ (ဣတိဝုတ္တကဋ္ဌကထာ၊ ၂၂၄။)

အဗြဟ္မစရိယာ ဝေရမဏိယာ ဝိဂတပစ္စတ္ထိကတာ သဗ္ဗဇနပိယတာ အန္နပါနဝတ္ထသယနာဒီနံ လာဘိတာ သုခသယနတာ သုခပ္ပဋိဗုဇ္ဈနတာ အပါယဘယဝိနိမုတ္တတာ ဣတ္ထိဘာဝပ္ပဋိလာဘဿ ဝါ နပုံသကပ္ပဋိလာဘဿ ဝါ အဘဗ္ဗတာ အက္ကောဓနတာ ပစ္စက္ခကာရိတာ အပတိတက္ခန္ဓတာ အနဓောမုခတာ ဣတ္ထိပုရိသာနံ အညမညပိယတာ ပရိပုဏ္ဏိန္ဒြိယတာ ပရိပုဏ္ဏလက္ခဏတာ နိရာသင်္ကတာ အပ္ပေါဿုက္ကတာသုခဝိဟာရိတာ အကုတောဘယတာ ပိယဝိပ္ပယောဂါဘာဝတာတိ ဧဝမာဒီနိ။

(ခုဒ္ဒကပါဌ၊ ၄၊ သိက္ခာပဒ၊ ၂၄။)

အန္နပါနဝတ္ထသယနာဒီနံ လာဘိတာ-ထမင်းအဖျော်အဝတ်အိပ်ရာစသည်တို့ကို ရရှိသည်၏အဖြစ်၊

ပစ္စက္ခကာရိတာ? မျက်မှောက်ထင်ထင် ပြုလေ့ရှိသည်၏အဖြစ်၊

အပတိတက္ကနတာ သူတပါးတို့မနိမ့်ချအပ်သော ကိုယ်ခန္ဓာရှိသည်၏အဖြစ်၊

အနနေမုခတာ အောက်သို့ချသော မျက်လွှာမရှိသည်၏အဖြစ်(မျက်နှာမငယ်ခြင်း)၊

ဥက္ကဋ္ဌိပုရိသာနံ အညမညပိယတာ မိန်းမယောကျ်ားတို့ အချင်းချင်းချစ်နှစ်သက်သည်၏အဖြစ်၊

မှတ်ချက်။ ။ အထက်ပါအဋ္ဌကထာတို့၌ "အဗြဟ္မစရိယာ ဝေရမဏိယာ" ဟု လာရှိသော်လည်း "အဗြဟ္မစရိယာ"အရ "ကာမေသု မိစ္ဆာစာရ"ကို ယူမှုသင့်အံ့ထင်သည်၊ အဘယ်ကြောင့်ဆိုသော် ဥက္ကဋ္ဌိဝဂ္ဂကပါဠိတော် ပုတ္တသုတ်၌ "ကာမေသု မိစ္ဆာစာရာ ပဋိဝိရတာ (ပဋိဝိရတော)"ဟု ရှိသောကြောင့်လည်းကောင်း, အကယ်၍ အဗြဟ္မစရိယမှမရှောင်ကြဉ်လျှင် ရန်သူများခြင်း, လူမုန်းများခြင်း, အပါယ်ဘေးမှမလွတ်ခြင်း, မိန်းမနပုံးဖြစ်ရခြင်းစသော ဆန့်ကျင်ဘက်အကျိုးတို့ကိုရနိုင်သောကြောင့်လည်းကောင်း, အရိယာသောတာပန်, သကဒါဂါမ်များပင် အဗြဟ္မစရိယမှ မကင်းနိုင်ကြသေးသောကြောင့်လည်းကောင်း "ကာမေသု မိစ္ဆာစာရာ ဝေရမဏိယာ"ဟု ရှိမှ သင့်မည်ထင်ပါသည်။

(၄) မုသာဝါဒသိက္ခာပုဒ်နှင့်စပ်၍ သိမှတ်ဖွယ်များ

မုသာ-ဟူသည် ချွတ်ယွင်းစေလိုသောပုဂ္ဂိုလ်၏အကျိုးစီးပွါးကို ဖျက်ဆီးတတ်သော ဝစီပယောဂ, ကာယပယောဂတည်း။

မုသာဝါဒ ဟူသည် ချွတ်ယွင်းစေလိုသဖြင့် သူတပါး၏ချွတ်ယွင်းစေကြောင်းဖြစ်သော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သော ကာယဒွါရ, ဝစီဒွါရနှစ်ပါးတွင် တပါးပါးသောဒွါရ၌ဖြစ်သော မှားယွင်းသောစေတနာတည်း။

တနည်းအားဖြင့်...မုသာ ဟူသည် မဟုတ် (မမှန်)သော ဝတ္ထုတည်း၊ ဝါဒ ဟူသည် ထိုမဟုတ်(မမှန်သည်)ကို ဟုတ်မှန်သော အားဖြင့် သိစေခြင်းတည်း။ ထို့ကြောင့် မဟုတ်မမှန်သောဝတ္ထုကို ဟုတ်မှန်သောအားဖြင့် သူတပါးကို သိစေခြင်းငှါ အလိုရှိသောပုဂ္ဂိုလ်၏ထိုမဟုတ်မမှန်သောဝတ္ထုကို အဟုတ်အမှန်ဟူသော အခြင်းအရာအားဖြင့် သိစေခြင်း၏ပယောဂကို ဖြစ်စေတတ်သော စေတနာသည် "မုသာဝါဒ"မည်၏။

သိက္ခာပုဒ်ကိုဆောက်တည်ခြင်းဖြင့် မုသာဝါဒမှရှောင်ကြဉ်ခြင်းသည် "စတုတ္ထသိက္ခာပုဒ်ကိုစောင့်ရှောက်မှုသီလ"မည်၏။

မုသာဝါဒါတိ ဧတ္ထ မုသာတိ ဝိသံဝါဒနပုရေက္ခာရဿ အတ္ထဘဉ္ဇနကော ဝစီပယောဂေါ ကာယပယောဂေါ ဝါ၊ ဝိသံဝါဒနာဓိပ္ပါယေန ပနဿ ပရဝိသံဝါဒကကာယဝစီပယောဂသမုဋ္ဌာပိကာ ကာယဝစီဒွါရာနမေဝ အညတရဒွါရပ္ပဝတ္တာ မိစ္ဆာစေတနာ မုသာဝါဒေါ။ (ခုဒ္ဒကပါဌဋ္ဌကထာ၊ သိက္ခာပဒ၊ ၁၇။)

မုသာတိ ဝိသံဝါဒနပုရေက္ခာရဿ အတ္ထဘဉ္ဇကော ကာယဝစီပယောဂေါ၊ ဝိသံဝါဒနာဓိပ္ပါယေန ပနဿ ပရဝိသံဝါဒက ကာယဝစီပယောဂသမုဋ္ဌာပိကာ စေတနာ မုသာဝါဒေါ။ အပရော နယော--မုသာတိ အဘူတံ ဝတ္ထု၊ ဝါဒေါတိ တဿ ဘူတတော တစ္ဆတော ဝိညာပနံ။ တဿာ အတထံ ဝတ္ထုံ တထတော ပရံ ဝိညာပေတုကာမဿ တထာဝိညာပနပယောဂသမုဋ္ဌာပိကာ စေတနာ မုသာဝါဒေါ။ [မုသာဝါဒါပဋိဝိရတောတိ သိက္ခာပဒသမာဒါနေန မုသာဝါဒတော ဝိရတော၊ အာရကာ ဌိတော။] (ဥက္ကဋ္ဌိဝဂ္ဂက၊ ဋ္ဌ၊ ပုတ္တသုတ္တဝဏ္ဏနာ၊ ၂၂၁။)

မုသာဝါဒမှရှောင်ကြဉ်ကျိုးများ

၁။ အထူးသဖြင့်ကြည်လင်သော ဣန္ဒြေရှိခြင်း၊

၂။ သန့်ရှင်းချိုသာစွာ ပြောဆိုလေ့ရှိခြင်း၊

၃။ ညီညွတ်ဖြူစင်သန့်ရှင်းသော သွားရှိခြင်း၊

၄။ မဝလွန်းခြင်း၊

၅။ မကြုံလွန်း(မပိန်လွန်း)ခြင်း၊

၆။ မတိုလွန်း(မပုလွန်း)ခြင်း၊

၇။ မရှည်လွန်း(မမြင့်လွန်း)ခြင်း၊

၈။ ချမ်းသာသော အတွေ့ရှိခြင်း၊

၉။ ကြာညိုနံ့သင်းပျံ့သော ခံတွင်းရှိခြင်း၊

၁၀။ စကားကိုနာလိုသော(လိုက်နာသော)ပရိသတ်ရှိခြင်း(သုဿူသကပရိဇနတာ မိမိစကားကိုလိုက်နာသောအခြွေအရံရှိခြင်း)၊

၁၁။ ယုံကြည်အပ်သောစကားရှိခြင်း၊

၁၂။ ကြာပွင့်ချပ်နှင့်တူသော နူးညံ့နီမြန်း၍ ပါးသောလျှာရှိခြင်း၊

၁၃။ မတွန့်တိုခြင်း(အလီနတာ)၊

၁၄။ မထောင်လွှားခြင်း, မပြန့်လွင့်ခြင်း၊

၁၅။ မလျှပ်ပေါ်ခြင်း(အစပလတာ)။...စသည်တို့တည်း။

မုသာဝါဒါ ဝေရမဏိယာ ဝိပ္ပသန္နိန္ဒြိယတာ ဝိသဋ္ဌမဓုရဘာဏိတာ သမသိတသုဒ္ဓဒန္တတာ နာတိထူလတာ နာတိကိသတာ နာတိရဿတာ နာတိဒီဃတာ သုခသမ္ဖဿတာ (သုခသမ္ဘာသတာ=ချမ်းသာသောစကားကို ပြောဆိုတတ်ခြင်း, ပြောဆိုလွယ်ခြင်း သျှ) ဥပ္ပလဂန္ဓမုခတာ သုဿူသကပရိသတာ အာဒေယျဝစနတာ ကမလဒလသဒိသမုဒုလောဟိတတနုဇိဝှတာ အလီနတာ အနုဒ္ဓတတာတိ ဝေမာဒီနိ။ (ဣတိဝုတ္တကဋ္ဌကထာ၊ ၂၂၄။)

မုသာဝါဒါ ဝေရမဏိယာ ဝိပ္ပသန္နိန္ဒြိယတာ ဝိသဋ္ဌမဓုရဘာဏိတာ သမသိတသုဒ္ဓဒန္တတာ နာတိထူလတာ နာတိကိသတာ နာတိရဿတာ နာတိဒီဃတာ သုခသမ္ဖဿတာ ဥပ္ပလဂန္ဓမုခတာ သုဿူသကပရိဇနတာ အာဒေယျဝစနတာ ကမလုပ္ပလသဒိသမုဒု လောဟိတတနုဇိဝှတာ အနုဒ္ဓတတာ အစပလတာတိ(အပဂတမမ္မနတာတိ သျှ) ဝေမာဒီနိ။(ခုဒ္ဒကပါဌဋ္ဌကထာ၊ သိက္ခာပဒ၊ ၂၄။)

အပဂတမမ္မနတာ=ထစ်ခြင်းမမ်းစွဲခြင်းမှကင်းခြင်း။

(၅) သုရာမေရယသိက္ခာပုဒ်နှင့်စပ်၍ သိမှတ်ဖွယ်များ

သုရာမေရယမဇ္ဇပမာဒဋ္ဌာန။ ။ သုရာ အရ သုရာငါးမျိုး။ မေရယ အရ မေရယငါးမျိုး။ ထိုသုရာမေရယသည်ပင် ယစ်မူးခြင်း၏တည်ရာ၏အဖြစ်ကြောင့် "မဇ္ဇ"မည်၏။ မေ့လျော့ခြင်းကို ဖြစ်စေတတ်သော သေရည်အရက်ကို သောက်ကြောင်း စေတနာသည် "ပမာဒဋ္ဌာန"မည်၏။

သုရာမေရယမဇ္ဇပမာဒဋ္ဌာန -ဟူသည် ယစ်မူးခြင်း၏တည်ရာ, မေ့လျော့ကြောင်းဖြစ်သော သေရည်အရက်ကို သောက်စားကြောင်းကာယဒွါရ၌ဖြစ်သော ပမာဒစေတနာတည်း၊ ယစ်မူးမေ့လျော့ကြောင်းဖြစ်သော သေရည်အရက်ကို သောက်ခြင်းပင်တည်း။

သုရာမေရယကံမှရှောင်ကြဉ်ကျိုးများ

၁။ အတိတ်အနာဂတ်ပစ္စုပ္ပန်ကာလ ပြုဖွယ်ကိစ္စဟူသမျှတို့၌ မမေ့မလျော့ခြင်း၊

၂။ ဉာဏ်ရှိခြင်း၊

၃။ အခါခပ်သိမ်း ထင်သောသတိရှိခြင်း၊

၄။ ဖြစ်ပြီးသောပြုဖွယ်ကိစ္စတို့၌ အကြောင်းဖြစ်ပေါ်ရာ၌ ဉာဏ်အထင်အမြင်ရှိခြင်း၊

၅။ မပျင်းရှိခြင်း၊

၆။ မထိုင်းမှိုင်းခြင်း၊

၇။ မရူးသွပ်ခြင်း၊

၈။ ကိုယ်ခက်တရော်မရှိခြင်း၊

၉။ စိတ်မထန်ခြင်း၊

၁၀။ ငြူစူခြင်းမရှိခြင်း(အနိဿုကိတာ), ရွံရှာမှုမရှိခြင်း(အနုဿကိတာ)၊

၁၁။ ဝန်မတိုခြင်း၊

၁၂။ အမှန်ကိုပြောဆိုလေ့ရှိခြင်း၊

၁၃။ ချောပစ်ကုန်းတိုက်သောစကား, ကြမ်းတမ်းသောစကား, အကျိုးမရှိသောစကားတို့ကို ပြောဆိုလေ့မရှိခြင်း၊

၁၄။ သူပြုဘူးသောကျေးဇူးကို သိခြင်း၊

၁၅။ သူပြုဘူးသောကျေးဇူးကိုထင်စွာပြုတတ်, တဖန်ပြန်ဆပ်တတ်ခြင်း၊

၁၆။ ပေးကမ်းစွန့်ကြဲမှုရှိခြင်း၊

၁၇။ သီလရှိခြင်း၊

၁၈။ ဖြောင့်မတ်ခြင်း၊

၁၉။ အမျက်မထွက်ခြင်း၊

၂၀။ အရှက်အကြောက်နှင့်ပြည့်စုံခြင်း၊

၂၁။ ဖြောင့်မတ်သောအယူရှိခြင်း၊

၂၂။ ကြီးမြတ်ခြင်း(မဟန္တတာ), ဉာဏ်ပညာကြီးခြင်း(မဟာပညတာ)၊

၂၃။ ပညာရှိခြင်း၊

၂၄။ အကျိုးဟုတ်သည်မဟုတ်သည်၌လိမ္မာခြင်း...စသည်တို့တည်း။

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိယာ အတီတာနာဂတပစ္စုပ္ပန္နေသု ကိစ္စကရဏီယေသု အပ္ပမာဒတာ ဉာဏဝန္တတာ သဒ္ဓါ ဥပဋ္ဌိတသတိတာ ဥပ္ပန္နေသု ကိစ္စကရဏီယေသု ဌာနုပ္ပတ္တိကပဋိဘာနဝန္တတာ အနလသတာ အဇ္ဇဝတာ အနုမ္မတ္တတာ (အမူဂတာ=မဆွံ့ မအခြင်း သီ၊သျှာ) အစ္ဆမ္ဘိတာ အသာရမ္ဘိတာ အနိဿုကိတာ အမစ္ဆရိတာ သစ္စဝါဒိတာ အပိသုဏအဖရုသအသမ္ဖပ္ပလာပဝါဒိတာ ကတညုတာ ကတဝေဒိတာ စာဂဝန္တတာ (ဘောဂဝန္တတာ=စည်းစိမ်ဥစ္စာရှိခြင်း သီ၊သျှာ) သီလဝန္တတာ ဥဇုကတာ အက္ကောဓနတာ ဟိရောတ္တပ္ပသမ္ပန္နတာ ဥဇုဒိဋ္ဌိတာ မဟန္တတာ ပဏ္ဍိတတာ အတ္ထာနတ္ထကုသလတာတိ ဧဝမာဒီနိ ဖလာနိ။ (ကင်္ခါဝိတရဏီဌကထာ၊ ပုတ္တသုတ္တဝဏ္ဏနာ၊ ၂၂၄ ၂၂၅။)

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိယာ အတီတာနာဂတပစ္စုပ္ပန္နေသု သဗ္ဗကိစ္စကရဏီယေသု (ကိစ္စကရဏီယေသု=သီ၊ သျှာ) ခိပ္ပံ ပဋိဇာနနတာ သဒ္ဓါ ဥပဋ္ဌိတသတိတာ အနုမ္မတ္တကတာ ဉာဏဝန္တတာ အနလသတာ အဇ္ဇဝတာ အနေလမူဂတာ (အရိအရည်မယိုသော ခံတွင်းရှိခြင်း၊ နားမထိုင်းနှုတ်မအခြင်း) အမတ္တတာ အပ္ပမတ္တတာ (မမေ့မလျော့ခြင်း) အသမ္မောဟတာ(မတွေဝေခြင်း) အစ္ဆမ္ဘိတာ အသာရမ္ဘိတာ အနုဿုကိတာ (အနိဿုကိတာ-သီ၊သျှာ) သစ္စဝါဒိတာ အပိသုဏာဖရုသာသမ္ဖပ္ပလာပဝါဒိတာ ရတ္တိန္ဒိဝံ မတန္ဒိတတာ(ညဉ့်နေ့ပတ်လုံးပျင်းရိမှု မရှိခြင်း) ကတညုတာ ကတဝေဒိတာ အမစ္ဆရိတာ စာဂဝန္တတာ (ဘဂဝန္တတာ=ဘုန်းရှိခြင်းက) သီလဝန္တတာ ဥဇုတာ အက္ကောဓနတာ ဟိရိမနတာ ဩတ္တပ္ပိတာ ဥဇုဒိဋ္ဌိကတာ မဟာပညတာ မေဓာဝိတာ ပဏ္ဍိတတာ အတ္ထာနတ္ထကုသလတာတိ ဧဝမာဒီနိ ဖလာနိ။ (ခုဒ္ဒကပါဌ၊ ဋ္ဌ၊၂၄။)

အမတ္တတာ=ယစ်မူးခြင်းမရှိသည်၏အဖြစ်(မယစ်မူးခြင်း)

မှတ်ချက်။ ။ ကတညုတာနှင့် ကတဝေဒိတာတို့၏ထူးခြားဟန်

ကတညုတာ ဟူသည် ပြုခဲ့ဘူးသော ကျေးဇူးကို သိတတ်သောသူ၏အဖြစ်တည်း၊ တစုံတယောက်သောသူသည် နည်းနည်းများများ ပြုခဲ့ဘူးသောကျေးဇူးကို အဖန်ဖန် အောက်မေ့သော အဖြစ်ဖြင့် သိခြင်းသည် "ကတညုတာ"မည်၏။

ကတညုတာတိ ကတဇာနနံ။ (သံ၊ ဋ္ဌ၊ ၂၊ ၂၁၃။)

ကတဿ ဇာနနတာတိ ကတညုတာ။ (သုတ္တနိ၊ ဋ္ဌ၊ ၂၊ ၂၆။)

ကတညုတာ နာမ အပ္ပဿ ဝါ ဗဟုဿ ဝါ ယေန ကေနစိ ကတဿ ဥပကာရဿ ပုနပ္ပုနံ အနုဿရဏဘာဝေန ဇာနနတာ။ အပိစ နေရယိကာဒိဒုက္ခပရိတ္တာဏတော ပုညာနိ ဧဝ ပါဏီနံ ဗဟူပကာရာနိ၊ တတော တေသမ္ပိ ဥပကာရာနုဿရဏတာ "ကတညုတာ"တိ ဝေဒိတဗ္ဗာ။ (သုတ္တနိ၊ ဋ္ဌ၊ ၂၊ ၂၉။)

ဤ"ကတညုတာ"ကို သူတော်ကောင်းတို့ချီးမွမ်းခြင်းစသော ဂုဏ်ထူးကို ရနိုင်သောကြောင့် မင်္ဂလာတပါးအဖြစ်ဖြင့် ဘုရားရှင်ဟောတော်မူသည်။

သာ သပ္ပုရိသေဟိ ပသံသနီယတာဒိနာနပ္ပကာရဝိသေသာဓိဂမဟေတုတော "မင်္ဂလ"န္တိ ဝုတ္တာ။ (သုတ္တနိ၊ ဋ္ဌ၊ ၂၊ ၂၉။)

ကတညုတာတိ ပရေဟိ အတ္တနော ကတဿ ဥပကာရဿ ဇာနနာ။ (ဝိမာန၊ ဋ္ဌ၊ ၂၄၄။)

ကတညူ ဟူသည် ပြုခဲ့ဘူးသောကျေးဇူးကို သိတတ်သောသူတည်း။

ကတညူတိ အညေဟိ ကတဂုဏံ ဇာနာတီတိ ကတညူ။ ကေဒိဝသမ္ပိ ဘတ္တဒါနာဒိနာ ကတူပကာရဿ ရဇ္ဇမ္ပိ ဒါတုံ သမတ္ထတ္တာ ကတညူ။ (အပ၊ ဋ္ဌ၊ ၂၊ ၂၆၆။)

ကတဝေဒိတာ ဟူသည် ပြုဘူးသော ကျေးဇူးကို သိတတ်သောသူ၏အဖြစ်တည်း၊ ပြုဘူးသောကျေးဇူးကို အထူးသိခြင်းပင်။ ပြုခဲ့ဘူးသော ကျေးဇူးကို ထင်ရှားပြုခြင်း, တုန့်ပြန်၍ ကျေးဇူးဆပ်ခြင်း သိတတ်ခြင်းသည်"ကတဝေဒိတာ"မည်၏။

ကတဝေဒိတာတိ ကတဝိသေသဇာနနံ။ (သံ၊ ဋ္ဌ၊ ၂၊ ၂၁၃။)

ကတဝေဒိတာတိ တဿေဝ ပရေသံ ပါကဋကရဏဝသေန ဇာနနမေဝ။ (သံ၊ ဋီ၊ ၂၊ ၁၉၃။)

ကတဝေဒီ ဟူသည် (၁) ပြုခဲ့ဘူးသောကျေးဇူးကို (ထင်စွာပြု၍)သိတတ်သောသူ၊ (၂)ပြုခဲ့ဘူးသော ကျေးဇူးကို နှစ်သက်တတ်, ခံစားတတ်, ဝန်ခံတတ်သောသူ၊ (၃) ပြုခဲ့ဘူးသောကျေးဇူးကို တုန့်ပြန်၍ ကျေးဇူးဆပ်တတ်, သိတတ်သောသူတည်း။

(၁)ကတညုနော ဟိ သာရိပုတ္တ သပ္ပုရိသာ ကတဝေဒိနော။ (ဝိ၊ ၃၊ ၇၈။)

ကတံ ပါကဋံ ကတ္တာ ဇာနန္တီတိ ကတဝေဒိနော။(သာရတ္ထ၊ ၃၊ ၂၃၄။) ကတဝေဒီ(အဘိ၊ ၄ ပု၊ ၁၂၈)တိ ကတံ ဝေဒေတိ ဝိဒိတံ ပါကဋံ ကရောတိ။ (အဘိ၊ ဋ္ဌ၊ ၃၊ ၅၄။ မ၊ ဋီ၊၁၊၆၂။ သံ၊ ဋီ၊ ၂၊ ၂၀၃။)

(၂) ကတဝေဒီ(အပ၊ ၂၊ ၁၅၇)တိ ကတံ ဝိန္ဒတိ အနုဘဝတိ သမ္ပဋိစ္ဆတီတိ ကတဝေဒီ။ (အပ၊ ဋ္ဌ၊ ၂၊ ၂၆၆။)

(၃) ဧဝံ ဥတွာ ပန ယေနသ ဂုဏော ကတော၊ တဿ ဂုဏံ ပဋိကရောန္တော ကတဝေဒီ နာမ။ (ဇာ၊ ဋ္ဌ၊ ၅၊ ၁၅၆။)

ကတဝေဒိနော(ဝိ၊ ၃၊ ၇၀)တိ အတ္တနော ကတံ ဥပကာရံ ပဋိကိရိယာယ ဉာပကာ။ (ဝိမတိ၊ ၂၊ ၁၀၄)

ကတညုကတဝေဒီ ဟူသည် ပြုအပ်ပြီးသောကျေးဇူးကို သိ၍ ပြုအပ်ပြီးသောကျေးဇူးကို ထင်စွာပြုတတ်, တဖန် ပြန်ဆပ်တတ်သော သူတည်း။

ယော စ ကတညူ ကတဝေဒီ။ (အံ၊ ၁၊ ၈၆။)(အံ၊ ၂၊ ၁၄၉။ အဘိ၊ ၅၊ ၂၆၁။ အဘိ၊ ၄၊ ၁၂၈။ ဇာ၊ ၂၊ ၁၀။)

ကတညူကတဝေဒီတိ တေန ကတံ ဉတွာ ပစ္စာ ကာရကော။ (အံ၊ ဋ္ဌ၊ ၂၊ ၅၇။)

ကတညူကတဝေဒီတိ "ဣမိနာ မယှံ ကတ"န္တိ တေန ကတကမ္မံ ဉတွာ ဝိဒိတံ ပါကဋံ ကတ္တာ ပဋိကရဏပုဂ္ဂလော။ (အံ၊ ဋ္ဌ၊ ၂၊၂၃။) (ဇာ၊ ဋ္ဌ၊ ၅၊ ၁၅၆။ သံ၊ ဋီ၊ ၂၊ ၂၀၃။ အံ၊ ဋီ၊ ၂၊ ၂၀၄။)

မှတ်ချက်။ ။ ပညာရှိဟော "မဟာပညော, မေဓာဝီ, ပဏ္ဍိတော"ပုဒ်တို့၏ထူးခြားဟန်

မဟာပည ဟူသည် ကြီးကျယ်သော အတ္ထ, ဓမ္မ, နိရုတ္တိ, ပဋိဘာနတို့ကို သိမ်းဆည်းခြင်းငါ့စွမ်းနိုင်သော ကြီးကျယ်သော ပညာရှိသူ, ကြီးကျယ်သောအနက်တို့ကို သိမ်းဆည်းခြင်းကြောင့် ကြီးကျယ်သောပညာရှိသူတည်း။

မဟာပညောတိ မဟန္တေ အတ္ထေ မဟန္တေ ဓမ္မေ မဟန္တာ နိရုတ္တိယော မဟန္တာနိ ပဋိဘာနာနိ ပရိဂ္ဂဟဏသမတ္ထာယ မဟာ ပညာယ သမန္နာဂတော။ (မူလပဏ္ဏာသဋ္ဌကထာ၊ ၁၊ ၃၈၂။)

မဟန္တာနံ အတ္ထာနံ ပရိဂ္ဂဏှနတော မဟတီ ပညာ ဧတဿာတိ မဟာပညော။ (ဥပရိပဏ္ဏာသဋီကာ၊ ၂၇၀။)

မေဓာဝီ ဟူသည် (၁)ခန္ဓာဓာတ်အာယတနစသည်တို့၌ ကျွမ်းကျင်လိမ္မာသူ(နားလည်သူ), (၂) မေဓာ ဟုဆိုအပ်သော ကောင်းစွာ ပွါးစေအပ်သော ပညာနှင့်ပြည့်စုံသူ, (၃) သဘောအားဖြင့် ပြီးသော မေဓာဟုဆိုအပ်သောပကတိပညာရှိသူ, (၄) အကြောင်း အားဖြင့်ဖြစ်သောပညာနှင့်ပြည့်စုံသူ, (၅) တိဟိတ်ပဋိသန္ဓေပညာဟုဆိုအပ်သော ထိုထို ဤသို့ပြုအပ်သည်၏အဖြစ်ပညာဟုဆိုအပ်သော မေဓာနှင့်ပြည့်စုံသူ, (၆) အကြောင်းအားဖြင့် ဖြစ်ခြင်းရှိသော ပညာဟုဆိုအပ်သောမေဓာနှင့်ပြည့်စုံသူ, (၇) ပြင်းစွာတွေဝေခြင်းကို မှုတ်လွှင့်ဖျက်ဆီးတတ်သော မေဓာ(ပညာ)ရှိသူ, (၈) မသိခြင်း(မောဟ)ကို ဖျက်ဆီးတတ်သော မေဓာ(ပညာ)ရှိသူတည်း။ ဝိဘာဝီ ပုဒ်ကို "မေဓာဝီ"ဟု ဖွင့်သောကြောင့် မေဓာဝီ ပုဒ်သည် "အစီးအပွါးရှိသည်မရှိသည်, အကြောင်းဟုတ်သည် မဟုတ်သည်ကို အထူးသဖြင့် ပြတတ်သောပညာရှိသူ"အနက်ကိုလည်းဟောနိုင်၏။

(၁)မေဓာဝီတိ ခန္ဓဓာတုအာယတနာဒီသု ကုသလော။ (ဒီ၊ ဋ္ဌ၊ ၂ မဟာပရိနိဗ္ဗာနသုတ္တ၊ ၁၇၇။)

(၂)မေဓာဝီတိ မေဓာသင်္ခါတာယ သမ္မာဘာဝိတာယ ပညာယ သမန္နာဂတော။ (ဒီ၊ ဋီ၊ ၂၊ ၁၈၀။)

(၃)သဘာဝသိဒ္ဓါယ မေဓာသင်္ခါတာယ ပကတိပညာယ အတ္ထိတာယ မေဓာဝီ။ (ဒီ၊ ဋ္ဌ၊ ၂ မဟာသုဒဿနသုတ္တ၊ ၁၉၉။)

(၄ ၅)မေဓာဝီတိ ဌာနုပ္ပတ္တိယာ ပညာယ သမန္နာဂတော။ အထ ဝါ မေဓာဝီတိ တိဟေတုကပဋိသန္ဓိပညာသင်္ခါတာယ တံ တံ ဣတိ ကာတဗ္ဗတာပညာသင်္ခါတာယ စ မေဓာယ သမန္နာဂတောတိ ဧဝမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။ (သာရတ္ထ၊ ၃၊ ၁၆၀။)

(၆) မေဓာဝီတိ ဌာနုပ္ပတ္တိကပညာသင်္ခါတာယ မေဓာယ သမန္နာဂတော။ (သဠာယတနဝဂ္ဂဋ္ဌကထာ၊ ကိံသုကောပမ သုတ္တ၊ ၁၀၂။)

(၇) မေဓတိ သမ္မောဟံ ဟိံသတိ ဝိဓမတီတိ မေဓာ၊ သာ ဧတဿ အတ္ထီတိ မေဓာဝီ။ (ပါထိကဝဂ္ဂဋီကာ၊ သမ္ပာဒနီယသုတ္တ၊၆၁)

(၈)မေဓတိ အညာဏံ ဟိံသတိ ဝိဓမတီတိ မေဓာ၊ သာ ဧတဿ အတ္ထီတိ မေဓာဝီ။ (မဟာဝဂ္ဂသံယုတ္တဋီကာ၊နာလန္ဒ၊၄၇၇)

(၉) ဝိဘာဝီတိ မေဓာဝီ။ ဧတေဟိ ဟိတာဟိတံ ကာရဏာကာရဏံ ဝါ ဝိသေသေန ဘာဝေတိ ပကာသေတီတိ ဝိဘာဝဝါ, ပညာ။ (နမက္ကာရဋီကာ, ၁၉၈ ဣ။)

ပဏ္ဍိတ ဟူသည် (၁) သုစရိုက်တရား၃ ပါးနှင့်ပြည့်စုံသူ, (၂ ၄) ဓာတု အာယတန ပစ္စယာကာရ(ပဋိစ္စသမုပ္ပါဒ်) ကာရဏာကာရဏ(အကြောင်းဟုတ်သည်မဟုတ်သည်) ဤလေးပါးတို့၌ လိမ္မာကျွမ်းကျင်သူ, (၅) သိမ်မွေ့သော အနက်တို့၌ သက်ဝင်၍

ဒုက္ခစသည်တို့၏နှိပ်စက်ခြင်းအစရှိသော အခြင်းအရာကို သိတတ်သော မေဓာဟူသောပညာရှိသူ, (၆) ပဋိသန္ဓေပညာဟုဆိုအပ်သော သဘာဝဉာဏ်ရှိသူ, (၇) ခန္တကောသလ္လစသည်ဟုဆိုအပ်သော လိမ္မာကျွမ်းကျင်ခြင်းနှင့်ပြည့်စုံသူ, (၈) သမာပတ်ကိုရခြင်းဖြင့်ပြီးသော ရအပ်သောအကြားအမြင်များသည်၏အဖြစ်ဟုဆိုအပ်သော ပညာရှိ၏အဖြစ်နှင့် ပြည့်စုံသူတည်း။

(၁)တီဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ပဏ္ဍိတော ဝေဒိတဗ္ဗော။ ကတမေဟိ တီဟိ? ကာယသုစရိတေန ဝစီသုစရိတေန မနောသုစရိတေန။ ဣမေဟိ ခေါ ဘိက္ခဝေ တီဟိ ဓမ္မေဟိ သမန္နာဂတော ပဏ္ဍိတော ဝေဒိတဗ္ဗော။ (အံ၊ ၁ လက္ခဏသုတ္တ၊ ၁၀၀။)

(၂)ပဏ္ဍိတောတိ ပဏ္ဍိစ္စေန သမန္နာဂတော။ စတူဟိ ဝါ ကာရဏေဟိ ပဏ္ဍိတော ဓာတုကုသလော အာယတနကုသလော ပဋိစ္စသမုပ္ပါဒကုသလော ဌာနာဋ္ဌာနကုသလောတိ။ (မူလပဏ္ဏာသဋ္ဌကထာ၊ ၁၊ ၃၈၂။)

(၃)ပဏ္ဍိတောတိ ဓာတုကုသလတာ အာယတနကုသလတာ ပဋိစ္စသမုပ္ပါဒကုသလတာ ဌာနာဋ္ဌာနကုသလတာတိ ဣမေဟိ စတူဟိ ကာရဏေဟိ ပဏ္ဍိတော။ (ဥပရိပဏ္ဏာသဋ္ဌကထာ၊ ၅၆။)

(၄)ပဏ္ဍိတောတိ ပဏ္ဍိစ္စေန သမန္နာဂတော။ စတူဟိ ကာရဏေဟိ ပဏ္ဍိတော ဓာတုကုသလော အာယတနကုသလော ပစ္စယာကာရကုသလော ကာရဏာကာရဏကုသလောတိ။ (သဠာယတနဝဂ္ဂဋ္ဌကထာ၊ လောကန္တဂမနသုတ္တ၊ ၃၄။)

(၅)ပဏ္ဍာ ဝုစ္စတိ ပညာ။ သာ ဟိ သုခုမေသုပိ အတ္ထေသု ပဍတိ ဂစ္ဆတိ, ဒုက္ခာဒီနံ ဝါ ပိဋနာဒိအာကာရံ ဇာနာတီတိ ပဏ္ဍိတော။ အထ ဝါ ဣတာ သဉ္ဇာတာ ပဏ္ဍာ ဧတဿ, ပဍတိ ဝါ ဉာဏဂတိယာ ဂစ္ဆတီတိ ပဏ္ဍိတော။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၁၊ ၁၆၇။)

(၆)ပဋိသန္ဓိပညာသင်္ခါတေန သဘာဝဉာဏေန ပဏ္ဍိတော။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂။ ၁၈၀။)

ပဏ္ဍာဗ္ဗုပ္ပကာရဏာတော ပန ပဏ္ဍိတော။ (ဒီ၊ ဋီ၊ ၂ မဟာနိဒါနသုတ္တ၊ ၁၀၇။)

(၇)ပဏ္ဍိတောတိ ဗျတ္တော။ (ဒီ၊ ဋ္ဌ၊ ၂ မဟာပရိနိဗ္ဗာနသုတ္တ၊ ၁၇၇။)

ဗျတ္တောတိ ခန္ဓကောသလ္လာဒိသင်္ခါတေန ဝေယျတ္တိယေန(လိမ္မာကျွမ်းကျင်ခြင်းနှင့်) သမန္နာဂတော။ (ဒီ၊ ဋီ၊ ၂၊ ၁၈၀။)

"အယံ ဓမ္မော၊ အယံ အဓမ္မော"တိ အာဒိနာ ကမ္မဿကတာဝဗောဓနေနသင်္ခါတဿ ပဏ္ဍိတဘာဝဿ အတ္ထိတာယ ပဏ္ဍိတော။ ဗာဟုသစ္စဗျတ္တိယာ(အကြားအမြင်များခြင်း၌ထင်ရှားပြခြင်းကြောင့်) ဗျတ္တော။ (ဒီ၊ ဋီ၊ ၂ မဟာသုဒဿနသုတ္တ၊ ၁၉၉။)

(၈)ပဏ္ဍိတောတိ(မ၊ ဋ္ဌ၊ ၂၊ ၉၁) ပဏ္ဍိစ္စေန သမန္နာဂတော၊ သမာပတ္တိပဋိလာဘသံသိဒ္ဓေန အဓိဂမဗာဟုသစ္စသင်္ခါတေန ပဏ္ဍိတဘာဝေန သမန္နာဂတောတိ အတ္ထော။ သာရတ္ထ၊ ၃၊ ၁၆၀။)

ဂမနဒွေနံ"ပဏ္ဍာ"ဝုစ္စတိ ပညာ၊ တာယ ဣတော ဂတော ပဏ္ဍောတိ ပဏ္ဍိတော၊ ပညဝါ။ (သံ၊ဋီ၊၂၊သဠာယတနဝဂ္ဂ၊ ၃၀၇။)

## ငါးပါးသီလဟူသည်

ပါဏာတိပါတာ ပဋိဝိရတာ ပါဏာတိပါတာ ပဋိဝိရတေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ၊ အဒိန္နာဒါနာ ပဋိဝိရတာ အဒိန္နာဒါနာ ပဋိဝိရတေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ၊ ကာမေသုမိစ္ဆာစာရာ ပဋိဝိရတာ ကာမေသုမိစ္ဆာစာရာ ပဋိဝိရတေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ၊ မုသာဝါဒါ ပဋိဝိရတာ မုသာဝါဒါ ပဋိဝိရတေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ၊ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ပဋိဝိရတာ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ပဋိဝိရတေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ။ (သံ၊ ၁၊ ပဉ္စသိက္ခာပဒသုတ္တ၊ ၃၇၇။)

ငါးပါးသောသိက္ခာပုဒ်တို့ဟူသည် သူတပါး၏အသက်ကိုသတ်ခြင်းစသည်တို့မှ ရှောင်ကြဉ်ကြောင်း ဝိရတိနှင့် စေတနာ စေတသိက်တို့ပြဓာန်းသော ကာမာဝစရကုသိုလ်စိတ်, စေတသိက်တို့ပင်တည်း။

ပဉ္စ သိက္ခာပဒါနိ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ၊ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ၊ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ၊ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ။ (အဘိ၊၂၊ သိက္ခာပဒဝိဘင်္ဂ၊ ၂၉၉။)

ကတမံ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ။ ပ။ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ။ ပ။ ပါဏာတိပါတာ အာရတိ...ဝေရမဏီ...အနဇ္ဈာပတ္တိ...၊ ဣဒံ ဝုစ္စတိ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ။ အဝသေသာ ဓမ္မာ ဝေရမဏိယာ သမ္ပယုတ္တာ ။ ပ။ အဝသေသာ ဓမ္မာ စေတနာယ သမ္ပယုတ္တာ။ ပ။ ယော တသ္မိံ သမယေ ဖဿော

။ ပ။ ဣဒံ ဝုစ္စတိ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ။ပ။ ဣဒံ ဝုစ္စတိ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ။

(အဘိ၊ ၂၊ ၂၉၉ ၃၀၄။)

# ငါးပါးသီလနှင့်စပ်သွယ် သိမှတ်ဖွယ်

သိက္ခာပဒါနီတိ သိက္ခိတဗ္ဗပဒါနိ၊ သိက္ခာကောဋ္ဌာသာတိ အတ္ထော။ အပိစ ဥပရိ အာဂတာ သဗ္ဗေပိ ကုသလာ ဓမ္မာ သိက္ခိတဗ္ဗတော သိက္ခာ၊ ပဉ္စသု ပန သီလင်္ဂေသု ယံကိဉ္စိ အင်္ဂံ တာသံ သိက္ခာနံ ပတိဋ္ဌာနဋ္ဌေန ပဒန္တိ သိက္ခာနံ ပဒတ္တာ သိက္ခာပဒါနိ။ ပါဏာတိပါတာတိ ပါဏဿ အတိပါတာ၊ ဃာတနာ မာရဏာတိ အတ္ထော။ ဝေရမဏီတိ ဝိရတိ။ အဒိန္နာဒါနာတိ အဒိန္နဿ အာဒါနာ၊ ပရပရိဂ္ဂဟိတဿ ဟရဏာတိ အတ္ထော။ ကာမေသူတိ ဝတ္ထုကာမေသု။ မိစ္ဆာစာရာတိ ကိလေသကာမဝသေန လာမကာစာရာ။ မုသာဝါဒါတိ အဘူတဝါဒတော။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာတိ ဧတ္ထ သုရာတိ ပိဋ္ဌသုရာ ပူဝသုရာ ဩဒနသုရာ ကိဏ္ဏပက္ခိတ္တာ သမ္ဘာရသံယုတ္တာတိ ပဉ္စ သုရာ။ မေရယန္တိ ပုပ္ဖါသဝေါ ဖလာသဝေါ ဂုဠာသဝေါ မဓွာသဝေါ သမ္ဘာရသံယုတ္တောတိ ပဉ္စ အာသဝါ။ တဒုဘယမ္ပိ မဒနီယဋ္ဌေန မဇ္ဇံ။ ယာယ စေတနာယ တံ ပိဝန္တိ၊ သာ ပမာဒကာရဏတ္တာ ပမာဒဋ္ဌာနံ၊ တသ္မာ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ။ (အဘိ၊ ဋ္ဌ၊ ၂၊ ၃၆၅။)

ယသ္မာ ပန န ကေဝလံ ဝိရတိယေဝ သိက္ခာပဒံ၊ စေတနာပိ သိက္ခာပဒမေဝ၊ တသ္မာ တံ ဒဿေတုံ ဒုတိယနယော ဒဿိတော။ ယသ္မာ စ န ကေဝလံ ဧတေယေဝ ဒွေ ဓမ္မာ သိက္ခာပဒံ၊ စေတနာသမ္ပယုတ္တာ ပန ပရောပဏ္ဏာသဓမ္မာပိ သိက္ခိတဗ္ဗကောဋ္ဌာသတော သိက္ခာပဒမေဝ၊ တသ္မာ တတိယနယောပိ ဒဿိတော။ (အဘိ၊ ဋ္ဌ၊ ၂၊ ၃၆၅။)

သိက္ခာပဒါနီတိ သိက္ခာပဒါနိ ဟူသည်ကား၊ သိက္ခိတဗ္ဗပဒါနိ ကျင့်ထိုက်သော တရားအစုတို့သည်။ သိက္ခာကောဋ္ဌာသာ သိက္ခာအစုတို့သည်၊ (ပဉ္စ ငါးပါးတို့တည်း)၊ အပိစ သည်သာမကသေး၊ ဥပရိ အထက်၌၊ အာဂတာ လာကုန်သော၊ သဗ္ဗေပိ အလုံးစုံလည်း ဖြစ်ကုန်သော၊ ကုသလာ ဓမ္မာ ကုသိုလ်တရားတို့သည်၊ သိက္ခိတဗ္ဗတော ကျင့်ထိုက်ကုန်သည်၏အဖြစ်ကြောင့်၊ သိက္ခာ သိက္ခာတို့မည်၏၊ ပန ဆက်ဦးအံ့၊ ပဉ္စသု သီလင်္ဂေသု  ငါးပါးသော သီလအစိတ်အပိုင်းတို့တွင်၊ ယံကိဉ္စိ အမှတ်မထား တပါးပါးသော၊ အင်္ဂံ အစိတ်အပိုင်းသည်၊ တာသံ သိက္ခာနံ ထိုကုသိုလ်ဖြစ်သော သိက္ခာတို့၏၊ ပတိဋ္ဌာနဋ္ဌေန တည်ရာ၏အဖြစ်ဟူသော အနက်ကြောင့်၊ ပဒံ ပဒမည်၏၊ သိက္ခာနံ ကျင့်ထိုက်သော ကုသိုလ်တရားတို့၏၊ ဣတိ ပဒတ္တာ ထိုသို့ တည်ရာ၏အဖြစ်ကြောင့်၊ သိက္ခာပဒါနိ သိက္ခာပဒတို့မည်၏ ။

ပါဏာတိပါတာတိ ပါဏာတိပါတာဟူသည်ကား၊ ပါဏဿ ပညတ်အားဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို၊ အတိပါတာ လျင်စွာကျစေခြင်းမှ၊ ဝါ လျင်စွာကျစေကြောင်း စေတနာမှ၊ ဃာတနာ သတ်ခြင်းမှ၊ ဝါ သတ်ကြောင်း စေတနာမှ၊ မာရဏာ သေစေခြင်းမှ၊ဝါ သေစေကြောင်း စေတနာမှ၊ ဣတိ အတ္ထော ဤကားအနက်တည်း။ ဝေရမဏီတိ ဝေရမဏီ ဟူသည်ကား၊ ဝိရတိ ရှောင်ကြဉ်ခြင်းတည်း၊ဝါ ရှောင်ကြဉ်ကြောင်းတရားတည်း။

အဒိန္နာဒါနာတိ ကား၊ အဒိန္နဿ ဥစ္စာရှင်တို့မပေးအပ်သော သူ့ဥစ္စာကို၊ အာဒါနာ ယူခြင်းမှ၊ ဝါ ယူကြောင်းစေတနာမှ၊ ပရပရိဂ္ဂဟိတဿ သူတပါးတို့ သိမ်းပိုက်အပ်သော ဥစ္စာကို၊ ဟရဏာ ဆောင်ခြင်းမှ၊ ဝါ ဆောင်ကြောင်း စေတနာမှ၊ ဣတိ အတ္ထော ဤကားအနက်တည်း။

ကာမေသူတိ ကား၊ ဝတ္ထုကာမေသု ဝတ္ထုကာမတို့၌၊ (ကိလေသာကာမ၏တည်ရာ လိုလားတောင့်တအပ်သော ကာမဂုဏ်တို့၌၊) မိစ္ဆာစာရာတိ ကား၊ ကိလေသကာမဝသေန ကိလေသာကာမ၏အစွမ်းဖြင့်၊ (လိုလားတတ်သော တဏှာရာဂ ကိလေသာ၏အစွမ်းဖြင့်၊) လာမကစာရာ ယုတ်ညံ့သောကျင့်ခြင်းမှ၊ (ဝေရမဏီ ရှောင်ကြဉ်ခြင်းတည်း)။

မုသာဝါဒါတိ ကား၊ အဘူတဝါဒတော မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ၊ (ဝေရမဏီ)။

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာတိ ဧတ္ထ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာဟူသော ဤပါဌ်၌၊ သုရာတိ ကား၊ ပိဋ္ဌသုရာ မုန့်ညက်မှုန့်ဖြင့် ပြုအပ်သော သေရည်ငှင်း၊ ပူဝ(ပူပ)သုရာ မုန့်ဖြင့် ပြုအပ်သော သေရည်ငှင်း၊ ဩဒနသုရာ ထမင်းဖြင့် ပြုအပ်သော သေရည်ငှင်း၊ ကိဏ္ဏပက္ခိတ္တာ ထည့်ခပ်အပ်သော သေမျိုးစေ့ဟူသော တဆေးရှိသော သေရည်ငှင်း၊ သမ္ဘာရသံယုတ္တာ သေရည်ဖြစ်ကြောင်း အဆောက်အဦတို့ဖြင့် စပ်အပ်သောသေရည်ငှင်း၊ ဣတိ ဤကား၊ ပဉ္စ သုရာ ငါးပါးကုန်သော သုရာ(သေရည်)တို့တည်း။

မေရယန္တိ ကား၊ ပုပ္ဖါသဝေါ ပန်းပွင့်ဖြင့် ပြုအပ်သော စိမ်ရည်အရက်ငှင်း၊ ဖလာသဝေါ သစ်သီးဖြင့် ပြုအပ်သော စိမ်ရည်အရက်ငှင်း၊ ဂုဠာသဝေါ တင်လဲဖြင့်ပြုအပ်သော စိမ်ရည်အရက်ငှင်း၊ [ထန်းလျက်သကာ  စသည်ကို "ဂုဠ"ဟု ခေါ်၏၊]  မဓွာသဝေါ သစ်မည်စည်ပွင့်, ပျား ရည်တို့ဖြင့်ပြုအပ်သော စိမ်ရည်အရက်ငှင်း၊ သမ္ဘာရသံယုတ္တော စိမ်ရည်အရက်ဖြစ်ကြောင်း အဆောက်အဦ တို့ဖြင့် စပ်အပ်သော စိမ်ရည်အရက်ငှင်း၊ ဣတိ ဤကား၊ ပဉ္စ အာသဝါ ငါးပါးကုန်သော အာသဝ(စိမ်ရည်အရက်)တို့တည်း။

တဒုဘယမ္ပိ ထိုနှစ်ပါးစုံသော သုရာမေရယကိုလည်း၊ မဒနီယဋ္ဌေန ယစ်မူးခြင်း၏တည်ရာ၏အဖြစ်ကြောင့်၊ မဇ္ဇံ မဇ္ဇမည်၏၊ ယာယ စေတနာယ အကြင်စေတနာဖြင့်၊ တံ ထိုသေရည်အရက်ကို၊ ပိဝန္တိ သောက်ကုန်၏၊ သာ ထိုသောက်ကြောင်း စေတနာသည်၊ ပမာဒကာရဏတ္တာ မေ့လျော့ခြင်း၏အကြောင်း၏အဖြစ်ကြောင့်၊ ပမာဒဋ္ဌာနံ ပမာဒဋ္ဌာနမည်၏၊[ပမာဒဿ မေ့လျော့ခြင်း၏၊ ဌာနံ တည်ရာအကြောင်းတည်း၊ ပမာဒဋ္ဌာနံ မေ့လျော့ခြင်း၏တည်ရာအကြောင်း၊] တသ္မာ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ထိုသို့ ယစ်မူးခြင်း

၏တည်ရာ, မေ့လျော့ကြောင်းဖြစ်သော သေရည်အရက်ကို သောက်စားခြင်းမှ၊ (ဝေရမဏီ ရှောင်ကြဉ်ခြင်းတည်း)။
(သမ္မောဟဝိနောဒနီဘာသာဋီကာ၊ တ၊ ၁၀၃ ၁၀၄။)

သေရည်နှင့်အရက်။ ။ မုန့်မှုန့်အစရှိသည်တို့ဖြင့်ပြုအပ်သောသေရည်သည် သုရာမည်၏၊ ပန်းပွင့်အစရှိသည်တို့ဖြင့်ပြုအပ်သော အရက်သည် မေရယမည်၏။ ပိဋ္ဌာဒီဟိ ကတံ မဇ္ဇံ သုရာ၊ ပုပ္ဖါဒီဟိ ကတော အာသဝေါ မေရယံ။ (ကင်္ခါ၊ ဌ၊ ၂၃၈။)

ပိဋ္ဌာဒီဟိ ကတံ မဇ္ဇံ သုရာတိ ပိဋ္ဌပူဝဩဒနကိဏ္ဏသမ္ဘာရေဟိ ကတံ မဇ္ဇံ သုရာတိ အတ္ထော။ ဣဒံ ဝုတ္တံ ဟောတိ ပိဋ္ဌသုရာ,ပူဝသုရာ, ဩဒနသုရာ, ကိဏ္ဏပက္ခိတ္တာ, သမ္ဘာရသံယုတ္တာတိ(ဝိ၊ ၂၊ ၁၄၆) ဣမာနိ ပဉ္စ သုရာ နာမာတိ။ တတ္ထ(သာရတ္ထ၊ ၃၊ ၇၉) ပိဋ္ဌံ ဘာဇနေ ပက္ခိပိတွာ တဇ္ဇံ ဥဒကံ ဒတွာ မဒ္ဒိတွာ ကတာ ပိဋ္ဌသုရာ။ ဧဝံ သေသာသုပိ။ ကိဏ္ဏာတိ ပန တဿာ သုရာယ ဗီဇံ ဝုစ္စတိ။ ယေ"သုရာမောဒကာ"တိပိ ဝုစ္စန္တိ၊ တေ ပက္ခိပိတွာ ကတာ ကိဏ္ဏပက္ခိတ္တာ။ ဟရီတကိသာသပါဒိနာနာသမ္ဘာရေဟိ သံယောဇိတာ သမ္ဘာရသံယုတ္တာ။

ပုပ္ဖါဒီဟိ ကတော အာသဝေါ မေရယန္တိ ပုပ္ဖဖလမဓုဂုဠသမ္ဘာရေဟိ ကတော စိရပရိဝါသိတော မေရယန္တိ အတ္ထော။ ဣဒံ ဝုတ္တံ ဟောတိ ပုပ္ဖါသဝေါ, ဖလာသဝေါ, မဓွာသဝေါ, ဂုဠာသဝေါ, သမ္ဘာရသံယုတ္တောတိ ပဉ္စ မေရယံ နာမာတိ။ တတ္ထ မဓုက တာလနာဠိကေရာဒိပုပ္ဖရသော စိရပရိဝါသိတော ပုပ္ဖါသဝေါ။ ပနသာဒိဖလရသော ဖလာသဝေါ။ မုဒ္ဒိကာရသော မဓွာသဝေါ။ သမန္တပါသာဒိကာယံ ပန"ဖလာသဝေါ နာမ မုဒ္ဒိကာဖလာဒီနိ မဒ္ဒိတွာ တေသံ ရသေန ကတော။ မဓွာသဝေါ နာမ မုဒ္ဒိကာနံ ဇာတိ ရသေန ကတော၊ မက္ခိကာမဓုနာပိ ကရီယတီတိ ဝဒန္တိ"တိ (ဝိ ၊ ဌ၊ ၃၊ ၁၂၇) ဝုတ္တံ။ ဥစ္ဆုရသော ဂုဠာသဝေါ။ ဟရီတကာမလက ကဋုကဘဏ္ဍာဒိနာနာသမ္ဘာရာနံ ရသော စိရပရိဝါသိတော သမ္ဘာရသံယုတ္တော။ (ကင်္ခါ၊ ဋီသစ်၊ ၄၀၂။)

သုရာနှင့်မေရယအထူး။ ။ ရေဖြင့်နယ်၍(ဖျော်၍) ပြုအပ်သော အရည်(သေရည်)သည် "သုရာ"မည်၏၊ ကြာမြင့်စွာ ထုံ၍ စိမ်ထားကာမျှဖြင့် ပြုအပ်သောအရည်(အရက်)သည် "မေရယ"မည်၏။

ဧတ္ထ စ သုရာယ, မေရယဿ စ သမာနေပိ (သုရာမေရယဘာဝသမာနေပိ၊သီ) သမ္ဘာရသံယောဂေ မဒ္ဒိတွာ ကတာ သုရာ၊ စိရပရိဝါသိတမတ္တေန မေရယန္တိ ဧဝမေတေသံ နာနာကရဏံ ဒဋ္ဌဗ္ဗံ။ (ကင်္ခါ၊ ဋီသစ်၊ ၄၀၂။)

ဧတ္ထ ဤသမ္ဘာရသံယုတ္တ၌၊ သုရာယ မေရယဿ စ သမာနေပိ သမ္ဘာယောဂေ သုရာနှင့်မေရယတို့ သမ္ဘာရရောစပ်ပုံချင်း တူနေသော်လည်း၊ မဒ္ဒိတွာ ကတာ ရေဖြင့်နယ်၍ (ဖျော်၍)ပြုအပ်သော အရည်သည်၊ သုရာ သုရာမည်၏။ စိရပရိဝါသိတမတ္တေန (စိရပါရိဝါသိယမတ္တေန ကင်္ခါဘာသာဋီကာ၊ ဒု၊ ၁၆၃) ကြာမြင့်စွာ ထုံ၍စိမ်ထားအပ်ကာမျှဖြင့်၊ မေရယံ မေရယမည်၏၊ ဣတိဧဝံ ဤသို့၊ ဧတေသံ ဤသုရာမေရယတို့၏၊ နာနာကရဏံ မတူခြားနားစွာ ပြုလုပ်ခြင်းကို၊ ဒဋ္ဌဗ္ဗံ မှတ်အပ်၏။

ယော ပါဏမတိပါတေတိ၊ မုသာဝါဒဉ္စ ဘာသတိ။
လောကေ အဒိန္နမာဒိယတိ၊ ပရဒါရဉ္စ ဂစ္ဆတိ။
သုရာမေရယပါနဉ္စ၊ ယော နရော အနုယုဉ္ဇတိ။
ဣဓေဝ မေသော လောကသ္မိံ၊ မူလံ ခဏတိ အတ္တနော။
ဧဝံ ဘော ပုရိသ ဇာနာဟိ၊ ပါပဓမ္မာ အသညတာ။
မာ တံ လောဘော အဓမ္မော စ၊ စိရံ ဒုက္ခာယ ရန္ဓယုံ။
(ဓမ္မပဒ၊ ပဉ္စဥပါသကဝတ္ထု၊ ၂၄၆ ၂၄၈။)

ယော ပါဏမတိပါတေတီတိ ယော သာဟတ္ထိကာဒီသု ဆသု ပယောဂေသု ဧကပယောဂေနာပိ ပရဿ ဇီဝိတိန္ဒြိယံ ဥပစ္ဆိန္ဒတိ။ မုသာဝါဒဉ္စိ ပရေသံ အတ္ထဘဉ္ဇနကံ မုသာဝါဒဉ္စ ဘာသတိ။ လောကေ အဒိန္နမာဒိယတီတိ ဣမသ္မိံ သတ္တလောကေ ထေယျာဝဟာရာဒီသု ဧကေနာပိ အဝဟာရေန ပရပရိဂ္ဂဟိတံ အာဒိယတိ။ ပရဒါရဉ္စ ဂစ္ဆတီတိ ပရဿ ရက္ခိတဂေါပိတေသု ဘဏ္ဍေသု အပရဇ္ဈန္တော ဥပ္ပထစာရံ စရတိ။ သုရာမေရယပါနန္တိ ယဿ ကဿစိ သုရာယ စေဝ မေရယဿ စ ပါနံ။ အနုယုဉ္ဇတီတိ သေဝတိ ဗဟုလီ ကရောတိ။ မူလံ ခဏတီတိ တိဋ္ဌတု ပရလောကော၊ သော ပန ပုဂ္ဂလော ဣဓ လောကသ္မိံယေဝ ယေန ခေတ္တဝတ္ထုအာဒိနာ မူလေန ပတိဋ္ဌပေယျ၊ တမ္ပိ အဋ္ဋပေတွာ ဝါ ဝိဿဇ္ဇေတွာ ဝါ သုရံ ပိဝန္တော အတ္တနော မူလံ ခဏတိ၊ အနာထော ကပဏော ဟုတွာ ဝိစရတိ။
(ဓမ္မပဒ၊ ဌ၊၂၊၂၂၆ ၂၂၇။)

ယော နရော အကြင်သူသည်၊ ပါဏံ သူ့အသက်ကို၊ အတိပါတေတိ လျင်စွာ ချ၏၊ မုသာဝါဒဉ္စ သူတပါး၏အကျိုးပျက် လောက်အောင် ပြောဆို၏၊ လောကေ သတ္တလောက၌၊ အဒိန္နံ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို၊ အာဒိယတိ ခိုးယူ၏၊ပရဒါရဉ္စ သူတပါး၏မယားကိုမူလည်း၊ ဂစ္ဆတိ သွားလာလွန်ကြူး၏။

ယော နရော အကြင်သူသည်၊ သုရာမေရယပါနဉ္စ -သေအရက်သောက်ခြင်းကိုလည်း၊ အနုယုဉ္စတိ အားထုတ်၏၊ သော နရော -ဤသူသည်၊ ဣဓေဝ လောကသ္မိံ -ဤပစ္စုပ္ပန် လောကဌ်ပင်လည်း၊ အတ္တနော မိမိ၏၊ မူလံ လယ်ယာစသော ပစ္စည်းရင်းကို၊ ခဏတိ (သေအရက်သောက်လျက်)တူးဖြိုဖျက်ဆီး၏။

ဘော ပုရိသ -ငါးပါးသီလမဲ့ငြား အိုယောကျ်ား၊ ဧဝံ -ဤသို့၊ တွံ သင်သည်၊ ဇာနာဟိ သိလေလော့၊ ပါပဓမ္မာ ယုတ်မာသော တရားတို့သည်၊ အသညတာ -ကိုယ်ကိုစောင့်စည်းခြင်းစသည်တို့မှ ကင်းကုန်၏၊ လောဘောစ လောဘသည်လည်းကောင်း၊ အဓမ္မောစ ဒေါသသည်လည်းကောင်း၊ ဣမေ -ဤအကုသိုလ်တရားတို့သည်၊ စိရံ ကြာမြင့်စွာ၊ ဒုက္ခာယ ငရဲဆင်းရဲစသည်တို့၏အကျိုးငှါ၊ တံ သင်ကို၊ မာ ရန္ဓယုံ မရစ်ပတ် မညှင်းဆဲကြပါစေကုန်လင့်။

## ကံငါးပါးပြစ်,ကျိုး ဆောင်ပုဒ်များ

ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့လတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျင်ခြင်းလည်းဝေး၊ဘေးကိုကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုလျ၊ ပြစ်များလှ၏။

သူတပါးဟာ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲတော်ဘိ၊ လိုရှိမရ၊ ဘောဂပျက်စီး၊ ရေ,မီး,သူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ဆုံးပါးဥစ္စာ၊ ပြစ်များစွာ၏။

မိစ္ဆာစာရ၊ လွန်ကျူးကမူ၊ မုန်းကြသူများ၊ ရန်သူပွါး၏၊ ရားပါးလာဘ်သပ်ပကာ၊ ချမ်းသာမရ၊ မိန်းမပဏ္ဍုက်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရရာ၊ လက္ခဏာဏ္ဍခြေ၊ ယွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာ၏။

မုသာစကား၊ ဆိုမိငြားမူ၊ သွားကျဲမညီ၊ ကားမပီတည်း၊ ပုပ်ညီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဏ္ဍခြေနောက်၊ ပုံယွင်းဖောက်၏၊ မရောက်အာဏာ၊ နူတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လည်၊ စိတ်မကြည်တည်း။

သေရည်သောက်လင့်၊ သင့်မသင့်၌၊ ရေးခွင့်မသိ၊ ပျင်းရိမိုက်ရူး၊ ဟိရောတ္တပ်ကင်း၊ ခပင်းများထို၊ အကုသိုလ်ကို၊ မငြိုလွယ်ကာ၊ ပြုဖြစ်ရာ၏။

ပါဏာတပ၊ စသည်ငါးတန်၊ စောင့်ထိန်းမုန်လည်း၊ အပြန်ထိုမှ၊ ကောင်းကျိုးရသည်။ ။ သီလပြည့်ရန် ပြစ်ကျိုးတည်း။

(ဝိသုဒ္ဓါရုံ အဆုံးအဖြတ်၊ သမဇ္ဇဒေါသာဒိဒီပနီ၊ ၃၈၆ ၃၈၇။)

## ငါးပါးသီလစောင့်ထိန်းရကျိုးပြ ပဉ္စသီလသမာဒါနိယထေရ်ဝတ္ထု

အနောမဒဿီဘုရားရှင်၏လက်ထက်တော်၌ ဆင်းရဲသားတယောက်သည် စားဖွယ်သောက် ဖွယ် မပြည့်၍ သူတပါးတို့ထံဝယ် အခစားပြုလျက် အသက်မွေးရလေသည်၊ သူဆင်းရဲသည် သံသရာ့အပြစ်ကိုသိ၍ ရဟန်းပြုလိုလှသော်လည်း ရဟန်းပြုခွင့်မရပဲ အနောမဒဿီဘုရားရှင်၏တပည့် နိသဘထေရ်၏အထံ၌ ငါးပါးသီလကို ခံယူဆောက်တည်ခဲ့လေသည်၊ အနှစ်တစ်သိန်းပတ်လုံး သီလကို ကောင်းစွာ စောင့်ရှောက်ခဲ့လေသည်၊ ဆင်းရဲသားသည် ကွယ်လွန်ခဲ့သည်ရှိသော် ထိုကောင်းမှုကံကြောင့် အပါယ်လေးပါးမလားရပဲ လူနတ်စည်းစိမ်ကို ကြိမ်ဖန်များစွာ ခံစားလျက် ငါတို့ဘုရားရှင်လက်ထက်တော်၌ ဝေသာလီမြို့ဝယ် စည်းစိမ်ဥစ္စာကြွယ်ဝသော အမျိုး၌ ဖြစ်လာလေသည်။

ထိုသူငယ်သည် ငါးနှစ်သားအရွယ်သို့ ရောက်သောအခါ မိဘ၂ ပါးတို့ ငါးပါးသီလခံယူသံကို ကြားရသောအခါ ရှေးဝါသနာပါလာသောကြောင့် ထိုနေရာမှာပင် မိမိ၏သီလကို သတိရသဖြင့် ရဟန်းပြုကာ ရဟန္တာဖြစ်သွားလေသည်။

ဝဿုပနာယိကေ ကာလေ၊ ဒိပ္ပန္တေ(ဒိဗ္ဗန္တေ က) ဇိနသာသနေ။
မာတာ စ မေ ပိတာ စေဝ၊ ပဉ္စသိက္ခာပဒံ'ဂ္ဂဟုံ။
သဟ သုတွာနဟံ သီလံ၊ မမ သီလံ အနုဿရိံ။
ဧကာသနေ နိသီဒိတွာ၊ အရဟတ္တမပါပုဏိံ။
ဇာတိယာ ပဉ္စဝဿေန၊ အရဟတ္တမပါပုဏိံ။
ဥပသမ္ပာဒယိ ဗုဒ္ဓေါ၊ ဂုဏမညာယ စက္ခုမာ။

(ထေရာပဒါနပါဠိ၊ သုဘူတိဝဂ္ဂ၊ ပဉ္စသီလသမာဒါနိယတ္ထေရအပဒါန၊ ၈၄ ၈၆။ အပ၊ ၌၊ ၂ ၄၀ ၄၁။)

* * * * *

## နဝင်္ဂုပေါသထပုစ္ဆာ

လျှောက်ထားပါသည်ဘုရား၊ အကြောင်းမှာ ယခု သီဟိုဠ်ကျွန်း၌ ရဟန်းရှင်လူတို့ စိတ်သန္တာန်ဝယ် နဝင်္ဂုပေါသထသီလကို အချို့က သိက္ခာပုဒ်မဟုတ်၍ မဆောက်တည်ကောင်း၊ ဆောက်တည်လျှင် မိစ္ဆာအဓမ္မ, အဒေသိတကို ဓမ္မ, ဒေသိတဟု ပြရာယူရာ ရောက်သည်။ အချို့က ဆောက်တည်ကောင်းသော သီလပင်ဖြစ်သည်၊ သို့ဆောက်တည်ကောင်းသော်လည်း မေတ္တာကို-သဗ္ဗသတ္တေသု မေတ္တာသဟဂတေန စေတသာ ဖရိတွာ ဝိဟရာမိတိ သိက္ခာပဒံ သမာဒိယာမိ-ဟူ၍၄င်း, သဗ္ဗသတ္တေသု။လ။ ဝိဟရာမိ ဟူ၍၄င်း နာနာဝါဒရှိနေကြရာ ဒွိဟမကင်း အတည်ကျ မရှင်းလင်းနိုင်ကြသဖြင့် အားကိုး အားထား ယုံကြည်စွဲလမ်း အတည်ကျ မှတ်သား ဘွယ်ရာ ဝိနိစ္ဆယကို ပန်ဆင်ရန်လိုလား တောင့်တပါသောကြောင့် ပါဠိဘာသာဖြင့် ဆောက်တည်အပ်, မဆောက်တည်အပ်၊ ဆောက်တည်အပ်လျှင် ဆောက်တည်ပုံနှင့် တကွ ခွဲခြား၍ ဩဝါဒဝိနိစ္ဆယ ချထားချီးမြှင့် ပေးသနားတော်မူပါမည့်အကြောင်း လျှောက်ထား တောင်းပန်ပါသည်ဆရာတော်အရှင်သူမြတ်ဘုရား။

အရှင်ဝိနယာလင်္ကာရ
ပဓာန နာယကဆရာတော်
မကုဋာရာမကျောင်းတိုက်
ကိုလမ္ဗိုမြို့၊ သီဟိုဠ်ကျွန်း
၁၂၉၄ ခု၊ တန်ခူးလဆန်း၁ ရက်

## နဝင်္ဂုပေါသထ ဝိသဇ္ဇနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

လင်္ကာဒီပေ ကောလမ္ဗနဂရေ မကုဋာရာမာဓိပတိနော ဝိနယာလင်္ကာရထေရဿ မရမ္မရဋ္ဌေ မန္တလေး နဂရေ အဘယာရာမာ ဓိပတိနာ အဂ္ဂမဟာဘိဝံသထေရေန ပဏ္ဏာရောစိယတေ ဆသတ္တတျာဓိကစတုဗ္ဗိသသတိမေ ဗုဒ္ဓဝဿေ ဇေဋ္ဌမာသဿ သုက္ကပက္ခပဥ္စမိယန္တိ ဒဋ္ဌဗ္ဗံ။

တုမှေဟိ ဘန္တေ ပေသိတံ နဝင်္ဂုပေါသထာယတ္တံ ပဉှံ ဒိန္နံ မာသာနမိတောပရိ လဒ္ဓံ မယာ၊ တထာပိ ဩကာသာဘာဝါ န တဒါ ပစ္စုတ္တရ မဒါသိံ။ နဝင်္ဂုပေါသထပ္ပဋိသံယုတ္တော ခေါ ဘန္တေ ဝိဝါဒေါ မရမ္မရဋ္ဌေ စေဝ လင်္ကာဒီပေ စ နာဝုနာယေဝ ဟောတိ၊ ပုဗ္ဗေပိ အဟောသိ, အနာဂတေပိ ဘဝိဿတိယေဝ။ ဝိဝါဒရုစိကော ဟိ လောကော ဝိဝါဒရတော။ "ဝိဝါဒေါ ဝါ ကလဟော ဝါ ယုဒ္ဓံ ဝါ ဥပ္ပဇ္ဇတီ"တိ ဝုတ္တေ သဗ္ဗေပိ မဟုဿာဟေန တံ သောတုဉ္စ ပဿိတုဉ္စ ဣစ္ဆန္တိ၊ တသ္မာ ဝိဝါဒဂရုကာ ဘိက္ခူ အပ္ပမတ္တကမ္ပိ ဝစနလေသံ နိဿာယ ဝိဝဒန္တိယေဝ။

အဟံ ခေါ ပန ဘန္တေ သကရဋ္ဌေ နဝင်္ဂုပေါသထာဒီနံ ဝိဝါဒံ ပဋိစ္စ ပရေဟိ ပုဋ္ဌိတောပိ သကဉ္ဈာသယမတ္တံ တေသံ ပကာ သေတွာ အဓ္ဓောဟာရိကံ တံ နိဿာယ ဝိဝါဒေါ န ကာတဗ္ဗောတိ ဩဝါဒမဒါသိံ။ န ကဿစိ ပက္ခပါတော ဟုတွာ ဝိနိစ္ဆယ မကာသိံ။ ဣဒါနိမ္ပန တိရောရဋ္ဌိကေန တုမှာဒိသေန ပိယမိတ္တေန ပုဋ္ဌိတံ ပရိဟရိတုမနနုရူပတ္တာ တုမှာကမတ္ထာယ သန္ဒေ်ပေန လိခိဿာမိ ယထာမတိ။

အယဉှိ နဝင်္ဂုပေါသထော နာမ "နဝဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ဥပေါသထော ဥပဝုဋ္ဌော မဟပ္ဖလော ဟောတိ"ဣစ္စာဒိနာ အင်္ဂုတ္တရနိကာယေ နဝင်္ဂနိပါတေ(အံ၊ ၃၊ ၁၉၂) အာဂတော။ အဋ္ဌကထာယဉ္စ(အံ၊ ဋ္ဌ၊ ၃၊ ၂၂၆) "ဝေနေယျဇ္ဈာ သယဝသေန မေတ္တာဘာဝနံ ပက္ခိပိတွာ နဝင်္ဂသမန္နာဂတော"တိ ဝုတ္တန္တိ အာဂတံ။ တတ္ထ ဥပေါသထိကေန နာမ ဥပက္ကိလိဋ္ဌေန စိတ္တေန နောပဝသိတဗ္ဗံ။ ယော ပန တထာ ဥပဝသေယျ၊ သော ဂေါပါလကုပေါသထံ ဝါ နိဂဏ္ဌုပေါသထံ ဝါ ဥပဝုဋ္ဌော နာမ သိယာ။ တသ္မာ "ဝိဟာရံ ဂန်တွာ ဓမ္မော ဝါ သောတဗ္ဗော၊ အဋ္ဌတ္တိံသာရမ္မဏေသု အညတရံ ဝါ မနသိကာတဗ္ဗ"န္တိ အဋ္ဌ ကထာယ(အံ၊ ဋ္ဌ၊ ၂၊ ၂၀၀)မာဂတနယေန ဥပက္ကိလိဋ္ဌစိတ္တဿ ပရိယောဒပနာယ အညတရံ ကမ္မဋ္ဌာနံ ဂဟေတဗ္ဗံ။

မေတ္တာဘာဝနာယ စ အစ္ဆရာသံဃာတသုတ္တာဒီသု(အံ၊ ၁၊ ၉)မဟပ္ဖလမဟာနိသံသတာယ ဝုတ္တတ္တာ တံ ဘာဝေတွာ တာယ ပရိယောဒပိတဥပက္ကိလိဋ္ဌစိတ္တဿ ဥပေါသထောပိ မဟပ္ဖလော ဟောတိ မဟာနိသံသော။ နတ္ထိ တဿာ ဝိသုံ သမာဒါနကိစ္စံ။ ယထာ ဟိ တိကနိပါတေ ဝိသာခုပေါသထသုတ္တေ(အံ၊ ၁၊ ၂၀၆၊၂၁၆) ဗုဒ္ဓါနုဿတိကမ္မဋ္ဌာနာဒီနမညတရကမ္မဋ္ဌာနနိက္ခုဋ္ဌိတော ဥပေါသထော ဗြဟ္မုပေါသထော ဓမ္မုပေါသထော သံဃုပေါသထောတိစွာဒိနာ ပရိယာယေန ဝုတ္တော။ နတ္ထိ တတ္ထ "ဗုဒ္ဓါရုမ္မဏာယ သတိယာ ဝိဟရဏံ သမာဒိယာမိ"တိစွာဒိနာ သမာဒါနကိစ္စံ တထာ ဣဓာပီတိ ဒဋ္ဌဗ္ဗံ။

ယထာ စ ဣဓ မေတ္တာဘာဝနမေကံ ကတွာ ဝေနေယျဇ္ဈာသယဝသေန နဝင်္ဂုပေါသထောတိ ဝုတ္တော၊ တထာ ဗုဒ္ဓါနုဿတိ အာဒီသုပိ ဧကေကမင်္ဂ ကတွာ ဗုဒ္ဓါနုဿတိယာ ဥပလက္ခိတော နဝင်္ဂုပေါသထောတိစွာဒိပိ ဝတ္တဗ္ဗော။ တဒေဝ သန္ဓာယ အဋ္ဌကထာယံ (အံ၊ဋ္ဌ၊၃၊၂၆၆။)"ဝေနေယျဇ္ဈာသယဝသေန မေတ္တာဘာဝနံ ပက္ခိပိတွာ"တိ ဝုတ္တံ။ သမာဒါနံ ဟိ နာမ ကာယဝစီဒွါရေသု ဝီတိက္ကမ သင်္ခါတဒုဿီလျကာယဝစီကမ္မတော ဝိရမဏကိစ္စေသု ပါဏာတိပါတာ ဝေရမဏီစွာဒီသု ဝိရတိသီလေသွေဝ ဟောတိ၊ နော အဝိရ တိသီလေသု။ မေတ္တာ ပနအဗျာပါဒေါ မနောကမ္မံ အဝိရတိသီလံ။ တသ္မာ သမာဒါနမကတွာပိ မေတ္တာဘာဝနာယာလင်္ကတော ဥ ပေါသထော နဝင်္ဂုပေါသထောတိ ဝတ္တဗ္ဗောယေဝါတိ ဒဋ္ဌဗ္ဗံ။

သစေ ပန ဂါရဝတ္တာယ ဂုရုနော သန္တိကေ ဝါစာယ ပဋိဇာနိတုကာမော ဘဝေယျ။ "သဗ္ဗသတ္တေသု ယထာဗလံ မေတ္တာ သဟဂတစေတသာ ဖရိတွာ ဝိဟရာမိ"တိ ဝုတ္တေ နတ္ထိ ကောစိ ဒေါသော။ အပိတု ပါသံသောယေဝ၊ အပိ စ သမာဒိယာမိ တိပဒဿ "သမ္မာအာဒိယာမိ အဝီတိက္ကမနာဓိပ္ပါယေန အဇ္ဈတ္တကာရိတာယ အသဗလကာရိတာယ စ အာဒိယာမိတိ အတ္ထံ အင်္ဂဟေတွာ သမာဒိယာမိ ပဋိဂ္ဂဏှာမိ ပဋိဇာနာမိ"တိ အတ္ထေ ဂယှမာနေ "သဗ္ဗသတ္တေသု ယထာဗလံ။ပ။ ဝိဟရဏံ သမာဒိယာမိ"တိ ဝုတ္တေပိ နိရဝဇ္ဇောယေဝ။

"သဗ္ဗသတ္တေသု ။ပ။ ဝိဟရာမိတိ သိက္ခာပဒံ သမာဒိယာမိ"တိ ပန န ဝတ္တဗ္ဗံ မေတ္တာဘာဝနာယ သိက္ခာပဒါဘာဝတောတိ နော မတိ။ ယဒိ ပန ယော ကောစိ တမ္ပိ ယုတ္တန္တိ မညမာနော ဇဝံ ဝဒေယျ၊ တဿ သိက္ခာပဒပညတ္တိသု အကောဝိဒဘာဝပ္ပကာသန ဒေါသတော အညော ဒေါသော နတ္ထီတိ နိဋ္ဌမေတ္ထ ဂန္တဗ္ဗံ။

အဂ္ဂဓမ္မာဘိဝံသတ္ထေရော

## နဝင်္ဂဥပုသ်အဖြေ
(မြန်မာပြန်)

ဗုဒ္ဓ(သာသနာတော်)နှစ် ၂၄၇၆ ခု၊ နယုန်လဆန်း၅ ရက်နေ့ သီရိလင်္ကာကျွန်း ကိုလမ္ဘိုမြို့ မကုဋာရာမကျောင်းတိုက် နာယက ဆရာတော် အရှင်ဝိနယာလင်္ကာရထေရ်ထံ မြန်မာနိုင်ငံ မန္တလေးမြို့ အဘယာရာမ နာယကဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသထေရ် ပြန်ကြားဖြေဆိုသည်။

အရှင်မြတ်ဘုရား အရှင်ဘုရားပေးပို့လိုက်သော နဝင်္ဂဥပုသ်နှင့်စပ်လျဉ်းသည့်မေးမြန်းပဋ္ဌာကို ဤ(နယုန်လ)မှရှေး လွန်ခဲ့ပြီး ၂ လကျော်က တပည့်တော်ရရှိခဲ့ပါသည်။ သို့သော်လည်း အားလပ်ခွင့်ကို မရသဖြင့် ထိုစဉ်အခါက ပြန်ကြားဖြေဆိုလွှာကို မပေးပို့နိုင်ခဲ့ပါ။ နဝင်္ဂဥပုသ်နှင့်စပ်သော ငြင်းခုံမှု'ဝိဝါဒ'သည် မြန်မာနိုင်ငံ၌၄င်း, သီရိလင်္ကာကျွန်း၌၄င်း ယခုအခါ၌သာ ဖြစ်ပေါ်သည်မဟုတ်၊ ရှေးကလည်း ဖြစ်ပေါ်ခဲ့, နောင်အနာဂတ်ကာလ၌လည်း ဖြစ်ပေါ်မည်သာ ဖြစ်ပါသည်။ မှန်၏၊ သတ္တလောကကြီးတခုလုံးသည် ငြင်းခုံမှု 'ဝိဝါဒ'၌ နှစ်သက်ပျော်မွေ့နေပါသည်။ ငြင်းခုံမှု, ခိုက်ရန်ဖြစ်မှု, တိုက်ခိုက်မှု တခုခုဖြစ်သည်ဆိုလျှင် လူအားလုံးတို့သည် ကြီးစွာသော လုံ့လဖြင့် ထိုငြင်းခုံမှုစသည်ကို နားထောင်လို, ကြည့်ရှုလိုကြသည်။ ထို့ကြောင့် ငြင်းခုံမှု၌ အလေးဂရုပြုကြသော ရဟန်းတို့သည် အနည်းငယ်မျှသော စကားအမြွက်ကိုပင်အမှီပြုကာ ငြင်းခုံတတ်ကြပါသည်။

မိမိတို့(မြန်မာ)နိုင်ငံ၌ နဝင်္ဂဥပုသ်နှင့်စပ်လျဉ်းသည့်ငြင်းခုံမှုကို အစွဲပြု၍ သူတပါးတို့က မေးမြန်းကြသော်လည်း မိမိ၏အလို ဆန္ဒအဇ္ဈာသယမျှကိုသာ ထိုသူတို့အား ဖော်ပြပြီးလျှင် မပြောပလောက်သည့် ထိုကိစ္စကိုအမှီပြုကာ ငြင်းခုံမှုမပြုသင့်ဟု ဩဝါဒပေးခဲ့ပါသည်။ တစုံတယောက်သော သူ၏ဖက်သို့ လိုက်၍ အဆုံးအဖြတ်မပြုခဲ့ပါ။ ယခုအခါ၌ကား ချစ်အပ်သောမိတ်ဆွေဖြစ်သည့် တိုင်းတပါးသား အရှင်ဘုရားကဲ့သို့သော ပုဂ္ဂိုလ်၏အမေးကို ရှောင်လွှဲခြင်းငှါ မသင့်လျော်သောကြောင့် အရှင်ဘုရားတို့အကျိုးငှါ မိမိအယူဝါဒ အတိုင်း အကျဉ်းချုပ် ရေးသားဖြေဆိုပါအံ့။

ဤနဝင်္ဂဥပုသ်သည် "ရဟန်းတို့, အင်္ဂါကိုးပါးနှင့် ပြည့်စုံသည်ဖြစ်၍ ကျင့်သုံးအပ်သော ဥပုသ်သည် ကြီးမြတ်သော အကျိုးရှိ၏"စသည်ဖြင့် အင်္ဂုတ္တရနိကာယ် နဝကနိပါတ်၌လာ၏။ အဋ္ဌကထာ၌လည်း "ဝေနေယျတို့၏အလိုဆန္ဒ၏အစွမ်းအားဖြင့် မေတ္တာဘာဝနာကိုထည့်၍ 'အင်္ဂါကိုးပါးနှင့်ပြည့်စုံသည်'ဟူ၍ ဟောတော်မူ၏"ဟု လာသည်။ ထိုစကားရပ်၌ ဥပုသ်ကျင့်သုံးသူသည် ညစ်နွမ်းသော စိတ်ဖြင့် မကျင့်သုံးအပ်၊ ကျင့်သုံးသောသူသည် နွားကျောင်းသား'ဂေါပါလ' ဥပုသ်ကိုငှင်း, တက္ကဒွန်း 'နိဂဏ္ဌ' ဥပုသ်ကိုငှင်း ကျင့်သုံးသည်မည်၏။ ထို့ကြောင့် "ကျောင်းသို့သွား၍ တရားကိုသော်လည်း နာကြားအပ်၏၊ ၃၈ ပါးသော (ကမ္မဋ္ဌာန်း)အားရုံတို့တွင် တပါးပါးသောအာရုံကိုသော်လည်း နှလုံးသွင်းအပ်၏"ဟု အဋ္ဌကထာ၌လာသောနည်းအတိုင်း ညစ်နွမ်းသောစိတ်ကို စင်ကြယ်စေခြင်းငှါ တပါးပါးသောကမ္မဋ္ဌာန်းကို ယူအပ်၏။

အဋ္ဌရာသံဃာတသုတ်စသည်တို့၌ မေတ္တာဘာဝနာ၏ကြီးမြတ်သော အကျိုးအာနိသင်ရှိသည်၏အဖြစ်ကို ဟောတော်မူသောကြောင့် ထိုမေတ္တာဘာဝနာကို ဖြစ်ပွါးစေ၍ ယင်းဖြင့် ညစ်နွမ်းသောစိတ်ကို စင်ကြယ်စေပြီးသူ၏ဥပုသ်သည်လည်း ကြီးမြတ်သော အကျိုးအာနိသင်ရှိ၏။ ထိုမေတ္တာဘာဝနာကို အသီးအခြား ဆောက်ရခြင်းမရှိ။ မှန်၏၊ တိကနိပါတ် ဝိသာခုပေါသထသုတ်၌ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစသည်တို့တွင် တပါးပါးသော ကမ္မဋ္ဌာန်းဖြင့် အထွတ်တပ်အပ်သော ဥပုသ်ကို ဘုရားရှင်ဂုဏ်ကို အာရုံပြု၍ကျင့်အပ်သော 'ဗြဟ္မဥပုသ်', တရားတော်၏ဂုဏ်ကို အာရုံပြု၍ ကျင့်သုံးအပ်သော ဓမ္မဥပုသ်', သံဃာတော်၏ဂုဏ်ကို အာရုံပြု၍ ကျင့်သုံးအပ်သော 'သံဃဥပုသ်'စသည်ဖြင့် သွယ်ဝိုက်ဟောပြတော်မူ၏။ ထိုဗြဟ္မဥပသ်စသည်၌ "ဘုရားဂုဏ်ကို အာရုံပြုသော သတိဖြင့် နေခြင်းကို ဆောက်တည်ပါ၏"စသည်ဖြင့် ဆောက်တည်ခြင်းကိစ္စမရှိသကဲ့သို့ ဤနဝင်္ဂဥပုသ်၌လည်း ဆောက်တည်ခြင်းကိစ္စမရှိဟု မှတ်အပ်၏။

ဤ၌မေတ္တာဘာဝနာကို တခုသောအစိတ်အင်္ဂါပြု၍ ဝေနေယျတို့၏အလိုဆန္ဒ၏အစွမ်းဖြင့် နဝင်္ဂဥပုသ်ဟူ၍ ဟောတော်မူသကဲ့သို့ ဗုဒ္ဓါနုဿတိစသည်တို့တွင်လည်း တပါးပါးကို အစိတ်အင်္ဂါပြု၍ ဗုဒ္ဓါနုဿတိဖြင့် မှတ်သားအပ်သော နဝင်္ဂဥပုသ်စသည်ကိုလည်း ဆိုသင့်၏။ ထိုကိုပင် ရည်ရွယ်၍ အဋ္ဌကထာ၌"ဝေနေယျတို့အလိုဆန္ဒ၏အစွမ်းဖြင့် မေတ္တာဘာဝနာကို ထည့်၍"ဟု မိန့်ဆို၏။ မှန်၏၊ ဆောက်တည်ခြင်းမည်သည် ကာယဒွါရ, ဝစီဒွါရတို့၌ လွန်ကျူးခြင်းဟု ဆိုအပ်သော သီလမရှိသူ၏ဖြစ်ကြောင်း ကာယကံ, ဝစီကံတို့မှ ရှောင်ကြဉ်မှုကိစ္စရှိသော ပါဏာတိပါတာ ဝေရမဏီ အစရှိသည့် ဝိရတီသီလတို့၌သာ ဖြစ်၏။ ဝိရတီမဟုတ်သည့် (စေတသိကစသော' သီလတို၌ မဖြစ်။ မေတ္တာသည်ကား အဗျာပါဒမနောကံဖြစ်သည့် ဝိရတီမဟုတ်သော (စေတသိက)သီလတည်း။ ထို့ကြောင့် ဆောက်တည်ခြင်းကို မပြုမူ၍လည်းမေတ္တာဘာဝနာဖြင့် တန်ဆာဆင်အပ်သော ဥပုသ်ကို"နဝင်္ဂဥပုသ်"ဟူ၍ ဆိုသင့်သည်သာဟု မှတ်အပ်၏။

အကယ်၍ ရှိသေလေးစားခြင်းငှါ အလေးအမြတ်ပြုအပ်သောသူ၏အထံ၌ နှုတ်ဖြင့် ဝန်ခံလိုသည်ဖြစ်အံ့၊ သဗ္ဗသတ္တေသု ယထာဗလံ မေတ္တာသဟဂတစေတသာ ဖရိတွာ ဝိဟရာမိ အလုံးစုံသောသတ္တဝါတို့၌ အစွမ်းသတ္တိအားလျော်စွာ မေတ္တာနှင့်တကွဖြစ်သောစိတ်ဖြင့် ဖြန့်၍ နေပါအံ့ ဟု ဆိုလျှင် အပြစ်တစုံတရာမရှိ၊ စင်စစ်သော်ကား ချီးမွမ်းသင့်သည်သာတည်း။ တနည်းလည်း 'သမာဒိယာမိ'ဟူသောပုဒ်၏'သမ္မာအာဒိယာမိ'=ကောင်းစွာ ခံယူပါ၏၊ မလွန်ကျူးလိုခြင်းဖြင့်ငှင်း, မကျိုးပေါက်အောင် ပြုခြင်းဖြင့်ငှင်း, မပြောက်ကျားအောင်ပြုခြင်းဖြင့်ငှင်း ဆောက်တည်ပါ၏ ဟူသောအနက်ကို မယူပဲ "ခံယူပါ၏၊ ဝန်ခံပါ၏"ဟူသော အနက်ကို ယူသည်ရှိသော် "သဗ္ဗသတ္တေသုယထာဗလံ။ပ။ဝိဟရဏံ သမာဒိယာမိ"ဟု ဆိုသော်လည်း အပြစ်မရှိသည်သာတည်း။

မေတ္တာဘာဝနာသည် သိက္ခာပုဒ်မဟုတ်သောကြောင့် "သဗ္ဗသတ္တေသု။ပ။ ဝိဟရာမိတိ သိက္ခာပဒံ သမာဒိယာမိ"ဟူ၍ကား မဆိုအပ်၊ ဤကား မိမိအယူတည်း။ တစုံတယောက်သော ပုဂ္ဂိုလ်သည် ထိုသို့ဆိုခြင်းသည်လည်း သင့်၏ ဟု မှတ်ထင်၍ ဖော်ပြပြီးအတိုင်း အကယ်၍ ဆိုငြားအံ့၊ ထိုပုဂ္ဂိုလ်အား သိက္ခာပုဒ်ပညတ်တော်တို့၌ မလိမ်မာမကျွမ်းကျင်သည့်အဖြစ်ကို ဖော်ပြခြင်းအပြစ်မှတပါး အခြားသော အပြစ်မရှိ ဟုဤ(နဝင်္ဂဥပုသ်)၌ ဆုံးဖြတ်ခြင်းကိုသိရာ၏။

(ပဌမအဘယာရာမ ဆရာတော် ဘုရားကြီး၏နှစ်တရာပြည့်စာတမ်း၊ ၁၅၉ ၁၆၄။)

* * * * *

## နှစ်ကျိပ်ရှစ်ဆူဘုရားရှင်များ, ပွင့်ရာကမ္ဘာများနှင့် ဗောဓိပင်များ

| | | | |
|---|---|---|---|
| ၁။ တဏှင်္ကရာ | | သာရမဏ္ဍကပ် | |
| ၂။ မေဓင်္ကရာ | | ။ | |
| ၃။ သရဏင်္ကရာ | | ။ | |
| ၄။ ဒီပင်္ကရာ | ၄ အသင်္ချေ+ကမ္ဘာတသိန်းထက် | ။ | ပိပ္ပလိ=ညောင်ကြတ်ပင် |
| ၅။ ကောဏ္ဍည | ၃ အသင်္ချေ+ကမ္ဘာတသိန်းထက် | သာရကပ် | သာလကလျာဏီ=နပဲပင် |
| ၆။ မင်္ဂလ | ၂ အသင်္ချေ+ကမ္ဘာတသိန်းထက် | သာရမဏ္ဍကပ် | နာဂရုက္ခ=ကံ့ကော်ပင် |
| ၇။ သုမန | ။ | ။ | နာဂရုက္ခ=ကံ့ကော်ပင် |
| ၈။ ရေဝတ | ။ | ။ | နာဂရုက္ခ=ကံ့ကော်ပင် |
| ၉။ သောဘိတ | ။ | ။ | နာဂရုက္ခ=ကံ့ကော်ပင် |
| ၁၀။ အနောမဒဿီ | ၁ အသင်္ချေ+ကမ္ဘာတသိန်းထက် | ဝရကပ် | အဇ္ဈုန [illegible]က်ကြံ့ပင် |
| ၁၁။ ပဒုမ | ။ | ။ | မဟာသောဏ=ကြောင်လျှာပင် |
| ၁၂။ နာရဒ | ။ | ။ | မဟာသောဏ=ကြောင်လျှာပင် |
| ၁၃။ ပဒုမုတ္တရ | ကမ္ဘာတသိန်းထက် | သာရကပ် | သလလ=ထင်ရှူးပင် |
| ၁၄။ သုမေဓာ | ကမ္ဘာသုံးသောင်းထက် | မဏ္ဍကပ် | မဟာနီပ=မအူကြီးပင် |
| ၁၅။ သုဇာတ | ။ | ။ | မဟာဝေဠု=ကြခတ်ဝါးပင် |
| ၁၆။ ပိယဒဿီ | ကမ္ဘာ၁၈၀၀ ထက် | ဝရကပ် | ကကုဓ=ရေခံတက်ပင် |
| ၁၇။ အတ္ထဒဿီ | ။ | ။ | စမ္ပက=စကားပင် |
| ၁၈။ ဓမ္မဒဿီ | ။ | ။ | ဗိမ္ဗိဇာလ=သံသတ်ပင် |
| ၁၉။ သိဒ္ဓတ္ထ | ၉၄ ကမ္ဘာထက် | သာရကပ် | ကဏိကာရ=မဟာလှေခါးပင် |
| ၂၀။ တိဿ | ၉၂ ကမ္ဘာထက် | မဏ္ဍကပ် | အသန=ပိတောက်ပင် |
| ၂၁။ ဖုဿ | ။ | ။ | အာမဏ္ဍ=သျှိသျှားပင် |
| ၂၂။ ဝိပဿီ | ၉၁ ကမ္ဘာထက် | သာရကပ် | ပါဋလိ=သခွတ်ပင် |
| ၂၃။ သိခီ | ၃၁ ကမ္ဘာထက် | မဏ္ဍကပ် | ပုဏ္ဍရိက=သရက်ဖြူပင် |
| ၂၄။ ဝေဿဘူ | ။ | ။ | မဟာသာလ=အင်ကြင်းပင် |
| ၂၅။ ကကုသန္ဓ(ကကုသန်) | ဤကမ္ဘာ | ဘဒ္ဒကပ် | သိရီသ=ကုက္ကိုပင် |
| ၂၆။ ကောဏာဂမန(ကောဏာဂုံ) | | ။ | ဥဒုမ္ဗရ=ရေသဖန်းပင် |
| ၂၇။ ကဿပ | | ။ | နိဂြောဓ=ပညောင်ပင် |
| ၂၈။ ဂေါတမ | ဤကမ္ဘာ | ။ | အဿတ္ထ=ညောင်ဗုဒ္ဓဟေပင် |

၁။ အပရိမေယျိကော ကပ္ပေ၊ စတုရော အာသုံ ဝိနာယကာ။
တဏှင်္ကရော မေဓင်္ကရော၊ အထောပိ သရဏင်္ကရော။
ဒီပင်္ကရော စ သမ္ဗုဒ္ဓေါ၊ ဧကကပ္ပမှိ တေ ဇိနာ။

စသည်ဖြင့် ဗုဒ္ဓဝံသပါဠိတော်, ဗုဒ္ဓပကိဏ္ဏကကဏ္ဍ ၃၈၁ ၃၈၃ တို့၌ တဏှင်္ကရာဘုရားရှင်မှသည် မေတ္တေယျဘုရားရှင်အထိ နှစ်ကျိပ်ကိုးဆူသော ဘုရားရှင်တို့၏အကြောင်းကို ထိုဘုရားရှင်တို့ပွင့်တော်မူရာ ကမ္ဘာများနှင့်တကွ ဖော်ပြထားသည်။

တဏှင်္ကရော မေဓင်္ကရော၊ အထောပိ သရဏင်္ကရော။
ဒီပင်္ကရော စ သမ္ဗုဒ္ဓေါ၊ ကောဏ္ဍညော ဒွိပဒုတ္တမော။
မင်္ဂလော စ သုမနော စ၊ ရေဝတော သောဘိတော မုနိ။
အနောမဒဿီ ပဒုမော၊ နာရဒေါ ပဒုမုတ္တရော။
သုမေဓော စ သုဇာတော စ၊ ပိယဒဿီ မဟာယသော။
အတ္ထဒဿီ ဓမ္မဒဿီ၊ သိဒ္ဓတ္ထော လောကနာယကော။

pisaṁ

တိဿော ဖုဿော စ သမ္ဗုဒ္ဓေါ၊ ဝိပဿီ သိခီ ဝေဿဘူ။
ကကုသန္ဓော ကောဏာဂမနော၊ ကဿပေါ စာပိ နာယကော။
(ဗုဒ္ဓဝံသ၊ ဠ၊ ၁၅၉။ စရိယာပိဋက၊ ဠ၊ ၁၄ ၁၅။ အပဒါန၊ ဠ၊ ၁၊ ၅၄။ ဇာ၊ ဠ၊ ၁၊ ၅၄။)

## ဝေမတ္တတရား ငါးပါး/ရှစ်ပါး

မဟာဝဂ္ဂဋ္ဌကထာ မဟာပဒါနသုတ် သမ္ဗဟုလပရိစ္ဆေဒဝဏ္ဏနာ ၁၇ ၁၈တို့နှင့် ဗုဒ္ဓဝံသဋ္ဌကထာ ဒီပင်္ကရဗုဒ္ဓဝံသဝဏ္ဏနာ ၁၅၇ ၁၅၈တို့၌ ဝေမတ္တငါးပါးလာသည်။ ဗုဒ္ဓဝံသဋ္ဌကထာ ဝေမတ္တကထာ ၃၄၈-၃၅၀ တို့၌ကား ဝေမတ္တရှစ်ပါးလာသည်။

ဝေမတ္တ-ဟူသည် ထူးထွေကွဲပြားသော အရာ-ဟု ဆိုလိုသည်။ ဒီပင်္ကရာအစရှိသော ဘုရားရှင်တို့သည် တဆူနှင့်တဆူ ဂုဏ်ကျေးဇူးတော်အားဖြင့် တူကြသော်လည်း တဆူနှင့်တဆူ မတူ ထူးထွေကွဲပြားနေသော အရာများမှာ ရှစ်ပါးရှိ၏။

၁။ အာယုဝေမတ္တ=ဘုရားရှင်တို့မှာ တဆူနှင့် တဆူ အသက်တမ်း မတူညီခြင်း။

ဒီပင်္ကရာဘုရား၊ ကောဏ္ဍညဘုရား၊ အနောမဒဿီဘုရား၊ ပဒုမဘုရား၊ ပဒုမုတ္တရဘုရား၊ အတ္ထဒဿီဘုရား၊ ဓမ္မဒဿီဘုရား၊ သိဒ္ဓတ္ထဘုရား၊ တိဿဘုရား ဤကိုးဆူသော ဘုရားရှင်တို့သည် အသက်တစ်သိန်းတမ်း၌ ပွင့်တော်မူကြကုန်၏။

ဒီပင်္ကရ၊ ကောဏ္ဍည၊ အနောမဒဿီ။
မြတ်ပဒုမ၊ ဥတ္တရ၊ အတ္ထ ဓမ္မဒဿီ။
သိဒ္ဓတ္ထမူ၊ တိဿဟူ၊ ကိုးဆူ ထွတ်ဘုန်းစည်။
အာယုတွက်ကိန်း၊ နှစ်တသိန်း၊ မယိမ်းပွင့်ကြပြီ။
(မဟာဗုဒ္ဓဝင်၊ ပဌမတွဲ ဒုတိယပိုင်း၊ ၅၅၉။)

မင်္ဂလဘုရား၊ သုမနဘုရား၊ သောဘိတဘုရား၊ နာရဒဘုရား၊ သုမေဓဘုရား၊ သုဇာတဘုရား၊ ပိယဒဿီဘုရား၊ ဖုဿဘုရား ဤရှစ်ဆူသော ဘုရားရှင်တို့သည် အသက်ကိုးသောင်းတမ်း၌ ပွင့်တော်မူကြကုန်၏။

မြတ်မင်္ဂလ၊ သုမန၊ ဇိနသောဘိတ။
နာရဒရှင်ဓော၊ သုမေဓော၊ ဇိနောသုဇာတာ။
ပိယဒဿီ၊ ဖုဿမည်၊ ရှစ်လီ မြတ်ဗုဒ္ဓါ။
ကျွတ်ဆုငှကြောင်း၊ ပွင့်တုံရှောင်း၊ ကိုးသောင်း သက်တမ်းမှာ။
(မဟာဗုဒ္ဓဝင်၊ ပဌမတွဲ ဒုတိယပိုင်း၊ ၅၆၀။)

ရေဝတဘုရား၊ ဝေဿဘူဘုရား ဤနှစ်ဆူသော ဘုရားရှင်တို့သည် အသက် ခြောက်သောင်းတမ်း၌ ပွင့်တော်မူကြကုန်၏။

ရေဝတဟူ၊ ဝေဿဘူ၊ နှစ်ဆူ ခြောက်သောင်းမှာ။

ဝိပဿီဘုရားသည် အသက်ရှစ်သောင်းတမ်း၌၄င်း၊ သိခီဘုရားသည် အသက်ခုနစ်သောင်းတမ်း၌၄င်း၊ ကကုသန်ဘုရားသည် အသက်လေးသောင်းတမ်း၌၄င်း၊ ကောဏာဂုံဘုရားသည် အသက်သုံးသောင်းတမ်း၌၄င်း၊ ကဿပဘုရားသည် အသက်နှစ်သောင်းတမ်း၌၄င်း၊ကျွန်ုပ်တို့၏ဂေါတမဘုရားသည် အသက်တရာတမ်း၌၄င်း ပွင့်တော်မူကြကုန်၏။

မြတ်ဝိပဿီ၊ မြတ်သိခီ၊ ဘုန်းစည်နှစ်ဆူမှာ။
အနှစ်ရှစ်သောင်း၊ ခုနစ်သောင်း၊ ပွင့်ညောင်းစဉ်တိုင်းသာ။
သန်, ဂုံ, ပ, မ၊ လေးဗုဒ္ဓ၊ ဘဒ္ဒဤကမ္ဘာ။
လေးသောင်း, သုံးသောင်း၊ နှစ်သောင်းတလှစ်၊ တရာခေတ်၊ ပွင့်လစ်စဉ်တိုင်းသာ။
(မဟာဗုဒ္ဓဝင်၊ ပဌမတွဲ ဒုတိယပိုင်း၊ ၅၆၀။)

ဘုရားရှင်တိုင်းပင် ပဋိသန္ဓေကျိုးကို ပေးသောကံအစွမ်းမှာ အသက်ရှည်ခြင်းကို ဖြစ်စေနိုင်သော သတ္တိရှိစေကာမူ ပွင့်တော်မူရာအာယုကပ်(အသက်တမ်း)သို့ လိုက်၍ အသက်တော် အရှည်အတို မညီမမျှခြင်း ဖြစ်ရပေသည်။

ဥပစိတပုညသမ္ဘာရာနံ ဒီဃာယုကသံဝတ္တနိယကမ္မသမုပေတာနမ္ပိ ဗုဒ္ဓါနံ ယုဂဝသေန အာယုပ္ပမာဏံ အပ္ပမာဏံ အဟောသိ။ (ဗုဒ္ဓဝံသ၊ဠ၊ ဗုဒ္ဓပကိဏ္ဏကကထာ၊ ၃၄၉။)

၂။ ပမာဏဝေမတ္တ=ဘုရားရှင်တို့ တစ်ဆူနှင့် တစ်ဆူ အရပ်တော် အနိမ့်အမြင့် မတူညီခြင်း။

ဒီပင်္ကရာဘုရား, ရေဝတဘုရား, ပိယဒဿီဘုရား, အတ္ထဒဿီဘုရား, ဓမ္မဒဿီဘုရား, ဝိပဿီဘုရား ဤခြောက်ဆူသော ဘုရားရှင်တို့၏အရပ်တော်သည် အတောင်ရှစ်ဆယ်မြင့်တော်မူ၏။

ကောဏ္ဍညဘုရား, မင်္ဂလဘုရား, နာရဒဘုရား, သုမေဓဘုရား -ဤလေးဆူသော ဘုရားရှင်တို့၏အရပ်တော်သည် ရှစ်ဆယ့်ရှစ်တောင်မြင့်တော်မူ၏။

သုမနဘုရား၏အရပ်တော်သည် အတောင်ကိုးဆယ် မြင့်တော်မူ၏။

သောဘိတဘုရား, အနောမဒဿီဘုရား, ပဒုမဘုရား, ပဒုမုတ္တရဘုရား, ဖုဿဘုရား ဤငါးဆူသောဘုရားရှင်တို့၏အရပ်တော်သည် ငါးဆယ့်ရှစ်တောင် မြင့်တော်မူ၏။

သုဇာတဘုရား၏အရပ်တော်သည် အတောင်ငါးဆယ်မြင့်တော်မူ၏။

သိဒ္ဓတ္ထဘုရား, တိဿဘုရား, ဝေဿဘူဘုရား ဤသုံးဆူသော ဘုရားရှင်တို့၏အရပ်တော်သည် အတောင်ခြောက်ဆယ် မြင့်တော်မူ၏။

သိခီဘုရား၏အရပ်တော်သည် အတောင်ခုနစ်ဆယ်မြင့်တော်မူ၏။

ကကုသန်ဘုရား, ကောဏာဂုံဘုရား, ကဿပဘုရား ဤသုံးဆူသော ဘုရားရှင်တို့၏အရပ်တော်သည် အစဉ်အတိုင်း အတောင် လေးဆယ်, သုံးဆယ်, နှစ်ဆယ် မြင့်တော်မူ၏။

ဂေါတမဘုရား၏အရပ်တော်သည် တစ်ဆယ့်ရှစ်တောင်(တစ်ဆယ့်ခြောက်တောင်) မြင့်တော်မူ၏။

၃။ ကုလဝေမတ္တ=ဘုရားရှင်တို့ တစ်ဆူနှင့် တစ်ဆူ အမျိုးအနွယ်တော် မတူညီခြင်း။

ကကုသန်ဘုရား, ကောဏာဂုံဘုရား ကဿပဘုရား ဤသုံးဆူသော ဘုရားရှင်တို့သည် ပုဏ္ဏားမျိုး၌ ဖြစ်တော်မူကြကုန်၏။

ကြွင်းသော နှစ်ကျိပ်နှစ်ဆူသော ဘုရားရှင်တို့ကား မင်းမျိုး၌ ဖြစ်တော်မူကြကုန်၏။

"လောက၌ မင်းမျိုးသည် အထွတ်အမြတ်ဖြစ်သည်"ဟု လူအပေါင်းတို့က အထိမ်းအမှတ်ပြုကြသောအခါ ဘုရားရှင်တို့သည် မင်းမျိုး၌ ဖြစ်တော်မူကြကုန်၏။ "လောက၌ ပုဏ္ဏားမျိုးသည် အထွတ်အမြတ်ဖြစ်သည်"ဟု လူအပေါင်းတို့က အထိမ်းအမှတ်ပြုကြသောအခါ ဘုရားရှင်တို့သည် ပုဏ္ဏားမျိုး၌ ဖြစ်တော်မူကြကုန်၏။

၄။ ပဓာနဝေမတ္တ=ဘုရားရှင်တို့ တစ်ဆူနှင့် တစ်ဆူ ပဓာနခေါ် ဒုက္ကရစရိယာကျင့်ရပုံ မတူညီခြင်း။

ဒီပင်္ကရာဘုရား, ကောဏ္ဍညဘုရား, သုမနဘုရား, အနောမဒဿီဘုရား, သုဇာတဘုရား, သိဒ္ဓတ္ထဘုရား, ကကုသန်ဘုရား ဤခုနစ်ဆူသော ဘုရားရှင်တို့သည် ဆယ်လကြာ ဒုက္ကရစရိယာကျင့်တော်မူကြရကုန်၏။

မင်္ဂလဘုရား, သုမေဓဘုရား, တိဿဘုရား, သိခီဘုရား -ဤလေးဆူသော ဘုရားရှင်တို့သည် ရှစ်လကြာ ဒုက္ကရစရိယာ ကျင့်တော်မူကြရကုန်၏။

ရေဝတဘုရားသည် ခုနစ်လကြာ ဒုက္ကရစရိယာကျင့်တော်မူရ၏။

သောဘိတဘုရားသည် လေးလကြာ ဒုက္ကရစရိယာကျင့်တော်မူရ၏။

ပဒုမဘုရား, အတ္ထဒဿီဘုရား, ဝိပဿီဘုရား ဤသုံးဆူသော ဘုရားရှင်တို့သည် လဝက်(တဆယ့်ငါးရက်)ကြာ ဒုက္ကရ စရိယာကျင့်တော်မူကြရကုန်၏။

နာရဒဘုရား, ပဒုမုတ္တရဘုရား, ဓမ္မဒဿီဘုရား, ကဿပဘုရား ဤလေးဆူသော ဘုရားရှင်တို့သည် ခုနစ်ရက်ကြာမျှ ဒုက္ကရစရိယာကျင့်တော်မူကြရကုန်၏။

ပိယဒဿီဘုရား, ဖုဿဘုရား, ဝေဿဘူဘုရား, ကောဏာဂုံဘုရား -ဤလေးဆူသော ဘုရားရှင်တို့သည် ခြောက်လကြာ ဒုက္ကရစရိယာကျင့်တော်မူကြရကုန်၏။

အကျွန်ုပ်တို့၏ဂေါတမဘုရားရှင်သည်ကား ခြောက်နှစ်ကြာ ဒုက္ကရစရိယာကျင့်တော်မူရ၏။

၅။ ရသ္မိဝေမတ္တ=ဘုရားရှင်တို့ တစ်ဆူနှင့် တစ်ဆူ ရောင်ခြည်တော်ထွက်ပုံ မတူခြင်း။

မင်္ဂလဘုရားရှင်၏ရောင်ခြည်တော်သည် စကြဝဠာတိုက်တသောင်းကို ပျံ့နှံ့၍တည်၏။

ပဒုမုတ္တရဘုရားရှင်၏ရောင်ခြည်တော်သည် ထက်ဝန်းကျင်(၁၂)ယူဇနာ ပျံ့နှံ့တည်၏။

ဝိပဿီဘုရားရှင်၏ရောင်ခြည်တော်သည် ထက်ဝန်းကျင် (၇)ယူဇနာ ပျံ့နှံ့တည်၏။
သိခီဘုရားရှင်၏ရောင်ခြည်တော်သည် ထက်ဝန်းကျင် (၃)ယူဇနာ ပျံ့နှံ့တည်၏။
ကကုသန်ဘုရားရှင်၏ရောင်ခြည်တော်သည် ထက်ဝန်းကျင် (၁၀)ယူဇနာ ပျံ့နှံ့တည်၏။
ဂေါတမဘုရားရှင်၏ရောင်ခြည်တော်သည် ထက်ဝန်းကျင် ကိုယ်တော်၏အလံနှင့်ညီမျှစွာ လေးတောင်ခန့် ပျံ့နှံ့တည်၏။
ကြွင်းသောဘုရားရှင်တို့၏ရောင်ခြည်တော်သည်ကား အမြဲမရှိ အလိုတော်ရှိသမျှ ထွန်းလင်းတောက်ပ၏။

၆။ ယာနဝေမတ္တ=ဘုရားအလောင်းတော်တို့ တောထွက်တော်မူသောအခါ စီးနင်းသောယာဉ်၏မတူခြင်း။

ဒီပင်္ကရာဘုရား, သုမနဘုရား, သုမေဓဘုရား, ဖုဿဘုရား, သိခီဘုရား, ကောဏာဂုံဘုရား အလောင်းတော်တို့သည် ဆင်ယာဉ်စီးလျက် တောထွက်တော်မူကြကုန်၏။

ကောဏ္ဍညဘုရား, ရေဝတဘုရား, ပဒုမဘုရား, ပိယဒဿီဘုရား, ဝိပဿီဘုရား, ကကုသန်ဘုရား အလောင်းတော်တို့သည် အာဇာနည်မြင်းကသော ရထားယာဉ်ကို စီးလျက် တောထွက်တော်မူကြကုန်၏။

မင်္ဂလဘုရား, သုဇာတဘုရား, အတ္ထဒဿီဘုရား, တိဿဘုရား, ဂေါတမဘုရား အလောင်းတော်တို့သည် မြင်းယာဉ်စီးလျက် တောထွက်တော်မူကြကုန်၏။

အနောမဒဿီဘုရား;် သိဒ္ဓတ္ထဘုရား, ဝေဿဘူဘုရား အလောင်းတော်တို့သည် ထမ်းစင်စီးလျက်တောထွက်တော်မူကြကုန်၏။

နာရဒဘုရားအလောင်းတော်သည် ခြေလျင်ကြွလျက် တောထွက်တော်မူ၏။

သောဘိတဘုရား, ပဒုမုတ္တရဘုရား, ဓမ္မဒဿီဘုရား, ကဿပဘုရား အလောင်းတော်တို့သည် ပြာသာဒ်ယာဉ်စီးလျက် တောထွက်တော်မူကြကုန်၏။

၇။ ဗောဓိဝေမတ္တ=ဘုရားရှင်တို့ တစ်ဆူနှင့် တစ်ဆူ ပွင့်တော်မူရာ ဗောဓိပင်ချင်း မတူခြင်း။

ဒီပင်္ကရာဘုရားရှင်၏ပွင့်တော်မူရာ ဗောဓိပင်မှာ ညောင်ကြတ်ပင်(ကပီတနရုက္ခ)ဖြစ်၏။
ကောဏ္ဍညဘုရားရှင်၏ပွင့်တော်မူရာဗောဓိပင်မှာ ကြောင်လျှာ သို့မဟုတ် နပဲပင်(သာလကလျာဏိရုက္ခ)ဖြစ်၏။
မင်္ဂလဘုရား, သုမနဘုရား, ရေဝတဘုရား, သောဘိတဘုရား ဤလေးဆူသောဘုရားရှင်တို့၏ပွင့်တော်မူရာ ဗောဓိပင်မှာ ကံ့ကော်ပင်(နာဂရုက္ခ)ဖြစ်၏။
အနောမဒဿီဘုရားရှင်၏ပွင့်တော်မူရာဗောဓိပင်မှာ ထောက်ကြံ့ သို့မဟုတ် ဖောက်ကြံ့ပင်(အဇ္ဇုနရုက္ခ)ဖြစ်၏။
ပဒုမဘုရားရှင်, နာရဒဘုရားရှင်တို့၏ပွင့်တော်မူရာဗောဓိပင်မှာ ကြောင်လျှာပင်(မဟာသောဏရုက္ခ)ဖြစ်၏။
ပဒုမုတ္တရဘုရားရှင်၏ပွင့်တော်မူရာဗောဓိပင်မှာ ထင်ရှူးပင်(သလလရုက္ခ)ဖြစ်၏။
သုမေဓဘုရားရှင်၏ပွင့်တော်မူရာဗောဓိပင်သည် တမာပင် (နီပရုက္ခ)ဖြစ်၏။
သုဇာတဘုရားရှင်၏ပွင့်တော်မူရာဗောဓိပင်မှာ ကြခတ်ဝါးပင်(ဝေဠု)ဖြစ်၏။
ပိယဒဿီဘုရားရှင်၏ပွင့်တော်မူရာ ဗောဓိပင်မှာ ရေခံတက် သို့မဟုတ် ငြိမ့်ကြံ့ပင်(ကကုဓ)ဖြစ်၏။
အတ္ထဒဿီဘုရားရှင်၏ပွင့်တော်မူရာ ဗောဓိပင်မှာ စကားပင်(စမ္ပကရုက္ခ)ဖြစ်၏။
ဓမ္မဒဿီဘုရားရှင်၏ပွင့်တော်မူရာ ဗောဓိပင်မှာ မျက်နှာပန်းပင်(ရတ္တကုရဝကရုက္ခ)ဖြစ်၏။ (ဗုဒ္ဓဝံသ၊ ၄၊ ၃၅၀)
သိဒ္ဓတ္ထဘုရားရှင်၏ပွင့်တော်မူရာ ဗောဓိပင်မှာ မဟာလှေကားပန်းပင်(ကဏိကာရရုက္ခ)ဖြစ်၏။
တိဿဘုရားရှင်၏ပွင့်တော်မူရာ ဗောဓိပင်မှာ ပိတောက်ပင်(အသနရုက္ခ)ဖြစ်၏။
ဖုဿဘုရားရှင်၏ပွင့်တော်မူရာ ဗောဓိပင်မှာ ရှိရှားပင် သို့မဟုတ် ဆီးဖြူပင်(အာမလကရုက္ခ)ဖြစ်၏။
ဝိပဿီဘုရားရှင်၏ပွင့်တော်မူရာ ဗောဓိပင်မှာ သခွတ်ပင်(ပါဋလိရုက္ခ)ဖြစ်၏။
သိခီဘုရားရှင်၏ပွင့်တော်မူရာ ဗောဓိပင်မှာ သရက်ဖြူပင်(ပုဏ္ဍရီကရုက္ခ)ဖြစ်၏။
ဝေဿဘူဘုရားရှင်၏ပွင့်တော်မူရာ ဗောဓိပင်မှာ အင်ကြင်းပင်(သာလရုက္ခ)ဖြစ်၏။
ကကုသန်ဘုရားရှင်၏ပွင့်တော်မူရာ ဗောဓိပင်မှာ ကုက္ကိုပင်(သိရီသရုက္ခ)ဖြစ်၏။
ကောဏာဂုံဘုရားရှင်၏ပွင့်တော်မူရာ ဗောဓိပင်မှာ ရေသဖန်းပင်(ဥဒုမ္ဗရရုက္ခ)ဖြစ်၏။
ကဿပဘုရားရှင်၏ပွင့်တော်မူရာ ဗောဓိပင်မှာ ပညောင်ပင်(နိဂြောဓရုက္ခ)ဖြစ်၏။
ဂေါတမဘုရားရှင်၏ပွင့်တော်မူရာ ဗောဓိပင်မှာ ညောင်ဗုဒ္ဓဟေပင်=ညောင်နီပင်(အဿတ္ထ)ဖြစ်၏။

မှတ်ချက်။ ။ မဟာဗုဒ္ဓဝင်၌ “ဗိမ္ဗိဇာလ သံသတ်ပင်” ရတ္တကုရဝကရက္ခ မျက်နှာပန်းပင်”ဟု ပြန်ဆိုတော်မူသော်လည်း ဦးဟုတ်စိန် ပါဠိ မြန်မာ အဘိဓာန်၌ကား ကုရဝကနှင့် ဗိမ္ဗဇာလ -ပရိယာယ်တူအနေဖြင့် “လိပ်ဆူးရွှေ”ဟု ပြန်ဆိုသည်။

၈။ ပလ္လင်္ကဝေမတ္တ=ဘုရားရှင်တို့ တစ်ဆူနှင့် တစ်ဆူ ပွင့်တော်မူရာ ပလ္လင်တော်၏မတူထူးခြားခြင်း။

ဒီပင်္ကရာဘုရား၊ ရေဝတဘုရား၊ ပိယဒဿီဘုရား၊ အတ္ထဒဿီဘုရား၊ ဓမ္မဒဿီဘုရား၊ ဝိပဿီဘုရား ဤဘုရားရှင်တို့၏ ပွင့်တော်မူရာပလ္လင်တော်တို့သည် ငါးဆယ့်သုံးတောင်စီ ပမာဏရှိကုန်၏။

ကောဏ္ဍညဘုရား၊ မင်္ဂလဘုရား၊ နာရဒဘုရား၊ သုမေဓဘုရား ဤဘုရားရှင်တို့၏ပွင့်တော်မူရာ ပလ္လင်တော်တို့သည် ငါးဆယ့်ခုနစ်တောင်စီ ပမာဏရှိကုန်၏။

သုမနဘုရားရှင်၏ပွင့်တော်မူရာ ပလ္လင်တော်သည် အတောင်ခြောက်ဆယ် ပမာဏရှိ၏။

သောဘိတဘုရား၊ အနောမဒဿီဘုရား၊ ပဒုမဘုရား၊ ပဒုမုတ္တရာဘုရား၊ ဖုဿဘုရား ဤဘုရားရှင်တို့၏ပွင့်တော်မူရာ ပလ္လင်တော်တို့သည် သုံးဆယ့်ရှစ်တောင်စီ ပမာဏရှိကုန်၏။

သုဇာတဘုရားရှင်၏ပွင့်တော်မူရာ ပလ္လင်တော်သည် သုံးဆယ့်နှစ်တောင် ပမာဏရှိ၏။

သိဒ္ဓတ္ထဘုရား၊ တိဿဘုရား၊ ဝေဿဘူဘုရား ဤဘုရားရှင်တို့၏ပွင့်တော်မူရာ ပလ္လင်တော်တို့သည် အတောင်လေးဆယ်စီ ပမာဏရှိကုန်၏။

သိခီဘုရားရှင်၏ပွင့်တော်မူရာ ပလ္လင်တော်သည် အတောင်နှစ်ဆယ် ပမာဏရှိ၏။

ကကုသန်ဘုရားရှင်၏ပွင့်တော်မူရာ ပလ္လင်တော်သည် နှစ်ဆယ့်ခြောက်တောင် ပမာဏရှိ၏။

ကောဏာဂုံဘုရားရှင်၏ပွင့်တော်မူရာ ပလ္လင်တော်သည် အတောင်နှစ်ဆယ် ပမာဏရှိ၏။

ကဿပဘုရားရှင်၏ပွင့်တော်မူရာ ပလ္လင်တော်သည် တဆယ့်ငါးတောင် ပမာဏရှိ၏။

ဂေါတမဘုရားရှင်၏ပွင့်တော်မူရာ ပလ္လင်တော်သည် တဆယ့်လေးတောင် ပမာဏရှိ၏။

မှတ်ချက်။ ။ ဤဝေမတ္တတရား ရှစ်ပါးအကြောင်းကို မဟာဗုဒ္ဓဝင် ပဋ္ဌမတွဲ ဒုတိယပိုင်း ၅၅၈ ၅၈၀တို့၌ ကြည့်ရှုနိုင်သည်။

## အဝိဇဟိတလေးဋ္ဌာနနှင့်စပ်သွယ် သိမှတ်ဖွယ်

အဝိဇဟိတဋ္ဌာန ဟူသည် ခပ်သိမ်းသော ဘုရားရှင်တို့ မစွန့်ပစ်အပ်ပဲ မြဲသောအရပ်ပင်တည်း၊ ထိုအဝိဇဟိတဋ္ဌာနမှာ လေးမျိုးရှိ၏။

(၁) ခပ်သိမ်းသော ဘုရားရှင်တို့၏ဗောဓိပင် ပလ္လင်ပေါက်တော်မူရာအရပ်သည်လည်း တစ်ဋ္ဌာန။

(ယခု အကျွန်ုပ်တို့ဘုရားရှင်၏ဗောဓိပင်ရင်း ပလ္လင်တော်ပေါက်ရာဋ္ဌာန၌ပင် ခပ်သိမ်းသော ဘုရားရှင်တို့၏ပလ္လင်တော်များ ပေါက်ကြလေသည်၊ နေရာ အပြောင်းအလဲမရှိဟု ဆိုလိုသည်)။

(၂) ဓမ္မစကြာတရားဦးကို ဟောတော်မူရာ ဣသိပတန မိဂဒါဝုန်တောသည်လည်း တစ်ဋ္ဌာန။

(ဘုရားရှင်တိုင်း ယခု အကျွန်ုပ်တို့၏ဘုရားရှင် ဓမ္မစကြာ တရားဦးဟောတော်မူရာ ဣသိပတန မိဂဒါဝုန်တောနေရာ၌ပင် ဓမ္မစကြာတရားဦးကို ဟောတော်မူကြသည်၊ အခြားနေရာတပါး၌ မဟောကုန်ဟု ဆိုလိုသည်)။

(၃) အဘိဓမ္မာတရား ဟောကြားတော်မူပြီးနောက် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းတော်မူသောအခါ သင်္ကဿမြို့တံခါးဝ၌ပဌမဆုံး လက်ျာခြေတော်ချရာ အရပ်သည်လည်း တစ်ဋ္ဌာန။

(ထိုနေရာ၌ပင် ဘုရားရှင်တိုင်း အဘိဓမ္မာတရားဟောကြားတော်မူပြီးနောက် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းတော်မူကြသောအခါ ပဌမဆုံး လက်ျာခြေတော်ကို ချတော်မူကြမြဲဖြစ်သည်ဟု ဆိုလိုသည်)။

(၄) ဇေတဝန်ကျောင်းတိုက် ဂန္ဓကုဋီကျောင်းတော်အတွင်း ဘုရားရှင်၏ညောင်စောင်းတော် အခြေလေးခုတို့၏တည်ရာအရပ်သည်လည်း တဋ္ဌာန။ (အကျွန်ုပ်တို့ ဘုရားရှင်၏ညောင်စောင်းတော် အခြေလေးခုတို့၏တည်ရာဋ္ဌာန၌ပင် ခပ်သိမ်းသောဘုရားရှင်တို့၏ ညောင်စောင်းတော် အခြေလေးခုတို့ တည်ကြကုန်၏၊ နေရာအပြောင်းအလဲမရှိဟု ဆိုလိုသည်)။

သဗ္ဗဗုဒ္ဓါနံ ပန စတ္တာရိ အဝိဇဟိတဋ္ဌာနာနိ နာမ ဟောန္တိ။ သဗ္ဗဗုဒ္ဓါနံ ဟိ ဗောဓိပလ္လင်္ကော အဝိဇဟိတော ဧကသ္မိံယေဝ ဋ္ဌာနေ ဟောတိ။ ဓမ္မစက္ကပ္ပဝတ္တနံ ဣသိပတနေ မိဂဒါယေ အဝိဇဟိတမေဝ ဟောတိ။ ဒေဝေါရောဟဏကာလေ သင်္ကဿနဂရ

ဒွါရေ ပဋမက္ကပါဒဋ္ဌာနံ အဝိဇဟိတမေဝ ဟောတိ။ ဇေတဝနေ ဂန္ဓကုဋိယာ စတ္တာရိ မဉ္စပါဒဋ္ဌာနာနိ အဝိဇဟိတာနေဝ ဟောန္တိ။ ဝိဟာရော ပန ခုဒ္ဒကောပိ မဟန္တောပိ ဟောတိ။ ဝိဟာရော န ဝိဇဟတိယေဝ၊ နဂရံ ပန ဝိဇဟတိ (နဂရမ္ပိ န ဝိဇဟတိ က)။ (ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၃၅၁။)

သုတ်မဟာဝါအဋ္ဌကထာ မဟာပဒါနသုတ် သမ္ဗဟုလပရိစ္ဆေဒအဖွင့် (ဒီ၊ ဋ္ဌ၊ ၂၊ ၁၇)၌လည်း "သဗ္ဗဗုဒ္ဓါနဉ္ဟိ ဗောဓိပလ္လင်္ကော အဝိဇဟိတော၊ ဧကသ္မိံယေဝ ဌာနေ ဟောတိ။...ဟု စသည်ဖြင့် အလားတူပင် လာရှိ၏၊ ...သင်္ကဿနဂရဒွါရေ ပဌမပဒဂဏ္ဍိကာ (ပဌမပါဒ ဂဏ္ဍိကာ၊သျှာ) အဝိဇဟိတာဝ ဟောတိ၊...ဟု လာရှိ၍ ယင်းဋီကာ (၁၅)၌ကား "ပဌမပါဒဂဏ္ဍိကာတိ ပစ္ဆိမေ သောပါနဖလကေ ဌတွာ ဌပိယမာနဿ ဒက္ခိဏပါဒဿ ပတိဋ္ဌဟနဋ္ဌာနံ။"ဟု လာရှိရကား "နောက်ဆုံးလှေကားပျဉ်ချပ် (လှေကားထစ်)၌ ရပ်တော်မူ၍ ချထားအပ်သော လက်ျာခြေတော်၏အရပ်"ဟု ဆိုလိုသည်။

ဆောင်ပုဒ်။ ။ (၁) ဗောဓိပင်ခြေ၊ ပလ္လင်ဗွေ၊ မှတ်လေ တစ်ဌာန။
(၂) တရားဦးဟောရာ၊ မိဂဒါ၊ မှတ်ပါ တစ်ဌာန။
(၃) အဘိဓမ္မာ၊ ဟောပြီးခါ၊ ဆင်းရာ ဝတိံ မှ။
သင်္ကဿတံခါး၊ ယာခြေကား၊ မှတ်သား တစ်ဌာန။
(၄) ဇေတဝန၊ ဂန္ဓရွှေကျောင်း၊ ညောင်စောင်းအခြေ၊ တည်ရာမြေ၊ မှတ်ပေ တစ်ဌာန။
ဘုရားတိုင်းသာ၊ မစွန့်ပါ၊ မြတ်ရာ လေးဌာန။
အဝိဇဟိတခေါ်၊ ဌာနတော်၊ ညွှန်းပေါ် ကျမ်းဂန်ပြ။

## သံဝေဇနီယလေးဌာနနှင့်စပ်သွယ် သိမှတ်ဖွယ်

သံဝေဂဟူသည် ပဋိသန္ဓေနေရခြင်း ဇာတိဒုက္ခစသော တရားသဘောကို ကြံခြင်း၏အစွမ်းအားဖြင့် ဖြစ်သော သြတ္တပ္ပနှင့်တကွသောဉာဏ်တည်း၊ ထိုသံဝေဂကို ဖြစ်စေနိုင်သော အကြောင်းတို့ကို "သံဝေဇနီယဌာန"ဟု ခေါ်သည်၊ ယင်းသံဝေဇနီယဌာနသည် လေးဌာနရှိ၏။

(၁) လုမ္ဗိနီဥယျာဉ်တော်။

အိန္ဒိယနိုင်ငံနယ်စပ် ဆိုနော်လီမြို့မှ ၂၇ ကီလိုမီတာအကွာ နီပေါနိုင်ငံတွင် ဘီစီ၆၂၃ ခုနှစ်၌ ဘုရားအလောင်းတော်ဖွားမြင်တော်မူရာဌာန။

1. Lumbinī=The place where the Lord Buddha was born in 623 B.C., located in Nepal 27 kilometers from the Indian border city of Sonauli

(၂) ဗုဒ္ဓဂယာ မဟာဗောဓိ။

အိန္ဒိယနိုင်ငံ ဗီဟာရ်ပြည်နယ် ဂယာမြို့အနီး ဗောဓိညောင်ပင်အောက်ဝယ် ဘီစီ၅၈၈ ခုနှစ်၌ ဘုရားဖြစ်တော်မူရာဌာန။

2. Bodh Gayā=The place where the Lord Buddha attained Supreme Enlightenment under the Bodhi tree near Gayā City, Bihar, India in 588 B.C.

(၃) ဣသိပတနမိဂဒါဝုန်(သာရနာထ=သာရ်နာထ်)

အိန္ဒိယနိုင်ငံ ဥတ္တရပဒေသ(ဥတ္တရ်ပြဒေရှ်)ပြည်နယ် ဗာရာဏသီမြို့အနီးတွင် ဘီစီ၅၈၈ ခုနှစ်၌ ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူရာဌာန။

3. Sārnāth (Sāranātha=Migadāya)= The place where the Lord Buddha preached the First Sermon, Dhammacakkappavattana Sutta, near Vāranasī, Uttarpradesh, India in 588 B.C.

(၄) ကုသိနာရုံ မလ္လာမင်းတို့၏အင်ကြင်းဥယျာဉ်တော်

အိန္ဒိယနိုင်ငံ ဥတ္တရပဒေသပြည်နယ် ကုသိနာရုံမြို့တော်တွင် ဘီစီ၅၄၃ ခုနှစ်၌ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူရာဌာန။

4. Ku'sinagar (Kushinagar)=The place where the Lord Buddha passed away into Mahāparinibbāna in Kusinagara, Uttarpradesh, India in 543 B.C.

ဘုရားရှင်က "အာနန္ဒာ, သဒ္ဓါတရားရှိကုန်သော ရဟန်း ရဟန်းမ ဥပါသကာ ဥပါသိကာမတို့သည် "ဤ(လုမ္ဗိနီ)ဌာန၌ မြတ်စွာဘုရား ဖွားမြင်တော်မူ၏"ဟူ၍လည်းကောင်း, "ဤ(မဟာဗောဓိ)ဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသ

မွှောမိဉာဏ်ကို ရတော်မူ၏(ဘုရားဖြစ်တော်မူ၏)"ဟူ၍လည်းကောင်း၊ "ဤ(မိဂဒါဝုန်)ဌာနၠဲ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော တရားတော်ဓမ္မစက်ကို ဟောကြားလည်စေတော်မူ၏"ဟူ၍လည်းကောင်း၊ ဤ(ကုသိနာရုံ)ဌာနၠဲ မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော ငြိမ်းခြင်းသဘော 'အနုပါဒိသေသနိဗ္ဗာနဓာတ်' ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏"ဟူ၍လည်းကောင်း (သတိရ အောက်မေ့လျက်) လာရောက်ကုန်လတ္တံ့၊ အာနန္ဒာ၊ ထိုဌာန စေတီပုထိုးတို့ကို ဖူးမြော်ရန် သွားလာလှည့်လည်သော သူတို့သည် ကြည်ညိုသောစိတ်ရှိကုန်လျက်သေကုန်ငြားအံ့၊ ထိုသူအားလုံးတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ရကုန်လတ္တံ့"ဟု မိန့်တော်မူ၏။(ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်မြန်မာပြန်၊ ၁၃၅။)

ဆောင်ပုဒ်များ။ ။ ဖွားရာ၊ ပွင့်ရာ၊ ဟောကြားရာ၊ စံရာ ဤလေးမည်။
သံဝေဇနီယ၊ မြတ်ဌာန၊ ဖူးကြ စိတ်ရွှင်ကြည်။
အပါယ်လေးဝ၊ မလားရ၊ ရောက်ရ ထက်နတ်ပြည်။

စတ္တာရိမာနိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယာနိ သံဝေဇနီယာနိ ဌာနာနိ။ ကတမာနိ စတ္တာရိ? "ဣဓ တထာဂတော ဇာတော"တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။ "ဣဓ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ

အဘိသမ္ဗုဒ္ဓေါ"တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။ "ဣဓ တထာဂတေန အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတ"န္တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။ "ဣဓ တထာဂတော အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတော"တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။ ဣမာနိ ခေါ အာနန္ဒ စတ္တာရိ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယာနိ သံဝေဇနီယာနိ ဌာနာနိ။

အာဂမိဿန္တိ ခေါ အာနန္ဒ သဒ္ဓါ ဘိက္ခူ ဘိက္ခုနိယော ဥပါသကာ ဥပါသိကာယော "ဣဓ တထာဂတော ဇာတော"တိပိ၊ "ဣဓ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ"တိပိ၊ "ဣဓ တထာဂတေန အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတ"န္တိပိ၊ "ဣဓ တထာဂတော အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတော"တိပိ။ ယေ ဟိ ကေစိ အာနန္ဒ စေတိယစာရိကံ အာဟိဏ္ဍန္တာ ပသန္နစိတ္တာ ကာလံ ကရိဿန္တိ၊ သဗ္ဗေ တေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇိဿန္တီတိ။ (ဒီ၊ ၂၊ မဟာပရိနိဗ္ဗာနသုတ်၊ ၁၁၆။)

## စေတီထိုက်သူလေးဦးနှင့်စပ်သွယ် သိမှတ်ဖွယ်

ထူပါရဟ ဟူသည် စေတီထိုက်သူ၊ ကိုးကွယ်ပူဇော်ထိုက်သူ ဟု အဓိပ္ပါယ်ရသည်၊ စေတီထိုက်သူ လေးဦးရှိ၏။

၁။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်။

၂။ ပစ္စေကဗုဒ္ဓါ။

၃။ ဘုရားရှင်၏အရိယာသာဝက။

၄။ စကြဝတေးမင်း။

စတ္တာရောမေ အာနန္ဒ ထူပါရဟာ။ ကတမေ စတ္တာရော? တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ ထူပါရဟော၊ ပစ္စေကသမ္ဗုဒ္ဓေါ ထူပါရဟော၊ တထာဂတဿ သာဝကော ထူပါရဟော၊ ရာဇာ စက္ကဝတ္တီ(စက္ကဝတ္တိ သျာ၊ က) ထူပါရဟောတိ။ (ဒီ၊ ၂၊ ၁၁၇။)

### ပူဇော်ကိုးကွယ်လျှင်

၁။ "ဤစေတီပုထိုးတော်သည် ပူဇော်အထူးကို ခံတော်မူထိုက်သော သမ္မာသမ္ဗုဒ္ဓဘုရားရှင်၏စေတီပုထိုးတော်တည်း"ဟု ကြည်ညိုစိတ်ရှိသောသူတို့ သေလွန်ကြလျှင် နတ်ပြည်သို့ ရောက်ကြကုန်၏။

၂။ "ဤစေတီပုထိုးတော်သည် ပစ္စေကသမ္ဗုဒ္ဓအရှင်မြတ်၏စေတီပုထိုးတော်တည်း"ဟု ကြည်ညိုစိတ်ရှိသော သူတို့ သေလွန်ကြလျှင် နတ်ပြည်သို့ ရောက်ကြရကုန်၏။

၃။ "ဤစေတီပုထိုးတော်သည် သမ္မာသမ္ဗုဒ္ဓဘုရားရှင်၏တပည့်အရိယာသာဝက၏စေတီပုထိုးတော်တည်း"ဟု ကြည်ညိုစိတ်ရှိသော သူတို့ သေလွန်ကြလျှင် နတ်ပြည်သို့ ရောက်ကြရကုန်၏။

၄။ "ဤစေတီပုထိုးတော်သည် တရားသဖြင့်အုပ်စိုးသော မင်းကောင်းမင်းမြတ်၏စေတီပုထိုးတော်တည်း"ဟု ကြည်ညိုစိတ်ရှိ

သော သူတို့ သေလွန်လျှင် နတ်ပြည်သို့ ရောက်ကြရကုန်၏။

သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ် ၁၁၈ -၌ ကြည့်နိုင်သည်။

"အယံ တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ထူပါရဟော"တိ အာနန္ဒ ဗဟုဇနာ စိတ္တံ ပသာဒေန္တိ၊ တေ တတ္ထ စိတ္တံ ပသာဒေတွာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။

"အယံ တဿ ဘဂဝတော ပစ္စေကသမ္ဗုဒ္ဓဿ ထူပေါ"တိ အာနန္ဒ ဗဟုဇနာ စိတ္တံ ပသာဒေန္တိ၊ တေ တတ္ထ စိတ္တံ ပသာဒေတွာကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။

"အယံ တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ သာဝကဿ ထူပေါ"တိ အာနန္ဒ ဗဟုဇနာ စိတ္တံ ပသာဒေန္တိ၊ တေ တတ္ထ စိတ္တံ ပသာဒေတွာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။

"အယံ တဿ ဓမ္မိကဿ ဓမ္မရညော ထူပေါ"တိ အာနန္ဒ ဗဟုဇနာ စိတ္တံ ပသာဒေန္တိ၊ တေ တတ္ထ စိတ္တံ ပသာဒေတွာ ကာယဿဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။ (ဒီ၊ ၂၊ ၁၁၈။)

စကြဝတေးမင်းသည် လေးကျွန်းလုံးကို တရားသဖြင့် အုပ်စိုး၍ လူအများကို ငါးပါးသီလကျင့်ဖို့ရန် တိုက်တွန်းသော မင်းကောင်းမင်းမြတ် ဖြစ်၏၊ ထို့ကြောင့်ပင် အသက်ရှင်စဉ်က လူအများ၏အကြည်ညိုကို ခံရ၏၊ ကွယ်လွန်သော အခါ၌လည်း စေတီပုထိုးတည်ထားလျှင် ထိုမင်း၏အဆုံးအမကို သတိရ၍ လိုက်နာနေထိုင်သူတိုင်းကို နတ်ပြည်သို့ ရောက်စေနိုင်သည်၊ ထို့ကြောင့် စကြဝတေးမင်းလည်း စေတီပုထိုးတည်၍ ကိုးကွယ်ပူဇော်ထိုက်သော ပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်နိုင်သည်။

**အိမ်၏အလယ်၌နေ၍ ကွယ်လွန်သော စကြဝတေးမင်း၏စေတီပုထိုးထိုက်သည်ကို ခွင့်ပြုတော်မူလျက် အဘယ့်ကြောင့် သီလရှိသော ပုထုဇဉ်ရဟန်း၏စေတီပုထိုးထိုက်သည်ကို ခွင့်ပြုတော်မမူပါသနည်း?**

မအံ့ဩထိုက်သည်(အံ့ဩဖွယ်မရှိသည်)၏အဖြစ်ကြောင့် သီလရှိသော ပုထုဇဉ်ရဟန်း၏စေတီပုထိုးကို ခွင့်ပြုတော်မမူပါ။

ပုထုဇဉ်ရဟန်းတို့၏စေတီပုထိုးကို ခွင့်ပြုတော်မူလျှင် သီဟိုဠ်ကျွန်း၌လည်းကောင်း, အခြားကုန်သော အရပ်တို့၌လည်းကောင်း စေတီပုထိုးတို့၏တည်ထားစရာ အရပ်သည် မရှိတော့ရာ၊ ထို့ကြောင့် ထိုပုထုဇဉ်ရဟန်းတို့၏စေတီပုထိုးတို့သည် မအံ့ဩထိုက်သည် ဖြစ်ကုန်လတ္တံ့၊ ထို့ကြောင့် ခွင့်ပြုတော်မမူ။ စကြာရတနာကို လည်စေနိုင်သော မင်းသည်ကား တယောက်တည်းသာ ဖြစ်သောကြောင့် ထိုစကြဝတေးမင်း၏စေတီပုထိုးသည် အံ့ဩထိုက်သည်။ မည်သို့ပင် ပုထုဇဉ်ရဟန်း စေတီပုထိုးမထိုက်သော်လည်း သီလရှိသော ပုထုဇဉ်ကို ပရိနိဗ္ဗာန်စံတော်မူသော ရဟန္တာအရှင်မြတ်ကဲ့သို့ ကြီးကျယ်စွာ ပူဇော်ထိုက်သည်သာတည်း။

ကသ္မာ ဘဂဝါ အဂါရမဇ္ဈေ ဝသိတွာ ကာလင်္ကတဿ ရညော ထူပါရဟတံ (ထူပကရဏံ၊သျာ) အနုဇာနာတိ၊ န သီလဝတော ပုထုဇ္ဇနဿ ဘိက္ခုဿာတိ။ အနစ္ဆရိယတ္တာ။ ပုထုဇ္ဇနဘိက္ခူနံ ဟိ ထူပေ အနုညာယမာနေ တမ္ဗပဏ္ဏိဒီပေ တာဝ ထူပါနံ ဩကာသော န ဘဝေယျ၊ တထာ အညေသု ဌာနေသု။ တသ္မာ "အနစ္ဆရိယာ တေ ဘဝိဿန္တီ"တိ နာနုဇာနာတိ။ ရာဇာ စက္ကဝတ္တိ ဧကောဝ နိဗ္ဗတ္တတိ၊ တေနဿ ထူပေါ အစ္ဆရိယော ဟောတိ။ ပုထုဇ္ဇနသီလဝတော ပန ပရိနိဗ္ဗုတဘိက္ခုနော ဝိယ မဟန္တမ္ပိ သက္ကာရံ ကာတုံ ဝဋ္ဋတိယေဝ။ (ဒီ၊ ဋ္ဌ၊ ၂၊ ၁၇၅။)

["ပုထုဇ္ဇနဿ ဘိက္ခုဿ"ဟု ဆိုသောကြောင့် ပါဠိတော်၌ သာဝကအရ အရိယာရဟန်းတော် ဟု မှတ်ပါ။]

ဆောင်ပုဒ်များ။ ။ သမ္မာသမ္ဗုဒ္ဓမည်၊ ဘုရားသည်၊ စေတီထိုက်လေပါ။
ပစ္စေကမည်၊ ရှင်မြတ်သည်၊ စေတီထိုက်လေပါ။
အရိယာဖြစ်ပြီ၊ ရဟန်းသည်၊ စေတီထိုက်လေပါ။
စကြာတွင်မည်၊ မင်းမြတ်သည်၊ စေတီထိုက်လေပါ။
စေတီထိုက်ငြား၊ ဤလေးပါး၊ ဟောကြား မြတ်ဗုဒ္ဓါ။
စေတီပုထိုး၊ ပူဇော်ကိုး၊ အကျိုး ထက်နတ်ရွာ။

စကြာမည်သား၊ မင်းမြတ်ကားမူ၊ ထိုက်ငြားစေတီ၊ ဆိုမိန့်သည်မှာ၊ လေးမည်ကျွန်းလှ၊ ပိုင်စိုးသ၍၊ ဓမ္မညီစွာ၊ စိုးအုပ်ကာဖြင့်၊ ပြိုင်ရာကင်းတတ်၊ ဂုဏ်သကတ်ကြောင့်၊ ထိုက်လတ်စေတီ၊ အံ့ဖွယ်စီ၏။ ထွေလီသီလ၊ ရှိကြမှန်ပင်၊ ပုထုဇဉ်သား၊ ရဟန်းကားမူ၊ လားလားစေတီ၊ မထိုက်ပြီဟု၊ မိန့်သည်ကြောင်းလျာ၊ ခြင်းအရာမှာ၊ ပမာတွက္ကု၊ စေတီမှုကို၊ ခွင့်ပြုအဟုတ်၊ မိန့်ဗျာထုတ်က၊ ပုထုဇ္ဇန၊ ရဟန်းမျှ၏၊ များလှစေတီ၊ ထိုဤတည်သော်၊ သီဟိုဠ်ကျွန်းလုံး၊ စေတီဖုံးလိမ့်၊ တိတ်ထုံးပြန့်ကျယ်၊ အံ့ဖွယ်မရှိ၊ ကြောင်းဖြစ်ဘိသည်၊ မိန့်သည့် မဟာဝါ -ဋ္ဌကထာ။

* * * * *

## ဗောဓိသတ္တ(ဘုရားအလောင်း)နှင့်စပ်သွယ် သိမှတ်ဖွယ်

"ဗောဓိ"ဟူသည် မဂ်ဉာဏ်လေးပါးနှင့်သဗ္ဗညုတဉာဏ်တည်း၊ ဘုရားရှင်တို့၏ဗောဓိဉာဏ်သည် ဆရာမကူ မိမိကိုယ်တော်တိုင် သစ္စာလေးပါးကို သိ၍ ဝါသနာနှင့်တကွ ကိလေသာတို့ကို ပယ်စွမ်းနိုင်သည့် သတ္တိထူးရှိသော မဂ်လေးပါးနှင့် အလုံးစုံသော ဉေယျတရားတို့ကို အကြွင်းမရှိ သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တို့ဖြစ်၍ ယင်းဗောဓိဉာဏ်ကို "သမ္မာသမ္ဗောဓိဉာဏ်"ဟုလည်း ခေါ်သည်။ ထိုဗောဓိဉာဏ်၌ လိုလားတောင့်တ၍ ကုသိုလ်ဆန္ဒ ပြင်းပြလှသောပုဂ္ဂိုလ်သူမြတ်ကို"ဗောဓိသတ္တ(သမ္မာသမ္ဗောဓိသတ္တ)=ဘုရားအလောင်း (သဗ္ဗညုဘုရားအလောင်း)"ဟူ၍ ခေါ်ဆိုလေသည်။

ဗောဓီတိ ဉာဏံ၊ ဗောဓိမာ သတ္တော ဗောဓိသတ္တော၊ ဉာဏဝါ ပညဝါ ပဏ္ဍိတောတိ အတ္ထော။ ပုရိမဗုဒ္ဓါနံ ဟိ ပါဒမူလေ အဘိနီဟာရတော ပဋ္ဌာယ ပဏ္ဍိတောဝ သော သတ္တော, န အန္ဓဗာလောတိ ဗောဓိသတ္တော။ ယထာ ဝါ ဥဒကတော ဥဂ္ဂန္တွာ ဌိတံ ပရိပါကဂတံ ပဒုမံ သူရိယရသ္မိသမ္ဖဿေန အဝဿံ ဗုဇ္ဈိဿတီတိ ဗုဇ္ဈနကပဒုမန္တိ ဝုစ္စတိ၊ ဧဝံ ဗုဒ္ဓါနံ သန္တိကေ ဗျာကရဏဿ လဒ္ဓတ္တာ အဝဿံ အနန္တရာယေန ပါရမိယော ပူရေတွာ ဗုဇ္ဈိဿတီတိ ဗုဇ္ဈနကသတ္တောတိပိ ဗောဓိသတ္တော။ ယာ စ သော စတုမဂ္ဂဉာဏသင်္ခါတာ ဗောဓိ၊ တံ ပတ္ထယမာနော ပဝတ္တတီတိ ဗောဓိယံ သတ္တော အာသတ္တောတိပိ ဗောဓိသတ္တော။ (သံ၊ ဋ္ဌ၊ ၂၊ ၂၀။)

ဒီပင်္ကရဿ ဟိ ဘဂဝတော ပါဒမူလေ အဋ္ဌဓမ္မသမောဓာနေန အဘိနီဟာရသမိဒ္ဓိတော ပဘုတိ တထာဂတော ဗောဓိယာ သတ္တော လဂ္ဂေါ "ပတ္တဗ္ဗာ မယာ ဧသာ"တိ တဒဓိဂမာယ ပရက္ကမံ အမုဉ္စန္တောယေဝ အာဂတော၊ တသ္မာ ဗောဓိသတ္တောတိ ဝုစ္စတိ။ (မ၊ဋ္ဌ၊ ၁၊၁၁၇။)

အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ဥတ္တရရဟိတံ သဗ္ဗသေဋ္ဌံ သမ္မာ သာမဉ္စ ဗောဓိံ၊ အထ ဝါ ပသတ္ထံ သုန္ဒရဉ္စ ဗောဓိံ။ အရဟတ္တမဂ္ဂဉာဏဿေတံ နာမံ၊ သဗ္ဗညုတဉာဏဿာပိ နာမမေဝ။ ဥဘယမ္ပိ ဝဋ္ဋတိ။ (အံ၊ ဋ္ဌ၊ ၃၊ ၂၀၄။)

ယာထာဝတော ဉေယျံ ဗုဇ္ဈတီတိ ဗောဓိ၊ သော ဧဝ သတ္တယောဂတော ဗောဓိသတ္တောတိ အာဟ"ပဏ္ဍိတသတ္တော ဗုဇ္ဈနကသတ္တော"တိ။ ယဒါ စ ပနာနေန မဟာဘိနီဟာရော ကတော၊ တတော ပဋ္ဌာယ မဟာဗောဓိယံ ဧကန္တနိန္နတာယ ဗောဓိမှိ သတ္တော ဗောဓိသတ္တောတိ အာဟ"ဗောဓိသင်္ခါတေသု"တိအာဒိ။ မဂ္ဂဉာဏပဒဋ္ဌာနဉှိ သဗ္ဗညုတဉာဏံ, သဗ္ဗညုတဉာဏပဒဋ္ဌာနဉ္စ မဂ္ဂဉာဏံ "ဗောဓိ"တိ ဝုစ္စတိ။ (ဒီ၊ ဋီ၊ ၂၊ ၁၉။)

ဗုဇ္ဈတိ ဧတေနာတိ ပန မဂ္ဂေါ ဗောဓိ၊ တထာ သဗ္ဗညုတဉာဏံ၊ နိဗ္ဗာနံ ပန ဗုဇ္ဈိတဗ္ဗတော ဗောဓီတိ အယမေတ္ထ သာဓေနဝိဘာဂေါ ဒဋ္ဌဗ္ဗော။ (မ၊ ဋီ၊ ၁၊ ၁၁၄ ၁၁၅။)

## ဘုရားအလောင်း ၃ မျိုး

ဗောဓိသတ္တဖြစ်သော ဘုရားအလောင်းတော်များကား...

(၁) ပညာဓိကဘုရားအလောင်း=ဉာဏ်ပညာလွန်ကဲ၍ ပါရမီဖြည့်ရာ၌ အမြော်အမြင် ပညာဉာဏ်ပါရှိပြီးဖြစ်သည့်အတွက် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်လျှင် ဘုရားဖြစ်တော်မူ၏၊ ပညာဓိကဘုရားအလောင်းများမှာ သဒ္ဓါနည်း၍ ပညာထက်မြက်တော်မူကြသည်။

(၂) သဒ္ဓါဓိကဘုရားအလောင်း="ပါရမီဖြည့်လျှင် ဘုရားဖြစ်နိုင်သည်"ဟု ယုံကြည်၏၊ ထိုဘုရားအလောင်းတို့၏စိတ်၌ ယုံကြည်မှုသဒ္ဓါတရား လွန်ကဲ၍ ပညာကား သဒ္ဓါတရားအောက် နည်းပါးနေသည်၊ ဤသဒ္ဓါဓိကဘုရားအလောင်းများမှာ ပညာက ဦးမစီးနိုင်ပဲ သဒ္ဓါတရားကသာ ဦးစီးကာ ပါရမီဖြည့်ရသည့်အတွက်ရှစ်အသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်မှ ဘုရားဖြစ်တော်မူကြသည်၊ သဒ္ဓါဓိကဘုရားအလောင်းများမှာ ပညာ အလယ်အလတ်ဖြစ်၍ သဒ္ဓါအားကြီးသည်။

(၃) ဝီရိယာဓိကဘုရားအလောင်း="ကြိုးစားလျှင် ဘုရားဖြစ်မည်"ဟူသော ဝီရိယကိုသာ အားကိုးအားထားပြု၏၊ အမြော်အမြင်အဆင်အခြင် ဉာဏ်ပညာကိုလည်း အသုံးမပြုနိုင်၊ "ပါရမီဖြည့်လျှင် ဘုရားဖြစ်နိုင်သည်"ဟူသော သဒ္ဓါတရားကိုလည်း အလေးမပြု၊ ဤဝီရိယာဓိကဘုရားအလောင်းများမှာဝီရိယကိုသာ ရှေ့ထား၍ ပါရမီဖြည့်ရသည့်အတွက် တဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတသိန်း ကြာမှ ဘုရားဖြစ်တော်မူကြသည်၊ ဝီယာဓိကဘုရားအလောင်းများမှာ သဒ္ဓါပညာ နှစ်ပါးနည်း၍ ဝီရိယအားကြီးသည်။

ဗုဒ္ဓါနံ အာနန္ဒ ဟေဋ္ဌိမပရိစ္ဆေဒေန စတ္တာရိ အသင်္ချေယျာနိ ကပ္ပသတသဟဿဉ္စ၊ မဇ္ဈိမပရိစ္ဆေဒေန အဋ္ဌ အသင်္ချေယျာနိ ကပ္ပသတသဟဿဉ္စ၊ ဥပရိမပရိစ္ဆေဒေန သောဠသ အသင်္ချေယျာနိ ကပ္ပသတသဟဿဉ္စ။ ဧတေ စ ဘေဒါ ပညာဓိကသဒ္ဓါဓိကဝီရိ

ယာဓိကဝသေန ဉာတဗ္ဗာ။ ပညာဓိကာနံ ဟိ သဒ္ဓါ မန္ဒာ ဟောတိ၊ ပညာ တိက္ခာ။ သဒ္ဓါဓိကာနံ ပညာ မဇ္ဈိမာ ဟောတိ၊ သဒ္ဓါ ဗလဝါ။ ဝီရိယာဓိကာနံ သဒ္ဓါပညာ မန္ဒာ၊ ဝီရိယံ ဗလဝန္တိ။ သုတ္တနိ၊ ဋ္ဌ၊ ၁၊ ခဂ္ဂဝိသာဏသုတ္တဝဏ္ဏနာ၊ ၄၃။)

ဗုဒ္ဓါနံ အာနန္ဒ။ ။ ဉာတဗ္ဗာ။ ပညာဓိကာနံ ဟိ သဒ္ဓါ မန္ဒာ ဟောတိ၊ ပညာ တိက္ခာ။ သဒ္ဓါဓိကာနံ ပညာ မဇ္ဈိမာ ဟောတိ၊ သဒ္ဓါ တိက္ခာ။ ဝီရိယာဓိကာနံ သဒ္ဓါ ပညာ မန္ဒာ ဟောတိ၊ ဝီရိယံ တိက္ခန္တိ။ (အပဒါန၊ ဋ္ဌ၊ ၁၊ ၁၅၅။)

တေသွံ ဟိ ပဒေသေ (မဇ္ဈိမဒေသေ) စတ္တာရိ အဋ္ဌ သောဠသ ဝါ အသင်္ချေယျာနိ, ကပ္ပသတသဟဿဉ္စ ပါရမိယော ပူရေတွာ သမ္မာသမ္ဗုဒ္ဓါ ဥပ္ပဇ္ဇန္တိ။ (မ၊ ဋ္ဌ၊ ၄၊ ဥပရိပဏ္ဏာသဋ္ဌကထာ၊ ၁၂၃။)

## အလောင်းတော်များ၊ သုံးမျိုးပြား၊ ကြောင်းကား ဘယ်ပုံနည်း?

ဘုရားအလောင်းတော်များ သုံးမျိုးပြားလျက် ပါရမီတော်တို့ကို ဖြည့်ဆည်းပူးရာ အချိန်ကာလအားဖြင့် ကွဲပြားခြားနားရခြင်း၏အကြောင်းရင်းမှာ ထိုဘုရားအလောင်းတို့၏ဆုတောင်းကြောင့်ပင်ဖြစ်ကြောင်းကို အရှင်မဟာသီလဝံသမထေရ်မြတ်က ပါရမီတော်ခန်းပျို့၌...

"ရှည်တိုကျင့်ကောင်း၊ ဘုရားလောင်းတို့၊ ဆုတောင်းသောစဉ်၊ ဉာဉ်ဝီရိယာ၊ သဒ္ဓါဓိက၊ သုံးမည်ရလျက်၊ ကာလသုံးကြိမ်၊ ကျွတ်ထောက်ချိန်၍"...(ပါရမီတော်ခန်းပျို့ ၊ အပိုဒ် ၂။)ဟု စပ်ဆိုတော်မူခဲ့လေသည်။

ဘုရားအလောင်းတော်များ ပါရမီဖြည့်ကျင့်ရခြင်းသည် မိမိတို့၏ဆုတောင်းသို့လိုက်၍ အစဉ်အတိုင်း ပညာဓိက, ဝီရိယာဓိက, သဒ္ဓါဓိက ဟူ၍ အမည်သုံးပါး ကွဲပြားလျက် ကျွတ်လွတ်ရာ (ဘုရားဖြစ်ရာ) အချိန်ကာလလည်း သုံးမျိုးပင် ကွဲပြားလေသည်။ ပါရမီဖြည့်စဉ် ပညာဓိကဘုရား ဖြစ်ရပါလို၏ ဆုတောင်းက ပညာဓိကဘုရားဖြစ်၏၊ လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတို့ကို ဖြည့်ရ၏။ ဝီရိယာဓိကဘုရား ဖြစ်ရပါလို၏ ဆုတောင်းလျှင် တစ်ဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတို့ကို ဖြည့်ကျင့်မှ ဝီရိယာဓိကဘုရားဖြစ်၏။ သဒ္ဓါဓိကဘုရားဖြစ်ရပါလို၏ -ဆုတောင်းလျှင် ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတို့ကို ဖြည့်ကျင့်မှ သဒ္ဓါဓိကဘုရားဖြစ်၏ -ဟု ဆိုလိုသည်။ (မဟာဗုဒ္ဓဝင်၊ ပဌမတွဲ ပပိုင်း၊ ၈ ၉။) ပါရမီတော်ခန်းပျို့လာ စာသားအတိုင်း ပညာဓိက, ဝီရိယာဓိက, သဒ္ဓါဓိက -ဟု စဉ်တာသာထူး၏။

စရိယာပိဋကအဋ္ဌကထာ ပကိဏ္ဏကကထာ အဖွင့်၌ကား...

(၁) ပညာဓိကဘုရား=ပညာထက်မျက်၍ သဒ္ဓါနုန့်တော်မူ၏၊ လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းတို့ပတ်လုံး ပါရမီဖြည့်တော်မူရသည်။

(၂) သဒ္ဓါဓိကဘုရား=သဒ္ဓါလွန်ကဲ၍ ပညာအလယ်အလတ်ရှိတော်မူ၏၊ ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ပတ်လုံး ပါရမီဖြည့်တော်မူရသည်။

(၃) ဝီရိယာဓိကဘုရား=ဝီရိယလွန်ကဲ၍ ပညာနုန့်တော်မူ၏၊ တစ်ဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ပတ်လုံး ပါရမီဖြည့်တော်မူရသည်။

ကိတ္တကေန ကာလေန သမ္ဘာဒန္တိ?

ဟေဋ္ဌိမေန တာဝ ပရိစ္ဆေဒေန စတ္တာရိ အသင်္ချေယျာနိ မဟာကပ္ပါနံ သတသဟဿဉ္စ၊ မဇ္ဈိမေန အဋ္ဌ အသင်္ချေယျာနိ မဟာကပ္ပာနံ သတသဟဿဉ္စ၊ ဥပရိမေန ပန သောဠသ အသင်္ချေယျာနိ မဟာကပ္ပါနံ သတသဟဿဉ္စ။ ဧတေ စ ဘေဒါ ယထာက္ကမံ ပညာဓိကသဒ္ဓါဓိကဝီရိယာဓိကဝသေန ဉာတဗ္ဗာ။ ပညာဓိကာနံ ဟိ သဒ္ဓါ မန္ဒာ ဟောတိ ပညာ တိက္ခာ၊ သဒ္ဓါဓိကာနံ ပညာ မဇ္ဈိမာ ဟောတိ၊ ဝီရိယာဓိကာနံ ပညာ မန္ဒာ၊ ပညာနုဘာဝေန စ သမ္မာသမ္ဗောဓိ အဓိဂန္တဗ္ဗာတိ အဋ္ဌကထာယံ ဝုတ္တံ။

(စရိယာပိဋကဋ္ဌကထာ၊ ၃၂၀။ သုတ္တနိ၊ ဋ္ဌ၊ ၁၊ ၄၃။)

ယင်းအဋ္ဌကထာ ပကိဏ္ဏကကထာအဖွင့်၌ပင် လာသော အပရေဆရာတို့၏အလိုကား...ဘုရားအလောင်းတော်တို့၏ဝီရိယ ထက်သည်, အလယ်အလတ်ဖြစ်သည်, နုန့်သည်၏အစွမ်းဖြင့် ပါရမီဖြည့်ရာကာလ သုံးမျိုးပြားရသည် ဆိုလို၏။

မှတ်ချက်။ ။ ဤအလိုသော် ပညာဓိကဘုရားအလောင်းတော်မှာ ဝီရိယထက်သောကြောင့် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းသာ ပါရမီဖြည့်ရသည် ဟု အဓိပ္ပါယ်ရောက်ရကား ပညာဓိကဘုရားအလောင်းနှင့် ဝီရိယာဓိကဘုရားအလောင်း ရောယှက်ခြင်း သင်္ကရဒေါသ အပြစ်မှ မလွတ်နိုင်ရာ။ (မဟာဗုဒ္ဓဝင်၊ ပဌမတွဲ ပပိုင်း၊ ၉။)

အပရေ ပန"ဝီရိယဿ တိက္ခမဇ္ဈိမမုဒုဘာဝေန ဗောဓိသတ္တာနံ အယံ ကာလဝိဘာဂေါ"တိ ဝဒန္တိ။ (စရိယာပိဋက၊ ဋ္ဌ၊၃၂၀။)

စရိယာပိဋကအဋ္ဌကထာ ဆရာတော် အရှင်မဟာဓမ္မပါလမထေရ်တို့နှစ်သက်တော်မူသော ဝါဒမှာ...ဝိမုတ္တိပရိပါစနီယခေါ်သော တရားတို့၏ထက်သည်, အလယ်အလတ်ဖြစ်သည်, နုန့်သည်၏အစွမ်းဖြင့် ပါရမီဖြည့်ရာကာလ ကွဲပြားခြားနားခြင်းဖြစ်ရသည်။

နိယတဗျာဒိတ်ခံစဉ်ကပင် ဘုရားအလောင်းတော်များသည် (၁) ဥဃ္ဃဋိတညူ အလောင်းတော်, (၂) ဝိပဉ္စိတညူအလောင်းတော်, (၃)နေယျအလောင်းတော် ဟူ၍ သုံးမျိုးပြားလေသည်။

(၁) ဥဃ္ဃဋိတညူဘုရားအလောင်းတော်=အကယ်၍ သာဝကဗောဓိဉာဏ်ကို ထိုဘဝ၌ ရယူလိုပါက ဘုရားရှင်အထံတော်မှ လေးပါဒရှိသော တရားဂါထာကို ကြားနာစဉ် တတိယပါဒမဆုံးမီပင် အဘိညာဉ်ခြောက်ပါး ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်ကို ရခြင်းငှါ စွမ်းနိုင်သော ဥပနိဿယ အကြောင်းရှိသူ။

(၂) ဝိပဉ္စိတညူ ဘုရားအလောင်းတော်=အကယ်၍ သာဝကဗောဓိဉာဏ်ကို ထိုဘဝ၌ ရယူလိုပါက ဘုရားရှင်အထံတော်မှ လေးပါဒရှိသော တရားဂါထာကို ကြားနာစဉ် စတုတ္ထပါဒမဆုံးမီ(ဂါထာမဆုံးမီပင်) အဘိညာဉ်ခြောက်ပါးတို့နှင့်တကွ အရဟတ္တဖိုလ်ကို ရခြင်းငှါ စွမ်းနိုင်သော ဥပနိဿယအကြောင်းရှိသူ။

(၃) နေယျဘုရားအလောင်းတော်=အကယ်၍ သာဝကဗောဓိဉာဏ်ကို ထိုဘဝ၌ ရယူလိုပါက ဘုရားရှင်အထံတော်မှ လေးပါဒရှိသော တရားဂါထာကို ကြားနာ၍ ထိုဂါထာဆုံးလျှင်ပင် အဘိညာဉ်ခြောက်ပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါ စွမ်းနိုင်သော ဥပနိဿယအကြောင်းရှိသူ။

ဥဃ္ဃဋိတညူဘုရားအလောင်းတော်မှာ ဝိမုတ္တိပရိပါစနီယတရားများ ထက်သန်လှသဖြင့် ဗျာဒိတ်ရပြီးနောက် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းကြာအောင်သာ ပါရမီတို့ကို ဖြည့်ကျင့်ရသူဖြစ်၍ ပညာဓိကဘုရားအလောင်းနှင့် အတူတူပင် ဖြစ်၏။

ဝိပဉ္စိတညူဘုရားအလောင်းတော်မှာ ဝိမုတ္တိပရိပါစနီယတရားများ အလယ်အလတ်ရှိသဖြင့် ဗျာဒိတ်ရပြီးနောက် ရှစ်အသင်္ချေနှင့်ကမ္ဘာတစ်သိန်းကြာအောင် ပရမီတို့ကို ဖြည့်ကျင့်ရသူဖြစ်၍ သဒ္ဓါဓိကဘုရားအလောင်းနှင့် အတူတူပင် ဖြစ်၏။

နေယျဘုရားအလောင်းတော်မှာ ဝိမုတ္တိပရိပါစနီယတရားများ နုန့်သည်ဖြစ်၍ ဗျာဒိတ်ရပြီးနောက် တစ်ဆယ့်ခြောက်အသင်္ချေနှင့်ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတို့ကို ဖြည့်ကျင့်ရသူဖြစ်၍ ဝီရိယာဓိကဘုရားအလောင်းနှင့် အတူတူပင် ဖြစ်၏။

အဝိသေသေန ပန ဝိမုတ္တပရိပါစနီယာနံ ဓမ္မာနံ တိက္ခမဇ္ဈိမမုဒုဘာဝေန ယထာဝုတ္တကာလဘေဒေန ဗောဓိသမ္ဘာရာ တေသံ ပါရိပူရိံ ဂစ္ဆန္တီတိ တယောပေတေ ကာလဘေဒါ ယုတ္တာတိပိ ဝဒန္တိ (ဝဒန္တိဝေ၊က)။ ဓဝံ တိဝိဓာ ဟိ ဗောဓိသတ္တာ အဘိနီဟာရက္ခဏေ ဘဝန္တိ ဥဃ္ဃဋိတညူဝိပဉ္စိတညူနေယျဘေဒေန။ တေသု ယော ဥဃ္ဃဋိတညူ၊ သော သမ္မာသမ္ဗုဒ္ဓဿ သမ္မုခါ စတုပ္ပဒံ ဂါထံ သုဏန္တော ဂါထာယ တတိယပဒေ အပရိယောသိတေ ဧဝ ဆဟိ အဘိညာဟိ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ အဓိဂန္တုံ သမတ္ထူပနိဿယော ဟောတိ၊ သစေ သာဝကဗောဓိယံ အဓိမုတ္တော သိယာ။

ဒုတိယော ဘဂဝတော သမ္မုခါ စတုပ္ပဒံ ဂါထံ သုဏန္တော အပရိယောသိတေ ဧဝ ဂါထာယ စတုတ္ထပဒေ ဆဟိ အဘိညာဟိ အရဟတ္တံ အဓိဂန္တုံ သမတ္ထူပနိဿယော ဟောတိ၊ ယဒိ သာဝကဗောဓိယံ အဓိမုတ္တော သိယာ။

တတိယော ပန ဘဂဝတော သမ္မုခါ စတုပ္ပဒံ ဂါထံ သုတွာ ပရိယောသိတာယ ဂါထာယ ဆဟိ အဘိညာဟိ အရဟတ္တံ ပတ္တုံ သမတ္ထူပနိဿယော ဟောတိ။ (စရိယာပိဋက၊ ဋ္ဌ၊ ၃၂၀ ၃၂၁။ သာရသင်္ဂဟအဋ္ဌကထာ၊ ၂ ၃။)

သတိပြုဖွယ်။ ။ သမန္တစက္ခုဒီပနီကျမ်း သတ္တမတွဲ စာမျက်နှာ ၄၁၈ ဝယ်...

တနည်းလည်း ၄င်းအပဒါန် အဋ္ဌကထာ ဓေကနပညာသဂ် ဒုတိယအပဒါန် အဖွင့်၌...

စတုရာသင်္ချေယျံ သောဠသအသင်္ချေယျံ အဋ္ဌရသအသင်္ချေယျံ ကပ္ပသတသဟဿံ ပါရမိယော ပူရေတွာ ဗုဒ္ဓဘာဝံတော ဒုလ္လဘံ လောကနာယကတ္တံ သမ္ဘနော။ ဟူ၍လာသည်။

အဓိပ္ပါယ်ကား။ ။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း။ တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း။ တစ်ဆယ့်ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတို့ကို ဖြည့်၍ ဘုရားအဖြစ်သို့ ရောက်ရသောကြောင့် ရခဲလှ၏ ဆိုလိုသည်။ ဤသို့ဆိုသည်ကို ထောက်၍ ပညာဓိကမှာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း။ သဒ္ဓါဓိကမှာ တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း။ ဝီရိယာဓိကမှာ တစ်ဆယ့်ရှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီကိုဖြည့်ရသည်ဟူ၍လည်း မှတ်သင့်၏။ ဤစကားကား ကျမ်းကြီးကျမ်းခိုင်တို့ကလာသော စကားရပ်တည်း။

အနာဂတဝင် အဋ္ဌကထာ၌ကား။ မိတ္တေယျဘုရားအလောင်းကို ဆိုရာ၌...

ကပ္ပသတသဟဿာဓိကသောဠသအသင်္ချေယျံ ပါရမီပူရတော သဒ္ဓါဓိကော နေယျဗောဓိသတ္တော ဟုတွာ

ဟူ၍ နေယျသဒ္ဓါဓိက ဘုရားအလောင်းကို တဆယ့်ခြောက်သင်္ချေ ဟူ၍လာသည်။ ပညာရှိတို့ စုံစမ်းရာသောစကားဖြစ်သည်။

(ငါတို့အလိုသော်ကား... သဒ္ဓါဓိကတို့တွင် ဓိပ္ပါဘိညက ရှစ်သင်္ချေ၊ ဒန္ဓာဘိညက တစ်ဆယ့်ခြောက်သင်္ချေ။ ဝီရိယာဓိကတို့တွင်လည်း ခိပ္ပါဘိညက တဆယ့်ခြောက်သင်္ချေ၊ ဒန္ဓာဘိညက တဆယ့်ရှစ်သင်္ချေ။ ဤသို့ ယူလျှင် မိတ္တေယျဘုရားမှာလည်း ဒန္ဓာဘိညသဒ္ဓါဓိကဖြစ်၍ တဆယ့်ခြောက်သင်္ချေ ဖြည့်ရချေမည်။ နေယျဗောဓိသတ္တမျိုးဖြစ်ချေသည်ဟု ယူသော် "သဒ္ဓါဓိကော နေယျဗောဓိသတ္တော ဟုတွာ"ဟူသောပါဠ်နှင့် ညီရာသော အကြောင်းရှိ၏ ထင်ပေသည်)။ (သမ္ဗန္ဓစက္ကုဒ္ဒိပနီကျမ်း၊ သတ္တမတွဲ၊ ၄၁၈။)

မှတ်ချက်။ ။ [မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီးကြည့်ရှုတော်မူသော အပဒါန်အဋ္ဌကထာမှာ ပေစာမူဖြစ်ဟန်တူ၏။ ဆဋ္ဌမူ အပဒါန်ပါဠိတော် ဇေ့ယ့နပညာသမဝဂ် ပံသုကူလဝဂ် ဗုဒ္ဓသညကတ္ထေရအပဒါန်၌ကား

၁၆။ ဩဒုမ္ဗရိကပုပ္ဖံဝ၊ စန္ဒမှိ သသကံ ယထာ။

ဝါယသာနံ ယထာ ခီရံ၊ ဒုလ္လဘော လောကနာယကော။

(အပဒါန၊ ၂၊ ဗုဒ္ဓသညကတ္ထေရအပဒါန၊ ၅၆။)

ဒုလ္လဘာ လောကနာယကာ (သီ) ဒုလ္လဘံ လောကနာယကံ (သျာ၊ ကံ၊ က)

စတုရာသင်္ချေယျံ ဝါ အဋ္ဌာသင်္ချေယျံ ဝါ သောဠသာသင်္ချေယျံ ဝါ ကပ္ပသတသဟဿံ ပါရမိယော ပူရေတွာ ဗုဒ္ဓဘာဝတော ဒုလ္လဘော လောကနာယကောတိ အတ္ထော။ (အပဒါန၊ ၄၊ ၂၊ ၂၁၀။)

ဟု လာရှိသောကြောင့် (ပညာဓိကဘုရားအလောင်းမှာ) လေးအသင်္ချေနှင့် ကမ္ဘာတသိန်း, (သဒ္ဓါဓိကဘုရားအလောင်းမှာ) ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း, (ဝီရိယာဓိကဘုရားအလောင်းမှာ) တစ်ဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ကြာအောင် ပါရမီတို့ကို ဖြည့်မှ ဘုရားဖြစ်တော်မူကြရသည် ဟု ဆိုလိုပါသည်။]

## နိယတဗျာဒိတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

"ဗျာဒိတ်"ဟူသောစကားသည် "ဗျာဒိတ(=ဗျာဒိတ်)"ဟူ၍ ပါဠိမရှိပါ၊ "ဝျာဒေသ= Vyādesha"ဟူသော သက္ကတစကားမှ ဆင်းသက်လာပုံရသည်၊ သံခေပ(သင်္ခေပ)မှ သံခေပ်(သင်္ခေပ်)→သံခိပ်(သခိပ်=သံခိပ်)သို့လည်းကောင်း, သံဃာဒိသေသမှ သံဃာဒိသေသ်→ သံဃာဒိသိသ်သို့လည်းကောင်း ပြောင်းလွဲလာသကဲ့သို့ ဝျာဒေသ-မှ ဝျာဒေသ်→ဝျာဒိသ်→ဗျာဒိသ်→ဗျာဒိတ်သို့ ပြောင်းလွဲလာပုံရကြောင်း ကျေးဇူးရှင်ဓမ္မာနန္ဒဆရာတော် အမိန့်ရှိသည်။ Vyādesha, foretelling, declaring beforehand, instruction. ဝျာဒေသ သဒ္ဒါသည် ကြိုတင်ပြောဆိုကျေညာခြင်း အနက်အဓိပ္ပါယ်ရ၏။

"ဗျာဒိတ်"ဟူသည် သက်တော်ထင်ရှား ဘုရားရှင်က "သင်သည် ဤမည်သော ကမ္ဘာ၌ ဤမည်သော ဘုရားဖြစ်လိမ့်မည်" ပြောကြားတော်မူအပ်သော စကားတော်တည်း။ ထိုစကားတော်ကို တိကျမှန်ကန် ပြောဆိုတော်မူအပ်သောစကားဖြစ်သောကြောင့် "နိယတဗျာဒိတ်"ဟုခေါ်သည်။ ထိုနိယတဗျာဒိတ်ကို ရဖို့ရန် အင်္ဂါရှစ်ပါးလိုအပ်သည်။

နိယတဗျာဒိတ်ရအင်္ဂါ ၈ ပါး

၁။ လူသားဖြစ်ရခြင်း၊ ဘုရားအဖြစ်ကို တောင့်တရာ၌ လူသားအဖြစ်ဖြင့်သာ တောင့်တ၍ ပြည့်စုံနိုင်သည်၊ လူ့ဘဝကား နတ်တို့ထက်ပင် သတိလည်းရှိ, ရဲရင့်သောသတ္တိလည်း ရှိ၍ ထက်မြက်သောစိတ်လည်း ရှိရာ ဘဝတည်း၊ ထို့ကြောင့် နိယတဗျာဒိတ်ရဖို့ အင်္ဂါတွင် လူ့ဘဝကို ထည့်ရသည်။

တီဟိ ဌာနေဟိ ဇမ္ဗုဒီပကာ မနုဿာ ဥတ္တရကုရုကေ စ မနုဿေ အဓိဂဏှန္တိ, ဒေဝေ စ တာဝတိံသေ၊ ကတမေဟိ တီဟိ?၊ သူရာ, သတိမန္တော, ဣဓ ဗြဟ္မစရိယဝါသော။ (အံ၊ ၃၊ နဝကနိပါတ်၊ သတ္တာဝါသဝဂ်၊ ။)

၂။ လိင်၏ပြည့်စုံခြင်း၊ ပုရိသလိင်နှင့် ပြည့်စုံသူတို့သာ ဉာဏ်ရည်ဉာဏ်သွေးနှင့် စိတ်နေစိတ်ထား ကြီးမားကြကုန်၏၊ ထို့ကြောင့် စကြဝတေးမင်းအဖြစ်, သိကြားမင်းအဖြစ်, ဘုရားအဖြစ်စသော ကြီးကျယ်သောရာထူးတို့သည် ပုရိသလိင်ရှိသူတို့နှင့်သာ ထိုက်တန်ရကား ဘုရားဖြစ်ဖို့ရန် ဆုပန်သောအခါလည်း ယောကျာ်းမြတ်တို့သာ ပြည့်စုံနိုင်သည်။ [ဤစကားဖြင့် "မိန်းမသားတို့ ဘုရားဆုမတောင်းထိုက်"ဟု မယူဆရ၊ နိယတဗျာဒိတ်ရသော ဘဝ၌သာ ယောကျာ်းဖြစ်နေဖို့လိုသည်။]

၃။ တိဟိတ်ပဋိသန္ဓေတည်နေရခြင်း၊ နိယတဗျာဒိတ် ရမည့်ဘဝ၌ ရဟန္တာဖြစ်နိုင်လောက်သော အကြောင်းပါရမီများရှိနေခြင်းကို"ဟေတု"ဟု ဆိုလိုသည်၊ သုမေဓာရသေ့သည် ထိုဘဝ၌ပင် နိဗ္ဗာန်ကို ယူလိုလျှင် ဒီပင်္ကရာဘုရားရှင်၏သာဝကအဖြစ်ဖြင့် ရဟန္တာဖြစ်နိုင်လောက်အောင် အကြောင်းပါရမီ စုံညီနေခြင်းကဲ့သို့တည်း။

၄။ သက်တော်ထင်ရှား ဘုရားရှင်ကို ဖူးမြင်ရခြင်း၊ သက်တော်ထင်ရှား ဘုရားရှင်၏အထံ၌ ဆုပန်မှသာ ပြည့်စုံနိုင်, ဗျာဒိတ်လည်း ရနိုင်၏၊ စေတီတော်, ဆင်းတုတော်, ဗောဓိပင်, ပစ္စေကဗုဒ္ဓါ, ရဟန္တာစသော ပုဂ္ဂိုလ်များအထံ၌ ဆုပန်လျှင် ဗျာဒိတ် မရနိုင်၊ အကြောင်းကား ပစ္စေကဗုဒ္ဓါစသည်တို့မှာ ထိုဆုပန်သူတို့၏ကံကို (မည်သည့် အဆင့်အတန်း ရှိသည်ဟု) ခွဲခြားဝေဖန်နိုင်သော "ကမ္မဝိပါကဉာဏ်"မရှိသောကြောင့်တည်း။

၅။ ရသေ့ ရဟန်းဖြစ်ရခြင်း၊ ဘုရားဖြစ်ရာ ဘဝ၌ ရဟန်းပြုပြီးမှ ဘုရားဖြစ်ရသောကြောင့် ဘုရားဆုပန်ရာ ဘဝ၌လည်း ကံနှင့်ကံ၏အကျိုးကို ယုံကြည်သော ရသေ့ဘဝ, သို့မဟုတ် ရဟန်းဘဝ၌သာ ဆုပြည့်စုံနိုင်၏၊ လူဝတ်ကြောင်ဘဝ စသည်တို့၌ ဆုမပြည့်စုံနိုင်၊ အကြောင်းကား ဈာန်အဘိညာဉ်ဟူသော ဂုဏ်၏ပြည့်စုံခြင်းမရှိနိုင်သောကြောင့်တည်း။

၆။ ဈာန်အဘိညာဉ်ဟူသော ဂုဏ်၏ပြည့်စုံခြင်း၊ ရသေ့ရဟန်း ဖြစ်စေကာမူ ဈာန်အဘိညာဉ် ရသူမဟုတ်လျှင် မပြည့်စုံသေး၊ ဈာန်အဘိညာဉ်ရ၍ ကိလေသာ အညစ်အကြေးတို့မှ ဝိက္ခမ္ဘနပဟာန်ဖြင့် ကင်းဝေးနေသူဖြစ်မှသာ နိယတဗျာဒိတ် ရနိုင်သည်။

၇။ ဘုရားရှင်၏အထံတော်၌ လွန်လွန်ကဲကဲ ပြုအပ်သော ကောင်းမှု၊ သုမေဓာရသေ့၏အသက်ကိုစွန့်လျက် ကိုယ်ကို တံတားခင်းခြင်းဟူသော ကောင်းမှုကဲ့သို့သော ကောင်းမှုကို ပြုသူမှသာ နိယတဗျာဒိတ်ရနိုင်သည်။

၈။ ဘုရားဖြစ်ဖို့ရန် ထက်သန်သော ဆန္ဒရှိခြင်း၊ ဘုရားဖြစ်ဖို့ရန် စိတ်ဆန္ဒ အလွန်ထက်သန်မှုလည်း နိယတဗျာဒိတ်ရနိုင်၏၊ စိတ်ဆန္ဒထက်သန်ပုံမှာ စကြဝဠာတခုလုံးပြည့်နေသော ရေပြင်ကြီးကို လက်ပစ်ကူး၍ သွားနိုင်သူမှ, တနည်း စကြဝဠာတခုလုံး ပြည့်နေသော မီးကျီးတွေကို ခြေဖြင့် နင်း၍ သွားနိုင်သူမှ နိယတဗျာဒိတ်ရမည် ဟု ဆိုလျှင် ထိုရေပြင်ကို ကူးသွားဝံ့သူ, ထိုမီးကျီးတွေကို နင်းသွားရဲသူဖြစ်ရမည်။

ယော သကလစက္ကဝါဠဂဗ္ဘံ ဧကောဒကီဘူတံ အတ္တနော ဗာဟုဗလေနေဝ ဥတ္တရိတွာ ပါရံ ဂန္တုံ သမတ္ထော၊ သော ဗုဒ္ဓတ္တံ ပါပုဏာတီတိ သုတွာ တံ ဒုက္ကရတော အဒဟန္တော "အဟံ တံ ဥတ္တရိတွာ ပါရံ ဂမိဿာမီ"တိ ဆန္ဒဇာတော ဟောတိ၊ န တတ္ထ သင်္ကောစံ အာပဇ္ဇတိ။ တထာ ယော သကလစက္ကဝါဠံ ဝီတစ္စိကာနံ ဝိဂတဓူမာနံ အင်္ဂါရာနံ ပူရံ ပါဒေဟိ အက္ကမန္တော အတိက္ကမိတွာ ပရတီရံ ပါပုဏိတုံ သမတ္ထော။ပ။ န တတ္ထ သင်္ကောစံ အာပဇ္ဇတိ။ (စရိယာပိဋက၊ ဋ္ဌ၊ ၂၇၆။)

[ဂဏယေ စက္ကဝါဠံ သော၊ စန္ဒနာယပိ သီတလံ။
သမ္မောဓိသတ္တဟဒယော၊ ပဒိတ္တင်္ဂါရပူရိတံ။ ။ (အလင်္ကာ၊ ဒေါသပရိဟာရာဝဗောဓ၊ ၇၈)

သမ္မောဓိသတ္တဟဒယော သဗ္ဗညုတညာဏေ အာသတ္တစိတ္တော သော ဗောဓိသတ္တော ပဒိတင်္ဂါရပူရိတံ အာဒိတ္တင်္ဂါရေဟိ ပရိပုဏ္ဏံ စက္ကဝါဠံ စက္ကဝါဠဂဗ္ဘံ စန္ဒနာယပိ စန္ဒနတော အပိ သီတလံ အတိသီတလံ ကတွာ ဂဏယေ စိန္တေယျာတိ။ (သုဗောဓာလင်္ကာရဋီကာ၊ ပဒဒေါသပရိဟာရဝဏ္ဏနာ၊ ၁၁၂။)]

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတု သတ္ထာရဒဿနံ။
ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊ အဓိကာရော စ ဆန္ဒတာ။
အဋ္ဌဓမ္မသမောဓာနာ၊ အဘိနီဟာရော သမိဇ္ဈတိ။
(ဗုဒ္ဓဝံသဋ္ဌကထာ၊ သုမေဓပတ္ထနာကထာဝဏ္ဏနာ၊ ၁၁၅။)

မနုဿတ္တံ လူ၏အဖြစ်လည်းကောင်း၊ ဝါ လူဘဝကိုရခြင်းလည်းကောင်း၊ လိင်္ဂသမ္ပတ္တိ လိင်၏ပြည့်စုံခြင်းလည်းကောင်း၊ ဝါ ပုလ္လိင်ဖြစ်ခြင်းလည်းကောင်း၊ ဟေတု တိဟိတ်ပဋိသန္ဓေ တည်နေရခြင်းလည်းကောင်း၊ သတ္ထာရဒဿနံ သက်တော်ထင်ရှား မြတ်ဘုရားကို ဖူးမြင်ရခြင်းလည်းကောင်း၊ ပဗ္ဗဇ္ဇာ ရသေ့ရဟန်း၏အဖြစ်လည်းကောင်း၊ ဂုဏသမ္ပတ္တိ ဈာန်အဘိညာဉ် ဟူသော ဂုဏ်၏ပြည့်စုံခြင်းလည်းကောင်း၊ အဓိကာရောစ မြတ်စွာဘုရားအထံတော်၌ လွန်လွန်ကဲကဲ ပြုအပ်သော ကောင်းမှုလည်းကောင်း၊ ဆန္ဒတာ ဘုရားဖြစ်ဖို့ရန် ထက်သန်သောဆန္ဒတော်လည်းကောင်း၊[ဆန္ဒောယေဝ+ဆန္ဒတာ၊] (ဣတိ ဤသို့) အဋ္ဌဓမ္မသမောဓာနာ ရှစ်ပါးသော ဂုဏ်တို့၏ ပေါင်းဆုံခြင်းကြောင့်၊ အဘိနီဟာရော ဆုတောင်းမှုသည်၊ သမိဇ္ဈတိ ပြည့်စုံနိုင်၏။ (အဋ္ဌသာလိနီဘာသာဋီကာ၊ ၁၊ ၂၄၆ ၂၄၈။)

မနုဿတ္တန္တိ မနုဿတ္တဘာဝေယေဝ ဌတွာ ဗုဒ္ဓတ္တံ ပတ္ထေန္တဿ ပတ္ထနာ သမိဇ္ဈတိ၊ န နာဂဇာတိအာဒီသု ဌိတာနံ။ ကသ္မာတိ အဟေတုကဘာဝတော။

လိင်္ဂသမ္ပတ္တီတိ မနုဿတ္တဘာဝေ ဝတ္တမာနဿာပိ ပုရိသလိင်္ဂေ ဌိတဿေဝ ပတ္ထနာ သမိဇ္ဈတိ၊ န ဣတ္ထိယာ ဝါ ပဏ္ဍကနပုံသကဥဘတောဗျဉ္ဇနကာနံ ဝါ သမိဇ္ဈတိ။ ကသ္မာတိ စေ? လက္ခဏပါရိပူရိယာ အဘာဝတော။ ဝုတ္တဉ္စေတံ "အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဣတ္ထီ အရဟံ အဿ သမ္မာသမ္ဗုဒ္ဓေါ"တိ (မ၊ ၃၊ ၁၁၀။ အံ၊ ၁၊ ၃၀။ အဘိ၊ ၂၊ ၃၄၉) ဝိတ္ထာရော။ တသ္မာ ဣတ္ထိလိင်္ဂေ ဌိတဿ မနုဿဇာတိကဿာပိ ပတ္ထနာ န သမိဇ္ဈတိ။

ဟေတုတိ ပုရိသဿာပိ တသ္မိံ အတ္တဘာဝေ အရဟတ္တပ္ပတ္တိယာ ဟေတုသမ္ပန္နသောဝ ပတ္ထနာ သမိဇ္ဈတိ၊ နော ဣတရဿ။

သတ္ထာရဒဿနန္တိ သစေ ဇီဝမာနကဗုဒ္ဓဿေဝ သန္တိကေ ပတ္ထေတိ ပတ္ထနာ သမိဇ္ဈတိ။ ပရိနိဗ္ဗုတေ ဘဂဝတိ စေတိယဿ သန္တိကေ ဝါ ဗောဓိရုက္ခမူလေ ဝါ ပဋိမာယ ဝါ ပစ္စေကဗုဒ္ဓဗုဒ္ဓသာဝကာနံ ဝါ သန္တိကေ ပတ္ထနာ န သမိဇ္ဈတိ။ ကသ္မာ? ဘဗ္ဗာဘဗ္ဗေ ဉတွာ ကမ္မဝိပါကပရိစ္ဆေဒကဉာဏေန ပရိစ္ဆိန္ဒိတွာ ဗျာကာတုံ အသမတ္ထတ္တာ။ တသ္မာ ဗုဒ္ဓဿ သန္တိကေယေဝ ပတ္ထနာ သမိဇ္ဈတိ။

ပဗ္ဗဇ္ဇာတိ ဗုဒ္ဓဿ ဘဂဝတော သန္တိကေ ပတ္ထေန္တဿာပိ ကမ္မကိရိယဝါဒီသု တာပသေသု ဝါ ဘိက္ခူသု ဝါ ပဗ္ဗဇိတဿေဝ ပတ္ထနာ သမိဇ္ဈတိ၊ နော ဂိဟိလိင်္ဂေ ဋ္ဌိတဿ။ ကသ္မာ? ပဗ္ဗဇိတာယေဝ ဟိ ဗောဓိသတ္တာ သမ္ဗောဓိံ အဓိဂစ္ဆန္တိ၊ န ဂဟဋ္ဌာ။ တသ္မာ အာဒိမှိ ပဏိဓာနကာလေပိ ပဗ္ဗဇိတေနေဝ ဘဝိတဗ္ဗံ။

ဂုဏသမ္ပတ္တီတိ ပဗ္ဗဇိတဿာပိ အဋ္ဌသမာပတ္တိလာဘိနော ပဉ္စာဘိညဿေဝ သမိဇ္ဈတိ၊ န ပန ဣမာယ ဂုဏသမ္ပတ္တိယာ ဝိရဟိတဿ။ ကသ္မာ? နိဂ္ဂုဏဿ တဒဘာဝတော။

အဓိကာရောတိ ဂုဏသမ္ပန္နေနာပိ ယေန အတ္တနော ဇီဝိတံ ဗုဒ္ဓါနံ ပရိစ္စတ္တံ ဟောတိ၊ တဿ ဣမိနာ အဓိကာရေန သမ္ပန္နဿေဝ သမိဇ္ဈတိ၊ န ဣတရဿ။

ဆန္ဒတာတိ အဘိနီဟာရသမ္ပန္နဿာပိ ယဿ ဗုဒ္ဓကာရကဓမ္မာနံ အတ္ထာယ မဟန္တော ဆန္ဒော စ ဥဿာဟော စ ဝါယာမော စ ပရိယေဋ္ဌိ စ၊ တဿေဝ သမိဇ္ဈတိ၊ န ဣတရဿ။ တတြိဒံ ဆန္ဒမဟန္တတာယ ဩပမ္မံ သစေ ဟိ ဧဝံ အဿ "ယော ပန သကလ စက္ကဝါဠဂဗ္ဘံ ဧကောဒကီဘူတံ အတ္တနော ဗာဟုဗလေန ဥတ္တရိတွာ ပါရံ ဂန္တုံ သမတ္ထော၊ သော ဗုဒ္ဓတ္တံ ပါပုဏာတိ။ ယော ပနိမံ အတ္တနော ဒုက္ကရံ န မညတိ 'အဟံ ဣမံ ဥတ္တရိတွာ ပါရံ ဂမိဿာမီ'တိ" ဧဝံ မဟတာ ဆန္ဒေန ဥဿာဟေန သမန္နာဂတော ဟောတိ၊ တဿ ပတ္ထနာ သမိဇ္ဈတိ၊ န ဣတရဿ။ (ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၁၁၅-၁၁၆။ စရိယာပိဋက၊ ဋ္ဌ၊ ၂၇၃။)

မနုဿတ္တန္တိ မနုဿဇာတိ။ အညတြ ဟိ မနုဿဇာတိယာ အဝသေသဇာတီသု ဒေဝဇာတိယမ္ပိ ဋ္ဌိတဿ ပဏိဓိ န ဣဇ္ဈတိ၊ ဧတ္ထ ဋ္ဌိတေန ပန ဗုဒ္ဓတ္တံ ပတ္ထေန္တေန ဒါနာဒီနိ ပုညကမ္မာနိ ကတွာ မနုဿတ္တံယေဝ ပတ္ထေတဗ္ဗံ၊ တတ္ထ ဌတွာ ပဏိဓိ ကာတဗ္ဗော။ ဧဝဉှိ သမိဇ္ဈတိ။

လိင်္ဂသမ္ပတ္တီတိ ပုရိသဘာဝေါ။ မာတုဂါမနပုံသကဥဘတောဗျဉ္ဇနကာနဉ္ဟိ မနုဿဇာတိယံ ဋ္ဌိတာနမ္ပိ ပဏိဓိ န သမိဇ္ဈတိ၊ တတ္ထ ဋ္ဌိတေန ပန ဗုဒ္ဓတ္တံ ပတ္ထေန္တေန ဒါနာဒီနိ ပုညာနိ ကတွာ ပုရိသဘာဝေါယေဝ ပတ္ထေတဗ္ဗော၊ တတ္ထ ဌတွာ ပဏိဓိ ကာတဗ္ဗော။ ဧဝဉှိ သမိဇ္ဈတိ။

ဟေတူတိ အရဟတ္တဿ ဥပနိဿယသမ္ပတ္တိ။ ယော ဟိ တသ္မိံ အတ္တဘာဝေ ဝါယမန္တော အရဟတ္တံ ပါပုဏိတုံ သမတ္ထော၊ တဿ သမိဇ္ဈတိ၊ နော ဣတရဿ ယထာ သုမေဓပဏ္ဍိတဿ။ သော ဟိ ဒီပင်္ကရပါဒမူလေ ပဗ္ဗဇိတွာ တေနတ္တဘာဝေန အရဟတ္တံ ပါပုဏိတုံ သမတ္ထော အဟောသိ။

သတ္ထာရဒဿနန္တိ ဗုဒ္ဓါနံ သမ္မုခါဒဿနံ။ ဧဝဉှိ ဣဇ္ဈတိ၊ နော အညထာ ယထာ သုမေဓပဏ္ဍိတဿ။ သော ဟိ ဒီပင်္ကရံ သမ္မုခါ ဒိသွာ ပဏိဓေသိ။

ပဗ္ဗဇ္ဇာတိ အနဂါရိယဘာဝေါ။ သော စ ခေါ သာသနေ ဝါ ကမ္မဝါဒိကိရိယဝါဒိတာပသပရိဗ္ဗာဇကနိကာယေ ဝါ ဝဋ္ဋတိ ယထာ သုမေဓပဏ္ဍိတဿ။ သော ဟိ သုမေဓော နာမ တာပသော ဟုတွာ ပဏိဓေသိ။

ဂုဏသမ္ပတ္တီတိ ဈာနာဒိဂုဏပဋိလာဘော။ ပဗ္ဗဇိတဿာပိ ဟိ ဂုဏသမ္ပန္နဿေဝ ဣဇ္ဈတိ၊ နော ဣတရဿ ယထာ သုမေဓပဏ္ဍိတဿ။ သော ဟိ ပဉ္စာဘိညော အဋ္ဌသမာပတ္တိလာဘီ စ ဟုတွာ ပဏိဓေသိ။

အဓိကာရောတိ အဓိကကာရော၊ ပရိစ္စာဂေါတိ အတ္ထော။ ဇီဝိတာဒိပရိစ္စာဂဉ္ဟိ ကတွာ ပဏိဒဟတောယေဝ ဣဇ္ဈတိ၊ နော ဣတရဿ ယထာ သုမေဓပဏ္ဍိတဿ။ သော ဟိ

"အက္ကမိတွာန မံ ဗုဒ္ဓေါ၊ သဟ သိဿေဟိ ဂစ္ဆတု။

မာ နံ ကလလေ အက္ကမိတ္ထ၊ ဟိတာယ မေ ဘဝိဿတီ"တိ(ခု၊ ၄၊ ၃၁၀-ပိဋ္ဌေ ဗုဒ္ဓဝံသ)

ဧဝံ ဇီဝိတပရိစ္စာဂံ ကတွာ ပဏိဓေသိ။

ဆန္ဒတာတိ ကတ္တုကမျတာ။ သာ ယဿ ဗလဝတီ ဟောတိ၊ တဿ ဣဇ္ဈတိ။ သာ စ သစေ ကောစိ ဝဒေယျ "ကော စတ္တာရိ အသင်္ချေယျာနိ သတသဟဿဉ္စ ကပ္ပေ နိရယေ ပစ္စိတွာ ဗုဒ္ဓတ္တံ ဣစ္ဆတီ"တိ၊ တံ သုတွာ ယော "အဟ"န္တိ ဝတ္တုံ ဥဿဟတိ၊ တဿ ဗလဝတီတိ ဝေဒိတဗ္ဗာ။ တထာ ယဒိ ကောစိ ဝဒေယျ "ကော သကလစက္ကဝါဠံ ဝီတစ္စိကာနံ အင်္ဂါရာနံ ပူရံ အက္ကမန္တော အတိက္ကမိတွာ ဗုဒ္ဓတ္တံ ဣစ္ဆတိ၊ ကော သကလစက္ကဝါဠံ သတ္တိသူလေဟိ အာကိဏ္ဏံ အက္ကမန္တော အတိက္ကမိတွာ ဗုဒ္ဓတ္တံ ဣစ္ဆတိ၊ ကော

သကလစက္ကဝါဠေ သမတိတ္တိကံ ဥဒကပုဏ္ဏံ ဥတ္တရိတွာ ဗုဒ္ဓတ္တံ ဣစ္ဆတိ၊ ကော သကလစက္ကဝါဠေ နိရန္တရံ ဝေဠုဂုမ္ဗသဉ္ဆန္နံ မဒ္ဒန္တော အတိက္ကမိတွာ ဗုဒ္ဓတ္တံ ဣစ္ဆတီ"တိ၊ တံ သုတွာ ယော "အဟ"န္တိ ဝတ္တုံ ဥဿဟတိ၊ တဿ ဗလဝတီတိ ဝေဒိတဗ္ဗာ။ ဧဝရူပေန စ ကတ္တုကမျတာဆန္ဒေန သမန္နာဂတော သုမေဓပဏ္ဍိတော ပဏိဓေသီတိ။(သုတ္တနိပါတဋ္ဌကထာ၊၁၊၄၃-၄၄။ အပဒါန၊ ဋ္ဌ၊၁၊၁၅၆ ၁၅၇။)

မနုဿတ္တဘာဝသ္မိံယေဝ ဟိ ဌတွာ ဗုဒ္ဓတ္တံ ပတ္ထေန္တဿ ပတ္ထနာ သမိဇ္ဈတိ၊ နာဂဿ ဝါ သုပဏ္ဏဿ ဝါ ဒေဝတာယ ဝါ သက္ကဿ ဝါ ပတ္ထနာ နော သမိဇ္ဈတိ။ မနုဿတ္တဘာဝေပိ ပုရိသလိင်္ဂေ ဌိတဿေဝ ပတ္ထနာ သမိဇ္ဈတိ၊ ဣတ္ထိယာ ဝါ ပဏ္ဍကနပုံသကဥဘတောဗျဉ္ဇနကာနံ ဝါ နော သမိဇ္ဈတိ။ ပုရိသဿပိ တသ္မိံ အတ္တဘာဝေ အရဟတ္တပ္ပတ္တိယာ ဟေတုသမ္ပန္နဿေဝ ပတ္ထနာ သမိဇ္ဈတိ၊ နော ဣတရဿ။ ဟေတုသမ္ပန္နဿာပိ ဇီဝမာနဗုဒ္ဓဿေဝ သန္တိကေ ပတ္ထေန္တဿေဝ ပတ္ထနာ သမိဇ္ဈတိ၊ ပရိနိဗ္ဗုတေ ဗုဒ္ဓေ စေတိယသန္တိကေ ဝါ ဗောဓိမူလေ ဝါ ပတ္ထေန္တဿ န သမိဇ္ဈတိ။ ဗုဒ္ဓါနံ သန္တိကေ ပတ္ထေန္တဿပိ ပဗ္ဗဇ္ဇာလိင်္ဂေ ဌိတဿေဝ သမိဇ္ဈတိ၊ နော ဂိဟိလိင်္ဂေ ဌိတဿ။ ပဗ္ဗဇိတဿပိ ပဉ္စာဘိညာအဋ္ဌသမာပတ္တိလာဘိနောယေဝ သမိဇ္ဈတိ၊ န ဣမာယ ဂုဏသမ္ပတ္တိယာ ဝိရဟိတဿ။ ဂုဏသမ္ပန္နေနာပိ ယေန အတ္တနော ဇီဝိတံ ဗုဒ္ဓါနံ ပရိစ္စတ္တံ ဟောတိ၊ တဿေဝ ဣမိနာ အဓိကာရေန အဓိကာရသမ္ပန္နဿ သမိဇ္ဈတိ၊ န ဣတရဿ။ အဓိကာရသမ္ပန္နဿာပိ ယဿ ဗုဒ္ဓကာရကဓမ္မာနံ အတ္ထာယ မဟန္တော ဆန္ဒော စ ဥဿာဟော စ ဝါယာမော စ ပရိယေဋ္ဌိ စ၊ တဿေဝ သမိဇ္ဈတိ၊ န ဣတရဿ။ (အပဒါန၊ ဋ္ဌ၊ ၁၊၁၈။)

## နိယတဗျာဒိတ်ရ အကျိုးများ

နိယတဗျာဒိတ်ရ ဘုရားအလောင်းတော်တို့သည် အောက်ပါ အကျိုးများကို ရကြကုန်၏။

၁။ အဝီစိငရဲ၌ မဖြစ်ကြရခြင်း၊
၂။ လောကန္တရိက်ငရဲတို့၌ မဖြစ်ကြရခြင်း၊
၃။ နိဇ္ဈာမတဏှိကပြိတ္တာ(တကိုယ်လုံး မီးလောင်အပ်သဖြင့် တပ်မက်ခြင်းတဏှာမရှိသော ပြိတ္တာ)တို့ မဖြစ်ကြရခြင်း၊
၄။ ခုပ္ပိပါသပြိတ္တာ(အမြဲဆာလောင်မွတ်သိပ်နေရသော ပြိတ္တာ)တို့ မဖြစ်ကြရခြင်း၊
၅။ ကာလကဥ္စိကအသုရာတို့ မဖြစ်ကြရခြင်း၊
၆။ ငုံးအောက်ငယ်သော သတ္တဝါကလေးတို့ မဖြစ်ကြရခြင်း၊
၇။ ပဋိသန္ဓေအားဖြင့် ကန်းသူတို့ မဖြစ်ကြရခြင်း၊
၈။ သောတပသာဒချို့တဲ့သူ(နားမကြားသူ)တို့ မဖြစ်ကြရခြင်း၊
၉။ အသူ ဆွံ့သူတို့ မဖြစ်ကြရခြင်း၊
၁၀။ မိန်းမအဖြစ်သို့ မရောက်ကြရခြင်း(မိန်းမမဖြစ်ကြရခြင်း)၊
၁၁။ ဥဘတောဗျည်း, ပဏ္ဍုက်တို့ မဖြစ်ကြရခြင်း၊
၁၂။ ပဉ္စာနန္တရိကကံတို့မှ ကင်းလွတ်ကြရခြင်း၊
၁၃။ မိစ္ဆာဒိဋ္ဌိ (အယူမှား)ကို မယူကြခြင်း၊
၁၄။ ကမ္မသကတာဉာဏ်ရှိကြခြင်း၊
၁၅။ အသညသတ်ဘုံ၌ မဖြစ်ကြခြင်း၊
၁၆။ သုဒ္ဓါဝါသတို့၌ မဖြစ်ကြခြင်း၊
၁၇။ နေက္ခမ္မစာတ်ခံ ရင့်သန်၍ တောထွက်ဖို့ရန်သာ ကိုင်းညွတ်သော စိတ်ရှိကြခြင်း၊
၁၈။ ဘဝအဖုံဖုံ စုံဆန်ကာ ဖြစ်ကြရသော်လည်း သတ္တလောက၏အကျိုးစီးပွါးကို ကျင့်ကုန်လျက် အလုံးစုံသော ပါရမီတို့ကို ဖြည့်ကျင့်ကြခြင်း။

ဧဝံ သဗ္ဗင်္ဂသမ္ပန္နာ၊ ဗောဓိယာ နိယတာ နရာ။
သံသရံ ဒီဃမဒ္ဓါနံ၊ ကပ္ပကောဋိသတေဟိပိ။
အဝီစိမှိ နုပ္ပဇ္ဇန္တိ၊ တထာ လောကန္တရေသု စ။
နိဇ္ဈာမတဏှာ ခုပ္ပိပါသာ၊ န ဟောန္တိ ကာလကဉ္စိကာ။
န ဟောန္တိ ခုဒ္ဒကာ ပါဏာ၊ ဥပ္ပဇ္ဇန္တာပိ ဒုဂ္ဂတိံ။
ဇာယမာနာ မနုဿေသု၊ ဇစ္စန္ဓာ န ဘဝန္တိ တေ။

သောတဝေကလ္လတာ နတ္ထိ၊ န ဘဝန္တိ မူဂပက္ခိကာ။
ဣတ္ထိဘာဝံ န ဂစ္ဆန္တိ၊ ဥဘတောဗျဉ္ဇနပဏ္ဍကာ။
န ဘဝန္တိ ပရိယာပန္နာ၊ ဗောဓိယာ နိယတာ နရာ။
မုတ္တာ အာနန္တရိကေဟိ၊ သဗ္ဗတ္ထ သုဒ္ဓဂေါစရာ။
မိစ္ဆာဒိဋ္ဌိံ န သေဝန္တိ၊ ကမ္မကိရိယဒဿနာ။
ဝသမာနာပိ သဂ္ဂေသု၊ အသညံ နူပပဇ္ဇရေ။
သုဒ္ဓါဝါသေသု ဒေဝေသု၊ ဟေတု နာမ န ဝိဇ္ဇတိ။
နေက္ခမ္မနိန္နာ သပ္ပုရိသာ၊ ဝိသံယုတ္တာ ဘဝါဘဝေ။
စရန္တိ လောကတ္ထစရိယာယော၊ ပူရေန္တိ သဗ္ဗပါရမီ။
(ဗုဒ္ဓဝံသဋ္ဌကထာ၊ ဂေါတမဗုဒ္ဓဝံသဝဏ္ဏနာ၊ ၃၁၆။)

အဋ္ဌသာလိနီဋ္ဌကထာ ၇၂, ဇာတကဋ္ဌကထာ ပဌမအုပ် ၅၃ ၅၄, အပဒါနဋ္ဌကထာ ပဌမအုပ် ၅၅, စရိယာပိဋကဋ္ဌကထာ ၃၂၁ ၃၂၂ တို့၌လည်း အလားတူပင် လာရှိသည်။

ဧဝံ ဤဆိုအပ်ပြီးသောနည်းဖြင့်၊ သဗ္ဗင်္ဂသမ္ပန္နာ အလုံးစုံသော အင်္ဂါ၈ ပါးနှင့်ပြည့်စုံကုန်သော၊ ဗောဓိယာ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်၌၊ နိယတာ မြဲကုန်သော၊ နရာ ဘုရားအလောင်းတို့သည်၊ဝါ နိယတာနရာ နိယတဗျာဒိတ်ရ ဘုရားအလောင်းတို့သည်၊ ကပ္ပကောဋိသတေဟိပိ ကမ္ဘာကုဋေအရာတို့ဖြင့်သော်မှလည်း၊ ဒီဃံ-ရှည်စွာသော၊ အဒ္ဓါနံ ကာလပတ်လုံး၊ သံသရံ=သံသရန္တာ ကျင်လည်ရကုန်လသော်၊ အဝီစိမှိ အဝီစိငရဲ၌၊ န ဥပ္ပဇ္ဇန္တိ မဖြစ်ကြရကုန်၊ လောကန္တရေသု စ လောကန္တရိက်ငရဲတို့၌လည်း၊ တထာ ထို့အတူ၊ န ဥပ္ပဇ္ဇန္တိ မဖြစ်ကြရကုန်၊ ဒုဂ္ဂတိံ အပါယ်ဒုဂ္ဂတိ၌၊ ဥပ္ပဇ္ဇန္တာပိ ဖြစ်ရပါကုန်သော်လည်း၊ နိဇ္ဈာမတဏှိကာ နိဇ္ဈာမတဏှိက ပြိတ္တာတို့သည်လည်းကောင်း၊ ခုပ္ပိပါသာ ခုပ္ပိပါသပြိတ္တာတို့သည်လည်းကောင်း၊ ကာလကဉ္စိကာ ကာလကဉ္စိကအသုရာတို့သည်လည်းကောင်း၊ န ဟောန္တိ မဖြစ်ကြရကုန်၊ ခုဒ္ဒကာ-ငုံးအောက်ငယ်ကုန်သော၊ ပါဏာ သတ္တဝါကလေးတို့သည်၊ န ဟောန္တိ မဖြစ်ကြရကုန်၊ [ဝဋ္ဋက(ငုံးမင်း)ဇာတ်ရှိသေးရကား "ငုံးကဲ့သို့ ငယ်သော သတ္တဝါကလေးများကား ဖြစ်သေးကြောင်းသိရ၏။] မနုဿေသု လူတို့၌၊ ဇာယမာနာ ဖြစ်ကုန်လသော်၊ တေ ထိုနိယတဗျာဒိတ်ရဘုရားအလောင်းတို့သည်၊ ဇစ္စန္ဓာ ပဋိသန္ဓေအားဖြင့် ကန်းသူတို့သည်၊ န ဘဝန္တိ မဖြစ်ကြရကုန်။

သောတဝေကလ္လတာ သောတပသာဒချို့တဲ့သူ၏အဖြစ်သည်၊ နတ္ထိ မရှိ၊ မူဂပက္ခိကာ အသူဆွံ့သူတို့သည်၊ န ဘဝန္တိ မဖြစ်ကြရကုန်၊ ဣတ္ထိဘာဝံ မိန်းမအဖြစ်သို့၊ န ဂစ္ဆန္တိ မရောက်ကြရကုန်၊ ဗောဓိယာ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်၌၊ နိယတာ နရာ နိယတဗျာဒိတ်ရ ဘုရားအလောင်းတို့သည်၊ ဥဘတောဗျဉ္ဇနပဏ္ဍကာ ဥဘတောဗျည်း, ပဏ္ဍုက်တို့သည်၊ န ဘဝန္တိ မဖြစ်ကြရကုန်၊ (ဗြဟ္မလောကူပပတ္တိပဌမကပ္ပိကကာလေသု ဗြဟ္မာပြည်ဝယ် ဖြစ်ရာအခါ, ကမ္ဘာဦးဝယ် ဖြစ်ရာအခါတို့၌၊ ဥဘယလိင်္ဂရဟိတာ ဣတ္ထိလိင်, ပုလ္လိင်နှစ်ပါးစုံတို့မှ ကင်းကုန်သည်၊ သမာနာပိ ဖြစ်ပါကုန်သော်လည်း)၊ ပရိယာပန္နာ-ပဏ္ဍုက်၌အကျုံးဝင်ကုန်သည်၊ န ဘဝန္တိ မဖြစ်ကုန်၊ အာနန္တရိကေဟိ ဖဉ္စာနန္တရိယကံတို့မှ၊ မုတ္တာ လွတ်ကုန်သည်၊ (ယသ္မာ အကြင့်ကြောင့်၊) သဗ္ဗတ္ထ အလုံးစုံသော ဘဝတို့၌၊ သုဒ္ဓဂေါစရာ စင်ကြယ်သောအာရုံရှိကြကုန်၏၊ (တသ္မာ ထို့ကြောင့်၊) မိစ္ဆာဒိဋ္ဌိံ မိစ္ဆာဒိဋ္ဌိကို၊ န သေဝန္တိ မမှီဝဲကြကုန်၊ ကမ္မကိရိယဒဿနာ ကံကိုပြုအပ်သည်မည်၏ဟု သိမြင်တတ်သောဉာဏ်ရှိကြကုန်၏၊ဝါ ကမ္မသကတာဉာဏ်ရှိကြကုန်၏၊ သဂ္ဂေသု နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌၊ ဝသမာနာပိ နေရပါကုန်သော်လည်း၊ အသညံ အသညသတ်ဘုံ၌၊ န ဥပပဇ္ဇရေ မဖြစ်ကြရကုန်၊ [အသညံ ဝယ် ဥပ ဟူသော ကမ္မပ္ပဝစနီယနှင့်ယှဉ်သောကြောင့် သတ္တမီအနက်၌ ဒုတိယာဝိဘတ်သက်။]

သုဒ္ဓါဝါသေသု ဒေဝေသု သုဒ္ဓါဝါသ ဗြဟ္မာ့ပြည်တို့၌၊ ဟေတု နာမ ဖြစ်ခြင်း၏အကြောင်းမည်သည်၊ န ဝိဇ္ဇတိ မရှိ၊ [သုဒ္ဓါဝါသ၌ဖြစ်ခြင်း၏အကြောင်းဟူသည် အနာဂါမိမဂ်တည်း၊ ထိုမဂ်ကို မရသောကြောင့် ထိုသုဒ္ဓါဝါသဘုံ၌ မဖြစ်နိုင် ဟူလို။] သပ္ပုရိသာ နိယတဗျာဒိတ်ရသော ဘုရားအလောင်း၌သူတော်ကောင်းတို့သည်၊ နေက္ခမ္မနိန္နာ အိမ်မှထွက်ခွါ တောသို့သာလျှင် ကိုင်းညွတ်ကြ ကုန်၏၊ ဘဝါဘဝေ ဖြစ်လေရာရာ ဘဝငယ်, ဘဝကြီး၌၊ ဝိသံယုတ္တာ အမျိုးမျိုးအဖုံဖုံ ယှဉ်ရကုန်သည်၊၌(သမာနာပိ ဖြစ်ကုန်လသော်၊)လောကတ္ထစရိယာယော သတ္တလောက၏အစီးအပွါးဖြစ်သော အကျင့်တို့ကို၊ စရန္တိ -ကျင့်တော်မူကြကုန်၏၊ သဗ္ဗပါရမီ အလုံးစုံသော ပါရမီတို့ကို၊ ပူရေန္တိ ဖြည့်ကျင့်တော်မူကြကုန်၏။

သုတ္တနိပါတဋ္ဌကထာ၌လာသော နိယတဗျာဒိတ်ရ ဘုရားအလောင်းတို့ မဖြစ်ထိုက်သော အရာဌာန ၁၈ ပါးကား....
၁။ ပဋိသန္ဓေအားဖြင့် မျက်စိကန်းသူ မဖြစ်ခြင်း၊

၂။ ပဋိသန္ဓေအားဖြင့် နားပင်းသူ မဖြစ်ခြင်း၊
၃။ ရူးသွပ်သူ မဖြစ်ခြင်း၊
၄။ အ သောသူ မဖြစ်ခြင်း၊
၅။ ခြေ,လက်ဆွံ့သောသူ(လမ်းမသွားနိုင်သူ) မဖြစ်ခြင်း၊
၆။ လူရိုင်း မဖြစ်ခြင်း၊
၇။ ကျွန်မ၏ဝမ်း၌မဖြစ်ခြင်း (ကျွန်မသား မဖြစ်ခြင်း)၊
၈။ နိယတမိစ္ဆာဒိဋ္ဌိအယူရှိသူ မဖြစ်ခြင်း၊
၉။ လိင်မဖောက်ပြန်ခြင်း(ယောကျ်ားအဖြစ်မှ မိန်းမအဖြစ်သို့ ပြောင်းလွဲ၍ မဖြစ် -ဟု ဆိုလိုသည်)၊
၁၀။ ပဉ္စာနန္တရိယကံတို့ကို မကျူးလွန်ခြင်း၊
၁၁။ နူနာရှိသူ မဖြစ်ခြင်း၊
၁၂။ တိရစ္ဆာန်ဘဝ၌ဖြစ်စေကာမူ ငုံးအောက်ငယ်သော သတ္တဝါမဖြစ်ခြင်း၊(သီဟိုဠ်မူ၌ကား ဆင်ထက်ကြီးသော သတ္တဝါ မဖြစ် -ဟုလည်း ပါရှိ၏)၊
၁၃။ ခုပ္ပိပါသိကပြိတ္တာ, နိဇ္ဈာမတဏှိကပြိတ္တာ, ကာလကဉ္စိကအသုရာတို့၌ မဖြစ်ခြင်း၊
၁၄။ အဝီစိငရဲနှင့် လောကန္တရိက်ငရဲတို့၌ မဖြစ်ခြင်း၊
၁၅။ ကာမာဝစရနတ်ဘုံတွင် မာရ်နတ် မဖြစ်ခြင်း၊
၁၆။ ရူပါဝစရဘုံတွင် အသညသတ်ဗြဟ္မာနှင့် သုဒ္ဓါဝါသဗြဟ္မာဘုံတို့၌ မဖြစ်ခြင်း၊
၁၇။ အရူပဗြဟ္မာဘုံတို့၌ မဖြစ်ခြင်း၊
၁၈။ တစ်ပါးသော စကြဝဠာသို့ ပြောင်း၍ မဖြစ်ခြင်း တို့တည်း။

ငုံးအောက်ငယ်သောသတ္တဝါ, ဆင်ထက်ကြီးသောသတ္တဝါမဖြစ် -ဟူသောစကားနှင့်ပတ်သက်၍ ဓမ္မရာသီပျို့၌

"ကာလကဉ္စိ၊ ဘုမ်မရောက်၊ ငုံးအောက်မငယ်၊ ဆင်ထက်ဝယ်လည်း၊ လွန်ဖွယ်မကြီး"ဟူ၍ စပ်ဆိုလေသည်။

သာသနာရေးဦးစီးဌာနမှ ရိုက်နှိပ်သော သမ္ဗန္ဓစက္ကဒီပနီကျမ်း အဋ္ဌမတွဲ စာမျက်နှာ ၅၂၁ ၌ကား (၁၂) တိရစ္ဆာန်အမျိုး၌ နံ့စုတ်ငှက်အောက် ငယ်သော ကိုယ်ရှိသော တိရစ္ဆာန်မဖြစ် -ဟု ပါရှိ၏၊ မုံရွေးဇေတဝန် ဆရာတော်ဘုရား၏လက်ကိုင်ပေမူ သုတ္တနိပါတ်အဋ္ဌကထာ၌"န တိရစ္ဆာနယောနိယံ ဝတကတော ပစ္ဆိမတ္တဘာဝေါ ဟောတိ"ဟူ၍ ရှိဟန်တူသည်၊ ထို၌ "ဝတကတော"ဟူသော ပါဠိကို "နံ့စုတ်ငှက်"ဟူ၍ အနက်မြန်မာပြန်ဆိုသင့်ကြောင်း အကျယ်တဝင့် ရေးသားတော်မူသည်။ ထိုသို့ "နံ့စုတ်ငှက်"ကို ပြန်ဆိုခြင်းမှာလည်း ဒုကနိပါတ် ဒုတိယဝဂ် သကုဏဇာတ်ကို ထောက်ထားတော်မူသည်။ ယင်းအဆုံးအဖြတ်နှင့်ပတ်သက်၍ သမ္ဗန္ဓစက္ကဒီပနီ အဋ္ဌမတွဲ ၅၂၁ ၅၂၂တို့၌ ကြည့်ရှုနိုင်သည်။

ခုပ္ပိပါသိကပြိတ္တာ ဟူသည် အစာရေစာ မစားမသောက်ရသဖြင့် အခါခပ်သိမ်း ဆာလောင်မွတ်သိပ်နေသောပြိတ္တာမျိုးတည်း။

နိဇ္ဈာမတဏှိကပြိတ္တာ ဟူသည် အမြဲ မီးလောင်ကျွမ်းနေသဖြင့် ပူပင်နေရသော ပြိတ္တာမျိုးတည်း။

ကာလကဉ္စိကအသုရာ ဟူသည်ကား ပြိတ္တာတမျိုး၏အမည်ပင်ဖြစ်၏၊ ထိုပြိတ္တာအသုရာ၏ခန္ဓာကိုယ်သည် သုံးဂါဝုတ်မျှရှိ၍ အသွေး အသားနည်းပါးကာ သစ်ရွက်ရော်အဆင်းနှင့် တူ၏၊ မျက်စိများမှာလည်း ပုဇွန် မျက်စိကဲ့သို့ အပြင်သို့ ထွက်ပြီးလျှင် ထိပ်ထက်၌ တည်ကုန်၏၊ ခံတွင်းမှာလည်း အပ်နဖားပေါက်မျှ ရှိလျက် ထိပ်ထက်၌ပင် တည်နေသောကြောင့် ထိုပြိတ္တာအသုရာများ ကုန်း၍ အစာကို ယူကြရကုန်၏။

တေသံ ကိရ တိဂါဝုတော အတ္တဘာဝေါ အပ္ပမံသလောဟိတော ပုရာဏပဏ္ဏသဒိသော၊ ကက္ကဋဿ ဝိယ အက္ခီနိ နိက္ခမိတွာ မတ္ထကေ တိဋ္ဌန္တိ၊ မုခံ သူစိပါသကသဒိသံ မတ္ထကသ္မိံယေဝ ဟောတိ၊ တေန တေ ဩနမိတွာ ဂေါစရံ ဂဏှန္တိ။ (ဒီ၊ ဋ္ဌ၊ ၃၊ ၊)

ဇဝံ သမိဒ္ဓါဘိဟာရော စ ဇောဓိသတ္တော ကပ္ပမာနိ အဋ္ဌာရသ အဘဗ္ဗဋ္ဌာနာနိ န ဥပေတိ။ သော ဟိ တတော ပဘုတိ န ဇစ္စန္ဓော ဟောတိ န ဇစ္စဗဓိရော, န ဥမ္မတ္တကော, န ဧဠမူဂေါ, န ပီဌသပ္ပီ၊ န မိလက္ခူသု ဥပ္ပဇ္ဇတိ၊ န ဒါသိကုစ္ဆိယာ နိဗ္ဗတ္တတိ၊ န နိယတမိစ္ဆာဒိဋ္ဌိကော ဟောတိ၊ နာဿ လိင်္ဂံ ပရိဝတ္တတိ၊ န ပဉ္စာနန္တရိယကမ္မာနိ ကရောတိ၊ န ကုဋ္ဌီ ဟောတိ၊ န တိရစ္ဆာနယောနိယံ ဝဋ္ဋကတော ပစ္ဆိမတ္တဘာဝေါ ဟောတိ(ဟတ္ထိတော အဓိကတ္တဘာဝေါ၊သီ)၊ န ခုပ္ပိပါသိကနိဇ္ဈာမတဏှိကပေတေသု ဥပ္ပဇ္ဇတိ, န ကာလကဉ္စိကာသုရေသု, န အဝီစိနိရယေ, န လောကန္တရိကေသု၊ ကာမာဝစရေသု န မာရော ဟောတိ၊ ရူပါဝစရေသု န အသညီဘဝေ, န သုဒ္ဓါဝါသဘဝေသု ဥပ္ပဇ္ဇတိ၊ န အရူပဘဝေသု၊ န အညံ စက္ကဝါဠံ သင်္ကမတိ။ (သုတ္တနိပါတ၊ဋ္ဌ၊၁၊၄၅။ အပဒါန၊ဋ္ဌ၊၁၊၁၅၇။)

န တိရစ္ဆာနယောနိယံ ဝဋ္ဋကတော ပစ္ဆိမတ္တဘာဝေါ ဟတ္ထိတော အဓိကတ္တဘာဝေါ ဟောတိ၊ (အပဒါနဋ္ဌကထာ၊ ၁၊ ၁၅၇။)

## ဗျာဒိတ်ခံခဲ့ပုံ အချုပ်လင်္ကာ

လေးသင်္ချေနှင့်၊ သိန်းနေစွန်းမြတ်၊ ရေတွက်လတ်မူ၊ မည်မှတ်နာမ၊ သင်္ချေယျကား၊ သေလ, ဘာသ၊ ဓေယျ, ရုစိ၊ လေးပါးရှိ၏။ အာဒိသေလ၊ သင်္ချေယျတွင်၊ သာရမဏ္ဍ၊ ကမ္ဘာမထက်၊ ဇိနဘုန်းထင်၊ တဏှင်္ကရာ၊ မဟာမေဓင်၊ သရဏင်္ကနှင့်၊ ဒီပင်္ကရာ၊ မြတ်စွာလေးဆူ၊ ပွင့်တော်မူ၏။ ။ နတ်လူတို့မှူး၊ သုံးဦးဘုရား၊ ဖူးပါငြားလည်း၊ ညွတ်တွားကော်ရော်၊ ဗျာဒိတ်တော်ကို၊ ရှစ်ဖော်အင်္ဂါ၊ မစုံပါ၍၊ မနာလိုက်ရ။

(၁) နောက်စွန်းမှလျှင်၊ ပြုဆွညဏ်ဝါ၊ သုမေဓာဟု၊ ကျေညာကျော်လှစ်၊ ရသေ့ဖြစ်၍၊ ရှင်ချစ်ဘုရား၊ ဆွမ်းခံသွားက၊ ဘဝါးတော်ဦး၊ ထိမှူးမှူးဝယ်၊ သံကျူးမိန့်ရွတ်၊ ဗျာဒိတ်လွှတ်၏။

(၂) မည်မှတ်သေလ၊ သုဉ်းလေမှလျှင်၊ သာရကမ္ဘာ၊ ပေါ်သောခါဝယ်၊ မည်သာကောဏ္ဍည၊ သုံးလူ့ဘဥ္ဍ၊ ဘုရားအလောင်း၊မင်းကောင်းစကြဝတေး၊ နီးဝေးခေါ်ညီ၊ ဝိဇိတာဝီဖြစ်ကြိုက်၊ ဖူးလိုက်ကြည်ဖေး(အေး)၊ လှူကြီးပေးက၊ ရှေးနှင့်တမျှ၊ ဗျာဒိတ်ရ၏။

(၃) ဘာသသင်္ချေ၊ သုဉ်းပြန်လေမှ၊ တည်ထွေကပ်မွန်၊ သာရမဏ္ဍ၊ ဘုန်းသန်မင်္ဂလာ၊ ပွင့်သောခါဝယ်၊ မည်သာ
သုရုစိ၊ ကိတ္တိထင်ရှား၊ ပုဏ္ဏားဖြစ်တုံ၊ စေ့စုံလှူကမ်း၊ ဗျာဒိတ်မွမ်း၏။

(၄) ငြိမ်းချမ်းသုခ၊ ပေးဝေဌသား၊ သုမနဘုရား၊ တခြားဆက်ကာ၊ ဖြစ်သောခါလည်း၊ မဟာနာဂ၊ အတုလဟု၊ ဒေဝရေနတ်၊ ဘုရားမြတ်၌၊ လှူဝတ်သနူ့ရှင်း၊ ဗျာဒိတ်နှင်း၏။

(၅) မည်ရင်းရေဝတ၊ မြတ်ဇိနနှ၌၊ ထွင်ထမည်ရှိ၊ အတိဒေဝ၊ ဗြာဟ္မဏလျှင်၊ များလှကျွေး၊ အလှူပေး၍၊ သံလေးဗျာဒိတ်၊ ကျွန်းလုံးထိတ်၏။

(၆) အမြိတ်ဆက်ထ၊ သောဘိတဟု၊ မည်ရဘုန်းထင်၊ ပွင့်ခါတွင်လည်း၊ လုလင်အဇိတ၊ ဗြာဟ္မဏဟု၊ ကြီးလှလှူဆက်၊ ဗျာဒိတ်မြွက်၏။

(၇) ထို့ထက်သုဉ်းထ၊ ဓေယျသင်္ချေ၊ လွန်လေပညတ်၊ ဝရကပ်ထက်၊ သုံးရပ်ဦးစွန်း၊ မည်မုန်းပေါက်ပြ၊ အနောမဒဿီ၊ သိညီသစ္စာ၊ပွင့်သောခါဝယ်၊ သေနာဒိဗ္ဗ၊ ယက္ခအမှူး၊ ဘီလူးဖြစ်ကြိုက်၊ ဖူးရလိုက်၍၊ ကောင်းမြိုက်လှူကြီး၊ ဗျာဒိတ်ချီး၏။

(၈) တသီးစပ်ထ၊ ပဒုမဟု၊ လောကတန်ဆောင်၊ ငါးမာရ်အောင်၍၊ တောတောင်ရန်လှစ်၊ ခြင်္သေ့ဖြစ်၍၊ ကြည်ချစ်ရိခဲ၊ ဗျာဒိတ်ရ၏။

(၉) နာရဒဘုန်းထင်၊ ဆက်ကာပင်တည့်၊ ပွင့်စင်တုံ၍၊ ရသေ့ဖြစ်ခါ၊ ဖူးရပါက၊ များစွာလုပ်ကျွေး၊ ဗျာဒိတ်ပေးသည်၊ ကြော့သွေးပွဲနှံ့ မိန်သံတည်း။

(၁၀) ထို့နောက်ရှိစိ၊ မည်ရှိသင်္ချေ၊ သုဉ်းပြန်လေမှ၊ ခေါ်ထွေသာရ၊ ကမ္ဘာမထက်၊ ပဒုမုတ္တရ၊ ကြီးတေဇနှင့်၊ ပွင့်ထသစ္စာ၊ ထိုရောခါဝယ်၊ မဟာသေဋ္ဌ၊ ဇဋိလဟု၊ မည်ရသဌေး၊ အလှူပေး၍၊ စည်းဝေးပွဲပြင်၊ ဗျာဒိတ်တင်၏။

(၁၁) ထိုတွင်ဆင်လောင်း၊ သုံးသောင်းကပ္ပ၊ သုဉ်းလေမှလျှင်၊ မဏ္ဍကမ္ဘာ၊ ပေါ်သောခါဝယ်၊ သုမေဓာဘုရား၊ ထင်ရှားဖြစ်က၊ ဥတ္တရဟု၊ နာမမည်စစ်၊ လုလင်ဖြစ်၍၊ ကြည်ချစ်လှူကပ်၊ ဗျာဒိတ်ထပ်၏။

(၁၂) မလပ်ဆင့်ကာ၊ သုဇာတာဟု၊ မြတ်စွာဘုန်းရှိ၊ ပွင့်တုံပြီလည်း၊ ကြီးဘိတန်ခိုး၊ လေးကျွန်းစိုးသား၊ ဘုန်းဖြိုးသနင်း၊ စကြာမင်းလျှင်၊ သတင်းနီးဝေး၊ လှူကြီးပေး၍၊ မြတ်လေးရှင်လန်း၊ ဗျာဒိတ်ညွန်း၏။

(၁၃) တခန်းစင်စစ်၊ တဆယ့်ရှစ်လျှင်၊ သုဉ်းလစ်တုံထွန်၊ ကမ္ဘာလွန်မှ၊ တတန်ဝရ၊ ကမ္ဘာမထက်၊ ပိယဒဿီ၊ ပွင့်ချိန်ဆီဝယ်၊ အညီခေါ်ကြ၊ ကဿပဟု၊ ဗြာဟ္မဏစစ်၊ ပုဏ္ဏားဖြစ်၍၊ အလှစ်ဥစ္စာ၊ လှူပြီးစွာမှ၊ တခါလည်းကောင်း၊ ဗျာဒိတ်လောင်း၏။

(၁၄) ထို့နှောင်းအတ္ထ-ဒဿီမှလည်း၊ သုသီမရသေ့၊ ဖြစ်၍လှူလှူ၊ ပူဇော်ပြုက၊ အောင်ဆုပေးတုံ၊ ဗျာဒိတ်ပုံ၏။

(၁၅) ကြိုက်ဆုံနောက်မှ၊ ဓမ္မဒဿီ၊ နှစ်ပါးညီလျက်၊ မိုးဆီတောင်ထွတ်၊ သိကြားနတ်လျှင်၊ ကြည်ဆွတ်ပူဇော်၊ ဗျာဒိတ်ဖော်၏။

(၁၆) ထိုရော်နောက်မှာ၊ လေးကမ္ဘာလျှင်၊ သုဉ်းရာလေမှ၊ သာရကပ်တွင်၊ မည်ထင်သိဒ္ဓတ်၊ ပွင့်ပေလတ်က၊ ကြီးမြတ်တန်ခိုး၊ ကျော်ဟိုးမည်သာ၊ မင်္ဂလာရသေ့၊ ဖူး၍ကြည်ဖြူ၊ အလှူပေးထွန်၊ ဗျာဒိတ်ပြန်၏။

(၁၇) တတန်လွန်ခဲ့၊ ကိုးဆဲ့နှစ်ကမ္ဘာ၊ သုဉ်းပြီးစွာမှ၊ မည်သာပညတ်၊ မဏ္ဍကပ်ထက်၊ လှူရပ်ပေါက်ပြ၊ တိဿမည်ဇာစ်၊ ဘုရားဖြစ်က၊ ကေရာဇ်မင်း၊ ထန်ပြင်းအာဏာ၊ သုဇာတာဟု၊ ထိုခါဖြစ်ပြီး၊ အလှူကြီးဖြင့်၊ ဆုသီးရည်စောင်၊ ဗျာဒိတ်ဆောင်၏။

(၁၈) ထိုနောင်ဖုဿ၊ ပွင့်လေကလည်း၊ ဝိဇိတာဝီ၊ လွှဲညီသတင်း၊ ပြည့်ရှင်မင်းလျှင်၊ လှူခြင်းဆန်းထူး၊ ဗျာဒိတ်ကျူးသည်၊ ကျေးဇူးထွန်းပ မြူးစံတည်း။

(၁၉) ဤကမ္ဘာမှ၊ ဧကလွန်လေ၊ ကိုးဆယ်ထွေ၌၊ ခေါ်တွေတွင်ထ၊ ကပ်သာရထက်၊ လောကအထွတ်၊ ဝိပဿီမည်ထင်၊ ပွင့်တုံကျင်သော်၊ ရေတွင်ပိုင်သ၊ အစိုးရသား၊ အတုလမည်ရင်း၊ နဂါးမင်းလျှင်၊ ညွတ်ခြင်းပူဇော်၊ ဗျာဒိတ်ကျော်၏။

(၂၀) ထိုရော်သုဉ်းပြန်၊ ခြောက်ဆယ်လွန်၍၊ ကပ်ကျန်သုံးဆယ်၊ တခုဝယ်၌၊ ခေါ်ဖွယ်မည်ရ၊ ကပ်မဏ္ဍထက်၊ လောကထွတ်တင်၊ သိခီတွင်သား၊ ချစ်ရှင်မြတ်စွာ၊ ဖြစ်သောခါ၌၊ ရာဇာအရိန္ဒမ၊ ကြီးလှလှူမျိုး၊ ဗျာဒိတ်ပျိုး၏။

(၂၁) တန်ခိုးကြီးထူ၊ ဝေဿဘူဟု၊ နတ်လူဦးစွန်း၊ ဆက်ကာထွန်းက၊ မည်မှန်းခေါ်မှတ်၊ သုဒဿန၊ နရိန္ဒဟု၊ ဖြစ်ထတုံထွန်၊ အလှူသန်၍၊ တတန်ပေးထပ်၊ ဗျာဒိတ်အပ်၏။

(၂၂) အလပ်ထိုနောက်၊ သုံးဆယ်မြောက်သား၊ ချိန်ရောက်ကမ္ဘာ၊ သုဉ်းပြီးစွာမှ၊ မဟာဘဒ္ဒ၊ ကပ္ပမြတ်စွာ၊ ဤကမ္ဘာထက်၊ မည်သာကျော်ဝှန်၊ ကကုသန်ဟု၊ မြတ်မွန်ရှင်ချစ်၊ ပွင့်ပေလစ်က၊ ကျော်လှစ်ခေမာ၊ မင်းမြတ်စွာလျှင်၊ လှူရာစေ့စုံ၊ အကုံပြန့်ပြော၊ ဗျာဒိတ်ဟော၏။

(၂၃) ရှင်စောဖုံဖုံ၊ ကောဏာဂုံလျှင်၊ ပွင့်တုံကာလ၊ ပဗ္ဗတဟု၊ နရရန်နှင်း၊ လူမင်းစောစီး၊ အလှူကြီးဖြင့်၊ ကောင်းချီးပေးတင့်၊ ဗျာဒိတ်ဆင့်၏။

(၂၄) ဘုန်းရှင့်မြတ်လှ၊ ကဿပဟု၊ လူ့ဘထွတ်ခေါင်၊ ငါးမာရ်အောင်က၊ ပွဲဘောင်နှံ့သိ၊ ဇောတိပါလ၊ ဗြာဟ္မဏဟု၊ မည်ရလုလင်၊ ဖူးတွေ့မြင်၍၊ ကြည်ရွှင်ရှိသေ၊ ရှင်ပြုလေသော်၊ ပေးထွေမကျန်၊ ဗျာဒိတ်စွန်ဖြင့်၊ ပွင့်ရန်ချိန်ထောက်၊ အပြီးရောက်၏။

(ဓမ္မရာသီပျို့ ၌ လာကြောင်း ဓမ္မအလင်္ကာ ပဒေသာ, ၃ ၈ တို့၌ ပါရှိ၏။)

## ဗုဒ္ဓဘူမိ ၄ ပါး

ဗုဒ္ဓဘူမိ ဟူသည် "သဗ္ဗညုတဉာဏ်၏ဖြစ်ပေါ်လာကြောင်းတရား"ဟု အနက်အဓိပ္ပါယ်ရသည်၊ ထိုဗုဒ္ဓဘူမိတရားသည်....

၁။ ဥဿာဟ=ပါရမီ စာဂ စရိယတို့ကို မဆုတ်မနစ် အားသစ်ကြိုးပမ်းခြင်း ဝီရိယ။

၂။ ဥမ္မင်္ဂ=ဥပါယကောသလ္လဉာဏ်၊ ဥပါယကောသလ္လဉာဏ်ဟူသည် မိမိပြုအပ်သော ဒါနမှု သီလမှု စသည်တို့အတွက် သဗ္ဗညုတဉာဏ်၏ဥပနိဿယ အထောက်အပံ့ဖြစ်ဖို့ရန် လိမ္မာကျွမ်းကျင်သော အသိဉာဏ်ပညာပင်တည်း။

၃။ အဝတ္ထာန=ဘုရားဖြစ်ကြောင်းတရားတို့၌ မတုန်မလှုပ် ကြံ့ကြံ့ခံဆောက်တည်ခြင်း အဓိဋ္ဌာန်။

၄။ ဟိတစရိယာ=မေတ္တာဘာဝနာပွါးခြင်း ဤဗုဒ္ဓဘူမိလေးပါးနှင့် ညီညွတ်စေလျက် ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူကြရသည်။

မှတ်ချက်။ ။ စရိယာပိဋကဋ္ဌကထာအလိုကား ဟိတစရိယာဟူသည် မေတ္တာဘာဝနာနှင့်ကရုဏာဘာဝနာတို့ကို ပွားများခြင်းတည်း။

ယာ စိမာ ဥဿာဟော ဥမ္မင်္ဂေါ အဝတ္ထာနံ ဟိတစရိယာ စာတိ စတဿော ဗုဒ္ဓဘူမိယော၊ တာဟိ သမန္နာဂတော ဟောတိ။

တတ္ထ

ဥဿာဟော ဝီရိယံ ဝုတ္တံ၊ ဥမ္မင်္ဂေါ ပညာ ပဝုစ္စတိ၊
အဝတ္ထာနံ အဓိဋ္ဌာနံ၊ ဟိတစရိယာ မေတ္တာဘာဝနာတိ ဝေဒိတဗ္ဗာ။
(သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၄၅။ အပဒါန၊ ဋ္ဌ၊ ၁၊ ၁၅၈။)

ဥဿာဟဥမ္မင်္ဂအဝတ္ထာနဟိတစရိယာ စ ပါရမီနံ ပစ္စယာတိ ဝေဒိတဗ္ဗာ၊ ယာ ဗုဒ္ဓဘာဝဿ ဥပ္ပတ္တိဋ္ဌာနတာယ ဗုဒ္ဓဘူမိယောတိ ဝုစ္စန္တိ။ တတ္ထ ဥဿာဟော နာမ ဗောဓိသမ္ဘာရာနံ အဗ္ဘုဿဟနဝီရိယံ။ ဥမ္မင်္ဂေါ နာမ ဗောဓိသမ္ဘာရေသု ဥပါယကောသလ္လဘူတာ ပညာ။ အဝတ္ထာနံ နာမ အဓိဋ္ဌာနံ အစလာဓိဋ္ဌာနတာ။ ဟိတစရိယာ နာမ မေတ္တာဘာဝနာ စ ကရုဏာဘာဝနာ စ။ (စရိယာပိဋက၊ ဋ္ဌ၊ ၂၈၂။)

## ဘုရားအလောင်းတော်ကို ဘုရား ရဟန္တာများကပင် ပူဇော်ကြသလော?

ဒီပင်္ကရာဘုရားရှင်သည် သုမေဓာရှင်ရသေ့အား နိယတဗျာဒိတ်စကား မြွက်ကြားတော်မူပြီးနောက်(တံတားပမာ အလျား မှောက်ကာနေသော) ဘုရားအလောင်းတော်ကို ချီးကျူးတော်မူလျက် ပန်းရှစ်ဆုပ်တို့ဖြင့် ပူဇော်တော်မူကာ လကျ်ာရစ်လှည့်၍ ဖဲကြွ တော်မူလေသည်၊ လေးသိန်းကုန်သော ရဟန္တာအရှင်မြတ်တို့ကလည်း ဘုရားအလောင်းတော်ကို ပန်း, နံ့သာတို့ဖြင့် ပူဇော်ကုန်လျက် လကျ်ာရစ်လှည့်တော်မူကြကာ ဖဲကြွတော်မူကုန်၏၊ နတ်လူတို့ကလည်း ထို့အတူ ပန်းနံ့သာတို့ဖြင့် ပူဇော်ကုန်လျက် ရှိခိုးပြီးလျှင် ဖဲ သွားကုန်၏။

ဒီပင်္ကရဒသဗလော ဗောဓိသတ္တံ မဟာသတ္တံ ပသံသိတွာ အဋ္ဌဟိ ပုပ္ဖမုဋ္ဌီဟိ ပူဇေတွာ ပဒက္ခိဏံ ကတွာ ပက္ကာမိ။ တေပိ စတုသတသဟဿာ ခီဏာသဝါ ဗောဓိသတ္တံ ပုပ္ဖေဟိ စ ဂန္ဓေဟိ စ ပူဇေတွာ ပဒက္ခိဏံ ကတွာ ပက္ကမိံသု။ ဒေဝမနုဿာ ပန တထေဝ ပူဇေတွာ ဝန္ဒိတွာ ပက္ကမိံသု။(ဗုဒ္ဓဝံသ၊ ဋ၊ ၁၁၉။)

## အဇ္ဈာသယ ၆-ပါး

ဗောဓိဉာဏ်ရင့်သန်ဖို့ရန် အဇ္ဈာသယ ၆-ပါးရှိ၏၊ ထို၆-ပါးမှာ......

(၁) နေက္ခမ္မဇ္ဈာသယ=ဝတ္ထုကာမ ဃရာဝါသစသည်တို့မှ ထွက်မြောက်ရခြင်း၌ အမြဲညွတ်ကိုင်းနေသော စိတ်ရှိမှု၊ အလောင်းတော်ကြီးများသည် နေက္ခမ္မဇ္ဈာသယဓာတ်ခံ အားကြီးတော်မူကြသောကြောင့် ကာမတရား ဃရာဝါသ တရားတို့၌ အပြစ်မြင်တော်မူကြသည်။

(၂) ပဝိဝေကဇ္ဈာသယ=အပေါင်းအဖေါ်မှ ကင်းဆိတ်ခြင်း၌ အမြဲညွတ်ကိုင်းနေသော စိတ်ရှိမှု၊ ပဝိဝေကဇ္ဈာသယဓာတ်ခံ အားကြီးတော်မူကြသောကြောင့် အပေါင်းအဖော်တို့နှင့် မွေလျော်ပျော်ပိုက်နေမှု၌ အပြစ်မြင်တော်မူကြသည်။

(၃) အလောဘဇ္ဈာသယ=လောဘမရှိခြင်း၌ အမြဲညွတ်ကိုင်းနေသော စိတ်ရှိမှု၊ အလောဘဇ္ဈာသယဓာတ်ခံ အားကြီးတော် မူကြသောကြောင့် လောဘ၌အပြစ်မြင်တော်မူကြသည်။

(၄) အဒေါသဇ္ဈာသယ=ဒေါသမရှိခြင်း၌ အမြဲညွတ်ကိုင်းနေသော စိတ်ရှိမှု၊ အဒေါသဇ္ဈာသယဓာတ်ခံ အားကြီးတော် မူကြသောကြောင့် ဒေါသ၌ အပြစ်မြင်တော်မူကြသည်။

(၅) အမောဟဇ္ဈာသယ=မောဟမရှိခြင်း၌ အမြဲညွတ်ကိုင်းနေသော စိတ်ရှိမှု၊ အမောဟဇ္ဈာသယဓာတ်ခံ အားကြီးတော် မူကြသောကြောင့် မောဟ၌ အပြစ်မြင်တော်မူကြသည်။

(၆) နိဿရဏဇ္ဈာသယ=ဘဝမှထွက်မြောက်ခြင်း၌ အမြဲညွတ်ကိုင်းနေသော စိတ်ရှိမှု၊ နိဿရဏဇ္ဈာသယဓာတ်ခံ အားကြီး တော်မူကြသောကြောင့် ခပ်သိမ်းသောဘဝတို့၌ အပြစ်မြင်တော်မူကြသည်။

ယေ စာပိ က္ကမေ နေက္ခမ္မဇ္ဈာသယော ပဝိဝေကဇ္ဈာသယော အလောဘဇ္ဈာသယော အဒေါသဇ္ဈာသယော အမောဟဇ္ဈာသယော နိဿရဏဇ္ဈာသယောတိ ဆ အဇ္ဈာသယာ ဗောဓိပရိပါကာယ သံဝတ္တန္တိ၊ တေဟိ သမန္နာဂတတ္တာ နေက္ခမ္မဇ္ဈာသယာ စ ဗောဓိသတ္တာ ကာမေ ဒေါသဒဿာဝိနော၊ ပဝိဝေကဇ္ဈာသယာ စ ဗောဓိသတ္တာ သင်္ဂဏိကာယ ဒေါသဒဿာဝိနော၊ အလောဘဇ္ဈာသယာ စ ဗောဓိ သတ္တာ လောဘေ ဒေါသဒဿာဝိနော၊ အဒေါသဇ္ဈာသယာ စ ဗောဓိသတ္တာ ဒေါသေ ဒေါသဒဿာဝိနော၊ အမောဟဇ္ဈာသယာ စ ဗောဓိသတ္တာ မောဟေ ဒေါသဒဿာဝိနော၊ နိဿရဏဇ္ဈာသယာ စ ဗောဓိသတ္တာ သဗ္ဗဘဝေသု ဒေါသဒဿာဝိနောတိ ဝုစ္စန္တိ၊ တေဟိ စ သမန္နာဂတော ဟောတိ။ (သုတ္တနိ၊ဋ္ဌ၊ ၁၊ ၄၅။ အပဒါန၊ ဋ၊ ၁၊ ၁၅၈။)

## ကောလာဟလနှင့်စပ်သွယ် သိမှတ်ဖွယ်

ကောလာဟလ ၅ ပါး။ ။ ကောလာဟလဟူသည် အုတ်အုတ်ကျက်ကျက် "ဤသို့ဤပုံ ဖြစ်တော့မည်တဲ့"ဟု မဖြစ်မီက ကြိုတင်၍ သတင်းစကား တစ်ဦး နှစ်ဦးကစ၍ အများအပြား စုပေါင်းကာ စကားတူ အသံတူ ရတ်ရတ်ရက်ရက် ပြောဆိုကြခြင်းမျိုးကို ဆိုလို သည်။

ခုဒ္ဒကပါဌဋ္ဌကထာနှင့် သုတ္တနိပါတဋ္ဌကထာတို့၌ကား လောကဥ္စ ကြိုတင်၍ နိမိတ်ရှေ့ပြေးအနေဖြင့် အုတ်အုတ်ကျက်ကျက်ဖြစ် ခြင်း ကောလာဟလသည်.....

(၁) ကပ္ပကောလာဟလ=ကမ္ဘာမပျက်မီ နှစ်ပေါင်းတစ်သိန်းက ကာမာဝစရနတ်တို့က ကမ္ဘာပျက်မည့်အကြောင်း ကြွေးကြော်ထားခြင်း။

(၂) စက္ကဝတ္တိကောလာဟလ=စကြာဝတေးမင်းမဖြစ်ပေါ်မီ နှစ်ပေါင်းတစ်ရာက ကာမာဝစရနတ်တို့ကပင် စကြာဝတေးမင်း ပေါ်တော့မည့်အကြောင်း ကြွေးကြော်ထားခြင်း။

(၃) ဗုဒ္ဓကောလာဟလ=ဘုရားမပွင့်မီ နှစ်ပေါင်းတစ်ထောင်က သုဒ္ဓါဝါသဗြဟ္မာတို့က ဘုရားပွင့်တော်မူမည့်အကြောင်း ကြွေးကြော် ထားခြင်း။

(၄) မင်္ဂလကောလာဟလ=မင်္ဂလာတရားမဟောမီ နှစ်ပေါင်းတစ်ဆယ့်နှစ်နှစ်က သုဒ္ဓါဝါသဗြဟ္မာတို့ကပင် မင်္ဂလာတရား ဟောတော့မည့်အကြောင်း ကြွေးကြော်ထားခြင်း။

(၅) မောနေယျကောလာဟလ=မောနေယျအကျင့်ကို ကျင့်သောပုဂ္ဂိုလ်မပေါ်မီ ခုနစ်နှစ်က သုဒ္ဓါဝါသဗြဟ္မာတို့ကပင် မောနေယျ အကျင့်ကို ကျင့်သောပုဂ္ဂိုလ် ပေါ်တော့မည့်အကြောင်း ကြွေးကြော်ထားခြင်း-ဟူ၍ ၅-ပါးရှိ၏။

ကောလာဟလံ နာမ ပဉ္စဝိဓံ ကပ္ပကောလာလံ စက္ကဝတ္တိကောလာဟလံ ဗုဒ္ဓကောလာဟလံ မင်္ဂလကောလာဟလံ မောနေယျကောလာဟလန္တိ။ တတ္ထ (၁) ကာမာဝစရဒေဝါ မုတ္တသိရာ ဝိကိဏ္ဏကေသာ ရုဒမ္မုခါ အဿူနိ ဟတ္ထေဟိ ပုဉ္ဆမာနာ ရတ္တဝတ္ထနိဝတ္ထာ အတိဝိယ ဝိရူပဝေသဓာရိနော ဟုတွာ "ဝဿသတသဟဿစ္စယေန ကပ္ပုဋ္ဌာနံ ဟောဟိတိ၊ အယံ လောကော ဝိနဿိဿတိ၊ မဟာသမုဒ္ဒေါ သုဿိဿတိ၊ အယဉ္စ မဟာပထဝီ သိနေရု စ ပဗ္ဗတရာဇာ ဥဍ္ဍယှိဿတိ ဝိနဿိဿတိ၊ ယာဝ ဗြဟ္မလောကာ လောကဝိနာသော ဘဝိဿတိ၊ မေတ္တံ မာရိသာ ဘာဝေထ၊ ကရုဏံ မုဒိတံ ဥပေက္ခံ မာရိသာ ဘာဝေထ၊ မာတရံ ဥပဋ္ဌဟထ၊ ပိတရံ ဥပဋ္ဌဟထ၊ ကုလေ ဇေဋ္ဌာပစာယိနော ဟောထ၊ ဇာဂရထ မာ ပမာဒတ္ထာ"တိ မနုဿပထေ ဝိစရိတွာ အာရောစေန္တိ။ ဣဒံ ကပ္ပကောလာဟလံ နာမ။

(၁) ကပ္ပကောလာဟလ။ ။ ကမ္ဘာပျက်လုနီးသောအခါ မပျက်မီ နှစ်ပေါင်းတစ်သိန်းက ကြိုတင်၍ (လောကဗျူဟာအမည်ရှိသော)ကာမာဝစရနတ်တို့သည် နီမြန်းသောအဝတ်တို့ကို ဝတ်ဆင်ကြပြီးလျှင် ဆံပင်ကို ဖားရားချကုန်၍ ငိုယိုသောမျက်နှာမှ မျက်ရည်တို့ကို သုတ်ကာသုတ်ကာ အလွန်မသက်သာသော အသွင်အပြင် အခြင်းအရာတို့ဖြင့် လူတို့သွားလာရာ ခရီးလမ်းတို့၌ လှည့်လည်ကြကုန်လျက်...အချင်းတို့...(ဤနှစ်မှစ၍ နောက်)အနှစ်တစ်သိန်းလွန်သော အခါ၌ ဤကမ္ဘာလောကကြီးသည် ပျက်စီးလိမ့်မည်၊ မဟာသမုဒ္ဒရာသည်လည်း ခန်းခြောက်လိမ့်မည်၊ မဟာပထဝီမြေကြီးသည်လည်းကောင်း, မြင်းမိုရ်တောင်မင်းသည်လည်းကောင်း ပျက်စီးကုန်လိမ့်မည်၊ (ဤမဟာပထဝီမြေကြီးမှသည်) ဗြဟ္မာ့ပြည်တိုင်အောင် ဤကမ္ဘာလောကကြီး ပျက်စီးလိမ့်မည်။ အိုအချင်းတို့...သင်တို့သည် မေတ္တာတရားကို ပွားများကြကုန်လော့၊ ကရုဏာ, မုဒိတာ, ဥပေက္ခာတရားကို ပွားများကြကုန်လော့၊ အမိအဖတို့ကို ပြုစုလုပ်ကျွေးကြကုန်လော့၊ သက်ကြီးရွယ်အို ရှိသေထိုက်သူကို ရှိသေကြကုန်လော့၊ ကုသိုလ်ကောင်းမှုတို့၌ နိုးကြားကြကုန်လော့၊ မမေ့မလျော့ကြကုန်လင့် ဟု အနှံ့အပြား လူအပေါင်းတို့ ကြားသိလောက်အောင် ကြွေးကြော်ကြကုန်၏၊ ဤသို့ "ကမ္ဘာကြီးပျက်တော့ မည်တဲ့....ကမ္ဘာကြီးပျက်တော့မည်တဲ့"ဟူ၍ လူအများ စုရုံးလျက် နေရာအနှံ့အပြား၌ အုတ်အုတ်ကျက်ကျက် ပြောဆိုကြခြင်းကို "ကပ္ပကောလာဟလ"ဟု ခေါ်သည်။

(၂) ကာမာဝစရဒေဝါယေဝ "ဝဿသတဿစ္စယေန စက္ကဝတ္တိရာဇာ လောကေ ဥပ္ပဇ္ဇိဿတီ"တိ မနုဿပထေ ဝိစရိတွာ အာရောစေန္တိ။ ဣဒံ စက္ကဝတ္တိကောလာဟလံ နာမ။

(၂) စက္ကဝတ္တိကောလာဟလ။ ။ ကာမာဝစရနတ်တို့သည် "(ဤနှစ်မှစ၍ နောက်)အနှစ်တစ်ရာလွန်သောအခါ၌ ဤလူ့ပြည်လောက၌ စကြာဝတေးမင်း ပေါ်ပေါက်လိမ့်မည်"ဟု လူတို့သွားလာရာ ခရီးလမ်းတို့၌ လှည့်လည်ကြွေးကြော်ကြကုန်၏။ ဤသို့ "စကြာဝတေးမင်း ပေါ်တော့မည်တဲ့...စကြာဝတေးမင်းပေါ်တော့မည်တဲ့"ဟူ၍ လူအများစုရုံးလျက် နေရာအနှံ့အပြား၌ အုတ်အုတ်ကျက်ကျက် ပြောဆိုကြခြင်းကို "စက္ကဝတ္တိကောလာဟလ"ဟု ခေါ်သည်။

(၃) သုဒ္ဓါဝါသာ ပန ဒေဝါ ဗြဟ္မာဘရဏေန အလင်္ကရိတွာ ဗြဟ္မဝေဌနံ သီသေ ကတွာ ပီတိသောမနဿဇာတာ ဗုဒ္ဓဂုဏဝါဒိနော "ဝဿသဟဿစ္စယေန ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇိဿတီ"တိ မနုဿပထေ ဝိစရိတွာ အာရောစေန္တိ။ ဣဒံ ဗုဒ္ဓကောလာဟလံ နာမ။

(၃) ဗုဒ္ဓကောလာဟလ။ ။ သုဒ္ဓါဝါသဗြဟ္မာကြီးသည် ဗြဟ္မာတို့၏အဝတ်အစား အဆင်တန်းဆာတို့ကို ဝတ်ဆင်ကြကုန်၍ ဦးခေါင်း၌ ဗြဟ္မာတို့၏မကိုဋ်သရဖူကို ဆောင်းကြကုန်ပြီးလျှင် ကြည်လင်ရွှင်လန်း ဝမ်းမြောက်သော စိတ်ရှိကြကုန်လျက် ဘုရားရှင်တို့၏ဂုဏ်ကျေးဇူးတို့ကို ပြောဆိုကြကာ "(ဤနှစ်မှစ၍ နောက်)အနှစ်တစ်ထောင်လွန်သောအခါ၌ ဤလူ့ပြည်လောက၌ သဗ္ဗညုမြတ်စွာဘုရား ထင်ရှားပွင့်ပေါ်တော်မူလိမ့်မည်"ဟု လူတို့သွားလာရာ ခရီးလမ်းတို့၌ လှည့်လည်ကြွေးကြော်ကြကုန်၏။ ဤသို့ "မြတ်စွာဘုရား

ပွင့်တော်မူမည်တဲ့...မြတ်စွာဘုရား ပွင့်တော်မူမည်တဲ့"ဟူ၍ လူအများစုရုံးလျက် နေရာအနှံ့အပြား၌ အုတ်အုတ်ကျက်ကျက် ပြောဆိုကြခြင်းကို "ဗုဒ္ဓကောလာဟလ"ဟု ခေါ်သည်။

(၄) သုဒ္ဓါဝါသာ ဧဝ ဒေဝါ ဒေဝမနုဿာနံ စိတ္တံ ဉတွာ "ဒွါဒသန္နံ ဝဿာနံ အစ္စယေန သမ္မာသမ္ဗုဒ္ဓေါ မင်္ဂလံ ကထေဿတီ"တိ မနုဿပထေ ဝိစရိတွာ အာရောစေန္တိ။ ဣဒံ မင်္ဂလကောလာဟလံ နာမ။

(၄) မင်္ဂလကောလာဟလ။ ။ သုဒ္ဓါဝါသဗြဟ္မာကြီးတို့သည်ပင် (မင်္ဂလာတရားကို လိုလားတောင့်တကြသည့်)လူတို့၏စိတ်အကြံကို သိကြကုန်၍ "(ယနေ့မှ နောက်) တစ်ဆယ့်နှစ်နှစ်စေ့ရောက်သောအခါ၌ မင်္ဂလာတရားတော်ကို သမ္မာသမ္ဗုဒ္ဓဘုရားရှင်သည် ဟောကြားတော်မူလိမ့်မည်"ဟု လူတို့သွားလာရာ ခရီးလမ်းတို့၌ လှည့်လည်ကြွေးကြော်ကြကုန်၏။ ဤသို့ "မင်္ဂလာတရားတော်ကို ဘုရားရှင် ဟောကြားတော်မူမည်တဲ့...မင်္ဂလာတရားတော်ကို ဘုရားရှင် ဟောကြားတော်မူမည်တဲ့"ဟူ၍ လူအများစုရုံးလျက် နေရာအနှံ့အပြား၌ မင်္ဂလာတရားနှင့်ပတ်သက်၍ အုတ်အုတ်ကျက်ကျက် ပြောဆိုကြခြင်းကို "မင်္ဂလကောလာဟလ"ဟု ခေါ်သည်။

(၅) သုဒ္ဓါဝါသာ ဧဝ ဒေဝါ "သတ္တန္နံ ဝဿာနံ အစ္စယေန အညတရော ဘိက္ခု ဘဂဝတာ သဒ္ဓိံ သမာဂမ္မ မောနေယျပ္ပဋိပဒံ ပုစ္ဆိဿတီ"တိ မနုဿပထေ ဝိစရိတွာ အာရောစေန္တိ။ ဣဒံ မောနေယျကောလာဟလံ နာမ။ (ခုဒ္ဒကပါဌဋ္ဌကထာ၊ ၁၀၁-၁၀၂။ သုတ္တနိ၊ဋ္ဌ၊၂၊၃ ၄။)

(၅) မောနေယျကောလာဟလ။ ။ သုဒ္ဓါဝါသဗြဟ္မာကြီးတို့သည်ပင် "(ယနေ့မှနောက်) ခုနစ်နှစ်စေ့ရောက်သောအခါ၌ ရဟန်းတော်တပါးသည် ဘုရားရှင်ထံ ချဉ်းကပ်၍ မောနေယျအကျင့် ပဋိပတ်ကို မေးလျှောက်လိမ့်မည်"ဟု လူတို့သွားလာရာ ခရီးလမ်း၌ လှည့်လည်ကြွေးကြော်ကြကုန်၏။ ဤသို့ မောနေယျအကျင့် ပဋိပတ်နှင့်စပ်သော စကားကို နေရာအနှံ့အပြား၌ လူအများစုရုံးကာ အုတ်အုတ်ကျက်ကျက်ပြောဆိုကြခြင်းကို "မောနေယျကောလာဟလ"ဟု ခေါ်သည်။

အပဒါနဋ္ဌကထာ, ဇာတကဋ္ဌကထာ, ဗုဒ္ဓဝံသဋ္ဌကထာ, သဂါထာဝဂ္ဂသံယုတ္တဋ္ဌကထာတို့၌ကား ကောလာဟလ၃-ပါးသာ လာသည်။

(၁) ကပ္ပကောလာဟလ=ကမ္ဘာမပျက်မီ အနှစ်တစ်သိန်းက လောကဗျူဟာမည်သော ကာမာဝစရနတ်တို့က ကမ္ဘာပျက်တော့မည်အကြောင်း ကြွေးကြော်ထားခြင်း။

(၂) ဗုဒ္ဓကောလာဟလ=ဘုရားရှင်မပွင့်မီ အနှစ်တစ်ထောင်က လောကပါလနတ်တို့က သဗ္ဗညုဘုရားရှင်ပွင့်တော့မည် အကြောင်းကြွေးကြော်ထားခြင်း။

(၃) စက္ကဝတ္တိကောလာဟလ=စကြာဝတေးမင်းမဖြစ်ပေါ်မီ အနှစ်တစ်ရာက နတ်တို့က စကြာဝတေးမင်းပေါ်တော့မည် အကြောင်းကြွေးကြော်ထားခြင်း။

လောကသ္မိံ ဟိ တီဏိ ကောလာဟလာနိ မဟန္တာနိ ဥပ္ပဇ္ဇန္တိ ကပ္ပကောလာဟလံ ဗုဒ္ဓကောလာဟလံ စက္ကဝတ္တိကောလာဟလန္တိ။ တတ္ထ (၁) "ဝဿသတသဟဿစ္စယေန ကပ္ပုဋ္ဌာနံ ဘဝိဿတီ"တိ လောကဗျူဟာ နာမ ကာမာဝစရဒေဝါ မုတ္တသိရာ ဝိကိဏ္ဏကေသာ ရုဒမုခါ(ရုဒမ္မုခါ၊သီ၊ ဣ) အဿူနိ ဟတ္ထေဟိ ပုဉ္ဆမာနာ ရတ္တဝတ္ထနိဝတ္ထာ အတိဝိယ ဝိရူပဝေသဓာရိနော ဟုတွာ မနုဿပထေ ဝိစရန္တာ ဧဝံ အာရောစေန္တိ "မာရိသာ ဣတော ဝဿသတသဟဿဿ စ ယေန ကပ္ပုဋ္ဌာနံ ဘဝိဿတိ၊ အယံ လောကော ဝိနဿိဿတိ၊ မဟာသမုဒ္ဒေါပိ သုဿိဿတိ၊ အယဉ္စ မဟာပထဝီ သိနေရု စ ပဗ္ဗတရာဇာ ဥဍ္ဍယှိဿန္တိ ဝိနဿိဿန္တိ၊ ယာဝဗြဟ္မလောကာ လောကဝိနာသော ဘဝိဿတိ၊ မေတ္တံ မာရိသာ ဘာဝေထ၊ ကရုဏံ၊ မုဒိတံ၊ ဥပေက္ခံ မာရိသာ ဘာဝေထ၊ မာတရံ ဥပဋ္ဌဟထ၊ ပိတရံ ဥပဋ္ဌဟထ၊ ကုလေ ဇေဋ္ဌာပစာယိနော ဟောထာ"တိ။ ဣဒံ ကပ္ပကောလာဟလံ နာမ။

(၂) "ဝဿသဟဿစ္စယေန ပန သဗ္ဗညုဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇိဿတီ"တိ လောကပါလဒေဝတာ "ဣတော မာရိသာ ဝဿသဟဿစ္စယေန သဗ္ဗညုဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇိဿတီ"တိ ဥဃ္ဃောသေန္တိယော အာဟိဏ္ဍန္တိ။ ဣဒံ ဗုဒ္ဓကောလာဟလံ နာမ။

(၃) "ဝဿသတဿစ္စယေန စက္ကဝတ္တိရာဇာ ဥပ္ပဇ္ဇိဿတီ"တိ ဒေဝတာယော "ဣတော မာရိသာ ဝဿသတစ္စယေန စက္ကဝတ္တိရာဇာလောကေ ဥပ္ပဇ္ဇိဿတီ"တိ ဥဃ္ဃောသေန္တိယော အာဟိဏ္ဍန္တိ။ ဣဒံ စက္ကဝတ္တိကောလာဟလံ နာမ။(အပဒါန၊ ဋ္ဌ၊၁၊၅၈-၅၉။)

ဇာတကဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၅၆,၅၇ တို့၌လည်း အလားတူပင်တည်း။ ဝဿသတသဟဿဿ အစ္စယေန..... ဝဿသဟဿဿ အစ္စယေန.....ဝဿသတဿ အစ္စယေန-မျှသာ ထူး၏။

လောကသ္မိံ ဟိ တီဏိ ကောလာဟလာနိ ဥပ္ပဇ္ဇန္တိ။ သေယျထိဒံ? ကပ္ပကောလာဟလံ ဗုဒ္ဓကောလာဟလံ စက္ကဝတ္တိကောလာဟလန္တိ။ တတ္ထ (၁) "ဝဿသတသဟဿဿ အစ္စယေန ကပ္ပုဋ္ဌာနံ ဘဝိဿတီ"တိ .....မာတရံ, ပိတရံ ဥပဋ္ဌဟထ၊ ကုလေ ဇေဋ္ဌာပစာယိနော ဟောထာ"တိ။ ဣဒံ ကပ္ပကောလာဟလံ နာမ။

(၂) ဝဿသဟဿဿ အစ္စယေန ပန သဗ္ဗညုဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇိဿတိ"တိ လောကပါလဒေဝတာ "ဣတော မာရိသာ ဝဿသဟဿဿ အစ္စယေန ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇိဿတိ"တိ ဥဃ္ဃေါသေန္တိယော အာဟိဏ္ဍန္တိ။ ဣဒံ ဗုဒ္ဓကောလာဟလံ နာမ။

(၃) "ဝဿသတဿ အစ္စယေန စက္ကဝတ္တိရာဇာ ဥပ္ပဇ္ဇိဿတီ"တိ ဒေဝတာ "ဣတော မာရိသာ ဝဿသတဿ အစ္စယေန စက္ကဝတ္တိရာဇာ ဥပ္ပဇ္ဇိဿတီ"တိ ဥဂ္ဃေါသေန္တိယော အာဟိဏ္ဍန္တိ။ ဣဒံ စက္ကဝတ္တိကောလာဟလံ နာမ။ (ဗုဒ္ဓဝံသ၊ ၄၊ ၃၁၇။)

ကပ္ပကောလာဟလံ ဗုဒ္ဓကောလာဟလံ စက္ကဝတ္တိကောလာဟလန္တိ တီဏိ ကောလာဟလာနိ။ တတ္ထ (၁) "ဝဿသတ သဟဿမတ္တကေ ကပ္ပုဋ္ဌာနံ ဘဝိဿတီ"တိ ကပ္ပကောလာဟလံ နာမ ဟောတိ၊ "ဣတော ဝဿသတသဟဿမတ္တကေ လောကော ဝိနဿိဿတိ၊ မေတ္တံ မာရိသာ ဘာဝေထ၊ ကရုဏံ မုဒိတံ ဥပေက္ခ"န္တိ မနုဿပထေ ဒေဝတာ ဃောသေန္တိယော ဝိစရန္တိ။ (၂) "ဝဿ သဟဿမတ္တကေ ပန ဗုဒ္ဓေါ ဥပ္ပဇ္ဇိဿတီ"တိ ဗုဒ္ဓကောလာဟလံ နာမ ဟောတိ၊ "ဣတော ဝဿသဟဿမတ္တကေ ဗုဒ္ဓေါ ဥပ္ပဇ္ဇိတွာ ဓမ္မာနုဓမ္မပဋိပဒံ ပဋိပန္နေန သံဃရတနေန ပရိဝါရိတော ဓမ္မံ ဒေသေန္တော ဝိစရိဿတီ"တိ ဒေဝတာ ဥဃ္ဃေါသေန္တိ။ (၃) "ဝဿသတ မတ္တကေ ပန စက္ကဝတ္တီ ဥပ္ပဇ္ဇိဿတီ"တိ စက္ကဝတ္တိကောလာဟလံ နာမ ဟောတိ၊ "ဣတော ဝဿသတမတ္တကေ သတ္တရတနသမ္ပန္နော စတုဒ္ဒီပိဿရော သဟဿ(ပရောသဟဿ၊သျာ)ပုတ္တပရိဝါရော ဝေဟာသင်္ဂမော စက္ကဝတ္တိရာဇာ ဥပ္ပဇ္ဇိဿတီ"တိ ဒေဝတာ ဥဃ္ဃေါသေန္တိ။

(သဂါထာဝဂ္ဂဋ္ဌကထာ၊ ၁၂၀။)

ဆောင်ပုဒ်။ ။ ကမ္ဘာမှာ သိန်းထား၊ ဘုရားမှာ တစ်ထောင်၊ စကြာမှာ တစ်ရာ၊ မင်္ဂလာမှာ ဆယ့်နှစ်နှစ်၊ မောနေယျမှာ ခုနစ်နှစ် ကျော်စေ ဤသို့ဖြစ်။

* * * * *

## စေတီနှင့်စပ်သွယ် သိမှတ်ဖွယ်

စေတီ ဟူသည် စေတိယ ဟူသော ပါဠိစကားမှ ဆင်းသက်လာ၍ လူတို့၏အမြတ်တနိုးပူဇော်ရာ ကိုးကွယ်ရာဌာန ဟု ဆိုလိုသည်။ ဘုရားရှင်၏စေတီကိုခွင့်ပြုတော်မူခြင်းအကြောင်းရင်းကား...ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့ကို ချီးမြှောက်ရန်အလို့ငှာ ဘုရားရှင်ဒေသ စာရီ ကြွချီတော်မူစဉ် သာဝတ္ထိမြို့သားတို့သည် နံ့သာ ပန်းစသည် လက်စွဲကုန်လျက် ဇေတဝန်ကျောင်းတော်သို့ လာကြရာ တစ်စုံတစ်ခု ပူဇော်ရာကို မရသောကြောင့် ဝမ်းပန်းတသာ မရှိကြပဲ နံ့သာပန်းစသည်တို့ကို ဂန္ဓကုဋိတံခါးဝ၌ ပစ်ချထားလျက် ပြန်သွားကြတာကို တွေ့ရသော အနာထပိဏ်သူဌေးက ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ အရှင်အာနန္ဒာထေရ်အား..."အရှင်ဘုရား၊ ဤကျောင်းတော်သည် မြတ်စွာဘုရား ဒေသစာရီကြွချီတော်မူသောအခါ အထောက်အပံ့မှကင်းသည်ဖြစ်၍ လူတို့၏ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်အပ်သော အရာသည်မရှိဖြစ်နေပါသည်၊ တပည့်တော် တောင်းပန်ပါ၏...မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၍ တစ်စုံတစ်ခုပူဇော်အပ်သောအရာရှိသည်၏အဖြစ်ကို သိတော်မူပါကုန်လော့"ဟု လျှောက်ထားလေသည်။

အရှင်အာနန္ဒာထေရ်က "ကောင်းပြီ"ဟု ဝန်ခံပြီးနောက် ဘုရားရှင်အား ပူဇော်ဖွယ်ရာ စေတီများကို လျှောက်ထားသည့်အခါ ဘုရားရှင်က စေတီ၃ မျိုးခွင့်ပြုတော်မူခဲ့ပါသည်။

(၁) သာသီရိကစေတီ=ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ကြွင်းကျန်သော အရိုးတော်ဓာတ်များ။ (သာသီရိကစေတီကို သရီရစေတီဟူ၍လည်းကောင်း, ဓာတုစေတီ, ဓာတုကစေတီဟူ၍လည်းကောင်း ခေါ်ကြသည်)။

(၂) ပါရိဘောဂိကစေတီ=ဘုရားရှင်၏အသုံးအဆောင် သပိတ် သင်္ကန်းတော်များနှင့် ဗောဓိပင်။ (ပါရိဘောဂိကစေတီကို ပရိဘောဂစေတီဟူ၍လည်းကောင်း, ပရိဘောဂိကစေတီဟူ၍လည်းကောင်း ခေါ်ပသည်)။

(၃) ဥဒ္ဒိဿကစေတီ=သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်မှန်း၍ ဘုရားရှင်ပုံတော်၏အတုပြုလုပ်အပ်သော ရုပ်ပွား ဆင်းတုတော်များ။ (ဥဒ္ဒိဿကစေတီကို ဥဒ္ဒိဿစေတီ ဟူ၍လည်း ခေါ်ပါသည်)။

အရှင်အာနန္ဒာထေရ်က "အရှင်ဘုရားတို့ သက်တော်ထင်ရှား ရှိကြစဉ်မှာသာ ယင်းစေတီတို့ကို ပြုခြင်းငှာ တတ်ကောင်းပါအံ့လော?"ဟု လျှောက်ထားသောအခါ ဘုရားရှင်က "ဤသာသီရိကစေတီကို ပြုခြင်းငှာ မတတ်ကောင်း၊ ဘုရားရှင်တို့ ပရိနိဗ္ဗာန်စံပြီးနောက်မှသာ ပြုခြင်းငှာ တတ်ကောင်းသည်၊ ပါရိဘောဂိကစေတီ, ဥဒ္ဒိဿကစေတီတို့ကိုကား ဘုရားရှင်ဟို့ ထင်ရှားရှိစဉ်မှာပင်လျှင် ပြုခြင်းငှာ တတ်ကောင်းသည်၊ ဘုရားရှင်တို့အသုံးအဆောင်တော်ဖြစ်သော မဟာဗောဓိပင်သည် ဘုရားရှင်တို့ ထင်ရှားရှိကုန်သော်လည်း စေတီသာလျှင်တည်း"ဟုမိန့်တော်မူသည်။

## ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ

အရှင်အာနန္ဒာထေရ်က "အရှင်ဘုရား အရှင်ဘုရားတို့ ဒေသစာရီ ကြွချီတော်မူသည်ရှိသော် ဇေတဝန်ကျောင်းတော်သည် ကိုးကွယ်ရာ မရှိဖြစ်၍ လူများသည် ပူဇော်အပ်သောအရာကို မရကြပါ၊ မဟာဗောဓိပင်မှ မျိုးစေ့ကို ယူ၍ ဇေတဝန်ကျောင်းတော် တံခါး၌ စိုက်ပါအံ့"ဟု လျှောက်ထားသည်ရှိသော် ဘုရားရှင်က "ဇေတဝန်ကျောင်းတော်၌ ငါဘုရား အမြဲနေသကဲ့သို့ ဖြစ်လိမ့်မည်"ဟု မိန့်တော်မူလေသည်။

ဤကား ဇာတကဋ္ဌကထာ, တေရသကနိပါတ်, ကာလိင်္ဂဗောဓိဇာတ်၌လာသော "စေတီတော်"အကြောင်းတည်း။

ဝေနေယျသင်္ဂဟတ္ထာယ ဟိ တထာဂတေ ဇနပဒစာရိကံ ပက္ကန္တေ သာဝတ္ထိဝါသိနော ဂန္ဓမာလာဒိဟတ္ထာ ဇေတဝနံ ဂန္တွာ အညံ ပူဇနီယဋ္ဌာနံ အလဘိတွာ ဂန္ဓကုဋိဒွါရေ ပါတေတွာ ဂစ္ဆန္တိ၊ တေ ဥဠာရပါမောဇ္ဇာ န ဟောန္တိ။ တံ ကာရဏံ ဉတွာ အနာထ ပိဏ္ဍိကော တထာဂတဿ ဇေတဝနံ အာဂတကာလေ အာနန္ဒတ္ထေရဿ သန္တိကံ ဂန္တွာ "ဘန္တေ အယံ ဝိဟာရော တထာဂတေ စာရိကံ ပက္ကန္တေ နိပ္ပစ္စယော ဟောတိ၊ မနုဿာနံ ဂန္ဓမာလာဒီဟိ ပူဇနီယဋ္ဌာနံ န ဟောတိ၊ သာဓု ဘန္တေ တထာဂတဿ ဣမမတ္ထံ အာရောစေတွာ ဧကဿ ပူဇနီယဋ္ဌာနဿ သက္ကုဏေယျဘာဝံ ဇာနာထာ"တိ အာဟ။ သော "သာဓူ"တိ သမ္ပဋိစ္ဆိတွာ တထာဂတံ ပုစ္ဆိ "ကတိ နု ခေါ ဘန္တေ စေတိယာနီ"တိ။ တီဏိ အာနန္ဒာတိ။ ကတမာနိ ဘန္တေ တီဏီတိ။ သာရီရိကံ ပါရိဘောဂိကံ (ပရိဘောဂိယံ၊က) ဥဒ္ဒိဿကန္တိ။ သက္ကာ ပန ဘန္တေ တုမှေသု ဓရန္တေသုယေဝ စေတိယံ ကာတုန္တိ။ အာနန္ဒ သာရီရိကံ ပန န သက္ကာ ကာတုံ။ တဉှိ ဗုဒ္ဓါနံ ပရိနိဗ္ဗာနကာလေ ဟောတိ၊ ဥဒ္ဒိဿကံ အဝတ္ထုကံ မမာယနမတ္တမေဝ (ဥဒ္ဒိဿကံ ပရိဘောဂိယဉ္စ သက္ကာ၊က) ဟောတိ၊ ဗုဒ္ဓေဟိ ပရိဘုတ္တော မဟာဗောဓိရုက္ခော ဗုဒ္ဓေသု ဓရန္တေသုပိ စေတိယမေဝါတိ။ ဘန္တေ တုမှေသု ပက္ကန္တေသု ဇေတဝနဝိဟာရော အပ္ပဋိသရဏော ဟောတိ၊ မဟာဇနော ပူဇနီယဋ္ဌာနံ န လဘတိ၊ မဟာဗောဓိတော ဗီဇံ အာဟရိတွာ ဇေတဝနဒွါရေ ရောပေဿာမိ ဘန္တေ တိ။ သာဓု အာနန္ဒ ရောပေဟိ၊ ဧဝံ သန္တေ ဇေတဝနေ မမ နိဗဒ္ဓဝါသော ဝိယ ဘဝိဿတီတိ။ (ဇာ၊ ဋ္ဌ၊ ၄၊ ၂၂၈ ၂၂၉။)

ခုဒ္ဒကပါဌအဋ္ဌကထာ၌ကား (၁) ပရိဘောဂစေတီ -ဟူသည် ဗောဓိပင်တည်း။

(၂) ဥဒ္ဒိဿကစေတီ -ဟူသည် ဘုရားဆင်းတုတော်တည်း။

(၃) ဓာတုကစေတီ -ဟူသည် ဓာတ်တော်ဌာပနာထားသော စေတီပုထိုးတည်း။

စယိတဗ္ဗန္တိ စေတိယံ၊ ပူဇေတဗ္ဗန္တိ ဝုတ္တံ ဟောတိ၊ စိတတ္တာ ဝါ စေတိယံ။ တံ ပနေတံ စေတိယံ တိဝိဓံ ဟောတိ ပရိဘောဂစေတိယံ ဥဒ္ဒိဿကစေတိယံ ဓာတုကစေတိယန္တိ။ တတ္ထ ဗောဓိရုက္ခော ပရိဘောဂစေတိယံ၊ ဗုဒ္ဓပဋိမာ ဥဒ္ဒိဿကစေတိယံ၊ ဓာတုဂဗ္ဘထူပါ သဓာတုကာ ဓာတုကစေတိယံ။ (ခုဒ္ဒကပါဋ္ဌ၊ ဋ္ဌ၊ ၁၈၈။)

ဓမ္မပဒဋ္ဌကထာ, ကဿပမြတ်စွာဘုရား၏ရွှေစေတီဝတ္ထု၌ကား မဟာပရိနိဗ္ဗာနသုတ်လာ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ သာဝက, စကြဝတေးမင်းဟုဆိုအပ်သော လေးဦးသော စေတီထိုက်သူတို့ကို ဟောပြတော်မူပြီးလျှင်...

(၁) သရီရစေတီတော်=ကိုယ်တော်ဓာတ်တော်၊

(၂) ဥဒ္ဒိဿစေတီတော်=ရုပ်ပွါးဆင်းတုတော်၊

(၃) ပရိဘောဂစေတီတော်=သင်္ကန်းသပိတ်စသောပရိက္ခရာနှင့်သုံးဆောင်ရာဗောဓိပင်၊

ဟူသောစေတီတော် ၃ မျိုးတို့ကို ဟောပြတော်မူပြီးနောက် သက်တော်ထင်ရှား ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာသာဝကတို့ကိုဖြစ်စေ, ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသော ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့ကိုဖြစ်စေ ပူဇော်သောသူမှာ ကောင်းမှုအကျိုး ကြီးမားကြောင်း ဟောတော်မူလေသည်။

မဟာပရိနိဗ္ဗာနသုတ္တေ(ဒီ၊ ၂၊ ၁၁၇) ဒသိတနယေနေဝ ဗုဒ္ဓါဒိကေ စတ္တာရော ထူပါရဟေ ပကာသေတွာ သရီရစေတိယံ ဥဒ္ဒိဿစေတိယံ ဘောဂစေတိယန္တိ တီဏိ စေတိယာနိ ဝိသေသတော ပရိဒီပေတွာ ဣမာ ဂါထာ အဘာသိ

၁၉၅။ "ပူဇာရဟေ ပူဇယတော၊ ဗုဒ္ဓေ ယဒိ ဝ သာဝကေ။

ပပဉ္စသမတိက္ကန္တေ၊ တိဏ္ဏသောကပရိဒ္ဒဝေ။

၁၉၆။ တေ တာဒိသေ ပူဇယတော၊ နိဗ္ဗုတေ အကုတောဘယေ။

န သက္ကာ ပုညံ သင်္ခါတုံ၊ ဣမေတ္တမပိ ကေနစီ"တိ(ခု၊ ၃၊ ၁၄၇=အပဒါန)။

ပူဇာရဟေ ပူဇော်ခြင်းငှာ ထိုက်ကုန်သော၊ ပပဉ္စသမတိက္ကန္တေ တဏှာ ဒိဋ္ဌိ မာနဟူသော သံသရာနယ်ချဲ့ တရားသုံးပါးတို့ကို လွန်မြောက်ပြီးကုန်သော၊ ဗုဒ္ဓေဝါ သဗ္ဗညုဘုရားရှင်တို့ကိုလည်းကောင်း၊ ယဒိဝါ -ထိုမှတပြာ ပစ္စေကဗုဒ္ဓါတို့ကိုလည်းကောင်း၊ သာဝကေဝါ ဘုရားတပည့်သား ရဟန္တာသာဝကတို့ကိုလည်းကောင်း၊ ပူဇယတောစ ပူဇော်သောသူ၏လည်းကောင်း၊ တာဒိသေ -ထိုသို့ ဆိုအပ်ပြီးသော သဘောရှိကုန်သော၊ နိဗ္ဗုတေ ကိလေသာမီးငြိမ်း၍ နိဗ္ဗာန်စံလွန်တော်မူပြီးကုန်သော၊ အကုတောဘယေ ဘဝအာရုံ တစ်စုံတစ်ခုမှ ဘေးရန်မခကုန်သော၊ တေ ထိုဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့ကို၊ ပူဇယတောစ ပူဇော်သောသူ၏လည်းကောင်း၊ ပုညံ ကောင်းမှုကို၊ ဇွတ္တံ

အကျိုးဤမျှရှိ၏၊ ဣတိ -ဤသို့၊ ကေနစိပိ-ဗြဟ္မာနတ်လူ တစ်စုံတစ်ယောက်သောသူသည်လည်း၊ တနည်းကား၊ ကေနစိပိ တစ်စုံတစ်ခုသော မှန်းဆခြင်း, ချိန်ဖြင့် ချိန်ခြင်း, ခွက်ဖြင့် ချင့်ခြင်းအားဖြင့်လည်း၊ သင်္ခါတုံ အကျိုးအာနိသင်အားဖြင့် ရေတွက်ခြင်းငှာ၊ န သက္ကာ မတတ်ကောင်းပါ။ [ဣမံ ပုညံ -ဤကောင်းမှုကို၊]

**ရွှေဝါရောင်နတ်သမီး။** ။ ရာဇဂြိုဟ်ပြည်သူ အမျိုးသမီးတယောက်သည် အဇာတသတ်မင်းတည်ထားကိုးကွယ်အပ်သော စေတီတော်ကို ရည်မှတ်၍ သပွတ်ခါးနွယ်ပန်းလေးပွင့်ကို လှူဒါန်းပူဇော်ရန်အသွား လမ်းခရီးအကြား၌ နွားမငယ်ခတ်၍ အသက်ကုန်ဆုံးကာ တာဝတိံသာနတ်ပြည်၌ ရွှေဝါရောင်အဝတ်တန်ဆာ အဖြာဖြာတို့ဖြင့် ရွှေဝါရောင်ပြာသာဒ်ကြီးတွင် ခံစားရသော နတ်သမီးဖြစ်ရလေသည်။ (ဝိမာနဝတ္ထု၊ပီတဝိမာနဝတ္ထု၊ဖြေ။ ၄၊ ၁၈၄။)

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတောပဏိဓိဟေတု ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ ။
(ဝိမာနဝတ္ထု၊ ပီတဝိမာနဝတ္ထု၊ ဖြေ။)

တိဋ္ဌန္တေစာပိ -သက်တော်ထင်ရှားရှိတော်မူသည် မြတ်စွာဘုရား၌သော်လည်းကောင်း၊ နိဗ္ဗုတေစာပိ -ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည်ဘုရားရှင်၏ဓာတ်တော် မွေတော်၌သော်လည်းကောင်း၊ စိတ္တေ -သဒ္ဓါယိုဖိတ် ကြည်ညိုသောစိတ်သည်၊ သမေ -တူမျှသည်ရှိသော်၊ သမံ -တူညီမျှသော၊ ဖလံ -ဆင့်ဆင့်ပွားတိုး ကောင်းမြတ်သော အကျိုးကို၊ (ဒေတိ -စင်စစ်မှန်စွာ ပေးစွမ်းနိုင်ပါ၏၊) ဝါ သမံ ဖလံ အကျိုးပေးဟန် အတန်တန်လည်း ကေန်ညီမျှ တန်းတူရလေတော့၏၊ ဟိ -ထိုစကားမှန်လှပေ၏၊ စေတောပဏိဓိဟေတု -မိမိ၏စိတ်ကို ကောင်းစွာထားခြင်းဟူသောအကြောင်းကြောင့်၊ သတ္တာ -သူငါကစ သတ္တဝါမှန်သမျှတို့သည်၊ သုဂတိံ -ကောင်းသောလားရာဌာန သုဂတိဘဝသို့၊ ဂစ္ဆန္တိ ကေန်ထုတ်ချောက် လားရောက်ကြရကုန်၏။

ဆောင်ပုဒ်။ ။ သက်တော်ထင်ရှား၊ မထင်ရှား၊ ဘုရား ဂုဏ်ကိုရည်။
ကြည်ညိုစိတ်ထား၊ တူလျှင်ကား၊ ရငြား ကျိုးတူသည်။
သေလွန်သောခါ၊ ထက်နတ်ရွာ၊ သေချာ ရောက်လိမ့်မည်။

သာရတ္ထဒီပနီဋီကား၌ကား (၁) ပရိဘောဂစေတီ=ဘုရားရှင်၏သုံးဆောင်တော်မူအပ်သော(သပိတ် သင်္ကန်း ဖောင်ပင်စသော) အသုံးအဆောင်များ၊ ယင်းအသုံးအဆောင်တို့ကို ဌာပနာ၍ တည်ထားအပ်သောစေတီ။
(၂) ဓာတုစေတီ=(ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသော) ဘုရားရှင်၏ဓာတ်တော်များ၊ ယင်းဓာတ်တော်တို့ကို ဌာပနာ၍ တည်ထားအပ်သောစေတီ။
(၃) ဓမ္မစေတီ=ပဋိစ္စသမုပ္ပါဒ်စသည်တို့ကို ရေးသားထားသော ပေ, စာအုပ်များ၊ ယင်းစာအုပ်တိုကို ဌာပနာ၍ ထည်ထားအပ်သောစေတီ။

ထို့ပြင် (၁) သာသီရိက, ပရိဘောဂိက, ဥဒ္ဒိဿက ဟူ၍လည်း စေတီ၃ မျိုးကို ဆိုကြပါသည်။ သာသီရိကစေတီသည် ဓာတုစေတီနှင့်တူ၏၊ ပရိဘောဂိကစေတီသည် ပရိဘောဂစေတီနှင့်တူ၏၊ ဥဒ္ဒိဿကစေတီကား ဘုရားရှင်၏ကိုယ်တော်စား ရုပ်ပွါးဆင်းတုတော်များပင်တည်း။

ပရိဘောဂစေတီယဋ္ဌာနန္တိ ဧတ္ထ ပရိဘုတ္တုပ္ပကရဏာနိ နိဒဟိတွာ ကတံ စေတိယံ ပရိဘောဂစေတိယန္တိ ဒဋ္ဌဗ္ဗံ။ တိဝိဓဉှိ စေတိယံ ဝဒန္တိ ပရိဘောဂစေတိယံ ဓာတုစေတိယံ ဓမ္မစေတိယန္တိ။ တတ္ထ ပရိဘောဂစေတိယံ ဝုတ္တနယမေဝ။ ဓာတုစေတိယံ ပန ဓာတုယော နိဒဟိတွာ ကတံ။ ပဋိစ္စသမုပ္ပါဒါဒိလိခိတပေါတ္ထကံ နိဒဟိတွာ ကတံ ပန ဓမ္မစေတိယံ နာမ။ သာသီရိကံ ပရိဘောဂိကံ ဥဒ္ဒိဿကန္တိ ဝေမ္ပိ တိပ္ပဘေဒံ စေတိယံ ဝဒန္တိ။ အယံ ပန ပဘေဒေါ ပဋိမာရူပဿပိ ဥဒ္ဒိဿကစေတိယေနေဝ သင်္ဂဟိတတ္တာ သုဋ္ဌုတရံ ယုဇ္ဇတိ။ (သာရတ္ထ၊ ၁၊ ၁၇၂။)

ဆောင်ပုဒ်များ။ ။ ၁။ ပရိနိဗ္ဗာန်၊ ကြွဝင်စံ၊ ကြွင်းကျန် ဓာတ်တော်များ။
ဓာတုစေတီ၊ ခေါ်ပါသည်၊ ရှင်ကြည် သဒ္ဓါပွား။
၂။ ဗုဒ္ဓရှင်တော်၊ ဟောမြွက်ဖော်၊ သုံးဘော် ပိဋကများ။
ဓမ္မစေတီ၊ ခေါ်ပါသည်၊ ဉာဏ်မှီ ယှူသုံးစား။

၃။ မြတ်စွာဘုန်းခေါင်၊ သုံးအဆောင်၊ ပင်ညောင် ဗောဓိများ။
သက်န်းသပိတ်၊ ပရိက္ခရာ၊ စုံလင်စွာ၊ သုံးရာ အဆောင်များ။
ဓာတ်တော်စစ္စာ၊ ကိန်းဝပ်ရာ၊ နေရာ ကျောင်းကန်များ။
ပရိဘောဂခေါ်၊ စေတီတော်၊ ပူဇော် ကုသိုလ်ပွား။
၄။ ဗုဒ္ဓပုံဟန်၊ ကိုယ်စားဖန်၊ ထုပြန် ဆင်းတုများ။
ဥဒ္ဒိဿခေါ်၊ စေတီတော်၊ ဖူးမျှော် အကျိုးများ။
၅။ လေးမျိုးစေတီ၊ ဂုဏ်တော်မှီ၊ ရွယ်ရည် ကိုးကွယ်ငြား။
သုဂတိမည်၊ ထက်နတ်ပြည်၊ ရောက်မည် မှန်တရား။
(ဓမ္မာနန္ဒဝတ်ရွတ်စဉ်။)

အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏"ရတနာ့ဂုဏ်ရည်"(၁၈ ၁၉)တို့၌လည်း ထိုစေတီ ၄-ပါးအကြောင်းတို့ကို ကြည့်ရှုနိုင်ပါသည်။

## နက္ခတ္တပရိစ္ဆေဒခေါ် နေ့ထူးများနှင့်စပ်သွယ် သိမှတ်ဖွယ်

ဘုရားအလောင်းတော်သည် ဥတ္တရာသဠ်နက္ခတ်နှင့်စန်းယှဉ်သော ဝါဆိုလပြည့်နေ့၌ ပဋိသန္ဓေတည်နေခြင်း, တောထွက်တော်မူခြင်း, ဘုရားဖြစ်၍ ဓမ္မစကြာတရားဦးဟောခြင်း, ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာပြခြင်းတို့ကို ပြုလုပ်လေသည်။

မဟာပုရိသော ပန ဥတ္တရာသဠ္ဌနက္ခတ္တေနေဝ မာတုကုစ္ဆိံ ဩက္ကမိ၊ မဟာဘိနိက္ခမနံ နိက္ခမိ၊ ဓမ္မစက္ကံ ပဝတ္တေသိ၊ ယမက ပါဋိဟာရိယံအကာသိ။ (ဗုဒ္ဓဝံသ၊ ဠ၊ ၃၅၁။)

ဆောင်ပုဒ်။ ။ သန္ဓေ, တောထွက်၊ ဓမ္မစက်၊ ယမက်ပြာဋိဟာ။
ဝါဆိုလပြေ့၊ ဖြစ်တော်နေ့၊ ထူးပေ့ မှတ်ဖွယ်ပါ။

ဘုရားအလောင်းတော်သည် ဝိသာခါနက္ခတ်နှင့်စန်းယှဉ်သော ကဆုန်လပြည့်နေ့၌ ဖွားမြင်တော်မူခြင်း, သစ္စာသိမြင်၍ ဘုရားဖြစ်တော်မူခြင်း, ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းတို့ ဖြစ်၏။

ဝိသာခနက္ခတ္တေန ဇာတော စ အဘိသမ္ဗုဒ္ဓေါ စ ပရိနိဗ္ဗုတော စ။ (ဗုဒ္ဓဝံသ၊ ဠ၊ ၃၅၁။)

ဆောင်ပုဒ်။ ။ ဖွား, သစ္စာမြင်၊ နိဗ္ဗာန်ဝင်၊ သုံးအင်ဖြစ်ရပ်မှာ။
ကဆုန်လပြေ့၊ ဗုဒ္ဓနေ့၊ ခေါ်လေ့ များသူငါ။

ဘုရားရှင်သည် မာဃနက္ခတ်နှင့်စန်းယှဉ်သော တပို့တွဲလပြည့်နေ့၌ သာဝကသန္နိပါတခေါ် သာဝကစည်းဝေးခေါ်ခြင်း, အာယုသင်္ခါရလွှတ်ခြင်းတို့ကို ပြုတော်မူသည်။

မာဃနက္ခတ္တေန တဿ သာဝကသန္နိပါတော စ အာယုသင်္ခါရဝေါဿဇ္ဇနဉ္စ အဟောသိ။ (ဗုဒ္ဓဝံသ၊ ဠ၊ ၃၅၁။)

ဆောင်ပုဒ်။ ။ သာဝကထု၊ စည်းဝေးပြု၊ အာယုသင်္ခါရာ။
တပို့တွဲလပြေ့၊ ဖြစ်ရပ်နေ့၊ မှတ်ပေ့ ပေါင်းသဟာ။

ဘုရားရှင်သည် အဿယုဇ(အဿလိဿ)နက္ခတ်နှင့်စန်းယှဉ်သော သီတင်းကျွတ်လပြည့်နေ့၌ (အဘိဓမ္မာတရားဟောပြီး၍) တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းတော်မူသည်။

အဿယုဇနက္ခတ္တေန ဒေဝေါရောဟဏံ။ အယံ နက္ခတ္တပရိစ္ဆေဒေါတိ။ (ဗုဒ္ဓဝံသ၊ ဠ၊ ၃၅၁။)

ဆောင်ပုဒ်။ ။ တာဝတိံမှ၊ ဆင်းသက်ကြွ၊ ဗုဒ္ဓရှင်တော်မှာ။
သီတင်းကျွတ်လပြေ့၊ ဝါကျွတ်နေ့၊ ဓလေ့ လှူဝေဟာ။

## အန္တရာယိကဓမ္မ ၄ ပါး

ဘုရားရှင်တို့နှင့်ပတ်သက်၍ အန္တရာယ်မပြုနိုင်ရာ လေးပါးရှိ၏....

(၁) ဘုရားရှင်တို့ကို ရည်စူး၍ ယူဆောင်အပ်သော ပစ္စည်းလေးပါးတို့ကို တစ်စုံတစ်ယောက်က အန္တရာယ်မပြုနိုင်ခြင်း။

(၂) ဘုရားရှင်တို့၏အသက်တော်ကို တစ်စုံတစ်ယောက်က အန္တရာယ်မပြုနိုင်ခြင်း။

(၃) ဘုရားရှင်တို့၏၃၂-ပါးသော ယောကျ်ားမြတ်တို့၏လက္ခဏာတော်များနှင့် ၈၀ သော လက္ခဏာတော်ငယ်များကို တစ်စုံတစ်ယောက်က အန္တရာယ်မပြုနိုင်ခြင်း။

(၄) ဘုရားရှင်၏ရောင်ခြည်တော်တို့ကို တစ်စုံတစ်ယောက်က အန္တရာယ်မပြုနိုင်ခြင်း။

သဗ္ဗဗုဒ္ဓါနံ စတ္တာရော အနန္တရာယိကာ ဓမ္မာ။ ကတမေ စတ္တာရော? ဗုဒ္ဓါနံ ဥဒ္ဒိဿ အဘိဟဋာနံ စတုန္နံ ပစ္စာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။ ဗုဒ္ဓါနံ အာယုနော န သက္ကာ ကေနစိ အန္တရာယော ကာတုံ။ ဝုတ္တဉ္စေတံ "အဋ္ဌာနမေတံ အနဝကာသော၊ ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျာ"တိ (ဝိ၊ ၄၊ ၃၅၇)။ ဗုဒ္ဓါနံ ဒွတ္တိံသမဟာပုရိသလက္ခဏာနံ အသီတိယာ အနုဗျဉ္ဇနာနဉ္စ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။ ဗုဒ္ဓရံသီနံ န သက္ကာ ကေနစိ အန္တရာယော ကာတုန္တိ။ ဣမေ စတ္တာရော အနန္တရာယိကာ ဓမ္မာ နာမာတိ။(ဗုဒ္ဓဝံသ၊ ဠ၊ ၃၅၂။) အန္တရာယံ(သီ၊ ဣ၊ က)

## ပစ္စေကဗုဒ္ဓါနှင့်စပ်သွယ် သိမှတ်ဖွယ်

ပစ္စေကဗုဒ္ဓါဖြစ်ဖို့ရန် နှစ်အသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရသည်၊ ထို့အောက် ယုတ်လျော့လျှင် ပစ္စေကဗုဒ္ဓါမဖြစ်နိုင်။

ပစ္စေကဗုဒ္ဓါဆုတောင်းပြည့်ရန် (နိယတဗျာဒိတ်ရရန်) အင်္ဂါ၅ ပါးနှင့်ပြည့်စုံဖို့လိုသည်။ ထို၅ ပါးမှာ.....

၁။ မနုဿတ္တ=လူသားစင်စစ် ဖြစ်ရခြင်း၊

၂။ လိင်္ဂသမ္ပတ္တိ=ပုရိသလိင်နှင့်ပြည့်စုံရခြင်း(ယောကျ်ားဖြစ်ရခြင်း)၊

၃။ ဝိဂတာသဝဒဿန=အာသဝေါတရားကင်းပြီးသော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့တွင် တစ်ပါးပါးကို ဖူးမြင်ရခြင်း၊

၄။ အဓိကာရ=ဘုရားရှင်စသည်အထံတော်၌ လွန်လွန်ကဲကဲ ပြုအပ်သော ကောင်းမှုရှိခြင်း၊

၅။ ဆန္ဒတာ=ပစ္စေကဗုဒ္ဓါဖြစ်ဖို့ရန် ထက်သန်သောဆန္ဒရှိခြင်း တို့တည်း။

ပစ္စေကဗုဒ္ဓါနံ ပန ကိံ စိရံ ပတ္ထနာ ဝဋ္ဋတီတိ? ပစ္စေကဗုဒ္ဓါနံ ဒွေ အသင်္ချေယျာနိ ကပ္ပသတသဟဿဉ္စ၊ တတော ဩရံ န သက္ကာ၊ ပုဗ္ဗေ ဝုတ္တနယေနေဝေတ္ထ ကာရဏံ ဝေဒိတဗ္ဗံ။ ဧတ္တကေနာပိ စ ကာလေန ပစ္စေကဗုဒ္ဓတ္တံ ပတ္ထယတော အဘိနီဟာရကရဏေ ပဉ္စ သမ္ပတ္တိယော ဣစ္ဆိတဗ္ဗာ။ တေသဉ္ဟိ

> မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဝိဂတာသဝဒဿနံ။
> အဓိကာရော စ ဆန္ဒတာ၊ ဧတေ အဘိနီဟာရကရဏာ။

ဝိဂတာသဝဒဿနန္တိ ဗုဒ္ဓပစ္စေကဗုဒ္ဓဗုဒ္ဓသာဝကာနံ ယဿ ကဿစိ ဒဿနန္တိ အတ္ထော။ (အပဒါန၊ ဠ၊ ၁၊ ၁၅၈။)

အရှင်မဟာ၊ ပစ္စေကာလည်း၊ ပါရမီဖြည့်ကိန်း၊ လွန်အပြိန်းတိ၊ တသိန်းကပ်နေ၊ နှစ်သင်္ချေမျှ။ (မဃဒေဝလင်္ကာသစ်၊၂၂၁၅။)

## သာဝကတို့နှင့်စပ်သွယ် သိမှတ်ဖွယ်

ဘုရားရှင်၏အထံ၌ဖြစ်စေ, သာဝကတစ်ပါးပါး၏အထံ၌ဖြစ်စေ သစ္စာလေးပါးကမ္မဋ္ဌာန်းတရားကို ကြားနာရပြီးမှ ရရှိအပ်သောအရဟတ္တမဂ်ဉာဏ်သည် "သာဝကဗောဓိဆု"ဖြစ်၏၊ ထိုသာဝကဗောဓိဆုပြည့်စုံကြပြီးသော သာဝကများသည်...

(၁) အဂ္ဂသာဝက=တပည့်အများတွင် အမြတ်ဆုံးဖြစ်သော သာဝက၊ ယခု ဂေါတမဘုရားရှင်လက်ထက်တော်၌ အရှင်သာရိပုတ္တနှင့် အရှင်မဟာမောဂ္ဂလ္လာန်။

(၂) မဟာသာဝက=တပည့်သာဝကကြီး၊ ယခု ဂေါတမဘုရားရှင်လက်ထက်တော်၌ အရှင်မဟာကဿပစသော ရှစ်ကျိပ်သော သာဝကကြီးများ။

(၃) ပကတိသာဝက=ရိုးရိုးတပည့်သာဝက၊ ယခု ဂေါတမဘုရားရှင်လက်ထက်တော်၌ အရှင်စက္ခုပါလစသော ရိုးရိုးသာဝကများ။

အဂ္ဂသာဝကအရှင်မြတ်တို့သည် တစ်အသင်္ချေနှင့်ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီဖြည့်ကြရသည်။

မဟာသာဝကအရှင်မြတ်တို့သည်လည်းကောင်း, ဘုရားရှင်၏မယ်တော် ခမည်းတော်တို့သည်လည်းကောင်း, အလုပ်အကျွေး

ရဟန်းတော်သည်လည်းကောင်း, သားတော်သည်လည်းကောင်း ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီဖြည့်ကြရသည်၊ ထိုအောက် ယုတ်လျော့လျှင် (မိမိတို့နှင့်သက်ဆိုင်သော အဆင့်အတန်းများကို) မရနိုင်ကြကုန်။

ထိုအဂ္ဂသာဝက, မဟာသာဝက, ဘုရားရှင်၏မယ်တော်+ခမည်းတော်, အလုပ်အကျွေးရဟန်းတော်, သားတော်ဖြစ်ကြဖို့ ဆုတောင်းပြည့်ရန် အင်္ဂါ ၂-ပါးနှင့်ပြည့်စုံကြရသည်။

၁။ အဓိကာရ=လွန်လွန်ကဲကဲ ပြုအပ်သော ကောင်းမှုရှိခြင်း၊

၂။ မိမိတို့သက်ဆိုင်ရာ ဆုရကြဖို့ရန် ထက်သန်သော ဆန္ဒရှိကြခြင်း။

"သာဝကာနံ ပတ္ထနာ ကိတ္တကံ ဝဋ္ဋတီ"တိ? ဒွိန္နံ အဂ္ဂသာဝကာနံ ဧကံ အသင်္ချေယျံ ကပ္ပသတသဟဿဉ္စ၊ အသီတိမဟာသာဝကာနံ ကပ္ပသတသဟဿမေဝ။ တထာ ဗုဒ္ဓဿ မာတာပိတူနံ ဥပဋ္ဌာကဿ ပုတ္တဿ စာတိ၊ တတော ဩရံ န သက္ကာ၊ တတ္ထ ကာရဏံ ဝုတ္တနယမေဝ။ ဣမေသံ ပန သဗ္ဗေသမ္ပိ အဓိကာရော စ ဆန္ဒတာတိ ဒွင်္ဂသမန္နာဂတောယေဝ အဘိနီဟာရော ဟောတိ။ (အပဒါန၊ ဋ္ဌ၊ ၁၊ ၁၅၈။)

ပကတိသာဝကတို့ကား ပါရမီဖြည့်ရာ၌ ကာလအပိုင်းအခြားမရှိချေ၊ ဝဋ်မှကျွတ်လွတ်ရာ မဂ်ဖိုလ်ကို တောင့်တ၍ အမှတ်မထား တစ်ပါးပါးသော ဘဝကာလမှစ၍ ကမ္ဘာအရာ အထောင် ဖြည့်ဆည်းကြရသည်။ အတ္ထသန္ဒဿက, သပရိဝါရိယစသောထေရ်တို့သည် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသည့် ပဒုမုတ္တရာဘုရားလက်ထက်မှစ၍လည်းကောင်း, အနုလေပဒါယကထေရ်သည် တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူကြသည့် အနောမဒဿီဘုရားလက်ထက်မှစ၍လည်းကောင်း, ဧကပသာဒနိယထေရ်သည် တစ်ရာ့တစ်ဆယ့်ရှစ်ကမ္ဘာထက်၌ ပွင့်တော်မူသည့်အတ္ထဒဿီဘုရားလက်ထက်မှ စ၍လည်းကောင်း, သူစိဒါယကထေရ်သည် ကမ္ဘာသုံးသောင်းထက်၌ ပွင့်တော်မူသည့် သုမေဓာဘုရားလက်ထက်မှစ၍လည်းကောင်း ပါရမီဖြည့်ခဲ့ကြကြောင်း ဆိုင်ရာ ထေရာပဒါန်၌ ပါရှိလေသည်။

(အတ္ထသန္ဒဿကတ္ထေရအပဒါန၊ အပ၊ ၁၊ ၁၈၄-၅။ သပရိဝါရိယတ္ထေရအပဒါန၊ အပ၊ ၁၊ ၁၈၉ ၁၉၀။ အနုလေပဒါယကတ္ထေရအပဒါန= အပ၊ ၁၊ ၁၉၀။ ဧကပသာဒနိယတ္ထေရအပဒါန= အပ၊ ၁၊ ၁၈၅-၆။ သူစိဒါယကတ္ထေရအပဒါန= အပ၊ ၁၊ ၁၃၅။)

## ဘုရား, ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝကတို့၏မျိုးနွယ်များ

ဘုရားရှင်တို့သည် မင်းမျိုး, သို့မဟုတ် ပုဏ္ဏားမျိုး၌ ဖြစ်ကြကုန်၏(ဖွားမြင်တော်မူကြကုန်၏)။

ပစ္စေကဗုဒ္ဓါတို့သည် မင်းမျိုး, ပုဏ္ဏားမျိုး, သူကြွယ်မျိုးတို့တွင် တစ်မျိုးမျိုး၌ ဖြစ်ကြကုန်၏။

အဂ္ဂသာဝကတို့သည် ဘုရားရှင်တို့ကဲ့သို့ မင်းမျိုး ပုဏ္ဏားမျိုးတို့တွင် တစ်မျိုးမျိုး၌ ဖြစ်ကြကုန်၏။

ဧဝံ ဣမာယ ပတ္ထနာယ ဣမိနာ စ အဘိနီဟာရေန ယထာဝုတ္တပ္ပဘေဒံ ကာလံ ပါရမိယော ပူရေတွာ ဗုဒ္ဓါ လောကေ ဥပ္ပဇ္ဇန္တာ ခတ္တိယကုလေ ဝါ ဗြာဟ္မဏကုလေ ဝါ ဥပ္ပဇ္ဇန္တိ။ ပစ္စေကဗုဒ္ဓါ ခတ္တိယဗြာဟ္မဏဂဟပတိကုလာနံ အညတရသ္မိံ။ အဂ္ဂသာဝကာ ပန ဗုဒ္ဓါ ဝိယ ခတ္တိယဗြာဟ္မဏကုလေသွေဝ။ (အပဒါန၊ ဋ္ဌ၊ ၁၊ ၁၅၈-၁၅၉။)

မှတ်ချက်။ ။ ဇာတ်အဋ္ဌကထာ ပကိဏ္ဏကနိပါတ် ဇာတ်တော်နံပါတ်(၄၉၁) မဟာမောရဇာတ်၌ "မုဆိုးဘဝမှ ပစ္စေကဗုဒ္ဓါ"ဖြစ်လာကြောင်းပါရှိ၏။

## ဘုရားနှင့်ပစ္စေကဗုဒ္ဓါတို့၏တူပုံနှင့်ခြားနားပုံများ

ဘုရားရှင်တို့သည် ဝိဝဋ္ဋကပ်(ဆုပ်ကပ်)၌သာ ပွင့်တော်မူကုန်၏၊ သံဝဋ္ဋကပ်(တက်ကပ်)၌ ပွင့်တော်မမူကုန်၊ ပစ္စေကဗုဒ္ဓါတို့သည်လည်း ထို့အတူ ဝိဝဋ္ဋကပ်၌သာ ပွင့်တော်မူကုန်၏၊ သို့သော် ဘုရားပွင့်တော်မူချိန်(ဘုရားရှင်သာသနာ တည်ရှိချိန်)၌ကား ပွင့်တော်မမူကုန်။

ဘုရားရှင်တို့သည် ကိုယ်တော်တိုင် သစ္စာလေးပါးတရားတို့ကို သိကုန်၍ သူတပါးတို့ကိုလည်း သိစေတော်မူကုန်၏။ ပစ္စေကဗုဒ္ဓါတို့ကား ကိုယ်တော်တိုင်သာ သစ္စာလေးပါးတရားတို့ကို သိကုန်သော်လည်း သူတပါးတို့ကို သိအောင် မဟောနိုင်ကုန်၊ အတ္ထရသကိုသာ ထိုးထွင်းသိကုန်၍ ဓမ္မရသကိုကား မသိကြကုန်။ ပစ္စေကဗုဒ္ဓါတို့သည် လောကုတ္တရာတရားတော်ကို ပညတ်သို့ တင်၍ တရား မဟောနိုင်ကြကုန်၊ သူတို့၏သစ္စာလေးပါးသိမှုသည် ဆွံ့အသူက မိမိမြင်မက်သောအိပ်မက်ကို ပြန်မပြောနိုင်သကဲ့သို့လည်းကောင်း, တော

တွင်းသားက မြို့၌ စားသောက်အပ်သောဟင်း၏အရသာကို ပြန်လည်မပြောပြနိုင်သကဲ့သို့လည်းကောင်း ဖြစ်၏။

သဗ္ဗဗုဒ္ဓါ သံဝဋ္ဋမာနေ ကပ္ပေ န ဥပ္ပဇ္ဇန္တိ၊ ဝိဝဋ္ဋမာနေ ကပ္ပေ ဥပ္ပဇ္ဇန္တိ။ တထာ ပစ္စေကဗုဒ္ဓါ။ တေ ပန ဗုဒ္ဓါနံ ဥပ္ပဇ္ဇနကာလေ န ဥပ္ပဇ္ဇန္တိ။ ဗုဒ္ဓါ သယမ္ပိ ဗုဇ္ဈန္တိ၊ ပရေ စ ဗောဓေန္တိ။ ပစ္စေကဗုဒ္ဓါ သယမေဝ ဗုဇ္ဈန္တိ၊ န ပရေ ဗောဓေန္တိ။ အတ္ထရသမေဝ ပဋိဝိဇ္ဈန္တိ၊ န ဓမ္မရသံ။ န ဟိ တေ လောကုတ္တရံ ဓမ္မံ ပညတ္တိံ အာရောပေတွာ ဒေသေတုံ သက္ကောန္တိ၊ မူဂေန ဒိဋ္ဌသုပိနော ဝိယ ဝနစရကေန နဂရေ သာယိတဗျဉ္ဇနရသော ဝိယ စ နေသံ ဓမ္မာဘိသမယော ဟောတိ။ (အပဒါန၊ ဋ္ဌ၊ ၁၊ ၁၅၉။)

ပစ္စေကဗုဒ္ဓါတို့တွင် နောက်ဆုံးဖြစ်သော မာတင်္ဂပစ္စေဗုဒ္ဓါသည် ဂေါတမဘုရားလောင်း ဖွားမြင်သည်အထိ သက်တော်ထင်ရှား ရှိနေသေးကြောင်း၊ ဘုရားလောင်းကို ပူဇော်ရန်သွားသော နတ်များ၏ပြောသံကို ကြားမှ မိမိ၏အသက်အပိုင်းအခြား ကုန်လေပြီဟု သိ၍ ဟိမဝန္တာတွင် ပစ္စေကဗုဒ္ဓါတို့၏ပရိနိဗ္ဗာန်ပြုတော်မူရာ မဟာပပါတမည်သော တောင်သို့ ကြွကာ ပရိနိဗ္ဗာန်ပြုတော်မူလေသည်။

ရာဇဂဟံ ကိရ နိဿာယ မာတင်္ဂေါ နာမ ပစ္စေကဗုဒ္ဓေါ ဝိဟရတိ သဗ္ဗပစ္ဆိမော ပစ္စေကဗုဒ္ဓါနံ။ အထ အမှာကံ ဗောဓိသတ္တေ ဥပ္ပန္နေ ဒေဝတာယော ဗောဓိသတ္တဿ ပူဇနတ္ထာယ အာဂစ္ဆန္တိယော တံ ဒိသွာ "မာရိသာ မာရိသာ ဗုဒ္ဓေါ လောကေ ဥပ္ပန္နော"တိ ဘဏိံသု။ သော နိရောဓာ ဝုဋ္ဌဟန္တော တံ သုတွာ အတ္တနော ဇီဝိတက္ခယံ ဒိသွာ ဟိမဝန္တေ မဟာပပါတောနာမ ပဗ္ဗတော ပစ္စေက ဗုဒ္ဓါနံ ပရိနိဗ္ဗာနဋ္ဌာနံ၊ တတ္ထ အာကာသေန | ဂန္ဓာ | ပုဗ္ဗေ ပရိနိဗ္ဗုတပစ္စေကဗုဒ္ဓဿ အဋ္ဌိသင်္ဃာတံ ပပါတေ ပက္ခိပိတွာ သိလာတလေ နိသီဒိတွာ ဣမံ ဥဒါန ဂါထံ အဘာသိ။...ဂါထာပရိယောသာနေ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယီတိ။
(အပဒါန၊ ဋ္ဌ၊ ၁၊ ၂၂၂ ၂၂၃။)

## အသီတိမဟာသာဝကနှင့်စပ် သိမှတ်ဖွယ်ရာ

ရှစ်ကျိပ်သော သာဝကကြီးများကို "အသီတိမဟာသာဝက"ဟု ခေါ်သည်။ ဆုတောင်းမှု၏ကြီးကျယ်မြင့်မြတ်သည်၏အဖြစ် ကြောင့် "မဟာသာဝက"ဟု ခေါ်ဆိုရသည်၊ အဂ္ဂသာဝက ၂ ပါးတို့သည်လည်း မဟာသာဝကတို့၌ အတွင်းဝင်ကုန်၏၊ အကြောင်းကား အရှင်မြတ် ၂ ပါးတို့ကို သာဝကပါရမီဉာဏ်၏အထွတ်အထိပ်သို့ရောက်ခြင်းဖြင့် သာဝကတို့တွင် အရဟတ္တမဂ်ကိုရရာမှာ အမြတ်အရာ၌ တည်ကုန်သော်လည်း ဆုတောင်းမှု၏ကြီးကျယ်မြင့်မြတ်ခြင်း တူသည်၏အဖြစ်ကြောင့် "မဟာသာဝက"ဟု ဆိုအပ်ကုန်သည်။

"အသီတိသာဝက"မှာ........

(၁) အရှင်အညာသိကောဏ္ဍည
(၂) အရှင်ဝပ္ပ
(၃) အရှင်ဘဒ္ဒိယ
(၄) အရှင်မဟာနာမ်
(၅) အရှင် အဿဇိ
(၆) အရှင် နာဠက
(၇) အရှင်ယသ
(၈) အရှင်ဝိမလ
(၉) အရှင်သုဗာဟု
(၁၀) အရှင်ပုဏ္ဏဇိ (၁ ကျိပ်)
(၁၁) အရှင်ဂဝမ္ပတိ
(၁၂) အရှင်ဥရုဝေလကဿပ
(၁၃) အရှင်နဒီကဿပ
(၁၄) အရှင်ဂယာကဿပ
(၁၅) အရှင်သာရိပုတ္တ
(၁၆) အရှင်မဟာမောဂ္ဂလ္လာန်
(၁၇) အရှင်မဟာကဿပ
(၁၈) အရှင်မဟာကစ္စာန

(၁၉) အရှင်မဟာကောဋ္ဌိက
(၂၀) အရှင်မဟာကပ္ပိန (၂ ကျိပ်)
(၂၁) အရှင်မဟာစုန္ဒ
(၂၂) အရှင်အနုရုဒ္ဓ
(၂၃) အရှင်ကင်္ခါရေဝတ
(၂၄) အရှင်အာနန္ဒာ
(၂၅) အရှင်နန္ဒက
(၂၆) အရှင်ဘဂု
(၂၇) အရှင်နန္ဒိယ
(၂၈) အရှင်ကိမိလ
(၂၉) အရှင်ဘဒ္ဒိယ
(၃၀) အရှင်ရာဟုလ (၃ ကျိပ်)
(၃၁) အရှင်သီဝလိ
(၃၂) အရှင်ဥပါလိ
(၃၃) အရှင်ဒဗ္ဗ
(၃၄) အရှင်ဥပသေန
(၃၅) အရှင်ခဒိရဝနိယရေဝတ (ရှားတော၌နေသော အရှင်ရေဝတ)
(၃၆) မန္တာနီပုဏ္ဏေးမ၏သား အရှင်ပုဏ္ဏ
(၃၇) သုနာပရန္တတိုင်းသား အရှင်ပုဏ္ဏ
(၃၈) အရှင်သောဏကုဋိကဏ္ဏ (ကုဋိကဏ္ဏသောဏထေရ်)
(၃၉) အရှင်သောဏကောဠိဝိသ (ကောဠိဝိသသောဏထေရ်)
(၄၀) အရှင်ရာဓ (၄ ကျိပ်)
(၄၁) အရှင်သုဘူတိ
(၄၂) အရှင်အင်္ဂုလိမာလ
(၄၃) အရှင်ဝက္ကလိ
(၄၄) အရှင်ကာဠုဒါယီ
(၄၅) အရှင်မဟာဥဒါယီ
(၄၆) အရှင်ပိလိန္ဒဝစ္ဆ
(၄၇) အရှင်သောဘိတ
(၄၈) အရှင်ကုမာရကဿပ
(၄၉) အရှင်ရဋ္ဌပါလ
(၅၀) အရှင်ဝင်္ဂီသ (၅ ကျိပ်)
(၅၁) အရှင်သဘိယ
(၅၂) အရှင်သေလ
(၅၃) အရှင်ဥပဝါဏ
(၅၄) အရှင်မေဃိယ
(၅၅) အရှင်သာဂတ
(၅၆) အရှင်နာဂိတ
(၅၇) အရှင်လကုဏ္ဍကဘဒ္ဒိယ
(၅၈) အရှင်ပိဏ္ဍောလဘာရဒွါဇ
(၅၉) အရှင်မဟာပန္ထက

(၆၀) အရှင်စူဠပန္ထက (၆-ကျိပ်)
(၆၁) အရှင်ဗာကုလ
(၆၂) အရှင်ကုဏ္ဍဓါန
(၆၃) အရှင်ဒါရုစီရိယ
(၆၄) အရှင်ယသောဇ
(၆၅) အရှင်အဇိတ
(၆၆) အရှင်တိဿမေတ္တေယျ
(၆၇) အရှင်ပုဏ္ဏက
(၆၈) အရှင်မေတ္တဂု
(၆၉) အရှင်ဓောတက
(၇၀) အရှင်ဥပသီဝ (၇-ကျိပ်)
(၇၁) အရှင်နန္ဒ
(၇၂) အရှင်ဟေမက
(၇၃) အရှင်တောဒေယျ
(၇၄) အရှင်ကပ္ပ
(၇၅) အရှင်ဇတုကဏ္ဏိ
(၇၆) အရှင်ဘဒြာဝုဓ
(၇၇) အရှင်ဥဒယ
(၇၈) အရှင်ပေါသလ
(၇၉) အရှင်မောဃရာဇာ
(၈၀) အရှင်ပိင်္ဂိယ (၈-ကျိပ်)

ဤရှစ်ကျိပ်တို့တည်း။

အသီတိ မဟာသာဝကာတိ အညာသိကောဏ္ဍညော, ဝပ္ပေါ, ဘဒ္ဒိယော, မဟာနာမော, အဿဇိ, နာဠကော, ယသော, ဝိမလော, သုဗာဟု, ပုဏ္ဏဇိ, ဂဝမ္ပတိ, ဥရုဝေလကဿပေါ, နဒီကဿပေါ, ဂယာကဿပေါ, သာရိပုတ္တော, မဟာမောဂ္ဂလ္လာနော, မဟာကဿပေါ, မဟာကစ္စာနော, မဟာကောဋ္ဌိကော, မဟာကပ္ပိနော, မဟာစုန္ဒော, အနုရုဒ္ဓေါ, ကင်္ခါရေဝတော, အာနန္ဒော, နန္ဒကော, ဘဂု, နန္ဒိယော, ကိမိလော, ဘဒ္ဒိယော, ရာဟုလော, သီဝလိ, ဥပါလိ, ဒဗ္ဗော, ဥပသေနော, ခဒိရဝနိယရေဝတော, ပုဏ္ဏော မန္တာနိပုတ္တော, ပုဏ္ဏော သုနာပရန္တကော, သောဏော ကုဋိကဏ္ဏော, သောဏော ကောဠိဝိသော, ရာဓော, သုဘူတိ, အင်္ဂုလိမာလော, ဝက္ကလိ, ကာဠုဒါယီ, မဟာဥဒါယီ, ပိလိန္ဒဝစ္ဆော, သောဘိတော, ကုမာရကဿပေါ, ရဋ္ဌပါလော, ဝင်္ဂီသော, သဘိယော, သေလော, ဥပဝါဏော, မေဃိယော, သာဂတော, နာဂိတော, လကုဏ္ဍကဘဒ္ဒိယော, ပိဏ္ဍောလော ဘာရဒွါဇော, မဟာပန္ထကော, စူဠပန္ထကော, ဗာကုလော, ကုဏ္ဍဓာနော, ဒါရုစီရိယော, ယသောဇော, အဇိတော, တိဿမေတ္တေယျော, ပုဏ္ဏကော, မေတ္တဂု, ဓောတကော, ဥပသီဝေါ, နန္ဒော, ဟေမကော, တောဒေယျော, ကပ္ပေါ, ဇတုကဏ္ဏိ, ဘဒြာဝုဓော, ဥဒယော, ပေါသလော, မောဃရာဇာ, ပိင်္ဂိယောတိ ဧတေ အသီတိ မဟာသာဝကာ နာမ။

ကသ္မာ ပနေတေ ဧဝ ထေရာ "မဟာသာဝကာ"တိ ဝုစ္စန္တီတိ? အဘိနီဟာရဿ မဟန္တဘာဝတော။ တထာ ဟိ ဒွေ အဂ္ဂသာဝကာပိ မဟာသာဝကေသု အန္တောဂဓာ။ တေ ဟိ သာဝကပါရမိဉာဏဿ မတ္ထကပ္ပတ္တိယာ သာဝကေသု အဂ္ဂဓမ္မာဓိဂမေန အဂ္ဂဋ္ဌာနေ ဌိတာပိ အဘိနီဟာရမဟန္တတာသာမညေန "မဟာသာဝကာ"တိပိ ဝုစ္စန္တိ။ (အံ၊ ဋ္ဌ၊ ၂၊ တိကနိပါတအင်္ဂုတ္တရဋီကာ၊ ၁၃၂။)

အဂ္ဂသာဝကာ မဟာသာဝကာ ပကတိသာဝကာတိ တိဝိဓာ၊ တေသု အာယသ္မာ အညာသိကောဏ္ဍညော, ဝပ္ပေါ, ဘဒ္ဒိယော, မဟာနာမော, အဿဇိ, နာလကော, ယသော, ဝိမလော, သုဗာဟု, ပုဏ္ဏဇိ(၁၀), ဂဝမ္ပတိ, ဥရုဝေလကဿပေါ, နဒီကဿပေါ, ဂယာကဿပေါ, သာရိပုတ္တော, မဟာမောဂ္ဂလ္လာနော, မဟာကဿပေါ, မဟာကစ္စာယနော, မဟာကောဋ္ဌိကော, မဟာကပ္ပိနော(၂၀),မဟာစုန္ဒော, အနုရုဒ္ဓေါ, ကင်္ခါရေဝတော, အာနန္ဒော, နန္ဒကော, ဘဂု, နန္ဒော,ကိမိလော(ကိမ္ဗိလော၊သီ), ဘဒ္ဒိယော, ရာဟုလော(၃၀), သီဝလိ, ဥပါလိ, ဒဗ္ဗော, ဥပသေနော, ခဒိရဝနိယရေဝတော, ပုဏ္ဏော မန္တာဏိပုတ္တော, ပုဏ္ဏော သုနာပရန္တကော, သောဏော ကုဋိကဏ္ဏော, သောဏော ကောဠိဝိသော, ရာဓော(၄၀), သုဘူတိ, အင်္ဂုလိမာလော,

ဝက္ကလိ, ကာဠုဒါယီ, မဟာဥဒါယီ, ပိလိန္ဒဝစ္ဆော(ပိလိန္ဒိဝစ္ဆော၊သီ၊က), သောဘိတော, ကုမာရကဿပေါ, ရဋ္ဌပါလော, ဝင်္ဂီ-သော(၅၀), သဘိယော, သေလော,ဥပဝါနော, မေဃိယော, သာဂတော, နာဂိတော, လကုဏ္ဍကဘဒ္ဒိယော, ပိဏ္ဍောလဘာရဒွါဇော, မဟာပန္ထကော, စူဠပန္ထကော(၆၀), ဗာကုလော(ဗက္ကုလော၊သီ), ကုဏ္ဍဓာနော(ကောဏ္ဍဓာနော၊သီ၊က), ဒါရုစီရိယော, ယသောဇော, အဇိတော, တိဿမေတ္တေယျော, ပုဏ္ဏကော, မေတ္တဂူ, ဓောတကော, ဥပသိဝေါ(၇၀), နန္ဒော, ဟေမကော, တောဒေယျော, ကပ္ပေါ, ဇတုကဏ္ဏီ, ဘဒြာဝုဓော, ဥဒယော, ပေါသာလော, မောဃရာဇာ, ပိင်္ဂိယောတိ (၈၀), ဧတေ အသီတိမဟာသာဝကာ နာမ။

ကသ္မာ ပန တေ ဧဝ ထေရာ "မဟာသာဝကာ"တိ ဝုစ္စန္တီတိ? အဘိနီဟာရဿ မဟန္တဘာဝတော။ တထာ ဟိ ဒွေ အဂ္ဂသာဝကာပိ မဟာသာဝကေသု အန္တောဂဓာ။ တေ ဟိ သာဝကပါရမိဉာဏဿ မတ္ထကပ္ပတ္တိယာ သာဝကေသု အဂ္ဂဓမ္မာဘိဂမေန အဂ္ဂ-ဋ္ဌာနေ ဌိတာပိ အဘိနီဟာရမဟန္တတာသာမညေန "မဟာသာဝကာ"တိပိ ဝုစ္စန္တိ။ ဣတရေ ပန ပကတိသာဝကေဟိ သာတိသယ-မဟာဘိနီဟာရာ။

ယေ ဗောဓိပက္ခိယဓမ္မေသု ပါမောက္ခဘာဝေန ဓုရဘူတာနံ သမ္မာဒိဋ္ဌိသမ္မာသမာဓီနံ သာတိသယကိစ္စနုဘာဝနိပ္ဖတ္တိယာ ကာရဏဘူတာယ တဇ္ဇာဘိနီဟာရာဘိနီဟတာယ သက္ကစ္စံ နိရန္တရံ စိရကာလံ သမာဟိတာယ သမ္မာပဋိပတ္တိယာ ယထာက္ကမံ ပညာယ သမာဓိသ္မိံ စ ဥက္ကံသပါရမိပ္ပတ္တိယာ သဝိသေသံ သဗ္ဗဂုဏေဟိ အဂ္ဂဘာဝေ ဌိတာ၊ တေ သာရိပုတ္တမောဂ္ဂလ္လာနာ (သာရိပုတ္တမောဂ္ဂလ္လာနတ္ထေရာ၊သီ) သတိပိ မဟာသာဝကတ္တေ သာဝကပါရမိယာ မတ္ထကေ သဗ္ဗသာဝကာနံ အဂ္ဂဘာဝေ ဌိတတ္တာ အဘိနီဟာရမဟန္တဘာဝတော, ပုဗ္ဗယောဂမဟန္တဘာဝတော စ "အဂ္ဂသာဝကာ"တွေဝ ဝုစ္စန္တိ။

ယေ ပန အရိယသာဝကာ အဂ္ဂသာဝကာ ဝိယ စ မဟာသာဝကာ ဝိယ စ န ပရိမိတာဝ၊ အထ ခေါ အနေကသတာ အနေကသဟဿာ၊ တေ ပကတိသာဝကာ။ (ထေရဂါထာအဋ္ဌကထာ၊ ၂၊ ၅၄၁ ၅၄၃။)

ဇာတ်ငိုကာတွင်လည်း-အသီတိမဟာထေရာနန္တိ ကောဏ္ဍညော ဘဒ္ဒိယော ဝပ္ပေါ မဟာနာမော အဿဇိ... စသည်ဖြင့် လာသည်။ ထိုငိုကာပါဠ်တို့၌ လက်ဝဲမည်မျှ လက်ယာမည်မျှဟု ရေတွက်ပိုင်းခြား၍ မလာ၊ ရှစ်ကျိပ်သာ မဟာသာဝကဖြစ်ကြောင်းကို အင်္ဂုတ္တိုရ်ငိုကာက လာသည်။ ရှစ်ကျိပ်သာ မဟာထေရ်ဖြစ်ကြောင်းကို ဇာတ်ငိုကာက လာသည်။ ဝိသေသခွဲ၍ လက်ယာနေ လေးကျိပ် လက်ဝဲနေ လေးကျိပ်ဟူ၍မလာ၊ ယင်းသို့ မလာငြားသော်လည်း ဆရာအဆက်ဆက်တို့ ထုတ်နုတ်၍ ဂါထာဖွဲ့လျက် ထားကြလေသည်ဖြစ်၍လည်းကောင်း,ဇာတ်နိပါတ်ရေးထုံးရေးပုံ ဌာပနာသွင်းထုံး ကျောက်စာဟောင်းများမှာ ခွဲဝေလျက်ရှိသောကြောင့်လည်းကောင်း လက်ယာ, လက်ဝဲခွဲ၍သာ သင်္ခေပအဓိပ္ပါယ် ကောက်ပေအံ့ ဟုသမ္ဗန္ဓစက္ကုဒီပနီကျမ်း နဝမတွဲ စာမျက်နှာ ၅၇၀-၅၇၂ တို့၌ ရေးသားပါရှိသည်။

## လကျ်ာတော်ရံ ရဟန္တာမထေရ်(၄၀)

၁။ အရှင်သာရိပုတ္တ (အဂ္ဂသာဝက)
၂။ အရှင်အညာသိကောဏ္ဍည
၃။ အရှင်ဝပ္ပ
၄။ အရှင်ဘဒ္ဒိယ
၅။ အရှင်မဟာနာမ်
၆။ အရှင်အဿဇိ
၇။ အရှင်နာလက
၈။ အရှင်ယသ
၉။ အရှင်ဝိမလ
၁၀။ အရှင်သုဗာဟု
၁၁။ အရှင်ပုဏ္ဏဇိ
၁၂။ အရှင်ဂဝမ္ပတိ
၁၃။ အရှင်ဥရုဝေလကဿပ
၂၁။ အရှင်ဥပါလိ
၂၂။ အရှင်အနုရုဒ္ဓါ
၂၃။ အရှင်ကင်္ခါရေဝတ
၂၄။ အရှင်အာနန္ဒာ
၂၅။ အရှင်နန္ဒက
၂၆။ အရှင်ဘဂု
၂၇။ အရှင်နန္ဒိယ
၂၈။ အရှင်ကိမိလ
၂၉။ အရှင်ဘဒ္ဒိယ
၃၀။ အရှင်ရာဟုလ
၃၁။ အရှင်သီဝလိ
၃၂။ အရှင်ဒဗ္ဗ
၃၃။ အရှင်ဥပသေန

၁၄။ အရှင်နဒီကဿပ
၁၅။ အရှင်ဂယာကဿပ
၁၆။ အရှင်မဟာကဿပ
၁၇။ အရှင်မဟာကစ္စာယန
၁၈။ အရှင်မဟာကောဋ္ဌိက
၁၉။ အရှင်မဟာကပ္ပိန
၂၀။ အရှင်မဟာစုန္ဒ

၄၄။ အရှင်ခဒိရဝနိယရေဝတ
၄၅။ အရှင်မန္တာနိပုတ္တပုဏ္ဏ(မဟာပုဏ္ဏ)
၄၆။ အရှင်သုနာပရန္တပုဏ္ဏ(စူဠပုဏ္ဏ)
၄၇။ အရှင်ကုဋိကဏ္ဏသောဏ
၄၈။ အရှင်ကောဋိဝိသသောဏ
၄၉။ အရှင်ရာဓ
၅၀။ အရှင်သုဘူတိ

## လက်ဝဲတော်ရံ ရဟန္တာ(၅၀)

၁။ အရှင်မဟာမောဂ္ဂလ္လာန်
၂။ အရှင်အင်္ဂုလိမာလ
၃။ အရှင်ဝက္ကလိ
၄။ အရှင်ကာဠုဒါယီ
၅။ အရှင်မဟာဥဒါယီ
၆။ အရှင်ပိလိန္ဒဝစ္ဆ
၇။ အရှင်သောဘိတ
၈။ အရှင်ကုမာရကဿပ
၉။ အရှင်ရဋ္ဌပါလ
၁၀။ အရှင်ဝင်္ဂီသ
၁၁။ အရှင်သဘိယ
၁၂။ အရှင်သေလ
၁၃။ အရှင်ဥပဝါန
၁၄။ အရှင်မေဃိယ
၁၅။ အရှင်သာဂတ
၁၆။ အရှင်နာဂိတ
၁၇။ အရှင်လကုဏ္ဍကဘဒ္ဒိယ
၁၈။ အရှင်ပိဏ္ဍောလဘာရဒွါဇ
၁၉။ အရှင်မဟာပန္ထက
၂၀။ အရှင်စူဠပန္ထက

၂၁။ အရှင်ဗာကုလ
၂၂။ အရှင်ကုဏ္ဍဓာန(ကောဏ္ဍဓာန)
၂၃။ အရှင်ဒါရုစီရိယ
၂၄။ အရှင်ယသောဇ
၂၅။ အရှင်အဇိတ
၂၆။ အရှင်တိဿမေတ္တေယျ
၂၇။ အရှင်ပုဏ္ဏက
၂၈။ အရှင်မေတ္တဂူ
၂၉။ အရှင်ဓောတက
၃၀။ အရှင်ဥပသီဝ
၃၁။ အရှင်နန္ဒ
၃၂။ အရှင်ဟေမက
၃၃။ အရှင်တောဒေယျ
၃၄။ အရှင်ကပ္ပ
၃၅။ အရှင်ဇတုကဏ္ဏီ
၃၆။ အရှင်ဘဒြာဝုဓ
၃၇။ အရှင်ဥဒယ
၃၈။ အရှင်ပေါသာလ
၃၉။ အရှင်မောဃရာဇ
၄၀။ အရှင်ပိင်္ဂိယ(သံကိယ)

မှတ်ချက်။ ။ အင်္ဂုတ္တိုရ်ဋီကာထွက်နှင့် ဓာတ်ဋီကာထွက်ကို တိုက်ဆိုင်သော် အချို့အချို့နေရာတွင် မညီကြ၊ ကွဲလွဲမှု ရှိကြောင်းကိုသမန္တစက္ခုဒီပနီ နဝမတွဲ ၅၇၂ ၌ မှာသည်။

ဓမ္မပဒအဋ္ဌကထာ၌ "နေရာခင်းမှုနှင့် ပတ်သက်၍ ပြဆိုရာတွင် ဘုရားရှင်၏နေရာတော်ကို အလယ်၌ခင်း၍ အရှင်သာရိပုတ္တ မထေရ်၏နေရာတော်ကို ဘုရားရှင်၏လက်ျာတော်ဖက်၌လည်းကောင်း၊ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်၏နေရာတော်ကို ဘုရားရှင်၏ လက်ဝဲတော်ဖက်၌လည်းကောင်း ခင်းပြီးနောက်မှစ၍ ယာ ဝဲနံပါးနှစ်ဖက်တို့၌ ဘိက္ခုသံဃာများ၏နေရာတို့ကို ခင်းရမည်"ဟု လာရှိ သောကြောင့် "အရှင်သာရိပုတ္တထေရ်-လက်ျာတော်ရံ၊ အရှင်မဟာမောဂ္ဂလ္လာန်ထေရ် လက်ဝဲတော်ရံ"အဖြစ် ခွဲကြောင်းထင်သည်။

ဗုဒ္ဓါနဉ္စိ မဇ္ဈိမဋ္ဌာနေ အာသနံ ပညာပေတွာ တဿ ဒက္ခိဏတော သာရိပုတ္တတ္ထေရဿ၊ ဝါမတော မဟာမောဂ္ဂလ္လာနတ္ထေရဿ၊ တတော ပဋ္ဌာယ ဥဘောသု ပဿေသု ဘိက္ခုသံဃဿ အာသနံ ပညာပေတဗ္ဗံ ဟောတိ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၅ ၄၆။)

## တေဒဂ်ဘွဲ့ရ ရဟန္တာထေရ်များ (၄၁)ပါး

တေဒဂ်(တေဒဂ္ဂ)ဟူသည် မိမိ မိမိ၏(ကျွမ်းကျင်သော)အရာဌာနၵ္ဌ အခြားသော ပုဂ္ဂိုလ်တို့ထက် အထွတ်အထိပ်ရောက်သော, မြင့်မြတ်သော ပုဂ္ဂိုလ် (မိမိမိမိဆိုင်ရာ ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးပုဂ္ဂိုလ်)-ဟု ဆိုလိုသည်။

တေ ဟိ ထေရာ အတ္တနော အတ္တနော ဌာနေ ကောဋိဘူတာတိပိ အဂ္ဂါ၊ သေဋ္ဌဘူတာတိပိ။ တသ္မာ တေဒဂ္ဂန္တိ သော ကောဋိ ဧသော သေဋ္ဌောတိ အယမေတ္ထ အတ္ထော။ (အံ၊ ဋ္ဌ၊ ၁၊ ၉၆။)

| | |
|---|---|
| ၁။ အရှင်ကောဏ္ဍည | ဝါတော်ကြီးရင့်ခြင်း=ရတ္တညူအရာ၊ |
| ၂။ အရှင်သာရိပုတ္တ | ဉာဏ်ပညာကြီးခြင်း=မဟာပညာအရာ၊ |
| ၃။ အရှင်မဟာမောဂ္ဂလ္လာန် | တန်ခိုးဣဒ္ဓိပါဒ်ကြီးခြင်း၊ |
| ၄။ အရှင်မဟာကဿပ | ဓုတင်ဆောင်ခြင်း၊ |
| ၅။ အရှင်အနုရုဒ္ဓါ | ဒိဗ္ဗစက္ခုအဘိညာဉ်ရခြင်း၊ |
| ၆။ အရှင်ဘဒ္ဒိယ | အမျိုးမြတ်ခြင်း၊ |
| ၇။ အရှင်လကုဏ္ဍကဘဒ္ဒိယ | အသံသာခြင်း၊ |
| ၈။ အရှင်ပိဏ္ဍောလဘာရဒွါဇ | ရဲတင်းသောစကားကို ဆိုခြင်း၊ |
| ၉။ အရှင်ပုဏ္ဏ | ဓမ္မကထိကအရာ တရားဟောကြားခြင်း၊ |
| ၁၀။ အရှင်ကစ္စာန | အကျဉ်းကို အကျယ်ဟောခြင်း၊ |
| ၁၁။ အရှင်စူဠပန္ထက | မနောမယအဘိညာဉ်ဖန်ဆင်းခြင်း, ရူပါဝစရဈာန်အရာ၌ လိမ္မာကျွမ်းကျင်ခြင်း၊ |
| ၁၂။ အရှင်မဟာပန္ထက | အရူပဈာန်မှထ၍ ရဟန္တာဖြစ်ခြင်း (အရူပါဝစရဈာန်အရာ၌ လိမ္မာကျွမ်းကျင်ခြင်း)၊ |
| ၁၃။ အရှင်သုဘူတိ | အပြစ်မရှိသောနေခြင်းနှင့် အလှူခံထိုက်ခြင်း၊ |
| ၁၄။ အရှင်ခဒိရဝနိယရေဝတ | တောရဆောက်တည်ခြင်း၊ |
| ၁၅။ အရှင်ကင်္ခါရေဝတ | ဈာန်ဝင်စားခြင်း၊ |
| ၁၆။ ကောဠိဝိသနွယ်ဖွားအရှင်သောဏ | လုံ့လဝီရိယကြီးခြင်း၊ |
| ၁၇။ ကုဋိကဏ္ဏမည်ရ အရှင်သောဏ | အဟောအပြောကောင်းခြင်း၊ |
| ၁၈။ အရှင်သီဝလိ | လာဘ်ပေါ်များခြင်း၊ |
| ၁၉။ အရှင်ဝက္ကလိ | သဒ္ဓါတရားလွန်ကဲခြင်း၊ |
| ၂၀။ အရှင်ရာဟုလာ | သိက္ခာသုံးပါးကျင့်ဆောင်ခြင်း၊ |
| ၂၁။ အရှင်ရဋ္ဌပါလ | သဒ္ဓါ၍ ရဟန်းပြုခြင်း၊ |
| ၂၂။ အရှင်ကုဏ္ဍဓာန(ကောဏ္ဍဓာန) | စာရေးတံမဲ ပဌမရယူခြင်း၊ |
| ၂၃။ အရှင်ဝင်္ဂီသ | ဖွဲ့ဆိုသီကုံးမှု၌ ဉာဏ်ပဋိဘာန်ရှိခြင်း၊ |
| ၂၄။ အရှင်ဥပသေန | ကြည်ညိုဖွယ်ရာ ဖြစ်ခြင်း၊ |
| ၂၅။ အရှင်ဒဗ္ဗ | သံဃာတော်များအတွက် နေရာချထားခြင်း၊ |
| ၂၆။ အရှင်ပိလိန္ဒဝစ္ဆ | နတ်တို့ချစ်မြတ်နိုးခြင်း၊ |
| ၂၇။ အရှင်ဒါရုစီရိယ | လျင်မြန်စွာ ထိုးထွင်းသိခြင်း=ခိပ္ပါဘိညာ၊ |
| ၂၈။ အရှင်ကုမာရကဿပ | ဆန်းကြယ်စွာ တရားဟောခြင်း၊ |
| ၂၉။ အရှင်မဟာကောဋ္ဌိက | ပဋိသမ္ဘိဒါလေးပါးရခြင်း၊ |
| ၃၀။ အရှင်အာနန္ဒာ | အကြားအမြင်များခြင်း, သတိကောင်းခြင်း, ဉာဏ်ကောင်းခြင်း, လုံ့လကြီးခြင်း, လုပ်ကျွေးပြုစုခြင်း=ဥပဋ္ဌာက်၊ |
| ၃၁။ အရှင်ဥရုဝေလကဿပ | အခြံအရံများခြင်း၊ |
| ၃၂။ အရှင်ကာဠုဒါယီ | ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေခြင်း၊ |
| ၃၃။ အရှင်ဗာကုလ | ကျန်းမာရေးနှင့် ပြည့်စုံခြင်း(အနာရောဂါကင်းခြင်း)၊ |
| ၃၄။ အရှင်သောဘိတ | ပုဗ္ဗေနိဝါသအဘိညာဉ်၊ |

| | |
|---|---|
| ၃၅။ အရှင်ဥပါလိ | ဝိနည်းဆောင်ခြင်း၊ |
| ၃၆။ အရှင်နန္ဒက | ဘိက္ခုနီတို့အား ဆုံးမခြင်း၊ |
| ၃၇။ အရှင်နန္ဒ | ဣန္ဒြေစောင့်ခြင်း၊ |
| ၃၈။ အရှင်မဟာကပ္ပိန | ရဟန်းများအား ဆုံးမခြင်း၊ |
| ၃၉။ အရှင်သာဂတ | တေဇောဓာတ်သမာပတ်၌ ဝင်စားခြင်း၊ |
| ၄၀။ အရှင်ရာဓ | ဒေသကဘုရားရှင်အား ဒေသနာဉာဏ်အဆင့်ဆင့်ပွင့်စေခြင်း၊ |
| ၄၁။ အရှင်မောဃရာဇ | ခေါင်းပါးသောသင်္ကန်းကို ဆောင်ခြင်း။ |

## (၁) အရှင်ကောဏ္ဍညမထေရ်အကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ရတ္တညူနံ ယဒိဒံ အညာသိကောဏ္ဍညော။ (အံ၊ ၁၊ ၂၃။)

### အရှင်ကောဏ္ဍညမထေရ်အလောင်း ရေးဆုတောင်း

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်လျှင် လွန်ခဲ့သော ကမ္ဘာတသိန်းထက်၌ ပွင့်ထွန်းတော်မူသော ပဒုမုတ္တရဘုရားလက်ထက်တော်ဝယ် ရှေးဦးစွာ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်သော ရဟန်းတော်တစ်ပါးကို ရတ္တညူအရာ(ရဟန်းဝါအကြီးဆုံးအရာ)၌ အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို ကြားသိရသော အရှင်ကောဏ္ဍညအလောင်း အမျိုးကောင်းသားသည် ဘုရားအမှူးရှိသော ရဟန်းတော်တစ်သိန်းအား ခုနစ်ရက်ပတ်လုံး ဆွမ်းဆက်ကပ်ပြီး နောက်ဆုံးနေ့တွင် တိစီဝရိက်သင်္ကန်းများကိုလှူဒါန်းကာ "ရတ္တညူအရာ=ဧတဒဂ်ရာထူး"ကို ဆုတောင်းခဲ့လေသည်။

ကိုးဆယ့်တကမ္ဘာထက်၌ ပွင့်ထွန်းတော်မူသော ဝိပဿီဘုရားလက်ထက်တော်ဝယ် မဟာကာလအမည်ဖြင့် သူကြွယ်မျိုး၌ဖြစ်သောအခါမှာလည်း ကောက်စပါး တကြိမ်တကြိမ် စိုက်ပျိုးရာ၌ ကိုးကြိမ်ကိုးကြိမ် အဦးအစအလှူ(အဂ္ဂဒါန)ပြုလုပ်ခဲ့လေသည်။

### ဆုံးဘဝမှု၊ ရတ္တညူ၊ ရယူ ဧတဒဂ်

ထို့ကြောင့် ဂေါတမဘုရားရှင်လက်ထက်တော်ဝယ် အရှင်ကောဏ္ဍညသည် အလုံးစုံသော တပည့်တို့ထက် အဦးအစ သစ္စာလေးပါးတရားကို သိတော်မူသောကြောင့် ထိုသိမြင်သည့် ရည်လျားစွာသော အချိန်မှစ၍ ထိုညဥ့်အပိုင်းအခြားကို သိတော်မူရကား "ရတ္တညူပုဂ္ဂိုလ်=အစောဆုံး သစ္စာလေးပါးတရားသိသူ"ဖြစ်လေသည်။ ဘုရားရှင်က "အရှင်မြတ်ကို ညဥ့်အပိုင်းအခြားကို သိကြသည့် တပည့်ရဟန်းတို့တွင်အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူလေသည်။ (အံ၊ ဋ္ဌ၊ ၁၊ ၁၀၅ ၁၁၅။)

ဋ္ဌပေတ္ထ ဟိ သမ္မာသမ္ဗုဒ္ဓံ အညော သာဝကော အညာသိကောဏ္ဍညတ္ထေရတော ပဌမတရံ ပဗ္ဗဇိတော နာမ နတ္ထီတိ ပဗ္ဗဇိတကာလတော ပဋ္ဌာယ ထေရော စိရကာလံ ရတ္တိယော ဇာနာတီတိ ရတ္တညူ။ သဗ္ဗပဌမံ ဓမ္မဿ ပဋိဝိဒ္ဓတ္တာ ယဒါ တေန ဓမ္မော ပဋိဝိဒ္ဓေါ၊ စိရကာလတော ပဋ္ဌာယ တံ ရတ္တိံ ဇာနာတီတိပိ ရတ္တညူ။ အပိစ ခီဏာသဝါနံ ရတ္တိဒိဝသပရိစ္ဆေဒေါ ပါကဋော ဟောတိ၊ အယဉ္စ ပဌမခီဏာသဝေါတိ ဧဝမ္ပိ ရတ္တညူနံ သာဝကာနံ အယမေဝ အဂ္ဂေါ ပုရိမကောဋိဘူတော သေဋ္ဌော။ တေန ဝုတ္တံ "ရတ္တညူနံ ယဒိဒံ အညာသိကောဏ္ဍညော"တိ။ (အံ၊ ဋ္ဌ၊ ၁၊ ၁၀၅။)

## (၂-၃) အရှင်သာရိပုတ္တရာမထေရ်နှင့် အရှင်မဟာမောဂ္ဂလ္လာန်မထေရ်တို့အကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မဟာပညာနံ ယဒိဒံ သာရိပုတ္တော။ (အံ၊ ၁၊ ၂၃။)

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဣဒ္ဓိမန္တာနံ ယဒိဒံ မဟာမောဂ္ဂလ္လာနော။ (အံ၊ ၁၊ ၂၃။)

### မထေရ်မြတ်တို့အကြောင်း ရေးဆုတောင်း

လွန်ခဲ့သော တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းထက်ဝယ် အရှင်သာရိပုတြာအလောင်းတော်သည် သရဒလုလင်အမည်ဖြင့် ပုဏ္ဏားသူဋ္ဌေးမျိုး၌ဖြစ်၍ အရှင်မောဂ္ဂလ္လာန်အလောင်းတော်သည် သိရိဝဍ္ဍနအမည်ဖြင့် သူကြွယ်မျိုး၌ဖြစ်လေသည်၊ သရဒလုလင်သည် စီးပွားဥစ္စာ

တို့ကို စွန့်လွှတ်၍ တောထွက်ကာ ရသေ့ရဟန်းပြုလျက် လောကီအဘိညာဏ်ငါးပါး သမာပတ်ရှစ်ပါးတို့ကို ရရှိခဲ့လေသည်၊ သရဒရသေ့သည် မိမိတပည့်များနှင့်အတူ အနောမဒဿီဘုရားအား သစ်သီးကြီးငယ်လှူဒါန်းခြင်း, ဘုရားရှင်နှင့် ရဟန်းတော်တစ်သိန်းတို့အတွက် ထိုင်နေစရာ ပန်းအခင်းတို့ကို လှူဒါန်းခြင်းကြပြီးလျှင် ဘုရားရှင်ဟောကြားတော်မူသော ဒေသနာတော်၏အဆုံး၌ တပည့်အားလုံးသည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေသည်၊ သရဒရသေ့ကား အနောမဒဿီဘုရားရှင်၏လက်ျာတော်ရံ အရှင်နိသဘကဲ့သို့ "ပညာအရာ၌အမြတ်ဆုံး=အဂ္ဂသာဝက"ဆုတောင်းခဲ့လေသည်။

သရဒရသေ့သည် သူငယ်ချင်း သိရိဝဍ္ဍနထံသို့ သွား၍ အကျိုးအကြောင်းရှင်းပြသောအခါ သိရိဝဍ္ဍနသူကြွယ်လည်း ဘုရားအမှူးရှိသောရဟန်းသံဃာအား အလှူကြီးပေးကာ အနောမဒဿီဘုရားရှင်၏လက်ဝဲတော်ရံ အရှင်အနောမကဲ့သို့ "တန်ခိုးအရာ၌ အမြတ်ဆုံး=အဂ္ဂသာဝက"ဆုတောင်းခဲ့လေသည်။

## နောက်ဆုံးဘဝ၊ ရဟန်းပ၊ ရကြ ဧတဒဂ်

ထိုဆုတောင်းခဲ့ကြသည့်အတိုင်းပင် ဂေါတမဘုရားလက်ထက်တော်ဝယ် ဘုရားရှင်က အရှင်သာရိပုတ္တထေရ်ကို ဉာဏ်ပညာကြီးကြသည့်တပည့်ရဟန်းတို့တွင် အမြတ်ဆုံး=ဧတဒဂ်ရားထူး၌ ထားတော်မူ၍ အရှင်မဟာမောဂ္ဂလ္လာန်ထေရ်ကို တန်ခိုးနှင့်ပြည့်စုံကြသည့် တပည့်ရဟန်းတို့တွင်အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူလေသည်။ (အံ၊ ဋ္ဌ၊ ၁၊၁၁၆ ၁၂၆။တို့၌ အကျယ်တဝင့် ကြည့်ရှုနိုင်သည်)

မဟာပညာနန္တိ မဟာတိယာ ပညာယ သမန္နာဂတာနံ။ ဣဒ္ဓိမန္တာနန္တိ ဣဒ္ဓိယာ သမ္ပန္နာနံ။ (အံ၊ ဋ္ဌ၊ ၁၊ ၁၁၆။)

## (၄) အရှင်မဟာကဿပမထေရ်အကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဓုတဝါဒါနံ (ဓုတင်ဆောင် ကတ္တစိ) ယဒိဒံ မဟာကဿပေါ။ (အံ၊ ၁၊ ၂၃။)

### အရှင်မဟာကဿပမထေရ်အလောင်း ရှေးဆုတောင်း

အရှင်မဟာကဿပအလောင်းတော်သည် ပဒုမုတ္တရဘုရားလက်ထက်တော်ဝယ် ဟံသာဝတီမြို့၌ ကုဋေရှစ်ဆယ်ကြွယ်သော ဝိဒေဟမည်သော သူကြွယ်ဖြစ်ခဲ့လေသည်၊ တနေ့သောအခါ ကျောင်းတော်သို့ သွားစဉ် ဘုရားရှင်က မဟာနိသဘမည်သော မထေရ်ကို "ဓုတင်အရာ၌ အမြတ်ဆုံး=ဧတဒဂ်ရာထူး"ချီးမြှင့်တော်မူတာ ကြားသိရ၍ ကြည်ညိုစိတ်ဖြစ်ပေါ်လာသောကြောင့် နက်ဖြန်အတွက် ဘုရားအမှူးရှိသော ရဟန်းသံဃာအား ဆွမ်းဖိတ်ခဲ့လေသည်၊ ဝေဒေဟဥပါသကာသည် နောက်နေ့ဝယ် ဘုရားရှင်နှင့် ရဟန်းသံဃာတော်တို့အား ဆွမ်းဆက်ကပ်နေသောအခါတွင် ဆွမ်းခံကြွလာသော မဟာနိသဘထေရ်ကို မြင်၍ သပိတ်တောင်းယူကာ အိမ်တွင်းသို့ ပင့်ခေါ်သော်လည်း မထေရ်မြတ်က"ဒါယကာအိမ်တွင်းသို့ဝင်၍နေထိုင်ရန် အပ်စပ်လိမ့်မည်မဟုတ်"ဟု ပြောဆိုတော်မူလေသည်၊ ဥပါသကာသည် သပိတ်အပြည့် ဆွမ်းထည့်၍ မထေရ်မြတ်အား ဆက်ကပ်လှူဒါန်းလေသည်။

ထို့နောက် ဘုရားရှင်၏အနီးသို့ ပြန်လာ၍ "ရှင်တော်မြတ်ဘုရား...မဟာနိသဘထေရ်ကို အိမ်တွင်းသို့ပင့်ပါသော်လည်း အရှင်မြတ်သည် မဝင်လိုပါ၊ ထိုမထေရ်မြတ်မှာ အရှင်ဘုရားတို့၏ဂုဏ်ကျေးဇူးထက် သာလွန်သော ဂုဏ်ကျေးဇူးများ ရှိပါသလားဘုရား"ဟု မေးမြန်းလျှောက်ထားလေသည်။

ဘုရားရှင်တို့၏သန္တာန်တော်၌ ဂုဏ်ကျေးဇူးကို ဝန်တိုမှုတရား ဟူ၍ လုံးဝမရှိပါ(ဗုဒ္ဓါနဉ္စ ဝဏ္ဏမစ္ဆေရံ နာမ နတ္ထိ)၊ သို့ဖြစ်၍ ဘုရားရှင်က "ဒါယကာ...ငါတို့သည် ဆွမ်းကို ငံ့၍ အိမ်၌ ထိုင်နေကြကုန်၏၊ နိသဘမထေရ်ကား ဤသို့ ထိုင်၍ ဆွမ်းကို ငံ့လင့်မှု အလျှင်းပင် မပြုချေ။ ငါတို့သည် ရွာနီးကျောင်း၌ နေထိုင်ကြကုန်၏၊ နိသဘမထေရ်ကား တောကျောင်း၌သာ နေလေ့ရှိ၏။ ငါတို့သည် အမိုးရှိသောကျောင်း၌ နေထိုင်ကြကုန်၏၊ နိသဘမထေရ်ကား ဟင်းလင်းအပြင် လွင်တီးခေါင်၌သာလျှင် နေလေ့ရှိ၏"ဟု မထေရ်မြတ်၏ဂုဏ်ကျေးဇူးများကို အကျယ် ဟောကြားတော်မူလေသည်။

ဝေဒေဟဥပါသကာသည် အတိုင်းထက်အလွန် သဒ္ဓါကြည်ညိုဖြစ်ကာ ခုနစ်ရက်တိုင်တိုင် ဆွမ်းအလှူကြီးပေးပြီးနောက် ခုနစ်ရက်မြောက်နေ့မှာ ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား တိစီဝရိက်တစုံစီ လှူဒါန်းဆက်ကပ်ပြီးလျှင် မဟာနိသဘမထေရ်ရအပ်သော ရာထူးကဲ့သို့ ဓုတင်အရာ၌ အမြတ်ဆုံး ဧတဒဂ်ရာထူးကို တောင်းဆုချွေခဲ့လေသည်။

## နောက်ဆုံးဘဝ၊ ရဟန်းပ၊ ဓုတဧတဒဂ်

ထိုဆုတောင်းကြောင့်ပင် နောက်ဆုံးဘဝ ဂေါတမဘုရားရှင်လက်ထက်တော်ဝယ် အရှင်မဟာကဿပအမည်တော်ဖြင့် "ကိလေ

သာကိုခါတွက်ကြောင်း ကောင်းမြတ်သော ဓုတင်ပဋိပတ်အကျင့်မြတ်ကို ကိုယ်တိုင်လည်း ကျင့်သုံး၍ သူတပါးတို့ကိုလည်း ဟောကြားပြသ ဆိုဆုံးမကြသော ဘုရားရှင်၏တပည့်ရဟန်းတို့တွင် အမြတ်ဆုံး တေဒဂ်ရာထူး"ကို ရရှိတော်မူလေသည်။

(အံ၊ ဋ္ဌ၊ ၁၊ ၁၂၆-၁၄၃ တို့၌ အကျယ်တဝင့် ကြည့်ရှုနိုင်သည်။)

ဓုတဝါဒါနံ ယဒိဒံ မဟာကဿပေါတိ ယတ္တကာ ဓုတဝါဒံ ဝဒန္တိ၊ တေသံ သဗ္ဗေသမ္ပိ အန္တရေ အယံ မဟာကဿပတ္ထေရော အဂ္ဂေါတိ အဂ္ဂဋ္ဌာနေ ဌပေသိ။

ဥရုဝေဠကဿပ, နဒီကဿပ, ဂယာကဿပ, ကုမာရကဿပ ဟူသော ဤငယ်ကုန်, အလွန်ငယ်ကုန်သော မထေရ်တို့ကို စွဲ၍ ကြီးမြတ်တော်မူသောကြောင့် "မဟာကဿပ"ဟု ခေါ်သည်။

မဟာကဿပေါတိ ဥရုဝေဠကဿပေါ နဒီကဿပေါ ဂယာကဿပေါ ကုမာရကဿပေါတိ ဣမေ ခုဒ္ဒါနုခုဒ္ဒကေ ထေရေ ဥပါဒါယ အယံ မဟာ၊ တသ္မာ မဟာကဿပေါတိ ဝုတ္တော။ (အံ၊ ဋ္ဌ၊ ၁၊ ၁၂၇။)

မှတ်ချက်။ ။ ဗာကုလထေရ်သည် ကိုယ်တိုင် ဓုတင်ကျင့်တော်မူ၏၊ သူတပါးတို့အား ဓုတင်ကို ဟောကြားတော်မမူချေ။
ဥပနန္ဒထေရ်သည် ကိုယ်တိုင်တော့ ဓုတင်မကျင့်၊ သူတပါးတို့အားသာ ဓုတင်ကို ဟောကြားတော်မူသည်။
မဟာကဿပထေရ်ကား ကိုယ်တိုင်လည်း ဓုတင်ကျင့်၍ သူတပါးတို့အား ဟောကြားတော်မူလေသည်။
(အံ၊ ဋ္ဌ၊ ၁၊ ၁၂၆-၁၂၇။)

## (၅) အရှင်အနုရုဒ္ဓါမကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဒိဗ္ဗစက္ခုကာနံ ယဒိဒံ အနုရုဒ္ဓေါ။ (အံ၊ ၁၊ ၂၃။)

### အရှင်အနုရုဒ္ဓါမထေရ်အလောင်း ရှေးဆုတောင်း

လွန်လေပြီးသော ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရဘုရားရှင် ပွင့်ထွန်းတော်မူစဉ်က အရှင်အနုရုဒ္ဓါအလောင်းတော်သည် အမည်မထင်ရှားသောသူကြွယ်တစ်ဦး ဖြစ်ခဲ့လေသည်၊ တနေ့သောအခါ သူကြွယ်သည် တရားနာရန်ကျောင်းတိုက်သို့ သွားရောက်နိုက်ဝယ် ဘုရားရှင်က ရဟန်းတစ်ပါးကို ဒိဗ္ဗစက္ခုအဘိညာဏ်ရသောအရာဝယ် တေဒဂ်ဘွဲ့ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ မိမိလည်း ထိုတေဒဂ်ဘွဲ့မျိုးရပုဂ္ဂိုလ်ဖြစ်ပါမူကား ကောင်းလေစွာဟု စိတ်အကြံဖြစ်ပြီးလျှင် ခုနစ်ရက်တိုင်တိုင် ဘုရားအမှူးရှိသော သံဃာတော်အား ကြီးစွာသော အလှူဒါနကို ပေးလှူပြီးလျှင် ခုနစ်ရက်မြောက်နေ့၌ အလွန်မွန်မြတ်သော အဝတ်သင်္ကန်းတို့ကို လှူဒါန်းလျက် ဒိဗ္ဗစက္ခုအဘိညာဏ်ရသော ရဟန်းတို့တွင်အမြတ်ဆုံး တေဒဂ်ဘွဲ့ရပုဂ္ဂိုလ် ဖြစ်ရပါလို၏ ဟု ဆုတောင်းခဲ့လေသည်။

### ဒိဗ္ဗစက္ခုအဘိညာဏ် ရရန်ပရိကံ ကောင်းမှုကံ

ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော ပဒုမုတ္တရာဘုရားရှင်၏ရွှေစေတီတော် အနီးရှိရဟန်းသံဃာတော်သို့ ချဉ်းကပ်လျက် အရှင်အနုရုဒ္ဓါအလောင်း သူကြွယ်က "အရှင်ဘုရားတို့...ဒိဗ္ဗစက္ခုအဘိညာဏ်၏ရရန်အကြောင်း ပရိကံကောင်းမှုကား အဘယ်ပါနည်းဘုရား"ဟု မေးလျှောက်လေ၏။

ရဟန်းသံဃာတော် အရှင်မြတ်များက "ဒါယကာ...ဆီမီးအလှူကို ပေးလှူရန် သင့်ပေ၏"ဟု မိန့်တော်မူကြ၏။

ထို့ကြောင့် သူကြွယ်သည် ဆီမီးတိုင် ထောင်ပေါင်းများစွာ လှူဒါန်းလေ၏။

ကုဋုမ္ဗိကောပိ ယာဝ ဗုဒ္ဓေါ ဓရတိ၊ တာဝ အဝိဇဟိတမေဝ ကလျာဏကမ္မံ ကတွာ ပရိနိဗ္ဗုတေ သတ္တရိ နိဋ္ဌိတေ သတ္တယောဇနိကေ သုဝဏ္ဏစေတိယေ ဘိက္ခုသံဃံ ဥပသင်္ကမိတွာ "ဘန္တေ ကိံ ဒိဗ္ဗစက္ခုဿ ပရိကမ္မ"န္တိ ပုစ္ဆိ။ "ပဒီပဒါနံ နာမ ဒါတုံ ဝဋ္ဋတိ ဥပါသကာ"တိ။ "သာဓု ဘန္တေ ကရိဿာမီ"တိ သဟဿဒီပါနံယေဝ တာဝ ဒီပရုက္ခာနံ သဟဿံ ကာရေသိ၊ တဒနန္တရံ တတော ပရိတ္တတရေ၊ တဒနန္တရံ တတော ပရိတ္တတရေတိ အနေကသဟဿေ ဒီပရုက္ခေ ကာရေသိ။ သေသဒီပါ ပန အပရိမာဏာ အဟေသုံ။ (အံ၊ ဋ္ဌ၊ ၁၊ ၁၄၄။)

### အန္နဘာရ၊ ဆင်းရဲလှ၊ ဘဝတကွေ့မှာ

အရှင်အနုရုဒ္ဓါအလောင်း အမျိုးကောင်းသားသည် ဤဘုရားရှင် ပွင့်တော်မမူမီ ဗာရာဏသီပြည်၌ပင် ဆင်းရဲသားမျိုး၌ ဖြစ်၍ သုမနသူဌေးကို အမှီပြု၍ နေရလေသည်၊ ထိုဆင်းရဲသား၏အမည်မှာ"အန္နဘာရ"အမည်ရှိလေသည်။ သုမနသူဌေးသည် နေ့စဉ်နေ့တိုင်း

ပင် အထီးကျန်, ခရီးသွား, ဖုန်းတောင်းယာစကာများအား မိမိအိမ်တံခါးဝ၌ အလှူကြီးကို ပေးလှူလေသည်။

တနေ့သ၌ ဥပရိဋ္ဌမည်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဂန္ဓမာဒနတောင်၌ နိရောဓသမာပတ်ကို ဝင်စားပြီး၍ ထိုသမာပတ်မှ ထလျက် "ငါသည် ယနေ့ အဘယ်သူအား ချီးမြှောက်ရပါအံ့နည်း?"ဟု ဆင်ခြင်တော်မူလေသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့မည်သည် သူဆင်းရဲတို့ကို အစဉ်သနားတော်မူကြလေသည်၊ သို့ဖြစ်၍ ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်သည် "ယနေ့ ငါသည် အန္နဘာရအား ချီးမြှောက်မှုကို ပြုခြင်းငှာသင့်၏"ဟု ကြံစည်တော်မူ၍ "ယခုအခါ အန္နဘာရသည် တောအုပ်မှ မိမိအိမ်သို့ ပြန်လာတော့မည်"ဟု သိရှိတော်မူ၍ သပိတ် သင်္ကန်းကို ယူလျက် ဂန္ဓမာဒနတောင်မှ ကောင်းကင်သို့ ပျံတက်ကြွတော်မူကာ ရွာတံခါးဝ၌ အန္နဘာရ၏မျက်မှောက်ဝယ် ရှေးရှုရပ်တည်တော်မူလေသည်။

အန္နဘာရသည် ပစ္စေကဗုဒ္ဓါအရှင်မြတ် အချည်းနှီးသော သပိတ်ကို လက်စွဲလျက် ကြွလာသည်ကို မြင်ရ၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ရှိခိုးကာ "အရှင်ဘုရား...အရှင်မြတ်တို့သည် ဆွမ်းရတော်မူကြပါ၏လော?" ဟု မေးလျှောက်လေလျှင် အရှင်မြတ်က "ရကြပါလိမ့်မည်ဒါယကာ..."ဟု မိန့်တော်မူလေသည်။ အန္နဘာရက "အရှင်ဘုရား...အတန်ငယ် ဤနေရာ၌ပင် ရပ်တည်တော်မူကြပါဦးဘုရား"ဟု လျှောက်ထား၍ အလျင်အမြန် အိမ်သို့ပြန်ပြီးလျှင် မိမိအိမ်၌ အိမ်ရှင်မကို "ရှင်မ...ငါ့အတွက် ထားသော ဝေပုံကျထမင်း ရှိသလော?, မရှိဘူးလော?"မေးလေ၏၊ အိမ်ရှင်မက "ရှိပါသည် အရှင်..."ဟု ပြန်လည်ပြောကြားလေလျှင် အန္နဘာရသည် ထိုနေရာမှပင် တဖန်ပြန်လာကာ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏လက်မှ သပိတ်ကို ယူဆောင်၍ အိမ်သို့ရောက်လျှင် "ရှင်မ...ငါတို့သည် ရှေးဘဝက ကုသိုလ်ကောင်းမှု မပြုခဲ့ကြသောကြောင့် ထမင်းကို(ထမင်းအတွက်) တတောင့်တတ နေထိုင်ကြရလေသည်၊ ငါတို့အဖို့ရာ လှူလိုသော စေတနာ ရှိပါသော်လည်း လှူဖွယ်ဝတ္ထုမရှိဖြစ်နေတတ်၏၊ လှူဖွယ်ဝတ္ထုရှိပြန်ပါသော်လည်း အလှူခံပုဂ္ဂိုလ်ကို မရပဲ ရှိကြရ၏။ ယနေ့ ငါသည် ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဖူးတွေ့အပ်လေပြီ၊ ငါ့အဖို့ ဝေပုံကျ ထမင်းကလည်း ရှိနေ၏၊ ငါ့အဖို့ ဝေပုံကျထမင်းကို ဤသပိတ်၌ လောင်းထည့်ပါလော့" ပြောဆိုလေသည်။

## လိမ္မာပေစွ၊ အိမ်ရှင်မ၊ ဝေမျှကုသိုလ်ယူ

လိမ္မာလှစွာသော အိမ်ရှင်မသည် "ငါ့အရှင်ခင်ပွန်းသည်သည် မိမိအဖို့ ဝေပုံကျထမင်းကို ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူဒါန်း၏၊ ငါသည်လည်း ဤအလှူဒါန၌ ဝေစုရသူ ဖြစ်သင့်၏"ဟု ကြံစည်စဉ်းစားလျက် မိမိဝေစုထမင်းကိုပါ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအရှင်မြတ်၏သပိတ်၌ ထည့်လှူလိုက်လေသည်။ အန္နဘာရသည် သပိတ်ကို ယူဆောင်၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏လက်၌ ဆက်ကပ်ပြီးသော် "အရှင်ဘုရား...တပည့်တော်တို့သည် ဤသို့သော ဆင်းရဲပင်ပန်းစွာ အသက်မွေးရခြင်းမှ လွတ်မြောက်ရပါလိုကုန်၏ဘုရား"ဟု ဆုတောင်းစကား လျှောက်ထားလေသည်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်က "ဘုန်းကံကြီးမားသော ဒါယကာ...ဤသင်ဆုတောင်းသည်အတိုင်း ဖြစ်ပါစေသတည်း"ဟု ဆုပေးလေသည်။

ဘတ္တေ ဝေရူပါ ဒ္ဒုဋ္ဌိတော (ဒုဋ္ဌိကော-သီ) မုစ္စာမ။ (အံ၊ ၄၊ ၁၊ ၁၄၆။)

အန္နဘာရသည် မိမိ၏အပေါ်ရုံအဝတ်ကို တနေရာ၌ ဖြန့်ခင်းပြီးလျှင် "အရှင်ဘုရား...ဤနေရာ၌ ထိုင်တော်မူ၍ ဘုဉ်းပေးတော်မူကြပါဘုရား"ဟု လျှောက်ထားလေသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် အန္နဘာရဖြန့်ခင်းပေးသောနေရာ၌ ထိုင်တော်မူပြီးလျှင် ( ၁၊ ဂမန ဆွမ်းခံသွားရခြင်း, ၂၊ ပရိယေသန-ရှာမှီးရခြင်း, ၃၊ ပရိဘောဂ-သုံးဆောင်ရခြင်း, ၄၊ အာသယ အခြားစိုဖြစ်တတ်သော သလိပ် သည်းခြေ သွေးပြည် ဟူသော တည်ရာ, ၅၊ နိဓာန-အစာသစ်အိမ်ဟူသော စု၍တည်နေရာ, ၆၊ အပရိပက္က အစာမကျက် မကြေသေးခြင်း, ၇၊ ပရိပက္က-အစာကြေကျက်ပြီးခြင်း, ၈၊ ဖလနိဿန္ဒ-အကျိုးရင်းနှင့် ထိုမှဤမှ ယိုစီးစိမ့်ထွက်သော အကျိုးဆက်, ၉၊ မက္ခန-လူးလည်းခြင်း=ဤသို့)ကိုးပါးအပြားရှိသော စက်ဆုပ်ရွံရှာဖွယ်သဘောကို ဆင်ခြင်၍ ဘုဉ်းပေးသုံးဆောင်တော်မူလေသည်။

(ဤစက်ဆုပ်ရွံရှာဖွယ်သဘော ဆင်ခြင်ပုံကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အာဟာရေပဋိက္ကူလဘာဝနာအဖွင့် (ဝိသုဒ္ဓိမဂ္ဂ၊ ၄၊၁၊ ၃၃၆ ၃၄၂), နှင့် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ရေးသားတော်မူသော ပရမတ္ထသရူပဘေဒနီကျမ်း ကမ္မဋ္ဌာန်းပိုင်း (ဘေဒနီ၊ ၂၊ ၃၇၂) အာဟာရေပဋိက္ကူလသညာ အခန်း၌ လေ့လာမှတ်ယူနိုင်သည်။)

ပစ္စေကဗုဒ္ဓါအရှင်မြတ် ဆွမ်းဘုဉ်းပေးပြီးသောအခါ အန္နဘာရသည် သပိတ်ဆေးရေကို ဆက်ကပ်လှူဒါန်းလေသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးစီးလေသော်---

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ သဗ္ဗမေဝ(ခိပ္ပမေဝ-က) သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။
(အံ၊ ၄၊ ၁၊ ၁၄၆။)

တပယ့် သင်၏၊ ကုသိုလ်စိတ် အလိုရှိအပ်သော၊ ပတ္တိတ်-တောင့်တအပ်သော၊ သဗ္ဗမေဝ ခပ်သိမ်းဥဿုံ အလုံးစုံသည်ပင်၊သမိဇ္ဈတု ပြည့်စုံစေသတည်း၊ ပန္နရသော စန္ဒော ယထာ-ပက္ခဆန်းတက် ဆယ့်ငါးရက်ဝယ် စက်ပုံတင်ရွှန်း လပြည့်ဝန်းကဲ့သို့၊ တပယ့် သင်၏၊ သဗ္ဗေ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော၊ သင်္ကပ္ပါ စိတ်ဝယ်ကြံဆ ကောင်းမြတ်သော အကြံအစည် ဟူသမျှတို့သည်၊ ပူရေန္တု ပြည့်ပါစေကုန်သတည်း။(မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ -ပပိုင်း၊၁၅၄။)ဟု အနုမောဒနာပြုတော်မူပြီးလျှင် ခရီးဆက်လက် ကြွတော်မူလေသည်။

## စောင့်ရှောက်ရှေ့ထီး၊ နတ်သမီး၊ ကောင်းချီးသြဘာပေး

သုမနသူဌေး၏ထီးချက်စောင့်နတ်သမီးသည် "သြော်...အလွန်မွန်မြတ်သည့် အလှူဒါနကို ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအရှင်မြတ်၌ ကောင်းစွာ တည်ထားအပ်လေပြီတကား" ဟု သုံးကြိမ်တိုင်တိုင် မြွက်ဆို၍ ကောင်းချီးသြဘာပေးလေသည်။ သုမနသူဌေးသည် "နတ်သမီး...သင်သည် ဤမျှကာလရှည်စွာ အလှူဒါန ငါပေးနေသည်ကို မမြင်ဘူးလော? ဟု မေးလေသည်၊ နတ်သမီးက "ငါသည် သင်၏အလှူအတွက် ကောင်းချီးပေးသည်မဟုတ်ပါ၊ အန္နဘာရသည် ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူဒါန်းအပ်သော ဆွမ်းအတွက် ကြည်ညို၍ ကောင်းချီးသြဘာ ငါပေးပါသည်"ဟု ပြောဆိုလေလျှင် သုမနသူဌေးသည် "ဤဖြစ်ရပ်ကား သြော်...အံ့သြဖွယ်ရှိပေစွ၊ ငါသည် ဤမျှကာလရှည်ကြာအလှူဒါနကို ပေးလှူပါလျက် နတ်ကို ကောင်းချီးသြဘာပေးစေခြင်းငှါ မစွမ်းနိုင်ခဲ့ချေ၊ ဤအန္နဘာရသည် ငါ့ကို အမှီပြု၍ နေရသူဖြစ်ပါလျက် လျောက်ပတ်သော အလှူခံပုဂ္ဂိုလ်ကို ရအပ်သောကြောင့် ဆွမ်းတစ်ကြိမ်လှူဒါန်းခြင်းဖြင့်ပင်လျှင် ကောင်းချီးသြဘာပေးစေနိုင်ခဲ့လေ၏၊ ဤအန္နဘာရအား သင့်တော်လျောက်ပတ်သော ဥစ္စာကိုပေး၍ ထိုသူလှူဒါန်းသော ဆွမ်းကို ငါ၏ ဥစ္စာပြုမှ သင့်ပေမည်"ဟု ကြံစည်ပြီးလျှင် အန္နဘာရကို ခေါ်စေ၍"ယနေ့ သင်သည် တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်အား တစ်စုံတစ်ခုသော လှူဖွယ်ကို ပေးလှူအပ်သလော?"ဟု မေးလေသည်။ အန္နဘာရက "ဟုတ်ကဲ့ လှူအပ်ပါသည် အရှင်သူဌေးမင်း...၊ ကျွန်ုပ်သည် ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအရှင်မြတ်အား မိမိ၏ဝေပုံကျထမင်းကို ပေးလှူအပ်ပါသည်"ဟု ပြောဆိုလေသော် သူဌေးက "အမောင်...ငါတိုက်တွန်း၏၊ တစ်အသပြာကို ယူ၍ ထိုသင်လှူအပ်သောဆွမ်းကို ငါ့အား ပေးပါလော့"ဟု တောင်းဆိုလေ၏။

ဒေဝတံ (ဆ)၊ ဒေဝတာဟိ (သီ)၊ ဒေဝတာ (သျာ)

အန္နဘာရက "မပေးနိုင်ပါ အရှင်သူဌေးမင်း..."ဟု ငြင်းပယ်လေသော် သုမနသူဌေးသည် အသပြာတစ်ထောင်တိုင်အောင် တိုးတက်၍ ပေးလေသည်။ အန္နဘာရကမူ "အသပြာတစ်ထောင်ဖြင့်လည်း မပေးနိုင်ပါ"ဟု ငြင်းပယ်မြဲ ငြင်းပယ်လေသည်။ သုမနသူဌေးက "အမောင်...ထိုဆွမ်းကို မပေးနိုင်လျှင် ရှိပါစေတော့၊ အသပြာတစ်ထောင်ကို အမောင်လက်ခံယူ၍ ထိုဆွမ်းအလှူကောင်းမှု၏အဖို့အစုကို ငါ့အား ပေးပါ"ဟု တောင်းဆိုလေသည်။ အန္နဘာရက "ဤကောင်းမှု အဖို့အစုကို ပေးသင့်, မပေးသင့်ကိုလည်း ကျွန်ုပ်မသိပါ၊ အမှန်စင်စစ်ကား ကျွန်ုပ်သည် ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မေးလျှောက်ပြီးမှ အကယ်၍ ပေးသင့်သည်ဆိုပါလျှင် ပေးပါမည်"ဟု ပြောဆို၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံသို့ သွားကာ...

## ဆီမီးညှိမှု၊ ပမာပြု၊ ဝေစု မျှဝေရာ

အရှင်အနုရုဒ္ဓါအလောင်းတော် ဆင်းရဲသား အန္နဘာရက ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအရှင်မြတ်အား "အရှင်ဘုရား...သုမနသူဌေးကြီးက တပည့်တော်အား အသပြာတစ်ထောင်ပေးပြီးလျှင် အရှင်မြတ်တို့အား လှူဒါန်းအပ်သော ဆွမ်း၌ ကုသိုလ်ကောင်းမှု အမျှဝေစုကို တောင်းနေပါသည်၊ ပေးရမည်လော?, မပေးရပါမည်လော?ဘုရား"ဟု လျှောက်ထားလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်က "ပညာရှိ...သင့်အဖို့ရာ ငါဥပမာတခုကို ပေးပါမည်၊ အိမ်ခြေတစ်ရာရှိသော ရွာဝယ် အိမ်တစ်အိမ်သာလျှင် ဆီမီးညှိထွန်းထားသည် ဆိုကြပါစို့၊ ကျန်သော ကိုးဆယ့်ကိုးအိမ်တို့က မိမိ, မိမိ၏ဆီများဖြင့် ဆီမီးစာများကို ဆွတ်ကြ၍ မီးဆက်ညှိကြလျက် ယူကြလျှင် ရှေးရှိရင်းစွဲဆီမီး၏အရောင်အလင်းသည် ရှိမြဲရှိသလော?၊ သို့မဟုတ် မရှိပဲ ယုတ်လျော့၍ သွားသလော?"ဟု မေးလေသည်။

အန္နဘာရက "အရှင်ဘုရား...ယုတ်လျော့၍ မသွားပါ၊ အရောင်အလင်းသည် ရှေးကထက်တိုးတက်၍ ဖြစ်ပွားပါသည်ဘုရား" ဟုလျှောက်ထားလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်က"ပညာရှိ...ဤအတူပင် တစ်ယောက်ချိုမျှသော ယာဂုပင်ဖြစ်စေ, တစ်ယောက်မျှသော ဆွမ်းပင်ဖြစ်စေ မိမိလှူဒါန်းအပ်သော ဆွမ်းအလှူ၌ သူတပါးတို့အား ကုသိုလ်ကောင်းမှု အဖို့အစုကို ပေးဝေသော အလှူရှင်၏အဖို့ရာ အခြားလူတစ်ရာအားပင် ပေးသည်ဖြစ်စေ, လူတစ်ထောင်အားပင် ပေးသည်ဖြစ်စေ အကြင်မျှလောက်သော သူတို့အား ပေး၏၊ ထိုမျှလောက်သော သူတို့၏အဖို့ ကုသိုလ်ကောင်းမှုတရား တိုးပွားသည်သာ ဖြစ်၏၊ ယခု သင်က ဆွမ်းလှူရာမှာ ဆွမ်းတစ်ခုကိုသာ လှူခဲ့လေ၏၊ အကယ်

၍ သုမနသူဌေးကြီးအား သင်က ကုသိုလ်ကောင်းမှု အဖို့အစုကို အမျှပေးဝေအပ်သည်ရှိသော် သင့်အတွက် ဆွမ်းအလှူဒါန(ရှိရင်းစွဲ) တစ်ခု, သုမနသူဌေးကြီးအတွက် ဆွမ်းအလှူဒါန(ကုသိုလ်ပွါး)တစ်ခု=ဤသို့အားဖြင့် ဆွမ်းအလှူဒါနနှစ်ခုတို့ ဖြစ်ကြလေကုန်၏"ဟု ဖြေကြားတော်မူလေ၏။

အန္နဘာရော....ပစ္စေကဗုဒ္ဓံ သမ္မာပုဏိတွာ "ဘန္တေ သုမနသေဋ္ဌိ မယှံ သဟဿံ ဒတွာ တုမှာကံ ဒိန္နပိဏ္ဍပါတေ ပတ္တိံ ယာစတိ၊ ဒမ္မိ ဝါ န ဒမ္မိ ဝါ"တိ။ "ဥပမံ တေ ပဏ္ဍိတ ကရိဿာမိ၊ သေယျထာပိ ကုလသတိကေ ဂါမေ ဧကသ္မိံယေဝ ဃရေ ဒီပံ ဇာလေယျ၊ သေသာ အတ္တနော အတ္တနော တေလေန ဝဋ္ဋိံ တေမေတွာ ဇာလာပေတွာ ဂဏှေယျုံ၊ ပုရိမဒီပဿ ပဘာ အတ္ထိ, နတ္ထီ"တိ။ "အတိရေကတရာ ဘန္တေ ပဘာ ဟောတီ"တိ။ "ဧဝမေဝ ပဏ္ဍိတ ဥဠုင်္ကယာဂု ဝါ ဟောတု ကဋစ္ဆုဘိက္ခာ ဝါ၊ အတ္တနော ပိဏ္ဍပါတေ ပရေသံ ပတ္တိံ ဒေန္တဿ သတဿ ဝါ ဒေတု သဟဿဿ ဝါ၊ ယတ္တကာနံ ဒေတိ၊ တတ္တကာနံ ပုည် ပဝဍ္ဎတိ(ယတ္တကံ ဒေတိ၊ တတ္တကံ ဝဍ္ဎတိ၊သီ၊က)။ တွံ ဒေန္တော ဧကမေဝ ပိဏ္ဍပါတံ အဒါသိ၊ သုမနသေဋ္ဌိဿ ပန ပတ္တိယာ ဒိန္နာယ ဒွေ ပိဏ္ဍပါတာ ဟောန္တိ ဧကော တဝ, ဧကော စ တဿာ"တိ။ (အံ၊ ဋ္ဌ၊ ၁၊ ၁၄၇။)

အန္နဘာရသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ရှိခိုးပြီးလျှင် သုမနသူဌေး၏အထံသို့ သွား၍ "အရှင်သူဌေးမင်း...ကျွန်ုပ်၏ဆွမ်းအလှူ၌ကုသိုလ်ကောင်းမှု အဖို့အစုကို ယူပါလော့"ဟု အမျှပေးစကား ပြောကြားလေသည်။

သူဌေး။ ။ ငါတိုက်တွန်းပါ၏ အမောင်...အသပြာတစ်ထောင်ကို ယူပါလော့။

အန္နဘာရ။ ။ အရှင်သူဌေးမင်း...ကျွန်ုပ်သည် ဆွမ်းကို ရောင်းသည်မဟုတ်ပါ၊ အမှန်စင်စစ်ကား သဒ္ဓါတရားဖြင့် အရှင်သူဌေးမင်းတို့ (ဆွမ်းကုသိုလ်ကောင်းမှု၏)အဖို့အစုကို အမျှပေးပါသည်။

သူဌေး။ ။ အမောင်...သင်က ငါ့အား သဒ္ဓါတရားဖြင့် ကုသိုလ်ကောင်းမှု အဖို့အစုကို အမျှပေး၏၊ ငါကား သင်၏ကျေးဇူးဂုဏ်ကို ပူဇော်လိုသည်ဖြစ်၍ အသပြာတစ်ထောင် ပေးပါ၏၊ ယူသာ ယူပါအမောင်။

အန္နဘာရသည် "ကောင်းပါပြီ အရှင်သူဌေးမင်း..."ဟု ပြောဆိုကာ အသပြာတစ်ထောင်ကို ယူလေသည်။ သုမနသူဌေးက "အမောင်...သင်၏အဖို့ရာ အသပြာတစ်ထောင်ကို ရပြီးသောအခါမှစ၍ မိမိလက်ဖြင့် အလုပ်လုပ်ရန်ကိစ္စ(ကမ္မကရဏကိစ္စ)မရှိတော့ချေ၊ လမ်းမ၌ နေအိမ်ကို ဆောက်လုပ်၍ (ဝီထိယံ ဃရံ မာပေတွာ) နေလော့၊ သင်အလိုရှိသောဝတ္ထုကို ငါ့အိမ်မှ ဆောင်စေ၍သာ ယူပါလော့"ဟု ပြောဆိုလေသည်။

## ဒိဋ္ဌဓမ္မ၊ ကျိုးကိုရ၊ အန္န သူဌေးဖြစ်

နိရောဓသမာပတ်မှ ထသော ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူဒါန်းအပ်သောဆွမ်းမည်သည် ထိုလှူသောနေ့၌ပင် ဒိဋ္ဌဓမ္မဝေဒနီယ အကျိုးပေး၏ ။

နိရောဓသမာပတ္တိတော ဝုဋ္ဌိတပစ္စေကဗုဒ္ဓဿ ဒိန္နပိဏ္ဍပါတော နာမ တံဒိဝသမေဝ ဝိပါကံ ဒေတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၁၄၇။)

သုမနသူဌေးသည် အခြားနေ့များ၌ အန္နဘာရကို ခေါ်၍ မင်းနန်းတော်သို့ မသွားခဲ့သော်လည်း ထိုနေ့၌ကား ဒိဋ္ဌဓမ္မဝေဒနီယကံ ဟူသော ဆွမ်းအလှူကောင်းမှု၏အာနုဘော်ကြောင့် အန္နဘာရကို ခေါ်ဆောင်၍ပင် မင်းနန်းတော်သို့ သွားရောက်လေသည်။

အန္နဘာရ၏ကုသိုလ်ကောင်းမှုကို အကြောင်းပြု၍ မင်းကြီးသည် သုမနသူဌေးကို မကြည့်ပဲ အန္နဘာရကိုသာ ကြည့်လေသည်၊ သုမနသူဌေးက "အရှင်မင်းကြီး...အဘယ့်ကြောင့် ဤယောကျ်ားကို စူးစူးစိုက်စိုက် ကြည့်ရှုတော်မူပါသနည်း?"ဟု မေးလျှောက်လေသည်။ မင်းကြီးက"အခြားနေ့၌ ဤယောကျ်ားကို မမြင်ဖူးသောကြောင့် ကြည့်ရှုပါသည် သူဌေးကြီး"ဟု ပြောဆိုလေ၏ ။ သူဌေးက "အရှင်မင်းကြီး...ဤယောကျ်ားကား စူးစူးစိုက်စိုက် ကြည့်ရှုထိုက်သော ယောကျ်ားဖြစ်ပါသည်"ဟု ပြန်လည်လျှောက်တင်လေသည်၊ မင်းကြီးက "ဤယောကျ်ား၏စူးစူးစိုက်စိုက် ကြည့်ရှုထိုက်သော ဂုဏ်ကျေးဇူးဟူသည် အဘယ်ပါနည်း? သူဌေးကြီး..."ဟု မေးလေသည်။ သူဌေးက "အရှင်မင်းကြီး...ဤယောကျ်ားသည် ယနေ့ မိမိ၏ဝေပုံကျထမင်းကို ကိုယ်တိုင် မစားပဲ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူဒါန်းအပ်လေသောကြောင့် ကျွန်ုပ်၏လက်မှအသပြာတစ်ထောင်ကို ရယူပြီးသူ ဖြစ်ပါသည်"ဟု လျှောက်တင်လေသည်။ မင်းကြီးက "ဤယောကျ်ားသည် အဘယ်အမည်ရှိသနည်း?"ဟု မေးလေရာ သူဌေးက "အန္နဘာရ အမည်ရှိပါသည် အရှင်မင်းကြီး.." ဟု ဖြေကြားလေသည်။ မင်းကြီးက "သင်သူဌေးကြီး၏လက်မှ အသပြာတစ်ထောင်ရအပ်ပြီးဖြစ်သောကြောင့် ငါ၏လက်မှလည်း အသပြာတစ်ထောင်ရထိုက်သူ ဖြစ်ပေသည်၊ ငါသည်လည်း ထိုယောကျ်ားအား ပူဇော်မှုကို ပြုပါအံ့"ဤသို့ ပြောဆို၍ မင်းကြီးကလည်း အန္နဘာရအား အသပြာတစ်ထောင် ပေးလေသည်။

## မြေကိုတူးကြား၊ ရွှေအိုးများ၊ ထင်ရှား တွေ့ရပြီ

မင်းကြီးသည် မင်းချင်းယောကျ်ားတို့ကို "အချင်းတို့...ဤအန္နဘာရနေထိုင်ရန် အိမ်ကို သိကြကုန်လော့"ဟု မိန့်ဆိုလေသည်၊ မင်းချင်းယောကျ်ားတို့က "ကောင်းပါပြီ အရှင်မင်းကြီး..."ဟု လျှောက်တင်ကြပြီးလျှင် အိမ်နေရာဟောင်းတစ်ခုကို ရှင်းလင်းသုတ်သင်ကြသည်ရှိသော် ပေါက်တူးဖြင့် တူးဆွအပ်တိုင်း တူးဆွအပ်တိုင်းသော နေရာ၌ ရွှေအိုးတို့ လည်ပင်းချင်းထိ၍ တည်နေကြသည်ကို တွေ့မြင်ကြရ၍မင်းကြီးအား လျှောက်ထားကြလေသည်။

မင်းကြီးက "အချင်းတို့...ထိုသို့ဖြစ်လျှင် သွားရောက်၍ တူးဖော်ကြကုန်လော့"ဟု အမိန့်ပေးလေသည်၊ ထိုမင်းချင်းယောကျ်ားတို့တူးကြတူးကြစဉ်ပင် ရွှေအိုးတို့သည် အောက်သို့ သက်၍ သွားကြကုန်၏၊ တဖန် သွား၍ မင်းကြီးအား လျှောက်တင်ကြလေသော် မင်းကြီးက"အချင်းတို့...ငါ၏စကားဖြင့် မဟုတ်ပဲ အန္နဘာရ၏စကားဖြင့် တူးကြကုန်လော့"ဟု စေခိုင်းလေသည်၊ မင်းချင်းယောကျ်ားတို့သည် ထိုနေရာသို့ သွားရောက်ကြ၍ "အန္နဘာရ၏သာလျှင် ညွှန်ကြားချက်စကားဖြစ်သည်"ဟု ပြောဆို တူးဆွကြကုန်၏၊ ပေါက်တူးဖြင့် တူးဆွအပ်တိုင်းတူးဆွအပ်တိုင်းသော အရပ်၌ မှိုပွင့်ကြီးများပမာ ရွှေအိုးတို့သည် ပေါ်တက်၍လာကြလေတော့သည်။

မင်းချင်းယောကျ်ားတို့သည် ထိုဥစ္စာရတနာများကို သယ်ဆောင်၍ မင်းကြီး၏အနီး၌ အစုအပုံ ပြုလုပ်ထားကြလေသည်။ မင်းကြီးသည် အမတ်တို့ကို စည်းဝေးစေပြီးလျှင် "ဤမြို့၌ အန္နဘာရမှတပါး အခြားမည်သူတစ်ဦးတစ်ယောက်အား ဤမျှများပြားသောဥစ္စာ ရှိပါသလော?"ဟု မေးလေသည်၊ အမတ်တို့က "အခြားမည်သူ တစ်ဦးတစ်ယောက်အား ဤမျှများပြားသောဥစ္စာ မရှိပါ အရှင်မင်းကြီး..."ဟုလျှောက်တင်ကြလေလျှင် မင်းကြီးက "အချင်းတို့...ထိုသို့ဖြစ်လျှင် ဤအန္နဘာရသည် ဤဗာရာဏသီမင်းနေပြည်ဝယ် 'ဓနသေဋ္ဌိ'အမည်ရှိသော သူဌေးကြီး ဖြစ်စေ"ဟု အမိန့်တော်မြွက် သတ်မှတ်လေသည်။ ထိုနေ့၌ပင် အန္နဘာရသည် မင်းကြီးထံမှ သူဌေးထီးဖြူကို ရရှိလျက်"ဓနသေဋ္ဌိ"အမည်ရှိသော သူဌေးကြီး ဖြစ်လေတော့သည်။

## ရဟန်းပြုထ၊ ဆုံးဘဝ၊ ရပ ဒိဗ္ဗစက်

အန္နဘာရသည် မဟာဓနမည်သော သူဌေးကြီးဖြစ်သည်မှစ၍ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုများကို ပြုလုပ်ပြီးလျှင် ထိုဘဝမှစုတေလတ်သော် နတ်ပြည်၌ ဖြစ်လေသည်။

အရှင်အနုရုဒ္ဓါအလောင်းတော်သည် လူနတ်စည်းစိမ်ကို ကြိမ်ဖန်များစွာ ခံစားပြီးနောက် ဂေါတမဘုရားလက်ထက်တော်ဝယ် သုဒ္ဓေါဒနမင်းကြီး၏ညီတော် သုက္ကောဒနသာကီဝင်မင်း၏သားတော်ဖြစ်၏၊ ဘဒ္ဒိယစသောမင်းသားများနှင့်အတူ ရဟန်းပြုလျက်(ရဟန်းပြုသောဝါတွင်းကာလမှာပင်) ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရ၍ ဒုတိယဝါ၌ ရဟန္တာဖြစ်တော်မူလေသည်။

အရှင်အနုရုဒ္ဓါသည် ဆွမ်းစားနေချိန်မှတပါး ကျန်အချိန်တွေမှာ အရောင်အလင်းကို ပွါးစေ၍ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် သတ္တဝါတို့ကိုကြည့်လျက်သာ နေတော်မူသတတ်။ အရှင်မြတ်သည် နေ့ညဉ့်ပတ်လုံး လေ့လာအပ်သော ဝသီဘော်ရှိသည်၏အဖြစ်ကြောင့် ဒိဗ္ဗစက္ခုအဘိညာဉ်ရပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်ပေသည်၊ အမှန်စင်စစ် ကမ္ဘာတစ်သိန်းပတ်လုံး ဆုတောင်းဖြည့်ဆည်းခဲ့သော ပါရမီတော်တို့ကြောင့် ဒိဗ္ဗစက္ခုအဘိညာဉ်ရကြသော ဘုရားရှင်၏တပည့်ရဟန်းတို့တွင် အမြတ်ဆုံး တေဒဂ်ဘွဲ့ထူးကို ရရှိတော်မူလေသည်။

ဒိဗ္ဗစက္ခုကာနံ ယဒိဒံ အနုရုဒ္ဓေါတိ ဒိဗ္ဗစက္ခုကဘိက္ခူနံ အနုရုဒ္ဓတ္ထေရော အဂ္ဂေါတိ ဒဿေတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၁၄၃။)

ထေရော ကိရ ဘောဇနပပဉ္စမတ္တံ ဌပေတွာ သေသကာလံ အာလောကံ ဝဍ္ဎေတွာ ဒိဗ္ဗစက္ခုနာ သတ္တေ ဩလောကေန္တောဝ ဝိဟရတိ။ ဣတိ အဟောရတ္တံ စိဏ္ဏဝသိတာယ သေ ဒိဗ္ဗစက္ခုကာနံ အဂ္ဂေါ နာမ ဇာတော။ အပိစ ကပ္ပသတသဟဿံ ပတ္တိတဘာဝေနပေသ ဒိဗ္ဗစက္ခုကာနံ အဂ္ဂေါဝ ဇာတော။ (အံ၊ ဋ္ဌ၊ ၁၊ ၁၄၃။)

အထ နံ အပရဘာဂေ သတ္ထာ ဇေတဝနမဟာဝိဟာရေ ဝိဟရန္တော "မမ သာသနေ ဒိဗ္ဗစက္ခုကာနံ အနုရုဒ္ဓေါ အဂ္ဂေါ"တိ အဂ္ဂဋ္ဌာနေဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၁၅၀)အရှင်မြတ်နှင့်ပတ်သက်၍ အကျယ်တဝင့်သိလိုပါက အင်္ဂုတ္တိုရ်အဋ္ဌကထာ ပဌမအုပ် (၁၄၃ ၁၅၀),ဓမ္မပဒအဋ္ဌကထာ ပဌမအုပ် (၈၆ ၈၉, ၃၈၇ ၃၈၈), မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ပပိုင်း (၁၄၈ ၁၇၇) တို့၌ ကြည့်ရှုနိုင်သည်။

## (၆) အရှင်ဘဒ္ဒိယမထေရ်အကြောင်း သိကောင်းစရာ

တေဒဂ္ဂ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဥစ္စာကုလိကာနံ ယဒိဒံ ဘဒ္ဒိယော ကာဠိဂေါဓာယ ပုတ္တော။ (အံ၊ ၁၊ ၂၃။)

### အရှင်ဘဒ္ဒိယမထေရ်အလောင်း ရေးဆုတောင်း

အရှင်ဘဒ္ဒိယအလောင်းတော်သည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် စည်းစိမ်ကြွယ်ဝသော အမျိုး၌ဖြစ်၍ ဘုရားရှင်က

မြတ်သော အမျိုး၌ဖြစ်ကုန်သော ရဟန်းတို့တွင် အမြတ်ဆုံး တေဒဂ်ရာထူး၌ထားသော ရဟန်းတပါးကို တွေမြင်ရ၍ ထိုရဟန်းကဲ့သို့ အမျိုးမြတ်သော အရာ၌အမြတ်ဆုံးရာထူးရရန် ခုနစ်ရက်ပတ်လုံး အလှူကြီးပေး၍ ဆုတောင်းခဲ့လေသည်။

## အမျိုးမြတ်ရာ တေဒဂ်ပါ

အရှင်ဘဒ္ဒိယသည် မည်းနက်သောအဆင်းရှိသော ဂေါဓာအမည်ရှိသော သာကီဝင်မင်းသမီး၏သား ဖြစ်၏၊ သူ၏မိခင်သည် သာကီဝင်မင်းသမီးတို့တွင် အရွယ်အားဖြင့် အကြီးဆုံး ဖြစ်သည်၊ (သာကီဝင်မျိုး၏ထုံးတမ်းစဉ်လာမှာ အသက်ကြီးသူကို အရိုအသေ ပေးကြရသည်, အသက်ကြီးသူကို "မြတ်သည်"ဟု ယူဆကြသည်၊) အရှင်ဘဒ္ဒိယသည်သာ(မြင့်မြတ်သူမိခင်၏သားဖြစ်၍ မင်းဖြစ်ထိုက် စေကာမူ) သာကီဝင်မျိုး၌ရထိုက်သော မင်းအဖြစ်ကို ပယ်စွန့်၍ ရဟန်းပြုသောကြောင့် မြတ်သောအမျိုး၌ဖြစ်ကုန်သော ဘုရားရှင်၏ တပည့်ရဟန်းတို့တွင် အမြတ်ဆုံးဖြစ်သည်၊ အမှန်စင်စစ်က ရှေးဆုတောင်း၏အစွမ်းအာနုဘော်အားဖြင့် အစဉ်အတိုင်း ဘဝငါးရာတို့တိုင် တိုင် မင်းမျိုး၌ဖြစ်၍ မင်းဖြစ်ခဲ့ရသောကြောင့် အမျိုးမြတ်သူတို့တွင် "အမြတ်ဆုံးအရာ"ကို ရရှိလေသည်။

ဥစ္စာကုလီကာနန္တိ ဥစ္စေ ကုလေ ဇာတာနံ။ ဘဒ္ဒိယောတိ အနုရုဒ္ဓတ္ထေရေန သဒ္ဓိံ နိက္ခမန္တော သကျရာဇာ။ ကာဠိဂေါဓာယ ပုတ္တောတိ ကာဠဝဏ္ဏာ သာ ဒေဝီ၊ ဂေါဓာတိ ပနဿာ နာမံ။ တသ္မာ ကာဠိဂေါဓာတိ ဝုစ္စတိ၊ တဿာ ပုတ္တောတိ အတ္ထော။..တဿ ဟိ မာတာ သာကိယာနိနံ အန္တရေ ဝယေန သဗ္ဗဇေဋ္ဌိကာ၊ သောယေဝ စ သာကိယကုလေ သမ္ပတ္တံ ရဇ္ဇံ ပဟာယ ပဗ္ဗဇိတော။ တသ္မာ ဥစ္စကုလိကာနံ အဂ္ဂေါတိ ဝုတ္တော။ အပိစ ပုဗ္ဗပတ္ထနာနုဘာဝေန စေသ အနုပဋိပါဋိယာ ပဉ္စ ဇာတိသတာနိ ရာဇကုလေ နိဗ္ဗတ္တိတွာ ရဇ္ဇံ ကာရေသိယေဝ။ တ္တမိနာပိ ကာရဏေန ဥစ္စာကုလိကာနံ အဂ္ဂေါတိ ဝုတ္တော။ (အံ၊ ဋ္ဌ၊ ၁၊ ၁၅၀ ၁၅၁။)

## (၇) အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်အကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မဉ္ဇုဿရာနံ ယဒိဒံ လကုဏ္ဍကဘဒ္ဒိယော(လကုဏ္ဍကဘဒ္ဒိယော၊သျာ၊ကံ)။ (အံ၊ ၁၊ ၂၃။)

### အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်အလောင်း ရှေးဆုတောင်း

အရှင်လကုဏ္ဍကဘဒ္ဒိယအလောင်းတော်သည် ပဒုမုတ္တရဘုရားလက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ ပစ္စည်းဥစ္စာကြွယ် ဝသော အမျိုး၌ဖြစ်၍ တနေ့သောအခါ ဘုရားရှင်က သာယာသော အသံရှိသော ရဟန်းတို့တွင် အမြတ်ဆုံးတေဒဂ်အရာ၌ထားသော ရ ဟန်းတစ်ပါးကို တွေမြင်ရ၍ ခုနစ်ရက်တိုင်တိုင် ဘုရားအမှူးရှိသော သံဃာတော်အား အလှူကြီးပေးလှူကာ အသံသာသောအရာ၌ အ မြတ်ဆုံးတေဒဂ်ဆုကို တောင်းခဲ့လေသည်။

## ဆုံးဘဝသစ်၊ ရဟန်းဖြစ်၊ ရလစ် တေဒဂ်

ထိုဆုတောင်းကြောင့် အရှင်မြတ်အလောင်းတော်သည် ကျွန်ုပ်တို့၏ဘုရားရှင်လကထက်တော်ဝယ် သာဝတ္ထိမင်းနေပြည်၌ စည်း စိမ်ချမ်းသာသော အမျိုး၌ဖြစ်ကာ နောက်ဆုံး ရဟန်းပြု၍ အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်လျက် သာယာချိုမြိန်သော အသံရှိကြသည့် တပည့်ရဟန်းတို့တွင် အမြတ်ဆုံး တေဒဂ်ဘွဲ့ထူးကို ဆွတ်ခူးရရှိလေသည်။

မဉ္ဇုဿရာနန္တိ မဓုရဿရာနံ။ လကုဏ္ဍကဘဒ္ဒိယောတိ ဥဗ္ဗေဓေန ရဿော၊ နာမေန ဘဒ္ဒိယော။ အရပ်ပုသော ဘဒ္ဒိယမည် သောထေရ်။ (အံ၊ ဋ္ဌ၊ ၁၊ ၁၅၂။)

## (၈) အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်အကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သီဟနာဒိကာနံ ယဒိဒံ ပိဏ္ဍောလဘာရဒွါဇော။ (အံ၊ ၁၊ ၂၄။)

### အရှင်ပိဏ္ဍောလဘာရဒွါဇအလောင်း ရှေးဆုတောင်း

အရှင်ပိဏ္ဍောလဘာရဒွါဇအလောင်းတော်သည် ပဒုမုတ္တရဘုရားလက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်တွင် မဟာသာလ သူဌေးမျိုး၌ဖြစ်၍ တနေ့သောအခါ ကျောင်းတော်သို့သွားရောက်ကာ တရားနာယူစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို "ရဲရဲတောက် မဂ် ဖိုလ်စကားပြောကြားကြသော ရဟန်းတို့တွင် အမြတ်ဆုံး တေဒဂ်ရာထူး၌ထားတော်မူသည်"ကို တွေမြင်ရ၍ ခုနစ်ရက်ပတ်လုံး အလှူ

ကြီးကို ပေးလှူပြီးလျှင်ထိုရာထူးကို ဆုပန်ခဲ့လေသည်။

### ဆုံးဘဝတွက်၊ ဧတဒဂ်၊ ရလျက် ထေရ်ပိဏ္ဍောလ

အရှင်မြတ်အလောင်းတော်သည် ဂေါတမဘုရားလက်ထက်တော်ဝယ် ရာဇဂြိုဟ်မင်းနေပြည်၌ ပုဏ္ဏားမျိုး၌ဖြစ်ကာ တစ်ချိန်သောအခါ တရားတော်ကို နာယူရ၍ ဘုရားရှင်ထံတော်မှာ ရဟန်းပြုလေသည်၊ အရှင်မြတ်သည် ဣန္ဒြိယဘာဝနတရား ပွားများကြီးကုတ်အားထုတ်တော်မူ၍ အရဟတ္တဖိုလ်သို့ ရောက်ရှိခဲ့လေသည်။

အရှင်ပိဏ္ဍောလဘာရဒွါဇသည် အရဟတ္တဖိုလ်သို့ ရောက်သောနေ့၌ပင် (ရဟန္တာဖြစ်သောနေ့၌ပင်) သံကောက်(သော့)ကို ယူ၍ ကျောင်းတစ်ကျောင်းမှ တစ်ကျောင်းသို့, ပရိဝုဏ်တစ်ခုမှ ပရိဝုဏ်တစ်ခုသို့ သွား၍ "မဂ်ဖိုလ်၌ ယုံမှားရှိသူသည် ငါ့ကို မေးလော့" ဟု ခြင်္သေ့ကဲ့သို့ ရဲရင့်စွာ ကျုံးဝါးလျက် လှည့်လည်သတတ်။ ဘုရားရှင်၏ရှေ့တော်မှာပင် "အရှင်ဘုရား ဤသာသနာတော်၌ ပြုဖွယ်ကိစ္စသည် တပည့်တော်အား အထွတ်အထိပ်ရောက်ပါပြီဘုရား"ဟု ရဲရင့်စွာ လျှောက်ထားလေသည်။ ထို့ကြောင့် ခြင်္သေ့ကဲ့သို့ ရဲရင့်စွာ ကျုံးဝါးမြွက်ဆိုနိုင်ကုန်သော ဘုရားရှင်၏တပည့်တို့တွင် "အမြတ်ဆုံး"ဖြစ်သည်။

**သီဟနာဒိကာနန္တိ သီဟနာဒံ နဒန္တာနံ။ ပိဏ္ဍောလဘာရဒွါဇောတိ သော ကိရ အရဟတ္တံ ပတ္တဒိဝသေ အဝါပုရဏံ အာဒါယ ဝိဟာရေန ဝိဟာရံ ပရိဝေဏေန ပရိဝေဏံ [illegible]** "ယဿ မဂ္ဂေ ဝါ ဖလေ ဝါ ကင်္ခါ အတ္ထိ၊ သော မံ ပုစ္ဆတူ"တိ သီဟနာဒံ နဒန္တော ဝိစရိ။ ဗုဒ္ဓါနမ္ပိ ပုရတော ဌတွာ "ဣမသ္မိံ ဘန္တေ သာသနေ ကတ္တဗ္ဗကိစ္စံ မယှံ မတ္ထကံ ပတ္တ"န္တိ သီဟနာဒံ နဒိ။ တသ္မာ သီဟနာဒိကာနံ အဂ္ဂေါ နာမ ဇာတော။ (အံ၊ ဋ္ဌ၊ ၁၊ ၁၅၃ ၁၅၄။)

## (၉) အရှင်မန္တာဏိပုတ္တ ပုဏ္ဏမထေရ်အကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဓမ္မကထိကာနံ ယဒိဒံ ပုဏ္ဏော မန္တာဏိပုတ္တော။ (အံ၊ ၁၊ ၂၄။)

### မထေရ်မြတ်အလောင်း ရှေးဆုတောင်း

အရှင်ပုဏ္ဏအလောင်းတော်သည် ပဒုမုတ္တရဘုရားရှင်ပွင့်တော်မမူခင်ကပင် ဟံသာဝတီမြို့ဝယ် ဂေါတမအမည်ဖြင့် ပုဏ္ဏားသူဌေးမျိုး၌ ဖြစ်ပြီးလျှင် ဗေဒင်သုံးပုံ၌လိမ္မာကျွမ်းကျင်သော်လည်း ထိုဗေဒင်များ၌ သံသရာဝဋ်မှ လွတ်မြောက်ကြောင်းတရားကို မတွေ့ မမြင်ရကား ဤဗေဒင်သုံးပုံဖြင့် ငါ့အဖို့ရာ အကျိုးမရှိ-ဟု ကြံစည်ပြီးနောက် တပည့်များနှင့်အတူ တခုသောတောင်ခြေသို့ သွားရောက်လျက် ရသေ့ရဟန်းပြုလေသည်၊ လောကီအဘိညာဉ်ငါးပါး, လောကီသမာပတ်ရှစ်ပါးတို့ကို ရရှိလေသည်။

ဂေါတမရသေ့ အသက်အရွယ် အိုမင်းရင့်ရော်သောအခါ၌ ပဒုမုတ္တရဘုရားပွင့်ထွန်းတော်မူလာခဲ့လေသည်၊ ဘုရားရှင်သည် ဂေါတမရသေ့၏သခ်မ်းကျောင်းသို့ ကြွရောက်လာကာ ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ဝင်စားပြီးလျှင် နိရောဓသမာပတ်မှ ထတော်မူ၏၊ ဂေါတမရသေ့သည် တပည့်ရသေ့များနှင့်အတူတကွ ဘုရားအမှူးရှိသောရဟန်းသံဃာတော်တို့အား သစ်သီးဆွမ်း, ပန်းနေရာအခင်းများ, ပန်းထီးများကိုလှူဒါန်းလေသည်။

ဘုရားရှင်သည် တရားဟောကောင်းသောအရာဝယ် ဧတဒဂ်ဘွဲ့ထူးရ တပည့်ရဟန်းကို ပန်းနေရာအနုမောဒနာတရား ဟောစေပြီးလျှင် မိမိကိုယ်တော်တိုင်လည်း တရားဟောတော်မူလေသည်၊ ဒေသနာနိဂုံးအဆုံးဝယ် ဂေါတမရသေ့မှတပါး တစ်သောင်းရှစ်ထောင်သောတပည့်ရသေ့တို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေသည်။

ဂေါတမရသေ့သည် ဘုရားရှင်အား ရှေးဦးစွာ တရားဟောသော ရဟန်း၏အကြောင်းကို မေးမြန်းလျှောက်ထားသောအခါ ဘုရားရှင်က ဓမ္မကထိကရဟန်းတို့တွင် အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ်ဖြစ်၏ ဟု မိန့်တော်မူလေ၏၊ အရှင်ရသေ့က ဤခုနစ်ရက်တိုင်တိုင် ပြုလုပ်အပ်သောကောင်းမှုတို့ကြောင့် ထိုရဟန်းကဲ့သို့ "ဓမ္မကထိကရဟန်းတို့တွင် အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ်ဖြစ်ရပါလို၏"ဟု ဆုတောင်းခဲ့လေသည်။

### ရဟန်းပြုရ၊ ဆုံးဘဝ၊ ဓမ္မကထိကာ

အရှင်မြတ်အလောင်းတော်သည် နောက်ဆုံးဘဝ, ငါတို့၏ဘုရားရှင်လက်ထက်တော်ဝယ် ကပိလဝတ္ထုမြို့တော်၏မနီးမဝေးသော ဒေါဏဝတ္ထုမည်သော ပုဏ္ဏားရွာ, ပုဏ္ဏားသူကြွယ်မျိုး၌ဖြစ်၍ အညာသိကောဏ္ဍညထေရ်၏တူအရှင်းဖြစ်လေသည်၊ ဦးရီးတော်၏အစီအမံဖြင့် ရှင်ရဟန်းအဖြစ်ရ၍ မကြာမီကာလအတွင်းမှာပင် အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်။

အရှင်သည် အမည်အားဖြင့် "ပုဏ္ဏ"ဖြစ်၍ မန္တာဏီပုဏ္ဏေးမ၏သားဖြစ်၍ "မန္တာဏီပုတ္တ"ဖြစ်သည်။ အရှင်မြတ်သည် ဆုတောင်းသည့်အတိုင်းပင် ဓမ္မကထိကအရာ၌ ဧတဒဂ်ရားထူးရတော်မူလေသည်။

ပုဏ္ဏော မန္တာဏိပုတ္တောတိ နာမေန ပုဏ္ဏော၊ မန္တာဏိဗြာဟ္မဏိယာ ပန သော ပုတ္တောတိ မန္တာဏိပုတ္တော။..သတ္ထာ အပရဘာဂေ ဘိက္ခုသံဃမဇ္ဈေ နိသိန္နော ထေရံ ဓမ္မကထိကာနံ အဂ္ဂဋ္ဌာနေ ဌပေသီတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၁၅၆, ၁၆၀။)

ကထာဝတ္ထုဆယ်ပါး ဟူသည်မှာ

(၁) အပ္ပိစ္ဆကထာ=အလိုနည်းမှုနှင့်စပ်သော တရားစကား၊
(၂) သန္တုဋ္ဌိကထာ=ရောင့်ရဲလွယ်မှုနှင့်စပ်သော တရားစကား၊
(၃) ပဝိဝေကကထာ=ဝိဝေကသုံးပါးနှင့်စပ်သော တရားစကား၊
(၄) အသံသဂ္ဂကထာ=သံသဂ္ဂ၅ မျိုးမှကင်းခြင်းနှင့်စပ်သော တရားစကား၊
(၅) ဝီရိယာရမ္ဘကထာ=ကြိုးစားအားထုတ်မှုဝီရိယနှင့်စပ်သော တရားစကား၊
(၆) သီလကထာ=သီလနှင့်စပ်သော တရားစကား၊
(၇) သမာဓိကထာ=သမာဓိနှင့်စပ်သော တရားစကား၊
(၈) ပညာကထာ=ပညာနှင့်စပ်သော တရားစကား၊
(၉) ဝိမုတ္တိကထာ=အရဟတ္တဖိုလ်နှင့်စပ်သော တရားစကား၊
(၁၀) ဝိမုတ္တိဉာဏဒဿနကထာ=ပစ္စဝေက္ခဏာဉာဏ်နှင့်စပ်သော တရားစကား၊

အရှင်မန္တာဏီပုတ္တပုဏ္ဏသည် ကိုယ်တိုင်ကလည်း ဤကထာဝတ္ထုဆယ်ပါးအတိုင်း လိုက်နာကျင့်သုံး၍ တပည့်တို့ကိုလည်း ထိုကထာဝတ္ထုဆယ်ပါးတို့ဖြင့် ဆုံးမတော်မူလေသည်။

## (၁၀) အရှင်မဟာကစ္စာနမထေရ်အကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ ဝိဘဇန္တာနံ ယဒိဒံ မဟာကစ္စာနော။ (အံ၊ ၁၊ ၂၄။)

### အရှင်မဟာကစ္စာနမထေရ်အလောင်း ရှေးဆုတောင်း

အရှင်မဟာကစ္စာန(ကစ္စည်းမထေရ်)အလောင်းတော်သည် ပဒုမုတ္တရဘုရားလက်ထက်တော်ဝယ် သူကြွယ်မျိုး၌ဖြစ်၍ တနေ့သောအခါတရားနာယူစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို "အကျဉ်းဟောအပ်သော တရားစကား၏အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဝေဖန်ခွဲခြားစိတ်ဖြာ ဟောကြားတတ်သော ရဟန်းတို့တွင် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ထားတော်မူသည်ကို မြင်ရ၍ ခုနစ်ရက်ပတ်လုံး အလှူကြီးပြုလုပ်ပြီးနောက် ဤကုသိုလ်ကောင်းမှုတို့ကြောင့် "အကျဉ်းအားဖြင့် ဟောကြားအပ်သော တရားစကား၏အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဝေဖန်ခွဲခြား စိတ်ဖြာဟောကြားတတ်သော ရဟန်းတို့တွင် အမြတ်ဆုံး ဧတဒဂ်ရာထူးကို ရပါလို၏"ဟု ဆုတောင်းခဲ့လေသည်။

အရှင်မြတ်အလောင်းတော်သည် ကမ္ဘာတစ်သိန်းတို့ပတ်လုံး လူနတ်စည်းစိမ်ကို အကြိမ်ကြိမ်အဖန်ဖန် ခံစားပြီးနောက် ကဿပဘုရားလက်ထက်တော်ဝယ် ဗာရာဏသီမင်းနေပြည်, အမျိုးကောင်းအိမ်၌ဖြစ်၍ ပရိနိဗ္ဗာန်စံလွန်ပြီးသော ကဿပဘုရားရှင်၏ရွှေစေတီတည်ထားရာတွင် တစ်သိန်းတန်ရွှေအုတ်ကို လှူဒါန်းပူဇော်လျက် "ဖြစ်လေရာရာဘဝ၌ ရွှေအဆင်းရှိသောကိုယ် ဖြစ်ရပါလို၏"ဟု ဆုတောင်းခဲ့လေသည်။

### အကျဉ်းဟောထား၊ ကျယ်ချဲ့ပြား၊ ဉာဏ်သွား မြတ်ဆုံးကွယ်

ထိုဆုတောင်းများကြောင့် ကျွန်ုပ်တို့၏ဘုရားရှင်လက်ထက်တော်ဝယ် ဥဇ္ဇေနီမြို့တော်၌ ပုရောဟိတ်ပုဏ္ဏား၏သားဖြစ်လေသည်၊ ရွှေအဆင်းရှိသော ကိုယ်ရှိသောကြောင့် "ကဥ္စန=ကစ္စာန(ကစ္စည်း)သတို့သား"ဟု အမည်တွင်ခဲ့လေသည်။ နောက်အခါ ဖခင်၏ပုရောဟိတ်အရာဆက်ခံ၍ ဥတေနမင်း၏ပုရောဟိတ်ဖြစ်လာခဲ့ရာ ဥတေနမင်းက ဘုရားရှင်အား ပင့်ရန်စေလွှတ်ခဲ့သည်၊ ကစ္စာနပုရောဟိတ်သည် အဖော်ခုနစ်ယောက်တို့နှင့်အတူ ဘုရားရှင်၏တရားတော်ကို နာရ၍ ပဋိသမ္ဘိဒါပတ္တရဟန္တာများဖြစ်ကြလေသည်။

ဘုရားရှင်သည် နောက်တချိန်ဝယ် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် (၁) မဓုပိဏ္ဍိကသုတ်(မ၊ ၁၊ ၁၅၄), (၂) ကစ္စာနပေယျာလ(မ၊ ၃၊၂၃၁), (၃)ပါရာယနသုတ်(ခု၊ ၂၊ ၃၃၆)=ဤသုတ္တန်သုံးခုတို့ကို အကြောင်းအဋ္ဌုပ္ပတ္တိပြု၍ အရှင်မဟာကစ္စာနကို "အကျဉ်းဟောကြားအပ်သော တရားစကား၏အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဝေဖန်ခွဲခြား စိတ်ဖြာဟောကြားတတ်သော ဘုရားရှင်၏တပည့်ရဟန်းတို့တွင် အမြတ်ဆုံး တေဒဂ်ရာထူး"ကို ရတော်မူလေသည်။

ဘုရားရှင်၏အကျဉ်းအားဖြင့် ဟောတော်မူအပ်သော တရားတော်ကို အချို့ရဟန်းတို့က အနက်၏အစွမ်းအားဖြင့်သာ ဖြည့်ခြင်း ငှာ စွမ်းနိုင်ကုန်သတတ်, အချို့တို့က သဒ္ဒါ၏အစွမ်းအားဖြင့်သာ ဖြည့်ခြင်းငှါ စွမ်းနိုင်ကုန်သတတ်၊ အရှင်မဟာကစ္စာနသည်ကား သဒ္ဒါအနက် နှစ်ပါးစုံ၏အစွမ်းအားဖြင့်လည်း ဖြည့်ခြင်းငှါ စွမ်းနိုင်တော်မူ၏။ ထို့ကြောင့် အကျဉ်းအားဖြင့် ဘုရားရှင်၏ဟောတော်မူ အပ်သောတရားတော်ကိုအကျယ်ချဲ့၍အနက်ကို ဝေဖန်တတ်သောအရာ၌ "အမြတ်ဆုံးဘွဲ့"ရတော်မူခြင်း ဖြစ်လေသည်။

သံခိတ္တေန ဘာသိတဿာတိ သံခိတ္တေန ကထိတဓမ္မဿ။ ဝိတ္ထာရေန အတ္ထံ ဝိဘဇန္တာနန္တိ တံ ဒေသနံ ဝိတ္ထာရေတွာ အတ္ထံ ဝိဘဇမာနာနံ။ အညေ ကိရ တထာဂတဿ သခ်ေပဝစနံ အတ္ထဝသေန ဝါ ပူရေတုံ သက္ကောန္တိ ဗျဉ္ဇနဝသေန ဝါ၊ အယံ ပန ထေရော ဥဘယဝသေနပိ သက္ကောတိ။ တသ္မာ အဂ္ဂေါတိ ဝုတ္တော။(အံ၊ ဋ္ဌ၊ ၁၊ ၁၆၀။)

အရှင်မဟာကစ္စာနထေရ်ဝတ္ထုကို အကျယ်တဝင့် သိလိုပါက အင်္ဂုတ္တုရ်အဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၁၆၀ ၁၆၄ တို့၌ ကြည့်ပါ။

## (၁၁·၁၂) အရှင်စူဠပန္ထကမထေရ်နှင့် အရှင်မဟာပန္ထကမထေရ်တို့အကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မနောမယံ ကာယံ အဘိနိမ္မိနန္တာနံ ယဒိဒံ စူဠပန္ထကော၊ စေတောဝိဝဋ္ဋကုသလာနံ ယဒိဒံစူဠပန္ထကော။ (အံ၊ ၁၊ ၂၄။)

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သညာဝိဝဋ္ဋကုသလာနံ ယဒိဒံ မဟာပန္ထကော။ (အံ၊ ၁၊ ၂၄။)

### နှစ်ပါးမထေရ်အလောင်း ရှေးဆုတောင်း

ပဒုမုတ္တရာဘုရားလက်ထက်တော်ဝယ် ဟံသာဝတီပြည်သား သူကြွယ်ညီနောင်နှစ်ယောက်တို့သည် ရတနာသုံးပါး၌ကြည်ညိုကြ ကုန်သည်ဖြစ်၍ အမြဲမပြတ် ဘုရားရှင်ထံတော်သို့ သွားရောက်ကြလျက် တရားနာကြကုန်၏၊ တနေ့သ၌ ညီငယ်သည် ဘုရားရှင်က အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ရဟန်းတစ်ပါးကို "(၁) စိတ်ဖြင့်ပြီးသောကိုယ်ကို ဖန်ဆင်းကြသော ရဟန်းတို့တွင်လည်းကောင်း, (၂) ရူပါ ဝစရဈာန်အရာ၌ ကျွမ်းကျင်လိမ္မာကြသော ရဟန်းတို့တွင်လည်းကောင်း ဤရဟန်းသည် အမြတ်ဆုံးဖြစ်ပေ၏"ဟု တေဒဂ်ရာထူး၌ ထားတော်မူသည်ကို မြင်ရ၍ ထိုရဟန်းကဲ့သို့ အင်္ဂါနှင့်ပြည့်စုံသော တေဒဂ်ရာထူးများကို အလိုရှိရကား ဘုရားရှင်ကို ပင့်ဖိတ်လျက် ခု နစ်ရက်ပတ်လုံး အလှူဒါနကြီးကို ပေးလှူပြီးလျှင်ထိုတေဒဂ်ဆုများကို တောင်းခဲ့လေသည်။

နောင်တော်သူကြွယ်သည်လည်း ဘုရားရှင်က ရဟန်းတစ်ပါးကို "သညာဝိဝဋ္ဋကုသလ အရူပါဝစရဈာန်ဝယ် လိမ္မာကျွမ်းကျင် သောအရာ၌ တေဒဂ်ထားတော်မူသည်ကို မြင်ရ၍ အဓိကာရကောင်းမှုကို ပြုပြီးလျှင် ထိုတေဒဂ်ဘွဲ့ကို ဆုတောင်းပတ္ထနာပြုခဲ့လေ၏။

### ဆုံးဘဝကား၊ ရဟန်းများ၊ ပြုငြား မြတ်ညီနောင်

ညီငယ်သည် ကမ္ဘာတသိန်းပတ်လုံး နတ်ပြည်, လူပြည်၌ ကျင်လည်၍ ကျွန်ုပ်တို့၏ဘုရားရှင်လက်ထက်တော်ဝယ် ရာဇဂြိုဟ် မင်းနေပြည်၌ နေသေဋ္ဌိသူဌေး၏သမီးနှင့် အစေခံကျွန်တို့၏သားနှစ်ယောက်အနက် သားငယ်ဖြစ်ခဲ့လေသည်၊ မိခင်သည် ကိုယ်ဝန်သန္ဓေ သားဖွားရန် မိဘအိမ်သို့အပြန် လမ်းခရီးတွင် နှစ်ကြိမ်တိုင်တိုင် သားဖွားမြင်လေသည်၊ လမ်းခရီး၌ဖွားမြင်ကြသောကြောင့် သားများကို "ပန္ထက"ဟု အမည်ပေးကြသော်လည်း သားနှစ်ယောက်ဖြစ်၍ သားကြီးကို "မဟာပန္ထက"ဟူ၍လည်းကောင်း, သားငယ်ကို "စူဠပန္ထ က"ဟူ၍လည်းကောင်းမည်ခေါ်ကြလေသည်။

ဥဘောပိ ပန္ထေ ဇာတတ္တာ ပန္ထကာ နာမ ဇာတာ။ တေသံ ပဌမဇာတော မဟာပန္ထကော နာမ၊ ပစ္ဆာဇာတော စူဠပန္ထကော နာမ။ (အံ၊ဋ္ဌ၊ ၁၊ ၁၆၅။)

### အရူပဈာန်မှာ၊ မြတ်ဆုံးပါ၊ ရရှာ မဟာပန်

နောင်သောအခါ ညီနောင်နှစ်ယောက်တို့သည် မိခင်၏မိဘများဖြစ်ကြသော အဖိုးအဖွားထံသို့ ရောက်ကြပြီးလျှင် မဟာပန္ထက

သည် ရှင်ရဟန်းပြုခွင့်ကိုရ၍ ကမ္မဋ္ဌာန်းတရား ပွါးများအားထုတ်သည့်အတွက် အရူပါဝစရဈာန်လေးပါးတို့ကို လေ့လာရရှိနိုင်နင်းသူဖြစ်ပြီးလျှင် ဈာန်မှထလျက် ဝိပဿနာတရား ပွါးများကြိုးကုတ် အားထုတ်လေရာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်၊ ထို့ပြင် အရှင်မဟာပန္ထကသည် အရူပါဝစရဈာန်အရာ၀ယ် လွန်စွာ ကျွမ်းကျင်လိမ္မာကြသော ဘုရားရှင်၏တပည့်ရဟန်းတို့တွင် အမြတ်ဆုံးဧတဒဂ်ဘွဲ့ကို ရတော်မူလေသည်။

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သညာဝိဝဋ္ဋကုသလာနံ ယဒိဒံ မဟာပန္ထကော။ (၁၂) အံ၊ ၁၊ ၂၄။

## အတိတ်ဝင့်ကျွေး၊ ဉာဏ်နုံ့နှေး၊ ဖြစ်ရေး စူဠပန်

ထိုနောက် အရှင်မဟာပန္ထကသည် ညီငယ် စူဠပန္ထကကို ရှင်ပြုပေးလျက်....

ပဒုမံ ယထာ ကောကနဒံ(ကောကနဒံ-က) သုဂန္ဓံ၊ ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။

အင်္ဂီရသံ ပဿ ဝိရောစမာနံ၊ တပန္တမာဒိစ္စမိဝန္တလိက္ခေ(သံ ၁၊ ၈၁။ အံ ၁၊ ၂၀၉)။

(ကောကနဒံ -ရွက်ဖတ်များထ အဆင်းလှ၍ ကောကနဒမည်သော၊ သုဂန္ဓံ-ရနံ့ကောင်းကြိုင် လှိုင်ပေထသော၊ ပဒုမံ-ပဒုမာကြာသည်၊ ပါတော-နေအရုဏ်စက် တက်လတ်ဦးစွာ နံနက်အခါ၌၊ ဖုလ္လံ-ပွင့်သည်ဖြစ်၍၊ အဝီတဂန္ဓံ-ရနံ့ကောင်းသင်း မကင်းသည်ဖြစ်၍၊ ဝိရောစမာနံ-ရွှချင်စဖွယ် တင့်တယ်လှပသည်၊ သိယာ ယထာ-ဖြစ်လေသကဲ့သို့၊ (တထာ-ထို့အတူ)၊ သုဂန္ဓံ-ကိုယ်တော်ရနံ့ ဂုဏ်ရနံ့ဖြင့် သင်းပြန့်မွှေးကြိုင် လှိုင်တော်မူထသော၊ အန္တလိက္ခေ အဇင္ဈာပြင် မိုးကောင်းကင်၌၊ အာဒိစ္စမိဝ သရဒအခါ တက်လာပေါ်ထွန်းနေစက်ဝန်းကဲ့သို့၊ တပန္တံ ကိုယ်တော်၏တန်ခိုးရှိန်ဖြင့် တထိန်ထိန် တောက်ပတော်မူထသော၊ ဝိရောစမာနံ -ဖူးတိုင်းသပ္ပါယ် တင့်တယ်စွာထသော၊ အင်္ဂီရသံ-ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားကို၊ ပဿ=ပဿာဟိ -အာရုံထင်ထင် သဒ္ဓါဇောသက်ဝင်၍ ဖူးမြင်လိုက်စမ်းပါတော့လော။)

ဤဂါထာကို သင်ပေးလေသည်။

စူဠပန္ထကသာမဏေမှာ သင်ပြီးတိုင်း သင်ပြီးတိုင်းသော စာပိုဒ်များသည် အထက်အထက် စာပိုဒ်များကို သင်ယူလတ်သော် ပျောက်ခြင်းမလှ ပျောက်၍ပျောက်၍ သွားလေသည်၊ လေးလကြာသော်လည်း သာမဏေသည် ဤဂါထာကို နှုတ်တက်မရနိုင်ခဲ့ပေ။

မှတ်ချက်။ ။ [ အရှင်စူဠပန္ထကအလောင်းတော်သည် ကဿပဘုရားရှင်လက်ထက်တော်အခါက ရဟန်းပညာရှိပုဂ္ဂိုလ်တစ်ပါးဖြစ်ပြီးလျှင် အခြားဉာဏ်နုံ့နှေးသည့်ရဟန်းတစ်ပါး ပါဠိသင်ယူသောအခါ ပြက်ရယ်ပြောင်လှောင်မှု ပြုခဲ့လေသည်၊ ထိုဉာဏ်နုံ့သော ရဟန်းသည် ထိုပြက်ရယ်ပြောင်လှောင်မှုကြောင့် ရှက်နိုးလှ၍ ပါဠိကိုလည်း မသင်ဝံ့တော့ချေ၊ စာအံမှုကိုလည်း မပြုဝံ့တော့ချေ၊ ထိုမကောင်းမှုအကုသိုလ်ကံကြောင့် ယခုစူဠပန္ထကဘဝဝယ် ရှင်သာမဏေပြုပြီးလျှင်ပင် ထိတ်လန့်ဖွယ်ရာ ဉာဏ်ပညာနုံ့နှေးထိုင်းမှိုင်း၍ သွားလေသည်၊ ထို့ကြောင့် သင်ပြီးတိုင်း သင်ပြီးတိုင်းသော စာပိုဒ်များသည် အထက်အထက် စာပိုဒ်များကို သင်ယူလတ်သည်ရှိသော် ပျောက်ခြင်းမလှ ပျောက်၍မေ့၍ သွားကြလေသည်။

စူဠပန္ထကော ကိရ ကဿပသမ္မာသမ္ဗုဒ္ဓကာလေ ပဗ္ဗဇိတွာ ပညဝါ ဟုတွာ အညတရဿ ဒန္ဓဘိက္ခုနော ဥဒ္ဒေသဂဟဏကာလေ ပရိဟာသကေဠိံ အကာသိ။ သော ဘိက္ခု တေန ပရိဟာသေန လဇ္ဇိတော နေဝ ဥဒ္ဒေသံ ဂဏှိ၊ န သဇ္ဈာယမကာသိ။ တေန ကမ္မေနာယံ ပဗ္ဗဇိတွာဝ ဒန္ဓော ဇာတော၊ တဿာ ဂဟိတဂဟိတပဒံ ဥပရိူပရိပဒံ ဂဏှန္တဿ နဿတိ။

(အံ၊ ဋ္ဌ၊ ၁၊ ၁၆၁။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၅၅။) ]

အရှင်မဟာပန္ထကသည် "စူဠပန္ထက..တစ်ဂါထာကိုမျှ လေးလဖြင့် ရအောင်မသင်ယူနိုင်သောသင်သည် ရဟန်းကိစ္စကိုကား အဘယ်မှာလျှင် အထွတ်အထိပ်(အရဟတ္တဖိုလ်)သို့ ရောက်စေနိုင်အံ့နည်း၊ သင်သည် ဤကျောင်းမှ ထွက်သွားလော့"ဟု နှင်ထုတ်လေသည်၊ စူဠပန္ထကသည် ကျောင်းပေါ်၌မနေဝံ့တော့ပဲ ကျောင်းအစွန်အဖျား၌ ငိုယိုနေစဉ် နောင်တော်မဟာပန္ထကမထေရ်က ဆရာဇီဝက၏ ပင့်ဖိတ်အပ်သော ရဟန်းငါးရာတွင် မိမိကို ပစ်ပယ်စကားကို ကြားရသောကြောင့် အတိုင်ထက်အလွန် နလုံးမသာမယာ ဖြစ်ရာလေသည်၊ ဘုရားရှင်သည် စူဠပန္ထက၏မနီးမဝေးသောအရပ်သို့ ကြွရောက်ပြီးလျှင် "ပန္ထက..သင်သည် အဘယ့်ကြောင့် ငိုကြွေးနေသနည်း" ဟု မေးတော်မူသောအခါ စူဠပန္ထကက နောင်တော်၏ကျောင်းမှ နှင်ထုတ်ပုံ ခြင်းရာစုံကို လျှောက်ထားလေသည်၊ ထိုအခါ ဘုရားရှင်က "ပန္ထက..သင်၏နောင်တော်မှာ သတ္တဝါတို့၏အာသယဓာတ်, အနုသယဓာတ်ကို သိသော "အာသယာနုသယဉာဏ်"မရှိချေ၊ သင်ကား ငါဘုရားချွေချွတ်ရမည့်(ဗုဒ္ဓဝေနေယျ)ပုဂ္ဂိုလ်ဖြစ်လေသည်"ဟု အားပေးစကား မိန့်ကြားတော်မူပြီးလျှင် "ပန္ထက..သင်သည် ဤအဝတ်ကို လက်ဖြင့် ဆုပ်ကိုင်၍ 'ရဇောဟရဏံ ရဇောဟရဏံ=ဤအဝတ်ကား မြူကိုဆောင်တတ်စွ..မြူကိုဆောင်တတ်စွ'ဟု ရွတ်ဆိုလျက် ဘာဝနာတရား ပွါးများအားထုတ်လော့"ဟု မိန့်တော်မူ၍ တန်ခိုးတော်ဖြင့် ဖန်ဆင်းထားသော စင်ကြယ်သော ပုဆိုးကြမ်း

ကတွာ နိဗ္ဗတ္တေန္တိ စေတိယေမေဝ ကမ္မံ ကုရုမာနေ။ စူဠပန္ထကတ္ထေရောာ(စုလ္လပန္ထကတ္ထေရော၊သီ၊ သျာ) ပန ကောဝဇ္ဇနေန သမဏာသ ဟဿံ မာပေသိ။ ဒွေပိ စ ဇနေ န ကေသဒီသေ အကာသိ န စေတိဝံ ကမ္မံ ကုရုမာနေ။ တသ္မာ မနောမယံ ကာယံ အဘိနိမ္မိနန္တာနံ အဂ္ဂေါ နာမဇာတော။(အံ၊ ဋ္ဌ၊ ၁၊ ၁၆၄။)

စူဠပန္ထကတ္ထေရော ရူပါဝစရရွှာနလာဘီ ဟုတွာ ဈာနင်္ဂေဟိ ဝုဋ္ဌာယ အရဟတ္တံ ပတ္တောတိ စေတောဝိဝဋ္ဋကုသလော။

(အံ၊ ဋ္ဌ၊ ၁၊ ၁၆၅။)

သညာဝိဝဋ္ဋကုသလာနံ ယဒိဒံ မဟာပန္ထကော။ (၁၂) အံ၊ ၁၊ ၂၄။

မဟာပန္ထကထေရ်ကား အရူပါဝစရဈာန်ကိုရရှိ၍ ဈာန်အင်္ဂါတို့မှထကာ အရဟတ္တဖိုလ်သို့ ရောက်သောကြောင့် အရူပါဝစရ ဈာန်အရာ၌ ကျွမ်းကျင်သောပုဂ္ဂိုလ်တို့တွင် "အမြတ်ဆုံး"ဖြစ်တော်မူ၏။

မဟာပန္ထကော အရူပါဝစရရွှာနလာဘီ ဟုတွာ ဈာနင်္ဂေဟိ ဝုဋ္ဌာယ အရဟတ္တံ ပတ္တောတိ သညာဝိဝဋ္ဋကုသလော။

ဤမဟာပန္ထကမထေရ်နှင့် စူဠပန္ထကမထေရ်တို့အကြောင်းကို ဇာတ်အဋ္ဌကထာ စူဠသေဋ္ဌိဇာတ် (ဇာ၊ ဋ္ဌ၊ ၁၊ ၁၃၀ ၁၃၉)၌လည်း ကြည့်ရှုနိုင်သည်။

## (၁၃) အရှင်သုဘူတိမထေရ်အကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အရဏဝိဟာရီနံ ယဒိဒံ သုဘူတိ၊ ဒက္ခိဏေယျာနံ ယဒိဒံ သုဘူတိ။ (အံ၊၁၊၂၄။)

### အရှင်သုဘူတိအလောင်း ရှေးဆုတောင်း

အရှင်သုဘူတိအလောင်းတော်သည် ပဒုမုတ္တရဘုရားရှင်ပွင့်တော်မမူမီ ဟံသာဝတီမြို့ဝယ် ပုဏ္ဏားသူကြွယ်မျိုး၌ဖြစ်၍ အမည် အားဖြင့်နန္ဒလုလင်ဟူ၍ မည်တွင်လေသည်၊ ဗေဒင်သုံးပုံကို ကောင်းစွာ တတ်မြောက်သော်လည်း ထိုဗေဒင်ကျမ်းများ၌ တရားအနှစ် သာရကို မတွေ့ရှိရ၍ အခြံအရံလုလင်များနှင့်အတူတကွ နိသဘတောင်ခြေရင်း၌ ရသေ့ရဟန်းပြုလျက် လောကီအဘိညာဉ်ငါးပါး, သမာပတ်ရှစ်ပါးတို့ကို ရရှိလေသည်။

ထိုအခါ ပွင့်တော်မူလာသော ပဒုမုတ္တရဘုရားရှင်သည် နန္ဒရသေ့နှင့်တပည့်ရသေ့များ၏အကျိုးကို ရည်ရွယ်လျက် နန္ဒရသေ့၏ သင်္ခမ်းကျောင်းသို့ ကြွရောက်တော်မူလေသည်၊ ဘုရားရှင်၏အဓိဋ္ဌာန်ဖြင့်ခေါ်ယူမှုကြောင့် တပည့်ရဟန်းတော်များလည်း ကြွလာတော်မူ ကြလေသည်၊ နန္ဒရသေ့နှင့်တပည့်ရသေ့များသည် သစ်သီးကြီးငယ်လှူဒါန်းခြင်း, ပန်းနေရာတော်ခင်းကျင်းလှူဒါန်းတို့ကို ပြုကြလေသည်၊ ဘုရားရှင်သည် နိရောဓသမာပတ်ဝင်စား၍ သမာပတ်မှထသောအခါ မထေရ်တပါးကို ရသေ့အပေါင်းအား ပန်းနေရာအခင်းနှင့်စပ်သော အနုမောဒနာတရားဟောကြားရန် မိန့်တော်မူလေ၏၊ မထေရ်သည် ပိဋကသုံးပုံကို ဆင်ခြင်သုံးသပ်လျက် အနုမောဒနာတရား ဟောကြား တော်မူ၏၊ မထေရ်၏တရားဆုံးသောအခါ ဘုရားရှင်ကိုယ်တော်တိုင် တရားဟောတော်မူလေ၏၊ တရားနိဂုံး ပြီးဆုံးသောအခါ တပည့် ရသေ့အားလုံးသည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေကုန်၏၊ နန္ဒရသေ့ကား ပန်းနေရာအနုမောဒနာတရား ဟောကြားသောရဟန်း ကိုသာ စိတ်ဝင်စားနေသဖြင့် ဘုရားရှင်၏တရားတော်၌ ဉာဏ်မဝင်စားနိုင်ပဲ ရှိသောကြောင့် တရားထူးမရလိုက်ပေ။

နန္ဒရသေ့သည် ဘုရားရှင်အား "ပန်းနေရာအနုမောဒနာတရားဟောကြားသော ရဟန်းသည် ဘုရားရှင်၏သာသနာတော်ဝယ် အဘယ်အမည်ရှိပါသနည်းဘုရား"ဟု မေးလျှောက်လေ၏၊ ဘုရားရှင်က ငါဘုရား၏သာသနာဝယ် (၁) ကိလေသာကင်းရှင်း ချမ်းသာ စွာနေခြင်း, (၂) မြတ်သောအလှူကို ခံယူထိုက်ခြင်း=ဟူသော ဤအင်္ဂါနှင့်ပြည့်စုံသော တေဒဂ်ဘွဲ့ထူးရသော ရဟန်းဖြစ်သည်"ဟု မိန့် တော်မူလေသည်။

နန္ဒရသေ့သည် "အရှင်မြတ်ဘုရား..ဤခုနစ်ရက်ပတ်လုံး ပြုလုပ်အပ်သော အဓိကာရကုသိုလ်ကံကြောင့် တပည့်တော်သည် အ ခြားစည်းစိမ်များကို မတောင့်တပါ၊ နောင်အခါဝယ်၌ တစ်ဆူဆူသော ဘုရားရှင်၏သာသနာတော်ဝယ် ဤအနုမောဒနာတရား ဟော ကြားသော မထေရ်ကဲ့သို့ အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော တေဒဂ်ဘွဲ့ထူးရ ပုဂ္ဂိုလ်ဖြစ်ရပါလို၏"ဟု ဆုတောင်းခဲ့လေသည်။

### ဆုံးဘဝတွင်၊ ရဟန်းရှင်၊ ပြုလျှင် သုဘူတိ

အရှင်သုဘူတိအလောင်းတော်သည် ကမ္ဘာတသိန်းလွန်၍ ဤသာသနာတော်ခေတ်သို့ ရောက်သောအခါ သာဝတ္ထိမင်းနေပြည်၌ သုမနသူဌေး၏သား(အနာထပိဏ်သူဌေး၏ညီ)ဖြစ်၍ သုဘူတိ-ဟု အမည်တွင်လေသည်။ သုဘူတိသူကြွယ်သည် တနေ့သောအခါ အနာထပိဏ်သူဌေးနှင့်အတူ ဇေတဝန်ကျောင်းတိုက်ကြီးကို ရေစက်ချလှူဒါန်းသော ကျောင်းလှုတ်ပူဇော်ပွဲ၌ တရားနာယူရ၍ သဒ္ဓါတရား

ကြီးစွာဖြစ်ပွါးကာ ရဟန်းပြုလေသည်၊ အရှင်မြတ်သည် ဒွေမာတိကာကို ကောင်းစွာ လေ့လာတတ်မြောက်တော်မူပြီးနောက် ကမ္မဋ္ဌာန်း တရားကို နာယူကာ တောကျောင်းနေလျက် ရဟန်းတရားပွါးများအားထုတ်လေသော် မေတ္တာဈာန်ကို အခြေခံပြု၍ ဝိပဿနာတရား ပွားများတော်မူသဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်။

ကိလေကင်းကွာ၊ ချမ်းသာစွာ၊ နေရာ တေဒင်
မေတ္တာပွါးများ၊ ဆွမ်းခံသွား၊ ရငြား တေဒင်

အရှင်သုဘူတိသည် တရားဟောတော်မူလျှင် ပုဂ္ဂလာဓိဋ္ဌာန်ဖြင့် ဟောတော်မမူပဲ ဓမ္မာဓိဋ္ဌာန်အားဖြင့် ဘုရားရှင်ဟောတော်မူ သောနည်းအတိုင်း တရားသက်သက်ကိုသာ ဟောတော်မူလေသည်။ ဤကား ကိလေသာကင်းကွာ ချမ်းသာစွာ နေလေ့ရှိသော ဘုရား ရှင်၏တပည့်တို့တွင် "အမြတ်ဆုံးပုဂ္ဂိုလ်"အဖြစ် ဘွဲ့ရခြင်း၏အကြောင်းပေတည်း။

အရှင်မြတ်သည် "ဆွမ်းအလှူရှင်တို့အကျိုးများဖို့ကို ရည်သန်၍ မေတ္တာဈာန်ကို ဝင်စားပြီးမှ ဆွမ်းကို အလှူခံတော်မူလေ့ရှိ၏၊ ဤအလေ့ကား မြတ်သောအလှူကို ခံထိုက်သောအရာ၌ "တေဒင်္ဂဘွဲ့"ရကြောင်းပင်တည်း။

အညေ ဟိ ဘိက္ခူ ဓမ္မံ ဒေသေန္တော ဥဒ္ဒိဿကံ ကတွာ ဝဏ္ဏံ ဝါ အဝဏ္ဏံ ဝါ ကထေန္တိ၊ ထေရော ပန ဓမ္မံ ဒေသေန္တော သတ္ထာရာ ဒေသိတနိယာမတော အနောက္ကမိတွာ ဒေသေတိ၊ တသ္မာ အရဏဝိဟာရီနံ အဂ္ဂေါ နာမ ဇာတော။

ကိဉ္စာပိ အညေပိ ခီဏာသဝါ အဂ္ဂဒက္ခိဏေယျာ၊ ထေရော ပန ပိဏ္ဍာယ စရန္တော ဃရေ ဃရေ မေတ္တာဈာနံ သမာပဇ္ဇိတွာ သမာ ပတ္တိတော ဝုဋ္ဌာယ ဘိက္ခံ ဂဏှာတိ "ဧဝံ ဘိက္ခာဒါယကာနံ မဟပ္ဖလံ ဘဝိဿတီ"တိ။ တသ္မာ ဒက္ခိဏေယျာနံ အဂ္ဂေါတိ ဝုတ္တော။ (အံ၊ ဋ္ဌ၊ ၁၊ ၁၇၃။)

ဥပရိပဏ္ဏာသပါဠိတော် အရဏဝိဘင်္ဂသုတ်(မ၊ ၃၊ ၂၇၃)လာ......

(၁) အယုတ်နှစ်ပါး မလိုက်စားပဲ မဇ္ဈိမပဋိပဒါလမ်းသို့ လိုက်ပါခြင်း၊

(၂) ပုဂ္ဂလာဓိဋ္ဌာနနည်းဖြင့် ပုဂ္ဂိုလ်ကိုဦးတည်၍ စကားပြော တရားဟောလျှင် "ချီးမွမ်းအပ်သည်ပုဂ္ဂိုလ်ဖြစ်သည်"ဟု ပြောဟောက "မြှောက်စားခြင်း"မည်၍ "ကဲ့ရဲ့အပ်သည့်ပုဂ္ဂိုလ်ဖြစ်သည်"ဟု ပြောဟောက "သူ့ကို နှိမ်ခြင်း" မည်လေသည်၊ ထိုသို့ မြှောက်စားခြင်း, နှိမ်ခြင်းကို အလျှင်း မပြုပဲ ဓမ္မာဓိဋ္ဌာနနည်းအားဖြင့် တရားသဘောကို သာ ညွှန်ပြ၍ "ချီးမွမ်းအပ်သော တရားဖြစ်သည်, ကဲ့ရဲ့အပ်သော တရားဖြစ်သည်"ဟုသာ ဟောပြောခြင်း၊

(၃) သူတော်ကောင်းတရား သမထဝိပဿနာ ဘာဝနာတရား အားထုတ်၍ရရှိသော အဇ္ဈတ္တသုခ, အပြင်အပ ဗဟိဒ္ဓ အာရုံငါးပါးကို အကြောင်းပြု၍ရရှိသော ဗဟိဒ္ဓသုခ ဟု သုခနှစ်ပါးကို ခွဲခြားသိမြင်ပြီးလျှင် အဇ္ဈတ္တသုခကိုသာ ပွါးများခြင်း၊

(၄) ပုဂ္ဂိုလ်တဦးဦး၏အကြောင်းကို မျက်မှောက်, မျက်ကွယ်=နှစ်နေရာလုံးမှာပင် မှန်ကန်၍ အကျိုးရှိမှ ပြောဆို ခြင်း၊

(၅) စကားပြော တရားဟောသောအခါ မလျင်မဆော ခေါပြေစွာ ပြောဟောခြင်း၊

(၆) အရပ်တပါးသို့ ရောက်သွားသော် ထိုအရပ်၌ သုံးစွဲသည့် ဝေါဟာရစကားများနှင့်စပ်၍ (မိမိ၏အရပ်သုံး ဝေါဟာရနှင့် မတူကွဲပြားသော်လည်း) ငြင်းခုံလွန်ဆန် မပြုခြင်း

က။ အယုတ်နှစ်ပါး၊ မလိုက်စား၊ လမ်းသွား မဇ္ဈိမ။
ခ။ မမြှောက်မစား၊ မနှိမ်ငြား၊ တရားဟောဖော်ပြ။
ဂ။ သုခနှစ်ပါး၊ ဉာဏ်ပိုင်းခြား၊ ပွါးများ အဇ္ဈတ္တ။
ဃ။ မျက်မှောက်, မျက်ကွယ်၊ ဤနှစ်သွယ်၊ ဆိုဘွယ်သိတတ်လှ။
င။ မလျင်မဆော၊ စကားပြော၊ ပြေချော မွေ့သိမ်စွာ။
စ။ အရပ်စကား၊ မလွန်ငြား၊ ခြောက်ပါး အရဏ။

ဟူသော လင်္ကာဆောင်ပုဒ်အတိုင်း "အရဏဝိဟာရတရား=ကိလေသာကင်းကွာ ချမ်းသာစွာ နေနိုင်ကြောင်း တရားခြောက်ပါးကို" မှတ်ယူရာ၏။ (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ၊ ပဋ္ဌမပိုင်း၊ ၂၅၁။)

ဤအရှင်မြတ်၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊ ၁၇၃ ၁၇၅)တို့၌ ကြည့်ပါ။

## (၁၄) အရှင်ရေဝတအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အာရညိကာနံ ယဒိဒံ ရေဝတော ခဒိရဝနိယော။ (အံ၊ ၁၊ ၂၄။)

### အရှင်ရေဝတအလောင်း ရေးဆုတောင်း

အရှင်ရေဝတအလောင်းတော်သည် ပဒုမုတ္တရဘုရားလက်ထက်တော်ဝယ် ဟံသာဝတီမြို့နေ လှေကူးတို့သမားဖြစ်လေသည်၊ တနေ့သောအခါ ဘုရားရှင်သည် ရဟန်းတော်များနှင့်အတူတကွ ဂင်္ဂါမြစ်ကြီး၏ပယာဂဆိပ်ကမ်းသို့ ရောက်တော်မူလာလေသည်၊ ကူးတို့သမားသည် ဘုရားအမှူးရှိသော ရဟန်းတော်များကို တဖက်ကမ်းသို့ ပို့ဆောင်ပေးလေသည်။

ထိုအခါ ဘုရားရှင်သည် တောကျောင်းနေရဟန်းတော်တစ်ပါးကို တောကျောင်းနေသောအရာ၌ ဧတဒဂ်ထားတော်မူသည်ကို တွေမြင်ရသော ကူးတို့သမားက ထိုရဟန်းကဲ့သို့ ဧတဒဂ်ဘွဲ့ရပုဂ္ဂိုလ် ဖြစ်လို၍ ခုနစ်ရက်ပတ်လုံး အလှူကြီးပေးလှူ၍ "အရှင်ဘုရားတို့ ဧတဒဂ်ရားထူး၌ထားတော်မူအပ်သော ထိုရဟန်းကဲ့သို့ တပည့်တော်သည်လည်း အနာဂတ်ကာလဝယ် တစ်ဆူဆူသောဘုရားရှင်၏ သာသနာတော်၌ တောကျောင်းနေရဟန်းတို့တွင် အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးရပါလို၏"ဟု ဆုတောင်းခဲ့လေသည်။

### ဆုံးဘဝတွင်၊ ရဟန်းရှင်၊ ပြုလျှင် ရေဝတ

အရှင်အလောင်းတော်သည် ကျွန်ုပ်တို့၏ဘုရားရှင်လက်ထက်တော်ဝယ် နာလကရွာ၌ ရူပသာရီပုဏ္ဏေမ၏သားအငယ်ဆုံးဖြစ်၍ ရေဝတ ဟုအမည်တွင်လေသည်၊ နောင်တော်သုံးဦးမှာ ဥပတိဿ(အရှင်သာရိပုတ္တ), စုန္ဒ, ဥပသေန တို့ဖြစ်ကြ၍ အစ်မတော်သုံးဦးမှာ စာလာ,ဥပစာလာ, သီသူပစာလာ တို့ဖြစ်ကြသည်။

နောင်တော်များ အစ်မတော်များရဟန်းပြုကြပြီးနောက် မိစ္ဆာဒိဋ္ဌိအယူရှိကြသော မိဘတို့က အရွယ်မရောကမီပင် သားထွေး ရေဝတအား အမျိုးသမီးငယ်တဦးနှင့် လက်ထပ်ပေးကြ၏၊ ထိုနေ့မှာပင် ရေဝတသည် သတို့သမီးနှင့်အတူတကွ အဖွားအိုကို ကန်တော့စဉ် "သင်ချစ်သမီးသည် သင်၏အဖွားထက် အသက်အရွယ် ကြီးရင့်စွာ နေရသူ ဖြစ်ပါစေသတည်း"ဟူသော မင်္ဂလာဆုတောင်းစကားကို ကြားရသောအခါ "ဤသူငယ်မ၏ဤမျှ လှပတင့်တယ် နုနယ်သော ရုပ်အဆင်းသင် ဤငါ့အဖွားကဲ့သို့ ဆံဖြူ,သွားကြွေ, အရေတွန့်လိပ်သည် ဖြစ်လိမ့်မည်တဲ့၊ ငါသည် ဤသို့ ရွတ်တွယိုယွင်း အိုမင်းရခြင်းသဘောရှိသည့် ရုပ်အဆင်း၌ တပ်မက်၍ အဘယ်အကျိုးရှိအံ့နည်း(အကျိုးမရှိသည်သာ)၊ ငါ၏နောင်တော်များ သွားတော်မူကြသည့် လမ်းသို့ပင် လိုက်ပါတော့မည်"ဟု ထွက်ပြေး၍ ပံသုကူစုတင်ဆောင်ရဟန်းတို့ထံ၌ ရှင်သာမဏေပြုလေသည်။ ထို့နောက် အသက်နှစ်ဆယ်ပြည့်လတ်သော် ရဟန်းခံပေးကြ၍ ကမ္မဋ္ဌာန်းအလုပ်၌ အားထုတ်စေကြကုန်၏။

အရှင်မြတ်သည် ရှားတောအရပ်၌ ဝိပဿနာတရား ပွားများကြိုးကုတ် အားထုတ်လတ်သော် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့လေသည်။ (အရှင်ရေဝတ၏ထေရုပ္ပတ္တိကို အကျယ်တဝင့် သိလိုပါက အင်္ဂုတ္တိုရ် အဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၁၇၅ ၁၈၀ တို့၌ကြည့်ပါ။)

### တောကျောင်းနေငြား၊ ရဟန်းများ၊ သူကား အမြတ်ဆုံး

အရှင်ခဒိရဝနိယရေဝတသည် အရှင်သာရိပုတ္တမထေရ်၏ညီအငယ်ဆုံးတည်း၊ တပါးသော မထေရ်တို့သည် တောကျောင်း၌ နေကြသည်ရှိသော် သပ္ပါယဖြစ်လောက်သော တော, ရေ, ဆွမ်းခံရွာများကို ရွေးချယ်မှတ်သားပြီးမှ တောကျောင်း၌ နေတော်မူကြ၏၊ အရှင်ခဒိရရေဝတသည်ကား ထိုသပ္ပါယများကို ဂရုမမူ အလေးမထား မရွေးချယ်ပဲ ကျတ်တီးမြေပြင် ကျောက်စရစ် ကျောက်ပြား ကျောက်တုံးများ ပေါများ၍ မြေအပြင်းလည်း မညီညွတ်သည့် ရှားတော၌ နေတော်မူသည်၊ ထို့ကြောင့် ဤအရှင်မြတ်ကို တောကျောင်းနေ တပည့်ရဟန်းတို့တွင် "အမြတ်ဆုံးဘွဲ့ထူး"ချီးမြှင့်တော်မူသည်။ (အံ၊ ဋ၊ ၁၊ ၁၇၅။)

ရေဝတော ခဒိရဝနိယောတိ ဓမ္မသေနာပတိတ္ထေရဿ ကနိဋ္ဌဘာတိကော။ သော ယထာ အညေ ထေရာ အရညေ ဝသမာနာ ဝနသဘာဂံ ဥဒကသဘာဂံ(ဥတုသဘာဂံ -က) ဘိက္ခာစာရသဘာဂဉ္စ သလ္လက္ခေတွာ အရညေ ဝသန္တိ၊ န ဧဝံ ဝသိ။ ဧတာနိ ပန သဘာဂါနိ အနာဒိယိတွာ ဥဇ္ဇင်္ဂလသက္ခရပါသာဏဝိသမေ ခဒိရဝနေ ပဋိဝသတိ။ တသ္မာ အာရညိကာနံ အဂ္ဂေါတိ ဝုတ္တော။

## (၁၅)အရှင်ကင်္ခါရေဝတအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဈာယီနံ ယဒိဒံ ကင်္ခါရေဝတော။ (အံ၊ ၁၊ ၂၄။)

## အရှင်ကင်္ခါရေဝတအလောင်း ရှေးဆုတောင်း

အရှင်ကင်္ခါရေဝတအလောင်းတော်သည်လည်း ပဒုမုတ္တရဘုရားရှင်၏တရားနာယူနေစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို ဈာန်ဝင်စားကြသော ရဟန်းတို့တွင် အမြတ်ဆုံး တေဒဂ်ရာထူးခွဲထားတော်မူသည်ကို မြင်တွေ့၍ တရားပွဲပြီးဆုံးသောအခါ ဘုရားရှင်ကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ကြီးစွာသော ပူဇော်သက္ကာရမှု ပြုပြီးလျှင် ဈာန်ဝင်စားလေ့ရှိသောအရာဝယ် အမြတ်ဆုံး တေဒဂ်ဘွဲ့ရပုဂ္ဂိုလ် ဖြစ်ရပါလို၏ -ဟုဆုတောင်းခဲ့လေသည်။

## ဆုံးဘဝတွင်၊ ရဟန်းရှင်၊ ပြုလျှင် ရှင်ကင်္ခါ

အရှင်မြတ်အလောင်းတော်သည် ကမ္ဘာတသိန်းပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်၍ ကျွန်ုပ်တို့၏ဘုရားရှင်လက်ထက်ဝယ် သာဝတ္ထိမင်းနေပြည် မဟာဘောဂသူကြွယ်မျိုး၌ဖြစ်၍ အမည်အားဖြင့် ရေဝတ-ဟု ခေါ်တွင်လေသည်၊ ရေဝတသည် တနေ့သ၌ ဇေတဝန်ကျောင်းတော်သို့ သွားရောက်၍ ဘုရားရှင်၏တရားစကားတော်ကို နာကြားရသည်အတွက် သဒ္ဓါတရား ဖြစ်ပွားကာ ရှင်, ရဟန်းပြုပြီးနောက်ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းယူလျက် သမာဓိပရိကံ စီမံပြုလုပ် အားထုတ်သည်ရှိသော် လောကီဈာန်ရ၍ ဈာန်ကိုပင် အခြေပါဒကပြုပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းလတ်သည်တွင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်။

## ဈာန်ဝင်စားရာ၊ မြတ်ဆုံးပါ၊ ကင်္ခါရေဝတ

အရှင်ကင်္ခါရေဝတသည် ဘုရားရှင်ဝင်စားတော်မူအပ်သော သမာပတ်တို့တွင် အနည်းငယ်မျှသောသမာပတ်ကို ထား၍ များစွာသော သမာပတ်တို့ကို ဝင်းစားတော်မူသတတ်(နေ့နေ့ညညဉ့် ဈာန်တရားတို့၌ လေ့လာနိုင်နင်းတော်မူသတတ်)၊ ထို့ကြောင့် ဈာန်၌မွေ့လျော်သောရဟန်းတို့တွင် "အမြတ်ဆုံးတေဒဂ်ဘွဲ့ရပုဂ္ဂိုလ်"ဖြစ်တော်မူသည်။

အရှင်မြတ်သည် အပ်သောအရာ၌ပင် ကုက္ကုစ္စဖြစ်တတ်၍ ကုက္ကုစ္စဖြစ်မှု အလွန်ထင်ရှားသောကြောင့် "ကင်္ခါရေဝတ"ဟု မည်တွင်လေသည်။

သော ကိရ ထေရော ယာ ဈာနသမာပတ္တိယော ဒသဗလော သမာပဇ္ဇတိ၊ တတော အပ္ပတရံ ဌပေတွာ ဗဟုတရာ သမာပဇ္ဇတိ။ တသ္မာ ဈာယီနံ အဂ္ဂေါ နာမ ဇာတော။ ကင်္ခါယနဘာဝေန ကင်္ခါရေဝတောတိ ဝုစ္စတိ။ ကင်္ခါ နာမ ကုက္ကုစ္စံ၊ ကုက္ကုစ္စကောတိ အတ္ထော။ အယံ ပန ထေရော ကပ္ပိယေပိ ကုက္ကုစ္စံ ဥပ္ပါဒေသိ။ တေနဿ ကုက္ကုစ္စကတာ အတိပါကဋာ ဇာတာတိ ကင်္ခါရေဝတော တွေဝ သင်္ခံ ဂတော။(အံ၊ ဋ္ဌ၊ ၁၊ ၁၈၀။)

အရှင်ကင်္ခါရေဝတ၏ထေရုပ္ပတ္တိကို အကျယ်တဝင့် သိလိုပါက အင်္ဂုတ္တုရ်အဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၁၈၀ ၁၈၁ တို့၌ ကြည့်ပါ။

## (၁၆) အရှင်သောဏကောဠိဝိသမထေရ်အကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အာရဒ္ဓဝီရိယာနံ ယဒိဒံ သောဏော ကောဠိဝိသော။ (အံ၊ ၁၊ ၂၄။)

## အရှင်သောဏကောဠိဝိသမထေရ်အလောင်း ရှေးဆုတောင်း

အရှင်သောဏအလောင်းတော်သည် ပဒုမုတ္တရဘုရားလက်ထက်တော်ဝယ် သူဌေးမျိုး၌ဖြစ်၍ "သိရိဝဍ္ဍသူဌေးသား"ဟု အမည်တွင်လေသည်၊ သူဌေးသည် ကျောင်းတော်သို့ သွား၍ တရားနာစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို"အပြင်းအထန်ကြိုးကုတ် အားထုတ်ကြသော ရဟန်းတို့တွင် အမြတ်ဆုံး တေဒဂ်"ထားတော်မူသည်ကို တွေမြင်ရလျှင် တရားပွဲပြီးဆုံးသောအခါ ဘုရားရှင်ကို ပင့်ဖိတ်၍ ခုနစ်ရက်တိုင်တိုင် အလှူကြီးပေးလှူလျက် ထက်သန်သော လုံ့လဝီရိယရှိသောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံး တေဒဂ်ရပုဂ္ဂိုလ်ဖြစ်ရပါလို၏ ဆုတောင်းခဲ့လေသည်။

## ဆုံးဘဝတွင်၊ ရဟန်းရှင်၊ ပြုလျှင် ထေရ်သောဏ

အရှင်မြတ်အလောင်းတော်သည် ကမ္ဘာတသိန်တို့ပတ်လုံး နတ်ပြည်, လူပြည်တို့၌ကျင်လည်ပြီးလျှင် ကျွန်ုပ်တို့၏ဘုရားရှင်လက်ထက်တော်ဝယ် ကာဠစမ္ပာမြို့နေ ဥပသူဌေး(ဥသဘသူဌေး၊သီ, သျှာ)၏သားဖြစ်၍ ရွှေနီအရည်ဖြင့် သွန်းဖျန်းအပ်သကဲ့သို့သော ကိုယ်ရေအရောင်ရှိသောကြောင့် "သောဏ"ဟု အမည်တွင်လေသည်။

သောဏသူဌေးသားသည် ဘုရားရှင်၏တရားဒေသနာကို ကြားနာရပြီးလျှင် ဘုရားရှင်ကို ရှင်ရဟန်းပြုပေးပါရန် တောင်းပန်လျှောက်ထားပါသော်လည်း မိဘတို့ ခွင့်မပြုအပ်သောကြောင့် ဘုရားရှင်က ငြင်းပယ်တော်မူခဲ့၏၊ ဒုတိယအကြိမ် မိဘတို့ခွင့်ပြုချက်ရသောအခါ ဘုရားရှင် စေခိုင်းတော်မူချက်အရ ရဟန်းတစ်ပါး၏အထံ၌ ရှင်ရဟန်းပြုရလေသည်။

အရှင်မြတ်သည် ရာဇဂြိုဟ်မြို့၌ ဆွေမျိုးမိတ်သင်္ဂဟတို့ မိမိထံသို့ လာရောက်နေကြ၍ ကမ္မဋ္ဌာန်းအလုပ် အားမထုတ်နိုင်သောကြောင့် ဘုရားရှင်အထံတော်၌ ကမ္မဋ္ဌာန်းတရား နာကြားပြီးနောက် သီတဝနတောအုပ်သုသာန်သို့ သွားရောက်ကာ တရားအားထုတ်လေသည်၊ အရှင်မြတ်သည် မိမိ၏ကိုယ်ခန္ဓာက အလွန်သိမ်မွေ့သော်လည်း မဂ်ဖိုလ်ချမ်းသာကို အလွယ်တကူနှင့် ရနိုင်မည်မဟုတ်၊ မိမိကိုယ်ကို ပင်ပန်းနွမ်းနယ်စေ၍ ရဟန်းတရား ပွားများအားထုတ်မှ သင့်တော်မည်-ဟု ကြံစည်ဆင်ခြင်တော်မူပြီးလျှင် (လျောင်းခြင်း, ထိုင်ခြင်း အလျှင်းပင် မပြုပဲ)ရပ်ခြင်း, သကြံန်သွားခြင်း=ဣရိယာပုထ်နှစ်ပါးကိုသာ ဆောက်တည်၍ အပြင်းအထန် အားထုတ်လေသည်။

အရှင်မြတ်၏အလွန်သိမ်မွေ့နူးညံ့လှသော ခြေဖဝါးအပြင် အစွန်းအနားတို့မှာ အဖုများပေါက်ကာ ကွဲကြသဖြင့် စင်္ကြံန်တခုလုံးမှာ သွေးခြင်းခြင်းနီ၍ နေလေတော့သည်၊ အရှင်မြတ်သည် ခြေထောက်တို့ဖြင့် မသွားနိုင်၍ တတောင်ဆစ်, ဒူးခေါင်းတို့ဖြင့် လေးဖက်တွားသွားလျက် ရဟန်းတရား အားထုတ်လေသည်၊ တတောင်ဆစ်, ဒူးခေါင်းတို့လည်း ပေါက်ပြကြသဖြင့် စင်္ကြံန်သွားလမ်းမှာ သွေးခြင်းခြင်းနီ၍ နေလေသည်။

ဤသို့လျှင် အပြင်းအထန် ကြိုးစားအားထုတ်ပါသော်လည်း ကမ္မဋ္ဌာန်းနိမိတ် အရိပ်အရောင်ကိုမျှ ဖြစ်စေခြင်းငှါ မစွမ်းနိုင်သောကြောင့် စိတ်အားငယ်လျက် မိမိသည် ဥဃဋိတညူ, ဝိပဉ္စိတညူ, နေယျ-ဟူသော မဂ်ဖိုလ်ရထိုက်သူ မဖြစ်တန်ရာ, ပဒပရမပုဂ္ဂိုလ်သာ ဖြစ်တန်ရာ၏၊ မိမိအဖို့ရာ ရှင်ရဟန်းအဖြစ်ဖြင့် အကျိုးရှိမည်မဟုတ်, လူထွက်၍ လောကစည်းစိမ်များကိုလည်း ခံစားလျက် ကုသိုလ်ကောင်းမှုပြုတော့အံ့ ဟု ကြံစည်မိလေသည်။

ထိုအခါ ဘုရားရှင်သည် အရှင်သောဏ၏စိတ်အကြံကို သိတော်မူ၍ ကြွလာတော်မူကာ ခြင်းရာဥသုံ အလုံးစုံကို မေးမြန်းတော်မူလျက် "မလျော့မတင်း စောင်းကြိုးငြင်း အဆုံးအမတရား=ဝီဏောဝါဒ(ဝိ၊ ၃၊ ၂၆၉)ဖြင့် ဆုံးမတော်မူ၍ ဝီရိယနှင့် သမာဓိ ညီမျှအောင် ကျင့်ကြံပုံကမ္မဋ္ဌာန်းတရား ဟောကြားတော်မူပြီးလျှင် ဂိဇ္ဈကုဋ်တောင်ပေါ်ကျောင်းသို့ ပြန်ကြွတော်မူလေသည်၊

အရှင်မြတ်သည် ဘုရားရှင်၏အဆုံးအမကို ရယူတော်မူကာ ရဟန်းတရား မလျော့မတင်း ပွားများကြိုးစား အားထုတ်လေရာ မကြာမီပင် အရဟတ္တဖိုလ်၌ တည်တော်မူလေသည်။

## လုံ့လထက်သန်၊ သူ့ခွဲမာန်၊ ရပြန် ဧတဒဂ်

ကောဋိဝိသနွယ်ဖွား အရှင်သောဏ(တနည်း) အစိုးရခြင်းဖြင့် အထွတ်အထိပ်သို့ရောက်သော ကုန်သည်မျိုးသား အရှင်သောဏသည် အခြားသော ရဟန်းတို့၏အဖို့ရာ ဝီရိယလျော့နေ၍ တိုးတက်ပွားစေအပ်သောသဘောရှိသော်လည်း အရှင်မြတ်၏ဝီရိယကား တင်းလွန်းနေ၍ လျော့စေအပ်သော သဘောရှိသောကြောင့် ထက်သန်သော လုံ့လဝီရိယရှိကုန်သော ဘုရားရှင်၏တပည့်တို့တွင် "အမြတ်ဆုံးဧတဒဂ်ဘွဲ့ရပုဂ္ဂိုလ်"ဖြစ်တော်မူသည်။

သောဏော ကောဠိဝိသောတိ သောဏောတိ တဿ နာမံ၊ ကောဋိဝိသောတိ ဂေါတ္တံ။ ကောဋိဝေဿောတိ ဝါ အတ္ထော၊ ဣဿရိယေန ကောဋိပ္ပတ္တဿ ဝေဿကုလဿ ဒါရကောတိ အဓိပ္ပါယော။ ယသ္မာ ပန အညေသံ ဘိက္ခူနံ ဝီရိယံ နာမ ဝဍ္ဎေတဗ္ဗံ ဟောတိ၊ ထေရဿ ပန ဟာပေတဗ္ဗမေဝ အဟောသိ။ တသ္မာ သော အာရဒ္ဓဝီရိယာနံ အဂ္ဂေါ နာမ ဇာတော။ (အံ၊ ဋ္ဌ၊ ၁၊ ၁၈၁။)

အရှင်သောဏ၏ထေရုပ္ပတ္တိကို အကျယ်တဝင့် သိလိုပါက အင်္ဂုတ္တုရ်အဋ္ဌကထာ ပဌမအုပ် ၁၈၁ ၁၈၅တို့၌ ကြည့်ပါ။

## (၁၇) အရှင်သောဏကုဋိကဏ္ဏမထေရ်အကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ကလျာဏဝါက္ကရဏာနံ ယဒိဒံ သောဏော ကုဋိကဏ္ဏော။ (အံ၊ ၁၊ ၂၄။)

### အရှင်သောဏကုဋိကဏ္ဏမထေရ်အလောင်း ရှေးဆုတောင်း

အရှင်သောဏကုဋိကဏ္ဏအလောင်းတော်သည် ပဒုမုတ္တရဘုရားလက်ထက်တော်ဝယ် ဘုရားရှင်က ရဟန်းတော်တစ်ပါးကို "ချိုသာသော တရားစကား ဟောကြားပြောဆိုတတ်ကြသော ရဟန်းတို့တွင် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို မြင်ရ၍ ထိုအရှင်မြတ်၏ဘွဲ့ထူးမျိုးကို ရလိုရကား ဘုရားရှင်ကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး အလှူကြီး ပေးလှူပြီးလျှင် ဤကောင်းမှုကုသိုလ်၏အ

ကျိုးအားကြောင့် နောင်အခါတွင် တဆူဆူသော ဘုရားရှင်၏သာသနာတော်၌ ချိုသာသော တရားစကား ဟောကြား ပြောဆိုသော အရာ(ကလျာဏ ဝါက္ကရဏ)ဝယ် တေဒဂ်ဘွဲ့ထူးရပါလို၏ -ဟု ဆုတောင်းခဲ့လေသည်။

## ဆုံးဘဝတွင်၊ ရဟန်းရှင်၊ ပြုလျှင် ထေရ်သောဏ

အရှင်မြတ်အလောင်းတော်သည် ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်လျက် ကျွန်ုပ်တို့၏ဘုရားရှင်ပွင့်တော်မမူမီ အဝန္တိတိုင်း ကုရရဃရမြို့နေ ကာဠီမည်သော ဥပါသိကာမ၏ဝမ်း၌ ပဋိသန္ဓေတည်ယူနေလေသည်၊ ကာဠီဥပါသိကာမသည် ကိုယ်ဝန်ရင့်လတ်သော် ရာဇဂြိုဟ်မြို့နေ မိဘ၏နေအိမ်သို့ ပြန်လာလေသည်။

ထိုအချိန်၌ ကျွန်ုပ်တို့၏ဘုရားရှင်သည် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပြီး၍ ဣသိပတနမိဂဒါဝုန်တောဝယ် ဓမ္မစကြာ တရားဟောကြားတော်မူသောအခါ သာတာဂိရဘီလူးနတ်စစ်မှူးက တရားကြားနာရသောကြောင့် သောတာပတ္တိဖိုလ်၌တည်လေသည်။

သာတာဂိရနတ်စစ်မှူးသည် ဓမ္မစကြာတရားပွဲ၌ မိမိ၏သူငယ်ချင်း ဟေမဝတနတ်စစ်မှူး မလာရောက်သဖြင့် သွားရောက်ခေါ်ငင်ရာ ကာဠီဥပါသိကာမ ရောက်နေသော ရာဇဂြိုဟ်မြို့ မိဘတို့၏အိမ်အပေါ်ကောင်းကင်၌ နတ်စစ်မှူးနှစ်ဦး တွေ့ဆုံကြ၍ ဟေမဝတနတ်စစ်မှူးကဘုရားရှင်၏ကာယသမာစာရ စသည်ကို မေး၍ သာတာဂိရနတ်စစ်မှူးကလည်း မေးတိုင်းမေးတိုင်း ဖြေကြားလေသည်။

ထိုအချိန်တွင် ကာဠီဥပါသိကာမသည် နတ်စစ်မှူးတို့၏တရားစကားမေးဖြေနေစဉ် ဘုရားရှင်ကို မဖူးမြင်ရပဲ အဆင့်ကြားကြည်ညိုမှုသဒ္ဓါတရားကို ဖြစ်ပွားစေ၍ သူတပါးအတွက် ခူးအပ်သော ထမင်းကို စားသုံးသောသူကဲ့သို့ သောတာပတ္တိဖိုလ်၌ တည်လေသည်၊ ထိုကာဠီဥပါသိကာမသည် အမျိုးသမီးများတွင် ရှေးဦးစွာသော သောတာပန်အရိယာသာဝိကာဖြစ်၍ အမျိုးသမီးအားလုံးတို့၏ အစ်မကြီး အရိယာ ဖြစ်လေသည်။ သူမ၏အဖိုရာ သောတာပန်ဖြစ်ပြီးသည်နှင့်တပြိုင်နက် ထိုညဉ့်၌ပင် ကိုယ်ဝန်သား ဖွားမြင်လေသည်။

ကုဋိကဏ္ဏမည်ရ အရှင်သောဏမှာ မိဖတို့မှည့်ခေါ်သော အမည်အားဖြင့်"သောဏ"ဟု မည်တွင်၍ ရဟန်းမဖြစ်ခင်က တစ်ကုဋေတန်နားတန်ဆာကို ပန်ဆင်လေ့ရှိသောကြောင့် "ကုဋိကဏ္ဏ"=ဤအမည်နှစ်ရပ် ပေါင်းစပ်ကာ "သောဏကုဋိကဏ္ဏ"ဟု အမည်တွင်လေသည်။

ကာဠီဥပါသိကာမသည် ကျေနပ်သရွေ့ မိဖတို့၏အိမ်၌နေပြီးလျှင် မိမိအိမ်သို့ ပြန်လာခဲ့လေသည်၊ သူမသည် မဟာကစ္စာနမထေရ်ကို အမြဲမပြတ် ဆည်းကပ်လေသည်၊ သောဏသူငယ်သည် မဟာကစ္စာနမထေရ်၏အထံ၌ ရှင်အဖြစ်ကို ရယူလေသည်၊ မထေရ်မြတ်သည် ရှင်သောဏကို ရဟန်းပြုပေးချင်သော်လည်း (ဥပသမ္ပဒကံပြုလုပ်ရန်)သံဃာမပြည့်စုံသောကြောင့် သုံးနှစ်တိုင် ကြာခဲ့ပြီးမှ ရဟန်းပြုပေးနိုင်လေသည်၊ အရှင်မြတ်သည် မဟာကစ္စာနမထေရ်ထံမှ ကမ္မဋ္ဌာန်းနာယူ၍ ဝိပဿနာတရား ပွားများအားထုတ်လတ်သော် မကြာမီ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့လေသည်။

## တရားဟောရာ၊ အသံသာ၊ ရပါ တေဒဂ်

အရှင်မြတ်သည် ဘုရားရှင်နှင့် အတူတကွ ဂန္ဓကုဋိတခုတည်းမှာပင် ဘုရားရှင်အား ချိုမြိန်သာယာစွာသော အသံဖြင့် တရားဟောတော်မူလေသည်၊ ဘုရားရှင်က ကောင်းချီးပေးတော်မူခဲ့လေသည်။ ထို့ကြောင့် အရှင်မြတ်သည် ချိုမြိန်သာယာစွာသော အသံဖြင့် တရားစကားဟောကြားတော်မူကြသော တပည့်တို့တွင် "အမြတ်ဆုံးတေဒဂ်ဘွဲ့ရပုဂ္ဂိုလ်"ဖြစ်တော်မူလေသည်။

ကလျာဏဝါက္ကရဏာနန္တိ ဝါက္ကရဏံ ဝုစ္စတိ ဝစနကိရိယာ၊ မဓုရဝစနာနန္တိ အတ္ထော (ဝါက္ကရဏံ ဝုစ္စတိ ဝစနံ၊ ကလျာဏ ဝါက္ကရဏံ မဓုရဝစနန္တိ အတ္ထော၊က)။ အယဉှိ ထေရော ဒသဗလေန သဒ္ဓိံ ဧကဂန္ဓကုဋိယာ တထာဂတဿ မဓုရေန သရေန ဓမ္မကထံ ကထေသိ။ အထဿ သတ္ထာ သာဓုကာရံ အဒါသိ။ တသ္မာ သော ကလျာဏဝါက္ကရဏာနံ အဂ္ဂေါ နာမ ဇာတော။ သောဏောတိ တဿ နာမံ၊ ကောဋိအဂ္ဃနကံ ပန ကဏ္ဏပိဠန္ဓနံ ဓာရေသိ။ တသ္မာ ကုဋိကဏ္ဏောတိ ဝုစ္စတိ၊ ကောဋိကဏ္ဏောတိ အတ္ထော။

(အံ၊ ဋ္ဌ၊ ၁၊ ၁၈၅ ၁၈၆။)

အရှင်မြတ်၏အကြောင်းကို အကျယ်တဝင့် သိလိုပါက အင်္ဂုတ္တုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊၁၉၅ ၁၉၀)တို့၌ ကြည့်ပါ။

သောဏသူဌေးသား၏သံဝေဂဖြစ်ကြောင်းဝတ္ထုတို့ကို ဥဒါန်းအဋ္ဌကထာ(၂၇၉)နှင့် သာရတ္ထဒီပနီဋီကာ(သာရတ္ထ၊ ၃၊၂၉၆ ၂၉၇ တို့၌ ကြည့်ပါ။

## (၁၈) အရှင်သီဝလိမထေရ်အကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ မမ သာဝကာနံ ဘိက္ခုနံ လာဘီနံ ယဒိဒံ သီဝလိ။ (အံ၊ ၁၊ ၂၄။)

### အရှင်သီဝလိမထေရ်အလောင်း ရှေးဆုတောင်း

အရှင်သီဝလိအလောင်းတော်သည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်၌ တရားနာနေစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို လာဘ်ပေါ်များသော ရဟန်းတို့တွင် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ မိမိသည်လည်း ထိုရဟန်းကဲ့သို့ လာဘ်ပေါ်များသောအရာ၌ ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ်ဖြစ်လိုသည်အတွက် ဘုရားရှင်ကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး အလှူကြီး ပေးလှူပြီးလျှင် ထိုကောင်းမှုကံကြောင့် တစ်ဆူဆူသော ဘုရားရှင်၏သာသနာမှာ လာဘ်ပေါ်များကြသော ရဟန်းတို့တွင် အမြတ်ဆုံး ဧတဒဂ်ဘွဲ့ ရရဟန်းဖြစ်ရပါလို၏ ဟု ဆုတောင်းပတ္ထနာ ပြုလေသည်။ ဘုရားရှင်သည် ထိုအမျိုးကောင်းသား၏ဆုတောင်းပတ္ထနာပြုမှု၏အန္တရာယ် မရှိသည်ကို မြင်တော်မူ၍"သင်၏ဆုတောင်းပတ္ထနာသည် နောက်အခါ ဂေါတမဘုရား၏သာသနာ၌ ပြည့်စုံလိမ့်မည်"ဟု ဗျာဒိတ်စကား မိန့်ကြား၍ ဖဲကြွတော်မူလေသည်။

### ရှင်သီဝလိလောင်းလျာ တောသားဘဝ

အရှင်သီဝလအလောင်း အမျိုးကောင်းသားသည်လည်း အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ နတ်ပြည်, လူပြည်တို့၌ ကျင်လည်လျက် ဝိပဿီဘုရားရှင်လက်ထက်တော်ဝယ် ဗန္ဓုမတီမြို့တော်မှ မနီးမဝေး တစ်ခုသောရွာ၌ အမျိုးကောင်းသား ဖြစ်လာလေသည်။ ထိုအချိန်၌ ဗန္ဓုမတီမြို့သူမြို့သားတို့သည် ဗန္ဓုမမင်းကြီးနှင့် သူရှုံးငါနိုင် အပြိုင်သဘော နီးနှောဆွေးနွေးတိုင်ပင်ကြလျက် ဝိပဿီဘုရားရှင်အား အလှူပေးကြလေကုန်သည်။ ထိုမြို့သူမြို့သားတို့သည် တနေ့သ၌ အားလုံးပင် စုပေါင်းကြ၍ အလှူပေးကြသည်ရှိသော်"ငါတို့၏အလှူမျက်မှောက်၌ အဘယ်ဝတ္ထု မပါရှိသနည်း?"ဟု ကြည့်ရှုကြရာ ပျားရည်နှင့် နွားနို့ခဲ မပါရှိသည်ကို သိမြင်ကြရသဖြင့် အမှတ်မရှိ ရရာအရပ်မှ ထိုပျားရည်နှင့် နွားနို့ခဲကို ယူဆောင်ကြကုန်လော့"ဟု ဇနပုဒ်(တိုက်နယ်)မှ မြို့တွင်းသို့ ဝင်ရာလမ်း၌ အစောင့်ယောကျ်ားကို ထားကြလေကုန်သည်။

ထိုအခါ အရှင်သီဝလိအလောင်း အမျိုးကောင်းသားသည် မိမိ၏ရွာမှ နွားနို့ခဲအိုးကို ယူဆောင်၍ "တစ်စုံတစ်ခု အသုံးအဆောင်ကို ငါလဲလှယ်ဆောင်ယူမည်"ဟု ကြံစည်ကာ မြို့သို့ သွားလေသော် မျက်နှာသစ်၍ "လက်ခြေများကို ဆေးကြောပြီးမှ မြို့တွင်းသို့ ဝင်အံ့"ဟု ကြံစည်အောက်မေ့လျက် ရေချမ်းသာရာအရပ်ကို ကြည့်ရှုလတ်သော် ထွန်းတုံးဦးမျှ ပမာဏရှိသည့် ပျားကောင်မပါသော ပျားတံကြီးကို တွေ့မြင်ရလျှင် "ဤပျားတံသည် ငါ၏ကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာသည်"ဟု ဆင်ခြင်ကာ ယူဆောင်၍ မြို့သို့ ဝင်လေသည်။

မြို့သူမြို့သားတို့က အစောင့်ထားသော ယောကျ်ားသည် ထိုတောသား အမျိုးကောင်းသားကို မြင်လျှင်"အိုယောကျ်ား..အဘယ်သူ့အတွက် ဤပျားရည်နှင့် နွားနို့ခဲကို ယူဆောင်ခဲ့ပါသနည်း?"ဟု မေးလေသည်၊ ထိုတောသားက "အရှင်...မည်သူတစ်ဦးတစ်ယောက်၏အတွက်မျှ ဤပျားရည်နှင့် နွားနို့ခဲ့ကို ယူဆောင်လာခဲ့သည်မဟုတ်ပါ၊ စင်စစ်ကား ရောင်းချဖို့ရန် ယူဆောင်ခဲ့အပ်ပါသည်" ဟု ပြောလျှင် "အစောင့်ယောကျ်ားက "အိုယောကျ်ား...ထိုသို့ဖြစ်လျှင် ဤအသပြာကို ယူ၍ ထိုပျားရည်နှင့် နွားနို့ခဲကို ပေးပါလော့" ဟု ပြောဆိုလေသည်။

ထိုတောသားက"ဤပျားရည်နှင့်နွားနို့ခဲသည် များစွာ တန်ဖိုးမထိုက်ချေ၊ ဤလူကလည်း တစ်ကြိမ်တည်းမှာပင် များစွာ အဖိုးပေး၍ ဝယ်ယူနေ၏၊ စုံစမ်းဦးမှ သင့်မည်"ဟု ကြံစည်ကာ ထိုအစောင့်ယောကျ်ားကို"အရှင်...ကျွန်ုပ်သည် တစ်အသပြာဖြင့် မပေးနိုင်ပါ"ဟု ပြောလေသည်။ အစောင့်ယောကျ်ားက "ယင်းသို့ တစ်အသပြာနှင့် မရောင်းနိုင်လျှင် နှစ်အသပြာတို့ကို ယူ၍ ထိုပျားရည်နှင့် နွားနို့ခဲကို ပေးပါလော့"ဟု ဈေးတက်၍ပေးသော်လည်း တောသားက "နှစ်အသပြာဖြင့်လည်း မပေးနိုင်ပါ"ဟု ပြောဆိုလေ၏၊ ဤနည်းဖြင့် တိုး၍တိုး၍ ပေးခဲ့ရာ အသပြာတစ်ထောင်သို့ပင် ရောက်ရှိလာလေသည်။

တောသားသည် "အချိန်ကြာမြင့်စွာ ဆွဲထားခြင်းငှာ မသင့်လျော်ချေ၊ ရှိစေဦးတော့၊ ဤယောကျ်ား၏ပြုဖွယ်ကိစ္စကို ငါမေးအံ့မည်(အတိအဒ္ဓိတုံ န ဝဋ္ဋတိ၊ ဟောတု တာဝ၊ ဣမဿ ကတ္တဗ္ဗကိစ္စံ ပုစ္ဆိဿာမိ)"ဟု ကြံစည်ကာ ထိုအစောင့်ယောကျ်ားကို "ဤပျားရည်နှင့် နွားနို့ခဲသည် အဖိုးများစွာ မထိုက်တန်လှပါ၊ သင်ကလည်း အဖိုးများစွာ ပေးဘိ၏၊ အဘယ်အမှုကိစ္စကြောင့် ဤပျားရည်နှင့် နွားနို့ခဲကို မတန်တဆ အဖိုးပေး၍ ယူလိုပါသနည်း?"ဟု မေးလေသည်၊ အစောင့်ယောကျ်ားက"အမောင်...ဤမင်းနေပြည်၌ မြို့သူမြို့သားတို့သည် မင်းကြီးနှင့် အပြိုင်ပြုလျက်(ပဋိဝိရုဇ္ဈိတွာ) ဝိပဿီဘုရားရှင်အား အလှူပေးကြကုန်သည်ရှိသော် ဤပျားရည်နှင့် နွားနို့ခဲ နှစ်မျိုးကို အလှူမျက်မှောက်၌မတွေ့မမြင်ကြရ၍ (မရအရ)ရှာဖွေနေကြပါသည်၊ အကယ်၍ ဤနှစ်မျိုးကို မရလျှင် မြို့သူမြို့သားတို့က ရှုံး

ကြရပါလိမ့်မည်၊ ထို့ကြောင့် အသပြာတစ်ထောင်ကို ပေး၍ ငါ ဝယ်ယူလိုပါသည်"ဟု ပြောဆိုလေသည်။ တောသားက "အရှင်...ဤအလှူဒါနကို မြို့သူမြို့သားတို့သာ ပြုလုပ်ကောင်းသလော? အခြားသူတို့ကမူ မပေးလှူကောင်းဘူးလော?"ဟု မေးလေသည်။

အစောင့်ယောကျ်ားက "မည်သူတစ်ဦးတစ်ယောက်၏ပေးလှူခြင်းကိုမျှ မတားမြစ်အပ်ပါ"ဟု ပြောဆိုလေလျှင် တောသားက "မြို့သူမြို့သားတို့၏အလှူပေးကြရာ၌ တနေ့တည်းဖြင့် အသပြာတစ်ထောင်ပေးလှူတတ်သူ တစ်ဦးတစ်ယောက် ရှိပါသလား?"ဟု မေးလေ၏၊ အစောင့်ယောကျ်ားက "မရှိပါ အဆွေ..."ဖြေကြားလျှင် တောသားက "ဤယခု ကျွန်ုပ်ယူဆောင်လာသော ပျားရည်နှင့် နွားနို့ခဲတို့၏အသပြာတစ်ထောင်အဖိုးထိုက်တန်သည်၏အဖြစ်ကို အရှင်သိ၏မဟုတ်ပါလော?"ဟု မေးမြန်းလေ၏၊ အစောင့်ယောကျ်ားက "အိမ်း...သိပါ၏"ဟု ဖြေကြားလျှင် တောသားက "အရှင်...ထိုသို့ဖြစ်လျှင် သွားပါလော့၊ မြို့သူမြို့သားတို့အား 'ယောကျ်ားတစ်ယောက်သည် ဤပျားရည်နှင့်နွားနို့ခဲနှစ်မျိုးတို့ကို အဖိုးငွေဖြင့် မပေးပါ(မရောင်းပါ)၊ မိမိလက်ဖြင့်ပင် ပေးလှူလိုပါသည်၊ သင်မြို့သူမြို့သားတို့သည် ဤပျားရည်နှင့်နွားနို့ခဲ နှစ်မျိုးတို့ကို ရဖို့ရန်အတွက်တော့ ကြောင့်ကြမဲ့ နေကြပါကုန်လော့'ဟု ပြောကြားပါလော့၊ အရှင်ကား ဤအလှူမျက်မှောက်၌ ကျွန်ုပ်က အကြီးဆုံးအဖိုးအတန်ဆုံး လှူဒါန်းသူဖြစ်ကြောင်းအတွက် ကိုယ်ဖြင့်သက်သေခံသူ ဖြစ်စေချင်ပါသည်"ဟု ပြောဆိုလေသည်။

## ပျားရည် + ဒိန်ရည်၊ ရောစပ်ရည်၊ လှူသည် သူကောင်းမှု

ထိုတောရွာသားသည် ရိက္ခာအလို့ငှာ အိမ်မှယူဆောင်ခဲ့သောတပဲသောဥစ္စာဖြင့် အစပ်ငါးပါး(ပဥ္စကဋုက=အမွှေးအကြိုင်ဘဏ္ဍာငါးပါး)ကို ဝယ်ယူပြီးလျှင် အမှုန့်ပြု၍ နွားနို့ခဲမှ နို့ခမ်းကြည်(ဒိန်ရည်)ကို ညှစ်ယူ၍ (=ဒဓိတော ကဉ္စိယံ ဝါဟေတွာ) ထိုဒိန်ရည်၌ပျားလဘို့ကို ညှစ်၍ အစပ်ငါးပါးအမှုန့်နှင့် ရောစပ်ကာ ပဒုမာကြာရွက်တစ်ခု၌ ထည့်ပြီးသော် ကောင်းစွာ စီရင်ဆောင်ယူ၍ ဘုရားရှင်၏ မနီးမဝေးသော အရပ်၌ ထိုင်နေလေသည်။

လူများအပေါင်းသည် ယူဆောင်အပ်ခဲ့သော ပူဇော်သက္ကာရ ဒါနဝတ္ထုများ အကြား၌ မိမိ၏လှူရန်အခွင့်အကြိမ်ကို စောင့်မျှော်နေစဉ် အခွင့်အကြိမ် ကျရောက်လာပြီကို သိ၍ ဘုရားရှင်ထံတော်ပါးသို့ သွားရောက်ကာ "ဘုန်းတော်ကြီးသော ရှင်တော်မြတ်ဘုရား... ဤပူဇော်သက္ကာရကား တပည့်တော်၏ဆင်းရဲသားလက်ဆောင်(မယှံ ဒုဂ္ဂတပဏ္ဏာကာရော)ဖြစ်ပါသည်ဘုရား၊ တပည့်တော်၏ ဤဆင်းရဲသားလက်ဆောင်ကို တပည့်တော်အား သနားချီးမြှောက်သောအားဖြင့် အလှူခံတော်မူပါဘုရား"ဟု တောင်းပန်လျှောက်ထားလေသည်၊ ဘုရားရှင်သည် ထိုတောရွာသားအား သနားသမှု အကြောင်းပြု၍ စတုမဟာရာဇ်နတ်မင်းကြီးတို့ လှူဒါန်းအပ်သော ကျောက်သပိတ်ဖြင့် ထိုပူဇော်သက္ကာရကို ခံယူတော်မူပြီးလျှင် (ထိုအလှူဝတ္ထုကို) ရဟန်းပေါင်း ခြောက်သန်းရှစ်သိန်းအား ပေးလှူ၍ မကုန်နိုင်အောင် အဓိဋ္ဌာန်တော်မူလေသည်။

ထိုတောရွာသား အမျိုးကောင်းသားသည်လည်း ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးသောအခါ ဘုရားရှင်ကို ရှိခိုးလျက် သင့်တင့်ရာ အရပ်ဝယ် ရပ်တည်ကာ "ဘုန်းတော်ကြီးသော ရှင်တော်မြတ်ဘုရား...ယနေ့ တပည့်တော်သည် အရှင်ဘုရားတို့အား ပူဇော်သက္ကာရ ဒါနဝတ္ထု ရေးရွက်ဆောင်လှူအပ်သည်ကို ဗန္ဓုမတီမြို့သူမြို့သားတို့ ဒိဋ္ဌမျက်မြင် အသိပင်ဖြစ်ပါသည်ဘုရား၊ တပည့်တော်သည်လည်း ဤကောင်းမှုကံ၏အကျိုးဆက်ကြောင့် ဖြစ်လေရာရာ ဘဝ၌ လာဘ်လာဘအထွတ်အထိပ်ရောက်သူ, အခြံအရံအထွတ်အထိပ်ရောက်သူ ဖြစ်ရပါလို၏ဘုရား"ဟု ဆုတောင်းလေ၏၊ ဘုရားရှင်က "ဤသင်ဆုတောင်းသည့်အတိုင်း ဖြစ်ပါစေ အမျိုးကောင်းသား(ဧဝံ ဟောတု ကုလပုတ္တ)"ဟု မိန့်တော်မူ၍ ထိုအမျိုးကောင်းသားနှင့်တကွ မြို့သူမြို့သားတို့အား ဆွမ်းအနုမောဒနာတရား ဟောကြားပြီးလျှင် ဖဲကြွသွားတော်မူလေသည်။

> ဒိဋ္ဌော မေ ဘဂဝါ အဇ္ဇ ဗန္ဓုမတီနဂရေါသိကေဟိ တုမှာကံ သက္ကာရော အာဟရိယမာနော၊ အဟမ္ပိ ဣမဿ
> ကမ္မဿ နိဿန္ဒေန နိဗ္ဗတ္တနိဗ္ဗတ္တဘဝေ လာဘဂ္ဂယသဂ္ဂပ္ပတ္တော ဘဝေယျံ။ (အံ၊ ဋ္ဌ၊ ၁၊ ၁၉၂။)

## နောက်ဆုံးဘဝ၊ သန္ဓေက၊ ဆန်းလှုထွေပြား အံ့ဖွယ်များ

ထိုအမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုလုပ်၍ နတ်ပြည်, လူပြည်တို့၌ ကျင်လည်ခဲ့ပြီးလျှင် ကျွန်ုပ်တို့၏ဘုရားရှင်ပွင့်တော်မူသောအခါဝယ် ကောလိယသာကီဝင်မင်းမျိုး၌ သုပ္ပဝါသာ မည်သော မင်းသမီး၏ဝမ်းကြာတိုက်မှာ ပဋိသန္ဓေယူလေသည်၊ ထိုအမျိုးကောင်းသား ပဋိသန္ဓေဆွဲယူနေသောအခါမှစ၍ ညဉ့်, နံနက်တိုင်း ရာပေါင်းများစွာသော လက်ဆောင်ပဏ္ဏာတို့ ရောက်လာကြကုန်သည်။ သုပ္ပဝါသာမင်းသမီးသည် ရေးကထက် ပြည်စုံခြင်းသို့ ရောက်လေသည်။

ထို့နောက် သုပ္ပဝါသာမင်းသမီးကို ဘုန်းကံအစွမ်း စုံစမ်းသိရှိရန် (ဆွေတော်မျိုးတော်တို့က) မင်းသမီး၏လက်ဖြင့် မျိုးစေ့

တောင်းကို ထိစေကြကုန်၏၊ (ထိုမျိုးစေ့များကို ကြဲချသောအခါ) မျိုးစေ့ တစ်စေ့တစ်စေ့မှ အပင်အညှောက်ပေါင်း အရာအထောင်ပင် ပေါက်၍ ထွက်လာလေသည်၊ မင်းပယ်တစ်ပယ် ကျယ်ဝန်းသောလယ်ကွက်တစ်ကွက်မှပင် လှည်းအစီးပေါင်း ငါးဆယ်, ခြောက်ဆယ် တိုက် ကောက်စပါးများဖြစ်ထွန်းထွက်ရှိကြလေကုန်၏။

မင်းပယ်တစ်ပယ်=တစ်ဆယ့်တစ်တင်းမျိုးကြဲလောက်သောအရပ်

စပါးကျီအတွင်းသို့ ကောက်စပါးများ ဖြည့်သွင်းသောအခါ၌လည်း ကျီတံခါးကို မင်းသမီး၏လက်ဖြင့် ထိစေကြကုန်၏၊ မင်းသမီး၏ဘုန်းကံကြောင့် ကောက်စပါးများကို ထုတ်ယူကြသည်ရှိသော် ယူတိုင်းယူတိုင်းသောနေရာသည် တဖန် ပြည့်မြဲပြည့်လေသည်၊ ထို့ပြင်လည်း ပြည့်သောထမင်းအိုးမှ "မင်းသမီး၏ဘုန်းကံတည်း"ဟု ပြောဆို၍ ရောက်လာသမျှသော လူအပေါင်းအား ပေးလှူကြသည်ရှိသော် ပေးလှူလိုသမျှကာလပတ်လုံး ထိုထမင်းသည် မကုန်နိုင်ချေ။ သတို့သား မိခင်ဝမ်း၌ ကိန်းအောင်းတည်နေစဉ်မှာပင် ခုနစ်နှစ်တာ ကာလတို့ လွန်လေကုန်၏။

ခုနစ်နှစ်စေ့ရောက်၍ ကိုယ်ဝန်သားရင့်ကျက်လာလတ်သော် ခုနစ်ရက်ကြာ မင်းသမီးသည် ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားရလေသည်။ မင်းသမီးသည် မိမိ၏အရှင် ကောလိယမင်းကို ခေါ်၍"မသေခင် အသက်ရှင်စဉ်ပင် ငါသည် အလှူဒါနကို ပေးအံ့"ဟု ကြံစည်လျက်"အိုအရှင်...သွားပါလော့၊ ဤကျွန်တော်မ၏ဖြစ်နေပုံကို ဘုရားရှင်အား လျှောက်ထားပြီးလျှင် ဘုရားရှင်ကို ပင့်ဖိတ်ပါလော့၊ ဘုရားရှင်မိန့်ကြားချက်မှန်သမျှကိုလည်း ကောင်းစွာ မှတ်သား၍ ပြန်လာကာ ကျွန်တော်မအား ပြောကြားပါလော့"ဟု ဘုရားရှင်ထံတော်သို့ စေလွှတ်လိုက်လေသည်။

ကောလိယမင်းသည် သွားရောက်၍ သုပ္ပဝါသာမင်းသမီး၏သတင်းစကားကို ဘုရားရှင်အား လျှောက်ထားလေသည်၊ ဘုရားရှင်က"ကောလိယမင်းသမီး သုပ္ပဝါသာသည် ရောဂါမရှိ ပကတိချမ်းသာစေသတည်း၊ ရောဂါမရှိ ပကတိချမ်းသာလျက် ရောဂါကင်းသောသားကို ဖွားမြင်စေသတည်း"ဟု မိန့်တော်မူလေသည်။ ကောလိယမင်းသည် ထိုဘုရားရှင်၏မိန့်တော်မူသော ဆုပေးစကားတော်ကို နာယူ၍ ဘုရားရှင်ကို ရှိခိုးပြီးလျှင် ရွာတွင်းသို့ ရေးရှုပြန်လာလေသည်၊ မင်း၏ပြန်မလာမီပင်လျှင် သုပ္ပဝါသာမင်းသမီး၏ဝမ်းကြာတိုက်မှ သားကို ဓမကရဏ်ရေစစ်မှ ထွက်သောရေကဲ့သို့ ချောချောချူချူ လွယ်ကူစွာ ဖွားမြင်ခဲ့လေသည်။ ဝန်ရံ၍နေသော လူများအပေါင်းသည် ငိုရသည့်အဖြစ်မှ ကူးပြောင်းကာ ဝမ်းမြောက်ဝမ်းသာ ကောလိယမင်းအား သား၏သတင်းကို လျှောက်တင်ရန် သွားရောက်လေသည်။

ကောလိယမင်းသည် ထိုမင်းချင်းယောကျ်ားတို့၏အမူအရာကို မြင်ရလျှင်ပင်"ဘုရားရှင် မိန့်ကြားအပ်သော စကားတော်သည် ပြီးစီးအောင်မြင်ပြီထင်၏"ဟု ဆင်ခြင်မိလေသည်၊ ကောလိယမင်းသည် လာရောက်၍ ဘုရားရှင်၏မိန့်ကြားတော်မူလိုက်သောသတင်းစကားကို မင်းသမီးအား ပြန်ကြားပြောဆိုလေသည်။ မင်းသမီးက "အရှင့်သား...ပင့်ဖိတ်အပ်သော အသက်ရှင်ဆွမ်းသည်ပင်(ဇီဝိတဘတ္တမေဝ) မင်္ဂလာဆွမ်း ဖြစ်ပါလိမ့်မည်၊ ပြန်သွားပါဦး...ခုနစ်ရက်ပတ်လုံး ဘုရားရှင်ကို ပင့်လျှောက်ပါဦး"ဟု ပြောဆိုလေသည်။ ကောလိယမင်းသည် မင်းသမီးပြောဆိုတိုင်း ပြုလုပ်လေသည်၊ ထိုမင်း, မင်းသမီးတို့သည် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူကြီးကို ဖြစ်စေကြလေသည်။

သူငယ်သည် ဆွေမျိုးအားလုံးတို့၏ငြိမ်းအေးသော စိတ်နှလုံးကို ဖြစ်စေလျက် မွေးဖွားလာသောကြောင့် သူငယ်ကို "သီဝလိ" ဟု အမည်မှည့်ခေါ်ကြလေသည်၊ သီဝလိသူငယ်သည် ခုနစ်နှစ်တိုင်တိုင် မိခင်၏ဝမ်း၌ ကိန်းနေခဲ့ရသောကြောင့် ဖွားမြင်ပြီးသည့်အချိန်မှ အစပြုကာခုနစ်နှစ်အရွယ်ရှိသူငယ်တို့ပြုလုပ်ရမည့် ခပ်သိမ်းသောအမှုများကို ပြုစွမ်းနိုင်သူဖြစ်လေသည်။

ဒါရကော သဗ္ဗေသံ ဉာတီနံ သန္တတ္တစိတ္တံ နိဗ္ဗာပေန္တော ဇာတောတိ "သီဝလိဒါရကော"တွေဝဿ နာမံ အကံသု။ သော သတ္တ ဝဿာနိ ဂဗ္ဘေ ဝသိတတ္တာ ဇာတကာလတော ပဋ္ဌာယ သဗ္ဗကမ္မက္ခမော အဟောသိ။ ဓမ္မသေနာပတိ သာရိပုတ္တော သတ္တမေ ဒိဝသေ တေန သဒ္ဓိံ ကထာသလ္လာပံ အကာသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၁၉၃။)

မှတ်ဖွယ်ရာများ...

[အပဒါန်ပါဠိတော် သီဝလိတ္ထေရအပဒါန်၌ "သီဝလိသူငယ်၏မယ်တော်သည် 'သုပ္ပဝါသာ'မင်းသမီးဖြစ်၍ ခမည်းတော်ကား 'မဟာလိစ္ဆဝီ'မင်းဖြစ်၏။

ပစ္ဆိမေ စ ဘဝေ ဒါနိ၊ ဇာတော'ဟံ ကောလိယေ ပုရေ။
သုပ္ပဝါသာ စ မေ မာတာ၊ မဟာလိ လိစ္ဆဝီ ပိတာ။
(အပဒါန၊ ၂၊ ၁၄၉။)

ကုသိုလ်ကံကြောင့် မင်းမျိုး၌ ဖြစ်ခဲ့၏၊ မြို့တံခါးကို ပိတ်ဆို့ခဲ့ခြင်း၏အစွမ်းကြောင့် ခုနစ်နှစ်တို့ပတ်လုံး အမိဝမ်း၌ ဆင်းရဲခြင်းသို့ ရောက်လျက် နေခဲ့ရ၏။

ငါသည် (မွေးဖွားစဉ်) ဒွါရ၌ တွေဝေမိန်းမောလျက် ခုနစ်ရက်ပတ်လုံး ကြီးစွာသော ဆင်းရဲခြင်းသို့ ရောက်ခဲ့ရ၏၊ ငါ့အမိသည် (မြို့တံခါးငယ်များပိတ်ရန်) အလိုဆန္ဒပေးခြင်းကြောင့် ဤသို့ အလွန်ဆင်းရဲသူ ဖြစ်ခဲ့ရ၏။(ခု၊ ၄၊သီဝလထေရအပဒါန၊၁၄၉)

ခတ္တိယေ ပုညကမ္မေန၊ ဒွါရရောဓဿ ဝါဟသာ။
သတ္တ ဝဿာနိ နိဝသိံ၊ မာတုကုစ္ဆိမှိ ဒုက္ခိတော။
သတ္တာဟံ ဒွါရမူဠှော'ဟံ၊ မဟာဒုက္ခသမပ္ပိတော။
မာတာ မေ ဆန္ဒဒါနေန၊ ဧဝံ အာသိ သုဒုက္ခိတာ။

အပဒါန်အဋ္ဌကထာ သီဝလိထေရအပဒါန်အဖွင့်၌ကား "ရဟန်းသံဃာများ၏အကြားဝယ် 'ဤကဲ့သို့ ဘုန်းကံကြီးမားသော မထေရ်မြတ်သည်လည်း ခုနစ်နှစ် ခုနစ်လတို့ပတ်လုံး မိခင်ဝမ်းခေါင်း ကိန်းအောင်းလျက် ခုနစ်ရက်တို့ပတ်လုံး မိန်းမောတွေဝေ မိခင်ဝမ်း၌နေရခြင်းသည် အံ့သြဖွယ်ရှိပေစွ'-ဟု ပြောဆိုနေကြလေသည်"ဟူ၍ ပါရှိ၏။

အထ ဘိက္ခုသံဃေ ကထာ ဥဒပါဒိ"အဟော ဧဝံ ပုညဝါပိ ထေရော သတ္တမာသာဓိကာနိ သတ္တ သံဝစ္ဆရာနိ မာတုဂဗ္ဘေ ဝသိတွာ သတ္တ ဒိဝသာနိ မူဠ္ဂဂဗ္ဘေ ဝသီ"တိ။ (အပဒါန၊ ဋ္ဌ၊ ၂၊ ၂၄၉။)

ဘုရားရှင်က "ရဟန်းတို့...လွန်လေပြီးသော ဘုရားမပွင့်မီ ရှေးအခါက ဤ(သီဝလိအလောင်း)အမျိုးကောင်းသားသည် ဗာရာဏသီပြည်ဝယ် မင်းမျိုး၌ ဖြစ်လေသည်၊ ခမည်းတော်မင်းကြီး နတ်ရွာစံသဖြင့် မင်းအဖြစ်ကို စည်းစိမ်ဥစ္စာနှင့်ပြည့်သည်ဖြစ်၍ ထင်ရှားလေသည်။ ထိုအခါ၌ ပစ္စန္တရာဇ်မင်းတစ်ပါးသည် 'ဗာရာဏသီပြည်ကို သိမ်းယူအံ့' ဟု လာ၍ မြို့ကို ဝန်းရံလျက် သစ်တပ်မြို့ကိုတည်၍ နေလေသည်။ ထိုအခါ ဗာရာဏသီမင်းသည် မယ်တော်နှင့်အတူတကွ တူသောအလိုဆန္ဒရှိသည်ဖြစ်၍ ခုနစ်ရက်ပတ်လုံး(ရန်သူပစ္စန္တရာဇ်မင်း၏)သစ်တပ်မြို့၏အရပ်လေးမျက်နှာတို့၌ တံခါးကို ပိတ်ဆို့စေ၏၊ ထွက်ဝင်သွားလာသူတို့အဖို့ရာ ထွက်ရာ, ဝင်ရာတံခါး၌တွေဝေခြင်း ဖြစ်ရလေသည်။ ထိုအခါ မိဂဒါဝုန်ကျောင်းတော်၌ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် (ထိုအကြောင်းကို) ကြွေးကြော်တော်မူကြလေကုန်၏။ ဗာရာဏသီမင်းသည် (ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ကြွေးကြော်သံကို) ကြား၍ တံခါးကို ဖွင့်ပေးစေသည်။ ပစ္စန္တရာဇ်လည်း ထွက်ပြေးလေတော့သည်။ ထိုဗာရာဏသီမင်းသည် ထိုကံ၏အကျိုးဖြင့် ငရဲစသည်တို့၌ ဆင်းရဲဒုက္ခကို ခံစားခဲ့ရပြီးလျှင် ဤငါဘုရားပွင့်တော်မူလတ်သော် မင်းမျိုး၌ဖြစ်သော်လည်း အမိနှင့်အတူတကွ ဤကဲ့သို့ သဘောရှိသော ဆင်းရဲဒုက္ခကို ခံစားရလေသည်"ဟု မိန့်တော်မူ၏။ (အပဒါန၊ ဋ္ဌ၊ ၂၊ ၂၄၉။)

အတီတေ ဘိက္ခဝေ ဗုဒ္ဓုပ္ပါဒတော ပုရေတရမေဝ ဧသ ကုလပုတ္တော ဗာရာဏသိယံ ရာဇကုလေ နိဗ္ဗတ္တော၊ ပိတု အစ္စယေန ရဇ္ဇေ ပတိဋ္ဌာယ ဝိဘဝသမ္ပန္နော ပါကဋော အဟောသိ။ တဒါ ဧကော ပစ္စန္တရာဇာ "ရဇ္ဇံ ဂဏှိဿာမိ"တိ **အာဂန္တွာ** နဂရံ ဥပရုန္ဓိတွာ ခန္ဓာဝါရံ ကာရေတွာ ဝိဟာသိ။ အထ ရာဇာ မာတုယာ သဒ္ဓိံ သမာနစ္ဆန္ဒော ဟုတွာ သတ္တာဟံ ခန္ဓာဝါရနဂရေ စတူသု ဒိသာသု ဒွါရံ ပိဓာပေသိ၊ နိက္ခမန္တာနံ ပဝိသန္တာနဉ္စ ဒွါရမူဠှံ အဟောသိ။ အထ မိဂဒါယဝိဟာရေ ပစ္စေကဗုဒ္ဓါ ဥဋ္ဌောသေသုံ။ ရာဇာ သုတွာ ဒွါရံ ဝိဝရာပေသီတိ။ ပစ္စန္တရာဇာပိ ပလာယိ။ သော တေန ကမ္မဝိပါကေန နရကာဒီသု ဒုက္ခမနုဘဝိတွာ ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ ရာဇကုလေ နိဗ္ဗတ္တောပိ မာတုယာ သဒ္ဓိံ ဣမံ ဧဝရူပံ ဒုက္ခမနုဘဝိ။ (အပဒါန၊ ဋ္ဌ၊ ၂၊ ၂၄၉။)

ဥဒါန်းပါဠိတော် သုပ္ပဝါသာသုတ်(ခု၊၁၉၄), အဋ္ဌကထာ သုပ္ပဝါသာသုတ်အဖွင့် (၁၀၉)တို့၌ကား...အပဒါန်ပါဠိတော် သီဝလိထေရအပဒါန်(၁၄၉)၌လာရှိသည်အတိုင်းပင် လာရှိ၏။

ဇာတ်အဋ္ဌကထာ၌မူ "ခုနစ်ရက်ပတ်လုံး မြို့ကို ဝန်းရံပိတ်ဆို့၍ သိမ်းယူအပ်သော မကောင်းမှုကံ၏အကျိုးဆက်ကြောင့် ခုနစ်နှစ်တို့ပတ်လုံး သွေးအိုးတည်းဟူသော မိခင်ဝမ်းခေါင်း၌ ကိန်းအောင်းနေရ၍ ခုနစ်ရက်ပတ်လုံး မိန်းမောတွေဝေ ကိုယ်ဝန်ထဲ၌တည်နေရသည်၏အဖြစ်သို့ ရောက်ရလေ၏"ဟု လာရှိ၏။

သော တေရဟိ သတ္တ ဒိဝသာနိ သဉ္ဇာရုံ ပစ္ဆိန္ဒိတွာ နဂရံ ရုန္ဓိတွာ ဂဟိတကမ္မနိဿန္ဒေန သတ္တ ဝဿာနိ လောဟိတကုမ္ဘိယံ ဝသိတွာ သတ္တာဟံ မူဠ္ဂဂဗ္ဘဘာဝံ အာပဇ္ဇိ။ (ဇာတက၊ ဋ္ဌ၊ ၁၊ အသာတရူပဇာတကဝဏ္ဏနာ၊ ၄၃၃။)

ဇာတကဋ္ဌကထာယံ ပန "သတ္တ ဒိဝသာနိ နဂရံ ရုန္ဓိတွာ ဂဟိတကမ္မနိဿန္ဒေန သတ္တဝဿာနိ လောဟိတကုမ္ဘိယံ ဝသိတွာ သတ္တာဟံ မူဠ္ဂဂဗ္ဘဘာဝံ အာပဇ္ဇိ"တိ ဝုတ္တံ။ (ဥဒါန၊ ဋ္ဌ၊ ၁၀၉။).

ဓမ္မပဒအဋ္ဌကထာ သီဝလိထေရဝတ္ထု၌ကား"ကောလိယမင်းသမီး သုပ္ပဝါသာသည် ချမ်းသာစွာ အနာရောဂါမရှိပဲ အနာရောဂါ

ကင်းသော သားကို မွေးဖွားပြီးလျှင် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်ကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ကြီးစွာသောအလှူကို ပေးလှူရာဝယ် မင်းသမီး၏သားသည်လည်း ဖွားမြင်သည့်နေ့မှစ၍ ဓမကရိဏ်ရေစစ်ကို ယူကာ သံဃာတော်အား ရေကိုစစ်၍ ပေးလှူလေသည်"ဟုလာရှိ၏။

...သုခိနီ အရောဂါ အရောဂံ ပုတ္တံ ဝိဇာယိတွာ ဗုဒ္ဓပ္ပမုခံ ဘိက္ခုသံဃံ နိမန္တေတွာ သတ္တာဟံ မဟာဒါနံ အဒါသိ။ ပုတ္တောပိဿာ ဇာတဒိဝသတော ပဋ္ဌာယ ဓမ္မကရဏံ အာဒါယ သံဃဿ ဥဒကံ ပရိဿာဝေသိ။ (ဓမ္မပဒ၊ ၄၊ ၂၊ ၄၂၇။)]

တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တမထေရ်မြတ်သည် ခုနစ်ရက်မြောက်နေ့မှာပင် သီဝလိသူငယ်နှင့် အတူတကွ စကားပြောတော်မူသည်။ ထိုအခါ မထေရ်မြတ်က "သီဝလိ...သင်သည် ဤသို့သဘောရှိသော ဆင်းရဲအစုကို ခံစားရပြီးလျှင် ရှင်ရဟန်းပြုရန် မသင့်လျော်သလော?"ဟု မေးတော်မူလေလျှင် သီဝလိသူငယ်က "အရှင်ဘုရား...တပည့်တော်သည် မိဘထံမှ ရှင်ရဟန်းပြုခွင့်ရလျှင် ရှင်ရဟန်းပြုလိုပါသည်ဘုရား"ဟု လျှောက်ထားလေသည်။

သုပ္ပဝါသာမင်းသမီးသည် မိမိသား သီဝလိသူငယ် မထေရ်မြတ်နှင့် အတူတကွ စကားပြောနေသည်ကို မြင်ရ၍"အသို့နည်း? ငါ၏သားသည် တရားစစ်သူကြီးဖြစ်တော်မူသော မထေရ်မြတ်နှင့် အတူတကွ စကားပြောနေဘိ၏"ဟု မထေရ်မြတ်ထံသို့ ဆည်းကပ်၍ "အရှင်ဘုရား...တပည့်တော်မ၏သားက အရှင်ဘုရားတို့နှင့် အတူတကွ အဘယ်စကားများကို ပြောဆိုနေပါသနည်းဘုရား?"ဟု မေးလျှောက်လေသည်၊ မထေရ်မြတ်က "မိမိခံစားခဲ့ရသော အမိဝမ်းခေါင်းကိန်းအောင်းရသည့် ဒုက္ခကို ပြော၍ သင်မိဘနှစ်ပါးတို့က ခွင့်ပြုအပ်ပါလျှင် ရှင်ရဟန်းပြုပါအံ့-ဟု သီဝလိသူငယ် ပြောဆိုပေ၏"ဟု မိန့်တော်မူလေသည်။ သုပ္ပဝါသာမင်းသမီးက "ကောင်းပါပြီ အရှင်ဘုရား...ထိုသားငယ်ကို ရှင်ပြုပေးတော်မူကြပါဘုရား"ဟု ခွင့်ပြုစကား လျှောက်ထားလေသည်။

## ဆံချစဉ်ဝယ်၊ ကိလေပယ်၊ ဖြစ်တယ် ရဟန္တာ

မထေရ်မြတ်သည် သီဝလိသူငယ်ကို ကျောင်းတော်သို့ ခေါ်ဆောင်သွား၍ တစပဉ္စကကမ္မဋ္ဌာန်းကို ပေး၍ ရှင်ပြုပေးတော်မူလတ်သော်"သီဝလိ...သင့်အတွက် အခြားတစ်ပါးသော အဆုံးအမဖြင့် ပြုလုပ်ဖွယ်မရှိ၊ ခုနစ်နှစ်တို့ပတ်လုံး မိမိခံစားခဲ့ရသော ဆင်းရဲဒုက္ခဝေဒနာကိုပင် ဆင်ခြင်လော့"ဟု မိန့်တော်မူလေသည်။ သီဝလိသူငယ်က "အရှင်ဘုရား...ရှင်ပြုပေးခြင်းသည်သာလျှင် အရှင်ဘုရားတို့၏ တာဝန်ဖြစ်ပါသည်၊ တပည့်တော် ပြုစွမ်းနိုင်သမျှသော တရားနှလုံးသွင်းခြင်းအမှုကို တပည့်တော် ဆင်ခြင်ပွားများပါမည်ဘုရား"ဟု ပြန်လည်လျှောက်ထားလေသည်။

ထိုသီဝလိသူငယ်သည် ရှင်ပြုဖို့ရန် ဆံရိတ်စဉ် ပဌမဆံဝန်းကို ရိတ်ပြီးသောခဏ၌ပင် သောတာပတ္တိဖိုလ်, ဒုတိယဆံဝန်းကို ရိတ်ပြီးသောခဏ၌ သကဒါဂါမိဖိုလ်, တတိယဆံဝန်းကို ရိတ်ပြီးသောခဏ၌ အနာဂါမိဖိုလ်၌ တည်ပြီးလျှင် အားလုံးသောဆံဝန်းကို ရိတ်ပြီးသည်နှင့် တပြိုင်နက် အရဟတ္တဖိုလ်၌ တည်လေသည်။ အားလုံးသောဆံတို့ကို ရိတ်ပြီးခြင်းနှင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရခြင်းသည် မရှေးမနှောင်းပင် ဖြစ်လေသည်။

သော ပဌမကေသဝဋ္ဋိယာ ဩဟာရိတက္ခဏေယေဝ သောတာပတ္တိဖလေ ပတိဋ္ဌာသိ၊ ဒုတိယာယ ဩဟာရိတက္ခဏေ သကဒါဂါမိဖလေ၊ တတိယာယ အနာဂါမိဖလေ။ သဗ္ဗေသံယေဝ ပန ကေသာနံ ဩရောပနဉ္စ အရဟတ္တဖလသစ္ဆိကိရိယာ စ အပစ္ဆာ အပုရိမာ အဟောသိ။(အံ၊ ၄၊ ၁၊ ၁၉၃။)

[ရှင်သီဝလိ၏ဥပဇ္ဈာယ်ဆရာသည် အရှင်သာရိပုတ္တမထေရ်ဖြစ်၍ ဆံရိတ်ဖြတ်၍ သရဏဂုံပေးသောဆရာသည် အရှင်မဟာမောဂ္ဂလ္လာန်မထေရ်ဖြစ်၏ ။

ဥပဇ္ဈာ သာရိပုတ္တော မေ၊ မောဂ္ဂလ္လာနော မဟိဒ္ဓိကော။
ကေသေ ဩရောပယန္တော မေ၊ အနုသာသိ မဟာမတိ။
(အပဒါန၊ ၂၊ ၁၅၀။)]

ထိုသီဝလိသူငယ်ကို ရှင်ရဟန်းပြုပေးသောနေ့မှ စ၍ ရဟန်းသံဃာအား ပစ္စည်းလေးပါးတို့သည် အလိုရှိတိုင်း ဖြစ်ပေါ်ပေါ်များ၍ လာကုန်၏။ တဿ ပဗ္ဗဇိတဒိဝသတော ပဋ္ဌာယ ဘိက္ခုသံဃဿ စတ္တာရော ပစ္စယာ ယဒိစ္ဆကံ ဥပ္ပဇ္ဇန္တိ။ (အံ၊ ၄၊ ၁၊ ၁၉၃။)

## မိမိဘုန်းကံ၊ စုံစမ်းရန်၊ ခွင့်ပန် တောဝင်ပြီ

နောက်အဖို့ဝယ် ဘုရားရှင် သာဝတ္ထိပြည်သို့ ကြွရောက်တော်မူသောအခါ အရှင်သီဝလိမထေရ်သည် ဘုရားရှင်ကို ရှိခိုးလျက် "ရှင်တော်မြတ်ဘုရား...တပည့်တော်၏ဘုန်းကံကို စုံစမ်းလိုပါသည်၊ တပည့်တော်အား ရဟန်းတော်ငါးရာတို့ကို ပေးတော်မူပါဘုရား"

ဟု လျှောက်ထားတောင်းပန်လေသည်၊ ဘုရားရှင်က "ချစ်သားသီဝလိ...ခေါ်ယူ၍ သွားလော့"ဟု ခွင့်ပြုတော်မူလေသည်။

အရှင်သီဝလိမထေရ်သည် ရဟန်းငါးရာတို့ကို ခေါ်ယူ၍ ဟိမဝန္တာသို့ ရှေးရှုသွားသည်ရှိသော် တောလမ်းခရီးကို သွားတော်မူလေ၏။ ရှေးဦးစွာ မြင်တွေ့ရသော ပင်ညောင်ပင်စောင့်မင်းသည် မထေရ်မြတ်အား ခုနစ်ရက်တိုင်ပတ်လုံး အလှူဒါနကို ပေးလှူလေသည်။ မထေရ်မြတ်သည်........

၁။ ရှေးဦးစွာ ပညောင်ပင်ကြီးကို တွေ့ရလေသည်။

၂။ နှစ်ကြိမ်မြောက်၌ ပဏ္ဍဝတောင်,

၃။ သုံးကြိမ်မြောက်၌ အစိရဝတီမြစ်,

၄။ လေးကြိမ်မြောက်၌ ဝရသာဂရမည်သော သမုဒ္ဒရာ,

၅။ ငါးကြိမ်မြောက်၌ ဟိမဝန္တာတောင်,

၆။ ခြောက်ကြိမ်မြောက်၌ ဆဒ္ဒန်အိုင်,

၇။ ခုနစ်ကြိမ်မြောက်၌ ဂန္ဓမာဒနတောင်,

၈။ ထို့နောက် ရှစ်ကြိမ်မြောက်၌ အရှင်ရေဝတနေရာသို့

ဆိုက်ရောက် တွေ့မြင်ရလေသည်။ နေရာဌာနအားလုံးတို့၌ ခုနစ်ရက်စီ ခုနစ်ရက်စီ နတ်တို့က မထေရ်မြတ်အား အလှူဒါနကို ပေးလှူကြလေသည်။

နိဂြောဓံ ပဌမံ ပဿိ၊ ဒုတိယံ ပဏ္ဍဝပဗ္ဗတံ။
တတိယံ အစိရဝတိယံ၊ စတုတ္ထံ ဝရသာဂရံ။
ပဉ္စမံ ဟိမဝန္တံ သော၊ ဆဋ္ဌံ ဆဒ္ဒန္တုပါဂမိ (ဆဒ္ဒန္တမာဂမိ သီ)။
သတ္တမံ ဂန္ဓမာဒနံ၊ အဋ္ဌမံ အထ ရေဝတ္တံ။

သဗ္ဗဋ္ဌာနေသု သတ္တ သတ္တ ဒိဝသာနေဝ ဒါနံ အဒံသု။ (အံ၊ ဋ္ဌ၊ ၁၊ ၁၉၄)

အထူးသဖြင့် ဂန္ဓမာဒနတောင်၌ကား နာဂဒတ္တမည်သော နတ်မင်းသည် ခုနစ်ရက်တာ ကာလဝယ် နွားနို့ဆွမ်းတစ်ရက်, ထောပတ်ဆွမ်းတစ်ရက် အလှည့်အလည် ပေးလှူလေသည်၊ ထိုအခါ ရဟန်းသံဃာတော်က "ငါ့ရှင်တို့...ဤနတ်မင်းက နို့စားနွားတို့ကို နို့ညှစ်နေအပ်သည်တို့လည်း မထင်ကုန်၊ ထောပတ်ဖြစ်ရန် နို့ခမ်းမွှေနေသည်လည်း မထင်ချေ။ နတ်မင်း...သင့်အဖို့ရာ ဤနွားနို့ဆွမ်း, ထောပတ်ဆွမ်းများသည် အဘယ်ကောင်းမှုကြောင့် ဖြစ်ပါသနည်း?"ဟု မေးလေသည်၊ နာဂဒတ္တနတ်မင်းက "အရှင်ဘုရားတို့...ဤနွားနို့ဆွမ်း, ထောပတ်ဆွမ်းကို လှူဒါန်းဆက်ကပ်နိုင်ခြင်းကား ကဿပဘုရားရှင်လက်ထက်တော်ဝယ် စာရေးတံနွားနို့ဆွမ်း လှူဒါန်းခဲ့သော ကောင်းမှု၏အကျိုး ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထားလေသည်။

## လာဘ်ပေါများရာ၊ မြတ်ဆုံးပါ၊ ထေရ်မှာ သီဝလိ

နောက်အဖို့ဝယ် ဘုရားရှင်သည် အရှင်ခဒိရဝနိယ ရေဝတမထေရ်အထံသို့ ကြွရောက်တော်မူရာ လူသူမနီး လမ်းခရီးအကြား၌ နတ်များက အရှင်သီဝလိမထေရ်အား ဦးတည်၍ နေ့ရက်မပြတ် လှူဒါန်းဆက်ကပ်ကြသည်ကို အကြောင်းအဋ္ဌုပ္ပတ္တိပြု၍ အရှင်သီဝလိ မထေရ်မြတ်ကို

"ရဟန်းတို့...ပစ္စည်းလေးပါး လာဘ်ပေါများကြသည့် ငါဘုရား၏တပည့် ရဟန်းတို့တွင် သီဝလိရဟန်းသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "လာဘ်လာဘပေါများသောအရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ ထားတော်မူလေသည်။

လာဘီနံ ယဒိဒံ သီဝလီတိ ဌပေတွာ တထာဂတံ လာဘီနံ ဘိက္ခူနံ သီဝလိတ္ထေရော အဂ္ဂေါတိ ဒသ္သေတိ။(အံ၊ဋ္ဌ၊၁၊၁၉၀။)

အပရဘာဂေ သတ္ထာ ခဒိရဝနိယရေဝတဿ ပစ္စုဂ္ဂမနံ အဋ္ဌုပ္ပတ္တိံ ကတွာ ထေရံ အတ္တနော သာသနေ လာဘဂ္ဂယသဂ္ဂပ္ပတ္တာနံ အဂ္ဂဋ္ဌာနေ ဌပေသီတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၁၉၄။)

အရှင်သီဝလိမထေရ်မြတ်၏ထေရုပ္ပတ္တိကို အကျယ်တဝင့် သိလိုပါက အင်္ဂုတ္တုရ်အဋ္ဌကထာ (အံ၊ ဋ္ဌ၊ ၁၊ ၁၉၀ ၁၉၄), အပဒါန်ပါဠိတော် သီဝလိတ္ထေရအပဒါန် (အပဒါန်၊ ၂၊ ၁၄၇ ၁၅၀), အပဒါနအဋ္ဌကထာ သီဝလိတ္ထေရအပဒါန်အဖွင့် (အပဒါန်၊ ဋ္ဌ၊ ၂၊ ၂၄၅-၂၅၃), ဓမ္မပဒအဋ္ဌကထာ သီဝလိတ္ထေရဝတ္ထု (ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၄၂၆-၄၂၇), မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ပပိုင်း (၃၀၅ ၃၁၉), ပုံတော်စုံ ဓမ္မပဒဝတ္ထုတော် ကြီး ဒုတိယတွဲ (၇၁၆ ၇၁၈), ဥဒါန်းပါဠိတော် သုပ္ပဝါသာသုတ် (ခု၊ ၁၊ ၉၃ ၉၇), ဥဒါန်းအဋ္ဌကထာ (၁၀၇ ၁၁၂) တို့၌ ကြည့်ပါ။

## (၁၉) အရှင်ဝက္ကလိမထေရ်မကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သဒ္ဓါဓိမုတ္တာနံ ယဒိဒံ ဝက္ကလိ။ (အံ၊ ၁၊ ၂၄။)

### အရှင်ဝက္ကလိမထေရ်အလောင်း ရှေးဆုတောင်း

အရှင်ဝက္ကလိအလောင်းတော်သည်လည်း ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် တရားနာနေစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို သဒ္ဓါတရား ကြီးမားလွန်ကဲသော ရဟန်းတို့တွင် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ထားတော်မူသည်ကို မြင်ရ၍ မိမိလည်း ထိုရဟန်းကဲ့သို့သော ဧတဒဂ်ဘွဲ့ရပုဂ္ဂိုလ်ဖြစ်လိုရကား ဘုရားရှင်ကို ပင့်ဖိတ်၍ ခုနစ်ရက်တိုင်တိုင် အလှူကြီး ပေးလှူပြီးလျှင် ထိုကောင်းမှုကုသိုလ်ကြောင့် တစ်ဆူဆူသော ဘုရားရှင်၏သာသနာ၌ သဒ္ဓါဓိမုတ္တရဟန်းတို့တွင် အမြတ်ဆုံးဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ် ဖြစ်ပါလို၏ ဟု ဆုတောင်းခဲ့လေသည်။

### ဆုံးဘဝတွင်၊ ရဟန်းရှင်၊ ပြုလျှင် ဝက္ကလိ

ထိုအမျိုးကောင်းသားသည် နတ်ပြည်, လူပြည်တို့၌ကျင်လည်ခဲ့ပြီးလျှင် ကျွန်ုပ်တို့၏ဘုရားရှင်လက်ထက်တော်ဝယ် သာဝတ္ထိမြို့တော်တွင် ပုဏ္ဏားမျိုး၌ဖြစ်လေသည်၊ "ဝက္ကလိ"ဟု မည်တွင်လေသည်၊ ဝက္ကလိသူငယ်သည် အရွယ်ရောက်လတ်သော် ဗေဒင်သုံးပုံတို့ကို သင်ကြားတတ်မြောက်ပြီးနောက် တချိန်တွင် ရဟန်းအပေါင်းခြံရံလျက် သာဝတ္ထိမြို့တွင်းသို့ ကြွတော်မူလာသော ဘုရားရှင်၏ရူပကာယအသရေတော်ကို ဖူးမြော်ကြည်ရှုရလေသော် ထိုရူပကာယအသရေတော်ကို ဖူးမြော်ရခြင်းဖြင့် အားမရ တင်းမတိမ်နိုင်ရကား ဘုရားရှင်နှင့်တပါတည်းသာလျှင် ကျောင်းတော်သို့ လိုက်ပါခဲ့လေသည်၊ တရားသဘင်၌ ဘုရားရှင် တရားဟောတော်မူသောအခါ၌လည်း ဘုရားရှင်၏ရှေ့တော်တည့်တည့်အရပ်၌တည်နေလျက် တရားကို နာယူလေသည်။

ဝက္ကလိအမျိုးကောင်းသားသည် သဒ္ဓါတရား ကြီးမားလွန်ကဲစွာ ဖြစ်ရှိရကား "အိမ်ရာတည်ထောင်လူ့ဘောင်၌ နေလျှင် ဘုရားရှင်ကို အမြဲမပြတ် ဖူးမြော်ခွင့်ကို ရလိမ့်မည်မဟုတ်"ဟု ကြံစည်ဆင်ခြင်ပြီးနောက် ဘုရားရှင်အထံတော်၌ ရှင်ရဟန်းပြုလေသည်၊ အရှင်ဝက္ကလိသည် ဆွမ်းဘုဉ်းပေးချိန်ကို ထား၍ ကျန်အချိန်များ၌ ဘုရားရှင်ကို ဖူးမြင်နိုင်လောက်ရာအရပ်၌သာ တည်နေကာ စာပေသင်အံခြင်း, ကမ္မဋ္ဌာန်းတရား နှလုံးသွင်းခြင်းများကို အလျှင်းမပြုပဲ ဘုရားရှင်ကို ဖူးမြော်လျက်သာလျှင် နေလေသည်။

ဘုရားရှင်သည် အရှင်ဝက္ကလိ၏ဉာဏ်ပညာရင့်ချိန်ကို စောင့်ဆိုင်းငံ့လင့်တော်မူလျက် တစုံတရာ မိန့်ကြားတော်မမူပဲ နေတော်မူခဲ့ရာမှ အချိန်တန်ပြီဖြစ်၍ "ဤကိုယ်ကောင်းပုပ်ကို ကြည့်ရှုနေသဖြင့် အကျိုးမရှိ၊ အမှန်စင်စစ်အားဖြင့် တရားကို မြင်သောသူသည် ငါဘုရားကို မြင်သောသူမည်၏၊ ငါဘုရားကိုမြင်သောသူသည် တရားကိုမြင်သောသူမည်၏၊ တရားကိုရှုကြည့်သောသူသည်သာ ငါဘုရားကိုရှုကြည့်သောသူဖြစ်ပေ၏၊ ငါဘုရားကို ရှုကြည့်သောသူသည် တရားကို ရှုကြည့်သောသူ ဖြစ်ရပေမည်"ဟု အရှင်ဝက္ကလိ တရားအားထုတ်ရန်အတွက် ကိုယ်တော်မြတ်၏ရူပကာယကိုယ်တော်ကိုပင် အပုပ်ကောင်ကြီးအနေဖြင့် မိန့်ကြားတော်မူလေသည်။

ဘုရားရှင်က မည်သို့ပင် ဆုံးမတော်မူပါသော်လည်း အရှင်ဝက္ကလိသည် ဘုရားရှင်အား ဖူးမြင်လောက်ရာ အရပ်ကို ပယ်စွန့်၍ အရပ်တပါးသို့ မသွားနိုင်ပဲ ရှိလေသည်၊ ထိုအခါ ဘုရားရှင်သည် "ဤရဟန်းသည် သံဝေဂကို မရလျှင် သစ္စာလေးပါးတရားကို သိလိမ့်မည်မဟုတ်"ဟု ဆင်ခြင်သိမြင်တော်မူကာ ဝါဆိုရက်နီးလတ်သော် ရာဇဂြိုဟ်မြို့သို့ ကြွတော်မူ၍ ဝါဆိုဝါကပ်သောနေ့၌ "ဝက္ကလိရဟန်း...(ငါဘုရား၏အနီးမှ)လွတ်ရာဖယ်ရှား သင်သွားလော့"ဟု အရှင်ဝက္ကလိကို နှင်ထုတ်တော်မူလေသည်။

အရှင်ဝက္ကလိသည် ဝါတွင်းသုံးလပတ်လုံး ဘုရားရှင်၏မျက်မှောက်တော်သို့ လာရောက်ဖို့ရန် မဝံ့တော့ရကား "ယခုအခါ ဘုရားရှင်သည် ငါ့ကို နှင်ထုတ်အပ်လေပြီ၊ ဘုရားရှင်နှင့် မျက်နှာချင်းဆိုင်ခွင့်ကို ငါ ဘယ်နည်းနှင့်မျှ ရနိုင်တော့မည်မဟုတ်၊ ငါ့အဖို့ရာ အသက်ရှင်နေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း?"ဟု ကြံစည်စိတ်ပျက်ကာ ဂိဇ္ဈကုဋ်တောင်၏ချောက်ကမ်းပါးပေါ်များရာအရပ်သို့ တက်ရောက်လေသည်။

ဘုရားရှင်သည် အရှင်ဝက္ကလိ၏စိတ်ပင်ပန်းနွမ်းနယ်နေသည်ကို သိတော်မူ၍ "ဤရဟန်းသည် ငါဘုရားထံမှ သက်သာကွက်ကို မရလျှင် မဂ်ဖိုလ်၏ဥပနိဿယ ရေးကောင်းမှုကို ဖျက်ဆီးပစ်လေရာ၏"ဟု ဆင်ခြင်တော်မူ၍ မိမိကိုယ်တော်ကို ထင်ရှားပြဖို့ရန် ရောင်ခြည်တော်ကို လွှတ်လိုက်လေသည်၊ ထိုသို့ ရောင်ခြည်တော်ကို လွှတ်လိုက်သောအခါ ဘုရားရှင်ကို မျက်ဝါးထင်ထင် ဖူးမြင်လိုက်ရသော အရှင်ဝက္ကလိသည် ကြီးမားသော စိတ်ပူပန်မှု သောကငြောင့်ကြီး ပယ်အပ်ပြီး ဖြစ်လေတော့သည်။

ဘုရားရှင်သည် ခြောက်သွေ့နေသော တဖက်ဆည်းကန်၌ ရေအလျဉ်ကို ဆောင်ယူသွန်လောင်းထည့်သကဲ့သို့ အရှင်ဝက္ကလိ၏သန္တာန်၌ အားကြီးသောနှစ်သက်ခြင်း, ဝမ်းမြောက်ခြင်း တရားနှစ်ပါးဖြစ်ပွါးစေခြင်းငှါ ဓမ္မပဒ(ခု၊ ၁၊ ၆၈)၌လာသော...

ပါမောဇ္ဇဗဟုလော ဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ။

အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါရူပသမံ သုခံ။

ပါမောဇ္ဇဗဟုလော-မြတ်စွာဘုန်းတော်ကို အာရုံရောက်၍ ဝမ်းမြောက်ခြင်းပါမောဇ္ဇတရား ပေါများလှသော၊ ဘိက္ခု-သံသရာဘေး ခန္ဓာရေးကို ထောက်တွေးမြော်မှန်း ရှင်ရဟန်းသည်၊ ဗုဒ္ဓသာသနေ-သုံးပါးသိက္ခာ ဘုရားသာသနာ၌၊ ပသန္နော-သဒ္ဓါစွန်းစိုး ကြည်ညိုသည်ဖြစ်၍၊ သန္တံ-သန္တိလက္ခဏာ ငြိမ်းအေးလှစွာသော၊ သင်္ခါရူပသမံ-သင်္ခါရစပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော၊ သုခံ-ချမ်းသာဧကန် စင်စစ်မှန်သော၊ ပဒံ-အသင်္ခတဓာတ် နိဗ္ဗာန်ပရမတ်ကို၊ အဓိဂစ္ဆေ ကိုယ်တိုင်မျက်မှောက် ဆိုက်ရောက်နိုင်ပေ၏။

ဟူသောဂါထာကို ဟောကြားတော်မူပြီးလျှင် ဘုရားရှင်က "လာလော့ ဝက္ကလိ"ဟု မိန့်တော်မူကာ လက်တော်ကို ဆန့်တန်းလျက် ခေါ်တော်မူလေသည်။

အရှင်ဝက္ကလိသည် "ငါသည် ဘုရားရှင်ကိုလည်း ဖူးမြင်ရလေပြီ၊ လာလော့ ဝက္ကလိ-ဟူ၍လည်း အခေါ်တော်ခံရလေပြီ"ဟု အလွန်အားကြီးသော နှစ်သက်ခြင်းပီတိတရားကို ဖြစ်စေပြီးလျှင်"အဘယ်အရပ်မှ သွားရပါမည်နည်း"ဟူ၍ မိမိသွားရမည့်လမ်းကိုပင် မမြင်နိုင်တော့ပဲ ဘုရားရှင်နှင့် မျက်နှာဆိုင်မိရာ ကောင်းကင်သို့ ပျံတက်၍ ပဌမခြေ (ဂိဇ္ဈကုဋ်)တောင်ပေါ်၌ တည်နေစဉ်ပင် ဘုရားရှင်ဟောကြားအပ်သောဂါထာကို ဆင်ခြင်လျက် ကောင်းကင်၌ပင် ပီတိကိုခွါ၍ ဝိပဿနာတရားနှလုံး ကျင့်သုံးလေရာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ကာ ဘုရားရှင်ကိုရှိခိုးလျက်သာ မြေသို့သက်ဆင်းလေသည်။

## သဒ္ဓါအရာ၊ မြတ်ဆုံးသာ၊ ရပါ တေဒဂ်

အခြားတပါးသော ရဟန်းတို့၏အဖို့ရာ သဒ္ဓါတရားမည်သည် လျော့ပါးနေ၍ တိုးတက်ပွားစေအပ်သော သဘောရှိသည်၊ အရှင်ဝက္ကလိ၏သဒ္ဓါတရားကား ထက်သန်လွန်းနေ၍ လျော့စေအပ်သော သဘောရှိသည်။ ထို့ကြောင့် သဒ္ဓါတရား ကြီးမားလွန်ကဲသော ရဟန်းတို့တွင် "အမြတ်ဆုံး တေဒဂ်"ရာထူး၌ ထားတော်မူလေသည်။

သဒ္ဓါဓိမုတ္တာနန္တိ သဒ္ဓါယ အဓိမုတ္တာနံ၊ ဗလဝသဒ္ဓါနံ ဘိက္ခူနံ ဝက္ကလိတ္ထေရော အဂ္ဂေါတိ ဒဿေတိ။ အညေသံ ဟိ သဒ္ဓါ ဝဍ္ဎေတဗ္ဗာ ဟောတိ၊ ထေရဿ ပန ဟာပေတဗ္ဗာ ဇာတာ။ တသ္မာ သော သဒ္ဓါဓိမုတ္တာနံ အဂ္ဂေါတိ ဝုတ္တော။ (အံ၊ ဋ္ဌ၊ ၁၊ ၁၉၄။)

အရှင်ဝက္ကလိနှင့်ပတ်သက်၍ အကျယ်တဝင့်သိလိုပါက အင်္ဂုတ္တိုရ်အဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၁၉၄ ၁၉၆တို့၌ ကြည့်ပါ။

## (၂၀ ၂၁) အရှင်ရာဟုလာနှင့် အရှင်ရဋ္ဌပါလတို့အကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သိက္ခာကာမာနံ ယဒိဒံ ရာဟုလော။ (အံ၊ ၁၊ ၂၄။)

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သဒ္ဓါပဗ္ဗဇိတာနံ ယဒိဒံ ရဋ္ဌပါလော။ (အံ၊ ၁၊ ၂၅။)

### အရှင်မြတ်နှစ်ပါးအလောင်း ရှေးဆုတောင်း

အရှင်ရာဟုလာနှင့်အရှင်ရဋ္ဌပါလတို့၏အလောင်းတော်တို့သည် ပဒုမုတ္တရဘုရားသာသနာခေတ်အစပိုင်းလောက်ဝယ် ဟံသာဝတီမြို့၌ စည်းပွါးဥစ္စာကြွယ်ဝသော သူကြွယ်အမျိုး၌ ဖြစ်ကြလေသည်၊ သူတို့နှစ်ဦးသည် အရွယ်ရောက်ကြသောအခါ အိမ်ရာတည်ထောင်ကြ၍ မိမိ မိမိတို့၏ဖခင်များ ကွယ်လွန်ကြသဖြင့် မိမိ မိမိတို့၏ရတနာကျိုက်ကြ ဘဏ္ဍာတိုက်တို့၌အုပ်ချုပ်လုပ်ကိုင်ကြသည့်ဘဏ္ဍာစိုးတို့ကို အသီးအသီးခေါ်စေကြ၍ ဥစ္စာဘဏ္ဍာကို စစ်ဆေးကြရာ မရေတွက်နိုင်လောက်အောင် များပြားလှစွာသော ဥစ္စာအစုကို တွေ့မြင်ကြ၍"ဤမျှများပြားလှသော ဥစ္စာအစုကို ငါတို့၏အဘိုး, အဘေးစသောဆွေမျိုးများသည် ကိုယ်နှင့်အတူ ယူဆောင်၍ သွားခြင်းငှာ မတတ်နိုင်ကြကုန်၊ ယခုအခါ ငါတို့သည် တစ်နည်းနည်းဖြင့် ဤဥစ္စာအစုကို ယူဆောင်၍ (တမလွန်လောကသို့) သွားကြမှ သင့်တော်မည်"ဟု ဆင်ခြင်မိကြ၍ နှစ်ဦးသားလုံးပင် မြို့တံခါး၀ လေးဌာနတို့၌ အထီးကျန်ကပ္ပါး, ခရီးသွားစသည်တို့အား အလှူခံတို့အလိုရှိတာကို ပေးနိုင်သော အလှူကြီးကို ပေးလှူကြလေသည်။

အလှူဒါယကာ သူကြွယ်နှစ်ဦးတို့သည် တနေ့သောအခါ ဟိမဝန္တာမှ တန်ခိုးရှင်ရသေ့နှစ်ပါးနှင့်တွေ့ကြ၍ အသီးအသီး တစ်ပါးစီ မိမိမိမိ၏အိမ်သို့ ပင့်ဆောင်သွားကြလျက် ရသေ့များ၏ဆွမ်းကိစ္စပြီးဆုံးလတ်သော် အမြဲမပြတ် မိမိတို့အိမ်သို့ ဆွမ်းခံကြွရောက်ပါရန် ကတိခံဝန်ချက်ကို တောင်းယူကြလေသည်။

ရသေ့နှစ်ပါးအနက် အရှင်ရာဟုလာအလောင်းသူကြွယ်ပင့်ထားသော ရသေ့သည် သည်းခြေပြောသူဖြစ်သောကြောင့် ခန္ဓာကိုယ်ပူလောင်သောသဘောရှိရကား မိမိ၏တန်ခိုးဖြင့် ပထဝိန္ဓရ မည်သော နဂါးမင်း၏ဘုံဗိမာန်သို့ သွားရောက်၍ နေ့သန့်တော်မူလေ့ရှိ

သည်၊ တနေ့သောအခါ ထိုရသေ့သည် ပျောက်ပတ်သောဥတုကို ရယူပြီးနောက် လူ့ပြည်သို့ ပြန်ကြွလာကာ မိမိ၏အလုပ်အကျွေးသူကြွယ်၏အိမ်၌ ဆွမ်းအနုမောဒနာတရားဟောကြားရာတွင် "ပထဝိန္ဓရနဂါးမင်း၏ဘုံဗိမာန်ကဲ့သို့ ဖြစ်ပါစေ"ဟု ဆုတောင်းစကား မိန့်ကြားလေသည်၊ သူကြွယ်သည် ထိုဆုတောင်းစကား၏အနက်အဓိပ္ပါယ်ကို မသိ၍ မေးမြန်းလေလျှင် ရသေ့က "အိမ်း...ဟုတ်ပေ၏, သူကြွယ်၊ ငါသည် သင်တို့၏စည်းစိမ်ချမ်းသာသည် ပထဝိန္ဓရနဂါးမင်း၏စည်းစိမ်ချမ်းသာကဲ့သို့ ဖြစ်ပါစေ ဟု ဆုတောင်းစကားပြောကြားပေ၏"ဟု ပြောဆို၍ ထိုနဂါးမင်း၏စည်းစိမ်ချမ်းသာကြီးကျယ်ပုံကို ပြောပြသောအခါ ထိုသူကြွယ်သည် ထိုအချိန်မှစ၍ ပထဝိန္ဓရနဂါးမင်း၏ဘုံဗိမာန်၌ စိတ်ညွတ်၍ထားလေတော့သည်။

အရှင်ရှဋ္ဌပါလအလောင်းသူကြွယ်ပင့်ထားသောရသေ့မှုကား တာဝတိံသာနတ်ပြည်သို့ သွားရောက်၍ အလွန်တိတ်ဆိတ်လျက်ကုဋ္ဌိုပင်ရှိသော ဗိမာန်၌ နေသန့်တော်မူလေ့ရှိသည်၊ ထိုရသေ့သည် အသွားအပြန် သိကြားမင်း၏စည်းစိမ်ကို နေ့စဉ် တွေ့မြင်နေရ၍ မိမိ၏အလုပ်အကျွေးသူကြွယ်အား ဆွမ်းအနုမောဒနာတရား ဟောကြားရာတွင်"သိကြားမင်း၏ဗိမာန်ကဲ့သို့ ဖြစ်ပါစေ"ဟု ဆုတောင်းစကား ပြောကြားလေသည်၊ သူကြွယ်သည် ထိုဆုတောင်းစကား၏အနက်အဓိပ္ပါယ်ကို မသိ၍ မေးလေလျှင် ရသေ့သည်လည်း(မိမိ၏မိတ်ဆွေရသေ့ကဲ့သို့ပင်) "အိမ်း...ဟုတ်ပေ၏, သူကြွယ်၊ ငါသည် သင်တို့စည်းစိမ်ချမ်းသာသည် သိကြားမင်း၏စည်းစိမ်ချမ်းသာကဲ့သို့ ဖြစ်ပါစေ ဟု ဆုတောင်းစကားပြောကြားပေ၏"ဟု ပြောဆို၍ သိကြားမင်း၏စည်းစိမ်ချမ်းသာ ကြီးကျယ်ပုံကို ရှင်းလင်းပြောပြသောအခါ သူကြွယ်သည်လည်း ထိုအချိန်မှစ၍သိကြားမင်း၏ဘုံဗိမာန်၌ စိတ်ညွတ်၍ထားလေသည်။

ထိုသူကြွယ်သူငယ်ချင်းနှစ်ယောက်တို့ ထိုဘဝမှ ကွယ်လွန်ကြသောအခါ မိမိတို့တောင့်တအပ်သည့်အတိုင်း တစ်ယောက်က ပထဝိန္ဓရနဂါးဘုံ၌ ပထဝိန္ဓရနဂါးမင်းဖြစ်၍ တစ်ယောက်က တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်လေသည်၊ နဂါးမင်းသည် မိမိ၏ကိုယ်ခန္ဓာကိုကြည့်၍ "ငါ့အိမ်သို့ ဆွမ်းခံကြွသောရှင်ရသေ့သည် ငါ့အား နှစ်သက်ဖွယ်မရှိသော အရပ်၏ဂုဏ်ကျေးဇူးကို ပြောဆိုဘိ၏၊ ဤနဂါးဘုံသည်ကား ရင်ဖြင့်တွား၍ ကျက်စားလှည့်လည်ရသော ဘုံဌာနဖြစ်၏၊ ငါ့ဆရာရသေ့သည် ဤနဂါးဘုံမှတပါး အခြားဘုံဌာနကို သိပုံမရ"ဟု စဉ်းစားဆင်ခြင်ကာ နှလုံးမသာမယာ ဖြစ်ရရှာလေ၏၊ ထိုအခါ နဂါးမင်းအား အဆင်တန်ဆာစုံလင်စွာ တန်ဆာဆင်ထားသော နဂါးကချေသည်တို့သည် နတ်တူရိယာတို့ဖြင့် တီးမှုတ်ကခုန် ဖျော်ဖြေကြကုန်၏၊ နဂါးမင်းသည်၌ထိုခဏမှာပင် နဂါး၏ကိုယ်ခန္ဓာကို စွန့်၍ နတ်လုလင်အသွင်ရှိသူ ဖြစ်လေတော့သည်။

လခွဲတိုင်းတစ်ကြိမ်ကျ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့သည် သိကြားမင်းအား ခစားစည်းကပ်ရန် သွားရောက်ရကား ပထဝိန္ဓရနဂါးမင်းသည်လည်း ဝိရူပက္ခနဂါးမင်းနှင့် အတူတကွ သိကြားမင်းအား ခစားဆည်းကပ်ရန် သွားရောက်သောအခါ သိကြားမင်းသည် ပထဝိန္ဓရနဂါးမင်းလာနေသည်ကို အဝေးမှပင် မြင်၍ မှတ်မိလေ၏၊ ထိုနောက် သိကြားမင်းက အနီးသို့ လာရောက်ခစားနေသော ပထဝိန္ဓရနဂါးမင်းကို "မိတ်ဆွေ..အဘယ်ဘုံဌာန၌ ဖြစ်နေပါသနည်း?"ဟု နှုတ်ဆက်မေးမြန်းလေ၏။ ပထဝိန္ဓရနဂါးမင်းက "မပြောပါနှင့်တော့ အရှင်သိကြားမင်း...ကျွန်ုပ်သည် နဂါးဘုံဌာန၌ ဖြစ်နေပါသည်၊ အရှင်သိကြားမင်းတို့မှာမူ မိတ်ဆွေကောင်းကို ရကြပါပေပြီ"ဟု ဝမ်းနည်းစကားပြောကြားလေလျှင် သိကြားမင်းက "မိတ်ဆွေ...သင်သည် 'ငါကား မလျော်သော ဘုံဌာန၌ဖြစ်ရလေခြင်း'ဟု ထွေရာလေးပါး အကြံမများပါလင့်၊ လောကဝယ် ပဒုမုတ္တရာဘုရား ပွင့်ထွန်းနေပါသည်၊ သင်သည် ထိုဘုရားရှင်၏အထံတော်၌ ကောင်းမှုကုသိုလ်ကို ပြုပြီးလျက် ဤသိကြားမင်းဘုံဌာနကိုပင် တောင့်တပါလော့၊ ငါတို့နှစ်ဦးသား ချမ်းသာစွာ နေကြရပါကုန်အံ့"ဟု အားပေးစကား ပြောကြားလေ၏။ နဂါးမင်းက "ကောင်းပါပြီ..အရှင်သိကြားမင်း..အရှင်ပြောဆိုသည့်အတိုင်း ကျွန်ုပ် လိုက်နာပြုလုပ်ပါမည်"ဟု ဝန်ခံပြောဆို၍ ပဒုမုတ္တရာဘုရားရှင်ထံတော်သို့ သွားရောက်ကာ ဘုရားရှင်ကို ပင့်ဖိတ်ပြီးလျှင် မိမိ၏နဂါးဘုံ၌ နဂါးပရိသတ်နှင့် အတူတကွ ညဉ့်သုံးယာမ်ပတ်လုံး ပူဇော်ဖွယ်ဝတ္ထုအစုစုကို စီမံပြုလုပ်လေ၏။

ဘုရားရှင်သည် နောက်နေ့ အရဟတ်တက်လတ်သော် မိမိ၏အလုပ်အကျွေးဖြစ်သော သုမနထေရ်ကို "သုမန...ယနေ့ ငါဘုရားသည် အဝေးအရပ်သို့ ဆွမ်းခံကြွရလိမ့်မည်ဖြစ်၍ ပုထုဇဉ်ရဟန်းများ မလိုက်ပါကြစေပဲ ပိဋကသုံးပုံဆောင် ပဋိသမ္ဘိဒါပတ္တဆဋ္ဌာဘိညရဟန္တာများသာ ငါနှင့် အတူတကွ လာရောက်လိုက်ပါကြကုန်စေ"ဟု မိန့်တော်မူလေ၏၊ မထေရ်သည် ဘုရားရှင်၏အမိန့် တော်အတိုင်း ခပ်သိမ်းသောရဟန်းတို့အား ပြောကြားလျှောက်ထားလေ၏။

ထို့နောက် ဘုရားရှင်နှင့် အတူတကွ ရဟန္တာတစ်သိန်းတို့သည် ကောင်းကင်သို့ ပျံတက်ကြကာ ပထဝိန္ဓရနဂါးမင်း၏ဘုံဗိမာန်ရှိရာသို့ ကြွတော်မူကြကုန်၏၊နဂါးမင်းသည် မိမိ၏ပရိသတ်နှင့်အတူတကွ ဘုရားရှင်ကို ကြိုဆိုဝန်းရံလျက် သမုဒ္ဒရာရေပြင်ထက်ဝယ်မြရောင်အဆင်းရှိသော လှိုင်းတံပိုးတို့ကို ကြိတ်နင်းကြွတော်မူလာသည့်ရဟန်းသံဃာကို ဖူးမြင်ရ၍ ရှေးဦးမှ ဘုရားရှင်ကိုလည်းကောင်း, နောက်ဆုံးမှ အငယ်ဆုံးသံဃာ ဘုရားရှင်၏သားတော် ဥပရေဝတမည်သော သာမဏေကိုလည်းကောင်း ကြည့်ရှုဖူးမြင်လျက်"ကြွင်းကျန်သော တပည့်ရဟန်းတို့၏ဤသို့သော တန်ခိုးအာနုဘော်ကား လက်ဖျစ်တီး၍ မအံ့ချီးထိုက်သေးပါ၊ အလွန်ပျို့မျစ်နုနယ် သူငယ်မျှဖြစ်သော ဤသာမဏေငယ်၏ဤသို့သော တန်ခိုးအာနုဘော်က အလွန်အကဲ လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေ၏"ဟု စဉ်စားဆင်ခြင်

၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။

နဂါးမင်း၏ဘုံဗိမာန်၌ ဘုရားရှင် ထိုင်တော်မူပြီးလျှင် ရဟန်းတော်တို့သည်လည်း မိမိတို့ဝါစဉ်အလိုက် ကျရောက်သောနေရာ ထို၌ ထိုင်တော်မူကြသည်ရှိသော် ဘုရားရှင်၏ရှေ့တည့်တည့်အရပ်၌ ရှင်ဥပရေဝတသာမဏေ၏နေရာသည် ကျရောက်လေ၏၊ ထိုအခါ နဂါးမင်းသည် ယာဂုကိုလည်းကောင်း, ခဲဖွယ်ကိုလည်းကောင်း ကပ်လှူသောအခါတိုင်းဝယ် ဘုရားရှင်ကို တစ်လှည့်, ရှင်ဥပရေဝတကို တစ်လှည့် လှည့်ကာ လှည့်ကာ ကြည့်ရှုလေ၏။

ရှင်ဥပရေဝတ၏ကိုယ်၌ ဘုရားရှင်၏ကိုယ်တော်မှာကဲ့သို့ ၃၂-ပါးသောယောကျ်ားမြတ်လက္ခဏာတို့ ထင်ရှားပေါ်လွင်ကုန်၏၊ နဂါးမင်းသည် "ဤသာမဏေကား ဘုရားရှင်နှင့် ပုံပန်းသဏ္ဌာန်တူလှ၏၊ မည်သို့များ တော်စပ်မည်နည်း"ဟု ကြံစည်စဉ်းစားမိ၍ အနီးရှိရဟန်းတစ်ပါးကို "အရှင်ဘုရား...ဤသာမဏေသည် ဘုရားရှင်နှင့် မည်သို့ တော်စပ်ပါသနည်းဘုရား?"ဟု မေးမြန်းလျှောက်ထားလေ၏၊ ရဟန်းက"နဂါးမင်း...ဤသာမဏေသည် ဘုရားရှင်၏သားတော်ဖြစ်ပါ၏"ဟု ဖြေကြားလေလျှင် နဂါးမင်းသည် "ဤသာမဏေကား အလွန်တန်ခိုးကြီးစွာ့တကား၊ ဤကဲ့သို့ တင့်တယ်ခြင်း အထွတ်အထိပ်သို့ ရောက်တော်မူသော ဘုရားရှင်၏သားတော်အဖြစ်ကို ရရှိပေ၏၊ ဤသာမဏေ၏ကိုယ်သည်လည်း တစိတ်တဒေသအားဖြင့် ဘုရားရှင်တို့၏ကိုယ်တော်နှင့် တူလှစွာ၏၊ ငါသည်လည်း နောင်အခါဝယ် ဤသာမဏေကဲ့သို့ ဖြစ်သင့်၏"ဟု ကြံစည်၍ ခုနစ်ရက်ကြာ အလှူကြီးပေးလှူပြီးလျှင် "ရှင်တော်မြတ်ဘုရား..တပည့်တော်သည် ဤကုသိုလ်ကောင်းမှုကြောင့် ဤရှင်ဥပရေဝတကဲ့သို့ နောက်အခါဝယ် တဆူဆူသော ဘုရားရှင်၏သားတော်ဖြစ်ရပါလို၏" ဟု ဆုတောင်းလေ၏၊ ဘုရားရှင်က "နောင်အခါ ဂေါတမဘုရားရှင်၏သားတော် ဖြစ်လိမ့်မည်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူပြီးလျှင် ပြန်ကြွတော်မူလေ၏။

ပထဝိန္ဓရနဂါးမင်းသည် နောက်တဖန် လခွဲရောက်၍ ဝိရူပက္ခနဂါးမင်းနှင့် အတူတကွ သိကြားမင်းထံသို့ ဆည်းကပ်ခစားရန် သွားပြန်သောအခါ သိကြားမင်းက"မိတ်ဆွေ...သင်သည် ဤတာဝတိံသာနတ်ပြည်ကို တောင့်တမှု ပြုအပ်ပါပြီလော့?ဟု မေးလျှင် နဂါးမင်းက "မတောင့်တခဲ့မိပါ...အရှင်သိကြားမင်း"ဟု ဖြေကြားလေ၏၊ သိကြားမင်းက "အဘယ်အပြစ်ကို မြင်၍ မတောင့်တသနည်း?ဟု မေးပြန်လေလျှင်နဂါးမင်းက "အပြစ်မရှိပါ...အရှင်သိကြားမင်း၊ အမှန်ကတော့ ကျွန်ုပ်သည် ဘုရားရှင်၏သားတော် ဥပရေဝတသာမဏေကို ဖူးတွေ့ရသည့်အချိန်မှစ၍ ကျွန်ုပ်၏စိတ်သည် အခြားတပါး၌ ဆုတောင်းရန် မညွတ်တော့ပါ၊ 'နောင်အခါ တစ်ဆူဆူသော ဘုရားရှင်၏ဤဥပရေဝတသာမဏေကဲ့သို့ သားတော်ဖြစ်ရပါလို၏'ဟု ဆုတောင်းမှုပြုခဲ့ပါပြီ၊ အရှင်သိကြားမင်း..သင်သည်လည်း တစ်ခုခုသော ဆုတောင်းမှုပြုပါလော့၊ အရှင်သိကြားမင်းနှင့်ကျွန်ုပ်တို့သည် ဖြစ်လေရာရာ ဘုံဌာန၌ မကွဲမကွာ ဖြစ်ကြပါကုန်စို့" ဟု တိုက်တွန်းစကား ပြောကြားလေ၏။

သိကြားမင်းသည် နဂါးမင်း၏စကားကို လက်ခံပြီးကာ ကြီးမြတ်သောအာနုဘော်ရှိသော ရဟန်းတစ်ပါးကို မြင်ရ၍ "ဤရဟန်းသည် ကွဲပြားသော တိုင်းပြည်ကို တဖန်စေ့စပ်ခြင်းငှါ စွမ်းဆောင်နိုင်သည် အမျိုးကောင်းသားဖြစ်၍ တစ်ဆယ့်လေးနှစ် အစောတော်ခံပြီးလျှင် မိဘတို့ကို ရှင်ရဟန်းပြုခွင့်ကို မရအရတောင်း၍ ရှင်ရဟန်းပြုခဲ့သူ ဖြစ်ပေ၏"ဟု ကောင်းစွာသိသော်လည်း မသိဟန်ဆောင်၍ ဘုရားရှင်အား မေးမြန်းလျှောက်ထားပြီးနောက် ခုနစ်ရက်ပတ်လုံး ကြီးကျယ်စွာသော ပူဇော်သက္ကာရမှုပြုလျက် "ရှင်တော်ဘုရား... တပည့်တော်သည် ဤကောင်းမှု၏အကျိုးဆက်ကြောင့် ရှင်တော်မြတ်၏သာသနာ၌ ဤအမျိုးကောင်းသားရဟန်းကဲ့သို့ နောင်အခါဝယ် တစ်ဆူဆူသော ဘုရားရှင်၏သာသနာ၌ သဒ္ဓါကြည်ညို၍ ရဟန်းပြုကြသည့် ရဟန်းတို့တွင် အမြတ်ဆုံး တေဒဂ်ဘွဲ့ထူးရ ပုဂ္ဂိုလ်ဖြစ်ရပါလို၏"ဆုတောင်းလေ၏၊ ဘုရားရှင်က "သိကြားမင်း...သင်သည် နောင်အခါ ဂေါတမဘုရား၏သာသနာ၌ သဒ္ဓါပဗ္ဗဇိတရဟန်းတို့တွင် အမြတ်ဆုံး တေဒဂ်ဘွဲ့ရ ပုဂ္ဂိုလ်ဖြစ်လိမ့်မည်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူပြီးလျှင် ပြန်ကြွတော်မူလေ၏။

## နောက်ဆုံးဘဝ ရှင်ရဟန်းပြုကြ

ထိုမိတ်ဆွေနှစ်ဦးတို့သည် မိမိတို့ဖြစ်ရာ သိကြားမင်းဘဝ, နဂါးမင်းဘဝတို့မှ ကွယ်လွန်ခဲ့ကြပြီးလျှင် နတ်ပြည်,လူပြည်တို့၌ အကြိမ်ကြိမ် အဖန်ဖန် ကျင်လည်ကြပြီးနောက် နောက်ဆုံးဘဝဝယ် ရှင်ရာဟုလာအလောင်းသည် ကျွန်ုပ်တို့၏ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားနှင့် ယသော်ဓရာမင်းသမီးတို့မှ မွေးဖွားကာ ရာဟုလာ-ဟု အမည်တွင်လေသည်။ ထိုရာဟုလာ၏သူငယ်ချင်းမှာကား ကုရုတိုင်း ထုလ္လကောဋ္ဌိကနိဂုံး(အိမ်တိုင်း စပါးကျီရှိသောရွာကြီး)ဝယ် ရဋ္ဌပါလသူဌေးအိမ်၌ ရဋ္ဌပါလ မည်သော သူဌေးသားဖြစ်လာလေသည်။

ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်ပြီးလျှင် ကပိလဝတ္ထုနေပြည်တော်သို့ ပြန်လည်ကြွတော်မူသောအခါ ဘုရားရှင်ကခုနစ်နှစ်အရွယ် ရာဟုလာမင်းသားငယ်ကို ရှင်သာမဏေပြုစေတော်မူလေသည်၊ ဘုရားရှင်သည် ရှင်ရာဟုလာအား ခုနစ်နှစ်အရွယ်

သာမဏေငယ်အခါ၌ "ရာဟုလာသည် ငယ်ရွယ်သူဖြစ်၍ မြူးထူးလိုသဖြင့်လည်း မုသားစကား မပြောကြားမိစေရန်"ရည်ရွယ်ချက်ဖြင့် အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ်(မ၊ ၂၊ ၇၇)ကိုလည်းကောင်း, တဆယ့်ရှစ်နှစ်အရွယ်၌ မဟာရာဟုလောဝါဒသုတ်(မ၊ ၂၊ ၈၄)ကိုလည်းကောင်း, ဝိပဿနာအလုပ် အားထုတ်နိုင်ရန် ရာဟုလသံယုတ်(သံ၊ ၂၊ ၃၂၄)နှင့် ရာဟုလသုတ်(အံ၊ ၁၊ ၄၈၃)တို့ကိုလည်းကောင်း ဟောတော်မူလေသည်။

ထို့နောက် ဘုရားရှင်သည် ရှင်ရာဟုလာ ရဟန်းဖြစ်ပြီးစ ဝါမရမီအချိန်ဝယ် အရှင်ရာဟုလာ၏ဉာဏ်ပညာရင့်ကျက်နေပြီကို သိတော်မူ၍ စူဠရာဟုလောဝါဒသုတ်(မ၊ ၃၊ ၃၂၄)ကို ဟောတော်မူသောဒေသနာ၏အဆုံး၌ အရှင်ရာဟုလာသည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်။

## သုံးပါးသိက္ခာ၊ လိုလားရာ၊ ရပါ ဧတဒဂ်

အရှင်ရာဟုလသည် ရှင်ဖြစ်သောနေ့မှစ၍ စောစီးစွာ အိပ်ရာမှထပြီးလျှင် လက်ခုပ်ဖြင့် သဲမှုန့်များကို ကျုံးယူပြီးနောက် "ငါသည် ယနေ့အဖို့ရာ ဘုရားရှင်အထံတော်မှလည်းကောင်း, ဆရာဥပဇ္ဈာယ်တို့၏အထံမှလည်းကောင်း ဤသဲမှုန့်နှင့်အမျှ အဆုံးအမ ဩဝါဒကို ရပါလို၏"ဟု တောင့်တသတတ်၊ ထို့ကြောင့် အရှင်ရာဟုလာသည် သိက္ခာသုံးပါးလိုလားကြသော ဘုရားရှင်၏တပည့်တို့တွင် "အမြတ်ဆုံးဧတဒဂ်ဘွဲ့ရပုဂ္ဂိုလ်"ဖြစ်တော်မူလေသည်။

သိက္ခာကာမာနန္တိ တိဿော သိက္ခာ ကာမယမာနာနံ သမ္ပိယာယိတွာ သိက္ခန္တာနန္တိ အတ္ထော။ ရာဟုလောတိ အတ္တနော ပုတ္တံ ရာဟုလတ္ထေရံ ဒဿေတိ။ ထေရော ကိရ ပဗ္ဗဇိတဒိဝသတော ပဋ္ဌာယ ပါတောဝ ဥဋ္ဌဟန္တော ဟတ္ထပူရံ ဝါလိကံ ဥက္ခိပိတွာ "အဟော ဝတာဟံ အဇ္ဇ ဒသဗလဿ စေဝ အာစရိယုပဇ္ဈာယာနဉ္စ သန္တိကာ ဧတ္တကံ ဩဝါဒဉ္စေဝ အနုသာသနိဉ္စ လဘေယျ"န္တိ ပတ္ထေတိ။ တသ္မာ သိက္ခာကာမာနံ အဂ္ဂေါ နာမ ဇာတောတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၁၉၆။)

အရှင်ရာဟုလာ၏သိက္ခာသုံးပါး လိုလားပုံအကြောင်းနှင့်ပတ်သက်၍ ဘုရားရှင်သည် ရာဟုလသာမဏေအား အမြဲမပြတ် ဆုံးမတော်မူသောအားဖြင့် သုတ္တနိပါတ်ပါဠိတော်(ခု၊ ၁၊ ၃၂၈ ၃၂၉ )လာ ရာဟုလောဝါဒသုတ်တော်ကို ဟောကြားတော်မူလေသည်။ (ခု မြန် ၊ ၁၊၃၁၀ -၃၁၁၌ကြည့်နိုင်သည်၊) ဤသုတ်တော်၏တရားသားအချုပ် ဆောင်ပုဒ်များ...

မိတ်ကောင်းမှီစေ၊ တောရပ်နေ၊ သုံးလေ မတ္တညု။
ပစ္စည်း၄ ဖြာ၊ မတွယ်တာ၊ တဏှာငြိမ်းအောင်ပြု။
ပါတိမောက္ခ၊ သံဝရ၊ သီလလုံစေမှု။
တံခါးခြောက်ထွေ၊ ဣန္ဒြေ၊ ငြိမ်စေပိတ်ဆို့ပြု။
သတိမြဲရာ၊ ကိုယ်၌သာ၊ ခန္ဓာငြီးငွေ့မှု။
သုဘနိမိတ်၊ ခွါရှောင်ဆိတ်၊ ရှာန်စိတ်ပိုင်အောင်ရှု။
အနိမိတ္တ၊ ထင်စေမှ၊ မာနကွာအောင်ရှု။
ဤနည်းကျင့်ပေ၊ ဝဋ်သုံးထွေ၊ ငြိမ်းလေမှန်သည်ဟု။
ရာဟုလာအား၊ ဒို့ဘုရား၊ ဟောကြားနေ့နေ့မှု။
(မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ပပိုင်း၊ ၃၄၁။)

## သဒ္ဓါပဗ္ဗဇ်၊ ရဟန်းဖြစ်၊ မြတ်လစ် ဘွဲ့ထူးပါ

အရှင်ရဋ္ဌပါလသည်ကား ဘုရားရှင်၏တရားတော်ကိုကြားနာရ၍ သဒ္ဓါတရားအထူးဖြစ်ပွါးကာ ထမင်းဆယ့်လေးနပ် အငတ်ခံလျက် မိဖတို့ကို ရှင်ရဟန်းပြုခွင့်ပေးကြရန် ခဲခဲယဉ်းယဉ်း ဆင်းရဲစွာ (ဆန္ဒပြ) ဆောင်ရွက်၍ ရှင်ရဟန်းပြုခဲ့ရလေသည်၊ ဘုရားရှင်သည် ဆယ့်ငါးရက်သာ ထုလ္လကောဋ္ဌိကနိဂုံး၌ သီတင်းသုံးနေထိုင်တော်မူပြီးနောက် သာဝတ္ထိသို့ ပြန်ကြွတော်မူသောအခါ အရှင်ရဋ္ဌပါလလည်း လိုက်ပါခဲ့လေသည်၊ သာဝတ္ထိ၌ အရှင်ရဋ္ဌပါလသည် ဝိပဿနာတရား ပွားများကြိုးကုတ် အားထုတ်တော်မူသဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်။ ထို့ကြောင့် နောက်တချိန်ဝယ် သဒ္ဓါတရားဖြင့် ရဟန်းပြုကြသော ဘုရားရှင်၏တပည့်တို့တွင် "အမြတ်ဆုံးဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ်"ဖြစ်တော်မူလေသည်။

သဒ္ဓါပဗ္ဗဇိတာနန္တိ သဒ္ဓါယ ပဗ္ဗဇိတာနံ။ ရဋ္ဌပါလောတိ ရဋ္ဌံ ပါလေတုံ သမတ္ထော၊ ဘိန္နံ ဝါ ရဋ္ဌံ သန္ဓာရေတုံ သမတ္ထေ ကုလေ ဇာတောတိပိ ရဋ္ဌပါလောတိ သင်္ခံ ဂတော။ သော ဟိ သတ္တု ဓမ္မဒေသနံ သုတွာ ပဋိလဒ္ဓသဒ္ဓေါ စုဒ္ဒသဘတ္တစ္ဆေဒေ(စုဒ္ဒသ

ဘတ္တစ္ဆေဒံ က) ကတွာမာတာပိတရော ပဗ္ဗဇ္ဇံ အနဂါရိယံ ပဗ္ဗဇိတော။ တသ္မာ သဒ္ဓါပဗ္ဗဇိတာနံ အဂ္ဂေါ နာမ ဇာတော။
(အံ၊ ဋ္ဌ၊ ၁၊ ၁၉၆-၁၉၇။)

အရှင်ရာဟုလာနှင့် အရှင်ရဋ္ဌပါလတို့နှင့် ပတ်သက်၍ အကျယ်တဝင့် သိလိုပါက အင်္ဂုတ္တိုရ်အဋ္ဌကထာ ပဌမအုပ် စာမျက်နှာ (၁၉၆-၂၀၃)တို့၌ ကြည့်နိုင်ရှုနိုင်သည်။

## (၂၂) အရှင်ကုဏ္ဍဓာနမထေရ်အကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ပဌမံ သလာကံ ဂဏှန္တာနံ ယဒိဒံ ကုဏ္ဍဓာနော။ (အံ၊ ၁၊ ၂၅။)

## အရှင်ကုဏ္ဍဓာနမထေရ်အလောင်း ရှေးဆုတောင်း

အရှင်ကုဏ္ဍဓာနအလောင်းတော်သည်လည်း ပဒုမုတ္တရာဘုရားလက်ထက်တော်ဝယ် ဟံသာဝတီမြို့၌ အမျိုးကောင်းသားဖြစ်၍ ကျောင်းတော်သို့ သွားရောက်လျက် တရားနာစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို "ရှေးဦးစွာ စာရေးတံမဲကို ရယူသောရဟန်းတို့တွင် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို မြင်ရ၍ ဘုရားရှင်(နှင့်ရဟန်းသံဃာတော်)တို့အား ကုသိုလ်ကောင်းမှုပြုလုပ်၍ ထိုရာထူးကို ဆုတောင်းခဲ့လေသည်။

ထိုအရှင်ကုဏ္ဍဓာနအလောင်း အမျိုးကောင်းသားသည် (ပဒုမုတ္တရာဘုရားရှင်မှသည် ကဿပဘုရားရှင်မပွင့်ထွန်းတော်မူအထိ) နတ်ပြည်, လူ့ပြည်တို့၌ကျင်လည်ကျက်စားခဲ့ရာ ကဿပဘုရားရှင်လက်ထက်တော်အခါဝယ် ဘုမ္မစိုးနတ် ဖြစ်လာလေသည်၊ ဘုမ္မစိုးနတ်သည် အလွန်ချစ်ခင်ရင်းနှီးသော သူငယ်ချင်းရဟန်းနှစ်ပါးတို့၏ချစ်ခင်ခြင်းမေတ္တာနိုင်မြဲမှုကို စုံစမ်းလိုသည်ဖြစ်၍ ထိုရဟန်းနှစ်ပါးတို့အနက် ကိုယ်လက်သုတ်သင်သွားရာမှ ပြန်လာသော ရဟန်းတစ်ပါး၏နောက်နားမှကပ်ကာ အလွန်လှပသော မိန်းမအသွင်ဖန်ဆင်းလျက် ဆံပင်များကို ပြင်ဆင်ထုံးဖွဲ့သကဲ့သို့လည်းကောင်း, ထဘီကို ပြင်၍ ဝတ်သကဲ့သို့လည်းကောင်း ပြုလုပ်ကာ ထက်ကြပ်မကွာ တပါတည်း လိုက်ပါလာလေသည်၊ထိုအခြင်းအရာကို မြင်ရသောကျန်ရဟန်းက ကိုယ်လက်သုတ်သင်ရာမှ ပြန်လာသောရဟန်းကို အမျိုးသမီးနှင့် စွပ်စွဲလေတော့သည်၊ ထိုရဟန်းက မိမိမှာ ဤဖြစ်ရပ်မျိုး လုံးဝမရှိကြောင်းကို ပြောဆိုသော်လည်း မိတ်ဆွေရဟန်းတစ်ပါးက မယုံတော့၍ လမ်းခွဲကြရလေသည်၊ ထိုနောက် ဘုမ္မစိုးနတ်သည် မိမိ၏ပြုမူမှု၏အမှားကို ယုံမှားနေသော ရဟန်းကို ရှင်းပြသောအခါ ထိုရဟန်းက ယုံမှားမှု မရှိတော့သော်လည်း ထိုရဟန်းနှစ်ပါးတို့သည် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သောအနေဖြင့် မနေကြတော့ချေ။ နောင်သောအခါ အစွပ်စွဲခံခဲ့သော ရဟန်းသည် ဝိပဿနာကမ္မဋ္ဌာန်းတရား ပွားများကြိုးကုတ် အားထုတ်သောကြောင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်။

ဘုမ္မစိုးနတ်သည် ထိုမကောင်းမှုအကုသိုလ်ကံအကျိုးဆက်ကြောင့် ကဿပဘုရားနှင့် ကျွန်ုပ်တို့၏ဘုရား ဤဘုရားနှစ်ဆူတို့၏အကြားဝယ် အပါယ်မှ မလွတ်မြောက်နိုင်ချေ၊ လူဖြစ်လာပြန်ပါလည်း အခြားသူများ ပြုအပ်သမျှ အပြစ်များသည် ထိုသူ၏အပေါ်၌သာ ကျရောက်လေတော့သည်။

## ဆုံးဘဝတွင်၊ ရဟန်းရှင်၊ ပြုလျှင် ဓာနထေရ်

အရှင်ကုဏ္ဍဓာနအလောင်းတော်သည် ကျွန်ုပ်တို့၏ဘုရားရှင်လက်ထက်တော်ဝယ် သာဝတ္ထိမြို့ ပုဏ္ဏားမျိုး၌ဖြစ်၍ "ဓာနလုလင်"ဟု အမည်တွင်လေသည်၊ ဓာနလုလင်သည် အရွယ်ရောက်လတ်သော် ဗေဒင်သုံးပုံတို့ကို သင်ကြားတတ်မြောက်၍ အသက်အရွယ်ကြီးရင့်သောအခါဘုရားရှင်၏တရားကို ကြားနာရ၍ သဒ္ဓါတရား ဖြစ်ပွါးကာ ရှင်ရဟန်းပြုလေသည်။

ဝင်၍လိုက်လေပြီ ဓာနမထေရ်။ ။ ဓာနမထေရ် ရဟန်းပြုသောနေ့မှစ၍ တန်ဆာစုံလင် ဆင်ယင်ထားသော မိန်းမတစ်ယောက်(တကယ့်မိန်းမမဟုတ်၊ ဝိပါက်ဝင်၍ကြွေးရုပ်)သည် မထေရ် ရွာတွင်းသို့ ဝင်လျှင် အတူတကွ ဝင်၍လိုက်ပါ၏၊ မထေရ်ထွက်လာလျှင် အတူတကွ ထွက်၍ လိုက်ပါ၏၊ မထေရ် ကျောင်းတွင်းသို့ ဝင်လျှင်လည်း ဝင်၏၊ မထေရ်ရပ်လျှင်လည်း ရပ်၏၊ (မထေရ်သွားလျှင် သွား၏၊) ဤသို့စသည်ဖြင့်အမြဲပင် မထေရ်နောက်သို့ တကောက်ကောက် လိုက်ပါနေသည့်အသွင်၌ ထင်ရလေသည်၊ ထိုမိန်းမကို ဓာနမထေရ်က မမြင်ရ၊ ထိုရှေးမကောင်းမှုအကုသိုလ်ကံ၏အကျိုးဆက်ကြောင့် အခြားတစ်ပါးသောသူတို့မှာ ထိုမိန်းမရုပ်ကို မြင်နေရလေသည်။

မြို့ရွာတွင်း၌ ယာဂုဆွမ်းလှူဒါန်းကြသော အမျိုးသမီးတို့က"အရှင်ဘုရား...ဤယာဂုတယောက်ချိုသည် အရှင်ဘုရားတို့အတွက် ဖြစ်ပါသည်၊ ဤယာဂုတယောက်ချိုကား တပည့်တော်တို့၏သူငယ်ချင်းမအတွက် ဖြစ်ပါသည်ဘုရား"ဟု ပြက်ရယ်ပြောင်လှောင်စကား ပြောကြားကြကုန်၏၊ ဓာနမထေရ်၏အဖို့ရာ ထိုအတွက် စိတ်ပင်ပန်းမှု များစွာ ဖြစ်ရလေသည်၊ ကျောင်းသို့ ရောက်သောအခါမှာလည်း

ဓာနမထေရ်ကို သာမဏေများ ရဟန်းငယ်များက ဝန်းရံ၍ "ဓာနော ကောဏ္ဍော ဇာတော(အရှင်ဓာနသည် မိန်းမကြူးသူ ဖြစ်၏)"ဟု ပြက်ရယ်မှုပြုကြကုန်၏၊ ထိုအကြောင်းကြောင့်ပင် ဓာနမထေရ်၏အမည်သည် "ကုဏ္ဍဓာနမထေရ်"ဟူ၍ မည်တွင်လာလေသည်။

ကုဏ္ဍဓာနမထေရ်သည် မကြာခဏ သာမဏေများ ရဟန်းငယ်များ၏ပြက်ရယ်ပြောင်လှောင်မှုကို သည်းမခံနိုင်တော့ရကား "သင်တို့သာ မိန်းမကြူးသူများ ဖြစ်ကြ၏၊ သင်တို့၏ဥပဇ္ဈာယ်များ, ဆရာများသာ မိန်းမကြူးသူများ ဖြစ်ကြ၏"ဟု ပြန်လှန်ပြောဆိုလေ၏။ ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားကြသောအခါ ဘုရားရှင်က ကုဏ္ဍဓာနမထေရ်အား စစ်ဆေးမေးမြန်းလျှင် မထေရ်က "ရှင်တော်ဘုရား...အမြဲမပြတ် စိတ်ဆင်းရဲအောင် ညှဉ်းဆဲမှုကို သည်းမခံနိုင်၍ ဤသို့ ပြောမိပါသည်ဘုရား"ဟု လျှောက်ထားလေသည်၊ ဘုရားရှင်က "သင်သည် ရှေးက ပြုအပ်ခဲ့သော မကောင်းမှု အကုသိုလ်ကံကို ယနေ့တိုင်အောင်ပင် ငြိမ်းအေးစေခြင်းငှါ မတတ်နိုင်သေး၊ နောက်တဖန် ဤသို့သဘောရှိသည့် ကြမ်းတမ်းသော စကားကို မပြောဆိုလင့်"ဟု မိန့်တော်မူပြီးလျှင် ဖရုသဝါစာ၏ အပြစ်တို့ကိုပြ၍ တရားဟောကြားတော်မူလေသည်။

ကောသလမင်း စုံစမ်းခြင်း။ ။ ကောသလမင်းကြီးသည် ကုဏ္ဍဓာနမထေရ်၏မာတုဂါမနှင့်အတူတကွ လှည့်လည်နေမှု သတင်းစကားကို ကြားသိရ၍ မိမိကိုယ်တိုင်ပင် ထိုသတင်း ဟုတ် မဟုတ် စုံစမ်းရန် အခြံအရံ အနယ်းငယ်နှင့်အတူတကွ ကုဏ္ဍဓာန မထေရ်၏နေရာဌာနသို့ သွားရောက်ပြီးလျှင် အကဲခတ်ကြည့်ရှုကာ သင့်လျော်ရာအရပ်၌ ရပ်နေလေ၏၊ ထိုအချိန်မှာ မထေရ်သည် သင်္ကန်းချုပ်လျက် ထိုင်နေ၏၊ ထိုမိန်းမသည်လည်း မထေရ်၏အနီး၌ ရပ်နေသကဲ့သို့ ထင်မြင်၏၊ ကောသလမင်းကြီးသည် "ဤအကြောင်းထူးကား ဧကန်ပင်ရှိ၏"ဟု ကြံစည်ဆင်ခြင်လျက် ထိုမိန်းမ ရပ်၍နေသော အရပ်သို့ သွားရောက်လေ၏၊ မင်းကြီးလာလျှင် ထိုမိန်းမသည် မထေရ်၏သီတင်းသုံးရာ သင်္ခမ်းကျောင်းတွင်းသို့ ဝင်သွားသကဲ့သို့ ဖြစ်လေ၏၊ မင်းကြီးသည်လည်း ထိုမိန်းမနှင့်အတူတကွပင် သင်္ခမ်းကျောင်းတွင်းသို့ ဝင်ရောက်လိုက်ပါသွား၍ ကျောင်းတွင်းနေရာအနှံ့ ကြည့်ရှုရှာဖွေပါသော်လည်း ထိုမိန်းမကို မမြင်မတွေ့ရ၍"ဤမိန်းမကား တကယ့်မာတုဂါမ မဟုတ်၊ မထေရ်၏တစ်ခုသော ကံအကျိုးသာ ဖြစ်၏"ဟု ဆင်ခြင်သိမှတ်ပြီးလျှင် ကျောင်းတွင်းသို့ ဝင်ရောက်စဉ်က မထေရ်ကို ရှိမခိုးပဲ ထိုအကြောင်း၏မမှန်မကန်သောဖြစ်ရပ်ကို ကိုယ်တွေ့သိမြင်ပြီးမှ မထေရ်ကို ရှိခိုးလျက်"အရှင်ဘုရား...ဆွမ်းဖြင့် မပင်ပန်းပဲ ရှိပါ၏လော့"ဟု မေးမြန်းလျှောက်ထားလေ၏။

မထေရ်က "သင့်ရုံရှိပါ၏ မြတ်သောမင်းကြီး"ဟု မိန့်ကြားလျှင် မင်းကြီးက "အရှင်ဘုရား...အရှင်မြတ်၏စကားကို တပည့်တော် နားလည်ပါသည်၊ ဤသို့ သဘောရှိသည့် ညစ်ညူးကြောင်း(မာတုဂါမရုပ်)နှင့် အတူတကွ လှည့်လည်သွားလာနေသော အရှင်ဘုရားတို့အား အဘယ်သူတို့သည် ကြည်ညိုကြလိမ့်မည်နည်း၊ ဤအခါမှစ၍ အရှင်ဘုရားတို့အဖို့ရာ အခြားတစ်စုံတစ်ခုသောအရပ်သို့ သွားဖွယ်ကိစ္စ မရှိပါ၊ တပည့်တော်သည် ပစ္စည်းလေးပါးတို့ဖြင့် အရှင်ဘုရားတို့ကို ပြုစုလုပ်ကျွေးပါမည်၊ အရှင်ဘုရားတို့သည် သင့်သောအားဖြင့် တရားနှလုံးသွင်းမှု၌ မမေ့မလျော့ကြပါကုန်လင့်"ဟု လျှောက်ထား၍ နေ့စဉ်မပြတ် ဆွမ်းပြုစုလုပ်ကျွေးလေသည်။

ကုဏ္ဍဓာနမထေရ်သည် ကောသလမင်းကြီးတည်းဟူသော အထောက်အပံ့ကိုရ၍ လျောက်ပတ်သောဘောဇဉ်ဖြင့် တည်ကြည်သော စိတ်ရှိလျက် ဝိပဿနာတရား ပွားများအားထုတ်သောကြောင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်၊ ထိုသို့ မထေရ်မြတ် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သော အချိန်မှစ၍ ထိုမိန်းမ(ဝိပါက်ဝဋ်ကြွေးရုပ်)သည် အပြီးတိုင် ကွယ်ပျောက်လေတော့သည်။ (ဝဋ်ကြွေးများကား ကြောက်မက်ဖွယ်ကောင်းလေစွ)။

## စာရေးတံမဲ၊ ချလျှင်လဲ၊ ကျမြဲ ကောင်းဆုံးသာ

အရှင်ကုဏ္ဍဓာနသည် အနာထပိဏ်သူဌေး၏သမီးကြီး မဟာသုဘဒ္ဒါ၏ပင့်ဖိတ်သော ဆွမ်း၌ ရှေးဦးစွာ စာရေးတံမဲကို နှိုက်ယူလေ၏၊ ထို့ပြင် အနာထပိဏ်သူဌေး၏သမီးလတ်က ပင့်ဖိတ်သောနေ့၌ ဘုရားရှင် သာကေတမြို့သို့ ကြွတော်မူရာမှာလည်း ရဟန်းငါးရာတို့ အလယ်တွင် ရှေးဦးစွာ စာရေးတံမဲကို နှိုက်ယူရရှိလေသည်၊ ထို့နောက်လည်း ဘုရားရှင် သုနာပရန္တဇနပုဒ်သို့ ကောင်းကင်ခရီးဖြင့် ကြွချီတော်မူရာမှာလည်း အရှင်မြတ်သည်ပင် ရှေးဦးစွာ စာရေးတံမဲကို နှိုက်ယူရရှိလေသည်၊ ထို့ကြောင့် အရှင်ကုဏ္ဍဓာနသည် ၌ ရှေးဦးစွာ စာရေးတံမဲကို နှိုက်ယူရရှိနိုင်ကြသည့် တပည့်ရဟန်းတို့တွင် "အမြတ်ဆုံးဧတဒဂ်ဘွဲ့ရ"ဖြစ်တော်မူလေသည်။

ပဌမံ သလာကံ ဂဏှန္တာနန္တိ သဗ္ဗပဌမံ သလာကဂါဟကာနံ ဘိက္ခူနံ ကုဏ္ဍဓာနတ္ထေရော အဂ္ဂေါတိ ဒဿေတိ။ သော ကိရ ထေရော မဟာသုဘဒ္ဒါယ နိမန္တိတဒိဝသေ တထာဂတေ ဥဂ္ဂနဂရံ ဂစ္ဆန္တေ "အဇ္ဇ သတ္ထာ ဒူရံ ဘိက္ခာစာရံ ဂမိဿတိ၊ ပုထုဇ္ဇနာ သလာကံ မာ ဂဏှန္တု၊ ပဋ္ဌသတာ ခီဏာသဝါဝ ဂဏှန္တူ"တိ ဝုတ္တေ ပဌမမေဝ သီဟနာဒံ နဒိတွာ သလာကံ ဂဏှိ။ စူဠသုဘဒ္ဒါယ နိမန္တိတဒိဝသေ တထာဂတေ သာကေတံ ဂစ္ဆန္တေပိ ပဥ္စန္နံ ဘိက္ခုသတာနံ အန္တရေ ပဌမမေဝ သလာကံ ဂဏှိ၊ သုနာပရန္တဇနပဒံ ဂစ္ဆန္တေပိ။ ဣမေဟိ ကာရဏေဟိ ထေရော ပဌမံ သလာကံ ဂဏှန္တာနံ အဂ္ဂေါ နာမ ဇာတော။ (အံ၊ ဋ္ဌ၊ ၁၊ ၂၀၃ ၂၀၄။)

အရှင်ကုဏ္ဍဓာန၏ထေရုပ္ပတ္တိကို အကျယ်တဝင့် သိလိုပါက အင်္ဂုတ္တိုရ်အဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၂၀၃ ၂၀၈ တို့၌ ကြည့်ရှုနိုင်ပါသည်။

## (၂၃) အရှင်ဝင်္ဂီသမထေရ်အကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ပဋိဘာနဝန္တာနံ ယဒိဒံဝင်္ဂီသော။ (အံ၊ ၁၊ ၂၅။)

### အရှင်ဝင်္ဂီသအလောင်း မြွတ်ဆုတောင်း

အရှင်ဝင်္ဂီသအလောင်းတော်သည်လည်း ပဒုမုတ္တရဘုရားလက်ထက်တော်အခါက ဟံသာဝတီမင်းနေပြည်ဝယ် စည်းစိမ်းဥစ္စာ ကြွယ်ဝသောအမျိုး၌ ဖြစ်၍ ဘုရားရှင်က ရဟန်းတစ်ပါးကို "ဆန်းကြယ်သောဉာဏ်=ပဋိဘာန်ရှိသော ရဟန်းတို့တွင် အမြတ်ဆုံး= တေဒဂ်ရာထူး"၌ ထားတော်မူသည်ကို တွေမြင်ရ၍ ကုသိုလ်ကောင်းမှုကိုပြု၍ ထိုရဟန်းကဲ့သို့သော"တေဒဂ်ရာထူး"ကို ဆုတောင်းခဲ့လေသည်။

### နောက်ဆုံးဘဝ ဝင်္ဂီသ

ထို့နောက် အရှင်မြတ်အလောင်း အမျိုးကောင်းသားသည် နတ်ပြည်, လူပြည်တို့၌ ကျင်လည်လျက် ကျွန်ုပ်တို့၏ဘုရားရှင် လက်ထက်တော်ဝယ် သာဝတ္ထိမြို့တော်၌ ပုဏ္ဏားမျိုးဝယ် ဖြစ်လာခဲ့လေသည်၊ "ဝင်္ဂီသလုလင်"ဟု မည်တွင်လေသည်၊ ဝင်္ဂီသလုလင်သည် အရွယ်သို့ ရောက်လတ်သော် ဗေဒင်သုံးပုံတို့ကို သင်ကြားတတ်မြောက်သည့်အပြင်"ဆဝသီသမန္တာန်(သေသူ၏ဦးခေါင်းခွံကို မန်းမှုတ်၍ ထိုသူ၏လားရာဂတိကို သိနိုင်သော မန္တန်)"ကိုလည်း သင်ကြားတတ်မြောက်လေသည်။

ပုဏ္ဏားတို့သည် ဝင်္ဂီသလုလင်ကို ဖုံးကွယ်သောယာဉ်၌ နေစေကာ မြို့, ရွာ, နိဂုံးတို့၌စခန်းချလျက် နေကြစဉ် စုရုံးလာကြသော လူတို့၏သေလွန်သူတို့နှင့်စပ်သော မေးခွန်းတို့ကို ဝင်္ဂီသလုလင်က ဆဝသီသမန္တန်ကို စုပ်၍ သေသူ၏ဦးခေါင်းခွံကို လက်သည်းဖြင့် ခေါက်ကြည့်လျှင်"ဤသေသောသူသည် ဤမည်သော ဘဝ, ဤမည်သောအမျိုး၌ ဖြစ်၏"ဟု ဟောပြောပေးနိုင်သောကြောင့် လူအများ တို့ထံမှ အသပြာ ရာ, ထောင်တို့ကို ရရှိ၍ ပုဏ္ဏားတို့အဖို့ရာ အသက်မွေးဝမ်းကျောင်း ဖြောင့်ဖြူးနေကြလေသည်။

### ကျွတ်ချိန်ရောက်ထ ဝင်္ဂီသ

ပုဏ္ဏားတို့သည် ဝင်္ဂီသလုလင်ကို သယ်ဆောင်ကြ၍ ထိုထို ရွာ, နိဂုံး, မင်းနေပြည်တို့သို့ လှည့်လည်ကြပြီးသော် တဖန် သာဝတ္ထိမြို့သို့ ပြန်လည်သယ်ဆောင်လာကြကုန်၏၊ ဝင်္ဂီသလုလင်သည် ဇေတဝန်ကျောင်းတော်၏အနီး၌ ရပ်တည်လျက် "ရဟန်းဂေါတမ သည် ပညာရှိသူဖြစ်၏ ဟု လူအများ ပြောကြ၏၊ ငါမူကား အမြဲတန်းပင် ဤပုဏ္ဏားများ၏စကားကိုသာ လိုက်နာ၍ လှည့်လည်ကာ သာ နေဖို့ရန် မသင့်လျော်ချေ၊ ပညာရှိများ၏အထံသို့လည်း သွားရောက်ဆည်းကပ်မှ သင့်လျော်ချေမည်"ဟု ကြံစည်ဆင်ခြင်၍ ပုဏ္ဏား တို့ကို "သင်တို့ သွားနှင့်ကြလော့၊ ငါသည် လူအများနှင့်အတူတကွ သွားရောက်ကာ ရဟန်းဂေါတမကို မဖူးမြင်လို (တစ်ဦးတည်းသာ သွားရောက်ဖူးမြင်လို၏)"ဟု ပြောဆိုလေ၏၊ ပုဏ္ဏားတို့က "ဝင်္ဂီသ...သင်သည် ရဟန်းဂေါတမကို ဖူးမြင်ရခြင်းကို မနှစ်သက်ပါလင့်၊ ရဟန်းဂေါတမသည် မိမိထံမှောက်ရောက်လာသူကို မျက်လှည့်အတတ်ဖြင့် လှည့်ဖြားတတ်သူဖြစ်၏"ဟု တားမြစ်ပြောဆိုကြလေ၏၊ ဝင်္ဂီသလုလင်သည် ထိုပုဏ္ဏားတို့၏စကားကို မနာယူပဲ ဘုရားရှင်ထံတော်သို့ သွားရောက်ဆည်းကပ်၍ အစေ့အစပ်စကား ပြောကြားပြီးလျှင် သင့်လျော်ရာအရပ်၌ ထိုင်နေလေ၏။

ဘုရားရှင်သည် ဝင်္ဂီသလုလင်ကို "ဝင်္ဂီသ...သင်သည် တစ်စုံတစ်ခုသော အတတ်ပညာကို တတ်သိပါ၏လော?"ဟု မေးတော်မူလေ၏၊ ဝင်္ဂီသလုလင်က "အရှင်ဂေါတမ...အကျွန်ုပ်သည် ဆဝသီသမန္တန်မည်သော တစ်ခုသောမန္တန်အတတ်ကို တတ်သိပါ၏"ဟု ဖြေဆိုလျှောက်ထား၏၊ ဘုရားရှင်က "ဝင်္ဂီသ...သင်တတ်သိသည့်ထိုဆဝသီသမန္တန်သည် အဘယ်သို့ ပြုနိုင်သနည်း? ဟု မေးတော်မူ လေလျှင် ဝင်္ဂီသလုလင်က "အရှင်ဂေါတမ...ထိုမန္တန်ကို စုပ်၍ သုံးနှစ်အထက်က သေသောသူတို့၏ဦးခေါင်းကို လက်သည်းဖြင့်ခေါက် ၍ လားရောက်ရာ ဘုံဌာနကို သိမြင်ပါ၏"ဟု လျှောက်ထားလေ၏။

ဘုရားရှင်သည် ဝင်္ဂီသလုလင်အား(၁) ငရဲ၌ဖြစ်သော သူ၏ဦးခေါင်းခွံတစ်ခု,(၂) လူ့ပြည်၌ဖြစ်သော သူ၏ဦးခေါင်းခွံတစ်ခု, (၃) နတ်ပြည်၌ဖြစ်သော သူ၏ဦးခေါင်းခွံတခု, (၄) ပရိနိဗ္ဗာန်စံလွန်ပြီးသော ရဟန္တာပုဂ္ဂိုလ်၏ဦးခေါင်းခွံတခုဤလေးခုသော ဦးခေါင်းခွံ တို့ကို အစဉ်အတိုင်း တန်ခိုးတော်ဖြင့် ယူဆောင်ပြတော်မူ၏၊ ဝင်္ဂီသလုလင်သည် ပဌမဦးခေါင်းခွံကို ခေါက်၍ "အိုအရှင်ဂေါတမ...ဤ

ခေါင်းခွံရှင်သတ္တဝါသည် ငရဲသို့ လားရောက်ရပါပြီ"ဟု ဖြေဆိုလေ၏၊ ဘုရားရှင်က"သာဓု သာဓု ဝင်္ဂီသ...သင်သည် ကောင်းစွာ မြင် အပ်ပါပေ၏"ဟု ချီးမွမ်းစကား မိန့်ကြားတော်မူပြီးလျှင် ဒုတိယဦးခေါင်းခွံကို ပြ၍"ဤသတ္တဝါကား အဘယ်သို့ လားရောက်သနည်း? ဟု မေးတော်မူ၏၊ ဝင်္ဂီသက "အိုအရှင်ဂေါတမ...ဤသတ္တဝါကား လူ့ပြည်လောကသို့ လားရောက်ရပါပြီ"ဟု ဖြေကြားလေ၏၊ တဖန် တတိယဦးခေါင်းခွံကို ပြ၍ "ဤသတ္တဝါကား အဘယ်သို့ လာရောက်သနည်း?"ဟု မေးတော်မူသောအခါ "အိုအရှင်ဂေါတမ...ဤ သတ္တဝါကား နတ်ပြည်လောကသို့ လားရောက်ရပါပြီ"ဟု ဖြေကြားလေ၏၊ ဤသို့ သုံးဦးသော သတ္တဝါတို့၏လားရောက်ရာဂတိကို ဝင်္ဂီသလုလင်သည် မှန်ကန်စွာ ဖြေဆိုနိုင်လေ၏။

ဘုရားရှင်က စတုတ္ထမြောက် ရဟန္တာအရှင်မြတ်၏ဦးခေါင်းခွံကိုပြ၍မေးတော်မူသောအခါ ဝင်္ဂီလုလင်သည် ထိုဦးခေါင်းခွံကို မန္တန်စုပ်ကာ လက်သည်းဖြင့် အကြိမ်ကြိမ် ခေါက်၍ ခေါက်၍ စဉ်းစားပါသော်လည်း အဆုံး, အစ ဘာကိုမျှ မသိမြင်တော့ချေ၊ ထိုအ ခါ ဘုရားရှင်က"ဝင်္ဂီသ...သင်သည် မြင်ခြင်းငှါ မစွမ်းနိုင်တော့ဘူးလော?"ဟု မေးတော်မူလျှင် ဝင်္ဂီသက "အိုအရှင်ဂေါတမ...ကြည့် ကြကုန်လော့၊ စူးစမ်းဆင်ခြင်ပါဦးမည်"ဟု ဆို၍ အဖန်ဖန် မန္တန်စုပ်၍ အကြိမ်ကြိမ် ဦးခေါင်းခွံကို ခေါက်လေ၏၊ ဗာဟိရက(သာသ-နာပြင်ပ)မန္တန်ဖြင့် ရဟန္တာအရှင်မြတ်၏လားရာဂတိကို မသိနိုင်သည်သာတည်း၊ ဝင်္ဂီသ၏ဦးထိပ်မှ ချွေးများပင် ယိုစီးလာလေ၏၊ ဝင်္ဂီသ လုလင်သည် ရှက်နိုးလှသဖြင့် စကားမပြော ဆိတ်ဆိတ်သာ ရပ်လေ၏။

ထိုအခါ ဘုရားရှင်က "ဝင်္ဂီသ...ပင်ပန်းသလော?"ဟု မေးတော်မူလျှင် ဝင်္ဂီသလုလင်က "ဟုတ်ပါသည် အရှင်ဂေါတမ၊ ဤ သတ္တဝါ၏လားရာဌာနကို မသိနိုင်ပါ၊ အကယ်၍ အရှင်ဘုရားတို့ သိတော်မူကြပါလျှင် ကျွန်ုပ်အား ဖြေကြားတော်မူပါလော့"ဟု လျှောက်ထားလေလျှင် ဘုရားရှင်က "ဝင်္ဂီသ...ငါဘုရားသည် ဤသတ္တဝါကိုလည်း သိ၏၊ ထို့ထက်အလွန်လည်း သိ၏"ဟု မိန့်တော် မူပြီးလျှင် ဓမ္မပဒ၌ လာသော ဤနှစ်ဂါထာတို့ကို ဟောတော်မူလေ၏။

စုတိံ ယော ဝေဒိ သတ္တာနံ၊ ဥပပတ္တိံ စ သဗ္ဗသော။
အသတ္တံ သုဂတံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။
ယဿ ဂတိံ န ဇာနန္တိ၊ ဒေဝါ ဂန္ဓဗ္ဗမာနုသာ။
ခီဏာသဝံ အရဟန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။
(ခု၊ ၁၊ ၇၃။ ဇာ၊ ၅၊ ၁၊ ၂၁၀)

ဝင်္ဂီသ ဝင်္ဂီသ၊ ယော ရဟန္တာသခင် အကြင်ပုဂ္ဂိုလ်သည်၊ သဗ္ဗသော ခပ်သိမ်းဥဿုံ ခြင်းရာစုံအောင်၊ သတ္တာနံ သတ္တဝါတို့၏၊ စုတိံ စ စုတိပြတ်ကြွေ သေလွန်ခြင်းကိုလည်းကောင်း၊ ဥပပတ္တိံ စ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေခြင်းကို လည်းကောင်း၊ ဝေဒိ လင်းလင်းထင်ထင် သိမြင်လေပြီ၊ အသတ္တံ အာရုံငါးရပ် မငြိကပ်သော၊ သုဂတံ သမ္မာပဋိပတ် အကျင့် မြတ်ဖြင့် မတ်မတ်ဖြောင့်တန်း နိဗ္ဗာန်နန်းသို့ ကြွမြန်းဆိုက်ရောက်လေပြီးသော၊ ဗုဒ္ဓံ သစ္စာလေးအင် လင်းလင်းသိမြင်သော၊ တံ ထိုရဟန္တာပုဂ္ဂိုလ်သူမြတ်ကို၊ အဟံ လူသုံးပါးတို့ဆရာ ဘုရားငါသည်၊ ဗြာဟ္မဏံ ဗာဟိတပါပ အနတ္ထကြောင့် ဗြာဟ္မဏ ခေါ်ဆို ပုဂ္ဂိုလ်သူမြတ်ဟူ၍၊ ဗြူမိ လူနတ်တို့အား သိထင်ရှားအောင် ဟောကြားမိန့်ဆိုပေ၏။

ဝင်္ဂီသ ဝင်္ဂီသ၊ ယဿ အကြင်ရဟန္တာပုဂ္ဂိုလ်၏၊ ဂတိံ လားရာဂတိကို၊ ဒေဝါ ထက်ခွင်မိုးရပ် ပြည်ကြီးနတ်တို့သည် လည်းကောင်း၊ ဂန္ဓဗ္ဗမာနုသာ ကခြေသည်ခေါ်မှတ် ဂန္ဓဗ္ဗနတ်များ လူသားတို့သည်လည်းကောင်း၊ န ဇာနန္တိ လင်းလင်းထင် ထင် မသိမြင်ကြကုန်၊ ခီဏာသဝံ လေးဖြာအာသဝေါ ကွာလျော့ကုန်ခန်းလေပြီးသော၊ အရဟန္တံ တစ်ထောင့်ငါးရာ ကိလေ သာတို့မှ ဝေးကွာပြီးသော၊ တံ ထိုရဟန္တာပုဂ္ဂိုလ်ကို၊ အဟံ-သုံးလူတို့ဆရာ ဘုရားငါသည်၊ ဗြာဟ္မဏံ ဗာဟိတပါပ အနတ္ထ ကြောင့် ဗြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ်သူမြတ်ဟူ၍၊ ဗြူမိ-လူနတ်တို့အား သိထင်ရှားအောင် ဟောကြားမိန့်ဆိုပေ၏။

(မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ၊ ပဋ္ဌမပိုင်း၊ ၃၆၄။)

ထို့နောက် ဝင်္ဂီသလုလင်သည် ဘုရားရှင်းကို "အိုအရှင်ဂေါတမ...မန္တန်ဖြင့် မန္တန်ကို လဲလှယ်ပေးသောသူမှာ အရှုံးမရှိပါ၊ ကျွန်ုပ်သည် မိမိတတ်သော "ဆဝသီသ"မန္တန်ကို အရှင်ဘုရားတို့အား ပေးပါမည်၊ အရှင်ဘုရားတို့သည် ဤယခုရွတ်ဆိုသော မန္တန်ကို ကျွန်ုပ်အား ပေးကြပါကုန်လော့"ဟု လျှောက်ဆိုလေ၏၊ ဘုရားရှင်က"ဝင်္ဂီသ...ငါဘုရားတို့သည် မန္တန်ဖြင့် မန္တန်ကို မလဲလှယ်, မပေး ကြကုန်၊ ဤအတိုင်းပင်လျှင် လိုချင်သူတို့အား ပေးကြကုန်၏"ဟု မိန့်တော်မူလေ၏၊ ဝင်္ဂီသလုလင်က "ကောင်းပါပြီ အရှင်ဂေါတမ.. ကျွန်ုပ်အား မန္တန်ကိုပေးကြပါကုန်လော့"ဟု ပြောဆိုကာ အရိုအသေပေး၍ လက်နှစ်ဖက်ကို လိပ်ငယ်သဏ္ဍာန်တောင်းခံသည့်ပုံဟန်ပြု လျက် ထိုင်နေလေ၏။

ဘုရားရှင်က "ဝင်္ဂီသ...သင်တို့ပုဏ္ဏားများ၏အယူဝါဒ၌ အဖိုးတန်သော မန္တန်ကို ဖြစ်စေ, အခြားတစ်စုံတစ်ရာကို ဖြစ်စေ တောင်းခံရသော သူတို့၏အဖို့ရာ ဝတ်ကို ဖြည့်ကျင့်ခြင်းမည်သည် မရှိဘူးလော?"ဟု မေးတော်မူ၏၊ ဝင်္ဂီသလုလင်က "ရှိပါသည် အရှင်ဂေါတမ"ဟု လျှောက်ထားလေ၏၊ ဘုရားရှင်က "ဝင်္ဂီသ...ငါဘုရားတို့၏မန္တန်ကား ဝတ်ကို ဖြည့်ကျင့်ခြင်း(ပရိဝါသ်နေခြင်း) မရှိဘူး ဟု သင်ထင်မှတ်သလော?"ဟု မေးတော်မူလေ၏၊ ဝင်္ဂီသလုလင်က "ပုဏ္ဏားတို့မည်သည် မန္တာန်ထို့ဖြင့် မရောင့်ရဲကြပါကုန်၊ သို့ဖြစ်ပါ၍ "အိုအရှင်ဂေါတမ...အရှင်ဘုရားတို့မိန့်ကြားတော်မူအပ်သော စည်းကမ်းအတိုင်း ကျွန်ုပ် လိုက်နာကျင့်သုံးပါမည်"ဟု လျှောက်ထားလေ၏၊ ဘုရားရှင်က "ဝင်္ဂီသ...ငါတို့သည် ဤမန္တန်ကို ပေးကြတော့မည်ဆိုလျှင် ငါတို့နှင့် အသွင်တူသောသူအားသာ ပေးကြကုန်၏"ဟု မိန့်တော်မူလေ၏။

ဝင်္ဂီသလုလင်သည် "ငါသည် အရှင်ဂေါတမစေခိုင်းသမျှကို ပြုလုပ်ပြီးလျှင် မန္တန်ကို သင်ယူပြီးသွားမှ သင့်တော်မည်"ဟု ကြံစည်မိကာ မိမိ၏အဖော်ပုဏ္ဏားများကို "သင်တို့သည် ငါရဟန်းပြုသည်ရှိသော် ထွေရာလေးပါး စိတ်အကြံမများကြလင့်၊ ငါသည် ဤမန္တန်ကို သင်ကြားတတ်မြောက်ပြီးလျှင် ဇမ္ဗူဒိပ်တကျွန်းလုံး၌ ဆရာကြီး ဖြစ်ရလိမ့်မည်၊ ဤသို့ ဖြစ်လတ်သော် သင်တို့အတွက်လည်း ကောင်းမြတ်သည်သာ ဖြစ်လိမ့်မည်"ဟု နှစ်သိမ့်စကား ပြောကြားပြီးလျှင် မန္တန်ကို သင်ယူရန်အလို့ငှာ ဘုရားရှင်အထံတော်၌ ရှင်ရဟန်းပြုလေ၏၊ ဘုရားရှင်က "ဝင်္ဂီသ...မန္တန်၏ပရိဝါသ်ကို ရှေးဦးစွာ ကျင့်သုံးလော့"ဟု မိန့်တော်မူ၍ အရှင်ဝင်္ဂီသအား ဒွတ္တိံသာကာရခေါ်သော ကာယဂတာသတိကမ္မဋ္ဌာန်းကို ဟောကြားပေးတော်မူလေ၏၊ အရှင်ဝင်္ဂီသသည် ဉာဏ်ပညာထက်မြက်သူ ဖြစ်ရကား ဒွတ္တိံသာကာရကို ရွတ်ဆိုသရဇ္ဈာယ်ရင်းပင် ထိုဒွတ္တိံသာကာရ(၃၂ ကောဋ္ဌာသ)၌ ကုန်ခြင်း, ပျက်ခြင်းသဘောတို့ကို ထင်ထင်လင်းလင်း သိမြင်လာကာ ဝိပဿနာတရား ပွားများအားထုတ်သောကြောင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေ၏။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ အလို)။

သုတ္တနိပါတ်အဋ္ဌကထာအလိုကား...ဘုရားရှင်၏အမိန့်တော်အတိုင်း အနီးတွင် ရှိနေသော အရှင်နိဂြောဓကပ္ပ၏အထံ၌ ရှင်ရဟန်းအဖြစ်ကို ရယူခဲ့လေသည်၊ အရှင်ဝင်္ဂီသသည် ဝိပဿနာဉာဏ်, မဂ်ဉာဏ်အဆင့်ဆင့်ဖြင့် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်လေသည်။

အရှင်ဝင်္ဂီသ အရဟတ္တဖိုလ်သို့ ရောက်ပြီးနောက် ပုဏ္ဏားတို့သည် ဝင်္ဂီသ၏အခြေအနေကို စုံစမ်းကြည့်ရှုကြရန် အရှင်ဝင်္ဂီသထံသို့ သွားရောက်ကြပြီးလျှင် "အိုဝင်္ဂီသ...ဘယ့်နှယ်လဲ? ရဟန်းဂေါတမ၏အထံ၌ မန္တန်အတတ်ကို သင်ယူအပ်ပြီးပြီလော?ဟု မေးကြလေကုန်၏၊အရှင်ဝင်္ဂီသက "အိမ်း...သင်ယူအပ်ပြီးပြီ"ဟု မိန့်ဆိုလေသော် ပုဏ္ဏားတို့က "ထိုသို့ သင်ယူအပ်ပြီးဖြစ်လျှင် လာ, သွားကြကုန်စို့"ဟု ခေါ်ကြကုန်၏၊ အရှင်ဝင်္ဂီသက"သင်တို့ သွားကြကုန်လော့၊ ငါ့အဖို့ရာ သင်တို့နှင့်အတူတကွ သွားဖွယ်ကိစ္စကား ပြီးဆုံးလေပြီ"ဟု မိန့်ကြားလေလျှင် ပုဏ္ဏားတို့က "ရှေးဦးကပင် ငါတို့သည် သင့်အား 'ရဟန်းဂေါတမသည် မိမိထံမှောက် အဖူးအမြော်လာရောက်သူတို့ကို မျက်လှည့်အတတ်(အာဝဋ္ဋနီမည်သောမာယာ)ဖြင့် လှည့်ဖြားတတ်သူ ဖြစ်၏"ဟု ပြောအပ်ခဲ့လေပြီ၊ သင်သည် ယခုအခါ ရဟန်းဂေါတမ၏အလိုသို့ လိုက်ပါခဲ့ရလေပြီ၊ ငါတို့သည် သင်၏အထံ၌ ပြုရန်ကိစ္စလုံးဝမရှိတော့ပြီ"ဟု ရန်တွေ့စကား ပြောကြားကြကာ ပြန်လည် ဖဲသွားကြလေကုန်၏။

## ဉာဏ်ပဋိဘာန် အမြင်သန် ဘွဲ့ခံဧတဒဂ်

အရှင်မြတ်သည် ဘုရားရှင်အထံသို့ ဆည်းကပ်သွားရောက်သည်ရှိသော် ဘုရားရှင်ကို မြင်ရာအရပ်မှ အစပြု၍ လနှင့်ဥပမာနှိုင်း၍လည်းကောင်း, နေနှင့်ဥပမာနှိုင်း၍လည်းကောင်း, ကောင်းကင်နှင့် ဥပမာနှိုင်း၍လည်းကောင်း, မဟာသမုဒ္ဒရာနှင့် ဥပမာနှိုင်း၍လည်းကောင်း, ဆင်ပြောင်ကြီးနှင့်ဥပမာနှိုင်း၍လည်းကောင်း, ခြင်္သေ့မင်းနှင့်ဥပမာနှိုင်း၍လည်းကောင်း ဂါထာပိုဒ်ပေါင်း အရာအထောင်တို့ဖြင့် ဘုရားရှင်၏ဂုဏ်ကျေးဇူးတော်ကို ချီးကျူးဖွဲ့ဆိုလျက်သာလျှင် သွားရောက်ဆည်းကပ်လေသည်၊ ထို့ကြောင့် ဘုရားရှင်သည် အရှင်ဝင်္ဂီသကို ဆန်းကြယ်သော ဉာဏ်ပဋိဘာန်ရှိကြသည့်တပည့်ရဟန်းတို့တွင် "အမြတ်ဆုံး=ဧတဒဂ်ရာထူး"၌ ထားတော်မူလေသည်။

မှတ်ဖွယ်။ [အရှင်ဝင်္ဂီသကား သာသနာတော်ဝယ် အလွန်ထင်ရှားသော ပါဠိဂါထာ စာဆိုတော် ရဟန္တာမထေရ်မြတ် ဖြစ်ပေ၏၊ ထိုအကြောင်းကို သဂါထာဝဂ် ဝင်္ဂီသသံယုတ် သုတ်တော်များကို ကြည့်၍ သိရာ၏(သံ၊ ၁၊ ၁၈၇ ၁၉၈)။]

အယမ္ပိ ကိရ ပဒုမုတ္တရဗုဒ္ဓကာလေ ဟံသာဝတီနဂရေ မဟာဘောဂကုလေ ပဋိသန္ဓိံ ဂဏှိတွာ ပုရိမနယေနေဝ ဝိဟာရံ ဂန္တွာ ဓမ္မံ သုဏန္တော သတ္ထာရံ ဧကံ ဘိက္ခုံ ပဋိဘာနဝန္တာနံ အဂ္ဂဋ္ဌာနေ ဌပေန္တံ ဒိသွာ သတ္ထု အဓိကာရကမ္မံ ကတွာ "အဟမ္ပိ အနာဂတေ ပဋိဘာနဝန္တာနံ အဂ္ဂေါ ဘဝေယျ"န္တိ ပတ္ထနံ ကတွာ သတ္ထာရာ ဗျာကတော ယာဝဇီဝံ ကုသလံ ကတွာ ဒေဝမနုဿေသု သံသရန္တော ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ သာဝတ္ထိယံ ဗြာဟ္မဏကုလေ နိဗ္ဗတ္တိ။ ဝင်္ဂီသမာဏဝေါတိဿ နာမံ အကံသု။...ပ။..မန္တတ္ထာယ သတ္ထု သန္တိကေ ပဗ္ဗဇိ။ သတ္ထာ "မန္တပရိဝါသံတာဝ ဝသာဟီ"တိ ဒွတ္တိံသာကာရံ အာစိက္ခိ။ ပဉ္စဝါ သတ္တော ဒွတ္တိံသာကာရံ သဇ္ဈာယန္တောဝ

တတ္ထ ခယဝယံ ပဋ္ဌပေတွာ ဝိပဿနံ ဝဍ္ဎေတွာအရဟတ္တံ ပါပုဏိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၀၈, ၂၁၀။)

ပဋိဘာနဝန္တာနန္တိ သမ္ပန္နပဋိဘာနာနံ ဝဂီသတ္ထေရော အဂ္ဂေါတိ ဒဿေတိ။ အယံ ကိရ ထေရော ဒသဗလဿ သန္တိကံ ဥပသင်္ကမန္တော စက္ခုပထတော ပဋ္ဌာယ စန္ဒေန သဒ္ဓိံ ဥပမေတွာ သူရိယေန, အာကာသေန, မဟာသမုဒ္ဒေန, ဟတ္ထိနာဂေန, သီဟေန မိဂရညာ သဒ္ဓိံ ဥပမေတွာပိ အနေကေဟိ ပဒသတေဟိ ပဒသဟဿေဟိ သတ္ထု ဝဏ္ဏံ ဝဒန္တောယေဝ ဥပသင်္ကမတိ။ တသ္မာ ပဋိဘာနဝန္တာနံ အဂ္ဂေါ နာမဇာတော။ (အံ၊ ဋ္ဌ၊ ၁၊ ၂၀၈။)

တဒါ စ ဘဂဝတော နိဂြောဓကပ္ပတ္ထေရော သမီပေ ဟောတိ၊ တံ ဘဂဝါ အာဏာပေသိ "တေန ဟိ နိဂြောဓကပ္ပ ဣမံ ပဗ္ဗာဇေဟီ"တိ။ သော တံ ပဗ္ဗာဇေတွာ တစပဉ္စကကမ္မဋ္ဌာနံ အာစိက္ခိ။ ဝင်္ဂီသော အနုပုဗ္ဗေန ပဋိသမ္ဘိဒါပ္ပတ္တော အရဟာ အဟောသိ တေဒဂ္ဂေ စ ဘဂဝတာ နိဒ္ဒိဋ္ဌော "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ပဋိဘာနဝန္တာနံ ယဒိဒံ ဝင်္ဂီသော"တိ (အံ၊ ၁၊ ၂၅)။ (သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊၇၉။)

## (၂၄) အရှင်ဥပသေနမထေရ်အကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ သမန္တပါသာဒိကာနံ ယဒိဒံ ဥပသေနော ဝင်္ဂန္တပုတ္တော။ (အံ၊ ၁၊ ၂၅။)

### အရှင်ဥပသေနအလောင်း ရှေးဆုတောင်းအရ ဧတဒဂ်ဘွဲ့ရ

အရှင်ဥပသေနအလောင်းတော်သည် ပဒုမုတ္တရာဘုရားလက်ထက်တော်ဝယ် ဘုရားရှင်က ရဟန်းတစ်ပါးကို"ထက်ဝန်းကျင် ပရိသတ်နှင့်တကွ ကြည်ညိုဖွယ်ရှိသော ရဟန်းတို့တွင် အမြတ်ဆုံးဧတဒဂ်ရာထူး"၌ ထားတော်မူသည်ကို မြင်ရ၍ ကုသိုလ်ကောင်းမှု ပြုကာ ဆုတောင်းခဲ့သောကြောင့် ဂေါတမဘုရားရှင်လက်ထက်တော်ဝယ် ပရိသတ်နှင့်တကွ ကြည်ညိုဖွယ်ရှိကြသော ဘုရားရှင်၏တပည့် ရဟန်းတို့တွင် "အမြတ်ဆုံးဧတဒဂ်ရာထူး"ကို ရရှိတော်မူလေသည်။

အရှင်မြတ်၏အကြောင်းကို အနည်းငယ်ချဲ့ရလျှင်.....

### ဆုံးဘဝတွင်၊ ရဟန်းရှင်၊ ပြုလျှင် မြတ်မထေရ်

အရှင်ဥပသေနသည် အရှင်သာရိပုတ္တာထေရ်၏ညီတော်ဖြစ်၏၊ ဝင်္ဂန္တပုဏ္ဏား၏သားဖြစ်သောကြောင့် "ဝင်္ဂန္တပုဏ္ဏား၏သား ဥပ - သေနထေရ်"ဟု ခေါ်ဆိုအပ်လေသည်။ အရှင်မြတ်သည် ရဟန်းတစ်ဝါရစဉ် ဥပဇ္ဈာယ်အရာ၌ တည်၍ ရဟန်းတစ်ပါးပြုစေမိသောကြောင့် ဘုရားရှင်၏ပြစ်တင်ကဲ့ရဲ့မှု ခံလေသည်၊ ဘုရားရှင်က ဆယ်ဝါမရပဲ ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍ ရဟန်းခံပေးလျှင် ဒုက္ကဋ်သင့်စေဟူ၍လည်းကောင်း, ဆယ်ဝါ ဆယ်ဝါထက် ကျော်လွန်သော ရဟန်းသည် ဥပဇ္ဈာယဆရာ ပြုလုပ်၍ ရဟန်းခံပေးခြင်းငှါ ခွင့်ပြုတော်မူ၏ဟူ၍လည်းကောင်း မိန့်တော်မူလေသည်။

အရှင်ဥပသေနသည် ဘုရားရှင်၏အထံတော်မှ အကဲ့ရဲ့ကို ခံရပြီးနောက် ဘုရားရှင်ကို ရှိခိုးပြီးလျှင်"ငါသည် ဤယခုကဲ့ရဲ့တော်မူသည်ခံတွင်းတော်ဖြင့်ပင် တနေ့၌ ဘုရားရှင်ကို ပရိသတ်ကိုအကြောင်းပြု၍ပင် ကောင်းကြီးပေးတော်မူစေမည်"ဟု ကြံစည်အောက်မေ့ကာ ထိုနေ့၌ပင် တစ်နေရာသို့ သွား၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်လေသော် ရက်များ မကြာမီအတွင်း အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်။

နောင်အခါဝယ် အရှင်မြတ်သည် အလွန်ထင်ရှားသော တရားဟောကောင်းသည့် ဓမ္မကထိကပုဂ္ဂိုလ်လည်းဖြစ်, မိမိကိုယ်တိုင်က ရဟန်းသိက္ခာ ဆယ်ဝါရရှိ၍ ဝိနည်းပိဋကတ်ကို နိုင်နင်းစွာ လေ့လာပြီးသော ပုဂ္ဂိုလ်လည်းဖြစ်၍ ဆွေမျိုး, မိတ်သင်္ဂဟတို့အိမ်များမှ အမျိုးကောင်းသားတို့ကို ဥပဇ္ဈာယ်ဆရာပြုလုပ်ကာ ပဉ္စင်းခံ၍ ပေးလေသည်၊ အရှင်မြတ်၏ရဟန်းတပည့်အခြံအရံတို့မှာ ငါးရာမျှ ရှိကြကုန်၏၊ အရှင်မြတ်သည် မိမိ၏တပည့်ရဟန်းတို့ကို အာရညကင်ဓုတင်, ပံ့သုကူဓုတင်စသည်တို့ကို ဆောင်စေလေသည်။

တချိန်သောအခါ အရှင်ဥပသေနသည် "ဘုရားရှင်ကို ဖူးမြင်အံ့"ဟု ကြံစည်လျက် မိမိပရိသတ်နှင့် အတူတကွ ဇေတဝန်ကျောင်းတော်သို့ သွားရောက်ပြီးလျှင် ဘုရားရှင်ကို ရှိခိုးကာ သင့်တင့်လျောက်ပတ်သောနေရာ၌ ထိုင်နေလေသည်၊ ဘုရားရှင်သည် အရှင်ဥပသေန၏သဒ္ဓိဝိဟာရိကရဟန်းငယ်တပါးကို "ရဟန်း..သင်သည် ပံ့သုကူသင်္ကန်းတို့ကို နှစ်သက်မြတ်နိုးပါသလော?"ဟု မေးတော်မူသောအခါ ရဟန်းငယ်က "ရှင်တော်ဘုရား...တပည့်တော်သည် ပံ့သုကူသင်္ကန်းတို့ကို မနှစ်သက်မမြတ်နိုးပါဘုရား"ဟု စကားပလ္လင်ခံ၍ မိမိ၏ဆရာဥပဇ္ဈာယ်၌ ရှိသေခြင်းကြောင့် ပံ့သုကူဓုတင်ဆောင်ပါကြောင်းကို ဘုရားရှင်အား လျှောက်ကြားလေသည်၊ ဘုရားရှင်က"ဥပသေန...တော်ပေစွ..တော်ပေစွ (သာဓု သာဓု ဥပသေန)"ဟု အရှင်မြတ်အား ကောင်းကြီးပေးတော်မူပြီးလျှင် အကြောင်း

များစွာတို့ဖြင့် ဂုဏ်ကျေးဇူးစကား မိန့်ကြားတော်မူလေသည်။

အရှင်ဥပသေန၏အကြောင်းကို အကျယ်တဝင့် သိလိုပါက အင်္ဂုတ္တိုရ်အဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၂၁၁-၂၁၂ တို့၌ ကြည့်ပါလေ။

## (၂၅) အရှင်ဒဗ္ဗအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သေနာသနပညာပကာနံ ယဒိဒံ ဒဗ္ဗော မလ္လပုတ္တော။ (အံ၊ ၁၊ ၂၅။)

## အရှင်ဒဗ္ဗအလောင်း ဆုတောင်း

အရှင်ဒဗ္ဗအလောင်းတော်သည်လည်း ပဒုမုတ္တရာဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမြို့တွင် အမျိုးကောင်းအိမ်၌ဖြစ်၍ အရွယ်ရောက်လတ်သော် တနေ့သောအခါ ကျောင်းတော်သို့ သွားရောက်ကာ တရားနာစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို "ရဟန်းသံဃာအတွက် နေရာခင်းပေးကြသော ရဟန်းတို့တွင် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ ထားတော်မူသည်ကို မြင်ရ၍ ကုသိုလ်ကောင်းမှု ပြုပြီးလျှင် ထိုရာထူးကိုဆုတောင်းခဲ့လေသည်။

## တောင်ထိပ်ပေါ်တွင် တရားအားထုတ်စဉ်

ထိုအမျိုးကောင်းသားသည် ထိုဘဝမှ စုတေပြီးလျှင် နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်လျက် ကဿပဘုရားရှင်၏သာသနာတော်ဆုတ်နစ်သောအခါဝယ် သာသနာ့ဝန်ထမ်း ရဟန်းဖြစ်လေသည်၊ ထိုရဟန်းနှင့်အတူတကွ အခြားရဟန်းတော်ခြောက်ပါးတို့သည် စိတ်တူသဘောတူ ဖြစ်ကြကာ တနေရာရာ၌ ရဟန်းတရား ပွားများအားထုတ်ကြ၍ သံသရာဝဋ်ဒုက္ခဆုံးအောင် ပြုကြမည် ဟု တိုင်ပင်ကြပြီးလျှင် အလွန်မြင့်သော တောင်ထိပ်သို့ တက်ရောက်ကြပြီးနောက် "မိမိ၏စိတ်အစွမ်းကို သိသူတို့သည် လှေကားကို တွန်းချလိုက်ကြကုန်လော့၊ မိမိ၏အသက်၌တွယ်တာကုန်သောသူတို့သည် ပြန်၍ဆင်းကြကုန်လော့၊ နောက်အခါကျမှ နှလုံးပူပန်ရှိကြကုန်သည် မဖြစ်ကြကုန်လင့်"ဟု ပြောဆိုကြ၍ ရဟန်းတော် ခုနစ်ပါးလုံးပင် စိတ်သဘောတူညီကြကုန်လျက် လှေကားကို တွန်းချလိုက်ကြပြီးလျှင် "ငါ့ရှင်တို့... ရဟန်းတရားအားထုတ်မှု၌ မမေ့မလျော့သူများ ဖြစ်ကြကုန်လော့"ဟု အချင်းချင်း ဆုံးမတော်မူကြ၍ မိမိတို့ စိတ်နှစ်သက်ရာ အရပ်တို့၌ နေထိုင်ကြပြီးလျှင် ရဟန်းတရားကို ပွားများကြိုးကုတ် အားထုတ်ကြလေကုန်၏။

ထိုရဟန်းတော်ခုနစ်ပါးတို့တွင် မထေရ်တစ်ပါးသည် ငါးရက်မြောက်နေ့၌ အရဟတ္တဖိုလ်သို့ ရောက်၍ "ငါ့အား ရဟန်းကိစ္စပြီးလေပြီ၊ ငါသည် ဤဌာန၌ ပြုရန်ကိစ္စ မရှိတော့ပြီ"ဟု ဆင်ခြင်တော်မူလျက် တန်ခိုးဖြင့် မြောက်ကျွန်းမှ ဆွမ်းကို ယူဆောင်တော်မူပြီးလျှင် ကျန်သော အဖော်ရဟန်းခြောက်ပါးတို့ကို "ငါ့ရှင်တို့...ဤဆွမ်းကို ဘုဉ်းပေးကြကုန်လော့၊ ဆွမ်းခံခြင်းကိစ္စသည် ငါ့တာဝန်ရှိပါစေ၊ ငါ့ရှင်တို့သည် မိမိ၏ကမ္မဋ္ဌာန်းအလုပ်ကိုသာ အားထုတ်ကြကုန်လော့"ဟု အားပေးစကား ပြောကြားလေ၏။

ကျန်ရဟန်းတို့က "ငါ့ရှင်...ငါတို့သည် လှေကားကို တောင်ပေါ်မှ တွန်းချလိုက်ကြစဉ်က 'ရှေးဦးစွာ လောကုတ္တရာတရားကို မျက်မှောက်ပြုသော ရဟန်းသည် ဆွမ်းခံကျွေးရမည်၊ ထိုရဟန်းယူဆောင်လာသော ဆွမ်းကို ကျန်ရဟန်းတို့သည် စားကြ၍ ရဟန်းတရားကို အားထုတ်ကြရလိမ့်မည်' ဟူ၍ ကတိကဝတ်စကား ပြောကြားခဲ့ပါကုန်သလော?"ဟု မေးကြလေကုန်၏။

ရဟန္တာမထေရ်က "ထိုသို့ ပြောကြားခဲ့မှု မရှိပါ...ငါ့ရှင်တို့" ဟု မိန့်ဆိုလေလျှင် ကျန်ရဟန်းတော်ခြောက်ပါးတို့က "အရှင်ဘုရားတို့သည် မိမိ၏ရှေးကောင်းမှုအကြောင်းကြောင့် လောကုတ္တရာတရားထူးကို ရတော်မူခဲ့ပါပြီ၊ တပည့်တော်တို့သည်လည်း စွမ်းနိုင်ကြပါမူ သံသရာဝဋ်ဆင်းရဲ၏အဆုံးကို ပြုနိုင်ကြပါလိမ့်မည်၊ အရှင်ဘုရားတို့သည် အလိုရှိရာ အရပ်သို့ ကြွတော်မူကြပါကုန်လော့"ဟု လျှောက်ထားကြလေကုန်၏။

ရဟန္တာမထေရ်သည် ထိုရဟန်းတို့ကို သိစေခြင်းငှာ မစွမ်းနိုင်ရကား ချမ်းသာရာအရပ်၌ ဆွမ်းဘုဉ်းပေးပြီးလျှင် အလိုရှိရာအရပ်သို့ ကြွသွားတော်မူလေ၏။ အခြားတပါး ဒုတိယထေရ်သည် ခုနစ်ရက်မြောက်နေ့၌ အနာဂါမိဖိုလ်သို့ ရောက်၍ ရှေးမထေရ်နည်းတူပင် မြောက်ကျွန်းမှ ဆွမ်းကို ယူဆောင်လာ၍ ဖိတ်မန်စကား ပြောကြားပါသော်လည်း ရှေးအတူပင် မရသည့်အဆုံးဝယ် ချမ်းသာရာအရပ်၌ ဆွမ်းဘုဉ်းပေး၍ အလိုရှိရာအရပ်သို့ ကြွသွားတော်မူလျက် ထိုဘဝမှ သေလွန်ခဲ့သော် သုဒ္ဓါဝါသဗြဟ္မာ့ဘုံ၌ ဖြစ်လေ၏။

## နောက်ဆုံးဘဝ ရဟန်းပြုရ

ကျန်မထေရ်ငါးပါးတို့သည် ထိုဘဝ၌ တရားထူးကို မရကြပဲ စုတေကြလေသော် ကဿပဘုရားနှင့်ကျွန်ုပ်တို့၏ဘုရားနှစ်ဆူ

တို့၏အကြား၌ နတ်ပြည်, လူပြည်တို့၌ကျင်လည်ကြ၍ ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်ထွန်းတော်မူသောကာလဝယ် ထိုထိုအမျိုးတို့၌ ဖြစ်ကြကုန်၏။(၁)တစ်ယောက်သည် ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ မင်းနန်းတော်ဝယ် ပုက္ကုသာတိအမည်ဖြင့် မင်းဖြစ်လာလေ၏၊ (၂) အခြားတစ်ယောက်သည် ပစ္စတေယျတိုင်း(ပစ္စတိယတိုင်း၊သီဟိုဠ်မှ)၌ ပရိဗိုဇ်မတဦး၏သား (သဘိယပရိဗိုဇ်)ဖြစ်လာ၏၊ (၃) အခြားတစ်ယောက်သည် ဗာဟိယတိုင်း၌ သူကြွယ်အိမ်ဝယ် (ဗာဟိယအမည်ဖြင့်)ဖြစ်လာ၏၊ (၄) အခြားတစ်ယောက်သည် ရာဇဂြိုဟ်မြို့တော်၌ သူကြွယ်အိမ်ဝယ် (ကုမာရကဿပ)ဖြစ်လာ၏။(၅) အခြားတစ်ယောက်ဖြစ်သော ဤဒဗ္ဗမထေရ်အလောင်းတော်သည်ကား မလ္လတိုင်း အနုပိယမြို့ဝယ် မလ္လမင်းတစ်ဦး၏နန်းအိမ်၌ ပဋိသန္ဓေ ယူလာလေ၏။

ထိုသူငယ်၏မိခင်သည် သူငယ်ကို ဖွားမြင်ခါနီး၌ ကွယ်လွန်ခဲ့လေသည်၊ ထိုမိခင်၏ရုပ်အလောင်းကို သုသာန်သို့ ဆောင်ယူကြ၍ထင်းပုံထက်၌တင်လျက် မီးသဂြိုဟ်ကြသောအခါ ထိုမိခင်၏ဝမ်းသားလွှာသည် မီးအရှိန်ပြင်းစွာ လောင်ဟပ်ရကား နှစ်ခြမ်းကွဲ၍သွားလေသည်၊ သူငယ်သည် မိမိ၏ကောင်းမှု ကုသိုလ်အစွမ်းကြောင့် ကောင်းကင်သို့ လွင့်ပျံတက်ကာ တစ်ခုသော နေဇာမြက်ဖုတ်ပေါ်၌ ကျလေ၏၊ ထိုသူငယ်ကိုကောက်ယူကြ၍ အဖွားအား ပေးကြလေသည်၊ အဖွားသည် ထိုသူငယ်ကို နေဇာမြက်ဖုတ်ပေါ်၌ ကျရောက်ကာ အသက်ရှင်ရသောကြောင့်“ဒဗ္ဗ”ဟု မှည့်ခေါ်လေသည်။

ဒါရကော အတ္တနော ပုညဗလေန ဥပ္ပတိတွာ ဧကသ္မိံ ဒဗ္ဗတ္ထမ္ဗေ နိပတိ။ တံ ဒါရကံ ဂဟေတွာ အယျိကာယ အဒံသု။ သာ တဿ နာမံ ဂဏှန္တီ ဒဗ္ဗတ္ထမ္ဗေ နိပတိတွာ လဒ္ဓဇီဝိတတ္တာ “ဒဗ္ဗော”တိဿ နာမံ အကာသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၁၄။ ထေရ၊ ဋ္ဌ၊ ၁၊ ၄၉။ သာရတ္ထ၊ ၂၊ ၃၄၃။)

[မဟာဗုဒ္ဓဝင်ဆရာတော်ဘုရားကြီး၏“ဒဗ္ဗတ္ထမ္ဘ”နှင့်ပတ်သက်သော မှတ်ချက်........ဤ၌။ ။ ဒဗ္ဗတ္ထမ္ဗေ နိပတိ ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ, ထေရဂါထာအဋ္ဌကထာတို့၌ ဖွင့်ပြသောကြောင့် “ထင်းပုံ (သို့မဟုတ် သစ်သားတိုင်အနီး)၌ ကျရောက်လေ၏”ဟု အနက်မြန်မာ ပြန်ဆိုသင့်သော်လည်း အပဒါန်ပါဠိတော် ဒုတိယအုပ် စာမျက်နှာ ၁၂၄၊ ဒဗ္ဗ မလ္လပုတ္တထေရာပဒါန်ဂါထာနံပါတ် ၁၄၃ ၌“ပတိတော ဒဗ္ဗပုဉ္ဇမှိ၊ တတော ဒဗ္ဗောတိ ဝိဿုတော”ဟူ၍ လာသောကြောင့် “နေဇာမြက်ပုံပေါ်၌ ကျလေ၏”ဟု မြန်မာပြန်ဆိုသည်၊ ထင်းပုံ(သို့မဟုတ်)သစ်သားတိုင်၌ကျလျှင် သက်သာမည်မဟုတ်။ ဒဗ္ဗသဒ္ဒါသည် နေဇာမြက်ကိုလည်း ဟောသည်၊ ဒဗ္ဗပုဉ္ဇမှိ=နေဇာမြက်ပုံပေါ်၌။ ပတိတော=ကျလေပြီ-ဟု အနက်ပေးမှသာ အနက်လည်း သိသာ, အသက်ရှင်ဖွယ်ရာလည်း ရှိလေသည်။ (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ပဋ္ဌမပိုင်း၊၃၈၁။)]

တိပိဋက ပါဠိ-မြန်မာအဘိဓာန် တ-ဝဂ် အတွဲ-၁၀ စာမျက်နှာ ၁၃၅-၌ကား ဒဗ္ဗတ္ထမ္ဘ (ပု) [ဒဗ္ဗ+ထမ္ဘ] နေဇာမြက်ချုံ။ (သမန်းမြက်အခင်း။ အံ၊ဋ္ဌ၊သျ။) ဒါရကော အတ္တနော ပုညဗလေန ဥပ္ပတိတွာ ဧကသ္မိံ ဒဗ္ဗတ္ထမ္ဗေ နိပတိ။ အံ၊ဋ္ဌ၊၁၊၂၁၄။ ထေရ၊ဋ္ဌ၊၁၊ ၄၉။ သာရတ္ထ၊၂၊၃၄၃။ ဟု ရှိပါသည်။

Stamba, m. a clump or tuft of grass, any clump or bunch or cluster; a bush, thicket. (SANSKRIT ENGLISH DICTIONARY BY M. MONIER - WILLIAMS, 1257-1258)

Staṁba: 1 A clump of grass; 2 A sheaf of corn; 3 A cluster, clump or bunch (in general); 4 A bush, thicket. (THE PRACTICAL SANSKRIT ENGLISH DICTIONARY BY V. S. APTE, 1004)

ဤသက္ကတ+အင်္ဂလိပ်အဘိဓာန်တို့၌လည်း “သ္တမ္ဘ=ထမ္ဘ”သဒ္ဒါသည် ချုံ, (မြက်)ဖုတ်, အပြွတ်အခိုင် အနက်များကို ဟောကြောင်း ပြညွှန်းကြသည်။

THAMBHO, A clump of grass, a bush, thicket; a post pillar, column; the post to which an elephant is tied; *Bīraṇatthambhako* (adj.), having clumps of bīraṇa grass. (DICTIONARY OF THE PĀḶI LANGUAGE BY ROBERT CAESAR CHILDERS, 502) ဤပါဠိ-အင်္ဂလိပ်အဘိဓာန်၌ “ထမ္ဘ”သဒ္ဒါသည် တိုင်အနက်သာမက (မြက်)ဖုတ်, (မြက်)ချုံအနက်များကိုလည်း ဟောကြောင်း သိရသည်၊ ဗီရဏတ္ထမ္ဘက=ပြိတ်မြက်ချုံ-ဟု ပြယုဂ်ပင် ထုတ်ပေးထားသည်။

သေယျထာပိ ဘိက္ခဝေ ဂါဝီ တရုဏဝစ္ဆာ ထမ္ဗဉ္စ အာလုမ္ပတိ။ (မ၊ ၁၊ ၃၉၉။)

ဤဆဋ္ဌမူ မူလပဏ္ဏာသပါဠိတော် စူဠယမကဝဂ် ကောသမ္ဗိယသုတ်၌ပါရှိသော “ထမ္ဗ”သည် P.T.S.မူ၌ “ထမ္ဘ”ဟု ရှိသည်၊ မြက်ချုံ, မြက်ဖုတ် အနက်ကိုပင် ဟောကြောင်း သိရသည်။

Thambha a clump of grass M I. 324 (PĀḶI-ENGLISH DICTIONARY BY RHYS DAVIDS AND STEDE, 308)

ဤကျမ်းဂန်အမျိုးမျိုးကို ထောက်ရှု၍ “ဒဗ္ဗတ္ထမ္ဗ”ဖြစ်စေ, “ဒဗ္ဗတ္ထမ္ဘ”ဖြစ်စေ ဤပုဒ်နှစ်လုံးသည်ပင် “နေဇာမြက်ဖုတ်=နေဇာမြက်ချုံ အနက်များကို ဟောနိုင်ကြောင်း သိရှိရသည်။ ဤကား စာရေးသူ၏မှတ်ချက်များတည်း။

ခုနစ်နှစ်အရွယ် ဒဗ္ဗသူငယ်သည် ရဟန်းအပေါင်းခြံရံလျက် အနုပိယမြို့သို့ ကြွချီတော်မူလာသော ဘုရားရှင်ကို ဖူးမြင်ရ၍ သဒ္ဓါကြည်ညိုလှသောကြောင့် ရှင်ရဟန်းပြုလိုရကား အဖွားဖြစ်သူကို "အိုအဖွား...ကျွန်ုပ်သည် ဘုရားရှင်အထံတော်၌ ရှင်ရဟန်းပြုပါရစေ"ဟု ခွင့်ပန်လေ၏၊ အဖွားဖြစ်သူက "ကောင်းပြီ ချစ်မြေး"ဟု ပြောဆိုကာ ဘုရားရှင်ထံတော်သို့ သွားရောက်ကြပြီးလျှင် "ရှင်တော်မြတ်ဘုရား...ဤတပည့်တော်မ၏မြေး ဒဗ္ဗသူငယ်ကို ရှင်ရဟန်းပြုပေးတော်မူကြပါဘုရား"ဟု လျှောက်ထားလေ၏။

## သင်တုန်းကိစ္စ၊ ပြီးဆုံးက၊ ဖြစ်ထ ရဟန္တာ
## ခုနစ်နှစ်ရွယ်၊ ကိလေပယ်၊ အံ့ဖွယ် ရှင်ဒဗ္ဗာ

ဘုရားရှင်က ရဟန်းတော်တပါးအား "ရဟန်း...ဤသူငယ်ကို ရှင်ပြုပေးလိုက်လော့"ဟု မိန့်တော်မူကာ အမှတ်သညာပေးတော်မူလေ၏၊ ထိုမထေရ်သည် ဘုရားရှင်၏စကားတော်ကို ကြားနာ၍ ဒဗ္ဗသူငယ်ကို ရှင်ပြုရန် ဆံချစဉ် တစပဉ္စကကမ္မဋ္ဌာန်းသင်ပေးလေသည်၊ ဒဗ္ဗသူငယ်သည် ပဌမဆံပင်ဝန်းကို ရိတ်ချလိုက်လျှင်ပင် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ဒုတိယဆံပင်ဝန်းကို ရိတ်ချလိုက်သောအခါ သကဒါဂါမိဖိုလ်၌တည်၍, တတိယဆံပင်ဝန်းကို ရိတ်ချလိုက်သောအခါ အနာဂါမိဖိုလ်၌တည်ပြီးလျှင် ဆံပင်အားလုံးကို ရိတ်ချလိုက်ခြင်းနှင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရခြင်း-ဤနှစ်ပါးသည် မရှေးမနှောင်း တပြိုင်နက်ဖြစ်ကာ သင်တုန်းကိစ္စနောက်ဆုံး၌ ရဟန္တာဖြစ်လေ၏။

ဘုရားရှင်သည် မလ္လတိုင်းမှ ရာဇဂြိုဟ်သို့ ကြွရောက်ပြီးလျှင် ဝေဠုဝန်ကျောင်းတိုက်၌ ဝါကပ်တော်မူသောအခါ အရှင်ဒဗ္ဗသည်လည်းလိုက်ပါတော်မူခဲ့လေသည်၊ အရှင်မြတ်သည် ဆိတ်ငြိမ်ရာအရပ်ဝယ် မိမိ၏ရဟန်းကိစ္စပြီးစီးခြင်းကို ရှုမြင်တော်မူလျက် "ငါသည် သံဃာတော်အတွက် နေရာထိုင်ခင်းကိုလည်း ခင်းရ, ဆွမ်းကိုလည်း ညွှန်းရပါမူ ကောင်းလေစွာ"ဟု ကြံစည်ဆင်ခြင်မိလေ၏၊ အရှင်မြတ်သည် မိမိ၏အကြံအစည်ကို ဘုရားရှင်အား လျှောက်ထားသောအခါ ဘုရားရှင်က အရှင်ဒဗ္ဗအား ကောင်းချီးပေးတော်မူ၍ (၁) သံဃာအတွက် နေရာခင်းသော ရဟန်း ဟု သံဃာက သမုတ်ခြင်း=သေနာသနပညာပကသမ္မုတိ, (၂) သံဃာအတွက် ဆွမ်းညွှန်းသော ရဟန်း ဟု သံဃာကသမုတ်ခြင်း=ဘတ္တုဒ္ဒေသကသမ္မုတိ ဤသမ္မုတိနှစ်ပါးကို နှင်းအပ်တော်မူလေ၏။

"ဤဒဗ္ဗသည် ငယ်ရွယ်သူပင် ဖြစ်လင့်ကစား ကြီးမြတ်သောအရာဌာန(ပဋိသမ္ဘိဒါပတ္တ, ဆဠဘိညာ, တေဝိဇ္ဇရဟန္တာအဖြစ်)၌ တည်လေသည်"ဟု နှစ်သက်အားရ ကျေနပ်တော်မူကာ ဘုရားရှင်သည် အရှင်ဒဗ္ဗကို ခုနစ်နှစ်အရွယ်ငယ်စဉ်အခါ၌ပင်လျှင် ရဟန်းပြုစေလေသည်။

အထ နံ "အယံ ဒဗ္ဗော ဒဟရေယေဝ သမာနော မဟန္တဋ္ဌာနေ ဌိတော"တိ သတ္တဝဿိကကာလေယေဝ ဥပသမ္ပာဒေသိ။
(အံ၊ ဋ္ဌ၁၊ ၂၁၅။)

မှတ်ချက်။ (ဤကို ထောက်၍ အခြားတပါးသော အသက်ငယ်ငယ်နှင့် ရဟန္တာဖြစ်ကြသော ပဏ္ဍိတသာမဏေ, သံကိစ္စသာမဏေ, သောပါကသာမဏေ, အရှင်သာရိပုတ္တရာ၏ညီထွေး ခဒိရဝနိယရေဝတသာမဏေ(ရှားတောကျောင်းနေ ရေဝတသာမဏေ)ငယ် စသည်တို့ကိုလည်း အသက်နှစ်ဆယ်ပင် မပြည့်ကြသေးစေကာမူ အရဟတ္တဖိုလ် ဂုဏ်ကျေးဇူးကို ထောက်၍ ငယ်ငယ်နှင့်ပင် ရဟန်းပဉ္စင်းပြုပေးစေတော်မူသည်ဟု မှတ်ယူရာ၏။ ထိုအရှင်မြတ်တို့ကို အသက်ပင်ငယ်ကြသော်လည်း အရဟတ္တဖိုလ်ဂုဏ်ကကြီးကျယ်လှသောကြောင့်(ဝါ) မြဲမြဲနိုင်ခံသော သိက္ခာဂုဏ်နှင့် ပြည်စုံကြသောကြောင့် "ထေရ=မထေရ်"ဟူ၍ ကျမ်းဂန်တို့၌ ခေါ်ဆိုသုံးနှုန်းရေးသားဖွင့်ဆိုအပ်၏ ဟုလည်း အထူးမှတ်ယူရာ၏။ မဟာဗုဒ္ဓဝင်၊ဆဋ္ဌမတွဲ ပဌမပိုင်း၊ ၃၈၃)။

အရှင်ဒဗ္ဗသည် ရဟန်းဖြစ်ပြီးသောအချိန်မှစ၍ ရာဇဂြိုဟ်မြို့ကို အမှီပြု၍ နေတော်မူကြသည့် ရဟန်းတော်အားလုံးတို့အတွက် အိပ်ရာနေရာများကိုလည်း ခင်း၍ပေးခြင်း, သံဃာအတွက် ဒါယကာတို့လှူဒါန်းသော ဆွမ်းကိုလည်း တာဝန်ယူလက်ခံ၍ ထေရ်စဉ်ဝါလိုက် မမှားရအောင် ညွှန်ကြားခြင်းတို့ကို ပြုတော်မူလေ၏။ "မလ္လမင်းသားဖြစ်သော အရှင်ဒဗ္ဗသည် အကျင့်သဘောချင်းတူညီကြသည့်ရဟန်းတော်တို့၏အတွက် နေရာအရပ် တစ်ခုတည်း၌ အိပ်ရာနေရာကို ခင်းပေးသတဲ့၊ ဝေးသောအရပ်၌လည်း အာဂန္တုရဟန်းတို့ ညွှန်ကြားသည့်အတိုင်း အိပ်ရာနေရာကို ခင်းပေးသည်သာ ဖြစ်သတဲ့၊ မသွားနိုင်သော ရဟန်းတို့ကိုလည်း မိမိ၏တန်ခိုးဖြင့် ပင့်ဆောင်သတဲ့"ဟူသော အရှင်ဒဗ္ဗ၏သံဃနေရာခင်းရာ၌ စိတ်ရင်းကောင်းမှုသတင်းသည် အရပ်လေးမျက်နှာတို့၌ ထင်ရှားကျော်ကြားလျက် ရှိလေ၏။

အရှင်မြတ်၏အိပ်ရာနေရာခင်းခြင်းနှင့် ဆွမ်းညွှန်ကြားခြင်းတို့ကို အကျယ်သိလိုပါက ပါရာဇိကဏ်ပါဠိတော် ဒုဋ္ဌဒေါသသိက္ခာပုဒ်(ဝိ၊ ၁၊ ၂၄၃)၌ ကြည့်ရှုနိုင်သည်။

## တေဒဂ်ဘွဲ့ရ အရှင်ဒဗ္ဗ
## သံဃာ့နေရာ ခင်းတွက်တာ ရပငတေဒဂ်

ဘုရားရှင်သည် အရှင်ဒဗ္ဗ၏သံဃာအတွက် နေရာခင်းခြင်း၌ စိတ်ရင်းကောင်းမှု, လိမ္မာပါးနပ်တို့ကို အကြောင်းပြု၍ အရိယ သံဃာအလယ်တွင် အရှင်ဒဗ္ဗကို..

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သေနာသနပညာပကာနံ ယဒိဒံ ဒဗ္ဗော မလ္လပုတ္တော=ရဟန်းတို့...

သံဃာအတွက် အိပ်ရာနေရာခင်းကြသော ငါဘုရား၏တပည့်ရဟန်းတို့တွင် မလ္လမင်းသားဖြစ်သော ဒဗ္ဗရဟန်းသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "သံဃာအတွက် အိပ်ရာနေရာခင်းသောအရာ"ဝယ် တေဒဂ်ရာထူး၌ ထားတော်မူလေသည်။

အရှင်မြတ်၏အကြောင်းကို အကျယ်တဝင့် သိလိုပါမူ အင်္ဂုတ္တိုရ်အဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၂၁၃ ၂၁၅ တို့၌ ကြည့်ပါလေ။

## (၂၆) အရှင်ပိလိန္ဒဝစ္ဆမထေရ်အကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဒေဝတာနံ ပိယမနာပါနံ ယဒိဒံ ပိလိန္ဒဝစ္ဆော၊ (အံ၊ ၁၊ ၂၅။)

## အရှင်ပိလိန္ဒဝစ္ဆမထေရ်အလောင်း ရှေးဆုတောင်း

အရှင်ပိလိန္ဒဝစ္ဆအလောင်းတော်သည် ပဒုမုတ္တရာဘုရားရှင်လက်ထက်တော်အခါက ဟံသာဝတီမြို့တော်ဝယ် စည်းစိမ်ဥစ္စာ ကြွယ်ဝသောအမျိုး၌ဖြစ်၍ ဘုရားရှင်၏တရားတော်ကို နာယူစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို"နတ်တို့ချစ်မြတ်နိုးအပ်သောအရာ"၌ အမြတ်ဆုံးတေဒဂ်ရာထူး၌ ထားတော်မူသည်ကို မြင်ရ၍ ကောင်းမှုကုသိုလ်ပြုပြီးလျှင် ထိုတေဒဂ်ရာထူးကို ဆုတောင်းခဲ့လေသည်။

အရှင်ပိလိန္ဒဝစ္ဆအလောင်း အမျိုးကောင်းသားသည် ထိုဘဝမှ စုတေ၍ နတ်ပြည်, လူပြည်တို့၌ ကျင်လည်ကျက်စားပြီးလျှင် ကျွန်ုပ်တို့၏ဘုရားရှင်လက်ထက်တော်ဝယ် သာဝတ္ထိမြို့တော် ပုဏ္ဏားမျိုး၌ဖြစ်၍ "ပိလိန္ဒဝစ္ဆ"ဟု ခေါ်တွင်လေသည်။

အခါတပါး၌ ပိလိန္ဒဝစ္ဆသည် ဘုရားရှင်၏တရားတော်ကို ကြားနာရ၍ ကြည်ညိုသဒ္ဓါ ရှိအပ်ရကား ရှင်ရဟန်းပြုလျက် ဝိပဿနာတရား ပွားများအားထုတ်လေသော် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်။ ဤကား အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ဋ္ဌ၊၁၊ ၂၁၆)၌လာစကားတည်း။

## နောက်ဆုံးဘဝ ရဟန်းပြုရ

ထေရဂါထာအဋ္ဌကထာ(၁၊ ၆၃)နှင့် အပဒါန်အဋ္ဌကထာ(၂၊ ၁၃)တို့၌လာသောစကားမှာ...ထိုအမျိုးကောင်းသားသည် ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မမူမီပင် သာဝတ္ထိမြို့တော်ဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အမည်ရင်းအားဖြင့် "ပိလိန္ဒ", အနွယ်အားဖြင့် "ဝစ္ဆ"=နှစ်ရပ်ပေါင်း၍ "ပိလိန္ဒဝစ္ဆ"ဟု မည်တွင်ထင်ရှားလေသည်၊ ပိလိန္ဒဝစ္ဆလုလင်သည် သံသရာ၌ ငြီးငွေ့လှသောကြောင့် ပရိဗိုဇ်ရဟန်းပြုပြီးလျှင် စူဠဂန္ဓာရီမန္တန်ကို သင်ကြားတတ်မြောက်၍ ထိုအတတ်ပညာဖြင့် ကောင်းကင်၌ ပျံနိုင်သူ, သူတပါး၏စိတ်အကြံကိုသိသူ(ဝိဇ္ဇာဓိုရ်တဦး)ဖြစ်လျက် ရာဇဂြိုဟ်မြို့တော်၌ လာဘ်ပေါ်များသူ, အခြံအရံပေါ်များသူ ဖြစ်ကာ နေထိုင်လေသည်။

ထိုအခါ ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်ထွန်းတော်မူလာ၍ ခရီးဒေသစာရီ ကြွချီလေရာ ရာဇဂြိုဟ်မြို့တော်သို့ ရောက်တော်မူလေသည်၊ ထိုအချိန်မှစ၍ ပိလိန္ဒဝစ္ဆပရိဗိုဇ်၏စူဠဂန္ဓာရီအတတ်သည် မပြည့်စုံတော့ချေ၊ မန္တန်စုပ်သော်လည်း ရှေးကလို ကောင်းကင်သို့လည်း မပျံနိုင်, သူတပါး၏စိတ်အကြံကိုလည်း မသိနိုင်တော့ချေ၊ ပိလိန္ဒဝစ္ဆပရိဗိုဇ်သည်"မဟာဂန္ဓာရီဝိဇ္ဇာ ထင်ရှားရှိသောအရပ်၌ စူဠဂန္ဓာရီဝိဇ္ဇာသည် မပြည့်စုံနိုင် ဟု ဆရာ, ဆရာ့ဆရာတို့ မိန့်ကြားကြသည်ကို ငါကြားဘူးသည်၊ ရဟန်းမြတ်ဂေါတမ ဤရာဇဂြိုဟ်သို့ ကြွရောက်လာချိန်မှစ၍ ငါ၏စူဠဂန္ဓာရီဝိဇ္ဇာသည် မပြည့်စုံတော့ချေ၊ ရဟန်းမြတ်ဂေါတမသည် မဟာဂန္ဓာရီဝိဇ္ဇာကို တတ်သိသူဖြစ်ရမည်၊ ငါသည် သူ့ကိုဆည်းကပ်၍ သူ၏အထံ၌ ထိုမဟာဂန္ဓာရီဝိဇ္ဇာကို သင်ယူရမူ ကောင်းလေစွာ့"ဟု ကြံစည်ကာ ဘုရားရှင်ထံတော်သို့ သွားရောက်ဆည်းကပ်၍ "ရဟန်းမြတ်...ကျွန်ုပ်သည် အရှင်မြတ်၏အထံ၌ တစ်ခုသော ဝိဇ္ဇာအတတ်ကို သင်ကြားလိုပါသည်၊ ကျွန်ုပ်အား အခွင့်ပြုတော်မူပါ"ဟု တောင်းပန်လျှောက်ထားလေသည်။

ဘုရားရှင်က "ထိုသို့ ဝိဇ္ဇာအတတ်ကို သင်ကြားလိုလျှင် သင်သည် ရှင်ရဟန်းပြုလော့"ဟု မိန့်တော်မူလျှင် ပိလိန္ဒဝစ္ဆပရိဗိုဇ်သည်"ရှင်ရဟန်းပြုခြင်းသည် ဝိဇ္ဇာအတတ်၏ပရိကံ(ရှေ့ပိုင်းအလုပ်)"ဟု အောက်မေ့၍ ရှင်ရဟန်းပြုလေသည်၊ ဘုရားရှင်သည် အရှင်ပိလိန္ဒဝစ္ဆအား စရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်းကို ပေးတော်မူလေသည်၊ အရှင်မြတ်သည် အရဟတ္တဖိုလ်ရကြောင်း ရှေးကောင်းမှု

နှင့် ပြည့်စုံသူဖြစ်ရကား မကြာမြင့်မီပင် ဝိပဿနာတရား ပွားများ၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်။

## နှုတ်ထွက်ကြမ်းတာ သူ့ဝါသနာ=ဝါသနာဘာဂီ ဆက်တိုင်းမှီ

အရှင်ပိလိန္ဒဝစ္ဆသည် လူတို့နှင့်ဖြစ်စေ, ရဟန်းတို့နှင့်ဖြစ်စေ အတူတကွ စကားပြောလျှင် "လာလော့ သူယုတ်, သွားလော့ သူယုတ်, ဆောင်ခဲ့လော့ သူယုတ်, ယူသွားလော့ သူယုတ်"ဤသို့စသည်ဖြင့် စကားဝါကျ ခွန်းတိုင်းမှာပင် "သူယုတ်"ဟု ပြောဆိုခြင်းဖြင့် ပြောဆိုလေ့ရှိတော်မူသည်။

ရဟန်းတို့သည် ဘုရားရှင်ကို "ရှင်တော်မြတ်ဘုရား...အရိယာတို့မည်သည် ရန့်ရင်းကြမ်းတမ်းသော စကားကို မပြောကြားကုန်ဘူးလော?ဟု မေးလျှောက်ကြကုန်၏၊ ဘုရားရှင်က "ရဟန်းတို့...အရိယာပုဂ္ဂိုလ်တို့၏သန္တာန်မှာ သူတပါးတို့ကို ရှုတ်ချသောအားဖြင့် ရန့်ရင်းကြမ်းတမ်းသောစကားဟူ၍ မရှိချေ၊ စင်စစ်သော်ကား အတိတ်ဘဝအဆက်ဆက်က လေ့ကျက်ခဲ့သော ကိလေသာ၏အငွေ့သတ္တိ အထုံဝါသနာ၏အစွမ်းအားဖြင့်မူ ရန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုသည် ဖြစ်လေရာ၏"ဟု မိန့်တော်မူလေလျှင် ရဟန်းတို့က "ရှင်တော်မြတ်ဘုရား...အရှင်ပိလိန္ဒဝစ္ဆသည် လူတို့နှင့်ဖြစ်စေ, ရဟန်းတို့နှင့်ဖြစ်စေ အတူတကွ စကားပြောဆိုလျှင်"သူယုတ် သူယုတ်"ဟု ပြောဆိုပါသည်၊ ဤသို့ပြော ဆိုခြင်း၌ အကြောင်းကား အဘယ်ပါနည်းအရှင်ဘုရား?ဟု မေးလျှောက်ကြလေ၏။

ဘုရားရှင်က ရဟန်းတို့ကို "ငါ့သားပိလိန္ဒဝစ္ဆ၏ ဤကဲ့သို့ နှုတ်ထွက်ကြမ်းမှုသည် ယခုအခါ၌သာ ဖြစ်သောအလေ့အကျင့် မဟုတ်ချေ၊ အမှန်စင်စစ်ကား လွန်လေပြီးသောအခါ၌ ဤပိလိန္ဒဝစ္ဆသည် ဘဝပေါင်း(၅၀၀)ဆက်လျက် သူတဖက်သားကို သူယုတ်မာဟု ပြောဆိုလေ့ရှိသော ပုဏ္ဏားမျိုး၌ ဖြစ်ခဲ့ဘူးလေသည်၊ ဤဘဝအလေ့အကျက် အထုံဝါသနာကြောင့်သာ ငါ့သားပိလိန္ဒဝစ္ဆသည် ဤကဲ့သို့ နှုတ်ထွက်ကြမ်းသောစကားကို ပြောကြားလေသည်၊ ဖရုသဝါစာ အကုသိုလ်စေတနာဖြင့် ပြောကြားသည် မဟုတ်၊ မှန်၏... အရိယာတို့ပြောကြားသောစကားသည် နှုတ်ထွက်ပင် ကြမ်းသော်လည်း စေတနာက မကြမ်းသောကြောင့် စင်ကြယ်သည်သာ ဖြစ်သည်၊ ဤသို့ အရိယာပုဂ္ဂိုလ်တို့ နှုတ်ထွက်ကြမ်းမှု၌ အနည်းငယ်မျှသော မကောင်းမှုကို မရအပ် ဟု မိန့်တော်မူပြီးလျှင်....

အကက္ကသံ ဝိညာပနိံ၊ ဂိရံ သစ္စမုဒီရယေ။
ယာယ နာဘိသဇေ ကဉ္စိ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။
(ခု၊ ၁၊ ဓမ္မပဒ၊ ၇၂။)

ဘိက္ခဝေ-ရဟန်းတော်များ အိုချစ်သားတို့၊ ယာယ ဂိရာယ-အကြင်စကားဖြင့်၊ ကဉ္စိ အခြားသောလူ တစ်စုံတစ်ယောက်သောသူကိုမျှ၊ နာဘိသဇေ မျက်ကောဇဖိ ဆူးဖြင့်ထိသို့ မငြိမစွန်းစေရာ၊ (ဋီကာသဝေါ နာမ အာသဝေါကုန်ခန်း ရဟန္တာမည်သည်)။ အကက္ကသံ နှုတ်ထွက်မကြမ်းသော၊ ဝိညာပနိံ အနက်အဓိပ္ပါယ်ကို သိလွယ်စေတတ်သော၊ သစ္စံ မဖောက်မပြန် မှန်လည်းမှန်ကန်သော၊ တာဒိသံ ဂိရံ ထိုသို့ရှုအပ် ကောင်းမြတ်သောစကားကို၊ ဥဒီရယေ နှုတ်ဟမြွက်ကာ ပြောဆိုရာ၏၊ တံ ထိုသို့ နှုတ်ထွက်မကြမ်း ရဟန္တာပုဂ္ဂိုလ်ကို၊ အဟံ-လူသုံးပါးတို့ဆရာ ငါဘုရားသည်၊ ဗြာဟ္မဏံ ဗာဟိတ ပါပ အနွတ္ထကြောင့် ဗြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ်သူမြတ်ဟူ၍၊ ဗြူမိ လူနတ်တို့အား သိထင်ရှားအောင် ဟောကြားမိန့်ဆိုပေ၏။ ဤဂါထာကို ဟောကြားတော်မူသော ဒေသနာနိဂုံး ဆုံးသောအခါ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ဆိုက်ရောက်ကြကုန်၏။ (ဓမ္မပဒအဋ္ဌကထာ၌လာသောစကားဖြစ်၏၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ကား အထူးမဆိုပါ။)

## ပိတ်ချင်းသီးဟာ၊ ကြွက်ချေးသာ၊ ဖြစ်ရာကုန်တော့ပြီ

တနေ့သ၌ ပိလိန္ဒဝစ္ဆမထေရ်သည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွလေသော် ပိတ်ချင်းသီးများခွက်အပြည့်ထည့်ယူ၍ မြို့တွင်းဝင်လာသော ယောက်ျားတစ်ယောက်ကို မြင်တော်မူလေလျှင် "သူယုတ်...သင့်ခွက်ထဲ၌ ဘာတွေနည်း?ဟု မေးတော်မူ၏၊ ထိုယောက်ျားသည် "ဤရဟန်းကား ငါနှင့်အတူ စောစောစီးစီးပင် (သူယုတ်ဟူသော) ကြမ်းတမ်းသောစကားကို ပြောဆိုဘိ၏၊ ဤရဟန်းနှင့်လိုက်လျောသည့်ကြမ်းတမ်းသော စကားကိုသာလျှင် ပြန်လည်ပြောဆိုမှ သင့်တော့မည်"ဟု ကြံစည်စဉ်းစား စိတ်ထဲမှ ပြစ်မှားကာ "အရှင်ဘုရား...တပည့်တော်၏ခွက်ထဲမှာ ကြွက်ချေးတွေပါဘုရား"ဟု ပြန်လည် ပြောဆိုလေ၏။

မှတ်ချက်။ ဤ၌ သူယုတ်ဟူ၍ ခေါ်ဆိုလိုက်သော မထေရ်၏စကားမှာ နှုတ်ထွက်ကပင် ကြမ်းသော်လည်း စေတနာကားမကြမ်း=အလွန်နူးညံ့၏၊ အထုံဝါသနာကြောင့်သာ ထိုသို့ခေါ်ဆိုခြင်း ဖြစ်သည်။ ထိုယောက်ျား ပြောကြားလိုက်သည့်"ကြွက်ချေးတွေပါဘုရား"ဟူသောစကားမှာ ဒေါသထွက် ပြစ်မှား၍ ပြောကြားခြင်းဖြစ်သောကြောင့် ဖရုသဝါစာအကုသိုလ်က ဖြစ်လေသည်၊ ရဟန္တာမထေရ်အပေါ်၌ ပြစ်မှားပြောဆိုလိုက်ခြင်း ဖြစ်လေသည်၊ ထို့ကြောင့် သူ၏ဖရုသဝါစာအကုသိုလ်သည် လတ်တလောခြင်းပင် မကောင်း

ကျိုးပေးလေ၏။ (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ-ပဋ္ဌမပိုင်း၊ ၃၉၄။)

ထိုအခါ မထေရ်သည် "သူယုတ်...သင်ပြောသည့်အတိုင်း ကြွက်ချေးတွေပင် ဖြစ်ပေလိမ့်မည်"ဟု မိန့်တော်မူလေ၏၊ ထိုယောကျ်ားမှာ မထေရ်၏မြင်လောက်ရာအရပ်ကို လွန်လေလျှင်ပင် ခွက်ထဲ၌ပါသမျှသော ပိတ်ချင်းသီးတွေ အားလုံးသည် ကြွက်ချေးတွေချည်းဖြစ်ကုန်တော့သည်၊ သူ့အဖို့ရာ ပိတ်ချင်းသီးများကား ကြွက်ချေးအတူ ထင်ရလေကုန်သည်၊ တကယ်ပင် ကြွက်ချေးသဘောဟုတ်သလော? မဟုတ်သလော?"ဟု ကြံစည်ကာ စုံစမ်းလိုသည်ဖြစ်၍ လက်ဖြင့် နိပ်၍ ကြည့်လေ၏၊ ထိုအခါ ပိတ်ချင်းသီးများ တကယ်ပင် ကြွက်ချေးတွေဖြစ်နေသည်ကို သိရ၍ ထိုယောကျ်ားမှာ အားကြီးသော စိတ်နှလုံးမချမ်းမသာမှု ဖြစ်ပွားလာလေ၏။

ထိုယောကျ်ားသည် "ဤခွက်ထဲမှ ပိတ်ချင်းသီးများသာ ကြွက်ချေးတွေ ဖြစ်ကုန်သလော? သို့မဟုတ် လှည်းပေါ်၌ ပါရှိသော ပိတ်ချင်းသီးများပါ ကြွက်ချေးတွေ ဖြစ်ကုန်ရောသလား? ဟု စိုးရိမ်ကြီးစွာ မိမိလှည်းရှိရာသို့ သွားရောက်ကြည့်လေလျှင် လှည်းပေါ်၌ပါရှိသော ပိတ်ချင်းသီးများအားလုံးလည်း ကြွက်ချေးတွေချည်း ဖြစ်၍နေကြသည်ကို တွေ့မြင်ရ၍ အလွန့်အလွန် နှလုံးပူပန်ကာ ရင်ဘတ်ကို လက်ဖြင့် မ၍"ဤအမှုကား အခြားသူ၏အမှု မဟုတ်ချေ၊ ဤအမှုသည် ငါစောစောက တွေ့မြင်ရသော ရဟန်း၏အမှုသာ ဖြစ်၏၊ အမှန်တကယ် ပြေလည်ရာပြေလည်ကြောင်း ဥပါယ်ကောင်း တစ်ခုတော့ ရှိပေလိမ့်မည်၊ (သီဟိုဠ်မူ၌ကား ဓော် မာယံ ဇာနိဿတိ=မျက်လှည့်အတတ်တစ်မျိုးကို တတ်သိသူဖြစ်ပေလိမ့်မည်၊) ထိုရဟန်းသွားရာအရပ်သို့ နောက်မှလိုက်၍ စုံစမ်းပြီးလျှင် ဤအကြောင်းကို ငါသိအောင်ပြုအံ့"ဟု ဆင်ခြင်စဉ်းစားလျက် မထေရ် ကြွသွားရာလမ်းကို မေးမြန်းကာ လိုက်လေ၏။

ထိုအခါ အခြားယောကျ်ားတစ်ယောက်သည် ထိုပိတ်ချင်းသီးရှင်ယောကျ်ား အလွန်ပင် စိတ်နှလုံးကြမ်းတမ်းလျက် သွားနေသည်ကို မြင်ရ၍ "အိုယောကျ်ား...သင်သည် အလွန်ပင် စိတ်နှလုံးကြမ်းတမ်းလျက် သွားဘိ၏၊ အဘယ်ကိစ္စကြောင့် ဤသို့ သွားဘိသနည်း? ဟု မေးမြန်းလေလျှင် ပိတ်ချင်းသီးရှင်ယောကျ်ားသည် ထိုဖြစ်ရပ်ကြောင်းရာ အားလုံးကို ပြန်ကြားပြောဆိုလေ၏၊ ထိုယောကျ်ားသည် ပိတ်ချင်းသီးရှင်ယောကျ်ား၏စကားကို ကြားရလေသော် "အိုအမောင်..ထွေရာလေးပါး အတွေးများ မနေပါလင့်၊ ကျွန်ုပ်၏ဆရာ အရှင်ပိလိန္ဒဝစ္ဆပင် ဖြစ်ပါလိမ့်မည်၊ သင်သည် ဤခွက်ကိုပင် ရှိရင်းစွဲ ကြွက်ချေးများ အပြည့်ထည့်၍ ယူဆောင်သွားရောက်ကာ မထေရ်၏ရှေ့တော်မှောက်၌ ရပ်တည်ပါ၊ ထိုအခါ မထေရ်က "သူယုတ်...သင့်ခွက်ထဲမှာပါသည့် ထိုအရာတွေကား ဘာတွေနည်း?ဟု မေးတော်မူလိမ့်မည်၊ ထိုသို့ မေးသောအခါ သင်က"ပိတ်ချင်းသီးတွေပါဘုရား"ဟု လျှောက်ထားပါလေ၊ မထေရ်က "သူယုတ်...သင်ပြောသည့်အတိုင်း ပိတ်ချင်းသီးတွေပင် ဖြစ်ပေလိမ့်မည်"ဟု မိန့်တော်မူလိမ့်မည်၊ ထိုအခါ ခွက်မှာပါသည့် ကြွက်ချေးများရော လှည်းမှာရှိသည့် ကြွက်ချေးများပါ အားလုံးပင် တဖန်ပိတ်ချင်းသီးချည်း ဖြစ်ကြပါလိမ့်မည်"ဟု အကြံပေးစကား ပြောကြားလေ၏၊ ပိတ်ချင်းသီးရှင်ယောကျ်ားသည် ထိုယောကျ်ား အကြံပေးသည့်အတိုင်း လိုက်နာပြုကျင့်လေသော် ကြွက်ချေးများအားလုံးသည် မူလပကတိအတိုင်း ပိတ်ချင်းသီးချည်း တဖန် ပြန်၍ ဖြစ်ကြကုန်၏။

## အရှင်ပိလိန္ဒဝစ္ဆ တောဒဂ်ဘွဲ့ရ

အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် ဘုရားရှင် ပွင့်တော်မမူမီ တခုသောဘဝဝယ် စကြဝတေးမင်းဖြစ်၍ လူများအပေါင်းကို ငါးပါးသီလ၌တည်စေကာ နတ်ရွာသုဂတိရောက်အောင် ပို့ဆောင်ခဲ့လေသည်၊ များသောအားဖြင့် ကာမာဝစရနတ်ပြည်ခြောက်ထပ်၌ ဖြစ်ကြသော နတ်များသည် ထိုအရှင်မြတ်အလောင်း စကြဝတေးမင်း၏အဆုံးအမကို ရယူကျင့်သုံးကြ၍ မိမိတို့ဖြစ်လေရာရာ နတ်ပြည်ဘုံဌာန၌ နတ်စည်းစိမ်ကို ကြည့်ရှုကြပြီးလျှင် "ငါတို့သည် အဘယ်သူကို အမှီပြု၍ ဤနတ်စည်းစိမ်ကို ရရှိကြသနည်း?ဟု ဆင်ခြင်ကြလေလျှင် ဤပိလိန္ဒဝစ္ဆမထေရ်ကို မြင်ကြ၍ "မထေရ်ကို မှီ၍ ဤနတ်စည်းစိမ်ကို ရအပ်လေပြီ"ဟု ကျေးဇူးတင်ဝမ်းမြောက်ကြလျက် ညဥ့်နံနက်တိုင်း မထေရ်ကို လာရောက်၍ ရှိခိုးကြလေသည်၊ ထို့ကြောင့် ဘုရားရှင်က အရိယာသံဃာအလယ်၌ "ရဟန်းတို့..နတ်တို့ချစ်မြတ်နိုးအပ်သော ငါဘုရား၏တပည့်ရဟန်းတို့တွင် ပိလိန္ဒဝစ္ဆရဟန်းသည် အမြတ်ဆုံးဖြစ်ပေ၏"ဟု အရှင်ပိလိန္ဒဝစ္ဆကို ချီးကျူးမြွက်ဆိုတော်မူကာ "နတ်တို့ချစ်မြတ်နိုးအပ်သောအရာ"ဝယ်အမြတ်ဆုံး တောဒဂ်ရာထူး၌ ထားတော်မူလေသည်။

ဤအရှင်မြတ်၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊ ၂၁၅ ၂၁၇)၊ ထေရဂါထာအဋ္ဌကထာ(ထေရဂါထာ၊ ဋ္ဌ၊၁၊၆၃ ၆၅)၊ အပဒါန်အဋ္ဌကထာ(အပဒါန်၊ ဋ္ဌ၊ ၂၊ ၁၂ ၁၄)၊ ဥဒါန်းအဋ္ဌကထာ(ဥဒါန်း၊ ဋ္ဌ၊ ၁၇၃ ၁၇၆) မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ပပိုင်း(၃၈၉ ၃၉၇)တို့၌ ကြည့်ပါ။

## (၂၇) အရှင်ဗာဟိယဒါရုစီရိယအကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ခိပ္ပာဘိညာနံ ယဒိဒံ ဗာဟိယော ဒါရုစီရိယော။ (၂၇) အံ၊ ၁၊ ၂၅။

## အရှင်ဗာဟိယဒါရုစီရိယအလောင်း ရှေးဆုတောင်း

အရှင်ဗာဟိယဒါရုစီရိယအလောင်းသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်မှာ ဟံသာဝတီမင်းနေပြည်ဝယ် အမျိုးကောင်း အိမ်၌ ဖြစ်ခဲ့၍ ဘုရားရှင်၏တရားတော်ကို နာယူစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို "မဂ်ဖိုလ်အသိဉာဏ်ကို လျင်မြန်စွာ ရရှိကြသည့် ရဟန်းတို့တွင် အမြတ်ဆုံး တေဒဂ်ရာထူး"၌ ထားတော်မူသည်ကို မြင်ရ၍ ကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုတေဒဂ်ရာထူးကို ဆုတောင်းလေသည်။

## တောင်ထိပ်တက်ကာ၊ တရားရှာ၊ သူပါ ပါဝင်သည်

ထိုအမျိုးကောင်းသားသည် ထိုဘဝမှစုတေ၍ နတ်ပြည်, လူပြည်တို့၌ ကျင်လည်ကျက်စားလျက် ကဿပဘုရားရှင် သာသနာ ဆုတ်ယုတ်သောအခါဝယ် အရှင်ဒဗ္ဗအလောင်းစသော အဖော်ရဟန်းတို့နှင့် အတူတကွ တောင်ထိပ်သို့ တက်ရောက်ကာ ရဟန်းတရား အားထုတ်၍ သီလနှင့်ပြည့်စုံသူဖြစ်ရကား အသက်အဆုံး၌ နတ်ပြည်ဝယ် ဖြစ်လေ၏။

## နောက်ဆုံးဘဝ ဖြစ်ပုံက

ထိုအမျိုးကောင်းသား နတ်သားသည် ဘုရားနှစ်ဆူတို့၏အကြား ကာလပတ်လုံး နတ်ပြည်၌သာ စံနေ၍ ကျွန်ုပ်တို့၏ဘုရားရှင်ပွင့်တော်မူရာကာလဝယ် ဗာဟိယတိုင်း၌ အမျိုးကောင်းသားဖြစ်လာလေသည်၊ ဗာဟိယတိုင်း၌ မွေးဖွားသူဖြစ်သောကြောင့် "ဗာဟိယ"ဟု မည်တွင်လေသည်၊ ဗာဟိယအမျိုးကောင်းသားသည် အရွယ်ရောက်လတ်သော် အိမ်ရာတည်ထောင်လျက် နေစဉ် တနေ့သောအခါ "ငါသည် ကုန်သွယ်မှုကို ပြုအံ့"ဟု ကြံစည်ကာ သုဝဏ္ဏဘူမိသို့ သွားမည့်လှေကို စီးနင်းလိုက်ပါ၍ သွားလေ၏၊ ထိုလှေသည် လိုရာအရပ်သို့ မရောက်ပဲ သမုဒ္ဒရာအတွင်းမှာပင် ပျက်စီးခဲ့လေ၏၊ လှေပေါ်ပါ လူများအပေါင်းသည် ငါးလိပ်တို့၏အစာ ဖြစ်ကြရလေ၏။

ဗာဟိယအမျိုးကောင်းသားသည်ကား (အသက်မသေပဲ) သစ်သားပိုင်းတစ်ခုကို ဆွဲကိုင်အမှီပြုရ၍ ခုနစ်ရက်မြောက်သောနေ့၌ သုပ္ပါရကဆိပ်ကမ်းဝယ် ကမ်းသို့တက်မိကာ လူတို့နေရာအရပ်သို့ ရောက်လေလျှင် "အဝတ်မဝတ်သောအသွင်ဖြင့် ငါသည် လူတို့သို့ ချဉ်းကပ်ရန် မသင့်လျော်ချေ"ဟု ဆင်ခြင်မိ၍ မနီးမဝေးသောအရပ်၌ရှိသော တစ်ဖက်ဆည်ကန်ကြီးမှ မှော်ဒိုက်အုံတစ်ခုကို ယူဆောင်လျက် ကိုယ်ကို ရစ်ပတ်ပြီးနောက် တစ်နေရာ၌ ကျရောက်နေသော ခွက်တစ်ခုကို ကောက်ယူ၍ ဆွမ်းခံဝင်လေတော့၏။

လူတို့သည် ဗာဟိယကို မြင်ကြလေလျှင်"အကယ်၍ လောက၌ ရဟန္တာများ ရှိကြမည်ဆိုလျှင် ဤသူမြတ်ကဲ့သိုသော သူတို့သာ ဖြစ်လေရာ၏၊ အဘယ်သို့နည်း? အရှင်သည် ဥက္ကဋ္ဌအကျင့်ကို ကျင့်သူဖြစ်သောကြောင့် အဝတ်ကို မခံယူသလော? သို့မဟုတ် လှူလျှင် ခံယူလေမည်လော?"ဟု စုံစမ်းလိုကြသဖြင့် အထူးထူးသောအရပ်တို့မှ အဝတ်များကို ယူဆောင်ပေးလှူကြကုန်၏၊ ဗာဟိယသည် "အကယ်၍ ငါသည် ဤအမှုအသွင်ဖြင့် မလာရောက်ခဲ့လျှင် ဤလူများသည် ငါ့အား မကြည်ညိုကြလေရာ၊ တစ်စုံတစ်ခုပြုလုပ်၍ ဤလူများကို လှည့်ဖြားလျက် အသက်မွေးဝမ်းကျောင်း ဥပါယ်တမည်ကောင်းတခုကို ပြုမှ သင့်တော်မည်"ဟု ကြံစည်ကာ အလိုနည်းသောဟန်ဖြင့် အဝတ်များကို မခံယူပဲ နေလေ၏၊ လူတို့သည် အတိုင်းထက်အလွန် ကြည်ညိုကြ၍ ကြီးစွာသော ပူဇော်သက္ကာရကို ပြုကြကုန်၏။

ဗာဟိယသည်လည်း ထမင်းစားပြီးနောက် မနီးမဝေးသောအရပ်၌ရှိသော နတ်ကွန်းသို့ သွားရောက်လေ၏၊ လူများသည် ဗာဟိယနှင့် အတူတကွပင် လိုက်ပါသွားကြလျက် နတ်ကွန်းကို သုတ်သင်ရှင်းလင်းပေးကြကုန်၏၊ ထိုနောက် ဗာဟိယသည် "ဤလူများသည် ငါ့အား မှော်ဒိုက်ကိုဝတ်ကာမျှဖြင့် ကြည်ညို၍ ဤသို့သော ပူဇော်သက္ကာရကို ပြုကြကုန်၏၊ ထိုလူများအပေါ်၌ ငါသည် ဥက္ကဋ္ဌအကျင့်(အမြတ်စားအကျင့်)ရှိသူကဲ့သို့ ဖြစ်မှ သင့်တော်တော့မည်"ဟု ကြံစည်လျက် ပေါ့ပါးသောသစ်ပျဉ်ချပ်များကို ယူဆောင်၍ ရွှေကာ(ပါးပါးလွှာကာ)လျှော်မျှင်များ၌ သီပြီးလျှင် သစ်သားအဝတ်ပြုလုပ် ဝတ်ရုံ၍ အသက်မွေးမှု ပြုကာ နေလေသည်။ ထိုအချိန်မှစ၍ သူ၏အမည်မှာ ဗာဟိယဒါရုစီရိယ ဟူ၍ အမည်တွင်လေတော့သည်။

## မိတ်ဆွေဗြဟ္မာ၊ လာရောက်ကာ၊ ပြောရှာ သတိပေး

ကဿပဘုရားရှင် သာသနာတော် ဆုတ်နစ်သောအခါက အတူတကွ တောင်ထိပ်သို့တက်၍ ရဟန်းတရား အားထုတ်ခဲ့ကြ

သော ရဟန်းခုနစ်ပါးတို့တွင် အနာဂါမိဖိုလ်သို့ရောက်၍ သုဒ္ဓါဝါသဘုံ၌ဖြစ်နေသော ဗြဟ္မာသည် သုပ္ပါရကဆိပ်ကမ်းကို မှီ၍ အံ့ဩဖွယ်ရာ အသက်မွေးမှုပြုနေသော ဗာဟိယဒါရုစီရိယကို မြင်၍ "ဤသူမိုက်ကား ပျက်စီးလေစွာ့တကား၊ ရှေးကဿပဘုရားရှင် သာသနာတော်ဝယ် ရဟန်းတရား ပွါးများကျင့်ကြံစဉ် အလွန်အလွန် ဥက္ကဋ္ဌအကျင့်ရှိသူဖြစ်ခြင်းကြောင့် ရဟန္တာအရှင်မြတ် ဆောင်ယူအပ်ခဲ့သော ဆွမ်းကိုသော်မှ မစားခဲ့ပဲ ယခုအခါ ဝမ်းရေးဟူသော အကြောင်းကြောင့် မိမိကိုယ်တိုင်က ရဟန္တာမဟုတ်ပဲလျက် ရဟန္တာ၏ အဖြစ်ကို ဝန်ခံကာ လူတွေကို လှည့်ဖြား၍ ကျက်စားသွားလာနေဘိသည်တကား၊ ဘုရားရှင် လောက၌ ပွင့်တော်မူကြောင်းကိုလည်း သူသည် မသိသေးချေ၊ ငါသည် သွားရောက်၍ သူ့ကို ထိတ်လန့်သံဝေဂရစေလျက် ဘုရားရှင်ပွင့်တော်မူနေပြီဖြစ်ကြောင်းကို အသိပေးအံ့"ဟု ဆင်ခြင်၍ ဗြဟ္မာ့ပြည်မှ ဆင်းသက်ကာ ညဉ့်အခါ၌သုပ္ပါရကဆိပ်ကမ်း ဗာဟိယဒါရုစီရိယ၏မျက်မှောက်၌ ထင်ရှားပေါ်ပေါက်လာလေသည်။

ဗာဟိယဒါရုစီရိယသည် မိမိ၏နေရာအရပ်၌ အရောင်အလင်းကို မြင်ရ၍ အပြင်သို့ထွက်ကာ ရပ်လျက် ဗြဟ္မာကြီးကို ကြည့်ပြီးလျှင် လက်အုပ်ချီကာ "အရှင်တို့သည် အဘယ်သို့ပါနည်း?"ဟု မေးလေ၏၊ ဗြဟ္မာကြီးက "ငါသည် သင်၏သူငယ်ချင်းဟောင်းတည်း၊ ကဿပဘုရားရှင် သာသနာတော် ဆုတ်နစ်သောကာလ သင်နှင့်အတူတကွ တောင်ထိပ်သို့တက်၍ ရဟန်းတရား ပွားများအားထုတ်သဖြင့် အနာဂါမိဖိုလ်သို့ ရောက်၍ ဗြဟ္မာ့ပြည်၌ ဖြစ်ရပါပြီ၊ ငါတို့ခုနစ်ပါးအနက် အကြီးဆုံးမထေရ်သည် အရဟတ္တဖိုလ်သို့ ရောက်တော်မူ၍ ပရိနိဗ္ဗာန်စံလွန်တော်မူခဲ့လေပြီ၊ သင်တို့ငါးပါးသည်ကား ကာမာဝစရနတ်ပြည်၌ ဖြစ်ခဲ့ကြလေသည်၊ ငါသည် သင့်ကို ဤအရပ်၌ အံ့ဩဖွယ်ပြုခြင်းဖြင့် အသက်မွေးမှုပြုနေသည်ကို မြင်ရ၍ ဆုံးမရန် လာခဲ့ပေသည်"ဟု အကြောင်းအကျိုး ပြောဆိုပြီးလျှင်.. "ဗာဟိယ...သင်သည် ရဟန္တာလည်း မဟုတ်၊ အရဟတ္တဖိုလ်သို့ ရောက်သူလည်း မဟုတ်၊ သင်မှာ အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ ရောက်ဖို့ရန် အကျင့်မှန်လည်း မရှိသေး"စသည်ဖြင့် ပွင့်လင်းစွာ ပြောဆို ၁၏။ ထို့နောက် ဗြဟ္မာကြီးသည် ဘုရားရှင် ပွင့်တော်မူ နေပြီဖြစ်ကြောင်းနှင့် သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူကြောင်း ပြောကြား၍ "သင်သည် ဘုရားရှင်၏အထံတော်သို့ သွားရောက်ပါလော့"ဟု ဗာဟိယဒါရုစီရိယကို တိုက်တွန်းစကား ပြောကြားပြီးလျှင် ဗြဟ္မာ့ပြည်သို့ ပြန်သွားလေ၏။

## ခိပ္ပါဘိညာ၊ သိမြန်စွာ၊ ဖြစ်ရ ရဟန္တာ

ဗာဟိယဒါရုစီယသည် ဗြဟ္မာကြီး၏စကားကို ကြားသိရလေလျှင် ထိတ်လန့်သံဝေဂရှိလေ၍ "ငါသည် ထွက်မြောက်ရာမှန် နိဗ္ဗာန်လမ်းကို ရာမိုးတော့အံ့"ဟု ကြံစည်ပြီးလျှင် ယူဇနာ(၁၂၀)ဝေးကွာသောခရီးကို တညဉ့်တာဖြင့် အပြင်း သွားရောက်၍ သာဝတ္ထိမြို့တော်သို့ ဆိုက်ရောက်လေ၏၊ ဗာဟိယဒါရုစီရိယသည် ဆွမ်းခံကြွဝင်နေတော်မူသော ဘုရားရှင်၏ခြေတော်ရင်း၌ ဝပ်စင်းလျက်"ရှင်တော်မြတ်ဘုရား..ဘုန်းတော်ကြီးတော်မူသော ရှင်တော်မြတ်ဘုရားသည် ကျွန်ုပ်အား တရားဟောတော်မူပါဘုရား၊ ကောင်းသောစကားကို မိန့်ဆိုတော်မူတတ်သော ရှင်တော်မြတ်ဘုရားသည် ကျွန်ုပ်အား တရားဟောတော်မူပါဘုရား"ဟု နှစ်ကြိမ်တိုင်တိုင် တောင်းပန်လျှောက်ထားစဉ်တွင် ဘုရားရှင်က "ဗာဟိယ...တရားဟောရန် အခါမဟုတ်သေး၊ ငါဘုရားတို့သည် ဆွမ်းခံဝင်နေကြကုန်၏"ဟု မိန့်ဆိုပယ်မြစ်တော်မူ၏။ (ဣန္ဒြေမရင့်ကျက်သေးသောကြောင့် ပယ်မြစ်စကား မိန့်ကြားတော်မူသည် -ဟု မှတ်။)

မှတ်ချက်။ ။ [အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ "ဗာဟိယဒါရုစီရိယသည် သုပ္ပါရကသင်္ဘောဆိပ်မှ ယူဇနာ(၁၂၀)ဝေးကွာသော သာဝတ္ထိမြို့တော်သို့ တညဉ့်တာဖြင့် သွားရောက်သည်"ဟုသာ ဆိုသည်၊ ဘယ်ပုံဘယ်နည်းဖြင့် သွားရောက်သည်"ဟု မပါ။

ဒါရုစီရိယော မဟာဗြဟ္မုနာ သံဝေဇိတော "မောက္ခမဂ္ဂံ ဂဝေသိဿာမိ"တိ ဝီသယောဇနသတံ မဂ္ဂံ ဧကရတ္တိဝါသေန(တညဉ့်သာနေခြင်းဖြင့်) **ဂန္တွာ** သတ္ထာရံ ပိဏ္ဍာယ ပဝိဋ္ဌံ အန္တရဃရေ သမ္မာပုဏိတွာ သတ္ထု ပါဒေသု နိပတိတွာ "ဒေသေတု မေ ဘန္တေ ဘဂဝါ ဓမ္မံ၊ ဒေသေတု သုဂတော ဓမ္မ"န္တိ ယာဝတတိယံ ယာစိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၁၉။)

ဓမ္မပဒအဋ္ဌကထာနှင့် ဥဒါန်းအဋ္ဌကထာတို့၌ကား "ဗာဟိယဒါရုစီရိယသည် (သုပ္ပါရကသင်္ဘောဆိပ်မှ ယူဇနာ ၁၂၀ ဝေးကွာသော သာဝတ္ထိမြို့တော်ခရီးကို) သုပ္ပါရကသင်္ဘောဆိပ်မှ ထွက်ခွါ၍ တညဉ့်မျှကြာခြင်းဖြင့် သာဝတ္ထိသို့ သွားရောက်ခြင်းသည် ဗြဟ္မာကြီး၏အာနုဘော်အားဖြင့် သွားရောက်သည်၊ ဘုရားရှင်၏အာနုဘော်အားဖြင့် သွားရောက်သည် ဟူ၍လည်း ဆိုကြ၏။

ဗာဟိယော ရတ္တိဘာဂေ ဒေဝတာယ ကထံ သုတွာ သံဝိဂ္ဂမာနသော တံ ခဏံယေဝ သုပ္ပါရကာ နိက္ခမိတွာ ဧကရတ္တိဝါသေန သာဝတ္ထိံ အဂမာသိ၊ သဗ္ဗံ ဝီသယောဇနသတိကံ မဂ္ဂံ ဧကရတ္တိဝါသေနေဝ အဂမာသိ။ ဂစ္ဆန္တော စ ပန ဒေဝတာနုဘာဝေန ဂတော။ "ဗုဒ္ဓါနုဘာဝေနာ"တိပိ ဝဒန္တိယေဝ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၁၀။)

သဗ္ဗတ္ထ ဧကရတ္တိပရိဝါသေနာတိ သဗ္ဗသ္မိံ မဂ္ဂေ ဧကရတ္တိဝါသေနေဝ အဂမါသိ။ သုပ္ပါရကပဋ္ဋနတော ဟိ သာဝတ္ထိ ဝီသယောဇနသတေ ဟောတိ၊ တဉ္စာယံ ဧတ္တကံ အဒ္ဓါနံ ဧကရတ္တိဝါသေန အဂမာသိ။ ယဒါ သုပ္ပါရကတော နိက္ခန္တော၊ ကဒဟောဝ သာ

ဝတ္ထုံ သမုဋ္ဌာတိ။ ကထံ ပနာယံ ဧဝံ အဂမာသီတိ? ဒေဝတာနုဘာဝေန၊ "ဗုဒ္ဓါနုဘာဝေနာ"တိပိ ဝဒန္တိ။ "သဗ္ဗတ္ထ ဧကရတ္တိပရိဝါသေနာ"တိ ပန......သဗ္ဗသ္မိံ ဝီသယောဇနသတိကေ မဂ္ဂေ ဒကရတ္တိဝါသေနာတိ ဣမဿ အတ္ထဿ အဓိပ္ပေတတ္တာ။ ဧကရတ္တိမတ္တံ သော သကလသ္မိံ တသ္မိံ မဂ္ဂေ ဝသိတွာ ပစ္ဆိမဒိဝသေ ပုဗ္ဗဏှသမယေ သာဝတ္ထိံ အနုပ္ပတ္တောတိ။ (ဥဒါန၊ ဋ္ဌ၊ ၇၇။)]

ဗာဟိယဒါရုစီရိယ၏သုံးကြိမ်မြောက် တောင်းပန်လျှောက်ထားသောအခါဝယ် ဘုရားရှင်သည် "ဗာဟိယ၏ဉာဏ်သည် ရင့်ကျက်လာပြီဖြစ်၏၊ ယခုအခါ ဗာဟိယအား တရားဟောရန် အချိန်တန်ပြီ"ဟု ဆင်ခြင်တော်မူပြီးလျှင်"ဗာဟိယ..မြင်အပ်သော အဆင်းမျိုးစုံ ရူပါရုံ၌မြင်ကာမျှဖြစ်အောင်, ကြားအပ်သော အသံမျိုးစုံ သဒ္ဒါရုံ၌ ကြားကာမျှဖြစ်အောင်, တွေ့ရောက်အပ်သော အနံ့မျိုးစုံ ဂန္ဓာရုံ, အရသာမျိုးစုံ ရသာရုံ, အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ၌ တွေ့ရောက်ကာမျှဖြစ်အောင်, သိအပ်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံ၌ သိကာမျှ ဖြစ်အောင်ဟု ဤသို့လျှင် သင်သည်ကျင့်ရမည်(ခု၊ ၁၊ ၈၅)"ဟု အဆုံးအမ ဩဝါဒတရား ဟောကြားတော်မူလေသည်၊ ဗာဟိယသည် ဒေသနာတော်အဆုံး၌ ခရီးလမ်းကြား၌ပင် ရပ်လျက် ဒေသနာတော်ကိုအစဉ်ရောက်သဖြင့် ဝိပဿနာဉာဏ်သွင်းကာ ပွားများအားထုတ်သဖြင့် လျင်မြန်သော မဂ်ဖိုလ်ပညာအသိဉာဏ်ရှိသူ(ခိပ္ပါဘိညပုဂ္ဂိုလ်)ဖြစ်သောကြောင့် ထိုခဏမှာပင် အာသဝေါတရားတို့ကို ကုန်ခန်းစေ၍ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်လေ၏။

## နွားငှေ့ခံရ၊ ဗာဟိယ၊ စံကြွ နိဗ္ဗုတာ

ဗာဟိယသည် မိမိ၏ရဟန်းကိစ္စပြီးဆုံးကြောင်းကို သိ၍ ဘုရားရှင်အား ရှင်ရဟန်းပြုပေးတော်မူရန် လျှောက်ထားသောအခါ "ဗာဟိယမှာ ဧဟိဘိက္ခုခေါ်ယူလောက်သည့် ဥပနိဿယကောင်းမှုအထူးမပါရှိသောကြောင့်" သပိတ်သင်္ကန်းရှာစေတော်မူ၏၊ ဗာဟိယသည် ဘုရားရှင်နှင့် ခွဲခွါ၍ သာဝတ္ထိမြို့တွင်း သပိတ်သင်္ကန်းကို လှည့်လည်ရှာကြံလေ၏၊ တံမြက်ချေးစွန့်ရာအရပ်(အမှိုက်ပုံ)မှ အဝတ်စအဝတ်ပိုင်းကို ကောက်ယူနေသော ဗာဟိယကို ရန်သူဟောင်းဖြစ်သော ဘီလူးသည် သားသယ်အမိဖြစ်သော နွားမငယ်၌ ပူးဝင်လျက် ငှေ့၍ အသက်ကုန်ခြင်းသို့ရောက်ရလေ၏။ (အံ၊ ဋ္ဌ၊ ၁၊ ၂၂၀။)

မှတ်ချက်။ [ဗာဟိယသည် ကဿပဘုရားရှင်၏သာသနာတော်နောက်ပိုင်းဝယ် အနှစ်နှစ်သောင်းကာလပတ်လုံး ရဟန်းတရားကို အားထုတ်ခဲ့သော်လည်း "ရဟန်းမည်သည် မိမိကိုယ်တိုင် ပစ္စည်းလေးပါးတို့ကို ရရှိလျှင် ဒါနအားလျော်စွာ ပြုသဖြင့် မိမိချည်းသာ သုံးဆောင်သင့်သည်"ဟု ယူဆကာ ရဟန်းတစ်ပါးအားမျှလည်း သပိတ်, သင်္ကန်းပေးကမ်းချီးမြှောက်မှု မရှိခဲ့ချေ၊ ထိုကြောင့် ဗာဟိယမှာ ဧဟိဘိက္ခုခေါ်ယူလောက်သည့်ဥပနိဿယကောင်းမှုအထူး မပါရှိချေ၊ ထို့ကြောင့် ဘုရားရှင်က "ဧဟိဘိက္ခု"ခေါ်တော်မမူ။ ကေစိဆရာတို့ကမူ "ဗာဟိယသည် ဗုဒ္ဓသုညလောကတစ်ခုဝယ် ခိုးသူဖြစ်၍ မြှားကျည်တောက်ကို ဖွဲ့ဆောင်လျက် တောအရပ်၌ ခိုးမှု, တိုက်မှု ပြုနေစဉ် ပစ္စေကဗုဒ္ဓါတစ်ဆူကိုတွေ့ရ၍ သပိတ်သင်္ကန်း၌တပ်မက်သော လောဘဖြင့် ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မြှားဖြင့်ပစ်သတ်၍ သပိတ်သင်္ကန်းကို ယူခဲ့ဘူးလေသည်၊ ထို့ကြောင့် ထိုဗာဟိယမှာ "တန်ခိုးဖြင့် ပြီးသော သပိတ်သင်္ကန်းဖြစ်ပေါ်လာလိမ့်မည်မဟုတ်ဟု ဤအကြောင်းကို သိတော်မူသောကြောင့် ဘုရားရှင်သည်"ဧဟိဘိက္ခု"ခေါ်တော်မမူ"ဟူ၍ မိန့်ဆိုကြကုန်၏။

ဆောင်ပုဒ်။ ။ ဧဟိဘိက္ခု၊ ခေါ်သည်မှု၊ မပြု ဘယ့်ကြောင့်နည်း။
သင်္ကန်းအလှူ၊ မရှိမှု၊ မှတ်ယူ အကြောင်းတည်း။
သင်္ကန်းလုယက်၊ ကြောင်းတစ်ချက်၊ မိန့်မြွက် ကေစိနည်း။

"သော ကိရ ဝီသတိ ဝဿသဟဿာနိ သမဏဓမ္မံ ကရောန္တော 'ဘိက္ခုနာ နာမ အတ္တနာ ပစ္စယေ လဘိတွာ အညံ အနောလောကေတွာ သယမေဝ ပရိဘုဉ္ဇိတုံ ဝဋ္ဋတီ'တိ ဧကဘိက္ခုဿာပိ ပတ္တေန ဝါ စီဝရေန ဝါ သင်္ဂဟံ န အကာသိ၊ တေနဿ ဣဒ္ဓိမယပတ္တစီဝရံ န ဥပ္ပဇ္ဇိဿတီ"တိ ဉတွာ ဧဟိဘိက္ခုဘာဝေန ပဗ္ဗဇ္ဇံ န အဒါသိ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၁၁ ၄၁၂။)

သော ကိရ ကဿပဒသဗလဿ သာသနေ ဝီသ ဝဿသဟဿာနိ သမဏဓမ္မံ ကရောန္တော "ဘိက္ခုနာ နာမ အတ္တနာ ပစ္စယေ လဘိတွာ ယထာဒါနံ ကရောန္တေန အတ္တနာဝ ပရိဘုဉ္ဇိတုံ ဝဋ္ဋတီ"တိ ဧကဿ ဘိက္ခုဿပိ ပတ္တေန ဝါ စီဝရေန ဝါ သင်္ဂဟံ နာကာသိ၊ တေနဿ ဧဟိဘိက္ခုဥပသမ္ပဒါယ ဥပနိဿယော နာဟောသိ။ ကေစိ ပနာဟု "သော ကိရ ဗုဒ္ဓသုညေ လောကေ စောရော ဟုတွာ ဓနုကလာပံ သန္နယှိတွာ အရညေ စောရိကံ ကရောန္တော ဧကံ ပစ္စေကဗုဒ္ဓံ ဒိသွာ ပတ္တစီဝရလောဘေန တံ ဥသုနာ ဝိဇ္ဈိတွာ ပတ္တစီဝရံ ဂဏှိ၊ တေနဿ ဣဒ္ဓိမယပတ္တစီဝရံ န ဥပ္ပဇ္ဇိဿတီတိ၊ သတ္ထာ တံ ဉတွာ ဧဟိဘိက္ခုဘာဝေန ပဗ္ဗဇ္ဇံ န အဒါသီ"တိ။

(ဥဒါန၊ ဋ္ဌ၊ ၈၅။)

မဟာဗုဒ္ဓဝင်ဆရာတော်ကြီးက"ဤကေစိဆရာတို့ ဖော်ပြအပ်သည့် အကုသိုလ်ကံမှာ ဗာဟိယ၏ချည်အဝတ်ကောင်းကို မဝတ်ရပဲပျဉ်ချပ်ကိုသာ ဝတ်ရခြင်းအကျိုးနှင့် အထူးပင် အကြောင်း, အကျိုးဆက်စပ်လှ၏"ဟု မိန့်တော်မူသည်။(ဆဋ္ဌမတွဲ ပပိုင်း၊၄၁၂။)]

သော အတ္တနော ကိစ္စံ မတ္ထကပ္ပတ္တံ ဉတွာ ဘဂဝန္တံ ပဗ္ဗဇ္ဇံ ယာစိတွာ အပရိပုဏ္ဏပတ္တစီဝရတာယ ပတ္တစီဝရံ ပရိယေသန္တော သင်္ကာရဋ္ဌာနတော စောဠကခဏ္ဍာနိ သံကမုတိ။ အထ နံ ပုဗ္ဗဝေရိကော အမနုဿော ဂေါ်ဿာ တရုဏဝစ္ဆာယ ဂါဝိယာ သရီရေ အဓိမုစ္စိတွာ ဇီဝိတက္ခယံ ပါပေသိ။ (အံ ၊၄၊ ၁၊ ၂၂၀။)

ပုဗ္ဗဝေရိကော အမနုဿော ရန်သူဖြစ်ဘူးသော ဘီလူးသည်၊ ဤအင်္ဂုတ္တိုရ်အဋ္ဌကထာ၌လာသောစကားအရ ဘီလူးမ မဟုတ်ပဲ ဘီလူး(ထီး)ဖြစ်၏။

တမ္ပိ ပတ္တစီဝရပရိယေသနံ စရမာနံ ဧကာ ဓေနု ဝေဂေန အာပတန္တီ ပဟရိတွာ ဇီဝိတက္ခယံ ပါပေသိ။ တံ သန္ဓာယ ဝုတ္တံ "အထခေါ အဓိရပက္ကန္တဿ ဘဂဝတော ဗာဟိယံ ဒါရုစီရိယံ ဂါဝီ တရုဏဝစ္ဆာ အဓိပတိတွာ ဇီဝိတာ ဝေါရောပေသိ"တိ။

အထ ခေါ အဓိရပက္ကန္တဿ ဘဂဝတော ဗာဟိယံ ဒါရုစီရိယံ ဂါဝီ တရုဏဝစ္ဆာ အဓိပတိတွာ ဇီဝိတာ ဝေါရောပေသိ။

(ခု၊ ၁၊ ၈၆=ဥဒါန၊ ဗာဟိယသုတ္တ။)

အဓိရပက္ကန္တဿာတိ န စိရံ ပက္ကန္တဿ ဘဂဝတော။ ဂါဝီ တရုဏဝစ္ဆာတိ ဧကာ ယက္ခိနီ တရုဏဝစ္ဆဓေနုရူပါ။ အဓိပတိတွာတိ အဘိဘဝိတွာ မဒ္ဒိတွာ။ ဇီဝိတာ ဝေါရောပေတီတိ ပုရိမဿိ အတ္တဘာဝေ လဒ္ဓါဃာတတာယ ဒိဋ္ဌမတ္တေနေဝ ဝေရိစိတ္တံ ဥပ္ပါဒေတွာ သိင်္ဂေန ပဟရိတွာ ဇီဝိတာ ဝေါရောပေသိ။ (ဥဒါန၊ ၄၊ ၈၅။)

ဤဥဒါန်းပါဠိတော်နှင့် ယင်းအဋ္ဌကထာတို့၌ လာသောစကားအရ ဘီလူးမသည် သားသယ်အမေ နွားမငယ်ယောင်၍ ရှေ့ဘဝ၌ ခံစားခဲ့ရသောရန်ငြိုးကြောင့် ဗာဟိယကိုမြင်ကာမျှင်ဖြင့်ပင် ရန်လိုစိတ်ဖြစ်ကာ ဦးချိုဖြင့် ဝှေ့သတ်လေ၏။

တမ္ပိ ပတ္တစီဝရံ ပရိယေသမာနမေဝ ဧကာ ယက္ခိနီ ဓေနုရူပေန **အာဂန္တွာ** ဥရမှိ(ဝါမဥရမှိ=လက်ဝဲပေါင်၌ သျှာ၊ က) ပဟရိတွာ ဇီဝိတက္ခယံ ပါပေသိ။ (ဓမ္မပဒ၊ ၄၊ ၁၊ ၄၁၂။)

ဓမ္မပဒအဋ္ဌကထာ၌ကား သပိတ်သင်္ကန်းရှာနေသော ဗာဟိယကို ဘီလူးမတစ်ယောက်သည် နွားမယောင်ဆောင်လာပြီးလျှင် ဗာဟိယ၏ရင်ဘတ်(လက်ဝဲပေါင်=သီဟိုဠ်မူနှင့် အချို့မြန်မာမူ)၌ ဝှေ့ခတ်၍ (ဗာဟိယသည်) အသက်ကုန်ရလေ၏ ဟု လာ၏။

## ငါကသူ့သတ်၊ သူငါ့သတ်၊ လည်ပတ် ဝဋ်ကျွေးမည်

ရှေးအခါက သူခိုးသားလေးယောက်တို့သည် ပြည့်တန်ဆာမတစ်ယောက်ကို ဥယျာဉ်သို့ ခေါ်ဆောင်၍ တနေ့ပတ်လုံး မြူးထူး ပျော်ပါးပြီးလျှင် နေဝင်ချိန်၌ သူခိုးသားတစ်ယောက်က ကျန်သူငယ်ချင်းသုံးယောက်တို့ကို "သူငယ်ချင်းတို့...ဤပြည့်တန်ဆာမ၏ လက်ဝယ် ငွေတစ်ထောင်, ရွှေများစွာနှင့် အဖိုးတန်တန်ဆာများ ပါရှိလေသည်၊ ဤဥယျာဉ်၌ အခြားသူ တစ်ဦးတစ်ယောက်မျှ မရှိ၊ ညဥ့်အခါလည်း ဖြစ်သည်၊ ကိုင်း...ငါတို့သည် ဤပြည့်တန်ဆာမကိုသတ်၍ ဥစ္စာအားလုံးကို ယူဆောင်သွားကြကုန်စို့"ဟု အကြံပေး လေသည်၊ သူငယ်ချင်းလေးယောက်လုံးပင် စိတ်သဘောတူ ပြည့်တန်ဆာမကို သတ်ရန် အားထုတ်ကြလေသည်၊ ပြည့်တန်ဆာမသည် ထိုလေးယောက်တို့က ရိုက်ပုတ်သတ်ဖြတ်ကြစဉ် "ဤသူတို့ကား အရှက်မဲ့ကြ, သနားကျင်နာမှုမဲ့ကြကုန်၏၊ ငါနှင့် ကိလေသာအလို လိုက် ပျော်ပိုက်ကြပြီး အပြစ်မဲ့သောငါ့ကို သက်သက်မဲ့ ဥစ္စာလိုချင်သဖြင့် သတ်ကြသည်၊ ဤသူတို့သည် ငါ့ကို တစ်ကြိမ်တော့ သတ် ကြစေဦးတော့၊ ငါသည်ကား ဘီလူးမဖြစ်ပြီးလျှင် ဤသူလေးယောက်တို့ကို အကြိမ်များစွာ သတ်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏"ဟု ဆု တောင်း၍ သေခဲ့လေသည်။

## အာဃာတတရား၊ ရန်ငြိုးထား၊ လက်စားချေလေပြီ

ထိုလေးယောက်တို့တွင် တစ်ယောက်ကား ပိက္ကုသာတိအမျိုးကောင်းသား, နောက်တစ်ယောက်ကား(ယခု) ဗာဟိယဒါရုစီရိယ, အခြားတစ်ယောက်ကား တမ္ဗဒါဌိကခိုးသူသတ်သမား, နောက်အခြားတစ်ယောက်ကား သုပ္ပဗုဒ္ဓအနာကြီးရောဂါရှိသူတို့ ဖြစ်လာကြလေ သည်၊ ဤသို့လျှင် ဤသူလေးယောက်တို့ကို အရာမက များစွာသော ကိုယ်အဖြစ်၌ပင် (ဘဝ၌ပင်) ဘီလူးမျိုး၌ဖြစ်သော နွားမဖြစ်၍ (နွားမယောင်ဆောင်၍)ဝှေ့သတ်ခဲ့လေသည်၊ ထိုသူလေးယောက်လုံးပင် ထိုအကုသိုလ်ကံ၏အကျိုးဆက်ကြောင့် ထိုထိုဘဝဝယ် အသက် တန်းမကုန်မီ အကြား၌ သေခြင်းသို့ ရောက်ကြရလေသည်။ (ဥဒါန၊ ၄၊ ၂၆၂ ၂၆၃။)]

ဘုရားရှင်သည် သာဝတ္ထိမြို့မှ ထွက်တော်မူလေလျှင် ဗာဟိယ၏ဥတုဇရုပ်ကိုယ် အမှိုက်ပုံ၌ ကျရောက်နေသည်ကို မြင်တော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့..ဗာဟိယဒါရုစီရိယ၏ဥတုဇရုပ်ကိုယ်ကို ယူဆောင်ကြကုန်လော့"ဟု မိန့်တော်မူကာ မြို့မှ ထုတ်ဆောင်ကြစေပြီး လျှင် ထိုဥတုဇရုပ်ကိုယ်ကို ဖုတ်ကြည်းသဂြိုဟ်ကြစေလျက် ခရီးလမ်းမလေးဆုံဖြစ်သောအရပ်၌ အရိုးဓာတ်ကို စေတီတည်စေတော်မူလေ သည်။

ထိုနောက် ရဟန်းသံဃာ့အလယ်၌ "ဘုရားရှင်သည် ရဟန်းသံဃာကို ဗာဟိယ၏ဥတုဇရုပ်ကိုယ်သင်္ဂြိုဟ်ခြင်းကိစ္စကို ပြုစေတော်မူခဲ့သည်၊ ဓာတ်တော်တို့ကိုယူ၍ စေတီတည်စေတော်မူခဲ့သည်၊ ဗာဟိယသည် အဘယ်မဂ်ကို ရခဲ့လေသနည်း? သူသည် သာမဏေလေလော?ရဟန်းပင်လေလော?"ဟု ပြောဆိုကြကာ သိုလော သိုလော စိတ်များ ဖြစ်ပွါးကြကုန်၏။ ထိုအခါ ဘုရားရှင်သည် ရဟန်းတို့ကို "ရဟန်းတို့..ဗာဟိယသည် ပညာရှိ၏"ဟု အထက်ဖြစ်သောဓမ္မဒေသနာကို ပွါးစေလျက် ဗာဟိယ၏ပရိနိဗ္ဗာန်စံလွန်၏အဖြစ်ကို ထင်ရှားပြတော်မူလေသည်၊ တဖန် "ဘုရားရှင်သည် ဗာဟိယအား များစွာသောတရားကို ဟောတော်မမူခဲ့ပဲ အရဟတ္တဖိုလ်သို့ ရောက်၏ ဟူလည်း မိန့်တော်မူ၏၊ဤဖြစ်ရပ်ကား ဘယ်လိုပါနည်း?"ဟု သံဃာများအလယ်၌ အကျယ်အကျယ် ပြောဆိုနေကြပြန်သည်။

ထိုအခါ ဘုရားရှင်က"ရဟန်းတို့...ငါဘုရား၏တရားကို သင်တို့သည် အဘယ့်ကြောင့် နည်းသော, များသောဟူ၍ နှိုင်းယှဉ်စကား ပြောကြားကြဘိသနည်း? ထောင်ပေါင်းများစွာ ဂါထာတို့ပင် ဖြစ်လင့်ကစား အကျိုးနှင့်မစပ်ယှဉ်မူ မချီးမွမ်းအပ် မမြတ်ချေ၊ အကျိုး၌မှီသော သဒ္ဒါနားဖြင့် နာကြားရ၍ ကိလေသာအပူငြိမ်းအေးစေနိုင်သည့်စကားဖြစ်မူကား ဂါထာတစ်ပိုဒ်ပင်သော်လည်း ချီးမွမ်းအပ် မြတ်လှပေ၏"ဟုအနက်အဓိပ္ပါယ်ရှိသော ဓမ္မပဒကျမ်း(ခု၊ ၁၊ ၂၈)၌လာသော...

သဟဿမပိ စေ ဂါထာ၊ အနတ္ထပဒသံဟိတာ။
ဧကံ ဂါထာပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။

ဂါထာကို ဟောတော်မူလေ၏။ ဒေသနာနိဂုံး ဆုံးသောအခါ များစွာသောသူတို့ ဓမ္မအဆီ အမြိုက်တည်ကို သောက်စို့ကြရကုန်၏။

## ခိပ္ပါဘိည ဘွဲ့ထူးရ

ဘုရားရှင်သည် နောက်တချိန်ဝယ် အရိယာသံဃာအလယ်၌ ထိုင်နေတော်မူလျက် (ပရိနိဗ္ဗာန်စံပြီးသော) အရှင်ဗာဟိယမထေရ်ကို"ရဟန်းတို့...လျင်မြန်စွာ ရအပ်သည့် မဂ်ဖိုလ်အသိဉာဏ်ရှိကြသည့် ငါဘုရားတပည့်ရဟန်းတို့တွင် ဗာဟိယဒါရုစီရိယသည် အမြတ်ဆုံးဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ မဂ်ဖိုလ်အသိဉာဏ်ကို လျင်မြန်စွာရသော အရာဝယ် အမြတ်ဆုံး တေဒဂ်ရာထူး၌ ထားတော်မူလေသည်။

ဤအရှင်မြတ်၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ(၁၊ ၂၁၇ ၂၂၀), ဥဒါန်းအဋ္ဌကထာ(၇၀ ၈၈), ဓမ္မပဒအဋ္ဌကထာ(၄၀၈ ၄၁၂), မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ပပိုင်း(၃၉၇ ၄၀၇)တို့၌ ကြည့်ပါ။

## (၂၈)အရှင်ကုမာရကဿပအကြောင်း သိကောင်းစရာ

တေဒဂ္ဂ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ စိတ္တကထိကာနံ ယဒိဒံ ကုမာရကဿပေါ။ (အံ၊ ၁၊ ၂၅။)

### အရှင်ကုမာရကဿပအလောင်း ရှေးဆုတောင်း

အရှင်ကုမာရကဿပအလောင်းတော်သည်လည်း ပဒုမုတ္တရဘုရားရှင်လက်ထက်တော်တွင် ဟံသာဝတီမြို့တော် အမျိုးကောင်းအိမ်၌ဖြစ်ခဲ့၍ ဘုရားရှင်၏တရားတော်ကို နာယူစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို "ဆန်းကြယ်သော တရားစကားဟောကြားတတ်သောရဟန်းတို့တွင် အမြတ်ဆုံး တေဒဂ်ရာထူး"၌ ထားတော်မူသည်ကို မြင်ရ၍ လွန်ကဲထူးမြတ်သော ကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုတေဒဂ်ရာထူးကိုဆုတောင်းခဲ့လေသည်။

အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ "အယမ္ပိ ဟိ ပဒုမုတ္တရဗုဒ္ဓကာလေ ဟံသာဝတီနဂရေ ကုလဂေဟေ ပဋိသန္ဓိံ ဂဏှိတွာ...(အံ၊ ဠ၊ ၁၊ ၂၂၁)"ဟု လာရှိရကား "ကုလဂေဟေ အမျိုးကောင်းအိမ်၌"ဟု ဆိုသည်။

ထေရဂါထာအဋ္ဌကထာ၌ကား "အယမ္ပိ ပုရိမဗုဒ္ဓေသု ကတာဓိကာရော တတ္ထ တတ္ထ ဘဝေ ပုညာနိ ဥပစိနန္တော ပဒုမုတ္တရဿ ဘဂဝတော ကာလေ ဗြာဟ္မဏကုလေ နိဗ္ဗတ္တိတွာ ဝိညုတံ ပါပုဏိ။ (ထေရဂါထာ၊ ဠ၊ ၁၊ ၄၁၂)"ဟု လာရှိရာ "ဗြာဟ္မဏကုလေ ပုဏ္ဏားမျိုး၌"ဟု ဆိုသည်။

အပဒါန်အဋ္ဌကထာ၌လည်း "...ဗြာဟ္မဏကုလေ နိဗ္ဗတ္တော..."ဟု လာရကား "ပုဏ္ဏားမျိုး၌"ဟုပင် ဆိုသည်။

### တောင်ထိပ်သို့တက်၊ တရားတွက်၊ ထက်မြက်အားထုတ်ပြီ

ထိုအမျိုးကောင်းသားသည် ထိုဘဝမှ စုတေခဲ့သော် နတ်ပြည်, လူပြည်တို့၌ ကျင်လည်ကျက်စားလျက် ကဿပဘုရားရှင်

သာသနာဆုတ်ယုတ်သောအခါဝယ် အောက်အရှင်ဒဗ္ဗ၏ဝတ္ထု၌ ဆိုအပ်ခဲ့ပြီးသော အတိုင်း အဖော်ရဟန်းတို့နှင့် အတူတကွ တောင်ထိပ်သို့ တက်ရောက်ကာ ရဟန်းတရား အားထုတ်၍ စင်ကြယ်ပြည့်စုံသော သီလရှိသူဖြစ်ရကား ထိုဘဝအဆုံး၌ နတ်ပြည်၌ဖြစ်လေသည်။

## နောက်ဆုံးဘဝ ရဟန်းပြုရ

ထိုအမျိုးကောင်း နတ်သားသည် ဘုရားနှစ်ဆူတို့၏အကြားကာလပတ်လုံး လူနတ်စည်းစိမ်ကို ခံစားလျက် ကျွန်ုပ်တို့၏ဘုရားရှင်ပွင့်ထွန်းတော်မူရာ ကာလဝယ် ရာဇဂြိုဟ်မြို့တော် သူဌေးသမီးတဦး၏ဝမ်း၌ ပဋိသန္ဓေတည်နေလေသည်၊ ထိုသူဌေးသမီးသည် အိမ်ထောင်မပြုမီ ရှေးဦးစွာကပင် အမိအဖတို့ကို ရှင်ရဟန်းပြုရန် ခွင့်ပန်ပါသော်လည်း မရခဲ့ပဲ လင်ယောကျ်ားအိမ်သို့ လိုက်ပါခဲ့ရ၍ ကိုယ်ဝန်ယူရလေသည်၊ ထိုသူဌေးသမီးသည် မိမိ၌ ကိုယ်ဝန်ရှိသည်ကိုလည်း မသိရှာပဲ လင်ယောကျ်ားကို ကျေနပ်အောင် တောင်းပန်ပြီးမှ ဒေဝဒတ်၏အသင်းအပင်းဝင် ဘိက္ခုနီမတို့၏အထံ၌ ရှင်ရဟန်းပြုခဲ့ရလေသည်။

ထိုဘိက္ခုနီမလေး၏ကိုယ်ဝန်နိမိတ်ထင်ရှားလာသောအခါ ဘိက္ခုနီမတို့သည် အရှင်ဒေဝဒတ်ကို မေးမြန်းကြလေသည်၊ အရှင်ဒေဝဒတ်က "ရဟန်းမ မဟုတ်တော့ပြီ"ဟု ပြောဆို၍ မိမိဂိုဏ်းမှ နှင်ထုတ်လိုက်လေသည်။ ထိုဘိက္ခုနီမတို့က ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားကြသဖြင့် ဘုရားရှင်သည် အရှင်ဥပါလိမထေရ်ကို ထိုအမှုဆုံးဖြတ်ရန် တာဝန်ပေးတော်မူလေသည်။

အရှင်ဥပါလိမထေရ်သည် သာဝတ္ထိမြို့သူ အမျိုးကောင်းသမီးကြီးများနှင့်တကွ ဝိသာခါဥပါသိကာမကြီးကိုပါ ခေါ်စေ၍ ထိုကိုယ်ဝန်သားသည် လူဖြစ်စဉ်က တည်ခဲ့သည်, ဘိက္ခုနီမဖြစ်မှ တည်ခဲ့သည် ဟူသောအရေးကို အပ်နှင်း၍ စစ်ဆေးသုတ်သင်စေသည်တွင် "လူဖြစ်စဉ်က တည်ခဲ့ကြောင်း" ကောင်းစွာ အထောက်အထား ရရှိထွက်ဆိုချက်အရ"ကိုယ်ဝန်သားကား ရှေးလူဖြစ်စဉ်က ရအပ်ခဲ့လေသည်၊ ထို့ကြောင့် ဤဘိက္ခုနီမလေး၏ရှင်ရဟန်းအဖြစ်သည် အပြစ်မရှိ"ဟု ပြတ်သားစွာ ဆုံးဖြတ်တော်မူလေသည်၊ ဘုရားရှင်က "အဓိကရုဏ်းကို ကောင်းစွာဆုံးဖြတ်အပ်ပေပြီ"ဟု အရှင်ဥပါလိမထေရ်အား ကောင်းကြီးပေးတော်မူလေသည်။

မှတ်ချက်။ [အင်္ဂုတ္တိုရ်အဋ္ဌကထာနှင့် ထေရဂါထာအဋ္ဌကထာတို့၌ "အရှင်ကုမာရကဿပ၏မယ်တော် ရှင်ရဟန်းပြုစဉ်က ဘိက္ခုနီမတို့ထံ၌ ရှင်ရဟန်းပြု၍ ကိုယ်ဝန်သား ပြဿနာဖြစ်ပေါ်လာသောအခါ ဘိက္ခုနီမတို့က အရှင်ဒေဝဒတ်ကို မေးမြန်းကြ၏၊ အရှင်ဒေဝဒတ်က "ရဟန်းမ မဟုတ်တော့ပြီ"ဟု ပြောဆိုလေသည်။ ထိုအကြောင်းကို ဘုရားရှင်အား မေးမြန်းလျှောက်ထားကြသောအခါ ဘုရားရှင်က ထိုကိစ္စကို အရှင်ဥပါလိမထေရ်အား တာဝန်ပေးတော်မူလေသည်၊ မထေရ်မြတ်က သာဝတ္ထိမြို့သူ အမျိုးကောင်းသမီးကြီးများနှင့် ဝိသာခါဥပါသိကာမကြီးကို ခေါ်ယူ၍ ထိုကိုယ်ဝန်သားကို စစ်ဆေးစေသည်ရှိသော် ရှေးလူဖြစ်စဉ်က ရခဲ့သော ကိုယ်ဝန်သား ဖြစ်ကြောင်းကို သိရသောအခါ"ဤဘိက္ခုနီမလေး၏ရှင်ရဟန်းအဖြစ်သည် အပြစ်မရှိကြောင်း ဆုံးဖြတ်တော်မူသောကြောင့် ဘုရားရှင်က ချီးကျူးတော်မူလေသည် လာရှိသည်။

ထူးခြားချက်တစ်ခုမှာ ထေရဂါထာအဋ္ဌကထာ၌ "သရာဇိကာယ ပရိသာယ ဝိနိစ္ဆိနန္တော မင်းနှင့်တကွသော ပရိသတ်ရှေ့၌ ဆုံးဖြတ်ကြောင်း ပါရှိသည်။ (အံ၊ ဋ၊ ၁၊ ၂၂၃။ ထေရဂါထာ၊ ဋ၊ ၁၊ ၄၁၂။)

အပဒါန်အဋ္ဌကထာ၌ကား ထိုသူဌေးသမီးသည် ...ဒေဝဒတ်၏အသင်းအပင်းဝင် ဘိက္ခုနီမတို့အထံ၌ ရှင်ရဟန်းပြု၍ ကိုယ်ဝန်ရှိသည်၏အဖြစ်ကိုသိရလျှင် ဘိက္ခုနီမတို့က အရှင်ဒေဝဒတ်ကို မေးမြန်းကြလေသည်၊ အရှင်ဒေဝဒတ်က "ရဟန်းမ မဟုတ်တော့ပြီ"ဟု ပြောဆိုသောအခါ ဘိက္ခုနီမလေးက "တပည့်တော်မသည် အရှင်ဒေဝဒတ်ကိုရည်၍ ရှင်ရဟန်းပြုခဲ့တာ မဟုတ်ပါ၊ ဘုရားရှင်ကို ရည်၍ ရှင်ရဟန်းပြုခဲ့တာပါ"ဟု ပြောဆိုကာ ဘုရားရှင်၏အထံသို့ သွားရောက်ကျက် ဘုရားရှင်ကို မေးလျှောက်လေသည်။ (ထို့နောက်စကားအားလုံးသည် ထေရဂါထာအဋ္ဌကထာ လာစကားနှင့်တူ၏။) (အပဒါန်၊ ဋ၊ ၂၊ ၂၃၁။)

ဓမ္မပဒအဋ္ဌကထာ၌ကား သူဌေးသမီးသည် ခင်ပွန်းသည်ကို ကျေနပ်နှစ်သိမ့်စေပြီးလျှင် ရဟန်းအဖြစ်ကို တောင်းပန်လေသည်၊ ခင်ပွန်းသည်သည် သူမကို ကြီးကျယ်သောပူဇော်သက္ကာရဖြင့် ဘိက္ခုနီမကျောင်းသို့ ပို့ဆောင်ကာ (ဒေဝဒတ်၏အသင်းအပင်း ဟု) မသိပဲ ဒေဝဒတ်၏အသင်းအပင်းဘိက္ခုနီမတို့၏အထံ၌ ရဟန်းပြုစေ၏၊ နောက်တချိန်၌ ဘိက္ခုနီမတို့သည် ဘိက္ခုနီမလေး၏ကိုယ်ဝန်ရှိသည်ကို သိရလျှင်..ထိုဘိက္ခုနီမတို့က ဘိက္ခုနီမလေးကို ဒေဝဒတ်၏အထံသို့ ခေါ်ဆောင်လာကြကာ "ဤဘိက္ခုနီမသည်ကား သာသနာတော်ကို ကြည်ညို၍ ရဟန်းပြုသူပါ၊ သူမ၏ကိုယ်ဝန်တည်သောကာလကို တပည့်တော်မတို့ မသိကြပါ၊ ယခု အဘယ်သို့ ပြုရပါမည်နည်း?"ဟု မေးလျှောက်သောအခါ ဒေဝဒတ်က"ငါ့အဆုံးအမကိုလိုက်နာကြသော ဘိက္ခုနီမတို့အား အကျော်အစောမဲ့ မဖြစ်ပါစေလင့်"ဟု ဤသို့ကိုသာ ကြံစည်ပြီးလျှင် "ထိုဘိက္ခုနီမကို လူထွက်စေကြရမည်"ဟု ပြောဆိုလေသည်။

ထိုစကားကို ကြားရသော ဘိက္ခုနီမလေးက "အရှင်မတို့...တပည့်တော်မကို မဖျက်ဆီးကြပါကုန်လင့်၊ တပည့်တော်မသည် အရှင်ဒေဝဒတ်ကို ရည်မှန်း၍ ရဟန်းပြုသူ မဟုတ်ပါ၊လာကြကြပါ၊ တပည့်တော်မကို ဘုရားရှင်၏အထံ ဇေတဝန်ကျောင်းတော်သို့

ပို့ဆောင်ကြပါဘုရား"ဟု ပြောဆိုသောကြောင့် ဘိက္ခုနီမတို့က ထိုဘိက္ခုနီမလေးကို ခေါ်၍ ဇေတဝန်ကျောင်းတော်သို့ ပို့ကာ ဘုရားရှင်အား လျှောက်ထားကြလေ၏၊ ဘုရားရှင်က "သူမ၏လူဖြစ်စဉ်က တည်သောကိုယ်ဝန်ဖြစ်သည်"ဟု သိတော်မူသော်လည်း သူတပါးတို့၏ကဲ့ရဲ့ပြောဆိုခြင်းမှ လွတ်စေခြင်းငှါ ပသေနဒီကောသလမင်းကြီး, မဟာအနာထပိဏ်, စူဠအနာထပိဏ်, ဝိသာခါဒါယိကာမကြီးတို့နှင့် အခြားထင်ရှားသောအမျိုးကောင်းတို့ကို ခေါ်စေပြီးလျှင် အရှင်ဥပါလိမထေရ်ကို"ဥပါလိ...သွား၍ ဤဘိက္ခုနီမလေး၏အမှုကို ပရိသတ်လေးပါးအလယ်၌ရှင်းလင်းသုတ်သင်ချေလော့"ဟု စေခိုင်းတော်မူလေ၏၊ မထေရ်မြတ်သည် ကောသလမင်းကြီး၏ရှေ့တော်သို့ ဝိသာခါဒါယိကာမကြီးကို ခေါ်စေ၍ ထိုအဓိကရုဏ်းကို လက်ခံစေတော်မူ၏၊ ဝိသာခါသည် တင်းတိမ်ကန့်လန့်ကာကို ကာရံစေ၍ တင်းတိမ်ကန့်လန့်ကာ၏အတွင်း၌ ထိုဘိက္ခုနီမယ်၏လက်,ခြေ,ချက်, ဝမ်းဗိုက်အဆုံး နေရာတို့ကို ကြည့်ရှုပြီးလျှင် လ, ရက်နေ့တို့ကို စိစစ်တွက်ချက်သဖြင့် လူအဖြစ်၌ ဤဘိက္ခုနီငယ် ကိုယ်ဝန်ကို ရလေ၏"ဟု သိရ၍ အရှင်ဥပါလိမထေရ်အား ထိုအကြောင်းကို လျှောက်ထားလေ၏၊ ထိုအခါ မထေရ်မြတ်သည် ပရိသတ်အလယ်၌ ထိုဘိက္ခုနီမယ်၏စင်ကြယ်သည်၏အဖြစ်ကို တည်စေတော်မူ၏(ဆုံးဖြတ်ပေးတော်မူ၏)"ဟု လာရှိသည်။ (ဓမ္မပဒ၊ ၄၊ ၂၊ ၉၂။)]

ထိုဘိက္ခုနီမလေးသည် ရွှေစင်ရုပ်တုနှင့်တူသောသားကို ဖွားမြင်လေသည်၊ ပသေနဒီကောသလမင်းကြီးသည် ထိုသူငယ်ကို နန်းတော်သို့ ယူဆောင်၍ ချမ်းသာစွာ မွေးမြူကြီးပြင်းစေသည်၊ သူငယ်၏အမည်ကို "ကဿပ"ဟု မှည့်ခေါ်၍ နောက်တချိန်ဝယ် လှပစွာ တန်ဆာဆင်ယင်လျက် ဘုရားရှင်ထံတော်သို့ ပို့ဆောင်ကာ ရှင်ပြုစေလေသည်။

## ကုမာရကဿပ၊ မည်တွင်ရ၊ ကြောင်းက သည်လိုပါ

အသက်အရွယ်နုနယ် ကလေးသူငယ်ကို ရှင်ပြုပေးအပ်သောကြောင့် ဘုရားရှင်က"ကဿပကို ခေါ်လိုက်ကြစမ်း၊ ဤသစ်သီး, ဤခဲဖွယ်ကို ကဿပအား ပေးလိုက်ကြစမ်း"ဟု မိန့်တော်မူလေလျှင် ရဟန်းတို့က "အဘယ်ကဿပအား ပေးကြရပါမည်နည်းဘုရား?ဟု လျှောက်ထားမေးမြန်းကြရကား ဘုရားရှင်က "ကုမာရကဿပအား ပေးလိုက်ကြ"ဟု ဤကဲ့သို့ အမည်မှည့်ခေါ် မိန့်တော်မူသောကြောင့် ထိုအခါမှစ၍ အသက်အရွယ်ကြီးသောအခါ၌လည်း "အရှင်ကုမာရကဿပ"ဟူ၍သာ ခေါ်ဆိုအပ်လေသည်။ တမျိုးပြောရလျှင် မင်းသားကို"ကုမာရ"ဟု ခေါ်ဆိုသုံးစွဲသည်၊ အရှင်မြတ်သည်လည်း ကောသလမင်းကြီး မွေးမြူအပ်သည့် မင်းသားပင် ဖြစ်သောကြောင့် "ကုမာရ+ကဿပ=မင်းသား+ကဿပ"ဟု ထိုအရှင်မြတ်ကို အသိအမှတ်ပြုကြလေသည်။

အရှင်ကုမာရကဿပသည် ရှင်ဖြစ်ပြီးသောအခါမှစ၍ ဝိပဿနာကမ္မဋ္ဌာန်းကိုလည်း စီးဖြန်းအားထုတ်တော်မူ၏၊ ဘုရားရှင်၏စကားတော် ပိဋကတ်ကိုလည်း သင်ကြားတော်မူ၏၊ တနေ့သောအခါ (ကဿပဘုရားရှင်၏သာသနာတော်ဆုတ်ယုတ်ချိန်ဝယ်) အရှင်ကုမာရကဿပအလောင်း ရဟန်းနှင့်အတူတကွ တောင်ထိပ်၌ ရဟန်းတရား အားထုတ်၍ အနာဂါမိဖိုလ်သို့ရောက်ပြီးလျှင် သုဒ္ဓါဝါသဘုံ၌ ဖြစ်နေသော ဗြဟ္မာကြီး ဆင်ခြင်လေသော် အရှင်ကုမာရကဿပကို မြင်၍ "ငါ၏သူငယ်ချင်းကား ဝိပဿနာအလုပ်အတွက် ပင်ပန်းလျက်ရှိချေ၏၊ ငါသွားပြီးလျှင် ဝိပဿနာနည်းအမြွက်ကို ဖော်ပြကာ မဂ်ဖိုလ်ရောက်ကြောင်း ဥပါယ်ကောင်းကို ပြပေအံ့"ဟု ကြံစည်လျက် ဗြဟ္မာ့ပြည်၌ တည်နေရင်းပင် ပြဿနာ(၁၅)ချက်တို့ကို စီရင်ခဲ့၍ ညဉ့်သန်းခေါင်ယံအချိန်ဝယ် အရှင်ကုမာရကဿပ၏နေရာ အန္ဓဝန်တောအုပ်၌ ကိုယ်ထင်ရှား ပေါ်ပေါက်လာလေ၏။

မထေရ်သည် အရောင်အဝါကို မြင်၍ "ဤအရပ်၌ ထင်ရှားပေါ်လာသူကား အဘယ်သူနည်း?"ဟု မေးလေသည်၊ ဗြဟ္မာကြီးက "ကျွန်ုပ်ကား ရှေးတုန်းက အရှင်ဘုရားနှင့်အတူတကွ ရဟန်းတရားကို အားထုတ်၍ အနာဂါမိဖိုလ်သို့ ရောက်ကာ သုဒ္ဓါဝါသဘုံ၌ ဖြစ်သော ဗြဟ္မာဖြစ်ပါသည်"ဟု လျှောက်ထားလေသော် အရှင်ကုမာရကဿပမထေရ်က "သင်သည် အဘယ်ကိစ္စကြောင့် လာပါသနည်း?"ဟု မေးလေ၏၊ ဗြဟ္မာကြီးသည် မိမိ၏လာခြင်းအကြောင်းကို ပြခြင်းငှာ (၁၅-ချက်သော)ပုစ္ဆာတို့ကို ပြောကြားပြီးလျှင် "အရှင်ဘုရားသည် ဤပုစ္ဆာတို့ကို သင်ယူကာ အရုံတက်လျှင် ဘုရားရှင်ကို ဆည်းကပ်လျက် မေးပါလော့၊ ဘုရားရှင်ကိုထား၍ အခြားတစ်စုံတစ်ယောက်မျှ ဤပုစ္ဆာတို့ကို ဖြေဆိုခြင်းငှာ စွမ်းနိုင်သူ မရှိပါ"ဟု ပြောဆိုကာ ဗြဟ္မာ့ပြည်သို့ ပြန်သွားလေ၏။

အရှင်ကုမာရကဿပမထေရ်သည် နောက်တနေ့၌ ဘုရားရှင်ထံတော်မှောက်သို့ သွားရောက်ရှိခိုးလျက် ဗြဟ္မာကြီးလျှောက်ထားအပ်သောနည်းအတိုင်းသာလျှင် ပုစ္ဆာတို့ကို မေးမြန်းလျှောက်ထားလေသည်....

## ဝမ္မိကသုတ်၊ အချုပ်ပြဿနာ မေးပုစ္ဆာ

၁။ ရှင်တော်မြတ်ဘုရား..."တောင်ပို့"ဟူသည် အဘယ်ပါနည်း?

၂။ "ညဉ့်၌ အခိုးလွှတ်သည်"ဟူသည် အဘယ်ပါနည်း?

၃။ "နေ့၌ မီးဟုန်းဟုန်းတောက်ခြင်း"ဟူသည် အဘယ်ပါနည်း?
၄။ "ဆရာပုဏ္ဏား"ဟူသည် အဘယ်ပါနည်း?
၅။ "ပညာရှိတပည့်"ဟူသည် အဘယ်ပါနည်း?
၆။ "ဓားလက်နက်"ဟူသည် အဘယ်ပါနည်း?
၇။ "အဖန်ဖန်တူးခြင်း"ဟူသည် အဘယ်ပါနည်း?
၈။ "တံခါးကျည်=မင်းတုပ်"ဟူသည် အဘယ်ပါနည်း?
၉။ "ဥဒ္ဓုမာယိကဖား"ဟူသည် အဘယ်ပါနည်း?
၁၀။ "လမ်းနှစ်ခွ"ဟူသည် အဘယ်ပါနည်း?
၁၁။ "ဆပ်ပြာရေစစ်"ဟူသည် အဘယ်ပါနည်း?
၁၂။ "လိပ်"ဟူသည် အဘယ်ပါနည်း?
၁၃။ "သန်လျက်နှင့် စဉ်းတီတုံး"ဟူသည် အဘယ်ပါနည်း?
၁၄။ "သားတစ်"ဟူသည် အဘယ်ပါနည်း?
၁၅။ "နဂါး"ဟူသည် အဘယ်ပါနည်း?
(မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ပဋ္ဌမပိုင်း၊ ၄၂၁။)

ဘုရားရှင်က အရှင်ကုမာရကဿပမထေရ်အား အရဟတ္တဖိုလ်သို့ ရောက်စေရန် ပုစ္ဆာတို့ကို ဖြေကြားတော်မူလေသည်......

ဝမ္မိကသုတ်၊ အချုပ်ပြဿနာ ဖြေကြားလင်္ကာ

၁။ ဤခန္ဓာကိုယ်၊ တောင်ပို့ဆိုလော့။
၂။ ညဉ့်ကိုလုပ်မျိုး၊ ကြံဖန်ပျိုးသည်၊ အခိုးလူလူ၊ ထွက်သောဟူ၏။
၃။ နေ့မှုကိုယ်,နှုတ်၊ ထိုထိုလုပ်၌၊ အားထုတ်ကျင့်ဆောင်၊ မီးတောက်လောင်၏။
၄။ ဘုန်းခေါင်ထွတ်ထား၊ မြတ်ဘုရားမူ၊ ပုဏ္ဏားဆရာ၊ ဟောမိန့်မှာ၏။
၅။ ယောဂါဝစရ၊ ပုဂ္ဂလမူ၊ သိဿညာဏ်ရှိ၊ စံတပည့်တည့်။
၆။ ဝိပဿနာ၊ မဂ်ပညာကား၊ ထက်စွာအသွား၊ သန်လျက်ဓားတည့်။
၇။ ကြိုးစားလုံ့လ၊ ဝီရိယထန်ပြင်း၊ အားထုတ်ခြင်းကို၊ တူးခြင်းဖော်ရာ။
၈။ အဝိဇ္ဇာကား၊ ပိတ်ကာမင်းတုံး၊ စံတန္ဓုန်းတည့်။
၉။ ဟုန်းဟုန်းတက်ကြွ၊ မျက်ကောဓမူ၊ ဖားပွဟူဘိ။
၁၀။ ယုံမှားရှိသား၊ ဝိစိကိစ္ဆာ၊ လမ်းနှစ်မြွာတည့်။
၁၁။ ငါးဖြာနီဝရဏ၊ ရေစစ်ပြလော့။
၁၂။ ပဥ္စုပါဒါ နက္ခန္ဓာကို၊ ပမာလိပ်ပုံ၊ ဟောမိန့်တုံရှင့်။
၁၃။ အာရုံငါးချက်၊ ကာမစက်မူ၊ သန်လျက်ပုံနှုန်း၊ စဉ်းတီတုံးတည့်။
၁၄။ သားတုံးဟူဘိ၊ စွဲကပ်ငြိသား၊ နန္ဒီရာဂ၊ စွန့်ခွါမှလျှင်။
၁၅။ အာသဝကင်းကွာ၊ ရဟန္တာမူ၊ ပမာနဂါး၊ ဟောမိန့်ကြားသည်...ဆယ့်ငါးပြဿနာရပ်တည်း။
(မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ပဋ္ဌမပိုင်း၊ ၄၂၇။)

## အရှင်ကုမာရကဿပ၊ ဖြစ်ရ ရဟန္တာ
## အဆန်းတကြယ်၊ ဟောတတ်တယ်၊ သူ့ဝယ် ဂုဏ်ထူးပါ

အရှင်ကုမာရကဿပမထေရ်သည် ဘုရားရှင် ဖြေဆိုဟောကြားတော်မူအပ်သည့်အတိုင်း ဤဝမ္မိကသုတ္တန်ကို သင်ကြားနာယူပြီးလျှင် အန္ဓဝန်တောသို့ ကြွတော်မူ၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်လတ်သော် မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်။ အရှင်ကုမာရကဿပမထေရ်သည် ရဟန္တာဖြစ်တော်မူပြီးသည်မှစ၍ (ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ, ဥပါသိကာမ)ပရိသတ်လေးပါးတို့အား တရားစကား ဟောကြားတော်မူလျှင် များစွာသောဥပမာ အကြောင်းခြင်းရာတို့ဖြင့် တန်းဆာဆင်၍

ဆန်းကြယ်သောတရားစကားကိုသာလျှင် ဟောကြားတော်မူလေသည်။

ထို့နောက် ဘုရားရှင်သည် အရှင်ကုမာရကဿပကို ပါယာသိမင်းအား တဆယ့်ငါးပါးသော ပြဿနာတို့ဖြင့် တန်းဆာဆင်၍ ပါရာသိရာဇညသုတ္တန်(ဒီ၊ ၂၊ ၂၅၃ ၂....)ကို ဟောကြားအပ်သည်ရှိသော် ထိုသုတ္တန်ကို အကြောင်းပြုလျက် "အဆန်းတကြယ် တရားစကားဟောကြားတတ်ကြသည့် ဘုရားရှင်၏တပည့်ရဟန်းတို့တွင် အမြတ်ဆုံး တေဒဂ်ရာထူး၌ ထားတော်မူလေသည်။ (အံ၊ဋ၊၁၊၂၂၀ ၂၂၂။)

## (၂၉) အရှင်ကောဋ္ဌိတမထေရ်အကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ပဋိသမ္ဘိဒါပတ္တာနံ ယဒိဒံ မဟာကောဋ္ဌိတော။ (အံ၊ ၁၊ ၂၅။)

### အရှင်ကောဋ္ဌိတမထေရ်အလောင်း ရှေးဆုတောင်း

အရှင်မဟာကောဋ္ဌိတမထေရ်အလောင်းတော်သည်လည်း ပဒုမုတ္တရဘုရားရှင်လက်ထက်တော်က ဟံသာဝတီမြို့တော်ဝယ် စီးပွားဥစ္စာကြွယ်ဝသော အမျိုး၌ဖြစ်၍ နောက်တချိန်တွင် ပဒုမုတ္တရဘုရားရှင်က ရဟန်းတစ်ပါးကို "ပဋိသမ္ဘိဒါဉာဏ်လေးပါးသို့ ဆိုက်ရောက်ကြသော ရဟန်းတို့တွင် အမြတ်ဆုံး တေဒဂ်ရာထူး၌ ထားတော်မူသည်"ကို မြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ဆုတောင်းခဲ့လေသည်။

### နောက်ဆုံးဘဝ ရဟန္တာဖြစ်ရ

ထိုအမျိုးကောင်းသားသည် အသက်ထက်ဆုံး ကောင်းမှုကုသိုလ်ကို ပြု၍ စုတေလေသော် နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားလျက် ကျွန်ုပ်တို့၏ဘုရားရှင်ပွင့်တော်မူရာကာလဝယ် သာဝတ္ထိမြို့တော် ပုဏ္ဏားမျိုး၌ ဖြစ်လေသည်၊ "ကောဋ္ဌိတ လုလင်"ဟု ခေါ်တွင်ခဲ့လေသည်၊ ကောဋ္ဌိတလုလင်သည် အရွယ်ရောက်လတ်သော် ဗေဒင်သုံးပုံကို သင်ကြားတတ်မြောက်၍ တနေ့သ၌ ဘုရားရှင်၏ တရားစကားကို ကြားနာရသဖြင့် သဒ္ဓါတရား ဖြစ်ပွါးလာကာ သာသနာ့ဝန်တမ်း ရဟန်းပြုရလသည်၊ ထိုအရှင်ကောဋ္ဌိတသည် ရဟန်းဖြစ်ပြီးသောအခါမှစ၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်လေရာ ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်လေသည်။

### ပဋိသမ္ဘဒါအရာ၊ မြတ်ဆုံးသာ၊ ရပါ တေဒဂ်

အရှင်ကောဋ္ဌိတမထေရ်သည် ရဟန္တာဖြစ်တော်မူပြီးနောက် အမြဲတစေ ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့၌ လေ့လာနိုင်နင်းတော်မူရကား အမေးပုစ္ဆာ ပြဿနာမေးလျှင် ပဋိသမ္ဘိဒါဉာဏ်တို့နှင့်စပ်သော ပြဿနာတို့ကိုသာ မေးတော်မူလေ့ရှိသည်၊ ထို့ကြောင့် တချိန်သောအခါဝယ် ဘုရားရှင်က မဟာဝေဒလ္လသုတ်(မ၊ ၁၊ ၃၆၅)ကို အကြောင်းပြု၍ အရှင်ကောဋ္ဌိတမထေရ်ကို "ပဋိသမ္ဘိဒါဉာဏ်လေးပါးသို့ ဆိုက်ရောက်ကြသည့်တပည့်ရဟန်းတို့တွင် အမြတ်ဆုံး တေဒဂ်ရာထူး၌ ထားတော်မူလေသည်။ (အံ၊ ဋ၊ ၁၊ ၂၂၂ ၂၂၃။)

ပဋိသမ္ဘိဒါပတ္တာနန္တိ စတသော ပဋိသမ္ဘိဒါ ပတ္တာ ဌိတာနံ မဟာကောဋ္ဌိတတ္ထေရော အဂ္ဂေါတိ ဒဿေတိ။ အယံ ဟိ ထေရော အတ္တနော ပဋိသမ္ဘိဒါသု စိဏ္ဏဝသိဘာဝေန အဘိညာတေ အဘိညာတေ မဟာသာဝကေ ဉပသင်္ကမိတွာ ပဉှံ ပုစ္ဆန္တောပိ ဒသဗလံ ဉပသင်္ကမိတွာ ပဉှံ ပုစ္ဆန္တောပိ ပဋိသမ္ဘိဒါသုယေဝ ပဉှံ ပုစ္ဆတိ။ ဣတိ ဣမိနာ စိဏ္ဏဝသိဘာဝေန ပဋိသမ္ဘိဒါပတ္တာနံ အဂ္ဂေါ နာမ ဇာတော။ (အံ၊ ဋ၊ ၁၊ ၂၂၂။)

အထ နံ သတ္ထာ အပရဘာဂေ မဟာဝေဒလ္လသုတ္တံ(မ၊ ၁၊ ၃၆၅) အဋ္ဌုပ္ပတ္တိံ ကတွာ ပဋိသမ္ဘိဒါပတ္တာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ ( အံ၊ဋ၊၁၊၂၂၃။)

## (၃၀) အရှင်အာနန္ဒာအကြောင်း သိကောင်းစရာ

(၃၀) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဗဟုဿုတာနံ ယဒိဒံ အာနန္ဒော။ (က)

သတိမန္တာနံ ယဒိဒံ အာနန္ဒော။ (ခ)

ဂတိမန္တာနံ ယဒိဒံ အာနန္ဒော။ (ဂ)

မိတ္တိမန္တာနံ ယဒိဒံ အာနန္ဒော။ (ဃ)
ဥပဋ္ဌာကာနံ ယဒိဒံ အာနန္ဒော။ (င) (အံ၊ ၁၊ ၂၅။)

## အရှင်အာနန္ဒာအလောင်း ရှေးဆုတောင်း

ဤကမ္ဘာမှ ပြန်၍ရေတွက်လျှင် ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရဘုရားရှင် ပွင့်တော်မူလေသည်၊ ဘုရားရှင်၏လူဖြစ်စဉ်အခါက ဖတူမိကွဲဖြစ်သော ညီငယ်ကား (အရှင်အာနန္ဒာအလောင်း) သုမနမင်းသား ဟု အမည်ရှိလေသည်၊ ခမည်းတော်အာနန္ဒမင်းကြီးသည် သားတော်သုမနမင်းသားအား ဟံသာဝတီမင်းနေပြည်မှ ယူဇနာ(၁၂၀)ဝေးကွာသောအရပ်၌ မြို့စားခန့်ထားလေသည်၊ သုမနမင်းသားသည် ရံဖန်ရံခါ နေပြည်တော်သို့ လာ၍ ခမည်းတော်မင်းကြီးကိုလည်းကောင်း, နောင်တော်ဘုရားရှင်ကိုလည်းကောင်း ဖူးမြော်လေ့ရှိသည်။

တနေ့သ၌ တိုင်းစွန်ပြည်နားအရပ်သည် သူပုန်လူဆိုးတို့ ထကြွသောင်းကျန်းသဖြင့် ပျက်စီးတော့မည်ကဲ့သို့ ရှိလေသည်၊ သုမနမင်းသားသည် ခမည်းတော်မင်းကြီးထံ ထိုအကြောင်းကို တမန်စေလွှတ်၍ အကြောင်းကြားလျှောက်ထားစေသောအခါ ခမည်းတော်မင်းကြီးက"သင့်ကို ငါသည် ထိုအရပ်၌ အဘယ့်ကြောင့် ထားအပ်သနည်း? (သူပုန်ဘေးရန်ကို နှိမ်နင်းရန် ထားအပ်သည် မဟုတ်လော?)"ဟု အတုံ့သဝဏ်လွှာကို ပြန်၍ ပို့စေသည်၊ မင်းသားသည် ခမည်းတော်၏သဝဏ်တုံ့လွှာကိုရလျှင် သူပုန်လူဆိုးတို့ကို တိုက်ဖျက်ကာ ပြည်ရွာကို ငြိမ်းအေးစေလျက် "ခမည်းတော်မင်းမြတ်...ဇနပုဒ်ရပ်နယ်ကား ငြိမ်းအေးသာယာ ရှိပါပြီ"ဟု ခမည်းတော်ထံသို့ သဝဏ်ပို့စေလေသည်၊ ခမည်းတော်မင်းကြီးသည် ကျေနပ်အားရ နှစ်သက်တော်မူလှ၍ "ငါ၏သားတော်သည် အလျင်အမြန် ခမည်းတော်ထံ လာရောက်စေ"ဟု ဆင့်ခေါ်တော်မူလေသည်။

သုမနမင်းသားမှာ အမတ်တစ်ထောင် ရှိလေသည်၊ မင်းသားသည် ထိုအမတ်များနှင့် အတူတကွ ခမည်းတော်မင်းကြီးထံ လာရောက်ရာလမ်းခရီးအကြား၌ "ငါ့ခမည်းတော်က အားရနှစ်သက်တော်မူလှ၍ အကယ်၍များ ဆုပေးသနားတော်မူလျှင် အဘယ်ဆုကို ယူရမည်နည်း?ဟု အမတ်များနှင့် တိုင်ပင်ဆွေးနွေးလေသည်၊ ထိုအခါ မင်းသားကို အချို့အမတ်များက "ဆင်ကို ယူကြပါကုန်, မြင်းကို ယူကြပါကုန်, ဇနပုဒ်ကို ယူကြပါကုန်, ရတနာခုနစ်ပါးတို့ကို ယူကြပါကုန်"ဟု အမျိုးမျိုးအဖုံဖုံ အကြံပေးလျှောက်ထားကြကုန်၏၊ အခြား အမြော်အမြင်ကြီးမားသည့် အမတ်များကမူ "အရှင့်သားတို့သည် ရေမြေရှင်၏သားတော်တို့ ဖြစ်ကြပါသည်၊ အရှင်သားတို့အဖို့ရာ ရှွေငွေစသော ဥစ္စာကား ရခဲသည်မဟုတ်ပါ၊ ရအပ်ပါသော်လည်း ထိုဥစ္စာရတနာအားလုံးကို (နောက်ဆုံး၌) စွန့်ပစ်၍သာ သွားရမည်ဖြစ်ပါသည်၊ ကုသိုလ်ကောင်းမှု တစ်ခုကိုသာ ယူဆောင်၍ (တမလွန်လောကသို့)သွားရမည်ဖြစ်ပါသည်၊ ထို့ကြောင့် ခမည်းတော်မင်းမြတ်က ဆုလာဘ်ပေးတော်မူပါလျှင် ဝါတွင်းသုံးလပတ်လုံး ပဒုမုတ္တရဘုရားရှင်ကို ပြုစုလုပ်ကျွေးရန် ဆုကိုသာ ယူတော်မူကြပါကုန်" ဟု အကြံပေးစကား လျှောက်ထားကြလေသည်။

သုမနမင်းသားက "သင်တို့သည် ငါ၏မိတ်ဆွေကောင်းများ ဖြစ်ကြပါပေသည်၊ ငါ့မှာ ထိုသို့သောစိတ် မရှိခဲ့ပါ၊ သင်တို့ကသာ(ထိုစိတ်ကို) ဖြစ်စေအပ်ပေသည်၊ ကောင်းပြီ...ငါလိုက်နာမည်"ဟု နေပြည်တော်သို့ ရောက်လျှင် ခမည်းတော်မင်းကြီးကို ရှိခိုးပြီးနောက် ခမည်းတော်မင်းကြီးက သားတော်၏လည်ကိုဖက်၍ ဦးထိပ်၌ နမ်းစုပ်ပြီးသော် "ချစ်သား...ငါသည် သင်အား အလိုရှိရာဆုကို ပေးမည်"ဟု ဆိုလေသော် "ခမည်းတော်မင်းမြတ်...ကျွန်ုပ်သားတော်သည် နောင်တော်ဘုရားရှင်ကို ဝါတွင်းသုံးလပတ်လုံး ပစ္စည်းလေးပါးတို့ဖြင့် ပြုစုလုပ်ကျွေးလျက် မိမိရရှိနေသော ဘဝကို အမြုံမဖြစ်အောင် ပြုလုပ်လိုပါသည်၊ ခမည်းတော်ဘုရား...သားတော်အား ဤဆုကို ပေးတော်မူပါဘုရား"ဟု လျှောက်ထားလေသည်၊ ခမည်းတော်မင်းကြီးက "ချစ်သား...ဤဆုကိုကား မပေးနိုင်၊ အခြားဆုကို ယူလော့"ဟု ဆိုလေသော် မင်းသားက"ခမည်းတော်ဘုရား...ရေမြေသေဌ်နင်း ပြည့်ရှင်မင်းတို့မည်သည် စကားနှစ်ခွ ပြောဆိုရိုး မရှိပါ၊ ထိုလျှောက်ဆိုရာပါဆုကိုပင် သားတော်အားပေးပါလော့၊ သားတော်၏အဖို့ရာ အခြားဆုကို အလိုမရှိပါ"ဟု လျှောက်ထားလေသည်။

ခမည်းတော်မင်းကြီးက "ချစ်သား...ဘုရားရှင်တို့၏စိတ်အလိုတော်မည်သည်ကို သိနိုင်ခဲ၏၊ အကယ်၍ ဘုရားရှင်က သားတော်ပင့်ရာသို့ ကြွရောက်ဖို့ရန် အလိုတော်မရှိခဲ့ပါလျှင် ခမည်းတော်က ပေးအပ်ပါသော်လည်း အဘယ်မှာ ဖြစ်နိုင်အံ့နည်း?"ဟု ပြောကြားလေသည်၊ မင်းသားက "ကောင်းပါပြီ ခမည်းတော်...သားတော်ကိုယ်တိုင် နောတော်ဘုရားရှင်၏စိတ်အလိုတော်ကို သိအောင် ပြုလုပ်ပါမည်"ဟု လျှောက်ထားပြီးလျှင် ဘုရားရှင်သီတင်းသုံးတော်မူရာ ကျောင်းတော်သို့ သွားရောက်လေသည်။

ထိုအချိန်၌ ဘုရားရှင်သည် ဆွမ်းစားတော်မူပြီး၍ ဂန္ဓကုဋီကျောင်းတော်သို့ ဝင်တော်မူပြီးဖြစ်လေသည်၊ မင်းသားသည် ညီမူရာတန်ဆောင်းဝန်း၌ စည်းဝေးနေကြသော ရဟန်းတို့ထံသို့ သွားရောက်လေသည်၊ ရဟန်းတို့သည် မင်းသားကို "မင်းသား...အဘယ့်ကြောင့် လာသနည်း?"ဟု မေးကြသောအခါ မင်းသားက "ဘုရားရှင်ကို ဖူးမြင်ရန် လာပါသည်ဘုရား၊ တပည့်တော်အား ဘုရားရှင်

ကို ပြတော်မူကြပါ"ဟုလျှောက်ထားလေလျှင် ရဟန်းတို့က "မင်းသား...ငါတို့သည် အလိုရှိတိုင်းသောခဏ၌ ဘုရားရှင်ကို ဖူးမြင်ခွင့် မရနိုင်ကြပါကုန်"ဟု ပြန်လည်မိန့်ကြားကြကုန်၏။ မင်းသားက "အရှင်ဘုရားတို့...အဘယ်မထေရ်သည် အလိုရှိတိုင်းသော ခဏ၌ ဘုရားရှင်ကို ဖူးမြင်ခွင့်ရပါသနည်း?ဟု မေးလေလျှင် ရဟန်းတို့က "မင်းသား...သုမနမထေရ်သည် ဖူးမြင်ခွင့်ရပါ၏"ဟု ပြန်လည်ဖြေကြားလေကုန်၏၊ မင်းသားက "အရှင်ဘုရားတို့...သုမနမထေရ်သည် ယခု အဘယ်မှာနည်း?"ဟု မထေရ်၏နေရာဌာနကို မေးမြန်း, သွားရောက်, ရှိခိုးပြီးလျှင် "အရှင်ဘုရား...တပည့်တော်သည် ဘုရားရှင်ကို ဖူးမြင်လိုပါ၏၊ တပည့်တော်အား ဘုရားရှင်ကို ပြတော်မူပါဘုရား"ဟု တောင်းပန်လျှောက်ထားလေသည်။

သုမနမထေရ်သည် မင်းသားမြင်စဉ်ပင် အာပေါကသိဏချာန်ကို ဝင်စား၍ မဟာပထဝီမြေကြီးကို "ရေဖြစ်စေသား"ဟု အဓိဋ္ဌာန်တော်မူပြီးလျှင် ရေဟုထင်ရသော မြေအပြင်၌ ငုပ်လျှိုးကာ ဘုရားရှင် သီတင်းသုံးတော်မူရာ ဂန္ဓကုဋီကျောင်းတော်၌ ထင်ရှားပေါ်လာလေသည်၊ ထိုအခါ သုမနမထေရ်ကို ဘုရားရှင်က "သုမန...အဘယ့်ကြောင့် လာသနည်း?"ဟု မေးတော်မူ၍ မထေရ်က "ရှင်တော်ဘုရား...သုမနမင်းသားသည် ရှင်တော်ဘုရားကို ဖူးမြင်ရန် လာရောက်နေပါသည်ဘုရား"ဟု လျှောက်ထားလေလျှင် ဘုရားရှင်က "ရဟန်း...ထိုသို့ဖြစ်လျှင် နေရာကို ခင်းလော့"ဟု မိန့်တော်မူလေ၏၊ တဖန် သုမနမထေရ်သည် မင်းသားမြင်စဉ်မှာပင် ဘုရားရှင်နေရာတော်ကိုယူဆောင်၍ ဂန္ဓကုဋီကျောင်းတော်အတွင်း၌ ငုပ်လျှိုးပြီးလျှင် ပရိဝုဏ်အပြင်ဖက်ဝယ် ထင်ရှားပေါ်တော်မူကာ ပရိဝုဏ်၌ပင် ဘုရားရှင်နေရာတော်ကို ခင်းလေသည်၊ မင်းသားသည် ဤ(သုမနမထေရ်၏)အံ့ဖွယ်နှစ်ပါးကို မြင်ရ၍ "ဤရဟန်းသည် တန်ခိုးရာထူးကြီးမြတ်ပေစွာ့တကား"ဟု စဉ်းစားဆင်ခြင်မိလေသည်။

ဘုရားရှင်သည်လည်း ဂန္ဓကုဋီကျောင်းတော်မှ ထွက်ကြွတော်မူ၍ ခင်းထားအပ်သော နေရာတော်၌ ထိုင်တော်မူလေသည်၊ မင်းသားသည် ဘုရားရှင်ကို ရှိခိုးပြီးလျှင် အစေ့အစပ်နှုတ်ခွန်းဆက်စကား လျှောက်ထားလေသည်၊ ဘုရားရှင်က "မင်းသား...အဘယ် အချိန်က လာရောက်သနည်း?"ဟု မေးတော်မူလျှင် မင်းသားက"ရှင်တော်ဘုရား...အရှင်ဘုရားတို့ ဂန္ဓကုဋီကျောင်းတော်သို့ ဝင်နေတော်မူစဉ် တပည့်တော်ရောက်ပါသည်၊ ရဟန်းတော်တို့က 'ငါတို့သည် အလိုရှိတိုင်းသောခဏ၌ ဘုရားရှင်ကို ဖူးမြင်ခွင့် မရနိုင်ကြပါကုန်'ဟု မိန့်တော်မူကြကာ တပည့်တော်ကို အရှင်သုမနမထေရ်အထံသို့ ပို့ကြပါသည်၊ မထေရ်မြတ်ကား စကားတခွန်းတည်းဖြင့်ပင် တပည့်တော်အား ဘုရားရှင်ကို ပြတော်မူပါသည်(ဖူးမြင်ခွင့်ရအောင် ဆောင်ရွက်တော်မူပါသည်)၊ ရှင်တော်ဘုရား...မထေရ်မြတ်သည် ရှင်တော်ဘုရား၏သာသနာတော်၌ အကျွမ်းဝင်သူဖြစ်၏-ဟု ထင်ပါသည်ဘုရား"ဟု လျှောက်ထားလေသည်။

ဘုရားရှင်က"ဟုတ်ပေသည် မင်းသား...ဤရဟန်းသည် ငါဘုရား၏သာသနာ၌ အကျွမ်းဝင်သူ ဖြစ်ပေ၏"ဟု မိန့်တော်မူလေလျှင် မင်းသားက "ရှင်တော်ဘုရား...အဘယ်ကောင်းမှုကို ပြုလုပ်၍ ဘုရားရှင်တို့၏သာသနာတော်၌ အကျွမ်းဝင်သူများ ဖြစ်နိုင်ကြပါသနည်းဘုရား?"ဟု မေးလျှောက်လေ၏၊ ဘုရားရှင်က "အလှူဒါနပေး၍, သီလဆောက်တည်၍, ဥပုသ်စောင့်သုံး၍ ဘုရားရှင်တို့၏သာသနာတော်၌ အကျွမ်းဝင်သူများ ဖြစ်နိုင်ကြ၏...မင်းသား"ဟု မိန့်တော်မူလေလျှင် မင်းသားက"ရှင်တော်ဘုရား...တပည့်တော်သည် အရှင်သုမနမထေရ်ကဲ့သို့ ဘုရားသာသနာတော်၌ အကျွမ်းဝင်သူ ဖြစ်လိုပါသည်၊ နက်ဖြန်ခါ တပည့်တော်၏ဆွမ်းကို လက်ခံတော်မူပါဘုရား"ဟု လျှောက်ထားပင့်ဖိတ်လေ၏၊ ဘုရားရှင်သည် ဆိတ်ဆိတ်နေတော်မူသဖြင့် မင်းသား၏ပင့်လျှောက်ချက်ကို လက်ခံတော်မူလေသည်၊ မင်းသားသည် မိမိ၏တဲနန်းသို့ ပြန်သွား၍ တညဉ့်လုံး ကြီးစွာသော ပူဇော်ဖွယ်ကို စီမံပြီးလျှင် ခုနစ်ရက်တို့ပတ်လုံး "ယာယီတဲနန်း အလှူဆွမ်း"ကို လှူဒါန်းလေသည်။

ခုနစ်ရက်မြောက်သောနေ့၌ မင်းသားသည် ဘုရားရှင်ကို ရှိခိုး၍ "ရှင်တော်ဘုရား...တပည့်တော်သည် ခမည်းတော်အထံမှ ဝါတွင်းသုံးလပတ်လုံး ရှင်တော်ဘုရားတို့အား ပြုစုလုပ်ကျွေးခွင့်ဆုကို ရအပ်ပါပြီ၊ ဝါတွင်းသုံးလ တပည့်တော်၏ကျောင်းတိုက်၌ ဝါဆိုသီတင်းသုံးတော်မူပါရန် လက်ခံတော်မူပါကုန်ဘုရား"ဟု လျှောက်ထားလေ၏၊ ဘုရားရှင်သည်"ထိုမင်းသားပင့်ဆောင်ရာသို့ သွားရောက်လိုက်ပါသဖြင့် အကျိုးရှိမည်လော?"ဟု ကြည့်ရှုဆင်ခြင်တော်မူလျှင် "အကျိုးရှိမည်"ဟု သိမြင်တော်မူ၍ "မင်းသား...ဘုရားရှင်တို့မည်သည် ဆိတ်ငြိမ်းရာအရပ်၌ မွေ့လျော်တော်မူကုန်၏"ဟု မိန့်တော်မူလေသည်။

မင်းသားက "သိအပ်ပါပြီ ဘုန်းတော်ကြီးသောရှင်တော်ဘုရား...သိအပ်ပါပြီ ကောင်းသောစကားကို ဆိုတော်မူသောရှင်တော်ဘုရား.."ဟု လျှောက်ထား၍ "ရှင်တော်ဘုရား...တပည့်တော်သည် ရှေးဦးစွာ သွားနှင့်၍ ကျောင်းတိုက်ကို တည်ဆောက်ပါမည်၊ ကျောင်းတိုက်တည်ဆောက်ပြီး၍ တပည့်တော် ပင့်လျှောက်သောအခါ ရဟန်းတော်တစ်သိန်းနှင့် အတူတကွ ကြွတော်မူကြပါဘုရား"ဟု လျှောက်ထားကာ ဘုရားရှင်ကို ဝန်ခံချက်ကို ယူစေပြီးလျှင် ခမည်းတော်မင်းကြီးထံသို့ သွားရောက်၍"ခမည်းတော်ဘုရား...သားတော်အား ဘုရားရှင်က သားတော်ပင့်ဆောင်ရာ လိုက်မည့်အကြောင်း ပဋိညာဉ်ပေးတော်မူပြီးပါပြီ၊ သားတော်က အပင့်လွှတ်သောအခါ ခမည်းတော်တို့က ဘုရားရှင်ကို သားတော်၏နေရာသို့ ပို့ဆောင်တော်မူကြပါ"ဟု လျှောက်ထားမှာကြား၍ ခမည်းတော်ကို ရှိခိုးကန်

တော့ကာ နေပြည်တော်မှထွက်ခဲ့ရာ လမ်းခရီးအကြားဝယ် တစ်ယူဇနာ တစ်ယူဇနာလျှင် စံကျောင်းတော် တစ်ကျောင်း တစ်ကျောင်း ဆောက်လုပ်စေ၍ ယူဇနာ(၁၂၀)ဝေးကွာသောခရီးသို့ ရောက်ခဲ့လေသည်၊ မိမိ၏မြို့သို့ ရောက်လျှင် ကျောင်းတိုက်တော်တည်ရန် နေရာကို စူးစမ်းရာဖွေလတ်သော် သောဘဏသူကြွယ်၏ဥယျာဉ်ကို တွေ့ရ၍ အသပြာတသိန်းဖြင့် ဝယ်ယူပြီးလျှင် (နောက်ထပ်) အသပြာတစ်သိန်းကို စွန့်လှူ၍ ကျောင်းတိုက်ကို တည်ဆောက်စေသည်။

ထိုဥယျာဉ်၌ ဘုရားရှင်သီတင်းသုံးဖို့ရာ ဂန္ဓကုဋီကျောင်းတော်နှင့် ကျန်ရဟန်းတော်တို့ ညဉ့်သန့်ရာ, နေ့သန့်ရာ အလို့ငှာ ကုဋီ, လိုဏ်, မဏ္ဍပ်တို့ကို ဆောက်လုပ်စေ၍ တံတိုင်းအရံအတား, တံခါးမုခ်တို့ကို ပြီးစီးအောင် ပြုလုပ်စေပြီးသော် ခမည်းတော်မင်းကြီးထံသို့ "ခမည်းတော်ဘုရား...သားတော်၏လုပ်ဆောင်ရန်ကိစ္စ အဝဝ ပြီးစီးပါပြီ၊ ဘုရားရှင်ကို သားတော်တို့အရပ်သို့ ပို့ဆောင်တော်မူပါကုန်"ဟု တမန်စေလွှတ်၍အကြောင်းကြားလျှောက်ထားစေသည်။

ခမည်းတော်မင်းကြီးသည် ဘုရားရှင်ကို ဆွမ်းဆက်ကပ်ပြီးလျှင် "ရှင်တော်ဘုရား...သုမနမင်းသား၏လုပ်ဆောင်ရာကိစ္စ အဝဝ ပြီးနေပါပြီ၊ အရှင်ဘုရားတို့၏ကြွလာတော်မူခြင်းကို လွန်မင်းစွာ မျှော်လင့်တောင့်တနေပါသည်ဘုရား"ဟု လျှောက်ထားလေသည်၊ ဘုရားရှင်သည် ရဟန်းတစ်သိန်းခြံရံလျက် တယူဇနာ တယူဇနာဝယ် အသင့်ဆောက်လုပ်ထားသော စံကျောင်းတော်တို့၌ အပန်းဖြေ နားနေတော်မူ၍ ယူဇနာတစ်ရာ့နှစ်ဆယ်ခရီးကို ကြွချီတော်မူလေသည်။

သုမနမင်းသားသည် "မြတ်စွာဘုရား ကြွလာတော်မူ၏"ဟု ကြားသိရ၍ တစ်ယူဇနာတိုင်တိုင် သွားရောက်ခရီးဦးကြိုပြီးလျှင် နံ့သာ,ပန်းစသည်တို့ဖြင့် ပူဇော်လျက် ကျောင်းတိုက်အတွင်းသို့ ပင့်ဆောင်ကာ...

သတသဟဿေန မေ ကီတံ၊ သတသဟဿေန မာပိတံ။

သောဘဏံ နာမ ဥယျာနံ၊ ပဋိဂ္ဂဏှ မဟာမုနိ။

ရှင်တော်မြတ်ဘုရား...တပည့်တော်သည် သောဘဏမည်သောဥယျာဉ်ကို အသပြာတစ်သိန်းဖြင့် ဝယ်၍ အသပြာတစ်သိန်းဖြင့် ကျောင်းတိုက်တော်ကြီးကို ဖန်တီးတည်ဆောက်အပ်ပြီးသည်ကို အလှူခံတော်မူပါဘုရား ဟု လျှောက်ထားပြီးလျှင် ကျောင်းတိုက်တော်ကို ဘုရားရှင်အား လှူဒါန်းလေသည်။

မင်းသားသည် ဝါကပ်သောနေ့၌ အလှူပေးပြီးနောက် မိမိ၏သား, မယား, အမတ်များကို ခေါ်စေ၍ "ဘုရားရှင်သည် ငါတို့အထံသို့ ဝေးကွာလှသောအရပ်မှပင် ကြွလာတော်မူပေသည်၊ ဘုရားရှင်တို့မည်သည် တရားကိုသာ အလေးပြုတော်မူကုန်၏၊ ပစ္စည်းအာမိသကို အလေးပြုတော်မမူကုန်၊ ထို့ကြောင့် ငါသည် ဤဝါတွင်းသုံးလပတ်လုံး အဝတ်နှစ်ထည်ကိုသာ ဝတ်၍ ဆယ်ပါးသီလကို ဆောက်တည်ပြီးလျှင် ဤကျောင်းတော်မှာပင် နေမည်၊ သင်တို့သည် ဘုရားရှင်အမှူးရှိသော ရဟန္တာတသိန်းအား ဤနည်းအတိုင်းပင် ဝါတွင်းသုံးလပတ်လုံး အလှူပေးကြကုန်လော့"ဟု မှာထားပြောဆိုကာ အဝတ်နှစ်ထည်ကိုသာ ဝတ်လျက် ဆယ်ပါးသီလဆောက်တည်၍ ကျောင်းတော်၌ပင် နေရစ်လေသည်။

မင်းသားသည် ဘုရားရှင်၏အလုပ်အကျွေးဖြစ်သော အရှင်သုမနမထေရ်နေရာကျောင်းနှင့် နီးကပ်သောအရပ်၌ နေထိုင်ကာ မထေရ်က ဘုရားရှင်အား ဝတ်ကြီးဝတ်ငယ် ပြုလုပ်မှု အလုံးစုံကို မြင်ရ၍ "ဤမထေရ်သည် ဤအလုပ်အကျွေးအရာဌာနန္တ၌ အမှန်ပင် အကျွမ်းဝင်သူဖြစ်၏၊ ငါသည် ဤမထေရ်၏ရာထူးဌာနန္တရကို ဆုတောင်းမှုပြုရန် သင့်လျော်မည်"ဟု ကြံစည်စဉ်းစားပြီးလျှင် ပဝါရဏာ ပြုမည်နေ့နီးကပ်လေသော် မြို့တွင်းသို့ ဝင်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးပေးလှူပြီးနောက် ခုနစ်ရက်မြောက်သောနေ့၌ (ဘုရားအမှူးရှိသော)ရဟန်းတစ်သိန်း၏ခြေတော်ရင်းဝယ် တိစီဝရိက်သင်္ကန်းအစုံတို့ကို ထားရှိလျက် ဘုရားရှင်ကို ရှိခိုးကာ "ရှင်တော်ဘုရား... ယာယီတဲနန်း ဆွမ်းအလှူမှစ၍ အလုံးစုံသော ကောင်းမှုများကို သိကြားမင်းစည်းစိမ်, မာရ်နတ်မင်းစည်းစိမ်, ဗြဟ္မာမင်းစည်းစိမ်တို့ကို တောင့်တ၍ ပြုလုပ်သည် မဟုတ်ပါ၊ စင်စစ်သော်ကား ဘုရားရှင်၏အလုပ်အကျွေးရဟန်းအဖြစ်ကို တောင့်တ၍သာ ပြုလုပ်ခဲ့ပါသည်၊ ထို့ကြောင့် ဘုန်းတော်ကြီးသော ရှင်တော်ဘုရား...တပည့်တော်သည် နောက်ကာလဝယ် သုမနမထေရ်ကဲ့သို့ တစ်ဆူဆူသောဘုရားရှင်၏အလုပ်အကျွေးဖြစ်ရပါလို၏ဘုရား"ဟု ဆုတောင်းလျှောက်ထား၍ တည်ခြင်း(ထိခြင်း)ငါးပါးဖြင့် ရှိခိုးလေသည်၊ ဘုရားရှင်သည် မင်းသားဆုတောင်း ပြည့်စုံမည်အကြောင်းကို မြင်တော်မူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူပြီးလျှင် ဖဲကြွတော်မူလေသည်။

သုမနမင်းသားသည် ထိုဘဝမှ စုတေ၍ နတ်ပြည်၌ဖြစ်လျက် တဖန် ကဿပဘုရားရှင်လက်ထက်တော်ဝယ် ဆွမ်းခံကြွသော မထေရ်တစ်ပါးအား သပိတ်အောက်မှ ခံရန် မိမိ၏အပေါ်ရုံစုလျားတဘက်ကို လှူဒါန်းပူဇော်သော သူတော်ကောင်းဖြစ်လေသည်၊ တဖန် ထိုဘဝမှသေလွန်ပြန်သော် ဗာရာဏသီမင်းဖြစ်၍ ဂန္ဓမာဒနတောင်မှ ပစ္စေကဗုဒ္ဓါရှစ်ဆူတို့ကို နန်းတော်သို့ ပင့်၍ ဆွမ်းဆက်ကပ်လှူဒါန်းပြီးလျှင် မင်္ဂလာဥယျာဉ်တွင်း၌ သန်မ်းကျောင်း ရှစ်ကျောင်းတို့ကို ဆောက်လုပ်လှူဒါန်းခြင်းစသည်တို့ကို စီမံပြုလုပ်လျက် နှစ်ပေါင်းတစ်သောင်းတို့ပတ်လုံး ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား ပြုစုလုပ်ကျွေးခဲ့လေသည်။

## နောက်ဆုံးဘဝ ရဟန်းပြုရ

အရှင်အာနန္ဒာအလောင်းတော်သည် ကမ္ဘာတစ်သိန်းတာကာလ အလျှဒါနပြုလျက်ပင် ကျွန်ုပ်တို့၏ဘုရားရှင် အလောင်းတော်နှင့်အတူတကွ တုသိတာနတ်ပြည်၌ဖြစ်၍ ထိုဘဝမှစုတေခဲ့သော် ကပိလဝတ်နေပြည်တော်ဝယ် အမိတောဒန သာကီဝင်မင်း(ဘုရားရှင်၏ဘထွေး)၏သားဖြစ်လာလေသည်၊ ထိုမင်းသား၏အမည်ကို "ဆွေတော်မျိုးတော်အားလုံးတို့ နှစ်သက်ဝမ်းမြောက်အောင် ပြု၍ ဖြစ်ပွားလာသောကြောင့် အာနန္ဒ"ဟု အမည်မှည့်ကြကုန်၏၊ အာနန္ဒမင်းသားသည် ဘုရားအလောင်းတော် ဘုရားဖြစ်ပြီးနောက် ပဌမအကြိမ် ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူလာ၍ နေပြည်တော်မှ ပြန်ကြွတော်မူသောအခါ ဘဒ္ဒိယမင်းသားစသည်တို့နှင့် အတူတကွ တောထွက်ခဲ့၍ အနုပိယမြို့အနီး အနုပိယမည်သော သရက်ဥယျာဉ်ဝယ် ဘုရားရှင်အထံတော်၌ ရှင်ရဟန်းပြုလေသည်။

## အာနန္ဒာထေရ် သောတာပန်တည်

အရှင်အာနန္ဒာသည် ရဟန်းပြုပြီးနောက် မကြာမြင့်မီပင် အရှင်မန္တာဏိပုတ္တ ပုဏ္ဏမထေရ်၏အထံ၌ တရားစကား(သံ၊ ၂၊ ၈၆) ကို ကြားနာရ၍ သောတာပတ္တိဖိုလ်၌တည်လေသည်။

## ဘုရားရှင်၏အလုပ်အကျွေးပြုသနာ ရှိခဲ့ရာ

ဘုရားရှင်အား ပဌမဗောဓိခေါ် ဝါတော်နှစ်ဆယ်အတွင်း၌ အမြဲတမ်း အလုပ်အကျွေးဟူ၍ မရှိသေးချေ၊ တခါတရံ အရှင်နာဂသမာလ, တခါတရံ အရှင်နာဂိတ, တခါတရံ အရှင်ဥပဝါန, တခါတရံ လိစ္ဆဝီမင်းသား သုနက္ခတ်ရဟန်း, တခါတရံ အရှင်စုန္ဒ(အရှင်သာရိပုတ္တ၏ညီ), တခါတရံ အရှင်သာဂတ, တခါတရံ အရှင်ရာဓ, တခါတရံ အရှင်မေဃိယသည် ဘုရားရှင်၏သပိတ်သင်္ကန်းကို ယူဆောင်၍ လှည့်လည်လိုက်ပါလေသည်။

ထိုမထေရ်တို့အနက် အခါတပါး ဘုရားရှင်သည် နာဂသမာလမထေရ်နှင့် အတူတကွ အဓွန့်ရှည်သောခရီးသို့ ကြွတော်မူလေရာ လမ်းနှစ်ခွသို့ ရောက်ရှိလေသည်၊ နာဂသမာလမထေရ်က ခရီးမမှ သက်၍ "ရှင်တော်ဘုရား...တပည့်တော်သည် ဤလမ်းဖြင့် သွားပါအံ့ဘုရား"ဟု လျှောက်လေသည်၊ ဘုရားရှင်က "ရဟန်း...လာပါလော့၊ ဤလမ်းဖြင့် သွားကြကုန်အံ့"ဟု မိန့်တော်မူလေသော် နာဂသမာလမထေရ်သည် "ရှင်တော်ဘုရား...ရှင်တော်ဘုရားတို့၏သပိတ်သင်္ကန်းကို ယူတော်မူကြပါကုန်လော့၊ တပည့်တော်သည် ဤလမ်းဖြင့် သွားပါအံ့"ဟု ပြောဆို၍ ဘုရားရှင်၏သပိတ်သင်္ကန်းကို မြေပေါ်၌ ချမည်ဟန် အားထုတ်လေသည်၊ ထိုအခါ ဘုရားရှင်က "ရဟန်း...ယူခဲ့လော့"ဟု မိန့်တော်မူကာ သပိတ်သင်္ကန်းကို ကိုယ်တော်တိုင် ယူဆောင်၍ ကြွတော်မူလေသည်၊ ခိုးသူတို့သည် အခြားလမ်းဖြင့် သွားသော အရှင်နာဂသမလမထေရ်၏သပိတ်သင်္ကန်းကိုလည်း လုယက်ယူကြ၍ ရိုက်နှက်သဖြင့် မထေရ်၏ဦးခေါင်းလည်း ပေါက်ပြဲခဲ့လေသည်၊ မထေရ်သည် "ယခုအခါ ငါ့အား ဘုရားရှင်သာလျှင် ကိုးကွယ်ရာရှိ၏၊ အခြားကိုးကွယ်ရာ မရှိပြီ"ဟု ကြံစည်မိကာ သွေးများယိုစီးလျက် ဘုရားရှင်ထံတော်သို့ ပြန်လာလေ၏၊ ဘုရားရှင်က "ရဟန်း...ဤဖြစ်ရပ်ကား အသို့နည်း?"ဟု မေးတော်မူသောအခါ မထေရ်သည် ထိုဖြစ်ရပ်ကို ပြန်ကြားလျှောက်ထားလေသည်၊ ထိုအခါ ဘုရားရှင်က မထေရ်ကို "ရဟန်း...စိတ်အားမငယ်လင့်၊ ဤအကြောင်းကြောင့် သင့်ကို တားမြစ်ခြင်းဖြစ်သည်"ဟု မိန့်တော်မူ၍ စိတ်သက်သာရစေတော်မူသည်။

အခါတပါးလည်း (စာလိယတောင်ကျောင်း၌ တေရသမဝါကပ်တော်မူသောအခါ) ဘုရားရှင်သည် အရှင်မေဃိယမထေရ်နှင့် အတူတကွ ပါစီနဝံသမည်သော မိဂဒါဝုန်အနီး ဇန္တုရွာ၌ ဆွမ်းခံလှည့်လည်တော်မူလေသည်၊ မထေရ်သည် ဆွမ်းခံပြီးနောက် ကိမိကာဠာမည်သောမြစ်ကမ်းဝယ် လမ်းလျှောက်စဉ် သရက်ဥယျာဉ်ကို မြင်ရ၍ "ရှင်တော်ဘုရား..အရှင်ဘုရားတို့၏သပိတ်,သင်္ကန်းကို ယူတော်မူကြပါ၊ တပည့်တော်သည် ထိုသရက်ဥယျာဉ်၌ ရဟန်းတရား အားထုတ်ပါအံ့ဘုရား"ဟု လျှောက်ထား၍ ဘုရားရှင်က သုံးကြိမ်တိုင်တိုင် တားမြစ်ပါသော်လည်း မရပဲ ထိုဥယျာဉ်သို့သွားရောက်ကာ ကျောက်ဖျာဝယ် ထိုင်မိလျှင်ပင် အကုသိုလ်ဝိတက်တို့ ဝင်ရောက်နှိပ်စက်အပ်သည်ဖြစ်၍ ဘုရားရှင်ထံ တဖန်ပြန်လာပြီးလျှင် ထိုအကြောင်းကို လျှောက်ထားလေသည်၊ ဘုရားရှင်က "ရဟန်း...ဤအကြောင်းကို သိမြင်၍ပင် သင့်ကို တားမြစ်ခဲ့သည်"ဟု မိန့်တော်မူကာ သက်သာရာရစေတော်မူလေသည်။

ဘုရားရှင်သည် နောက်အခါဝယ် သာဝတ္ထိနေပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်...

"ရဟန်းတို့...ယခုအခါ ငါဘုရားသည် အသက်အရွယ် ကြီးရင့်ခဲ့လေပြီ(ထိုအချိန်တွင် ဘုရားရှင်၏အသက်တော်မှာ ငါးဆယ့်ငါးနှစ်ကျော်ခဲ့လေပြီ)၊ အချို့ရဟန်းများသည် ငါဘုရားက 'ဤလမ်းဖြင့် သွားကြစို့"ဟု ပြောဆိုအပ်ပါလျက် အခြားလမ်းဖြင့် ငါဘုရားကို စွန့်ခွါ၍ သွားကြ၏၊ အချို့ရဟန်းများကား ငါဘုရား၏သပိတ်သင်္ကန်းကို မြေ၌ ချထားမည့်အခြေအနေအထိ ပြုလုပ်ကြဘိသည်၊ ငါဘုရားအတွက် အမြဲပြုစုလုပ်ကျွေးမည့် ရဟန်းတပါးကို သင်တို့ စဉ်းစားကြလော့"ဟု မိန့်တော်မူလေသည်။ ထိုစကားကို ကြားရ

သောအခါ ရဟန်းတော်တို့အဖို့ရာ ဓမ္မသံဝေဂ ကြီးစွာ ဖြစ်ကြရလေသည်။

ထိုအခါ အရှင်သာရိပုတ္တာမထေရ်က "ရှင်တော်ဘုရား...တပည့်တော်သည် ရှင်တော်ဘုရားတို့ကိုသာလျှင် တောင့်တလျက် တစ်သျှော်နှင့်ကမ္ဘာတစ်သိန်းတိုင်တိုင်ပတ်လုံး ပါရမီတို့ကို ဖြည့်ဆည်းပူးခဲ့ပါသည်၊ တပည့်တော်ကဲ့သို့သော ပညာကြီးမားသောပုဂ္ဂိုလ်သည် ရှင်တော်ဘုရားတို့အတွက် အလုပ်အကျွေးဖြစ်သင့်သည် မဟုတ်ပါလော?၊ တပည့်တော်သည် ရှင်တော်ဘုရားတို့အား ပြုစုလုပ်ကျွေးပါရစေဘုရား"ဟု တောင်းပန်စကား လျှောက်ထားလေသည်၊ ဘုရားရှင်က "မသင့်ဘူး သာရိပုတ္တ...၊ အကြင်အရပ်၌ သင်သည် နေ၏၊ ထိုအရပ်သည် စင်စစ် တရားမှမဆိတ်သုဉ်းသည်သာ ဖြစ်၏၊ မှန်၏...သင်၏အဆုံးအမဩဝါဒသည် ဘုရားရှင်တို့၏အဆုံးအမဩဝါဒ နှင့်တူ၏၊ သို့ဖြစ်၍ သင်သည် ငါဘုရားအား ပြုစုလုပ်ကျွေးရန် ကိစ္စမရှိ"ဟု မိန့်ကြားတော်မူကာ မထေရ်၏တောင်းပန်လျှောက်ထားချက်ကို ပယ်တော်မူလေသည်၊ ဤနည်းဖြင့်ပင် အရှင်မဟာမောဂ္ဂလ္လာန်မထေရ်ကို အစပြု၍ ကျန်မဟာသာဝကကြီးများသည်လည်း အသီးအသီး ဘုရားရှင်အား မိမိတို့ပြုစု လုပ်ကျွေးရပါမည့်အကြောင်း တောင်းပန်လျှောက်ထားကြလေသည်၊ ထိုမဟာသာဝကကြီး အားလုံးကိုလည်း ပယ်တော်မူလေသည်။

## လုပ်ကျွေးပြုရန်၊ ဆုရှစ်တန်၊ တောင်းခံ အာနန္ဒာ

အရှင်အာနန္ဒမထေရ်မူကား ဆိတ်ဆိတ်သာလျှင် ထိုင်နေလေသည်၊ ထိုအခါ မထေရ်ကို ရဟန်းတော်များက "ငါ့ရှင်အာနန္ဒာ... ရဟန်းသံဃာသည် အပြုအစုအလုပ်အကျွေး(ဥပဋ္ဌာက)အရာကို တောင်းခံဆဲရှိလေသည်၊ သင်သည်လည်း တောင်းခံပါလော့"ဟု တိုက်တွန်းစကား ကြော်ကြားကြလေလျှင် အရှင်အာနန္ဒာမထေရ်က "ငါ့ရှင်တို့...တောင်းမှရအပ်သည့်ရာထူးမည်သည် အဘယ်သို့ သဘောရှိမည်နည်း? ငါ့ကို ဘုရားရှင်သည် မြင်တော်မမူသလော?၊ အကယ်၍ ဘုရားရှင်က အလိုတော်ရှိလျှင် 'အာနန္ဒာသည် ငါဘုရားကို ပြုစုလုပ်ကျွေးစေ'ဟု မိန့်တော်မူပါလိမ့်မည်"ဟု ပြန်ကြားပြောဆိုလေသည်။

ထိုအခါ ဘုရားရှင်က ရဟန်းများကို "ရဟန်းတို့...အာနန္ဒာသည် သူတပါးတို့က တိုက်တွန်းမှ ငါဘုရားကို ပြုစုလုပ်ကျွေးမည့်ပုဂ္ဂိုလ်မဟုတ်ချေ၊ မိမိအလိုလိုပင် သိရှိကာ ငါဘုရားကို ပြုစုလုပ်ကျွေးပေလိမ့်မည်"ဟု မိန့်တော်မူလေသည်။ ထိုအခါ ရဟန်းတော်များက "ငါ့ရှင်အာနန္ဒာ...ထပါလော့၊ ငါ့ရှင်အာနန္ဒာ...ထပါလော့၊ ဘုရားရှင်ကို ပြုစုလုပ်ကျွေးရန်ဆုကို တောင်းခံပါလော့"ဟု တိုက်တွန်းကြလေသည်၊ မထေရ်သည် မိမိထိုင်နေရာမှထလျက် "ပယ်လေးပါး ခံလေးပါး" ဆုရှစ်ပါးကို တောင်းခံတော်မူလေသည်။

ပယ်လေးပါး ဟူသည်မှာ..."ရှင်တော်ဘုရား...ရှင်တော်ဘုရားသည် တပည့်တော်အား အကယ်၍ ရှင်တော်ဘုရားရအပ်သည့်

(၁) ကောင်းမြတ်သောသင်္ကန်းကို မပေးဘူးဆိုလျှင်၊
(၂) ကောင်းမြတ်သောဆွမ်းကို မပေးဘူးဆိုလျှင်၊
(၃) ရှင်တော်ဘုရားနှင့်အတူ ဂန္ဓကုဋီတစ်တိုက်တည်း၌ နေထိုင်ခွင့် မပေးဘူးဆိုလျှင်၊
(၄) ရှင်တော်ဘုရားအား ဒါယကာ ဒါယိကာမတို့က ပင့်ဖိတ်ရာသို့ တပည့်တော်ကို ခေါ်ဆောင်၍ ကြွသွားတော်မမူဘူးဆိုလျှင်=ဤဆုလေးပါးကို ချီးမြှောက်တော်မူပါလျှင် တပည့်တော်သည် ရှင်တော်ဘုရားကို ပြုစုလုပ်ကျွေးပါရစေဘုရား ဟု လျှောက်ထားလေသည်။

ဘုရားရှင်က "အာနန္ဒာ...ဤလေးပါး၌ သင်သည် အဘယ်အပြစ်ကို မြင်ပါသနည်း?"ဟု မေးတော်မူလျှင် အရှင်အာနန္ဒာက "ရှင်တော်ဘုရား...တပည့်တော်သည် ဤလေးပါးကို အကယ်၍ ရယူခဲ့လျှင် 'အာနန္ဒာသည် ဘုရားရှင်ရအပ်သော သင်္ကန်းကောင်းကိုလည်း ဝတ်ရုံသုံးဆောင်ရ၏, ဆွမ်းကောင်းကိုလည်း ဘုဉ်းပေးရ၏, ဂန္ဓကုဋီတစ်တိုက်တည်း၌လည်း ဘုရားရှင်နှင့် အတူတကွ နေထိုင်ရ၏, ဘုရားရှင်နှင့်အတူတကွ ပင့်ဖိတ်ရာသို့လည်း လိုက်ပါရ၏=ဤလာဘ်ကြီးလေးပါးကို ရသည်ဖြစ်၍ ဘုရားရှင်ကို ပြုစုလုပ်ကျွေး၏၊ ဤသို့ လာဘ်များကို ရ၍ ပြုစုလုပ်ကျွေးသော အာနန္ဒာ၏အဖို့ရာ အဘယ်မှာ တာဝန်လေးမှု ရှိတော့အံ့နည်း?'ဟု ရှုတ်ချပြောကြားသူများ ပေါ်ပေါက်လာကြပါလိမ့်မည်၊ ထိုအပြစ်ကို မြင်ပါသည်ဘုရား"ဟု လျှောက်ထားလျက် ပယ်လေးပါးဆုကို တောင်းခံတော်မူလေသည်။

စတ္တာရော ပဋိက္ခေပါ နာမ "သစေ မေ ဘန္တေ ဘဂဝါ အတ္တနာ လဒ္ဓံ ပဏီတံ စီဝရံ န ဒဿတိ၊ ပိဏ္ဍပါတံ န ဒဿတိ၊ ဧကဂန္ဓကုဋိယံ ဝသိတုံ န ဒဿတိ၊ နိမန္တနံ ဂဟေတွာ န ဂမိဿတိ၊ ဧဝါဟံ ဘဂဝန္တံ ဥပဋ္ဌဟိဿာမီ"တိ ဝတွာ "ကံ ပနေတ္ထ အာဒီနဝံ အဒ္ဒသာ"တိ ဝုတ္တေ အာဟ "သစာဟံ ဘန္တေ ဣမာနိ ဝတ္ထူနိ လဘိဿာမိ၊ ဘဝိဿန္တိ ဝတ္တာရော 'အာနန္ဒော ဒသဗလေန လဒ္ဓံ ပဏီတံ စီဝရံ ပရိဘုဉ္ဇတိ၊ ပိဏ္ဍပါတံ ပရိဘုဉ္ဇတိ၊ ဧကဂန္ဓကုဋိယံ ဝသတိ၊ ဧကတော နိမန္တနံ ဂစ္ဆတိ။ ဧတံ လာဘံ လဘန္တော တထာဂတံ ဥပဋ္ဌာတိ၊ ကော ဧဝံ ဥပဋ္ဌဟတော ဘာရော'တိ။ ဣမေ စတ္တာရော ပဋိက္ခေပေ ယာစိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၂၉။)

ခံလေးပါး ဟူသည်မှာ....

"(၁) ရှင်တော်ဘုရား...ရှင်တော်ဘုရားသည် အကယ်၍ တပည့်တော် ပင့်လျှောက်အပ်သည့် ဖိတ်ကြားရာအရပ်သို့ ကြွရောက် ချီးမြှောက်တော်မူမည် ဆိုလျှင်,

(၂) အကယ်၍ တပည့်တော်သည် တိုင်းတပါး တိုက်နယ်တပါးမှ ဘုရားဖူးလာရောက်သောပရိသတ်ကို လာရောက်သော ခဏမှာပင် ရှင်တော်ဘုရားကို ဖူးမြင်စေနိုင်ခွင့် ရရှိမည် ဆိုလျှင်,

(၃) အကယ်၍ တပည့်တော်၏သန္တာန်၌ တရားနှင့်စပ်၍ ယုံမှားသံသယဖြစ်သော ခဏမှာပင် ရှင်တော်ဘုရားထံသို့ ကပ်ရောက် မေးလျှောက်ခွင့်ကို ရမည် ဆိုလျှင်,

(၄) အကယ်၍ ရှင်တော်ဘုရားသည် တပည့်တော်၏မျက်ကွယ်၌ ဟောကြားတော်မူအပ်သော တရားတော်ကို တပည့်တော်အား တဖန် ပြန်လည်၍ ဟောကြားတော်မူမည် ဆိုလျှင်=ဤဆုလေးပါးကို ချီးမြှောက်တော်မူပါလျှင် တပည့်တော်သည် ရှင်တော်ဘုရားကို ပြုစုလုပ်ကျွေးပါရစေဘုရား ဟု လျှောက်ထားလေသည်။

ဘုရားရှင်က "အာနန္ဒာ...ဤလေးပါး၌ သင်သည် အဘယ်အကျိုးကို မြင်းသနည်း?"ဟု မေးတော်မူလျှင် အရှင်အာနန္ဒာက "ရှင်တော်ဘုရား...ဤသာသနာတော်၌ သဒ္ဓါတရားရှိကြသူ အမျိုးကောင်းသားတို့သည် ရှင်တော်ဘုရားအား ကိုယ်တိုင်ပင့်လျှောက်ခွင့်ကို မရကြသည်ရှိသော် တပည့်တော်ကို 'အရှင်အာနန္ဒာဘုရား...နက်ဖြန်ခါ ဘုရားရှင်နှင့်အတူတကွ တပည့်တော်တို့အိမ်၌ ဆွမ်းအလှူခံတော်မူကြပါဘုရား'ဟု လျှောက်ထားကြပါလိမ့်မည်ဘုရား၊ ရှင်တော်ဘုရားသည် အကယ်၍ ထိုလျှောက်ထားဖိတ်ကြားရာအရပ်သို့ ကြွရောက်မှု ပြုတော်မမူခဲ့ပါလျှင်, တိုင်းတပါး တိုက်နယ်တပါးမှ ဘုရားဖူးလာရောက်သော ပရိသတ်ကို အလိုရှိအပ် အလိုရှိအပ်သော ခဏမှာပင် ရှင်တော်ဘုရားကို ဖူးမြင်စေနိုင်ခွင့်ကိုမှ မရခဲ့ပါလျှင်, ယုံမှားသံသယဖြစ်သောခဏမှာပင်ပင် တပည့်တော်သည် ရှင်တော်ဘုရားထံသို့ ကပ်ရောက်မေးလျှောက်နိုင်ခွင့်ကိုမှ မရခဲ့ပါလျှင် အဘယ့်ကြောင့် အရှင်အာနန္ဒာသည် ဘုရားရှင်ကို ပြုစုလုပ်ကျွေးနေဘိသနည်း?၊ ဘုရားရှင်သည် အရှင်အာနန္ဒာအား ဤမျှလောက်သော ချီးမြှောက်မှုကိုပင် ပြုတော်မမူချေ'ဟု ကဲ့ရဲ့သူများ ပေါ်ပေါက်လာကြပါလိမ့်မည်၊ ထို့ကြောင့် ကဲ့ရဲ့မှုများ မပေါ်ပေါက်စေရန် ရှေးဆုသုံးပါးကို လိုလားတောင့်တပါသည်ဘုရား၊ ထို့ပြင် ရှင်တော်ဘုရား၏ မျက်ကွယ်၌ တပည့်တော်ကို 'ငါ့ရှင်အာနန္ဒာ..ဤဂါထာ,ဤသုတ္တန်, ဤဇာတ်ကို ဘုရားရှင်သည် အဘယ်အရပ်၌ ဟောကြားတော်မူပါသနည်း?'ဟု မေးမြန်းကြပါလိမ့်မည်၊ တပည့်တော်သည် အကယ်၍ ထိုအမေးကို အပြည့်အစုံ မဖြေကြားနိုင်ပါလျှင် 'ငါ့ရှင်...သင်သည် ဤမျှလောက်ကိုပင် မသိချေ၊ အဘယ့်ကြောင့် သင်သည် အရိပ်ပမာ ဘုရားရှင်ကို မစွန့်ပဲ ကြာရှည်လေးမြင့်စွာ လိုက်ပါပြုစုနေဘိသနည်း?'ဟု အပြစ်တင်စကား ပြောကြားသူများ ပေါ်ပေါက်လာကြပါလိမ့်မည်၊ ထို့ကြောင့် ရှင်တော်ဘုရား တပည့်တော်၏မျက်ကွယ်၌ ဟောကြားအပ်သောတရားတော်ကိုလည်း တဖန်ပြန်၍ဟောကြားတော်မူခြင်း(စတုတ္ထဆု)ကို လိုလားတောင့်တပါသည်ဘုရား၊ ဤဆုလေးပါးချီးမြှင့်တော်မူပါလျှင် ကဲ့ရဲ့ပြစ်တင်စကား ပြောကြားမှုများ အလျှင်းပင် ပေါ်ပေါက်တော့မည် မဟုတ်ပါ၊ တပည့်တော်သည် လျှောက်ထားပါ ဆုလေးပါး၌ ဤအကျိုးကို မြင်ပါသည်ဘုရား"ဟု လျှောက်ထား၍ ခံလေးပါးဆုကို တောင်းခံတော်မူလေသည်၊ ဘုရားရှင်ကလည်း အရှင်အာနန္ဒာမထေရ် တောင်းခံအပ်သော "ပယ်လေးပါး+ခံလေးပါး" ဤဆုရှစ်ပါးကို ပေးတော်မူလေသည်။

စတသော အာယာစနာ နာမ "သစေ ဘန္တေ ဘဂဝါ မယာ ဂဟိတနိမန္တနံ ဂမိဿတိ၊ သစာဟံ တိရောရဋ္ဌာ တိရောဇနပဒါ ဘဂဝန္တံ ဒဋ္ဌုံ အာဂတံ ပရိသံ အာဂတက္ခဏေယေဝ ဘဂဝန္တံ ဒဿေတုံ လစ္ဆာမိ၊ ယဒါ မေ ကင်္ခါ ဥပ္ပဇ္ဇတိ၊ တသ္မိံယေဝ ခဏေ ဘဂဝန္တံ ဥပသင်္ကမိတုံ လစ္ဆာမိ၊ တထာ ယံ ဘဂဝါ ပရမ္မုခေ ဓမ္မံ ဒေသေတိ၊ တံ **အာဂန္ဒာ** မယှံ ကထေဿတိ၊ ဧဝါဟံ ဘဂဝန္တံ ဥပဋ္ဌဟိဿာမီ"တိ ဝတွာ"ကံ ပနေတ္ထ အာနန္ဒ အာနိသံသံ ပဿသီ"တိ ဝုတ္တေ အာဟ"ဣဓ ဘန္တေ သဒ္ဓါ ကုလပုတ္တာ ဘဂဝတော ဩကာသံ အလဘန္တာ မံ ဧဝံ ဝဒန္တိ 'သွေ ဘန္တေ အာနန္ဒ ဘဂဝတာ သဒ္ဓိံ အမှာကံ ဃရေ ဘိက္ခံ ဂဏှေယျာထာ'တိ။ သစေ ဘဂဝါ တတ္ထ န ဂမိဿတိ၊ ဣစ္ဆိတိစ္ဆိတက္ခဏေယေဝ ပရိသံ ဒဿေတုံ, ကင်္ခဉ္စ ဝိနောဒေတုံ ဩကာသံ န လစ္ဆာမိ၊ ဘဝိဿန္တိ ဝတ္တာရော 'ကိံ အာနန္ဒော ဒသဗလံ ဥပဋ္ဌာတိ၊ ဧတ္တကမ္ပိဿ ဘဂဝါ အနုဂ္ဂဟံ န ကရောတီ'တိ။ ဘဂဝတော စ ပရမ္မုခါ မံ ပုစ္ဆိဿန္တိ 'အယံ အာဝုသော အာနန္ဒ ဂါထာ, ဣဒံ သုတ္တံ,ဣဒံ ဇာတကံ ကတ္ထ ဒေသိတ'န္တိ။ သစာဟံ တံ န သမ္ပာဒယိဿာမိ၊ ဘဝိဿန္တိ ဝတ္တာရော 'ဧတ္တကမ္ပိ အာဝုသော န ဇာနာသိ၊ ကသ္မာ တွံ ဆာယာ ဝိယ ဘဂဝန္တံ အဝိဇဟန္တော ဒီဃရတ္တံ ဝိစရသီ'တိ။ တေနာဟံ ပရမ္မုခါ ဒေသိတဿပိ ဓမ္မဿ ပုန ကထနံ ဣစ္ဆာမီ"တိ။ ဣမာ စတဿော အာယာစနာ ယာစိ။ ဘဂဝါပိဿ အဒါသိ။

(အံ၊ ဋ္ဌ၊ ၁၊ ၂၂၉ ၂၃၀။)

အရှင်အာနန္ဒာမထေရ်သည် ဤဆုရှစ်ပါးတို့ကိုယူ၍ အမြဲအလုပ်အကျွေး ဖြစ်တော်မူသည်၊ ထိုရာထူးအလို့ငှါ ကမ္ဘာတစ်သိန်းပတ်လုံးဖြည့်ဆည်းပူးအပ်သော ပါရမီတို့၏အကျိုးပြီးမြောက်ခြင်းသို့ ရောက်တော်မူလေသည်၊ မထေရ်သည် အလုပ်အကျွေးရာထူးကို ရ

သည်နေ့မှစ၍ ဘုရားရှင်အား ရေပူရေချမ်းဆက်ကပ်ခြင်း, ဒန်ပူဆက်ကပ်ခြင်း, ဘုရားရှင်၏လက်တော်ခြေတော်တို့ကို ဆုပ်နယ်ပေးခြင်း, ကျောတော်ကိုချေးတွန်းပေးခြင်း, ဂန္ဓကုဋိပရိဝုဏ်ကို တံမြက်လှည်းခြင်းစသော ကိစ္စကြီးငယ်တို့ဖြင့် ပြုစုလုပ်ကျွေးလျက် "ဤအချိန်၌ ဘုရားရှင်အား ဤမည်သောအရာကို ရသင့်သည်၊ ဤမည်သောအမှုကို ပြုသင့်သည်"ဟု ကြံစည်ကာ တနေ့ပတ်လုံး ဘုရားရှင်၏အနီးအပါး၌ပင် လှည့်လည်သွားလာလျက် နေလေသည်။

ညဉ့်အခါ၌ကား ဆီမီးတိုင်ကိုကိုင်ကာ ညတိုင်း ဂန္ဓကုဋိပရိဝုဏ်ကို ကိုးကြိမ် လှည့်ပတ်တော်မူလေသည်၊ မထေရ်၏စိတ်ဝယ် "အကယ်၍ ငါသည်နှာန်၌ ထိနမိဒ္ဓတရား ဝင်လာခဲ့သော် ဘုရားရှင်ခေါ်တော်မူလျှင် စကားတုံ့ကို ပေးစွမ်းနိုင်လိမ့်မည်မဟုတ်"ဟု အကြံအစည်ဖြစ်ခဲ့လေရကား ထို့ကြောင့် တစ်ညလုံး ဆီမီးတိုင်ကို လက်မှမလွှတ်ပဲ စွဲကိုင်၍ ထားလေသည်။

## ဧတဒဂ်ငါးထွေ၊ ရရှိပေ၊ မှတ်လေ အာနန္ဒာ

နောက်တချိန်ဝယ် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူစဉ် အကြောင်းအရာ ပေါင်းများစွာဖြင့် ဓမ္မဘဏ္ဍာဂါရိက(တရားဘဏ္ဍာစိုး)ဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်၏ဂုဏ်ကျေးဇူးကို ချီးကျူးစကား ပြောကြားတော်မူပြီးလျှင်.....

(၁) ရဟန်းတို့...အကြားအမြင်များကြသော ငါဘုရား၏တပည့်ရဟန်းတို့တွင် အာနန္ဒာသည် အမြတ်ဆုံး ဖြစ်ပေသည်။

(၂) ရဟန်းတို့...(ငါဘုရား၏တရားစကားကို ကြာမြင့်စွာ ဆောင်နိုင်သည်)သတိရှိကြသော ငါဘုရား၏တပည့်ရဟန်းတို့တွင် အာနန္ဒာသည် အမြတ်ဆုံး ဖြစ်ပေသည်။

(၃)ရဟန်းတို့...(ငါဘုရားဟောသည့်အတိုင်း ပုဒ်တို့ကို)သိစွမ်းနိုင်သည့်အသိပညာရှိကြသော ငါဘုရား၏တပည့်ရဟန်းတို့တွင် အာနန္ဒာသည် အမြတ်ဆုံး ဖြစ်ပေသည်။

(၄) ရဟန်းတို့...(ငါဘုရား၏တရားစကားတော်ကို သင်ခြင်း, ဆောင်ခြင်း, သရဇ္ဈာယ်ခြင်းနှင့် ပြုစုလုပ်ကျွေးခြင်း)လုံ့လဝီရိယရှိကြသော ငါဘုရား၏တပည့်ရဟန်းတို့တွင် အာနန္ဒာသည် အမြတ်ဆုံး ဖြစ်ပေသည်။

(၅) ရဟန်းတို့...ငါဘုရားကို ပြုစုလုပ်ကျွေးကြသော ငါဘုရား၏တပည့်ရဟန်းတို့တွင် အာနန္ဒာသည် အမြတ်ဆုံး ဖြစ်ပေသည် ဟု ချီးကျူးတော်မူကာ မထေရ်ကို ဤသာသနာတော်၌ "ဗဟုဿုတ, သတိမန္တ, ဂတိမန္တ, ဓိတိမန္တ, ဥပဋ္ဌာက"=ဤငါးဌာနတို့ဝယ်အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူလေသည်။

ဤကိုရည်၍ ပါရမီခန်းပျို့၌ "ငါးခါဧတဒဂ်၊ မိန့်မြွက်သံတော်၊ ကောင်းချီးခေါ်သည်၊ ရှင်ကျော်မထေရ်၊ ညီတော်သည်လျှင်"ဟု စပ်ဆိုတော်မူလေသည်။

အပရဘာဂေ ပန သတ္ထာ ဇေတဝနေ ဝိဟရန္တော အနေကပရိယာယေန ဓမ္မဘဏ္ဍာဂါရိကအာနန္ဒတ္ထေရဿ ဝဏ္ဏံ ကထေတွာ ထေရံ ဣမသ္မိံ သာသနေ ဗဟုဿုတာနံ သတိမန္တာနံ ဂတိမန္တာနံ ဓိတိမန္တာနံ ဥပဋ္ဌာကာနဉ္စ ဘိက္ခူနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၃၀။)

အညေပိ ထေရာ ဗဟုဿုတာ သတိမန္တာ ဂတိမန္တာ ဓိတိမန္တာ ဥပဋ္ဌာကာ စ အတ္ထိ၊ အယံ ပနာယသ္မာ ဗုဒ္ဓဝစနံ ဥဂ္ဂဏှန္တော ဒသဗလဿ သာသနေ ဘဏ္ဍာဂါရိကပရိယတ္တိယံ ဌတွာ ဂဏှိ။ တသ္မာ ဗဟုဿုတာနံ အဂ္ဂေါ နာမ ဇာတော။ ဣမဿေဝ စ ထေရဿ ဗုဒ္ဓဝစနံ ဂဟေတွာ ဓာရဏကသတိ အညေဟိ ထေရေဟိ ဗလဝတရာ အဟောသိ၊ တသ္မာ သတိမန္တာနံ အဂ္ဂေါ နာမ ဇာတော။ အယမေဝ စာယသ္မာ ဧကပဒေ ဌတွာ သဋ္ဌိ ပဒသဟဿာနိ ဂဏှန္တော သတ္ထာရာ ကထိတနိယာမေနေဝ သဗ္ဗပဒါနိ ဇာနာတိ၊ တသ္မာ ဂတိမန္တာနံ အဂ္ဂေါ နာမ ဇာတော။ တဿေဝ စာယသ္မတော ဗုဒ္ဓဝစနံ ဥဂ္ဂဏှနဝီရိယံ သဇ္ဈာယနဝီရိယဉ္စ ဓာရဏဝီရိယဉ္စ သတ္ထု ဥပဋ္ဌာနဝီရိယဉ္စ အညေဟိ အသဒိသံ အဟောသိ၊ တသ္မာ ဓိတိမန္တာနံ အဂ္ဂေါ နာမ ဇာတော။ တထာဂတံ ဥပဋ္ဌဟန္တော စေသ န အညေသံ ဥပဋ္ဌာကဘိက္ခူနံ ဥပဋ္ဌာနာကာရေန(ဥပဋ္ဌဟနာကာရေန သီ) ဥပဋ္ဌဟိ၊ အညေ ဟိ တထာဂတံ ဥပဋ္ဌဟန္တာ န စိရံ ဥပဋ္ဌဟိံသု၊ န စ ဗုဒ္ဓါနံ မနံ ဂဟေတွာ ဥပဋ္ဌဟိံသု၊ အယံ ထေရော ပန ဥပဋ္ဌာကဋ္ဌာနံ လဒ္ဓဒိဝသတော ပဋ္ဌာယ အာရဒ္ဓဝီရိယော ဟုတွာ တထာဂတဿ မနံ ဂဟေတွာ ဥပဋ္ဌဟိ၊ တသ္မာ ဥပဋ္ဌာကာနံ အဂ္ဂေါ နာမ ဇာတော။(အံ၊ ဋ္ဌ၊ ၁၊ ၂၂၃။)

## လေးယာပထ၊ လွတ်ကာပ၊ ဖြစ်ရ ရဟန္တာ

ပဌမသံဂါယနာတင်ရန် သံဃာ့အစည်းအဝေးမစမီ တနေ့တွင် မထေရ်သည် တညဉ့်ပတ်လုံး ကာယဂတာသတိပဋ္ဌာန်တရားပွားများအားထုတ်လျက် စင်္ကြံသွားခြင်းဖြင့် ကျောင်းပြင်ဖက်၌ အချိန်ကုန်လွန်စေ၍ မဂ်, ဖိုလ်တရားထူးကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်

ရကား "ငါ့ကို ဘုရားရှင်က'အာနန္ဒာ..သင်သည် ပြုအပ်ပြီးသော ကုသိုလ်ကောင်းမှုရှိသူ ဖြစ်၏၊ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်လော့၊ လျင်စွာပင် ရဟန္တာ ဖြစ်ပေလိမ့်မည်'ဟု မိန့်တော်မူခဲ့သည်မဟုတ်လော?၊ ဘုရားရှင်တို့ မိန့်ကြားအပ်သောစကားတော်၏အပြစ်မည်သည် မရှိချေ၊ အမှန်စင်စစ် ငါသည် ဝီရိယကို အလွန်အမင်း အပြင်းအထန် အားထုတ်အပ်လေပြီ၊ ထို့ကြောင့် ငါ၏စိတ်သည် ပျံ့လွင့်ဖို့ရန် ဖြစ်၏၊ ယခုပင် ငါသည် ဝီရိယနှင့်သမာဓိ ညီမျှအောင် အားထုတ်တော့မည်"ဟု ဆင်ခြင်ကာ ခြေဆေးရာနေရာ၌ ရပ်၍ ခြေတို့ကို ဆေးပြီးလျှင် ကျောင်းတွင်းသို့ ဝင်လျက် ညောင်စောင်းငယ်၌ ထိုင်တော်မူ၍"အတန်ငယ် အပန်းဖြေအံ့"ဟု မိမိကိုယ်ကို ညောင်စောင်းငယ်၌ သတိမကွာ ဖြည်းညှင်းစွာ လဲလျောင်းလိုက်လေသည်၊ မြေမှ ခြေနှစ်ဖက်တို့ လွတ်မြောက်ကာ ခေါင်းအုန်းသို့လည်း ဦးခေါင်း မကျသေးမီ ဤအခြေအနေအတွင်း၌ မထေရ်သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူ၍ အာသဝေါကုန်ခန်း ရဟန္တာဖြစ်တော်မူ လေသည်။

လျောင်း,ထိုင်,ရပ်,သွား ဣရိယာပုထ်လေးပါးမှ လွတ်လျက် အရဟတ္တဖိုလ်သို့ ရောက်သောထေရ်ရဟန်းကား အရှင်အာနန္ဒာ မထေရ်သာ ဖြစ်တော်မူလေသည်။

အထ ခေါ အာယသ္မာ အာနန္ဒော "သွေ သန္နိပါတော၊ န ခေါ မေတံ ပတိရူပံ၊ ယွာဟံ သေက္ခော သမာနော သန္နိပါတံ ဂစ္ဆေယျ"န္တိ ဗဟုဒေဝ ရတ္တိံ ကာယဂတာယ သတိယာ ဝီတိနာမေတွာ ရတ္တိယာ ပစ္စူသသမယေ စင်္ကမာ ဩရောဟိတွာ ဝိဟာရံ ပဝိသိတွာ "နိပဇ္ဇိဿာမီ"တိ ကာယံ အာဝဇ္ဇေသိ၊ ဒွေ ပါဒါ ဘူမိတော မုတ္တာ၊ အပတ္တဉ္စ သီသံ ဗိမ္ဗောဟနံ(ဗိမ္ဗောဟနံ သျှာ)၊ ဧတသ္မိံ အန္တရေ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိ။ အယဉ္ဟိ အာယသ္မာ စင်္ကမေန ဗဟိ ဝီတိနာမေတွာ ဝိသေသံ နိဗ္ဗတ္တေတုံ အသက္ကောန္တော စိန္တေသိ"နနု မံ ဘဂဝါ ဧတဒဝေါစ 'ကတပုညောသိ တွံ အာနန္ဒ၊ ပဓာနမနုယုဉ္ဇ၊ ခိပ္ပံ ဟောဟိသိ အနာသဝေါ'တိ(ဒီ၊ ၂၊၁၁၉)။ ဗုဒ္ဓါနဉ္စ ကထာဒေါသော နာမ နတ္ထိ၊ မမ ပန အစ္စာရဒ္ဓံ ဝီရိယံ၊ တေန မေ စိတ္တံ ဥဒ္ဓစ္စာယ သံဝတ္တတိ၊ ဟန္ဒာဟံ ဝီရိယသမတံ ယောဇေမီ"တိ စင်္ကမာ ဩရောဟိတွာ ပါဒဓောဝနဋ္ဌာနေ ဌတွာ ပါဒေ ဓောဝိတွာ ဝိဟာရံ ပဝိသိတွာ မဉ္စကေ နိသီဒိတွာ "ထောကံ ဝိဿမိဿာမီ"တိ ကာယံ မဉ္စကေ အပနာမေသိ။ ဒွေ ပါဒါ ဘူမိတော မုတ္တာ၊ သီသံ ဗိမ္ဗောဟနမပ္ပတ္တံ၊ ဧတသ္မိံ အန္တရေ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုတ္တံ၊ စတုဣရိယာပထဝိရဟိတံ ထေရဿ အရဟတ္တံ။ တေန "ဣမသ္မိံ သာသနေ အနိပန္နော အနိသိန္နော အဋ္ဌိတော အစင်္ကမန္တော ကော ဘိက္ခု အရဟတ္တံ ပတ္တော"တိဝုတ္တေ "အာနန္ဒတ္ထေရော"တိ ဝတ္တုံ ဝဋ္ဋတိ။ (ဒီ၊ ဋ္ဌ၊ ၁၊ ၁၀ ၁၁။)

မေး။ ။ လျောင်း, ထိုင်, ရပ်, သွား၊ လွတ်လျက်သား၊ ဖြစ်ငြား ရဟန္တာ။
အဘယ်ပုဂ္ဂိုလ်၊ သင့်ထင်ကို၊ ဖြေဆိုပြစမ်းပါ။
ဖြေ။ ။ အာနန္ဒာခေါ်၊ မထေရ်ကျော်၊ ဖြစ်သော် ရဟန္တာ။
ခြေကအကြွ၊ ခေါင်းမကျ၊ ဖြစ်ထ ချိန်အခါ။
ယာပထလေးအင်၊ လွတ်၍ပင်၊ ဖြစ်လျှင် ရဟန္တာ။
သီလက္ခန္ဓ၊ ဋ္ဌကထာ၊ ဖွင့်ပြ သေအချာ။

## (၃၁) အရှင်ဥရုဝေလကဿပအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မဟာပရိသာနံ ယဒိဒံ ဥရုဝေလကဿပေါ။ (အံ၊ ၁၊ ၂၅။)

### အရှင်ဥရုဝေလကဿပအကြောင်း ရှေးဆုတောင်း

အရှင်ဥရုဝေလကဿပအလောင်းတော်သည်လည်း ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမြို့တော်တွင် အမျိုးကောင်းသားဖြစ်၍ ဘုရားရှင်၏တရားတော်ကို နာယူစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို "ပရိသတ်အခြံအရံများသော အရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ထားတော်မူသည်ကို မြင်ရ၍ မိမိလည်း ထိုဘွဲ့ထူးကို ရလိုသည်ဖြစ်၍ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူကြီး ပေးလှူပြီးလျှင် ခုနစ်ရက်မြောက်နေ့၌ တိစီဝရိက်တစုံစီ ဆက်ကပ်လှူဒါန်းလျက် ဘုရားရှင်ကို ရှိခိုး၍ ပရိသတ်အခြံအရံများသောအရာ၌ အမြတ်ဆုံး ဧတဒဂ်ဘွဲ့ရပုဂ္ဂိုလ် ဖြစ်ရပါလို၏ဟု ဆုတောင်းခဲ့လေသည်။ ဘုရားရှင်က "သင်သည် နောက်ကာလဝယ် ဂေါတမဘုရားသာသနာ၌ ပရိသတ်အခြံအရံများသော ရဟန်းတို့တွင် အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ် ဖြစ်လိမ့်မည်"ဟု မိန့်တော်မူ၍ ကြွသွားတော်မူလေသည်။

ထိုအမျိုးကောင်းသားသည် နတ်ပြည် လူပြည်တို့၌ ကျင်လည်လျက် ကိုးဆယ့်နှစ်ကမ္ဘာထက်တွင် ပွင့်တော်မူသော ဖုဿဘုရားရှင်၏ဖတူမိကွဲ မင်းသားကြီး ဖြစ်လာလေသည်၊ ထိုမင်းသားသည် အခြားညီတော်မင်းသားနှစ်ဦးတို့နှင့်အတူတကွ ဖုဿဘုရားရှင်

အမျှုးရှိသော သံဃာတော်အား ဝါတွင်းသုံးလပတ်လုံး ပစ္စည်းလေးပါးတို့ဖြင့် ပူဇော်ကြလေသည်။

## နောက်ဆုံးဘဝ ရဟန်းပြုရ

ထိုမင်သားညီနောင် သုံးယောက်တို့သည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှု ပြုကြပြီးလျှင် အပါယ်လေးပါးသို့ မလား ရောက်ကြရပဲ ဤဘဒ္ဒကမ္ဘာ ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မမူမီကပင် ပုဏ္ဏားမျိုး၌ဖြစ်ကြ၍ မိမိတို့၏အနွယ်အားဖြင့် "ကဿပ"ဟု အမည်တွင်ကြလေသည်၊ ကဿပညီနောင်တို့သည် ဗေဒင်သုံးပုံတို့ကို သင်ကြားတတ်မြောက်ကြပြီးလျှင် နောင်တော်အကြီးမှာ တပည့် လုလင်အခြံအရံ ငါးရာ, ညီအလတ်မှာ သုံးရာ, ညီအငယ်မှာ နှစ်ရာ အသီးအသီးရှိကြလေသည်။

ထိုညီနောင်သုံးယောက်တို့သည် မိမိတို့၏ဗေဒင်ကျမ်းဂန်များ၌ အနှစ်သာရကို ကြည့်ရှုဆင်ခြင်ကြရာ မျက်မှောက်ကျိုးကိုသာ တွေ့မြင်ကြရ၍ တမလွန်ကျိုးကို မတွေ့မြင်ကြရသောကြောင့် နောင်တော်ကြီးသည် မိမိ၏ပရိသတ်နှင့်အတူတကွ ဥရုဝေလတောသို့ သွား၍ ရသေ့ရဟန်းပြုပြီးလျှင် နေရာတောကို အစွဲပြုကာ "ဥရုဝေလကဿပ"ဟု မည်တွင်လေသည်။ ညီအလတ်သည် မိမိ၏ပရိသတ် နှင့်အတူတကွ ဂင်္ဂါမြစ်ကြီး၏အကွေ့၌ ရသေ့ရဟန်းပြုကာနေသဖြင့်"နဒီကဿပ"ဟု မည်တွင်လေသည်။ ညီအငယ်ကား မိမိ၏ပရိ သတ်နှင့်အတူတကွ ဂယာသီသအရပ်၌ ရသေ့ရဟန်းပြုကာ နေသဖြင့် "ဂယာကဿပ"ဟု မည်တွင်လေသည်။

ထိုရသေ့ညီနောင်သုံးဦးတို့သည် မိမိတို့ဌာနအသီးအသီး၌ ဂုဏ်းဆရာကြီးများ ပြုလုပ်နေထိုင်ကြစဉ်ပင် ကျွန်ုပ်တို့၏ဘုရားရှင် သည် ပွင့်ထွန်းတော်မူလာ၍ ဣသိပတနမိဂဒါဝုန်တော၌ ပဉ္စမဝါကပ်ဆိုတော်မူလျက် ဓမ္မစကြာတရားဦးဟောတော်မူကာ ပဉ္စဝဂ္ဂီငါးဦး တို့ကို အရဟတ္တဖိုလ်၌တည်စေခြင်း, ယသအမျှုးရှိသော သူငယ်ချင်း(၅၅)ဦးတို့ကို ဆုံးမချေချွတ်တော်မူခြင်း အမှုတို့ကို ပြုသဖြင့် ရဟန္တာ ခြောက်ကျိပ်တို့ ဖြစ်ထွန်းလာကြ၍ ထိုနှစ်ဝါကျွတ်သောအခါ ထိုရဟန္တာခြောက်ကျိပ်တို့ကို သာသနာပြုစေလွှတ်တော်မူပြီး နောက် ကိုယ်တော်တိုင်က ဥရုဝေလတောအုပ်ဖက်သို့ကြွအသွား လမ်းခရီးအကြားဝယ် (ကပ္ပါသိကတောအုပ်၌)ဘဒ္ဒဝဂ္ဂီညီနောင် သုံး ကျိပ်တို့ကို ဆုံးမချေချွတ်တော်မူပြီးလျှင် ဥရုဝေလကဿပ၏မဂ်,ဖိုလ်သို့ဆိုက်ကြောင်း ဥပနိဿယကောင်းကို မြင်တော်မူ၍ "ငါဘုရား ကြွသွားလျှင် ရသေ့ညီနောင် သုံးဦးတို့သည် မိမိတို့၏ပရိသတ်အခြံအရံတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြလိမ့်မည်"ဟု သိတော်မူ ကာ အဖော်မမှီး ကိုယ်တော်ထီးသာ ဥရုဝေလတောအုပ်သို့ ကြွရောက်၍ မီးတင်းကုပ်၌နေသော နဂါးကို ဆုံးမခြင်းအစရှိသည့် သုံး ထောင့်ငါးရာ တန်ခိုးပြာဋိဟာတို့ဖြင့် အခြံအရံ တပည့်ငါးရာနှင့်တကွသော ဥရုဝေလကဿပရသေ့ဆရာကြီးကို ဆုံးမတော်မူလျက် ဧဟိဘိက္ခုရဟန်း ပြုစေတော်မူသည်။ နောင်တော်ကြီး ရဟန်းပြုကြောင်း သိရ၍ ညီတော်နှစ်ဦးတို့လည်း မိမိတို့၏အခြံအရံများနှင့်တကွ ရဟန်းပြုကြလေသည်၊ သူတို့အားလုံးလည်း ဧဟိဘိက္ခုရဟန်းချည်း ဖြစ်ကြလေသည်။

ဘုရားရှင်သည် ထိုရဟန်းတစ်ထောင်ကို ခေါ်ဆောင်၍ ဂယာသီသအရပ်သို့ သွားရောက်၍ ကျောက်ဖျာထက်၌ ထိုင်နေတော်မူ ကာ"ဤရဟန်းတို့အား အဘယ်သို့သော တရားဒေသနာသည် သင့်လျော်ပါမည်နည်း?"ဟု ဆင်ခြင်တော်မူလေသော် "ဤရဟန်းတို့ သည် သာသနာဝန်ထမ်း ရဟန်းမဖြစ်ကြမီ မီးကိုလုပ်ကျွေးကြလျက် လှည့်လည်နေထိုင်ခဲ့ကြသည်၊ ဤရဟန်းတို့အား ဘဝသုံးပါးတို့ကို ရဲရဲပြောင်ပြောင်တောက်လောင်နေသည့် မီးအိမ်နှင့်တူအောင် ဥပမာပြု၍ တရားပြမှသာ သင့်လျော်ပေမည်"ဟု သိတော်မူ၍ "အာဒိတ္တ ပရိယာယသုတ်(ဝိ၊၃၊၄၄)"ကို ဟောကြားတော်မူလေသည်၊ ဒေသနာတော်နိဂုံး တရားဆုံးသောအခါ ရဟန်းအားလုံးတို့ပင် အရဟတ္တ ဖိုလ်သို့ ဆိုက်ရောက်ကြလေသည်။

ဘုရားရှင်သည် ထိုရဟန္တာတစ်ထောင် ခြံရံအပ်လျက် ရှေးယခင်က ဗိမ္ဗိသာရမင်းအား ပဋိညာဉ်ဝန်ခံချက် ပေးအပ်ပြီးဖြစ်သည့် အတွက် ရာဇဂြိုဟ်မြို့အနီး ထန်းတောဥယျာဉ်သို့ ကြွတော်မူလေသည်၊ ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင် ကြွလာတော်မူကြောင်း ကြား သိရ၍ တစ်သိန်းနှစ်သောင်းကုန်သော ပုဏ္ဏားသူကြွယ်တို့နှင့်အတူတကွ ဘုရားရှင်ထံတော်သို့ သွားရောက် ရှိခိုးကာ သင့်လျော်ရာအရပ် ၌ ထိုင်နေကြသည်၊ ဘုရားရှင်သည် "ပရိသတ်က ဥရုဝေလကဿပအားသာ အထင်ကြီးကြလျက် ရိုသေသမှု ပြုနေကြသည်ကို တွေ့ မြင်တော်မူရကား ငါဘုရားနှင့်ကဿပ မည်သူက မြင့်မြတ်သည်ကို မသိကြသည့် ဝိတက်ထွေပြားနေကြသူတို့အဖို့ရာ ငါဘုရား၏ တရားကို လက်ခံခြင်းငှာ တတ်နိုင်ကြလိမ့်မည်မဟုတ်"ဟု ကြံစည်တော်မူပြီးလျှင် "ကဿပ...သင့်အလုပ်အကျွေးဒါယကာများ၏ အကြံအစည်မှားကို ဖြတ်တောက်လော့"ဟု မိန့်တော်မူကာ အရှင်ဥရုဝေလကဿပမထေရ်အား အမှတ်သညာပေးတော်မူလေသည်။

မထေရ်သည် ဘုရားရှင်၏စကားတော်ကို လက်ခံ၍ နေရာမှထကာ ဘုရားရှင်ကို တည်ခြင်းငါးပါးဖြင့် ရှိခိုး၍ ထန်းပင်အမြင့် ပမာဏရှိသော ကောင်းကင်သို့ ပျံတက်လျက် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းပြပြီးလျှင် "ရှင်တော်ဘုရား..ဘုန်းတော်ကြီးသော ရှင်တော် ဘုရားသည် တပည့်တော်၏ဆရာ ဖြစ်ပါသည်၊ တပည့်တော်သည် တပည့်ဖြစ်ပါသည်ဘုရား၊ ရှင်တော်ဘုရား...ဘုန်းတော်ကြီးသော ရှင်တော်ဘုရားသည် ဆရာဖြစ်ပါသည်၊ တပည့်တော်သည် တပည့်ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထား၍ သက်ဆင်းကာ ဘုရားရှင်ခြေ

တော်အစုံကို ရှိခိုးလေသည်၊ ဤနည်းဖြင့် ခုနစ်ကြိမ်တိုင်တိုင် ပြုလုပ်ပြီးလျှင် သင့်တင့်လျောက်ပတ်ရာအရပ်ဝယ် ထိုင်နေလေသည်။

ထိုအခါမှ လူအများက "ဤအရှင်ကား လောက၌ အမြတ်ဆုံးသောရဟန်း ဖြစ်တော်မူပါပေ၏"ဟု ဘုရားရှင်အပေါ်မှာ ယုံမှားသံသယ ကင်းရှင်းကြလေသည်၊ ထိုအခါ ဘုရားရှင် တရားဟောတော်မူလတ်သော် ဗိမ္ဗိသာရမင်းကြီးသည် တစ်သိန်းတစ်သောင်းသော ပုဏ္ဏားသူကြွယ်တို့နှင့်အတူတကွ သောတာပတ္တိဖိုလ်၌ တည်လေသည်၊ ကျန်ပုဏ္ဏားသူကြွယ် တစ်သောင်းတို့သည်ကား သရဏဂုံတည်သူ ဥပါသကာများဖြစ်ကြလေသည်။

## ပရိသတ်များစွာ၊ မြတ်အရာ၊ ရပါ ဧတဒဂ်

အရှင်ဥရုဝေလကဿပမထေရ်၏အခြံအရံဖြစ်ကြသော ရဟန်းတစ်ထောင်တို့သည် "ငါတို့အဖို့ ရဟန်းကိစ္စ အထွတ်အထိပ်သို့ ရောက်လေပြီ၊ အပြင်အပသို့ လှည့်လည်သွားလာနေ၍ ဘာလုပ်တော့မည်နည်း?"ဟု ကြံစည်မိကြကာ အရှင်ဥရုဝေလကဿပမထေရ်ကိုသာ ခြံရံ၍လှည့်လည်သွားလာ နေကြလေသည်။

အခြားသော မထေရ်တို့မှာ တခါတရံ ပရိသတ်ပေါ်များ၍ တခါတရံ အခြံအရံ ပရိသတ်နည်းပါးလေသည်၊ အရှင်မြတ်မှာကား ညီတော်ရဟန်းနှစ်ပါးတို့နှင့်အတူတကွ ရဟန်းပေါင်းတစ်ထောင် အမြဲအခြံအရံ ရှိနေသည်၊ ထိုရဟန်းတစ်ထောင်တို့အနက်မှ တစ်ပါးတစ်ပါးက တပည့်တစ်ပါးတစ်ပါး ရှင်ရဟန်းပြုပေးလျှင် တပည့်ရဟန်းနှစ်ထောင်တို့ ဖြစ်နိုင်ကုန်၏၊ တစ်ပါးတစ်ပါးက တပည့်နှစ်ပါးနှစ်ပါး ရှင်ရဟန်းပြုပေးလျှင် တပည့်ရဟန်းပေါင်း သုံးထောင်တို့ ဖြစ်နိုင်ကုန်၏၊ ထို့ကြောင့် နောက်တချိန်ဝယ် ဘုရားရှင်က အရှင်ဥရုဝေလကဿပမထေရ်ကို "ရဟန်းတို့...များစွာသော ပရိသတ်အခြံအရံရှိကြသည့် ငါဘုရား၏တပည့်ရဟန်းတို့တွင် ဥရုဝေလကဿပသည် အမြတ်ဆုံး ဖြစ်၏"ဟု ချီးကျူးတော်မူကာ "တပည့်ပရိသတ်များသောအရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ ထားတော်မူလေသည်။

ဤအရှင်ဥရုဝေလကဿပမထေရ်၏အကြောင်းကို အကျယ်တဝင့်သိလိုပါက အင်္ဂုတ္တိုရ်အဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၂၃၀၂ ၃၃ တို့၌ ကြည့်ရှုပါလေ။

## (၃၂) အရှင်ကာဠုဒါယီမထေရ်အကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ကုလပ္ပသာဒကာနံ ယဒိဒံ ကာဠုဒါယီ။ (အံ၊ ၁၊ ၂၅။)

### မထေရ်မြတ်အကြောင်း ရှေးဆုတောင်း

အရှင်ကာဠုဒါယီမထေရ်အလောင်းတော်သည်လည်း ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်တွင် အမျိုးကောင်းအိမ်၌ဖြစ်၍ ဘုရားရှင်၏တရားဒေသနာတော်ကို ကြားနာစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို "ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေတတ်သောအရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ ထားတော်မူသည်ကို မြင်ရ၍ ကြီးကျယ်လှသော ကုသိုလ်ကောင်းမှုကို ပြုပြီးလျှင် ဆုတောင်းခဲ့လေသည်။

## နောက်ဆုံးဘဝ ရဟန်းပြုရ

အရှင်ကာဠုဒါယီအလောင်း အမျိုးကောင်းသားသည် အသက်ထက်ဆုံး ကောင်းမှုကုသိုလ်ပြုလုပ်၍ ထိုဘဝမှ စုတေလေသော် နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ပြီးလျှင် ကျွန်ုပ်တို့၏ဘုရားအလောင်းတော် မယ်တော်ဝမ်း၌ ပဋိသန္ဓေယူသောနေ့မှာပင် ကပိလဝတ်မြို့တော် အမတ်တစ်ဦးအိမ်၌ ပဋိသန္ဓေယူလေသည်၊ ဖွားမြင်သောနေ့၌ ဘုရားအလောင်းနှင့် တနေ့တည်းမှာပင် ဖွားမြင်လေရကား ထိုနေ့မှာပင် ထိုသူငယ်ကိုဘွဲ့ဖြူအနီးအဝတ်၌လျောင်းစေ၍ အလောင်းတော်မြတ်ကို လုပ်ကျွေးရန်အလို့ငှာ နန်းတော်သို့ ဆောင်ပို့ကြလေသည်။

တနေ့တည်းမှာ ဘုရားအလောင်းတော်နှင့်အတူတကွ ဖြစ်ပေါ်မွေးဖွားလာသူတို့ကား (၁)ဗောဓိပင်, (၂)ရာဟုလာ၏မယ်တော်, (၃)ရွှေအိုးကြီးလေးလုံး, (၄) အာရောဟနိယမည်သော ဆင်တော်, (၅) ကဏ္ဍက(ကန္ထကၤသီၤသျှာ)မြင်းတော်, (၆)ဆန္နအမတ်, (၇) ကာဠုဒါယီအမတ်တို့ဖြစ်၏။ ဗောဓိသတ္တေန ဟိ သဒ္ဓိံ ဗောဓိရုက္ခော ရာဟုလမာတာ စတဿော နိဓိကုမ္ဘိယော အာရောဟနိယဟတ္ထိ ကဏ္ဍကော(ကန္ထကော သီၤသျှာ) ဆန္နော ကာဠုဒါယီတိ ဣမေ သတ္တ ဧကဒိဝသေ ဇာတတ္တာ သဟဇာတာ နာမ အဟေသုံ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၃၄။)

ထိုသူငယ်ကို အမည်မှည့်သောနေ့၌ "တမြို့လုံး စိတ်တက်ကြွနေသောနေ့ဝယ် ဖွားမြင်သူဖြစ်သောကြောင့် ဥဒါယီ"ဟူ၍ မှည့်ခေါ်ကုန်၏၊ ကိုယ်အသွေးအရောင် အနည်းငယ်မည်းနက်သောကြောင့် (အမည်းဟော)ကာဠသဒ္ဒါနှင့်တွဲဖက်၍ "ကာဠုဒါယီ"ဟူ၍ အမည်ထင်ရှားလေသည်၊ ထိုသူငယ်သည် ဘုရားအလောင်းတော်နှင့် အတူတကွ မင်းသားသူငယ်တို့၏ကစားခြင်းကို ကစားလျက် ကြီးပြင်းခြင်းသို့ ရောက်ရှိခဲ့လေသည်။

ဘုရားအလောင်းတော်သည် တောထွက်၍ ဘုရားဖြစ်တော်မူပြီးနောက် ဓမ္မစကြာတရားဦးဟောတော်မူပြီးလျှင် သတ္တလောကကို ချီးမြှောက်တော်မူလျက် ရာဇဂြိုဟ်မြို့တော်ကို အမှီဂေါစရဂါမ်ပြုတော်မူကာ နေတော်မူဆဲဖြစ်လေသည်။

မှတ်ချက်။ ။ ထိုအချိန်ကား ဘုရားဖြစ်သည့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ပြာသိုလပြည့်ကျော် ဆောင်းရာသီကာလ ဖြစ်လေသည်။ (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ပဌမပိုင်း၊ ၄၉၆။)

ထိုအခါ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် "သားတော်မင်းသား ဘုရားဖြစ်၍ ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းတိုက်၌နေတော်မူကြောင်း သတင်းကောင်းစကား ကြားသိရ၍ "ငါ၏သားတော်ဘုရားကို ဤကပိလဝတ်နေပြည်တော်သို့ ပင့်ဆောင်ခဲ့ရမည်"ဟု အမတ်တစ်ယောက်ကို အခြံအရံ မင်းချင်းယောကျ်ားတထောင်နှင့်အတူတကွ စေလွှတ်လိုက်၏၊ ထိုအမတ်သည် ယူဇနာခြောက်ဆယ် ဝေးကွာသော ခရီးကို သွားရောက်၍ ဘုရားရှင် ပရိသတ်လေးပါးကို တရားဟောနေတော်မူသောအချိန်၌ ဝေဠုဝန်ကျောင်းတိုက်တွင်းသို့ ဝင်မိလေ၏၊ ထိုအမတ်သည် ခမည်းတော်မင်းကြီး၏ပင့်မှာစကားကို အသာထား၍ တရားနာလေရာ မင်းချင်းယောကျ်ားတထောင်တို့နှင့် အတူတကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကာ"ဧဟိဘိက္ခု"ရဟန်းဖြစ်လေတော့သည်။

"အရိယာပုဂ္ဂိုလ်တို့မည်သည် အရဟတ္တဖိုလ်သို့ ရောက်သောအခါမှစ၍ လောကီကိစ္စ အဝဝကို လျစ်လျူရှုကြမြဲ ဓမ္မတာ"ဖြစ်ရကား ထိုတမန်အမတ်ဖြစ်ခဲ့သူ ရဟန်းသည် ခမည်းတော်မင်းကြီး၏အမှာသတင်းစကားကို မလျှောက်ထားတော့ချေ။

အရဟတ္တံ ပတ္တကာလတော ပဋ္ဌာယ ပန အရိယာ နာမ မဇ္ဈတ္တာဝ ဟောန္တိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၃၄။)

ခမည်းတော်မင်းကြီးသည် "သွားသောအမတ်လည်း ပြန်မလာ၊ သတင်းစကားကိုလည်း မကြားရ"ဟု မချင့်မရဲ ဖြစ်တော်မူကာ အမတ်တစ်ယောက်ကို မင်းချင်းယောကျ်ားတစ်ထောင်စီ, အမတ်တစ်ယောက်ကို မင်းချင်းယောကျ်ားတစ်ထောင်စီ ဤသို့လျှင် ကိုးကြိမ်တိုင်တိုင် ဆက်လက်စေလွှတ်ခဲ့သော်လည်း ထိုသူအားလုံးတို့သည် မိမိတို့ရဟန်းကိစ္စပြီးစီးကြလျက် ခမည်းတော်မင်းကြီးထံကို သတင်းစကား မပြန်ကြားပဲ ဆိတ်ဆိတ်သာနေကြလေတော့သည်။

## ကာဠုဒါယီ စေလွှတ်ပြီ

ထိုအခါ ခမည်းတော်မင်းကြီး ကြံစည်တော်မူသည်မှာ "ဤအမတ်ကိုးယောက်တို့နှင့် မင်းချင်းယောကျ်ားကိုးထောင်တို့သည် ငါ့အပေါ်၌ချစ်ခြင်းမရှိကြသောကြောင့် ဘုရားရှင်အား ဤကပိလဝတ်နေပြည်တော်သို့ ကြွလာတော်မူဖို့ရန် တစ်စုံတစ်ခုကိုမျှ မလျှောက်ထားကြချေ၊ အခြားသောအမတ်များ သွားရောက်ကြသော်လည်း ဘုရားရှင်ကို ပင့်ဆောင်နိုင်ကြမည်မဟုတ်၊ ငါ့သား ဥဒါယီကတော့ ဘုရားရှင်နှင့်အရွယ်တူဖွားဖက်တော်လည်းဖြစ်, ငယ်စဉ်က အတူတကွ ကစားဖက်လည်းဖြစ်, ငါ့အပေါ်မှာလည်း ချစ်ခင် အကျွမ်းဝင်သူ ဖြစ်ပေသည်"ဟု ဆင်ခြင်တော်မူမိကာ ဥဒါယီအမတ်ကို ခေါ်စေပြီးလျှင် "ချစ်သား...သင်သည် မင်းချင်းယောကျ်ားတစ်ထောင်ခြံရံလျက် သွားရောက်၍ ဘုရားရှင်ကို ပင့်ဆောင်ခဲ့လော့"ဟု မိန့်တော်မူလေသည်။

ကာဠုဒါယီအမတ်က "အရှင်မင်းမြတ်...ရှေးဦးစွာ သွားကြသော မင်းချင်းယောကျ်ား အမတ်များကဲ့သို့ အကျွန်ုပ်သည်လည်း ရှင်ရဟန်းပြုခွင့်ရပါမှ ဘုရားရှင်ကို ပင့်ဆောင်ခဲ့ပါမည်"ဟု လျှောက်ထားလေသည်၊ သုဒ္ဓေါဒနမင်းကြီးက "သင်ချစ်သား အလိုရှိရာကို ပြုပြီးလျှင် ငါ့သားတော်ဘုရားကိုသာ ဖူးမြင်ရအောင် အားထုတ်ပါလော့"ဟု မိန့်ကြားလေလျှင် ကာဠုဒါယီအမတ်က "ကောင်းပါပြီ အရှင်မင်းမြတ်"ဟု မင်းကြီး၏သတင်းစကားကို ယူဆောင်၍ မင်းချင်းယောကျ်ားတစ်ထောင်ခြံရံလျက် ရာဇဂြိုဟ်မြို့တော်သို့ သွားရောက်ပြီးလျှင် ဘုရားရှင်တရားဟောတော်မူချိန်၌ ပရိသတ်အစွန်အဖျားဝယ် ရပ်လျက် တရားတော်ကို နာကြားရ၍ အခြံအရံ မင်းချင်းယောကျ်ားတစ်ထောင်တို့နှင့်အတူတကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီးနောက် "ဧဟိဘိက္ခုရဟန်းအဖြစ်"၌ တည်လေသည်။

ထို့နောက် ကာဠုဒါယီမထေရ်သည် "ဤအချိန်ကား ဘုရားရှင်၏ ကပိလဝတ်နေပြည်တော်သို့ ကြွရောက်ရန် အခါမတန်သေး၊ နွေဦးပေါက်အခါ တောအုပ်တို့ ကောင်းစွာ ပွင့်ကုန်မှ မြေအပြင်လည်း စိမ်းလန်းစိုပြေ မြက်သစ်ပင်တို့ဖြင့် ဝေဆာလွှမ်းခြုံကာမှ နေပြည်တော်သို့ ကြွရောက်ရန် အချိန်တန်လိမ့်မည်"ဟု ကြံစည်စဉ်းစားတော်မူလျက် နွေဦးပေါက်အခါကို ငံ့လင့်စောင့်ဆိုင်းနေခဲ့ရာ ထိုအချိန်သို့ ရောက်လတ်သော် ကြွတော်မူရန် အခါတန်ကြောင်း သိရှိတော်မူ၍ ဂါထာခြောက်ဆယ်တို့ဖြင့် ဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူရန် လမ်းခရီး၏ဂုဏ်ကျေးဇူးများကို ချီးမွမ်းလျှောက်ထားလေသည်။

ဘုရားရှင်သည် "ဥဒါယိက လမ်းခရီး၏ဂုဏ်ကျေးဇူးကို လျှောက်ထား၏၊ ဤအချိန်ကား ကပိလဝတ်နေပြည်တော်သို့ ကြွရန် အချိန်ဖြစ်သည်"ဟု ဆင်ခြင်တော်မူကာ ရဟန္တာပေါင်း နှစ်သောင်းခြံရံလျက် မဆောမလျင် ကြွမြန်းခြင်းဖြင့် ဒေသစာရီ ထွက်ချီတော်မူလေသည်။

အရှင်ကာဠုဒါယီမထေရ်သည် ဘုရားရှင် ခရီးဒေသစာရီ ကြွချီတော်မူမည်ကို သိလျှင် ခမည်းတော်မင်းကြီးအား အသိပေးမှ သင့်တော်မည်"ဟု ဆင်ခြင်ကာ ကောင်းကင်သို့ ပျံတက်လျက် မင်းနန်းတော်၌ ထင်ရှားပေါ်တော်မူလေသည်၊ သုဒ္ဓေါဒနမင်းကြီးသည် မထေရ်ကို မြင်ရလျှင် နှစ်သက်ဝမ်းမြောက်သောစိတ်ရှိရကား သူမြတ်တို့နှင့်သာ ထိုက်တန်သော ပလ္လင်၌ ထိုင်စေတော်မူ၍ မိမိအတွက် စီမံထားသော ရသာမျိုးစုံသည့် ဆွမ်းဘောဇဉ်များ သပိတ်အပြည့်ထည့်၍ မထေရ်အား ဆက်ကပ်လေသည်။ မထေရ်သည် ဆွမ်းရတော်မူပြီး၍ ထလျက် ကြွအံ့သော အခြင်းအရာကို ပြလေသော် မင်းကြီးက "ဤနေရာမှာပင် ထိုင်၍ ဘုဉ်းပေးပါ ချစ်သား"ဟု လျှောက်ထားလေသည်၊ မထေရ်က "မြတ်သောမင်းကြီး...ဘုရားရှင်အထံတော်သို့ ရောက်မှ စားပါတော့မည်"ဟု မိန့်ဆိုလေလျှင် မင်းကြီးက "ချစ်သား...ယခု ဘုရားရှင်သည် အဘယ်မှာနည်း?"ဟု မေးလျှောက်လေသည်၊ မထေရ်က "မြတ်သောမင်းကြီး...ဘုရားရှင်သည် ရဟန္တာပေါင်း နှစ်သောင်းခြံရံလျက် သင်မင်းကြီးတို့ကို တွေ့မြင်ရန် ခရီးဒေသစာရီ ကြွချီတော်မူလာပါပြီ"ဟု မိန့်ကြားလေသည်။ မင်းကြီးက"ချစ်သား...သင်ချစ်သားတို့သည် ဤဆွမ်းကို ဤရွှေနန်းတော်မှာပင် ဘုဉ်းပေးတော်မူ၍ သားတော်ဘုရားရှင် ဤကပိလဝတ်နေပြည်တော်သို့ ဆိုက်ရောက်တော်မူသည်တိုင်အောင် သားတော်ဘုရားရှင်အတွက် ဤရွှေနန်းတော်မှပင် ဆွမ်းဘောဇဉ်ကို ယူဆောင်ဆက်ကပ်တော်မူကြပါဘုရား"ဟု တောင်းပန်လျှောက်ထားလေသည်။

မထေရ်သည် ဆွမ်းဘုဉ်းပေးပြီးနောက် ဘုရားရှင်အတွက် ဆက်ကပ်လာသောဆွမ်းကို ခံယူပြီးလျှင် တရားစကား ဟောကြားလျက် ဘုရားရှင်ကို မဖူးမြင်သေးမီပင် ရွှေနန်းတော်နေ ဆွေတော်မျိုးတော်, မှူးတော်မတ်တော် အစရှိသော သူအားလုံးကို ဘုရားရှင်၌ သဒ္ဓါကြည်ညိုဖြစ်စေလို၍ သူခပ်သိမ်းတို့ ကြည်နေစဉ်ပင် သပိတ်ကို ကောင်းကင်း၌ ပစ်လွှတ်၍ ကိုယ်တိုင်လည်း ကောင်းကင်သို့ ပျံတက်ကာ ဆွမ်းကိုယူဆောင်ပြီး ဘုရားရှင်၏လက်တော်၌ ဆက်ကပ်လေသည်၊ ဘုရားရှင်သည် ထိုဆွမ်းကို ဘုဉ်းပေးတော်မူလေသည်။

မထေရ်သည် ယူဇနာခြောက်ဆယ်ရှိသောခရီးကို တနေ့လျှင် တယူဇနာကျ ဒေသစာရီ ကြွချီတော်မူသော ဘုရားရှင်အား နေ့စဉ် ခမည်းတော်မင်းကြီး၏နန်းတော်မှ ဆွမ်းကို ယူဆောင်၍ ဆက်ကပ်တော်မူလေသည်။

## ကုလပ္ပသာဒက တေဒဂ်ဘွဲ့ရ
## ဆွေမျိုးကြည်ညို၊ သဒ္ဓါပို၊ ခေါ်ဆို တေဒဂ်ပါ

နောက်တချိန်ဝယ် ဘုရားရှင်က "ကာဠုဒါယီသည် ငါ့ခမည်းတော်မင်းကြီး၏ရွှေနန်းတော်နေ ဆွေတော်မျိုးတော် အားလုံးကို ကြည်ညိုသဒ္ဓါပွါးစေသူဖြစ်သည်"ဟု ဆင်ခြင်တော်မူကာ အရှင်ကာဠုဒါယီမထေရ်ကို "ရဟန်းတို့...ဆွေတော်မျိုးတော်ထိုအား ငါဘုရား၌ သက်ဝင်ကြည်ညိုခြင်းကို ဖြစ်စေတတ်သော ငါဘုရား၏တပည့်ရဟန်းတို့တွင် ကာဠုဒါယီရဟန်းသည် အမြတ်ဆုံး ဖြစ်ပေသည်"ဟု ချီးကျူးတော်မူကာ"ကုလပ္ပသာဒက(ဆွေတော်မျိုးတော်တို့အား သဒ္ဓါတရား ဖြစ်ပွါးစေသောအရာ)"ဝယ် အမြတ်ဆုံး တေဒဂ်ရားထူး၌ ထားတော်မူလေသည်။

ကုလပ္ပသာဒကာနန္တိ ကုလံ ပသာဒေန္တာနံ။ အယံ ဟိ ထေရော အဒိဋ္ဌဗုဒ္ဓဒဿနံယေဝ သုဒ္ဓေါဒနမဟာရာဇဿ နိဝေသနံ ပသာဒေသိ၊ တသ္မာ ကုလပ္ပသာဒကာနံ အဂ္ဂေါ နာမ ဇာတော။ (အံ၊ ဋ္ဌ၊ ၁၊၌၂၃၃။)

အပရဘာဂေ သတ္ထာ"မယံ ပိတု မဟာရာဇဿ သကလနိဝေသနံ ပသာဒေသီ"တိ ထေရံ ကုလပ္ပသာဒကာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၃၆။)

အရှင်ကာဠုဒါယီမထေရ်၏အကြောင်းကို အကျယ်သိလိုပါက အင်္ဂုတ္တိုရ်အဋ္ဌကထာ (၁၊ ၂၃၃ ၂၃၆)၌ ကြည့်ပါ။

## (၃၃) အရှင်ဗာကုလမထေရ်အကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အပ္ပါဗာဓာနံ ယဒိဒံ ဗာကုလော။ (အံ၊ ၁၊ ၂၅။)

## အရှင်ဗာကုလမထေရ်အကြောင်း ရှေးဆုတောင်း

အရှင်ဗာကုလမထေရ်အလောင်းတော်သည် လွန်လေပြီးသော တသင်္ချေနှင့် ကမ္ဘာတသိန်းထက်ဝယ် အနောမဒဿီဘုရားရှင် ပွင့်တော်မမူမီ ပင် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် ဗေဒင်သုံးပုံ သင်ကြားတတ်မြောက်ပြီးလျှင် ဗေဒင်သုံးပုံ၌အနှစ်သာရ

ကို မတွေ့ မမြင်ရသောကြောင့် "ငါသည် တမလွန်လောက၏ကောင်းကျိုးကို ရှာတော့မည်"ဟု ကြံစည်ကာ တခုသောတောင်ခြေ၀ယ် ရသေ့ရဟန်းပြုလျက်အဘိညာဏ်ငါးပါး သမာပတ်ရှစ်ပါးတို့ကို ရရှိပြီးလျှင် ဈာန်ဝင်စားမွေ့လျော်ခြင်းဖြင့် အချိန်ကို ကုန်လွန်စေသည်။

ထိုအခါ၀ယ် အနောမဒဿီဘုရားရှင် ပွင့်တော်မူလာ၍ အရိယာသံဃာတော်အပေါင်း ခြံရံလျက် ဒေသစာရီ လှည့်လည်တော်မူလေသည်၊ အရှင်ဗာကုလမထေရ်အလောင်းရသေ့သည် "လောက၌ ရတနာသုံးပါး ထင်ရှားပေါ်ထွန်းလာပြီ"ဟု ကြားသိရ၍ အနောမဒဿီဘုရားရှင်ထံတော်သို့ သွားရောက်လျက် တရားတော်ကို နာကြားရလေလျှင် ဒေသနာတော်အဆုံး၌ သရဏဂုံသုံးပါး၌တည်သူဖြစ်သော်လည်း မိမိနေရာဌာနကို မစွန့်နိုင်သဖြင့် ထိုတောင်ခြေ သစ်မ်းကျောင်း၌ပင် နေလေသည်၊ မကြာမကြာ ဘုရားရှင်အား ဖူးမြင်ရန် သွားရောက်လျက် တရားတော်ကို နာကြားလေသည်။

တချိန်၌ ဘုရားရှင်မှာ လေနာရောဂါ ဖြစ်ခဲ့လေသည်၊ ရှင်ရသေ့သည် ဘုရားရှင်အား ဖူးမြော်ရန် လာသည်တွင်"ဘုရားရှင် မကျန်းမမာဖြစ်နေသည်"ဟု ကြားသိရ၍ "ရှင်တော်ဘုရား...အဘယ်ရောဂါပါနည်းဘုရား?"ဟု မေးလျှောက်လေသည်၊ "ဝမ်းလေနာ တည်း"ဟု ဖြေကြားတော်မူလျှင် ရှင်ရသေ့သည် "ဤအခါသည်ကား ငါ့အဖို့ရာ ကောင်းမှုပြုရန် အခါကောင်းတည်း"ဟု ကြံစည် အောက်မေ့လျက် တောင်ခြေသို့ သွားရောက်ကာ ဆေးအမယ်အမျိုးမျိုးကို ဖော်စပ်ပြီးလျှင် "ဤဆေးကို ဘုရားရှင်အား ဆက်ကပ်တော် မူကြပါဘုရား"ဟု အလုပ်အကျွေးမထေရ်အား ဆက်ကပ်အပ်နှင်းခဲ့လေသည်၊ ထိုဆေးကို သုံးဆောင်တော်မူသည်နှင့် တပြိုင်နက် ဘုရား ရှင်၌စွဲကပ်သော လေနာသည် အပြီးတိုင်ပျောက်ကင်းလေသည်။

ရှင်ရသေ့သည် ဘုရားရှင် ကျန်းမာတော်မူသောအခါ၌ သွားရောက်၍ "ရှင်တော်ဘုရား...တပည့်တော်၏ဆေးဖြင့် ရှင်တော် ဘုရား၏ကျန်းမာတော်မူခြင်းသည် ဖြစ်ခဲ့ပါသည်၊ ထိုကောင်းမှု၏အကျိုးဆက်ကြောင့် ဖြစ်လေရာရာ ဘ၀သံသရာ၌ တပည့်တော်၏ ကိုယ်ခန္ဓာ၀ယ် နွားနို့တကြိမ်ညှစ် ကာလမျှလည်း အနာရောဂါမဖြစ်ရပါစေသားအရှင်ဘုရား"ဟု ဆုတောင်းလျှောက်ထားလေသည်။

ဘန္တေ ယဒိဒံ မမ ဘေသဇ္ဇေန တထာဂတဿ ဖာသုကံ ဇာတံ၊ တဿ မေ နိဿန္ဒေန နိဗ္ဗတ္တနိဗ္ဗတ္တဘဝေ ဂဒ္ဒူဟနမတ္တမ္ပိ (ဂုဒ္ဒုဟဏမတ္တမ္ပိ က) သရီရေ ဗျာဓိ နာမ မာ ဟောတု။ (အံ၊ ဋ္ဌ၊ ၁၊ ၂၃၆ ၂၃၇။)

ဂဒ္ဒူဟနမတ္တမ္ပိ(ဂုဒ္ဒုဟဏမတ္တမ္ပိ က) နွားနို့တခါညှစ် ကာလမျှလည်း

## အနာကင်းရာ၊ သာဆုံးမှာ၊ တောင်းခါ တေဒဂ်

အရှင်ဗာကုလအလောင်း ရှင်ရသေ့သည် ထိုဘ၀မှ စုတေလျှင် ဗြဟ္မာ့ပြည်၌ဖြစ်၍ တစ်သင်္ချေကာလပတ်လုံး နတ်ပြည်, လူ ပြည်တို့၌ ကျင်လည်လျက် ပဒုမုတ္တရာဘုရားရှင်လက်ထက်တော်၀ယ် ဟံသာ၀တီမင်းနေပြည်၌ အမျိုးကောင်းသားဖြစ်၍ ဘုရားရှင်က ရဟန်းတစ်ပါးကို"အနာကင်းသောအရာ၀ယ် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို မြင်ရ၍ အဓိကာရကောင်းမှုပြုလုပ်ပြီး လျှင် ထိုအနာကင်းအရာ၀ယ် အမြတ်ဆုံး ဧတဒဂ်ရာထူးကို ဆုတောင်းလေသည်၊ ဘုရားရှင်ကလည်း ဗျာဒိတ်စကား မိန့်ကြားတော်မူ လေသည်။

ထိုအမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှု ပြုလုပ်၍ (ထိုဘ၀မှ စုတေခဲ့သော်) နတ်ပြည်, လူပြည်တို့၌ ကျင်လည်လျက် ဝိပဿီဘုရားရှင် ပွင့်တော်မမူမီကပင် ဗန္ဓုမတီမြို့၀ယ် ပုဏ္ဏားမျိုး၌ ဖြစ်၍ ရသေ့ရဟန်းပြုကာ ဈာန်ရပုဂ္ဂိုလ်ဖြစ်လျက် တောင်ခြေ၌ ချမ်းသာစွာ နေထိုင်လေသည်။

ဝိပဿီဘုရားရှင်ပွင့်တော်လာပြီးလျှင် ရဟန်းတော်ပေါင်း ခြောက်သန်းရှစ်သိန်း ခြံရံလျက် ဗန္ဓုမတီမင်းနေပြည်ကို အမှီပြုကာ ခမည်းတော်ဗန္ဓုမမင်းကြီးအား ချီးမြှောက်မှု ပြုတော်မူ၍ ခေမမည်သော မိဂဒါဝုန်တော၌ နေတော်မူစဉ် အရှင်ဗာကုလအလောင်း ရှင် ရသေ့သည် လောက၌ ဘုရားရှင် ပွင့်တော်မူကြောင်းကို ကြားသိရ၍ ဘုရားရှင်အထံတော်သို့ သွားရောက်ဆည်းကပ်ကာ တရားတော် ကို နာကြားရသဖြင့် သရဏဂုံ၌တည်သော်လည်း မိမိ၏ရသေ့အဖြစ်ကို မစွန့်နိုင်ချေ, မကြာမကြာ ဘုရားရှင်ကို ဆည်းကပ်လုပ်ကျွေး ရန် သွားလေသည်။

တချိန်၌ ဟိမ၀န္တာ၀ယ် အဆိပ်ပင်များ ပွင့်ကြသဖြင့် ထိုအဆိပ်ပင် အဆိပ်ပွင့်တို့ကို တိုက်ခတ်လာသော လေအတွေ့ကြောင့် ဘုရားရှင်နှင့် အဂ္ဂသာဝကနှစ်ပါးတို့မှတပါး အခြားရဟန်းအားလုံးတို့၏ကိုယ်မှာ ဦးခေါင်းနာရောဂါ(headache-allergy) စွဲကပ် ဖြစ်ပွါး၍ လာလေသည်၊ ရှင်ရသေ့သည် ဘုရားရှင်ကို ဆည်းကပ်ရန် လာသောအခါ ရဟန်းတော်များ ခေါင်းမြီးခြုံ၍ လဲလျောင်းနေ တော်မူကြသည်ကို တွေ့မြင်ရ၍ "အရှင်ဘုရားတို့...ရဟန်းသံဃာတော်များမှာ အဘယ်မည်သော မကျန်းမမာမှု ရှိပါသနည်းဘုရား?" ဟု မေးမြန်းလေသည်၊ "ငါ့ရှင်ရသေ့...ရဟန်းသံဃာတော်များမှာ အဆိပ်မြက်ပွင့်ကြောင့် ဖြစ်သောရောဂါရှိနေသည်"ဟု ဖြေကြားလေ သော် ရှင်ရသေ့သည် "ဤအခါကား ငါ့အဖို့ ကိုယ်တိုင်ကိုယ်ကျ ဝေယျာဝစ္စပြု၍ ကုသိုလ်ကောင်းမှု ဆည်းပူးရန် သင့်လျော်သောအခါ

တည်း"ဟု ကြံစည်စဉ်းစားလျက် မိမိ၏တန်ခိုးအာနုဘော်ဖြင့် ဆေးအမျိုးမျိုးကို စုဆောင်းဖော်စပ်ပြီးလျှင် ရဟန်းသံဃာတော်များအား လှူဒါန်းဆက်ကပ်လေသည်၊ ထိုဆေးကို နမ်းရှုရုံမျှဖြင့် ရဟန်းတော်အားလုံးတို့၏ရောဂါသည် တခဏချင်းပင် ပျောက်ကင်း၍ သွားလေသည်။

တိဏပုပ္ဖကရောဂါ -အဆိပ်မြက်ပွင့် ဘေးဒဏ်သင့်သောရောဂါ(မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ပပိုင်း၊ ၅၀၅)

ဝိသပုပ္ဖရောဂါ(သျာ၊က) မ၊ ၄၊ ၄၊ ၁၃၉။

## မိမိအိမ်ထက်၊ ကျောင်းအိုတွက်၊ ပြုလျက် မွမ်းမံပြီ

ရှင်ရသေ့သည် ထိုဘဝမှ စုတေ၍ ဖြဟ္မာပြည်၌ ဖြစ်ပြီးလျှင် ကိုးဆယ့်တစ်ကမ္ဘာတို့ပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်လျက် ကဿပဘုရားရှင် လက်ထက်တော်ဝယ် ဗာရာဏသီပြည်၌ အမျိုးကောင်းသားဖြစ်၍ အိမ်ရာတည်ထောင် နေထိုင်စဉ် "ငါ၏နေအိမ်သည် အားနွဲ့လှသည်၊ ပစ္စန္တရစ်(တောစွန်တောင်ဖျား)သို့ သွားရောက်၍ သစ်အဆောက်အဦများကို ယူဆောင်ကာ အိမ်သစ်ဆောက်လုပ်အံ့"ဟု လက်သမားများနှင့်အတူတကွ သွားသည်ရှိသော်၌ လမ်းခရီးအကြားဝယ် ကျောင်းတိုက်အိုကြီး တစ်တိုက်ကို တွေ့ရ၍ "ငါ့အတွက် အိမ်သစ်ဆောက်ရန်အမှု ဆိုင်းထားဦးမည်၊ ငါ့အိမ်သည် ငါနှင့်အတူတကွ သံသရာတလျှောက် လိုက်ပါလိမ့်မည်မဟုတ်၊ တစ်စုံတစ်ရာအမှုကို ပြုလုပ်လျှင် ကိုယ်နှင့်ထက်ကြပ်မကွာ သံသရာတလျှောက် လိုက်ပါမည့်ကောင်းမှုကိုသာ အလျှင်လက်ဦး ပြုသင့်၏"ဟု ကြံစည်ဆင်ခြင်လျက် ထိုလက်သမားများကိုပင် သစ်အဆောက်အဦများကို ယူစေ၍ ထိုကျောင်းတိုက်အိုကြီး၌ ဥပုသ်အိမ်သစ်, ဆွမ်းစားကျောင်းသစ်, မီးတင်ကုပ်သစ်, စင်္ကြံသစ်,ချေးအောင်းရုံသစ်, ကပ္ပိယကုဋီသစ်, ဝစ္စကုဋီသစ်, ကျန်းမာရေးဆေးကျောင်းသစ်များကို ဆောက်လုပ်စေပြီးလျှင် သံဃာအား လှူဒါန်းလေသည်၊ ရဟန်းသံဃာတော်များ သုံးဆောင်နိုင်သည့်လိမ်းဆေး, ရှုဆေး, သောက်ဆေးစသော ဆေးအမျိုးမျိုးကိုလည်း စီမံထားရှိ၍ သံဃာအား လှူဒါန်းလေသည်။

တိဋ္ဌတု တာဝ မယှံ ဂေဟကမ္မံ၊ န တံ မယာ သဒ္ဓိံ ဂမိဿတိ၊ ယံကိဉ္စိ ကတွာ ပန သဒ္ဓိံ ဂမနကမ္မမေဝ ပုရေတရံ ကာတုံ ဝဋ္ဋတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၃၇ ၂၃၈။)

ဇန္တာဃရ ချေးအောင်းရုံ

## နောက်ဆုံးဘဝ ရဟန်းပြုရ

အရှင်ဗာကုလအလောင်း အမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုပြု၍ ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင်=ဤဘုရားရှင်နှစ်ဆူတို့၏အကြား ကာလပတ်လုံး နတ်ပြည်, လူပြည်တို့၌ကျင်လည်လျက် ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မမူမီရှေးဦးကပင် ကောသမ္ဗီပြည် သူဌေး၏အိမ်၌ ပဋိသန္ဓေယူလေသည်၊ ထိုအမျိုးကောင်းသား ပဋိသန္ဓေယူသောနေ့ မှစ၍ ထိုသူဌေးအိမ်မှာ လာဘ်ပေါ်များခြင်း, ကောင်းသောသတင်း ကျော်စောခြင်းတို့သည် အထွတ်အထိပ်သို့ ရောက်ရှိလေသည်၊ အမျိုးကောင်းသား၏မိခင်သည် သားကို ဖွားမြင်ပြီးလျှင် "ငါ၏သား ဤသူငယ်သည် ဘုန်းကံရှိသူ အဓိကာရကောင်းမှု ပြုခဲ့ဘူးသူဖြစ်သည်၊ ထိုငါတို့သား အသက်ရှည်ကြာ အနာကင်းနေသမျှ ကာလပတ်လုံး ငါတို့အား စည်းစိမ်ဥစ္စာကို ပေးစွမ်းနိုင်မည့်သား ဖြစ်လိမ့်မည်၊ ဖွားမြင်သောနေ့မှာပင် ယမုနာမြစ်ကြီး၌ ရေချိုးသောသူငယ်တို့သည် အနာရောဂါကင်းကုန်၏"ဟု ကြံစည်၍ ယမုနာမြစ်သို့ ရေချိုးရန် သူငယ်ကို ပို့စေသည်။ "ဖွားမြင်ပြီးနောက် ငါးရက်မြောက်နေ့၌ဦးခေါင်းဆေး၍ မြစ်ရေကစားရန် ထိုသူငယ်ကို ပို့စေသည်"ဟု မဇ္ဈိမနိကာယ်ဆောင်မထေရ်တို့ ဆိုကြကုန်၏။

"ပဉ္စမေ ဒိဝသေ သီသံ (သသီသံ၊က) နှာပေတွာ နဒီကီဠနတ္ထာယ နံ ပေသေသီ"တိ မဇ္ဈိမဘာဏကာ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၃၈။)

ထိုယမုနာမြစ်၌ အထိန်းတော်က သူငယ်ကို ငုပ်ချည်ပေါ်ချည်ပြုလျက်၌ ရေကစားနေစဉ် ငါးကြီးတစ်ကောင်သည် သူငယ်ကို မြင်၍ "ဤသည်ကား ငါ့အစာတည်း"ဟု မှတ်ထင်ကာ ခံတွင်းကို ဖွင့်လျက်(ပါးစပ်ဟလျက်) သူငယ်ရှိရာသို့ ချဉ်းကပ်လာလေသည်၊ အထိန်းတော်သည် (ကြောက်လန့်၍) သူငယ်ကို စွန့်ပစ်၍ ပြေးလေလျှင် ငါးက သူငယ်ကို မျိုလေသည်။

သူငယ်သည် ဘုန်းကံရှိသူ ဖြစ်၍ ဆင်းရဲဒုက္ခသို့ မရောက်ပဲ အိပ်ရာတိုက်ခန်းသို့ ဝင်၍ လဲလျောင်းရသကဲ့သို့ ဖြစ်လေသည်။

မှတ်ချက်။ ။ သာမညသူငယ်တစ်ယောက်ဖြစ်က ငါးအမျိုခံရလျှင်ပင် သေလွန်သွားနိုင်သော်လည်း ဤသူငယ်မှာမူ နောက်အခါဗာကုလမည်သော ရဟန္တာမထေရ် ဖြစ်ပေလိမ့်မည်၊ ထိုသို့ ထိုသူငယ်သန္တာန်၌ ဖြစ်ပေါ်လတ္တံ့သော အရဟတ္တမဂ်ဉာဏ်၏အာနုဘော်ကြောင့် ထိုသူငယ်မသေပဲ အသက်ချမ်းသာရသည်။ ဤတန်ခိုးမျိုးကို ဉာဏဝိပ္ဖာရဣဒ္ဓိ ဟု ခေါ်၏။ (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ

ပဍ္စမပိုင်း၊ ၅၀၇)

ငါးသည် သူငယ်၏တန်ခိုးအရှိန်ကြောင့် လောလောပူသည် သံတွေခဲကို မျိုရသကဲ့သို့ ပြင်းစွာပူလောင်၍ လျင်သောအဟုန်ဖြင့် ယမုနာ သုံးဆယ်တိုင်တိုင် ကူးပြေးသွားကာ ဗာရာဏသီမြို့နေ တံငါသည်၏ပိုက်ကွန်တွင်းသို့ ဝင်မိလေသည်၊ တံငါသည်တို့သည် ငါးကြီးများကို ရကြလျှင် ပိုင်းဖြတ်ခွဲစိတ်ပြီးမှ ရောင်းချကြမြဲဖြစ်သော်လည်း ထိုငါးကြီးကိုမူ သူငယ်၏အာနုဘော်ကြောင့် မပိုင်းဖြတ် မခွဲစိတ်ပဲ ငါးအကောင်လိုက်ပင် ထမ်းပိုးဖြင့် ထမ်းဆောင်၍ "ငွေတစ်ထောင်ဖြင့် ဝယ်ယူမှ ပေးကြမည်"ဟု ပြောဆိုကြကာ မြို့တွင်း၌ လှည့်လည်ကြသည်၊ တစ်ဦးတစ်ယောက်မျှ မဝယ်ယူနိုင်ချေ။

ထိုဗာရာဏသီမြို့ဝယ် ကုဋေရှစ်ဆယ် ကြွယ်ဝလျက် သားသမီးမထွန်းကားသော သူဌေးအိမ်ထောင်တစ်ခု ရှိလေသည်၊ ထိုသူဌေးအိမ်တံခါးဝသို့ရောက်လျှင် အိမ်သူအိမ်သားတို့က "(ထိုငါးကို) အသပြာ ဘယ်လောက်ယူ၍ ပေးကြမလဲ(ဘယ်လောက်နဲ့ ရောင်းမလဲ)"ဟု မေးကြလေသော် တံငါသည်တို့က "တစ်အသပြာ"ဟု ပြောဆိုကြလေသည်၊ အိမ်သူအိမ်သားတို့က တစ်အသပြာပေး၍ ဝယ်ကြလေသည်၊ သူဌေးကတော်သည် အခြားသောနေ့တို့၌ သားငါးကို ကိုယ်တိုင် မစီမံသော်လည်း ထိုနေ့၌ကား သူဌေးကတော်ကိုယ်တိုင် ငါကို စဉ်းတီးပျဉ်ချပ်ပေါ်၌ တင်၍ ခွဲစိတ်လေသည်၊ အခြားသောမိန်းမတို့သည် ငါးခွဲလျှင် ဝမ်းဖက်မှ ခွဲကြမြဲ ဖြစ်ကြသော်လည်း သူဌေးကတော်ကား သူငယ်၏ကောင်းမှုတန်ခိုးရှိန်စောကြောင့် ထိုငါကို ကျောဖက်မှ ခွဲလေရာ ငါး၏ဝမ်းတွင်း၌ ရွှေအဆင်းရှိသော သူငယ်ကို တွေမြင်ရ၍ အားရဝမ်းသာစွာ "ငါသည် ငါး၏ဝမ်းတိုက်မှ သားကိုရအပ်လေပြီ"ဟု ကျူးရင့်ပြောဆိုကာ သူငယ်ကို ပွေ့ချီ၍ ခင်ပွန်းသည်သူဌေးထံသို့ သွားရောက်လေသည်၊ သူဌေးသည် ထိုခဏမှာပင် မြို့တွင်း၌ ထိုအကြောင်းကို စည်လည်စေပြီးလျှင် သူငယ်ကို ယူဆောင်ကာ ဗာရာဏသီမင်းထံသို့ သွားရောက်လျက် "အရှင်မင်းကြီး...အကျွန်ုပ်သည် ငါးဝမ်းတိုက်မှ ဤသူငယ်ကို ရအပ်ပါသည်၊ အသို့ပြုကြရပါမည်နည်း?"ဟု မေးလျှောက်လေသည်၊ ဗာရာဏသီမင်းက"ငါး၏ဝမ်း၌ အနာမဲ့စွာ နေနိုင်သော ဤသူငယ်ကား ဘုန်းကံရှိသူ ဖြစ်ပေသည်၊ ထိုသူငယ်ကို သင်သူဌေးပင် ကျွေးမွေးပြုစုလော့"ဟု မိန့်ဆိုလေသည်။

ပိဋ္ဌိတော ဖာလေတွိတိ ဒါရကဿ ပုညတေဇေန ပိဋ္ဌိတော ဖာလေတွိ။ (အံ၊ ဋ္ဌ၊ ၁၊ ၁၈၄။)

## အမျိုးနှစ်ရပ်၊ ကြီးပွါးလတ်၊ မည်မှတ် ဗာကုလ

မိဖအရင်းဖြစ်သော ကောသမ္ဗီသူဌေးအိမ်က "ဗာရာဏသီမြို့၌ သူဌေးအိမ်တစ်အိမ်ဝယ် ငါးဝမ်းတိုက်မှ သူငယ်ကို ရရှိသတဲ့" ဟူသောသတင်းစကားကို ကြားရ၍ မိဖအရင်းဖြစ်သောကောသမ္ဗီသူဌေးဇနီးမောင်နှံတို့သည် ဗာရာဏသီမြို့သို့ သွားရောက်ကြလေသည်၊ ထိုဗာရာဏသီသူဌေးအိမ်သို့ ရောက်ကြသောအခါ သူငယ်၏မိခင်ရင်းသည် အဆင်တန်းဆာဆင်ယင်လျက် မြူးရွှင်ပျော်ပါး ကစားစေအပ်သော သူငယ်ကို မြင်ရလျှင်"ဤသူငယ်ကား နှစ်သက်ဖွယ်ရှိစွာ့"ဟု ချီးမွမ်းလျက် မိမိ၏သားဖြစ်ကြောင်းကို ပြောဆိုလေသည်၊ ဗာရာဏသီသူဌေးကတော်ကလည်း "ဤသူငယ်သည် ငါ့သားတည်း"ဟု ပြန်လည်ပြောဆိုလေသည်၊ ထို့နောက် သူဌေးကတော်နှစ်ယောက်တို့သည် "သူ့သား ငါ့သား" အငြင်းပွါးကြသည်မှာ...

ကောသမ္ဗီသူဌေးကတော်။ "သင်သည် အဘယ်အရပ်မှ ဤသားကို ရပါသနည်း?"ဟု မေး၏။

ဗာရာဏသီသူဌေးကတော်။ "ငါးဝမ်းတိုက်မှ ငါရပါသည်"ဟု ဖြေ၏။

ကောသမ္ဗီသူဌေးကတော်။ "ဒီလိုဆိုလျှင် ဤသူငယ်သည် သင်၏သား မဟုတ်၊ ငါ့သား ဖြစ်သည်"ဟု ပြောဆိုလေသည်။

ဗာရာဏသီသူဌေးကတော်။ "သင်သည် ဤသားကို အဘယ်အရပ်မှ ရအပ်သနည်း?"ဟု ပြန်မေးလေသည်။

ကောသမ္ဗီသူဌေးကတော်။ "ငါသည် ဤသားကို ဆယ်လကြာ ဝမ်းဖြင့် လွယ်၍ မွေးဖွားအပ်ပါသည်၊ ထိုသို့ မွေးဖွားပြီးနောက် ထိုငါ့သားကို ယမုနာမြစ်၌ ရေချိုးကစားစဉ် ငါးကြီးသည် ငါ့သားကို မျိုသွားပါသည်"ဟု ဖြေကြားပြောဆိုလေသည်။

ဗာရာဏသီသူဌေးကတော်။ သင့်သားကို အခြားငါးက မျိုတာ ဖြစ်ပါလိမ့်မည်၊ ဤသားကိုကား ငါသည် ငါးဝမ်းတိုက်မှ ရအပ်ပါသည်"ဟု ပြောဆိုလေသည်။

ဤသို့ အငြင်းပွားကြသော သူဌေးကတော်နှစ်ယောက်တို့သည် ဗာရာဏသီမင်းကြီးထံ အဆုံးအဖြတ်ခံယူကြရန် နန်းတော်သို့ သွားရောက်ကြလေသည်။

ဗာရာဏသီမင်းကြီးသည် "ဤကောသမ္ဗီသူဌေးကတော်သည် ဆယ်လတို့ပတ်လုံး ဝမ်းကြာတိုက်ဖြင့် လွယ်ပိုက်ခဲ့ရသူ ဖြစ်သောကြောင့် ထိုသူဌေးကတော်ကို အမိမဟုတ်-ဟူ၍လည်း မဆုံးဖြတ်နိုင်၊ ငါးကို ဝယ်ယူသောသူတို့မည်သည်လည်း အညို့ အသည်းစသည်တို့ကို အပသို့ထုတ်၍ ဝယ်ယူရိုးထုံးစံမည်သည် မရှိရကား သူငယ်ကို ငါးဝမ်းထဲမှ ရအပ်သောကြောင့် ဤဗာရာဏသီသူဌေးကတော်ကိုလည်း အမိမဟုတ် ဟူ၍ မဆုံးဖြတ်နိုင်၊ သို့ဖြစ်၍ သူငယ်သည် ကောသမ္ဗီသူဌေးအိမ်, ဗာရာဏသီသူဌေးအိမ်=နှစ်အိမ်

လုံး၏အမွေခံသား ဖြစ်စေ"ဟု ဆုံးဖြတ်ချက်ချမှတ်လေသည်။ ထိုအခါမှစ၍ သူဌေးအိမ်နှစ်အိမ်လုံးတို့ပင် လာဘ်လာဘအထွတ်အထိပ်, ကောင်းသောသတင်း ကျော်စောခြင်းအထွတ်အထိပ်သို့ ရောက်ရှိကြလေသည်၊ ထိုသူငယ်၏အမည်ကိုလည်း သူဌေးနှစ်အိမ်လုံးကပင် ကြီးပွါးကြီးပြင်းစေအပ်သောကြောင့် "ဗာကုလကုမာရ"ဟု မှည့်ခေါ်ကြလေသည်။

မှတ်ချက်။ ။ ဗာကုလကုမာရသည် ကောသမ္ဗီသူဌေးကတော်၏အဖို့ ရင်၌ဖြစ်သောသား(အတြဇသား), ဗာရာဏသီသူဌေးကတော်၏ အဖို့မူမွေးစားသား(ဒိန္နကသား) ဖြစ်၏။ (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ -ပပိုင်း၊ ၅၁၀။)

ဗာကုလော(ဗက္ကုလော-သီ)တိ ဒွိသု ကုလေသု ဝဍ္ဎိတတ္တာ ဧဝံလဒ္ဓနာမော ထေရော။(အံ၊ ဋ္ဌ၊ ၁၊ ၂၃၆။)

တဿ ဒွီဟိ ကုလေဟိ ဝဍ္ဎိတတ္တာ ဗာကုလကုမာရောတိ နာမံ ကရိံသု။ (အံ၊ ဋ္ဌ၊ ၁၊ ၂၃၉။)

ဒွိကုလ သို့မဟုတ် ဒွေကုလ-ဟု ဆိုလိုလျက် ဒွါဝီသတိ -ကို ဗာဝီသတိ, ဒွတ္တိံသ -ကို ဗာတ္တိံသ -ဟု ဆိုသကဲ့သို့ "ဗာကုလ" ဟု ဆိုသည်။

ယထာ "ဒွါဝီသတိ ဒွတ္တိံသာ"တိအာဒီမိ ဝတ္တဗ္ဗေ "ဗာဝီသတိ ဗာတ္တိံသာ"တိအာဒီနိ ဝုစ္စန္တိ၊ ဧဝမေဝံ ဒွေ ကုလာနိ အဿာတိ ဒွိကုလော၊ ဒွေကုလောတိ ဝါ ဝတ္တဗ္ဗေ ဗာကုလောတိ ဝုတ္တံ။ (အံ၊ဋီ၊ ၁၊ ၁၈၄။)

ဗာကုလသူဌေးသား အရွယ်သို့ ရောက်လတ်သော် ကောသမ္ဗီမြို့, ဗာရာဏသီမြို့ နှစ်မြို့လုံး၌ပင် မယ်တော် ခမည်းတော်တို့က ပြာသာဒ်သုံးဆောင်စီ ဆောက်လုပ်စေကြ၍ ကချေသည်ပေါင်းများစွာတို့ကို ပြုစုဖျော်ဖြေ ခစားစေကုန်၏၊ သူဌေးသားသည် တစ်မြို့ တစ်မြို့၌ လေးလစီ စံနေ၏၊ သူဌေးသား တစ်မြို့၌ လေးလပတ်လုံး စံနေပြီးလတ်သော် ပေါင်းကူးလှေတို့၌ မဏ္ဍပ်ဆောက်လုပ်စေပြီး လျှင် ထိုမဏ္ဍပ်၌ ဗာကုလသူဌေးသားကို ကချေသည်များနှင့်တကွ တင်ဆောင်လျက် အခြားမြို့သို့ ပို့စေကုန်သည်၊ သူဌေးသားသည် စည်းစိမ်ကို ခံစားသုံးဆောင်ကာ လေးလရှိမှ အခြားမြို့သို့ ဆိုက်ရောက်လေသည်။

ထိုအခြားမြို့၌နေထိုင်ကြသော ကချေသည်များသည် "နှစ်လတာကာလဖြင့် ငါတို့အရှင်သူဌေးသားသည် ဆိုက်ရောက်လာလိမ့် မည်"ဟု လမ်းတဝက်ကပင် ခရီးဦးကြိုနှင့်ကြ၍ သူဌေးသားကို ဝိုင်းဝန်းဖျော်ဖြေကြကာ နှစ်လတာကာလဖြင့် မိမိတို့မြို့သို့ ဆောင်ယူခဲ့ ကြရသည်၊ လိုက်၍ပို့သောမြို့မှ ကချေသည်များသည် လမ်းထက်ဝက်ကပင် မိမိတို့မြို့သို့ ပြန်ကြရလေသည်၊ ထိုရောက်သောမြို့၌ လေး လကြာ စည်းစိမ်ကိုခံစားသုံးဆောင် နေထိုင်ပြီးလျှင် ထိုနည်းအတိုင်းပင် တဖန် အခြားမြို့သို့ သွားပြန်လေသည်၊ ဤသို့ ဗာကုလသူဌေး သားသည် စည်းစိမ်ကိုခံစားသုံးဆောင်လျက် နေထိုင်ခဲ့ရာ အသက်ရှစ်ဆယ်ပြည့်သောအရွယ်သို့ ရောက်ခဲ့လေသည်။

## ဗာကုလခေါ်၊ သူဌေးကျော်၊ပြုသော် ရဟန်းပါ

ထိုအခါ၌ ကျွန်ုပ်တို့၏ဘုရားရှင်ပွင့်တော်မူပြီးလျှင် ဓမ္မစကြာတရားဦး ဟောတော်မူပြီးနောက် ဒေသစာရီ ကြွချီတော်မူရာ ကောသမ္ဗီမြို့သို့ ဆိုက်ရောက်တော်မူလာလေသည်၊(မဇ္ဈိမဘာဏကမထေရ်တို့အလိုကား ဗာရာဏသီမြို့သို့ ဆိုက်ရောက်တော်မူလာလေ သည်)၊ ဗာကုလသူဌေးသည်လည်း "ဘုရားရှင် မိမိတို့မြို့သို့ ကြွလာတော်မူသည်"ဟု သတင်းစကား ကြားရ၍ များစွာသော နံ့သာ, ပန်းကို ယူဆောင်လျက် ဘုရားရှင်ထံတော်သို့ သွားရောက်၍ တရားနာယူလေသော် သဒ္ဓါတရားဖြစ်ပေါ်လာရကား ရဟန်းပြုလေတော့ သည်၊ ထိုဗာကုလမထေရ်သည် ခုနစ်ရက်သာ ပုထုဇ္ဇဉ်ဖြစ်၍ ရှစ်ရက်မြောက်အရုဏ်၌ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်တော်မူလေသည်။

ထိုအခါ ကောသမ္ဗီနှင့် ဗာရာဏသီ=ဤနှစ်မြို့၌ရှိကြသည့် အရှင်ဗာကုလမထေရ်၏လူဖြစ်စဉ်အခါက အလုပ်အကျွေး အမျိုးသ မီးတို့သည် မိမိတို့မိဘအိမ်တို့သို့ ပြန်သွားကြ၍ ထိုအိမ်တို့၌ နေထိုင်ကြရင်းပင် သင်္ကန်းတို့ကို ချုပ်လုပ်ပြီးလျှင် မထေရ်ထံသို့ ပေးပို့လှူ ဒါန်းကြလေသည်၊ မထေရ်သည် လဝက်ပတ်လုံး ကောသမ္ဗီမြို့၌ နေသူတို့က ပေးပို့လှူဒါန်းသော သင်္ကန်းကို သုံးဆောင်တော်မူသည်၊ အခြား လဝက်ပတ်လုံး ဗာရာဏသီမြို့၌နေသူတို့က ပေးပို့လှူဒါန်းသော သင်္ကန်းကို သုံးဆောင်တော်မူသည်၊ ဤနည်းဖြင့် နှစ်မြို့နေသူတို့ လှူဒါန်းသည့်သင်္ကန်းကိုလဝက်စီ အလဲအလှယ်ပြု၍ သုံးဆောင်တော်မူသည်၊ ဤနည်းဖြင့်ပင် ကောသမ္ဗီ, ဗာရာဏသီ=နှစ်မြို့တို့၌ မှန် မြဲတ်သောဝတ္ထု ပေါ်ပေါက်တိုင်း အရှင်ဗာကုလမထေရ်အထံသို့သာ ပေးပို့လှူဒါန်းလေသည်။ ဤကား အင်္ဂုတ္တိုရ်အဋ္ဌကထာအလိုတည်း။ (အံ၊ ဋ္ဌ၊ ၁၊ ၂၄၀။)

ဥပရိပဏ္ဏာသအဋ္ဌကထာအလိုကား အရှင်ဗာကုလမထေရ်၏လူဖြစ်စဉ်က သားသမီး, မြေးမြစ်တို့က နူးညံ့သောအဝတ်တို့ဖြင့် သင်္ကန်းတို့ကို ချုပ်ဆိုးစေပြီးလျှင် သေတ္တာ(ပခြုပ်)ထဲ၌ထည့်၍ ပို့ကြစေကာ မထေရ်ရေချိုးသောအခါဝယ် ရေချိုးရုံ၌ ထားစေကုန်၏၊ မ ထေရ်သည် ထိုသင်္ကန်းသစ်တို့ကို ဝတ်ရုံသုံးဆောင်တော်မူကာ သင်္ကန်းဟောင်းတို့ကို ကြွရောက်လာသောရဟန်းတို့အား လှူဒါန်းတော်မူ လေသည်၊ လေးလရောက်တိုင်း သင်္ကန်းများ ညစ်နွမ်းလာရကား တဖန် ထိုဆိုခဲ့သည်နည်းဖြင့် ချုပ်ဆိုးပြုလုပ်ကြကာ ပေးပို့လှူဒါန်းကြ

လေသည်၊ (လေးလတကြိမ် မထေရ်သည် သင်္ကန်းသစ်တို့ကို လဲ၍ဝတ်ရုံ သုံးဆောင်သည် ဟု ဆိုလိုသည်)၊ လခွဲတိုင်း လခွဲတိုင်း သင်္ကန်းသစ်တို့ကို လဲသည် ဟူ၍လည်းဆိုကြကုန်သည်သာတည်း။

ထေရော ဟိ မဟာယသဿီ၊ တဿ ပုတ္တဓီတရော နတ္တုပနတ္တကာ သုခုမသာဋကေဟိ စီဝရာနိ ကာရေတွာ ရဇာပေတွာ သမုဂ္ဂေ ပက္ခိပိတွာ ပဟိဏန္တိ။ ထေရဿ နှာနကာလေ နှာနကောဋ္ဌကေ ဌပေန္တိ။ ထေရော တာနိ စီဝရာနိ နိဝါသေတိ စေဝ ပါရုပတိ စ၊ ပုရာဏစီဝရာနိ သမ္ပတ္တပဗ္ဗဇိတာနံ ဒေတိ။ ထေရော တာနိ နိဝါသေတွာ စ ပါရုပိတွာ စ နဝကမ္မံ န ကရောတိ၊ ကိဉ္စိ အာယူဟနကမ္မံ နတ္ထိ။ ဖလသမာပတ္တိံ အပ္ပေတွာ အပ္ပေတွာ နိသီဒတိ။ စတူသု မာသေသု ပတ္တေသု လောမကိလိဋ္ဌာနိ ဟောန္တိ၊ အထဿ ပုန တေနေဝ နိယာမေန ပဟိဏိတွာ ဒေန္တိ။ အဍ္ဎမာသေ အဍ္ဎမာသေ ပရိဝတ္တတီတိပိ ဝဒန္တိယေဝ။ (မ၊ ဋ္ဌ၊ ၄၊ ၁၃၈။)

ဘုန်းကံကြီးမား အဘိညာဉ်တန်ခိုးကြီးလျက် ကမ္ဘာတစ်သိန်းတို့ပတ်လုံး ဖြည့်ဆည်းပူးအပ်ပြီးသော ပါရမီရှင် မထေရ်မြတ်၏ ဤဖြစ်ရပ်ကား အံ့ဩဖွယ် မရှိသေး၊ အသောကမင်းကြီး၏ဆရာ နိဂြောဓမထေရ်သည်ကား တနေ့ သုံးကြိမ် သင်္ကန်းလဲတော်မူသည်။ မထေရ်ထံသို့ သင်္ကန်းသုံထည်(တိစီဝရိက်)ကို ဆင်ပေါ်တင်၍ နံ့သာကြုတ်ငါးရာ, ပန်မာလ်ကြုတ်ငါးရာတို့နှင့် နံနက် တစ်ကြိမ်, နေ့လည် တစ်ကြိမ်, ညနေချမ်း တစ်ကြိမ်=တနေ့ သုံးကြိမ် ပို့ဆောင် လှူဒါန်းလေသည်၊ မထေရ်သည်လည်း တနေ့ သုံးကြိမ်ပင် သင်္ကန်းလဲတော်မူလေသည်၊ သင်္ကန်းဟောင်းတို့ကို ရောက်လာကြသော သီတင်းသုံးဘော်တို့အား လှူဒါန်းတော်မူလေသည်။ ထိုအခါက ဇမ္ဗူဒိပ်ကျွန်းနေ ရဟန်းသံဃာများ၏အဖို့ရာ များသောအားဖြင့် နိဂြောဓမထေရ်၏ဥစ္စာသင်္ကန်းများ ဖြစ်လေသတဲ့။ (မ၊ ဋ္ဌ၊ ၄၊ ၁၃၈။)

## အနာမဲ့သူ၊ ရှင်ဗာကုူ၊ ရယူ တေဒဂ်

အရှင်ဗာကုလမထေရ်၏အဖို့ရာ နှစ်ပေါင်းရှစ်ဆယ်ကြာ အိမ်ရာတည်ထောင် လူ့ဘောင်၌နေစဉ် လက်နှစ်ချောင်းတို့ဖြင့် နံ့သာခဲကို ယူ၍ နမ်းရှူဖူးကာမျှအချိန်လောက်ပင်လည်း တစ်စုံတစ်ရာ အနာရောဂါဟူ၍ မဖြစ်ခဲ့စဘူး၊ အနှစ်ရှစ်ဆယ်မြောက်၌ ချမ်းသာစွာ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်၊ ရဟန်းဖြစ်သောမထေရ်၏အဖို့ရာလည်း အနည်းငယ်မျှသော အနာရောဂါဟူ၍ မရှိသည်ပြင် ပစ္စည်းလေးပါးတို့ဖြင့်ချို့တဲ့ခြင်းဟူ၍လည်း မရှိချေ၊ ထို့ကြောင့် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ အရှင်ဗာကုလမထေရ်ကို...

"ရဟန်းတို့...အနာရောဂါကင်းကြသည့် ငါဘုရား၏တပည့်ရဟန်းတို့တွင် ဗာကုလသည် အမြတ်စုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "အနာရောဂါကင်းသောအရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူလေသည်။

သတ္ထာ ပန ထေရဿ ဓရမာနကာလေယေဝ ထေရေ ယထာ ပဋိပါဋိယာ ဌာနန္တရေ ဌပေန္တော ဗာကုလတ္ထေရံ ဣမသ္မိံ သာသနေ အပ္ပါဗာဓာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၄၀။)

## သံဃာ့လယ်တွင်၊ ထိုင်လျက်ပင်၊ စံဝင် မြတ်နိဗ္ဗာန်

အရှင်ဗာကုလမထေရ်သည် "အရှင်ဘုရားတို့...ကြွတော်မူကြပါကုန်လော့၊ ယနေ့ တပည့်တော်သည် ပရိနိဗ္ဗာန်ဝင်စံပါတော့မည်ဘုရား"ဟု သံဃာတော်များကို ဖိတ်ခေါ်တော်မူပြီးလျှင် သံဃာတော်များ စုရုံးစည်းဝေးမိကြသောအခါ "ငါသည် အသက်ရှင်စဉ်လည်း အခြားရဟန်း တစ်ပါးပါး၏တာဝန်မဖြစ်ချေ၊ ယခု ပရိနိဗ္ဗာန်စံဝင်သောအခါမှာလည်း ဤငါ့ကိုယ်ခန္ဓာသည် ရဟန်းသံဃာတော်၏ပလိဗောဓကြောင့်ကြဖွယ် မဖြစ်ရစ်ပါစေလင့်"ဟု ဆင်ခြင်တော်မူကာ တေဇောကသိဏဈာန်ကို ဝင်စား၍ ရဟန်းသံဃာ၏အလယ်၌ ထိုင်လျက်ပင် ပရိနိဗ္ဗာန်ဝင်စံတော်မူလေသည်၊ ကိုယ်ခန္ဓာမှ တေဇောဓာတ်မီး ဟုန်းကနဲထ၍ တောက်လောင်သဖြင့် အရေ, အသား, အသွေးတို့ ကုန်ခန်းပြီးလျှင် မြတ်လေးပန်းငုံအဆင်းရှိသော ဓာတ်တော်တို့သာ ကြွင်းကျန်လေကုန်သည်။

အထ ခေါ် အာယသ္မာ ဗာကုလော အပရေန သမယေန အဝါပုရဏံ (အပါပုရဏံ သီ၊ သျာ၊ ကံ၊ ပီ) အာဒါယ ဝိဟာရေန ဝိဟာရံ ဥပသင်္ကမိတွာ ဧဝမာဟ "အဘိက္ကမထာယသ္မန္တော၊ အဘိက္ကမထာယသ္မန္တော၊ အဇ္ဇ မေ ပရိနိဗ္ဗာနံ ဘဝိဿတီ"တိ။..........

အာယသ္မာ ဗာကုလော မဇ္ဈေ ဘိက္ခုသံဃဿ နိသိန္နကောဝ ပရိနိဗ္ဗာယိ။ (မ၊ ၃၊ ဗာကုလသုတ်၊ ၁၆၈။)

အဝါပုရဏံ အာဒါယာတိ ကုဉ္စိကံ ဂဟေတွာ-သံကောက်(သော့)ကိုယူ၍၊

နိသိန္နကောဝ ပရိနိဗ္ဗာယီတိ အဟံ ဓရမာနောပိ န အညဿ ဘိက္ခုဿ ဘာရော အဟောသိံ၊ ပရိနိဗ္ဗုတဿာပိ မေ သရီရံ ဘိက္ခုသံဃဿ ပလိဗောဓော မာ အဟောသီတိ တေဇောဓာတုံ သမာပဇ္ဇိတွာ ပရိနိဗ္ဗာယိ။ သရီရတော ဇာလာ ဥဋ္ဌဟိ၊ ဆဝိမံသလောဟိတံ သပ္ပိ ဝိယ ဈာယမာနံ ပရိက္ခယံ ဂတံ၊ သုမနမကုလသဒိသာ ဓာတုယောဝ အဝသေသိံသု(အဝသိဿိံသု၊သီ)။ (မ၊ ဋ္ဌ၊ ၄၊ ၁၄၀။)

အရှင်ဗာကုလမထေရ်၏အကြောင်းကို အကျယ်တဝင့် သိလိုပါက အင်္ဂုတ္တိုရ်အဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၂၃၆ ၂၄၀

တို့၌လည်းကောင်း, ဥပရိပဏ္ဏာသအဋ္ဌကထာ ဇာကုလသုတ်အဖွင့် စာမျက်နှာ ၁၃၅၁၄၀ တို့၌လည်းကောင်း, ထေရဂါထာအဋ္ဌကထာ ပဌမအုပ်ဇာကုလတ္ထေရဂါထာအဖွင့် စာမျက်နှာ ၄၃၉-၄၄၄ တို့၌လည်းကောင်း ကြည့်ရှုနိုင်ပါသည်။

## (၃၄) အရှင်သောဘိတမထေရ်အကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ပုဗ္ဗေနိဝါသံ အနုဿရန္တာနံ ယဒိဒံ သောဘိတော။ (အံ၊ ၁၊ ၂၅။)

### အရှင်သောဘိတမထေရ်အကြောင်း ရှေးဆုတောင်း

အရှင်သောဘိတမထေရ်အလောင်းတော်သည်လည်း ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသားဖြစ်၍ တနေ့သ၌ ဘုရားရှင်၏တရားတော်ကို ကြားနာနေစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို "ရှေးကဖြစ်ဘူးသည့် ခန္ဓာအစဉ်ကို အောက်မေ့သိမြင်နိုင်သော အဘိညာဉ်(ပုဗ္ဗေနိဝါသဉာဉ်)ကို ရကြသော ရဟန်းတို့တွင် အမြတ်ဆုံး တေဒဂ်ရာထူး၌ထားတော်မူသည်ကို မြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ပြု၍ ထိုရာထူး(ဌာနန္တရ)ကို ဆုတောင်းခဲ့လေသည်။

### နောက်ဆုံးဘဝ၊ သောဘိတ၊ ပြုထ ရှင်ရဟန်း

ထိုအမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှု ပြု၍ ထိုဘဝမှ စုတေလျှင် နတ်ပြည်, လူပြည်တို့၌ ကျင်လည်လျက် ကျွန်ုပ်တို့ဘုရားရှင် ပွင့်တော်မူသောအခါ သာဝတ္ထိမြို့တော်ဝယ် ပုဏ္ဏားမျိုး၌ ဖြစ်လေသည်၊ "သောဘိတ"ဟု အမည်တွင်လေသည်။

သောဘိတသည် နောက်တချိန်ဝယ် ဘုရားရှင်၏တရားတော်ကို ကြားနာရ၍ သဒ္ဓါတရား ဖြစ်ပွါးကာ ရှင်ရဟန်းပြုပြီးလျှင် ဝိပဿနာတရား ပွားများအားထုတ်လေသော် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လျက် ပုဗ္ဗေနိဝါသဉာဏ်၌ အထူးလေ့လာနိုင်နင်းတော်မူလေသည်။

### ပုဗ္ဗေနိဝါသာ၊ ဉာဏ်အရာ၊ ရပါ တေဒဂ်

အရှင်သောဘိတမထေရ်သည် လွန်ခဲ့သော မဟာကပ် ၅၀၀ အထက်က တိတ္ထိတို့နေရာကျောင်း၌ ရဟန်းပြု၍ အသညသမာပတ်ကိုဖြစ်စေ၍ ဈာန်မလျော့ကျပဲ သေလွန်လေသော် အသညသတ်ဘုံ၌ ဖြစ်လေသည်၊ ထိုဘုံ၌ အသက်တမ်း မဟာကပ်၅၀၀ ပတ်လုံး တည်နေလျက် ထိုသက်တမ်းကုန်ဆုံးသောအခါ ဤလူ့ပြည်၌ ဖြစ်၍ ဤဘုရားရှင်သာသနာတော်ဝယ် ရှင်ရဟန်းပြုပြီးလျှင် ဝိပဿနာတရား ပွားများအားထုတ်သဖြင့် တေဝိဇ္ဇ(ဝိဇ္ဇာသုံးပါးရ)ရဟန္တာ ဖြစ်တော်မူလေသည်။

အရှင်သောဘိတမထေရ်သည် တနေ့သဝယ် မိမိ၏ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့ဆင်ခြင်တော်လေသော် ဤနောက်ဆုံးဘဝ(ပစ္ဆိမဘဝ) ပဋိသန္ဓေနှင့် ထိုရှေ့ (တစ်ဘဝကျော်) တတိယဘဝ(တိတ္ထိတို့ကျောင်း၌ ရဟန်းပြုသောဘဝ) စုတိကိုသာ မြင်တော်မူလေသည်၊ နောက်ဆုံး ရဟန္တာဖြစ်သောဘဝနှင့် တိတ္ထိတို့ကျောင်း၌ ရဟန်းပြုသောဘဝ=ဤဘဝနှစ်ခုတို့၏အကြား အသညသတ်ဘဝ(ဒုတိယဘဝ)ကိုမြင်တော်မမူ။

ထိုဘဝနှစ်ခုတို့၏အကြား၌ စိတ်မရှိသည့် အသညသတ်အတ္တဘောကို ပုဗ္ဗေနိဝါသဉာဏ်ဖြင့် အောက်မေ့ခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ "သံသရာဝဋ်၌ ကျင်လည်သောသူမည်သည်မှာ ခန္ဓာမဖြစ်သောကာလ ဟူ၍ မရှိချေ၊ အသညသတ်ဘုံ၌ ဖြစ်ကြသော သတ္တဝါတို့သည်သာ စိတ်မရှိကြပဲ မဟာကပ် ၅၀၀ တို့ပတ်လုံး ဖြစ်ကြရလေသည်၊ သို့ဖြစ်၍ ငါသည် ဧကန်ပင် ဤဘဝနှင့် တတိယဘဝတို့၏အကြားဝယ် မဟာကပ်၅၀၀ ကာလကြာအောင် အသညသတ်ဘုံ၌ ဖြစ်ခဲ့ရလေပြီ"ဟု (မိဂပဒဝလဉ္စန)နည်းအားဖြင့် ထိုအသညသတ်ဘဝကိုမှတ်ယူတော်မူသည်။

အယံ ကိရ ပဉ္စန္နံ ကပ္ပသတာနံ ဥပရိ တိတ္ထာယတနေ ပဗ္ဗဇိတွာ အသညသမာပတ္တိံ နိဗ္ဗတ္တေတွာ အပရိဟီနဇ္ဈာနော ကာလံ ကတွာ အသညဘဝေ နိဗ္ဗတ္တိ၊ တတ္ထ ယာဝတာယုကံ ဌတွာ အဝသာနေ မနုဿလောကေ ဥပ္ပန္နော သာသနေ ပဗ္ဗဇိတွာ တိဿော ဝိဇ္ဇာ သစ္ဆာကာသိ။ သော ပုဗ္ဗေနိဝါသံ အနုဿရမာနော ဣမသ္မိံ အတ္တဘာဝေ ပဋိသန္ဓိံ ဒိသွာ တတော ပရံ တတိယေ အတ္တဘာဝေ စုတိမေဝ အဒ္ဒသ၊ အထ ဥဘိန္နမန္တရာ အစိတ္တကံ အတ္တဘာဝံ အနုဿရိတုံ အသက္ကောန္တော နယတော သလ္လက္ခေသိ "အဒ္ဓါ အဟံ အသညဘဝေ နိဗ္ဗတ္တော"တိ။ (ဝိ၊ ၄၊ ၂၊ ၁၀၂။)

မှတ်ချက်။ ။ အသညသမာပတ် ဟူသည် သညာဝိရာဂဘာဝနာဖြင့် ဝါယောကသိဏ်းသည်ဖြစ်စေအပ်သော ရူပါဝစရ

စတုတ္ထဈာန်သမာပတ်တည်း။ ပုဗ္ဗေနိဝါသဉာဏ်သည် စုတိ, ပဋိသန္ဓေကို အာရုံပြု၍ ယူသော်လည်း အန္တရပစ္စည်းအစဉ်ရှိသည့် နာမ်တရားတို့နှင့်စပ်၍သာ ယူနိုင်လေသည်၊ ထို့ကြောင့် ရုပ်ချည်းသက်သက်ဖြစ်သော လွန်ခဲ့သည့် အသညသတ်ဘဝ (ဒုတိယဘဝ)ကို မမြင်နိုင်ခြင်းဖြစ်လေသည်။

အသညသမာပတ္တိန္တိ သညာဝိရာဂဘာဝနာယ ဝါယောကသိဏနိဗ္ဗတ္တိတံ စတုတ္ထဈာနသမာပတ္တိံ ဝဒတိ။ ပုဗ္ဗေနိဝါသဉာဏံ စုတိပဋိသန္ဓိံ ဂဏှန္တမ္ပိ အနန္တရပစ္စယက္ကမဝန္တာနံ အရူပဓမ္မာနံ ဝသေနေဝ ဂဏှာတီတိ အာဟ "တတိယေ အတ္တဘာဝေ စုတမေဝ အဒ္ဒသာ"တိ။ နယတော သလ္လက္ခေသီတိ ဝဋ္ဋေ သံသရဏကသတ္တာနံ ခန္ဓာနံ အဘာဝကာလော နာမ နတ္ထိ၊ အသညဘဝေ ပန အစိတ္တကာ ဟုတွာ ပဉ္စ ကပ္ပသတာနိ ပဝတ္တန္တိ၊ ဣမိနာ နယေန သလ္လက္ခေသိ။ (သာရတ္ထ၊ ဋီ၊ ၂၊ ၂၉၆ ၂၉၇။)

နာမ်ခန္ဓာမရှိသော အသညသတ်ဘဝကို အောက်မေ့မှုကို ဘုရားရှင်မှသာ ပိုင်နိုင်စွာ ပြုနိုင်တော်မူသည်၊ ဤကဲ့သို့ ယခု အရှင်သောဘိတမထေရ်၏(ကြံဆသော)နည်းအားဖြင့် အသညသတ်ဘဝကို အောက်မေ့မှုကို ပြုခြင်းကား ခဲယဉ်းသောအမှုကို ပြုခြင်းဖြစ်လေသည်၊ သားမြီးဖျားတစ်ခုဖြင့် သားမြီးဖျားတစ်ခုကို မှန်အောင် ပစ်သည်နှင့်တူလှသည်၊ ကောင်းကင်၌ ခြေရာကို ပြသကဲ့သို့ ဖြစ်လေသည်၊ ထို့ကြောင့် ဘုရားရှင်က အရှင်သောဘိတမထေရ်ကို "ရဟန်းတို့... ရှေး၌ဖြစ်ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကြသည့် ငါဘုရား၏တပည့်ရဟန်းတို့တွင် သောဘိတရဟန်းသည် အမြတ်ဆုံး ဖြစ်၏"ဟု ချီးကျူးတော်မူကာ "ပုဗ္ဗေနိဝါသအဘိဉာဏ်ကို ရသောအရာ"ဝယ် ဧတဒဂ်ရာထူး၌ ထားတော်မူလေသည်။

ဇဝံ သလ္လက္ခေန္တေန ပံနာနေန ဒုက္ကရံ ကတံ၊ သတဓာ ဘိန္နဿ ဝါလဿ ကောဋိယာ ကောဋိ ပဋိဝိဒ္ဓါ၊ အာကာသေ ပဒံ ဒဿိတံ။ တသ္မာ နံ ဘဂဝါ ဣမသ္မိံယေဝ ဝတ္ထုသ္မိံ ဧတဒဂ္ဂေ ဌပေသိ "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ပုဗ္ဗေနိဝါသံ အနုဿရန္တာနံ ယဒိဒံ သောဘိတော"တိ။ (ဝိ၊ ၄၊ ၂၊ ၁၀၂။)

ဒုက္ကရံ ကတန္တိ ခန္ဓဝိကလဿ ပုဗ္ဗေနိဝါသဿ အနုဿရဏံ ဌပေတွာ သမ္မာသမ္ဗုဒ္ဓံ န သက္ကာ အညေဟိ ကာတုန္တိ နယတော သလ္လက္ခေန္တေနပိ ဒုက္ကရံ ကတန္တိ အဓိပ္ပါယော။ (သာရတ္ထ၊ ဋီ၊ ၂၊ ၂၉၇။)

## (၃၅) အရှင်ဥပါလိမထေရ်အကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဝိနယဓရာနံ ယဒိဒံ ဥပါလိ။ (အံ၊ ၁၊ ၂၅။)

### အရှင်ဥပါလိမထေရ်အကြောင်း ရှေးဆုတောင်း

အရှင်ဥပါလိမထေရ်အလောင်းတော်သည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသားဖြစ်၍ ဘုရားရှင်၏တရားတော်ကို ကြားနာရစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို ဝိနည်းဆောင်ရဟန်းတို့တွင် အမြတ်ဆုံးအရာ၌ ထားတော်မူသည်ကို မြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းလေသည်။

### ဆုံးဘဝတွင်၊ ရဟန်းရှင်၊ ပြုလျှင် သူ့တွက်တာ

ထိုအမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုပြု၍ ထိုဘဝမှ စုတေလျှင် နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်လျက် ကျွန်ုပ်တို့ဘုရားရှင်ပွင့်တော်မူသောအခါဝယ် ဆေတ္တာသည်အမျိုး၌ဖြစ်၍ "ဥပါလိသူငယ်"ဟု အမည်တွင်လေသည်၊ ဥပါလိသူငယ်သည် အရွယ်သို့ ရောက်လတ်သော် ဘဒ္ဒိယ, အနုရုဒ္ဓ, အာနန္ဒ, ဘဂု, ကိမိလ, ဒေဝဒတ္တ ဟူသော သာကီဝင်မင်းသားခြောက်ယောက်တို့ကို ဆံ, မုတ်ဆိတ်ကျင်စွယ် သုတ်သင်လျက် တန်းဆာဆင်ပေးရသူဖြစ်ပြီး, ဘုရားရှင် အနုပိယမြို့အနီး အနုပိယသရက်တော၌ နေတော်မူစဉ် ရဟန်းပြုရန် တောထွက်လာကြသော ထိုမင်းသားခြောက်ယောက်တို့နှင့်အတူတကွ ရဟန်းပြုလေသည်။

(မထေရ်၏ရှင်ရဟန်းပြုပုံအစီအရင်သည် စူဠဝါပါဠိတော်(ဝိ၊ ၄၊ ၃၃၆)၌ အကျယ်တဝင့် လာသည်။)

အရှင်ဥပါလိသည် ရဟန်းဖြစ်ပြီးနောက် ဘုရားရှင်အထံတော်မှ ကမ္မဋ္ဌာန်းတရားတော်ကို နာယူပြီးလျှင် "ရှင်တော်ဘုရား... တပည့်တော်အား တောကျောင်းနေရန် ခွင့်ပြုတော်မူပါဘုရား"ဟု လျှောက်ထားလေသည်၊ ဘုရားရှင်က "ရဟန်း...သင့်အဖို့ရာ တောကျောင်း၌နေလျှင် ဝိပဿနာကမ္မဋ္ဌာန်းအလုပ်(ဝိပဿနာဓုရ)တစ်ခုသာ တိုးတက်ကြီးပွားလိမ့်မည်၊ ငါဘုရားတို့ထံပါး၌ နေလျှင် ဝိပဿနာကမ္မဋ္ဌာန်းအလုပ်, ကျမ်းဂန်သင်ကြားအားထုတ်မှု ပရိယတ္တိအလုပ်(ဂန္ထဓုရ)=ဤနှစ်မျိုးလုံးကိုပင် ကုံလုံပြည့်ဝအောင် ဖြည့်ဆည်းနိုင်လမ့်မည်"ဟု မိန့်တော်လေသော် အရှင်ဥပါလိသည် ဘုရားရှင်မိန့်ကြားတော်မူချက်ကို နှစ်သက်သဘောကျ လက်ခံ၍ ဝိပဿနာတရားအလုပ် အားထုတ်လေလျှင် မကြာမြင့်မီပင်လျှင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေတော့သည်။ ထို့နောက် ဘုရားရှင် ကိုယ်

တော်တိုင်ပင် အရှင်ဥပါလိမထေရ်အား အလုံးစုံသော ဝိနည်းပိဋကတော်ကို ပို့ချသင်ကြားပေးတော်မူလေသည်။

## ဥပါလိထေရ်ရှင်၊ ဝိနည်းတွင်၊ ရလျှင် တေဒဂ်

အရှင်ဥပါလိမထေရ်သည် ဝိနည်းပိဋကကို တတ်မြောက်ကျွမ်းကျင်ပြီးနောက် ဘာရုကစ္ဆကဝတ္ထု၊ အဇ္ဈုကဝတ္ထု၊ ကုမာရကဿပဝတ္ထု-ဤဝတ္ထုသုံးခုတို့ကို ဖြေကြားဆုံးဖြတ်တော်မူရာဝယ် ဘုရားရှင်က အဆုံးအဖြတ် တစ်ခုတစ်ခုလျှင် သာဓုကောင်းချီး အသီးအသီးပေးတော်မူ၍ ထိုဆုံးဖြတ်ချက်သုံးရပ်တို့ကို အကြောင်းပြုလျက် သံဃာတော်အလယ်တွင် အရှင်ဥပါလိမထေရ်ကို "ရဟန်းတို့...ငါဘုရား၏ဝိနည်းပိဋကကို ဆောင်ကြသည့် တပည့်ရဟန်းတို့တွင် ဥပါလိရဟန်းသည် အမြတ်ဆုံး ဖြစ်၏"ဟု ချီးကျူးတော်မူကာ "ဝိနည်းပိဋကကို ဆောင်သောအရာ(ဝိနယဓရ)ဝယ် တေဒဂ်ရာထူး၌ ထားတော်မူလေသည်။

ဘာရုကစ္ဆကဝတ္ထုနှင့် ပတ်သက်သော အဆုံးအဖြတ်ကား...ဘာရုကစ္ဆကမည်သောရဟန်းသည် အိပ်မက်ထဲ၌ မယားဟောင်းကို မေထုန်ကျင့်ရသည် ဟု မြင်မက်သောကြောင့် "ငါသည် ရဟန်းမဟုတ်တော့ပြီ၊ လူထွက်တော့မည်"ဟု ဘာရုကစ္ဆကမြို့သို့ အသွားလမ်းခရီးအကြားဝယ် အရှင်ဥပါလိမထေရ်ကို တွေ့မြင်၍ ထိုအကြောင်းကို လျှောက်ထားလေသည်၊ မထေရ်က"ငါ့ရှင်...အိပ်မက်ဖြင့် အာပတ်မသင့်နိုင်"ဟု မိန့်တော်မူလေသည်။ (ဝိ၊ ၁၊ ၄၉။)

ဤဝတ္ထု၌ အိပ်မက်မက်ခြင်းသည် အာပတ်သင့်ခြင်း၏အရာမဟုတ်သောကြောင့် အရှင်ဥပါလိမထေရ်သည် ဤဝတ္ထုမျိုးကို ရှေးက ဘုရားရှင် ဆုံးဖြတ်အပ်ပြီး မရှိခြားသော်လည်း ဤဝတ္ထုကို နယဂ္ဂါဟ(အိပ်မက်၌ သုက်လွှတ်ခြင်းကြောင့် အာပတ်မသင့်မှုကို နည်းယူသော)အားဖြင့် "အာပတ်မသင့်"ဟု ဆုံးဖြတ်တော်မူလေသည်။

ဘုရားရှင်သည်လည်း ထိုအကြောင်းကို ကြားသိတော်မူလျှင် "ရဟန်းတို့...ဥပါလိသည် ကောင်းစွာ ဖြေကြားအပ်ပေ၏၊ ခြေရာမထင်နိုင်သော ကောင်းကင်၌ ခြေရာကို ပြသကဲ့သို့ ဥပါလိသည် ဤပြဿနာကို ကောင်းစွာ ဖြေကြားပေ၏"ဟု မိန့်တော်မူကာ ကောင်းချီးပေးတော်မူလေသည်။

ဘာရုကစ္ဆကဝတ္ထုမှို အနာပတ္တိ သုပိနန္တေနာတိ ယသ္မာ သုပိနန္တေ အဝိသယတ္တာ ဧဝံ ဟောတိ၊ တသ္မာ ဥပါလိတ္ထေရော ဘဂဝတာ အဝိနိစ္ဆိတပုဗ္ဗမ္ပိ ဣမံ ဝတ္ထုံ နယဂ္ဂါဟေန ဝိနိစ္ဆိနိ။ ဘဂဝါပိ စ သုတွာ "သုကထိတံ ဘိက္ခဝေ ဥပါလိနာ၊ အပဒေ ပဒံ ကရောန္တော ဝိယ, အာကာသေ ပဒံ ဒဿေန္တော ဝိယ ဥပါလိ ဣမံ ပဉှံ ကထေသီ"တိ ဝတွာ ထေရံ ဧတဒဂ္ဂေ ဌပေသိ "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံဘိက္ခူနံ ဝိနယဓရာနံ ယဒိဒံ ဥပါလီ"တိ (အံ၊ ၁၊ ၂၅)။ (ဝိ၊ ဋ္ဌ၊ ၁၊ ၂၄၆။)

အဇ္ဈုကဝတ္ထုနှင့်ပတ်သက်သော အဆုံးအဖြတ်ကား...တရံခါက ဝေသာလီမြို့တော်၌ အရှင်အဇ္ဈုက၏အလုပ်အကျွေး ဒါယကာမှာ သားနှင့်တူ=သူငယ်နှစ်ယောက်တို့ရှိကြလေသည်၊ ထိုဒါယကာက အရှင်အဇ္ဈုကကို "အရှင်ဘုရား...ဤသူငယ်နှစ်ယောက်တို့တွင် သဒ္ဓါတရားရှိ၍ ရတနာသုံးပါးကို ကြည်ညိုသော သူငယ်အား ဤဥစ္စာစု၏တည်နေရာကို ပြောကြားတော်မူပါဘုရား"ဟု လျှောက်ထားမှာကြား၍ ထိုဒါယကာသည် ကွယ်လွန်ခဲ့လေသည်။

ထိုဒါယကာ၏တူ သူငယ်သည် သဒ္ဓါတရားရှိ၍ ရတနာသုံးပါးကို ကြည်ညိုသူဖြစ်ရကား အရှင်အဇ္ဈုကသည် ထိုဥစ္စာစု၏တည်နေရာကို ထိုသူငယ်အား ပြောကြားလေသည်၊ ထိုသူငယ်သည် ထိုဥစ္စာစုဖြင့် ရောင်းဝယ်ဖောက်ကားမှုပြု၍ စီးပွါးကိုလည်း တည်တံ့စေသည်၊ လှူဒါန်းပေးကမ်းမှုကိုလည်း ပြုလုပ်လေသည်။

ထိုအခါ ထိုဒါယကာ၏သား သူငယ်သည် အရှင်အာနန္ဒာကို"အရှင်ဘုရားအာနန္ဒာ...အဘယ်သူသည် ဖခင်၏အမွေခံဖြစ်ပါသနည်း? သားသည်ပင် အမွေခံဖြစ်ပါသလော?, သို့မဟုတ် တူသည်ပင် အမွေခံဖြစ်ပါသလော?"ဟု မေးလျှောက်လေသည်၊ အရှင်အာနန္ဒာက "ဒါယကာ..သားသည် ဖခင်၏အမွေခံဖြစ်သည်"ဟု ဖြေကြားတော်မူလျှင် ထိုသူငယ်က "အရှင်ဘုရား...အရှင်အဇ္ဈုကသည် တပည့်တော်တို့၏ဥစ္စာနှစ်ကို အဖေ့တူအား ပြောကြားခဲ့ပါသည်ဘုရား"ဟု လျှောက်ထားလေသည်၊ ထိုအခါ အရှင်အာနန္ဒာသည် ထိုဝတ္ထုခြင်းရာကြောင်းစုံကို လေ့လာတော်မမူပဲ ရုတ်တရက်ပင် "ဒါယကာ...အရှင်အဇ္ဈုကသည် ရဟန်း မဟုတ်တော့ပြီ"ဟု မိန့်ကြားတော်မူလေသည်။

ထိုအခါ အရှင်အဇ္ဈုကက အရှင်အာနန္ဒာကို "ငါ့ရှင်အာနန္ဒာ...ငါ့အား အဆုံးအဖြတ်ကို ပေးပါလော့"ဟု ပြောဆိုလေသည်၊ ထိုအချိန်၌ အရှင်ဥပါလိသည် အရှင်အဇ္ဈုက၏ဖက်သား ဖြစ်လေသည်၊ အရှင်ဥပါလိက အရှင်အာနန္ဒာကို "ငါ့ရှင်အာနန္ဒာ...ဥစ္စာရှင်က 'ဤဥစ္စာစု၏တည်ရာကို ဤမည်သောသူအား ပြောပါ'ဟု မှာထားသဖြင့် ထိုသူအား ပြောဆိုရာ ထိုပြောသောရဟန်းအား အဘယ်အာပတ်သင့်သနည်း?"ဟု မေးတော်မူသည်၊ အရှင်အာနန္ဒာက "အရှင်ဘုရား...မည်သည့်အာပတ်မှ မသင့်ပါ၊ အယုတ်သဖြင့် ဒုက္ကဋ်အာပတ်မျှပင် မသင့်ပါ"ဟု ပြန်လည်ဖြေကြား လျှောက်ထားလေသည်၊ ငါ့ရှင်အာနန္ဒာ...ဤအရှင်အဇ္ဈုကသည် 'ဤဥစ္စာစု၏

တည်ရာကို ဤမည်သောသူအား ညွှန်ကြားတော်မူပါ'ဟု ဥစ္စာရှင်က မှာထားခဲ့သဖြင့် ထိုတူဖြစ်သူ သူငယ်အား ညွှန်ကြားလေသည်၊ ငါ့ရှင်အာနန္ဒာ...အရှင်အဇ္ဈုကအားအာပတ်မသင့် အပြစ်မရှိ"ဟု ဖြေရှင်းကာ ဆုံးဖြတ်ချက်ချတော်မူလေသည်။ (ဝိ၊၁၊ ၈၄ ၈၅။)

ဘုရားရှင်သည် ထိုအကြောင်းကို ကြားသိတော်မူလျှင် "ရဟန်းတို့...ဥပါလိသည် ကောင်းစွာဆုံးဖြတ် ဖြေကြားအပ်ပေပြီ"မိန့်တော်မူကာ ကောင်းချီးပေးတော်မူလေသည်။

မှတ်ချက်။ ။ အရှင်ဥပါလိသည် အရှင်အဇ္ဈုက၏ဖက်သား ဟု ဆိုရာ၌ အဂတိလိုက်သောအားဖြင့် အရှင်အဇ္ဈုက၏ဖက်သားဖြစ်သည် မဟုတ်ပါ၊ စင်စစ်သော်ကား အာပတ်မသင့်ကြောင်း ကောင်းစွာ သိသဖြင့် လဇ္ဇီပုဂ္ဂိုလ်ကို ချီးမြှောက်သောအားဖြင့်လည်းကောင်း, ဝိနည်းကို ချီးမြှောက်သောအားဖြင့်လည်းကောင်း အရှင်အဇ္ဈုက၏ဖက်သားဖြစ်တော်မူလေသည် ဟူ၍ မှတ်အပ်၏။

အာယသ္မာ ဥပါလိ အာယသ္မတော အဇ္ဈုကဿ ပက္ခောတိ န အဂတိဂမနဝသေန ပက္ခော၊ အပိစ ခေါ အနာပတ္တိ သညိတာယ လဇ္ဇီအနုဂ္ဂဟေန, ဝိနယာနုဂ္ဂဟေန စ ထေရော ပက္ခောတိ ဝေဒိတဗ္ဗော။ (ဝိ၊ ဋ္ဌ၊ ၁၊ ၃၄၄။)

အရှင်ကုမာရဝတ္ထု၌ အရှင်ကုမာရကဿပ၏မယ်တော် ဘိက္ခုနီမနှင့်ပတ်သက်သော အဆုံးအဖြတ်ကိုကား "အရှင်ကုမာရကဿပအကြောင်း သိကောင်းစရာ"၌ ပြန်လည်ဖတ်ရှုနိုင်ပါသည်။

## (၃၆) အရှင်နန္ဒကမထေရ်အကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဘိက္ခုနောဝါဒကာနံ ယဒိဒံ နန္ဒကော။ (အံ၊ ၁၊ ၂၆။)

### အရှင်နန္ဒကမထေရ်အကြောင်း ရှေးဆုတောင်း

အရှင်နန္ဒကမထေရ်အလောင်းတော်သည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမြို့တော်၌ အမျိုးကောင်းသားဖြစ်၍ဘုရားရှင်၏တရားဒေသနာကို နာယူစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို ဘိက္ခုနီမတို့ကို ဆုံးမသောအရာမှာ အမြတ်ဆုံး တေဒဂ်အရာ၌ ထားတော်မူသည်ကို မြင်ရ၍ အဓိကာရကုသိုလ်ကောင်းမှုကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းခဲ့လေသည်။

### ဆုံးဘဝတွင်၊ ရဟန်းရှင်၊ မှန်ပင် ပြုလေသည်

ထိုအမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ စုတေလျှင် နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်လျက်ဤဂေါတမဘုရားရှင်ပွင့်ထွန်းတော်မူသောအခါဝယ် သာဝတ္ထိမြို့တော်၌ အမျိုးကောင်းသားဖြစ်၍ အရွယ်သို့ရောက်လတ်သော် ဘုရားရှင်၏တရားဒေသနာကို ကြားနာရ၍ သဒ္ဓါတရား ဖြစ်ပွားကာ ဘုရားရှင်၏အထံတော်၌ ရှင်, ရဟန်းပြုပြီးနောက် ဝိပဿနာတရား ပွားများအားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။ ပုဗ္ဗေနိဝါသအဘိညာဏ်၌ လေ့လာနိုင်နင်းတော်မူလေသည်၊ အရှင်နန္ဒကမထေရ်သည် မိမိထံမှောက်သို့ ပရိသတ်လေးပါးတို့ ဆိုက်ရောက်လာကြသည်ရှိသော် "ပရိသတ်အားလုံးတို့၏စိတ်ကို ဆွဲယူ၍ တရားဟောစွမ်းနိုင်သောကြောင့်""ဓမ္မကထိကအရှင်နန္ဒကမထေရ်"ဟု မည်တွင်ထင်ရှားတော်မူလေသည်။

ဘုရားရှင်သည် ရောဟိဏီမြစ်ရေကို အကြောင်းပြု၍ ကောလိယသာကီဝင်, ကပိလဝတ်သာကီဝင်တို့ ခိုက်ရန်ဖြစ်ပွါးကြသောအခါ တရားဟောကြားတော်မူ၍ ခိုက်ရန်ငြိမ်းစေတော်မူရာ နှစ်ဖက်သော သာကီဝင်တို့မှ မင်းသား ၂၅၀ စီ ရဟန်းပြုကြလေသည်၊ ထိုသာကီဝင်မင်းသား ရဟန်းငါးရာတို့ သာသနာတော်၌ မပျော်မွေ့ကြသဖြင့် ထိုရဟန်းတို့ကို ခေါ်ဆောင်၍ ကုဏာလအိုင်သို့ ကြွရောက်တော်မူကာ ကုဏာလဇာတ်ကို ဟောကြားတော်မူခြင်းဖြင့် ထိုရဟန်းတို့ထိတ်လန့်သံဝေဂဖြစ်ပွားသည်ကို သိတော်မူလျှင် သစ္စာလေးပါးတရားဟောတော်မူ၍ သောတာပတ္တိဖိုလ်၌ တည်စေတော်မူလေသည်။ နောက်တချိန်ဝယ် မဟာဝုန်တော၌ မဟာသမယသုတ်(ဒီ၊ ၂၊ ၂၀၃ ၂၀၉)ကို ဟောတော်မူ၍ထိုရဟန်းတို့ကို အရဟတ္တဖိုလ်၌ တည်စေတော်မူလေသည်။

ထိုရဟန်းငါးရာတို့၏မယားဟောင်းများသည် "ငါတို့သည် ယခုအခါ ဤနန်းတော်ဝယ် အဘယ်အမှုကို ပြုကုန်အံ့နည်း?"ဟု ပြောဆိုကြကာ အားလုံးတို့သည်ပင် စိတ်သဘောတူညီကြလျက် မဟာပဇာပတိဂေါတမီထေရီမကြီးထံသို့ ဆည်းကပ်ကြ၍ ထေရီမကြီးကို ဥပဇ္ဈာယ်ယူကြလျက် ထိုအချိန်၌ ဘိက္ခုနီသံဃာမရှိသေးသဖြင့် ကေတောဥပသမ္ပန္နခေါ် ဘိက္ခုသံဃာတစ်ဖက်ဖြင့် ရဟန်းမအဖြစ်သို့ရောက်ရှိကြလေသည်၊ ထူးခြားမှုကား ထိုသာကီဝင်မင်းသမီး ရဟန်းမငါးရာတို့သည် လွန်ခဲ့သော အခြားမဲ့ဘဝတုန်းက အရှင်နန္ဒကမထေရ် မင်းသားဖြစ်စဉ်(မင်းဖြစ်စဉ် သီ)ဝယ် မိဖုရားများဖြစ်ခဲ့ကြလေသည်။ ရာဇတ္တဘာဝေ(သီ)

ထိုအချိန်၌ ဘုရားရှင်သည် "ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့ကို ဆုံးမကြရမည်"ဟု အမိန့်တော်မြတ် သတ်မှတ်တော်မူလေသည်၊ အရှင်နန္ဒကမထေရ်သည် မိမိအလှည့်သို့ ရောက်သောအခါ ထိုဘိက္ခုနီမငါးရာတို့ လွန်ခဲ့သည့်ဘဝတုန်းက မိမိ၏အ

လုပ်အကျွေး မိဖုရားမောင်းမများ ဖြစ်ခဲ့ကြသည်ကို သိမြင်တော်မူရကား "ဤဘိက္ခုနီမငါးရာတို့အလယ်၌ ထိုင်နေလျက် ဥပမာအမျိုးမျိုး အကြောင်းအမျိုးမျိုးတို့ကို ထုတ်ဆောင်ဖော်ပြ၍ တရားဟောနေသည်ငါ့ကို အခြား ပုဗ္ဗေနိဝါသအဘိညာဏ်ကို ရရှိသည့် ရဟန်းတစ်ပါးပါးက မြင်သွားခဲ့လျှင် ဤအတိတ်ဖြစ်ရပ်ကို ကြည့်ရှုတော်မူကာ 'အရှင်နန္ဒကသည် ယနေ့တိုင်ပင် မောင်းမမိဿံတို့ကို မစွန့်သေး၊ ဤအရှင်နန္ဒကသည် မောင်းမမိဿံ ခြံရံလျက် တင့်တယ်ပါပေစွ'ဟု ရှုတ်ချကဲ့ရဲ့ ပြောဆိုလေရာ၏"ဟု ကြံစည်ဆင်ခြင်မိသောကြောင့် ကိုယ်တိုင်မသွားပဲ အခြားရဟန်းတစ်ပါးကို မိမိကိုယ်စားဘိက္ခုနီမတို့ကို ဆုံးမရန် လွှတ်ခဲ့လေ၏။

အမှန်အားဖြင့် ထိုဘိက္ခုနီမ ငါးရာတို့သည် မထေရ်၏အဆုံးအမကိုသာလျှင် လွန်စွာတောင့်တကြကုန်၏၊ ဤအကြောင်းကြောင့် ဘုရားရှင်က "မိမိအလှည့်သို့ ကျရောက်လျှင် အခြားရဟန်းကို မစေလွှတ်ပဲ ကိုယ်တိုင်သွားရောက်၍ ဘိက္ခုနီသံဃာကို ဆုံးမလော့"ဟု အရှင်နန္ဒကမထေရ်ကို မိန့်တော်မူလေသည်။ မထေရ်သည် ဘုရားရှင်၏စကားတော်ကို မပယ်ရှားနိုင်ရကား မိမိအလှည့်ကျရောက်လတ်သော် တစ်ဆယ့်လေးရက် ဥပုသ်နေ့၌ ဘိက္ခုနီသံဃာအား အဆုံးအမပေးလျှင် ထိုဘိက္ခုနီမ ငါးရာလုံးတို့ကို အာယတနခြောက်ပါး တရားဒေသနာတော်ဖြင့် သောတာပတ္တိဖိုလ်၌ တည်စေတော်မူလေသည်။

ထိုဘိက္ခုနီမတို့သည် မထေရ်၏တရားဒေသနာတော်ဖြင့် နှစ်လိုအားရ ရှိကြကာ ဘုရားရှင်အထံတော်သို့ သွားကြ၍ မိမိတို့ရအပ်သည့် သောတာပတ္တိဖိုလ်တည်းဟူသော ဂုဏ်ကျေးဇူးကို လျှောက်ထားကြလေသည်၊ ဘုရားရှင်သည် "အဘယ်သူက တရားဟောလျှင် ဤဘိက္ခုနီမတို့သည် အထက်မဂ်ဖိုလ်တို့သို့ ရောက်ကြလိမ့်မည်နည်း?"ဟု ဆင်ခြင်တော်မူသောအခါ တဖန် "နန္ဒကရဟန်း၏ထိုပဌမနေ့ ဟောကြားအပ်သည့်တရားဒေသနာတော်ကိုပင် ကြားနာကြရ၍ ထိုဘိက္ခုနီမ ငါးရာလုံးတို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလိမ့်မည်"ဟု သိမြင်တော်မူ၍ နောက်တနေ့၌လည်း မထေရ်၏အထံသို့ပင် တရားနာကြရန် လွှတ်တော်မူလေသည်၊ ထိုဘိက္ခုနီမတို့သည် အရှင်နန္ဒကမထေရ် ပဌမနေ့ဟောကြားအပ်သည့်တရားဒေသနာတော်ကိုပင် ကြားနာကြရလျက် ဘိက္ခုနီမငါးရာလုံးပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေသည်။

ထိုနေ့၌ ဘုရားရှင်သည် ထိုဘိက္ခုနီမတို့ မိမိအထံသို့ လာရောက်ဆည်းကပ်ကြသောအခါ တရားဒေသနာတော်၏အကျိုးရှိသည်၏အဖြစ်ကို သိတော်မူ၍ "ယမန်နေ့က နန္ဒကရဟန်း၏တရားဒေသနာသည် တစ်ဆယ့်လေးရက်နေ့၌ပေါ်ထွန်းသော လပြည့်ဝန်းနှင့်တူ၍ ယနေ့ နန္ဒကရဟန်း၏တရားဒေသနာသည် တစ်ဆယ့်ငါးရက်နေ့၌ ပေါ်ထွန်းသော လပြည့်ဝန်းနှင့်တူ၏"ဟု မိန့်တော်မူကာ အရှင်နန္ဒကမထေရ်အား ကောင်းချီးပေးတော်မူလေသည်။

## ဘိက္ခုနီမ၊ ဆိုဆုံးမ၊ ရပ တေဒဂ်

ထိုဘိက္ခုနီမတို့ကို ဆုံးမကောင်းမှု အကြောင်းပြု၍ ဘုရားရှင်က အရှင်နန္ဒကမထေရ်ကို "ရဟန်းတို့...ဘိက္ခုနီမတို့ကို ဆုံးမကြသည့် ငါဘုရား၏တပည့်ရဟန်းတို့တွင် နန္ဒကရဟန်းသည် အမြတ်ဆုံး ဖြစ်၏"ဟု ချီးကျူးတော်မူကာ "ဘိက္ခုနီမတို့ကို ဆုံးမသောအရာဝယ် အမြတ်ဆုံး တေဒဂ်ရာထူး"၌ ထားတော်မူလေသည်။

ဘိက္ခုနောဝါဒကာနံ ယဒိဒံ နန္ဒကောတိ အယံ ဟိ ထေရော ဓမ္မကထံ ကထေန္တော ဧကသမောဓာနေ ပဉ္စ ဘိက္ခုနီသတာနိ အရဟတ္တံ ပါပေသိ၊ တသ္မာ ဘိက္ခုနောဝါဒကာနံ အဂ္ဂေါ နာမ ဇာတော။....။ တဒေဝ စ ကာရဏံ အဋ္ဌုပ္ပတ္တိံ ကတွာ ထေရံ ဘိက္ခုနောဝါဒကာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ ၊ ဋ္ဌ၊ ၁၊ ၂၄၂ ၂၄၃။)

အရှင်နန္ဒကမထေရ်၏၏အကြောင်းကို အကျယ်တဝင့် သိလိုပါက အင်္ဂုတ္တုိရ်အဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၂၄၂ ၂၄၃တို့၌ ကြည့်ရှုနိုင်ပါသည်။

## (၃၇) အရှင်နန္ဒမထေရ်အကြောင်း သိကောင်းစရာ

တေဒဂ္ဂ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဣန္ဒြိယေသု ဂုတ္တဒွါရာနံ ယဒိဒံ နန္ဒော။ (အံ၊ ၁၊ ၂၆။)

## အရှင်နန္ဒမထေရ်အကြောင်း ရေးဆုတောင်း

အရှင်နန္ဒမထေရ်အလောင်းတော်သည်လည်း ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမြို့တော်၌ အမျိုးကောင်းသားဖြစ်၍ အရွယ်ရောက်လတ်သော် ဘုရားရှင်၏တရားတော်ကို ကြားနာရစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို "ဣန္ဒြေတို့၌ တံခါးကို လုံခြုံစေကြသည့်ရဟန်းတို့တွင် အမြတ်ဆုံး တေဒဂ်ရာထူး၌ထားတော်မူသည်ကို မြင်ရ၍ အဓိကာရကုသိုလ် ကောင်းမှုကို ပြုလျက် ထိုရာ

ထူးဌာနနှုန်းရကို ဆုတောင်းလေသည်။

## ဆုံးဘ၀တွင်၊ ရဟန်းရှင်၊ ဖြစ်အင် သူ့အကြောင်း

ထိုအမျိုးကောင်းသားသည် အသက်ထက်ဆုံး ကောင်းမှုပြု၍ စုတေလျှင် နတ်ပြည်, လူပြည်တို့၌ ကျင်လည်ပြီးနောက် ကပိလဝတ္ထုပြည်၌ မဟာပဇာပတိဂေါတမီ၏သားတော်ဖြစ်လာလေသည်၊ ထိုမင်းသားသူငယ်ကို နာမည်မှည့်သောနေ့၌ ဆွေတော်မျိုးတော်အပေါင်းကိုနှစ်သက်စေလျက် ဖွားမြင်လာသောကြောင့် "နန္ဒကုမာရ"ဟု အမည်ပေးကြလေသည်။

## မြတ်စွာဗုဒ္ဓ၊ မင်းနန္ဒ၊ သက်က မည်သူ ကြီးသနည်း?

ဒွါစတ္တာလီသမပဋ္ဌာ။ ။ စိန္တေယျာ သုံးလူ့နတ်၏၊ ညီမြတ်တဲ့မင်းနန်၊ လုံးရပ်တော် သဏ္ဌာန်ငယ်၊ သက်ရွယ်မှန်တသီး။ ။ နောင်ချစ်ရှင် ဘုန်းလှိုင်ကို၊ မမှီနိုင် ဘယ်မျှလောက်နီး။ ။ သတ္တရာဇ်ကောဇာ၊ ဘယ်ရာသီတိုင်းပြီးမှ၊ နောင်ကြီးမြတ် ဘုန်းဝေ၊ ရဟန်းပြုစေ။ ။ နေ့ရက်လအနေကို၊ မှန်မသေ့ သိခဲစွ၊ ဝေခွဲ ကျမ်းအလာ၊ မိန့်ပသေချာ။ ။ ထိုဝိသဇ္ဇနာငယ်၊ ထောင်သိင်္ဂါ ထိုက်ပါလိမ့်လေး။ ။

ဒွါစတ္တာလီသမဝိသဇ္ဇနာ။ ။ စိန္တေယျာ သုံးလူ့နတ်၏၊ ညီမြတ်တဲ့ မင်းနန်၊ လုံးရပ်နှင့် သဏ္ဌာန်မှာ၊ ဉာဏ်တော်ကိုမနီး။ ။ လေးသစ်မျှ နိမ့်ငယ်တယ်၊ နောင်ဘုန်းကြွယ် သုံးရက်လောက်ကြီး။ ။ မြတ်ရှင်တော် ပွင့်ပြီးလို့၊ ပြည်ကြီးသို့ ကြွလာ၊ ရာ့လေးခုနှစ် ကောဇာဝယ်၊ ဝိသာခါလျှံညီး။ ။ ကဆုန်လ ပုဏ္ဏမီကို၊ ရက်နှစ်လီကျော်ပြီးမှ၊ နောင်ကြီးတဲ့ မြတ်စွာ။ ။ မြတ်မွေတော် ဆင်ခဲ့ဖုံးတယ်၊ သုံးဆယ်နှင့် ခြောက်နှစ်ဆီမှာ။ ။ သဘောရ ကျမ်းအလာငယ်၊ သည်ပုစ္ဆာ ဖြေရှင်းပေါ့၊ နေမင်းတောင် သူရကန်၊ သန်းမှောင်လွှင်ဉာဏ်။ ။ ထောင်ရွှေထိုက်တဲ့ဖြေလိုက်ဟန်ငယ်၊ ရွှေဒိုင်္ကာဉာဏ် ဆိုလောက်အောင်ပလေး။ ။

ဘုရားဖြစ်တော်မူ၍ ပဌမဝါ မိဂဒါဝုန်၌ ဝါကျွတ်ပြီး ဥရုဝေလတောမှာ သုံးလ၊ ပြာသိုလပြည့်နေ့ ရာဇဂြိုဟ်သို့ကြွ၊ နှစ်လနေတော်မူတပေါင်းလပြည့်၏။ ၎င်းလဆန်းရှစ်ရက်လောက်က ရှင်ဥဒါယီရောက်၊ လပြည့်နေ့လျှောက်၊ ၎င်းနေ့ကြွ၊ ယူဇနာခြောက်ဆယ်ရက်ခြောက်ဆယ်ဖြင့် ကဆုန်လပြည့်နေ့ ရောက်တော်မူသတည်း။

ယဒါ ပန သတ္ထာ ဗုဒ္ဓေါ ဟုတွာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ ပဌမဝဿံ ဝသိတွာ ဝုဋ္ဌဝဿော ပဝါရေတွာ ဥရုဝေလံ ဂန္တွာ တတ္ထ တယော မာသေ ဝသန္တော တေဘာတိကဇဋိလေ ဒမေတွာ ဘိက္ခုသဟဿပရိဝါရော ဖုဿမာသပုဏ္ဏမာယံ ရာဇဂဟံ ဂန္တွာ ဒွေ မာသေ တတ္ထ ဝသိ၊ တဒါ ဗာရာဏသိတော နိက္ခန္တဿ ပနဿ ပဉ္စ မာသာ ဇာတာ၊ သကလော ဟေမန္တော အတိက္ကန္တော။ ဥဒါယိတ္ထေရဿ အာဂတဒိဝသတော သတ္တဋ္ဌဒိဝသာ ဝီတိဝတ္တာ၊ သော ပန ဖဂ္ဂုနီပုဏ္ဏမာသိယံ စိန္တေသိ "အတိက္ကန္တော ဟေမန္တော၊ ဝသန္တကာလော အနုပ္ပတ္တော၊ သမယော တထာဂတဿ ကပိလပုရံ ဂန္တုံ"တိ။ သော ဇဝံ စိန္တေတွာ ။ လ။ ဝဏ္ဏေသိ။ အထ သတ္ထာ စဿ ဝစနံ သုတွာ။ လ။ ရာဇဂဟတော နိက္ခမိတွာ ဒိဝသေ ဒိဝသေ ယောဇနံ ယောဇနံ ဂစ္ဆန္တော ရာဇဂဟတော သဋ္ဌိယောဇနံ ကပိလဝတ္ထုနဂရံ ဒွီဟိ မာသေဟိ သမ္ပာပုဏိတွာ။ ဟူသော ဗုဒ္ဓဝင် အဋ္ဌကထာ(၄ ၅)နှင့် အညီတည်း။

ယဒါ ပန သတ္ထာ ဗုဒ္ဓေါ ဟုတွာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ ပဌမံ ဝဿံ ဝသိတွာ ဝုဋ္ဌဝဿော ပဝါရေတွာ ဥရုဝေလံ ဂန္တွာ တတ္ထ တယော မာသေ ဝသန္တော တေဘာတိကဇဋိလေ ဒမေတွာ ဘိက္ခုသဟဿေဟိ ကတပရိဝါရော ဖုဿမာသပုဏ္ဏမာယံရာဇဂဟံ ဂန္တွာ ဒွေ မာသေ တတ္ထေဝ ဝသိ၊ တဒါ ဗာရာဏသိတော နိက္ခန္တဿ ပနဿ ပဉ္စ မာသာ ဇာတာ။ သကလော ဟေမန္တော အတိက္ကန္တော။ ဥဒါယိတ္ထေရဿ အာဂတဒိဝသတော သတ္တဋ္ဌဒိဝသာ ဝီတိဝတ္တာ။ သော ပန ဖဂ္ဂုနီပုဏ္ဏမာသိယံ စိန္တေသိ "အတိက္ကန္တော ဟေမန္တော၊ ဝသန္တကာလော အနုပ္ပတ္တော၊ သမယော တထာဂတဿ ကပိလပုရံ ဂန္တုံ"န္တိ။ သော ဇဝံ စိန္တေတွာ ကုလနဂရဂမနတ္ထာယ သဋ္ဌိမတ္တာဟိ ဂါထာဟိ ဂမနဝဏ္ဏံ ဝဏ္ဏေသိ။ အထ သတ္ထာ စဿ ဝစနံ သုတွာ ဉာတိသင်္ဂဟံ ကာတုကာမော ဟုတွာ အင်္ဂမဂဓဝါသီနံ ကုလပုတ္တာနံ ဒသဟိ သဟဿေဟိ ကပိလဝတ္ထုဝါသီနံ ဒသဟိ သဟဿေဟီတိ သဗ္ဗေဟေဝ ဝီသတိယာ ခီဏာသဝသဟဿေဟိ ပရိဝုတော ရာဇဂဟတော နိက္ခမိတွာ ဒိဝသေ ဒိဝသေ ယောဇနံ ဂစ္ဆန္တော ရာဇဂဟတော သဋ္ဌိယောဇနံ ကပိလဝတ္ထုပုရံ ဒွီဟိ မာသေဟိ သမ္ပာပုဏိတွာ။...(ဆဋ္ဌမူ ဗုဒ္ဓဝင်အဋ္ဌကထာ၊နှာ ၄ ၅။)

၎င်းအဋ္ဌကထာ၌"ဥဒါယိတ္ထေရဿ အာဂတဒိဝသတော သတ္တဋ္ဌဒိဝသာ ဝီတိဝတ္တာ"ဟူ၍ ဆိုလျက် အဘယ့်ကြောင့် လပြည့်နေ့ကြွသည်ဟု ဆိုသနည်း?ဟူငြားအံ့၊ ထိုစကားဖြင့် ရှင်ဥဒါယီရောက်သည်မှ ရက်လွန်ကို ပြသတည်း၊ လပြည့်နေ့က လွန်သည်ကို

မပြ။ သို့ယူသော်သာလျှင် "သော သာရုတိ ရညော သာသနံ အာဒါယ ရာဇဂဟံ ဂန်တွာ သတ္ထု ဓမ္မဒေသနံ သုတွာ သဒ္ဓိံ ပုရိသ သဟဿေန အရဟတ္တံ ပတွာ ဖေဟိဘိက္ခုဘာဝေ ပတိဋ္ဌာယ ဖဂ္ဂုဏာပုဏ္ဏမာသိယံ စိန္တေသိ "အတိက္ကန္တော ဟေမန္တော ဝေသန္တသမယော အနုပ္ပတ္တော"စသည် ဆိုလတ္တံ့သောစကားနှင့် ညီရာသတည်း။

နေပြည်တော်သို့ ရောက်၍ သုံးရက်မြောက်၌ မင်းနန်းကို ရဟန်းပြုသည် ဆိုသော ဗုဒ္ဓဝင်အဋ္ဌကထာ, အပဒါန်အဋ္ဌကထာ, ထေရအဋ္ဌကထာ, ဥဒါန်းအဋ္ဌကထာ, အင်္ဂုတ္တရအဋ္ဌကထာတို့နှင့်အညီ ၁၀၄ ခု သက္ကရာဇ်တက်စ ကဆုန်လပြည့်ကျော် နှစ်ရက်, သုံးဆယ့် ခြောက်နှစ်ပြည့်တွင် မင်းနန် ရဟန်းပြုသည်၏အဖြစ်ကို သိရာသတည်း။

မြတ်စွာဘုရား သက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့် သောကြာနေ့ဘွား၊ မင်းနန် ၄င်းလပြည့်ကျော် နှစ်ရက်၊ တနင်္ဂနွေနေ့ဖွား၊ မြတ်စွာဘုရားအောက် သုံးရက်ငယ်၏။ ထို့ကြောင့် "နန္ဒကုမာရော ဟိ ဗောဓိသတ္တတော ကတိပါဟေနေဝ ဒဟရော"ဟူ၍ ဋီကာ တေရသကဏ်မိန့်။

ထည် ပါယေသီတိ နန္ဒကုမာရော ကိရ ဗောဓိသတ္တတော ကတိပါဟေနေဝ ဒဟရတရော။ တသ္မိံ ဇာတေ မဟာပဇာပတိ အတ္တနော ပုတ္တံ ဓာတီနံ ဒတွာ သယံ ဗောဓိသတ္တဿ ဓာတိကိစ္စံ သာဓယမာနာ အတ္တနော ထည် ပါယေသိ။(သာရတ္ထ၊၃၊၄၃၇ ၄၃၈။)

ထည် ပါယေသီတိ နန္ဒကုမာရော ကိရ ဗောဓိသတ္တတော ကတိပါဟေနေဝ ဒဟရော၊ တသ္မိံ ဇာတေ။ ပ။ အတ္တနော ထည် ပါယေသိ။ (မ၊ ဋ၊ ၄၊ ၂၂၂။ အံ၊ ဋီ၊ ၃၊ ၂၄၂။)

လေးသစ်နိမ့်ဟူသည်ကား "အာယသ္မာ နန္ဒော ဘဂဝတော မာတုစ္ဆာပုတ္တော စတုရင်္ဂုလောမကော ဘဂဝတော"ဟူသော ပါဠိတ်ပါဠိတော်၊ နန္ဒထေရသိက္ခာပုဒ်, စတုရင်္ဂုလောမကောတိ စတူဟိ အင်္ဂုလေဟိ ဦနပမာဏော"ဟူသော ၄င်းအဋ္ဌကထာတို့နှင့် အညီတည်း။ (ပညာဝိမံသနကထာကျမ်း၊ ပဥ္စတ္တာလီသ ပဋ္ဌာဝိသဇ္ဇနာကျမ်း၊ ၇၀ ၇၂။)

အာယသ္မာ နန္ဒော ဘဂဝတော မာတုစ္ဆာပုတ္တော အဘိရူပေါ ဟောတိ ဒဿနီယော ပါသာဒိကော စတုရင်္ဂုလောမကော ဘဂဝတော။ (ဝိ၊ ၂၊ ၂၂၅။)

စတုရင်္ဂုလောမကောတိ စတူဟိ အင်္ဂုလေဟိ ဦနကပ္ပမာဏော။ (ဝိ၊ ဋ၊ ၃၊ ၁၅၆။)

## မြတ်စွာဗုဒ္ဓ၊ ကပိလ၊ ပြန်ကြွရောက်သောခါ

ဘုရားရှင်သည် ကပိလဝတ္ထုမင်းနေပြည်သို့ ပြန်လည်ကြွရောက်၍ ဘုရားရှင်ကို ပဋ္ဌမဆုံး ဖူးမြင်ရသဖြင့်ပင် ခမည်းတော်မင်း ကြီးကို သောတာပတ္တိဖိုလ်၌ တည်စေတော်မူလေသည်၊ ဒုတိယနေ့၌ ခမည်းတော်၏နန်းတော်သို့ ကြွရောက်တော်မူကာ ရာဟုလာမယ် တော်အား အဆုံးအမပေးတော်မူလျက် ကျန်နန်းတွင်သူ လူအများအားလည်း တရားစကား ဟောကြားတော်မူလေသည်။

ဘုရားရှင် ကပိလဝတ္ထုမင်းနေပြည်သို့ ကြွရောက်သည့် တတိယနေ့ကား နန္ဒမင်းသား၏အဖို့ရာ မင်္ဂလာသုံးမျိုးပြုလုပ်သော အခါဖြစ်လေသည်...

(၁) အဘိသေကမင်္ဂလာ=အိမ်ရှေ့မင်းအဖြစ် အဘိသိက်သွန်းခြင်း မင်္ဂလာ၊

(၂) ဂေဟပဝေသနမင်္ဂလာ=အိမ်ရှေ့မင်း၏နန်းသစ်သို့ ဝင်ခြင်း မင်္ဂလာ၊ (သာမန်လူတို့အဖို့ အိမ်တက်မင်္ဂလာပင် ဖြစ်၏)၊

(၃) အာဝါဟမင်္ဂလာ=ထိမ်းမြားလက်ထပ်ခြင်းမင်္ဂလာ။

ဤမင်္ဂလာသုံးမျိုးကား အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ လာသည်။ ဓမ္မပဒအဋ္ဌကထာ၌လည်း မင်္ဂလာသုံးမျိုးပင် လာသည်။

အင်္ဂုတ္တိုရ်ဋီကာ၌ ဝိနည်းအဋ္ဌကထာကို ကိုး၍ မင်္ဂလာငါးမျိုး လာရှိသည်။

ထိုနေ့မှာပင် ဘုရားရှင်က ညီတော်နန္ဒမင်းသားကို ရဟန်းပြုပေးတော်မူလေသည်။

ပုနဒိဝသေ နန္ဒကုမာရဿ အဘိသေကဂေဟပဝေသနအာဝါဟမင်္ဂလေသု ဝတ္တမာနေသု တဿ နိဝေသနံ ဂန္တွာ ကုမာရံ ပတ္တံ ဂါဟာပေတွာ ပဗ္ဗာဇေတုံ ဝိဟာရာဘိမုခေါ ပါယာသိ။ ...သတ္ထာ ဝိဟာရံ နေတွာ ပဗ္ဗာဇေသိ။ (အံ၊ ဋ၊ ၁၊ ၂၄၄။)

တတော တတိယဒိဝသေ(ဒုတိယဒိဝသေ သီ၊ က) နန္ဒကုမာရဿ အဘိသေကဂေဟပ္ပဝေသနဝိဝါဟမင်္ဂလေသု ဝတ္တမာနေသု ပိဏ္ဍာယ ပဝိသိတွာ နန္ဒကုမာရဿ ဟတ္ထေ ပတ္တံ ဒတွာ မင်္ဂလံ ဝတွာ ဥဋ္ဌာယာသနာ ပက္ကမန္တော နန္ဒကုမာရဿ ဟတ္ထတော ပတ္တံ န ဂဏှိ။ (ဓမ္မပဒ၊ ဋ၊ ၁၊ ၇၄။ ဥဒါန်၊ ဋ၊ ၁၅၁။)

အဘိသေကဂေဟပဝေသနအာဝါဟမင်္ဂလေသု ဝတ္တမာနေသူတိ ဣဓ တီဏိ မင်္ဂလာနိ ဝုတ္တာနိ၊ ဝိနယဋ္ဌကထာယံ(ဝိ၊ ဋ၊၃၊ ၂၉၀)ပန "တံ ဒိဝသမေဝ နန္ဒကုမာရဿ ကေသဝိဿဇ္ဇနံ ပဋ္ဋဗန္ဓော ဃရမင်္ဂလံ ဆတ္တမင်္ဂလံ အာဝါဟမင်္ဂလန္တိ ပဉ္စ မင်္ဂလာနိ ဟောန္တိ

"တိ ဝုတ္တံ။ တတ္ထ ကုလမရိယာဒဝသေန ကေသောရောပနံ ကေသဝိသဇ္ဇနံ။ ယုဝရာဇပဋ္ဋဗန္ဓနံ ပဋ္ဋဗန္ဓော။ အဘိနဝဃရပ္ပဝေသေန မဟော ဃရမင်္ဂလံ။ ဝိဝါဟကရဏမဟော အာဝါဟမင်္ဂလံ။ ယုဝရာဇဆတ္တမဟော ဆတ္တမင်္ဂလံ။ (အံ၊ ဋီ၊ ၁၊ ၁၈၇။)

ဝိနည်းမဟာဝါအဋ္ဌကထာ၌လာသော နန္ဒမင်းသားအတွက် ပြုလုပ်သောမင်္ဂလာငါးမျိုးကား.....

(၁) ကေသဝိသဇ္ဇနမင်္ဂလာ=ဆံထုံးကို ဖြေခြင်းမင်္ဂလာ၊

(၂) ပဋ္ဋဗန္ဓမင်္ဂလာ=နဖူး၌ သင်းကျစ်ပြားဖွဲ့ခြင်းမင်္ဂလာ၊

(၃) ဃရမင်္ဂလာ=အိမ်ရှေ့မင်း၏နန်းသစ်သို့ ဝင်ခြင်းမင်္ဂလာ၊ (အိမ်တက်မင်္ဂလာ)၊

(၄) အာဝါဟမင်္ဂလာ=ထိမ်းမြားလက်ထပ်ခြင်းမင်္ဂလာ၊

(၅) ဆတ္တမင်္ဂလာ=အိမ်ရှေ့ထီးဖြူ ဆောင်းယူခြင်းမင်္ဂလာ များတည်း။

တံဒိဝသမေဝ စ နန္ဒရာဇကုမာရဿ ကေသဝိသဇ္ဇနံ ပဋ္ဋဗန္ဓော ဃရမင်္ဂလံ အာဝါဟမင်္ဂလံ ဆတ္တမင်္ဂလန္တိ ပဉ္စ မဟာမင်္ဂလာနိ ဟောန္တိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၂၉၀။)

ကေသဝိသဇ္ဇနန္တိ ပဋ္ဌသိခါကာရံ ဝဍ္ဎေတွာ ကေသိခါကာရံ။ ပဋ္ဋဗန္ဓောတိ ဇေတ္ထ ပဋ္ဋောတိ တသ္မိံ ကုလေ အာစိဏ္ဏော အလင်္ကာရဝိသေသော။ ဃရမင်္ဂလန္တိ ဃရမဟော။ ဆတ္တမင်္ဂလန္တိ ယုဝရာဇဆတ္တပဋိ။ (ဝဇိရဗုဒ္ဓ၊ ဋီ၊ ၄၂၇။)

ကေသဝိသဇ္ဇနန္တိ ကုလမရိယာဒဝသေန ကေသောရောပနံ။ ပဋ္ဋဗန္ဓောတိ ယုဝရာဇပဋ္ဋဗန္ဓော။ အဘိနဝဃရပ္ပဝေသနမဟော ဃရမင်္ဂလံ။ ဝိဝါဟကရဏမဟော အာဝါဟမင်္ဂလံ။ ဆတ္တမင်္ဂလန္တိ ယုဝရာဇဆတ္တမင်္ဂလံ။ (သာရတ္ထ၊ ဋီ၊ ၃၊ ၂၄၈။)

ကေသဝိသဇ္ဇနံ။ ။ "ကုလမရိယာဒဝသေန အမျိုးတို့ စည်းကမ်း၏အစွမ်းဖြင့်၊ ကေသောရောပနံ ဆံချခြင်း"ဟု သာရတ္ထဖွင့်၏၊ "ဝိသဇ္ဇနပုဒ်အနေနှင့် မလျော်တတ်"ဟု ထင်သည်၊ ဝိမတိ၌ကား "ရာဇမောဠိဗန္ဓနတ္တံ မင်းတို့၏ဥဿျှောင်ဖွဲ့ခြင်းအကျိုးငှာ၊ ကုမာရကာလေ မင်းသားအခါတုန်းက၊ ဗန္ဓိတသိခါဝေဏိမောစနံ ဖွဲ့အပ်သော ဦးစွန်းသျှောင်ထုံးကို ဖြေခြင်း"ဟု ဖွင့်၏၊ "ကေသာနံ+ဝိသဇ္ဇနံ ကေသဝိသဇ္ဇနံ-ဆံတို့ကို ဖြေခြင်း"ဟု ပြု။

ပဋ္ဋဗန္ဓော။ ။ ပဋ္ဋဗန္ဓောတိ ယုဝရာဇပဋ္ဋဗန္ဓော အိမ်ရှေ့မင်း၏နဖူးသင်းကျစ်ပြားကို (နဖူး၌)ဖွဲ့ဆင်ခြင်းမင်္ဂလာ၊ သာရတ္ထ၊ ဝိမတိ၌ကား "အသုကရာဇာတိ ထိုမည်သောမင်းဟူ၍၊ နဠာဋေ သုဝဏ္ဏပဋ္ဋဗန္ဓနံ နဖူး၌နာမည်တံဆိပ်ပါသော ရွှေပြားကို ဖွဲ့ဆင်ခြင်း"ဟု ဆို၏။

ဃရမင်္ဂလံ စသည်။ ။ အဘိနဝဃရပဝေသနမဟော အသစ်အိမ်တော်သို့ ဝင်ရောက်ခြင်းဟူသော ပွဲသဘင်သည်၊ ဃရမင်္ဂလံ မည်၏၊ ဆတ္တမင်္ဂလန္တိ ယုဝရာဇဆတ္တမင်္ဂလံ အိမ်ရှေ့ထီးကို ဆောင်းခြင်းမင်္ဂလာတည်း၊ ဋီကာ။

(ဝိနည်းမဟာဝါဘာသာဋီကာ၊ ၁၊ ၁၉၈။)

ကေသဝိသဇ္ဇနန္တိ ရာဇမောဠိဗန္ဓနတ္တံ ကုမာရကာလေ ဗန္ဓိတသိခါဝေဏိမောစနံ၊ တံ ကိရ မင်္ဂလံ ကရောန္တိ။ သာရတ္ထဒီပနိယံ ပန "ကေသဝိသဇ္ဇနန္တိ ကုလမရိယာဒဝသေန ကေသောရောပန"န္တိ(သာရတ္ထ၊ ဋီ၊ ၃၊ ၂၄၈) ဝုတ္တံ။ ပဋ္ဋဗန္ဓောတိ "အသုက ရာဇာ"တိ နဠာဋေ သုဝဏ္ဏပဋ္ဋဗန္ဓနံ။ အဘိနဝပါသာဒပ္ပဝေသမင်္ဂလံ ဃရမင်္ဂလံ။ ဆတ္တုဿာပနေ မင်္ဂလံ ဆတ္တမင်္ဂလံ။

(ဝိမတိ၊ ဋီ၊ ၂၊ ၁၁၃။)

အရှင်နန္ဒမထေရ်သည် ရဟန်းဖြစ်သောနေ့မှစ၍ ဇနပဒကလျာဏီက မှာကြားပြောဆိုလိုက်သည့် "အရှင့်သား...အလျင်အမြန် ပြန်လာတော်မူပါလော့"ဟူသောစကားကိုသာလျှင် အောက်မေ့သတိရနေတော့သည်၊ ထိုသို့ အောက်မေ့သတိရသောအခါ အရှင်၏အဖို့ ရာ ဇနပဒကလျာဏီက မိမိအနီးမှာ လာရောက်ရပ်နေသကဲ့သို့ ခံစားနေရလေသည်၊ အရှင်နန္ဒသည် သာသနာတော်၌ မမွေ့လျော်ခြင်း ဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ အနည်းငယ် အပြင်ဖက်သို့ ထွက်ပြေးသွားလေသည်၊ အရှင်နန္ဒ၏အဖို့ရာ ချုံဖုတ်တခု သို့မဟုတ် သစ်ပင် တစ်စုလောက်ကို လွန်အောင်သွားမိလျှင် ဘုရားရှင်က မိမိ၏ရှေ့မှ ရပ်တည်တော်မူလာသကဲ့သို့ ဖြစ်လေတော့သည်၊ ထိုအခါ အရှင်နန္ဒ သည် မီးထဲသို့ ပစ်ချအပ်သောကြက်တောင်ပမာ တွန့်ဆုတ်၍ မိမိနေရာ ကျောင်းသို့ပင် ဝင်ပြန်လေသည်။

ဘုရားရှင်သည် "နန္ဒသည် အလွန်လျှင် မေ့မေ့လျော့လျော့ နေဘိသည်၊ သာသနာတော်၌မမွေ့လျော်ခြင်းကို ပယ်ဖျောက်ခြင်း ငှာ မစွမ်းနိုင်ရာ၊ ငါဘုရားသည် နန္ဒ၏စိတ်ငြိမ်းချမ်းမှုရအောင် ပြုမှ သင့်တော့မည်"ဟု စဉ်းစားဆင်ခြင်တော်မူပြီးလျှင် အရှင်နန္ဒကို " လာလော့ နန္ဒ...နတ်ပြည်၌ ဒေသစာရီ လှည့်လည်သွားကြစို့"ဟု မိန့်တော်မူလေသည်၊ အရှင်နန္ဒက "ဘုန်းတော်ကြီးသော ရှင်တော် ဘုရား...တန်ခိုးရှင်တို့သာသွားရောက်နိုင်သော နတ်ပြည်သို့ တပည့်တော်သည် အဘယ်သို့ သွားရောက်နိုင်ပါမည်းနည်း?"ဟု လျှောက် ထားလေသော် ဘုရားရှင်က "သင်သည် နတ်ပြည်သို့ သွားလိုသောစိတ်ကိုသာ ဖြစ်စေလော့၊ ထိုသို့ သင်က သွားလိုသောစိတ်ကို ဖြစ်စေလျှင် နတ်ပြည်သို့သွားရောက်၍ နတ်တို့ကိုမြင်ရပါလိမ့်မည်"ဟု အားပေးစကား မိန့်ကြားတော်မူလေသည်။ အရှင်နန္ဒသည်

ဘုရားရှင်၏တန်ခိုးအာနုဘောတော်အားဖြင့် ဘုရားရှင်နှင့်အတူတကွ နတ်ပြည်၌ ဒေသစာရီ လှည့်လည်လျက် သိကြားမင်း၏နေရာ ဗိမာန်ကို ကြည့်လေလျှင် နတ်သမီးငါးရာတို့ကို မြင်တွေ့ရလေသည်။ ထိုအခါ ဘုရားရှင်က အရှင်နန္ဒမထေရ် သုဘနိမိတ်၏အစွမ်းဖြင့် နတ်သမီးတို့ကို ကြည့်ရှုနေတာ မြင်တော်မူရကား "နန္ဒ...ဤနတ်သမီးတို့က(ပို၍) ရှုချင်နှစ်သက်ဖွယ်ရှိကြကုန်သလော့?၊ သို့မဟုတ် ဇနပဒကလျာဏီက (ပို၍) ရှုချင်နှစ်သက်ဖွယ်ရှိသလော့? "ဟု မေးတော်မူလေသည်၊ အရှင်နန္ဒမထေရ်က "ရှင်တော်ဘုရား... ဇနပဒကလျာဏီသည် ဤနတ်သမီးတို့ကို ထောက်ဆလျှင် နား, နှာခေါင်းပြတ်နေသော မျောက်မကဲ့သို့ ထင်ပါတော့သည်ဘုရား"ဟု လျှောက်ထားလေသည်၊ ဘုရားရှင်က "နန္ဒ...ရဟန်းတရား အားထုတ်သောသူတို့၏အဖို့ရာ ဤသို့သော နတ်သမီးတို့ကို ရဖို့ရန် မခဲယဉ်းပါ"ဟု မိန့်တော်မူလေလျှင် အရှင်နန္ဒက "ရှင်တော်ဘုရား...အကယ်၍ ရှင်တော်ဘုရားသည် တပည့်တော်အတွက် နတ်သမီးတို့ကို ရဖို့ရန် အာမခံနိုင်ပါမူ တပည့်တော် ရဟန်းတရား အားထုတ်ပါတော့မည်ဘုရား"ဟု လျှောက်ထားလေသည်။ "နန္ဒ...သင်သည် ယုံယုံကြည်ကြည်(စိတ်ချလက်ချ) ရဟန်းတရား အားထုတ်ပါလေ၊ အကယ်၍ သင်၏အဖို့ရာ ပဋိသန္ဓေနှင့်တကွ ကွယ်လွန်သည် ဖြစ်ပါမူကား ငါဘုရားသည် သင့်အတွက် ထိုနတ်သမီးတို့ကို ရဖို့ရန် အာမခံသည်"ဟု မိန့်တော်မူကာ ဘုရားရှင်သည် အလိုတော် အားလျော်စွာ နတ်ပြည်၌ ဒေသစာရီ လှည့်လည်ပြီးလျှင် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူလေသည်။ (ဤအင်္ဂုတ္တိုရ်အဋ္ဌကထာ ဧတဒဂ္ဂဝဂ် နန္ဒတ္ထေရဝတ္ထု(အံ၊ ဋ္ဌ၊ ၁၊၂၄၅)၌ကား တာဝတိံသာသို့အသွား လမ်းခရီးအကြား တစ်ခုသော မီးလောင်ပြင်ဝယ် မီးလောင်ထားသော သစ်ငုတ်ထက်၌ ထိုင်နေသော နားရွက်, နှာခေါင်း, အမြီးပြတ်လျက် ရှုမြင်မကောင်းသည့် မျောက်အိုမတစ်ကောင်ကို ပြတော်မူ၍ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူကြောင်း မပါရှိသော်လည်း ဓမ္မပဒအဋ္ဌကထာ နန္ဒတ္ထေရဝတ္ထု၊ ဥဒါန်းအဋ္ဌကထာ နန္ဒသုတ္တဝဏ္ဏနာတို့၌မူ ပါရှိလေသည်။

အထ ခေါ ဘဂဝါ အာယသ္မန္တံ နန္ဒံ ဗာဟာယံ ဂဟေတွာ ဣဒ္ဓိဗလေန တာဝတိံသဒေဝလောကံ အာနေန္တော အန္တရာမဂ္ဂေ ဧကသ္မိံ ဈာမက္ခေတ္တေ ဈာမခါဏုကေ နိသိန္နံ ဆိန္နကဏ္ဏနာသနင်္ဂုဋ္ဌံ ဧကံ ပလုဋ္ဌမက္ကဋိံ ဒဿေတွာ တာဝတိံသဘဝနေ သက္ကဿ ဒေဝရညော ဥပဋ္ဌာနံ အာဂတာနိ ကကုဋပါဒါနိ ပဉ္စ အစ္ဆရာသတာနိ ဒဿေသိ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၇၆။)

ဘဂဝါ တဿ ဝစနံ သုတွာ "ဥပါယေနဿ ရာဂံ ဝူပသမေဿာမီ"တိ ဣဒ္ဓိဗလေန နံ တာဝတိံသဘဝနံ နေန္တော အန္တရာ မဂ္ဂေ ဧကသ္မိံ ဈာမခေတ္တေ ဈာမခါဏုမတ္ထကေ နိသိန္နံ ဆိန္နကဏ္ဏနာသာနင်္ဂုဋ္ဌံ ဧကံ ပလုဋ္ဌမက္ကဋိံ ဒဿေတွာ တာဝတိံသဘဝနံ နေသိ။ (ဥဒါန၊ ဋ္ဌ၊၁၅၃။)

ဇေတဝန်ကျောင်းတော်သို့ ပြန်လည်ရောက်ရှိသည့်အချိန်မှစ၍ အရှင်နန္ဒမထေရ်သည် နတ်သမီးတို့ကို ရယူလိုသည့်အတွက် နေ့ရောညဉ့်ပါ ရဟန်းတရား အားထုတ်လေသည်၊ ဘုရားရှင်က ရဟန်းတို့ကို"ရဟန်းတို့..သင်တို့သည် နန္ဒရဟန်း၏ကျောင်းနေရာ အနီးဝယ် 'ရဟန်းတစ်ပါးသည် ဘုရားရှင်ကို အာမခံထား၍ နတ်သမီးတို့ကို ရယူလိုသောကြောင့် ရဟန်းတရားကို မနေမနား အားထုတ်နေသတဲ့'ဟု ထိုထိုအရပ်၌ ပြောဆိုကြလျက် လှည့်လည်ကြကုန်လော့"ဟု မိန့်တော်မူလေသည်။ ထိုရဟန်းတို့သည် ဘုရားရှင်၏စကားတော်ကို ကောင်းစွာခံယူ၍ "အရှင်နန္ဒသည် နတ်သမီးတို့ကို ရလိုမှုကြောင့် မြတ်သောအကျင့်ကို ကျင့်နေသတဲ့၊ ထိုအရှင်နန္ဒအတွက် နိခြေအဆင်းရှိသော နတ်သမီးငါးရာတို့ကို ရဖို့ရန် ဘုရားရှင်က အာမခံတော်မူရသတဲ့၊ အရှင်နန္ဒသည် ကြေးစားဖြစ်စွာ့တကား၊ အရှင်နန္ဒသည် အဝယ်တော်ဖြစ်စွာ့တကား"ဟု အရှင်နန္ဒမထေရ်ကြားလောက်ရာအရပ်၌ ပြောဆိုကြလျက် လှည့်လည်ကြကုန်သည်။

အရှင်နန္ဒမထေရ်သည် ထိုစကားကို ကြားရလေလျှင်"ဤရဟန်းတို့သည် တပါးသူကို ပြောကြသည်မဟုတ်၊ ငါ့ကို အကြောင်းပြု၍ ပြောဆိုကြကုန်၏၊ ငါ၏အလုပ်ကား မသင့်လျော်လှ"ဟု ဆင်ခြင်တော်မူလျက် ဝိပဿနာတရား ပွားများအားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်။ အရှင်နန္ဒမထေရ်၏အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သောခဏ၌ပင် ရဟန္တာ ဗြဟ္မာတစ်ယောက်သည် ဘုရားရှင်အား ထိုအကြောင်းကို လျှောက်ထားလေသည်၊ ဘုရားရှင် ကိုယ်တော်တိုင်လည်း သိတော်မူသည်သာတည်း။

နောက်နေ့၌ အရှင်နန္ဒမထေရ်သည် ဘုရားရှင့်ထံတော်သို့ သွားရောက်ဆည်းကပ်လျက် "ရှင်တော်ဘုရား...တပည့်တော်အတွက် နိခြေအဆင်းရှိသော နတ်သမီးငါးရာတို့ကို ရရှိဖို့ရန် ရှင်တော်ဘုရားက အာမခံတော်မူခဲ့ပါသည်၊ ရှင်တော်ဘုရား...ရှင်တော်ဘုရားကို တပည့်တော်က ထိုအာမခံချက်မှ လွတ်ပါသည်အရှင်ဘုရား"ဟု လျှောက်ထားလေသည်။

## ဣန္ဒြေမှာ၊ စောင့်စည်းရာ၊ ရပါ တေဒဂ်

ဘုရားရှင်၏တပည့်သား အခြားသောရဟန်းတို့သည်လည်း ဣန္ဒြေကို စောင့်စည်းတော်မူကြသည်သာ ဖြစ်သော်လည်း အရှင်နန္ဒမထေရ်သည်ကား၌အခြားသော တပည့်ရဟန်းတို့ထက် ထူးချွန်စွာ အရပ်ဆယ်မျက်နှာတို့ကို ကြည့်ရှုတော်မူလိုလျှင် သဗ္ဗကသမ္မဇဉ်, သပ္ပါယသမ္မဇဉ်, ဂေါစရသမ္မဇဉ်, အသမ္မောဟသမ္မဇဉ်တည်းဟူသော သမ္မဇဉ်လေးပါးတို့ဖြင့် ပိုင်းခြားဆင်ခြင်ပြီးမှသာ ကြည့်ရှုတော်မူလေ့

ရှိသည်။ ဘုရားရှင်က နောက်တချိန်ဝယ် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်နန္ဒမထေရ်ကို "ရဟန်းတို့...ဣန္ဒြေခြောက်ပါးတို့၌ တံခါးကို လုံခြုံစေကြသည့် ငါဘုရား၏တပည့်ရဟန်းတို့တွင် နန္ဒရဟန်းသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "ဣန္ဒြေခြောက်ပါး တံခါးကိုလုံခြုံစေကြသောအရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူလေသည်။

ဣန္ဒြိယေသု ဂုတ္တဒွါရာနန္တိ ဆသု ဣန္ဒြိယေသု ပိဟိတဒွါရာနံ နန္ဒတ္ထေရော အဂ္ဂေါတိ ဒဿေတိ။ ကိဉ္စာပိ ဟိ သတ္ထု သာဝကာ အဂုတ္တဒွါရာ နာမ နတ္ထိ၊ နန္ဒတ္ထေရော ပန ဒသသု ဒိသာသု ယံ ယံ ဒိသံ ဩလောကေတုကာမော ဟောတိ၊ န တံ စတုသမ္ပဇညဝသေန အပရိစ္ဆိန္ဒိတွာ ဩလောကေတိ။ တသ္မာ ဣန္ဒြိယေသု ဂုတ္တဒွါရာနံ အဂ္ဂေါ ဇာတော။ (အံ၊ ဋ္ဌ၊ ၁၊ ၂၄၄။)

သတ္ထာ အပရဘာဂေ ဇေတဝနဝိဟာရေ ဝိဟရန္တော ထေရံ ဣန္ဒြိယေသု ဂုတ္တဒွါရာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊၁၊၂၄၆။)

## (၃၈) အရှင်မဟာကပ္ပိနမထေရ်အကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဘိက္ခုဩဝါဒကာနံ ယဒိဒံ မဟာကပ္ပိနော။ (အံ၊ ၁၊ ၂၆။)

### အရှင်မဟာကပ္ပိနမထေရ်အလောင်း ရှေးဆုတောင်း

အရှင်မဟာကပ္ပိနမထေရ်အလောင်းတော်သည်လည်း ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌အမျိုးကောင်းသားဖြစ်၍ နောက်ဖာချိန်မှာ ဘုရားရှင်၏တရားစကားကို ကြားနာနေစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို "ရဟန်းတို့ကို ဆုံးမဟောကြားတတ်သောရဟန်းတို့တွင် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ထားတော်မူသည်"ကို မြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကိုတောင်းခဲ့လေသည်၊ ထိုအမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကို ပြုပြီးလျှင် နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ခဲ့ပြီးနောက် ကဿပဘုရားရှင်လက်ထက်တော်ဝယ် ဗာရာဏသီမြို့၌ အမျိုးကောင်းသားဖြစ်၍ ယောကျ်ားတစ်ထောင်၏ ဂိုဏ်းအကြီးအမှူးဖြစ်လျက် တိုက်ခန်းတစ်ထောင်ဖြင့်တန်းဆာဆင်အပ်သော ပရိဝုဏ်ကြီးကို ပြုစေသည်၊ ထိုသူအားလုံးတို့သည်လည်း အသက်ထက်ဆုံး ကုသိုလ်ပြုကြကုန်လျက် ကပ္ပိနဉပါသကာကို အမှူးပြု၍ သားမယားတို့နှင့်အတူတကွ နတ်ပြည်လောက၌ ဖြစ်ကြရလေသည်၊ ကဿပဘုရားရှင်, ဂေါတမဘုရားရှင်=နှစ်ဆူတို့၏အကြားကာလဝယ် နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ခဲ့ကြလေသည်။ (ဤကား အံ်ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊ ၂၄၆)၌ လာသောစကားတည်း)။

ဓမ္မပဒအဋ္ဌကထာ၌ကား အရှင်မဟာကပ္ပိနမထေရ်အလောင်းတော်သည် ပဒုမုတ္တရဘုရားရှင်ထံတော်၌ ဆုတောင်းခဲ့ပြီးလျှင် သံသရာ၌ ကျင်လည်သည်ရှိသော် ဗာရာဏသီမြို့အနီးဝယ် ယက္ကန်းသည်တစ်ထောင်ရှိသော ယက္ကန်းသည်ရွာတွင် ယက္ကန်းသည်မှူးဖြစ်၍ ဇနီးသည်က နှိုးဆော်လျက် ပစ္စေကဗုဒ္ဓါအရှင်မြတ်တထောင်တို့အား ဆွမ်းကျွေးခြင်း, သစ်ရွက်မိုးသင်္ခမ်းကျောင်းတစ်ထောင်ဆောက်လုပ်လှူဒါန်ခြင်း, ဝါတွင်းသုံးလပတ်လုံး ရှိသေစွာ ပြုစုလုပ်ကျွေးခြင်း, ဝါကျွတ်သောအခါ ပစ္စေကဗုဒ္ဓါ တစ်ဆူတစ်ဆူအား အသပြာတစ်ထောင် တစ်ထောင်တန်သင်္ကန်းတို့ကို လှူဒါန်းခြင်း=ဤကုသိုလ်ကောင်းမှုတို့ကြောင့် ထိုဘဝမှစုတေကြလျှင် တာဝတိံသာနတ်ပြည်၌ အဖွဲ့လိုက် နတ်သား,နတ်သမီးများဖြစ်ကြရခြင်း, ထိုနတ်စည်းစိမ်ကို ခံစားစားကြပြီးနောက် ကဿပဘုရားရှင်လက်ထက်တော်ဝယ် ဗာရာဏသီပြည်၌ ယက္ကန်းသည်မှူးသည် အကြီးအကဲသူကြွယ်၏သားဖြစ်၍ သူ၏ဇနီးသည်လည်း အခြားအကြီးအကဲသူကြွယ်၏သမီးပင် ဖြစ်လာလေသည်၊ အခြားယက္ကန်းသည်ဇနီးမောင်နှံတို့သည်လည်း အခြား အခြားသော သူကြွယ်တို့၏အသီးအသီးသော သားသမီးများ ဖြစ်လာကြလေသည်၊ သူတို့အားလုံး အရွယ်ရောက်ကြလတ်သော် ရှေးယက္ကန်းသည်ဘဝကအတိုင်း သူကြွယ်သားများက သူကြွယ်သမီးများနှင့် အသီးအသီး လက်ထပ်ခဲ့ကြလေသည်။

တနေ့သောအခါ ထိုသူကြွယ်အားလုံးတို့သည် ဇနီးမယားတို့နှင့်အတူတကွ ကဿပဘုရားရှင်၏တရားတော်ကို နာယူကြဖို့ရန် အသွားကျောင်းတိုက်သို့ ဝင်သောခဏမှာပင် မိုးကြီးသည်းထန်စွာ ရွာလေ၏၊ ဆွမ်းခံကိုယ်တော်, ဆွေမျိုးသာမဏေစသည်ရှိကြသော အခြားသူတို့သည် မိမိတို့ရင်းနှီးရာ နေရာ ပရိဝုဏ်တို့သို့ မိုးလွတ်အောင် ပြေးဝင်ခိုလှုံကြသော်လည်း ထိုသူကြွယ်ဇနီးမောင်နှံစုံတို့သည် ထိုကဲ့သိုသော ဆွမ်းခံကိုယ်တော်, ဆွေမျိုးသာမဏေစသည်တို့ မရှိကြသောကြောင့် မည်သည့်ပရိဝုဏ်တွင်းသို့မျှ မဝင်ဝံ့ကြပဲ ကျောင်းတိုက်အလယ် မိုးရွာထဲမှာပင် ရပ်တည်နေကြလေသည်။

ထိုအခါ အကြီးအမှူးသူကြွယ်သည် "ငါတို့မှာ အကျွမ်းဝင်ရာဌာန မရှိကြခြင်းကြောင့် ဤသို့သော ဖောက်ပြန်မှုသို့ ရောက်ကြရသည်၊ ငါတို့အားလုံးပင် ဥစ္စာစု၍ ပရိဝုဏ်တခု ဆောက်လုပ်ကြစို့"ဟု ကျန်သူကြွယ်တို့နှင့် ပြောဆိုတိုင်ပင်ကာ အကြီးအမှူးသူကြွယ်က အသပြာတစ်ထောင်, ကျန်သူကြွယ်များနှင့် သူကြွယ်ကတော်များက အသပြာငါးရာစီ ဥစ္စာကို စုပေါင်း၍ အထွတ်တပ်သည့် ပြာသာဒ်တစ်ထောင်အရံရှိသော ပရိဝုဏ်ကျောင်းဝိုင်းကြီးဆောက်လုပ်၍ ကျောင်းလွှတ်ရေစက်ချပွဲ ကျင်းပကြလျက် ကဿပဘုရားရှင်အမှူးရှိ

သော ရဟန်းသံဃာတော်အား ခုနစ်ရက်တိုင်တိုင် အလှူကြီးပေးခြင်း, ရဟန်းတော်မြတ်နစ်သောင်းတို့အား သင်္ကန်းများလှူဒါန်းခြင်း, သူကြွယ်မှူးကြီး၏ဇနီး သူကြွယ်ကတော်ကြီးကလည်း အနောဇာပန်း(လိပ်ဆူးရွှေပန်း)အဆင်းရှိသော တစ်ထောင်တန်သင်္ကန်းလျာအဝတ်နှင့် အနောဇာပန်းခြင်းတောင်းတို့ကို ဘုရားရှင်အား လှူဒါန်းပူဇော်ပြီးလျှင် "ဖြစ်လေရာရာ သံသရာဝယ် တပည့်တော်မ၏ကိုယ်သည် ဤအနောဇာပန်းအဆင်း ဝါဝင်းသော အသွေးအရောင်ရှိသည် ဖြစ်ပါစေသား၊ တပည့်တော်မ၏အမည်သည်လည်း "အနောဇာ"ဟူ၍သာ မည်တွင်သည် ဖြစ်ပါစေသားအရှင်ဘုရား"ဟု ဆုတောင်းလေလျှင် ကဿပဘုရားရှင်ကလည်း "သင့်ဆုတောင်းသည့်အတိုင်း ဖြစ်စေသတည်း"ဟု အနုမောဒနာပြုတော်မူလေသည်။

## မဟာကပ္ပိန၊ မင်းရာဇ နောက်ဆုံးဘဝ၊ ဖြစ်ပုံက

သူတို့အားလုံးသည် ထိုဘဝမှစုတေကြလျှင် နတ်ပြည်၌ဖြစ်ကြ၍ ဤဘုရားရှင်ပွင့်တော်မူသောအခါဝယ် နတ်ပြည်မှ စုတေခဲ့ကြ၍ သူကြွယ်မှူးကြီးသည် ကုက္ကုဋဝတီနေပြည်တော်၌ မဟာကပ္ပိနအမည်ဖြင့် မင်းသားဖြစ်၍ သူကြွယ်မှူးကြီး၏ဇနီးသည် မဒ္ဒတိုင်း သာဂလမြို့ ရွှေနန်းတော်၌ အနောဇာအမည်ဖြင့် မင်းသမီးဖြစ်လာလေသည်။ မင်းသားမင်းသမီးတို့ အရွယ်ရောက်လတ်ကြသော် အနောဇာမင်းသမီးသည် မဟာကပ္ပိနမင်း၏ရွှေနန်းတော်သို့ရောက်၍ အနော်ဒေဝီမိဖုရားကြီးဖြစ်လာလေသည်၊ ကျန်သူကြွယ်များနှင့် သူကြွယ်ကတော်တို့သည်လည်း အမတ်မျိုး၌ အသီးအသီး ဖြစ်ကြ၍ အရွယ်သို့ရောက်ကြလျှင် ရေးရေစက်အတိုင်း မိမိမိမိတို့၏ အသီးအသီး ဇနီးခင်ပွန်းများဖြစ်လာကြလေသည်။

## ရတနာသုံးပါး၊ သတင်းများ၊ သူကြားလေသောခါ

တနေ့သ၌ မဟာကပ္ပိနမင်းကြီးသည် အမတ်တစ်ထောင်ခြံရံလျက် ဥယျာဉ်တော်သို့ ထွက်တော်မူစဉ် သာဝတ္ထိပြည်သား ကုန်သည်များထံမှ ရတနာသုံးပါး သတင်းစကားကို ကြားရလျှင် လွန်စွာနှစ်သက် ပီတိအကြိမ်ကြိမ်ဖြစ်လျက် ထိုရတနာသုံးပါး သတင်းစကား လျှောက်ထားကြသည့်အတွက် ကုန်သည်တို့အား အသပြာသုံးသိန်းကို အနော်ဇာဒေဝီမိဖုရားကြီးမှ ပေးစေရန်နှင့် ဘုရားရှင်အထံတော်၌ ရဟန်းပြုတော်မူမည်အကြောင်းကို မှာထားခဲ့ပြီးလျှင် ရွှေနန်းတော်သို့ မပြန်တော့ပဲ ဘုရားရှင်ရှိတော်မူရာသို့ ဆက်လက် ထွက်ခွါတော်မူလေသည်၊ အမတ်တစ်ထောင်တို့သည်လည်း မိမိ, မိမိတို့၏အမတ်ကတော်များထံသို့ မင်းကြီးနည်းတူ သတင်းစကား မှာကြားပို့သကြစေပြီးလျှင် မဟာကပ္ပိနမင်းကြီးကိုခြံရံလျက် လိုက်ပါကြလေသည်။

## ဘုရားမြတ်စွာ၊ မြစ်ကမ်းသာ၊ စောင့်ကာ ကြိုနေသည်

ဘုရားရှင်သည် "မဟာကပ္ပိနမင်းကြီးသည် မင်းစည်းစိမ်ကို ပယ်စွန့်၍ အမတ်တစ်ထောင်ခြံရံလျက် မိမိကိုရည်စူး၍ ရဟန်းပြုရန် ထွက်ခွါလာလျက် ရဟန်းပြုပြီးလျှင် အမတ်တစ်ထောင်အခြံအရံနှင့် အတူပင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ပေလိမ့်မည်"ဟု သိမြင်တော်မူရကား ရွာစားကို ခရီးဦးကြိုဆိုသော စကြဝတေးမင်းကဲ့သို့ ကိုယ်တော်တိုင်ပင် စန္ဒဘာဂါအမည်ရှိသောမြစ်ကမ်းသာ ပညောင်ပင်ရင်းဝယ် ကြိုဆိုကာ ရောင်ခြည်တော်ခြောက်သွယ်တို့ကို လွှတ်တော်မူ၍ ထိုင်နေတော်မူလေသည်။

မဟာကပ္ပိန၊ မင်းရာဇ၊ ဗုဒ္ဓဂုဏ်ကိုရည်
ဘုရားဂုဏ်ရော်၊ မြင်းဖြင့်သော်၊ ရေပေါ်သွားနိုင်သည်
မြင်းစီး၍နော်၊ ရေပြင်ပေါ်၊ လွှမ်းကျော်သွားနိုင်ပြီ
နောက်ဆုံးဖြစ်ရပ်၊ ရဟန်းမြတ်၊ ပြုလတ်လေတော့သည်

မဟာကပ္ပိနမင်းကြီးသည်လည်း အမတ်တထောင်နှင့်အတူတကွ မြင်းကိုယ်စီ စီးလျက် အပရစ္ဆာအမည်ရှိသောမြစ်နားသို့ရောက်သောအခါ လှေ, ဖောင်တို့ကို ရှာကြကြည့်ရှုနေစဉ်ပင် ဇာတိ, ဇရာ, မရဏတရားတို့၏သဘောကို သတိချပ်လျက်"အရဟံ"အစရှိသည်ဖြင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းအောက်မေ့ကာ...

"ဘဝသောတံ သစေ ဗုဒ္ဓေါ၊ တိဏ္ဏော လောကန္တဂူ ဝိဒူ။
ဧတေန သစ္စဝဇ္ဇေန၊ ဂမန္တံ မေ သမိဇ္ဈတု။ (အပဒါန၊ ၂၊ ၁၂၀။)

ဗုဒ္ဓေါ သဗ္ဗညုဗုဒ္ဓ အမည်ရသည် လောကထွတ်ထား မြတ်ဘုရားသည်၊ ဟဝေ စင်စစ်ကေန် အမှန်ပင်၊ဘဝသောတံ ဘဝသုံးသွယ် ရေပြင်ကျယ်ကို၊ တိဏ္ဏော နိဗ္ဗူထုတ်ချောက် မှာကမ်းရောက်အောင် ကူးမြောက်တော်မူပြီးလေပြီ၊ ဝါ ကူး

မြောက်တော်မူပြီးဖြစ်ရကား၊ လောကန္တဂူ လောက၏အဆုံးသို့ နှလုံးကြည်ဖြူ ဆိုက်ရောက်တော်မူလေပြီ၊ ဝိဒူ ခပ်သိမ်းသော တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူလေပြီ၊ တေန သစ္စဝဇ္ဇေန ဝစီမင်္ဂလာ ဤသစ္စာစကားကြောင့်၊ မေ မဟာကပ္ပိန နာမသမုတ် အကျွန်ုပ်၏၊ ဂမနံ မြတ်ဘုရားထံမှောက် ရဟန်းပြုရန်သွားရောက်ခြင်းသည်၊ သမိဇ္ဈတု အန္တရာယ်မမှောက် ရန်မနှောက်ပဲ ထမြောက်ကုံလုံ ပြည့်စုံပါစေသတည်း(မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ပဋ္ဌမပိုင်း၊ ၅၅၄ ၅၅၅)"ဟု

ဤဂါထာကို တတွတ်တွတ်ရွတ်ဆိုလျက် အခြံအရံ အမတ်တစ်ထောင်, မြင်းတစ်ထောင်တို့နှင့်အတူတကွ နှစ်ဂါဝုတ်အပြန့်ကျယ်သော အပရစ္ဆာမြစ်ရေပြင်ကို ကူးလေသည်၊ မြင်းတို့သည် ကျောက်ဖြာပေါ်၌ကဲ့သို့ ပြေးသွားကြလေရာ ခွါဖျားတို့ကိုသော်မှပင် ရေမစွတ်မစို ချေ။

မဟာကပ္ပိနမင်းကြီးသည် ရှေ့သို့ဆက်၍ ခရီးနှင်ပြန်လေသော် နီလဝါဟိနီအမည်ရှိသော မြစ်သို့ရောက်လေရာ "သွာက္ခာတော ဘဂဝတာ ဓမ္မော"အစရှိသည်ဖြင့် ဓမ္မာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းအောက်မေ့ကာ...

"ယဒိ သန္တိဂမော မဂ္ဂေါ၊ မောက္ခော စစ္စန္တိကံ သုခံ။
တေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။ (အပဒါန်၊ ၂၊ ၁၂၀။)

မဂ္ဂေါ လောကုတ္တရာတရား မင်္ဂလေးပါးသည်၊ ယဒိ=ဇာတု စင်စစ်ဧကန် အမှန်ပင်၊ သန္တိဂမော နိဗ္ဗာန်ထုတ်ချောက် ရောက်စေနိုင်၏၊ မောက္ခော စ အရိယာမဂ်ဖြင့်ရောက်အပ် နိဗ္ဗာန်တရားမြတ်သည်လည်း၊ အစ္စန္တိကံ သုခံ ချမ်းသာစင်စစ် ဧကန်ဖြစ်၏၊ တေန သစ္စဝဇ္ဇေန ဝစီမင်္ဂလာ ဤသစ္စာစကားကြောင့်၊ မေ မဟာကပ္ပိန နာမသမုတ် အကျွန်ုပ်၏၊ ဂမနံ မြတ်ဘုရားထံမှောက် ရဟန်းပြုရန် သွားရောက်ခြင်းသည်၊ သမိဇ္ဈတု အန္တရာယ်မမှောက် ရန်မနှောက်ပဲ ထမြောက်ကုံလုံ ပြည့်စုံပါစေသတည်း။(မဟာဗုဒ္ဓဝင်၊ဆဋ္ဌမတွဲ ပဋ္ဌမပိုင်း၊ ၅၅၅ ၅၅၆)"ဟု

ဤဂါထာကို တတွတ်တွတ် ရွတ်ဆိုလျက် အမတ်တထောင် မြင်းတထောင်တို့နှင့်အတူတကွ ယူဇနာဝက်အပြန့်ကျယ်သော နီလဝါဟိနီ မြစ်ရေပြင်ကို ကူးလေသော် ရှေးနည်းအတူပင် မြင်းတို့သည် ကျောက်ဖျာပေါ်၌ကဲ့သို့ ပြေးသွားကြလျက် ခွါဖျားတို့ကိုသော်မှပင် ရေမစွတ်မစိုချေ။

မဟာကပ္ပိနမင်းကြီးသည် ရှေ့သို့ဆက်၍ ခရီးနှင်ပြန်လေသော် စန္ဒဘာဂါအမည်ရှိသော မြစ်သို့ရောက်လေရာ "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော"အစရှိသည်ဖြင့် သံဃာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းအောက်မေ့ကာ...

"သံဃော စ တိဏ္ဏကန္တာရော၊ ပုညက္ခေတ္တော အနုတ္တရော။
တေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။ (အပဒါန်၊ ၂၊ မဟာကပ္ပိနတ္ထေရအပဒါန်၊ ၁၂၀။)

သံဃော ပရမတ္ထအရိယာ သံဃာတော်မြတ်သည်၊ စ စင်စစ်ဧကန် အမှန်ပင်၊ တိဏ္ဏကန္တာရော သံသရာခရီးခဲကို အံ့အဲ့စလောက် ဖက်ကမ်းရောက်အောင် ကူးမြောက်ပြီးဖြစ်တော်မူပေ၏၊ အနုတ္တရော အတုမရှိ လွန်မြတ်ဘိသော၊ ပုညက္ခေတ္တော ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာ လယ်ယာမြေစစ် ပုညခေတ်လည်း ဖြစ်ပါပေ၏၊ တေန သစ္စဝဇ္ဇေန ဝစီမင်္ဂလာ ဤသစ္စာစကားကြောင့်၊ မေ မဟာကပ္ပိန နာမသမုတ် အကျွန်ုပ်၏၊ ဂမနံ မြတ်ဘုရားထံမှောက် ရဟန်းပြုရန် သွားရောက်ခြင်းသည်၊ သမိဇ္ဈတု အန္တရာယ်မမှောက် ရန်မနှောက်ပဲ ထမြောက်ကုံလုံ ပြည့်စုံပါစေသတည်း (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ပဋ္ဌမပိုင်း၊ ၅၅၆ ၅၅၇)" ဟု

ဤဂါထာကို တတွတ်တွတ် ရွတ်ဆိုလျက် အမတ်တစ်ထောင် မြင်းတစ်ထောင်တို့နှင့်အတူတကွ တစ်ယူဇနာအပြန့်ကျယ်သောစန္ဒဘာဂါ မြစ်ကိုကူးလေလျှင် ရှေးနည်းအတူပင် မြင်းတို့သည် ကျောက်ဖျာပေါ်၌ကဲ့သို့ ပြေးသွားကြ၍ ခွါဖျားတို့ကိုသော်မှပင် ရေမစိုမစွတ်ပေ။

## ဗုဒ္ဓမြတ်စွာ၊ တွေ့သောခါ၊ လျှင်စွာ ရဟန်းပြု

မင်းကြီးသည် စန္ဒဘာဂါမြစ်ကို ကူးမြောက်၍သွားလျှင်ပင် မြစ်ကမ်းနားဘေး ပညောင်ပင်ရင်းဝယ် သီတင်းသုံးနေထိုင်တော်မူသော ဘုရားရှင်၏ကိုယ်တော်မှ ထွက်ပေါ်ကွန့်မြူးနေသော ရောင်ခြည်တော်ခြောက်သွယ်တို့ကို ဖူးတွေ့ရလေသော်"ဤအရောင်ကား လ၏အရောင်,နေ၏အရောင်, နတ် နဂါးစသည်တို့၏အရောင် မဟုတ်၊ စင်စစ်ဧကန် အမှန်ပင် ငါ ဘုရားရှင်ကို ရည်စူး၍ ရဟန်းပြုရန် လာသည်ကို ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား မြင်တော်မူသည် ဖြစ်ပေလိမ့်မည်"ဟု ကြံစည်ဆင်ခြင်မိလေသည်။

မင်းကြီးသည် မြင်းပေါ်မှ ဆင်းသက်၍ ဘုရားရှင်အထံတော်သို့ ဆည်းကပ်လျက် ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် အမတ်တစ်ထောင်တို့နှင့်အတူတကွ သင့်တင့်လျောက်ပတ်သောအရပ်၌ ထိုင်နေလေသည်၊ ဘုရားရှင်သည် ထိုမဟာကပ္ပိနမင်းကြီးအား မဂ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်းကောင်းမြတ်သောတရားလမ်းစဉ်ကို ဟောကြားတော်မူလေသော် မင်းကြီးသည် အမတ်တစ်ထောင်နှင့်တကွ

သောတာပတ္တိဖိုလ်၌ တည်လေသည်။

အစဉ်အတိုင်း ဟောကြားအပ်သော တရားစကားလေးမျိုး.....

၁။ ဒါနကထာ=ဒါနနှင့်စပ်သော တရားစကား၊

၂။ သီလကထာ=သီလနှင့်စပ်သော တရားစကား၊

၃။ သဂ္ဂကထာ=နတ်ရွာသုဂတိနှင့်စပ်သော တရားစကား၊

၄။ မဂ္ဂကထာ=မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကျင့်စဉ်နှင့်စပ်သော တရားစကား။

ထိုအခါ မင်းနှင့်အမတ်အားလုံးတို့သည် နေရာမှထ၍ ရှင်ရဟန်းအဖြစ်ကို တောင်းခံကြလေသည်၊ ဘုရားရှင်က ဧဟိဘိက္ခု ခေါ်ဖို့ရန်လုံလောက်သည့် သူတို့၏သက်န်းလှူဖူးသောအကြောင်းကောင်းမှုများကို သိမြင်တော်မူရကား လက်ယာလက်တော်ကို ဆန့်တန်းတော်မူပြီးလျှင်"ရဟန်းတို့...လာကြလော့၊ သင်တို့တောင်းပန်အပ်သော ရှင်ရဟန်းအဖြစ်ကို ခံယူကြလော့၊ တရားတော်ကို ငါဘုရား ကောင်းစွာ ဟောကြားအပ်လေပြီ၊ သင်တို့သည် ဝဋ်ဆင်းရဲ၏အဆုံးကို ပြုခြင်းငှါ သိက္ခာသုံးရပ် မြတ်သောအကျင့်ကို ကျင့်ကြံကြိုးကုတ်အားထုတ်ကြလော့"ဟု ဧဟိဘိက္ခု ခေါ်တော်မူလိုက်လေသည်၊ ထိုသို့ ဧဟိဘိက္ခု ခေါ်တော်မူလိုက်သည်နှင့် တပြိုင်နက် မဟာကပ္ပိနမင်းကြီးနှင့်တကွ အမတ်တစ်ထောင်တို့သည် တန်ခိုးဖြင့်ပြီးသော ပရိက္ခရာ(ဣဒ္ဓိမယပရိက္ခရာ)တို့ အဆင်သင့် ဆင်ယင်ပြီးသားဖြစ်ကြလျက် ဝါတော် ၆၀ ရပြီးသောမထေရ်ကြီးများပမာ လူ့အသွင်ကွယ်ပျောက် ရဟန်းအဖြစ်သို့ ရောက်ကြ၍ ကောင်းကင်သို့ ပျံတက်ကြကာ တဖန်ပြန်၍ ဆင်းပြီးလျှင် ဘုရားရှင်ကို ရှိခိုး၍ ထိုင်နေကြလေသည်။

## အမှာစကား၊ ကုန်သည်များ၊ လျှောက်ထား အနောဇာ

ကုန်သည်များသည် ကုက္ကုဋဝတီရွှေနန်းတော်သို့ သွားရောက်ကြ၍ မဟာကပ္ပိနမင်းကြီး၏အမှာစကားကို အနော်ဇာမိဖုရားကြီးအား လျှောက်ထားလျှင် လွန်စွာအားရ နှစ်သက်တော်မူရကား ကုန်သည်တို့အား ရတနာတစ်ပါး အသပြာသုံးသိန်းစီထား၍ ရတနာသုံးပါး ကိုးသိန်း ဆုလာဘ်ပေးသနားစေလေသည်၊ ဤသို့လျှင် ကုန်သည်တို့သည် မင်းကြီးပေးသည့် ဆုလာဘ်အသပြာ သုံးသိန်း, မိဖုရားကြီးပေးသည့်ဆုလာဘ် အသပြာကိုးသိန်းအားဖြင့် အသပြာ တစ်သန်းနှစ်သိန်း ဆုလာဘ်တို့ကို ရရှိကြလေသည်။

ထို့နောက် မိဖုရားကြီးသည် "မင်းကြီးက ဘုရားရှင်ကိုရည်စူး၍ ရဟန်းပြုရန် ထွက်ခွါသွားပြီ"ဟု သိရလျှင် အမတ်ကတော်တစ်ထောင်တို့ကို ခေါ်စေ၍ တိုင်ပင်စကားပြောဆိုလေသည်..."ဤမင်းစည်းစိမ်မည်သည် မင်းကြီး၏အဖို့သာ ဆင်းရဲဒုက္ခ ဖြစ်စေနိုင်သည်မဟုတ်၊ ငါ့အဖို့ရာလည်း ဆင်းရဲဒုက္ခ ဖြစ်စေနိုင်သည်သာတည်း၊ မင်းကြီးထွေးစွန့်၍သွားသော တံတွေးပေါက်ကို ပညာရှိမှအဘယ်သူသည် ပုဆစ်တုပ်ကာ ခံတွင်းဖြင့် ခံပါမည်နည်း? ငါ့အား မင်းစည်းစိမ်ဖြင့် အလိုမရှိ၊ ငါသည်လည်း ဘုရားရှင်ကိုရည်စူး၍ ဘုရားရှင်ထံမှောက်သွားရောက်ကာ ရဟန်းပြုပေအံ့"ဟု ပြောဆိုလျှင် အမတ်ကတော်များကလည်း "အရှင်မိဖုရားကြီး...ကျွန်တော်မတို့သည်လည်း အရှင်မိဖုရားကြီးနှင့်အတူတကွပင် ရဟန်းပြုကြပါကုန်အံ့"ဟု လျှောက်ထားကြလေသည်။

ထိုအခါ မိဖုရားကြီးက "ကောင်းပြီ အမိတို့...ထိုသို့ဖြစ်လျှင် လာ, သွားကြစို့"ဟု ပြောဆိုကာ ရထားစီးရေတစ်ထောင်ကို ကစေ၍ ရထားထက်သို့ တက်စီးပြီးလျှင် အမတ်ကတော်တစ်ထောင်တို့နှင့်အတူတကွ နေပြည်တော်မှ ထွက်ခဲ့၍ လမ်းခရီးအကြားဝယ် ပဌမမြစ်ကိုတွေ့ရလေသော်"ငါသည် ရတနာသုံးပါးတို့ကို ရည်ညွှန်း၍ ထွက်ခွါခဲ့လေပြီ၊ ထိုရတနာသုံးပါးတို့၏အာနုဘော်တော်ကြောင့်ပင် ဤမြစ်ရေသည် ရေကဲ့သို့ မဖြစ်ပါစေလင့်"ဟု ရတနာသုံးပါးတို့၏ဂုဏ်ကို ဆင်ခြင်အောက်မေ့၍ ရထားတစ်ထောင်ကို မြစ်ရေအပြင်၌ မောင်းနှင်စေ၏၊ ထိုအခါ ရေအပြင်သည် ကျောက်ဖျာကဲ့သို့ ဖြစ်၍နေ၏၊ ရထားဘီးတို့၏အနားအကွပ်ကိုမျှ ရေမစွတ်မစိုချေ၊ ဤနည်းဖြင့်ပင် ကျန်မြစ်နှစ်တန်တို့ကိုလည်း ကူးမြောက်ခဲ့လေသည်။ (ဤကား ဓမ္မပဒအဋ္ဌကထာ၌ လာသောစကား အကျဉ်းတည်း။)

အနောဇာဒေဝီမိဖုရားကြီးသည် တတိယမြောက်ဖြစ်သည့် စန္ဒဘာဂါမြစ်ကို ကူးမြောက်မိလျှင် ပညောင်ပင်ရင်း၌ သီတင်းသုံးထိုင်နေသော ဘုရားရှင်ကို ဖူးမြင်ရလေသည်၊ ဘုရားရှင်သည်လည်း "ဤအမျိုးသမီးတို့၏အဖို့မှာ မိမိတို့၏လင်ယောကျ်ားများကို တွေ့မြင်ကြရလျှင် ဆန္ဒရာဂဖြစ်ပေါ်၍ မဂ်ဖိုလ်တို့၏အန္တရာယ်ကို ပြုလေရာ၏၊ တရားကိုလည်း ကောင်းကောင်း နာယူနိုင်ကြလိမ့်မည်မဟုတ်"ဟု ကြံစည်ဆင်ခြင်တော်မူကာ သူတို့အချင်းချင်း မမြင်ရလေအောင် တန်ခိုးဖန်ဆင်းမှု ပြုတော်မူလေသည်၊ ထိုအမျိုးသမီးအားလုံးတို့သည်လည်း မြစ်ဆိပ်ကမ်းမှတက်၍ ဘုရားရှင်ကို ရှိခိုးလျက်နေကြစဉ် ဘုရားရှင်က ထိုအမျိုးသမီးတို့အား တရားစကားဟောကြားတော်မူလေသည်၊ တရားဒေသနာပြီးဆုံးသောအခါ အမျိုးသမီးအားလုံးတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြပြီးလျှင် အချင်းချင်း မြင်ကြရလေသည်၊ ဘုရားရှင်သည် "ဥပ္ပလဝဏ္ဏာထေရီမသည် လာရောက်စေသတည်း"ဟု ကြံစည်အောက်မေ့တော်မူလျှင် ထေရီ

မသည် လာရောက်၍ အမျိုးသမီးအားလုံးတို့ကိုရဟန်းမပြုပေးပြီးနောက် ခေါ်ဆောင်၍ ဘိက္ခုနီမကျောင်းတိုက်သို့ သွားရောက်လေသည်၊ ဘုရားရှင်သည် ရဟန်းတစ်ထောင်ကို ခေါ်ဆောင်တော်မူကာ ကောင်းကင်ခရီးဖြင့် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူလေသည်။ (ဤကား အင်္ဂုတ္တိုရ်အဋ္ဌကထာ၌လာသော စကားတည်း)

မှတ်ချက်။ ။ ဓမ္မပဒအဋ္ဌကထာ၌ကား "အနောဇာဒေဝီအမှူးပြုသော အမျိုးသမီးတထောင်တို့သည် ရဟန်းအဖြစ်ကို လျှောက်ထားတောင်းပန်ကြလေလျှင် 'ဘုရားရှင်က ဥပ္ပလဝဏ္ဏာထေရီမ၏လာခြင်းကို ကြံစည်တော်မူ၏'ဟု အချို့(ဓကေဇွေ)ဆရာတို့ ဆိုသတဲ့၊ အမှန်စင်စစ်သော်ကား ဘုရားရှင်က ထိုအမျိုးသမီးတို့ကို 'သင်တို့သည် သာဝတ္ထိပြည်သို့ သွား၍ ဘိက္ခုနီမကျောင်း၌ ရဟန်းပြုကြကုန်လော့'ဟုမိန့်တော်မူလေ၏"ဟု လာရှိသည်။ (ဓမ္မပဒ၊ ဋ၊ ၁၊ ၃၅၈။)

## ကပ္ပိနဥဒါန်း၊ ခြားရဟန်း၊ လွဲမှန်းပြောကြပြီ

အရှင်ကပ္ပိနမထေရ်သည် ရဟန်းတရား ပွားများအားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သောအခါ မိမိ၏ရဟန်းကိစ္စ အထွတ်အထိပ်ရောက်သည်ကိုသိ၍ မိမိ၏တပည့်ရဟန်းတထောင်တို့အား တရားဟောရန် ကြောင့်ကြစိုက်တော်မမူပဲ ဖလသမာပတ်ချမ်းသာဖြင့် အချိန်ကို ကုန်လွန်စေလျက် တော, သစ်ပင်ရင်း, ဆိတ်ငြိမ်ရာတစ်နေရာရာသို့ ကပ်ရောက်ကာ "အဟော သုခံ, အဟော သုခံ=ဩော်...ချမ်းသာစွ, ဩော်...ချမ်းသာစွ"ဟု အမြဲမပြတ်(မကြာမကြာ) ဥဒါန်းကျူးရင့်တော်မူလေသည်။ အခြားရဟန်းတို့သည် ထိုဥဒါန်းကို ကြားကြရ၍"ကပ္ပိနမထေရ်သည် မင်းစည်းစိမ်ကို အမှတ်ရအောက်မေ့လျက် ဥဒါန်းကျူးရင့်နေသည်"ဟု အထင်လွဲမှားပြောကြားကြလေသည်၊ ထိုရဟန်းတို့သည် ဘုရားရှင်အား ထိုအကြောင်းကို လျှောက်ထားကြလေလျှင် ဘုရားရှင်က "ငါ၏သားတော် ကပ္ပိနထေရ်သည် မဂ်ချမ်းသာ, ဖိုလ်ချမ်းသာကို အာရုံပြု၍ ဥဒါန်းကျူးရင့်သည်"ဟု မိန့်တော်မူ၍ ဓမ္မပဒ၌ ဤဂါထာကို ဟောတော်မူလေသည်...

"ဓမ္မပီတိ သုခံ သေတိ၊ ဝိပ္ပသန္နေန စေတသာ။
အရိယပ္ပဝေဒိတေ ဓမ္မေ၊ သဒါ ရမတိ ပဏ္ဍိတော။ (ဓမ္မပဒ၊ ၂၄)

ဘိက္ခဝေ ရဟန်းတော်များ အိုချစ်သားတို့၊ ဓမ္မပီတိ အမြိုက်ကိုးပါး လောကုတ္တရာတရားကို ရှင်အား၀၀ သောက်သုံးရသောပုဂ္ဂိုလ်သည်၊ ဝိပ္ပသန္နေန စေတသာ ဥပက္ကိလေသကင်းစင် အထူးကြည်လင်သောစိတ်ဖြင့်၊ သုခံ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ၊ သေတိ အိပ်ရ၏၊ (သုခံ သေတိ လေးဖြာယာပထ ချမ်းသာစွာ နေရ၏၊) ပဏ္ဍိတော ခန္ဓာကိုယ်ရေး ထောက်တွေးသိမြင် ပညာရှင်သည်၊ အရိယပ္ပဝေဒိတေ ဘုရားအစရှိသည့် အရိယသူမြတ်တို့ ဟောကြားအပ်သော၊ ဓမ္မေ ဗောဓိပက္ခိယ ဓမ္မအပြား သုံးဆယ့်ခုနစ်ပါး၌၊ သဒါ နေ့ညဉ့်ဆက်ကာ အခါခပ်သိမ်း၊ ရမတိ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်ပေ၏။ (မဟာဗုဒ္ဓဝင်၊ဆဋ္ဌမတွဲ ပဋ္ဌမပိုင်း၊ ၅၆၆။)

တနေ့သ၌ ဘုရားရှင်သည် အရှင်မဟာကပ္ပိနမထေရ်၏အနီးနေတပည့်ရဟန်းတစ်ထောင်ကို ခေါ်တော်မူ၍ "ရဟန်းတို့...ဘယ်လိုလဲ၊ သင်တို့ဆရာသည် သင်တို့အား တရားကို ဟောပါ၏လော?"ဟု မေးတော်မူ၏၊ ရဟန်းတို့က "ရှင်တော်ဘုရား...တပည့်တော်တို့ဆရာသည် တရားမဟောပါ၊ တရားဟောရန်အလုပ် အားမထုတ်ပဲ အရဟတ္တဖိုလ်သမာပတ်ကိုသာ မပြတ်အားထုတ်လျက် နေတော်မူပါသည်၊ မည်သည့်တစ်စုံတစ်ယောက်အားမျှ အဆုံးအမမျှကိုပင် မပေးပါဘုရား"ဟု လျှောက်ထားကြလေသော် ဘုရားရှင်က အရှင်ကပ္ပိနမထေရ်ကို ခေါ်စေ၍ "ကပ္ပိန...သင်သည် အနီးနေတပည့်ရဟန်းတို့အား အဆုံးအမမျှကိုပင် မပေးဟူသည် မှန်သလော?"ဟု မေးတော်မူ၏၊ မထေရ်က "မှန်ပါသည် ရှင်တော်ဘုရား..."ဟု ပြန်ကြားလျှောက်ထားလေလျှင် ဘုရားရှင်က "မကောင်းမှုများ အပထားသည် နက်ကားလျော်စွာ အနွတ္တကြောင့် ဗြာဟ္မဏမည်ငြား အိုချစ်သား... ဤသို့ မပြုပါလင့်(တရားမဟောပဲ မနေပါလင့်)၊ ယနေ့မှစ၍ သင်သည် အနီးနေတပည့်ရဟန်းတို့အား တရားကိုဟောပါလော့"ဟု တိုက်တွန်းစကား မိန့်ကြားတော်မူလေသည်။

မထေရ်သည် "ကောင်းပါပြီ ရှင်တော်ဘုရား..."ဟု ဘုရားရှင်၏တိုက်တွန်းချက်စကားတော်ကို ဦးထိပ်ပန်ဆင်လျက် တရားတစ်ပွဲတည်း၌ပင် ရဟန်းတထောင်အား တရားကို ဟောကြား၍ ရဟန်းတစ်ထောင်လုံးတို့ကိုပင် အရဟတ္တဖိုလ်သို့ ရောက်စေတော်မူလေသည်။ (ဤကား အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ လာသောစကားတည်း။)

မှတ်ချက်။ ။ ဓမ္မပဒအဋ္ဌကထာ၌ကား "အရှင်မဟာကပ္ပိနမထေရ်သည်လည်း အနောဇာဒေဝီမိဖုရားကြီးနှင့် အမတ်ကတော်တစ်ထောင်တို့အား ဟောကြားအပ်သောတရားတော်ကိုပင်လျှင် ကြားနာရလျက် အခြံအရံ ရဟန်းတစ်ထောင်တို့ပါ ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်"ဟု လာရှိသည်။ (ဓမ္မပဒ၊ ဋ၊ ၁၊ ၃၅၈။)

## ဘိက္ခုကိုသာ၊ ဆုံးမရာ၊ ရပါ တေဒဂ်

နောက်တချိန်ဝယ် ဘုရားရှင်သည် သံဃာ့အလယ်၌ ထိုင်နေတော်မူလျက် အစဉ်အတိုင်း မထေရ်တို့ကို တေဒဂ်ရာထူး ဌာနန္တရတို့၌ ထားတော်မူသည်ရှိသော် အရှင်ကပ္ပိနမထေရ်ကို......"ရဟန်းတို့...ရဟန်းယောကျ်ားတို့ကို ဆုံးမကြသည့် ငါဘုရား၏တပည့်ရဟန်းတို့တွင်မဟာကပ္ပိနရဟန်းသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "ရဟန်းယောကျ်ားတို့ကို ဆုံးမသောအရာဝယ် အမြတ်ဆုံး တေဒဂ်ရာထူး"၌ ထားတော်မူလေသည်။

ဘိက္ခုဩဝါဒကာနန္တိ ဘိက္ခူ ဩဝါဒန္တာနံ မဟာကပ္ပိနတ္ထေရော အဂ္ဂေါတိ ဒဿေတိ။ အယံ ကိရ ထေရော ကောသမော ဓာနသမ္ပန္နော ဓမ္မကထံ ကထေန္တော ဘိက္ခုသဟဿံ အရဟတ္တံ ပါပေသိ။ တသ္မာ ဘိက္ခုဩဝါဒကာနံ အဂ္ဂေါ နာမ ဇာတော။

အပရဘာဂေ သတ္ထာ သံဃမဇ္ဈေ နိသိန္နော ပဋိပါဋိယာ ထေရေ ဌာနန္တရေသု ဌပေန္တော မဟာကပ္ပိနတ္ထေရံ ဘိက္ခုဩဝါဒကာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၄၆၊ ၂၅၀။)

## (၃၉) အရှင်သာဂတမထေရ်အကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ တေဇောဓာတုကုသလာနံ ယဒိဒံ သာဂတော။ (အံ၊ ၁၊ ၂၆။)

### အရှင်သာဂတမထေရ်အကြောင်း ရှေးဆုတောင်း

အရှင်သာဂတမထေရ်အလောင်းသည်လည်း ပဒုမုတ္တရာဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမြို့တော်၌ အမျိုးကောင်းသားဖြစ်၍ နောက်တစ်ချိန်မှာ ဘုရားရှင်၏တရားဒေသနာတော်ကို ကြားနာစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို "တေဇောကသိဏဈာန်ကို ဝင်စားရာ၌ ကျွမ်းကျင်လိမ္မာကြသော ရဟန်းတို့တွင် အမြတ်ဆုံး တေဒဂ်ရာထူး"၌ ထားတော်မူသည်ကို မြင်ရ၍ အဓိကာရကုသိုလ်ကောင်းမှုကိုပြုပြီးလျှင် ထိုတေဒဂ်ရာထူး ဌာနန္တရကို ဆုတောင်းခဲ့လေသည်။

## အရှင်သာဂတ၊ ဆုံးဘဝ၊ ပြုထ ရဟန်းပါ

ထိုအမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ စုတေလျှင် နတ်ပြည်, လူပြည်တို့၌ ကျင်လည်လျက် ဤကမ္ဘာနှစ်တို့၏ဘုရားရှင် ပွင့်ထွန်းတော်မူသောအခါ သာဝတ္ထိပြည်ဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ "သာဂတလုလင်"ဟု မည်တွင်လေသည်၊ သာဂတလုလင်သည် ဘုရားရှင်၏တရားဒေသနာတော်ကို ကြားနာရသဖြင့် သဒ္ဓါတရား ဖြစ်ပွားကာ ရဟန်းပြု၍ လောကီဈာန်သမာပတ်ရှစ်ပါးတို့ကိုရလျက် ထိုဈာန်သမာပတ်တို့၌ အလွန် နိုင်နင်းခြင်းသို့ ရောက်ရှိလေသည်၊ လောကီအဘိညာဏ်ငါးပါးတို့၌လည်း လေ့လာနိုင်နင်းခြင်းသို့ ရောက်တော်မူလေသည်။

## တန်ခိုးထန်ပြင်း၊ နဂါးမင်း၊ နိုင်နင်းဆုံးမ သာဂတ

တနေ့သ၌ ဘုရားရှင်သည် ဒေသစာရီ ကြွချီလှည့်လည်တော်မူရာ ကောသမ္ဗီမြို့အနီးသို့ ရောက်တော်မူလေသည်၊ တချိန်က မြစ်ဆိပ်၌ ကူးတို့ပို့၍စားသော လှေသမားတစ်ဦးရှိရာ များစွာသော ခရီးသွားဧည့်သည်တို့သည် ထိုလှေသမားနှင့် အဆင်မပြေ ရန်သူများဖြစ်ကြ၍ ထိုလှေသမားကို ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်ကြလေသည်၊ ထိုလှေသမားသည် ဆန့်ကျင်သောစိတ်ဖြင့် ဆုတောင်းခဲ့သောကြောင့် ထိုဆိပ်၌ပင် တန်ခိုးအာနုဘော်ကြီးသော နဂါးမင်းဖြစ်လေသည်။

ထိုနဂါးမင်းသည် နယ်သူနယ်သားတို့အပေါ် ဆန့်ကျင်သောစိတ်ရှိခြင်းကြောင့် မိုးမရွာသင့်သောအခါ၌သာ မိုးရွာသွန်းစေသည်၊ ရွာသင့်သောအခါ၌မူ မိုးကို မရွာသွန်းစေ၊ သို့ဖြစ်၍ ထိုနယ်၌ ကောက်စပါးများ မအောင်မမြင် မပြည့်မစုံဖြစ်ကြလေသည်၊ တိုင်း၌နေသူ လူအားလုံးတို့သည်လည်း ထိုအန္တရာယ်ငြိမ်းစိမ့်သောငှာ နှစ်စဉ် နှစ်တိုင်း ပူဇော်ကြရကုန်သည်၊ ထိုနဂါးမင်းနေရန်အတွက် အိမ်ဆောက်လုပ်ပေးကြရသည်။ ဘုရားရှင်သည်လည်း ထိုလှေဆိပ်ဖြင့်ပင် ကမ်းသို့တက်တော်မူ၍ ရဟန်းအပေါင်းခြံရံလျက် "ထိုနဂါးမင်းနေရာ အရပ်၌ပင် ညဉ့်သီတင်းသုံးနေတော်မူမည်"ဟု ကြံစွယ်တော်မူကာ ကြွတော်မူလေသည်။

ထိုအခါ အရှင်သာဂတမထေရ်သည် "ဤအရပ်၌ နဂါးမင်းသည် ကြမ်းတမ်းသတဲ့"ဟု ကြားသိ၍"ဤနဂါးမင်းကို ဆုံးမ၍ အဆိပ်မရှိအောင် ပြုပြီးလျှင် ဘုရားရှင်အတွက် သီတင်းသုံးနေရာဌာနကို စီရင်ပေးခြင်းငှာ သင့်၏"ဟု ကြံစည်တော်မူကာ နဂါးမင်း၏ နေရာဌာနသို့ ဝင်လျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလေသည်၊ နဂါးသည် အမျက်ထွက်၍ "ငါ၏နေရာဌာနသို့ ဝင်၍ ထိုင်နေသော ဤဦးပြည်းကတုံးကား အဘယ်သူနည်း?"ဟု အခိုးလွှတ်လေ၏၊ မထေရ်က ထို့ထက် လွန်ကဲသောအခိုးကို လွှတ်တော်မူ၏၊ နဂါးသည်

မီးအလျှံတွေ တဖွားဖွားလွှတ်လေတော့၏၊ မထေရ်ကလည်း တေဇောကသိဏစျာန်ကို ဝင်စား၍ နဂါးလွှတ်သည့်မီးအလျှံထက် ကဲလွန်သော မီးအလျှံကို လွှတ်၍ နဂါး၏တန်ခိုးကို လွှမ်းမိုးစေ၏၊ ထိုအခါ နဂါးသည် "ဤရဟန်းသည် တန်ခိုးကြီးလှ၏တကား"ဟု အရှင်သာဂတမထေရ်၏ခြေရင်း၌ ဝပ်စင်းလျက်"အရှင်ဘုရား...တပည့်တော်သည် အရှင်ဘုရားတို့အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ဘုရား"ဟု လျှောက်ထားလေသည်။ အရှင်သာဂတမထေရ်က "ငါ့အား ကိုးကွယ်ရာဟု ဆည်းကပ်ရန် ကိစ္စမရှိ၊ ဘုရားရှင်အားသာ ကိုးကွယ်ရာဟု ဆည်းကပ်လော့"ဟူ၍ မိန့်တော်မူလျှင် နဂါးမင်းက "ကောင်းပါပြီအရှင်ဘုရား"ဟု ဝန်ခံပြီးနောက် သရဏဂုံတည်သူ ဖြစ်လျက် ထိုအချိန်မှစ၍ တစ်စုံတစ်ယောက်ကိုမျှ ညှဉ်းဆဲမှုမပြုတော့ချေ၊ မိုးကိုလည်း အချိန်မှန်စွာ ရွာသွန်းစေ၏၊ ကောက်စပါးတို့သည်လည်း ကောင်းစွာ ပြည့်စုံကြလေတော့သည်။

ကောသမ္ဗီပြည်သားတို့သည် "အရှင်သာဂတမထေရ်သည် သရက်ပင်ဆိပ်နဂါးကို ဆုံးမအပ်ပြီတဲ့"ဟု သတင်းစကားကို ကြားသိပြီးလျှင် ဘုရားရှင်၏ကြွလာတော်မူခြင်းကို မျှော်လင့်ကြလျက် ဘုရားရှင်အတွက် ကြီးကျယ်သော ပူဇော်သက္ကာရကို စီရင်ကြလေသည်၊ ထိုကောသမ္ဗီပြည်သားများသည် ဘုရားရှင်အား ကြီးကျယ်သောပူဇော်သက္ကာရကို ပြုပြီးလျှင် ဆဗ္ဗဂ္ဂီရဟန်းတို့၏တိုက်တွန်းပြောဆိုချက်အရ အိမ်တိုင်းအိမ်တိုင်း၌ ကာပေါတိကမည်သော ကြည်လင်သော သေအရက်ကို စီမံကြပြီးလျှင် ဆွမ်းခံဝင်လာသော အရှင်သာဂတမထေရ်အား အိမ်တိုင်းအိမ်တိုင်းက ထိုအရက် အနည်းငယ် အနည်းငယ်စီ လှူကြလေသည်၊ မထေရ်သည် သိက္ခာပုဒ် မပညတ်အပ်သေးမိဖြစ်၍ (အပြစ်ရှိ၏ဟု မယူဆပဲ) ဒါယကာတို့တောင်းပန်အပ်သောကြောင့် အိမ်တိုင်းအိမ်တိုင်း၌ အနည်းငယ် အနည်းငယ်သော သေအရက်ကို သောက်မိ၍ အတန်ငယ်သွားမိလျှင် မိမိကိုယ်ကို မထိန်းနိုင်တော့ပဲ အမူးလွန်ကာ သတိလုံးဝမရမူ၍ တမြက်ချေးစွန့်ရာအရပ်ဝယ် လဲလေတော့သည်။

ဘုရားရှင်သည် ဆွမ်းကိစ္စပြီးဆုံးတော်မူ၍ မြို့မှ ထွက်ကြွတော်မူလေသော် မြို့တံခါးဝ၌လဲကျနေသော အရှင်သာဂတကို မြင်တော်မူ၍ ယူဆောင်စေပြီး ကျောင်းတော်သို့ ရောက်တော်မူလျှင် ကဲ့ရဲ့ပြစ်တင်တော်မူကာ သိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။ (ဤဆိုခဲ့ပြီးသည်ကား အင်္ဂုတ္တိုရ်အဋ္ဌကထာ၌လာသောစကားတည်း။ အံ၊ ဋ္ဌ၊ ၁၊ ၂၅၁ ၂၅၃။)

ဤနေရာဝယ် ပါစိတ်ပါဠိတော်၌ လာသောစကားသည်ကား "ထိုအခါ ဘုရားရှင်သည် ရဟန်းများနှင့်အတူတကွ မြို့မှ ထွက်ကြွတော်မူလတ်သော မြို့တံခါးဝ၌လဲကျနေသော အရှင်သဂတကို မြင်တော်မူ၍ ရဟန်းတို့ကို 'ရဟန်းတို့...သာဂတကို ယူဆောင်ခဲ့ကုန်လော့'ဟု မိန့်တော်မူလေသည်၊ 'ကောင်းပါပြီ ရှင်တော်ဘုရား...'ဟု ရဟန်းတို့က ဘုရားရှင်၏စကားတော်ကို ဝန်ခံကြ၍ အရှင်သာဂတကို ကျောင်းတိုက်အာရာမ်သို့ ဆောင်ယူခဲ့ကြပြီးလျှင် ဘုရားရှင် ရှိတော်မူရာဖက်သို့ ဦးခေါင်းပြုလျက် အိပ်စေကုန်၏၊ ထိုအခါ အရှင်သာဂတသည် ပြန်လှည့်၍ ဘုရားရှင်ရှိတော်မူရာဖက်သို့ ခြေပြုလျက် အိပ်လေ၏၊ ထိုအခါ ဘုရားရှင်က ရဟန်းတို့ကို မေးတော်မူလေသည်...

ဘုရားရှင်။ ။ ရဟန်းတို့...ရှေးက သာဂတသည် ငါဘုရား၌ ရိုသေခြင်း, တုပ်ဝပ်ခြင်းရှိသည်မဟုတ်လော?

ရဟန်းများ။ ။ ရှိပါသည် ရှင်တော်ဘုရား။

ဘုရားရှင်။ ။ ရဟန်းတို့...သာဂတသည် ယခုအခါ ငါဘုရား၌ ရိုသေခြင်း, တုပ်ဝပ်ခြင်း ရှိသေး၏လော?

ရဟန်းများ။ ။ မရှိတော့ပါ ရှင်တော်ဘုရား။

ဘုရားရှင်။ ။ ရဟန်းတို့... သာဂတသည် သရက်ပင်ဆိပ်၌နေသော နဂါးနှင့်အတူ အနိုင်စစ်ထိုးခဲ့သည်မဟုတ်လော?

ရဟန်းများ။ ။ အနိုင်စစ်ထိုးခဲ့ပါသည်ရှင်တော်ဘုရား။

ဘုရားရှင်။ ။ ရဟန်းတို့ သာဂတသည် ယခုအခါ နဂါးနှင့်အတူ အနိုင်စစ်ထိုးခြင်းငှါ စွမ်းနိုင်ပါမည်လော?

ရဟန်းများ။ ။ မစွမ်းနိုင်တော့ပါ ရှင်တော်ဘုရား။

ဘုရားရှင်။ ။ ရဟန်းတို့...သေအရက်ကို သောက်ခြင်းကြောင့် မူးယစ်၍ အမှတ်သညာကင်းရာ၏၊ ထိုသေအရက်ကို သောက်သင့်ပါသလော?

ရဟန်းများ။ ။ မသောက်သင့်ပါ ရှင်တော်ဘုရား ဟု လျှောက်ထားကြလေသည်။

ဘုရားရှင်က "ရဟန်းတို့...သာဂတရဟန်း၏ယခုကဲ့သို့ သေအရက်ကို သောက်ခြင်းသည် မလျောက်ပတ်, မသင့်လျော်, ရဟန်းတို့၏အပြုအမူမဟုတ်, မအပ်စပ်, မပြုသင့်၊ ရဟန်းတို့...အဘယ့်ကြောင့် သာဂတသည် သေအရက်ကို သောက်ဘိသနည်း?၊ ရဟန်းတို့...သာဂတပြုသော ဤအမှုသည် မကြည်ညိုသေးသောသူတို့ကို ကြည်ညိုခြင်းငှါလည်း မဖြစ်" ဤသို့စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချတော်မူကာ ရဟန်းတို့အား"သေအရက်ကို သောက်ခြင်းကြောင့် ပါစိတ်အာပတ်သင့်၏"ဟူသော ဤသိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။ (ဝိ၊ ၂၊ ၁၄၅ ၁၄၆။)

## အမူးလည်းပြေ၊ ရ သံဝေ၊ ကြိုးလေ ကမ္မဋ္ဌာန်း
## ရဟန္တာဖြစ်၊ ရာထူးသစ်၊ ရလစ် သူ့ဇာတ်လမ်း

အရှင်သာဂတသည် နောက်နေ့၌ အမူးပြေ၍ သတိရကာ မိမိပြုမှားမိသောအကြောင်းကို ကြားသိရလျှင် မိမိအပြစ်ကို ဝန်ခံလျှောက်ကြားလျက် ဘုရားရှင်ကို ကန်တော့ပြီးနောက် ထိတ်လန့်သံဝေဂ ကြီးစွာရ၍ ဝိပဿနာတရား ပွားများအားထုတ်ဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

နောက်တချိန်ဝယ် ဘုရားရှင်က ဇေတဝန်ကျောင်းတော်၌ နေတော်မူ၍ အစဉ်အတိုင်း မထေရ်တို့ကို ဆိုင်ရာဆိုင်ရာ ဧတဒဂ်ရာထူးဌာနန္တရ၌ ထားတော်မူရာတွင် အရှင်သာဂတမထေရ်ကို "ရဟန်းတို့...တေဇောကသိဏချာန်ကိုဝင်စားရာ၌ ကျွမ်းကျင်လိမ္မာကြသော ငါဘုရား၏တပည့်ရဟန်းတို့တွင် သာဂတရဟန်းသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "တေဇောကသိဏချာန်ကို ဝင်စားမှု၌ ကျွမ်းကျင်လိမ္မာသောအရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ ထားတော်မူလေသည်။

ဤအရှင်သာဂတမထေရ်သည် တေဇောဓာတုကသိဏချာန်သမာပတ်တန်ခိုးဖြင့် သရက်ပင်ဆိပ်နဂါး၏တန်ခိုးကို လွှမ်းမိုးအောင်နိုင်၍ ထိုနဂါးကို အဆိပ်မရှိအောင် ပြုနိုင်သောကြောင့် "တေဇောဓာတုကသိဏချာန်ကို ဝင်စားရာ၌ကျွမ်းကျင်လိမ္မာကြသည့် ရဟန်းတော်တို့တွင် အမြတ်ဆုံး ဖြစ်တော်မူလေသည်။

တေဇောဓာတုကုသလာနန္တိ တေဇောဓာတုံ သမာပဇ္ဇိတုံ ကုသလာနံ သာဂတတ္ထေရော အဂ္ဂေါတိ ဒဿေတိ။ အယဉှိ ထေရော တေဇောဓာတုသမာပတ္တိယာ အမ္ဗတိတ္ထနာဂဿ တေဇသာ တေဇံ ပရိယာဒိယိတွာ တံ နာဂံ နိဗ္ဗိသေဝနံ အကာသိ။ တသ္မာ တေဇောဓာတုကုသလာနံ အဂ္ဂေါ နာမ ဇာတော။ (အံ၊ ၄၊ ၁၊ ၂၅၁။)

အပရဘာဂေ ပန သတ္ထာ ဇေတဝနေ မဟာဝိဟာရေ နိသီဒိတွာ ပဋိပါဋိယာ ထေရေ ဌာနန္တရေသု ဌပေန္တော သာဂတတ္ထေရံ တေဇောဓာတုကုသလာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ၄၊ ၁၊ ၂၅၃။)

## (၄၀) အရှင်ရာဓမထေရ်အကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ပဋိဘာနေယျကာနံ ယဒိဒံ ရာဓော။ (အံ၊ ၁၊ ၂၆။)

## အရှင်ရာဓမထေရ်အလောင်း ရှေးဆုတောင်း

အရှင်ရာဓမထေရ်အလောင်းတော်သည်လည်း ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသားဖြစ်၍ နောက်တချိန်၌ ဘုရားရှင်၏တရားဒေသနာတော်ကို ကြားနာနေစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို"ဘုရားရှင်၏တရားဟောဆိုကြောင်းဓမ္မဒေသနာပဋိဘာန်ဉာဏ်အသစ်အသစ်ကို ဖြစ်စေသောအရာ"မှာ အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို မြင်ရ၍ အဓိကာရကောင်းမှုကို ပြု၍ ထိုရာထူး ဌာနန္တရကို ဆုတောင်းခဲ့လေသည်။

## နောက်ဆုံးဖြစ်ရပ်၊ ဘဝဇာတ်၊ ပြုအပ် ရဟန်းပေ

ထိုအမျိုးကောင်းသားသည် အသက်ထက်ဆုံး ဘုရားရှင်ကို ပြုစုလုပ်ကျွေးခဲ့သောကြောင့် ထိုဘဝမှစုတေလျှင် နတ်ပြည်, လူပြည်တို့၌ ကျင်လည်လျက် ဤဘုရားရှင်ပွင့်တော်မူသောအခါဝယ် ရာဇဂြိုဟ်မြို့တော်မှာ ပုဏ္ဏားမျိုး၌ဖြစ်၍ ရာဓလုလင် ဟု မည်တွင်လေသည်၊ ရာဓလုလင်သည် အရွယ်သို့ရောက်လတ်သော် အိမ်ရာတည်ထောင်လျက် အသက်အရွယ်ကြီးရင့်သောအခါ၌ မိမိ၏သားမယားကိုက မြတ်နိုးယုယမှု မပြုအပ်ရကား "ငါသည် ရဟန်းပြု၍ အချိန်အခါကို ကုန်လွန်စေတော့မည်"ဟု ကြံစည်ကာ ကျောင်းတော်သို့ သွားရောက်ပြီးလျှင် မထေရ်တို့ကို ရှင်, ရဟန်းပြုပေးကြပါရန် တောင်းပန်လျှောက်ထားလေသည်၊ "အိုမင်းရင့်ရော်လျက် အသက်အရွယ်လည်း ကြီးသောပုဏ္ဏားဖြစ်၏(ဝတ်ကြီး, ဝတ်ငယ်ကို ဖြည့်ဆည်းရန် စွမ်းနိုင်လိမ့်မည်မဟုတ်)"ဟု တွေးတောကြကာ မည်သည့်မထေရ်ကမျှ ရှင်, ရဟန်းပြုပေးရန် အလိုမရှိချေ။

တနေ့သ၌ ရာဓပုဏ္ဏားသည် ဘုရားရှင်၏အထံတော်သို့ သွားရောက်၍ အစေ့အစပ်စကား ပြောကြားပြီးလျှင် သင့်တင့်ရာ အရပ်၌ ထိုင်နေလေသည်၊ ဘုရားရှင်သည် ထိုပုဏ္ဏား၏မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုနှင့်ပြည့်စုံခြင်းကို သိမြင်တော်မူ၍ စကားစဖြစ်စေရန်(ကထံ သမုဋ္ဌာပေတုကာမော)"ပုဏ္ဏား...သင့်ကို သားမယားတို့က ပြုစုလုပ်ကျွေးကြပါ၏လော?"ဟု မေးတော်မူလေသည်၊ ပုဏ္ဏားက "အရှင်ဂေါတမ...အကျွန်ုပ်ကို သားမယားတို့က ပြုစုလုပ်ကျွေးမှု အဘယ်မှာရှိအံ့နည်း?၊ အသက်ကြီးရင့်သည့် လူအိုလူမင်းဟု သားမယားတို့က ဘေးဖယ်ထားကြပါသည်"ဟု လျှောက်ထားလေသည်။ ဘုရားရှင်က "ပုဏ္ဏား...သင့်အဖို့ရာ ရဟန်းပြုရန် မသင့်

လျော်ဘူးလော?"ဟု မေးတော်မူလေသည်၊ ရာဓပုဏ္ဏားက "အရှင်ဂေါတမ...အဘယ်သူက အကျွန်ုပ်ကို ရဟန်းပြုပေးလိမ့်မည်နည်း? အသက်ကြီးသောကြောင့် အကျွန်ုပ်ကို မည်သည့်မထေရ်ကမျှ ရှင်, ရဟန်းပြုမပေးလိုပါ"ဟု လျှောက်ထားလေသည်။

(ဤကား အင်္ဂုတ္တိုရ်အဋ္ဌကထာ တေဒဂ္ဂဝဂ် ရာဓတ္ထေရဝတ္ထု၌လာသည်။)

ရာဓပုဏ္ဏား၊ လှူဖူးငြား၊ ဆွမ်းကား တစ်ယောက်ချို

သာရိထေရ်ရှင်၊ ကျေးဇူးတင်၊ ပြန်လျှင် တုံ့ဆပ်လို

ထိုရာဓပုဏ္ဏားသည် ရဟန်းတို့ထံ၌ ရှင်ရဟန်းအဖြစ်ကို မရသောကြောင့် ကြုံလှီ, သွေးသားခေါင်းပါး, ရုပ်အဆင်းပျက်ပြားလျက် အကြောပြိုင်းပြိုင်းထနေလေသည်၊ ထိုအခါ ဘုရားရှင်သည် ရဟန်းတို့ကို "ရဟန်းတို့...အဘယ်သူသည် ထိုပုဏ္ဏား၏ကျေးဇူးကို အမှတ်ရသနည်း?"ဟု မေးတော်မူလေသည်၊ အရှင်သာရိပုတ္တမထေရ်က "ရှင်တော်ဘုရား...တပည့်တော်သည် ထိုပုဏ္ဏား၏ကျေးဇူးကို အမှတ်ရပါသည်"ဟု လျှောက်ထားလေသည်၊ ဘုရားရှင်က "သာရိပုတ္တ...သင်သည် အဘယ်သို့လျှင် ထိုပုဏ္ဏား၏ကျေးဇူးကို အမှတ်ရသနည်း?"ဟု မေးတော်မူလျှင် အရှင်သာရိပုတ္တမထေရ်က "ရှင်တော်ဘုရား...ရာဇဂြိုဟ်မြို့တော်ဝယ် ဆွမ်းခံလှည့်လည်သော တပည့်တော်အား ထိုပုဏ္ဏားသည် တစ်ယောက်ချိုမျှသော ဆွမ်းကို လှူဖူးပါ၏၊ ရှင်တော်ဘုရား...တပည့်တော်သည် ထိုပုဏ္ဏား၏ဤဆွမ်းတစ်ယောက်ချိုလှူဖူးသော ကျေးဇူးကိုအမှတ်ရပါသည်"ဟု ပြန်ကြားလျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က "သာရိပုတ္တ...ကောင်းလေစွ ကောင်းလေစွ၊ သာရိပုတ္တ...သူတော်ကောင်းတို့သည် သူ့ကျေးဇူးကို သိတတ်ကြကုန်၏၊ ကျေးဇူးတုံ့ဆပ်ရမည်ကို သိတတ်ကြကုန်၏၊ သာရိပုတ္တ...သို့ဖြစ်လျှင် သင်သည် ထိုပုဏ္ဏားကို ရှင်လည်းပြုပေးလော့၊ ရဟန်းလည်းခံပေးလော့"ဟု မိန့်တော်မူလေသည်။

ထိုအခါ အရှင်သာရိပုတ္တမထေရ်က ဘုရားရှင်ကို"ရှင်တော်ဘုရား...တပည့်တော်သည် အဘယ်သို့လျှင် ရှင်ပြုပေးရပါမည်နည်း?, ရဟန်းခံပေးရပါမည်နည်း?"ဟု မေးလျှောက်လေသည်၊ ထိုအခါ ဘုရားရှင်သည် ဤအရှင်သာရိပုတ္တမထေရ်မေးလျှောက်ခြင်းဟူသော အကြောင်းအရာကြောင့် တရားစကား ဟောကြားတော်မူပြီးလျှင် ရဟန်းတို့အား "ရဟန်းတို့...ငါဘုရားခွင့်ပြုခဲ့သော သရဏဂုံသုံးပါးဖြင့် ရဟန်းခံပေးခြင်းကို ယနေ့မှစ၍ ပယ်ဖျက်အပ်ပြီ၊ ရဟန်းတို့..ဉတ္တိစတုတ္ထကံ(ဉတ်လျှင် လေးကြိမ်မြောက်ရှိသောကံ)ဖြင့် ရဟန်းခံပေးရန် ငါဘုရား ခွင့်ပြုတော်မူ၏၊ ရဟန်းတို့...ဤသို့ ရဟန်းခံပေးရမည်"...အစရှိသည်ဖြင့် ဉတ္တိစတုတ္ထကမ္မဝါစာကို ဟောကြားတော်မူလေသည်။ (ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းဖြစ်သူအစ ရာဓမထေရ်က ဟု ဆိုရိုးပြုနိုင်သည်။)

ဤကား ဝိနည်းမဟာဝါ ရာဓဗြာဟ္မဏဝတ္ထုကထာ(ဝိ၊ ၃၊ ၇၀)၌လာသည်။

အထ ခေါ ဘဂဝါ ဧတသ္မိံ နိဒါနေ ဧတသ္မိံ ပကရဏေ ဓမ္မိံ ကထံ ကတွာ ဘိက္ခူ အာမန္တေသိ "ယာ သာ ဘိက္ခဝေ မယာ တီဟိ သရဏဂမနေဟိ ဥပသမ္ပဒါ အနုညာတာ၊ တံ အဇ္ဇတဂ္ဂေ ပဋိက္ခိပါမိ။ အနုဇာနာမိ ဘိက္ခဝေ ဉတ္တိစတုတ္ထေန ကမ္မေန ဥပသမ္ပာဒေတုံ။ (ဝိ၊ ၃၊ ၇၀။)

သာရိထေရ်က၊ ပဏ်ရာဓ၊ ပြုထ ရဟန်းပါ

မကြာမီပင်၊ ကိလေစင်၊ အရှင်ရာဓမှာ

အရှင်သာရိပုတ္တမထေရ်သည် ဘုရားရှင်၏အမိန့်စကားတော်ကို ဦးထိပ်ပန်ဆင်၍ ရာဓပုဏ္ဏားကို ရှင်ရဟန်းပြုပေးပြီးနောက် "ဘုရားရှင်သည် ဤပုဏ္ဏားကို တရိုတသေ အလေးပြုကာ ငါ့ကို ရှင်ရဟန်းပြုပေးရန် စေခိုင်းတော်မူလေသည်၊ ငါသည် ဤရာဓရဟန်းကို မရှိမသေပေါ့ပေါ့တန်တန် စောင့်ရှောက်ရန် မသင့်လျော်ချေ"ဟု ကြံစည်ဆင်ခြင်တော်မူလျက် ရာဓမထေရ်ကို ခေါ်ဆောင်ကာ ရွာငယ်ကျောင်းတစ်ခုသို့ ကြွတော်မူလေသည်။

ထိုရွာငယ်ကျောင်း၌ ယခုမှ ရဟန်းဖြစ်စ ဖြစ်သောကြောင့် ကျောင်းအိပ်ရာနေရာ စသည် ပြိုငြင်ပင်ပန်း ဆင်းရဲလှသော ရာဓမထေရ်အား ဥပဇ္ဈာယ်ဆရာအရှင်သာရိပုတ္တမထေရ်သည် မိမိအတွက် ဝါစဉ်အလိုက်ရရှိသော ကျောင်းအိပ်ရာနေရာကောင်းကို ပေးကမ်းချီးမြှောက်တော်မူသည်ပြင် မိမိအတွက် ဝါစဉ်အလိုက် ရောက်ရှိလာသော ဆွမ်းကောင်းများကိုလည်း ပေးကမ်းချီးမြှင့်တော်မူလျက် ကိုယ်တော်တိုင်ကမူ ဆွမ်းခံလှည့်လည်၍ ရသောဆွမ်းဖြင့် မျှတတော်မူလေသည်၊ ရာဓမထေရ်သည် လျောက်ပတ်သော ကျောင်းအိပ်ရာနေရာ, လျောက်ပတ်သောဆွမ်းဘောဇဉ်ကို ရ၍ အရှင်သာရိပုတ္တမထေရ်၏အထံတော်၌ ကမ္မဋ္ဌာန်းတရားကို သင်ယူ၍ အားထုတ်လေရာ မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်။

ဤကား အင်္ဂုတ္တိုရ်အဋ္ဌကထာ တေဒဂ္ဂဝဂ် ရာဓတ္ထေရဝတ္ထု(အံ၊ ဌ၊ ၁၊ ၂၅၄)၌ လာ၏။

ဓမ္မပဒအဋ္ဌကထာ ရာဓတ္ထေရဝတ္ထုခြံကား အရှင်သာရိပုတ္တမထေရ်သည် ထိုရာဓရဟန်းကို ခေါ်၍ ခရီးဒေသစာရီ ဖဲသွားတော်မူရာဝယ် အမြဲမပြတ် ထိုရာဓရဟန်းကို "ဤအမှုကို သင်သည် ပြုအပ်၏, ဤအမှုကို သင်သည် မပြုအပ်၏"ဟု ဆုံးမ ကံမြစ်တော်မူလေသည်၊ ထိုရာဓရဟန်းလည်း ဆိုလွယ်သောစကားရှိသူဖြစ်၍ အဆုံးအမကို ရိုသေစွာ လိုက်နာခံယူလေသည်၊ ထို့ကြောင့် ပြောဆို

ဆုံးမတိုင်း လိုက်နာကျင့်သုံးလတ်သော် နှစ်ရက် သုံးရက်ဖြင့်ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

အရှင်သာရိပုတ္တမထေရ်သည် အရှင်ရာဓကို ခေါ်ဆောင်၍ ဘုရားရှင်၏အထံတော်သို့ သွားရောက်ပြီးလျှင် ရှိခိုးလျက် ထိုင်နေလေသည်၊ ဘုရားရှင်က"သာရိပုတ္တ...သင်၏အန္တေဝါသိကတပည့်ရဟန်းသည် ပြောဆိုဆုံးမလွယ်သူဖြစ်ပါ၏လော?"ဟု မေးတော်မူရာ အရှင်သာရိပုတ္တမထေရ်က"ရှင်တော်ဘုရား..ရာဓရဟန်းသည် အလွန်ပင် ဆုံးမလွယ်ကူသူဖြစ်ပါ၏၊ တစ်စုံတစ်ရာအပြစ်ကို ပြောဆိုအပ်လျှင် အမျက်ထွက်ဖူးသည်ဟူ၍ မရှိပါ"ဟု ပြန်ကြားလျှောက်ထားသောအခါ ဘုရားရှင်က "သာရိပုတ္တ...ဤသို့ဆုံးမလွယ်သော တပည့်များကိုရလျှင် သင်သည် ဘယ်နှစ်ဦးလောက် ရယူလိုသနည်း?"ဟု မေးတော်မူလေသည်၊ အရှင်သာရိပုတ္တမထေရ်က "ရှင်တော်ဘုရား...ဤရာဓရဟန်းကဲ့သို့ ဆုံးမလွယ်သော တပည့်တို့ကို ရပါမူ များစွာသော တပည့်တို့ကိုလည်း ရယူလိုပါသည်ဘုရား"ဟု ပြန်ကြားလျှောက်ထားလေသည်။

အရှင်ရာဓမထေရ်ကို အကြောင်းပြု၍ ဘုရားရှင်က "ရဟန်းတို့...ရဟန်းမည်သည် ဤရာဓရဟန်းကဲ့သို့ ဆိုဆုံးမလွယ်သူ ဖြစ်သင့်၏၊ အပြစ်ကိုပြ၍ ဆရာသမားတို့က ဆိုဆုံးမအပ်လျှင် အမျက်မထွက်ရာ၊ အဆုံးအမ သြဝါဒပေးသောဆရာကို ရွှေအိုးကို ညွှန်ပြသောသူကဲ့သို့ မှတ်ယူရမည်"ဟု မိန့်တော်မူ၍ ဓမ္မပဒဝယ် ဤဂါထာကို ဟောကြားတော်မူလေသည်...

> နိဓီနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ။
> နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။
> တာဒိသံ ဘဇမာနဿ၊ သေယျော ဟောတိ န ပါပိယော။
> (ဓမ္မပဒ၊ ဂါထာ၊ ၇၆။ ဋ္ဌ၊ ၁၊ ၃၄၆ ၃၄၇။)

ဘိက္ခဝေ ရဟန်းတော်များ အိုချစ်သားတို့၊ နိဓီနံ ရတနာမျိုး ရတနာအိုးကို၊ ပဝတ္တာရံ ဣဝ အကျိုးလိုလား ညွှန်ကြားပြောဆိုသောသူကိုကဲ့သို့၊ ဝဇ္ဇဒဿိနံ မိမိအပေါ် အကျိုးကို မြော်၍ မလျော်သည့်အပြစ်ကို စိစစ်ရှုကြည့်လေ့ရှိသော၊ ယံ အကြင်ဆရာသခင် ပညာရှင်ကို၊ ပဿေ=ပဿေယျ ရေးကုသိုလ်ကံ စီမံထောက်မ တွေ့ကြုံရငြားအံ့၊ နိဂ္ဂယှဝါဒိံ အပြစ်အလျောက် ခြိမ်းခြောက်နှိပ်ကွပ်၍ ပြောဆိုဆုံးမလေ့ရှိသော၊ မေဓာဝိံ တရားခပင်း ထိုးထွင်းမြင်သိ ဓမ္မောဇပညာလည်း ရှိပေထသော၊ တာဒိသံ ပဏ္ဍိတံ ထိုသို့ရှုအပ် မြတ်သောပညာရှင် ဆရာသခင်ကို၊ ဘဇေ=ဘဇေယျ နေ့ညမကွာ ဆည်းကပ်ရာ၏၊ တာဒိသံ ထိုသို့ရှုအပ် မြတ်သောပညာရှင် ဆရာသခင်ကို၊ ဘဇမာနဿ နေ့ညမပြတ် ဆည်းကပ်သောသူ၏(အဖို့ရာ)၊ သေယျော အထူးသဖြင့် ချီးမွမ်းအပ်လျှင်း ကြီးပွါးခြင်းသည်သာ၊ ဟောတိ ဖြစ်၏၊ ပါပိယော ယုတ်ညံ့ဘိလျှင်း ဆုတ်ယုတ်ခြင်းသည်၊ န ဟောတိ မဖြစ်။(မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲပဲမပိုင်း၊ ၅၉၆ ၅၉၇။)

ဝဇ္ဇဒဿီ=အပြစ်ရှုတတ်သူ နှစ်မျိုး

(၁) ဤမလျော်သော ပြစ်ချက်ဖြင့် ဤသူကို ပရိသတ်အလယ်၌ နှိပ်အံ့, အရှက်ခွဲအံ့ ဟု အပြစ်ရှာသူ။

(၂) မတတ်မသိ မလိမ္မာသေးလျှင် တတ်သိလိမ္မာစိမ့်သောငှာ, တတ်သိလိမ္မာလျှင် ချီးမြှောက်ထောက်ပံ့ခြင်းငှါ ထိုသူ၏သီလစသည်တို့ တိုးတက်ကြီးပွါးစေလိုသဖြင့် ထိုထိုအပြစ်ကို ကြည့်ရှုခြင်းဖြင့် ထုတ်ဆောင်ကယ်တင်လိုသော သဘော၌တည်သောသူ။

ဝဇ္ဇဒဿိနန္တိ ဒွေ ဝဇ္ဇဒဿိနော "ဣမိနာ နံ အသာရုပ္ပေန ဝါ ခလိတေန ဝါ သံဃမဇ္ဈေ နိဂ္ဂဏှိဿာမိ"တိ ရန္ဓဂဝေသကော စ, အညာတံ ဉာပနတ္ထာယ ဉာတံ အနုဂ္ဂဟဏတ္ထာယ သီလာဒီနမဿ ဝုဒ္ဓိကာမတာယ တံ တံ ဝဇ္ဇံ ဩလောကေနေန ဥလ္လုမ္ပန သဘာဝသဏ္ဌိတော စ။ အယံ ဣဓ အဓိပ္ပေတော။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၄၇ ၃၄၈။)

## ဆုတောင်းအညီ၊ ရာဓထေရ်၊ ရပြီ တေဒဂ်

နောက်တချိန်ဝယ် ဘုရားရှင်က မထေရ်တို့ကို အစဉ်အတိုင်း တေဒဂ်ရာထူး ဌာနန္တရ၌ ထားတော်မူသောအခါ အရှင်ရာဓမထေရ်ကို"ရဟန်းတို့...ငါဘုရားဓမ္မဒေသနာ ဉာဏ်ပညာပဋိဘာန်ကို ဖြစ်စေတတ်ကြသော ငါဘုရား၏တပည့်ရဟန်းတို့တွင် ရာဓရဟန်းသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "ဘုရားရှင်၏တရားဟောကြောင်း ဓမ္မဒေသနာ ဉာဏ်ပညာပဋိဘာန်ကို ဖြစ်စေသောအရာဝယ် အမြတ်ဆုံး တေဒဂ်ရာထူး၌ ထားတော်မူလေသည်။

ပဋိဘာနေယျကာနန္တိ သတ္တု ဓမ္မဒေသနာပဋိဘာနဿ ပစ္စယဘူတာနံ ပဋိဘာနဇနကာနံ ဘိက္ခူနံ (ပဋိဘာနကဘိက္ခူနံ၊က) ရာဓတ္ထေရော အဂ္ဂေါတိ ဒဿေတိ။ ထေရဿ ဟိ ဒိဋ္ဌိသမုဒါစာရဉ္စ ဩကပ္ပနိယသဒ္ဓဉ္စ အာဂမ္မ ဒဿဗလဿ နဝနဝါ ဓမ္မဒေသနာ ပဋိဘာတိ။ တသ္မာ ထေရော ပဋိဘာနေယျကာနံ အဂ္ဂေါ နာမ ဇာတော။ (အံ၊ ဋ္ဌ၊ ၁၊ ၂၅၃။)

အပရဘာဂေ ပန သတ္ထာ ပဋိပါဋိယာ ထေရေ ဌာနန္တရေသု ဌပေန္တော ရာဓတ္ထေရံ ပဋိဘာနေယျကာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊၁၊ ၂၅၆။)

## (၄၁) အရှင်မောဃရာဇမထေရ်အကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ လူခစီဝရဓရာနံ ယဒိဒံ မောဃရာဇာ။ (အံ၊ ၁၊ ၂၆။)

## အရှင်မောဃရာဇမထေရ်အလောင်း ရှေးဆုတောင်း

အရှင်မောဃရာဇမထေရ်အလောင်းတော်သည်လည်း ပဒုမုတ္တရဘုရားရှင်၏လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌အမျိုးကောင်းသားဖြစ်၍ နောက်တချိန်မှာ ဘုရားရှင်၏တရားစကားကို ကြားနာရစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို ခေါင်းပါးညံ့ဖျင်းသည့် ပံသုကူသင်္ကန်း(လူခစီဝရ)ကို ဆောင်သောရဟန်းတို့တွင် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို မြင်ရ၍ အဓိကာရကုသိုလ်ကောင်းမှုကို ပြုပြီးလျှင် ထိုခေါင်းပါးညံ့ဖျင်းသည့် ပံသုကူသင်္ကန်းကို ဆင်မြန်းဝတ်ရုံသော အရာဝယ် အမြတ်ဆုံး(လူခစီဝရဓာရီဧတဒဂ်)ရာထူးကို ဆုတောင်းခဲ့လေသည်။

## ကဋ္ဌဝါဟနမည်ပြား၊ မင်းထံပါး၊ ခစား အမတ်ကြီး

ထိုအမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ စုတေလျှင် နတ်ပြည်, လူပြည်တို့၌ ကျင်လည်လျက် ကဿပဘုရားရှင် ပွင့်တော်မမူမီ ကဋ္ဌဝါဟနမြို့ဝယ် အမတ်မျိုး၌ ဖြစ်၍ အရွယ်ရောက်လတ်သော် ကဋ္ဌဝါဟနမင်းကို ဆည်းကပ်ခစားကာ အမတ်ကြီးရာထူးကို ရရှိလေသည်။

ထိုအချိန်၌ ကဿပဘုရားရှင်သည် လောက၌ ပွင့်တော်မူလာလေသည်၊ ကဋ္ဌဝါဟနမင်းသည် "ဘုရားရှင်သည် လောကဝယ် ပွင့်တော်မူလာလေပြီ"ဟု သတင်းစကား ကြားသိရ၍ ထို(မောဃရာဇမထေရ်အလောင်း)အမတ်ကြီးကို ခေါ်စေ၍ "ချစ်သား...ဘုရားရှင်သည် လောက၌ ပွင့်တော်မူပြီတဲ့၊ ဤပစ္စန္တရစ်မြို့ကို တပြိုင်နက်ချင်းပင်လျှင် ငါတို့နှစ်ယောက်က အချည်းနှီး ပြုခြင်းငှါ မသင့်လျော်ချေ၊ သင်သည် ရှေးဦးစွာ မဇ္ဈိမဒေသသို့ သွားရောက်၍ ဘုရားရှင် ပွင့်တော်မူသည်ကို သိပြီးလျှင် ဘုရားရှင်ကို ဤမြို့သို့ ပင့်ဆောင်ပါလော့"ဟု မင်းချင်းယောက်ျားတစ်ထောင်နှင့်အတူတကွ စေလွှတ်လေသည်၊ ထိုအမတ်ကြီးသည် ဘုရားရှင်၏အထံတော်သို့ ရောက်၍ တရားစကား ကြားနာရလျှင် သဒ္ဓါတရား ဖြစ်ပွားကာ ဘုရားရှင်အထံတော်၌ပင်လျှင် ရှင်ရဟန်းပြုလျက် အနှစ်နှစ်သောင်းတို့ပတ်လုံး ရဟန်းတရား ပွားများအားထုတ်လေသည်၊ ထိုအမတ်ကြီးနှင့်အတူတကွ သွားကြသည့် မင်းချင်းအားလုံးတို့ကား တဖန် ကဋ္ဌဝါဟနမင်းထံသို့ ပြန်လာကြလေသည်။

## ဆုံးဘဝတွင်၊ ရဟန်းပင်၊ ပြုလျှင် သူ့ကြောင်းရာ

ဤ(မောဃရာဇအလောင်း)မထေရ်သည် သီလနှင့်ပြည့်စုံသည်ဖြစ်၍ ပျံလွန်တော်မူလေသော် ဘုရားနှစ်ဆူတို့၏အကြားကာလဝယ်နတ်ပြည်, လူပြည်တို့၌ကျင်လည်လျက် ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မမူမီ သာဝတ္ထိပြည် ပုဏ္ဏားမျိုး၌ဖြစ်၍ မောဃရာဇလုလင်ဟု မည်တွင်လေသည်၊ ကဋ္ဌဝါဟနမင်းသည်လည်း ကဿပဘုရားရှင်အား အဓိကာရကောင်းမှု ကုသိုလ်ကို ပြုပြီးလျှင် ဘုရားနှစ်ဆူတို့၏အကြားကာလဝယ် အခြံအရံပရိသတ်နှင့်အတူတကွ နတ်ပြည်, လူပြည်တို့၌ ကျင်လည်ပြီးနောက် ကျွန်ုပ်တို့၏ဘုရားရှင်ပွင့်တော်မမူမီပင် သာဝတ္ထိပြည် ပုရောဟိတ်ပုဏ္ဏားကြီး၏သားဖြစ်၍ ဗာဝရီလုလင် ဟု ခေါ်တွင်လေသည်၊ ဗာဝရီလုလင်သည် နောက်အချိန်ဝယ် ဗေဒင်သုံးပုံတို့ကို သင်ယူတတ်မြောက်ပြီးလျှင် တစ်သောင်းခြောက်ထောင်ကုန်သော လုလင်ငယ်တို့ကို အတတ်ပညာကို သင်ကြားပို့ချလျက် လှည့်လည်နေလေသည်၊ ထိုအခါ ဗာဝရီပုဏ္ဏားအား ပသေနဒီကောသလမင်း၏လက်ထက်ဝယ် ဘခင်ကွယ်လွန်သဖြင့် ပုရောဟိတ်ရာထူးကို ပေးလေသည်၊ ထိုအခါက ဤမောဃရာဇလုလင်သည်လည်း ဗာဝရီပုဏ္ဏား၏အထံ၌ အတတ်ပညာကို သင်ယူနေလေသည်။ (ဤကား အင်္ဂုတ္တိုရ်အဋ္ဌကထာ၌လာသောစကားတည်း)။

သုတ္တနိပါတ်အဋ္ဌကထာ(သုတ္တနိ၊ ဋ၊ ၂၊ ၂၉၄ ၂၉၅)၌ကား ကပ္ပိလ ဝါဟနမင်းကြီး၏တူတော်အမတ်သည် တစ်သောင်းခြောက်ထောင်အခြံအရံရှိကြသော အမတ်တစ်ကျိပ်ခြောက်ယောက်တို့နှင့်အတူတကွ ကဿပဘုရားရှင်ထံတော်သို့ သွားရောက်ကြသော်လည်း ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီးမှ ဆိုက်ရောက်ကြလေသည်၊ တူတော်အမတ်မှတပါး ကျန်အားလုံးတို့သည် ရဟန်းပြု၍ နေရစ်ကြကုန်၏၊ တူတော်အမတ်ကား ကဿပဘုရား၏ဓမ္မကရိဏ်ရေစစ်တည်းဟူသော ပရိဘောဂစေတီနှင့်တကွ ဓမ္မဝိနယဆောင်(ပိဋကသုံးပုံဆောင်)သော မထေရ်တစ်ပါးကိုပါ ပင့်ဆောင်၍ ကပ္ပိလဝါဟနမြို့သို့ ပြန်ခဲ့လေသည်။

အမတ်က မင်းကြီးအား "လောက၌ ဘုရားရှင် ပွင့်တော်မူသည်မှာလည်း အမှန်ပင် ဖြစ်ပါ၏၊ ယခုအခါ ပရိနိဗ္ဗာန်ဝင်စံတော်မူသွားသည်မှာလည်း အမှန်ပင်ဖြစ်ပါ၏"ဟု လျှောက်ထား၍ ဘုရားရှင်ပေးသနားတော်မူအပ်ခဲ့သည့် အဆုံးအမကို မထေရ်ကြီးများ မိန့်ကြားလိုက်သည့်အတိုင်း ပြန်လည်လျှောက်ထားလေသည်။

ကပ္ပိလဝါဟနမင်းသည် မထေရ်ကို ဆည်းကပ်၍ တရားတော်ကို နာကြားလျက် ကျောင်းကို တည်ဆောက်ခြင်း, စေတီတည်ခြင်း,ဗောဓိပင်စိုက်ပျိုးပူဇော်ခြင်းတို့ကို ပြုပြီးလျှင် သရဏဂုံသုံးပါး, ငါးပါးသီလတို့၌ အမြဲတည်လျက် ဥပုသ်နေ့များ၌ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်ကို စောင့်သုံးကာ ဒါနအစရှိသော ကောင်းမှုတို့ကို ပြုလုပ်၍ အသက်တန်းပြည့် တည်နေပြီး၍ စုတေလျှင် ကာမာဝစရနတ်ပြည်၌ ဖြစ်လေသည်၊ အမတ်တစ်ကျိပ်ခြောက်ယောက်တို့သည်လည်း အခြံအရံတစ်သောင်းခြောက်ထောင်တို့နှင့်အတူတကွ ရဟန်းပြုကြစေကာမူ ပုထုဇဉ်တို့၏သေခြင်းဖြင့်ပင် သေလွန်ကြ၍ ကပ္ပိလဝါဟနနတ်မင်း၏အခြံအရံနတ်များ ဖြစ်ကြလေသည်။

ထိုဆရာတပည့်တို့သည် ဘုရားနှစ်ဆူတို့၏အကြားကာလပတ်လုံး နတ်ပြည်၌ အချိန်ကို ကုန်လွန်စေ၍ ကျွန်ုပ်တို့၏ဘုရားရှင်ပွင့်တော်မမူမီပင် နတ်ပြည်မှစုတေခဲ့ကြပြီးလျှင် ဆရာဖြစ်သူသည် ပသေနဒီကောသလမင်း၏ခမည်းတော်မဟာကောသလမင်းကြီး၏ ပုရောဟိတ်ကြီး၏သားဖြစ်၍ အမည်အားဖြင့် "ဗာဝရီ"ဟု မည်တွင်လေသည်၊ ထိုပုဏ္ဏားကား မဟာပုရိသလက္ခဏာကြီးသုံးပါးတို့နှင့် ပြည့်စုံလျက် ဗေဒင်သုံးပုံကိုလည်း ဆုံးခန်းတိုင်အောင် တတ်မြောက်လေသည်၊ ထိုဗာဝရီပုဏ္ဏားသည် ခမည်းတော်ပုရောဟိတ်ကြီး ကွယ်လွန်သောအခါ ပုရောဟိတ်ရာထူးကို ရရှိလေသည်၊ ကြွင်းကျန်သော တစ်သောင်းခြောက်ထောင် တစ်ကျိပ်ခြောက်ယောက်တို့သည်လည်း သာဝတ္ထိပြည်၌ပင် ပုဏ္ဏားမျိုးဝယ် ဖြစ်ကြလေသည်၊ ထိုသူတို့အနက် ...............

"အဇိတော တိဿမေတ္တေယျော၊ ပုဏ္ဏကော အထ မေတ္တဂူ။
ဓောတကော ဥပသီဝေါ စ၊ နန္ဒော စ အထ ဟေမကော။
တောဒေယျ ကပ္ပါ ဒုဘယော၊ ဇတုကဏ္ဏီ စ ပဏ္ဍိတော။
ဘဒြာဝုဓော ဥဒယော စ၊ ပေါသာလော စာပိ ဗြာဟ္မဏော။
မောဃရာဇာ စ မေဓာဝီ၊ ပိင်္ဂိယော စ မဟာဣသိ"
(ခု၊ ၁၊ သုတ္တနိပါတ၊ ၄၃၁ ၄၃၂။)

အဇိတ, တိဿမေတ္တေယျ, ပုဏ္ဏက, မေတ္တဂူ, ဓောတက, ဥပသီဝ, နန္ဒ, ဟေမက, တောဒေယျ, ကပ္ပ, ဇတုကဏ္ဏီ, ဘဒြာဝုဓ, ဥဒယ, ပေါသာလ, မောဃရာဇ, ပိင်္ဂိယ=ဤတစ်ကျိပ်ခြောက်ယောက်သော တပည့်တို့သည် ဗာဝရီဆရာကြီးအထံ၌ အတတ်ပညာသင်ယူကြလေသည်၊ ကျန်တစ်သောင်းခြောက်ထောင်သော တပည့်တို့သည် ထိုတပည့်ကြီးတစ်ကျိပ်ခြောက်တို့၏အထံ၌ အသီးအသီး တစ်ထောင်စီ ပညာသင်ကြလေသည်၊ ဤသို့လျှင် ထိုဆရာတပည့်ပေါင်း တစ်သောင်းခြောက်ထောင်တစ်ကျိပ်ခုနစ်ဦးလုံးတို့ပင် တဖန် ပြန်၍ ပေါင်းဆုံမိကြလေသည်။

မဟာကောသလမင်းကြီး နတ်ရွာစံပြီးနောက် ပသေနဒီကောသလမင်း၏လက်ထက်၌လည်း ဗာဝရီဆရာကြီးသည် ပုရောဟိတ်ဆရာကြီးပင် ဆက်၍ ဖြစ်လေသည်၊ ပသေနဒီကောသလမင်းသည် ခမည်းတော်မင်းကြီး ပေးအပ်သောစည်းစိမ်အပြင် မိမိလက်ထက်၌ အခြားများစွာသော စည်းစိမ်ကိုလည်း ဗာဝရီဆရာကြီးအား ချီးမြှောက်လေသည်၊ ပသေနဒီကောသလမင်းသည် ငယ်ရွယ်စဉ်က ဗာဝရီဆရာကြီး၏အထံမှာပင် အတတ်ပညာကို သင်ခဲ့ရလေသည်။

တနေ့သ၌ ဗာဝရီဆရာကြီးသည် ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက် မိမိ၏ဗေဒင်အတတ်ပညာ၌ အနှစ်သာရကို ကြည့်ရှုဆင်ခြင်သည်ရှိသော် တမလွန်လောကနှင့်စပ်သော အနှစ်သာရကို မတွေ့မြင်၍ "ရသေ့ရဟန်းပြု၍ တမလွန်လောကအတွက် အနှစ်သာရကို ငါ ရှာတော့မည်"ဟု ကြံစည်စဉ်းစားပြီးလျှင် ပသေနဒီကောသလမင်းသို့ ဆည်းကပ်လျက် မိမိ၏ရသေ့ရဟန်းပြုခွင့်တောင်းလေသည်၊ ပသေနဒီကောသလမင်း၏ခွင့်ပြုချက်ရသော ဗာဝရီဆရာကြီးသည် တစ်သောင်းခြောက်ထောင်သော လုလင်ငယ်တို့ဖြင့် ခြံရံလျက် တောထွက်တော်မူလေသည်၊ ဗာဝရီဆရာကြီးသည် ရသေ့ရဟန်းတို့နေထိုင်ရန် ချမ်းသာမည့်နေရာကို ရှာဖွေသည်ရှိသော် မဇ္ဈိမဒေသမှထွက်ခွါ၍ အဿကမင်းပိုင်ရာနယ်နှင့် မူဠကမင်းပိုင်ရာနယ် နယ်နှစ်ခုတို့အစပ် နယ်ကြား, ဂေါဓာဝရီမြစ်ကမ်းနားဝယ် မိမိတို့နေရာ ကျောင်းသခ်မ်းကို ကောသလမင်းကြီး၏စေလွှတ်လိုက်သော အမတ်တို့ကို ဆောက်လုပ်စေသည်။

ထိုအခါ ယောက်ျားတစ်ယောက်သည် ရသေ့တို့ကို ဖူးမြော်ရန် လာရောက်ပြီးလျှင် ရသေ့တို့ခွင့်ပြုချက်အရ ထိုရသေ့တို့ပိုင် နယ်မြေ၌ မိမိ၏နေအိမ်ကို ဆောက်လုပ်နေထိုင်လေသည်၊ ထိုလူနေအိမ်ဆောက၍နေသည်ကို မြင်၍ အခြားအိမ်ထောင်သည် တစ်ရာက လည်း ထိုမြေ၌ပင် အိမ်ခြေတစ်ရာ ဆောက်လုပ်၍ နေထိုင်ကြလေသည်၊ ထိုလူအားလုံးတို့သည် စုဝေးကြ၍ "ငါတို့သည် အရှင်ရသေ့ တို့ပိုင်မြေ၌ နေကြရသည်၊ အချည်းနီး (အလကား)နေခြင်းငှါ မသင့်၊ ချမ်းသာစွာနေခြင်းကို အရှင်ရသေ့တို့အား ကျေးဇူးတုံ့ပေးကုန်အံ့" ဟု တစ်ယောက် တစ်ယောက်က တစ်အသပြာ တစ်အသပြာကို ဗာဝရီရသေ့ဆရာကြီး၏နေရာ၌ာန၌ ထားလေသည်၊ သူအားလုံးတို့ ဆောင်အပ်သောအသပြာတို့သည် တစ်သိန်းရှိကုန်၏၊ ဆရာကြီးက"အဘယ်အလို့ငှါ ဤငွေအသပြာတို့ကို ယူဆောင်အပ်ကုန်သနည်း?" ဟု မေးလျှင် ထိုသူတို့က "မိမိတို့ချမ်းသာစွာ နေထိုင်ရခြင်းအတွက် ကျေးဇူးတုံ့ပေးဆပ်ရန်အလို့ငှါ ယူဆောင်အပ်ပါသည်ဘုရား"ဟု ပြန်လည်လျှောက်ထားကြလေသည်၊ ဗာဝရီဆရာကြီးက "ငါသည် ရွှေငွေကို အလိုရှိလျှင် များစွာသော ဥစ္စာစုကို စွန့်၍ ရသေ့ရဟန်း ပြုမည်မဟုတ်၊ သင်တို့၏ဥစ္စာကို ပြန်ယူဆောင်၍သာ သွားကြလော့"ဟု မြစ်ပယ်လျှင် ထိုသူတို့က "တပည့်တော်တို့သည် အရှင်ဘုရား အား လှူအပ်ပြီးသော ဥစ္စာကို တဖန် ပြန်၍ မယူကြပါကုန်၊ အမှန်စင်စစ် နှစ်စဉ်နှစ်တိုင်းပင် ဤနည်းဖြင့် အသပြာတစ်သိန်းတစ်သိန်း ပို့ဆောင်လှူဒါန်းကြပါမည်၊ ဤအသပြာတို့ကို လက်ခံတော်မူ၍ အရှင်ဆရာကြီးသည် အလှူပေးတော်မူပါ"ဟု တောင်းပန်လျှောက်ထား ကြလေသည်၊ ဆရာကြီးသည် ထိုအသပြာတစ်သိန်းကို လက်ခံလိုက်ရပြီးလျှင် အထီးကျန်ဆင်းရဲသား ခရီးသွား ဖုန်းတောင်းယာစကာ တို့အား ပေးစွန့်လှူဒါန်းလေသည်၊ ထိုဆရာကြီး၏နှစ်စဉ် အသပြာတစ်သိန်း ပေးစွန့်လှူကြောင်းသတင်းကောင်းသည် အဆင့်ဆင့် ဇမ္ဗူ ဒိပ်တစ်ကျွန်းလုံး၌ ပြန့်နှံ့ကျော်ကြားလေတော့သည်။

## လူလိမ်ပုဏ္ဏား၊ ခြောက်လှန့်ငြား၊ ကြောက်သွား ဆရာကြီး

ကာလိင်္ဂတိုင်း ဒုန္နိဝိဋ္ဌရွာ ဇူဇကာပုဏ္ဏားမျိုးနွယ်မှ ပုဏ္ဏားတစ်ယောက်၏ဇနီးပုဏ္ဏေးမသည် မကြာမကြာ ခင်ပွန်းပုဏ္ဏားကို "ဗာဝရီပုဏ္ဏားကြီးသည် အလှူပေးနေသတဲ့၊ သင်သွား၍ ထိုအလှူပေးရာအရပ်မှ ရွှေငွေကို ဆောင်ခဲ့လော့"ဟု တိုက်တွန်းပြောဆိုလေ သည်၊ ထိုပုဏ္ဏားသည် ပုဏ္ဏေးမ၏တိုက်တွန်းပြောဆိုအပ်ရကား ရပ်တည်၍ မနေနိုင်တော့ပဲ ဗာဝရီဆရာကြီးထံသို့ သွားရောက်လေ သော် ဆရာကြီးသည် အလှူပေးပြီးနောက် သစ်ရွက်မိုးကျောင်းသို့ဝင်ကာ လျှောင်းလျက် အလှူဒါနကို အဖန်ဖန် အောက်မေ့နေစဉ် ထို ပုဏ္ဏား ရောက်လာလေသည်၊ "ဗာဝရီပုဏ္ဏား...ငါ့အား အလှူဒါနကို ပေးပါလော့၊ ဗာဝရီပုဏ္ဏား...ငါ့အား အလှူဒါနကို ပေးပါလော့" ဟု ပြောဆိုလေသည်။ ဗာဝရီဆရာကြီးက "ပုဏ္ဏား...သင်သည် အခါမဟုတ် နောက်ကျမှ ရောက်လာခဲ့၏၊ ငါသည် ဆိုက်ရောက်လာ ကြသော အလှူခံတို့အား ပေးလှူအပ်ပြီးလေပြီ၊ ယခုအခါ ငါ့မှာ အသပြာမရှိတော့ပါ"ဟု ပြောဆိုလေရာ ထိုပုဏ္ဏားက "ဗာဝရီပုဏ္ဏား. ..ငါသည် အသပြာများစွာကို အလိုမရှိပါ၊ ဤမျှလောက်အလှူဒါနကြီးကို ပေးလှူနေသော သင့်အဖို့ရာ ငွေအသပြာတို့နှင့် ကင်းကွာ၍ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပါ၊ ငါ့အား အသပြာငါးရာတို့ကို ပေးပါလော့"ဟု အတင်းအကြပ်တောင်းလေသည်။ တဖန် ဗာဝရီဆရာကြီး က "ပုဏ္ဏား...ငါ့မှာ အသပြာငါးရာတို့လည်း မရှိပါ၊ နောက်တဖန် လှူဒါန်းချိန်သို့ ရောက်လျှင် သင်ရပါလိမ့်မည်"ဟု ပြောဆိုလေ သော် ထိုပုဏ္ဏားက "ငါသည် သင်လှူဒါန်းသောကာလ၌ ဘယ်လို လာနိုင်မလဲ(မလာနိုင်ဘူး)"ဟု ပြောကြားလျက် ဗာဝရီပုဏ္ဏားဆရာ ကြီး၏သစ်မ်းကျောင်းတံခါးဝ၌ သဲပုံစေတီပြုလုပ်၍ ထက်ဝန်းဝယ် နီမြန်းသောအဆင်းရှိသောပန်းတို့ကို ကြဲဖြန့်လျက် မန္တန်ရွတ်သည့် ဟန် နှုတ်ခမ်းတို့ကို တဆတ်ဆတ်လှုပ်ကာ "သင်၏ဦးထိပ် ခုနစ်စိတ်ကွဲပါစေသတည်း"ဟုကျိန်ဆဲလေသည်။

(ဤကား အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊ ၂၅၇ ၂၅၈)၌ လာသောစကားတည်း)။

သုတ္တနိပါတ် ပါရာယနဝဂ် ဝတ္ထုဂါထာ(ခု၊ ၁၊ ၄၂၉)၌လာသော ဂါထာကား...

၉၈၉။ သစေ မေ ယာစမာနဿ၊ ဘဝံ နာနုပဒဿတိ။

သတ္တမေ ဒိဝသေ တုယှံ၊ မုဒ္ဓါ ဖလတု သတ္တဓာ။

ယာစမာနဿ တောင်းခံသော၊ မေ ငါ့အား၊ ဘဝံ အရှင်ဗာဝရီပုဏ္ဏားသည်၊ သစေ နာနုပဒဿတိ အကယ်၍ မပေးပါအံ့၊ သတ္တမေ ဒိဝသေ ခုနစ်ရက်မြောက်သောနေ့၌၊ တုယှံ သင်၏၊ မုဒ္ဓါ ဦးထိပ်သည်၊ သတ္တဓာ ခုနစ်စိတ်၊ ဖလတု ကွဲပါစေ သတည်း။

ဤကျိန်ဆဲသည် ဂါထာကို ရွတ်ဆိုလေသည်။

ဗာဝရီဆရာကြီးသည် "ဤပုဏ္ဏား၏စကားသည် မှန်ကောင်းမှန်လေရာ၏"ဟု စဉ်းစားအောက်မေ့လျက် ပြင်းစွာစိတ်ပူပန်ကာ အိပ်ရာထက်ဝယ် လျောင်း၍နေလေသည်။ ထိုသို့နေစဉ် သန်းခေါင်ယံအချိန်၌ ဘဝဟောင်းက အမိတော်ခဲ့ဘူးသော နတ်သမီးသည် မိမိ ၏သား စိုးရိမ်ပူဆွေးနေသည်ကို မြင်ရ၍ အနီးသို့ရောက်လာပြီးလျှင်...

၉၉၃။ န သော မုဒ္ဓံ ပဇာနာတိ၊ ကုဟကော သော ခနတ္ထိကော။
မုဒ္ဓနိ မုဒ္ဓပါတေ ဝါ၊ ဉာဏံ တဿ န ဝိဇ္ဇတိ။

တာတ ချစ်သားဗာဝရီ၊ သော ထိုပုဏ္ဏားသည်၊ မုဒ္ဓံ မုဒ္ဓမည်ကြား ဦးထိပ်ခေါ်သောတရားကို၊ န ပဇာနာတိ ပိုင်ခြားထင်ထင် မသိမြင်ချေ၊ သော ထိုပုဏ္ဏားသည်၊ ခနတ္ထိကော-ဥစ္စာကို အလိုရှိသော၊ ကုဟကော-သင့်ကိုလှည့်ဖြား လှုလိမ်ပုဏ္ဏားတည်း၊ မုဒ္ဓနိဝါ မုဒ္ဓမည်ကြား ဦးထိပ်တရား၌လည်းကောင်း၊ မုဒ္ဓပါတေ ဝါ မုဒ္ဓပါတ နာမခေါ်ရိပ် ထိုဦးထိပ်ကို ခွဲစိတ်နိုင်ကြား မြတ်တရား၌လည်းကောင်း၊ ဉာဏံ-အသိဉာဏ်သည်၊ တဿ-ထိုကောက်ကျစ်လှည့်ဖြား လှုလိမ်ပုဏ္ဏားအား၊ န ဝိဇ္ဇတိ တစိုးတစိ မရှိချေ။

ဤသို့ ရှင်းလင်းပြောဆိုလေသည်။ (ဤကား သုတ္တနိပါတ်ပါဠိတော်လာ စကားတည်း။)

အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ကား ဗာဝရီဆရာကြီး၏မိခင်ဟောင်းနတ်သမီးသည် သား၏စိုးရိမ်သောကတည်းဟူသော ပြောင့်တသင်း စူးဝင်နေသည်၏အဖြစ်ကို မြင်တွေ့ရ၍ (သား)ဗာဝရီဆရာကြီးထံသို့ လာရောက်ကာ "ချစ်သား...ထိုပုဏ္ဏားသည် မုဒ္ဓမည်သောတရား ကိုလည်းကောင်း,မုဒ္ဓဖာလနမည်သောတရားကိုလည်းကောင်း မသိချေ၊ သင်ချစ်သားသည်လည်း လောက၌ ဘုရားရှင်ပွင့်တော်မူသည်ကို မသိချေတကား၊ အကယ်၍ သင်ချစ်သား၏အဖို့ရာ ယုံမှားသံသယရှိလျှင် ဘုရားရှင်ထံတော်သို့ သွားရောက်၍ မေးလျှောက်ပါလေ၊ ဘုရားရှင်သည် သင်ချစ်သားအား ထိုအကြောင်းခြင်းရာကို ဖြေကြားတော်မူလိမ့်မည်ချစ်သား"ဟု ပြောဆိုလေသည်။

ဗာဝရီဆရာကြီးသည် နတ်သမီး၏စကားကို ကြားရသောအခါမှစ၍ သောကငြိမ်းကာ စိတ်သက်သာရာကို ရလျက် နောက်တနေ့ အရုဏ်တက်လျှင်ပင် တပည့်အားလုံးကို ခေါ်ပြီးလျှင် "အမောင်တို့...လောက၌ ဘုရားရှင် ပွင့်တော်မူပြီတဲ့၊ အမောင်တို့သည် လျင်စွာ သွားကြ၍ 'ဘုရားဟုတ်, မဟုတ်သိအောင် စုံစမ်းကြပြီးလျှင် ငါ့ထံသို့ ပြန်လာ၍ ပြောကြားကြလော့၊ ငါသည် ဘုရားရှင်ထံ တော်သို့ လိုက်ပါအံ့၊ အမှန်စင်စစ်က အသက်အရွယ်ကြီးလှပြီဖြစ်သောကြောင့် ငါ၏အသက်အန္တရာယ်ကား သိနိုင်ခဲလှ၏၊ အမောင်တို့ သည် ဘုရားရှင်ထံတော်သို့ သွားရောက်ကြလျက် ဤမည် ဤမည်သောနည်းဖြင့် ပြဿနာတို့ကို မေးကြကုန်လော့"ဟု "မုဒ္ဓဖာလန" မည်သောပြဿနာကို မေးမြန်းပုံအပြည့်အစုံ သင်ကြား၍ ပေးလေသည်။

ထို့နောက်မှ ဆရာကြီးသည် "ဤတပည့်လုလင်အားလုံးတို့သည် ပညာရှိများ ဖြစ်ကြ၏၊ ဘုရားရှင်၏တရားစကားကို နာ ကြားကြရ၍ မိမိတို့၏ရဟန်းကိစ္စ အထွတ်အထိပ်ရောက်လျှင် တဖန် ငါ့ထံသို့ ပြန်လိုမှုလည်း ပြန်လာကြလိမ့်မည်၊ မပြန်လိုမှုလည်း မပြန်လာပဲ ရှိကြလိမ့်မည်"ဟု တွေးတောစဉ်းစားကာ မိမိ၏တူ အဇိတလုလင်(ပိဂိယလုလင်၊အချို့မူ)အား "အမောင်အဇိတ...သင်သည် ကား ဧကန်ပင် ငါ့အထံသို့ တဖန် ပြန်လာခြင်းငှာ ထိုက်၏၊ သင်ရအပ်သော လောကုတ္တရာဂုဏ်ကျေးဇူးကို ငါ့အား တဖန်ပြန်၍ ဟောကြားပါဦး"ဟု အထူးမှာလိုက်လေသည်။

ထိုအခါ တပည့်ရသေ့ တစ်သောင်းခြောက်ထောင်တို့သည် အဇိတလုလင်ကို အကြီးအမှူးပြု၍ တပည့်ကြီးတစ်ကျိပ်ခြောက် ယောက်တို့နှင့်အတူတကွ "ဘုရားရှင်ကို ပြဿနာကို မေးမြန်းကြကုန်အံ့"ဟု ဒေသစာရီ လှည့်လည်ကုန်လျက် ရောက်ရာ ရောက်ရာ အရပ်၌ လူတို့က အရှင်တို့...အရှင်တို့သည် အဘယ်အရပ်သို့ ကြွကုန်မည်နည်း? အဘယ်အရပ်သို့ ကြွကုန်မည်နည်း?"မေးကြလေသော် ရသေ့တို့က "ငါတို့သည် ဘုရားရှင်ထံတော်သို့ ပြဿနာမေးရန် သွားကြကုန်အံ့"ဟု ပြန်လည်ဖြေကြားကြသဖြင့် ထိုထိုရောက်ရာအရပ် တို့မှ ပရိသတ် စုရုံး၍လိုက်ပါလာကြလျက် ယူဇနာတစ်ရာမကသောခရီးသို့ ဆိုက်ရောက်ကြလေသည်။

ဘုရားရှင်သည် "ထိုရသေ့တို့ လာရောက်သောနေ့၌ မဂ်ဖိုလ်ရဖို့ရာ အခွင့်မဟုတ်သေး၊ ဤအရပ်သည် ဤပရိသတ်၏အဖို့ရာ သပ္ပါယအရပ် မဟုတ်ချေ"ဟု ဆင်ခြင်တော်မူကာ ထွက်ကြွတော်မူပြီးလျှင် ပါသာဏစေတီ ကျောက်ဖျာထက်ဝယ် ထိုင်နေတော်မူလေ သည်။

အင်္ဂုတ္တိုရ်ဋီကာ၌...ပါသာဏကစေတီအမည်ရှိသော ကျောက်ဖျာထက်တွင် သိကြားမင်းဖန်ဆင်းအပ်သော မဏ္ဍပ်ကြီးအတွင်း ဝယ် သီတင်းသုံးထိုင်နေတော်မူ၏၊ ဘုရားရှင်ပွင့်တော်မမူမီ ရှေးအခါက ကြီးစွာသော ကျောက်ဖျာအထက်၌ နတ်ကွန်းဖြစ်သတဲ့၊ ဘု ရားရှင်ပွင့်တော်မူသောအခါ ကျောင်းဖြစ်လာလေသည်၊ ထိုကျောင်းတော်ကို ရှေးအမည်ဟောင်းအတိုင်း "ပါသာဏစေတီ"ဟူ၍ပင် မည်တွင်လေသည်။

ပါသာဏစေတိယေ ပိဋ္ဌိပါသာဏေ နိသီဒီတိ ပါသာဏစေတိယန္တိ လဒ္ဓဝေါဟာရေ ပိဋ္ဌိပါသာဏေ သက္ကေန မာပိတေ မဟာမဏ္ဍပေ နိသီဒိ။ တတ္ထ ကိရ မဟာတော ပါသာဏဿ ဥပရိ ပုဗ္ဗေ ဒေဝဋ္ဌာနံ အဟောသိ၊ ဥပ္ပန္နေ ပန ဘဂဝတိ ဝိဟာရော ဇာတော၊ သော တေနေဝ ပုရိမဝေါဟာရေန "ပါသာဏစေတိယ"န္တိ ဝုစ္စတိ။ (အံ၊ ဋီ၊ ၁၊ ၁၉၁။)

## အဇိတလုလင်၊ စိတ်ဖြင့်ပင်၊ မေးလျှင် ပုစ္ဆာများ
## ဘုရားရှင်တော်၊ နှုတ်မြွက်ဖော်၊ မိန့်သော် ဖြေစကား

အဇိတလုလင်သည် ပရိသတ်နှင့်အတူတကွ ထိုကျောက်ဖျာထက်သို့ တက်ရောက်၍ ဘုရားရှင်၏ကိုယ်အသရေတော်၏ပြည့်စုံခြင်းကို မြင်ရလျှင် "ဤယောက်ျားမြတ်ကား ဤလောက၌ ဝင့်ပြတ်ပြီးသော ဘုရားဖြစ်လိမ့်မည်"ဟု ကြံစည်ဆင်ခြင်လျက် မိမိတို့ ဆရာကြီးဗာဝရီ၏ မှာတမ်းပြဿနာတို့ကို စိတ်ဖြင့်သာ မေးလိုကာ ချဉ်းကပ်လေသည်။ ထိုနေ့ ထိုနေရာ၌ ရောက်ရှိနေသော ပရိသတ်ကား တစ်ဆယ့်နှစ်ယူဇနာရှိလေသည်။ ဗာဝရီဆရာကြီး၏တစ်ပည့်တကျိပ်ခြောက်ယောက်တို့အနက် အဇိတလုလင်သည် ခေါင်းဆောင်တပည့်ကြီးဖြစ်၍ ပဌမဆုံးစိတ်ဖြင့်သာ မေးသော ပဌမပြဿနာမှာ...

အာဒိဿ ဇမ္မနံ ဗြူဟိ၊ ဂေါတ္တံ ဗြူဟိ သလက္ခဏံ။
မန္တေသု ပါရမိံ ဗြူဟိ၊ ကတိ ဝါစေတိ ဗြာဟ္မဏော။

၁။ ကျွန်ုပ်တို့၏ဆရာကြီး၏အသက်အရွယ်ကို ဟောဆိုပါလော့၊၂။ ကျွန်ုပ်တို့၏ဆရာကြီးမှာရှိသော မဟာပုရိသလက္ခဏာနှင့်တကွ ၃။ အနွယ်ကို ဟောဆိုပါလော့၊ ၄။ကျွန်ုပ်တို့ဆရာကြီး၏ဝေဒကျမ်းတို့၌ တဖက်ကမ်းရောက်တတ်မြောက်ပုံ ဟောဆိုပါလော့၊ ၅။ ကျွန်ုပ်တို့ ဆရာပုဏ္ဏားသည် အဘယ်မျှလောက်သော တပည့်တို့အား ဝေဒကျမ်းများကို ပို့ချနေပါသနည်း?

ဟူ၍ မေးမြန်းလေ၏။

ထိုအခါ ဘုရားရှင်သည် အဇိတလုလင် စိတ်ဖြင့်မေးမြန်းသော ပြဿနာ ၅ ချက်ကို နှုတ်တော်မြွက်၍ ဖြေဆိုတော်မူသည်မှာ...

ဝီသံ ဝဿသတံ အာယု၊ သော စ ဂေါတ္တေန ဗာဝရီ။
တီဏိဿ လက္ခဏာ ဂတ္တေ၊ တိဏ္ဏံ ဝေဒါန ပါရဂူ။
လက္ခဏေ ဣတိဟာသေ စ၊ သနိဃဏ္ဍု သကေဋုဘေ။
ပဉ္စသတာနိ ဝါစေတိ၊ သဓမ္မေ ပါရမိံ ဂတော။

၁။ အဇိတ...သင်တို့ဆရာကြီး၏အသက်သည် တရာ့နှစ်ဆယ်ရှိပြီ၊ ၂။ ထိုသင်တို့ဆရာကြီးသည် အနွယ်အားဖြင့် ဗာဝရီဖြစ်၏၊ ၃။ ထိုသင်တို့ဆရာ ဗာဝရီ၏ကိုယ်၌ မဟာပုရိသလက္ခဏာကြီး သုံးပါးတို့ပါရှိကုန်၏၊ ၄။ ထိုသင်တို့ဆရာ ဗာဝရီပုဏ္ဏားသည် ဗေဒင်သုံးပုံတို့၌ တဖက်ကမ်းရောက် တတ်မြောက်သည့်ပြင် နိဃဏ္ဍုခေါ် အဘိဓာန်ကျမ်း, ကေဋုဘခေါ် အလင်္ကာကျမ်းတို့နှင့်တကွ မဟာပုရိသကျမ်း, ဣတိဟာသကျမ်းတို့၌လည်း တဖက်ကမ်းရောက် တတ်မြောက်သူဖြစ်၏၊ ၅။ ထိုသင်တို့ဆရာဗာဝရီပုဏ္ဏားသည် မိမိ၏ဥစ္စာဖြစ်သော ဝေဒကျမ်းတို့၌ တဖက်ကမ်းရောက် တတ်မြောက်သူဖြစ်လျက် ပျင်းရိသူ ဉာဏ်ထိုင်းသူ တပည့်ငါးရာတို့အား ကိုယ်တိုင်ပင် ဝေဒကျမ်းများကို ပို့ချနေ၏။

ဟူ၍ ဖြေကြားတော်မူလေသည်။

ထိုအခါ အဇိတလုလင်သည် မဟာပုရိသလက္ခဏာကြီးသုံးပါးတို့၏သရုပ်ကို ထင်ရှားစွာ ဖြေဆိုတော်မူစေလို စိတ်ဖြင့်ပင်...

လက္ခဏာနံ ပဝိစယံ၊ ဗာဝရိဿ နရုတ္တမ။
ကင်္ခစ္ဆိဒ ပကာသေဟိ၊ မာ နော ကင်္ခါယိတံ အဟု။

လူနတ်ဗြဟ္မာ သတ္တဝါတို့၏ယုံမှားမှုကို ပယ်ရှားဖြတ်တောက်တော်မူနိုင်သော လူတို့ထက်မြတ်တော်မူသော ရှင်တော်ဘုရား...ကျွန်ုပ်တို့ဆရာဗာဝရီပုဏ္ဏား၏ခန္ဓာကိုယ်ဝယ် တင့်တယ်ဖြစ်ပွား လက္ခဏာကြီးသုံးပါးတို့၏သရုပ်သကောင်ကို ထင်ရှားသိသာအောင် ပြတော်မူပါလော့။ ကျွန်ုပ်တို့၏အဖို့ရာ သို့လော သို့လော တွေးတောယုံမှားခြင်းသည် မဖြစ်ပါစေလင့်။

ဟူ၍ မေးမြန်းလေ၏။

ထိုအခါ ဘုရားရှင်က ရွှေနှုတ်တော် မြွက်ဟ၍...

မုခံ ဇိဝှာယ ဆာဒေတိ၊ ဥဏ္ဏဿ ဘမုကန္တရေ။
ကောသောဟိတံ ဝတ္ထဂုယှံ၊ ဧဝံ ဇာနာဟိ မာဏဝ။

အဇိတလုလင်...ထိုသင်တို့ဆရာ ဗာဝရီပုဏ္ဏားသည် (၁) မိမိလျှာဖြင့် မျက်နှာပြင်တစ်ခုလုံးကို ဖုံးအုပ်နိုင်၏၊ (၂) ထိုသင်တို့ဆရာ ဗာဝရီပုဏ္ဏား၏မျက်မှောင်နှစ်ခုအကြား၌ ဥဏ္ဏာလုံမွေးရှင်သည် ပေါက်ရောက်လျက် ရှိ၏၊ (၃) ထိုသင်တို့ဆရာ ဗာဝရဏပုဏ္ဏားမှာ အအိမ်ဖြင့်ဖုံးအုပ်သော ပုရိသအင်္ဂါရှိ၏၊ သင်သည် ဤသို့အားဖြင့် လက္ခဏာသုံးပါးကို ထင်ရှားသိပါလော့။

(၁) ထုလဇိဂုတာလက္ခာ
(၂) မုဒုဩဒါတ ဥဏ္ဏလောမတာလက္ခဏာ
(၃) ကောသောဟိတဝတ္ထဂုယှလက္ခဏာ

ဟူ၍ ဖြေဆိုတော်မူလေသည်။

ထိုအခါ တစ်စုံတစ်ရာ အမေးပုစ္ဆာသံကို မကြားရပဲ ဘုရားရှင် မြွက်ကြားတော်မူအပ်သည့် အဖြေတို့ကိုသာ ကြားရ၍ လူအပေါင်းသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလျက် လက်အုပ်ကိုယ်စီ မြှောက်ချီကြကာ "စိတ်ဖြင့် မေးအပ်သည့် ပြဿနာတို့ကို အဘယ်သူသည် မေးလိုက်ပါသနည်း?၊ နတ်သည်ပင် မေးလေသလော?, ဗြဟ္မာသည်ပင် မေးလေသလော?, သုဇာသက်နှင်း သိကြားမင်းပင် မေးလေသလော?။ ဘုရားရှင်သည် အဘယ်သူအား ဖြေကြားတော်မူပါသနည်း?"ဟု တအံ့တဩ ကြံစည်ကြလေသည်...

ပုစ္ဆဒို ကိဉ္စိ အသုဏန္တော၊ သုတွာ ပဉှေ ဝိယာကတေ။
ဝိစိန္တေတိ ဇနော သဗ္ဗော၊ ဝေဒဇာတော ကတဥ္စလီ။
ကော န ဒေဝေါ ဝါ ဗြဟ္မာ ဝါ၊ ဣန္ဒော ဝါပိ သုဇမ္ပတိ။
မနသာ ပုစ္ဆတေ ပဉှေ၊ ကမေတံ ပဋိဘာသတိ။
(သုတ္တနိပါတ၊ ဝတ္ထုကထာ၊ ၄၃၃။)

ထို့နောက် အဇိတလုလင်သည် ပြဿနာ ၂ ရပ်ကို စိတ်ဖြင့်ပင်...

မုဒ္ဓံ မုဒ္ဓါဓိပါတဉ္စ၊ ဗာဝရီ ပရိပုစ္ဆတိ။
တံ ဗျာကရောဟိ ဘဂဝါ၊ ကင်္ခံ ဝိနယ နော ဣသေ။

ဣသေ သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးလေ့လာတော်မူပြီးသော မြတ်စွာဘုရား၊ ဗာဝရီ အကျွန်ုပ်တို့ဆရာ ဗာဝရီပုဏ္ဏားသည်၊ မုဒ္ဓဉ္စ မုဒ္ဓခေါ်ကြော ဦးခေါင်းဦးထိပ်မည်သောတရားကိုင်၄င်း၊ မုဒ္ဓါဓိပါတဉ္စ မုဒ္ဓါဓိပါတ နာမခေါ်ရိပ် ထိုဦးထိပ်ကို ခွဲစိတ်နိုင်တောင်း တရားကောင်းကို၄င်း၊ ပရိပုစ္ဆတိ သိလိုရေးဖြင့် မေးလျှောက်လိုက်ပါ၏၊ ဘဂဝါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တံ မုဒ္ဓ, မုဒ္ဓါဓိပါတ ဓမ္မအပြား ထိုနှစ်ပါးကို၊ ဗျာကရောဟိ ကရုဏာရှေ့ထား ဖြေကြားတော် မူပါလော့၊ နော အကျွန်ုပ်တို့၏၊ ကင်္ခံ သို့လောသို့လော တွေးတောယုံမှားခြင်းကို၊ ဝိနယ ဒေသနာ ဉာဏ်စက်သွားဖြင့် ပယ်ရှားဖျောက်လွှင့်တော်မူပါလော့။

ဟူ၍ မေးမြန်းပြန်လေသည်။

ဘုရားရှင်က နှုတ်တော်မြွက်ဟ၍...

အဝိဇ္ဇံ မုဒ္ဓါတိ ဇာနာတိ၊ ဝိဇ္ဇာ မုဒ္ဓါဓိပါတိနီ။
သဒ္ဓါသတိသမာဓီဟိ၊ ဆန္ဒဝီရိယေန သံယုတာ။

အဇိတ အဇိတမည်တွင် အိုလုလင်၊ အဝိဇ္ဇံ သစ္စာလေးခဏ်း မမြင်ကန်းအောင် ဖုံးလွှမ်းတတ်စွာ အဝိဇ္ဇာ=မောဟကို၊ မုဒ္ဓါတိ အနမတဂ္ဂ သံသာရ၏ မုဒ္ဓခေါ်ကြော ဦးခေါင်းဦးထိပ်တရားဟူ၍၊ ဇာနာဟိ သတိစွဲချုပ် သင်သိမှတ်လော့၊ သဒ္ဓါသတိသမာဓီဟိ သဒ္ဓါတရား, သတိတရား, သမာဓိတရားတို့နှင့်၄င်း၊ ဆန္ဒဝီရိယေန ဆန္ဒတရား, ဝီရိယတရားနှင့်၄င်း၊ သံယုတာ ယှဉ်သော၊ ဝိဇ္ဇာ အရဟတ္တ မဂ္ဂဝိဇ္ဇာ ဉာဏ်ပညာသည်၊ မုဒ္ဓါဓိပါတိနီ အဝိဇ္ဇာတည်းဟူသော သံသာရဦးထိပ်ကို ခွဲစိတ်နိုင်တောင်းတရားကောင်းပေတည်း။

အတိအကျ ဖြေကြားတော်မူလေသည်။

တတော ဝေဒေန မဟတာ၊ သန္ထမ္ဘိတွာန မာဏဝေါ။
ဧကံသံ အဇိနံ ကတွာ၊ ပါဒေသု သိရသာ ပတိ။

ထိုအခါ အဇိတလုလင်သည် အလွန်တရာ ဝမ်းသာလှ၍ သစ်နက်ရေကို လက်ဝဲတဖက် ပခုံးထက်တင်ပြီးလျှင် ဘုရားရှင်၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ဦးခိုက်ကာ

ဗာဝရီ ဗြာဟ္မဏော ဘောတော၊ သဟ သိဿေဟိ မာရိသ။
ဥဒဂ္ဂစိတ္တော သုမနော၊ ပါဒေ ဝန္ဒတိ စက္ခုမ။

မာရိသ ဒုက္ခခပ်သိမ်း ငြိမ်းတော်မူပြီးသော၊ စက္ခုမ စက္ခု ၅ မျိုး စိုးမိုးပိုင်သ လောကထွတ်ထား ရှင်တော်မြတ်ဘုရား....၊ဗာဝရီဗြာဟ္မဏော ဗာဝရီခေါ်ကြော အကျွန်ုပ်တို့၏ဆရာပုဏ္ဏားသည်၊ ဥဒဂ္ဂစိတ္တော အလွန်တက်ကြွ အားရသော

စိတ်ရှိသည်ဖြစ်၍၊ သုမနော နှစ်လိုအားရမ်း ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍၊ သိသေဟိ သဟ တပည့်ရသေ့အပေါင်း တစ်သောင်းခြောက်ထောင်ကျော်တို့နှင့် တကွ၊ ဘောတော ရှင်တော်ဘုရား၏၊ ပါဒေ ခြေတော်အစုံ ကြာပဒုံတို့ကို၊ ဝန္ဒတိ ရှိသေမြတ်နိုး ဦးညွှတ်လျှိုး၍ရှိခိုးလိုက်ပါ၏ဘုရား။

ဤဂါထာကို ရွတ်ဆိုကာ ဆရာတပည့်အားလုံးတို့၏ကိုယ်စား အားရဝမ်းသာ ရှိခိုးလေသည်။ ဘုရားရှင်သည်လည်း ...

သုခိတော ဗာဝရီ ဟောတု၊ သဟ သိသေဟိ ဗြာဟ္မဏော။

တွဉ္စာပိ သုခိတော ဟောဟိ၊ စိရံ ဇီဝါဟိ မာဏဝ။

မာဏဝ အဇိတမည်တွင် အိုလုလင်...၊ ဗာဝရီ ဗြာဟ္မဏော သင်တို့ဆရာ ဗာဝရီပုဏ္ဏားသည်၊ သိသေဟိ သဟ တပည့်မြားမြောင် သောင်းခြောက်ထောင်ကျော်တို့နှင့်တကွ၊ သုခိတော ကာယ, စိတ္တ သုခနှစ်သင်း ဖြစ်ခြင်းရှိသည်(ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိသည်)၊ ဟောတု ဖြစ်ပါစေသတည်း၊ တွဉ္စာပိ အဇိတမည်တွင် သင်လုလင်သည်လည်း၊ သုခိတော ကာယ, စိတ္တ သုခနှစ်သင်း ဖြစ်ခြင်းရှိသည်၊ ဟောဟိ -ဖြစ်ပါစေသတည်း၊ စိရံ အာယုကပ်ကြာ ရှည်မြင့်စွာ၊ ဇီဝါဟိ အသက်ရှည်ထွေ တည်နေပါစေသတည်း။

ဤဂါထာဖြင့် ဆုတောင်းအာသီသ ပြုတော်မူလေသည်။ ထို့နောက် ဆက်လက်၍...

ဗာဝရိဿ စ တုယှံ ဝါ၊ သဗ္ဗေသံ သဗ္ဗသံသယံ။

ကတာဝကာသာ ပုစ္ဆဝှေါ၊ ယံကိဉ္စိ မနသိစ္ဆထ။

မာဏဝ အဇိတမည်တွင် အိုလုလင်...၊ ယံကိဉ္စိ အမှတ်မထင် သံသယဝင်သည့် အကြင်ပြဿနာကို၊ မနသိ သင်တို့စိတ်၌၊ ဣစ္ဆထ တောင့်တလင့်ဆို မေးလိုကြကုန်၏၊ ဗာဝရိဿ စ သင်တို့ဆရာ ဗာဝရီပုဏ္ဏား၏၎င်း၊ တုယှံ ဝါ အဇိတမည်တွင် သင်လုလင်၏၎င်း၊ သဗ္ဗေသံ ခပ်သိမ်းဥဿုံ အလုံးစုံသော သင်တို့ဆရာ တပည့်တစုတို့၏၊ သဗ္ဗသံသယံ အလုံးစုံရှိသမျှ ယုံမှားသံသယကို၊ ကတာဝကာသာ ငါဘုရားတို့ သနားသမှု အခွင့်ပြုအပ်သော သင်တို့သည်၊ ပုစ္ဆဝှေါ အားမနာတမ်း ဉာဏ်ထောက်လှမ်း၍ မေးမြန်းကြကုန်လော့။

ဟု ဘုရားရှင်တို့၏ဖိတ်ကြားခြင်းဖြင့် ဖိတ်ကြားတော်မူလေသည်။

ထိုသို့ ဘုရားရှင်က ပြဿနာမေးလျှောက်ရန် ဖိတ်ကြားခွင့်ပြုတော်မူလျှင် ထိုရသေ့(လုလင်)တို့သည် ရပ်တည်နေရာမှ အားလုံး ထိုင်ကြ၍ လက်အုပ်ကိုယ်စီ ချီကြလျက် အဇိတလုလင်က အစဦးစွာ ပြဿနာမေးလျှောက်လေသည်၊ ဘုရားရှင်ကလည်း မေးအပ်သောပြဿနာကို အရဟတ္တဖိုလ်အထွတ်တင်၍ ဖြေကြားတော်မူလေသည်။ ဒေသနာနိဂုံး ပြီးဆုံးသောအခါ အဇိတလုလင်သည် တပည့်တထောင်တို့နှင့်တကွ အရဟတ္တဖိုလ်၌တည်လေသည်၊ အခြားထောင်ပေါင်းများစွာသော ပရိသတ်တို့သည်လည်း မဂ်ဖိုလ်သို့ ဆိုက်ရောက်ကြလေသည်၊ အဇိတလုလင်နှင့်တပည့်တစ်ထောင်တို့သည် ရသေ့အသွင် ကွယ်ပျောက်ကြ၍ ဧဟိဘိက္ခုရဟန်းအဖြစ်ကို ခံယူရရှိကြလေသည်။

အဇိတလုလင် ရှေးဦးစွာ ပြဿနာမေးလျှောက်ပြီးနောက် ကျန်လုလင်တပည့်ကြီးတို့သည်လည်း အစဉ်အတိုင်း မိမိတို့အလိုရှိရာပြဿနာတို့ကို မေးလျှောက်ကြလေသည်၊ မေးတိုင်းမေးတိုင်းသော ပြဿနာတို့ကို ဘုရားရှင်သည် ရှင်းလင်းဖြေကြားကာ တရားဟောတော်မူလေသည်၊ အမေးအဖြေ တစ်ရပ်တစ်ရပ် ပြီးဆုံးသောအခါ ပြဿနာရှင်တပည့်ကြီးနှင့်တကွ တပည့်တစ်ထောင်တစ်ထောင်တို့ ရဟန္တာဖြစ်ကြကာ ဧဟိဘိက္ခုရဟန်းအဖြစ်ကို ခံယူရရှိကြလေသည်။

(ဤဗာဝရီဆရာကြီး၏တပည့်ကြီးတို့မေးလျှောက်ကြပုံနှင့် ဘုရားရှင်၏ဖြေဆိုတော်မူပုံတို့ကို သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်ဝတ္ထုဂါထာ(ခု၊ ၁၊ ၄၃၂ ၄၄၈), သုတ္တနိပါတ်ပါဠိတော်မြန်မာပြန် (ခုမြန်၊ ၁၊ ၄၁၀ စသည်), မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ပပိုင်း ၆၂၄ ၆၃၅တို့၌ ကြည့်ရှုပါလေ။)

ထိုတပည့်ကြီးတစ်ကျိပ်ခြောက်ယောက်တို့တွင် မောဃရာဇလုလင်ကား"ငါသည် သူတို့အားလုံးထက် အထူးသဖြင့် ပညာရှိသူဖြစ်၏"ဟု မာနခက်ထန်သူ ဖြစ်လေသည်၊ မောဃရာဇလုလင်၏စိတ်၌"ဤအဇိတလုလင်သည် တပည့်ကြီးအားလုံးတို့တွင် အကြီးဆုံးဖြစ်သည်၊ ငါသည် သူ၏အလျှင် ပြဿနာမေးလျှောက်ရန် မသင့်လျော်ချေ"ဟု အကြံဖြစ်ကာ အဇိတလုလင်၏အပေါ် ရက်နိုးသဖြင့် အလျှင် ပြဿနာမမေးသေးပဲ ထိုအဇိတလုလင်မေးပြီးသောအခါ ဒုတိယတပည့်ကြီးအနေဖြင့် မောဃရာဇလုလင်က ဘုရားရှင်ကို ပြဿနာမေးလျှောက်လေသည်။

ဘုရားရှင်သည် "မောဃရာဇလုလင်ကား မာန်မာန ခက်ထန်သူဖြစ်၏၊ သူ၏ဉာဏ်သည် မရင့်ကျက်သေး၊ သူ၏မာနကို တားမြစ်မှ သင့်မည်"ဟု ဆင်ခြင်တော်မူကာ "မောဃရာဇ..သင်ဆိုင်းငံ့ဦးလော့၊ အခြားသူများ ပြဿနာကို မေးကြပါစေ"ဟု ဟန့်တားတော်မူလေသည်၊ မောဃရာဇလုလင်သည် "ငါသည် ဤမျှကာလကြာမြင့်အောင် ငါ့ထက် ပညာရှိသောသူမည်သည် မရှိ ဟု

အောက်မေ့ကာ လှည့်လည်နေထိုင်ခဲ့၏၊ ဘုရားရှင်တို့မည်သည်လည်း မသိပဲ မိန့်ဆိုတော်မမူကြကုန်၊ ဘုရားရှင်သည် ဧကန်ပင် ငါ၏ မေးလျှောက်ခြင်း၌ အပြစ်တစ်စုံတစ်ရာ မြင်တော်မူသည် ဖြစ်ပေလိမ့်မည်"ဟု ကြံစည်ကာ ဆိတ်ဆိတ်နေလေသည်။

မောဃရာဇလုလင်သည် (၁) အဇိတ, (၂) တိဿမေတ္တေယျ, (၃) ပုဏ္ဏက, (၄) မေတ္တဂူ, (၅) ဓောတက, (၆) ဥပသီဝ, (၇) နန္ဒ, (၈) ဟေမက=လုလင်ရှစ်ယောက်တို့ အစဉ်အတိုင်း မေးပြီးသောအခါ မမေးပဲ မနေနိုင်ပြန်သဖြင့် တဖန် မေးလျှောက်ရန် ကြိုးစားပြန်လေသည်၊ ဘုရားရှင်သည် ရှေးနည်းအတူပင် မောဃရာဇလုလင်ကို ဟန့်တားတော်မူလေသည်။ မောဃရာဇလုလင်လည်း ဆိတ်ဆိတ်ပင် နေပြန်၍ (၉) တောဒေယျ, (၁၀) ကပ္ပ, (၁၁) ဇတုကဏ္ဏီ, (၁၂) ဘဒြာဝုဓ, (၁၃) ဥဒယ, (၁၄)ပေါသာလလုလင် တို့ ပြဿနာမေးလျှောက်ပြီးကြသောအခါ "ငါသည် ယခုအခါ (ဘယ်နည်းနှင့်မျှ) သံဃာအငယ်ဆုံး အဖြစ်မခံနိုင်"ဟု တွေးတောကြံစည်ကာ တစ်ဆယ့်ငါးယောက်မြောက်ပြဿနာရှင်ဖြစ်၍ ဘုရားရှင်ကို မေးလျှောက်လေတော့သည်။

ဒွါဟံ သက္ကံ အပုစ္ဆိဿံ၊ န မေ ဗျာကာသိ စက္ခုမာ။
ယာဝတတိယဉ္စ ဒေဝီသိ၊ ဗျာကရောတီတိ မေ သုတံ။

အဟံ မောဃရာဇ နာမတွင်ခေါ် တပည့်တော်သည်၊ သက္ကံ သာကီဝင်မင်းသား မြတ်ဘုရားကို၊ ဒွေဝါရေ အဇိတလုလင် မေးပြီးစက တကြိမ်, ဟေမကလုလင် မေးပြီးစက တကြိမ်=ဤသို့ နှစ်ကြိမ်တို့တိုင်တိုင်၊ အပုစ္ဆိဿံ ပြဿနာနက်လေး သိလိုရေးဖြင့် မေးလျှောက်ခဲ့ပါပြီ၊ စက္ခုမာ စက္ခု ၅ မျိုး စိုးမိုးပိုင်သ လောကထွတ်ထား မြတ်ဘုရားသည်၊ မေ အကျွန်ုပ်အား၊ န ဗျာကာသိ ပြစ်ပယ်ဟန့်တား ဖြေကြားတော်မမူခဲ့ချေ၊ ဒေဝီသိ ဝိသုဒ္ဓိနတ် ဘုရားမြတ်မည်သည်၊ ယာဝတတိယံ သုံးကြိမ်တိုင်အောင်၊ ပုဋ္ဌော စ သိလိုရေးဖြင့် မေးလျှောက်အပ်လျှင်မူ၊ ဗျာကရောတိ ကရုဏာရှေ့ထား ဖြေကြားတော်မူ၏၊ ဣတိ ဤသို့၊ မေ မောဃရာဇတွင်ခေါ် တပည့်တော်သည်၊ သုတံ ဂေါဓာဝရီမြစ်ကမ်း၌ နေစဉ်ကပင် ကြားအပ်ဘူးပါပြီ။

အယံ လောကော ပရော လောကော၊ ဗြဟ္မလောကော သဒေဝကော။
ဒိဋ္ဌိံ တေ နာဘိဇာနာတိ၊ ဂေါတမဿ ယသဿိနော။

အယံ လောကော-ပစ္စုပ္ပန္န ဤလူ့ပြည်လောကသည်၄င်း၊ ပရော လောကော လူမှတပါး အခြားကြွင်းကျန်သော လောကသည်၄င်း၊ သဒေဝကော ဗြဟ္မာကို ချန်လှပ်၍ ဥပပတ္တိနတ် သမ္မုတိနတ်နှင့် တကွသော၊ ဗြဟ္မလောကော ဗြဟ္မာလောကသည်၄င်း၊ ဂေါတမဿ ဂေါတမအနွယ်ဖြစ်တော်မူသော၊ ယသဿိနော များသောအခြံအရံ အကျော်အစောရှိတော်မူသော၊ တေ ရှင်ပင်ဘုရား၏၊ ဒိဋ္ဌိံ အယူကို၊ နာဘိဇာနာတိ မသိဧကန် မှန်လှပါ၏။

ဧဝံ အဘိက္ကန္တဒဿာဝိံ၊ အတ္ထိ ပဉှေန အာဂမံ။
ကထံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

ဧဝံ ဤသို့၊ အဘိက္ကန္တဒဿာဝိံ နှစ်လိုဖွယ်အပ် မြတ်သောအသိအမြင်ရှိတော်မူသော၊ ဝါ သတ္တလောက၏ အာသယ, အဓိမုတ္တိ, ဂတိ, ပရာယဏ စသည်ကုန်စင် ထိုးထွင်းသိမြင်တော်မူနိုင်သော မြတ်စွာဘုရားအထံတော်သို့၊ ပဉှေန အမေးပုစ္ဆာ ပြဿနာဖြင့်၊ အတ္ထိ အလိုရှိသည်ဖြစ်၍၊ ဝါ ပြဿနာနက်လေး မေးလျှောက်လိုသည်ဖြစ်၍၊ အာဂမံ ရွှေဖဝါးတော်အောက် တပည့်တော်လာရောက်ခဲ့ပါပြီ၊ လောကံ သက်ရှိ,သက်မဲ့ ပြိုပြိုကုန်စင် သင်္ခါရလောကကို၊ ကထံ အဘယ်သို့ အဘယ်ပုံ၊ အဝေက္ခန္တံ စေ့စေ့၄၄ ဉာဏ်စက္ခုဖြင့် ရှုကြည့်သောသူကို၊ မစ္စုရာဇာ မစ္စုခေါ် လျှင်း ရှင်သေမင်းသည်၊ န ပဿတိ မမြင်နိုင်ပါသနည်း? (သေခြင်းတရားမှ လွတ်မြောက်အောင် သင်္ခါရလောကကို အဘယ်သို့ ရှုရပါမည်နည်း? ဟု မေးလိုရင်း ဖြစ်သည်)။

ထိုအခါ ဘုရားရှင်သည် မောဃရာဇလုလင်၏ဉာဏ်ကြွေရင့်ကျက်နေပြီးကို သိတော်မူ၍ မောဃရာဇလုလင်၏အမေးကို ဖြေကြားတော်မူသည်မှာ...

သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ သတော။
အတ္တာနုဒိဋ္ဌိံ ဥဟစ္စ၊ ဧဝံ မစ္စုတရော သိယာ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

မောဃရာဇ ချစ်သားမောဃရာဇ...၊ တွံ သင်ချစ်သားသည်၊ သဒါ နေ့ရောညဉ့်ပါ အခါခပ်သိမ်း၊ သတော အောက်မေ့မှုသတိ လင်းလင်းရှိလျက်၊ ခန္ဓာငါး၀ တရားမျှသာ အတ္တလိပ်ပြာ ငါဟုမှတ်စွဲ အယူလွဲကို၊ ဉဟစ္စ ပညာထိန်းချုပ် စွန့်ပယ်နုတ်၍၊ လောကံ သက်ရှိ,သက်မဲ့ ပြိုပြိုကုန်စင် သင်္ခါရလောကကို၊ သုညတော အလိုသို့မလိုက်ပါ သင်္ခါရသက်သက်မျှ သညတရား ပါတကားဟူ၍၊ အဝေက္ခဿု စေ့စေ့

ငှ ဉာဏ်စက္ခုဖြင့် ရှုကြည့်လေလော့၊ ဇဝံ-ဤသို့ရှုကြည့်သည်ရှိသော်၊ မစ္စုတရော-သေခြင်းတရားကို လွန်မြောက်သည်၊ သိယာ-ဖြစ်ရာ၏၊ ဇဝံ-ဤသို့ဤပုံ၊ လောကံ-သက်ရှိ,သက်မဲ့ ပြိုပြုကုန်စင် သင်္ခါရလောကကို၊ အဝေက္ခန္တံ စေ့စေ့ငှ ဉာဏ်စက္ခုဖြင့် ရှုကြည့်သောသူကို၊ မစ္စုရာဇာ-မစ္စုမည်လျှင်း ရှင်သေမင်းသည်၊ န ပဿတိ မမြင်နိုင်။

ဟူသော ဤတရားဒေသနာ အဖြေဂါထာကို ဟောကြားတော်မူလေသည်။

(ဤဂါထာတို့ကား သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ် မောဃရာဇမာဏဝပုစ္ဆာ (ခု၊ ၁၊ ၄၄၇ ၄၄၈)မှ ဖြစ်ကြ၍ အနက်ပြန်ဆိုမှုများကား မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ပပိုင်း(၆၃၃-၆၃၅)မှ ဖြစ်ကြ၏။)

ဘုရားရှင် အရဟတ္တဖိုလ်ကို အထွတ်တပ်လျက် ဟောကြားတော်မူအပ်သော တရားဂါထာနိဂုံး ပြီးဆုံးသောအခါ မောဃရာဇ လုလင်သည်လည်း ရှေးတပည့်ကြီးများနည်းတူပင် မိမိ၏တပည့်ပေါင်း တစ်ထောင်နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လျက် ဇဟိဘိက္ခုရဟန်းအဖြစ်ကို ခံယူရရှိလေသည်၊ ကြွင်းကျန်သောလူတို့သည်လည်း မဂ်, ဖိုလ်တရားထူးကို ရရှိကြလေကုန်၏။

## ခေါင်းပါးသက်န်း၊ ဆောင်နိုင်စွမ်း၊ တင့်လျှမ်း ဧတဒဂ်

ဤအရှင်မောဃရာဇမထေရ်သည် ထိုသို့ ဇဟိဘိက္ခုရဟန်းအဖြစ်ကို ရရှိသောအချိန်မှစ၍ ခေါင်းပါးညံ့ဖျင်းခြင်းသုံးမျိုးတို့နှင့် ပြည့်စုံသော သင်္ကန်းကို ဝတ်ရုံသုံးဆောင်တော်မူလေသည်၊ ထို့ကြောင့် ဘုရားရှင်က နောင်တချိန်ဝယ် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မထေရ်မြတ်တို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး ဌာနန္တရ၌ ထားတော်မူသည်ရှိသော် အရှင်မောဃရာဇမထေရ်ကို..."ရဟန်းတို့...သုံးမျိုးသောအခြင်းအရာဖြင့် ခေါင်းပါးညံ့ဖျင်းသောသင်္ကန်းကို ဝတ်ရုံသုံးဆောင်လေ့ရှိကြသည့် ငါဘုရား၏တပည့်ရဟန်းတို့တွင် မေဃရာဇရဟန်းသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "ခေါင်းပါးညံ့ဖျင်းသောသင်္ကန်းကို ဝတ်ရုံသုံးဆောင်အရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ ထားတော်မူလေသည်။

လူခစီဝရာနန္တိ လူခစီဝရံ ဓာရေန္တာနံ မောဃရာဇာ အဂ္ဂေါတိ ဒဿေတိ။ အယံ ဟိ ထေရော သတ္တလူခံ(ဝတ္ထလူခံ၊က) သုတ္တလူခံ ရဇနလူခန္တိ တိဝိဓေနာပိ လူခေန သမန္နာဂတံ ပံသုကူလံ ဓာရေသိ။ တသ္မာ လူခစီဝရဓရာနံ အဂ္ဂေါ နာမ ဇာတော။ (အံ၊ ဋ္ဌ၊ ၁၊ ၂၅၆။)

သတ္ထာ ပန အပရဘာဂေ ဇေတဝနေ နိသိန္နော ထေရေ ပဋိပါဋိယာ ဌာနန္တရေသု ဌပေန္တော မောဃရာဇတ္ထေရံ ကူမသိ သာသနေ လူခစီဝရဓရာနံ အဂ္ဂဋ္ဌာနေ ဌပေန္တော"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ လူခစီဝရဓရာနံ ယဒိဒံ မောဃရာဇာ"တိ အာဟ။ (အံ၊ဋ္ဌ၊၁၊ ၂၆၀။)

သင်္ကန်း၏ခေါင်းပါးညံ့ဖျင်းခြင်း ၃ မျိုး

သတ္ထလူခ (ဝတ္ထလူခ)=ဓားခွဲဓားဖြတ်သောအခြင်းအရာအားဖြင့် ညံ့ဖျင်းခြင်း(အဝတ်အထည်အမျိုးအစားအားဖြင့် ကြမ်းတမ်းညံ့ဖျင်းခြင်း=အဝတ်ကြမ်းဖြစ်ခြင်း)

သုတ္တလူခ=သင်္ကန်းချုပ်သော ချည်အားဖြင့် ခေါင်းပါး ကြမ်းတမ်းညံ့ဖျင်းခြင်း (သင်္ကန်းချုပ်ချည်ညံ့ခြင်း)

ရဇနလူခ=ဆိုးရည်အနေအားဖြင့် ခေါင်းပါးညံ့ဖျင်းခြင်း (ဆိုးရည်ညံ့ခြင်း)

စီဝရလူခန္တိ စီဝရဿ ဒုဗ္ဗဏ္ဏာဒိဘာဝေန လူခတံ။ (သင်္ကန်း၏မကောင်းသောအဆင်းရှိသည်၏အဖြစ် အစရှိသည်တို့၏အဖြစ်ဖြင့် ခေါင်းပါးခြင်း)

ပတ္တလူခန္တိ ဘာဇနဿ ဝဏ္ဏသဏ္ဌာနဝတ္ထုဟိ လူခတံ။ (ခွက်=သပိတ်၏အဆင်းပုံသဏ္ဌာန် သံမြေစသောဝတ္ထုတို့ဖြင့် ခေါင်းပါးခြင်း)

သေနာသနလူခန္တိ နာဋကာဒိသမ္ပတ္တိဝိရဟေန သေနာသနဿ လူခတံ။ (ကချေသည်ရုပ်အစရှိသော သမ္ပတ္တိမှ ကင်းခြင်းအားဖြင့်=ပန်းချီ ပန်းပုရုပ်စသော အခြယ်အလယ်တို့မှ ကင်းခြင်းအားဖြင့် ကျောင်းအိပ်ရာနေရာ၏ခေါင်းပါးခြင်း)။ (အဘိ၊ ဋ္ဌ၊ ၃၊ ၈၀။)

# ဧတဒဂ်ဘွဲ့ရ ရဟန္တာထေရီများ (၁၃) ပါး

| | |
|---|---|
| ၁။ အရှင်မ မဟာပဇာပတိဂေါတမီ | ဝါရင့်ခြင်း=ရတ္တညူအရာ။ |
| ၂။ အရှင်မ ခေမာ | ဉာဏ်ပညာကြီးခြင်းအရာ။ |
| ၃။ အရှင်မ ဥပ္ပလဝဏ္ဏာ | တန်ခိုးဣဒ္ဓိပါဒ်ကြီးခြင်းအရာ။ |
| ၄။ အရှင်မ ပဋာစာရာ | ဝိနည်းဆောင်ခြင်းအရာ။ |
| ၅။ အရှင်မ ဓမ္မဒိန္နာ | ဓမ္မကထိကအရာ။ |
| ၆။ အရှင်မ နန္ဒာ | ဈာန်ဝင်စားခြင်းအရာ။ |
| ၇။ အရှင်မ သောဏာ | လုံ့လဝီရိယရှိခြင်းအရာ။ |
| ၈။ အရှင်မ သကုလာ | ဒိဗ္ဗစက္ခုအဘိညာဉ်အရာ။ |
| ၉။ အရှင်မ ဘဒ္ဒါကုဏ္ဍလကေသာ | လျင်မြန်စွာ ထိုးထွင်းသိခြင်းအရာ။ |
| ၁၀။ အရှင်မ ဘဒ္ဒါကာပိလာနီ | ပုဗ္ဗေနိဝါသအဘိညာဉ်အရာ။ |
| ၁၁။ အရှင်မ ဘဒ္ဒါကစ္စာနာ | အားကြီးသော အဘိညာဉ်အရာ။ |
| ၁၂။ အရှင်မ ကိသာဂေါတမီ | ခေါင်းပါးသော သင်္ကန်းကိုဆောင်ခြင်းအရာ။ |
| ၁၃။ အရှင်မ သိင်္ဂါလကမာတာ | သဒ္ဓါတရားလွန်ကဲခြင်းအရာ။ |

## (၁) အရှင်မ မဟာပဇာပတိဂေါတမီထေရီအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ရတ္တညူနံ ယဒိဒံ မဟာပဇာပတိဂေါတမီ။ (အံ၊ ၁၊ ၂၆။)

### မဟာပဇာပတိဂေါတမီထေရီအလောင်း ရှေးဆုတောင်း

အရှင်မ မဟာပဇာပတိဂေါတမီထေရီအလောင်းတော်သည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီးဖြစ်၍ နောက်တချိန်တွင် ဘုရားရှင်၏တရားဒေသနာတော်ကို ကြားနာစဉ် ဘုရားရှင်က ဘိက္ခုနီမတစ်ပါးကို ညဉ့်အ ပိုင်းအခြားကို သိကြသောဘိက္ခုနီ(ဝါကြီးကြသော ဘိက္ခုနီ)တို့တွင် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ထားတော်မူသည်ကို မြင်ရ၍ အဓိကာရ ကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းခဲ့လေသည်။

### ရေခပ်ကျွန်မ ကြီးကဲဘဝ

ထိုအမျိုးသမီးသည် အသက်ထက်ဆုံး အလှူဒါနကို ပြုလုပ်၍ သီလဆောက်တည်လျက် ထိုဘဝမှစုတေလျှင် နတ်ပြည်၌ ဖြစ် ပြီးနောက် တဖန် တစ်ခုသော ဗုဒ္ဓန္တရခေတ်ဝယ် ထိုနတ်ပြည်မှ စုတေကာ ဗာရာဏသီပြည်၌ ရေခပ်ကျွန်မငါးရာတို့၏အကြီးအကဲ ကျွန်မဖြစ်လာလေသည်။

ထိုအခါ ဝါလနီးကပ်သောအခါ ပစ္စေကဗုဒ္ဓါငါးဆူတို့သည် နန္ဒမူလိုဏ်မှ ကြွလာတော်မူကြလျက် ဣသိပတနမိဂဒါဝုန်တော၌ သက်ဆင်းတော်မူကြ၍ မြို့၌ ဆွမ်းခံလှည့်လည်တော်မူကြပြီးလျှင် ဣသိပတနမိဂဒါဝုန်တောသို့ ပြန်လည်ကြွကြကာ "ဝါဆိုရန် ကျောင်း ငယ်အလို့ငှာ လက်အမှု(ဟတ္ထကမ္မ=ဟတ္ထကံ)ကို တောင်းခံကြကုန်အံ့"ဟု တိုင်ပင်ကြလေသည်။

ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်"လက်အမှုကို တောင်းခံကြကုန်အံ့"ဟု သင်္ကန်းရုံတော်မူကြလျက် ညနေချမ်းအခါ၌ မြို့တွင်း သို့ ဝင်၍ ဗာရာဏသီသူဌေး၏အိမ်တံခါးဝ၌ ရပ်တော်မူကြလေသည်၊ ရေခပ်ကျွန်မအကြီးအကဲသည် ရေအိုးရွက်၍ ရေဆိပ်သို့ သွားစဉ် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ မြို့တွင်းသို့ ဝင်တော်မူကြသည်ကို မြင်လိုက်ရလေသည်၊ ဗာရာဏသီသူဌေးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ ကြွလာတော်မူကြကြောင်းကို ကြားသိလျှင် "တပည့်တော်တို့မှာ အရှင်ဘုရားတို့အား လက်အမှုကိုပေးနိုင်ရန် အခွင့်မရှိ၊ ကြွသွားတော်မူ ကြပါကုန်လော့(အမှာကံ သြကာသော နတ္ထိ၊ ဂစ္ဆန္တု)"ဟု ပစ်ပစ်ခါခါ ပြောကြားလိုက်လေ၏။

ထိုအခါ ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ မြို့တွင်းမှ ပြန်လည်ထွက်ကြွလာကြသည်ကို ရေခပ်ကျွန်မအကြီးအကဲအမျိုးသမီးသည် ရေအိုးကိုရွက်၍ မြို့တွင်းသို့ဝင်စဉ် တွေ့မြင်ရ၍ ရေအိုးကိုချကာ ရှိခိုးဦးညွှတ်လျက် မျက်နှာကို မော့ချီပြီးလျှင် "အရှင်မြတ်တို့သည် မြို့ တွင်းသို့ ဝင်ပြီးကာမျှ ဖြစ်ကြ၍ ပြန်လည်ထွက်ခွါတော်မူခဲ့ကြကုန်ပြီ၊ အကြောင်း ဘယ်လိုပါလဲဘုရား?"ဟု မေးလျှောက်လေသည်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့က"ငါတို့သည် ဝါဆိုကျောင်းငယ်အတွက် လက်အမှုကို တောင်းခံရန် လာခဲ့ပါကုန်၏"ဟု မိန့်တော်မူကြလေ သော် အမျိုးသမီးက "ရခဲ့ပါရဲ့လား? အရှင်ဘုရားတို့"ဟု မေးပြန်လေသည်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့က "မရခဲ့ပါ ဒါယိကာမ..."ဟု

ပြန်လည်မိန့်တော်မူလျှင် အမျိုးသမီးက "အရှင်မြတ်တို့...ဤဝါဆိုကျောင်းဆိုသည်ကို အစိုးရသူ(လူကုံထံ)တို့သာ ဆောက်လုပ်လှူဒါန်းကောင်းပါသလော?၊ သို့မဟုတ် ဆင်းရဲသားတို့သည်လည်း ဆောက်လုပ်လှူဒါန်းနိုင်ပါသလော?" မေးမြန်းလျှောက်ထားလေသည်၊ ပဉ္စကဗုဒ္ဓါအရှင်မြတ်တို့က "အစိုးရသူဖြစ်စေ, ဆင်းရဲသားဖြစ်စေ မည်သူမဆို ဆောက်လုပ်လှူဒါန်းနိုင်သည်"ဟု မိန့်ကြားတော်မူကြလျှင် အမျိုးသမီးက "ကောင်းပါပြီ အရှင်ဘုရားတို့...တပည့်တော်မတို့ ဆောက်လုပ်လှူဒါန်းကြပါမည်၊ နက်ဖြန် တပည့်တော်မ၏ဆွမ်းကို အလှူခံတော်မူကြပါဘုရား"ဟု ပင့်ဖိတ်၍ ရေအိုးကိုယူလျက် လာခဲ့ရင်းရေဆိပ်လမ်း၌ ရပ်ပြီးလျှင် လာတိုင်း လာတိုင်းသော ကြွင်းကျန်သည့်ကျွန်မတို့ကို "ဤနေရာ၌ သင်တို့ ထိုင်ကြစမ်းပါ"ဟု စုဝေးဖိတ်ခေါ်လေသည်။

ကျွန်မအားလုံး စုညီသောအခါ "အမိတို့...အမြဲတမ်း သူတပါး၏ကျွန်မအလုပ်ကိုသာ ပြုလုပ်လိုကြသလော?၊ သို့မဟုတ် ကျွန်မအဖြစ်မှ လွတ်မြောက်ခြင်းငှာ အလိုရှိကြသလော?"ဟု မေးလေ၏၊ ကျွန်မအားလုံးတို့က"အိုရှင်မ...ငါတို့သည် ယနေ့ပင် ကျွန်မအဖြစ်မှ လွတ်ခြင်းငှာ အလိုရှိကြပါကုန်၏"ဟု ပြောဆိုကြလေသည်၊ ထိုအခါ အကြီးအကဲအမျိုးသမီးက "ယင်းသို့ဖြစ်လျှင် ငါသည် လက်အမှုကို တောင်းခံ၍ မရကြသည့် ပဉ္စကဗုဒ္ဓါ ၅ ဆူတို့ကို နက်ဖြန်ကုသိုလ်ကောင်းမှုအလို့ငှါ ပင့်ဖိတ်အပ်ပြီးကုန်ပြီ၊ သင်တို့၏ လင်ယောကျ်ားများကို တနေ့တာလက်အမှုကို လှူဒါန်းကြစေကုန်လော့"ဟု တိုက်တွန်းစကား ပြောကြားလေသည်။ ထိုကျွန်မတို့သည် "ကောင်းပါပြီ"ဟု ဝန်ခံကြပြီးလျှင် ညနေချမ်းဝယ် တောအုပ်မှ ပြန်လာကြသော လင်ယောကျ်ားများအား ထိုအကြောင်းကို ပြောကြားကြလေသည်၊ ထိုလင်ယောကျ်ားတို့သည်လည်း"ကောင်းပြီ"ဟု ဝန်ခံကြကာ အကြီးဆုံးကျွန်ယောကျ်ား၏အိမ်တံခါးဝ၌ စည်းဝေးကြလေသည်။

ထိုအခါ ထိုကျွန်ယောကျ်ားတို့ကို အကြီးအကဲကျွန်းမက "အမောင်တို့...နက်ဖြန်ခါ ပဉ္စကဗုဒ္ဓါ၅ ဆူတို့အား ဝါဆိုကျောင်း ဆောက်လုပ်ရန် လက်အမှုကို လှူကြကုန်လော့"ဟု တိုက်တွန်း၍ အကျိုးအာနိသင်စကားကို ပြောကြားပြီးလျှင် မလိုက်နာလိုသော ကျွန်ယောကျ်ားများကိုလည်း အတင်းအကြပ် အဆုံးအမဖြင့် ခြိမ်းခြောက်၍ အားလုံးကိုပင် (လက်အမှုလှူဒါန်းရန်)ဝန်ခံစေ၏၊ ထိုအမျိုးသမီးသည် နောက်တနေ့၌ ပဉ္စကဗုဒ္ဓါအရှင်မြတ်တို့အား ဆွမ်းလှူပြီးလျှင် လက်အမှုလှူဒါန်းကြရန် အားလုံးသောကျွန်သားတို့အား အချက်ပေးလိုက်လေသည်၊ ထိုသူတို့သည် ထိုခဏမှာပင် တောသို့ဝင်ကြလျက် သစ်အဆောက်အဦတို့ကို စုပေါင်းသယ်ဆောင်ကြပြီးလျှင် လူတစ်ရာလျှင် တစ်ကျောင်းကျစီ စင်္ကြံ စသည်နှင့်တကွသော ဝါဆိုကျောင်း ၅ ကျောင်းကို ဆောက်လုပ်ကြ၍ ညောင်စောင်,အင်းပျဉ်, သောက်ရေ, သုံးရေစသည်တို့ကို တည်ထားကြကာ ပဉ္စကဗုဒ္ဓါအရှင်မြတ်တို့အား ဝါတွင်းသုံးလပတ်လုံး ထိုမိမိတို့၏ကျောင်းများ၌သာ သီတင်းသုံးနေထိုင်တော်မူကြပါရန် ပဋိညာဉ်ဝန်ခံချက်ရယူပြီးလျှင် အလှည့်ကျ ဆွမ်းအလှူဒါနကို ပြုကြလေသည်။

မိမိအလှည့်ကျသောနေ့၌ ဆွမ်းလှူရန် မတတ်နိုင်သော ရေခပ်ကျွန်မအား အကြီးအကဲကျွန်မက မိမိအိမ်မှပင် ဆွမ်းလျာပစ္စည်းများကို ထုတ်၍ပေးလေသည်၊ ဤသို့ ဝါတွင်းသုံးလပတ်လုံး ပြုစုလုပ်ကျွေးကြ၍ အကြီးအကဲကျွန်မသည် ကျွန်မတစ်ယောက် တစ်ယောက်လျှင် အဝတ်အထည် တစ်ထည်ကျစီ စီမံရက်လုပ်စေသည်၊ ထိုစီမံချက်အရ အဝတ်ကြမ်း အထည်ငါးရာတို့ ဖြစ်လာလေသည်၊ ထိုအဝတ်ကြမ်းတို့ကို လဲလှယ်ဖလှယ်၍ ပဉ္စကဗုဒ္ဓါ ၅ ဆူတို့အား တိစီဝရိက်သင်္ကန်း အရောသုံးထည်စီ ပြုလုပ်ကာ လှူဒါန်းကြလေသည်၊ ပဉ္စကဗုဒ္ဓါအရှင်မြတ်တို့သည် သူမတို့ ကြည့်ရှုနေကြစဉ်ပင် ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွတော်မူကြလေသည်။

## ရက်ကန်းသည်မ ကြီးကဲဘဝ

ထိုကျွန်မအားလုံးတို့သည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုကြပြီးလျှင် နတ်ပြည်လောက၌ ဖြစ်ကြလေသည်၊ ထိုနတ်သမီးတို့တွင် အကြီးဆုံးနတ်သမီးသည် ထိုနတ်ပြည်မှစုတေလျှင် ဗာရာဏသီမြို့၏အနီးရက်ကန်းသည်ရွာဝယ် ရက်ကန်းသည်အကြီးအကဲ၏အိမ်၌ဖြစ်လေသည်၊ တနေ့သ၌ ပဒုမဝတီမိဖုရားကြီး၏သား ပဉ္စကဗုဒ္ဓါငါးရာတို့သည် ဗာရာဏသီမင်းကြီး ပင့်ဖိတ်ချက်အရ နန်းတော်တံခါးဝသို့ ကြွရောက်တော်မူလာကြရာ (နေရာထိုင်ခင်းပေး၍ ဆွမ်းကျွေးဖို့ကိုထား) တစ်စုံတစ်ယောက် ငဲ့စောင်း၍ကြည့်သူကိုမျှ မတွေ့ကြရသဖြင့် ပြန်နှစ်တော်မူကြကာ မြို့တံခါးမှ ထွက်ခွါကြလျက် ထိုရက်ကန်းသည်ရွာသို့ ကြွတော်မူကြလေသည်၊ ထိုရက်ကန်းသည်မအကြီးအကဲသည် ပဉ္စကဗုဒ္ဓါတို့ကို ဖူးမြင်ရ၍ ချစ်ခင်ကြည်ညိုလျက် ရှိခိုးဦးညွတ်ကာ ဆွမ်းကို လှူဒါန်းဆက်ကပ်လေသည်၊ ထိုပဉ္စကဗုဒ္ဓါအရှင်မြတ်တို့သည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးစီးလတ်သော် ဂန္ဓမာဒနတောင်သို့သာလျှင် ကြွသွားတော်မူကြလေသည်။

## နောက်ဆုံးဘဝ ဘိက္ခုနီမ

ထိုရက်ကန်းသည်မ အကြီးအကဲသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ စုတေလျှင် နတ်ပြည်, လူပြည်တို့၌ ကျင်လည်လျက် ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မမူမီ ဒေဝဒဟပြည် မဟာသုပ္ပဗုဒ္ဓမင်းကြီး၏သမီးတော်အငယ်ဖြစ်လာလေသည်၊"ဂေါတမီ"

ဟူ၍ မှည့်ခေါ်လေသည်၊ မဟာမာယာမင်းသမီး၏ညီမတော်ဖြစ်လေသည်၊ ဗေဒင်ကျမ်းတတ် လက္ခဏာဖတ်တတ်သောပုဏ္ဏားတို့သည် မင်းသမီးနှစ်ယောက်တို့၏လက္ခဏာများကို လေ့လာကြည့်ရှုကြရာ "ဤမင်းသမီးညီအမနှစ်ယောက်တို့၏ဝမ်း၌ ကိန်းနေလာသော သားတို့သည် စကြဝတေးမင်းများ ဖြစ်ကြလိမ့်မည်"ဟု နိမိတ်ဖတ်ကြလေသည်။

သုဒ္ဓေါဒနမင်းကြီးသည် အရွယ်သို့ ရောက်သောအခါ ထိုမင်းသမီးနှစ်ပါးလုံးကိုပင် ထိမ်းမြားမင်္ဂလာမှုပြု၍ မိမိ၏ကပိလဝတ်နန်းတော်သို့ ဆောင်ယူခဲ့လေသည်၊ (မဟာမာယာမင်းသမီးကို အဂ္ဂမဟေသီမိဖုရားကြီးအရာ၌ ထားလေသည်)၊ နောက်အဖို့၌ ကျွန်ုပ်တို့၏ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်မှ စုတေတော်မူခဲ့၍ မဟာမာယာမိဖုရားကြီး၏ဝမ်း၌ ပဋိသန္ဓေ ယူတော်မူလေသည်၊ မဟာမာယာမိဖုရားကြီးသည် ဘုရားအလောင်းတော်ကို ဖွားမြင်တော်မူပြီးသည်မှ ခုနစ်ရက်မြောက်သောနေ့ဝယ် နတ်ရွာစံ၍ တုသိတာနတ်ပြည်၌ ဖြစ်လေသည်။

မှတ်ချက်။ ။ ဤအင်္ဂုတ္တိုရ်အဋ္ဌကထာ,ဗုဒ္ဓဝင်အဋ္ဌကထာတို့၌ "ဘုရားအလောင်းတော် မဟာသက္ကရာဇ် ၆၈ ခု ကဆုန်လပြည့်နေ့၌ ဖွားမြင်တော်မူ၍ မဟာမာယာမိဖုရားကြီး ကဆုန်လပြည့်ကျော် ခုနစ်ရက်နေ့၌ နတ်ရွာစံ၍ သန္တုသိတနတ်သားဖြစ်ကြောင်း"မပါ။

မဟာမာယာ တဿ ဇာတဒိဝသတော သတ္တမေ ဒိဝသေ ကာလံ ကတွာ တုသိတပုရေ နိဗ္ဗတ္တိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၆၃။)

ဗောဓိသတ္တမာတာ သတ္တာဟဇာတေ ဗောဓိသတ္တေ ကာလံ ကတွာ တုသိတပုရေ နိဗ္ဗတ္တိ။ (ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၃၁၉။)

သုဒ္ဓေါဒနမင်းကြီးသည် ဘုရားအလောင်း၏မိထွေးတော် မဟာပဇာပတိဂေါတမီကို အဂ္ဂမဟေသီမိဖုရားကြီးအရာ၌ ထားတော်မူလေသည်၊ ထိုအခါ၌ မဟာပဇာပတိဂေါတမီမိဖုရားမှ နန္ဒမင်းသားကို ဖွားမြင်လေသည်၊ (မဟာမာယာမိဖုရားကြီးမှ သားတော် ဘုရားအလောင်းသိဒ္ဓတ္ထမင်းသားကို မီးရှူးသန့်စင် ဖွားမြင်ပြီးနောက် နှစ်ရက်,သုံးရက်မြောက်တွင် မဟာမာယာဒေဝီ၏ညီမတော် ဘုရားအလောင်း၏မိထွေးတော်မဟာပဇာပတိဂေါတမီမှ နန္ဒမင်းသားကို ဖွားမြင်လေသည်။ မဟာမာယာဒေဝီ နတ်ရွာစံသောအချိန်တွင် ဘုရားအလောင်းသိဒ္ဓတ္ထမင်းသားမှာ ခုနစ်ရက်သားသာ ရှိသေး၍ (ညီတော်) နန္ဒမင်းသားမှာ လေးရက်, ငါးရက်သားသာ ရှိသေးသည်။ မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ဒုပိုင်း၊ ၇)။ မိထွေးတော် မဟာပဇာပတိဂေါတမီသည် မိမိ၏သားရင်း နန္ဒမင်းသားကို အထိန်းတော်များအား ပေးအပ်၍ မိမိကိုယ်တိုင် ဘုရားအလောင်းကိုကျွေးမွေးပြုစုလေသည်။

နောက်တချိန်၌ ဘုရားအလောင်းတော်သည် တောထွက်၍ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင် သတ္တလောကကို ချီးမြှောက်မှု ပြုတော်မူလျက် အစဉ်သဖြင့် ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူ၍ နောက်တနေ့ဝယ် မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူလေသည်၊ ထိုအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် လမ်းခရီးအကြားမှာပင် တရားစကား နာကြားရ၍ သောတာပန်ဖြစ်တော်မူလေသည်၊ ထို့နောက် နှစ်ရက်မြောက်နေ့၌ နန္ဒမင်းသား ရဟန်းပြု၍ ခုနစ်ရက်မြောက်နေ့၌ ရာဟုလာမင်းသား ရှင်ပြုလေသည်။

ဘုရားရှင်သည် နောက်တချိန်(ငါးဝါမြောက်)ဝယ် ဝေသာလီပြည်ကို အမှီပြု၍ ကူဋာဂါရကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသည်၊ ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် ရွှေနန်းတော်အတွင်း ထီးဖြူအောက်ဝယ် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ ပရိနိဗ္ဗာန်စံတော်မူလေသည်၊ ထိုအခါ မဟာပဇာပတိဂေါတမီသည် ရဟန်းပြုရန် စိတ်ဖြစ်လေသည်၊ ထို့နောင်မှ ရောဟိဏီမြစ်ကမ်းဝယ် ကလဟဝိဝါဒသုတ်အဆုံး၌တောထွက်၍ ရဟန်းပြုသွားကြသော မင်းသားငါးရာတို့၏ကြင်ယာဟောင်းမင်းသမီးငါးရာတို့သည် တစိတ်တည်းဖြစ်ကြကာ "ငါတို့သည် မဟာပဇာပတိဂေါတမီ၏အထံသို့ သွားရောက်ကြလျက် အားလုံးပင် ဘုရားရှင်အထံတော်၌ ရဟန်းပြုကြကုန်စို့"ဟု တိုင်ပင်ကြပြီးလျှင် မဟာပဇာပတိဂေါတမီကို အကြီးအမှူးပြု၍ ဘုရားရှင်အထံသို့ သွားရောက်ကြကာ ရဟန်းပြုလိုကုန်ဆဲ ဖြစ်ကြလေသည်။ ဤမိထွေးတော်ဂေါတမီသည် ပဌမအကြိမ် ဘုရားရှင်ကို ဘိက္ခုနီမအဖြစ်ကို တောင်းပန်သော်လည်း အခွင့်မရခဲ့သောကြောင့် ဆတ္တာသည်ကို ခေါ်၍ ဆံတို့ကို ရိတ်ဖြတ်စေကာ ဖန်ရည်စွန်းသောအဝတ်သင်္ကန်းတို့ကို ဝတ်ဆင်လျက် ထိုသာကီဝင်မင်းသမီးငါးရာလုံးတို့ကို ခေါ်ဆောင်ပြီးလျှင် ဝေသာလီပြည်သို့ သွားရောက်၍ အရှင်အာနန္ဒာမထေရ်၏အကူအညီဖြင့် ဘုရားရှင်ကို တောင်းပန်စေပြီးနောက် ဂရုဓမ်ရှစ်ပါးတရားတို့ဖြင့် ရှင်အဖြစ်, ရဟန်းအဖြစ်ကို ရယူလေသည်၊ အခြားတပါးသော မင်းသမီးငါးရာတို့သည်ကား ရဟန်းယောကျ်ားသံဃာတဖက်ဖြင့် ရဟန်းအဖြစ်သို့ ရောက်ကြသည် ဧကတောဥပသမ္ပန္နဘိက္ခုနီမများ ဖြစ်ကြလေသည်။

မိထွေးတော်မဟာပဇာပတိဂေါတမီသည် ဘိက္ခုနီထေရီမ ဖြစ်ပြီးနောက် ဘုရားရှင်အထံတော်၌ ကမ္မဋ္ဌာန်းကို ယူ၍ ဝိပဿနာတရား ပွားများအားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။ (အံ၊ ဋ္ဌ၊ ၁၊ ၂၆၄။) အင်္ဂုတ္တိုရ်ပါဠိတော် တတိယအုပ်၌ကား သံခိတ္တသုတ်ကိုကြားနာရသဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည် ဟု လာရှိသည်။ (အံ၊ ၃၊ ၁၀၆)။ သာကီဝင်မင်းသမီး ဘိက္ခုနီမငါးရာတို့သည်ကား နန္ဒကောဝါဒကသုတ်(မ၊ ၃၊ ၃၁၄)ကို ကြားနာရသဖြင့် အရဟတ္တဖိုလ်သို့ ရောက်ကြလေသည်။

## မိထွေးတော်မူ၊ ရတ္တညူ၊ ရယူ ဧတဒဂ်

နောက်တချိန်ဝယ် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဘိက္ခုနီမတို့ကို ရာထူးဌာန္တရ၌ ထားတော်မူရာတွင် မိထွေးတော် မဟာပဇာပတိဂေါတမီထေရီကို "ရဟန်းတို့...ညဉ့်အပိုင်းအခြားကို သိကြသည့် ငါဘုရား၏တပည့်မ ဘိက္ခုနီတို့တွင် မဟာပဇာပတိဂေါတမီ ထေရီသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "ညဉ့်အပိုင်းအခြားကို သိသောအရာ (ဘိက္ခုနီ ဝါအကြီးဆုံးအရာ)ဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ ထားတော်မူလေသည်။

မဟာပဇာပတိဂေါတမီ ထေရီ ရတ္တညူနံ့ အဂ္ဂါတိ ဒဿေတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၆၁။)

အပရဘာဂေ သတ္ထာ ဇေတဝနေ နိသိန္နော ဘိက္ခုနိယော ဌာနန္တရေ ဌပေန္တော မဟာပဇာပတိံ ရတ္တညူနံ့ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊၁၊ ၂၆၄။)

## (၂) အရှင်မ ခေမာထေရီအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ မဟာပညာနံ ယဒိဒံ ခေမာ။ (အံ၊ ၁၊ ၂၆။)

### အရှင်မ ခေမာထေရီအလောင်း ဈေးဆုတောင်း

ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ခေမာထေရီအလောင်း၏ဈေးဆုတောင်းနှင့်ပတ်သက်၍ ဘဝဖြစ်ရပ်အချို့မှာ ကျမ်းဂန်အဆိုအမိန့်များ ကွဲပြားလျက်ရှိသည်။

အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊၁၊၂၆၄)၌ကား"ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ ခေမာထေရီအလောင်းအမျိုးသမီးသည် သူတပါး၌အကျွေးဝင်သူ=တပါးသောသူနှင့်စပ်၍ ဖြစ်ရသူ ဖြစ်လေသည်၊ တနေ့သ၌ ထိုဘုရားရှင်၏အဂ္ဂသာဝိကာ သုဇာတာထေရီမ ဆွမ်းခံကြွလာသည်ကို မြင်ရ၍ ကတွတ်မုံ့ ၃ ခုတို့ကို ပေးလှူ၍ ထိုနေ့မှာပင် မိမိ၏ဆံတို့ကို ဖြန့်လျက် ထေရီမအား အလှူကိုလှူပြီးလျှင်"နောင်အနာဂတ် ဘုရားရှင်ပွင့်တော်မူသောကာလဝယ် အရှင်မတို့ကဲ့သို့ ကြီးကျယ်သော ပညာရှိသည့် ထေရီမဖြစ်ရပါလို၏"ဟု ဆုတောင်းကာ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့သည်ဖြစ်၍ (ထိုဘဝမှ စုတေပြီးလျှင်) ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ခဲ့ရာ ကဿပဘုရားရှင်လက်ထက်တော်ဝယ် ကိကီအမည်ရှိသော ကာသိမင်းကြီး၏နန်းတော်၌ ပဋိသန္ဓေယူ၍ ညီအမခုနစ်ဖော်(သမီးတော်ခုနစ်ယောက်)တို့အနက် တစ်ယောက်ဖြစ်ကာ အနှစ်နှစ်သောင်းကာလကြာအောင် နန်းတွင်းမှာပင် ကောမာရိဗြဟ္မစရိယ(အပျိုစင်ဘဝဖြင့်မြတ်သောအကျင့်)ကို ကျင့်ကာ ထိုကျန်ညီအမတို့နှင့်အတူတကွ ဘုရားရှင်၏နေထိုင်တော်မူရာ ကျောင်းပရိဝုဏ်ကို ပြုလုပ်စေ၍လှူဒါန်းခဲ့သောကြောင့် ဘုရားနှစ်ဆူတို့၏အကြားကာလဝယ် နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ပြီးလျှင် ဤကျွန်ုပ်တို့၏ဘုရားရှင်ပွင့်တော်မူသောအခါ မဒ္ဒတိုင်း သာဂလနေပြည်တော်မှာ မင်းမျိုး၌ ဖြစ်လေသည်၊ "ခေမာ"ဟု မှည့်ခေါ်လေသည်၊ ခေမာမင်းသမီး၏ကိုယ်ရေအဆင်းသည် ရွှေရည်ဆေးဒါန်းရွှေဝါကဲ့သို့ ဝါဝင်းသောအဆင်းရှိလေသည်၊ သူမသည် အရွယ်ရောက်လတ်သော် ဗိမ္ဗိသာရမင်းကြီး၏မိဖုရားကြီးဖြစ်လာလေသည်"။

အတီတေ ကိရ ပဒုမုတ္တရဗုဒ္ဓကာလေ ဟံသဝတိယံ အယံ ပရပရိယာပန္နာ ဟုတွာ နိဗ္ဗတ္တိ။ အထေကဒိဝသံ တဿ ဘဂဝတော အဂ္ဂသာဝိကံ သုဇာတတ္ထေရိံ နာမ ပိဏ္ဍာယ စရန္တံ ဒိသွာ တယော မောဒကေ ဒတွာ တံဒိဝသမေဝ အတ္တနော ကေသေ ဝိဿဇ္ဇေတွာ ထေရိယာ ဒါနံ ဒတွာ "အနာဂတေ ဗုဒ္ဓုပ္ပါဒေ တုမှေ ဝိယ မဟာပညာ ဘဝေယျ"န္တိ ပတ္ထနံ ကတွာ ယာဝဇီဝံ ကုသလကမ္မေသု အပ္ပမတ္တာ ဟုတွာ ကပ္ပသတသဟဿံ ဒေဝမနုဿေသု သံသရန္တီ။ပ။ သာ ဝယပ္ပတ္တာ ဗိမ္ဗိသာရရညော ဂေဟံ အဂမာသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၆၄။) စရန္တံ ကား ဣတ္ထိလိင်ပုဒ် မဟုတ် (စရန္တိံ?)

မှတ်ချက်။ ။ ပဒုမုတ္တရဘုရားရှင်၏အဂ္ဂသာဝကအစုံတို့မှာ ဒေဝလမထေရ်နှင့် သုဇာတမထေရ်တို့ဖြစ်ကြ၍ အဂ္ဂသာဝိကာအစုံတို့မှာ အမိတာထေရီမနှင့် အသမာထေရီမတို့ဖြစ်ကြသည်(ဗုဒ္ဓဝင်ပါဠိတော်နှင့် ဗုဒ္ဓဝင်အဋ္ဌကထာတို့အလို)။

ပဒုမုတ္တရဿ ဘဂဝတော..ဒေဝလော စ သုဇာတော စ ဒွေ အဂ္ဂသာဝကာ၊...အမိတာ စ အသမာ စ ဒွေ အဂ္ဂသာဝိကာ။ (ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၂၃၂။)

ဒေဝလော စ သုဇာတော စ၊ အဟေသုံ အဂ္ဂသာဝကာ။
သုမနော နာမုပဋ္ဌာကော၊ ပဒုမုတ္တရဿ မဟေသိနော။
အမိတာ စ အသမာ စ၊ အဟေသုံ အဂ္ဂသာဝိကာ။
(ခု၊ ၄၊ ဗုဒ္ဓဝံသ၊ ၃၄၅။ ဋ္ဌ၊၂၃၃။)

ခေမာမိဖုရားကြီးသည် ဝေဠုဝန်ဥယျာဉ်တော်၏သာယာပုံ ဖွဲ့ဆိုထားသော ဂီတိဂါထာသီချင်းများကို ကြားရ၍ ဝေဠုဝန်ဥယျာဉ်သို့ သွားရောက်လှည့်လည်ပြီးနောက် ဘုရားရှင်ဖန်ဆင်းထားသော အလွန်တရာလှပသည့်မိန်းမ၏ရုပ်အဆင်း ပျက်ယွင်းသွားပုံကို တွေ့မြင်ရ၍ မိမိ၏"ခန္ဓာကိုယ်သည်လည်း ဤကဲ့သို့ ပျက်စီးရလတ္တံ့" ဟု သံဝေဂစိတ်ဖြစ်ပေါ်သောခဏ၌ ဘုရားရှင်က "ယေ ရာဂရတ္တာ’ နုပတန္တိ သောတံ၊"စသော ဓမ္မပဒ(ခု၊ ၁၊ ၆၃၊)၌လာသည့် (၃၄၇-နံပါတ်)ဂါထာကို ဟောတော်မူလေသည်။

ခေမာမိဖုရားကြီးသည် ဂါထာကို ကြားနာရသည်၏အဆုံး၌ ရပ်လျက်သားပင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်၊ လူပုဂ္ဂိုလ်အနေဖြင့် ရဟန္တာဖြစ်လျှင် ထိုနေ့၌ပင် ပရိနိဗ္ဗာန်ပြုမူလည်း ပြုရမည်, သို့မဟုတ် ရဟန်းပြုမူလည်း ပြုရမည်၊ ထိုမိဖုရားကြီးသည် မိမိ၏အာယုသင်္ခါရတို့၏ဖြစ်ပုံခြင်းရာကို သိ၍ "မိမိ၏ရှင်ရဟန်းအဖြစ်ကို ခွင့်ပြုစေအံ့"ဟု ကြံစည်ဆင်ခြင်၍ ဘုရားရှင်ကို ရှိခိုးပြီးလျှင် မင်းနန်းတော်သို့ ပြန်လာကာ မင်းကြီးကို ရှိမခိုးပဲ ရပ်လျက်နေ၏၊ မင်းကြီးသည် အမူအရာအားဖြင့်ပင် "မိဖုရားကား အရိယဓမ္မသို့ ဆိုက်ရောက်လေပြီဖြစ်ကြောင်း"သိရှိ၍ "မိဖုရား...ဘုရားရှင်ကိုဖူးမြင်ခြင်းငှါ သွားရောက်ခဲ့သလော?"ဟု မေးတော်မူလေသည်၊ မိဖုရားကြီးက"အရှင်မင်းကြီး...အရှင်တို့သည် မြင်အပ်သောဖူးမြင်ခြင်းသည် နည်းလှပါ၏၊ ကျွန်ုပ်ကား ဘုရားရှင်ကို ကောင်းစွာမြင်အပ်ပါပြီ၊ ကျွန်ုပ်ကိုရှင်ရဟန်းပြုခွင့်ပေးပါလော့"ဟု ပြောဆိုလေသည်၊ မင်းကြီးက "ကောင်းပါပြီ မိဖုရား..."ဟု ဝန်ခံကာ ရွှေထမ်းစင်ဖြင့် ဘိက္ခုနီမကျောင်းတိုက်သို့ ပို့ဆောင်၍ ရှင်ရဟန်းမ ပြုစေသည်၊ ထိုအခါ ထိုမိဖုရားကြီး၏အဖို့ရာ "ခေမာထေရီမည်သော ဘိက္ခုနီမသည် လူ့ဘဝ၌တည်လျက်အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့လေ၏"ဟု ဉာဏ်ပညာ၏ကြီးကျယ်သည်၏အဖြစ်သည် ထင်ရှားလေတော့သည်၊ နောက်အဖို့၌ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်ဝယ် သီတင်းသုံးနေတော်မူစဉ် ဘိက္ခုနီမတို့ကို အစဉ်အတိုင်း ရာထူးဌာနန္တရ၌ထားတော်မူသောအခါ ခေမာထေရီမကို ဉာဏ်ပညာကြီးကျယ်သည့်ရဟန်းမတို့တွင် အမြတ်ဆုံးအရာ၌ ထားတော်မူလေသည်။

အဂါရမဇ္ဈေ ဝသန္တေန နာမ အရဟတ္တံ ပတ္တေန တံဒိဝသမေဝ ပရိနိဗ္ဗာယိတဗ္ဗံ ဝါ ပဗ္ဗဇိတဗ္ဗံ ဝါ ဟောတိ၊ သာ ပန အတ္တနော အာယုသင်္ခါရာနံ ပဝတ္တနဘာဝံ ဉတွာ "အတ္တနော ပဗ္ဗဇ္ဇံ အနုဇာနာပေဿာမိ"တိ သတ္ထာရံ ဝန္ဒိတွာ ရာဇနိဝေသနံ ဂန္တွာ ရာဇာနံ အနဘိဝါဒေတွာဝ အဋ္ဌာသိ။

အထဿာ "ခေမာထေရီ နာမ ဂိဟိဘာဝေ ဌတွာ အရဟတ္တံ ပတ္တာ"တိ မဟာပညာဘာဝေါ ပါကဋော အဟောသိ။ (အံ၊ ဋ္ဌ၊ ၁၊၂၂၆။)

ထေရီဂါထာအဋ္ဌကထာ(ခေမာထေရီဂါထာဝဏ္ဏနာ၊ ၁၃၀-၁၃၁)၌ကား"ဤခေမာထေရီမအလောင်းသည် ပဒုမုတ္တရာဘုရားရှင်၏လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ သူတပါးအားမှီတွယ်၍အသက်မွေးရသည့် ကျွန်မဖြစ်လေသည်။ သူမသည် သူတပါးတို့၏ဝေယျာဝစ္စကိုပြုခြင်းဖြင့် အသက်မွေးမြူရကား တနေ့သ၌ ပဒုမုတ္တရာဘုရားရှင်၏အဂ္ဂသာဝက သုဇာတမထေရ် ဆွမ်းခံကြွလာသည်ကို ဖူးမြင်ရ၍ကတွတ်မုန့် ၃ ခုကို လှူဒါန်းပြီးလျှင် ထိုနေ့၌ပင် မိမိ၏ဆံပင်တို့ကို ဖြန့်ခင်းလျက် မထေရ်အား အလှူပေးကာ "နောင်အနာဂတ်ဝယ် ဘုရားရှင်၏ပညာကြီးသော အဂ္ဂသာဝိကာမ ဖြစ်ရပါလို၏ဘုရား"ဟု ဆုတောင်းပတ္ထနာပြု၍ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ပဲ (စုတေပြီးလျှင်) နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်လျက် အစဉ်သဖြင့် နတ်ပြည်ခြောက်ထပ်ဝယ် ထိုထိုနတ်မင်းတို့၏နတ်မိဖုရားကြီးအဖြစ်ဖြင့် ဖြစ်၍လည်းကောင်း, လူ့လောက၌လည်း အကြိမ်များစွာ စကြဝတေးမင်း, ပဒေသရာဇ်မင်းတို့၏မိဖုရားကြီးအဖြစ်ဖြင့် ဖြစ်၍လည်းကောင်း ကြီးကျယ်သောစည်းစိမ်တို့ကို ခံစားခဲ့ပြီးလျှင် ဝိပဿီဘုရားရှင်လက်ထက်တော်ဝယ် လူ့လောက၌ ဖြစ်လာလေသည်။

သူမသည် သိကြားလိမ္မာသည်၏အဖြစ်သို့ ရောက်လေသော် ဘုရားရှင်၏တရားတော်ကို ကြားနာရ၍ သံဝေဂရကာ ရဟန်းပြုပြီးလျှင် အနှစ်တသောင်းကာလကြာအောင် မြတ်သောအကျင့်ကိုကျင့်လျက် သုတကြွယ်ဝသည့် ဓမ္မကထိကာဖြစ်၍ လူအများအား တရားဟောခြင်းစသည်ဖြင့် ပညာဉာဏ်ကို ဖြစ်စေတတ်သောကံ(ပညာသံဝတ္တနိယကံ)ကို ပြု၍ ထိုဘဝမှစုတေလျှင် သုဂတိဘုံတို့၌သာ ကျင်လည်ခဲ့ရလျက် ဤဘဒ္ဒကမ္ဘာဝယ် ကကုသန်ဘုရားရှင်, ကောဏာဂုမ်ဘုရားရှင်တို့၏လက်ထက်တော်များ၌ စည်းစိမ်ဥစ္စာနှင့်ပြည့်စုံသော အမျိုးမှာပင်ဖြစ်ကာ သိကြားလိမ္မာသည်၏အဖြစ်သို့ ရောက်လျှင် ကြီးကျယ်သော သံဃာ့အာရာမ်ကို ဆောက်လုပ်စေ၍ ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူဒါန်းအပ်နှင်းလေသည်။

အယံ ကိရ ပဒုမုတ္တရဿ ဘဂဝတော ကာလေ ဟံသာဝတီနဂရေ ပရာဓိနဝုတ္တိကာ ပရေသံ ဒါသီ အဟောသိ။ သာ ပရေသံ ဝေယျာဝစ္စကရဏေန ဇီဝိကံ ကပ္ပေန္တီ ဧကဒိဝသံ ပဒုမုတ္တရဿ သမ္မာသမ္ဗုဒ္ဓဿ အဂ္ဂသာဝကံ သုဇာတတ္ထေရံ ပိဏ္ဍာယ စရန္တံ ဒိသွာ တယော မောဒကေ ဒတွာ တံဒိဝသမေဝ အတ္တနော ကေသေ ဝိဿဇ္ဇေတွာ ထေရဿ ဒါနံ ဒတွာ "အနာဂတေ မဟာပညာ ဗုဒ္ဓဿ သာဝိကာ ဘဝေယျ"န္တိ ပတ္ထနံ ကတွာ ယာဝဇီဝံ ကုသလကမ္မေ အပ္ပမတ္တာ ဟုတွာ ဒေဝမနုဿေသု သံသရန္တီ အနုက္ကမေန

ဆကာမသဂ္ဂေ တေသံ တေသံ ဒေဝရာဇူနံ မဟေသိဘာဝေန ဥပပန္နာ မနုဿလောကေပိ အနေကဝါရံ စက္ကဝတ္တီနံ မဏ္ဍလရာဇူနဉ္စ မဟေသိဘာဝံ ဥပဂတာ မဟာသမ္ပတ္တိယော အနုဘဝိတွာ ဝိပဿိဿ ဘဂဝတော ကာလေ မနုဿလောကေ ဥပ္ပန္နိတွာ...ခမ့် သုတွာ ပဋိလဒ္ဓသံဝေဂါ ပဗ္ဗဇိတွာ...ဗဟုဿုတာ ဓမ္မကထိကာ ဟုတွာ ဗဟုဇနဿ ဓမ္မကထနာဒိနာ ပညာသံဝတ္တနိယကမ္မံ ကတွာ...ဣမသ္မိံ ကပ္ပေ ဘဂဝတော စ ကကုသန္ဓဿ ဘဂဝတော စ ကောဏာဂမနဿ ကာလေ ဝိဘဝသမ္ပန္နေ ကုလေ နိဗ္ဗတ္တိတွာ...မဟန္တံ သံဃာရာမံ ကာရေတွာ ဗုဒ္ဓပ္ပမုခဿ ဘိက္ခုသံဃဿ နိယျာဒေသိ။(ထေရီဂါထာ၊ ဋ္ဌ၊ ၁၃၀ ၁၃၁။)

ကဿပဘုရားရှင်၏လက်ထက်တော်၌ကား ကိကီမည်သော ကာသိမင်းကြီး၏သမဏီမည်သော အကြီးဆုံးသမီးတော်ဖြစ်၍ ဘုရားရှင်၏တရားတော်ကို ကြားနာရသဖြင့် ဓမ္မသံဝေဂရရှိကာ နန်းတော်တွင်းမှာပင် အနှစ်နှစ်သောင်းတို့ပတ်လုံး ကောမာရဗြဟ္မစရိယကို ကျင့်လျက် သမဏဂုတ္တာအစရှိသော မိမိ၏ညီမတော်မင်းသမီးတို့နှင့် အတူတကွ မွေလျော်ဖွယ်ရာ ကျောင်းပရိဝုဏ်ကို ပြုလုပ်စေပြီးလျှင် ဘုရားအမှူးရှိသော ဘိက္ခုသံဃာအား လှူဒါန်းအပ်နှင်းလေသည်။

## နောက်ဆုံးဘဝ ထေရီမ

အရှင်မ ခေမာထေရီအလောင်းသည် ထိုထိုဘဝ၌ တည်ရာမှီရာဖြစ်သော ပြန့်ပြောသော ကောင်းမှုကို ပြုခဲ့၍ သုဂတိဘဝတို့၌သာ ကျင်လည်ခဲ့ရပြီးလျှင် ကျွန်ုပ်တို့၏ဘုရားရှင်ပွင့်တော်မူသောအခါ မဒ္ဒတိုင်း သာကလနေပြည်တော်ဝယ် မင်းမျိုး၌ဖြစ်ရလေသည်၊ "ခေမာ"ဟု မှည့်ခေါ်လေသည်၊ ရွှေအဆင်းနှင့်တူသော အသားအရေရှိ၏၊ သူမသည် အရွယ်ရောက်လတ်သော် ဗိမ္ဗိသာရမင်းကြီး၏ရွှေနန်းတော်သို့ လိုက်ပါ၍ မိဖုရားကြီးဖြစ်သောအခါ ဘုရားရှင် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်(သူမသည်) ရုပ်အဆင်း၌ယစ်မူးနေသူဖြစ်ရကား "(ဘုရားရှင်သည်) ရုပ်(အဆင်း)၌ အပြစ်ကို ဟောပြ၏"ဟု ကြံစည်တွေးတောကာ ဘုရားရှင်ကို ဖူးမြင်ခြင်းငှာ မသွားချေ။

မင်းကြီးသည် လူတို့ကို ဝေဠုဝန်ဥယျာဉ်၏သာယာကြည်နူး ကျေးဇူးဂုဏ်ကို ချီးကျူးစကား ထင်ရှားပြောဆိုစေလျက် မိဖုရားအား ဝေဠုဝန်ကျောင်းတော်ကို ကြည့်ရှုရန် စိတ်ကို ဖြစ်စေ၏၊ ထိုအခါ ခေမာမိဖုရားကြီးက "ကျွန်တော်မသည် ကျောင်းတော်ကို ကြည့်ရှုပါအံ့"ဟု မင်းကြီးကို ပန်ကြားလေသည်။ ဗိမ္ဗိသာရမင်းကြီးက "သင်မိဖုရား ကျောင်းတော်သို့ သွားလျှင် ဘုရားရှင်ကို မဖူးမြင်ပဲ ပြန်မလာရ"ဟု ပြောဆို၍"အနိုင့်အထက်ပြုသဖြင့်လည်း မိဖုရားကို ဘုရားရှင်အား ဖူးမြော်စေကုန်လော့"ဟု မင်းချင်းယောကျ်ားတို့အား အမှတ်သညာ(သတိ)ပေးလိုက်လေသည်။ မိဖုရားကြီးသည် ကျောင်းတော်သို့ သွားရောက်ကာ နေ့အဖို့ကို ကုန်လွန်စေပြီးလျှင် ဘုရားရှင်ကို မဖူးမြော်ပဲ ပြန်သွားရန်ကြိုးစားခဲ့ရာ မင်းချင်းယောကျ်ားတို့က ဘုရားရှင်ကို မဖူးမြော်လိုသော မိဖုရားကြီးကို ဘုရားရှင်အထံတော်သို့ ခေါ်ဆောင်ကြလေသည်။

ဘုရားရှင်သည် လာနေသော မိဖုရားကြီးကို မြင်တော်မူလျှင် တန်ခိုးတော်ဖြင့် နတ်သမီးနှင့်တူသော အမျိုးသမီးကို ဖန်ဆင်းလျက် ထန်းရွက်ယပ်ဝန်းကိုင်စေကာ ယပ်ခပ်နေစေသည်၊ ခေမာမိဖုရားကြီးသည် ထိုအမျိုးသမီးကို မြင်ရလျှင် "ဤကဲ့သို့သော နတ်သမီးနှင့်တူကြသည့် အမျိုးသမီးတို့သည် ဘုရားရှင်၏အနီး၌တည်နေကြသည်၊ ငါသည် ထိုအမျိုးသမီးတို့၏အလုပ်အကျွေး၏အဖြစ်ဖြင့်ပင် မတတ်နိုင်သေး၊ အနီးငယ်(မပြောပလောက်တာကလေးနဲ့) အကြောင်းမဲ့ မကောင်းစိတ်၏အစွမ်းဖြင့် ပျက်စီးတော့မလို့"ဟု အမှတ်နိမိတ်ကိုယူကာ ထိုအမျိုးသမီးကိုပင်လျှင် ကြည့်လျက် ရပ်နေမိလေသည်။ ထိုအခါ ခေမာမိဖုရားကြီးကြည့်နေစဉ်ပင် ဘုရားရှင်၏အဓိဋ္ဌာန်စွမ်းဖြင့် ထိုအမျိုးသမီးသည် ပဌမအရွယ်, မဇ္ဈိမအရွယ်တို့ကို လွန်ကာ ပစ္ဆိမအရွယ်သို့ ရောက်လျက် သွားကျိုး, ဆံဖြူ, ပါးရေတွန့်လာပြီးလျှင် ထန်းရွက်ယပ်နှင့်အတူတကွ လဲကျသွားလေသည်။

ထို့နောက်ဝယ် ခေမာမိဖုရားကြီးသည် ပြုအပ်ပြီးသောကောင်းမှုရှိရကား "ဤသို့နတ်သမီးတမျှ လှပသောသူ၏ခန္ဓာကိုယ်သည်ပင် ဤကဲ့သို့ ပျက်စီးခြင်းသို့ ရောက်ရသေးလျှင် ငါ၏ခန္ဓာကိုယ်သည်လည်း အလားတူပင် ပျက်စီးရပေလိမ့်မည်"ဟု ကြံစည်ဆင်ခြင်မိလေသည်။

ထိုအခါ ထိုခေမာမိဖုရားကြီး၏စိတ်ဖြစ်ပုံကို သိတော်မူသော ဘုရားရှင်က...

ယေ ရာဂရတ္တာ'နုပတန္တိ သောတံ၊ သယံ ကတံ မက္ကဋကောဝ ဇာလံ။
တေမ္ပိ ဆေတွာန ပရိဗ္ဗဇန္တိ၊ အနပေက္ခိနော ကာမသုခံ ပဟာယ။
(ထေရီဂါထာအဋ္ဌကထာ၊ ၁၃၂။)

မက္ကဋကော ပင့်ကူကောင်သည်၊ သယံ ကတံ ကိုယ်တိုင်ပြုလုပ်အပ်သော၊ ဇာလံ ကွန်ရက်အသွင် ပင့်ကူအိမ်ချည်မျှင်သို့၊ အနုပတတိ ယထာ အစဉ်လျှောက်ကာ နေရာသကဲ့သို့၊ ယေ အကြင်သတ္တဝါတို့သည်၊ ရာဂရတ္တာ ရာဂဖြင့် တပ်မက်

မောကုန်၏၊ တေ-ထိုသတ္တဝါတို့သည်၊ သယံ ကတံ မိမိတို့ကိုယ်တိုင် ပြုလုပ်သော၊ သောတံ-ကိလေသာအယဉ် ခန္ဓာအစဉ်ကို၊ အနုပတန္တိ အစဉ်လိုက်၍ နေရကုန်၏၊ ဓီရာ ပညာရှိတို့သည်၊ ကာမသုခံ-ကာမဂုဏ်ချမ်းသာကို၊ အနပေက္ခိနော ငဲ့ကွက်တွယ်တာခြင်းမရှိကုန်ပဲ၊ ပဟာယ ပယ်စွန့်ကုန်၍၊ ဧတမ္ပိ ထိုကိလေသာအယဉ် ခန္ဓာအစဉ်ကိုလည်း၊ ဆေတွာန တစမကျန် တွန်းလှန်ဖြတ်တောက်ကုန်၍၊ ပရိဗ္ဗဇန္တိ နိဗ္ဗာန်ထုတ်ချောက် သွားရောက်ကြကုန်၏။

ခေမာမိဖုရားကြီးသည် ဤဂါထာကို ကြားနာသည်၏အဆုံး၌ ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်-ဟု အဋ္ဌကထာတို့၌ လာသော်လည်း အပဒါန်ပါဠိတော်၌ကား "ဤဂါထာကို ကြားနာရ၍ သောတာပတ္တိဖိုလ်၌ တည်လျက် ဗိမ္ဗိသာရမင်းကြီးကို ခွင့်ပြုစေ၍ ရဟန်းပြုပြီးနောက်မှ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

အပဒါန်ပါဠိတော်၌ကား..ခေမာထေရီအလောင်း အမျိုးသမီးသည် ကမ္ဘာတစ်သိန်းအထက်က ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ သူဌေးသမီးဖြစ်၍ တနေ့သ၌ ဘုရားရှင်၏တရားတော်ကို ကြားနာရ၍ ကြည်ညိုသဒ္ဓါ ဖြစ်ပွားကာ သရဏဂုံတည်သူဖြစ်လာလေသည်။ ထို့နောက် မိဘတို့ကို ပန်ကြား၍ ဘုရားအမှူးရှိသော သံဃာတော်ကို ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပြီးလျှင် ခုနစ်ရက်လွန်မြောက်သောအခါ ဘုရားရှင်က ဘိက္ခုနီမတစ်ပါးကို ပညာကြီးကျယ်သော ဘိက္ခုနီမတို့တွင် အမြတ်ဆုံး တေဒဂ်ရာထူး၌ ထားတော်မူသည်ကို ကြားသိရ၍ ဝမ်းမြောက်အားကျကာ တဖန် အဓိကာရကုသိုလ်ကောင်းမှုကို ပြုလျက် ထိုပညာအရာ၌ တေဒဂ်ရာထူးကို ဆုတောင်းလေသည်။ ပဒုမုတ္တရဘုရားရှင်က ကမ္ဘာတသိန်းလွန်သောအခါ ဂေါတမဘုရားရှင် သာသနာတော်၌ ပညာအရာဝယ် တေဒဂ်ရ ခေမာထေရီမဖြစ်မည်အကြောင်း ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

> ပဒုမုတ္တရော နာမ ဇိနော၊ သဗ္ဗဓမ္မေသု စက္ခုမာ။
> ဣတော သတသဟဿမှိ၊ ကပ္ပေ ဥပ္ပဇ္ဇိ နာယကော။
> တဒါဟံ ဟံသဝတိယံ၊ ဇာတာ သေဋ္ဌိကုလေ အဟုံ။
> နာနာရတနပဇ္ဇောတေ၊ မဟာသုခသမပ္ပိတာ။
> ဥပေတွာ တံ မဟာဝီရံ၊ အဿောသိံ ဓမ္မဒေသနံ။
> တတော ဇာတပ္ပသာဒါဟံ၊ ဥပေမိ သရဏံ ဇိနံ။
> မာတရံ ပိတရံ စာဟံ၊ အာယာစိတွာ ဝိနာယကံ။
> နိမန္တယိတွာ သတ္တာဟံ၊ ဘောဇယိံ သဟသာဝကံ။
> အတိက္ကန္တေ စ သတ္တာဟေ၊ မဟာပညာနမုတ္တမံ။
> ဘိက္ခုနိံ ဧတဒဂ္ဂမှိ၊ ဌပေသိ နရသာရထိ။
> တံ သုတွာ မုဒိတာ ဟုတွာ၊ ပုနော တဿ မဟေသိနော။
> ကာရံ ကတွာန တံ ဌာနံ၊ ပဏိပစ္စ ပဏီဒဟိံ။
> ဂေါတမော နာမ ဂေါတ္တေန၊ သတ္ထာ လောကေ ဘဝိဿတိ။
> တဿ ဓမ္မေသု ဒါယာဒါ၊ ဩရသာ ဓမ္မနိမ္မိတာ။
> ဧတဒဂ္ဂမနုပ္ပတ္တာ၊ ခေမာ နာမ ဘဝိဿတိ။
> (အပဒါန်၊ ၂၊ **ခေမာထေရီအပဒါန** ၂၂၁ ၂၂၂)

## နတ်, လူမိဖုရား၊ ကြိမ်ဖန်များ၊ ဖြစ်ငြား ခေမာလောင်း

ထိုသူဌေးသမီးသည် အသက်ထက်ဆုံး ကောင်းမှုကိုပြု၍ ထိုဘဝမှ စုတေလျှင် တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တိ=ဤအထက်နတ်ပြည်ငါးထပ်တို့၌ အစဉ်အတိုင်း နတ်ဖုရားကြီးချည်း ဖြစ်ရသည်ပြင် နတ်ပြည်မှ စုတေလျှင် လူ့ပြည်၌လည်း စကြဝတေးမင်း, ပဒေသရာဇ်မင်းတို့၏မိဖုရားကြီးချည်း ဖြစ်ရလေသည်။

## ဝိပဿီဘုရား၊ လက်ထက်ကား၊ ပြုငြား ဘိက္ခုနီ

ကမ္ဘာပေါင်းများစွာ နတ်စည်းစိမ်, လူ့စည်းစိမ်တို့ကို ခံစား၍ ကျင်လည်ခဲ့လေရာ ကိုးဆယ့်တကမ္ဘာထက်၌ ဝိပဿီဘုရားရှင်

လက်ထက်တော်ဝယ် အမျိုးကောင်းသမီးဖြစ်၍ ဘုရားရှင်၏တရားတော်ကို နာယူရပြီးလျှင် ဘိက္ခုနီပြုလုပ်လျက် နှစ်ပေါင်းတစ်သောင်းတို့ပတ်လုံး မြတ်သော အကျင့်ကို ကျင့်သုံးသဖြင့် ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်သူ, ဗဟုသုတကြွယ်ဝသူ, ပဋိစ္စသမုပ္ပါဒ်တရား၌ ကျွမ်းကျင်လိမ္မာသူ, သစ္စာလေးပါးတို့၌ရဲရင့်သူ, သိမ်မွေ့ ဆန်းကြယ်စွာ တရားဟောကောင်းသူ ဘိက္ခုနီမဖြစ်၍ ဘုရားရှင်၏သာသနာကို လိုက်နာကျင့်သုံးခဲ့လေသည်။

ထိုဘဝမှစုတေလျှင် တုသိတာနတ်ပြည်သို့ တက်၍ ဖြစ်လေရာရာဘဝတို့၌ မြတ်သောအကျင့်ကို ကျင့်သုံးခဲ့သောကောင်းမှု၏ အကျိုးအားဖြင့် သူတပါးထက်သာလွန်သော စည်းစိမ်ဥစ္စာ, ပညာ, အဆင်း(ရူပဝတီ) (သီလဝတီ၊က=သီလ), လိမ္မာသော အခြွေအရံ ပရိသတ်ရှိသူဖြစ်လျက် နှစ်သက်ဖွယ်ရာ များစွာသော လူ့နတ်စည်းစိမ်တို့ကို လွယ်လင့်တကူ ရယူသုံးဆောင်ခံစားရသည်ပြင် ထိုပဋိပတ်ကောင်းမှုအစွမ်းကြောင့်ပင် ဖြစ်လေရာဘဝတို့၌ အရှင်သခင်စိုးပိုင်သူများက အလေးထားမြတ်နိုးရသူ နတ်မိဖုရား, လူ့မိဖုရားဖြစ်ရလေသည်။

## ကောဏာဂုမ်ဘုရား၊ လက်ထက်ကား၊ လှူပြား ကျောင်းအမ

ထိုခေမာထေရီအလောင်း အမျိုးသမီးသည် ဤဘဒ္ဒကမ္ဘာဝယ် ဂေါဏာဂုမ်ဘုရားရှင်လက်ထက်တော်အခါ ဗာရာဏသီပြည်၌ ပြည့်စုံကြွယ်ဝသော အမျိုးသမီးဖြစ်၍ ဓနဉ္စာနီအမျိုးသမီး, သုမေဓာအမျိုးသမီးတို့နှင့် အတူတကွ အလှူဒါနပြုဖော် သူငယ်ချင်းမတို့ ဖြစ်ကြလျက် သုံးယောက်သား ကျောင်းအမများအဖြစ်ခံယူ၍ သံဃာ့အာရာမ်ကျောင်းတိုက်ကြီးနှင့်တကွ သံဃိကကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့ကြလေသည်၊ ထိုဘဝမှ စုတေကြလေသော် သုံးယောက်လုံးပင် တာဝတိံသာနတ်ပြည်နှင့် လူ့ပြည်တို့၌ နတ်စည်းစိမ်, လူ့စည်းစိမ်တို့ကို အထက်တန်းကျကျ သုံးဆောင်ခံစားကြရလေသည်။

## ကိကီမင်းကြီး၊ သမီးကြီး၊ မည်သီး သမဏီ

ထိုအမျိုးသမီးသည် ဤဘဒ္ဒကမ္ဘာ၌ပင် ပွင့်တော်မူသော ကဿပဘုရားရှင်၏ အလုပ်အကျွေး ကာသိတိုင်း ဗာရာဏသီပြည်ရှင် ကိကီမင်းကြီး၏သမီးတော်ခုနစ်ယောက်အနက် အကြီးဆုံး သမီးတော် "သမဏီ"ဖြစ်လာလေသည်။ သမီးတော်ခုနစ်ယောက်မှာ...

| ကဿပဘုရားရှင်လက်ထက်တော်၌ | ဂေါတမဘုရားရှင်လက်ထက်တော်၌ |
|---|---|
| (၁) သမဏီမင်းသမီး | (၁) ခေမာ |
| (၂) သမဏဂုတ္တာမင်းသမီး | (၂) ဥပ္ပလဝဏ္ဏာ |
| (၃) ဘိက္ခုနီမင်းသမီး | (၃) ပဋာစာရာ |
| (၄) ဘိက္ခုဒါယိကာမင်းသမီး | (၄) ကုဏ္ဍလာ |
| (၅) ဓမ္မာမင်းသမီး | (၅) ကိသာဂေါတမီထေရီ |
| (၆) သုဓမ္မာမင်းသမီး | (၆) ဓမ္မဒိန္နာထေရီ |
| (၇) သံဃဒါယိကာမင်းသမီး | (၇) ဝိသာခါကျောင်းအမကြီး |

ဤသို့ အသီးအသီး ဖြစ်လာကြလေသည်။

သမဏီ သမဏဂုတ္တာ စ၊ ဘိက္ခုနီ ဘိက္ခုဒါယိကာ။
ဓမ္မာ စေဝ သုဓမ္မာ စ၊ သတ္တမီ သံဃဒါယိကာ။
အဟံ (ခေမာ) ဥပ္ပလဝဏ္ဏာ စ၊ ပဋာစာရာ စ ကုဏ္ဍလာ။
ကိသာဂေါတမီ ဓမ္မဒိန္နာ၊ ဝိသာခါ ဟောတိ သတ္တမီ။
(ခု၊ ၄၊ ၂၂၄=ခေမာထေရီအပဒါန။)

သမဏီမင်းသမီးသည် ကဿပဘုရားရှင်၏တရားတော်ကို ကြားနာရ၍ ဘိက္ခုနီပြုရန် ခမည်းတော်မင်းကြီးထံ ခွင့်ပန်သော်လည်း အခွင့်မရခဲ့ချေ၊ ထိုအခါ သမီးတော် ခုနစ်ယောက်လုံးပင် အနှစ်နှစ်သောင်းတို့ပတ်လုံး အပျိုစင်ဘဝဖြင့်ပင် ကောမာရဗြဟ္မစရိယ =အကျင့်မြတ်ကို ကျင့်သုံးကြလျက် ဘုရားရှင်ကို ပြုစုလုပ်ကျွေးနေကြလေသည်။

အခါတပါး၌ ဘုရားရှင်သည် အလွန်အံ့ဩဖွယ်ကောင်းသော မဟာပဒါနသုတ္တန်တရားတော်ကို ဟောကြားတော်မူလေသည်၊ သမဏီမင်းသမီးသည် ထိုသုတ္တန်ကို ကြားနာရ၍ သဒ္ဓါတရားထက်သန်လာကာ လေ့လာသင်ကြားလျက် နှုတ်ရဆောင်ပြီးလျှင် ရွတ်ဆိုသရဇ္ဈာယ်ခဲ့လေသည်။ ထိုပြုအပ်ခဲ့သော ကုသိုလ်ကောင်းမှုတို့ကြောင့် မင်းသမီးဘဝမှ စုတေလေသော် တာဝတိံသာနတ်ပြည်၌ ဖြစ်ရလေသည်။

## နောက်ဆုံးဘဝ၊ ရဟန်းမ၊ မြတ်လှ ပညာတွင်

ထိုနတ်သမီးဘဝမှ စုတေလျှင် ဤဘဒ္ဒကမ္ဘာဝယ် သာဂလနေပြည်တော် မဒ္ဒရာဇ်မင်း၏သမီးတော်ဖြစ်၍ ပြည်သူခပ်သိမ်း အေးငြိမ်းချမ်းသာ ဘေးကင်းကွာစေလျက် မေးဖွားလာသူဖြစ်သောကြောင့် "ခေမာ"မည်တွင်လေသည်၊ ခေမာမင်းသမီး အရွယ်သို့ ရောက်သောအခါ ဗိမ္ဗိသာရမင်းကြီး၏အလွန်ချစ်မြတ်နိုးအပ်သည့် မိဖုရားကြီးဖြစ်လာကာ ကိုယ်ရေအဆင်း၌ အလွန်မာန်ယစ်သူ ဖြစ်လေသည်။

ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ ခေမာမိဖုရားကြီးသည် "ဘုရားရှင်က ရုပ်အဆင်း၌ အပြစ်ကိုပြ၍ တရားဟောတော်မူသတဲ့"ဟု တဆင့်စကား ကြားသိရသောကြောင့် "ငါသွားလျှင်လည်း ဘုရားရှင်သည် ရုပ်အဆင်း၌ အပြစ်ကိုပင် ပြတော်မူလေရာ၏"ဟု ကြံစည်တွေးတောကာ ဘုရားရှင့်အထံတော်သို့ အဖူးအမြော် မသွားပဲ နေလေသည်။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် စာဆိုပညာရှင်တို့အား "ဝေဠုဝန်ကျောင်းတော်ဖွဲ့ ဂီတိဂါထာတို့ကို ဖွဲ့နွဲ့သီကုံးစေပြီးလျှင် ထို ဂီတိဂါထာ သီချင်းတို့ကို "ခေမာမိဖုရား ကြားလောက်ရာအရပ်၌ တစာစာ သီဆိုကြရမည်"ဟု အဆိုတော်များကို သီဆိုစေလေသည်။

ခေမာမိဖုရားသည် ထိုဂီတိဂါထာသီချင်းသံကို ကြားရလျှင် ထိုဝေဠုဝန်ဥယျာဉ်တော်သို့ သွားရောက်ကြည့်ရှုချင်သော အာသာ ဆန္ဒပြင်းပြရကား ဗိမ္ဗိသာရမင်းကြီးကို ခွင့်ပန်ပြီးလျှင် ကြီးစွာသော အခမ်းအနားဖြင့် ဘုရားရှင်နှင့် မတွေ့ရအောင်ကြံဖန်၍ ဆွမ်းခံဝင် ချိန်တွင် ဥယျာဉ်တော်သို့ ဝင်ရောက်ကာ ပွင့်သီးကင်းငုံ ပန်းမျိုးစုံထွေးယှက် ပန်းဝတ်ရက်သောက်သုံး ပျားပိတုန်းတဝီဝီ ဥသြတွေ သီကျူး ဒေါင်းတွေမြူးကခုန် လှပုံတော့မရောပြွမ်း အေးချမ်း၍ဆိတ်ညံ စကြံန်မဏ္ဍပ် ကျောင်းစရပ်တို့ဖြင့် သူတော်မြတ်တို့ မွေ့လျော်ရာ ဝေဠုဝန်ဥယျာဉ်တော်ကို ရှုမြော်လျက် လှည့်လည်လေသည်။ ပန်းဝတ်ရက်=ပန်းဝတ်ရည်

ခေမာမိဖုရားသည် သစ်ပင်ရင်း၌ ရဟန်းတရား ပွားများအားထုတ်ကာ ထိုင်နေသော ရဟန်းပျိုတစ်ပါးကို မြင်၍ "ပျိုမြစ်နုနယ် ဤအရွယ်၌ မွေ့လျော်ဖွယ်အာရုံ ကာမဂုဏ်ကိုခံစားပြီး သက်ကြီးယွင်းယို အိုမင်းသောအခါမှ ရဟန်းတရားကို အာထုတ်သင့်ပေသည်တကား"ဟု ကြံစည်၍ ဘုရားရှင် မရှိဟူသောအထင်ဖြင့် ဂန္ဓကုဋိကျောင်းတော်ကို ချဉ်းကပ်ကာ ကြည့်ရှုလတ်သော် ဂန္ဓကုဋိ ကျောင်းတော်၌ တန်ခိုးတော်ဖြင့် ခေမာမိဖုရားထက် သာလွန်တင့်တယ် မိန်းမငယ် (ဣတ္ထိရုပ်)ကို ဖန်ဆင်းတော်မူလျက် ယပ်ခတ်စေ၍ နေတော်မူသော ဘုရားရှင်ကို ပက်ပင်းတိုးကာ ဖူးမြင်ရလေသည်။

ခေမာမိဖုရားသည် မိမိအဆင်း၌တပ်မက်ခြင်းကို ပယ်စွန့်လျက် ထိုဖန်ဆင်းရုပ်သွင် သူငယ်မအဆင်း၌ ပြင်းစွာတပ်ကာ တစိန်းစိန်းကြည့်ရှုဆဲမှာပင် ဘုရားရှင်၏ဖန်ဆင်းချက်ကြောင့် ထိုသူငယ်မ၏ရုပ်သွင်ကား ရွတ်တွအိုမင်း အဆင်းဖောက်ပြန် ဆံဖြူသွား ကျိုး ညှင်းဆိုးမှည့်စွဲလျက် တွဲရရွဲကျသောသားမြတ် တွန့်ကပ်ပိန်ခြောက်သောအရေအသား ကိုးရိုးကားရား ခြေလက်အင်္ဂါ ကြီးစွာသော အဆစ်အပိုင်း အကြောပြိုင်းရရှိုင်းနှင့် ကုပ်ကိုင်းသောကိုယ်ရှိလျက် ပင့်သက်ရှူရှိုက် တုန်တုန်ခိုက်ခိုက် မျက်ဖြူဆိုက်၍ ဖိုက်ခနဲ လဲသေ သည်ကို မြင်ရလေလျှင် ခေမာမိဖုရား၏စိတ်သန္တာန်၌...

မိရတ္တု ရူပံ အသုစိံ၊ ရမဏ္ဍေ ယတ္ထ ဗာလိသာ။ (ထေရီအပဒါန်၊ ခေမာထေရီအပဒါန်၊ ၂၂၆။)

ရူပံ ခတ်လေးပါးဆောင် ဤရုပ်ကောင်သည်၊ ပင်ကိုယ်သူ့သဘောဝယ် မစင်ကြယ်ပါတကား၊ မိ စက်ဆုပ်ရွံရှာဖွယ် သည်၊ အတ္တု ဖြစ်စွာ့တကား၊ ယတ္ထ ယင်းသို့ မစင်မကြယ် ထို့ဖွယ်ဖြစ်သော ရုပ်ကောင်၌၊ ဗာလိသာ ပညာအန္ဓ အမိုက်မတို့ သည်၊ ရမဏ္ဍေ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်၍ နေကုန်၏တကား။

ဟု သံဝေဂဉာဏ် ထက်သန်စွာ ဖြစ်ရှိလာလေသည်။ (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ဒုပိုင်း၊ ၂၆။)

မှတ်ချက်။ ။ အပဒါန်ပါဠိတော်၌ "ဗာလိသာ"ဟု ရှိသော်လည်း မဟာဗုဒ္ဓဝင်၌ကား "ဗာလိယာ"ဟု ရှိ၏။

ထိုအခါ ဘုရားရှင်က ခေမာမိဖုရားအား တရားဟောတော်မူလေသည်မှာ....

၃၅၄။ အာတုရံ အသုစိံ ပူတိံ၊ ပဿ ခေမေ သမုဿယံ။
ဥဂ္ဃရန္တံ ပဃရန္တံ၊ ဗာလာနံ အဘိနန္ဒိတံ။

၃၅၅။ အသုဘာယ စိတ္တံ ဘာဝေဟိ၊ ဧကဂ္ဂံ သုသမာဟိတံ။
သတိ ကာယဂတာ တျတ္ထု၊ နိဗ္ဗိဒါ ဗဟုလာ ဘဝ။

၃၅၆။ ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊ ကာယေ ဆန္ဒံ ဝိရာဇယ။

၃၅၇။ အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယမုဇ္ဇဟ။
တတော မာနာဘိသမယာ၊ ဥပသန္တာ စရိဿသိ။
၃၅၈။ ယေ ရာဂရတ္တာနုပတန္တိ သောတံ၊ သယံ ကတံ မက္ကဋကောဝ ဇာလံ။
ဧတမ္ပိ ဆေတွာန ပရိဗ္ဗဇန္တိ၊ အနပေက္ခိနော ကာမသုခံ ပဟာယ။
(ခု၊ ၄၊ ထေရီအပဒါန်၊ ခေမာထေရီအပဒါန်၊ ၂၂၆ ၂၂၇။)

ခေမေ ခေမာမိဖုရား၊ အာတုရံ ကျင်နာခံခက် နိပ်စက်ထသော၊ အသုစိံ မစင်မကြယ် ထွီဖွယ်ရာဖြစ်ထသော၊ပူတိံ ပုပ်ဟောင်ညှီလှေင်း မကောင်းသော အနံ့ရှိထသော၊ ဥဂ္ဃရန္တံ အထက်သို့လည်း တစက်စက်ယိုထွက်ထသော၊ ပဃရန္တံ အောက်သို့လည်း တစက်စက်ယိုထွက်ထသော၊ ဗာလာနံ မလိမ္မာသူ လူမိုက်တို့သည်၊ အဘိနန္ဒိတံ လွန်စွာစုံမက် နှစ်သက်မြတ်နိုးအပ်သော၊ သမုဿယံ ခန္ဓာကိုယ် အတ္တဘောကို၊ ပဿ စေ့စေ့ငုငု ကြည့်ရှုလော့။

ခေမေ ခေမာ၊ အာတုရံ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ လွန်စွာခံခက် နိပ်စက်အပ်ထသော၊ အသုစိံ အမြဲနေ့စဉ် ဆေးသုတ်သင်လည်း မစင်မကြယ် ရွံဖွယ်ကောင်းထသော၊ ပူတိံ ဆေးကြောသုတ်သင် တန်ဆာဆင်လည်း အမြင်သာဟုတ် အတွင်းပုပ်၍နေထသော၊ ဥဂ္ဃရန္တံ မျက်စိနားနှာ အင်္ဂါရှိတိုင်း အထက်ပိုင်းဝယ် ရွံဖွယ်သိုးပုပ် အန်ထုတ်၍ နေထသော၊ ပဃရန္တံ ကျင်ကြီးကျင်ငယ် အသွယ်သွယ်ဟု မဖွယ်မရာ အဖြာဖြာကို မှန်စွာနေညှ ယိုချ၍နေထသော၊ ဗာလာနံ ဘဝါဘဝ သံသာရက ရာဂစရိုက်ပွား ငမိုက်သားတို့သည်၊ အဘိပတ္ထိတံ ရှိရင်းပြောင်းပြန် မမှန်ကန်အောင် ကြံဖန်နှစ်သက် စွဲမက်အပ်ထသော၊ သမုဿယံ-သုံးဆယ့်နှစ်ဝ ကောဋ္ဌာသတို့ လုံးဝနိမိုး ဤကိုယ်ကြီးကို၊ ပဿ ဉာဏ်ရောင်လင်း သလောက် အတွင်းရောက်အောင် ထွင်းဖောက်စေ့ငု ကြည့်ရှုစမ်းပါလော့။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊ ၅၈၇-၅၈၈။)ဓမ္မပဒ ၂၄ တဏှာဝဂ် (၅) ခေမာထေရီဝတ္ထုဌ္ဌကား "အဘိပတ္ထိတံ"ဟု ရှိ၏။

အသုဘာယ မတင့်မတယ် စက်ဆုပ်ဖွယ်ဟု စိတ်ဝယ်ထင်ထင် သိမြင်ခြင်းအကျိုးငှာ၊ ဧကဂ္ဂံ တခုတည်းသော အာရုံရှိသော၊ သုသမာဟိတံ ကောင်းစွာတည်ကြည်သော၊ စိတ္တံ ဘာဝနာစိတ်ကို၊ ဘာဝေဟိ ပွားစေလော့၊ ကာယဂတာ ကာယကောဋ္ဌာသ၌ ဖြစ်သော၊ သတိ အောက်မေ့ခြင်းသတိသည်၊ တေ သင့်အား၊ အတ္ထု ဖြစ်စေလော့၊ နိဗ္ဗိဒါဗဟုလာ ငြီးငွေ့ခြင်းများသည်၊ ဘဝ ဖြစ်လော့။ ခေမေ ခေမာမိဖုရား၊ ဣဒံ ဤငါ့ထံကပ်ခို မိန်းမ၏ကိုယ်သည်၊ ဘိဇ္ဇတိ ယထာ အိုမင်းရွတ်တွ ပျက်စီးရသကဲ့သို့၊ တထာ ထိုအတူ၊ ဧတံ ထိုသင်၏ကိုယ်သည်၊ ဘိဇ္ဇိဿတိ အိုမင်းရွတ်တွ ပျက်စီးရလတ္တံ့၊ ဧတံ ထိုသင်၏ကိုယ်သည်၊ သောဘတိ ယထာ မသေခင်ခေတ္တမျှ တင့်တယ်လှပသည်ဟု ထင်ရသကဲ့သို့၊ တထာ ထို့အတူ၊ ဣဒံ ဤငါ့ထံကပ်ခို မိန်းမ၏ကိုယ်သည်၊ သောဘတိ မသေခင်ခေတ္တမျှ တင့်တယ်လှပသည်ဟု ထင်ရ၏၊အဇ္ဈတ္တဉ္စ အတွင်းလည်းဖြစ်သော၊ ဗဟိဒ္ဓါ စ အပလည်းဖြစ်သော၊ ကာယေ ကိုယ်၌၊ ဆန္ဒံ တပ်မက်သောဆန္ဒရာဂကို၊ ဝိရာဇယ ပယ်စွန့်ဖြတ်တောက်လော့။

အနိမိတ္တဉ္စ လုံးလုံးလျောင်းလျောင်း ပေါင်း၍တည်ဟန် သဏ္ဌာန်အကောင်အထည်မရှိဟု ခွဲထုစပ်ဖန် အဖြစ်အပျက်ကိုရှုသော ဝိပဿနာဉာဏ်ကိုလည်း၊ ဘာဝေဟိ ပွားစေလော့၊ မာနာနုသယံ မိမိကိုယ်၌ ပုန်းလျှိုးခိုအောင်း မကောင်းဆိုးရွား ထောင်လွှားသော မာနာနုသယကို၊ ဥဇ္ဇဟ စွန့်ပယ်လော့၊ တတော မာနာဘိသမယာ ထိုသို့ မာနကို စွန့်ပယ်ခြင်းကြောင့်၊ ဥပသန္တာ ဆယ့်တမ်းဟူ အပူခပ်သိမ်း အကုန်ငြိမ်းသည်ဖြစ်၍၊ စရိဿသိ နိဗ္ဗာန်ထုတ်ချောက် ရောက်ရလတ္တံ့။

မက္ကဋကော ပင့်ကူကောင်သည်၊ သယံ ကတံ မိမိပြုအပ်သော၊ ဇာလံ ကွန်ရက်အသွင် ပင့်ကူချည်မျှင်သို့၊အနုပတတိ ယထာ အစဉ်လျှောက်၍ နေသကဲ့သို့၊ ယေ အကြင်သတ္တဝါတို့သည်၊ ရာဂရတ္တာ ရာဂဖြင့် တပ်မက်မောကုန်၏၊ တေ ထိုသတ္တဝါတို့သည်၊ သယံ ကတံ မိမိသည်ပြုအပ်သော၊ သောတံ ကိလေသာအလျဉ် ခန္ဓာအစဉ်သို့၊ အနုပတန္တိ အစဉ်လိုက်၍ နေရကုန်၏၊ ဓီရာ ပညာရှိတို့သည်၊ ကာမသုခံ ကာမဂုဏ်ချမ်းသာကို၊ အနပေက္ခိနော ငဲ့ကွက်တွယ်တာခြင်း မရှိကုန်ပဲ၊ ပဟာယ ပယ်စွန့်ကုန်၍၊ ဧတမ္ပိ ထိုကိလေသာအလျဉ် ခန္ဓာအစဉ်ကိုလည်း၊ ဆေတွာန တစမကျန် တွန်လှန်ဖြတ်တောက်ကုန်၍၊ ပရိဗ္ဗဇန္တိ နိဗ္ဗာန်ထုတ်ချောက် သွားရောက်ကြကုန်၏။

ဤတရားကို ကြားနာရသော ခေမာမိဖုရား၏စိတ်ကြည်သာရွှင်လန်း ခံ့ကျန်းနေသည်ကို သိမြင်တော်မူသောဘုရားရှင်သည် မဟာနိဒါနသုတ်ကိုဟောတော်မူလေသည်၊ ထိုမဟာပဒါနသုတ်ကို ကြားနာရသောအခါ ခေမာမိဖုရားသည် ရှေးက မိမိလေ့ကျက်ခဲ့ဖူးသည်ကို အမှတ်ရကာ ထိုနေရာ၌ပင် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေသည်။

ထိုအခါ ခေမာမိဖုရားသည် မိမိရှေးက အဆင်း၌မာန်ယစ်သဖြင့် အထင်မှား အမြင်မှားခဲ့သည့်အပြစ်ကို ဘုရားရှင်၏ခြေတော်ရင်း၌ဝပ်စင်းလျက် "နမော တေ သဗ္ဗဒဿာဝိ။...."စသော ငါးဂါထာတို့ဖြင့် လျှောက်ထားတောင်းပန်လေသည်။

ထိုနောက် ခေမာမိဖုရားသည် ဘုရားရှင်ကို ရှိသောစွာ ရှိခိုးကန်တော့ပြီးလျှင် နန်းတော်သို့ ပြန်လာကာ ဗိမ္ဗိသာရမင်းကို "အဟော သမ္မာ ဥပါယော တေ၊..."စသော နှစ်ဂါထာတို့ဖြင့် ရဟန်းပြုရန် ခွင့်ပန်စကား လျှောက်ထားလေသည်။ ထိုအခါ ဗိမ္ဗိသာရမင်းသည် အမှုအရာဖြင့်ပင် ခေမာမိဖုရား အရိယမဂ်ဖိုလ်သို့ ဆိုက်ရောက်လာကြောင်းကို ရိပ်မိသိရှိသဖြင့် လက်အုပ်ချီမြှောက်ကာ "အနုဇာနာမိ တေ ဘဒ္ဒေ၊ ပဗ္ဗဇ္ဇာတဝ သိဇ္ဈတု=အိုခေမာမိဖုရား...သင်မိဖုရားအား ရဟန်းပြုရန် အနူးအညွတ် ငါခွင့်လွှတ်ပါ၏၊ သင်မိဖုရား၏ရှင်ရဟန်းအဖြစ်သည် အရဟတ္တဖိုလ်ပေါက် ပြီးမြောက်အောင်မြင်ပါစေ"ဟု ခွင့်လွှတ်ဆုတောင်းစကား မိန့်ကြားပြီးလျှင် ခေမာမိဖုရားကို ရွှေထမ်းစင်ထက် တင်ဆောင်ကာ ကြီးစွာသော အခမ်းအနားဖြင့် ဘိက္ခုနီမကျောင်းတိုက်သို့ ပို့ဆောင်၍ ရဟန်းမ ပြုစေလေသည်။

## ခေမာထေရီ၊ ဘိက္ခုနီ၊ ဖြစ်ပြီ ရဟန္တာ

ဘိက္ခုနီမအဖြစ်ကို ရရှိပြီးနောက် တစ်ဆယ့်ငါးရက်မြောက်သောနေ့၌ ခေမာထေရီသည် ဥပုသ်ပြုရာဝယ် ဝတ်ပြုရင်း ဆီမီးတောက်ထွန်းခြင်း, ဆီမီးငြိမ်းသေခြင်းများကို မြင်၍ ထိတ်လန့်သံဝေဉာဏ်ကို ရသဖြင့် ရုပ်နာမ်တရားတို့၏အဖြစ်, အပျက်ကို ဆက်၍တဖန် သုံးသပ်ဆင်ခြင်ပြန်လေလျှင် ပဋိသမ္ဘိဒါလေးပါး, အဘိညာဏ်ခြောက်ပါးတို့ဖြင့် တန်ဆာဆင်အပ်သော အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လျက် ရဟန္တာထေရီမဖြစ်လေတော့သည်။

## ပညာဉာဏ်ထက်၊ ထိုအတွက်၊ ရလျက် တေဒဂ်ပါ

ခေမာထေရီမကြီးသည် သာဝတ္ထိနေပြည်တော်နှင့် သာကေတမြို့အကြား တောရဏမည်သောအရပ်၌ ကောသလမင်းကြီးအား ခေမာသုတ္တန်ကို ဟောကြားတော်မူဖူးလေသည်၊ ထိုဟောကြားခြင်းသည် ထေရီမကြီး၏အဖို့ရာ ပညာတေဒဂ်ရရှိရန် အနီးကပ်ဆုံး အကြောင်းဖြစ်၏၊ ဘုရားရှင်သည် နောက်တချိန်ဝယ် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဘိက္ခုနီမတို့ကို အစဉ်အတိုင်း တေဒဂ်ရာထူး၌ ထားတော်မူလတ်သော် ခေမာထေရီ ဘိက္ခုနီမကြီးကို "ရဟန်းတို့..ဉာဏ်ပညာကြီးကြသည့် ငါ၏တပည့်မ ဘိက္ခုနီတို့တွင် ခေမာထေရီ ဘိက္ခုနီမသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "ဉာဏ်ပညာကြီးသော အရာဝယ် အမြတ်ဆုံး တေဒဂ်ရာထူး၌ ထားတော်မူလေသည်။

ဇိနေ့ာ တသ္မိံ ဂုဏော တုဋ္ဌော၊ ဧတဒဂ္ဂေ ဌပေသိ မံ။
မဟာပညာနမဂ္ဂါတိ၊ ဘိက္ခုနီနံ နရုတ္တမော။ (ခု၊ ၄၊ ထေရီအပဒါန၊ ၂၂၉။)

အထ သတ္ထာ အပရဘာဂေ ဇေတဝနေ နိသိန္နော ဘိက္ခုနိယော ပဋိပါဋိယာ ဌာနန္တရေ ဌပေန္တော ခေမာထေရိံ မဟာပညာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၂၆။)

(ခု၊ ၄=ထေရီအပဒါန၊ ခေမာထေရီအပဒါန၊ ၂၂၁ ၂၂၉။)

## (၃) အရှင်မဥပ္ပလဝဏ္ဏာထေရီအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဣဒ္ဓိမန္တီနံ ယဒိဒံ ဥပ္ပလဝဏ္ဏာ။ (အံ၊ ၁၊ ၂၆။)

## အရှင်မဥပ္ပလဝဏ္ဏာထေရီအလောင်း ရှေးဆုတောင်း

ဥပ္ပလဝဏ္ဏာထေရီမအလောင်းသည် ပဒုမုတ္တရာဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီးဖြစ်၍ နောက်တချိန်တွင် လူအများနှင့်အတူတကွ ဘုရားရှင်အထံတော်သို့ လိုက်ပါသွားကာ တရားတော်ကို ကြားနာစဉ် ဘုရားရှင်က ဘိက္ခုနီမတစ်ပါးကို တန်ခိုးကြီးသောအရာဝယ် အမြတ်ဆုံး တေဒဂ်ရာထူး၌ထားတော်မူသည်ကို မြင်ရ၍ ခုနစ်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူကြီးပေးလှူပြီးလျှင် ထိုတန်ခိုးအရာ၌ အမြတ်ဆုံးရာထူးကို ဆုတောင်းခဲ့လေသည်။

ထိုအမျိုးကောင်းသမီးသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုပြုလုပ်၍ ထိုဘဝမှ စုတေလျှင် နတ်ပြည်, လူ့ပြည်တို့၌ကျင်လည်လျက် ကဿပဘုရားရှင်လက်ထက်တော်ဝယ် ဗာရာဏသီပြည်ရှင် ကိကီမည်သော ကာသိမင်း၏သမီးတော်ခုနစ်ယောက်တို့အနက် ဘယောက်(သမဏဂုတ္တာမင်းသမီး)ဖြစ်ကာ အနှစ်နှစ်သောင်းတို့ပတ်လုံး မြတ်သောအကျင့်ကို ကျင့်၍ ရဟန်းသံဃာအား ပရိဝုဏ်ကျောင်းတိုက်ကို လှူဒါန်းပြီးနောက် နတ်ပြည်၌ ဖြစ်ရလေသည်။

## လယ်စောင့်အမျိုးသမီး အကြံကြီး

ထိုနတ်သမီးဘဝမှ စုတေလေသော် တဖန် လူ့လောကဝယ် ရွာတစ်ရွာ၌ လယ်သမားတဦး၏သမီး ဖြစ်လာလေသည်၊ ထိုသူငယ်မသည် တနေ့သ၌ လယ်တဲသို့ သွားစဉ် လမ်းခရီးအကြား ရေအိုင်တခု၌ နံနက်စောစော ပွင့်၍နေသော ပဒုမာကြာပန်းကို မြင်ရ၍ ရေအိုင်သို့ ဆင်းသက်ကာ ထိုကြာပန်းကိုလည်းကောင်း, ပေါက်ပေါက်ထည့်ရန် ပဒုမာကြာရွက်ကိုလည်းကောင်း ခူးယူခဲ့၍ လယ်၌ သလေးနှံတို့ကို ရိတ်ဖြတ်ပြီးလျှင် လယ်တဲအတွင်း ထိုင်လျက် ပေါက်ပေါက်တို့ကို လှော်ပြီးသော် ပေါက်ပေါက်ပွင့်ပေါင်း ၅၀၀ စေ့အောင် ရေတွက်လေသည်။

ထိုခဏမှာပင် ဂန္ဓမာဒနတောင်၌ နိရောဓသမာပတ်မှ ထတော်မူသော ပစ္စေကဗုဒ္ဓါတဆူသည် ကြွလာတော်မူ၍ ထိုသူငယ်မ၏ မနီးမဝေး၌ ရပ်နေတော်မူလေသည်၊ ထိုသူငယ်မသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဖူးမြင်ရ၍ ပေါက်ပေါက်ပွင့်တို့နှင့်တကွ ပဒုမာကြာပန်းကို ယူခဲ့ပြီးလျှင် လယ်စောင့်တဲပေါ်မှ ဆင်းသက်ကာ ပေါက်ပေါက်ပွင့်တို့ကို ပစ္စေကဗုဒ္ဓါအရှင်မြတ်၏သပိတ်၌ ထည့်ပြီးလျှင် ပဒုမာကြာပန်းဖြင့် သပိတ်ကို ဖုံးအုပ်၍ လှူဒါန်းလိုက်လေသည်။

ထိုနောက် ပစ္စေကဗုဒ္ဓါအရှင်မြတ် ခရီးတန်ငယ် ကြွသွားလေသော် သူငယ်မသည် "ရဟန်းတို့မည်သည် ပန်းကို အလိုမရှိကြ၊ ငါသည် ပန်းကို ပြန်ယူ၍ ပန်ဆင်အံ့"ဟု စဉ်းစားမိ၍ လိုက်သွားကာ ပစ္စေကဗုဒ္ဓါ၏လက်တော်မှ ပန်းကို ပြန်ယူ၍ တဖန် "အကယ်၍သာ အရှင်မြတ်သည် ပန်းကို အလိုတော်မရှိသည် ဖြစ်အံ့၊ လှူစဉ်ကပင် သပိတ်ပေါ်၌ တင်ထားခွင့်ပေးမည်မဟုတ်၊ မချွတ်ကေန် ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ငါလှူသည့်ပန်းကို အလိုတော်ရှိပေလိမ့်မည်"စဉ်းစားမိပြန်ကာ တဖန် သွားရောက်၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏သပိတ်ပေါ်၌ ပဒုမာကြာပန်းကို တင်လှူ၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို တောင်းပန်ကန်တော့ပြီးလျှင် "အရှင်ဘုရား...ဤပေါက်ပေါက်ပွင့်တို့ကို လှူဒါန်းရသော အကျိုးဆက်ကြောင့် ပေါက်ပေါက်ပွင့်အရေအတွက်နှင့်အမျှ သားရတနာများ ဖြစ်ထွန်းကြပါစေသတည်း၊ ပဒုမာကြာပန်းကို လှူဒါန်းရသောအကျိုးဆက်ကြောင့် ဖြစ်လေရာရာ ဘုံဌာနဝယ် တပည်တော်မ၏ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ ပဒုမာကြာပန်းတို့ ထွက်ပေါ်ကြပါစေသတည်း"ဟု ဆုတောင်းပတ္ထနာ ပြုခဲ့လေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် ထိုသူငယ်မ ကြည့်ရှုနေစဉ်ပင် ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွတော်မူကြ၍ ထိုပဒုမာကြာပန်းကို နန္ဒမူလိုဏ်ဂူ၌ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏နင်းကြွရာလှေကားရင်းဝယ် ခြေသုတ်ပြုကာ ထားလေသည်။

## သံသေဒဇ၊ ကြာပွင့်မှ၊ ဖြစ်ရ သူမကံ<br>ပဒုမာကြာ၊ ခြေလှမ်းရာ၊ ထွက်လာ သူ့ဘုန်းမှန်

ထိုသူငယ်မသည် ထိုကောင်းမှု၏အကျိုးဆက်ကြောင့် (ထိုဘဝမှ စုတေလျှင်) နတ်ပြည်၌ ဖြစ်လေသည်၊ နတ်ပြည်၌ဖြစ်သော အချိန်မှစ၍ ထိုနတ်သမီး ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ ပဒုမာကြာပန်းကြီးသည် မြေမှထွက်ကာ ခြေအောက်၌ ခံလာလေသည်၊ ထိုနတ်သမီးသည် ထိုဘဝမှ စုတေ၍ တောင်ခြေအနီး တခုသော ပဒုမာကြာအိုင်အတွင်း ကြာတိုက်၌ သံသေဒဇပဋိသန္ဓေ ဖြစ်လာလေသည်။ ထိုကြာအိုင်ကို အမှီးပြု၍ ရသေ့တစ်ပါးသည် နေထိုင်လေသည်၊ ထိုရသေ့သည် နံနက်စောစော မျက်နှာသစ်ရန် ကြာအိုင်သို့ သွားလေရာ ထိုအမျိုးသမီးသန္ဓေတည်နေသည့်ကြာပန်းကို မြင်ရ၍ "ဤကြာပန်းသည် အခြားကြာပန်းတို့ထက် အထူးသဖြင့် ကြီးလှ၏၊ အခြားကြာပန်းတို့သည် ပွင့်ကုန်သော်လည်း ဤကြာပန်းကား ငုံတုန်းပင် ရှိသေး၏၊ ထိုသို့ ဖြစ်ရာ၌ အကြောင်းထူးရှိရမည်"ဟု ကြံစည်ကာ ရေသို့ ဆင်းကာ ထိုကြာပန်းကို ဆွတ်ခူးလေသည်။

ထိုကြာငုံသည် ရင်ရသေ့ ဆွတ်ခူးလျှင်ပင် ပွင့်၍လာလေ၏၊ ရင်ရသေ့သည် ပဒုမာကြာတိုက်အတွင်းဝယ် လျောင်းလျက်နေသော သူငယ်မကို တွေ့မြင်ရလေသည်၊ တွေ့မြင်ရသောအချိန်မှစ၍ ရင်ရသေ့သည် သမီးဟူသောချစ်ခြင်းကိုရ၍ ပဒုမာကြာပန်းနှင့်တကွ သူငယ်မကို သင်္ခမ်းကျောင်းသို့ ယူဆောင်ကာ ညောင်စောင်းငယ်၌ သိပ်၍ထားလေသည်။ ထိုအခါ သူငယ်မ၏ကောင်းမှုအာနုဘော်ကြောင့် ရင်ရသေ့၏လက်မ၌ နို့ရည် ထွက်လာလေသည်။ ရင်ရသေ့သည် ထိုပဋုမကြာပန်း ညှိုးနွမ်းလေလျှင် အခြားကြာပန်းအသစ်ကို ခူးယူ၍ ထိုသူငယ်မကို ထိုကြာပန်းအသစ်၌ သိပ်၍ထားလေသည်။

ထို့နောက် သူငယ်မ ပြေးလွှားကစားနိုင်သောအခါမှစ၍ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ ပဒုမာကြာပန်းသည် မြေမှပေါ်ထွက်လာလေသည်၊ သူငယ်မ၏ကိုယ်ရေအဆင်းသည်လည်း ကုင်္ကုမံအစုအပုံ၏အဆင်းကဲ့သို့ တင့်တယ်လှပလေသည်၊ သူငယ်မသည် လူမက နတ်မမို့(နတ်တမျှ)ဖြစ်လေသည်၊ သူငယ်မသည် ဖခင်ရင်ရသေ့ သစ်သီးကြီးငယ်ရှာကြံသွားသောအခါ သင်္ခမ်းကျောင်း၌ တယောက်တည်း ကျန်ရစ်နေရလေသည်။ ထိုသူငယ်မ၏အမည်ကို ပဒုမာကြာတိုက်၌ ရအပ်သောကြောင့် ရင်ရသေ့က "ပဒုမဝတီ"ဟု မှည့်ခေါ်လေသည်။

တနေ့သ၌ ပဒုမဝတီ အရွယ်သို့ ရောက်သောအခါ ဖခင်ရသေ့ သစ်သီးရှာရန် သွားနေစဉ် မုဆိုးတစ်ယောက်သည် ပဒုမဝတီကို တွေ့မြင်ရလေလျှင် "လူသားတို့၏အဖို့ရာ ဤမျှ တင့်တယ်လှပသော အဆင်းမည်သည် မရှိ၊ ဤသူငယ်မကို ငါစုံစမ်းဦးမည်"ဟု ကြံစည်ကာ ရှင်ရသေ့ပြန်လာချိန်ကို ငံ့လင့်လျက် ထိုင်နေလေသည်။ ပဒုမဝတီသည် ဖခင်ရှင်ရသေ့ ပြန်လာလျှင် သွားရောက်ကြိုဆို၍ ရှင်ရသေ့လက်မှ ထမ်းပိုး,ရေကရားကို ယူလေသည်၊ သင်္ခမ်းကျောင်းသို့ ပြန်လာ၍ ထိုင်နေသော ဖခင်ရှင်ရသေ့အား မိမိပြုရမည့်ဝတ်များကို ပြုလုပ်ပေးလေသည်။

ထိုအခါ မုဆိုးသည် ထိုသူငယ်မ လူစင်စစ်ဖြစ်သည်ကို သိရ၍ ရှင်ရသေ့ကို ရှိခိုးလျက် ထိုင်လေသည်၊ ရှင်ရသေ့သည် ထိုမုဆိုးကို တောသစ်သီးကြီးငယ်, သောက်ရေတို့ဖြင့် ဧည့်ခံ၍"အိုယောကျ်ား..သင်သည် ဤအရပ်၌ပင် နေမည်လော?, သို့မဟုတ် ပြန်သွားမည်လော?"ဟု မေးလေသည်၊ မုဆိုးက "ပြန်သွားပါမည်ဘုရား၊ ဤအရပ်၌ ဘာမျှ ပြုဖွယ်မရှိပါ"ဟု ပြန်လည်လျှောက်ထားလေလျှင် ရှင်ရသေ့က "ဤယခု သင်တွေ့မြင်အပ်သောအကြောင်းကို ဤအရပ်မှ မြို့သို့ ရောက်သွားသောအခါ မပြောဆိုပဲ နေနိုင်ပါမည်လော?"ဟု မေးလေသည်၊ မုဆိုးက"အကယ်၍ အရှင်ဘုရားက အလိုမရှိလျှင် တပည့်တော် အဘယ့်ကြောင့် ပြောဆိုလိမ့်မည်နည်း?ဟု ပြောကြားကာ ရှင်ရသေ့ကို ရှိခိုးပြီးလျှင် တဖန် ပြန်လာသောအခါ၌ လမ်းခရီးကို မှတ်မိစိမ့်သောငှါ သစ်ခက်များကိုမှတ်သားခြင်း, သစ်ပင်များကိုမှတ်သားခြင်းတို့ကို ပြုလျက် ဖဲသွားလေသည်။

မုဆိုးသည် ဗာရာဏသီပြည်သို့ ရောက်လျှင် ဘုရင်မင်းကို ဖူးတွေ့လေသည်၊ ဗာရာဏသီမင်းက"အသင်မုဆိုး...အဘယ့်ကြောင့် ငါ့ထံမှောက်သို့ လာရောက်သနည်း?ဟု မေးလေသော် မုဆိုးက "အရှင်မင်းကြီး...အရှင်မင်းကြီးတို့၏တောမုဆိုး ကျွန်တော်မျိုးသည် တောင်ခြေ၌ အံ့သြဖွယ်ကောင်းသော မိန်းမရတနာကို တွေ့မြင်ခဲ့ရ၍ လာရောက်ပါသည်"ဟု အကြောင်းအရာအလုံးစုံကို လျှောက်ထားလေသည်၊ မင်းကြီးသည် မုဆိုး၏စကားကို ကြားသိရပြီးနောက် လျင်မြန်စွာ တောင်ခြေသို့ သွားရောက်ကာ ရသေ့သင်္ခမ်းကျောင်းနှင့် မနီးမဝေးအရပ်၌ သစ်ခက်တဲနန်း ဖန်တည်းပြီးလျှင် မုဆိုးနှင့်လည်းကောင်း,အခြားမင်းချင်းယောကျ်ားတို့နှင့်လည်းကောင်း အတူတကွ ရှင်ရသေ့ ဆွမ်းကိစ္စပြီး၍ ထိုင်နေသော အချိန်တွင် ထိုသင်္ခမ်းကျောင်းသို့ သွားရောက်လျက် ရှင်ရသေ့ကို ရှိခိုး၍ ပဋိသန္ထာရစကား ပြောကြားပြီးလျှင် သင့်လျော်ရာအရပ်၌ ထိုင်နေလေသည်။

မင်းကြီးသည် ရှင်ရသေ့အတွက် ရသေ့ရဟန်းပရိက္ခရာများကို ရှင်ရသေ့၏ခြေတော်ရင်း၌ ချထားပြီးလျှင် "အရှင်ဘုရား...ဤတောအရပ်၌ အဘယ်အမှုကို ပြုကုန်အံ့နည်း?၊ သွားကြပါကုန်စို့"ဟု (အကဲစမ်းကာ) ပြောကြားလေသည်၊ ရှင်ရသေ့က "မင်းကြီး...သင်မင်းကြီးသာ သွားပါလော့"ဟု ပြောဆိုလေလျှင် မင်းကြီးက "ကောင်းပါပြီ...ပြန်သွားပါမည်အရှင်ဘုရား၊ အမှန်ကတော့ အရှင်ဘုရား၏အနီး၌ အမျိုးသမီးတည်းဟူသော ဝိသဘာဂပရိသတ်သည် ရှိသည် ဟု ကြားသိကြပါသည်၊ ထိုဝိသဘာဂပရိသတ်သည် ရသေ့ရဟန်းတို့အား မသင့်လျော်ပါ၊ ထိုဝိသဘာဂပရိသတ်သည် တပည့်တော်နှင့် အတူ လိုက်ပါစေချင်ပါသည်ဘုရား"ဟု လျှောက်ထားလေသည်။

ရှင်ရသေ့က "လူတို့၏စိတ်မည်သည်ကို နှစ်သက်စေနိုင်ခဲပါ၏၊ ငါ့သမီးသည် အဘယ်သို့လျှင် လူအများတို့၏အလယ်၌ နေနိုင်လိမ့်မည်နည်း?"ဟု ပြောဆိုလေရာ မင်းကြီးက "တပည့်တော်များ မေတ္တာသက်ဝင် နှစ်သက်သောအချိန်မှစ၍ ကျန်သော မင်းမောင်းမတို့၏အကြီးအကဲ (မိဖုရားကြီး)အရာ၌ ထား၍ ပြုစုစောင့်ရှောက်ပါမည်ဘုရား"ဟု လျှောက်ထားလေသည်။

ရှင်ရသေ့သည် မင်းကြီး၏စကားကို ကြားရလျှင် ငယ်စဉ်က မှည့်ခေါ်အပ်သော အမည်အတိုင်း "ချစ်သမီး ပဒုမဝတီ..."ဟု သမီးကိုခေါ်လိုက်လေသည်၊ ပဒုမဝတီသည် တခွန်းတည်းသော စကားဖြင့်ပင် သင်္ခမ်းကျောင်းတွင်းမှ ထွက်ခဲ့၍ ဖခင် ရှင်ရသေ့ကို ရှိခိုးလျက် ရပ်နေလေသည်၊ ထိုအခါ ဖခင်ရှင်ရသေ့က သမီးကို "ချစ်သမီး...သင်သည် အရွယ်သို့ ရောက်လေပြီ၊ ဤအရပ်ဝယ် မင်းကြီး မြင်အပ်သောအချိန်မှစ၍ နေခြင်းငှာ မသင့်လျော်ချေ၊ မင်းကြီးနှင့်အတူတကွ လိုက်ပါသွားလော့ ချစ်သမီး..."ဟု ပြောလေလျှင် ပဒုမဝတီက "ကောင်းပါပြီ ဖခင်ဘုရား"ဟု ဖခင်ရှင်ရသေ့၏စကားကို ဝန်ခံ၍ ရှိခိုးလျက် ငိုကြွေးကာ ရပ်နေလေသည်၊ မင်းကြီးသည် "ဤပဒုမဝတီ၏ဖခင်ရှင်ရသေ့၏စိတ်ကို ငါယူအံ့"ဟု ကြံစည်ကာ ထိုအရပ်၌ပင် ပဒုမဝတီကို ရွှေငွေအသပြာပုံ၌တင်ထား၍ အဘိသိက်သွန်းခြင်းကို ပြုလေသည်။

## မနာလိုကြ၊ မင်းမောင်းမ၊ ခံရ ပဒုမဝတီ

ထိုနောက် မင်းကြီးသည် ပဒုမဝတီကို သိမ်းပိုက်၍ မိမိ၏မြို့တော် ဗာရာဏသီသို့ ခေါ်ဆောင်သွားကာ မြို့တော်ရောက်သောအချိန်မှစ၍ ကျန်သော မိဖုရားမောင်းမမိသံတို့ကို ကြည်ရှုမျှပင် မကြည်တော့ပဲ ပဒုမဝတီမိဖုရားနှင့်သာ မွေ့လျော်ပျော်ပိုက်နေလေသည်။ အခြားမင်းမိန်းမတို့သည် မနာလိုခြင်း ပြင်းစွာနှိပ်စက်အပ်ကုန်ရကား ပဒုမဝတီမိဖုရားနှင့် မင်းကြီး၏အကြား အချစ်ပြိုကွဲလို

ကုန်သည်ဖြစ်၍ "အရှင်မင်းကြီး...ဤပဒုမဝတီသည် လူသားစင်စစ်မဟုတ်ပါ၊ အရှင်မင်းကြီးတို့သည် အဘယ်အရပ်မှာ လူသားတို့ လှည့်လည်သွားလာရာဝယ် ဖဝါးအောက်၌ ပဒုမာကြာပန်းတို့ ထွက်ပေါ်သည်တို့ကို မြင်အပ်ဘူးကုန်သလော?၊ မချွတ်ကေန် ဤပဒုမဝတီသည် ဘီလူးမဖြစ်သည်၊ ထိုပဒုမဝတီကို ရွှေနန်းတော်မှ နှင်ထုတ်တော်မူပါ အရှင်မင်းကြီး..."ဟု မနာလိုစကား ပြောဆိုလျှောက်ထားကြလေသည်၊ မင်းကြီးသည် ထိုမိန်းမတို့၏စကားကို ကြားရလေလျှင် ဆိတ်ဆိတ်သာ နေလေသည်။

နောက်တချိန်၌ တိုင်းစွန်ပြည်နားပစ္စန္တရစ်အရပ်သည် သူပုန်သူကန်များ ထကြွဖျက်ဆီးလေသည်၊ မင်းကြီးသည် "ပဒုမဝတီမှာ နှုတ်ငုံသန္ဓေ ရင့်မာနေပြီ"ဟု သိတော်မူလျက် ပဒုမဝတီမိဖုရားကို ရွှေနန်းတော်၌ ထား၍ ပစ္စန္တရစ်အရပ်သို့ သွားရလေသည်။ ထိုအခါ ထိုမိန်းမတို့သည် ပဒုမဝတီမိဖုရား၏အလုပ်အကျွေးမိန်းမအား တံစိုးလက်ဆောင်ပေးကြပြီးလျှင် "ဤပဒုမဝတီမိဖုရား၏သားကို ဖွားလျှင် ဖွားပြီးခြင်း ဖယ်ရှား၍ အခြားသစ်တုံးတစ်ခုကို သွေးဖြင့် လိမ်းကျံလျက် မိဖုရား၏အနီး၌ ထားပါ"ဟု ပြောဆိုမှာထားကုန်၏။

ပဒုမဝတီမိဖုရားမှာလည်း မကြာမီပင် မီးရှူးသန့်စင် ဖွားမြင်လေသည်၊ မဟာပဒုမမင်းသား တစ်ဦးတည်းသာ မယ်တော့်ဝမ်း၌ ပဋိသန္ဓေယူခဲ့လေသည်၊ ကျန်(၄၉၉)ယောက်သော မင်းသားတို့သည် မဟာပဒုမမင်းသား မယ်တော့်ဝမ်းမှ ဖွားမြင်ပြီး၍ လျောင်းစက်နေသောအခါ သံသေဒဇသားများ ဖြစ်ကြလေသည် (သွေးစက်၌ သန္ဓေစွဲမှီ ဖြစ်လာကြသည် ဟု ဆိုလိုသည်)။

ထိုအခါ အလုပ်အကျွေးမိန်းမသည် "ဤပဒုမဝတီမိဖုရားသည် သတိမရသေး"ဟု သိရကား သစ်သားတုံးတစ်ခုကို သွေးဖြင့် လိမ်းကျံကာ မိဖုရား၏ အနီး၌ ထားပြီးလျှင် ထိုမိန်းမတို့အား အသိပေးလေသည်၊ ထိုမိန်းမငါးရာတို့သည်လည်း တစ်ယောက်တစ်ယောက်လျှင်မှ မင်းသားတစ်ယောက်စီ တစ်ယောက်စီကို ယူကြကာ ပွတ်တိုက်သမားတို့ထံ လှူလွှတ်ပြီးလျှင် ကြုတ်အလုံး(၅၀၀)တို့ကို ယူဆောင်ခဲ့ကြစေ၍ မိမိမိမိတို့ဆောင်ယူအပ်ခဲ့သော မင်းသားငယ်တို့ကို ထိုကြုတ်တို့၌ အသီးအသီး သိပ်ကြလျက် ကြုတ်တို့၏အပြင်ဖက်၌ အမှတ်တံဆိပ် ခတ်နှိပ်၍ထားကြလေသည်။

ပဒုမဝတီမိဖုရားသည်လည်း သတိရလာသောအခါ အလုပ်အကျွေးမိန်းမကို "အိုအမိ...ငါသည် မီးရှူးသန့်စင် ဖွားမြင်ပြီးပြီလော?"ဟု မေးလေသည်၊ အလုပ်အကျွေးမိန်းမသည် ပဒုမဝတီမိဖုရားကို ခြိမ်းခြောက်လျက် "သင်သည် အဘယ်မှာ သားကို ရလိမ့်မည်နည်း?"ဟု ပြောဆိုကာ "ဤသည်ပင် သင်၏ဝမ်းမှ ဖွားသောသူငယ်တည်း"ဟု ပြောဆိုလျက် သွေးဖြင့် လိမ်းကျံသောသစ်သားတုံးကို မိဖုရား၏ရှေ့၌ ချထားလေသည်၊ ပဒုမဝတီမိဖုရားသည် ထိုသစ်သားတုံးကို မြင်ရ၍ နှလုံးမသာမယာဖြစ်ကာ "အလျှင်အမြန် ထိုသစ်သားတုံးကို ခွဲစိတ်၍ ဖယ်ရှားပစ်ပါလော့၊ အကယ်၍ တစ်စုံတစ်ယောက် မြင်သွားလျှင် ရှက်ဖွယ်ဖြစ်လေရာ၏"ဟု ပြောကြားလေလျှင် ထိုအလုပ်အကျွေးမိန်းမသည် မိဖုရား၏စကားကို ကြားရ၍ အကျိုးလိုလားသူကဲ့သို့ သစ်သားတုံးကို ခွဲစိတ်၍ မီးဖိုခုံလောက်အတွင်း၌ ပစ်ချလိုက်လေသည်။

မင်းကြီးသည်လည်း ပစ္စန္တရစ်အရပ်မှ ပြန်လာ၍ နက္ခတ်ကောင်းကို စောင့်ဆိုင်းလျက် မြို့ပြင်ပ၌ သစ်ခက်တဲနန်းဆောက်လုပ်ကာ စံမြန်းနေလေသည်၊ ထိုအခါ ထိုမောင်းမမိဿံငါးရာတို့သည် မင်းကြီးအား ခရီးဦးကြိုဆိုကြရန် လာရောက်ကြလျက် "အရှင်မင်းကြီး...အရှင်မင်းကြီးသည် ကျွန်တော်မတို့အား ယုံကြည်တော်မမူပါ၊ ကျွန်တော်မတို့ လျှောက်တင်ခဲ့သမျှသည် အကြောင်းမဲ့ကဲ့သို့ ဖြစ်ရပါ၏၊ အရှင်မင်းကြီးသည် ပဒုမဝတီမိဖုရား၏အလုပ်အကျွေးမိန်းမကို ခေါ်စေ၍ မေးတော်မူပါလော့၊ အရှင်မင်းကြီး၏မိဖုရားသည် သစ်သားတုံးကို ဖွားမြင်ခဲ့လေပြီ"ဟု ကုန်းချောလျှောက်တင်ကြလေသည်။ မင်းကြီးသည် ထိုအကြောင်းကို မမေးမမြန်း မစုံစမ်းပဲသာလျှင်"ပဒုမဝတီသည် ဘီလူးမျိုးဖြစ်လိမ့်မည်"ဟု အထင်လွဲကာ ပဒုမဝတီမိဖုရားကို ရွှေနန်းအိမ်မှ နှင်ထုတ်လေသည်။

ပဒုမဝတီမိဖုရား၏အဖို့မှာ ရွှေနန်းအိမ်မှ ထွက်ခွါရသည်နှင့် တပြိုင်နက်ပင် ပဒုမာကြာပန်းတို့သည် ကွယ်ပျောက်လေကုန်၏၊ ကိုယ်ရေအဆင်းသည်လည်း ယိုယွင်းဖောက်ပြန် အကျည်းတန်လေတော့သည်၊ ပဒုမဝတီသည် တစ်ယောက်တည်းသာလျှင် လမ်းခရီးအကြား၌ သွားနေလေသည်၊ ထိုအခါ ပဒုမဝတီကို သက်ရွယ်ယွင်းယို အမယ်အိုတစ်ယောက်သည် တွေ့မြင်ရ၍ သမီးဟူသောချစ်ခြင်းကို ဖြစ်စေရကား "ချစ်သမီး...အဘယ်သို့ သွားမည်နည်း?"ဟု မေးလေသည်၊ ပဒုမဝတီက "အိုမိခင်..ကျွန်တော်မသည် ဧည့်သည်ဖြစ်ပါသည်၊ နေစရာဌာနကို ရှာဖွေလျက် လှည့်လည်နေပါသည်"ဟု ဖြေဆိုလေသော် အမယ်အိုက "ချစ်သမီး...ဤအမေ့အိမ်သို့ လိုက်ခဲ့ပါလော့"ဟု ပြောဆိုခေါ်ဆောင်ကာ နေရာထိုင်ခင်းပေး၍ အစားအစာကိုလည်း ကျွေးမွေးထားလေသည်။

## မင်းမောင်းမများ၊ လိမ်မှုကား၊ ဘွားဘွားပေါ်လေသည်

ပဒုမဝတီမိဖုရား ဤအမယ်အို၏စောင့်ရှောက်မှုဖြင့် အမယ်အိုအိမ်၌ နေထိုင်စဉ် ထိုမောင်းမမိဿံငါးရာတို့သည် တစိတ်တည်းဖြစ်ကြလျက် မင်းကြီးကို "အရှင်မင်းကြီး...အရှင်မင်းကြီးတို့ စစ်တိုက် သွားတော်မူကြလေသော် ကျွန်တော်မတို့သည် ဂင်္ဂါမြစ်စောင့်နတ်အား 'ကျွန်ုပ်တို့၏မင်းကြီးစစ်အောင်၍ ပြန်လာခဲ့လျှင် အသင်နတ်မင်းအား ဗလိနတ်စာပူဇော်မှုကို ပြုလျက် ရေကစားမှု ပြုကြပါ

ကုန်အံ့'ဟု ဆုတောင်းပတ္ထနာပြုအပ်ပါသည်၊ အရှင်မင်းကြီး..ထိုစစ်အောင်ကြောင်းကို ဂင်္ဂါမြစ်စောင့်နတ်အား အသိပေးကြပါကုန်စို့"ဟု လျှောက်တင်ကြလေသည်။

မင်းကြီးသည် ထိုမင်းမောင်းမတို့၏လျှောက်တင်စကားဖြင့် နှစ်သက်ဝမ်းမြောက်ကာ ဂင်္ဂါမြစ်၌ ရေကစားရန်သွားလေသည်၊ ထိုမင်းမောင်းမတို့သည်လည်း မိမိမိမိတို့ယူအပ်သော ကြုတ်များကို ဖုံးအုပ်ယူဆောင်လျက် ဂင်္ဂါမြစ်ဆိပ်သို့ ရောက်ကြလျှင် ထိုကြုတ်များကို ဖုံးကွယ်ရန်အလို့ငှါ မိမိတို့အပေါ်ရုံများကို ခြုံရုံ၍ ရေထဲသို့ ဆင်းကြကာ ကြုတ်တို့ကို မျှောလွှတ်ကြလေသည်၊ ကြုတ်ငါးရာတို့သည် တစုတည်းမျှောပါကြပြီးလျှင် အောက်ဆိပ်တွင် ဖြန့်ကြက်ထားသော ပိုက်ကွန်၌ ငြိတွယ်ကြလေသည်၊ ထို့နောင်မှ ရေကစားပြီး၍ မင်းကြီး ရေမှ တက်သောအခါ ပိုက်ကွန်ကို ချီးမ ရုပ်သိမ်းကြသူတို့သည် ထိုကြုတ်တို့ကို တွေ့မြင်ရ၍ မင်းကြီးထံသို့ ပို့ဆက်သကြလေသည်။

မင်းကြီးသည် ကြုတ်တို့ကို မြင်၍ "အမောင်တို့...ကြုတ်များအထဲ၌ အဘယ်ပစ္စည်းများပါရှိသနည်း?"ဟု မေးတော်မူလေသော် ကြုတ်များပို့ဆက်သလာသူတို့က "အရှင်မင်းကြီး..ကြုတ်များထဲ၌ အဘယ်ပစ္စည်းများပါရှိသည်ကို ကျွန်တော်မျိုးတို့ မသိကြပါ" ဟု ပြန်လည်လျှောက်တင်ကြလေသည်၊ မင်းကြီးသည် ကြုတ်များကို ဖွင့်စေ၍ ကြည့်ရှုလေသော် ရှေးဦးစွာ မဟာပဒုမမင်းသား၏ကိန်းရာကြုတ်ကို ဖွင့်စေမိလေသည်၊ ထူးဆန်းသည်ကား ထိုမင်းသားအားလုံးတို့ကို ကြုတ်တို့၌ သိပ်သောနေ၌ပင် မင်းသားတို့၏ကောင်းမှုတန်ခိုးကြောင့် လက်မမှ နို့ရည်များ ယိုစီးဖြစ်လာလေသည်၊ သိကြားမင်းသည် ထိုဗာရာဏသီမင်း၏ယုံမှားကင်းရန်အလို့ငှာ ကြုတ်တို့၏အတွင်း၌...

"ဤမင်းသားတို့သည် ပဒုမဝတီမိဖုရား၏ဝမ်းတိုက်၌ ဖြစ်ပွားကြသည့် ဗာရာဏသီမင်း၏သားတော်များ ဖြစ်ကြလေသည်၊ ထိုသို့ဖြစ်ကြစေကာမူ ထိုမင်းသားတို့ကို ပဒုမဝတီမိဖုရား၏ရန်သူ မင်းမိန်းမငါးရာတို့သည် ကြုတ်တို့၌ ထည့်ပြီးလျှင် ရေ၌ မျှောလိုက်ခဲ့ကြလေသည်၊ ဗာရာဏသီမင်းသည် ဤအကြောင်းကို သိပါစေသတည်း"

ဟူ၍ အက္ခရာတို့ကို ရေးသားစေခဲ့လေသည်။

ကြုတ်တို့ကို ဖွင့်ကာမျှ၌ မင်းကြီးသည် အက္ခရာတို့ကို ဖတ်၍ မင်းသားငယ်တို့ကို တွေ့မြင်ရလေလျှင် မဟာပဒုမမင်းသားကို ပွေ့ချီကာ "အချင်းတို့...အလျင်အမြန် ရထားတို့ကို ကကြကုန်လော့၊ မြင်းတို့ကို ကကြိုးတန်ဆာဆင်ကြကုန်လော့၊ ငါသည် ယနေ့ မြို့တွင်းသို့ဝင်ပြီးလျှင် အချို့သော အမျိုးသမီးတို့အား ချစ်ခြင်းအမှုကို ပြုပေအံ့"ဟု မိန့်ဆိုလျက် မြို့တွင်းနန်းတော်သို့ ဝင်ပြီးကာ ပြာသာဒ်သို့ တက်တော်မူ၍ ဆင်တော်၏လည်၌ အသပြာထောင်ထုပ်ကို ဖွဲ့ချည်းထားစေပြီးလျှင် "ပဒုမဝတီမိဖုရားကို တွေ့မြင်ရသောသူသည် ဤအသပြာတစ်ထောင်ကို ယူလော့"ဟု စည်လည်စေသည်။

ထိုစည်လည်သောအသံကို ကြားရလျှင် ပဒုမဝတီသည် မိခင်အား "အိုမိခင်...ဆင်တော်၏လည်မှ အသပြာထောင်ထုပ်ကို ယူလိုက်ပါလော့"ဟု ပြောဆိုသညာပေးလေသည်၊ မိခင်(အမယ်အို)က "သမီး...ငါသည် ဤသို့သော အသပြာကို မယူဝံ့ပါ"ဟု ပြောဆိုလေသည်၊ ပဒုမဝတီက နှစ်ကြိမ်မက သုံးကြိမ်တိုင်အောင် အသပြာထောင်ထုပ်ကို ယူဖို့ရန် ပြောဆိုလေသော် အမယ်အိုက"သမီး... အဘယ်သို့ ပြော၍ ယူလိုက်ရမည်နည်း?"ဟု မေးလေသည်၊ ပဒုမဝတီက "အိုမိခင်...ငါ့သမီးသည် ပဒုမဝတီမိဖုရားကို တွေ့မြင်ရ၏ဟု ပြော၍ ယူလိုက်ပါလော့"ဟု ပြောဆိုလေလျှင် အမယ်အိုသည် "ဟုတ်ဟုတ်ညားညား ဖြစ်ချင်ရာ ဖြစ်စေတော့"ဟု အောက်မေ့ကာ မင်းချင်းများစည်လည်ရာသို့ သွား၍ အသပြာထောင်ထုပ်ကို ယူလေသည်။

ထိုမင်းချင်းယောကျ်ားတို့က "အိုအဖွား...အဖွား၏သမီးသည် အဘယ်မှာနည်း?ဟု မေးမြန်းပြောဆိုကြပြီး အမယ်အိုနှင့်အတူတကွ လိုက်သွားကြလှင် ပဒုမဝတီမိဖုရားကို မှတ်မိကြ၍ မိဖုရား၏ခြေရင်း၌ ဝပ်စင်းတုပ်ကွကြလေသည်၊ ထိုအခါ အမယ်အိုသည် "ဤအမျိုးသမီးသည် ပဒုမဝတီမိဖုရားတည်း"ဟု သိရှိ၍ "အမျိုးသမီးမင်းမိန်းမသည် ဝန်လေးသောအမှုကို ပြုအပ်လေသည်တကား၊ ဤသို့သဘောရှိသော မင်း၏မိဖုရားကြီးဖြစ်ပါလျက် ဤသို့သဘောရှိသော အရပ်၌ အစောင့်အရှောက်ကင်းမဲ့စွာ နေရာဘိ၏"ဟု ပြောဆိုလေသည်။

မင်းချင်းယောကျ်ားတို့သည်လည်း ပဒုဝတီမိဖုရားကြီးနေသောအိမ်ကို ဖြူသောတင်းထိမ်ကန့်လန့်ကာတို့ဖြင့် ကာရံစေ၍ တံခါး၌ အစောင့်အရှောက်ချထားပြီးလျှင် မင်းကြီးအား ပြန်ကြားလျှောက်ထားကြလေသည်၊ မင်းကြီးသည် ရွှေထမ်းစင်ကိုပို့စေ၏၊ ပဒုမဝတီမိဖုရားကြီးသည် "ငါသည် ဤကဲ့သို့ မလိုက်ပါနိုင်၊ ငါ၏နေထိုင်ရာအိမ်မှ ရွှေနန်းတော်တိုင်အောင် ဤအတွင်း၌ မွန်မြတ်သောအခင်းတို့ကို ခင်းစေ၍ အထက်၌ ရွှေကြယ်တို့ဖြင့် ဆန်းကြယ်သော ပိတ်သားမျက်နှာကျက်ကို ဖွဲ့ကြက်စေပြီးနောက် တန်ဆာဆင်ရန် မိဖုရားတို့အဆင်တန်ဆာအလုံးစုံကို ပို့အပ်သည်ရှိသော် ခြေဖြင့်ပင်လျှင် ငါလိုက်ပါပေအံ့၊ ဤနည်းဖြင့် ငါ၏စည်းစိမ်ကို မြို့သူမြို့သားတို့ မြင်ကြရလိမ့်မည်"ဟု ပြောဆိုလေသည်။ မင်းကြီးကလည်း"ပဒုမဝတီမိဖုရား၏အလိုဆန္ဒအတိုင်း ပြုလုပ်ကြလော့"ဟု အမိန့်ပေးလေသည်။ ထို့နောက် ပဒုမဝတီမိဖုရားကြီးသည် အလုံးစုံသော အဆင်တန်ဆာကို တန်ဆာဆင်ပြီးလျှင် "ရွှေနန်းတော်သို့ ငါသွားတော့မည်"ဟု

ခရီးချီလေသည်၊ ထိုအခါ ပဒုမဝတီမိဖုရားကြီး၏ခြေဖြင့် နင်းတိုင်းနင်းတိုင်းသောနေရာ၌ မွန်မြတ်ဆန်းကြယ်သော အခင်းတို့ကို ဖောက်ခွဲလျက် ပဒုမာကြာပန်းတို့သည် ထွက်ပေါ်လာကုန်သည်၊ ပဒုမဝတီမိဖုရားကြီးသည် လူများအပေါင်းအား မိမိ၏စည်းစိမ်ကို ပြ၍ မင်းရွှေနန်းတော်သို့ တက်ရောက်ပြီးလျှင် မွန်မြတ်ဆန်းကြယ်သောအခင်းအားလုံးတို့ကို အမယ်အိုအား ကျွေးမွေးအဖိုးအခပြုကာ ပေးစေလေသည်။

## ပဒုမဝတီ၊ မြတ်ဒေဝီ၊ ကြီးသည် သဘောထား

မင်းကြီးသည်လည်း ထိုမင်းမိန်းမငါးရာတို့ကို ခေါ်စေ၍ "ရှင်မိဖုရား...ဤမင်းမိန်းမငါးရာတို့ကို ကျွန်မများပြုရန် သင်မိဖုရားအား ငါပေး၏"ဟု ပြောဆိုလေသည်၊ ပဒုမဝတီမိဖုရားကြီးက "ကောင်းပါပြီ အရှင်မင်းကြီး...ဤမင်းမိန်းမငါးရာတို့ကို ကျွန်တော်မအား ပေးအပ်ကြောင်းကို မြို့သူမြို့သားအားလုံးတို့ကို အသိပေးစေချင်ပါသည်"ဟု လျှောက်ထားလေသော် မင်းကြီးက "ပဒုမဝတီမိဖုရားအား ပြစ်မှားခဲ့ကြသည့်မင်းမိန်းမငါးရာတို့ကို ထိုပဒုမဝတီမိဖုရား၏ကျွန်မများ ပြုလုပ်ကာ ငါပေးအပ်ကုန်ပြီ"ဟု မြို့၌ စည်လည်စေသည်၊ ပဒုမဝတီမိဖုရားကြီးသည် "မြို့သူမြို့သားအားလုံးတို့သည် ထိုမင်းမိန်းမငါးရာတို့၏ငါ့ကျွန်မများဖြစ်ကြောင်းကို ကောင်းစွာ သိအပ်ပေပြီ"သိမြင်လျက် "အရှင်မင်းကြီး...ကျွန်တော်မသည် မိမိ၏ကျွန်မများကို ကျွန်မအဖြစ်မှ ကင်းလွတ်သူများဖြစ်အောင် ပြုလုပ်ခွင့်ကို ရနိုင်ပါသလော?"ဟု မင်းကြီးကို မေးလျှောက်လေသည်၊ မင်းကြီးက"ရှင်မိဖုရား...သင်မိဖုရား၏အလိုဆန္ဒအတိုင်းပင် ဖြစ်၏"ဟု မိန့်ဆိုလေသော် ပဒုမဝတီမိဖုရားကြီးက "အရှင်မင်းကြီး...ဤသို့ဖြစ်လျှင် ထိုစည်လည်ခဲ့သောမင်းချင်းကိုပင်လျှင် ခေါ်စေတော်မူ၍ 'ပဒုမဝတီမိဖုရားက မိမိအား ကျွန်မများပြုလုပ်၍ မင်းကြီးပေးအပ်သော မင်းမိန်းမငါးရာလုံးတို့ကိုပင် ကျွန်မများအဖြစ်မှ လွတ်အပ်ပါကုန်ပြီ'ဟု တဖန် စည်လည်စေတော်မူပါ"ဟု လျှောက်ထားလေသည်၊ (မင်းကြီးသည် ပဒုမဝတီမိဖုရားကြီး၏အလိုဆန္ဒအတိုင်း တဖန် စည်လည်စေသည်)၊ ပဒုမဝတီမိဖုရားကြီးသည် ထိုမင်းမိန်းမငါးရာတို့အား ကျွန်မများအဖြစ်မှ လွတ်ပြီးလျှင် မင်းသား(၄၉၉)ယောက်တို့ကို ထိုမင်းမိန်းမတို့၏လက်၌ ပြုစုကျွေးမွေးရန် အပ်နှံ၍ မိမိကိုယ်တိုင်ကမူ မဟာပဒုမမင်းသားကိုသာလျှင် ယူလေသည်။

## မင်းသားငါးရာ၊ ပစ္စေကာ၊ ဖြစ်ခါ သွားကြပြီ

ထို့နောက်အဖို့ဝယ် မင်းသားငါးရာတို့ မြူးတူးပျော်ပါး ကစားသည့်အရွယ်သို့ ရောက်ကြလေသော် ခမည်းတော်မင်းကြီးသည် ဥယျာဉ်တော်၌ အမျိုးမျိုးအဖုံဖုံ မင်းသားတို့ကစားဖို့ရန် ဌာနများကို ပြုလုပ်စေသည်၊ မင်းသားတို့သည် တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိကြသောအခါ အားလုံးပင် စုပေါင်းကြလျက် ဥယျာဉ်တော်အတွင်း၌ ပဒုမာကြာပန်းတို့ဖြင့် ဖုံးအပ်နေသော မင်္ဂလာရေကန်၌ မြူးတူးပျော်ပါး ကစားနေကြစဉ် ပဒုမာကြာပန်းအသစ်များ ပွင့်ကြသည်တို့ကိုလည်းကောင်း, ပဒုမာကြာဟောင်းများ အညာမှ ညှိုးနွမ်းရင့်ရော်ကာ ကြွေကျကြသည်တို့ကိုလည်းကောင်း တွေ့မြင်ကြရ၍ "ဤဥတုကြောင့်ဖြစ်သော ကြာပန်းသည်ပင် ဤသို့သဘောရှိသော ညှိုးနွမ်းရင့်ရော်ကာ ကြွေကျမြေခရသေးလျှင် ငါတို့၏ကံစိတ်ဥတုအာဟာရ=အကြောင်းလေးပါးတို့ကြောင့် ဖြစ်ရသော ခန္ဓာကိုယ်ကား အဘယ်မှာ ပြောဖွယ်ရာရှိတော့အံ့နည်း? မချွတ်ဧကန် ငါတို့၏ခန္ဓာကိုယ်သည်လည်း အိုမင်းရင့်ရော် ပျက်စီးရမည်သာတည်း"ဟု ဝိပဿနာကမ္မဋ္ဌာန်းအာရုံကို ယူကြ၍ ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေကြပြီးနောက် မိမိတို့နေရာမှ ထ၍ထ၍ ပဒုမာကြာချက်များအပေါ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူကြလေသည်။

မင်းသားငါးရာ၊ ကြာကန်မှာ၊ ပျော်ကာ ကစားပြီ။
ကြာသစ်တွေပွင့်၊ ဟောင်းကြွေလင့်၊ ဉာဏ်ချင့် စဉ်းစားသည်။
ဥတုဇကြာ၊ ညှိုးရော်ကာ၊ ကြွေရှာ သွားလေပြီ။
ကံ,စိတ်,အာ,ဥ၊ ကြောင်းလေးခု၊ ဖြစ်မှု ခန္ဓာသည်။
ငါတို့ခန္ဓာ၊ ပဒုံကြာ၊ ပမာတူလှသည်။
အိုမင်းရင့်ကာ၊ ပျက်သုဉ်းမှာ၊ သေချာလေတော့သည်။
မမြဲရုပ်နာမ်၊ ဖြစ်ပျက်ဉာဏ်၊ အမှန်ထင်လေပြီ။
ပစ္စေကဗောဓိ၊ ဉာဏ်အသိ၊ ဖြစ်ဘိလေတော့သည်။
ရှင်ပစ္စေက၊ မြတ်ဗုဒ္ဓ၊ မုချ ဖြစ်လေသည်။

တေ အတ္တနော သောဠသဝဿုဒ္ဒေသိကကာလေ သဗ္ဗေဝ ဧကတော ဟုတွာ ဥယျာနေ ပဒုမသဉ္ဆန္နာယ မင်္ဂလပေါက္ခရဏိယာ ကီဠန္တာ နဝပဒုမာနိ ပုပ္ဖိတာနိ ပုရာဏပဒုမာနိ စ ဝဏ္ဍတော ပတန္တာနိ ဒိသွာ"ဣမဿ တာဝ အနုပါဒိန္နကဿ ဝေရူပါ ဇရာ ပါပုဏာတိ၊

ကိမင်္ဂ ပန အမှာကံ သရီရဿ။ ဣဒမ္ပိ ဟိ ဓဇ်ဂတိကမေဝ ဘဝိဿတီ''တိ အာရမ္မဏံ ဂဟေတွာ သဗ္ဗေဝ ပစ္စေကဗောဓိဉာဏံ နိဗ္ဗတ္တေတွာ ဥဋ္ဌာယုဋ္ဌာယ ပဒုမကဏ္ဏိကာသု ပလ္လင်္ကေန နိသီဒိံသု။ (အံ၊ ဋ္ဌ၊ ၁၊ ၂၇၂။)

> ကံနှင့်မသိ၊ မြေ့အဆီနှင့်၊ ရေသီတာငွေ့၊ ဥတုအတွေ့ကြောင့်၊ ဓလေ့ပွင့်ဆန်း၊ ဤကြာပန်းသို့၊ ညှိုးနွမ်းရင့်ကာ၊ ကြွေကျပါအောင်၊ ဇရာရန်ဘေး၊ ရောက်တုံသေး၏...၊ လေးရပ်ကြောင်းစု၊ ပေါင်း၍ပြုသား၊ နဖပ်ရွှန်းစို၊ ငါတို့ကိုယ်သို့၊ ထိုကြောက်ဖွယ်ရာ၊ ဘေးဇရာကား၊ ဘယ်မှာမရောက်၊ ရှိတုံမြောက်လိမ့်...၊ ညှိုးခြောက်ယွင်းယို၊ ငါတို့ကိုယ်လည်း၊ ထိုကြာပန်းသွင်၊ တနေ့တွင်၌၊ ရွေ့စင်လျှောကျ၊ မြေသို့ခမည်။ ။ မုချ မချွတ်ပါတကား။
>
> (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ဒုပိုင်း၊၆၁။)

ထိုအခါ မင်းသားတို့နှင့်အတူတကွ လာကြသည့်မင်းချင်းယောကျ်ားတို့သည် နေ့အချိန်များ ကုန်လွန်သွားသည်ကို သိရှိကြ၍ ''အရှင်မင်းသားတို့...အရှင်မင်းသားတို့၏ရွှေနန်းတော်သို့ ပြန်ချိန်ကို သိမြင်တော်မူကြပါလော့''ဟု လျှောက်တင်ကြလေသည်၊ ထိုမင်းသားပစ္စေကဗုဒ္ဓါတို့သည် ဆိတ်ဆိတ်သာလျှင် နေတော်မူကြလေသည်။ ထိုမင်းချင်းယောကျ်ားတို့သည် ရွှေနန်းတော်သို့ ပြန်သွားကြကာ မင်းကြီးအား''အရှင်မင်းကြီး...မင်းသားတို့သည် ပဒုမာကြာချက်တို့၌ ထိုင်နေကြပါသည်၊ ကျွန်တော်မျိုးတို့က ရွှေနန်းတော်သို့ ပြန်ရန် ပြောကြားကြပါသော်လည်း တစ်စုံတစ်ရာ နှုတ်မြွက်ပြောဆိုခြင်း မပြုကြပါ''ဟု လျှောက်ထားကြလေသည်၊ မင်းကြီးက ''ငါ၏သားတော်များအား သူတို့အလိုဆန္ဒအတိုင်း နေနိုင်ခွင့် ပေးကြရမည်''ဟု မိန့်တော်မူလေသည်။

မင်းသားပစ္စေကဗုဒ္ဓါတို့သည် တညဥ့်ပတ်လုံး အစောင့်အရှောက်များ ချထားခံကြရလျက် ပဒုမာကြာချက်တို့၌ ထိုင်နေတော်မူကြမြဲအတိုင်းပင် နေအရုဏ်တက်စေကြလေသည်၊ မင်းချင်းယောကျ်ားတို့သည် နောက်တနေ့၌ အနီးသို့ ချဉ်းကပ်ကြလျက်''အရှင်မင်းသားတို့...ရွှေနန်းတော်သို့ ပြန်ချိန်ကို သိတော်မူကြပါလော့''ဟု လျှောက်တင်ကြလေသော် မင်းသားပစ္စေကဗုဒ္ဓါတို့က ''ငါတို့ကား မင်းသားများ မဟုတ်ကုန်၊ ငါတို့သည် ပစ္စေကဗုဒ္ဓါများ ဖြစ်ကြကုန်၏''ဟု မိန့်ဆိုကြလျှင် မင်းချင်းယောကျ်ားတို့က ''အရှင်တို့... အရှင်တို့သည် ဝန်လေးသောစကားကို ပြောဆိုကြကုန်၏၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် အရှင်တို့ကဲ့သို့ မဟုတ်ကြပါ၊ ပစ္စေကဗုဒ္ဓါတို့ဆိုသည်မှာ လက်နှစ်သျှသောဆံ, မုတ်ဆိတ်ကိုသာ ဆောင်ကြလျက် ကိုယ်၌ ပရိက္ခရာရှစ်ပါးကို ဆင်မြန်းဝတ်ရုံကြပါသည်''ဟု လျှောက်တင်ကြလေလျှင် ထိုမင်းသားပစ္စေကဗုဒ္ဓါငါးရာတို့သည် လက်ျာလက်ဖြင့် (မိမိတို့)ဦးခေါင်းကို သုံးသပ်ကြလေသည်၊ ထိုခဏမှာပင် လူ့အသွင်တွေကွယ်ပျောက်၍ ပရိက္ခရာရှစ်ပါးတို့ ကိုယ်၌ ဝတ်ရုံဆင်မြန်းပြီးသား ဖြစ်ကြလေ၏၊ ထို့နောက် အရှင်ပစ္စေကဗုဒ္ဓါငါးရာတို့သည် လူများအပေါင်း ကြည့်ရှုနေကြစဉ်ပင် ကောင်းကင်ခရီးဖြင့် နန္ဒမူလကလိုဏ်သို့ ကြွတော်မူကြလေသည်။

## လက်လုပ်လက်စား၊ ဆင်းရဲသား၊ ဖြစ်ငြား သူမဘဝ

ပဒုမဝတီမိဖုရားကြီးသည်လည်း ''ငါကား သားများမိခင်ဖြစ်ရာမှ သားမဲ့မိခင်ဖြစ်ရလေပြီ''ဟု နှလုံးစိုးရိမ်ပူပန်ခြင်းသို့ ရောက်၍ ထိုစိုးရိမ်ပူပန်ခြင်းသောကဖြင့်ပင် ကွယ်လွန်လေသော် ရာဇဂြိုဟ်မြို့တံခါးဝ ရွာငယ်တစ်ရွာဝယ် လက်လုပ်လက်စား ဆင်းရဲသားမျိုး၌ ဖြစ်ရလေသည်၊ နောင်တချိန်ဝယ် အိမ်ထောင်ကျ၍ လင့်အိမ်သို့ လိုက်ပါရကား တနေ့သ၌ လင်ယောကျ်ားအတွက် လယ်တောသို့ ယာဂုပို့ဆောင်သွားရာ မိမိ၏(ရှေးဘဝက)သား အရှင်ပစ္စေကဗုဒ္ဓါငါးရာတို့အနက် အရှင်ပစ္စေကဗုဒ္ဓါရှစ်ဆူတို့သည် ဆွမ်းခံချိန်တွင် ကောင်းကင်ခရီးဖြင့် ကြွတော်မူသည်တို့ကို မြင်ရ၍ လျင်လျင်မြန်မြန် သွားရောက်လျက် လင်ယောကျ်ားအား ''အရှင်...ပစ္စေကဗုဒ္ဓါတို့ကို ဖူးမြော်ပါလော့၊ ဤပစ္စေကဗုဒ္ဓါတို့ကို ပင့်ဖိတ်၍ ဆွမ်းကျွေးကြကုန်စို့''ဟု ပြောကြားလေသည်၊ ထိုလင်ယောကျ်ားက ''ရှင်မ...ထိုသူတို့သည် ရဟန်းငှက်တို့ မည်ကုန်၏၊ အခြားအရပ်တို့၌လည်း ဤအတူပင် ပျံသန်းလှည့်လည်ကြကုန်၏၊ ထိုသူတို့သည် ပစ္စေကဗုဒ္ဓါတို့ မဟုတ်ကုန်''ဟု ပြောဆိုလေသည်။

အရှင်ပစ္စေကဗုဒ္ဓါရှစ်ဆူတို့သည် ထိုလယ်လုပ်သမား ဇနီးမောင်နှံတို့ ပြောဆိုနေကြစဉ်ပင် မနီးမဝေးအရပ်၌ မြေသို့ သက်ဆင်းတော်မူကြလေသည်၊ ထိုလယ်လုပ်အိမ့်ရှင်မအမျိုးသမီးသည် ထိုနေ့၌ မိမိအတွက် ထမင်းခဲဖွယ်ဘောဇဉ်ကို ထိုပစ္စေကဗုဒ္ဓါရှစ်ဆူတို့အား ပေးလှူပြီးလျှင် ''နက်ဖြန်ခါလည်း အရှင်မြတ်ရှစ်ပါးတို့သည် တပည့်တော်မ၏ဆွမ်းကို အလှူခံတော်မူကြပါဘုရား''ဟု လျှောက်ထားပင့်ဖိတ်လေသည်။ အရှင်ပစ္စေကဗုဒ္ဓါရှစ်ဆူတို့က ''ကောင်းပြီ ဒါယိကာမကြီး...သင်၏ပူဇော်သက္ကာ လှူဖွယ်ရာသည် ဤမျှသာ ဖြစ်ပစေ၊ နေရာတို့လည်း ရှစ်နေရာတို့သာ ဖြစ်ကြပစေ၊ ငါတို့မှတပါး အခြားပစ္စေကဗုဒ္ဓါတို့ကို ဖူးမြင်ရလျှင် သင်၏စိတ်သည် သဒ္ဓါတရား တိုးပွားရာ၏''ဟု မိန့်တော်မူကြလေသည်။ ထို(မယ်တော်ဟောင်း)အမျိုးသမီးသည် နောက်နေ့၌ ရှစ်နေရာတို့ကို ခင်းကျင်းပြီးလျှင် ရှစ်ဆူစာ ပူဇော်ဖွယ်ဝတ္ထုများကို စီမံ၍ ထိုင်စောင့်နေလေသည်။

အပင့်အဖိတ်ခံ ပစ္စေကဗုဒ္ဓါရှစ်ဆူတို့သည် ကျန်ပစ္စေကဗုဒ္ဓါ(၄၉၂)ဆူတို့အား''အရှင်ဘုရားတို့...ယနေ့ အခြားအရပ်သို့ မသွား

ရောက်ကြပဲ အရှင်ဘုရားတို့၏မိခင်အား ချီးမြှောက်ခြင်းကို ပြုတော်မူကြပါကုန်လော့"ဟု အသိပေးစကား လျှောက်ထားကြလေသည်၊ ထိုပစ္စေကဗုဒ္ဓါ(၄၉၂)ဆူတို့သည် ထိုရှစ်ဆူသောပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏လျှောက်ထားသောစကားကိုကြားသိကြရ၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်(၅၀၀)လုံးတို့ပင် တပေါင်းတည်း ကောင်းကင်ခရီးဖြင့် ကြွလာတော်မူကြကာ မယ်တော်၏အိမ်တံခါးဝ၌ ထင်ရှားဖြစ်တော်မူကြလေသည်။ မယ်တော်သည်လည်း ရှေးဦးကပင် အမှတ်သညာရပြီးဖြစ်၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်များစွာတို့ကို ဖူးမြင်ရသော်လည်း(နေရာဌာန,လှူဖွယ်ဝတ္ထု မလောက်မငဖြစ်မည်အတွက်) လုံးဝ မတုန်လှုပ်ချေ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးရာလုံးတို့ကိုပင် အိမ်တွင်းသို့ ပင့်သွင်း၍ နေရာတို့၌ ထိုင်တော်မူစေပါသည်။

ရှေးဦးစွာ အပင့်အဖိတ်ခံအရှင်ပစ္စေကဗုဒ္ဓါရှစ်ဆူတို့ အစဉ်အတိုင်း ထိုင်တော်မူမိကြလျှင် ကိုးဆူမြောက် အရှင်ပစ္စေကဗုဒ္ဓါသည် အခြားရှစ်နေရာတို့ကို ဖန်ဆင်း၍ မိမိကိုယ်တိုင်က အဦးနေရာ၌ ထိုင်နေတော်မူလေသည်၊ နေရာများ တိုး၍လာသလောက် အိမ်ကလည်း ကျယ်ဝန်းလာလေ၏။ ဤသို့ ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးရာလုံးတို့ ထိုင်နေတော်မူမိကြလျှင် ထိုမယ်တော်ဟောင်းသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ရှစ်ဆူစာ စီမံထားအပ်သော လှူဖွယ်ဝတ္ထုကို ပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးရာတို့အား အလိုရှိတိုင်း လှူဒါန်းပြီးလျှင် ကြာညိုလက်ရှစ်လက်တို့ကို ဆောင်ယူ၍ ပင့်ဖိတ်ရင်း ပစ္စေကဗုဒ္ဓါအရှင်မြတ်ရှစ်ဆူတို့၏ခြေတော်ရင်း၌ ချထားလျက် "အရှင်မြတ်တို့ဘုရား...ဖြစ်လေရာရာဘဝ၌ တပည့်တော်မ၏ကိုယ်အဆင်းသည် ဤကြာညိုပန်းတို့၏အတွင်း ကြာတိုက်အဆင်းကဲ့သို့ ဖြစ်ပါစေသားဘုရား" ဟု ဆုတောင်းပတ္ထနာပြုခဲ့လေသည်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးရာတို့သည် မယ်တော်အား အနုမောဒနာပြုကြပြီးလျှင် ဂန္ဓမာဒနတောင်သို့သာ ပြန်ကြွတော်မူကြလေသည်။

## နောက်ဆုံးဘဝ၊ ရဟန်းမ၊ ပြုထ ဥပ္ပလဝဏ္ဏာ

ထိုအမျိုးသမီးသည်လည်း အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ ထိုဘဝမှ ကွယ်လွန်လေလျှင် နတ်ပြည်၌ဖြစ်ပြီးနောက်ဝယ် ကျွန်ုပ်တို့၏ဘုရားရှင်ပွင့်တော်မူသောအခါ သာဝတ္ထိပြည်ဝယ် သူဌေးမျိုး၌ဖြစ်လေသည်၊ ထိုသူဌေးသမီး၏ကိုယ်ရေအဆင်းသည် ကြာညိုပန်းကြာတိုက်နှင့်တူသောကြောင့် သူမ၏အမည်ကို "ဥပ္ပလဝဏ္ဏာ"ဟူ၍ မှည့်ခေါ်ကြလေသည်။ ဥပ္ပလဝဏ္ဏာသူဌေးသမီး အရွယ်သို့ ရောက်သောအခါ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ရှိကြသည့် မင်းများ, သူဌေးများ အားလုံးကပင် ဖခင်သူဌေး၏အထံသို့"သူဌေးကြီး၏သမီးကို ကျွန်ုပ်တို့အား ပေးပါလော့"ဟု တမန်စေလွှတ်တောင်းခံကြလေသည်၊ မတောင်းခံသော မင်း, သူဌေးဟူ၍ မရှိပါ။ (အထဿာ ဝယပ္ပတ္တကာလေ သကလဇမ္ဗုဒိပရာဇာနော စ သေဋ္ဌိနော စ သေဋ္ဌိဿ သန္တိကံ ပဟိဏိံသု "ဓိတရံ အမှာကံ ဒေတူ"တိ။ အပဟိဏန္တော နာမ နာဟောသိ။ အံ၊ ၄၊ ၁၂၇၄။)

ထိုအခါ ဖခင်သူဌေးက "ငါသည် သမီးကိုလိုလားသူအားလုံးတို့၏စိတ်ကို ရယူခြင်းငှါ စွမ်းနိုင်လိမ့်မည်မဟုတ်၊ ဥပါယ်တမျဉ်ကိုကား ငါပြုရတော့မည်"ဟု စဉ်းစားကာ သမီးကို ခေါ်စေပြီးလျှင် "ချစ်သမီး..ရဟန်းမ ပြုနိုင်ပါမည်လော?"ဟု မေးမြန်းလေသည်၊ ဥပ္ပလဝဏ္ဏာသူဌေးသမီးအဖို့ရာ ပစ္ဆိမဘဝိက(သံသရာနောက်ဆုံးဘဝ၌ဖြစ်သူ)ဖြစ်သောကြောင့် ဖခင်၏မေးမြန်းသော စကားသည် ဦးခေါင်းထက်ဝယ် သွန်းလောင်းအပ်သည့် အကြိမ်တစ်ရာ ချက်ထားသော ဆီကဲ့သို့ ဖြစ်လေသည်၊ ထို့ကြောင့် ဖခင်ကို "ရဟန်းမ ပြုပါမည် ဖခင်..."ဟု ဖြေကြားလေသည်။

ဖခင်သူဌေးကြီးသည် သမီးအား ချီးမြှောက်သက္ကာရမှု ပြု၍ ဘိက္ခုနီမကျောင်းသို့ ခေါ်ဆောင်သွားပြီးလျှင် ရှင်ရဟန်းမ ပြုစေလေသည်၊ ဥပ္ပလဝဏ္ဏာအဖို့ရာ ရဟန်းမ ပြု၍မကြာမြင့်မီပင် ဥပုသ်အိမ်၌ ဝတ်ပြုရန် အခါအလှည့်ကျရောက်လေသည်၊ ဥပ္ပလဝဏ္ဏာဘိက္ခုနီမသည် ဆီမီးကို ညှိထွန်း၍ ဥပုသ်အိမ်ကို တံမြက်လှည်းပြီးလျှင် ဆီမီးလျှံ(ဆီမီးတောက်အညွန့်)၌ ကမ္မဋ္ဌာန်းအာရုံနိမိတ်ကို ယူလျက် အထပ်ထပ် အဖန်ဖန် ဆီမီးညွန့်ကို ကြည့်ရှုကာ တေဇောကသိုဏ်းလျှင်အာရုံရှိသော ဈာန်ကို ဖြစ်စေ၍ ထိုဈာန်ကိုပင် အခြေပြု၍ ဝိပဿနာတရားပွားများအားထုတ်လေရာ မကြာမီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သည်နှင့် တပြိုင်နက်ပင်လျှင် (ရှေးဆုတောင်းအတိုင်း) တန်ခိုးဖန်ဆင်းခြင်း၌ လေ့လာအပ်ပြီးသော ဝသီဘော်ရှိသူ (ဝသီဘော်ငါးတန်လေ့လာနိုင်နင်းပြီးသူ) ဖြစ်လေသည်။

## တန်ခိုးအရာ၊ မြတ်ဆုံးသာ၊ ရပါ ဧတဒဂ်

ဥပ္ပလဝဏ္ဏာထေရီမသည် နောက်တချိန်ဝယ် ဘုရားရှင်၏ရှေ့မီးအစုံအစုံ တန်ခိုးပြတော်မူရာနေ၌ "ရှင်တော်ဘုရား...တပည့်တော်မ တန်ခိုပြပါရစေဘုရား"ဟု ခြင်္သေ့မင်းဟောက်သကဲ့သို့ မကြောက်မရွံ့ လျှောက်ထားဝံ့လေသည်၊ ဘုရားရှင်သည် ဤအကြောင်းကို အဋ္ဌုပ္ပတ်ပြု၍ ဇေတဝန်ကျောင်းတော်၌ နေထိုင်တော်မူလျက် အစဉ်အတိုင်း ဘိက္ခုနီမတို့ကို ရာထူးဌာနန္တရ၌ ထားတော်မူလေသော်

ဤဥပ္ပလဝဏ္ဏာထေရီမကို..."ရဟန်းတို့...တန်ခိုးနှင့်ပြည့်စုံကြသည့် ငါဘုရား၏တပည့်မ ဘိက္ခုနီတို့တွင် ဥပ္ပလဝဏ္ဏာဘိက္ခုနီသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ"တန်ခိုးနှင့်ပြည့်စုံသောအရာ၌ အမြတ်ဆုံး တေဒဂ်ရာထူး"၌ ထားတော်မူလေသည်။

ဥပ္ပလဝဏ္ဏာတိ နီလုပ္ပလဂဗ္ဘသဒိသေနေဝ ဝဏ္ဏေန သမန္နာဂတတ္တာ ဧဝံလဒ္ဓနာမာ ထေရီ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၆၆။)

သာ အပရဘာဂေ သတ္ထု ယမကပါဋိဟာရိယကရဏဋ္ဌာနေ "အဟံ ဘန္တေ ပါဋိဟာရိယံ ကရိဿာမိ"တိ သီဟနာဒံ နဒိ။ သတ္ထာ တံ ကာရဏံ အဋ္ဌုပ္ပတ္တိံ ကတွာ ဇေတဝနဝိဟာရေ နိသိန္နော ပဋိပါဋိယာ ဘိက္ခုနိယော ဌာနန္တရေ ဌပေန္တော တံ ထေရိံ ဣဒ္ဓိမန္တီနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၇၄။)

အရှင်မဥပ္ပလဝဏ္ဏာထေရီ၏အကြောင်းအပြည့်အစုံကို (အံ၊ ဋ္ဌ၊ ၁၊ ၂၆၆ ၂၇၄။ ထေရီဂါထာ၊ ဋ္ဌ၊ ၁၉၀ ၂၀၆။ အပဒါန်၊ ၂၊ ထေရီအပဒါန်၊ ၂၂၉ ၂၃၆။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၁၀ ၃၁၂။ မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ဒုပိုင်း၊ ၄၅ ၆၇)တို့၌ ကြည့်ပါ။

## (၄) အရှင်မပဋာစာရာထေရီအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဝိနယဓရာနံ ယဒိဒံ ပဋာစာရာ။ (အံ၊ ၁၊ ၂၆။)

### အရှင်မပဋာစာရာထေရီအကြောင်း ရှေးဆုတောင်း

ပဋာစာရာထေရီမအလောင်းသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်၌ ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီးဖြစ်၍ နောက်အဖို့၌ ဘုရားရှင်၏တရားဒေသနာတော်ကို ကြားနာနေစဉ် ဘုရားရှင်က ဘိက္ခုနီမတစ်ပါးကို ဝိနည်းဆောင်သည့်ဘိက္ခုနီမတို့တွင် အမြတ်ဆုံးရာထူး၌ထားတော်မူသည်ကို မြင်တွေ့၍ အဓိကာရကုသိုလ်ကောင်းမှုကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်း ပတ္ထနာပြုခဲ့လေသည်။

### ကိကီမင်းကြီး၊ သမီးခုနစ်ဖော်၊ တစ်ဖော်တွင်မည် ဘိက္ခုနီ

ထိုအမျိုးကောင်းသမီးသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ ထိုဘဝမှ စုတေလျှင် နတ်ပြည်, လူပြည်တို့၌ ကျင်လည်ခဲ့၍ ကဿပဘုရားရှင်လက်ထက်တော်၌ ကိကီမည်သော ကာသိမင်းကြီး၏နန်းအိမ်၌ ပဋိသန္ဓေစွဲယူနေလျက် သမီးတော်ခုနစ်ယောက်တို့တွင် သုံးယောက်မြောက် "ဘိက္ခုနီ"မည်သော သမီးတော်အဖြစ် မွေးဖွားလာခဲ့လေသည်၊ ဘိက္ခုနီမင်းသမီးသည် အခြားမင်းသမီးခြောက်ယောက်တို့နှင့်အတူတကွ နှစ်ပေါင်းနှစ်သောင်းတို့တိုင်တိုင် ကောမာရဗြဟ္မစရိယအကျင့်ကို ကျင့်လျက် ရဟန်းသံဃာတော်အား သံဃာ့အာရာမ် ပရိဝုဏ်ကျောင်းတိုက်ကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

ထိုမင်းသမီးသည် ထိုဘဝမှ ကွယ်လွန်လေလျှင် တဖန် နတ်ပြည်၌ ဖြစ်၍ ဘုရားနှစ်ဆူတို့၏အကြား၌ နတ်စည်းစိမ်ခံစားပြီးလျှင် ဤကျွန်ုပ်တို့၏ဘုရားရှင်ပွင့်တော်မူသောအခါ သာဝတ္ထိမင်းနေပြည်၌ သူဌေးသမီးဖြစ်၍ လာလေသည်။ သူဌေးသမီးသည် အရွယ်သို့ရောက်လတ်သော် မိမိအိမ်၌နေသူ အလုပ်သမားတယောက်နှင့် မေတ္တာသက်ဝင် ချစ်ခင်၍ နောက်အဖို့၌ မိဘတို့က မျိုးရိုးတူသော သူဌေးသားတစ်ယောက်နှင့်ထိမ်းမြားမှုပြုအံ့ဆဲဆဲတွင် မေတ္တာသက်ဝင် ချစ်ခင်ခဲ့ရင်းဖြစ်သော အလုပ်သမားယောကျ်ားအား "သင်သည် နက်ဖြန်မှစ၍ ငါ့ကို တံခါးပေါက်ပေါင်းတရာဖြင့်လည်း မြင်ခွင့်ရလိမ့်မည်မဟုတ်၊ အကယ်၍ သင်မှာ အလုပ်ရှိလျှင် ယခုပင် ငါ့ကို ခေါ်ဆောင်၍ သွားလော့"ဟု အသိပေးပြောကြားလေသည်။ ထိုအလုပ်သမားသည် "ကောင်းပြီ ဤသို့ပင် ဖြစ်စေတော့"ဟု ဝန်ခံလျက် သင့်လျော်လျောက်ပတ်သော လက်ဆောင်ဥစ္စာနှစ်ကို ယူ၍ ထိုသူဌေးသမီးကို ခိုးဆောင်ကာ သာဝတ္ထိမြို့မှ သုံး,လေးယူဇနာတို့တိုင်တိုင် ဖဲခွါပြီးလျှင် ရွာငယ်တစ်ရွာ၌ နေထိုင်လေသည်။

ထိုနောက်အဖို့၌ သူဌေးသမီး၏ဝမ်းကြာတိုက်၌ ကိုယ်ဝန်တည်ရှိလေသည်၊ သူမသည် ကိုယ်ဝန်ရင့်ကျက်လေသော် "အရှင်, ..ဤအရပ်သည် ကျွန်မတို့အဖို့ရာ ကိုးကွယ်အားထားရာမဲ့သော အရပ်ဖြစ်သည်၊ မိဘအိမ်သို့ ပြန်သွားကြပါစို့"ဟု ပြောလေသည်၊ လင်ယောကျ်ားသည် "ယနေ့ သွားကြကုန်အံ့, နက်ဖြန် သွားကြကုန်အံ့"ဟု ပြန်မသွားဝံ့သည်ဖြစ်၍ အချိန်ကို ကုန်လွန်စေသည်၊ သူဌေးသမီးသည် မိမိလင်ယောကျ်ား၏အကြောင်းကို သိ၍ "ဤသူမိုက်သည် ငါ့ကို မိဘအိမ်သို့ ပို့ဆောင်လိမ့်မည်မဟုတ်"ဟု ဆင်ခြင်အောက်မေ့မိရကား ထိုလင်ယောကျ်ား ပြင်ပသို့ သွားနေခိုက် "ငါတစ်ယောက်တည်းပင် မိဘအိမ်သို့ ပြန်သွားတော့အံ့"ဟု ကြံစည်စိတ်ကူးကာ ခရီးထွက်လေသည်။

လင်ယောကျ်ားဖြစ်သူသည် ပြန်လာ၍ ထိုသူဌေးသမီးကို အိမ်၌ မတွေ့ရလေလျှင် အိမ်နီးချင်းတို့ကို မေးလျှင်"မိဘအိမ်သို့ ပြန်သွားပြီ"ဟု ကြားသိရလေသော် "ငါ့ကို အမှီပြု၍ အမျိုးကောင်းသမီးသည် ကိုးကွယ်အားထားရာမဲ့ ဖြစ်ရချေ၏"ဟု ထက်ကြပ်

မကွာ လိုက်လေရာ သူဌေးသမီးကို မှီလေသည်၊ သူဌေးသမီးအဖို့ရာ လမ်းခရီးအကြား၌ပင် ကိုယ်ဝန်မှထခြင်း(သားဖွားခြင်း)ဖြစ်လေသည်၊ ထို့နောက် ဇနီးမောင်နှံနှစ်ယောက်တို့သည် "ငါတို့သည် သားဖွားရန်အတွက် မိဘအိမ်သို့ သွားကြလေရာ ထိုသားဖွားခြင်းကိစ္စကား လမ်းခရီးအကြား၌ပင် ပြီးခဲ့လေပြီ၊ ယခုအခါ သွား၍ အဘယ်အမှုကို ပြုကုန်အံ့နည်း?=ပြုစရာကိစ္စ မရှိတော့ပြီ"ဟု နေရင်းရွာယ်သို့ ပြန်လာကြလေသည်။

နောက်ထပ်တဖန် ထိုသူဌေးသမီး၏ဝမ်းကြာတိုက်၌ ကိုယ်ဝန်တည်ပြန်လေသည်၊ သူဌေးသမီးသည် ရှေးနည်းအတူပင် ကိုယ်ဝန်ရင့်ကျက်လာသောအခါ မိဘအိမ်သို့ ပြန်ဖို့ရန် လင်ယောကျ်ားကို ပြောကြားပါသော်လည်း လင်ယောကျ်ားသည် ရှေးနည်းအတူပင် ယနေ့, နက်ဖြန် အချိန်ဆွဲနေသဖြင့် သူမတစ်ယောက်တည်း မိဘအိမ်သို့ သွားရန် ခရီးထွက်ရာ ရှေးနည်းအတူပင် လင်ယောကျ်ားလိုက်လာ၍ လမ်းခရီးအကြား၌ မှီလေသည်။

လမ်းခရီးအကြားဝယ် ထိုသူဌေးသမီး မီးဖွားပြီးလျှင်ပြီးခြင်း အရပ်လေးမျက်နှာတို့၌ မိုးကြီးသည်းထန်စွာ ရွာသွန်းလာလေသည်၊ သူဌေးသမီးသည် လင်ယောကျ်ားကို"အရှင်...အချိန်အခါမဲ့၌ အရပ်လေးမျက်နှာတို့၌ မိုးကြီးသည်းထန်စွာ ရွာသွန်းလာခဲ့လေပြီ၊ ကျွန်မတို့နေရာဌာနကို ပြုလုပ်အားထုတ်ပါလော့"ဟု ပြောလေသည်၊ လင်ယောကျ်ားသည် "ကောင်းပါပြီ...ပြုလုပ်ပေးပါမည်"ဟု ဝန်ခံပြောဆို၍ တုတ်တံတို့ဖြင့်တဲကုပ်ကလေး ဆောက်လုပ်ပြီးလျှင် "အမိုးမိုးဖို့ရန် မြက်ကို ငါဆောင်ယူအံ့"ဟု ကြံစည်လျက် တစ်ခုသော တောင်ပို့ကြီးအခြေ၌ မြက်ကို ဖြတ်လေသည်။

ထိုအခါ ထိုယောကျ်ားကို တောင်ပို့၌အိပ်နေသောမြွေဟောက်သည် ခြေ၌ ကိုက်လိုက်လေသည်၊ ထိုယောကျ်ားသည် ထိုနေရာမှာပင် လဲကျသေဆုံးလေ၏။ ထိုသူဌေးသမီးသည်လည်း "ယခု လာတော့မည်, ယခု လာတော့မည်"ဟု စောင့်မျှော်ရင်း တညဉ့် ကုန်လွန်လေလျှင်"မချွတ်ကေန် ငါ့ကို ထိုယောကျ်ားသည် 'ဤသူမကား ကိုးကွယ်အားထားရာမဲ့သူတည်း'ဟု လမ်းခရီး၌ စွန့်ပစ်၍ သွားတာ ဖြစ်လိမ့်မည်"အောက်မေ့ကာ အလင်းရောင် ဖြစ်ပေါ်လာလတ်သော် ခြေရာခံလိုက်သွားလျက် ထိုထို ဤဤ ကြည့်ရှုလေရာ တောင်ပို့အခြေ၌ လဲကျသေဆုံးနေသော လင်ယောကျ်ားကို တွေ့မြင်ရ၍ "ငါ့ကို အမှီပြု၍ ယောကျ်ားသည် ပျက်စီးရလေပြီ"ဟု ငိုကြွေး၍ သားငယ်ကို ခါးထစ်ခွင်ချီလျက် သားကြီးကို လက်ကဆွဲကိုင်စေ၍ လမ်းခရီးအတိုင်း သွားကြလေလျှင် လမ်းခရီးအကြား၌ ရေတိမ်မြစ်ငယ်တစ်ခုကို တွေ့ရ၍ "ငါသည် သားနှစ်ယောက်တို့ကို တပြိုင်နက်တည်း ယူဆောင်၍ ကူးသွားခြင်းငှာ တတ်နိုင်လိမ့်မည်မဟုတ်"ဟု စဉ်းစားကာ သားကြီးကို ဤမှာဖက်ကမ်း၌ ထားခဲ့၍ သားငယ်ကို ထိုမှာဖက်ကမ်းသို့ ပို့ဆောင်၍ အနီးအဝတ်၌ သိပ်ထားပြီးမှ တဖန် ပြန်လာ၍ "သားကြီးကို ချီယူ၍ ဤမြစ်ကို ကူးသွားတော့အံ့"ဟု အောက်မေ့ကာ မြစ်အတွင်းသို့ သက်ဆင်းလေသည်။

ထို့နောက် သူဌေးသမီး မြစ်၏အလယ်သို့ ရောက်သောအခါ သိမ်းစွန်ရဲတစ်ကောင်သည် "ဤအရာကား အသားတုံးအသားစိုင်တည်း"ဟု ထင်မှတ်သဖြင့် သားငယ်ကို ထိုသုတ်ရန် ပျံသန်းလာလေသည်၊ သူဌေးသမီးသည် လက်ကို ဆန့်တန်းကာ သိမ်းစွန်ရဲကို ခြောက်လှန့်ပြေးစေသည်၊ မိခင်၏ထိုလက်ဆန့်တန်းသော အမူအရာကို မြင်ရ၍ သားကြီးသည် "ငါ့ကို မိခင်ခေါ်၏"ဟု ထင်မှတ်ကာ မြစ်အတွင်းသို့ သက်ဆင်းလေသော် မြစ်ရေအဟုန်ဖြင့် တိမ်းငဲ့လဲကျလျက် ရေစီးရာသို့ မျောပါသေဆုံးရှာလေတော့သည်၊ ထိုသိမ်းစွန်ရဲသည်လည်း သူဌေးသမီးရောက်မလာမီပင် သားငယ်ကို ထိုသုတ်ချီယူသွားလေသည်။ သူဌေးသမီးသည် သည်းစွာသော စိုးရိမ်ခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ လမ်းခရီးအကြား၌...

"ဥဘော ပုတ္တာ ကာလင်္ကတာ၊ ပန္ထေ မယှံ ပတီ မတော (အံ၊ ၄၊ ၁၊ ၂၇၆)

မယှံ ငါ၏၊ ဥဘော ပုတ္တာ သားနှစ်ယောက်တို့သည်၊ ကာလင်္ကတာ သားကြီးရေမြုပ် သားငယ်ကိုသိမ်းစွန်သုတ်သဖြင့် ကွယ်ချုပ်ပျက်စီးခဲ့ကြလေပြီ၊ ပန္ထေ လမ်းခရီး၌၊ ပတီ လင်ယောကျ်ားသည်၊ မတော မြွေခဲ၍ သေပွဲဝင်ခဲ့ရလေပြီ" ဟူသော ဤငိုချင်းဂါထာဝက်ကို သီဆိုလျက် သွားလေရာ သာဝတ္ထိပြည်သို့ ဆိုက်ရောက်၍ မိဘအိမ်အနီးသို့ ရောက်ရှိပါသော်လည်း သောကအဟုန်ကြောင့်ပင် မိမိ၏မိဘအိမ်ကို မမှတ်မိနိုင်ပဲ "ဤအရပ်၌ ဤသို့သဘောရှိသော သူဌေးအိမ် ရှိပါသည်၊ ထိုအိမ်သည် အဘယ်အိမ်ပါနည်း?"ဟု မေးလေသည်၊ လူများက "သင်သည် ထိုသူဌေးအိမ်ကို မေး၍ အဘယ်အမှုကို ပြုနိုင်တော့အံ့နည်း?၊ ထိုသူဌေးမိသားစုတို့၏နေအိမ်သည် လေပြင်းတိုက်ခတ်သောကြောင့် ပြိုကျခဲ့လေသည်၊ ထိုအိမ်ပြိုရာ၌ပင် သူဌေးမိသားစုအားလုံးတို့လည်း အသက်ပျောက်ရာကြလေပြီ၊ ထိုသူဌေးမိသားစုကြီးငယ်တို့ကို ထင်းပုံတစ်ခုတည်း၌ပင် မီးသင်္ဂြိုဟ်မှုပြုကြလေသည်၊ ထိုမီးခိုးတလိပ်လိပ်တက်နေသည်ကိုသာ ကြည့်ရှုပါလော့"ဟု ပြောကြားကြလေလျှင် သူဌေးသမီးသည် "ရှင်တို့...ဘယ်လို ပြောလိုက်ကြသလဲ?"ဟု တစ်ခွန်းသာ ပြောနိုင်ရာလျက် မိမိ၏အဝတ်ကိုပင် မဝတ်နိုင်တော့ပဲ မိမွေးတိုင်းအသွင်ဖြင့်သာလျှင် လက်ရုံးနှစ်ဖက်တို့ကို မြှောက်ချီ ဟစ်အော်ငိုကြွေးကာ မိဘဆွေမျိုးများသင်္ဂြိုဟ်ရာ ထင်းပုံရှိသည့်အရပ်သို့ သွားရောက်၍...

"ဥဘော ပုတ္တာ ကာလင်္ကတာ၊ ပန္ထေ မယှံ ပတီ မတော။
မာတာ ပိတာ စ ဘာတာ စ၊ ဧကစိတကသ္မိံ ဍယှရေ (အံ၊ ၄၊ ၁၊ ၂၇၇)

မယုံ အမျိုးကောင်းသမီး စောင့်စည်းရန်ဝတ် ယွင်းချွတ်ပျက်ကာ သို့ကြောင်းရာကြောင့် ပဋာစာရာ သညာမည်ထ ကျွန်တော်မ၏၊ ဥဘော ပုတ္တာ-အကြီးအငယ် သားနှစ်သွယ်တို့သည်၊ ကာလကံတာ တဦးရေမြုပ် တဦးကိုသိန်းသုတ်သဖြင့် ဆုံးချုပ်ပျက်စီးခဲ့ကြလေပြီ၊ ပန္ထေ ခရီးလမ်းဝယ်၊ ပတိ အားကိုးအားထား လင်ယောကျ်ားသည်၊ မတော စုတိပျက်ကြွေ သေခဲ့လေပြီ၊ မာတာ စ-မွေးမိသခင် ကျေးဇူးရှင်ကိုင်း၊ ပိတာ စ-မွေးသဘခင် ကျေးဇူးရှင်ကိုင်း၊ ဘာတာ စ တမိဝမ်းတွင်း ထက်အောက်ဆင်းသည့် မောင်ရင်းကိုင်း၊ ဧကစိတကသို့ တိုက်ပြို့ခြင်အသက်ကုန် တခုတည်းသော ထင်းပုံ၌ ဍယှရေ ဍယှန္တိ ရှာပနအပြီး ဖုတ်ကြည်းသင်္ဂြိုဟ်အပ်ကုန်ပြီတကား"

ဟူသော ငိုချင်းဂါထာအပြည့်အစုံကို ရွတ်ဆိုမြည်တမ်းရာလေသည်။

## ဝတ်မပါပဲ၊ သွားလာနဲ၊ ခေါ်မြဲ ပဋာစာရာ

ထိုသူဋ္ဌေးသမီးသည် မိမွေးတိုင်းအသွင်ဖြင့် လှည့်လည်သွားလာနေသဖြင့် အခြားသူတယောက်က အဝတ်ကို ပေးအပ်ပါသော်လည်း ဆုတ်ဖြဲ ဆုတ်ဖြဲ၍သာ စွန့်ပစ်လေသည်၊ ထိုအခါ သူမကို မြင်တိုင်း မြင်တိုင်းသောနေရာ၌ လူအများ ဝိုင်းအုံလျက် လှည့်လည်သွားလာလေသည်။ ထိုအခါ သူမ၏အမည်ကို "အဝတ်ထဘီကို ဝတ်ဆင်ခြင်းကင်း၍ လှည့်လည်သွားလာသောကြောင့်" ပဋာစာရာ ခေါ်ဆိုကြလေသည်၊ သူဋ္ဌေးသမီးအဖို့ရာ အဝတ်မဝတ်သဖြင့် အရှက်မရှိသူတို့၏အကျင့်မျိုး ထင်ရှားရကား "အရှက်ရှိသူတို့၏အကျင့်မှ လျှော့ကျသောအကျင့်ရှိသောကြောင့်" ပဋာစာရာ ဟု ခေါ်ဆိုကြလေသည်။

အထဿာ "အယံ ပဋာစာရံ ပဋပရိဟရဏံ ဝိနာ စရတိ"တိ ပဋာစာရာတေဝ နာမံ အကံသု။ ယသ္မာ စဿာ နဂ္ဂဘာဝေန အလဇ္ဇိအာစာရော ပါကဋော အဟောသိ၊ တသ္မာ ပတိတော အာစာရော အဿာတိ ပဋာစာရာတွေဝ နာမံ အကံသု။ (အံ၊ ဋ္ဌ၊ ၁၊ ၂၇၇။)

တတော ပဋ္ဌာယ တဿာ နိဝါသနမတ္တေနပိ ပဋေန (ဝတ္ထေန၊က) အစရဏတော ပတိတာစာရတ္တာ ပဋာစာရာတွေဝ သမညာ အဟောသိ။ (ထေရီဂါထာ၊ ဋ္ဌ၊ ၁၁၄။)

ပဋာစာရာသူဋ္ဌေးသမီးသည် တနေ့သ၌ ဘုရားရှင် လူများအပေါင်းအား တရားဟောတော်မူစဉ် ကျောင်းတော်သို့ ဝင်ပြီးလျှင် ပရိသတ်၏အစွန်း၌ ရပ်နေလေသည်၊ ဘုရားရှင်သည် မေတ္တာကိုဖြန့်လွှတ်ကာ "နှမ...သတိကို ရလော့၊ နှမ...သတိကို ရလော့"ဟု မဟာကရုဏာတော်ဖြင့် မိန့်ခေါ်တော်မူလေသည်၊ သူမအဖို့ရာ ဘုရားရှင်၏စကားတော်ကို ကြားရလျှင် ကြီးစွာသောရှက်ကြောက်စိတ်သည် ဖြစ်လာရာ ထိုနေရာမြေပေါ်၌ပင် ထိုင်လေတော့သည်၊ မနီးမဝေး၌ရှိသော ယောကျ်ားတစ်ယောက်က အပေါ်ရုံအဝတ်ကို ပစ်၍ ပေးလိုက်လေသည်။ သူမသည် ထိုအပေါ်ရုံအဝတ်ကို ဝတ်၍ တရားတော်ကို နာယူလေသည်၊ ဘုရားရှင်သည် သူမ၏စရိုက်အားလျော်စွာ...

> "န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ။
> အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။
> ဧတမတ္ထဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
> နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။"

ဤဓမ္မပဒဂါထာတို့ကို ဟောကြားတော်မူလေသည်၊ ပဋာစာရာသူဋ္ဌေးသမီးသည် ဂါထာဒေသနာတော်၏အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်၍ ဘုရားရှင်ကို ဆည်းကပ်လျက် ရှိခိုး၍ ရှင်ရဟန်းမအဖြစ်ကို တောင်းပန်လျှောက်ထားလေသည်။ ဘုရားရှင်သည် သူမအဖို့ရာ"ဘိက္ခုနီမကျောင်းသို့ သွား၍ ရှင်ရဟန်းမ ပြုလော့"ဟု မိန့်တော်မူ၍ ရှင်ရဟန်းမအဖြစ်ခံယူစေသည်၊ ပဋာစာရာဘိက္ခုနီမသည် ရဟန်းမ ပြု၍ မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ ဘုရားရှင်၏စကားတော်ကို သင်ယူလျက် ဝိနယပိဋကတ်၌ လေ့လာအပ်သော လိမ္မာကျွမ်းကျင်သည့်ထေရီမ ဖြစ်လေသည်။ နောင်တချိန်ဝယ် ဘုရားရှင် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဘိက္ခုနီမတို့ကို အစဉ်အတိုင်း ရာထူးဌာနန္တရ၌ထားလတ်သော် ပဋာစာရာဘိက္ခုနီမကို ဝိနည်းဆောင်ဘိက္ခုနီမတို့တွင် အမြတ်ဆုံးအရာ၌ ထားတော်မူလေသည်။

ဝိနယဓရာနံ ယဒိဒံ ပဋာစာရာတိ ပဋာစာရာ ထေရီ ဝိနယဓရာနံ(ဝိနယဓာရီနံ၊က)အဂ္ဂါတိ ဒဿေတိ။ (အံ၊ ဋ္ဌ၊ ၁၊၂၇၅။)

သာ ပဗ္ဗဇိတွာ နစိရဿေဝ အရဟတ္တံ ပတွာ ဗုဒ္ဓဝစနံ ဂဏှန္တီ ဝိနယပိဋကေ စိဏ္ဏဝသီ အဟောသိ။ အပရဘာဂေ သတ္ထာ ဇေတဝနေ နိသိန္နော ဘိက္ခုနိယော ပဋိပါဋိယာ ဌာနန္တရေ ဌပေန္တော ပဋာစာရံ ဝိနယဓရာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၇၇။)

ဤကား အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊ ၂၇၅ ၂၇၇)၌ လာ၏။

ထေရီဂါထာအဋ္ဌကထာနှင့် ဓမ္မပဒအဋ္ဌကထာတို့၌လာသော မှတ်သားဖွယ်ရာများကား....

ပဋာစာရာသူဌေးသမီးသည် မိမွေးတိုင်းအသွင်ဖြင့် ဒိုချင်းဂါထာကိုသာ ရွတ်ဆိုငိုကြွေးလျက် ခြေဦးတည်ရာ လှည့်လည်သွားလာ၍ နေလေသည်၊ သူမကို မြင်တွေ့ကြရလျှင် လူတို့သည် "ဟဲ့-သွား အရူးမ..."ဟု ပြောဆိုကြလျက် အချို့က အမှိုက်သရိုက်ကို ဦးခေါင်း၌ ပစ်လွှတ်ကြလေသည်၊ အချို့ကမူ မြေမှုန့်ကို ကြဲဖြန့်ကြသည်၊ အချို့ကတော့ ခဲဖြင့် ပစ်ကြလေသည်။

## အမြိုက်ရေချမ်း၊ ဆွတ်ပက်ဖျန်း၊ ငြိမ်းချမ်းလေပါ ပဋာစာ

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်ဝယ် များစွာသော ပရိသတ်အလယ်၌ ထိုင်နေတော်မူလျက် တရားဟောတော်မူစဉ် ထိုကဲ့သို့ မရပ်မတည် လှည့်လည်သွားလာနေသော ပဋာစာရာသူဌေးသမီးကို မြင်တော်မူသည့်ပြင် သူမ၏အသိဉာဏ်ရင့်ကျက်ချိန်တန်သည်ကိုလည်း ကြည့်မြင်တော်မူသောကြောင့် ကျောင်းတော်သို့ရှေးရှုလာအောင် အဓိဋ္ဌာန်ပြုတော်မူလေသည်။ တရားနာပရိသတ်သည် ပဋာစာရာ သူဌေးသမီးလာနေသည်ကို တွေ့မြင်ရလေလျှင် "ဤအရူးမအား ဤအရပ်သို့ လာရောက်ခွင့် မပြုကြကုန်လင့်"ဟု ပြောဆိုလေသည်၊ ဘုရားရှင်က "ပဋာစာရာကို မတားမြစ်ကြလင့်"ဟု မိန့်တော်မူ၍ အနီးသို့ ရောက်လာသောအခါ "ချစ်နှမ...သတိကို ရလော့"ဟု မဟာကရုဏာတော်ဖြင့် မိန့်ဆိုတော်မူလေသည်။

ပဋာစာရာသူဌေးသမီးသည် ထိုခဏ၌ပင်လျှင် ဘုရားရှင်၏အာနုဘော်တော်ကြောင့်သတိရ၍ ထဘီအဝတ်မပါရှိသည်ကို သတိအမှတ်ရကာ အရှက်အကြောက်ဖြစ်ရှိလျက် ဒူးထောက်ခါးညွတ်၍ ထိုင်နေရာလေသည်၊ ယောကျ်ားတစ်ယောက်သည် အပေါ်ရုံအဝတ်ကို ပစ်၍ပေးလိုက်လေသည်၊ သူမသည် ထိုအဝတ်ကိုဝတ်၍ ဘုရားရှင်အထံတော်သို့ ဆည်းကပ်၍ တည်ခြင်းငါးပါးဖြင့် ရှိခိုးလျက်

"ရှင်တော်ဘုရား..တပည့်တော်မ၏မှီခိုအားထားရာ ဖြစ်တော်မူပါဘုရား၊ တပည့်တော်မ၏သားတစ်ယောက်ကို သိန်းစွန်ရဲက ထိုးသုတ်ချီယူသွားခဲ့ပါပြီ၊ သားတစ်ယောက်ကိုတော့ မြစ်ရေအဟုန်ဖြင့် မျှောဆောင်အပ်ခဲ့ပါပြီ၊ လမ်းခရီးအကြား၌ လင်ယောကျ်ား ဆုံးပါးခဲ့ပါပြီ၊ မိဘနှစ်ပါးနှင့်မောင်ကိုကား တိုက်အိမ်ပိလျက် သေဆုံးကြပါသဖြင့် ထင်းပုံတခုတည်း၌ မီးသင်္ဂြိုဟ်အပ်ပါကုန်ပြီဘုရား"

ဟု သောကဖြစ်ရာ အကြောင်းလျာကို လျှောက်ထားလေသည်။

ဘုရားရှင်က"ချစ်သမီးပဋာစာရာ..ထွေရာလေးပါး အကြံမများလင့်၊ သင်၏မှီခိုအားထားရာ ဖြစ်နိုင်သောသူ၏အထံသို့ သင်ရောက်လာခဲ့လေပြီ၊ သင်သည် ယခုအခါ သား, လင်, မိ, ဘ, မောင်တို့၏ သေဆုံးခြင်းဟူသောအကြောင်းကြောင့် မျက်ရေပေါက်ကြီးငယ်ကို ဖြစ်စေရသကဲ့သို့ အစမထင် သံသရာတခွင်၌ သား, လင်, မိ, ဘ, မောင်တို့ သေဆုံးခြင်းဟူသော အကြောင်းကြောင့် ဖြစ်စေခဲ့ရ=ကျခဲ့ရသော မျက်ရေပေါက်များကား မဟာသမုဒ္ဒရာလေးစင်းမှာရှိသော ရေပေါက်တို့ထက် များပြားလှသေး၏"ဟု တရားဓမ္မ ဟောတော်မူလိုရကား...

"စတူသု သမုဒ္ဒေသု ဇလံ ပရိတ္တကံ၊ တတော ဗဟုံ အဿုဇလံ အနပ္ပကံ။
ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ၊ ကိံ ကာရဏာ အမ္မ တုဝံ ပမဇ္ဇသိ။
(ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၄၁၊ ထေရီဂါထာ၊ ဋ္ဌ၊ ၁၁၄။)

ပဋာစာရေ ချစ်သမီးပဋာစာရာ၊ စတူသု သမုဒ္ဒေသု အရှေ့,အနောက်,တောင်,မြောက်လေးမျက်နှာ သမုဒ္ဒရာတို့၌၊ ဇလံ ရေပေါက်သည်၊ ပရိတ္တကံ သတ္တဝါတစ်ယောက်၏မျက်ရေပေါက်နှင့်နှိုင်းစာ နည်းလှစွာသေး၏၊ ဒုက္ခေန ဖုဋ္ဌဿ သား,လင်,မိ,ဘ,မောင်အရင်းတို့ဆုံးရ၍ ကာယ,စိတ္တ ဒုက္ခနှစ်ဖုံဖြင့် တွေ့ကြုံနှိပ်စက်အပ်သော၊ နရဿ ဒေါသကိလေသာ မခွါရသေးသူ လူတစ်ယောက်၏၊ သောစနာ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းကြောင့်၊ ပဝတ္တံ ဖြစ်ပေါ်ယိုစီး၍လာသော၊ အနပ္ပကံ တစ်ပါးမက ဂဏန်းမချနိုင်သော၊ အဿုဇလံ မျက်ရေပေါက်များသည်၊ တတော ထိုသမုဒ္ဒရာလေးစင်း အတွင်းမှာရှိသောရေထက်၊ ဗဟုံ သချာဆပွါး များလှပေ၏၊ အမ္မ ချစ်သမီးပဋာစာရာ၊ တုဝံ သင်ချစ်သမီးသည်၊ ကိံ ကာရဏာ အဘယ်အကြောင်းကြောင့်၊ ပမဇ္ဇသိ သတိယွင်းပေါ့ ချစ်သမီး မေ့လျော့၍နေသနည်း?၊ မာ ပမဇ္ဇ သတိတရား လက်ကိုင်ထား၍ သင်ကား မမေ့မလျော့လေလင့်။"

ဟူသော သောကပြေပေး အမြိုက်ဆေးဂါထာကို တိုက်ကျွေးတော်မူလေသည်။

ဤသို့ ဘုရားရှင်က အစမထင် သံသရာတခွင်နှင့်စပ်သောတရားစကားကို ဟောကြားတော်မူလတ်သော် ပဋာစာရာ၏အဖို့ရာ သောကတရား အထူးသဖြင့် ပါးသွားလေသည်၊ ထိုအခါ ဘုရားရှင်သည် သူမကို သောကတရား အထူးသဖြင့် ပါး၍နေသည်ကိုသိမြင်တော်မူ၍ "ချစ်သမီးပဋာစာရာ...သားစသောသူတို့မည်သည် တမလွန်လောကသို့ သွားရသောသူ၏အဖို့ရာ အစောင့်အရှောက်လည်း

မဖြစ်နိုင်ကြကုန်, ပုန်းအောင်းရာ, မှီခိုရာလည်း မဖြစ်နိုင်ကြကုန်၊ ထိုသားစသောသူတို့သည် အသက်ထင်ရှားရှိကြပါကုန်သော်လည်း တမလွန်လောကသို့ သွားရမည့်သူ၏အဖို့ရာ မရှိကြသည်သာ မည်ကုန်၏၊ ထို့ကြောင့် ပညာရှိသည် မိမိ၏သီလကို သုတ်သင်၍ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းလမ်းစဉ်ကိုသာ ပြီးစေအပ်သည်"ဟု ဖော်ညွှန်းတော်မူလျက်...

ဓမ္မပဒ၌လာသော "န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ....အစရှိသော ဂါထာကို ဟောတော်မူလေသည်။

ပဋာစာရေ ချစ်သမီးပဋာစာရာ...၊ အန္တကေန -ဘဝဆုံးလျှင် ရှင်သေမင်းသည်၊ အဓိပန္နဿ -အချိန်ရောက်ကာ နှိပ်စက်လာသောသူ၏(အဖို့ရာ)၊ ပုတ္တာ -သား,သမီးတို့သည်၊ တာဏာယ -သေမင်းရန်ကို တွန်းလှန်စောင့်ရှောက်ခြင်းငှါ၊ န သန္တိ မဖြစ်နိုင်ကြကုန်၊ ပိတာ -ဘ,မိနှစ်ပါး ကျေးဇူးရှင်များသည်၊ န သန္တိ -မဖြစ်နိုင်ကြကုန်၊ ဗန္ဓဝါပိ မေတ္တာဖွဲ့ပျိုး ဆွေမျိုး မိတ်သင်္ဂဟတို့သည်လည်း၊ န သန္တိ -မဖြစ်နိုင်ကြကုန်၊ ဉာတီသု မိ,ဘ,သမီး,သား ဆွေမျိုးများတို့၌၊ တာဏတာ သေမင်းရန်ကို တွန်းလှန်ပယ်ဖျောက် စောင့်ရှောက်နိုင်ခြင်းသည်၊ နတ္ထိ တစိုးတစိ မရှိချေ။

ပဏ္ဍိတော -ရှေ့နောက်အရေး ထောက်တွေးမြော်မြင် ပညာရှင်သည်၊ ဧတံ အတ္ထဝသံ -သေမင်းရန်ရောက် ကြုံလာမြောက်သော် စောင့်ရှောက်မည့်သူ တစ်ယောက်လူမျှ ထောက်ကူမရှိခြင်း အကြောင်းရင်းကို၊ ဉတွာ -ပညာဆင်ခြင် မြော်သိမြင်၍၊ သီလသံဝုတော ကိုယ်ကျင့်သီလ မပျက်ရအောင် နိစ္စကျင့်ဆောက် စောင့်ရှောက်သည်ဖြစ်၍၊ နိဗ္ဗာနဂမနံ နိဗ္ဗာန်ထုတ်ချောက် ရောက်စေနိုင်သော၊ မဂ္ဂံ မဂ္ဂင်ရှစ်ခဏ်း အကျင့်လမ်းကို၊ ခိပ္ပမေဝ -လျင်စွာသာလျှင်၊ ဝိသောဓယေ ကျင့်ဆောင်နေ့စဉ် သုတ်သင်ရှင်းလင်းရာ၏။" (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ဒုပိုင်း၊ ၇၇ ၇၈။)

ဤဂါထာတို့ဖြင့် တရားဟောကြားတော်မူလေသည်၊ တရားဒေသနာတော်၏အဆုံး၌ ပဋာစာရာသူဌေးသမီးသည် သောတာပတ္တိဖိုလ်၌ တည်၍ ဘုရားရှင်ကို ရှင်ရဟန်းမ ပြုပေးရန် တောင်းပန်လျှောက်ထားလေသည်။

မှတ်ချက်။ (ဓမ္မပဒအဋ္ဌကထာ၌သာ လာသောစကားမှာ "ထိုပဋာစာရာသူဌေးသမီးသည် ရဟန်းမအဖြစ် ရရှိပြီးသော် ထင်ရှားသော အကျင့်ရှိခြင်းကြောင့် "ပဋာစာရာ"ဟူ၍သာ အမည်ထင်ရှားလေသည်။

သာ လဒ္ဓူပသမ္ပဒါ ပဋိတာစာရတ္တာ ပဋာစာရာတွေဝ ပညာယတိ။ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၄၂။)

ဘုရားရှင်သည် ပဋာစာရာသူဌေးသမီးကို ဘိက္ခုနီမတို့ထံသို့ ခေါ်ဆောင်၍ ရှင်ရဟန်းပြုပေးစေတော်မူလေသည်၊ ပဋာစာရာဘိက္ခုနီမသည် ရဟန်းမအဖြစ်ကို ရရှိပြီးနောက် အထက်မဂ်အလို့ငှာ ဝိပဿနာအလုပ် အားထုတ်နေစဉ် တနေ့သ၌ ရေအိုးဖြင့် ရေကိုယူ၍ ခြေတို့ကို ဆေးကြောရန် ရေလောင်းလျှင် ထိုရေသည် အနည်းငယ်သောအရပ်တိုင်အောင် ရောက်၍ ပြတ်သွားလေသည်၊ ဒုတိယအကြိမ် ရေလောင်းပြန်သောအခါ ထိုပဌမအကြိမ်လောင်းသောရေရောက်၍ပြတ်သွားရာအရပ်ထက် အနည်းငယ်ဝေးသော အရပ်တိုင်အောင်ရောက်၍ပြတ်သွားပြန်လေသည်၊ တတိယအကြိမ် ရေလောင်းပြန်သောအခါ ထိုဒုတိယအကြိမ်လောင်းသောရေ ရောက်၍ပြတ်သွားရာအရပ်ထက် အနည်းငယ် ဝေးသော အရပ်တိုင်အောင် ရောက်၍ ပြတ်သွားပြန်လေသည်။

## ပဋာစာရာထေရီ၊ ဘိက္ခုနီ၊ ဖြစ်ပြီ ရဟန္တာ

ပဋာစာရာထေရီသည် ထိုရေသုံးမျိုးရောက်ရာ အရပ်သုံးမျိုးကိုပင် အာရုံယူ၍ အရွယ်သုံးပါးတို့ကို ဉာဏ်ဖြင့် ပိုင်းခြားလျက်...

"ငါသည် ပဌမအကြိမ် လောင်းအပ်သောရေကဲ့သို့ ဤသတ္တဝါတို့သည် ပဌမအရွယ်၌လည်း သေလွန်နိုင်ကြကုန်၏၊ ထိုပဌမရေထက် အနည်းငယ်ဝေးသောအရပ်တိုင်အောင် ရောက်၍ပြတ်သော ဒုတိယအကြိမ်လောင်းအပ်သောရေကဲ့သို့ ဤသတ္တဝါတို့သည် မဇ္ဈိမ(ဒုတိယ)အရွယ်၌လည်း သေလွန်နိုင်ကြကုန်၏၊ ထိုဒုတိယရေထက် အနည်းငယ်ဝေးသောအရပ်တိုင်အောင် ရောက်၍ပြတ်သော တတိယအကြိမ်လောင်းအပ်သောရေကဲ့သို့ ဤသတ္တဝါတို့သည် ပစ္ဆိမ(တတိယ=နောက်ဆုံး) အရွယ်၌လည်း မလွဲမသွေ ဧကန်ပင် သေလွန်ကြကုန်၏"

ဟု ဆင်ခြင်စဉ်းစား၍ နေလေသည်။

မှတ်ချက်။ (ထေရီဂါထာအဋ္ဌကထာ၌သာ လာသောစကားမှာ...ဤကဲ့သို့ ကမ္မဋ္ဌာန်းအာရုံနိမိတ်ကို ဆင်ခြင်ပြီးလျှင် ပဋာစာရာထေရီမသည်"ဤရေသည် ကုန်ခန်း, ပျက်စီးခြင်းသဘောရှိသကဲ့သို့ ဤအတူ သတ္တဝါတို့၏အာယုသင်္ခါရများသည်လည်း ကုန်ခန်း, ပျက်စီးခြင်းသဘောရှိကုန်၏"ဟု အနိစ္စလက္ခဏာကိုလည်းကောင်း, ထိုအနိစ္စလက္ခဏာကိုအစဉ်လျှောက်သဖြင့် ဒုက္ခလက္ခဏာ,အနတ္တလက္ခဏာတို့ကိုလည်းကောင်း စူးစမ်းဆင်ခြင်ကာ ဝိပဿနာတရား ပွားများအားထုတ်နေစဉ် ဥတုသပ္ပါယကို ရယူလိုသဖြင့် ကျောင်းတိုက်ခန်းသို့ ဝင်လျက် အမိုက်မှောင်ကို ပယ်ဖျောက်ရန် ဆီမီးအိမ်ကို ယူ၍ အခန်းတွင်းသို့ ဝင်ရောက်၍ ဆီမီးအိမ်ကို ထားပြီးလျှင် ညောင်စောင်းငယ်၌ ထိုင်ကာမျှပင် ဆီမီးအိမ်ကို ငြိမ်းစေရန် အပ်သံချွန်ဖြင့် ဆီမီးစာကို ဆွဲငင်လိုက်လေသည်၊ ထိုအခါ၌ ဥတုသပ္ပါယကို ရသဖြင့်

ထိုထေရီမ၏စိတ်သည် တည်ကြည်လာခဲ့လေရာ ဝိပဿနာလမ်းပေါ်သို့ သက်၍ မဂ်သို့ ဆိုက်ရောက်လေသည်၊ ထို့နောက် မဂ်အစဉ်အတိုင်းဖြင့် အကြွင်းမဲ့ အာသဝေါတရားတို့ကုန်ဆုံးလေတော့သည်။ ထေရီဂါထာအဋ္ဌကထာ၊ ၁၂၀။)

ထိုအချိန်၌ ဘုရားရှင်သည် ဂန္ဓကုဋိကျောင်းတော်၌ ထိုင်နေတော်မူလျက်ပင် ကိုယ်တော်ရောင်ကို ဖြန့်လွှတ်၍ ထေရီမ၏မျက်မှောက်၌ ရပ်တည်၍ ဟောတော်မူသကဲ့သို့ "ချစ်သမီးပဋာစာရာ...သင်စဉ်းစားဆင်ခြင်သော ဤအကြောင်းအရာသည် သင်စဉ်းစားဆင်ခြင်သည့်အတိုင်းမှန်ပေ၏၊ အလုံးစုံသော ဤသတ္တဝါတို့သည်ပင် သေလွန်ခြင်းသဘောရှိကြကုန်၏၊ ထို့ကြောင့် ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို ဉာဏ်ပညာဖြင့် မသိမြင်သောသူ၏အနှစ်တစ်ရာ အသက်ရှင်နေရခြင်းထက် ခန္ဓာငါးပါးတို့၏ဖြစ်ခြင်း, ပျက်ခြင်းကို ဉာဏ်ပညာဖြင့် သိမြင်သောသူ၏တစ်ရက်မျှသော်လည်းကောင်း, တစ်ခဏမျှသော်လည်းကောင်း အသက်ရှင်နေရခြင်းသည် အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှပေ၏ ဟူသော ဤအနက်သဘောကို ဖော်ညွှန်းတော်မူလျက်

"ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။
(ခု၊ ၁၊ ၃၀ ဓမ္မပဒ။)

ပဋာစာရေ ချစ်သမီးပဋာစာရာ...၊ ယော စ အမှတ်မထင် အကြင်သူသည်ကား၊ ဥဒယဗ္ဗယံ ရုပ်နာမ်နှစ်သင်း ဖြစ်ပျက်ခြင်းကို၊ အပဿံ ဝိပဿနာဉာဏ်မျက်စိဖြင့် မသိမမြင်ပဲ၊ ဝဿသတံ အနှစ်တစ်ရာ ရှည်မြင့်ကြာအောင်၊ ဇီဝေ အသက်ရှည်ထွေ တည်နေရာ၏၊ တဿ ထိုသူ၏၊ ဇီဝတော အနှစ်တစ်ရာ ရှည်မြင့်ကြာအောင် ခန္ဓာဆက်စဉ် အသက်ရှင်၍ နေရခြင်းထက်၊ ဉဒယဗ္ဗယံ ရုပ်နာမ်နှစ်သင်း ဖြစ်ပျက်ခြင်းကို၊ ပဿတော ဝိပဿနာဉာဏ်မျက်စိဖြင့် ကြည့်ရှုဆင်ခြင် သိမြင်နေသောသူ၏၊ ဧကာဟံ ကာလမကြာ တစ်ရက်တာမျှ၊ ဇီဝိတံ ခန္ဓာဆက်စဉ် အသက်ရှင်၍နေရခြင်းသည်၊ သေယျော အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှပေ၏။" (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ဒုပိုင်း၊ ၈၀။)

ဟူသော ဂါထာကို ဟောတော်မူလေသည်၊ ဂါထာတော်နိဂုံး ဆုံးသောအခါ ပဋာစာရာထေရီမသည် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

ဆောင်ပုဒ်များ။ ။ ပဋာစာရာ၊ ထေရီမှာ၊ ဖြစ်လာ ဉာဏ်အစဉ်။
ခြေကိုဆေးရာ၊ ရေသုံးဖြာ၊ ရောက်ရာ ကုန်ဆုံးအင်။
အရွယ်သုံးပါး၊ ရေသုံးစား၊ ဉာဏ်များ သူသက်ဝင်။
ပဌမရေ၊ ရောက်ကုန်လေ၊ မှတ်ပေ ပ ရွယ်တွင်။
ဒုတိယရေ၊ ရောက်ကုန်လေ၊ မှတ်ပေ ဒု ရွယ်တွင်။
တတိယရေ၊ ရောက်ကုန်လေ၊ မှတ်ပေ တ ရွယ်တွင်။
အရွယ်တိုင်းမှာ၊ ပျက်စီးရာ၊ ပညာဉာဏ်ဆင်ခြင်။
သေခြင်းတရား၊ သူစဉ်းစား၊ ထင်ရှားနေခိုက်တွင်။
ဘုရားရှင်မြတ်၊ ရောင်တော်လွှတ်၊ ဟောချွတ်တရားယဉ်။
ဖြစ်ပျက်တရား၊ မြင်သူကား၊ နေပြားတစ်ရက်ပင်။
ဖြစ်ပျက်မသိ၊ တစ်ရာထိ၊ နေဘိသူထက်လျှင်။
မြတ်သည့်အကြောင်း၊ ဟောဖော်ကောင်း၊ ဆင့်လောင်း ဉာဏ်အစဉ်။
သမ္ဘိဒါလေးဝ၊ ပြည့်စုံရ၊ ဖြစ်ထ ရဟန္တာပင်။

## ဝိနည်းစပ်လာ၊ ကြောင်းခြင်းရာ၊ မှန်စွာ ဟောကြားချက်
## ဝိနည်းအရာ၊ မြတ်ဆုံးသာ၊ ရပါ ဧတဒဂ်

ပဋာစာရာထေရီမသည် ရဟန္တာဖြစ်ပြီးနောက်ဝယ် ဘုရားရှင်၏အထံတော်၌ အလုံးစုံသော ဝိနည်းပိဋကကို အကျယ်အားဖြင့် သင်ကြားတတ်မြောက်၍ ဝိနည်းတော်နှင့်စပ်သော အကြောင်းအရာများကို ဟုတ်တိုင်းမှန်စွာ ဟောကြားဖြေဆိုလေ့ရှိသည်၊ ထို့ကြောင့် ဘုရားရှင်သည် ပဋာစာရာထေရီမကို "ရဟန်းတို့...ဝိနည်းကိုဆောင်သည့် ငါဘုရား၏တပည့်မ ဘိက္ခုနီတို့တွင် ပဋာစာရာဘိက္ခုနီသည် အမြတ်ဆုံးဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "ဝိနည်းကိုဆောင်သောအရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ ထားတော်မူလေသည်။

တတောဟံ ဝိနယံ သဗ္ဗံ၊ သန္တိကေ သဗ္ဗဒဿိနော။

ဥဂ္ဂဟိ သဗ္ဗဝိတ္တာရံ၊ ဗျာဟရိဿံ ယထာတထံ။
ဇိန္နော တသို့ ဂုဏော တုဋ္ဌော၊ တေဒဂ္ဂေ ဌပေသိ မံ။
အဂ္ဂါ ဝိနယဓာရီနံ၊ ပဋာစာရာဝ ဇေိကာ။
(ခု၊ ၄၊ ၂၃၉။ ထေရီဂါထာ၊ ဋ္ဌ၊ ၁၁၈။)

ပဋာစာရာထေရီမ၏အကြောင်းကို (ခု၊ ၄၊ ပဋာစာရာထေရီအပဒါန်၊ ၂၃၆ ၂၃၉။ ထေရီဂါထာ၊ ဋ္ဌ၊ ၁၁၁ ၁၂၁။ မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ-ဒုပိုင်း၊ ၆၇-၈၁)တို့၌ ကြည့်ရှုနိုင်သည်။

## (၅) အရှင်မ ဓမ္မဒိန္နာထေရီအကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဓမ္မကထိကာနံ ယဒိဒံ ဓမ္မဒိန္နာ။ (အံ၊ ၁၊ ၂၆။)

## ဓမ္မဒိန္နာထေရီအလောင်း ရှေးဆုတောင်း

ဓမ္မဒိန္နာထေရီအလောင်းသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ မထင်ရှားသော အမျိုးမှာ အလုပ်သမအမျိုးသမီးဖြစ်၍ ရင့်ကျက်သော ပညာရှိသူ, သီလစောင့်ထိန်းသူ ဖြစ်ခဲ့လေသည်။ သူမသည် ပဒုမုတ္တရဘုရားရှင်၏အဂ္ဂသာဝက သုဇာတမထေရ် ဆွမ်းခံကြွဝင်တော်မူသည်ကို ရေခပ်သွားရင်း ဖူးမြင်ရ၍ မထေရ်အား မုန့်ကို သဒ္ဓါကြည်ဖြူစွာ မိမိလက်ဖြင့် ဆက်ကပ်လှူဒါန်းခဲ့လေသည်၊ မထေရ်သည်လည်း မုန့်ကို ခံယူပြီးလျှင် ထိုနေရာ၌ပင် ထိုင်တော်မူလျက် ဘုဉ်းပေးတော်မူလေသည်။

မှတ်ချက်။ [။ ထေရီဂါထာအဋ္ဌကထာ(၁၆)၌ကား "ဓမ္မဒိန္နာထေရီအလောင်း သူဆင်းရဲမသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်၌ နိရောဓသမာပတ်မှ ထသော အဂ္ဂသာဝကမထေရ်အား ပူဇော်သက္ကာရလျှင်ရှေးသွားရှိသော အလှူဒါနကို ပေးလှူ၍ နတ်ပြည်၌ ဖြစ်ခဲ့လေသည်"ဟုလာရှိ၏။]

ထို့နောက် အလုပ်သမအမျိုးသမီးသည် အရှင်သုဇာတမထေရ်အား အိမ်သို့ ပင့်ဆောင်၍ ဆွမ်းဆက်ကပ်လှူဒါန်းနေသည်၊ ထိုအကြောင်းကို သူမ၏အရှင်ဖြစ်သူ သူဌေး ကြားသိရလျှင် နှစ်သက်သဘောကျကာ မိမိ၏သားနှင့် ထိမ်းမြားပေး၍ ထိုအလုပ်သမကို ချွေးမပြုလေသည်။

ထိုသူဌေးချွေးမသည် တနေ့သောအခါ ယောက္ခမမိန်းမသူနှင့်အတူတကွ ဘုရားရှင့်ထံတော်သို့ သွားရောက်လျက် ရှိခိုးနေစဉ် ဘုရားရှင်က ဘိက္ခုနီမတစ်ပါးကို "ဓမ္မကထိက(တရားဟောကောင်းသော)အရာဝယ် တေဒဂ်ရာထူး"၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားရဝမ်းသာစွာ သံဃာတော်များနှင့်တကွသော ဘုရားရှင်အား အလှူကြီးကို ပေးလှူပြီးလျှင် ထိုဓမ္မကထိကရာထူးကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။ ပဒုမုတ္တရဘုရားရှင်ကလည်း ကျွန်ုပ်တို့၏ဘုရားရှင့်လက်ထက်တော်ဝယ် ထိုဆုတောင်းပြည့်ဝမည်အကြောင်း ဗျာဒိတ်စကား မြွက်ကြားတော်မူလေသည်။

မှတ်ချက်။ [အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊ ၂၇၈)၌ကား"ထိုဓမ္မဒိန္နာထေရီအလောင်းသည် ပဒုမုတ္တရဘုရားရှင့်လက်ထက်တော်အခါ ဟံသာဝတီနေပြည်တော်ဝယ် သူတပါးကိုမှီတွယ်နေရသည့်အမျိုး၌ဖြစ်၍ ပဒုမုတ္တရဘုရားရှင်၏အဂ္ဂသာဝက သုဇာတမထေရ်အား အဓိကာရကောင်းမှုကို ပြု၍ ထိုဓမ္မကထိကရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာပြုခဲ့လေ၏"ဟု လာရှိသည်။]

## ဖုဿဘုရားရှင်၊ လက်ထက်တွင်၊ ချစ်လင် ဘဏ္ဍာစိုး
## ကတော်ဘဝ၊ ဖြစ်ပြန်ရ၊ ကံက ဆောင်သည်ပိုး

ထိုသူဌေးချွေးမသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ ထိုဘဝမှ စုတေလျှင် နတ်ပြည်, လူပြည်တို့၌ ကျင်လည်လျက် ဖုဿဘုရားရှင့်လက်ထက်တော်ဝယ် ဘုရားရှင်နှင့် ဘတူမိကွဲဖြစ်ကြသည့် မင်းသားသုံးယောက်တို့၏ဘဏ္ဍာစိုးကတော်ဖြစ်လာ၍ သဒ္ဓါတရားထက်သန်သူဖြစ်ရကား "တစ်ခုကို ပေးပါ"ဟု တောင်းလျှင် နှစ်ခု ပေးလေသည်။

## ကိကီမင်းကြီး၊ သမီးခုနစ်ယောက်၊ ဆဋ္ဌမြောက်၊ မည်ထောက် သုဓမ္မာ ဖြစ်၍လာ

ထိုဘဏ္ဍာစိုးကတော်သည် ကုသိုလ်အလုံး မယုတ်စေပဲ ပေးလှူပြီးလျှင် (၉၂)ကမ္ဘာတို့ကို ကျော်လွန်၍ ကဿပဘုရားရှင့်လက်ထက်တော်ဝယ် ကိကီမည်သော ကာသိမင်းကြီး၏သမီးတော် ခုနစ်ယောက်တို့တွင် ခြောက်ယောက်မြောက် "သုဓမ္မာ"မည်သော သမီးတော်ဖြစ်၍ နှစ်ပေါင်းနှစ်သောင်းတို့တိုင်တိုင် ကောမာရဗြဟ္မစရိယအကျင့်ကို ကျင့်လျက် ရဟန်းသံဃာတော်အား ပရိဝုဏ်ကျောင်း

တိုက်ကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

## နောက်ဆုံးဘဝ၊ ရဟန်းမ၊ ပြုထ ဓမ္မဒိန္နာ

ထိုမင်းသမီးသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ ထိုဘဝမှစုတေလေလျှင် ဘုရားနှစ်ဆူတို့၏အကြား နတ်ပြည်၊ လူ့ပြည်တို့၌ ကျင်လည်လျက် ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ သူဌေးသမီးဖြစ်၍ နောက်တချိန်ဝယ် ဝိသာခသူဌေးနှင့် မိဘတို့ စုံဖက်ပေးသဖြင့် ဝိသာခသူဌေးအိမ်သို့ လိုက်ပါကာ သူဌေးကတော် ဓမ္မဒိန္နာ ဟု ထင်ရှားလေသည်။ မှတ်ချက်။ [ဖုဿဘုရားရှင့်လက်ထက်တော်က ဘဏ္ဍာစိုးဇနီးမောင်နှံတို့သည် ဤကျွန်ုပ်တို့၏ဘုရားရှင့်လက်ထက်တော်၌ "ဝိသာခသူဌေးနှင့်ဓမ္မဒိန္နာသူဌေးကတော်"တို့ ဖြစ်လာခဲ့ကြလေသည်။]

ဝိသာခသူဌေးကား ဗိမ္ဗိသာရမင်းကြီး၏သူငယ်ချင်းဖြစ်၍ မင်းကြီးနှင့်အတူတကွ ဘုရားရှင့်ထံတော်သို့ ပဌမဆုံးဖူးမြော် သွားရောက်လျက် တရားကို ကြားနာရကာ သောတာပတ္တိဖိုလ်၌တည်လေသည်၊ နောက်အဖို့၌ ဝိသာခသူဌေးသည် အနာဂါမိဖိုလ်သို့ပင် မျက်မှောက်ပြုလေသည်။ ထိုသူဌေးသည် အနာဂါမိဖိုလ်သို့ မျက်မှောက်ပြုသောနေ့၌ အိမ်သို့ ပြန်လာ၍ စောင်းတန်းဦး၌ရပ်နေသော ဓမ္မဒိန္နာက လက်ကို ဆန့်တန်းပေးသော်လည်း သူမ၏လက်ကို မဆွဲကိုင်ပဲသာလျှင် ပြာသာဒ်ပေါ်သို့ တက်သွားလေသည်၊ ဝိသာခသူဌေးသည် အစားအစာ သုံးဆောင်သော်လည်း "ဤမည်သောအစာကို ထည့်ပေးပါ, ဤမည်သောအစာကို ဆောင်ယူခဲ့ပါ"ဟု မပြောဆိုတော့ပြီ။ ဓမ္မဒိန္နာသူဌေးကတော်သည် ယောက်ချိုကို ကိုင်လျက် လုပ်ကျွေးပြုစုနေစဉ် "ဤသူဌေးသည် ငါ၏လက်ကို ဆွဲကိုရန် ပေးသော်လည်း ငါ့လက်ကို မဆွဲကိုင်၊ အစားအစာ စားသောက်သုံးဆောင်သော်လည်း တစ်စုံတစ်ခုကိုမျှ မပြောမဆို၊ ငါ့မှာပင် အပြစ်တစ်စုံတစ်ရာ ရှိသလော?"ဟု ကြံစည်တွေးတောကာ အစားအစာ သုံးဆောင်ပြီးသော ဝိသာခသူဌေးကို "အရှင်...ကျွန်မမှာ အပြစ်တစ်စုံတစ်ရာ ရှိလေသလော?"ဟု မေးလေသည်။ ဝိသာခသူဌေးက "ရှင်မဓမ္မဒိန္နာ..သင့်မှာ တစ်စုံတစ်ရာ အပြစ်မရှိ၊ ငါသည်ကား ယနေ့မှစ၍ ပေါင်းသင်းဆက်ဆံသည်၏အစွမ်းဖြင့် သင်တို့၏အထံ၌ ထိုင်ခြင်း,ရပ်ခြင်း,ခဲဖွယ်ဘောဇဉ်ကို ဆောင်ယူစေ၍ ခဲခြင်းစားခြင်းငှါ မထိုက်တော့ပြီ၊ အကယ်၍ သင် အလိုရှိပါမူ ဤအိမ်၌ပင် နေလော့၊ အကယ်၍အလိုမရှိလျှင် အလိုရှိသမျှ ဥစ္စာကို ယူ၍ မိဘအိမ်သို့ သွားပါလော့"ဟု ပြောဆိုလေသည်။ ဓမ္မဒိန္နာသူဌေးကတော်က "အရှင့်သား...ဤသို့ဖြစ်လတ်သော် ကျွန်မသည် အရှင့်သားတို့ ထွေးပစ်အပ်ပြီးသောတံတွေး, ပျို့အန်အပ်ပြီးသောအန်ဖတ်ကို ဦးခေါင်းဖြင့် ချီရွက်၍ မလှည့်လည်လိုပါ၊ ကျွန်မအား ရှင်ရဟန်းမ ပြုရန် ခွင့်ပြုတော်မူပါ"ဟု တောင်းပန်ပြောဆိုလေသည်။ ဝိသာခသူဌေးက "ကောင်းပြီ ဓမ္မဒိန္နာ..."ဟုပြောဆိုပြီးလျှင် ဗိမ္ဗိသာရမင်းကြီးအား (ထိုအကြောင်းကို) လျှောက်တင်၍ ဓမ္မဒိန္နာသူဌေးကတော်ကို ရွှေထမ်းစင်ဖြင့် ဘိက္ခုနီမကျောင်းတိုက်သို့ ပို့ဆောင်၍ ရှင်ရဟန်းမ ပြုစေသည်။

ဓမ္မဒိန္နာသူဌေးကတော်သည် ရဟန်းမ ပြုပြီးလျှင် "ဤသူဌေးသည် အိမ်အလယ်၌ တည်နေလျက်ပင် ဝဋ်ဆင်းရဲဆုံးအောင် ပြုတုံသေး၏၊ ရဟန်းမအဖြစ်ကို ရသောအချိန်မှစ၍ ငါသည်လည်း ဝဋ်ဆင်းရဲဆုံးအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်မှ သင့်မည်" ဟု ကြံစည်ကာ ဆရာ, ဥပဇ္ဈာယ်ဖြစ်ကြသော ထေရီမကြီးတို့ထံသို့ သွား၍"အရှင်မကြီးတို့ဘုရား...တပည့်တော်မအဖို့ရာ အာရုံငါးပါး ရောပြွမ်းသောနေရာ၌ စိတ် မပျော်မွေ့ပါ၊ ရွာငယ်တောကျောင်းသို့ သွားလိုပါသည်"ဟု လျှောက်ထားလေသည်၊ ထေရီမကြီးတို့သည် အမျိုးကြီးမှ တောထွက်၍ ရဟန်းမ ပြုသူဖြစ်သောကြောင့် ထိုဓမ္မဒိန္နာရဟန်းမ၏တောကျောင်းနေလိုသော စိတ်ကို မတားနိုင်ကြပဲ ဓမ္မဒိန္နာရဟန်းမကို ခေါ်ဆောင်ကာ ရွာငယ်ကျောင်းတစ်ကျောင်းသို့ သွားကြလေသည်။

ဓမ္မဒိန္နာရဟန်းမသည် လွန်လေပြီးသောဘဝများ၌ သင်္ခါရတရားတို့ကို ဉာဏ်ပညာဖြင့် သုံးသပ်ခဲ့ဘူးသည်၏အဖြစ်ကြောင့် မကြာမြင့်မီပင် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။ ထိုအခါ ဓမ္မဒိန္နာထေရီသည် "ငါ၏ ရဟန်းကိစ္စကား ပြီးဆုံးခြင်းသို့ ရောက်ခဲ့လေပြီ၊ ဤတောအရပ်၌ နေ၍ အဘယ်အမှုကို ပြုရအံ့နည်း?၊ ရာဇဂြိုဟ်ပြည်သို့သာလျှင် ငါ ပြန်သွားအံ့၊ ထိုရာဇဂြိုဟ်ပြည်၌ ငါ့ကိုအမှီပြု၍ များစွာသော ဆွေမျိုးအပေါင်းသည် ကောင်းမှုတို့ကို ပြုကြရပေလိမ့်မည်"ဟု ကြံစည်စဉ်းစားမိကာ ထေရီမကြီးများကိုပင့်ခေါ်၍ ရာဇဂြိုဟ်ပြည်သို့သာလျှင် ပြန်လာခဲ့လေသည်။

ဝိသာခသူဌေးသည် ဓမ္မဒိန္နာထေရီ၏ပြန်လာသည်၏အဖြစ်ကို ကြားသိရ၍ "အလျင်အမြန် ဓမ္မဒိန္နာထေရီ ပြန်လာခြင်းသည် သာသနာတော်၌ မမွေ့မလျော်တာ ဖြစ်မလား?"ဟု ကြံစည်တွေးတော၍ ညနေချမ်းအခါ၌ ထေရီမအထံသို့ သွားရောက် ရှိခိုးလျက် သင့်တင့်လျောက်ပတ်သောနေရာ၌ ထိုင်ကာ "သာသနာတော်၌မွေ့လျော်ခြင်း, မမွေ့လျော်ခြင်းကို မေးရန် မသင့်ချေ"ဟု ဆင်ခြင်မိကာ ခန္ဓာငါးပါးအစရှိသည်တို့၏အစွမ်းအားဖြင့် ပြဿနာတို့ကို မေးမြန်းလေသည်၊ ဓမ္မဒိန္နာထေရီသည် သန်လျက်ဖြင့် ကြာရိုးကို ဖြတ်သကဲ့သို့ မေးတိုင်းမေးတိုင်းသောပြဿနာကို ဖြေဆိုလေသည်။ ဝိသာခဥပါသကာသည် ဓမ္မဒိန္နာထေရီ၏ဉာဏ်ရဲရင့်ထက်မြက်ခြင်းကို သိရှိ၍

မိမိရအပ် သိအပ်သောအရာ၌ အစဉ်အတိုင်း အောက်မဂ်သုံးပါးတို့၌ ခြင်းရာဥဿုံ ကုန်စင်အောင် ပြဿနာတို့ကို မေးမြန်းပြီးလျှင် နာယူမှတ်သား သင်ကြားဘူးသောအားဖြင့် အရဟတ္တမဂ်၌လည်း ပြဿနာတို့ကို မေးမြန်းပြန်လေသည်၊ ဓမ္မဒိန္နာထေရီသည်လည်း ဝိသာခဥပါသကာ၏အဖို့ရာ အနာဂါမိဖိုလ်တိုင်အောင်သာ မေးမြန်းဖို့ရန် အရာဖြစ်သည်ကို သိရှိ၍ "ယခုအခါ ဝိသာခဥပါသကာသည် မိမိ၏ မေးသင့်သောနယ်ကို လွန်၍ ပြေးသွားလေ၏" ဟု ဆင်ခြင်လျက် ထိုဝိသာခဥပါသကာကို တန့်ရပ်စေလိုသည်ဖြစ်၍ "ဒါယကာ ဝိသာခ...သင်သည် ပြဿနာတို့ကို လွန်၍သွားပြီ၊ သင်သည် ပြဿနာတို့၏အဆုံးအပိုင်းအခြားကို ယူခြင်းငှါ မစွမ်းနိုင်၊ မှန်၏...ဒါယကာ ဝိသာခ...သိက္ခာသုံးပါးတည်းဟူသော မြတ်သောအကျင့်သည် နိဗ္ဗာန်သို့ သက်ဝင်၏, နိဗ္ဗာန်လျှင် လားရာရှိ၏, နိဗ္ဗာန်လျှင် အဆုံးရှိ၏၊ ဒါယကာ ဝိသာခ...သင်သည် အလိုရှိခဲ့လျှင် ဘုရားရှင်သို့ ချဉ်းကပ်၍ ထိုအကြောင်းအရာကို မေးလျှောက်ပါလော့၊ သင်အား ဘုရားရှင် ဟောကြားတော်မူသည်အတိုင်း ထိုအကြောင်းအရာကို မှတ်ပါလော့"ဟု မိန့်ကြားလေသည်။

ဝိသာခသူဌေးသည် ဘုရားရှင့်ထံတော်သို့ သွားရောက်၍ မိမိက မေးပုံ, ဓမ္မဒိန္နာထေရီက ဖြေပုံ နည်းပေါင်းစုံကို လျှောက်ထားလေသည်၊ ဘုရားရှင်သည် ဝိသာခသူဌေး လျှောက်ထားသည့်စကားကို ကြားသိတော်မူလေလျှင်"ငါ့သမီးတော်၏အဖို့ရာ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ခန္ဓာတို့၌ တပ်မက်မှုတဏှာ မရှိတော့ချေ"ဟု မိန့်တော်မူ၍ ဓမ္မပဒကျမ်းဝယ်...

"ယဿ ပုရေ စ ပစ္ဆာ စ၊ မဇ္ဈေ စ နတ္ထိ ကိဉ္စနံ။

အကိဉ္စနံ အနာဒါနံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

(ခု၊ ၁၊ ၇၄ ဓမ္မပဒ)

ဂဟပတိ ဒါယကာဝိသာခသူဌေး...၊ ယဿ-အမှတ်မထင် အကြင်သူ၏(သန္တာန်၌)၊ ပုရေ စ ရှေးကဖြစ်ပြီးအတိတ်ခန္ဓာတရားတို့၌၎င်း၊ ပစ္ဆာ စ နောင်ဖြစ်ပေါ်လာမည့် အနာဂတ်ခန္ဓာတရားတို့၌၎င်း၊ မဇ္ဈေ စ အတိတ်နှင့်အနာဂတ်နှစ်သွယ်တို့၏အလယ်ခေါ်ကြား ပစ္စုပ္ပန်ခန္ဓာတရားတို့၌၎င်း၊ ကိဉ္စနံ ငါ့ဥစ္စာဟု တဏှာအစွဲ ခေါ် မြဲမူလ ကြောင့်ကြတရားသည်၊ နတ္ထိ တစိုးတစိ မရှိချေ၊ အကိဉ္စနံ ရာဂစသည် ထိုဤများလှ ကြောင့်ကြဘိခြင်း အလျှင်းမရှိသော၊ အနာဒါနံ တစုံတခုသော တရားကိုမျှ စွဲယူခြင်း အလျှင်းမရှိသော၊ တံ တာဒိသံ ထိုသို့ရှုအပ် ပုဂ္ဂိုလ်မြတ်ကို၊ အဟံ လူသုံးပါးတို့ဆရာ ငါဘုရားသည်၊ ဗြာဟ္မဏံ ဗာဟိတပါပ အနွတ္ထကြောင့် ဗြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ်သူမြတ်ဟူ၍၊ ဗြူမိ ပရမတ္ထသဘာဝအား ဟောကြားပေ၏။"(မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ဒုပိုင်း၊ ၉၃။)

ပုရေတိ အတီတေသု ခန္ဓေသု။ ပစ္ဆာတိ အနာဂတေသု ခန္ဓေသု။ မဇ္ဈေတိ ပစ္စုပ္ပန္နေသု ခန္ဓေသု။

နတ္ထိ ကိဉ္စနန္တိ ယဿေတေသု ဌာနေသု တဏှာဂါဟသင်္ခါတံ ကိဉ္စနံ နတ္ထိ၊ တမဟံ ရာဂကိဉ္စနာဒီဟိ အကိဉ္စနံ ကဿစိ ဂဟဏဿ အဘာဝေန အနာဒါနံ ဗြာဟ္မဏံ ဝဒါမီတိ အတ္ထော။ (ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၄၅၂။)

ဟူသော ဤဂါထာကို ဟောကြားတော်မူလေသည်။

ထို့နောက်မှ ဘုရားရှင်သည် ဓမ္မဒိန္နာထေရီအား ကောင်းချီးပေးတော်မူပြီးလျှင် ဝိသာခဥပါသကာကို "ဒါယကာဝိသာခ...ဓမ္မဒိန္နာဘိက္ခုနီသည် ပညာရှိ၏၊ ဒါယကာဝိသာခ...ဓမ္မဒိန္နာဘိက္ခုနီသည် ကြီးမြတ်သောပညာရှိ၏၊ ဒါယကာဝိသာခ...ငါဘုရားကို အကယ်၍ ထိုအနက်သဘောကို သင်မေးမြန်းလျှင် ငါဘုရားသည်း ထိုအနက်သဘောကို ဓမ္မဒိန္နာ ဘိက္ခုနီ ဖြေကြားသကဲ့သို့ပင် ဖြေကြားရာ၏၊ ထိုပြဿနာ၏အနက်သဘောသည် ဤအနက်သဘောပင်တည်း၊ ဤသို့ ဓမ္မဒိန္နာဘိက္ခုနီဖြေကြားသည့်အတိုင်းပင် ထိုအနက်သဘောကို သင်မှတ်ယူပါလေ"ဟု မိန့်တော်မူလေသည်။

## တရားဟောရာ၊ ကျွမ်းကျင်ပါ၊ သူမှာ အားသာချက်

## ဓမ္မကထိက၊ ဘွဲ့မည်သ၊ ရပ တေဒဂ်

နောက်တစ်ချိန်ဝယ် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အစဉ်အတိုင်း ဘိက္ခုနီမတို့ကို ရာထူးဌာနန္တရ၌ ထားတော်မူလတ်သော် ဤစူဠဝေဒလ္လသုတ်ကိုပင် အကြောင်းအဋ္ဌုပ္ပတ်ပြုတော်မူ၍ ဓမ္မဒိန္နာထေရီကို "ရဟန်းတို့...တရားဟောခြင်း၌ လိမ္မာကြသည့်ငါဘုရား၏တပည့်မ ဘိက္ခုနီတို့တွင် ဓမ္မဒိန္နာဘိက္ခုနီသည် အမြတ်ဆုံးဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "တရားဟောကောင်းသောအရာ(ဓမ္မကထိကအရာ)ဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ ထားတော်မူလေသည်။

ဓမ္မကထိကာနန္တိ ဓမ္မကထိကာနံ ဘိက္ခုနီနံ ဓမ္မဒိန္နာ အဂ္ဂါတိ ဒဿေတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၇၈။)

အပရဘာဂေ သတ္ထာ ဇေတဝနေ နိသိန္နော ပဋိပါဋိယာ ဘိက္ခုနိယော ဌာနန္တရေ ဌပေန္တော ဣဒမေဝ စူဠဝေဒလ္လ အဋ္ဌုပ္ပတ္တိံ ကတွာ ထေရိံ ဣမသ္မိံ သာသနေ ဓမ္မကထိကာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၈၀။)

မှတ်ချက်။ [ စူဠဝေဒလ္လသုတ်သည် ဝိသာခသူဌေးက မေး၍ ဓမ္မဒိန္နာထေရီက ဖြေဆိုဟောကြားအပ်သော သုတ်တော်ဖြစ်၏။ ဘုရားရှင်က ထောက်ခံမိန့်ဆိုတော်မူချက်ဖြင့် ထိုသုတ်တော်သည် တပည့်မဟောသည့်(သာဝကဘာသိတ)သုတ္တန်မဟုတ်တော့ပဲ ဘုရားဟောသည့်(ဇိနဘာသိတ)သုတ္တန်ဖြစ်တော့သည်။ လောကဥပမာအားဖြင့် မင်းမှုထမ်းတို့ရေးသားအပ်သော သဝဏ်လွှာသည် မင်းတံဆိပ်ခပ်နှိပ်ကာမျှဖြင့် မင်း၏သဝဏ်လွှာ မည်တော့သကဲ့သို့ ထိုအတူပင်"ငါဘုရားသည်လည်း ထိုအနက်သဘောကို ဓမ္မဒိန္နာဘိက္ခုနီ ဖြေကြားသကဲ့သို့ပင် ဖြေကြားရာ၏"ဟူသော ဤဘုရားရှင်၏နှုတ်တော်မြွက်ကာ တံဆိပ်ခတ်အပ်လေသောကြောင့် ဤစူဠဝေဒလ္လသုတ်သည် ဘုရားရှင် ဟောကြားအပ်သော ဇိနဘာသိတသုတ်တော်ဖြစ်လေတော့သည်။ ဝိသာခသူဌေး၏အမေးပြဿနာများနှင့် ဓမ္မဒိန္နာထေရီ၏အဖြေများကို ထိုစူဠဝေဒလ္လသုတ်၌ကြည့်ရှုနိုင်သည်=မ၊ ၁၊ ၃၇၃-၃၇၉။]

အရှင်မဓမ္မဒိန္နာထေရီ၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊ ၂၇၈-၂၈၀), ထေရီအပဒါန်ပါဠိတော် ဓမ္မဒိန္နာထေရီ အပဒါန် (ခု၊ ၄၊ ၂၄၇-၂၅၀), ထေရီဂါထာအဋ္ဌကထာ (ထေရီဂါထာ၊ ဋ္ဌ၊ ၁၆-၂၀), ဓမ္မပဒအဋ္ဌကထာ(ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၄၅၁-၄၅၂), မူလပဏ္ဏာသဋ္ဌကထာ(မ၊ ဋ္ဌ၊ ၂၊ ၂၅၅-၂၆၉), မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ-ဒုပိုင်း (၈၁-၉၅)တို့၌ ကြည့်ရှုနိုင်သည်။

## (၆) အရှင်မ နန္ဒာထေရီအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဈာယီနံ ယဒိဒံ နန္ဒာ။ (အံ၊ ၁၊ ၂၆။)

### အရှင်မ နန္ဒာထေရီအလောင်း ရှေးဆုတောင်း

နန္ဒာထေရီမအလောင်းသည် ပဒုမုတ္တရဘုရားရှင်၏လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီးဖြစ်၍ နောက်တချိန်မှာ ဘုရားရှင်၏တရားတော်ကို ကြားနာနေစဉ် ဘုရားရှင်က ဘိက္ခုနီတစ်ပါးကို "ဈာန်ဝင်စားမွေ့လျော်ကြသည့်ဘိက္ခုနီတို့တွင် အမြတ်ဆုံးဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေမြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

### နောက်ဆုံးဘဝ၊ ရဟန်းမ၊ ပြုရ မနန္ဒာ

ထိုအမျိုးကောင်းသမီးသည် ထိုဘဝမှနောက်ဝယ် အနှစ်တစ်သိန်းပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်လျက် ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မမူမီပင် မဟာပဇာပတိဂေါတမီ၏သမီးတော်ဖြစ်လာလေသည်၊ "နန္ဒာ"ဟု မှည့်ခေါ်လေသည်၊ "ရူပနန္ဒာ"ဟုလည်း ခေါ်လေသည်၊ နောင်အခါဝယ်-လွန်မြတ်သောအဆင်းရှိသူဖြစ်သောကြောင့် "ဇနပဒကလျာဏီ"အမည်ဖြင့် ထင်ရှားလေသည်။ နန္ဒာတိဿာ နာမံ အကံသု၊ ရူပနန္ဒာတိပိ ဝုစ္စတိ၊ သာ အပရဘာဂေ ဥတ္တမရူပဘာဝေန ဇနပဒကလျာဏီ နာမ ဇာတာ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၈၀။)

မင်းသမီး၏အမည်ရင်းကား "နန္ဒာ"ဖြစ်၍ နောက်အဖို့၌ ရုပ်ရေအဆင်းနှင့်ပြည့်စုံခြင်းကြောင့် "သုန္ဒရီနန္ဒာ"ဟူ၍လည်းကောင်း, "ဇနပဒကလျာဏီ"ဟူ၍လည်းကောင်း ထင်ရှားလေသည်။

နန္ဒာတိဿာ နာမံ အကံသု။ အပရဘာဂေ ရူပသမ္ပတ္တိယာ သုန္ဒရီနန္ဒာ, ဇနပဒကလျာဏီတိ စ ပညာယိတ္ထ။ (ထေရီဂါထာ၊ဋ္ဌ၊ ၈၃။) အလွန်တင့်တယ်သော ရုပ်အဆင်းရှိသူဖြစ်ခြင်းကြောင့် "ရူပနန္ဒာ"ဟူ၍ ထင်ရှား၏။

အဘိရူပတာယ ပန ရူပနန္ဒာတိ ပညာယိ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၇၂။)

### သုံးယောက်နန္ဒာ မှတ်ဖွယ်ရာ

ဘုရားရှင်သည် အစဉ်သဖြင့် ကပိလဝတ်နေပြည်တော်သို့ ပဌမအကြိမ် ကြွရောက်၍ သာကီဝင်(ဆွေတော်မျိုးတော်)တို့ကို ဆုံးမတော်မူပြီးလျှင် နန္ဒမင်းသား စသည်တို့ကို ရဟန်းပြုပေးတော်မူပြီးနောက် (၅ ဝါအရောက်တွင်) အမျိုးသမီးများကို ရဟန်းပြုရန် ခွင့်ပေးတော်မူလေသော်...

(၁) အရှင်အာနန္ဒာမထေရ်၏နှမတော် နန္ဒာ,

(၂) ခေမကသာကီဝင်မင်း၏သမီးတော် အဘိရူပနန္ဒာ,

(၃) ဇနပဒကလျာဏီ နန္ဒာ

ဟူသော နန္ဒာ အမည်ရှိကြသည့် သာကီဝင် မင်းသမီး သုံးယောက်တို့သည်လည်း ရဟန်းမ ပြုကြလေသည်။

ဘဂဝတာ အနုပဗ္ဗေန ကပိလဝတ္ထုံ အနုပ္ပတ္တာ သာကိယေ ဝိနေတွာ နန္ဒာဒယော ပဗ္ဗဇေတွာ အနညာတာယ မာတုဂါမဿ ပဗ္ဗဇ္ဇာယ အာနန္ဒတ္ထေရဿ ဘဂိနီ နန္ဒာ, ခေမကသက္ကရညော ဓီတာ အဘိရူပနန္ဒာ, ဇနပဒကလျာဏီ နန္ဒာတိ တိဿော နန္ဒာယော ပဗ္ဗဇိံသု။ (သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၃၃ ဝိဇယသုတ္တဝဏ္ဏနာ။)

ထိုမင်းသမီးတို့ ရဟန်းမ ပြုလုပ်ကြသောအခါက ဘုရားရှင်သည် သာဝတ္ထိပြည်၌ နေတော်မူဆဲဖြစ်သည်။ ထိုမင်းသမီးသုံးယောက်တို့တွင် (၂) အဘိရူပနန္ဒာသည် လွန်စွာ အဆင်းလှ၍ ရှုချင်ဖွယ်ရှိသောကြောင့် "အဘိရူပနန္ဒာ"ဟု မည်တွင်လေသည်၊ (၃) ဇနပဒကလျာဏီနန္ဒာသည်ကား အဆင်းအားဖြင့် မိမိနှင့်တူသောသူကို မမြင်၊ ထိုရဟန်းမနှစ်ဦးလုံးတို့ပင် အဆင်းမာန်ယစ်ကြသောကြောင့် "ဘုရားရှင်က အဆင်းကို ကဲ့ရဲ့တော်မူ၏၊ များစွာသော အကြောင်းဖြင့် အဆင်း၌ အပြစ်ကို ပြတော်မူ၏"ဟု ကြံစည်အောက်မေ့ကာ ဘုရားရှင်အထံတော်သို့ ဆည်းကပ်ရန် မသွားကြကုန်၊ ဖူးမြော်ရန်လည်း အလိုမရှိကြကုန်။

တေန စ သမယေန ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ။ အဘိရူပနန္ဒာ အဘိရူပါ ဇဝ အဟောသိ ဒဿနီယာ ပါသာဒိကာ၊ တေနေဝဿာ အဘိရူပနန္ဒာတိ နာမကံသု။ ဇနပဒကလျာဏီ နန္ဒာပိ ရူပေန အတ္တနာ သဒိသံ န ပဿတိ။ တာ ဉဘောပိ ရူပမဒမတ္တာ "ဘဂဝါ ရူပံ ဝိဝဏ္ဏေတိ ဂရဟတိ၊ အနေကပရိယာယေန ရူပေ အာဒီနဝံ ဒဿေတီ"တိ ဘဂဝတော ဉပဋ္ဌာနံ န ဂစ္ဆန္တိ၊ ဒဋ္ဌုမ္ပိ န ဣစ္ဆန္တိ။ (သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၃၃။)

သာ အတ္တဘာဝဿ အတိဝိယ ရူပသောဘဂ္ဂပ္ပတ္တိယာ အဘိရူပါ ဒဿနီယာ ပါသာဒိကာ အဘိရူပနန္ဒာတွေဝ ပညာယိတ္ထ။

(ထေရီ ဂါထာ၊ ဋ္ဌ၊ ၂၆။)

ထိုမင်းသမီးနှစ်ယောက်တို့သည် မကြည်ညိုကြပဲ အဘယ့်ကြောင့် ရဟန်းမ ပြုကြသနည်း? ဟု မေးပါမူကား သူမတို့သည် လူ့ဘောင်မှာ မှီခိုအားထားရာ မရှိကြသောကြောင့် ရဟန်းမ ပြုကြခြင်းဖြစ်လေသည်။

အဘိရူပနန္ဒာ မင်းသမီး၏လင်ယောကျ်ား သာကီဝင်မင်းသားသည် ထိမ်းမြားလက်ထပ်သောနေ့၌ပင် သေလွန်ခဲ့လေသည်၊ ထိုအခါ မိဘတို့က အဘိရူပနန္ဒာကို သူမအလိုမရှိပဲ ရဟန်းမ ပြုလုပ်ပေးကြလေသည်။

ဇနပဒကလျာဏီနန္ဒာကား အရှင်နန္ဒမထေရ်သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လတ်သော် မျှော်လင့်ချက်မရှိတော့သည်ဖြစ်၍ "ငါ၏အရှင်သခင် နန္ဒမင်းသားသည်လည်းကောင်း, မယ်တော် မဟာပဇာပတိဂေါတမီသည်လည်းကောင်း, အခြားတပါးသော သာကီဝင်ဆွေမျိုးတို့သည်လည်းကောင်း ရဟန်းပြုကြလေကုန်ပြီ၊ ဆွေမျိုးတို့နှင့်ကင်း၍ အိမ်ရာတည်ထောင် လူ့ဘောင်၌နေရခြင်းသည် ဆင်းရဲလှ၏"ဟု စဉ်းစားမိကာ အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေခြင်း၌ သက်သာရာကို မရသည်ဖြစ်၍ ရဟန်းမ ပြုလုပ်လေသည်၊ ထိုမင်းသမီးနှစ်ယောက်လုံးပင် သဒ္ဓါ၍ ရဟန်းမ ပြုကြသည်မဟုတ်ကုန်။

မယ်တော်, မောင်တော်၊ အမတော်၊ ပြုသော် ရဟန်းပါ။
ဖခမည်းတော်၊ မင်းသုဒ္ဓေါ်၊ စံပျော် နိဗ္ဗူတာ။
အားကိုးရာမဲ့၊ ရဟန်းငဲ့၊ ပြုတဲ့ မနန္ဒာ။

ဝံ အပ္ပသန္နာ ကသ္မာ ပဗ္ဗဇိတာတိ စေ? အဂတိယာ။ အဘိရူပနန္ဒာယ ဟိ ဝါရေယျဒိဝသေယေဝ(ထိမ်းမြားသောနေ့၌ပင် လျှင်)သာမိကော သကျကုမာရော ကာလမကာသိ၊ အထ နံ မာတာပိတရော အကာမကံ ပဗ္ဗာဇေသုံ။ ဇနပဒကလျာဏီ နန္ဒာပိ အာယသ္မန္တေ နန္ဒေ အရဟတ္တံ ပတ္တေ နိရာသာ ဟုတွာ "မယှံ သာမိကော စ မာတာ စ မဟာပဇာပတိ အညေ စ ဉာတကာ ပဗ္ဗဇိတာ၊ ဉာတီဟိ ဝိနာ ဒုက္ခော ဃရာဝါသော"တိ ဃရာဝါသေ အဿာဒမလဘန္တီ ပဗ္ဗဇိတာ၊ န သဒ္ဓါယ။ (သုတ္တနိပါတ၊ဋ္ဌ၊ ၁၊၂၃၃။)

တဿာ ဝယပ္ပတ္တာယ ဝါရေယျဒိဝသေယေဝ ဝရဘူတော သကျကုမာရော ကာလမကာသိ။ အထ နံ မာတာပိတရော အကာမံ ပဗ္ဗာဇေသုံ။ (ထေရီဂါထာ၊ ဋ္ဌ၊ ၂၆။)

မှတ်ချက်။ [။ ဘုရားရှင်က အဘိရူပနန္ဒာမင်းသမီးနှင့် ဇနပဒကလျာဏီနန္ဒာမင်းသမီး နှစ်ယောက်လုံးကိုပင် သူမတို့ထက်လှပသော နိမ္မိတမိန်းမရုပ်ကို ဖန်ဆင်း၍ တရားပြလျက် ချွတ်တော်မူရလေသည်။]

အင်္ဂုတ္တိုရ်အဋ္ဌကထာ၌လာရှိသည်ကား..ထိုဇနပဒကလျာဏီနန္ဒာမင်းသမီးသည် ကျွန်ုပ်တို့၏ဘုရားရှင် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူ၍ အစဉ်သဖြင့် ကပိလဝတ်နေပြည်တော်သို့ ကြွလာတော်မူလျက် နန္ဒမင်းသား, ရာဟုလမင်းသားတို့ကို ရှင်, ရဟန်းပြုပေး၍ ဖဲကြွတော်မူပြီးနောက် သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်ပြုပြီးသောအခါ "မယ်တော် မဟာပဇာပတိဂေါတမီနှင့် အမတော် ရာဟုလာမယ်တော် ယသောဓရာမိဖုရားတို့သည် အိမ်ရာတည်ထောင် လူ့ဘောင်မှ ထွက်၍ ဘုရားရှင်၏အထံတော်၌ ရဟန်းမ ပြုကြလေပြီ"ဟု သိရ၍ "ဤမယ်တော်, အမတော်တို့ ရဟန်းမ ပြုကြသောအခါမှစ၍ ငါ့အဖို့ရာ ဤနေနန်းတော်ဝယ် အဘယ်အမှု ပြုရန်ရှိတော့အံ့

နည်း?"ဟု ကြံစည်စဉ်းစားလျက် မယ်တော်မဟာပဇာပတိဂေါတမီထေရီမကြီးအထံသို့ သွားရောက်၍ ရဟန်းမ ပြုလေသည်။

ရူပနန္ဒာမင်းသမီးသည် ရဟန်းမ ပြုပြီးသောနေ့မှစ၍"ဘုရားရှင်သည် ရုပ်အဆင်းကို ကဲ့ရဲ့တော်မူ၏"ဟု အောက်မေ့ကာ ဘုရားရှင့်ထံတော်သို့ ဆည်းကပ်ရန် မသွားရောက်ချေ၊ အဆုံးအမခံယူရန် အလှည့်အကြိမ် ကျရောက်လတ်သော် အခြားဘိက္ခုနီမကို ကိုယ်စားစေလွှတ်၍ အဆုံးအမကို ဆောင်ယူစေသည်။ ဘုရားရှင်သည် ထိုထေရီမ၏ရုပ်အဆင်း မာန်ယစ်နေခြင်းကို သိတော်မူ၍ "မိမိ အတွက် အဆုံးအမကို မိမိကိုယ်တိုင်သာ လာရောက်၍ ခံယူကြရမည်၊ ဘိက္ခုနီမများသည် အခြားဘိက္ခုနီမကို ကိုယ်စားမလွှတ်ရ"ဟု အမိန့်တော် ထုတ်ပြန်မိန့်ဆိုတော်မူလေသည်၊ တို့နောက်ဝယ် ရူပနန္ဒာထေရီမသည် အခြားတိမ်းရှောင်ရန် လမ်းကို မမြင်တော့ရကား အလိုမရှိပါပဲ အဆုံးအမခံယူရန် ဘုရားရှင့်ထံတော်သို့ သွားရလေသည်။

ဘုရားရှင်သည် ရူပနန္ဒာထေရီမ၏စရိုက်နှင့် လျော်ညီအောင် တန်ခိုးတော်ဖြင့် မိန်းမရုပ်တစ်ခုကို ဖန်ဆင်းလျက် ထန်းရွက် ယပ်ဝန်းကိုကိုင်ကာ ယပ်ခတ်ပေးနေသည်ဟန် စီမံထားတော်မူလေသည်၊ ရူပနန္ဒာထေရီမသည် ထိုဖန်ဆင်းခံ မိန်းမလှရုပ်ကို မြင်ရလေလျှင် "ငါကား အကြောင်းမဲ့ပင် မေ့လျော့ကာ ဘုရားရှင့်ထံတော်သို့ မလာမိခဲ့၊ ဤသို့သော လှပသည့် မိန်းမများသည်လည်း ဘုရားရှင်၏ထံတော်ပါး၌ အကျွမ်းတဝင် ဝတ်ပြုကာ လှည့်လည်နေကြ၏၊ ငါ၏အဆင်းကား ဤမိန်းမတို့၏အဆင်းနှင့်စာလျှင် တစ်ဆယ့် ခြောက်စိတ် ဆယ့်ခြောက်ပြန်စိတ်သော်လည်း တစ်စိတ်လောက်မျှ မမီနိုင်ပါ၊ ငါသည် မသိသားဆိုးဝါး၍သာ ဤမျှကာလကြာအောင် ဘုရားရှင့်ထံတော်သို့ မလာရောက်မိချေ"ဟု ကြံစည်စဉ်းစားရင်း ထိုမိန်းမလှအာရုံနိမိတ်ကို ယူ၍ စူးစူးစိုက်စိုက် ကြည့်လျက် ရပ်နေလေသည်။

ဘုရားရှင်သည် ရူပနန္ဒာထေရီမ၏ရေးဟောင်းကောင်းမှုနှင့်ပြည့်စုံသူဖြစ်သောကြောင့်..."အဋ္ဌီနံ နဂရံ ကတံ"အစရှိသော ဓမ္မပဒကျမ်းလာ တရားဂါထာကို ဟောတော်မူပြီးလျှင် "စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒ ဝါ သယံ"အစရှိသော ဝိဇယသုတ္တန် (ခု၊ ၁၊ သုတ္တနိပါတ ၃၀၇)ကို ဟောတော်မူလေသည်။ ရူပနန္ဒာထေရီမသည် ထိုရုပ်၌ပင် ကုန်ခြင်း၊ပျက်ခြင်းသဘောကို ဝိပဿနာတင် ဆင်ခြင်သုံးသပ်၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

"အဋ္ဌီနံ နဂရံ ကတံ၊ မံသလောဟိတလေပနံ။
ယတ္ထ ဇရာ စ မစ္စု စ၊ မာနော မက္ခော စ ဩဟိတော။
(ခု၊ ၁၊ ၃၆ ဓမ္မပဒ။)

(နန္ဒေ ချစ်သမီးနန္ဒာ...၊ ကဏ္ဍာနိ သစ်တို့ကို၊ ဥဿာပေတွာ စိုက်ထူ၍၊ ဝလ္လိဗဒ္ဓံ ကြိမ်နွယ်ဖြင့် ဖွဲ့အပ်သော၊ မတ္တိကာ လေပနံ မြေစိုင်ဖြင့်လိမ်းကျံအပ်သော၊ နဂရံ ကောက်ပဲထည့်ရာ ပကတိသော ကျီကြအိမ်ကို၊ ကရေယ္ယ ယထာ ပြုကုန်သကဲ့ သို့၊ တထာ ထို့အတူ)၊ အဋ္ဌီနံ သုံးရာသော အရိုးတို့ကို၊ (ဥဿာပေတွာ စိုက်ထူ၍၊ နှာရုဝိနဒ္ဓံ ကိုးရာသော အကြောတို့ဖြင့် ဖွဲ့ယှက်ရစ်ပတ်အပ်သော)၊ မံသလောဟိတလေပနံ ကိုးရာသော အသားတစ်, တပြည်မျှလောက်သော သွေးတို့ဖြင့် လိမ်းထေး မွမ်းမံ ကျံအပ်ပေထသော၊ နဂရံ ခန္ဓာကိုယ်တည်းဟူသော ကျီကြအိမ်ကို၊ ကတံ တဏှာယောကျ်ား လက်သမားသည် တည် ထားဆောက်လုပ်အပ်ပြီ၊ ယတ္ထ အကြင်ခန္ဓာအိမ်၌၊ ဇရာ စ ဆိုးရွားဟောင်းမြင်း အိုမင်းမှည့်ပျော် ရင့်ရော်ခြင်းဇရာတရားကို ၄င်း၊ မစ္စု စ စုတိပြတ်ကြွေ သေလွန်ခြင်းမရဏတရားကို၄င်း၊ မာနော စ ဝင့်တကြွားကြွား ငါတကားဟု ထောင်လွှားခြင်း မာနတရားကို၄င်း၊ မက္ခော စ ကောင်းစွာပြုဘူး သူကျေးဇူးကို ချေဖျက်ခြင်း မက္ခတရားကို၄င်း၊ ဩဟိတော ထည့်သွင်း သိုလှောင်၍ ထားအပ်၏။"

"စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒ ဝါ သယံ။
သမိဉ္ဇေတိ ပသာရေတိ၊ ဧသာ ကာယဿ ဣဉ္ဇနာ။
(ခု၊ ၁၊ ၃၀၇ သုတ္တနိပါတ၊ ဝိဇယသုတ္တ။)

စရံ ဝါ သွားလည်း သွား၏၊ ယဒိ ထိုမှို့၊ တိဋ္ဌံ ဝါ ရပ်လည်း ရပ်၏၊ နိသိန္နော ဝါ ထိုင်လည်း ထိုင်၏၊ ဥဒ ထိုမှို့၊ သယံ ဝါ လျောင်းလည်း လျောင်း၏၊ သမိဉ္ဇေတိ ထိုထိုအဆစ်တို့ကို ကွေးလည်း ကွေး၏၊ ပသာရေတိ ဆန့်လည်း ဆန့်၏၊ ဧသာ သွား၊ရပ်၊ထိုင်၊လျောင်း ရှေ့နောင်းတက်၊ဆုတ်၊ ကွေးရုပ်၊ ဆန့်တန်းမှု အစုစု အဖုံဖုံ အမူအရာ အလုံးစုံသည်၊ ကာယဿ ကိုယ်ခန္ဓာ ၏၊ ဣဉ္ဇနာ လှုပ်ရှားမှုသာတည်း။

ဤခန္ဓာကိုယ်၌ အခြားတပါး တစုံတယောက်သော သွားတတ်သူပုဂ္ဂိုလ်သတ္တဝါ, ရပ်တတ်သူပုဂ္ဂိုလ်သတ္တဝါ, ထိုင်တတ်သူ ပုဂ္ဂိုလ်သတ္တဝါ, လျောင်းတတ်သူပုဂ္ဂိုလ်သတ္တဝါ, ကွေးတတ်သူပုဂ္ဂိုလ်သတ္တဝါ, ဆန့်တတ်သူပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိချေ၊ စင်စစ်သော် ကား

(က) သွားလို ရပ်လို၊ ထိုင်နေလို၊ အိပ်လို စိတ်ဟုသိ။

(ခ) စိတ်ကြောင့်ဖြစ်သော၊ ဓာတ်ဝါယော၊ နံ့နှောကိုယ်ဝယ်ပြည့်။
(ဂ) ဝါယောပြည့်သော်၊ ရုပ်သစ်ပေါ်၊ ရုပ်သော်သွားပေ၏။
(ဃ) ပုဂ္ဂိုလ်မသွား ငါမသွား၊ ရုပ်သွားဉာဏ်ဖြင့်သိ။
(င) ပုဂ္ဂိုလ်မရပ်၊ ငါမရပ်၊ ရုပ်ရပ်ဉာဏ်ဖြင့်သိ။
(စ) ပုဂ္ဂိုလ်မထိုင်၊ ငါမထိုင်၊ ရုပ်ထိုင်ဉာဏ်ဖြင့်သိ။
(ဆ) ပုဂ္ဂိုလ်မအိပ်၊ ငါမအိပ်၊ ရုပ်အိပ်ဉာဏ်ဖြင့်သိ။
(ဇ) ပုဂ္ဂိုလ်မကွေး၊ ငါမကွေး၊ ရုပ်ကွေးဉာဏ်ဖြင့်သိ။
(ဈ) ပုဂ္ဂိုလ်မဆန့်၊ ငါမဆန့်၊ ရုပ်ဆန့်ဉာဏ်ဖြင့်သိ။"
(မဟာဗုဒ္ဓဝင်၊ စတုတ္ထတွဲ၊ ၃၁၈-၁၃၁၉။)

သုတ္တနိပါတ်အဋ္ဌကထာ, ဝိဇယသုတ္တန်အဖွင့်၌ကား...

## ပုဂ္ဂိုလ်လေးစား မှတ်ဖွယ်ကား

ဘုရားရှင်၏ဂုဏ်ကျေးဇူးကို ပြောကြားကြသည့် ပုဂ္ဂိုလ်လေးမျိုးမှာ

(၁) ရူပပ္ပမာဏိကပုဂ္ဂိုလ်=ရုပ်ရည်အဆင်း တင့်တယ်ခြင်းကို အလေးဂရု ပမာဏပြုကာ ကြည်ညိုကြသော နတ်လူအပေါင်းတို့သည် ဘုရားရှင်၏လက္ခဏာတော်ကြီးငယ် ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် တင့်တယ်သော အဆင်းတော်ကို ကြည်ညိုကြသည်။

(၂) ဃောသပ္ပမာဏိကပုဂ္ဂိုလ်=ဂုဏ်ကျေးဇူးသတင်းကောင်းခြင်း, အသံတော်ကောင်းခြင်းတို့၌ အလေးဂရု ပမာဏပြုကာ ကြည်ညိုကြသော နတ်လူအပေါင်းတို့သည် များစွာသော ဇာတ်တော်တို့၌လာရှိသော ဘုရားအလောင်းတော်၏ဂုဏ်ကျေးဇူးကျော်စောသတင်းနှင့်တကွ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဘုရားရှင်၏အသံတော်ကို ကြားနာကြရ၍ ကြည်ညိုကြသည်။

(၃) လူခပ္ပမာဏိကပုဂ္ဂိုလ်=ပစ္စည်းလေးပါး ကိလေသာ ခေါင်းပါးခြင်းကို အလေးဂရု ပမာဏပြုကာ ကြည်ညိုကြသော နတ်လူအပေါင်းတို့သည် ဘုရားရှင်၏အသန္တိန္တ ခတ္တိယနွယ်စင် သာကီဝင်မင်းသားဖြစ်ပါလျက် ပစ္စည်းလေးပါး ခေါင်းပါး ခြိုးခြံပုံ ဒုက္ကရစရိယာ ခြောက်နှစ်ကြာ ခေါင်းပါးစွာ ကျင့်ပုံများကို တွေ့သိရ၍ ကြည်ညိုကြသည်။

(၄) ဓမ္မပ္ပမာဏိကပုဂ္ဂိုလ်=သီလ, သမာဓိ, ပညာစသော တရားကို အလေးဂရု ပမာဏပြုကာ ကြည်ညိုကြသော နတ်လူအပေါင်းတို့သည် ဘုရားရှင်၏သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်တို့တွင် တစ်ပါးပါးသော ဓမ္မဂုဏ်ကျေးဇူးကို စူးစမ်းဆင်ခြင်၍ ကြည်ညိုကြသည်။

စတုပ္ပမာဏိကေ ဟိ လောကသန္နိဝါသေ သမ္မာသမ္ဗုဒ္ဓံ ဒိသွာ အပ္ပသီဒန္တော နာမ နတ္ထိ။ ရူပပ္ပမာဏိကာ ဟိ ပုဂ္ဂလာ ဘဂဝတော လက္ခဏာခစိတမနုဗျဉ္ဇနဝိစိတြ သမုဇ္ဇလိတကေတုမာလာဗျာမပ္ပဘာဝိနဒ္ဓမလင်္ကာရတ္တမိဝ လောကဿ သမုပ္ပန္နံ ရူပံ ဒိသွာ ပသီဒန္တိ။ ဃောသပ္ပမာဏိကာ အနေကသတေသု ဇာတကေသု ကိတ္တိဃောသံ အဋ္ဌင်္ဂသမန္နာဂတံ ကရဝိကမဓုရနိဂ္ဃောသံ ဗြဟ္မဿရဉ္စ သုတွာ၊ လူခပ္ပမာဏိကာ ပတ္တစီဝရာဒိလူခတံ ဒုက္ကရကာရိကလူခတံ ဝါ ဒိသွာ၊ ဓမ္မပ္ပမာဏိကာ သီလက္ခန္ဓာဒီသု ယံကိဉ္စိ ဓမ္မက္ခန္ဓံ ဥပပရိက္ခိတွာ။ တသ္မာ သဗ္ဗဋ္ဌာနေသု ဘဂဝတော ဝဏ္ဏံ ဘာသန္တိ။ (သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၃၄။)

အထူးမှတ်ဖွယ်ကား

[(၁) သတ္တဝါအားလုံးတို့ကို သုံးပုံပုံလျှင် နှစ်ပုံသော သတ္တဝါတို့သည် ရုပ်ရည်အဆင်း၌ ကြည်ညိုကြသည် "ရူပပ္ပမာဏ=ရူပပ္ပမာဏိက"ပုဂ္ဂိုလ်တို့ ဖြစ်ကြ၏၊ (သတ္တဝါတရာလျှင် ၆၆.၇ ယောက်ဖြစ်ကြသည်)။

(၂) သတ္တဝါအားထိုကို ငါးပုံပုံလျှင် လေးပုံသော သတ္တဝါတို့သည် ကျေးဇူးသတင်းကျော်စောခြင်းနှင့် အသံကောင်းခြင်း၌ ကြည်ညိုကြသည် "ဃောသပ္ပမာဏ=ဃောသပ္ပမာဏိက"ပုဂ္ဂိုလ်တို့ ဖြစ်ကြ၏၊ (သတ္တဝါတစ်ရာလျှင် ၈၀ ယောက်ဖြစ်ကြသည်)။

(၃) သတ္တဝါအားလုံးတို့ကို ဆယ်ပုံပုံလျှင် ကိုးပုံသော သတ္တဝါတို့သည် ပစ္စည်းလေးဖြာ ကိလေသာခေါင်းပါးခြင်း၌ ကြည်ညိုကြသည် "လူခပ္ပမာဏ=လူခပ္ပမာဏိက"ပုဂ္ဂိုလ်တို့ ဖြစ်ကြ၏၊ (သတ္တဝါတရာလျှင် ၉၀ ယောက် ဖြစ်ကြသည်)။

(၄) သတ္တဝါအားလုံးတို့ကို တသိန်းပုံပုံလျှင် တပုံသော သတ္တဝါတို့သည်သာ သီလ, သမာဓိ, ပညာတည်းဟူသော တရား၌ကြည်ညိုကြသည့် "ဓမ္မပ္ပမာဏ=ဓမ္မပ္ပမာဏိက"ပုဂ္ဂိုလ်တို့ ဖြစ်ကြ၏၊ (သတ္တဝါတစ်သိန်းမှ တစ်ယောက်သာ ဓမ္မပ္ပမာဏပုဂ္ဂိုလ် ဖြစ်သည်ဟု ဆိုလိုသည်)။

သတ္တဝါတွေ မည်မျှပင် များပြားစေကာမူ ဤနည်းဖြင့် ခွဲဝေလျှင် ဤလေးမျိုး၌ ပါဝင်လေသည်။

သဗ္ဗသတ္တေ စ တယော ကောဋ္ဌာသေ ကတွာ ဒွေ ကောဋ္ဌာသာ ရူပပ္ပမာဏာ၊ ဧကော န ရူပပ္ပမာဏော။ ပဉ္စ ကောဋ္ဌာသေ ကတွာ စတ္တာရော ကောဋ္ဌာသာ ဃောသပ္ပမာဏာ၊ ဧကော န ဃောသပ္ပမာဏော။ ဒသ ကောဋ္ဌာသေ ကတွာ နဝ ကောဋ္ဌာသာ လူခပ္ပမာဏာ၊ ဧကော န လူခပ္ပမာဏော။ သတသဟဿံ ကောဋ္ဌာသေ ကတွာ ပန ဧကော ကောဋ္ဌာသောဝ ဓမ္မပ္ပမာဏော၊ သေသာ န ဓမ္မပ္ပမာဏာ။ ဧဝမယံ စတုပ္ပမာဏော လောကသန္နိဝါသော။ (အဘိ၊ ဋ္ဌ၊ ၃၊ ပုဂ္ဂလပညတ္တိ ၈၀။)

ထိုသတ္တဝါလေးစုတို့တွင် ဘုရားရှင်တို့အား မကြည်ညိုသူတို့ကား နည်းပါးလှကုန်၏၊ ကြည်ညိုသူတို့သာ များပြားလှကုန်၏၊

(၁) ရူပပ္ပမာဏပုဂ္ဂိုလ်များအဖို့ရာ ဘုရားရှင်၏အဆင်းတော်ထက် ပိုလွန်၍ ကြည်ညိုဖွယ်ကို ဆောင်သော အဆင်းမည်သည် မရှိ။

(၂) ဃောသပ္ပမာဏပုဂ္ဂိုလ်များအဖို့ရာ ဘုရားရှင်တို့၏ဂုဏ်ကျေးဇူးကျော်စောသံ, ပကတိအသံတော်တို့ထက် သာလွန်ပိုမို၍ ကြည်ညိုဖွယ်ကို ဆောင်သော အသံမည်သည် မရှိ။

(၃) လူခပ္ပမာဏပုဂ္ဂိုလ်များအဖို့ရာ ကာသိတိုင်းဖြစ် နူးညံ့သောအဝတ်များ, စားတော်ခွေခွက်ကြီးများ, ဥတုသုံးပါးအား လျော်ကပ်သည့် သုံးဆောင်ဖွယ် ကာမစည်းစိမ် အမျိုးမျိုးနှင့်ပြည့်စုံသော ရွှေနန်းပြာသာဒ်တို့ကို စွန့်ပယ်၍ ပံသုကူသင်္ကန်း, ကျောက်သပိတ်, သစ်ပင်ရင်းစသောကျောင်းကို မှီဝဲသုံးဆောင်တော်မူသည့် ဘုရားရှင်၏ပစ္စည်းလေးပါး ခေါင်းပါးမှုထက် သာလွန်ပိုမို၍ ကြည်ညိုဖွယ်ကိုဆောင်သော အခြားခေါင်းပါးမှုမည်သည် မရှိ။

(၄) ဓမ္မပ္ပမာဏပုဂ္ဂိုလ်များအဖို့ရာ တလောကလုံး၌ သူတပါးတို့နှင့်မဆက်ဆံသော သီလစသော ဂုဏ်ကျေးဇူးနှင့်ပြည့်စုံတော်မူသော ဘုရားရှင်၏သီလစသော ဂုဏ်ကျေးဇူးထက် သာလွန်ပိုမို၍ ကြည်ညိုဖွယ်ကိုဆောင်သော အခြား သီလစသောဂုဏ်ကျေးဇူးမည်သည် မရှိ။

ဤသို့လျှင် ဘုရားရှင်သည် စတုပ္ပမာဏိက ဤသတ္တလောကကြီး တစ်ခုလုံးကို လက်ဖြင့် ဆုပ်ကိုင်ထားသကဲ့သို့ ဖြစ်ပေသည်။

တေသု စတုပ္ပမာဏော လောကသန္နိဝါသေ ဗုဒ္ဓေသု အပ္ပသန္နာ မန္ဒာ၊ ပသန္နာဝ ဗဟုကာ။ ရူပပ္ပမာဏဿ ဟိ ဗုဒ္ဓရူပတော ဥတ္တရိ ပသာဒါဝဟံ ရူပံ နာမ နတ္ထိ။ ဃောသပ္ပမာဏဿ ဗုဒ္ဓါနံ ကိတ္တိဃောသတော ဥတ္တရိ ပသာဒါဝဟော ဃောသော နာမ နတ္ထိ။ လူခပ္ပမာဏဿ ကာသိကာနိ ဝတ္ထာနိ မဟာရဟာနိ ကဉ္စနဘာဇနာနိ တိဏ္ဏံ ဥတူနံ အနုစ္ဆဝိကေ သဗ္ဗသမ္ပတ္တိယုတ္တေ ပါသာဒဝရေ ပဟာယ ပံသုကူလစီဝရသေလမယပတ္တရုက္ခမူလာဒိသေနာသနသေဝိနော ဗုဒ္ဓဿ ဘဂဝတော လူခတော ဥတ္တရိ ပသာဒါဝဟံ အညံ လူခံ နာမ နတ္ထိ။ ဓမ္မပ္ပမာဏဿ သဒေဝကေ လောကေ အသာဓာရဏသီလာဒိဂုဏဿ တထာဂတဿ သီလာဒိဂုဏတော ဥတ္တရိ ပသာဒါဝဟော အညော သီလာဒိဂုဏော နာမ နတ္ထိ။ ဣတိ ဘဂဝါ ဣမံ စတုပ္ပမာဏိကံ လောကသန္နိဝါသံ မုဋ္ဌိနာ ဂဟေတွာ ဝိယ ဋ္ဌိတော။ (အဘိ၊ ဋ္ဌ၊ ၃၊ ၈၀ ၈၁။)

ဇနပဒကလျာဏီနန္ဒာထေရီမသည် ဘိက္ခုနီမကျောင်းသို့ ရောက်လျှင်လည်း များစွာသော အကြောင်းဖြင့် ဘုရားရှင်၏ဂုဏ်ကျေးဇူးစကား ပြောကြားကြသော ထိုသူတို့၏စကားကို ကြားရ၍ ဘုရားရှင်ကို ဆည်းကပ်လိုစိတ်ဖြစ်လာကာ "ယနေ့ တပည့်တော်မလည်း တရားနာလိုက်အံ့"ဟု ဘိက္ခုနီမများအား ပြောကြားလေသည်၊ ဘိက္ခုနီမများက ဇနပဒကလျာဏီနန္ဒာထေရီမကို ခေါ်ဆောင်၍ ဘုရားရှင်ကို ဆည်းကပ်ကြလေသည်။

ဘုရားရှင်သည် စောစောကပင် နန္ဒာထေရီမ လိုက်ပါလာမည်ကို သိတော်မူ၍ ဆူးဖြင့် ဆူးကိုထွင်သော ယောကျ်ား, မယ်န (ပရစ်)ဖြင့် မယ်နကို ထုတ်သော ယောကျ်ားကဲ့သို့ ရုပ်အဆင်းဖြင့်ပင် နန္ဒာထေရီမ၏ရုပ်အဆင်းမာန်ကို ပယ်ဖျောက်တော်မူရန် ကိုယ်တော်မြတ်၏တန်ခိုးစွမ်းအားဖြင့် ၁၅ နှစ် ၁၆ နှစ်အရွယ် အလွန်ရှုချင်ဖွယ်ရှိသော မိန်းမငယ်ကို ကိုယ်တော်မြတ်၏နံပါးအနီး၌ တည်နေလျက် ယပ်လေခတ်နေဟန်ဖန်ဆင်းထားတော်မူလေသည်။

နန္ဒာထေရီမသည် ဘိက္ခုနီမတို့နှင့် အတူတကွ ဘုရားရှင့်ထံတော်သို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် ဘိက္ခုနီသံဃာ၏အကြား၌ ထိုင်နေလျက် ခြေတော်ဖျားမှစ၍ ဆံတော်ဖျားတိုင်အောင် ဘုရားရှင်၏ရူပကာယအသရေတော်ကို ဖူးမြော်ရ၍လည်းကောင်း, တဖန် ဘုရားရှင်၏နံပါးတော်၌ တည်နေလျက် ထိုနိမ္မိတ မိန်းမရုပ်ကို မြင်ရ၍လည်းကောင်း "သြ...ဤမိန်းမငယ်ကား ရုပ်ရည်အဆင်း လှပပေစွ တကား"ဟု ကြံစည်ကာ မိမိ၏ရုပ်ရည်အဆင်းမာန်ကို ပယ်စွန့်၍ ထိုနိမ္မိတရုပ် မိန်းမငယ်၏ရုပ်ရည်အဆင်း၌ အလွန်တပ်မက်သော အလိုဆန္ဒဖြစ်လာလေသည်။

ထို့နောက် ဘုရားရှင်သည် ထိုနိမ္မိတမိန်းမကို အသက်နှစ်ဆယ် အရွယ်ပမာဏရှိသည်ကို ပြ၍ ဖန်ဆင်းပြတော်မူလေသည်၊ ထိုအခါ ထိုနိမ္မိတမိန်းမ၏ရုပ်ရည်အဆင်း ဆုတ်ယုတ်ခြင်းကို တွေ့မြင်ရလျှင် နန္ဒာထေရီ၏အဖို့ရာ ထိုနိမ္မိတရုပ်၌ တပ်မက်မှုတရား ပါးလာလေသည်၊ ထို့နောက် ဘုရားရှင်က သားမဖွားသေးမီ မိန်းမအဆင်း, တစ်ကြိမ်သားဖွားပြီးသော မိန်းမအဆင်း, မိန်းမလတ်အဆင်း, မိန်းမကြီးအဆင်း, စနောင့်စနင်းဖြစ်လျက် တောင်ဝှေးကို ကိုင်စွဲကာ မှည့်မည်းများ တစ်ကိုယ်လုံးစွဲကပ်နေသည့် အသက်တရာအရွယ် မိန်းမအိုအဆင်းများကို ပြောင်းလဲပြောင်းလဲ ဖန်ဆင်း၍ပြပြီးနောက် နန္ဒာထေရီမ ကြည့်ရှုနေစဉ်ပင် ထိုနိမ္မိတမိန်းမအို၏ သေခြင်းကိုလည်းကောင်း, ဖူးဖူးရောင်သောသူသေကောင်စသည်တို့၏ ကိုယ်ကိုလည်းကောင်း, ရန့်ပုပ်လှောင်း စက်ဆုပ်ရွံရှာဖွယ်ကောင်းသောအဖြစ်ကိုလည်းကောင်း ဖန်ဆင်း၍ ပြတော်မူလေသည်။

နန္ဒာထေရီ၏အဖို့ရာ ထိုနိမ္မိတရုပ်အစဉ်ကို မြင်ရလေလျှင် "ဤငါမြင်ရသော မိန်းမအတူပင် ဤဖြစ်စဉ်ကား ငါရောသူပါ အားလုံးသော သတ္တဝါတို့နှင့် ဆက်ဆံသော သဘောဖြစ်စွာ့တကား"ဟု ရှုဆင်ခြင်လျက် အနိစ္စသညာ ထင်ရှားဖြစ်လာ၏၊ ထိုအနိစ္စသညာသို့ အစဉ်လိုက်သဖြင့် ဒုက္ခသည်, အနတ္တသည်တို့လည်း ဖြစ်ပွားလာကြလေသည်၊ ဘဝသုံးပါးတို့သည် တဟုန်းဟုန်း တောက်လောင်နေသော အိမ်ကဲ့သို့ ကိုးကွယ်ရာမဲ့သောအနေဖြင့် ထင်လာကြလေသည်။

ထိုအခါ ဘုရားရှင်သည် "နန္ဒာဘိက္ခုနီ၏စိတ်သည် ကမ္မဋ္ဌာန်းအလုပ် သက်ဝင်လေပြီ"ဟု သိတော်မူ၍ ထိုနန္ဒာထေရီမအား သင့်လျော်လျောက်ပတ်သည်၏အစွမ်းဖြင့် ဤဂါထာတို့ကို ဟောတော်မူလေ၏

"အာတုရံ အသုစိံ ပူတိံ၊ ပဿ နန္ဒေ သမုဿယံ။
ဥဂ္ဃရန္တံ ပဃ္ဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။ (ခု၊ ၂၊ ၃၈၁။)
ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
ဓာတုသော သုညတော ပဿ၊ မာ လောကံ ပုနရာဂမိ။
ဘဝေ ဆန္ဒံ ဝိရာဇေတွာ၊ ဥပသန္တာ စရိဿသိ။ (ခု၊ ၁၊ ၃၀၈။)

နန္ဒေ ချစ်သမီး ရူပနန္ဒာ...၊ အာတုရံ မစဲရံခါ ဆင်းရဲနာကျင်စွာသော။ အသုစိံ မစင်ကြယ်သော၊ ပူတိံ ပုပ်သိုးသော၊ ဥဂ္ဃရန္တံ အထက်သို့လည်း လျှံတက်ယိုစီးသော၊ ပဃ္ဃရန္တံ အောက်သို့လည်း လျှောကျယိုစီးသော၊ သမုဿယံ ခန္ဓာကိုယ်ကို၊ ပဿ=ပဿာဟိ စေ့စေ့ငငှ ဉာဏ်စက္ခုဖြင့် ကြည့်ရှုလေလော့၊ (တံ ထိုခန္ဓာကိုယ်ကို)၊ ဗာလာနံ သူမိုက်တို့သည်၊ အဘိပတ္ထိတံ လွန်စွာခုံမက် နှစ်သက်တောင့်တအပ်ပေ၏။

နန္ဒေ ချစ်သမီး ရူပနန္ဒာ...၊ ဣဒံ ဤအဇ္ဈတ္တဖြစ်သော သင်၏ကိုယ်သည်၊ အနိစ္စာဒိဓမ္မံ ယထာ အနိစ္စစသော သဘောရှိသကဲ့သို့၊ ဧတံ ထိုဗဟိဒ္ဓ သင်မြင်ရသည့် အပြင်အပကိုယ်သည်၊ တထာ ထို့အတူ အနိစ္စစသော သဘောရှိ၏၊ ဧတံ ထိုဗဟိဒ္ဓ သင်မြင်ရသည့် အပြင်အပကိုယ်သည်၊ ဥဒ္ဓုမာတကာဒိဘာဝပပ္ပတ္တံ ယထာ အစဉ်အတိုင်း အရွယ်အစုစု အနအရင့်တွေကိုစွန့်ကာ ဖူးဖူးရောင်သော သူကောင်စသည်အဖြစ်သို့ ရောက်သကဲ့သို့၊ ဣဒံ ဤအဇ္ဈတ္တဖြစ်သော သင်၏ကိုယ်သည်၊ တထာ ထို့အတူ အရွယ်အစုစု အနအရင့်တွေကို စွန့်၍ ဖူးဖူးရောင်သော သူကောင်စသည်အဖြစ်သို့ ရောက်သည်၊ ဘဝိဿတိ ဧကန်စင်စစ် ဖြစ်လတ္တံ့၊ (တွံ သင်ချစ်သမီးသည်၊ ကာယဒွယံ အဇ္ဈတ္တ, ဗဟိဒ္ဓကိုယ်ကာယနှစ်ပါးအပေါင်းကို)၊ ဓာတုတော ပထဝီဓာတ်စသောအားဖြင့်၊ သုညတော အတ္တ, အတ္တနိယ စသည်မှ ဆိတ်သုဉ်းသောအားဖြင့်၊ ပဿ=ပဿာဟိ ဝိပဿနာ ဉာဏ်ပညာစက္ခုဖြင့် ကြည့်ရှုလေလော့၊ လောကံ ဥပါဒါနက္ခန္ဓာတည်း ဟူသော လောကသို့၊ မာ ပုန အာဂမိ တဖန်ထပ်လျော်က် ချစ်သမီးမလာရောက်ချင်လင့်၊ ဘဝေ ကာမ, ရူပ, အရူပအား ဘုံသုံးပါး၌၊ ဆန္ဒံ တွယ်တာခုံမက် တပ်နှစ်သက်သည့်တဏှာဆန္ဒကို၊ ဝိရာဇေတွာ သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ဖြုတ်ရှင်း ကင်းစေ၍၊ ဝါ ကင်းစေသည်ရှိသော်၊(တွံ သင်ချစ်သမီးသည်)၊ ဥပသန္တာ ကိလေသာဟူ အပူခပ်သိမ်း အေးငြိမ်းသည်ဖြစ်၍၊ စရိဿသိ ချမ်းကြည်အေးမြ နေရလိမ့်သတည်း။" (မဟာဗုဒ္ဓဝင်၊ စတုတ္ထတွဲ၊ ၃၄၇,၃၄၄ ၃၄၆။)

ဂါထာတို့၏အဆုံး၌ နန္ဒာထေရီသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

ထို့နောက်မှ ဘုရားရှင်သည် နန္ဒာထေရီမအား အထက်မဂ်တို့ကို ရစေရန် သုညတအခြံအရံရှိသည့် ဝိပဿနာကမ္မဋ္ဌာန်းကို ဟောကြားတော်မူလို၍ ဤဝိဇယသုတ္တန်ကို ဟောတော်မူလေသည်။ နန္ဒာထေရီမသည် ထိုသုတ္တန်တရားဒေသနာကိုပင် အဖန်ဖန် နှလုံးသွင်း၍ သုညတကမ္မဋ္ဌာန်းကို စီးဖြန်းကြိုးကုတ် အားထုတ်လျှင် နှစ်ရက်သုံးရက်အတွင်း၌ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

## ဈာန်ဖြင့်မွေ့လျော်၊ ထေရီကျော်၊ ရသော် တေဒဂ်

ရူပနန္ဒာထေရီမသည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီးသောအခါမှစ၍ ဈာန်ဖြင့် မွေ့လျော်ပျော်ပိုက်ကြသော ဘိက္ခုနီမတို့တွင်

အထွတ်အထိပ်ရောက်သော ဈာန်ဝင်စားသူ ဖြစ်လေသည်။ ဘုရားရှင်သည် နောက်အဖို့ဝယ် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အစဉ်အတိုင်း ဘိက္ခုနီမတို့ကို ရာထူးဌာနန္တရ၌ ထားတော်မူလတ်သော် နန္ဒာထေရီကို "ရဟန်းတို့...ဈာန်ဝင်စားလေ့ရှိကြသော ငါဘုရား၏တပည့်မဘိက္ခုနီတို့တွင် နန္ဒာဘိက္ခုနီမသည် အမြတ်ဆုံးဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "ဈာန်ဝင်စားလေ့ရှိသောအရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ ထားတော်မူလေသည်။

ဈာယိနံ ယဒိဒံ နန္ဒာတိ ဈာနာဘိရတာနံ နန္ဒာထေရီ အဂ္ဂါတိ ဒဿေတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၈၀။)

တတော ပဋ္ဌာယ ရူပနန္ဒာ ဈာနာဘိရတာနံ အန္တရေ ဓုရပ္ပတ္တာ အဟောသိ။ သတ္ထာ အပရဘာဂေ ဇေတဝနေ နိသိန္နော ပဋိပါဋိယာ ဘိက္ခုနိယော ဌာနန္တရေ ဌပေန္တော နန္ဒာထေရိံ ဈာယိနံ (ဈာယိနီနံ သိ) အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၈၁။)

ဤအရှင်မနန္ဒာထေရီ၏အကြောင်းအရာများကို အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊ ၂၈၀ ၂၈၁), ထေရီအပဒါနပါဠိ (ခု၊ ၄၊၂၅၃ ၂၅၇), ထေရီဂါထာအဋ္ဌကထာ (ထေရီဂါထာ၊ ဋ္ဌ၊ ၈၃ ၈၉၊ သုန္ဒရီနန္ဒာထေရီဂါထာဝဏ္ဏနာ), ဓမ္မပဒအဋ္ဌကထာ (ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၇၂ ၇၅), သုတ္တနိပါတအဋ္ဌကထာ(သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၃၃ ၂၄၄၊ ဝိဇယသုတ္တဝဏ္ဏနာ), မဟာဗုဒ္ဓဝင်(စတုတ္ထတွဲ၊ ၃၄၄ ၃၅၅။ ဆဋ္ဌမတွဲ ဒုပိုင်း၊ ၉၅ ၉၈) တို့၌ကြည့်ရှုနိုင်သည်။

## (၇) အရှင်မ သောဏာထေရီအကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ အာရဒ္ဓဝီရိယာနံ ယဒိဒံ သောဏာ။ (အံ၊ ၁၊ ၂၆။)

### သောဏာထေရီမအလောင်း ရှေးဆုတောင်း

ဤသောဏာထေရီမအလောင်းသည် ပဒုမုတ္တရဘုရားရှင် လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီး ဖြစ်၍ နောက်အဖို့တွင် ဘုရားရှင်၏တရားဓမ္မကို နာကြားရစဉ် ဘုရားရှင်က ဘိက္ခုနီမတစ်ပါးကို "လုံ့လပြင်းထန် ထက်သန်သော အရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူသည်"ကို မြင်ရ၍ အဓိကာရကုသိုလ်ကောင်းမှုကို ပြုပြီးလျှင် ထိုရာထူးကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

### နောက်ဆုံးဘဝ၊ ရဟန်းမ၊ ပြုထလေသောခါ

### စိတ်အားထက်သန်၊ လုံ့လထန်၊ ဖြစ်ပြန် ရဟန္တာ

ထိုအမျိုးသမီးသည် ကဿပဘုရားရှင် ကမ္ဘာတစ်သိန်းကာလပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်ပြီးလျှင် ဤကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မူသောအခါ သာဝတ္ထိပြည်၌ အမျိုးကောင်းသမီးဖြစ်၍ နောက်အဖို့ဝယ် အိမ်ရာတည်ထောင်၍ သားသမီးများစွာတို့ကို ထွန်းကားလျက် သားသမီးအားလုံးတို့လည်း အသီးအသီး အိမ်ထောင်ချပေးခဲ့လေသည်။ ထိုသားသမီးတို့သည် အိမ်ရာတည်ထောင်သည်မှစ၍ "ဤအမေသည် ငါတို့အတွက် အဘယ်အမှုကို ပြုတော့အံ့နည်း?(ပြုဖွယ်မရှိ)"ဟု ယူဆကြကာ မိမိတို့ထံသို့ လာသောမိခင်ကို "မိခင်" ဟူသော အသိအမှတ်ကိုပင် မပြုလုပ်ကြချေ။ ဗဟုပုတ္တိကသောဏာ (သားသမီးများသော သောဏာ)သည် ထိုသားသမီးတို့၏ မိမိအပေါ်၌ မရှိသေသည်၏အဖြစ်ကို သိရှိရလျှင် "ငါသည် အိမ်ရာတည်ထောင် လူ့ဘောင်၌နေသဖြင့် အဘယ်အမှုကို ပြုလုပ်ရအံ့နည်း?" ကြံစည်စဉ်းစားကာ လူ့ဘောင်မှ ထွက်ခွါ၍ ရှင်,ရဟန်းမ ပြုလေသည်။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ၁၊ ၂၈၁။)

ထိုအမျိုးသမီးသည် အသက်ထက်ဆုံး ကောင်းမှုတို့ကို ပြု၍ ထိုဘဝမှ စုတေလျှင် ကမ္ဘာတသိန်းကာလပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်လျက် ဤဘုရားရှင် ပွင့်တော်မူရာကာလဝယ် သာဝတ္ထိပြည်၌ အမျိုးကောင်းသမီးဖြစ်၍ အရွယ်ရောက်လတ်သော် လင်ယောကျ်ားအိမ်သို့ လိုက်ပါရကာ သားသမီးတစ်ကျိပ် ထွန်းကား၍ "ဗဟုပုတ္တိကာ (သားသမီးများသောမိခင်)"ဟူ၍ ထင်ရှားလေသည်။ သူမသည် လင်ယောကျ်ား ရဟန်းပြု၍သွားလေသော် အရွယ်သို့ရောက်ကြသည် သားသမီး တစ်ကျိပ်တို့ကို အိမ်ထောင်နေရာချထားပြီးလျှင် အလုံးစုံသောဥစ္စာကို သားသမီးတို့အား အမွေခွဲဝေ၍ ပေးလေသည်၊ မိမိအတွက် အနည်းငယ်သော ဥစ္စာကိုမျှ ချန်၍ မထားချေ၊ သူမကို သားသမီးတို့က နှစ်ရက်,သုံးရက်မျှသာ ပြုစုလုပ်ကျွေးကြပြီး နှစ်ရက်,သုံးရက်မှနောက်ဝယ် လွှမ်းမိုးချုတ်ချယ်ခြင်းကို ပြုလာကြကုန်၏။ သူမသည်"ငါ့အဖို့ရာ ဤသားသမီးတို့၏လွှမ်းမိုးချုတ်ချယ်ရာ အိမ်ရာတည်ထောင် လူ့ဘောင်၌နေခြင်းဖြင့် အဘယ်အမှု ပြုရတော့အံ့နည်း"ဟု ကြံစည်ကာ ဘိက္ခုနီမတို့သို့ ဆည်းကပ်၍ ရှင်,ရဟန်းမ ပြုလေသည်။ (ထေရီဂါထာအဋ္ဌကထာ၊ ၉၈။)

မှတ်ချက်။ [ထေရီအပဒါနပါဠိတော်(ခု၊ ၄၊ ၂၅၇ ၂၅၈)၌

"ပစ္ဆိမေ စ ဘဝေ ဒါနိ၊ ဇာတာ သေဋ္ဌိကုလေ အဟံ။

သာဝတ္ထိယံ ပုရဝရေ၊ ကုလေ ဇီတော မဟဒ္ဓနေ။
ယဒါ စ ယောဗ္ဗနုပ္ပတ္တာ၊ ! ဂဗ္ဘာ ပတိကုလံ အဟံ။
ဒသ ပုတ္တာနိ အဇနိ၊ သုရူပါနိ ဝိသေသတော။"

ဟု လာရှိသောကြောင့် "သူမသည် သူဋ္ဌေးသမီးဖြစ်သည်ပြင် သားသမီးတစ်ကျိပ်ရှိကြောင်းကိုလည်း သိရသည်။]

သာဝတ္ထိပြည်ဝယ် တစ်ခုသောအမျိုး၌ သားခုနစ်ယောက်, သမီးခုနစ်ယောက်တို့ ရှိကြလေသည်၊ ထိုသားသမီးအားလုံးတို့သည် အရွယ်သို့ ရောက်ကြလေသော် အိုးအိမ်တို့ကို တည်ထောင်ကြလျက် မိမိတို့သဘောအားဖြင့် ချမ်းသာခြင်းသို့ ရောက်ကြလေသည်။ ထိုသူတို့၏ဖခင်သည် အခါတပါး၌ ကွယ်လွန်ခဲ့လေသည်၊ ထိုသူတို့၏မိခင် ဥပါသိကာမကြီးသည် လင်ယောကျာ်း ကွယ်လွန်သွားသော်လည်း အမွေဥစ္စာနစ်ကို မခွဲဝေပဲ နေလေသည်။

ထိုအခါ သူမကို သားသမီးတို့က "အိုမိခင်...ကျွန်တော်ကျွန်မတို့၏ဖခင် ကွယ်လွန်လေပြီးဖြစ်၍ မိခင့်အဖို့ရာ ပစ္စည်းဥစ္စာဖြင့် အဘယ်အကျိုးရှိအံ့နည်း?၊ ကျွန်တော်ကျွန်မတို့က မိခင်ကို လုပ်ကျွေးခြင်းငှာ မတတ်နိုင်ကုန်သလော?"ဟု ပြောဆိုကြလေသည်။ မိခင်သည် သားသမီးတို့၏စကားကို ကြားရပေမဲ့ ဆိတ်ဆိတ်နေခဲ့သော်လည်း အကြိမ်ကြိမ် အဖန်ဖန် ထိုသားသမီးတို့ ပြောဆိုအပ်သည်ဖြစ်၍ "သားသမီးများသည် ငါ့ကို လုပ်ကျွေးကြလိမ့်မည်၊ ငါ့အဖို့ရာ အသီးအခြား ဥစ္စာထားသဖြင့် အဘယ်အကျိုးရှိအံ့နည်း?" ဟု အောက်မေ့ကာ အလုံးစုံသော ဥစ္စာနစ်ကို ခွဲဝေ၍ ပေးလေသည်၊ (ထိုနောက် သူမသည် သားကြီး၏အိမ်သို့ သွားလေ၏၊)နှစ်ရက်, သုံးရက်လွန်သောအခါ သူမကို သားကြီး၏မယားက "ငါတို့၏ယောက္ခမကား အံ့သြဖွယ်ကောင်းလေစွ...'(သူမက) ငါ့သားကြီးပဲ'ဟု နှစ်ဖို့နှစ်စု ပေးလေဘိသကဲ့သို့ ဤငါတို့အိမ်သို့သာ လာဘိသည်တကား"ဟု ပြောဆိုလေသည်။ (ကျန်သားခြောက်ယောက်တို့အိမ်သို့ သွားသောအခါ၌လည်း) ထိုသားတို့၏မယားတို့ကလည်းအလားတူပင် ပြောဆိုကြလေသည်၊ သမီးအကြီးကို အစပြု၍ ထိုသမီးတို့၏အိမ်သို့ သွားသောအခါ၌လည်း ထိုမိခင်အိုကြီးကိုအလားတူပင် ပြောဆိုကြလေသည်။ သူမသည် သားသမီးတို့၏မထီမဲ့မြင် ပြုခြင်းကိုခံရသည်ဖြစ်၍ "ဤသားသမီးတို့၏အထံ၌ နေခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း? ဘိက္ခုနီမ ပြုလုပ်၍ အသက်မွေးအံ့"ဟု ကြံစည်စဉ်းစားကာ ဘိက္ခုနီမကျောင်းသို့ သွားရောက်လျက် ရှင်, ရဟန်းအဖြစ်ကို တောင်းပန်လေသည်၊ ထိုဘိက္ခုနီမတို့က သူမကို ရဟန်းမ ပြုပေးကြလေသည်။ (ဤကား ဓမ္မပဒအဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၄၄၆ ၌လာ၏။)

ထိုသို့ ရဟန်းမ ပြုပြီးနောက် ဗဟုပုတ္တိကသောဏာဘိက္ခုနီမကို ဆရာဘိက္ခုနီမတို့က အပြစ်တစ်ခု အကြောင်းပြု၍ "ဤဘိက္ခုနီမသည် ဝတ်ကို မသိတတ်၊ မသင့်တော် မလျောက်ပတ်သည်ကို ပြုဘိ၏"ဟု ဒဏ်ထားမှုကို ပြုကြလေသည်၊ သားသမီးတို့သည် ဒဏ်ထမ်းနေသော မိခင်ဖြစ်သူ ဗဟုပုတ္တိကသောဏာဘိက္ခုနီမကို မြင်ကြလေလျှင် "ဤအမယ်ကြီးသည် ယနေ့တိုင်အောင် ရဟန်းသိက္ခာမျှကိုပင် မသိလေယောင်တကား"ဟု တွေ့လေရာရာ အရပ်၌ ပြက်ရယ်ပြောင်လှောင်မှုကို ပြုကြလေသည်။

ဗဟုပုတ္တိကသောဏာဘိက္ခုနီမသည် ထိုသားသမီးတို့၏ပြက်ရယ်ပြောင်လှောင် ပြောဆိုကြသော စကားကို ကြားရလျှင် သံဝေဂကြီးစွာ ဖြစ်ရှိရကား"မိမိ၏ဂတိစင်ကြယ်အောင် ပြုမှ သင့်မည်"ဟု ကြံစည်ဆင်ခြင်၍ ထိုင်သောနေရာ, ရပ်သောနေရာတို့၌ပင် ၃၂ ကောဋ္ဌာသ(ဒွတ္တိံသာကာရ)ကမ္မဋ္ဌာန်းကို စီးဖြန်းသရဇ္ဈာယ်လျက် နေလေသည်။

သာ တေသံ ဝစနံ သုတွာ ဥပ္ပန္နသံဝေဂါ "အတ္တနော ဂတိဝိသောဓနံ ကာတုံ ဝဋ္ဋတီ"တိ နိသိန္နဋ္ဌာနေပိ ဌိတဋ္ဌာနေပိ ဒွတ္တိံသာကာရံ သဇ္ဈာယတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၈၁ ၂၈၂။)

မှတ်ချက်။ [ ဗဟုပုတ္တိကသောဏာဘိက္ခုနီမသည် "ငါသည် အသက်အရွယ်ကြီးမှ ရဟန်းမ ပြုသူဖြစ်ရကား မမေ့မလျော့သူဖြစ်မှ သင့်တော်မည်"ဟု ကြံစည်ဆင်ခြင်၍ ဘိက္ခုနီမတို့၏ဝတ်ကြီးဝတ်ငယ်ကို ပြုလုပ်ရင်း "ငါသည် ညဉ့်သုံးယာမ်ပတ်လုံး ရဟန်းတရားကို အားထုတ်အံ့"ဟုပြာသာဒ်၏အောက်၌ တိုင်တလုံးကို လက်ဖြင့်ကိုင်လျက် ထိုတိုင်ကို လက်မလွှတ်ပဲ ရဟန်းတရား ပွားများအားထုတ်ကာ စင်္ကြံသွားလျှင်လည်း "မှောင်မိုက်ထဲ၌ သစ်ပင်စသည်တို့တွင် တစုံတခုသော အရာ၌ ငါ၏ဦးခေါင်းသည် တိုက်မိနိုက်မိလေရာ၏"ဟု တွေးတော၍ သစ်ပင်ကို လက်ဖြင့်ကိုင်လျက် ထိုသစ်ပင်ကို မလွှတ်ပဲ ရဟန်းတရား ပွားများအားထုတ်လေတော့သည်။ (ဓမ္မပဒဋ္ဌကထာ၊ ၁၊ ၄၄၆။ ထေရီဂါထာအဋ္ဌကထာ၊ ၉၈။)တို့မှ။]

## လုံ့လပြင်းထန်၊ ခွဲအားသန်၊ အမှန်ကျော်ကြားပြီ

ထိုသောဏာထေရီမသည် ဆိုအပ်ခဲ့ပြီးသည့်အတိုင်း မအိပ်မနေလုံ့လပြင်းထန် ခွဲသန်သန်ဖြင့် ရဟန်းတရား ပွားများအားထုတ်လေရကား ရေးအခါ၌ ဗဟုပုတ္တိကသောဏာထေရီ(သားများမိခင် သောဏာထေရီ) ဟု ခေါ်တွင်ရာမှ နောက်အခါဝယ် "အာရဒ္ဓ

ဝီရိယသောဏာထေရီ(လုံ့လပြင်းထန် ခွဲအားသန်သော သောဏာထေရီ)"ဟု မည်တွင် ထင်ရှားလာလေသည်။

တနေ့သ၌ ဘိက္ခုနီမတို့သည် ဇေတဝန်ကျောင်းတော်သို့ အဆုံးအမခံယူရန် သွားကြရာ"အိုသောဏာ..ဘိက္ခုနီသံဃာအတွက် ရေနွေးတည်၍ ထားလိုက်ပါလော့"ဟု မှာထား၍ သွားကြလေသည်။ သောဏာထေရီမကြီးသည်လည်း ရေနွေးအိုးမတည်မိ ရှေးဦးစွာ ကပင်္ဂမ်းတင်းကုပ်အနီး၌ လူးလာတုံ့ခေါက် စင်္ကြံလျှောက်ရင်း ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို ရွတ်အံသရဇ္ဈာယ်လျက် ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများနေလေသည်။ ဘုရားရှင်သည် ဇေတဝနကျောင်းတော် ဂန္ဓကုဋီတိုက်တော်အတွင်း နေထိုင်တော်မူလျက်ပင်

"ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဓမ္မမုတ္တမံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဓမ္မမုတ္တမံ။
(ခု၊ ၁၊ ၃၀ ဓမ္မပဒ။)

သောဏေ ချစ်သမီးသောဏာ...၊ ယော စ အမှတ်မထင် အကြင်သူသည်ကား၊ ဥတ္တမံ ဓမ္မံ သချာကိုးရပ် လောကုတ္တရာတရားတော်မြတ်ကို၊ အပဿံ=အပဿန္တော မျက်မှောက်ထင်ထင် မတွေ့မြင်ရပဲ၊ ဝဿသတံ အနှစ်တစ်ရာ ရှည်မြင့်ကြာအောင်၊ ဇီဝေ=ဇီဝေယျ အသက်ရှည်ထွေ တည်နေရာ၏၊ တဿ ထိုသူ၏၊ ဇီဝတော အနှစ်တစ်ရာ ရှည်မြင့်ကြာအောင် ခန္ဓာဆက်စဉ် အသက်ရှင်၍ နေရခြင်းထက်၊ ဥတ္တမံ ဓမ္မံ သချာကိုးရပ် လောကုတ္တရာ တရားတော်မြတ်ကို၊ ပဿတော မျက်မှောက်ထင်ထင် တွေ့မြင်ရသောသူ၏၊ ဧကာဟံ ကာလမကြာ တစ်ရက်တာမျှ၊ ဇီဝိတံ ခန္ဓာဆက်စဉ် အသက်ရှင်၍ နေရခြင်းသည်၊ သေယျော အထူးသဖြင့်ချီးမွမ်းအပ် မြတ်လှပေ၏။ (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ဒုပိုင်း၊ ၁၀၁ ၁၀၂။)"

ဟူသော ဩဘာသဂါထာကို ရွတ်ဆိုဟောကြားတော်မူလေသည်။

သောဏာထေရီမကြီးသည် ဂါထာတော်၏အဆုံး၌ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီးလျှင် "ငါကား အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့လေပြီ၊ ဤအကြောင်းကို မသိကြသည့် ရောက်လာကြသော(အာဂန္တုက)ပုဂ္ဂိုလ်များကား မစူးစမ်းပဲလျှင် ငါ့အပေါ်၌ မထီမဲ့မြင်ပြု၍ တစ်စုံတစ်ရာအပြစ်တင်စကား မထီမဲ့မြင်စကား ပြောကြားမိခဲ့ကြလျှင် များစွာသော အကုသိုလ်ကိုလည်း တိုးပွါးစေရာ၏၊ ထို့ကြောင့် သူတပါးတို့သိမှတ်နိုင်ကြောင်းကို ပြုလုပ်ထားမှ သင့်လျော်ပေမည်"ဟု ကြံစည်ကာ ရေနွေးတည်အိုးကို ခုံလောက်(ဖိုခုံလောက်)ပေါ်၌ တင်ထားရုံတင်ထားပြီးလျှင် အောက်၌ကား မီးကို မမွှေးပဲ ထားလေသည်။

ဘိက္ခုနီမတို့သည် ကျောင်းတော်မှ ပြန်လာကြသည်ရှိသော် ခုံလောက်ကို လှမ်းမျှော်ကြည့်ကြလျှင် မီးတောက်မီးလျှံကို မမြင်ကြရ၍ "ဤအဖွားကြီးကို 'ဘိက္ခုနီသံဃာအတွက် ရေနွေးကျို၍ ထားလိုက်ပါ'ဟု ငါတို့မှာထားခဲ့ကြပါလျက် ဤအဖွားကြီးသည် ယခုတိုင်အောင်ပင် ခုံလောက်၌ မီးကိုပင် မမွှေးရသေး"ဟု အပြစ်တင်စကား ပြောကြားကြလေသည်။ ထိုအခါ သောဏာထေရီမကြီးက "အရှင်မတို့...အရှင်မတို့အဖို့ရာ မီးဖြင့် ဘာပြုလုပ်မည်နည်း?၊ ရေနွေးဖြင့် ရေချိုးလိုသော ဘိက္ခုနီမတို့သည် ရေနွေးတည်အိုးထဲမှ ရေကို ခပ်ယူ၍ ချိုးကြလော့"ဟု ပြောကြားလေသည်၊ ထိုဘိက္ခုနီမတို့သည်လည်း "ဤသို့ ဤအဖွားကြီး ပြောကြားရာ၌ အကြောင်းထူး တစ်ခုခု ရှိသည်ဖြစ်လိမ့်မည်"ဟု ကြံစည်စဉ်းစားမိကြကာ ထိုရေနွေးတည်အိုးရှိရာသို့ သွားကြ၍ ရေ၌ လက်ကို ချနှစ်လျက် စမ်းသပ်ကြရာတွင် ပူနွေးသည်၏အဖြစ်ကို သိကြ၍ အခြားရေအိုးတစ်လုံးကို ယူဆောင်၍ ခုံလောက်ပေါ်၌တင်ထားသော အိုးတွင်းမှ ရေကို ခပ်ယူကြလေသည်၊ ခပ်ယူတိုင်းခပ်ယူတိုင်းသော နေရာသည် ပကတိတဖန် ရေပြန်၍ ပြည့်မြဲ ပြည့်နေလေသည်။

ထိုအခါကျမှ အတူနေ ဘိက္ခုနီမအားလုံးတို့သည် သောဏာထေရီမကြီး၏အရဟတ္တဖိုလ်၌တည်ကြောင်းကို သိရှိကြ၍ ရှေးဦးစွာ သိက္ခာဝါငယ်သော ဘိက္ခုနီမတို့သည် တည်ခြင်းငါးပါးဖြင့် ထေရီမကြီး၏ခြေရင်း၌ ဝပ်စင်းကုန်လျက် "အရှင်မကြီး...တပည့်တော်မတို့သည် ဤမျှကာလကြာအောင် မစူးစမ်း မဆင်ခြင်မိကြပဲ အရှင်မကြီးကို အနိုင်ကျင့်ကာကျင့်ကာ ပြောမှားမိခဲ့ကြပါပြီ၊ တပည့်တော်မတို့ကို သည်းခံတော်မူပါဘုရား"ဟု တောင်းပန်းစကား လျှောက်ထားပြောဆို ကန်တော့ကြလေသည်၊ သိက္ခာဝါကြီးသော ဘိက္ခုနီမတို့ကလည်း ဆောင့်ကြောင့်ထိုင်ကြလျက်"အရှင်မ..သည်းခံပါလော့"ဟု တောင်းပန်စကား ပြောကြား၍ သည်းခံစေကုန်သည်။

## လုံ့လစွမ်းအား၊ အမြတ်ထား၊ ရင့်ြား တေဒဂ်

ထိုအခါမှစ၍ "အသက်အရွယ်ကြီးရင့်သော ခေါ၌ ရဟန်းမ ပြုသော်လည်း လုံ့လပြင်းထန် ခွဲထက်သန်သည်၏အဖြစ်ကြောင့် မကြာမီပင် သောဏာထေရီမကြီးသည် အရဟတ္တဖိုလ်၌ တည်လေပြီ"ဟု ထေရီမကြီး၏ဂုဏ်ကျေးဇူးကား ထင်ရှားကျော်ကြား၍ လာလေတော့သည်။ နောက်အဖို့ဝယ် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဘိက္ခုနီမတို့ကို အစဉ်အတိုင်း ရာထူးဌာနန္တရ၌ ထားတော်မူလတ်သော် သောဏာထေရီမကြီးကို "ရဟန်းဝတို့...လုံ့လဝီရိယထက်သန်ကြသည့် ငါဘုရား၏တပည့်မ ဘိက္ခုနီတို့တွင်

သောဏာဘိက္ခုနီသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ လုံ့လဝီရိယပြင်းထန်သောအရာ(အာရဒ္ဓဝီရိယ)အရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ ထားတော်မူလေသည်။

အာရဒ္ဓဝီရိယာနန္တိ ပဂ္ဂဟိတပရိပုဏ္ဏဝီရိယာနံ သောဏာ အဂ္ဂါတိ ဒဿေတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၈၁။)

အပရာဘာဂေ သတ္ထာ ဇေတဝနေ နိသီဒိတွာ ဘိက္ခုနိယော ပဋိပါဋိယာ ဌာနန္တရေ ဌပေန္တော သောဏာတ္ထေရိံ အာရဒ္ဓဝီရိယာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၈၂။)

ဤအရှင်မသောဏာထေရီ၏အကြောင်းအရာများကို အင်္ဂုတ္တိုရ်အဋ္ဌကထာ(၁၊ ၂၈၁ ၂၈၂), ထေရီအပဒါန်ပါဠိတော်(ခု၊ ၄၊ ၂၅၇ ၂၅၉), ထေရီဂါထာအဋ္ဌကထာ(၉၈-၁၀၂), ဓမ္မပဒအဋ္ဌကထာ(၁၊ ၄၄၆-၄၄၇။), မဟာဗုဒ္ဓဝင် (ဆဋ္ဌမတွဲ ဒုပိုင်း၊ ၉၈ ၁၀၄။) တို့၌ ကြည့်ရှုနိုင်သည်။

## (၈) အရှင်မ သကုလာထေရီအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဒိဗ္ဗစက္ခုကာနံ ယဒိဒံ ဗကုလာ။ (အံ၊ ၁၊ ၂၆။)

မှတ်ချက်။ ဆဋ္ဌမူ အင်္ဂုတ္တိုရ်ပါဠိတော်, အဋ္ဌကထာတို့၌ ဗကုလာ-ဟု ရှိသော်လည်း သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီးယား, အင်္ဂလိပ်မူ အင်္ဂုတ္တိုရ်ပါဠိတော်,အဋ္ဌကထာတို့၌ကား သကုလာ-ရှိသည့်ပြင် ဆဋ္ဌမူ ထေရီအပဒါန်ပါဠိတော်, ထေရီဂါထာအဋ္ဌကထာတို့၌ လည်း သကုလာ ဟုပင် ရှိလေသည်။ ထို့ကြောင့် ထေရီဂါထာအဋ္ဌကထာ၌လာရှိသည့်အတိုင်း ဖေါ်ပြပါမည်။

### သကုလာထေရီအလောင်း ရှေးဆုတောင်း

ဤသကုလာထေရီအလောင်းသည် ပဒုမုတ္တရဘုရားရှင်၏လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အာနန္ဒမင်းကြီး၏ သမီးတော်ဖြစ်ခဲ့လေသည်၊ ဘုရားရှင်၏ဘတူမိကွဲ နှမဖြစ်၍ အမည်အားဖြင့် "နန္ဒာ"ဟု ခေါ်တွင်လေသည်။ နန္ဒာမင်းသမီးသည် သိကြားလိမ္မာသည့်အရွယ်သို့ ရောက်လေသော် တနေ့သ၌ ဘုရားရှင်၏အထံတော်ဝယ် တရားတော်ကို နာနေစဉ် ဘုရားရှင်က ဘိက္ခုနီမ တစ်ပါးကို "ဒိဗ္ဗစက္ခုအဘိညာဉ်ကို လေ့လာနိုင်နင်းသောအရာ"ဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို မြင်တွေ့ရ၍ အားကျလျက် လုံ့လဝီရိယကြီးစွာဖြင့်(=ဉဿာဟဇာတာ) အဓိကာရကောင်းမှု ကုသိုလ်ကို ပြုလုပ်ပြီးလျှင် မိမိကိုယ်တိုင်လည်း ထို ရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

### ပရိဗိုဇ်မ၊ ဖြစ်တုန်းက၊ လူ့ရ ဆီမီးကို

နန္ဒမင်းသမီးသည် ထိုဘဝ၌ အသက်ထက်ဆုံး များမြတ်လှစွာသော ကုသိုလ်ကောင်းမှုကို ပြုခဲ့သောကြောင့် နတ်ပြည်၌ဖြစ်ပြီး လျှင် ဘဝအဆက်ဆက် ကောင်းရာသုဂတိဘုံတို့၌သာလျှင် ကျင်လည်ရလျက် ကဿပဘုရားရှင်လက်ထက်တော်ဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ ပရိဗိုဇ်ရဟန်းမ ပြု၍ တကိုယ်တည်းနေသူဖြစ်ပြီး, တနေ့သ၌ ဆီဆွမ်းခံ လှည့်လည်၍ ဆီကိုရလျှင် ထိုဆီဖြင့် ကဿပဘုရားရှင်၏ စေတီတော်၌ တစ်ညဉ့်ပတ်လုံး ဆီမီးပူဇော်ခဲ့လေသည်။

### နောက်ဆုံးဘဝ၊ ရဟန်းမ၊ ပြုထ သကုလာ

ထိုပရိဗိုဇ်မသည် ထိုဘဝမှ စုတေလျှင် တာဝတိံသာနတ်ပြည်၌ အလွန်စင်ကြယ်သော နတ်မျက်စိရှိသည့် နတ်သမီးဖြစ်လျက် ဘုရားနှစ်ဆူတို့၏ တစ်ခုသော အကြားကာလပတ်လုံး နတ်ပြည်တို့၌သာ ကျင်လည်ရ၍ ကျွန်ုပ်တို့၏ဘုရားရှင်ပွင့်တော်မူသောအခါ သာဝတ္ထိပြည်၌ ပုဏ္ဏားအမျိုးမှာ ဖြစ်၍ "သကုလာ"ဟု မည်တွင်လေသည်။ ထိုပုဏ္ဏေးမလေးသည် သိကြားလိမ္မာသော အရွယ်သို့ ရောက်လတ်သော် ဘုရားရှင် ဇေတဝန်ကျောင်းတော်ကို အလှူခံတော်မူသော ကျောင်းလွှတ်ရေစက်ချပွဲ၌ သဒ္ဓါကြည်ညိုသော ဥပါသိကာ မဖြစ်၍ နောက်အဖို့ဝယ်ရဟန္တာမထေရ်မြတ်တစ်ပါး အထံမှ တရားတော်ကို ကြားနာရ၍ သံဝေဂကြီးစွာ ဖြစ်ရကား ရဟန်းမ ပြု၍ ဝိပဿနာကမ္မဋ္ဌာန်တရား မပြတ်ကြိုးကုတ် အားထုတ်သဖြင့် မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

## ဘိက္ခုနီများ၊ ရာထူးကား၊ ပေးငြား စံတင်နှုန်း
## ဒိဗ္ဗစက္ခု၊ ကျွမ်းကျင်မှု၊ ဉာဏ်ထုအသာဆုံး

သကုလာထေရီသည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီးနောက် ရှေးကဆုတောင်းပါခဲ့သောကြောင့် ဒိဗ္ဗစက္ခုအဘိညာဏ်ကို အထူးလေ့လာသဖြင့် အလွန်နိုင်နင်းသူ ဖြစ်လေသည်၊ ထို့ကြောင့် နောက်အဖို့ဝယ် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဘိက္ခုနီတို့ကို အစဉ်အတိုင်း ရာထူးဌာနန္တရ၌ ထားတော်မူသည်ရှိသော် သကုလာထေရီကို "ရဟန်းတို့…ဒိဗ္ဗစက္ခုအဘိညာဉ်ကို လေ့လာနိုင်နင်းကြသည့် ငါဘုရား၏တပည့်မ ဘိက္ခုနီတို့တွင် သကုလာဘိက္ခုနီသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "ဒိဗ္ဗစက္ခုအဘိညာဉ်ကို လေ့လာနိုင်နင်းသောအရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ ထားတော်မူလေသည်။

အရဟတ္တံ ပန ပတ္វာ ကတာဓိကာရတာယ ဒိဗ္ဗစက္ခုဉာဏေ စိဏ္ဏဝသီ အဟောသိ။ တေန နံ သတ္ထာ ဒိဗ္ဗစက္ခုကာနံ ဘိက္ခုနီနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (ထေရီဂါထာအဋ္ဌကထာ၊ ၉၆။)

ဒိဗ္ဗစက္ခုကာနံ ယဒိဒံ ဗကုလာတိ ဒိဗ္ဗစက္ခုကာနံ ဗကုလာ ထေရီ အဂ္ဂါတိ ဒဿေတိ။

သာ တတော ပဋ္ဌာယ ဒိဗ္ဗစက္ခုမှိ စိဏ္ဏဝသီ အဟောသိ။ အပရဘာဂေ သတ္ထာ ဇေတဝနေ နိသိန္နော ဘိက္ခုနိယော ပဋိပါဋိယာ ဌာနန္တရေ ဌပေန္တော ဣမံ ထေရိံ ဒိဗ္ဗစက္ခုကာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၈၃။)

ဤအရှင်မ သကုလာထေရီ၏အကြောင်းအရာများကို ထေရီအပဒါန်ပါဠိတော်(ခု၊ ၄၊ ၂၅၀ ၂၅၂။), ထေရီဂါထာအဋ္ဌကထာ(၉၃-၉၈),အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊ ၂၈၃), မဟာဗုဒ္ဓဝင်(ဆဋ္ဌမတွဲ-ဒုပိုင်း၊ ၁၀၄-၁၀၆)တို့၌ ကြည့်ရှုနိုင်သည်။

## (၉) အရှင်မ ကုဏ္ဍလကေသာထေရီအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ခိပ္ပါဘိညာနံ ယဒိဒံ ဘဒ္ဒါ ကုဏ္ဍလကေသာ။ (အံ၊ ၁၊ ၂၆။)

## ကုဏ္ဍလကေသာထေရီအလောင်း ရှေးဆုတောင်း

ဤကုဏ္ဍလကေသာထေရီအလောင်းသည်လည်း ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီးဖြစ်၍ ဘုရားရှင်၏တရားစကားတော်ကို ကြားနာစဉ်၌ဘုရားရှင်က ဘိက္ခုနီမတစ်ပါးကို "လျင်မြန်သော မဂ်ဖိုလ်အသိဉာဏ်ရှိသောအရာ"ဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ထားတော်မူသည်ကို တွေမြင်ရ၍ အဓိကာရကုသိုလ်ကောင်းမှုကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

မှတ်ချက်။ [ကုဏ္ဍလကေသာထေရီအပဒါန်၌ကား "ကုဏ္ဍလကေသာထေရီအလောင်းသည်……ဟံသာဝတီမင်းနေပြည်၌ သူဌေးသမီးဖြစ်၍…ပဒုမုတ္တရဘုရားရှင်က သုဘမည်သော ဘိက္ခုနီမကို "လျင်မြန်သော မဂ်ဖိုလ်အသိဉာဏ်ရှိသောအရာ"ဝယ် အမြတ်ဆုံးအရာ၌ ထားတော်မူသည်ကို တွေမြင်ရ၍…"စသည်ဖြင့် လာရှိလေသည်။

တဒါဟံ ဟံသာဝတိယံ၊ ဇာတာ သေဋ္ဌိကုလေ အဟုံ။
နာနာရတနပဇ္ဇောတေ၊ မဟာသုခသမပ္ပိတာ။
တဒါ မဟာကာရုဏိကော၊ ပဒုမုတ္တရနာမကော။
ခိပ္ပါဘိညာနမဂ္ဂန္တိ၊ ဌပေသိ ဘိက္ခုနိံ သုဘံ။
(ခု၊ ၄၊ ၂၄၀။)]

## ကိကီမင်းကြီး၊ သမီးခုနစ်ဖော်၊ တဖော်မည်သာ ဘိက္ခုဒါယိကာ

ထိုအမျိုးကောင်းသမီးသည် ကမ္ဘာတသိန်းပတ်လုံး နတ်ပြည်, လူပြည်တို့၌ကျင်လည်လျက် ကဿပဘုရားရှင်လက်ထက်တော်ဝယ် ကိကီမည်သော ကာသိမင်းကြီး၏သမီးတော်ခုနစ်ယောက်တို့တွင် စတုတ္ထမြောက် "ဘိက္ခုဒါယိကာ"မည်သော သမီးတော်ဖြစ်၍ နှစ်ပေါင်းနှစ်သောင်းတိုင်တိုင် ဆယ်ပါးသီလတို့ကို ဆောက်တည်ကာ ကောမာရိဗြဟ္မစရိယအကျင့်ကို ကျင့်သုံးလျက် သံဃာတော်အား နေထိုင်ရန် ပရိဝုဏ်ကျောင်းတိုက်ကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

## နောက်ဆုံးဘဝ၊ ရဟန်းမ၊ ပြုရ သူ့ကြောင်းရာ

ထိုမင်းသမီးသည် ဘုရားနှစ်ဆူတို့၏တခုသောအကြားဝယ် နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ခဲ့ပြီးလျှင် ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မူလတ်သော် ရာဇဂြိုဟ်မြို့တော်၌ "ဘဒ္ဒါ"မည်သော သူဌေးသမီးဖြစ်လာလေသည်၊ ထိုဘဒ္ဒါသူဌေးသမီးဖွားမြင်သောနေ့မှာပင် ထိုရာဇဂြိုဟ်မြို့တော်၌ပင် ပုရောဟိတ်၏သား ဖွားမြင်လေသည်၊ ထိုပုရောဟိတ်၏သား ဖွားမြင်သောအချိန်၌ မင်းနန်းတော်ကို အစပြု၍ တမြို့လုံး၌လက်နက်မှန်သမျှတို့သည် အလျှံတပြောင်ပြောင် တောက်ကုန်၏၊ ပုရောဟိတ်သည် စောစောကပင် မင်းနန်းတော်သို့ သွားရောက်၍ မင်းကြီးကို"ချမ်းသာစွာ အိပ်ရပါ၏လော?"ဟု မေးလျှောက်လေသည်၊ မင်းကြီးက "ဆရာ...ငါ၏အဖို့ရာ အဘယ်မှာ ချမ်းသာစွာ အိပ်လို့ရအံ့နည်း? ယနေ့ တညဉ့်လုံး နန်းတော်၌ လက်နက်တို့ အလျှံတပြောင်ပြောင် တောက်နေသည်တို့ကို တွေ့မြင်ရ၍ ငါတို့မှာ ကြောက်ရွံ့ခြင်းသို့ ရောက်ကြရသည်"ဟု မိန့်ဆိုလေသည်၊ ပုရောဟိတ်က "မြတ်သောမင်းကြီး...ထိုလက်နက်များ အလျှံတပြောင်ပြောင်တောက်ခြင်းကြောင့်တော့ စိုးရိမ်ပူပန်တော် မမူပါလင့်၊ အရှင်မင်းကြီးတို့၏ရွှေနန်းတော်မှာသာ လက်နက်တို့ အလျှံတပြောင်ပြောင်တောက်ကြသည်မဟုတ်ပါ၊ ရာဇဂြိုဟ်တမြို့လုံးမှာပင် လက်နက်များ အလျှံတပြောင်ပြောင်တောက်ကြပါသည်"ဟု ပြန်ကြားလျှောက်ထားလေသည်။ မင်းကြီးက "ဆရာ...အဘယ်ကြောင့် လက်နက်များ အလျှံတပြောင်ပြောင်တောက်ကြပါသနည်း?"ဟု မေးလေလျှင် ပုရောဟိတ်က "အရှင်မင်းကြီး...ကျွန်ုပ်တို့၏အိမ်၌ စောရနက္ခတ်နှင့်ယှဉ်လျက် သတို့သား ဖွားခဲ့ပါသည်၊ ထိုသားသည် တမြို့လုံး၏ရန်သူဖြစ်၍ ဖွား၍လာပါသည်၊ ဤလက်နက်များ အလျှံတပြောင်ပြောင် တောက်ခြင်းသည် ထိုသတို့သား တမြို့လုံး၏ရန်သူဖြစ်မည့် ပုဗ္ဗနိမိတ်ဖြစ်ပါသည်၊ အရှင်မင်းကြီးတို့အား တစ်စုံတစ်ရာ ဘေးဥပဒ်မရှိပါ၊ မည်သို့ပင်ဖြစ်စေ အကယ်၍ အရှင်မင်းကြီးတို့က အလိုတော်ရှိကြလျှင် အကျွန်ုပ်တို့သည် ထိုသားကို ဖယ်ရှားဖျောက်ဖျက်ပစ်ကြပါမည်"ဟု ပြန်လည်လျှောက်တင်လေသည်၊ မင်းကြီးက "ငါတို့အား ညှဉ်းပန်းနှိပ်စက်မည့် ဥပဒ်အန္တရာယ်မရှိခဲ့သော် ထိုသတို့သားကိုဖယ်ရှားဖျောက်ဖျက်မှု ပြုရန် မရှိချေ"ဟု မိန့်တော်မူလေသည်။

ပုရောဟိတ်ဆရာသည် "ငါ၏သားကား မိမိအမည်ကို မိမိပင် မှည့်ယူ၍လာသူ ဖြစ်၏"ဟု စဉ်းစားကာ သား၏အမည်ကို "သတ္တုက"ဟူ၍ မှည့်ခေါ်လေသည်။ သူဌေးအိမ်၌လည်း ဘဒ္ဒါသူဌေးသမီးသည် ကြီးပြင်း၍ လာလေသည်၊ ပရောဟိတ်ဆရာ၏အိမ်၌လည်း သတ္တုကသတို့သားသည် ကြီးပြင်း၍ လာလေသည်၊ သတ္တုကသည် မိမိဘာသာ ပြေးလွှားသွားလာ ကစားနိုင်သောအချိန်မှစ၍ မိမိရောက်ရာဌာန၌တွေ့မြင်သမျှ ပစ္စည်းအလုံးစုံကို ခိုးယူခဲ့ကာ မိဘတို့၏အိမ်ကို ပြည့်စေလေသည်၊ ဘခင်ပုရောဟိတ်ဆရာသည် ထိုသားကို မခိုးယူရန်အကြောင်းပေါင်း တစ်ထောင်ကို ပြောပြပါသော်လည်း ဟားမြစ်ခြင်းငှာ မတတ်နိုင်ချေ။

## ရာဇဂြိုဟ်မြို့လျှမ်း၊ လွန်ဆိုးသွမ်း၊ သောင်းကျန်းသတ္တုက

နောက်အဖို့ဝယ် အရွယ်ရောက်လတ်သော ထိုသတ္တုက၏အဖို့ရာ အဘယ်နည်းနှင့်မျှ မခိုးမဝှက်ရန် တားမြစ်၍ မရနိုင်တော့ကြောင်းကို ကောင်းစွာ သိရှိရလျှင် ဘခင်ပုရောဟိတ်သည် အညိုရောင်ပုဆိုးနှစ်ထည်တို့ကို ပေး၍ အိမ်စပ်ခြစပ် နံရံကို ဖောက်ထွင်းဖြတ်တောက်နိုင်သည့် လက်နက်ကိရိယာကိုလည်းကောင်း, ခရီးသွားယန္တရား(ကြိုးလှေကား)ကိုလည်းကောင်း သတ္တုက၏လက်၌ ပေးအပ်ပြီးလျှင် "သင်သည် ဤခိုးမှုဖြင့်ပင် အသက်မွေးပေတော့"ဟု ပြောဆိုကာ ထိုသားဆိုးကို စွန့်ပစ်လေသည်။

ထိုသတ္တုကသည် ထိုနေ့မှစ၍ ကြိုးလှေကားကို ပစ်တင်၍ (ပစ္စည်းဥစ္စာကြွယ်ဝသော)အမျိုးတို့၏ပြာသာဒ်တို့သို့ တက်ရောက်လျက် နံရံစပ်ကို ဖြတ်တောက်ဖောက်ထွင်းကာ သူတပါးအိမ်တို့၌ ထားအပ်သောဥစ္စာဘဏ္ဍာကို မိမိထားအပ်သော ဥစ္စာဘဏ္ဍာကဲ့သို့ ယူ၍ သွားလေသည်၊ တမြို့လုံး၌ ထိုသတ္တုက မခိုးဝှက် မလုယက်ဖူးသော အိမ်မည်သည် မရှိချေ၊ တနေ့သ၌ မင်းကြီးသည် ရထားဖြင့် မြို့၌ လှည့်လည်လျက် ရထားထိန်းကို "အဘယ့်ကြောင့် ဤမြို့၌ အိမ်တိုင်းအိမ်တိုင်းမှာ အပေါက်တွေ ဖြစ်နေရသနည်း?"ဟု မေးလေသည်၊ ရထားထိန်းက"အရှင်မင်းကြီး...ဤမြို့၌ သတ္တုကမည်သော သူခိုးသည် အိမ်နံရံကို ဖြတ်တောက်ဖောက်ဖျက်၍ အမျိုးတို့၏ဥစ္စာကို လုယက်ခိုးယူနေပါသည်"ဟု လျှောက်တင်လေသည်၊ မင်းကြီးသည် မြို့ဝန်ကို ရှေ့တော်သို့ ခေါ်စေ၍ "ဤမြို့၌ သတ္တုကမည်သော နံရံဖောက်သူခိုး ရှိသတဲ့၊ အဘယ့်ကြောင့် ထိုသူခိုးကို မဖမ်းသနည်း?"ဟု မေးလေသည်၊ မြို့ဝန်က "အရှင်မင်းကြီး...ကျွန်တော်မျိုးတို့သည် ထိုသူခိုးကို ခိုးထုပ်ခိုးထည်နှင့်တကွ တွေ့မြင်ခြင်းငှါ မစွမ်းနိုင်ကြပါ"ဟု လျှောက်တင်လေလျှင် မင်းကြီးက မြို့ဝန်ကို "သင်သည် အကယ်၍ ယနေ့ ထိုသူခိုးကို ဖမ်းနိုင်လျှင် သင့်အသက်ရှင်မည်၊ အကယ်၍ သင်မဖမ်းနိုင်လျှင် သင့်အား မင်းအာဏာဒဏ် ခတ်ရလိမ့်မည်"ဟု မိန့်လေသည်။

မြို့ဝန်က "ကောင်းပါပြီ အရှင်မင်းကြီး..."ဟု ဝန်ခံလျှောက်တင်ပြီးလျှင် တမြို့လုံး၌ သူလျှိုမင်းချင်းယောကျ်ားတို့ကို လှည့်လည်စေ၍(ချထား၍) နံရံကိုဖောက်၍ သူတပါးဥစ္စာကို ခိုးယူနေသော ထိုသူခိုးကို ခိုးထုပ်ခိုးထည်နှင့်တကွ လက်ရဖမ်းကာ မင်းကြီး

အား ပြလေသည်။ မင်းကြီးက "ဤသူခိုးကို တောင်တံခါးမှ ထုတ်ဆောင်၍ သတ်ကြကုန်လော့"ဟု အမိန့်ထုတ်ဆင့်တော်မူလေသည်၊ မြို့ဝန်သည် မင်းကြီးစကားကို ဝန်ခံ၍ ထိုသူခိုးကို လမ်းလေးခွဆုံတိုင်း ဆုံတိုင်းသောအရပ်၌ ကြိမ်ဒဏ်အချက် တစ်ထောင်တစ်ထောင် ရိုက်နှက်လျက် ခေါ်ဆောင်၍ တောင်တံခါးသို့ သွားလေသည်။

## သူခိုးကိုပင်၊ ချစ်စိတ်ဝင်၊ ဖြစ်အင် မယ်ဘဒ္ဒါ၊
## သူ့မရလျှင်၊ အသက်ပင်၊ သေချင် မယ့်တဏှာ၊
## ဆင်ခြင်တရား၊ ကင်းမဲ့ငြား၊ စွမ်းအား ချစ်စိတ်ဖြာ။

ထိုအချိန်၌ ဘဒ္ဒါသူဌေးသမီးသည် လူအများ၏အုတ်အုတ်ကျက်ကျက်အသံကြောင့် ခြသေ့ခံသော လေသာပြူတင်းကို ဖွင့်၍ ကြည့်ရှုလေရာ ထိုသို့ ရိုက်နှက်ကာ ခေါ်ဆောင်အပ်သော သတ္တုကသူခိုးကို မြင်ရလျှင် လက်နှစ်ဖက်တို့ဖြင့် ရင်ကိုမလျက် သွားရောက်၍ ကျက်သရေရှိသော အိပ်ရာ၌ မှောက်ကာ အိပ်နေလေသည်။

မှတ်ချက်။ [ရှေးက အတူတကွ ပေါင်းသင်းဆက်ဆံခဲ့ခြင်းဟူသော အကြောင်းကြောင့် အချစ်စိတ်, သောကစိတ်တို့ ရောထွေးနိပ်စက်အပ်ကာ ဟု မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ဒုပိုင်း စာမျက်နှာ ၁၁၁ ၌ အမှာအထားရှိသည်။]

ဘဒ္ဒါသည် ထိုသူဌေးကြီး,သူဌေးကတော်ကြီးတို့၏တစ်ဦးတည်းသော သမီးဖြစ်လေသည်၊ ထို့ကြောင့် ထိုသမီးဘဒ္ဒါ၏ဆွေမျိုးတို့သည် သမီးကလေး အနည်းငယ်မျှ မျက်နှာပျက်သည်ကိုပင် သည်းမခံနိုင်ကြပေ၊ ထိုအခါ မိခင်သူဌေးကတော်ကြီးသည် သမီးဘဒ္ဒါ အိပ်ရာ၌အိပ်နေသည်ကို မြင်ရ၍ "သမီး...ဘာလုပ်နေတာလဲ?"ဟု မေးလေသည်၊ သမီးဘဒ္ဒါက "အိုမိခင်...သတ်ဖို့ရန် ခေါ်ဆောင်သွားသော ထိုခိုးသားကိုမြင်ပါသလော?"ဟု မေးလေလျှင် မိခင်သူဌေးကတော်ကြီးက "မြင်ပါ၏ချစ်သမီး..."ဟု ပြောဆိုလေသည်။ ထိုအခါ သမီးဘဒ္ဒါက "ထိုသူ့ကိုရပါမှ သမီးအသက်ရှင်ရပါလိမ့်မည်၊ မရလျှင် သမီး၏အဖို့ရာ သေရန်သာရှိပါသည်"ဟု ဖွင့်ဟပြောဆိုလေသည်။ မိဘတို့သည် သမီးဘဒ္ဒါကို အမျိုးမျိုး နားချအသိဉာဏ်ပေးကြပါသော်လည်း မတတ်နိုင်ကြတော့ရကား "သေခြင်းထက် အသက်ရှင်၍နေခြင်းက မြတ်ပါသေး၏"ဟု မှတ်ချက်ချရလေကုန်၏ ။

ထိုနောက်ဝယ် ဘခင်သူဌေးကြီးသည် မြို့ဝန်ထံသို့ သွားရောက်၍ အသပြာတစ်ထောင် တံစိုးလက်ဆောင်ပေးပြီးလျှင် "မြို့ဝန်မင်း...ကျွန်ုပ်၏သမီးသည် ထိုခိုးသားအပေါ်၌ တပ်မက်သောစိတ်ရှိ၍ နေပါသည်၊ တစ်စုံတစ်ခု ဖြစ်နိုင်သောနည်းလမ်းဖြင့် ဤခိုးသားကို လွှတ်စေချင်ပါသည်"ဟု ပြောကြားလေသည်၊ မြို့ဝန်မင်းက "ကောင်းပြီ"ဟု သူဌေးကြီးအား ဝန်ခံ၍ သတ္တုကခိုးသားကို ဖမ်းမြဲဖမ်းဆောင်၍ နေဝင်သည့်တိုင်အောင် ထိုမှဤမှ ကိစ္စကိုချဲ၍ နေဝင်သည့်ရှိသော် ထောင်ထဲမှ ထောင်သားတစ်ယောက်ကို ထုတ်ဆောင်စေလျက် သတ္တုကခိုးသားအား အနှောင်အဖွဲ့များကို ဖြေစေပြီးလျှင် သတ္တုကကို သူဌေးအိမ်သို့ ပို့စေပြီးနောက် ထိုသတ္တုကခိုးသားအား တုပ်နှောင်သည့်အနှောင်အဖွဲ့များဖြင့်ပင် ထိုထောင်သားကို နှောင်ဖွဲ့၍ တောင်တံခါးမှ ထုတ်ဆောင်၍ ကွပ်မျက်လိုက်လေသည်။

## မိဘမေတ္တာ၊ ကြီးလှစွာ၊ လိုပါလိုက်ရ-သမီးကိစ္စ

သူဌေး၏ကျွန်တို့သည်လည်း သတ္တုကခိုးသားကို ခေါ်ဆောင်၍ သူဌေးအိမ်သို့ လာရောက်ကြလေသည်၊ သတ္တုကကို တွေ့ရလျှင် သူဌေးကြီးသည် "ငါ့သမီး၏စိတ်အလိုကို ငါဖြည့်တော့မည်"ဟု အောက်မေ့ကာ သတ္တုကကို နံ့သာရေဖြင့် ရေချိုးစေ၍ အဆင်တန်ဆာစုံ ဝတ်ဆင်စေပြီးလျှင် သမီး၏ပြာသာဒ်သို့ သတ္တုကကို ပို့လေသည်၊ သူဌေးသမီးဘဒ္ဒါသည်လည်း "ငါ့အကြံကား ပြည့်ဝလေပြီ"ဟု များစွာသော အဆင်တန်ဆာတို့ဖြင့် မိမိကိုယ်ကို တန်ဆာဆင်၍ ထိုသတ္တုကခိုးသားကို လုပ်ကျွေးပြုစုလေသည်။

## သတ္တုကခိုးသား၊ ကောက်ကျစ်ငြား၊ လည်ပြား သူ့အကြံ

သတ္တုကခိုးသားသည် နှစ်ရက်, သုံးရက်လွန်လျှင် "ဤသူဌေးသမီး၏အဆင်တန်ဆာဘဏ္ဍာသည် ငါ့ဥစ္စာဖြစ်ရမည်၊ တနည်းနည်းဖြင့် ဤအဆင်တန်ဆာများကို ရယူခြင်းငှါ သင့်၏"ဟု ကြံစည်ကာ အနီး၌ ချမ်းသာစွာ ထိုင်နေသောအခါ သူဌေးသမီးဘဒ္ဒါကို "ရှင်မ...ငါ့အဖို့ရာ သင့်အား ပြောစရာ စကားတစ်ခွန်း ရှိသည်"ဟု ပြောဆိုလေသည်၊ သူဌေးသမီးသည် လာဘ်အထောင်ကို ရသကဲ့သို့ နှစ်သက်သောစိတ်ရှိရကား "ရဲရဲဝံ့ဝံ့ ပြောဆိုပါအရှင်..."ဟု ပြန်ကြားပြောဆိုလေသည်။ ထိုအခါ သတ္တုကခိုးသားက သူဌေးသမီးဘဒ္ဒါကို "သင်က 'ငါ့ကို အမှီပြု၍ ဤသတ္တုကသည် အသက်ကို ရအပ်ခဲ့လေပြီ' ဟု အောက်မေ့ပေလိမ့်မည်၊ အမှန်ကတော့ ငါသည် အဖမ်းခံရလျှင်ခံရခြင်း စောရပပါတတောင်(ခိုးသူတို့ကို ချောက်သို့ချရာတောင်)စောင့်နတ်အား "အကယ်၍ အကျွန်ုပ်သည် အသက်ရှင်ခြင်းကို ရခဲ့ပါမူ အရှင်နတ်မင်းအား ဗလိနတ်စာ ပူဇော်ပသမှုကို ပေးပါမည်"ဟု တောင်းပန်တိုးလျှိုးခဲ့လေသည်၊ ထိုနတ်မင်းကို အမှီပြု

၍ ငါအသက်ရှင်ခြင်းကို ရအပ်ခဲ့ပါသည်၊ သင်သည် လျင်မြန်စွာ ဗလိနတ်စာ ပူဇော်မှုကို စီရင်ပါလော့"ဟု ပြောဆိုလေသည်။

သူဌေးသမီးဘဒ္ဒါသည် "ငါသည် ထိုလင်ယောကျ်ား၏စိတ်အလိုကို ဖြည့်ဆည်းအံ့"ဟု ဗလိနတ်စာ ပူဇော်ပသမှုကို စီရင်စေ၍ အဆင်တန်ဆာစုံ ဝတ်ဆင်ကာ သတ္တုကနှင့်အတူတကွ ယာဉ်တစ်ခုတည်း၌ စီးနင်း၍ စောရပပါတတောင်သို့ သွားရောက်ပြီးလျှင် "ငါသည် တောင်စောင့်နတ်မင်းအား ဗလိနတ်စာ ပူဇော်ပသမှုကို ပြုပေအံ့"ဟု ကြံစည်ကာ အဖော်တွေနှင့်အတူတကွ တောင်ပေါ်သို့ တက်ရောက်ရန် အားထုတ်လေသည်၊ သတ္တုကကား "ပါလာသူအားလုံးတို့ တောင်ပေါ်သို့ တက်ကြလျှင် ငါ့အဖို့ရာ ဤသူဌေးသမီး၏အဆင်တန်ဆာများကို ယူရန် အခွင့်ရလိမ့်မည်မဟုတ်"ဟု ကြံစည်လျက် (အတူပါလာသူအားလုံးကို တောင်ခြေ၌သာ နေရစ်ကြစေ၍) သူဌေးသမီးဘဒ္ဒါတစ်ယောက်တည်းကိုသာ ဗလိနတ်စာပူဇော်ပွဲကို ယူစေကာ စောရပပါတတောင်သို့ တက်ရောက်ခဲ့လေသည်။

## သတ္တုကလှည့်ကွက်၊ ပေါ်လွင်လျက်၊ ရက်စက်ရိုင်းပြသည်

သတ္တုကသည် သူဌေးသမီးဘဒ္ဒါနှင့် စကားပြောဆိုရမှာ ချစ်ဖွယ်သောစကားကို မပြောကြားချေ၊ သူဌေးသမီးဘဒ္ဒါသည် လိမ္မာပါးနပ်သူဖြစ်ရကား အမူအရာဖြင့်ပင် သတ္တုကခိုးသား၏ကောက်ကျစ်သော အလိုအကြံကို ရိပ်မိသိရှိလေသည်။ ထိုတောင်ပေါ်သို့ ရောက်သောအခါ သတ္တုကသည် သူဌေးသမီးဘဒ္ဒါကို "ဘဒ္ဒါ...သင်၏အပေါ်ရုံအဝတ်ကို ချွတ်၍ သင့်ကိုယ်မှာ ဆင်ထားသည့် အဆင်တန်ဆာများကို ဤအဝတ်ပေါ်၌ အထုပ်ထုပ်လိုက်ပါ"ဟု ပြောဆိုလေသည်၊ သူဌေးသမီးဘဒ္ဒါက "အိုအရှင်...ကျွန်မမှာ ဘာအပြစ်ရှိပါသနည်း?"ဟု မေးမြန်းလေသော် သတ္တုကခိုးသားက "အမိုက်မ...ငါသည် ဗလိနတ်စာပူဇော်ရန် လာရောက်သည် ဟု သင်မှတ်သလော့?၊ ငါကား ဤတောင်စောင့်နတ်၏အသည်းကိုပင် ထုတ်၍ စားဝံ့သူဖြစ်၏၊ အမှန်ကတော့ ဗလိနတ်စာပူဇော်ပသမည့်အယောင်ဆောင်ဖြင့် သင်၏အဆင်တန်ဆာများကို လုယူလို၍ ငါလာခြင်းဖြစ်သည်"ဟု ပြောဆိုလေသည်။

## ဒုက္ခတွေ့ရှာ၊ မယ်ဘဒ္ဒါ၊ လိမ္မာဉာဏ်ရည်သုံးတော့ပြီ

သူဌေးသမီးဘဒ္ဒါက "အရှင်...အဆင်တန်ဆာများသည် အဘယ်သူ၏ဥစ္စာပါနည်း?(အရှင်၏ဥစ္စာများပင် ဖြစ်ပါသည်)၊ ကျွန်တော်မသည်လည်း အဘယ်သူ၏ဥစ္စာပါနည်း?(အရှင်၏ဥစ္စာပင် ဖြစ်ပါသည်)"ဟု ပြောဆိုလေလျှင် သတ္တုကခိုးသားက "ငါတို့သည် ဤသို့သောစကားကို နားမလည်ကြကုန်၊ သင်၏ဥစ္စာကား တစ်ပါး, ငါ၏ဥစ္စာကား တစ်ခြားပင်တည်း"ဟု ပြောကြားလေသည်၊ ထိုအခါ သူဌေးသမီးဘဒ္ဒါက "ကောင်းပါပြီအရှင်...ကျွန်တော်မ၏နှလုံးအလိုတစ်ခုကို ဖြည့်စေချင်ပါသည်၊ ယခု တန်ဆာဆင်မြဲတိုင်းဖြင့်ပင် ကျွန်တော်မအား အရှင့်ကို ရှေ့ဖက်မှလည်းကောင်း, နောက်ဖက်မှလည်းကောင်း လည်ဖက်၍ ယုယခြင်းငှါ အခွင့်ပေးစေလိုပါသည်"ဟု ပြောကြားလေသည်၊ သတ္တုကခိုးသားက "ကောင်းပြီ"ဟု လက်ခံလေသည်။

သူဌေးသမီးဘဒ္ဒါသည် သတ္တုကခိုးသားက လက်ခံသည်ကို သိရလျှင် သတ္တုက၏ရှေ့ဖက်မှ လည်ဖက်၍ယုယပြီးလျှင် နောက်ဖက်မှ လည်ဖက်၍ယုယဟန်ဖြင့် ထိုသတ္တုကခိုးသားကို တောင်ကမ်းပါးပြတ်မှ တွန်းချလိုက်လေတော့သည်၊ သတ္တုကခိုးသားသည် တောင်ကမ်းပါးပြတ်မှ ဒလိမ့်ခေါက်ကွေးကျလျက် (မြေအပြင်သို့ မရောက်မီ) ကောင်းကင်၌ပင် မှုန့်မှုန့်ညက်ညက်ဖြစ်၍ ပျက်စီးရလေသည်။

ဆောင်ပုဒ်။ ။ ဘဒ္ဒါတွေးကြံ၊ ဥပါယ်ဉာဏ်၊ ဘေးရန်ကင်းတော့ပြီ။

မှတ်ချက်။ [ ဤ၌။ ။ သတ္တုကလူဆိုးကို တောင်ပေါ်မှ တွန်းချလိုက်သောအခိုက် ဘဒ္ဒါသူဌေးသမီး၏သန္တာန်၌ ပါဏာတိပါတစေတနာပြဋ္ဌာန်းသော ဒေါသမူစိတ္တုပ္ပါဒ်ဖြစ်၍ ထိုစိတ္တုပ္ပါဒ်၏ရှေ့ပိုင်း နောက်ပိုင်းတို့၌ အသက်အန္တရာယ်မှ လွတ်မြောက်ရန် ကြံစည်ဆင်ခြင်ပြုလုပ်သောအခါ ဘဒ္ဒါသူဌေးသမီး၏သန္တာန်၌ ဥပါယကောသလ္လဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်များ ဖြစ်သည်ကို အထူးမှတ်ယူသင့်ကြောင်း ဆရာကြီးဦးလင်း မသေမီက ဆရာထွန်းကို အထူးမှာကြား ပြောဆိုသွားခဲ့ပါသည်။ (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ဒုပိုင်း၊ ၁၁၅။)]

## တောစောင့်နတ်မင်း၊ ချီးမွမ်းခြင်း၊ ဂုဏ်သင်း မယ်ဘဒ္ဒါ

သူဌေးသမီးဘဒ္ဒါ ပြုလုပ်အပ်သော ဆန်းကြယ်သည့်အပြုအမူကို မြင်တွေ့ရ၍ တောင်စောင့်နတ်သည် သူမ၏ဂုဏ်ကျေးဇူးကို ချီးကျူးသောအားဖြင့် ဤဂါထာတို့ကို ရွတ်ဆိုလေသည်...

"န ဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။

ဣတ္ထိပိ ပဏ္ဍိတာ ဟောတိ၊ တတ္ထ တတ္ထ ဝိစက္ခဏာ။
န ဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ လဟုံ အတ္ထဝိစိန္တိကာ။
(ခု၊ ၄၊ ၂၄၂ ထေရီအပဒါန။)

မှတ်ချက်။ [။ ဤနှစ်ဂါထာတို့၏ပဋ္ဌမပိုဒ်များဝယ် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ "န သော သဗ္ဗေသု ဌာနေသု"ဟူ၍လည်းကောင်း, ဒုတိယဂါထာ၏စတုတ္ထပိုဒ်ဝယ် "မဟုတ္တမပိ စိန္တယေ"ဟူ၍လည်းကောင်း ရှိသော်ကြသော်လည်း ကိုးကားသည့် အပဒါန်ပါဠိတော်၌ကား အထက်ပါအတိုင်းရှိလေသည်။]

သဗ္ဗေသု ဌာနေသု အလုံးစုံသော အရာဌာနတို့၌၊ ပုရိသော ဟိ=ပုရိသော ဧဝ ယောကျ်ားသည်သာလျှင်၊ ပဏ္ဍိတော ပညာဉာဏ်ရှိသူသည်၊ ဟောတိ ဖြစ်နိုင်သည်ကား၊ န မဟုတ်၊ ဣတ္ထီပိ-မိန်းမသည်လည်း၊ တတ္ထ တတ္ထ ထိုဤကိစ္စ အဝဝတို့၌၊ ဝိစက္ခဏာ ကောင်းစွာမြော်မြင် ဆင်ခြင်နိုင်ပါမူကား၊ ပဏ္ဍိတာ-ပညာဉာဏ်ရှိသူသည်၊ ဟောတိ ဖြစ်နိုင်၏။

သဗ္ဗေသု ဌာနေသု အလုံးစုံသော အရာဌာနတို့၌၊ ပုရိသော ဟိ=ပုရိသော ဧဝ ယောကျ်ားသည်သာလျှင်၊ ပဏ္ဍိတော ပညာဉာဏ်ရှိသူသည်၊ ဟောတိ ဖြစ်နိုင်သည်၊ န မဟုတ်၊ ဣတ္ထီပိ မိန်းမသည်လည်း၊ လဟုံ လျင်မြန်စွာ၊ အတ္ထဝိစိန္တိကာ အကျိုးအကြောင်းနည်းလမ်းကောင်းကို မစောင်းမဖည် ကြံစည်ဆင်ခြင်နိုင်ပါမူကား၊ ပဏ္ဍိတာ ပညာဉာဏ်ရှိသူသည်၊ ဟောတိ ဖြစ်နိုင်၏။

မဟုတ္တမပိ သတ္တုကနိုးသား အကောက်ကြဲသော ထိုခဏမှာပင်၊ စိန္တယေ အကြောင်းခြင်းရာ ဖြစ်ပေါ်ရာ၌ ပညာဉာဏ်ဖြင့် လျော်ခံသင့်အောင် နှိုင်းချင့်၍သာ တွေးကြံနိုင်အံ့၊ သာ-ထိုမိန်းမသည်၊ ပဏ္ဍိတာ ဟောတိ-ပညာရှိဖြစ်၏။

မဟုတ္တမပိ စိန္တယေတိ မုဟုတ္တံ တံခဏမ္ပိ ဌာနုပ္ပတ္တိကပညာယ တံခဏာနုရူပံ အတ္ထံ စိန္တိတုံ သက္ကုဏေယျ။ (အံ၊ဋီ၊၁၊၁၉၈။)

ဆောင်ပုဒ်။ ။ အရာရာမှာ၊ ယောကျ်ားသာ၊ ပညာရှိမဟုတ်၊
မြော်မြင်ရှိလျှင်၊ မိန်းမပင်၊ ပညာရှင်သမုတ်။

## ပရိဗိုဇ်ထံ၊ ရဟန်းခံ၊ စိတ်ကြံပြင်းလေသည်

ထို့နောက် သူဌေးသမီးဘဒ္ဒါသည် "ငါသည် ဤနည်းဤပုံဖြင့် အိမ်သို့ တဖန် မပြန်နိုင်ချေ၊ ဤတောင်မှပင် ဦးတည်ရာသွားရောက်၍ ရဟန်းအဖြစ်တခုခုသို့ ကပ်ရောက်တော့အံ့"ဟု ကြံစည်ကာ နိဂဏ္ဌတက္ကတွန်းအာရာမ်တခုသို့ သွားရောက်လျက် နိဂဏ္ဌတက္ကတွန်းဆရာတို့ကို ရဟန်းမ ပြုပေးရန် တောင်းပန်လေသည်၊ ထိုအခါ ဘဒ္ဒါကို တက္ကတွန်းဆရာတို့က "အဘယ်နည်းဖြင့် ရဟန်းမ ဖြစ်စေလိုသနည်း?=အညံ့စားရဟန်းမ ဖြစ်စေလိုသလော? အမြတ်စားရဟန်းမ ဖြစ်စေလိုသလော?"ဟု မေးမြန်းကြလေလျှင် သူဌေးသမီးဘဒ္ဒါက "အရှင်တို့၏ သာသနာဝယ်အမြတ်ဆုံးသော ရဟန်းမ အဖြစ်ကိုသာ ပြုပေးကြပါလော့"ဟု ပြောကြားလေသည်။

## ကုဏ္ဍလကေသာ၊ မည်သညာ၊ တွင်ရှာလေတော့သည်

တက္ကတွန်းဆရာတို့က "ကောင်းပြီ"ဟု ဝန်ခံကြလျက် သူဌေးသမီးဘဒ္ဒါ၏ဆံပင်တို့ကို ထန်းစေ့ဖြင့် နုတ်၍ ရဟန်းမ ပြုပေးကြလေသည်။

မှတ်ချက်။ [သူတို့၏အယူဝါဒ၌ ကတ်ကျေး, ဓားတို့ဖြင့် ဆံကို ရိတ်ဖြတ်၍ ရဟန်းပြုပေးခြင်းမျိုးကို အညံ့စားရဟန်းအဖြစ်ဟု သမုတ်ကြ၍ ထန်းစေ့ဖြင့် အနာခံကာ ဆံပင်တို့ကို နုတ်၍ ရဟန်းပြုပေးခြင်းမျိုးကို အမြတ်စားရဟန်းအဖြစ် ဟု သမုတ်ကြလေသည်။ ထို့ကြောင့် အမြတ်စားရဟန်းဖြစ်စေရန် ထန်းစေ့ဖြင့် ဆံပင်တို့ကို နုတ်၍ ရဟန်းမ ပြုပေးခြင်းဖြစ်သည်။
(မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ဒုပိုင်း၊ ၁၁၇ ၁၁၈။)]

ထိုသို့ ထန်းစေ့ဖြင့် ဆံပင်တို့ကိုနုတ်၍ ရဟန်းမ ပြုခဲ့သောကြောင့် သူမ၏ဆံပင်အသစ်များ နောက်တဖန် ပေါက်လာကြသောအခါ အစုလိုက်အစုလိုက် နားဒောင်းပမာ ဝိုင်း၍ဝိုင်း၍ ပေါက်လာကြလေသည်၊ ထို့ကြောင့်ပင် ဘဒ္ဒါသူဌေးသမီးသည် ထိုအချိန်မှစ၍ "ကုဏ္ဍလကေသာ=နားဒောင်းပမာ အစုလိုက်ဝိုင်းသော ဆံပင်ရှိသူ"ဟု မည်တွင်လေတော့သည်။

## ဝါဒများစွာ၊ တတ်မြောက်ရာ၊ ဖြစ်လာ ဝါဒရှင်

ကုဏ္ဍလကေသာတက္ကတွန်းမသည် မိမိရဟန်းမ ပြုရာတက္ကတွန်းတို့အထံ၌ အတတ်ပညာအလုံးစုံကို သင်ယူပြီးလျှင် "ဤတက္ကတွန်းတို့အဖို့ ဤအယူဝါဒထက် သာလွန်သော တရားထူးဟူ၍ မရှိ"ဟု သိရှိရကား ထိုထိုရွာ, နိဂုံး, မင်းနေပြည်တို့သို့ လှည့်လည်

လျက် ပညာရှိများ ရှိလေရာရာ အရပ်တို့သို့ သွားရောက်၍ ထိုပညာရှင်တို့ တတ်သိသော အတတ်ပညာအားလုံးကို သင်ယူလေသည်၊ ထိုအခါ ထိုကုဏ္ဍလကေသာတက္ကတွန်းမအား များစွာသောအရပ်တို့၌ အတတ်ပညာ သင်ကြားတတ်မြောက်ပြီးဖြစ်သောကြောင့် ဝါဒအပြိုင် ပေးစွမ်းနိုင်သောသူမည်သည် မရှိသလောက်ပင် ဖြစ်လေတော့သည်။

သူမသည် မိမိနှင့် ဝါဒအနိုင် ယှဉ်ပြိုင်ပြောဆိုနိုင်မည့်သူကို မတွေ့ရ၍ မိမိဝင်ရောက်ရာ ရွာ, နိဂုံး၏တံခါးဝ၌ သဲပုံပြုလုပ်ပြီးလျှင် ထိုသဲပုံပေါ်၌ သပြေခက်ကို စိုက်ထူးကာ အနီးရှိ ရွာသူသားယေ်တို့အား "ငါ၏ဝါဒကို ယှဉ်ပြိုင်ပြစ်တင်ပြောဆိုနိုင်သူသည် ဤသပြေခက်ကို နင်းနိပ်ဖျက်ဆီးစေသတည်း"ဟု ပြောဆိုမှာကြား အသိပေးထားလေသည်၊ ထိုသပြေခက်ကို ခုနစ်ရက်တိုင်၍မှ နင်းနိပ်ဖျက်ဆီးမည့်သူ မရှိလျှင်သူမသည် ထိုသပြေခက်ကို ယူဆောင်၍ အရပ်တစ်ပါးသို့ ဖဲသွားလေတော့၏။

## သာရိပုတ္တာ၊ ထေရ်မဟာ၊ ကေသာ ဆုံးမစဉ်

ထိုအခါ ကျွန်ုပ်တို့၏ဘုရားရှင်သည် လောက၌ ပွင့်တော်မူလာ၍ သာဝတ္ထိပြည်ကို အမှီပြု၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူလေသည်၊ ကုဏ္ဍလကေသာတက္ကတွန်းမသည်လည်း အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်၍ မြို့တွင်းသို့ ဝင်မည်ရှိရာ ရှေးက ပြုမြဲနည်းလမ်းအတိုင်းပင် သဲပုံပေါ်ဝယ် သပြေခက်ကို စိုက်ထားလျက် သူငယ်တို့အား ရှေးကဆိုအပ်ပြီးသည့်နည်းအတိုင်း အသိပေး ပြောဆိုကာမြို့တွင်းသို့ ဝင်လေသည်။

ထိုအချိန်ဝယ် တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တမထေရ်သည် ရဟန်းသံဃာတော်များ ဆွမ်းခံဝင်ပြီးနောက်မှ တစ်ပါးတည်း မြို့တွင်းသို့ ဆွမ်းခံဝင်လေရာ သဲပုံပေါ်၌ စိုက်ထားသော သပြေခက်ကို မြင်တော်မူလျှင် "အဘယ့်ကြောင့် ဤသပြေခက်ကို စိုက်ထူထားအပ်သနည်း?"ဟု မေးတော်မူလေသည်၊ သူငယ်တို့သည် ထိုကုဏ္ဍလကေသာတက္ကတွန်းမ ပြောဆိုမှာကြားခဲ့သော အကြောင်းအရာကို မခြွင်းမချန် ပြန်ကြားလျှောက်ထားကြလေသည်၊ အရှင်သာရိပုတ္တမထေရ်က "သူငယ်တို့...ဤသို့ဖြစ်လျှင် ဤသပြေခက်ကို ယူ၍ သင်တို့ နိပ်နင်းချိုးဖျက်ကြလော့"ဟု မိန့်တော်မူလေရာ ထိုသူငယ်တို့အနက် မထေရ်၏စကားကို ကြားရ၍ အချို့သူငယ်တို့သည် သပြေခက်ကို မနိပ်နင်း မချိုးဖျက်ဝံ့ကြသော်လည်း အချို့သူငယ်တို့ကမူ မထေရ်၏စကားကို ကြားရသောခဏ၌ပင် သပြေခက်ကို နိပ်နင်းချိုးဖျက်၍ မွှန်မွှန်ညက်ညက်ဖြစ်အောင် ပြုကြလေတော့သည်။

ကုဏ္ဍလကေသာသည် ဆွမ်းစားခြင်းကိစ္စကို ပြုပြီးနောက် သာဝတ္ထိမြို့တွင်းမှ ထွက်ခဲ့လေသော် နိပ်နင်းချိုးဖျက်ထားသော မိမိ၏သပြေခက်ကို မြင်ရလျှင် "ဤအမှုကား အဘယ်သူ၏အမှုနည်း?"ဟု မေးလေသည်၊ ထိုအခါ သူငယ်တို့သည် ကုဏ္ဍလကေသာအား တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တမထေရ်က မိမိတို့ကို နိပ်နင်းချိုးဖျက်စေကြောင်းကို ပြောဆိုကြလေသည်။

ကုဏ္ဍလကေသာသည် "မိမိ၏စွမ်းအင်ကို မသိသောသူသည် ဤသစ်ခက်ကို နိပ်နင်းချိုးဖျက်စေခြင်းငှါ စွမ်းနိုင်လိမ့်မည်မဟုတ်၊ မချွတ်ကေန် ဤသပြေခက်ကို နိပ်နင်းချိုးဖျက်သော မထေရ်သည် ကြီးမြတ်သောသူဖြစ်လိမ့်မည်၊ အထူးသဖြင့် ငါသည်လည်း ယုတ်ညံ့သေးယေ်သူ(တယောက်တည်းသွား၍ အဖော်နည်းပါးသူ)ဖြစ်လျှင် တင့်တယ်လိမ့်မည်မဟုတ်၊ မြို့တွင်းသို့သာ ဝင်ရောက်၍ ပရိသတ်အား 'တရားစစ်သူကြီး သာရိပုတ္တမထေရ်နှင့် မိမိတို့ ဝါဒပြိုင်ဆိုင်ကြမည့်အကြောင်း'ကို အသိပေးသင့်၏"ဟု ကြံစည်စဉ်းစားလျက် ထိုအကြံအစည်အတိုင်းပင်ပြုလေသည်။ အိမ်ခြေရှစ်သောင်းရှိသော သာဝတ္ထိပြည်၌ သဘောတူနီးစပ်ရာ အဆင့်ဆင့်ပြောကြားကြသဖြင့် တမြို့လုံးလိုပင် ထိုအကြောင်းကို ပြန့်နှံ့သိရှိကြလေသည်။

မှတ်ချက်။ [အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ကား "သာဝတ္ထိမြို့၌ အိမ်ခြေ ရှစ်သောင်းရှိသည်"ဟု လာရှိ၏။

အသီတိကုလသဟဿနိဝါသေ နဂရေ သဘာဂသဘာဂဝသေန သဗ္ဗေဝ သဥ္ဇာနိံသူတိ ဝေဒိတဗ္ဗံ။ (အံ၊ ဋ္ဌ၁၊၂၈၇။)

ဓမ္မပဒဋ္ဌကထာ၌ကား "သာဝတ္ထိ၌ လူဦးရေ ခုနစ်ကုဋေရှိရာတွင် ငါးကုဋေမျှသော လူတို့သည် အရိယာသာဝကများဖြစ်ကြ၍ နှစ်ကုဋေမျှသော လူတို့သည် ပုထုဇဉ်များ ဖြစ်ကြသည်"ဟု လာရှိ၏။]

တဒါ သာဝတ္ထိယံ သတ္တ မနုဿကောဋိယော ဝသန္တိ။ တေသု သတ္ထု ဓမ္မကထံ သုတွာ ပဉ္စကောဋိမတ္တာ မနုဿာ အရိယသာဝကာ ဇာတာ။ ဒွေကောဋိမတ္တာ မနုဿာ ပုထုဇ္ဇနာ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄။)

အရှင်သာရိပုတ္တမထေရ်သည်လည်း ဆွမ်းကိစ္စပြီးစီး၍ တစ်ခုသော သစ်ပင်ရင်း၌ ထိုင်နေတော်မူလေသည်၊ ထိုအခါ ကုဏ္ဍလကေသာသည် လူများအပေါင်းခြံရံလျက် မထေရ်၏အထံသို့ သွားရောက်က နှုတ်ဆက်စကားစမြည်ပြောဆိုပြီးလျှင် သင့်တင့်လျောက်ပတ်သောအရပ်၌ ရပ်တည်၍

"အရှင်ဘုရား...အရှင်ဘုရားတို့သည် သစ်ခက်ကို နိပ်နင်းချိုးဖျက်စေပါသလော?"ဟု မေးလျှောက်လေသည်။

မထေရ်က "အိမ်း...ငါ နိပ်နင်းချိုးဖျက်စေအပ်သည်"ဟု ဖြေတော်မူသည်။

ကုဏ္ဍလကေသာက "အရှင်ဘုရား...ဤသို့ဖြစ်လျှင် အရှင်ဘုရားတို့နှင့်အတူတကွ တပည့်တော်မတို့၏ဝါဒပြိုင်ဆိုင်မှု ဖြစ်စေပါသလော?"ဟု မေးလျှောက်ပြန်၏။

မထေရ်က "ဖြစ်ပါစေ နှမ..."ဟု မိန့်တော်မူလေသည်။

ကုဏ္ဍလကေသာက "မည်သူက ဦးစွာ မေး၍ မည်သူက ဖြေဆိုရပါမည်နည်း?"ဟု လျှောက်ထားလေသည်။

မထေရ်က"အမေးပုစ္ဆာမည်သည် ငါတို့အား ကျရောက်စေကာမူ သင်သည်ပင် ရှေးဦးစွာ သင်သိသောအရာကို မေးလေလော့" ဟု မိန့်တော်မူလေသည်။

ကုဏ္ဍလကေသာက မထေရ်၏ခွင့်ပေးချက်အရ မိမိသိသမျှသော ဝါဒအားလုံးကို မေးလေသည်၊ မထေရ်က အားလုံးကို ဖြေဆိုတော်လေသည်။

ထိုအခါ မထေရ်က ကုဏ္ဍလကေသာကို "သင်သည် ငါ့ကို များစွာသောပုစ္ဆာကို မေးအပ်ခဲ့လေပြီ၊ ငါတို့ကလည်း သင့်ကို ပြဿနာတစ်ခုကို မေးကုန်အံ့"ဟု မိန့်တော်မူလေရာ ကုဏ္ဍလကေသာက "မေးတော်မူကြပါအရှင်ဘုရားတို့"ဟု ပြန်လည်လျှောက်ထားလေသည်။ မထေရ်က "(ပရိညာသုံးပါးဖြင့် ပိုင်းခြား၍သိရမည့်)တရားတစ်မျိုးဟူသည် အဘယ်တရားနည်း(ဧကံ နာမ ကိံ)?"ဟု မေးတော်မူလေသည်။ ကုဏ္ဍလကေသာက "တပည့်တော်မ မသိပါအရှင်ဘုရား"ဟု အမှန်အတိုင်း ဖြေကြားလေသည်။ မထေရ်က "သင်သည် ဤမျှကိုပင် မသိလျှင် အခြားအဘယ်တရားကို သင်သိနိုင်လိမ့်မည်နည်း?"ဟု မိန့်ဆိုတော်မူလေသည်။

ကုဏ္ဍလကေသာသည် မထေရ်၏ခြေတော်ရင်း၌ ဝပ်စင်း၍ "တပည့်တော်မသည် အရှင်ဘုရားတို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏"ဟု လျှောက်ထားလေတော့သည်၊ မထေရ်က ကုဏ္ဍလကေသာကို "ငါ့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်မှုပြုရန် မရှိ၊ နတ်နှင့်တကွသောလောက၌ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တော်မူသော ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်ဦး ဂန္ဓကုဋိကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏၊ ထိုဘုရားရှင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်လော့"ဟု မိန့်တော်မူလေသည်။

ကုဏ္ဍလကေသာသည် "ကောင်းပါပြီ လိုက်နာပြုကျင့်ပါမည်အရှင်ဘုရား..."ဟု လျှောက်ထားလျက် ညနေချမ်းအခါ ဘုရားရှင်တရားဟောတော်မူနေသောအချိန်၌ ဘုရားရှင်ထံတော်သို့ သွားရောက်ဆည်းကပ်၍ တည်ခြင်းငါးပါးဖြင့် ရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ်သောနေရာ၌ ရပ်တည်နေလေသည်။ ဘုရားရှင်သည် ကုဏ္ဍလကေသာ၏ဉာဏ်ရင့်ကျက်ချိန်ကို သိမြင်တော်မူရကား...

"သဟဿမပိ စေ ဂါထာ၊ အနတ္ထပဒသံဟိတာ။
ဧကံ ဂါထာပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။
(ခု၊ ၁၊ ၂၈ ဓမ္မပဒ။)

သဟဿမပိ စေ ဂါထာ အထောင်သင်္ချာ ဂါထာတို့ပင် ဖြစ်လင့်ကစား၊ အနတ္ထပဒသံဟိတာ အကျိုးမဲ့ မိုးဖွဲ့, တောင်ဖွဲ့ စသော ပုဒ်ဝါကျနှင့်စပ်ယှဉ်ဘိမူ၊ န သေယျော အဘယ်နည်းဖြင့်မျှ မချီးမွမ်းအပ် မမြတ်ပချေ၊ ယံ အကြင်"အပ္ပမာဒေါ အမတံ ပဒံ"အစရှိသော ဂါထာပိုဒ်ကို၊ သုတွာ သဒ္ဒါနားဖြင့် နာကြားရသည်ရှိသော်၊ ဥပသမ္မတိ ကိလေသာဟူ အပူခပ်သိမ်း အငြိမ်းတိုင်ငြိမ်းအေး၏၊ တံ ဧကံ ဂါထာပဒံ ထိုကိလေသာငြိမ်းကြောင်း တရားဂါထာကောင်း တပိုဒ်ကသာလျှင်၊ သေယျော အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှပေ၏။" (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ဒုပိုင်း၊၁၂၃၊)

ဟူသော ဓမ္မပဒ၌ ဤဂါထာကို ဟောကြားတော်မူလေသည်။

ကုဏ္ဍလကေသာသည် ဂါထာ၏အဆုံး၌ ရပ်တည်လျက်ပင် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ ရဟန်းမ ပြုပေးပါရန် လျှောက်ထားတောင်းပန်လေသည်၊ ဘုရားရှင်က ထိုကုဏ္ဍလကေသာအား ရဟန်းမ ပြုပေးရန် လက်ခံတော်မူလေသည်။ သူမသည် ဘိက္ခုနီမကျောင်းသို့ သွား၍ ရဟန်းမ ပြုလေသည်။

မှတ်ချက်။ (ရဟန္တာဖြစ်ပြီးမှ ရဟန်းမ ပြုသည်)။

## မဂ်ဉာဏ်, ဖိုလ်ဉာဏ်၊ သီလျှင်မြန်၊ ဘွဲ့ခံ တေဒဂ်

နောက်အဖို့၌ ဘိက္ခု(ရဟန်းယောကျ်ား), ဘိက္ခုနီ(ရဟန်းမ), ဥပါသကာ(ဒါယကာ), ဥပါသိကာ(ဒါယိကာမ)ဟူသော ပရိသတ်လေးပါးအလယ်တွင် "လေးပိုဒ်ရှိသည့် ဂါထာ၏အဆုံး၌ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သော ဤဘဒ္ဒါ ကုဏ္ဍလကေသာ ဘိက္ခုနီကား ကြီးမြတ်လှ၏"ဟု ချီးမွမ်းစကား မိန့်ကြားခဲ့လေသည်။ ဘုရားရှင်သည် ထိုအကြောင်းကို အဋ္ဌုပ္ပတ်ပြုကာ ဘဒ္ဒါ ကုဏ္ဍလကေသာထေရီမကို...

"ရဟန်းတို့...လျင်မြန်စွာ ရအပ်သည့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရှိကြသော ငါဘုရား၏တပည့်မ ဘိက္ခုနီတို့တွင် ဘဒ္ဒါမည်သော ကုဏ္ဍလကေသာ ဘိက္ခုနီသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "ခိပ္ပါဘိညာအရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ ထားတော်မူလေသည်။

ခိပ္ပါဘိညာနန္တိ ခိပ္ပါဘိညာနံ ဘိက္ခုနီနံ ဘဒ္ဒါ ကုဏ္ဍလကေသာ အဂ္ဂါတိ ဒဿေတိ။ (အံ၊ ဋ၊ ၁၊ ၂၈၃။)

အပရဘာဂေ စတုပရိသမဇ္ဈေ ကထာ ဥဒပါဒိ "မဟန္တာ ဝတာယံ ဘဒ္ဒါ ကုဏ္ဍလကေသာ၊ ယာ စတုပ္ပဒိကဂါထာဝသာနေ အရ ဟတ္တံ ပတ္တာ"တိ။ သတ္ထာ တံ ကာရဏံ အဋ္ဌုပ္ပတ္တိံ ကတွာ ထေရိံ ခိပ္ပါဘညာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ၊ ၁၊ ၂၈၈။)

ဤအရှင်မ ဘဒ္ဒါ ကုဏ္ဍလကေသာထေရီမ၏အကြောင်းအပြည့်အစုံကို အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ၊ ၁၊ ၂၈၃ ၂၈၈), အပဒါန်ပါဠိတော်(ခု၊ ၄၊ ၂၄၀ ၂၄၄ ကုဏ္ဍလကေသာထေရီအပဒါန), ထေရီဂါထာအဋ္ဌကထာ(ထေရီဂါထာ၊ ဋ၊ ၁၀၂ ၁၁၁), ဓမ္မပဒအဋ္ဌကထာ(ဓမ္မပဒဋ္ဌ၊၁၊ ၄၁၃ ၄၁၈၊ ကုဏ္ဍလကေသိတ္ထေရီဝတ္ထု), မဟာဗုဒ္ဓဝင်(ဆဋ္ဌမတွဲ ဒုပိုင်း၊ ၁၀၆ ၁၂၄) တို့၌ ကြည့်ရှုနိုင်သည်။

## (၁၀) အရှင်မ ဘဒ္ဒါကာပိလာနီထေရီအကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ပုဗ္ဗေနိဝါသံ အနုဿရန္တီနံ ယဒိဒံ ဘဒ္ဒါ ကာပိလာနီ။ (အံ၊ ၁၊ ၂၆။)

### ဘဒ္ဒါ ကာပိလာနီအလောင်း ရှေးဆုတောင်း

ဤဘဒ္ဒါ ကာပိလာနီထေရီအလောင်းသည် ပဒုမုတ္တရဘုရားရှင် လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်း သမီးဖြစ်၍ ဘုရားရှင်၏တရားဒေသနာတော်ကို ကြားနာရစဉ် ဘိက္ခုနီမတစ်ပါးကို "ရှေး၌ဖြစ်ဘူးသည့် ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကြ သော ဘိက္ခုနီတို့တွင် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုရာ ထူးဌာနန္တရကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

မှတ်ချက်။ ။ [ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ "သာ ကိရ ပဒုမုတ္တရဗုဒ္ဓကာလေ ဟံသာဝတိယံ ကုလဂေဟေ နိဗ္ဗတ္တိတွာ (အံ၊ ဋ၊ ၁၊ ၂၈၈)"ဟု လာရှိသော်လည်း အပဒါန်ပါဠိတော်၌ကား "တဒါဟု ဟံသာဝတိယံ၊ ဝိဒေဟော နာမ နာမတော။ သေဋ္ဌီ ပဟူတရတနော၊ တဿ ဇာယာ အဟောသဟံ။ (ခု၊ ၄၊ ၂၅၉)ဟု လာရှိသောကြောင့် ဘဒ္ဒါ ကာပိလာနီထေရီ အလောင်းသည် ဝိဒေဟသူဌေး၏အိမ်ရှင်မ သူဌေးကတော်"ဖြစ်ခဲ့လေသည်။]

### သူကြွယ်ကတော် ဖြစ်သော်ဘဝ

ထိုသူဌေးကတော်သည် ကမ္ဘာတသိန်းပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်၍ ဘုရားရှင် ပွင့်တော်မမူမီ ဗာရာဏသီ ပြည်၌ အမျိုးကောင်းသမီးဖြစ်၍ မိမိ၏လင်ယောက်ျားသူကြွယ်၏နမ(ယောက်မ)နှင့် ခိုက်ရန်ငြင်းခုံမှု ပြုကြစဉ် သူကြွယ်၏နမက ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းလှူဒါန်းပြီးလျှင် သူကြွယ်ကတော်ကို ထိပါး၍ ဆုတောင်းလေရာ သူကြွယ်ကတော်သည် "ဤမိန်းမ ကား ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းလှူ၍ မိမိ၏အလိုဆန္ဒကို ဖြစ်စေ၏"ဟု အောက်မေ့ကာ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏လက်တော်မှ သပိတ်ကို ယူ၍ ဆွမ်းကို စွန့်သွန်ပြီးလျှင် ရွှံ့ညွန်အပြည့်ထည့်၍ လှူလေသည်။ လူများအပေါင်းက "ဤသူကြွယ်ကတော်သည် မိုက်လေ စွ"ဟု ပြစ်တင်ကဲ့ရဲ့၍ "အကြင်မိန်းမနှင့် သင်ခိုက်ရန်ဖြစ်ခဲ့၏၊ ထိုမိန်းမအား တစ်စုံတစ်ခုကို မပြု၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်က သင့် အား အဘယ် ပြစ်မှားခဲ့သနည်း?"ဟု ဆုံးမပြောဆိုကြလေသည်၊ သူကြွယ်ကတော်သည် ထိုလူအများ၏ပြောဆိုသောစကားဖြင့် အရှက် ရလျက် တဖန် သပိတ်ကို ယူ၍ ရွှံ့ညွန်ကို စွန့်သွန်ပြီးလျှင် သပိတ်ကို စင်ကြယ်အောင် ဆေးကြောပြီးနောက် နံ့သာမှုန့်ဖြင့် ပွတ်တိုက် ၍ စတုမဓုအပြည့်ထည့်၍ အထက်၌ ပဒုမာကြာတိုက်အဆင်း ဖြူဝင်းသော ထောပတ်ကို လောင်းထည့်ကာ အရောင်တလက်လက် ထွက်အောင်ပြု၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏လက်တော်၌ သပိတ်ကို ဆက်ကပ်ပြီးလျှင် "ဤဆွမ်းသည် အရောင်တလက်လက် ထွက်သ ကဲ့သို့ တပည့်တော်မ၏ကိုယ်သည်လည်း အရောင်တလက်လက် ထွက်ပါစေသတည်း"ဟု ဆုတောင်းပတ္ထနာပြုလေသည်။ ဤအ ကြောင်းအရာအလုံးစုံကို အရှင်မဟာကဿပမထေရ်၏အကြောင်း၌ ဆိုအပ်ပြီးသော နည်းအတိုင်းပင် မှတ်ရာ၏။

မှတ်ချက်။ ။ [အရှင်မဟာကဿပမထေရ်၏အကြောင်း၌ပါဝင်သော ဤဘဒ္ဒါကာပိလာနီထေရီအလောင်း သူကြွယ်ကတော် ၏ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏သပိတ်ထဲရှိ ဆွမ်းကို သွန်ပစ်ပြီးလျှင် ရွှံ့ညွန်ကို ထည့်သောအခါ သူကြွယ်၏နမကပင် သူကြွယ်ကတော်ကို "အမိုက်မ...သင်သည် ငါ့ကို ဆဲရေးလိုမူလည်း ဆဲရေးလော့၊ ရိုက်ပုတ်လိုမူလည်း ရိုက်ပုတ်လော့၊ နှစ်သချေ်တို့ပတ်လုံး ပါရမီတို့ကို

ဖြည်ဆည်းတော်မူပြီးသော ပစ္စေကဗုဒ္ဓါအရှင်မြတ်၏သပိတ်မှ ဆွမ်းကို စွန့်သွန်၍ ရွှံ့ညွန်အပြည့်ထည့်၍ ပေးရန်ကား မသင့်လျော်ချေ" ဟု ပြောကြားခဲ့လေ၏။ ဣတရာ ဒိသွာ"ဗာလေ မံ တာဝ အဏ္ဏောသ ဝါ ပဟရ ဝါ၊ ဧဝရူပဿ ပန ဒွေ အသင်္ချေယျာနိ ပူရိတ ပါရမိဿ ပတ္တတော ဘတ္တံ ဆဍ္ဍေတွာ ကလလံ ဒါတုံ န ယုတ္တ"န္တိ အာဟ။ (အံ၊ ဋ္ဌ၊ ၁၊ ၁၃၂။)]

မဟာဇနော "ဗာလာ အယ"န္တိ ဂရဟိတွာ "ယာယ တေ သဒ္ဓိံ ကလဟော ကတော၊ တဿာ ကိဉ္စိ န ကရောတိ၊ ပစ္စေကဗုဒ္ဓေါ တေ ကိံ အပရဇ္ဈတီ"တိ အာဟ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၈၉။)

## နောက်ဆုံးဘဝ၊ ရဟန်းမ၊ ပြုထ ကာပိလာ

အထူးအားဖြင့် အရှင်မဟာကဿပမထေရ်(အလောင်း)သည် လက်ျာလမ်းကို ယူတော်မူ၍ ဘုရားရှင်၏အထံတော် ဗဟုပုတ္တိကအမည်ရှိသော ပညောင်ပင်ရင်းသို့ သွားရောက်လေသည်။ ဤဘဒ္ဒါ ကာပိလာနီကား လက်ဝဲလမ်းကို ယူ၍ အမျိုးသမီးများ ရဟန်းပြုရန် အခွင့်မပြုသေးသောကြောင့် ပရိဗိုဇ်မများအာရာမ်သို့ သွားရောက်လျက် ပရိဗိုဇ်မ ပြုရရှာလေသည်၊ ငါးနှစ်ကြာအောင် ပရိဗိုဇ်မအဖြစ်ဖြင့် နေရရှာလေသည်။

မှတ်ချက်။ ။ [အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ မလာရှိသော်လည်း ဘဒ္ဒါ ကာပိလာနီထေရီအပဒါန်ပါဠိတော်၌ လာရှိသည်။

တဒါ သော ပဗ္ဗဇိ ဓီရော၊ အဟံ တမနုပဗ္ဗဇိံ။
ပဉ္စ ဝဿာနိ နိဝသိံ၊ ပရိဗ္ဗာဇဝတေ အဟံ။
(ခု၊ ၄၊ ၂၆၃။) ပရိဗ္ဗာဇပဒေ (သျာ၊ ဣ)]

ဘဒ္ဒါကာပိလာနီ ပရိဗိုဇ်မ ပြု၍ ငါးနှစ်ရှိသောအခါ မဟာပဇာပတိဂေါတမီသည် ဘိက္ခုနီသာသနာကို တောင်းပန်ခွင့်ရ၍ ကိုယ်တိုင်ရှင်, ရဟန်းမ ပြုခဲ့လေသည်၊ ထိုအခါ ဘဒ္ဒါကာပိလာနီထေရီ(အလောင်း)သည် မဟာပဇာပတိထေရီမကြီး၏အထံ၌ ရှင်, ရဟန်းမအဖြစ်ကိုရယူ၍ နောက်အဖို့ဝယ် ဝိပဿနာတရား ပွားများအားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

## ပုဗ္ဗေနိဝါသာ၊ ဉာဏ်အရာ၊ ရပါ ဧတဒဂ်

ဘဒ္ဒါကာပိလာနီထေရီသည် ရဟန္တာဖြစ်ပြီးလျှင် ရှေးဆုတောင်းအတိုင်း ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်(ရှေးကဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့သိမြင်နိုင်သော အဘိညာဉ်)၌ အထူးသဖြင့် လေ့လာနိုင်နင်းလေသည်၊ နောက်တချိန်၌ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဘိက္ခုနီမတို့ကို အစဉ်အတိုင်း ရာထူးဌာနန္တရ၌ ထားတော်မူသည်ရှိသော် ဤဘဒ္ဒါကာပိလာနီထေရီကို "ရဟန်းတို့...ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့သိမြင်ကြသော ငါဘုရား၏တပည့်မ ဘိက္ခုနီတို့တွင် ဘဒ္ဒါကာပိလာနီဘိက္ခုနီသည် အမြတ်ဆုံးဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်အရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ ထားတော်မူလေသည်။

ပုဗ္ဗေနိဝါသန္တိ ပုဗ္ဗေ နိဝုတ္ထက္ခန္ဓသန္တာနံ အနုဿရန္တီနံ ဘဒ္ဒါ အဂ္ဂါတိ ဒဿေတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၈၈။)

အထ သတ္ထာ ဇေတဝနေ နိသီဒိတွာ ဘိက္ခုနိယော ပဋိပါဋိယာ ဌာနန္တရေသု ဌပေန္တော ဣမံ ထေရိံ ပုဗ္ဗေနိဝါသံ အနုဿရန္တီနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၈၉။)

အရှင်မ ဘဒ္ဒါကာပိလာနီထေရီ၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊ ၂၈၈ ၂၈၉), ထေရီအပဒါန်ပါဠိတော်(ခု၊ ၄၊ ၂၅၉ ၂၆၄), မဟာဗုဒ္ဓဝင်(ဆဋ္ဌမတွဲ ဒုပိုင်း၊ ၁၂၄ ၁၂၇)တို့၌ ကြည့်ရှုနိုင်သည်။

## (၁၁) အရှင်မဘဒ္ဒါကစ္စာနာ=ယသောဓရာထေရီအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ မဟာဘိညာပတ္တာနံ ယဒိဒံ ဘဒ္ဒါ ကစ္စာနာ။ (အံ၊ ၁၊ ၂၆။)

### ယသောဓရာထေရီအလောင်း ရှေးဆုတောင်း

ဤဘဒ္ဒါကစ္စာနာ=ယသောဓရာထေရီအလောင်းသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီးဖြစ်၍ နောက်အဖို့မှာ ဘုရားရှင်၏တရားစကားကို ကြားနာစဉ် ဘုရားရှင်က ဘိက္ခုနီမတစ်ပါးကို "မဟာဘိညာပ္ပတ္တ(ကြီးကျယ်သော အဘိညာဏ်ပညာသို့ ရောက်သော)အရာ"ဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

## နောက်ဆုံးဘဝ၊ ရဟန်းမ၊ ပြုထ ယသောဓရာ

ထိုအမျိုးကောင်းသမီးသည် ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်ခဲ့ပြီးလျှင် ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မူရာကာလဝယ် (ဘုရားအလောင်းတော်၏ဦးရီးတော်) သုပ္ပဗုဒ္ဓသာကီဝင်မင်း၏သမီးတော်ဖြစ်၍ အမည်အားဖြင့် "ဘဒ္ဒါကစ္စနာ" ဟု မည်တွင်လေသည်။ ကောင်းမြတ်သော ရွှေအဆင်းကဲ့သို့သော ကိုယ်ရေအဆင်းရှိသောကြောင့် "ဘဒ္ဒကဥ္စနာ"ဟူ၍လည်းကောင်း,"ဘဒ္ဒကစ္စာနာ"ဟူ၍လည်းကောင်း ခေါ်တွင်လေသည်၊ (ရာဟုလမင်းသား ဖွားမြင်တော်မူပြီးနောက်ဝယ်) "ရာဟုလမာတာ"ဟူ၍လည်း ခေါ်တွင်လေသည်။

ဘဒ္ဒါ ကစ္စာနာတိ တဿာ နာမံ။ ဘဒ္ဒကဥ္စနဿ ဟိ ဥတ္တမသုဝဏ္ဏဿ ဝိယ တဿာ သရီရဝဏ္ဏော အဟောသိ၊ သာ တသ္မာ ဘဒ္ဒကဥ္စနာတိ နာမံ လဘိ၊ သာ ပစ္ဆာ ကစ္စာနာတွေ၀ သင်္ခံ ဂတာ (တသ္မာ ဘဒ္ဒကစ္စာနာတွေ၀ သင်္ခံဂတာ။က)။ ရာဟုလမာတာယေတံ အဓိဝစနံ။ ဘဒ္ဒါ ကစ္စနာတိဿာ နာမံ အကံသု။ (အံ၊ ဋ္ဌ၊ ၁၊ ၂၈၉ ၂၉၀။)

ဘဒ္ဒါ ကစ္စာနာမင်းသမီးသည် အရွယ်သို့ ရောက်လတ်သော် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား၏မိဖုရားဖြစ်လာလေသည်။ ထိုဘဒ္ဒါ ကစ္စာနာမိဖုရားသည် နောက်အဖို့ဝယ် ရာဟုလသားတော်ကို ဖွားမြင်လေသည်၊ ရာဟုလမင်းသား ဖွားမြင်သောနေ့မှာပင် အလောင်းတော်သိဒ္ဓတ္ထမင်းသား တောထွက်ပြီးလျှင် ဗောဓိမဏ္ဍိုင်၌ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ပြီးနောက် သတ္တလောကကို ချီးမြှောက်တော်မူလျက် အစဉ်သဖြင့် ကပိလဝတ်နေပြည်တော်သို့ ကြွလာတော်မူကာ ဆွေတော်မျိုးတော်တို့အား ချီးမြှောက်မှု ပြုတော်မူလေသည်။ နောက်အဖို့ (ဘုရားရှင်ဝေသာလီပြည် မဟာဝုန်တော၌ ပဉ္စမဝါ ကပ်တော်မူသောအခါ)၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ထီးဖြူတော်အောက်ဝယ် အရဟတ္တဖိုလ်သို့ ရောက်၍ ထိုနေ့မှာပင် ပရိနိဗ္ဗာန်စံလွန်တော်မူလေသော် မိထွေးတော် မဟာပဇာပတိဂေါတမီသည် (မဟာသမယသုတ်လာ ရဟန်းငါးရာတို့၏ကြင်ယာဟောင်း) သာကီဝင်မင်းသမီးငါးရာတို့နှင့် အတူတကွ ဘုရားရှင့်အထံတော်၌ ရှင်,ရဟန်းမ ပြုကြလေသည်။ ထို့နောက်ဝယ် ရာဟုလမယ်တော် ယသောဓရာသည်လည်းကောင်း, ဇနပဒကလျာဏီသည်လည်းကောင်း မဟာပဇာပတိဂေါတမီထေရီမကြီးအထံ၌ ရှင်, ရဟန်းမ ပြုကြလေသည်။

သတ္ထာ အပရေန သမယေန ဝေသာလိံ ဉပနိဿာယ ကူဋာဂါရသာလာယံ ဝိဟရတိ။ တသ္မိံ သမယေ သုဒ္ဓေါဒနမဟာရာဇာ သေတစ္ဆတ္တဿ ဟေဋ္ဌာ အရဟတ္တံ သစ္ဆိကတွာ ပရိနိဗ္ဗာယိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၆၃။)

သူမသည် ရဟန်းပြုပြီးသောအခါမှစ၍ "ဘဒ္ဒကစ္စာနာထေရီ"ဟူ၍ ထင်ရှားလေသည်၊ ဘဒ္ဒကစ္စာနာထေရီသည် နောက်အဖို့ဝယ် ဝိပဿနာတရား ပွားများအားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

## မဟာဘိညာ၊ မြတ်ဆုံးသာ၊ ရပါ တေဒဂ်

ဘဒ္ဒကစ္စာနာထေရီသည် အဘိညာဉ်တို့၌ အထူးလေ့လာနိုင်နင်းလေသည်၊ တင်ပလ္လင်တစ်ခွေတည်း ထိုင်လျက် အာဝဇ္ဇန်းတစ်မျိုးတည်းဖြင့် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း ဖြစ်ခဲ့သမျှကို ပြန်လည်အောက်မေ့နိုင်လေသည်။ ထိုဘဒ္ဒကစ္စာနာထေရီ၏ထိုဂုဏ်သတင်းထင်ရှားကျော်ကြားလတ်သော် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဘိက္ခုနီမတို့ကို အစဉ်အတိုင်း တေဒဂ်ရာထူးဌာနန္တရ၌ထားတော်မူလေရာ ဤဘဒ္ဒကစ္စာနာထေရီကို "ရဟန်းတို့..ကြီးကျယ်သော အဘိညာဉ်ပညာသို့ ရောက်ရှိကြသည့် ငါဘုရား၏တပည့်မ ဘိက္ခုနီတို့တွင် ဘဒ္ဒကစ္စာနာဘိက္ခုနီသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "မဟာဘိညာပ္ပတ္တ (ကြီးကျယ်သော အဘိညာဉ်ပညာသို့ ရောက်သော)အရာဝယ် အမြတ်ဆုံး တေဒဂ်ရာထူး"၌ ထားတော်မူလေသည်။

မဟာဘိညာပ္ပတ္တာနန္တိ မဟတိယော အဘိညာယော ပတ္တာနံ ဘဒ္ဒါ ကစ္စာနာ နာမ အဂ္ဂါတိ ဒဿေတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၈၉။)

သာ အပရဘာဂေ ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တံ ပတွာ အဘိညာသု စိဏ္ဏဝသီ အဟောသိ၊ ဧကပလ္လင်္ကေန နိသိန္နာ ဧကာဝဇ္ဇနေန ကပ္ပသတသဟဿာဓိကံ အသင်္ချေယျံ အနုဿရတိ။ တဿာ တသ္မိံ ဂုဏေ ပါကဋေ ဇာတေ သတ္ထာ ဇေတဝနေ နိသိန္နော ဘိက္ခုနိယော ပဋိပါဋိယာ ဌာနန္တရေ ဌပေန္တော ဣမံ ထေရိံ မဟာဘိညာပ္ပတ္တာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၁၉၀။)

မှတ်ဖွယ်။ ။ တစ်ဆူသောဘုရားရှင်၏လက်ထက်တော်ဝယ် ကြီးကျယ်သော အဘိညာဉ်ပညာသို့ ရောက်ရှိသော သာဝကတို့ကား လေးပါးတို့သာလျှင် ပေါ်ထွန်းကြမြဲဖြစ်လေသည်၊ ကျန်သောသာဝကတို့သည် ကြီးကျယ်သော အဘိညာဉ်ပညာသို့ မရောက်ရှိကြကုန်၊ ကျန်(မဟာ)သာဝကတို့သည် ကမ္ဘာတစ်သိန်းကိုသာလျှင် အောက်မေ့နိုင်ကုန်၏၊ ထို့ထက်ပိုလွန်၍ မအောင်းမေ့နိုင်ကုန်။ ကြီးကျယ်သော အဘိညာဉ်ပညာသို့ ရောက်ရှိကြသည့် သာဝကတို့သည်ကား တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း ဖြစ်ရပ်များကို အောက်မေ့နိုင်ကြကုန်သည်။ ကျွန်ုပ်တို့၏ဘုရားရှင့်သာသနာတော်၌လည်း အဂ္ဂသာဝကနှစ်ပါး, အရှင်ဗာကုလမထေရ်, အရှင်မဘဒ္ဒကစ္စာနာထေရီ ဤလေးပါးတို့သည်သာလျှင် တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းကို အောက်မေ့နိုင်ကြလေသည်၊ ထို့ကြောင့် ဤဘဒ္ဒကစ္စာနာထေရီသည် "မဟာ

ဘိညာပ္ပတ္တ ဧတဒဂ်"ကို ရရှိလေသည်။

ကေသ ဟိ ဗုဒ္ဓသ စတ္တာရော ဇနာ မဟာဘိညာ ဟောန္တိ၊ န အဝသေသသာဝကာ။ အဝသေသသာဝကာ ဟိ ကပ္ပ သတသဟဿမေဝ အနုဿရိတုံ သက္ကောန္တိ, န တတော ပရံ။ မဟာဘိညာပ္ပတ္တာ ပန ကပ္ပသတသဟဿာဓိကံ အသင်္ချေယျံ အနုဿရန္တိ။ အမှာကမ္ပိ သတ္ထု သာသနေ ဒွေ အဂ္ဂသာဝကာ ဗာကုလတ္ထေရော ဘဒ္ဒါ ကစ္စာနာတိ ဣမေ စတ္တာရော ထေရာ အနုဿရိတုံ သက္ကိံသု။ တသ္မာ အယံ ထေရီ မဟာဘိညာပ္ပတ္တာနံ အဂ္ဂါ နာမ ဇာတာ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၈၉။)

ဤအရှင်မ ဘဒ္ဒကစ္စာနာ ယသောဓရာထေရီ၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊ ၂၈၉ ၂၉၀), ထေရီအပဒါန်ပါဠိတော်(ခု၊ ၄၊ ၂၆၄ ၂၇၂), မဟာဗုဒ္ဓဝင်(ဆဋ္ဌမတွဲ ဒုပိုင်း၊ ၁၂၇ ၁၃၀)တို့၌ ကြည့်ရှုနိုင်သည်။

## (၁၂) အရှင်မ ကိသာဂေါတမီထေရီအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ လူခစီဝရဓရာနံ ယဒိဒံ ကိသာဂေါတမီ။ (အံ၊ ၁၊ ၂၆။)

### ကိသာဂေါတမီထေရီအလောင်း ရှေးဆုတောင်း

ဤကိသာဂေါတမီထေရီအလောင်းသည်လည်း ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုး ကောင်းသမီးဖြစ်၍ ဘုရားရှင်၏တရားဒေသနာတော်ကို ကြားနာစဉ် ဘုရားရှင်က ဘိက္ခုနီတစ်ပါးကို "ခေါင်းပါးသောသင်္ကန်းကို ဆောင်သောအရာ(လူခစီဝရဓရ)ဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကို ပြု ပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

ထိုအမျိုးကောင်းသမီးသည် ကမ္ဘာတစ်သိန်းကာလပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်၍ ဤကမ္ဘာ့ပ်တို့၏ဘုရားရှင် ပွင့်တော်မူသောအခါ သာဝတ္ထိပြည်ဝယ် ဆင်းရဲသောအမျိုး၌ ဖြစ်လာလေသည်၊ သူမ၏အမည်ကား "ဂေါတမီ"အမည်ရှိလေသည်၊ ကြုံ လှီသော ကိုယ်ရှိသောကြောင့် "ကိသာဂေါတမီ=ကြုံလှီသော ဂေါတမီ"ဟု ခေါ်ဆိုကြလေသည်။

ဂေါတမီတိ တဿာ နာမံ၊ ထောကံ ကိသဓာတုကတ္တာ ပန ကိသာဂေါတမီတိ ဝုစ္စတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၉၀။)

(ထိုကိသာဂေါတမီ၏ သူဌေးချွေးမဖြစ်ရပုံကို ဓမ္မပဒအဋ္ဌကထာ ပဥ္စမအုပ် စာမျက်နှာ ၄၄၃, ၄၄၄ တို့၌ ကြည့်ရှုနိုင်သည်။ အင်္ဂုတ္တိုရ်အဋ္ဌကထာ, ထေရီဂါထာအဋ္ဌကထာတို့၌ကား ထိုအကြောင်းမပါ)။

ကိသာဂေါတမီသည် အရွယ်သို့ ရောက်လတ်သော် လင့်အိမ်သို့ လိုက်ပါရလေသည်၊ သူမကို "ဆင်းရဲသူ၏သမီး"ဟူ၍ လွှမ်းမိုးနှိပ်ထက်ကလူပြုကြလေသည်၊ ကိသာဂေါတမီသည် နောက်အဖို့ဝယ် သားကို ဖွားမြင်လေသည်၊ ထိုအခါမှ သူမအား မြတ်နိုးတ နာမှု ပြုကြလေသည်၊ သူမ၏သားကလေးသည် ပြေးလွှားကစားနိုင်သောအရွယ်မှာပင် သေဆုံးသွားလေရာ ကိသာဂေါတမီ၏အဖို့ရာ သောကကြီးစွာ ဖြစ်လေတော့သည်၊ ကိသာဂေါတမီသည် "ငါကား ဤအိမ်၌ လာဘ်ပူဇော်သက္ကာရ ခေါင်းပါးရာမှ သားကလေး မွေး ဖွားသောအချိန်မှစ၍ အပူဇော်အမြတ်နိုးခံဘဝသို့ ရောက်ခဲ့ရလေပြီ၊ ဤလူများသည် ငါ့သားကလေး(ရုပ်ကလာပ်)ကို မြို့ပြင်၌ စွန့်ပစ်ရန် ပင် အားထုတ်ကြလေကုန်ရာ၏"ဟု အောက်မေ့၍ သားကလေးအလောင်းကို ရင်ခွင်ဖြင့် ပိုက်လျက် "ကျွန်မသားကလေးအတွက် အ သက်ရှင်ဆေး ပေးကြပါ"ဟု နှုတ်ကတတွတ်တွတ် ပြောဆိုကာ အိမ်စဉ် လှည့်လည်သွားလာလေသည်။

မြင်တိုင်းမြင်တိုင်းသောအရပ်၌ လူအများက"အဘယ်အရပ်၌ သင်သည် သေပြီးသူအတွက် အသက်ပြန်ရှင်ဆေးကို တွေ့ဖူးသ လော့?ဟု လက်ဖြောက်တီး၍ ပြက်ရယ်ပြုကြလေသည်။ ကိသာဂေါတမီသည် ထိုလူများ၏စကားဖြင့်လည်း သတိတရား မရနိုင်ရာ ချေ၊ ထိုအခါ သူမကို ပညာရှိတယောက်က တွေ့မြင်ရ၍ "ဤအမျိုးသမီးငယ်သည် သားသောကကြောင့် စိတ်ပျံ့လွင့်ခြင်းသို့ ရောက်ရ ရှာသည် ဖြစ်လိမ့်မည်၊ ဤသူမအတွက် ဆေးကို အခြားတစ်စုံတစ်ယောက်မျှ သိလိမ့်မည်မဟုတ်၊ ဘုရားရှင်သည်သာလျှင် သိတော်မူ လိမ့်မည်"ဟု ကြံစည်၍ "ချစ်သမီး...သင်၏သားကလေးအတွက် အသက်ရှင်ဆေးကို ဘုရားရှင်မှတပါး အခြားသိနိုင်သောသူမည် သည် မရှိချေ၊ နတ်နှင့်တကွသောသတ္တလောက၌ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တော်မူသော ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးနေတော်မူ၏၊ ချစ်သမီးသည် ထိုဘုရားရှင်၏အထံတော်သို့ သွားရောက်၍ မေးပါလော့"ဟု အကြံပေးစကား ပြောကြားလေသည်။

### ဗုဒ္ဓမြတ်စွာ၊ ဥပါယ်မှာ၊ ကိသာ သောကငြိမ်း

ကိသာဂေါတမီသည် "ဤယောကျ်ားသည် အမှန်ကို ပြောဆိုဘိ၏"ဟု အောက်မေ့ကာ သားကလေးအလောင်းကို ယူ၍ ဘု ရားရှင် တရားဟောပလ္လင်ဝယ် ထိုင်နေတော်မူသောအခါ၌ ပရိသတ်အစွန်းက ရပ်လျက် "ဘုန်းတော်ကြီးတော်မူသောရှင်တော်ဘုရား...

တပည့်တော်မ၏သားကလေးအတွက် အသက်ရှင်ဆေးကို ပေးတော်မူပါဘုရား"ဟု လျှောက်ထားလေသည်။ ဘုရားရှင်သည် ကိသာဂေါတမီ၏မဂ်ဖိုလ်ရကြောင်းရေးကောင်းမှု(ဥပနိဿယ)ကို မြင်တော်မူ၍ "ချစ်သမီးဂေါတမီ...သားကလေးအသက်ရှင်ရန် ဆေးအလို့ငှာ ဤအရပ်သို့ လာရောက်သော သင်ချစ်သမီးသည် ကောင်းသည်ကို ပြုအပ်ခဲ့လေပြီ၊ ချစ်သမီး...သွားချေလော့၊ သာဝတ္ထိမြို့တွင်းသို့ ဝင်၍ အစွန်အဖျားအိမ်မှ စလျက် တစ်မြို့လုံးကို လှည့်လည်၍ လူတစ်ယောက်မျှ မသေးဖူးသောအိမ်မှ မုန်ညင်းစေ့ကို ယူဆောင်ခဲ့လော့" ဟု မိန့်တော်မူလေသည်။

သိဒ္ဓတ္ထကန္တိ သာသပဗီဇံ။ (အံ၊ ဋီ၊ ၁၊ ၁၉၉။)

မှတ်ချက်။ ။ သိဒ္ဓတ္ထက မုန်ညင်းဆီ (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ဒုပိုင်း၊ ၁၃၆) ပြန်ဆိုသည်။

သိဒ္ဓတ္ထက မုန်ညင်းစေ့ (ဓမ္မပဒဝတ္ထုတော်ကြီး၊ ပထမတွဲ၊ ၈၁၆) ပြန်ဆိုသည်။

သိဒ္ဓတ္ထက မုန်ညင်းဖြူ (ဦးဟုတ်စိန် ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီး၊ ၁၀၃၅) ပြန်ဆိုလေသည်။

**Siddhatthaka**, white mustard (PALI-ENGLISH DICTIONARY by RHYS DAVIDS AND STEDE)

ကိသာဂေါတမီက "ကောင်းပါပြီ၊ ရှင်တော်မြတ်ဘုရား..."ဟု လျှောက်ထားပြီးလျှင် ဝမ်းသာအားရစွာ မြို့တွင်းသို့ ဝင်၍ ပဌမအိမ်၌ပင် "ဘုရားရှင်က ကျွန်မ၏သားကလေးအသက်ပြန်ရှင်ဆေးအတွက် မုန်ညင်းစေ့ကို ယူဆောင်ခိုင်းတော်မူပါသည်၊ ကျွန်မအား မုန်ညင်းစေ့ကို ပေးကြပါ"ပြောဆိုလေသည်၊ အိမ်ရှင်တို့က"ယူလော့ ဂေါတမီ"ဟု မုန်ညင်းစေ့ကို ထုတ်ဆောင်၍ ပေးကြလျှင် ကိသာဂေါတမီက "ကျွန်မသည် ဤကဲ့သို့ မမေးမမြန်းပဲ မယူနိုင်ပါ၊ ဤအိမ်၌ တစ်စုံတစ်ယောက် သေသောသူမည်သည် မရှိဘူးသလော?" ဟု မေးလေသည်၊ အိမ်ရှင်များကဘယ်လိုပြောပါလိမ့်? ဂေါတမီ..၊ ဤအိမ်၌ ရေးက သေသောသူများကို ဘယ်သူက ရေတွက်နိုင်မည်နည်း?"ဟု ပြောဆိုကြလေလျှင် ကိသာဂေါတမီက "ထိုသို့ဖြစ်လျှင် တော်ပါပြီ၊ ကျွန်မ မုန်ညင်းစေ့ကို မယူတော့ပါ၊ ဘုရားရှင်က ကျွန်မကို လူမသေဘူးသောအိမ်မှ ဆောင်ယူစေတော်မူပါသည်"ဟု ပြောဆိုလေသည်။

ကိသာဂေါတမီသည် ဤနည်းဖြင့်ပင် တစ်အိမ်ဝင်, တစ်အိမ်ထွက်ခဲ့၍ တတိယအိမ်သို့ ဝင်ရောက်၍အပြီးတွင် "တစ်မြို့လုံး၌ပင် ဤနည်းသာလျှင် ဖြစ်ပေလိမ့်မည်၊ ဤအချက်ကို သတ္တဝါတို့၏အစီးအပွါးကို လိုလားတော်မူသော ဘုရားရှင်သည် မြင်တော်မူပြီး ဖြစ်လိမ့်မည်"ဟု သတိသံဝေဂရလျက် ထိုတတိယအိမ်မှပင် မြို့ပြင်သို့ ထွက်ခဲ့၍ သုသာန်သင်းချိုင်းသို့ သွားရောက်ကာ သားကလေး၏ရုပ်အလောင်းကို လက်ဖြင့်ကိုင်၍ "ချစ်သား...အမေကား ဤသေခြင်းသဘောသည် သင်ချစ်သားအားသာ ဖြစ်၏ ဟု ကြံအောက်မေ့မိခဲ့လေသည်၊ အမှန်စင်စစ်မှာ ဤသေခြင်းသဘောသည် သင်ချစ်သားအားသာ ဖြစ်သည်မဟုတ်၊ ဤသေခြင်းသဘောသည် လူအများနှင့်သက်ဆိုင်သော သဘောဖြစ်ပေသည် "ပုတ္တက အဟံ ဣမံ မရဏံ တဝေဝ ဥပ္ပန္နန္တိ စိန္တေသိံ၊ န ပနေတံ တဝေဝ၊ မဟာဇနသာဓာရဏော ဧသ ဓမ္မော"ဟု ပြောဆိုလျက် သားကလေး၏ရုပ်အလောင်းကို သုသာန်၌ စွန့်ပစ်ပြီးလျှင်...

"န ဂါမဓမ္မော နေ၀ နိဂမဿ ဓမ္မော၊
န စာပိယံ ဧကကုလဿ ဓမ္မော။
သဗ္ဗဿ လောကဿ သဒေဝကဿ၊
ဧသေ၀ ဓမ္မော ယဒိဒံ အနိစ္စတာ။"

(အံ၊ ဋ္ဌ၊ ၁၊ ၂၉၂။)

[ထေရီအပဒါန်ပါဠိတော် (ခု၊ ၄၊ ၂၄၆), ထေရီဂါထာအဋ္ဌကထာ(၁၈၂)တို့၌ "န ဂါမဓမ္မော နိဂမဿ ဓမ္မော" ဟု ရှိ၏။]

ဤဂါထာကို ရွတ်ဆို၍ ဘုရားရှင်အထံတော်သို့ ပြန်သွားလေသည်။ ထိုအခါ ဘုရားရှင်က "ချစ်သမီးဂေါတမီ...သင်သည် မုန်ညင်းဆီကို ရခဲ့ပြီးလော?"ဟု မေးတော်လေသည်၊ ကိသာဂေါတမီက "ရှင်တော်ဘုရား...မုန်ညင်းဆီဖြင့် ပြုရန်ကိစ္စကား ပြီးပါပြီဘုရား၊ အမှန်သော်ကား ရှင်တော်ဘုရားတို့သည် တပည့်တော်အား ထောက်ရာတည်ရာကို ပေးတော်မူကြပါဘုရား"ဟု လျှောက်ထားလေလျှင် ဘုရားရှင်သည် ကိသာဂေါတမီအား ဓမ္မပဒ၌ ဤဂါထာကို ဟောတော်မူလေသည်...

"တံ ပုတ္တပသုသမ္မတ္တံ၊ ဗျာသတ္တမနသံ နရံ။
သုတ္တံ ဂါမံ မဟောဃော၀၊ မစ္စု အာဒါယ ဂစ္ဆတိ။

(ခု၊ ၁၊ ၅၄ ဓမ္မပဒ။)

ဂေါတမီ ချစ်သမီးဂေါတမီ...၊ ပုတ္တပသုသမ္မတ္တံ သမီးနှင့်သား ကျွဲနွားတို့နှင့် တအားတက်ကာ ယစ်မူးမေ့လျော့၍နေသော၊ ဗျာသတ္တမနသံ ရအပ်ရအပ် ဝတ္ထုပစ္စည်းအရပ်ရပ်တို့၌ ငြိကပ်တွယ်တာသော စိတ်ရှိ၍နေသော၊ တံ နရံ ထိုလူကို၊ သုတ္တံ အိပ်ပျော်၍နေသော၊ ဂါမံ ရွာ၌နေသူ လူအပေါင်းကို၊ မဟောဃော ချောင်းပြည့်လျှံစီး ရေအယဉ်ကြီးသည်၊ (အာဒါယ ဂစ္ဆတိ ဣ၀ ခွေးကိုမျှ မကြွင်းအောင် တိုက်ဆောင်ယူငင်၍ သွားသကဲ့သို့၊) မစ္စု မစ္စုခေါ်ငြား သေခြင်းတရားသည်၊ အာဒါယ ဂစ္ဆတိ ယူဆောင်၍သွားလေ၏။"

ကိသာဂေါတမီသည် ဂါထာနိဂုံးအဆုံး၌ သောတာပတ္တိဖိုလ်၌ တည်ပြီးနောက် ရှင်, ရဟန်းမအဖြစ်ကို လျှောက်ထားတောင်းပန်လေသည်၊ ဘုရားရှင်သည် ကိသာဂေါတမီအား ရှင်, ရဟန်းမအဖြစ်ကို ခွင့်ပြုတော်မူလေသည်၊ သူမသည် သုံးကြိမ်တိုင်တိုင် ဘုရားရှင်ကို လက်ျာရစ်လှည့်ပတ်ကာ ရှိခိုးပြီးနောက် ဘိက္ခုနီမကျောင်းသို့ သွားရောက်လျက် ရှင်, ရဟန်းမအဖြစ်ကို ရယူ၍ မကြာမြင့်မီပင် အသင့်အတင့်နှလုံးသွင်း၍ ဝိပဿနာတရား ပွားများအားထုတ်လေသည်၊ ထိုအခါ ဘုရားရှင်က ကိသာဂေါတမီဘိက္ခုနီအား...

"ယော စ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။
(ခု၊ ၁၊ ၃၀ ဓမ္မပဒ။)

ဂေါတမီ ချစ်သမီးဂေါတမ...၊ ယော စ အကြင်သူသည်ကား၊ အမတံ ပဒံ သေခြင်းကင်းသော နိဗ္ဗာန်ကို၊ အပဿံ= အပဿန္တော မမြင်ပဲ၊ ဝဿသတံ အနှစ်တစ်ရာ ကာလပတ်လုံး၊ ဇီဝေ အသက်ရှည်ကြာ တည်နေရာ၏၊ တဿ ထိုသူ၏၊ ဇီဝတော အနှစ်တစ်ရာ ရှည်မြင့်ကြာအောင် အသက်ရှင်၍နေရခြင်းထက်၊ အမတံ ပဒံ သေခြင်းကင်းသော နိဗ္ဗာန်ကို၊ ပဿတော မဂ်ဖိုလ်ဉာဏ် မျက်စိဖြင့် သိမြင်သောသူ၏၊ ဧကာဟံ တစ်ရက်တာမျှ၊ ဇီဝိတံ အသက်ရှင်၍ နေရခြင်းသည်၊ သေယျော အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှပေ၏။"

ဤဂါထာကို ဟောတော်မူလေသည်၊ ကိသာဂေါတမီထေရီသည် ဤဂါထာ၏အဆုံး၌ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။ (ဤကား အင်္ဂုတ္တိုရ်အဋ္ဌကထာနှင့် ထေရီဂါထာအဋ္ဌကထာတို့၌ ဖွင့်ပြချက်ဖြစ်၏။)

ကိသာဂေါတမီထေရီအပဒါန်ပါဠိတော်အလိုကား...ကိသာဂေါတမီ ဘုရားရှင့်အထံတော်သို့ ပြန်လာသောအခါ ဘုရားရှင်က..

"ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။
န ဂါမဓမ္မော နိဂမဿ ဓမ္မော၊ န စာပိယံ ဧကကုလဿ ဓမ္မော။
သဗ္ဗဿ လောကဿ သဒေဝကဿ၊ ဧသေဝ ဓမ္မော ယဒိဒံ အနိစ္စတာ။
(ခု၊ ၄၊ ၂၄၆။)

ဂေါတမီ ချစ်သမီးဂေါတမီ...၊ ယဒိဒံ=ယာ အနိစ္စတာ အကြင်ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ တခဏနှင့်ဖြစ်စဲ မမြဲခြင်းသဘောသည်၊ အတ္ထိ ရှိ၏၊ အယံ ဤရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ တခဏနှင့်ဖြစ်စဲ မမြဲခြင်းသဘောသည်၊ န ဂါမဓမ္မော တံတိုင်းမရှိ ဈေးမရှိ၍ သမ္ဘုတိဝေါဟာ ရွာဟုပညတ် တစ်ခုသောအရပ်ဝယ် သတ်မှတ်ပိုင်းခြား တကန့်သား၍ ဖြစ်ပွါးလေ့လာ မဟုတ်ပါတည်၊ န နိဂမဿ ဓမ္မော တံတိုင်းမစုံ ဈေးသာစုံ၍ နိဂုံပညတ် တစ်ခုသောအရပ်ဝယ် သတ်မှတ်ပိုင်းခြား တကန့်သား၍ ဖြစ်ပွားလေ့လာ မဟုတ်ပါတည်၊ န စာပိ ဧကကုလဿဓမ္မော ဌာနနယ်ချဲ့ တနိဂုံးနှင့် ခေါ်ထုံးဝေါဟာ တမြို့ရွာဝယ် မျက်နှာမဲ့လျှင်း တအိမ်တွင်း၌ သင်းသီးသန့်ခြား တကန့်သား၍ ဖြစ်ပွါးလေ့လာ မဟုတ်ပါတည်၊ ဧသော ဓမ္မော ဤရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ တခဏနှင့်ဖြစ်စဲ မမြဲခြင်းသဘောသည်၊ သဒေဝကဿ နတ်ပြည်ခြောက်ရွာ ဗြဟ္မာနှစ်ဆယ်နှင့်တကွသော၊ သဗ္ဗ လောကဿ အလုံစုံလောက ရှိသမျှသတ္တဝါအပေါင်း၏၊ဓမ္မော ဆန်မငြင်းသာ မတင်းသာသည့်ဓမ္မတာမျိုး တရားလမ်းရိုးကြီးပါပေတည်း။

ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်၊ ကွယ်ချုပ်ဝင်သည်၊ ဤသင်္ခါရ၊ သဘာဝကား၊ ဌာနနယ်ချဲ့၊ တနိဂုံးနှင့်၊ ခေါ်ထုံးဝေါဟာ၊ တမြို့ရွာဝယ်၊ မျက်နှာမဲ့လျှင်း၊ တအိမ်တွင်း၌၊ သင်းသီးသန့်ခြား၊ တကန့်သား၍၊ ဖြစ်ပွါးလေ့လာ၊ မဟုတ်ပါဘူး၊ ဗြဟ္မာ၊ လူ, နတ်၊ ထုတ်ကျင်းခတ်အောင်၊ ဥပါဒ်စလျှင်၊ ဌီသို့ဝင်၍၊ ဘင်္ဂက္ခဏ၊ မရဏဖြင့်၊ ရှုရှုလှုပ်လှုပ်၊ တချုပ်ချုပ်လျှင်၊ နာမ်ရုပ်နှစ်မျိုး၊ ဖြစ်တိုင်းညှိုးသည်

အရိုး အနိစ္စချည်းသာတည်း။
အရိုး ဒုက္ခချည်းသာတည်း။
အရိုး အနတ္တချည်းသာတည်း။
(မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ဒုပိုင်း၊ ၁၃၉ ၁၄၀။)

ဤနှစ်ဂါထာတို့ကို ဟောကြားတော်မူသည်ကို ကြားနာရ၍ သောတာပတ္တိဖိုလ်၌ တည်လေသည် ကိသာဂေါတမီထေရီ ကိုယ်တိုင် မိမိ၏ဖြစ်ကြောင်းကုန်စင်ကို ပြန်ပြောင်းဟောကြားအပ်သော ကိသာဂေါတမီထေရီအပဒါန်ပါဠိတော်လာကိုလည်း အထူးမှတ်ရာ၏။

ကိသာဂေါတမီသည် သောတာပတ္တိဖိုလ်၌ တည်ပြီးနောက် ရှင်ရဟန်းပြုပေးဖို့ ဘုရားရှင့်အထံတော်မှ ခွင့်ပြုချက်ရသဖြင့် ဘိက္ခုနီမကျောင်းတိုက်သို့ သွားရောက်ပြီးလျှင် ရှင်, ရဟန်းမအဖြစ်ကို ရယူလေသည်။

ဓမ္မပဒအဋ္ဌကထာအလိုကား...

## ကိသာဂေါတမီ၊ မြတ်ထေရီ၊ ဖြစ်ပြီ ရဟန္တာ

ကိသာဂေါတမီသည် ရဟန်းမအဖြစ်ကို ရသည့်အချိန်မှစ၍ "ကိသာဂေါတမီထေရီ"ဟူ၍ ထင်ရှားလေသည်၊ ကိသာဂေါတမီထေရီသည် တနေ့သ၌ ဥပုသ်အိမ်ဝယ် မီမီအလှည့်ကျရောက်သဖြင့် ဆီမီးညှိထွန်းပြီးလျှင် ထိုင်နေစဉ် ဆီမီးအလျှံများ တဖြစ်ပျက်ပျက်ရှိနေသည်တို့ကို မြင်ရ၍ "ဤဆီမီးအလျှံများ ဖြစ်၍ဖြစ်၍ ပျက်ကုန်သကဲ့သို့ ဤအတူပင် ဤသတ္တဝါတို့သည် ဖြစ်လည်းဖြစ်ကြ, ပျက်လည်းပျက်ကြကုန်၏၊ နိဗ္ဗာန်သို့ ရောက်ကြသူများသာလျှင် မထင်ပဲရှိကြကုန်၏"ဟု အာရုံနိမိတ်ကို ယူလေသည်။

ဘုရားရှင်သည် ဂန္ဓကုဋီကျောင်းတော်၌ ထိုင်နေတော်မူလျက်ပင် ရောင်ခြည်တော်တို့ကို လွှတ်တော်မူ၍ ကိသာဂေါတမီထေရီ၏မျက်မှောက်၌ ထိုင်နေတော်မူကာ ဟောတော်မူသကဲ့သို့ "ချစ်သမီးဂေါတမီ...သင်ချစ်သမီး စဉ်းစားမိသည့်အတိုင်း မှန်ပေ၏၊ ဤသတ္တဝါတို့သည်ဆီမီးအလျှံများကဲ့သို့ ဖြစ်လည်းဖြစ်ကြ, ပျက်လည်းပျက်ကြကုန်၏၊ နိဗ္ဗာန်သို့ ရောက်ကြသူများသာလျှင် မထင်ပဲရှိကုန်၏၊ ဤသို့ နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မမြင်ရသောသူတို့၏အနှစ်တစ်ရာ အသက်ရှင်ရခြင်းထက် နိဗ္ဗာန်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် မြင်ရသောသူ၏တစ်ခဏမျှ အသက်ရှင်ရခြင်းက ချီးမွမ်းအပ် မြတ်လှပေ၏"ဟု မိန့်တော်မူ၍ စကားအနုသန္ဓေစပ်လျက် တရားဟောတော်မူလိုရကား....

"ယော စ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။
(ဓမ္မပဒဂါထာ၊ ၁၁၄။)

ဂေါတမီ-ချစ်သမီးဂေါတမီ...၊ ယော စ အမှတ်မထင် အကြင်သူသည်ကား၊ အမတံ ပဒံ သေခြင်းကင်းရာ မဟာအသင်္ခတဓာတ် အမြိုက်နိဗ္ဗာန်ပရမတ်ကို၊ အပဿံ=အပဿန္တော-မဂ်ဉာဏ်, ဖိုလ်ဉာဏ် နှစ်တန်သော ဓမ္မမျက်စိဖြင့် မသိမမြင်ပဲ ၊ ဝဿသတံ-အနှစ်တစ်ရာ ရှည်မြင့်ကြာအောင်၊ ဇီဝေ=ဇီဝေယျ အသက်ရှိထွေ တည်နေရာ၏၊ တဿ ထိုသူ၏၊ ဇီဝတော-အနှစ်တစ်ရာ ရှည်မြင့်ကြာအောင် ခန္ဓာဆက်စဉ် အသက်ရှင်၍နေရခြင်းထက်၊ အမတံ ပဒံ သေခြင်းကင်းရာ မဟာအသင်္ခတဓာတ် အမြိုက်နိဗ္ဗာန်ပရမတ်ကို၊ ပဿတော မဂ်ဉာဏ, ဖိုလ်ဉာဏ် နှစ်တန်သော ဓမ္မမျက်စိဖြင့် သိမြင်သောသူ၏၊ ဧကာဟံ ကာလမကြာ တစ်ရက်တာမျှ၊ ဇီဝိတံ ခန္ဓာဆက်စဉ် အသက်ရှင်၍နေရခြင်းသည်၊ သေယျော အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှပေ၏။" (မဟာဗုဒ္ဓဝင်၊ဆဋ္ဌမတွဲ-ဒုတိုင်း၊ ၁၄၁ ၁၄၂။)

ကိသာဂေါတမီထေရီသည် ဤဂါထာဒေသနာတော်၏အဆုံးဝယ် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်၌ တည်လေသည်။

နောက်ဆုံးအချုပ်မှာ အင်္ဂုတ္တိုရ်အဋ္ဌကထာနှင့် ထေရဂါထာအဋ္ဌကထာတို့၌ လာရှိသည်...

## လူခစီဝရ၊ သုံးဆောင်ကြ၊ ရှင်မ မြတ်ဆုံးပင်

ဤကိသာဂေါတမီထေရီသည် ရဟန္တာဖြစ်ပြီးနောက် ပရိက္ခရာကို သုံးစွဲရာ၌ ခေါင်းပါးခြင်းအထွတ်အထိပ်ရောက်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်သူဖြစ်၍ ခေါင်းပါးခြင်းသုံးမျိုးတို့နှင့် ပြည့်စုံသော သင်္ကန်းကိုသာ ဝတ်ရုံသုံးဆောင်၍ လှည့်လည်သွားလာလေ့ရှိသည်။

မှတ်ဖွယ်။ ။ ခေါင်းပါးခြင်း(လူခ)သုံးမျိုး...

(၁) ဝတ္ထလူခ=အဝတ်အထည် အမျိုးအစားအားဖြင့် ကြမ်းတမ်းညံ့ဖျင်းခြင်း။

(၂) သုတ္တလူခ=သင်္ကန်းချုပ်သော ချည်အမျိုးအစားအားဖြင့် ကြမ်းတမ်းညံ့ဖျင်းခြင်း။

(၃) ရဇနလူခ=သင်္ကန်းဆိုးသော ဆိုးရေအမျိုးအစားအားဖြင့် ညံ့ဖျင်းခြင်း။

နောက်အဖို့ဝယ် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဘိက္ခုနီမတို့ကို အစဉ်အတိုင်း တေဒဂ်ရာထူးဌာနန္တရ၌ထားတော်မူရာတွင် ဤကိသာဂေါတမီထေရီကို "ရဟန်းတို့...သုံးမျိုးသော အခြင်းအရာအားဖြင့် ခေါင်းပါးညံ့ဖျင်းသော သင်္ကန်းကို ဝတ်ရုံသုံးဆောင်လေ့ရှိကြသည့် ငါဘုရား၏တပည့်မ ဘိက္ခုနီတို့တွင် ကိသာဂေါတမီဘိက္ခုနီသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "လူခစီဝရဓရေ=ခေါင်းပါးညံ့ဖျင်းသော သင်္ကန်းကို ဝတ်ရုံသုံးဆောင်သောအရာဝယ် အမြတ်ဆုံး တေဒဂ်ရာထူး"၌ ထားတော်မူလေသည်။

လူခစီဝရဓရာနန္တိ တီဟိ လူခေဟိ သမန္နာဂတံ ပံသုကူလံ ဓာရေန္တီနံ ကိသာဂေါတမီ အဂ္ဂါတိ ဒဿေတိ။ (အံ၊ ဋ္ဌ၊၁၊၂၉၀။)
တီဟိ လူခေဟီတိ ဝတ္ထလူခ(သုတ္တလူခ သီ) သုတ္တလူခရဇနလူခသင်္ခါတေဟိ တီဟိ လူခေဟိ။ (အံ၊ ဋီ၊ ၁၊ ၁၉၉။)

အပရဘာဂေ သတ္ထာ ဇေတဝနေ နိသိန္နော ဘိက္ခုနိယော ပဋိပါဋိယာ ဌာနန္တရေ ဌပေန္တော ဣမံ ထေရိံ လူခစီဝရဓရာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၉၂။)

အထ နံ သတ္ထာ ဇေတဝနေ နိသိန္နော ဘိက္ခုနိယော ပဋိပါဋိယာ ဌာနန္တရေ ဌပေန္တော လူခစီဝရဓာရီနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ ( ထေရီဂါထာ၊ ဋ္ဌ၊ ၁၈၂။)

ဤအရှင်မကိသာဂေါတမီထေရီ၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊ ၂၉၀ ၂၉၂), ထေရီဂါထာအဋ္ဌကထာ(၁၈၁ ၁၈၉), ကိသာဂေါတမီထေရီအပဒါန်ပါဠိတော် (ခု၊ ၄၊ ၂၄၄ ၂၄၇), ဓမ္မပဒအဋ္ဌကထာ (၁၊ ၄၄၃ ၄၄၆), မဟာဗုဒ္ဓဝင် (ဆဋ္ဌမတွဲ ဒုပိုင်း၊ ၁၃၀ ၁၄၃)တို့၌ ကြည့်ရှုနိုင်သည်။

## (၁၃) အရှင်မ သိင်္ဂါလကမာတာထေရီအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ သဒ္ဓါဓိမုတ္တာနံ ယဒိဒံ သိင်္ဂါလကမာတာ။ (အံ၊ ၁၊ ၂၆။)

### သိင်္ဂါလကမာတာထေရီအလောင်း ရေးဆုတောင်း

ဤသိင်္ဂါလကမာတာထေရီအလောင်းသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမတ်သမီးဖြစ်၍(ခု၊၄၊၂၈၅) နောက်အဖို့၌, ဘုရားရှင်၏တရားစကားတော်ကို ကြားနာစဉ် ဘုရားရှင်က ဘိက္ခုနီတစ်ပါးကို "သဒ္ဓါဓိမုတ္တ=သဒ္ဓါတရားကြီးမားလွန်ကဲသောအရာ"၌ အမြတ်ဆုံး ဧတဒဂ်ရာထူး၌ထားတော်မူသည်ကို တွေ့မြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုသဒ္ဓါဓိမုတ္တဧတဒဂ်ရာထူးကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

### နောက်ဆုံးဘဝ၊ ရဟန်းမ၊ ပြုထ သိင်္ဂါလကမာတာ

ထိုအမျိုးကောင်းသမီးသည် ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်ခဲ့ပြီးလျှင် ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မူရာကာလဝယ် ရာဇဂြိုဟ်မြို့၌ သူဌေးသမီးဖြစ်၍ အမျိုးဇာတ်တူ သူဌေးသား၏အိမ်သို့ လိုက်ပါ အိမ်ရှင်မဖြစ်ကာ သားတစ်ယောက် ဖွားမြင်ခဲ့လေသည်၊ ထိုသား၏အမည်ကို "သိင်္ဂါလကသတို့သား"ဟု မှည့်ခေါ်ကြလေသည်၊ မိခင်သည်လည်း သားကို အကြောင်းပြုလျက် "သိင်္ဂါလကမာတာ=သိင်္ဂါလက၏မိခင်"ဟူ၍ အမည်တွင်လေသည်။

သိင်္ဂါလကမာတာသည် တနေ့သ၌ ဘုရားရှင်၏တရားစကားကို ကြားနာရ၍ သဒ္ဓါတရား ဖြစ်ပွါးကာ ဘုရားရှင့်အထံတော်သို့ သွားရောက်၍ ရဟန်းမ ပြုလေသည်။ ( ဤကား အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ လာ၏)

သိင်္ဂါလမာတုထေရီအပဒါန်ပါဠိတော်၌ကား...သိင်္ဂါလကမာတာ၏သားဖြစ်သူ သိင်္ဂါလကသတို့သားသည် အယူလွဲမှားသူဖြစ်ကာ အရပ်မျက်နှာတို့ကို ရှိခိုးခြင်းအမှု မပြတ်ပြုလေသည်၊ တနေ့သောအခါ ဘုရားရှင် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွဝင်တော်မူသည်ရှိသော် သိင်္ဂါလကသတို့သား အရပ်မျက်နှာတို့ကို လှည့်လည်ကာ ရှိခိုးနေသည်ကို တွေ့မြင်တော်မူ၍ လမ်းခရီး၌ပင် ရပ်တော်မူလျက် ဘုရားရှင်သည် ထိုသိင်္ဂါလကသတို့သားအား အဆုံးအမတရား ဟောကြားတော်မူလေသည်။

မှတ်ချက်။ ။ပါထိကဝဂ္ဂအဋ္ဌကထာ သိင်္ဂါလသုတ် နိဒါန်းအဖွင့်၌ကား...သိင်္ဂါလကသတို့သား၏မိဘနှစ်ပါးတို့သည် သောတာပန်များ ဖြစ်ကြသော်လည်း သိင်္ဂါလကသတို့သားကား သဒ္ဓါတရားမရှိ, ရတနာသုံးပါး၌မကြည်ညိုချေ၊ မိဘနှစ်ပါးတို့က သူ့ကို ဆုံးမကြသော်လည်း သိင်္ဂါလကသတို့သားသည် ဆင်ခြေအမျိုးမျိုးပေးလျက် ရှိသောကြောင့် သာသနာတော်၌ သက်ဝင်ဆည်းကပ်လာအောင် မစွမ်းနိုင်ကြပေ။

ဖခင်သည် သေရာညောင်စောင်း လည်းလျောင်းနေရသော နောက်ဆုံးချိန်ဝယ် "ချစ်သား...အရပ်မျက်နှာတို့ကို ရှိခိုးလေလော့"ဟု ဥပါယ်တံမျဉ်ဖြင့် မှာကြား၍ ကွယ်လွန်သွားလေသည်။ သိင်္ဂါလကသတို့သားသည် ဖခင်၏သေခါနီးကာလ မှာကြားခဲ့သော စကားကို အစဉ်အောက်မေ့လျက် နံနက်စောစော ထကာ ရာဇဂြိုဟ်မြို့ပြင်သို့ ထွက်၍ အရပ်မျက်နှာတို့ကို ရှိခိုးလေတော့သည်။

<u>သက်ဆုံးတိုင်ရောက် အောက်မေ့အပ်သောစကား။</u> မရဏမဉ္စေ နိပန္နဿ ကထာ နာမ ယာဝဇီဝံ အနုဿရဏီယာ ဟောတိ။ (ဒီ၊ဋ္ဌ၊ ၃၊၁၂၅။)

ဆောင်ပုဒ်။ ။ သေရာညောင်စောင်း၊ လည်းလျောင်းဆိုသူ၊ စကားမှုကား၊ နာယူသက်ဆုံး၊ စိတ်နှလုံးဖြင့်၊ စွဲသုံးမြင့်ကြာ၊ အောက်မေ့ရာ၏ ။

တနေ့သော မိုးသောက်ယံအချိန်ဝယ် ဘုရားရှင်သည် ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်ရှုတော်မူလတ်သော် အရပ်မျက်နှာတို့ကို

ရှိနိုးနေသော သိင်္ဂါလကသတို့သားကို မြင်တော်မူ၍ "ယနေ့ ငါသည် သိင်္ဂါလမည်သောသူကြွယ်သားအား လူ့ဝိနည်းခေါ်သော သိင်္ဂါလသုတ္တန်ကို ဟောရပါလျှင် လူများအပေါင်းအား အကျိုးကျေးဇူးများပေလိမ့်မည်၊ ငါသည် ထိုသိင်္ဂါလမည်သောသူကြွယ်သား ရှိနိုးနေရာသို့ သွားသင့်၏"ဟု ဆင်ခြင်သုံးသပ်တော်မူပြီးလျှင် သိင်္ဂါလမည်သော သူကြွယ်သားရှိရာသို့ ကြွတော်မူကာ ဘုရားရှင်က ထိုသူကြွယ်သားအား "သင့်ဘခင် မှာခဲ့သော ရှိနိုးရမည့်အရပ်မျက်နှာတို့သည် ထိုပကတိသောအရပ်မျက်နှာများ မဟုတ်ချေ၊ အရိယာပုဂ္ဂိုလ်တို့ရှိနိုးအပ်သော အရပ်မျက်နှာတို့ကား အခြားတပါးတို့တည်း"စသည်ဖြင့် သိင်္ဂါလသုတ္တန်ကို ဟောတော်မူလေရာ သိင်္ဂါလကသူကြွယ်သားသည် သရဏဂုံတို့၌တည်၍ လေးဆယ့်လေးကုဋေသော ဥစ္စာကို ဘုရားရှင်၏သာသနာတော်၌ ဖြန့်ကြဲလျက် ကောင်းမှုကုသိုလ်ကို ပြုကာ နတ်ပြည်သို့ လားရလေတော့သည်။ (ဒီ၊ ဋ္ဌ၊ ၃၊၁၂၄ ၁၄၁။)]

ထိုသိင်္ဂါလကသတို့သားကို အကြောင်းပြု၍ ဟောကြားအပ်သော တရားသဘင်၌ ယောက်ျား, မိန်းမပေါင်း နှစ်ကုဋေတို့ သစ္စာလေးပါးသိမြင်၍ ကျွတ်တမ်းဝင်ကြလေသည်၊ သိင်္ဂါလကမာတာသည် သောတာပတ္တိဖိုလ်သို့ ရောက်၍ ရဟန်းမ ပြုလေသည်၊ သိင်္ဂါလကမာတာထေရီသည် ရဟန်းမ-ပြုပြီးသော အချိန်မှစ၍ သဒ္ဓါဓာတ်ကို လွန်လွန်ကဲကဲ ရရှိလေသည်၊ ထိုထေရီမသည် တရားနာရန် ကျောင်းတော်သို့သွားရောက်ကာ ဘုရားရှင်၏ရူပကာယတော်၏အသရေကို ဖူးမြော်လျက်သာ ရပ်တည်နေရာလေသည်၊ ဘုရားရှင်သည် ထေရီမ၏အဖို့ရာ သဒ္ဓါတရား၌ အထူးသက်ဝင်သည်ကို သိတော်မူ၍ ထိုထေရီမနှင့် သင့်လျော်မည့် ကြည်ညိုဖွယ်သော တရားကိုသာလျှင် ဟောကြားတော်မူလေသည်။ သိင်္ဂါလကမာတာထေရီသည်လည်း သဒ္ဓါတရားကိုပင် အဦးပြု၍ ဝိပဿနာတရား ပွားများအားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

## သဒ္ဓါဓိမုတ္တ၊ မြတ်ဆုံးပ၊ ဌာန တေဒဂ်

ဘုရားရှင်သည် နောက်အဖို့ဝယ် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဘိက္ခုနီတို့ကို အစဉ်အတိုင်း တေဒဂ်ရာထူးဌာန္တရ၌ ထားတော်မူလေရာ သိင်္ဂါလကမာတာထေရီကို "ရဟန်းတို့...သဒ္ဓါတရား ကြီးမားထက်သန်ကြသည့် ငါဘုရား၏တပည့်မ ဘိက္ခုနီတို့တွင် သိင်္ဂါလကမာတာဘိက္ခုနီသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "သဒ္ဓါဓိမုတ္တ=သဒ္ဓါတရား ကြီးမားလွန်ကဲသော အရာဝယ် အမြတ်ဆုံး တေဒဂ်ရာထူး"၌ ထားတော်မူလေသည်။

သဒ္ဓါဓိမုတ္တာနန္တိ သဒ္ဓါလက္ခဏေ အဘိနိဝိဋ္ဌာနံ သင်္ဂါလကမာတာ (သိင်္ဂါလကမာတာ သိ) အဂ္ဂါတိ ဒဿေတိ။

သာပိ ထေရီ သဒ္ဓါလက္ခဏမေဝ ဓုရံ ကတွာ အရဟတ္တံ ပါပုဏိ။ အထ နံ သတ္ထာ အပရဘာဂေ ဇေတဝနေ နိသီဒိတွာ ဘိက္ခုနိယော ပဋိပါဋိယာ ဌာနန္တရေ ဌပေန္တော ဣမံ ထေရိံ သဒ္ဓါဓိမုတ္တာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၉၃။)

ဤအရှင်မ သိင်္ဂါလကမာတာ၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊ ၂၉၃), သိင်္ဂါလမာတုထေရီအပဒါန်ပါဠိတော် (ခု၊ ၄၊ ၂၈၅ ၂၈၇), မဟာဗုဒ္ဓဝင် (ဆဋ္ဌမတွဲ ဒုပိုင်း၊ ၁၄၃ ၁၄၆) တို့၌ ကြည့်ရှုနိုင်သည်။

❀ ❀ ❀ ❀ ❀ ❀

## တေဒဂ်ဘွဲ့ရ ဥပါသကာ (၁၀)ဦး

| | |
|---|---|
| ၁။ တပုဿ, ဘလ္လိက ကုန်သည် ညီနောင် | ပဌမဆုံး သရဏဂုံတည်သောအရာ။ |
| ၂။ သုဒတ္တမည်သော အနာထပိဏ်သူဌေး | အလှူအတန်း၌ မွေ့လျော်သောအရာ။ |
| ၃။ မစ္ဆိကာသဏ္ဍမြို့သား စိတ္တသူကြွယ် | တရားဟောကောင်းသောအရာ(ဓမ္မကထိက)။ |
| ၄။ ဟတ္ထကအာဠဝက | သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် ပရိသတ်ကို ချီးမြှောက်သောအရာ။ |
| ၅။ မဟာနာမ်သာကီဝင်မင်း | မွန်မြတ်သောဝတ္ထုကို ပေးလှူသောအရာ။ |
| ၆။ ဝေသာလီပြည်သား ဥဂ္ဂသူကြွယ် | နှစ်သက်ဖွယ်သော ဝတ္ထုကို လှူဒါန်းသောအရာ။ |
| ၇။ ဟတ္ထိရွာသား ဥဂ္ဂတသူကြွယ် | သံဃာတော်အား စိတ်တူမျှစွာထား၍ ပြုစုလုပ်ကျွေးသောအရာ။ |
| ၈။ သူရမ္ဗဋ္ဌ(သုရမ္ဗဋ္ဌ) | သာသနာ၌ သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုသောအရာ။ |
| ၉။ အဘယမင်းသားမွေးစားအပ်သော ဇီဝက | ပုဂ္ဂိုလ်စွဲ ကြည်ညိုသောအရာ။ |

## ၁။ တပုဿ, ဘလ္လိက ကုန်သည်ညီနောင်အကြောင်း သိကောင်းစရာ

ဧတဒဂ္ဂ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ပဌမံ သရဏံ ဂစ္ဆန္တာနံ ယဒိဒံ တပုဿဘလ္လိကာ ဝါဏိဇာ။ (အံ၊ ၁၊ ၂၇။)

## တပုဿ, ဘလ္လိက ကုန်သည်ညီနောင်အလောင်း ရှေးဆုတောင်း

ဤတပုဿ,ဘလ္လိက ကုန်သည်အလောင်းတို့သည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသားများ ဖြစ်ကြ၍ နောက်အဖို့၌ ဘုရားရှင်၏တရားဒေသနာတော်ကို ကြားနာကြစဉ် ဘုရားရှင်က ဥပါသကာနှစ်ယောက်တို့ကို "ရှေးဦးစွာသရဏဂုံတည်သောအရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူသည်"ကို တွေမြင်ရ၍ အဓိကာရကုသိုလ်ကောင်းမှုကို ပြုပြီးလျှင် ထိုဧတဒဂ်ရာထူးကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။ (အံ၊ ဋ၊ ၁၊ ၂၉၃။)

## ဘဝများစွာ ကြားကာလ

ထိုအမျိုးကောင်းသားနှစ်ဦးတို့သည် ထိုဘဝမှ စုတေကြလျှင် နတ်ပြည်, လူပြည်တို့၌ ကျင်လည်ခဲ့ကြရာ ဘလ္လိကအလောင်း အမျိုးကောင်းသားသည် ဤကမ္ဘာမှ သုံးဆယ့်တစ်ကမ္ဘာထက်ဝယ် ဘုရားရှင် မပွင့်ထွန်းသောကာလ၌ သုမနမည်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ကြည်ညိုသောစိတ်ရှိလျက် သစ်သီးကြီးငယ်ကို လှူခဲ့သောကြောင့် သုဂတိဘုံတို့၌သာ ကျင်လည်ခဲ့ရကာ သိခီဘုရားရှင် လက်ထက်တော်ဝယ် အရုဏဝတီမြို့၌ ပုဏ္ဏားသား ဖြစ်လာလေသည်၊ ထိုပုဏ္ဏားသားသည် "ဘုရားဖြစ်တော်မူပြီးစ သိခီဘုရားရှင်အား ဥဇိတ, ဩဇိတ အမည်ရှိကြသည့် လှည်းကုန်သည်ညီနောင်တို့သည် ဆွမ်းဦးကို လှူဒါန်းဆက်ကပ်ကြလေပြီ"ဟူသော သတင်းစကားကို ကြားသိရ၍ မိမိ၏သူငယ်ချင်း(တပုဿအလောင်း)နှင့် အတူတကွ ဘုရားရှင့်ထံတော်မှောက် သွားရောက်ဆည်းကပ် ရှိခိုးကြကာ နက်ဖြန် ကောင်းမှုကုသိုလ်အလို့ငှာ ပင့်ဖိတ်ခဲ့ကြ၍ (နောက်နေ့တွင်) ကြီးစွာသော အလှူကို ပေးလှူကြပြီးလျှင်"ရှင်တော်ဘုရား...တပည့်တော်တို့ သူငယ်ချင်း နှစ်ယောက်လုံးပင် နောင်အနာဂတ်ဝယ် ရှင်တော်ဘုရားတို့ကဲ့သို့သော ဘုရားရှင်အား ဆွမ်းဦးပေးလှူသော ဒါယကာများ ဖြစ်ကြရလိုပါကုန်၏အရှင်ဘုရား"ဟု ဆုတောင်းပတ္ထနာပြုခဲ့ကြလေသည်။

ထိုသူငယ်ချင်းနှစ်ယောက်တို့သည် ထိုထိုဘဝ၌ ကုသိုလ်ကောင်းမှုကို ပြုလုပ်ကြ၍ နတ်ပြည်, လူပြည်တို့၌ ကျင်လည်၍လာခဲ့ကြရာ ကဿပဘုရားရှင်လက်ထက်တော်ဝယ် ဂေါပါလက(ဂေါပါလ၊သီ)သူဌေး၏သား ညီနောင်တို့ဖြစ်ကြ၍ နှစ်ပေါင်းများစွာ ရဟန်းသံဃာကို နွားနို့ဆွမ်းဖြင့် လှူဒါန်းလုပ်ကျွေးခဲ့ကြလေသည်။ (ထေရဂါထာ၊ ဋ၊ ၁၊ ၅၉။)

## နောက်ဆုံးဘဝ၊ ညီနောင်က၊ ဖြစ်ကြ ဥပါသကာ

ထိုညီနောင်နှစ်ယောက်တို့သည် ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင် နှစ်ဆူတို့၏အကြားကာလဝယ် နတ်ပြည်, လူပြည်တို့၌ ကျင်လည်ခဲ့ကြ၍ ကျွန်ုပ်တို့၏ဘုရားအလောင်းတော် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသည်မှ ရှေးမဆွကပင်"အသိတဉ္ဇနမြို့"ဝယ် သူကြွယ်သားများ ဖြစ်လာကြ၍ နောင်တော်ကား "တပုဿ", ညီတော်ကား "ဘလ္လိက" အမည်ရှိကြလေသည်။

တေ ကပ္ပသတသဟဿံ ဒေဝမနုဿေသု သံသရိတွာ အမှာကံ ဗောဓိသတ္တဿ သဗ္ဗညုတဉာဏပတ္တိတော ပုရေတရမေဝ အသိတဉ္ဇနနဂရေ ကုဋုမ္ဗိယဂေဟေ နိဗ္ဗတ္တိံသု။ ဇေဋ္ဌဘာတိကော တပုဿော နာမ အဟောသိ၊ ကနိဋ္ဌော ဘလ္လိကော နာမ။ (အံ၊ ဋ၊ ၁၊ ၂၉၃ ၂၉၄။)

ထိုဂေါပါလကသူဌေး၏သား ညီနောင်တို့သည် ကျွန်ုပ်တို့၏ဘုရားရှင်လက်ထက်တော်ဝယ် "ပေါက္ခရဝတီမြို့"၌ လှည်းကုန်သည်၏သား ညီနောင်တို့ပင် ဖြစ်လာကြ၍ နောင်တော်ကား "တဖုဿ(တပဿ=တပဿု၊သီ)", ညီတော်ကား "ဘလ္လိယ" အမည်ရှိကြလေသည်။

မှတ်ချက်။ ။[ဝိနည်းမဟာဝါပါဠိတော်ဝယ် "တေန ခေါ ပန သမယေန တပုဿဘလ္လိကာ ဝါဏိဇာ ဥက္ကလာ..."ဟု လာရှိသောကြောင့်လည်းကောင်း, ထေရဂါထာအဋ္ဌကထာဝယ်"အမှာကံ ပန ဘဂဝတော ကာလေ ပေါက္ခရဝတီနဂရေ သတ္ထဝါဟဿ ပုတ္တာ ဘာတရော ဟုတွာ"ဟု လာရှိသောကြောင့်လည်းကောင်း "ပေါက္ခရဝတီမြို့သည် ဥက္ကလဇနပုဒ်၌ ပါဝင်သည်"ဟု ဆိုသော် သင့်အံ့ထင်သည်။]

အမှာကံ ပန ဘဂဝတော ကာလေ ပေါက္ခရဝတီနဂရေ သတ္တဝါဟဿ ပုတ္တာ ဘာတရော ဟုတွာ နိဗ္ဗတ္တာ။ တေသု ဇေဋ္ဌော တဖုဿော (တပဿော) နာမ၊ ကနိဋ္ဌော ဘလ္လိယော နာမ။ (ထေရဂါထာ၊ ဋ္ဌ၊ ၁၊ ၅၉။)

ထိုညီနောင်နှစ်ယောက်တို့သည် နောက်တချိန်ဝယ် အိမ်ရာတည်ထောင် နေထိုင်ကြသည်ရှိသော် အခါမပြတ် လှည်းအစီးငါးရာတို့ဖြင့် ကုန်ရောင်းကုန်ဝယ်ပြုကြလျက် လှည့်လည်သွားလာနေကြလေသည်။ ထိုအခါ၌ ကျွန်ုပ်တို့၏ဘုရားအလောင်းတော်သည် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူ၍ သတ္တသတ္တာဟ (၄၉ ရက်)ပတ်လုံး ဗောဓိမဏ္ဍိုင်ဝယ် နေတော်မူပြီးလျှင် အဋ္ဌမသတ္တာဟ အဝင်တွင် ရာဇာယတနခေါ် လင်းလွန်းပင်၏အရင်း၌ ထိုင်နေတော်မူလေသည်။

ထိုကုန်သည်ညီနောင်တို့သည် လှည်းအစီးငါးရာတို့ဖြင့် ထိုအရပ်သို့ ရောက်လာကြလေသည်၊ ထိုကုန်သည်ညီနောင်တို့၏ အခြားမဲ့သောဘဝက မွေးမိခင်သည် ထိုအရပ်၌ နတ်ဖြစ်၍ နေလေသည်၊ ထိုနတ်သည် "ယခုအခါ ဘုရားရှင်တို့၏အဖို့ရာ အစာအာဟာရကို ရခြင်းငှါ သင့်လျော်မည်၊ ဤအချိန်မှနောက်၌ ဘုရားရှင်တို့မှာ အစာအာဟာရမရှိကြပဲ မျှတခြင်းငှါ မတတ်နိုင်ကုန်၊ ငါ၏ ဤသားနှစ်ယောက်တို့သည်လည်း ဤလမ်းခရီးဖြင့် သွားနေကြသည်၊ ထိုသားတို့သည် ယနေ့ ဘုရားရှင်တို့အား ဆွမ်းလှူဒါန်းကြစေမှ သင့်ပေသည်"ဟု ကြံစည်ကာ လှည်းငါးရာတို့၌ က အပ်သော နွားတို့၏အသွားရပ်အောင် နတ်တို့၏တန်ခိုးဖြင့် ပြုလုပ်လေသည်။

ကုန်သည်ညီနောင်တို့သည် "ဤနွားများ အသွားရပ်ခြင်းသည် အဘယ်ကြောင့်ပါနည်း?"ဟု အထူးထူးအပြားပြား အကြောင်းနိမိတ်များကို ကြည့်ရှုရှာဖွေကြလေသည်။ ထိုအခါ မိခင်ဟောင်းနတ်သည် ထိုကုန်သည်ညီနောင်တို့ ပင်ပန်းနွမ်းနယ်သည်၏အဖြစ်ကို သိရှိ၍ ယောကျ်ားတစ်ယောက်၏ကိုယ်၌ ပူးဝင်၍ "သားတို့...သင်တို့သည် အဘယ့်ကြောင့် ပင်ပန်းကြကုန်သနည်း?၊ သင်တို့မှာ အခြားတစ်ပါးသော ဘီလူးပူးဝင်လှည့်ပတ်မှုသော်လည်းကောင်း၊ ဘုတ်ပြိတ္တာပူးဝင်လှည့်ပတ်မှုသော်လည်းကောင်း၊ နတ်နဂါးပူးဝင် လှည့်ပတ်မှုသော်လည်းကောင်း မရှိချေ၊ သင်တို့၏လွန်ခဲ့သောဘဝက မိခင်ဖြစ်သော ငါသည် ဤအရပ်၌ ဘုမ္မစိုးနတ်ဖြစ်၍ နေသည်၊ အားတော်ဆယ်ပါးရှိတော်မူသော ဘုရားရှင်သည် လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေထိုင်တော်မူလေသည်၊ ချစ်သားတို့...သင်တို့သည် ထိုဘုရားရှင်အား ဆွမ်းဦးကို လှူဒါန်းကြလော့"ဟု ပြောကြားလေသည်။

တေသံ အနန္တရေ အတ္တဘာဝေ မာတာ တသ္မိံ ပဒေသေ ဒေဝတာ ဟုတွာ နိဗ္ဗတ္တိ။.....အဟံ ပန ဝေါ အတီတတ္တဘာဝေ (ပစ္ဆိမေ အတ္တဘာဝေ သျာ၊ က) မာတာ ဣမသ္မိံ ဌာနေ ဘုမ္မဒေဝတာ ဟုတွာ နိဗ္ဗတ္တာ။.....(အံ၊ ဋ္ဌ၊ ၁၊ ၂၉၄။)

မှတ်ချက်။ ။ [ယိုးဒယားမူနှင့် အချို့မြန်မာမူတို့အရ..."ဘုမ္မစိုးနတ်သည် ကုန်သည်ညီနောင်တို့၏လွန်ခဲ့သော ငါးဘဝက မိခင်ဖြစ်ခဲ့လေသည်"ဟု သိရသည်။]

ထိုကုန်သည်ညီနောင်တို့သည် မိခင်ဟောင်း ဘုမ္မစိုးနတ်၏စကားကို ကြားသိရလျှင် နှစ်သက်ဝမ်းမြောက်သော စိတ်နှလုံးရှိကြကာ မုန့်ကြွက်ကျစ်နှင့် ပျားမုန့်ဆုပ်တို့ကို ရွှေခွက်ဖြင့် ထည့်ယူ၍ ဘုရားရှင့်အထံတော်သို့ သွားရောက်ကြလျက် "ရှင်တော်ဘုရား... ဤဘောဇဉ်ကို အလှူခံတော်မူပါဘုရား"ဟု လျှောက်ထားကြလေသည်။ ဘုရားရှင်သည် ရှေးဘုရားရှင်တို့၏အလေ့အကျင့်တော်ကို ကြည့်ရှုတော်မူလေသည်၊ ထိုအခါ ဘုရားရှင်အား စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့သည် ကျောက်သပိတ်လေးလုံးတို့ကို ဆက်ကပ်လှူဒါန်းလာကြလေသည်။ ဘုရားရှင်က "ထိုနတ်မင်းကြီးတို့အား အကျိုးကြီးမြတ်ပါစေ"ဟု ရည်ရွယ်ကာ သပိတ်လေးလုံးတို့ကို "သပိတ်တစ်လုံးတည်းသာ ဖြစ်စေသတည်း"ဟု အဓိဋ္ဌာန်တော်မူလေရာ (ကျောက်သပိတ်လေးလုံးတို့သည် အနားရစ်လေးရစ်ရှိသည့် သပိတ်တစ်လုံးတည်းသာ ဖြစ်လေတော့သည်)။

ထိုခဏ၌ ထိုကုန်သည်တို့သည် ဘုရားရှင်၏သပိတ်တော်၌ မုန့်ကြွက်ကျစ်နှင့် ပျားမုန့်ဆုပ်တို့ကို ထည့်လှူကြ၍ ဘုရားရှင် မုန့်ဆွမ်းဘုဉ်းပေးတော်မူပြီးသောအခါ ရေဆက်ကပ်ကြပြီးနောက် ဆွမ်းကိစ္စပြီးဆုံးသောအခါဝယ် ဘုရားရှင်ကို ရှိခိုးကြလျက် သင့်တင့် လျောက်ပတ်အပြစ်ကင်းလွတ်ရာအရပ်၌ ထိုင်နေကြလေသည်။ ထိုအခါ ကုန်သည်ညီနောင်တို့အား ဘုရားရှင်က တရားဟောတော်မူလေသည်၊ ဒေသနာတော်အဆုံး၌ ကုန်သည်ညီနောင် နှစ်ယောက်လုံးတို့သည်ပင် "ဒွေဝါစိကသရဏဂုံ"၌ တည်ကြပြီးလျှင် ဘုရားရှင်ကို ရှိခိုးကြလျက် မိမိတို့မြို့သို့ ပြန်လိုကြသည်ဖြစ်၍ "ရှင်တော်ဘုရား...တပည့်တော်များအား ဆည်းကပ်ပူဇော်ရာစေတီ(ဝတ္ထု)ကို ပေးသနားတော်မူကြပါဘုရား"ဟုလျှောက်ထားကြလေသည်။ ဘုရားရှင်သည် လကျ်ာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်၍ ကုန်သည် ညီနောင်တို့အား ဆံတော်ရှစ်ဆူတို့ကို ပေးသနားတော်မူလေသည်။

ကုန်သည်ညီနောင်တို့သည်လည်း ဆံတော်ဓာတ်တို့ကို ရွှေကြုတ်တို့၌ ထည့်သွင်းကြကာ မိမိတို့၏မြို့သို့ ပင့်ဆောင်ကြပြီးလျှင် အသိတဥ္စနမြို့ တခါး၀၌ သက်တော်ရှင် ဆံတော်ဓာတ်တို့ကို စေတီတော် တည်ထားကိုးကွယ်ကြလေသည်။ ဥပုသ်နေ့များ၌ စေတီတော်မှ ညိုသောရောင်ခြည်တော်တို့သည် ထွက်ကြွကွန့်မြူးလေကုန်၏။ (ဤကား အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ လာ၏၊)

တေ တဿာ ကထံ သုတွာ တဋ္ဌမာနသာ ဟုတွာ မန္ထဉ္စ မဓုပိဏ္ဍိကဉ္စ သုဝဏ္ဏထာလကေန အာဒါယ သတ္ထု သန္တိကံ **ဂန္တွာ** "ဣမံ ဘောဇနံ ပဋိဂ္ဂဏှထ ဘန္တေ"တိ အာဟံသု။ သတ္ထာ အတီတဗုဒ္ဓါနံ အာစိဏ္ဏံ ဩလောကေသိ၊ အထဿ စတ္တာရော မဟာရာ

ဇာနော သေလမယေ ပတ္တေ ဥပနာမေသုံ။ သတ္ထာ"တေသံ မဟာပွလံ ဟောတူ"တိ စတ္တာရောပိ ပတ္တေ"ဧကော ပတ္တော ဟောတူ"တိ အဓိဋ္ဌာသိ။ တသ္မိံခဏေ တေ ဝါဏိဇာ တထာဂတဿ ပတ္တေ မန္ထဉ္စ မဓုပိဏ္ဍိကဉ္စ ပတိဋ္ဌပေတွာ ပရိဘုတ္တကာလေ ဥဒကံ ဒတွာ ဘတ္တကိစ္စပရိယောသာနေ သတ္ထာရံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိံသု။ အထ နေသံ သတ္ထာ ဓမ္မံ ဒေသေသိ၊ ဒေသနာပရိယောသာနေ ဒွေပိ ဇနာ ဒွေဝါစိကေသရဏေ ပတိဋ္ဌာယ သတ္ထာရံ အဘိဝါဒေတွာ အတ္တနော နဂရံ ဂန္တုကာမာ "ဘန္တေ အမှာကံ ပရိစရဏစေတိယံ ဒေထာ"တိ ဝဒိံသု။ သတ္ထာ ဒက္ခိဏေန ဟတ္ထေန သီသံ ပရာမသိတွာ ဒိန္နမ္ပိ ဇနာနံ အဒ္ဓ ကေသဓာတုယော (အဋ္ဌ ကေသာဓာတု မုဋ္ဌိယော၊သီ) အဒါသိ။ တေ ဥဘောပိ ဇနာ ကေသဓာတုယော သုဝဏ္ဏသမုဂ္ဂေသု ဌပေတွာ အတ္တနော နဂရံ နေတွာ အသိတဉ္ဇနနဂရေ ဓိဝကေသဓာတုယော စေတိယံ ပတိဋ္ဌာပေသုံ။ ဥပေါသထဒိဝသေ စေတိယတော နီလရသ္မိယော နိဂ္ဂစ္ဆန္တိ။ (အံ၊ ဋ္ဌ၁၊ ၂၉၄ ၂၉၅။)

မှတ်ဖွယ်။ ။ ဓမ္မစကြာတရားတော်ကို မဟောမီ ရှေးအဖို့၌ ဟောကြားအပ်သော တရားသည် တပုဿ, ဘလ္လိကတို့အား သရဏဂုံပေးခြင်းကဲ့သို့ ဝါသနာဘာဂီ(အထုံဝါသနာအဖို့ရှိရုံ)မျှသာ ဖြစ်၏၊ သေက္ခ, အသေက္ခ(အရိယာပုဂ္ဂိုလ်)အဖို့ရှိသည်လည်း မဖြစ်နိုင်၊ ထိုးထွင်း၍သိခြင်းအဖို့ရှိသည်လည်း မဖြစ်နိုင်ချေ၊ ဤသို့ဖြစ်ရခြင်းသည် ဓမ္မတာသဘောပင်တည်း။

ဓမ္မစက္ကပ္ပဝတ္တနတော ဟိ ပုဗ္ဗဘာဂေ ဘဂဝတာ ဘာသိတံ ပရေသံ (ပဒေသံ၊သီ၊ က) သုဏန္တာနမ္ပိ တပုဿဗလ္လိကာနံ (တပဿုဘလ္လိကာနံ၊သီ) သရဏဒါနံ ဝိယ ဝါသနာဘာဂိယမေဝ ဇာတံ၊ န သေက္ခဘာဂိယံ, န နိဗ္ဗေဓဘာဂိယံ။ ဧသာ ဟိ ဓမ္မတာတိ။ ဥဒါန၊ ဋ္ဌ၊ ၄၉ ၅၀။ သာရတ္ထဒီပနီဋီကာ တတိယအုပ်(၁၄၈)၌ကား ...န အသေက္ခဘာဂိယံ ဝါ နိဗ္ဗေဓဘာဂိယံ ဝါ။ ...ဟု "အသေက္ခ"နှင့် "ဝါ"တို့ပါတာသာ ထူး၏။

ထေရဂါထာအဋ္ဌကထာ ဘလ္လိယတ္ထေရဂါထာအဖွင့်၌ကား..."တဖုဿ, ဘလ္လိယညီနောင်တို့သည် လှည်းငါးရာတို့ကို ဘဏ္ဍာ အပြည့်တင်ကြကာ ကုန်သွယ်ရန်အလို့ငှါ သွားကြစဉ် ဘုရားရှင်သည် ဘုရားဖြစ်ပြီးစ သတ္တသတ္တာဟ(၄၉ ရက်)ပတ်လုံး အရဟတ္တဖိုလ် ချမ်းသာတရားကို ဆင်ခြင်ခြင်းတို့ဖြင့် ကုန်လွန်စေ၍ ရစ်ခုမြောက်သော သတ္တာဟဝယ် လင်းလွန်းပင်ရင်း၌ နေတော်မူသောအခါ လင်းလွန်းပင်၏မနီးမဝေးရှိ ခရီးလမ်းမဖြင့် ကျော်ဖြတ်ကြရလေသည်၊ ထိုအခါ၌ ရွံ့ညွန်ရေမရှိသော ညီညွတ်သည့်မြေအပြင်ဖြစ်စေကာမူ ထို ကုန်သည်တို့၏လှည်းများဘီးမလိမ့်ကြတော့ချေ၊ "ဤသို့ ဖြစ်ရခြင်းသည် အဘယ့်ကြောင့်ပါနည်း?"ဟု ကုန်သည်ညီနောင်တို့ စဉ်းစား နေကြစဉ် ရှေးဘဝက ဆွေမျိုးတော်စပ်ဘူးသော နတ်သည် သစ်ပင်ခွကြားမှ ကိုယ်ထင်ပြလျက် "အချင်းတို့...ဤဘုရားရှင်သည် ဘု ရားဖြစ်ခါစဖြစ်၍ သတ္တသတ္တာဟ(၄၉ ရက်)ပတ်လုံး အစာအာဟာရမရှိပဲ(အစာအာဟာရ သုံးဆောင်တော်မမူပဲ) အရဟတ္တဖိုလ်ချမ်းသာ ကို ခံစားတော်မူကာ ယခုအခါ လင်းလွန်းပင်ရင်း၌ သီတင်းသုံးထိုင်နေတော်မူလေသည်၊ သင်တို့အဖို့ရာ ရှည်စွာသော နေ့ညဉ့်ပတ်လုံး စီပွါးချမ်းသာရန်အလို့ငှာ ထိုဘုရားရှင့်ကို အစာအာဟာရဖြင့် ဆည်းကပ်လုပ်ကျွေးကြလော့"ဟု ပြောကြားလေသည်။

ထိုနတ်၏စကားကို ကြားသိကြရ၍ ကုန်သည်ညီနောင်တို့သည် အလွန်နှစ်သက်ဝမ်းမြောက်ကြကုန်လျက် "ဆွမ်းအစာအာဟာ ရ အသစ်စိမ်နေလျှင် အချိန်ကြာမြင့်ချေမည်"ဟု အောက်မေ့မှတ်ထင်ကြရကား မုန့်ကြွက်ကျစ်နှင့် ပျားမုန့်ဆုပ်တို့ကို ဘုရားရှင်အား ဆက်ကပ်လှူဒါန်းကြပြီးလျှင် ဒွေဝါစိကသရဏဂုံဆောက်တည်ကြကာ (ဘုရားရှင့်ထံတော်မှ) ဆံတော်ဓာတ်တို့ကို ရရှိပြီးနောက် ပြန် သွားကြလေသည်။ တဖုဿ, ဘလ္လိယ(ဘလ္လိက)ကုန်သည်ညီနောင်နှစ်ယောက်တို့သည်(ဘုရားရှင်၏)ပဌမဦးဆုံးသော ဥပါသကာ များ ဖြစ်ကြလေသည်။

မှတ်ဖွယ်။ ။ ဒွေဝါစိကသရဏဂုံ ဟူသည် သံဃာတော် မပေါ်ခင် ဘုရားနှင့်တရား နှစ်ပါးကိုသာ ကိုးကွယ်အားထားရာ အဖြစ် နှစ်ကြိမ်ရွတ်ဆိုဆောက်တည်အပ်သော သရဏဂုံ ဖြစ်သည်။

ဆောက်တည်ပုံ..."မယံ ဘန္တေ ဘဂဝန္တံ ဂစ္ဆာမ ဓမ္မဉ္စ ၊ ဥပါသကေ နော ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတေ သရဏံ ဂတေ ရှင်တော်ဘုရား...တပည့်တော်တို့သည် ဘုရားရှင်ကိုလည်းကောင်း, တရားတော်ကိုလည်းကောင်း (ကိုးကွယ်)ဆည်းကပ်ကြပါကုန်၏၊ ရှင်တော်ဘုရားသည် တပည့်တော်တို့ကို ယနေ့ကိုအစပြု၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်ကြသော ဥပါသကာတို့ဟူ၍ သိမှတ် တော်မူပါဘုရား" ဟူ၍ ဆောက်တည်ရသည်။ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ ဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏, တရားကို ကိုးကွယ်ဆည်းကပ်ပါ၏"ဟု ဆိုသည်နှင့် အတူတူပင်တည်း၊ ရဟန်းသံဃာတော် မရှိသေးသောကြောင့် "သံဃံ သရဏံ ဂစ္ဆာမိ သံဃာတော်ကို ကိုးကွယ်ဆည်းကပ်ပါ၏"ဟူ၍ကား မဆိုနိုင်သေး။

ဒွေဝါစိကေ သရဏေ ပတိဋ္ဌာယာတိ သံဃဿ အနုပ္ပန္နတ္တာ ဗုဒ္ဓဓမ္မဝသေန ဒွေဝါစိကေ သရဏေ ပတိဋ္ဌဟိတွာ။ (အံ၊ဋ္ဌ၊၁၊ ၂၀၀။)

ထိုနောက်ဝယ် ဘုရားရှင်သည် ဗာရာဏသီပြည်သို့ ကြွတော်မူ၍ ဓမ္မစကြာတရားတော်ကို ဟောတော်မူပြီးလျှင် အစဉ်သဖြင့် ရာဇဂြိုဟ်ပြည်၌ နေတော်မူစဉ် တဖုဿ, ဘလ္လိယ (တပဿု, ဘလ္လိယ သီ၊ တပဿု, ဘလ္လိက က)ညီနောင်တို့သည် ရာဇဂြိုဟ်သို့

ရောက်လာကြလျက် ဘုရားရှင်ကို ဆည်းကပ် ရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ် အပြစ်ကင်းရာအရပ်၌ ထိုင်နေကြလေသည်။ ဘုရားရှင်သည် ကုန်သည်ညီနောင်တို့အား တရားဟောတော်မူရာ တဖုဿသည် သောတာပတ္တိဖိုလ်၌ တည်၍ ဥပါသကာသာ ဖြစ်၍ ဘလ္လိယကား ရဟန်းပြု၍ အဘိညာဉ်ခြောက်ပါးနှင့်ပြည့်စုံသောရဟန္တာအရှင်မြတ် ဖြစ်လေသည်။ (ထေရဂါထာ၊ ဋ္ဌ၊ ၁၊ ၅၉ ၆၀။)

ဝိနည်းမဟာဝါ ရာဇာယတနကထာ၌ကား..."တပုဿ,ဘလ္လိကကုန်သည်ညီနောင်တို့သည် ဥက္ကလဇနပုဒ်သားများဖြစ်ကြောင်း" လာရှိ၏။ တေန ခေါ ပန သမယေန တပဿု(တပဿုဟုလည်း)ဘလ္လိကာ ဝါဏိဇာ ဥက္ကလာ တံ ဒေသံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နာ ဟောန္တိ။ အထ ခေါ တပုဿဘလ္လိကာနံ ဝါဏိဇာနံ ဉာတိသာလောဟိတာ ဒေဝတာ တပုဿဘလ္လိကေ ဝါဏိဇေ ဧတဒဝေါစ "အယံ မာရိသာ ဘဂဝါ ရာဇာယတနမူလေ ဝိဟရတိ ပဌမာဘိသမ္ဗုဒ္ဓေါ၊ ဂစ္ဆထ တံ ဘဂဝန္တံ မန္ထေန စ မဓုပိဏ္ဍိကာယ စ ပတိမာနေထ၊ တံ ဝေါ ဘဝိဿတိ ဒီဃရတ္တံ ဟိတာယ သုခါယာ"တိ။ အထ ခေါ တပုဿဘလ္လိကာ ဝါဏိဇာ ...ဘဂဝန္တံ ဧတဒဝေါစုံ"ပဋိဂ္ဂဏှာတု နော ဘန္တေ ဘဂဝါ မန္ထဉ္စ မဓုပိဏ္ဍိကဉ္စ၊ ပ၊ ပဋိဂ္ဂဟေသိ ဘဂဝါ ပစ္စဂ္ဃေ(အသစ်ဖြစ်သော) သေလမယေ ပတ္တေ မန္ထဉ္စ မဓုပိဏ္ဍိကဉ္စ၊ ပဋိဂ္ဂဟေတွာ ပရိဘုဉ္ဇိ။

အထ ခေါ တပုဿဘလ္လိကာ ဝါဏိဇာ ဘဂဝန္တံ (ဩနီတပတ္တပါဏိံ ဝိဒိတွာ ဘဂဝတော ပါဒေသု သိရသာ နိပတိတွာ ဘဂဝန္တံ)ဧတဒဝေါစုံ "ဧတေ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ ဓမ္မဉ္စ၊ ဥပါသကေ နော ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတေ သရဏံ ဂတေ"တိ။ တေ စ လောကေ ပဌမံ ဥပါသကာ အဟေသုံ ဒွေဝါစိကာ။ (ဝိ၊ ၃၊ ၄ ၅။)

ဥက္ကလာတိ ဥက္ကလဇနပဒတော။ (ဝိ၊ ဋ္ဌ၊ ၃၊ ၂၄၁။) ဥက္ကလဇနပုဒ်မှ

**မန္ထေန စ မဓုပိဏ္ဍိကာယ စာတိ အဗဒ္ဓသတ္တုနာ စ သပ္ပိမဓုဖာဏိတာဒီဟိ ယောဇေတွာ ဗဒ္ဓသတ္တုနာ စ။** (ဝိ၊ ဋ္ဌ၊၃၊၂၄၁။)

**မန္ထေန စ မဓုပိဏ္ဍိကာယ စာတိ** မန္ထေန စ မဓုပိဏ္ဍိကာယ စ ဟူသည်ကား၊ အဗဒ္ဓသတ္တုနာ စ မဖွဲ့မဆုပ်အပ်သော မုန့်မှုန့်ဖြင့်လည်းကောင်း၊ သပ္ပိမဓုဖာဏိတာဒီဟိ ထောပတ်, ပျားရည်, တင်လဲအစရှိသည်တို့ဖြင့်၊ ယောဇေတွာ ယှဉ်စပ်၍၊ ဗဒ္ဓသတ္တုနာ စ ဖွဲ့ဆုပ်အပ်သော မုန့်လုံး, မုန့်ခဲဖြင့်လည်းကောင်း။

မှတ်ဖွယ်။ ။ [စပါးမျိုး ၇-ပါးမှဖြစ်သော မုန့်မှုန့်သည် "သတ္တု"မည်၏၊ အမှုန့်မထောင်းမီ ရေးဦးစွာ စပါးတို့ကို ကျက်အောင် လှော်ရသေး၏၊ ထို့ကြောင့် သတ္တု ဟူသည် ကျက်ပြီးသား မုန့်မှုန့်တည်း၊ ထောပတ်, ပျားရည်စသည်တို့ဖြင့် ရောစပ်၍ အလုံးအခဲ မပြုအပ်သော မုန့်မှုန့်ကို "အဗဒ္ဓသတ္တု"ဟု ခေါ်၏၊ ထိုမုန့်မှုန့်ကို စားသောက်လိုသောအခါ သကြားစသည်ရှိလျှင် ထို သကြားစသည်ကို ထည့်ခပ်၍ ရေဖြင့် မွှေရသည်၊ ထိုသို့ မွှေအပ်သောကြောင့် "မန္ထဝိလောလနေ"ဟူသော ဓာတ်ကျမ်းအရ "မန္ထီယတေ ဝိလောလီယတေ"ဟု ဝစနတ္ထပြု၍ "မန္ထ"ဟု ခေါ်သည်၊ ထိုမုန့်မှုန့်ကိုပင် ပျားရည်စသည်တို့ဖြင့် ရောစပ်၍ အလုံးအခဲ ပြုပြီးသောအခါ "ဗဒ္ဓသတ္တု ဖွဲ့ဆုပ်အပ်သောမုန့်"ဟု ခေါ်၏၊ ထို့ကြောင့် မဓုပိဏ္ဍိကာ သည် ဗဒ္ဓသတ္တု၏ပရိယာယ်တည်း၊ "မဓုဟိ+ယောဇိတာ+ပိဏ္ဍိကာ=မဓုပိဏ္ဍိကာ"ဟုပြု။ (မဟာဝါဘာသာဋီကာ၊ မဟာခန္ဓကအဖွင့်၊ ရာဇာယတနကထာ၊ ၃၃။)]

သေလမယေ ပတ္တေတိ မုဂ္ဂဝဏ္ဏသေလမယေ ပတ္တေ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၂၄၂။)ပဲနောက်အဆင်းရှိ ကျောက်အတိပြီးသောသပိတ်များ

ပစ္စဂ္ဃေတိ ပစ္စဂ္ဃသ္မိံ၊ ပါဋေက္ကံ မဟဂ္ဃသ္မိန္တိ အတ္ထော။ အထ ဝါ ပစ္စဂ္ဃေတိ အဘိနဝေ အဗ္ဘုဏှေ၊ တင်္ခဏေ နိဗ္ဗတ္တသ္မိန္တိ အတ္ထော။

ထိုတပုဿ,ဘလ္လက ကုန်သည်ညီနောင်တို့သည် ဤသို့ ဥပါသကာအဖြစ်ကို လျှောက်ကြားပြီးလျှင် ဘုရားရှင်ကို "ရှင်တော်ဘုရား...ယခုအခါ၌ တပည့်တော်တို့သည် ယနေ့မှအစပြု၍ အဘယ်သူအား ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်းကို ပြုအပ်ပါသနည်း?"ဟု လျှောက်ထားကြလေသည်။ ထိုအခါ ဘုရားရှင်သည် ဦးခေါင်းတော်ကို သုံးသပ်တော်မူလိုက်ရာ ဆံတော်များသည် လက်တော်၌ ကပ်ငြိပါလာကုန်၏၊ ထိုဆံတော်များကို ကုန်သည်ညီနောင်တို့အား "ဤဆံတော်များကို သင်တို့ ဆောင်ကြကုန်လော့"ဟု မိန့်တော်မူကာ ပေးတော်မူလေသည်။ ကုန်သည်ညီနောင်တို့သည် ဆံတော်ဓာတ်တို့ကို ရရှိကြလျှင် အမြိုက်ရေစင်ဖြင့် သွန်းလောင်းခံရကုန်ဘိသကဲ့သို့ လွှန်စွာရွှင်လန်းနှစ်သက်ကြကုန်လျက် ဘုရားရှင်ကို ရှိခိုး၍ ဖဲခွါသွားကြလေသည်။

တေ ဧဝံ ဥပါသကဘာဝံ ပဋိဝေဒေတွာ ဘဂဝန္တံ အာဟံသု "ကဿ ဒါနိ ဘန္တေ အမှေဟိ အဇ္ဇ ပဋ္ဌာယ အဘိဝါဒနပစ္စုဋ္ဌာနံ ကာတဗ္ဗ"န္တိ။ အထ ဘဂဝါ သီသံ ပရာမသိ၊ ကေသာ ဟတ္ထေ လဂ္ဂိံသု။ တေ တေသံ အဒါသိ "ဣမေ တုမှေ ပရိဟရထာ"တိ။ တေ ကေသဓာတုယော လဘိတွာ အမတေနေဝ အဘိသိတ္တာ ဟဋ္ဌတုဋ္ဌာ ဘဂဝန္တံ ဝန္ဒိတွာ ပက္ကမိံသု။ (ဝိ၊ ဋ္ဌ၊ ၃၊ ၂၄၂။)

## သရဏဂုံအရာ၊ ရှေးဦးစွာ၊ ရပါ တေဒဂ်

ဘုရားရှင်သည် နောက်အဖို့ဝယ် ဇေတဝန်ကျောင်းတော်၌ နေတော်မူ၍ ဥပါသကာတို့ကို အစဉ်အတိုင်း တေဒဂ်ရာထူးဌာနန္တရတို့၌ ထားတော်မူသည်ရှိသော် ဤတပုဿ, ဘလ္လိကကုန်သည်ညီနောင်တို့ကို ..."ရဟန်းတို့...ကိုးကွယ်ဆည်းကပ်ခြင်း သရဏဂုံသို့

ရောက်ကြကုန်သော ငါဘုရား၏တပည့် ဥပါသကာတို့တွင် တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် အမြတ်ဆုံး ဖြစ်ကြပေ၏''ဟု ချီးကျူးတော်မူကာ''ရှေးဦးစွာ သရဏဂုံခံယူသောအရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး''၌ ထားတော်မူလေသည်။

ပဌမံ သရဏံ ဂစ္ဆန္တာနန္တိ သဗ္ဗပဌမံ သရဏံ ဂစ္ဆန္တာနံ တပုဿော (တပဿော၊သီ) စ ဘလ္လိကော စာတိ ဣမေ ဒွေ ဝါဏိဇာ အဂ္ဂါတိ ဒဿေတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၉၃။)

သတ္ထာ ပန အပရဘာဂေ ဇေတဝနေ နိသီဒိတွာ ဥပါသကေ ပဋိပါဋိယာ ဌာနန္တရေသု ဋ္ဌပေန္တော ဣမေ ဒွေ ဇနေ ပဌမံ သရဏံ ဂစ္ဆန္တာနံ အဂ္ဂဋ္ဌာနေ ဋ္ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၉၅။)

ဤတပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့၏အကြောင်းကို အံဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊ ၂၉၃ ၂၉၅), ထေရဂါထာပါဠိတော်(၂၂၁), ထေရဂါထာအဋ္ဌကထာ(၁၊ ၅၉ ၆၀), ဝိနည်းမဟာဝါပါဠိတော် (ဝိ၊ ၃၊ ရာဇာယတနကထာ၊ ၄ ၅), ပါစိတ္ယာဒိ အဋ္ဌကထာ(ဝိ၊ ဋ္ဌ၊ ၃၊၂၄၂), ဗုဒ္ဓဝံသအဋ္ဌကထာ(ဂေါတမဗုဒ္ဓဝံသဝဏ္ဏနာ၊ ၃၄၂), မဟာဗုဒ္ဓဝင်(ဆဋ္ဌမတွဲ ဒုပိုင်း၊ ၁၄၇ ၁၅၂)တို့၌ ကြည့်ရှုနိုင်သည်။

မော်လမြိုင်မြို့ တောင်ပေါက်ဆရာတော် စီရင်တော်မူအပ်သော ဗုဒ္ဓသာသနိကပဌဝီဝင်ကျမ်းကြီးမှ ထုတ်နုတ်တင်ပြအပ်သော...

## တပဿနှင့် ဘလ္လိကညီနောင်နှစ်ဦးတို့အတွက် မှတ်သားချက်များ

(သံပေါက်) ဗုရားဖြစ်၍၊ ငါးဆယ်စေ့၊ ဆန်းလေ့ငါးသာ ဝါဆိုမှာ။
(ဗုရားဖြစ်ပြီး ရက်ငါးဆယ်မြောက် ဝါဆိုလဆန်းငါးရက်)
ဒွေဘာတုက၊ ဝါဏိဇ၊ ဖူးရထိုခါ ဘဂဝါ။
ဆံတော်ဓာတ်စစ်၊ ရှစ်ဆူဖြစ်၊ ပေးလစ်မှန်စွာ စောသတ္ထာ။
ညီဘလ္လိက၊ နောက်ကာလ၊ ဖြစ်ထမှန်စွာ ရဟန္တာ။
အစ်ကိုတပဿ၊ နောက်ကာလ၊ ဖြစ်ထသောတာ ပန္နသာ။

ဗုရား=ဘုရား ဒွေဘာတိက=ညီနောင်နှစ်ယောက် ဝါဏိဇ=ကုန်သည်
ဘဂဝါ=ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား စောသတ္ထာ=ဘုရားရှင်, မြတ်စွာဘုရား
သောတာပန္န=သောတာပန်

ဘုရားဖြစ်၍ ရက်ငါးဆယ်ပြည့်မြောက်သော ဝါဆိုလဆန်းငါးရက်နေ့၌ တပဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် ဘုရားရှင်ကို ဖူးကြရသည်၊ ထိုအခါ ဘုရားရှင်က ထိုညီနောင်တို့အား ဆံတော်ဓာတ်ရှစ်ဆူကို ပေးသနားတော်မူလေသည်၊ နောက်အခါဝယ် ညီတော်ဘလ္လိကသည် ရဟန္တာဖြစ်ပြီး, နောင်တော် တပဿသည် သောတာပန်ဖြစ်လေသည်။

## တပဿအမည် အဆုံးအဖြတ်

(သံပေါက်) တနောင်ပပု၊ ဖုတခု၊ ယိုမှ ပါဌ်ထွေထွေ။
ပုဖုနောင်ဆက်၊ ဿကြီးဘက်၊ ယိုချက် ပါဌ်နှစ်ထွေ။
ပု၏နောက်က၊ သဓော၊ ယိုထ ပါဌ်ထွေထွေ။
ယင်းငါးချက်တွင်၊ ပဿလျှင်၊ ချောင်းငင်မဲ့နေ အသင့်ပေ။

အဓိပ္ပါယ်ကား တပဿ၊ တပဿု၊ တပုဿ၊ တဖုဿ၊ တပုဿ၊ ဤသို့ငါးထွေယိုရာတွင် ပဌမ "တပဿ" ပါဌ်နေသာ အသင့်ဟုမှတ်လေ ဟူလို။ (ဗုဒ္ဓသာသနိက ပဌဝီဝင်ကျမ်းကြီး၊ ၁၇၅။)

## ဥက္ကလ=ဩဋ္ဌတိုင်း

တိုင်းအမည် ဥက္ကလ=ဩဋ္ဌ ရှေးမြို့တော်အမည် အသိတဥ္စန ယခုမြို့အမည် ခေါက်လီ တည်ရာဌာနကား ဗင်္ဂလားအနောက်တောင်ဘက် ဩရိဿာ (ဥရိဆာ)နယ် ပုရီဒိစတြိတ် စီရင်စု နယ်ပယ်များ၌ တည်ယှိသည်။

## အကျယ်ဝေဘန်ပြဆိုချက်

ဥက္ကလ။ ။ ဤဥက္ကလတိုင်း၌ ရှေးဟောင်း စေတီတော်(၅)ဆူနှင့် သိရိဓမ္မာသောကမင်းကြီး စိုက်ထူခဲ့သော ကမ္ပည်းကျောက် စာတိုင်များ တွေ့ယိုရသည်-ဟု ဟူယင်ဆန်မှတ်တမ်းမှာ ပါယိုသည်၊ ၎င်းစေတီငါးဆူအနက် တစ်ဆူကို ဟိန္ဒူတို့က ၎င်းတို့ဘာသာ ဗုရားကျောင်းပြုလုပ်ကိုးကွယ် ထားကြသည်။

၎င်းပြင် ဥဒယဂိရိနှင့် ခဏ္ဍဂိရိတောင် နှစ်ခုပေါ်၌ ဗုဒ္ဓဘာသာကျောင်းနှင့် ကျောက်စေတီတော်တစ်ဆူလည်း ယိုသေးသည်။

ဥက္ကလ။ ။ ၎င်းတိုင်းကို သခ်တဘာသာဖြင့် အထက်က တဝမ်းပူ အောက်က ကကြီးနှင့် "ဥက္ကလ"ဟု ခေါ်သည်။ ၎င်းအကြောင်း မှတ်ရန်၊

(သံပေါက်) ထက်ဝမ်းပူတ၊ အောက်မှာက၊ မှတ်ကြသခ်တာ မည်သညာ။ (ဥက္ကလ)
ထက်ဝမ်းပူတ၊ ကပြန်ကြ၊ ဖြစ်ထမာဂဓာ ပါဝေါဟာ။ (ဥက္ကလ၊ ပါ, ပါကတ)

သခ်တဘာသာ=သက္ကတဘာသာ သခ်တာ=သက္ကတဘာသာ

မာဂဓာ=ပါဠိဘာသာ ပါဝေါဟာ=ပါဠိဝေါဟာရ, ပါဠိအခေါ်အဝေါ်=ပါဠိအသုံးအနှုန်း

ဩဍ္ဍကား။ ။ ၎င်းတိုင်းဟော ပါဠိနှင့် ပါကတဘာသာ ပရိယာယ်ပုဒ်တည်း၊ သခ်တဘာသာအားဖြင့်ကား ၎င်းကို "ဩဍ္ဍ"ဟုခေါ်သည်၊ ၎င်းအမည်ဖြင့်ပင် ကရစ်မပေါမီ အနှစ်ငါးရာ(၅၀၀)ထက်မနည်း ရှေးကျသော အရိယ ဏ္ဍိယရှေးဟောင်းမြေပုံကြီး၌ **Odra**-ဟု ပါယိုသည်၊ ၎င်းဩဍြ ဟူသော သခ်တပုဒ်မှ ပျက်၍ ယခုအခါ ဥရိဿာ (ဩရိဿာ) ခေါ်ဆိုကြသည် ဟု ဗင်္ဂါလီဘာသာ အဘိဓာန်ကျမ်းများ၌ အဆိုယိုသည်၊ ဂေါဋ္ဌတိုင်းသည်လည်း ၎င်းဥက္ကလတိုင်း အနီးမှာပင် ယိုသည်။

ပါကတဘာသာ=ပြာကရိတ်ဘာသာ (အိန္ဒိယနိုင်ငံ၏ရှေးဟောင်းဘာသာတခု)

ကရစ်မပေါမီ=ခရစ်မပေါ်မီ

ဏ္ဍိယ=အိန္ဒိယ

သခ်တပုဒ်=သက္ကတပုဒ်

(သံပေါက်) ဟိန္ဒူ ဗင်္ဂါ၊ ဥရိဿာ၊ ခေါ်ရာ မှတ်ကုန်ကြ။
ဥရိနောက်ဝယ်၊ သကြီးသွယ်၊ မှတ်ဘွယ် ရှေးလည်းချ။
ဩရိဿာဟု၊ ခေါ်ဝေါ်ပြု၊ သိမ္ဗ သီဟဠ ဗြိတိသျှ။
ဥနှင့်ဩသာ၊ ခြားနားရာ၊ မှတ်ပါ ယင်းဒွယ။

ဟိန္ဒူ=ဟိန္ဒူဘာသာ ဗင်္ဂါ=ဗင်္ဂါလီဘာသာ

သီဟဠ=သီဟိုဠ်ဘာသာ(ရှေးအသုံး), သီရိလင်္ကာ(ယနေ့သုံး) ဗြိတိသျှ=အင်္ဂလိပ်ဘာသာ

ဒွယ=နှစ်ခု, နှစ်မျိုး

ထို့ကြောင့် အချို့ဗမာမြေပုံများမှာကဲ့သို့ အိုရစ္ဆာ ဟု အို နောင် ရကောက်, ၎င်းနောင် စလုံး ဆလိမ်အဆင့်နှင့် အလွဲအပျက် မရေးမဘတ်ကြလေလင့်။

ဥက္ကလနှင့် ဥက္ကလာပ။ ။ ဥက္ကလ အမည်အရာမှ ဗမာဘာသာနှင့် ပါဠိကျမ်းစာများ၌ လမှာရေးချ ၎င်းနောင် ဩဋ္ဌ၏ ပဌမက္ခရာ ပစောက်နှင့်တကွ ဥက္ကလာပ ဟု အများအားဖြင့် ပါဌ်ပျက်လျက် ယိုတတ်ကြသည်၊ သတိယိုကြစေ။

အသိတဥ္စန၊ နာမသမုတ်၊ ဥက္ကလာပ၊ ရဋ္ဌရပ်ခွင်-ဟူသော နာနာဆန္ဒပျို့ကို ထောက်က ၎င်းအမည်သည် အတန်ရှေးကျ သော ပေစာဗမာအက္ခရာ ပါဠိ ကျမ်းစာများ၌ ပျက်လာရင်း အမည်ဟောင်း ဖြစ်ကြောင်း သိနိုင်သည်။

(သံပေါက်) ကဆင့်နောက်လ၊ ရှေးမချ၊ ပလည်းမပါသင့်။
တည်ရာဌာန၊ မည်နာမ၊ လွဲထ အမှန်ပင့်။
ကျမ်းသခ်တ၊ ဥက္ကလ၊ ခေါ်ကြ ရှေးယခင့်။

ကျမ်းသခ်တ, သခ်တကျမ်း=သက္ကတကျမ်း

၎င်းဥက္ကလ အမည်မှန်ဖြစ်ကြောင်းနှင့် ၎င်း၏တည်ရာ အမှန်ကို

ဇဂန္နာထပ္ပါဒ္ဒေသော၊ ဥက္ကလော ပရိကိတ္တိတော။
ဥက္ကလာဒသိတပထော၊ ကလိင်္ဂါဘိမုခေါ ဂမိ။

ဟူသော သံတကျမ်းလာ မာဂဓဘာသာပြန် ဂါထာဒွမျိုးကိုလည်း ထောက်၍ ကောင်းစွာ သိနိုင်သည်၊ ဤ၌ ဇဂန္နာထ ဟူသည် ကလိင်္ဂတိုင်းတည်း။

ဂါထာဒွ=ဂါထာဝက်, နှစ်ပါဒ

ဇဂန္နာထပွါန္တဒေသော၊ ဇဂန္နာထပုရီ ဟု ခေါ်ကြသော ကလိင်္ဂတိုင်း၏အရှေ့မြောက်စွန်း၌ တည်ယှိသော အရပ်ကို။ ဥက္ကလော၊ ဥက္ကလတိုင်း ဟူ၍။ ပရိကိတ္တိတော၊ ခေါ်ဆိုအမျှားပြောကြားအပ်၏။

ဥက္ကလာဒသိတပသော၊ ဥက္ကလမင်းတို့က ကောင်းမွန်စွာ ပြည့်နှံအပ်သော လမ်းခရီးယှိသည်ဖြစ်၍။ ကလိင်္ဂါဘိမုခေါ၊ ကလိင်္ဂတိုင်းသို့ရှေးရှု။ ဂမိ၊ (ရဃု)မင်းသွားပြီ။ဟု ပါဠိမျှားကို အနက်ယောဇနာလေ၊ ၄င်းအဋ္ဌကွှရ ဂါထာဒွနှစ်မျိုး ပါဠိနေပုံကိုထောက် ထားသောအားဖြင့်"ဥက္ကလာ"အမည်သညာသာ ပေါရာဏကအမည်ရင်းအမည်မှန် ဖြစ်၍ "ဥက္ကလာပ"ဟူသော အမည်ကား နောက်ပေါ် အမည်ပျက်ဖြစ်ကြောင်းကိုလည်းကောင်း၊ ၄င်းဥက္ကလ၏တည်ရာ ဌာနကို လည်းကောင်း၊ ဧကန် သိနိုင်ပေကြောင်း **Ukkala** ဟု လန်ဒန်ရိုက် ဇာတ်စာအုပ်အမည်မှန် ပါဠိယှိနေပုံ။

ပါကတဘာသာ အဘိဓာန်မှာလည်း (ဥက္ကလ) ဟူ၍သာ အမည် ပါယှိသည်၊ (မဟာဝဏ္ဏု အဝဒါန)စသော ဗုဒ္ဓသံတကျမ်းလာနည်းအတိုင်း ၄င်းဥက္ကလတိုင်းကို ဥတ္တရာပထ၌ သွတ်သွင်းလျက် အဆိုယှိနေပြန်သည်၊ ဆင်ခြင်ယူ။

(မဟာဝဏ္ဏု အဝဒါန=မဟာဝတ္ထု အပဒါန မဟာဝတ္ထု အပဒါန်)

ဗုဒ္ဓသံတကျမ်း=ဗုဒ္ဓသက္ကတကျမ်း ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သော သက္ကတကျမ်း

ဗမာပြည်၌ ခေါ်ဆိုအပ်သော ဥက္ကလာပမြို့အမည်ကား ထိုဥက္ကလတိုင်းမှ ပြောင်းရွှေ့လာကြသော လူမျိုးမျှားက မိမိတို့နေခဲ့ရင်းဌာန ဥက္ကလ အမည်ကို ယူ၍ မှည့်ခေါ်ထားခြင်း ဖြစ်သည် ဟု မှတ်ရမည်၊ နောက်ဥက္ကလမှ ဥက္ကလာပ ဟု အမည် ချွတ်ယွင်းလာသည်၊ အသိတဥနမြို့လည်း ၄င်းနည်းတူ မူလဌာနမှ အမည်ရင်းကို ယူ၍ မှည့်ခေါ်ထားခြင်းပင် ဖြစ်သည်။

တပဿုနှင့် ဘလ္လိက။ ။ တေန ခေါ ပန သမယေန တပဿုဘလ္လိကာ ဒွေ ဝါဏိဇာ ဥက္ကလာ တံ ပဒေသံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နာ ဟောန္တိ၊ စသည်ဖြင့် ဟောတော်မူအပ်သော မဟာဝါပါဠိတော်အရ ဗမာပြည်အောက်ပိုင်းယှိ တိဂုံစေတီတော် မူလဒါယကာမျှားဖြစ်ကြသော တပဿု ဘလ္လိက ကုန်သည်ညီနောင်နှစ်ဦးတို့၏မူလဇာတိ နေရပ်ဟောင်းတိုင်းကား ဤဥက္ကလတိုင်းပင် ဖြစ်သည်၊ ၄င်းကုန်သည်ညီနောင်တို့သည် ဗုဒ္ဓါရှင် ပွင့်တော် မမူမီ တစ်ရာကျော်လောက်ကပင် ဗမာပြည်အောက်ပိုင်း ရာမညတိုင်းသို့ ကူးသန်းသွားလာ ရောင်းဝယ်လျက် ယှိကြရာ ဗုဒ္ဓါရှင် ပွင့်တော်မူ၍ ရာဇာယတနသတ္တာဟ၌ သီတင်းသုံးစံနေတော်မူစဉ် ၄င်းကုန်သည်ညီနောင်တို့သည် မိမိတို့နေရပ်ဟောင်း ဇာတိဥက္ကလတိုင်းမှ လှည်းဝန်မျှားဖြင့် မဇ္ဈိမဒေသသို့ ကုန်ရောင်းသွားကြရာ ပဏ္ဍုတိုင်း, လာဠတိုင်းတို့ကို ကျော်လွန်၍ ဥရုဝေလာ တောစခန်းသို့ရောက်သောအခါ ရှေးက ဆွေမျိုးတော်ခဲ့ဘူးသော ရုက္ခစိုရ်နတ်က ညွှန်ကြားသဖြင့် ဗုဒ္ဓါရှင်ကို ဖူးမြင်ကြရပြီး ဒွေဝါစိက သံရဏဂုံတည်ဥပါသကာမျှားအဖြစ် ရောက်ကြကာ ဗုဒ္ဓါရှင်၏ဆံတော်ဓာတ်မျှား ချီးမြှောက်ခြင်းကို ခံယူကြရသည်။

ထို့နောက် မိမိတို့ဇာတိ ဥက္ကလတိုင်းသို့ ပြန်ရောက်ကြပြီး ၄င်းမှ ဆံတော်မျှားနှင့်တကွ ပဝတ္တိဌာန ဗမာပြည် ဥက္ကလာပသို့ရောက်ကြ၍ တိဂုံစေတီတော်ကို တည်ကြသည် ဟု မှတ်ယူဘွယ်ယှိသည်။ ဤသို့ယူမှသာ ကျမ်းဂန်လာ စကားနှင့်လည်း ညီညွတ်၍ ယုတ္တိလည်းယှိသည် ဟု ဆိုရမည်၊ ဤကုန်သည်ညီနောင်တို့သည် ဗမာပြည်အောက်ပိုင်းသို့ ဣန္ဒိယမှ ရောက်လာသော မွန်သုံးမျိုးတွင်ပဌမ ရှေးဦးစွာ ရန်ကုန်သို့ ရောက်လာသော မွန်ဒိုင်တို့နှင့် နေရပ်ဇာတိ အတူဖြစ်၍ ၄င်းတို့နှင့်အတူတကွသော်လည်းကောင်း, အတန်နောက်ကျ၍သော်လည်းကောင်း ဗမာပြည်သို့ ရောက်လာကြသည် ဟု ဆိုဘွယ်ယှိသည်။

ကာလအားဖြင့် ၄င်းကုန်သည်ညီနောင်တို့၏အသက်ပမာဏနှင့် ဗုဒ္ဓါရှင် ပွင့်ရာကာလကို နှိုင်းချိန်၍ ဗုဒ္ဓါရှင်မပွင့်မီ အနှစ်တစ်ရာထက် မျှားစွာ မစောလွန်းသော ကာလက ဗမာပြည်သို့ ရောက်လာကြသည် ဟု ဆိုသင့်သည်၊ ဤသို့ ရောက်လာကြပြီး ကုန်သည်တို့ဘာဝ လှေသင်္ဘောမျှားဖြင့် ကူးသန်းသွားလာနေကြမည်မှာ ယုံမှားဘွယ်မယှိ ဖြစ်သည်။

(ဗုဒ္ဓသာသနိက ပဌဝီဝင်ကျမ်းကြီး၊ ၂၄၄ ၂၄၆။)

## ၂။ အနာထပိဏ်သူဌေးအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဒါယကာနံ ယဒိဒံ သုဒတ္တော ဂဟပတိ အနာထပိဏ္ဍိကော။ (အံ၊ ၁၊ ၂၇။)

## အနာထပိဏ်သူဌေးအလောင်း ရှေးဆုတောင်း

အနာထပိဏ်သူဌေးအလောင်းသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသားဖြစ်၍ ဘုရားရှင်၏တရားစကားကို ကြားနာစဉ် ဘုရားရှင်က ဥပါသကာတစ်ဦးကို "အလှူဒါယကာတို့တွင် အမြတ်ဆုံးဧတဒဂ်ရာထူး၌ ထားတော်မူသည်"ကို တွေမြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုဧတဒဂ်ရာထူးကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

## ကျွန်ုပ်တို့ဗုဒ္ဓ၊ လက်ထက်ကျ၊ ကြွယ်ဝ သူဌေးဖြစ်

ထိုအမျိုးကောင်းသားသည် ကမ္ဘာတသိန်းပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်ခဲ့၍ ကျွန်ုပ်တို့၏ဘုရားရှင်ပွင့်တော်မူသောအခါ သာဝတ္ထိပြည်၌ သုမနသူဌေးကြီး၏သား ဖြစ်လလေသည်၊ သူ၏အမည်ကို "သုဒတ္တ"ဟူ၍ မှည့်ခေါ်ကြလေသည်။

## အနာထပိဏ်၊ ဂုဏ်ဝင်းထိန်၊ ပျံ့ကြိမ် မည်တွင်ငြား

သုဒတ္တသူဌေးသားသည် နောက်အဖို့ဝယ် အိမ်ရာတည်ထောင်လတ်သော် အားကိုးရာမဲ့သူတို့အား အစာထမင်းပေးကမ်းခြင်း၌ မွေ့လျော်သူဖြစ်၍ ထိုဂုဏ်ကျေးဇူးကြောင့်ပင် "အနာထပိဏ္ဍိက(အနာထ အားကိုးရာမဲ့သူတို့အား+ပိဏ္ဍိက အစာထမင်းပေးကမ်းသောသူဌေး)=အနာထပိဏ်သူဌေး"ဟူ၍ ထင်ရှားကျော်ကြားလေသည်။

အနာထပိဏ်သူဌေးသည် လှည်းအစီးငါးရာတို့ဖြင့် ကုန်ပစ္စည်းဘဏ္ဍာတို့ကို တင်ဆောင်လျက် မိမိ၏သူငယ်ချင်း ရာဇဂြိုဟ်သူဌေးအိမ်သို့ ရောက်၍ ထိုရာဇဂြိုဟ်ပြည်၌ ဘုရားရှင် ပွင့်တော်မူနေကြောင်း သတင်းကောင်းကြားသိရလျှင် မိုးသောက်အားကြီး လင်းခါနီးချိန်၌ နတ်တို့အာနုဘော်ဖြင့် ဟင်းလင်းပွင့်သော မြို့တံခါးမှ ထွက်ကာ ဘုရားရှင်အထံတော်သို့ ချဉ်းကပ်၍ တရားနာလတ်သော် သောတာပတ္တိဖိုလ်၌တည်၍ ဒုတိယနေ့(နောက်တနေ့)ဝယ် ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူကြီး ပေးလှူပြီးလျှင် သာဝတ္ထိပြည်သို့ ကြွတော်မူပါရန် ဘုရားရှင်၏ဝန်ခံချက်ကို ရယူပြီးနောက် ပြန်ခဲ့ရာ လမ်းခရီးအကြား ၄၅ ယူဇနာခရီး၌ တစ်ယူဇနာ တစ်ယူဇနာလျှင် အသပြာတစ်သိန်း တစ်သိန်းတန်သည့်စံကျောင်းတော် တစ်ဆောင်တစ်ဆောင် ဆောက်လုပ်စေ၍ သာဝတ္ထိပြည်သို့ ပြန်လည်ရောက်သောအခါ ဇေတမင်းသား၏ဥယျာဉ်မြေကို ရွှေဒင်္ဂါးအသပြာအစွန်းချင်းထိအောင် ခင်း၍ တစ်ဆယ့်ရှစ်ကုဋေတို့ဖြင့် ဝယ်ယူလျက် တစ်ဆယ့်ရှစ်ကုဋေတို့ဖြင့်ပင် ကျောင်းတိုက်တည်ဆောက်ပြီးမြောက်သောအခါ ပရိသတ်လေးပါးတို့အား နံနက်ရော နေ့ပါ အလှူရှိရာကို လှူဒါန်းကာ တစ်ဆယ့်ရှစ်ကုဋေ အကုန်အကျခံ၍ ကျောင်းလွှတ်ပူဇော်ပွဲကို ကျင်းပလေသည်၊ ကျောင်းလွှတ်ပူဇော်ပွဲကား ကိုးလတိုင်ကြာမှ ပြီးဆုံးလေသည်၊ အပရေဆရာတို့က "ကျောင်းလွှတ်ပူဇော်ပွဲကား ငါးလကြာမှပြီးဆုံးသည်"ဟု ဆိုကြလေသည်၊ သို့ရာတွင် "သုံးလတာကာလ၌ ပြီးဆုံးသည်"ဟူ၍လည်း ပြောကြလေသည်၊ ထိုစကားကို ဆရာအားလုံးတို့ငြင်းခုံမှုမရှိ, သဘောတူလက်ခံတော်မူကြလေသည်။

မှတ်ချက်။ ["ကဟာပဏ"သဒ္ဒါကို မဟာဗုဒ္ဓဝင် (တတိယတွဲ၊ ၁၅၄)၌ "ရွှေဒင်္ဂါးဒေါ်လာ အသပြာ, စူဠဝါဘာသာဋီကာ (၁၅၀)၌"အသပြာငွေ", ဆီးဘန်နီ ဆရာတော်ကြီး ကထိန်အဖြေ (ဤစွာသယ ဝိနည်းငယ်လေးစောင် နှင့် ကခ်ါခက်ဆ်ာမှတ်ဖွယ်၊ ၁၉၇)၌ "အသပြာငွေ"ဟူ၍ အသီးအသီး မြန်မာပြန်ဆိုတော်မူကြသည်။

၃။ တေန ခေါ ပန သမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ, အစရိယသဖြင့် ဝိနည်းမဟာဝါပါဠိ၊ လာရှိသည်နှင့်အညီ၊ ဂုဏ်ရည်လျှံဘိ၊ သာဝတ္ထိဟု၊ ပြည်ကြီးလက်ျာ၊ သချာမုန်လု၊ တကောသည်၊ ဇေတမင်းသား၏ဥယျာဉ်သာဝယ်၊ အနာထပိဏ်၊ ဂုဏ်သိမ်မွေးပျံ့၊ ရနံ့ထုံကြူ၊ ကြည်ဖြူသဒ္ဓါ၊ ခိုရာနီးဝေး၊ ရှင်သူဌေးသည်၊ ၅၄ ကုဋေ၊ အသပြာငွေကို၊ မချွေမယုက်၊ ရက်ရက်ရောရော၊ မက်မောမတွန့်၊ ပေးစွန့်လွှတ်၍၊ ဆွတ်ဆွတ်ကြည်ဖြူ၊ ဆောက်လှူအပ်သော ဇေတဝန်မဟာဝိဟာရ၌...။

ဇေတဝန် ကောဋိသန္ထာရေန သန္ထရိတွာ အဋ္ဌာရသဟိ ကောဋီဟိ ကိဏိတွာ အဋ္ဌာရသဟိ ကောဋီဟိ ဝိဟာရံ ကာရေတွာ ဝိဟာရေ နိဋ္ဌိတေ စတုန္နံ ပရိသာနံ ပုရေဘတ္တပစ္ဆာဘတ္တေသု ယဒိစ္ဆကံ ဒါနံ ဒဒန္တော အဋ္ဌာရသဟိ ကောဋီဟိ ဝိဟာရမဟံ နိဋ္ဌာပေသိ။ ဝိဟာရမဟော နဝဟိ မာသေဟိ နိဋ္ဌာနံ အဂမာသိ၊ "ပဥ္စဟိ"တိ အပရေ။ တေမာသေ ပန သဗ္ဗာစရိယာနံ ဝိဝါဒေါ နတ္ထိ။ (အံ၊ ဋ္ဌ ၁၊ ၂၉၅ ၂၉၆။)

## အလှူဒါယကာ၊ မြတ်ဆုံးရာ၊ ရပါ ဧတဒဂ်

ဤသို့လျှင် အနာထပိဏ်သူဌေးသည် ငါးဆယ့်လေးကုဋေသော ဥစ္စာကို စွန့်လှူပြီးနောက် နေ့စဉ် ဤသို့သော အလှူမှာ...

လည်း ဖြစ်စေလေသည်....

၁။ နေ့တိုင်း စာရေးတံဆွမ်းငါးရာ (စာရေးတံမဲကျသော ရဟန်းငါးရာတို့အား လှူသောဆွမ်း)ကို လှူဒါန်းလေသည်။

၂။ ပက္ခိကဘတ် ဆွမ်းငါးရာ(လဆန်းပက္ခ၌တစ်ကြိမ်, လဆုတ်ပက္ခ၌တစ်ကြိမ် အထူးဝတ်ထား၍ သံဃာငါးရာတို့အား လှူသောဆွမ်း)ကို လှူဒါန်းလေသည်။

၃။ နေ့တိုင်း စာရေးတံယာဂုဆွမ်းငါးရာ (စာရေးတံမဲကျသော ရဟန်းငါးရာတို့အား လှူသောယာဂုဆွမ်း)ကို လှူဒါန်းလေသည်။

၄။ ပက္ခိကယာဂုဆွမ်းငါးရာ (လဆန်းပက္ခ၌တစ်ကြိမ်, လဆုတ်ပက္ခ၌တစ်ကြိမ် အထူးဝတ်ထား၍ သံဃာငါးရာတို့အား ယာဂုဆွမ်း)ကို ဆက်ကပ်လေသည်။

၅။ ဓုရဘတ်ဆွမ်းငါးရာ ( နေ့စဉ် ပုဂ္ဂလိကရဟန်းငါးရာတို့အား နိစ္စဘတ်ဆွမ်း)ကို ဆက်ကပ်လှူဒါန်းလေသည်။

၆။ အာဂန္တုကဆွမ်းငါးရာ,

၇။ ဂမိက(ခရီးသွားရဟန်းများအတွက်)ဆွမ်းငါးရာ,

၈။ ဂိလာန(လူနာရဟန်းငါးရာအတွက်)ဆွမ်းငါးရာ,

၉။ ဂိလာနုပဋ္ဌာက(လူနာ့အလုပ်အကျွေးရဟန်းငါးရာအတွက်)ဆွမ်းငါးရာတို့ကိုလည်း ဆက်ကပ်လှူဒါန်းလေသည်။

အနာထပိဏ်သူဌေး၏အိမ်၌ ရဟန်းသံဃာများနေထိုင်နိုင်ရန် နေရာငါးရာတို့ကို အမြဲတမ်း ခင်း၍ ထားအပ်လေသည်။

ဘုရားရှင်သည် နောက်အဖို့ဝယ် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဥပါသကာတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူးဌာန္တရ၌ ထားတော်မူရာတွင် ဤအနာထပိဏ်သူဌေးကို "ရဟန်းတို့...လှူဒါန်းပေးကမ်းခြင်း၌ မွေ့လျော်ကြသည့် ငါဘုရား၏တပည့် ဥပါသကာဒါယကာတို့တွင် အနာထပိဏ်အမည်ရှိသော သုဒတ္တသူကြွယ်သည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "ပေးလှူခြင်း၌ မွေ့လျော်တတ်သည့် ဒါယကာအရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ ထားတော်မူလေသည်။

ဒါယကာနံ့ ဒါနာဘိရတာနံ သုဒတ္တော ဂဟပတိ အနာထပိဏ္ဍိကော အဂ္ဂေါတိ ဒဿေတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၉၅။)

အထ နံ အပရဘာဂေ သတ္ထာ ဇေတဝနေ နိသိန္နော ဥပါသကေ ပဋိပါဋိယာ ဌာနန္တရေသု ဌပေန္တော ဒါယကာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၉၆။)

အနာထပိဏ်သူဌေး၏အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကြောင်းတို့ကား အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ဋ္ဌ၊၁၊ ၂၉၅ ၂၉၆)၌ လာရှိသော်လည်း ပစ္စုပ္ပန်အကြောင်းသည် အကျဉ်းမျှသာတည်း၊ အနာထပိဏ်သူဌေးကြီး၏ပစ္စုပ္ပန်အကြောင်းအကျယ်ကား... စူဠဝါပါဠိတော် သေနာသနက္ခန္ဓက အနာထပိဏ္ဍိကဝတ္ထု (ဝိ၊ ၄၊ ၃၀၁ ၃၁၄), စူဠဝဂ်ပါဠိတော် မြန်မာပြန် အနာထပိဏ်ဝတ္ထု(၃၀၆ ၃၁၈), သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ယက္ခသံယုတ် သုဒတ္တသုတ်(သံ၊ ၁၊ ၂၁၃ ၂၁၄)တို့၌ လာရှိသည်။

အနာထပိဏ်သူဌေးကြီးသည် မိုးသောက်ယံအချိန်ဝယ် ရာဇဂြိုဟ်မြို့တော် သင်းချိုင်းတစ်ခု၏အနီး သီတဝနတောရကျောင်း၌ သီတင်းသုံးနေတော်မူသော ဘုရားရှင်အထံတော်သို့အသွား လမ်းခရီးအကြားဝယ် ကြောက်စိတ်ဝင်လာသောအခါ သူဌေးကြီး၏ကိုယ်မှ ထွက်နေသည့်ပီတိကြောင့်ဖြစ်သော အရောင်များ ကွယ်ပျောက်၍ အမိုက်မှောင် ရောက်လာလေသည်၊ ကြောက်ခြင်း ကိုယ်တုန်လှုပ်ခြင်း ကြက်သီးမွေးညှင်းထခြင်းများ ဖြစ်လာရကား ပြန်လည်ဆုတ်နစ်လိုစိတ်များ ဖြစ်လာလေသည်။ ထိုအခါတိုင်း၌ သီဝကနတ်ဘီလူးက ကိုယ်ထင်မပြပဲ သာယာသောအသံဖြင့် အားပေးသီဆိုလေသည်....

"သတံ ဟတ္ထီ သတံ အဿာ၊ သတံ အဿတရီရထာ။
သတံ ကညာသဟဿာနိ၊ အာမုက္ကမဏိကုဏ္ဍလာ။
ဧကဿ ပဒဝီတိဟာရဿ၊ ကလံ နာဂ္ဃတိ သောဠသိံ။
အဘိက္ကမ ဂဟပတိ အဘိက္ကမ ဂဟပတိ၊
အဘိက္ကန္တံ တေ သေယျော နော ပဋိက္ကန္တံ။
(ဝိ၊ ၃၊ ၃၀၃။ သံ၊ ၁၊ ၂၁၃။)

(မဟာသေဋ္ဌိ အနာထပိဏ် ဂုဏ်သိရ်လျှံညီး အိုသူဌေးကြီး..၊) သတံ ဟတ္ထီ သဟဿာနိ မင်းထိုက်စိုးတန် အမျိုးမှန်သည့် အဖိုးတန်ရတနာ သချ်ာတွက်ကိန်း ဆင်တစ်သိန်းတို့သည်၄င်း၊ သတံ အဿာ သဟဿာနိ မင်းထိုက်စိုးတန် အမျိုးမှန်သည့် အဖိုးတန်ရတနာ သချ်ာတွက်ကိန်း မြင်းတစ်သိန်းတို့သည်၄င်း၊ သတံ အဿတရီရထာ သဟဿာနိ မင်းထိုက်စိုးတန် အမျိုးမှန်သည့် အဖိုးတန်ရတနာ သချ်ာတွက်ကိန်း အဿတိုရ်မြင်းကသည့် ရထားတစ်သိန်းတို့သည်၄င်း၊ အာမုက္ကမဏိကုဏ္ဍလာ ပတ္တမြားနားဒောင်းသွယ်ပျောင်းစုံလင် တန်းဆာဆင်အပ်ကုန်ပြီးသော၊ သတံ ကညာ သဟဿာနိ မင်းထိုက်စိုးတန် အမျိုး

မှန်သည့် အဖိုးတန်ရတနာ သန်းချီတွက်ကိန်း သတို့သမီးကညာတစ်သိန်းတို့သည်၄င်း၊ ကောသ ပဒဝီတိဟာရသ "မြတ်စွာဘုရားကို ဖူးမြော်မည်, တရားတော်ကို နာယူမည်, သံဃာတော်တို့ကို ပြုစုလုပ်ကျွေးမည်"ဟု ရွယ်ရည်မှန်းထား ကျောင်းတော်သို့ အရောက်သွားသည့် ယောကျ်ားလူစွမ်း ခြေတစ်လှမ်း၏၊(ဝါ)ခြေတစ်လှမ်း၌ ဖြစ်ပွါးသော စေတနာ၏၊ သောဠသီကလံ တစ်ဆယ့်ခြောက်စိတ် ဆယ့်ခြောက်ပြန်စိတ်၍ တစ်စိတ်လောက်ကမျှ၊(ဝါ) နှစ်ရာ့ငါးဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်လောက်ကမျှ၊ နာဠ္ဌ် အဖိုးမထိုက်တန်ကြကုန်။

ဂဟပတိ အိုအနာထပိဏ်သူဌေးကြီး...၊ အဘိက္ကမ ရှေ့သို့တက်ကာ ဆက်၍သွားပါလော့၊ ဂဟပတိ အိုအနာထပိဏ်သူဌေးကြီး...၊ အဘိက္ကမ ရှေ့သို့တက်ကာ ဆက်၍သွားပါလော့၊ တေ သင်သူဌေးကြီးအဖို့ရာ၊ အဘိက္ကန္တံ ရှေ့သို့တက်ကာ ဆက်၍သွားခြင်းကသာ၊ သေယျော ချီးမွမ်းအပ် မြတ်လှပေ၏၊ ပဋိက္ကန္တံ နောက်သို့ ပြန်လည်ဆုတ်နစ်ခြင်းသည်၊ နော သေယျော မချီးမွမ်းအပ်မမြတ်ပါ။" (မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ ၁၈၈ ၁၈၉။)

ဟူ၍ သိဝကနတ်ဘီလူး၏ပြောဆိုအားပေးမှုကြောင့် အနာထပိဏ်သူဌေးကြီးသည် ဆက်လက်သွားရာ ဘုရားရှင့်အထံတော်သို့ ရောက်ကြောင်းမှတ်သားရလေသည်။

## ဇေတဝန်ကျောင်းတိုက်တော်ကို စာတုဒ္ဒိသသံဃိက ရေစက်ချ၍ လှူဒါန်းခြင်း

အနာထပိဏ်သူဌေးကြီးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်ကို မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်များဖြင့် ကိုယ်တိုင်ကိုယ်ကျ ဆက်ကပ်လှူဒါန်းလုပ်ကျွေးပြီးသော် သင့်လျော်လျောက်ပတ် အပြစ်ကင်းရာအရပ်၌ ထိုင်နေလျက် ဘုရားရှင်ကို "ရှင်တော်ဘုရား...တပည့်တော်သည် ဤဇေတဝန်ကျောင်းတိုက်တော်ကို အဘယ်သို့ စီမံလှူဒါန်းရပါမည်နည်းဘုရား"ဟု လျှောက်ထားလေသည်။

ဘုရားရှင်က အနာထပိဏ်သူဌေးကြီးကို "သို့ဖြစ်လျှင် အနာထပိဏ်သူဌေး...သင်သည် ဤဇေတဝန်ကျောင်းတိုက်သို့ လာပြီး လာဆဲ လာလတ္တံ့သော အရပ်လေးမျက်နှာ၌ ရှိနေသော သံဃာအား တည်ထားပူဇော်လေလော့"ဟု မိန့်တော်မူသောအခါ အနာထပိဏ်သူဌေးကြီးသည် ဘုရားရှင် မိန့်တော်မူသည့်အတိုင်း ဇေတဝန်ကျောင်းတိုက်တော်ကို အာဂတာနာဂတစာတုဒ္ဒိသသံဃိက(စတုဒ္ဒိသာသံဃိက?)ရေစက်ချ၍ လှူဒါန်းလေသည်။

ကေမဟ္ဟံ နိသိန္နော ခေါ အနာထပိဏ္ဍိကော ဂဟပတိ ဘဂဝန္တံ ဧတဒဝေါစ "ကထာဟံ ဘန္တေ ဇေတဝနေ ပဋိပဇ္ဇာမိ"တိ။ "တေန ဟိ တွံ ဂဟပတိ ဇေတဝနံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌပေဟီ"တိ။ "ဧဝံ ဘန္တေ"တိ ခေါ အနာထပိဏ္ဍိကော ဂဟပတိ ဘဂဝတော ပဋိဿုတွာ ဇေတဝနံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေသိ။ (ဝိ၊၄၊၃၁၄။)

## ဇေတဝန်ကျောင်းတိုက်တော် အနုမောဒနာဂါထာတရား

၁။ "သီတံ ဥဏှံ ပဋိဟန္တိ၊ တတော ဝါဠမိဂါနိ စ။
သရီသပေ စ မကသေ၊ သိသိရေ စာပိ ဝုဋ္ဌိယော။

၂။ တတော ဝါတာတပေါ ဃောရော၊ သဉ္ဇာတော ပဋိဟညတိ။
လေဏတ္ထဉ္စ သုခတ္ထဉ္စ ဈာယိတုံ စ ဝိပဿိတုံ။

၃။ ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။
တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။

၄။ ဝိဟာရေ ကာရယေ ရမ္မေ၊ ဝါသယေတ္ထ ဗဟုဿုတေ။
တေသံ အန္နဉ္စ ပါနဉ္စ၊ ဝတ္ထသေနာသနာနိ စ။

၅။ ဒဒေယျ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ။
တေ တဿ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခာပနူဒနံ။
ယံ သော ဓမ္မံ ဣဓညာယ၊ ပရိနိဗ္ဗာတိ အနာသဝေါ။
(ဝိ၊ ၄၊ ၃၁၄။)

(ဝိဟာရော ငါတို့လှူဒါန်း ကျောင်းသခ်မ်းသည်၊) သီတဉ္စ အဖျွတ္တဓာတ်ချောက်ချား ဗဟိဒ္ဓဥတုဖောက်ပြား၍ ဖြစ်ပွါးလာသော အအေးဒဏ်ကိုလည်း၊ ပဋိဟန္တိ ဥပနိဿယည်း ပစ္စည်းပံ့ထောက် ယပ်ဖျောက်နိုင်ပေ၏၊ဥဏှဉ္စ တောမီးလောင်ခြင်းစသည်ကြောင့် ဖြစ်ပေါ်သည့် မီးပူဒဏ်ကိုလည်း၊ ပဋိဟန္တိ ဥပနိဿယည်း ပစ္စည်းပံ့ထောက် ပယ်ဖျောက်နိုင်ပေ၏၊ တတော ထိုမှတပါး၊ ဝါဠမိဂါနိ စ ခြသေ့်သစ်ကျား စသည်ပြားသော သားရဲဘေးရန်တို့ကိုလည်း၊ ပဋိဟန္တိ ဥပနိဿယည်း ပစ္စည်းပံ့ထောက် ပယ်ဖျောက်နိုင်ပေ၏၊ သရီသပေ စ တရွေ့ရွားရွား သွားလာတတ်သော မြွေ,ကင်း,သန်းတို့ကိုလည်း၊ ပဋိဟန္တိ ဥပနိဿယည်း ပစ္စည်းပံ့ထောက် ပယ်ဖျောက်နိုင်ပေ၏၊ မကသေ စ သမာဓိပျက်အောင် နှိပ်စက်ကိုက်ခဲမှက်,ခြင်,ယင်ရဲတို့ကိုလည်း၊ ပဋိဟန္တိ ဥပနိဿည်း ပစ္စည်းပံ့ထောက် မလာရောက်အောင် ပယ်ဖျောက်နိုင်ပေ၏၊ သိသိရေစာပိ သိသိရရတုအခါ (ပြာသိုလပြည့်ကျော်တရက်နေ့မှ တပေါင်းလပြည့်နေ့အထိ နှစ်လ), ခုနစ်ရက်မိုးဇွေသောအခါ စသည်တို့၌ ဖြစ်လာတုံလေ့ အလွန်အေးမြသောအတွေ့တို့ကိုလည်း၊ ပဋိဟန္တိ ဥပနိဿယည်း ပစ္စည်းပံ့ထောက် မလာရောက်အောင် ပယ်ဖျောက်နိုင်ပေ၏၊ ဝုဋ္ဌိယောစာပိ ဟုတ်ဟုတ်ညားညား အခါများ၌ ဖြစ်ပွားဝုန်ဖြိုး ရွာသွန်းသောမိုးတို့ကိုလည်း၊ ပဋိဟန္တိ ဥပနိဿယည်း ပစ္စည်းပံ့ထောက် မလာရောက်အောင် ပယ်ဖျောက်နိုင်ပေ၏။

တတော ထိုမှတပါး၊ (ဝိဟာရေန ငါတို့လှူဒါန်း ကျောင်းသခ်မ်းသည်၊) သဉ္ဇာတော ဥတုအလျောက် ပေါ်ပေါက်ဖြစ်ပွား၍လာသော၊ ဃောရော အဟုန်ပြင်းထန် ကြောက်ရွံ့ဘနန်း ကြမ်းတမ်းစွာသော၊ ဝါတာတပေါ လေပြင်းဒဏ်,နေပြင်းဒဏ် အတန်တန်ကို ပဋိဟညတိ ဥပနိဿယည်း ပစ္စည်းပံ့ထောက် မလာရောက်အောင် ပယ်ဖျောက်အပ်ပေ၏၊ (ဤစကားရပ်တို့ဖြင့် မိမိလှူဒါန်းသည့် ကျောင်းသခ်မ်း၏ရဟန်းတော်တို့အား ကျေးဇူးများပုံကို စဉ်းစားဆင်ခြင်ရန် ဖော်ပြသည်)။ လေဏတ္ထဉ္စ အာရုံထွေပြား စိတ်မသွားပဲ တပါးတည်းကိန်းပျော် မွေ့လျော်ခြင်းငှာငှင်း၊ သုခတ္ထဉ္စ ဘေးကင်းရန်ကွာ ချမ်းသာစွာနေခြင်းငှာငှင်း၊ ဈာယိတုဉ္စ အာရမ္မဏူပနိဇ္ဈာနဈာန်ကို အဖန်ဖန်ဝင်စား ရှုပွားခြင်းငှာငှင်း၊ ဝိပဿိတုဉ္စ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းခြင်းငှာငှင်း၊ (ဤလေးပုဒ်တို့ဖြင့်လည်း ကျောင်းလှူသူဒါယကာတို့ နှလုံးသွင်းရမည့် ကျောင်း၏အာနိသင်ကို ညွှန်ပြသည်)။ သံဃဿ သံဃာတော်အား၊ ဝိဟာရဒါနံ ကျောင်းအလှူဒါနကို၊ အဂ္ဂံ မြတ်၏ဟူ၍၊ ဗုဒ္ဓေန အဆူဆူထွတ်ထား မြတ်ဘုရားသည်၊ ဝဏ္ဏိတံ ချီးမွမ်းတော်မူအပ်၏။

တသ္မာ ဟိ ထိုကြောင့်သာလျှင်၊ အတ္တနော မိမိ၏၊ အတ္ထံ လူနတ်နိဗ္ဗာန် သုံးတန်ဖွင့်ဖြိုး များမြတ်သော အကျိုးကို၊ သမ္ပဿံ=သမ္ပဿန္တော ကောင်းစွာဆင်ခြင် မြော်သိမြင်သော၊ ပဏ္ဍိတော ပေါသော အမျိုးကောင်းသား ပညာရှိမင်းယောကျ်ားသည်၊ ရမ္မေ နေထိုင်ရန်ချမ်းသာ စိတ်မှာမွေ့လျော် ပျော်ဖွယ်ကောင်းကုန်သော၊ ဝိဟာရေ ဗိမာန်သာဆန်း ကျောင်းသင်္ခမ်းတို့ကို၊ ကာရယေ=ကာရေယျ ဆောက်လုပ်စေရာ၏၊ ဧတ္ထ ဤမိမိတို့ ဆောက်လုပ်ပြီးသော ကျောင်းသခ်မ်းတို့၌၊ ဗဟုဿုတေ အကြားအမြင် များဖြင်ကြွယ်ဝ သီလဝန္တခေါ်ဆို ကျောင်းထိုင်ပုဂ္ဂိုလ်တို့ကို၊ ဝါသယေ=ဝါသေယျ စိုးမိုးအုပ်ကာ နေထိုင်စေရာ၏။ (မိမိဆောက်လှူအပ်ပြီးသော ကျောင်း၌ "ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောစွမ်းနိုင်၊ ကျောင်းထိုင်ငါးအင်္ဂါ"ဟူသော ပရိသုပဋ္ဌာက=ကျောင်းထိုင်ဘုန်းကြီး၏အင်္ဂါ ဗဟုသုတငါးဖြာနှင့် ပြည့်စုံသည့်မထေရ်ကို ကျောင်းထိုင်ပုဂ္ဂိုလ် ခန့်အပ်တင်မြှောက်ရမည် ဟု ဆိုလိုသည်)။

ဥဇုဘူတေသု=ဥဇုဘူတာနံ အာသယဓာတ် ဖြောင့်မတ်ဖြူစင်ကုန်သော၊ တေသံ ထိုဗဟုသုတ ပြည့်ဝစုံလင် ကျောင်းနေအရှင်တို့အား၊ အန္နဉ္စ ဆွမ်းကိုငှင်း၊ ပါနဉ္စ အဖျော်ယမကာကိုငှင်း၊ ဝတ္ထသေနာသနာနိ စ အဝတ်သင်္ကန်း အိပ်ရာနေရာတို့ကိုငှင်း၊ ဝိပ္ပသန္နေန စေတသာ ရတနာသုံးပါး၏ဂုဏ်, ကံနှင့်ကံ၏အကျိုးကို ယုံကြည်သောစိတ်ဖြင့်၊ ဒဒေယျ သဒ္ဓါဖွေးဖြူ ပေးလှူရာ၏။ (ဤဂါထာဖြင့် ဒါယကာတို့ဖက်မှ ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ရန် ညွှန်ပြတော်မူသည်)။

တေ ထိုဗဟုသုတ ပြည့်ဝစုံလင် ကျောင်းနေအရှင်တို့သည်၊ တဿ ထိုပစ္စည်းလေးရပ်ဖြင့် ဆည်းကပ်ပြုစုသူ ကျောင်းလှူသော ဒါယကာအား၊ သဗ္ဗဒုက္ခာပနူဒနံ အလုံးစုံသော ဝဋ်ဆင်းရဲကို ပယ်ဖျောက်ကြောင်းဖြစ်သော၊ ဓမ္မံ သူတော်ကောင်းတရားကို၊ ဒေသေန္တိ ကရုဏာနှင့် မေတ္တာတရား ရှေးရှုထား၍ ဟောကြားကြကုန်၏၊(ဤစကားရပ်ဖြင့် ကျောင်နေအရှင်တို့ဖက်မှ ဓမ္မာနုဂ္ဂဟဖြင့် ကျေးဇူးတုံ့ပြန် ချီးမြှောက်ရန်ကို ညွှန်ပြတော်မူသည်)။ သော ထိုသဒ္ဓါကြည်ဖြူ ကျောင်းလှူသော ဒါယကာသည်၊ ဣဓ ဤအံ့ဖွယ်ရစ်ဖြာ ငါဘုရား၏သာသနာ၌၊ ယံ ဓမ္မံ ကျောင်း

နေအရှင်တို့ဟောကြား ယင်းသူတော်ကောင်းတရားကို၊ အညာယ လိုက်နာကျင့်ကြံသောအား ပိုင်းခြားကာသိ၍၊ အနာသဝေါ လေးဖြာအာသဝေါ ကွာလျှောကုန်ခန်း ရဟန္တာဖြစ်၍၊ ပရိနိဗ္ဗာတိ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဒုက္ခဓာတ် သိမ်းရ၏။ (မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ ၂၁၉-၂၂၂။)

ဘုရားရှင်သည် အနာထပိဏ်သူဌေးကြီးကို ဤဝိဟာရာနိသံသ(ကျောင်းအကျိုးအာနိသင်ပြ)ဂါထာတို့ဖြင့် ကျောင်းအနုမောဒနာ တရားဟောကြားတော်မူပြီးလျှင် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူလေသည်။ (ဝိ၊ ၄၊ ၃၁၄။)

## အဂ္ဂမဟာပဏ္ဍိတ စည်ရှင်ဆရာတော် ရေးသားအပ်သော ကျောင်းလှူဒါန်းရကျိုး မှတ်ဖွယ်လင်္ကာ

ဆောက်လုပ်လှူဒါန်း၊ ကျောင်းသင်္ခမ်းသည်၊ ပူချမ်းဖျက်ငြား၊ သားရဲတား၍၊ ဆီးတားကင်းမြွေ၊ ခြင်မှက်တွေတည်း၊ မိုးရေလေပြင်း၊ နေပူပြင်းနှင့်၊ ဆီးနှင်းတားပေ၊ ကျောင်း၌နေသည့်၊ မထေရ်သခင်၊ မြတ်ဘုန်းရှင်တို့၊ ဈာန်ယှာဉ် ဝိပဿနာ၊ ရှုကာကိန်းအောင်း၊ ချမ်းသာကြောင်းတည်း၊ ထိုကျောင်းအလှူ၊ မြတ်၏ဟူ၍၊ ဘုန်းလူမိန့်မှာ၊ သိလိမ္မာသော၊ ဒကာယောကျာ်း၊ မိန်းမများသည်၊ သားနားတင့်ဆန်း၊ ကျောင်းသင်္ခမ်းကို၊ ရှုခန်းထိန်ဝေ၊ ဆောက်လုပ်စေ၍၊ စာပေတတ်မြောက်၊ ကျင့်ခန်းပေါက်သည့်၊ မုန်သောက်မာတင်၊ ထေရ်အရှင်ကို၊ ကျောင်းတင်ကိုးကွယ်၊ စားသောက်ဖွယ်နှင့်၊ ဝတ်ဖွယ် ရုံဖွယ်၊ ခင်းနီးဖွယ်တို့၊ ဘယ်ဝယ် မလပ်၊ အထပ်ထပ်လျှင်၊ ကောင်းမြတ်စေတနာ၊ လှူဒါန်းရာ၏၊ ပိဋကပါဠိ၊ ဆွမ်းတုံ့နည်းဖြင့်၊ ကုန်းကြည်းညာခင်၊ နိဗ္ဗူတင်သည့်၊ ကျောင်းရှင်ဟောမိန့် တရားတည်း။

(သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၀၅။)

## မဟာစည်ဆရာတော်ဘုရားကြီး၏ကျောင်းလှူရကျိုး လင်္ကာများ

၁။ အေးပူစသား, ဘေးရန်များ, ပယ်ရှား ကင်းစေသည်။
၂။ ကိန်းအောင်းနေရန်, ချမ်းသာရန်, အမှန် ဖြစ်ပေသည်။
၃။ ဈာန်ဝင်စားရန်, ရှုမှတ်ရန်, ကေန် သင့်ပေသည်။
၄။ ကျောင်းလှူသူဟာ, မျိုးစုံပါ, လှူရာ ရောက်ပေသည်။
၅။ နေ့ညဉ့်မခြား, ကုသိုလ်များ, ဖြစ်ပွါး လေတော့သည်။
၆။ ကျောင်းအလှူရှင်, တရားမြင်, ခုပင် ငြိမ်းနိုင်သည်။

## မှတ်သားဖွယ်ပါ ဇေတဝန်ကျောင်းနေရာ

(၁) ဝိပဿီဘုရားရှင်လက်ထက်တော်ဝယ် ပုနဗ္ဗသုမိတ္တမည်သော သူဌေးကြီးက ထိုဇေတဝန်ကျောင်းတော်နေရာ၌ပင် ရွှေအုတ်ချပ် အစွန်းချင်းထိစပ်အောင် ခင်း၍ ဝယ်ယူပြီးလျှင် တယူဇနာကျယ်ဝန်းသော သံဃာအာရာမ်(ကျောင်းတိုက်)ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

(၂) သိခီဘုရားရှင်လက်ထက်တော်ဝယ် သိရိဝဍ္ဎအမည်ရှိသောသူဌေးကြီးက ထိုဇေတဝန်ကျောင်းတော်နေရာ၌ပင် (ဇာတက အဋ္ဌကထာအလို) ရွှေထွန်သွားတုံး (စူဠဝဂ္ဂအဋ္ဌကထာအလို) ရွှေတောင်ဝှေး(=ရွှေချောင်း) အစွန်းချင်း ထိစပ်အောင် ခင်း၍ ဝယ်ယူပြီးလျှင်သုံးဂါဝုတ်ကျယ်ဝန်းသော သံဃာအာရာမ်+ကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

(၃) ဝေဿဘူဘုရားရှင်လက်ထက်တော်ဝယ် သောတ္ထိဇအမည်ရှိသော သူဌေးကြီးက ထိုဇေတဝန်ကျောင်းတော်နေရာ၌ပင် (ဇာတကအဋ္ဌကထာအလို) ဆင်ခြေသဏ္ဍာန်သွန်းလုပ်ထားသော ရွှေတုံးကြီးများ (စူဠဝဂ္ဂအဋ္ဌကထာအလို) ရွှေထွန်သွားတုံး အစွန်းချင်း ထိစပ်အောင်ခင်း၍ ဝယ်ယူပြီးလျှင် နှစ်ဂါဝုတ်ကျယ်ဝန်းသော သံဃာအာရာမ်=ကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

(၄) ကကုသန်ဘုရားရှင်လက်ထက်တော်ဝယ် အစ္စုတအမည်ရှိသော သူဌေးကြီးက ထိုဇေတဝန်ကျောင်းတော်မြေနေရာ၌ပင် (ဇာတကအဋ္ဌကထာအလို) ရွှေအုတ်ချပ် (စူဠဝဂ္ဂအဋ္ဌကထာအလို) ဆင်ခြေသဏ္ဍာန်သွန်းလုပ်ထားသော ရွှေတုံးကြီးများ အစွန်းချင်း ထိစပ်အောင်ခင်း၍ ဝယ်ယူပြီးလျှင် တဂါဝုတ်ကျယ်ဝန်းသောသံဃာအာရာမ်=ကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

(၅) ကောဏာဂုံဘုရားရှင်လက်ထက်တော်ဝယ် ဥဂ္ဂအမည်ရှိသော သူဌေးကြီးက ထိုဇေတဝန်ကျောင်းတော်မြေနေရာ၌ပင် (ဇာတကအဋ္ဌကထာအလို)ရွှေလိပ်ရုပ် (စူဠဝဂ္ဂအဋ္ဌကထာအလို) ရွှေအုတ်ချပ် အစွန်းချင်း ထိစပ်အောင် ခင်း၍ ဝယ်ယူပြီးလျှင် ဂါဝုတ်ဝက်ခန့်ကျယ်ဝန်းသော သံဃာအာရာမ်=ကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

(၆) ကဿပဘုရားရှင်လက်ထက်တော်ဝယ် သုမင်္ဂလအမည်ရှိသော သူဌေးကြီးက ထိုဇေတဝန်ကျောင်းတော်နေရာ၌ပင် (ဇာတကအဋ္ဌကထာအလို)ရွှေပိုင်း(=ရွှေတုံး) (စူဠဝဂ္ဂအဋ္ဌကထာအလို)ရွှေလိပ်ရုပ် အစွန်းချင်း ထိစပ်အောင်ခင်း၍ ဝယ်ယူပြီးလျှင် (ဇာတကအဋ္ဌကထာအလို) တစ်ဆယ့်ခြောက်ပယ် (စူဠဝဂ္ဂအဋ္ဌကထာအလို) ဥသဘနှစ်ဆယ် ကျယ်ဝန်းသော သံဃာအာရာမ်=ကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

(၇) ကျွန်ုပ်ကို၏ဂေါတမဘုရားရှင်လက်ထက်တော်ဝယ်ကား သုဒတ္တအမည်ရင်းရှိသော အနာထပိဏ်သူဌေးကြီးက ထိုနေရာ၌ပင် အသပြာများ အစွန်းချင်း ထိစပ်အောင်ခင်း၍ ဝယ်ယူပြီးလျှင် ရှစ်ပယ် အကျယ်အဝန်းရှိသော သံဃာအာရာမ်=ကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

မှတ်ချက်။ ။ မဟာဗုဒ္ဓဝင် တတိယတွဲ ၂၀၂ ၌ကား "...သုဒတ္တအမည်ရင်းရှိသော အနာထပိဏ်သူဌေးကြီးသည် အသပြာ(=ရွှေဒင်္ဂါး ဒေါ်လာပြား)အစွန်းချင်းထိစပ်အောင်ခင်း၍...လှူဒါန်းလေသည်"ဟု ပါရှိရကား "ကဟာပဏ=အသပြာ (ရွှေဒင်္ဂါဒေါ်လာ)"ဟူ၍ အနက်ပြန်ဆိုထားလေသည်။

ဓူဠဝါဘာသာဋီကာ သေနာသနက္ခန္ဓက အဋ္ဌကထာ ဝိဟာရာနုဇာနနကထာအဖွင့် ၂၁၀ ၌ကား "အမှာကံ ငါတို့၏၊ ဘဂဝတော မြတ်စွာဘုရား၏၊ သုဒတ္တော သုဒတ္တမည်သော၊ ဂဟပတိ သူကြွယ်သည်၊ အဋ္ဌကရီသပ္ပမာဏံ ရှစ်ကရီသပမာဏရှိသော၊ ဘူမိံ မြေကို၊ ကဟာပဏသန္ထရေန အသပြာငွေချင်း ထိအောင်ခင်းသဖြင့်၊ ကိဏိတွာ ဝယ်၍၊ ဝိဟာရံ ကျောင်းကို၊ ကာရာပေသိ ပြုစေပြီ၊ ဣတိ ဧဝံ ဤသို့၊ အနုပုဗ္ဗေန အစဉ်အားဖြင့်၊ သမ္မုတ္တိယော ပြည့်စုံခြင်းတို့သည်၊ ပရိဟာယန္တိ ယုတ်လျော့ကုန်၏၊ ဣတိ ထို့ကြောင့်၊ သဗ္ဗသမ္ပတ္တိသု အလုံးစုံသော စည်းစိမ်းဥစ္စာတို့၌၊ ဝိရဇ္ဇိတုံ မတပ်မက်ခြင်းငှါ၊ အလမေဝ သင့်လျော်တော့သည်သာ၊ ဝိမုစ္စိတုံ လွတ်ခြင်းငှါ၊ အလမေဝ သင့်လျော်တော့သည်သာ၊ ဣတိ ဤကားအနုသာသနီတည်း။

ပရိဟာယန္တိ။ ။ ဝိပဿီဘုရားရှင်လက်ထက်တော်၌ တစ်ယူဇနာရှိသော ကျောင်းတော်မြေနေရာကို ရွှေအုတ်ချပ်အပြည့်ခင်း၍ ဝယ်ခဲ့၏၊ ထို့နောက် တဖြည်းဖြည်း လျော့ခဲ့ရာ ငါတို့ဘုရားလက်ထက်တော်၌ ကျောင်းတော်ရာမြေကို ရှစ်ကရီသမျှသာ ကျယ်ပါလျက် ရွှေဖြင့် မဝယ်နိုင်ပဲ ငွေဖြင့်အပြည့်ခင်း၍ ဝယ်ရ၏၊ ထို့ကြောင့် သမ္ပတ္တိများ ဆုတ်ယုတ်လာခဲ့ကြသည် ဟူလို"ဟု ပါရှိရကား "ကဟာပဏ=အသပြာငွေ"ဟူ၍ အနက်မြန်မာပြန်ဆိုလေသည်။

အတီတေ ပန ဝိပဿိဿ ဘဂဝတော ကာလေ ပုနဗ္ဗသုမိတ္တော နာမ သေဋ္ဌိ သုဝဏ္ဏိဋ္ဌကာသန္ထာရေန ကိဏိတွာ တသ္မိံယေဝ ဌာနေ ယောဇနပ္ပမာဏံ သံဃာရာမံ ကာရေသိ။ သိခိဿ ဘဂဝတော ကာလေ သိရိဝဍ္ဎော နာမ သေဋ္ဌိ သုဝဏ္ဏဖာလသန္ထာရေန ကိဏိတွာ တသ္မိံယေဝ ဌာနေ တိဂါဝုတပ္ပမာဏံ သံဃာရာမံ ကာရေသိ။ ဝေဿဘုဿ ဘဂဝတော ကာလေ သောတ္ထိဇော သောတ္ထိယော သီ၊သျာ၊ဣ) နာမသေဋ္ဌိ သုဝဏ္ဏဟတ္ထိပဒသန္ထာရေန ကိဏိတွာ တသ္မိံယေဝ ဌာနေ အဍ္ဎယောဇနပ္ပမာဏံ သံဃာရာမံ ကာရေသိ။ ကကုသန္ဓဿ ဘဂဝတော ကာလေ အစ္စုတော နာမ သေဋ္ဌိ သုဝဏ္ဏိဋ္ဌကာသန္ထာရေန ကိဏိတွာ တသ္မိံယေဝ ဌာနေ ဂါဝုတပ္ပမာဏံ သံဃာရာမံ ကာရေသိ။ ကောဏာဂမနဿ ဘဂဝတော ကာလေ ဥဂ္ဂေါ နာမ သေဋ္ဌိ သုဝဏ္ဏကစ္ဆပသန္ထာရေန ကိဏိတွာ တသ္မိံယေဝ ဌာနေ အဍ္ဎဂါဝုတပ္ပမာဏံ သံဃာရာမံ ကာရေသိ။ ကဿပဿ ဘဂဝတော ကာလေ သုမင်္ဂလော နာမ သေဋ္ဌိ သုဝဏ္ဏကဋ္ဋိသန္ထာရေန (သုဝဏ္ဏိဋ္ဌကသန္ထာရေန သီ၊ဣ။ သုဝဏ္ဏကဋ္ဋ သန္ထာရေန က၊ သုဝဏ္ဏကဋ္ဋိဟိယေဝ ဒီ ဋ္ဌ၊၂၁၇) ကိဏိတွာ တသ္မိံယေဝ ဌာနေ သောဠသကရီသပ္ပမာဏံ သံဃာရာမံ ကာရေသိ။ အမှာကံ ပန ဘဂဝတော ကာလေ အနာထပိဏ္ဍိကော နာမ သေဋ္ဌိ ကဟာပဏကောဋိသန္ထာရေန ကိဏိတွာ တသ္မိံယေဝ ဌာနေ အဋ္ဌကရီသပ္ပမာဏံ သံဃာရာမံ ကာရေသိ။ ဣဒံ ကိရ ဌာနံ သဗ္ဗဗုဒ္ဓါနံ အဝိဇဟိတဋ္ဌာနမေဝ။ (ဇာ၊ ဋ္ဌ၊ ၁၊ ၁၁၀။)

ဝိပဿိဿ ဟိ ဘဂဝတော ပုနဗ္ဗသုမိတ္တော ဂဟပတိ ယောဇနပ္ပမာဏံ ဘူမိံ သုဝဏ္ဏိဋ္ဌကာသန္ထရေန ကိဏိတွာ ဝိဟာရံ ကာရာပေသိ၊ သိခိဿ ပန သိရိဝဍ္ဎော ဂဟပတိ တိဂါဝုတပ္ပမာဏံ သုဝဏ္ဏယဋ္ဌိသန္ထရေန။ ဝေဿဘုဿ သောတ္ထိဇော ဂဟပတိ အဍ္ဎယောဇနပ္ပမာဏံ သုဝဏ္ဏဖာလသန္ထရေန(သုဝဏ္ဏထာလသန္ထရေန)။ ကကုသန္ဓဿ ပန အစ္စုတော ဂဟပတိ ဂါဝုတပ္ပမာဏံ သုဝဏ္ဏဟတ္ထိပဒသန္ထရေန။ ကောဏာဂမနဿ ဥဂ္ဂေါ ဂဟပတိ အဍ္ဎဂါဝုတပ္ပမာဏံ သုဝဏ္ဏိဋ္ဌကာသန္ထရေန။ ကဿပဿ သုမင်္ဂလော ဂဟပတိ ဝီသတိဥသဘပ္ပမာဏံ သုဝဏ္ဏကစ္ဆပသန္ထရေန။ အမှာကံ ဘဂဝတော သုဒတ္တော ဂဟပတိ အဋ္ဌကရီသပ္ပမာဏံ ဘူမိံ ကဟာပဏသန္ထရေန ကိဏိတွာ ဝိဟာရံ ကာရာပေသီတိ။ ဧဝံ အနုပုဗ္ဗေန ပရိဟာယန္တိ သမ္ပတ္တိယောတိ အလမေဝ သဗ္ဗသမ္ပတ္တီသု ဝိရဇ္ဇိတုံ အလံ ဝိမုစ္စိတုန္တိ။ (ဝိ၊ ဋ္ဌ၊ ၄၊ ၆၃။)

သုဝဏ္ဏကဋ္ဋိဟီတိ သုဝဏ္ဏခဏ္ဍေဟိ (သုတ်မဟာဝါ ဋီကာ၊ ၁၅)အရ သုဝဏ္ဏကဋ္ဋိ သဒ္ဒါသည် ရွှေပိုင်း ဟောသည်။

ဤဇေတဝန်ကျောင်းတော်နေရာသည် အားလုံးသောဘုရားရှင်တို့ မစွန့်လွှတ်အပ်သော အဝိဇဟိတဋ္ဌာနတစ်ခု ဖြစ်လေသည်။

အဋ္ဌကရီသပ္ပမာဏ။ ။ "ကရီသံ စတုရမ္မဏံ (အဘိဓာန် ၁၀၇)"နှင့်အညီ ၄ အမ္မဏမျိုးကြီလောက်ရာ အရပ်သည် တစ်ကရီသတည်း၊ "ကောဒသ ဒေါဏာ တု အမ္မဏံ"ဟူသော အဘိဓာန်(၄၈၄)နှင့်အညီ တစ်ဆယ့်တစ်စိတ်သည် တစ်အမ္မဏဖြစ်၏၊ ထို့ကြောင့် ၄ အမ္မဏမျိုးကြီလောက်ရာအရပ် ဟူသည် တစ်ဆယ့်တစ်တင်းမျိုးကြီလောက်ရာအရပ်တည်း၊ ထိုဇေတဝန်ကျောင်းတိုက်ကြီးသည် ထိုကရီသပေါင်းရှစ်ကရီသကျယ်ဝန်း၏၊ ယောဇနာ၌ "အဋ္ဌကရီသပ္ပမာဏာ ဘူမိ ဥသဘေန ဒသ ဥသဘပ္ပမာဏာ ယဋ္ဌိယာ ဒွိသတယဋ္ဌိပ္ပမာဏာ ဟောတိ"ဟုဆို၏၊ ခုနစ်တောင်လျှင် တစ်တာ, တာနှစ်ဆယ်လျှင် တစ်ဥသဘဖြစ်၏၊ ထို့ကြောင့် ဒသဥသဘပ္ပမာဏာ-ကို "တာ ၂၀၀"ဟု ဆိုသည်။ (စူဠဝါဘာသာဋီကာ၊ ၂၀၉။)

## ပယ်ဖွဲ့လင်္ကာ မှတ်ဖွယ်ရာ

လက်မနှစ်ဆယ့်လေး၊ ခေါ်ရေးသံတောင်။ ထိုနှောင်လက်မ၊ နှစ်ဆယ်ကသော်၊ ရှစ်ခုကျော်မူ၊ ခေါ်ကြမှန်အောင်၊ ဆင်တိုင်းတောင်တည့်။ ထိုနှောင်အဆုံး၊ သုံးဆယ်နှစ်လက်မ၊ ရှိပြန်ကမူ၊ ဋ္ဌာနလူ့ဘောင်၊ လယ်ဖွဲ့တောင်တည့်။ ခုနစ်တောင်မှ၊ တတာရ၏။ မှန်လှနည်းသွယ်၊ တာနှစ်ဆယ်ကို၊ တကြိုးဆိုလော့။ ထိုကြိုးလေးခန်း၊ စတုရန်းမူ၊ တာဝန်းရှစ်ဆယ်၊ လယ်တပယ်တည့်။ (မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊၂၀၀ ၂၀၁။)

အထူးသတိပြုဖွယ်ကား...အနာထပိဏ်သူဌေးကြီးသည် သေရာညောင်စောင်း၌ လည်းလျောင်းနေရသောအခါ အရှင်သာရိပုတ္တမထေရ်မြတ်ကို ပင့်ဖိတ်၍ တရားနာယူရာတွင် မထေရ်မြတ်က သူဌေးကြီးအား "ဒွါရဖြ ပါး, အာရုံဖြ ပါ, ဝိညာဏ်ဖြ ပါး, ဖဿဖြ ပါး, ဝေဒနာဖြ ပါး အစရှိသော တရားတို့၌ တဏှာစွဲ, မာနစွဲ, ဒိဋ္ဌိစွဲတို့ဖြင့် ငါ့ဥစ္စာ, ငါ, ငါ့လိပ်ပြာ ဟု စွဲယူနေသောသူသည် မိမိသန္တာန်ဝယ် ဖြစ်ပေါ်လာသည့် သေမှအဆုံးသတ်မည်ရောဂါဝေဒနာကို တားမြစ်ခြင်းငှါ မစွမ်းနိုင်ချေ၊ ထို့ကြောင့် သင်သည် ဤသို့ ကျင့်ရမည်"ငါသည် မျက်စိသမုတ် အကြည်ရုပ်ကို အစွဲသုံးပါးတို့ဖြင့် မစွဲယူမိအောင်, ငါ၏စိတ်သည်လည်း မျက်စိသမုတ် အကြည်ရုပ်၌ (သိမ်မွေ့သော နိကန္တိတဏှာဖြင့်) မှီတွယ်သည် မဖြစ်အောင်"ဟု ဤကဲ့သို့ ရည်ရွယ်ချက်ဖြင့် သိက္ခာသုံးပါး ကျင့်တရားကို ပွားများကြိုးကုတ် အားထုတ်ရမည်..."စသည်ဖြင့် အနာထပိဏ္ဍိကောဝါဒသုတ်(မ၊ ၃၊ ၃၀၁ ၃၀၇)ကို ဟောတော်မူ၍ ဇေတဝန်ကျောင်းတော်သို့ ပြန်လည်ဖဲကြွတော်မူလေသည်။ မထရ်မြတ် ဖဲကြွ၍ မကြာမြင့်မီပင် အနာထပိဏ်သူဌေးကြီးသည် ကွယ်လွန်၍ တုသိတာနတ်ပြည်သို့ လားရောက်ရလေသည်။

## ၃။ စိတ္တသူကြွယ်အကြောင်း သိကောင်းစရာ

တေဒဂ္ဂံ မမ သာဝကာနံ ဥပါသကာနံ ဓမ္မကထိကာနံ ယဒိဒံ စိတ္တော ဂဟပတိ မစ္ဆိကာသဏ္ဍိကော။ (အံ၊ ၁၊ ၂၇။)

## စိတ္တသူကြွယ်အလောင်း ရှေးဆုတောင်း

ဤစိတ္တသူကြွယ်အလောင်းသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသားဖြစ်၍ နောက်အဖို့မှာ ဘုရားရှင်၏တရားစကားကို ကြားနာရစဉ် ဘုရားရှင်က ဥပါသကာတစ်ယောက်ကို "ဓမ္မကထိက(တရားဟောကောင်းသော)အရာ"ဝယ်တေဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အဓိကာရကောင်းမှုကို ပြုပြီးလျှင် ထိုဓမ္မကထိကတေဒဂ်ရာထူးကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

## မုဆိုးသားဘဝ ဖြစ်ခဲ့ရ

ထိုအမျိုးကောင်းသားသည် ကမ္ဘာတသိန်းပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ခဲ့ပြီးလျှင် ကဿပဘုရားရှင်လက်ထက်တော်ဝယ် သားသတ်မုဆိုးအိမ်၌ ဖြစ်၍ နောက်အဖို့မှာ တော၌ မုဆိုးအမှု ပြုနိုင်စွမ်းသောကာလ၌ တနေ့သောအခါ မိုးရွာနေစဉ် သားသတ်အလုပ် ပြုလုပ်ရန် လှံကို စွဲကိုင်လျက် တောသို့ သွားရောက်ကာ သားကောင်များကို ကြည့်ရှုရှာဖွေလေရာ မပြုမပြင်အပ်သော တောင်ခေါင်းတစ်ခု၌ ပံသုကူသင်္ကန်းကို ခေါင်းမြီးခြုံ၍ ကျောက်ဖျာပေါ်၌ ထိုင်နေသော ရဟန်းတစ်ပါးကို မြင်ရလေလျှင် "အရှင်မြတ်တစ်ပါး ရဟန်းတရား အားထုတ်၍ ထိုင်နေတာ ဖြစ်လိမ့်မည်"ဟု အမှတ်သညာဖြစ်စေကာ လျင်မြန်စွာ အိမ်သို့ ပြန်ခဲ့၍ ခုံလောက်(မီးဖို)တစ်ခု၌ ယမန်နေ့က ဆောင်ယူခဲ့သော အသားကို, အခြားခုံလောက်(မီးဖို)တစ်ခု၌ ဆွမ်းကို ချက်စေလေသည်။

ထိုသို့ ဆွမ်းနှင့် ဆွမ်းဟင်းတို့ကို တပြိုင်နက် ချက်စေပြီးလျှင် ဆွမ်းခံကြွရောက်လာကြသော ရဟန်းနှစ်ပါးတို့ကို မြင်ရ၍ ထိုရဟန်းတို့၏သပိတ်ကို ယူလျက် ခင်းအပ်ပြီးသောနေရာ၌ ထိုင်စေကာ ဆွမ်းကို ကောင်းစွာ ယူစေပြီးလျှင် "အရှင်မြတ်တို့ကို ဆွမ်းလုပ်ကျွေးပြုစုရစ်ကြလော့"ဟု စေခိုင်းမှာထား၍ ထိုချက်ပြီးသောဆွမ်းနှင့် ဆွမ်းဟင်းကို အိုးတစ်လုံး၌ ထည့်၍ ငှက်ပျောဖက်ဖြင့် အိုး

မျက်နှာ၀ကို ဖွဲချည်လျက် ထိုအိုးကို ယူ၍ သွားလတ်သော် လမ်းခရီးအကြား၌ အထူးထူးသောပန်းတို့ကို ဆွတ်ခူးခဲ့၍ ဖက်ရွက်ဖြင့် ထုပ်ယူကာ မထေရ်ထိုင်နေရာသို့ရောက်လျှင် ဆွမ်းကိုချ၍ သင့်လျော်သောအရပ်၌ ထားပြီးလျှင် "အရှင်ဘုရား...တပည့်တော်အား ချီးမြှောက်မှုကို ပြုတော်မူပါဘုရား"ဟု လျှောက်ထား၍ မထေရ်၏သပိတ်ကို ယူလျက် ဆွမ်း, ဆွမ်းဟင်းအပြည့်အစုံ ထည့်ပြီးနောက် မထေရ်၏လက်၌ သပိတ်ကို ဆက်ကပ်ပြီးလျှင် မိမိဆောင်ယူခဲ့သော ပန်းမျိုးစုံတို့ဖြင့် မထေရ်မြတ်ကို ပူဇော်ပြီးနောက် သင့်တော်လျောက်ပတ် အပြစ်လွတ်ရာအရပ်၌ ရပ်လျက်"အရှင်ဘုရား...အရသာရှိသော ဆွမ်းနှင့်တကွသော ဤပန်းပူဇော်ရမှုသည် တပည့်တော်၏စိတ်ကို အထူးနှစ်သက်စေသကဲ့သို့ ဤအတူ ဖြစ်လေရာရာဘ၀ ဘုံဌာန၌ တပည့်တော်၏အတွက်တာ လက်ဆောင်ပဏ္ဏာ ထောင်ပေါင်းများစွာတို့သည်လည်း လာရောက်ကြပါစေသတည်း၊ အဆင်းငါးမျိုးရှိသည့် ပန်းမိုးသည်းလည်း ရွာသွန်းပါစေသတည်း"ဟု ဆုတောင်းစကား လျှောက်ထားလေသည်။

မထေရ်မြတ်သည်လည်း ထိုမုဆိုးသား၏မဂ်ဖိုလ်ရကြောင်း ကောင်းမှုဥပနိဿယကို မြင်တော်မူ၍ သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို အကျယ်ဟောကြားတော်မူလေသည်။

[ဥပနိဿယဟူသည် ဝဋ်ကင်းရာနိဗ္ဗာန်ကို ရည်မြော်၍ ဆည်းပူးပွားများအပ်သော မဂ်ဖိုလ်ကို ထိုးထွင်း၍သိသောအဖို့ရှိသည့် နိဗ္ဗေဓဘာဂိယကုသိုလ်ပင်တည်း။

ဝိဝဋ္ဋံ ဥဒ္ဒိဿ ဥပစိတံ နိဗ္ဗေဓဘာဂိယကုသလံ ဥပနိဿယော။ (အံ၊ ဋီ၊ ၁၊ ၂၀၁။)]

ထိုမုဆိုးသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ (စုတေလေသော်)နတ်ပြည်၌ ဖြစ်လေသည်၊ ထိုနတ်သားဖြစ်ရာဌာန၌ ပုဆစ်ဒူးနစ်လုမျှ နတ်ပန်းမိုး ရွာသွန်းဖြိုးလေသည်၊ နတ်သားကိုယ်တိုင်ကလည်း အခြားသောနတ်တို့ထက် သာလွန်သောအဆင်းနှင့် ပြည့်စုံသူ ဖြစ်လေသည်။

## နောက်ဆုံးဘ၀၊ သူဌေးပ၊ ဖြစ်ရ ဥပါသကာ

ထိုအမျိုးကောင်းသားသည် ဘုရားနှစ်ဆူတို့၏အကြားကာလ၀ယ် နတ်ပြည်, လူပြည်တို့၌ ကျင်လည်ခဲ့ပြီးလျှင် ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မူလတ်သော် မဂဓတိုင်း မစ္ဆိကာသဏ္ဍမြို့၌ သူဌေးသားဖြစ်၍ လာလေသည်၊ ထိုသူဌေးသား မွေးဖွားသောအခါ၌ပင် တစ်မြို့လုံး၌ ပုဆစ်ဒူးနစ်လုမျှ အဆင်းငါးမျိုးရှိသည့်ပန်းမိုး ရွာသွန်းလေသည်၊ ထိုအခါ သူဌေးသား၏မိဘတို့သည် "ငါတို့သားကား မိမိကပင် မိမိအမည်ကို ယူ၍လာသူဖြစ်သည်၊ ငါတို့သား မွေးဖွားသောနေ့၌ပင် တစ်မြို့လုံးသည် အဆင်းငါးမျိုးရှိသော ပန်းတို့ဖြင့် အံ့မခန်း အဆန်းတကြယ် ဖြစ်ရလေ၏"ဟု မင်္ဂလာနိမိတ်ယူကြကာ ထိုသား၏အမည်ကို "စိတ္တကုမာရ=စိတ္တသတို့သား"ဟု မှည့်ခေါ်ကြလေသည်။

ထိုစိတ္တသူဌေးသားသည် နောက်အဖို့၀ယ် အိမ်ရာတည်ထောင်လျက် ဖခင်သူဌေးကြီး ကွယ်လွန်သဖြင့် ထိုမစ္ဆိကာသဏ္ဍမြို့၌ သူဌေးရာထူးသို့ ဆိုက်ရောက်လေသည်၊ ထိုအခါ၀ယ် ပဉ္စဝဂ္ဂီ မထေရ်ငါးဦးတို့တွင် တစ်ပါးအပါအဝင်ဖြစ်သော မဟာနာမမထေရ်သည် မစ္ဆိကာသဏ္ဍမြို့သို့ ကြွရောက်တော်မူလာလေသည်၊ စိတ္တသူကြွယ်သည် မဟာနာမ်မထေရ်၏ငြိမ်သက်သော ဣရိယာပုထ်များ၌ ကြည်ညို၍ သပိတ်ကို ယူငင်လျက် မိမိအိမ်သို့ ပင့်ဆောင်ကာ ခွမ်းဆက်ကပ်လှူဒါန်း၍ ဆွမ်းဘုဉ်းပေးပြီးသော မထေရ်မြတ်ကို မိမိ၏အမ္ဗာဋကာရာမ(ဝွေးပင်တော)ဥယျာဉ်သို့ ပင့်ဆောင်ပြီးလျှင် ထိုဥယျာဉ်တွင်း၌ မထေရ်မြတ်နေထိုင်ရန် ကျောင်းကို ဆောက်လုပ်စေပြီးနောက် မထေရ်မြတ်၏အထံမှ အမြဲမပြတ် မိမိအိမ်၌ဆွမ်းခံ၍ အမ္ဗာဋကာရာမဥယျာဉ်ကျောင်း၌ သီတင်းသုံးနေတော်မူပါရန် ပဋိညာဉ်ဝန်ခံချက်ကို တောင်းယူလေသည်။

မထေရ်မြတ်သည်လည်း စိတ္တသူကြွယ်၏မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုကို သိမြင်တော်မူ၍ စိတ္တသူကြွယ်အား တရားဟောတော်မူလျှင် အာယတနခြောက်ပါးတို့ကို အကျယ်ဝေဘန်စိတ်ဖြာခြင်းနှင့် စပ်သောတရားကိုသာလျှင် ဟောတော်မူလေ့ရှိသည်။ စိတ္တသူကြွယ်သည် ရှေးရှေးဘ၀များက ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို လက္ခဏာဉာဏ်ဖြင့် ကြိတ်ချေခဲ့ဘူးသူ (ဝိပဿနာရှုခဲ့ဘူးသူ)ဖြစ်သောကြောင့် မကြာမြင့်မီပင် အနာဂါမိဖိုလ်သို့ ဆိုက်ရောက်လေသည်။

မှတ်ချက်။ ။ [ဤ၌ မည်သည့်မထေရ်ထံမှ မည်သည့်ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်၍ အာနာဂါမိဖိုလ်သို့ဆိုက်ရောက်သည် ဟု တိုက်ရိုက်မဆိုသော်လည်း ဤစိတ္တသူကြွယ်၏ရှေ့နောက်အဋ္ဌုပ္ပတ် အကြောင်းအရာတို့ကို ထောက်ရှုလျှင် မဟာနာမမထေရ်ထံမှ အာယတနခြောက်ပါးတရားကို ကြားနာရသောကြောင့် အာယတနကမ္မဋ္ဌာန်း စီးဖြန်းပွါးများ၍ မဂ်ဖိုလ်ရသည် ဟု ဆိုသင့်သည်။ (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ဒုပိုင်း၊ ၁၇၅ ၁၇၆)]

ထိုအခါ တနေ့သ၌ ဣသိဒတ္တမထေရ်သည် ထိုကျောင်းတိုက်သို့ ကြွရောက် သီတင်းသုံးနေထိုင်စဉ် စိတ္တသူကြွယ်၏အိမ်၌

ဆွမ်းကိစ္စပြီးဆုံးသောအခါ သူကြွယ်၏ဓာတ်တို့၏ထူးခြားမှုနှင့်ပတ်သက်သော မေးခွန်းပြဿနာကို ဖြေကြားရန် မဝံ့မရဲဖြစ်နေသော အရှင်ထေရမထေရ်ကြီး၏တိုက်တွန်းချက်အရ ဣသိဒတ္တမထေရ်က စိတ္တသူကြွယ်၏မေးခွန်းပြဿနာကို ဖြေဆိုလေသည်။ ထို့နောက် ဣသိဒတ္တမထေရ်သည် သူကြွယ်က မိမိကို ရှေးလူဖြစ်စဉ်အခါ သူငယ်ချင်းအဖြစ်ကို သိသွားလျှင် "ငါသည် ယခုအခါ ဤအရပ်၌ မနေသင့်"ဟု အောက်မေ့ဆင်ခြင်လျက် ချမ်းသာသည်အားလျော်စွာ ဖဲကြွတော်မူလေသည်။

တဖန် တနေ့သ၌ စိတ္တသူကြွယ်သည် မဟာနာမမထေရ်ကို တန်ခိုးပြာဋိဟာပြရန်(တန်ခိုးပြရန်)လျှောက်ထားတောင်းပန်လေရာ မထေရ်သည်လည်း ထိုသူကြွယ်အား တေဇောသမာပတ်နှင့်စပ်သော တန်ခိုးကို ပြပြီးလျှင် "ငါကား ယခုအခါ ဤနေရာ၌ နေခြင်းငှာ မသင့်"ဟု စဉ်းစားဆင်ခြင်တော်မူကာ ဖဲကြွသွားတော်မူသလသည်။

သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် မဟာကပါဋိဟာရိယသုတ်(သံ၊ ၂၊ ၄၈၁)၌ကား "စိတ္တသူကြွယ်သည် အရှင်မဟာကအထံသို့ ဆည်းကပ်၍ မိမိအား တန်ခိုးပြာဋိဟာပြရန် တောင်းပန်လျှောက်ထားလေသည်၊ အရှင်မြတ်က 'သူကြွယ်...ထိုသို့ဖြစ်လျှင် သင်သည် ကျောင်းဦးဆင်ဝင်ဝ၌ အပေါ်ရုံကို ခင်း၍ မြက်စည်းကို ကြဲဖြန့်လော့' ဟု မိန့်တော်မူလျှင် စိတ္တသူကြွယ် 'ကောင်းပါပြီးဘုရား...' ဟု ဝန်ခံ၍ အရှင်မဟာကမထေရ်မိန့်ဆိုသည့်အတိုင်း ကျောင်းဦးဆင်ဝင်ဝ၌ အပေါ်ရုံကို ခင်း၍ မြက်စီးကို ကြဲဖြန့်လေသည်။ ထိုအခါ အရှင်မဟာကမထေရ်သည်ကျောင်းတွင်းသို့ ဝင်ပြီးလျှင် တံခါးကျဉ် မင်းတုပ်ကို ချ၍ သော့ပေါက်မှလည်းကောင်း, တံခါးရွက်အကြားမှလည်းကောင်း မီးအလျှံထွက်ပြီးလျှင် မြက်တို့ကိုသာ မီးလောင်စေ၍ အပေါ်ရုံကို မီးမလောင်စေသည့် တန်ခိုးပြာဋိဟာကို ဖန်ဆင်းပြတော်မူလေသည်။ ထိုသို့ မြက်တို့ကိုသာ မီးလောင်ပြီးသောအခါ စိတ္တသူကြွယ်သည် အပေါ်ရုံကို ခါတွက်ကောက်ယူ၍ ထိတ်လန့်, ကြက်သီးမွေးညှင်းထလျက် သင့်တင့်လျောက်ပတ်အပြစ်လွတ်ရာအရပ်၌ ရပ်နေလေသည်...ပ...ထို့နောက် အရှင်မဟာကမထေရ်သည် ငါသည် ဤအရပ်၌ မနေသင့်' ဟု အောက်မေ့ဆင်ခြင်တော်မူကာ ကျောင်း, အိပ်ရာနေရာတို့ကို သိမ်းသိမ်းဆည်း၍ မိမိ၏သပိတ်, သင်္ကန်းကို ယူဆောင်ပြီးလျှင် တဖန်ပြန်မလာသော ဖဲသွားခြင်းဖြင့် မစ္ဆိကာသဏ္ဍာမြို့မှ ဖဲကြွတော်မူလေသည်"ဟု လာရှိ၏။

## အရှင်သုဓမ္မမထေရ်နှင့် စိတ္တသူကြွယ်

တနေ့သ၌ အဂ္ဂသာဝကမထေရ်မြတ်နှစ်ပါးတို့သည် တပည့်ရဟန်းတစ်ထောင် ခြံရံကုန်လျက် အမ္ဗာဋကာရာမကျောင်းတိုက်သို့ ကြွရောက်တော်မူလာကြလေသည်၊ ကျောင်းဒါယကာ စိတ္တသူကြွယ်သည် ထိုအဂ္ဂသာဝကမထေရ်မြတ်နှစ်ပါး အမှူးရှိသော ရဟန်းတစ်ထောင်တို့အတွက် ကျောင်းနေ အကြီးအကဲ အရှင်သုဓမ္မမထေရ်ကို မတိုင်ပင်ပဲ ကြီးစွာသော ပူဇော်သက္ကာရမှုကို စီရင်လေသည်၊ အရှင်သုဓမ္မမထေရ်သည် ထိုစီရင်မှုကို သည်းမခံနိုင်သဖြင့် စိတ္တသူကြွယ်ကို "ဤပူဇော်ပွဲတွေထဲမှာ နှမ်းပျစ်တစ်ခုတော့ လိုသေးသည်"ဟု ပြောဆိုကာ ဆဲရေးခဲ့လေသည်။ (သူကြွယ်၏အဆက်အနွယ်တွင် တစ်ဦးသောသူသည် မုန့်သည်ဖြစ်ခဲ့ဘူးလေသည်၊ ထို့ကြောင့် သူကြွယ်ကို အမျိုးဇာတ်ဖြင့် ဆဲရေးလို၍ ဤကဲ့သို့ ပြောဆိုခြင်းဖြစ်သည်။)

စိတ္တသူကြွယ်က ရဟန်းစကားလည်းမဟုတ် လူစကားလည်းမဟုတ်သည့် ကြက်မမည် ကျီးမကျ ကာကောပမာဝါဒဖြင့် ပြန်လည်ချေပသောကြောင့် အရှင်သုဓမ္မသည် အမျက်ထွက်ကာ ဘုရားရှင်ထံတော်သို့ သွားရောက်လျှောက်ထား၍ ဘုရားရှင်၏အဆုံးအမကို ရရှိပြီးလျှင် အဆုံးအမတော်၌တည်လျက် စိတ္တသူကြွယ်ကို တောင်းပန်သည်းခံစေပြီးနောက် ထိုအမ္ဗာဋကာရာမကျောင်းတိုက်၌ပင် နေကာ ဝိပဿနာတရား ပွားများအားထုတ်သောကြောင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်။ (ဤအကြောင်းအရာကား အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ လာသည်)။

ဓမ္မပဒအဋ္ဌကထာလာ စိတ္တသူကြွယ်ဝတ္ထု၌ကား......

မစ္ဆိကာသဏ္ဍာမြို့၌ စိတ္တအမည်ရှိသောသူကြွယ်သည် ပဉ္စဝဂ္ဂီငါးဦးတို့တွင် တစ်ပါးအပါအဝင် မဟာနာမအမည်ရှိသော မထေရ် ဆွမ်းခံလှည့်လည်နေတော်မူသည်ကို တွေမြင်ရလျှင် ထိုမထေရ်မြတ်၏ဣရိယာပုထ်၌ ကြည်ညို၍ သပိတ်တော်ကိုယူကာ အိမ်သို့ပင့်ဖိတ် ဆွမ်းကျွေး၍ ဆွမ်းကိစ္စပြီးဆုံးသောအခါ တရားစကားကို ကြားနာရသဖြင့် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လျက် မတုန်မလှုပ်သော သဒ္ဓါတရားရှိသည်ဖြစ်၍ မိမိ၏အမ္ဗာဋကဝနမည်သော ဥယျာဉ်ကို သံဃာတော်တို့သိ်တင်းသုံးရာ သံဃာ့အာရာမ်ပြုလိုရကား မထေရ်မြတ်၏လက်တော်၌ ရေကိုသွန်းချ၍ အပ်နှင်းလှူဒါန်းလေသည်။ ထိုခဏ၌ပင် "ဘုရားရှင်၏သာသနာတော် တည်လေပြီ"ဟု ရေလျှင် အဆုံးရှိသည့်ကိုပြု၍ မဟာပထဝီမြေကြီးသည် တုန်လှုပ်လေ၏။

စိတ္တသူကြွယ်သည် ဥယျာဉ်၌ ကျောင်းကြီးကို ဆောက်လုပ်စေ၍ အလုံးစုံသော အရပ်မျက်နှာတို့မှ ကြွလာတော်မူကြသော ရဟန်းတို့အလို့ငှါ ဖွင့်ထားအပ်သော တံခါးသဖွယ်ဖြစ်လေသည်၊ မစ္ဆိကာသဏ္ဍာမြို့၌ သုဓမ္မမထေရ်ကား အမ္ဗာဋကဝနဥယျာဉ်ကျောင်း တိုက်၌နေသော နေဝါသိကရဟန်းဖြစ်လေသည်။ အခါတပါး၌ စိတ္တသူကြွယ်၏ဂုဏ်ကျေးဇူးစကားကို ကြားရသောကြောင့် အဂ္ဂသာဝက

မထေရ်မြတ်နှစ်ပါးတို့သည် စိတ္တသူကြွယ်အား ချီးမြှောက်လိုကြ၍ မစ္ဆိကာသဏ္ဍမြို့သို့ ကြွရောက်တော်မူလာကြလေသည်။

စိတ္တသူကြွယ်သည် အဂ္ဂသာဝကမထေရ်မြတ်နှစ်ပါးတို့ ကြွလာတော်မူကြကြောင်း သတင်းကောင်းစကားကို ကြားသိရလျှင် ယူဇနာခွဲမျှလောက်သော ခရီးသို့ သွားရောက်ကြိုဆိုကာ မထေရ်မြတ်တို့ကို ပင့်ဆောင်ကာ မိမိ၏ကျောင်းတွင်းသို့ ဝင်စေတော်မူ၍ အာဂန္တုကဝတ်(ဧည့်သည်အား ပြုရသည့်ဝတ်)ကို ပြုပြီးနောက် "အရှင်ဘုရား...အနည်းငယ်သော တရားစကားကို နာကြားလိုပါသည် ဘုရား"ဟု တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တမထေရ်မြတ်ကို လျှောက်ထားတောင်းပန်လေသည်။ ထိုအခါ မထေရ်မြတ်က စိတ္တသူကြွယ်ကို "ဒါယကာ...ငါတို့သည် အစွန်ရှည်စွာ ခရီးဝေးမှ လာကြရသဖြင့် ပင်ပန်းနွမ်းနယ်သော သဘောရှိကြကုန်၏၊ မည်သို့ပင်ဖြစ်စေ အနည်းငယ်မျှသော တရားကိုနာဦးလော့"ဟု မိန့်တော်မူလျက် ထိုစိတ္တသူကြွယ်အား တရားစကား ဟောကြားတော်မူလေသည်၊ စိတ္တသူကြွယ်သည် မထေရ်မြတ်၏တရားစကားကို ကြားနာလျက်ပင် အနာဂါမိဖိုလ်သို့ ဆိုက်ရောက်လေသည်။ စိတ္တသူကြွယ်သည် အဂ္ဂသာဝကမထေရ်မြတ်နှစ်ပါးတို့ကို ရှိခိုးပြီးလျှင် "အရှင်ဘုရားတို့...နက်ဖြန် နောက်ပါရဟန်းတစ်ထောင်နှင့် အတူတကွ တပည့်တော်၏အိမ်၌ ဆွမ်းကို အလှူခံတော်မူကြပါဘုရား"ဟု ပင့်ဖိတ်လျှောက်ထားပြီးနောက်မှ ကျောင်းနေဖြစ်သော သုဓမ္မမထေရ်ကို "အရှင်ဘုရားတို့သည်လည်း နက်ဖြန် မထေရ်ကြီးတို့နှင့် အတူတကွကြွတော်မူကြပါဘုရား"ဟု ပင့်ဖိတ်လေသည်။

## ရဟန်းသုဓမ္မ၊ မျက်ဒေါသ၊ ပယ်ထပင့်ဖိတ်ကို

သုဓမ္မမထေရ်သည် "ဤသူကြွယ်ကား ငါ့ကို နောက်မှ ပင့်ဖိတ်သည်"ဟု အမျက်ထွက်ကာ ပယ်မြစ်သောကြောင့် သူကြွယ်က အကြိမ်ကြိမ် တောင်းပန်ပါသော်လည်း ပယ်မြစ်မြဲ ပယ်မြစ်သည်သာတည်း၊ ဒါယကာသည် "အရှင်ဘုရား...တပည့်တော်ဉာဏ်၌ ထင်ရှားစွာ သိရပါပြီ"ဟု လျှောက်ထား၍ ဖဲသွားပြီးလျှင် တဖန်မိုးသောက်နေ့၌ မိမိအိမ်ဝယ် ကြီးကျယ်သောအလှူဒါနကို စီရင်လေသည်၊ သုဓမ္မမထေရ်သည်လည်း မိုးသောက်ကာလ၌ပင် "သူကြွယ်သည် အဂ္ဂသာဝကမထေရ်အရှင်မြတ်တို့အတွက် အဘယ်သို့သဘောရှိသော ပူဇော်လှူဒါန်းဖွယ်ကို စီရင်လေသနည်း? နက်ဖြန် သွားရောက်၍ ကြည့်ရှုအံ့"ဟု ကြံစည်လျက် နံနက်စောစောကပင် သပိတ်သင်္ကန်းကို ယူဆောင်၍ သူကြွယ်၏အိမ်သို့ သွားလေသည်၊ သူကြွယ်က "အရှင်ဘုရား...ထိုင်သီတင်းသုံးတော်မူပါဦး"ဟု လျှောက်ထားတောင်းပန်သော်လည်း သုဓမ္မမထေရ်က "ငါ မထိုင်ပါ၊ ဆွမ်းအလို့ငှာ လှည့်လည်ရဦးမည်"ဟု ပြောဆို၍ အဂ္ဂသာဝကမထေရ် အရှင်မြတ်တို့အတွက် စီရင်၍ထားအပ်သော လှူဖွယ်များကိုကြည့်ရှုပြီးလျှင် သူကြွယ်ကို အမျိုးဇာတ်ဖြင့် ပုတ်ခတ်ပြောဆိုလိုရကား "ဒါယကာသူကြွယ်...ကျွေးမွေးလှူဒါန်းဖွယ်ကား အလွန်ပင် မွန်မြတ်လှပေ၏၊ သို့သော် ဤလှူဖွယ်ဝတ္ထုအစု၌ လှူဖွယ်တစ်ပါးသည်သာလျှင် မပါရှိဖြစ်လေသည်"ဟု ပြောဆိုလေသည်။

စိတ္တသူကြွယ်က "အရှင်ဘုရား...အဘယ်လှူဖွယ်ဝတ္ထုပါနည်း"ဟု မေးလေလျှင် အရှင်သုဓမ္မက "ဒါယကာသူကြွယ်...နှမ်းပျစ်မုန့်တည်း"ဟု ပြောဆိုသဖြင့် သူကြွယ်သည် ကျီးဥပမာဖြင့် (ကျီးဖိုနှင့် ကြက်မ စပ်၍ပေါက်လာသော ကျီးဗန္ဒတ်သည် ကြက်သံလည်းမပီ,ကျက်သံလည်းမပီ "အောက်ကလီအာ"ဟု မြည်သကဲ့သို့ အရှင်သုဓမ္မသည်လည်း ဘုရားသားတော်ဖြစ်ပါလျက် ရဟန်းစကားလည်းမဟုတ်, လူ့စကားလည်းမဟုတ်သည့် စကားကို ဆိုဘိသည် ဟူလို)ပြောဆိုမောင်းမဲ(ပြစ်တင်)အပ်သည်ရှိသော် အရှင်သုဓမ္မသည် ဒေါသအမျက် ပြင်းစွာထွက်လျက် "ဒါယကာသူကြွယ်...ဤကျောင်းကား သင်၏ကျောင်းတည်း၊ ငါသည် အရပ်တပါးသို့ ဖဲသွားတော့မည်"ဟု ပြောဆိုသဖြင့် စိတ္တသူကြွယ်က သုံးကြိမ်တိုင်အောင် တားမြစ်တောင်းပန်ပါသော်လည်း အရှင်သုဓ္မသည် မနာမယူပဲ ဖဲသွား၍ ဘုရားရှင်အထံတော်သို့ သွားရောက်ပြီးလျှင် စိတ္တသူကြွယ်နှင့်မိမိ၏အပြန်အလှန်ပြောဆိုအပ်သော စကားကို လျှောက်ထားလေသည်၊ ဘုရားရှင်က "သင်သည် သဒ္ဓါတရားနှင့်ပြည့်စုံသော ရတနာသုံးပါးအား ကြည်ညိုသော ဒါယကာကို ယုတ်ညံ့သောအားဖြင့် ဆဲရေးပြောဆိုဘိသည်"ဟု ထိုသုဓမ္မမထေရ်အားသာလျှင် အပြစ်တင်တော်မူ၍ ပဋိသာရဏီယကံကို ပြုစေပြီးလျှင် "သွား၍ စိတ္တသူကြွယ်ကို သည်းခံစေလော့"ဟု မိန့်တော်မူလေသည်။

မှတ်ချက်။ ။ [ပဋိသာရဏီယကံ ဟူသည် ဒါယကာကို ဆဲရေးပြောဆိုသော ရဟန်းအား ပြုအပ်သော ဝိနည်းကံတည်း၊ ထိုကံအပြုခံရသော ရဟန်းသည် ထိုဒါယကာ ကျေနပ်အောင် တောင်းပန်ရသည်၊ အယုတ်ဆုံး ဒါယကာ့ရှေ့၌ ဒေသနာကြားရမည်။]

ထိုသုဓမ္မမထေရ်သည် ထိုမစ္ဆိကာသဏ္ဍမြို့သို့ သွား၍ "ဒါယကာသူကြွယ်...ထိုပြောဆိုခဲ့မိသောအပြစ်သည် ငါ့အပြစ်သာ ဖြစ်ပါသည်၊ ငါ့အား သည်းခံပါလော့"ဟု တောင်းပန်ပြောဆိုသော်လည်း "တပည့်တော် သည်းမခံနိုင်ပါ"ဟု စိတ္တသူကြွယ်က ပယ်မြစ်သဖြင့် နှလုံးမသာမယာသည်ဖြစ်၍ ထိုသူကြွယ်ကိုသည်းခံစေခြင်းငှာ မစွမ်းနိုင်ရကား တဖန် ဘုရားရှင်အထံတော်သို့ ပြန်လာခဲ့လေသည်။

ဘုရားရှင်သည် "ထိုမထေရ်အား ဒါယကာက သည်းမခံလတ္တံ့"ဟု သိမြင်တော်မူသော်လည်း "ဤရဟန်းကား မာနခက်ထန်လှ၏၊(ခက်ထန်သောမာန လျော့ပါးသွားစေရန်) ယူဇနာသုံးဆယ်ရှိသော ဤလမ်းခရီးသို့ သွား၍ တဖန် ပြန်လာစေဦး"ဟု နှလုံးသွင်း

တော်မူလျက် သည်းခံအံ့သော အကြောင်းကို မပြောကြားပဲ လွှတ်လိုက်ခြင်းဖြစ်လေသည်။

ထိုအခါ တဖန် ပြန်လာသောကာလဝယ် ပယ်ချအပ်သော မာန်ရှိသည့် ထိုသုဓမ္မမထေရ်အား ဘုရားရှင်က အဖော်တမန် ရဟန်းကို ပေးတော်မူပြီးလျှင် "ရဟန်း…သွားချေ၊ ဤရဟန်းနှင့်အတူတကွ သွား၍ ဒါယကာကို သည်းခံစေလော့"ဟု မိန့်တော်မူကာ "ရဟန်းမည်သည် ငါ့ကျောင်း၊ ငါ့နေရာဌာန၊ ငါ့ဒကာ၊ ငါ့ဒကာမ"ဟူ၍ မာန်မာနထောင်လွှားခြင်း၊ မနာလို ငြူစူစောင်းမြောင်း ခြင်းကို မပြုလုပ်သင့်"ဟု မိန့်တော်မူလျက် ဤသို့ပြုလုပ်သော ရဟန်းအား အလိုရမ္မက် မာန်မာနအစရှိသော ကိလေသာတို့သည် တိုး တက်ပွားများလေကုန်၏

"သမဏေန နာမ 'မယှံ ဝိဟာရော, မယှံ နိဝါသနဋ္ဌာနံ, မယှံ ဥပါသကော, မယှံ ဥပါသိကာ'တိ မာနံ ဝါ ဣဿံ ဝါ ကာတုံ န ဝဋ္ဋတိ။ ဧဝံ ကရောန္တဿ ဟိ ဣစ္ဆာမာနာဒယော ကိလေသာ ဝဍ္ဎန္တိ"။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၂၈။) ဟု ရှေ့နောက်စကားဆက် စပ်၍ တရားဟောကြားတော်မူလိုရကား…

"အသန္တံ ဘာဝနမိစ္ဆေယျ၊ ပုရေက္ခာရဉ္စ ဘိက္ခုသု။
အာဝါသေသု စ ဣဿရိယံ၊ ပူဇာ ပရကုလေသု စ။
မမေဝ ကတ မညန္တု၊ ဂိဟီ ပဗ္ဗဇိတာ ဥဘော။
မမေဝါတိဝသာ အဿု၊ ကိစ္စာကိစ္စေသု ကိသ္မိစိ။
ဣတိ ဗာလဿ သင်္ကပ္ပေါ၊ ဣစ္ဆာ မာနော စ ဝဍ္ဎတိ။
(ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၂၈။)

(ယော ဗာလော အကြင်မလိမ္မာသော ရဟန်းသည်)၊ အသန္တံ ဘာဝနံ ထင်ရှားမရှိသော ချီးမွမ်းခြင်းကို၊ ဣစ္ဆေယျ အလိုရှိရာ၏၊ ဘိက္ခူသု ရဟန်းတို့၌၊ ပုရေက္ခာရဉ္စ မိမိကို ခြံရံခြင်းကိုလည်းကောင်း၊ အာဝါသေသု ကျောင်းတို့၌၊ ဣဿရိယံ စ အစိုးရခြင်းကိုလည်းကောင်း၊ ပရကုလေသု ဆွေမျိုးမတော်စပ်သော တစ်ပါးသော ဒါယကာတို့၌၊ ပူဇာ စ ပူဇော်ခြင်းတို့ ကိုလည်းကောင်း၊ ဣစ္ဆေယျ-အလိုရှိရာ၏။

(ယဿ ဗာလဿ အကြင်မလိမ္မာသော ရဟန်းအား)၊ ဥဘော နှစ်ဦးကုန်သော၊ ဂိဟီပဗ္ဗဇိတာ လူနှင့်ရဟန်တို့သည်၊ မမေ ဧ ငါ့ကိုသာလျှင်၊ ကတံ သေနာသန စသည်မချွတ် ဝတ်ကိုပြု၏ဟူ၍၊ မညန္တု အောက်မေ့မှတ်ထင်ကြပါစေကုန်သ တည်း၊ (ဣတိ ဤသို့၊ သင်္ကပ္ပေါ-အကြံသည်၊ ဥပ္ပဇ္ဇတိ ဖြစ်၏)။

ကိစ္စာကိစ္စေသု-ငယ်သောအမှုကိစ္စ၊ ကြီးသောအမှုကိစ္စတို့တွင်၊ ကိသ္မိဉ္စိ တစ်စုံတစ်ခုသော အမှုကိစ္စ၌သော်လည်း၊ မမေဝ ငါ၏သာလျှင်၊ အတိဝသာ အလိုအတိုင်း၊ ဝါ၊ အလိုသို့လိုက်ကုန်သည်၊ အဿု ဖြစ်ပါစေ-ာန်သတည်း၊ (ဣတိ ဤသို့၊ သင်္ကပ္ပေါ အကြံသည်၊ ဥပ္ပဇ္ဇတိ ဖြစ်၏)။

(တဿ) ဗာလဿ ထိုမလိမ္မာသောရဟန်းအား၊ ဣစ္ဆာ စ အလိုရမ္မက် တဏှာသည်လည်းကောင်း၊ မာနော စ ထောင်လွှားခြင်းမာန်မာနသည်လည်းကောင်း၊ ဝဍ္ဎတိ တိုးပွားလေ၏။"

ဤဂါထာဒေသနာတော်တို့ကို ဟောတော်မူလေသည်၊ ဒေသနာတော်၏အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ဆိုက်ရောက်ကြလေသည်။

## သုဓမ္မထေရ်၊ မကြာမီ၊ ဖြစ်ပြီ ရဟန္တာ

သုဓမ္မမထေရ်သည် ဤအဆုံးအမကို ကြားနာရ၍ ဘုရားရှင်ကို ရှိခိုးပြီးလျှင် နေရာမှထကာ လကျ်ာရစ်လှည့်ပတ်သည်ကို ပြု လျက် ထိုအဖော်တမန်ရဟန်းနှင့် အတူတကွ (မစ္ဆိကာသဏ္ဍမြို့သို့) ပြန်သွားရောက်၍ စိတ္တသူကြွယ်၏မျက်မှောက် မြင်လောက်ရာအရပ် ၌ အာပတ်ကို ကုစား ဒေသနာပြောကြား၍ ဒါယကာစိတ္တသူကြွယ်ကို သည်းခံစေလေသည်။ စိတ္တသူကြွယ်ကလည်း "အရှင်ဘုရား… အရှင်ဘုရား၏အပြစ်ကို တပည့်တော် သည်းခံပါ၏၊ တပည့်တော်မှာ အပြစ်ရှိခဲ့လျှင် အရှင်ဘုရားကလည်း သည်းခံတော်မူပါဘုရား" ဟု ပြန်၍ ကန်တော့ဝန်ချလေသည်။ သုဓမ္မမထေရ်သည် ဘုရားရှင် ပေးသနားတော်မူအပ်သော အဆုံးအမ၌ တည်လျက် ဝိပဿနာ တရား ကြိုးစားအားထုတ်သဖြင့် နှစ်ရက်, သုံးရက်ဖြင့်ပင် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူ လေသည်။ (ဤကား ဓမ္မပဒအဋ္ဌကထာ စိတ္တဂဟပတိဝတ္ထု (၃၂၇ ၃၂၉)၌ လာရှိ၏)

## စိတ္တသူကြွယ်၊ စားသောက်ဖွယ်၊ ယူသယ်ဘုရားဖူး

ထိုအခါ စိတ္တသူကြွယ်သည်"ငါသည် ဘုရားရှင်ကို မဖူးမြင်ရပဲပင် ကာလကြာမြင့်စွာ ကုန်လွန်ခဲ့လေပြီ၊ ဘုရားရှင်အထံတော်သို့ သွားသောငါသည် လက်ချည်းသွားခြင်းငှါ မသင့်လျော်"ဟု ကြံစည်စဉ်းစားကာ လှည်းငါးရာတို့ဖြင့် ဆီပျားရည်တင်လဲစသည်တို့ကို ယူဆောင်၍ "ဘုရားရှင်ကို ဖူးမြင်လိုသောသူတို့သည် ငါနှင့်အတူတကွ လိုက်ကြကုန်လော့"ဟု မြို့၌ စည်လှည့်လည်စေ၍ ယောကျ်ားနှစ်ထောင်တို့ ခြံရံလျက် ဘုရားဖူးသွားလေသည်၊ ယူဇနာသုံးဆယ် ဝေးကွာသောခရီးဝယ် နတ်တို့သည် နတ်၌ဖြစ်သောစားဖွယ်သောက်ဖွယ်တို့ဖြင့် ကျွေးမွေးဧည့်ခံကုန်၏၊ စိတ္တသူကြွယ်သည် ဘုရားရှင်အထံတော်သို့ ရောက်၍ တည်ခြင်းငါးပါးဖြင့် ဘုရားရှင်ကို ရှိခိုးလေသည်၊ ထိုခဏ၌ ကောင်းကင်မှ ငါးမျိုးသော အဆင်းရှိသောပန်းမိုး ရွာသွန်းဖြိုးလေသည်။

ဘုရားရှင်သည် စိတ္တသူကြွယ်၏အဇ္ဈာသယအလိုအတိုင်း အာယတနခြောက်ပါး ဓာတ်တရားကို အကျယ်ဝေဖန်၍ ဟောကြားတော်မူလေသည်၊ စိတ္တသူကြွယ် လဝက်မျှ ဘုရားရှင်အား အလှူပေးသော်လည်း သူ၏အိမ်မှ ယူဆောင်ခဲ့သော ဆန်,ဆီ,ပျားရည်, တင်လဲစသည်တို့ မကုန်သေးပါ၊ ရာဇဂြိုဟ်မြို့သားတို့ ပို့ပေးသောလက်ဆောင်များဖြင့်ပင် လုံလောက်လေသည်၊ စိတ္တသူကြွယ်သည် ဘုရားရှင်ကို ဖူးမြင်ပြီးလျှင် မိမိ၏မြို့သို့ ပြန်တော့မည်ဖြစ်၍ လှည်းတို့ဖြင့် ဆောင်ယူခဲ့သော လှူဖွယ်ဝတ္ထုအားလုံးကို ရဟန်းသံဃာတော်အား လှူဒါန်းခဲ့လေသည်၊ လှည်းတို့သည် အချည်းနှီးဖြစ်ကုန်သည်ရှိသော် နတ်, လူတို့က (ထိုလှည်းတို့၌) ရတနာခုနစ်မျိုးတို့ကို ပြည့်စေကုန်သည်။ လူတို့အကြားဝယ် "ဤစိတ္တသူကြွယ်ကား ပူဇော်သက္ကာ မြတ်နိုးတနာပြုခြင်းတို့ အထွတ်အထိပ်ရောက်ပေစွာ့တကား"ဟု ပြောဆိုစကား ထင်ရှားဖြစ်လေသည်။

ဤလူတို့အကြား ပြောဆိုစကားကို ကြားတော်မူ၍ ဘုရားရှင်က ဓမ္မပဒ၌...

"သဒ္ဓေါ သီလေန သမ္ပန္နော၊ ယသောဘောဂသမပ္ပိတော။
ယံ ယံ ပဒေသံ ဘဇတိ၊ တတ္ထ တတ္ထေဝ ပူဇိတော။
(ခု၊ ၁၊ ၅၆ ဓမ္မပဒ။)

အာနန္ဒ ချစ်သားအာနန္ဒာ...၊ သဒ္ဓေါ လောကီ, လောကုတ္တရာ သဒ္ဓါနှစ်ပုံ ကုံလုံပြည့်ဝသော၊ သီလေန လူတို့ကျင့်ရာ သီလသိက္ခာနှင့်၊ သမ္ပန္နော လောက်ငကုံလုံ ပြည့်စုံသော၊ ယသောဘောဂသမပ္ပိတော အရိယသာဝက ဥပါသကာငါးရာများစွာသော အခြံအရံနှင့် တကွ လောကဥစ္စာ, သပ္ပုရိသဥစ္စာ ဤနှစ်ဖြာတို့နှင့် လွန်စွာပြည့်ဝသော အရိယသာဝက ဘုရားတပည့်သားသည်၊ ယံ ယံ ပဒေသံ အရှေ့,အနောက်,တောင်,မြောက် အမှတ်မထင် အကြင်အကြင်သို့သော အရပ်သို့၊ဘဇတိ သွားရောက်၏၊ သော ထိုအရိယသာဝက ဘုရားတပည့်သားကို၊ တတ္ထ တတ္ထေဝ ရောက်လေရာရာ ထိုထိုအရပ်ဒေသ၌သာလျှင်၊ ပူဇိတော မေတ္တာ,သဒ္ဓါ စေတနာလွှမ်းပတ် လူနှင့်နတ်တို့ လေးမြတ်ကော်ရော် ပူဇော်အပ်ပေ၏"။

(မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ဒုပိုင်း၊ ၁၉၁ ၁၉၂။)

ဟူသော ဤဂါထာကို ဟောကြားတော်မူလေသည်။

## တရားဟောကောင်း၊ သူ့ဆုတောင်း၊ ရကြောင်း ဧတဒဂ်

စိတ္တသူကြွယ်သည် ထိုအခါမှစ၍ အရိယသာဝက ဥပါသကာငါးရာတို့ ခြံရံလျက် လှည့်လည်သွားလာလေသည်။ ဘုရားရှင်သည် နောက်အဖို့ဝယ် ဥပါသကာတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး၌ာန္တရ၌ ထားတော်မူသည်ရှိသော် သဠာယတနဝဂ် စိတ္တသံယုတ် သံယောဇနသုတ် (သံ၊ ၂၄၇၄)ကို အကြောင်းပြု၍ စိတ္တသူကြွယ်ကို "ရဟန်းတို့...တရားဟော ကောင်းကြသည့် ငါဘုရား၏တပည့် ဥပါသကာတို့တွင် စိတ္တသူကြွယ်သည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "ဓမ္မကထိကအရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ ထားတော်မူလေသည်။

ဓမ္မကထိကာနန္တိ ဓမ္မကထိကာနံ ဥပါသကာနံ စိတ္တော ဂဟပတိ အဂ္ဂေါတိ ဒဿေတိ။ (အံ၊ ၄၊ ၁၊ ၂၉၆။)

အထ နံ သတ္ထာ အပရဘာဂေ ဥပါသကေ ပဋိပါဋိယာ ဌာနန္တရေ ဌပေန္တော စိတ္တသံယုတ္တံ အဋ္ဌုပ္ပတ္တိံ ကတွာ ဓမ္မကထိကာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ၄၊ ၁၊ ၂၉၈ ၂၉၉။)

ဤစိတ္တသူကြွယ်၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ(၁၊ ၂၉၆ ၂၉၉), ဓမ္မပဒအဋ္ဌကထာ(၁၊ ၃၂၇ ၃၃၂), သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်စိတ္တသံယုတ် သံယောဇနသုတ်, ပဌမဣသိဒတ္တသုတ်, ဒုတိယဣသိဒတ္တသုတ်, မဟကပါဋိဟာရိယသုတ်, ပဌမကာမဘူသုတ်(သံ၊၂၊၄၇၄ ၄၈၃), သံယုတ်ပါဠိတော်မြန်မာပြန် ဒုတိယအုပ် သဠာယတနဝဂ္ဂသံယုတ် ၇ စိတ္တသံယုတ်၊ စာမျက်နှာ ၄၆၉

လာ သံယောဇနသံယုတ်နှင့် စာမျက်နှာ ၄၇၅ လာ ပဋ္ဌမကာမဘူသုတ်, မဟာဗုဒ္ဓဝင်(ဆဋ္ဌမတွဲ ဒုပိုင်း၊ ၁၇၁ ၁၉၇)တို့၌ ကြည့်ရှုနိုင်သည်။

## ၄။ ဟတ္ထကာဠဝကမင်းသားဥပါသကာအကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ စတူဟိ သင်္ဂဟဝတ္ထူဟိ ပရိသံ သင်္ဂဏှန္တာနံ ယဒိဒံ ဟတ္ထကော အာဠဝကော။ (အံ၊၁၊ ၂၇။)

## ဟတ္ထကာဠဝကမင်းသားဥပါသကာအလောင်း ရေးဆုတောင်း

ဤဟတ္ထကာဠဝကမင်းသားဥပါသကာအလောင်းသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်၀ယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသားဖြစ်၍ နောက်အဖို့၀ယ် ဘုရားရှင်၏တရားစကားကို ကြားနာစဉ် ဘုရားရှင် သင်္ဂဟဝတ္ထုလေးပါးတို့နှင့် ပြည့်စုံသော ဥပါသကာတစ်ယောက်ကို တေဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကို ပြုလုပ်ပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

## ဆုံးဘဝကား၊ လူမင်းသား၊ မည်ကြား အာဠဝက

ထိုအမျိုးကောင်းသားသည် ကမ္ဘာတစ်သိန်းကာလပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်ခဲ့ပြီးလျှင် ဤကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မူရာ ကာလ၀ယ် အာဠဝီပြည် အာဠဝီမြို့တော် အာဠဝကမင်း၏သားတော် အာဠဝကမင်းသား ဖြစ်လာလေသည်။(ယနေ့ မွေးဖွားခဲ့သောမင်းသားငယ်ကို) နက်ဖြန်၀ယ် ချက်ပြီး ထမင်းတစ်အိုးနှင့်အတူ အာဠဝကဘီလူးထံသို့ ပို့ဖို့ရန် ဖြစ်လာလေသည်။ ဖြစ်ရပုံအလုံးစုံကား.......

တနေ့သ၌ အာဠဝကမင်းကြီးသည် တောကစားရန်အလို့ငှာ (အမဲလိုက်ရန်) တောသို့ သွားရောက်၍ သမင်တစ်ကောင်ကို အစဉ်လိုက်၍ လေးဖြင့် ပစ်သတ်၍ နှစ်ပိုင်းဖြတ်ပြီးလျှင် လေးစွန်း၌ ချိတ်ဆွဲလျက် ပြန်လာရာ လေနေပူဖြင့် ပင်ပန်းနွမ်းနယ်ရကား ထူထပ်ပြည့်သိပ် အရိပ်ကောင်းသော ပင်ညောင်ပင်ရင်းသို့ ၀င်၍ နေလေသည်။

ထိုအခါ တခဏမျှ ပူပန်ခြင်းကို ပယ်ဖျောက်ပြီးလျှင် ပင်ညောင်ပင်အောက်မှ ထွက်ခွါအံ့သော အာဠဝကမင်းကြီးကို သစ်ပင်၌ စိုးအုပ်နေသော ဘီလူးက"ရပ်လော့, ရပ်လော့၊ သင်သည် ငါ့အစာ ဖြစ်ပြီ"ဟု ပြောဆိုကာ မင်းကြီးလက်တို့ကို ကိုင်ဖမ်းလေတော့သည်၊ မြဲမြံစွာ ဖမ်းဆီးခံရသောကြောင့် မင်းကြီးသည် လွတ်ဖွယ်ရာ အခြားဥပါယ်တမည်ကို မမြင်ရကား "(ငါ့ကို လွတ်လော့၊) ငါသည် နေ့တိုင်းလူတစ်ယောက်နှင့် ချက်ပြီးထမင်းတစ်အိုးကို ပို့ဆက်ပါမည်"ဟု ကတိစကား ပြောကြားပြီးလျှင် မြို့သို့ ပြန်သွားလေသည်။

ထိုအခါမှစ၍ ထောင်မှ ရာဇ၀တ်သားတစ်ယောက်နှင့် အတူ ထမင်းတစ်အိုးကို ဘီလူးထံသို့ ပို့ဆက်စေသည်၊ ဤသို့သော နည်းဖြင့် ပို့ဆက်ခဲ့ရာ ထောင်၌ ရာဇ၀တ်သားတို့ ကုန်လေသော် "လူအိုတို့ကို ဖမ်းဆီးကြရာတွင် တိုင်းပြည်ချောက်ချားမှု ဖြစ်လာ၍" ထိုလူအိုတို့ကို မဖမ်းဆီးကြတော့ပဲ ကလေးသူငယ်တို့ကို ဖမ်းဖို့ရန် ကြိုးစားအားထုတ်ကြပြန်လေသည်၊ ထိုအခါမှစ၍ မြို့နေ ကလေးငယ်မိခင်များ, ကိုယ်၀န်ဆောင် မိန်းမများတို့သည် တိုင်းတစ်ပါးသို့ သွားကြရလေသည်။

ထိုသမယ၀ယ် ဘုရားရှင်သည် နံနက်မိုးသောက်ထအခါ၌ လောကကို ကြည့်ရှုတော်မူလတ်သော် အာဠဝကမင်းသားအဖို့ရာ သုံးမဂ်သုံးဖိုလ်တို့၏ရေးကောင်းမှုအကြောင်း ဥပနိဿယကို မြင်တော်မူ၍ "ဤမင်းသားကလေးသည် ကမ္ဘာတစ်သိန်းကာလပတ်လုံး တောင့်တအပ်သော ဆုတောင်းခြင်းရှိရကား နတ်ပြည်မှ စုတေပြီးလျှင် အာဠဝကမင်း၏ရွှေအိမ်နန်း၌ ဖြစ်ရလေသည်၊ အခြားကလေးသူငယ်ကို မရသည်ရှိသော် နက်ဖြန် မင်းသားကလေးကို ထမင်းအိုးနှင့်အတူ ယူဆောင်၍ ဘီးလူးထံသို့ ပို့စေကြကုန်လတ္တံ့"ဟု အောက်မေ့ဆင်ခြင်တော်မူကာ ညနေချမ်းအခါ၌ ဘုရားရှင်သည် မထင်ရှားသောအသွင်ဖြင့် အာဠဝကဘီလူး၏ဘုံဗိမာန်တံခါး၀သို့ ကြွရောက်တော်မူ၍ ထိုဘုံဗိမာန်၏တံခါးစောင့်ဂဒြဘမည်သော ဘီလူးကို ဘုံဗိမာန်အတွင်းသို့ ၀င်ခွင့်တောင်းတော်မူလေသည်။ ထိုတံခါးစောင့် ဘီလူးက "ဘုန်းတော်ကြီးမြတ်တော်မူသောရှင်တော်ဘုရား...အရှင်ဘုရားတို့သည် ကြွ၀င်တော်မူပါကုန်၊ တပည့်တော်အဖို့ရာမှာကား အာဠဝကဘီလူးအား အကြောင်းမကြားလျှင်မသင့်တော်ပါ"ဟု လျှောက်ထားလေသည်၊ ထိုတံခါးစောင့်ဘီလူးသည် ဟိမ၀န္တာ၌ ဘီလူးအစည်းအဝေးသို့ တက်ရောက်နေသော အာဠဝကဘီလူးထံသို့ သွားရောက် လျှောက်တင်လေသည်၊ ဘုရားရှင်သည်လည်း ထိုဗိမာန်အတွင်းသို့ ကြွ၀င်တော်မူပြီးလျှင် အာဠဝကဘီလူး၏ထိုင်နေရာဖြစ်သော ပလ္လင်၌ ထိုင်နေတော်မူလေသည်။

ထိုအခါ၌ သာတာဂိရနတ်ဘီလူးနှင့် ဟေမဝတနတ်ဘီလူးတို့သည် အာဠဝကဘီလူး၏ဘုံဗိမာန်အထက်ကောင်းကင်ခရီးဖြင့် ဘီလူးအစည်းအဝေးသို့ သွားကြရာ မသွားနိုင်ပဲ ရှိကြလေကုန်သော် "ဤသို့ဖြစ်ရခြင်းအကြောင်းကား အဘယ်နည်း?"ဟု ဆင်ခြင်ကြလေလျှင် အာဠဝကဘီလူး၏ဗိမာန်၌ ထိုင်နေတော်မူသော ဘုရားရှင်ကို ဖူးမြင်ကြရ၍ (မြေသို့သက်ဆင်းကြကာ) ဘုရားရှင်အထံတော်သို့ သွားရောက်ရှိခိုးကြပြီးလျှင် ဘီလူးအစည်းအဝေးသို့ (ဆက်လက်)သွားကြလျက် "အမောင်အာဠဝက...သင်၏ဗိမာန်၌ နတ်နှင့်တကွသောလောက၌ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တော်မူသော ဘုရားရှင် ကြွရောက်ထိုင်နေတော်မူ၏၊ သင်ကား အရတော်လေစွာ၊ သင်သွား၍ ဘုရားရှင်အထံတော်ဝယ် တရားနာယူပါလော့"ဟု ဝမ်းသာစကား ကြားသိစေကုန်၏။

## အာဠဝက၊ ဒေါသအမျက်၊ ပြင်းစွာထွက်

အာဠဝကဘီလူးသည် ထိုသူငယ်ချင်းနတ်ဘီလူးနှစ်ဦးတို့၏စကားကို ကြားရလျှင် "ဤသူတို့သည် ဦးပြည်းရဟန်းတစ်ပါး ငါ့ပလ္လင်၌ ထိုင်နေကြောင်းကို ပြောကြားကြသည်"ဟု အောက်မေ့ကြံစည်ကာ စိတ်နှလုံးမသာမယာဖြစ်လျက် ပြင်းစွာအမျက်ထွက်၍ "ယနေ့ ငါ့အဖို့ရာ ထိုရဟန်းနှင့် စစ်ထိုးရလိမ့်မည်၊ ထိုစစ်ထိုးရာ၌ သင်တို့သည် ငါ၏အဘော်သဟဲတို့ ဖြစ်ကြကုန်လော့"ဟု ပြောဆို၍ လက်ျာခြေကို ကြွမြှောက်၍ ယူဇနာခြောက်ဆယ်မျှရှိသော တောင်ထွတ်ကို ဆောင့်၍နင်းလေသည်၊ ထိုတောင်ထွတ်သည် နှစ်ဖြာကွဲလေ၏၊ ထိုအခါမှစ၍ အာဠဝကဘီလူးသည် တစ်ညဉ့်လုံး ဘုရားရှင်ကို အမျိုးမျိုးအဖုံဖုံ စစ်ထိုးသော်လည်း တစ်စုံတစ်ခုပြုလုပ်ခြင်းငှာ မတတ်နိုင်ရကား ဘုရားရှင်ကို ဆည်းကပ်ပြီးလျှင် ရှစ်ပါးသော ပြဿနာတို့ကို မေးလျှောက်လေသည်၊ ဘုရားရှင်ကလည်း ဖြေကြားတော်မူလေသည်၊ ဒေသနာတော်၏အဆုံး၌ အာဠဝကဘီလူးသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

သဂါထာဝဂ္ဂသံယုတ် အာဠဝကသုတ်၌လာသော အမေးအဖြေဂါထာတော်များ...

| | |
|---|---|
| အာဠဝကမေး။ | ကိံသူဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ ကိံသု သုစိဏ္ဏံ သုခမာဝဟာတိ။<br>ကိံသု ဟဝေ သာဒုတရံ ရသာနံ၊ ကထံ ဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ။ |
| ဘုရားရှင်ဖြေ။ | သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။<br>သစ္စံ ဟဝေ သာဒုတရံ ရသာနံ၊ ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ။ |
| အာဠဝကမေး။ | ကထံသု တရတိ ဩဃံ၊ ကထံသု တရတိ အဏ္ဏဝံ။<br>ကထံသု ဒုက္ခမစ္စေတိ၊ ကထံသု ပရိသုဇ္ဈတိ။ |
| ဘုရားရှင်ဖြေ။ | သဒ္ဓါယ တရတိ ဩဃံ၊ အပ္ပမာဒေန အဏ္ဏဝံ။<br>ဝီရိယေန ဒုက္ခမစ္စေတိ၊ ပညာယ ပရိသုဇ္ဈတိ။ |

အာဠဝကမေး။ (သမဏ နွယ်တော်ဝံသ ဂေါတမ ဟု မည်ရတွင်မှန်း အိုရဟန်း...)၊ ဣဓ ဤလောက၌၊ ပုရိသဿ ယောကျ်ား၏၊ ဝါ ယောကျ်ား,မိန်းမ ဟူသမျှ၏၊ သေဋ္ဌံ ချီးမွမ်းအပ် အမြတ်ဆုံးသော၊ ဝိတ္တံ ဥစ္စာကား၊ ကိံသု အဘယ်ပါနည်း?၊ သုစိဏ္ဏံ နေ့ရှည်ရက်ဆက် ကောင်းစွာလေ့ကျက်အပ်သော၊ ကိံသု အဘယ်တရားသည်၊ သုခံ လူ,နတ်,နိဗ္ဗာန် သုံးတန်ချမ်းသာကို၊ အာဝဟာတိ ကျေးဇူးများမြောင် ရွက်ဆောင်နိုင်ပါသနည်း?၊ ရသာနံ သာယာအပ်တောင်း အရသာအပေါင်းတို့တွင်၊ ကိံသု အဘယ်မည်သော တရားသည်၊ ဟဝေ စင်စစ်၊ သာဒုတရံ လွန်ကဲထူးချွန် သာလွန်လှစွာ သတ္တဝါတို့ သာယာအပ်တောင်း အရသာကောင်းမည်ပါသနည်း?၊ ကထံ ဇီဝိံ ဇီဝိတံ အဘယ်သို့လျှင် အသက်ရှင်သောသူ၏အသက်ရှင်ခြင်းမျိုးကို၊ သေဋ္ဌံ ချီးမွမ်းအပ် အမြတ်ဆုံးဟူ၍၊ အာဟု ဘုရားအစ များလှဘိတောင်း သူတော်ကောင်းတို့ ငြိမ့်ညောင်းသံချို မိန့်ဆိုတော်မူကြပါသနည်း?

(၁) လောက၌ အဘယ်အရာသည် အမြတ်ဆုံးဥစ္စာ ဖြစ်ပါသနည်?

(၂) အဘယ်တရားသည် နေ့ရှည်ရက်ဆက် လေ့ကျက်ပွားများအပ်လျှင် လူ,နတ်,နိဗ္ဗာန် ချမ်းသာသုံးတန်ကို ပို့ဆောင်နိုင်ပါသနည်း?

(၃) အရသာအပေါင်းတို့တွင် အဘယ်အရာသည် အချိုမြိန်ဆုံး ဖြစ်ပါသနည်း?

(၄) အဘယ်တရားဖြင့် အသက်ရှင်ခြင်းသည် အမြတ်ဆုံး ဖြစ်ပါသနည်း?

ဘုရားရှင်ဖြေ။ (အာဝုသော အာဠဝက နာမမည်ထူး အိုဒကာဘီလူး...)၊ ဣဓ ဤလောက၌၊ ပုရိသဿ ယောကျ်ား, မိန်းမ ဟူသမျှ၏၊ သေဋ္ဌံ ချီးမွမ်းအပ် အမြတ်ဆုံးသော၊ ဝိတ္တံ ဥစ္စာကား၊ သဒ္ဓါ လောကီ,လောကုတ္တရာ နှစ်ဖြာအပြား သဒ္ဓါတရားပင်တည်း။

သုစိဏ္ဏော နေ့ရှည်ရက်ဆက် ကောင်းစွာလေ့ကျက်အပ်သော၊ ဓမ္မော ကုသိုလ်ဆယ်ပါး ကောင်းမှုတရားသည်၊ ဝါ-ဒါန,သီလ,ဘာဝနာ သုံးဖြာအပြား ကောင်းမှုတရားသည်၊ သုခံ လူ,နတ်,နိဗ္ဗာန် သုံးတန်ချမ်းသာကို၊ အာဝဟာတိ ကျေးဇူးမြားမြောင် ရွက်ဆောင်နိုင်ပေ၏။

ရသာနံ သာယာအပ်တောင်း အရသာအပေါင်းတို့တွင်၊ သစ္စံ ပရမတ္ထသစ္စာ မည်သာထင်ရှား နိဗ္ဗာန်တရားသည်၊ဝါ မဟုတ်စကား ရှောင်ရှားပယ်ခွါ ဝိရတိသစ္စာနှင့်တကွ အမှန်စကား ပြောကြားမြွက်ဆိုခြင်းတည်းဟူသော ဝစီမင်္ဂလာ သစ္စာစကားသည်၊ ဟဝေ စင်စစ်ဧကန် အမှန်အားဖြင့်၊ သာဒုတရံ လွန်ကဲထူးချွန် သာလွန်လှစွာ သတ္တဝါတို့ သာယာအပ်တောင်း အရသာကောင်းမည်ပေ၏။

ပညာဇီဝိံ ဇီဝိတံ သမ္မာပဋိပတ် အကျင့်မြတ်ကို မပြတ်ပွါးထွေ ပညာဖြင့် ပြီးစေလျက် အသက်ရှင်သောသူ၏အသက်ရှင်ခြင်းမျိုးကို၊ သေဋ္ဌံ ချီးမွမ်းအပ် အမြတ်ဆုံးဟူ၍၊ အာဟု ဘုရားစသား များလှဘိတောင်း အရိယာသူတော်ကောင်းတို့ ငြိမ့်ညောင်းသံချို မိန့်ဆိုတော်မူကြလေကုန်ပြီ။

(၁) လောကီ လောကုတ္တရာ သဒ္ဓါတရားနှပါးသည် လူ, နတ်, နိဗ္ဗာန် သုံးတန်သော စည်းစိမ်၏အကြောင်းဖြစ်၍ အမြတ်ဆုံး ဥစ္စာဖြစ်၏။

(၂) ကုသိုလ်ကမ္မပထတရားဆယ်ပါး(တနည်း ဒါန,သီလ,ဘာဝနာတရား သုံးပါး)တို့သည် နေ့ရှည်ရက်ဆက် လေ့ကျက်ပွားများအပ်သည်ရှိသော် သောဏသူဌေးသား ရဋ္ဌပါလသူဌေးသား အစရှိသူတို့အားကဲ့သို့ လူ့ချမ်းသာကိုလည်းကောင်း,သိကြားမင်းအစရှိသူတို့အားကဲ့သို့ နတ်ချမ်းသာကိုလည်းကောင်း, မဟာပဒုမမင်းအစရှိသူတို့အားကဲ့သို့ နိဗ္ဗာန်ချမ်းသာကိုလည်းကောင်း ရွက်ဆောင်နိုင်၏။

(၃) ဝိရတိသစ္စာ, ဝစီသစ္စာ တည်းဟူသော အရသာတို့သည် သမထဝိပဿနာစသည်တို့ဖြင့် စိတ်ကိုပြည့်ဖြိုးတိုးတက်စေတတ်ကုန်၏၊ လောကုတ္တရာချမ်းသာကိုလည်း ရွက်ဆောင်တတ်ကုန်၏၊ ပရမတ္ထသစ္စာနိဗ္ဗာန်၏သန္တိအရသာဖြင့် ပွားထုံအပ်သောကြောင့် ဝိမုတ္တိရသမည်သော အရဟတ္တဖိုလ်သည် ချိုမြိန်ကောင်းမြတ်လှပေ၏၊ ထို့ကြောင့် ပရမတ္ထသစ္စာ,ဝိရတိသစ္စာ,ဝစီသစ္စာ=ဤသုံးမျိုးသော အရသာသည် အရသာတကာတို့တွင် အမြတ်ဆုံးအရသာဖြစ်ကြလေသည်။

(၄) လောကီစီးပွါးရေးဖက်ဆိုင်ရာ အသိဉာဏ်မျက်စိ, ဓမ္မဖက်ဆိုင်ရာ အသိဉာဏ်မျက်စိ=နှစ်မျိုးလုံးရှိသော (နှစ်ဖက်မြင်ဖြစ်သော) လူဝတ်ကြောင် ပုဂ္ဂိုလ်သည် အိမ်မှုကိစ္စများကို အားထုတ်ခြင်း, လှူဒါန်းခွဲဝေခြင်း,သရဏဂုံဆောက်တည်ခြင်း,သီလဆောက်တည်ခြင်း, ဥပုသ်ကျင့်သုံးခြင်း အစရှိသော လူ့ကျင့်ဝတ်များကို ပညာဖြင့်သာ အသက်ရှင်လေသည်၊ နှစ်ဖက်မြင်ဖြစ်သော ရဟန်းပုဂ္ဂိုလ်သည်လည်း သီလဝိသုဒ္ဓိ,စိတ္တဝိသုဒ္ဓိအစရှိသော ရဟန်းကျင့်ဝတ်များကို ပညာဖြင့်သာ ပြီးစေ၍ အသက်ရှင်လေသည်၊ ထိုသို့ ပညာဖြင့် အသက်ရှင်သောသူ၏အသက်ရှင်ခြင်းမျိုးကိုသာ ချီးမွမ်းအပ် မြတ်၏ ဟူ၍ ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့ မိန့်ဆိုတော်မူလေသည်။

အာဠဝကမေး။ (ဘန္တေ ဘုန်းတော်ကြီးသော မြတ်စွာဘုရား...)၊ ကထံ သု အဘယ်သို့လျှင်၊ ဝါ အဘယ်တရားဖြင့်၊ ဩဃံ ဩဃလေးဓါး ရေပြင်ကြမ်းကို၊ တရတိ ကူးမြောက်နိုင်ပါသနည်း?၊ ကထံ သု အဘယ်သို့လျှင်၊ ဝါ အဘယ်တရားဖြင့်၊ အဏ္ဏဝံ ဘဝသံသရာ သမုဒ္ဒရာကို၊ တရတိ ကူးမြောက်နိုင်ပါသနည်း?၊ ကထံ သု အဘယ်သို့လျှင်၊ ဝါ အဘယ်တရားဖြင့်၊ ဒုက္ခံ ဝဋ်ဆင်းရဲကို၊ အစ္စေတိ လွန်မြောက်နိုင်ပါသနည်း?၊ ကထံ သု အဘယ်သို့လျှင်၊ ဝါ အဘယ်တရားဖြင့်၊ ပရိသုဇ္ဈတိ ကိလေသာအညစ်အကြေးမှ ကင်းဝေးစင်ကြယ်နိုင်ပါသနည်း?

ဘုရားရှင်ဖြေ။ (အာဝုသော အာဠဝက နာမမည်ထူး အိုဒကာဘီလူး...)၊ သဒ္ဓါယ သဒ္ဓါတရားဖြင့်၊ ဩဃံ ဩဃလေးဓါး ရေပြင်ကြမ်းကို၊ တရတိ ကူးမြောက်နိုင်၏၊ အပ္ပမာဒေန ကုသိုလ်ဆယ်တန် ပွားများရန်ကို ဖန်ဖန်ထပ်ထပ် မပြတ်ပြုခြင်းတည်းဟူသော အပ္ပမာဒတရားဖြင့်၊ အဏ္ဏဝံ ဘဝသံသရာ သမုဒ္ဒရာကို၊ တရတိ ကူးမြောက်နိုင်၏၊ ဝီရိယေန ဝီရိယတရားဖြင့်၊ ဒုက္ခံ ဝဋ်ဆင်းရဲကို၊ အစ္စေတိ လွန်မြောက်နိုင်၏၊ ပညာယ ပညာတရားဖြင့်၊ ပရိသုဇ္ဈတိ ကိလေသာအညစ်အကြေးမှ ကင်းဝေးစင်ကြယ်နိုင်၏။

မှတ်ဖွယ်။ ။ ဩဃလေးပါးကိုကူးမြောက်သောသူသည် ဘဝသံသရာ သမုဒ္ဒရာကိုလည်း ကူးမြောက်နိုင်, ဝဋ်ဆင်းရဲကိုလည်း လွန်မြောက်နိုင်,ကိလေသာအညစ်အကြေးမှလည်း ကင်းဝေးစင်ကြယ်နိုင်သော်လည်း....

(၁) သဒ္ဓါတရားမရှိသောသူသည် ဩဃလေးပါးကို ကူးမြောက်ကြောင်း အကျင့်ကောင်း၌ သက်ဝင်ယုံကြည်မှု မရှိသောကြောင့် ဘာဝနာအလုပ် အားထုတ်မှုတည်းဟူသော ကူးသန်းမှုကို မပြုနိုင်၊ မပြုနိုင်သောကြောင့် ဩဃလေးပါးကို မလွန်မြောက် မကူးမြောက်နိုင်။

(၂) အာရုံငါးပါး ကာမဂုဏ်တရားတို့၌ စိတ်ကိုလွှတ်ထားသောအားဖြင့် မေ့လျော့သောသူသည် ထိုအာရုံငါးပါး ကာမဂုဏ်တရားတို့၌ပင် ငြိကပ်တွယ်တာနေသောကြောင့် ဘဝသံသရာ သမုဒ္ဒရာကို မကူးမြောက်နိုင်။

(၃) လုံ့လမရှိ ပျင်းရိသောသူသည် အကုသိုလ်တရားတို့နှင့်သာ ရောပြွမ်းယှက်ထွေးကာ ဆင်းရဲစွာ နေရ၏။

(၄) ပညာမရှိသောသူသည် ကိလေသာမှ စင်ကြယ်ကြောင်း အကျင့်ပဋိပတ်လမ်းကောင်းကို မသိရကား ကိလေသာအညစ်အကြေးမှ မကင်းဝေး မစင်ကြယ်နိုင်ချေ။

ထို့ကြောင့် အသဒ္ဓိယတရား၏ဆန့်ကျင်ဘက်ဖြစ်သော သဒ္ဓါတရား, ပမာဒတရား၏ဆန့်ကျင်ဘက်ဖြစ်သော အပ္ပမာဒတရား, ကောသဇ္ဇတရား၏ဆန့်ကျင်ဘက်ဖြစ်သော ဝီရိယတရား, မောဟ၏ဆန့်ကျင်ဘက်ဖြစ်သော ပညာတရားများကို ဖော်ပြလျက် ဘုရားရှင်သည် ဤအဖြေဂါထာကို ဟောကြားတော်မူလေသည်။

ဤအဖြေဂါထာ၏အဆုံး၌ အာဠဝကဘီလူးသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

## အာဠဝကမည်ထူး၊ နတ်ဘီလူး၊ မေးကျူး နောက်ပုစ္ဆာ

ယခုအခါ အာဠဝကဘီလူးသည် ''ပညာယ ပရိသုဇ္ဈတိ ပညာတရားဖြင့် ကိလေသာအညစ်အကြေးမှ ကင်းဝေးစင်ကြယ်နိုင်၏''ဟူသော အဖြေဂါထာပိုဒ်၌ ဘုရားရှင် ဟောကြားတော်မူအပ်သော ပညာတရား ဟူသောပုဒ်ကို မိမိ၏ဉာဏ်ပဋိဘာန်ဖြင့် လောကီလောကုတ်နှစ်ဖြာရောသော အမေးပုစ္ဆာပြဿနာကို မေးလျှောက်လိုရကား ဤခြောက်ပဒရှိသော ဂါထာကို ရွတ်ဆိုလျှောက်ထားလေသည်။

| | |
|---|---|
| အာဠဝကမေး။ | ကထံသု လဘတေ ပညံ၊ ကထံသု ဝိန္ဒတေ ဓနံ။ |
| | ကထံသု ကိတ္တိံ ပပ္ပေါတိ၊ ကထံ မိတ္တာနိ ဂန္ထတိ။ |
| | အသ္မာ လောကာ ပရံ လောကံ၊ ကထံ ပေစ္စ န သောစတိ။ |
| ဘုရားရှင်ဖြေ။ | သဒ္ဒဟာနော အရဟတံ၊ ဓမ္မံ နိဗ္ဗာနပတ္တိယာ၊ |
| | သုဿူသံ (သုဿူသာ သီ၊ ဣ) လဘတေ ပညံ၊ အပ္ပမတ္တော ဝိစက္ခဏော။ |
| | ပတိရူပကာရီ ဓုရဝါ၊ ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ။ |
| | သစ္စေန ကိတ္တိံ ပပ္ပေါတိ၊ ဒဒံ မိတ္တာနိ ဂန္ထတိ။ |
| | အသ္မာ လောကာ ပရံ လောကံ၊ ဧဝံ ပေစ္စ န သောစတိ။ |
| | ယဿေတေ စတုရော ဓမ္မာ၊ သဒ္ဓဿ ဃရမေသိနော။ |
| | သစ္စံ ဒမော ဓိတိ စာဂေါ၊ သ ဝေ ပေစ္စ န သောစတိ။ |
| | ဣင်္ဃ အညေပိ ပုစ္ဆဿု၊ ပုထူ သမဏဗြာဟ္မဏေ။ |
| | ယဒိ သစ္စာ ဒမာ စာဂါ၊ ခန္တျာ ဘိယျောဓ ဝိဇ္ဇတိ။ |
| အာဠဝကမေး။ | ကထံ နု ဒါနိ ပုစ္ဆေယျံ၊ ပုထူ သမဏဗြာဟ္မဏေ။ |
| | ယောဟံ (သောဟံ သီ၊ သွာဟံ က) အဇ္ဇ ပဇာနာမိ၊ ယော အတ္ထော သမ္ပရာယိကော။ |
| | အတ္ထာယ ဝတ မေ ဗုဒ္ဓေါ၊ ဝါသာယာဠဝိမာဂမာ (မာဂတော ဣ၊ က)။ |
| | ယောဟံ (သောဟံ သီ) အဇ္ဇ ပဇာနာမိ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။ |
| | သော အဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမံ ပုရာ ပုရံ။ |
| | နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတံ။ |

အာဠဝကမေး။ (ဘန္တေ ဘုန်းတော်ကြီးသော မြတ်စွာဘုရား...)၊ ကထံ သု အဘယ်အကြောင်းကြောင့်၊ ပညံ လောကီလောကုတ္တရာ ပညာနှစ်ပါးကို၊ လဘတေ ရနိုင်ပါသနည်း? ကထံသု အဘယ်အကြောင်းကြောင့်၊ ဓနံ လောကီလောကုတ္တရာ ဥစ္စာနှစ်ပါးကို၊ ဝိန္ဒတေ ရနိုင်ပါသနည်း? ကထံ သု အဘယ်အကြောင်းကြောင့်၊ ကိတ္တိံ ကျေးဇူးသတင်း ကျော်စောခြင်းသို့၊ ပပ္ပေါတိ ရောက်ရပါသနည်း? ကထံ အဘယ်တရားဖြင့်၊ မိတ္တာနိ အဆွေခင်ပွန်းတို့

ကို၊ ဂန္ထတိ-ဖွဲ့ယှက်သောထွေ ပြည့်စုံစေနိုင်ပါသနည်း? အသွာ လောကာ ပစ္စုပ္ပန္န ဤလောကမှ၊ ပရံ လောကံ တမလွန်လောက ဟိုဘဝသို့၊ ပေစ္စ လားရရောက်ရသည်ရှိသော်၊ ကထံ အဘယ်တရားဖြင့်၊ န သောစတိ မပူပန် မညှိုးမှိန် မစိုးရိမ်ရပါသနည်း?

အာဠဝကဘီးလူးသည်.....

(၁) ပညာကို ရကြောင်းတရား,

(၂) ဥစ္စာကို ရကြောင်းတရား,

(၃) ကျေးဇူးသတင်း ကျော်စောခြင်းသို့ ရောက်ကြောင်းတရား,

(၄) အဆွေခင်ပွန်းနှင့် ပြည့်စုံနိုင်ကြောင်းတရား,

(၅) ဤဘဝမှ စုတေ၍ တမလွန်ဘဝသို့ ရောက်ရှိသော် မစိုးရိမ်ရကြောင်းတရား

ဤပြဿနာ ၅ ချက်ကို မေးလျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်သည် အာဠဝကဘီလူးအား အကြောင်းလေးပါးတို့ကြောင့် လောကီလောကုတ္တရာ ပညာနှစ်ပါးကို ရရှိနိုင်ကြောင်းဖော်ပြ ဖြေကြားတော်မူလေသည်...

ဘုရားရှင်ဖြေ။ (အာဝုသော အာဠဝက နာမမည်ထူး ဒကာဘီလူး...)၊ အရဟတံ ဘုရား,ပစ္စေကဗုဒ္ဓါ, ရဟန္တာသခင် အရှင်မြတ်တို့၏၊ နိဗ္ဗာနပတ္တိယာ နိဗ္ဗာန်ထုတ်ခြောက် ရရောက်ခြင်း၏၊ ဓမ္မံ ကြောင်းရင်းမှန်ငြား သုစရိုက်ဆယ်ပါး ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး ဤတရားအစုကို၊ သဒ္ဒဟာနော မမိုတ်မသုံ ယုံကြည်သည်ဖြစ်၍၊ သုဿုသံ-ရိုသေကျိုးနွံ ပညာရှိတို့အထံဝယ် နာခံမှတ်သားလျက်၊ အပ္ပမတ္တော မမေ့မလျော့ မပေါ့မတန် ထက်သန်သောသတိ ရှိသည်ဖြစ်၍၊ ဝိစက္ခဏော-သုဘာသိတ, ဒုဗ္ဘာသိတစကား ဤနှစ်ပါးကို ပိုင်းခြားထင်ထင် ဆင်ခြင်တတ်သောသူသည်၊ ပညံ လေ်ာကီလောကုတ္တရာ ပညာနှစ်ပါးကို၊ လဘတေ ရနိုင်၏။

ဘုရားရှင်က...

(၁) သဒ္ဓါတရား,

(၂) သုဿုသာတရား (နာခံမှတ်သားခြင်းတရား),

(၃) အပ္ပမာဒတရား,

(၄) ဝိစက္ခဏာတရား (ကောင်း, မကောင်းသော စကားနှစ်မျိုးကို ပိုင်းခြားဆင်ခြင်သည့်တရား)

ဤတရားလေးပါးသည် ပညာကို ရကြောင်းတရားများ ဖြစ်သည် ဟု ဟောတော်မူလေသည်။

(အာဝုသော အာဠဝက နာမမည်ထူး အိုဒကာဘီလူး...)၊ ပတိရူပကာရီ လောကီလောကုတ္တရာ နှစ်ဖြာသောဥစ္စာများ ရရှိကြောင်းတရားကို အရပ်အားလျော်စွာ အခါကာလစသည်အားလျော်စွာ ပြုသည်ဖြစ်၍၊ ဓုရဝါ စေတသိက ဝီရိယဖွမ်းအန်ဖြင့် တာဝန်ကိုပစ်ချမထားသော၊ ဥဋ္ဌာတာ ကာယိကဝီရိယဖြင့် ထကြွကြိုးကုတ် အားထုတ်သောသူသည်၊ ဓနံ လောကီလောကုတ္တရာ ဥစ္စာနှစ်ပါးကို၊ ဝိန္ဒတေ မုချပိုင်ပိုင် ရယူနိုင်၏။

သစ္စေန ဝစီသစ္စာ မဂ်လာစကားကြောင့်၊ ကိတ္တိံ "ဤသူကား အမှန်အဟုတ်ကို ပြောလေ့ရှိသူ=သစ္စဝါဒီ ဘူတဝါဒီပုဂ္ဂိုလ်"ဟူ၍ ကျေးဇူးသတင်း ကျော်စောခြင်းသို့၊ ပပ္ပေါတိ ရောက်နိုင်၏၊ သစ္စေန ပရမတ္ထသစ္စာ နိဗ္ဗာန်စကားကြောင့်၊ ကိတ္တိံ "ဤသူကား ဘုရား, ဤသူကား ပစ္စေကဗုဒ္ဓါ, ဤသူကား အရိယသာဝက"ဟူ၍ ကျေးဇူးသတင်း ကျော်စောခြင်းသို့၊ ပပ္ပေါတိ ရောက်နိုင်၏။

ဒဒံ=ဒဒန္တော သူလိုသည်ကို ဝန်မတိုပဲ ကြည်ညိုရွှင်လန်း ပေးလှူဒါန်းသောသူသည်၊ မိတ္တာနိ အဆွေခင်ပွန်းတို့ကို၊ ဂန္ထတိ ဖွဲ့ယှက်သောထွေ ပြည့်စုံစေနိုင်၏။

ဤသို့လျှင် လူ, ရဟန်းတို့အား ဆက်ဆံသော လောကီလောကုတ္တရာ နှစ်ပါးရောသောနည်းဖြင့် ရှေပြဿနာလေးချက်တို့ကို ဖြေဆိုတော်မူပြီးနောက် ယခုအခါ ပဉ္စမပြဿနာကို လူတို့နှင့်စပ်၍ ဖြေဆိုတော်မူလိုသည်ဖြစ်၍ ဘုရားရှင်သည် "ယဿေတေ..." အစရှိသောဂါထာကို ဟောကြားတော်မူလေသည်

သဒ္ဓဿ သဒ္ဓါတရားနှင့် ပြည့်စုံသည်ဖြစ်၍၊ ဃရံ အိမ်၏အစီးအပွားကို၊ ဧသိနော ရှာမှီးတတ်သော၊ ယဿ အမှတ်မထင် အကြင်သူ၏(သတ္တာန်၌)၊ သစ္စံ မှန်ကန်စွာ ပြောဆိုမှု သစ္စာတရားသည်လည်းကောင်း၊ ဓမ္မော ပညာတရားသည်လည်းကောင်း၊ ဓိတိ-ကာယိက, စေတသိက ဝီရိယနှစ်ပါးသည်လည်းကောင်း၊ စာဂေါ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည်လည်းကောင်း၊ တေ စတုရော ဓမ္မာ ဤတရားလေးမျိုးတို့သည်၊ သန္တိ ရှိကုန်၏၊ သ=သော

တရားလေးပုံ ပြည့်စုံသော ထိုသူသည်၊ ဝေ စင်စစ်၊ ပေစ္စ တမလွန်လောက ဟိုဘဝသို့ ရောက်သည်ရှိသော်၊

န သောစတိ မပူပန်မညှိုးမှိန် မစိုးရိမ်ရချေ။

ဤသို့ ဘုရားရှင်သည် ပဥ္စမပြဿနာကိုလည်း ဖြေကြားတော်မူပြီးနောက် အာဠဝကဘီလူးကို တိုက်တွန်းတော်မူလိုရကား "ဣင်္ဃ အညေပိ..."အစရှိသောကို ဟောကြားတော်မူလေသည်

(အာဝုသော အာဠဝက နာမမည်ထူး ဒကာဘီလူး...)၊ ဣင်္ဃ တိုက်တွန်းစကား ငါဘုရားပြောကြား၏၊ ဣဓ ဤလောက၌၊ သစ္စာ ငါဘုရားတို့ ဟောကြားအပ်ငြား သစ္စာနှစ်ပါးထက်၊ ဘိယျော သာလွန်ဘိတောင်း ကျော်စောခြင်းသို့ ရောက်ကြောင်းတရားသည်လည်းကောင်း၊ ဒမာ သုဿူသန ပညာတစိတ်တဒေသဖြင့် ဆုံးမညွှန်ကြား ဆင်ခြင်တုံပညာ တရားထက်၊ ဘိယျော သာလွန်ဘိတောင်း လောကီလောကုတ္တရာပညာကို ရကြောင်းတရားသည်လည်းကောင်း၊ စာဂါ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းထက်၊ ဘိယျော သာလွန်ဘိတောင်း မိတ်ဆွေကို ရကြောင်းတရားသည်လည်းကောင်း၊ ခန္တျာ ကာယိက, စေတသိက ဝီရိယနှစ်ပါးတည်းဟူသော ခန္တီတရားနှစ်ပါးထက်၊ ဘိယျော သာလွန်ဘိတောင်း လောကီလောကုတ္တရာ ဥစ္စာကို ရကြောင်းတရားသည်လည်းကောင်း၊ ဣမေဟိ ဤသစ္စာ,ဒမ,စာဂ,ခန္တီ လေးမည်သောတရားတို့ထက်၊ ဘိယျော သာလွန်ဘိတောင်း တမလွန်ဘဝ၌မစိုးရိမ်ရကြောင်းတရားသည်လည်းကောင်း၊ ယဒိ ဝိဇ္ဇတိ အကယ်၍များ ရှိသေးသည်ဟု ထင်စားသေးလျှင်၊ အညေပိ ငါဘုရားမှ တစ်ပါးလည်းဖြစ်ကုန်သော၊ ပုထု များစွာကုန်သော၊ သမဏဗြာဟ္မဏေ "အကြင်ငါးကား သဗ္ဗညုဘုရား"ဟု အမှားဖော်ပြ ဝန်ခံကြသည့် ပူရဏကဿပ အစရှိသော သမဏဗြာဟ္မဏတို့ကို၊ ပုစ္ဆဿု စိတ်ကျေနပ်ရေး၊ သင်မေးချေဦးလော့။

ဤသို့ ဘုရားရှင် မိန့်ကြားတော်မူအပ်သည်ရှိသော် အာဠဝကဘီလူးသည် ဘုရားရှင်မှတပါး ပူရဏကဿပ စသည်တို့ကို မေးမြန်းရမည့်ယုံမှားသံသယတရားကို မိမိသောတာပတ္တိမဂ်ဖြင့် ပယ်အပ်ပြီးဖြစ်သောကြောင့် "ကထံ နု ဒါနိ ပုစ္ဆေယျံ၊ ပုထု သမဏဗြာဟ္မဏေ"ဟု ဂါထာဝက်ကို ဆိုပြီးလျှင် မိမိမမေးမြန်းခြင်း၏အကြောင်းကို မသိသောသူအား သိစေလိုသည်ဖြစ်၍ "ယောဟံ အဇ္ဇ ပဇာနာမိ၊ ယော အတ္ထော သမ္ပရာယိကော"ဟု နောက်ဂါထာဝက်ကို လျှောက်ဆိုလေသည်

(ဘန္တေ ဘုန်းတော်ကြီးသော မြတ်စွာဘုရား...)၊ အဟံ အာဠဝကမည်ခေါ် တပည့်တော်သည်၊ ဒါန=ဣဒါနိ သောတာပတ္တိမဂ်ဉာဏ်သွား သန်လျက်ဓားဖြင့် ယုံမှားမှုသံသယခပင်းကို ပယ်ရှင်းပြီးပါ ယခုအခါ၌၊ ပုထု ရှင်တော်ဘုရားမှ တပါး များစွာကုန်သော၊ သမဏဗြာဟ္မဏေ "အကြင်ငါကား သဗ္ဗညုဘုရား"ဟု မတရားဖော်ပြ ဝန်ခံကြသည့် ပူရဏကဿပ အစရှိသော သမဏဗြာဟ္မဏတို့ကို၊ ကထံ နု ပုစ္ဆေယျံ အဘယ်မှာလျှင် မေးတော့အံ့နည်း? (န ပုစ္ဆေယျံ ဧဝ ဝိစိကိစ္ဆာ ကိလေသာရန်လေး ကင်းစင်ဝေးသဖြင့် မမေးမြန်းတော့အံ့သာလျှင်တည်း)၊ ယော အဟံ အကြင်အာဠဝကမည်ခေါ် တပည့်တော်သည်၊ အဇ္ဇ ယနေ့ကိုအစပြု၍၊ ယော အတ္ထော အကြင်ပညာရကြောင်း, ဥစ္စာရကြောင်း, ကျော်စောခြင်းသို့ ရောက်ကြောင်း, မိတ်ဆွေကောင်းတို့ကိုဖွဲ့မိကြောင်း တရားအပေါင်းသည်လည်းကောင်း၊ ယော သမ္ပရာယိကော အကြင် တမလွန်လောက ဟိုဘဝသို့ရောက်သော် မစိုးရိမ်ရကြောင်း တရားအပေါင်းသည်လည်းကောင်း၊ အတ္ထိရှိ၏၊ တံ ထိုတရား အပေါင်းကို၊ ပဇာနာမိ ရှင်ပော်ဘုရား ဟောညွှန်ကြားသဖြင့် ပိုင်းခြားထင်ထင် ကိုယ်ဝိုင်သိမြင်ရပေ၏၊ (တသ္မာ ထို့ကြောင့်၊ န ပုစ္ဆေယျံ ဧဝ စိတ်ကျေနပ်ရေး အခြားသူတို့ကို မမေးတော့အံ့သာလျှင်တည်း)။

ဤသို့ အာဠဝကဘီလူးသည် ရွတ်ဆိုလျှောက်ထားပြီးနောက် မိမိရရှိသော အသိဉာဏ်ပညာ၏ဘုရားရှင်လျှင် အမှန်အစ ရှိကြောင်းကို ပြလိုသည်ဖြစ်၍ "အတ္ထာယ ဝတ မေ ဗုဒ္ဓေါ..."အစရှိသောဂါထာကို လျှောက်ဆိုလေသည်

ဗုဒ္ဓေါ သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်ဘုရားသည်၊ မေ အာဠဝကမည်ခေါ် တပည့်တော်၏၊ အတ္ထာယ လောကီလောကုတ္တရာ ချမ်းသာကောင်းကျိုး ပွားတိုးစည်ပင်ခြင်းငှါ၊ အာဠဝိ အာဠဝီခေါ် မင်းနေပြည်တော်သို့၊ ဝါသာယ ဝါလပတ်လုံး သီတင်းသုံးနေထိုင်တော်ခြင်းငှါ၊ အာဂမာ ဝတ ကရုဏာရှေးရှု ကြွလာတော်မူပေစွာ့တကား၊ ယော အဟံ အကြင်အာဠဝကမည်ခေါ် တပည့်တော်သည်၊ ယတ္ထ အကြင်ဘုရားသဗ္ဗညုမှ၌၊ ဒိန္နံ သဒ္ဓါဖွေးဖြူ ပေးလှူအပ်သော အလှူဒါနသည်၊ မဟပ္ဖလံ လှူရပ်နက်ဌာန် နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိဖွံ့ဖြိုး များမြတ်သောအကျိုးရှိပေ၏၊ တံ ထိုအမြတ် ဆုံးအလှူခံ ဉာဏ်သဗ္ဗညုသခင် ဘုရားရှင်ကို၊ အဇ္ဇ ယခု၊ ပဇာနာမိ ပိုင်ခြားတင်တင် သိမြင်ရလေပြီ။

ဤသို့ အာဠဝကဘီလူးသည် ဤဂါထာဖြင့် မိမိ၏အစီးအပွားရရှိကြောင်းကို ပြဆိုပြီး၍ ယခုအခါ သူတပါးတို့အစီးအပွားဖြစ်ဖို့ရန်ကျင့်ကြံမည့်အကြောင်းကို ဖော်ပြလိုသည်ဖြစ်၍ "သော အဟံ ဝိစရိဿာမိ..."အစရှိသောဂါထာကို လျှောက်ဆိုလေသည်။

မှတ်ဖွယ်။ ။ ဧဝံ ဣမာယ ဂါထာယ အတ္တနော ဟိတာဓိဂမံ ဒဿေတွာ ဣဒါနိ <u>သဟိတပဋိပတ္တိံ</u> ဒီပေန္တော သော အဟံ ဝိစရိဿာမိ"တိအာဒိမာဟ။ (သံ၊ ၄၊ ၁၊ အာဠဝကသုတ္တဝဏ္ဏနာ၊ ၃၀၆။)

ပရဟိတပဋိပတ္တိ (သီ၊ သုတ္တနိပါတဋ္ဌကထာယ စ)၊ ပရဟိတာယ ပဋိပတ္တိ (သျှ)

(ဘန္တေ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား...)၊ သော အဟံ ထိုအာဋ္ဌဝကမည်ခေါ် တပည့်တော်သည်၊ (အဇ္ဇ ပဋ္ဌာယ ဘုရားနှင့်တွေ့ ယနေ့မှစ၍)၊ သမ္ဗုဒ္ဓံ=သမ္ဗုဒ္ဓဘာဝဥ သုံးလောကထွတ်ထား ရှင်တော်ဘုရား၏ များပြားပြောဟုန် ကျေးဇူးဂုဏ်နှင့် ပြည့်စုံထင်ရှား ဟုတ်မှန်သောဘုရားအဖြစ်ကိုလည်းကောင်း၊ ဓမ္မဿ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်၏၊ သုဓမ္မတဥ ဝဋ်မှထွက်ကြောင်း ကောင်းသောတရားအဖြစ်ကိုလည်းကောင်း၊ နမဿမာနော

"သုံးလူ့ရှင်ပင်၊ ဒို့ထိပ်တင်သည်၊ သဗ္ဗညုတ၊ ဉာဏဦးကိုင်၊ စိုးမိုးပိုင်သည့်၊ ဘုန်းလှိုင်ဘုရား၊ မှန်လှငြား၏...။ မြတ်ဖျားဇိနော်၊ စိန္တေယျော်သည်၊ ဆယ်ဖော်ဓမ္မ၊ မြတ်ထွတ်လှကို၊ စ,လယ်,အဆုံး၊ သုံးပါးအစုံ၊ ကောင်းခြင်းဂုဏ်နှင့်၊ ပြည့်စုံထင်ရှား၊ဟောညွှန်ကြားခဲ့...။ ရှစ်ပါးအရိယာ၊ မြတ်သံဃာလည်း၊ သိက္ခာသုံးရပ်၊ ချီးမွမ်းအပ်သည့်၊ စေ့စပ်လုံးစုံ၊ ကျင့်ဖုံဖုံကို၊ အာရုံနှစ်လို့၊ အားသစ်မြို့၏" ....

ဤသို့စသည် ရတနာသုံးမည်၏ ဂုဏ်ရည်သီးသီး အံ့မပြီးကို တချီးမွမ်းမွမ်း မြွက်ဆိုညွှန်း၍ ဦးစွန်းထိပ်ပြင် ဆယ်လက်စုံတင်ပြီးလျှင် ကြည်ရွှင်မြတ်နိုး ရှိခိုးပူဇော် နိဗ္ဗာန်ဆော်တဦးဖြစ်လျက်၊ ဂါမာ နတ်ရွာတစ်ရွာမှ၊ ဂါမံ နတ်ရွာတစ်ရွာသို့လည်းကောင်း၊ပုရာ နတ်ပြည်တစ်ပြည်မှ၊ပုရံ နတ်ပြည်တစ်ပြည်သို့လည်းကောင်း၊ ဝိစရိဿာမိ လှည့်လည်ကျက်စား သွားလာကြွေးကြော်ပါတော့အံ့ဘုရား။

ဤသို့လျှင်....

(၁) အာဠဝကဘီလူး လျှောက်ဆိုသော ဤဂါထာ၏ပြီးဆုံးခြင်း,

(၂) ညဥ့်မှောင်ကင်းရှင်း မိုးစင်စင်လင်းခြင်း,

(၃) ကောင်းကြီးကြွေးကြော် သာဓုခေါ်သံ၏ဆူညံစွာ ဖြစ်ပေါ်လာခြင်း,

(၄) အာဠဝကမင်းသားကို မင်းချင်းများက ဘီလူး၏ဗိမာန်အရောက် ပို့ဆောင်ကြခြင်း

ဤကိစ္စလေးချက်သည် တပြိုင်နက်တည်းသောကာလ၌ ဖြစ်လေသည်။

မင်းချင်းယောကျ်ားတို့သည် ကောင်းကြီးကြွေးကြော် သာဓုခေါ်သံကို ကြားကြရလျှင်"ဤသို့သဘောရှိသော ကောင်းကြီးကြွေးကြော် သာဓုခေါ်သံသည် ဘုရားရှင်တို့ကို ထား၍ အခြားသူတို့အား မဖြစ်ပေါ်နိုင်၊ ဘုရားရှင် ကြွလာတော်မူများ ကြွလာတော်မူလေရော့သလား?"ဟု ဆင်ခြင်ကြည့်ရှုကြလေရာ ဘုရားရှင်၏ကိုယ်တော်ရောင်ကို ဖူးမြင်ကြရ၍ ရေးတုန်းကကဲ့သို့ အပြင်အပ၌ မရပ်တည်ကြတော့ပဲ ရဲရဲရင့်ရင့်ပင် ဗိမာန်အတွင်းသို့ ဝင်ကြလေသော် ဘီလူး၏ဗိမာန်၌ ဘုရားရှင် ထိုင်နေတော်မူသည်ကိုလည်းကောင်း, အာဠဝကဘီလူး လက်အုပ်ချီ၍ရပ်တည်နေသည်ကိုလည်းကောင်း တွေ့မြင်ကြရလေသည်။

ထိုသို့ တွေ့မြင်ကြပြီးလျှင် မင်းချင်းယောကျ်ားတို့က အာဠဝကဘီလူးကို "အိုဘီလူးကြီး...ဤမင်းသားကို သင့်အတွက် ဗလိနတ်စာပူဇော်ရန် ဆောင်ယူအပ်ခဲ့ပါပြီ၊ ယခုအခါ ထိုမင်းသားကို ခဲလိုမူလည်း ခဲလော့၊ စားလိုမူလည်း၌စားလော့၊ အကြောင်းအားလျော်စွာ ပြုလိုရာပြုပါလော့"ဟု ပြောဆိုကြလေသည်။ အာဠဝကဘီလူးသည် သောတာပန်ပုဂ္ဂိုလ်ဖြစ်ပြီးဖြစ်သောကြောင့်လည်းကောင်း, အထူးသဖြင့် ဘုရားရှင်၏ရှေ့တော်မှောက်၌ ထိုသို့ ပြောဆိုသောကြောင့်လည်းကောင်း ရှက်နိုးလှလေသည်။ ထို့နောက် အာဠဝကဘီလူးသည် ထိုအာဠဝကမင်းသားကို လက်နှစ်ဖက်တို့ဖြင့် ပွေ့ချီခံယူပြီးလျှင်

"ဘုန်းတော်ကြီးသော ရှင်တော်ဘုရား...ဤမင်းသားကို တပည့်တော်အား ပို့ဆက်အပ်ပါပြီ၊ တပည့်တော်သည် ဤမင်းသားကို ဘုရားရှင်အား လှူဒါန်းပါ၏၊ ဘုရားရှင်တို့သည် သတ္တလောကအား စီးပွားဖြစ်လောက်အောင် သနားစောင့်ရှောက်တော်မူကြပါကုန်၏၊ ဘုန်းတော်ကြီးတော်မူသော ရှင်တော်ဘုရား...ဘုန်းတော်သခင် ရှင်ပင်ဘုရားသည် ဤအာဠဝကမင်းသားကို ဤမင်းသား၏စီးပွားချမ်းသာဖြစ်ဖို့ရန် ခံယူတော်မူပါဘုရား"ဟု လျှောက်ထားကာ ဘုရားရှင်အား ဆက်ကပ်လိုက်လေသည်၊ ဤဂါထာကိုလည်း ရွတ်ဆိုလျှောက်ထားလေသည်

"ဣမံ ကုမာရံ သတပုညလက္ခဏံ၊ သဗ္ဗင်္ဂုပေတံ ပရိပုဏ္ဏဗျဉ္ဇနံ။
ဥဒဂ္ဂစိတ္တော သုမနော ဒဒါမိ တေ၊ ပဋိဂ္ဂဟ လောကဟိတာယ စက္ခုမ။
(သံ၊ ၌၊ ၁၊ အာဠဝကသုတ္တဝဏ္ဏနာ၊ ၃၀၇။)"

စက္ခုမ စက္ခုငါးမျိုးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား...၊ (အဟံ အာဠဝကမည်ခေါ် တပည့်တော်သည်)၊ ဥဒဂ္ဂစိတ္တော တက်ကြွရွှင်လန်း ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍၊ သုမနော ချမ်းသာသောစိတ်ရှိသည်ဖြစ်၍၊ သတပုညလက္ခဏံ အရာမက ရေးပုညကြောင့် ပြည့်ဝစုံစွာ လက္ခဏာလည်းရှိထသော၊ သဗ္ဗင်္ဂုပေတံ အလုံးစုံသော အင်္ဂါကြီးငယ်တို့နှင့် ပြည့်စုံကြွယ်ဝစွာထသော၊ ပရိပုဏ္ဏဗျဉ္ဇနံ ပြည့်ဖြိုးဝန်းကျင် အသွင်သဏ္ဌာန်လည်းရှိထသော၊ ဣမံ ကုမာရံ အာဠဝက နာမတွင်ငြား

ဤမင်းသားကို၊ တေ ရှင်တော်ဘုရားအား၊ ဒဒါမိ သဒ္ဒါကြည်ဖြူ ပေးလှူပါ၏၊ (တွံ ရှင်တော်ဘုရားသည်)၊ လောကဟိ တာယ သတ္တလောက၏အစီးအပွား ကြီးထွားစေခြင်းငှါ၊ ပဋိဂ္ဂဟ ကရုဏာရေးရှု အလှူခံတော်မူပါဘုရား။

ဘုရားရှင်သည် အာဠဝကမင်းသားငယ်ကို ခံယူတော်မူလေသည်၊ ထိုသို့ ခံယူတော်မူရင်းပင် ဘီလူးနှင့် မင်းသားငယ်တို့၏အသက် ရှည်ကြာ အနာကင်းပျောက် အစီးအပွားရောက်ခြင်းအကျိုးငှါ(မင်္ဂလာမူ ပြုခြင်းအကျိုးငှါ) တစ်ပိုဒ်လျော့သော ဂါထာကို ဟောတော်မူလေသည်၊ ထိုတစ်ပိုဒ်လျော့ဂါထာကို အာဠဝကဘီလူးသည် မင်းသားကလေး သရဏဂုံတည်စေရန် သုံးကြိမ်တိုင်တိုင် စတုတ္ထပိုဒ်ဖြင့် ဖြည့်၍ ပေးလေသည်။

ပဋိဂ္ဂဟေသိ ဘဂဝါ ကုမာရံ။ ပဋိဂ္ဂဏှန္တော စ ယက္ခဿ စ ကုမာရဿ စ မင်္ဂလကရဏတ္ထံ ပါဒူနဂါထံ အဘာသိ။ တံ ယက္ခော ကုမာရံ သရဏံ ဂမေန္တော တိက္ခတ္တုံ စတုတ္ထပါဒေန ပူရေသိ။

(ဗုဒ္ဓ) "ဒီဃာယုကော ဟောတု အယံ ကုမာရော၊
တုဝံစ ယက္ခ သုခိတော ဘဝါဟိ။
အဗျာဓိတာ လောကဟိတာယ တိဋ္ဌထ၊
(အာဠဝက) အယံ ကုမာရော သရဏမုပေတိ ဗုဒ္ဓံ။
အယံ ကုမာရော သရဏမုပေတိ ဓမ္မံ။
အယံ ကုမာရော သရဏမုပေတိ သံဃံ။
'(သံ၊ ဋ္ဌ၊ ၁၊ အာဠဝကသုတ္တဝဏ္ဏနာ၊ ၃၀၇။)

(ဗုဒ္ဓ) အယံ ကုမာရော အာဠဝကမည်ကြား ဤမင်းသားသည်၊ ဒီဃာယုကော ရှည်သောအသက်ရှိသည်၊ဟောတု ဖြစ်စေသတည်း၊ ယက္ခ အာဠဝက နာမမည်ထူး ဒကာဘီလူး...၊ တုဝံစ သင်ဒကာဘီလူးသည်လည်း၊ သုခိတော ကာယစိတ္တ သုခနှစ်ပါးနှင့်ပြည့်စုံသည်၊ ဘဝါဟိ ဖြစ်စေသတည်း၊ (တုမှေ မင်းသားနှင့် ဘီလူး သင်တို့နှစ်ဦးသည်)၊ အဗျာဓိတာ ကိုးဆယ့်ခြောက်ဖြာ ရောဂါခပ်သိမ်း ကင်းငြိမ်းကြကုန်လျက်၊ လောကဟိတာယ လူသူအများ အစီးအပွားအလို့ငှာ၊ တိဋ္ဌထ အခါမြင့်ရှည် တည်ကြစေကုန်သတည်း။

(အာဠဝက) (ဘန္တေ ဘုန်းတော်ကြီးသော မြတ်စွာဘုရား...)၊ အယံ ကုမာရော အာဠဝကမည်ကြား ဤမင်းသားသည်၊ ဗုဒ္ဓံ သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်စွာဘုရားကို၊ သရဏံ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာဟူ၍၊ ဥပေတိ ရှိသေလေးမြတ် ဆည်းကပ်သိရှိပါ၏ဘုရား။

(ဘန္တေ ဘုန်းတော်ကြီးသော ပြတ်စွာဘုရား...)၊ အယံ ကုမာရော အာဠဝကမည်ကြား ဤမင်းသားသည်၊ ဓမ္မံ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်ကို၊ သရဏံ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာဟူ၍၊ ဥပေတိ ရှိသေလေးမြတ် ဆည်းကပ်သိရှိပါ၏ဘုရား။

(ဘန္တေ ဘုန်းတော်ကြီးသော မြတ်စွာဘုရား...)၊ အယံ ကုမာရော အာဠဝကမည်ကြား ဤမင်းသားသည်၊ သံဃံ ပရမတ္ထ အရိယာ သံဃာတော်မြတ်ကို၊ သရဏံ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာဟူ၍၊ ဥပေတိ ရှိသေလေးမြတ် ဆည်းကပ်သိရှိပါ၏ဘုရား။(မဟာဗုဒ္ဓဝင်၊ စတုတ္ထတွဲ၊ ၃၀၃ ၃၀၄။)

ဘုရားရှင်သည် "ဤမင်းသားငယ်ကို ကြီးပြင်းအောင် မွေးမြူကြပြီးလျှင် ငါဘုရားအားပင် တဖန်ပြန်၍ ပေးကြရမည်"ဟု မိန့်တော်မူကာ မင်းသားငယ်ကို မင်းချင်းယောကျ်ားတို့၏လက်သို့ ပေးအပ်တော်မူလေသည်။

## လက်ပြောင်းလက်လွှဲ၊ ကြောင်းကိုစွဲ၊ ခေါ်မြဲ ဟတ္ထကာဠဝက

မင်းသားငယ်၏မူလအမည်သည်"အာဠဝက"ဖြစ်လေသည်၊ ထိုမင်းသားငယ်သည် မင်းချင်းယောကျ်ားတို့၏လက်မှ ဘီလူး လက်သို့, ဘီလူး၏လက်မှ ဘုရားရှင်လက်တော်သို့, ဘုရားရှင်၏လက်တော်မှ တဖန် မင်းချင်းယောကျ်ားတို့၏လက်သို့ အဆင့်ဆင့် ကူးပြောင်းရောက်ရှိလေသောကြောင့် အမည်အားဖြင့် "ဟတ္ထက အာဠဝက"ဟူ၍ မည်တွင်လေသည်။ ("ဟတ္ထကာဠဝက"ဟူ၍လည်း ခေါ်ဆိုကြလေသည်။ (မဟာဗုဒ္ဓဝင်၊ စတုတ္ထတွဲ၊ ၃၀၅။)

ထိုမင်းသားငယ်ကို ချီယူ၍ ပြန်လာကြသော မင်းချင်းယောကျ်ားတို့ကို မြင်ကြရလျှင် လယ်သမား, တောအလုပ်သမားအစရှိသော လူအပေါင်းတို့က "အသို့နည်း? ဘီလူးသည် မင်းသားကလေးကို အလွန်သေးငယ်သောကြောင့် မစားလိုပဲ ရှိသလော?"ဟု ကြောက်လန့်တကြား မေးမြန်းကြလေသည်၊ မင်းချင်းယောကျ်ားတို့က "သင်တို့ မကြောက်ကြလင့်၊ ဘုရားရှင်သည် ဘေးကင်းအောင်

ပြုတော်မူအပ်ပြီ"ဟု ဖြစ်ရပ်အလုံးစုံကို ပြန်ကြားပြောဆိုကြလေသည်။

ထိုအခါ "သာဓု သာဓု"ဟု ကောင်းချီးပေးကြလျက် အာဠဝီမင်းနေပြည်အလုံးသည် "ဘုရားရှင်က ဘေးကင်းအောင် ပြုတော်မူအပ်ပြီတဲ့၊ ဘုရားရှင်က ဘေးကင်းအောင် ပြုတော်မူအပ်ပြီတဲ့"ဟု အုတ်အုတ်ကျက်ကျက် ဆူဆူညံညံ တစ်ခုတည်းသော ကောလာဟလအသံဖြင့် အာဠဝကဘီလူးရှိရာဖက်သို့ ရှေးရှုမျက်နှာမူလျက်သား ဖြစ်လေတော့သည်၊ အာဠဝကဘီလူးသည်လည်း ဘုရားရှင် ဆွမ်းခံဝင်ချိန်သို့ရောက်လတ်သော် သပိတ်သက်န်းကို ယူဆောင်၍ ခရီးတဝက်ရောက်အောင် ဘုရားရှင်ကို လိုက်ပါပို့ဆောင်ပြီးမှ ပြန်နစ်လေသည်။

## အာဠဝီပြည်သား၊ လူအများ၊ ရငြား တရားထူး

ဘုရားရှင်သည် အာဠဝီမြို့တွင်း၌ ဆွမ်းခံလှည့်လည်တော်မူပြီးနောက် ဆွမ်းကိစ္စပြီးလတ်သော် မြို့တံခါးဝယ် ဆိတ်ငြိမ်သော တစ်ခုသော သစ်ပင်းရင်း၌ ခင်းထားအပ် မြတ်သော ဘုရားနေရာဝယ် ထိုင်နေတော်မူလေသည်၊ ထိုအခါ မှူးမတ်ဗိုလ်ပါအပေါင်းနှင့် တကွ အာဠဝကမင်း၊ အာဠဝီပြည်သူပြည်သားတို့သည် တပေါင်းတည်းပေါင်းစု၍ ဘုရားရှင်ကို ဆည်းကပ်ရှိခိုးကြပြီးလျှင် ဝန်းဝိုင်းခြံရံလျက် ထိုင်နေကြကာ ဘုရားရှင်ကို "ရှင်တော်ဘုရား...ရှင်တော်ဘုရားတို့သည် အဘယ်သို့သောနည်းလမ်းဖြင့် ဤမှလောက် ကြမ်းတမ်းရက်စက်သော ဘီလူးကို ဆုံးမချေချွတ်တော်မူခဲ့ကြပါသနည်း?"ဟု မေးလျှောက်ကြလေသည်။

ထိုမင်းနှင့်တကွသော အာဠဝီပြည်သူပြည်သားများအား ဘုရားရှင်သည် အာဠဝကဘီလူး၏စစ်ထိုးမှုက တရားစတော်မူကာ "ဤသို့ဤပုံ လက်နက်မိုး ကိုးမျိုးကို ရွာသွန်းစေပြီးလျှင် ဤသို့ဤနယ် ကြောက်မက်ဖွယ်ကို ပြုခဲ့လေ၏၊ ဤနည်းဤပုံ ငါဘုရားကို ပြဿနာများမေးလျှောက်ခဲ့လေ၏၊ ထိုဘီလူးအား ငါဘုရားသည် ဤကားဤနယ် ပြဿနာအသွယ်သွယ်ကို ဖြေကြားတော်မူခဲ့လေ၏"ဟု မိန့်ကြားတော်မူပြီးလျှင် အာဠဝကသုတ္တန်ကို ဟောကြားတော်မူလေသည်။ ဒေသနာတော်၏အဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ သစ္စာလေးပါးတရားသိမြင်ကာ ကျွတ်တမ်းဝင်ကြလေသည်။

## ဒေဝတာဗလိ၊ ပူဇော်ဘိ၊ စောင့်၏ နတ်ဘီလူး

ထို့နောက် မင်းနှင့်တကွသော ပြည်သူပြည်သားများသည် ဝေဿဝဏ်နတ်မင်း၏နတ်ကွန်းဗိမာန်၏အနီး၌ အာဠဝကဘီလူး အတွက်နတ်ကွန်းဗိမာန်အသစ် တည်ဆောက်ကြပြီးလျှင် ပန်း၊ နံ့သာအစရှိသော ပူဇော်ဖွယ်နှင့်ပြည့်စုံသော ဒေဝတာဗလိကို အမြဲတစေ ဖြစ်စေကုန်သည်။

ဟတ္ထက အာဠဝကမင်းသားကလေးကိုလည်း သိကြားလိမ္မာသော အရွယ်သို့ ရောက်သောအခါ "သင်မင်းသားသည် ဘုရားရှင်ကို အမှီပြု၍ အသက်ရှင်မှုကို ရခဲ့လေသည်၊ သွားပါလော့...ဘုရားရှင်ကိုသာလျှင် ဆည်းကပ်လုပ်ကျွေးပါလော့၊ ရဟန်းသံဃာကိုလည်း ဆည်းကပ်လုပ်ကျွေးပါလော့"ဟု ပြောဆိုကြလျက် ဘုရားရှင်ထံတော်သို့ ပို့သစေလွှတ်ကြလေသည်။ မင်းသားသည် ဘုရားရှင်ကိုလည်းကောင်း၊ ရဟန်းသံဃာကိုလည်းကောင်း ဆည်းကပ်ပြုစုလုပ်ကျွေးကာ ဝိပဿနာတရားနှလုံး ကျင့်သုံးပွားများ၍ မကြာမြင့်မီပင် အနာဂါမိဖိုလ်၌တည်ပြီးနောက် အလုံးစုံသော ဘုရားစကားတော်ကို သင်ကြားတတ်မြောက်ပြီးလျှင် ဥပါသကာငါးရာ အခြံအရံရှိသူ ဖြစ်လေသည်။ (ဤကားသဂါထာဝဂ္ဂအဋ္ဌကထာ ယက္ခသံယုတ် အာဠဝကသုတ်အဖွင့် (သံ၊ ဋ္ဌ၊ ၁၊ ၂၈၉ ၃၀၈)၌ လာရှိ၏။)

## သင်္ဂဟဝတ္ထု၊ ချီးမြှောက်ပြု၊ ရမှု တေဒဂ်

တနေ့သ၌ ဟတ္ထကအာဠဝကမင်းသား ဥပါသကာသည် ဥပါသကာငါးရာတို့နှင့် အတူတကွ ဘုရားရှင့်အထံတော်သို့ သွားရောက်၍ ရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ် အပြစ်ကင်းရာအရပ်၌ ထိုင်နေလေသည်။ ဘုရားရှင်သည် အလွန်ယဉ်ကျေး သိမ်မွေ့လှစွာသော ပရိသတ်ကိုတွေ့မြင်တော်မူရ၍ "ချစ်သားအာဠဝက...သင်၏ပရိသတ်ကား များလှ၏၊ သင်ချစ်သားသည် ထိုပရိသတ်ကို အဘယ်သို့ ချီးမြှင့်သနည်း?ဟု မေးတော်မူလေသော် ဟတ္ထကအာဠဝကမင်းသား ဥပါသကာက ဘုရားရှင်ကို "ရှင်တော်ဘုရား... တပည့်တော်သည် စွန့်ကြဲပေးကမ်း လှူဒါန်းမှ နှစ်သက်အားရရှိမည်သူကို စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဖြင့် ချီးမြှင့်ပါသည် (၁)၊ ချစ်ဖွယ်စကား ပြောကြားမှ နှစ်သက်အားရရှိမည်သူကို ချစ်ဖွယ်စကား ပြောကြားခြင်းဖြင့် ချီးမြှင့်ပါသည် (၂)၊ ကိစ္စကြီးငယ် ဖြစ်ပေါ်လာသော် ထိုကိစ္စကြီးငယ်ကို ပြီးမြောက်အောင် စောင့်ရှောက်ရွက်ဆောင်ပေးမှ နှစ်သက်အားရရှိမည်သူကို ဖြစ်ပေါ်လာသောကိစ္စ ပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ချီးမြှင့်ပါသည် (၃)၊ ကိုယ်တူထားမှနှစ်သက်အားရရှိမည်သူကို ကိုယ်တူထားခြင်းပြင့် ချီးမြှင့်ပါ

သည် (၄)"....ဟူ၍ ဖြေကြားလျှောက်ထားလေသည်။

ဘဂဝါ ဒါနေန တုဿန္တံ ဒါနေန သင်္ဂဏှာမိ၊ ပိယဝစနေန တုဿန္တံ ပိယဝစနေန သင်္ဂဏှာမိ၊ ဥပ္ပန္နေသု ကိစ္စေသု တေသံ နိတ္ထရဏေန တုဿန္တံ ဥပ္ပန္နကိစ္စနိတ္ထရဏေန သင်္ဂဏှာမိ၊ သမာနတ္တဋ္ဌာနေန တုဿန္တံ သမာနတ္တတာယ သင်္ဂဏှာမီတိ။(အံ၊ဋ္ဌ၊၁၊၃၀၂။)

ဘုရားရှင်သည် ထိုအကြောင်းကို အစွဲပြု၍ နောက်အဖို့ဝယ် ဇေတဝန်ကျောင်းတော်၌နေတော်မူလျက် ဥပါသကာတို့ကို ဧတဒဂ်ရာထူးဌာနန္တရ၌ ထားတော်မူရာတွင် ဤဟတ္ထကအာဠဝကမင်းသား ဥပါသကာကို "ရဟန်းတို့...သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် မိမိ၏ ပရိသတ်ကို ချီးမြှောက်ကြသည့် ငါဘုရား၏တပည့် ဥပါသကာတို့တွင် ဟတ္ထကအာဠဝကသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ"သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် ပရိသတ်ကို ချီးမြှောက်သောအရာဝယ် အမြတ်ဆုံးဧတဒဂ်ရာထူး၌ ထားတော်မူလေသည်။

စတူဟိ သင်္ဂဟဝတ္ထူဟီတိ စတုဗ္ဗိဓေန သင်္ဂဟဝတ္ထုနာ ပရိသံ သင်္ဂဏှန္တာနံ ဟတ္ထကော အာဠဝကော အဂ္ဂေါတိ ဒဿေတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၉၉။)

အထ သတ္ထာ အပရဘာဂေ ဇေတဝနေ နိသီဒိတွာ ဥပါသကေ ဌာနန္တရေသု ဌပေန္တော ဟတ္ထကံ အာဠဝကံ စတူဟိ သင်္ဂဟဝတ္ထူဟိ ပရိသံ သင်္ဂဏှန္တာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၀၂။)

ဤဟတ္ထက အာဠဝကမင်းသားဥပါသကာ၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊ ၂၉၉ ၃၀၂), သဂါထာဝဂ္ဂသံယုတ် ပါဠိတော် အာဠဝကသုတ်(သံ၊ ၁၊ ၂၁၆ ၂၁၇), သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ (သံ၊ ဋ္ဌ၊ ၁၊ ၂၈၉ ၃၀၈), မဟာဗုဒ္ဓဝင်စတုတ္ထတွဲ (၂၅၇ ၃၀၇), ဆဋ္ဌမတွဲ ဒုပိုင်း(၁၉၇ ၁၉၉)တို့၌ ကြည့်ရှုနိုင်သည်။

## ၅။ မဟာနာမသာကီဝင်မင်းအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ပဏီတဒါယကာနံ ယဒိဒံ မဟာနာမော သက္ကော။ (အံ၊ ၁၊ ၂၇။)

### မဟာနာမ်သာကီဝင်မင်းအလောင်း ရှေးဆုတောင်း

ဤမဟာနာမ်သာကီဝင်မင်းအလောင်းသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသားဖြစ်၍ ဘုရားရှင်၏တရားစကားကို ကြားနာစဉ် ဘုရားရှင်က ဥပါသကာတစ်ယောက်ကို "ပဏီတရသဒါန=အရသာကောင်းမြတ်သည့် ဆွမ်း, ဆေးလှူဒါန်းသောအရာ"ဝယ် အမြတ်ဆုံးဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေမြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

### နောက်ဆုံးဘဝ၊ မဟာနာမ်၊ သကျ မင်းဖြစ်ခြင်း

ထိုအမျိုးကောင်းသားသည် ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်ခဲ့ပြီးလျှင် ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်ထွန်းတော်မူလေသော် ကပိလဝတ်မင်းနေပြည်ဝယ် သကျဝံသ သာကီဝင်မင်းမျိုး၌ မဟာနာမ်အမည်ရှိသောမင်းသား (အရှင်အနုရုဒ္ဓါ၏နောင်တော်)ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ဘုရားရှင်ကို ပဌမအကြိမ် ဖူးတွေ့ရလျှင်ပင် သောတာပတ္တိဖိုလ်၌ တည်လေသည်။

### မွန်မြတ်ရသာ၊ လှူဒါန်းရာ၊ ရပါ ဧတဒဂ်

တချိန်ခါ၌ ဘုရားရှင်သည် ဝေရဉ္စာပြည်၌ ဝါလပတ်လုံး သီတင်းသုံးနေတော်မူပြီး၍ အစဉ်သဖြင့် ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူ၍ နိဂြောဓာရုံကျောင်းတိုက်ဝယ် သီတင်းသုံး နေထိုင်တော်မူလေသည်၊ မဟာနာမ်သာကီဝင်မင်းသည် "ဘုရားရှင် ကြွလာတော်မူ၏"ဟု သတင်းကြား၍ ဘုရားရှင်အထံတော်သို့ သွားရောက်ရှိခိုးလျက် သင့်တင့်လျောက်ပတ်ရာအရပ်၌ ထိုင်နေပြီးလျှင် ဘုရားရှင်ကို "ရှင်တော်ဘုရား...'ရဟန်းသံဃာများသည် ဝေရဉ္စာပြည်၌ ဆွမ်းခံလှည့်လည်ရခြင်းဖြင့် အလွန်ပင်ပန်းဆင်းရဲလှသတဲ့' ဟု တပည့်တော် သတင်းစကား ကြားသိအပ်ပါသည်၊ တပည့်တော်အား လေးလပတ်လုံး ရဟန်းသံဃာတော်အား ပြုစုလုပ်ကျွေးရန် ခွင့်ပန် ချက်ပေးတော်မူကြပါဘုရား၊ တပည့်တော်သည် ရဟန်းသံဃာတော်၏ကိုယ်၌ ဩဇာအရသာကို သွင်းထည့်ပေးလိုပါသည်ဘုရား"ဟု လျှောက်ထားလေသည်၊ ဘုရားရှင်သည် မဟာနာမသာကီဝင်မင်း၏လျှောက်ထားချက်ကို လက်ခံတော်မူလေသည်။

မဟာနာမ်သာကီဝင်မင်းသည် ဘုရားရှင် လက်ခံတော်မူသည်ကို သိရလျှင် နောက်နေ့မှ အစပြုကာ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်ကို မွန်မြတ်သော ဘောဇဉ်ငါးပါး, စတုမဓုဆေး စသည်တို့ဖြင့် ပြုစုလုပ်ကျွေး၍ လေးလစေ့သောအခါ တဖန်

လေးလပတ်လုံးပင် ပြုစုလုပ်ကျွေးရန် ခံဝန်ချက်ရယူလျက် ဆက်ကာပြုစုလုပ်ကျွေး၍ ရစ်လစေ့လျှင် တဖန်နောက်ထပ် လေးလပတ်လုံးပင် ပြုစုလုပ်ကျွေးရန် ခံဝန်ချက်ရယူကာ ဆက်လက်ပြုစုလုပ်ကျွေး၍ တနှစ်ပြည့်မြောက်လေသည်၊ တဖန်ထပ်၍ ပြုစုလုပ်ကျွေးရန် ခံဝန်ချက်လျှောက်ထားပါသော်လည်း ဘုရားရှင်သည် ခံဝန်ချက်ကို ပေးတော်မမူချေ။

မဟာနာမ်သာကီဝင်မင်းသည်ကား ထိုအချိန်မှ အစပြု၍ ထိုမှ၍မှ ကြွရောက်လာသော ရဟန်းသံဃာအား ထိုနည်းအတိုင်းပင် မွန်မြတ်အရသာရှိသည့် ဘောဇဉ်ငါးပါး, စတုမဓုဆေးများဖြင့် ပြုစုလုပ်ကျွေးလေသည်၊ ဤကဲ့သို့ မဟာနာမ်သာကီဝင်မင်း၏ "ရဟန်းသံဃာအား မွန်မြတ်အရသာရှိသည့် ဘောဇဉ်ငါးပါး, စတုမဓုဆေးများဖြင့် ပြုစုလုပ်ကျွေး"ဟူသော ဂုဏ်သတင်းသည် ဇမ္ဗူဒိပ်တကျွန်းလုံး၌ ထင်ရှားဖြစ်လေသည်။

ထိုဂုဏ်သတင်းကြောင့်ပင် ဘုရားရှင်သည် နောက်အဖို့ဝယ် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဥပါသကာတို့ကို အစဉ်အတိုင်း တေဒဂ်ရာထူး၌ ထားတော်မူလတ်သော် ဤမဟာနာမ်သာကီဝင်မင်းကို "ရဟန်းတို့...မွန်မြတ်သော ဘောဇဉ်ရသာ, ဆေးပစ္စည်းကို လှူဒါန်းကြသည့် ငါဘုရား၏တပည့် ဥပါသကာတို့တွင် မဟာနာမ်သာကီဝင်မင်းသည် အမြတ်ဆုံးဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ"ပဏီတဒါန=အမွန်အမြတ်ကို လှူဒါန်းသောအရာဝယ် အမြတ်ဆုံး တေဒဂ်ရာထူး"၌ ထားတော်မူလေသည်။

ပဏီတဒါယကာနန္တိ ပဏီတရသဒါယကာနံ မဟာနာမော သက္ကော အဂ္ဂေါတိ ဒဿေတိ။ (အံ၊ ဋ၊ ၁၊ ၃၀၂။)

သတ္ထာ ပန အပရဘာဂေ ဇေတဝနေ နိသီဒိတွာ မဟာနာမံ သက္ကံ ပဏီတဒါယကာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ဋ၊၁၊၃၀၃။)

ဤမဟာနာမ်သာကီဝင်မင်း၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ၊ ၁၊ ၃၀၂ ၃၀၃), ပါစိတ်ပါဠိတော်(ဝိ၊ ၂၊ ၁၃၆ ၁၃၇), မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ဒုပိုင်း (၂၀၀ ၂၀၃)တို့၌ ကြည့်ရှုနိုင်သည်။

## ၆။ ဥဂ္ဂသူဌေးအကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ မနာပဒါယကာနံ ယဒိဒံ ဥဂ္ဂေါ ဂဟပတိ ဝေသာလိကော။ (အံ၊ ၁၊ ၂၇။)

## ဥဂ္ဂသူဌေးအလောင်း ရှေးဆုတောင်း

ဤဥဂ္ဂသူဌေးအလောင်းသည် ပဒုမုတ္တရာဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသားဖြစ်၍ နောက်အဖို့ဝယ် ဘုရားရှင်၏တရားစကားတော်ကို ကြားနာစဉ် ဘုရားရှင်က ဥပါသကာတစ်ယောက်ကို"နှစ်သက်ဖွယ်သော အလှူဝတ္ထုကို ပေးလှူကြသည့်ဒါယကာတို့တွင် အမြတ်ဆုံး တေဒဂ်ရာထူး"၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

## နောက်ဆုံးဘဝ၊ ပေါ်ကြွယ်ဝ၊ ဥဂ္ဂသူဌေးဖြစ်

ထိုအမျိုးကောင်းသားသည် ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်ခဲ့ပြီးလျှင် ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မူသည်ရှိသော် ဝေသာလီပြည်ဝယ် သူဌေးမျိုး၌ ဖြစ်လေသည်၊ ထိုသူဌေးသား မွေးဖွားပြီးကာလ၌ အမည်သီးခြား မမှတ်သား မမှည့်ခေါ်အပ်သေးပေ၊ အရွယ်ရောက်၍ နောက်အဖို့၌ကား ထိုသူဌေးသား၏ကိုယ်ခန္ဓာသည်လည်း ပြည့်ဖြိုးမြင့်မောက်လျက် တန်ဆာဆင်အပ်သော တုရိဏ်တိုင်ကဲ့သို့လည်းကောင်း, မြောက်ဆွဲ၍ထားအပ်သော ဆန်းကြယ်သောပုဆိုးကဲ့သို့လည်းကောင်း အလွန်တင့်တယ်လှသည်၊ ထိုသူဌေးသား၏ဂုဏ်သတင်းများသည်လည်း ထင်ရှားကျော်လွှမ်း၍သာ လာကုန်သည်၊ ထိုသူဌေးသားသည် ကိုယ်ခန္ဓာနှင့် ဂုဏ်သတင်းတို့ မြင့်မောက်ထင်ရှားကျော်လွှမ်းခြင်းကြောင့် "ဥဂ္ဂသူဌေး"ဟူ၍ လူအများတို့ ခေါ်ဆိုအပ်သူ ဖြစ်လာလေတော့သည်။

ဥဂ္ဂသူဌေးသည် ဘုရားရှင်ကို ပဌမအကြိမ် ဖူးတွေ့ရသောအခါကပင် သောတာပတ္တိဖိုလ်၌တည်၍ နောက်အဖို့ဝယ် (သောတာပတ္တိမဂ်, ဖိုလ်အပါအဝင်) အောက်မဂ်သုံးပါး, အောက်ဖိုလ်သုံးပါးတို့ကို မျက်မှောက်ပြုရလေသည်။ ထိုသူဌေးသည် အသက်အရွယ်ကြီးရင့်သောအခါ၌ ဆိတ်ငြိမ်ရာသို့ ကပ်ရောက်နေထိုင်လျက် "ငါ နှစ်သက်မြတ်နိုးအပ်သောဝတ္ထုကိုသာ ဘုရားရှင်အား လှူအံ့၊ ငါသည် ဘုရားရှင်၏မျက်မှောက်တော်မှ 'နှစ်သက်မြတ်နိုးအပ်သောဝတ္ထုကို လှူဒါန်းသောသူသည် နှစ်သက်မြတ်နိုးအပ်သောအကျိုးကို ရ၏'ဟု ဘုရားရှင် ဟောကြားတော်မူသည်ကိုလည်း ကြားနာအပ်ဖူးလေပြီ"ဟု အောက်မေ့ဆင်ခြင်မိလေသည်။ ထိုအခါ ဥဂ္ဂသူဌေး၏စိတ်သန္တာန်ဝယ် "စင်စစ်ကတော့ ဘုရားရှင်သည် ငါ၏စိတ်အကြံကို သိတော်မူကာ အိမ်တံခါးဝသို့ ကြွလာတော်မူကောင်း ကြွလာတော်မူလေရာ၏"ဟု ကြံစည်စဉ်းစားမှု ဖြစ်လေသည်။

ဘုရားရှင်သည်လည်း ထိုသူဌေး၏စိတ်အကြံကိုသိတော်မူရကား ရဟန်းအပေါင်း ခြံရံအပ်လျက် သူဌေး၏နေအိမ်တံခါးဝ၌ပင်

အထင်အရှား ရောက်ရှိတော်မူလာလေသည်၊ ဥဂ္ဂသူဌေးသည် "ဘုရားရှင် ကြွလာတော်မူ၏"ဟု ကြားသိရလျှင် အတိုင်းထက်အလွန် အားတက်လှသည်ဖြစ်၍ ဘုရားရှင်အထံတော်သို့သွားရောက်၍ တည်ခြင်းငါးပါးဖြင့် ရှိခိုးပြီးလျှင် ဘုရားရှင်၏သပိတ်တော်ကိုဆီးကြိုယူလင့်၍ အိမ်အတွင်းသို့ ပင့်ဆောင်လျက် ခင်းထားအပ်ပြီးသော မြတ်သောဘုရားရှင်နေရာတော်၌ ဘုရားရှင်ကိုလည်းကောင်း, ကြွင်းကျန်သော နေရာတို့၌ ရဟန်းအပေါင်းကိုလည်းကောင်း ထိုင်နေတော်မူစေပြီးနောက် ဘုရားအမှူးရှိသော ရဟန်းသံဃာကို အမျိုးမျိုးအဖုံဖုံ မွန်မြတ်သော ရသာစုံတို့ဖြင့် ပြုစုလုပ်ကျွေး၍ ဆွမ်းကိစ္စ ပြီးဆုံးသောအခါ သင့်တင့်လျောက်ပတ် အပြစ်လွတ်ရာအရပ်၌ ထိုင်နေကာ ဘုရားရှင်ကို ဤသို့ လျှောက်ထားလေသည်။

"ရှင်တော်ဘုရား...'နှစ်သက်ဖွယ်ဝတ္ထုကို လှူဒါန်းသူသည် နှစ်သက်ဖွယ်အကျိုးကို ရ၏'ဟု ဤတရားစကားတော်ကို တပည့်တော်သည် ဘုရားရှင့်မျက်မှောက်တော်မှ ကြားနာရဖူး, ခံယူရဖူးပါသည်၊ ရှင်တော်ဘုရား...အကြင်အကြင်ဝတ္ထုကို တပည့်တော်သည် နှစ်သက်မြတ်နိုးအပ်၏၊ ထိုထိုဝတ္ထုကိုသာ တပည့်တော်သည် ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူဒါန်းအပ်ခဲ့ပါသည်ဘုရား"ဟု ဘုရားရှင်ကို လျှောက်ထားသိစေပြီးလျှင် ထိုအခါမှစ၍ ဥဂ္ဂသူဌေးသည် မိမိနှစ်သက်မြတ်နိုးသော ဝတ္ထုကို ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူဒါန်းလေသည်။ ထိုအကြောင်းအလုံးစုံကို ပဉ္စကနိပါတ် ဥဂ္ဂသုတ်=မနာပဒါယီသုတ်(အံ၊ ၂၊ ၄၂ ၄၅)၌ အကျယ်အားဖြင့် လာရှိလေသည်။

## မြတ်နိုးဖွယ်သာ၊ လှူဒါန်းရာ၊ ရပါ ဧတဒဂ်

ဤအကြောင်းကြောင့်ပင် ဘုရားရှင်သည် နောက်အဖို့ဝယ် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဥပါသကာတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး၌ထားတော်မူလတ်သော် ဤဥဂ္ဂသူဌေးကို "ရဟန်းတို့...နှစ်သက်ဖွယ်သောဝတ္ထုကို ပေးလှူလေ့ရှိကြသည့် ငါဘုရား၏တပည့်ဥပါသကာတို့တွင် ဝေသာလီပြည်သား ဥဂ္ဂသူဌေးသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "မနာပဒါန=နှစ်သက်ဖွယ်သော ဝတ္ထုကို လှူဒါန်းသောအရာဝယ် အမြတ်ဆုံးဧတဒဂ်ရာထူး"၌ ထားတော်မူလေသည်။

မနာပဒါယကာနန္တိ မနာပံ စိတ္တရုစိတဘောဇနံ ဒါယကာနံ အဂ္ဂေါတိ ဒဿေတိ။ (အံ၊ ဋ၊ ၁၊ ၃၀၃။)

သတ္ထာ အပရဘာဂေ ဇေတဝနေ ဝိဟရန္တော တံ ဥပါသကံ မနာပဒါယကာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ၊ ၁၊ ၃၀၄။)

## သူဌေးဥဂ္ဂ၊ ကွယ်လွန်က၊ ဖြစ်ထ သုဒ္ဓါဝါ

ထိုနောက်တချိန်ဝယ် ဥဂ္ဂသူဌေး ကွယ်လွန်သောအခါ တစ်ခုသော သုဒ္ဓါဝါသဗြဟ္မာဘုံ၌ ဖြစ်လေသည်၊ ထိုစဉ်အခါ ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူဆဲဖြစ်လေသည်၊ တစ်ခုသော သံခေါင်ယာမ်၌ အလွန်နှစ်လိုဖွယ်သော အဆင်းရှိလျက် ဇေတဝန်ကျောင်းတော်အလုံးကို ထိန်လင်းတောက်ပစေကာ ဥဂ္ဂဗြဟ္မာသည် ဘုရားရှင်ထံတော်သို့ ချဉ်းကပ်၍ ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ်ရာအရပ်၌ ရပ်နေလေသည်။ ထိုဥဂ္ဂဗြဟ္မာကို ဘုရားရှင်က

"ဥဂ္ဂ...အသို့နည်း? သင့်အဖို့ရာ အလိုအတိုင်း ပြည့်စုံ၏လော?"

ဟု (အရဟတ္တဖိုလ်ကို ရည်ရွယ်၍) မေးတော်မူလေသည်။

ဥဂ္ဂဗြဟ္မာက ဘုရားရှင်ကို "ရှင်တော်ဘုရား...တပည့်တော်၏အဖို့ရာ အမှန်စင်စစ် အလိုအတိုင်း ပြည့်စုံပါ၏"

ဟု (အရဟတ္တဖိုလ်ကိုပင် ရည်ရွယ်၍) ပြန်လည်ဖြေကြား လျှောက်ထားလေသည်။

ထို့နောက် ဘုရားရှင်သည် ဥဂ္ဂဗြဟ္မာကို..

"မနာပဒါယီ လဘတေ မနာပံ၊ အဂ္ဂဿ ဒါတာ လဘတေ ပုနဂ္ဂံ။

ဝရဿ ဒါတာ ဝရလာဘီ ဟောတိ၊ သေဋ္ဌန္ဒဒေါ သေဋ္ဌမုပေတိ ဌာနံ။

မနာပဒါယီ နှစ်သက်ဖွယ်ကို ပေးလှူသူသည်၊ မနာပံ လဘတေ နှစ်သက်ဖွယ်ကို ရ၏၊ အဂ္ဂဿ ဒါတာ မွန်မြတ်သည်ကို ပေးလှူသူသည်၊ ပုနဂ္ဂံ လဘတေ တဖန် မွန်မြတ်သည်ကို ရ၏၊ ဝရဿ ဒါတာ တောင့်တအပ်သည်ကို ပေးလှူသူသည်၊ ဝရလာဘီ ဟောတိ တောင့်တအပ်သည်ကို ရသူဖြစ်၏၊ သေဋ္ဌန္ဒဒေါ ချီးမွမ်းအပ် မြတ်သည်ကို ပေးလှူသူသည်၊ သေဋ္ဌံ ဌာနံ ဥပေတိ ချီးမွမ်းအပ် မြတ်သည့်အရာသို့ ရောက်၏။

ယော အဂ္ဂဒါယီ ဝရဒါယီ၊ သေဋ္ဌဒါယီ စ ယော နရော။

ဒီဃာယု ယသဝါ ဟောတိ၊ ယတ္ထ ယတ္ထူပပဇ္ဇတိ။

(အံ၊ ၂၊ ၄၄ ၄၅၊ မနာပဒါယီသုတ်။)

ယော နရော အကြင်သူသည်၊ အဂ္ဂဒါယီ ဟောတိ အထွတ်အမြတ် ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏၊ ဝရဒါယီ ဟောတိ တောင့်တအပ်သော ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏၊ ယော နရော အကြင်သူသည်၊ သေဋ္ဌဒါယီ ဟောတိ ချီးမွမ်းအပ် ကောင်းမြတ်သောဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏၊ (သော နရော ထိုသူသည်)၊ ယတ္ထ ယတ္ထ ဖြစ်လေရာရာ ဘုံဘဝ၌၊ ဒီဃာယု အသက်ရှည်သူသည်၊ ယသဝါ အခြံအရံများသူသည်၊ ဥပပဇ္ဇတိ ဖြစ်ရ၏။"

ဆောင်ပုဒ်များ=(၁) နှစ်သက်ဖွယ်ရာ၊ လှူဒါန်းပါ၊ ပြန်ကာနှစ်သက်ဖွယ် ရလိမ့်မယ်။

(၂) မွန်မြတ်သည့်ရာ၊ လှူဒါန်းပါ၊ ပြန်ကာမွန်မြတ်ဖွယ် ရလိမ့်မယ်။

(၃) တောင့်တအပ်ရာ၊ လှူဒါန်းပါ၊ ပြန်ကာတောင့်တသွယ်သွယ် ရလိမ့်မယ်။

(၄) ချီးမွမ်းဖွယ်ရာ၊ လှူဒါန်းပါ၊ ပြန်ကာချီးမွမ်းဖွယ် ရလိမ့်မယ်။

(၅) ပေးလှူရင်းမှန်၊ မိမိထံ၊ တစ်ဖန်ပြန်လိမ့်မယ် မှတ်စမ်းကွယ်။

ဤဥဂ္ဂသူဌေး၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊ ၃၀၃ ၃၀၄), အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ် မနာပဒါယီသုတ်(အံ၊၂၊ ၄၂ ၄၅), အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန် ဒုတိယအုပ် (၅၃ ၅၅), မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ဒုပိုင်း(၂၀၃ ၂၁၁)တို့၌ ကြည့်ရှုနိုင်သည်။

## ၇။ ဥဂ္ဂတသူဌေးအကြောင်း သိကောင်းစရာ

တေဒဂ္ဂ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ သံဃုပဋ္ဌာကာနံ ယဒိဒံ ဟတ္ထိဂါမကော ဥဂ္ဂတော ဂဟပတိ။ (အံ၊ ၁၊ ၂၇။)

## ဥဂ္ဂတသူဌေးအလောင်း ရှေးဆုတောင်း

ဤဥဂ္ဂတသူဌေးအလောင်းသည်လည်း ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသား ဖြစ်၍ နောက်အဖို့ဝယ် ဘုရားရှင်၏တရားဒေသနာတော်ကို ကြားနာစဉ် ဘုရားရှင်က ဥပါသကာတစ်ယောက်ကို "သံဃုပဋ္ဌာန=ရဟန်းသံဃာအား စိတ်တူမျှစွာ ထား၍ ပြုစုလုပ်ကျွေးသောအရာ"ဝယ် အမြတ်ဆုံး တေဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေမြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကိုပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

## နောက်ဆုံးဘဝ၊ ဥဂ္ဂတ၊ ဖြစ်ရ ကြွယ်သူဌေး

ထိုအမျိုးကောင်းသားသည် ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်ခဲ့ပြီးလျှင် ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မူသောအခါ ဟတ္ထိဂါမ(ဆင်ရွာ)၌ သူဌေးမျိုးဝယ် ဖြစ်လာလေသည်၊ ထိုသူဌေးသား၏အမည်ကို"ဥဂ္ဂတဘာသတို့သား"ဟု မှည့်ခေါ်ကြလေသည်၊ ထိုသူဌေးသားသည် နောက်အဖို့၌ အိမ်ရာတည်ထောင်လျက် ဖခင်သူဌေးကြီး ကွယ်လွန်သောအခါ သူဌေးအရာသို့ ဆိုက်ရောက်လေသည်။

တချိန်သောအခါ၌ ဘုရားရှင်သည် ရဟန်းသံဃာများခြံရံအပ်လျက် ခရီးဒေသစာရီ ကြွချီတော်မူလေရာ ဟတ္ထိဂါမသို့ ရောက်တော်မူ၍ နာဂဝန်မည်သော ဥယျာဉ်၌ သီတင်းသုံးနေထိုင်တော်မူလေသည်၊ ထိုအခါ ဥဂ္ဂတသူဌေးသည် ခုနစ်ရက်ပတ်လုံး သေသောက်ကြူး ယစ်မူးလျက်ကချေသည်တို့ဖြင့် ခြံရံအပ်ကာ နာဂဝန်ဥယျာဉ်သို့ သွားရောက်၍ မြူးတူးပျော်ပါးလတ်သည်ရှိသော် ဘုရားရှင်ကို ဖူးတွေ့ရ၍ အားကြီးသော အရှက်အကြောက်ကို ဖြစ်စေလေသည်၊ ထိုနောက် ဘုရားရှင်ထံတော်သို့ သွားရောက်ဆည်းကပ်လေလျှင် ဆိုဥဂ္ဂတသူဌေး၏သေယစ်မူးမှုအလုံးစုံသည် ချုပ်ငြိမ်းလေတော့သည်၊ ဥဂ္ဂတသူဌေးသည် ဘုရားရှင်ကို ရှိခိုး၍ သင့်တင့်လျောက်ပတ်ရာအရပ်၌ ထိုင်နေလေသည်၊ ထိုအခါ ထိုသူဌေးအား ဘုရားရှင်သည် တရားဟောတော်မူလေသည်၊ တရားဒေသနာတော်အဆုံး၌ ဥဂ္ဂတသူဌေးသည် အောက်မဂ် အောက်ဖိုလ် သုံးပါးတို့သို့ ဆိုက်ရောက်လေသည်။

ဥဂ္ဂတသူဌေးသည် ထိုအချိန်မှစ၍ ကချေသည်မတို့ကို"သင်တို့သည် အလိုရှိတိုင်း ချမ်းသာစွာ သွားကြကုန်လော့"ဟု စွန့်လွှတ်လိုက်၍ အလှူပေးခြင်း၌သာ မွေ့လျော်သူဖြစ်တော့ရကား ရဟန်းသံဃာအား အလှူဒါနကိုသာ ပေးလှူလေသည်၊ နတ်တို့သည် ညဉ့်အခါချိန်ပိုင်း၏အခြားမဲ့ကာလ၌ လာရောက်ကြကာ သူဌေးအား "သူဌေး...ဤမည်သော ရဟန်းသည် ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသည့်ရဟန္တာ ဖြစ်၏၊ ဤမည်သောရဟန်းသည် အဘိညာဉ်ခြောက်ပါးနှင့်ပြည့်စုံသည့် ရဟန္တာဖြစ်၏၊ ဤမည်သောရဟန်းသည် သီလရှိ၏၊ ဤမည်သောရဟန်းသည် သီလမရှိ, ဒုဿီလပုဂ္ဂိုလ်ဖြစ်၏"ဟု ပြောကြားကြလေသည်။

ဥဂ္ဂတသူဌေးသည် နတ်တို့၏စကားကို ကြားရ၍လည်း (ဒုဿီလပုဂ္ဂိုလ်တို့အတွက်နှင့် သဒ္ဓါတရား ပျက်ကွက်ခြင်းမရှိပဲ)

သီလဝန္တရဟန်းသံဃာ အရိယာအရှင်မြတ်တို့၏ဂုဏ်ကိုသာ အမှန်အတိုင်း သိမှတ်ကြည်ညိုလေသည်။ (မှတ်ချက် ဒုဿီလပုဂ္ဂိုလ်တို့၏အပြစ်ကို အာရုံမပြုသည်ကား အတုယူဖွယ်ကောင်းလှ၏)။ လှူဖွယ်ဝတ္ထုပစ္စည်းကိုကား သီလဝန္တပုဂ္ဂိုလ်, ဒုဿီလပုဂ္ဂိုလ်=နှစ်မျိုးလုံးအား တူမျှသော သဒ္ဓါစိတ်ဖြင့်ပင် လှူဒါန်းလေသည်၊ ဘုရားရှင်၏ထံတော်ပါး၌ ထိုင်နေလျှင်လည်း သီလဝန္တပုဂ္ဂိုလ်တို့၏ဂုဏ်ကျေးဇူးကိုသာလျှင် လျှောက်ထားပြောကြားလေသည်။

သော တာသံ ဝစနံ သုတွာပိ ဂုဏံ တာဝ (ဂုဏဝန္တေသိ) ယထာဘူတတော ဇာနာတိ၊ ဒေယျဓမ္မံ ပန သမစိတ္တေနေဝ ဒေတိ။ (အံ၊ ၄၊ ၁၊ ၃၀၄။)

## ရဟန်းသံဃာ၊ လုပ်ကျွေးရာ၊ ရပါ ဧတဒဂ်

ဘုရားရှင်သည် နောက်အဖို့ဝယ် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဥပါသကာတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး၌ ထားတော်မူလတ်သော် ဤဥဂ္ဂတသူဌေးကို "ရဟန်းတို့...သံဃာအား စိတ်တူမျှစွာ ထား၍ ပြုစုလုပ်ကျွေးကြသည့် ငါဘုရား၏တပည့် ဥပါသကာတို့တွင် ဟတ္ထိဂ္ဂါမ၌နေသော ဥဂ္ဂတသူဌေးသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "သံဃုပဋ္ဌာက=သံဃာတော်အား စိတ်တူမျှစွာ ထား၍ ပြုစုလုပ်ကျွေးသောအရာဝယ် အမြတ်ဆုံးဧတဒဂ်ရာထူး"၌ ထားတော်မူလေသည်။

သံဃုပဋ္ဌာကာနန္တိ ဘိက္ခုသံဃဿ ဥပဋ္ဌာကာနံ ဟတ္ထိဂါမကော ဥဂ္ဂတော ဂဟပတိ အဂ္ဂေါတိ ဒဿေတိ။

အပရဘာဂေ သတ္ထာ ဇေတဝနေ နိသီဒိတွာ တံ ဂဟပတိံ သံဃုပဋ္ဌာကာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ၄၊ ၁၊ ၃၀၄။)

ဤဥဂ္ဂတသူဌေး၏အကြောင်းကို အံဂုတ္တိုရ်အဋ္ဌကထာ (၁၊ ၃၀၄), အံဂုတ္တိုရ်ပါဠိတော် အဋ္ဌကနိပါတ် ပဌမပဏ္ဏာသက ၃ ဂဟပတိဝဂ် ပဌမသုတ် ဒုတိယသုတ် (၄၇ ၅၃), မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ဒုပိုင်း(၂၁၁ ၂၂၃)တို့၌ ကြည့်ရှုနိုင်သည်။

မှတ်ချက်။ ။ အဋ္ဌကနိပါတ်ပါဠိတော် ဂဟပတိဝဂ်၌ ပဌမဥဂ္ဂသုတ်, ဒုတိယဥဂ္ဂသုတ် ဟု လာရှိသော်လည်း အဋ္ဌကထာ၌ကား ပဌမဥဂ္ဂသုတ်သည် ဥဂ္ဂသူဌေးနှင့်သက်ဆိုင်၍ ဒုတိယဥဂ္ဂသုတ်ကား ဥဂ္ဂတသူဌေးနှင့်သက်ဆိုင်လေသည်။

## ၈။ သူရမ္ဗဋ္ဌသူဌေးအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ အဝေစ္စပ္ပသန္နာနံ ယဒိဒံ သူရမ္ဗဋ္ဌော။ (အံ၊ ၁၊ ၂၇။)

## သူရမ္ဗဋ္ဌသူဌေးအလောင်း ရှေးဆုတောင်း

ဤသူရမ္ဗဋ္ဌသူဌေးအလောင်းသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသားဖြစ်၍ ဘုရားရှင်၏တရားစကားတော်ကို ကြားနာစဉ် ဘုရားရှင်က ဥပါသကာတစ်ယောက်ကို "အဝေစ္စပသာဒ=သာသနာ၌သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုသောအရာ"ဝယ် အမြတ်ဆုံးဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

## ဆုံးဘဝဇာတ်၊ သူရမ္ဗဋ္ဌ၊ ဖြစ်လတ် သူဌေးမင်း

ထိုအမျိုးကောင်းသားသည် ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်ခဲ့ပြီးလျှင် ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မူသောအခါ သာဝတ္ထိပြည်၌ သူဌေးမျိုးဝယ် ဖြစ်လာလေသည်၊ ထိုသူဌေးသား၏အမည်ကို "သူရမ္ဗဋ္ဌ"ဟု မှည့်ခေါ်ကြလေသည်။ ထိုသူရမ္ဗဋ္ဌသူဌေးသားသည် နောက်အဖို့ဝယ် အရွယ်ရောက်လတ်သော် အိမ်ရာတည်ထောင်၍ သာသနာပြင်ပ တိတ္ထိများ၏အလုပ်အကျွေးဒါယကာဖြစ်ကာ လှည့်လည်သွားလာနေထိုင်လေသည်။

## ဗုဒ္ဓတရား၊ သူနာကြား၊ ဖြစ်ငြား သောတာပန်

ဘုရားရှင်သည် တနေ့သော နံနက်မိုးသောက်ထအခါ၌ သတ္တလောကကို ကြည့်ရှုတော်မူလတ်သော် ထိုသူရမ္ဗဋ္ဌသူဌေး၏ သောတာပတ္တိမဂ်ကိုရကြောင်း ရှေးကောင်းမှုကို မြင်တော်မူရကား ဆွမ်းခံချိန်ဝယ် သူရမ္ဗဋ္ဌသူဌေး၏နေအိမ်တံခါးဝသို့ ဆွမ်းခံကြွတော်မူလေသည်၊ ထိုသူဌေးသည် ဘုရားရှင်ကို ဖူးမြင်ရလျှင် "ရဟန်းဂေါတမသည် မြတ်သောမင်းမျိုး၌လည်း ဖြစ်၏၊ လောက၌လည်း အလွန်ထင်ရှား ကျော်ကြားလှ၏၊ ထို့ကြောင့် ထိုရဟန်းဂေါတမထံမှောက်သို့ မသွားရောက်လျှင် မသင့်လျော်ချေ"ဟု ကြံစည်အောက်မေ့ကာ ဘုရားရှင်အထံတော်သို့ သွားရောက်၍ ခြေတော်တို့၌ ရှိခိုးပြီးလျှင် သပိတ်တော်ကို ယူလျက် အိမ်တွင်းသို့ ပင့်ဆောင်ကာ မြတ်

သောသူတို့နှင့်သာ ထိုက်တန်သောပလ္လင်၌ ထိုင်နေတော်မူစေ၍ ဆွမ်းဆက်ကပ်လုပ်ကျွေးပြီးနောက် သင့်တင့်လျောက်ပတ်ရာအရပ်၌ ထိုင်နေလေသည်။

ဘုရားရှင်သည် သူရမ္ဗဋ္ဌသူဌေးအား စရိုက်နှင့်သင့်လျော်သော တရားစကားကို ဟောကြားတော်မူလေသည်၊ ဒေသနာနိဂုံး အဆုံးသတ်သောအခါ သူဌေးသည် သောတာပတ္တိဖိုလ်၌တည်လေသည်။ ဘုရားရှင်သည်လည်း သူရမ္ဗဋ္ဌသူဌေးကို သောတာပတ္တိဖိုလ်ရောက်အောင် ဆုံးမတော်မူပြီးလျှင် ကျောင်းတော်သို့ပင် ပြန်ကြွတော်မူလေသည်။

## မာရ်နတ်ကဲစမ်း၊ မဖြိုတမ်း၊ ဝေါက်ငမ်း ဆူပစ်သည်

ထို့နောက် မာရ်နတ်သည် "ဤသူရမ္ဗဋ္ဌကား (တိတ္ထိတို့၏တပည့်ဖြစ်၍) ငါတို့လူသာ ဖြစ်ပေသည်၊ သို့သော် ဘုရားရှင်သည် ယနေ့ သူ၏အိမ်သို့ ကြွတော်မူလေသည်၊ အသို့နည်း? သူရမ္ဗဋ္ဌသည် ဘုရားရှင်၏တရားကို ကြားနာရ၍ အရိယမဂ်တရား ထင်ရှားဖြစ်အောင် ပြုနိုင်လေသလော? သူ၏အဖို့ရာ ငါ့ပိုင်နက် နယ်ပယ်မှ လွန်မြောက်ခြင်း, မလွန်မြောက်ခြင်းကို သိရအောင် ငါစုံစမ်းပေအံ့" ဟု ကြံစည်၍ မိမိကိုယ်တိုင်က အလိုရှိရာရုပ်ကို ဖန်ဆင်းနိုင်သူဖြစ်ရကား မာရ်နတ်သည် ဘုရားရှင်နှင့်တူအောင် တန်ခိုးရုပ်ကို ဖန်ဆင်း၍ သင်္ကန်းကိုင်ပုံ, သပိတ်ကိုင်ပုံ အလုံးစုံကိုလည်း ဘုရားရှင်၏အသွင်အပြင်အတိုင်း ပြုလုပ်၍ ယောက်ျားမြတ်တို့၏လက္ခဏာတော်ကြီး ၃၂ ပါးကို ဆောင်သူဖြစ်လျက် သူရမ္ဗဋ္ဌသူဌေး၏အိမ်တံခါးဝ၌ ရပ်တည်လေသည်။

သူရမ္ဗဋ္ဌသူဌေးသည်လည်း "ဘုရားရှင် တဖန် ကြွလာတော်မူပြန်သည်"ဟု ကြားရ၍ "ဘုရားရှင်တို့အဖို့ရာ အကြောင်းမဲ့ ကြွလာခြင်းမည်သည် မရှိချေ၊ အဘယ်အကြောင်းကြောင့် ဘုရားရှင် ကြွလာတော်မူပြန်ပါလိမ့်နည်း?"ဟု လျင်မြန်စွာ "ဘုရားရှင်"ဟု သောအမှတ်ဖြင့် ဘုရားယောင်ဖန်ဆင်းထားသော ထိုမာရ်နတ်အထံသို့ သွားရောက်ရှိခိုးလျက် သင့်တင့်လျောက်ပတ်ရာအရပ်၌ ရပ်တည်ကာ"ရှင်တော်ဘုရား...ရှင်တော်ဘုရားတို့သည် ယခုပင် ဤအိမ်၌ ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုတော်မူပြီးလျှင် ကြွသွားတော်မူခဲ့ပါသည်၊ အဘယ်အကြောင်းကို အစွဲပြု၍ တဖန် ကြွလာတော်မူပါကုန်သနည်း?"ဟု မေးလျှောက်လေသည်။

မာရ်နတ်သည် "သူရမ္ဗဋ္ဌ...ငါသည် တရားဟောစဉ်က တစ်ခုသောစကားကို မစဉ်းစားမဆင်ခြင်မိပဲ ဟောကြားအပ်ခဲ့လေသည်၊ မှန်ပေ၏...ငါသည် ခန္ဓာငါးပါးတို့ကို 'အားလုံးကိုပင် အနိစ္စ, ဒုက္ခ, အနတ္တ' ဟု ဟောအပ်မိခဲ့လေကုန်ပြီ၊ စင်စစ်ကား...ထိုခန္ဓာငါးပါးတို့သည် အားလုံးပင် ဤသို့သဘောရှိကြသည် မဟုတ်ကုန်၊ ထိုခန္ဓာငါးပါးတို့တွင် မြဲနိုင်ကြ, အခါခပ်သိမ်း တည်ကြသည့် အချို့ခန္ဓာများလည်း ရှိကြကုန်သေး၏"ဟု အကဲစမ်းစကား ပြောဆိုလေသည်။

ထိုအခါ သူရမ္ဗဋ္ဌသူဌေးသည် "ဤစကားကား အလွန်ဝန်လေးလှသော စကားဖြစ်ချေသည်၊ မှန်လှ၏...ဘုရားရှင်တို့အဖို့ရာ မစဉ်းစား မဆင်ခြင်ပဲ ဟောကြားပြောဆိုခြင်းမည်သည် မရှိချေ၊ မာရ်နတ်သည် ဘုရားရှင်၏ဆန့်ကျင်ဘက်ပုဂ္ဂိုလ်ဖြစ်သတဲ့၊ ဧကန်ပင် ဤပုဂ္ဂိုလ်သည် မာရ်နတ်ဖြစ်ပေလိမ့်မည်"ဟု ကြံစည်မိကာ "သင်သည် မာရ်နတ် မဟုတ်လော?"ဟု မေးလေသည်၊ ထိုမာရ်နတ်အဖို့ အရိယာသာဝကတဦးက ပြောဆိုမေးမြန်းအပ်သော စကားသည် ပုဆိန်ဖြင့် ပေါက်သကဲ့သို့ ဖြစ်လေသည်၊ ထို့ကြောင့် မာရ်နတ်သည် ပင်ကိုယ်သဘောအတိုင်း မတည်နိုင်တော့ပဲ "ဟုတ်ပါသည် သူရမ္ဗဋ္ဌ...ငါသည် မာရ်နတ်ဖြစ်ပါသည်"ဟု ဝန်ခံပြောဆိုရလေသည်။

သူရမ္ဗဋ္ဌသောတာပန်သူဌေးက "(ဟယ်မာရ်နတ်...) သင်ကဲ့သို့သော မာရ်နတ်ပေါင်း အရာ, အထောင်ပင်သော်လည်း လာရောက်၍ ငါ၏သဒ္ဓါတရားကို တုန်လှုပ်စေခြင်းငှါ မတတ်နိုင်ချေ၊ ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရားကြီးသည် ငါ့အား တရားဟောတော်မူသည်ရှိသော် 'အလုံးစုံသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် မမြဲကုန်' ဟူ၍ သောတာပတ္တိမဂ်ဉာဏ်အထိ အသိပေး၍ ဟောကြားတော်မူခဲ့လေသည်၊ သင်သည် ငါ၏အိမ်တံခါးဝ၌ မရပ်တည်လာလင့်"ဟု ပြောဆိုကာ လက်ဖျစ်တီးကာ နှင်ထုတ်လိုက်လေသည်၊ မာရ်နတ်သည် သူရမ္ဗဋ္ဌ၏စကားကို ကြားရလျှင် ဆန့်ကျင်ဖက်ပြု၍ ပြောဆိုခြင်းငှာ မတတ်နိုင်တော့ရကား ထိုနေရာ၌ပင် ကွယ်ပျောက်လေသည်၊ သူသမ္ဗဋ္ဌသည်လည်း ညချမ်းသောအခါ ဘုရားရှင့်ထံတော်သို့ သွားရောက်၍ မာရ်နတ်ပြုအပ်သော အမှုအရာ အလုံးစုံကို လျှောက်ထားပြီးလျှင် "ရှင်တော်ဘုရား...ဤသို့ မာရ်နတ်သည် တပည့်တော်၏သဒ္ဓါတရားကို တုန်လှုပ်စေခြင်းငှါ အားထုတ်ခဲ့ပါသည် ဘုရား"ဟု ပြောဆိုလျှောက်ထားလေသည်။

## အဝေစ္စပသာဒ၊ မြတ်ဌာန၊ ရပ တေဒဂ်

ဘုရားရှင်သည် ဤအကြောင်းကိုပင် အဋ္ဌုပ္ပတ္တိပြု၍ နောက်အဖို့ဝယ် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဥပါသကာတို့ကို အစဉ်အတိုင်း တေဒဂ်ရာထူး၌ ထားတော်မူရာတွင် ဤသူရမ္ဗဋ္ဌသူဌေးကို "ရဟန်းတို့...သာသနာ၌ သက်ဝင်၍ မတုန်မလှုပ် ကြည်ညို

ကြည်သည့် ငါဘုရား၏တပည့် ဥပါသကာတို့တွင် သူရမ္ဗဋ္ဌသူဌေးသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "အဝေစ္စပသာဒ= သာသနာတော်၌ သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုသောအရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူလေသည်။

အဝေစ္စပ္ပသန္နာနန္တိ အဝိဂစ္ဆနသဘာဝေန အစလေန ပသာဒေန သမန္နာဂတာနံ သူရမ္ဗဋ္ဌော အဂ္ဂေါတိ ဒဿေတိ။

(အံ၊ဋ္ဌ၊ ၁၊၃၀၅။)

သတ္ထာ တေဒေ ကာရဏံ အဋ္ဌုပ္ပတ္တိံ ကတွာ ဣမသ္မိံ သာသနေ သူရမ္ဗဋ္ဌံ အဝေစ္စပ္ပသန္နာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။

(အံ၊ဋ္ဌ၊ ၁၊၃၀၆။)

ဤသူရမ္ဗဋ္ဌသူဌေး၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ (၁၊ ၃၀၅-၃၀၆), မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ-ဒုပိုင်း (၂၂၃ ၂၂၈)တို့၌ ကြည့်ရှုနိုင်သည်။

## ၉။ ဆရာဇီဝကအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ပုဂ္ဂလပ္ပသန္နာနံ ယဒိဒံ ဇီဝကော ကောမာရဘစ္စော။ (အံ၊ ၁၊ ၂၇။)

### ဆရာဇီဝကအလောင်း ရှေးဆုတောင်း

ဤဆရာဇီဝကအလောင်းသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသားဖြစ်၍ ဘုရားရှင်၏တရားစကားတော်ကို ကြားနာစဉ် ဘုရားရှင်က ဥပါသကာတစ်ယောက်ကို "ပုဂ္ဂလပ္ပသာဒ=ပုဂ္ဂိုလ်စွဲကြည်ညိုသောဥပါသကာတို့တွင် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ ထားတော်မူသည်ကို တွေမြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

### နောက်ဆုံးဘဝ၊ ဇီဝက၊ ဖြစ်ထ သမားတော်

ထိုအမျိုးကောင်းသားသည် ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်ခဲ့ပြီးလျှင် ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မူသောကာလဝယ် ရာဇဂြိုဟ်ပြည်၌ အဘယမင်းသားကို အစွဲပြု၍ သာလဝတီမည်သော ပြည်တန်ဆာမ၏ဝမ်း၌ ပဋိသန္ဓေတည်နေလျက် မွေးဖွားလာခဲ့လေသည်။

> ပြည်တန်ဆာတို့မည်သည် သား, သမီး မွေးဖွားလာသောအခါ အကယ်၍ သားဖြစ်လျှင် စွန့်ပစ်ကြ၍ သမီးဖြစ်လျှင် ကျွေးမွေးသုတ်သင်ကြခြင်းကား ဓမ္မတာဖြစ်လေသည်။

သို့ဖြစ်ရကား သာလဝတီပြည်တန်ဆာမသည် ထိုမွေးဖွားစသူငယ်ကို ဆန်ကောစုတ်ဖြင့် အမှိုက်ပုံ၌ စွန့်ပစ်စေခဲ့လေသည်၊ ထိုအခါ၌ ထိုသူငယ်ကို အဘယမင်းသားသည် ခမည်းတော်ဗိမ္ဗိသာရမင်းကြီးထံသို့ အခစားသွားစဉ် မြင်ရ၍ မိမိ၏မင်းချင်းတို့ကို"အချင်းတို့...ကျီးတွေဝန်းရံနေသော ထိုဝတ္ထုကား အဘယ်အရာနည်း?"ဟု ပြောဆိုစေလွှတ်၍ကြည့်ရာ မင်းချင်းတို့က"အရှင်မင်းသား...မွေးဖွားကာစ ကလေးငယ်ပါ"ဟု လျှောက်တင်ကြလျှင် မင်းသားက "အချင်းတို့...အသက်ရှင်သေး၏လော?"ဟု မေးမြန်း၍ "အရှင်မင်းသား..အသက်ရှင်ပါသေး၏"ဟု မင်းချင်းတို့ ပြန်ကြားလျှောက်ထားသည်ကို ကြားသိရလျှင် ထိုသူငယ်ကို မိမိ၏နန်းအိမ်သို့ ပို့ဆောင်စေကာ မိမိ၏နန်းအိမ်၌ပင် မွေးကျွေးပြုစု၍ထားစေလေသည်။ ထိုသူငယ်၏အမည်ကို မင်းချင်းတို့က "ဇီဝတိ အသက်ရှင်ပါသေး၏" ဟု ပြန်ကြားလျှောက်ထားအပ်သောကြောင့် "ဇီဝတီတိ ဇီဝကော"ဟူသော ဝိဂြိုဟ်အရ "ဇီဝက" ဟု မှည့်ခေါ်ကြလေသည်။ ထိုဇီဝက-ဟူသောအမည်ရင်း၌ အဘယမင်းသားမွေးမြူစေအပ်သောကြောင့် "ကောမာရဘစ္စ"ဟူသော ဝိသေသနပုဒ်ဆင့်လျက် "ဇီဝက, ကောမာရဘစ္စ=အဘယမင်းသား၏မွေးစားသား ဇီဝက"ဟူ၍ ခေါ်တွင်ကြလေသည်။

မှတ်ဖွယ်။ ။ [သိရိမာမည်သော ပြည်တန်ဆာမသည် ဇီဝက၏နှမငယ်ဖြစ်သည်။ "ဇီဝကဿ ကနိဋ္ဌဘဂိနီ သိရိမာ...ဘန္တေ ဇီဝကဿ ဘဂိနီ သိရိမာ နာမ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၆၈။)]

ဇီဝကသည် အသကတစ်ဆယ့်ခြောက်နှစ်အရွယ်ရောက်သောအခါ တက္ကသိုလ်ပြည်သို့ သွား၍ ဆေးအတတ်ကို သင်ကြားတတ်မြောက်ပြီးလျှင် ဗိမ္ဗိသာရမင်းကြီး၏အထံမှ လခရိက္ခာ ပူဇော်သက္ကာရ ရရှိပြီးနောက် စဏ္ဍပဇ္ဇောတမင်း၏ရောဂါကို ချမ်းသာပျောက်ကင်းအောင် ကုသပေးခဲ့လေသည်၊ စဏ္ဍပဇ္ဇောတမင်းသည် သမားတော်ဇီဝကအား ဆန်လှည်းအစီးငါးရာ, အသပြာတစ်သောင်းခြောက်ထောင်, အရုံပုဆိုးအဝတ်အထည်ပေါင်း တစ်ထောင်နှင့်တကွ အဖိုးအနဂ္ဃထိုက်တန်သော သိဝိတိုင်းဖြစ် ပုဆိုးအစုံကို ပို့သဆောင်နှင်းစေခဲ့လေသည်။

ထိုအချိန်၌ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ ဂိဇ္ဈကုဋ်တောင်၌ နေတော်မူလေသည်၊ သမားတော်ဇီဝကသည် ဘုရား

ရှင်၏သလိပ်သည်းခြေဓာတ်ပြောသော ကိုယ်တော်၌ သိမ်မွေ့သော ဝမ်းလားဆေးကို ပေး၍ ဆေးကုသသည်ရှိသော် "ဘုရားရှင် သုံးဆောင်တော်မူအပ်သော ပစ္စည်းလေးပါးတို့သည် ငါ၏ဥစ္စာအလှူဒါနချည်း ဖြစ်စေကုန်သတည်း"ဟု ကြံစည်ကာ ဘုရားရှင်ကို မိမိ၏သရက်တောကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူစေ၍ ဘုရားရှင်အား ဆေးကုသပေးပြီးလျှင် သိဝိတိုင်းဖြစ် ပုဆိုးအစုံကို ကပ်လှူလျက် "ရှင်တော်ဘုရား..ဤသိဝိတိုင်းဖြစ် ပုဆိုးအစုံကို ရှင်တော်ဘုရားတို့သာ သုံးဆောင်တော်မူကြပါကုန်ဘုရား"ဟု လျှောက်ထားကာ ထိုပုဆိုးအစုံနှင့်တကွ အရံပုဆိုးအဝတ်အထည် တစ်ထောင်ကို ရဟန်းသံဃာအား လှူဒါန်းလေသည်။

## ပုဂ္ဂိုလ်စွဲမှာ၊ ကြည်ညိုရာ၊ သူဟာ တေဒဂ်

ဘုရားရှင်သည် နောက်အဖို့ဝယ် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥပါသကာတို့ကို တေဒဂ်ရာထူး၌ ထားတော်မူရာတွင် သမားတော်ဇီဝကကို "ရဟန်းတို့...ပုဂ္ဂိုလ်ကို ကြည်ညိုကြသည့် ငါဘုရား၏တပည့် ဥပါသကာတို့တွင် အဘယမင်းသား၏မွေးစားသားဇီဝကသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "ပုဂ္ဂလပ္ပသာဒ=ပုဂ္ဂိုလ်စွဲ ကြည်ညိုသောအရာဝယ် အမြတ်ဆုံး တေဒဂ်ရာထူး"၌ ထားတော်မူလေသည်။

ပုဂ္ဂလပ္ပသန္နာနံ့ ပုဂ္ဂလိယပ္ပသာဒေန သမန္နာဂတာနံ ဥပါသကာနံ ဇီဝကော အဂ္ဂေါတိ ဒဿေတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၀၆။)

သတ္ထာ အပရဘာဂေ ဇေတဝနေ ဝိဟရန္တော ဇီဝကံ ကောမာရဘစ္စံ ပုဂ္ဂလပ္ပသန္နာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၀၇။)

ဤသမားတော်ဇီဝက၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ(၁၊ ၃၀၆ ၃၀၇), ဝိနည်းမဟာဝါပါဠိတော် စီဝရက္ခန္ဓက(ဝိ၊ ၃၊ ၃၇၇ ၃၉၄), ၄င်းမြန်မာပြန် ၃၈၁ ၃၉၇), မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ-ဒုပိုင်း ၂၂၈-၂၃၁)တို့၌ ကြည့်ရှုနိုင်သည်။

## ၁၀။ နကုလပိတုသူဌေးအကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ဝိဿာသကာနံ ယဒိဒံ နကုလပိတာ ဂဟပတိ။ (အံ၊ ၁၊ ၂၇။)

### နကုလပိတုအလောင်း ရှေးဆုတောင်း

ဤနကုလပိတုအလောင်းသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသားဖြစ်၍ ဘုရားရှင်၏တရားဒေသနာတော်ကို ကြားနာစဉ် ဘုရားရှင်က ဥပါသကာတစ်ယောက်ကို "ကိုယ်တော်မြတ်နှင့်အကျွမ်းတဝင်စကားကို ပြောဆိုသောဥပါသကာတို့တွင် အမြတ်ဆုံး တေဒဂ်ရာထူး"၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာပြုလေသည်။

## နောက်ဆုံးဘဝ၊ နကုလပိတု၊ ခေါ်တွင်ပြု၊ ဖြစ်မှု သူဌေးပါ

ထိုအမျိုးကောင်းသားသည် ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်ခဲ့၍ ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မူသောအခါ ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့ဝယ် သူဌေးမျိုး၌ ဖြစ်လေသည်။ ဘုရားရှင်သည်လည်း ရဟန်းအပေါင်းခြံရံအပ်လျက် ဒေသစာရီကြွချီတော်မူရာ သုသုမာရဂိရိမြို့သို့ ရောက်တော်မူ၍ ဘေသကဠာမည်သော တောအုပ်၌ သီတင်းသုံးနေတော်မူလေသည်။

မှတ်ဖွယ်။ ။ (သူဌေးသားသည် အရွယ်သို့ရောက်လတ်သော် အိမ်ရာတည်ထောင်၍ ဘခင်သူဌေးကြီး၏အရိုက်အရာကို ဆက်ခံရယူ၍ သူဌေးဖြစ်လာလေသည်၊ သူဌေးဇနီးမောင်နှံတို့မှာ သားတစ်ယောက် ဖွားမြောက်လျှင် ထိုသားကို "နကုလ"ဟူ၍ အမည်ပေးရကား သားဖြစ်သူ "နကုလ"ကို အစွဲပြု၍ ဖခင်သူဌေးမှာ "နကုလပိတု"ဟု မည်တွင်၍ မိခင်သူဌေးကတော်မှာ"နကုလမာတု"ဟု မည်တွင်လေသည်)။

ထိုအခါ နကုလပိတုသူဌေးဇနီးမောင်နှံတို့သည် သုသုမာရဂိရိမြို့နေ လူအများနှင့်အတူတကွ ဘုရားရှင့်အထံတော်သို့ သွားရောက်ကြကာ ပဌမဆုံးအကြိမ် မြင်လျှင်မြင်ခြင်း ဇနီးမောင်နှံနှစ်ဦးလုံးပင် ဘုရားရှင်ကို "ဤသူကား ငါတို့၏သားတည်း"ဟု သားဟူသောအမှတ်သညာကို ဖြစ်စေကြလျက် ဘုရားရှင်၏ခြေတော်တို့၌ တုပ်ဝပ်ကြပြီးလျှင် "ချစ်သား...သင်သည် ဤမျှကြာသောကာလပတ်လုံး ငါတို့ကို စွန့်ပစ်၍ အဘယ်အရပ်သို့ လှည့်လည်ကျက်စား သွားလာနေသနည်း?"ဟု ပြောဆိုကြလေသည်။

နကုလပိတုသူဌေးသည် ရှေးအခါ ဘဝငါးရာတို့ပတ်လုံး ဘုရားရှင်၏ခမည်းတော်ဖြစ်ခဲ့လေသည်၊ ဘဝငါးရာတို့ပတ်လုံး ဘထွေး, ဘဝငါးရာတို့ပတ်လုံး ဘကြီး, ဘဝငါးရာတို့ပတ်လုံး ဦးကြီး ဖြစ်ခဲ့လေသည်။ နကုလမာတုသူဌေးကတော်သည်လည်း ဘဝငါးရာတို့ပတ်လုံး ဘုရားရှင့်မယ်တော်, ဘဝငါးရာတို့ပတ်လုံး မိထွေး, ဘဝငါးရာတို့ပတ်လုံး မိကြီး, ဘဝငါး

ရာတို့ပတ်လုံး အရီးဖြစ်ခဲ့လေသည်။ ဤသို့ ဘဝသံသရာ ရှည်စွာသောကာလပတ်လုံး အချစ်မေတ္တာဓာတ် ဆက်စပ်ကိန်းဝပ်ခဲ့လေသောကြောင့် ဘုရားရှင်ကို မြင်လျှင်မြင်ခြင်းပင် "သား"ဟူသောအမှတ်သညာကို ပြုကြလျက် မရပ်တည်နိုင်ကြပဲ ထိုကဲ့သို့ အကျွမ်းတဝင် ပြောဆိုကြလေသည်။

ဘထွေး=ဘခင်၏ညီ　　ဘကြီး=ဘခင်၏အစ်ကို　　ဦးကြီး(ဦးလေး)=မိခင့်မောင်ကြီး(မိခင့်မောင်ငယ်)
မိထွေး=မိခင့်ညီမ, ဒေါ်လေး　　မိကြီး=မိခင့်အစ်မ, ဒေါ်ကြီး
အရီး=ဘခင့်နှမ (အရီးကြီး=ဘခင့်အစ်မကြီး, ဘခင့်အစ်မ　　အရီးလေး=ဘခင့်နှမအငယ်)

မှတ်ချက်။ ။ [ဤအင်္ဂုတ္တိုရ်အဋ္ဌကထာ တေဒဂ္ဂဝဂ် နကုလပိတုဝတ္ထု၌ နကုလပိတုသည် ဘုရားရှင်၏မိခင့်မောင်အဖြစ် ဘဝငါးရာနှင့် နကုလမာတုသည် ဘခင့်နှမအဖြစ် ဘဝငါးရာတို့ ဖြစ်ဖူးကြောင်းပါရှိသော်လည်း စတုက္ကနိပါတ် သမဇီဝိသုတ်အဖွင့်နှင့် သံယုတ်အဋ္ဌကထာ နကုလပိတုသုတ်အဖွင့်တို့၌ကား မပါရှိချေ။

အယံ ကိရ နကုလပိတာ ဂဟပတိ ပုဗ္ဗေ ပဉ္စ ဇာတိသတာနိ ဒသဗလဿ ပိတာ အဟောသိ၊ ပဉ္စ ဇာတိသတာနိ စူဠပိတာ၊ ပဉ္စ ဇာတိသတာနိ မဟာပိတာ၊ ပဉ္စ ဇာတိသတာနိ မာတုလော၊ နကုလမာတာပိ ပဉ္စ ဇာတိသတာနိ မာတာ အဟောသိ၊ ပဉ္စ ဇာတိသတာနိ စူဠမာတာ၊ ပဉ္စ ဇာတိသတာနိ မဟာမာတာ၊ ပဉ္စ ဇာတိသတာနိ ပိတုစ္ဆာ။ ဣတိ ဒီဃရတ္တံ အနုဂတသိနေဟတ္တာ ဒသဗလံ ဒိသွာဝ "ပုတ္တော"တိ သညံ ကတွာ သဏ္ဌာတုံ နသက္ကိံသု။ (အံ၊ ဋ္ဌ၊ ၁၊ ၃၀၈။)

နကုလပိတာ ကိရ ပဉ္စ ဇာတိသတာနိ တထာဂတဿ ပိတာ အဟောသိ၊ ပဉ္စ ဇာတိသတာနိ မဟာပိတာ၊ ပဉ္စ ဇာတိသတာနိ စူဠပိတာ။ နကုလမာတာပိ ပဉ္စ ဇာတိသတာနိ တထာဂတဿ မာတာ အဟောသိ၊ ပဉ္စ ဇာတိသတာနိ မဟာမာတာ၊ ပဉ္စ ဇာတိသတာနိ စူဠမာတာ။ (အံ၊ ဋ္ဌ၊ ၂၊ ၃၁၀။)

ဘဝန္တရဂတော ဟိ နေသံ သိနေဟော။ သာ ကိရ ဥပါသိကာ ပဉ္စ ဇာတိသတာနိ တထာဂတဿ မာတာဝ, သော စ ဂဟပတိ ပိတာဝ အဟောသိ။ ပုန ပဉ္စ ဇာတိသတာနိ ဥပါသိကာ မဟာမာတာ, ဥပါသကော မဟာပိတာ၊ တထာ စူဠမာတာ စူဠပိတာတိ။ ဧဝံ သတ္ထာ ဒီဃမဒ္ဓါနံ တေသံ ယေဝ ဟတ္ထေ ဝဍ္ဍိတော။ (သံ၊ ဋ္ဌ၊ ၂၊ ၂၃၁။)]

ဘုရားရှင်သည် ထိုသူဌေးဇနီးမောင်နှံတို့ စိတ်ကျေနပ်ခြင်းသို့ မရောက်သေးသမျှ "ဖယ်ကြလော့"ဟု မိန့်တော်မမူချေ၊ သူတို့ စိတ်ကျေနပ်ခြင်းကိုသာ ငံ့လင့်နေတော်မူသည်၊ ထိုနောက် ထိုသူဌေးဇနီးမောင်နှံတို့ မိမိတို့စိတ်အလိုအတိုင်းပင် သတိရကြ၍ အလယ်အလတ် ပင်ကိုယ်သဘောသို့ ရောက်ကြသောအခါမှ ဘုရားရှင်သည် သူတို့၏အလိုအာသယကို သိတော်မူလျက် တရားဟောတော်မူလေသည်။ တရားဒေသနာတော်အဆုံး၌ ဇနီးမောင်နှံနှစ်ဦးလုံးပင် သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။

ဘုရားရှင်သည် နောက်အဖို့ဝယ် ထိုသူဌေးဇနီးမောင်နှံတို့ အသက်အရွယ် ကြီးရင့်ကြသောအခါ တဖန် သုသုမာရဂိရိမြို့သို့ ကြွရောက်တော်မူလာပြန်လေသည်၊ ထိုဇနီးမောင်နှံတို့သည် "ဘုရားရှင် ကြွလာတော်မူ၏"ဟု သတင်းစကား ကြားသိရလျှင် ဘုရားရှင့်အထံတော်သို့ သွားရောက်ကြကာ ရှိခိုး၍ နက်ဖြန်ကောင်းမှုအလို့ငှာ ပင့်ဖိတ်ခဲ့ကြပြီး နောက်နေ့၌ မိမိတို့အိမ်ဝယ် ဘုရားအမှူးရှိသော ရဟန်းသံဃာကို အထူးထူး အပြေးပြေး များမြတ်လှသော အရသာရှိသည့် ဆွမ်း,ခဲဖွယ်,ဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေးကြပြီးနောက် ဆွမ်းကိစ္စပြီးဆုံးသော ဘုရားရှင်ကို ဆည်းကပ်ကြလျက် သင့်တင့်လျောက်ပတ် အပြစ်လွတ်ရာအရပ်၌ ထိုင်နေကြပြီးလျှင် နကုလပိတုသူဌေးက ဘုရားရှင်ကို "ရှင်တော်ဘုရား...တပည့်တော်သည် ငယ်ရွယ်စဉ်ကပင် ငယ်ရွယ်သူ နကုလမာတုသူဌေးမကို ထိမ်းမြားလက်ထပ်ခဲ့သည်မှစ၍ စိတ်မျှဖြင့်လည်း နကုလမာတုသူဌေးမကို လွန်၍ကျင့်မိသည် ဟု တပည့်တော် မသိစဘူးပါ၊ ကိုယ်ဖြင့်မှုကား အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း?၊ ရှင်တော်ဘုရား...တပည့်တော်တို့သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်လိုပါကုန်၏၊ နောင်တမလွန်ဘဝ၌လည်း အချင်းချင်း ရှုမြင်လိုပါကုန်၏ဘုရား"ဟု လျှောက်ထားလေသည်။

နကုလမာတာ သူဌေးကတော်ကလည်း ဘုရားရှင်ကို "ရှင်တော်ဘုရား...နကုလပိတုသူဌေးသည် ငယ်ရွယ်စဉ်ကပင် ငယ်ရွယ်သူ တပည့်တော်မကို ထိမ်းမြားလက်ထပ်ယူခဲ့သည်မှစ၍ စိတ်မျှဖြင့်လည်း နကုလပိတုသူဌေးကို လွန်၍ကျင့်မိသည် ဟု တပည့်တော်မ မသိဘူးပါ၊ ကိုယ်ဖြင့်မှု၍ကား အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း?၊ ရှင်တော်ဘုရား...တပည့်တော်မတို့သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်လိုပါကုန်၏၊ တမလွန်ဘဝ၌လည်း အချင်းချင်း ရှုမြင်လိုပါကုန်၏"ဟု လျှောက်ထားလေသည်။

ဧကမန္တံ နိသိန္နော ခေါ နကုလပိတာ ဂဟပတိ ဘဂဝန္တံ ဧတဒဝေါစ "ယတော မေ ဘန္တေ နကုလမာတာ ဂဟပတာနီ ဒဟရဿေဝ ဒဟရာ အာနီတာ၊ နာဘိဇာနာမိ နကုလမာတရံ ဂဟပတာနိံ မနသာပိ အတိစရိတာ၊ ကုတော ပန ကာယေန။ ဣစ္ဆေယျာမ မယံ ဘန္တေ ဒိဋ္ဌေ စေဝ ဓမ္မေ အညမညံ ပဿိတုံ အဘိသမ္ပရာယဉ္စ အညမညံ ပဿိတု"န္တိ။

နကုလမာတာပိ ခေါ ဂဟပတာနီ ဘဂဝန္တံ ဧတဒဝေါစ "ယတော အဟံ ဘန္တေ နကုလပိတုနော ဂဟပတိဿ ဒဟရဿေဝ ဒဟရာ အာနီတာ၊ နာဘိဇာနာမိ နကုလပိတရံ ဂဟပတိံ မနသာပိ အတိစရိတာ၊ ကုတော ပန ကာယေန၊ ဣစ္ဆေယျာမ မယံ ဘန္တေ

ဒိဋ္ဌေ စေဝ ဓမ္မေ အညမညံ ပဿိတုံ အဘိသမ္ပရာယဉ္စ အညမညံ ပဿိတု"န္တိ။ (အံ၊ ၄၊ ၁၊ ၃၀၈။)

(အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် ဒုတိယပဏ္ဏာသက ပဋ္ဌမသမဇီဝိသုတ်(အံ၊ ၁၊ ၃၇၂ ၃၇၂), ယင်းအင်္ဂုတ္တိုရ်ပါဠိတော် ပဋ္ဌမအုပ်မြန်မာပြန် ၃၈၆ ၃၈၇တို့၌ လာသော တရားတော်များကား...)

ထိုအခါ ဘုရားရှင်က နကုလပိတုသူဌေးနှင့် နကုလမာတုသူဌေးကတော် ဇနီးမောင်နှံတို့ကို"ဒါယကာ(ဒါယိကာမ)တို့...ဇနီးမောင်နှံနှစ်ဦးသားတို့သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရန်, နောင်တမလွန်ဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရန် အကယ်၍ အလိုရှိကုန်အံ့၊ နှစ်ဦးလုံးတို့သည်...

(၁) သမသဒ္ဓါ=တူမျှသောသဒ္ဓါတရား ရှိကြကုန်ရာ၏၊

(၂) သမသီလာ=တူမျှသောသီလ ရှိကြကုန်ရာ၏၊

(၃) သမစာဂါ=တူမျှသောစွန့်ကြဲမှု ရှိကြကုန်ရာ၏၊

(၄) သမပညာ=တူမျှသောအသိဉာဏ်ပညာ ရှိကြကုန်ရာ၏၊

ဤသဒ္ဓါ, သီလ, စာဂ, ပညာ တူမျှစွာရှိကြလျှင် ထိုဇနီးမောင်နှံတို့သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရကုန်၏၊ နောင်တမလွန်ဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရကုန်၏ -ဟု မိန့်တော်မူပြီးလျှင်

ဥဘော သဒ္ဓါ ဝဒညူ စ၊ သညတာ ဓမ္မဇီဝိနော။
တေ ဟောန္တိ ဇာနိပတယော၊ အညမညံ ပိယံဝဒါ။
အတ္ထာ'သံ ပစုရာ ဟောန္တိ၊ ဖာသုကံ ဥပဇာယတိ။
အမိတ္တာ ဒုမ္မနာ ဟောန္တိ၊ ဥဘိန္နံ သမသီလိနံ။
ဣဓ ဓမ္မံ စရိတွာန၊ သမသီလဗ္ဗတာ ဥဘော။
နန္ဒိနော ဒေဝလောကသ္မိံ၊ မောဒန္တိ ကာမကာမိနော။
(အံ၊ ၁၊ ၃၇၂ ၃၇၃။)

(ဂဟပတယော ဒါယကာ+ဒါယိကာမတို့...)၊ ဥဘော ဇနီးမောင်နှံနှစ်ဦးတို့သည်၊ သဒ္ဓါ စ သဒ္ဓါတရားလည်းရှိကြကုန်၏(သဒ္ဓါတရားနှင့်လည်း ပြည့်စုံကုန်၏)၊ ဝဒညူ စ အလှူခံတို့၏စကားအဓိပ္ပါယ်ကိုလည်း နားလည်သိရှိကုန်၏၊ သညတာ စ ကိုယ်, နှုတ်, နှလုံး သုံးပါးလုံးကိုလည်း စောင့်စည်းကြကုန်၏၊ တေ ဇာနိပတယော ထိုဇနီးမောင်နှံတို့သည်၊ အညမညံ အချင်းချင်း(တစ်ယောက်သည် တစ်ယောက်ကို)၊ ပိယံဝဒါ ချစ်ဖွယ်စကား ပြောကြားကြကုန်လျက်၊ ဓမ္မဇီဝိနောစ တရားသဖြင့် အသက်မွေးခြင်းရှိကြကုန်သည်လည်း၊ ဟောန္တိ ဖြစ်ကုန်၏။

အာသံ ထိုဇနီးမောင်နှံတို့၏အဖို့ရာ၊ အတ္ထာ -အကျိုးတရားတို့သည်၊ ပစုရာ -ဆဆတက်ပွား များကုန်သည်၊ ဟောန္တိ ဖြစ်ကုန်၏၊ ဖာသုကံ ဘေးရန်မဲ့လျှင်း ချမ်းသာစွာ နေရခြင်းသည်၊ ဥပဇာယတိ ဖြစ်၏၊ သမသီလိနံ တူမျှသောသီလရှိကြကုန်သော၊ ဥဘိန္နံ ဇနီးမောင်နှံနှစ်ဦးသားတို့၏(အပေါ်၌)၊ အမိတ္တာ ရန်သူတို့သည်၊ ဒုမ္မနာ ကောင်းကျိုးတွေပြည့်ဖုံးသဖြင့် နှလုံးမသာ မျက်နှာမလှ မနာလိုကြကုန်သည်၊ ဟောန္တိ ဖြစ်ကုန်၏။

ကာမကာမိနော ဝတ္ထုကာမ အဝဝကို တောင့်တလင့်ဆို အလိုရှိကြကုန်လျက်၊ သမသီလဗ္ဗတာ တူမျှသော သီလအကျင့်ရှိကုန်သော၊ ဥဘော ဇနီးမောင်နှံနှစ်ဦးသားတို့သည်၊ ဣဓ ပစ္စုပ္ပန္န ဤလူ့ဘဝ၌၊ ဓမ္မံ သူတော်ကောင်းတရားကို၊ စရိတွာန ကျင့်ကြံကြိုးကုတ် အားထုတ်ကြ၍၊ နန္ဒိနော -နှစ်သက်ခြင်းပီတိ ကိုယ်ဝယ်ရှိကြကုန်လျက်၊ ဒေဝလောကသ္မိံ နတ်ပြည်လောက၌၊ မောဒန္တိ နှစ်လိုအားရမ်း ဝမ်းမြောက်ကြရကုန်၏။ (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ဒုပိုင်း၊ ၂၃၅ ၂၃၆။)

## ဘဝတိုင်းလေ တွေ့လိုပေက(၄က်ဖြစ်တောင် တစ်ကိုင်းထဲ နားလိုလျှင်)...

လူ့မြေရပ်ခွင်၊ အိမ်ရှင်အိမ်သူ၊ မြတ်ရည်တူလျက်၊ ဆုယူညီမျှ၊ လှူဒါနနှင့်၊ သီလမယိုင်၊ သဒ္ဓါပြိုင်မှု၊ ဘုန်းလှိုင်ကျော်ကြား၊ မိုးနတ်သားနှင့်၊ ဆွေဝါးအနီး၊ နတ်သမီးသို့၊ ကောင်းချီးအံ့ရာ၊ ခမိရာလျက်၊ သံသာနောင်လည်း၊ ချစ်စည်းမပြေ၊ ရှည်ကြာလေ၏။ (အမည်မမှတ်မိ ပျို့မှ)

(အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် ဒုတိယပဏ္ဏာသက ပဋ္ဌမသမဇီဝိသုတ်(အံ၊ ၁၊ ၃၇၂ ၃၇၂), ယင်းအင်္ဂုတ္တိုရ်ပါဠိတော် ပဋ္ဌမအုပ်မြန်မာပြန် ၃၈၆ ၃၈၇တို့၌ ကြည့်ရှုနိုင်သည်။)

## ကျွမ်းဝင်စကား၊ ဆိုပြောကြား၊ ရငြား တေဒဂ်

နောက်အဖို့ဝယ် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဥပါသကာတို့ကို အစဉ်အတိုင်း ရာထူးဌာနန္တရ၌ ထားတော်မူလတ်သော် ဤနကုလပိတုသူဌေးဇနီးမောင်နှံနှစ်ဦးတို့၏အကျွမ်းတဝင် ခင်မင်ရင်းနှီးသော စိတ်ရှိကြလျက် မေးမြန်းလျှောက်ထားအပ်သော စကားကို အကြောင်းအဋ္ဌုပ္ပတ်ပြုတော်မူကာ နကုလသူဌေးကို "ရဟန်းတို့...ငါဘုရားနှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးသောစကားကို ပြောကြားကြသည့် ငါဘုရား၏တပည့် ဥပါသကာတို့တွင် နကုလပိတု သူဌေးသည် အမြတ်ဆုံးဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "ဝိဿာသက=ကိုယ်တော်မြတ်နှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးသောစကားကို ပြောကြားသောအရာဝယ် အမြတ်ဆုံး တေဒဂ်ရာထူး"၌ ထားတော်မူလေသည်။

ဝိဿာသကာနန္တိ ဝိဿာသိကကထံ ကထေန္တာနံ ဥပါသကာနံ အဂ္ဂရေ နကုလပိတာ ဂဟပတိ အဂ္ဂေါတိ ဒဿေတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၀၇။)

အထ အပရဘာဂေ သတ္ထာ ဇေတဝနေ နိသီဒိတွာ ဥပါသကေ ပဋိပါဋိယာ ဌာနန္တရေသု ဋ္ဌပေန္တော ဣမံ ဣမေသံ ဒိန္နမ္ပိ ကထံ အဋ္ဌုပ္ပတ္တိံ ကတွာ နကုလပိတရံ ဂဟပတိံ ဝိဿာသကာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။(အံ၊ ဋ္ဌ၊ ၁၊ ၃၀၈။)

**မှတ်ချက်။ ။** ဤသူဌေးဇနီးမောင်နှံတို့၏အမည်များကို အများအားဖြင့် သူဌေး၏အမည်ကို **"နကုလပိတာ"**ဟူ၍လည်းကောင်း,သူဌေးကတော်၏အမည်ကို **"နကုလမာတာ"**ဟူ၍လည်းကောင်း ရေးသားပြောဆိုကြသော်လည်း အင်္ဂုတ္တိုရ်အဋ္ဌကထာ **နကုလပိတုဂဟပတိဝတ္ထု**ကို ထောက်ထား၍လည်းကောင်း မဟာဗုဒ္ဓဝင်ဆဋ္ဌမတွဲ ဒုပိုင်း၌ **နကုလပိတုသူဌေး, နကုလမာတုသူဌေးကတော်** ဟူ၍ ရေးသားသုံးစွဲတော်မူသည်ကို ထောက်ထား၍လည်းကောင်း ဤ၌ **နကုလပိတု, နကုလမာတု** ဟူ၍ပင် သုံးနှုန်းထားသည်။

ဤနကုလပိတုသူဌေး၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ (၁၊ ၃၀၇ ၃၀၈), အင်္ဂုတ္တိုရ်ပါဠိတော် ပဌမသမ္ဗောဓိသုတ် (အံ၊ ၁၊ ၃၇၂ ၃၇၈), မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ဒုပိုင်း (၂၃၁ ၂၃၆)တို့၌ ကြည့်ရှုနိုင်သည်။

## တေဒဂ်ဘွဲ့ရ ဥပါသိကာ (၁၀) ဦး

| | |
|---|---|
| ၁။ သုဇာတာသူဌေးကတော် | ရှေးဦးစွာ သရဏဂုံခံယူဆောက်တည်သောအရာ။ |
| ၂။ ဝိသာခါကျောင်းအမကြီး | အလှူအတန်း ပေးကမ်းခြင်း၌ မွေ့လျော်သောအရာ။ |
| ၃။ ခုဇ္ဇုတ္တရာ | အကြားအမြင်များသောအရာ။ |
| ၄။ သာမာဝတီ | မေတ္တာဈာန်ဖြင့် နေလေ့ရှိသောအရာ။ |
| ၅။ နန္ဒမာတာ ဥတ္တရာ (နန္ဒ၏အမေ ဥတ္တရာ) | ဈာန်ဖြင့် နေလေ့ရှိသောအရာ (ဈာန်ဝင်စားလေ့ရှိသောအရာ)။ |
| ၆။ ကောလိယသာကီဝင်မင်းသမီး သုပ္ပဝါသာ | မွန်မြတ်သောဝတ္ထုကို လှူလေ့ရှိသောအရာ။ |
| ၇။ သုပ္ပိယာ ဥပါသိကာ | သူနာကို ပြုစုလုပ်ကျွေးသောအရာ။ |
| ၈။ ကာတိယာနီ | သာသနာတော်ဝယ် မတုန်မလှုပ် သက်ဝင်ယုံကြည်သောအရာ။ |
| ၉။ နကုလမာတု (နကုလမာတာ) | ဘုရားရှင်နှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးသောစကားကို ပြောဆိုသောအရာ။ |
| ၁၀။ ကုရရဃရမြို့နေ ကာဠီ ဥပါသိကာ | ဘုရားရှင်ကို မဖူးတွေ့ရပဲ တဆင့်ကြားဖြင့် သက်ဝင်ကြည်ညိုသောအရာ။ |

## ၁။ သုဇာတာသူဌေးသမီးအကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ပဌမံ သရဏံ ဂစ္ဆန္တီနံ ယဒိဒံ သုဇာတာ သေနိယဓီတာ။ (အံ၊ ၁၊ ၂၇။)

### သုဇာတာသူဌေးသမီးအလောင်း ရှေးဆုတောင်း

ဤသုဇာတာသူဌေးသမီးအလောင်းသည် ပဒုမုတ္တရာဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီးဖြစ်၍ နောက်အဖို့ဝယ် ဘုရားရှင်၏တရားစကားကို ကြားနာစဉ် ဘုရားရှင်က ဥပါသိကာမတစ်ယောက်ကို "ရှေးဦးစွာ သရဏဂုံခံယူဆောက်တည်သော အရာဝယ် အမြတ်ဆုံးတေဒဂ်ရာထူး"၌ ထားတော်မူသည်ကို တွေမြင်ရ၍ အဓိကာရကောင်းမှုကို ပြုပြီးလျှင် ထိုရာ

ထုံးဌာန္တရကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

## ဆုံးဘ၀တွင်၊ သူ့ဖြစ်အင်၊ မှန်ပင် သူဌေးသမီး

ထိုအမျိုးကောင်းသမီးသည် ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ခဲ့ပြီးလျှင် ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မမူမီကပင် ဥရုဝေလတောအုပ်အနီး သေနာနိဂုံးရွာကြီး၀ယ် သေနိယသူဌေးကြီး၏သမီး ဖြစ်လာ၍ အရွယ်သို့ရောက်လတ်သော် ပင်ညောင်ပင်တပင်၌ "ကျွန်တော်မသည် အကယ်၍ ဇာတ်တူအမျိုးအိမ်သို့ လိုက်ပါ၍ ပဌမကိုယ်ဝန်၌ သားယောကျ်ားကို ရရှိခဲ့ပါလျှင် နှစ်စဉ်နှစ်တိုင်း ဗလိနတ်စာပူဇော်မှုကို ပြုပါမည်" ဟု ဆုတောင်းပတ္ထနာပြုခဲ့လေသည်။ ထိုသုဇာတာသူဌေးသမီး၏ထိုဆုတောင်းသည် ပြည့်ဝခဲ့လေသည်။

(သုဇာတာသည် အရွယ်ရောက်လတ်သော် ဗာရာဏသီသူဌေးသားနှင့် ထိမ်းမြားခံယူ၍ ပဌမကိုယ်ဝန်ဝယ် ယသ သတို့သားကို ဖွားမြင်လေသည်၊ ထိုအခါမှစ၍ မိမိဆုတောင်းပြည့်ဝသည့်အတွက် နှစ်စဉ်နှစ်တိုင်း ထိုဆုတောင်းရာ ပညောင်ပင်သို့ သွား၍ ညောင်ပင်စောင့်နတ်အား ဗလိနတ်စာပူဇော်မှု ပြုလေ့ရှိသည်။

ထိုသို့ ဗလိနတ်စာပူဇော်မှု ပြု၍လာခဲ့ရာ မြတ်စွာဘုရား ပွင့်တော်မူမည့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၌ကား အကြိမ်ပေါင်း အနည်းဆုံး၂၀ ကျော်မျှ ဗလိနတ်စာပူဇော်မှု ပြုပြီးဖြစ်သည် ဟုမှတ်ယူခန့်မှန်းသင့်ပေ၏။ မှန်၏ မြတ်စွာဘုရား ဘုရားဖြစ်တော်မံမည့် ထိုမဟာသက္ကရာဇ်၁၀၃ ခုနှစ်လောက်အချိန်၌ သုဇာတာသူဌေးကတော်၏သား ယသသူဌေးသားသည်ပင် အိမ်ထောင်ကျ၍ ပြာသာဒ်သုံးဆောင်၌ အလှည့်အလည်အာရုံငါးပါး ခံစားသုံးစွဲရှိနေလေပြီ။ ။ ဤသို့ အထူးမှာတမ်းခြင်းမှာ "မြတ်စွာဘုရား ဘုရားဖြစ်မည့်နေ့၌ ဃနာနို့ဆွမ်းကပ်လှူလာသော သုဇာတာကို အရွယ်ခပ်ငယ်ငယ် သူဌေးသမီးကလေးအနေဖြင့်"ခန့်မှန်းတတ်ကြသောကြောင့် ဖြစ်သည်။ မဟာဗုဒ္ဓဝင် ဆဌမတွဲ ဒုပိုင်း ၂၃၈ ၂၃၉။)

သုဇာတာသူဌေးကတော်သည် ဘုရားအလောင်းတော် ဒုက္ကရစရိယာကျင့်တော်မူ၍ ခြောက်နှစ်ပြည့်မြောက်သော ကဆုန်လပြည့်နေ့၌"စောစောကပင် ဗလိနတ်စာပူဇော်မှုကို ပြုအံ့"ဟု မိုးသောက်အချိန်ရောက်လျှင် ထ၍ နို့စားနွားမတို့ကို နို့ညှစ်စေသည်။ နွားငယ်တို့သည် အမိနွားမတို့၏နို့တန်နားသို့ မလာရောက်ကြကုန်၊ နို့တန်အနီး၌ နို့ညှစ်ခွက်ကို ဆောင်အပ်ကာမျှပင် မညှစ်ရပဲ အလိုလို သူ့မမွတာအားဖြင့် နို့ရည်အယဉ်တို့သည် ယိုစီးကျလာကုန်သည်။ သုဇာတာသူဌေးကတော်သည် ထိုအံ့ဖွယ်ကို တွေ့မြင်ရ၍ ကိုယ်တိုင်ပင် နို့ရည်ကို ခံယူကာ အိုးသစ်၌ထည့်ပြီးလျှင် ကိုယ်တိုင်ပင် မီးမွေး၍ ဃနာနို့ဆွမ်းကို ကျိုချက်လေတော့သည်။

ထိုနို့ဆွမ်းကို ကျိုချက်သည်ရှိသော် အလွန်အလွန်ကြီးကုန်သောအမြှုပ်များထ၍ လက်ျာရစ်လှည့်ကြကာ အိုးအတွင်း၌ပင် လည်ကုန်၏၊ အမြှုပ်တပေါက်မျှ အပြင်သို့ မထွက်ကျချေ၊ မဟာဗြဟ္မာကြီးသည် ထီးကို ဆောင်းမိုး၍ လောကပါလနတ်မင်းကြီးလေးယောက်တို့သည် သန်လျက်ကိုယ်စီ စွဲကိုင်၍ စောင့်ရှောက်ကြလျက် သိကြားမင်းသည် မီးစများကိုညှိ၍ မီးမှုတ်လျက် နတ်တို့သည် လေးကျွန်းတို့၌ရှိသည့်သြဇာတို့ကို စုယူကြ၍ နို့ဃနာအိုးအတွင်းသို့ ထည့်ကြလေသည်။

ဤကား`အင်္ဂုတ္တိုရ်အဋ္ဌကထာ(၁၊၃၀၉)နှင့် မူလပဏ္ဏာသအဋ္ဌကထာ ဒုတိယအုပ်(မ၊ဋ္ဌ၊၂၊၈၇ ၈၈)တို့၌လာသော စကားတည်း။

## ဃနာနို့ဆွမ်း၊ ချက်ပုံဆန်း၊ ထောက်လှမ်းကျမ်းအစုံ

[ မဆွကပင် နွားမတစ်ထောင်ကို နွယ်ချိုတော၌ ကျောင်း၍ ထိုတစ်ထောင်သော နွားကို ငါးစုပြု၍ ရှစ်ရာသော နွားတို့၏နို့ရည်ကို နှစ်ရာသော နွားတို့၌ တိုက်သည်၊ ၄င်းနှစ်ရာကို ငါးစုပြုပြန်၍ တစ်ရာ့ခြောက်သော နွားတို့၏နို့ရည်ကို လေးဆယ်သော နွားတို့၌ တိုက်သည်၊ ထိုလေးဆယ်ကို ငါးစုပြုပြန်၍ လေးစုသော နွားတို့၏နို့ရည်ကို ရှစ်ခုသော နွားတို့၌ တိုက်ပြန်သည်၊ ထိုရှစ်ခုသော နွားတို့၏နို့ရည်ဖြင့်သာ ဃနာနို့ဆွမ်းချက်လေသော် အလောင်းတော်မြတ် ဘုဉ်းပေးရမည်ကို သိ၍ လောကပါလနတ်မင်းကြီးလေးယောက်တို့ ခုံလောက်၌ စောင့်ရှောက်လာကုန်သည်။ ဗြဟ္မာကြီး ထီးဖြင့် ကာသည်၊ သိကြားမင်းလည်း ထင်းထိုးသည်၊ တစ်သောင်းသော စကြာဝဠာမှ နတ်ဗြဟ္မာအပေါင်းတို့သည် ကောင်းမြတ်သော နတ်သြဇာတို့ကို ထည့်ကြကုန်သည်။ (ဇိနတ္ထပကာသနီကျမ်း၊ ၄၂ ၄၃။)

(၁) ရှေးဦးစွာကပင် နို့စားနွားမတစ်ထောင်ကို နွယ်ချိုတော၌ ကျောင်းစေ၍ ထိုနွားမတစ်ထောင်တို့မှ ထွက်သောနို့ရည်ကို အခြားနို့ကားနွားမ ငါးရာတို့အား တိုက်ကျွေးစေသည်၊ (၂) ထိုနို့စားနွားမငါးရာတို့မှ ထွက်သော နို့ရည်ကို အခြားနို့စားနွားမနှစ်ရာ့ငါးဆယ်တို့အား တိုက်ကျွေးစေသည်၊ (၃) ထိုနို့စားနွာမနှစ်ရာ့ငါးဆယ်တို့မှ ထွက်သော နို့ရည်ကို အခြားနို့စားနွားမ တစ်ရာ့နှစ်ဆယ့်ငါးကောင်တို့အား တိုက်ကျွေးစေသည်၊ (၄) ထိုနို့စားနွားမ တစ်ရာ့နှစ်ဆယ့်ငါးကောင်တို့မှ ထွက်သော နို့ရည်ကို အခြားနို့စားနွားမ

ခြောက်ဆယ့်လေးကောင်တို့အား တိုက်ကျွေးစေသည်၊ (၅) ထိုနို့စားနွားမခြောက်ဆယ့်လေးကောင်တို့မှ ယိုထွက်သော နို့ရည်ကို အခြားနို့စားနွားမ သုံးဆယ့်နှစ်ကောင်တို့အား တိုက်ကျွေးစေသည်၊ (၆) ထိုနို့စားနွားမ သုံးဆယ့်နှစ်ကောင်တို့မှ ယိုထွက်သော နို့ရည်ကို အခြားနို့စားနွားမ တစ်ဆယ့်ခြောက်ကောင်တို့အား တိုက်ကျွေးစေသည်၊ (၇) ထိုနို့စားနွားမ တစ်ဆယ့်ခြောက်ကောင်တို့မှ ယိုထွက်သော နို့ရည်ကို အခြားနို့စားနွားမ ရှစ်ကောင်တို့အား တိုက်ကျွေးစေသည်။ ဤသို့လျှင် သုဇာတာသူဌေးကတော်သည် နွားနို့တို့၏အရည်ပျစ်ရန် ချိုမြိန်သောအရသာရှိရန် ဩဇာရှိရန် ရည်သန်၍ နွားနို့ဆင့်ကဲ လဲလှယ်မှုကို ပြုလုပ်လေသည်။

ဤကား ဇာတ်အဋ္ဌကထာနှင့် အပဒါနအဋ္ဌကထာတို့၌လာသော စကားရပ်တည်း။

ပုရေတရံ ဓေနုသဟဿံ လဋ္ဌိမဓုကဝနေ စရာပေတွာ တာသံ ခီရံ ပဉ္စ ဓေနုသတာနိ ပါယေတွာ တာသံ ခီရံ အဍ္ဍတိယာနီတိ ဧဝံ ယာဝ သောဠသန္နံ ဓေနူနံ ခီရံ အဋ္ဌ ဓေနုယော ပိဝန္တိ၊ တာဝ ခီရဿ ဗဟလတဉ္စ မဓုရတဉ္စ ဩဇဝန္တတဉ္စ ပတ္ထယမာနာ ခီရပရိဝတ္တနံ နာမ အကာသိ။ သာ ဝိသာခပုဏ္ဏမဒိဝသေ "ပါတောဝ ဗလိကမ္မံ ကရိဿာမီ"တိ ရတ္တိယာ ပစ္စူသသမယံ ပစ္စုဋ္ဌာယ တာ အဋ္ဌ ဓေနုယော ဒုဟာပေသိ။ ဝစ္ဆကာ ဓေနူနံ ထနမူလံ နာဂမိံသု၊ ထနမူလေ ပန နဝဘာဇနေ ဥပနီတမတ္တေ (နဝဘာဇနေသု ဥပနီတမတ္တေသု သျာ၊က) အတ္တနော ဓမ္မတာယ ခီရဓာရာ ပဝတ္တိံသု။ တံ အစ္ဆရိယံ ဒိသွာ သုဇာတာ သဟတ္ထေနေဝ ခီရံ ဂဟေတွာ နဝဘာဇနေ ပက္ခိပိတွာ သဟတ္ထေနေဝ အဂ္ဂိံ ကတွာ ပစိတုံ အာရဘိ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၇၉ ၈၀။ အပဒါန၊ ဋ္ဌ၊ ၁၊ ၈၁ ၈၂။)

သုဇာတာသူဌေးကတော်သည် ပဌမနို့စားနွားမတစ်ရာကို နွယ်ချိုတော၌ ကျောင်းစေသည်၊ ထိုပဌမနို့စားနွားမတစ်ရာမှ မွေးဖွားသော နို့စားနွားမတစ်ရာတို့ကို ထိုအတူ နွယ်ချိုတော၌ ကျောင်းစေသည်၊ ထိုဒုတိယနို့စားနွားမတစ်ရာမှ မွေးဖွားသော နို့စားနွားမတစ်ရာတို့ကို ထိုအတူ နွယ်ချိုတော၌ ကျောင်းစေပြန်သည်၊ ထိုတတိယနို့စားနွားမတစ်ရာမှ မွေးဖွားသော နို့စားနွားမတစ်ရာတို့ကို ထိုအတူ နွယ်ချိုတော၌ ကျောင်းစေပြန်သည်၊ ထိုစတုတ္ထနို့စားနွားမတစ်ရာမှ မွေးဖွားသော နို့စားနွားမတစ်ရာတို့ကို ထိုအတူ နွယ်ချိုတော၌ ကျောင်းစေပြန်သည်၊ ထိုပဉ္စမနို့စားနွားမတစ်ရာမှ မွေးဖွားသော နို့စားနွားမတစ်ရာတို့ကို ထိုအတူ နွယ်ချိုတော၌ ကျောင်းစေပြန်သည်၊ ထိုဆဋ္ဌနို့စားနွားမတစ်ရာမှ မွေးဖွားသောနို့စားနွားမတစ်ရာတို့ကို ထိုအတူ နွယ်ချိုတော၌ ကျောင်းစေပြန်သည်၊ ဤနည်းဖြင့် ခုနစ်ဆက်မြောက်ဖြစ်သော နို့စားနွားမတစ်ရာတို့မှ နို့ရည်ကို ညှစ်ယူ၍ ဃနာနို့ဆွမ်းချက်ရန် စီမံလေသည်။

ဤကား ဇိနာလင်္ကာရဋီကာ၌လာသော စကားရပ်တည်း။ (မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ၊ ၂၇၃။)

သာ သတဓေနုယော မဓုလဋ္ဌိဝနေ ခါဒါပေတွာ တာသံပိ ခီတရော တထေဝ ခါဒါပေတွာ ပုန တာသံ ခီတရော တထေဝါတိ သတ္တ ပုတ္တနတ္တပရမ္ပရာဂတဓေနုတော ခီရံ ဂဟေတွာ ခီရပါယာသံ ပစိတုမာရဘိ။ (ဇိနာလင်္ကာရဋီကာ၊ ၂၄၄။)

သာ ဝေသာခပုဏ္ဏမဒိဝသေ "အဇ္ဇ ဗလိကမ္မံ ကရိဿာမီ"တိ ပါတောဝ ပါယာသံ အနာယာသံ ပရမမဓုရံ သမ္ပာဒိပါဒေသိ။ (ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၈။)

ဥရုဝေလာယံ သေနာနိဂမေ သေနာကုဋုမ္ဗိကဿ ဂေဟေ နိဗ္ဗတ္တာ သုဇာတာ နာမ ဒါရိကာ အဟောသိ။ တာယ သမ္ပာဒနဇာတာယ ဒိန္နံ ပက္ခိတ္တဒိဗ္ဗောဇံ မဓုပါယာသံ...(ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၃၃၆။)

သုဇာတာသူဌေးကတော်သည် တနေ့တည်း၌ပင် ဤအံ့ဖွယ်တို့ကို တွေ့မြင်ရ၍ ပုဏ္ဏာမည်သောကျွန်မကို "အမိပုဏ္ဏာ...ယနေ့ ငါတို့၏နတ်သည် အလွန်ပင် စိတ်ကြည်လင်ပုံရ၏၊ ငါသည် ဤမျှကာလပတ်လုံး ဤသို့သောအံ့ဖွယ်မည်သည်ကို မမြင်အပ်စဖူးပါ၊ လျင်မြန်စွာသွား၍ နတ်၏နေရာဌာနကို သုတ်သင်ပါလော့"ဟု ခေါ်၍ ပြောဆိုလေသည်။ ပုဏ္ဏာကျွန်မသည် "ကောင်းပါပြီ ရှင်မ..." ဟု သုဇာတာသူဌေးကတော်၏စကားကို ဝန်ခံ၍ အဆောတလျင် ပင်ညောင်ရင်းသို့ သွားရောက်လေသည်။

ဘုရားအလောင်းတော်သည်လည်း ဆွမ်းခံချိန်ကို ငံ့လင့်တော်မူလျက် စောစောကပင် သွားရောက်၍ ပင်ညောင်ပင်ရင်း၌ ထိုင်နေတော်မူလေသည်၊ ပင်ညောင်ပင်ရင်းကို သုတ်သင်ရှင်းလင်းရန်သွားသောပုဏ္ဏာကျွန်မသည် အိမ်သို့ ပြန်လာကာ သုဇာတာသူဌေးကတော်အား "အရှင်မ...နတ်မင်းသည် ပင်ညောင်ပင်ရင်း၌ ထိုင်နေပါသည်"ဟု ပြောကြားလေသည်၊ သုဇာတာသူဌေးကတော်က "ဟယ်ကျွန်မ..အကယ်၍ သင်ပြောသည့်အတိုင်း မှန်ပါက သင့်ကို ကျွန်မအဖြစ်မှ ငါလွတ်မည်"ဟု ပြော၍ အဆင်တန်ဆာအစုံကို ဝတ်ဆင်ကာ အဖိုးတစ်သိန်းတန်ရွှေခွက်၌ နို့ဃနာဆွမ်းကို ခူးထည့်၍ အခြားရွှေခွက်တခုဖြင့် ဖုံးအုပ်ပြီးလျှင် အဝတ်ဖြူဖြင့် ရစ်ပတ်လျက် ထက်ဝန်းကျင်မှ နံ့သာပန်းဆိုင်းတို့ကို တွဲလျားချ၍ ကိုယ်တိုင်ပင် ရွက်၍ သွားလေရာ ဘုရားအလောင်းတော်ကို မြင်ရ၍ အားကြီးသောပီတိကို ဖြစ်စေလျက် မြင်ရာအရပ်မှစ၍ ကိုယ်ကို ညွတ်ကာ ညွတ်ကာ သွားရောက်ပြီးလျှင် ဦးခေါင်းပေါ်မှ (နို့ဃနာဆွမ်း) ရွှေခွက်ကို ချ၍ ဖွင့်ပြီးနောက် ရွှေခွက်နှင့်တကွ နို့ဃနာဆွမ်းကို ဘုရားအလောင်းတော်၏လက်၌ ဆက်ကပ်, ရှိခိုး၍ "ကျွန်တော်မ၏ စိတ်နှလုံးအလိုသည် ပြည့်ဝသကဲ့သို့ အရှင်တို့၏စိတ်နှလုံးအလိုသည်လည်း ပြည့်ဝပါစေသတည်း"ဟု ဆုတောင်းစကား ပြောကြားကာ ဖဲသွားလေသည်။

ဘုရားအလောင်းတော်သည် နေရဉ္ဇရာမြစ်ကမ်းနားသို့ သွားရောက်၍ ရွှေခွက်ကို ကမ်းနား၌ထားပြီးလျှင် ရေဆင်းချိုးပြီး ကမ်းသို့ ပြန်တက်တော်မူကာ လေးဆယ့်ကိုးလုပ် ပြုလုပ်လျက် နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးနောက် ရွှေခွက်ကို နေရဉ္ဇရာမြစ်၌ မျှောခဲ့ပြီး အစဉ်သဖြင့်ဗောဓိမဏ္ဍာင်သို့ တက်ရောက်တော်မူကာ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပြီး၍ သတ္တသတ္တာဟ(လေးဆယ့်ကိုးရက်ပတ်လုံး) ဗောဓိမဏ္ဍိုင်၏အနီး၌ပင် စံနေတော်မူပြီးနောက် ဣသိပတနမိဂဒါဝုန်တောသို့ ကြွရောက်တော်မူကာ ဓမ္မစကြာတရားတော်ကို ဟောတော်မူလေသည်။ ထိုနောက် သုဇာတာသူဌေးကတော်၏သား ယသသတို့သား၏မဂ်ဖိုလ်ရကြောင်း ဉပနိဿယကို မြင်တော်မူ၍ သစ်ပင်ရင်းတခုသို့ ကြွရောက်တော်မူကာ ထိုင်နေတော်မူလေသည်။

ယသအမျိုးကောင်းသားသည်လည်း ညဉ့်အဖို့၏အခြားမဲ့၌ ပွင့်နေသော မိန်းမဆောင်(မောင်းမဆောင်)ကို မြင်ရ၍ သံဝေဂဖြစ်လျက်"ဉပဒ္ဒုတံ ဝတ ဘော အိုအချင်းတို့...အလုံးစုံသော ကိုယ်၏အဖြစ်သည် နှစ်သက်ခင်မင်ဖွယ် မရှိဘဲလျက် တပ်ငြိစွဲလမ်းသဖြင့် ပင်ပန်းနှိပ်စက်လေစွတကား၊ ဉပဿဋ္ဌ ဝတ ဘော အိုအချင်းတို့...ဤခန္ဓာငါးပါး၏အဖြစ်သည် အနှစ်သာရမရှိ, တစီးတွင်း၌ တက်သော အမြုပ်ကဲ့သို့ယုတ်မာလှစွာလျက် တဏှာ၏အဟုန်ဖြင့် စုံမက်ခြင်းပြင်း၍ ညှဉ်းဆဲပူလောင်လေစွတကား"ဟု မြည်တမ်း၏။ (ဇိနတ္ထပကာသနီကျမ်း၊၉၄။)

"ဉပဒ္ဒုတံ ဝတ ဘော အိုး...သူရော, ကိုယ်ပါ ခပ်သိမ်းသောသတ္တဝါတို့၏ ခန္ဓာကိုယ်ဆိုး ဤဒုက္ခအိုကြီးကို အမျိုးမျိုးသော ဒုက္ခတရားတို့ ထိပါးနှိပ်စက်လှချည်တကား၊ ဉပဿဋ္ဌ ဝတ ဘော အိုး...သူရော, ငါပါ ခပ်သိမ်းသောသတ္တဝါတို့၏ ခန္ဓာကိုယ်ဆိုး ဤဒုက္ခအိုးကြီးကို အမျိုးမျိုးသော ကိလေသာတရားတို့ ညှဉ်းပန်းနှိပ်စက်အပ်လှချည်တကား"ဟု ညည်းတွားပြောဆိုကာ(မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ဒုပိုင်း၊၂၄၁)နေအိမ်မှ ထွက်ခွါ၍ မြို့ပြင်ပ၌ ဘုရားရှင့်အထံတော်သို့ သွားရောက်ကာ တရားဒေသနာကို ကြားနာရသဖြင့် အောက်မဂ်, အောက်ဖိုလ်သုံးပါးကို ထိုးထွင်းသိမြင်တော်မူလေသည်။ (အင်္ဂုတ္တိုရ်အဋ္ဌကထာအလို)

ယသောပိ ကုလပုတ္တော..။ ပ။..သတ္ထု သန္တိကံ ဂန္တွာ ဓမ္မဒေသနံ သုတွာ တီဏိ မဂ္ဂဖလာနိ ပဋိဝိဇ္ဈိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၁၀။)

ယသ၏ဖခင်သူဌေးကြီးသည် ဖဝါးခြေထပ် လိုက်ပါ၍ ဘုရားရှင့်ထံတော်သို့ သွားရောက်ချဉ်းကပ်ပြီးလျှင် ယသသူဌေးသား၏ သတင်းကို မေးလေသည်၊ ဘုရားရှင်သည် ယသသူဌေးသားကို တန်ခိုးတော်ဖြင့် ဖုံးကွယ်၍ ဖခင်သူဌေးကြီးအား တရားဟောတော်မူလေသည်၊ ဒေသနာတော်အဆုံး၌ ထိုသူဌေးကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေသည်၊ ယသသူဌေးသားကား အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ ဘုရားရှင်က ထိုယသသူဌေးသားကို "ဧဟိ ဘိက္ခု"ခေါ်တော်မူသဖြင့် ထိုခဏ၌ပင် ယသသူဌေးသား၏အဖို့ရာ လူ့အသွင်ကွယ်ပျောက်၍ တန်ခိုးဖြင့်ပြီးသောသပိတ်, သင်္ကန်း ပရိက္ခရာတို့ကို ဆင်မြန်းပြီးဖြစ်ကာ ဧဟိဘိက္ခုရဟန်း ဖြစ်လေသည်။ သူဌေးကြီးသည် ဘုရားရှင်ကို ဆွမ်းဘုဉ်းပေးကြွရန် ပင့်ဖိတ်ခဲ့လေသည်၊ ဘုရားရှင်သည် အရှင်ယသကို နောက်ပါရဟန်းပြု၍ သူဌေးကြီးအိမ်သို့ ကြွတော်မူလျက် ဆွမ်းကိစ္စပြီးလတ်သော် တရားဟောတော်မူလေသည်၊ ဒေသနာတော်အဆုံး၌ အရှင်ယသ၏မယ်တော် သုဇာတာသူဌေးကတော်သည်လည်းကောင်း, အရှင်ယသ၏လူဖြစ်စဉ်က ဇနီးဟောင်းသည်လည်းကောင်း သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။ ထိုနေ့၌ သုဇာတာသူဌေးကတော်ကြီးသည် ကျွေးမနှင့်အတူတကွ တေဝါစိကသရဏဂုံ၌ တည်လေသည်။

## တိသရဏဂုံ၊ ဦးစွာထုံ၊ မြတ်ပုံတေဒဂ်

ဘုရားရှင်သည် နောက်အဖို့ဝယ် အစဉ်အတိုင်း ဉပါသိကာမတို့ကို တေဒဂ်ရာထူး၌ထားတော်လတ်သော် ဤသုဇာတာသူဌေးကတော်ဉပါသိကာမကို "ရဟန်းတို့...ရှေးဦးစွာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ကြသည့် ငါဘုရား၏တပည့်မ ဉပါသိကာမတို့တွင် သေနိယသူဌေး၏သမီး သုဇာတာသည် အမြတ်ဆုံးဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "ပဌမသရဏဂမန=ရှေးဦးစွာ သရဏဂုံခံယူသောအရာဝယ် အမြတ်ဆုံးတေဒဂ်ရာထူး"၌ ထားတော်မူလေသည်။

ပဌမံ သရဏံ ဂစ္ဆန္တီနန္တိ သဗ္ဗပဌမံ သရဏေသု ပတိဋ္ဌိတာနံ ဉပါသိကာနံ သုဇာတာ နာမ သေနိယဓီတာ အဂ္ဂါတိ ဒဿေတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၀၉။)

သတ္ထာ အပရဘာဂေ ပဋိပါဋိယာ ဉပါသိကာယော ဌာနန္တရေသု ဌပေန္တော ဣမံ ဉပါသိကံ ပဌမံ သရဏံ ဂစ္ဆန္တီနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၁၁။)

တေဝါစိကသရဏဂုံ ဟူသည် ဘုရား, တရား, သံဃာ ရတနာသုံးပါးတို့ကို ကိုးကွယ်အားထားရာအဖြစ် ဆည်းကပ်သိမှတ်ခြင်းတည်း။

ဤသုဇာတာဉပါသိကာမ၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ(၁၊ ၃၀၉ ၃၁၁), ဝိနည်းမဟာဝါပါဠိတော်(ဝိ၊ ၃၊ ၂၁),ဇိနတ္ထပကာသနီကျမ်း(၄၂, ၉၆), မဟာဗုဒ္ဓဝင် ဒုတိယတွဲ (၂၇၁ ၂၇၈, ၅၀၀ ၅၂၇), မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ဒုပိုင်း (၂၃၈ ၂၄၃)တို့၌ ကြည်

ရှုနိုင်သည်။

## ၂။ ဝိသာခါအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဒါယိကာနံ ယဒိဒံ ဝိသာခါ မိဂါရမာတာ။ (အံ၊ ၁၊ ၂၇။)

## ဝိသာခါအလောင်း ရှေးဆုတောင်း

ဤဝိသာခါအလောင်း အမျိုးကောင်းသမီးသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီးဖြစ်၍ နောက်အဖို့ဝယ် ဘုရားရှင်၏တရားဒေသနာတော်ကို ကြားနာနေစဉ် ဘုရားရှင်က ဥပါသိကာမတစ်ဦးကို "ပေးကမ်းလှူဒါန်းခြင်း၌မွေ့လျော်သောအရာ"ဝယ် အမြတ်ဆုံး အသာဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရသဖြင့် အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူးကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

ထိုအမျိုးကောင်းသမီးသည် ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်လူ့ပြည်တို့၌ ကျင်လည်ခဲ့ပြီးလျှင် ကဿပဘုရားရှင်၏လက်ထက်တော်ဝယ် ကာသိတိုင်းရှင် ကိကီဘုရင်ကြီး၏သမီးတော် ညီမခုနစ်ဖော်တို့အနက် အငယ်ဆုံး ညီမတော် "သံဃဒါသီ"ဖြစ်ခဲ့လေသည်။

သမဏီ သမဏဂုတ္တာ စ၊ ဘိက္ခုနီ ဘိက္ခုဒါယိကာ (ဘိက္ခုဒါသိကာ သျာ)။
ဓမ္မာ စေဝ သုဓမ္မာ စ၊ သံဃဒါသီ စ သတ္တမာတိ (သတ္တိမာတိ သီ)။
ဣမာ သတ္တ ဘဂိနိယော အဟေသုံ။ တာ ဧတရဟိ
ခေမာ ဥပ္ပလဝဏ္ဏာ စ၊ ပဋာစာရာ စ ဂေါတမီ။
ဓမ္မဒိန္နာ မဟာမာယာ၊ ဝိသာခါ စေဝ သတ္တမိတိ
ဇဝံနာမာ ဟုတွာ နိဗ္ဗတ္တာ။ (အံ၊ ဌ၊ ၁၊ ၃၁၁။)

## နောက်ဆုံးဘဝ၊ မည်နာမ၊ ခေါ်ကြ ဝိသာခါ

သံဃဒါသီမင်းသမီးသည် ကဿပဘုရားနှင့်ဂေါတမဘုရား နှစ်ဆူတို့၏အကြား ကာလပတ်လုံး နတ်ပြည်လူ့ပြည်တို့၌ ကျင်လည်ခဲ့၍ အကျွန်ုပ်တို့ဘုရားရှင် ပွင့်တော်မူရာကာလဝယ် အင်္ဂတိုင်း ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေးကြီး၏သား ဓနဉ္စယသူဌေး၏ အဂ္ဂမဟေသီ သုမနဒေဝီမင်း၌ ကိန်းဝပ်သန္ဓေ တည်နေလေသည်။ ထိုသူဌေးသမီး၏အမည်ကို "ဝိသာခါ"ဟု မှည့်ခေါ်ကြလေသည်၊ ဝိသာခါသူဌေးသမီး ခုနစ်နှစ်အရွယ်ရှိသောအခါဝယ် ဘုရားရှင်သည် သေလပုဏ္ဏားနှင့်အခြားကျွတ်ထိုက်သူ ဝေနေယျတို့၏မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုနှင့်ပြည့်စုံခြင်းကို မြင်တော်မူ၍ ရဟန်းအပေါင်းခြံရံလျက် ဓရီးဒေသစာရီ ကြွချီတော်မူလေရာ အင်္ဂတိုင်း ဘဒ္ဒိယမြို့သို့ ဆိုက်ရောက်တော်မူလေသည်။

မှတ်ချက်။ ။ သူဌေးကတော်ကိုလည်း "အဂ္ဂမဟေသီ"ဟု သုံးနှုန်းလေသည်။
အင်္ဂရဋ္ဌေ ဘဒ္ဒိယနဂရေ မေဏ္ဍကသေဋ္ဌိပုတ္တဿ ဓနဉ္စယသေဋ္ဌိနော (ဓနဉ္စယသေဋ္ဌိနော သီ) အဂ္ဂမဟေသိယာ သုမနဒေဝိယာ နာမ ကုစ္ဆိသ္မိံ နိဗ္ဗတ္တိ။ (အံ၊ ဌ၊ ၁၊ ၃၁၁။)

## ဘုန်းကံကြီးသူ၊ ၅ ဦးလူ၊ မည်သူတွေပါနည်း?

ဘဒ္ဒိယမြို့၏ဘုန်းကံကြီးသူ ၅ ဦးတို့ဟူသည်.....

(၁) မေဏ္ဍကသူဌေးကြီး၊ (တနေ့သ၌ သူဌေးကြီးသည် မိမိ၏ဘုန်းကံအာနုဘော်ကို စုံစမ်းလိုသည်ဖြစ်၍ စပါးကျီအလုံးပေါင်း (၁၂၅၀)တို့ကို သုတ်သင်ရှင်းလင်းစေပြီးလျှင် ဦးခေါင်းဆေးလျော်ပြီးနောက် တံခါးဝ၌ ထိုင်နေလျက် အထက်ကောင်းကင်သို့မော်ကြည့်လေသည်၊ ထိုခဏဝယ် စပါးကျီအားလုံးတို့မှာ သလေးနီစပါးတို့ဖြင့် ပြည့်လျက်သားဖြစ်ကြလေကုန်သည်။)

(၂) စန္ဒပဒုမာမည်သောသူဌေးကတော်ကြီး၊ (ထိုအခါ သူဌေးကတော်ကြီးသည် အဆင်တန်ဆာစုံ ဝတ်ဆင်ပြီးလျှင် လူများအပေါင်းကြည့်ရှုနေစဉ်ပင်လျှင် ဆန်တပြည်ခန့်ကို ခြင်စေ၍ ထိုဆန်တို့ဖြင့် ထမင်းချက်စေပြီးနောက် တံခါးမုခ်ဝယ် ခင်းထားအပ်သော နေရာ၌ ထိုင်နေလျက် ရွှေယောက်မကို ကိုင်က "ထမင်းဖြင့် အလိုရှိသူတို့သည် လာကြကုန်"ဟု ကြွေးကြော်စေ၍ လာတိုင်းလာတိုင်းသောသူတို့အား ခွက်အပြည့်ထည့်၍ ပေးလှူလေသည်၊ တနေ့လုံး ပေးလှူသော်လည်း ယောက်မဖြင့် ခပ်ယူသောနေရာသာ ထင်၍ ကျန်

သည့်ထမင်းအိုးအရာမယွင်းပဲရှိလေသည်။)

(၃) ဓနဉ္စယသူဌေး(မေဏ္ဍကသူဌေးကြီး၏သား)၊ (ဓနဉ္စယသူဌေးသည် ဦးခေါင်းဆေးလျှော်ပြီးလျှင် အသပြာတစ်ထောင်အိတ်ကို ယူ၍"အသပြာငွေတို့ဖြင့် အလိုရှိသူတို့သည် လာကြကုန်"ဟု ဆို၍ လာတိုင်းလာတိုင်းသောသူတို့အား ခွက်အပြည့် အသပြာငွေတို့ကို ထည့်၍ပေးလေသည်၊ ထိုသို့ပေးသော်လည်း အိတ်ထဲ၌ ငွေအသပြာတစ်ထောင် ရှိမြဲရှိ၍ နေလေသည်။)

(၄) သုမနဒေဝီမည်သော သူဌေးကတော်၊ (သူဌေးကတော်သည်လည်း အဆင်တန်ဆာစုံ ဝတ်ဆင်ပြီးလျှင် ကောက်စပါးတောင်းကိုယူ၍ ဟင်းလင်းအပြင်၌ ထိုင်နေလျက်"မျိုးရိက္ခာထမင်းတို့ဖြင့် အလိုရှိသူတို့သည် လာကြကုန်"ဟု ဆို၍ လာတိုင်းလာတိုင်းသောသူတို့အား ခွက်အပြည့်ထည့်၍ ပေးလေသည်၊ ထိုသို့ပေးသော်လည်း ကောက်စပါးထည့်သောတောင်းသည် ပြည့်မြဲတိုင်းသာလျှင် ပြည့်၍နေလေသည်။)

(၅) မေဏ္ဍကသူဌေးကြီး၏ပုဏ္ဏမည်သောကျွန်၊ (ပုဏ္ဏသည်လည်း အဆင်တန်ဆာစုံ ဝတ်ဆင်ပြီးလျှင် ရွှေထမ်းပိုးတို့၌ ရွှေချည်ကြိုးတို့ဖြင့် နွားတို့ကို ကၡ၍ ရွှေနှင်တံကို စွဲကိုင်လျက် နွားတဉ်းတို့အား နံ့သာလက်၅ ချောင်းရာများပေးပြီးလျှင် နွားဦးချိုတို့၌ ရွှေအစွပ်တို့ကိုစွပ်လျက် လယ်တောသို့ သွားရောက်ကာ မောင်းနှင်ထွန်ပြလေသည်၊ ထိုအခါ အံ့ဩဖွယ်ရာ လက်ဝဲဘက်မှ ထွန်ရေးသုံးကြောင်း, လက်ယာဘက်မှထွန်ရေးသုံးကြောင်း, အလယ်ဗဟိုမှ ထွန်ရေးတစ်ကြောင်းအားဖြင့် ထွန်ရေး ခုနစ်ကြောင်းတို့ ခွဲထွက်၍ သွားကြလေသည်။)

ပဥ္စ မဟာပုညာ နာမ မေဏ္ဍကော သေဋ္ဌိ၊ စန္ဒပဒုမာ နာမ တဿေဝ အဂ္ဂမဟေသီ၊ တဿ စ ပုတ္တော ဓနဉ္စယော နာမ၊ တဿ ဘရိယာ သုမနဒေဝီ နာမ၊ မေဏ္ဍကသေဋ္ဌိဿ ဒါသော ပုဏ္ဏော နာမာတိ။ (အံ၊ဋ္ဌ၊ ၁၊ ၃၁၁ ၃၁၂။ ဓမ္မပဒ၊ဋ္ဌ၊ ၁၊ ၂၆၃။)

မှတ်ချက်။ ။ ဘုန်းကံကြီးသူ ၅ ဦးတို့၏စွမ်းရည်အာနုဘော်များကို ဓမ္မပဒအဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ (၂၃၇ ၂၃၈)တို့၌ ကြည့်ရှုနိုင်သည်။

ဗိမ္ဗိသာရမင်းကြီး၏အာဏာစက်ပြန့်နှံ့ရာ ရာဇဂြိုဟ်ပြည်၌ ဤမေဏ္ဍကသူဌေးကြီးအပြင် (၁) ဇောတိကသူဌေး, ဇဋိလသူဌေး, ပုဏ္ဏသူဌေး, ကာကဝလိယသူဌေး ဟူ၍ သူဌေးကြီးလေးဦးတို့လည်း ရှိကြသေးသည်။

ဗိမ္ဗိသာရမဟာရာဇဿ ပန အာဏာပဝတ္တိဋ္ဌာနေ ပဉ္စ အမိတဘောဂါ နာမ အဟေသုံ ဇောတိကော ဇဋိလော မေဏ္ဍကော ပုဏ္ဏော ကာကဝလိယောတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၁၂။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၆၃။)

မေဏ္ဍကသူဌေးကြီးသည် ဘုရားရှင် မိမိတို့၏ဘဒ္ဒိယမြို့သို့ ကြွရောက်တော်မူလာကြောင်း သတင်းစကား ကြားသိရလျှင် မိမိ၏မြေးမဝိသာခါသတို့သမီးကို ခေါ်၍ "ချစ်မြေး.....ယခုပြောမည့်ကိစ္စသည် ငါ့မြေး၏အဖို့ရာလည်း မင်္ဂလာကောင်းမှုဖြစ်၏၊ ဖိုးဖိုးတို့၏အဖို့ရာလည်း မင်္ဂလာကောင်းမှုဖြစ်၏၊ ချစ်မြေး၏ရံရွေဖော်သတို့သမီးငါးရာတို့နှင့်အတူတကွ ရထားအစီးငါးရာတို့ကို ကိုယ်စီကိုယ်ငစီးကြလျက်ကျွန်မငါးရာ ခြံရံအပ်ကာ ငါ့မြေးသည် ဘုရားရှင်အား ခရီးဦးကြိုဆိုမှုကို ပြုလေလော့"ဟု ပြောဆိုလေသည်။

## ခုနစ်နှစ်ရွယ်မှာ၊ ဝိသာခါ၊ ဖြစ်လာ သောတာပန်

ဝိသာခါသည် အဖိုး၏စကားကို ကြားရလေလျှင် အဖိုးပြောဆိုသည့်အတိုင်း ဘုရားရှင်အား ခရီးဦးကြိုဆိုမှုကို ပြုလေသည်၊ ဝိသာခါသည် အကြောင်းဟုတ်သည်,မဟုတ်သည်တို့၌ လိမ္မာပါးနပ် ယဉ်ကျေးပြီးသူဖြစ်သောကြောင့် ရထားစီး၍ သွားသင့်သောမြေအရပ်တိုင်ရုံသာ ရထားစီး၍ သွားပြီးလျှင် (ရထားနှင့်သွားက မရိုသေမှု ဖြစ်လောက်သည့်အရပ်သို့ ရောက်လျှင်) ရထားမှ ဆင်းသက်၍ ခြေလျင်သာလျှင် ဘုရားရှင်အထံတော်သို့ သွားရောက်ရှိခိုးလျက် အပြစ်လွတ်ရာအရပ်၌ ရပ်တည်နေလေသည်။

ထိုအခါ ဘုရားရှင်သည် ဝိသာခါအား သူမ၏စရိုက်နှင့် လိုက်လျောစွာ တရားဒေသနာကို ဟောကြားတော်မူလေသည်၊ ဒေသနာနိဂုံးပြီးဆုံးသောအခါ ဝိသာခါသည် ရံရွေဖော်သတို့သမီးငါးရာတို့နှင့်အတူတကွ သောတာပတ္တိဖိုလ်၌ တည်လေသည်။

မေဏ္ဍကသူဌေးကြီးသည်လည်း ဘုရားရှင့်ထံမှောက်သို့ သွားရောက်ဆည်းကပ်၍ ဘုရားရှင်ကို ရှိခိုးလျက် သင့်တင့်ရာအရပ်၌ ရပ်တည်နေလေသည်၊ ထိုအခါ ဘုရားရှင်သည် သူဌေးကြီးအားလည်း သူ၏စရိုက်နှင့် လိုက်လျောသော တရားဒေသနာကို ဟောကြားတော်မူလေသည်၊ သူဌေးကြီးသည်လည်း ဒေသနာနိဂုံး ပြီးဆုံးသောအခါ သောတာပတ္တိဖိုလ်၌တည်၍ ဘုရားရှင်ကို နက်ဖြန်ကောင်းမှုကုသိုလ်အလို့ငှာ ပင့်ဖိတ်ပြီးလျှင် နောက်တနေ့၌ မိမိ၏အိမ်ဝယ် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်ကို ပြုစုလုပ်ကျွေးလေသည်၊ ဤနည်းဖြင့် သူဌေးကြီးသည် လခွဲပတ်လုံး ကြီးစွာသော အလှူဒါနကို ပေးလှူခဲ့လေသည်၊ ဘုရားရှင်သည် ဘဒ္ဒိယမြို့၌ ချွေချွတ်သင့်သော သတ္တဝါဝေနေယျ ရှိသလောက် သီတင်းသုံးနေတော်မူပြီးလျှင် ဘဒ္ဒိယမြို့မှ ဖဲခွါကြွသွားတော်မူလေ

သည်။

## ဝိသာခါဟု၊ မိသားစု၊ ပြောင်းပြု သာကေတ

သာဝတ္ထိမင်းနေပြည်ဝယ် ကောသလမင်းသည် ဗိမ္ဗိသာရမင်း၏အထံသို့ "ကျွန်ုပ်၏အာဏာစက်ပြန့်နှံ့ရာ ကောသလတိုင်းနိုင်ငံ၌ အမိတဘောဂသူဌေးအိမ်ထောင်စု တစ်ခုမျှ မရှိဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏နိုင်ငံသို့ အမိတဘောဂသူဌေးအိမ်ထောင်စု တစ်ခုကို ပို့လွှတ်စေလိုပါသည်"ဟု သဝဏ်လွှာပို့သစေလွှတ်လေသည်။

ဗိမ္ဗိသာရမင်းကြီးသည် အမတ်တို့နှင့် ထိုအကြောင်းကို တိုင်ပင်ဆွေးနွေးလေသည်၊ အမတ်တို့က "ကျွန်ုပ်တို့သည် အမိတဘောဂသူဌေးကြီးများ အိမ်ထောင်စုကို ပို့သစေလွှတ်ခြင်ငှါ မတတ်နိုင်ပါကုန်၊ သို့သော် သူဌေးသားတစ်ယောက်ကို ပို့သာကြပါကုန်စို့"ဟု တိုင်ပင်ပြောဆိုကြပြီးလျှင် မေဏ္ဍကသူဌေးကြီး၏သား ဓနဥ္စယသူဌေးကို ကောသလတိုင်းနိုင်ငံသို့ သွားရောက်နေထိုင်ရန် တောင်းပန်ကြလေသည်၊ ဗိမ္ဗိသာရမင်းကြီးသည် အမတ်တို့၏စကားကို ကြားသိရ၍ ဓနဥ္စယသူဌေးကို ကောသလတိုင်းနိုင်ငံသို့ ပို့သစေလွှတ်လေသည်။

ထိုအခါ ဓနဥ္စယသူဌေးကို ကောသလမင်းကြီးသည် သာဝတ္ထိမင်းနေပြည်မှ ခုနစ်ယူဇနာဝေးကွာသော သာကေတမြို့၌ သူဌေးရာထူးပေး၍ နေစေသည်။

မှတ်ချက်။ [။ ဓမ္မပဒအဋ္ဌကထာ(၁၊ ၂၄၄)၌ "သတ္တယောဇနမတ္တကေ"ဟူ၍လည်းလောင်း, အင်္ဂုတ္တိုရ်အဋ္ဌကထာ(၁၊ ၃၁၂)၌ "သတ္တယောဇနမတ္တကေ"ဟူ၍လည်းကောင်း ရှိကြသော်လည်း ဓမ္မပဒအဋ္ဌကထာ အချို့မူ၌ "ဆယောဇနမတ္တကေ"ဟူ၍ ရှိ၏။]

သာဝတ္ထိပြည်၌ မိဂါရသူဌေး၏သား ပုဏ္ဏဝဒ္ဓနသတို့သားသည် အရွယ်သို့ ရောက်လေပြီ၊ ထိုအခါ ဖခင်မိဂါရသူဌေးသည် "ငါ့သား အရွယ်သို့ ရောက်လေပြီ၊ ငါ့သားကို အိမ်ရာချထားပေးရမည့်အချိန် ဖြစ်လေသည်"ဟု ဆင်ခြင်စဉ်းစားလျက် "ငါတို့နှင့် ဇာတ်တူအမျိုးအိမ်မှ သတို့သမီးကို ရှာကြလော့"ဟု အကြောင်းဟုတ်သည်, မဟုတ်သည်၌ ကျွမ်းကျင်လိမ္မာကြသော ယောကျာ်းတို့ကို စေလွှတ်လေသည်၊ ထိုသတို့သမီးရှာသူတို့သည် သာဝတ္ထိပြည်၌ မိမိတို့နှစ်သက်သဘောကျသည့်သတို့သမီးကို မတွေ့မမြင်ကြရ၍ သာကေတမြို့သို့ ဆက်လက် သွားရောက်ကြလေသည်။

ထိုနေ့၌ ဝိသာခါသူဌေးသမီးသည် မိမိနှင့် အရွယ်တူ သတို့သမီးငါးရာတို့ ခြံရံအပ်လျက် နက္ခတ်သဘင်ကစားရန် တစ်ခုသော မဟာဂါမ(ရွာကြီး)သို့ သွားလေသည်၊ [သီဟိုဠ်မူ ယိုးဒယားမူတို့အလိုကား "ရေသဘင်ကစားရန် ရေကန်ကြီးတစ်ခုသို့ သွားရောက်လေသည်"ဟူ၏]၊ သတို့သမီးရှာသော လူများသည်လည်း သာကေတမြို့တွင်း၌ လှည့်လည်ကြ၍ မိမိတို့သဘောကျကျေနပ်လောက်သည့် သတို့သမီးကို မတွေ့မြင်ကြရကား မြို့ပြင်တံခါးဝ၌ ရပ်နေကြလေသည်၊ ထိုအချိန်၌ မိုးစ၍ ရွာသွန်းလေသည်၊ ထိုအခါ ဝိသာခါနှင့်အတူတကွ မြို့မှထွက်ခဲ့ကြသော သတို့သမီးငါးရာတို့သည် မိုးစွတ်မည်မှ ကြောက်ကြသောကြောင့် အလျင်အမြန် ပြေးသွားကြကာ စရပ်တွင်းသို့ ဝင်ရောက်ကြလေသည်၊ သတို့သမီးရှာသူများသည် ထိုသတို့သမီးငါးရာတို့အတွင်း၌လည်း မိမိတို့ကျေနပ်နှစ်သက်လောက်သော သတို့သမီးကို မတွေ့မြင်ကြရကုန်။

အထူးသဖြင့် ထိုသတို့သမီးတို့နောက်မှ ဝိသာခါသူဌေးသမီးသည် မိုးရွာနေသည်ကိုလည်း မရေမတွက်ပဲ မဆောမလျင် သွားခြင်းဖြင့် မိုးအစွတ်ခံလျက်သာ စရပ်တွင်းသို့ ဝင်ရောက်လာလေသည်၊ ထိုသတို့သမီးရှာသူများသည် ဝိသာခါကို မြင်ရလျှင် "ရုပ်ရည်အဆင်း လှပတင့်တယ်ခြင်းရှိသော သတို့သမီးသည် ဤသတို့သမီးလျှင် လွန်သောအတိုင်းအရှည်ရှိသည် ဖြစ်လေရာ၏၊ ဤရုပ်ရည်အဆင်းဟူသည်ကား အချို့အမျိုးသမီးများ၏အဖို့ရာ သလဲသီးမှည့်ကဲ့သို့ နုနုထွတ်ထွတ်ဖြစ်နိုင်ပေသည်၊ စကားစကို ဖြစ်စေလျက် ပြောဆိုကြည့်ကြမှသာ 'ဤသတို့သမီးသည် ချိုမြိန်သာယာသောစကား ရှိ၏,မရှိ၏'ဟု သိနိုင်ကြပေလိမ့်မည်"ဟု ဆင်ခြင်မိကြလေသည်၊ ထို့နောက် ဝိသာခါကို မေးကြလေသည်။

သတို့သမီးရှာသူများ။ ။ သမီး...သင်သည် အလွန်အရွယ်ရင့်ရော်သော မိန်းမကြီးကဲ့သို့ သွားဘိရောင်တကား။

ဝိသာခါ။ ။ ဖခင်တို့...သင်တို့သည် အဘယ်ကိုမြင်၍ ပြောဆိုကြပါသနည်း?။

သတို့သမီးရှာသူများ။ ။ ချစ်သမီးနှင့်အတူတကွ ကစားဖော်ဖြစ်ကြသည့် အခြားသတို့သမီးများသည် မိုးစွတ်အံ့သည်မှ ကြောက်ကြသောကြောင့် အလျင်အမြန် ပြေးလာ၍ စရပ်အတွင်းသို့ ဝင်ကြပါသည်၊ သင်ကား အရွယ်ကြီးရင့်သောမိန်းမကြီးကဲ့သို့ ခြေလှမ်းကိုလွန်၍ မလာခဲ့ပါချေ၊ အဝတ်ကို မိုးစွတ်မည်ကိုလည်း သင်ကား မရေတွက်ပါပေ၊ အကယ်၍ သင်ကို ဆင်ကဖြစ်စေ, မြင်းကဖြစ်စေ လိုက်လာခဲ့လျှင် သင်သည် ဤကဲ့သို့ပင် နှေးနေးလေးကန်စွာ ပြုလုပ်မည်လော?။

ဝိသာခါ။ ။ ဖခင်တို့...အဝတ်ဆိုသည်မှာ ရခဲသောအရာမဟုတ်ပါ၊ သမီး၏အိမ်၌ အဝတ်များကို ရလွယ်ပါကုန်၏၊ အရွယ်ရောက်ကြ

သည့်မိန်းမတို့ဟူသည်ကား ရောင်းကုန်နှင့်တူကြပါသည်၊ (ပြေးသွားသဖြင့် မတော်တဆ) လက်သော်လည်းကောင်း၊ ခြေသော်လည်းကောင်း ကျိုးသွားခဲ့ပါမူ အင်္ဂါချို့တဲ့သောမိန်းမကို ယောက်ျားတို့သည် စက်ဆုပ်ရွံရှာစွာ တံတွေးထွေး၍ပင် သွားကြပါကုန်သည်၊ ထို့ကြောင့် သမီးသည် ဖြေးဖြေးသာ လာခဲ့ပါသည်။

ထိုအခါ သတို့သမီးရှာသူတို့သည် "ဤဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် ဤသတို့သမီးနှင့်တူညီသော မိန်းမသည် မရှိချေ၊ ရုပ်ရည်အဆင်းနှင့်ပြည့်စုံသကဲ့သို့ ပြောဆိုသောစကားသည်လည်း သာယာချိုမြိန်လှပေသည်၊ အကြောင်းဟုတ်သည်, မဟုတ်သည်ကို သိ၍ ပြောဆိုပေသည်"ဟု ကြံစည်ဆင်ခြင်ကြကာ ဝိသာခါ၏အပေါ်၌ ပန်းလုံးကို ပစ်တင်လိုက်ကြလေသည်၊ ထိုအခါ ဝိသာခါသည် "ငါသည် ရှေးအခါက သိမ်းပိုက်မခံရသေးသူ ဖြစ်ချေသည်၊ ယခုအခါကား သိမ်းပိုက်ခံရပြီးသူ ဖြစ်ချေသည်"ဟု ဆင်ခြင်ကာ ယဉ်ကျေးသော အခြင်းအရာဖြင့် မြေ၌ ထိုင်လေသည်၊ ထိုအခါ သတို့သမီးရှာသူတို့သည် ဝိသာခါကို ထိုနေရာ၌ပင် တင်းထိမ်ကန့်လန့်ကာဖြင့် ဝန်းရံကြလေသည်၊ ဝိသာခါသည် တင်းထိမ်ကန့်လန့်ကာဖြင့် လွှမ်းခြုံအပ်ပြီးသည်၏အဖြစ်ကို သိရှိပြီးလျှင် ကျွန်မအပေါင်းခြံရံလျက် အိမ်သို့ ပြန်သွားလေသည်၊ မိဂါရသူဌေး၏လူများသည်လည်း ဝိသာခါနှင့်အတူတကွပင် ဓနဉ္စယသူဌေး၏အထံသို့ လိုက်ပါသွားရောက်ကြလေသည်။

ဓနဉ္စယသူဌေးက "အမောင်တို့...သင်တို့သည် အဘယ်ရွာ၌ နေသူများ ဖြစ်ကြပါသနည်း"ဟု မေးလေသော် ထိုသူတို့က "ကျွန်ုပ်တို့သည် သာဝတ္ထိပြည်ရှိ မိဂါရသူဌေး၏လူများ ဖြစ်ကြပါသည်၊ ကျွန်ုပ်တို့၏သူဌေးက အရှင်သူဌေးတို့၏အိမ်ဝယ် အရွယ်ရောက်သော သမီးကညာရှိသည် ဟု သတင်းစကား ကြားသိရ၍ ကျွန်ုပ်တို့ကို စေလွှတ်ခဲ့ပါသည်"ဟု ပြောကြားကြလေသည်။

ဓနဉ္စယသူဌေးက "ကောင်းပြီ အမောင်တို့...သင်တို့၏သူဌေးသည် စည်းစိမ်ဥစ္စာအနေအားဖြင့် ငါတို့နှင့် မတူညီသော်လည်း အမျိုးဇာတ်အားဖြင့်ကား တူညီပေ၏၊ စည်းစိမ်ရော, အမျိုးဇာတ်ပါ အလုံးစုံအခြင်းအရာနှင့်ပြည့်စုံသူကိုကား ရခဲလှပေသည်၊ သင်တို့သည် ပြန်ကြကုန်လော့၊ သင်တို့၏သူဌေးအား ငါတို့က လက်ခံလိုက်ကြောင်းကို ပြောကြားကြကုန်လော့"ဟု မှာလိုက်လေသည်။

မိဂါရသူဌေး၏လူများသည် ဓနဉ္စယသူဌေး၏စကားကို ကြားနာကြပြီးလျှင် သာဝတ္ထိသို့ ပြန်ခဲ့ကြလျက် မိဂါရသူဌေးအား နှစ်သက်ဖွယ်စကား, တိုးပွားမည့်စကားများကို ပြောကြားပြီးနောက် "အရှင်သူဌေး...ကျွန်ုပ်တို့သည် သာကေတမြို့၌ ဓနဉ္စယသူဌေး၏အိမ်ဝယ် သတို့သမီးကို ရအပ်ခဲ့ပါပြီ"ဟု ပြောဆိုကြလေသည်။ ထိုစကားကို ကြားရ၍ မိဂါရသူဌေးသည် "မြတ်သောအမျိုးကြီး၌ ငါတို့သည် သတို့သမီးကိုရအပ်ပြီတဲ့"ဟု နှစ်လိုဝမ်းသာသောစိတ်ရှိရကား ထိုခဏ၌ပင် ဓနဉ္စယသူဌေး၏အထံသို့ "ယခု(အတောအတွင်းမှာ)ပင် သတို့သမီးကို လာရောက်ဆောင်ယူကြပါမည်၊ ပြုသင့်ပြုထိုက်သောကိစ္စများကို ပြုလုပ်ထားကြစေချင်ပါသည်"ဟု သတင်းစကား သဝဏ်လွှာပါးလိုက်လေသည်၊ ဓနဉ္စယသူဌေးကလည်း မိဂါရသူဌေးထံသို့ "ဤပြုသင့်ပြုထိုက်သောကိစ္စများကို ပြုလုပ်ထားရန် ငါတို့အဖို့ရာ ဝန်မလေးပါ၊ စင်စစ်သော်ကား သူဌေးသည်သာ မိမိပြုလုပ်ဆောင်ရွက်ရမည့်ကိစ္စကို ပြုလုပ်ဆောင်ရွက်စေချင်ပါသည်"ဟု အတုံ့သတင်းစကား သဝဏ်လွှာပြန်လိုက်လေသည်။

## ထိမ်းမြားရာပွဲ၊ မင်းကြီးလဲ၊ ဆင်နွဲကာပ ချီးမြှောက်ရ

မိဂါရသူဌေးသည် ကောသလမင်းကြီးထံသို့ သွားရောက်ကာ "အရှင်မင်းကြီး...ကျွန်ုပ်အဖို့ရာ မင်္ဂလာကိစ္စတစ်ခု ရှိပါသည်၊ အရှင်မင်းကြီး၏ကျွန်ရင်း ပုဏ္ဏဝဍ္ဎနသတို့သား၏အတွက် ဓနဉ္စယသူဌေး၏သမီး ဝိသာခါမည်သောသတို့သမီးကို သွားရောက်ဆောင်ယူရပါမည်၊ ကျွန်ုပ်အား သာကေတမြို့သို့ သွားရောက်ရန် ခွင့်ပြုတော်မူကြပါကုန်လော့"ဟု လျှောက်ထားလေသည်၊ ကောသလမင်းကြီးက "ကောင်းပြီသူဌေးကြီး...ငါတို့လဲပဲ လိုက်ပါရန် လိုအပ်ပါသလော"ဟု မေးမြန်းလျှင် မိဂါရသူဌေးသည် "အရှင်မင်းကြီး...အရှင်မင်းကြီးတို့ကဲ့သို့သော ပုဂ္ဂိုလ်များ၏လိုက်ပါခြင်းကို အဘယ်သို့လျှင် ရနိုင်ပါမည်နည်း"ဟု ပြန်ကြားလျှောက်ထားလေသည်၊ ထိုအခါ မင်းကြီးသည် ကြီးမြတ်သောအမျိုးအား ချီးမြှောက်မှုကို ပြုလိုရကား ရှိစေတော့ သူဌေးကြီး...ငါသည်လည်း လိုက်ပါပေအံ့"ဟု ဝန်ခံစကား ပြောဆို၍ မိဂါရသူဌေးနှင့်အတူ သာကေတမြို့သို့ လိုက်ပါလေသည်။

ဓနဉ္စယသူဌေးသည် "မိဂါရသူဌေးသည် ကောသလမင်းကြီးကိုပါ ပင့်ခေါ်၍ ငါတို့၏မြို့သို့ လာနေပြီတဲ့"ဟု သတင်းစကား ကြားသိရလေသော် ကိုယ်တိုင်ပင် ခရီးဦးကြိုဆိုပြု၍ မင်းကြီးကို ခေါ်ယူကာ မိမိ၏နေအိမ်သို့ သွားလေသည်၊ မင်းကြီးအတွက်လည်းကောင်း, မင်းကြီး၏စစ်သည်ဗိုလ်ပါအတွက်လည်းကောင်း, မိဂါရသူဌေးအတွက်လည်းကောင်း နေရာထိုင်ခင်း, ပန်း,နံ့သာ,ထမင်းစသည် အလုံးစုံကို စီမံထားလေသည်၊ "ဤအရာဝတ္ထုကို ဤသူအတွက် ရမှသင့်မည်၊ ဤအရာဝတ္ထုကို ဤသူအတွက် ရမှသင့်မည်"ဟု အားလုံးအတွက် လိုအပ်သည့်မှန်သမျှကို သူဌေးကိုယ်တိုင်ပင် သိရှိရကား ပြည့်စုံအောင် စီမံထားလေသည်၊ ထိုထိုလူအများသည် "သူဌေးသည် ငါတို့အားသာ ဂရုတစိုက်ပြု၍ နေ၏"ဟု ကြံစည်မှတ်ထင်ကြလေသည်။

တနေ့သောအခါ မင်းကြီးက ဓနဉ္စယသူဌေးအထံသို့ "သူဌေးသည် ကြာရှည်လေးမြင့်စွာ ငါတို့အား ပြုစုကျွေးမွေးမှုကို ပြုလုပ်ခြင်းငှာ မတတ်ကောင်း၊ သတို့သမီး၏ သာဝတ္ထိသို့ သွားရောက်ရန်အခါကို သိစေချင်ပါသည်"ဟု သတင်းစကား ပို့စေလေသည်၊ ဓနဉ္စယသူဌေးကလည်း မင်းကြီးအထံသို့ "ယခုအခါ မိုးကာလသို့ ရောက်ခဲ့ပါပြီ၊ လေးလကြာကာလ လှည့်လည်သွားနိုင်ကြမည်မဟုတ်ပါ၊ မင်းကြီး၏စစ်သည်ဗိုလ်ပါတို့အတွက် လိုအပ်ရာရာ အလုံးစုံသည် ကျွန်ုပ်၏တာဝန်ဖြစ်ပါစေ၊ စင်စစ်မူကား အရှင်မင်းကြီးသည် ကျွန်ုပ်က ပို့သောအခါမှ ပြန်ကြွစေချင်ပါသည်"ဟု သတင်းတုံ့ပြန်ပို့စေလေသည်။

ထိုအခါမှစ၍ သာကေတမြို့သည် အမြဲတမ်းပွဲသဘင်ခံသောရွာကဲ့သို့ ဖြစ်ခဲ့လေသည်၊ ဤနည်းဤပုံဖြင့် သုံးလလွန်ခဲ့သော်လည်း ဓနဉ္စယသူဌေး၏သမီးဝိသာခါအတွက် မဟာလတာတန်ဆာကား မပြီးသေးချေ၊ ထိုအခါ သူဌေး၏အလုပ်အမှုဆောင်လူကြီးတို့သည် သူဌေးထံလာရောက်၍ "အရှင်သူဌေးမင်း...အခြားပစ္စည်းဝတ္ထုများ မရှိ, မပြည့်စုံတာဟူ၍ မရှိပါ၊ မရှိမပြည့်စုံသောအရာမှာ စစ်သည်ဗိုလ်ပါများအတွက် ထမင်းချက်ဖို့ရန် ထင်းများ မလောက်မငဖြစ်နေကြပါသည်"ဟု ပြောကြားကြလေသည်၊ ထိုအခါ သူဌေးက "အမောင်တို့...သွားကြကုန်လော့၊ ဆင်တင်းကုပ်, မြင်းတင်းကုပ်များကို ဖျက်ခွါ၍ ထင်းအဖြစ် အသုံးပြုလျက် ထမင်းချက်ကြကုန်လော့"ဟု ပြောဆိုသည်အတိုင်း ဆင်တင်းကုပ်, မြင်းတင်းကုပ်များကို ဖျက်၍ ထင်းအဖြစ်အသုံးပြုကြလျက် ထမင်းချက်ကြရာ လဝက်လွန်ခဲ့လေသည်၊ ထို့နောက်တဖန်"အရှင်သူဌေးမင်း..ထင်းများ မလောက်ပေါကုန်"ဟု သူဌေးအား ပြောကြားကြပြန်လေသည်၊ သူဌေးက"အမောင်တို့...ဤမိုးကာလ၌ ထင်းများကို ရနိုင်လိမ့်မည်မဟုတ်၊ ငါတို့၏အဝတ်ဂိုဒေါင်များကို ဖွင့်၍ ပုဆိုးကြမ်း အထည်ကြမ်းတို့ကို ယူဆောင်ကြလျက် ကြိုးလွန်ပြုလုပ်ကြကာ ဆီအိုး၌စိမ်ပြီးလျှင် (ထင်းမီးစာအဖြစ် အသုံးပြု၍) ထမင်းချက်ကြကုန်လော့"ဟု ပြောကြားလေသည်၊ ဤနည်းဖြင့် ထမင်းချက်၍ လာခဲ့ကြရာ လေးလတင်းတင်းပြည့်ခဲ့လေသည်။

ဓနဉ္စယသူဌေးသည် သမီးအတွက် မဟာလတာတန်ဆာ ပြီးဆုံးကြောင်းကို ကြားသိရ၍ "နက်ဖြန်ခါ သမီးကို သတို့သားအိမ်သို့ ပို့ရတော့မည်"ဟု သမီးကို အနီး၌ နေစေလျက် "ချစ်သမီး...လင်၏အိမ်၌နေထိုင်သော အိမ့်ရှင်မမည်သည် ဤမည်ဤမည်သော အကျင့်ကို သင်ကြားတတ်မြောက်ခြင်းငှါ သင့်၏"ဟု အဆုံးအမကို ပေးလေသည်၊ မိဂါရသူဌေးသည် အခြားမဲ့တိုက်ခန်း၌ ထိုင်နေလျက် ဓနဉ္စယသူဌေး၏သမီးအားပေးသော အဆုံးအမကို နားထောင်နေလေသည်၊ ဓနဉ္စယသူဌေးက သမီးဝိသာခါကို ဤသို့ သင်ကြားဆုံးမလေသည်။

"ချစ်သမီး...ယောက္ခမအိမ်၌နေသော ချွေးမမည်သည်..........

(၁) အတွင်းကမီးကို အပြင်သို့ မထုတ်ဆောင်ရ၊

(၂) အပြင်ကမီးကို အတွင်းသို့ မသွင်းရ၊

(၃) ပေးသောသူအားသာ ပေးရမည်၊

(၄) မပေးသောသူအား မပေးရ၊

(၅) ပေးသောသူအားသော်လည်းကောင်း, မပေးသောသူအားသော်လည်းကောင်း ပေးရမည်၊

(၆) ချမ်းသာစွာ နေထိုင်ရမည်၊

(၇) ချမ်းသာစွာ စားရမည်၊

(၈) ချမ်းသာစွာ အိပ်ရမည်၊

(၉) မီးကို ရိုသေစွာ ပြုစုလုပ်ကျွေးရမည်၊

(၁၀) အိမ်တွင်းနတ်တို့ကို ရှိခိုးရမည်"

ဟု ဤအဆုံးအမ ၁၀ ပါးကို သင်ကြားပေးလေသည်။

အမ္ဗ သသုရကုလေ ဝသန္တိယာ နာမ အန္တောအဂ္ဂိ ဗဟိ န နီဟရိတဗ္ဗော၊ ဗဟိအဂ္ဂိ အန္တော န ပဝေသေတဗ္ဗော၊ ဒဒန္တဿေဝ ဒါတဗ္ဗံ၊ အဒဒန္တဿ န ဒါတဗ္ဗံ၊ ဒဒန္တဿပိ အဒဒန္တဿပိ ဒါတဗ္ဗံ၊ သုခံ နိသီဒိတဗ္ဗံ၊ သုခံ ပရိဘုဉ္ဇိတဗ္ဗံ၊ သုခံ နိပဇ္ဇိတဗ္ဗံ၊ အဂ္ဂိ ပရိစရိတဗ္ဗော၊ အန္တောဒေဝတာ နမဿိတဗ္ဗာ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၁၅။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၅၁။)

ဓနဉ္စယသူဌေးသည် သမီးအား ဤဩဝါဒ ၁၀ ပါးကို ပေးပြီးလျှင် နောက်တနေ့၌ အားလုံးသော အသင်းအပင်းတို့ကို စုဝေးစေ၍ မင်း၏စစ်တပ်အလယ်၌ သူကြွယ်ရှစ်ဦးတို့ကို အာမခံယူစေ၍ "အကယ်၍ ကျွန်ုပ်သမီး၏ရောက်လေရာအရပ်၌ အပြစ်တစ်စုံတစ်ရာ ရှိခဲ့သော် သင်တို့က သုတ်သင်ဖြေရှင်းပေးကြပါလေ"ဟု ပြောဆိုပြီးနောက် မိမိ၏သမီးကို ကိုးကုဋေထိုက်တန်သော မဟာလတာတန်ဆာဖြင့် တန်ဆာဆင်စေလေသည်၊ နံ့သာမှုန့်ဖိုးအနေဖြင့် လှည်းအစီးပေါင်း ၅၄ စီးတိုက် ဥစ္စာကို ပေးလေသည်၊ သမီးနှင့် အတူတကွ အမြဲမပြတ် သွားလာလှည့်လည်ကြမည့် ကျွန်မငါးရာတို့ကိုလည်းကောင်း, အာဇာနည်မြင်းကသော ရထားအစီးငါးရာတို့ကိုလည်းကောင်း, အသုံးအဆောင်အမျိုးစုံကိုလည်း တစ်မျိုး တစ်မျိုးလျှင် တစ်ရာစီ တစ်ရာစီကိုလည်းကောင်း ပေးလေသည်၊ ထို့နောက်

ကောသလမင်းကြီးနှင့် မိဂါရသူဌေးကို အလျင်သွားရောက်ကြပါရန် လွှတ်လိုက်လေသည်။

ဓနဥ္စယသူဌေးသည် သမီးဝိသာခါ သွားတော့မည့်အချိန်၌ နွားခြံအုပ်များကို ခေါ်စေပြီးလျှင်"အမောင်တို့...ငါ့သမီး၏ရောက်လေရာအရပ်၌ နွားနို့သောက်သုံးရန် နို့စားနွားမတို့ကိုလည်းကောင်း, ယာဉ်ကရန် ဥသဘနွားလားတို့ကိုလည်းကောင်း လိုပေလိမ့်မည်ဖြစ်သောကြောင့် ငါ့သမီးသွားမည့်လမ်း၌ နွားခြံကို ဖွင့်၍ အနံပမာဏအားဖြင့် ရှစ်ဥသဘအရပ်သို့တိုင်တိုင် နွားအပေါင်းဖြင့် ပြည့်စေ၍ သုံးဂါဝုတ်ထက်၌ ဤမည်သော ချောက်သည် ရှိ၏၊ အဦးအဖျားနွားအုပ် ထိုနေရာသို့ရောက်လျှင် စည်သံ အမှတ်ပေး၍ နွားခြံကို ပိတ်ကြလော့"ဟု ပြောဆိုလေသည်၊ နွားခြံအုပ်များက "ကောင်းပါပြီ"ဟု ဝန်ခံ၍ သူဌေးပြောဆိုသည့်အတိုင်း ဆောင်ရွက်စီမံ ပြုလုပ်ကြလေသည်၊ နွားခြံတံခါးကို ဖွင့်အပ်လေသော် အသားအရေကြီးထွားဖွံ့ဖြိုးကြသည့် နို့စားနွားမတို့သည်သာလျှင် ထွက်ကြလေသည်၊ တံခါးကို ပိတ်အပ်လေသော်ကား ဝိသာခါ၏ရှေးကောင်းမှု (ကဿပဘုရားရှင်လက်ထက်တော်ဝယ် ရဟန်းသံဃာတော်များ ဆွမ်းစားပြီးသော်လည်း"အရှင်ဘုရားတို့...ဤခဲဖွယ်,ဤဘောဇ္ဇသည်ကား သလိပ်, သည်းခြေ, လေဒေါသတို့ကို အထူးနိုင်နင်းပါသည်ဘုရား" ဤသို့ စသည်ဖြင့် မစားချင် စားချင်အောင် လျှောက်ထားကာ လိုသည်ထက် ပို၍လှူဒါန်းခဲ့သော ကောင်းမှု)ကုသိုလ်အစွမ်းကြောင့် အားအင်ကြီးမား ခိုင်းနွားများ, နွားသိုးများသည်လည်းခြံကို ခုန်ကျော်၍ လမ်းခရီးသို့ အပြေးတိုင်လိုက်ပါကြလေသည်။

## သာဝတ္ထိပြည်သား၊ ဝိသာခါ၊ ဝင်ရာ သွားပုံက

ဝိသာခါသည် သာဝတ္ထိမြို့တံခါးဝသို့ ရောက်သောအခါ "ငါသည်ဖုံးကွယ်သောယာဉ်၌ ထိုင်လျက်ပင် မြို့သို့ ဝင်ရကောင်းမည်လော? သို့မဟုတ် ရထား၌ရပ်လျက် ဝင်ရကောင်းမည်လော? ဟု ကြံစည်စဉ်းစားမိလေသည်၊ ထို့နောက် ဝိသာခါ၏စိတ်သန္တာန်ဝယ် "ဖုံးကွယ်သောယာဉ်ဖြင့် မြို့သို့ဝင်ပါမူ ငါ့အဖို့ရာ မဟာလတာတန်ဆာ၏ထူးကဲသောဂုဏ်ကျေးဇူးသည် ထင်ရှားလိမ့်မည်မဟုတ်"ဟု ထပ်မံ စဉ်းစားမိလေသည်၊ဝိသာခါသည် သာဝတ္ထိမြို့အလုံးအား မိမိကိုယ်ကို ထင်ရှားပြလျက် ရထား၌ရပ်တည်၍ မြို့တွင်းသို့ ဝင်လေသည်၊ သာဝတ္ထိပြည်သူပြည်သားတို့သည် ဝိသာခါ၏စည်းစိမ်အသရေကို မြင်ကြရ၍ "ဝိသာခါဆိုသည်မှာ ဤအမျိုးသမီးတဲ့, ဤစည်းစိမ်အသရေသည်လည်း ဤအမျိုးသမီးအားသာလျှင် သင့်လျော်လျောက်ပတ်ပါပေ၏"ဟု ချီးမွမ်းစကား ပြောကြားကြလေသည်၊ ဤသို့လျှင် ဝိသာခါသည် ကြီးစွာသောစည်းစိမ်အသရေဖြင့် မိဂါရသူဌေးအိမ်သို့ ဝင်လေသည်။

ဝိသာခါ ရောက်လာသောနေ့၌ပင် မြို့သူမြို့သားအားလုံးတို့သည် "ငါတို့အား ဓနဥ္စယသူဌေးသည် မိမိမြို့သို့ ရောက်ရှိကြစဉ်က ကြီးစွာသော ပူဇော်သက္ကာရကို ပြုခဲ့ပေသည်"ဟု ကြံစည်အောက်မေ့ကြလျက် မိမိတို့စွမ်းအားရှိသည်အလျောက် လက်ဆောင်ပဏ္ဏာများကို ဝိသာခါထံသို့ ပို့ကြလေသည်၊ ဝိသာခါသည် ပို့တိုင်းပို့တိုင်းသော လက်ဆောင်ပဏ္ဏာများကို ထိုမြို့၌ပင် အခြားအခြားသော အိမ်တို့၌ အလုံးစုံနှံ့စပ်အောင် ပေးစေလေသည်။

ထိုအခါ ဝိသာခါ၏အဖို့ရာ ညဉ့်ဦးယာမ်၏အခြားမဲ့၌ အာဇာနည်မြင်းမတစ်ကောင်၏သားဖွားမှုကိစ္စ ဖြစ်ပေါ်လာလေသည်၊ ဝိသာခါသည် ကျွန်မများကို ဆီမီးတိုင်များကို ကိုင်စေ၍ ထိုမြင်းမသားဖွားရာသို့ သွားရောက်ကာ မြင်းမကို ရေနွေးဖြင့် ရေချိုးပေးစေလျက် ဆီဖြင့်လိမ်းကျံစေပြီးနောက် မိမိနေရာသို့သာလျှင် သွားလေသည်။

## မိဂါရသူဌေး၊ ညှော်ခံကျွေး၊ မြတ်လေး တက္ကတွန်း

မိဂါရသူဌေးလသည်လည်း ခုနစ်ရက်ပတ်လုံး သားအတွက် ထိမ်းမြားမင်္ဂလာညှော်ခံပွဲကို ကျင်းပပြုလုပ်သော်လည်း သာဝတ္ထိမြို့ဦး ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးနေထိုင်တော်မူသည်ကိုပင် နလုံးမသင်း အမှတ်မရပဲ ခုနစ်ရက်မြောက်နေ့၌ မိမိတစ်အိမ်လုံးပြည့်စေလျက် အဝတ်မဆီး အချည်းစည်းသော တက္ကတွန်းရဟန်းတို့ကို ဖိတ်ခေါ်နေရာပေးပြီးလျှင် "ငါ၏သမီးသည် လာလော့၊ ရဟန္တာတို့ကို ရှိခိုးလေလော့"ဟု ဝိသာခါထံသို့ သတင်းပို့လေသည်၊ ဝိသာခါသည် "ရဟန္တာတို့"ဟူသောစကားကို ကြားရလျှင် သောတာပန်အရိယာသာဝိကာဖြစ်ရကား အားရဝမ်းသာဖြစ်လျက် ထိုတက္ကတွန်းရဟန်းတို့ ထိုင်နေရာအရပ်သို့ သွားရောက်၍ ထိုတက္ကတွန်းရဟန်းတို့ကို မြင်ရလေသော် "ဤသို့သဘောရှိသော ပုဂ္ဂိုလ်တို့မည်သည် ရဟန္တာများမဟုတ်နိုင်ကုန်၊ အရှက်အကြောက်ကင်းမဲ့ကြသည့်တက္ကတွန်းများအထံသို့ အဘယ့်ကြောင့် ငါ့ကို ယောက္ခမကြီးသည် ခေါ်ဘိသနည်း?"ဟု "ထွီ,ထွီ"ဟု ကဲ့ရဲ့၍ မိမိနေရာသို့သာလျှင် ပြန်သွားလေသည်။

အဝတ်မဆီး အချည်းစီးသော ရဟန်းတို့သည် ထိုအခြင်းအရာကို မြင်ကြရလျှင် အားလုံးတပြိုင်နက်တည်းပင် သူဌေးကို "သူဌေး..သင်သည် အခြားတပါးသော ချွေးမသတို့သမီးကို မရနိုင်ပြီလော? ရဟန်းဂေါတမ၏တပည့် ကျက်သရေယုတ်မကြီးကိုမှ အဘယ့်ကြောင့် ဤအိမ်သို့ သွင်းဘိသနည်း? လျင်လျင်မြန်မြန် ထိုအသရေယုတ်မကို ဤအိမ်မှ နှင်ထုတ်လော့"ဟု ကဲ့ရဲ့စကား ပြောကြလေ

သည်၊ ထိုအခါ မိဂါရသူဌေးသည် "ငါသည် ဤတက္ကတွန်းရဟန်းတို့၏စကားကြောင့် ဤချွေးမကို အိမ်မှ မနှင်ထုတ်နိုင်၊ ဤချွေးမ ကား ကြီးမြတ်သောအမျိုး၏သမီး ဖြစ်လေသည်"ဟု ဆင်ခြင်တွေးတော၍ "ဆရာတို့...ငယ်ရွယ်သူတို့မည်သည် သိ၍ဖြစ်စေ, မသိ၍ ဖြစ်စေ (စိတ်လိုက်မာန်ပါ)ပြုတတ်ကြပါသည်၊ ဆရာတို့သည် ဆိတ်ဆိတ်သာ နေကြပါကုန်"ဟု တက္ကတွန်းတို့ကို လွှတ်လိုက်ပြီးနောက် ဝိသာခါသည် ယောက္ခမမိဂါရသူဌေးကို မြက်သောပလ္လင်၌ ထိုင်နေစေ၍ ရွှေယောက်ချိုကို ကိုင်ကာ ရွှေခွက်၌ ရေမရောသော ချိုမြိန် သည့် နို့ဃနာကို ထည့်လျက် ပြုစုလုပ်ကျွေးလေသည်၊ မိဂါရသူဌေးသည်လည်း သုံးဆောင်လေသည်။

## မိဂါရသူဌေး၊ တိုက်ရိုက်တွေး၊ မအေးဒေါသထွက်

ထိုအချိန်ဝယ် ဆွမ်းခံမထေရ်တစ်ပါးသည် ဆွမ်းခံလှည့်လည်သည်ရှိသော် မိဂါရသူဌေး၏အိမ်တံခါးဝသို့ ရောက်လာလေသည်၊ ဝိသာခါသည် ထိုဆွမ်းခံမထေရ်ကို မြင်၍ "ယောက္ခမအား ပြောကြားရန် မသင့်"ဟု စဉ်းစား၍ မထေရ်ကို မိဂါရသူဌေး မြင်သာအောင် မိမိက ဖယ်ရှားကာ ရပ်တည်နေလေသည်၊ ထိုသူဌေးကား မိုက်မဲသူဖြစ်၍ မထေရ်ကို မြင်ပါလျက်လည်း မမြင်ယောင်ဆောင်ကာ မျက် နှာကို အောက်ချ၍ နို့ဃနာကိုသာလျှင် သုံးဆောင်နေလေသည်။

ဝိသာခါသည်"မထေရ်ကို မြင်ပါလျက်လည်း ငါ့ယောက္ခမသည် အမှတ်သညာကိုမျှ မပြုချေ"ဟု သိရှိ၍ မထေရ်မြတ်အထံသို့ သွားရောက်ကာ "ကန်တော့ဆွမ်းပါဘုရား...၊ တပည့်တော်မ၏ယောက္ခမသည် အဟောင်းကိုသာ စားသုံး၍နေပါသည်ဘုရား"ဟု လျှောက်ထားလေသည်၊ မိဂါရသူဌေးသည် နိဂဏ္ဌာတက္ကတွန်းတို့ ပြောဆိုတုန်းက သည်းခံနိုင်သေး၏၊ "အဟောင်းကိုသာ စားသုံး၍နေ ပါသည်"ဟု ပြောဆိုခံသော ခဏ၌ကား ရွှေခွက်မှ လက်ကိုဖဲပြီးလျှင် "ဤနို့ဃနာကို ဤနေရာမှ ဆောင်ယူသွားကြလော့၊ ထိုဝိသာခါ ကိုလည်း ဤအိမ်မှ နှင်ထုတ်ကြလော့၊ ဤဝိသာခါသည် ငါ့ကို ဤသို့မင်္ဂလာရှိသောအိမ်၌ (နို့ဃနာကို စားသုံးနေပါလျက်) မစင်ကို စားသုံးနေသူဖြစ်အောင် ပြုမူဘိသည်"ဟု ပြောကြားလေသည်၊ အမှန်စင်စစ်သော်ကား ထိုအိမ်ရှိ ကျွန်အမှုလုပ်အားလုံးတို့သည် ဝိသာခါ ၏လူများသာ ဖြစ်ကြရကား အဘယ်သူက ဝိသာခါကို လက်၌ဖြစ်စေ, ခြေ၌ဖြစ်စေ ဆွဲကိုင်ဝံ့အံ့နည်း? နှုတ်ဖြင့် ပြောဆိုဝံ့သူပင် မရှိ ချေ။

## ဆိုရေးရှိက၊ ဆိုအပ်လှ၊ ရှင်မဝိသာခါ

ထို့နောင်မှ ဝိသာခါသည် ယောက္ခမ၏စကားကို ကြားပြီးလျှင် "အိုဖခင်...ဤမျှသော စကားဖြင့် ကျွန်တော်မတို့သည် ဤအိမ်မှ မထွက်နိုင်ကြပါ၊ ကျွန်တော်မကို သင်ဖခင်တို့သည် ရေဆိပ်မှ ရေခပ်ကျွန်မကဲ့သို့ ဆောင်ယူခဲ့သည်မဟုတ်ပါ၊ ထင်ရှားရှိသော မိဘနှစ်ပါးတို့၏သမီးကောင်းများမည်သည် ဤမျှဖြင့် ထွက်ခွါသွားရိုး မရှိကြပါ၊ ဤအကြောင်းကြောင့်ပင် ကျွန်တော်မ၏ဖခင်သည် ဤသာဝတ္ထိသို့ လာမည်နေ့၌ သူကြွယ်ရှစ်ဦးတို့ကို ခေါ်စေ၍ "အကယ်၍ ငါ့သမီးကို အကြောင်းပြု၍ အပြစ်တစ်စုံတစ်ရာ ဖြစ်ပေါ်လာ ခဲ့လျှင် အမောင်တို့ ဖြေရှင်းပေးကြရမည်"ဟု ပြောဆို၍ ထိုသူကြွယ်ရှစ်ဦးတို့လက်၌ ကျွန်တော်မကို အပ်နှံထည့်လိုက်ပါသည်၊ ထိုသူတို့ ကို ခေါ်စေ၍ ကျွန်တော်မ၏အပြစ်ရှိ, မရှိကို ဖြေရှင်းကြစေလိုပါသည်"ဟု ပြောဆိုလေသည်။

## အရေးအခင်း၊ သုတ်သင်ရှင်း၊ အလင်းပေါ်လေပါ

မိဂါရသူဌေးသည် "ဤဝိသာခါကား ကောင်းသောစကားကို ပြောဆိုပေ၏"ဟု ဆင်ခြင်ကာ သူကြွယ်ရှစ်ဦးတို့ကို ခေါ်စေ၍ "(လူကြီးမင်းတို့...) ဤသတို့သမီးသည် ဤအိမ်သို့ရောက်၍ ခုနစ်ရက်မျှ မပြည့်သေးမီပင်လျှင် မင်္ဂလာရှိသောအိမ်၌ နေထိုင်သော ကျွန်ုပ်ကို 'မစင်စား'ဟူ၍ ပြောဆိုပါသည်"ဟု တိုင်တမ်းစကား ပြောကြားလေသည်။

အာမခံလူကြီးများ။ ။ သမီး...ဤသူဌေးတိုင်ကြားသည့်အတိုင်း ပြောဆိုမိသလော?

ဝိသာခါ။ ။ ဖခင်တို့...သမီး၏ယောက္ခမသည် မစင်ကို စားလိုငြား အလိုရှိ၍ ဖြစ်ပါလိမ့်မည်၊ သမီးကတော့ ဤကဲ့သို့ မစင်စားသူပြု၍ မပြောဆိုမိပါ၊ အမှန်စင်စစ်က...ပိဏ္ဍပါတ်ဓုတင်ဆောင်မထေရ်တစ်ပါး ဤအိမ်တံခါးဝ၌ ကြွ ရောက်လာရာ ဤယောက္ခမသည် ရေမရောသည့်နို့ဃနာကို စားသုံးနေစဉ် ထိုမထေရ်ကို စိတ်၌ မထားပါ၊ သမီးက ဤအကြောင်းကြောင့် 'ကန်တော့ဆွမ်းပါအရှင်ဘုရား...၊ တပည့်တော်မ၏ယောက္ခမသည် ယခုဘဝ ဤကိုယ်အဖြစ်၌ ကုသိုလ်ကောင်းမှုအသစ်ကို မပြုပါ၊ အဟောင်းဖြစ်သော ကုသိုလ်ကောင်းမှု၏အကျိုးကိုသာ စားသုံးနေပါသည်'ဟု ဤမျှကိုသာ ပြောဆိုမိပါသည်။

အတိ္ထဓထ ဘန္တေ, မယှံ သသုရော ပုရာဏံ ခါဒတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၁၇။)

အတိစ္ဆထ ဘန္တေ မယံ သသုရော ဣမသ္မိံ အတ္တဘာဝေ ပုညံ န ကရောတိ၊ ပုရာဏပုညံ ခါဒတိ။ (အံ၊ ဋ္ဌ၊ ၁၊၃၁၈။)

အာမခံလူကြီးများ။ ။ အရှင်သူဌေးမင်း...ဤကိစ္စ၌ အပြစ်မရှိ၊ ကျွန်ုပ်တို့၏သမီးသည် အကြောင်းဟုတ်သည်ကို ပြောဆို၏၊ အရှင်သူဌေးသည် အဘယ့်ကြောင့် အမျက်ထွက်ရသနည်း?

မိဂါရ။ ။ အာမခံလူကြီးမင်းတို့...ဤပြောဆိုမှုသည် အပြစ်မဟုတ်လျှင် ရှိစေဦး၊ ဤသူငယ်မသည်ကား ဤအိမ်သို့ ရောက်လာသောနေ့၌ပင် ကျွန်ုပ်၏သားအပေါ်ဝယ် အမှတ်သညာမျှကို မပြုပဲ မိမိအလိုရှိရာအရပ်သို့ သွားခဲ့ပါသည်။

အာမခံလူကြီးများ။ ။ သမီး...ဤသူဌေးမင်းတိုင်ကြားသည့်အတိုင်း သွားရောက်မိသလော?

ဝိသာခါ။ ။ ဖခင်တို့...သမီးသည် အလိုရှိရာအရပ်သို့ မသွားပါ၊ အမှန်ကတော့...ဤအိမ်၌ အာဇာနည်မြည်းမ သားဖွားခြင်းကိစ္စဖြစ်ခဲ့ပါသည်၊ ထိုသို့ အာဇာနည်မြည်းမ သားဖွားနေပါလျက် အသိအမှတ်ကိုမျှ မပြုပဲ နေထိုင်ခြင်း မည်သည် မသင့်လျော် ဟု စဉ်းစားကာ ဆီမီးတိုင်များကို စွဲကိုင်စေ၍ ကျွန်မများ ခြံရံလျက် ထိုသားဖွားရာ အရပ်သို့ သွားရောက်ပြီးလျှင် မြည်းမအတွက် သားဖွားခြင်းကိစ္စ စောင့်ရှောက်မှုကို ပြုစေခဲ့ပါသည်။

အာမခံလူကြီးများ။ ။ အရှင်သူဌေးမင်း...ကျွန်ုပ်တို့ သမီးသည် သင်၏အိမ်၌ ကျွန်မများပင် မပြုလုပ်နိုင်သည့်ကိစ္စကို ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်၊ ထိုသို့ ပြုလုပ်ဆောင်ရွက်ရာ၌ အဘယ်အပြစ်ကို ရှုမြင်ဘိသနည်း?

မိဂါရ။ ။ အာမခံလူကြီးမင်းတို့...ဤသို့ ပြုလုပ်ဆောင်ရွက်ခြင်းသည် ဂုဏ်ကျေးဇူးပင် ဖြစ်စေဦး၊ အထူးပြောလိုသည်မှာ... ဤသူငယ်မ၏ဖခင်သည် ဤအိမ်သို့ လာမည့်နေ့၌ အဆုံးအမကိုပေးရာတွင် "(၁) အတွင်းမီးကို အပြင်သို့ မထုတ်ဆောင်ရ"ဟူ၍ ပြောဆိုမှာကြားပါသည်၊ ကျွန်ုပ်တို့သည် ဝဲ, ယာနှစ်ဖက် အိမ်နီးခြင်းတို့အား မီးကို မပေးပဲ နေခြင်းငှါ အဘယ်မှာ စွမ်းနိုင်ပါမည်နည်း?

အာမခံလူကြီးများ။ ။ သမီး...ဤသူဌေးတိုင်ကြားသည့်အတိုင်း မှန်ပါသလော?

ဝိသာခါ။ ။ ဖခင်တို့...သမီး၏ဖခင်က ဤယောက္ခမပြောဆိုသည့်ပကတိမီးကိုစွဲ၍ ပြောဆိုသည်မဟုတ်ပါ၊ အမှန်စင်စစ်ကား...အိမ်အတွင်း၌ ယောက္ခမအစရှိသူတို့၏ လျှို့ဝှက်အပ်သော စကားများကို ကျွန်မိန်းမ, ကျွန်ယောကျ်ားအစရှိသူတို့အား မပြောကြားသင့်ပါ၊ ဤသို့သောစကားများသည် ကျယ်ပွါးလာလျှင် ခိုက်ရန်ငြင်းခုံမှု ဖြစ်လာတတ်ပါသည်၊ ဤအတွင်းမီးကို ရည်စူး၍ သမီး၏ဖခင်က ပြောဆိုမှာကြားလိုက်ပါသည်။

တာတာ န မယှံ ပိတာ ဧတံ အဂ္ဂိံ ဥပါဒါယ ကထေသိ၊ ယာ ပန အန္တောနိဝေသနေ သဿုအဒီနံ ရဟဿကထာ ဥပ္ပဇ္ဇတိ၊ သာ ဒါသိဒါသာနံ န ကထေတဗ္ဗာ။ ဧဝရူပါ ဟိ ကထာ ဝဍ္ဎမာနာ ကလဟာယ သံဝတ္တတိ၊ ဣဒံ သန္ဓာယ မယှံ ပိတာ ကထေသိ တာတာတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၁၈။)

[ချစ်သမီး...သင်၏ယောက္ခမမိန်းမသူ, ယောက္ခမယောကျ်ားသူ, လင်ယောကျ်ားတို့၏ဂုဏ်ကျေးဇူးမဲ့အပြစ်ကို မြင်လျှင် ပြင်ပဖြစ်သော ထိုထိုအိမ်၌ တည်နေ၍ မပြောဆိုလေလင့်၊ မှန်လှ၏...ဤသို့သဘောရှိသော ယောက္ခမမိဘ, ခင်ပွန်းလင်တို့၏ဂုဏ်ကျေးဇူးမဲ့အပြစ်မီးနှင့်တူသော မီးမည်သည် မရှိပါ ဟု ပြောဆိုမှာကြားပါသည်။

တာတာ မယှံ ပိတာ န ဧတံ သန္ဓာယ ကထေသိ။ ဣဒံ ပန သန္ဓာယ ကထေသိ အမ္မ တဝ သဿုသသုရ သာမိကာနံ အဂုဏံ ဒိသွာ ဗဟိ တသ္မိံ တသ္မိံ ဂေဟေ ဌတွာ မာ ကထေသိ။ ဧဝရူပေါ ဟိ အဂ္ဂိသဒိသော အဂ္ဂိ နာမ နတ္ထီတိ။(ဓမ္မ-ပဒ၊ ဋ္ဌ၊ ၁၊ ၂၅၄။)]

မိဂါရ။ ။ အာမခံလူကြီးမင်းတို့...ဤပြောဆိုမှုသည် ဤသို့ပင် ဖြစ်စေဦး၊ ဤဝိသာခါ၏ဖခင်သည် "(၂) အပြင်ကမီးကို အတွင်းသို့ မသွင်းရ"ဟူ၍ ပြောဆိုမှာကြားလိုက်ပါသည်၊ ကျွန်ုပ်တို့သည် အိမ်တွင်းကမီး ငြိမ်းနေလျှင် အပြင်အိမ်က မီးကို မဆောင်ယူခြင်းငှါ အဘယ်မှာ စွမ်းနိုင်ပါမည်နည်း?

အာမခံလူကြီးများ။ ။ သမီး...ဤသို့ ပြောဆိုသည့်အတိုင်း မှန်ပါသလော?

ဝိသာခါ။ ။ ဖခင်တို့...သမီး၏ဖခင်က ဤယောက္ခမ ပြောဆိုသည့်ပကတိမီးကို ရည်ရွယ်၍ ပြောဆိုသည် မဟုတ်ပါ၊ အမှန်မှာ ကျွန်အမှုလုပ်တို့က ပြောဆိုအပ်သောအပြစ်ကို အိမ်နေအတွင်လူများအား မပြောကြားရ၊ ပြောကြား၍ စကားကျယ်ပွားလာလျှင် ငြင်းခုံခိုက်ရန်မှု ဖြစ်နိုင်ပါသည်၊ ဤအပြင်မီးကိုရည်ရွယ်၍ သမီး၏ဖခင်က ပြောဆိုမှာကြားလိုက်ခြင်းဖြစ်ပါသည်။

တာတာ မယှံ ပိတာ ဧတံ အဂ္ဂိံ သန္ဓာယ န ကထေသိ၊ ယံ ပန ဒေါသံ ဒါသကမ္မကာရေဟိ ကထိတံ ဟောတိ တံ အန္တောမာနုသကာနံ န ကထေတဗ္ဗံ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၁၈။)

[အိမ်နီးချင်း မိန်းမ, ယောကျ်ားတို့က ယောက္ခမမိန်းမသူ, ယောက္ခမယောကျ်ားသူ, ခင်ပွန်းလင်တို့၏ဂုဏ်ကျေးဇူးမဲ့ ပြောဆိုမှုအပြစ်စကားကို မိမိ၏ယောက္ခမ, လင်ယောကျ်ားတို့အား ပြန်၍ မပြောကြားလေနှင့် ဟူသောအနက် သဘောကို ရည်ရွယ်၍ ပြောဆိုမှာကြားပါသည်။ မှန်လှ၏...အပြင်ကအပြစ်စကားကို အတွင်းအိမ်သားများအား ပြောကြားခြင်းမီးနှင့်တူသော မီးမည်သည် မရှိချေ။

ဣဒံ ပန သန္ဓာယ ကထေသိ သစေ ပဋိဝိဿကဂေဟေသု ဣတ္ထိယော ဝါ ပုရိသာ ဝါ သဿုသသုရသာမိကာနံ အဂုဏံ ကထေန္တိ၊ တေဟိ ကထိတံ အာဟရိတွာ "အသုကော နာမ တုမှာကံ ဧဝဉ္စ ဧဝဉ္စ အဂုဏံ ကထေတီ"တိ ပုန မာ ကထေယျာသိ။ ဧတေန ဟိ အဂ္ဂိနာ သဒိသော အဂ္ဂိ နာမ နတ္ထီတိ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၅၄။)]

"(၃) ပေးသောသူတို့အားသာ ပေးရမည်"ဟူသော ဤမှာတမ်းစကားကိုလည်း "(မိမိအိမ်မှ) ငှားရမ်းအပ်သော အသုံးအဆောင်ပစ္စည်းကို ပြန်ပေးသောသူတို့အားသာလျှင် နောက်ထပ်တဖန် ငှားရမ်းပေးကမ်းရမည်"ဟူသော ဤ အနက်အဓိပ္ပါယ်ကို ရည်ရွယ်၍ ပြောဆိုမှာကြားလိုက်ပါသည်။

ယမ္ပိ တေန "ယေ ဒဒန္တိ၊ တေသံယေဝ ဒါတဗ္ဗ"န္တိ ဝုတ္တံ၊ တံ"ယာစိတကံ ဥပကရဏံ ဂဟေတွာ ယေ ပဋိဒဒန္တိ၊ တေသံယေဝ ဒါတဗ္ဗ"န္တိ သန္ဓာယ ဝုတ္တံ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၁၉။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၅၄။)

"(၄) မပေးသောသူတို့အား မပေးရ"ဟူသော ဤမှာတမ်းစကားကိုလည်း "(မိမိအိမ်မှ) ငှားရမ်းအပ်သော အသုံးအဆောင်ပစ္စည်းများကို တဖန်ပြန်၍ မပေးသောသူတို့အား နောက်ထပ်တဖန် မငှားရမ်းရ, မပေးရ"ဟူသော အနက်အဓိပ္ပါယ်ကို ရည်ရွယ်၍ ပြောဆိုမှာကြားပါသည်။

"ယေ န ဒဒန္တိ"တိ ဣဒမ္ပိ ယာစိတကံ ဥပကရဏံ ဂဟေတွာ ယေ န ပဋိဒဒန္တိ၊ တေသံ န ဒါတဗ္ဗန္တိ သန္ဓာယ ဝုတ္တံ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၁၉။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၅၄။)

"(၅) ပေးသောသူအားသော်လည်းကောင်း, မပေးသောသူအားသော်လည်းကောင်း ပေးရမည်"ဟူသော ဤမှာ တမ်းစကားကိုလည်း"ဆင်းရဲနွမ်းပါးသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ ရောက်လာကြလျှင် တဖန်ပြန်၍ ပေးနိုင်သည် ဖြစ်စေ, မပေးနိုင်သည်ဖြစ်စေ ပေးကမ်းခြင်းငှာသာလျှင် သင့်လျော်၏"ဟူသော ဤအနက်အဓိပ္ပါယ်ကို ရည်ရွယ်၍ ပြောဆိုမှာကြားပါသည်။

"ဒဒန္တဿပိ အဒဒန္တဿပိ ဒါတဗ္ဗ"န္တိ ဣဒံ ပန ဒုဂ္ဂတေသု ဉာတိမိတ္တေသု သမ္ပတ္တေသု ပဋိဒါတုံ သက္ကောန္တု ဝါ မာ ဝါ၊ ဒါတုမေဝ ဝဋ္ဋတီတိ သန္ဓာယ ဝုတ္တံ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၁၉။)

[ဓမ္မပဒအဋ္ဌကထာ (၁၊ ၂၅၅)၌ကား ဒလိဒ္ဒေသု...တေ တို့သာ ထူး၏။]

"(၆) ချမ်းသာစွာ ထိုင်နေရမည်"ဟူသော ဤမှာတမ်းစကားကိုလည်း "ယောက္ခမမိန်းမသူ, ယောက္ခမယောကျ်ား သူတို့ကို မြင်လျှင် မတ်တတ်ထရမည်နေရာ၌ ထိုင်နေရန် မသင့်လျော်"ဟူသော ဤအနက်အဓိပ္ပါယ်ကို ရည်ရွယ်၍ မှာကြားလိုက်ပါသည်။

"သုခံ နိသီဒိတဗ္ဗ"န္တိ ဣဒမ္ပိ သဿုသသုရေ ဒိသွာ ဥဋ္ဌာတဗ္ဗဋ္ဌာနေ နိသီဒိတုံ န ဝဋ္ဋတီတိ သန္ဓာယ ဝုတ္တံ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၁၉။)

[ဓမ္မပဒအဋ္ဌကထာ (၁၊ ၂၅၅)၌ကား သဿုသသုရသာမိကေ ဒိသွာ ဝုဋ္ဌာတဗ္ဗဋ္ဌာနေ နိသီဒိတုံ န ဝဋ္ဋတီတိ သန္ဓာယ ဝုတ္တံ ဟု လာရှိရကား ယောက္ခမနှစ်ဦးအပြင် လင်ယောကျ်ားလည်းပါ၏။]

"(၇) ချမ်းသာစွာ စားရမည်"ဟူသော ဤမှာတမ်းစကားကိုကား "ယောက္ခမမိန်းမသူ, ယောက္ခမယောကျ်ားသူ, လင်ယောကျ်ားတို့ အလျှင်ရှေ့ဦးစွာ မစားမူ၍ ထိုသူတို့ကို ပြုစုလုပ်ကျွေး၍ အားလုံးတို့ ခဲဖွယ်,ဘောဇဉ်ရ,မရကို သိ ပြီးနောက်မှ မိမိက စားသုံးခြင်းငှာ သင့်လျော်၏"ဟူသော ဤအနက်အဓိပ္ပါယ်ကို ရည်ရွယ်၍ မှာကြားလိုက်သည်။

"သုခံ ဘုဉ္ဇိတဗ္ဗ"န္တိ ဣဒံ ပန သဿုသသုရသာမိကေဟိ ပုရေတရံ အဘုဉ္ဇိတွာ တေ ပရိဝိသိတွာ သဗ္ဗေဟိ လဒ္ဓါ လဒ္ဓံ ဉတွာ ပစ္ဆာ သယံ ဘုဉ္ဇိတုံ ဝဋ္ဋတီတိ သန္ဓာယ ဝုတ္တံ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၁၉။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၅၅။)

"(၈) ချမ်းသာစွာ အိပ်ရမည်"ဟူသော ဤမှာတမ်းစကားကိုလည်း "ယောက္ခမမိန်းမသူ, ယောက္ခမယောကျ်ားသူ, လင်ယောကျ်ားတို့ အလျှင် ရှေ့ဦးစွာ အိပ်ရာသို့ တက်ရောက်ကာ မအိပ်ရ၊ ထိုသူတို့အတွက် ပြုသင့်သော ဝတ်ကြီး, ဝတ်ငယ်များကို ပြုပြီးနောက်မှ မိမိက အိပ်သင့်၏"ဟူသော ဤအနက်အဓိပ္ပါယ်ကို ရည်၍ မှာကြားလိုက်ပါသည်။

"သုခံ နိပဇ္ဇိတဗ္ဗ"န္တိ ဣဒမ္ပိ သဿုသသုရသာမိကေဟိ ပုရေတရမေဝ သယနံ အာရုယှ န နိပဇ္ဇိတဗ္ဗံ၊ တေသံ ကတ္တဗ္ဗယုတ္တကံ ဝတ္တပဋိဝတ္တံ ကတွာ ပစ္ဆာ သယံ နိပဇ္ဇိတုံ ယုတ္တန္တိ သန္ဓာယ ဝုတ္တံ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၁၉။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၅၅။)

"(၉) မီးကို ရိုသေစွာ လုပ်ကျွေးရမည်"ဟူသောဤမှာတမ်းစကားကိုကား "ယောက္ခမမိန်းမသူ,ယောက္ခမယောကျ်ားသူ, အရှင်လင်ယောကျ်ားတို့ကို မီးပုံကြီးကဲ့သို့လည်းကောင်း နဂါးမင်းကဲ့သို့လည်းကောင်း ပြု၍ ရိုသေစွာ ကြည့်ရှုခြင်းငှာ သင့်လျော်၏"ဟူသော ဤအနက်အဓိပ္ပါယ်ကိုရည်၍ မှာကြားပါသည်။

"အဂ္ဂိ ပရိစရိတဗ္ဗော"တိ ဣဒံ ပန သဿုမ္ပိ သသုရမ္ပိ သာမိကမ္ပိ အဂ္ဂိက္ခန္ဓံ ဝိယ ဥရဂရာဇာနံ ဝိယ စ ကတွာ ပဿိတုံ ဝဋ္ဋတီတိ သန္ဓာယ ဝုတ္တံ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၁၉။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၅၅။)

မိဂါရ။ ။ အာမခံလူကြီးမင်းတို့...ဤပြောဆိုခဲ့သော အချက်တို့မှာ ဂုဏ်ကျေးဇူးတို့ပင် ဖြစ်ကြစေဦးတော့၊ ဤဝိသာခါ၏ ဖခင်သည် "အိမ်တွင်းနတ်တို့ကို ရှိခိုးရမည်"ဟု မှာကြားလိုက်သောစကား၏အနက်အဓိပ္ပါယ်ကား အဘယ်ပါနည်း?

အာမခံလူကြီးများ။ ။ သမီး...ဤသူဌေးပြောဆိုသည့်အတိုင်း မှန်ပါသလော?

ဝိသာခါ။ ။ ဖခင်တို့...သမီး၏ဖခင်က အိမ်တွင်းနတ်များကို ရှိခိုးရမည် ဟူသော မှာကြားချက်သည် မှန်ပါသည်။

"(၁၀) အိမ်တွင်းနတ်တို့ကို ရှိခိုးရမည်"ဟူသော ဤမှာတမ်းစကားကိုလည်း သမီး၏ဖခင်သည် "အသီးအခြား အိမ်ရာကို စိုးအုပ်နေထိုင်သောအချိန်ကစ၍ မိမိ၏အိမ်တံခါးဝသို့ ကြွရောက်လာသော ရဟန်းတော်ကို မြင်လျှင် မိမိ အိမ်၌ရှိသောခဲဖွယ်,ဘောဇဉ်မှ တတ်နိုင်သလောက် ရဟန်းတော်များအား လှူဒါန်းပြီးမှသာလျှင် မိမိ စားသင့်သည်" ဟူသော ဤအနက်အဓိပ္ပါယ်ကို ရည်ရွယ်၍ ပြောဆိုမှာကြားပါသည်။

အာမ တာတ, တေမ္ပိ ဟိ မေ ပိတရာ ဣဒံ သန္ဓာယ ဝုတ္တံ "အာဝေဏိကဃရာဝါသံ ဝသနကာလတော ပဋ္ဌာယ အတ္တနော ဃရဒ္ွါရံ သမ္ပတ္တပဗ္ဗဇိတံ ဒိသွာ ယံ ဃရေ ခါဒနီယံ ဘောဇနီယံ အတ္ထိ၊ တတော ပဗ္ဗဇိတာနံ ဒတွာဝ ခါဒိတုံ ဝဋ္ဋတီတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၁၉။)

[ဓမ္မပဒအဋ္ဌကထာအလိုကား..."အိမ်တွင်းနတ်တို့ကို ရှိခိုးရမည်"ဟူသော ဤမှာတမ်းစကားကိုလည်း "ယောက္ခမ မိန်းမသူ, ယောက္ခမယောကျ်ားသူ, အရှင်လင်ယောကျ်ားတို့ကို နတ်တို့ကဲ့သို့ အလေးအမြတ်ပြု၍ ကြည့်ရှုခြင်းငှာ သင့်လျော်၏"ဟူသော အနက်အဓိပ္ပါယ်ကို ရည်ရွယ်၍ မှာကြားပြောဆိုလိုက်ပါသည်။

"အန္တောဒေဝတာ နမဿိတဗ္ဗာ"တိ ဣဒမ္ပိ သဿုံ စ သသုရဥ္စ သာမိကဉ္စ ဒေဝတာ ဝိယ ကတွာ ဒဋ္ဌုံ ဝဋ္ဋတီတိ သန္ဓာယ ဝုတ္တံ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၅၅။)]

ထို့နောက် အာမခံလူကြီးများက "သူဌေးကြီး...သင့်အဖို့ရာကား ရဟန်းတော်တို့ကို မြင်ရလျှင် မပေးကမ်း, မလှူဒါန်းရခြင်း ကိုသာ နှစ်သက်သည် ထင်ပါရဲ့"ဟူ၍ ပြောကြားကြသောအခါ သူဌေးသည် အခြားချေပပြောဆိုရန် စကားတုံ့ကို မတွေ့မမြင်တော့၍ မျက်နှာအောက်ချလျက် ထိုင်နေလေသည်။

## ဝိသာခါနောက်ဆက်တွဲ အောင်မြင်ပွဲ

ထိုအခါ အာမခံလူကြီးများ, မိဂါရသူဌေးနှင့် ဝိသာခါတို့ ဆက်၍ ပြောဆိုကြသည်မှာ...

အာမခံလူကြီးများ။ ။ ဘယ်လိုလဲ? သူဌေးမင်း...ကျွန်ုပ်တို့၏ သမီးအဖို့ရာ အခြားတစ်စုံတစ်ရာ အပြစ်ကော ရှိပါသေးသလော?

မိဂါရ။ ။ မရှိတော့ပါ လူကြီးမင်းတို့...။

အာမခံလူကြီးများ။ ။ သူဌေးမင်း...ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် အပြစ်မဲ့သောသမီးကို အကြောင်းမရှိပဲ အိမ်မှ နှင်ထုတ်စေပါသနည်း?

ထိုခဏ၌ ဝိသာခါက "ဖခင်တို့...သမီး၏အဖို့ရာ သမီး၏ယောက္ခမပြောစကားဖြင့် အလျင်စလို ဤအိမ်မှ ထွက်ခွါသွားရန် မသင့်လျော်ပါချေ၊ အမှန်ကတော့ သမီး ဤအိမ်သို့ လိုက်လာသောနေ့၌ သမီး၏အပြစ်ရှိ, မရှိ သုတ်သင်ရှင်းလင်း နိုင်ရန် သမီးဖခင်က ဖခင်တို့၏လက်ဝယ် ထည့်အပ်နှံ၍ ပေးလိုက်ပါသည်၊ (ယခုမူ သမီးအပြစ်မရှိကြောင်း သုတ်သင်ရှင်း လင်းပြီးပြီဖြစ်၍) ယခုအခါ သမီးအဖို့ရာ သွားဖို့ရန် ချမ်းသာပါပြီ"ဟု ပြောဆိုပြီးနောက် မိမိ၏ကျွန်မိန်းမ, ကျွန်ယောကျ်ား တို့ကို "ယာဉ်စသည်တို့ကို စီရင်ပြင်ဆင်မှု ပြုကြလော့"ဟု အမိန့်ပေးလေသည်။

ထိုအခါ မိဂါရသူဌေးသည် ထိုအာမခံသူကြွယ်တို့ကို ခေါ်ယူ၍ ဝိသာခါကို "သမီး...ငါသည် မသိ၍ ပြောဆိုမိခဲ့ပါပြီ၊ ငါ့အား သည်းခံပါလော့"ဟု တောင်းပန်စကား ပြောကြားလေသည်၊ ထိုအခါ ဝိသာခါက "ဖခင်တို့...ဖခင်တို့အပေါ်၌ သည်းခံသင့်သောအရာကို သမီး ရှေးဦးကပင် သည်းခံပါ၏၊ သမီး အထူးပြောချင်သည်မှာ သမီးကား ဘုရားရှင်၏သာသနာ

တော်၌ မတုန်မလှုပ်သက်ဝင်ယုံကြည်သော အမျိုးသမီး ဖြစ်ပါသည်၊ သမီးတို့သည် ရဟန်းသံဃာနှင့် ကင်းကွာ၍ မဖြစ်နိုင်ကြပါ၊ အကယ်၍ သမီးအလိုကျအတိုင်း ရဟန်းသံဃာကို ပြုစုလုပ်ကျွေးခွင့်ရပါမူ ဤအိမ်၌ နေပါမည်"ဟု ပြောဆိုလေသည်။ မိဂါရသူဌေးသည် "ချစ်သမီး...သမီးအလိုရှိတိုင်း သမီး၏ရဟန်းတို့ကို ပြုစုလုပ်ကျွေးပါလော့"ဟု ခွင့်ပြုစကား ပြောကြားလေသည်။

## တရားနာရ၊ မိဂါရ၊ ဖြစ်ထ သောတာပန်

ထို့နောင်ဝယ် ဝိသာခါသည် ဘုရားရှင်ကို ပင့်ဖိတ်စေပြီးလျှင် နောက်တနေ့၌ အိမ်အပြည့် ဘုရားအမှူးရှိသော သံဃာတော်ကို ထိုင်နေစေလေသည်၊ အဝတ်မဆီး အချည်းစီးသော တက္ကတွန်းပရိသတ်တို့သည်လည်း ဘုရားရှင် မိဂါရသူဌေးအိမ်သို့ ကြွရောက်တော်မူကြောင်း သတင်းကြားကြ၍ ထိုအရပ်သို့ သွားရောက်ကြလျက် အိမ်ကို ဝန်းရံ၍ ထိုင်နေကြလေသည်။

ဝိသာခါသည် အလှူရေစက်ကို သွန်းချလှူဒါန်းပြီးလျှင်"ပူဇော်ဖွယ်အစုစုကို စီမံပြီးပါပြီ၊ ကျွန်တော်မ၏ယောက္ခမကြီးသည် လာရောက်၍ ဘုရားရှင်ကို ပြုစုလုပ်ကျွေးစေချင်ပါသည်"ဟု သတင်းပို့စေသည်၊ မိဂါရသူဌေးသည် နိဂဏ္ဌတက္ကတွန်းတို့၏စကားကို လိုက်နာ၍ "ငါ့သမီးက ဘုရားရှင်ကိုပြုစုလုပ်ကျွေးပါတော့"ဟု ပြောဆိုလေသည်၊ ဝိသာခါသည် ထူးထွေများမြတ်သော အရသာတို့ဖြင့် ဘုရားရှင်ကို ပြုစုလုပ်ကျွေး၍ ဆွမ်းကိစ္စပြီးဆုံးလေသော် တဖန် ယောက္ခမကြီးထံသို့"ဆွမ်းကပ်လှူခြင်းကိစ္စသည် ပြီးပါပြီ၊ ကျွန်တော်မ၏ယောက္ခမကြီးသည် လာရောက်၍ ဘုရားရှင်၏တရားစကားကို နာယူစေချင်ပါသည်"ဟု သတင်းပို့ပြန်လေသည်။

"ယခုအခါ၌ မသွားရောက်ခြင်းမည်သည် အလွန်လျှင် အကြောင်းမဟုတ်စွတကား"ဟု စဉ်းစားမိ၍ တရားနာယူလိုသော ဆန္ဒပြင်းပြလျက် ဘုရားရှင်တရားဟောတော်မူမည်နေရာသို့ သွားသော မိဂါရသူဌေးကို တက္ကတွန်းတို့က "ရဟန်းဂေါတမ၏တရားကို နာကြားလျှင် တင်းထိမ်ကန့်လန့်ကာ၏ပြင်ဖက်၌ နေ၍ နာကြားလော့"ဟု အကြံပေးစကား ပြောဆိုကြလေသည်။ (သူဌေး၏လူများသည်)ကြိုတင်၍ သွားကြလျက် တင်းထိမ်ကန့်လန့်ကာဖြင့် ဝန်းရံကာကြလေသည်၊ မိဂါရသူဌေးသည် တင်းထိမ်ကန့်လန့်ကာ၏ပြင်ဖက်၌ ထိုင်နေလေသည်။

ဘုရားရှင်သည် "သင်သူဌေးကား တင်းထိမ်ကန့်လန့်ကာ၏ပြင်ဖက်၌ နေလိုမူလည်း နေစေ၊ နံရံတဖက်, သို့မဟုတ် တောင်တဖက်, သို့မဟုတ် စကြဝဠာတိုက်တဖက်၌ နေလိုမူလည်း နေစေ၊ ငါဘုရားမည်သည် (မည်မျှပင် ခရီးဝေးကွာ ခြားနေစေကာမူ) သင့်ကို ငါဘုရား၏အသံတော်ကို ကြားစေခြင်းငှာ စွမ်းနိုင်ပေ၏"ဟု (မိန့်ဆိုတော်မူသည့်အလား) ရွှေရောင်အဆင်း မှည့်ဝင်းသောအသီးရှိသည့် သရက်ပင်ကြီးကို ပင်စည်၌ကိုင်၍ လှုပ်ဘိသကဲ့သို့ တရားစကားကို ဟောကြားတော်မူလေသည်၊ ဒေသနာနိဂုံး ပြီးဆုံးသောအခါ သူဌေးသည် သောတာပတ္တိဖိုလ်၌ တည်၍ တင်းထိမ်ကန့်လန့်ကာကို မချီပြီးလျှင် ဘုရားရှင်၏ခြေတော်တို့ကို တည်ခြင်းငါးပါးဖြင့် ရှိခိုးလျက် ဘုရားရှင်၏ထံတော်မှောက်၌ပင်လျှင် "ချစ်သမီး...သင်သည် ယနေ့ကိုအစပြု၍ ငါ၏မိခင်ပါပေ"ဟု ပြောဆိုကာ ဝိသာခါကို မိမိ၏အမိအရာ၌ ထားလေသည်၊ ထိုအခါမှစ၍ ဝိသာခါသည် "မိဂါရမာတာ=မိဂါရသူဌေး၏မယ်တော်" မည်လေတော့သည်။

တထာဂတော "တွံ ဗဟိသာဏိယံ ဝါ နိသီဒ၊ ပရကုဋ္ဋေ ဝါ ပရသေလေ ဝါ ပရစက္ကဝါဠေ ဝါ နိသီဒ။ အဟံ ဗုဒ္ဓေါ နာမ သက္ကောမိ တံ မမ သဒ္ဒံ သာဝေတု"န္တိ သုဝဏ္ဏဝဏ္ဏဖလံ အမ္ဗရုက္ခံ ခန္ဓေ ဂဟေတွာ စာလေန္တော ဝိယ ဓမ္မကထံ ကထေသိ၊ ဒေသနာပရိယောသာနေ သေဋ္ဌိ သောတာပတ္တိဖလေ ပတိဋ္ဌာယ သာဏိံ ဥက္ခိပိတွာ သတ္ထု ပါဒေ ပဉ္စပတိဋ္ဌိတေန ဝန္ဒိတွာ သတ္ထု သန္တိကေယေဝ စ "တွံ အမ္မ အဇ္ဇ အာဒိံ ကတွာ မမ မာတာ"တိ ဝိသာခံ အတ္တနော မာတုဋ္ဌာနေ ဌပေသိ။ တတော ပဋ္ဌာယ ဝိသာခါ မိဂါရမာတာ နာမ ဇာတာ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၂၀။)

အထူးမှတ်သားဖွယ်။ ။ [သမ္မာသမ္ဗုဒ္ဓေ စ ပန ဓမ္မံ ဒေသေန္တေ ပုရတော ဌိတာပိ ပစ္ဆတော ဌိတာပိ စက္ကဝါဠသတံ စက္ကဝါဠသဟဿံ အတိက္ကမိတွာ ဌိတာပိ အကနိဋ္ဌဘဝနေ ဌိတာပိ "သတ္ထာ မမညေဝ ဩလောကေတိ၊ မယှမေဝ ဓမ္မံ ဒေသေတီ"တိ ဝဒန္တိ။ သတ္ထာ ဟိ တံ တံ ဩလောကေန္တော ဝိယ တေန တေန သဒ္ဓိံ သလ္လပန္တော ဝိယ စ အဟောသိ။ စန္ဒသမာ ကိရ ဗုဒ္ဓါ။ ယထာ စန္ဒော ဂဂနမဇ္ဈေ ဌိတော "မယှံ ဥပရိ စန္ဒော၊ မယှံ ဥပရိ စန္ဒော"တိ သဗ္ဗသတ္တာနံ ခါယတိ၊ ဧဝမေဝ ယတ္ထ ကတ္ထစိ ဌိတာနံ အဘိမုခေ ဌိတာ ဝိယ ခါယန္တိ။ ဣဒံ ကိရ တေသံ အလင်္ကတသီသံ ဆိန္ဒိတွာ အဉ္ဇိတအက္ခီနိ ဥပ္ပါဋေတွာ ဟဒယမံသံ ဥပ္ပါဋေတွာ ပရဿ ဒါသတ္တာယ ဇာလိသဒိသေ ပုတ္တေ ကဏှာဇိနာသဒိသာ ဓီတရော မဒ္ဒီသဒိသာ ပဇာပတိ ယော ပရိစ္စဇိတွာ ဒိန္နဒါနဿ ဖလံ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၅၆။)]

မှတ်ချက်။ ။ [ဓမ္မပဒအဋ္ဌကထာအလိုကား..."မိဂါရသူဌေးသည် ဘုရားရှင် တရားဒေသနာပြီးဆုံးသည်ရှိသော် တင်းထိမ်ကန့်လန့်ကာ၏ပြင်ဖက်၌နေလျက်ပင် နည်းတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော သောတာပတ္တိဖိုလ်၌တည်၍ မတုန်မလှုပ် မြဲမြန်နိုင်ခံ့

သော သဒ္ဓါတရားနှင့်ပြည့်စုံသဖြင့် သုံးပါးသောသရဏဂုံတို့၌ ယုံမှားကင်းလျက် တင်းထိမ်ကန့်လန့်ကာထောင့်စွန်းကို မြှောက်တင်ပင့်မကာ ထွက်လာပြီးလျှင် ချွေးမဖြစ်သော ဝိသာခါ၏သားမြတ်ကို ခံတွင်းဖြင့် ယူစို့၍ "သင်သည် ယနေ့မှစ၍ ငါ၏မိခင်ပါပေ"ဟု ဝိသာခါကို မိခင်အရာ၌ ထားလေသည်"ဟု လာရှိသည်။

မိဂါရသေဋ္ဌိပိ ခေါ် တထာဂတေ ဓမ္မဒေသနံ ဝိနိဝတ္တေန္တေ ဗဟိသာဏိယံ နိသိန္နော ဝ သဟဿနယပဋိမဏ္ဍိတေ သောတာပတ္တိဖလေ ပတိဋ္ဌာယ အစလာယ သဒ္ဓါယ သမန္နာဂတော ရတနေသု (သရဏေသု သီ၊က) နိက္ကင်္ခေါ ဟုတွာ သာဏိကဏ္ဍံ ဥက္ခိပိတွာ အာဂန်တွာ သုဏှာယ ထနံ မုခေန ဂဟေတွာ "တွံ မေ အဇ္ဇတော ပဋ္ဌာယ မာတာ"တိ တံ မာတုဋ္ဌာနေ ဌပေသိ။ (ဓမ္မပဒ၊ ဋ္ဌ၁၊ ၂၅၆ ၂၅၇။)]

ဝိသာခါသည် နောက်တနေ့အတွက်လည်း ဘုရားရှင်ကို ပင့်ဖိတ်ပြန်လေသည်၊ ထိုနောက်တနေ့၌လည်း ဝိသာခါ၏ယောက္ခမမိန်းမသူသည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေသည်။ ထိုအခါမှစ၍ မိဂါရသူဌေး၏အိမ်သည် သာသနာတော်အတွက် ဟင်းလင်းပွင့်သော တံခါးရှိသည် ဖြစ်လေတော့သည်။

သူမြတ်တစ်ယောက်၊ အိမ်သို့ရောက်က၊ မြားမြောက်ပြောထူ၊ အိမ်နေလူတို့၊ နိဗ္ဗူနန်းခွင်၊ အသော့ဝင်ဖို့၊ မဂ္ဂင်ရှစ်ဆင့်၊ တံခါးပွင့်၏။ (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ဒုတိယပိုင်း၊ ၂၇၆။)

ဝိသာခါသည် ယောက္ခမကြီး၏ချီးမြှောက်ခြင်းကို ခံယူရသည့်အချိန်မှစ၍ ဒါနစသော ကောင်းမှုတို့ကို စိတ်အလိုရှိတိုင်း ပြုလုပ်လျက် ဘုရားရှင့်အထံတော်မှ ဆုရှစ်ပါးတို့ကိုရ၍ ကောင်းကင်ပြင်ဝယ် စန်းလအရေးကဲ့သို့ ထင်ရှားကာ သား, သမီးတို့ဖြင့် ပွားများစည်ပင်ခြင်းသို့ ရောက်လေသည်၊ ဝိသာခါမှာ သားဆယ်ယောက်, သမီးဆယ်ယောက်တို့ ထွန်းကားခဲ့လေသည်၊ ထိုသား, သမီးနှစ်ဆယ်တို့တွင် တစ်ယောက်တစ်ယောက်မှာ သားဆယ်ယောက်စီ, သမီးဆယ်ယောက်စီ ထွန်းကားပြန်လေသည်၊ ထိုမြေးလေးရာတို့တွင်လည်း တစ်ယောက်တစ်ယောက်မှာ သားဆယ်ယောက်စီ, သမီးဆယ်ယောက်စီပင် ထွန်းကားပြန်လေသောကြောင့် မြစ်ပေါင်း ရှစ်ထောင်တို့ ရှိကြလေသည်။

"ဝိသာခါ ဝီသတိ ပုတ္တာ၊ နတ္တာ စ စတုရော သတာ။
ပနတ္တာ အဋ္ဌသဟဿာ၊ ဇမ္ဗုဒီပေ သုပါကဋာ။"
(ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၅၈။)

ဟု ရှေးမထေရ်တို့ ရေးသားတော်မူခဲ့ကြလေသည်။]

ဝိသာခါတောင်းငြား ဆုရှစ်ပါး

မှတ်ချက်။ ။ [ ဆုရှစ်ပါးကား...(၁) ဝဿိကသာဋိကဒါန=သံဃာအား အသက်ထက်ဆုံး မိုးရေခံသင်္ကန်းလှူဒါန်းခွင့်ရခြင်း၊
(၂) အာဂန္တုကဘတ္တ=ဧည့်သည်အာဂန္တုရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့်ရခြင်း၊
(၃) ဂမိကဘတ္တ=ခရီးသွားရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့်ရခြင်း၊
(၄) ဂိလာနဘတ္တ=သူနာရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့်ရခြင်း၊
(၅) ဂိလာနုပဋ္ဌာကဘတ္တ=သူနာပြုရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့်ရခြင်း၊
(၆) ဂိလာနဘေသဇ္ဇ=သူနာရဟန်းတို့အား ဆေးလှူဒါန်းခွင့်ရခြင်း၊
(၇) ဓုဝယာဂု=အမြဲယာဂုလှူဒါန်းခွင့်ရခြင်း၊
(၈) ဥဒကသာဋိက=ဘိက္ခုနီသံဃာအား ရေသနုပ်သင်္ကန်းလှူဒါန်းခွင့်ရခြင်း=
ဟူသော ဤရှစ်ပါးတည်း။

ဘုရားရှင်က "ဝိသာခါ..သင်သည် အဘယ်သို့သော အကျိုးထူးကို ကောင်းစွာမြင်၍ ငါ့အား ရှစ်ပါးသောဆုတို့ကို တောင်းသနည်း?"ဟု မေးတော်မူ၏။ ဝိသာခါက "ရှင်တော်ဘုရား...တပည့်တော်မသည် ယခုအခါ ကျွန်မကို "ဟယ်ကျွန်မ...သွားချေ, အရံကျောင်းတော်သို့ သွား၍ 'အရှင်ဘုရားတို့...အချိန်တန်ပါပြီ, ဆွမ်းပြင်ပြီးပါပြီ'ဟု အချိန်တန်ကြောင်းကို လျှောက်လေလော့ ဟု စေခိုင်းလိုက်ပါသည်။ ရှင်တော်ဘုရား...ထိုအခါ ကျွန်မသည် အရံကျောင်းတော်သို့ သွားသည်ရှိသော် သင်္ကန်းကို ချထားကုန်လျက် ကိုယ်ကိုမိုးရေခံနေကုန်သော ရဟန်းတို့ကိုမြင်၍ 'အရံကျောင်းတော်၌ ရဟန်းတို့ မရှိကုန်၊ အာဇီဝကတို့သည် ကိုယ်ကိုမိုးရေခံနေကုန်၏' ဟု (မှတ်ထင်ကာ) တပည့်တော်မထံသို့ လာပြီးလျှင် 'အရှင်မ...အရံကျောင်းတော်၌ ရဟန်းတို့ မရှိကုန်၊ အာဇီဝကတို့သည် ကိုယ်ကို မိုးရေခံကာ နေပါကုန်၏'ဟု ပြောကြားပါသည်ဘုရား။

(၁)ရှင်တော်ဘုရား..အဝတ်မဆီး အချည်းနီးနေခြင်းသည် မစင်ကြယ်ပါ၊ စက်ဆုပ်ဖွယ်ဖြစ်ပါသည်၊ ရှင်တော်ဘုရား...တပည့်တော်မသည် ဤအကျိုးကို ကောင်းစွာမြင်သည် ဖြစ်၍ သံဃာတော်အား အသက်ထက်ဆုံး မိုးရေခံသင်္ကန်းကို လှူလိုပါ၏ဘုရား၏။

(၂) ရှင်တော်ဘုရား...ထို့ပြင်လည်း ဧည့်သည်အာဂန္တုဖြစ်သောရဟန်းသည် ခရီးမကျွမ်းကျင်သည်ဖြစ်၍ ဆွမ်းခံအပ် မခံအပ်သောအိမ်ကို မသိသဖြင့် ပင်ပန်းစွာ ဆွမ်းခံရပါ၏၊ ထိုဧည့်သည်အာဂန္တုရဟန်းသည် တပည့်တော်မ၏အာဂန္တုတို့အား လှူသောဆွမ်းကို စားပြီးမှ ခရီးကို သိသည်ဖြစ်၍ ဆွမ်းခံအပ် မခံအပ်သော အိမ်ကိုသိသဖြင့် မပင်ပန်းပဲ ဆွမ်းခံရပါလိမ့်မည်၊ ရှင်တော်ဘုရား...တပည့်တော်မသည် ဤအကျိုးကိုကောင်းစွာမြင်သည်ဖြစ်၍ အသက်ထက်ဆုံး ဧည့်သည်အာဂန္တုရဟန်းသံဃာအား ဆွမ်းလှူရန် အလိုရှိပါသည်ဘုရား။

(၃) ရှင်တော်ဘုရား...ထို့ပြင်လည်း ခရီးသွားရဟန်းသည် မိမိဆွမ်းကို ရှာရသည်ရှိသော် အဖော်ကုန်သည်မှလည်း ကျန်ရစ်ပါလိမ့်မည်၊ သွားလိုသောကျောင်းသို့ အချိန်အခါမဲ့၌ ရောက်ပါလိမ့်မည်၊ ပင်ပန်းစွာ ခရီးရှည် သွားရပါလိမ့်မည်။ ထိုရဟန်းသည် တပည့်တော်မ၏ခရီးသွားရဟန်းတို့အား လှူသောဆွမ်းကိုစားပြီးမှ သွားရသော် အဖော်ကုန်သည်မှ မကျန်ပဲ ရှိပါလိမ့်မည်၊ သွားလိုသောကျောင်းသို့ အချိန်အခါ၌ရောက်ပါလိမ့်မည်၊ မပင်ပန်းပဲ ခရီးရှည် သွားနိုင်ပါလိမ့်မည်။ ရှင်တော်ဘုရား...တပည့်တော်မသည် ဤအကျိုးကို ကောင်းစွာမြင်သည်ဖြစ်၍ အသက်ထက်ဆုံး ခရီးသွားရဟန်းအား ဆွမ်းလှူရန် အလိုရှိပါသည်ဘုရား။

(၄) ရှင်တော်ဘုရား...ထို့ပြင်လည်း နာဖျားသော ရဟန်းအား လျောက်ပတ်သောဘောဇဉ်တို့ကို မရခြင်းကြောင့် အနာသော်လည်းတိုးပွားပါလိမ့်မည်၊ သေခြင်းသော်လည်း ဖြစ်ပါလိမ့်မည်။ တပည့်တော်မ၏သူနာရဟန်းတို့အားလှူသော ဆွမ်းကို စားရသော ထိုရဟန်းအား အနာသည် မတိုးပွားလတ္တံ့၊ သေခြင်းသည်လည်း မဖြစ်လတ္တံ့။ ရှင်တော်ဘုရား...တပည့်တော်မသည် ဤအကျိုးကို ကောင်းစွာမြင်သည်ဖြစ်၍ အသက်ထက်ဆုံး သူနာရဟန်းသံဃာအား ဆွမ်းကိုလှူရန် အလိုရှိပါသည်ဘုရား။

(၅) ရှင်တော်ဘုရား...ထို့ပြင်လည်း သူနာပြုရဟန်းသည် မိမိဆွမ်းကို ရှာရသည်ရှိသော် နာဖျားသောရဟန်း၏ဆွမ်းကို နေမြင့်မှ ဆောင်ရလတ္တံ့၊ ဆွမ်းတော်ပြတ်လတ္တံ့၊ ထိုသူနာပြုရဟန်းသည် တပည့်တော်မ၏သူနာပြုရဟန်းတို့အား လှူသောဆွမ်းကို စားရသော် နာဖျားသော ရဟန်း၏ဆွမ်းကို စောစော (အချိန်မီ) ဆောင်နိုင်ပါလတ္တံ့၊ ဆွမ်းတော်ပြတ်ခြင်း မဖြစ်ပါလတ္တံ့။ ရှင်တော်ဘုရား...တပည့်တော်မသည် ဤအကျိုးကို ကောင်းစွာမြင်သည်ဖြစ်၍ အသက်ထက်ဆုံး သူနာပြုရဟန်းသံဃာအား ဆွမ်းကို လှူရန် အလိုရှိပါသည်ဘုရား။

(၆) ရှင်တော်ဘုရား...ထို့ပြင်လည်း နာဖျားသော ရဟန်းအား လျောက်ပတ်သော ဆေးတို့ကို မရခြင်းကြောင့် အနာသော်လည်း တိုးပွားပါလတ္တံ့၊ သေခြင်းသော်လည်း ဖြစ်ပါလတ္တံ့၊ တပည့်တော်မ၏သူနာတို့အား လှူသောဆေးကို စားရသော ထိုရဟန်းအား အနာသည်လည်း မတိုးပွားလတ္တံ့၊ သေခြင်းသည်လည်း မဖြစ်ပါလတ္တံ့။ ရှင်တော်ဘုရား...တပည့်တော်မသည် ဤအကျိုးကို ကောင်းစွာမြင်သည်ဖြစ်၍ အသက်ထက်ဆုံး သူနာရဟန်းသံဃာအား ဆေးလှူရန် အလိုရှိပါသည်ဘုရား။

(၇) ရှင်တော်ဘုရား...ထို့ပြင်လည်း ရှင်တော်ဘုရားသည် အန္ဓကဝိန္ဒမြို့၌ ဆယ်ပါးသောအကျိုးတို့ကို မြင်တော်မူသဖြင့် ယာဂုကို ခွင့်ပြုတော်မူ၏၊ ရှင်တော်ဘုရား...တပည့်တော်မသည် ထိုဆယ်ပါးသော အကျိုးတို့ကို ကောင်းစွာမြင်သည်ဖြစ်၍ သံဃာတော်အား အသက်ထက်ဆုံး အမြဲယာဂုလှူရန် အလိုရှိပါသည်ဘုရား။

(၈) ရှင်တော်ဘုရား...ဤသာသနာတော်၌ ရဟန်းမိန်းမတို့သည် အစိရဝတီမြစ်၌ ပြည့်တန်ဆာမတို့နှင့်အတူ အဝတ်မဆီး အချည်းနီးဖြင့် တစ်ခုတည်းသောရေဆိပ်၌ ရေချိုးကုန်၏၊ ရှင်တော်ဘုရား...ထိုပြည့်တန်ဆာမတို့သည် ရဟန်းမိန်းမတို့ကို "အရှင်မတို့...ငယ်ကုန်သော သင်တို့သည် အဘယ့်ကြောင့် အကျင့်ကိုကျင့်ကုန်သနည်း?၊ ကာမဂုဏ်တို့ကို ခံစားသင့်သေးသည် မဟုတ်ကုန်လော?၊ အိုမင်းသောအခါ၌ ကျင့်ကုန်လော့၊ ဤသို့ ကျင့်သည်ရှိသော် သင်တို့အား နှစ်ပါးသော အကျိုးတို့ကို ယူအပ်သည် ဖြစ်ကုန်လတ္တံ့"ဟု ပြယ်ရယ်ဆိုပါကုန်၏။

ရှင်တော်ဘုရား..ထိုရဟန်းမိန်းမတို့သည် ပြည့်တန်ဆာမတို့က ပြက်ရယ်ပြုအပ်ကုန်သည်ဖြစ်၍ မျက်နှာမသာမယာဖြစ်ရပါကုန်သည်၊ ရှင်တော်ဘုရား...မိန်းမအား အဝတ်မဆီး အချည်းနီးနေခြင်းသည် မစင်ကြယ်ပါ၊ စက်ဆုပ်ရွံရှာဖွယ် ဖြစ်ပါ၏။ ရှင်တော်ဘုရား...တပည့်တော်မသည် ဤအကျိုးကို ကောင်းစွာမြင်သည်ဖြစ်၍ ဘိက္ခုနီသံဃာအား အသက်ထက်ဆုံး ရေသနုပ်လှူရန် အလိုရှိပါသည်ဘုရား"ဟု လျှောက်ထားလေ၏။

ဘုရားရှင်က "ဝိသာခါ...သင်သည် အဘယ်အာနိသင်(အကျိုးဆက်)ကို ကောင်းစွာမြင်သည်ဖြစ်၍ ငါဘုရားအား ရှစ်ပါးသော ဆုတို့ကို တောင်းသနည်း?"ဟု မေးတော်မူလေ၏။

ဝိသာခါက"ရှင်တော်ဘုရား...ဤသာသနာတော်၌ ဝါမှကျွတ်သော ရဟန်းတို့သည် ဘုရားရှင်ကို ဖူးမြော်ရန် သာဝတ္ထိပြည်သို့ လာကုန်လတ္တံ့၊ ထိုရဟန်းတို့သည် ဘုရားရှင်ထံသို့ ချဉ်းကပ်ပြီးလျှင် 'ရှင်တော်ဘုရား...ဤမည်သောရဟန်းကား ပျံလွန်ပါပြီ၊ ထိုရဟန်း

၏လားရာဂတိကား အဘယ်ပါနည်း?၊ တမလွန်ခွဲဖြစ်ခြင်းကား အဘယ်ပါနည်း?' ဟု မေးလျှောက်ကုန်လတ္တံ့၊ (ထိုအခါ) ဘုရားရှင်က 'ထိုပျံလွန်သော ရဟန်းကို သောတာပတ္တိဖိုလ်သို့ ရောက်၏ ဟူ၍သော်လည်းကောင်း, သကဒါဂါမိဖိုလ်သို့ ရောက်၏ ဟူ၍သော်လည်းကောင်း, အနာဂါမိဖိုလ်သို့ ရောက်၏ ဟူ၍သော်လည်းကောင်း, အရဟတ္တဖိုလ်သို့ ရောက်၏ ဟူ၍သော်လည်းကောင်း'' ဟောကြားတော်မူလတ္တံ့။

တပည့်တော်မသည် ထိုရဟန်းတို့ထံ ချဉ်းကပ်ပြီးလျှင်''အရှင်ဘုရားတို့...ထိုအရှင်သည် သာဝတ္ထိပြည်သို့ လာဘူးပါသလော?'' ဟု မေးအံ့၊ ထိုရဟန်းတို့က ''ထိုရဟန်းသည် လာဖူးပါသည်''ဟု တပည့်တော်မအား အကယ်၍ ပြောဆိုကုန်ငြားအံ့၊ ဤသို့ ပြောဆိုသောအခါ၌ ဧကန်မုချ ထိုအရှင်သည် ငါ၏မိုးရေခံသင်္ကန်းကိုသော်လည်းကောင်း,ဧည့်သည်အာဂန္တုတို့အား လှူသောဆွမ်းကိုသော်လည်းကောင်း, ခရီးသွားတို့အား လှူသောဆွမ်းကိုသော်လည်းကောင်း, သူနာတို့အား လှူသောဆွမ်းကိုသော်လည်းကောင်း, သူနာပြုရဟန်းတို့အား လှူသောဆွမ်းကိုသော်လည်းကောင်း, နာဖျားသော ရဟန်းတို့အား လှူသောဆေးကိုသော်လည်းကောင်း, အမြဲလှူသော ယာဂုကိုသော်လည်းကောင်း သုံးဆောင်ဖူး၏''ဟုဆုံးဖြတ်ခြင်းသို့ ရောက်ပါအံ့(ဆုံးဖြတ်နိုင်ပါသည်)ဘုရား။

ထိုသုံးဆောင်ဖူးသောရဟန်းကို အောက်မေ့သော တပည့်တော်မအား ဝမ်းမြောက်ခြင်းဖြစ်လတ္တံ့(ပါမုဇ္ဇံ ဇာယိဿတိ)၊ ဝမ်းမြောက်သော တပည့်တော်မအား နှစ်သက်ခြင်းဖြစ်လတ္တံ့(ပီတိ ဇာယိဿတိ)၊ နှစ်သက်သောစိတ်ရှိသည် တပည့်တော်မ၏ကိုယ်သည် ငြိမ်းအေးလတ္တံ့(ကာယော ပဿမ္ဘိဿတိ)၊ ငြိမ်းအေးသော ကိုယ်ရှိသည် တပည့်တော်မသည် ချမ်းသာကို ခံစားရလတ္တံ့(သုခံ ဝေဒိဿာမိ)၊ ချမ်းသာသော တပည့်တော်မ၏စိတ်သည် တည်ကြည်လတ္တံ့(သုခိနိယာ စိတ္တံ သမာဓိယိဿတိ)၊ ထိုတည်ကြည်ခြင်းသည် တပည့်တော်မအား ဣန္ဒြေကို ပွားစေခြင်း, ဗိုလ်ကိုပွားစေခြင်း, ဗောဇ္ဈင်ကိုပွားစေခြင်း ဖြစ်လတ္တံ့(သာ မေ ဘဝိဿတိ ဣန္ဒြိယဘာဝနာ ဗလဘာဝနာ ဗောဇ္ဈင်္ဂဘာဝနာ)၊ ရှင်တော်ဘုရား...တပည့်တော်မသည် ဤအကျိုးအာနိသင်ကို ကောင်းစွာမြင်သည်ဖြစ်၍ ရှင်တော်ဘုရားအား ရစ်ပါးသော ဆုတို့ကို တောင်းပါသည်ဘုရား''ဟု လျှောက်ထားလေ၏။

ဘုရားရှင်က ''ဝိသာခါ...ကောင်းပေစွ, ကောင်းပေစွ၊ ဝိသာခါ...သင်သည် ဤအကျိုးအာနိသင်ကို ကောင်းစွာမြင်သည်ဖြစ်၍ ငါဘုရားအား ရစ်ပါးသော ဆုတို့ကို တောင်းသည်မှာ ကောင်းပေစွ၊ ဝိသာခါ...သင့်အား ရစ်ပါးသော ဆုတို့ကို ခွင့်ပြု၏''ဟု မိန့်တော်မူလေ၏။

ဤဆုရစ်ပါး အကြောင်းအရာအကျယ်ကို ဝိနည်းမဟာဝါပါဠိတော် (ဝိ၊ ၃၊ ၄၀၅ ၄၀၈)နှင့် ဝိနည်းမဟာဝါမြန်မာပြန်စာမျက်နှာ(၄၀၇ ၄၁၂) ဝိသာခါဝတ္ထုတွင် ကြည့်ရှုနိုင်ကြပါသည်။

## ယာဂုအကျိုး အမျိုးမျိုး

ယာဂုအကျိုး ၅ ပါး.....

၁။ ဆာလောင်ခြင်းကို ပယ်ခြင်း၊

၂။ မွတ်သိပ်ခြင်းကို ပယ်ခြင်း၊

၃။ လေကိုအောက်သို့ စုံစေခြင်း၊

၄။ ဆီးအိမ်ကို စင်ကြယ်စေခြင်း၊

၅။ အစာကို ကြေကျက်စေခြင်း။

ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ ယာဂုယာ။ ကတမေ ပဉ္စ? ခုဒ္ဒံ(ခုဒံ သီ, ဣ) ပဋိဟနတိ၊ ပိပါသံ ပဋိဝိနေတိ၊ ဝါတံ အနုလောမေတိ၊ ဝတ္ထိံ သောဓေတိ၊ အာမာဝသေသံ ပါစေတိ။ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ အာနိသံသာ ယာဂုယာတိ။ (အံ၊ ၂၊ ယာဂုသုတ္တ ၂၁၈ ၂၁၉။)

(၁) အနာရောဂါကင်းခြင်း၊

(၂) အဆာင်းလုခြင်း၊

(၃) လျင်မြန်စွာ တရားကို ဆင်ခြင်နိုင်ခြင်း၊

(၄) ထမင်းအဖျော်ကို ရလွယ်ခြင်း၊

(၅) အသက်ရှည်ခြင်း။

တစ်စုံတယောက်သောသူသည် နှစ်သက်ခြင်းကို ဖြစ်စေလျက် သံဃာအား ယာဂုကို ပေးလှူငြားအံ့၊ ထိုပညာရှိသည် ဤငါးပါးသော အရာတို့ကို ခံယူရာ၏။ (ထေရာပဒါန်ပါဠိတော် မြန်မာပြန်၊ ပဌမတွဲ၊ ၄၅၃။)

ယာဂုံ သံဃဿ ဒတွာန၊ ပုညကွေတ္တေ အနုတ္တရေ။
ပဥ္စာနိသံသေ အနုဘောမိ၊ အဟော ယာဂုသုယိဋ္ဌတာ။
အဗျာဓိတာ ရူပဝတာ၊ ခိပ္ပံ ဓမ္မနိသန္တိတာ(ဓမ္မနိဇ္ဈိတာ သျှာ)။
လာဘိတာ အန္နပါနဿ၊ အာယု ပဉ္စမကံ မမ။
ယော ကောစိ ဝေဒံ ဇနယံ၊ သံဃေ ယာဂုံ ဒဒေယျ သော။
ဣမာနိ ပဉ္စ ဌာနာနိ၊ ပဋိဂ္ဂဏှေယျ ပဏ္ဍိတော။
(အပဒါန်၊ ၁၊ ယာဂုဒါယကတ္ထေရအပဒါန်၊ ၄၄၂။)

တနည်းငါးဖြာ၊ အကျိုးမှာကား၊ အနာလည်းကင်း၊ အဆင်းလည်းလှ၊ မထအကြော၊ ပေါများအစာ၊ ရှည်စွာအသက်၊ ဤငါးချက်နှင့်စုံလျက်မကွာ၊ ကမ္ဘာသုံးသောင်း၊ ရှည်ညောင်းလုစွာ၊ လွန်ချမ်းသာ၍၊ ဆုံးခါဘဝ၊ ပစ္ဆိမဌ်၊ ယာဂုဒါယကာ၊ ရဟန္တာဖြစ်ကြောင်းလာသည်။ ။ကျမ်းလာတမျိုး ယာဂုကျိုး။ (သုံးပုံတံချူကျမ်း၊ ၂၂ ၂၃။)

ဒီဃာယုက၊ သုဝဏ္ဏနှင့်၊ ဗလကြီးမား၊ ချမ်းသာများလျက်၊ လျင်လျားပညာ၊ ငါးဖြာမယုတ်၊ ဆွမ်းကျိုးထုတ်၍၊ အင်္ဂုတ္တရ၊ ပဥ္စနိပါတ်၊ မိန့်လတ်တဝ၊ ပိလိန္ဒဟု၊ ဝစ္ဆပဒါန်၊ အလိုပြန်သော်၊ နှစ်တန်ပါန၊ ဆွမ်းလှူရမှု၊ ပုဗ္ဗနိသင်၊ ကျိုးငါးအင်ဝယ်၊ ဖြူစင်သန့်ရှင်း၊ ထမင်းအဖျော်၊ ပူဇော်များလှ၊ လုံ့လရံခြွေ၊ ဤမြွေနှင့်၊ ငါးထွေထည့်ငြား၊ ဤဆယ်ပါးဟု၊ ပိုင်းခြားမိန့်ဆိုလေသတည်း။ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ သမဇ္ဇဒေါသာဒီဒီပနီ၊ ၃၈၇။)

ယာဂုအကျိုး ၁၀ ပါး..........

ယာဂုကို လှူသောသူသည်

၁။ အသက်ကို လှူသည် မည်၏၊
၂။ အဆင်းကို လှူသည် မည်၏၊
၃။ ချမ်းသာကို လှူသည် မည်၏၊
၄။ ခွန်အားကို လှူသည် မည်၏၊
၅။ ပညာကို လှူသည် မည်၏၊

သောက်အပ်သောယာဂုသည်

၆။ ဆာလောင်ခြင်းကို ပယ်ဖျောက်၏၊
၇။ မွတ်သိပ်ခြင်းကို ပယ်ဖျောက်၏၊
၈။ လေကို စုန်ဆင်းစေတတ်၏၊
၉။ ဆီးအိမ်ကို စင်ကြယ်စေတတ်၏၊
၁၀။ အစာသစ် အကြွင်းကို ကြေကျက်စေတတ်၏။

ပုဏ္ဏား...ယာဂု၏အကျိုးတို့သည် ဤဆယ်ပါးတို့တည်း ဟု မိန့်တော်မူ၏။ (ဝိနည်းမဟာဝါပါဠိတော် မြန်မာပြန်၊ ၃၁၆။)

ဒသယိမေ ဗြာဟ္မဏ အာနိသံသာ ယာဂုယာ။ ကတမေ ဒသ? ယာဂုံ ဒေန္တော အာယုံ ဒေတိ၊ ဝဏ္ဏံ ဒေတိ၊ သုခံ ဒေတိ၊ ဗလံ ဒေတိ၊ ပဋိဘာနံ ဒေတိ၊ ယာဂု ပီတာ ခုဒ္ဒံ(ခုဒံ၊သီ,သျှာ) ပဋိဟနတိ၊ ပိပါသံ ဝိနေတိ၊ ဝါတံ အနုလောမေတိ၊ ဝတ္ထိံ သောဓေတိ၊ အာမာဝသေသံ ပါစေတိ၊ ဣမေ ခေါ ဗြာဟ္မဏ ဒသာနိသံသာ ယာဂုယာတိ။ (ဝိ၊ ၃၊ ၃၁၅။)

အာယု,ဝဏ္ဏ၊ သုခတခြား၊ ခွန်အား,ပညာ၊ အစာကြေခြင်း၊ သုတ်သင်ခြင်းနှင့်၊ နိပ်နင်းလေနာ၊ မွတ်သိပ်စွာနှင့်၊ ဆာလောင်ပျောက်ထ၊ ဤဆယ်ဝကြောင့်၊ နိစ္စမပြတ်၊ ပေးလှူအပ်ဟု၊ လူနတ်ဆရာ၊ မိန့်ခဲ့မှာသည်။ ။ ဆယ်ဖြာကောင်းကျိုး စိုက်ချပျိုး။ (သုံးပုံတံချူ၊ ၂၂။)

ရောဂါကင်းရှင်း၊ ချမ်းသာခြင်းနှင့်၊ ထမင်းအဖျော်၊ ပူဇော်လည်းများ၊ ဆင်းရောင်ပွါး၏၊ တရားမိပွါယ်၊ သိစွမ်းလွယ်ဟု၊ ငါးသွယ်ကျိုးစု၊ ယာဂုပဒါန်၊ လာဟန်ဖွေထုတ်၊ ဒသင်္ဂုတ်ကား၊ ဆွမ်းကျိုးငါးမှာ၊ ထည့်ပါမွတ်ကင်း၊ ပတွင်းသန့်စင်၊ လေလျှင်နိမ်လေ၊ အစာကြေသည်။ ။ ဆယ်ထွေယာဂုလှူကျိုးတည်း။ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ သမဇ္ဇဒေါသာဒီ၊ ၃၈၇။)

## ကျောင်းဆောက်လှူရန်၊ အကြောင်းဖန်၊ မေ့ကျန် မဟာလတာတန်ဆာ

ဝိသာခါသည် တနေ့သ၌ မင်္ဂလာပွဲသဘင်ဖြစ်လတ်သော် "မြို့တွင်းဝယ် ဂုဏ်ကျေးဇူးမရှိလှ"ဟု ဆင်ခြင်စဉ်းစား၍ ကျွန်မများဖြင့် ခြံရံလျက် ဘုရားရှင်၏တရားစကားတော်ကို နာယူရန် ကျောင်းတော်သို့ သွားရာ ကျောင်းတော်သို့ ဝင်လုလတ်သော် "ဘုရားရှင်တို့၏အထံတော်သို့ ပျံ့လွင့်သူတို့၏အသွင်အပြင်ဖြင့် သွားခြင်းငှာ မသင့်လျော်ချေ"ဟု ဆင်ခြင်မိကာ မဟာလတာတန်ဆာကို ချွတ်ပြီးလျှင် ကျွန်မ၏လက်၌ ပေးအပ်၍ ဘုရားရှင့်အထံတော်သို့ ဆည်းကပ်ရှိခိုး၍ အပြစ်ကင်းရာအရပ်၌ ထိုင်နေလေသည်၊ ဘုရားရှင်သည် တရားစကားကို ဟောကြားတော်မူလေသည်။

တရားဒေသနာပြီးဆုံးသောအခါ၌ ဝိသာခါသည် ဘုရားရှင်ကို ရှိခိုးပြီးလျှင် မြို့သို့ရှေးရှု ဖဲသွားလေသည်၊ ကျွန်မသည်လည်း မိမိယူအပ်သော မဟာလတာတန်ဆာ၏ထားရာနေရာကို မမှတ်မိ၍ သွားပြီးမှ မဟာလတာတန်ဆာအလို့ငှာ ပြန်လှည့်လာလေသည်၊ ထိုအခါ ဝိသာခါက ထိုကျွန်မကို "သင်သည် ထိုတန်ဆာကို အဘယ်မှာ ထားခဲ့သနည်း?"ဟု မေးလျှင် ကျွန်မက "ဂန္ဓကုဋီအရံတွင်း၌ ထားခဲ့ပါသည်အရှင်မ..."ဟု ပြန်၍ဖြေကြားလေသည်၊ ဝိသာခါက "ရှိစေတော့ ဟယ်...သွား၍ ယူခဲ့လော့၊ ဂန္ဓကုဋီအရံတွင်း၌ ထားသောအခါမှစ၍ ပြန်၍ဆောင်ယူစေခြင်းမည်သည် ငါတို့အဖို့ရာ မသင့်လျော်၊ သို့ဖြစ်ရကား ထိုမဟာလတာတန်ဆာကို စွန့်လှူ၍ ဒဏ်အမှုကို ပြုရလိမ့်မည်၊ ထိုဂန္ဓကုဋီအရံတွင်း၌ ထားအပ်သည်ရှိသော် အရှင်မြတ်တို့အဖို့ရာ ကြောင့်ကြမှု ဖြစ်ရတော့သည်"ဟု ပြောဆိုလေသည်။

[မှတ်ချက်။ အထူးအားဖြင့် တရားနာပြီး ပြန်သွားသောပရိသတ်၏တစ်စုံတစ်ရာသော ဝတ္ထုမေ့ကျန်ရစ်ခဲ့လျှင် ထိုဝတ္ထုကို အရှင်အာနန္ဒာမထေရ်သည် သိမ်းဆည်း၍ ထားတော်မူမြဲဖြစ်သည်၊ အရှင်အာနန္ဒာမထေရ်သည် ထိုနေ့၌ မဟာလတာတန်ဆာကို တွေမြင်ရ၍ ဘုရားရှင်အား ထိုအကြောင်းကို လျှောက်ထားသဖြင့် ဘုရားရှင်၏သင့်လျော်ရာအရပ်၌ သိမ်းဆည်းစေသောအမိန့်တော်အတိုင်း စောင်းတန်းလှေကား တဖက်၌ချိတ်ဆွဲထားတော်မူလေသည်။

ဓမ္မံ သုတွာ ပန ပက္ကန္တာယ ပရိသာယ သစေ ကိဉ္စိ ပမုဋ္ဌံ ဟောတိ၊ တံ အာနန္ဒတ္ထေရော ပဋိသာမေတိ။ ဣတိ သော တံ ဒိဝသံ မဟာလတာပသာဓနံ ဒိသွာ သတ္ထု အာရောစေသိ "ဘန္တေ ဝိသာခါ ပသာဓနံ ပမုဿိတွာ ဂတာ"တိ။ "ဧကမန္တံ ဌပေဟိ အာနန္ဒာ"တိ။ ထေရော တံ ဥက္ခိပိတွာ သောပါနပဿေ လဂ္ဂေတွာ ဌပေသိ။(ဓမ္မပဒ၊ ၃၊ ၁၊ ၂၅၉။)]

နောက်နေ့၌ ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် ဝိသာခါ၏နေအိမ်တံခါးဝသို့ ကြွရောက်တော်မူလေသည်၊ ဝိသာခါသည် ဘုရားရှင်၏သပိတ်တော်ကို ယူ၍ ဘုရားရှင်ကို အိမ်တွင်းသို့ ပင့်ဖိတ်တော်မူပြီးလျှင် ခင်းထားအပ်သောနေရာတို့၌ ထိုင်နေစေတော်မူ၍ ဆွမ်းဆက်ကပ်လှူဒါန်းလေသည်၊ ဘုရားရှင် ဆွမ်းကိစ္စပြီးဆုံးလတ်သော် ဝိသာခါသည် ထိုမဟာလတာတန်ဆာကို ယူဆောင်၍ ဘုရားရှင်၏ ခြေတော်ရင်း၌ချလျက် "ရှင်တော်ဘုရား...ဤတန်ဆာကို ရှင်တော်ဘုရားတို့အား လှူဒါန်းပါ၏"ဟု လျှောက်ထားလေသည်၊ ဘုရားရှင်က "တန်ဆာမည်သည် ရဟန်းတော်တို့အား မအပ်စပ်"ဟု မိန့်၍ ပယ်တော်မူလေသည်၊ ဝိသာခါက "သိပါသည်ရှင်တော်ဘုရား...၊ အမှန်စင်စစ်မှာ တပည့်တော်မသည် ဤမဟာလတာတန်ဆာကိုတန်ဖိုးဖြတ်၍ ထိုငွေဖြင့် ရှင်တော်ဘုရားတို့၏သီတင်းသုံးနေထိုင်တော်မူရာ ဂန္ဓကုဋီကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းပါမည်ဘုရား"ဟု လျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်သည် လက်ခံတော်မူလေသည်။

## ဒါနအရာ၊ ဝိသာခါ၊ ရပါ တေဒဂ်

ဝိသာခါသည်လည်း ထိုတန်ဆာကို တန်ဖိုးဖြတ်စေပြီးလျှင် ကိုးကုဋေသောဥစ္စာကို ယူ၍ တိုက်ခန်းပေါင်း တစ်ထောင်တို့ဖြင့် တန်ဆာဆင်အပ်သော ပုဗ္ဗာရုံကျောင်းတိုက်၌ ဘုရားရှင်၏သီတင်းသုံးနေထိုင်တော်မူရာ ဂန္ဓကုဋီကို ဆောက်လုပ်လှူဒါန်းလေသည်။ ဝိသာခါ၏အိမ်သည်ကား အနာထပိဏ်သူဌေး၏နေအိမ်ကဲ့သို့ နံနက်အခါဝယ် သက်နုံးရောင်တို့ဖြင့်တောက်ပြောင်လျက် ရဟန်းတို့လေစုံလေဆန်ဖြင့် လှိုင်ကာသာလျှင် ဖြစ်လေတော့သည်၊ ဝိသာခါ၏အိမ်ဝယ် အမြဲတမ်း ဆွမ်းတို့ကို စီမံပြင်ဆင်ပြီးဖြစ်လေသည်၊ ဝိသာခါသည် နံနက်အခါ၌ ဆွမ်းခဲဖွယ်ဖြင့်ချီးမြှောက်၍ ဆွမ်းစားပြီးသည်မှနောက်၌ (မွန်းလွဲသောအခါ၌) ဆေးပစ္စည်းများနှင့်အဖျော်ရှစ်မျိုးတို့ကို ယူစေလျက် ကျောင်းတော်သို့သွားကာ ရဟန်းသံဃာတော်အား လှူဒါန်းပြီးလျှင် ဘုရားရှင်၏တရားဒေသနာတော်ကို ကြားနာပြီးမှ ပြန်လေသည်။

[ဆေးပစ္စည်းများ....ထောပတ်, ဆီဦ, ပျားရည်, ဆီ, တင်လဲ။
အဖျော်ရှစ်မျိုး........သပြေ, သရက်၊ မုဒရက်၊ ဖက်သက်, သစ်မည်စည်၊
တောအိမ်ငှက်ပျော်၊ ကြာစွယ်နော၊ မှတ်လော ရှစ်ဖျော်ရည်။]

နောက်အဖို့၌ ဘုရားရှင်သည် ဥပါသိကာမတို့ကို အစဉ်အတိုင်း ရာထူးဌာနန္တရတို့၌ ထားသည်ရှိသော် မိဂါရမယ်တော် ဝိသာခါကို"ရဟန်းတို့...ဖွန့်ကြဲပေးကမ်း လှူဒါန်းရခြင်း၌ မွေ့လျော်ကြသည့် ငါဘုရား၏တပည့်မ ဥပါသိကာတို့တွင် မိဂါရမယ်တော် ဝိသာခါသည် အမြတ်ဆုံး ဖြစ်ပေ၏ ဟု ချီးကျူးတော်မူကာ "လှူဒါန်းရခြင်း၌ မွေ့လျော်သောအရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူလေသည်။

ဒါယိကာနန္တိ ဒါနာဘိရတာနံ (ဒါနာဘိရတီနံ၊သျာ၊က) ဥပါသိကာနံ ဝိသာခါ မိဂါရမာတာ အဂ္ဂါတိ ဒဿေတိ။ (အံ၊ဋ္ဌ၊၁၊၃၁၁။)

သတ္ထာ အပရဘာဂေ ဥပါသိကာယော ပဋိပါဋိယာ ဌာနန္တရေသု ဌပေန္တော ဝိသာခံ မိဂါရမာတရံ ဒါယိကာနံ အဂ္ဂဋ္ဌာနေ ဌပေသီတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၂၁။)

မှတ်ချက်။ [ဓမ္မပဒအဋ္ဌကထာ၌ကား...ဝိသာခါသည် အာနန္ဒာမထေရ် စောင်းတန်းလှေကားနံဘေး၌ ချိတ်ဆွဲထားအပ်သော မဟာလတာတန်ဆာကို ကျွန်မအား ပြန်ယူစေကာ မိမိကိုယ်တိုင်ပင် ကိုးကုဋေနှင့်တသိန်း (မဟာလတာတန်ဆာ၏အဖိုး ကိုးကုဋေနှင့် လက်ခတစ်သိန်း)တို့ကို ပေး၍ ပြန်လည်ဝယ်ယူလျက် သာဝတ္ထိမြို့၏အရှေ့တံခါးအနီး၌ မြေနေရာကို ကိုးကုဋေအသပြာတို့ဖြင့် ဝယ်ယူပြီး အခြားကိုးကုဋေသော အသပြာငွေတို့ဖြင့် ကျောင်းတော်ကို ဆောက်လုပ်၍ အခြားကိုးကုဋေသောဥစ္စာတို့ဖြင့် ကျောင်းလွှတ်ရေစက်ချပူဇော်ပွဲကြီး ကျင်းပလေသည်၊ ထိုကျောင်းလွှတ်ပူဇော်ပွဲကြီးအပြီးတွင် ဝိသာခါသည် ဝမ်းသာလွန်း၍ သီဆိုဥဒါန်းကျူးရင့်လေသည် ဟု လာရှိလေသည်။

ကဒါဟံ ပါသာဒံ ရမ္မံ၊ သုဓာမတ္တိကလေပနံ။
ဝိဟာရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။
ကဒါဟံ မဉ္စပီဌဉ္စ၊ ဘိသိဗိမ္ဗောဟနာနိ စ။
သေနာသနဘဏ္ဍံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။
ကဒါဟံ သလာကဘတ္တံ၊ သုစိံ မံသူပသေစနံ။
ဘောဇနဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။
ကဒါဟံ ကာသိကံ ဝတ္ထံ၊ ခေါမကပ္ပါသိကာနိ စ။
စီဝရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။
ကဒါဟံ သပ္ပိနဝနီတံ၊ မဓုတေလဉ္စ ဖာဏိတံ။
ဘေသဇ္ဇဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၆၂ ၂၆၄။)

အဟံ သိန်းကမ္ဘာတည် အခါပြည့်အောင် အဘိနီဟာရ ပုညသ္မာ ဆည်းပူးခဲ့ပါသော အကျွန်ုပ် ဝိသာခါသည်၊ ရမ္မံ ရောက်လာသသူ ရှင်ရှင်လူတို့၌ကြည်ဖြူနှလုံး ရွှင်ပြုံးမွေ့လျော် ပျော်ဖွယ်ရာဖြစ်သော၊ သုဓာမတ္တိကလေပနံ အင်္ဂတေ၊ မြေသရွတ်တို့ဖြင့် ချောမွတ်အောင်မွမ်းမံ လိမ်းကျံအပ်ပေထသော၊ ပါသာဒံ ပုဗ္ဗာရုံတွင်ခေါ် ပြာသာဒ်ကျောင်းတော်တည်းဟူသော၊ ဝိဟာရဒါနံ သံဃာတော်အရှင်မြတ်တို့ ကိန်းဝပ်ပျော်စံရာ မဟာဝိဟာရ ကျောင်းအလှူဒါနကို၊ ကဒါ ဘယ်ခါသမယ ဘယ်ကာလများမှာမှ၊ ဒဿာမိ နှလုံးစိတ်ဝမ်း ပီတိလွှမ်း၍ လှူဒါန်းကော်ရော် ပူဇော်ရပါမည်နည်း?၊ ဣတိ ဤသို့၊ မယှံ ဝိသာခါသမုတ် ကျောင်းအမအကျွန်ုပ်၏၊ သင်္ကပ္ပေါ လွန်ခဲ့သည့်သိန်းကမ္ဘာ ရည်မြင့်လှုထိုအခါက သဒ္ဓါပညာ နှစ်ဖြာညီမျှ ကြံစည်တောင့်တချက်အဝဝသည်၊ ပူရိတော အလိုရှိတိုင်း မဆိုင်းပြည့်မြောက် သိဒ္ဓိပေါက်ခဲ့လေပြီတကား။

အဟံ တသိန်းကမ္ဘာ ရည်မြင့်ကြာအောင် မဟာပုည ကုသလကို လုံ့လကြိုးကုတ် အကျွန်ုပ်ဝိသာခါသည်၊ မဉ္စပီဌဉ္စ ညောင်စောင်း,အင်းပျဉ်=ခုံနှင့်ထိုင်စရာ သချ်ာမြားမြောင် သံဃာ့အသုံးအဆောင်ကိုငှင်း၊ ဘိသိဗိမ္ဗောဟနာနိ စ သံဃာ့အသုံး ဘုံလျှို(=ဖုံနှင့်)ခေါင်းအုံးတို့ကိုငှင်း၊ သေနာသနဘဏ္ဍံ ဆိုပြီးမသီး ကျောင်းအသုံးအဆောင်အသီးသီးကို၊ ကဒါ ဘယ်ခါသမယ ဘယ်ကာလများမှာမှ၊ ဒဿာမိ နှလုံးစိတ်ဝမ်း ပီတိလွှမ်း၍ အားရမ်းကော်ရော် ပူဇော်လှူဒါန်ရပါမည်နည်း?၊ (ဣတိ ဤသို့)၊ မယှံ ကျောင်းအမ-ဟု အပေါင်းကခေါ်သမုတ် အကျွန်ုပ်ဝိသာခါ၏၊ သင်္ကပ္ပေါ ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါက ပဌမာဒိကလက်မွန်စခဲ့သည့် တောင့်တကြံစည်ချက် ဝိဝဋ္ဋကုသိုလ်စက်သည်၊ ပူရိတော လူနတ်နမော်သာစုခေါ်လျက် ရည်မြော်သည့်တိုင်းလူ့သမိုင်းတွင် ကြံတိုင်းပြည့်မြောက် (ယခုဖြင့်)သိဒ္ဓိပေါက်ခဲ့လေပြီတကား။

အဟံ-ပုဗ္ဗာရုံကောင်းအမ ဟု အပေါင်းကသမုတ် အကျွန်ုပ်ဝိသာခါသည်၊ သုစိံ ဆန်ကွဲဆန်ညှာ စပါးလုံးနှင့် ခဲမပါအောင် ကောင်းစွာရွေးချယ် စင်ကြယ်စွာထသော၊ မံသူပသေစနံ ဟင်းလျာအခန်းခန်း အသားတို့ဖြင့်ပြွမ်းပေထသော (ဒန်ပေါက်ဆွမ်း အမျိုးမျိုးကို ဆိုလိုသည်)၊ သလာကဘတ္တံ စာရေးတံခေါ်မှတ် ဆွမ်းဟူ၍သမုတ်အပ်သော၊ (ဝါ) သလာကဘတ္တံ

စာရေးတံဆွမ်းအစ ခုနစ်ဝသော၊ ဘောဇနေဒါနံ-အာယုဝဏ္ဏ သုခဗလ ပဋိဘာနံဟု ငါးတန်ကျိုးရ ဆွမ်းအလှူဒါနကို၊ ကဒါ-ဘယ်ခါသမယ ဘယ်ကာလများမှာမှ၊ ဒဿာမိ-နှလုံးစိတ်ဝမ်း ပီတိလွှမ်း၍ အားရမ်းကော်ရော် သံဃာတော်အား ပူဇော်လှူဒါန်းရပါမည်နည်း?၊ (ဣတိ-ဤသို့)၊ မယံ-ကျောင်းအမ-ဟု အပေါင်းကခေါ်သမုတ် အကျွန်ုပ်ဝိသာခါ၏၊ သက်ပွေါ် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါက ပဋ္ဌမာဒိကလက်မွန်စခဲ့သည့် တောင့်တကြံစည်ချက် ဝိဝဋ္ဋကုသိုလ်စက်သည်၊ ပူရိတော-လှူနတ်နမော် သာစုခေါ်လျက် ရည်မြော်ခဲ့တိုင်း လူ့သမိုင်းတွင် ကြံတိုင်းပြည့်မြောက် (ယခုဖြင့်)သိဒ္ဓိပေါက်ခဲ့လေပြီတကား။

အဟံ-သံဃဒါယိကာ အကျွန်ုပ်ဝိသာခါသည်၊ ကာသိကဝတ္ထံ-ကာသိတိုင်းဖြစ် အသစ်စက်စက် အနဂ္ဃမျိုးမှန် အဖိုးတန်အဝတ်လည်းဖြစ်သော၊ ခေါမကပ္ပါသိကာနိ စ-ခံ့ချည်သင်္ကန်း, ဝါချည်သင်္ကန်းများလည်းဖြစ်သော၊ စီဝရဒါနံ ဆိုပြီးမပြီး အသီးသီးအဝဝ သင်္ကန်းအလှူဒါနကို၊ ကဒါ-ဘယ်ခါသမယ ဘယ်ကာလများမှာမှ၊ ဒဿာမိ-နှလုံးစိတ်ဝမ်း ပီတိလွှမ်း၍ အားရမ်းကော်ရော် သံဃာတော်အား ပူဇော်လှူဒါန်းရပါမည်နည်း?၊ (ဣတိ-ဤသို့)၊ မယံ-မေဏ္ဍကမြေး ဓနဉ္စယ၏ရင်သွေး သူဌေးမကျောင်းဒါယိကာ အကျွန်ုပ်ဝိသာခါ၏၊ သက်ပွေါ် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါက ပဋ္ဌမာဒိက လက်မွန်စခဲ့သည့် တောင့်တကြံစည်ချက် ဝိဝဋ္ဋကုသိုလ်စက်သည်၊ ပူရိတော-လှူနတ်နမော် သာစုခေါ်လျက် ရည်မြော်ခဲ့တိုင်း လူ့သမိုင်းတွင် ကြံတိုင်းပြည့်မြောက် (ယခုဖြင့်)သိဒ္ဓိပေါက်ခဲ့လေပြီတကား။

အဟံ သာသနမာတာ အကျွန်ုပ်ဝိသာခါသည်၊ သပ္ပိနဝနီတံ-ထောပတ်ကြည်နှ သြဇာစုသား ဆီဦလည်းဖြစ်သော၊ မဓုတေလဉ္စ-ပျားနှင့်နှမ်းဆီ နှစ်မည်လည်းဖြစ်သော၊ ဖာဏိတဉ္စ ရသာချိုကဲ တင်လဲလည်းဖြစ်သော၊ ဘေသဇ္ဇဒါနံ သမားတို့ဥစ္စာ ရသာယတန ဆေးအလှူကို၊ ဒဿာမိ နှလုံးစိတ်ဝမ်း ပီတိလွှမ်း၍ အားရမ်းကော်ရော် သံဃာတော်အား ပူဇော်လှူဒါန်းရပါမည်နည်း?၊(ဣတိ ဤသို့)၊ မယံ မိဂါရမာတာ အကျွန်ုပ်ဝိသာခါ၏၊ သက်ပွေါ်-ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါက ပဋ္ဌမာဒိက လက်မွန်စခဲ့သည့် တောင့်တကြံစည်ချက် ဝိဝဋ္ဋကုသိုလ်စက်သည်၊ ပူရိတော လှူနတ်နမော် သာစုခေါ်လျက် ရည်မြော်ခဲ့တိုင်းလူ့သမိုင်းတွင်ကြံတိုင်းပြည့်မြောက် (ယခုဖြင့်)သိဒ္ဓိပေါက်ခဲ့လေပြီတကား။ (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ဒုတိယပိုင်း၊ ၂၉၀-၂၉၃။)

မဟာလတာတန်ဆာပိုင်ရှင် ၃-ဦး...ဤလောကတခွင် မြေအပြင်ဝယ် (၁) ဝိသာခါဥပါသိကာမကြီး,(၂) ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာ, (၃) ဗာရာဏသီသူဌေး၏သမီး=ဤသုံးယောက်သော အမျိုးသမီးတို့သည်သာလျှင် မဟာလတာတန်ဆာကို ရရှိကြလေသည်။

ပထဝိမဏ္ဍလသ္မိံ ဟိ တိဿောဝ ဣတ္ထိယော မဟာလတာပသာဓနံ လဘိံသု ဝိသာခါ မဟာဥပါသိကာ, ဗန္ဓုလမလ္လသေနာပတိဿ ဘရိယာ မလ္လိကာ, ဗာရာဏသီသေဋ္ဌိနော ဓီတာတိ။ (ဓမ္မပဒ၊ ၄၊ ၁၊ ၂၆၀။)]

ဤမိဂါရမာတာ ဝိသာခါကျောင်းအမကြီး၏အကြောင်းအရာကို အင်္ဂုတ္တိုရ်အဋ္ဌကထာ ဝိသာခါဝတ္ထု(အံ၊ ဋ္ဌ၊၁၊၃၁၁ ၃၂၁), ဓမ္မပဒအဋ္ဌကထာ ဝိသာခါဝတ္ထု(ဓမ္မပဒ၊ ၄၊ ၁၊ ၂၄၂-၂၆၅), ဝိနည်းမဟာဝါပါဠိတော် ဝိသာခါဝတ္ထု(ဝိ၊ ၃၊ ၄၀၄ ၄၀၈), မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ဒုတိယပိုင်း ဝိသာခါကျောင်းအမကြီးအကြောင်း စာမျက်နှာ (၂၄၃-၂၉၄)တို့၌ ကြည့်ရှုနိုင်သည်။

## ၃-၄။ ခုဇ္ဇုတ္တရာနှင့် သာမာဝတီတို့အကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဗဟုဿုတာနံ ယဒိဒံ ခုဇ္ဇုတ္တရာ။

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ မေတ္တာဝိဟာရီနံ ယဒိဒံ သာမာဝတီ။(အံ၊ ၁၊ ၂၇။)

### ခုဇ္ဇုတ္တရာအလောင်းနှင့် သာမာဝတီအလောင်း ရှေးဆုတောင်း

ဤခုဇ္ဇုတ္တရာအလောင်းနှင့် သာမာဝတီအလောင်း အမျိုးသမီးနှစ်ဦးတို့သည်လည်း ပဒုမုတ္တရဘုရားရှင်လက်ထက်တော်အခါဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီးများ ဖြစ်ကြလျက် နောက်အဖို့ဝယ် "ဘုရားရှင်၏တရားစကားကို ကြားနာကုန်အံ့"ဟု ကျောင်းတော်သို့ သွားကြလေသည်၊ ခုဇ္ဇုတ္တရာအလောင်း အမျိုးသမီးသည် ဘုရားရှင်က ဥပါသိကာမတစ်ယောက်ကို "အကြားအမြင်များသောအရာ"ဝယ် အမြတ်ဆုံး တေဒဂ်ရာထူး၌ထားတော်မူသည်ကို တွေမြင်ရ၍ အဓိကာရကောင်းမှု ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို

ဆုတောင်းပတ္ထနာပြုခဲ့လေသည်၊ သာမာဝတီအလောင်း အမျိုးသမီးသည်လည်း ဘုရားရှင်က ဥပါသိကာမတစ်ယောက်ကို "မေတ္တာဖြင့် နေလေ့ရှိသောအရာ"ဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး၌ထားတော်မူသည်ကို မြင်တွေ့ရ၍ အဓိကာရကောင်းမှု ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာ ပြုခဲ့လေသည်။

ထိုအမျိုးသမီးနှစ်ဦးတို့သည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုကြ၍ ထိုဘဝမှ ကွယ်လွန်ကြလေသော် နတ်ပြည်၌ဖြစ်ကြပြီးလျှင် နတ်ပြည်, လူပြည်တို့၌ ကျင်လည်ကျက်စားကြစဉ်ပင် ကမ္ဘာတစ်သိန်းလွန်မြောက်ခဲ့လေသည်။

ထိုအခါ ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်ထွန်းတော်မူလာနိက်ဝယ် ကောသမ္ဗီပြည်၌ ဃောသကသူဌေးကြီးဇနီးမောင်နှံတို့သည် နေ့စဉ်နေ့တိုင်း အသပြာတစ်ထောင်ကို စွန့်လွှတ်၍ အလှူဒါနဝတ်ကို တည်ထားစေလေသည်။

## နောက်ဆုံးဘဝ၊ ဖြစ်လာကြ၊ နှစ်ဝ သူတို့ကြောင်း

ထိုအခါ၌ ခုဇ္ဇုတ္တရာအလောင်း နတ်သမီးသည် နတ်ပြည်မှ စုတေ၍ ဃောသကသူဌေး၏အိမ်ဝယ် အထိန်းတော်၏ဝမ်း၌ ပဋိသန္ဓေတည်နေလေသည်၊ ထိုသူငယ်မကို ဖွားမြင်သောအခါ သူငယ်မ၏ကိုယ်ခန္ဓာသည် အချိုးမကျ ကုန်းကွကွကလေး ဖြစ်လာလေသည်၊ ထို့ကြောင့် ထိုသူငယ်မ၏အမည်ကို "ခုဇ္ဇုတ္တရာ (ကုန်းသော ကိုယ်ရှိသည့် ဥတ္တရာ)"ဟူ၍ မှည့်ခေါ်ကြလေသည်။

ထိုအချိန်၌ပင် သာမာဝတီအလောင်း နတ်သမီးသည်လည်း နတ်ပြည်မှ စုတေ၍ ဘဒ္ဒဝတိယတိုင်း ဘဒ္ဒိယမြို့၌ ဘဒ္ဒဝတိယသူဌေး၏အိမ်၌ ပဋိသန္ဓေ စွဲယူခဲ့လေသည်၊ သူမကို ဖွားမြင်သောအခါ"သာမာ"ဟူ၍ မှည့်ခေါ်ကြလေသည်။ နောက်အဖို့ဝယ် ဘဒ္ဒိယမြို့၌ ဆာလောင်မွတ်သိပ်ခြင်း(ဒုဗ္ဘိက္ခ)ဘေးကြီး ဖြစ်ပွါးလာလေသည်၊ လူတို့သည် ဆာလောင်မွတ်သိပ်ခြင်းဘေးမှ ကြောက်လန့်ကြသည်ဖြစ်၍ ဟုတ်ဟုတ်ငြားငြား အရပ်တစ်ပါးသို့ ပြေးသွားကြလေသည်။

ထိုအခါ ဘဒ္ဒဝတိယသူဌေးသည် သူဌေးကတော်နှင့် "ချစ်နှမ...ဤဘဒ္ဒိယမြို့၌ ဆာလောင်မွတ်သိပ်ခြင်းဘေး၏အဆုံးကို မသိအပ်ချေ၊ ကောသမ္ဗီမြို့နေ ငါတို့၏သူငယ်ချင်း ဃောသကသူဌေးအထံသို့ သွားကြကုန်စို့၊ ထိုသူဌေးသည် ငါတို့ကို တွေ့မြင်လျှင် မေ့လျော့လိမ့်မည်မဟုတ်"ဟု တိုင်ပင်ပြောဆိုလေသည်။ ဃောသကသူဌေးသည် ဘဒ္ဒဝတိယသူဌေး၏ မမြင်ဖူးသောသူငယ်ချင်း ဖြစ်သည်၊ ထို့ကြောင့် ဤသို့ တိုင်ပင်ပြောဆိုခြင်းဖြစ်လေသည်၊ ဘဒ္ဒဝတိယသူဌေးသည် ကျန်လူများကို ထားခဲ့ကာ သူဌေးကတော်နှင့်သမီးကိုသာ ခေါ်ယူ၍ ကောသမ္ဗီမြို့ဘက်သို့ ခရီးထွက်ခဲ့လေသည်၊ မိသားစုသုံးဦးလုံးတို့သည်လည်း လမ်းခရီးအကြား ကြီးစွာသောဆင်းရဲကို ခံစားကြလျက် အစဉ်သဖြင့် ကောသမ္ဗီပြည်သို့ ဆိုက်ရောက်ကြကာ စရပ်တစ်ခုဝယ် တည်းခိုနေထိုင်ကြလေသည်။

## သာမာဝတီ၊ ကြုံတွေ့ပြီ၊ ဆိုးသည်လောကဓံ

ဃောသကသူဌေးသည်လည်း မိမိ၏အိမ်တံခါးဝ၌ အထီးကျန်ဆင်းရဲသား၊ ခရီးသွားများနှင့် ဖုန်းတောင်းယာစကာတို့အား အလှူကြီးကိုပေးလှူစေသည်၊ ထိုအခါ ဘဒ္ဒဝတိယသူဌေးသည် "ငါတို့သည် ဤဆင်းရဲသောအသွင်အပြင်ဖြင့် သူငယ်ချင်းဃောသကသူဌေးအား မိမိကိုယ်ကိုပြဖို့ရန် မဝံ့သေး၊ မိမိ၏ခန္ဓာကိုယ် နဂိုပကတိအနေဖြစ်မှ ကောင်းစွာ ဝတ်ရုံကြလျက် ဃောသကသူဌေးကို တွေ့ကြကုန်အံ့"ဟု စဉ်းစားမိလေသည်။ ထိုဘဒ္ဒဝတိယသူဌေးဇနီးမောင်နှံတို့သည် သမီးကို ဃောသကသူဌေး၏အလှူတင်းကုပ် (အလှူမဏ္ဍပ်)သို့ စေလွှတ်လိုက်ကြလေသည်။

သာမာဝတီသည် မိမိတို့အတွက် ထမင်းကို ဆောင်ယူရန်အလို့ငှါ ခွက်ကိုလက်စွဲလျက် အလှူတင်းကုပ်သို့ သွားရောက်ပြီးလျှင် တစ်ခုသော လူအုပ်လွတ်ရာအရပ်၌ ရှက်နိုးသောအမူအရာဖြင့် ရပ်နေလေသည်၊ ထိုသူမကို မြင်ရ၍ အလှူဝေယျာဝစ္စ အလုပ်သမားမှူးသည်"အခြားလူများသည် ဦးတည်ရာရာအရပ်၌ တံငါသည်များ ငါးဝေသည့် ငါးလုသည့်အရပ်၌ကဲ့သို့ ကျယ်စွာသောအသံကို ပြုကြလျက် အစာထမင်းကို တောင်းယူ၍ သွားကြလေသည်၊ ဤသူငယ်မကား အမျိုးကောင်းသမီးတစ်ဦး ဖြစ်ပေလိမ့်မည်၊ ဤသူငယ်မအဖို့ရာ အဆင်းအင်္ဂါလက္ခဏာ၏ပြည့်စုံခြင်းလည်း ရှိပေသည်"ဟု ကြံစည်ပြီးလျှင် သာမာဝတီကို "သမီး...သင်သည် အဘယ့်ကြောင့် အခြားလူများကဲ့သို့ တောင်းယူကာ မသွားပါသနည်း?"ဟု မေးလေသည်၊ သာမာဝတီက "ဖခင်...ဤသို့ ကြိတ်တည်းကျဉ်းမြောင်းလှသော အရပ်အတွင်းသို့ သမီးသည် အဘယ်သို့ ပြု၍ ဝင်နိုင်ပါမည်နည်း?"ဟု ပြောလေသည်၊ အလှူဝေယျာဝစ္စမှူးက"သမီး...သင်တို့မှာ လူ ဘယ်နှစ်ယောက်ရှိကြပါသနည်း?"ဟု မေးလေလျှင် သာမာဝတီက "ဖခင်...သမီးတို့မှာ သုံးယောက်ရှိကြပါသည်"ဟု ဖြေကြားလေသည်၊ ဝေယျာဝစ္စမှူးသည် သုံးယောက်စာ ထမင်းသုံးထုပ်တို့ကို ပေးလိုက်လေသည်။

သာမာဝတီသည် ထိုထမင်းကို မိဘတို့အား ပေးလေသည်၊ ဖခင်သည် ကာလရှည်မြင့်စွာ ဆာလောင်မွတ်သိပ်ခဲ့သူဖြစ်ခြင်းကြောင့် အလွန်အကျွံ စားမိ၍ ကွယ်လွန်သွားလေသည်၊ သာမာဝတီသည် နောက်တစ်နေ့၌ အလှူတင်းကုပ်သို့ သွား၍ ထမင်းနှစ်ထုပ်

တို့ကိုသာ တောင်းယူလေသည်၊ ထိုနေ့၌ မိခင်သည် အစာထမင်းဖြင့် ပင်ပန်းခြင်းကြောင့်လည်းကောင်း, သူဌေး ကွယ်လွန်သဖြင့် စိုးရိမ်ပူဆွေးခြင်းကြောင့်လည်းကောင်း ညဉ့်အဖို့အတွင်း၌ဝယ် ကွယ်လွန်သွားပြန်လေသည်၊ သာမာဝတီ သူဌေးသမီးသည် နောက်တစ်နေ့၌ ထမင်းတစ်ထုပ်ကိုသာ တောင်းယူလေသည်။

ဝေယျာဝစ္စအလုပ်သမားမှူးသည် သာမာဝတီ၏အပြုအမူကို စုံစမ်းလို၍ "သမီး...သင်သည် ပဌမနေ့က ထမင်းသုံးထုပ်တို့ကို ယူအပ်ကုန်ပြီ၊ ဒုတိယနေ့၌ ထမင်းနှစ်ထုပ်,ယနေ့၌ကား ထမင်းတစ်ထုပ်ကိုသာ တောင်းယူ၏၊ အကြောင်းကား အဘယ်သို့နည်း?"ဟု မေးလေသည်၊ သာမာဝတီက ပဌမနေ့၌ ဖခင်ကွယ်လွန်ကြောင်း, ဒုတိယနေ့ မိခင်ကွယ်လွန်ကြောင်း-ထို့ကြောင့် ယနေ့၌ မိမိတစ်ယောက်စာသာ ထမင်းကို တောင်းယူကြောင်းကို ရှင်းလင်းပြောကြားလေလျှင် အလုပ်သမားမှူးသည်"သမီး...သင်တို့သည် အဘယ်မြို့မှာ ၌နေသူများ ဖြစ်ကြပါသနည်း?"ဟု မေးလေသည်၊ သာမာဝတီသည် မိမိတို့မိသားစုသုံးယောက် ဘဒ္ဒိယမြို့မှ ဆာလောင်မွတ်သိပ်ခြင်းဘေးကြောင့် လာရောက်ရကြောင်းကို စုံလင်စွာ ပြောကြားလတ်သော် အလုပ်သမားမှူးသည် "သမီး...ဤသို့ဖြစ်လျှင် သင်သည် ငါတို့သူဌေး၏သမီးမည်သူပင် ဖြစ်ပေသည်၊ ငါ့မှာလည်း အခြားသမီး မရှိချေ၊ သင်သည် ယနေ့မှစ၍ ငါ၏သမီးဖြစ်လေပြီသမီး.."ဟု ပြောဆိုလျက် သမီးပြု၍ မွေးယူလေသည်။

သာမာဝတီသည် အလှူတင်းကုပ်၌ ထ၍ထ၍ ကျယ်လောင်သောအသံကို ကြားရ၍ "ဖခင်...အဘယ့်ကြောင့် ဤကျယ်လောင်သောအသံ ဖြစ်ရသနည်း?"ဟု မေးလေသည်၊ အလုပ်သမားမှူးက "သမီး...လူအများ၏အတွင်း၌ အသံနည်းအောင် ပြုလုပ်ရန် မတတ်နိုင်"ဟု ပြောလေလျှင် သာမာဝတီက "ဖခင်...ဤကိစ္စ၌ အသံနည်းအောင် ပြုနိုင်သည့်နည်းလမ်းကို သမီး သိပါသည်"ဟု ဆိုလေရာ အလုပ်သမားမှူးက "အဘယ်သို့ ပြုလုပ်ရန် သင့်သနည်း? သမီး..."ဟု မေးလေသည်၊ သာမာဝတီက "ဖခင်...ပတ်ဝန်းကျင်မှ စောင်းရန်းကာ၍ ထွက်ပေါက်, ဝင်ပေါက်သာ ထားလျက် စောင်းရန်းအတွင်း၌ အိုးခွက်များကို ထားစေကာ အလှူခံများ ဝင်ပေါက်တံခါးမှ ဝင်၍ အစာထမင်းကို ခံယူပြီးနောက် ထွက်ပေါက်တံခါးမှ ထွက်နိုင်ကြအောင် ဖခင်တို့ စီမံပြုလုပ်ကြလော့"ဟု ပြောကြားလေသည်။ အလုပ်သမားမှူးက "ကောင်းပြီ သမီး..."ဟု ဝန်ခံပြီးလျှင် နောက်နေ့မှစ၍ သာမာဝတီနည်းပေးသည့်အတိုင်း ပြုလုပ်စေလေသည်၊ ထိုအခါမှစ၍ အလှူတင်းကုပ်သည် ပဒုမာကြာအိုင်ကဲ့သို့ အလွန်တိတ်ဆိတ်လျက် ရှိလေသည်။

## ဃောသကမည်သီး၊ သူဌေးကြီး၊ သမီးဖြစ်လာ မယ်သာမာ

ထို့နောက် ဃောသကသူဌေးသည် ရှေးအခါ၌ အလှူတင်းကုပ်ဝယ် မြင့်သောအသံ, ကျယ်သောအသံများကို ကြားရလျက် ထိုအခါ၌ ထိုအသံများကို မကြားရသည်ဖြစ်၍ အလှူဒါနအလုပ်သမားမှူးကို ခေါ်စေကာ "အမောင်...ယနေ့ အလှူဒါနကို မပေးစေဘူးလော?"ဟု မေးလေသည်၊ အလုပ်သမားမှူးက "ပေးလှူအပ်ပါသည် အရှင်သူဌေးမင်း..."ဟု ဖြေလေသည်၊ သူဌေးက "ထိုသို့ပေးအပ်ပါလျက် အဘယ့်ကြောင့် ရှေးအခါ၌ကဲ့သို့ အလှူတင်းကုပ်ဝယ် ကျယ်သောအသံများကို မကြားရသနည်း?"ဟု မေးလျှင် အလုပ်သမားမှူးက "မှန်ပါသည် အရှင်သူဌေးမင်း...၊ ကျွန်ုပ်မှာ သမီးတစ်ယောက်ရှိပါသည်၊ ကျွန်ုပ်သည် ထိုသမီးပြောဆိုညွှန်ပြသည့်နည်းလမ်း၌ တည်၍ အလှူတင်းကုပ်ကို အသံတိတ်အောင် ပြုနိုင်ခဲ့ပါသည်"ဟု ပြောဆိုလေသည်၊ သူဌေးက "သင့်မှာ သမီးမည်သည် မရှိ၊ သင်သည် သမီးကို အဘယ့်မှ ရအပ်သနည်း?"ဟု မေးလေသော် အလုပ်သမားမှူးသည် မလိမ်လည်နိုင်ရကား ဃောသကသူဌေးအား သမီး၏လာရောက်ပုံ အကြောင်းအရာအလုံးစုံကို ပြောဆိုလေသည်။

ထိုအခါ ဃောသကသူဌေးသည် အလုပ်သမားမှူးကို "အမောင်...သင်သည် အဘယ့်ကြောင့် ဤသို့သော ဝန်လေးသည့်အမှုကို ပြုရသနည်း?၊ သင်သည် ဤမျှကာလကြာအောင် ငါ၏သမီး မိမိထံ၌ နေသည်ကို မပြောကြားခဲ့ချေ၊ ယခုအမြန် ထိုသမီးကို ငါ့အိမ်သို့ ပို့စေလော့"ဟု ပြောဆိုလေသည်၊ အလုပ်သမားမှူးသည် သူဌေး၏စကားကို ကြားရ၍ အလိုမတူပဲ သာမာဝတီကို သူဌေးအိမ်သို့ ပို့ရလေသည်၊ ထိုအခါမှစ၍ ဃောသကသူဌေးသည် သာမာဝတီကို သမီးရင်းအရာ၌ထား၍ "သမီးအား ချီးမြှောက်သမှု ငါပြုအံ့" ဟု မိမိ၏အမျိုးဇာတ်တူသော အိမ်တို့မှ သမီးနှင့် အရွယ်တူသည့် သတို့သမီးငါးရာတို့ကို သာမာဝတီ၏အခြံအရံအဖော်များ ပြု၍ ထားလေသည်။

## သာမာဝတီ၊ မြတ်ဒေဝီ၊ ဖြစ်ပြီ မိဖုရား

တနေ့သ၌ဝယ် ဥဒေနမင်းသည် မြို့တွင်း၌ လှည့်လည်လတ်သော် သတို့သမီးရံရွေဖော်ငါးရာတို့ ခြံရံလျက် ကစားနေသော သာမာဝတီသူဌေးသမီးကို မြင်ရ၍ "ဤသူငယ်မကား အဘယ်သူ၏သမီး သူငယ်မ ဖြစ်သနည်း?"ဟု မေးလျှင် "ဃောသကသူဌေး၏သမီးတည်း"ဟု ကြားသိရ၍ "အရှင်သခင် လင်ရှိ, မရှိ"ကို မေးမြန်းလေသည်၊ ထိုအခါ အရှင်သခင် လင်မရှိကြောင်း လျှောက်တင်စကား ပြောကြားအပ်လေသော် "သွားကြကုန်လော့...ဃောသကသူဌေးအား 'အသင်သူဌေး၏သမီးကို ဘုရင်မင်းမြတ်က အလိုတော်ရှိ

၏'ဟု ပြောကြားကြကုန်လော့"ဟု မင်းချင်းတို့ကို ယောသကသူဌေးထံသို့ စေလွှတ်လိုက်လေသည်။ ထိုသတင်းစကားကို ကြားရလျှင် သူဌေးသည် "ငါတို့မှာ ဤသမီးမှတပါးအခြားသမီး မရှိပါချေ၊ တစ်ယောက်တည်းသော သမီးငယ်ကို ရန်သူမများ နေရာဖြစ်သည့် ရွှေနန်းအိမ်၌ မပေးနိုင်ကြကုန်"ဟု ပြောကြားလေသည်၊ ဥဒေနမင်းသည် ထိုစကားကို ကြားရလျှင် သူဌေးကိုလည်းကောင်း, သူဌေးကတော်ကိုလည်းကောင်း အိမ်ပြင်သို့ ထုတ်၍ တစ်အိမ်လုံးကို မင်းတံဆိပ် ခတ်နှိပ်စေလေသည်(ချိပ်ပိတ်စေလေသည်)။

သာမာဝတီသည် ပြင်ပ၌ ကစားပြီး၍ အိမ်သို့ပြန်လာလာရာ မိဘနှစ်ပါး အိမ့်ပြင်၌ ထိုင်နေကြသည်ကို တွေမြင်ရလျှင် "မိခင်ဖခင်တို့...အဘယ့်ကြောင့် ဤအိမ်အပြင်ဘက်၌ ထိုင်နေကြပါသနည်း?"ဟု မေးမြန်းလေသည်၊ ထိုအခါ ယောသကသူဌေးဇနီးမောင်နံတို့က ထိုအကြောင်းကို ပြန်လည်ပြောဆိုကြလေသည်၊ သာမာဝတီက "မိခင်ဖခင်တို့...ကျေးဇူးရှင်တို့သည် 'ငါ့သမီးသည် ရန်သူပိုင်းဝိုင်းလည်သည့် ရွှေနန်းအိမ်၌ နေရလျှင် တစ်ယောက်တည်းတော့ မနေနိုင်၊ အကယ်၍ ငါ့သမီး၏ရံရွေဖော် သတို့သမီးငါးရာတို့ကိုပါ နေစေတော်မူကြမည် ဆိုပါလျှင် ငါ့တို့သမီးသည် နေပါလိမ့်မည်'ဟု ဤသို့သောစကားတို့ကို အဘယ့်ကြောင့် မပြန်ကြားလိုက်ကြပါသနည်း?၊ မိခင်ဖခင်တို့...ယခုအခါ ဤကဲ့သို့ ဘုရင်မင်းမြတ်ထံသို့ ပြန်ကြားစေကြကုန်လော့"ဟု ပြောဆိုလေသည်။ သူဌေးဇနီးမောင်နံတို့က "ကောင်းပါပြီ သမီး...၊ငါတို့က သမီး၏စိတ်ကို မသိကြပါကုန်"ဟု ပြောကြ၍ ဥဒေနမင်းအား သာမာဝတီပြောသည့်အတိုင်း ပြန်ကြားပြောဆိုကြလေသည်။

ဥဒေနမင်းသည် အတိုင်းထက်အလွန် ကျေနပ်တော်မူ၍ "တစ်ထောင်ပင် ဖြစ်ပစေ၊ အားလုံးတို့ကို သိမ်းယူခေါ်ဆောင်ကြရမည်"ဟု မိန့်ကြားလေသည်။ ထို့နောက် နက္ခတ်ကောင်း, အခါကောင်းဖြင့် သာမာဝတီသူဌေးသမီးကို အခြံအရံသတို့သမီးငါးရာတို့နှင့် အတူတကွ ရွှေနန်းတော်သို့ ခေါ်ဆောင်ကြလေသည်၊ ဥဒေနမင်းသည် ထိုရံရွေဖော် သတို့သမီးငါးရာတို့ကို သာမာဝတီ၏အခြွေအရံများ ပြုလုပ်ခန့်ထားလျက် သာမာဝတီကို မိဖုရားအဖြစ် အဘိသိက်သွန်းလောင်းပြီးလျှင် ပြာသာဒ်တစ်ဆောင်၌ နေစေလေသည်။

ထိုအခါ၌ ကောသမ္ဗီဝယ် ယောသကသူဌေး, ကုက္ကုဋသူဌေး, ပါဝါရိကသူဌေးဟူသော သူငယ်ချင်းသူဌေးသုံးယောက်တို့ ရှိကြလေသည်၊ ထိုသူဌေးသုံးယောက်တို့သည် ရသေ့ငါးရာတို့ကို စောင့်ရှောက်လုပ်ကျွေးကြလေသည်၊ ရသေ့တို့သည်လည်း (တနှစ်တွင်) လေးလတာ ကာလပတ်လုံး သူဌေးတို့၏အထံ၌ နေကြ၍ ရှစ်လတာကာလကား ဟိမဝန္တာ၌ နေကြလေသည်၊ တနေ့သဝယ် ထိုရသေ့တို့သည် ဟိမဝန္တာမှ လာကြရာ ခရီးခဲကြီး၌ ရေငတ်ကြရကား တစ်စုံတစ်ခု ချီးမြှောက်မှုကို ငံ့လင့်လျက် နေကြလေသည်၊ ထိုအခါ နတ်သားတစ်ယောက်သည် တန်ဆာအပြည့်အစုံဆင်မြန်းထားသောလက်ကို ဆန့်တန်း၍ ထိုရသေ့တို့အား သောက်ရေ, အဖျော်ယမကာစသည်တို့ကို ပေး၍ ပင်ပန်းနွမ်းနယ်မှုကို ပယ်ဖျောက်စေသည်၊ ထိုရသေ့တို့သည် နတ်၏တန်ခိုးအာနုဘော်ဖြင့် အံ့အားသင့်ကုန်သည် ဖြစ်၍ "အိုနတ်မင်း...သင်သည် အဘယ့်ကောင်းမှုကို ပြုခဲ့၍ ဤစည်းစိမ်ကို ရအပ်ပါသနည်း?"ဟု မေးကြလေသည်၊ နတ်က "လောက၌ ဗုဒ္ဓဘုရားရှင်သည် ပွင့်ထွန်းတော်မူလေပြီ၊ ထိုဘုရားရှင်သည် ယခုအခါ သာဝတ္ထိ၌ နေထိုင်တော်မူပါသည်၊ အနာထပိဏ်သူဌေးသည် ဘုရားရှင်ကို ဆည်းကပ်လုပ်ကျွေးနေပါသည်၊ ထိုသူဌေးသည် ဥပုသ်နေ့တို့၌ မိမိ၏သူရင်းငှားတို့အား ပကတိသောထမင်းရိက္ခာကိုသာလျှင် ပေး၍ ဥပုသ်သီတင်းကို စောင့်သုံးစေပါသည်၊ ထိုစဉ်အခါ ငါသည် တနေ့သဝယ် မွန်းတည့်အခါ၌ နံနက်စာအလို့ငှာ ပြန်လာလတ်သော် အလုပ်လုပ်နေသော သူရင်းငှား တစ်ဦးတစ်ယောက်ကိုမျှ မတွေ့မမြင်ရ၍ 'ယနေ့ လူတို့သည် အဘယ့်ကြောင့် အလုပ်မလုပ်ကြပါသနည်း?'ဟု မေးလေလျှင် ကျွန်ုပ်အား ထိုအကြောင်းကို ပြောပြကြလေသည်၊ ထိုအခါ ကျွန်ုပ်က 'ယခုအခါ နေ့ဝက်ကျန်ပါသေး၍ နေ့ဝက်ဥပုသ်ကို စောင့်သုံးရန် ရနိုင်ပါသလော?'ဟု မေးမြန်းလေသည်၊ ထို့နောက် သူဌေးအား ပြောကြားသိစေလျှင် သူဌေးက 'နေ့ဝက်ဥပုသ်ကို စောင့်သုံးနိုင်သည်'ဟု ပြောဆိုလေသည်၊ ကျွန်ုပ်သည် နေ့ဝက်ဥပုသ်ကိုစောင့်သုံးခဲ့သောကြောင့် ထိုနေ့မှာပင် ကွယ်လွန်ခဲ့ပြီး ဤစည်းစိမ်ကို ရရှိခဲ့ပါသည်"ဟု ပြောကြားလေ၏။

ထိုအခါ ရသေ့တို့သည် "ဘုရား ပွင့်တော်မူပြီတဲ့"ဟု ကြားသိရလျှင် ကောင်းစွာဖြစ်သောနှစ်သက်ဝမ်းမြောက်ခြင်းရှိကြရကား ထိုအရပ်မှ သာဝတ္ထိသို့ သွားလိုကုန်သော်လည်း "ငါတို့၏အလုပ်အကျွေးသူဌေးများသည် ကျေးဇူးများလှကြပေသည်၊ ထိုသူဌေးတို့အားလည်း ဤအကြောင်းကို ပြောကြားကြကုန်စို့"ဟု ကြံစည်စဉ်းစားကြကာ ကောသမ္ဗီပြည်သို့ သွားကြ၍ သူဌေးတို့ ပြုအပ်သော ပူဇော်မြတ်နိုးမှုရှိကြလျက် "ထိုနေ့၌ပင် ငါတို့ သွားကြတော့မည်"ဟု ပြောဆိုကြလေသည်။ သူဌေးတို့က "အရှင်ဘုရားတို့...အလျှင်လိုလှချည်လား?၊ အရှင်ဘုရားတို့သည် ယခင်က လေး, ငါးလတိုင်တိုင် သီတင်းသုံးနေထိုင်တော်မူပြီမှ ကြွတော်မူကြသည်မဟုတ်ပါလော?"ဟု ပြောဆိုလျှောက်ထားကြလေလျှင် ရသေ့တို့က ထိုလျင်စွာသွားလိုလတ် ကြောင်းဖြစ်ရပ်ကို ပြောကြားကြလေသည်၊ သူဌေးတို့က "ထိုသို့ဆိုလျှင် တပည့်တော်တို့သည် အရှင်ဘုရားတို့နှင့် အတူတကွပင် လိုက်ကြပါမည်ဘုရား"ဟု ပြောဆိုလျှောက်ထားကြလေသော် ရသေ့တို့က "ငါတို့ သွားနှင့်ကြမည်၊ သင်တို့သည်ဖြေးဖြေး လာကြကုန်လော့"ဟု ပြောဆိုကြကာ သာဝတ္ထိပြည်သို့ သွားရောက်ကြလျက် ဘုရားရှင်၏အထံတော်ဝယ် ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေသည်။

ထိုသူဌေးသုံးဦးတို့သည်လည်း နောက်မှ လှည်းငါးရာစီငါးရာစီ ခြံရံလိုက်ပါကြလျက် သာဝတ္ထိပြည်သို့ သွားရောက်ကြ၍ ဇေတဝန်ကျောင်းတော်မှ မနီးမဝေးအရပ်၌ သစ်ခက်စခန်းပြုလုပ်ပြီးလျှင် ဘုရားရှင်အထံတော်သို့ သွားရောက်ကြကာ တည်ခြင်းငါးပါးဖြင့် ရှိခိုး၍ အပြစ်ကင်းရာအရပ်၌ ထိုင်နေကြလေသည်။ ဘုရားရှင်သည် ထိုသူဌေးတို့အား သူတို့၏စရိုက်နှင့်လျော်သော တရားကို ဟောကြားတော်မူလေသည်၊ ဒေသနာတော်နိဂုံး ပြီးဆုံးသောအခါ သူဌေးသုံးဦးတို့သည်လည်း သောတာပတ္တိဖိုလ်၌ တည်ကြပြီးနောက် နက်ဖြန်အတွက် ပင့်ဖိတ်ကြ၍နောက်နေ့ဝယ် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အား လခွဲ(၁၅ ရက်)တိုင်တိုင် အလှူကြီးပေးလှူကြပြီးလျှင် ဘုရားရှင်ကို မိမိတို့၏ကောသမ္ဗီမြို့သို့ ကြွရောက်တော်မူပါရန် လျှောက်ထားတောင်းပန်ကြလေသည်၊ ဘုရားရှင်က "ဘုရားရှင်တို့မည်သည် ဆိတ်ငြိမ်ရာအရပ်၌ မွေ့လျော်ကြကုန်၏"ဟု မိန့်တော်မူလေသော် သူဌေးတို့က "တပည့်တော်တို့ နားလည်ကြပါပြီရှင်တော်ဘုရား.."ဟု လျှောက်ထားပြီးလျှင် "ရှင်တော်ဘုရားတို့သည် တပည့်တော်တို့ ပို့လွှတ်အပ်သောသတင်းစကားဖြင့် ကြွလာတော်မူကြပါဘုရား"ဟု ထပ်မံလျှောက်ထားကာ ဘုရားရှင်ကို ရှိခိုးလျက် သုံးကြိမ်တိုင်တိုင် လက်ျာရစ်လှည့်ပတ်၍ မိမိတို့မြို့သို့ ပြန်သွားကြလေသည်၊ ထိုသူဌေးသုံးဦးတို့သည်လည်း မိမိ မိမိတို့ပိုင် ဥယျာဉ်အသီးအသီးဝယ် ကျောင်းအသီးအသီး ဆောက်လုပ်စေကြလေသည်၊ ဃောသကသူဌေးဆောက်လုပ်အပ်သောကျောင်းသည် "ဃောသိတာရာမ(ဃောသိတာရုံ)"ဟု မည်တွင်လေသည်၊ ကုက္ကုဋသူဌေးဆောက်လုပ်အပ်သောကျောင်းသည် "ကုက္ကုဋာရာမ(ကုက္ကုဋာရုံ)"ဟု မည်တွင်လေသည်၊ ပါဝါရိကသူဌေးဆောက်လုပ်အပ်သောကျောင်းသည် "ပါဝါရိကမ္ဗဝန(ပါဝါရိကသရက်ဥယျာဉ်ကျောင်း)"ဟု မည်တွင်လေသည်။

ထိုသူဌေးတို့သည် ကျောင်းများကို ဆောက်လုပ်ပြီးစီးနောက် "ဘုရားရှင်သည် တပည့်တော်တို့အား ချီးမြှောက်တော်မူပါရန် ဤကောသမ္ဗီမြို့သို့ ကြွလာတော်မူပါဘုရား"ဟု ဘုရားရှင့်ထံတော်သို့ တမန်ပို့လွှတ်ကာ ပင့်လျှောက်ကြလေသည်၊ ဘုရားရှင်က "ငါသည် ကောသမ္ဗီပြည်သို့ ကြွတော်မူမည်"ဟု များစွာသောရဟန်းအပေါင်းခြံရံလျက် ဒေသစာရီ ထွက်ကြွတော်မူလေသော် ခရီးအကြားဝယ် မာဂဏ္ဍီယပုဏ္ဏားအ၏အရဟတ္တဖိုလ်ကို ရရာရကြောင်း ဥပနိဿယကောင်းကို သိမြင်တော်မူရကား ခရီးဒေသစာရီသွားခြင်းကို ပိုင်းဖြတ်၍ ကုရုတိုင်း ကမ္မာသဒမ္မမည်သော နိဂုံးရွာကြီးသို့ ကြွရောက်တော်မူလေသည်။

ထိုအခါ မာဂဏ္ဍီပုဏ္ဏားသည် တစ်ညဉ့်လုံး ရွာပြင်ပ၌ မီးပူဇော်မှု ပြုပြီးလျှင် နံနက်စောစောပင် ရွာတွင်းသို့ ဝင်လာလေသည်၊ ဘုရားရှင်သည်လည်း နောက်နေ့၌ ရွာတွင်းသို့ ဆွမ်းခံဝင်တော်မူလတ်သော် ခရီးရင်ဆိုင်၌ မာဂဏ္ဍီပုဏ္ဏားအား ကိုယ်တော်ကို မြင်စေလေသည်၊ ထိုပုဏ္ဏားသည် ဘုရားရှင်ကို မြင်လျှင် "ငါသည် ဤမျှသောကာလပတ်လုံး ငါ့သမီး၏ရုပ်ရည်အဆင်းပြည့်စုံခြင်းနှင့် တူသော သတို့သားကို ရှာဖွေလျက် လှည့်လည်ခဲ့လေသည်၊ ရုပ်ရည်အဆင်း ပြည့်စုံခြင်းတူညီသော်လည်း ရဟန်းအသွင်ကို ယူသောသူကိုသာ ငါတောင့်တခဲ့၏၊ ဤရဟန်းကား အဆင်းလည်းလှ, ရှုချင်ဖွယ်လည်းရှိ၏၊ ငါ့သမီးနှင့် သင့်လျော်လျောက်ပတ်သူ ဖြစ်လေသည်" ဟု ကြံစည်ကာ အိမ်သို့ အလျင်အမြန် ပြန်ခဲ့လေသည်။

[ထိုပုဏ္ဏား၏အဆက်အနွယ်မှာ ရှေးက ရဟန်းအဆက်အနွယ် ပါခဲ့လေသည်၊ ထို့ကြောင့် ရဟန်းကိုမြင်လျှင်ပင် ထိုပုဏ္ဏား၏စိတ်သည် သမီးကို ပေးရန် ညွတ်ခဲ့လေသည်။

တဿ ကိရ ဗြာဟ္မဏဿ ပုဗ္ဗေ ကောေ ပဗ္ဗဇိတဝံသော အတ္ထိ၊ တေနဿ ပဗ္ဗဇိတမေဝ ဒိသွာ စိတ္တံ နမတိ။ (၃၃၄။)]

မာဂဏ္ဍီပုဏ္ဏားသည် ပုဏ္ဏေးမကို "ရှင်မ...ငါသည် ဤကဲ့သို့သောရဟန်းမျိုးကို ရှေးက မမြင်အပ်စဘူး၊ ရွှေရောင်အဆင်းရှိ၏၊ ဗြဟ္မာမင်းကဲ့သို့သော အဆင်းရှိ၏၊ ငါ့သမီးနှင့်သာ သင့်လျော်လျောက်ပတ်သူဖြစ်၏၊ ငါ့သမီးကို လျင်မြန်စွာ တန်ဆာဆင်ပါလော့"ဟု ပြောဆိုလေသည်၊ ပုဏ္ဏေးမသည် သမီးကို တန်ဆာဆင်နေစဉ်အတွင်းမှာပင် ဘုရားရှင်သည် ကိုယ်တော်မြတ် ရပ်ရာဌာနဝယ် ခြေတော်ရာ(ပါဒစေတီ)တို့ကို ချထား၍ မြို့တွင်းသို့ ကြွဝင်တော်မူလေသည်။

မှတ်ချက်။ ။[ဘုရားရှင်တို့၏ခြေတော်ရာသည် အဓိဋ္ဌာန်၍ နင်းတော်မူရာ အရပ်၌သာလျှင် ထင်၏၊ အခြားအရပ်၌ မထင်။

အကြင်သူများအတွက် အဓိဋ္ဌာန်အပ်၏၊ ထိုသူများသာ ခြေတော်ရာကို မြင်ကြရ၏၊ ထိုသူများ မမြင်ရန် ဆင်စသောသတ္တဝါတို့က မူလည်း နင်းကြစေကာမူ, မိုးကြီးမူလည်း သည်းထန်စွာ ရွာသွန်းစေကာမူ, လေမုန်တိုင်း(ဝေရမ္ဘလေကြီး)များကမူလည်း တိုက်ခတ်ကုန်စေကာမူ ထိုခြေတော်ရာကို မည်သူတစ်ဦးတစ်ယောက်ကမှ ဖျက်ရန် မစွမ်းနိုင်ချေ။

ဗုဒ္ဓါနဉှိ ပဒစေတိယံ အဓိဋ္ဌဟိတ္စာ အက္ကန္တဌာနေယေဝ ပညာယတိ၊ န အညတ္ထ။ ယေသဉ္စတ္ထာယ အဓိဋ္ဌိတံ ဟောတိ၊ တေယေဝ နံ ပဿန္တိ။ တေသံ ပန အဒဿနကရဏတ္ထံ ဟတ္ထိအာဒယော ဝါ အက္ကမန္တု၊ မဟာမေဃော ဝါ ပဝဿတု၊ ဝေရမ္ဘဝါတာဝါ ပဟရန္တု၊ န တံ ကောစိ မက္ခေတုံ သက္ကောတိ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၂၉။)]

ထိုအခါ မာဂဏ္ဍီပုဏ္ဏားသည် ပုဏ္ဏေးမနှင့်တကွ သမီးကို ခေါ်ဆောင်ကာ ထိုအရပ်သို့ လာသည်ရှိသော် ဘုရားရှင် ရွာတွင်းသို့ ဝင်ပြီးမှနောက် ထိုနေရာသို့ ရောက်သောကြောင့် ထိုမှဤမှ ကြည့်ရှု၍ ဘုရားရှင်ကို မမြင်ရလျှင် ပုဏ္ဏေးမကို "သင်ပြုသမျှသည် ကောင်းသည်မည်သည် မရှိချေ၊ သင်အကျယ်ချဲ့၍ ထိုရဟန်းသည် ထွက်ခွါသွားလေပြီ"ဟု ရေရွတ်ပြောဆိုလေသည်၊ ပုဏ္ဏေးမက "အို

ပုဏ္ဏား…ထွက်ကြွသွားသည် ဖြစ်ပါစေ၊ အဘယ်အရပ်မျက်နှာအဖို့ဖြင့် ကြွသွားပါသနည်း?"ဟု မေးလေရာ ပုဏ္ဏားက "ဤအရပ်မျက်နှာအဖို့ဖြင့် ကြွသွား၏"ဟု ပြောဆိုလျက် ဘုရားရှင် ကြွသွားတော်မူရာအရပ်ကို ကြည့်ရှုစဉ်ပင် ခြေတော်ရာတို့ကို မြင်၍ "ရှင်မ…ဤခြေရာတို့ကား ထိုယောကျ်ား၏ခြေရာတို့တည်း၊ ဤအရပ်မှ ကြွသွားသည် ဖြစ်ပါလိမ့်မည်"ဟု ပြောဆိုလေသည်။

ထိုအခါ ပုဏ္ဏေးမသည် ဘုရားရှင်၏ခြေတော်ရာ (ပါဒစေတီ)ကို တွေ့မြင်ရ၍ "ဤပုဏ္ဏားကား မိုက်လှဘိတကား၊ မိမိ၏ဝေဒကျမ်း၏အနက်မျှကိုပင် မသိချေတကား"ဟု ကြံစည်စဉ်းစားလျက် ပုဏ္ဏားနှင့် ပြက်ရယ်မှု ပြုလိုရကား "အိုပုဏ္ဏား…သင်သည် အလွန်ပင် မိုက်မဲလှဘိ၏၊ ဤသို့သဘောရှိသော ယောကျ်ားမြတ်အား သမီးကို ပေးအံ့"ဟု ပြောဆိုလေဘိ၏၊ ရာဂဖြင့်တပ်စွန်းသော, ဒေါသဖြင့် ဖျက်ဆီးအပ်သော, မောဟဖြင့်တွေဝေသော ယောကျ်ား၏ခြေရာမည်သည် ဤကဲ့သို့ မဟုတ်ချေ၊ အဟုတ်သော်ကား လောက၌ (ကိလေသာတည်းဟူသော)အမိုးကိုဖျက်ဆီးဖွင့်လှစ်ပြီးသော သဗ္ဗညုဘုရားရှင်၏ ဤခြေတော်ရာကို ကြည့်ရှုလော့ ပုဏ္ဏား….

ရာဂများသူ၏ခြေရာသည် အလယ်ခွက်၍ အလယ်က မထိသကဲ့သို့ ဖြစ်၏။

ဒေါသများ၏ခြေရာသည် ဒရွတ်ကြောင်းထင် နောက်သို့ ငင်သကဲ့သို့ ဖြစ်၏။

မောဟများသူ၏ခြေရာသည် လျင်စွာ ဖနောင့်တို့ဖြင့် ဖိနင်း၍ ဖနောင့်တွင်းနက်သကဲ့သို့ ဖြစ်၏။

ဤတွေ့မြင်ရသော ခြေရာကား ကိလေသာအမိုး ဖျက်ချိုးဖွင့်လှစ်ပြီးသူ၏ခြေရာဖြစ်၏။ (ခြေရာကိုကြည့် စိတ်ကိုသိ)

ရတ္တဿ ဟိ ဥက္ကုဋိကံ ပဒံ ဘဝေ၊ ဒုဋ္ဌဿ ဟောတိ အဝကဍ္ဎိတံ ပဒံ။

မူဠ္ဟဿ ဟောတိ သဟသာနုပီဠိတံ၊ ဝိဝဋ္ဋစ္ဆဒဿ ဣဒမီဒိသံ ပဒံ။

(အံ၊ ၄၊ ၁၊ ၃၃၅။)

[ဓမ္မပဒအဋ္ဌကထာ (ဓမ္မပဒ၊ ၄၊ ၁၊ ၁၂၉)၌ကား….

ရတ္တဿ ဟိ ဥက္ကုဋိကံ ပဒံ ဘဝေ၊ ဒုဋ္ဌဿ ဟောတိ သဟသာနုပီဠိတံ။

မူဠ္ဟဿ ဟောတိ အဝကဍ္ဎိတံ ပဒံ၊ ဝိဝဋ္ဋစ္ဆဒဿ ဣဒမီဒိသံ ပဒံ။

ဗြာဟ္မဏ အရှင်ပုဏ္ဏား၊ ရတ္တဿ-ရာဂဖြင့် တပ်စွန်းခြင်းအလေ့ရှိသူ၏၊ ပဒံ ခြေရာသည်၊ ဥက္ကုဋိကံ အလယ်ခွက်ငြား ဆောင့်ကြွားကြွားရှိသည်၊ ဘဝေ-ဖြစ်၏။ ဒုဋ္ဌဿ-အမျက်ထွက်သဖြင့် ပြစ်မှားလေ့ရှိသူ၏၊ ပဒံ ခြေရာသည်၊ သဟသာနုပီဠိတံ လျင်စွာ နင်း၍ ဖနောင့်တွင်းနက်သည်၊ ဟောတိ-ဖြစ်၏။ မူဠ္ဟဿ သိဉာဏ်မဲ့ဘိ မိုက်မဲတွေဝေလေ့ရှိသူ၏၊ ပဒံ ခြေရာသည်၊ အဝကဍ္ဎိတံ ဒရွတ်ကြောင်းထင် နောက်သို့ငင်အပ်သည်၊ ဟောတိ ဖြစ်၏။ ဤဒိသံ ဤသို့ ရွှေခြေနင်းရာ ပမာတူလှ ညီစွာကွလျက် တစ်ရာ့ရှစ်ကွက် စက်တော်စုံလင် ကောင်းစွာထင်သော၊ ဣဒံ ဤခြေရာသည်ကား၊ ဝိဝဋ္ဋစ္ဆဒဿ တဏှာအမိုး ဖွင့်ချိုးထွင်းဖောက် ဘုံသုံးထောက်မှ ထွက်မြောက်လွတ်ကူး ပုဂ္ဂိုလ်ထူး၏၊ ပဒံ တွေ့ကြုံခဲအပ် ခြေရာမြတ်ပေတည်း။]

မှတ်ချက်။ ။ [ဒေါသကြီးသူ၏ခြေရာပုံစံနှင့် မောဟကြီးသူ၏ခြေရာပုံစံတို့နှင့်ပတ်သက်၍ အင်္ဂုတ္တိုရ်အဋ္ဌကထာလာစကားနှင့် ဓမ္မပဒအဋ္ဌကထာလာစကားတို့သည် ပြောင်းပြန်ဖြစ်ကြသည်။]

ဟု ပြောဆိုလေသည်၊ ပုဏ္ဏားသည် ပုဏ္ဏေးမ ဤမျှ ပြောဆိုပါလျက်လည်း မနာယူပဲ "သင်သည် ရန့်ရင်းလှ၏၊ နှုတ်ကြမ်းလှ၏"ဟု ပြောဆိုလေသည်၊ ထိုဇနီးမောင်နှံတို့ အချင်းချင်း ငြင်းခုံပြောဆိုနေကြစဉ်ပင် ဘုရားရှင်သည် ဆွမ်းခံလှည့်လည်တော်မူပြီးနောက် ရဟန်းအပေါင်းနှင့်တကွ ဆွမ်းစားခြင်းကိစ္စ ပြီးလတ်သော် ပုဏ္ဏား၏မြင်နိုင်လောက်ရာ ဥပစာအရပ်ဖြင့်ပင် ထွက်ကြွတော်မူလေသည်။

ပုဏ္ဏားသည် ဘုရားရှင် ကြွလာတော်မူသည်ကို အဝေးမှပင် မြင်ရ၍ ပုဏ္ဏေးမကို မောင်းမဲလျက်"ငါပြောသည် ထိုယောကျ်ားကား ဤရဟန်းပင်တည်း"ဟု အားရဝမ်းသာ ဘုရားရှင်၏ရှေ့တော်မှ ရပ်လျက် "အိုရဟန်း…ငါသည် သင့်ကို စောစောကပင် သင့်ကို ရှာဖွေလှည့်လည်နေပါသည်၊ ဤဇမ္ဗူဒိပ်ကျွန်းဝယ် ငါ့သမီးနှင့် ရုပ်ရည်အဆင်းတူညီသော မိန်းမမည်သည် မရှိပါ၊ သင်နှင့် ရုပ်ရည်အဆင်းတူညီသော ယောကျ်ားမည်သည်လည်း မရှိပါ၊ ငါ့သမီးကို သင့်အား လုပ်ကျွေးပြုစုရန် ပေးလိုပါ၏၊ ထိုငါ့သမီးကို ယူပါလော့" ဟု ပြောဆိုလေသည်။

ထိုအခါ ဘုရားရှင်က ပုဏ္ဏားကို "အိုပုဏ္ဏား…ငါသည် ငါ့ကိုဖြားယောင်းရန် လာရောက်ကြ၍ အနီး၌ရပ်တည်ကြလျက် အထူးထူး အပြားပြား ချစ်ဖွယ်ကျေးဇူးစကား ပြောကြားကြသည့် ကာမအလိုသို့လိုက်ပါစေနိုင်သော မြတ်သောအဆင်းကိုဆောင်ကြသည့် မာရ်နတ်မင်း၏သမီးတို့ကိုသော်မှလည်း အလိုမရှိခဲ့ချေ၊ ဤသင့်သမီးကိုကား အဘယ်မှာလျှင် ငါယူလိုအံ့နည်း?"ဟု မိန့်တော်မူကာ…

ဒိသွာန တဏှံ အရတိံ ရဂဉ္စ၊ နာဟောသိ ဆန္ဒော အပိ မေထုနသ္မိံ။

ကိမေဝိဒံ မုတ္တကရီသပုဏ္ဏံ၊ ပါဒါပိ နံ သမ္ဖုသိတုံ န ဣစ္ဆေ။

(အံ၊ ၄၊ ၁၊ ၃၃၅။)

[ဓမ္မပဒအဋ္ဌကထာ (၁၊ ၁၃၀)၌ "...အရတိဥ္စ ရာဂံ (သျှ)"ဟု ယိုးဒယားမူကွဲပြ၏။]

တဏှဥ္စ တဏှာမည်သော မာရ်နတ်မင်းသမီးကိုလည်းကောင်း၊ အရတိဥ္စ အရတိမည်သော မာရ်နတ်မင်းသမီးကို လည်းကောင်း၊ ရဂဥ္စ ရဂါမည်သော မာရ်နတ်မင်းသမီးကိုလည်းကောင်း၊ ဒိသွာန အဇပါလမည်လျှင်း ပညောင်ရင်းဝယ် ရုပ် ဆင်းတန်တန် ပြုလုပ်ဖန်၍ ငါ့ထံနီးမှောက် (အပိုင်စီးမည်ဟု)လာရောက်သည်ကို မျက်မှောက်ထင်ထင် တွေ့မြင်ရပါလျက်၊ မေထုနသ္မိံ အလိုတူသူ ထိုနှစ်လူတို့ ကြည်ဖြူယုယ ပြုလုပ်ကြသား မေထုနခေါ်မှန်း အကျင့်သွမ်း၌၊ ဆန္ဒော အပိ ကာယ ကံမြောက် ကျင့်ဆောက်ဖို့ကား မဆိုထားဘိ လိုလားတောင့်တ တဏှာဆန္ဒမျှပင်သော်လည်း၊ (မေ ဘုရားဘုန်းဝှန် ငါ့သန္တာန် ၌)၊ နာဟောသိ တစိုးတစိ ဖြစ်ပွါးခြင်း မရှိခဲ့ချေ၊ မုတ္တကရီသပုဏ္ဏံ ကျင်ငယ်ကျင်ကြီး ရွံဖွယ်အသီးသီးတို့ ယိုစီးမလောက် ပေ ပြည့်လျှမ်း၍နေသော၊ ဣဒံ ဤမာဂဏ္ဍီသူငယ်မ၏ ဝဏ္ဏမည်လျှင်း ရုပ်အဆင်းကို၊ ဒိသွာ မြင်ရ၍ကား၊ ဆန္ဒော လိုချင် တောင့်တ တဏှာဆန္ဒသည်၊ ကိမေဝ အဟောသိ အဘယ်မှာလျှင် အာသာစွန်းငြိ ဖြစ်တုံဘိလိမ့်နည်း?၊ နံ ထိုမာဂဏ္ဍီ သူငယ်မကို၊ ပါဒါပိ ခြေဖြင့်လည်း၊ သမ္ဖုသိတုံ ပေါင်းဖက်ရန်ဝေး ထိရုံကလေးမျှ ထိခြင်းငှါ၊ န ဣစ္ဆေ ဝတ္ထုနှင့်ကိလေသာ နှစ်ဖြာသောကာမ ငါ့သန္တာန်ဝယ် ကင်းပသဖြင့် မတောင့်တကေန် အလိုမရှိမှန်လှပေ၏။ (မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ ၇၂၂။) ဟူသော ဤဂါထာကို ဟောကြားတော်မူလေသည်။

## အဆင်းမာန်ကြွယ်၊ မာဂဏ်မယ်၊ ကြောင်းသွယ် ရန်ငြိုးရှာ

မာဂဏ္ဍီသူငယ်မသည် "ငါ့ကို အလိုမရှိလျှင် 'မလိုချင်'ဟူ၍သာ ပြောဆိုသင့်သည်၊ ယခုမူကား ဤရဟန်းသည် ငါ၏ကိုယ် ကို ကျင်ငယ်ကျင်ကြီး ရွံဖွယ်အတိပြီးနေသည်ကို ပြောဆို၍ 'ခြေဖြင့်သော်မှလည်း မတို့မထိလို'ဟု (ပစ်ပစ်ခါခါ) ပြောဆိုဘိသည်၊ ငါ အစိုးတရ အထွတ်အထိပ်အရာသို့ ရရှိလျှင် ဤရဟန်း၏သေဖို့ရန် အကြားအပေါက်ကိုသာ ရာကြံကြည့်ရှုရမည်"ဟု ဘုရားရှင်အပေါ်၌ ရန်ငြိုးဖွဲ့လေသည်။

ဘုရားရှင်သည် မာဂဏ္ဍီသူငယ်မ၏ရန်ငြိုးဖွဲ့မှုကို နှလုံးသွင်းတော်မမူပဲ မာဂဏ္ဍီယပုဏ္ဏားဇနီးမောင်နှံတို့အား သူတို့၏စရိုက်နှင့် လျော်သော တရားတော်ကို ဟောကြားတော်မူသဖြင့် အနာဂါမိဖိုလ်၌တည်စေကြပြီးနောက် ကောသမ္ဗီပြည်သို့ ဆက်လက်၍ကြွတော်မူခဲ့ ရာ အစဉ်သဖြင့် ကောသမ္ဗီပြည်သို့ ရောက်တော်မူလေသည်၊ သူဌေးတို့သည် ဘုရားရှင်ကြွလာတော်မူခြင်းကို ကြားသိရလျှင် ခရီးဦးကြို ဆိုကြကာ တည်ခြင်းငါးပါးဖြင့် ရှိခိုး၍ အပြစ်ကင်းရာအရပ်၌ထိုင်နေကြလျက်ဘုရားရှင်ကို "ရှင်တော်ဘုရား...ဤကျောင်းတိုက်တော် သုံးတိုက်တို့ကို ရှင်တော်ဘုရားတို့အား ရည်စူး၍ ဆောက်လုပ်အပ်ပါကုန်ပြီ၊ အရပ်လေးမျက်နှာမှ လာသော သံဃာတော်အား ချီး မြှောက်ရန်အလို့ငှါ ရှင်တော်ဘုရားတို့သည် ဤကျောင်းတိုက်များကို အလှူခံတော်မူကြပါဘုရား"ဟု လျှောက်ထားကြလေသည်၊ ဘုရား ရှင်သည် ထိုကျောင်းတိုက်တို့ကို အလှူခံတော်မူလေသည်။ ထိုသူဌေးတို့သည်လည်း ဘုရားရှင်ကို နက်ဖြန်အလို့ငှါ ဆွမ်းဖိတ်မံကြလျက် ရှိခိုးပြီးလျှင် မိမိတို့နေအိမ်သို့ ပြန်သွားကြလေသည်။

မာဂဏ္ဍီသူငယ်မသည် ဥဒေနမင်းတော်ကောက်သဖြင့် မိဖုရားအဖြစ်သို့ ရောက်လေသည်။

မာဂဏ္ဍီမိဖုရားသည်လည်း ဘုရားရှင် ကောသမ္ဗီပြည်သို့ ကြွလာတော်မူသည်ကို ကြားသိရလျှင် သေသောက်ကြူးတို့ကို ခေါ် စေ၍ တံစိုးလက်ဆောင်ပေးကာ "သင်တို့သည် ရဟန်းဂေါတမကို ဤနည်းဤပုံဖြင့် ဆဲရေးကြကုန်လော့"ဟု ပြောဆို တိုက်တွန်းလေ သည်၊ ထိုသေသောက်ကြူးတို့သည် ဘုရားရှင် မြို့တွင်းသို့ ဝင်လာသောအခါ၌ အခြံအရံ ရဟန်းပရိသတ်နှင့်တကွသော ဘုရားရှင်ကို ဆဲပုံဆိုပုံ နည်းမျိုးစုံတို့ဖြင့် ဆဲရေးကြလေသည်၊ အရှင်အာနန္ဒာသည် ဘုရားရှင်ကို "ရှင်တော်ဘုရား...ဤသို့သော ဆဲရေးရာအရပ်ဝယ် မနေကြပဲ အခြားတပါးသောမြို့သို့ ကြွသွားကြပါကုန်စို့ဘုရား"ဟု လျှောက်ထားလေသည်၊ ဘုရားရှင်က "အာနန္ဒာ...ဘုရားရှင်တို့မည် သည် လောကဓံတရားရှစ်ပါးတို့ကြောင့် မတုန်လှုပ်ကုန်၊ ဤဆဲရေးသံသည်လည်း ခုနစ်ရက်ထက် မပိုပါ၊ ဆဲရေးသူတို့ အပေါ်သို့သာ လျှင် ပြန်လည်ကျရောက်ပါလိမ့်မည်၊ သင် မစိုးရိမ်ပါလင့်"ဟု မိန့်တော်မူလေသည်။

သူဌေးကြီးသုံးဦးတို့သည်လည်း ကြီးစွာသောပူဇော်သက္ကာရဖြင့် အလှူကြီးကို ပေးလှူကြလေသည်၊ ထိုသူဌေးကြီးတို့သည် လှူး လာပြန်ခေါက် အလှူ ပေးလှူကြစဉ်ပင် တစ်လကုန်သွားလေသည်၊ ထိုအခါ ထိုသူဌေးကြီးတို့အဖို့ရာ"ဘုရားရှင်တို့မည်သည် တစ်လော ကလုံးကို သနားစောင့်ရှောက် ချီးမြှောက်ဖို့ရန် ပွင့်ထွန်းတော်မူလာကြ၏၊ ငါတို့သည် အခြားသူတို့အားလည်း လှူဒါန်းခွင့်ကို ပေးကြ ကုန်အံ့"ဟု ကြံစည်ဆင်ခြင်မိကြလေသည်၊ ထို့နောင် ကောသမ္ဗီမြို့သူမြို့သားတို့အဖို့ ကောင်းမှုပြုခွင့်ရကြသောအခါမှ စ၍ လမ်းအလိုက် လည်းကောင်း၊ အသင်းအဖွဲ့အလိုက်လည်းကောင်း အလှူကြီးများကို ပေးလှူကြလေတော့သည်။

## ခုဇ္ဇုတ္တရာ၊ တရားနာ၊ ဖြစ်လာ သောတာပန်

တနေ့သ၌ ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် ပန်းသည်ကြီး၏အိမ်ဝယ် ထိုင်နေတော်မူလေသည်၊ ထိုခဏ၌ သာမာဝတီမိဖုရား၏အလုပ်အကျွေးဖြစ်သော ခုဇ္ဇုတ္တရာသည် ရှစ်အသပြာတို့ကို ယူခဲ၍ ပန်းဝယ်ရန် ထိုပန်းသည်ကြီးအိမ်သို့ ရောက်ရှိလာလေသည်၊ ပန်းသည်ကြီးသည် ခုဇ္ဇုတ္တရာကို မြင်လျှင်"အမိဥတ္တရာ...ယနေ့ သင်အား ပန်းများကို ပေးနိုင်ခွင့် မရှိပါ၊ ငါသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆွမ်းပြုစုလုပ်ကျွေးနေရသည်၊ သင်သည်လည်း ဆွမ်းပြုစုလုပ်ကျွေးရာဝယ် အဖော်သဟဲ ဖြစ်စေချင်ပါသည်၊ ဤသို့ ဝေယျာဝစ္စကောင်းမှုကို သင်ပြုသည်ရှိသော် သူတပါးတို့၏ဝေယျာဝစ္စကို ပြုလုပ်ရသည့်ဘဝမှ လွတ်မြောက်ပါလိမ့်မည်"ဟု ပြောဆိုလေသည်။ ထိုအခါ ခုဇ္ဇုတ္တရာသည် မိမိ ရအပ်သောအစာကို စားပြီးလျှင် ဘုရားရှင်တို့အား ဆွမ်းပြုစုဆက်ကပ်ရာ၌ ဝေယျာဝစ္စအမှုကို ပြုလေသည်။

သူမသည် ဘုရားရှင်က ဥပနိသိန္နကထာခေါ် အနီးသို့ရောက်လာသူတို့အား ဟောကြားတော်မူသည့် တရားစကားဖြင့် ဟောကြားတော်မူအပ်သော တရားအလုံးစုံကို နှုတ်ငုံရအောင် သင်ယူလေသည်၊ အနုမောဒနာတရားစကား ကြားနာရသောကြောင့်ကား သောတာပတ္တိဖိုလ်၌ တည်လေသည်။

## သာမာဝတီ၊ ဖွဲ့လုံးသည်၊ ဖြစ်ပြီ သောတာပန်

ခုဇ္ဇုတ္တရာသည် အခြားနေ့တို့၌ လေးအသပြာဖိုးသာ ပန်းများကို ဝယ်၍ ကျန်လေးအသပြာကို ဝှက်ယူထားမြဲဖြစ်သော်လည်း ထိုနေ့၌မူ သစ္စာသိမြင် အရိယာသူတော်စင် ဖြစ်ပြီဖြစ်သောကြောင့် သူတပါးဥစ္စာ၌ ခိုးဝှက်လိုစိတ် မရှိတော့ရကား ရှစ်အသပြာလုံးဖိုး ပန်းများကို ဝယ်၍ ခြင်းတောင်းအပြည့် ထည့်ဆောင်လျက် သာမာဝတီမိဖုရားအထံသို့ ပြန်လာလေသည်၊ ထိုအခါ သူမကို သာမာဝတီမိဖုရားက "အမိဥတ္တရာ...သင်သည် အခြားနေ့တို့၌ ပန်းတို့ကို များစွာ မဆောင်ယူခဲ့ပေ၊ ယနေ့မူ ပန်းတို့သည် များပြားလှကုန်၏၊ အဘယ်သို့နည်း?...ငါတို့အား မင်းကြီးသည် ပို၍ သဒ္ဓါကြည်ဖြူတော်မူပါသလော?"ဟု မေးလေသည်။

ခုဇ္ဇုတ္တရာသည် မုသားပြောရန် မထိုက်တန်သည်၏အဖြစ်ကြောင့် ရှေးအခါက မိမိပြုခဲ့သည့် လိမ်လည်မှုအားလုံးကို မထိန်မချန်တော့ပဲ အလုံးစုံ ဝန်ခံပြောဆိုလေသည်။

သာမာဝတီမိဖုရားက"သို့ဖြစ်လျှင် အဘယ့်ကြောင့် ယနေ့ ပန်းအများကြီး ယူဆောင်ခဲ့သနည်း?ဟု မေးလေသော် ခုဇ္ဇုတ္တရာက "ကျွန်တော်မသည် ယနေ့ ဘုရားရှင်၏တရားတော်ကို ကြားနာရ၍ အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုရပါပြီ၊ ထို့ကြောင့် အရှင်မတို့ကို မလိမ်လည်, မလှည့်ပတ်တော့ပါ"ဟု ပြန်လည်ပြောဆိုလေသည်။

ထိုစကားကို ကြားရလေသော် သာမာဝတီမိဖုရားက "အမိဥတ္တရာ...သင်ရအပ်သောအမြိုက်နိဗ္ဗာန်တရားကို ငါတို့အားလည်း ပေးပါလော့"ဟု ပြောဆိုကာ မိဖုရားရော ရံရွေတော်များပါ သူမတို့အလုံး လက်ဖြန့်တောင်းခံကြလေသည်။

ခုဇ္ဇုတ္တရာက "ရှင်မတို့...ဤကဲ့သို့ ပေးခြင်းငှာ မတတ်ကောင်းပါ၊ အမှန်စင်စစ်ကား ကျွန်တော်မသည် ဘုရားရှင် ဟောကြားတော်မူအပ်သောနည်းအတိုင်း ရှင်မတို့အား တရားဟောပါမည်၊ ရှင်မတို့မှာ မဂ်ဖိုလ်၏အကြောင်း ကောင်းမှုရှိကြပါလျှင် ထိုအမြိုက်နိဗ္ဗာန်တရားကို ရကြပါလိမ့်မည်"ဟု ပြောဆိုလေသည်။

သာမာဝတီမိဖုရားက "ထိုသို့ဖြစ်လျှင် အမိဥတ္တရာ...ဟောပြပါလော့"ဟု တောင်းပန်ပြောဆိုလေသည်။

ခုဇ္ဇုတ္တရာက "ဤကဲ့သို့ ဟောခြင်းငှာ မတတ်ကောင်း၊ ကျွန်တော်မ၏အတွက် မြင့်သောနေရာကို ခင်းပေး၍ ရှင်မတို့က နိမ့်သော နေရာတို့၌ ထိုင်နေကြရပါမည်"ဟု ပြောဆိုလေသည်။

ထိုသာမာဝတီမိဖုရားအမှူးရှိသော မင်းမိန်းမငါးရာတို့သည် ခုဇ္ဇုတ္တရာအား မြင့်သောနေရာကို ပေးကြ၍ မိမိတို့ကိုယ်တိုင်ကမူ နိမ့်သောနေရာများကို ယူကြလျက် ထိုင်နေကြလေသည်၊ ခုဇ္ဇုတ္တရာသည်လည်း သေက္ခပဋိသမ္ဘိဒါဉာဏ်တို့၌တည်၍ ထိုမင်းမတို့အား တရားဟောတော်မူလေသည်၊ တရားဒေသနာနိဂုံး ပြီးဆုံးသောအခါ သာမာဝတီမိဖုရားကို အကြီးအမှူးပြု၍ မင်းမိန်းမငါးရာလုံးတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။

ထိုအခါမှစ၍ ခုဇ္ဇုတ္တရာကို ဝေယျာဝစ္စအလုပ်မှ ဖယ်ရှားပြီးလျှင် "အမိဥတ္တရာ...သင်သည် ဘုရားရှင်၏တရားစကားကို နာကြားပြီးလျှင် ဆောင်ယူမှတ်သား၍ ငါတို့ကို ဟောကြားပါလော့"ဟု ပြောဆိုကြလေသည်၊ ခုဇ္ဇုတ္တရာသည်လည်း ထိုအခါမှစ၍ မင်းမိန်းမတို့ပြောဆိုသည့်အတိုင်း ပြုလေသည်။

## ခုဇ္ဇုတ္တရာ၊ ရှေးကံမှာ၊ နှစ်ဖြာ ကောင်း,မကောင်း

အမေး။ ။ အဘယ့်ကြောင့် ခုဇ္ဇုတ္တရာသည် "ကျွန်မ"ဖြစ်ရသနည်း?

အဖြေ။ ။ သူမသည် ကဿပဘုရားရှင်သာသနာတော်ဝယ် သာမဏေရီမတစ်ပါးအား မိမိ၏ဝေယျာဝစ္စအမှုကို အပြုခိုင်းခဲ့လေသည်၊ ထိုအကုသိုလ်ကံကြောင့် ဘဝငါးရာတို့ပတ်လုံး သူတပါးတို့၏ကျွန်မ ဖြစ်ခဲ့ရလေသည်။

ကသ္မာ ပနေသာ ဒါသီ ဟုတွာ နိဗ္ဗတ္တာတိ? သာ ကိရ ကဿပဒသဗလဿ သာသနေ ဧကာယ သာမဏေရိယာ

အတ္တနော ဝေယျာဝစ္စံ ကာရေသိ။ တေန ကမ္မေန ပဉ္စ ဇာတိသတာနိ ပရေသံ ဒါသီယေဝ ဟုတွာ နိဗ္ဗတ္တိ။ (အံ၊ဋ္ဌ၊၁၊၃၃၈။)

အမေး။ ။ ခုဇ္ဇုတ္တရာသည် အဘယ့်ကြောင့် ခန္ဓာကိုယ် ကုန်းကွသူ ဖြစ်ရသနည်း?

အဖြေ။ ။ ဘုရားရှင် ပွင့်တော်မမူမီ ဤခုဇ္ဇုတ္တရာသည် ဗာရာဏသီမင်း၏ရွှေနန်းတော်ဝယ် မင်းမောင်မဖြစ်၍နေစဉ် ရွှေနန်းတော်သို့ ကြွလေ့ရှိသည့် ခါးကုန်းသော ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို တွေမြင်ရ၍ မိမိနှင့်အတူနေ မင်းမောင်မတို့၏ရှေ့၌ ပြက်ရယ်ပြောင်လှောင်မှု ပြုလိုသည်ဖြစ်၍ ကုန်းကွသောအမူအရာဖြင့် လှည့်လည်ခဲ့လေသည်၊ ထို့ကြောင့် "ကိုယ်ခန္ဓာ ကုန်းကွသူ(ခါးကုန်းမ)" ဖြစ်ရလေသည်။

ကသ္မာ ပန ခုဇ္ဇာ အဟောသီတိ? အနုပ္ပန္နေ ကိရ ဗုဒ္ဓေ အယံ ဗာရာဏသိရညော ဂေဟေ ဝသန္တီ ဧကံ ရာဇကုလူပကံ ပစ္စေကဗုဒ္ဓံ ခုဇ္ဇဓာတုကံ ဒိသွာ အတ္တနာ သဟဝါသီနံ မာတုဂါမာနံ ပုရတော ပရိဟာသံ ကရောန္တီ ခုဇ္ဇာကာရေန ဝိစရိ။ တသ္မာ ခုဇ္ဇာ ဟုတွာ နိဗ္ဗတ္တိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၃၈။ ဣတိဝုတ္တက၊ ဋ္ဌ၊ ၂၈ ၂၉။

ဓံ ဝုတ္တေ ဘိက္ခူ သတ္ထာရံ ပဋိပုစ္ဆိံသု "ခုဇ္ဇုတ္တရာ ပန ဘန္တေ ကေန ကမ္မေန ခုဇ္ဇာ ဇာတာတိ?

ဘိက္ခဝေ တဿေဝ ရညော ဗာရာဏသိယံ ရဇ္ဇံ ကရဏကာလေ သေွ ပစ္စေကဗုဒ္ဓေါ ထောကံ ခုဇ္ဇဓာတုကော အဟောသိ။

အထေကာ ဥပဋ္ဌာယိကာ ဣတ္ထိ ကမ္ဗလံ ပါရုပိတွာ သုဝဏ္ဏသရကံ(ရွှေခွက်ငယ်ကို) ဂဟေတွာ "အမှာကံ ပစ္စေကဗုဒ္ဓေါ ဧဝဉ္စ ဧဝဉ္စ ဝိစရတီ"တိ ခုဇ္ဇာ ဟုတွာ တဿ ဝိစရဏာကာရံ ဒဿေသိ။ တဿ နိဿန္ဒေန ခုဇ္ဇာ ဇာတာ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊၁၄၄။)

အမေး။ ။ ခုဇ္ဇုတ္တရာသည် အဘယ်ကောင်းမှုကုသိုလ်ကို ပြုခဲ့သောကြောင့် ပညာရှိသူ ဖြစ်ရသနည်း?

အဖြေ။ ။ ဤခုဇ္ဇုတ္တရာအလောင်း အမျိုးသမီးသည် ဘုရားပွင့်တော်မမူမီ ဗာရာဏသီမင်း၏နန်းတော်၌ နေရစဉ် ပစ္စေကဗုဒ္ဓါအရှင်မြတ်ရှစ်ဆူတို့ မင်းနန်းတော်မှ ပူသောနို့ဃနာဆွမ်းအပြည့်ပါသည့်သပိတ်တို့ကို ယူ၍ ကြွတော်မူကြသည်ကို မြင်ရလျှင် "ဤလက်ကောက်၌ သပိတ်တို့ကို တင်ထား၍ ကြွတော်မူကြပါအရှင်ဘုရားတို့..."ဟု လျှောက်ထား၍ (သပိတ်ခြေပြုလုပ်ရန်) မိမိ၏ရွှေလက်ကောက်ရှစ်ကွင်းတို့ကို ချွတ်၍ လှူဒါန်းခဲ့လေသည်၊ ထိုကံ၏အကျိုးဆက်ကြောင့် "ပညာရှိသူ" ဖြစ်ရလေသည်။

(အံ၊ ဋ္ဌ၊ ၁၊ ၃၃၈။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၄၄။ ဣတိ ဝုတ္တက၊ ဋ္ဌ၊ ၂၉။)

[ဓမ္မပဒအဋ္ဌကထာ(၁၊ ၁၄၄)၌ကား...ခုဇ္ဇုတ္တရာသည် အဘယ်ကံကြောင့် သောတာပတ္တိဖိုလ်ကို ရပါသနည်း?

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား လုပ်ကျွေးသမှု ပြုစုရသောကံ၏အကျိုးဆက်ကြောင့် "သောတာပတ္တိဖိုလ်"ကို ရရှိပါသည်။

ကေန ကမ္မေန သောတာပတ္တိဖလံ အဓိဂတာ?

ပစ္စေကဗုဒ္ဓါနံ ကတဥပဋ္ဌာနဿ နိဿန္ဒေန ပန သောတာပတ္တိဖလံ ပတ္တာ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၄၄။)

ခုဇ္ဇုတ္တရာသည် အဘယ်ကံကြောင့် သူတစ်ပါးတို့၏အစေအပါးခံကျွန်မ ဖြစ်ရပါသနည်း?

ကဿပဘုရားရှင်လက်ထက်တော်ဝယ် (ခုဇ္ဇုတ္တရာအလောင်း)ဗာရာဏသီသူဌေး၏တစ်ယောက်သောသမီးသည် ညချမ်းသောအခါ မှန်ကြေးမုံကို ယူ၍ မိမကိုယ်ကို တန်ဆာဆင်လျက် နေလေသည်၊ ထိုအခါ ထိုသူဌေးသမီးအား အကျွမ်းဝင်သော ရဟန္တာဘိက္ခုနီတပါးသည် ထိုသူဌေးသမီးကို ရှုမြင်ခြင်းငှါ သွားလေသည်၊ ထိုခဏ၌ သူဌေးသမီး၏အထံဝယ် တစ်စုံတစ်ယောက်သော အစေခံသည် မရှိချေ၊ ထိုသူဌေးသမီးသည် "အရှင်မ...ရှိခိုးပါ၏၊ တပည့်တော်မ၏ထိုတန်ဆာပခြုပ်ကို ယူ၍ ပေးတော်မူပါကုန်လော့"ဟု ပြောဆိုလေသည်၊ မထေရ်မက "ဤသူဌေးသမီးအား ဤပခြုပ်ကို အကယ်၍ ယူမပေးသည်ဖြစ်အံ့၊ ငါ၌ ရန်ငြိုးဖွဲ့၍ ငရဲ၌ ဖြစ်လတ္တံ့၊ ငါသည် အကယ်၍ ယူပေးသည်ဖြစ်အံ့၊ သူတစ်ပါး၏အစေခံကျွန်မ ဖြစ်လတ္တံ့၊ စင်စစ်အားဖြင့် ငရဲ၌ပူလောင်ပြင်းပြ ဆင်းရဲဒုက္ခကို ခံရသည်ထက် သူတစ်ပါး၏အစေအပါး ကျွန်အမှုလုပ် ဖြစ်ရခြင်းက မြတ်

သေး၏"ဟု ကြံစည်ဆင်ခြင်တော်မူ၍ ထိုရဟန္တာထေရီမသည် သူဌေးသမီးအား အစဉ်သနားသည်ကို ရည်ရွယ်၍ ထိုတန်ဆာ ပစ္စည်းကိုယူ၍ သူဌေးသမီးအား ပေးလေသည်။ ထိုအကုသိုလ်ကံ၏အကျိုးဆက်ကြောင့် သူတစ်ပါးတို့၏အစေခံ ကျွန်အမှုလုပ် ဖြစ်ရလေသည်။

ကေန ကမ္မေန ပရေသံ ပေသနကာရိကာ ဇာတာတိ?

ကဿပသမ္မာသမ္ဗုဒ္ဓကာလေ ပန ဧကာ ဗာရာဏသိသေဋ္ဌိနော ဓီတာ ဝယမာနကဉ္စာယာယ အာဒါသံ ဂဟေတွာ အတ္တာနံ အလင်္ကရောန္တီ နိသီဒိ။ အထဿာ ဝိဿာသိကာ ဧကာ ခီဏာသဝါ ဘိက္ခုနီ တံ ဒဋ္ဌုံ အဂမာသိ။ တသ္မိံ ပန ခဏေ သေဋ္ဌိဓီတာယ သန္တိကေ ကာစိ ပေသနကာရိကာ နတ္ထိ၊ သာ "ဝန္ဒာမိ အယျေ၊ ဇော တာဝ မေ ပသာဓနပေဠကံ(ပသာဓနပေဠိကံ၊သီ) ဂဟေတွာ ဒေထာ"တိ အာဟ။ ထေရီ စိန္တေသိ "သစဿာ ဣမံ ဂဏှိတွာ န ဒဿာမိ၊ မယိ အာဃာတံ ကတွာ နိရယေ နိဗ္ဗတ္တိဿတိ။ သစေ ပန ဒဿာမိ၊ ပရဿ ပေသန ကာရိကာ ဟုတွာ နိဗ္ဗတ္တိဿတိ။ နိရယသန္တာပတော ခေါ ပန ပရဿ ပေသနဘာဝေါဝ သေယျော"တိ။ သာ အနုဒယံ ပဋိစ္စ တံ ဂဟေတွာ တဿာ အဒါသိ။ တဿ ကမ္မဿ နိဿန္ဒေန ပရေသံ ပေသနကာရိကာ ဇာတာတိ။ (ဓမ္မပဒ၊ ဋ၊ ၁၊ ၁၄၄။)

ကသ္မာ ပနေသာ ဒါသီ ဟုတွာ နိဗ္ဗတ္တာတိ?

သာ ကိရ ကဿပသမ္မာသမ္ဗုဒ္ဓကာလေ ဗာရာဏသိယံ သေဋ္ဌိဓီတာ ဟုတွာ နိဗ္ဗတ္တာ ဧကာယ ခီဏာ သဝတ္ထေရိယာ ဥပဋ္ဌာကကုလံ ဂတာယ "ဇော မေ အယျေ ပသာဓနပေဠိကံ ဒေထာ"တိ ဝေယျာဝစ္စံ ကာရေသိ။ ထေရိပိ"အဒေန္တိယာ မယိ အာဃာတံ ဥပ္ပါဒေတွာ နိရယေ နိဗ္ဗတ္တိဿတိ၊ ဒေန္တိယာ ပရေသံ ဒါသီ ဟုတွာ နိဗ္ဗ တ္တိဿတိ၊ နိရယသန္တာပတော ဒါသိဘာဝေါ သေယျော"တိ အနုဒ္ဒယံ ပဋိစ္စ တဿာ ဝစနံ အကာသိ။ သာ တေန ကမ္မေန ပဉ္စ ဇာတိသတာနိ ပရေသံ ဒါသီယေဝ ဟုတွာ နိဗ္ဗတ္တိ။ (ဣတိဝုတ္တက၊ ဋ၊ ၂၈။)

မှတ်ချက်။ ။ ဘိက္ခုနီမတို့သည် အာသဝေါကုန်းခန်း ရဟန္တာဖြစ်ကြကုန်သော်လည်း ညချမ်းသောအခါ အလုပ်အကျွေး ဖြစ်သော အမျိုးအိမ်တို့ကို ရှုမြင်ခြင်းငှာ အလိုရှိကုန်၏။

ဘိက္ခုနိယော ဟိ ခီဏာသဝါပိ သာယနှသမယေ ဥပဋ္ဌာကကုလာနိ ဒဋ္ဌုကာမာ ဟောန္တိ။ (ဓမ္မပဒ၊ဋ၊၁၊၁၄၄။)]

## မာဂဏ္ဍီမိဖုရား၊ ရန်ငြိုးထား၊ ရန်ကားအသွယ်သွယ်

ထိုအခါ သာမာဝတီမိဖုရား၏အခြံအရံဖြစ်ကြသော မင်းမိန်းမငါးရာတို့သည် သစ္စာလေးပါး တရားသိမြင် အရိယာသူတော်စင် များဖြစ်ကြပါသော်လည်း ဥဒေနမင်း၏ သာသနာတော်၌ သဒ္ဓါတရားမရှိသူဖြစ်သောကြောင့် အခါမပြတ် ဘုရားရှင်ထံတော်သို့ သွား ရောက်ကြ၍ ဘုရားဖူးခွင့်ကို မရကြကုန်၊ ထို့ကြောင့် ဘုရားရှင် ကောသမ္ဗီမြို့တွင်း လမ်းခရီးသို့ ကြွတော်မူလတ်သော် လေသာပြူတင်း ပေါက်တို့က နည်းသဖြင့် မကြည်လောက်ကုန်ရကား မိမိ, မိမိ၏တိုက်ခန်း၌ အပေါက်ဖောက်ကြ၍ ထိုအပေါက်တို့မှ ဘုရားရှင်ကို ဖူး မြော်ကြည့်ရှုကြရလေသည်။

တနေ့သ၌ မာဂဏ္ဍီမိဖုရားသည် မိမိ၏ပြာသာဒ်အပြင်မှထွက်၍ စင်္ကြန်လျှောက်၍လာရာ ထိုမင်းမိန်းမတို့၏နေရာဌာနသို့ ရောက်၍ တိုက်ခန်းအပေါက်များကို မြင်ရလေလျှင် "ဤအရာကား အဘယ်နည်း?"ဟု မေးမြန်းလေသည်၊ ထိုမင်းမိန်းမတို့က မာဂဏ္ဍီ မိဖုရား၏ဘုရားရှင်အပေါ်၌ ရန်ငြိုးထားခြင်းကို မသိကြသဖြင့် 'ဘုရားရှင်သည် ဤကောသမ္ဗီမြို့ ကြွတော်မူခဲ့ပါပြီ၊ ကျွန်တော်မတို့သည် ဤတိုက်ခန်းပေါက်များအနီး၌ ရပ်ကြ၍ ဘုရားရှင်ကို ဖူးမြော်ကြရ, ပူဇော်ကြရပါသည်"ဟု ပြောဆိုကြလေလျှင် မာဂဏ္ဍီမိဖုရားသည် "ယခုအခါ ရဟန်းဂေါတမ၏အပေါ်၌ ငါပြုရမည့်ကိစ္စကို သိရလိမ့်မည်၊ ဤမိန်းမတို့သည်လည်း ရဟန်းဂေါတမ၏အလုပ်အကျွေးမများ ဖြစ်ကြသည်၊ ဤမိန်းမတို့၏အပေါ်၌လည်း ငါပြုရမည့်ကိစ္စကို သိရလိမ့်မည်"ဟု ကြံစည်ကာ မင်းထံသို့ သွားရောက်ပြီးလျှင် မင်းနှင့် အတူတကွ ဆိတ်ကွယ်ရာသို့ ကပ်ရောက်သောအခါ၌"မြတ်သောမင်းကြီး...သာမာဝတီမိဖုရား၏မောင်းမမိဿံများသည် အရှင်မင်းကြီး မှအပြင်အပ၌ တောင့်တမှု ရှိနေကြပါသည်၊ ထိုသူမတို့သည် နှစ်ရက်သုံးရက်အတွင်း၌ပင် အရှင်မင်းကြီး၏အသက်ကို သတ်ဖြတ်ကြပါ လိမ့်မည်၊ သာမာဝတီမိဖုရားသည် မောင်းမမိဿံအခြံအရံများနှင့်တကွပင် အရှင်မင်းကြီးတို့အပေါ်၌ ချစ်ခြင်း, ခင်မင်ခြင်းကို အလျှင်း မပြုပါ၊ ရဟန်းဂေါတမကိုကား မြို့တွင်းလမ်းခရီးဖြင့် သွားသည်ကိုပင် မြင်ကြ၍ လေသာပြတင်းပေါက်များ မလောက်သည့်အတွက် ပြတင်းတို့ကို ချိုးဖဲ့ကြလျက် ကြည့်ခွင့် မရရအောင်ပြုကြ၍ ကြည့်ရှုကြပါသည်"ဟု ပြောကြားလေသည်။ ဥဒေနမင်းသည် "ထိုမိန်းမတို

သည် ဤသို့သဘောရှိသောအမှုကို ပြုကြလိမ့်မည်မဟုတ်"ဟု ကြံစည်ကာ မာဂဏ္ဍီမိဖုရား ပြောစကားကို မယုံကြည်ချေ၊ နောက်တစ်ဖန် ပြောသော်လည်း မယုံကြည်သေးချေ၊ ထိုနောက် သုံးကြိမ်မြောက် ပြောကြားအပ်သော်လည်း မယုံကြည်သော ဥဒေနမင်းကို "မြတ်သောမင်းကြီး...အကယ်၍ ကျွန်တော်မ၏စကားကို မယုံကြည်လျှင် အရှင်မင်းကြီးကိုယ်တိုင် ထိုမိန်းမတို့၏နေရာဌာနသို့ သွားရောက်၍ စုံးစမ်းတော်မူပါလော့"ဟု ပြောဆိုလေသည်၊ ဥဒေနမင်းသည် သွား၍ တိုက်ခန်းတို့၌ အပေါက်များကို မြင်ရလေလျှင် "ဤအပေါက်များကား အဘယ်နည်း?"ဟု မေးမြန်း၍ မင်းမောင်းမတို့က ထိုအကြောင်းကို ပြန်ကြားလျှောက်တင်သော် ထိုမောင်းမတို့အား အမျက်မထွက်မူ၍ တစ်စုံတစ်ရာမပြောဆိုပဲ အပေါက်များကိုသာ ပိတ်စေလေသည်၊ မင်းသည် ထိုအခါမှစ၍ ထိုမောင်းမငါးရာတို့နေရာပြာသာဒ်၏အထက်၌ အပေါက်ရှိသည့် သံဇာလေသာပြတင်းတို့ကို ပြုလုပ်စေသည်။

မာဂဏ္ဍီမိဖုရားသည် ထိုအကြောင်းဖြင့် မင်းကြီးကို အမျက်ထွက်စိမ့်သောငှါ မတတ်နိုင်လတ်သော် "အရှင်မင်းကြီး...ဤမင်းမောင်းမတို့၏ အရှင်မင်းကြီးတို့အပေါ်၌ ချစ်ခင်မှုရှိ,မရှိကို သိရကုန်အံ့၊ ကြက်ရှင်ရှစ်ကောင်တို့ကို ထိုသူမတို့ထံ ပို့စေ၍ အရှင်မင်းကြီးတို့အတွက်ချက်စေကြပါကုန်လော့"ဟု ပြောဆိုလေသည်၊ မင်းသည် မာဂဏ္ဍီမိဖုရား၏စကားကို ကြားရလျှင် "ဤကြက်တို့ကို ချက်၍ ငါ့ထံသို့ ပို့ဆက်စေချင်၏"ဟု ပြောဆိုလျက် သာမာဝတီ၏အထံသို့ ကြက်အရှင်ရှစ်ကောင်တို့ကို ပို့စေလေသည်၊ သောတာပန်အရိယသာဝိကာမသည် အသက်ရှိသောကြက်တို့ကို အဘယ်မှာ ချက်လိမ့်မည်နည်း?၊ "မသင့်လျော်ပါ"ဟု ပြောဆို၍ ထိုကြက်ရှင်တို့ကို လက်ဖြင့် တို့ထိရန်ပင် အလိုမရှိချေ။

မာဂဏ္ဍီသည် "ရှိပါစေတော့ အရှင်မင်းကြီး...ထိုကြက်တို့ကိုပင် ရဟန်းဂေါတမ၏အတွက် ချက်ပေးရန် ပို့စေတော်မူပါ"ဟု ပြောဆိုလေသည်၊ မင်းသည် မာဂဏ္ဍီပြောဆိုသည့်အတိုင်း ပြုလေသည်၊ မာဂဏ္ဍီသည် လမ်းခရီးအကြား၌ပင် ကြက်တို့ကို သတ်စေ၍ "ဤကြက်တို့ကိုချက်စေ၍ ရဟန်းဂေါတမအား လှူစေချင်၏"ဟု ပြောဆို၍ သာမာဝတီထံသို့ ပို့နိုင်းလေသည်၊ သာမာဝတီသည် ကြက်တို့ သေပြီးဖြစ်သောကြောင့်လည်းကောင်း, ဘုရားရှင်ကို ရည်ညွှန်း၍ ပို့စေအပ်သောကြောင့်လည်းကောင်း ထိုကြက်သေတို့ကို ချက်၍ ဘုရားရှင်အထံတော်သို့ ပို့စေလေသည်၊ မာဂဏ္ဍီသည် "ကြည့်လော့ အရှင်မင်းကြီး..."ဟု ပြောဆို၍ ဤမျှဖြင့်လည်း ဥဒေနမင်းကို အမျက်ထွက်စိမ့်သောငှါ မတတ်နိုင်ချေ။

ရာဇာ တဿာ ဝစနံ သုတွာ "ဣမေ ပစိတွာ ပေသေတူ"တိ သာမာဝတိယာ အဋ္ဌ ကုက္ကုဋေ ပဟိဏိ။ သောတာပန္နာ အရိယသာဝိကာ ဇီဝမာနေ ကုက္ကုဋေ ကိံ ပစိဿတိ၊ အလဋ္ဌိ ဝတွာ ပန ဟတ္ထေနပိ ဖုသိတုံ န ဣစ္ဆိ။ မာဂဏ္ဍိယာ "ဟောတု မဟာရာဇ, တေယေဝ စ ကုက္ကုဋေ သမဏဿ ဂေါတမဿ ပစနတ္ထာယ ပေသေဟီ"တိ။ ရာဇာ တထာ အကာသိ။ မာဂဏ္ဍိယာ အန္တရာမဂ္ဂေယေဝ ကုက္ကုဋေ မာရာပေတွာ "ဣမေ ကုက္ကုဋေ ပစာပေတွာ သမဏဿ ဂေါတမဿ ဒေတူ"တိ ပဟိဏိ။ သာ တေသံ မတဘာဝေန(တထာ သန္တိတဘာဝေန က) ဒသဗလဉ္စ ဥဒ္ဒိဿ ပဟိတဘာဝေန ပစိတွာ ဒသဗလဿ ပေသေသိ။

(အံ၊ ဋ္ဌ၊ ၁၊ ၃၃၉။)

မှတ်ချက်။ ။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ "မာဂဏ္ဍီမိဖုရားသည် မင်းအာဏာဖြင့် သာမာဝတီမိဖုရားအား ကြက်ရှစ်ကောင်တို့ကို ချက်စေရာဝယ် မင်းအတွက် ကြက်ရှင်ရှစ်ကောင်တို့ကို ချက်စေသော်လည်း သာမာဝတီမိဖုရားသည် သောတာပန်အရိယသာဝိကာမဖြစ်၍ ချက်ရန်ငြင်းပယ်ခဲ့၏၊ မာဂဏ္ဍီမိဖုရားသည် ထိုကြက်ရှစ်ကောင်တို့ကိုပင် သတ်စေ၍ မင်းအာဏာဖြင့် သာမာဝတီမိဖုရားအား ဘုရားရှင်အတွက် ချက်စေခဲ့ရာ သာမာဝတီမိဖုရားသည် ကြက်သေကောင်များဖြစ်၍ ဟင်းချက်၍ ဘုရားရှင်ထံတော်သို့ ပို့လှူဒါန်းခဲ့၏"ဟု လာရှိသည်။

ဓမ္မပဒအဋ္ဌကထာ၌ကား "မာဂဏ္ဍီမိဖုရားသည် ဘထွေးစူဠမာဂဏ္ဍီအား ကြက်သေရှစ်ကောင်နှင့် ကြက်ရှင်ရှစ်ကောင်တို့ကို ယူလာစေပြီးလျှင် မင်းအာဏာဖြင့် သာမာဝတီမိဖုရားအား ကြက်ရှင်ရှစ်ကောင်တို့ကို မင်းကြီးအတွက် ချက်နိုင်းရာ သာမာဝတီမိဖုရားက "ကျွန်တော်မတို့သည် သူတပါး၏အသက်ကို မသတ်ကုန်"ဟု ပြောဆို၍ ချက်ရန် ငြင်းပယ်ကြသော်လည်း ကြက်သေရှစ်ကောင်တို့ကို ဘုရားရှင့်အတွက် ချက်၍ ပို့ရန်စေခိုင်းမှုကို အနုးအညွတ်လက်ခံကြသည်"ဟု လာရှိသည်။

စူဠပိတု သာသနံ ပဟိဏိ "အဋ္ဌော မေ ကိရ ကုက္ကုဋေဟိ၊ အဋ္ဌ မတကုက္ကုဋေ, အဋ္ဌ သဇီဝကုက္ကုဋေ စ ဂဟေတွာ အာဂစ္ဆတု၊.....သော (စူဠုပဋ္ဌာကော) ဂန္တွာ တေန (စူဠပိတရာ) ဒိန္နေ အဋ္ဌ သဇီဝကုက္ကုဋေ အာနေတွာ "ဒေဝ ပုရောဟိတေန ပဏ္ဏာကာရော ပဟိတော"တိ အာဟ။ ရာဇာ"ဂစ္ဆ, တာသံ ဒတွာ အညဿ ကိရ ဟတ္ထေ အဒတွာ သယမေဝ မာရေတွာ ပစန္တူ"တိ ပေသေသိ။ စူဠုပဋ္ဌာကော "သာဓု ဒေဝါ"တိ ဂန္တွာ တထာ ဝတွာ တာဟိ "မယံ ပါဏာတိပါတံ န ကရောမာ"တိ ပဋိက္ခိတ္တော။ မာဂဏ္ဍိယာ"ဒိဋ္ဌံ တေ မဟာရာဇ၊ ဣဒါနိ တာသံ ပါဏာတိပါတဿ ကရဏံ ဝါ အကရဏံ ဝါ ဇာနိဿသိ၊ 'သမဏဿ ဂေါတမဿ ပစိတွာ ပေသေန္တု'တိ ဝဒေဟိ ဒေဝါ"တိ အာဟ။ ရာဇာ တထာ ဝတွာ ပေသေသိ။ ဣတရော တေ ဂဟေတွာ ဂစ္ဆန္တော ဝိယ ဟုတွာ ဂန္တွာ တေ ကုက္ကုဋေ ပုရောဟိတဿ ဒတွာ မတကုက္ကုဋေ တာသံ သန္တိကံ နေတွာ "ဣမေ ကိရ ကုက္ကုဋေ ပစိတွာ

သတ္တု သန္တိကံ ပဟိဏာထာ"တိ အာဟ။ တာ "သာမိ အာဟာရ၊ ဣဒံ နာမ အမှာကံ ကိစ္စ"န္တိ ပဋ္ဌဂ္ဂန္ဓာ ဂဏှိံသု။ (ဓမ္မပဒ၊ ၌၊ ၁၊ ၁၃၇။)

ဥတေနမင်းသည် မာဂဏ္ဍီမိဖုရား၏လှည့်ကွက်ကို သိဟန်မတူ၊ အင်္ဂုတ္တိုရ်အဋ္ဌကထာအလိုကား.. မာဂဏ္ဍာမိဖုရားသည် "မင်းအတွက် သာမာဝတီမိဖုရားအား ကြက်ရှင်တို့ကို ချက်နိုင်းလျှင် ငြင်းပယ်မည်ကိုသိလျက်ပင် ချက်နိုင်းရာ သာမာဝတီမိဖုရားက ငြင်းလည်းငြင်းပယ်ခဲ့၏၊ ကြက်သေတို့ကို ဘုရားရှင်အတွက်ချက်နိုင်းလျှင် လက်ခံ၍ ချက်ပေးလိမ့်မည်ဟု ယုံကြည်ရကား မင်းကြီးမသိအောင် ထိုကြက်ရှင်တို့ကို သတ်ပြီးမှ ချက်နိုင်းရာ အနူးအညွတ်လက်ခံ၍ ချက်၍ ဘုရားရှင်ထံတော်သို့ ပေးပို့လှူဒါန်းလေသည်။

ဓမ္မပဒအဋ္ဌကထာအလိုကား...မင်းကြီးအတွက် သာမာဝတီမိဖုရားအမှူးရှိသောမင်းမိန်းမတို့အား ကြက်အရှင်ရှစ်ကောင်ကို ချက်စေရာ သူမတို့က အရှင်ကောင်များဖြစ်၍ ငြင်းပယ်ကြခြင်း, ဘုရားရှင်အတွက် ကြက်သေရှစ်ကောင်တို့ကို ချက်စေရာ အသေကောင်များဖြစ်၍ လက်ခံကြခြင်းဖြစ်၏၊ မင်းကြီးကား သူ့အတွက်ရော ဘုရားရှင်အတွက်ပါ ကြက်ရှင်များကို ချက်နိုင်းစေသည်ဟု ထင်မှတ်ပုံရသည်။]

မှတ်ချက်။ ။ ကောသမ္ဗီပြည့်ရှင်မင်း၏အမည်ကား အင်္ဂုတ္တိုရ်အဋ္ဌကထာအလို "ဥဒေန", ဓမ္မပဒအဋ္ဌကထာအလို "ဥတေန"ဖြစ်၏။ ထို့ကြောင့် ဤကျမ်း၌ နှစ်မျိုးလုံးကိုပင် သုံး၏။

## ယုတ်မာရက်စက်၊ သူကြံထွက်၊ ရိုက်ချက်ပြင်းလှသည်

ဥဒေနမင်းသည် (၁) သာမာဝတီမိဖုရား, (၂) ဝါသုလဒတ္တာမိဖုရား, (၂) မာဂဏ္ဍီမိဖုရား ဟူသော ဤမိဖုရားသုံးယောက်တို့တွင် တစ်ယောက် တစ်ယောက်သော မိဖုရား၏နေရာ နန်းပြာသာဒ်၌ ခုနစ်ရက်စီ ခုနစ်ရက်စီ စံနေမြဲ ဖြစ်လေသည်၊ ထိုအခါ မာဂဏ္ဍီမိဖုရားသည် မြွေဟောက်ငယ်တစ်ကောင်ကို ဝါးဆစ်၌ ထည့်စေ၍ မိမိ၏နေရာ၌ ထားလေသည်၊ မင်း၏အဖို့ရာလည်း မည်သည့်အရပ်သို့ သွားသွား ဆင်နှစ်သက်သောစောင်းကို ယူ၍သာလျှင် သွားမြဲဖြစ်လေသည်၊ မာဂဏ္ဍီမိဖုရားသည် မင်းကြီး မိမိထံသို့ လာသောအခါ ထိုမြွေဟောက်ငယ်ကို စောင်းခွက်အတွင်း၌ထည့်၍ အပေါက်ကို ပိတ်စေလေသည်။

ထို့နောင် သာမာဝတီမိဖုရားထံသို့ သွားတော့မည့် မင်းကြီးကို"အရှင်မင်းကြီး...သာမာဝတီမိဖုရားမည်သည် ရဟန်းဂေါတမ၏အသင်းအပင်း ဖြစ်ပါသည်၊ (သူမက) အရှင်မင်းကြီးတို့ကို မရေမတွက်ပါ၊ တစ်စုံတစ်ခု ပြုပြီး အရှင်မင်းကြီးတို့၏အပြစ်ကိုသာလျှင် ကြံစည်နေပါသည်၊ မမေ့မလျော့ နေတော်မူပါကုန်လော့"ဟု ပြောဆိုလေသည်။

မင်းကြီးသည် သာမာဝတီမိဖုရား၏နေရာပြာသာဒ်၌ ခုနစ်ရက် ကုန်လွန်စေပြီး၍ တဖန် ခုနစ်ရက်၌ မာဂဏ္ဍီမိဖုရား၏နန်းအိမ်သို့ သွားရောက်လေသည်၊ မာဂဏ္ဍီမိဖုရားသည် မင်းကြီးလာလျှင်ပင် "အရှင်မင်းကြီး...အသို့နည်း? အရှင်မင်းကြီးအား သာမာဝတီမိဖုရားသည် အခွင့်ကို မရာပဲရှိပါ၏လော?"ဟု ပြောဆိုသကဲ့သို့ မင်းကြီး၏လက်မှ စောင်းကို ယူ၍ လှုပ်ပြီးလျှင် "အရှင်မင်းကြီး... အသို့နည်း? ဤစောင်းအတွင်း၌ တစ်ကောင်ကောင် လှည့်လည်သွားလာနေသည် မဟုတ်ပါလော?"ဟု ပြောဆိုကာ မြွေထွက်ရန် အပေါက်ကို ပြုပြီးလျှင်"အလိုလေး...စောင်းအတွင်း၌ မြွေကြီး"ဟု ပြောဆိုလျက် စောင်းကို စွန့်ပစ်၍ ပြေးလေသည်၊ ထိုအခါ မင်းကြီးသည် မီးလောင်သည့်ဝါးတော,ဆားထည့်လိုက်သည့် မီးဖိုကဲ့သို့ အမျက်ဒေါသဖြင့် တဖျစ်ဖျစ်မြည်လျက် "အလျှင်အမြန် အခြံအရံနှင့်တကွသော သာမာဝတီမိဖုရားကို ခေါ်ခဲ့ကြလော့"ဟု အမိန့်ပေးလေသည်၊ မင်းချင်းတို့သည် သွား၍ ခေါ်ကြလေသည်။

သာမာဝတီမိဖုရားသည် မင်းကြီးအမျက်ထွက်သည်ကို သိ၍ မိမိမှတပါးသော မင်းမိန်းမတို့အား "မင်းကြီးသည် သင်တို့ကို သတ်လို၍ ခေါ်တော်မူသည်၊ ယနေ့ တနေ့လုံးလုံး ဩဒိဿကမေတ္တာဖြန့်ခြင်းဖြင့် မင်းကြီးကို မေတ္တာဖျန်းကြကုန်လော့"ဟု တရားအမှတ်ပေးလေသည်၊ ဥဒေနမင်းသည် သာမာဝတီမိဖုရားအမှူးပြုသော ထိုမင်းမိန်းမတို့ကို ခေါ်စေပြီးနောက် အားလုံးတို့ကိုပင် အစဉ်အားဖြင့် ထားစေလျက် လေးကြီးကိုစွဲကိုင်ကာ ဆိပ်လူးမြားကို ဖွဲ၍ လေးညို့ကို ညို့ပြီးလျှင် ရပ်တည်လေသည်။

ထခဏာယ် သာမာဝတီမိဖုရားအမှူးပြုသော မင်းမိန်းမ ငါးရာလုံးတို့သည် ဩဒိဿကမေတ္တာကို ဖြန့်ကြလေသည်၊ မင်းကြီးသည် မြားကို ပစ်ရန်လည်း မစွမ်းနိုင်, ဖယ်ရှားရန်လည်း မစွမ်းနိုင်ပဲ ကိုယ်တို့မှ ချွေးသီးချွေးပေါက်များ ယိုထွက်လာလေကုန်၏၊ တစ်ကိုယ်လုံးလည်း တုန်လှုပ်နေသည့်ပြင် ခံတွင်းမှလည်း တံတွေးများ စီးကျလာလေသည်၊ ကိုင်ယူသင့် ကိုင်ယူစရာကို မမြင်ပဲ ရှိလေသည်။

ထိုအခါ မင်းကြီးကို သာမာဝတီမိဖုရားက "မြတ်သောမင်းကြီး...ပင်ပန်းတော်မူသလော?"ဟု မေးလျှင် မင်းကြီးက"အိမ်း...ဟုတ်ပါသည် ရှင်မိဖုရား...ငါပင်ပန်းလှ၏၊ သင်သည် ငါ၏မှီခိုရာ ဖြစ်ပါလော့"ဟု ပြောဆိုလေသည်၊ သာမာဝတီမိဖုရားက"ကောင်းပါပြီ အရှင်မင်းကြီး...မြားကို မဟာပထဝီမြေကြီးသို့ ရေးရှုပြုတော်မူပါလော့"ဟု ပြောဆိုလေရာ မင်းကြီးသည် သာမာဝတီမိဖုရားပြော

ဆိုသည့်အတိုင်း ပြုလေသည်၊ ထိုအခါ သာမာဝတီမိဖုရားသည် "မင်းကြီးလက်မှ မြားသည် လွတ်စေသတည်း"ဟု အဓိဋ္ဌာန်လေသည်၊ ထိုခဏ၌ မြားသည် မင်းကြီးလက်မှ လွတ်၍ သွားလေသည်။

သူတဖက်သား၊ မျက်မာန်ပွားသော်၊ တရားမကွာ၊ ထိန်းစောင့်ကာဖြင့်၊ မေတ္တာနှလုံး၊ ကိုယ်ကသုံးလျှင်...၊ အရှုံးဘယ်မှာ ရှိချိမ့်နည်း။(မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ ၃၁၂။)

မင်းကြီးသည် ထိုခဏ၌ပင် ရေ၌ ၀ုပ်၍ ပြန်လာပြီးလျှင် စိုသောဆံပင်, စိုသောအဝတ်ရှိလျက် သာမာဝတီမိဖုရား၏ခြေတို့၌ တုပ်ဝပ်ကာ "ရှင်မိဖုရား...ငါ့အား သည်းခံပါလော့၊ ငါသည် ကုန်းချောသူတို့၏စကားဖြင့် မစူးစမ်း မဆင်ခြင်ပဲ ဤအမှုကို ပြုမိပါသည်"ဟု ပြောကြားလေသည်၊ သာမာဝတီမိဖုရားက "သည်းခံပါသည် အရှင်မင်းကြီး..."ဟု ပြောကြားလေသော် ဥဒေနမင်းကြီးသည် "ကောင်းပါပြီရှင်မိဖုရာ...ဤသို့လျှင် သင်မိဖုရားသည် ငါ့အား သည်းခံအပ်သည် မည်ပါပေသည်၊ ဤအခါမှစ၍ ရှင်မိဖုရားတို့၏အလိုအတိုင်း ဘုရားရှင်အား အလှူဒါနကို ပေးလှူကြပါလော့၊ နေလွဲအခါ ကျောင်းတော်သို့ သွား၍ တရားစကားကို နာကြားကြပါလော့၊ ယနေ့မှစ၍ သင်တို့အား အစောင့်အရှောက်ကို ငါပေးပါအံ့"ဟု ပြောဆိုလေသည်။

ထိုအခါ သာမာဝတီမိဖုရားက "အရှင်မင်းကြီး...ထိုသို့ဖြစ်လျှင် ယနေ့မှစ၍ ကျွန်တော်မတို့အား တရားသင်ကြားပေးမည့် ရဟန်းတော်တစ်ပါးကို ဘုရားရှင့်ထံတော်မှ တောင်းပန်၍ ပင့်ဆောင်ပေးတော်မူကြပါလော့"ဟု လျှောက်တင်လျှင် မင်းကြီးသည် ဘုရားရှင်ထံတော်သို့ သွား၍ ရဟန်းတစ်ပါးကို တောင်းပန်လျှောက်ထားလေလျှင် အရှင်အာနန္ဒာမထေရ်ကို ရခဲ့လေသည်၊ ထိုအခါမှစ၍ ထိုမင်းမိန်းမငါးရာတို့သည် အရှင်အာနန္ဒာမထေရ်ကို ပင့်ကြစေ၍ (နေ့စဉ်နေ့စဉ်)မြတ်နိုးပူဇော်မှု ပြုကြပြီးလျှင် ဆွမ်းဘုဉ်းပေးပြီးသော မထေရ်၏အထံ၌ တရားဓမ္မကို သင်ယူကြလေသည်။

သာမာဝတီမိဖုရားအမှူးပြုသော မင်းမိန်းမငါးရာတို့သည် တနေ့သောအခါ မထေရ်မြတ်၏အနုမောဒနာတရား၌ သဒ္ဓါကြည်ညိုရှိကြကုန်သည်ဖြစ်၍ မထေရ်မြတ်အား အပေါ်ရုံအဝတ်ငါးရာတို့ကို လှူဒါန်းကြလေသည်။

မှတ်ချက်။ ။ မထေရ်မြတ်သည် ရှေးဘဝတစ်ခုဝယ် အပ်ချုပ်သမားဖြစ်သောအခါ၌ ပစ္စေကဗုဒ္ဓါတပါးအား အပ်တစ်ချောင်းနှင့်လက်တစ်ဝါးစာမျှ အဝတ်ကြမ်းပိုင်းကို လှူဒါန်းခဲ့လေသည်၊ မထေရ်မြတ်သည် အပ်လှူခဲ့သောကောင်းမှုကြောင့် ဤဘဝ၌ ပညာကြီးသူဖြစ်၍ အဝတ်ကြမ်းပိုင်းကို လှူခဲ့ရသောကောင်းမှုကြောင့် ဤနည်းအတိုင်းပင် အကြိမ်ငါးရာ တိုင်တိုင် သင်္ကန်းလျာအဝတ်တို့ကို ရရှိတော်မူလေသည်။

ထေရော ကိရ ပုဗ္ဗေ တုန္နဝါယကာလေ ဧကဿ ပစ္စေကဗုဒ္ဓဿ ဧကာယ သူစိယာ သဒ္ဓိံ ဟတ္ထတလမတ္တံ စောဠခဏ္ဍံ အဒါသိ။ သော သူစိယာ ဖလေန ဣမသ္မိံ အတ္တဘာဝေ မဟာပညော အဟောသိ၊ စောဠခဏ္ဍဿ ဖလေန ဣမိနာဝ နိယာမေန ပဉ္စသတက္ခတ္တုံ ဒုဿာနိ ပဋိလဘိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၄၀။)

## ဝိပါက်ကြမ္မာ၊ မလွတ်သာ၊ သာမာ မီးတိုက်ခံ

ထို့နောက် မာဂဏ္ဍီမိဖုရားသည် အခြားပြုစရာကို မမြင်တော့ရကား "အရှင်မင်းကြီး...ဥယျာဉ်တော်သို့ သွားကြစို့"ဟု ပြောဆိုလေသည်၊ မင်းကြီးက "ကောင်းပြီ ရှင်မိဖုရား..."ဟု ပြန်လည်ပြောဆိုလေသည်။ မာဂဏ္ဍီမိဖုရားသည် မင်းကြီး၏ဝန်ခံမှုကို သိရလျှင် ဘထွေးကို ခေါ်၍ "ကျွန်တော်မတို့ ဥယျာဉ်တော်သို့ သွားသောအခါ၌ သာမာဝတီ၏နေရာပြာသာဒ်သို့ သွားရောက်ကာ မောင်းမမိဿံ အခြံအရံနှင့်တကွသော သာမာဝတီကို ပြာသာဒ်အတွင်း သွင်းထား၍ 'မင်းကြီး၏အမိန့်အာဏာ'ဟု ပြောဆိုလျက် တံခါးကိုပိတ်၍ ကောက်ရိုးများဖြင့် ရစ်ပတ်ပြီးနောက် သာမာဝတီ၏နန်းအိမ်ကို မီးတိုက်လော့"ဟု ပြောဆိုမှာခဲ့လေသည်။ ဘထွေး စူဠမာဂဏ္ဍီသည် မာဂဏ္ဍီမိဖုရား၏စကားကိုနာယူ၍ မာဂဏ္ဍီမိဖုရားပြောဆိုမှာကြားသည့်အတိုင်း သာမာဝတီမိဖုရား၏နန်းအိမ်ကို မီးတိုက်လေသည်။

ထိုနေ့၌ ထိုမင်းမိန်းမငါးရာလုံးတို့ပင် ရှေးကပြုခဲ့ဖူးသော ဥပပီဠကအကုသိုလ်၏အာနုဘော်ကြောင့် သမာပတ်ကို ဝင်စားခြင်းငှာ မစွမ်းနိုင်ကြချေ၊ သာမာဝတီမိဖုရားနှင့်တကွ ငါးရာလုံးတို့ပင် တပြိုင်နက်တည်းသာလျှင် ဖွဲဆုပ်ကဲ့သို့ မီးအလောင်ခံ၍ သေဆုံးကြရလေသည်။ ထိုမင်းမိန်းမတို့အား စောင့်ရှောက်ရသည့် မင်းချင်းယောကျ်ားများသည် မင်းကြီးထံသို့ သွားကြ၍ "အရှင်မင်းကြီး...ဤမည်သော သာမာဝတီမိဖုရား၏နန်းအိမ်ကို မီးတိုက်ခြင်းအမှုကို ပြုကုန်ကြပါပြီ"ဟု လျှောက်တင်ကြလေသည်။

တသ္မိံ ဒိဝသေ သဗ္ဗာပိ တာ ဣတ္ထိယော ပုဗ္ဗေ ကတဿ ဥပပီဠကကမ္မဿာနုဘာဝေန သမာပတ္တိံ အပ္ပေတုံ နာသက္ခိံသု၊ ဧကပ္ပဟာရေနေဝ ဘုသမုဋ္ဌိ ဝိယ ဈာယိံသု။ (အံ၊ ဋ္ဌ၊ ၁၊ ၃၄၁။)

[မြမ္မပဒအဋ္ဌကထာ၌ကား "ထိုမင်းမိန်းမငါးရာတို့သည် အိမ်နန်းပြာသာဒ် မီးလောင်လတ်သည်ရှိသော် ဒုက္ခဝေဒနာသို့ ရောက်ကုန်သော်လည်း ဝေဒနာဖြင့်သိမ်းဆည်းအပ်သော ကမ္မဋ္ဌာန်းကို နှလုံးသွင်းကုန်ရကား အချို့သော မင်းမိန်းမတို့သည် သကဒါဂါမိဖိုလ်

သို့လည်းကောင်း, အချို့သော မင်းမိန်းမတို့သည် အနာဂါမိဖိုလ်သို့လည်းကောင်း ရောက်ကြလေကုန်၏။

တာ ဂေဟေ ဈာယန္တေ ဝေဒနာပရိဂ္ဂဟကမ္မဋ္ဌာနံ မနသိကရောန္တိယော ကာစိ ဒုတိယဖလံ, ကာစိ တတိယဖလံ ပါပုဏိံသု။

(ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၄၁။)

ဘုရားရှင်က "ရဟန်းတို့...သတ္တဝါတို့မည်သည် သံသရာဝဋ်ထဲ၌ တပြောင်းပြန်ပြန် ကျင်လည်ပြေးသွားကြရကုန်သည်ဖြစ်၍ အခါခပ်သိမ်း မမေ့မလျော့ကြပဲ ကုသိုလ်ကောင်းမှုကိုသာလျှင် စိမ်အားထုတ် ပြုလုပ်ကြသည်မဟုတ်၊ မေ့လျော့ခြင်းရှိကြကုန်သည်ဖြစ်၍ အကုသိုလ်မကောင်းမှုကိုလည်း စိမ်အားထုတ် ပြုလုပ်ကြကုန်၏၊ ထို့ကြောင့် သံသရာဝဋ်ထဲ၌ ကျင်လည်ကျက်စား ပြေးသွားကြရသော သတ္တဝါတို့သည် ချမ်းသာကိုလည်းကောင်း, ဆင်းရဲကိုလည်းကောင်း ခံစားကြရကုန်၏"ဟု တရားဟောတော်မူလေသည်။

"ဘိက္ခဝေ သတ္တာ နာမ ဝဋ္ဋေ ဝိစရန္တာ နိစ္စကာလံ အပ္ပမတ္တာ ဟုတွာ ပုညကမ္မမေဝ န ကရောန္တိ၊ ပမာဒိနော ဟုတွာ ပါပကမ္မမ္ပိ ကရောန္တိ။ တသ္မာ ဝဋ္ဋေ ဝိစရန္တာ သုခမ္ပိ ဒုက္ခမ္ပိ အနုဘဝန္တိ"တိ ဓမ္မံ ဒေသေသိ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၄၂။)]

## မင်းပရိယာယ်၊ မာဂဏ္ဍီမယ်၊ ဘယ်ဝယ် မသိပြီ

ဥဒေနမင်းကြီးသည် "အဘယ်သူသည် မီးတိုက်မှု ပြုအပ်သနည်း?"ဟု ထောက်လှမ်းရာကြလတ်သော် မာဂဏ္ဍီမိဖုရားသည် ပြုစေအပ်သည်၏အဖြစ်ကို သိရှိရလျှင် မာဂဏ္ဍီမိဖုရားကို ခေါ်စေ၍ "အိုမိဖုရား...ငါပြုလုပ်ရမည့်အလုပ်ကို ပြုလုပ်သော သင်သည် ကောင်းသောအမှုကို ပြုအပ်ပါပေပြီ၊ ထကြွလုံ့လဝီရိယဖြင့် ငါ့ကို သတ်ဖို့ရန် အားထုတ်နေသောသူကို သင်သည် သတ်အပ်ခဲ့ပေပြီ၊ ငါသည် သင့်အား ကြည်ညိုလှသည်၊ သင့်အား စည်းစိမ်ကို ငါပေးမည်၊ သင်၏ဆွေမျိုးများကို ခေါ်စေလော့"ဟု မင်းပရိယာယ်ဖြင့် ပြောလေသည်။

မာဂဏ္ဍီမိဖုရားသည် မင်းကြီး၏စကားကိုကြားရလျှင် ဆွေမျိုးမတော်သူများကိုလည်း ဆွေမျိုးများပြုလုပ်ကာ ခေါ်စေလေသည်၊ မင်းကြီးသည် မိဖုရား၏ဆွေမျိုးအားလုံးတို့ စုဝေးမိပြီးသည်အဖြစ်ကို သိရှိလေသော် မင်းရင်ပြင်၌ ထိုသူများကို လည်ပင်းပမာဏနက်သောတွင်းတို့၌ မြှုပ်၍ မြေပေါ်၌တည်ရှိနေသောဦးခေါင်းတို့ကို ရိုက်ခွဲစေလျက် သံထွန်တုံးများဖြင့် ထွန်ယက်စေသည်၊ မာဂဏ္ဍီမိဖုရားကိုလည်း အပိုင်းအပိုင်းခုတ်ဖြတ်စေပြီးလျှင် မုန့်ကြော်သောအိုးကင်း၌ ကြော်စေလေသည်။

## မောင်းမမိဿံ၊ မီးတိုက်ခံ၊ ကြောင်းကံ ဘယ်ပုံနည်း?

အမေး။ ။ မောင်းမမိဿံ အခြံအရံငါးရာနှင့်တကွသော သာမာဝတီမိဖုရား၏ မီးလောင်တိုက်အသွင်းခံ၍ သေဆုံးရခြင်း၏ရှေးမကောင်းမှုကံသည်အဘယ်နည်း?

အဖြေ။ ။ သာမာဝတီမိဖုရားအလောင်း အမျိုးသမီးသည် ဘုရားပွင့်ထွန်းတော်မမူမီကာ -ယ် ထိုမိန်းမငါးရာတို့နှင့်အတူတကွ ဂင်္ဂါမြစ်၌ ရေကစားပြီးလျှင် ရေဆိပ်၏အပြင်ဘက်၌ ရပ်နေကြစဉ် အအေးဓာတ် ဖြစ်လာပေသော် မနီးမဝေးသောအရပ်၌ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏သစ်ရွက်မိုးကျောင်းကို မြင်ရ၍ ကျောင်းအတွင်း၌ ပစ္စေကဗုဒ္ဓါအရှင်မြတ် ရှိ,မရှိကို မစူးစမ်းမဆင်ခြင်မိကြပဲ ပြင်ပ၌ မီးရှို့၍ မီးလှုံကြလေသည်။

သစ်ရွက်မိုးကျောင်း၏အတွင်း၌ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် နိရောဓသမာပတ်ကို ဝင်စား၍ ထိုင်နေတော်မူလေသည်၊ ထိုမိန်းမတို့သည် မီးတောက်မီးလျှံများ ပြတ်စဲသွားသည်ရှိသော် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မြင်ကြရ၍"ရှင်မတို့...ငါတို့သည် အဘယ်အမှုကို ပြုမိကြသနည်း? ဤပစ္စေကဗုဒ္ဓါအရှင်မြတ်သည် မင်းကြီး၏ဆရာဖြစ်ပေသည်၊ ဤပစ္စေကဗုဒ္ဓါအရှင်မြတ် ပျံလွန်တော်မူနေသည်ကို မြင်တွေ့ရလျှင် မင်းကြီးသည်ငါတို့အား အမျက်ထွက်လိမ့်မည်၊ ယခုအခါ ထိုပစ္စေကဗုဒ္ဓါကို အစအနပျောက် မီးသင်္ဂြိုဟ်မှုပြုရန် သင့်လျော်ပေမည်"ဟု အကြံများကြကာ အခြားထင်းတို့ကိုလည်း ထည့်ပြီးလျှင် မီးတိုက်ကြလေတော့သည်။

မှတ်ချက်။ ။ [ဤ၌...မီးလှုံစဉ်က မီးတိုက်မှုအတွက် သတ်လို, သေစေလိုသော စေတနာမရှိ၍ အပြစ်မရှိကြသော်လည်း နလုံးသွင်းမတတ်ကြ, အကြောက်လွန်ကြသည်အတွက် နောက်ထပ် မီးတိုက်ခြင်းကား သေစေလိုသော စေတနာ ပါရှိကြသောကြောင့် အပြစ်ကြီးလေးလေသည်။ (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ဒုပိုင်း၊ ၃၁၇။)]

တဖန် မီးတောက်မီးလျှံများ ပြတ်စဲသွားသည်ရှိသော် ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် နိရောဓသမာပတ်မှထ၍ ထိုမိန်းမတို့ ကြည့်ရှုနေကြစဉ်ပင် သင်္ကန်းတို့ကို ခါ၍ ကောင်းကင်သို့ ပျံတက်ကာ ကြွသွားတော်မူလေသည်၊ ထိုမကောင်းမှုကံကြောင့် ထိုမိန်းမတို့သည် ငရဲ၌ ကျက်ကြရပြီးလျှင် အကျိုးကြွင်းအခံနေဖြင့် ဤမီးလောင်တိုက်သွင်းခံရ၍ သေဆုံးပျက်စီးခြင်းသို့ ရောက်ကြရလေသည်။

## တေဒဂ်ဘွဲ့ထူး၊ ဆွတ်ကာရူး၊ နှစ်ဦးသူတို့ပါ

သာမာဝတီမိဖုရားအမှူးရှိသော မင်းမိန်းမငါးရာတို့ ပျက်စီးခြင်းသို့ ရောက်ကြပြီးနောက် ပရိသတ်လေးပါးတို့၏အလယ်၌..... "ခုဇ္ဇုတ္တရာသည် အကြားအမြင်ဗဟုသုတများပေစွာ့တကား၊ မာတုဂါမအဖြစ်၌တည်ပါလျက် မင်းမိန်းမငါးရာတို့အား တရားကို ဟောကြား၍ သောတာပတ္တိဖိုလ်၌ တည်စေပါပေသည်။...သာမာဝတီမိဖုရားသည်လည်း ဥဒေနမင်းက မိမိသို့ ပစ်အပ်သောမြားကို သြဒိသကမေတ္တာဖြန့်ခြင်းဖြင့် ဖြန့်လျက် တားမြစ်နိုင်ပါပေသည်"ဟူ၍ ချီးမွမ်းစကား ဖြစ်ပွားခဲ့လေသည်။

ဘုရားရှင်သည် နောက်အဖို့ဝယ် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူစဉ် ဥပါသိကာမတို့ကို အစဉ်အတိုင်း တေဒဂ်ရာထူး၌ ထားတော်မူသည်ရှိသော် ခုဇ္ဇုတ္တရာကို "ရဟန်းတို့...အကြားအမြင်ဗဟုသုတများကြသည့် ငါဘုရား၏တပည့်မ ဥပါသိကာတို့တွင် ခုဇ္ဇုတ္တရာသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "ဗဟုသုတ အကြားအမြင်များသောအရာဝယ် အမြတ်ဆုံး တေဒဂ်ရာထူး၌ထားတော်မူလေသည်။

မှတ်ချက်။ ။[(ခုဇ္ဇုတ္တရာထံမှ တရားနာယူကြရသောကြောင့်) သာမာဝတီမိဖုရားအမှူးရှိသော မင်းမိန်းမငါးရာတို့ သောတာပန် ဖြစ်ကြပြီးသောအခါ ဤခုဇ္ဇုတ္တရာကို "အမိဥတ္တရာ...သင်သည် နေ့စဉ် ဘုရားရှင့်အထံတော်သို့ သွားရောက်၍ ဘုရားရှင်ဟောကြားသမျှတရားကိုနာယူပြီးလျှင် ကျွန်ုပ်တို့အား ပြန်လည်၍ ဟောကြားပါလော့"ဟု ပြောဆိုကြလေသည်၊ သူမသည် ထိုမင်းမိန်းမတို့ ပြောဆိုသည့်အတိုင်း ပြုရကား နောက်အဖို့ဝယ် တိပိဋကဓရ ပိဋကသုံးပုံဆောင်အမျိုးသမီး ဖြစ်ခဲ့လေသည်။ ထို့ကြောင့်ပင် ဘုရားရှင်သည် ခုဇ္ဇုတ္တရာကို နောက်အဖို့၌ ဗဟုသုတကြွယ်ဝသောအရာဝယ် တေဒဂ်ထားတော်မူလေသည်။

ဤသို့လျှင် ဥပါသိကာမတို့အနက် ဗဟုသုတများလှသူဖြစ်သောကြောင့် ဘုရားရှင်ကပင် တေဒဂ်ရာထူး၌ထားတော်မူအပ်သော သေက္ခပဋိသမ္ဘိဒါပတ္တ ခုဇ္ဇုတ္တရာ အရိယာသာဝိကာမသည် ဘုရားရှင် ကောသမ္ဗီပြည်၌ သီတင်းသုံးနေတော်မူစဉ် အခါမပြတ် ဘုရားရှင်ထံတော်သို့ သွား၍ တရားနာယူပြီးလျှင် နန်းတော်သို့ ပြန်ကာ သာမာဝတီအမှူးရှိသော မင်းမိန်းမငါးရာတို့အား ဘုရားရှင် ဟောတော်မူသည့်နည်းအတိုင်း မိမိ ကြားနာခဲ့ရသော တရားများကို"ဝုတ္တံ ဟေတံ ဘဂဝတာ၊ ဝုတ္တမရဟာတာတိ မေ သုတံ"ဟု နိဒါန်းတင်လျက် တဖန်ပြန်၍ ဟောပြလေသည်။

ထိုသို့ ခုဇ္ဇုတ္တရာ တဖန်ပြန်၍ ဟောကြားအပ်သည့် သုတ်ပေါင်း (၁၁၂)သုတ်ရှိသော ဘုရားရှင်၏စကားတော်အစဉ်ကို သံဂါယနာတင် မထေရ်မြတ်တို့က"ဣတိဝုတ္တက ပါဠိတော်"ဟူသောအမည်ဖြင့် သံဂါယနာတင်တော်မူခဲ့ကြလေသည်။ (ဣတိဝုတ္တက၊ ၄၊၂၉)]

ဘုရားရှင်သည် တေဒဂ်ပွဲကြီးသဘင် ဆင်ယင်ပေးအပ်ရာ၌ သာမာဝတီမိဖုရားကိုကား..."ရဟန်းတို့...မေတ္တာဈာန်ဖြင့် နေလေ့ရှိကြသည့် ငါဘုရား၏တပည့်မ ဥပါသိကာတို့တွင် သာမာဝတီသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "မေတ္တာဝိဟာရီ=မေတ္တာဖြင့်နေလေ့ရှိသောအရာဝယ် အမြတ်ဆုံး တေဒဂ်ရာထူး၌ ထားတော်မူလေသည်။

ဗဟုဿုတာနံ ယဒိဒံ ခုဇ္ဇုတ္တရာ၊ မေတ္တာဝိဟာရီနံ ယဒိဒံ သာမာဝတီတိ ဗဟုဿုတာနံ ဥပါသိကာနံ ခုဇ္ဇုတ္တရာ၊ မေတ္တာဝိဟာရီနံ သာမာဝတီ အဂ္ဂါတိ ဒဿေတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၂၁ ၃၂၂။)

အထ သတ္ထာ အပရဘာဂေ ဇေတဝနေ နိသိန္နော တဒေဝ ကာရဏံ အဋ္ဌုပ္ပတ္တိံ ကတွာ ခုဇ္ဇုတ္တရံ ဗဟုဿုတာနံ, သာမာဝတိံ မေတ္တာဝိဟာရီနံ အဂ္ဂဋ္ဌာနေ ဌပေသီတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၄၂။)

ဤခုဇ္ဇုတ္တရာနှင့် သာမာဝတီမိဖုရားတို့အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ (အံ၊ ဋ္ဌ၊ ၁၊ ၃၂၁ ၃၄၂), ဓမ္မပဒအဋ္ဌကထာ(ဓမ္မပဒ၊ ဋ္ဌ၊ ၁၊၁၀၃ ၁၄၇), ဣတိဝုတ်အဋ္ဌကထာ(၂၆ ၂၉), မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ဒုတိယပိုင်း(၂၉၄ ၃၁၉), မဟာဗုဒ္ဓဝင် တတိယတွဲ(၇၁၂ ၇၂၇), ပုံတော်စုံဓမ္မပဒဝတ္ထုတော်ကြီး ပထမတွဲ (၁၉၆ ၂၈၅)တို့၌ အကျယ်တဝင့် ကြည့်ရှုနိုင်သည်။

## ၅။ ဥတ္တရာနန္ဒမာတာ ဥပါသိကာအကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဈာယီနံ ယဒိဒံ ဥတ္တရာ နန္ဒမာတာ။ (အံ၊ ၁၊ ၂၇။)

### ဥတ္တရာအလောင်း ရှေးဆုတောင်း

ဤဥတ္တရာ ဥပါသိကာအလောင်း အမျိုးသမီးသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီးဖြစ်၍ ဘုရားရှင်၏တရားစကားကို ကြားနာနေစဉ် ဘုရားရှင်က ဥပါသိကာမတစ်ယောက်ကို "ဈာန်တရားဖြင့် မွေ့လျော်နေလေ့ရှိသောအရာ"ဝယ် အမြတ်ဆုံးတေဒဂ်အရာ၌ ထားတော်မူသည်ကို မြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူး

ကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

## နောက်ဆုံးဘဝ၊ မည်နာမ၊ ခေါ်ကြလေပါ ဥတ္တရာ

ထိုအမျိုးကောင်းသမီးသည် ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်ခဲ့ပြီးလျှင် ဤဂေါတမဘုရားရှင် ပွင့်တော်မူလတ်သော် ရာဇဂြိုဟ်မြို့ဝယ် သုမနသူဌေးကို အမှီပြု၍ နေရသည့် "ပုဏ္ဏသီဟ"အမည်ရှိသောသူ၏ဇနီးသည်၏ဝမ်း၌ ပဋိသန္ဓေစွဲယူကာ ဖွားမြင်လာလေသည်၊ သူမ၏အမည်ကို "ဥတ္တရာ"ဟု မှည့်ခေါ်ကြလေသည်။

## ပုဏ္ဏသီဟ၊ ကံဒိဋ္ဌ၊ ကျိုးရ သူဌေးဖြစ်

တနေ့သ၌ နက္ခတ်ပွဲသဘင်နေ့ဝယ် ရာဇဂြိုဟ်သူဌေးသည် ပုဏ္ဏကို ခေါ်စေ၍ "အမောင်ပုဏ္ဏ...နက္ခတ်ပွဲသဘင်သည်လည်း ကောင်း, ဥပုသ်စောင့်သုံးခြင်းသည်လည်းကောင်း ဆင်းရဲသောလူအဖို့ရာ အဘယ်ပြုအံ့နည်း?၊ သို့သော်လည်း 'သင်သည် နက္ခတ်ပွဲသဘင်အဖိုးအခရိက္ခာကို ယူ၍ ပွဲသဘင်ပျော်ရွှင်မည်လော?၊ သို့မဟုတ် အားကောင်းသည့်နွားများ, ထွန်တုံး, ထွန်သွားများကို ယူ၍ လယ်ထွန်မည်လော?'ဟု ပြောဆိုပါလော့"ဟု ပြောလေသည်။ ပုဏ္ဏက "အရှင်သူဌေးမင်း...ကျွန်ုပ်၏အိမ်ရှင်မနှင့်တိုင်ပင်၍ သိရပါလိမ့်မည်"ဟု ပြောကာ ထိုသူဌေးမေးသောစကားကို အိမ်ရှင်မအား ပြောကြားလေသည်၊ အိမ်ရှင်မက "အိုအရှင်...သူဌေးမည်သည် ကျွန်ုပ်တို့၏အရှင်သခင်, အစိုးရသူဖြစ်ပါသည်၊ထိုသူဌေးမင်း၏အဖို့ရာ သူပြောသမျှစကားသည် တင့်တယ်ပါ၏၊ အမှန်သော်ကား အရှင်သည် မိမိ၏လုပ်ငန်းဖြစ်သော လယ်ထွန်မှုကိုမစွန့်ပါနှင့်"ဟု ပြောကြားလေသည်၊ ပုဏ္ဏသည် အိမ်ရှင်မ၏စကားကို နာထောင်ပြီးလျှင် လယ်ထွန်ရမည့် ထွန်တုံး,ထွန်သွားစသည့် ဘဏ္ဍာများကိုယူ၍ လယ်ထွန်ရန် သွားလေသည်။

[ဓမ္မပဒအဋ္ဌကထာ ဒုတိယအုပ်(နှာ ၁၉၆)၌ကား "တစ်နေ့သ၌ 'ခုနစ်ရက်ပတ်လုံး နက္ခတ်သဘင်ကစားရမည်' ဟု ရာဇဂြိုဟ်ပြည်၌ ကြွေးကြော်ခြင်းကို ပြုကြကုန်၏၊ ထိုစကားကို ကြားရလျှင် သုမနသူဌေးသည် နံနက်စောစောကပင်လျှင် ရောက်လာသောပုဏ္ဏကို ခေါ်၍ 'အမောင်...ငါတို့၏အလုပ်အကျွေး(အမှုလုပ်)များသည် နက္ခတ်သဘင်ကစားခြင်းကို အလိုရှိကြသည်၊ အမောင်ကား အသို့နည်း? နက္ခတ်သဘင်ကို ကစားမည်လော? သို့တည်းမဟုတ် အခစားအမှုကို ပြုလုပ်မည်လော?'ဟု မေးမြန်းလေသည်၊ ပုဏ္ဏက 'အရှင်သူဌေးမင်း...နက္ခတ်သဘင် ပျော်ရွှင်ကစားခြင်းမည်သည် ဥစ္စာရှိသူတို့အတွက် ဖြစ်ပါသည်၊ ကျွန်ုပ်၏အိမ်၌ကား နက်ဖြန်အလို့ငှာ ယာဂုကျိုစရာ ဆန်ပင် မရှိပါ၊ ကျွန်ုပ်အဖို့ရာ နက္ခတ်သဘင်ကစားခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း?၊ နွားတို့ကို ရသည်ရှိသော် လယ်ထွန်ခြင်းငှါ သွားပါမည်'ဟု ပြောဆိုလေသည်၊ သုမနသူဌေးက 'ထိုသို့ဖြစ်လျှင် နွားတို့ကို ယူလော့'ဟု ပြောလေသည်၊ ပုဏ္ဏသည် အားကောင်းသောနွားများနှင့် ထွန်ကို ယူခဲ့ပြီးလျှင် 'ရှင်မ...မြို့သူမြို့သားတို့သည် နက္ခတ်သဘင်ကို ပျော်ရွှင်စွာ ကစားကြကုန်၏၊ ငါကား ဆင်းရဲခြင်းကြောင့် အခစားအမှုကို ပြုလုပ်ခြင်းငှာ သွားပေအံ့၊ ငါ့အတွက် ယနေ့ နှစ်ဆဖြစ်သော အစာရိက္ခာကို ချက်၍ ထမင်းကို ယူဆောင်ခဲ့ပါလော့'ဟု ဇနီးသည်အား မှာကြားပြောဆိုလျက် လယ်တောသို့သွားလေသည်"ဟု လာရှိသည်။]

ထိုနေ့၌လည်း အရှင်သာရိပုတ္တမထေရ်မြတ်သည် နိရောဓသမာပတ်မှ ထ၍ "ယနေ့ ငါသည် အဘယ်သူအား ချီးမြှောက်မှုကို ပြုရန်သင့်မည်နည်း?"ဟု ဆင်ခြင်တော်မူလတ်သော် ဤပုဏ္ဏ၏ရှေးအကြောင်းကောင်းမှု ဥပနိဿယကို မြင်တော်မူ၍ ဆွမ်းခံချိန်ဝယ် သပိတ်, သင်္ကန်းကို ယူဆောင်တော်မူလျက် ပုဏ္ဏ၏လယ်ထွန်ရာအရပ်သို့ ကြွရောက်တော်ကာ မနီးမဝေးဝယ် ကိုယ်တော်ကို ပြလေသည်၊ ပုဏ္ဏသည် မထေရ်မြတ်ကို မြင်ရလျှင် လယ်ထွန်ခြင်းကို ရပ်ထားခဲ့၍ မထေရ်မြတ်၏အထံသို့ သွားလျက် တည်ခြင်းငါးပါးဖြင့် ရှိခိုးလေသည်၊ မထေရ်မြတ်သည် ပုဏ္ဏကို ကြည့်တော်မူ၍ ဥဒကသဘာဂ(ရေချမ်းသာမည့်အရပ်)ကို မေးတော်မူလေသည်၊ ပုဏ္ဏသည် "အရှင်မြတ်သည် မျက်နှာသစ်တော်မူလိုသည် ဖြစ်ပေလိမ့်မည်"ဟု ကြံစည်စဉ်းစားကာ လျင်မြန်စွာ သွား၍ တံပူကို ယူဆောင်၍ အပ်စပ်အောင် ပြုပြီးလျှင် မထေရ်မြတ်အားဆက်ကပ်လှူဒါန်းလေသည်။ မထေရ်မြတ် တံပူကို ဝါးနေတော်မူစဉ် သပိတ်နှင့် ဓမ္မကရိဏ်ရေစစ်ကို ထုတ်ယူ၍ ရေအပြည့် ခပ်ယူဆောင်လာခဲ့လေသည်။

မထေရ်မြတ်သည် မျက်နှာသစ်တော်မူပြီးလျှင် ဆွမ်းခံခရီးသို့ ကြွတော်မူလေသည်၊ ပုဏ္ဏသည် "မထေရ်မြတ်သည် အခြားသောနေ့တို့၌ ဤခရီးသို့ကြွတော်မမူချေ၊ ယနေ့ကား ငါ့အား ချီးမြှောက်ရန် ကြွလာတော်မူသည် ဖြစ်ပေလိမ့်မည်၊ ငါ၏အိမ်ရှင်မသည် ငါ့အတွက် ယူဆောင်လာမည့် အစာအာဟာရကို မထေရ်မြတ်၏သပိတ်၌ လောင်းထည့်၍ လှူလိုက်ရပါမူကား ကောင်းလေစွာ့"ဟု ကြံစည်မိလေသည်။

ထိုအခါ ပုဏ္ဏ၏ဇနီးအိမ်ရှင်မသည် "ယနေ့ကား နက္ခတ်ပွဲသဘင်နေ့ဖြစ်သည်"ဟု ကြံစည်မိကာ စောစောကပင် မိမိအတွက် ရရှိသောရိက္ခာဖြင့် ခဲဖွယ်ဘောဇဉ်ကို စီမံ ယူဆောင်ခဲ့၍ ခင်ပွန်းသည်၏လယ်ထွန်ရာအရပ်သို့ လာသည်ရှိသော် လမ်းခရီးအကြားဝယ်

မထေရ်မြတ်ကို မြင်၍ "အခြားသောနေ့တို့၌ ငါ့အဖို့ရာ မထေရ်မြတ်ကို ဖူးတွေ့ရစေကာမူ လှူဖွယ်ဝတ္ထုမရှိပဲ ဖြစ်ခဲ့၏၊ လှူဖွယ်ဝတ္ထုရှိပြန်တော့လည်း ငါ၏အရှင်မြတ်ကို မဖူးတွေ့ရ၊ ယနေ့ကား လှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်နှစ်မျိုးလုံးတို့၏ပင် မျက်မှောက်ဖြစ်ချေပြီ၊ ငါ၏ခင်ပွန်းသည်အတွက် တဖန်ပြန်၍ ချက်ပြုတ်စီမံပြီးမှ ပို့ဆောင်တော့မည်၊ ငါ ဤဆောင်ယူခဲ့သောစားဖွယ်အာဟာရကို ရှေးဦးစွာ မထေရ်မြတ်အား လှူတော့မည်"ဟု ဆင်ခြင်လျက် စေတနာသုံးတန်ပြဋ္ဌာန်းကာ ထိုမိမိယူဆောင်ခဲ့သော ခဲဖွယ်ဘောဇဉ်ကို မထေရ်မြတ်၏သပိတ်၌လောင်းထည့်လှူဒါန်းပြီးလျှင် "ဤသို့သဘောရှိသော ဆင်းဆင်းရဲရဲ အသက်ရှင်ရခြင်းမှ လွတ်မြောက်ရပါလို၏ဘုရား"ဟု ဆုတောင်းစကား လျှောက်ထားလေသည်၊ မထေရ်မြတ်သည်လည်း "သင်၏အလိုဆန္ဒ ပြည့်ဝပါစေ"ဟု ထိုဒါယိကာမအား အနုမောဒနာစကား မိန့်ကြားတော်မူ၍ ထိုအရပ်မှ ပြန်နစ်၍ ကျောင်းတော်သို့ ကြွတော်မူလေသည်။

[ဓမ္မပဒအဋ္ဌကထာ ဒုတိယတွဲ (နှာ ၁၉၇)၌ကား "...မထေရ်မြတ်သည် သပိတ်ကို ညွတ်တော်မူပြီလျှင် ပုဏ္ဏ၏ဇနီးသည်က လက်တစ်ဖက်ဖြင့် ထမင်းခွက်ကို ကိုင်၍ အခြားလက်တစ်ဖက်ဖြင့် ထိုထမင်းခွက်မှ ဆွမ်းကို လှူဒါန်းစဉ် ထက်ဝက်သောဆွမ်းကို လှူအပ်သည်ရှိသော်'တန်ပြီ'ဟု လက်တော်ဖြင့် သပိတ်ကို ပတ်တော်မူလေသည်။ ပုဏ္ဏ၏ဇနီးသည်က 'အရှင်ဘုရား...တစ်ယောက်စာအတွက် တစ်ခုသော အဖို့ကို နှစ်ဖို့နှစ်စု ပြုခြင်းငှာ မတတ်ကောင်းပါ၊ အရှင်ဘုရားတို့၏ကျေးကျွန်အား ဤပစ္စုပ္ပန်လောကအတွက် ချီးမြှောက်ခြင်းကို ပြုတော်မမူပဲ တမလွန်လောကအတွက် ချီးမြှောက်ခြင်းကို ပြုတော်မူပါ၊ အကြွင်းမဲ့သာလျှင် လှူခြင်းငှာ အလိုရှိပါသည် ဘုရား'ဟု လျှောက်ထားပြီးလျှင် အလုံးစုံသောဆွမ်းကိုသာလျှင် မထေရ်မြတ်၏သပိတ်၌ လောင်းထည့်လျက် 'အရှင်ဘုရားတို့သိမြင်အပ်သော တရားတော်၏သာလျှင် အဖို့ရှိသည် ဖြစ်ရပါလို၏'ဟု ဆုတောင်းပတ္ထနာ ပြုလေသည်။ မထေရ်မြတ်က 'ဤသို့ တောင်းသည်ဆုအတိုင်း ပြည့်စေသတည်း'ဟု မိန့်တော်မူကာ ဆွမ်းအနုမောဒနာပြု၍ ရေရလွယ်၍ ချမ်းသာရာအရပ် တစ်ခု၌ ထိုင်တော်မူကာ ဆွမ်းဘုဉ်းပေးတော်မူလေသည်။

သာ....သဗ္ဗမေဝ ထေရဿ ပတ္တေ ပတိဋ္ဌပေတွာ "တုမှေဟိ ဒိဋ္ဌဓမ္မဿေဝ ဘာဂီ အဿ"န္တိ ပတ္ထနံ အကာသိ။ ထေရော "ဧဝံ ဟောတူ"တိ ဝတွာ ဌိတကောဝ အနုမောဒနံ ကရိတွာ ဧကသ္မိံ ဥဒကဖာသုကဋ္ဌာနေ နိသီဒိတွာ ဘတ္တကိစ္စမကာသိ။ (ဓမ္မပဒ၊ဋ္ဌ၊ ၂၊ ၁၉၇။)]

ပုဏ္ဏ၏အိမ်ရှင်မသည်လည်း တဖန် မိမိအိမ်သို့ ပြန်၍ ခင်ပွန်းသည်အတွက် အစာအာဟာရကို ချက်ပြုတ်စီမံ၍ ယူဆောင်ကာ လယ်ထွန်ရာ အရပ်သို့ ရောက်လျှင် ခင်ပွန်းသည်၏အမျက်ထွက်အံ့သည့်ဘေးမှကြောက်သည်ဖြစ်၍ "အရှင်...ယနေ့ တစ်ရက်လောက် အရှင်၏စိတ်ကို ထိန်းသိမ်းစောင့်ရှောက်စေလိုပါသည်"ဟု ကြိုတင်၍ ပြောလေသည်၊ ပုဏ္ဏက "အဘယ်အကြောင်းကြောင့်နည်း?"ဟု မေးလေသော် ဇနီးသည်က "အရှင်...ကျွန်တော်မသည် ယနေ့ အရှင်၏အတွက် အစာအာဟာရကို ယူဆောင်လာစဉ် လမ်းခရီးအကြား၌ အရှင်သာရိပုတ္တမထေရ်ကို ဖူးတွေ့ရ၍ အရှင်၏ဝေပုံကျထမင်းကို မထေရ်မြတ်၏သပိတ်၌ လောင်းလှူပြီးမှ အိမ်သို့ တဖန်ပြန်လျက် ထမင်းအသစ်ချက်၍ ယူဆောင်လာရပါသည်"ဟု ပြောဆိုလေသည်။

## ထွန်စိုင်မြေတုံး၊ ကံရှိန်မှုန်း၊ ရွှေတုံးဖြစ်လေပြီ

ပုဏ္ဏသည်လည်း "ရှင်မ...သင်သည် နှစ်လိုဖွယ်သောအမှုကို ပြုအပ်ပေပြီ၊ ငါသည်လည်း စောစောကပင် မထေရ်မြတ်အား တံပူနှင့်မျက်နှာသစ်တော်ရေကို လှူဒါန်းအပ်ပေပြီ၊ ယနေ့ ငါတို့အဖို့ရာ ကောင်းသောမိုးသောက်ခြင်း ဖြစ်ပါပေ၏၊ မထေရ်မြတ်၏သုံးဆောင်အပ်သမျှ အလုံးစုံပင် ငါတို့၏ဥစ္စာသာလျှင် ဖြစ်ပေတော့သည်"ဟု ပြောဆို၍ ဇနီးမောင်နှံနှစ်ဦးလုံးတို့၏သန္တာန်၌ တထပ်တည်းတူညီသော ကုသိုလ်စိတ်များ ဖြစ်၍နေလေသည်။

ထိုနောက် ပုဏ္ဏသည် ထမင်းစားပြီးနောက် ဇနီးသည်၏ပေါင်ပေါ်၌ ဦးခေါင်းထား၍ ခေတ္တမျှ လဲလျောင်းလေသည်၊ ထိုအခါ ပုဏ္ဏသည် အိပ်ပျော်သွားလေသည်၊ ပုဏ္ဏသည် အနည်းငယ် အိပ်ပျော်ပြီး နိုးလေသော် မိမိထွန်ယက်ထားသောအရပ်ကို ကြည့်ရှုလေ၏၊ ကြည့်တိုင်းကြည့်တိုင်းသော အရပ်သည် သပွတ်ခါးသီးပွင့်ကြီးတို့ဖြင့် ကြဲ၍ထားသကဲ့သို့ ဖြစ်နေလေသည်၊ ပုဏ္ဏသည် ဇနီးသည်ကို "ရှင်မ...ထိုဝတ္ထုများကား အဘယ်မည်သောဝတ္ထုများပါနည်း? ယနေ့ ငါထွန်ယက်ပြီးသော ဤလယ်မြေအရပ်သည် ရွှေရောင်အဆင်းရှိသည်ဖြစ်၍ ထင်ရ၏"ဟု ပြောဆိုလေသည်၊ ဇနီးသည်က "အရှင်...ယနေ့ အရှင်သည် တနေ့လုံး ပင်ပန်းနေသောကြောင့် မျက်စိများ လည်၍နေကြသည် ထင်ပါသည်"ဟု ပြောလေလျှင် ပုဏ္ဏက "ငါ့အား မယုံကြည်လျှင် ရှင်မကိုယ်တိုင် ကြည့်ပါလော့"ဟု ပြောဆိုလေသည်၊ ထိုအခါဝယ် ဇနီးသည်သည် လယ်မြေကို ကြည့်ပြီးလျှင် "အရှင်...အရှင်သည် ဟုတ်မှန်သောသဘောကို ပြောဆို၏၊ ဤဝတ္ထုများသည် အရှင်ပြောသည့်အတိုင်း ရွှေစိုင်တုံးများ ဖြစ်ကြပေလိမ့်မည်"ဟု ပြောဆိုလေသည်။

ပုဏ္ဏသည် ထသွား၍ ထွန်စိုင်မြေတုံးတစ်ခုကို ကောက်ယူပြီးလျှင် ထွန်တုံးဦး၌ ထုကြည့်လေ၏၊ ထွန်စိုင်မြေတုံးသည် ရွှေတုံး

ရွှေနိုင်ဖြစ်ကာ တင်လဲခဲကဲ့သို့ ထွန်တုံးဦး၌ ကပ်ငြိ၍ တည်လေသည်၊ ပုဏ္ဏသည် ဇနီးသည်ကို ခေါ်၍ "ရှင်မ...အခြားသူတို့ စိုက်ပျိုးအပ်သော မျိုးစေ့သည် သုံး, လေးလကြာမှ အသီး သီး၏၊ ငါတို့၏ အရှင်သာရိပုတ္တမထေရ်မြတ်တည်းဟူသော လယ်မြေကောင်းအတွင်း၌ စိုက်ပျိုးအပ်သောသဒ္ဓါမျိုးစေ့သည်ကား ယနေ့ပင် မချွတ်ကေန် အသီးကို သီးစေအပ်=အကျိုးကို ပေးအပ်လေပြီ၊ ဤတစ်ပယ်မျှသော မြေအရပ်၌ သျှိသျှားသီးမျှသော မြေနိုင်ခဲသော်မှလည်း ရွှေမဟုတ်သော မည်သည် မရှိချေ"ဟု ပြောဆိုလေသည်။

ပယ်(မင်းပယ်)=ကရီသ "A square measure of ground containing 1,200 square cubits, equivalent to 1.75 English acres"

## [ဒိဋ္ဌဓမ္မဝေဒနီယကံနှင့်စပ်သွယ် သိမှတ်ဖွယ်

အလှူဒါနကောင်းမှု တစ်ခုခုပြုလျှင် မဟာကုသိုလ်ဇောဝါရ ဝီထိတို့ များစွာ ဖြစ်ကြလေရာ တစ်ဝီထိ တစ်ဝီထိတို့၌ ကုသိုလ်ဇော ခုနစ်ကြိမ်တို့ ဖြစ်ကြလေသည်၊ ထိုဇောခုနစ်ကြိမ်တို့တွင် ပဌမဇောစိတ်တို့၌ ပါရှိသော ကုသိုလ်စေတနာကို (အကြောင်းညီညွတ်လျှင် မျက်မှောက်ဘဝ၌ပင် သက်မဲ့ဖြစ်သည့် ရွှေငွေစသော ရုပ်ဝတ္ထုအကျိုးများကိုဖြစ်စေတတ်သောကြောင့်) "ဒိဋ္ဌဓမ္မဝေဒနီယကံ"ဟူ၍ ခေါ်ဆိုအပ်သည်။

ဤဘဝ၌ပင် အကျိုးပေးသောကံကို "ဒိဋ္ဌဓမ္မဝေဒနီယကံ"ဟု ခေါ်ဆိုအပ်သည်။ ပဌမအရွယ်၌ ပြုအပ်သောကံသည် ပဌမအရွယ်၌ဖြစ်စေ, မဇ္ဈိမ(အလတ်)အရွယ်၌ဖြစ်စေ, သို့မဟုတ် ပစ္ဆိမ(နောက်ဆုံး)အရွယ်၌ဖြစ်စေ အကျိုးပေးလျှင်ထိုကံကိုလည်းကောင်း, မဇ္ဈိမအရွယ်၌ ပြုအပ်သောကံသည် မဇ္ဈိမအရွယ်၌ဖြစ်စေ, သို့မဟုတ် ပစ္ဆိမအရွယ်၌ဖြစ်စေ အကျိုးပေးလျှင် ထိုကံကိုလည်းကောင်း, ပစ္ဆိမအရွယ်၌ ပြုအပ်သောကံသည် ထိုပစ္ဆိမအရွယ်၌ပင် အကျိုးပေးလျှင် ထိုကံကိုလည်းကောင်း "ဒိဋ္ဌဓမ္မဝေဒနီယကံ"ဟု ခေါ်ဆိုအပ်သည်။ အထူးသဖြင့် ခုနစ်ရက်အတွင်း အကျိုးပေးသောကံကိုကား "ပရိပက္ကဝေဒနီယကံ"ဟု ခေါ်ဆိုအပ်သည်။ ထိုဒိဋ္ဌဓမ္မဝေဒနီယကံသည် "ကုသလ(ကုသိုလ်)ဒိဋ္ဌဓမ္မဝေဒနီယကံ, အကုသလ(အကုသိုလ်)ဒိဋ္ဌဓမ္မဝေဒနီယကံ ဟူ၍ နှစ်မျိုးရှိ၏။

ဒိဋ္ဌဓမ္မဝေဒနီယန္တိ ဣမသ္မိံယေဝ အတ္တဘာဝေ ဝိပါကဒါယကံ။...ပရိပက္ကဝေဒနီယန္တိ ပရိပက္ကေ နိပ္ဖန္နေ အတ္တဘာဝေ ဝေဒနီယံ၊ ဒိဋ္ဌဓမ္မဝေဒနီယဿေဝေတံ အဓိဝစနံ။ ယံ ပဌမဝယေ ကတံ ပဌမဝယေ ဝါ မဇ္ဈိမဝယေ ဝါ ပစ္ဆိမဝယေ ဝါ ဝိပါကံ ဒေတိ၊ မဇ္ဈိမဝယေ ကတံ မဇ္ဈိမဝယေ ဝါ ပစ္ဆိမဝယေ ဝါ ဝိပါကံ ဒေတိ၊ ပစ္ဆိမဝယေ ကတံ တတ္ထေဝ ဝိပါကံ ဒေတိ၊ တံ ဒိဋ္ဌဓမ္မဝေဒနီယံ နာမ။ ယံ ပန သတ္တဒိဝသဗ္ဘန္တရေ ဝိပါကံ ဒေတိ၊ တံ ပရိပက္ကဝေဒနီယံ နာမ။ တံ ကုသလမ္ပိ ဟောတိ အကုသလမ္ပိ။ (မ၊ ဋ္ဌ၊ ၄=ဥပရိပဏ္ဏာသဋ္ဌကထာ၊ ၃။)

မဟာဒုဂ်သည် ကဿပဘုရားရှင်အား ဆွမ်းကပ်လှူခြင်းကြောင့် ချက်ခြင်းပင် သူဌေးဖြစ်၏။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၆၀ ၃၆၆)။ ပုဏ္ဏမည်သောဆင်းရဲသား ဇနီးမောင်နှံတို့သည် အရှင်သာရိပုတ္တမထေရ်မြတ်အား ဆွမ်းလှူရခြင်းကြောင့် ချက်ခြင်း သူဌေးဖြစ်၏၊ ကာကဝဋ္ဋိယဇနီးမောင်နှံတို့သည် အရှင်မဟာကဿပမထေရ်မြတ်အား ဆွမ်းလှူရခြင်းကြောင့် ချက်ခြင်း သူဌေးဖြစ်၏။ (ဤကားကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံ၏အကျိုးပေးပုံဝတ္ထုများတည်း)။

နန္ဒမည်သောလုလင်သည် ဥပ္ပလဝဏ်ထေရီကို မတရားပြုကျင့်ခြင်းကြောင့် ချက်ခြင်း မြေမျိုခံရ၏၊ နန္ဒမည်သော နွားသတ်သမားသည် အမြဲနွားသတ်၍ အသက်မွေးနေရာ တစ်နေ့သ၌ ထမင်းပွဲတွင် အမဲဟင်းမပါ၍ နွားလျှာကို လှီးဖြတ်ကင်စားတုန်းမှာပင် လျှာပြတ်ကျလျက် ဟစ်အော်မြည်တမ်းကာ ငရဲကျလေ၏။ နန္ဒမည်သောဘီလူးသည် အရှင်သာရိပုတ္တမထေရ်မြတ်၏ဦးခေါင်းတော်ကို ရိုက်နှက်ပုတ်ခတ်ခြင်းကြောင့် မြေမျို၍ မဟာအဝီစိငရဲ၌ ကျလေ၏။ (ဤကား အကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံ၏အကျိုးပေးပုံဝတ္ထုများတည်း)။

မဟာဒုဂ်ဝတ္ထုမှတပါး ကျန်ဝတ္ထုများအားလုံးကို ဥပရိပဏ္ဏာသအဋ္ဌကထာ ဒေဝဒဟသုတ်အဖွင့် စာမျက်နှာ (၅,၆)တို့၌ လာ၏။ ကာကဝဋ္ဋိယ(ကာကဝလိယ=ကာဠဝဋ္ဋိယ)ဝတ္ထုကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ (၃၃)၌လည်းကောင်း, ဥပ္ပလဝဏ္ဏထေရီဝတ္ထုကို ဓမ္မပဒအဋ္ဌကထာ ပဌမအုပ် စာမျက်နှာ (၃၁၀ ၃၁၁) တို့၌လည်းကောင်း ကြည့်ရှုနိုင်သည်။

## ဒိဋ္ဌဓမ္မဝေဒနီယကုသိုလ်ကံ၏အကျိုးကို ခံစားကြရသော ပုဂ္ဂိုလ် ၇ ယောက်

ဤဘုရားရှင်၏သာသနာတော်ဝယ် မိမိတို့ပြုလုပ်အပ်သော ကုသိုလ်ကောင်းမှု၏အကျိုးကို မျက်မှောက်ဘဝမှာပင် ခံစားရကြ

သောပုဂ္ဂိုလ် ၇ ယောက်တို့ရှိကြလေသည်၊ ထိုပုဂ္ဂိုလ်တို့မှာ.......

၁။ သုမနပန်းသည်,
၂။ ကောသာင္ကပုဏ္ဏား,
၃။ ပုဏ္ဏမည်သော သူရင်းငှား,
၄။ မလ္လိကာမိဖုရား,
၅။ ဂေါပါလမာတာမိဖုရား,
၆။ သုပ္ပိယာ ဥပါသိကာမ,
၇။ ပုဏ္ဏာမည်သော ကျွန်မ
တို့ဖြစ်ကြလေသည်။

သုယျတိ နု ခေါ မဟာရာဇ တေရဟိ ဇိနသာသနေ ကတာဓိကာရာနံ ဒိဋ္ဌဓမ္မသုခဝေဒနီယကမ္မံ၊ ကိတ္တိ စ ယေ အဗ္ဘုဂ္ဂတာ ဒေဝမနုဿေသူတိ။ အာမ ဘန္တေ သုယျတိ တေရဟိ ဇိနသာသနေ ကတာဓိကာရာနံ ဒိဋ္ဌဓမ္မသုခဝေဒနီယကမ္မံ၊ ကိတ္တိ စ ယေသံ အဗ္ဘုဂ္ဂတာ ဒေဝမနုဿေသု သတ္တ ဇနာတိ။ ကေ စ တေ မဟာရာဇာတိ။ သုမနော စ ဘန္တေ မာလာကာရော, ကောသာင္ကော စ ဗြာဟ္မဏော, ပုဏ္ဏော စ ဘတကော, မလ္လိကာ စ ဒေဝီ, ဂေါပါလမာတာ စ ဒေဝီ, သုပ္ပိယာ စ ဥပါသိကာ, ပုဏ္ဏာ စ ဒါသီတိ ဣမေ သတ္တ ဒိဋ္ဌဓမ္မသုခဝေဒနီယာ သတ္တာ၊ ကိတ္တိ စ ဣမေသံ အဗ္ဘုဂ္ဂတာ ဒေဝမနုဿေသူတိ။ (မိလိန္ဒပဉှ၊ ၁၂၀။)

၁။ သုမနပန်းသည်သည် မိမိ၏အသက်ကို စွန့်၍ ဗိမ္ဗိသာရမင်းကြီးအား ဆက်သရမည့်ပန်းတို့ကို ဘုရားရှင်အား လှူဒါန်းပူဇော်ရသော ကောင်းမှုကြောင့် ချက်ချင်းပင် ဗိမ္ဗိသာရမင်းကြီးထံမှ "ဆင်ရှစ်စီး, မြင်းရှစ်စီး, ကျွန်ယောကျ်ားရှစ်ယောက်, ကျွန်မိန်းမရှစ်ယောက်, မြတ်သောတန်ဆာရှစ်ခု, အသပြာရှစ်ထောင်, အဆင်တန်ဆာအပြည့်အစုံနှင့် နန်းတွင်းသူရှစ်ယောက်, ရွာကြီးရှစ်ရွာ ဟူသော သဗ္ဗဋ္ဌကဆုကို ရရှိလေသည်။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၀၆ ၃၀၉။)

၂။ ကောသာင္ကက(စူဠေကသာင္ကက)ပုဏ္ဏားသည် ဇနီးမောင်နှံ နှစ်ယောက်မှာမှ တစ်ထည်တည်းသာရှိသော အပေါ်ရုံအဝတ်ကို မစ္ဆေရစိတ်(မလှူလိုသောစိတ်)ကို အနိုင်ယူကာ ဘုရားရှင်အား လှူဒါန်းရသော ကောင်းမှုကြောင့် ချက်ချင်းပင် ပသေနဒီကောသလမင်းကြီးထံမှ"ဆင်လေးစီး, မြင်းလေးစီး, အသပြာလေးထောင်, မိန်းမလေးယောက်, ကျွန်မလေးယောက်, ယောကျ်ားလေးယောက်, ရွာကြီးလေးရွာ"ဟူသော သဗ္ဗစတုက္ကဆုကို ရရှိလေသည်။ (ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၁ ၃။)

၃။ ပုဏ္ဏမည်သော သူရင်းငှါးသည် မိမိက ဒန်ပူနှင့် မျက်နှာသစ်ရေကိုလည်းကောင်း, ဇနီးသည်က မိမိအတွက် ဆောင်ယူခဲ့သော ဆွမ်းကိုလည်းကောင်း နိရောဓသမာပတ်မှ ထတော်မူသော အရှင်သာရိပုတ္တမထေရ်မြတ်အား လှူဒါန်းရသော ကောင်းမှုကြောင့် မိမိလယ်ထွန်ရာ လယ်မြေပြင်ဝယ် ထွန်စိုင်ထွန်ခဲများမှ ရွှေတုံးရွှေခဲများအဖြစ်ပြောင်းလဲသွားကာ သူဌေးဖြစ်လေတော့သည်။ (ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၁၉၆ ၁၉၉။ အံ၊ ဋ္ဌ၊ ၁၊ ၃၄၂ ၃၄၄။)

၄။ မလ္လိကာမိဖုရားသည် ဆင်းရဲသားပန်းသည်၏သမီး မလ္လိကာဘဝတွင် မိမိစားမည့်မုန့်ကို ဘုရားရှင်အား လှူဒါန်းရသော ကောင်းမှုကြောင့် ထိုလှူဒါန်းသောနေ့၌ပင် ကောသလမင်းကြီး၏မိဖုရားကြီးဖြစ်ရလေသည်။ (သဂါထာဝဂ္ဂသံယုတ်၊ မလ္လိကာသုတ်၊ သံ၊ ဋ္ဌ၊ ၁၊ ၁၂၉။ ဇာ၊ ဋ္ဌ၊ ၃၊ ၃၈၄ ၃၈၅။)

၅။ ဂေါပါလမာတာ မိဖုရားသည် ဆင်းရဲနေသည့် သူဌေးသမီးဖြစ်၍ နှီထိန်းအဖြစ်အသက်မွေးနေစဉ် မိမိ၏ဆံပင်တို့ကို ဖြတ်၍ ရောင်းရသော ရှစ်အသပြာတို့ဖြင့် မဟာကစ္စာယနမထေရ်အမှူးရှိသော မထေရ်မြတ်ရှစ်ပါးတို့အား ဆွမ်းလှူဒါန်းရသော ကောင်းမှုကြောင့် ထိုနေ့၌ပင် စန္ဒပဇ္ဇောတမင်း၏မိဖုရားကြီးဖြစ်ရလေသည်။ (မိလိန္ဒပဉှ၊ ၂၈၁။ အံ၊ ဋ္ဌ၊ ၁၊ ၁၆၂ ၁၆၄။)

၆။ သုပ္ပိယာ ဥပါသိကာ (ဂိလာနုပဋ္ဌာကီ တေဒဂ်ရ သုပ္ပိယာ ဥပါသိကာမအကြောင်း၌ ကြည့်ပါ)။

၇။ ပုဏ္ဏာမည်သော ကျွန်မ။ "ဘုရားရှင်သည် ဝါကျွတ်၍ ပဝါရဏာပြုပြီးလျှင် အဂ္ဂသာဝကနှစ်ပါးတို့ကို ထားခဲ့၍ 'ဒက္ခိဏာဂိရိသို့ ဒေသစာရီခရီးကြွတော်မူမည်'ဟု ကျောင်းတော်မှ ထွက်ကြွတော်မူရာတွင် ပသေနဒီကောသလမင်းကြီး, အနာထပိဏ်သူဌေးကြီး,ဝိသာခါဒါယိကာမကြီးနှင့် အခြားများစွာသောသူတို့သည် ဘုရားရှင်ကို ပြန်လည်ဆုတ်နစ်ခြင်းငှာ(ဒေသစာရီခရီးမကြွဖို့ရန်) မစွမ်းနိုင်ကြချေ။ အနာထပိဏ်သူဌေးသည် 'ဘုရားရှင်ကို ပြန်နစ်ခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ ဆိတ်ကွယ်ရာအရပ်၌ ကြံစည်စဉ်းစားလျက် ထိုင်နေလေသည်။ ထိုအခါ အနာထပိဏ်သူဌေးကို ပုဏ္ဏာကျွန်မက 'အရှင်...အသို့နည်း? ရေးကကဲ့သို့ အရှင်၏ဤန္ဒြေတို့ကား မကြည်လင်ပါကုန်'ဟု မေးလေသည်။ သူဌေးက 'အိမ်း ပုဏ္ဏာ...ဘုရားရှင်သည် ဒေသစာရီ ဖဲကြွတော်မူ၏၊ ဘုရားရှင်ကို

ငါသည် ပြန်နစ်ရန် (ကြွတော်မမူရန်)မတတ်နိုင်၊ တဖန် ဘုရားရှင် လျင်မြန်စွာ ပြန်ကြွလာမည်, မလာမည်လည်း မသိပါ၊ ထို့ကြောင့် ငါသည် ကြံစည်စဉ်းစားလျက် နေသည်'ဟု ပြောလေသည်။ ပုဏ္ဏာကျွန်မက 'အရှင် အကယ်၍ ကျွန်တော်မက ဘုရားရှင်ကို ပြန်နစ်စေနိုင်လျှင်(ကြွတော်မမူအောင် စွမ်းနိုင်လျှင်) ကျွန်တော်မအား အဘယ်သို့ ပြုမည်နည်း?'ဟု မေးလေသည်။ သူဋ္ဌေးက 'သင့်ကို ကျွန်မအဖြစ်မှ လွတ်စေရမည်'ဟု ဖြေကြားပြောဆိုလေသည်။ ပုဏ္ဏာကျွန်မသည် ဘုရားရှင့်အထံတော်သို့ သွားရောက်၍ ရှိခိုးပြီးလျှင် 'ရှင်တော်ဘုရား...ပြန်နစ်တော်မူပါဘုရား'ဟု လျှောက်ထားလေသည်၊ ဘုရားရှင်က ငါ၏ပြန်နစ်ခြင်းကြောင့် သင်သည် အဘယ်ကို ပြုလုပ်မည်နည်း?'ဟု မေးတော်မူလေသည်။ ပုဏ္ဏာကျွန်မက 'ရှင်တော်ဘုရား...ရှင်တော်ဘုရားတို့သည် တပည့်တော်မ၏သူတပါးအား မှီတွယ်ရခြင်းကို သိတော်မူကြပါကုန်သည်၊ တပည့်တော်မသည် အခြားတစ်စုံတစ်ခုကို ပြုလုပ်ခြင်းငှါ မစွမ်းနိုင်ပါ၊ သရဏဂုံတို့၌တည်၍ ငါးပါးသီလတို့ကို စောင့်ရှောက်ပါမည်ဘုရား'ဟု လျှောက်ထားလေသည်။ ဘုရားရှင်က 'သာဓု သာဓု ပုဏ္ဏာ...'ဟု မိန့်တော်မူကာ ဘုရားရှင်သည် တရားတော်၌အလေးပြုခြင်းဖြင့်(သတ္ထာ ဓမ္မဂါရဝေန) ခြေတစ်လှမ်းမျှပင် ရှေ့ဆက်တော်မမူပဲ ပြန်လည်ဆုတ်နစ်တော်မူလေသည်။

သာဓု သာဓု ပုဏ္ဏေတိ သတ္ထာ ဓမ္မဂါရဝေန ဧကပဒသ္မိံယေဝ နိဝတ္တိ။ ဝုတ္တဉှေတံ "ဓမ္မဂရု ဘိက္ခဝေ တထာဂတော ဓမ္မဂါရဝေါ"(အံ၊ ၂၊ ၁၀၇)တိ။ (အံ၊ ဋ္ဌ၊ ၃၊ ၁၆၉။)

ဘုရားရှင်သည် ပြန်လည်၍ ဇေတဝန်ကျောင်းတော်ကြီးသို့ ဝင်တော်မူလေသည်။ လူများအပေါင်းသည် ပုဏ္ဏာအား ကောင်းချီးတစ်ထောင်တို့ကို ပေးကြလေသည်။ ဘုရားရှင်သည် ထိုအစည်းအဝေး၌ တရားဟောတော်မူရာ ရှစ်သောင်းလေးထောင်သော သူတို့သည် အမြိုက်ရေကို သောက်သုံးကြရလေသည်။ ပုဏ္ဏာကျွန်မသည်သည်း ကျွန်မအဖြစ်မှကင်းလွတ်၍ အနာထပိဏ်သူဋ္ဌေး၏ခွင့်ပြုချက်ဖြင့် ဘိက္ခုနီမကျောင်းသို့ သွားရောက် ရဟန်းပြုလေတော့သည်။ ဤကား ပုဏ္ဏာကျွန်မ၏ ကျွန်မအဖြစ်မှ လွတ်မြောက်ရခြင်းဟူသော ဒိဋ္ဌဓမ္မဝေဒနီယကံ၏အကျိုးပေတည်း"။

(အံ၊ ဋ္ဌ၊ ၃၊ နန္ဒမာတာသုတ္တဝဏ္ဏနာ၊ ၁၆၉။)

မှတ်ချက်။ [။ ဘုရားရှင်သည် တရားကို အလေးပြု, လေးစားတော်မူသည်။

ဓမ္မဂရု ဘိက္ခဝေ တထာဂတော ဓမ္မဂါရဝေါ။ (အံ၊ ၂၊ ၁၀၇။)]

## မျက်မှောက်လောကံ၊ ကျိုးပေးရန်၊ လေးတန် အင်္ဂါလို

ဒိဋ္ဌဓမ္မဝေဒနီယကံ၏အကျိုးပေးရန်မှာ (၁) ဝတ္ထုသမ္ပဒါ အလှူခံပုဂ္ဂိုလ်က နိရောဓသမာပတ်ထိုက်သော အနာဂါမ် (သို့မဟုတ်) ရဟန္တာဖြစ်ခြင်း၊ (၂) ပစ္စယသမ္ပဒါ လှူဖွယ်ဝတ္ထုက တရားသဖြင့် ရအပ်သောပစ္စည်းဖြစ်ခြင်း၊ (၃) စေတနာသမ္ပဒါ အလှူပေးပုဂ္ဂိုလ်၏စေတနာသုံးတန်နှင့် ပြည့်စုံခြင်း၊ (၄) ဂုဏာတိရေကသမ္ပဒါ အလှူခံပုဂ္ဂိုလ်က နိရောဓသမာပတ်မှ ထသစ်စဖြစ်ခြင်း=ဤလေးပါးသော အကြောင်းများနှင့်ပြည့်စုံရ၏။

စတဿော ဟိ သမ္ပဒါ နာမ ဝတ္ထုသမ္ပဒါ ပစ္စယသမ္ပဒါ စေတနာသမ္ပဒါ ဂုဏာတိရေကသမ္ပဒါတိ။ တတ္ထ နိရောဓသမာပတ္တိရဟော(နိရောဓသမာပတ္တိတော ဝုဋ္ဌိတော၊သီ၊က) အရဟာ ဝါ အနာဂါမီ ဝါ ဒက္ခိဏေယျော ဝတ္ထုသမ္ပဒါ နာမ။

ပစ္စယာနံ ဓမ္မေန သမေန ဥပ္ပတ္တိ ပစ္စယသမ္ပဒါ နာမ။ ဒါနတော ပုဗ္ဗေ ဒါနကာလေ ပစ္ဆာဘာဂေတိ တီသု ကာလေသု စေတနာယ သောမနဿသဟဂတဉာဏသမ္ပယုတ္တဘာဝေါ စေတနာသမ္ပဒါ နာမ။ ဒက္ခိဏေယျဿ သမာပတ္တိတော ဝုဋ္ဌိတဘာဝေါ ဂုဏာတိရေကသမ္ပဒါ နာမာတိ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ သုခသာမဏေရဝတ္ထု၊ ၅၉။)

ဥပရိပဏ္ဏာသအဋ္ဌကထာနှင့် အဋ္ဌသာလိနီအဋ္ဌကထာတို့၌ကား ဝတ္ထုသမ္ပဒါ(ဝတ္ထုသမ္ပတ္တိ) အလှူပုဂ္ဂိုလ်၏ပြည့်စုံခြင်း အရာဝယ် ရဟန္တာဖြစ်ခြင်း ဟု လာရှိ၏။

ဒါနံ ဟိ စတူဟိ သမ္ပဒါဟိ ဒါတုံ သက္ကောန္တဿ တသ္မိံယေဝ အတ္တဘာဝေ ဝိပါကံ ဒေတိ။ တတြိမာ သမ္ပဒါ... ဒေယျဓမ္မဿ ဓမ္မေန သမေန ပဂံ အပီဠေတွာ ဥပ္ပန္နတာ, ပုဗ္ဗစေတနာဒိဝသေန စေတနာယ မဟတ္တတာ, ခီဏာသဝဘာဝေန ဂုဏာတိရေကတာ, တံဒိဝသံ နိရောဓတော ဝုဋ္ဌိတဘာဝေန ဝတ္ထုသမ္ပန္နတာတိ။ (မ၊ ဋ္ဌ၊ ၄၊ ၂၂၇ ၂၂၈။)

ဣမသ္မိံ ဌာနေ စတဿော ဒက္ခိဏာဝိသုဒ္ဓိယော ဂဟိတာ ပစ္စယာနံ ဓမ္မိကတာ, စေတနာမဟတ္တံ, ဝတ္ထုသမ္ပတ္တိ, ဂုဏာတိရေကတာတိ။ တတ္ထ ဓမ္မေန သမေန ဥပ္ပန္နာ ပစ္စယာ ဓမ္မိကာ နာမ၊ သဒ္ဓာဟိတွာ ဩကပ္ပေတွာ ဒဒတော ပန စေတနာမဟတ္တံ နာမ ဟောတိ၊ ခီဏာသဝဘာဝေါ ဝတ္ထုသမ္ပတ္တိ နာမ၊ ခီဏာသဝဿေဝ နိရောဓာ ဝုဋ္ဌိတဘာဝေါ ဂုဏာတိရေကတာ နာမ။ ဣမာနိ စတ္တာရိ သမောဓာနေတွာ ဒါတုံ သက္ကောန္တဿ ကာမာဝစရံ ကုသလံ ဣမသ္မိံယေဝ

အတ္တဘာဝေ ဝိပါကံ ဒေတိ၊ ပုဏ္ဏကသေဋ္ဌိကာကဝလိယ(ကာလဝလိယ သျှာ, ကာဠဝလ္လိယ က)သုမနမာလာကာရာဒီနံ ဝိယ။ (အဘိ၊ ဋ္ဌ၊ ၁၊ ၂၀၆။)

မှတ်ချက်။ ။ အထက်ပါ သုမနပန်းသည်, ကောသာဠကပုဏ္ဏား, မလ္လိကာမိဖုရား, ဂေါပါလမာတာမိဖုရား, သုပ္ပိယာဥပါသိကာမ, ပုဏ္ဏာကျွန်မဝတ္ထုများကို ကြည့်လျှင် ဒိဋ္ဌဓမ္မဝေဒနီယကံ၏အကျိုးပေးရန် အကြောင်းလေးချက်တို့ အနက် "ဂုဏာတိရေကသမ္ပဒါ=နိရောဓသမာပတ်မှထခြင်း"အချက် မပါ။]

ဇနီးသည်က "ယခုအခါ အဘယ်သို့ ပြုလုပ်ကြမည်နည်း? အရှင်..."ဟု မေးလေလျှင် ပုဏ္ဏက "ရှင်မ...ဤမျှ များပြားလှသော ဤရွှေတွေကို ငါတို့ ခိုးဝှက်၍ စားသုံးခြင်းငှာ မတတ်နိုင်"ဟု ပြောဆို၍ ဇနီးသည်ကို ထိုနေရာ၌ ထားခဲ့ပြီးလျှင် ထမင်းအပြည့် ထည့်၍လာသော ခွက်အပြည့် ရွှေစိုင်ခဲတို့ကို ထည့်၍ မင်းနန်းတော်သို့ သွားရောက်လျက် မင်းကြီးအား "လူတစ်ယောက် ရွှေခွက်ကို ယူဆောင်လာ၍ နန်းတော်တံခါးဝ၌ ရပ်တည်နေပါ၏"ဟု လျှောက်တင်စေသည်၊ မင်းကြီးသည် ပုဏ္ဏကို ခေါ်စေပြီးလျှင်"အမောင်... သင်သည် ဤရွှေများကို အဘယ်အရပ်၌ ရအပ်သနည်း?"ဟု မေးလေသည်၊ ပုဏ္ဏက "အရှင်မင်းကြီး...ကျွန်တော်မျိုး လယ်ထွန်အပ်သည့် မြေတစ်ခုလုံး ရွှေတုံးရွှေစိုင်ခဲ့ချည်း ဖြစ်၍နေပါသည်၊ မင်းမှုထမ်းများကို စေလွှတ်၍ ဆောင်ယူတော်မူကြစေချင်ပါသည်"ဟု လျှောက်တင်လေသည်၊ မင်းကြီးက "သင်သည် အဘယ်အမည် ရှိသနည်း?"မေးလျှင် ပုဏ္ဏက "အရှင်မင်းကြီး...ကျွန်တော်မျိုးသည် ပုဏ္ဏအမည် ရှိပါသည်"ဟု ပြန်လည်လျှောက်တင်လေသည်။

ထို့နောက် မင်းကြီးက "အချင်းတို့...သွားကြကုန်လော့၊ လှည်းများကို ကပြီးလျှင် ပုဏ္ဏ၏လယ်ထွန်ရာအရပ်မှ ရွှေများကို သယ်ဆောင်ခဲ့ကြကုန်လော့"ဟု ပြောဆိုကာ မင်းချင်းတို့ကို စေလွှတ်တော်မူလေသည်။

## ပုဏ္ဏခေါ်ပြု၊ မိသားစု၊ ဖြစ်မှုသူဌေး၊ ပါယ်ဘေးကင်းပြန် သောတာပန်

လှည်းတို့ဖြင့် သွားရောက်ကြသော မင်းချင်းယောကျ်ားတို့သည်"မင်းကြီး၏ဘုန်းကံတည်း"ဟု နှုတ်က မြွက်ဆို၍ ရွှေစိုင်ခဲတို့ကို ကောက်ယူကြရာ ကောက်ယူသမျှ ရွှေစိုင်ခဲများသည် ပကတိထွန်စိုင်ခဲများသာလျှင် ဖြစ်ကြလေသည်၊ ထိုမင်းချင်းတို့သည် သွား၍ ထိုအကြောင်းကို မင်းကြီးအား လျှောက်တင်ကြကုန်၏၊ မင်းကြီးက "မောင်မင်းတို့...ထိုသို့ဖြစ်လျှင် သင်တို့သည် 'ပုဏ္ဏ၏ဘုန်းကံတည်း"ဟု မြွက်ဆိုကြ၍ ကောက်ယူကြကုန်လော့"ဟု အကြံပေးတော်မူလေသည်၊ မင်းချင်းတို့သည် ပြန်သွားကြကာ မင်းကြီးအကြံပေးတော်မူသည့်အတိုင်း "ပုဏ္ဏ၏ဘုန်းကံတည်း"ဟု မြွက်ဆို၍ ကောက်ယူကြလေ၏၊ ယူတိုင်းယူတိုင်းသည် ရွှေအတိသာလျှင် ဖြစ်လေတော့သည်။

ထိုမင်းချင်းတို့သည် ထိုရွှေအားလုံးကို လှည်းတို့ဖြင့် သယ်ဆောင်ခဲ့ကြ၍ မင်းယင်ပြင်၌ ပုံ၍ ထားကြလေကုန်၏၊ ရွှေတုံးရွှေစိုင်ခဲအပုံကြီးကား အမြင့်အားဖြင့် ထန်းပင်ခန့်မြင့်၍ နေလေသည်၊ မင်းကြီးသည် ကုန်သည်တို့ကို ခေါ်စေ၍ "ဤမြို့ဝယ် အဘယ်သူ၏အိမ်၌ ဤမျှများပြားသော ရွှေများ ရှိသနည်း?"ဟု မေးလေသည်၊ ကုန်သည်တို့က "အရှင်မင်းကြီး...မည်သူတစ်ဦးတစ်ယောက်၏အိမ်မှာမှ (ဤမျှများပြားသောရွှေများ) မရှိပါ"ဟု လျှောက်တင်ကြလျှင် မင်းကြီးက "ဤမျှများပြားသော ဥစ္စာ၏အရှင်ဖြစ်သူအား အဘယ်သို့ပြုလျှင် သင့်မည်နည်း?"ဟု မေးမြန်းလေသည်၊ ကုန်သည်တို့က "ထိုသူကို 'ဓနသေဋ္ဌိ'မည်သော သူဌေးကြီး ခန့်အပ်သင့်ပါသည် အရှင်မင်းကြီး"ဟု လျှောက်တင်ကြလေသည်၊ မင်းကြီးက "ထိုသို့ဖြစ်လျှင် ပုဏ္ဏကို ဤရာဇဂြိုဟ်မြို့ဝယ် 'ဓနသေဋ္ဌိ'ဟူသော အမည်ကို သတ်မှတ်၍ သူဌေးကြီးအရာကို ခန့်အပ်ကြကုန်လော့"ဟု မိန့်တော်မူပြီးလျှင် ထိုရွှေအားလုံးကို ပုဏ္ဏအားပင် ပေး၍ ထိုနေ့၌ပင် ဓနသေဋ္ဌိ သူဌေးကြီးရာထူးကို ပေးအပ်ချီးမြှင့်လေသည်။

ဓနသေဋ္ဌိအမည်ရှိသော ပုဏ္ဏသူဌေးသည် မင်္ဂလာသဘင် ဆင်ယင်ကျင်းပလျက် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူကြီးကို ပေးလှူလေသည်၊ ခုနစ်ရက်မြောက်နေ့၌ ဘုရားရှင်၏ဆွမ်းအနုမောဒနာတရားကိုကြားနာရသဖြင့် ပုဏ္ဏသူဌေး, သူဌေးကတော်, သမီးဥတ္တရာ=သုံးယောက်လုံးတို့ပင် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်သည်။ [ဗိမ္ဗိသာရမင်းကြီး၏အာဏာစက်ပျံ့နှံ့ရာ နယ်အတွင်း၌ သုံးစွဲမကုန်နိုင်အောင် စည်းစိမ်ဥစ္စာ ချမ်းသာကြသည့် (အမိတဘောဂ) သူဌေးကြီး ၅ ဦးတို့အနက် ပုဏ္ဏသူဌေးကြီးသည် တစ်ဦးပါဝင်လေသည်။]

## သမီးနောင်ရေး၊ လက်ထပ်ပေး၊ အလေးစဉ်းစားသည်

နောက်အဖို့ဝယ် ရာဇဂြိုဟ်သူဌေး(သုမန)သည် "ပုဏ္ဏသူဌေး၏အရွယ်ရောက်သော သတို့သမီးရှိ၏"ဟု ကြားသိ၍ မိမိ၏သားအတွက်ပုဏ္ဏသူဌေးအိမ်သို့ တမန် စေလွှတ်လိုက်လေသည်၊ ပုဏ္ဏသူဌေးသည် ထိုရာဇဂြိုဟ်သူဌေး သုမန၏သတင်းစကားကို ကြားရ

လျှင် "ငါသည်သမီးကို မပေးနိုင်"ဟု သတင်းတုံ့ပြန်လိုက်လေသည်၊ သုမနသူဌေးသည်လည်း "သင်သည် ငါ၏အိမ်ကို အမှီပြု၍ နေပြီးမှ ယခုအခါ တပြိုင်နက်တည်းပင် အစိုးရသူဖြစ်သွားခြင်းကြောင့် ငါ့အား သမီးကို မပေးသလော?"ဟု တဖန် သတင်းပို့စေပြန်သည်၊ ပုဏ္ဏသူဌေးက "အမောင်တို့၏သူဌေးက ဤမခြေမင်စကားကို သဘာဝဟုတ်မှန်သည်ကိုပင် ပြောကြားစေဦးတော့၊ ယောကျာ်းမည်သည် အခါခပ်သိမ်း ဤကဲ့သို့ချည်း ဟု မမှတ်ယူသင့်ပါ၊ မှန်ပါ၏..ငါသည် ယခုအခါ ထိုသုမနသူဌေးကဲ့သို့သော သူတို့ကို ကျွန်ပြုလုပ်၍ သိမ်းယူခြင်းငှါ စွမ်းနိုင်ပါ၏၊ အမှန်စင်စစ် သင်သူဌေး၏မျိုးရိုးဇာတိ, အနွယ်ကို ငါမဖျက်ဆီးပါ၊ အမှန်မှာ ငါ့သမီးသည် သောတာပန် အရိယာသာဝိကာမဖြစ်လျက် နေ့စဉ်နေ့တိုင်း တစ်အသပြာတန်ပန်းတို့ဖြင့် ရတနာသုံးပါးအား ပူဇော်နေသူဖြစ်ပါသည်၊ ထိုသမီးကို ငါသည် သင်ကဲ့သို့သော မိစ္ဆာအယူရှိသောသူ၏အိမ်သို့ မပို့သနိုင်ပါ"ဟု ပြောဆိုလေသည်။

ဤသို့ ပုဏ္ဏသူဌေး၏တားမြစ်သောအဖြစ်(တင်းမာသောအဖြစ်)ကို သိလျှင် ရာဇဂြိုဟ်သူဌေးက "အဟောင်းဖြစ်သော(ရှိရင်းစွဲဖြစ်သော)အကျွမ်းတဝင် ခင်မင်ရင်းနှီးမှုကို မဖျက်ဆီးစေချင်ပါ၊ ငါသည် ချွေးမအတွက် နေ့စဉ်နေ့တိုင်း နှစ်အသပြာတန်ပန်းတို့ကို စီမံစေပါမည်"ဟု တစ်ဖန် သတင်းစကား ပြန်ကြားပို့စေသည်။ ပုဏ္ဏသူဌေးက "ကောင်းပါပြီ"ဟု ဝန်ခံ၍ သမီးကို ထိုရာဇဂြိုဟ်သူဌေးအိမ်သို့ ပို့စေလေသည်။

[မှတ်ချက်။ ။ "ပုဏ္ဏသူဌေးသည် သုမနသူဌေး၏စကားကို လက်ခံ၍ မိမိ၏သမီး ဥတ္တရာ ကို ဝါဆိုလပြည့်နေ့၌ပင် ပေးလိုက်ကြောင်း(ယောကျာ်းနောက်ထည့်လိုက်ကြောင်း) 'သော တေသံ ဝစနံ သမ္ပဋိစ္ဆိတွာ အာသာဠှပုဏ္ဏမာယံ ဓီတရံ အဒါသိ'ဟု ဓမ္မပဒအဋ္ဌကထာ(၂၊ ၁၉၉)၌ လာ၏။]

## ဥပုသ်စောင့်ရန်၊ သူခွင့်ပန် →← စောင့်ရန်သူဌေးလေး၊ ခွင့်မပေး

တစ်နေ့သဝယ် ပုဏ္ဏသူဌေး၏သမီး ဥတ္တရာသည် မိမိ၏အရှင် ခင်ပွန်းသည် သူဌေးသားကို "အရှင်...ကျွန်မသည် မိမိ၏မိဘအိမ်၌ တလလျှင် ရှစ်သီတင်း အမြဲမပြတ် ဥပုသ်စောင့်သုံးခဲ့ပါသည်၊ ယခုအခါလည်း အရှင်တို့က သဘောတူလက်ခံကြပါလျှင် ဥပုသ်တို့ကို ကျင့်သုံးဆောက်တည်လိုပါသည်"ဟု တောင်းပန်ပြောဆိုလေသည်၊ သူဌေးသားက "ခွင့်မပြုနိုင်"ဟု ပြောဆိုကာ လက်မခံချေ။ ဥတ္တရာသည်လည်း သူဌေးသားကို အသိမှန်ကိုရစေရန် မတတ်နိုင်ရကား ဆိတ်ဆိတ်နေခဲ့ရလေသည်၊ နောက်တစ်ကြိမ် ဝါတွင်း၌လည်း "ဥပုသ်စောင့်ထိန်းသူ ဖြစ်တော့အံ့"ဟု ကြံစည်ကာ ထိုအခါ အခွင့်တောင်းပါသော်လည်း အခွင့်မရပေ။

## လူစားထိုးမှ၊ အခွင့်ရ၊ စောင့်ရ ဥပုသ်သည်

ဥတ္တရာသူဌေးသမီးသည် ဝါတွင်းသုံးလတွင် နှစ်လခွဲ ကုန်လွန်၍ လဝက်သာ ကျန်လတ်သော် မိဘတို့၏အထံသို့ "မိခင်, ဘခင်တို့...သမီးသည် မိခင်ဘခင်တို့က အိမ်ထောင်နှောင်အိမ်အတွင်း သွင်းထားအပ်ခဲ့သည်ဖြစ်၍ ဤမျှရှည်ကြာသော ကာလအတွင်း၌ တစ်နေ့တာမျှပင် ဥပုသ်အင်္ဂါတို့ကို ဆောက်တည်ကျင့်သုံးခွင့်ကို မရခဲ့ပါ၊ သမီးအထံသို့ အသပြာတစ်သောင်းငါးထောင်တို့ကို ပို့ကြစေချင်ပါသည်"ဟု သတင်းစကား ပို့သစေလေသည်။ မိဘတို့သည် သမီး၏ပို့သလိုက်သော သတင်းစကားကို ကြားရလျှင်"အဘယ်အကြောင်းကြောင့်နည်း?"ဟု မမေးကြတော့ပဲ အသပြာတစ်သောင်းငါးထောင်တို့ကို ပို့လိုက်ကြလေသည်။ (အံ၊ ၄၊ ၁၊ ၃၄၅ ၃၄၆။)

[ဓမ္မပဒအဋ္ဌကထာ ဒုတိယတွဲ (စာ၊ ၂၀၀)၌ကား "ထိုအခါ ဥတ္တရာ၏ဘခင်သည် 'ငါ့သမီးကား ဆင်းရဲလေစွတကား'ဟု နှလုံးမသာယာသည်၏အဖြစ်ကို ပြောကြားသိစေလျက် "ဤရာဇဂြိုဟ်မြို့၌ သိရိမာမည်သော ပြည့်တန်ဆာမသည် ရှိ၏၊ နေ့တိုင်း အသပြာတစ်ထောင်ကို ယူလေ့ရှိသည်၊ ဤအသပြာတို့ဖြင့် ထိုသိရိမာကို ခေါ်ဆောင်စေပြီးလျှင် လင်ယောကျာ်းအတွက် ခြေရင်းအလုပ်အကျွေးထားပြီးမှ မိမိကိုယ်တိုင် ကုသိုလ်ကောင်းမှုတို့ကို ပြုလော့'ဟု မှာကြားပြောဆိုလိုက်ကာ အသပြာတစ်သောင်းငါးထောင်တို့ကို ပို့လိုက်လေသည်"ဟု လာ၏။]

ဥတ္တရာသူဌေးသမီးသည် ထိုအသပြာတို့ကို ယူ၍ ရာဇဂြိုဟ်မြို့၌ ရှိသည့် (ဆရာဇီဝက၏နှမ) သိရိမာအမည်ရှိသော ပြည့်တန်ဆာမကို ခေါ်စေပြီးလျှင် "အမိသိရိမာ...ငါသည် ဤလဝက်ပတ်လုံး ဥပုသ်အင်္ဂါတို့ကို ဆောက်တည်ကျင့်သုံးပါအံ့၊ အမိသည် ဤအသပြာတစ်သောင်းငါးထောင်တို့ကို ယူ၍ ဤလဝက်ပတ်လုံး သူဌေးသားကို ပြုစုလုပ်ကျွေးစေချင်ပါသည်(ဖျော်ဖြေစေချင်ပါသည်)"ဟု ပြောဆိုလေသည်၊ သိရိမာက"ကောင်းပါပြီ အရှင်မ..."ဟု လက်ခံလေသည်။ ထိုအခါမှစ၍ သူဌေးသားသည် "ငါကား သိရိမာနှင့်အတူ နှစ်ခြိုက်ပျော်မွေ့ရတော့မည်"ဟု ဥတ္တရာ၏လဝက် ဥပုသ်စောင့်သုံးမှုကို သဘောတူလက်ခံလေသည်။

ဥတ္တရာသူဌေးသမီးသည် သူဌေးသားက သဘောတူလက်ခံကြောင်းကိုသိရလျှင် နေ့တိုင်းနေ့တိုင်း စောစောကပင်လျှင် ကျွန်မအပေါင်းခြံရံလျက် ဘုရားရှင်အတွက် မိမိလက်ဖြင့် ခဲဖွယ်ဘောဇဉ်များကို စီမံ၍ ဘုရားရှင်အား ဆက်ကပ်လှူဒါန်း၍ ဘုရားရှင် ဆွမ်း

ကိစ္စပြီးနောက်ကျောင်းတော်သို့ ကြွတော်မူသည်ရှိသော် ဥပုသ်အင်္ဂါတို့ကို ဆောက်တည်၍ မြတ်သောပြာသာဒ်သို့ တက်ရောက်လျက် မိမိ၏သီလတို့ကို ဆင်ခြင်ကာ ထိုင်နေလေသည်။ ဤသို့ လဝက်လွန်မြောက်၍ ဥပုသ်ကို ချရတော့မည့်နေ့၌ စောစောကပင်လျှင် ယာဂု, ခဲဖွယ်စသည်တို့ကို စီမံအုပ်ချုပ် ချက်ပြုတ်လျက် လှည့်လည်နေလေသည်။

ထိုအချိန်၌ သူဌေးသားသည် သိရိမာနှင့်အတူတကွ မြတ်သောပြာသာဒ်ထက်ဝယ် နေကာ ဇာလေသာပြတင်းကို ဖွင့်၍ အိမ်ဝိုင်းအတွင်းကို ကြည့်လျက် ရပ်နေလေသည်၊ ဥတ္တရာသူဌေးသမီးသည် လေသာပြတင်းပေါက်ဖြင့် အထက်ကို မော့၍ကြည့်မိလေသည်၊ သူဌေးသားသည် ဥတ္တရာကို ကြည့်၍ "ဤဥတ္တရာသည် ရဲသူမသဘောရှိစွတကား၊ ဤသို့သဘောရှိသော စည်းစိမ်ကို စွန့်ပယ်၍ ထမင်းအိုး, ဟင်းအိုးမီးသွေးများဖြင့် လိမ်းကျံကာ အကြောင်းမဲ့ ကျွန်မတို့၏အကြားဝယ် လှည့်လည်နေဘိ၏"ဟု ကြံစည်ကာ ပြုံးလေသည်။ ဥတ္တရာသည် ထိုသူဌေးသား၏မေ့လျော့ခြင်းကို သိ၍ "ဤသူမိုက်မည်သည် မိမိ၏စည်းစိမ်သည် အခါခပ်သိမ်း တည်မြဲနေလိမ့်မည်"ဟု မှတ်ထင်သည် ဖြစ်ပေလိမ့်မည်"ဟု ဆင်ခြင်စဉ်းစားကာ ပြုံးလေသည်။

## ခဏတာတွက်၊ စည်းစိမ်မက်၊ မာန်တက် သိရိမာ

ထို့နောက် သိရိမာသည်"ဤကျွန်မကား ငါတည်ရှိလျက် ဤကဲ့သို့ ငါ့အရှင်နှင့် ပြုံးရွှင်မှု ပြု၏"ဟု အမျက်ထွက်ကာ အလျှင်အမြန် သက်ဆင်းလာလေသည်၊ ဥတ္တရာသည် သိရိမာ၏အလျှင်အမြန်ဆင်းသက်လာပုံဖြင့်ပင် "ဤအမိုက်မသည် လဝက်မျှ ဤအိမ်၌ နေရခြင်းကြောင့် 'ဤအိမ်သည် ငါ့အိမ်တည်း'ဟု အမှတ်ရှိသည် ဖြစ်ချေပြီ"ဟု သိ၍ ထိုခဏ၌ပင် မေတ္တာဈာန်ကို ဝင်စား၍ ရပ်လျက်နေလေသည်၊ သိရိမာသည်လည်း ကျွန်မတို့၏အကြားဖြင့် လာ၍ ယောက်ချိုကို ဆွဲယူကာ မုန့်ကြော်ရာအရပ်ရှိ အိုးကင်းထဲမှ ကျိုက်ကျိုက်ဆူနေသော ဆီကို ယောက်ချိုဖြင့် အပြည့်ခပ်ယူပြီးလျှင် ဥတ္တရာ၏ဦးခေါင်းပေါ်၌ သွန်းလောင်းလေသည်၊ မေတ္တာဈာန်ကို ဖြန့်ထားခြင်းကြောင့် ဥတ္တရာ၏ဦးခေါင်းပေါ်၌ သွန်းလောင်းချအပ်သည့် ကျိုက်ကျိုက်ဆူသော ဆီပူသည် ပဒုမာကြာရွက်ပေါ်၌ လောင်းချအပ်သောရေကဲ့သို့ လျှော၍ ကျသွားလေသည်။

ဥတ္တရာ တဿာ အာဂမနာကပ္ပနေဝ "အယံ ဗာလာ အနုမာသမတ္တံ ဣမသ္မိံ ဂေဟေ ဝသိတွာ 'မယှမေဝေတံ ဂေဟ'န္တိ သညီဇာတာ"တိ ဉတွာ တခဏညေဝ မေတ္တာဈာနံ သမာပဇ္ဇိတွာ အဋ္ဌာသိ။…မေတ္တာဈာနဿ ဝိပ္ဖါရေန ဥတ္တရာယ မတ္ထကေ အာသိတ္တံ ပက္ကုထိတတေလံ ပဒုမပတ္တေ အာသိတ္တဥဒကံ ဝိယ ဝိနိဝတ္တိတွာ ဂတံ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၄၆။)

ဝတ္ထုကာမ၊ သဘာဝကား၊ ကာလရှည်ကြာ၊ သုံးမိပါက၊ ပမာဒစု၊ လွှမ်းမိုးမှုကြောင့်၊ သူ့ဟာကိုပင်၊ ကိုယ့်ဟာ ထင်၏။ (မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ ဒုတိယပိုင်း၊ ၃၃၁။)

မှတ်ချက်။ ။ မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ဒုတိယပိုင်း (နှာ-၃၃၂)၌ "မေတ္တာဈာနံ မေတ္တာအပ္ပနာဈာန်ကို၊ သမာပဇ္ဇိတွာ ဝင်စား၍"ဟု အနက်ပြန်ဆိုတော်မူသည်။

[မုန့်ကြော်ရာမှ ခပ်ယူလာသည့် ကျိုက်ကျိုက်ဆူသော ထောပတ်ပူကို မိမိ၏ဦးခေါင်းပေါ်သို့ လောင်းချတော့မည့်သိရိမာအပေါ်၌ ဥတ္တရာ၏ထားရှိသောစိတ်နှင့်ပတ်သက်၍ ဓမ္မပဒအဋ္ဌကထာ၌ကား "ဥတ္တရာသည် လာသော ထိုသိရိမာကို မြင်ရလျှင် 'ငါ့သူငယ်ချင်းမကား ငါ့အား ပြုအပ်သောကျေးဇူးရှိပေ၏၊ စကြဝဠာသည် အလွန်ကျဉ်းမြောင်းလှသေး၏၊ ဗြဟ္မာ့ပြည်သည် အလွန်နိမ့်လှသေး၏၊ ငါ့သူငယ်ချင်းမ၏ဂုဏ်ကျေးဇူးကား ကြီးမားလှပေ၏၊ မှန်၏…ငါသည် သူမကို အမှီပြု၍ အလှူဒါနကိုလည်း ပြုရလေပြီ၊ တရားကိုလည်း နာရလေပြီ၊ အကယ်၍ သူမ၏အပေါ်၌ ငါ၏အမျက်ထွက်ခြင်း ရှိသည်ဖြစ်အံ့၊ ဤထောပတ်သည် ငါ့ကို ပူလောင်ပါစေသတည်း၊ အကယ်၍ ငါ၏အမျက်ထွက်ခြင်း မရှိသည်ဖြစ်အံ့၊ မပူလောင်ပါစေသတည်း"ဟု သိရိမာကို မေတ္တာဖြင့် ပျံ့နှံ့စေသည်၊ သိရိမာသည် ဥတ္တရာ၏ဦးခေါင်းပေါ်၌ သွန်းလောင်းအပ်သော ကျိုက်ကျိုက်ဆူသော ထောပတ်သည် အေးသောရေကဲ့သို့ ဖြစ်လေတော့သည်။

ဥတ္တရာ တံ အာဂစ္ဆန္တိံ ဒိသွာ "မမ သဟာယိကာယ မယှံ ဥပကာရော ကတော၊ စက္ကဝါဠံ အတိသမ္ဗာဓံ၊ ဗြဟ္မလောကော အတိနီစကော၊ မမ သဟာယိကာယ ဂုဏောဝ မဟန္တော။ အဟဉှိ ဧတံ နိဿာယ ဒါနဉ္စ ဒါတုံ ဓမ္မဉ္စ သောတုံ လဘိံ။ သစေ မမ ဧတိဿာ ဥပရိ ကောပေါ အတ္ထိ၊ ဣဒံ သပ္ပိ မံ ဒဟတု။ သစေ နတ္ထိ၊ မာ ဒဟတူ"တိ တံ မေတ္တာယ ဖရိ။ တာယ တဿာ မတ္ထကေ အာသိတ္တံ ပက္ကုထိတသပ္ပိ သီတုဒကံ ဝိယ အဟောသိ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၂၀၁။)"]

ထိုခဏ၌ သိရိမာ၏အနီးဝယ် ရပ်တည်နေကြသော ဥတ္တရာ၏ကျွန်မတို့သည် သိရိမာကို စိမ်းစိမ်းကြည့်ကြလျက်"ဟယ်ကျွန်မ …သင်သည် ငါတို့၏အရှင်မလက်မှ အဖိုးအခ ရယူ၍ လာကာ ဤအိမ်၌ နေသူဖြစ်လျက် ငါတို့၏အရှင်မနှင့် တူမျှသူဖြစ်အောင် အားထုတ်လေဘိ၏"ဟု မျက်မှောက်အရပ်၌ သိရိမာကို ရေရွတ်ပြောဆိုကြလေသည်။ ထိုခဏ၌ သိရိမာသည် မိမိ၏ငြေသည်ဖြစ်ကြောင်းကို သိရှိဆင်ခြင်မိလေသည်၊ သိရိမာသည် မိမိအမှားကို သိမြင်ပြီးနောက် သွားရောက်၍ ဥတ္တရာ၏ခြေရင်း၌ဝပ်၍ "အရှင်မ…

ကျွန်တော်မသည် မစူးမစမ်းမူ၍ ပြုအပ်ခဲ့ပါပြီ၊ ကျွန်တော်မအား သည်းခံပါကုန်လော့"ဟု တောင်းပန်စကား ပြောကြားလေသည်၊

ဥတ္တရာက "အမိသိရိမာ...ငါသည် သင့်အား ဤနေရာ၌ အကန်တော့မခံနိုင်ပါ၊ ငါသည် ဘခင်ရှိသောသမီး ဖြစ်သည်၊ ဘုရားတည်းဟူသော(ငါ၏ဘခင်)ကို ကန်တော့သည်းခံစေမှ ငါသည်းခံနိုင်လိမ့်မည်"ဟု ပြောဆိုလေသည်။

ဘုရားရှင်သည်လည်း ရဟန်းအပေါင်းခြံရံလျက် ကြွလာတော်မူ၍ ဥတ္တရာ၏နေအိမ်ဝယ် ခင်းထားအပ်သောနေရာ၌ ထိုင်နေတော်မူလေသည်၊ သိရိမာသည် သွားရောက်၍ ဘုရားရှင်၏ခြေတော်တို့၌ တပ်ဝပ်ကာ "ရှင်တော်မြတ်ဘုရား...တပည့်တော်မသည် အရှင်မ ဥတ္တရာ၏အပေါ်၌ အပြစ်တစ်ခု လွန်ကျူးအပ်ခဲ့ပါပြီ၊ ရှင်တော်မြတ်ဘုရားတို့က သည်းခံတော်မူကြမှ ငါ သည်းခံမည်ဟု ပြောပါသည်၊ ဘုန်းတော်ကြီးတော်မူသော ရှင်တော်မြတ်ဘုရား...တပည့်တော်မအား သည်းခံတော်မူကြပါဘုရား"ဟု လျှောက်ထားလေသည်။ ဘုရားရှင်က "သိရိမာ...သင့်အား ငါဘုရား သည်းခံ၏"ဟု မိန့်တော်မူလျှင် သိရိမာသည် ထိုခဏ၌ ဥတ္တရာထံသို့ သွားရောက်၍ ဥတ္တရာကိုလည်း သည်းခံစေသည်။

[ကောဓော ဟိ နာမ အက္ကောဓေန, အက္ကောသကပရိဘာသကော အနက္ကောသန္တေန အပရိဘာသန္တေန, ထဒ္ဓမစ္ဆရီ အတ္တနော သန္တကဿ ဒါနေန, မုသာဝါဒီ သစ္စဝစနေန ဇိနိတဗ္ဗောတိ ဣမံ ဂါထမာဟ -(ဓမ္မပဒ၊ ၄၊ ၂၊ ၂၀၂)]

ထိုနေ့၌ သိရိမာသည် ဘုရားရှင်၏ဆွမ်းအနုမောဒနာတရား ကြားနာရ၍...

၊ အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။

ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာ’လိကဝါဒိနံ။ (ခု၊ ၁၊ ၄၆၊ ဓမ္မပဒ။)

ကောဓံ -ဒေါသအမျက် ခြောင်းခြောင်းထွက်သူကို၊ အက္ကောဓေန -အမျက်မပါ မေတ္တာနလုံး ကိုယ်ကသုံးသဖြင့်၊ ဇိနေ ချမ်းမြေကြည်ဖြူ အနိုင်ယူရာ၏၊ အသာဓုံ -သူတော်မဟုတ် လူသူနပ်ကို၊ သာဓုနာ သူတော်နလုံး ကိုယ်ကသုံးသဖြင့်၊ ဇိနေ ချမ်းမြေကြည်ဖြူ အနိုင်ယူရာ၏၊ ကဒရိယံ ကိုယ်ကလည်းမလှူလို သူလှူမည်ကိုလည်း ဟန့်တား အလွန်ကြမ်းတမ်းသော မစ္ဆရိယသမားကို၊ ဒါနေန စွန့်ကြဲပေးကမ်း ကိုယ်ကလှူဒါန်းသဖြင့်၊ ဇိနေ ချမ်းမြေကြည်ဖြူ အနိုင်ယူရာ၏၊ အလိကဝါဒိနံ မမှန်စကား ပြောကြားလေ့ရှိသောသူကို၊ သစ္စေန -အမှန်စကား ကိုယ်ကပြောကြားသဖြင့်၊ ဇိနေ ချမ်းမြေကြည်ဖြူ အနိုင်ယူရာ၏ ။(မဟာဗုဒ္ဓဝင်၊ဆဋ္ဌမတွဲ - ဒုတိယပိုင်း၊၃၃၅။)

ဟူသော တရားဂါထာ၏အဆုံးဝယ် သောတာပတ္တိဖိုလ်၌ တည်လေသည်၊ သိရိမာသည် ဘုရားရှင်ကို ပင့်ဖိတ်၍ နောက်တစ်နေ့ဝယ် ဘုရားအမှူးရှိသော သံဃာအား အလှူဒါနကြီးကို ပေးလှူလေသည်။

## ဈာန်ဝင်စားရာ၊ ဥတ္တရာ၊ ရပါ ဧတဒဂ်

နောက်အဖို့ဝယ် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥပါသိကာမများကို ဧတဒဂ်ရာထူး၌ ထားတော်မူရာတွင် ဤနန္ဒမာတာ ဥတ္တရာကို... "ရဟန်းတို့...ဈာန်ဝင်စားလေ့ရှိကြသည့် ငါဘုရား၏တပည့်မ ဥပါသိကာတို့အနက် နန္ဒ၏အမိဖြစ်သူ ဥတ္တရာဥပါသိကာသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "ဈာန်ဝင်စားလေ့ရှိသော အရာဝယ် အမြတ်ဆုံးဧတဒဂ်ရာထူး"၌ ထားတော်မူလေသည်။

ဈာယီနန္တိ ဈာနာဘိရတာနံ ဥပါသိကာနံ ဥတ္တရာ နန္ဒမာတာ အဂ္ဂါတိ ဒဿေတိ။ (အံ၊ ၄၊ ၁၊ ၃၄၂။)

အပရဘာဂေ ပန သတ္ထာ ဇေတဝနေ နိသီဒိတွာ ဥပါသိကာယော ဌာနန္တရေသု ဌပေန္တော ဥတ္တရံ နန္ဒမာတရံ ဈာယီနံ အဂ္ဂဋ္ဌာနေ ဌပေသီတိ။ (အံ၊ ၄၊ ၁၊ ၃၄၇။)

ဤနန္ဒမာတာ ဥတ္တရာဥပါသိကာမ၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ (အံ၊ ၄၊ ၁၊ ၃၄၂ ၃၄၇), ဓမ္မပဒအဋ္ဌကထာ (ဓမ္မပဒ၊ ၄၊၂၊ ၁၉၆ ၂၀၂), မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ဒုတိယပိုင်း (၃၂၀ ၃၃၅), ပုံတော်စံ ဓမ္မပဒဝတ္ထုတော်ကြီး ဒုတိယတွဲ (၂၉၅ ၃၀၇)တို့၌ အကျယ်တဝင့် ကြည့်ရှုနိုင်သည်။

## ၆။ ကောလိယသာကီဝင်မင်းသမီး သုပ္ပဝါသာအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဗိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ပဏီတဒါယိကာနံ ယဒိဒံ သုပ္ပဝါသာ ကောလိယဓိတာ။ (အံ၊ ၁၊ ၂၇။)

### သုပ္ပဝါသာမင်းသမီးအလောင်း ရှေးဆုတောင်း

ကောလိယသာကီဝင်မင်းသမီး သုပ္ပဝါသာအလောင်း အမျိုးကောင်းသမီးသည် ပဒုမုတ္တရာဘုရားရှင်လက်ထက်တော်ဝယ် ဟံသာ

ဝတီမင်းနေပြည်၌ အမျိုးကောင်းသမီးဖြစ်၍ ဘုရားရှင်၏တရားဒေသနာတော်ကို ကြားနာနေစဉ် ဘုရားရှင်က ဥပါသိကာမတစ်ယောက်ကို "မွန်မြတ်သည်ကို လှူသောအရာဝယ် အမြတ်ဆုံးဧတဒဂ်ရာထူး"၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အဓိကာရကောင်းမှု ကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပဏ္ဍာနှုပြုခဲ့လေသည်။

## နောက်ဆုံးဘဝ၊ ကောလိယ၊ သုပ္ပဝါသာ ဖြစ်၍လာ

ထိုအမျိုးကောင်းသမီးသည် ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်,လူပြည်တို့၌ ကျင်လည်ခဲ့ပြီးလျှင် ကျွန်ုပ်တို့၏ဘုရားရှင် ပွင့်တော်မူသောအခါဝယ် ကောလိယနေပြည်တော်၌ သာကီဝင်မင်းသမီး ဖြစ်လာလေသည်၊ ထိုမင်းသမီး၏အမည်ကို "သုပ္ပဝါသာ"ဟု မှည့်ခေါ်ကြလေသည်။ သူမသည် အရွယ်ရောက်လတ်သော် သာကီဝင်မင်းသားတစ်ယောက်၏အိမ်သို့ လိုက်ပါလျက် ပဌမအကြိမ် ဖူးတွေ့ရခြင်းဖြင့်ပင်လျှင် ဘုရားရှင်၏တရားစကားကို ကြားနာရ၍ သောတာပတ္တိဖိုလ်၌ တည်လေသည်။ ထိုသုပ္ပဝါသာ သာကီဝင်မင်းသမီးသည် နောက်အဖို့ဝယ် သီဝလိသူငယ်ကို ဖွားမြင်ခဲ့လေသည်။

မှတ်ချက်။ ။ ခုနစ်နှစ်စေ့၍ ကိုယ်ဝန်သားရင့်ကျက်လာသောအခါ ခုနစ်ရက်တိုင်တိုင် မင်းသမီးသည် ကြီးစွာသော ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရခြင်း ဆင်းရဲဒုက္ခ (ဂဗ္ဘမူဋ္ဌဒုက္ခ)ကို ခံစားရလေသည်၊ သုပ္ပဝါသာမင်းသမီးသည် ထိုဆင်းရဲဒုက္ခကို....

အကြင်ငါတို့ဆရာ မြတ်ဘုရားသည် ဤသို့သဘောရှိသော ဆင်းရဲဒုက္ခကို ပယ်စွန့်ဖို့ရန် တရားဟောတော်မူပါပေ၏၊ ထိုငါတို့ဆရာ မြတ်ဘုရားသည် သစ္စာ,ဆဲ့ပျ ဓမ္မခပင်း ထင်လင်းသိမြင် သဗ္ဗညုတဉာဏ်တော်နှင့် ပြည့်စုံတော်မူပါပေစွာ့တကား(၁), အကြင်မြတ်ဘုရား၏တပည့်သား သံဃာတော်သည် ဤသို့သဘောရှိသော ဆင်းရဲဒုက္ခကို ပယ်စွန့်ဖို့ရန် ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူပါပေ၏၊ ထိုမြတ်ဘုရား၏တပည့်သား သံဃာတော်သည် သုံးပါးသိက္ခာ ကျင့်ဖွယ်ရာကို ကောင်းစွာ ကျင့်တော်မူပါပေစွာ့တကား(၂), အကြင်တရားမြတ်၌ ဤသို့သဘောရှိသော ဤဆင်းရဲဒုက္ခ ဟူသမျှသည် တစိုးတစိ မရှိပေ၊ ထိုနိဗ္ဗာန်တရားမြတ်သည် အလွန်အလွန် ချမ်းသာပါပေစွာ့တကား(၃) ဟူသော ဤအကြံသုံးမျိုးတို့ဖြင့် သည်းခံလေသည်။

သုပ္ပဝါသာ ဟန္ဒေ ကောလိယဓီတာ သတ္တ ဝဿာနိ ဂဗ္ဘံ ဓာရေတိ သတ္တာဟံ မူဠ္ဟဂဗ္ဘာ၊ သာ ဒုက္ခာဟိ တိဗ္ဗာဟိ ခရာဟိ ကဋုကာဟိ ဝေဒနာဟိ ဖုဋ္ဌာ တီဟိ ဝိတက္ကေဟိ အဓိဝါသေတိ..."သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊ ယော ဣမဿ ဧဝရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ။ သုပ္ပဋိပန္နော ဝတ တဿ ဘဂဝတော သာဝကသံဃော၊ ယော ဣမဿ ဧဝရူပဿ ဒုက္ခဿ ပဟာနာယ ပဋိပန္နော။ သုသုခံ ဝတ တံ နိဗ္ဗာနံ၊ ယတ္ထိဒံ ဧဝရူပံ ဒုက္ခံ န သံဝိဇ္ဇတီ"တိ။

(ခု၊ ၁၊ ဥဒါန၊ ၉၄။)

(ကောလိယမင်းသားသည် ဘုရားရှင်အထံတော်သို့ သွား၍ မင်းသမီးသုပ္ပဝါသာပြောဆိုမှာလိုက်သည့်အတိုင်း)"ရှင်တော်ဘုရား ...ကောလိယမင်းသမီး သုပ္ပဝါသာသည် ဘုရားရှင်၏ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏၊ 'ရှင်တော်မြတ်ဘုရား...ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်နှစ်တို့ပတ်လုံး ကိုယ်ဝန်ကို ဆောင်ရပါ၏၊ ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရပါ၏၊ သုပ္ပဝါသာမင်းသမီးသည် ရောဂါမရှိသည်ဖြစ်၍ ချမ်းသာစွာ ရောဂါကင်းသောသားကို ဖွားမြင်ခဲ့ပါပြီ၊ သုပ္ပဝါသာမင်းသမီးသည် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆွမ်းပင့်ဖိတ်ပါ၏၊ ရှင်တော်ဘုရားသည် ရဟန်းသံဃာနှင့်အတူတကွ ကောလိယမင်းသမီး သုပ္ပဝါသာ၏ဆွမ်းတို့ကို သည်းခံသာယာတော်မူပါဘုရား'ဟု ဤသို့ လျှောက်ထားလိုက်ပါသည်ဘုရား"ဟု လျှောက်ထားလေသည်။

ထိုအခါ၌ အရှင်မဟာမောဂ္ဂလ္လာန်၏အလုပ်အကျွေး ဥပါသကာတစ်ယောက်သည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို နက်ဖြန်အလို့ငှါ ဆွမ်းစားပင့်ဖိတ်ထားပြီးဖြစ်၏၊ ထိုအခါ ဘုရားရှင်က အရှင်မဟာမောဂ္ဂလ္လာန်ကို ခေါ်၍ "မောဂ္ဂလ္လာန်...လာဦးလော့၊ ဥပါသကာထံသို့ သွား၍ ထိုဥပါသကာကို 'ဥပါသကာ...ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်နှစ်တို့ပတ်လုံး ကိုယ်ဝန်ကို ဆောင်ရ၏၊ ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရ၏၊ သုပ္ပဝါသာမင်းသမီးသည် ယခုအခါ ရောဂါမရှိမူ၍ ချမ်းသာစွာ ရောဂါကင်းသောသားကို ဖွားမြင်၏၊ ထိုမင်းသမီးသည် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆွမ်းစားပင့်ဖိတ်၏၊ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပါစေ၊ သင်ကား နောက်မှ ကျွေးပါ'ဟု ပြောချေလော့၊ ထိုဥပါသကာသည် သင်၏အလုပ်အကျွေးတည်း"ဟု မိန့်တော်မူလေသည်။

အရှင်မဟာမောဂ္ဂလ္လာန်က "ကောင်းပါပြီ ရှင်တော်မြတ်ဘုရား..."ဟု ဘုရားရှင်၏စကားတော်ကို ဝန်ခံ၍ ဥပါသကာထံသို့ သွားပြီးလျှင် ထိုဥပါသကာကို ဘုရားရှင်မိန့်မှာတော်မူသည့်အတိုင်း ပြောကြားလေရာ ဥပါသကာ (ဒါယကာ)က"အရှင်ဘုရား...အရှင်မဟာမောဂ္ဂလ္လာန်သည် (၁) တပည့်တော်၏စည်းစိမ်ဥစ္စာကိုလည်းကောင်း, (၂) အသက်ကိုလည်းကောင်း, (၃) သဒ္ဓါတရားကိုလည်း

ကောင်း ဤသုံးပါးသောတရားတို့ကို အာမခံနိုင်ပါမူ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပါစေ၊ တပည့်တော်ကား နောက်မှကျွေးပါမည်"ဟု လျှောက်ထားလေသည်။ အရှင်မဟာမောဂ္ဂလ္လာန်က "ဒါယကာ...ထိုတရားသုံးပါးတို့တွင် စည်းစိမ်ဥစ္စာကိုလည်းကောင်း, အသက်ကိုလည်းကောင်း-ဤနှစ်ပါးသောတရားတို့ကို ငါအာမခံနိုင်၏၊ သဒ္ဓါတရားကိုကား သင်သည်ပင်လျှင် အာမခံလေလော့"ဟု မိန့်တော်မူလေသည်။

> သစေ မေ ဘန္တေ အယျော မဟာမောဂ္ဂလ္လာနော တိဏ္ဏံ ဓမ္မာနံ ပါဋိဘောဂေါ ဘောဂါနဉ္စ ဇီဝိတဿ စ သဒ္ဓါယ စ၊ ကရောတု သုပ္ပဝါသာ ကောလိယဓီတာ သတ္တ ဘတ္တာနိ၊ ပစ္ဆာ'ဟံ ကရိဿာမိတိ။ ဒွိန္နံ ခေါ တေ အဟံ အာဝုသော ဓမ္မာနံ ပါဋိဘောဂေါ--ဘောဂါနဉ္စ ဇီဝိတဿ စ၊ သဒ္ဓါယ ပန တွံယေဝ ပါဋိဘောဂေါတိ။ (ခု၊၁၊ ဥဒါန၊၉၆။)
>
> ဒွိန္နံ ခေါ တေသံ (ဣ)၊ ဒွိန္နံ ခေါ နေသံ (က)

သုပ္ပဝါသာမင်းသမီးကား မတုန်မလှုပ် ခိုင်မြဲကြည်ညိုသော သဒ္ဓါတရားရှိသူဖြစ်၏၊ ဥပါသကာ၏သဒ္ဓါတရားကို စောင့်ရှောက်ဖို့ကား အရှင်မဟာမောဂ္ဂလ္လာန်မထေရ်၏တာဝန်ဖြစ်၏၊ ထို့ကြောင့် ဘုရားရှင်က "တုယှေသော ဥပဋ္ဌာကော=ထိုဥပါသကာသည် သင်၏အလုပ်အကျွေးတည်း"ဟု မိန့်တော်မူလေသည်။ (သင့်ဒါယကာဖြစ်၍ ထိုဒါယကာ၏သဒ္ဓါတရား မပျက်အောင် သင်စောင့်ရှောက်ရမည်-ဟုဆိုလိုသည်။)

> သုပ္ပဝါသာ ပန အစလပ္ပသာဒါ၀၊ ဥပါသကဿ ပန ပသာဒရက္ခဏံ မဟာမောဂ္ဂလ္လာနတ္ထေရဿ ဘာရော။ တေနာဟ"တုယှေသော ဥပဋ္ဌာကော"တိ။ (ဥဒါန၊ ဋ္ဌ၊ ၁၃၉။)

"တိဏ္ဏံ ဓမ္မာနံ ပါဋိဘောဂေါ"ဟူသောစကားသည် ဥပါသကာက "တပည့်တော်၏စည်းစိမ်, အသက်, သဒ္ဓါတရား ဤသုံးပါးတို့ မဆုတ်ယုတ် မပျက်စီးရန် အရှင်မဟာမောဂ္ဂလ္လာန်က အာမခံတော်မူပါလျှင် ဤမှခုနစ်ရက်ကျော်လွန်မှ တပည့်တော် ကျွေးမွေးလှူဒါန်းပါမည်"ဟု ဆိုလိုသည်။

မထေရ်မြတ်ကလည်း ထိုခုနစ်ရက်တာ ကာလအတွင်း၀ယ် ထိုဥပါသကာ၏စည်းစိမ်, အသက်တို့၏ပျက်ကွက်စရာ ဘေးဥပဒ် အန္တရာယ်မရှိသည်ကို သိမြင်တော်မူ၍ "ဒွိန္နံ ခေါ နေသံ အာဝုသော ဓမ္မာနံ ပါဋိဘောဂေါ ဘောဂါနဉ္စ ဇီဝိတဿ စ"ဟု မိန့်တော်မူ၍ သဒ္ဓါတရားမှာ ဥပါသကာ၏စိတ်နှင့်စပ်သည်ဖြစ်၍ ဥပါသကာ၏သာလျှင် တာဝန်ပြုလိုရကား "သဒ္ဓါယ ပန တွမေ၀ ပါဋိဘောဂေါ"ဟုမိန့်တော်မူလေသည်။

> တိဏ္ဏံ ဓမ္မာနံ ပါဋိဘောဂေါတိ မမ ဘောဂါဒီနံ တိဏ္ဏံ ဓမ္မာနံ အဟာနိယာ အဝိနာသာယ အယျော မဟာမောဂ္ဂလ္လာနော ယဒိ ပါဋိဘောဂေါ ယဒိ ပတိဘူ၊ ဣတော သတ္တ ဒိ၀သေ အတိက္ကမိတွာ မမ သက္ကာ ဒါနံ ဒါတုံ့ ယဒိ အယျေန ဉာတုံ ဒီပေတိ။ ထေရောပိ တဿ တေသု ဒိ၀သေသု ဘောဂါနံ ဇီဝိတဿ စ အနုပဒ္ဒဝံ ပဿိတွာ အာဟ "ဒွိန္နံ ခေါ နေသံ အာဝုသော မမ္မာနံ ပါဋိဘောဂေါ ဘောဂါနဉ္စ ဇီဝိတဿ စာ"တိ။ သဒ္ဓါ ပနဿ စိတ္တပ္ပဋိဗဒ္ဓါတိ တဿေ၀ ဘာရံ ကရောန္တော "သဒ္ဓါယ ပန တွမေ၀ ပါဋိဘောဂေါ"တိအာဟ။ (ဥဒါန၊ ဋ္ဌ၊ ၁၃၉။)

ဥပါသကာက "အရှင်ဘုရား...အရှင်မဟာမောဂ္ဂလ္လာန်သည် တပည့်တော်၏စည်းစိမ်နှင့်အသက် တရားနှစ်ပါးကို အာမခံနိုင်ပါမူ ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပါစေ၊ တပည့်တော်က နောက်မှ ကျွေးပါမည်"ဟု လျှောက်ထားလေသည်။

> သစေ မေ ဘန္တေ အယျော မဟာမောဂ္ဂလ္လာနော ဒွိန္နံ ဓမ္မာနံ ပါဋိဘောဂေါ- ဘောဂါနဉ္စ ဇီဝိတဿ စ၊ ကရောတု သုပ္ပ ဝါသာ ကောလိယဓီတာ သတ္တ ဘတ္တာနိ၊ ပစ္ဆာ'ဟံ ကရိဿာမိတိ။ (ခု၊ ၁၊ ဥဒါန၊ ၉၆။)

အမှန်စင်စစ်သော်ကား ထိုဥပါသကာသည် သစ္စာတရားသိမြင်ပြီးသော ပုဂ္ဂိုလ်ဖြစ်၍ သူ၏သဒ္ဓါတရားကား ပြောင်းလဲရန် အကြောင်းမရှိချေ၊ ထို့ကြောင့် ထိုကဲ့သို့ လျှောက်ထားနိုင်ခြင်းဖြစ်၏။ ထိုအကြောင်းကြောင့်ပင်လျှင် ဘုရားရှင်က "ပစ္ဆာပိ တွံ ကရိဿသီတိ ပညာပေဟိ နောက်မှပင် သင်ဒါယကာက ကျွေးပါလော့-ဟု"အရှင်မဟာမောဂ္ဂလ္လာန်အား အသိပေးခိုင်းခြင်းဖြစ်၏။

ဥပါသကာကလည်း ဘုရားရှင်၌လည်းကောင်း, မထေရ်မြတ်၌လည်းကောင်း ရှိသေသဖြင့် ဆိုဆုံးမလွယ်သူဖြစ်သောကြောင့် ထိုမင်းသမီး၏ကောင်းမှုကုသိုလ် တိုးပွားလိုသည်ဖြစ်၍ "ကရောတု သုပ္ပဝါသာ ကောလိယဓီတာ သတ္တ ဘတ္တာနိ၊ ပစ္ဆာ'ဟံ ကရိဿာမိ-ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပါစေ၊ တပည့်တော်က နောက်မှ ကျွေးပါမည်" ဟု ခွင့်ပြုလေသည်။

> အပိ စ သော ဥပါသကော ဒိဋ္ဌသစ္စော၊ တဿ သဒ္ဓါယ အညထာဘာဝေါ နတ္ထီတိ တထာ ဝုတ္တံ။ တေနေ၀ စ ကာရဏေန ဘဂဝတာ ·ပစ္ဆာပိ တွံ ကရိဿသီတိ ပညာပေဟီ"တိ ဝုတ္တံ။ ဥပါသကောပိ သတ္ထရိ ထေရေ စ ဂါရဝေန သုဗ္ဗစတာယ (သုဝစတာယ-သီ) တဿာ စ ပုညေန ဝဍ္ဎိ ဣစ္ဆန္တော "ကရောတု သုပ္ပဝါသာ

ကောလိယဓီတာ သတ္တ ဘတ္တာနိ၊ ပဋ္ဌာ'ဟံ ကရိဿာမိ"တိ အနုဇာနိ။ (ဥဒါန၊ ဋ္ဌ၊ ၁၃၉။)

ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန်သည် ဥပါသကာ၏လျှောက်ထားချက်ကို ဘုရားရှင်အား ပြန်လည်လျှောက်ထားသဖြင့် ကောလိယမင်းသမီး သုပ္ပဝါသာသည် ဆွမ်းကျွေးခွင့်ရသွားလေသည်။

ကောလိယမင်းသမီး သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ် ဖြင့် ရောင့်ရဲတင်းတိမ်သည့်တိုင် (တော်ပြီ=ပြည့်စုံပြီ-ဟု) တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေးလေ၏၊ သားသူငယ်ကို လည်း ဘုရားရှင်နှင့်ရဟန်းသံဃာအားလုံးကို ရှိခိုးစေသည်။

ထိုအခါ အရှင်သာရိပုတ္တသည် ထိုသူငယ်ကို"သူငယ်..သင့်အဖို့ရာ ကျန်းခန့်သာ မာ၏လော?, ဣရိယာပထ မျှတ၏လော?, ဆင်းရဲဒုက္ခကင်း၏လော?"ဟု မေးတော်မူလေသည်၊ သူငယ်က "အရှင်ဘုရား သာရိပုတ္တ...တပည့်တော်အဖို့ရာ အဘယ်မှာ ကျန်းခန့် သာ မာပါအံ့နည်း?, ဣရိယာပထ မျှတပါအံ့နည်း?,၊ တပည့်တော်သည် ခုနစ်နှစ်တို့ပတ်လုံး သွေးအိုင်ထဲ၌ နေခဲ့ရပါသည်ဘုရား"ဟု လျှောက်လေ၏။

ထိုအခါ ကောလိယမင်းသမီး သုပ္ပဝါသာသည် "ငါ့သားသည် တရားစစ်သူကြီး အရှင်သာရိပုတ္တနှင့်အတူတကွ ပြောဆို၏" ဟု နှစ်လိုဝမ်းသာခြင်း, နှစ်သက်ရွှင်ခြင်းဖြစ်လေ၏။ ထိုအခါ ဘုရားရှင်က (ကောလိယမင်းသမီး သုပ္ပဝါသာ နှစ်လိုဝမ်းသာခြင်း, နှစ် သက်ရွှင်လန်းခြင်းဖြစ်သည်ကို သိတော်မူ၍) ကောလိယမင်းသမီး သုပ္ပဝါသာကို "သုပ္ပဝါသာ...သင်သည် ဤသားမှတပါး ဤသို့ သဘောရှိသော သားမျိုးကို အလိုရှိသေးသလော?"ဟု မေးတော်မူလျှင် သုပ္ပဝါသာက "ရှင်တော်မြတ်ဘုရား...တပည့်တော်မသည် ဤ သားမှတပါး ဤသို့သဘောရှိကုန်သော သားခုနစ်ယောက်တို့ကို အလိုရှိပါသေးသည်ဘုရား"ဟု လျှောက်ထားလေသည်။

အထ ခေါ ဘဂဝါ (သုပ္ပဝါသံ ကောလိယဓီတရံ အတ္တမနံ ပမုဒိတံ ပီတိသောမနဿဇာတံ ဝိဒိတွာ) သုပ္ပဝါသံ ကောလိယ ဓီတရံ ဧတဒဝေါစ "ဣစ္ဆေယျာသိ တွံ သုပ္ပဝါသေ အညမ္ပိ ဧဝရူပံ ပုတ္တ"န္တိ။ "ဣစ္ဆေယျာမ'ဟံ ဘဂဝါ အညာနိပိ ဧဝရူပါနိ သတ္တ ပုတ္တာနိ"တိ။ (ခု၊ ၁၊ ဥဒါန၊ ၉၇။)

ထိုအခါ ဘုရားရှင်သည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုအချိန်၌....

"မသာယာအပ်သော သဘောတရားသည် သာယာဖွယ် အသွင်သဘောဖြင့်လည်းကောင်း,

မချစ်ခင်အပ်သော သဘောတရားသည် ချစ်ချင်ဖွယ် အသွင်သဘောဖြင့်လည်းကောင်း,

ဆင်းရဲသော သဘောတရားသည် ချမ်းသာဖွယ် အသွင်သဘောဖြင့်လည်းကောင်း

မေ့လျော့နေသူကို လွှမ်းမိုးဖိစီး၏"

ဟု ဤဥဒါန်းကို ကျူးရင့်တော်မူလေသည်။

အသာတံ သာတရူပေန၊ ပိယရူပေန အပ္ပိယံ။

ဒုက္ခံ သုခဿ ရူပေန၊ ပမတ္တမတိဝတ္တတီ။ (ခု၊ ၁၊ ဥဒါန၊ ၉၇။)

မှတ်သားဖွယ်။ ။ "အညေပိ ဧဝရူပေ သတ္တ ပုတ္တေ"ဟု ပုလ္လိင်ပုဒ်တို့ဖြင့် ဆိုအပ်ပါလျက် လိင်ဖောက်ပြန်သဖြင့် "အညာနိပိ ဧဝရူပါနိ သတ္တ ပုတ္တာနိ"ဟု နပုလ္လိင်ပုဒ်တို့ဖြင့် ဆိုအပ်သည်။

ဤသို့ ခုနစ်နှစ်တို့ပတ်လုံး ကိုယ်ဝန်ဆောင်ရခြင်းကြောင့် ခုနစ်ရက်ပတ်လုံး မိန်းမောတွေဝေရသဖြင့် ကြီးစွာသော ဆင်းရဲဒုက္ခ ကိုဖြစ်စေ၍ မွေးဖွားလာရသော သားမျိုးကိုပင် နောက်ထပ် ခုနစ်ယောက်ကို အလိုရှိခြင်းဟူသည် အမျိုးသမီးတို့၏သားဖွားမှု၌ မရောင့် ရဲခြင်းကို ဖော်ပြသည်။

အညာနိပိ ဧဝရူပါနိ သတ္တ ပုတ္တာနီတိ "အညေပိ ဧဝရူပေ သတ္တ ပုတ္တေ"တိ ဝတ္တဗ္ဗေ လိင်္ဂဝိပလ္လာသဝသေန ဝုတ္တံ "ဧဝရူပါနိ"တိ။ ဧဝံ သတ္တ ဝဿာနိ ဂဗ္ဘဓာရဏဝသေန သတ္တာဟံ မူဠ္ဟဂဗ္ဘတာယ စ မဟန္တံ ဒုက္ခံ ပါပေတွာ ဥပ္ပန္နကပုတ္တေတိ အတ္ထော။ ဧတေန မာတုဂါမာနံ ပုတ္တလောလတာယ ပုတ္တလာဘေန တိတ္တိ နတ္ထီတိ ဒဿေတိ။ (ဥဒါန၊ ဋ္ဌ၊ ၁၃၉-၁၄၀။)

## [ရှေးကံကြမ္မာ၊ မလွတ်သာ၊ ခံရှာ သားအမိ

မေး။ ။ အရှင်သီဝလိမထေရ်မြတ်နှင့် မယ်တော် ကောလိယမင်းသမီး သုပ္ပဝါသာတို့သည် အဘယ့်ကြောင့် ခုနစ်နှစ်ကြာ ဂဗ္ဘဝါသဒုက္ခ=အမိဝမ်းခေါင်း ကိန်းအောင်းရခြင်း ဆင်းရဲဒုက္ခ, ခုနစ်ရက်ကြာ ဂဗ္ဘမူဠ္ဟ=ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရခြင်း ဆင်းရဲ ဒုက္ခတို့ကို ခံစားကြရပါသနည်း?

တဿ ကထံ သတ္တ ဝဿာနိ ဂဗ္ဘဝါသဒုက္ခံ, သတ္တာဟံ မူဠ္ဟဂဗ္ဘဘာဝပ္ပတ္တိ, မာတု စဿာပိ သောတာပန္နာယ အရိယသာဝိကာယ တထာ ဒုက္ခာနုဘဝနံ ဇာတန္တိ?

ဖြေ။ ။ ထိုမထေရ်မြတ် သားအမိတို့သည် တစ်ခုသော အတိတ်ဘဝက ဗာရာဏသီမင်း၏မိဖုရားကြီးနှင့် သားတော်တို့ ဖြစ်ခဲ့ကြ၍ တချိန်တွင် ကောသလမင်းက စစ်တပ်အလုံးအရင်းဖြင့် ဗာရာဏသီပြည်ကို သိမ်းယူ၍ ဗာရာဏသီမင်းကို သတ်ဖြတ်လျက် ထိုမင်း၏မိဖုရားကြီးကိုလည်း သိမ်းပိုက်ကာ မိဖုရားကြီးရာထူး၌ ထားလေသည်။

ဗာရာဏသီမင်းသားသည် ခမည်းတော် သတ်ဖြတ်ခံရ၍ နတ်ရွာစံသောအခါ ရေထုတ်ပြွန်မှ တိတ်တဆိတ်ထွက်ပြေးလျက် ဗိုလ်ပါအလုံးအရင်းကို စုရုံးပြီးလျှင် ဗာရာဏသီပြည်သို့လာ၍ ထီးနန်းပြန်အပ်ရန်, (သို့မဟုတ်) စစ်တိုက်ရန် ရာဇသံပေး အရေးဆိုလေရာ အတွင်းမှာရှိနေသော မယ်တော်မိဖုရားကြီးက စစ်တိုက်လျှင် လူအများ ဆင်းရဲကြမည်ဖြစ်၍ မြို့ကို ပိတ်ဆို့ဝန်းရံထားရန် အကြံပေးလေသည်။ မယ်တော်အကြံပေးသည့်အတိုင်း မင်းသားသည် မြို့တံခါးမကြီးလေးပေါက်တို့ကို အထွက်အဝင် မရှိရအောင် ပိတ်ဆို့စောင့်ရှောက် ခုနစ်နှစ်ကြာ မြို့ကို ဝန်းရံပိတ်ဆို့ထားသော်လည်း မြို့သူမြို့သားတို့သည် တံခါးငယ်များမှ ထွက်၍ မြက်, ထင်းစသည်ကို သယ်ဆောင်သွင်းယူကြသဖြင့် အကြောင်းမထူးပဲ ရှိလေ၏၊ ထိုသတင်းကို မယ်တော်မိဖုရားကြီး ကြားသိရလျှင် တံခါးငယ်များကိုပါ ပိတ်ဆို့ရန် တဖန် အကြံပေးပြန်လေသည်။

ထိုအကြံပေးချက်အရ တံခါးငယ်များကိုပါ ပိတ်ဆို့ဝန်းရံသဖြင့် ခုနစ်ရက်ကြာသောအခါ မြို့သူမြို့သားတို့သည် အနေကျပ်သဖြင့် ကောသလမင်း၏ဦးခေါင်းကိုဖြတ်၍ မင်းသားအား ဆက်သကြလေသည်၊ မင်းသားသည် မြို့သို့ဝင်၍ မင်းအဖြစ်ကို ခံယူလေသည်။

ဤဆိုအပ်ခဲ့ပြီးသော ခုနစ်နှစ်ကြာ မြို့တံခါးမကြီးလေးပေါက်တို့ကို အထွက်အဝင်မရှိရအောင် ပိတ်ဆို့ထားခြင်းဟူသော မကောင်းမှု အကုသိုလ်ကံကြောင့် ထိုမထေရ်မြတ် သားအမိတို့သည် ခုနစ်နှစ်ကြာ ကိုယ်ဝန်သားကို ဆောင်ရခြင်း ဆင်းရဲဒုက္ခ, အမိဝမ်းခေါင်း ကိန်းအောင်းရခြင်း ဆင်းရဲဒုက္ခ, ခုနစ်ရက်ကြာ မြို့တံခါးငယ်တို့ကို ပိတ်ဆို့ထားခြင်းဟူသော မကောင်းမှုအကုသိုလ်ကံကြောင့် မယ်တော်မှာ ကိုယ်ဝန်ကြောင့် ခုနစ်ရက်ကြာ မိန်းမောတွေဝေရခြင်း ဆင်းရဲဒုက္ခတို့ကို ခံစားကြရလေသည်။

သော တဒါ သတ္တ ဝဿာနိ နဂရရုန္ဓနကမ္မနိဿန္ဒေန ဧတရဟိ သတ္တ ဝဿာနိ မာတုကုစ္ဆိသင်္ခါတာယ လောဟိတကုမ္ဘိယာ ဝသိ၊ အဝသေသတော ပန သတ္တာဟံ နဂရူပရုန္ဓနေန သတ္တာဟံ မူဠ္ဟဂဗ္ဘဘာဝံ အာပဇ္ဇိ။ (ဥဒါန၊ ဋ္ဌ၊ ၁၀၉)။]

## မွန်မြတ်ရသာ၊ ပေးလှူရာ၊ ရပါ တေဒဂ်

ဤကောလိယသာကီဝင်မင်းသမီး သုပ္ပဝါသာသည် အခါတပါး၌ ဘုရားအမှူးရှိသော ရဟန်းသံဃာအား အထူးထူးအပြားပြား မွန်မြတ်လှစွာသော အရသာရှိသည့် စားဖွယ်(ပဏီတဘောဇဉ်)ကို လှူဒါန်းဆက်ကပ်လေသည်၊ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးနောက် ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူလတ်သည်ရှိသော် သုပ္ပဝါသာမင်းသမီးအား...

"သုပ္ပဝါသာ...ဆွမ်းခဲဖွယ်ဘောဇဉ်ကို လှူဒါန်းသော အရိယသာဝိကာမသည် အလှူခံပုဂ္ဂိုလ်တို့အား ၅ ဌာနတို့ကို လှူဒါန်းသည် မည်၏၊ အသက်ကို လှူသည်မည်၏, အဆင်းကို လှူသည်မည်၏, ချမ်းသာကို လှူသည်မည်၏, ခွန်အားကိုလှူသည်မည်၏, ဉာဏ်ပညာကို လှူသည်မည်၏ ။

အသက်ကို ပေးလှူရခြင်းကြောင့် နတ်၌ဖြစ်သော, လူ၌ဖြစ်သော အသက်၏အဖို့ဝေစုရသူ (အသက်ရှည်သောနတ်, အသက်ရှည်သောလူ)ဖြစ်၏၊ အဆင်းကို ပေးလှူရခြင်းကြောင့် နတ်၌ဖြစ်သော,လူ၌ဖြစ်သော အဆင်း၏အဖို့ဝေစုရသူ(အဆင်းလှသောနတ်, အဆင်းလှသောလူ)ဖြစ်၏၊ ချမ်းသာကို ပေးလှူရခြင်းကြောင့် နတ်၌ဖြစ်သော,လူ၌ဖြစ်သောချမ်းသာ၏အဖို့ဝေစုရသူ (နတ်ချမ်းသာ,လူချမ်းသာ)ဖြစ်၏၊ ခွန်အားကို ပေးလှူရခြင်းကြောင့် နတ်၌ဖြစ်သော, လူ၌ဖြစ်သော ခွန်အား၏အဖို့ဝေစုရသူ (ခွန်အားရှိသော နတ်,လူ)ဖြစ်၏၊ ဉာဏ်ပညာကို ပေးလှူရခြင်းကြောင့် နတ်၌ဖြစ်သော, လူ၌ဖြစ်သော ဉာဏ်ပညာ၏အဖို့ဝေစုရသူ (ဉာဏ်ပညာကြီးသောနတ်, ဉာဏ်ပညာကြီးသောလူ)ဖြစ်၏"

ဟူသော ဤတရားဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဘောဇနံ သုပ္ပဝါသေ ဒေန္တီ အရိယသာဝိကာ ပဋိဂ္ဂါဟကာနံ ပဉ္စ ဌာနာနိ ဒေတိ။ အာယုံ ဒေတိ၊ ဝဏ္ဏံ ဒေတိ၊ သုခံ ဒေတိ၊ ဗလံ ဒေတိ၊ ပဋိဘာနံ ဒေတိ။ အာယုံ ခေါ ပန ဒတွာ အာယုဿ ဘာဂိနီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ။ပ။ ပဋိဘာနံ ဒတွာ ပဋိဘာနဿ ဘာဂိနီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၄၈။)

ထိုနောက်အခါဝယ် ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူ၍ ဥပါသိကာမများကို

တေဒဂ်ရာထူးဌာနန္တရ၌ ထားတော်မူလတ်သော် ကောလိယသာကီဝင်မင်းသမီး သုပ္ပဝါသာကို...

"ရဟန်းတို့...မွန်မြတ်သောဝတ္ထုကို ပေးလှူကြသည့် ငါဘုရား၏တပည့်မ ဥပါသိကာတို့တွင် ကောလိယသာကီဝင်မင်းသမီး သုပ္ပဝါသာသည် အမြတ်ဆုံး ဖြစ်ပေ၏"

ဟု ချီးကျူးတော်မူကာ "မွန်မြတ်သောဝတ္ထုကို လှူလေ့ရှိသောအရာဝယ် အမြတ်ဆုံး တေဒဂ်ရာထူး"၌ ထားတော်မူလေသည်။

ပဏီတဒါယိကာနန္တိ ပဏီတရသဒါယိကာနံ ဥပါသိကာနံ သုပ္ပဝါသာ ကောလိယဓီတာ အဂ္ဂါတိ ဒဿေတိ။(အံ၊ဋ္ဌ၊၁၊၃၄၇။)

အထ အပရဘာဂေ သတ္ထာ ဇေတဝနေ နိသီဒိတွာ ဥပါသိကာယော ဌာနန္တရေသု ဌပေန္တော သုပ္ပဝါသံ ကောလိယဓီတရံ ပဏီတဒါယိကာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၄၈။)

ဤကောလိယမင်းသမီး သုပ္ပဝါသာ၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊ ၃၄၇ ၃၄၈)၊ ဓမ္မပဒအဋ္ဌကထာ (ဓမ္မပဒ၊ဋ္ဌ၊ ၂၄၂၆ ၄၂၇)၊ ဥဒါန်းပါဠိတော် (ခု၊ ၁၊ ၉၃ ၉၇)၊ ဥဒါန်းအဋ္ဌကထာ သုပ္ပဝါသာသုတ်အဖွင့် (ဥဒါန်၊ ဋ္ဌ၊ ၁၀၇ ၁၄၀)၊ အပဒါန်အဋ္ဌကထာ သီဝလိတ္ထေရအပဒါန်အဖွင့် (အပဒါန်၊ ဋ္ဌ၊ ၂၊ ၂၄၉)၊ ဥဒါန်းပါဠိတော်မြန်မာပြန် သုပ္ပဝါသာသုတ်(ခု၊ ၁၊ ၈၆ ၉၀)၊ မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ပပိုင်း(၃၁၀ ၃၁၅)၊ မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ဒုပိုင်း(၃၃၅ ၃၃၇)၊ ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး အရှင်သီဝလိမထေရ်ဝတ္ထု(၇၁၆ ၇၁၇)တို့၌ ကြည့်ရှုနိုင်သည်။

## ၇။ သုပ္ပိယာ ဥပါသိကာမအကြောင်း သိကောင်းစရာ

တေဒဂ္ဂ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဂိလာနုပဋ္ဌာကီနံ ယဒိဒံ သုပ္ပိယာ ဥပါသိကာ။ (အံ၊ ၁၊ ၂၇။)

### သုပ္ပိယာအလောင်း ရှေးဆုတောင်း

ဤသုပ္ပိယာ ဥပါသိကာမအလောင်း အမျိုးကောင်းသမီးသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီးဖြစ်၍ ဘုရားရှင်က ဥပါသိကာမတစ်ယောက်ကို "သူနာရဟန်းကို လုပ်ကျွေးပြုစုသောအရာဝယ် အမြတ်ဆုံးတေဒဂ်ရာထူး"၌ ထားတော်မူသည်ကို မြင်တွေ့ရ၍ အဓိကာရကောင်းမှုကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာ ပြုခဲ့လေသည်။

### ဆုံးဘဝမှာ၊ သုပ္ပိယာ၊ ဖြစ်လာ ဥပါသိကာ

သူမသည် ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်၊ လူပြည်တို့၌ ကျင်လည်ခဲ့ပြီးလျှင် ဤဘုရားရှင် ပွင့်တော်မူသောအခါ ဗာရာဏသီပြည်၌ အမျိုးကောင်းအိမ်၌ ဖြစ်လာလေသည်၊ သူမ၏အမည်ကို "သုပ္ပိယာ"ဟု မှည့်ခေါ်ကြလေသည်။ နောက်အဖို့ဝယ် ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် ဗာရာဏသီပြည်သို့ ကြွရောက်တော်မူကာ (ဣသိပတနမိဂဒါဝုန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူလေသည်)။ သုပ္ပိယာသည် ဘုရားရှင်ကို ပဌမအကြိမ် ဖူးမြင်ရသောအခါ၌ပင်လျှင် တရားတော်ကို ကြားနာရ၍ သောတာပတ္တိဖိုလ်၌ တည်လေသည်။

### သူမစေတနာ၊ ဒါနရာ၊ လွန်စွာ အံ့သြဖွယ်

တနေ့သ၌ သုပ္ပိယာ ဥပါသိကာမသည် တရားနာယူရန်အလို့ငှါ ကျောင်းတိုက်သို့ သွားရောက်ကာ ကျောင်းစဉ် လှည့်လည်လတ်သော် ရဟန်းတစ်ပါး မကျန်းမမာဖြစ်နေသည်ကို ဖူးတွေ့ရလျှင် ထိုရဟန်းကို ရှိခိုးလျက် အစေ့အစပ်စကား ပြောကြားပြီးလျှင် "အရှင်ဘုရားအဖို့ရာ အဘယ်အရာကို ရမှ သင့်ပါမည်နည်းဘုရား? ဟု မေးလျှောက်လေ၏။ ဂိလာနရဟန်းက "ဒါယိကာမကြီး... သားမျိုးဟင်းရည်(စွပ်ပြုတ်ရည်)ကို ရလျှင် သင့်လျော်ပါသည်"ဟု ပြောဆိုလေ၏။ သုပ္ပိယာဥပါသိကာမက "ရှိပါစေ အရှင်ဘုရား (ဟောတု ဘန္တေ)...တပည့်တော်မ ပို့လိုက်ပါမည်(အဟံ ပဟိဏိဿာမိ)"ဟု လျှောက်ထား၊ မထေရ်ကို ရှိခိုးပြီးလျှင် မြို့တွင်းသို့ ပြန်လာ၍ နောက်တနေ့ဝယ် အလိုလိုဖြစ်သော (ပံသုကူ)အသားအလို့ငှါ အိမ်စေကျွန်မကို အိမ်ဈေးသို့ လွှတ်လိုက်လေသည်၊ အိမ်စေကျွန်မသည် တမြို့လုံး၌ပင် (မိမိပယောဂမပါပဲ)အလိုလိုဖြစ်ပေါ်သော ပံသုကူအသားကို ရှာမရ၍ မရသည်အကြောင်းကို သုပ္ပိယာဥပါသိကာမအား ပြန်လည်ပြောကြားလေသည်။

သုပ္ပိယာဥပါသိကာမသည် "ငါသည် အရှင်မြတ်၏အတွက် သားမျိုးဟင်းရည်ကို ပို့လိုက်ပါမည် ဟု လျှောက်ထားခဲ့ပြီး၊ အကယ်၍ မပို့ပဲ နေချေလျှင် အရှင်မြတ်သည် အခြားတပါးမှလည်း သားမျိုးဟင်းရည်ကို မရသည်ဖြစ်၍ ပင်ပန်းရာတော်မူလိမ့်မည်၊

တစ်စုံတစ်ခုကို ပြု၍ပို့စေမှ သင့်တော်မည်"ဟု ကြံစည်ကာ အိပ်ခန်းတွင်းသို့ ဝင်၍ မိမိ၏ပေါင်သားကို လှီးဖြတ်ပြီးလျှင် အိမ်စေကျွန်မအား "ဤအသားကို ယူ၍ ဟင်းမျိုးရည်ဆိုင်ရာ အဆောက်အဦတို့နှင့် ရောစပ်လျက် သားဟင်းမျိုးရည် ပြုလုပ်ကာ ကျောင်းသို့ ယူဆောင်သွားပြီးလျှင် အရှင်မြတ်အား လှူဒါန်းပါလေ၊ အကယ်၍ ထိုဂိလာနရဟန်းက ငါ့ကို မေးတော်မူလျှင် နေမကောင်းပါ ဟု လျှောက်ထားပါလေ"ဟု ပြောဆို, ပေးလိုက်လေသည်။ အစေခံကျွန်မသည် သုပ္ပိယာ ဥပါသိကာမ ပြောဆိုသည့်အတိုင်း ပြုလုပ်ဆက်ကပ်လေသည်။

## ဗုဒ္ဓါနုဘော်၊ သဒ္ဓါလျော်၊ နာသော် ကင်းပျောက်ပြီ

ဘုရားရှင်သည် ထိုအကြောင်းကို သိတော်မူ၍ နောက်တစ်နေ့ ဆွမ်းခံချိန်၌ ရဟန်းအပေါင်းခြံရံကာ သုပ္ပိယဒါယကာပင့်လျှောက်ချက်အရ သုပ္ပိယာဥပါသိကာမ၏အိမ်သို့ ကြွတော်မူလေ၏။

ဘုရားရှင်က "သုပ္ပိယာဥပါသိကာမ အဘယ်မှာနည်း?"ဟု မေးတော်မူလျှင်"မကျန်းမမာဖြစ်နေပါသည် ရှင်တော်မြတ်ဘုရား" ဟု ပြန်လည်လျှောက်ထား ဖြေကြားလေသည်။ ဘုရားရှင်က "သုပ္ပိယာဥပါသိကာမကို ခေါ်လာကြလော့"ဟု မိန့်တော်မူလေသည်၊ ထိုအခါ ထိုသူတို့သည် သွား၍ "ဘုရားရှင်က သင်ကို ခေါ်တော်မူ၏"ဟု ပြောဆိုကြလေသည်။ သုပ္ပိယာဥပါသိကာမသည်"လောကအလုံး၏အစီးအပွားကို ဆောင်၍ အစဉ်သနားခြင်းရှိတော်မူသော ဘုရားရှင်သည် ဤငါ၏ဖြစ်ပုံအကြောင်းစုံကို မသိမမြင်တော်မူ၍ ခေါ်တော်မူစေသည်မဟုတ်"ဟု ကြံစည်အောက်မေ့ကာ အဆောတလျင် ညောင်စောင်းမှ ထလေသည်။ ထိုအခါ သုပ္ပိယာဥပါသိကာမအဖို့ရာ ဘုရားရှင်၏အာနုဘော်တော်ကြောင့် ထိုခဏ၌ပင်လျှင် အနာအသားနုတက်ကာ ပကတိအသားအရေရှိသည်ဖြစ်၍ ကြွင်းသောနေရာဌာနမှ အသားအရေသည်လည်း အတိုင်းထက်အလွန်ပင် ကြည်လင်လေသည်၊ ထိုခဏ၌ သုပ္ပိယာဥပါသိကာမသည် ပြုံးလျက် ဘုရားရှင်ကို တည်ခြင်းငါးပါးဖြင့်ရှိခိုးကာ အပြစ်ကင်းရာအရပ်၌ ထိုင်နေလေသည်။ ဘုရားရှင်က "ဤဥပါသိကာမ၏မကျန်းမမာခြင်းသည် ဘယ်သို့နည်း?"ဟု မေးတော်မူလေသည်၊ သုပ္ပိယာဥပါသိကာမသည် မိမိ ပြုအပ်ခဲ့သော အကြောင်းအလုံးစုံကို လျှောက်ထားလေသည်။ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စပြီးဆုံးတော်မူလတ်သော် ကျောင်းတော်သို့ ပြန်ကြွတော်မူကာ ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် ထို(လူ့ပေါင်)သားဟင်းမျိုးရည်ကို ဘုဉ်းပေးသောရဟန်းကို များစွာသောအကြောင်းဖြင့် ကဲ့ရဲ့တော်မူလျက် "(ရဟန်းတို့... သဒ္ဓါတရားရှိ၍ ကြည်ညိုသောလူတို့သည် မိမိ၏အသားတို့ကိုသော်လည်း စွန့်လှူကုန်၏၊ ရဟန်းတို့ လူသားကို မစားအပ်၊ စားသောရဟန်းအား ထုလ္လစ္စဉ်းအာပတ် သင့်စေ။ ရဟန်းတို့...မစုံစမ်းမမေးမြန်းပဲ အသားကို မစားအပ်၊ စားသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ=သန္တိ ဘိက္ခဝေ မနုဿာ သဒ္ဓါ ပသန္နာ၊ တေဟိ အတ္တနောပိ မံသာနိ ပရိစ္စတ္တာနိ။ န ဘိက္ခဝေ မနုဿမံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ၊ အာပတ္တိ ထုလ္လစ္စယဿ။ န စ ဘိက္ခဝေ အပ္ပဋိဝေက္ခိတွာ မံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။ ဝိ၊ ၃၊ ၃၁၃")ဟု သိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။ ဤကား သုပ္ပိယာဥပါသိကာမ၏ဧတဒဂ်ရကြောင်း အကြောင်းအဋ္ဌုပ္ပတ်ပင်ဖြစ်၏။

[ဤအကြောင်းအရာအကျယ်ကို ဝိနည်းမဟာဝါပါဠိတော် ဘေသဇ္ဇက္ခန္ဓက မနုဿမံသပဋိက္ခေပကထာ (ဝိ၊ ၃၊ ၃၁၀ ၃၁၂)နှင့် ဝိနည်းမဟာဝါပါဠိတော်မြန်မာပြန် (၃၁၁ ၃၁၃)တို့၌ ကြည့်ရှုနိုင်သည်။

"မည်သည့်အသား"ဟု သိလျှင် မေးမြန်းဖွယ်ကိစ္စ မရှိသော်လည်း မသိလျှင်ကား (စားကောင်းသော အသားဖြစ်စေကာမူ) မေးမြန်းပြီးမှသာ စားရမည် ဟု မဟာဝါအဋ္ဌကထာ၌ ဖွင့်ဆိုလေသည်။

အပ္ပဋိဝေက္ခိတွာတိ အပ္ပဋိပုစ္ဆိတွာ။ သစေ ပန "အသုကမံသ"န္တိ ဇာနာတိ၊ ပဋိပုစ္ဆနကိစ္စံ နတ္ထိ။ အဇာနန္တေန ပန ပုစ္ဆိတွာဝ ခါဒိတဗ္ဗံ။ (ဝိ ဋ္ဌ၊ ၃၊ ၃၇၆။)]

## ရဟန်းသူနာ၊ လုပ်ကျွေးရာ၊ ရပါ ဧတဒဂ်

နောက်အဖို့ဝယ် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဥပါသိကာမတို့ကို ဧတဒဂ်ရာထူး ဌာနန္တရတို့၌ ထားတော်မူလတ်သော် ဤသုပ္ပိယာဥပါသိကာမကို

"ရဟန်းတို့...သူနာကို လုပ်ကျွေးပြုစုတတ်ကြသည့် ငါဘုရား၏တပည့်မ ဥပါသိကာတို့တွင် သုပ္ပိယာဥပါသိကာသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "သူနာကို လုပ်ကျွေးပြုစုသောအရာဝယ် အမြတ်ဆုံး ဧတဒဂ်ရာထူး"၌ ထားတော်မူလေသည်။

ဂိလာနုပဋ္ဌာကီနန္တိ ဂိလာနုပဋ္ဌာကီနံ ဥပါသိကာနံ သုပ္ပိယာ ဥပါသိကာ အဂ္ဂါတိ ဒဿေတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၄၈။)

အပရဘာဂေ သတ္ထာ ဇေတဝနေ နိသိန္နော ဥပါသိကာယော ဌာနန္တရေသု ဌပေန္တော သုပ္ပိယံ ဥပါသိကံ ဂိလာနုပဋ္ဌာကီနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၄၉။)

ဤသုပ္ပိယာဥပါသိကာမ၏အကြောင်းအရာအကျယ်ကို အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊ ၃၄၈-၃၄၉), ဓမ္မပဒအဋ္ဌကထာ (ဓမ္မပဒ၊ဋ္ဌ၊၁၊၂၅၉), ဝိနည်းမဟာဝါပါဠိတော်(ဝိ၊ ၃၊ ၃၁၀ ၃၁၂), မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ဒုပိုင်း (၃၃၇-၃၄၂)တို့၌ ကြည့်ရှုနိုင်သည်။

## ၈။ ကာတိယာနီ ဥပါသိကာမအကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ အဝေစ္စပ္ပသန္နာနံ ယဒိဒံ ကာတိယာနီ။ (အံ၊ ၁၊ ၂၈။)

### ကာတိယာနီအလောင်း ရှေးဆုတောင်း

ဤကာတိယာနီ ဥပါသိကာမအလောင်း အမျိုးကောင်းသမီးသည် ပဒုမုတ္တရာဘုရားရှင်လက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီးဖြစ်၍ ဘုရားရှင်က ဥပါသိကာမတစ်ယောက်ကို "သာသနာတော်၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုသောအရာ"ဝယ် ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေမြင်ရ၍ အဓိကာရကုသိုလ်ကောင်းမှုကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

### နောက်ဆုံးဘဝ၊ သူဌေးမ၊ ဖြစ်ထ ကာတိယာနီ

ထိုအမျိုးကောင်းသမီးသည် ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ခဲ့၍ ဤဘုရားရှင် ပွင့်တော်မူရာအခါဝယ် ကုရရဃရ-မည်သော မြို့၌ သူဌေးသမီးဖြစ်လာလေသည်၊ သူမ၏အမည်ကို "ကာတိယာနီ"ဟု မှည့်ခေါ်ကြလေသည်။ ထိုကာတိယာနီသူဌေးသမီးသည် အရွယ်သို့ ရောက်လတ်သော် သောဏကုဋိကဏ္ဏမထေရ်၏မယ်တော် ကာဠီသူဌေးကတော်နှင့် အလွန်ရင်းနီးသော သူငယ်ချင်းမ ဖြစ်လေသည်။

### မတုန်လှုပ်ပါ၊ သူ့သဒ္ဓါ၊ လွန်စွာ အံ့ဩဖွယ်

တစ်ခါသော် ကုဋိကဏ္ဏသောဏမထေရ်မြတ်သည် ဘုရားရှင့်အထံတော်မှ ပြန်လာ၍ မယ်တော် ကာဠီသူဌေးကတော်က "ဘုရားရှင်အား ဟောကြားခဲ့သည့်နည်းအတိုင်း မယ်တော်အားလည်း တရားဟောတော်မူပါ"ဟု တောင်းပန်လျှောက်ထားအပ်သည်ဖြစ်၍ ညဥ့်အဖို့ဝယ် ကုရရဃရမြို့တွင်း ဆင်ယင်ထားအပ်သော ဓမ္မာသနပလ္လင်တော်၌ ထိုင်တော်မူ၍ မယ်တော်ကာဠီသူဌေးကတော်ကို ကိုယ်တော်၏မျက်မှောက်၌တရားနာခံအဖြစ်ထားလျက်(ကာယသက္ခိံ ကတွာ) တရားဟောမှုကို စတင်အားထုတ်တော်မူလေသည်၊ ထိုအခါ ဤကာတိယာနီသူဌေးမသည် ကာဠီနှင့် အတူတကွ သွား၍ ပရိသတ်အစွန်၌ တရားကို နာယူလျက် တည်နေလေသည်။

ထိုအချိန်၌ ခိုးသားငါးရာတို့သည် မြို့တွင်း၌ နေ့အခါဝယ် ပြုလုပ်ခဲ့သောအမှတ်ဖြင့် မြို့အစွန်မှ စ၍ ဥမင်လိုဏ်ခေါင်းကို တူးကြကာ ဤကာတိယာနီသူဌေးမ၏အိမ်သို့ ရောက်ကြလေသည်၊ ထိုခိုးသားတို့၏အကြီးအကဲခိုးမှူးသည် ငယ်သားများနှင့်အတူ ဥမင်လိုဏ်ခေါင်းသို့ မဝင်ပဲ "ဤပရိသတ်သည် အဘယ့်ကြောင့် စည်းဝေးနေကြပါသနည်း?ဟု စုံစမ်းရန် သောဏမထေရ်၏တရားဟောရာသို့ သွားရောက်ကာ ပရိသတ်အစွန်၌ ရပ်တည်လျက် ကာတိယာနီသူဌေးမ၏နောက်ကျောဖက်၌ ရပ်၍နေလေသည်။

ထိုအခါ၌ ကာတိယာနီသူဌေးမသည် ကျွန်မကို "ဟယ်ကျွန်မ...သွားချေလော့၊ အိမ်သို့ ဝင်၍ ဆီမီးထွန်းရန် ဆီကို ယူဆောင်ပါလော့၊ ငါတို့သည် ဆီမီးများကို ညှိထွန်း၍ တရားနာကုန်အံ့ (သီဟိုဠ်မူ၌ကား "မယမ္ပိ ဒီပေ ဇာလာပေဿမ၊ သဟာယိကာယ ကာဠိယာ ကုသလကမ္မေ ဘာဂံ ဂဏှိဿာမ-ငါတို့သည်လည်း ဆီမီးများကို ညှိထွန်းကုန်အံ့၊ သူငယ်ချင်းမ ကာဠီ၏ကုသိုလ်ကောင်းမှု၌ အဖို့ဘာဂကိုယူကြကုန်အံ့"ဟု ရှိ၏)"ဟု ခေါ်ဆိုစေလွှတ်လိုက်လေသည်။ ထိုကျွန်မသည် အိမ်သို့ ရောက်၍ ဥမင်လိုဏ်ခေါင်း၌ ခိုးသူတို့ကို တွေမြင်ရ၍ မီးထွန်းရန် ဆီကို မယူနိုင်တော့ပဲ ပြန်လာကာ မိမိ၏အရှင်မအား "အရှင်မ...အိမ်၌ ခိုးသူတို့သည် ဥမင်လိုဏ်ခေါင်းကို တူးနေကြပါသည်"ဟု ပြောကြားလေသည်။ ထိုစကားကို ကြားရသော ခိုးမှူးကြီးသည် "အကယ်၍ ဤသူဌေးမသည် ဤကျွန်မ၏စကားကို နာယူ၍ မိမိအိမ်သို့ သွားရောက်လျှင် ဤနေရာ၌ပင်လျှင် ထိုသူဌေးကို ဓားဖြင့် နှစ်ပိုင်း ဖြတ်အံ့၊ ထိုသို့မဟုတ်ပဲ အကယ်၍ နာမြဲတိုင်းသော တရားအာရုံနိမိတ်ဖြင့်ပင် တရားကို ဆက်လက်၍ နာယူခဲ့သော် ခိုးသားများ ယူအပ်ပြီးသော ဘဏ္ဍာများကို တဖန် ပြန်၍ပေးစေအံ့"ဟု ကြံစည်လေသည်။

ကာတိယာနီသူဌေးမသည်လည်း ကျွန်မ၏စကားကို ကြားရလျှင် "အမိ...အသံမပြုပါလင့်၊ ခိုးသူတို့ ခိုးပါကြလျှင် မိမိတွေ့

မြင်သော အရာဝတ္ထုကိုသာ ခိုးယူကြပါလိမ့်မည်၊ ငါကား ယနေ့ ကြားနာရန်ခဲယဉ်းလှသော တရားတော်ကို နာကြားနေပါသည်၊ အမိ သည် တရား၏အန္တရာယ်ကို မပြုပါလင့်"ဟု ပြောဆိုလေသည်။ ခိုးမှူးကြီးသည် ထိုကာတိယာနီသူဌေးမ၏စကားကို ကြားလျှင် "ဤ ကြီးမြတ်လှသောအလိုအဖျှာသယဖြင့် တည်နေသူ သူမ၏အိမ်မှဥစ္စာဘဏ္ဍာကို ခိုးယူကြမည်ဆိုလျှင် ငါတို့သည် မဟာပထဝီမြေအတွင်း သို့သာ ဝင်ကြရပေတော့မည် ဧကန်ဖြစ်ချေသည်"ဟု ကြံစည်စဉ်းစားကာ ထိုခဏ၌ပင် ကာတိယာနီသူဌေးမ၏အိမ်သို့ သွား၍ ခိုးသား များ ယူအပ်ပြီးသော ဥစ္စာဘဏ္ဍာများကို စွန့်စေခဲ့ပြီးလျှင် ခိုးသားတို့နှင့်အတူတကွ လာ၍ တရားနာလျက် ပရိသတ်အစွန်၌ ရပ်တည် နေလေသည်။

## တရားဆုံးမှာ၊ သူမ ဟာ၊ တည်လာ သောတာပန်

ကာတိယာနီ ဥပါသိကာမသည် မထေရ်မြတ်၏တရားဒေသနာနိဂုံး ပြီးဆုံးသောအခါ သောတာပတ္တိဖိုလ်၌ တည်လေသည်။ ထို့နောက်အရုဏ်တက်လတ်သော် ခိုးမှူးကြီးသည် သွားရောက်၍ ကာတိယာနီ ဥပါသိကာမ၏ခြေတို့၌ တုပ်ဝပ်၍ "အရှင်မ...ကျွန်ုပ်တို့ အားလုံးအားပင် သည်းခံပါလော့"ဟု တောင်းပန်ပြောဆိုလေသည်၊ ကာတိယာနီ ဥပါသိကာမက "သင်တို့သည် ငါ့အပေါ်၌ အဘယ် သို့သော အမှုကို ပြုအပ်သနည်း?"ဟု မေးလေသည်၊ ခိုးမှူးကြီးသည် မိမိတို့ ပြုမိခဲ့သည် အပြစ်အားလုံးကို ပြန်ကြားပြောဆိုလေသည်။ ကာတိယာနီ ဥပါသိကာသူဌေးမက"အမောင်တို့...ထိုသို့ဖြစ်လျှင် ငါသည် သင်တို့အား သည်းခံပါ၏"ဟု ပြောဆိုလျှင် ခိုးမှူးကြီးက" အရှင်မ...ကျွန်ုပ်တို့အားဤသို့(သည်းခံပါ၏ ဟု ပြောဆိုရုံ)မျှဖြင့် သည်းခံအပ်သည် မမည်သေးပါ၊ စင်စစ်သော်ကား အရှင်မတို့၏ သား ကုဋိကဏ္ဏသောဏမထေရ်မြတ်၏အထံ၌ ကျွန်ုပ်တို့ အားလုံးအားပင် ရှင်ရဟန်းပြုပေးစေချင်ပါသည်"ဟု ပန်ကြားပြောဆိုလေ သည်။ ကာတိယာနီသူဌေးမ ဥပါသိကာသည် ထိုခိုးသားအားလုံးတို့ကို ခေါ်ဆောင်၍ အရှင်ကုဋိကဏ္ဏသောဏမထေရ်မြတ်၏အထံ၌ ရှင်ရဟန်းပြုပေးစေသည်။ ထိုခိုးသားတို့သည်လည်း မထေရ်မြတ်၏အထံ၌ ရှင်ရဟန်းပြုကြပြီးသော် ရဟန်းတရား ပွားများအားထုတ်ကြ သဖြင့် ရဟန်းအားလုံးတို့သည်ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေသည်။ ဤသို့ ဤကာတိယာနီ ဥပါသိကာမ၏ သာသနာ တော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း(အစလသဒ္ဓါ)နှင့်စပ်သော အကြောင်းဝတ္ထုသည် ဖြစ်ပေါ်ခဲ့လေသည်။

## မတုန်လှုပ်ရာ၊ သူ့သဒ္ဓါ၊ ရပါ ဧတဒဂ်

နောက်အဖို့ဝယ် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥပါသိကာမတို့ကို ဧတဒဂ်ရာထူး ဌာနန္တရ တို့၌ ထားတော်မူလတ်သော် ဤကာတိယာနီ ဥပါသိကာမကို

"ရဟန်းတို့...သာသနာတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ကြသည့် ငါဘုရား၏တပည့် ဥပါသိကာမတို့တွင် ကာတိယာနီ ဥပါသိကာမသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "အဝေစ္စပသန္နအရာဝယ် အမြတ်ဆုံး ဧတဒဂ် ရာထူး"၌ ထားတော်မူလေသည်။

**အဝေစ္စပသန္နာနန္တိ** အဓိဂတေန (အဓိဂတေန က) အစလပ္ပသာဒေန သမန္နာဂတာနံ ဥပါသိကာနံ ကာတိယာနီ အဂ္ဂါတိ ဒဿေတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၄၉။)

အပရဘာဂေ သတ္ထာ ဇေတဝနေ ဝိဟရန္တော ဥပါသိကာယော ဌာနန္တရေသု ဌပေန္တော ကာတိယာနိံ ဥပါသိကံ အဝေစ္စ ပ္ပသန္နာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၅၁။)

ဤကာတိယာနီ ဥပါသိကာမ၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ (အံ၊ ဋ္ဌ၊ ၁၊ ၃၄၉-၃၅၁)၌ ကြည့်ရှုနိုင်သည်။

## ၉။ နကုလမာတာ ဥပါသိကာမအကြောင်း သိကောင်းစရာ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဝိဿာသိကာနံ ယဒိဒံ နကုလမာတာ ဂဟပတာနီ။ (အံ၊ ၁၊ ၂၈။)

ဤနကုလမာတာဥပါသိကာမအကြောင်းကို နကုလပိတာ ဥပါသကာအကြောင်း၌ ဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း မှတ်သားရာ ၏။ အထူးသဖြင့် နကုလပိတာ ဥပါသကာနေရာ၌ နကုလမာတာ ဥပါသိကာမကို အစားထိုး၍ မှတ်သားရာ၏။

နကုလပိတာဥပါသကာနှင့် နကုလမာတာဥပါသိကာမတို့ ဇနီးမောင်နှံ နှစ်ဦးလုံးပင် ပဒုမုတ္တရဘုရားရှင်၏လက်ထက်တော် အခါ၌ နကုလပိတာဥပါသကာအလောင်း အမျိုးကောင်းသားသည် ဘုရားရှင်က ဥပါသကာတစ်ယောက်ကို "ဘုရားရှင်နှင့် အကျွမ်း

ဝင်သည့်(ဝိဿာသက)အရာ"၌ တေဒဂ်ရာထူး၌ထားတော်မူသည်ကို တွေမြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူးကို ဆုတောင်းပတ္ထနာပြုခဲ့သည်နည်းတူ နကုလမာတာဥပါသိကာမအလောင်း အမျိုးကောင်းသမီးသည်လည်း ဘုရားရှင်က ဥပါသိကာမ တစ်ယောက်ကို "ဘုရားရှင်နှင့်အကျွမ်းဝင်သည့် (ဝိဿာသိကာ)အရာ"၌ တေဒဂ်ရာထူး၌ထားတော်မူသည်ကို တွေမြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူးကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။ ဝတ္ထုဇာတ်သွား အလားတူဖြစ်သောကြောင့် အဋ္ဌကထာ၌ ထပ်မံ၍ မဖွင့်ပြတော့ပါ။

ဤနကုလမာတာဥပါသိကာမသည်လည်း နကုလပိတာဥပါသကာကဲ့သို့ပင် ဘုရားရှင်က "ရဟန်းတို့...(ငါဘုရားနှင့်)အကျွမ်းတဝင် ခင်မင်ရင်းနှီးသောစကားကို ပြောဆိုကြသည့် ငါဘုရား၏တပည့်ဥပါသိကာမတို့တွင် နကုလမာတာ သူဌေးကတော်သည် အမြတ်ဆုံးဖြစ်ပေ၏"ဟု နကုလမာတာဥပါသိကာမကို "ဝိဿာသိကအရာဝယ် အမြတ်ဆုံး တေဒဂ်ရာထူး"၌ ထားတော်မူလေသည်။

ဝိဿာသိကာနန္တိ ဝိဿာသကထံ ကထေန္တီနံ ဥပါသိကာနံ နကုလမာတာ ဂဟပတာနိ အဂ္ဂါတိ ဒဿေတိ။ (အံ၊ဋ္ဌ၊၁၊၃၅၁။)

## ၁၀။ ကုရရဃရမြို့သူ ကာဠီဥပါသိကာမအကြောင်း သိကောင်းစရာ

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ အနုဿဝပ္ပသန္နာနံ ယဒိဒံ ကာဠီ ဥပါသိကာ ကုရရဃရိကာ။ (အံ၊ ၁၊၂၈။)

### ကာဠီဥပါသိကာမအလောင်း ရှေးဆုတောင်း

ဤကာဠီဥပါသိကာမအလောင်း အမျိုးကောင်းသမီးသည် ပဒုမုတ္တရဘုရားလက်ထက်တော်ဝယ် ဟံသာဝတီမင်းနေပြည် ကုရရဃရမြို့၌ အမျိုးကောင်းသမီးဖြစ်၍ ဘုရားရှင်၏တရားစကားတော်ကို ကြားနာနေစဉ် ဘုရားရှင်က ဥပါသိကာမတစ်ယောက်ကို "ကိုယ်တိုင် ဘုရားရှင်ကို မဖူးတွေ့ရပဲလျက် တဆင့်ကြားသဖြင့် ဘုရားဂုဏ်ကို သက်ဝင်ယုံကြည်သော(အနုဿဝပ္ပသန္န)အရာဝယ် အမြတ်ဆုံး တေဒဂ်ရာထူး"၌ ထားတော်မူသည်ကို တွေမြင်ရ၍ အဓိကာရကောင်းမှု ကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

### ဆုံးဘဝမှီ၊ သူ့နာမည်၊ ကာဠီ ဥပါသိကာ

ထိုအမျိုးကောင်းသမီးသည် ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်, လူပြည်တို့၌ ကျင်လည်ခဲ့ပြီးလျှင် ဤဘုရားရှင် ပွင့်ထွန်းတော်မူသောအခါ ရာဇဂြိုဟ်မြို့၌ အမျိုးကောင်းသမီးဖြစ်လာလေသည်၊ သူမ၏အမည်ကို "ကာဠီ"ဟု မှည့်ခေါ်ကြလေသည်။ သူမသည် အရွယ်သို့ ရောက်လတ်သော် ကုရရဃရမြို့သားနှင့် ထိမ်းမြားသဖြင့် ထိုအမျိုးသားအိမ်သို့ လိုက်ပါခဲ့ရလေသည်၊ ထို့နောက် ကာဠီမှာ ထိုခင်ပွန်းသည်နှင့်ပေါင်းသင်းဆက်ဆံမှုကြောင့် နတ်ငုံသန္ဓေ တည်ခဲ့လေသည်။

ကာဠီသည် နတ်ငုံသန္ဓေ ရင့်ကျက်လေသော် "မိဘနှင့်ဝေးကွာရာ သူတပါးတို့၏နေရပ်အိမ်၌ မီးရှူးသန့်စင် ဖွားမြင်ရခြင်းမည်သည် မသင့်လျော်ချေ"ဟု ကြံစည်စဉ်းစားမိ၍ မိမိ၏မြို့ဖြစ်သည့် ရာဇဂြိုဟ်ရှိ မိဘအိမ်သို့ ပြန်လာလျက် တစ်နေ့သော ညဉ့်အဖို့အတွင်းဝယ် မိမိ၏နေထိုင်ရာ ပြာသာဒ်အထက် ကောင်းကင်၌ ရပ်တည်ကြလျက် ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကို ပြောဆိုနေကြသည့် သာတာဂိရနတ်မင်း, ဟေမဝတနတ်မင်းတို့၏တရားစကားကို ကြားနာရ၍ တဆင့်ကြားသဖြင့် သာသနာတော်၌သက်ဝင်ယုံကြည်မှု သဒ္ဓါတရားကို ဖြစ်စေပြီးလျှင် ဘုရားရှင်ကို မဖူးမြင်ရပါပဲလျက်ပင်လျှင် သောတာပတ္တိဖိုလ်၌ တည်လေသည်။

သုတ္တနိပါတ်အဋ္ဌကထာ ဟေမဝတသုတ်အဖွင့်၌ကား  ရာဇဂြိုဟ်မြို့ကြီးဝယ် ကုရရဃရမြို့၌နေသူ ကာဠီမည်သော ဥပါသိကာမသည် ပြာသာဒ်ထက်သို့ တက်၍ ခြသေ့ခံသော လေသာပြူတင်းကို ဖွင့်၍ ဖွားမြင်အံ့ဆဲဆဲသော ကိုယ်ဝန်ကြောင့်ဖြစ်သော ပင်ပန်းခြင်းကို ပယ်ဖျောက်လိုသဖြင့် ရပ်တည်နေစဉ် ထိုနတ်ဘီလူးစစ်သူကြီးနှစ်ဦးတို့၏အသီးအသီး ပြောဆိုကြသည့် ဘုရားရှင်၏ဂုဏ်တော်နှင့်စပ်သော တရားစကားကို အစ အလယ် အဆုံး သုံးပါးလုံး ကြားနာရ၍ "ဘုရားရှင်တို့သည် ဤသို့ အံ့ဖွယ်အထူး ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံပေစွ"ဟု ဘုရားဂုဏ်ကိုအာရုံပြု၍ နှစ်သက်ခြင်း ပီတိတရားကို ဖြစ်ပွါးစေပြီးလျှင် ထိုပီတိဖြင့်ပင် နီဝရဏတရားတို့ကို ခွါလျက် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းမှု ပြုလေရာ ထိုနေရာ၌ ရပ်တည်နေလျက်ပင် သောတာပတ္တိဖိုလ်၌ တည်လေသည်"ဟု လာရှိ၏။

ရာဇဂဟေ ကာဠီ နာမ ကုရရဃရိကာ ဥပါသိကာ ပါသာဒမာရုယှ သီဟပဉ္ဇရံ ဝိဝရိတွာ ဂဗ္ဘပရိဿမံ ဝိနောဒေန္တီ ဌဝါတ ပ္ပဒေသေ ဥတုဂ္ဂဟဏတ္ထံ ဌိတာ တေသံ ယက္ခသေနာပတီနံ တံ ဗုဒ္ဓဂုဏပဋိသံယုတ္တံ ကထံ အာဒိပဇ္ဈပရိယောသာနတော အဿောသိ၊ သုတွာစ "ဧဝံ ဝိဝိဓဂုဏသမန္နာဂတာ ဗုဒ္ဓါ"တိ ဗုဒ္ဓါရမ္မဏံ ပီတိံ ဥပ္ပါဒေတွာ တာယ နီဝရဏာနိ ဝိက္ခမ္ဘေတွာ

တတ္ထေဝ ဌိတာ သောတာပတ္တိဖလေ ပတိဋ္ဌာသိ။ (သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၀၅။)

ကာလီအမျိုးသမီးသည် ဘုရားရှင်ကို မဖူးမြင်ရပါပဲ တဆင့်ကြား နာယူအပ်သောတရားတော်၌ကြည်ညိုခြင်းကို ဖြစ်စေလျက် သူတပါး ခူးခပ်ပြီးသော ဘောဇဉ်ကို စားသုံးရသကဲ့သို့ လွယ်ကူစွာ သောတာပတ္တိဖိုလ်၌ တည်လေသည်။

ထိုကာလီအမျိုးသမီးသည် မာတုဂါမတို့တွင် ရှေးဦးစွာ သောတာပန်တည်သည်ဖြစ်၍ အမျိုးသမီးများအနက် အမကြီးသဖွယ် ဖြစ်လေသည်၊ ထိုညဉ့်၌ပင် ကာဠီအမျိုးသမီးသည် (ကုရိုကဏ္ဏသောဏမထေရ်အလောင်း)သတို့သားကို ဖွားမြင်ပြီးနောက် မိဘအိမ်ဝယ် အလိုရှိသလောက် နေထိုင်ပြီးလျှင် ကုရရဃရမြို့သို့ ပြန်သွားလေသည်။

ကာဠီ ဥပါသိကာ ပရဿ ဓမ္မေ ဒေသိယမာနေ တထာဂတံ အဒိဋ္ဌပုဗ္ဗာဝ ဟုတွာ အနုဿဝပ္ပသာဒံ ဥပ္ပါဒေတွာ ပရဿ ဝနိတံ ဘောဇနံ ဘုဥ္ဇမာနာ ဝိယ သောတာပတ္တိဖလေ ပတိဋ္ဌာသိ။ သာ သဗ္ဗမာတုဂါမာနံ အန္တရေ ပဌမကသောတာပန္နာ သဗ္ဗဇေဋ္ဌိကာ အဟောသိ။ တဿာ သဟ သောတာပတ္တိဘာဝေန တမေဝ ရတ္တိံ ဂဗ္ဘဝုဋ္ဌာနံ ဇာတံ၊ ပဋိလဒ္ဓဒါရကဿ နာမ ဂဟဏဒိဝသေ သောဏောတိ နာမံ အကာသိ။ သာ ယထာရုစိယာ ကုလဂေဟေ ဝသိတွာ ကုလဃရမေဝ အဂမာသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၁၈၈။)

## တဆင့်ကြားရ၊ ကြည်ညိုပါ၊ ရကာ ဧတဒဂ်

နောက်အဖို့ဝယ် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်တွင် ရဟန်းတို့အလယ်၌ ထိုင်နေတော်မူလျက် ဥပါသိကာမတို့ကို ဧတဒဂ်ရာထူး ဌာန္တန္တရတို့၌ထားတော်မူလတ်သော် ဤကာဠီဥပါသိကာမကို--

"ရဟန်းတို့...ငါ့ဘုရားကို တဆင့်ကြားဖြင့် ကြည်ညိုကြသည့် ငါဘုရား၏တပည့်မ ဥပါသိကာတို့တွင် ကုရရဃရ မြို့နေကာဠီဥပါသိကာမသည် အမြတ်ဆုံး ဖြစ်ပေ၏"ဟု ချီးကျူးတော်မူကာ "အနုဿဝပ္ပသန္နအရာဝယ် အမြတ်ဆုံး ဧတဒဂ် ရာထူး"၌ ထားတော်မူလေသည်။

> အနုဿဝပ္ပသန္နာနန္တိ အနုဿဝေနေဝ ဥပ္ပန္နေန ပသာဒေန (ပသန္နေနကေ) သမန္နာဂတာနံ ဥပါသိကာနံ အန္တရေ ကာဠီ ဥပါသိကာ ကုရရဃရိကာ အဂ္ဂါတိ ဒဿေတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၅၁။)
>
> အပရဘာဂေ ပန သတ္ထာ ဇေတဝနေ ဘိက္ခုသံဃမဇ္ဈေ နိသီဒိတွာ ဥပါသိကာယော ဌာနန္တရေသု ဌပေန္တော ဣမံ ဥပါသိကံ အနုဿဝပ္ပသန္နာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၅၂။)

ဤကာဠီဥပါသိကာမ၏အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာ ကာဠီကုရရဃရိကာဝတ္ထု(အံ၊ ဋ္ဌ၊ ၁၊ ၃၅၁ ၃၅၂)၊ သောဏ ကုဋိကဏ္ဏတ္ထေရဝတ္ထု (အံ၊ ဋ္ဌ၊ ၁၊ ၁၈၈)၊ သုတ္တနိပါတ်အဋ္ဌကထာ ဟေမဝတသုတ်အဖွင့် (သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၀၅)၊ မဟာဗုဒ္ဓဝင် ဒုတိယတွဲ(၄၅၇ ၄၅၈)၊ ဆဋ္ဌမတွဲ ပဝိုင်း(၂၈၆ ၃၀၄)၊ ဆဋ္ဌမတွဲ ဒုပိုင်း(၃၄၇ ၃၄၉)တို့၌ ကြည့်ရှုနိုင်သည်။

# ဇာတ်တော်ငါးရာငါးဆယ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ဘုရားရှင်၏ဖြစ်တော်ပေါင်းချုပ်ခေါ်သော ငါးရာငါးဆယ်(အတိအကျ ရေတွက်လျှင် ငါးရာလေးဆယ့်ခုနစ်)ဇာတ်တော်တို့တွင် တိရစ္ဆာန်,လူ,နတ်,ဗြဟ္မာစသည်ဖြင့် အမျိုးအစားတို့ကို ဇာတ်ပါဠိတော် အဋ္ဌကထာများ, ငါးရာငါးဆယ်ဇာတ်ဝတ္ထုများ, ဇာတ်တော်ကြီး ဆယ်ဘွဲ့, သမ္ဗန္ဓစက္ကူဒီပနီကျမ်း, မဟာဗုဒ္ဓဝင်ကျမ်းများတို့အရ ခွဲဝေ၍ တစ်ကြိမ်စီဖြစ်ကြသော အမျိုးအစား မည်မျှ, နှစ်ကြိမ်စီဖြစ်ကြသော အမျိုးအစား မည်မျှ, သုံးကြိမ်စီဖြစ်ကြသော အမျိုးအစား မည်မျှ စသည်ဖြင့် ရှိကြသည်တို့ကို အကျဉ်းချုပ်လျက် စိတ်ဖြာပြပါအံ့...

## တစ်ကြိမ်စီသာ ဖြစ်သော သတ္တဝါ(၁၁)မျိုး

ဘုရားအလောင်းတော်သည်...........

၁။ ခေါက်ရှာငှက်, ၂။ ဗိလုံးငှက်(ဖြေလုံး=နံ့စုတ်ငှက်), ၃။ တင်ကျီးငှက်, ၄။ သစ်တောက်ငှက်, ၅။ ဖား, ၆။ ကျွဲ, ၇။ ယုန်, ၈။ စာဝတီး(စာပေါင်းသောင်း), ၉။ ဝက်, ၁၀။ ကိန္နရာ, ၁၁။ ဝလိုငှက်ဘဝတို့၌ ၁ ကြိမ်စီ ဖြစ်တော်မူလေသည်။

### ၁။ ခေါက်ရှာငှက်ဘဝ ၁ ကြိမ်

(၃၀၈) သကုဏဇာတ်၊ စတုက္ကနိပါတ်(ဇာတက၊ ၁၊ ၉၇။ ဇာတက၊ ၄၊ ၃၊ ၂၄-၂၅။ ငါးရာငါးဆယ်၊ ၃၊ ၆၁၅-၆၁၇။)

ပစ္စုပ္ပန်ဝတ္ထု= ကျေးဇူးမသိတတ်သော ဒေဝဒတ်၊

အတိတ်ဝတ္ထု=အရိုးမျက်သော (ဒေဝဒတ်အလောင်း)ခြင်္သေ့နှင့် အရိုးနုတ်ပေးသော ဘုရားအလောင်း ခေါက်ရှာငှက်။

ဆောင်ပုဒ်။ ။ ကျေးဇူးရှိသူ၊ ကျေးဇူးစွန့်မှု၊ ထိုသူယုတ်မာစွ။

မှတ်ချက်။ ။ သမ္ဗန္ဓစက္ကူဒီပနီကျမ်း နဝမတွဲ စာမျက်နှာ ၆၂၄ ၌ကား ဓကနိပါတ်၊ ဆဝသကုဏဇာတ်၌ ခေါက်ရှာငှက်၊ ထောက်ရှာငှက် ဟူ၍လည်း ခေါ်ကြ၏။ ဆဝသကုဏကို သစ်တောက်ငှက်ဟူ၍လည်း ယောဇနာကြသည်။ ဇာတ်ကျမ်းတွင် "ဗောဓိသတ္တော ဟိမဝန္တပ္ပဒေသေ ရက္ခကောဋ္ဌကသကုဏော ဟုတွာ နိဗ္ဗတ္တိ(ဇာ၊ ၄၊ ၃၊ စတုက္ကနိပါတ၊ ၂၄)"ဟု ဆိုသည်ဖြစ်၍ ခေါက်ရှာဟူသည်ကား သစ်တောက်ငှက်ကို ခေါ်သည်ဟူ၍ ဆိုကြသည်။ ဆင်ခြင်၍ ခေါက်ရှာငှက်နှင့် သစ်တောက်ငှက် တူ, မတူကို စဉ်းစားကြပါလေ ဟု ပါရှိသည်။

မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီး ကြည့်ရှုတော်မူသော ဓကနိပါတ် ဇာတ်ပါဠိတော်ပေမူ၌ ဆဝသကုဏအမည်ဖြင့် ဇာတ်တော်ပါဟန်တူသည်၊ ဆဋ္ဌမူ ဇာတ်ပါဠိတော်များ၌မူ ထိုအမည်ဖြင့် ဇာတ်တော် မရှိပေ၊ ဆရာတော်ဘုရားကြီး ကိုးကားတော်မူသော အဋ္ဌကထာစကားမှာလည်း စတုက္ကနိပါတ်သကုဏဇာတ်အဋ္ဌကထာ၌လာသောစကားဖြစ်၍ ဓကနိပါတ် ဆဝသကုဏဇာတ်မဟုတ်ပဲ စတုက္ကနိပါတ် သကုဏဇာတ် ဖြစ်သင့်ပါသည်။

အရှင်ဩဘာသ, ဓမ္မာစရိယ(ကလေးမြို့)က "ခေါက်ရှာငှက်သည် အမောက်လည်း ရှိ, အကောင်အရွယ်လည်း ကြီးသည်၊ သစ်တောက်ငှက်သည်ကား အမောက်လည်း မရှိ,အကောင်အရွယ်လည်း သေးငယ်သည်၊ ထိုငှက်နှစ်မျိုးလုံးပင် သစ်ချောက်ပင်စသည်ကို နှုတ်သီးဖြင့် ပေါက်၍ အပင်မှ ပိုးတို့ကို ထုတ်ယူ၍ စားလေ့ရှိကြသည်၊ အထူးသဖြင့် သစ်တောက်ငှက်၏နှုတ်သီးက ပို၍မာပုံရသည်၊ အလွန်မာသော ရှားပင်များကိုပင် နှုတ်သီးဖြင့် ပေါက်၍ အတွင်းမှ ပိုးကောင်များကို စားလေ့ရှိသည်၊ သစ်တောက်ငှက်၏နှုတ်သီးဖြင့် သစ်မာပင်ကို ပေါက်သောအသံကား သာယာနာပျော်ဖွယ် ရှိလှသည်"ဟု ဆိုပါသည်။

မြန်မာ့စွယ်စုံကျမ်း CD-Rom ၌ကား "မြန်မာနိုင်ငံတွင် သစ်တောက်ငှက် အမျိုးမျိုးရှိသည်၊ သစ်တောက်ငှက်သည် ပီစီဖောမီးမျိုးစဉ်တွင် ပီစီဒီးမျိုးရင်း၌ ပါဝင်သည်၊ လူသိများသော သစ်တောက်ငှက်မျိုးကို ပါဏဗေဒအလိုအားဖြင့် "ပိုင်းကပ်ဗီရီဒေးနပ်"ဟု ခေါ်သည်၊ ထိုငှက်မျိုးသည် အလျား ၁၃-လက်မ ရှိသည်၊ အပေါ်ပိုင်းသည် စိမ်းနေ၍ အမြီးပိုင်းမှာ အဝါရောင်တောက်နေသည်၊ အဖို၏ဦးခေါင်းနှင့်အမောက်သည် ကြက်သွေးရောင်ဖြစ်၍ အမ၏ဦးခေါင်းနှင့်အမောက်မှာ မည်းနက်နေသည်၊ မျက်နှာမွေးအဖြူပေါ်တွင် အနက်ကြောင်းရှိ၍ အောက်ပိုင်းတွင် အကြေးများသဖွယ် အမည်းမှတ်များရှိလေသည်၊ သစ်တောက်ငှက်ကို"ခေါက်ရှာငှက်" သို့မဟုတ် "တောက်ရှာငှက်"ဟုလည်းခေါ်သေးသည်။

**woodpecker,** bird of the family **Picidae**, which drills holes in trees to obtain insects. (Webster's NEW UNIVERSAL Encyclopedia)

**woodpecker,** any of numerous scansorial birds of the family *Picidae*, having a hard, chisellike bill which it hammers repeatedly into wood after insects, stiff tail feathers to assist in climbing, and

usually more or less boldly patterned plumage. (Webster's Encyclopedic Unabridged Dictionary of the English Language. 1643)

မြန်မာနိုင်ငံတွင် သစ်တောက်ငှက် အမျိုးပေါင်း များစွာ ရှိသည့်အနက် အများဆုံးတွေ့ရသော အခြား သစ်တောက်ငှက်မျိုးများမှာ သစ်တောက်ကျား, သစ်တောက်နီ, သစ်တောက်နက်နှင့် သစ်တောက်ကုပ်ဝါများဖြစ်ကြသည်။ သစ်တောက်ကျားသည် အလျား ခြောက်လက်မမှ ခုနစ်လက်မခန့် ရှိ၍ တောင်ခြေနှင့် ကွင်းပြင်များတွင် တွေ့ရသည်၊ သစ်တောက်နီသည် အလျား ဆယ်လက်မ ရှိသည်၊ ကျွန်းတောနှင့်ကွင်းပြင်များ၌ တွေ့ရသည်၊ သစ်တောက်နက်သည် အလျား ခြောက်လက်မ ရှိသည်၊ ငှက်မသည် ငှက်ဖိုနှင့်တူသော်လည်း ဦးခေါင်းနှင့်နဖူးသည် မည်းနက်နေသည်၊ တောင်ခြေနှင့်ကွင်းပြင်များ၌ ကျက်စားသည်။ သစ်တောက်ကုပ်ဝါသည် အလျား တဆယ့်သုံးလက်မ ရှိသည်၊ ငှက်ဖို၏မေးစေ့နှင့် လည်ပင်းသည် လိမ္မော်ရောင် သန်းနေ၍ ငှက်မတွင် သပြေညိုရောင် ဖြစ်သည်၊ တချတ်ချတ်နှင့် ပြတ်တောင်းပြတ်တောင်းအော်ပြီးနောက် အသံကို မြှင့်၍ ခတ်မြန်မြန် အော်သည်၊ တောင်ပေါ်နှင့် တောင်အောက်ရှိ သစ်တောများတွင် ကျက်စားသည်။

သစ်တောက်ငှက်များသည် မလေးရှားနိုင်ငံမှ ယိုးဒယားနှင့် မြန်မာနိုင်ငံအထိ ပျံ့နှံ့သည်၊ မြန်မာနိုင်ငံတွင် သစ်တောက်ငှက်များကို ရခိုင်တိုင်း, မြန်မာပြည်အလယ်ပိုင်းနှင့် ကယားပြည်နယ်တောင်ပိုင်း, တနင်္သာရီတိုင်းများတွင် အများအပြား တွေ့ရသည်၊ ထိုပြင် ကမ္ဘာအနှံ့အပြားတွင်လည်း တွေ့ရသည်။

ကျွန်ုပ်၏ယူဆချက်ကား ခေါက်ရှာငှက်နှင့် သစ်တောက်ငှက်တို့သည် "သစ်တောက်လောက်ငှက်မျိုးနွယ်ဝင်"များ ဖြစ်ကြပုံရသည်။

## ၂။ ဗီလုံးငှက်ဘဝ ၁ ကြိမ်

(၁၆၈) သကုဏဂ္ဃိဇာတ်၊ ဒုကနိပါတ်(ဇာတက၊ ၁၊ ၄၂။ ဋ္ဌ၊ ၂၊ ၅၃-၅၄။ ငါးရာငါးဆယ်၊ ၃၊ ၈၂-၈၄။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်အလိုဆန္ဒတော်အရ သကုဏောဝါဒသုတ်ကို ဟောတော်မူခြင်း။

အတိတ်ဝတ္ထု=မြေစိုင်ခဲ၏အကြားသို့ ဝင်၍နေသော ဘုရားအလောင်း ဗီလုံးငှက်နှင့် မြေစိုင်ခဲ၌ ရင်ကိုတိုက်၍ ရင်ကွဲကာ သေရသော ဒေဝဒတ်အလောင်း သိမ်းငှက်။

ဒုကနိပါတ်၊ သကုဏဂ္ဃိဇာတ်၌ ဗြေလုံးငှက်၊ နံ့စုတ်ငှက်-ဟု အချို့ဆရာတို့ ယောဇနာကြ၏။ ရာဇမဏိစူဠာဇာတ်ကမ္ပည်းတွင် ဗီလုံး ဟူ၍ ဆိုသည်။ ရှေးအခါ ဗီလုံးငှက်ခေါ်သည်-ဟူ၍ ရှေးသူဟောင်းတို့ ပြောဆိုကြ၏။ ယခု ဗြေလုံးငှက် ခေါ်သည်သာ များသည်။ (သမ္ဘန္တစက္ခုဒီပနီကျမ်း၊ နဝမတွဲ၊ ၆၂၄။)

## ၃။ တင်ကျီးငှက်ဘဝ ၁ ကြိမ်

(၂၀၄) ဝီရကဇာတ်၊ ဒုကနိပါတ်(ဇာတက၊ ၁၊ ၅၄။ ဋ္ဌ၊ ၂၊ ၁၃၆-၁၃၈။ ငါးရာငါးဆယ်၊ ၃၊ ၂၀၆ ၂၀၈။)

ပစ္စုပ္ပန်ဝတ္ထု= ဒေဝဒတ် မြတ်စွာဘုရားအတုပြုခြင်း၊

အတိတ်ဝတ္ထု= ဘုရားအလောင်း ဝီရကမည်သော တင်ကျီးနှင့် ရေငုပ်၍ ငါးဖမ်းရာတွင် မှော်ကြားမှမထွက်နိုင်၍ သေရသော ဒေဝဒတ်အလောင်း သဝိဋ္ဌကမည်သောကျီး။

ဆောင်ပုဒ်။ ။ မတုအပ်ရာ၊ တုမိပါ၊ မှန်စွာ ပျက်စီးမည်။

ကိုယ်မစွမ်းပေါင်၊ မာနထောင်၊ ကျီးကောင် ပျက်စီးသည်။

မှတ်ဖွယ်။ ။ ဒုကနိပါတ် ဝီရကဇာတ်၌ တင်ကျီး၊ သူအချို့ကား တင်ကျည်း ဟူ၍ ညသတ်သံနှင့် စာပေစပ်၏၊ ခေါ်လည်းခေါ်ဝေါ်ကြ၏။ မနော်သစ်တွင် "ငှက်ကျားထုံးကြီး၊ တင်ကျီးငါးယူ၊ ဗျိုင်းဖြူဗျိုင်းညစ်၊"ဟူ၍ စာစပ်ရှိသည်၊ ဝဏ္ဏဗောဓနေတွင် လုံးကြီးတင် အင်းတွင်ပြ၏။ (သမ္ဘန္တစက္ခုဒီပနီကျမ်း၊ နဝမတွဲ၊ ၆၂၄။)

## ၄။ သစ်တောက်ငှက်ဘဝ ၁ ကြိမ်

(၂၁၀) ကန္ဒဂလကဇာတ်၊ ဒုကနိပါတ်(ဇာတက၊ ၁၊ ၅၆။ ဋ္ဌ၊ ၂၊ ၁၄၈-၁၅၀။ ငါးရာငါးဆယ်၊ ၃၊ ၂၂၄ ၂၂၆။)

ပစ္စုပ္ပန်ဝတ္ထု= ဒေဝဒတ် မြတ်စွာဘုရားအတုပြုခြင်း၊

အတိတ်ဝတ္ထု=ရှားပင်တုံးကိုနှုတ်သီးဖြင့်ပေါက်၍ ရှားပင်မှပိုးတို့ကို မိတ်ဆွေအား ကျွေးသော ခဒိရဝနိယ မည်

သော ဘုရားအလောင်း သစ်တောက်ငှက်နှင့် မာန်တက်လျက် မိတ်ဆွေသစ်တောက်ငှက်ပေးသော အစာကို မစားပဲ ကိုယ်တိုင် ရှာပင်ကို နှုတ်သီးဖြင့်ပေါက်ရာတွင် နှုတ်သီးလည်းပြတ်, မျက်လုံးတို့လည်း ထွက်၍ သေပွဲဝင်ရာသော ဒေဝဒတ်အလောင်း ကလန္ဒကမည်သောငှက်။

ဆောင်ပုဒ်။ ။ မတုအပ်ရာ၊ တုမိပါ၊ ကိုယ်သာ ဆင်းရဲသည်။
မာနစွဲဝင်၊ ငါတတ်ထင်၊ ငါပင် ပျက်စီးမည်။

ဗောဓိသတ္တော ဟိမဝန္တပဒေသေ ရုက္ခကောဋ္ဋကသကုဏယောနိယံ နိဗ္ဗတ္တိ၊ "ခဒိရဝနိယော"တိဿ နာမံ အဟောသိ (ဇာတက၊ ၅၊ ၂၊ ၁၄၈။)

## ၅။ ဖားဘဝ ၁-ကြိမ်

(၂၃၉) ဟရိတမဏ္ဍူကဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၆။ ၅၊ ၂၊ ၂၁၈-၂၁၉။ ငါးရာငါးဆယ်၊ ၃၊ ၃၂၂-၃၂၄။)

ပစ္စုပ္ပန်ဝတ္ထု=စစ်နိုင်လျှင်ပြုံး စစ်ရှုံးလျှင်မှိုင်သော အဇာတသတ်၊

အတိတ်ဝတ္ထု=ဘုရားအလောင်း ဖားညိုနှင့် ငါးအပေါင်းတို့ကိုက်ခဲခံရ၍ သေရှာသော အဇာတသတ်အလောင်း ရေမြွေ။

ဆောင်ပုဒ်။ ။ စည်းလုံးစိတ်တူ၊ ရှိတုံမူ၊ ရန်သူပျက်က အောင်ပွဲရ။
ငါးအပေါင်းလေ၊ ကိုက်သတ်ပေ၊ ရေမြွေသေရ ထုံးကိုဆ။

မှတ်ဖွယ်။ ။ ဟရိတမဏ္ဍူကဇာတ်၌ ဖား၊ ရေးအခေါ် ဘား ဟူ၍ ရေးသားခေါ်ဝေါ်ကြ၏။
(သမ္ဗန္ဓစက္ကုဒီပနီ၊ နဝမတွဲ၊ ၆၂၄။)

## ၆။ ကျွဲဘဝ ၁-ကြိမ်

(၂၇၈) မဟိံသရာဇဇာတ်၊ တိကနိပါတ်၊ (ဇာတက၊ ၁၊ ၈၂။ ၅၊ ၂၊ ၃၄၅-၃၄၇။ ငါးရာငါးဆယ်၊ ၃၊ ၄၉၆ ၄၉၈။)

ပစ္စုပ္ပန်ဝတ္ထု=ဆင်ကြမ်းသတ်၍ မျောက်ယုတ်မာသေ၊

အတိတ်ဝတ္ထု=မျောက်ယုတ်မာမှုကို သည်းခံသော ဘုရားအလောင်းကျွဲမင်းနှင့် သည်းမခံသောကျွဲရိုင်းခတ်၍ သေရသော မျောက်ယုတ်မာ။

မှတ်ချက်။ ။ သမ္ဗန္ဓစက္ကုဒီပနီ နဝမတွဲ စာမျက်နှာ၆၂၄ ၌ကား "တိကနိပါတ်၊ မဟိံသဇာတ်၌ ကျွဲ"ဟု ပါရှိ၍ မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီး၏ပေစာမူ၌ "မဟိံသဇာတက"ဟု ရှိဟန်တူ၏၊ သီဟိုဠ်မူ, ယိုးဒယားမူ, အင်္ဂလိပ်မူတို့၌ "မဟိံသဇာတကံ"ဟု ရှိလေသည်။

## ၇။ ယုန်ဘဝ ၁-ကြိမ်

(၃၁၆) သသပဏ္ဍိတဇာတ်၊ စတုက္ကနိပါတ်၊ (ဇာတက၊ ၁၊ ၁၀၁။ ၅၊ ၃၊ ၄၈ ၅၂။ ငါးရာငါးဆယ်၊ ၃၊ ၆၄၇ ၆၅၁။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားအမှူးရှိသော ရဟန်းငါးရာအား ပရိက္ခရာလှူသော သူကြွယ်၊

အတိတ်ဝတ္ထု=မိမိ၏အသက်ကိုပင် စွန့်လှူနိုင်သောကြောင့် သိကြားမင်းက "လ၌ ယုန်ရုပ်ရေး၍ မှတ်တမ်း တင်ခံရသော ဘုရားအလောင်း ယုန်ပညာရှိ။

ဆောင်ပုဒ်။ ။ အသက်ကိုစွန့်၊ စိတ်မတွန့်၊ လှူဝံ့သူသဒ္ဓါ။
ဘုရားလောင်းတော်၊ ယုန်မဟော်၊ လှူသော် ဒါနပါ။
သီလ၌တည်၊ ဒါနသည်၊ နိုင်ကြည် ကျိုးမဟာ။
ယုန်ပညာရှိ၊ မိန့်လေဘိ၊ နှံ့သိ ထိုအခါ။

သွေ ဥပေါသထော၊ တုမှေပိ တယော ဇနာ သီလံ သမာဒိယိတွာ ဥပေါသထိကာ ဟောထ၊ သီလေ ပတိဋ္ဌာယ ဒိန္နဒါနံ မဟပ္ဖလံ ဟောတိ၊ တသ္မာ ယာစကေ သမ္ပတ္တေ တုမှေဟိ ခါဒိတဗ္ဗာဟာရတော ဒါနံ ဒတွာ ခါဒေယျာထ။
(ဇာ၊ ၅၊ ၃၊ ၄၈။)

## ၈။ စာဝတီး(စာပေါင်းသောင်း)ငှက်ဘဝ ၁-ကြိမ်

(၃၂၁) ကုဋိဒူသကဇာတ်၊ စတုက္ကနိပါတ်၊ (ဇာတက၊ ၁၊ ၁၀၃-၁၀၄။ ဋ္ဌ၊ ၃၊ ၆၅-၆၉။ ငါးရာငါးဆယ်၊ ဒု၊ ၆၆၉ ၆၇၄။)

ပစ္စုပ္ပန်ဝတ္ထု=အရှင်မဟာကဿပ၏ကျောင်းကို မီးတိုက်သောရဟန်း၊

အတိတ်ဝတ္ထု=ငှက်သိုက်ကို ဖျက်သောမျောက်နှင့် မိမိ၏အသိုက်ကို အဖျက်ခံရသော ဘုရားအလောင်း

စာဝတီး=စာပေါင်းသောင်း(သိဂိလ)ငှက်။

ဆောင်ပုဒ်။ ။ ဆုံးမခက်သူ၊ ဆုံးမမူ၊ ပြစ်ယူ တတ်လေသည်။

ဆုံးမစကား၊ အမျက်ထား၊ ရန်များ ရှာလိမ့်မည်။

စာဝတီးသိုက်၊ ဖျက်မျောက်မိုက်၊ တိုက်ရိုက် ကျမ်းလာသည်။

## ၉။ ဝက်ဘဝ ၁-ကြိမ်

(၃၈၈) တုဏ္ဍိလဇာတ်၊ ဆက္ကနိပါတ်၊ (ဇာတက၊ ၁၊ ၁၄၇-၁၄၈။ ဋ္ဌ၊ ၃၊ ၂၆၉-၂၇၅။ ငါးရာငါးဆယ်၊ တ၊ ၁၉၄ ၁၉၉။)

ပစ္စုပ္ပန်ဝတ္ထု=ချွတ်ချွတ်သံကြားလျှင်ပင် သေမှာကြောက်သောရဟန်း၊

အတိတ်ဝတ္ထု=သေဘေးမှကြောက်သော စူဠတုဏ္ဍိလ(ညီတော်)ဝက်နှင့် မေတ္တာပါရမီဖြင့် ရဲရင့်စွာ ဟောဆို၍

သေဘေးမှ လွတ်စေသော မဟာတုဏ္ဍိလ(နောင်တော်)ဝက်။

ဆောင်ပုဒ်။ ။ သတ္တဝါဟူသမျှ၊ သေခြင်းက၊ မြဲလှ ဓမ္မတာ။

အသက်ဟူက၊ မမြဲထ၊ ဓမ္မသဘာဝါ။

သေခြင်းတရား၊ မြဲလေငြား၊ သက်ကား မမြဲရာ။

သင့်တင့်သောအား၊ နလုံးသား၊ သွင်းငြား ဖို့လိုပါ။

ဣမေသဥ္စ သတ္တာနံ မရဏမေဝ ဓုဝံ၊ ဇီဝိတံ အဒ္ဓုဝံ၊ နန တဒေဝ ယောနိသော မနသိ ကာတဗ္ဗံ။ (ဇာ၊ ဋ္ဌ၊၃၊ ၂၆၉။)

## ၁၀။ ကိန္နရာဘဝ ၁-ကြိမ်

(၄၈၅) စန္ဒကိန္နရီဇာတ်၊ ပကိဏ္ဏကနိပါတ်၊ (ဇာတက၊ ၁၊ ၂၇၇-၂၈၀။ ဋ္ဌ၊ ၄၊ ၂၈၃-၂၈၈။ ငါးရာငါးဆယ်၊ စ၊ ၂၁၉ ၂၂၉။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင် ယသောဓရာ၏အဆောင်သို့ဝင်သောအခါ ဖခမည်းတော်က ယသောဓရာ၏ကျေးဇူးဂုဏ်ကို ပြောဆိုလျှောက်ထားခြင်း၊

အတိတ်ဝတ္ထု=ဘုရားအလောင်း စန္ဒကိန္နရာနှင့်ယသောဓရာအလောင်း စန္ဒကိန္နရီတို့၏ချစ်ကျွမ်းဝင်ပုံ။

ဆောင်ပုဒ်။ ။ ခင်ပွန်းအပေါ်၊ ကျင့်ဝတ်တော်၊ ချွတ်ချော် မရှိရာ။

စန္ဒကိန္နရီ၊ ထုံးကိုမှီ၊ မြတ်သည် ဇနီးပါ။

## ၁၁။ ဝန်လိုငှက်ဘဝ ၁-ကြိမ်

(၄၉၈) စိတ္တသမ္ဘူတဇာတ်၊ ဝီသတိနိပါတ်၊ (ဇာတက၊ ၁၊ ၃၁၂-၃၁၆။ ဋ္ဌ၊ ၄၊ ၃၉၀-၄၀၁။ ငါးရာငါးဆယ်၊ စ၊ ၄၀၂-၄၁၉။)

ပစ္စုပ္ပန်ဝတ္ထု=တဦးနှင့်တဦး အလွန်ချစ်ကျွမ်းဝင်ကြသော ရဟန်းနှစ်ပါး၊

အတိတ်ဝတ္ထု=သုံး, လေးဘဝခြားသော်လည်း မြဲမြဲစွာ ချစ်ကျွမ်းဝင်သူနှစ်ဦး....

ဤစိတ္တသမ္ဘူတဇာတ်၌ လေးဘဝပါဝင်သည်။

ပဌမဘဝ၌..အဝန္တိတိုင်း,ဥဇ္ဇေနီမြို့အနီး ဒွန်းစဏ္ဍားရွာဝယ် စိတ္တမည်သောဒွန်းစဏ္ဍားနှင့်သမ္ဘူတမည်သောဒွန်းစဏ္ဍား၊

ဒုတိယဘဝ၌...နေရဉ္စရာမြစ်နားဝယ် သမင်ညီနောင်၊

တတိယဘဝ၌...နမ္မဒါမြစ်ကမ်းနားဝယ် ဝန်လိုငှက်ညီနောင်၊

စတုတ္ထဘဝ၌...ကောသမ္ဗီမင်းနေပြည်ဝယ် ပုရောဟိတ်၏သား ဘုရားအလောင်း စိတ္တသုခမိန်နှင့်

ဥတ္တရပဉ္စာလရာဇ်မင်း၏သား အာနန္ဒာအလောင်း သမ္ဘူတသုခမိန်။

ဆောင်ပုဒ်။ ။ ကောင်းကျိုးလိုလား၊ မိတ်ဆွေအား၊ စိတ်ထား မပြောင်းရာ။

စိတ္တသမ္ဘူ၊ ဇာတ်တော်မူ၊ ထုံးယူကြလေပါ။

မှတ်ချက်။ ။ တစ်ကြိမ်စီသာ ဖြစ်သော သတ္တဝါ ၁၁ မျိုးနှင့် ပတ်သက်၍ သမန္တစက္ခုဒီပနီကျမ်း နဝမတွဲ စာမျက်နှာ၆၂၇ "အကျဉ်းမှတ်ရန် လင်္ကာဖြင့်ဆိုသော်ကား-၌....ခေါက်ရာတထုံး၊ ဖြေလုံး တင်ကျီး၊ နည်းမှီးသစ်တောက်၊ ထိုနောက်တကွဲ၊ ဖား, ကျွဲ, ယုန်, စာ၊ ကိန္နရာ, ဝက်၊ ဝံလိုင်ဂုက်တည်၊"ဟု လာရှိ၍ "ဝန်လိုင်ဂုက်"ပါ၏။ တိပိဋကဓရ ကာဗျမာလာ စာမျက်နှာ ၁၃၂-၁၃၃ "အဖြစ်တော်ပေါင်းချုပ်-၌ကား...ဖား, ဗီလုံးဂုက်၊ ကျွဲ, ဝက်, ခေါက်ရာ၊ ကိန္နရာ, တင်ကျီး၊ စာဝတီးဂုက်၊ ဆက်ရက်, ယုန်လှောက်၊ သစ်တောက်ဂုက်ဟု၊" ဟု လာရှိ၍ ဝန်လိုင်ဂုက်အစား "ဆက်ရက်"ဟု ပါ၏။

## နှစ်ကြိမ်စီဖြစ်သော သတ္တဝါ(၇)မျိုး

ဘုရားအလောင်းတော်သည်

၁။ ကျီး, ၂။ ခါ, ၃။ ကြက်, ၄။ ကြွက်, ၅။ စက္ကဝါက်, ၆။ ဥသြ, ၇။ ဂဠုန်ဘဝတို့၌ ၂ ကြိမ်စီဖြစ်တော်မူရလေသည်။

### ၁။ ကျီးဘဝ ၂ ကြိမ်

၁။ (၁၄၀) ကာကဇာတ်၊ ဧကကနိပါတ်၊ (ဇာတက၊ ၁၊ ၃၂။ ဋ္ဌ၊ ၁၊ ၅၁၀ ၅၁၂။ ငါးရာငါးဆယ်၊ ပ၊ ၅၈၁ ၅၉၅။)

ပစ္စုပ္ပန်ဝတ္ထု=ဆွေတော်မျိုးတော်တို့အကျိုးငှါ ဘုရားရှင်ကျင့်တော်မူခြင်း၊

အတိတ်ဝတ္ထု=ကျီး၌အဆီမရှိခြင်းအကြောင်းပြော၍ ဆွေမျိုးကျီးအပေါင်းကို ဘေးမှလွတ်စေသော ဘုရားအလောင်း ကျီးမင်း။

ဆောင်ပုဒ်။ ။ ဆွေမျိုးအကျိုး၊ ဆောင်သည်ပိုး၊ ဘေးမျိုးကင်းပ ချမ်းသာရ။

ထိတ်လန့်အမြဲ၊ သူ့ညှင်းဆဲ၊ ကြောင်းစွဲ ဤနှစ်ဝ။

ကျီးကန်းမှန်ဘိ၊ ဆီမရှိ၊ သတိပြုကုန်ကြ။

မစုံစမ်းပဲ၊ ဆင်ခြင်နဲ၊ တလွဲ မပြုရ။

နိစ္စံ ဥဗ္ဗိဂ္ဂဟဒယာ၊ သဗ္ဗလောကဝိဟေသကာ။

တသ္မာ နေသံ ဝသာ နတ္ထိ၊ ကာကာနမှာက ဉာတိနံ။

(ဇာ၊ ၁၊ ၃၂=ဧကက၊ ကာကဇာတက။)

မဟာရာဇ ရညာ နာမ အနိသမ္မ အနုပဓာရေတွာ ကမ္မံ န ကတ္တဗ္ဗံ။ (ဇာ၊ ဋ္ဌ၊၁၊၅၁၂။)

၂။ (၂၉၂) သုပတ္တဇာတ်၊ တိကနိပါတ်၊ (ဇာတက၊၁၊ ၈၈-၈၉။ ဋ္ဌ၊ ၂၊ ၃၉၀ ၃၉၃။ ငါးရာငါးဆယ်၊ ဒု၊ ၅၅၆ ၅၅၉။)

ပစ္စုပ္ပန်ဝတ္ထု=ယသောဓရာထေရီအား အရှင်သာရိပုတ္တရာ ငါးကြင်းသားနှင့်ထောပတ်ဆွမ်းပေးစေခြင်း၊

အတိတ်ဝတ္ထု=အသက်ကိုစွန့်၍ မင်း၏ဘောဇဉ်ကို ဆောင်ယူစေလျက် ဘုရားအလောင်းကျီးမင်းနှင့် ယသောဓရာအလောင်းကျီးမိဖုရားတို့ကို ကျွေးစေသော အရှင်သာရိပုတ္တရာအလောင်းကျီးစစ်သူကြီး။

ဆောင်ပုဒ်။ ။ သက်စွန့်ကြိုးပမ်း၊ မှုတော်ထမ်း၊ ခွင့်လမ်း မျိုးဆွေသာ။

ကျီးစစ်သူကြီး၊ ထုံးကိုမှီး၊ ကိုယ်လည်း ချမ်းသာရာ။

### ၂။ ခါဘဝ ၂ ကြိမ်

၁။ (၃၇) တိတ္တိရဇာတ်၊ ဧကကနိပါတ်၊ (ဇာတက၊ ၁၊ ၉။ ဋ္ဌ၊ ၁၊ ၂၃၃ ၂၃၆။ ငါးရာငါးဆယ်၊ပ၊ ၁၇၆ ၁၇၈။)

ပစ္စုပ္ပန်ဝတ္ထု=အရှင်သာရိပုတ္တရာ အိပ်ရန်နေရာ မရ၍ သစ်ပင်ရင်း၌နေရ၊

အတိတ်ဝတ္ထု=အချင်းချင်းကြီးသူကို ရိုသေကြရန် အသက်စစ်ကြသော အရှင်မောဂ္ဂလ္လာန်အလောင်း ဆင်, အရှင်သာရိပုတ္တရာအလောင်း မျောက်နှင့် ဘုရားအလောင်း ခါပညာရှိ။

ဆောင်ပုဒ်။ ။ အသက်ကြီးသူ၊ ရိုသေမှု၊ များလူ ချီးမွမ်းပါ။

တမလွန်ကျ၊ ကောင်းဘဝ၊ ရောက်ရ ဧကန်သာ။

အသက်ကြီးက၊ ရိုသေရ၊ ဗုဒ္ဓ လိုတော်ပါ။

ယေ ဝုဍ္ဎမပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌေဝ ဓမ္မေ ပါသံသာ၊ သမ္ပရာယေ စ သုဂ္ဂတိံ။
(ဇာ၊ ၁၊ ၉=ကေက၊ တိတ္တိရဇာတက)
ရှေးဝယ်သောခါ၊ တောဟေမာန္တက်၊ ပညာမြော်မြင်၊ ခါ,မျောက်,ဆင်တို့၊ ညောင်ပင်တခု၊ သက်သေပြု၍၊
ဂုဏဝုမှာ၊ ပစာယန၊ ကျင့်ကုန်ကြကြောင့်၊ လူမှုမတန်၊ တိရစ္ဆာန်လျက်၊ နတ်ဌာန်မုချ၊ ရောက်ကုန်ကြ၏။
(မဃဒေဝလင်္ကာသစ်၊ ပုတ္တောဝါဒခဏ်း၊ အပိုဒ် ၁၇၆၊ နှာ ၁၀၉။)

၂။ (၄၃၈) ဒဒ္ဒရဇာတ်၊ နဝကနိပါတ်၊ (ဇာတက၊ ၁၊ ၁၉၈ ၂၀၀။ ဋ္ဌ၊ ၃၊ ၅၁၁ ၅၁၆။ ငါးရာငါးဆယ်၊ တ၊ ၅၇၁ ၅၈၀။)
ပစ္စုပ္ပန်ဝတ္ထု=အဇာတသတ်နှင့်ပေါင်း၍အရက်မရှိသော ဒေဝဒတ်၏ဘုရားရှင်အား သေကြောင်းကြံစည်မှု၊
အတိတ်ဝတ္ထု=ဖွတ်ငယ်, နွားငယ်, နွားမတို့နှင့် ဘုရားအလောင်းခါပညာရှိကိုပါ သတ်စားသော ဒေဝဒတ်
အလောင်း ရသေ့ယုတ်ကို အရှင်မောဂ္ဂလ္လာန်အလောင်းကျားက ကုတ်၍သေခြင်း။
ငါးရာငါးဆယ်ဇာတ်ဝတ္ထု တတိယတွဲနှင့် သမ္ဗန္ဓစက္ခုဒီပနီ နဝမတွဲတို့၌ "တိတ္တိရဇာတ်"ဟု ရေးကြသည်။
တိတ္တိရ, ဒဒ္ဒရ-တို့သည် "ခါ"ဟောပုဒ်တို့ဖြစ်၏။
ဆောင်ပုဒ်။ ။ ကျင့်စဉ်ယုတ်မာ၊ ရှိသူမှာ၊ ခွင့်သာဘေးရန်ပြု။
ကျေးဇူးရှင်သော၊ သခင်သော၊ ဘယ်သော ဉာဏ်မရှု။
ပညာရှိ ခါ၊ သေရရှာ၊ ယုတ်မာ သူ့အမှု။

## ၃။ ကြက်ဘဝ ၂ ကြိမ်

၁။ (၃၈၃) ကုက္ကုဋဇာတ်၊ ဆက္ကနိပါတ်၊ (ဇာတက၊ ၁၊ ၁၄၄။ ဋ္ဌ၊ ၃၊ ၂၄၉ ၂၅၂။ ငါးရာငါးဆယ်၊ တ၊ ၁၆၃ ၁၆၆။)
ပစ္စုပ္ပန်ဝတ္ထု=တန်ဆာဆင်သော မိန်းမကို မြင်၍ သာသနာမှငြီးငွေ့သောရဟန်း၊
အတိတ်ဝတ္ထု=လှည့်ပတ်၍ ကြက်တို့ကို စားရသော်လည်း ဘုရားအလောင်းကြက်မင်းကို လှည့်ပတ်၍ မရသော
ကြောင်မ။
ဆောင်ပုဒ်။ ။ နှုတ်ချိုသူအား၊ သတိထား၊ စဉ်းစား ပြုသင့်ပါ။
ကြောင်မ ဖြားယောင်း၊ ကြက်အပေါင်း၊ သေကြောင်း ကြုံရတာ။
လောင်းတော်ကြက်မင်း၊ ထိုညွတ်ကွင်း၊ လွတ်ကင်း ဉာဏ်ဖြင့်သာ။

၂။ (၄၄၈) ကုက္ကုဋဇာတ်၊ ဒသကနိပါတ်၊ (ဇာတက၊ ၁၊ ၂၁၆။ ဋ္ဌ၊ ၄၊ ၅၅ ၅၉။ ငါးရာငါးဆယ်၊ တ၊ ၆၇၆ ၆၈၁။)
ပစ္စုပ္ပန်ဝတ္ထု=ဒေဝဒတ်၏လေးသမားစသည်တို့ကို လွှတ်၍ ဘုရားရှင်ကိုသတ်ရန် ကြံစည်အားထုတ်မှု၊
အတိတ်ဝတ္ထု=ဘုရားအလောင်းကြက်မင်းကို လှည့်စားသော်လည်း မရ၍ ပြေးရသော ဒေဝဒတ်အလောင်းစွန်။
ဆောင်ပုဒ်။ ။ မကောင်းမှုလွှမ်း၊ ထိုလူသွမ်း၊ အကျွမ်းမဝင်ရာ။
မုသားတွေပြွမ်း၊ ထိုလူသွမ်း၊ အကျွမ်းမဝင်ရာ။
ကိုယ်ကျိုးရည်မှန်း၊ ထိုမှုထမ်း၊ အကျွမ်းမဝင်ရာ။
နှုတ်သာချိုမှု၊ ကိုယ်မကူ၊ ထိုသူ မပေါင်းနှင့်။
လက်ကမပါ၊ နှုတ်ကသာ၊ ဆိုလာသူနှင့် မပေါင်းသင့်။
ကျေးဇူးကန်းငြား၊ ထိုသူအား၊ ကျွမ်းကား မဝင်နှင့်။
မုန်းလွယ်ချစ်လွယ်၊ ကျားမဝယ်၊ ကျွမ်းနယ် မဝင်နှင့်။
နှုတ်ချိုလှည့်စား၊ ထိုသူများ၊ ရှောင်ရှားကြလေသင့်။
လောင်းတော်ကြက်မင်း၊ စွန့်လက်တွင်း၊ ရှောင်ကွင်း ပုံကိုချင့်။

## ၄။ ကြွက်ဘဝ ၂-ကြိမ်

၁။ (၁၂၈) ဗိဠာရဝတဇာတ်၊ ကေကနိပါတ်၊ (ဇာတက၊ ၁၊ ၃၀။ ဋ၊ ၁၊ ၄၈၅-၄၈၇။ ငါးရာငါးဆယ်၊ ပ၊ ၅၄၆ ၅၄၈။)

ပစ္စုပ္ပန်ဝတ္ထု=အံ့ဖွယ်သရဲကို ပြုတတ်သောရဟန်း၊

အတိတ်ဝတ္ထု=ဘုရားအလောင်းကြွက်မင်းကိုက်၍ တရားရှိဟန်ဆောင်သောမြေခွေး သေရ။

ဆောင်ပုဒ်။ ။ မရှိတရား၊ အရှိထား၊ ဟန်များသောသူမှာ။

အလိမ်ပေါ်ပေ့၊ ထိုသည့်နေ့၊ မရွေ့ ဘေးရောက်ပါ။

၂။ (၁၂၉) အဂ္ဂိကဘာရဒွါဇဇာတ်၊ ကေကနိပါတ်၊ (ဇာတက၊ ၁၊ ၃၀။ ဋ၊ ၁၊ ၄၈၇ ၄၈၈။ ငါးရာငါးဆယ်၊ ပ၊ ၅၄၉ ၅၅၀။)

ပစ္စုပ္ပန်ဝတ္ထု=အံ့ဖွယ်သရဲကို ပြုတတ်သောရဟန်း၊

အတိတ်ဝတ္ထု=လိမ်ညာသောမြေခွေး ဘုရားအလောင်းကြွက်မင်းခဲ၍သေရ။

ဆောင်ပုဒ်။ ။ လိမ်ညာမှုဟာ၊ ခဏတာ၊ ကြာလာ ဘေးဖြစ်သည်။

မြေခွေးလိမ်တာ၊ ကြွက်မင်းဟာ၊ သိခါ ကိုက်သတ်ပြီ။

## ၅။ စက္ကဝါက်ငှက်ဘဝ ၂ ကြိမ်

၁။ (၄၃၄) စက္ကဝါကဇာတ်(စက္ကဝါက်)၊ နဝကနိပါတ်၊ (ဇာ၊ ၁၊ ၁၉၄-၁၉၅။ ဋ၊ ၃၊ ၄၉၄-၄၉၈။ ငါးရာငါးဆယ်၊ တ၊ ၅၄၅ ၅၅၀။)

ပစ္စုပ္ပန်ဝတ္ထု=ပစ္စည်းဥစ္စာ, အစားအစာ၌လော်လည်သောရဟန်း၊

အတိတ်ဝတ္ထု=ဘုရားအလောင်း စက္ကဝါက်ငှက်နှင့် စက္ကဝါက်ငှက်တို့လှသကဲ့သို့ လှချင်သောကျီး။

ဆောင်ပုဒ်။ ။ အပတ်,အစား၊ လော်လည်ငြား၊ နှမ်းပါးဆင်းရဲရာ။

စက္ကဝါက်သွင်၊ ကျီးလှချင်၊ မှန်ပင် ဖြစ်မလာ။

၂။ (၄၅၁) စက္ကဝါကဇာတ်၊ ဒသကနိပါတ်၊ (ဇာတက၊ ၁၊ ၂၁၉-၂၂၀။ ဋ၊ ၄၊ ၇၀-၇၂။ ငါးရာငါးဆယ်၊ တ၊ ၇၀၃ ၇၀၇။)

ပစ္စုပ္ပန်ဝတ္ထု=ပစ္စည်းလေးပါးတို့၌တပ်မက် လော်လည်သောရဟန်း၊

အတိတ်ဝတ္ထု=ဘုရားအလောင်း စက္ကဝါက်ငှက်၏အဆုံးအမကို အလိုမကျ၍ ပြန်ပြေးရသော အစာ၌တပ်မက်သော ကျီး။

ဆောင်ပုဒ်။ ။ စိတ်ရွှင်ရောင့်ရဲ၊ မညှင်းဆဲ၊ အမြဲမေတ္တာပွါး။

ဘေးရန်မရှိ၊ ရုပ်လှ၏၊ ချစ်ဘိ သူအများ။

အလောင်းတော်ငှက်၊ စက္ကဝါက်၊ မိန့်မြွက် ဆိုစကား။

## ၆။ ဥသြငှက်ဘဝ ၂ ကြိမ်

၁။ (၄၆၄) ၁။ စူဠကုဏာလဇာတ်၊ ဒွါဒသကနိပါတ်၊ (ဇာတက၊ ၁၊ ၂၄၁ ၂၄၂။ ဋ၊ ၄၊ ၁၄၇။ ငါးရာငါးဆယ်၊ စ၊ ၁။)

ဤစူဠကုဏာလဇာတ်သည် အသီတိနိပါတ်, မဟာကုဏာလဇာတ်၌ ထင်စွာ ဖြစ်လိမ့်လတ္တံ့။

၂။ (၅၃၆)၂။ မဟာကုဏာလဇာတ်၊ အသီတိနိပါတ်၊ (ဇာ၊၂၊ ၁၁၃ ၁၃၁။ ဋ၊၅၊ ၄၄၅ ၄၉၅။ ငါးရာငါးဆယ်၊ မ၊ ၆၀၉ ၆၈၈။)

ပစ္စုပ္ပန်ဝတ္ထု=ဆွေတော်မျိုးတော်တို့မှ ရဟန်းပြုသစ်စ ရဟန်းငါးရာတို့ မပျော်မွေ့ခြင်းကို ပျောက်စေရန် ကုဏာလရေအိုင်အနီးသို့ ကြွဆောင်၍ ဟောကြားတော်မူခြင်း၊

အတိတ်ဝတ္ထု=ကုဏာလရေအိုင်မှ ငှက်စသည်တို့၏ရှေးဖြစ်ဟောင်း ဖြစ်ကြောင်းကုန်စင်။

ကုဏာလမည်သော ဘုရားအလောင်း ဥသြငှက်မင်းက ဇာတိဿရဉာဏ်ရ၍ မိန်းမတို့၏အပြစ်များကို ဟောပြခြင်း။

ဗာရာဏသီပြည်ရှင် ကဏှာရီမည်သောမင်း၏ ကိန္နရာမည်သော မိဖုရားကြီး၏ဆွံ့နှင့် ဖောက်ပြန်ပုံကို ဖော်ထုတ်ပေးသော ကုဏာလငှက်မင်းအလောင်း ပဥ္စာလစန္ဒာပုရောဟိတ်။

ဗာရာဏသီပြည်ရှင် ဗကမင်းနှင့် ဗာဝရိယမင်း ၂-ပါးတို့၏မိဖုရားကြီးပဥ္စပါပီသည် တံငါသည် ငကန်းနှင့်

ယုတ်မာသော အကျင့်ကို ကျင့်၏၊ ဗကမင်းသည် ကုဏာလငှက်မင်းအလောင်းတည်း။
ပိဂိယာနီမည်သောမိဖုရားကြီး၏မြင်းထိန်းနှင့် ဖောက်ပြန်ပုံကို ဖော်ထုတ်သော ကုဏာလငှက်မင်းအလောင်းဖြပ်ဗ္ဒတ်မင်း။

မိန်းမတို့ မရောင့်ရဲခြင်း ၃ ပါး...(၁) မေထုန်အကျင့်၊ (၂) သားဖွားခြင်း၊ (၃) တန်ဆာဆင်ခြင်း။

ယထာ မဟာသမုဒ္ဒေ ပါတာလံ(ဗလဝါမုခ) ဒုပ္ပူရံ၊ ဧဝမေတာပိ မေထုနေန ဝိဇာယနေန အလင်္ကာရေနာတိ တီဟိ ဒုပ္ပူရာ။ တေနေဝါဟ "တိဏ္ဏံ ဘိက္ခဝေ ဓမ္မာနံ အတိတ္တော မာတုဂါမော"တိအာဒိ။ (ဇာ၊ဋ္ဌ၊၅၊၄၆၅။)

လင်ကို မထီမဲ့မြင်ပြုတတ်သော အကြောင်း ၈ ပါး........(၁) ဆင်းရဲခြင်း၊ (၂) ရောဂါနှိပ်စက်ခြင်း၊ (၃) အိုမင်းခြင်း၊ (၄) သေသောက်ကြူးခြင်း၊ (၅) အလွန်တွေဝေခြင်း၊ (၆) သုရာယစ်ခြင်း၊ (၇) ကိစ္စအားလုံးတို့၌ မယားအလိုသို့ လိုက်ခြင်း၊ (၈) အလုံးစုံသောဥစ္စာကို ပေးခြင်း။

အဋ္ဌဟိ ခလု သမ္မ ပုဏ္ဏမုခ ဌာနေဟိ ဣတ္ထီ သာမိကံ အဝဇာနာတိ ဒလိဒ္ဒတာ အာတုရတာ ဇိဏ္ဏတာ သုရာသောဏ္ဍတာ မုဒ္ဓတာ ပမတ္တတာ သဗ္ဗကိစ္စေသု အနုဝတ္တနတာ သဗ္ဗဓနအနုပ္ပဒါနေန။ ဣမေဟိ ခလု သမ္မ ပုဏ္ဏမုခ အဋ္ဌဟိ ဌာနေဟိ ဣတ္ထီ သာမိကံ အဝဇာနာတိ။

ဒလိဒ္ဒံ အာတုရဉ္စာပိ၊ ဇိဏ္ဏကံ သုရသောဏ္ဍကံ။
ပမတ္တံ မုဒ္ဓပတ္တဉ္စ၊ သဗ္ဗကိစ္စေသု ဟာပနံ။
သဗ္ဗကာမပ္ပဒါနေန၊ အဝဇာနာတိ သာမိကံ။
(ဇာတက၊ ၂၊ ၁၂၀၊ ဋ္ဌ၊ ၅၊ ၄၆၆။)

မိန်းမတို့ ရောင့်တက်ကြောင်း ၉ ပါး.........၁။ ပန်းအရံအစရှိသည်သို့ သွားလေ့ရှိခြင်း၊ ၂။ ဥယျာဉ်သို့ သွားလေ့ရှိခြင်း၊ ၃။ မြစ်ဆိပ်သို့ သွားလေ့ရှိခြင်း၊ ၄။ ဆွေမျိုးမိဘအိမ်သို့ သွားလေ့ရှိခြင်း၊ ၅။ သူတစ်ပါးအိမ်သို့ သွားလေ့ရှိခြင်း၊ ၆။ မှန်ကြည့်ခြင်း, အဝတ်တန်ဆာဆင်ခြင်း၌ အလွန်လုံ့လပြုလေ့ရှိခြင်း၊ ၇။ သေအရက်ကို သောက်လေ့ရှိခြင်း၊ ၈။ လေသာပြတင်းပေါက်စသည်ဖြင့် ကြည့်လေ့(မျှော်လေ့)ရှိခြင်း၊ ၉။ မိမိ၏အင်္ဂါကြီးငယ်တို့ကို ပြလျက် အရာအကြောင်းမဟုတ်သည်၌ တည်လေ့ရှိခြင်း။

အာရာမသီလာ စ ဥယျာနံ၊ နဒီ ဉာတိ ပရကုလံ။
အာဒါသဒုဿမဏ္ဍနမနုယုတ္တော၊ ယာ စိတ္ထီ မဇ္ဇပါယိနီ။
ယာ စ နိလ္လောကနသီလာ၊ ယာ စ သဒ္ဒါရဋ္ဌာယိနီ။
နဝဟေ'တေဟိ ဌာနေဟိ၊ ပဒေါသမာဟရန္တိ ဣတ္ထိယော။
(ဇာတက၊ ၂၊ ၁၂၀-၁၂၁။ ဋ္ဌ၊ ၅၊ ၄၆၇။)

မာယာ ၄၀ (ဇာတက၊ ၂၊ ၁၂၁။ ဋ္ဌ၊ ၅၊ ၄၆၇။ ငါးရာငါးဆယ်၊ မ၊ ၆၅၂ ၆၅၃။ ဓမ္မပဒ၊ သုန္ဒရသမုဒ္ဒတ္ထေရဝတ္ထု၊ဋ္ဌ၊ ၂၊ ၄၂၉။)
မိန်းမတို့မှာ၊ ဓမ္မတာဖြင့်၊ အဋ္ဌာစာရ၊ စာရိတ္တတည်၊ ပုရိသအသွင်၊ မိမိလင်နှင့် ပြင်ပတခြား၊ ယောကျာ်းတွေ့ခါ၊ ကိလေသာ၏၊ ခြင်းရာပြယာယ်၊ စနက်သွယ်သို့၊ စမွယ်ယုယ၊ တစ္စစ္စနှင့်၊ ကျင်းပဟန်ယူ၊ တွေ့ရာမြူ၍၊ အမူကိုယ်လုံး၊ မြင်သူနုံးမျှ၊ ချိုပြုံးရွှင်ပျ၊ တပြပြရှင့်၊ ထိုမှဤမှ၊ ချီမျက်စနှင့်၊ သီကရယ်ငို၊ ကိုယ်ကိုညွတ်ခြင်း၊ ခံတွင်းဟဘွင့်၊ သံလွင့်ဟစ်အော်၊ သွားဘော်လျှာထုတ်၊ ချစ်ချုတ်ခြေလက်၊ ရှိဝှက်အပ်ရာ၊ ကိုယ်အင်္ဂါကို၊ လှစ်ကာပြဆောင်၊ ရှက်ယောင်မဲ့ယွဲ၊ မှုန့်ရွဲလျက်၊ ကဲ့ရဲ့ချီးမွမ်း၊ နှုတ်ခမ်းကိုက်ငုံ၊ ခြုံရုံဘွင့်ဖုံး၊ ဆံထုံးဖြေလွှတ်၊ ကိုယ်ဝတ်ချွတ်ပြင်၊ တွင်းဝင်ပြင်ထွက်၊ အောက်ထက်တက်ဆင်း၊ ကြည့်ခြင်းတုရှု၊ စောင်းစူမျက်ငြိုး၊ စိတ်ဆိုဟန်လုပ်၊ ခါးကိုလှုပ်နှင့်၊ နမ်းရှုပ်ချီချ၊ ဤသို့စသည်၊ မိန်းမမာယာ၊ ကျမ်း၌လာသား၊ သီင်္ဂါရသ၊ သမ္ဘောဂ၏၊ ဖလနဘော်၊ လေးဆယ်ကျော်ဖြင့်၊ သွေးခေါ်မတည်၊ လော်လည်မပြတ်၊ လိုမမြတ်ဘဲ၊ လှည်ပတ်ကိစ္စ၊ ပြုတတ်ကြခဲ့။ (မဟာသုတကာရီ မဃဒေဝလင်္ကာသစ်၊ ပုတ္တောဝါဒခဏ်း၊ အပိုဒ် ၃၀၁၊ နာ ၂၂၈ ၂၂၉။)
ပြယာယ်=ပရိယာယ် ဟဘွင့်=ဟဖွင့် သွားဘော်=သွားဖော် ဘွင့်ဖုံး=ဖွင့်ဖုံး ဘဲ=ပဲ

မိန်းမပျက်အင်္ဂါ ၂၅-ပါး...၁။ လင်၏အရပ်တစ်ပါးသို့ သွားခြင်းကို ချီးမွမ်းခြင်း၊ ၂။ အရပ်တစ်ပါး၌ရောက်နေသောလင် (ကင်းကွာ၍နေသောလင်)ကို မအောက်မေ့ခြင်း(သတိမရခြင်း)၊၃။ အရပ်တစ်ပါးမှ ပြန်ရောက်လာသောလင်ကို မနှစ်သက်ခြင်း၊ ၄။ လင်၏ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၅။ လင်၏ကျေးဇူးကို မပြောဆိုခြင်း၊၆။ လင်၏အကျိုးမဲ့ကို ကျင့်ခြင်း၊ ၇။ လင်၏အကျိုးစီးပွါးကို မကျင့်ခြင်း၊ ၈။ လင်အား မပြုအပ်သည်ကို ပြုခြင်း၊ ၉။ လင်အား ပြုအပ်သည်ကို မပြုခြင်း၊ ၁၀။ အဝတ်ကို မြဲစွာဝတ်၍ အိပ်ခြင်း၊ ၁၁။ လင်ကိုကျောပေး၍ အိပ်ခြင်း၊ ၁၂။ တပြောင်းပြန်ပြန် လူးလဲတတ်ခြင်း၊ ၁၃။ အုတ်အုတ်ကျက်ကျက်ဖြစ်၍ ရှည်စွာ ထွက်သက်ဝင်သက်ကို ဖြစ်စေခြင်း၊ ၁၄။ ဆင်းရဲဝေဒနာကို ကြားတတ်ခြင်း၊ ၁၅။ ကျင်ကြီးကျင်ငယ် မကြာခဏ သွားတတ်ခြင်း၊ ၁၆။ ဖောက်ပြန်သောအကျင့်ကို ကျင့်တတ်ခြင်း၊ ၁၇။ ယောက်ျားတစ်ပါး၏အသံကို ကြား၍ နားတွင်းကိုဖွင့်၍ ထိုယောက်ျားတစ်ပါး၏အသံကို နားထောင်တတ်ခြင်း၊ ၁၈။ စည်းစိမ်ဥစ္စာကို ဖျက်ဆီးတတ်ခြင်း၊ ၁၉။ အိမ်နီးချင်း ယောက်ျားတို့နှင့် ကိလေသာ၏အစွမ်းဖြင့် ပေါင်းဖက်ရောယှက်ခြင်းကို ပြုခြင်း၊ ၂၀။ ထွက်သွားသော ခြေရှိခြင်း၊ ၂၁။ အခါမဲ့ဖြစ်သောညဉ့်မှ သွားလေ့ရှိခြင်း၊ ၂၂။ သယောက်လင်စောင်ထားတတ်ခြင်း၊ ၂၃။ အမြဲ လင်၌ ရှိသေခြင်းမရှိသည်ဖြစ်၍ ပြစ်မှားလိုသော စိတ်အကြံရှိလျက် မပြတ် တံခါးဝ၌ တည်ခြင်း၊ ၂၄။ လက်ကတီးကြား, သားမြတ်အစရှိသော အင်္ဂါကြီးငယ်တို့ကို ပြတတ်ခြင်း၊ ၂၅။ ထိုထိုဤဤ သွား၍ ကြည့်တတ်ခြင်း။
(ဇာတက၊ ၂၊ ၁၂၁။ ဠ၊ ၅၊ ၄၆၈။ ငါးရာငါးဆယ်၊ မ၊ ၆၅၄-၆၅၅။)

မပေါင်းအပ်သော မိန်းမများ..၁။ တပ်မက်မောတတ်သော(လောဘကြီးသော)မိန်းမ၊ ၂။ စိတ်လျင်မြန်သော(အပြောင်းအလဲမြန်သော) မိန်းမ၊ ၃။ သူ့ကျေးဇူးကို မသိတတ်သောမိန်းမ၊ ၄။ ကျေးဇူးတုံ့ဆပ်ရမည်ကို မသိသောမိန်းမ၊ ၅။ အဆွေခင်ပွန်းကိုပြစ်မှားတတ်သောမိန်းမ၊ ၆။ မိဘ, မောင်အစ်မညီမတို့ကို စွန့်၍ မိမိတပ်နှစ်သက်ရာ ယောက်ျားနောက်သို့ လိုက်တတ်သောမိန်းမ၊ ၇။ ယုတ်မာသောအကျင့်၌ မရှက်သောမိန်းမ၊ ၈။ ကြာမြင့်စွာ အတူနေ၍ ချစ်ခင်နှစ်သက်မြတ်နိုး, သနားတတ်သည့်အသက်နှင့် တူသောလင်ကိုသော်လည်း ဘေးအန္တရာယ်တို့ကြောင့်ဖြစ်စေ, ထိုထိုကိစ္စတို့ကြောင့်ဖြစ်စေ စွန့်ပစ်သွားတတ်သော မိန်းမ၊...စသည်...

လုဒ္ဓါနံ လဟုစိတ္တာနံ၊ အကတညူန ဒုဗ္ဘိနံ။
နာ'ဒေဝသတ္တော ပုရိသော၊ ထီနံ သဒ္ဓါတ'မရဟာတိ။
န တာ ပဇာနန္တိ ကတံ န ကိစ္စံ၊ န မာတရံ ပိတရံ ဘာတရံ ဝါ။
အနရိယာ သမတိက္ကန္တဓမ္မာ၊ သသောဝ စိတ္တဿ ဝသံ ဝဇန္တိ။
စိရာနုဝုဋ္ဌမ္ပိ ပိယံ မနာပံ၊ အနုကမ္ပကံ ပါဏသမမ္ပိ ဘတ္တုံ။
အာဝါသု ကိစ္စေသု စ နံ ဇဟန္တိ၊ တသ္မာဟ'မိတ္ထီနံ န ဝိဿသာမိ။
(ဇာတက၊ ၂၊ ၁၂၄။ ဠ၊ ၅၊ ၄၈၀-၄၈၁။ ငါးရာငါးဆယ်၌မ၊ ၆၇၂။)

မချစ်သင့်သော မိန်းမ ၅ ယောက်...(၁) အလွန်အဆင်းလှသောမိန်းမ၊ (၂) များစွာသောသူတို့ ချစ်နှစ်သက်သောမိန်းမ၊ (၃) ကခြင်းသီခြင်း၌ လိမ္မာသောမိန်းမ၊ (၄) သူတစ်ပါး၏မယား၊ (၅) ပစ္စည်းဥစ္စာ၏အကြောင်းကြောင့် မိမိသို့ ဆည်းကပ်လာသောမိန်းမ။

န'စ္ဆန္ဒဝဏ္ဏာ န ဗဟူန ကန္တာ၊ န ဒက္ခိဏာ ပမဒါ သေဝိတဗ္ဗာ။
န ပရဿ ဘရိယာ န ဓနဿ ဟေတု၊ ဧတိ'တ္ထိယော ပဉ္စ န သေဝိတဗ္ဗာ။
(ဇာတက၊ ၂၊ ၁၂၅။ ဠ၊ ၅၊ ၄၈၂။ ငါးရာငါးဆယ်၊ မ၊ ၆၇၄-၆၇၅။)

ယခုအခါ ဘုရားရှင်သည် ထိုအခါ ကုဏာလငှက်မင်း, ဥဒါယီ(ကာဠုဒါယီ)သည် ပုဏ္ဏမုခမည်သော ဖုဿဥဩ, အရှင်အာနန္ဒာသည် အာနန္ဒမည်သော လင်းတမင်း, အရှင်သာရိပုတ္တသည် နာရဒရသေ့တို့ ဖြစ်ခဲ့ကုန်၏။
နောက်ဆုံး=ရဟန်း၅၀၀-တို့ ရဟန္တာဖြစ်ကြပြီး၍ မဟာသမယနှင့်သမ္မာပရိဗ္ဗာဇနီယသုတ်များကိုဟောတော်မူခြင်း။
ဆောင်ပုဒ်။ ။ မိန်းမတို့မှာ၊ ပြစ်များစွာ၊ သိကာ ချမ်းသာရ။

ထိုဇာတ်တော်လာ ဟိမဝန္တာမှသားကောင်များနှင့်ငှက်များ......

ဂဇ=ဆင်, ဂဝဇ=နွားနောက်, မဟိံသ=ကျွဲ, ရုရု=ဆတ်, စမရ=စာမရီမည်သောသား,
ပသဒ=ချေ, ခဂ္ဂ=ကြံ့, ဂေါကဏ္ဍ=စိုင်, သီဟ=ခြင်္သေ့, ဗျဂ္ဃ=ကျား, ဒီပိ=သစ်,
အစ္ဆ=ဝံ, ကောက=သစ်ကြုတ်, တရစ္ဆ=အောင်း(ဟိုင်နာ) ဥဒ္ဒါရ=ဖျံ, ကဒလိမိဂ=ဝံပိုင့်,
ဗိဠာရ=ကြောင်, သသ=ယုန်, ကဏ္ဏိက=ဒရယ်, နာဂကုလ=ဆင်မျိုး, ဏ္ဍသမိဂ=ဝံ, သာခမိဂ=မျောက်,
သရဘမိဂ=သမင်ဆီးဆောက်, ဧဏီမိဂ=ဧဏီမည်သောသား, ဝါတမိဂ=သမင်ပျံ,ပသဒမိဂ=ချေ,
ပုရိသာလု=ဝါလဝါမည်သောဘီလူး, ကိံပုရိသ=ဒေဝကိန္နရာ, စန္ဒကိန္နရာ, ဒုမကိန္နရာ, ယက္ခ=ဘီလူး,
ရက္ခသ=ရက္ခိုသ်, ဒါနဝ=ဒါနဝဘီလူး, ဂန္ဓဗ္ဗ=ဂန္ဓဗ္ဗနတ်, မဟောရဂ=နဂါး, ကုရရ=ဝန်လိုင်ငှက်,စကောရ=စင်ရော်,
ဝါရဏ=ငှက်ဆင်, မယူရ=ဥဒေါင်း, ပရဘတ=ဥဩ, ဇီဝဇီဝက=ဇီဝနိုးငှက်, စေလာဝက=ထီးလိုင်ကာငှက်
ဘိင်္ကာရ=ဘင်္ကာရာဇ်ငှက်, ကရဝိက=ကရဝိက်ငှက်, ဟံသ=ဟင်္သာ, ပိလဝ=ငှက်ဘီလူး, ကာဒမ္ဗ=ဒီးဒုတ်,
ကာရဏ္ဍဝ=ဝမ်းဘဲ။

ဓာတ်သတ္တု ရတနာများ...

အဥ္ဇန=မျက်စဉ်း, မနောသိလာ=မြင်းသီလာ, ဟရိတာလ=ဆေးဒန်း, ဟိင်္ဂုလက=ဟင်္သာပြဒါး,
ဟေမ=ရွှေ, ရဇတ=ငွေ, ကနက=ရွှေ...

သစ်ပင်မျိုးစုံ ...

ကုဝက=ကုရဝကမည်သောသစ်ပင်, မုစလိန္ဒ=ကျည်းပင်, ကေတက=ဆပ်သွားပင်,
ဝေဒိသ=ဝေဒိသမည်သောသစ်ပင်, ဝဥ္စုလ=ရင်းရဲပင်, ပုန္နာဂ=ပုန်းညက်ပင်, ဗကုလ=ချယားပင်,
တိလက=ပြည်စင်ပင်, ပိယက=မအူပင်, အသန=ပိတောက်ပင်, သလဠ=ထင်းရှူးပင်,
စမ္ပက=စကားပင်, အသောက=ပန်းသုဉ်းပင်, နာဂရုက္ခ=ကံ့ကော်ပင်,
တိရိဋိ=တိရိဋိမည်သောအပင်, ဘုဇပတ္တ=ဘုဇပတ်ပင်, လောဒ္ဒ=တောက်ရပ်ပင်,စန္ဒနောဃ=စန္ဒကူးနီပင်,
ကာဠာဂရု=ကြံဖုပင်, ပဒ္မက=ကြက်မောက်ပင်, ပိယင်္ဂု=ဥပါသကာပင်,ဒေဝဒါရုကာနတ်သစ်ပင်,
စောစ=ငှက်ပျောပင်, ကကုဓ=ရေခံတက်ပင်, ကုဋဇ=လက်ထုပ်ကြီးပင်,အင်္ကောလ=မှန်ကူပင်,
ကစ္စိကာရ(ကစ္ဆိကာရ က)=စွန်လက်သည်းပင်, ကဏိကာရ=မဟာလှေကားပင်,ကဏ္ဏိကာရ=ကုလားဇလပ်ပင်,
ကနဝေရ(ကနဝီရ?)=နွယ်သာကီပင်, ကောရဏ္ဍက=လိပ်ဆူးညိုပင်,ကောဝိဠာရ=ပင်လယ်ကသစ်ပင်,
ကိံသုက=ပေါက်ပင်, ယောဓိက=စမွယ်ပင်,
ဝနမလ္လိက=တောကြက်ရုံးပင်, အနင်္ဂဏ=အနင်္ဂဏမည်သောသစ်ပင်, အနုဝဇ္ဇ=အနုဝဇ္ဇမည်သောသစ်ပင်,
ဘဏ္ဍိ=ဇီဇဝါပင်, ဘဂိနိမာလ=ဘဂိနိမည်သောပန်း, ဇာတိသုမန=မြတ်လေး, မဓုကန္တိက=သင်းခွေ,
ဓနု=ဆူးကျင့်, တက္ကာရီ=ရာသကျဉ်း(ရေသကျည်း?), တာလီသ=ပစ္စည်းပင်, တဂရ=တောင်ဇလပ်, မုသီရ=ပန်းရင်း။

## ၇။ ဂဠုန်ဘဝ ၂ ကြိမ်

၁။ (၃၆၀) သုယောနန္ဒီဇာတ်၊ ပဉ္စကနိပါတ် (ဇာတက၊ ၁၊ ၁၂၆ ၁၂၇။ ဋ္ဌ၊ ၃၊ ၁၇၃ ၁၇၆။ ငါးရာငါးဆယ်၊ တ၊ ၅၁ ၅၆။)

ပစ္စုပ္ပန်ဝတ္ထု=အမျိုးသမီးကြောင့် သာသနာမှ ငြီးငွေ့သောရဟန်း။

အတိတ်ဝတ္ထု=ပြည်စုံကြွယ်ဝ ဂဠုန်ပြည်၌နေရငြားသော်လည်း သုယောနန္ဒီမိဖုရားသည် ရေမျောကမ်းတင်လာသော စောင်းသမားသဂ္ဂနှင့် ဖောက်ပြန်တာကို သိ၍ ဘုရားအလောင်းဂဠုန်မင်း စိတ်မချမ်းမသာဖြစ်ကာ မိဖုရားကို အရှင် အာနန္ဒာအလောင်းဗာရာဏသီမင်းထံသို့ ပြန်ပို့ပေးခြင်း။

ဆောင်ပုဒ်။ ။ သီလမဲ့ငြား၊ မိန်းမသား၊ ထိန်းထား မလွယ်ပါ။
အကြိုက်တွေ့ငြား၊ သူလှည်စား၊ ဖောက်ပြားဓမ္မတာ။

၂။ (၅၁၈) ပဏ္ဍရနာဂရာဇဇာတ်၊ တိံသကနိပါတ် (ဇာတက၊ ၁၊ ၃၈၇-၃၉၃။ ဋ္ဌ၊ ၅၊ ၇၉ ၉၁။ ငါးရာငါးဆယ်၊စ၊၇၁၆ ၇၃၈။)
ပစ္စုပ္ပန်ဝတ္ထု=မုသားဆို၍ ဒေဝဒတ်မြေမျိုခြင်း။
အတိတ်ဝတ္ထု=မပြစ်မှားထိုက်သူကို ပြစ်မှား, သီလမရှိပဲ သီလရှိသကဲ့သို့ မုသားဆိုသည့် ဒေဝဒတ်အလောင်းအစေလက မြေမျိုခံရခြင်း။
အရှင်သာရိပုတ္တရာမထေရ်အလောင်း ပဏ္ဍရနဂါးမင်းနှင့် ဘုရားအလောင်း ဂဠုန်မင်းတို့ မိတ်ဆွေဖြစ်သွားကြခြင်း။

ပညာမဲ့သူ၏အင်္ဂါ ၄ ပါး
(၁) နှုတ်မစောင့်သော စကားရှိခြင်း (ဝိကိဏ္ဏဝါစ)၊
(၂) မဖုံးလွှမ်းအပ်သော အတိုင်အပင်ရှိခြင်း (အနိဂုယှမန္တ)၊
(၃) ကိုယ်နှုတ်နှလုံးကို စောင့်သုံးခြင်း၌ မစွမ်းနိုင်ခြင်း (အသညတ)၊
(၄) လျှို့ဝှက်အပ်သော အတိုင်အပင်ကို စောင့်စည်းနိုင်အံ့သူ, မစောင့်စည်းနိုင်အံ့သူကို စုံစမ်းခြင်း၌ မစွမ်းနိုင်ခြင်း (အပရိစက္ခိတာရ)။
ဝိကိဏ္ဏဝါစံ အနိဂုယှမန္တံ၊ အသညတံ အပရိစက္ခိတာရံ (အပရိရက္ခတာရံ က)။
ဘယံ တ'မန္ဝေတိ သယံ အဗောဓံ၊ နာဂံ ယထာ ပဏ္ဍရကံ သုပဏ္ဏော။
(ဇာတက၊ ၁၊ တိံသနိပါတ၊ ၃၈၇။)
ဝိကိဏ္ဏဝါစန္တိ ပတ္ထဋဝစနံ။ အနိဂုယှမန္တန္တိ အပ္ပဋိစ္ဆန္နမန္တံ။ အသညတန္တိ ကာယဒွါရာဒီနိ ရက္ခိတုံ အသက္ကောန္တံ။
အပရိစက္ခိတာရန္တိ "အယံ မယာ ကထိတမန္တံ ရက္ခိတုံ သက္ခိဿတိ, န သက္ခိဿတီ"တိ ပုဂ္ဂလံ ဩလောကေတုံ ဥပပရိက္ခိတုံ အသက္ကောန္တံ။ ဘယံ တမန္ဝေတီတိ တံ ဣမေဟိ စတူဟိ အင်္ဂေဟိ သမန္နာဂတံ အဗောဓံ ဒုပ္ပည် ပုဂ္ဂလံ သယံကတမေဝ ဘယံ အန္ဝေတိ၊ ယထာ မံ ပဏ္ဍရကနာဂံ သုပဏ္ဏော အန္ဝာဂတောတိ။ (ဇာတက၊ ဋ္ဌ၊ ၅၊ ၈၁။)
ဆောင်ပုဒ်။ ။ လျှို့ဝှက်အပ်ရာ၊ ဖွင့်ဆိုတာ၊ ကိုယ်သာ ပျက်စီးတတ်။

## သုံးကြိမ်စီဖြစ်သော သတ္တဝါ(၅)မျိုး

ဘုရားအလောင်းတော်သည် ခွေး, ဥဒေါင်း, ဆတ်, ဖွတ်, ငါးဘဝတို့၌ သုံးကြိမ်စီ ဖြစ်တော်မူလေသည်။

### ခွေးဘဝ ၃ ကြိမ်

၁။ (၂၂) ကုက္ကုရဇာတ်၊ ဧကကနိပါတ်(ဇာတက၊ ၁၊ ၆။ ဋ္ဌ၊ ၁၊ ၁၉၁ ၁၉၃။ ငါးရာငါးဆယ်၊ ပ၊ ၁၁၁ ၁၁၅။)
ပစ္စုပ္ပန်ဝတ္ထု=ဆွေမျိုးတို့၏အကျိုးကို ကျင့်ခြင်း။
အတိတ်ဝတ္ထု=မင်းရထား၏သားရေကို ခိုးစားသော နန်းတွင်းခွေးတို့ကို မသတ်ပဲ နန်းတော်ပြင်ပအပြစ်မဲ့သော ခွေးတို့ကို သတ်သဖြင့် ဘုရားအလောင်းခွေးပညာရှိက အရှင်အာနန္ဒာအလောင်းမင်းကို ယက်တက်ရည်နှင့် နေဇာမြက်တို့ကို တိုက်ကျွေးစေ၍ အမှုမှန်ဖော်ထုတ်ပေးခြင်း။
ဆောင်ပုဒ်။ ။ ဆွေမျိုးတွက်တာ၊ ဒို့လောင်းလျာ၊ ကျင့်ရှာခဲ့လေပြီ။

၂။ (၁၄၂) သိင်္ဂါလဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၃၃။ ဋ္ဌ၊ ၁၊ ၅၁၅ ၅၁၆။ ငါးရာငါးဆယ်၊ ပ၊ ၅၈၈ ၅၉၀။)
ပစ္စုပ္ပန်ဝတ္ထု=ဒေဝဒတ်က ဘုရားရှင်ကို သတ်ရန် လှုံ့လပြုခြင်း။
အတိတ်ဝတ္ထု=ဘုရားအလောင်းမြေခွေးကို သတ်ရန် ကြံသော ဒေဝဒတ်အလောင်းသေသောက်ကြူး။

၃။ (၁၄၈) သိင်္ဂါလဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၃၄။ ဋ္ဌ၊ ၁၊ ၅၂၈ ၅၃၀။ ငါးရာငါးဆယ်၊ ပ၊ ၆၀၈ ၆၁၀။)
ပစ္စုပ္ပန်ဝတ္ထု=ကိလေသာကိုမှီသော အကြောင်း ငြီးငွေ့သော ရဟန်းများ။
အတိတ်ဝတ္ထု=အစာကိုမက်၍ ဆင်သေ၏ဝမ်းဗိုက်သို့ ဝင်မိသော ဘုရားအလောင်းမြေခွေး။

ဒေါင်းဘဝ ၃ ကြိမ်

၁။ (၁၅၉) မောရဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၃၈ ၃၉။ ဋ၊ ၂၊ ၂၉ ၃၄။ ငါးရာငါးဆယ်၊ ၃၊ ၄၅ ၅၂။)

ပစ္စုပ္ပန်ဝတ္ထု=တန်ဆာဆင်ယင်ထားသောမိန်းမကို မြင်၍ သာသနာတော်၌ငြီးငွေ့သောရဟန်း။

အတိတ်ဝတ္ထု=ညွတ်ကွင်းမိသော ဘုရားအလောင်း ရွှေဥဒေါင်းမင်း။

ဆောင်ပုဒ်များ။ ဥဒေတယံ၊ ဂါထာပျို၊ ရွတ်အံ အိပ်တန်းသက်။

အပေတယံ၊ ဂါထာပျို၊ ရွတ်အံ အိပ်တန်းတက်။

ဘေးရန်ကင်းကွာ၊ ဒေါင်းမင်းမှာ၊ ရွတ်ကာ ဤကြောင်းချက်။

ဒေါင်းမနှင့်မျှား၊ မသံကြား၊ ရွတ်ပွား မေ့လျော့လျက်။

ညွတ်ကွင်းတွင်မိ၊ ပြန်သတိ၊ ရရှိ နောင်တတွက်။

ဥဒေါင်းမင်းပင်၊ ညွတ်ကွင်းဝင်၊ ပုံထင် ဆုံးမလျက်။

မနှင့်ဖက်က၊ မိုက်မှားကြ၊ လောကထုံးအမြွက်။

ဥဒေါင်းမင်းသည် ညဉ့်အမှောင်ကွယ်ပျောက် အလင်းရောင်ရောက်လာလတ်သော် တောင်ထိပ်၌ နေလျက် တက်သစ်စနေမင်းကို ကြည့်ကာ မိမိ၏ကျက်စားရာ မြေအပြင်ဝယ် အစောင့်အရှောက်အရံအတားအလို့ငှါ ဗြဟ္မမန္တန်ခေါ်သော "ဥဒေတယံ"အစချီသော ဂါထာကို ရွတ်ဆိုလေသည်။

သော ပဘာတာယ ရတ္တိယာ ပဗ္ဗတမတ္ထကေ နိသိန္နော သူရိယံ ဥဂ္ဂစ္ဆန္တံ ဩလောကေတွာ အတ္တနော ဂေါစရဘူမိယံ ရက္ခာဝရဏတ္ထာယ ဗြဟ္မမန္တံ ဗန္ဓန္တော "ဥဒေတယ"န္တိအာဒိမာဟ။ (ဇာတက၊ ဋ၊ ၂၊ ၃၀။)

ရဟန်းတို့...ထိုဥဒေါင်းမင်းသည် ဤပရိတ် ဤအစောင့်အရှောက်ကို ပြု၍ မိမိ၏ကျက်စာရာမြေ၌ ပန်းအပွင့်အသီးအစရှိသည်တို့အလို့ငှါ အမျိုးမျိုးရှာဖွေရန် လှည့်လည်သွားလာကျက်စားလေ၏။

ဘိက္ခဝေ သော မာရော ဣမံ ပရိတ္တံ ဣမံ ရက္ခံ ကတွာ အတ္တနော ဂေါစရဘူမိယံ ပုပ္ဖဖလာဒီနံ အတ္ထာယ နာနပ္ပကာရာယ သေနာယ စရတိ။ (ဇာတက၊ ဋ၊ ၂၊ ၃၁။)

ဥဒေါင်းမင်းသည် ဤကဲ့သို့ တနေ့ပတ်လုံး လှည့်လည်ကျက်စားပြီးလျှင် ညနေချမ်းအခါ၌ တောင်ထိပ်၌နေလျက် ဝင်လုဆဲဖြစ်သောနေကို ကြည့်ကာ ဘုရားရှင်ဂုဏ်တော်များကို ဆင်ခြင်၍ နေရာအရပ်ဝယ် အစောင့်အရှောက်အရံအတားအလို့ငှာ တဖန် ဗြဟ္မမန္တန်ဖြစ်သည့် "အပေတယံ"အစချီသော ဂါထာကို ရွတ်ဆိုလေသည်။

ဇေ ဒိဝသံ စရိတွာ သာယံ ပဗ္ဗတမတ္ထကေ နိသီဒိတွာ အတ္ထင်္ဂတံ သူရိယံ ဩလောကေန္တော ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ နိဝါသဋ္ဌာနေ ရက္ခာဝရဏတ္ထာယ ပုန ဗြဟ္မမန္တံ ဗန္ဓန္တော "အပေတယ"န္တိအာဒိမာဟ။ (ဇာတက၊ ဋ၊ ၂၊ ၃၁။)

၂။ (၃၃၉) ဗာဝေရုဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၁၃။ ဋ၊ ၃၊ ၁၁၅ ၁၁၇။ ငါးရာငါးဆယ်၊ ၃၊ ၇၃၈ ၇၄၁။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်ပွင့်တော်လတ်သော် တိတ္ထိများ လာဘ်ပူဇော်သက္ကာရကင်းပျောက်ခြင်း။

အတိတ်ဝတ္ထု=ငှက်မရှိသော ဗာဝေရုတိုင်းပြည်၌ ကျီးသည် စားစရာ လာဘ်ပေါများခဲ့သော်လည်း ဘုရားအလောင်း ဥဒေါင်းမင်းရောက်လာသောအခါမှစ၍ ကျီးသည် စားစရာလာဘ်ပူဇော်သက္ကာရဆုတ်ယုတ်ခဲ့ရကား ခဲဖွယ်စားဖွယ်ကို မရသောကြောင့် မစင်စွန့်ရာမြေ၌ အစာကို ယူရခြင်း။

ဆောင်ပုဒ်=နှိုင်းယှဉ်ဖွယ်ရာ၊ မရှိရာ၊ ငါသာ မြတ်ဆုံးထင်။

ဂုဏ်ရှိသူရောက်၊ ဂုဏ်မဲ့ပျောက်၊ နှိုင်းထောက် ကျီးပုံသွင်။

၁။ (၄၉၁) မဟာမောရဇာတ်၊ ပကိဏ္ဏကနိပါတ် (ဇာတက၊ ၂၉၃ ၂၉၆။ ဋ၊ ၄၊ ၃၃၃ ၃၄၂။ ငါးရာငါးဆယ်၊ ၈၊ ၃၀၃ ၃၁၈။)

ပစ္စုပ္ပန်ဝတ္ထု=ရာဂကြောင့် သာသနာတော်၌ငြီးငွေ့၍ လူထွက်ရန် မျှော်သောရဟန်း။

အတိတ်ဝတ္ထု=အနှစ်ခုနှစ်ရာ ငုပ်နေသောကိလေသာသည် ဥဒေါင်းမသံကြောင့် ပေါ်ထွက်လာ၍ ညွတ်ကွင်းမိခံရသော ဘုရားအလောင်း ဥဒေါင်းမင်း။

ဆောင်ပုဒ်များ=ဘုရားလောင်းလျာ၊ ဒေါင်းမင်မှာ၊ ရွတ်ကာ ပရိတ္တ။

ဘေးရန်ကင်းကွာ၊ နှစ်ခုနှစ်ရာ၊ ချမ်းသာနေပါရ။

မုဆိုးညွှတ်ရုံ၊ ဒေါင်းမသံ၊ သူ့ဌာန် ကြားလေက။
ကိလေအနာ၊ ထိုးကျင်လာ၊ သူ့မှာ ခံစားရ။
ပရိတ်ကိုလဲ၊ ရွတ်နိုင်ပဲ၊ ညွှတ်ထဲမိခံရ။
ထိုရောအခါ၊ မုဆိုးမှာ၊ မှန်စွာ ဉာဏ်ဖြင့်ဆ။
မင်းပဏ္ဍာမက်၊ ဒေါင်းမင်းဆက်၊ ငါ့တွက်မသင့်လှ။
သီလရှိငြား၊ ဒေါင်းမင်းအား၊ ငါကား လွှတ်မည်ပ။
ဒေါင်းမင်းတရား၊ မုဆိုးသား၊ နာကြားတရားရ။
သင်္ခါရမှာ၊ လက္ခဏာ၊ တင်ကာ သုံးသပ်က။
ပစ္စေကဗောဓိ၊ ဉာဏ်ကိုသိ၊ ဖြစ်ဘိ ငယ်ဗုဒ္ဓ။
ပစ္စေကဗုဒ္ဓါ၊ ရှင်မြတ်ဟာ၊ နှစ်ဖြာလက်အုပ်သ။
ဥဒေါင်းမင်းအား၊ လကျ်ာပါး၊ လှည့်ငြား နောက်ဆုံးပ။
ထက်ကောင်းကင်ယံ၊ ကြွကာပျံ၊ တောင်ရံ ဂန္ဓမာဒန။

ငယ်ဗုဒ္ဓ=ဘုရားငယ်

မုဆိုးသည် ဥဒေါင်းမင်းထံမှ တရားနာရသဖြင့် ဖြည့်ဆည်းပူးအပ်သောပါရမီရှိသည် ပစ္စေကဗုဒ္ဓါအလောင်းတော်ဖြစ်ရကား နေရောင်ခြည်၏အတွေ့ကို ငံ့လင့်၍နေသော ပွင့်တော့မည်ဆဲဆဲ ပဒုမာကြာပန်းကဲ့သို့ ရင့်ကျက်ခြင်းသို့ရောက်သော ပစ္စေကဗောဓိဉာဏ်ကို ရသည် ဖြစ်၍သွား၏၊ ထိုမုဆိုးသည် ဘုရားအလောင်းဥဒေါင်းမင်း၏တရားစကားကို ကြားနာရသည်ဖြစ်၍ ရပ်မြဲတိုင်းသောခြေဖြင့် ရပ်လျက်ပင် သင်္ခါရတို့ကို သိမ်းဆည်း၍ လက္ခဏာရေးသုံးပါးကို သုံးသပ်လျက် ပစ္စေကဗောဓိဉာဏ်ကို ထိုးထွင်းသိလေ၏။

ထိုပစ္စေကဗုဒ္ဓါအလောင်း မုဆိုး၏သစ္စာတရားကို ထိုးထွင်းသိခြင်းသည်လည်းကောင်း, ဘုရားအလောင်း ဥဒေါင်းမင်း၏ ညွှတ်ကွင်းမှ လွတ်ခြင်းသည်လည်းကောင်း တပြိုင်နက်တည်းပင် ဖြစ်လေသည်။

သော ပန ပူတိတပါရမီ ပစ္စေကဗောဓိသတ္တော သူရိယရသ္မိသမ္ဖဿံ ဩလောကေတွာ ဌိတံ ပရိဏတပဒုမံ ဝိယ ပရိပါကဂတဉာဏော ဝိစရတိ။ သော တဿ ဓမ္မကထံ သုဏန္တော ဌိတပဒေနေဝ ဌိတော သင်္ခါရေ ပရိဂ္ဂဏှိတွာ တိလက္ခဏံ သမ္မသန္တော ပစ္စေကဗောဓိဉာဏံ ပဋိဝိဇ္ဈိ။ တဿ ပဋိဝေဓော စ မဟာသတ္တဿ ပါသတော မောက္ခော စ ဧကက္ခဏေယေဝ အဟောသိ။ (ဇာတက၊ ၄၊ ၄၊ ၃၄၀)

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် "ငါသည် ရှေးဦးစွာ အလုံးစုံသောကိလေသာအနှောင်အဖွဲ့တို့မှ လွတ်မြောက်ခဲ့လေပြီ၊ ငါ၏ (လူသားဖြစ်စဉ်)အိမ်၌ကား နှောင်ဖွဲ့၍ထားအပ်ကုန်သော များစွာသော ငှက်တို့ ရှိကြသေး၏၊ ထိုငှက်တို့ကို အဘယ်သို့ လွတ်မြောက်စေရပါမည်နည်း?"ဟု ကြံစည်အောက်မေ့ကာ ဘုရားအလောင်းကို မေးလေသည်။

## ပစ္စေကဗောဓိဉာဏ်ထက် ဘုရားအလောင်းတိရစ္ဆာန်၏ဉာဏ်က ကြီးမြတ်သလော?

ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ဗောဓိဉာဏ်ထက် သဗ္ဗညုဘုရားအလောင်း၏ အကြောင်းကို သိမ်းဆည်းသောဉာဏ်သည် အလွန်ကြီးမြတ်၏၊ ထိုသို့ ဉာဏ်ကြီးမြတ်သောကြောင့် ထိုပစ္စေကဗုဒ္ဓါကို ဘုရားအလောင်းဥဒေါင်းမင်းက "အရှင်ဘုရား...အကြင်အရဟတ္တမဂ်ဉာဏ်ဖြင့် ကိလေသာတို့ကို ပိုင်းဖြတ်၍ ပစ္စေကဗောဓိဉာဏ်ကို ထိုးထွင်း၍သိအပ်ပြီ၊ ထိုအရဟတ္တမဂ်ဉာဏ်ကို အာရုံပြု၍ သစ္စာပြုခြင်းကို ပြုတော်မူကုန်လော့၊ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ အနှောင်အဖွဲ့သို့ရောက်သော သတ္တဝါမည်သည် မဖြစ်လတ္တံ့"ဟု ပြောဆိုလေသည်။

ပစ္စေကဗုဒ္ဓတောပိ သဗ္ဗညုဗောဓိသတ္တာနညေဝ ဉပါယပရိဂ္ဂဟဉာဏံ မဟန္တတရံ ဟောတိ၊ တေန နံ အာဟ "ယံ ဝေါ မဂ္ဂေန (ယေန ဗောဓိမဂ္ဂေန၊သျာ, က) ကိလေသေ ခဏ္ဍေတွာ ပစ္စေကဗောဓိဉာဏံ ပဋိဝိဒ္ဓံ၊ တံ အာရဗ္ဘ သစ္စကိရိယံ ကရောထ၊ သကလဇမ္ဗူဒီပေ ဗန္ဓနဂတော သတ္တော နာမ န ဘဝိဿတီ"တိ။ (ဇာတက၊ ၄၊ ၄၊ ၃၄၁။)

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဘုရားအလောင်းဥဒေါင်းမင်းသည် ပေးအပ်သောအရာ၌တည်လျက် သစ္စာပြုလတ်သော် ဇမ္ဗူဒိပ်ကျွန်းဒ‌လုံး၌ နှောင်ဖွဲ့ထားအပ်သော သတ္တဝါမည်သည် မရှိတော့ချေ။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် လက်ကို မြှောက်၍ ဦးခေါင်းကို သုံးသပ်၏၊ထိုခဏ၌ပင်လျှင် လူ့အသွင်ကွယ်ပျောက်၍ ရဟန်းအသွင် ထင်ရှားဖြစ်လေသည်။

ပစ္စေကဗုဒ္ဓေါ ဟတ္ထံ ဥက္ခိပိတွာ သီသံ ပရာမသိ၊ တာဒေဝ ဂိဟိလိင်္ဂံ အန္တရဓာယိ၊ ပဗ္ဗဇိတလိင်္ဂံ ပါတုရဟောသိ။

## ပစ္စေကဗုဒ္ဓါအရှင်မြတ်က ဥဒေါင်းကို ရှိခိုးသလော?

ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဝါတော်ခြောက်ဆယ်ရပြီးသောမထေရ်ကြီးပမာ ရဟန်းအသွင်အပြင်နှင့် ပြည့်စုံလျက် ပရိက္ခရာရှစ်ပါးကို ဆောင်သည်ဖြစ်၍ "သင်ဥဒေါင်းမင်းသည်သာလျှင် ငါ၏မှီခိုရာ ဖြစ်ပေ၏"ဟု ပြောဆိုလျက် ဥဒေါင်းမင်းအား လက်အုပ်ချီ၍ လကျ်ာရစ်လှည့်သည်ကို ပြုကာ ကောင်းကင်သို့ ပျံတက်တော်မူပြီးလျှင် နန္ဒမူလိုဏ်သို့ ကြွမြန်းတော်မူလေ၏။

သော သင္ဂဝသိကတ္တေရော ဝိယ အာကပ္ပသမ္ပန္နော အဋ္ဌပရိက္ခာရဓရော ဟုတွာ "တွမေဝ မမ ပတိဋ္ဌာ အဟောသီ"တိ မောရရာဇဿ အဉ္စလိံ ပဂ္ဂယှ ပဒက္ခိဏံ ကတွာ အာကာသေ ဥပ္ပတိတွာ နန္ဒမူလကပဗ္ဘာရံ အဂမာသိ။(ဇာတက၊ ဋ္ဌ၊ ၄၊ ၃၄၁။)

### ဆတ်ဘဝ ၃ ကြိမ်

၁။ (၂၁) ကုရုင်္ဂမိဂဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၆။ ဋ္ဌ၊ ၁၊ ၁၈၉ ၁၉ဝ။ ငါးရာငါးဆယ်၊ ပ၊ ၁ဝ၉ ၁၁၁။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်အား သတ်ရန် ဒေဝဒတ်၏နည်းမျိုးစုံနှင့်စပ်နွှယ် စကားအသွယ်သွယ်။

အတိတ်ဝတ္ထု=ဘုရားအလောင်းဆတ်ကိုသတ်ရန် ဒေဝဒတ်အလောင်းမုဆိုးအကြံ ဘုရားအလောင်းဆတ်သိ။

ဆောင်ပုဒ်=မုဆိုးကြံချက်၊ လောင်းတော်တွက်၊ သေဘက် ကြုံသော်ငြား။

လောင်းတော်ကြိုတင်၊ သိကာမြင်၊ ကြံလျှင် ချီးနီးသွား။

၂။ (၂ဝ၆) ကုရုင်္ဂမိဂဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၅။ ဋ္ဌ၊ ၂၊ ၁၃၉ ၁၄၁။ ငါးရာငါးဆယ်၊ ဒု၊ ၂၁၁ ၂၁၃။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်အား သတ်ရန်ကြံသော ဒေဝဒတ်။

အတိတ်ဝတ္ထု=ဘုရားအလောင်းဆတ်ကို ဒေဝဒတ်အလောင်းမုဆိုး၏ကျော့ကွင်း၌မိသော်လည်း မိတ်ဆွေများဖြစ်သော အရှင်သာရိပုတ္တအလောင်း ခေါက်ရာငှက်(သတပတ္တ)နှင့် အရှင်မဟာမောဂ္ဂလ္လာန်အလောင်း လိပ်တို့၏ အကူအညီများကြောင့် ကျော့ကွင်းမှ လွတ်မြောက်ရခြင်း။

ဆောင်ပုဒ်များ=မုဆိုးထောင်လာ၊ ကျော့ကွင်းမှာ၊ မိရှာ လောင်းတော်မြတ်။

ဇာဝိလောင်းလျှာ၊ သေစိမ့်ငှါ၊ ယုတ်မာ ပြုမူလတ်။

မိတ်ဆွေကောင်းများ၊ ကူညီငြား၊ ပယ်ရှား ကျော့ကွင်းရစ်။

အရာတိုင်းမှာ၊ မိတ်ကောင်းဟာ၊ လိုရာ ကူညီတတ်။

ဇာတ်ကုရုင်္ဂ၊ ညွှန်းဖော်ပြ၊ တိကျ ထုံးကိုမှတ်။

၃။ (၄၈၂) ရုရုမိဂဇာတ်၊ တေရသကနိပါတ် (ဇာတက၊ ၂၇ဝ ၂၇၂။ ဋ္ဌ၊ ၄၊ ၂၅၆ ၂၆၃။ ငါးရာငါးဆယ်၊ စ၊ ၁၇၄ ၁၈၅။)

ပစ္စုပ္ပန်ဝတ္ထု=ကျေးဇူးရှိသော ဘုရားရှင်၏ကျေးဇူးကို မသိတတ်သော ဒေဝဒတ်။

အတိတ်ဝတ္ထု=အသက်ကို ကယ်ဘူးသော ဘုရားအလောင်းဆတ်မင်း၏ကျေးဇူးကိုပင် မသိတတ်သည့် ဥစ္စာပျက် ဒေဝဒတ်အလောင်းသူဌေးသား။ ဘုရင်မင်းသည် အရှင်အာနန္ဒာအလောင်းဖြစ်၏။

ဆောင်ပုဒ်=ကျေးဇူးကန်းငြား၊ ထိုသူကား၊ ပျက်ပြားအရပ်ရပ်။

ယုတ်မာသူနှင့်၊ ပေါင်းဖက်လင့်၊ မဖင့် ဆင်းရဲမှတ်။

ဒုက္ခော ဟဝေ ရာဇ အသဗ္ဘိ သင်္ဂမော။ အသပ္ပုရိသေဟိ သမာဂမော နာမ ဒုက္ခော မဟာရာဇ။

(ဇာတက၊ ဋ္ဌ၊ ၄၊ ၂၆ဝ။)

မင်းကြီး...သူတော်မဟုတ် သူယုတ်တို့နှင့် ပေါင်းဖော်ရခြင်းသည် အမှန်ပင် ဆင်းရဲလှ၏။

မှတ်ချက်။ မဏိကုဏ္ဍလတွင် "ရုရုမိဂ"ကို သမင် ဟု ဆိုကြောင်း သမ္ဗန္ဓစက္ကဒီပနီကျမ်း နဝမတွဲ(၆၂၅)၌လာ၏။ ကဥ္စနမိဂေါ, သုဝဏ္ဏဝဏ္ဏံ မိဂံ (ဇာ၊ ဋ္ဌ၊ ၄၊ ၂၅၇)တို့ကို ထောက်ဆလျှင် "သမင်"ဟု ဆိုခြင်းသည်လည်းသင့်အံ့ ထင်၏။

## ဖွတ်ဘဝ ၃-ကြိမ်

၁။ (၁၃၈) ဂေါဓဇာတ်၊ ဧကကနိပါတ်, (ဇာတက၊ ၁၊ ၃၂။ ဋ္ဌ၊ ၁၊ ၅၀၆-၅၀၈။ ငါးရာငါးဆယ်၊ ပ၊ ၅၇၆ ၅၇၈။)

ပစ္စုပ္ပန်ဝတ္ထု=အံ့ဖွယ်သရဲကို ဖြစ်စေတတ်သောရဟန်း။

အတိတ်ဝတ္ထု=ဖွတ်သားစားလို၍ ဘုရားအလောင်းဖွတ်ကို ဆောက်ပုတ်ဖြင့်ပစ်သော ရသေ့စဥ်းလဲ။

ထိုဝတ္ထု၌ပါသော သီလရှိသောရသေ့ကား အရှင်သာရိပုတ္တအလောင်းဖြစ်၏။

ဆောင်ပုဒ်=အပပြေပြစ်၊ အတွင်းညစ်၊ ကောက်ကျစ်သူအား သတိထား။

ဂေါဓဇာတ်လာ၊ ထုံးကိုသာ၊ သေချာမှတ်သား ရှင်လူများ။

၂။ (၁၄၁) ဂေါဓဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၃၃။ ဋ္ဌ၊ ၁၊ ၅၁၃-၅၁၄။ ငါးရာငါးဆယ်၊ ပ၊ ၅၈၅ ၅၈၇။)

ပစ္စုပ္ပန်ဝတ္ထု=ဆန့်ကျင်ဖက်ဖြစ်သူကို အဆွေခင်ပွန်းအဖြစ်ပေါင်းသောရဟန်း။

အတိတ်ဝတ္ထု=ဆန့်ကျင်ဖက်ကို မိတ်ဆွေအဖြစ်ပေါင်းသောရဟန်းအလောင်းသားငယ်ဖွတ်က ဖွတ်နှင့်ဆန့်ကျင်ဖက် ပုတ်သင်(ဒေဝဒတ်အလောင်း)နှင့် ပေါင်း၍ ဖွတ်များပျက်စီးရခြင်း၊ ဘုရားအလောင်းဖွတ်မင်း။

ဆောင်ပုဒ်=ဆန့်ကျင်ဖက်သား၊ မိတ်ဆွေထား၊ အများ ပျက်စီးမည်။

ဂေါဓဇာတ်တော်၊ ထုံးကိုဖော်၊ ဉာဏ်မျှော် ချင့်သင့်သည်။

ယုတ်မာသော မိတ်ဆွေနှင့်ပေါင်းဖော်သောသူသည် စင်စစ် ချမ်းသာကို မရပဲ မိမိကိုယ်ကို ပျက်စီးခြင်းသို့ သာရောက်ရပေ၏။

န ပါပဇနသံသေဝီ၊ အစ္စန္တသုခမေဓတိ။

ဂေါဓာကုလံ ကကဏ္ဍာဝ၊ ကလိံ ပါပေတိ အတ္တာနံ။

(ဇာတက၊ ၁၊ ၃၃။ ဋ္ဌ၊ ၁၊ ၅၁၄။)

ဂေါဓာကုလံ ဖွတ်မျိုးသည်၊ ကကဏ္ဍာ-ပုတ်သင်မှ၊ သုခံ-ချမ်းသာကို၊ န ဧဝတိ ဣဝ မရသကဲ့သို့၊ ပါပဇနသံသေဝီ-ယုတ်မာသော အဆွေခင်ပွန်းနှင့် ပေါင်းဖော်သောသူသည်၊ အစ္စန္တသုခံ-စင်စစ်ချမ်းသာကို၊ န ဧဝတိ မရ၊ အတ္တာနံ မိမိကိုယ်ကို၊ ကလိံ-ပျက်စီးခြင်းသို့၊ ပါပေတိ-ရောက်စေ၏။

၃။ (၃၂၅) ဂေါဓရာဇဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၀၅။ ဋ္ဌ၊ ၃၊ ၇၇-၇၉။ ငါးရာငါးဆယ်၊ ဒု၊ ၆၈၆ ၆၈၈။)

ပစ္စုပ္ပန်ဝတ္ထု=အံ့ဖွယ်သရဲကို ဖြစ်စေတတ်သောရဟန်း။

အတိတ်ဝတ္ထု=ဖွတ်သားစားရ၍ ဘုရားအလောင်းဖွတ်မင်းကို သတ်လိုသည့် အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော (ရဟန်းအလောင်း) ရသေ့။

## ငါးဘဝ ၃ ကြိမ်

၁။ (၇၅) မစ္ဆဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၈။ ဋ္ဌ၊ ၃၄၈-၃၅၁။ ငါးရာငါးဆယ်၊ ပ၊ ၃၄၁ ၃၄၅။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏တန်ခိုးတော်ကြောင့် မိုးရွာခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းငါးမင်း(ငါးရံ့မင်း)၏သစ္စာတန်ခိုးကြောင့် မိုးရွာခြင်း။

ငါးမင်း၏သစ္စာစကား=အိုပဇ္ဇုန်နတ်...ငါသည် ဆွေးမျိုးအပေါင်းကို မှီ၍ ဆင်းရဲ၏၊ သင်သည် သီလရှိသောငါသည် ပင်ပန်းလျက် အဘယ့်ကြောင့် မိုးကို မရွာစေသနည်း?၊ ငါသည် ဇာတ်တူဖြစ်သော သတ္တဝါတို့ကို စားတတ်သောအမျိုး၌ဖြစ်ပါလျက် ဆန်လုံးပမာဏရှိသော ငါးကိုအစပြု၍ စားဖူးသော မည်သည် မရှိ၊ ငါသည် တပါးသောသတ္တဝါကိုလည်း ဇီဝိတ်ခြွေမှ မချဖူး၊ ဤသို့လျှင် ငါ၏သစ္စာ ကြောင့် မိုးကိုရွာစေ၍ ငါ၏ဆွေမျိုးအပေါင်းကို ဆင်းရဲမှ လွတ်မြောက်စေလော့။

အဘိတ္ထနယ ပဇ္ဇုန္န၊ နိဓိံ ကာကဿ နာသယ။

ကာကံ သောကာယ ရန္ဓေဟိ၊ မဉ္စ သောကာ ပမောစယ။

(ဇာ၊ ၁၊ ၁ [illegible] ၊ ၁၊ ၃၅၀။)

ပဇ္ဇုန္န ပဇ္ဇုန်နတ်မင်း၊ အဘိတ္ထနယ ထစ်ကြိုးပါလော့၊ ကာကဿ ကျီး၏၊ နိဓိံ ဥစ္စာအိုးကို၊ နာသယ ဖျက်ဆီးပါလော့၊ ကာကံ ကျီးကို၊ သောကာယ စိုးရိမ်ခြင်းငှါ၊ ရန္ဓေဟိ ပြုပါလော့၊ မဉ္စ ငါ့ကိုလည်း၊ သောကာ စိုးရိမ်ခြင်းမှ၊ ပမောစယ လွတ်စေပါလော့။

ဆောင်ပုဒ်များ=မိုးခေါင်လေငြား၊ မျိုးဆွေငါး၊ ကျီးများ ထိုးသုတ်လျှင်။
ဒုက္ခရောက်ရှာ၊ ငါးများစွာ၊ လောင်းလျာစိတ်မရွှင်။
ငါးမင်းသစ္စာ၊ ပြုသောခါ၊ မကြာ မိုးတိမ်ဆင်။
မိုးကြီးသည်းစွ၊ ရွာသွန်းချ၊ ရွှင်ပျ ငါးပေါင်းလျှင်။
မျက်မှောက်ခေတ်ကား၊ မိုးခေါင်ငြား၊ ရွတ်ပွား ပရိတ်ပင်။
ငါးမင်းပရိတ်၊ ထုံးပုံရိပ်၊ စွဲစိတ်နှလုံးတွင်။

၂။ (၁၁၄) မိတစိန္တီဇာတ၊ ဧကကနိပါတ် (ဇာတက၊ ၂၇။ ဋ္ဌ၊ ၁၊ ၄၅၁ ၄၅၃။ ငါးရာငါးဆယ်၊ ပ၊ ၄၉၇ ၄၉၉။)
ပစ္စုပ္ပန်ဝတ္ထု=ပျင်းရိသောကြောင့်လည်းကောင်း, မိမိတို့နေရာ၌ တပ်စွန်းငဲ့ကွက်သောကြောင့်လည်းကောင်း သုံးလ ကျော်မှ ဘုရားရှင့်ထံတော်သို့ သွားရောက်နိုင်ကြသော တောကျောင်းနေ ရဟန်းအိုကြီးနှစ်ပါး။
အတိတ်ဝတ္ထု=ရဟန်းအိုကြီးနှစ်ပါးအလောင်း ပျင်းရိသောငါးနှစ်ကောင် ဘုရားအလောင်းမိတစိန္တီငါးကြောင့် ကွန်မှ လွတ်ကြရခြင်း။
ဆောင်ပုဒ်=အပျင်းမွေးမြူ၊ ရင်နှင့်လူ၊ မှတ်ယူကြဖို့ကောင်း။
မိတစိန္တီ၊ ဇာတ်ကိုမှီ၊ ပျင်းသည် ပယ်အပ်ကြောင်း။

၃။ (၂၃၆) ဗကဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၅။ ဋ္ဌ၊ ၂၊ ၂၁၄ ၂၁၅။ ငါးရာငါးဆယ်၊ ဒု၊ ၃၁၇ ၃၁၈။)
ပစ္စုပ္ပန်ဝတ္ထု=အံ့ဖွယ်သရဲကို ဖြစ်စေတတ်သောရဟန်း။
အတိတ်ဝတ္ထု=ထိုရဟန်းအလောင်း နူးညံ့သိမ်မွေ့ယောင်ဆောင်သည့် ဗျိုင်းသီလကြောင်ကို ဘုရားအလောင်းငါးမင်း ဦးဆောင်သည့် ငါးအပေါင်းက ပြေးစေခြင်း။
ဆောင်ပုဒ်=အကျင့်ရှိယောင်၊ သီလကြောင်၊ ဗျိုင်းကောင် ပုံထုံးရပ်။
အကြောင်းသိသွား၊ ထိုသူအား၊ ပယ်ရှားပစ်မည်မှတ်။

ဘုရားအလောင်းတော်သည် လင်းတဘဝ, ငုံးဘဝ, မြင်းဘဝ, နဂါးဘဝတို့၌ လေးကြိမ်စီ ဖြစ်တော်မူရလေသည်။

## လင်းတဘဝ ၄ ကြိမ်

၁။ (၁၆၄) ဂိဇ္ဈဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၁။ ဋ္ဌ၊ ၂၊ ၅၅ ၅၇။ ငါးရာငါးဆယ်၊ ဒု၊ ၆၉ ၇၂။)
ပစ္စုပ္ပန်ဝတ္ထု=မိဘတို့ကို လုပ်ကျွေးသော ရဟန်း။
အတိတ်ဝတ္ထု=အမိကို လုပ်ကျွေးသော ဘုရားအလောင်းလင်းတ။
ဆောင်ပုဒ်=ရှင်ရဟန်းပင်၊ မွေးမိခင်၊ ဘခင် လုပ်ကျွေးရာ။
မြတ်စွာဗုဒ္ဓ၊ ချီးမွမ်းထ၊ ဂိဇ္ဈဇာတ်တော်မှာ။
လင်းတများသည် ယူဇနာတရာအထက်၌ ရပ်တည်လျက် သားကောင်ပုပ်ကို မြင်နိုင်ကုန်သတဲ့။
ဂိဇ္ဈာ ကိရ ယောဇနသတမတ္ထကေ ကုဏပံ ပဿန္တိ။ (ဇာတက၊ ဋ္ဌ၊ ၂၊ ၅၆။)

၂။ (၃၈၁) မိဂါလောပဇာတ်၊ ဆက္ကနိပါတ် (ဇာတက၊ ၁၊ ၁၄၁။ ဋ္ဌ၊ ၃၊ ၂၃၉ ၂၄၁။ ငါးရာငါးဆယ်၊ တ၊ ၁၄၉ ၁၅၂။)
ပစ္စုပ္ပန်ဝတ္ထု=ဆိုဆုံးမခက်(ဆုံးမစကားနားမထောင်)သော ရဟန်း။
အတိတ်ဝတ္ထု=ဖခင်ဘုရားအလောင်း အပနန္ဒ(အပရဏ္ဍ)မည်သော လင်းတမင်း၏ဆုံးမစကားနားမထောင်ပဲ အတိုင်းအတာထက် ကျော်လွန်ပျံတက်၍ သေကြေပျက်စီးရသော ဆိုဆုံးမခက်သောရဟန်းအလောင်း

မိဂါလောပမည်သော သားလင်းတ။

ဆောင်ပုဒ်=ကြီးသူဆုံးမ၊ ပစ်ပယ်က၊ မုချ ပျက်စီးကြောင်း။

မိဂါလောပ၊ ဇာတက၊ ထုံးက ပြည့်နှန်းကောင်း။

၃။ (၃၉၉) မာတုပေါသကဂိဇ္ဈဇာတ်၊ သတ္တကနိပါတ် (ဇာတက၊ ၁၊၁၅၈။ ဋ္ဌ၊ ၃၊၃၁၀-၃၁၂။ ငါးရာငါးဆယ်၊ တ၊ ၂၅၆-၂၅၉။)

ပစ္စုပ္ပန်ဝတ္ထု=အမိကို လုပ်ကျွေးသောရဟန်း။

အတိတ်ဝတ္ထု=မိဘတို့ကို လုပ်ကျွေးသော ဘုရားအလောင်းလင်းတမင်း၊ လင်းတမင်းကို ကျော့ကွင်းမှ လွှတ်၍ချမ်းသာ စေသော ဆန္ဒအလောင်းမုဆိုး။

ဆောင်ပုဒ်=ပျက်စီးဖို့ရန်၊ အချိန်တန်၊ ဘေးရန်မမြင်ပါ။

လင်းတမင်းဇာတ်၊ ဖော်ညွှန်းလတ်၊ မြဲမှတ်ထုံးကိုသာ။

ယဒါ ပရာဘဝေါ ဟောတိ၊ ပေါသော ဇီဝိတသင်္ခယေ။

အထ ဇာလဉ္စ ပါသဉ္စ၊ အာသဇ္ဇာပိ န ဗုဇ္ဈတိ။

(ဇာတက၊ ၁၊ ၁၅၈။)

ပေါသော-သတ္တဝါသည်၊ ဇီဝိတသင်္ခယေ-အသက်ကုန်လိုခြင်းကြောင့်၊ ယဒါ အကြင်အခါ၌၊ ပရာဘဝေါ ပျက်စီးလိုသည်၊ ဟောတိ-ဖြစ်၏၊ အထ-ထိုအခါ၌၊ ဇာလဉ္စ-ပိုက်ကွန်သို့လည်းကောင်း၊ ပါသဉ္စ ကျော့ကွင်းသို့ လည်းကောင်း၊ အာသဇ္ဇာပိ-ရောက်၍လည်း၊ န ဗုဇ္ဈတိ-မသိ။

၄။ (၄၂၇) ဂိဇ္ဈဇာတ်၊ နဝကနိပါတ် (ဇာတက၊ ၁၊ ၁၈၇။ ဋ္ဌ၊ ၃၊ ၄၅၉-၄၆၁။ ငါးရာငါးဆယ်၊ တ၊ ၄၈၆-၄၉၀။)

ပစ္စုပ္ပန်ဝတ္ထု=ဆရာဥပဇ္ဈာယ်နှင့် သီတင်းသုံးဖော်တို့ဆိုဆုံးမအပ်သည်ကို မနာခံသောရဟန်း။

အတိတ်ဝတ္ထု=ဖခင်ဘုရားအလောင်းလင်တမင်း၏စကားကို နားမထောင်ပဲ အမြင့်သို့ပျံ၍ ပျက်စီးရသော သားလင်းတ။

ဆောင်ပုဒ်=အကျိုးလိုလား၊ ဆုံးမငြား၊ မှတ်သားလိုက်နာပါ။

ဂိဇ္ဈဇာတ်တော်၊ ညွှန်ပြဖော်၊ ထုံးနော် ကျမ်းအလာ။

မဆွရေးက၊ သုပတ္တဟု၊ လင်းတကျေးသား၊ ဘစကားကို၊ နားမထောင်ချက်၊ ဆုံးမခက်ကြောင့်၊ ပျံတက် ကောင်းကင်၊ ပင်လယ်ပြင်ဝယ်၊ လေသင်ဓုန်းဖြတ်၊ လှိုင်းဟုန်ခတ်၍၊ သက်ပြတ်ကြေမွ၊ သေကုန်ကြ၏၊ မိဘစကား၊ နားထောင်ငြားက၊ သံပြားကျောက်စောင်း၊ ကြိုသော်ပျောင်းဟု၊ သူဟောင်းရေးလွန်၊ ဆိုမိန့် ညွှန်၏။ (မဟာသုတကာရီမဃဒေဝလင်္ကာသစ်၊ ပုတ္တောဝါဒခန်း၊ အပိုဒ် ၂၆၂၊ နှာ ၁၉၄။)

## ငုံးဘဝ ၄ ကြိမ်

၁။ (၃၃) သမ္မောဒမာနဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၉။ ဋ္ဌ၊ ၁၊ ၂၂၄-၂၂၆။ ငါးရာငါးဆယ်၊ ပ၊ ၁၆၀ ၁၆၂။)

ပစ္စုပ္ပန်ဝတ္ထု=ဆွေတော်မျိုးတော်တို့၏ခေါင်းခုတစ်ခုကို အစွဲပြု၍ ဖြစ်သောရန်ပွဲ။

အတိတ်ဝတ္ထု=ဒေဝဒတ်အလောင်းမလိမ္မာသောငုံးနှင့် အခြားငုံးတို့ငြင်းခုံခိုက်ရန်ပြုကြလျက် ပိုက်ကွန်မိ၍ ငုံးများ ပျက်စီးရခြင်း၊ မိမိစကား မလိုက်နာမည်ကို သိ၍ ရှောင်ရှားနေသော ဘုရားအလောင်းငုံးမင်း။

ဆောင်ပုဒ်=ညီညွတ်ချင်းချင်း၊ ချမ်းသာခြင်း၊ မှုရင်းကြောင်းအရာ။

ညီညွတ်မှုကင်း၊ ပျက်စီးခြင်း၊ အရင်းအမြစ်သာ။

သမ္မောဒဇာတ်၊ ထုံးကိုမှတ်၊ ကျမ်းမြတ် ဇာတ်တော်လာ။

မဟာရာဇ ဉာတကာနံ အညမညံ ဝိဂ ဟော နာမ န ယုတ္တော၊ တိရစ္ဆာနဂတာပိ ဟိ ပုဗ္ဗေ သမဂ္ဂကာလေ ပစ္စာမိတ္တေ အဘိဘဝိတွာ သောတ္ထိံ ပတ္တာ၊ ယဒါ ဝိဝဒမာပန္နာ၊ တဒါ မဟာဝိနာသံ ပတ္တာ။ (ဇာဋ္ဌ၊၁၊၂၂၄။)

ဓဝံ မဟာရာဇ ဉာတကာနံ ကလဟော နာမ န ယုတ္တော၊ ကလဟော ဝိနာမူလမေဝ ဟောတိ။ (...၊၂၂၆။)

၂။ (၃၅) ဝဋ္ဋကဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၉။ ဋ္ဌ၊ ၁၊ ၂၂၉-၂၃၁။ ငါးရာငါးဆယ်၊ ပ၊ ၁၆၇-၁၇၁။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်နှင့် ရဟန်းအပေါင်းတို့ ဒေသစာရီကြွချိရာ တောမီးငြိမ်းခြင်း။
အတိတ်ဝတ္ထု=အသိုက်တွင်းမှ ဘုရားအလောင်းငုံးငယ်၏သစ္စာအစွမ်းကြောင့် တောမီးငြိမ်းခြင်း။
ဆောင်ပုဒ်=လောင်းလျာငယ်ငုံး၊ သစ္စာသုံး၊ ရှောင်ပုံး တောမီးဟာ။
သစ္စာတရား၊ စွမ်းပကား၊ ထင်ရှား ဤလူ့ရွာ။
ငုံးပရိတ္တ၊ ရွတ်ဆိုက၊ ဝေးစွ မီးဘေးမှာ။
ငုံးမင်းပရိတ်ကို စရိယာပိဋက(ခု၊ ၄၊ ၄၁၅)၌လည်း ကြည့်ရှုနိုင်သည်။

၃။ (၁၁၈) ဝဋ္ဋကဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၂၇။ ဋ္ဌ၊ ၁၊ ဝဋ္ဋ=၄၅၈-၄၆၁။ ငါးရာငါးဆယ်၊ ပ၊ ၅၀၆-၅၁၀။)
ပစ္စုပ္ပန်ဝတ္ထု=မင်းဘေးရောက်သဖြင့် ဘေးလွတ်ရာကို ရှာ၍ ရဟန္တာဖြစ်သောသူဌေးသား။
အတိတ်ဝတ္ထု=ဘေးရန်ကျရောက်သည်ကို ဥပါယ်တံမျဉ်ဖြင့် ဘေးမှလွတ်သော ဘုရားအလောင်းငုံး။
ဆောင်ပုဒ်=ဘေးရန်တွေ့က၊ မကြံဆ၊ လွတ်စ လမ်းမသိ။
ဘေးရန်ကြုံလာ၊ တွေးဆကာ၊ လွတ်ရာလွတ်ကြောင်းရှိ။
ဝဋ္ဋကဇာတ်၊ ဖြစ်တော်ရပ်၊ ထုံးမှတ် သေချာဘိ။
မကြံစည် မကြံဆသောသူသည် ထူးထွေဆန်းပြားသောအကျိုးကို မရနိုင်။ ကြံစည်ယူဆသောသူအဖို့သာ အကျိုးကို တွေ့မြင်ရ၏၊ ထိုသို့ ကြံစည်အပ်သော ဥပါယ်ဖြင့်ပင်လျှင် အသတ်ခံရခြင်းအနှောင်အဖွဲ့မှ လွတ်ရ၏။
နာစိန္တယန္တော ပုရိသော၊ ဝိသေသ'မဓိဂစ္ဆတိ။
စိန္တိတဿ ဖလံ ပဿ၊ မုတ္တော'သ္မိ ဝဓဗန္ဓနာ။
(ဇာတက၊ ၁၊ ၂၇။ ဋ္ဌ၊ ၁၊ ၄၆၀။)

၄။ (၃၉၄) ဝဋ္ဋကဇာတ်၊ ဆက္ကနိပါတ် (ဇာတက၊ ၁၊ ၁၅၃။ ဋ္ဌ၊ ၃၊ ၂၉၃-၂၉၅။ ငါးရာငါးဆယ်၊ တ၊ ၂၃၀-၂၃၂။)
ပစ္စုပ္ပန်ဝတ္ထု=လျှပ်ပေါ်လော်လီသောရဟန်း။
အတိတ်ဝတ္ထု=လျှပ်ပေါ်လော်လီသောရဟန်းအလောင်းကျီး(များ)ပိန်လှီ၍ ဘုရားအလောင်းငုံး ဆုံးမရခြင်း အကြောင်း။
ဆောင်ပုဒ်=ရရသမျှ၊ ရှောင့်ရဲမှ၊ မုချ ချမ်းသာမည်။
ဝဋ္ဋကဇာတ်၊ ထုံးကိုမှတ်၊ ဆတ်ဆတ် ဉာဏ်ချင့်မှီ။

## မြင်းဘ၀ ၄ ကြိမ်

၁။ (၂၃) ဘောဇာဇာနီယဇာတ်(ဂေါဇာဇာနီယ-က)ကေကနိပါတ်(ဇာ၁၊ ၆။ ဋ္ဌ၁၊ ၁၉၄-၁၉၆။ ငါးရာငါးဆယ်၊ပ၊၁၁၆-၁၁၉။)
ပစ္စုပ္ပန်ဝတ္ထု=လုံ့လဝီရိယလျော့သော ရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=အရှင်သာရိပုတ္တအလောင်းမြင်းစီးသူရဲနှင့်အတူတကွ သေရတော့မည်ဒဏ်ရာရလျက် ရန်သူကို အနိုင်တိုက်သော ဘုရားအလောင်း သိန္ဓောမြင်း။ ဗာရာဏသီမင်းကား အရှင်အာနန္ဒာအလောင်း။
ဆောင်ပုဒ်=အားထုတ်သင့်ရာ၊ လုံ့လသာ၊ မှန်စွာ အောင်မြင်ကြောင်း။
ကြိုးစားသင့်ရာ၊ ကြိုးစားပါ၊ အောင်မှာ ရန်အပေါင်း။
သိန္ဓောမင်းဇာတ်၊ ထုံးကိုမှတ်၊ ကြိုးအပ် ရှင်လူပေါင်း။

၂။ (၂၄) အာဇညဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၆။ ဋ္ဌ၊ ၁၉၆-၁၉၇။ ငါးရာငါးဆယ်၊ ပ၊ ၁၂၀-၁၂၁။)
ပစ္စုပ္ပန်ဝတ္ထု=လုံ့လဝီရိယလျော့သော ရဟန်း။
အတိတ်ဝတ္ထု=သေရတော့မည်ဒဏ်ရာရလျက် ရန်သူကို အနိုင်တိုက်သော ဘုရားအလောင်းသိန္ဓောမြင်း။

ဆောင်ပုဒ်=လုံ့လနှင့်ဖွဲ၊ မလျော့ပဲ၊ အားခဲ မြင်းရာဇာ။
သေအံ့ဆဲဆဲ၊ အနိုင်ကြဲ၊ တိုက်ပွဲဝင်ခဲ့ပါ။
အများအကျိုး၊ ဆောင်သယ်ပိုး၊ လောင်းမျိုးဇာနည်သာ။
အာဇညဇာတ်၊ ထုံးကိုမှတ်၊ ကြိုးလတ် တို့သူငါ။

၃။ (၁၉၆) ဝလာဟကဿဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၁။ ဋ၊ ၂၊ ၁၁၆ ၁၁၉။ ငါးရာငါးဆယ်၊ ဒု၊ ၁၇၇ ၁၈၁။)
ပစ္စုပ္ပန်ဝတ္ထု=သာသနာတော်၌ ငြီးငွေ့သောရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=ဘီလူးမတို့၏အလိုသို့လိုက်ကြသည့် ကုန်သည် ၂၅၀ -တို့သေကြေပျက်စီးကြ၍ ဘုရားအလောင်း ဝလာဟကမြင်းမင်း၏အစွမ်းကြောင့် ကုန်သည်ကြီးအမှူးပြုသည့် ကျန်ကုန်သည် ၂၅၀ တို့ အသက် ချမ်းသာရာရခြင်း။
ဆောင်ပုဒ်=ကာမဂုဏ်၌၊ အာရုံစိုက်၊ ပျော်ပိုက်နေလေ့သူ။
ဘီလူးမများ၊ ဖြားယောင်းငြား၊ သတ်စားခံရဟူ။
ဝလာမြင်းပျံ၊ ဇာတ်တော်သံ၊ မှတ်ရန် များရှင်လူ။

၄။ (၂၆၆) ဝါတဂ္ဂသိန္ဓဝဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၇၇။ ဋ၊ ၂၊ ၃၀၅ ၃၀၇။ ငါးရာငါးဆယ်၊ ဒု၊ ၄၄၅ ၄၄၈။)
ပစ္စုပ္ပန်ဝတ္ထု=အမှုလွန်သောမိန်းမ သူကြွယ်ကိုမရသည်ပြင် ဖွဲလန်းစိတ်ကြောင့် အစာပြတ်၍ သေပွဲဝင်ရခြင်း။
အတိတ်ဝတ္ထု=အမှုလွန်သောမြည်းမ ဘုရားအလောင်းသိန္ဓောမြင်းကို မရခြင်း။
ဆောင်ပုဒ်=အမှုလွန်ကဲ၊ ချစ်သူလွဲ၊ သေပွဲဝင်ရသည်။
မမှုသင့်တာ၊ မမှုရာ၊ ဉာဏ်မှာ ချင့်ရမည်။
ဝါတဂ္ဂဇာတ်၊ ထုံးကိုမှတ်၊ ဆုံးဖြတ်ကျမ်းအညီ။

## နဂါးဘဝ ၄-ကြိမ်

၁။ (၁၀၄) ဒဒ္ဒရဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၉၅။ ဋ၊ ၃၊ ၁၄ ၁၆။ ငါးရာငါးဆယ်၊ ဒု၊ ၆၀၁ ၆၀၃။)
ပစ္စုပ္ပန်ဝတ္ထု=အမျက်ထွက်တတ်သော ရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=အမျက်ထွက်တတ်သော ညီတော်စူဠဒဒ္ဒရနဂါးကြောင့် ညီတော်ရော နောင်တော်ဘုရားအလောင်း မဟာဒဒ္ဒရနဂါးပါ ဖခမည်းတော်ဒဒ္ဒရနဂါးမင်း၏အမိန့်ဖြင့် မစင်စွန့်ရာမြေ၌ သုံးနှစ်နေကြရခြင်း။

၂။ (၅၀၆) စမ္ပေယျဇာတ်၊ ဝီသတိနိပါတ် (ဇာတက၊ ၁၊ ၃၃၈ -၃၄၄။ ဋ၊ ၄၊ ၄၅၇ -၄၇၂။ ငါးရာငါးဆယ်၊ စ၊ ၅၁၅ ၅၄၃။)
ပစ္စုပ္ပန်ဝတ္ထု=ဥပုသ်စောင့်သုံးခြင်းသည် ကောင်း၏ ဟု ဘုရားရှင်ဟောခြင်း။
အတိတ်ဝတ္ထု=နဂါးမင်းစည်းစိမ်ကို စွန့်၍ လူပြည်၌ ဥပုသ်စောင့်သုံးသော ဘုရားအလောင်းစမ္ပေယျနဂါးမင်း။
ဒေဝဒတ်အလောင်း မြွေအလမ္ပာယ်သမား, ရာဟုလမယ်တော်အလောင်း သုမနာနဂါးမိဖုရား, အရှင်သာရိပုတ္တာအလောင်း ဥဂ္ဂသေနမင်း။

မှတ်ချက်=ဘုရားအလောင်းတော်သည် စမ္ပေယျနဂါးမင်းမဖြစ်မီ သူဆင်းရဲဖြစ်၍ (ပဌမစမ္ပေယျ)နဂါးမင်း၏စည်းစိမ်ကို တပ်နှစ်သက်ကာ ထိုနဂါးစည်းစိမ်ကို တောင့်တလျက် ကောင်းမှုပြု၍ သေလွန်သည့်နောက်၌ စမ္ပေယျနဂါးမင်း ဖြစ်ရသည်။
ဆောင်ပုဒ်=သက်မငဲ့ကွက်၊ သီလတွက်၊ ဖြည့်လျက်ပါရမီ။
ပရမတ္ထ၊ မြတ်သီလ၊ ဖြည့်ရ လောင်းလျာသည်။
စမ္ပေယျဇာတ်၊ ကျမ်းတော်မြတ်၊ မှတ်အပ် သူငါသည်။
အဟိတုဏ္ဍိက -မြွေအလမ္ပာယ်သမား, အလမ္ပာယ်သမား

အလမ္ဗာယနမန္တ-အလမ္ဗာယ်အတတ်, အလမ္ဗာယ်မန္တန်, အလမ္ဗာယ်မန္တရား၊
(အာလမ္ဗာယနမန္တ-သီ၊ အာလမ္ဗာယနမန္တ-သျှ၊ အာလမ္ဗနမန္တ-ဣ)(အာလမ္ဗာယ်, အာလမ္ဗာယ်အတတ်)

၃။ (၅၂၄) သင်္ခပါလဇာတ်၊ စတ္တာလီသနိပါတ် (ဇာတက၊ ၂၊ ၁၆-၂၄။ ဋ္ဌ၊ ၅၊ ၁၇၂-၁၈၈။ ငါးရာငါးဆယ်၊ မ၊ ၉၈ ၁၃၀။)

ပစ္စုပ္ပန်ဝတ္ထု=ဇေတဝန်ကျောင်းတော်၌ ဥပါသကာတို့ ဥပုသ်ဆောက်တည်ခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းသင်္ခပါလနဂါးမင်း ဥပုသ်စောင့်ခြင်းနှင့် ဒါနဝတ္ထု ၁၀ ပါးဟောခြင်း။

မှတ်ချက်=ဘုရားအလောင်းတော်သည် သင်္ခပါလနဂါးမင်းမဖြစ်မီ ဒုယျောဓနမည်သော မဂဓမင်းဖြစ်၍ ဖခမည်းတော်ရသေ့ထံသို့ ဆည်းကပ်လာသော (ပဥ္စမသင်္ခပါလ)နဂါးမင်းစည်းစိမ်ကို တောင့်တ၍ ကုသိုလ်ကောင်းမှုပြုကာ စုတေလေသော် သင်္ခပါလနဂါးမင်းဖြစ်ရလေသည်။

ဒုယျောဓနမင်းသည် (၁) ပန်း, (၂) နံ့သာ, (၃) နံ့သာပျောင်း, (၄) ဆီမီး, (၅) ယာဉ်, (၆) ကျောင်း, (၇) အဝတ်သင်္ကန်း, (၈) အိပ်ရာနေရာ, (၉) ထမင်း, (၁၀) အဖျော်=ဤဆယ်မျိုးသော ဒါနဝတ္ထုတို့ကို လှူဒါန်းခဲ့သောကြောင့် သင်္ခပါလနဂါးမင်းဘဝဝယ် ရွှေဗိမာန်ကိုရခြင်း, များစွာသော ဘောဇဉ်, ထမင်းအဖျော်ကို ရခြင်း, ကချေသည်+သီချင်းသည်တို့နှင့်ပြည့်စုံခြင်းကို ရလေသည်။

မာလဉ္စ ဂန္ဓဉ္စ ဝိလေပနဉ္စ၊ ပဒီပိယံ ယာနမုပဿယဉ္စ။
အစ္ဆာဒနံ သယနမထန္နပါနံ၊ သက္ကစ္စ ဒါနာနိ အဒမှ တတ္ထ။
တံ မေ ဝတံ တံ ပန ဗြဟ္မစရိယံ၊ တဿ သုစိဏ္ဏဿ အယံ ဝိပါကော။
တေနေဝ မေ လဒ္ဓမိဒံ ဝိမာနံ၊ ပဟူတဘက္ခံ ဗဟုအန္နပါနံ။
နစ္စေဟိ ဂီတေဟိ စုပေတရူပံ၊ စိရဋ္ဌိတိကံ န စ သဿတာယံ။
(ဇာတက၊ ၂၊ ၁၈၃။)

ဆောင်ပုဒ်=ကုသိုလ်ပြုရာ၊ ကောင်းဆုံးမှာ၊ လှူရှာဘုံဌာန။
လောင်းမြတ်လီလီ၊ ပါရမီ၊ ဖြည့်သည် လှူဘဝ။

၄။ (၅၄၃) ဘူရိဒတ္တဇာတ်၊ မဟာနိပါတ် (ဇာတက၊ ၂၊ ၂၂၁-၂၄၂။ ဋ္ဌ၊ ၇၊ ၁-၇၀။ ဇာတ်တော်ကြီးဆယ်ဘွဲ့၊ ဒု၊ ၂၁၉ ၂၉၂။)

ပစ္စုပ္ပန်ဝတ္ထု=ဇေတဝန်ကျောင်းတော်၌ ဥပုသ်သီတင်းဆောက်တည်ကြသော ဥပါသကာများ။

အတိတ်ဝတ္ထု=ဘုရားအလောင်းဘူရိဒတ်နဂါးမင်း ဥပုသ်စောင့်သုံးခြင်း။

ကျေးဇူးရှင်ဘူရိဒတ်နဂါးမင်းကို အလမ္ဗာယ်သမားအား ဖမ်းယူစေသော ဒေဝဒတ်အလောင်းမုဆိုးပုဏ္ဏား, အရှင်အာနန္ဒာအလောင်း(မုဆိုး၏သား)သောမဒတ္တ, ဥပ္ပလဝဏ်ထေရီအလောင်း(ဘူရိဒတ်နဂါးမင်း၏မိထွေးတော် သမီး ဖားယောင်ဆောင်သော) အဇမုခီနဂါးမ, အရှင်သာရိပုတ္တအလောင်း (ရသေ့ယောင်ဆောင်) နောင်တော်သုဒဿနနဂါးမင်း, အရှင်မဟာမောဂ္ဂလ္လာန်အလောင်း ညီတော်သုဘောဂနဂါးမင်း, သုနက္ခတ်အလောင်း ညီတော်ကာဏာရိဋ္ဌနဂါးမင်း။

ဘုရားအလောင်းတော်သည် နွားဘဝ၌ ငါးကြိမ် ဖြစ်တော်မူရသည်။

နွားဘဝ ၅ ကြိမ်

၁။ (၂၈) နန္ဒိဝိသာလဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၇။ ဋ္ဌ၊ ၁၊ ၂၀၇ ၂၀၉။ ငါးရာငါးဆယ်၊ ပ၊ ၁၃၅ ၁၃၈။)

ပစ္စုပ္ပန်ဝတ္ထု=ဆဗ္ဗဂ္ဂီရဟန်းတို့ခိုက်ရန်ပြု၍ ရဟန်းတို့ကို ဆဲရေးခြင်း။

အတိတ်ဝတ္ထု=အသပြာတစ်ထောင်ကြေးဖြင့် လှည်းအစီးတရာကို ဆွဲငင်ရန် လောင်းတမ်းပြုရာ၌ ပိုင်ရှင်ပုဏ္ဏားက ကြမ်းတမ်း, ဆဲရေးခြင်းကို ပြုသဖြင့် ဘုရားအလောင်းနန္ဒိဝိသာလနွားက လှည်းများကို မဆွဲငင်ခြင်း ကြောင့် အသပြာတစ်ထောင်ရှုံး၍ အသပြာနှစ်ထောင်ကြေးဖြင့် ထပ်မံ လောင်းတမ်းပြုစေရာ၌ ပုဏ္ဏားက ချိုသာသောစကားကို ပြောဆိုခေါ်ငင်သဖြင့် ဘုရားအလောင်းနွားက လွယ်ကူစွာ လှည်း

အစီးတစ်ရာကို ဆွဲငင်နိုင်ခြင်းကြောင့် အသပြာနှစ်ထောင်ရလေသည်။

မနုညမေဝ ဘာသေယျ၊ နာမနုည် ကုဒါစနံ။
မနုည် ဘာသမာနဿ၊ ဂရုံ ဘာရံ ဥဒဒ္ဓရိ။
ဓနဥ္စ နံ အလာဘေသိ၊ တေန စ'တ္တမနော အဟု။
(ဇာတက၊ ၁၊ ၇။ ဋ္ဌ၊ ၁၊ ၂၀၉။ ဝိ၊ ၂၊ ၈။)

ဘိက္ခဝေ ရဟန်းတို့၊ ပရေန တပါးသောသူနှင့်၊ သဒ္ဓိံ တကွ၊ ဘာသမာနော ပြောဆိုသောသူသည်၊ မနုညမေဝ နှစ်သက်ဖွယ်သော စကားကိုသာလျှင်၊ ဘာသေယျ ပြောဆိုရာ၏၊ အမနုည် မနှစ်သက်ဖွယ်သော စကားကို၊ ကုဒါစနံ တရံတဆစ်မျှ၊ န ဘာသေယျ မပြောမဆိုရာ၊ မနုည် နှစ်သက်ဖွယ်သော စကားကို၊ ဘာသမာနဿ ပြောဆိုသော ပုဏ္ဏားအား၏၊ ဂရုံ လေးသော၊ ဘာရံ လှည်းတရားတည်းဟူသောဝန်ကို၊ ဥဒဒ္ဓရိ ဆွဲငင်၍ လည်စေပြီ၊ တံ ထိုပုဏ္ဏားကို၊ ဓနဥ္စ ဥစ္စာကိုလည်း၊ အလာဘေသိ ရစေပြီ၊ ဗြာဟ္မဏော ပုဏ္ဏားသည်၊ တေန ထိုဥစ္စာကို ရခြင်းကြောင့်၊ အတ္တမနော နှလုံးစိတ်စက်နှစ်သက်ခြင်းသည်၊ အဟု ဖြစ်ပြီ။

မနုညမေဝ ဘာသေယျာတိ ပရေန သဒ္ဓိံ ဘာသမာနော စတုဒ္ဒေါသဝိရဟိတံ မဓုရံ မနာပံ သဏှံ ပိယဝစနမေဝ ဘာသေယျ။ ဂရုံ ဘာရံ ဥဒဒ္ဓရီတိ နန္ဒိဝိသာလော ဗလိဗဒ္ဓေါ အမနာပံ ဘာသမာနဿ ဘာရံ အနုဒ္ဓရိတွာ ပစ္ဆာ မနာပံ ပိယဝစနံ ဘာသမာနဿ ဗြာဟ္မဏဿ ဂရုံ ဘာရံ ဥဒ္ဓရိ၊ ဥဒ္ဓရိတွာ ကမိတွာ ပဝဋ္ဋေတီတိ အတ္ထော။ (ဇာ၊ ဋ္ဌ၊ ၁၊၂၀၉။)

ဆောင်ပုဒ်=ချစ်ဖွယ်စကား၊ ပြောဆိုငြား၊ အများသူငါ နှစ်သက်ပါ။
ချစ်ဖွယ်သိမ်းကျုံး၊ နူတ်လျှိုသုံး၊ အားလုံးကြိုက်တာ သတ္တဝါ။
နန္ဒိဝိသာလ၊ ဇာတက၊ ထုံးပြမိန့်မှာ မှတ်ဖွယ်ရာ။

၂။ (၂၉) ကဏှဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၇။ ဋ္ဌ၊ ၁၊ ၂၁၀ ၂၁၂။ ငါးရာငါးဆယ်၊ ပ၊ ၁၄၀ ၁၄၂။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်ယမိုက်ပြာဋိဟာပြခြင်းဖြင့် အတုမရှိ ရွက်ဆောင်တော်မူခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းအယိုကာကာဋ္ဌကနွားသည် ဥပ္ပလဝဏ်အလောင်းအမယ်အိုအား အသပြာတစ်ထောင် ရအောင် လှည်းငါးရာတို့ကို ထုတ်ဆောင်ပေးခြင်း။

ဆောင်ပုဒ်=သူ၏ကျေးဇူး၊ တင်ပေဘူး၊ အထူးသိအပ်စွာ။
ပြန်လည်တုံ့ဆပ်၊ ဇောဓိသတ်၊ ပြုလတ်ထုံးပမာ။
ကဏှဇာတ်တော်၊ ဟောညွှန်းဖော်၊ မှတ်နော် တို့သူငါ။

၃။ (၃၀) မုနိကဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၈။ ဋ္ဌ၊ ၁၊ ၂၁၂ ၂၁၄။ ငါးရာငါးဆယ်၊ ပ၊ ၁၄၃ ၁၄၅။)

ပစ္စုပ္ပန်=အပျိုကြီးဖြားယောင်းခံရသဖြင့် သာသနာတော်၌ ငြီးငွေ့သောရဟန်း။

အတိတ်ဝတ္ထု=မိန်းမပျိုးမင်္ဂလာပွဲအတွက် အသက်ပေးရသော သာသနာတော်၌ငြီးငွေ့သည့်ရဟန်းအလောင်း မုနိကဝက်။

ဘုရားအလောင်း မဟာလောဟိတနွားလားနှင့် အရှင်အာနန္ဒာအလောင်း စူဠလောဟိတနွားလား။

ဆောင်ပုဒ်=အလိုနည်းလတ်၊ အကျင့်မြတ်၊ မှတ်အပ်အသက်ရှည်။

၄။ (၈၈) သာရမ္ဘဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၁။ ဋ္ဌ၊ ၁၊ ၃၉၇ ၃၉၈။ ငါးရာငါးဆယ်၊ ပ၊ ၄၁၆ ၄၁၇။)

ပစ္စုပ္ပန်ဝတ္ထု=နူတ်လုံထိုးခြင်းနှင့်စပ်၍ သိက္ခာပုဒ်ပညတ်ခြင်း။

အတိတ်ဝတ္ထု=နန္ဒိဝိသာလဝတ္ထုနှင့် တူ၏။ ဘုရားအလောင်း သာရမ္ဘမည်သောနွား၊
အရှင်အာနန္ဒာအလောင်း နွားပိုင်ရှင်ပုဏ္ဏား၊ ဥပ္ပလဝဏ်အလောင်း ပုဏ္ဏေးမ။

ကလျာဏိမေဝ မုဉ္စေယျ၊ န ဟိ မုဉ္စေယျ ပါပိကံ။
မောက္ခော ကလျာဏိယာ သာဓု၊ မုတွာ တပ္ပတိ ပါပိကံ။
(ဇာတက၊ ၁၊ ၂၁။)

ဘိက္ခဝေ ရဟန်းတို့၊ ကလျာဏိမေဝ ကောင်းသောစကားကိုသာလျှင်၊ မုဉ္စေယျ ပြောဆိုရာ၏၊ ဟိ ထို

စကားသည် မှန်၏၊ ပါပိကံ-ယုတ်မာသောစကားကို၊ န မုဉ္စေယျ-မပြောဆိုရာ၊ ကလျာဏိယာ ကောင်းသော စကားကို၊ မောစေ္စာ-ပြောဆိုခြင်းသည်၊ သာဓု-ကောင်း၏၊ ပါပိကံ-ယုတ်ကာသောစကားကို၊ မုတွာ ပြောဆို၍၊ တပ္ပတိ-နောင်တတစ်ဖန် စိုးရိမ်ပူပန်ရ၏။

ကလျာဏိမေဝ မုဉ္စေယျာတိ စတုဒေါသဝိနိမုတ္တံ ကလျာဏိံ သုန္ဒရံ အနဝဇ္ဇံ ဝါစမေဝ မုဉ္စေယျ ဝိဿဇ္ဇေယျ ကထေယျ။ န ဟိ မုဉ္စေယျ ပါပိကန္တိ ပါပိကံ လာမိကံ ပရေသံ အပ္ပိယံ အမနာပံ န မုဉ္စေယျ န ကထေယျ။ မောစေ္စာ ကလျာဏိယာ သာဓူတိ ကလျာဏဝါစာယ ဝိဿဇ္ဇနမေဝ ဣမသ္မိံ လောကေ သာဓု သုန္ဒရံ ဘဒ္ဒကံ။ မုတွာ တပ္ပတိ ပါပိကန္တိ ပါပိကံ ဖရုသဝါစံ မုဉ္စိတွာ ဝိဿဇ္ဇေတွာ ကထေတွာ သော ပုဂ္ဂလော တပ္ပတိ သောစတိ ကိလမတိ။ (ဇာတက၊ ဠ၊ ၁၊ ၃၉၇ ၃၉၈။)

ဆောင်ပုဒ်=ကောင်းသောစကား၊ သူလိုလား၊ ပြောကြား တို့သူငါ။
ကြမ်းတမ်းစကား၊ ယုတ်မာငြား၊ ပယ်ရှား မပြောရာ။
သာရမ္ဘဇာတ်၊ ကျမ်းတော်မြွတ်၊ မိန့်အပ်သေအချာ။

၅။ (၂၈၆) သာလူကဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၆။ ဋ္ဌ၊ ၂၊ ၃၇၆ ၃၇၈။ ငါးရာငါးဆယ်၊ ૩၊ ၅၃၇ ၅၄၀။)
ပစ္စုပ္ပန်ဝတ္ထု=အပျိုကြီးကြောင့် သာသနာတော်၌ ငြီးငွေ့သောရဟန်း။
အတိတ်ဝတ္ထု=မင်္ဂလာဆည်ခံပွဲတွင် လက်သုတ်ဟင်းလျာဖြစ်ရသည့် (သာသနာတော်၌ငြီးငွေ့သောရဟန်းအလောင်း) သာလူကဝက်။
ဘုရားအလောင်း မဟာလောဟိတနွား၊ အရှင်အာနန္ဒာအလောင်း စူဠလောဟိတနွား။
ဆောင်ပုဒ်=အစားကောင်းကျွေး၊ ဤအရေး၊ ဉာဏ်တွေးချင့်စရာ။
သာလူကဝက်၊ ဟင်းလျာတွက်၊ အသက်ပေးရရှာ။

ဘုရားအလောင်းတော်သည် ခိဘဝ၌ ခြောက်ကြိမ် ဖြစ်တော်မူရလေသည်။

## ခိဘဝ ၆ ကြိမ်

၁။ (၄၂) ကပေါတဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၁။ ဋ္ဌ၊ ၁၊ ၂၅၉ ၂၆၂။ ငါးရာငါးဆယ်၊ ပ၊ ၂၁၃ ၂၁၇။)
ပစ္စုပ္ပန်ဝတ္ထု=လျှပ်ပေါ်သောရဟန်း။
အတိတ်ဝတ္ထု=ဘုရားအလောင်းခို၏စကားကို မလိုက်နာပဲ လျှပ်ပေါ်သောရဟန်းအလောင်း အစာ၌လျှပ်ပေါ်သောကြောင့် သေဆုံးရသောကျီး။
ကပေါတ, ပါရာဝတ, ပါရာပတ (သီ၊ ပု)=ခို
ဆောင်ပုဒ်=အကျိုးလိုလား၊ သူ့စကား၊ မှတ်သား မလိုက်နာ။
လောဘရမ္မက်၊ ငမ်းငမ်းတက်၊ သေလျက် ကျီးပမာ။
ကပေါတဇာတ်၊ ထုံးကိုမှတ်၊ လိုက်အပ် သူ့ဝါစာ။

၂။ (၂၇၄) လောလဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၀ ၈၁။ ဋ္ဌ၊ ၂၊ ၃၂၆ ၃၂၉။ ငါးရာငါးဆယ်၊ ૩၊ ၄၇၂ ၄၇၅။)
ပစ္စုပ္ပန်ဝတ္ထု=လျှပ်ပေါ်သောရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=ဘုရားအလောင်းခိုကို မှီ၍ ငါးအမဲမျှော်သောကြောင့် ပျက်စီးရသော လျှပ်ပေါ်သည့်ရဟန်း အလောင်းကျီး။
ဆောင်ပုဒ်=အကျိုးလိုသူ၊ ပြောဆိုမူ၊ နာယူကြရမည်။
အကျိုးလိုကာ၊ ပြောဆိုရာ၊ ကျီးမှာ မလိုက်ပြီ။
အစားငမ်းဖမ်း၊ ထိုကျီကန်း၊ သေပန်းပွင့်ရှာသည်။
လောလဇာတ်တော်၊ ဉာဏ်ချင့်မျှော်၊ မှတ်နော် ထုံးအညီ။

၃။ (၂၇၅) ရုစိရဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၁။ ဋ္ဌ၊ ၂၊ ၃၂၉ ၃၃၀။ ငါးရာငါးဆယ်၊ ၃၊ ၄၇၅ ၄၇၆။)

ပစ္စုပ္ပန်ဝတ္ထု=လျှပ်ပေါ်သောရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=ဘုရားအလောင်းခိုကို မှီခို၍နေရပါလျက် ဘုရားအလောင်းခို၏စကားကို နားမထောင်ပဲ ငါးအမဲကို မျှော်၍ ပျက်စီးရသောကျီး။

ဆောင်ပုဒ်=လျှပ်ပေါ်သူများ၊ ကျီးရှိငြား၊ စကား မလိုက်နာ။
လောဘရမ္မက်၊ သူ့အတွက်၊ ပျက်လျက် ဘဝပါ။
ရုစိရဇာတ်၊ ထုံးကိုမှတ်၊ ပျက်လတ် ကျီးပမာ။

၄။ (၂၇၇) ရောမကဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၂။ ဋ္ဌ၊ ၂၊ ၃၄၂-၃၄၅။ ငါးရာငါးဆယ်၊ ၃၊ ၄၉၂-၄၉၅။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်အား လုပ်ကြံရန် ဒေဝဒတ်၏အားထုတ်ခြင်း။

အတိတ်ဝတ္ထု=ခိုသားကိုစားလိုသော ဒေဝဒတ်အလောင်းရသေ့၏အကြံကို ဘုရားအလောင်းခိုအကြီးအကဲသိခြင်း။ အရှင်သာရိပုတ္တအလောင်း သီလရှိသောရသေ့။

ဆောင်ပုဒ်=ပင်ကိုစိတ်ထား၊ ဖောက်ပြန်ငြား၊ ကွဲပြားမှုရာရှိ။
မူရာကြည့်ထ၊ သူငါက၊ နှိုင်းဆ ဉာဏ်ဖြင့်သိ။
ရောမဇာတ်ထွက်၊ ရသေ့ပျက်၊ မှတ်ချက်ထုံးအရှိ။

၅။ (၃၇၅) ကပေါတဇာတ်၊ ပဉ္စကနိပါတ် (ဇာတက၊ ၁၊ ၁၃၅-၁၃၆။ ဋ္ဌ၊ ၃၊ ၂၁၀ ၂၁၂။ ငါးရာငါးဆယ်၊ တ၊ ၁၀၉ ၁၁၂။)

ပစ္စုပ္ပန်ဝတ္ထု=လျှပ်ပေါ်သောရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=ဘုရားအလောင်းခိုး၏စကားကို နားမထောင်သဖြင့် လျှပ်ပေါ်သောရဟန်းအလောင်းကျီး အစား၌ လျှပ်ပေါ်၍ အမွေးနုတ်ခံရလျက် သေခြင်း။

ဆောင်ပုဒ်=ကိုယ်နှင့်မထိုက်၊ လိုချင်လိုက်၊ ကျီးမိုက်သေရပြီ။
ကိုယ်နှင့်မတန်၊ စိတ်လိုက်မာန်၊ ပြုရန်မသင့်ပြီ။
ကပေါတဇာတ်၊ ကျီးဖြစ်ရပ်၊ ယူအပ်ပုံကိုမှီ။

၆။ (၃၉၅) ပါရာဝတဇာတ်၊ ဆက္ကနိပါတ် (ဇာတက၊ ၁၊ ၁၅၃-၁၅၄။ ဋ္ဌ၊ ၃၊ ၂၉၅-၂၉၇။ ငါးရာငါးဆယ်၊ တ၊ ၂၃၃ ၂၃၆။)

ပစ္စုပ္ပန်ဝတ္ထု=လျှပ်ပေါ်သော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=ဘုရားအလောင်းခို၏စကားကို နားမထောင်ပဲ လျှပ်ပေါ်သည့်ရဟန်းအလောင်း အစာ၌လျှပ်ပေါ်သော ကျီး အမွေးအတောင်အနုပ်ခံရ၍ သေခြင်း။

ဆောင်ပုဒ်=လော်လည်လျှပ်ပေါ်၊ သူ့ပျက်ချော်၊ မလျော်ပျက်စီးရာ။
ပါရာဝတ၊ ဇာတ်၌ပြ၊ မိုက်လှ ကျီးပမာ။

မှတ်ချက်။ ။ တိပိဋကဓရ ကာဗျမာလာ-စာအုပ် စာမျက်နှာ ၁၃၂-၌ "ခိုဖြစ်ခြောက်ခါ" ဟု ပါရှိသော်လည်း သမ္မန္တစက္ခုဒီပနီကျမ်း နဝမတွဲ စာမျက်နှာ ၆၂၇-၌ "ခိုနှင့်-နွားမှ၊ ငါးဖြစ်စီပြ"-ဟု ပါရှိရာ စာမျက်နှာ ၆၂၆ ၌ ခိုဘဝ ငါးကြိမ်ကို ရေတွက်ပြရာတွင်"ရုစိရဇာတ်"မပါ၍ ငါးကြိမ်ဖြစ်၏၊ ရုစိရဇာတ် ပါမှ ခြောက်ကြိမ်ဖြစ်၍ မှန်၏။

ဘုရားအလောင်းတော်သည် ဆင်ဘဝ၌ ခုနစ်ကြိမ် ဖြစ်ခဲ့ရသည်။

## ဆင်ဘဝ ၇-ကြိမ်

၁။ (၇၂) သီလဝဟတ္ထိ(သီလဝနာဂရာဇ၊ ဋ္ဌ)ဇာတ်၊ ဧကကနိပါတ်(ဇာ၊ ၁၊၁၇။ ဋ္ဌ၊ ၁၊၃၃၇-၃၄၁။ ငါးရာငါးဆယ်၊ ပ၊၃၂၆ ၃၃၁။)

ပစ္စုပ္ပန်=ကျေးဇူးမသိတတ်သော ဒေဝဒတ်။

အတိတ်ဝတ္ထု=အသက်ကယ်ဖူးသော ကျေးဇူးကိုပင် မသိပဲ ဘုရားအလောင်းသီလဝဆင်မင်း၏အစွယ်အားလုံးနှင့်အသားကို

ပါ ဖြတ်ယူ၍ မြေမျိုသေဆုံးကာ အဝီစိငရဲ၌ကျသော ဒေဝဒတ်အလောင်းယောကျ်ားယုတ်။

အကတညုဿ ပေါသဿ၊ နိစ္စံ ဝိဝရဒဿိနော။
သဗ္ဗံ စေ ပထဝိံ ဒဇ္ဇာ၊ နေဝ နံ အဘိရာဓယေ။
(ဇာတက၊ ၁၊ ၁၇။ ဋ္ဌ၊ ၁၊ ၃၆၀။)

အကတညုဿ-သူ့ကျေးဇူးကို မသိတတ်သော၊ နိစ္စံ-အမြဲ၊ ဝိဝရဒဿိနော-ဆီကဲ့သို့ အပေါက်ကိုသာ ရှုလေ့ရှိသော၊ ပေါသဿ ယောကျ်ားအား(သတ္တဝါအား)၊ သဗ္ဗံ-အလုံးစုံသော၊ ပထဝိံ မြေပြင်ကိုအစိုးရသော စကြဝတေးမင်းအဖြစ်ကို၊ စေ ဒဇ္ဇာ အကယ်၍ ပေးငြားအံ့၊ နံ-ထိုယောကျ်ားကို၊ နေဝ အဘိရာဓယေ မနှစ်သက်စေနိုင်ရာ။

ပထဝိန္တိ စက္ကဝတ္တိရဇ္ဇံ, ဣမံ ဝါ ပန မဟာပထဝိံ ပရိဝတ္တေတွာ ပထဝေါဇံ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၃၆၀။)

ဆောင်ပုဒ်=ကျေးဇူးတရား၊ မသိငြား၊ ရမ်းကား လူယုတ်မာ။
အရှင်လတ်လတ်၊ မြေမျိုလတ်၊ ရောက်အပ်ဝီစိသာ။
သီဝလဇာတ်၊ ဖြစ်တော်ရပ်၊ မှတ်အပ် တို့သူငါ။

၂။ (၁၂၂) ဒုမ္မေဓဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၂၉။ ဋ္ဌ၊ ၁၊ ၄၆၉ ၄၇၂။ ငါးရာငါးဆယ်၊ ပ၊ ၅၂၄ ၅၂၇။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏တင့်တယ်ခြင်းကို မကြည်ဖြူ ငြူစူ၍နေသော ဒေဝဒတ်။

အတိတ်ဝတ္ထု=မိမိ၏မင်္ဂလာဆင်ဖြူတော်(ဘုရားအလောင်း)ကိုပင် ငြူစူသော (ဒေဝဒတ်အလောင်း)မင်း ဆင်ဖြူတော်ကို ဆုံးရှုံးရခြင်း။

ယသံ လဒ္ဓါန ဒုမ္မေဓော၊ အနတ္ထံ စရတိ အတ္တနော။
အတ္တနော စ ပရေသဉ္စ၊ ဟိံသာယ ပဋိပဇ္ဇတိ။
(ဇာတက၊ ၁၊ ၂၉။ ဋ္ဌ၊ ၁၊ ၄၇၁။)

မဟာရာဇ မင်းကြီး...၊ ဒုမ္မေဓော သင်ကဲ့သို့ ပညာမရှိသောသူသည်၊ ယသံ အခြံအရံ စည်းစိမ်ကို၊ လဒ္ဓါန ရ၍၊ အတ္တနော မိမိ၏၊ အနတ္ထံ အကျိုးမဲ့ကို၊ စရတိ ကျင့်၏၊ ကတ္တဗ္ဗာကတ္တဗ္ဗံ ပြုအပ် မပြုအပ်ကို၊ အဇာနန္တော မသိရကား၊ အတ္တနော စ မိမိအားလည်းကောင်း၊ ပရေသဉ္စ သူတပါးတို့အားလည်းကောင်း၊ ဟိံသာယ ဆင်းရဲပင်ပန်းခြင်းငှာ၊ ပဋိပဇ္ဇတိ ကျင့်၏။

ဟိံသာ ဝုစ္စတိ ကိလမနံ ဒုက္ခုပ္ပါဒနံ၊ တဒတ္ထာယ ဧဝ ပဋိပဇ္ဇတိ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၄၇၁။)

ဆောင်ပုဒ်=သူများငြူစူ၊ ထိုသသူ၊ ကိုယ်မှုအကျိုးပျက်။
ပြုအပ် မပြုအပ်၊ မသိတတ်၊ နှစ်ရပ်ဆင်းရဲလျက်။
ဒုမ္မေဓဇာတ်၊ မင်းယုတ်ပတ်၊ ဆင်မြတ်ပယ်ခွါထွက်။

၃။ (၂၂၁) ကာသာဝဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၀။ ဋ္ဌ၊ ၂၊ ၁၈၀ ၁၈၂။ ငါးရာငါးဆယ်၊ ဒု၊ ၂၇၀ ၂၇၁။)

ပစ္စုပ္ပန်ဝတ္ထု=ဒေဝဒတ်သည် မိမိနှင့်မထိုက်တန်သောသင်္ကန်းကို ဝတ်ခြင်း။

အတိတ်ဝတ္ထု=ဒေဝဒတ်အလောင်း ပစ္စေကဗုဒ္ဓါသင်္ကန်းဝတ်သောမုဆိုးနှင့် ဘုရားအလောင်းဆင်မင်း။

ဆောင်ပုဒ်=မတန်သည်ဟာ၊ မသုံးရာ၊ ကိုယ်သာ ဉာဏ်ချင့်ကြည့်။
သင်္ကန်းဝတ်ထား၊ မုဆိုးကား၊ ဆင်များ သတ်လေဘိ။
ကာသာဝဇာတ်၊ ညွှန်းဖော်လတ်၊ စွဲမှတ်ဉာဏ်အသိ။

၄။ (၂၆၇) ကက္ကဋကဇာတ်(ကုဠီရကက္ကဋဇာတ်)၊ တိကနိပါတ်(ဇာတက၊ ၁၊ ၇၈။ ဋ္ဌ၊ ၂၊ ၃၀၈ ၃၁၁။ ငါးရာငါးဆယ်၊ဒု၊၄၄၈ ၄၅၂။)

ပစ္စုပ္ပန်ဝတ္ထု=သူကြွယ်ကတော်၏သနားဖွယ်တောင်းပန်မှု(မ အသံ)ကြောင့် ခိုးမှုးကြီးက လွှတ်ပေးသဖြင့် သူကြွယ် အသက်ချမ်းသာရခြင်း။

အတိတ်ဝတ္ထု=သူကြွယ်ကတော်အလောင်းဆင်မ၏ချီးမြှောက်ပြောဆိုသော မအသံကြောင့် ပုဇွန်ကြီးက ဘုရား အလောင်းဆင်၏ခြေ၌ ညှပ်ထားသောလက်မတို့ကို ဖြေလျှော့စေသည်ရှိသော် ဆင်သည် ခြေကိုချီ၍ ပုဇွန်၏

ကျောက်ကုန်း၌ နင်းလျှင် အရိုးတို့ကွဲကုန်၏၊ ကျန်ဆင်တို့ကလည်း ကုန်းပေါ်သို့ဆွဲယူကာ ထိုပုဏ္ဏကြီးကို တက်နင်းကြလျက် မှုန်မှုန်းညက်ညက်ကြေစေကုန်၏။

ဆောင်ပုဒ်=ပညာဉာဏ်ကပ်၊ မိန်းမဖြတ်ကား၊ ဖြစ်ရပ်အထူး၊ သက်ကယ်ဘူး၏၊ ဇာတ်မြူးကဏ္ဍ၊ ညွှန်းဖော်ပြသည်၊ မှတ်ကြပါလေ ထုံးသက်သေ။

၅။ (၃၅၇) လဋုကိကဇာတ်၊ ပဥ္စကနိပါတ် (ဇာတက၊ ၁၊ ၁၂၄-၁၂၅။ ဋ္ဌ၊ ၃၊ ၁၆၁ ၁၆၄။ ငါးရာငါးဆယ်၊ တ၊ ၃၃ ၃၈။)

ပစ္စုပ္ပန်ဝတ္ထု=ရန်ငြိုးကြမ်းတမ်း သနားကျင်နာကင်းမဲ့၍ အနိုင်ကျင့်တတ်သော ဒေဝဒတ်။

အတိတ်ဝတ္ထု=ကျီး, ယင်, ဖားတို့နှင့်ပေါင်း၍ ဒေဝဒတ်အလောင်းဆင်ကြမ်းကို သတ်သော နံပြည်စုတ်ငှက်မ။

နံပြည်စုတ်(နံ့စုတ်)ငှက်မ၏ကြုံးဝါးသံ

ယခု သင်သည် မြည်ဟည်းလျက် သွားချေဦး၊ နစ်ရက်သုံးရက်ဖြင့်ပင်လျှင် ငါ၏အပြုအမူကို သင်မြင်တွေ့ရလတ္တံ့၊ <u>ကိုယ်အားထက် ဉာဏ်အားကြီး</u>သောအဖြစ်ကို သင်မသိနိုင်သည် ဖြစ်စေဦး၊ သင့်ကို သိစေအံ့။

ကတ္ထဒါနိ တာဝ ဝါရဏ နဒန္တော ဂစ္ဆသိ၊ ကတိပါဟေနေဝ မေ ကိရိယံ ပဿိဿသိ၊ ကာယဗလတော ဉာဏဗလဿ မဟန္တဘာဝံ န ဇာနာသိ၊ ဟောတု, ဇာနာပေဿာမိ နံ။ (ဇာတက၊ ဋ္ဌ၊ ၃၊ ၁၆၃။)

န ဟေဝ သဗ္ဗတ္ထ ဗလေန ကိစ္စံ၊ ဗလံ ဟိ ဗာလဿ ဝဓာယ ဟောတိ။

ကရိဿာမိ တေ နာဂရာဇ အနတ္ထံ၊ ယော ဝဓိ ပုတ္တကေ ဒုဗ္ဗလာယ။ (ဇာတက၊ ၁၊ ၁၂၅။ ဋ္ဌ၊ ၃၊ ၁၆၃။)

နာဂရာဇ ဆင်မင်း၊ သဗ္ဗတ္ထ အလုံးစုံသောအရာ၌၊ ဗလေန အားဖြင့်၊ ကိစ္စံ ပြုအပ်သည်၊ န ဟေဝ မဟုတ်သည်သာလျှင်တည်း၊ ဟိ သစ္စံ မှန်၏၊ ဗလံ-ကိုယ်အားသည်၊ ဗာလဿ-လူမိုက်အား၊ ဝဓာယ သတ်ခြင်းငှာ၊ ဟောတိ-ဖြစ်၏၊ ယော တွံ-အကြင်သင်သည်၊ ဒုဗ္ဗလာယ အားနည်းသော၊ မေ-ငါ၏၊ ပုတ္တကေ သားငယ်တို့ကို၊ ဝဓိ သတ်၏၊တေ-သင်၏၊ အနတ္ထံ အကျိုးမဲ့ကို၊ ကရိဿာမိ ငါပြုအံ့။

ဆောင်ပုဒ်=ကျီး, ယင်, ငှက်, ဖား၊ လေးဦးသားတို့၊ စိတ်ထားညီညာ၊ စုပေါင်းကာဖြင့်၊ ကောင်းစွာဆောင်ရွက်၊ ပြုမူချက်ကြောင့်၊ သေလျက်ဆင်ကြီး၊ ထုံးကိုမှီးက၊ အားကြီးကိုယ်အား၊ ရှိသော်ငြားလည်း၊ ဉာဏ်အားကသာ၊ အောင်နိုင်ရာကို၊ ကျမ်းလာဇာတက၊ ညွှန်းဖော်ပြသည်၊ မှတ်ကြသူငါ သိဖွယ်တည်း။

၆။ (၄၅၅) မာတုပေါသကဇာတ်၊ ကောဒသကနိပါတ်(ဇာတက၊ ၁၊၂၆-၂၂၇။ ဋ္ဌ၊ ၄၊ ၉၁ ၉၆။ ငါးရာငါးဆယ်၊ တ၊ ၇၄၂ ၇၅၀။)

စရိယာပိဋကပါဠိတော် ဟတ္ထိနာဂဝဂ် (ခု၊ ၄၊ ၃၉၉)၌လည်း "မာတုပေါသကစရိယ"ဟုရှိ။

ပစ္စုပ္ပန်ဝတ္ထု=အမိအား လုပ်ကျွေးသောရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=မျက်မမြင်မိခင်ဆင်မကို လုပ်ကျွေးသော ဘုရားအလောင်းဆင်ဖြူတော် မင်းဖမ်းယူခြင်းမှ ပြန်လွတ်ခြင်း။

အရှင်အာနန္ဒာအလောင်း ဗြဟ္မဒတ်မင်း, ဒေဝဒတ်အလောင်းယုတ်မာသောယောကျ်ား, အရှင်သာရိပုတ္တ အလောင်းဆင်ဆရာ, မယ်တော်မာယာအလောင်း မျက်မမြင်မိခင်ဆင်မကြီး။

ဆောင်ပုဒ်=ကျေးဇူးကြီးလှ၊ မိနှင့်ဖ၊ တုပ်ကွလုပ်ကျွေးရာ။

မာတုပေါသက၊ ဇာတ်တော်က၊ ထုတ်ပြသေအချာ။

၇။ (၅၁၄) ဆဒ္ဒန္တဇာတ်၊ တိံသနိပါတ် (ဇာတက၊ ၁၊ ၃၇၁ ၃၇၆။ ဋ္ဌ၊ ၅၊ ၃၇ ၅၇။ ငါးရာငါးဆယ်၊ စ၊ ၆၅၁ ၆၈၅။)

ပစ္စုပ္ပန်ဝတ္ထု=အတိတ်ဘဝတစ်ခုဝယ် အပြစ်အနည်းငယ်ဖြင့် မိမိ၏ခင်ပွန်းသည်ဆင်မင်းကို သတ်စေခဲ့ဖူးသည်ကို အောက်မေ့နိုင်သည့် ဇာတိဿရဉာဏ်ရ ရဟန်းမ။

အတိတ်ဝတ္ထု=မိမိကိုသတ်သူ ဒေဝဒတ်အလောင်း သောနုတ္တရ်မုဆိုးအား အစွယ်ကို ကိုယ်တိုင်ဖြတ်လှူသော ဘုရားအလောင်း ဆဒ္ဒန်ဆင်မင်း။

ဘုရားအလောင်းဆင်မင်း အစွယ်များလှူရသောကောင်းမှု သဗ္ဗညုတဉာဏ်ဆုတောင်း

သမ္မ လုဒ္ဒပုတ္တ အဟံ ဣမေ ဒန္တေ တုယှံ ဒဒမာနော နေဝ 'မယှံ အပ္ပိယာ'တိ ဒမ္မိ, န သက္ကတ္တ မာရတ္တဗြဟ္မတ္တာနိ ပတ္ထေန္တော၊ ဣမေဟိ ပန မေ ဒန္တေဟိ သတဂုဏေန သဟဿဂုဏေန သတသဟဿ

ဂုဏေန သဗ္ဗညုတညာဏဒ္ဓဇ္ဇာဝ ဝိယတရာ၊ သဗ္ဗညုတညာဏပ္ပဋိဝေဓာယ မေ ဣဒံ ပုညံ ပစ္စယော
ဟောတု။ (ဇာတက၊ ၄၊ ၅၊ ၅၃။)
ဆောင်ပုဒ်=သည်းခံတရား၊ နိဗ္ဗာန်သွား၊ ထင်ရှားမင်္ဂလာ။

ဘုရားအလောင်းတော်သည် ၁။ ကျေးသား, ၂။ သမင်, ၃။ ဆင်ဘဝတို့၌ ၉ ကြိမ်စီ ဖြစ်တော်မူလေသည်။

## ၁။ ကျေးသားဘဝ ၉-ကြိမ်

၁။ (၁၄၅) ရာဓဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၃၄။ ၄၊ ၁၊ ၅၂၁-၅၂၂။ ငါးရာငါးဆယ်၊ ပ၊ ၅၉၇ ၅၉၉။)
ပစ္စုပ္ပန်ဝတ္ထု=မယားဟောင်းဖြားယောင်းခံရသော ရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=ဘုရားအလောင်း ပေါဋ္ဌပါဒကျေးသားက ညီတော်ရာဓကျေးသားကို "လင်ပုဏ္ဏား ခရီးသွားခိုက် ဇနီးပုဏ္ဏေး၏ဖောက်ပြန်မှုကို မြင်တွေ့ရ၍" တားမြစ်ရန် စွမ်းနိုင်ပါက တားမြစ်ရမည်ဖြစ်သော်လည်း မစွမ်းနိုင်ပါက ဆိတ်ဆိတ်သာ နေရမည်၊ မာတုဂါမတို့အား စောင့်ရှောက်ရန် မလွယ် ဟု ပြောဆိုလျက် ကျေးသားညီနောင်တို့ တောသို့ဝင်ခြင်း။
ရဟန်း...မာတုဂါမမည်သည် စောင့်ရှောက်ဖို့ရန် ခဲယဉ်းလှ၏၊ အစောင့်အရှောက်ကို ထား၍ စောင့်ရှောက်ကုန်သော်လည်း စောင့်ရှောက်အံ့သောငှါ မတတ်နိုင်ကုန်။
ဘိက္ခု မာတုဂါမော နာမ အရက္ခိယော၊ အာရက္ခံ ဌပေတွာ ရက္ခန္တာပိ ရက္ခိတုံ န သက္ကောန္တိ။ (ဇာ၊ ၄၊၁၊၅၂၁။)
ဆောင်ပုဒ်=မာတုဂါမ၊ ဟူတုံက၊ ထိန်းရခက်လှပေ။
တားမြစ်နိုင်ရာ၊ တားမြစ်ပါ၊ သူ့မှာကျိုးတွက်ပေ။
မတားနိုင်ရာ၊ မတားရာ၊ ကိုယ်သာ ဆိတ်ဆိတ်နေ။
ရာဓဇာတ်တော်၊ ဆိုမြွက်သော်၊ ဉာဏ်လျော်သုံးကြလေ။

၂။ (၁၉၈) ရာဓဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၂။ ၄၊ ၂၊ ၁၂၁-၁၂၂။ ငါးရာငါးဆယ်၊ ဒ၊ ၁၈၄ ၁၈၆။)
ပစ္စုပ္ပန်ဝတ္ထု=တန်ဆာဆင်ထားသောမိန်းမတယောက်ကို မြင်၍ ကိလေသာ၏အစွမ်းဖြင့် သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=ပုဏ္ဏေးမ၏ဖောက်ပြန်မှုကို မပြောရန် ဘုရားအလောင်းနောင်တော်ရာဓကျေးသား တားသည်ကို မနာယူသည့်အရှင်အာနန္ဒာအလောင်း ညီတော်ပေါဋ္ဌပါဒကျေးသား ပုဏ္ဏေးမ၏လည်ညှစ်သတ်ခံရခြင်း။
န ခေါ ပနေတံ သုဘဏံ၊ ဂိရံ သစ္စုပသံဟိတံ။
သထေ ပေါဋ္ဌပါဒေါဝ၊ မုမ္မုရေ(မုမ္မရေ-သျှာ) ဥပကူထိတော။
မုမ္မုရသဒ္ဒေါ ထုသဂ္ဂိမှိ ကုက္ကုဠေ စ ဝတ္တတီတိ သက္ကတာဘိဓာနေသု။
(ဇာတက၊ ၁၊ ၅၂။)
တာတ ဘခင်၊ ပဏ္ဍိတေန နာမ-ပညာရှိမည်သည်၊ သစ္စုပသံဟိတံ-အမှန်အကန်သစ္စာနှင့်စပ်သော၊ ဇေတံ ဤဒိသံ-ဤသို့သဘောရှိသော၊ ဂိရံ ဂိရံပိ-စကားကိုလည်း၊ န သုဘဏံ ချမ်းသာခြင်းသို့ မပို့မဆောင်တတ်သည်ဖြစ်၍ အလွယ်တကူ မဆိုအပ်၊ အနိယျာနိကံ-ချမ်းသာခြင်း(လွတ်မြောက်ခြင်း)သို့ မပို့မဆောင်တတ်သော၊ သစ္စံ မှန်သောစကားကို၊ ဘဏန္တော ပြောဆိုမိသော၊ ပေါဋ္ဌပါဒေါ ညီငယ် ပေါဋ္ဌပါဒသည်၊ မုမ္မုရေ ပြာပူမီး၌၊ ဥပကူထိတော လောင်မြိုက်ခံရသည်ဖြစ်၍၊ သယတိ ဣဝ အိပ်ရသကဲ့သို့၊ ဧဝံ တထာ ထို့အတူ၊ သယေထ အိပ်ရရာ၏။
တာတ ပဏ္ဍိတေန နာမ သစ္စုပသံဟိတံ ယထာဘူတံ အတ္ထယုတ္တံ သဘာဝဝစနမ္ပိ အနိယျာနိကံ န သုဘဏံ။ အနိယျာနိကဉ္စ သစ္စံ ဘဏန္တော သယေထ ပေါဋ္ဌပါဒေါဝ၊ မုမ္မုရေ ဥပကူထိတော၊ ယထာ ပေါဋ္ဌပါဒေါ ကုက္ကုဠေ ဈာမော သယက်၊ ဧဝံ သယေယျာတိ။ (ဇာတက၊ ၄၊ ၂၊ ၁၂၂။)
ဆောင်ပုဒ်=ပညာရှိကား၊ ဟုတ်မှန်ငြားလည်း၊ မပွားချမ်းသာ၊ မပြောရာတဲ့၊ ညီလျာကျေးသား၊

နောင့်စကားကို၊ နားသမဆင်၊ ကျိုးမထင်သည့်၊ မှန်ပင်စကား၊ ပြောဆိုငြား၍၊ မယားပုဏ္ဏေး၊ မိညစ်ဒွေးက၊ လည်ရေးကိုညှစ်၊ သတ်ကာပစ်သည်၊..ဆိုးညစ်ဖြစ်ထွေ ပုံထုံးပေ။

၃။ (၂၅၅) သုကဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၇၂။ ဋ၊ ၂၊ ၂၆၆ ၂၆၈။ ငါးရာငါးဆယ်၊ ၃၊ ၃၉၂ ၃၉၄။)

ပစ္စုပ္ပန်ဝတ္ထု=အစားများ၍ အစာမကြေသောကြောင့် သေသောရဟန်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းကျေးမင်း၏စကားကို မနာယူပဲ အစားများ၍ ကောင်းစွာ မပြန်နိုင်သောကြောင့် ရေတွင်နစ်ကာ ငါးစာဖြစ်ရသော ကျေးသား။

ဆောင်ပုဒ်=အစာစားရာ၊ တိုင်းအတာ၊ စားမှာ မမက်ရ။

တိုင်းရှည်သိကာ၊ စားသုံးတာ၊ လွန်စွာ ကောင်းလေစွ။

တိုင်းရှည်မသိ၊ စားသုံးဘိ၊ ပျက်၏ ကျေးသားက။

သုကဇာတ်တော်၊ ပုံထုံးဖော်၊ ချင့်မြော်စားသုံးကြ။

၄။ (၃၂၉) ကာဠဗာဟုဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၀၇ ၁၀၈။ ဋ၊ ၃၊ ၈၉ ၉၁။ ငါးရာငါးဆယ်၊ ၃၊ ၇၀၂ ၇၀၄။)

ပစ္စုပ္ပန်ဝတ္ထု=နာဠာဂိရိဆင်နှင့် ဘုရားရှင်ကို တိုက်၍ လာဘပျက်သော ဒေဝဒတ်။

အတိတ်ဝတ္ထု=ဒေဝဒတ်အလောင်း တောတွင်းမျောက်ညို နန်းကိုရောက်သော်လည်း မင်းသားငယ်တို့ကို ခြောက်၍ မင်းသားငယ်တို့ ကြောက်သောကြောင့် ရမြဲလာဘ်မှ ဆုတ်ယုတ်ရသည့်အပြင် နန်းတွင်းမှ နှင်ထုတ်ခံရခြင်း။ မျောက်ညို နန်းတော်သို့ရောက်စဉ်က လာဘ်ဆုတ်ယုတ်ကြသော ဘုရားအလောင်းရာဓကျေးသားနှင့် အရှင်အာနန္ဒာအလောင်းပေါဋ္ဌပါဒကျေးသားတို့ တဖန် လာဘ်ပြန်ရကြခြင်း။

လာဘော အလာဘော ယသော အယသော စ၊ နိန္ဒာ ပသံသာ စ သုခဥ္စ ဒုက္ခံ။

စလေ အနိစ္စာ မနုဇေသု ဓမ္မာ၊ မာ သောစိ ကိံ သောစသိ ပေါဋ္ဌပါဒ။

(ဇာတက၊ ၁၊ ၁၀၇။)

ပေါဋ္ဌပါဒ ညီထွေး ပေါဋ္ဌပါဒ၊ မနုဇေသု လူတို့၌၊ လာဘော စ လာဘ်ရခြင်းလည်းကောင်း၊ အလာဘော စ လာဘ်မရခြင်းလည်းကောင်း၊ ယသော စ စည်းစိမ် အခြံအရံများခြင်းလည်းကောင်း၊ အယသော စ စည်းစိမ် အခြံအရံမရှိခြင်းလည်းကောင်း၊ နိန္ဒာ စ ကဲ့ရဲ့ခြင်းလည်းကောင်း၊ ပသံသာ စ ချီးမွမ်းခြင်းလည်းကောင်း၊ သုခဥ္စ ချမ်းသာခြင်းလည်းကောင်း၊ ဒုက္ခံ စ ဆင်းရဲခြင်းလည်းကောင်း၊ စလေ ဓမ္မာ ဤလောကဓံတရား ရှစ်ပါးတို့သည်၊ အနိစ္စာ အမြဲမရှိကုန်၊ မာ သောစိ မစိုးရိမ်လင့်၊ ကိံ သောစသိ အဘယ့်ကြောင့် စိုးရိမ်သနည်း?

ယသောတိ ဣဿရိယပရိဝါရော။ အယသောတိ တဿာဘာဝေါ။ စလေတိ စလေ အဋ္ဌ လောကဓမ္မာ မနုဇေသု အနိစ္စာ၊ လာဘဂ္ဂယသဂ္ဂပ္ပတ္တာ ဟုတွာပိ အပရေန သမယေန အပ္ပလာဘာ အပ္ပသဏ္ဏာရာ ဟောန္တိ၊ နိစ္စ လာဘိနော နာမ န ဟောန္တိ။ ယသာဒီသုပိ ဧသေဝ နယော။ (ဇာတက၊ ဋ၊ ၃၊ ၉၀ ၉၁။)

ဆောင်ပုဒ်=ကိုယ်၏လာဘ်သပ်၊ ဒေဝဒတ်၊ ကိုယ့်သတ်လေတော့သည်။

လာဘ်ရ မရ၊ သဘာဝ၊ လောကဓမ္မသည်။

အတည်တကျ၊ မရှိကြ၊ နိစ္စမဟုတ်ပြီ။

ကာဠဗာဟု၊ ဇာတ်တော်မူ၊ တင်ရှုထုံးကိုမှီ။

၅။ (၄၂၉) မဟာသုဝဇာတ်၊ နဝကနိပါတ် (ဇာတက၊ ၁၊ ၁၈၉-၁၉၀။ ဋ၊ ၃၊ ၄၆၇ ၄၇၀။ ငါးရာငါးဆယ်၊ တ၊ ၄၉၈ ၅၀၅။)

ပစ္စုပ္ပန်ဝတ္ထု=နေရန် ကျောင်းရလျက် ဆွမ်းကောင်းမစားရသဖြင့် တရားမရ ဟု ဆိုသောရဟန်းအား ဘုရားရှင်ဆုံးမခြင်း။ (သေနာသနသပ္ပါယရှိသော်လည်း ဘောဇနသပ္ပါယမရှိသဖြင့် တရားမရ)။

အတတိတ်ဝတ္ထု=ဘုရားအလောင်းကျေးမင်း၏အလိုနည်းခြင်း, ရောင့်ရဲခြင်း(အပ္ပိစ္ဆတာ သန္တုဋ္ဌတာ)ဂုဏ်တို့ကြောင့် အရှင်အနုရုဒ္ဓါအလောင်းသိကြားမင်းက အကိုင်းအခက်တို့ဖြင့် ဝေဆာလျက် ချိုမြိန်သောအသီးနှင့်ပြည့်စုံသော သဖန်းပင်ကို ဖန်ဆင်းပေးခြင်း။

မှတ်ဖွယ်။ ။ ဤဇာတ်အဋ္ဌကထာ၌ "သိကြားမင်းသည် အနုရုဒ္ဓါအလောင်း"ဟု လာရှိသော်လည်း ဓမ္မပဒ အဋ္ဌကထာ၌ကား "သိကြားမင်းသည် အရှင်အာနန္ဒာအလောင်း"ဟု လာရှိ၏။

တဒါ သက္ကော အနုရုဒ္ဓေါ အဟောသိ။ (ဇာတက၊ ဋ္ဌ၊ ၃၊ ၄၇၀။)

တဒါ သက္ကော အာနန္ဒော အဟောသိ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၈၁။)

ဆောင်ပုဒ်=သည်းခံရောင့်ရဲ၊ အလိုနဲ၊ ရမြဲ ချမ်းသာမှန်။
မဟာသုဝ၊ ဇာတက၊ ထုတ်ပြ မိန့်ခွန်းသံ။

၆။ (၄၃၀) စူဠသုဝဇာတ်၊ နဝကနိပါတ် (ဇာတက၊ ၁၊ ၁၉၀-၁၉၁။ ဋ္ဌ၊ ၃၊ ၄၇၁-၄၇၃။ ငါးရာငါးဆယ်၊ တ၊ ၅၀၅-၅၀၉။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင် ဝေရဥ္စာပြည်၌ မုယောဆွမ်းကို ဝါတွင်းသုံးလပတ်လုံး ဘုဉ်းပေးတော်မူရသော်လည်း အလိုနည်းတော်မူခြင်း၊ ရောင့်ရဲလွယ်တော်မူခြင်းတို့ကြောင့် အရုပ်တပါးသို့ ဖဲကြွတော်မမူခြင်း။
အတိတ်ဝတ္ထု=အရွက်၊ အညွန့်၊ အသီး၊ အခွံမှုပင်မရှိသော သဖန်းပင်ခြောက်ကို မစွန့်ခွါပဲ သစ်ခေါင်းမှအမှုန့်တို့ကို စားလျက်သာနေသော ဘုရားအလောင်းကျေးမင်း၏အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်းဂုဏ်တို့ကြောင့် အရှင်အနုရုဒ္ဓါအလောင်းသိကြားမင်းက အရွက်၊ အပွင့်၊ အသီးတို့နှင့် ပြည့်စုံသောရေသဖန်းပင်ကို ဖန်ဆင်းပေးခြင်း။
ဆောင်ပုဒ်=ကျေးဌက်ကြီးမား၊ နေရာများ၊ ရှောင်ရှားမပြုရာ၊
စူဠသုဝ၊ ဇာတက၊ တင်ပြထုံးအလာ။

၇။ (၄၈၄) သာလိကေဒါရဇာတ်၊ ပကိဏ္ဏကနိပါတ်(ဇာတက၊ ၁၊၂၇၆-၂၇၇။ ဋ္ဌ၊ ၄၊၂၇၆-၂၈၁။ ငါးရာငါးဆယ်၊ စ၊၂၀၇-၂၁၇။)
ပစ္စုပ္ပန်ဝတ္ထု=မိဘကိုလုပ်ကျွေးသော ရဟန်းအား ဘုရားရှင် သာဓုခေါ်တော်မူခြင်း။
အတိတ်ဝတ္ထု=မိဘကို လုပ်ကျွေးသော ဘုရားအလောင်းကျေးမင်း။

ဘုရားအလောင်းကျေးမင်းသည် (၁) အတောင်မပေါက်သေး၍ နုနယ်လှသော သားငယ်တို့ကို မိမိအား မွေးတုံ့မွေးမြူကုန်လိမ့်မည် ဟု ရည်ရွယ်ချက်ဖြင့် သား(သမီး)ငယ်တို့အား ကျွေးမွေးခြင်း ဟူသော မြီသစ်ကို ပေးချခြင်း၊ (၂) အိုမင်းကြသောမိဘတို့အား ကျွေးမွေးခြင်း ဟူသော မြီဟောင်းကို ပေးဆပ်ခြင်း၊ (၃) အခြားအလွန်အားအင်နည်းကုန်လျက် မပျံနိုင်ကြသောငှက်တို့အား ကျွေးမွေးခြင်း ဟူသော ကုသိုလ်ကောင်းမှုရွှေအိုးကို မြှုပ်နှံခြင်းတို့ကို ပြုလုပ်ခဲ့လေသည်။

ဣဏံ မုဉ္စာမိ'ဏံ ဒမ္မိ၊ သမ္ပတ္တော ကောဋသိမ္ပလိံ။
နိဓိမ္ပိ တတ္ထ နိဒဟာမိ၊ ဧဝံ ဇာနာဟိ ကောသိယ။
ကီဒိသံ တေ ဣဏဒါနံ၊ ဣဏမောက္ခော စ ကီဒိသော။
နိဓိနိဓာန'မက္ခာဟိ၊ အထ ပါသာ ပမောက္ခသိ။
အဇာတပက္ခာ တရုဏာ၊ ပုတ္တကာ မယှ ကောသိယ။
တေ မံ ဘတာ ဘရိဿန္တိ၊ တသ္မာ တေသံ ဣဏံ ဒဒေ။
မာတာ ပိတာ စ မေ ဝုဒ္ဓါ၊ ဇိဏ္ဏကာ ဂတယောဗ္ဗနာ။
တေသံ တုဏ္ဍေန ဟာတူန၊ မုဉ္စေ ပုဗ္ဗကတံ ဣဏံ။
အညေပိ တတ္ထ သကုဏာ၊ ခီဏပက္ခာ သုဒုဗ္ဗလာ။
တေသံ ပုညတ္ထိကော ဒမ္မိ၊ တံ နိဓိံ အာဟု ပဏ္ဍိတာ။
ဤဒိသံ မေ ဣဏဒါနံ၊ ဣဏမောက္ခော စ ဤဒိသော။
နိဓိနိဓာန'မက္ခာမိ၊ ဧဝံ ဇာနာဟိ ကောလိယ။
(ဇာတက၊ ၁၊ ၂၇၆-၂၇၇။ ဋ္ဌ၊ ၄၊ ၂၇၉-၂၈၀။)

ကျေးမင်း။ ။ အဟံ ငါသည်၊ ဣဏံ မြီဟောင်းကို၊ မုဉ္စာမိ ပေးဆပ်သဖြင့် လွတ်စေပါ၏၊ ဣဏံ မြီသစ်ကို၊ ဒမ္မိ ပေးချပါ၏၊ ကောဋသိမ္ပလိံ လက်ပံတောသို့၊ သမ္ပတ္တော ရောက်၍၊ တတ္ထ ထိုလက်ပံတော၌၊ နိဓိမ္ပိ အစဉ်လိုက်သော(အနုဂါမိက)ဉစ္စာရွှေအိုးကိုလည်း၊ နိဒဟာမိ မြှုပ်ပါ၏၊ ကောသိယ ကောသိယနွယ်ဖွား အိုပုဏ္ဏား၊ ဧဝံ ဤသို့၊ ဇာနာဟိ သိပါလော့။

ပုဏ္ဏား။ ။ သုဝ ကျေးသား၊ တေ သင်၏၊ ဣဏဒါနံ မြီပေးခြင်းသည်၊ ကီဒိသံ အဘယ်သို့ သဘောရှိပါသနည်း?၊ ဣဏမောက္ခော စ မြီဆပ်ခြင်းသည်လည်း၊ ကီဒိသော-အဘယ်သို့ သဘောရှိပါသနည်း?၊ နိဓိနိဓာနံ ဥစ္စာရွှေအိုးကို မြှုပ်နှံခြင်းသည်၊ ကီဒိသံ အဘယ်သို့ သဘောရှိပါသနည်း?၊ မေ-ငါ့အား၊ အက္ခာဟိ-ပြောကြားပါလော့၊ အထ-ထိုသို့ ပြောကြားသည်ရှိသော်၊ ပါသာ ကျော့ကွင်းမှ၊ ပမောက္ခသိ လွတ်ပါလတ္တံ့။

ကျေးမင်း။ ။ ကောသိယ -ကောသိယနွယ်ဖွား အိုပုဏ္ဏား၊ မေ-ငါ့အား၊ အဇာတပက္ခာ-မပေါက်သေးသော အတောင်ရှိကုန်သော၊ တရုဏာ နုနယ်ကုန်သော၊ ပုတ္တကာ-သားငယ်တို့သည်၊ သန္တိ ရှိပါကုန်၏၊ တေ ထိုသားငယ်တို့သည်၊ မံ ငါ့ကို၊ တတာ ထို့အတူ၊ ဘရိဿန္တိ မွေးတုံ့မွေးမြူ ပြုကုန်လတ္တံ့၊ တသ္မာ-ထိုသို့နောင်ရေး မြော်(မျှော်)ခေါ်တွေးသောကြောင့်၊ တေသံ ထိုသားငယ်တို့အား၊ ဣဏံ-မြီသစ်ကို၊ ဒဒေ -ပေးချပါ၏။

ကောသိယ ကောသိယနွယ်ဖွား အိုပုဏ္ဏား၊ မေ ငါ၏၊ မာတာပိတာ စ မိဘတို့သည်လည်း ဝုဒ္ဓါ အသက်တွေက ကြီးကြပါကုန်ပြီ၊ ဇိဏ္ဏကာ ကိုယ်ခန္ဓာယိုယွင်း အိုမင်းကြပါကုန်ပြီ၊ ဂတယောဗ္ဗနာ သက်အရွယ်ကား လွန်သွားကြပါကုန်ပြီ၊ တေသံ ခန္ဓာယိုယွင်း အိုမင်းပါငြား ထိုမိဘနှစ်ပါးတို့အား၊ တုဏ္ဍေန နှုတ်သီးဖြင့်၊ ဟာတုန သလေးနှံတို့ကို ဆောင်ယူခဲ့၍၊ ပုဗ္ဗကတံ ရှေး၌ပြုခဲ့ဖူးသော၊ ဣဏံ မြီးဟောင်းကို၊ မုဉ္စေ ပြန်လည်ပေးဆပ်သဖြင့် မြီးဟောင်းမှ လွတ်စေရပါ၏။

ကောသိယ ကောသိယနွယ်ဖွားအိုပုဏ္ဏား၊ တတ္ထ-ထိုလက်ပံတော၌၊ အညေပိ အခြားတပါးလည်း ဖြစ်ကုန်သော၊ ဒိဏပတ္တာ ပျံအားမလုံ ကုန်သောအတောင်ရှိကုန်သော၊ သုဒုဗ္ဗလာ ကာယစွမ်းအား အလွန်တရာ နည်းပါးကုန်သော (အလွန်အားနည်းကုန်သော)၊ သကုဏာ ငှက်တို့သည်၊ သန္တိ ရှိပါကုန်၏၊တေသံ အားအင်နည်းပါး မပျံနိုင်ငြားသည့် တပါးသက်သက်ထိုငှက်တို့အား၊ ပုညတ္ထိကော ကောင်းမှုကုသိုလ်အလိုရှိသည်ဖြစ်၍၊ ဒမ္မိ ပေးပါ၏၊ တံ-ထိုသို့ပေးခြင်း ကောင်းမှုရင်းကို၊ ပဏ္ဍိတာ ကြောင်းကျိုးမြော်မြင် ပညာရှင်တို့သည်၊ နိဓိ ဘဝနောင်ခါ စဉ်လိုက်ပါသည့် (အနုဂါမိက)ဥစ္စာရွှေအိုး-ဟူ၍၊ အာဟု ဆိုကြပါကုန်၏။

ကောသိယ ကောသိယနွယ်ဖွား အိုပုဏ္ဏား၊ မေ-ငါ၏၊ ဣဏဒါနံ မြီပေးခြင်းသည်၊ ဤဒိသံ ဤသို့သဘောရှိပါ၏၊ ဣဏမောက္ခော စ မြီမှ လွတ်ခြင်းသည်လည်း၊ ဤဒိသော-ဤသို့သဘောရှိပါ၏၊ နိဓိနိဓာနံ ဥစ္စာရွှေအိုးကို မြှုပ်ခြင်းသည်၊ ဤဒိသံ ဤသို့သဘောရှိပါ၏၊ ဣတိ ဤသို့၊ အဟံ-ငါသည်၊ အက္ခာမိ-ပြောကြားပါ၏၊ ဧဝံ ဤသို့ ငါပြောကြားသောအတိုင်း၊ တွံ သင်သည်၊ ဇာနာဟိ သိပါလော့။

လောကဓမ္မတာ၊ လူ့တံထွာဖြင့်၊ နောင်ခါထို့တူ၊ မွေးစိမ့်ဟူ၍၊ မှတ်ယူသောအား၊ သမီးသားကို၊ ဝတ်စားဆင်ယင်၊ သုတ်သင်လုပ်ကျွေး၊ ပြုစုမွေးကား၊ ကြွေးသစ်ချသည်၊ သဘောမည်၏၊ ရှင်ကြည်အထူး၊ မွေးခဲ့ဘူးသည့်၊ ကျေးဇူးသခင်၊ မွေးမိခင်နှင့်၊ ဘခင်တို့အား၊ ခစားမကင်း၊ လုပ်ကျွေးခြင်းမှု၊ မယွင်းပညပ်၊ကြွေးဟောင်းဆပ်တည့်၊ တရပ်ထိုမှ၊ သမဏဗြာဟ္မဏာ၊ ယာစကာအား၊ သဒ္ဓါကြည်ဖြူ ပေးလှူသည်မှာ၊သံသရာဝယ်၊ လိုရာမည္သူး၊ သုံးရန်မျိုးဖြင့်၊ ရွှေအိုးမြှုပ်သည်၊ မည်လတ်ရောင်း၏၊ ကြွေးဟောင်းဆပ်လစ်၊ ကြွေးသစ်ချခြင်း၊ မြေတွင်းနှံရှိုး၊ သူမခိုးနိုင်၊ ရွှေအိုးမြှုပ်ထ၊ ဤကိစ္စနှင့်၊ သောကဆယ်မျိုး၊ နောင်မစိုးအောင်၊ သတိုးသက်ဝေ၊ ကျင့်တတ်စေလော့။ (မဃဒေဝလင်္ကာသစ် တတိယပိုင်း ပုတ္တောဝါဒခဏ်း အပိုဒ် ၃၂၁ နှာ၂၅၀ ၂၅၁)

## သောကဆယ်မျိုး

၁။ ရှေးငယ်ရွယ်စဉ်က ရသင့်ရအပ်သော စီးပွါးဥစ္စာကို ငါသည် မဆည်းပူးမရှာမှီးခဲ့ ဟု အိုမင်းသောအခါ၌ စိုးရိမ်သောက ပူပန်ရခြင်း။

၂။ ရှေးငယ်ရွယ်စဉ်က ဆင်စီး, မြင်းစီးစသောအတတ်များကို မသင်ခဲ့မိသဖြင့် အတတ်ပညာမရှိပဲ ဆင်းရဲငြိုငြင်စွာ အသက်မွေးမြူရသောကြောင့် အိုမင်းသောအခါ၌ စိုးရိမ်သောက ပူပန်ရခြင်း။

၃။ ရှေးငယ်ရွယ်စဉ်က ကောက်ကျစ်စဉ်းလဲခဲ့ခြင်း, ချောပစ်ကုန်းတိုက်စကားပြောဆိုမိခဲ့ခြင်း, ကြမ်းတမ်း ကြမ်းကြုတ်ခဲ့ခြင်း ဟု သေရာညောင်စောင်း၌ လဲလျောင်းသောနောက်အခါ၌ နောင်တတဖန် စိုးရိမ်ပူပန်ရခြင်း။

၄။ ရှေးက သူ့တပါး၏အသက်ကို သတ်မိခဲ့၍ ကြမ်းကြုတ်ယုတ်မာသူဖြစ်ရကား သတ္တဝါတို့ကို သနားခြင်းကို မပြုမိခဲ့ ဟုနောက်အခါ၌ စိုးရိမ်ပူပန်ရခြင်း။

၅။ သူတပါးတို့ မသိမ်းဆည်းအပ်သော မိန်းမများစွာ ရှိကုန်ပါလျက် သူ့မယားကို မှီဝဲပေါင်းဖော်မိချေ၏ ဟု နောက်၌ နိုးရိမ်ပူပန်ရခြင်း။
၆။ ရှေးက ထမင်းအဖျော်များစွာ ရှိပါလျက် အလှူဒါနကို မပြုမိခဲ့ချေ ဟု အိုမင်းသောအခါ၌ နောင်တတဖန် နိုးရိမ်ပူပန်ရခြင်း၊
၇။ ကာယအား, ဓနအားဖြင့် စွမ်းနိုင်ပါလျက် အိုမင်းရင့်ရော် အရွယ်ကြီးသော မိဘတို့ကို မလုပ်ကျွေး မမွေးမြူမိချေ-ဟု နောင်သောအခါ၌ နောင်တတဖန် နိုးရိမ်ပူပန်ရခြင်း။
၈။ အဖန်ဖန်အထပ်ထပ် ဆိုဆုံးမတတ်သည်ဖြစ်၍ လက်ဦးဆရာလည်းဖြစ်, ဝတ္ထုကာမ ရသာမျိုးစုံ အဖုံဖုံကို မွေးကျွေးတတ်သော ဖခင်ကို မထေမဲ့မြင် ပြုမိချေ၏ ဟု နောက်ကာလ၌ နိုးရိမ်ပူပန်ရခြင်း။
၉။ သီလရှိကုန်လျက် အကြားအမြင်များကြသည့် ရဟန်းပုဏ္ဏားတို့ကို ပစ္စည်းလှူလျက် မဆည်းကပ်မိချေ ဟု နောက်ကာလ၌ နိုးရိမ်ပူပန်ရခြင်း။
၁၀။ ငြိမ်သက်၍ ဆည်းကပ်အပ်သော ခြိုးခြံသည့်အလေ့အကျင့်သည် ကောင်းပါလျက် ရှေးက မကျင့်မိချေ ဟု နောက်ကာလ၌ နိုးရိမ်ပူပန်ရခြင်း။

ဒသ ခလု ဌာနာနိ၊ ယာနိ ပုဗ္ဗေ အကရိတွာ။
သ ပစ္ဆာ မနုတပ္ပတိ၊ ဣစ္စေဝါဟ(ဣစ္စာဟ ရာဇာ သီ၊သျာ၊ဣ) ဇနသန္ဓော။
အလဒ္ဓါ ဝိတ္တံ တပ္ပတိ၊ ပုဗ္ဗေ အသမုဒါနိတံ။
န ပုဗ္ဗေ ဓနမေသိဿံ၊ ဣတိ ပစ္ဆာနုတပ္ပတိ။
သကျရူပံ ပုရေ သန္တံ၊ မယာ သိပ္ပံ န သိက္ခိတံ။
ကိစ္ဆာ ဝုတ္တိ အသိပ္ပဿ၊ ဣတိ ပစ္ဆာနုတပ္ပတိ။
ကူဋဝေဒီ ပုရေ အာသိံ၊ ပိသုဏော ပိဋ္ဌိမံသိကော။
စဏ္ဍော စ ဖရုသော စာပိ၊ ဣတိ ပစ္ဆာနုတပ္ပတိ။
ပါဏာတိပါတီ ပုရေ အာသိံ၊ လုဒ္ဒေါ စာပိ အနာရိယော။
ဘူတာနံ နာပစာယိဿံ၊ ဣတိ ပစ္ဆာနုတပ္ပတိ။
ဗဟူသု ဝတ သန္တီသု၊ အနာပါဒါသု ဣတ္ထိသု။
ပရဒါရံ အသေဝိဿံ၊ ဣတိ ပစ္ဆာနုတပ္ပတိ။
ဗဟုမှိ ဝတ သန္တမှိ၊ အန္နပါနေ ဥပဋ္ဌိတေ။
န ပုဗ္ဗေ အဒဒံ(အဒဒိံ သီ) ဒါနံ၊ ဣတိ ပစ္ဆာနုတပ္ပတိ။
မာတရံ ပိတရံ စာပိ၊ ဇိဏ္ဏကံ ဂတယောဗ္ဗနံ (ဇိဏ္ဏကေ ဂတယောဗ္ဗနေ သီ၊သျာ၊ဣ)။
ပဟု သန္တော န ပေါသိဿံ၊ ဣတိ ပစ္ဆာနုတပ္ပတိ။
အာစရိယ'မနုသတ္ထာရံ၊ သဗ္ဗကာမရသာဟာရံ။
ပိတရံ အတိမညိဿံ၊ ဣတိ ပစ္ဆာနုတပ္ပတိ။
သမဏေ ဗြာဟ္မဏေ စာပိ၊ သီလဝန္တေ ဗဟုဿုတေ။
န ပုဗ္ဗေ ပယိရုပါသိဿံ၊ ဣတိ ပစ္ဆာနုတပ္ပတိ။
သာဓု ဟောတိ တပေါ စိဏ္ဏော၊ သန္တော စ ပယိရုပါသိတော။
န စ ပုဗ္ဗေ တပေါ စိဏ္ဏော၊ ဣတိ ပစ္ဆာနုတပ္ပတိ။

(ဤဆယ်ပါးသော အကြောင်းတို့ကို အသင့်အားဖြင့် ကျင့်သုံးသောသူသည် သူတော်တကာတို့၏ကိစ္စများကို ပြုသူဖြစ်၍ နောက်ကာလ၌ နောင်တတဖန် နိုးရိမ်ပူပန်မှု မရှိရတော့ပြီ ဘုရားအလောင်း ဇနသန္ဓမင်းကြီးက လခွဲတစ်ကြိမ် လူအများအား ဤတရားကို ဟောတော်မူ၏။

ယော စ တောနိ ဌာနာနိ၊ ယောနိသော ပဋိပဇ္ဇတိ။
ကရံ ပုရိသကိစ္စာနိ၊ သ ပစ္ဆာ နာနုတပ္ပတိ။)
(ဇာတက၊ ဇနသန္ဓဇာတက၊ ၁၊ ၂၄၇-၂၄၈။)]

ဘဒ္ဒကော ဝတ'ယံ ပက္ခီ၊ ဒိဇော ပရမဓမ္မိကော။
ကေစ္စေသု မနုဿေသု၊ အယံ ဓမ္မော န ဝိဇ္ဇတိ။
ဘုဉ္စ သာလိ ယထာကာမံ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။
ပုနာပိ သုဝ ပဿေမု၊ ပိယံ မေ တဝ ဒဿနံ။
(ဇာတက၊ ၁၊ ၂၇၇။ ဠ၊ ၄၊ ၂၈၀။)

ပုဏ္ဏား။ ။ အယံ ပက္ခီ-ဤငှက်သည်၊ ဘဒ္ဒကော ဝတ-ကောင်းစွတကား၊ အယံ ဒိဇော ဤငှက်သည်၊ ပရမဓမ္မိကော မြတ်သော တရားကို ကျင့်စွတကား၊ အယံ ဓမ္မော ဤတရားသည်၊ ကေစ္စေသု အချို့ကုန်သော၊ မနုဿေသု လူတို့၌ပင်၊ န ဝိဇ္ဇတိ မရှိ။ သုဝ အမှန်တရား ပြောဆိုငြားသည့် အိုကျေးသား၊ သဗ္ဗေဟိ အလုံးစုံကုန်သော၊ ဉာတိဘိ ဆွေမျိုးတို့နှင့်၊ သဟ အတူတကွ၊ ယထာကာမံ အလိုရှိတိုင်း၊ သာလိ သလေးကို၊ ဘုဉ္စ စားသုံးပါလော့၊ သုဝ အိုကျေးသား၊ ပုနပိ တစ်ဖန်လည်း၊ ပဿေမု မြင်ရပါလိုကုန်၏၊ တဝ-သင့်အား၊ မေ ငါ၏၊ ဒဿနံ မြင်ခြင်းကို၊ ပိယံ ချစ်အပ်ပါ၏။

ဘုတ္တဉ္စ ပိတဉ္စ တဝ'ဿမမှိ (တဝဿဗျမှိ-က)၊ ရတိ စ(ရတ္တိဉ္စ သျာ၊က) နော ကောသိယ တေ သကာသေ။
နိက္ခိတ္တဒဏ္ဍေသု ဒဒါဟိ ဒါနံ၊ ဇိဏ္ဏေ စ မာတာပိတရော ဘရဿု။ (ဇာတက၊ ၁၊ ၂၂၇)

ကျေးမင်း။ ။ ကောသိယ ကောသိယနွယ်ဖွား အိုပုဏ္ဏား၊ တဝ သင်၏၊ ဗျမှိ အိမ်၌၊ တေ သကာသေ သင့်အထံ၌၊ နော ငါတို့အား၊ ရတ္တဉ္စ ညဉ့်၌လည်း၊ ဘုတ္တဉ္စ စားခြင်းသည်လည်းကောင်း၊ ပိတဉ္စ သောက်ခြင်းသည်လည်းကောင်း၊ အဿ ဖြစ်ရာ၏၊ နိက္ခိတ္တ ဒဏ္ဍေသု ချအပ်ပြီးသော လက်နက်ရှိကုန်သော ရဟန်းပုဏ္ဏားတို့၌၊ ဒါနံ အလှူကို၊ ဒဒါဟိ လှူပါလော့၊ ဇိဏ္ဏေ အိုကုန်သော၊ မာတာပိတရော စ အမိအဘတို့ကိုလည်း၊ ဘရဿု မွေးမြူပါလော့။

ပုဏ္ဏားအထူး ဥဒါန်းကျူး....

လက္ခီ ဝတ မေ ဥဒပါဒိ အဇ္ဇ၊ ယော အဒ္ဒသာသိ ပဝရံ (ယော'ဟံ အဒသံ ပရမံ သျာ၊ က) ဒိဇာနံ။
သုဝဿ သုတွာန သုဘာသိတာနိ၊ ကာဟာမိ ပုညာနိ အနပ္ပကာနိ။
(ဇာတက၊ ၁၊ ၂၇၇။ ဠ၊ ၄၊ ၂၈၁။)

မေ ငါအား၊ အဇ္ဇ ယနေ့၊ လက္ခီ-ဘုန်း ပညာ ကြက်သရေသည်၊ ဥဒပါဒိ ဝတ ဖြစ်စွတကား၊ ယော (အဟံ) အကြင်ငါသည်၊ ဒိဇာနံ ငှက်တို့တွင်၊ ပဝရံ မြတ်သော ငှက်မင်းကို၊ အဒ္ဒသာသိ မြင်ရလေပြီ၊ (အဟံ ငါသည်၊) သုဝဿ ကျေးသား၏၊ သုဘာသိတာနိ ကောင်းစွာ ဆိုအပ်သော စကားတို့ကို၊ သုတွာန နာကြားရ၍၊ အနပ္ပကာနိ များစွာကုန်သော၊ ပုညာနိ ကောင်းမှုတို့ကို၊ ကာဟာမိ ပြုအံ့။

လက္ခီတိ သိရိပိ ပုညမ္ပိ ပညာပိ။ (ဇာတက၊ ဠ၊ ၄၊ ၂၈၁။)

ဘုရားရှင်၏ဒေသနာနိဂုံး အဆုံးဂါထာတော်....

သော ကောသိယော အတ္တမနော ဥဒဂ္ဂေါ၊
အန္နဉ္စ ပါနဉ္စ'ဘိသင်္ခရိတွာ (အန္နဉ္စ ပါနံ အဘိသံဟရိတွာ-က)။
အန္နေန ပါနေန ပသန္နစိတ္တော၊
သန္တပ္ပယိ သမဏဗြာဟ္မဏေ စ။
(ဇာတက၊ ၁၊ ၂၇၇။ ဠ၊ ၄၊ ၂၈၁။)

ဘိက္ခဝေ ရဟန်းတို့၊ သော ကောသိယော ကောသိယနွယ်ဖွား ထိုပုဏ္ဏားသည်၊ အတ္တမနော နှစ်သက်သည်ဖြစ်၍၊ ဥဒဂ္ဂေါ ဝမ်းမြောက်သည်ဖြစ်၍၊ အန္နဉ္စ ထမင်းကိုလည်းကောင်း၊ ပါနဉ္စ အဖျော်ကိုလည်းကောင်း၊ အဘိသင်္ခရိတွာ ပြုပြင်စီရင်၍၊ ပသန္နစိတ္တော ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍၊ သမဏေ စ ရဟန်းတို့ကိုလည်းကောင်း၊ ဗြာဟ္မဏေ စ ပုဏ္ဏားတို့ကိုလည်းကောင်း၊ အန္နေန စ ထမင်းဖြင့်လည်းကောင်း၊ ပါနေန စ-အဖျော်ဖြင့်လည်းကောင်း၊ သန္တပ္ပယိ ရောင့်ရဲစေပြီ။

ဆန္ဒမထေရ်အလောင်း လယ်စောင့်ယောကျ်ား၊ အရှင်အာနန္ဒာအလောင်း ပုဏ္ဏား။

ဆောင်ပုဒ်=သားသမီးငယ်သေး၊ ကိုယ်ကကျွေး၊ မည်ပေးခေါ်ကြ ကြွေးသစ်ချ။
မိဘနှစ်ပါး၊ ကျွေးမွေးငြား၊ ပြန်ကားဆပ်ကြ ကြွေးဟောင်းပ။
အခြားရှင်လူ၊ ပေးကျွေးမှု၊ မှတ်ယူမြုပ်ထ ရွှေအိုးပ။

ကေဒါရဇာတ်၊ ထုံးကိုမှတ်၊ လိုက်အပ်ဖွယ်ပ သူငါက။

၈။ (၅၀၃) သတ္တိဂုမ္ဗဇာတ်၊ ဝီသတိနိပါတ် (ဇာတက၊ ၁၊ ၃၂၈ ၃၃၀။ ဋ္ဌ၊ ၄၊ ၄၃၂-၄၃၉။ ငါးရာငါးဆယ်၊ စ၊ ၄၇၁ ၄၈၃။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်ကို သတ်ရန် ဒေဝဒတ်လိမ့်ချသော ကျောက်လွှာထိ၍ ဘုရားရှင်၏ခြေမတော်ကို သမားတော် ဇီဝကခွဲကုရခြင်း။

အတိတ်ဝတ္ထု= အတောင်ပေါက်စအရွယ်၌ လေဖွေတိုက်ခတ်မှုကြောင့် ဘုရားအလောင်းကျေးသားက ရသေ့တို့အထံသို့ ရောက်၍ သူတော်ကောင်းဖြစ်ရခြင်း၊ ပန်းပုံကြား၌ကျရောက်သောကြောင့် "ပုပ္ဖက"ဟု အမည်တွင်ခြင်း။

ဒေဝဒတ်အလောင်းကျေးသားကား ခိုးသားတို့အထံသို့ ရောက်၍ သူဆိုးဖြစ်ရခြင်း၊ လက်နက်တွေကြား၌ ကျရောက်သောကြောင့် "သတ္တိဂုမ္ဗ"ဟု အမည်တွင်ခြင်း။

ပတ်ဝန်းကျင်ကောင်းလျှင် သူကောင်းဖြစ်၏၊ ပတ်ဝန်းကျင်မကောင်းလျှင် သူဆိုးဖြစ်၏။

မှတ်ဖွယ်။ ။ ကျေးသား လူစကားပြော။

မင်းသည် နိုး၍ (ခိုးသားတို့၏ထမင်းချက်) ပဋိကောဠုမ္ဗနှင့် တကွ လူ့ဘာသာဖြင့် စကားပြောသော သတ္တိဂုမ္ဗကျေးသား၏စကားကို ကြား၍...

ရာဇာ ပဗုဇ္ဈိတွာ တဿ တေန သဒ္ဓိံ မနုဿဘာသာယ ကထေန္တဿ ဝစနံ သုတွာ...။(ဇာ၊ ဋ္ဌ၊ ၄၊ ၄၃၄။)

ပုပ္ဖကကျေးသား၏မှတ်သားဖွယ်ရာ တရားများ

ယံ ယံ ဟိ ရာဇ ဘဇတိ၊ သန္တံ ဝါ ယဒိ ဝါ အသံ။
သီလဝန္တံ ဝိသီလံ ဝါ၊ ဝသံ တဿေဝ ဂစ္ဆတိ။
= ယာဒိသံ ကုရုတေ မိတ္တံ၊ ယာဒိသံ စူပသေဝတိ။
သောပိ တာဒိသကော ဟောတိ၊ သဟဝါသော ဟိ(သဟဝါသောပိ သျာ၊က) တာဒိသော။
= သေဝမာနော သေဝမာနံ၊ သမ္ဖုဋ္ဌော သမ္ဖုသံ ပရံ။
သရော ဒိဒ္ဓေါ ကလာပံဝ၊ အလိတ္တ'မုပလိမ္ပတိ။
ဥပလေပဘယာ(ဥပလိမ္ပဘယာ သျာ၊က) ဓီရော၊ နေဝ ပါပသခါ သိယာ။
= ပူတိမစ္ဆံ ကုသဂ္ဂေန၊ ယော နရော ဥပနယှတိ။
ကုသာပိ ပူတိ (ပူတီ သီ၊က္က) ဝါယန္တိ၊ ဧဝံ ဗာလူပသေဝနာ။
= တဂရဉ္စ ပလာသေန၊ ယော နရော ဥပနယှတိ။
ပတ္တာပိ သုရဘိ (သုရဘီ သီ၊သျာ၊က္က) ဝါယန္တိ၊ ဧဝံ ဓီရူပသေဝနာ။
= တသ္မာ ပတ္တပုဋဿေဝ၊ ဉတွာ သမ္ပာက'မတ္တနော။
အသန္တေ နောပသေဝေယျ၊ သန္တေ သေဝေယျ ပဏ္ဍိတော။
အသန္တော နိရယံ နေန္တိ၊ သန္တော ပါပေန္တိ သုဂ္ဂတိံ။
(ဇာတက၊ ၁၊ ၃၂၉ ၃၃၀။ ဋ္ဌ၊ ၄၊ ၄၃၇ ၄၃၈။)
= (ခု၊ ၁၊ ၂၄၁ ၂၄၂ ပိဋ္ဌေ ဣတိဝုတ္တကေပိ။)

ရာဇ မင်းမြတ်၊ ယော အကြင်သူသည်၊ ယံ သန္တံ ဝ အကြင်သူတော်ကောင်းကိုလည်းကောင်း၊ ယဒိ ထိုမှ တပါး၊ ယံ အသန္တံ ဝါ အကြင်သူတော်မဟုတ် သူယုတ်ကိုလည်းကောင်း၊ ယံ သီလဝန္တံ ဝါ အကြင်သီလရှိသူကို လည်းကောင်း၊ ယံ ဝိသီလံ ဝါ အကြင်သီလမရှိသူကိုလည်းကောင်း၊ ဘဇတိ မှီဝဲဆည်းကပ်၏၊ သော ထိုသူသည်၊ တဿ ထိုမှီဝဲဆည်းကပ်အပ်သောသူ၏၊ ဝသံ ဧဝ အလိုသို့သာလျှင်၊ ဂစ္ဆတိ လိုက်တတ်၏။

ယာဒိသံ အကြင်သို့ သဘောရှိသော၊ မိတ္တံ အဆွေခင်ပွန်းကို၊ ကုရုတေ ပွဲမိ၏၊ ယာဒိသဉ္စ အကြင်သို့ သဘောရှိသောသူကိုလည်း၊ ဥပသေဝတိ မှီဝဲဆည်းကပ်၏၊ သောပိ ထိုမှီဝဲဆည်းကပ်တတ်သောသူသည်လည်း၊ တာဒိသကော ထိုမှီဝဲဆည်းကပ်အပ်သော သူနှင့်တူသည်၊ ဟောတိ ဖြစ်၏၊ ဟိ(သစ္စံ) မှန်၏၊ သဟဝါသော တကွနေသော သူသည်လည်း၊ တာဒိသော ထိုသူနှင့်တူ၏။

သေဝမာနော-မှိုဝဲဆည်းကပ်အပ်သော ဆရာသည်၊ အလိတ္တံ-မကောင်းမှုဖြင့် မလိမ်းကျံသော၊ သေဝမာနံ မှိုဝဲဆည်းကပ်တတ်သော တပည့်ကို၊ ဥပလိမ္ပတိ-မကောင်းမှုဖြင့် လိမ်းကျံစေ၏၊ သမ္ဖုဋ္ဌော တပည့်သည် တွေ့ထိအပ်သောဆရာသည်၊ ပရံ-တပါးသော၊ အလိတ္တံ မကောင်းမှုဖြင့် မလိမ်းကျံသော၊ သမ္ဖုသံ တွေ့ထိတတ်သော တပည့်ကို၊ ဥပလိမ္ပတိ-မကောင်းမှုဖြင့် လိမ်းကျံစေ၏။ (ကိမိဝ-အဘယ်ကဲ့သို့နည်း ဟူမူကား)၊ ဒိဒ္ဓေါ အဆိပ်လိမ်းကျံအပ်သော၊ သရော-မြှားသည်၊ ကလာပံ-မြှားကျည်တောက်ကို၊ ဥပလိမ္ပတိ ဣဝ အဆိပ်ဖြင့် လိမ်းကျံစေသကဲ့သို့တည်း၊ ဥပလေပဘယာ-မကောင်းမှုဖြင့် လိမ်းကျံခြင်းဘေးမှ၊ ဘီတော ကြောက်သော၊ ဓီရော ပညာရှိသည်၊ ပါပသခေါ-ယုတ်မာသော မကောင်းသော အဆွေခင်ပွန်းရှိသည်၊ နေဝ သိယာ မဖြစ်ရာ။

ယော နရော-အကြင်သူသည်၊ ပူတိမစ္ဆံ-ငါးပုပ်ကို၊ ကုသဂ္ဂေန-သမန်းမြက်ဖြင့်၊ ဥပနယှတိ ထုပ်ဖွဲ့၏၊ ကုသာပိ သမန်းမြက်တို့သည်လည်း၊ ပူတိ (ပူတိံ)-အပုပ်နံ့ကို၊ ဝါယန္တိ-လှိုင်စေကုန်၏၊ ဗာလူပသေဝနာ သူမိုက်ကို မှိုဝဲဆည်းကပ်ကုန်သော၊ တေ နရာ-ထိုသူတို့သည်၊ ဧဝံ-ဤငါးပုပ်ထုပ်သော သမန်းမြက်နှင့် တူကုန်၏။

ယော နရော စ-အကြင်သူသည်ကား၊ တဂရံ-တောင်ဇလပ်ပန်းကို၊ ပလာသေန ပေါက်ဖက်ဖြင့်၊ ဥပနယှတိ ထုပ်ဖွဲ့အံ့၊ ပတ္တာပိ-ပေါက်ဖက်တို့သည်လည်း၊ သုရဘိ (သုရဘိံ) ကောင်းသောအနံ့ကို၊ ဝါယန္တိ လှိုင်စေကုန်၏၊ ဓီရူပသေဝနာ-ပညာရှိကို မှိုဝဲဆည်းကပ်ကုန်သော၊ တေ နရာ-ထိုသူတို့သည်၊ ဧဝံ ဤတောင်ဇလပ်ပန်းကို ထုပ်သောပေါက်ဖက်နှင့် တူကုန်၏။

တသ္မာ-ထို့ကြောင့်၊ ပလပုဋဿ ဣဝ-အမွှေးရနံ့ သင်းပျံ့သော တောင်ဇလပ်ပန်းထုပ်သော ပေါက်ဖက်ကဲ့သို့၊ အတ္တနော-မိမိ၏၊ သမ္ပာကံ-ပါရမီရင့်သော အဖြစ်ကို၊ ဉတွာ သိ၍၊ အသန္တေ သူယုတ်တို့ကို၊ န ဥပသေဝေယျ မမှိုဝဲမဆည်းကပ်ရာ၊ ပဏ္ဍိတော-ပညာရှိသည်၊ သန္တေ သူတော်ကောင်းတို့ကိုသာလျှင်၊ သေဝေယျ မှဝဲဆည်းကပ်ရာ၏၊ အ သန္တော သူယုတ်တို့သည်၊ နိရယံ-ငရဲသို့၊ ယန္တိ ရောက်စေကုန်၏၊ သန္တော သူတော်ကောင်းတို့သည်၊ သုဂ္ဂတိံ(သုဂတိံ)-ကောင်းသော အလားသို့၊ ပါပေန္တိ-ရောက်စေကုန်၏။

ဧဝံ ဗာလူပသေဝနာတိ ဗာလူပသေဝီ ဟိ ပူတိမစ္ဆံ ဥပနယှနကုသဂ္ဂံ ဝိယ ဟောတိ၊ ပါပကမ္မံ အကရောန္တောပိ အဝဏ္ဏံ အကိတ္တိံ လဘတိ။ ဓီရူပသေဝနာတိ ဓီရူပသေဝီ ပုဂ္ဂလော တဂရာဒိဂန္ဓဇာတိပလိဝေဌနပတ္တံ ဝိယ ဟောတိ၊ ပဏ္ဍိတော ဘဝိတုံ အသက္ကောန္တောပိ ကလျာဏမိတ္တသေဝီ ဂုဏကိတ္တိံ လဘတိ။ ဒုဂ္ဂန္ဓသုဂန္ဓပလိဝေဌန ပဏ္ဏသေဝ။ သမ္ပာက'မတ္တနောတိ ကလျာဏမိတ္တသံသဂ္ဂဝသေန အတ္တနော ပရိပါကံ ပရိဘာဝနံ ဉတွာတိ အတ္ထော။ ပါပေန္တိ သုဂ္ဂတိန္တိ သန္တော သမ္မာဒိဋ္ဌိကာ အတ္တာနံ နိဿိတေ သတ္တေ သဂ္ဂမေဝ ပါပေန္တီတိ ဒေသနံ ယထာနုသန္ဓိမေဝ ပါပေသိ။ (ဇာတက၊ ၄၊ ၄၊ ၄၃၈။)

ဆောင်ပုဒ်များ= လူတို့သဘော၊ မနောစင်ဖြူ၊ ကောင်းသောသူနှင့်၊ ပေါင်းဘက်သင့်က၊ ကောင်းကျင့်ကောင်းမှု၊ မကောင်းသူနှင့်၊ အတူပေါင်းမှု၊ မကောင်းတုကို၊ လိုက်ပြုတတ်စွ၊ ဤလောကန္တိက်၊ တံငါ့အိမ်ပါး၊ တံငါလားဟု၊ ဆိုငြားမှန်ဘိ၊ ယွင်းမရှိတည့်၊ တမိဝမ်းအောင်း၊ ရသေ့ကျောင်းနှင့်၊ ဆိုးတောင်းယုတ်မာ၊ ခိုးသူ့ရွာသို့၊ ရောက်ရှာကုန်ကြ၊* သုဝနှစ်ကောင်၊ ကျေးညီနောင်တို့၊ တကောင်မှာသော်၊ သူတော်အလေ့၊ သိမ်မွေ့လိမ္မာ၊ တကောင်မှာမူ၊* ဝါစာဖရုသ်၊ ကြမ်းကြုတ်စရိုက်၊ ရန့်ရင်းမိုက်ရင့်၊..........အဆိုးအကောင်း၊ ဘော်ပေါင်းလေ့လာ၊ မြင်ရာတုခိုး၊ ကောင်းဆိုးရှိင်းယဉ်၊ ဂုဏ်ထူးယှဉ်၏၊ ဝိညာဉ်မဲ့ဘိ၊ စိတ်ယိုသတ္တဝါ၊ မဟုတ်စွာသေး၊ တမာ ခွေးတောက်၊ မြစ်ရှောက်ရောရက်၊ တူနှောဘက်၍၊ သရက်ချိုမြ၊* ဘဒ္ဒရလည်း၊ ကွယ်ပအပြီး၊ အခါးသီး၏၊ မနီးစကောင်း၊ မ‌ေပါင်းစထိုက်၊ သူမိုက်ဟူသည်၊ ကျင့်မှုနီးနှော၊ ဖျက်တတ်သောကြောင့်၊ သဘောမကြည်၊ ဆိပ်မျိုးရည်နှင့်။ ။ မြှားကျည် ငါးပုပ် ပမာတည်း။ (မဃဒေဝလင်္ကာသစ်၊တတိယပိုင်း၊ ပတ္တောဝါဒခဏ်း၊ ပိုဒ်မ ၂၃၇၊ နှာ ၁၆၈-၁၆၉။)

* သုဝ=ကျေး, ကြက်တူရွေး

* ဝါစာဖရုသ်=ဖရုသဝါစာ=ကြမ်းတမ်းသောစကား

* ဘဒ္ဒရ=ချိုမြိန်သောအရသာရှိသော သရက်မျိုး

ပတ်ဝန်းကျင်ကား၊ သတိထား၊ မမှားကြဖို့ရာ။

ပတ်ဝန်းကျင်ကောင်း၊ တွေ့ဆုံပေါင်း၊ သူကောင်း ဖြစ်မည်သာ။
ပတ်ဝန်းကျင်ဆိုး၊ ပေါင်းအားကိုး၊ သူဆိုး ဖြစ်သေချာ၊
သတ္တိဂုမ္ဗ၊ ပုပ္ဖက၊ နှစ်ဝ ကျေးသားဟာ။
သတ္တိဂုမ်ကျေး၊ ခိုးသားမွေး၊ မူသွေး ကြမ်းတမ်းပါ။
ပုပ္ဖကကျေး၊ ရသေ့မွေး၊ ယဉ်ကျေး သိမ်မွေ့စွာ။
ဝန်းကျင်ဆိုးကောင်း၊ ရွေးချယ်ပေါင်း၊ အပေါင်းမမှားရာ။
သတ္တိဂုမ္ဗ၊ ဇာတက၊ ထုတ်ပြ သေအချာ။

၉။ (၅၂၁) တေသကုဏဇာတ်၊ စတ္တာလီသနိပါတ် (ဇာတက၊ ၂၊ ၁ ၅။ ဋ္ဌ၊ ၅၊ ၁၁၄ -၁၃၂။ ငါးရာငါးဆာယ၊ မ၊ ၂ ၂၈။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်က ကောသလမင်းကြီးအား ဆုံးမဟောကြားတော်မူခြင်း။

မင်းကြီး...ဤသတ္တဝါတို့အား သေမင်းနှင့် အချိန်းအချက်သည် မရှိ, လက်ဆောင်တံစိုးယူခြင်းလည်း မရှိ, စစ်ထိုးခြင်းသည်လည်း မရှိ, သေမင်းကို အောင်နိုင်သည်လည်း မရှိ, ခပ်သိမ်းကုန်သော သတ္တဝါတို့သည် သေမင်းနိုင်ငံသို့ သွားရကုန်သည်ချည်းတည်း၊ ထို့ကြောင့် ဘဝတစ်ပါးသို့ ပြောင်းသွားရကုန်သော ထိုသတ္တဝါတို့အား မိမိသည် ပြုအပ်သော ကောင်းမှုကံကိုထား၍ တစ်ပါးသော တည်ရာမည်သည် မရှိ။ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် တစ်ခဏသာလျှင် ထင်ခြင်းရှိသော ဘဝတစ်ပါးသို့ ဆောင်ယူ၍ မသွားနိုင်ရကား စင်စစ်စွန့်ပစ်အပ်သော စည်းစိမ်ဥစ္စာ အခြွေအရံ ပရိသတ် မူးမတ်ဗိုလ်ပါအပေါင်းကို အမှီပြု၍ မေ့လျော့ခြင်းကို ပြုခြင်းငှါ မသင့်၊ မမေ့မလျော့သည်ဖြစ်၍ တရားသဖြင့် မင်းပြုခြင်းငှါ သင့်၏"...စသည်အစချီလျက် ဤတေသကုဏဇာတ်တော်ကို ဟောတော်မူ၏။

မဟာရာဇ ဣမေသဉ္စ သတ္တာနံ
မစ္စုနာ သင်္ဂရော နတ္ထိ၊ လဉ္စဂ္ဂါဟော န ဝိဇ္ဇတိ။
ယုဒ္ဓံ နတ္ထိ ဇယော နတ္ထိ၊ သဗ္ဗေ မစ္စုပရာယဏာ။

တေသံ ပရလောကံ ဂစ္ဆန္တာနံ ဌပေတွာ အတ္တနာ ကတံ ကလျာဏကမ္မံ အညာ ပတိဋ္ဌာ နာမ နတ္ထိ။ ဓဝံ ဣတ္တရပစ္စုပဋ္ဌာနံ အဝသံ ပဟာတဗ္ဗံ၊ န ယသံ နိဿာယ ပမာဒံ ကာတုံ ဝဋ္ဋတိ၊ အပ္ပမတ္တေနေဝ ဟုတွာ ဓမ္မေန ရဇ္ဇံ ကာရေတုံ ဝဋ္ဋတိ။ (ဇာတက၊ ဋ္ဌ၊ ၅၊ ၁၁၄။)

ဆောင်ပုဒ်=အရှင်သေမင်း၊ ချိန်းချက်ခြင်း၊ အလျင်းမရှိပါ။
လက်ဆောင်တံစိုး၊ ဘယ်လိုထိုး၊ ယူရိုးမရှိပါ။
သေမင်းနှင့်ဆိုင်၊ စစ်ဖက်ပြိုင်၊ အနိုင်မရှိပါ။
သတ္တဝါဟူသမျှ၊ သေချိန်ကျ၊ သေကြရမည်သာ။
သေမင်းနိုင်ငံ၊ သွားချိန်တန်၊ သွားရန် တို့သူငါ။
မိမိပြုကြား၊ ကံကိုထား၊ အခြားမရှိပါ။

အတိတ်ဝတ္ထု=အရှင်သာရိပုတ္တအလောင်း ဝေဿန္တရမည်သော ခင်ပုပ်ငှက်, ဥပ္ပလဝဏ်ထေရီအလောင်း ကုဏ္ဍလိနီမည်သော ဆက်ရက်(သာလိကာ)မ, ဘုရားအလောင်း ဇမ္ဗုကမည်သော ကျေးသားတို့က အရှင်အာနန္ဒာအလောင်း ဗြဟ္မဒတ်မင်းအား မင်းကျင့်တရားတို့ကို ဟောပြခြင်း။

ဘုရားအလောင်းတော်သည် သမင်ဘဝ၌ ၉ ကြိမ် ဖြစ်တော်မူသည်။

## သမင်ဘဝ ၉ ကြိမ်

၁။ (၁၁) လက္ခဏမိဂဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၃။ ဋ္ဌ၊ ၁၊ ၁၅၉ -၁၆၂။ ငါးရာငါးဆယ်၊ ပ၊ ၆၅ ၆၉။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်ကို အာခံ၍ အခြံအရံမှ ယုတ်သော ဒေဝဒတ်။

အတိတ်ဝတ္ထု=အသိဉာဏ်မဲ့၍ အခြံအရံပျက်စီးရသော ဒေဝဒတ်အလောင်း ကာဠမည်သောသမင်၊

ပညာရှိပြီး, ဥပါယ်၌လိမ္မာသည်ဖြစ်၍ အခြံအရံ လုံးဝပျက်စီးခြင်းမရှိသော အရှင်သာရိပုတ္တာအလောင်း လက္ခဏမည်သောသမင်၊ ဘုရားအလောင်း ဖခင်သမင်၊ ရာဟုလာမယ်တော်အလောင်း မိခင်သမင်။

ဆောင်ပုဒ်=အသိမြင်မှန်၊ မရှိပြန်၊ ခြံရံယုတ်တတ်စွ။
ဥပါယ်လိမ္မာ၊ ရှိပညာ၊ များစွာ ခြံရံရ။
လက္ခဏဇာတ်၊ ပုံထုံးရပ်၊ သုံးတတ် ဉာဏ်နှင့်ဆ။

၂။ (၁၂) နိဂြောဓမိဂဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၄။ ဋ္ဌ၊ ၁၊ ၁၆၂ ၁၆၉။ ငါးရာငါးဆယ်၊ ပ၊ ၇၀ ၈၂။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏ဉာဏ်တော်ကြောင့် အရှင်ဥပါလိမထေရ်၏အဆုံးအဖြတ်ဖြင့် ကိုယ်ဝန်သည်ဘိက္ခုနီမ ချမ်းသာရာရ၍ အရှင်ကုမာရကဿပအလောင်းကို ဖွားမြင်ပြီးလျှင် နောက်ဆုံး သားအမိနှစ်ပါးလုံးပင် ရဟန္တာဖြစ်ကြခြင်း။

အရှင်ကုမာရကဿပ၏မယ်တော် ဘိက္ခုနီမ မပြုမီ မိမိ၏ခင်ပွန်းသည်ကို ပြောကြားသောစကားများ...

အရှင့်သား...ကျွန်မ၏ကိုယ်သည် ၃၂ပါးသောအပုပ်တို့ဖြင့် ပြည့်၏၊ ဤသို့သောကိုယ်ကို တန်ဆာဆင်သဖြင့် အဘယ်မှုအံ့နည်း?၊ ဤကိုယ်ကို နတ်လည်း မဖန်ဆင်း, ဗြဟ္မာလည်း မဖန်ဆင်း၊ ဤကိုယ်သည် ရွှေဖြင့်လည်း မပြီး, ပတ္တမြားဖြင့်လည်း မပြီး, စန္ဒကူးနံ့သာဖြူဖြင့်လည်း မပြီး၊ ပုဏ္ဍရိက်ကြာ ကုမုဒြာကြာ ကြာညို ကြာနီ ကြာဖြူတို့၏ပွင့်ချပ်တို့၌လည်း မဖြစ်၊ မသေနေရမည်လည်း မဟုတ်၊ မသေနေရသောဆေးဖြင့် ပြည့်သည်လည်းမဟုတ်၊ စင်စစ်သော်ကား မစင်ဖြင့် ပြည့်၏၊ အပုပ်အစပ်၌ ဖြစ်၏၊ မမြဲသောသဘောရှိ၏၊ ကွဲပြိုတတ်သော သဘောရှိ၏၊ ပျက်စီးတတ်သော သဘောရှိ၏၊ စက်ဆုပ်ဖွယ်သောအာဟာရကြောင့် ပွါး၍ တဏှာကို ဖြစ်စေ၏၊ စိုးရိမ်ခြင်းတို့၏အကြောင်းဖြစ်၏၊ ငိုကြွေးခြင်းတို့၏တည်ရာဖြစ်၏၊ ခပ်သိမ်းသောရောဂါတို့၏တည်ရာဖြစ်၏၊ ညှင်းဆဲခြင်းတို့ကို ခံယူတတ်၏၊ အတွင်း၌ပုပ်၏၊ အမြဲလျှင် အဝသို့ အပုပ်အစပ်တို့ ယို၏၊ ပိုးမျိုးတို့၏နေရာဖြစ်၏၊ သုသာန်မြေ၌ လျောင်းရလတ္တံ့သည် ဖြစ်၏၊ သေခြင်းလျှင် အဆုံးရှိ၏၊ လူအပေါင်း၏မျက်စိမြင်ကောင်းသောအရပ်၌ ဖြစ်ငြားသော်လည်း ဤကိုယ်သည် အရိုးအကြောတို့နှင့်ယှဉ်လျက် အတွင်းရေ အသားတို့သည် လိမ်းကျံလျက် အပရေသည် ဖုံးလွှမ်းအပ်ရကား အဟုတ်အမှန်အားဖြင့် ကာမသားတို့အား မထင်၊ အသည်း စည်ပေါင်းအိမ် နှလုံး အဆုပ် အညှို့ အဖျဉ်း နှပ် တံတွေး ချွေး အဆီခဲ သွေး အစေး သည်းခြေ ဆီကြည်တို့ဖြင့် အူသိမ်အူမ ဝမ်းတို့၌ ပြည့်၏၊ ဤကိုယ်၏ဒွါရကိုးပေါက်တို့မှ မစင်မကြယ် စက်ဆုပ်ရွံရှာဖွယ်တို့သည် ယိုးစီး၏။...စသည်

အတိတ်ဝတ္ထု=ကိုယ်ဝန်ရှိ အရှင်ကုမာရကဿပ၏မယ်တော်လောင်းသမင်မကို အသက်ချင်းလဲလှယ်ကယ်သော ဘုရားအလောင်း နိဂြောဓသမင်၊ နိဂြောဓသမင်၏ဟောပြောမှုကြောင့် အရှင်အာနန္ဒာအလောင်းဗြဟ္မဒတ်မင်းက တိရစ္ဆာန်အားလုံးကို ဘေးမဲ့ပေးခြင်း။

ဆောင်ပုဒ်=ကရုဏာထား၊ လောင်းဘုရားကြောင့်၊ အများသတ္တဝါ၊ ဘေးဘယာမှ၊ ဝေးကွာလွတ်ကြ၊ ချမ်းသာရ၏။

၃။ (၁၃) ခရာဒိယဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၄။ ဋ္ဌ၊ ၁၊ ၁၇၅ ၁၇၆။ ငါးရာငါးဆယ်၊ ပ၊ ၈၉ ၉၁။)

ပစ္စုပ္ပန်ဝတ္ထု=ရဟန်းတို့၏အဆုံးအမကို မခံ, ဆိုဆုံးမခက်သောရဟန်း။

အတိတ်ဝတ္ထု=ဘုရားအလောင်း ဆုံးမတတ်သော သမင်ကြီး၊ ဆုံးမခက်သောရဟန်းအလောင်း တူသမင်၊ ဥပ္ပလဝဏ်အလောင်း နှမသမင်။

ဆောင်ပုဒ်=ဆိုဆုံးမခက်၊ သမင်တွက်၊ သင်လျက်ချိန်ခါ ရောက်မလာ။
မိဂမာယာ၊ သူမနာ၊ ကျောာကွင်းမိကာ ဆုံးရပါ။
ဆုံးမခက်ဘိ၊ ထုံးကိုကြည့်၊ နာ၏လွယ်စွာ ပြုကြရာ။

၄။ (၁၆) တိပလ္လတ္ထမိဂဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၅။ ဋ္ဌ၊ ၁၊ ၁၇၇ ၁၈၁။ ငါးရာငါးဆယ်၊ ပ၊ ၉၅ ၉၇။)

ပစ္စုပ္ပန်ဝတ္ထု=ကျင့်ဝတ်သိက္ခာကို အလိုရှိသော ရှင်ရာဟုလ ဝစ္စကုဋီ၌ အိပ်ရခြင်း။

အတိတ်ဝတ္ထု=ဆုံးမခံတတ်၍ မိဂမာယာကို သိသောကြောင့် အသက်ဘေးမှ လွတ်သော ရှင်ရာဟုလာအလောင်း သမင်၊ ဥပ္ပလဝဏ်အလောင်း မယ်တော်သမင်မ၊ ဆုံးမတတ်သော ဘုရားအလောင်း ဦးရီးတော်သမင်။

ဆောင်ပုဒ်=ဆုံးမစကား၊ လိုက်နာငြား၊ စံထားဖွယ်ပါ ရာဟုလာ။
တိပလ္လတ္ထ၊ ဇာတက၊ ညွှန်ပြခဲ့ရာ ထုံးကိုသာ။

၅။ (၃၅၉) သုဝဏ္ဏမိဂဇာတ်၊ ပဥ္စကနိပါတ် (ဇာတက၊ ၁၊ ၁၂၆။ ဋ္ဌ၊ ၃၊ ၁၆၉ ၁၇၃။ ငါးရာငါးဆယ်၊ တ၊ ၄၄ ၅၁။)
ပစ္စုပ္ပန်ဝတ္ထု=မိစ္ဆာအယူရှိသော လင်ကို သမ္မာအယူယူစေကာ မိမိနှင့်အတူ ရဟန္တာဖြစ်စေ၍ ယောက္ခမများနှင့် ကျွန်တို့ကိုပါ အယူမှန်စေသော အမျိုးသမီး။
အတိတ်ဝတ္ထု=အသက်ပေး၍ ဘုရားအလောင်းလင် ရွှေသမင်ဖိုကို ကယ်တင်သည့် မိစ္ဆာအယူရှိသူများကို အယူမှန်စေသော အမျိုးသမီးအလောင်း သမင်မ။
ဆန္နအလောင်း မုဆိုး။
သမင်မက လူ့ဘာသာစကားဖြင့် တောင်းပန်ပုံ...
"မုဆိုး...သင်သည် ပေါက်ဖက်တို့ကို ဖြန့်ခင်းပါလော့၊ သန်လျက်ကို အိမ်မှထုတ်၍ ရှေးဦးစွာ ကျွန်ုပ်ကို သတ်၍ နောက်မှ သမင်ကြီးကို သတ်ပါလော့"ဟု တောင်းပန်စကား ပြောကြားလေ၏။
အတ္ထရဿု ပလာသာနိ၊ အသိံ နိဗ္ဗာဟ လုဒ္ဒ။
ပဌမံ မံ ဝဓိတွာန၊ ဟန ပစ္ဆာ မဟာမိဂံ။
(ဇာတက၊ ၁၊ ၁၂၆။ ဋ္ဌ၊ ၃၊ ၁၇၁။)
မုဆိုးက "လူဖြစ်သော မိန်းမသည်ပင် လင်၏အကျိုးငှါ မိမိအသက်ကို မစွန့်၊ ဤသမင်မသည်ကား တိရစ္ဆာန်ဖြစ်လျက် မိမိအသက်ကို စွန့်ဘိ၏၊ လူ၏ဘာသာဖြစ်သော သာယာသောအသံဖြင့်လည်း ပြောဆို၏၊ ယနေ့ ငါသည်ဤသမင်မအားလည်းကောင်း, သမင်မ၏လင် သမင်ဖိုအားလည်းကောင်း အသက်ကို ပေးအံ့...
တံ သုတွာ လုဒ္ဒကော "မနုဿဘူတာ တာဝ သာမိကဿ အတ္တာယ ဇီဝိတံ န ပရိစ္စဇန္တိ၊ အယံ တိရစ္ဆာနဂတာ ဇီဝိတံ ပရိစ္စဇတိ၊ မနုဿဘာသာယ စ မဓုရေန သရေန ကထေတိ၊ အဇ္ဇ ဣမိဿာ စ ပတိနော စဿာ ဇီဝိတံ ဒဿာမိ။" (ဇာတက၊ ဋ္ဌ၊ ၃၊ ၁၇၂။)
န မေ သုတံ ဝါ ဒိဋ္ဌံ ဝါ၊ ဘာသန္တိံ မာနုသိံ မိဂိံ။
တွဉ္စ ဘဒ္ဒေ သုခီ ဟောဟိ၊ ဧသော စာပိ မဟာမိဂေါ။
(ဇာတက၊ ၁၊ ၁၂၆။ ဋ္ဌ၊ ၃၊ ၁၇၂။)
ဘဒ္ဒေ လိမ္မာပေစွ သမင်မ၊ မေ ငါသည်၊ ဣတော ဤကာလမှ၊ ပုဗ္ဗေ ရှေး၌မာနုသိံ လူ့စကားကို၊ ဘာသန္တိံ ပြောဆိုသော၊ မိဂိံ သမင်မကို၊ သုတံ ဝါ ကြားဖူးခြင်းသည်လည်းကောင်း၊ ဒိဋ္ဌံ ဝါ မြင်ဖူးခြင်းသည် လည်းကောင်း၊ န မရှိခဲ့ပါချေ၊ တွဉ္စ-သင်သည်လည်း၊ သုခီ ချမ်းသာခြင်းရှိသည်၊ ဟောဟိ ဖြစ်ပါလော့၊ ဧသော စာပိ မဟာမိဂေါ ဤသမင်ကြီးသည်လည်း၊ သုခီ ချမ်းသာခြင်းရှိသည်၊ ဟောတု ဖြစ်ပါစေသတည်း။
ဆောင်ပုဒ်=ကိုယ့်သက်စွန့်ထား၊ ခင်ပွန်းအား၊ ကယ်ငြား ဇနီးလှ။
လူ့လောကတွင်၊ တွေ့မမြင်၊ မှန်ပင် အကယ်ပ။
သမင်မကား၊ သက်စွန့်ထား၊ ကယ်ငြားမှန်ပေစွ။
မယားလိမ္မာ၊ ရတုံပါ၊ လင်မှာ ချမ်းသာရ။
ရွှေသမင်ဇာတ်၊ ဇနီးမြတ်၊ မှတ်အပ် ထုံးကိုပ။

၆။ (၃၈၅) နန္ဒိယမိဂရာဇဇာတ်၊ ဆက္ကနိပါတ် (ဇာတက၊ ၁၊ ၁၄၅ ၁၄၆။ ဋ္ဌ၊ ၃၊ ၂၅၅ ၂၅၉။ ငါးရာငါးဆယ်၊ တ၊ ၁၇၁ ၁၇၈။)
ပစ္စုပ္ပန်ဝတ္ထု=အမိအဖတို့ကို လုပ်ကျွေးသောရဟန်းကို ဘုရားရှင်ချီးမွမ်းတော်မူခြင်း။
အတိတ်ဝတ္ထု=မိဘတို့ကို အသက်ပေး၍လုပ်ကျွေးသော ဘုရားအလောင်းနန္ဒိယသမင်မင်း ဘုရင့်မြားမခ၍ ကုန်းမြေလေရှိ သတ္တဝါအားလုံး ဘေးမဲ့ပေး၍ ချမ်းသာရခြင်း။
အရှင်သာရိပုတ္တာအလောင်း ပုဏ္ဏား, အရှင်အာနန္ဒာအလောင်း ကောသလမင်း။
သမင်မင်း၏မိဘသမင်တို့က ပုဏ္ဏားကို "အရှင်...အဘယ်သို့ သွားမည်လည်း?"ဟု လူ့ဘာသာစကားဖြင့် မေး၍..
ကော် ဗြာဟ္မဏ ဒိဿွာ "အယျ ကဟံ ဂစ္ဆသီ"တိ မာနုသိကာယ ဝါစာယ ပုစ္ဆိတွာ...

သမင်မင်းက မင်းကျင့်တရား ဆယ်ပါးကို ဟောခြင်း..........

ဒါနံ သီလံ ပရိစ္စာဂံ၊ အဇ္ဇဝံ မဒ္ဒဝံ တပံ။
အက္ကောဓံ အဝိဟိံသဉ္စ၊ ခန္တိံ စ အဝိရောဓနံ။
ဣစ္စေတေ ကုသလေ ဓမ္မေ၊ ဌိတေ ပဿာမိ အတ္တနိ။
တတော မေ ဇာယတေ ပီတိ၊ သောမနဿဉ္စနပ္ပကံ။
(ဇာတက၊ ၄၊ ၃၊ ၂၅၈။)

၁။ ဒါန -လှူဒါန်းခြင်း၊
၂။ သီလ ၅-ပါးသီလ, ၁၀-ပါးသီလကို ဆောက်တည်ခြင်း၊
၃။ ပရိစ္စာဂ -ပေးကမ်းချီးမြှောက် ထောက်ပံ့ခြင်း၊
၄။ အဇ္ဇဝ -စိတ်နှလုံးဖြောင့်မတ်ခြင်း၊
၅။ မဒ္ဒဝ -ကိုယ်နှုတ်နူးညံ့သိမ်မွေ့ခြင်း၊
၆။ တပ -၈-ပါးသီလကို ဆောက်တည်ခြင်း၊
၇။ အက္ကောဓ -မေတ္တာရှေ့ထား အမျက်မပွားခြင်း၊
၈။ အဝိဟိံသ တိုင်းသူပြည်သားများကို မညှင်းဆဲခြင်း၊
၉။ ခန္တိ သည်းခံခြင်း၊
၁၀။ အဝိရောဓန -တိုင်းသူပြည်သားတို့နှင့် မဆန့်ကျင်ခြင်း။

ဒသဝတ္ထု၊ လှူမှုကြီးငယ်၊ ငါးဆယ်သီလ၊ နိယမနှင့်၊ စာဂတရား၊ ဖြောင့်သားနူးညံ့၊ ခြိုးခြံဥပုသ်၊ မျက်ကြုတ်မလို၊ သူ့ကိုမညှဉ်း၊ ပြေပြေပျူငှာသိမ်းဆည်း၊ သည်းညည်းခံချိ၊ မယှိဆန့်ကျင်၊ ဆယ်ပါးတွင်သည်၊ ဤလျှင်ရာဇဓမ်၊ ကျင့်ထုံးစံလည်း၊ တရုံကပြတ်၊ မြဲစေတတ်လော့။ (မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်၊ အပိုဒ် ၁၇၇၊ နှာ ၁၁၀။)

ဆောင်ပုဒ်=တိရစ္ဆာန်လျက်၊ မိဘတွက်၊ အသက်စွန့်ကာ ကယ်မရှာ။
သမင်မင်းမြတ်၊ ဆောက်ရွက်တတ်၊ များလတ်သတ္တဝါ ချမ်းသာရာ။
နန္ဒိယဇာတ်၊ ပုံထုံးရပ်၊ စွဲမှတ်လေပါ တို့သူငါ။

၇။ (၄၈၃) သရဘမိဂဇာတ်၊ တေရသကနိပါတ် (ဇာတက၊ ၁၊ ၂၇၂ ၂၇၄။ ၄၊ ၄၊ ၂၆၈ ၂၇၅။ ငါးရာငါးဆယ်၊ ၈၊ ၁၈၆ ၂၀၅။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်တန်ခိုးပြာဋိဟာပြခြင်း၊ ဘုရားရှင်၏အကျဉ်းအမေးပုစ္ဆာများကို အရှင်သာရိပုတ္တာအကျယ်ဖြေဆိုခြင်း၊
အရှင်မြတ်၏ပညာကြီးကျယ်သည့်ဂုဏ်ကို ထင်ရှားစေခြင်း။
အလုံးစုံသော ပရိသတ်ကို သာဝတ္ထိပြည်မှ ယူဇနာသုံးဆယ်ဝေးသော သင်္ကဿနဂိုရ်ပြည်သို့ တစ်ခဏချင်းပင် ရောက်စေတော်မူခြင်း။
သကလပရိသံ သာဝတ္ထိတော တိံသယောဇနံ သင်္ကဿနဂရံ ခဏမတ္တေနေဝ ပါပေသိ။ (ဇာ၊ ၄၊ ၄၊ ၂၆၆။)

အတိတ်ဝတ္ထု=ရွှေသမင်ဘယ်ကထွက် မင်းကြီးတာကထွက်
မိမိကို မြားဖြင့်ပစ်သတ်ရန် လိုက်လာကာ နရက်တွင်း၌ကျနေသောမင်းကို ဘုရားအလောင်းသရဘသမင်မင်း ကယ်တင်၍ ငါးပါးသီလဆောက်တည်စေခြင်း။
အရှင်အာနန္ဒာအလောင်း ဗာရာဏသီမင်း, အရှင်သာရိပုတ္တာအလောင်း ပုရောဟိတ်ပုဏ္ဏား။

အစိန္တိတမ္ပိ ဘဝတိ၊ စိန္တိတမ္ပိ ဝိနဿတိ။
န ဟိ စိန္တာမယာ ဘောဂါ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
(ဇာ၊ ၁၊ ၂၇၃။ ၄၊ ၄၊ ၂၇၀။)

အစိန္တိတမ္ပိ မကြံစည်သော်လည်း၊ ဘဝတိ ဖြစ်တတ်၏၊ စိန္တိတမ္ပိ ကြံစည်ပါသော်လည်း၊ ဝိနဿတိ ပျက်စီးတတ်၏၊ ဟိ-သစ္စံ ထိုစကားသည် မှန်၏၊ ဣတ္ထိယာ ဝါ မိန်းမအားလည်းကောင်း၊ ပုရိသဿ ဝါ ယောကျ်ားအားလည်းကောင်း၊ ဘောဂါ -စည်းစိမ်ချမ်းသာတို့သည်၊ န စိန္တာမယာ ကြံတိုင်းမပြီးကုန်။
အစိန္တိတမ္ပီတိ မယာ "အာဝါဋေ ပတိဿာမိ"တိ န စိန္တိတံ၊ "သရဘံ မာရေဿာမိ"တိ စိန္တိတံ၊ ဣဒါနိ ပန

နဋ္ဌ၊ အစိန္တိတမေဝ ဇာတံ။ ဘောဂါတိ ယသပရိဝါရာ။ တေ စိန္တာမယာ န ဟောန္တိ၊ တသ္မာ ဉာဏဝတာ ဝီရိယမေဝ ကာတဗ္ဗံ။ ဝီရိယတော ဟိ အစိန္တိတမ္ပိ ဟောတိယေဝ။ (ဇာတက၊ ၄၊ ၄၊ ၂၇၀။)

သရဘ=သမင်ဆိုးဆောက်

ဆောင်ပုဒ်=သူ၏ကျေးဇူး၊ တင်ပေးဘူး၊ အထူးသိအပ်စွာ။

ရန်သူမင်းက၊ တွင်း၌ကျ၊ ကယ်မ သမင်မှာ။

သမင့်ကျေးဇူး၊ ဥဒါန်းကျူး၊ ကြည်နူးမင်းရာဇာ။

၈။ (၄၉၈) စိတ္တသမ္ဘူတဇာတ်၊ ဝီသတိနိပါတ် (ဇာတက၊ ၁၊ ၃၁၂ ၃၁၆။ ၄၊ ၄၊ ၃၉၀ ၄၀၁။ ငါးရာငါးဆယ်၊ စ၊ ၄၀၂ ၄၁၉။)

ပစ္စုပ္ပန်ဝတ္ထု=တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ကျွမ်းဝင်ကြသော ရဟန်းနှစ်ပါး။

အတိတ်ဝတ္ထု=ဤဇာတ်တော်၌ လေးဘဝတိုင်တိုင် ဆက်တိုက် မြဲမြဲစွာ ချစ်ကျွမ်းဝင်သူနှစ်ဦးဖြစ်ခဲ့ကြသော ဘုရားအလောင်းနှင့် အရှင်အာနန္ဒာအလောင်းတို့သည် လေးဘဝအနက် ဒုတိယဘဝဝယ် နေရဉ္စရာမြစ်နား၌ သမင်ညီနောင်တို့ ဖြစ်ကြ၏၊ အတူတကွသာလျှင် သွားကြ၍ တစ်ဦးနှင့်တစ်ဦး ကင်းကွာ၍ မနေနိုင်ကြ၊ တနေ့သ၌ ဦးခေါင်းချင်းထိ၍ ဦးချိုချင်းယှက်ကာ စားမြုံပြန်၍နေကုန်စဉ် မုဆိုး၏လှံချက်ဖြင့် တစ်ပြိုင်နက်တည်း သေကြရခြင်း။

၉။ (၅၀၁) ရောဟဏမိဂဇာတ်၊ ဝီသတိနိပါတ် (ဇာတက၊ ၁၊ ၃၂၃ ၃၂၅။ ၄၊ ၄၊ ၄၁၃ ၄၂၄။ ငါးရာငါးဆယ်၊ စ၊ ၄၄၀ ၄၅၉။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်ကိုနင်းရန် နာဠာဂိရိဆင်ကိုလွှတ်ရာ အရှင်အာနန္ဒာ ဘုရားရှင်အတွက် အသက်စွန့်။

အတိတ်ဝတ္ထု=မုဆိုး၏ကျော့ကွင်း၌ မိသော မျက်မမြင်မိဘများကို လုပ်ကျွေးသည့်ဘုရားအလောင်းရောဟဏရွှေသမင်အတွက် အသက်ပေးသော အရှင်အာနန္ဒာအလောင်း ညီတော်စိတ္တမိဂသမင်နှင့် ဥပ္ပလဝဏ်ထေရီအလောင်း နမတော်သုတနာသမင်မ။

ဆန္နအလောင်းမုဆိုး, အရှင်သာရိပုတ္တာအလောင်းဗြဟ္မဒတ်မင်း, ခေမာထေရီအလောင်း ထိုစဉ် ခေမာမိဖုရားကြီး။

မာတုဂါမ မည်သည် အနည်းငယ်မျှဖြင့်ပင် ကြောက်တတ်၏။...

ဘီရုတိ မာတုဂါမော နာမ အပ္ပမတ္တကေနပိ ဘာယတိ၊ တေန နံ ဧဝံ အာလပတိ။ (ဇာတက၊ ၄၊ ၄၊ ၄၁၆။)

ဘုရားအလောင်းရွှေသမင်က မုဆိုးအား "ဓမ္မစရိယဆယ်ပါးထာနှင့် ငါးပါးသီလတို့ကို သင်ပေးလိုက်ပြီးလျှင် မင်း, မိဖုရားတို့အား တရားဟောစေကြောင်း။

လူသားမုဆိုး ရွှေသမင်ကိုရှိခိုး

မုဆိုးသားသည် ဘုရားအလောင်းရွှေသမင်ကို ဆရာအရာ၌ထား၍ သုံးကြိမ် လက်ျာရစ်လှည့်ကာ လေးပါးသော အရပ်တို့၌ ရှိခိုး၍ အမွေးတို့ကို ပဒုမာကြာဖက်ဖြင့် ယူ၍ ပြန်သွား၏။

လုဒ္ဒပုတ္တော မဟာသတ္တံ အာစရိယဋ္ဌာနေ ဌပေတွာ တိက္ခတ္တုံ ပဒက္ခိဏံ ကတွာ စတူသု ဌာနေသု ဝန္ဒိတွာ လောမာနိ ပဒုမိနိပတ္တေန ဂဟေတွာ ပက္ကာမိ။ (ဇာတက၊ ၄၊ ၄၊ ၄၂၀။)

ဆောင်ပုဒ်=ဆွေမျိုးတို့၌၊ ဘေးရန်ဆိုက်၊ ပြထိုက် ကူညီမှု။

ဉာတိဓမ္မ၊ သဘာဝ၊ လောက ထုံးတစ်ခု။

မှတ်ချက်။.....

သမန္တစက္ခုဒီပနီကျမ်း နဝမတွဲ (၆၂၇)၌ "ဟင်္သာ ခြင်္သေ့၊ ဆယ်စီစေ့၏"ဟု လာရှိရာ ဘုရားအလောင်းတော် ဟင်္သာဘဝ ၁၀ ကြိမ်ကို ပြဆိုရာ(စာမျက်နှာ ၆၂၆)တွင်"ဒုကနိပါတ် ဝိနီလဇာတ်"လည်း ပါရှိ၏၊ ထိုဇာတ်တော်၌ ဘုရားအလောင်းတော်သည် ဝိဒေဟမင်းဖြစ်၍ ဟင်္သာတို့ကား အဂ္ဂသာဝကနှစ်ပါးအလောင်းများနှင့် အရှင်အာနန္ဒာအလောင်းတို့သာ ဖြစ်ကြ၏၊ ဟင်္သာနှင့် ကျီးမတို့မှ မွေးသော ဝိနီလကသည် ဒေဝဒတ်အလောင်းဖြစ်၏။ သို့ဖြစ်၍ ဘုရားအလောင်းတော်သည် ဟင်္သာဘဝ၌ ၉ ကြိမ်သာ ဖြစ်၏။ တိပိဋကရကောဇ္ဇမာလာစာမျက်နှာ (၁၃၂)၌ကား "ဟင်္သာ, ကျေးသား၊ နှစ်ပါးတူညီ၊ ကိုးဖြစ်စီပင်" ဟု ပါရှိ၏။

## ဟင်္သာဘ၀ ၉ ကြိမ်

၁။ (၃၂) နစ္စဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၈။ ဋ္ဌ၊ ၁၊ ၂၂၂ ၂၂၄။ ငါးရာငါးဆယ်၊ ပ၊ ၁၅၇ ၁၅၉။)

ပစ္စုပ္ပန်ဝတ္ထု=ပစ္စည်းဥစ္စာမက်၍ အရက်အကြောက်မရှိသောရဟန်း။

အတိတ်ဝတ္ထု=အရှက်မရှိပဲ အမြီးထောင်ကသောဥဒေါင်း ဘုရားအလောင်းဟင်္သာမင်း၏သမီးဟင်္သာမကိုမရ။

ဆောင်ပုဒ်=ရှက်ကြောက်မဲ့ကြွား၊ ထိုသူအား၊ အများ မနှစ်သက်။

ဥဒေါင်းခမျာ၊ ရှက်ကြောက်ကွာ၊ ကရာ ထိုအချက်။

ဟင်္သာမလေး၊ လက်ဆက်ရေး၊ ရှောင်သွေး ပယ်ကာဖျက်။

၂။ (၁၃၆) သုဝဏ္ဏဟံသဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၃၂။ ဋ္ဌ၊ ၁၊ ၅၀၀ ၅၀၂။ ငါးရာငါးဆယ်၊ ပ၊ ၅၆၇ ၅၇၁။)

မှတ်ချက်။ ။ ပါစိတ်ပါဠိတော် လသုဏသိက္ခာပုဒ် (ဝိ၊ ၂၊ ၃၃၉ ၃၄၀)၌လည်း လာရှိ၏။

ပစ္စုပ္ပန်ဝတ္ထု=အတိုင်းအရှည်မသိပဲ ယာခင်းမှ ကြက်သွန်နုတ်ယူသော ထုလ္လနန္ဒာဘိက္ခုနီ၊ ထုလ္လနန္ဒာကို အကြောင်း ပြု၍ "ဘိက္ခုနီများ ကြက်သွန်မစားရ၊ စားလျှင် ပါစိတ်အာပတ်သင့်စေ"ဟု ပညတ်တော်မူခြင်း။

အတိတ်ဝတ္ထု=ဤဇာတ်တော်၌ ဘုရားအလောင်းတော် နှစ်ဘ၀ဖြစ်စိတာကို တွေ့ရသည်။.....

ပဌမဘ၀ဝယ် "ဘုရားအလောင်းတော်သည် ဗာရာဏသီပြည်၌ ပုဏ္ဏားဖြစ်၍ မယားနှင့် သမီးသုံးယောက်... နန္ဒာ, နန္ဒာဝတီ, သုန္ဒရီနန္ဒာတို့ရှိခဲ့ရာ သမီးများ အိမ်ထောင်မကျမီ ကွယ်လွန်ခဲ့၏"။

ဒုတိယဘ၀ဝယ် "ပုဏ္ဏားဘ၀မှ ကွယ်လွန်ပြီးနောက် ရွှေဟင်္သာဖြစ်၍ နေ့စဉ် ဇနီးနှင့်သမီးသုံးယောက်တို့အား ရွှေဟင်္သာတောင် တစ်တောင်စီပေးလေရာ အလိုကြီးသောဇနီးဟောင်းက ရွှေဟင်္သာ၏အတောင်အားလုံးကို နုတ်ယူသောအခါ ဘုရားအလောင်းဟင်္သာ၏ဆန္ဒမပါသောကြောင့် အတောင်များသည် ရွှေတောင်မဟုတ် တော့ပဲ ရိုးရိုးအတောင်ဖြူတို့သာ ဖြစ်ကုန်ပြီး, နောက်ပေါက်လာသောအတောင်များလည်း အဖြူတောင်တို့ သာဖြစ်၍ ဘုရားအလောင်းဟင်္သာလည်း မိမိနေရာသို့ ပျံသွားကာ ဘယ်တော့မှ ပြန်မလာတော့ချေ။ အလိုကြီး၍ ရမြဲသောလာဘ်မှ ဆုတ်ယုတ်သော ထုလ္လနန္ဒာအလောင်း ပုဏ္ဏေးမ၊ သမီးသုံးယောက်တို့ကား ထုလ္လနန္ဒာဘိက္ခုနီ၏ညီမများ ဖြစ်လာကြ၏"။

ယံ လဒ္ဓံ တေန တုဋ္ဌဗ္ဗံ၊ အတိလာဘော ဟိ ပါပကော။

ဟံသရာဇံ ဂဟေတွာန၊ သုဝဏ္ဏာ ပရိဟာယထ။

(ဇာတက၊ ၁၊ ၃၂။ ဋ္ဌ၊ ၁၊ ၅၀၂။)

ယံ အကြင်ဝတ္ထုကို၊ လဒ္ဓံ ရအပ်၏၊ တေန ထိုဝတ္ထုဖြင့်၊ တုဋ္ဌဗ္ဗံ ရောင့်ရဲအပ်၏၊ ဟိ သစ္စံ မှန်၏၊ အတိလာဘော အလွန်လောဘကြီးသောသူသည်၊ ပါပကော ယုတ်မာ၏၊ ဟံသရာဇံ ဟင်္သာမင်းကို၊ ဂဟေတွာန ဖမ်း၍၊ သုဝဏ္ဏာ ရွှေမှ၊ ပရိဟာယထ ယုတ်ဖူးပြီ။

ဆောင်ပုဒ်=အလိုလောဘ၊ ကြီးလွန်းက၊ လာဘ်မှ ဆုတ်ယုတ်သည်။

လောင်းရွှေဟင်္သာ၊ နေ့စဉ်လာ၊ ပေးရှာ ရွှေတောင်သည်။

လောဘကြီးထ၊ ပုဏ္ဏေးမ၊ နုတ်ထ အားလုံးသည်။

အတောင်အားလုံး၊ ဖြူကုန်လုံး၊ ဆုံးရှုံးလေတော့ပြီ။

ရအပ်သမျှ၊ ရောင့်ရဲမှ၊ မုချချမ်းသာမည်။

အလိုကြီးက၊ ရွှေတောင်မှ၊ ယုတ်ရ ထုံးကိုမှီ။

ရွှေဟင်္သာငှက်၊ တောင်တရွက်ဖြင့်၊ နှစ်သက်စိတ်က၊ ပေးသမျှကို၊ အားရမယို၊ ကဲလွန်ဘိလျက်၊ အတိ ဗလ၀၊ ကြီးလောဘနှင့်၊ အရသုတ်သုတ်၊ ဖြုတ်ဖြုတ်မကြွင်း၊ နင်း၍ကုန်အောင်၊ နုတ်ယူဆောင်သော်၊ ရွှေရောင် ကွယ်လစ်၊ ဖျိုင်းတောင်ဖြစ်၏။ (မဟာသုတကာရီ မဃဒေဝလင်္ကာသစ်၊ ပုတ္တောဝါဒခဏ်း၊ အပိုဒ် ၂၄၇၊ နှာ၁၇၉။)

၃။ (၂၇၀) ဥလူကဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၇၉။ ဋ္ဌ၊ ၂၊ ၃၁၇ ၃၁၉။ ငါးရာငါးဆယ်၊ ၃၊ ၄၆၀ ၄၆၂။)

ပစ္စုပ္ပန်ဝတ္ထု=ကျီး, ခင်ပုပ်တို့ ရန်ဖြစ်ခြင်း၊ နေ့အခါ ကျီးတို့က ခင်ပုပ်တို့ကို (ထိုးသတ်၍)စားခြင်း, ညဉ့်အခါ ခင်ပုပ်တို့က ကျီးတို့ခေါင်းများကို ဖြတ်သတ်ကြခြင်း။

အတိတ်ဝတ္ထု=ကျီး, ခင်ပုပ်တို့၏ရန်စ ကဿပဘုရားဉီးက ကျီး, ခင်ပုပ်တို့ ရန်ဖြစ်ကြသောကြောင့် ငှက်အပေါင်းတို့က ဘုရားအလောင်းဟံသာငယ်ကို ငှက်တို့၏မင်းအဖြစ် တင်မြှောက်ကြခြင်း။

ဥလူက, ကောသိယ=ခင်ပုပ်

ဆောင်ပုဒ်=ခင်ပုပ်နှင့်ကျီး၊ ရန်စမီး၊ ဖြစ်နည်း ကဿပဘုရားဉီးက။

အချင်းချင်းလျှင်၊ အပြစ်တင်၊ ရန်ပင်ပွါးကြောင်းပ။

ချင်းချင်းရန်ပွါး၊ ခြားလူစား၊ မှတ်သား ထုံးရှုကြ။

၄။ (၃၇၀) ပလာသဇာတ်၊ ပဥ္စကနိပါတ် (ဇာတက၊ ၁၊ ၁၃၂-၁၃၃။ ဋ္ဌ၊ ၃၊ ၁၉၄ ၁၉၇။ ငါးရာငါးဆယ်၊ တ၊ ၈၅ ၈၈။)

ပစ္စုပ္ပန်ဝတ္ထု=ကိလေသာသည် ပညောင်ပင်နှင့်တူ၍ ရှုံရာသင့်ကြောင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းရွှေဟံသာမင်းက ပေါက်ပင်၌ ပင်ညောင်ပင်ပေါက်သည်ကို ဖျက်ဆီးပစ်ရန် အကြံပေးသည်ကို မနာယူပဲ ပင်ညောင်ပင်ကြီးလာကာ ပေါက်ပင်လည်းသေ, ဘုံဗိမာန်လည်း ပျောက်၍ ငိုရသော ရုက္ခစိုးနတ်။

ဆောင်ပုဒ်=ညောင်ပင်ငယ်များ၊ ကပ်ပေါက်ငြား၊ ပယ်ရှားပစ်ရမည်။

မပယ်ရှားပင်၊ ကြီးထွားလျှင်၊ ထိုပင်မျိုးလိမ့်မည်။

ပေါက်ပင်တွယ်ကပ်၊ ညောင်မျိုးလတ်၊ ထုံးမှတ်ဇာတ်တော်မှီ။

၅။ (၃၇၉) နေရုဇာတ်၊ ဆက္ကနိပါတ် (ဇာတက၊ ၁၊ ၁၃၉ ၁၄၀။ ဋ္ဌ၊ ၃၊ ၂၃၁ ၂၃၃။ ငါးရာငါးဆယ်၊ တ၊ ၁၃၆ ၁၄၀။)

ပစ္စုပ္ပန်ဝတ္ထု=အယူဝါဒမခိုင်မြဲပဲ ကျေးရွာရှိ မရိုကို မသိတတ်သူတို့ထံ၌ နေ၍ ဆင်းရဲရသောရဟန်း။

အတိတ်ဝတ္ထု=အယုတ်, အလတ်, အမြတ် မခွဲခြားသောအရပ်၌ မနေပဲ စိတ္တကူဋတောင်သို့ ပြန်ကြသော အရှင်အာနန္ဒာအလောင်း ညီတော်ဟံသာနှင့် ဘုရားအလောင်း နောင်တော်ဟံသာ။

မနေအပ်ငြား အရပ်များ...

အမာနနာ ယတ္ထ သိယာ၊ သန္တာနံ ဝါ ဝိမာနနာ။

ဟီနသမ္မာနနာ ဝါပိ၊ န တတ္ထ ဝသတိံ ဝသေ။

ယတ္ထာ'လသော စ ဒက္ခော စ၊ သူရော ဘီရု စ ပူဇိယာ။

န တတ္ထ သန္တော ဝသန္တိ၊ အဝိသေသကရေ နရေ။

နာယံ နေရု ဝိဘဇတိ၊ ဟီနဥက္ကဋ္ဌမဇ္ဈိမေ။

အဝိသေသကရော နေရု၊ ဟန္ဒ နေရုံ ဇဟာမသေ။

(ဇာတက၊ ၁၊ ၁၄၀။ ဋ္ဌ၊ ၃၊ ၂၃၃။)

ယတ္ထ အကြင်အရပ်၌၊ သန္တာနံ ဝါ သူတော်ကောင်းတို့အားလည်း၊ အမာနနာ ရှိသေခြင်း, ပူဇော်မြတ်နိုးခြင်းမရှိသည်၊ သိယာ ဖြစ်ရာ၏၊ ဝိမာနနာ မထီမဲ့မြင်ပြုခြင်းသည်၊ သိယာ ဖြစ်ရာ၏၊ ဟီနသမ္မာနနာ ဝါပိ ယုတ်မာသောသူတို့အား ရှိသေခြင်း, ပူဇော်မြတ်နိုးခြင်း ရှိသည်လည်း၊ သိယာ-ဖြစ်ရာ၏၊ တတ္ထ ဝသတိံ=အသို့ နိဝါသေ-ထိုအရပ်၌၊ န ဝသေ မနေရာ။

ယတ္ထ-အကြင်အရပ်၌၊ အလသော စ ပျင်းသော, အတတ်ပညာမရှိသောသူသည်လည်းကောင်း၊ ဒက္ခော စ လိမ္မာသောသူသည်လည်းကောင်း၊ သူရော စ ရဲရင့်သောသူသည်လည်းကောင်း၊ ဘီရု စ ကြောက်တတ်သောသူသည်လည်းကောင်း၊ ပူဇိယာ-တူမျှသော ပူဇော်ခြင်းကို ရကုန်၏၊ နရေ လူတို့ကို၊ အဝိသေသကရေ အထူးမပြုတတ်ကုန်၊ တတ္ထ ထိုအရပ်၌ သန္တော သူတော်ကောင်းတို့သည်၊ န ဝသန္တိ မနေကုန်။

အယံ နေရု ဤနေရုမည်သော ရွှေတောင်သည်၊ ဟီနဥက္ကဋ္ဌမဇ္ဈိမေ အယုတ်, အမြတ်, အလတ်ဖြစ်ကုန်သော သူတို့ကို၊ န ဝိဘဇတိ-အထူးမပြုတတ်၊ နေရု-နေရုအမည်ရှိသော တောင်သည်၊ အဝိသေသကရော အထူးပြုခြင်းမှ ကင်း၏၊ နေရုံ နေရုတောင်ကို၊ ဟန္ဒ-လွတ်လွတ်၊ ဇဟာမသေ-စွန့်ကြကုန်အံ့။

ဆောင်ပုဒ်=အယုတ်အမြတ်၊ ခွဲခြားတတ်၊ သိမှတ် ဉာဏ်ပညာ။

ခွဲခြားမမြင်၊ ထိုရပ်တွင်၊ ခုပင်မနေရာ။
ရွှေတောင်ကပ်သွား၊ သတ္တဝါများ၊ တူပြား ဆင်ရောင်ဝါ။
ဟသ်ာညီနောင်၊ ထိုရွှေတောင်၊ ကွင်းရှောင်ကြတော့သာ။

၆။ (၄၇၆) ဇဝနဟံသဇာတ်၊ တေရသကနိပါတ် (ဇာတက၊ ၁၊ ၂၆၀-၂၆၁။ ဋ္ဌ၊ ၄၊ ၂၁၂-၂၁၉။ ငါးရာငါးဆယ်၊ ၈၊ ၁၀၁-၁၁၃။)

ပစ္စုပ္ပန်ဝတ္ထု=အာယုသင်္ခါရတို့သည် လျင်မြန်စွာ ဖြစ်ပျက်တတ်၍ မမေ့မလျော့အပ်ကြောင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းဇဝနဟံသာမင်းသည် မိမိ၏လျင်မြန်ခြင်းထက် အာယုသင်္ခါရလျင်မြန်ပုံကို ဗြဟ္မဒတ်မင်းအား ဟောခြင်း။

အရှင်အာနန္ဒာအလောင်း ဗြဟ္မဒတ်မင်း, အရှင်မောဂ္ဂလ္လာန်အလောင်း ညီငယ်ဟံသာ, အရှင်သာရိပုတ္တအလောင်း ညီလတ်ဟံသာ။

သုဝိဇာနံ သိင်္ဂါလာနံ၊ သကုဏာနဉ္စ ဝဿိတံ။
မနုဿဝဿိတံ ရာဇ၊ ဒုဗ္ဗိဇာနတရံ တတော။
ယသ္မိံ မနော နိဝိသတိ၊ အဝိဒူရေ သဟာပိ သော။
သန္တိကေပိ ဟိ သော ဒူရေ၊ ယသ္မိံ နာဝိသတေ မနော။
(ဇာတက၊ ၁၊ ၂၆၁။ ဋ္ဌ၊ ၄၊ ၂၁၇။)

ရာဇ-အိမင်း၊ သိင်္ဂါလာနံ-မြေခွေးတို့၏လည်းကောင်း၊ သကုဏာနဉ္စ-ငှက်တို့၏လည်းကောင်း၊ ဝဿိတံ-မြည်သံကို၊ သုဝိဇာနံ-သိလွယ်၏၊ မနုဿဝဿိတံ-လူတို့၏စကားသည် တတော-ထိုမြေခွေး, ငှက်သံတို့ထက်၊ ဒုဗ္ဗိဇာနတရံ-အလွန်သိနိုင်ခဲ၏။

မင်းမြတ်..တိရစ္ဆာန်တို့သည် ဖြောင့်မတ်သော စိတ်နှလုံးရှိကုန်၏၊ ထို့ကြောင့် ယင်းတို့၏မြည်သံကို သိလွယ်၏။ လူတို့ကား ကြမ်းတမ်းသော စိတ်နှလုံးရှိကုန်၏၊ ထို့ကြောင့် လူတို့၏စကားကို အလွန် သိနိုင်ခဲကုန်၏။

ဝဿိတန္တိ မဟာရာဇ တိရစ္ဆာနဂတာ ဥဇုဟဒယာ၊ တေန တေသံ ဝဿိတံ သုဝိဇာနံ၊ မနုဿာ ပန ကက္ခဠာ၊ တသ္မာ တေသံ ဝစနံ ဒုဗ္ဗိဇာနတရန္တိ အတ္ထော။ (ဇာတက၊ ဋ္ဌ၊ ၄၊ ၂၁၇။)

(မဟာရာဇ-မင်းကြီး)၊ ယသ္မိံ-အကြင်ပုဂ္ဂိုလ်၌၊ မနော-စိတ်သည်၊ နိဝိသတိ-ဝင်၏(တည်၏)၊ သော-ထိုပုဂ္ဂိုလ်သည်၊ ဒူရေ-အပိ-အလွန်ဝေးပြားသော်လည်း၊ အဝိဒူရေ-အနီး၌၊ သဟာပိ-အတူတကွသာလျှင်၊ ဝသတိ-နေရသည်မည်၏၊ ယသ္မိံ-အကြင်ပုဂ္ဂိုလ်၌၊ မနော-စိတ်သည်၊ နာဝိသတေ-မဝင်(မတည်)၊ သော-ထိုစိတ်နှလုံးမဝင်သောပုဂ္ဂိုလ်သည်၊ သန္တိကေ-ပိ-အနီး၌ နေပြားသော်လည်း၊ ဒူရေ-ဟိ-ဒူရေ-ဧဝ-အဝေး၌သာလျှင်၊ ဝသတိ-နေရသည်မည်၏။

အကြင်ပုဂ္ဂိုလ်၌ ချစ်ခင်မြတ်နိုးသည်၏အစွမ်းဖြင့် စိတ်သည် တည်၏၊ ထိုပုဂ္ဂိုလ်သည် အဝေး၌နေပြားသော်လည်း အနီး၌ အတူတကွပင် နေရသည်မည်သည်သာတည်း။ အကြင်ပုဂ္ဂိုလ်၌ကား ချစ်ခင်မြတ်နိုးသော စိတ်သည် ကင်း၏၊ ထိုပုဂ္ဂိုလ်သည် အနီး၌ နေပြားသော်လည်း အဝေး၌သာလျှင် နေရသည်မည်၏။

နိဝိသတီတိ မဟာရာဇ ယသ္မိံ ပုဂ္ဂလေ ပေမဝသေန မနော နိဝိသတိ၊ သော ဒူရေ ဝသန္တောပိ အဝိဒူရေ သဟာပိ ဝသတိယေဝ နာမ။ ယသ္မိံ ပန ပုဂ္ဂလေ မနော န နိဝိသတိ အပေတိ၊ သော သန္တိကေ ဝသန္တောပိ ဒူရေယေဝ။ (ဇာ၊ ဋ္ဌ၊ ၄၊ ၂၁၇-၂၁၈။)

ဆောင်ပုဒ်=အာယုသင်္ခါရ၊ ချုပ်လျင်မြန်၊ ရုပ်နာမ်ထင်အလင်း။
သေခြင်းသဘော၊ ဉာဏ်ဖြင့်နှော၊ ရှုသောသတိတင်း။

၇။ (၅၀၂) စူဠဟံသဇာတ်၊ ဝီသတိနိပါတ် (ဇာတက၊ ၁၊ ၃၂၆-၃၂၈။ ဋ္ဌ၊ ၄၊ ၄၂၄-၄၃၁။ ငါးရာငါးဆယ်၊ ၈၊ ၄၅၉-၄၇၀။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်အတွက် အရှင်အာနန္ဒာအသက်ကို စွန့်ခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်း ဓတရဋ္ဌဟံသာမင်းကျော့ကွင်းမိရာ အရှင်အာနန္ဒာအလောင်းသုမုခဟံသာလည်း အဖမ်းခံခြင်း။

အလောင်းတော်ရွှေဟံသာမင်းက အရှင်သာရိပုတ္တအလောင်း မင်းနှင့် ခေမာထေရီအလောင်း ခေမာမိဖုရား

တို့အား တရားဟောခြင်း၊ ဆန္ဒအလောင်း မုဆိုး။
ဆောင်ပုဒ်=ကျေးဇူးရှင်တွက်၊ ကိုယ့်အသက်၊ ငဲ့ကွက်မပြုရာ။
အာနန်ထေရ်မြတ်၊ သက်စွန့်လတ်၊ ခုမှတ် ရှေးအခါ။

၈။ (၅၃၃) စူဠဟံသဇာတ်၊ အသီတိနိပါတ် (ဇာတက၊ ၂၊ ၈၃ ၉၀။ ဋ္ဌ၊ ၅၊ ၃၅၅ ၃၇၇။ ငါးရာငါးဆယ်၊ မ၊ ၄၄၃ ၄၈၆။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်အား သေကြောင်းကြံသောဒေဝဒတ် လေးသမားကိုခိုင်းခြင်း, ကျောက်တုံးနှင့်လှိမ့်ခြင်း, နာဠာဂိရိဆင်နှင့်တိုက်ရာ အရှင်အာနန္ဒာအသက်စွန့်ကာကွယ်ရန် ကြိုးစား, နာဠာဂိရိဆင်ကို ဘုရားရှင် ဆုံးမတော်မူခြင်း။
အတိတ်ဝတ္ထု=ဘုရားအလောင်းဓတရဋ္ဌဟင်္သာမင်းအား အသက်ပေး၍ ကယ်ယူသော အရှင်အာနန္ဒာအလောင်း သုမုခဟင်္သာစစ်သူကြီးတို့အကြောင်း။
ဆောင်ပုဒ်=ကျေးဇူးရှင်တွက်၊ စွန့်အသက်၊ တိုးတက်ချမ်းသာရာ။
စူဠဟံသ၊ ဇာတ်တော်မှ၊ မှတ်ကြသေအချာ။

၉။ (၅၃၄) မဟာဟံသဇာတ်၊ အသီတိနိပါတ် (ဇာတက၊ ၂၊ ၉၀ ၉၉။ ဋ္ဌ၊ ၅၊ ၃၇၇ ၄၀၇။ ငါးရာငါးဆယ်၊ မ၊ ၄၈၆ ၅၄၁။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်အတွက် အရှင်အာနန္ဒာအသက်စွန့်ခြင်း(စူဠဟံသဇာတ် ပစ္စုပ္ပန်ဝတ္ထုနှင့်တူ၏)။
အတိတ်ဝတ္ထု=ခေမာဘိက္ခုနီအလောင်း ခေမာမိဖုရားအိပ်မက် အရှင်သာရိပုတ္တအလောင်း သံယမမင်းအား ချင်ခြင်း ဖြစ်ကြောင်းပြောသဖြင့် ဆန္ဒအလောင်းမုဆိုးအား ဘုရားအလောင်း ဓတရဋ္ဌရွှေဟင်္သာမင်းကိုဖမ်းစေရာ မိ၍ အရှင်အာနန္ဒာအလောင်း သုမုခဟင်္သာစစ်သူကြီးကြောင့် ဘေးကင်းခြင်း။
သုမုခဟင်္သာစစ်သူကြီးက မုဆိုးအား လူစကားဖြင့် နာမည်စသည်ကို မေး၍စကားပြောဆိုခြင်း...
သုမုခေါ မဟာသတ္တံ အဿာသေတွာ လုဒ္ဒပုတ္တဿ သန္တိကံ **ဂန္တွာ** မဓုရံ မာနုသိံ ဝါစံ နိစ္ဆာရေန္တော "သမ္မ တွံ ကော နာမောသိ"တိ ပုစ္ဆိတွာ "သုဝဏ္ဏဝဏ္ဏ ဟံသရာဇ အဟံ ခေမကော နာမာ"တိ..(ဇာ၊ ဋ္ဌ၊ ၅၊ ၃၈၄။)
မုဆိုးပြန်ပြောဆိုသောစကားအချို့....

န မေ သုတံ ဝါ ဒိဋ္ဌံ ဝါ၊ ဘာသန္တော မာနုသိံ ဒိဇော။
အရိယံ ဗြုဝါနော ဝက္ကင်္ဂေါ၊ စဇန္တော မာနုသိံ ဂိရံ။
(ဇာတက၊ ၂၊ ၉၁။ ဋ္ဌ၊ ၅၊ ၃၈၅။)

သမ္မ အဆွေရွှေဟင်္သာ၊ တွံ သင်သည်၊ ဝက္ကင်္ဂေါ ကောက်သောလည်ရှိသော၊ ဒိဇော ငှက်သည်၊သမာနော ဖြစ်လျက်၊ အဟော အံ့ဖွယ်ရှိစွတကား၊ အရိယံ အာစာရအရိယာဖြစ်သော၊ ဒိဇာဓိပံ ရွှေဟင်္သာမင်းကို၊ ဗြူဟနော နှစ်သိမ့်စေလျက်၊ မာနုသိံ လူ၏ဘာသာဖြစ်သော၊ ဂိရံ စကားကို၊ စဇန္တော ဖြွက်ဟပြောဆိုသော၊ တွံ သင်ကို၊ ဒါနိ ယခု၊ မယာ ငါသည်၊ ဒိဋ္ဌော မြင်အပ်ပြီ၊ က္လတော ဤအခါမှ၊ ပုဗ္ဗေ ရှေး၌၊ ဒိဇော ငှက်ဖြစ်လျက်၊ မာနုသိံ လူ၏ဘာသာဖြစ်သော၊(ဂိရံ စကားကို)၊ ဘာသန္တော ပြောဆိုသည်ကို၊ မေ ငါသည်၊ န သုတံ ဝ ကြားလည်း မကြားစဖူး၊ န ဒိဋ္ဌံ ဝါ မြင်လည်းမမြင်စဖူး။ (ဝဇန္တော မြွက်ဟပြောဆိုသော၊ တေ သင်အား၊)ဟု ငါးရာငါးဆယ်, ပဥ္စမတွဲ, စာမျက်နှာ ၅၀၃ ၌ ရှိ၏။
မာနုသိန္တိ မနုဿဝါစံ။ အရိယန္တိ သုန္ဒရံ နိဒ္ဒေါသံ။ စဇန္တောတိ ဝိဿဇ္ဇေန္တော။ က္လဒံ ဝုတ္တံ ဟောတိ သမ္မ တွံ ဒိဇော သမာနော အဇ္ဇ မယာ သဒ္ဒိံ မာနုသိံ ဝါစံ ဘာသန္တော နိဒ္ဒေါသံ ဗြုဝါနော မာနုသိံ ဂိရံ စဇန္တော ပစ္စက္ခတော ဒိဋ္ဌော၊ က္လတော ပုဗ္ဗေ ပန က္လဒံ အစ္ဆရိယံ မယာ နေဝ သုတံ န ဒိဋ္ဌန္တိ။ (ဇာတက၊ဋ္ဌ၊ ၅၊ ၃၈၅ ၃၈၆။)

ဟင်္သာ ၆ မျိုး=၁။ တိဏဟင်္သာမျိုး, ၂။ ပဏ္ဍုဟင်္သာမျိုး, ၃။ မနောသိလာဟင်္သာမျိုး, ၄။ သေတဟင်္သာမျိုး, ၅။ ပါကဟင်္သာမျိုး, ၆။ ဓတရဋ္ဌဟင်္သာမျိုး။ (ဇာတက၊ ဋ္ဌ၊ ၅၊ ၃၇၉။)
ဆောင်ပုဒ်=ကျေးဇူးထောက်ထား၊ သက်စွန့်ငြား၊ ကြီးပွါးချမ်းသာမည်။
မဟာဟံသ၊ ဇာတ်တော်က၊ ထုံးပြသက်သေတည်။

ဘုရားအလောင်းတော်သည် ခြင်္သေ့ဘဝ၌ ၁၀-ကြိမ် ဖြစ်ခဲ့လေသည်။

## ခြင်္သေ့ဘဝ ၁၀-ကြိမ်

၁။ (၁၄၃) ဝိရောစနဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၃၃။ ဋ္ဌ၊ ၁၊ ၅၁၆ ၅၁၉။ ငါးရာငါးဆယ်၊ ပ၊ ၅၉၀ ၅၉၄။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားအတုပြု, သံဃာသင်းခွဲသော ဒေဝဒတ် (ကောကာလိက၏)အကန်ခံရ၍ သွေးအန်ခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းကေသရရာဇာခြင်္သေ့မင်းကို အတုပြု၍ ဆင်ကိုသတ်ရန်အားထုတ်သော ဒေဝဒတ်အလောင်းမြေခွေး ဆင်နင်းခံရ၍သေခြင်း။

ဆောင်ပုဒ်=မတုသင့်တာ၊ မတုရာ၊ တုလာ ပျက်စီးမည်။
မြေခွေးငပု၊ ခြင်္သေ့တု၊ နင်းပြု ဆင်သတ်ပြီ။

၂။ (၁၅၂) သိင်္ဂါလဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၃၆။ ဋ္ဌ၊ ၂၊ ၅ ၈။ ငါးရာငါးဆယ်၊ ဒု၊ ၇ ၁၂။)

ပစ္စုပ္ပန်ဝတ္ထု=လိစ္ဆဝီမင်းသမီးငယ်ကို လိုချင်သောဆေတ္တာသည်သား အစားတော်ပြီး သေရခြင်း။

အတိတ်ဝတ္ထု=လိစ္ဆဝီမင်းသမီးငယ်အလောင်း ခြင်္သေ့မငယ်ကိုလိုချင်သော ဆေတ္တာသည်သားအလောင်းမြေခွေး ဘုရားအလောင်း အစ်ကိုကြီးခြင်္သေ့၏ဟောက်သံကြောင့် သေရခြင်း။

ခြင်္သေ့လေးမျိုး။ ။ (၁) တိဏသီဟ တိဏခြင်္သေ့, (၂) ပဏ္ဍုသီဟ ပဏ္ဍုခြင်္သေ့, (၃) ကာဠသီဟ ကာဠခြင်္သေ့, (၄) သုရတ္တဟတ္ထပါဒ ကေသရသီဟ အလွန်နီသောလက်ခြေရှိသော ကေသရခြင်္သေ့။

ဆောင်ပုဒ်=မတန်မရာ၊ စွဲလမ်းပါ၊ သေကာ ပျက်စီးတတ်။

၃။ (၁၅၃) သူကရဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၃၆။ ဋ္ဌ၊ ၂၊ ၈-၁၁။ ငါးရာငါးဆယ်၊ ဒု၊ ၁၂ ၁၆။)

ပစ္စုပ္ပန်ဝတ္ထု=ပရိသတ်အလယ်၌ အရှင်သာရိပုတ္တမထေရ်ကို ပြဿနာမေးနိုင်လျှင် လူအများက အထင်ကြီး၍ လာဘ်ပူဇော်သက္ကာရကို ရလိမ့်မည် ဟု ကြံစည်လျက် ပြဿနာမေးရန် ပြောဆိုလာသော ရဟန်းကြီးကို အရှင်မြတ်က လုံးဝပြောဆိုတော်မမူပဲ ရှက်စနိုး၍ ယပ်ကိုချပြီးလျှင် နေရာမှသက်၍ ပရိဝုဏ်သို့ ဝင်တော်မူခြင်း၊ လူတို့က အရှင်မြတ်ထံမှ တရားမနာရသောကြောင့် စိတ်ဆိုး၍ ရဟန်းကြီးနောက်သို့လိုက်ကြရာ ရဟန်းကြီး မစင်တွင်းသို့ ကျခြင်း။

ထေရော တံ ဒြလောကေတွာ "အယံ မဟလ္လကော ဣစ္ဆာစာရေ ဌိတော တုဏှော န ကိဉ္စိ ဇာနာတီ"တိ တေန သဒ္ဓိံ အကထေတွာဝ လဇ္ဇမာနော ဗီဇနိံ ပေတွာ အာသနာ ဒြတရိတွာ ပရိဝေဏံ ပါဝိသိ။ (ဇာ၊ ဋ္ဌ၊ ၂၊၉။)

အတိတ်ဝတ္ထု=ဘုရားအလောင်းခြင်္သေ့က မစင်လူးထားသော ရဟန်းကြီးအလောင်းဝက်ကို အရှုံးပေးခြင်း။

ဆောင်ပုဒ်=ဂုဏ်ကိုလွန်မက်၊ ဂုဏ်မတက်၊ ဂုဏ်ပျက်မည်သေချာ။
တိုင်းတာမသိ၊ ဝက်တေ၊ လူးဘိမစင်သာ။
ခြင်္သေ့လောင်းတော်၊ ကြောင်းကျိုးမျှော်၊ ရှောင်သော် ဝက်ကိုပါ။

၄။ (၁၅၇) ဂုဏဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၃၈။ ဋ္ဌ၊ ၂၊ ၂၁ ၂၆။ ငါးရာငါးဆယ်၊ ဒု၊ ၃၂ ၄၀။)

ပစ္စုပ္ပန်ဝတ္ထု=အရှင်အာနန္ဒာမထေရ် သင်္ကန်းလျာပုဆိုးတစ်ထောင်ရခြင်း။

အတိတ်ဝတ္ထု=နွံ၌နစ်နေသော ဘုရားအလောင်းခြင်္သေ့ကို ကယ်တင်သော အရှင်အာနန္ဒာမထေရ်အလောင်းမြေခွေး။

မိဂီတိ သီဟံ အာလပတိ။ သော ဟိ မိဂရာဇတာယ မိဂါ အဿ အတ္ထီတိ မိဂီ။ (ဇာ၊ ဋ္ဌ၊ ၂၊ ၂၅။)

မိဂီ သဒ္ဒါ ခြင်္သေ့ဟော။

ဇာတံ သရဏတော ဘယန္တိ အမှာကံ တုမှေ ပတိဋ္ဌာနဋ္ဌေန သရဏံ၊ တုမှာကညေဝ သန္တိကာ ဘယံ ဇာတံ။ (ဇာတက၊ ဋ္ဌ၊ ၂၊ ၂၅။)

ကိုးကွယ်ရာမှ ဘေးဖြစ်၏။

ဆောင်ပုဒ်=သူပြုလေဘူး၊ ဂုဏ်ကျေးဇူး၊ အထူးသိရမည်။
ခြင်္သေ့မင်းကား၊ မြေခွေးအား၊ ပြန်ငြား ကျေးဆပ်သည်။

၅။ (၁၇၂) ဒဒ္ဒရဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၃။ ဋ္ဌ၊ ၂၊ ၆၀ ၆၂။ ငါးရာငါးဆယ်၊ ၃၊ ၉၂ ၉၅။)
ပစ္စုပ္ပန်ဝတ္ထု=တရားဟောချင်လွန်းသော ရှင်ကောကာလိက။
အတိတ်ဝတ္ထု=ဘုရားအလောင်းခြင်္သေ့မင်းကို တုရွ် ဟောင်သော ရှင်ကောကာလိကအလောင်းမြေခွေး။
ရာဟုလာအလောင်း ခြင်္သေ့ငယ်။
ဆောင်ပုဒ်=မတူပဲတု၊ ဝင့်ဝါမှု၊ လူထုစက်ဆုပ်သည်။

၆။ (၁၈၈) သီဟကောတ္ထုဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၉။ ဋ္ဌ၊ ၂၊ ၉၈ ၉၉။ ငါးရာငါးဆယ်၊ ၃၊ ၁၅၀ ၁၅၂။)
သမ္ဗန္ဓစက္ကဒီပနီကျမ်း နဝမတွဲ(၆၂၆)၌ကား "သီဟကောဋ္ဌဇာတ်"ဟု ရှိ၏။
ပစ္စုပ္ပန်ဝတ္ထု=တရားဟောချင်လွန်းသော ရှင်ကောကာလိက။
အတိတ်ဝတ္ထု=ဘုရားအလောင်းခြင်္သေ့မင်းနှင့် မြေခွေးမတို့မှ မွေးဖွားလာသော ရှင်ကောကာလိကအလောင်းသည်
ခြေလက်ကိုယ်အင်္ဂါအားလုံးတို့ ဖခင်ခြင်္သေ့နှင့်တူသော်လည်း အသံကား မိခင်နှင့်တူသောကြောင့်
မြေခွေးသံမြည်သော ခွေးခြင်္သေ့၊ ဖခင်ခြင်္သေ့မင်း၏အဆုံးအမကြောင့် မြေခွေးသံ မမြည်ဝံ့တော့။
ရှင်ရာဟုလာကား ခြင်္သေ့မင်းနှင့်ခြင်္သေ့မတို့၏သားဖြစ်ခဲ့၏။
ဆောင်ပုဒ်=အသွင်သဏ္ဌာန်၊ တူမျှဟန်ဖြင့်၊ အမှန်ပြကာ၊ မတုရာ၊ စိတ်မှာ စွဲယူမှတ်။

၇။ (၃၂၂) ဒုဒ္ဒုဘဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၀၄။ ဋ္ဌ၊ ၃၊ ၆၉ ၇၂။ ငါးရာငါးဆယ်၊ ၃၊ ၆၇၅ ၆၇၈။)
ပစ္စုပ္ပန်ဝတ္ထု=တိတ္ထိတို့၏အကျင့်သည် မစင်လိမ်းသောလမ်း, ယုန်ငယ်၏ဒုဒ္ဒုဘအသံတို့နှင့် တူခြင်း။
တိတ္ထိတို့၏ကျင့်စဉ်အချို့...
၁။ ဆူးအခင်းတို့၌အိပ်ခြင်း၊
၂။ ပဉ္စာတပအကျင့်ကို ကျင့်ခြင်း...
ပဉ္စာတပအကျင့် ဟူသည် ကိလေသာ အစိုပျောက်အောင် နေပူကျဲကျဲ၌ လေးမျက်နှာဝယ် မီးပုံကြီး ၄ ပုံ
ဖိုပြီး အလယ်၌ လူဝင်နေ၍ နေပူနှင့်တကွ အပူငါးမျိုးဖြင့် ကျင့်စဉ်ကို ခေါ်သည်။
အတိတ်ဝတ္ထု=ဥသျှစ်သီးကြွေသံကို မြေပြိုပြီ ဟု မှတ်ထင်၍ စတင်ပြေးသော ယုန်ငယ်နောက်သို့ (မဆင်မခြင်)
ပြေးကြသော သတ္တဝါများကို ဘုရားအလောင်းခြင်္သေ့က ဟန့်တား၍ အဖြစ်မှန်ကို ဖြေရှင်းပေးခြင်း။
ဆောင်ပုဒ်=ပညာကင်းမဲ့၊ တွေးနယ်ချဲ့၊ ကျိုးမဲ့ဖြစ်တတ်သည်။
ဆင်ခြင်မဲ့ငြား၊ သူ့စကား၊ ယုံစား ဆင်းရဲမည်။
ဥသျှစ်သီးကျ၊ မြေပြိုထ၊ ယူဆ ယုန်ငယ်သည်။
သူပြေးသည့်နောက်၊ ဆင်ခြင်ပျောက်၊ လိုက်နောက်သတ္တဝါသည်။
အလောင်းခြင်္သေ့၊ တားမြစ်ပေ့၊ ချမ်းမြေ့ကြလေပြီ။

၈။ (၃၃၅) ဇမ္ဗုကဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၁၁။ ဋ္ဌ၊ ၃၊ ၁၀၃ ၁၀၅။ ငါးရာငါးဆယ်၊ ၃၊ ၇၁၂ ၇၁၄။)
မှတ်ချက်။ စတုက္ကနိပါတ် သိင်္ဂါလဇာတ် (သမ္ဗန္ဓစက္ကဒီပနီကျမ်း၊ နဝမတွဲ၊ နှာ ၆၂၆။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားအတုပြုသူဒေဝဒတ်ကို ကောကာလိကက ဒူးနှင့်တိုက်ခြင်း။
အတိတ်ဝတ္ထု=ဘုရားအလောင်းခြင်္သေ့၏စကားကို မနာယူပဲ ခြင်္သေ့အတုလိုက်ကာ မာန်ဟုန်ပြင်း၍ ဆင်နင်းခံ
ရသောမြေခွေး။
ကောတ္ထု(ကုဋ္ဌု၊သီ၊သျာ), သိင်္ဂါလ, ဇမ္ဗုက=မြေခွေး။ ကောတ္ထုူဝါတိ သိင်္ဂါလော ဝိယ။ (ဇာတက၊ ဋ္ဌ၊ ၃၊ ၁၀၄။)
ဆောင်ပုဒ်=မတူပဲတု၊ ပြုကျင့်မှု၊ သက်ဟုခန္ဓာ ဆုံးတတ်ပါ။
မြေခွေးမိုက်ပေ၊ ဆင်နင်းခြေ၊ သက်လေခန္ဓာ ဆုံးရရှာ။

၉။ (၃၉၇) မနောဇဇာတ်၊ သတ္တကနိပါတ် (ဇာတက၊ ၁၊ ၁၅၆ ၁၅၇။ ဋ္ဌ၊ ၃၊ ၃၀၂ ၃၀၅။ ငါးရာငါးဆယ်၊ တ၊ ၂၄၃ ၂၄၈။)
ပစ္စုပ္ပန်ဝတ္ထု=ဆန့်ကျင်ဘက်ကို ပေါင်းသောရဟန်း။ (မဟိဠာမုခဇာတ်ပြန်ကြည့်)။

အတိတ်ဝတ္ထု=ဘုရားအလောင်း ဖခင်ခြသေ့်မင်း၏စကားကို မနာယူပဲ ဒေဝဒတ်အလောင်းမြေခွေးယုတ်ကို ပေါင်း၍ မြားဒဏ်ထိလျက် သေရသော ဆန္ဒကျင်ဘက်ကိုပေါင်းသည့်ရဟန်းအလောင်း မနောဇမည်သော သားခြသေ့်။

ဥပ္ပလဝဏ်အလောင်း (မနောဇ၏နှမ)ခြသေ့်မ, ခေမာဘိက္ခုနီမအလောင်း (မနောဇ၏မယား)ခြသေ့်မ, ရာဟုလာမယ်တော်အလောင်း (မနောဇ၏မိခင်)ခြသေ့်မ။

ဘုရားရှင်၏အဆုံးအမ "မိမိထက်သာသူကို ပေါင်းပါ"

နိဟီယတိ ပုရိသော နိဟီနသေဝီ၊
န စ ဟာယေထ ကဒါစိ တုလျသေဝီ။
သေဋ္ဌမုပဂမံ ဥဒေတိ ခိပ္ပံ၊
တသ္မာတ္တနာ ဥတ္တရိတရံ ဘဇေထ။
(ဇာတက၊ ၁၊ ၁၅၇။ ဋ္ဌ၊ ၃၊ ၃၀၄။)

မုပနမံ (သီ၊ဣ၊ အံ ၁၊၁၂၃) တသ္မာ အတ္တနော ဥတ္တရိံ (သီ၊ဣ) ဥတ္တရံ (သျာ)

ဘိက္ခဝေ ရဟန်းတို့၊ နိဟီနသေဝီ ယုတ်မာသောသူကို မှီဝဲသော၊ ပုရိသော ယောကျ်ားသည်၊ နိဟီယတိ ယုတ်မာ၏၊ တုလျသေဝီ တူသောသူကို မှီဝဲသော ပုရိသော ယောကျ်ားသည်၊ ကဒါစိ တစ်ရံတစ်ဆစ်၌၊ န စ ဟာယေထ မယုတ်မာရာ၊ သေဋ္ဌံ မြတ်သောသူကို၊ ဥပဂမံ ဥပဂမန္တော ဆည်းကပ်သောသူသည်၊ ခိပ္ပံ လျင်စွာ၊ ဥဒေတိ သီလအစရှိသော ကျေးဇူးတို့ဖြင့် ပွါး၏၊ တသ္မာ ထို့ကြောင့်၊ အတ္တနော မိမိထက်၊ ဥတ္တရိတရံ သီလစသည်ဖြင့် လွန်မြတ်သောသူကို၊ ဘဇေထ ဆည်းကပ် မှီဝဲကြကုန်လော့။

နိဟီယတီတိ ဘိက္ခဝေ နိဟီနသေဝီ နာမ မနောဇော သီဟော ဝိယ နိဟီယတိ ပရိဟာယတိ ဝိနာသံ ပါပုဏာတိ။ တုလျသေဝီတိ သီလာဒီဟိ အတ္တနာ သဒိသံ သေဝမာနော န ဟာယတိ ဝဍ္ဎိယေဝ ပန္နသ ဟောတိ။ သေဋ္ဌမုပဂမန္တိ သီလာဒီဟိ ဥတ္တရိတရံယေဝ ဥပဂစ္ဆန္တော။ ဥဒေတိ ခိပ္ပန္တိ သီဃမေဝ သီလာဒီဟိ ဂုဏေဟိ ဥဒေတိ၊ ဝုဍ္ဎိံ ဥပဂစ္ဆတီတိ။ (ဇာတက၊ ဋ္ဌ၊ ၃၊ ၃၀၄ ၃၀၅။)

ကိုယ့်အောက်ယုတ်သူ၊ ပေါင်းသင်းမူ၊ ကိုယ်မူယုတ်မာ တတ်လေပါ။
ကိုယ်နှင့်တန်းတူ၊ ပေါင်းသင်းမူ၊ ကိုယ်မူဘယ်ခါ မယုတ်မာ။
ကိုယ့်ထက်မြင့်သူ၊ ပေါင်းသင်းမူ၊ ကိုယ်မူမုန်စွာ မြင့်မည်သာ။

ဆောင်ပုဒ်=ယုတ်မာသောသူ၊ ပေါင်းသင်းမူ၊ ပေါင်းသူပျက်စီးရာ။
မနောဇဇာတ်၊ ထုံးကိုမှတ်၊ မပြတ်လိုက်နာပါ။

၁၀။ (၄၈၆) မဟာဥက္ကုသဇာတ်၊ ပကိဏ္ဏကနိပါတ် (ဇာတက၊ ၁၊ ၂၈၀ ၂၈၂။ ဋ္ဌ၊ ၄၊ ၂၈၉ ၂၉၆။ ငါးရာငါးဆယ်၊ စ၊ ၂၃၀ ၂၄၃။)

ပစ္စုပ္ပန်ဝတ္ထု=ဇနီးလောင်း၏စကားကို မိတ်ဆွေဖွဲ့လျက် ဇနီးကိုအမှီပြု၍ စည်းစိမ်ချမ်းသာ များစွာရသော မိတ္တဗန္ဓက သီတင်းသည်။

အတိတ်ဝတ္ထု=စွန်မ၏စကားဖြင့် ဝန်လိုင်က်, လိပ်, ခြသေ့်တို့ကို အဆွေခင်ပွန်းဖွဲ့၍ မုဆိုးတို့ဘေးမှ သားငယ်များ ချမ်းသာရာရသော မိတ္တဗန္ဓကသီတင်းသည်အလောင်းစွန်။

မိတ္တဗန္ဓကသီတင်းသည်မောင်နှံအလောင်း စွန်ဖို, စွန်မ၊ ရာဟုလာအလောင်း သားလိပ်ငယ်၊ မဟာမောဂ္ဂလ္လာန်အလောင်း အဖလိပ်ကြီး၊ သာရိပုတ္တအလောင်းဝန်လိုင်က်၊ ဘုရားအလောင်းခြသေ့်မင်း။

သေန, သေနက စွန်, သိန်း။
ဥက္ကုသ, ကုရရ ဝန်လိုင်က်။ ကုရရောတိ ဥက္ကုသရာဇာ။ (ဇာတက၊ ဋ္ဌ၊ ၄၊ ၂၈၂။)
စိလာစ ဇနပုဒ်သား။ စိလာစာ(မိလာစာ သီ၊ သျာ၊ ဣ)တိ ဇာနပဒါ။ (ဇာတက၊ ဋ္ဌ၊ ၄၊ ၂၉၀။)
ပသု တိရစ္ဆာန်။ ပသူတိ သဗ္ဗတိရစ္ဆာနေ အာဟ။ (ဇာတက၊ ဋ္ဌ၊ ၄၊ ၂၉၄။)

ဆောင်ပုဒ်=ဘေးရန်ကြုံက၊ မိတ်ကောင်းမှ၊ ကယ်မ ချမ်းသာမည်။
စွန်ငှက်ငယ်များ၊ ဘေးတွေငြား၊ ကြောက်အားပိုလေပြီ။
မိတ်ဆွေကောင်းများ၊ ကယ်တင်ငြား၊ ဘေးကားမရှိပြီ။

ဘုရားအလောင်းတော်သည် မျောက်ဘဝ၌ ၁၂ ကြိမ် ဖြစ်လေသည်။

မျောက်ဘဝ ၁၂ ကြိမ်

၁။ (၂၀) နဠပါနဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၅။ ဋ္ဌ၊ ၁၊ ၁၈၆ ၁၈၈။ ငါးရာငါးဆယ်၊ ပ၊ ၁၀၄ ၁၀၈။)

ငါးရာငါးဆယ်၌ကား "နဠကပါနဇာတ်"ဟု အမည်ပေး၏။

ပစ္စုပ္ပန်ဝတ္ထု=နဠကပါနရေကန်အနီးရှိ ကျူပင်များမှ ကျူရိုးတို့ အဆစ်အပိတ်မရှိခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းမျောက်မင်း၏ပါရမီသစ္စာ အဓိဋ္ဌာန်ပြုခြင်းကြောင့် ကျူပင်များ အဆစ်အပိတ်မရှိခြင်း။

အကျိုးစီးပွားကို ဆောင်ရွက်သော ကျေးဇူး၏များသည်၏အဖြစ်ကြောင့် ဘုရားအလောင်းတို့၏အဓိဋ္ဌာန်သည် ပြည့်စုံ၏။

ဗောဓိသတ္တာနဉ္စိ ဟိတူပစာရဿ (ဟိတူပကာရဿ က) မဟန္တတာယ အဓိဋ္ဌာနံ သမိဇ္ဈတိ။ (ဇာ၊ ဋ္ဌ၊ ၁၊ ၁၈၈။)

နဠ ကျူ၊ နဠဒဏ္ဍက ကျူရိုး

ကပိ မျောက်၊ ကပိရာဇ မျောက်မင်း

ဒက ရေ၊ဒကရက္ခသ ရေစောင့်ရက္ခိုသ် (မိမိစောင့်သောရေကန်ထဲသို့ ရေသောက်ဆင်းသော လူနှင့် တိရစ္ဆာန်များကို ဖမ်းစားသောဘီလူးတမျိုး)

ကမ္ဘာတည်သည့်အရာ ၄ မျိုး...

(၁) လ၌ ယုန်ရုပ်အမှတ်အသားသည် ဘဒ္ဒကမ္ဘာပတ်လုံး တည်လိမ့်မည်။

(၂) ဝဋ္ဋကဇာတ်၌ မီးငြိမ်းရာအရပ်သည်လည်း ဘဒ္ဒကမ္ဘာပတ်လုံး မီးမလောင်ပဲ တည်လိမ့်မည်။

(၃) ဃဋီကာရ၏အိမ်နေရာအရပ်သည်လည်း ဘဒ္ဒကမ္ဘာပတ်လုံး မိုးမစွတ်ပဲ တည်လိမ့်မည်။

(၄) နဠကပါနရေကန်ပတ်ဝန်းကျင်ရှိ ကျူပင်တို့သည်လည်း ဘဒ္ဒကမ္ဘာပတ်လုံး အဆစ်အပိတ်မရှိကြပဲ တစ်ခုသော အပေါက်ရှိသည် ဖြစ်ကြလိမ့်မည်။

ကပ္ပသ္မိံ ဟိ ကပ္ပေ စတ္တာရိ ကပ္ပဋ္ဌိယပါဋိဟာရိယာနိ နာမ။ ကတမာနိ စတ္တာရိ? စန္ဒေ သသလက္ခဏံ သကလမ္ပိ ကပ္ပံ ကပ္ပံ ဌဿတိ၊ ဝဋ္ဋကဇာတကေ အဂ္ဂိနော နိဗ္ဗုတဋ္ဌာနံ သကလမ္ပိ ကပ္ပံ ကပ္ပံ အဂ္ဂိ န ဈာယိဿတိ၊ ဃဋီကာရနိဝေသနဋ္ဌာနံ သကလမ္ပိ ကပ္ပံ ကပ္ပံ အနောဝဿကံ ဌဿတိ၊ ကပ္ပံ ပေါက္ခရဏိံ ပရိဝါရေတွာ ဥဋ္ဌိတနဠာ သကလမ္ပိ ကပ္ပံ ကပ္ပံ ဧကစ္ဆိဒ္ဒါ ဘဝိဿန္တီတိ ကပ္ပမာနိ စတ္တာရိ ကပ္ပဋ္ဌိယပါဋိဟာရိယာနိ နာမ။ (ဇာ၊ ဋ္ဌ၊ ၁၊ ၁၈၈။)

ဆောင်ပုဒ်=၁။ ယုန်ရုပ်လလယ်၊ ထင်သည့်နယ်၊ မပြယ် ကပ်ဆုံးသာ။

၂။ ငုံးမင်းမြိုင်ချောင်၊ မီးမလောင်၊ တည်အောင် ကပ်ဆုံးသာ။

၃။ ဃဋီကာရ၊ အိမ်ဂေဟာလဲ၊ မိုးမစွဲ၊ တည်မြဲ ကပ်ဆုံးသာ။

၄။ မျောက်မင်းရွှေကျူ၊ ဆစ်မကူ၊ တစ်မူ ကပ်ဆုံးသာ။

၅။ ကျူ, လ, ငုံး, အိမ်၊ ထုံးမတိမ်၊ ဘုန်းရိန် တည်ကမ္ဘာ။

[ထုံးမတိမ် ငုံး, အိမ်, ကျူ, လနှင့်၊ တူမျှစံနိုင်း။ ။

ထပ်အညီ ကပ္ပဋ္ဌိထင်ထိုက်တဲ့၊ ယဉ်သိုက်ဝင်သည်မေနှင့်ရယ်၊ ငါးဆင့်သမိုင်း။ ။

ဤဒွေးချိုးကဗျာကို(ကဗျာဖွဲ့နည်းနိသျည်း၊ ၁၁၈)မှ ရယူသည်။]

၂။ (၅၇) ဝါနရိန္ဒဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၄။ ဋ္ဌ၊ ၁၊ ၂၉၆ ၂၉၈။ ငါးရာငါးဆယ်၊ ပ၊ ၂၆၈ ၂၇၀။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်ကို သတ်ရန် ဒေဝဒတ်လှုံ့လပြုခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းမျောက်မင်းကို သတ်ရန်ကြံသော ဒေဝဒတ်အလောင်းမိကျောင်းဖို, ဘုရားအလောင်း၏ နှလုံးသားကို စားချင်သော စိဉ္စမာဏဝိကာအလောင်းမိကျောင်းမ။

မိကျောင်းဖို၏မျောက်မင်းအား ချီးမွမ်းစကား...(ဇာတက၊ ၁၊ ၁၄။ ဋ္ဌ၊ ၁၊ ၂၉၇)

ယဿေတေ စတုရော ဓမ္မာ၊ ဝါနရိန္ဒ ယထာ တဝ။

သစ္စံ ဓမ္မော ဓိတိ (ဓိတိ သီ၊ဣ) စာဂေါ၊ ဒိဋ္ဌံ သော အတိဝတ္တတိ။

ဝါနရိန္ဒ မျောက်မင်း၊ တဝ သင်၏၊ အဗ္ဘန္တရေ ကိုယ်တွင်း၌၊ သစ္စံ မှန်ကန်သော စကား၊ ဓမ္မော စူးစမ်းတတ်သော အသိပညာ၊ ဓိတိ မပြတ်ကြိုးကုတ် အားထုတ်သောလုံ့လ၊ စာဂေါ မိမိအသက် မငဲ့ကွက်ပဲ စွန့်လွှတ်ရဲခြင်း၊ ဣတိ ဤသို့၊ စတုရော လေးပါးကုန်သော၊ ဧတေ ဓမ္မာ ဤကျေးဇူးတရားတို့သည်၊ သန္တိ ယထာ ရှိကုန်သကဲ့သို့၊ ဧဝံ တထာ ထို့အတူ၊ ယဿ အကြင်သူ၏၊ အဗ္ဘန္တရေ ကိုယ်တွင်း၌၊ စတုရော လေးပါးကုန်သော၊ ဧတေ ဓမ္မာ ထိုကျေးဇူးတရားတို့သည်၊ သန္တိ ရှိကုန်အံ့၊ သော ထိုသူသည်၊ ဒိဋ္ဌံ ရန်သူကို၊ အတိဝတ္တတိ လွန်နိုင် လွှမ်းမိုးနိုင်၏။

သစ္စန္တိ ဝစီသစ္စံ၊ "မမ သန္တိကံ အာဂမိဿမီ"တိ ဝတွာ မုသာဝါဒံ အကတွာ အာဂတေယေဝါတိ ဧတံ တေ ဝစီသစ္စံ။ ဓမ္မောတိ ဝိစာရဏပညာ၊ "ဧဝံ ကတေ ဣဒံ နာမ ဘဝိဿတီ"တိ သော တေ ဝိစာရဏပညာ အတ္ထိ။ ဓိတီတိ အဗ္ဘောစ္ဆိန္နံ ဝီရိယံ ဝုစ္စတိ ဧတမ္ပိ တေ အတ္ထိ။ စာဂေါတိ အတ္တပရိစ္စာဂေါ၊ တွံ အတ္တာနံ ပရိစ္စဇိတွာ မမ သန္တိကံ အာဂတော။ ယံ ပနာဟံ ဂဏှိတုံ နာသက္ခိံ၊ မယှမေဝေသ (မယှမေဝေတ္ထ သီ၊ဣ) ဒေါသော။ ဒိဋ္ဌန္တိ ပစ္စာမိတ္တံ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၂၉၇ ၂၉၈။)

| | | |
|---|---|---|
| ဝါနရ မျောက်၊ | ဝါနရိန္ဒ မျောက်မင်း | |
| အမ္ဗ သရက်၊ | အမ္ဗရုက္ခ သရက်ပင်၊ | အမ္ဗဖလ သရက်သီး |
| ပနသ ပိန္နဲ | ပနသရုက္ခ ပိန္နဲပင်၊ | ပနသဖလ ပိန္နဲသီး |
| ကုမ္ဘီလ မိကျောင်း | ဒိဋ္ဌ ရန်သူ | |

ဆောင်ပုဒ်=သစ္စာ, ဓမ္မ၊ ဝီရိယနှင့်၊ စာဂဟူသည်၊ ဤလေးလီတို့၊ စုညီပြည့်က၊ ရန်သူမှ၊ မုချလွတ်ကာ ရန်အောင်မှာ။

၃။ (၅၈) တယောဓမ္မဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၄။ ဋ္ဌ၊ ၁၊ ၂၉၈ ၃၀၀။ ငါးရာငါးဆယ်၊ ပ၊ ၂၇၁ ၂၇၄။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်ကို သတ်ရန် ဒေဝဒတ်လုံ့လပြုခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းမျောက်ကို ကိုယ်တိုင်သတ်ရန် မတတ်နိုင်၍ ရေစောင့်ရက္ခိုသ်စားစေလျက် သေရန်ကြံစည်အားထုတ်သော ဒေဝဒတ်အလောင်း ဖခင်မျောက်။ ဘုရားအလောင်းမျောက်ကား ရက္ခိုသ်မဖမ်းစားနိုင်အောင် ကြာပန်းများကို ခူးနိုင်သည့်ပြင် ရက္ခိုသ်က အကူအညီပေးသည်ကို မြင်ရသော ဖခင်မျောက်ရင်ကွဲနာကျ၍ သေခြင်း။

ရေစောင့်ရက္ခိုသ်၏ချီးကျူးသံ . . .

ယဿ ဧတေ တယော ဓမ္မာ၊ ဝါနရိန္ဒ ယထာ တဝ။
ဒက္ခိယံ သူရိယံ ပညာ၊ ဒိဋ္ဌံ သော အတိဝတ္တတိ။
(ဇာတက၊ ၁၊ ၁၄။ ဋ္ဌ၊ ၁၊ ၃၀၀။)

ဝါနရိန္ဒ မျောက်မင်း၊ တဝ သင်၏၊ အဗ္ဘန္တရေ ကိုယ်တွင်း၌၊ ဒက္ခိယံ ရောက်လာသောဘေးကိုပယ်ဖျောက်ခြင်း၌ သိစွမ်းနိုင်သော ပညာနှင့်ယှဉ်သော မြတ်သောလုံ့လ၊ သူရိယံ ရဲရင့်ခြင်း၊ ပညာ ဥပါယ်ပညာ၊ ဣတိ ဤသို့၊ တယော သုံးပါးကုန်သော၊ ဧတေ ဓမ္မာ ဤကျေးဇူးတရားတို့သည်၊ သန္တိ ယထာ ရှိကုန်သကဲ့သို့၊ ဧဝံတထာ ထို့အတူ၊ ယဿ အကြင်သူ၏၊ အဗ္ဘန္တရေ ကိုယ်တွင်း၌၊ တယော သုံးပါးကုန်သော၊ ဧတေ ဓမ္မာ ထိုကျေးဇူးတရားတို့သည်၊ သန္တိ ရှိကုန်အံ့၊ သော ထိုသူသည်၊ ဒိဋ္ဌံ ရန်သူကို၊ အတိဝတ္တတိ လွန်နိုင် လွှမ်းမိုးနိုင်၏။

ဒက္ခိယန္တိ ဒက္ခဘာဝေါ၊ သမ္ပတ္တဘယံ ဝိဓမိတုံ ဇာနနပညာယ သမ္ပယုတ္တဥတ္တမဝီရိယဿေတံ နာမံ။ သူရိယန္တိ သူရဘာဝေါ၊ နိဗ္ဘယဘာဝဿေတံ နာမံ။ ပညာတိ ပညာပဒ္ဒဋ္ဌာနာယ ဥပါယပညာယေတံ နာမံ။ (ဇာ၊ဋ္ဌ၊ ၁၊၃၀၀။)

ဝါနရပေါတက မျောက်ငယ်၊ ဝါနရီ မျောက်မ

မှတ်ဖွယ်=ကုမုဒြာကြာသည် ရေ၌ပေါက်သောကြာမျိုးဖြစ်၏။

အသုကသ္မိံ နာမ ဌာနေ သရော အတ္ထိ၊ တတ္ထ ဒွေ ကုမုဒနိယော၊ တိဿော ဥပ္ပလိနိယော၊ ပဉ္စ ပဒုမိနိယော စ ပုပ္ဖန္တိ၊ ဂစ္ဆ, တတော ပုပ္ဖာနိ အာဟရ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၂၉၉။)

ဆောင်ပုဒ်=သူ့ကိုကိုယ်ဖျက်၊ ကိုယ်သာပျက်၊ ကိုယ့်သက်သေရှာ မျောက်ပမာ။

တယောဓမ္မ၊ ဇာတက၊ မိန့်ထမှန်စွာ သေအချာ။

၄။ (၁၇၇) တိန္ဒုကဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၅။ ဋ္ဌ၊ ၂၊ ၆၉ ၇၂။ ငါးရာငါးဆယ်၊ ဒု၊ ၁၀၇ ၁၁၀။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏ပညာပါရမီတော်ကို ချီးကျူးကြခြင်း။

အတိတ်ဝတ္ထု=တည်ပင်ပေါ်ရှိမျောက်များကို ရွာသားတို့ဝိုင်းထားကြစဉ် ဘုရားအလောင်းမျောက်မင်း၏တူတော် မဟာနာမ်အလောင်း သေနကမျောက်က ရွာကိုမီးရှို့သဖြင့် ရွာသားတို့ မီးငြိမ်းသတ်ရန် သွားကြသောကြောင့် မျောက်များ ထွက်ပြေးနိုင်ကြ၍ အသက်ချမ်းသာရာရခြင်း။

တိန္ဒုကရုက္ခ တည်ပင်၊ တိန္ဒုကဖလ တည်သီး

အမုရတ္တသမယ သန်းခေါင်အချိန်၊ နေတ္တိံ‌သ, ခဂ္ဂ သံလျက်=ဓားတစ်မျိုး

ဆောင်ပုဒ်=အရေးကြုံတောင်း၊ ဉာဏ်ရည်ကောင်း၊ အပေါင်းချမ်းသာရ။

လူတို့ဝိုင်းထား၊ မျောက်အများ၊ တွေဝြားဘေးဒုက္ခ။

သေနကမျောက်၊ မီးရှို့နောက်၊ လွတ်မြောက်ချမ်းသာရ။

၅။ (၂၀၈) သုသုမာရဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၅။ ဋ္ဌ၊ ၂၊ ၁၄၅ ၁၄၆။ ငါးရာငါးဆယ်၊ ဒု၊ ၂၁၈ ၂၂၁။)

သမ္ဗန္ဓစက္ကုဒ္ဒီပနီကျမ်း နဝမတွဲ (၆၂၇)၌ကား "သံသုမာရဇာတ်"ဟု ရှိ၏။

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်ကိုသတ်ရန် ဒေဝဒတ်လုံ့လပြုခြင်း။

အတိတ်ဝတ္ထု=မယားမိကျောင်းမက ဘုရားအလောင်းမျောက်မင်း၏နှလုံးသားကို စားလိုသည်အတွက် မိကျောင်းဖိုက သစ်သီးပေါများသည့်ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ ပို့ပေးမည်ဟု လှည့်ပတ်ခံရသောမျောက်မင်းကို ရေ၌ နစ်သတ်၍ နှလုံးသားကို ယူမည် ဟု အားထုတ်ရာတွင် မျောက်မင်းက မိမိ၏နှလုံးကို ရေသဖန်းပင်၌ ဆွဲထားကြောင်း ဟု ပြန်လည်လှည့်ပတ်ပြောဆိုလတ်သော် အဆင်ခြင်မဲ့သော မိကျောင်းယုံကြည်ကာ ပြန်လည်ကမ်းသို့အရောက် ပို့ဆောင်သဖြင့် ချမ်းသာရာရခြင်း။

စိဉ္စမာဏဝိကာအလောင်း မိကျောင်းမ, ဒေဝဒတ်အလောင်း မိကျောင်းဖို

သုသုမာရ, သံသုမာရ မိကျောင်းဖို၊ သုသုမာရီ (သံသုမာရီ) မိကျောင်းမ၊ ဒေါဟဠ ချင်ခြင်း

ကသာယဖလ ဖန်သောအသီး၊ ကသဋဖလ စပ်ပူသောအသီး, ခါးသောအသီး

လဗုဇ တောင်ပိန္နဲ၊ မဓုရဖလ ချိုမြိန်သောအသီး၊ ဥဒုမ္ဗရရုက္ခ ရေသဖန်းပင်

ဆောင်ပုဒ်=ပညာမဲ့လျှင်၊ အဆင်ခြင်၊ မှန်ပင်မရှိပါ။

သုသုမာရ၊ ဇာတ်တော်က၊ ထုံးပြသက်သေလာ။

ပညာဉာဏ်လျှင်၊ ရာရာတွင်၊ မှန်ပင် အားကိုးရာ။

၆။ (၂၁၉) ဂရဟိတဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၉။ ဋ္ဌ၊ ၂၊ ၁၆၈ ၁၇၀။ ငါးရာငါးဆယ်၊ ဒု၊ ၂၅၃ ၂၅၅။)

ပစ္စုပ္ပန်ဝတ္ထု=သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=မုဆိုးဖမ်း၍ မင်းအား ဆက်သခံရသော ဘုရားအလောင်းမျောက်မင်းကို အပျော်မျောက်ပြု၍ ဝတ်နှင့်ပြည့် စုံသောကြောင့် မင်းက ပြန်လွှတ်ပေးပြီးနောက် အခြားမျောက်များက လူ့ပြုလူ့ရေးမေးမြန်းရာ မျောက်မင်းက "လူတွေဟာ နေ့ရောညဉ့်ပါ ငါ့အိမ်, ငါ့ယာ, ငါ့ဥစ္စာ ဟုသာ စွဲလမ်းတပ်မက်ကြလျက် မတည်မြဲသောသဘော ကို မသိကြ"ဟု ဟောပြောခြင်း။

ကေဠိမက္ကဋ အပျော်မျောက်

ဆောင်ပုဒ်=ငါ့အိမ်ငါ့ယာ၊ ငါ့ဥစ္စာ၊ အာသာစွဲသူတွေ။

အတည်မရှိ၊ သဘောမိ၊ မသိကြပါလေ။

မျောက်မင်းစကား၊ မျောက်အများ၊ နာကြားကြရပေ။

၇။ (၂၂၂) စူဠနန္ဒိယဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၀။ ဋ္ဌ၊ ၂၊ ၁၈၃ ၁၈၅။ ငါးရာငါးဆယ်၊ ဒု၊ ၂၇၂ ၂၇၆။)

ပစ္စုပ္ပန်ဝတ္ထု=ဒေဝဒတ်၏ရန့်ရင်းကြမ်းတမ်းပရမ်းပတာပြုလုပ်ပုံကို ပြောကြခြင်း။

အတိတ်ဝတ္ထု=မဟာပဇာပတိဂေါတမီအလောင်း မိခင်မျက်မမြင်မျောက်မအတွက် ဘုရားအလောင်းမဟာနန္ဒိယမျောက်နှင့်

အရှင်အာနန္ဒာအလောင်းစုဠနန္ဒိယ မျောက်ညီနောင်တို့ အသက်စွန့်အသတ်ခံသည်ကိုပင် အားမရနိုင်ပဲ မိခင်မျောက်မကြီးကိုပါ သနားကျင်နာကင်းမဲ့စွာ ပစ်သတ်သော မုဆိုး အိမ်မီးလောင်ရာတွင် မယားရော သားငယ်နှစ်ယောက်ပါ မီးထဲပါရသည့်အပြင် မိမိကိုယ်တိုင်လည်း အိမ်ခေါင်တိုင်လည်း၍ ခေါင်းကွဲကာ မြေမျိုလျက်အဝီစိငရဲသို့ ကျရောက်ရခြင်း။ ဒေဝဒတ်အလောင်းမုဆိုး

မုဆိုး၏မြေမျိုအံ့ဆဲဆဲတွင် ပြောဆိုသောစကားအချို့...

ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့ကို ပြုသောသူသည် ထိုကံအမှုတို့၏အကျိုးကို ရသည်ရှိသော် ထိုအကျိုးတို့ကိုသာလျှင် မိမိ၌ မြင်တွေ့ရ၏။ ကောင်းမှုကို ပြုလေ့ရှိသူသည် ကောင်းကျိုးကို ခံစားရ၏၊ မကောင်းမှုကို ပြုလေ့ရှိသူသည် မကောင်းကျိုး မလိုအပ်သောအကျိုးကို ခံစားရ၏။ မှန်၏...လောက၌ အကြင်မျိုးစေ့ကို စိုက်ပျိုး၏၊ ထိုမျိုးစေ့နှင့်တူသောအသီးကိုသာ ဆောင်ယူရ, စားသုံးရသကဲ့သို့ပင်တည်း။

ယာနိ ကရောတိ ပုရိသော၊ တာနိ အတ္တနိ ပဿတိ။
ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ။
ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။
(ဇာတက၊ ၁၊ ၆၀။ ဋ္ဌ၊ ၂၊ ၁၈၅။)

ပုရိသော ယောက်ျားသည်၊ ယာနိ အကြင်အမှုတို့ကို၊ ကရောတိ ပြု၏၊ (တေသံ ထိုအမှုတို့၏၊ ဝိပါကံ အကျိုးကို၊ ပဋိလဘန္တော ရလတ်သည်ရှိသော်၊) တာနိ ထိုအကျိုးတို့ကို၊ အတ္တနိ မိမိ၌၊ ပဿတိ မြင်ရ၏၊ (လောကေ လောက၌၊) ယာဒိသံ အကြင်သို့ သဘောရှိသော၊ ဗီဇံ မျိုးစေ့ကို၊ ဝပတေ စိုက်ပျိုးအံ့၊ တာဒိသံ ထိုသို့သဘောရှိသော၊ ဖလံ အသီးကို၊ ဟရတေ ယထာ ဆောင်သကဲ့သို့၊ (ဧဝံ တထာ ထို့အတူ၊) ကလျာဏကာရီ ကုသိုလ်ကောင်းမှုကို ပြုလေ့ရှိသော သူသည်၊ ကလျာဏံ ကောင်းကျိုးကို၊ (အနုဘောတိ ခံစားရ၏၊) ပါပကာရီစ မကောင်းမှုကို ပြုလေ့ရှိသော သူသည်လည်း၊ ပါပကံ မကောင်းကျိုးကို၊ (အနုဘောတိ ခံစားရ၏။)

ဆောင်ပုဒ်=မိမိပြုထဲ၊ ဆိုးကောင်းမှု၊ ကျိုးရ ဆိုးကောင်းပါ။
ကောင်းမှုပြုလျှင်၊ ကောင်းကျိုးထင်၊ ပြန်ပင်ရမည်သာ။
မကောင်းပြုလျှင်၊ မကောင်းပင်၊ မှန်ထင်ပုံပမာ။
သရက်အစေ့၊ စိုက်ပျိုးလေ့၊ သီးပေ့သရက်သာ။

၈။ (၂၄၄) ကူဋိလဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၁။ ဋ္ဌ၊ ၂၊ ၁၈၉။ ငါးရာငါးဆယ်၊ ဒု၊ ၂၈၁ ၂၈၂။)

(စရိယာပိဋက, ကပိရာဇစရိယ(ခု၊ ၄၊ ၄၁၃-၄၁၄)နှင့်တူ၏။)

ပစ္စုပ္ပန်ဝတ္ထုသည် ဒေဝဒတ်က ဘုရားရှင်ကိုသတ်ရန် အားထုတ်ခြင်းဖြစ်၍ အတိတ်ဝတ္ထုကား ဒေဝဒတ်အလောင်းမိကျောင်းက ဘုရားအလောင်းမျောက်မင်းကို သတ်ရန်အားထုတ်ရာတွင် ဘုရားအလောင်း၏သစ္စာ, ဓမ္မ, ဓိတိ, စာဂ ဤတရားလေးပါးတို့ကြောင့် ဘေးရန်မှကင်းလွတ်၍ အောင်မြင်ကြောင်းကို ဖော်ညွှန်း၏။ ထို့ကြောင့် ဇာတ်အဋ္ဌကထာ(ဇာ၊ ဋ္ဌ၊ ၂၊ ၁၈၉)ဝယ် ကြွင်းကျန်သော ဆိုဖွယ်အားလုံးသည် "ကူဋိလဇာတ်"၌ ဆိုခဲ့ပြီးသည့်အတိုင်းပင် လာ၏။

ငါးဆယ်ငါးဆယ်ဇာတ်ဝတ္ထု, ဒုတိယတွဲ (၂၈၂), အောက်ခြေမှတ်ချက်၌ကား "ကူဋိလသဒ္ဒါနှင့် သုသုမာရသဒ္ဒါ မိကျောင်းဟောချည်းဖြစ်၍ ကူဋိလဇာတ်ဟူသည် 'သုသုမာရဇာတ်(ဇာ၊ ဋ္ဌ၊ ၂၊ ၁၄၅ ၁၄၆)'ကို ဆိုသည်" ဟု လာ၏။

သို့သော် "ယဿေ'တေ စတုရော ဓမ္မာ...ဂါထာကား ဝါနရိန္ဒဇာတ်(ဇာ၊ ဋ္ဌ၊ ၁၊ ၂၈၇)၌သာ ပါသောကြောင့် အဋ္ဌကထာလာ ကူဋိလဇာတ်သည် "ဝါနရိန္ဒဇာတ်"ပင် ဖြစ်အံ့ထင်၏။

ယဿေ'တေ စတုရော ဓမ္မာ၊ ဝါနရိန္ဒ ယထာ တဝ။
သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ ဒိဋ္ဌံ သော အတိဝတ္တတိ။
ယဿ စေ'တေ န ဝိဇ္ဇန္တိ၊ ဂုဏာ ပရမဘဒ္ဒကာ။
သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ ဒိဋ္ဌံ သော နာတိဝတ္တတိ။
(ဇာတက၊ ၁၊ ၆၁။ ဋ္ဌ၊ ၂၊ ၁၈၉။)

ဝါနရိန္ဒ မျောက်မင်း၊ တဝ သင်မျောက်မင်းအား၊ သစ္စံ အမှန်ကိုဆိုခြင်း ဝစီသစ္စာလည်းကောင်း၊ ဓမ္မော ပညာလည်းကောင်း၊ ဓိတိ အားထုတ်ခြင်းလုံ့လလည်းကောင်း၊ စာဂေါ စွန့်ကြဲခြင်းလည်းကောင်း၊ ဣတိ ဤသို့ စတုရော လေးပါးကုန်သော၊ ဓမ္မာ တရားတို့သည်၊ သန္တိ ယထာ ရှိကုန်သကဲ့သို့၊ ယဿ အကြင်သူအား၊ တေ ထိုလေးပါးကုန်သော်တရားတို့သည်၊ သန္တိ ရှိကုန်ငြားအံ့၊ (တွံ သင်သည်၊ မံ ငါ့ကို၊ အတိဝတ္တတိ ယထာ လွန်၍ ဖြစ်နိုင်သကဲ့သို့၊) သော ထိုလေးပါးသော တရားရှိသောသူသည်၊ ဒိဋ္ဌံ ရန်သူကို၊ အတိဝတ္တတိ လွန်၍ဖြစ်နိုင်၏။

(ဝါနရိန္ဒ မျောက်မင်း၊) ယဿ စ အကြင်သူအားကား၊ သစ္စံ အမှန်ကိုဆိုခြင်း ဝစီသစ္စာလည်းကောင်း၊ ဓမ္မော ပညာလည်းကောင်း၊ ဓိတိ အားထုတ်ခြင်းလုံ့လလည်းကောင်း၊ စာဂေါ စွန့်ကြဲခြင်းလည်းကောင်း၊ ဣတိ ဤသို့၊ ပရမဘဒ္ဒကာ အလွန်ကောင်းကုန်သော၊ တေ ဂုဏာ ထိုတရားအစုတို့သည်၊ န ဝိဇ္ဇန္တိ မရှိကုန်၊ သော ထိုသူသည်၊ ဒိဋ္ဌံ ရန်သူကို၊ နာတိဝတ္တတိ မလွန်မြောက်နိုင်။

ဂုဏာ (ရာသဋ္ဌ, ပိဋ္ဌဋ္ဌ) အစု

ဆောင်ပုဒ်=စကားသစ္စာ၊ ပညာ, ဝီရိယ၊ စွန့်စာဂ၊ လေးဝ ရန်အောင်ကြောင်း။

၉။ (၃၄၂) ဝါနရဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၁၅။ ဋ္ဌ၊ ၃၊ ၁၂၁ ၁၂၃။ ငါးရာငါးဆယ်၊ ၃၊ ၇၄၆ ၇၄၈။)

ပစ္စုပ္ပန်ဝတ္ထု=ဒေဝဒတ်က ဘုရားရှင်ကို သတ်ရန် လုံ့လပြုခြင်း။

အတိတ်ဝတ္ထု=မိကျောင်းမ၏ချင်ခြင်းကြောင့် ဘုရားအလောင်းမျောက်၏နှလုံးသားကို လိုချင်၍ ဘုရားအလောင်း မျောက်ကို ရေနှစ်သတ်ရန်အားထုတ်ရာတွင် ဘုရားအလောင်းက မိမိ၏နှလုံးသည် ရင်၌မရှိ, ရေသဖန်း ပင်၌ ဆွဲထားကြောင်းကို ပြောရာ ဉာဏ်နန့်သော ဒေဝဒတ်အလောင်းမိကျောင်း ယုံကြည်၍ ကမ်းသို့ ပြန်ပို့သောကြောင့် မိကျောင်းဘေးမှ လွတ်မြောက်ခဲ့ခြင်း။

ဤအကြောင်းအရာဝတ္ထုကို ဒုကနိပါတ် သုသုမာရဇာတ် (ဇာ၊ ဋ္ဌ၊ ၂၊ ၁၄၅)၌ ချဲ့အပ်ပြီးဖြစ်၏။

ဆောင်ပုဒ်=ပညာဉာဏ်သာ၊ ဘေးဘယာ၊ ဝေးကွာလွတ်ကြောင်းမှတ်။

၁၀။ (၄၀၄) ကပိဇာတ်၊ သတ္တကနိပါတ် (ဇာတက၊ ၁၊ ၁၆၂ ၁၆၃။ ဋ္ဌ၊ ၃၊ ၃၃၄ ၃၃၇။ ငါးရာငါးဆယ်၊ တ၊ ၂၉၄ ၂၉၈။)

ပစ္စုပ္ပန်ဝတ္ထု=ဒေဝဒတ်မြေမျိုခြင်းကို ပြောဆိုသောစကား။

အတိတ်ဝတ္ထု=ဒေဝဒတ်အလောင်း ပညာမဲ့သောမျောက်မိုက်နှင့် ပေါင်းသောမျောက်များ အတူသေကြရခြင်း၊ ဘုရားအလောင်း ပညာရှိမျောက်မင်း၏စကားကို လိုက်နာသောမျောက်များ ချမ်းသာရကြခြင်း။

ဆောင်ပုဒ်=လူမိုက်ခေါင်းဆောင်၊ ဤလူ့ဘောင်၊ မြားမြောင်ပျက်စီးမည်။

ဒေဝဒတ်လောင်း၊ မျောက်နှင့်ပေါင်း၊ သေကြောင်းကြုံခဲ့ပြီ။

လောင်းတော်မျောက်မင်း၊ သင်းအပင်း၊ ဘေးကင်းကြလေသည်။

ပညာမဲ့, ရှိ၊ ခွဲခြမ်းသိ၊ ပေါင်းဘိဇာတ်ထုံးညီ။

၁၁။ (၄၀၇) မဟာကပိဇာတ်၊ သတ္တကနိပါတ် (ဇာတက၊ ၁၊ ၁၆၅ ၁၆၆။ ဋ္ဌ၊ ၃၊ ၃၄၉ ၃၅၄။ ငါးရာငါးဆယ်၊ တ၊ ၃၁၆ ၃၂၃။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင် ဆွေတော်မျိုးတော်တို့အတွက် ကျင့်တော်မူခြင်း။

အတိတ်ဝတ္ထု=မိမိအသက်ကို စွန့်လျက် မျောက်အပေါင်းတို့အသက်ကိုကယ်သော ဘုရားအလောင်းမျောက်မင်း၊ ဘုရားအလောင်း၏ရင်ကွဲလျက် သေရမည့်ပြင်းစွာသောဝေဒနာကို ဖြစ်စေသော ဒေဝဒတ်အလောင်းမျောက်၊ အရှင်အာနန္ဒာအလောင်း ဗြဟ္မဒတ်မင်းက မင်းတို့၏အလောင်းကို မီးသဂြိုဟ်သကဲ့သို့ မျောက်မင်း၏အလောင်း ကို မီးသဂြိုဟ်စေလျက် စေတီတည်စေကာ အသက်ထက်ဆုံး နံ့သာပန်းစသည်တို့ဖြင့် ပူဇော်၍ ဘုရားအလောင်း မျောက်မင်း၏ပြောကြားခဲ့သောအဆုံးအမ၌တည်၍ ဒါနစသောကောင်းမှုတို့ကို ပြုလုပ်, တရားသဖြင့် မင်းပြုခဲ့ သောကြောင့် နတ်ပြည်သို့ လားရောက်ခဲ့ရခြင်း။

ဆောင်ပုဒ်=မင်းဟူသည်ကား၊ ပြည်သူများ၊ စီးပွားဆောင်ရွက်ရာ။

ခေါင်းဆောင်ဟူသည်၊ များကျိုးရည်၊ ရွှင်ကြည်ရွက်ဆောင်ပါ။

မဟာကပိ၊ ဇာတ်တော်ကြည့်၊ လိုက်ဘိထုံးတံထွာ။

၁၂။ (၅၁၆) မဟာကပိဇာတ်၊ တိံသနိပါတ် (ဇာတက၊ ၁၊ ၃၈၀ ၃၈၄။ ဋ္ဌ၊ ၅၊ ၆၉ ၇၈။ ငါးရာငါးဆယ်၊ စ၊ ၇၀၃ ၇၁၅။)

ပစ္စုပ္ပန်ဝတ္ထု=ဒေဝဒတ်က ကျောက်ဖြင့်လိမ့်၍ ဘုရားရှင်ကို သေကြောင်းကြံခြင်း။

အတိတ်ဝတ္ထု=ဒေဝဒတ်အလောင်းပုဏ္ဏား အသက်ကယ်တင်ရှင် ဘုရားအလောင်းမျောက်မင်းကို ပြစ်မှား၍ နူနာစွဲပြီး မြေမျိုကာ အဝီစိငရဲ၌ ဖြစ်ခြင်း။

ကုဋ္ဌီ ကိလာသီ ဘဝတိ၊ ယော မိတ္တာနိဓ ဒုဗ္ဘတိ။
ကာယဿ ဘေဒါ မိတ္တဒ္ဒု (မိတ္တဒ္ဒုဗ္ဘိ -သျှာ၊က)၊ နိရယံ သောပပဇ္ဇတိ။
ယော မိတ္တာနံ ဣဓဒ္ဒုဘိ (သီ-ဋ္ဌ)၊ ယော မိတ္တာနံ ဣဓ ဒုဗ္ဘတိ (က)
(ဇာတက၊ ၁၊ ၃၈၄။ ဋ္ဌ၊ ၅၊ ၇၇။)

ဘိက္ခဝေ ရဟန်းတို့၊ ဣဓ ဤလောက၌၊ ယော အကြင်သူသည်၊ မိတ္တာနိ အဆွေခင်ပွန်းတို့ကို၊ ဒုဗ္ဘတိ ပြစ်မှား၏၊ သော ထိုအဆွေခင်ပွန်းပြစ်မှားသောသူသည်၊ ကုဋ္ဌီ နူသည်၊ ကိလာသီ ခရသင်း သမင်ရက်စွဲသည်၊ ဘဝတိ ဖြစ်၏၊ ကာယဘေဒါ ခန္ဓာကိုယ်ပျက်သည်မှ၊ ပရံ နောက်၌၊ မိတ္တဒ္ဒုဗ္ဘိ အဆွေခင်ပွန်းပြစ်မှားသော လူပြိတ္တာသည်၊ နိရယံ ငရဲသို့၊ ဥပပဇ္ဇတိ ရောက်ရ၏။

ဆောင်ပုဒ်=ကျေးဇူးရှင်အား၊ ကျေးစွပ်ငြား၊ ပျက်ပြားမည်သာ ထိုသူမှာ။
ခုဘဝပဲ၊ နူနာစွဲ၊ ငရဲကျမှာ သေသောခါ။

## တိရစ္ဆာန်ဘဝ ဖြစ်ထမှတ်ဖွယ် လင်္ကာသွယ်

မဟာသမ္မာရ၊ ပုညမြတ်ေ၊ လျှမ်းလျှမ်းဝေသား၊ ကျက်သရေစုပေါင်း၊ ဇောမိလောင်းလျှင်၊ ဆုတောင်းဝသီ၊ ပါရမီကုသလာ၊ ဆည်းပူးခါ၌၊ ခေါက်ရာတထုံး၊ ဖြေလုံးတင်ကျီး၊ နည်းမှီသစ်တောက်၊ ထိုနောက်တကွဲ၊ ဖား,ကျွဲ,ယုန်,စာ၊ ကိန္နရာ,ဝက်၊ဝံလိုင်ငှက်တည့်၊ ဆယ့်တစ်ချက်မှာ၊ တစ်ကြိမ်သာရှင့်၊ ကျီး,ခါ,ကြက်,ကြွက်၊ စက္ကဝါက်,ဥဩ၊ ဂဠုန်နော၍၊ ပေါင်းသောအားဖြင့်၊ ခုနစ်ပါးသည်၊ နှစ်ကြိမ်တည်၏၊ တွက်မည်ဆယ့်လေး၊ ခွေး,ဥဒေါင်း,ဆတ်၊ ဖွတ်နှင့်ကား,ငါး၊ ဤငါးပါးဝယ်၊ သုံးကြိမ်တွယ်သည်၊ မှတ်ရွယ်ပေါင်းထ၊ ဆယ့်ငါးရ၏၊ လင်းတ,ငုံး,မြင်း၊ သွင်းလောနဂါး၊ ဤလေးပါးစစ်၊ လေးဖြစ်စီကောက်၊ ဆယ့်ခြောက်မှတ်ဆို၊ ခိုနှင့်နွားမှ၊ ငါးဖြစ်စီပြု၊ အပေါင်းရှုသော်၊ ဆယ်ခုမှတ်ချင်၊ ဆင်မူသတ္တ၊ သုဝ,သမင်၊ ကိုးဖြစ်အင်တည့်၊ ပေါင်းလျှင်သချာ၊ ဆယ့်ရှစ်လာ၏၊ ဟင်္သာ,ခြင်္သေ့၊ ဆယ်စီစေ့၏၊ သိမ်မွေ့မှတ်လောက်၊ နှစ်ဆယ်ရောက်စွ၊ မျောက်၏ဘဝ၊ ဒွါဒသတည့်၊ ဓမ္မဓဇ၊ သကုဏဇာတ်လာ၊ အနုသာသိက၊ ဃတာသမှတ်၊ ဤလေးဇာတ်မှာ၊ ပညတ်နာမ၊ ဝိသေသကို၊ မုချမထွက်၊ ငှက်ဟူ၍သာ၊ သာမန်လာ၏၊ စိတ်ဖြာဝေငှ၊ ပေါင်းတွက်ချမှ၊ တစ်ရာ့နှစ်ဆယ်၊ ဆွယ်တုံသတ္တ၊ ကုဏာလဇာတ်၊ မိန့်လတ်တုံရှောင်း၊ ဂဠုန်လောင်း၍၊ ကျမ်းဟောင်းလက္ခဏာ၊ ရှဉ့်ဘဝနှင့်၊ ဗုဒ္ဓဝံသာ၊ တေဇာလောက်လွှေ့၊ ခြင်္သေ့တပါး၊ နဂါးနှစ်တန်၊ စွက်လိုက်ပြန်သော်၊ ရာလွန်သုံးဆယ်၊ နှစ်ဖြစ်ဆွယ်သည်။ ။ မှတ်ဖွယ်ကျမ်းနှင့် ညီဘိသော။

သမ္ဗန္ဓစက္ခုဒီပနီကျမ်း၊ နဝမတွဲ၊ ၆၂၇ ၌ ဟင်္သာ, ခြင်္သေ့၊ ဆယ်စီစေ့၏"ဟု ဆိုသော်လည်းဘုရားအလောင်းသည် ဖြစ်ရာဘဝများအနက် ဟင်္သာ ၉ ဘဝတို့ကိုသာ ဇာတ်အဋ္ဌကထာများ၌ တွေ့ရှိရ၏။

ဘုရားအလောင်းတော်သည် သုဂတိဘဝနှင့်ပတ်သက်၍ ဗြဟ္မာဘဝ ၅ ကြိမ်, သာမန်နတ်ဘဝ ၁၄ ကြိမ်, သိကြားဘဝ ၂၁ ကြိမ်, ရုက္ခစိုးနတ်ဘဝ ၃၀ ကြိမ်, လူ့ဘဝ ၃၅၃ ကြိမ်တို့ ဖြစ်တော်မူခဲ့လေသည်။

## ဗြဟ္မာဘဝ ၅ ကြိမ်တို့ကား...

၁။ (၉၉) ပရောသဟဿဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၃။ ဋ္ဌ၊ ၁၊ ၄၃၀ ၄၃၁။ ငါးရာငါးဆယ်၊ ပ၊ ၄၆၄ ၄၆၅။)

အင်္ဂုတ္တိုရ်အဋ္ဌကထာ (အံ၊ ဋ္ဌ၊ ၁၊ တေဒဂ္ဂပဒဝဏ္ဏနာ၊ ၁၀၀ ၁၀၁)၌လည်း လာရှိ၏။

ပစ္စုပ္ပန်ဝတ္ထု=ပုထုဇဉ်တို့ကို မေးအပ်သော ပြဿနာကို အရှင်သာရိပုတ္တာဖြေခြင်း။

ဤဝတ္ထုသည် သရဘင်္ဂဇာတ်(ခု၊ ၅၊ ၂၇၂ စတ္တာလီသနိပါတ်)၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=ဆရာရသေ့ပြောဆိုသော "နတ္ထိ ကိဉ္စိ"ကို အရှင်သာရိပုတ္တာအလောင်း တပည့်ကြီးက "ဆရာရသေ့သည်

အာကိဉ္စာယတနဈာနလာဘီဖြစ်ကြောင်း"ကို ပြောဆိုသော်လည်း အခြားတပည့်များက မယုံကြည်၍ ဘုရား အလောင်းရသေ့ဘဝမှ ဖြစ်သော မဟာဗြဟ္မာကိုယ်တိုင် လာ၍ ရှင်းပြရခြင်း။
**ဆောင်ပုဒ်=အကျဉ်းဟောလတ်၊ အကျယ်မှတ်၊ ထေရ်မြတ်လောင်းလျာ ရှေးကြောင်းပါ။**

၂။ (၁၀၁) ပရောသတဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၄။ ဋ္ဌ၊ ၁၊ ၄၃၅။ ငါးရာငါးဆယ်၊ ပ၊ ၄၇၀ ၄၇၁။)
အင်္ဂုတ္တိုရ်အဋ္ဌကထာ (အံ၊ ဋ္ဌ၊ ၁၊ တေဒဂ္ဂပဒဝဏ္ဏနာ၊ ၁၀၁)၌လည်း လာရှိသည်။
ပစ္စုပ္ပန်ဝတ္ထု=အရှင်သာရိပုတ္တ၏ဂုဏ်အကြောင်း။
အတိတ်ဝတ္ထု=ဤဝတ္ထုလည်း ပရောသဟဿဇာတ်နှင့် တူသည်သာတည်း။
အရှင်သာရိပုတ္တအလောင်း တပည့်ကြီး၏အဖြေစကားကို ကျန်တပည့်များက မယုံကြည်ကြ၍ ဘုရားအလောင်း ဆရာရသေ့ဘဝမှ ဖြစ်သော ဗြဟ္မာကြီးကိုယ်တိုင် လာ၍ ဖြေရှင်းပေးသည်ပင်တည်း။
**ဆောင်ပုဒ်=ကျဉ်းပြ ကျယ်မှတ်၊ ဂုဏ်သကတ်၊ ထေရ်မြတ် သာရိပုတ်။**

၃။ (၁၃၄) ဈာနသောဓနဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၃၁။ ဋ္ဌ၊ ၁၊ ၄၉၈ ၄၉၉။ ငါးရာငါးဆယ်၊ ပ၊ ၅၆၄ ၅၆၆။)
ဤဇာတ်ကား အင်္ဂုတ္တိုရ်အဋ္ဌကထာ (အံ၊ ဋ္ဌ၊ ၁၊ ၁၀၂)၌ "အနင်္ဂဏဇာတ်"ဟူ၏။
ပစ္စုပ္ပန်ဝတ္ထု=သင်္ကဿနဂိုရ်တံခါး၌ ဘုရားရှင်၏အကျဉ်းမေးတော်မူသော ပြဿနာတော်ကို အရှင်သာရိပုတ္တက အကျယ်ဖြေခြင်း။
အတိတ်ဝတ္ထု=အရှင်သာရိပုတ္တအလောင်း တပည့်ကြီးက ဘုရားအလောင်းဆရာရသေ့၏"နေဝသညီနာသညီ"စကားကို အမှန်ဖြေသော်လည်း တပည့်ငယ်များက မယုံကြည်၍ ဘုရားအလောင်းဗြဟ္မာကြီးကိုယ်တိုင် လာ၍ တရား ဟောလျက် တပည့်ကြီး၏ဂုဏ်ကို ချီးကျူးပြောဆိုမှ ကျန်တပည့်တို့က တပည့်ကြီးအပေါ်၌ ယုံကြည်ကြခြင်း။
**ဆောင်ပုဒ်=အကျဉ်းမေးပေ၊ အကျယ်ဖြေ၊ မြတ်ထေရ်သာရိပုတ်။**

၄။ (၁၃၅) စန္ဒာဘဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၃၁။ ဋ္ဌ၊ ၁၊ ၄၉၉ ၅၀၀။ ငါးရာငါးဆယ်၊ ပ၊ ၅၆၆ ၅၆၇။)
ဤဇာတ်ကား အင်္ဂုတ္တိုရ်အဋ္ဌကထာ (အံ၊ ဋ္ဌ၊ ၁၊ တေဒဂ္ဂပဒဝဏ္ဏနာ၊ ၁၀၂)၌လည်း ပါရှိ၏။
ပစ္စုပ္ပန်ဝတ္ထု=သင်္ကဿနဂိုရ်တံခါး၌ ဘုရားရှင်၏မေးတော်မူသော ပြဿာကို အရှင်သာရိပုတ္တဖြေခြင်း။
အတိတ်ဝတ္ထု=ဘုရားအလောင်းရသေ့၏"စန္ဒာဘံ သူရိယာဘံ"စကားကို အရှင်သာရိပုတ္တအလောင်း တပည့်ကြီးက အမှန် ဖြေသော်လည်း ကျန်တပည့်ငယ်များက မယုံကြည်သောကြောင့် ဘုရားအလောင်း ရသေ့ဘဝမှဖြစ်သော ဗြဟ္မာ ကြီးကိုယ်တိုင် လာ၍ ရသေ့များကို သိစေလျက် တပည့်ကြီး၏ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုခြင်း။
**ဆောင်ပုဒ်=အဖြေကျွမ်းကျင်၊ လ, နေသွင်၊ ထေရ်ရှင် သာရိပုတ်။**

၅။ (၅၄၅) မဟာနာရဒကဿပဇာတ်၊ မဟာနိပါတ် (ဇာတက၊ ၂၊ ၂၅၇ ၂၇၅။ ဋ္ဌ၊ ၇၊ ၁၀၅ ၁၄၉။ ဇာတ်ကြီး၊ ၃၊ ၃၄၅ ၃၈၆။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင် ထန်းတော်ဥယျာဉ်၌ နေတော်မူစဉ် ဥရုဝေလကဿပတို့ကို ဆုံးမတော်မူခြင်း။
အတိတ်ဝတ္ထု=ဝိဒေဟတိုင်း မိထိလာပြည် အင်္ဂတိမင်းကြီးကား ကဿပတက္ကတွန်း၏ကောင်းကျိုး, မကောင်းကျိုးလည်း မရှိ၊ တမလွန်လောကလည်း မရှိ၊ အမိအဘ, ဆရာဟူသည် မရှိ၊ ခပ်သိမ်းသောသူတို့သည် ၈၄ ကမ္ဘာပြည့်မှ စင်ကြယ်ကုန်အံ့ စသောအယူကို ယုံကြည်လျက် ပြည်ထဲရေးကိစ္စအားလုံးကို အမတ်တို့နှင့်သာ လွှဲထား၍ ကာမဂုဏ်ချမ်းသာကိုသာ ခံစားနေ၏၊ သူတစ်ပါး၏မယား, သမီးပျိုများကိုလည်း အနိုင်အထက် သိမ်းယူ၏။ ရှေးဘဝ နောက်ဘဝတို့ကို မြင်နိုင်သော ရုစာမင်းသမီးသည် ခမည်းတော်အား ဥပမာပြ၍တစ်ဖုံ မိမိ၏အတိတ် အနာဂတ်ဖြစ်ရပ်အစုံကို ပြောဆိုသော်လည်း ခမည်းတော်ကား အယူမစွန့်ချေ။
**ရုစာမင်းသမီး၏စကားအချို့ကား...**"အကြင်သူသည် ငါးပုပ်ကို သမန်းမြက်ဖြင့်၌ထုပ်၏၊ ထိုသမန်းမြက် သည်လည်း အပုပ်နံ့ အတိသာ လှိုင်၏၊ ထိုအတူ သူမိုက်နှင့် ပေါင်းဖော်သောသူသည် မိုက်သည်သာဖြစ်၏။ အကြင်သူသည် တောင်ဇလပ်စသောပန်းတို့ကို ပေါက်ရွက်ဖြင့် ထုပ်၏၊ ထိုပေါက်ရွက်သည် မွှေးရနံ့ဖြင့်သာ လှိုင်၏၊ ထိုအတူ ပညာရှိနှင့် ပေါင်းဖော်ရသောသူသည် ပညာရှိသည်သာတည်း။ ထို့ကြောင့် ပေါက်ရွက်ဖြင့်

ထုပ်သော ပန်းနံ့ကဲ့သို့ မိမိ၏အကျိုးစီးပွါးကို သိသော ပညာရှိသည် သူတော်ကောင်းမဟုတ်သောသူကို မမှီဝဲရာ၊ သူတော်ကောင်းကိုသာလျှင် မှီဝဲရာ၏၊ သူတော်ကောင်းမဟုတ်သောသူသည် ငရဲသို့သာလျှင် ဆောင်တတ်၏၊ သူတော်ကောင်းသည် နတ်ပြည်သို့ ရောက်စေတတ်၏။"

ရစာမင်းသမီး၏သိမြင်နိုင်သောဘဝများအနက် ရာဇဂြိုဟ်ပြည်၌ ရွှေပန်းထိမ်သည်၏သားဘဝဝယ် ပြုခဲ့သော ပရဒါရကံ၏အကျိုးများကား...

(၁) ရောရုဝရဲ၌ ကြာမြင့်စွာ ကာလပတ်လုံး ခံရခြင်း၊
(၂) ဘိန္နာဂတပြည်၌ ဒေးစေ့ထုတ်ခံရသော ဆိတ်ဖြစ်ရခြင်း၊
(၃) ဖခင်မျောက်၏ဝေးစေ့ကို သွားဖြင့် ကိုက်၍ ထုတ်ခံရသော မျောက်ဖြစ်ရခြင်း၊
(၄) ဒသဏ္ဏတိုင်း၌ ဝေးစေ့ထုတ်ခံရသော နွားလားဖြစ်ခြင်း၊
(၅) ဝဇ္ဇီတိုင်း၌ ရွာသူကြီးမျိုးဝယ် နပုန်းပဏ္ဍုက်ဖြစ်ရခြင်း။

ဘဝတိုင်းမှာ ယောကျ်ားသာ ဖြစ်ရာလိုကြသော်..."ခမည်းတော်မင်းကြီး...အကြင်ယောကျ်ားသည် ဘဝတိုင်းမှာ ယောကျ်ားအဖြစ်ကို အလိုရှိအံ့၊ ခြေဆေးပြီးသော သူသည် ရွှံ့ညွန်ကို ကြဉ်ရှောင်သကဲ့သို့ သူတစ်ပါး၏မယားကို မပြစ်မှားမူ၍ ဝေးစွာ ရှောင်ကြဉ်ရာ၏။

ယော ဣစ္ဆေ ပုရိသော ဟောတုံ၊ ဇာတိံ ဇာတိံ ပုနပ္ပုနံ။
ပရဒါရံ ဝိဝဇ္ဇေယျ၊ ဓောတပါဒေါဝ ကဒ္ဒမံ။"

ယောကျ်ားဘဝ ရလိုကြ မိန်းမများကိုသော်..."ခမည်းတော်မင်းကြီး...အကြင်မိန်းမသည် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝမှာ ယောကျ်ားအဖြစ်ကို အလိုရှိအံ့၊ မိမိကိုယ်ကို ကျွန်ကဲ့သို့ပြု၍ မိမိလင်ကို အရိအသေပြု၍ လုပ်ကျွေးရာ၏။

ယာ ဣစ္ဆေ ပုရိသော ဟောတုံ၊ ဇာတိံ ဇာတိံ ပုနပ္ပုနံ။
သာမိကံ အပစာယေယျ၊ ဣန္ဒံဝ ပရိစာရိကာ။"

နတ်၏စည်းစိမ် အကြိမ်ကြိမ် မြိန်မြိန်မွေ့လိုသော်..."ခမည်းတော်မင်းကြီး...အကြင်သူသည် နတ်စည်းစိမ်ချမ်းသာ, အခြံအရံကို အလိုရှိအံ့၊ မကောင်းမှု ဒုစရိုက်တို့ကို ကြဉ်၍ ကိုယ်နှုတ်နှလုံး သုံးပါးကို စောင့်သုံးခြင်းဟု ဆိုအပ်သော ကုသိုလ်ကောင်းမှု သုစရိုက်တို့ကို ပွားစေရာ၏။

ယော ဣစ္ဆေ ဒိဗ္ဗဘောဂဉ္စ၊ ဒိဗ္ဗ'မာယုံ ယသံ သုခံ။
ပါပါနိ ပရိဝဇ္ဇေတွာ၊ တိဝိဓံ ဓမ္မ'မာစရေ။
(ဇာတက၊ ၂၊ ၂၆၈။ ဋ္ဌ၊ ၇၊ ၁၃၂။)

ရစာမင်းသမီး၏အဓိဋ္ဌာန်ကြောင့် ဘုရားအလောင်းနာရဒဗြဟ္မာသည် ရသေ့အသွင်ဖြင့် ကြွလာတော်မူကာ အင်္ဂတိမင်းကြီး၏အထက် ကောင်းကင်၌တည်နေလျက် "လူတို့သည် ကာမဂုဏ်တို့၌ တပ်မက်ခြင်း, တွေဝေမိန်းမောခြင်းတို့ကြောင့် တမလွန်ကို မသိမမြင်နိုင်ကြပုံကိုလည်းကောင်း, မကောင်းမှုမျိုးမျိုးကြောင့် ကြောက်မက်ဖွယ်ရဲအဖုံဖုံ၌ ကျရောက်နေကြပုံကိုလည်းကောင်း, ရှေးမင်းကောင်းမင်းမြတ်တို့သည် ရဟန်းပုဏ္ဏားတို့အား လုပ်ကျွေး၍ အလှူဒါန၌ မွေ့လျော်ကြပုံကိုလည်းကောင်း သင်မင်းကြီးသည် မိမိ၏ကိုယ်ကို ရထားသဖွယ်, မိမိ၏စိတ်ကို ရထားထိန်းသဖွယ်ထား၍ ကောင်းသောအကျင့် ကောင်းသောတည်ကြည်မှု၌ မြဲလျှင် ငရဲသို့ မလားနိုင်ပုံကိုလည်းကောင်း ဟောပြောဆုံးမ၍ အင်္ဂတိမင်းကြီးအား မှားသောအယူကို ပယ်၍ သီလ၌တည်စေပြီးလျှင် မကောင်းသော အဆွေခင်ပွန်းကို ပယ်၍ အဆွေခင်ပွန်းကောင်းတို့ကို အမြဲဆည်းကပ်လျက် မမေ့မလျော့ ကျင့်လော့"ဟု အဆုံးအမပေး၍ ရစာမင်းသမီးအားလည်း များစွာသော အကြောင်းတို့ဖြင့် ချီးမွမ်း၍ မိဖုရားမောင်းမမိဿံ ခြွေရံပရိသတ်တို့အားလည်း ဆုံးမပေး၍ ဗြဟ္မာပြည်သို့ သွားတော်မူလေ၏။

ထိုအခါ အလာတအမတ်သည် ယခုအခါ ဒေဝဒတ်, သုနာမအမတ်သည် အရှင်ဘဒ္ဒိ, ဝိဇယအမတ်သည်

အရှင်သာရိပုတ္တ, ဗိဇကသူဆင်းရဲသည် အရှင်မဟာမောဂ္ဂလ္လာန်, ကဿပတက္ကတွန်းသည် သုနက္ခတ်, ရစာမင်းသမီးသည် အရှင်အာနန္ဒာ, အင်္ဂတိမင်းကြီးသည် ဥရုဝေလကဿပ, နာရဒဗြဟ္မာကြီးသည် ဘုရားရှင်တို့ဖြစ်လာကုန်၏။

ဆောင်ပုဒ်=သမန်းမြက်ဆုပ်၊ ငါးပုပ်ထုပ်က၊ ထုပ်သည့်သမန်း၊ ပုပ်နံ့လွှမ်းသို့၊ ဆိုးသွမ်းလူစွာ၊ လူယုတ်မာနှင့်၊ ပေါင်းကာနေမူ၊ ထိုသသူလည်း၊ ယုတ်သူမူရာ၊ စွဲကပ်ပါ၏။...သင်းစွာကြိုင်လျှမ်း၊ ဇလပ်ပန်းကို၊ ထုပ်လွှမ်းပေါက်ရွက်၊ မွှေးနံ့ထွက်သို့၊ ဂုဏ်ယုက်ပြည့်ညောင်း၊ သူတော်ကောင်းနှင့်၊ ပေါင်းသင်းသူမှာ၊ ကောင်းမှုရာက၊ မုန်စွာမလွဲ၊ စွဲကပ်မြဲတည်း။

နတ်ဘ၀ ၁၄ ကြိမ်တို့ကား..............

၁။ (၈၂) မိတ္တဝိန္ဒကဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၀။ ဋ္ဌ၊ ၁၊ ၃၈၄ ၃၈၅။ ငါးရာငါးဆယ်၊ ပ၊ ၃၉၈ ၃၉၉။)

ပစ္စုပ္ပန်ဝတ္ထု=ဆိုဆုံးမခက်သောရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=ဝတ္ထုသည်ကား ဒသကနိပါတ် မဟာမိတ္တဝိန္ဒကဇာတ်=စတုဒွါရဇာတ်(ခု၊ ၅=ဇာ၊ ၁၊ ၂၀၁။ ဋ္ဌ၊ ၄၊ ၁၁၆)၌ ထင်စွာ ဖြစ်လတ္တံ့။

မိတ္တဝိန္ဒကသည် တရက်တာကာလ ဥပုသ်စောင့်သုံးခဲ့သောကောင်းမှုကံ၏အကျိုးဆက်ဖြင့် ဝေမာနိကပြိတ္တာမတို့နှင့် ပျော်ရွှင်စွာ ခံစားရသော်လည်း အမိအား ပုတ်ခတ်အပ်သော မကောင်းမှုကံ၏အကျိုးဆက်ဖြင့် သင်တုန်းစက်ငရဲသို့ ကျရောက်ခဲ့ရ၏။ ထိုအကြောင်းကို ဘုရားအလောင်းနတ်မင်းသည် မိတ္တဝိန္ဒကအား ပြောဆိုလေ၏။

ဆိုဆုံးမခက်သောရဟန်းကြီးသည် မိတ္တဝိန္ဒက ဖြစ်ခဲ့၏။

ဆောင်ပုဒ်=ဆိုဆုံးမခက်၊ ထိုသူတွက်၊ သေပျက်ငရဲမှာ။

၂။ (၁၀၄) မိတ္တဝိန္ဒကဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၄။ ဋ္ဌ၊ ၁၊ ၄၃၈ ၄၃၉။ ငါးရာငါးဆယ်၊ ပ၊ ၄၇၅ ၄၇၆။)

ပစ္စုပ္ပန်ဝတ္ထု=ဆိုဆုံးမခက်သော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=ဝတ္ထုကို အောက် မိတ္တဝိန္ဒကဇာတ်၌ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချဲ့အပ်၏၊ ဤမိတ္တဝိန္ဒကဇာတ်သည်ကား ကဿပဘုရားရှင်လက်ထက်တော်၌ ဖြစ်၏၊ ထိုအခါဝယ် ဥရစက်(သင်တုန်းစက်)ကို ရွက်၍ ငရဲခံရသော ငရဲသားတစ်ယောက်သည် ဘုရားအလောင်းနတ်သားကို "အရှင်...အကျွန်ုပ်သည် အဘယ်မကောင်းမှုကို ပြုခဲ့ဖူးသနည်း? ဟု မေးလေသော် ဘုရားအလောင်းက "(တစ်ရက်တာ စောင့်သုံးခဲ့သော ဥပုသ်ကံကြောင့်) လေးယောက်, ရှစ်ယောက်, တစ်ဆယ့်ခြောက်ယောက်, သုံးဆယ့်နှစ်ယောက်ကုန်သော ဝေမာနိကပြိတ္တာမတို့ကိုရ၍ (အမိအား ပုတ်ခတ်ခဲ့သော မကောင်းမှုကြောင့်) သင်တုန်းစက်သို့ရောက်ကာ သင်၏ထိပ်၌ သင်တုန်းစက်သည် လည်၏"ဟု ပြောဆို၏။ ဆိုဆုံးခက်သောရဟန်းသည် မိတ္တဝိန္ဒကဖြစ်ခဲ့၏။

ဆောင်ပုဒ်=အလိုကြီးတွက်၊ သင်တုန်းစက်၊ ရွက်လျက်ခံရသည်။

၃။ (၁၄၆) သမုဒ္ဒကာကဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၃၄။ ဋ္ဌ၊ ၁၊ ၅၂၂ ၅၂၄။ ငါးရာငါးဆယ်၊ ပ၊ ၅၉၉ ၆၀၂။)

ပစ္စုပ္ပန်ဝတ္ထု=ရဟန်းအိုကြီးတစ်ပါး၏ဟင်းချက်ကောင်းသော မယားဟောင်းသေ၍ ရဟန်းအိုကြီးများ ငိုကြွေးခြင်း။

အတိတ်ဝတ္ထု=ကျီးမ သမုဒ္ဒရာ၌ ကျသေ၍ သမုဒ္ဒရာရေကို ကုန်စေရန် လုပ်ကြသောကျီးများကို ဘုရားအလောင်းသမုဒ္ဒရာစောင့်နတ်က ကြောက်မက်ဖွယ်အဆင်းကို ပြ၍ ပြေးစေသဖြင့် ထိုကျီးတို့ ချမ်းသာရာရကြခြင်း။

ဆောင်ပုဒ်=အရာမဟုတ်၊ လုံ့လထုတ်၍၊ ဆုတ်ယုတ်နီးပြီ၊ နတ်ကိုမှီလျက်၊ သက်ရှည်ချမ်းသာ၊ ရကုန်ပါ၏။

၄။ (၁၄၇) ပုပ္ဖရတ္တဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၃၄။ ဋ္ဌ၊ ၁၊ ၅၂၅ ၅၂၆။ ငါးရာငါးဆယ်၊ ပ၊ ၆၀၃ ၆၀၅။)

ပစ္စုပ္ပန်ဝတ္ထု=မယားဟောင်းကြောင့် သာသနာတော်၌ ငြီးငွေ့သောရဟန်း။

အတိတ်ဝတ္ထု=မိန်းမအလိုကို လိုက်သောကြောင့် မင်း၏ဝတ်ပန်းခင်းရာ သူခိုး ဟု ဖမ်း၍ တံကျင်အလျှိုခံရလျက် ငရဲကျရသောသူ။

ထိုအခါ ဇနီးမောင်နှံတို့သည်ပင် ယခုအခါ ဇနီးမောင်နှံတို့တည်း။ ထိုအကြောင်းကို မျက်မှောက်မြင်တွေ့ရသော ဘုရားအလောင်း အာကာသစိုးနတ်ဖြစ်ခဲ့၏။

ဆောင်ပုဒ်=မိန်းမကိုမှီ၊ တံကျင်သီ၊ သေပြီ ငရဲရောက်။

၅။ (၁၉၀) သီလာနိသံသဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၉။ ဋ၊ ၂၊ ၁၀၁ ၁၀၃။ ငါးရာငါးဆယ်၊ ဒု၊ ၁၅၄ ၁၅၇။)

ပစ္စုပ္ပန်ဝတ္ထု=သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသကာတစ်ယောက်။

ထိုဥပါသကာသည် ဇေတဝန်ကျောင်းတော်သို့ သွားရာ အစိရဝတီမြစ်ဆိပ်၌ ကူးတို့လှေကို မမြင်၍ ဘုရားလျှင် အာရုံရှိသော ပီတိကိုယူလျက် မြစ်သို့ ဆင်းသက်၏၊ ခြေတို့သည် ရေ၌မနစ်ကုန်၊ မြေအပြင်၌ သွားရသကဲ့သို့ ဖြစ်၏၊ မြစ်လယ်သို့ ရောက်သောအခါ လှိုင်းတံပိုးကို ကြည့်မိ၍ ထိုဥပါသကာ၏ဘုရားလျှင် အာရုံရှိသော ပီတိသည် ညံ့သည် ဖြစ်ရကား ခြေတို့သည် နစ်အံ့သောငှါ အားထုတ်ကုန်၏(ဖြစ်ကုန်၏)၊ ထိုဥပါသကာသည် တစ်ဖန် ဘုရားလျှင် အာရုံရှိသောပီတိကို မြဲမြံစွာ ပြု၍ ရေပေါ်အပြင်ဖြင့်သာလျှင် သွားလျက် ဇေတဝန်ကျောင်းတော်သို့ ဝင်၍ ဘုရားရှင်ကို ရှိခိုးလျက် နေ၏၊ ဘုရားရှင်က လာသောခရီးနှင့်ပတ်သက်၍ မေးတော်မူသည်ရှိသော် ထိုဥပါသကာသည် သူ၏လာပုံ အလုံးစုံကို လျှောက်ထား၏၊ ဘုရားရှင်က "ရှေးကလည်း ဥပါသကာတို့သည် သမုဒ္ဒရာအလယ်၌ သင်္ဘောလှေပျက်သည်ရှိသော် ဘုရားဂုဏ်တို့ကို အောက်မေ့ကုန်သည်ဖြစ်၍ ထောက်တည်ရာကို ရဖူးကုန်၏"ဟု မိန့်တော်မူ၏။

အတိတ်ဝတ္ထု=ကဿပဘုရားရှင်လက်ထက်တော်က သောတာပန်ဥပါသကာသည် ဆေတ္တာသည်တစ်ယောက်နှင့် အတူတကွ သင်္ဘောကို စီး၏၊ ထိုဥပါသကာ၏သင်္ဘောသည် ခုနစ်ရက်မြောက်သောနေ့ဝယ် သမုဒ္ဒရာ၏အလယ်၌ ပျက်သည်ရှိသော် နှစ်ယောက်ကုန်သောသူတို့သည် တစ်ခုသောပျဉ်၌ စီးကုန်လျက် ကျွန်းငယ်တစ်ကျွန်းသို့ ရောက်ကုန်၏၊ ထိုကျွန်းငယ်၌ ဆေတ္တာသည်သည် ငှက်တို့ကို သတ်၍စားသည်ရှိသော် ထိုသောတာပန်ဥပါသကာအားလည်း ပေး၏၊ ဥပါသကာသည် "ငါ့အား အလိုမရှိ"ဟု ဆို၍ မစားချေ၊ ထိုဥပါသကာသည် "ဤအရပ်၌ ရတနာသုံးပါးတို့ကို ထား၍ တစ်ပါးသော ကိုးကွယ်အားထားရာသည် မရှိ"ဟု ကြံစည်အောက်မေ့၍ ရတနာသုံးပါးတို့၏ဂုဏ်ကျေးဇူးတို့ကို အောက်မေ့၏၊ ထိုအခါ ထိုဥပါသကာ၏ရတနာသုံးပါး၏ဂုဏ်ကို အောက်မေ့စဉ် ထိုကျွန်းငယ်ရှိ နဂါးမင်းသည် မိမိ၏ကိုယ်ကို သင်္ဘောကဲ့သို့ ပြု၍ ဖန်ဆင်း၏၊ သမုဒ္ဒရာစောင့်နတ်သားသည် သင်္ဘောသူကြီးပြုလုပ်၏၊ သင်္ဘောကို ရတနာခုနစ်ပါးတို့ဖြင့် ပြည့်စေ၍ လင်းယဉ်တိုင် သုံးတိုင်တို့ကို ပတ္တမြားညိုတို့ဖြင့်လည်းကောင်း, ဆင်သောတန်ဆာကို ရွှေဖြင့်လည်းကောင်း, ကြိုးတို့ကို ငွေဖြင့်လည်းကောင်း, ထိုးဝါး တက်မတို့ကို ရွှေဖြင့်လည်းကောင်း ပြီးစေကုန်၏။

သမုဒ္ဒရာစောင့်နတ်သားသည် "သင်္ဘောစီး၍ ဇမ္ဗူဒိပ်သို့ သွားလိုကုန်သောသူတို့ ရှိကုန်သလော?"ဟု ကြွေးကြော်၏၊ ဥပါသကာသည် "ငါတို့သည် သွားလိုကုန်၏"ဟု ဆို၏၊ "ထိုသို့ဖြစ်လျှင် လာလော့၊ သင်္ဘောပေါ်သို့ တက်လော့"ဟု သမုဒ္ဒရာစောင့်နတ်သားက ဆိုသည်ရှိသော် ထိုဥပါသကာသည် သင်္ဘောပေါ်သို့တက်၍ ဆေတ္တာသည်ကို ခေါ်၏၊ သမုဒ္ဒရာစောင့်နတ်သားက "သင့်အားသာလျှင် ထိုက်၏၊ ထိုဆေတ္တာသည်အား မထိုက်"ဟု ဆို၏၊ "အဘယ့်ကြောင့်နည်း"ဟု မေးလျှင် "ထိုဆေတ္တာသည်အား သီလဂုဏ်အကျင့်သည် မရှိသောကြောင့် မထိုက်၊ ငါသည် သင်၏အကျိုးငှာသာလျှင် သင်္ဘောကို ဆောင်ခဲ့၏၊ ထိုဆေတ္တာသည်၏အကျိုးငှာ မဆောင်ခဲ့" ဟု ဆို၏၊ ထိုဥပါသကာက "သင်ဆိုတိုင်း မှန်သည် ဖြစ်ပါစေ၊ ငါသည် လှူအပ်သောအလှူ, စောင့်ရှောက်အပ်သောသီလ, ပွားများအပ်သော ဘာဝနာတို့၏အဖို့ ထိုဆေတ္တာသည်အား ပေး၏"ဟု ဆိုသည်ရှိသော် ဆေတ္တာသည်သည် "အရှင်...ဝမ်းမြောက်ပါ၏"ဟု ဆို၏၊ သမုဒ္ဒရာစောင့်နတ်သားက "ယခုအခါ၌ ငါသည် ယူအံ့"ဟု ထိုဆေတ္တာသည်ကိုလည်း သင်္ဘောပေါ်သို့ တက်စေ၍ နှစ်ယောက်ကုန်သောလူတို့ကိုလည်း ထွက်စေ၍ မြစ်ဖြင့် ဗာရာဏသီပြည်သို့ သွား၍ မိမိ၏အာနုဘော်ဖြင့် နှစ်ယောက်ကုန်သော သူတို့၏လည်း အိမ်၌ ဥစ္စာကိုတည်စေ၍

"ပညာရှိတို့နှင့်သာလျှင် အတူတကွ ပေါင်းဖော်ခြင်းမည်သည်ကို ပြုအပ်၏၊ ဤဆေတ္တာသည်အား ဤဥပါသကာနှင့် အကယ်၍ ပေါင်းဖော်ခြင်းသည် မဖြစ်ငြားအံ့၊ သမုဒ္ဒရာ၏အလယ်၌သာလျှင် ဆေတ္တာသည်သည် ပျက်စီးလတ္တံ့"ဟု ပညာရှိနှင့် ပေါင်းဖော်ခြင်း၏ကျေးဇူးကို ဆိုလိုရကား...

ပဿ သဒ္ဓါယ သီလဿ၊ စာဂဿ စ အယံ ဖလံ။
နာဂေါ နာဝါယ ဝဏ္ဏေန၊ သဒ္ဓံ ဝဟတု'ပါသကံ။
သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ ဟိ သန္နိဝါသေန၊ သောတ္ထိံ ဂစ္ဆတိ နှာပိတော။
(ဇာ၊ ၁၊ ၄၉။ ဋ္ဌ၊ ၂၊ ၁၀၂။)

(ဘော အချင်းတို့၊) သဒ္ဓါယ စ-လောကီ လောကုတ္တရာဖြစ်သော သဒ္ဓါ၏လည်းကောင်း၊ သီလဿ စ လောကီ လောကုတ္တရာဖြစ်သော သီလ၏လည်းကောင်း၊ စာဂဿ စ ပေးကမ်းစွန့်ကြဲအပ်သော ဝတ္ထုကို ပေးကမ်းစွန့်ကြဲခြင်း, ကိလေသာကို စွန့်ကြဲခြင်း၏လည်းကောင်း၊ အယံ ဖလံ (ဣဒံ ဖလံ) ဤအကျိုးကို၊ ပဿ (ပဿထ) ရှုကုန်လော့၊ တနည်းကား...သဒ္ဓါယ စ-လောကီလောကုတ္တရာသီလ၏လည်းကောင်း၊ သီလဿ စ လောကီလောကုတ္တရာသီလ၏လည်းကောင်း၊ စာဂဿ စ ဒေယျဓမ္မပရိစ္စာဂ, ကိလေသပရိစ္စာဂ၏ လည်းကောင်း၊ ဖလံ အကျိုးကို၊ ပဿ (ပဿထ)ရှုကုန်လော့၊ အယံ နာဂေါ ဤနဂါးသည်၊ နာဝါယ သင်္ဘော ၏၊ ဝဏ္ဏေန အသွင်သဏ္ဌာန်ဖြင့်၊ သဒ္ဓံ ရတနာသုံးပါးတို့၌ သဒ္ဓါတရားနှင့် ပြည့်စုံသော၊ ဥပါသကံ သီတင်းသည်ကို၊ ဝဟတိ ကြိုးဆောင်၏(ပို့ဆောင်၏)။

(ပေါသော ယောကျ်ား(သတ္တဝါ)သည်၊) သဗ္ဘိရေဝ-ပညာရှိသူတော်ကောင်းတို့နှင့်သာလျှင်၊ သမာသေထ ပေါင်းဖော်ရာ၏၊ သဗ္ဘိ ပညာရှိတို့နှင့်၊ သန္ထဝံ ပေါင်းဖော်ခြင်းကို၊ ကုဗ္ဗေထ ပြုရာ၏၊ ဟိ ယုတ္တံ ထိုစကားသည် သင့်၏၊ သတံ ပညာရှိတို့နှင့်၊ သန္နိဝါသေန ပေါင်းဖော်ခြင်းကြောင့်၊ နှာပိတော ဆေတ္တာသည်သည်၊ သောတ္ထိံ ချမ်းသာခြင်းသို့၊ ဂစ္ဆတိ ရောက်ရ၏။

သဗ္ဘိရေဝါတိ ပဏ္ဍိတေဟိ ယေဝ။ သမာသေထာတိ ဧကတော အာဝသေယျ၊ ဥပဝသေယျာတိ အတ္ထော။ ကုဗ္ဗေထာတိ ကရေယျ။ သန္ထဝန္တိ မိတ္တသန္ထဝံ။ တဏှာသန္ထဝေါ ပန ကေနစိပိ သဒ္ဓိံ န ကာတဗ္ဗော။ (ဇာ၊ ဋ္ဌ၊ ၂၊ ၁၀၂။)

သမုဒ္ဒရာစောင့်နတ်သားသည် ကောင်းကင်၌ ရပ်၍ တရားဟောလျက် ဆေတ္တာသည်အား ဆုံးမပြီး လျှင် နဂါးမင်းကို ယူ၍ မိမိ၏ဗိမာန်သို့သာလျှင် သွားလေ၏။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ဥပါသကာသည် သကဒါဂါမိဖိုလ်၌ တည်၏။ ထိုအခါ သောတာပန် ဥပါသကာသည် (ရဟန္တာဖြစ်၍)ပရိနိဗ္ဗာန်ပြုလေပြီ၊ နဂါးမင်းသည် အရှင်သာရိပုတ္တာအလောင်း, သမုဒ္ဒရာစောင့်နတ် သားသည် ဘုရားအလောင်းတို့ဖြစ်ခဲ့ကြ၏။

ဆောင်ပုဒ်=ဘုရားအာရုံတော်၊ လွမ်းခြုံသော်၊ ရေပေါ်လျှောက်နိုင်ပါ။
ဒုက္ခတွေ့သော်၊ ကယ်သူပေါ်၊ ဂုဏ်တော်တန်ခိုးပါ။
ပညာရှင်နှင့်၊ ပေါင်းသင်းလင့်၊ ရေးခွင့်ကြုံလာ ချမ်းသာရာ။
သီလာနိသံသ၊ ဇာတ်တော်က၊ ထုတ်ပြ သေအချာ။

၆။ (၂၂၇) ဂူထပါဏဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၂။ ဋ္ဌ၊ ၂၊ ၁၉၂ ၁၉၄။ ငါးရာငါးဆယ်၊ ၃၊ ၂၈၆ ၂၉၀။)

ပစ္စုပ္ပန်ဝတ္ထု=တော့ကို မစင်ဖြင့် ဆုံးမသောရဟန်း။
အတိတ်ဝတ္ထု=မစင်ပုံဖြင့် မာန်ယစ်သောချေးပိုး၏ထိပ်ထက်၌ မစင်စွန့်, ကျင်ငယ်စွန့်၍ ချေးပိုးကိုအသက်ကုန်စေသောဆင်။

ယခုအခါ တော့သည် ထိုအခါ ချေးပိုး, ရဟန်းသည် ထိုအခါ ဆင်, ဘုရားရှင် ထိုအခါ ထိုအကြောင်းကို မြင် တွေ့ရသော တောအုပ်၌နေသောနတ် ဖြစ်ခဲ့ကြ၏။

ဆောင်ပုဒ်=အံ့မတုသင့်၊ အံ့တုလင့်၊ ဘေးနှင့် လက်ငင်းတွေ့။

၇။ (၂၉၆) သမုဒ္ဒဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၉၀။ ဋ္ဌ၊ ၂၊ ၃၉၈ ၄၀၀။ ငါးရာငါးဆယ်၊ ၃၊ ၅၆၇ ၅၇၀။)

ပစ္စုပ္ပန်ဝတ္ထု=လောဘရမ္မက်ကြီးသော ဥပနန္ဒမထေရ်။

ထိုမထေရ်သည် အစားကြီး၏၊ လောဘကြီး၏၊ ဝါဆိုသောကာလ၌ ကျောင်းနှစ်ကျောင်း, သုံးကျောင်းတို့၌ ဝါကပ်၍ တစ်ခုကျောင်း၌ ဖိနပ်ကိုထား၏၊ တစ်ခုသောကျောင်း၌ တောင်ဝှေးကိုထား၏၊ တစ်ခုသောကျောင်း၌ ရေဘူးကိုထား၏၊ တစ်ခုသောကျောင်း၌ မိမိနေ၏၊ ဇနပုဒ်ကျောင်းသို့ သွား၍ အရိယဝံသတရားကို ဟော၍ ထိုကျောင်းနေရဟန်းတို့ကို ပံသုကူသင်္ကန်းတို့ကို ဆောင်စေ၍ ထိုရဟန်းတို့၏ကောင်းမြတ်သောသင်္ကန်းတို့ကို ယူ၍ မြေသပိတ်ကို ဆောင်စေ၍ ထိုရဟန်းတို့၏နှစ်သက်ဖွယ်သော သပိတ်ခွက်တို့ကို ယူ၍ လှည်းကိုပြည့်စေ၍ ဇေတဝန်ကျောင်းတော်သို့ လာ၏။

ထိုအကြောင်းကို သိတော်မူသော ဘုရားရှင်က "ဥပနန္ဒသည် တစ်ပါးကုန်သောရဟန်းတို့အား အရိယဝံသတရားစကားကို ဟောသဖြင့် မလျော်သည်ကို ပြု၏၊ ရှေးဦးစွာ မိမိသည် အလိုနည်းသည်ဖြစ်၍ နောက်မှ သူတစ်ပါးတို့အား အရိယဝံသကို ဟောသင့်၏"ဟု

အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။
အထညမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။
(ခု၊ ၁=ဓမ္မပဒ၊ ၃၇။ ဇာ၊ ဋ္ဌ၊ ၂၊ ၃၉၉။)

ဟူသော ဤဂါထာကို ဟောတော်မူ၏။

[ပစ္စုပ္ပန်ဝတ္ထုသည်ကား သတ္တကနိပါတ် ဒဗ္ဗပုပ္ဖဇာတ်၏ပစ္စုပ္ပန်ဝတ္ထု(ဇာ၊ ဋ္ဌ၊ ၃၊ ၃၁၂ ၃၁၃)နှင့် တူ၏။]

အတိတ်ဝတ္ထု=မိမိကိုယ်တိုင် သမုဒ္ဒရာရေကို သောက်လျက် အခြားသတ္တဝါတို့အား ချွေတာသောက်ကြရန် ပြောသော ဥပနန္ဒမထေရ်အလောင်းကျီး၊ ဘုရားအလောင်းသမုဒ္ဒရာစောင့်နတ်သည် ကြောက်မက်ဖွယ်အဆင်းကို ပြ၍ ထိုကျီးကို ပြေးစေခြင်း။

ဆောင်ပုဒ်=သူများကိုယ်က၊ ကျင့်ပုံပြ၊ ကိုယ်က ထင်ရာလုပ်။

အပြောတစ်ပါး၊ လုပ်တစ်ခြား၊ အမှား ထိုသူယုတ်။

၈။ (၂၉၇) ကာမဝိလာပဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၉၀။ ဋ္ဌ၊ ၂၊ ၄၀၀ ၄၀၁။ ငါးရာငါးဆယ်၊ ဒု၊ ၅၇၀ ၅၇၂။)

ပစ္စုပ္ပန်ဝတ္ထု=မယားဟောင်းဖြားယောင်းသော ရဟန်း။

ပစ္စုပ္ပန်ဝတ္ထုကို ဧကကနိပါတ် ပုပ္ဖရတ္တဇာတ်(ခု၊ ၅=ဇာ၊ ၁၊ ၃၄၊ ဋ္ဌ၊ ၁၊ ၅၂၅။ ငါးရာငါးဆယ်၊ ပ၊ ၆၀၃)၌ ဆိုအပ်ပြီ။

အတိတ်ဝတ္ထု=တံကျင်၌ လျှိုခံရ၍ သေအံ့ဆဲဆဲပင် မယားကို ကျီးမှတစ်ဆင့် မှာသူ၊ ထိုယောကျ်ားသည် ငိုကြွေး မြည်တမ်းလျက် သေ၍ ငရဲ၌ဖြစ်၏။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ထိုငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

ယခုအခါ မယားဟောင်းသည် ထိုအခါ မယား, ငြီးငွေ့သောရဟန်းသည် တံကျင်၌လျှိုခံ၍ သေရသူ, ဘုရားရှင်သည် ထိုအခါ ထိုအကြောင်းကို မြင်သော နတ်သားတို့ ဖြစ်ခဲ့ကုန်၏။

အတိတ်ဝတ္ထုသည်ကား အဋ္ဌကနိပါတ် ဣန္ဒြိယဇာတ်(ခု၊ ၅=ဇာ၊ ၁၊ ၁၈၂ ၁၈၃။ ဋ္ဌ၊ ၃၊ ၄၄၃ ၄၄၅)၌ ထင်စွာ ဖြစ်လတ္တံ့။

မှတ်ချက်=ကာမဝိလာပဇာတ်၏အတိတ်ဝတ္ထုနှင့်ပတ်သက်၍ "ဣန္ဒြိယဇာတ်"ကို ညွှန်းသော်လည်း ယင်းဇာတ်၏အတိတ်ဝတ္ထုနှင့် မတူပေ၊ ကာမဝိလာပဇာတ်၏ပစ္စုပ္ပန်ဝတ္ထုသည် ဣန္ဒြိယဇာတ်၏ပစ္စုပ္ပန်ဝတ္ထုနှင့် တူ၏။ ကာမဝိလာပဇာတ်၏ ပစ္စုပ္ပန်, အတိတ်ဝတ္ထုနှစ်မျိုးလုံးသည်ကား "ပုပ္ဖရတ္တဇာတ်"၏ပစ္စုပ္ပန်, အတိတ်ဝတ္ထုနှစ်လုံးနှင့်မှ ဆင်တူ ဖြစ်၏။

ဆောင်ပုဒ်=ကာမအပူ၊ လောင်မြိုက်မှု၊ ဆေးဟူမရှိပြီ။

၉။ (၃၂၆) ကက္ကာရုဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၀၆။ ဋ္ဌ၊ ၃၊ ၇၉-၈၁။ ငါးရာငါးဆယ်၊ ဒု၊ ၆၈၉ ၆၉၁။)

ပစ္စုပ္ပန်ဝတ္ထု=သံဃာသင်းခွဲသော ဒေဝဒတ် သွေးပူအန်ခြင်း။

အတိတ်ဝတ္ထု=နတ်တို့ထံမှ ကက္ကာရုမည်သော နတ်ပန်းခိုင်တို့ကို မိမိနှင့် မတန်ပဲ လိမ်ညာ၍ ရယူပန်ဆင်သောကြောင့် ဦးခေါင်း၌ ကြီးစွာသော ဝေဒနာခံစားရသော ဒေဝဒတ်အလောင်း ပုရောဟိတ်ပုဏ္ဏား။

ပုဏ္ဏားအား နတ်ပန်းပေးကြသော တာဝတိံသာနတ်သားလေးယောက်တို့အနက် သုံးယောက်သောနတ်သားတို့သည် အရှင်မဟာကဿပအလောင်း, အရှင်မဟာမောဂ္ဂလ္လာန်အလောင်း, အရှင်သာရိပုတ္တအလောင်းတို့ ဖြစ်ခဲ့ကြ၍ အကြီးဆုံးနတ်သားကား ဘုရားအလောင်းဖြစ်ခဲ့၏။

ဆောင်ပုဒ်=မုသားမနိုင်၊ သင်းနံ့ကြိုင်၊ ပန်းခိုင်ဆင်မှ ဆင်းရဲရ။

၁၀။ (၃၆၉) မိတ္တဝိန္ဒကဇာတ်၊ ပဉ္စကနိပါတ် (ဇာတက၊ ၁၊ ၁၃၂။ ဠ၊ ၃၊ ၁၉၂-၁၉၄။ ငါးရာငါးဆယ်၊ တ၊ ၈၁ ၈၄။)

ပစ္စုပ္ပန်ဝတ္ထု=ဆိုဆုံးမခက်သောရဟန်းတစ်ပါး။

ဝတ္ထုသည် ဒသကနိပါတ် မဟာမိတ္တဝိန္ဒကဇာတ် (ခု၊ ၅=ဇ၊ ၁၊ စတုဒွါရဇာတက။ ဠ၊ ၄၊ ၁)၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=ဖန်ပြာသာဒ်, ငွေပြာသာဒ်, ပတ္တမြားပြာသာဒ်, ရွှေပြာသာဒ်တို့၌ ဝေမာနိကပြိတ္တာမတို့နှင့် စည်းစိမ်ချမ်းသာတို့ထက် အလိုရမ္မက်ကြီး၍ ဥဿဒငရဲသို့ ရောက်ရသော မိတ္တဝိန္ဒက။

ထိုအကြောင်းကို ပြောသော ဘုရားအလောင်း နတ်သား။

ရမဏက, ဖလိကပါသာဒ ဖန်ပြာသာဒ်၊ သဒါမတ္တ, ရဇတပါသာဒ ငွေပြာသာဒ်၊
ဒုဘက, မဏိပါသာဒ ပတ္တမြားပြာသာဒ်၊ ဗြဟ္မုတ္တရ ပါသာဒ, သုဝဏ္ဏပါသာဒ ရွှေပြာသာဒ်
ယခေါင်ရှေးက၊ ဉပုသ်မှုဖြင့်၊ မိုက်လှဉာဏ်ပိန်၊ မိတ္တဝိန်လျှင်၊ သေချိန်မရောက်၊ သက်မပျောက်ဘဲ၊ မျက်မှောက်ဆဲဆဲ၊ ပင်လယ်ထဲတွင်၊ ရဲရဲထိန်ညီး၊ ရွှေဘုံကြီးထက်၊ နတ်သမီးစစ်၊ သုံးကျိပ်နှစ်နှင့်၊ ခုနစ်လေးလီ၊ အညီရက်ပေါင်း၊ စံရရှောင်း၏။ (မဃဒေဝလင်္ကာသစ်၊ ပုတ္တောဝါဒဏ်း၊ အပိုဒ် ၂၃၁၊ နှာ ၁၆၄။)

ဆောင်ပုဒ်=အလိုရမ္မက်၊ ကြီးသူတွက်၊ အပျက်နှင့်သာ တွေ့ရပါ။

၁၁။ (၄၁၉) သုလသာဇာတ်၊ အဋ္ဌကနိပါတ် (ဇာတက၊ ၁၊ ၁၇၇။ ဠ၊ ၃၊ ၄၁၃ ၄၁၇။ ငါးရာငါးဆယ်၊ တ၊ ၄၀၈ ၄၁၆။)

ပစ္စုပ္ပန်ဝတ္ထု=မိန်းမမာယာဖြင့် ခိုးသူကိုသတ်သော အနာထပိဏ်သူဌေး၏ကျွန်မ။

အတိတ်ဝတ္ထု=မိမိကို သတ်မည်ကြံသည့် ခိုးသူလင်အား မာယာဉာဏ်ဖြင့် သတ်သော ပြည့်တန်ဆာမ။

ပြည့်တန်ဆာမ၏မာယာဉာဏ်ဖြင့် ခိုးသူကိုသတ်ပုံ အလုံးစုံကို သိရှိသော တောင်ထိပ်၌နေသည့် ဘုရားအလောင်းနတ်က "ယောက်ျားသည်သာ ပညာရှိမဟုတ် မိန်းမသည်လည်း ပညာရှိဖြစ်၏"စသည်ဖြင့် ချီးကျူးစကားဆိုလေ၏။

ယခုအခါ ခိုးသူနှင့် ကျွန်မတို့သည် ထိုအခါ ခိုးသူနှင့် ပြည့်တန်ဆာတို့ ဖြစ်ခဲ့ကြ၏။

ယခုအခါ ဘုရားရှင်သည် ထိုအခါ တောင်စောင့်နတ် ဖြစ်ခဲ့၏။

ဆောင်ပုဒ်=ဖြစ်မည့်အရေး၊ ဉာဏ်မြင်သေး၊ သေဘေးကြုံမည်သာ။

ဖြစ်မည့်အရေး၊ ဆင်ခြင်တွေး၊ သေဘေးလွတ်ကြောင်းပါ။

၁၂။ (၄၄၉) မဋ္ဌကုဏ္ဍလီဇာတ်၊ ဒသကနိပါတ် (ဇာတက၊ ၁၊ ၂၁၇ ၂၁၈။ ဠ၊ ၄၊ ၅၉ ၆၂။ ငါးရာငါးဆယ်၊ တ၊ ၆၈၁ ၆၈၈။)

ပစ္စုပ္ပန်ဝတ္ထု=ချစ်စွာသော သားသေ၍ မစားမသောက်နိုင်ပဲ ငိုနေသော သူကြွယ်ကို ဘုရားရှင်တရားဟောခြင်း။

အတိတ်ဝတ္ထု=သားသေ၍ငိုသော ဖခင်ပုဏ္ဏားကို ဘုရားအလောင်းသားနတ်သားက လနေကိုလိုချင်၍ ငိုပြကာ ပြောဆိုသဖြင့် ဖခင်ပုဏ္ဏားအမြင်မှန်ရ၍ အငိုတိတ်ခြင်း။

သူကြွယ်သည် သောတာပတ္တိဖိုလ်၌တည်၏။

ဆောင်ပုဒ်=သားက ဟောပြ၊ ဖခင်က၊ သောကကင်းဝေးစွာ။

၁၃။ (၄၅၇) ဓမ္မဒေဝပုတ္တဇာတ်၊ ဧကာဒသကနိပါတ် (ဇာတက၊ ၁၊ ၂၂၉ ၂၃၁။ ဠ၊ ၄၊ ၁၀၁ ၁၀၅။ ငါးရာငါးဆယ်၊ တ၊ ၇၆၃ ၇၇၀။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏သာသနာတော်စက်ကို ပုတ်ခတ်သော ဒေဝဒတ်မြေမျိုခြင်း။

အတိတ်ဝတ္ထု=တရားကျင့်သောဘုရားအလောင်းဓမ္မနတ်သားကို စစ်ထိုးလိုသော တရားမကျင့်သော ဒေဝဒတ်အလောင်းအဓမ္မနတ်သား မြေမျို၍ အဝီစိ၌ ဖြစ်ရခြင်း။

စရိယာပိဋက ဓမ္မဒေဝပုတ္တစရိယ(ခု၊ ၄၊ ၄၀၅။ ဋ္ဌ၊ ၁၅၇ ၁၆၂)နှင့် တူ၏။

ဆောင်ပုဒ်=တရားမစွက်၊ အမှားဖက်၊ အခက်တွေ့လိမ့်မည်။

၁၄။ (၄၇၅) ဖန္ဒနဇာတ်၊ တေရသကနိပါတ် (ဇာတက၊ ၁၊ ၂၅၉ ၂၆၀။ ဋ္ဌ၊ ၄၊ ၂၀၈ ၂၁၁။ ငါးရာငါးဆယ်၊ စ၊ ၉၄ ၁၀၁။)

ပစ္စုပ္ပန်ဝတ္ထု=ရောဟိဏီမြစ်ရေနှင့်ပတ်သက်၍ ဘုရားရှင်၏ဆွေတော်မျိုးတော်တို့ ခိုက်ရန်ဖြစ်ခြင်း။

ဝတ္ထုကား အသီတိနိပါတ် ကုဏာလဇာတ်(ခု၊ ၆=ဇာ၊ ၂၊ ၁၁၃-၁၃၁)၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=ကြို့ပင်စောင့်နတ်နှင့် ဝက်ဝံတို့ ရန်ငြိုးဖွဲ့၍ ပျက်စီးကြရခြင်း (ကြို့ပင်လည်း ခုတ်လှဲခံရ, ဝက်ဝံလည်း အသတ်ခံရခြင်း)။

ဘုရားအလောင်းတောစောင့်နတ်သည် ထိုအဖြစ်အပျက်ကို မြင်တွေ့ရခြင်း။

ဆောင်ပုဒ်=ခိုက်ရန်ပျိုးခဲ့၊ ရန်ငြိုးဖွဲ့၊ ကျိုးမဲ့ပျက်စီးမည်။

ကြို့ပင်နှင့်ဝံ၊ ရန်ငြိုးသွန်၊ ကေန်ပျက်စီးသည်။

## သိကြားဘဝ ၂၁ ကြိမ်တို့ကား....................

၁။ (၃၁) ကုလာဝကဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၈။ ဋ္ဌ၊ ၁၊ ၂၁၄ ၂၂၂။ ငါးရာငါးဆယ်၊ ပ၊ ၁၄၅ ၁၅၆။)

ပစ္စုပ္ပန်ဝတ္ထု=ရေကို မစစ်ပဲ သောက်သောရဟန်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းသိကြားမင်းသည် တာဝတိံသာနတ်ပြည်၌ မင်းပြုလျက် အသုရာတို့မှ စစ်ရှုံး၍ သမုဒ္ဒရာအပြင်ဖြင့် ပြေးသည်ရှိသော် အစိုးရခြင်းကို မှီ၍ အသက်သတ်ခြင်းကို မပြုအံ့ ဟု ဂဠုန်ငယ်တို့အား အသက်ကို ပေး၍ ရထားကို ပြန်စေ၏၊ အသုရာတို့ကား "သိကြားမင်းသည် စစ်ကူရလေပြီ"ဟု ထင်ကြကာ ပြန်ပြေးကြ၏။

ဤအတိတ်ဝတ္ထု၌ (၁) မဃလုလင်ဘဝနှင့် (၂) သိကြားဘဝ=၂ ဘဝပါ၏။

ဆောင်ပုဒ်=ကိုယ်ကျိုးအတွက်၊ သူများသက်၊ မပျက်ရှောင်ကြဉ်ရာ။

၂။ (၂၀၂) ကေဠိသီလဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၃။ ဋ္ဌ၊ ၂၊ ၁၂၉ ၁၃၂။ ငါးရာငါးဆယ်၊ ဒ၊ ၁၉၇ ၂၀၀။)

ပစ္စုပ္ပန်ဝတ္ထု=အရှင်လကုဏ္ဍကဘဒ္ဒိယထေရ်။ မထေရ်မြတ်သည် သာယာသောအသံရှိ၍, သာယာစွာသော တရားကိုဟောတတ်လျက် ပဋိသမ္ဘိဒါပတ္တ မဟာသာဝကဖြစ်၏၊ ပမာဏအားဖြင့် ငယ်၏, ပုကွ၏,သာမဏေငယ်သည် ကစားအံ့သောငှါ သွားသကဲ့သို့ ဖြစ်၏။ အာဂန္တုရဟန်းများသည် မကြာခဏ မထေရ်မြတ်ကို သာမဏေငယ်ထင်၍ သင်္ကန်းစွန်းအစရှိသည်တို့၌ ဆွဲကုန်လျက် လက်ဆော့ခြင်းကို ပြုလေ့ရှိကြ၏။

အတိတ်ဝတ္ထု=မိန်းမအိုတို့ကို ဝမ်း၌တွန်းလည်စေခြင်း, ယောကျ်ားအိုတို့ကို ကျွမ်းထိုးစေခြင်းအစရှိသဖြင့် အကစားသန်သော မင်း။ ထိုသို့ အိုမင်းကုန်သောသူအိုအား ကစားလေ့ရှိဖူးသည်၏အဖြစ်ကြောင့် ယခုအခါ သူတစ်ပါးတို့၏ကစားစရာ လကုဏ္ဍကဘဒ္ဒိယထေရ်ဖြစ်ရ၏။

ထိုအခါ ထိုမင်းကို ဆုံးမသော သိကြားမင်းသည် ယခုအခါ ဘုရားရှင်ဖြစ်တော်မူလေ၏။

ဆောင်ပုဒ်=ဘယ်သူမပြု၊ မိမိမှု၊ ကြည့်ရှုဆင်ခြင်ရာ။

၃။ (၂၂၈) ကာမနီတဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၂။ ဋ္ဌ၊ ၂၊ ၁၉၅-၁၉၈။ ငါးရာငါးဆယ်၊ ဒ၊ ၂၉၀ ၂၉၄။)

ပစ္စုပ္ပန်ဝတ္ထု=လောဘကြီးသော ကာမနီတပုဏ္ဏား။

ပစ္စုပ္ပန်ဝတ္ထု, အတိတ်ဝတ္ထုတို့ကား ဒွါဒသကနိပါတ် ကာမဇာတ် (ခု၊ ၅၊ ၂၄၆ ၂၄၇)၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=ဝတ္ထုကာမ, ကိလေသကာမတို့၌မရောင့်ရဲသည့် လောဘကြီးသောမင်းကို ဘုရားအလောင်းသိကြားမင်းဆုံးမခြင်း။

ဆောင်ပုဒ်=တဏှာညွန်နစ်၊ ရောဂါဖြစ်၊ ဆေးမြစ်မစွမ်းပါ။
တရားဆေးမြစ်၊ တိုက်ကျွေးလစ်၊ အမြစ်ပြတ်မည်သာ။

၄။ (၂၆၄) မဟာပနာဒဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၇၆။ ဋ္ဌ၊ ၂၊ ၂၉၉ ၃၀၃။ ငါးရာငါးဆယ်၊ ၃၊ ၄၃၅ ၄၄၀။)
ပစ္စုပ္ပန်ဝတ္ထု=အရှင်ဘဒ္ဒဇိထေရ်၏တန်ခိုးအာနုဘော်။
ဘဒ္ဒဇိသတို့သားသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော ဘဒ္ဒိယသူဌေး၏တစ်ဦးတည်းသောသားတည်း၊ တနေ့သ၌ သူဌေးသားသည် ပရိသတ်အစွန်း၌ တည်၍ ဘုရားရှင်၏တရားတော်ကို နာလျက်လျှင် ကိလေသာအလုံးကို ကုန်စေ၍ အရဟတ္တဖိုလ်သို့ ရောက်၏။
ဘုရားရှင်က ဘဒ္ဒိယသူဌေးကို ခေါ်တော်မူ၍ "သူဌေးကြီး...သင်၏သားသည် တန်ဆာဆင်လျက်သာလျှင် တရားကို နာသည်ရှိသော် အရဟတ္တဖိုလ်၌တည်၏၊ ထို့ကြောင့် ဘဒ္ဒဇိအား ယနေ့ပင်လျှင် ရဟန်းပြုအံ့သောငှာလည်းကောင်း, ပရိနိဗ္ဗာန်ပြုအံ့သောငှာလည်းကောင်း သင့်၏"ဟု မိန့်တော်မူ၏။
သတ္ထာ.. "မဟာသေဋ္ဌိ ပုတ္တော တေ အလင်္ကတပဋိယတ္တော၀ ဓမ္မကထံ သုဏန္တော အရဟတ္တေ ပတိဋ္ဌိတော၊ တေနဿ အဇ္ဇေ၀ ပဗ္ဗဇိတုံ ဝါ ဝဋ္ဋတိ ပရိနိဗ္ဗာယိတုံ ဝါ"တိ အာဟ။ (ဇာ၊ ဋ္ဌ၊ ၂၊ ၃၀၀။)
သူဌေးကြီးသည် သားကို ရဟန်းပြုစေ၏။....အရှင်ဘဒ္ဒဇိသည် ဂင်္ဂါကမ်းနားရှိ သစ်တစ်ပင်ရင်း၌ ဈာန်ဝင်စား၍ နေရာ မထေရ်ကြီးတို့သည် လာကုန်သော်လည်း မထမူ၍ ဘုရားရှင်ကြွလာသောအခါ၌သာလျှင် ဈာန်မှထ၏၊ ပုထုဇဉ်ရဟန်းတို့သည် "ဤဘဒ္ဒဇိသည် ...ယမန်နေ့၌ ရဟန်းပြုလျက် လာကုန်သော မထေရ်ကြီးတို့ကို မြင်၍လည်း မထ"ဟု အမျက်ထွက်ကုန်၏။ ဘုရားရှင်က အရှင်ဘဒ္ဒဇိအား ရှေးမင်းဖြစ်စဉ် ဂင်္ဂါမြစ်လယ်၌ တည်ရှိနေသော ပြာသာဒ်ကို ထုတ်ဖော်စေခြင်းဖြင့် ရဟန်းတို့၏ယုံမှားကို ကင်းစေ၏။

အတိတ်ဝတ္ထု=ဝိဒေဟတိုင်း မိထိလာပြည်ဝယ် သုရုစိမင်းနှင့် သားမဟာပနာဒမင်းသားတို့သည် ဤပြာသာဒ်ကို ရဖူးကုန်၏၊ လွန်လေပြီးသောအခါက သားအဖ နှစ်ယောက်တို့သည် ကျူထရံ ရေသဖန်သား သစ်တို့ဖြင့် ပစ္စေကဗုဒ္ဓါအား ကျောင်းဆောက်လှူခဲ့ကြသောကောင်းမှု၏အကျိုးပင်တည်း။
ထိုအခါ ဘုရားအလောင်းသိကြားမင်းသည် ဘဒ္ဒဇိမထေရ်အလောင်း မဟာပနာဒမင်း၏အမှုကြီးငယ်ကို ဆောင်ရွက်ခဲ့ရ၏။
ဆောင်ပုဒ်=ဒါနဟူက၊ အားကိုးရ၊ ဘဝအသွယ်သွယ်။

၅။ (၂၉၁) သုရာဃဋဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၈။ ဋ္ဌ၊ ၂၊ ၃၈၈ ၃၉၀။ ငါးရာငါးဆယ်၊ ၃၊ ၅၅၂ ၅၅၅။)
ပစ္စုပ္ပန်ဝတ္ထု=အနာထပိဏ်သူဌေး၏တူသည် အရက်ကြောင့် ဘဝပျက်၍ အသက်ဆုံးရ၏။
အတိတ်ဝတ္ထု=အရက်ဖျက်၍ ဘဒ္ဒဃဋအိုးကွဲလျက် ဆင်းရဲစွာ သေရသောသူဌေးသား။
ဘုရားအလောင်းဗာရာဏသီသူဌေးအား သားတစ်ယောက်ရှိ၏၊ ဘုရားအလောင်းသည် ဒါနအစရှိသောကောင်းမှုတို့ကို ပြု၍ သေလွန်လေသော် သိကြားမင်း ဖြစ်လေ၏၊ သားကား အရက်သမားဖြစ်ကာ သောက်စားပျော်ပါး၍ ကုဋေလေးဆယ်သော ဥစ္စာတို့ ကုန်ဆုံးပျက်စီးသောအခါ ဖခင်သိကြားမင်းက သားဟူသော ချစ်ခြင်းဖြင့် လိုတရ ဘဒ္ဒဃဋအိုးကို သားအား ပေး၏၊ သားသည် မူးယစ်၍ ထိုအိုးကို ကောင်းကင်သို့ မြှောက်လျက် ခံလတ်သော် ချော်လွဲ၍ အိုးသည် မြေ၌ ကျကာ ကွဲ၏၊ ထိုအခါမှစ၍ တဖန်ဆင်းရဲ၍ ခွက်လက်စွဲကာ တောင်းစားရလျက် သေရ၏။
အနာထပိဏ်သူဌေး၏တူသည် ထိုအခါ သေအရက်ယစ်မူး၍ ဘဒ္ဒဃဋအိုးကို ခွဲသော သေသောက်ကြူးဖြစ်၍ ဘုရားရှင်ကား သိကြားမင်း ဖြစ်ခဲ့၏။
ဆောင်ပုဒ်=သေသောက်ကြူးငြား၊ ပျက်ဆုံးပါး၊ သိကြားကိုယ်တိုင် မကယ်နိုင်။

၆။ (၃၀၀) ဝကဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၉၁ ၉၂။ ဋ္ဌ၊ ၂၊ ၄၀၆ ၄၀၈။ ငါးရာငါးဆယ်၊ ၃၊ ၅၇၉ ၅၈၂။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားဖူးခွင့်ရလို၍သာ ဓုတင်ဆောင်ကြသော ရဟန်းများ။

ဤဝတ္ထုသည် ပါရာဇိကပါဠိတော်(ဝိ၊ ၁၊ ၃၃၆)၌ အကျယ်အားဖြင့် လာသည်သာတည်း။
ဥပသေနမထေရ်သည် ဇုတင်တစ်ဆယ့်သုံးပါးတို့ကို ဆောက်တည်၍ ပရိသတ်ကိုလည်း ဇုတင်ကို ဆောက်တည်စေ၍ ပရိသတ်နှင့်တကွ ကိုယ်တော်တစ်ပါတည်း ကိန်းအောင်းတော်မူသော ဘုရားရှင့်အထံတော်သို့ ဆည်းကပ်၍...ဘုရားရှင်က "ဤနေ့မှစ၍ ဇုတင်ဆောင်ရဟန်းတို့သည် အလိုရှိတိုင်း ဆည်းကပ်၍ ငါဘုရားကို ဖူးမြော်ကုန်"ဟု ခွင့်ပေးတော်မူသောကြောင့် အချို့သောရဟန်းတို့သည် ဘုရားရှင်အား ဖူးမျှော်ဆည်းကပ်ခွင့်ရကြရန်အလို့ငှာ ပံသုကူတို့ကို စွန့်၍ မိမိသပိတ်, သင်္ကန်းတို့ကိုသာလျှင် ကောက်ယူကုန်၏၊ ဘုရားရှင်သည် ထိုပံသုကူတို့ကို မြင်တော်မူ၍ ...ထိုအကြောင်းကို ကြားတော်မူသောအခါ "ရဟန်းတို့...ဤရဟန်းတို့၏ဇုတင်ဆောက်တည်ခြင်းမည်သည်ကား ကြာမြင့်စွာ မတည်သော သစ်ကျုတ်၏ဥပုသ်ဆောက်တည်ခြင်းနှင့် တူလှ၏"မိန့်တော်မူ၏။

အတိတ်ဝတ္ထု=သီလစောင့်သောသစ်ကျုတ် ဆိတ်ကို မြင်၍ လိုက်သော်လည်း မမိ, ငါ့သီလ မပျက်သေး ဟု ဆိုကာ ပြန်၍ အိပ်၏၊ ဆိတ်ယောင်ဆောင်သော ဘုရားအလောင်း သိကြားမင်းကား သိကြားကိုယ်ဖြင့်ပင် ကောင်းကင်၌ ရပ်လျက် "အားနည်းသော ကုသိုလ်ဆန္ဒရှိသောသင်အား ဥပုသ်ဆောက်တည်သဖြင့် အဘယ်အကျိုးရှိအံ့နည်း? သင်သည် ငါ့ကို သိကြားမင်းအဖြစ်ကို မသိ၍သာ ဆိတ်သားကို စားလို၏"ဟု ကဲ့ရဲ့ပြောဆို၍ နတ်ပြည်သို့ ပြန်သွားလေ၏။

ဆောင်ပုဒ်=ဝမ်းရေးမလှ၊ စောင့်သီလ၊ လွယ်လှ ပျက်ဖို့ရာ။
သစ်ကျုတ်စောင့်ထ၊ ထိုသီလ၊ တူလှ ပုံပမာ။

၇။ (၃၄၄) အမ္ဗဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၁၅ ၁၁၆။ ဋ္ဌ၊ ၃၊ ၁၂၅ ၁၂၈။ ငါးရာငါးဆယ်၊ ဒု၊ ၇၅၁ ၇၅၅။)
ပစ္စုပ္ပန်ဝတ္ထု=သရက်သီးသူခိုးတို့ စားကြ ယူသွားကြသည်ကို မသိပဲ သူ၏သရက်သီးများကို စားကြသည် ဟု စွပ်စွဲလျက် သူဌေးသမီးလေးဦးကို ကျိန်စေသော ရဟန်းကြီး။
အတိတ်ဝတ္ထု=ဘုရားအလောင်းသိကြားမင်းသည် ရသေ့၏မကောင်းသောအကျင့်စရိုက်ကို မနှစ်သက်၍ ရသေ့ကို သံဝေဂဖြစ်စေရန် မိမိ၏အာနုဘော်ဖြင့် သရက်သီးတို့ကို ကြွေစေ၍ ခိုးသူတို့လုယက်သကဲ့သို့ ပြုလေ၏။ ထိုအကြောင်းကို မသိသောရသေ့သည် သရက်ဥယျာဉ်သို့ လာသော သူဌေးသမီးလေးဦးတို့ကို အထင်မှားကာ ကျိန်စာပြုစေသော ရသေ့၊ သိကြားမင်းက ကြောက်မက်ဖွယ်သော အာရုံကို ပြ၍ ရသေ့ကို ထိုအရပ်မှ ပြေးစေ၏။
ဆောင်ပုဒ်=ရဟန်းဖြစ်ငြား၊ ကျင့်တရား၊ ထင်ရှား ရှိစေသင့်။
အကျင့်တရား၊ မလျော်ငြား၊ ပယ်ရှား ပစ်ဖို့သင့်။

၈။ (၃၇၂) မိဂပေါတကဇာတ်၊ ပဉ္စကနိပါတ် (ဇာတက၊ ၁၊ ၁၃၃ ၁၃၄။ ဋ္ဌ၊ ၃၊ ၁၉၉ ၂၀၁။ ငါးရာငါးဆယ်၊ တ၊ ၉၂ ၉၆။)
ပစ္စုပ္ပန်ဝတ္ထု=တပည့်သာမဏေသေ၍ ပြင်းစွာ ငိုသောရဟန်းကြီး။
အတိတ်ဝတ္ထု=သားအမှတ်ပြု၍ မွေးသောသမင်သေ၍ ငိုသောရသေ့ကို ဘုရားအလောင်းသိကြားမင်းတရားဟောခြင်း။
ယခုအခါ ရဟန်းကြီးသည် ထိုအခါ ရသေ့, သာမဏေသည် သမင်, ဘုရားရှင်သည် သိကြားမင်းတို့ဖြစ်ခဲ့ကြ၏။
သိကြားမင်းက "သေပြီးသူအတွက်လည်းကောင်း, သေရမည့်သူအတွက်လည်းကောင်း ငိုကြွေးမည်တမ်းကုန်သောသူတို့၏မျက်ရည်ပြတ်သောနေ့မည်သည် မရှိ(=အသုပစ္ဆိဇ္ဇဒိဝသော နာမ နတ္ထိ)၊ ထို့ကြောင့် သင်သည် မငိုလင့်၊ ငိုခြင်းကို အကျိုးမရှိ ဟူ၍သူတော်ကောင်းတို့သည် ဆိုကုန်၏။
ငိုသဖြင့် သေသူ ထလာမည်ဆိုလျှင် သူခပ်သိမ်းတို့စည်းဝေး၍ အချင်းချင်း၏ဆွေမျိုးတွေအတွက် ငိုကုန်ရာ၏"ဟု ပြော၏။

မတံ မရိသံ ရောဒန္တိ၊ ယေ ရုဒန္တိ လပန္တိ စ။
တသ္မာ တွံ ဣသိ မာ ရောဒိ၊ ရောဒိတံ မောဃ'မာဟု သန္တော။
ရောဒိတေန ဟာဝေ ဗြဟ္မေ၊ မတော ပေတော သမုဋ္ဌဟေ။
သဗ္ဗေ သင်္ဂမ္မ ရောဒါမ၊ အညမညဿ ဉာတကေ။

(ဇာ၊ ၁၊ ၁၃၄။ ဋ္ဌ၊ ၃၊ ၂၀၀။)

သတ္တကနိပါတ် သောမဒတ္တဇာတ်၏ပစ္စုပ္ပန်ဝတ္ထုနှင့် အတိတ်ဝတ္ထုတို့နှင့် အလားတူကုန်၏။

[သောမဒတ္တဇာတ်သည် သိကြားမင်းဖြစ်ရာ ၁၃ ခုမြောက်ဘဝဖြစ်၏။]

**ဆောင်ပုဒ်=သေပြီးသူကို၊ တ ၍ ငို၊ ထိုသူပြန်မလာ။**

၉။ (၃၇၄) စူဠဓနုဂ္ဂဟဇာတ်၊ ပဉ္စကနိပါတ် (ဇာတက၊ ၁၊ ၁၃၅။ ဋ္ဌ၊ ၃၊ ၂၀၅ ၂၁၀။ ငါးရာငါးဆယ်၊ တ၊ ၁၀၁ ၁၀၈။)

ပစ္စုပ္ပန်ဝတ္ထု=မယားဟောင်းဖြားယောင်းခံရ၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်း။

အတိတ်ဝတ္ထု=**သူခိုးကို စားရိုးကမ်းသော မိန်းမကြောင့် စူဠဓနုဂ္ဂဟသေရခြင်း။**

ဘုရားအလောင်းသိကြားမင်းသည် ထိုမိန်းမကို အရှက်ရစေလို၍ မိမိက အမဲတုံးကို ချီသောမြေခွေးယောင် ဖန်ဆင်း၍ မာတလိနတ်သားကို ငါးယောင်ဖန်ဆင်းစေလျက် ပဉ္စသိခနတ်သားကို ငှက်ယောင်ဖန်ဆင်းစေ က မြေခွေးသည် ငါးကိုမြင်သောအခါ အမဲတုံးကို ဖွန့်၍ ရေ၌ငါးကို လိုက်ဖမ်းစဉ် ငှက်က အမဲတုံးကို ထိုးသုတ်သွား ၏၊ ငါးသည် ရေနက်ရာသို့ ကူးပြေး၍ မြေခွေးကား အမဲတုံးလည်း ဆုံး၍ ငါးလည်းမရဖြစ်၏။ ထိုဖြစ်ပုံကို မြင်ရသောမိန်းမသည် ငိုရာမှ ရယ်လေ၏၊ မြေခွေးက "...အဘယ့်ကြောင့် ရယ်သနည်း?"ဟု မေးလျှင်

## မိုက်လှချည်လား? မြေခွေးရယ်

မိန်းမက "ပညာမဲ့သောမြေခွေး...သင်သည် ပညာနည်းပါးသည်ဖြစ်၍ အမဲတုံးကိုရော ငါးကိုပါ ဆုံးရှုံးရ ၏"ဟု ဆိုလိုရကား...

သိင်္ဂါလ ဗာလ ဒုမ္မေဓ၊ အပ္ပပညောသိ ဇမ္ဗုက။

ဇီနော မစ္ဆဉ္စ ပေသိဉ္စ၊ ကပဏော ဝိယ ဈာယသိ။

ဗာလ မိုက်သော၊ ဒုမ္မေဓ ပညာမရှိသော၊ ဇမ္ဗုက အစားကြီးသော၊ သိင်္ဂါလ မြေခွေး၊ တွံ သင်သည်၊ အပ္ပပညော ပညာနည်းသည်၊ အသိ ဖြစ်၏၊ မစ္ဆဉ္စ ငါးကိုလည်းကောင်း၊ ပေသိဉ္စ အမဲကိုလည်းကောင်း၊ ဇီနော ဆုံးရှုံးသည်ဖြစ်၍၊ ကပဏော ဝိယ ဥစ္စာတစ်ထောင်ရှုံးသော အထီးကျန်သော သူကဲ့သို့၊ ဈာယသိ ကြံမှိုင်ရ၏။

## သင်က ပိုမိုက်သည် မဟုတ်လော?

မြေခွေးက "ယုတ်မာသောအကျင့်ရှိ၍ သီလမရှိသောမိန်းမ...သူတစ်ပါးတို့၏အပြစ်ကို မြင်လွယ်၏၊ မိမိ၏အပြစ်ကိုကား မြင်ခဲ၏၊ သင်သည်သာလျှင် အဖပေးစားသောလင်ကိုလည်းကောင်း, သယောက်လင်ကို လည်းကောင်း ဆုံးရှုံးရသည်ဖြစ်၍ ငါ့ထက်မိုက်သည် ဟု ဆိုလိုရကား...

သုဒဿံ ဝဇ္ဇ’မညေသံ၊ အတ္တနော ပန ဒုဒ္ဒသံ။

ဇီနာ ပတိဉ္စ ဇာရဉ္စ၊ မညေ တွညေဝ ဈာယသိ။

ပါပဓမ္မေ ယုတ်မာသော အကျင့်ရှိသော၊ ဒုဿီလေ သီလမရှိသော မိန်းမ၊ အညေသံ သူတစ်ပါးတို့၏၊ ဝဇ္ဇံ အပြစ်ကို၊ သုဒဿံ မြင်လွယ်၏၊ အတ္တနော မိမိ၏၊ ဝဇ္ဇံ ပန အပြစ်ကိုမူကား၊ ဒုဒ္ဒသံ မြင်ခဲ၏၊ တွညေဝ သင်သည်သာ လျှင်၊ ပတိဉ္စ အဖပေးစားသော လင်ကိုလည်းကောင်း၊ ဇာရဉ္စ သယောက်လင်ကိုလည်းကောင်း၊ ဇီနာ ဆုံးရှုံးသည်ဖြစ်၍၊ ဈာယသိ မညေ ငါ့ထက် ကြံမှိုင်ရယောင်တကား။

## မြေခွေးစကား ကြားပြီးခါမှ နောင်တရ

**ဧဝမေတံ** မိဂရာဇ၊ ယထာ ဘာသသိ ဇမ္ဗုက။

သာ နူနာဟံ ဣတော **ဂန္တွာ**၊ ဘတ္တု ဟေဿံ ဝသာနုဂါ။

မိဂရာဇ သားတို့၏မင်းဖြစ်သော၊ ဇမ္ဗုက မြေခွေးမင်း၊ (တွံ သင်သည်၊) **ဧတံ** ဤစကားကို၊ ဘာသသိ ယထာ ဆိုသကဲ့သို့၊ **ဧဝမေဝ** ဤအတူသာလျှင်၊ ဟောမိ ဖြစ်ရချေ၏၊ သာ အဟံ ထိုငါသည်၊ ဣတော ဤ အရပ်မှ၊ **ဂန္တွာ** သွား၍၊ (ပုန တစ်ဖန်၊ အညံ ဘတ္တာရံ တစ်ပါးသောလင်ကို၊ လဘိတွာ ရသည်ရှိသော်၊) နူန

(ဧကံသေနေဝ) စင်စစ်အားဖြင့်သာလျှင်၊ (တဿ)ဘတ္တု ထိုလင်၏၊ ဝသာနုဂါ အလိုသို့ လိုက်၍ကျင့်သည်၊ ဟေဿံ ဖြစ်ပါအံ့။

## ခြံခုန်စရို ခုန်တော့မှာပဲ

ယော ဟရေ မတ္တိကံ ထာလံ၊ ကံသထာလမ္ပိ သော ဟရေ။
ကတံယေဝ တယာ ပါပံ၊ ပုနပေဝံ ကရိဿသိ။
(ဇာ၊ ၁၊ ၁၃၅။ ဋ္ဌ၊ ၃၊ ၂၀၉။)

အနာစာရေ ယုတ်မာသော အကျင့်ရှိသော မိန်းမ၊ (တွံ သင်သည်၊ ကိံ ကထေသိ အသို့ ဆိုသနည်း?)၊ ယော အကြင်သူသည်၊ မတ္တိကံ ထာလံ မြေခွက်ကို၊ ဟရေ ခိုး၏၊ သော ထိုမြေခွက်ကိုမျှ ခိုးတတ်သောသူသည်၊ (သုဝဏ္ဏထာလရဇတထာလာဒိပ္ပဘေဒံ)ကံသထာလမ္ပိ ရွှေခွက်,ငွေခွက်အစရှိသော ခွက်ကိုလည်း၊ ဟရေ(ဟရတေဝ) ခိုးအံ့စင်းစင်းသာတည်း၊ တယာ သင်သည်၊ (ဣဒံ) ပါပံ ဤမကောင်းမှုကို၊ ကတံ စေဝ ပြုအပ်ပြီးသည်သာလျှင် တည်း၊ ပုနပိ တစ်ဖန်လည်း၊ (တွံ သင်သည်၊) ဧဝံ ဤအတူ၊ ကရိဿသိ (ကရိဿသိယေဝ) ပြုလတ္တံ့သည်သာ လျှင်တည်း။

ဤသို့ (မြေခွေးယောင်ဆောင်သော) ဘုရားအလောင်းသိကြားမင်းသင်သည် ထိုမိန်းမကို ရှက်စေ၍ ဖောက်ပြန်သော အခြင်းအရာသို့ ရောက်စေပြီးလျှင် မိမိနေရာသို့ ပြန်သွားလေ၏။

ယခုအခါ ငြီးငွေ့သောရဟန်းသည် ထိုအခါ စူဠဓနုဂ္ဂဟပညာရှိ, ထိုရဟန်း၏မယားဟောင်းသည် စူဠဓနု ဂ္ဂဟာ၏မယားဖြစ်ခဲ့ကြလေ၏ ။

ဆောင်ပုဒ်=ချောင်းကိုပစ်၍၊ မြစ်ကိုရှာ၊ ရေသာများ၍ ငါးမတွေ့။
လင်ငယ်သတ်စေ၊ လင်ကြီးသေ၊ ငယ်လေပြေး၍ လွတ်ပြန်ပေ့။

၁၀။ (၃၈၆) ခရပုတ္တဇာတ်၊ ဆက္ကနိပါတ် (ဇာတက၊ ၁၊ ၁၄၆ ၁၄၇။ ဋ္ဌ၊ ၃၊ ၂၅၉ ၂၆၄။ ငါးရာငါးဆယ်၊ တ၊ ၁၇၈ ၁၈၆။)
ပစ္စုပ္ပန်ဝတ္ထု=မယားဟောင်းဖြားယောင်း၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်း။
အတိတ်ဝတ္ထု=မယားအလိုလိုက်၍ သေတွင်းဝသို့ ရောက်နေသော မင်းကို ဘုရားအလောင်းသိကြားမင်းကယ်ခြင်း။
သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်၏။
ထိုအခါ မင်းသည် ယခုအခါ ငြီးငွေ့သောရဟန်း, မိဖုရားသည် မယားဟောင်း, မြင်းသည် အရှင်သာရိပုတ္တ တို့ ဖြစ်ကြ၏၊
ဆောင်ပုဒ်=မန္တန်ပေးငြား၊ ငါသည်ကား၊ သေကားသေရမှာ။
ရှေ့နောက်တိုင်းဆ၊ မရိုလှ၊ မိန်းမယုတ်တမာ။
သင်သေချင်သေ၊ ငါ့အားလေ၊ ပေးစေ မန္တရာ။
ပေးပါမည်မှန်၊ မြဲမြဲမြံ၊ ဝန်ခံ မင်းရာဇာ။
သိကြားမင်ထွက်၊ ကူညီချက်၊ အသက်မသေပါ။

၁၁။ (၃၉၁) ဝိဇ္ဇာဓရဇာတ်၊ ဆက္ကနိပါတ် (ဇာတက၊ ၁၊ ၁၅၀ ၁၅၁။ ဋ္ဌ၊ ၃၊ ၂၈၅ ၂၈၈။ ငါးရာငါးဆယ်၊ တ၊ ၂၁၄ ၂၂၁။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်သည် လောကအကျိုးငှါ ကျင့်တော်မူခြင်း။
ဝတ္ထုသည်ကား ဒွါဒသကနိပါတ် မဟာကဏှဇာတ်(ခ၊ ၅=ဇာ၊ ၁၊ ၂၄၈ ၂၄၉။ ဋ္ဌ၊ ၄၊ ၁၈၁ ၁၈၂)၌ ထင်စွာ ဖြစ်လတ္တံ့။
အတိတ်ဝတ္ထု=ညဉ့်အခါ ဝိဇ္ဇာဓိုရ်သည် မိဖုရားနှင့် ပျော်ပါး၍ နေ့အခါ ရဟန်းယောင်ဆောင်လျက် နေသောကြောင့် မင်း သည် အမျက်ထွက်၍ ရဟန်းများကို တိုင်ပြည်မှ နှင်၏၊ ထိုအကြောင်းကို သိသော ဘုရားအလောင်းသိကြား မင်းသည် ပဉ္စသိခနတ်ဖုဒ္ဓါအရှင်မြတ်တစ်ဆူနှင့်အတူ လာ၍ ရှင်းပြသောအခါ မင်းအမြင်မှန်ရ၍ ရဟန်းပုဏ္ဏားတို့ ပြန်ကြလာကြရန် စည်လည်စေခြင်း။

## ရဟန်းရှိခိုး ဘာအကျိုး ရရိုးရှိသနည်း?

ယော ဒိသွာ ဘိက္ခုံ စရဏူပပန္နံ၊ ပုရက္ခတွာ ပဉ္စလိကော နမဿတိ။
ပုစ္ဆာမိ တံ ဒေဝရာဇေ'တမတ္ထံ၊ ဣတော စုတော ကိံ လဘတေ သုခံ သော။

ဒေဝရာဇ သိကြားမင်း၊ ယော အကြင်သူသည်၊ စရဏူပပန္နံ သီလအကျင့်ပြည့်စုံသော၊ ဘိက္ခုံ ရဟန်းကို၊ ဒိသွာ မြင်၍၊ ပုရက္ခတွာ ရှေ့ထား၍၊ ပဉ္စလိကော လက်အုပ်ချီလျက်၊ နမဿတိ ရှိခိုးအံ့၊ သော ထိုသူသည်၊ ဣတော ဤဘဝမှ၊ စုတော စုတေသည်ရှိသော်၊ ကိံ သုခံ အဘယ်ချမ်းသာကို၊ လဘတေ ရသနည်း?၊အဟံ ငါသည်၊ ဧတမတ္ထံ ထိုအကြောင်းကို၊ တံ သင့်ကို၊ ပုစ္ဆာမိ မေးပါ၏။

## ချီးမွမ်းခံရ ဤဘဝ သေကနတ်ပြည်တည်း

ယော ဒိသွာ ဘိက္ခုံ စရဏူပပန္နံ၊ ပုရက္ခတွာ ပဉ္စလိကော နမဿတိ။
ဒိဋ္ဌေဝ ဓမ္မေ လဘတေ ပသံသံ၊ သဂ္ဂဉ္စ သော ယာတိ သရီရဘေဒါ။
(ဇာ၊ ၁၊ ၁၅၁။ ဋ္ဌ၊ ၃၊ ၂၈၇။)

(ရာဇ မင်းမြတ်၊) ယော အကြင်သူသည်၊ စရဏူပပန္နံ သီလအကျင့်နှင့် ပြည့်စုံသော၊ ဘိက္ခုံ ရဟန်းကို၊ ဒိသွာ မြင်၍၊ ပုရက္ခတွာ ရှေ့ထား၍၊ ပဉ္စလိကော လက်အုပ်ချီလျက်၊ နမဿတိ ရှိခိုးအံ့၊ သော ထိုသူသည်၊ ဒိဋ္ဌေဝ ဓမ္မေ မျက်မှောက်သော ကိုယ်၏အဖြစ်၌ပင်လျှင်၊ ပသံသံ ချီးမွမ်းခြင်းကို၊ လဘတေ ရ၏၊ သရီရဘေဒါ ခန္ဓာကိုယ်ပျက်သည်မှ၊ (ပရံ နောက်၌၊) သဂ္ဂဉ္စ နတ်ပြည်သို့လည်း၊ ယာတိ ရောက်၏။

ထိုအခါ မင်းသည် ယခုအခါ အရှင်အာနန္ဒာဖြစ်၏။

ဆောင်ပုဒ် ရဟန်းသံဃာ၊ စိစစ်ကာ၊ ကောင်းစွာ ကိုးကွယ်သင့်။
ဝိဇ္ဇာဓရ၊ ဇာတ်တော်က၊ ထုံးပြ သက်သေချင့်။

၁၂။ (၃၉၃) ဝိဃာသာဒဇာတ်၊ ဆက္ကနိပါတ် (ဇာတက၊ ၁၊ ၁၅၂ ၁၅၃။ ဋ္ဌ၊ ၃၊ ၂၉၁ ၂၉၃။ ငါးရာငါးဆယ်၊ တ၊ ၂၂၆ ၂၂၉။)
ပစ္စုပ္ပန်ဝတ္ထု=မြူးတူးကစားလေ့ရှိသော ရဟန်းများအား အရှင်မဟာမောဂ္ဂလ္လာန်ထိတ်လန့်စေခြင်း။
အတိတ်ဝတ္ထု=ကာမဂုဏ်တို့၌ အပြစ်မြင်၍ တောဝယ် ရသေ့ပြုကုန်ပါလျက် ကစားကြသော ရသေ့ညီနောင် ခုနစ်ပါးတို့ကို ကျေးသားယောင်ဆောင်ကာ ဘုရားအလောင်းသိကြားမင်းဆုံးမခြင်း။
ဆောင်ပုဒ်=လှူပြီးမှသာ၊ စားအစာ၊ စားပါ မွန်မြတ်သည်။
ဝိဃာသာဒ၊ ခေါ်တွင်ထ၊ ဝေါဟာ စစ်မှန်သည်။

၁၃။ (၄၁၀) သောမဒတ္တဇာတ်၊ သတ္တကနိပါတ် (ဇာတက၊ ၁၊ ၁၆၈။ ဋ္ဌ၊ ၃၊ ၃၆၇ ၃၆၉။ ငါးရာငါးဆယ်၊ တ၊ ၃၄၂ ၃၄၆။)
ပစ္စုပ္ပန်ဝတ္ထု=တပည့်သာမဏေသေ၍ ငိုကြွေးမြည်တမ်းသောရဟန်းကြီး။
အတိတ်ဝတ္ထု=မွေးထားသောဆင်ငယ်သေ၍ ငိုကြွေးသော ရသေ့အား ဘုရားအလောင်းသိကြားမင်း ဆုံးမခြင်း။
ပဉ္စကနိပါတ် မိဂပေါတကဇာတ်၏ပစ္စုပ္ပန်ဝတ္ထု, အတိတ်ဝတ္ထုတို့နှင့် အလားတူကုန်၏။
မိဂပေါတကဇာတ်သည် သိကြားမင်းဖြစ်ရာ ရှစ်ခုမြောက်ဘဝတည်း။]
ဆောင်ပုဒ်=သေသူတမ်းတ၊ ငိုကြွေးကြ၊ သောကဖြစ်ရုံသာ။
ပစ္စုပ်, တမလွန်၊ ဤနှစ်တန်၊ အမှန် ကျိုးမလာ။

၁၄။ (၄၁၇) ကစ္စာနိဇာတ်၊ အဋ္ဌကနိပါတ် (ဇာတက၊ ၁၊ ၁၇၅ ၁၇၆။ ဋ္ဌ၊ ၃၊ ၄၀၁ ၄၀၇။ ငါးရာငါးဆယ်၊ တ၊ ၃၈၈ ၃၉၈။)
ပစ္စုပ္ပန်ဝတ္ထု=အမိကို လုပ်ကျွေးသောသားအား မယားကုန်းတိုက်၍မရခြင်း။
အတိတ်ဝတ္ထု=မိမိကို အိမ်မှနှင်ချပြီးနောက် ချွေးမ၏သားဖွားသည်ကို ကြားရသောအခါ "တရားသေပြီ"ဟု ဆွမ်းသွတ်လိုသော အမယ်အိုကို ဘုရားအလောင်းသိကြားမင်းစောင့်ရှောက် မ စသဖြင့် မိသားစုအားလုံး ညီညွတ်မှုရကြခြင်း။

ဆောင်ပုဒ်=ကျေးဇူးသိပြား၊ သမီးသား၊ ကြီးပွါးချမ်းသာရာ။

ကစ္စာနိဇာတ်၊ ထုံးကိုမှတ်၊ သိအပ်ကျေးဇူးပါ။

၁၅။ (၄၅၀) ဗိလာရကောသိယဇာတ်၊ ဒသကနိပါတ် (ဇာတက၊ ၁၊၂၁၈ ၂၁၉။ ဋ္ဌ၊၄၊၆၃ ၆၉။ ငါးရာငါးဆယ်၊တ၊၆၈၈ ၇၀၂။)

ပစ္စုပ္ပန်ဝတ္ထု=ဆွမ်းနှင့်သောက်ရေကိုပင် လှူပြီးမှ သုံးဆောင်သောရဟန်း။

အတိတ်ဝတ္ထု=၅ ဆက်တိုင်တိုင် အလှူပေးသဖြင့် သိကြားနတ်များဖြစ်ကြသော်လည်း ၆ ဆက်မြောက်သားကား အလှူဝတ်ကို ဖြတ်၍ သိကြားနှင့် နတ်တို့ဆုံးမရခြင်း။

ပဌမအလှူရှင်သူဌေးကြီးကား ဘုရားအလောင်းသိကြားမင်း,

ထိုသူဌေးကြီး၏သားကား အရှင်သာရိပုတ္တာအလောင်းစန္ဒနတ်သား,

ထိုသူဌေး၏သားကား အရှင်မဟာမောဂ္ဂလ္လာန်အလောင်းသူရိယနတ်သား,

ထိုသူဌေး၏သားကား အရှင်မဟာကဿပအလောင်းမာတလိနတ်သား,

ထိုသူဌေး၏သားကား အရှင်အာနန္ဒာအလောင်းပဉ္စသိခနတ်သားတို့ဖြစ်ကြ၏။

ထိုသူဌေး၏သားသည်ကား အလှူဝတ်ဖြတ်သူဖြစ်၍ ဖခင်အဆက်ဆက်တို့လာ၍ ဆုံးမသဖြင့် ထိုအခါမှစ၍ ရေ, တံပူမျှကိုပင် မပေးလှူပဲ မိမိမသုံးဆောင်တော့ပေ၊ ထိုကောင်းမှုကြောင့် တာဝတိံသာသို့ လားရ၏။

ဆောင်ပုဒ်=တရားဥစ္စာ၊ လှူဒါန်းရာ၊ များစွာအကျိုးရှိ။

၁၆။ (၄၅၈) ဥဒယဇာတ်၊ ဧကာဒသကနိပါတ် (ဇာတက၊ ၁၊ ၂၃၁ ၂၃၄။ ဋ္ဌ၊ ၄၊ ၁၀၅ ၁၁၅။ ငါးရာငါးဆယ်၊ တ၊ ၇၇၀ ၇၈၆။)

ဇာတ်အဋ္ဌကထာနှင့် ငါးရာငါးဆယ်ဇာတ်ဝတ္ထုတို့၌ကား "ဥဒယဘဒ္ဒ"ဇာတ် ဟု သုံး၏။

ပစ္စုပ္ပန်ဝတ္ထု=ကိလေသာ၏အစွမ်းအားဖြင့် သာသနာတော်၌ ငြီးငွေ့သောရဟန်းတစ်ပါး။

ဝတ္ထုသည်ကား သတ္တတိနိပါတ် ကုသဇာတ်(ခု၊ ၆=ဇာ၊ ၂၊ ၆၆၇၄။ ဋ္ဌ၊ ၅၊ ၂၇၇)၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=အနှစ်ခုနစ်ရာပတ်လုံး ဇနီးမောင်နှံအဖြစ်နေကြသော်လည်း တဏှာရာဂမဖြစ်ကြသော မင်းနှင့် မိဖုရားတို့ သိကြားနှင့်သိကြားမိဖုရားဖြစ်ကြခြင်း။

ကာသိတိုင်း သုရုန္ဓနပြည် ကာသိမင်းကြီး၏မိဖုရားကြီးမှ မွေးဖွားလာသော ဗြဟ္မာ့ပြည်မှလာသည် ဘုရားအလောင်း ဥဒယဘဒ္ဒမင်းသားနှင့် မိဖုရားငယ်မှ မွေးဖွားသော ဗြဟ္မာ့ပြည်မှလာသည် ယသော်ဓရာအလောင်းဥဒယဘဒ္ဒါမင်းသမီးတို့သည် ခမည်းတော် မယ်တော်တို့၏ဆန္ဒအရ လက်ထပ်ခဲ့ကြ၍ မိဘတို့ကွယ်လွန်ကြသဖြင့် မင်း, မိဖုရားအဖြစ်ကို ရကြကုန်၏။ သူနှစ်ဦးတို့သည် တိုက်ခန်းတစ်ခုတည်း၌ အတူနေကြသော်လည်း လောဘ(တဏှာရာဂ)၏အစွမ်းဖြင့် အချင်းချင်း မကြည့်ဖူးကုန်၊ "ငါတို့တွင် တစ်ယောက်ယောက်က ကွယ်လွန်ခဲ့သော် မိမိဖြစ်ရာဌာနမှ လာ၍ 'ဤမည်သောဌာန၌ ငါဖြစ်နေသည်'ဟုပြောကြားရန်" ကတိကဝတ်ပြုထားကြ၏၊ ဘုရားအလောင်းသည် မင်းအဖြစ် အဘိသိက်သွန်းသည်မှ အနှစ် ခုနစ်ရာလွန်သောအခါ နတ်ရွာစံ၍ သိကြားမင်းဖြစ်လေ၏။

ဥဒယဘဒ္ဒါမိဖုရားသည် တိုင်းပြည်ကို ဆက်လက်၍ အုပ်စိုးနေ၏၊ ဘုရားအလောင်းသိကြားမင်းသည် ပထမနေ့၌ ရွှေပဲရုပ်ဖြင့်ပြည့်သော ရွှေခွက်, ဒုတိယနေ့၌ ရွှေပဲရုပ်ဖြင့်ပြည့်သော ငွေခွက်, တတိယနေ့၌ အသပြာဖြင့်ပြည့်သော ကြေးခွက်တို့ကို ကာမဂုဏ်ဖြင့် ပျော်မွေ့ရန်အတွက် ပေးမည် ဟု မိဖုရားကို အလိုစမ်း၏။ ထိုအခါ မိဖုရားက "အိုယောကျ်ား…သင်ကား အလွန်မိုက်စွ၊ ယောကျ်ားမည်သည်ကား မိန်းမကို ကိလေသာဖြင့် မွေ့လျော်ခြင်းကို ခံစားလိုသောကြောင့် ဥစ္စာလက်ဆောင်ဖြင့် စုံးစမ်းဆင်ခြင်၍ သိစေသည်ရှိသော် ထိုမိန်းမအား ချီးမွမ်းထောမနာပြု၍ များသည်ထက် များသော ဥစ္စာဖြင့် ဖြားယောင်းလှည့်ပတ် သွေးဆောင်၏၊ သင်နတ်၏အကျင့်သဘောသည် ဆန့်ကျင်၏၊ သင်သည် ရှေးဦးစွာသောနေ့၌ ရွှေဖြင့်ပြည့်သော ရွှေခွက်, နှစ်ရက်မြောက်သောနေ့၌ ရွှေဖြင့်ပြည့်သော ငွေခွက်, သုံးရက်မြောက်သောနေ့၌ အသပြာဖြင့်ပြည့်သော ကြေးခွက်ကို ဆောင်ယူလာ၏"ဟု ဆို၏။

သင်၏ရုပ်လှ၁၊ အိုအိုလာ၊ ဖိုးမှာ နည်းလာပြီ…ဘုရားအလောင်းသိကြားမင်းက"နမမင်းသမီး…ငါသည် လိမ္မာသောကုန်သည်နှင့်တူ၏၊ အကျိုးစီးပွားမရှိသည်၌ ဥစ္စာကို မဆုတ်မယုတ်စေ၊ အကယ်၍ သင်သည် အသက်ဖြင့်လည်းကောင်း,အဆင်းဖြင့်လည်းကောင်း တိုးပွားလာသည် ဖြစ်အံ့၊ ငါသည် သင့်အား လက်ဆောင်ပဏ္ဏာကိုတိုးပွား

၍ ဆောင်ရာ၏၊ သင်သည် တစ်နေ့တစ်ပါး အသက်ဖြင့်လည်းကောင်း, အဆင်းဖြင့်လည်းကောင်း ဆုတ်ယုတ်သည် သာတည်း၊ ထို့ကြောင့် ငါသည် ဥစ္စာလက်ဆောင်ကို ဆုတ်ယုတ်စေ၏"ဟု ဆိုလိုရကား..."လူ့ပြည်၌ လူတို့၏အ သက်သည်လည်းကောင်း, အဆင်းသည်လည်းကောင်း တစ်နေ့တစ်ပါး တစ်လတစ်ခြား ဆုတ်ယုတ်၏၊ ထိုသို့ အ သက်အဆင်း ဆုတ်ယုတ်သော အကြောင်းကြောင့်သာလျှင် သင့်အဖို့အတွက် ဥစ္စာကိုလည်း ဆုတ်ယုတ်စေ၏၊ ယ နေ့ အလွန်အိုသည် ဖြစ်ပြီ။

မင်းသမီး...ဤသို့ ငါမြင်စဉ်ပင် သင်၏ အဆင်းသည် ယုတ်သည်သာတည်း၊ နေညဥ့်တို့၏လွန်သည်ရှိ သော် ပညတ်စရာ အကောင်းအထည်မရှိသည်အဖြစ်သို့ ရောက်လိမ့်မည်။...မင်းသမီး...သင်သည် ဤအရွယ်ဖြင့်ပင် မြတ်သောအကျင့်ကို ကျင့်လော့၊ လွန်စွာ အဆင်းနှင့် ပြည့်စုံသည် ဖြစ်ရာ၏။

အာယု စ ဝဏ္ဏော စ မနုဿလောကေ၊ နိဟီယတိ မနုဇာနံ သုဂတ္တေ။
တေနေဝ ဝဏ္ဏေန ဓနမ္ပိ တုယှံ၊ နိဟီယတိ ဇိဏ္ဏတရာသိ အဇ္ဇ။
ဧဝံ မေ ပေက္ခမာနဿ၊ ရာဇပုတ္တိ ယသဿိနိ။
ဟာယတေဝ တဝ ဝဏ္ဏော၊ အဟောရတ္တာနမစ္စယေ။
ဣမိနာဝ တွံ ဝယသာ၊ ရာဇပုတ္တိ သုမေဓသေ။
ဗြဟ္မစရိယံ စရေယျာသိ၊ ဘိယျော ဝဏ္ဏဝတီ သိယာ။
(ဇာတက၊ ၁၊ ၂၃၂၊ ဋ္ဌ၊ ၄၊ ၁၁၀။)

ဥဒယဘဒ္ဒါမင်းသမီးက "နတ်တွေကော မအိုပြီလော?"ဟု မေးလျှင် သိကြားမင်းက "နတ်တွေ မအိုပါ"ဟု ဆိုလေသော် မင်းသမီးသည် နတ်ပြည်သို့ ရောက်လိုရကား နတ်ပြည်ရောက်ကြောင်း နည်းလမ်းကောင်းကို မေးလေ၏။ သိကြားမင်းက "ဥဒယဘဒ္ဒါမည်သောနမ...နှုတ်နလုံးကို ကောင်းစွာထား၍ ကိုယ်ဖြင့် မကောင်းမှုကို မပြုပဲ ဆယ်ပါးသော ကုသိုလ်ကမ္မပထတရားတို့ကိုဆောက်တည်လျက် ထမင်းအဖျော်လှူဖွယ်တို့ကို ပေးလှူ၍ 'အလှူ၏အကျိုးသည် ရှိ၏'ဟု သဒ္ဓါ တရားနှင့်ပြည့်စုံသည်ဖြစ်၍ ရဟန်းတော်တို့အား ပစ္စည်းလေးပါးကို လှူ၍ ထိုရဟန်းတော်တို့၏အဆုံးအမကို ခံယူ၍ သင်္ဂဟ ဝတ္ထုလေးပါးတို့ဖြင့် ထောက်ပံ့လျက် ချစ်ဖွယ်သောစကား, ပြေပြစ်သောစကားရှိသည် ဖြစ်ရာ၏၊ ဤဂုဏ်ကျေးဇူး၌တည်သော သူသည် တမလွန်သို့ သွားသည်ရှိသော် မကြောက်ပါ"ဟု ဆိုလို၏။

မင်းသမီးက "နတ်မင်း...မိဘကဲ့သို့ အကျွန်ုပ်ကို ဆုံးမသောသင်သည် အဘယ်သူပါနည်း?"ဟု မေးလျှင် သိကြား မင်းက "မင်းသမီး...ငါကား ရှေးဘဝ၌ သင်၏ခင်ပွန်းဖြစ်သော ဥဒယမင်းသားတည်း၊ (ယခု) တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်၏၊ ဤအရပ်သို့ လာသည်မှာလည်း သင်နမကို ကိလေသာဖြင့် ချစ်ခင်လေးမြတ် နှစ်သက်အပ်သည်ဖြစ်၍ မလာ၊ သင်နမကိုစုံစမ်းပြီး၍ ကတိကဝတ်ကို ဖြေအံ့သောငှာ ငါလာ၏၊ ယခုအခါ သင်နမကို ခေါ်၍ သွားအံ့၊ သင်၏ ကတိကဝတ်သစ္စာမှ လွတ်ပြီ"ဟု ဆို၏။

မင်းသမီးက "အရှင်...အကျွန်ုပ်သည် အရှင်တို့နှင့် ကွေကွင်း၍ နေခြင်းငှါ မတတ်နိုင်ပါ၊ အရှင်တို့၏အထံ၌ အတူ တကွ ခစားလုပ်ကျွေး၍ နေပါရအောင် ကျင့်ဆောင်ဆုံးမပဲ့ပြင်ပါလော့"ဟု ပြောဆို၏။ သိကြားမင်းက "ဇမ္ဗူဒိပ်ကျွန်းကို အ စိုးရသော ကေရာဇ်မင်းဖြစ်ငြားသော်လည်း တဏှာနိုင်ငံသို့ လိုက်သောသူသည် မရောင့်ရဲနိုင်ချေ၊ ထို့ကြောင့် မမေ့မလျော့ ကုသိုလ်တရားကို ကြိုးစား၍ ကျင့်လော့"ဟု ဆုံးမလေ၏။

မင်းသမီးသည် အမတ်တို့အား ပြည်ကို အပ်နှင်းပေးခဲ့၍ မြို့တွင်၌ပင် နလုံးမွေ့လျော်ဖွယ် ဥယျာဉ်၌ ရသေ့ရဟန်းပြု ပြီးလျှင် တရားကိုကျင့်၍ အသက်အဆုံး၌ တာဝတိံသာနတ်ပြည်ဝယ် ဘုရားအလောင်းသိကြားမင်း၏အလုပ်အကျွေးမယား ဖြစ်လေ၏။

ဆောင်ပုဒ်=တစ်နေ့ကား ရွှေ၊ တစ်နေ့ ငွေ၊ လျော့လေ ဆင်းရုပ်ဝါ။
လူ့ဘဝကား၊ ဆင်း, သက်များ၊ ရွှေလျား ရင့်ရော်ပါ။
မတည်မြဲဟု၊ ဆင်ခြင်ရှု၊ ရမှု တရားသာ။

၁၇။ (၄၆၉) မဟာကဏှဇာတ်၊ ဒွါဒသကနိပါတ် (ဇာတက၊ ၁၊ ၂၄၈ ၂၄၉။ ဋ္ဌ၊ ၄၊ ၁၈၁ ၁၈၉။ ငါးရာငါးဆယ်၊ စ၊ ၅၃ ၆၁။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင် သတ္တလောကအတွက် ကျင့်ပုံအဖုံဖုံ။

၁။ ဘုရားဖြစ်တော်မူပြီးနောက် တစ်ဆယ့်ရှစ်ယူဇနာရှိသော ခရီးသို့ ကြွတော်မူပြီးလျှင် ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာ တရားတော်နှင့် အနတ္တလက္ခဏာသုတ်တော်ကို ဟော၍ အရဟတ္တဖိုလ်ကို ပေးတော်မူခြင်း။

၂။ ဥရုဝေလတောသို့ ကြွ၍ ဂယာသီသ၌ ရသေ့တစ်ထောင်တို့အား အာဒိတ္တပရိယာယသုတ်ကို ဟောတော်မူ၍ အရဟတ္တဖိုလ်ကို ပေးတော်မူခြင်း။

၃။ မဟာကဿပအား သုံးဂါဝုတ်တိုင်အောင် ခရီးဦးကြိုဆိုလျက် သုံးပါးသောဩဝါဒတို့ဖြင့် ရဟန်းအဖြစ်ကို ပေး တော်မူခြင်း။

၄။ တစ်ညဉ့်တည်း၌ လေးဆယ့်ငါးယူဇနာခရီးသို့ ကြွတော်မူ၍ ပက္ကုသာတိအမျိုးကောင်းသားကို အနာဂါမိဖိုလ်၌ တည်စေတော်မူခြင်း။

၅။ မဟာကပ္ပိနမင်းအား ယူဇနာတစ်ရာ့နှစ်ဆယ်တိုင်အောင် ခရီးဦးကြိုဆို၍ အရဟတ္တဖိုလ်ကို ပေးတော်မူခြင်း။

၆။ ပစ္စာဘတ္တ၌ ယူဇနာသုံးဆယ်ခရီးသို့ ကြွတော်မူ၍ အင်္ဂုလိမာလကို အရဟတ္တဖိုလ်၌ တည်စေတော်မူခြင်း။

၇။ ယူဇနာသုံးဆယ်ခရီးသို့ ကြွတော်မူ၍ အာဠဝကဘီလူးကို သောတာပတ္တိဖိုလ်၌ တည်စေတော်မူ၍ ဟတ္ထဠဝက မင်းသားအား ချမ်းသာခြင်းကို ပြုတော်မူခြင်း။

၈။ တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလပတ်လုံး နေတော်မူလျက် ကုဋေရှစ်ဆယ်သောနတ်ဗြဟ္မာတို့ကို အကျွတ် တရားရစေတော်မူခြင်း။

၉။ ဗြဟ္မာ့ပြည်သို့ ကြွတော်မူ၍ ဗကဗြဟ္မာ၏ မိစ္ဆာအယူကို ဖျက်ဆီးတော်မူ၍ ဗြဟ္မာတစ်သောင်းတို့အား အရဟတ္တ ဖိုလ်ကို ပေးတော်မူခြင်း။

၁၀။ နှစ်စဉ်နှစ်တိုင်း အဝန်းသုံးပါးတို့၌ ဒေသစာရီကြွတော်မူလျက် လူတို့အား သရဏဂုံ, သီလ, မဂ်ဖိုလ်အစရှိ သည်တို့ကို ပေးတော်မူခြင်း။

၁၁။ နဂါး, ဂဠုန်အစရှိသည်တို့၏ အထူးထူးသော အကျိုးကို ကျင့်တော်မူခြင်း။

အတိတ်ဝတ္ထု=ကဿပဘုရားရှင်သာသနာကို ဘုရားအလောင်းသိကြားမင်းစောင့်ရှောက်ခြင်း။

ကဿပဘုရားရှင်၏ သာသနာတော်ဆုတ်ယုတ်လာသောအခါ ရဟန်း, ရဟန်းမတို့သည် အနေသန(မလျောက် ပတ်သော ပစ္စည်းလေးပါးရှာမှီးခြင်း)တို့ဖြင့် အသက်မွေးကုန်၏၊ လူတို့နှင့် ရောယှက်ကုန်၏၊ အိမ်ထောင်သားမွေး ကုန်၏၊ ရဟန်းကျင့်ဝတ်တို့ကို စွန့်ကုန်၏၊ လူတို့သည်လည်း လူကျင့်ဝတ်တို့ကို စွန့်ကုန်လျက် အကုသလကမ္မပထ တရားဆယ်ပါး၌ ဆောက်တည်ကုန်၏၊ သေတိုင်း သေတိုင်းသောသူတို့သည် အပါယ်ဘုံတို့၌ ပြည့်စေကုန်လျက် နတ်ပြည်ခရီးသည် ဆိတ်ကုန်၏။

ထို့ကြောင့် ဘုရားအလောင်းသိကြားမင်းသည် အရှင်အာနန္ဒာအလောင်း မာတလိနတ်သားကို ခွေးနက်ကြီး ယောင် ဆောင်စေလျက် မိမိကား မုဆိုးယောင် ဆောင်ကာ မင်းအမှူးပြုသော လူတို့ကို ကြောက်ရွံ့ထိတ်လန့်စေပြီး နောက် မုဆိုးအသွင်ကို စွန့်၍ သိကြားမင်းအဖြစ်ဖြင့် လူတို့အား တရားဟောလျက် လူတို့အား ဒါန, သီလတို့၌ တည်စေ၍ ဆုတ်ယုတ်သော သာသနာတော်ကို နောက်ထပ် အနှစ်တစ်ထောင်ပတ်လုံး တည်စေခြင်းငှါ စွမ်းနိုင် သည်ကို ပြုပြီးလျှင် မာတလိနတ်သားကို ခေါ်၍ နတ်ပြည်သို့ ပြန်သွားလေ၏၊ လူအပေါင်းတို့သည် ဒါန, သီလ အစရှိသော ကောင်းမှုတို့ကို ပြု၍ နတ်ပြည်၌ ဖြစ်ကုန်၏။

ဆောင်ပုဒ်=ကဿပမြတ်စွာ၊ သာသနာ၊ ဆုတ်ကာ သိကြား စောင့်ရှောက်ငြား။

ငါတို့သာသနာ၊ ထိုပမာ၊ ဘယ်ခါ သိကြား စောင့်မည်လား?

မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ထား မဂ်လာများ။

၁၈။ (၄၇၀) ကောသိယဇာတ်၊ ဒွါဒသကနိပါတ် (ဇာတက၊ ၁၊ ၂၄၉ ၂၅၁။ ဋ္ဌ၊ ၄၊ ၁၈၇။ ငါးရာငါးဆယ်၊ စ၊ ၆၂။)

အသီတိနိပါတ် သုဓာဘောဇနဇာတ်(ဇာတက၊ ၂၊ ၉၉ ၁၀၁။ ဋ္ဌ၊ ၄၊ ၄၀၇-၄၄၀)၌ ထင်စွာ ဖြစ်လတ္တံ့။

၁၉။ (၄၈၉) သုရုစိဇာတ်၊ ပကိဏ္ဏကနိပါတ် (ဇာတက၊ ၁၊ ၂၈၈ ၂၉၀။ ဋ္ဌ၊ ၄၊ ၃၁၅ ၃၂၅။ ငါးရာငါးဆယ်၊ စ၊ ၂၇၂ ၂၉၀။)

ပစ္စုပ္ပန်ဝတ္ထု=ကျောင်းအမကြီး ဝိသာခါတောင်းသော ဆုရှစ်ပါးကို ဘုရားရှင် ခွင့်ပြုခြင်း။

အတိတ်ဝတ္ထု=နှစ်ပေါင်းငါးသောင်းကျော်မှ သားရသော မိဖုရားကြီး။

သုမေဓာမိဖုရားကြီး၏သီလတန်ခိုးကြောင့် သိကြားမင်း၏နေရာဘုံသည် တုန်လှုပ်၏။

သုမေဓာယ သီလတေဇေန သက္ကဿ ဘဝနံ ကမ္ပိ။ (ဇာတက၊ ၄၊ ၄၊ ၃၁၈။)

ဘုရားအလောင်းသိကြားမင်းက သီလရှိသော ဝိဒေဟရာဇ်အလောင်း သုမေဓာမိဖုရားကြီးအား ဘဒ္ဒဇိအလောင်း နတ်သားကို စုတေစေ၍ သားအဖြစ်ပေးခြင်း။ မင်းသားသည် မဟာပနာဒမင်းအဖြစ်ဖြင့် အဘိသိက်သွန်းသောအခါ သိကြားမင်း၏ဘုံဌာနသည် ပူသောအခြင်းအရာကို ပြု၍ အရှင်အာနန္ဒာအလောင်း ဝိသုကြံနတ်သားကို လွှတ်၍ ရတနာနန်းပြာသာဒ်ကို ဆောက်စေ၏။ ထိုမင်းသည် ဒါနစသောကောင်းမှုတို့ကို ပြု၍ နတ်ပြည်သို့ပင် လားရ၏။

ဆောင်ပုဒ်=သီလရှိငြား၊ မိန်းမကား၊ သားကောင်းရသည်သာ။

၂၀။ (၅၁၂) ကုမ္ဘဇာတ်၊ တိံသနိပါတ် (ဇာတက၊ ၁၊ ၃၆၁ ၃၆၅။ ၄၊ ၅၊ ၁၂ ၂၂။ ငါးရာငါးဆယ်၊ စ၊ ၆၁၀ ၆၂၆။)

ပစ္စုပ္ပန်ဝတ္ထု=ဝိသာခါ၏အဖော်မိန်းမငါးရာတို့ အရက်သောက်ပွဲလုပ်ပြီးလျှင် ဝိသာခါနှင့်အတူ ဘုရားရှင်အထံတော်သို့ ရောက်လေသော် အချို့က ကကုန်၊ အချို့က သီချင်းဆိုကုန်၊ အချို့က လက်ခြေတို့ကို လှုပ်ကုန်၊ အချို့က ငြင်းခုံနေကုန်၏၊ ဘုရားရှင်က မျက်မှောင်တော်အမွေးမှ ညိုသောရောင်ခြည်ကို လွှတ်တော်မူကာ သူမတို့ကို ထိတ်လန့်စေ၍ သုရာယစ်ခြင်းကို ပြေစေ၏။ ထို့နောက် ဥဏ္ဏလုံမွေးရှင်တော်မှ ရောင်ခြည်တော်လွှတ်လျက် "ဒါယိကာမတို့...သင်တို့အား အမြဲ ရာဂအစရှိသော မီးဖြင့် တောက်လောင်နေပါလျက် အဘယ့်ကြောင့် ရွှင်မြူးနေကြ၊ နှစ်သက်ဝမ်းမြောက်နေကြသနည်း? မောဟတည်းဟူသော အမိုက်တိုက်ဖြင့် မြှေးယှက်အပ်သော သင်တို့သည် ပညာတည်းဟူသော ဆီမီးကို မရှာမှီးကြကုန်သနည်း? (ခု၊ ၁၊ ၃၅=ဓမ္မပဒ၊ ၄၊ ၂၊ ၆၅။ ဇာ၊ ၄၊ ၅၊ ၁၂)

ကော နု ဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ။

အန္ဓကာရေန ဩနဒ္ဓါ၊ ပဒီပံ န ဂဝေသထ။

ဤဂါထာ၏အဆုံး၌ ထိုမိန်းမငါးရာတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။

ဤပစ္စုပ္ပန်ဝတ္ထုကို ဓမ္မပဒအဋ္ဌကထာ ဝိသာခါယ သဟာယိကာနံ ဝတ္ထု(ဓမ္မပဒ၊ ၄၊ ၂၊ ၆၄ ၆၆)၌လည်း ကြည့်နိုင်၏။

အတိတ်ဝတ္ထု=သုရာ (အရက်)စတင် ဖြစ်ပေါ်လာပုံဇာတ်လမ်း။ ရှေးက ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုစဉ်....... ဟိမဝန္တာ၌ သစ်ပင်တစ်ပင်ဝယ် ခက်မသုံးခုရှိ၏၊ ထိုခက်မသုံးခုတို့၏အကြား၌ အိုးစရည်းပမာဏရှိသော အခေါင်းရှိ၏၊ ထိုအခေါင်းသည် မိုးရွာသည်ရှိသော် ရေဖြင့် ပြည့်၏၊ ထိုသစ်ပင်ကို ရံ၍ သဖန်းခါးပင်၊ သျှိသျှားပင်,ငရုတ်ချုံတို့ ရှိကုန်၏၊ ထိုသဖန်းခါး၊ သျှိသျှား၊ ငရုတ်တို့၏အသီးအမှည့်တို့သည် ကြွေ၍ ထိုသစ်ခေါင်း၌ ကျကုန်၏၊ ထိုသစ်ပင်၏အနီး သလေးခင်းမှ သလေးနှံတို့ကို ကျေးငှက်တို့သည် ယူ၍စားကြရာတွင် သလေးစပါး၊ သလေးဆန်တို့သည်လည်း ထိုသစ်ခေါင်း၌ ကျကုန်၏၊ ထိုသစ်ခေါင်းထဲရှိ ရေသည် နေပူဖြင့် ကျက်၍ အရည်သည် နီသော အဆင်းရှိသည်ဖြစ်၍ နွေအခါ၌ ရေငတ်ကုန်သောငှက်တို့သည် ထိုရေကို သောက်ကုန်သဖြင့် ယစ်ကုန်၍လျှင် လည်းကာ သစ်ပင်ရင်း၌ ကျကုန်၏၊ အတန်ငယ် အိပ်ပျော်၍ တွန်မြူးကုန်လျက် သွားကုန်၏၊ မျောက်အစရှိသည်တို့လည်း ဤနည်းဖြင့်ပင် ဖြစ်ကုန်၏။

ထိုအဖြစ်အပျက်ကို သုရမည်သော မုဆိုးသည် စတင်တွေ့ရှိပြီးလျှင် မိမိကိုယ်တိုင်လည်း သောက်သုံး၊ ထိုသစ်ပင်၏ မနီးမဝေး၌ရှိသော ဝရုဏမည်သော ရသေ့ကိုလည်း တိုက်ကျွေးလေ၏၊ သုရမည်သောမုဆိုးနှင့် ဝရုဏမည်သော ရသေ့တို့သည် စတင်မြင်တွေ့အပ်သောကြောင့် ထိုအဖျော်၏အမည်သည် "သုရာ"ဟူ၍လည်းကောင်း၊ "ဝရုဏာ" ဟူ၍လည်းကောင်း ဖြစ်လေတော့၏။

ထိုနှစ်ဦးတို့သည် ဗာရာဏသီ,သာကေတထို့၌ မင်းမှစ၍ ပြည်သူပြည်သားတို့ကို အရက်ဖြင့် ဖျက်ဆီးခဲ့ပြီးလျှင် သာဝတ္ထိပြည် သဗ္ဗမိတ္တမင်း၏ချီးမြှောက်မှုကို ခံယူ၍ အရက်အိုးများကို စီမံ၍ ကြွက်ဘေးမှ စောင့်ရောက်ရန် အရက်အိုးများ၏အနီး၌ ကြောင်များကို ဖွဲ့ချည်ထားကုန်၏၊ ထိုကြောင်တို့သည် အရက်အိုးမှဝေကျသော အမြှုပ်များကို သောက်မိကြသဖြင့် မူးယစ်၍ အိပ်ပျော်ကုန်၏၊ ကြွက်တို့သည် လာ၍ ကြောင်တို့၏နား၊ နှာခေါင်း၊ အမြီးတို့ကို ကိုက်၍ သွားကုန်၏၊ မှူးမတ်တို့က "ကြောင်တို့သည် သေကိုသောက်၍ သေကုန်၏"ဟု မင်းအား လျှောက်တင်ကြလေသော် မင်းသည် "ထိုမုဆိုး၊ ရသေ့တို့သည် အဆိပ်ကို ပြုသည်ဖြစ်ကုန်လတ္တံ့"ဟု ထိုနှစ်ယောက်တို့၏ ဦးခေါင်းကို ဖြတ်စေ၏၊ ထိုသူတို့သည် "အရှင်မင်းကြီး...အလွန်ချိုမြိန်၏"ဟု မြည်တမ်းလျက် သေကုန်၏။

မင်းသည် သေအိုးတို့ကိုလည်း ခွဲစေ၏။ ကြောင်တို့သည် သုရာအယစ် ပြေကုန်သည်ရှိသော် ထ၍ ကစား မြူးတူးလျက် သွားကုန်၏၊ ထိုသို့ သွားကုန်သောကြောင်တို့ကို မြင်၍ မင်းအား လျှောက်ကြားကုန်၏၊ မင်းသည် အကယ်၍ အဆိပ်ဖြစ်အံ့၊ ထိုကြောင်တို့ သေကုန်ရာ၏၊ အလွန်ချိုမြိန်သည်သာလျှင် ဖြစ်ရာ၏၊ ထိုသေကို ငါ သောက်အံ့ ဟု ကြံ၍ မင်းသည် မြို့မတ်အပေါင်းခြံရံလျက် သေကို သောက်အံ့သောငှါ အားထုတ်၏။

ထိုအကြောင်းကို သိမြင်သော ဘုရားအလောင်းသိကြားမင်းသည် မင်းအား အရက်၏အပြစ်များကို ပြ၍ တရားဟောလေ၏၊ သိကြားမင်းသည် သဗ္ဗမိတ္တမင်းအား အဆုံးအမကို ပေးပြီးလျှင် တာဝတိံသာနတ်ပြည်သို့ ပြန် လေ၏၊ မင်းသည်လည်း သုရာ(အရက်)ကို မသောက်မူ၍ သုရာအိုးတို့ကို ခွဲစေပြီးလျှင် သီလကို ဆောက်တည်၍ အလှူပေးသဖြင့် နတ်ပြည်သို့ လား၏။ ဇမ္ဗူဒိပ်ကျွန်းအလုံး၌လည်း အစဉ်သဖြင့် သေသောက်ခြင်းသည် ပြန့်ပွါးလေ တော့၏။

သဗ္ဗမိတ္တမင်းသည် အရှင်အာနန္ဒာအလောင်းတည်း။

ဆောင်ပုဒ်=အရက်အစ၊ မြင်တွေ့ထ၊ သုရ မုဆိုးပါ။

တွေ့သူစွဲထ၊ သမုတ်ကြ၊ ဝေါဟာ ခေါ်သုရာ။

အရက်စွဲထုံ၊ မကောင်းစုံ၊ ပြတုံ ဝန်မလေးပါ။

၂၁။ (၅၃၅) သုဓာဘောဇနဇာတ်၊ အသီတိနိပါတ် (ဇာတက၊ ၂၊ ၉၉ ၁၁၃။ ဋ၊ ၅၊ ၄၀၇ ၄၄၀။ ငါးရာငါးဆယ်၊ မ၊ ၅၄၂ ၆၀၀။)

ပစ္စုပ္ပန်ဝတ္ထု=မိမိရသောလာဘ်ကို အလှူခံတို့အား ပေးလှူသဖြင့် အလှူဒါနကို အလိုရှိသော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေး၏ငါးဆက်မြောက်သား မစ္ဆရိယကောသိယသူဌေးသည် မြက်ဖျားဖြင့် ဆီ ပေါက်မျှလောက်ကိုသော်လည်း မပေးမလှူရှိခဲ့ရာ ထိုသူဌေးအား သိကြားမင်းနှင့် နတ်များဆုံးမ၍ အလှူဒါနပြုစေ သဖြင့် နတ်ပြည်သို့ ရောက်ခြင်း။

ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းပြုစဉ် ကုဋေရှစ်ဆယ်ကြွယ်ဝသောသူဌေးသည် နေ့တိုင်းနေ့တိုင်း ခြောက်သိန်းသောဥစ္စာ တို့ကို စွန့်ကြဲလျက် ကြီးစွာသော အလှူကို ဖြစ်စေ၏၊ ထိုသူဌေးသည် "ငါ၏ဤအလှူအစဉ်အဆက်ကို မဖြတ်ကုန်လင့်" ဟု သားကို ဆုံးမ၍ အသက်အဆုံး၌ "သိကြားမင်း"ဖြစ်၏။ ထိုသူဌေးသားသည်လည်း ဖခင်အလားတူလျှင် အလှူ ပေး၍ "စန္ဒနတ်သား"ဖြစ်၏။ ထိုသူ၏သူဌေးသားသည်လည်း ထို့အတူ အလှူပေး၍ "သူရိယနတ်သား"ဖြစ်၏။ ထို ထိုသူ၏သားသည်လည်း ထို့အတူ အလှူပေး၍ "မာတလိနတ်သား"ဖြစ်၏။ ထိုသူ၏သားသည်လည်း ထို့အတူ အလှူ ပေး၍ "ပဉ္စသိခနတ်သား"ဖြစ်၏။ ထိုသူဌေး၏သားဖြစ်သော ခြောက်ယောက်မြောက်သော သူဌေးသားသည်ကား သူဌေးအရာကို ရသည်ရှိသော် "မစ္ဆရိယကောသိယ"အမည်ရှိသော သူဌေးဖြစ်၏။

ထိုသူဌေးကား ဘိုးစဉ်ဘောင်ဆက် ပြုလုပ်ခဲ့သောအလှူဝတ်ကို ဖျက်ဆီး၍ မိမိလည်း မသုံးဆောင်, သားမယားအစရှိသော သူတို့အားလည်း မပေး၊ ပအုံးရည်, ဆန်ကွဲထမင်းကို စား၍ ပုဆိုးကြမ်းကိုသာ ဝတ်လျက် နွားအိုကသော ရထားအိုကို စီး၏။ သူတစ်ပါးကျွေးသော နို့ယနာကိုပင် စားချင်လျက်ပင် ပြန်လည်၍ ကျွေးရမှာစိုး၍ မစားခဲ့၊ ထိုနို့ယနာကို စားလို သော ချင်ခြင်းကိုကား မဖျောက်နိုင်၍ တောထဲဝယ် တစ်ယောက်တည်း နို့ယနာချက်နေစဉ် သိကြားမင်းအစရှိသော အ ဘေး, အဘိုး, အဘတို့က အလှူခံပုဏ္ဏားများယောင်ဆောင်ကြ၍ အလှူခံပြီးလျှင် ဆုံးမ၍ အလှူဒါနပြုစေ၏။

သိကြားမင်း၏ဆုံးမဟောကြားတရား.....ဝန်တိုပိတ်ပင်တတ်၍ စဉ်းလဲခက်ထန်သောသူ, ရဟန်းပုဏ္ဏားတို့ကို ဆဲ ရေးရေရွတ်တတ်သောသူတို့သည် သေသည်မှနောက်၌ ငရဲသို့ သွားရကုန်၏။ ကုသိုလ်ကမ္မပထတရားဆယ်ပါး၌လည်းကောင်း ကိုယ်နှုတ်နှလုံး စောင့်စည်းခြင်း၌လည်းကောင်း ခွဲခြမ်းဝေဖန်၍ သုံးဆောင်ခြင်း၌လည်းကောင်း တည်ကုန်သောသူတို့သည် သေသည်မှနောက်၌ သုဂတိဘဝသို့ လားကုန်၏။ သင်သည် ရှေးဘဝတို့၌ ငါတို့၏အဆွေအမျိုးဖြစ်၏၊ သင်ကား ဝန်တို ပိတ်ပင်တတ်၏၊ ယုတ်မာသောအကျင့်ရှိ၏၊ သင်၏အကျိုးငှာသာလျှင် ငါတို့လာကုန်၏၊ ယုတ်မာသော အကျင့်ရှိသော သင်သည် ငရဲသို့ မရောက်ပါစေလင့်"ဟု ဆုံးမ၏။

ကောသိယသူဌေးသည် "သိကြားမင်း...သင်နတ်မင်းတို့သည် အကျွန်ုပ်ကို ဆုံးမတော်မူကုန်၏၊ ထိုဆုံးမအပ် သောအလုံးစုံကို ကျွန်ုပ်သည် လိုက်နာပြုလုပ်ပါအံ့၊ ယနေ့ပင်လျှင် ဝန်တိုပိတ်ပင်သည်၏အဖြစ်မှ ကြဉ်ပါအံ့၊ အနည်းငယ် မျှသော မကောင်းမှုကို မပြုတော့ပါအံ့၊ အကျွန်ုပ်၏မပေးမလှူသော အနည်းသောဝတ္ထုသည်လည်း မရှိပါပြီ၊ တစ်လက် ဖက်မျှသော ရေကိုပင် မပေးမလှူပဲ မသောက်ပါအံ့၊ ကျွန်ုပ်၏စည်းစိမ်ဥစ္စာတို့သည် ပေးလှူ၍ကုန်သောအခါ ကာမဂုဏ်တို့ကို

စွန့်၍ ရဟန်းပြုပါအံ့"ဟု ဆိုလေ၏။

သိကြားမင်းနှင့် နတ်သားတို့လည်း နတ်ပြည်သို့ ပြန်သွားကြ၏။ ကောသိယသူဌေးသည် "အလိုရှိတိုင်း ယူစေကုန်သတည်း"ဟု အလှူကြီးပေးပြီးလျှင် တောထွက်၍ ရသေ့ရဟန်းပြုလျက် ဟိမဝန္တာ၌ပင် နေ၍ ...ကွယ်လွန်လေသော် တာဝတိံသာနတ်ပြည်သို့ လား၍ သိကြားမင်းသည် မိမိ၏သမီးတော် ဟိရီနတ်သမီးနှင့် ထိမ်းမြားပေးလေ၏။

ကောသိယရသေ့၏ဟောသောတရား...

၁။ မိန်းမတို့ကို ညှဉ်းဆဲခြင်း၊ ၂။ သူတစ်ပါးမယားကို ပြစ်မှားခြင်း၊ ၃။ အဆွေခင်ပွန်းကို ပြစ်မှားခြင်း၊ ၄။ ရသေ့ရဟန်းတို့ကို ကျိန်ဆဲရေရွတ်ခြင်း၊ ၅။ ဝန်တိုခြင်း ဤအမှုတို့ကို ပြုသောသူတို့သည် "သူယုတ်"မည်ကုန်၏။

၁။ အလှူပေးခြင်း၊ ၂။ သဒ္ဓါတရားနှင့်ပြည့်စုံခြင်း၊ ၃။ ကောင်းသောစကားကို သိတတ်ခြင်း၊ ၄။ ဝန်တိုခြင်း ကင်းခြင်း ဤသူတို့ကား "သူမြတ်"မည်ကုန်၏။

ယခုအခါ ဉပ္ပလဝဏ်ထေရီသည် ထိုအခါ ဟိရီနတ်သမီး, အလှူဒါနန၌မွေ့လျော်သော ရဟန်းသည် ကောသိယရသေ့, အရှင်အာနုရုဒ္ဓါသည် ပဉ္စသိခနတ်သား, အရှင်အာနန္ဒာသည် မာတလိနတ်သား, အရှင်မဟာကဿပသည် သူရိယနတ်သား, အရှင်မဟာမောဂ္ဂလ္လာန်သည် စန္ဒနတ်သား, အရှင်သာရိပုတ္တသည် နာရဒရသေ့, ဘုရားရှင်သည် သိကြားမင်းတို့ ဖြစ်ခဲ့ကုန်၏။

ဆောင်ပုဒ်=ဝန်တိုသောသူ၊ ငရဲယူ၊ လှူသောသူမှာ နတ်ပြည်ရွာ။

## ရက္ခစိုးနတ်ဘဝ ၃၀ ကြိမ်တို့ကား...............................

၁။ (၁၃) ကဏ္ဍိဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၄။ ဠ၊ ၁၊ ၁၇၀ ၁၇၂။ ငါးရာငါးဆယ်၊ ပ၊ ၈၂ ၈၄။)

ပစ္စုပ္ပန်ဝတ္ထု=မယားဟောင်းဖြားယောင်းခံရသော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=မယားဟောင်းအလောင်းသမင်မငယ်ကို တပ်မက်၍ မုဆိုးမြားချက်ဖြင့် အသက်သေရသော အဖြားယောင်းခံ ရဟန်းအလောင်းသမင်။

ဘုရားအလောင်းရက္ခစိုးက "(၁) ပြင်းစွာသော မြားပစ်ယောက်ျားကို ကဲ့ရဲ့အပ်၏, (၂) မိန်းမအကြီးအမှူးပြုသော ဇနပုဒ်ကိုလည်း ကဲ့ရဲ့အပ်၏, (၃) မိန်းမတို့၏အလိုသို့ လိုက်သောသတ္တဝါတို့ကိုလည်း ကဲ့ရဲ့အပ်၏" ဟု ဟောပြလေ၏။

ဆောင်ပုဒ်=ကာမဂုံလိုက်၊ တပ်နှစ်ခြိုက်၊ အငိုက်မိက သေတတ်စွ။

၂။ (၁၈) မတကဘတ္တဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၅။ ဠ၊ ၁၊ ၁၈၂ ၁၈၅။ ငါးရာငါးဆယ်၊ ပ၊ ၉၉ ၁၀၂။)

ပစ္စုပ္ပန်ဝတ္ထု=သေသူအတွက် ဆိတ်ကိုသတ်၍ ပြုသော မတကဘတ်။

ဘုရားရှင်က "ရဟန်းတို့...'မတကဘတ်(သေသူကိုရည်၍ ပြုသောဆွမ်း)ကို လှူအံ့'ဟု ပြုအပ်သော ပါဏာတိပါတ၌လည်း တစ်စုံတစ်ခုသော အစီးအပွားမည်သည် မရှိ....ဟု မိန့်တော်မူကာ အတိတ်ဆောင်တော်မူ၏။

န ဘိက္ခဝေ 'မတကဘတ္တံ ဒဿာမာ'တိ ကတေပိ ပါဏာတိပါတေ ကာစိ ဝုမိ နာမ အတ္ထိ။..(ဇာ၊၁၊၁၈၂)

အတိတ်ဝတ္ထု=အသတ်ခံရမည့်ဆိတ်၏ရယ်ခြင်း, ငိုခြင်း။

မတကဘတ်ကို ပြုဖို့အတွက် စီမံသော ဒိသာပါမောက္ခဆရာအား အသတ်ခံရမည့် ဇာတိဿရဉာဏ်ရသော ဆိတ်က "ပုဏ္ဏား...ငါသည် ရှေးက သင်ကဲ့သို့ပင် ဗေဒင်ရွတ်ဖတ် သရဇ္ဈာယ်တတ်သော ပုဏ္ဏားဖြစ်၍ မတကဘတ်အတွက် ဆိတ်တစ်ကောင်ကို သတ်၍ မတကဘတ်ကို လှူဖူး၏၊ ထိုမကောင်းမှုကြောင့် လေးရာ့ကိုးဆယ့်ကိုးဘဝတို့၌ ခေါင်းပြတ်ခြင်းသို့ ရောက်ရလေပြီ၊ ဤဘဝသည်ကား ငါးရာတို့၏ပြည့်ကြောင်းဖြစ်သော ဘဝတည်း၊ ငါသည် ယနေ့ ဤသို့သဘောရှိသော ဆင်းရဲမှ လွတ်ရတော့အံ့ ဟု ဝမ်းမြောက်၏၊ ထို့ကြောင့် ငါရယ်၏၊ သင်ပုဏ္ဏားသည်ကား ငါ့ကို သတ်၍ ငါကဲ့သို့ ဘဝငါးရာပတ်လုံး ဦးခေါင်းပြတ်ခြင်း၏ဆင်းရဲကို

ခံရရာလတ္တံ့ ဟု သင့်၌ သနားခြင်းကြောင့် ငါဝိုင်၏"ဟု ဆို၏။

ဧဝေကော အတ္တနာ ကတကမ္မံ ဇာတိသဿရဉာဏေန အနုဿရိတွာ ဗြာဟ္မဏဿ ကထေသိ
(ဇာတက၊ ဋ္ဌ၊ ၁၊ ၁၈၃။)

ပုဏ္ဏားက "အချင်းဆိတ်...မကြောက်လင့်၊ သင့်ကို ငါမသတ်"ဟု ဆိုလေသော် ဆိတ်က "ပုဏ္ဏား သင် အသို့ဆိုသနည်း? သင်သတ်သည်ဖြစ်စေ, မသတ်သည်ဖြစ်စေ ယနေ့ ငါသည် သေခြင်းမှ မလွတ်နိုင်"ဟု ဆို၏။...မကြာမီပင် ဆိတ်သည် ချုံ၌ လည်ကိုမော့၍ သစ်ရွက်တို့ကို စားနေစဉ် မိုးကြိုးကျ၍ ကျောက်လွှာ တစ်ခုသည် ဆိတ်၏လည်၌ ကျ၍ ဦးခေါင်းပြတ်လေ၏။ ထိုအခါ စည်းဝေးလာကြသော လူများကို ဘုရား အလောင်းရုက္ခစိုးနတ်က ပါဏာတိပါတကံ၏မကောင်းကျိုးကို သိကုန်လျက် ပါဏာတိပါတ(သူတပါး၏ အသက်သတ်ခြင်း)ကို မပြုကြရန် ဟောလေ၏။

ဆောင်ပုဒ်=သေသူရည်မှတ်၊ အလှူမြတ်၊ ပြုလတ်သောအခါ။
သူ့သက်သတ်မှု၊ သတိပြု၊ ထူးပြုရှောင်ရမှာ။

၃။ (၁၉) အာယာစိတဘတ္တဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၅။ ဋ္ဌ၊ ၁၊ ၁၈၅ ၁၈၆။ ငါးရာငါးဆယ်၊ ပ၊ ၁၀၃ ၁၀၄။)

ပစ္စုပ္ပန်ဝတ္ထု=သတ္တဝါတို့ကို သတ်၍ နတ်တို့အား ပူဇော်ကြခြင်း။

အတိတ်ဝတ္ထု=ပညောင်ပင်စောင့်နတ်အား ပူဇော်ရန် ဝန်ခံသော သူကြွယ်၊

ကာသိတိုင်း ရွာငယ်တစ်ရွာ၌နေသော သူကြွယ်သည် ရွာတံခါး၌တည်သော ပညောင်ပင်စောင့်အား ပူဇော်မှုကိုဝန်ခံ၍ အန္တရာယ်မရှိသဖြင့် လာလတ်၍ သတ္တဝါတို့ကိုသတ်၍ ဝန်ခံခြင်းမှ လွတ်စေအံ့ ဟု ပညောင်ပင် ရင်းသို့ လာ၏၊ ရုက္ခစိုးက "သင်သည် အကယ်၍ ဝန်ခံခြင်းမှလွတ်လိုလျှင် တမလွန်ဘဝ၌ လွတ်အောင်ပြုရာ ၏၊ သူတပါး၏အသက်သတ်ခြင်းကို ပြု၍ ဝန်ခံခြင်းမှ လွတ်စေလိုသောသူကို မကောင်းမှုသည် ဖွဲ့မိ၏၊ ထို့ ကြောင့် ပညာရှိတို့သည် ဤသို့ ဝန်ခံခြင်းကို မဖြေကုန်၊ သူမိုက်၏ပါဏာတိပါတကိုပြု၍ ဝန်ခံခြင်းမှလွတ်စေ ခြင်းသည်ကား မကောင်းမှုဖြင့် ဖွဲ့မိခြင်းဖြစ်၏"ဟု ဟောတော်မူသောအခါမှစ၍ လူတို့သည် ပါဏာတိပါတမှ ကြဉ်ကုန်လျက် တရားကို ကျင့်ကုန်၍ နတ်ပြည်ကို ပြည့်စေကုန်၏။

ရုက္ခစိုးနတ်သည် ဘုရားအလောင်းဖြစ်၏။

ဆောင်ပုဒ်=ပါဏာတိပါတ်၊ သူ့သက်သတ်၊ ယဇ်နတ်ပူဇော်မှု။
မကောင်းမှုကံ၊ ကိုယ်သာခံ၊ နတ်ထံ ကယ်မပြု။

၄။ (၃၈) ဗကဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၉။ ဋ္ဌ၊ ၁၊ ၂၃၇ ၂၄၀။ ငါးရာငါးဆယ်၊ ပ၊ ၁၇၉ ၁၈၄။)

ပစ္စုပ္ပန်ဝတ္ထု=သင်္ကန်းဟောင်းဖြင့် သင်္ကန်းလျာ အဝတ်သစ်ကို လှည့်စားလဲယူသော ဇေတဝန်ကျောင်းတော်၌ သင်္ကန်း စီးပွားပြုသောရဟန်း၊ ထိုရဟန်း၏သင်္ကန်းလျာ အဝတ်သစ်ကို သင်္ကန်းဟောင်းဖြင့် တဖန် လှည့်စားယူသော ရွာကျောင်းနေ သင်္ကန်းစီးပွားပြုသော ရဟန်း။

အတိတ်ဝတ္ထု=ငါးတို့ကို လှည့်စားဖြားယောင်း၍စားသော ဗျိုင်းကို လှည့်စား၍ ဗျိုင်း၏လည်ကို မိမိ၏လက်မဖြင့် ညှပ်ဖြတ်၍ သတ်သော ပုစွန်။

ဘုရားအလောင်း ရေခတက်ပင်စောင့်နတ် ရုက္ခစိုးသည် ထိုအံ့ဖွယ်သရဲကို မြင်၍ ကောင်းချီးပေးလျက်...

နာစ္စန္တံ နိကတိပ္ပညော၊ နိကတျာ သုခမေဓတိ။
အာရာဓေတိ နိကတိပ္ပညော၊ ဗကော ကက္ကဋကာမိဝ။
(ဇာတက၊ ၁၊ ၉။ ဋ္ဌ၊ ၁၊ ၂၄၀။)

(ဘောဓ္တော အချင်းတို့၊) နိကတိပ္ပညော(ဝဉ္စနပညော) လှည့်ပတ်တတ်သော ပညာရှိသောပုဂ္ဂိုလ်သည်၊ နိကတျာ လှည့်ပတ်သဖြင့်၊ အစ္စန္တံ စင်စစ်၊ သုခံ (သုခသို့) ချမ်းသာရာ၌၊ န ဧဓတိ မတည်ရ၊ (ကေသေန ပန ဝိနာသံ ပါပုဏာတိယေဝ စင်စစ်သော်ကား ပျက်စီးခြင်းသို့ ရောက်ရသည်သာတည်း၊) ကက္ကဋကာ ပုစွန် မှ၊ ဗကော ဗျိုင်းသည်၊ ဂီဝစ္ဆေဒံ-လည်ပြတ်ခြင်းသို့၊ (ပါပုဏိ)ဣဝ ရောက်သကဲ့သို့၊ တထာ ထိုအတူ၊ နိကတိ ပ္ပညော (ကေရာဋိကဘာဝံ သိက္ခိတပညော ပါပပုဂ္ဂလော) စဉ်းလဲစဉ်းစားဖြစ်သော ပညာရှိသော ပုဂ္ဂိုလ်သည်၊

အတ္တနာ မိမိသည်၊ ကတပါပဿ ပြုအပ်သော မကောင်းမှု၏၊ ဖလံ အကျိုးကို၊ အာရာဓေတိ (ပဋိလဘတိ) တစ်ဖန်ပြန်ရ၏။...ဟု တရားဟော၏။

ဇေတဝန်ကျောင်းတော်၌နေသော သက်န်းစီးပွားပြုသော ရဟန်းသည် မျိုင်းဖြစ်ခဲ့၍ ရွာ၌နေသော သက်န်းစီးပွားပြုသော ရဟန်းကား ပုဏ္ဏန်ဖြစ်ခဲ့၏။

ဆောင်ပုဒ်=ကောက်ကျစ်သူများ၊ သတိထား၊ စဉ်းစားကြသင့်သည်။

ကောက်ကျစ်သူအား၊ ကောက်ကျစ်သား၊ ထင်ရှားပေါ်လိမ့်မည်။

ပုဏ္ဏန်ညှပ်ဖြတ်၊ မျိုင်းလည်ပြတ်၊ ပုံဟပ်ထုံးကိုမှီ။

၅။ (၇၄) ရုက္ခဓမ္မဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၁၇။ ဋ္ဌ၊ ၁၊ ၃၄၆ ၃၄၇။ ငါးရာငါးဆယ်၊ ပ၊ ၃၃၈ ၃၄၁။)

ပစ္စုပ္ပန်ဝတ္ထု=ရေကိုအကြောင်းပြု၍ ဆွေတော်မျိုးတော်တို့၏ရန်ပွဲကို ဘုရားရှင်သည် ရောဟိဏီမြစ်၏အထက်ကောင်းကင်ပြင်ဝယ် ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် ညိုသောရောင်ခြည်တော်ကိုလွှတ်၍ ဆွေတော်မျိုးတော်တို့ကို ထိတ်လန့်စေကာ ငြိမ်းချမ်းရေးတရားဟောတော်မူခြင်း။

ဤဝတ္ထု၏အကျယ်ကား အသီတိနိပါတ် ကုဏာလဇာတ် (ခု၊ ၆၊ ၁၁၃)၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=အညီအညွတ်တွဲလျှင် သစ်ပင်ကိုသော်လည်း လေမလှဲနိုင်ကြောင်း...ဘုရားအလောင်းပညာရှိ အင်ကြင်းပင်စောင့်နတ် ရုက္ခစိုး ဟောကြားခြင်း။

ဆောင်ပုဒ်=ညီညွတ်သည်အား၊ ဆောင်၍ထားက၊ အမြားအမြောင်၊ ရန်ကိုအောင်၏။

၆။ (၁၀၂) ပဏ္ဏိကဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၂၄။ ဋ္ဌ၊ ၁၊ ၄၃၅ ၄၃၇။ ငါးရာငါးဆယ်၊ ပ၊ ၄၇၁ ၄၇၄။)

ပစ္စုပ္ပန်ဝတ္ထု=ဟင်းငွက်စိမ်းသည်အဖသည် သမီး၏သီလကို စမ်းသပ်ခြင်း။

အတိတ်ဝတ္ထု=ပစ္စုပ္ပန်ဝတ္ထုနှင့် တူသည်သာတည်း။

ထိုအခါက ဘုရားအလောင်းသည် တော၌ ရုက္ခစိုးဖြစ်ခဲ့၏။

ဆောင်ပုဒ်=အကျင့်သီလ၊ ရ မရ၊ အဖစမ်းသပ် သမီးမြတ်။

၇။ (၁၀၅) ဒုဗ္ဗလကဋ္ဌဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၂၅။ ဋ္ဌ၊ ၁၊ ၄၃၉ ၄၄၀။ ငါးရာငါးဆယ်၊ ပ၊ ၄၇၇ ၄၇၉။)

ပစ္စုပ္ပန်ဝတ္ထု=အကြောက်လွန်သောရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=ချွန်းကိုယ်စီကိုင်၍ ဝိုင်းရံသည်ကို ကြောက်၍ ဟိမဝန္တာသို့ ပြေးသောဆင်။

ဘုရားအလောင်းရုက္ခစိုးက "ဤတော၌ သင်အား ဘေးမရှိသောကြောင့် မကြောက်လင့်"ဟု ဆင်အား အဆုံးအမပေး၏၊ ဆင်သည်လည်း ထိုနေ့မှစ၍ ကြောက်ခြင်းမရှိတော့ပေ။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ အကြောက်လွန်သောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်၏။

ဆောင်ပုဒ်=ရေးကကြောက်လို့ ခုကြောက်သည်၊ နောင်လည်း ကြောက်အုံးမည်။

၈။ (၁၀၉) ကုဏ္ဍပူဝဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၂၅။ ဋ္ဌ၊ ၁၊ ၄၄၆ ၄၄၈။ ငါးရာငါးဆယ်၊ ပ၊ ၄၈၈ ၄၉၁။)

ဇာတ်အဋ္ဌကထာနှင့် ငါးရာငါးဆယ်ဇာတ်ဝတ္ထုတို့၌ကား "ကုဏ္ဍကပူဝ"ဟု ရှိ၏။

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်အား ဆန်ကွဲမုန့်လှူရသောကောင်းမှုကြောင့် ဆင်းရဲသားမဟာဒုဂ္ဂတ သူဌေးဖြစ်ခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်း ကြက်ဆူပင်စောင့် ရုက္ခစိုးအား ဆန်ကွဲမုန့်ဖြင့် ပူဇော်၍ သူဌေးဖြစ်။

ကုဏ္ဍပူဝ, ကုဏ္ဍကပူဝ ဆန်ကွဲမုန့်၊ ဘတိကာရက သူခစား၊ ဒုဂ္ဂတမနုဿ ဆင်းရဲသား

အဏ္ဍပဏ္ဏ မရိုးရွက်၊ ဧရဏ္ဍရုက္ခ ကြက်ဆူပင်၊ ဧရဏ္ဍရုက္ခဒေဝတာ ကြက်ဆူပင်စောင့်ရုက္ခစိုး

ဆောင်ပုဒ်=ဆန်ကွဲမုန့်လှူ၊ ဆင်းရဲသူ၊ ရေးတူခုဘဝ သူဌေးဖြစ်ရ။

၉။ (၁၁၃) သိင်္ဂါလဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၂၇။ ဋ္ဌ၊ ၁၊ ၄၅၀ ၄၅၁။ ငါးရာငါးဆယ်၊ ပ၊ ၄၉၄ ၄၉၆။)

ပစ္စုပ္ပန်ဝတ္ထု=ဂေါတမ၏အကျင့်သည် တရားမဟုတ်, မိမိ၏အကျင့်သည်သာလျှင် တရားဟုတ်၏ ဟု လိမ်လည်

ပြောဆိုသော ဒေဝဒတ်။

အတိတ်ဝတ္ထု=ဒေဝဒတ်အလောင်းမြေခွေး၏ငွေအသပြာနှစ်ရာတို့ကို ပေးမည် -ဟု လှည့်စားခြင်းခံရသော ဥစ္စာမက်မော သည့် ပုဏ္ဏား။

[မြေခွေးက ပုဏ္ဏားအား လူ့ဘာသာစကားဖြင့် ပြောကြောင်း ပါရှိ၏ ..."သော မနုဿဘာသာယ "ဗြာဟ္မဏာ"တိ အာဟ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၄၅၀)]

ဘုရားအလောင်းရုက္ခစိုးက "ပုဏ္ဏား...သေသောက်သောမြေခွေးစကားကို သင်ယုံကြည်သလော? ထိုမြေခွေး အား ယောက်သွားတစ်ရာပင် မရှိ၊ အသပြာနှစ်ရာကား အဘယ်မှာ ရှိအံ့နည်း?-ဟု ဆို၍ သွားလေ၊ သင်၏ ပုဆိုးကို လျှော်၍ ရေချိုးလျက် မိမိအမှုကို ပြုလေလော့"ဟု ဆိုကာ ကွယ်၏၊ ပုဏ္ဏားကား ရုက္ခစိုးနတ်ဆိုတိုင်း ပြု၍ "ငါ့ကို လှည့်စားအပ်ပြီ"ဟု နှလုံးမသာယာဖြစ်၍ ဖဲ၏။

ဆောင်ပုဒ်=သေရည်သောက်သူ၊ နွတ်ဆိုမှု၊ ချင့်ယူ သူ့စကား။

ဉာဏ်နီဉာဏ်နက်၊ ကောက်ကျစ်လျက်၊ ဆိုမြွက် လိမ်တာများ။

၁၀။ (၁၂၁) ကုသနာဠိဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၂၈။ ဋ္ဌ၊ ၁၊ ၄၆၆-၄၆၉။ ငါးရာငါးဆယ်၊ ပ၊ ၅၁၉ ၅၂၃။)

ပစ္စုပ္ပန်ဝတ္ထု=အယုတ်, အမြတ်မခွဲခြားပဲ အနာထပိဏ်သူဌေး ခင်ပွန်းပြုလုပ်ခြင်း။

အနာထပိဏ်သူဌေး၏အယူအဆ..."မိမိအောက် ယုတ်သောသူတို့နှင့်လည်းကောင်း, မိမိနှင့်တန်တူသော သူတို့နှင့်လည်းကောင်း, မိမိထက်မြတ်သော (လွန်သော)သူတို့နှင့်လည်းကောင်း မိတ်ဖွဲ့ခြင်းမည်သည်ကို ပြု အပ်သည်သာတည်း။" အနာထပိဏ္ဍိကော ပန "မိတ္တသန္ထဝေါ နာမ ဟီနေဟိပိ သမေဟိပိ အတိရေကေဟိပိ ကတ္တဗ္ဗောယေဝါတိ။" (ဇာတက၊ ဋ္ဌ၊ ၁၊ ၄၆၆။)

ဘုရားရှင်အဆုံးအမ..."အဆွေခင်ပွန်းမည်သည်ကား ငယ်သောမည်သည် မရှိ၊ ဤအဆွေခင်ပွန်းပွဲရာ၌ အဆွေခင်ပွန်းတို့၏တရားကို စောင့်ခြင်းငှာ စွမ်းနိုင်သော အဖြစ်သည်သာလျှင် ပမာဏဖြစ်၏၊ အဆွေခင်ပွန်း မည်သည်ကို မိမိနှင့် တူသည်ဖြစ်စေ, ယုတ်သည်ဖြစ်စေ, မြတ်သည်ဖြစ်စေ ဖွဲ့အပ်၏၊ ထိုစကားသည် မှန်၏၊ အယုတ်, အလတ်, အမြတ်ဖြစ်သော ထိုအဆွေခင်ပွန်းတို့သည်လည်း မိမိဆောင်ရွက်အပ်သော အမှုကို ဆောင် ရွက်ကုန်သည်သာလျှင်တည်း။"

သတ္ထာ "ဂဟပတိ မိတ္တော နာမ ခုဒ္ဒကော နတ္ထိ၊ မိတ္တဓမ္မံ ရက္ခိတုံ သမတ္ထဘာဝေါဝေတ္ထ ပမာဏံ၊ မိတ္တော နာမ အတ္တနာ သမောပိ ဟီနောပိ သေဋ္ဌောပိ ဂဟေတဗ္ဗော။ သဗ္ဗေပိ ဟေတေ အတ္တနော ပတ္တဘာရံ နိတ္ထရန္တိယေဝ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၄၆၇။)

အတိတ်ဝတ္ထု=ရုစာမည်သော မင်္ဂလာသစ်ပင်စောင့်ရုက္ခစိုးက ယုတ်ယုတ်, မြတ်မြတ် မိတ်ဆွေလုပ်သင့်ကြောင်း ပြောခြင်း။

ဘုရားအလောင်းသမန်းမြက်ဖုတ်ကျူရုံစောင့်နတ်ကြောင့် အရှင်အာနန္ဒာအလောင်းမင်္ဂလာသစ်ပင်စောင့်ရုက္ခစိုး သစ်ပင်ခုတ်လှဲမခံရပဲ ဗိမာန်ပြန်ရခြင်း။

မင်္ဂလာသစ်ပင်စောင့်ရုက္ခစိုး၏တရား...

ကရေ သရိက္ခော အထ ဝါပိ သေဋ္ဌော၊
နိဟီနကော ဝါပိ ကရေယျ ဧကော။
ကရေယျုမေတေ ဗျသနေ ဥတ္တမတ္ထံ၊
ယထာ အဟံ ကုသနာဠိ ရုစာယံ။

ဘောန္တော ဒေဝတာယော အိုနတ်တို့၊ သရိက္ခောပိ ကိုယ်နှင့်တူသောသူသည်လည်း၊ မိတ္တဓမ္မံ အဆွေ ခင်ပွန်းတို့၏တရားကို၊ ကရေ ပြုရာ၏၊ သေဋ္ဌော အထ ဝါပိ ကိုယ့်ထက်မြတ်သောသူသည်လည်း၊ မိတ္တဓမ္မံ အဆွေခင်ပွန်းတို့၏တရားကို၊ ကရေ-ပြုရာ၏၊ ဧကော-တစ်ယောက်သော၊ နိဟီနကော ဝါပိ ကိုယ့်အောက် ယုတ်သောသူသည်လည်း၊ မိတ္တဓမ္မံ အဆွေခင်ပွန်းတို့တရားကို၊ ကရေ ပြုရာ၏၊ ဧတေ ထိုအုတ်, အလတ်, အမြတ်ဖြစ်ကုန်သော သူတို့သည်၊ ဗျသနေ -အဆွေခင်ပွန်းအား ပျက်စီးခြင်းသည်၊ ဥပ္ပန္နေ ဖြစ်လတ်သော်၊ ဥတ္တမံ မြတ်သော၊ အတ္ထံ အကျိုးကို၊ ကရေယျုံ ပြုကုန်ရာ၏၊ တသ္မာ ထို့ကြောင့်၊ ရုစာယံ ရုစာမည်သော

မင်္ဂလာသစ်ပင်၌၊ နိဗ္ဗတ္တော-ဖြစ်သော၊ အဟံ စ ငါသည်လည်းကောင်း၊ ကုသနာဠိ စ ဘုန်းတန်ခိုးနည်းသော သမန်းဖုတ်ကျူရုံ၌ဖြစ်သောနတ်သည်လည်းကောင်း၊ တေ မယံ ထိုငါတို့သည်၊ မိတ္တသန္ထဝံ မိတ်ဖွဲ့ခြင်းကို၊ ကရိမှ ယထာ-ပြုကုန်သကဲ့သို့၊ တထာ ထိုအတူ၊ ဒုက္ခာ ဆင်းရဲခြင်းမှ၊ မုစ္စိတုကာမေဟိ လွတ်လိုကုန်သော၊ အညေဟိပိ-တစ်ပါးကုန်သောသူတို့သည်လည်း၊ သဒိသောပိ-ကိုယ်နှင့်တူသောသူကိုလည်းကောင်း၊ ဟီနေပိ ကိုယ့်အောက် ယုတ်သောသူကိုလည်းကောင်း၊ ပဏီတောပိ-ကိုယ့်ထက်မြတ်သောသူကိုလည်းကောင်း၊ မိတ္တော-မိတ်ဖွဲ့ခြင်းကို၊ ကာတဗ္ဗော-ပြုဆပ်၏။

ကုသနာဠိဂစ္ဆ သမန်းမြက်ချုံ၊ ကုသနာဠိဒေဝတာ သမန်းမြက်ဖုတ်ကျူရုံစောင့်နတ် ရုစာဒေဝတာ ရုစာမည်သော မင်္ဂလာသစ်ပင်စောင့်နတ်။

ဆောင်ပုဒ်=ယုတ်မြတ်မဟူ၊ ကိုယ်နှင့်တူ၊ မိတ်ယူပေါင်းထိုက်သည်။
လိုအပ်သောခါ၊ ကူညီလာ၊ မိတ်လျှာ အကျင့်မည်။

၁၁။ (၁၃၉) ဥဘတောဘဋ္ဌဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၃၂။ ဋ္ဌ၊ ၁၊ ၅၀၈-၅၁၀။ ငါးရာငါးဆယ်၊ ပ၊ ၅၇၉ ၅၈၁။)

ပစ္စုပ္ပန်ဝတ္ထု=လူ့စည်းစိမ်နှင့် ရဟန်း၏အကျိုး နှစ်မျိုးမှ ဆုံးရှုံးရသော ဒေဝဒတ်။

အတိတ်ဝတ္ထု=အလိုရမ္မက်ကြီး၍ မိမိလည်း မျက်စိပျက်၍ မယားကိုလည်း ဒဏ်ထိစေသော ဒေဝဒတ်အလောင်း တံငါသည်။

ဘုရားအလောင်းရုက္ခစိုးက "အိုယောကျ်ား...သင်၏အမှုသည် ရေ၌လည်း ပျက်စီး၏, ကြည်းကုန်း၌လည်း ပျက်စီး၏၊ နှစ်ပါးစုံမှ ဆုံးရှုံး၏"ဟု ပြောဆို၏။

ဗာဠိသိက ငါးမျှားသူ, တံငါသည်၊ ဗဠိသ ငါးမျှားချိတ်

ဆောင်ပုဒ်=နှစ်ဖက်အကျိုး၊ ဆုတ်ယုတ်ညှိုး၊ ကိုယ်ဆိုး၍သာမှတ်။

၁၂။ (၁၈၇) စတုမဋ္ဌဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၈။ ဋ္ဌ၊ ၂၊ ၉၇ ၉၈။ ငါးရာငါးဆယ်၊ ဒု၊ ၁၄၇ ၁၄၉။)

ပစ္စုပ္ပန်ဝတ္ထု အဂ္ဂသာဝကအရှင်မြတ်နှစ်ပါး ရှုံ့ရှာသောရဟန်းအိုကြီး။

အတိတ်ဝတ္ထု=ဘုရားအလောင်း တောအရပ်၌ ရုက္ခစိုးနှင့် အဂ္ဂသာဝကနှစ်ပါးအလောင်းဟင်္သာညီနောင်တို့ တရားစကား ပြောနေကြစဉ် သစ်ပင်အောက်မှ မြေခွေးက ဟင်္သာညီနောင်တို့ကို "သားများသေဋ္ဌနင်း ငါမင်းမြတ်သည်လည်း နားထောင်လတ္တံ့"ဟု ပြော၍ ဟင်္သာညီနောင်တို့သည် ရှုံ့ရှာသဖြင့် စိတ္တကုဋ်တောင်သို့သာလျှင် ပျံသွားကုန်၏။

ဆောင်ပုဒ်=မဆိုင်ပဲလျက်၊ ဝင်ရောစွက်၊ ပြစ်ချက် ရှုံ့ရှာသည်။

၁၃။ (၂၀၅) ဂင်္ဂေယျဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၄ ၅၅။ ဋ္ဌ၊ ၂၊ ၁၃၈ ၁၃၉။ ငါးရာငါးဆယ်၊ ဒု၊ ၂၀၈ ၂၁၀။)

ပစ္စုပ္ပန်ဝတ္ထု=အလှချင်းပြိုင်သော ရဟန်းငယ်နှစ်ပါးတို့သည် ရဟန်းကြီးတစ်ပါး၏အထံ၌ "မည်သူက လှကြောင်း" အဆုံးအဖြတ်ခံကြရာ ရဟန်းကြီးက "သင်တို့နှစ်ပါးထက် ငါက ပိုလှသည်"ဟု ဆုံးဖြတ်ဖြင်း။

အတိတ်ဝတ္ထု=ဂင်္ဂါယမုနာမြစ်ဆုံ၌နေကြသော ဂင်္ဂေယျငါးနှင့် ယာမုနေယျငါး နှစ်ကောင်တို့ အလှချင်းပြိုင်ကြရာ လိပ်က "ဂင်္ဂေယျငါးလည်း လှ၏၊ ယာမုနေယျငါးလည်း လှ၏၊ ငါကား သင်တို့ထက် လှ၏"ဟု ဆုံးဖြတ်သဖြင့် ငါးနှစ်ကောင်တို့ မကျေမနပ်ဖြစ်ကြခြင်း။

ဘုရားအကောင်းကား ဂင်္ဂါမြစ်နား၌ ရုက္ခစိုးနတ်ဖြစ်ခဲ့လေ၏။

ဆောင်ပုဒ်=ရုပ်ရေအဆင်း၊ ချီးမွမ်းခြင်း၊ အငြင်းပွားလာ ရှက်ဖွယ်ရာ။

၁၄။ (၂၀၉) ကုက္ကုဋဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၆။ ဋ္ဌ၊ ၂၊ ၁၄၇ ၁၄၈။ ငါးရာငါးဆယ်၊ ဒု၊ ၂၂၁ ၂၂၃။)

ပစ္စုပ္ပန်ဝတ္ထု=မိမိကိုယ်ကို စောင့်ရှောက်တတ်သော ရဟန်းငယ်။

အတိတ်ဝတ္ထု=မုဆိုး၏ကျော့ကွင်းကို ရှောင်တတ်သော ရဟန်းငယ်အလောင်းကြက်၊

ကြက်က လူ့ဘာသာစကားပြောကြောင်းပါရှိ..."ကုက္ကုဋော တံ လဇ္ဇာပေတုကာမော မာနုသိံ ဝါစံ နိစ္ဆာရေတွာ...(ဇာတက၊ ဋ္ဌ၊ ၂၊ ၁၄၇။)"။

ထိုအကြောင်းကို မျက်မှောက်တွေ့မြင်ရသော ဘုရားအလောင်း တောအရပ်၌နေသော ရက္ခစိုးဖြစ်ခဲ့၏။
သကုဏလုဒ္ဒက ငှက်မုဆိုး၊ ဒီပကကုက္ကုဋ တည်ကြက်(တိန်ညင်ဖြစ်သောကြက်)
ဆောင်ပုဒ်=ချင့်ချိန်သင့်စွာ၊ အရာရာကို၊ ကိုယ်မှာစောင့်လတ်၊ ဘေးမကပ်၊ မှတ်အပ်အထူးတည်း။

၁၅။ (၂၁၇) သေဂ္ဂုဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၈။ ဋ၊ ၂၊ ၁၆၄ ၁၆၅။ ငါးရာငါးဆယ်၊ ၃၊ ၂၄၆ ၂၄၈။)
ပစ္စုပ္ပန်ဝတ္ထု=ဟင်းရွက်သည် ဥပါသကာတစ်ဦး သမီး၏သီလရှိ, မရှိကို စုံစမ်းခြင်း။
ဝတ္ထုကိုကား ဧကကနိပါတ် ပဏ္ဏိကဇာတ်(ဇာ၊ ၁၊ ၂၄။ ဋ၊ ၁၊ ၄၃၅ ၄၃၆)၌ ချဲ့အပ်ခဲ့ပြီးသည်သာတည်း။
အတိတ်ဝတ္ထု=အဖဟင်းရွက်သည်က သီလရှိသောသမီးကို စုံစမ်းခြင်း။
ဘုရားအလောင်းကား ရက္ခစိုးနတ်တည်း။
ဆောင်ပုဒ်=ကျင့်မြတ်စာဂီ၊ ပြည့်စုံညီ၊ ဝသီကောင်းလတ် သမီးမြတ်။

၁၆။ (၂၇၂) ဗျဂ္ဃဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၀။ ဋ၊ ၂၊ ၃၂၁ ၃၂၄။ ငါးရာငါးဆယ်၊ ၃၊ ၄၆၆ ၄၆၉။)
ပစ္စုပ္ပန်ဝတ္ထု=ကောကာလိကနှင့် အဂ္ဂသာဝကနှစ်ပါး။
အတိတ်ဝတ္ထု=ဘုရားအလောင်းရက္ခစိုး၏စကားကို မနာယူသော ရက္ခစိုးမိုက်သည် ခြင်္သေ့နှင့် ကျားတို့ကို ထွက်ပြေးစေသဖြင့် လူတို့သည် သားရဲအန္တရာယ်မရှိသောကြောင့် တောတို့ကို ခုတ်ထွင်၍ လယ်ကို ပြုလုပ်ကြ၏။
သံသဂ္ဂ နီးနှောခြင်း ၅ ပါး
၁။ ဒဿနသံသဂ္ဂ မြင်ခြင်းဟူသော နီးနှောခြင်း၊
၂။ သဝနသံသဂ္ဂ ကြားခြင်းဟူသော နီးနှောခြင်း၊
၃။ ကာယသံသဂ္ဂ ကိုယ်လက်နီးနှောခြင်း၊
၄။ သမုလ္လပနသံသဂ္ဂ စကားပြောဆိုခြင်းဟူသော နီးနှောခြင်း။
၅။ ပရိဘောဂသံသဂ္ဂ သုံးဆောင်ခြင်းဟူသော နီးနှောခြင်း။
ဒဿနသံသဂ္ဂေါ သဝနသံသဂ္ဂေါ ကာယသံသဂ္ဂေါ သမုလ္လပနသံသဂ္ဂေါ ပရိဘောဂသံသဂ္ဂေါတိ ဣမဿ ပဉ္စဝိဓဿ သံသဂ္ဂဿ...။ (ဇာ၊ ဋ၊ ၂၊ ၃၂၂။)
ကောကာလိကသည် ပညာမရှိသော ရက္ခစိုး, အရှင်သာရိပုတ္တာသည် ခြင်္သေ့, အရှင်မဟာမောဂ္ဂလ္လာန်သည် ကျား, ဘုရားရှင်သည် ပညာရှိရက္ခစိုးတို့ ဖြစ်ခဲ့ကြလေ၏။
ဆောင်ပုဒ်=ခြင်္သေ့နှင့်ကျား၊ နေသော်ငြား၊ လူများကြောက်လန့်လျက်။
လူသူအများ၊ ထိုတောအား၊ ရှောင်ရှားနေသည့်တွက်။
ရက္ခစိုးတွေ၊ ချမ်းသာပေ၊ တောလေ ပြွန်းမပျက်။
ပညာမဲ့ရှိုး၊ ရက္ခစိုး၊ ပယ်ထိုးသားရဲတွက်။
ပုပ်နံ့ညှီနံ၊ သည်းမခံ၊ ပယ်လှန်သည်အချက်။
ခြင်္သေ့နှင့်ကျား၊ မရှိငြား၊ လူသား တောကိုဖျက်။

၁၇။ (၂၈၃) ဝဍ္ဎကီသူကရဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၄ ၈၅။ ဋ၊ ၂၊ ၃၆၂ ၃၆၇။ ငါးရာငါးဆယ်၊ ၃၊ ၅၁၈ ၅၂၅။)
ပစ္စုပ္ပန်ဝတ္ထု=ရှုံးနေကျဖြစ်သောကောသလမင်းသည် ဓနုဂ္ဂဟတိဿမထေရ်၏နည်းဗျူဟာစကားကို သူလျှိုတို့မှ တဆင့်ကြားသိရ၍ ထိုနည်းဗျူဟာအတိုင်း ကျင့်သုံးသဖြင့် အဇာတသတ်မင်းကို စစ်နိုင်ခြင်း။
ဓနုဂ္ဂဟတိဿတ္ထေရော ယုဒ္ဓံ ဝိစာရေသိ "ဘန္တေ ယုဒ္ဓေါ နာမ တိဝိဓော ပဒုမဗျူဟော စက္ကဗျူဟော သကဋဗျူဟော ဟောတိ၊...(ဇာ၊ ဋ၊-၂၊ ၃၆၃။)
အတိတ်ဝတ္ထု=ပဒုမဗျူဟာနည်းဖြင့် ကျားကိုအနိုင်ယူသော ဓနုဂ္ဂဟတိဿမထေရ်အလောင်းဝက်၏စစ်ထိုးပုံ။
လက်သမားသည် မွေးမြူအပ်သည်အဖြစ်ကြောင့် "ဝဍ္ဎကီသူကရ"မည်သောဝက်ကို ရေသဖန်းတုံး၌ နေစေ၍ ရသေ့စဉ်းလဲ၏ခရုသင်းဖြင့် ရေကိုဆောင်၍ အဘိသက်သွန်း၍ မင်းပြုကုန်၏၊ ဝက်ပျိုမတစ်ကောင်ကိုလည်း ထိုဝက်မင်း၏မိဖုရားကြီးပြုကြကုန်၏။

[ထိုကာလမှစ၍ ယနေ့ထက်တိုင် မင်းတို့ကို ရေသဖန်းပျဉ်၌လျှင် နေစေ၍ ခရုသင်းသုံးခုတို့ဖြင့် အဘိသိက်သွန်းကုန်သတတ်။

တတော ပဋ္ဌာယ ကိရ ယာဝဇ္ဇတနာ ရာဇာနော ဥဒုမ္ဗရဘဒ္ဒပီဌေ နိသီဒါပေတွာ တီဟိ သင်္ခေဟိ အဘိသိဉ္စန္တိ။ (ဇာ၊ ၄၊ ၂၊ ၃၆၇။)]

ဘုရားအလောင်း တောနေရက္ခစိုးသည် ထိုအံ့ဖွယ်သရဲကို မြင်ရ၍ "ဝက်အပေါင်းတို့၏စည်းလုံးညီညွတ်ကြောင့် ကျားကိုအောင်၍ သေဘေးမှ လွတ်ကုန်၏"ဟု ပြောဆို၏။

ဆောင်ပုဒ်=ညီညွတ်သည်အား၊ ဝက်အများက၊ ကျား့ရသေ့အောင်၊ ဘိသိက်ဆောင်၏။

၁၈။ (၂၉၄) ဇမ္ဗုခါဒကဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၉။ ၄၊ ၂၊ ၃၉၅ ၃၉၇။ ငါးရာငါးဆယ်၊ ၃၊ ၅၆၂ ၅၆၅။)

ပစ္စုပ္ပန်ဝတ္ထု=ဒေဝဒတ်, ကောကာလိကတို့သည် ဂုဏ်မဲ့အချင်းချင်း ဂုဏ်တင်ပြောဆိုကြကာ ဒါယကာတို့၏အိမ်တို့၌ စားကုန်လျက် လှည့်လည်နေကြခြင်း။

အတိတ်ဝတ္ထု=မြေခွေး, ကျီးတို့သည် အချင်းချင်း ချီးမွမ်းခန်းဖွင့်လျက် သပြေသီးစားနေကြစဉ် သပြေတောအုပ်၌ နေသော ဘုရားအလောင်းရက္ခစိုးက ကြောက်မက်ဖွယ်သော အဆင်းကိုပြ၍ ထိုမြေခွေး, ကျီးတို့ကို ပြေးစေ၏။ မြေခွေးသည် ဒေဝဒတ်အလောင်း, ကျီးသည် ကောကာလိကအလောင်းတို့ ဖြစ်ခဲ့၏။

ဆောင်ပုဒ်=ဂုဏ်ရည်မဲ့ချင်း၊ ဂုဏ်တင်လျှင်း၊ ကြားမြင်း လူတိုင်းကပ်။

၁၉။ (၂၉၅) အန္တဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၉ ၉၀။ ၄၊ ၂၊ ၃၉၇ ၃၉၈။ ငါးရာငါးဆယ်၊ ၃၊ ၅၆၅ ၅၆၇။)

ပစ္စုပ္ပန်ဝတ္ထု=ဒေဝဒတ်, ကောကာလိကတို့ ဂုဏ်မဲ့အချင်းချင်း ဂုဏ်တင်ပြောဆိုကြခြင်း။

အတိတ်ဝတ္ထု=ဒေဝဒတ်အလောင်း မြေခွေးနှင့် ကောကာလိကအလောင်း ကျီးတို့သည် အချင်းချင်း ချီးမွမ်းစကားဆိုကြလျက် ကြက်ဆူပင်အောက်ဝယ် နွားသားစားကြစဉ် ဘုရားအလောင် ကြက်ဆူပင်စောင့်ရက္ခစိုးက "သားတို့တွင် မြေခွေး, ငှက်တို့တွင် ကျီး, သစ်ပင်တို့တွင် ကြက်ဆူပင်တို့ ယုတ်မာကုန်၏"ဟု ပြောဆို၏။

ဆောင်ပုဒ်=မရှိဂုဏ်ပုဒ်၊ ထင်တိုင်းထုတ်၊ အဟုတ် လူမုန်းများ။

၂၀။ (၂၉၈) ဥဒုမ္ဗရဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၉၀ ၉၁။ ၄၊ ၂၊ ၄၀၂ ၄၀၄။ ငါးရာငါးဆယ်၊ ၃၊ ၅၇၂ ၅၇၅။)

ပစ္စုပ္ပန်ဝတ္ထု=ကျောင်းနေအာဝါသိကရဟန်းကို ဘုရားဖူးစေလွှတ်လျက် လုပ်ကြံ၍ ထိုရဟန်း၏အပြစ်ကို လူတို့အား ပြောဆိုစည်းရုံးပြီးလျှင် ကျောင်းလုသော အာဂန္တုကရဟန်း။

အတိတ်ဝတ္ထု=မျောက်ငယ်၏နေရာဂူကို လုသော မျောက်ကြီး။

အာဝါသိကရဟန်းအလောင်း မျောက်ငယ်, အာဂန္တုကရဟန်းအလောင်း မျောက်ကြီး၊

ဘုရားအလောင်း တောနေ ရက္ခစိုးနတ်။

ဆောင်ပုဒ်=ရေးဝါသနာ၊ အထုံပါ၊ လိမ်ကာ လှည့်စားပြီ။

မကောင်းဝါသနာ၊ အထုံပါ၊ ပယ်ကာ သင့်လှသည်။

၂၁။ (၃၀၇) ပလာသဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၉၆ ၉၇။ ၄၊ ၃၊ ၂၁ ၂၄။ ငါးရာငါးဆယ်၊ ၃၊ ၆၁၁ ၆၁၄။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်ပရိနိဗ္ဗာန်ပြုမည်ကို သိ၍ နှစ်ဆယ့်ငါးနှစ်တို့ပတ်လုံး လုပ်ကျွေးခြင်းသည် အကျိုးမဲ့ဖြစ်တော့အံ့ဟု စိုးရိမ်လျက် အရှင်အာနန္ဒာငိုခြင်း။

အတိတ်ဝတ္ထု=လုပ်ကျွေးခြင်းအကျိုးကို မျက်မှောက်၌ပင် ဒိဋ္ဌရသော ပုဏ္ဏား။

ပေါက်ပင်ကို ပူဇော်သော အရှင်အာနန္ဒာအလောင်းပုဏ္ဏားအား ဘုရားအလောင်း ပေါက်ပင်စောင့်ရက္ခစိုးက ရွှေအိုးများကို ပေးခြင်း။

ဆောင်ပုဒ်=အတုံ့အလှဲ၊ ပြုသဟဲ့၊ ကောင်းတဲ့မှုရာတွေ။

သူ့ကို ကိုယ်ပြု၊ ကိုယ်ပါနု၊ ရှုတော့ လာဘ်မိုးဖွေ။

၂၂။ (၃၁၁) ပုစိမန္ဒဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၉၈ ၉၉။ ဋ္ဌ၊ ၃၊ ၃၁ ၃၄။ ငါးရာငါးဆယ်၊ ၃၊ ၆၂၄ ၆၂၇။)

ပစ္စုပ္ပန်ဝတ္ထု=အရှင်မဟာမောဂ္ဂလ္လာန်မထေရ် ခိုးသူကို နှင်ထုတ်ခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းတမာပင်စောင့်နတ် ရုက္ခစိုးက ခိုးသူကို ပြေးစေခြင်း။ အရှင်အာနန္ဒာအလောင်း ညောင်ဖုဒ္ဓဟပေင်စောင့်နတ်က ဘုရားအလောင်းရုက္ခစိုးကို "ထိုခိုးသူကို ဖမ်းလျှင် သင်တမာပင်စောင့်နတ်အား အဘယ်သို့ ဖြစ်နိုင်သနည်း?"ဟု မေးလေသော် ဘုရားအလောင်းက "မင်းချင်းတို့သည် ထိုခိုးသူကို တမာသား တံကျင်၌ လျှိုကြမည်ကို ငါစွဲရာ၏"ဟု ဆို၏။

ဥစ္စာရှင်တို့လိုက်လာကြ၍ "အကယ်၍ ခိုးသူကို ရကုန်လျှင် ဤတမာပင်၏တံကျင်၌ လျှို၍ တမာခက်၌ ဆွဲ၍ သွားကုန်အံ့"ဟု ပြောဆို၍ သွားကုန်၏။

ညောင်ဖုဒ္ဓဟပေင်စောင့်နတ်က ဘုရားအလောင်းတမာပင်စောင့်နတ်အား ချီးကျူးစကားဆိုလေ၏။

ဆောင်ပုဒ်=ရွံရှာသင့်သူ၊ ရွံရှာမှု၊ ထိုသူ ဘေးမရောက်။

၂၃။ (၃၆၁) ဝဏ္ဏာရောဟဇာတ်၊ ပဥ္စမနိပါတ် (ဇာတက၊ ၁၊ ၁၂၇ ၁၂၈။ ဋ္ဌ၊ ၃၊ ၁၇၆ ၁၇၉။ ငါးရာငါးဆယ်၊ တ၊ ၅၇ ၆၁။)

ပစ္စုပ္ပန်ဝတ္ထု=အဂ္ဂသာဝကနှစ်ပါးတို့ကို ကုန်တိုက်သော စားကြွင်းစား ပြေးရခြင်း။

အတိတ်ဝတ္ထု=အရှင်သာရိပုတ္တအလောင်းခြင်္သေ့နှင့် အရှင်မဟာမောဂ္ဂလ္လာန်အလောင်းကျားကို ကုန်းတိုက်သောမြေခွေး ပြေးရခြင်း။

ထိုအကြောင်းကို မျက်မှောက်မြင်တွေ့နေရသော ရုက္ခစိုးနတ်ကား ဘုရားအလောင်းဖြစ်ခဲ့၏။

ဆောင်ပုဒ်=ကုန်းတိုက်စကား၊ ပြောလာငြား၊ ပယ်ရှား ပစ်သင့်ပါ။

အချင်းချင်းဆို၊ မိတ်ဆွေကို၊ ကြည်ညိုမပျက်ရာ။

၂၄။ (၄၀၀) ဒဗ္ဘပုပ္ဖဇာတ်၊ သတ္တကနိပါတ် (ဇာတက၊ ၁၊ ၁၅၈ ၁၅၉။ ဋ္ဌ၊ ၃၊ ၃၁၂ ၃၁၆။ ငါးရာငါးဆယ်၊ တ၊ ၂၆၀ ၂၆၇။)

ပစ္စုပ္ပန်ဝတ္ထု=အရှင်ဥပနန္ဒထေရ် လောဘကြီးခြင်း။

ဝါဆိုသောအခါ၌ နှစ်ကျောင်း, သုံးကျောင်းတို့ကို သိမ်းဆည်း၍ တစ်ကျောင်း၌ ထီး, ဖိနပ်တို့ကိုလည်းကောင်း, တစ်ကျောင်း၌ တောင်ဝေး, ရေဘူးတို့ကိုလည်းကောင်း ထားလျက် တစ်ကျောင်း၌ မိမိနေ၏၊ ထိုမထေရ်သည် "ရဟန်းတို့မည်သည် အလိုနည်းသည် ဖြစ်အပ်၏"ဟု ရဟန်းတို့အား ပစ္စည်း၌ရောင့်ရဲခြင်းကို ပြတတ်သောတရား 'အရိယဝံသအကျင့်'ကို ဟော၏၊ ရဟန်းတို့သည် ထိုတရားကို ကြားနာ၍ နှစ်သက်ဖွယ် ရှိကုန်သော သပိတ်သင်္ကန်းတို့ကို စွန့်၍ မြေသပိတ်, ပံသုကူသင်္ကန်းတို့ကို ယူကုန်၏။ ထိုမထေရ်သည် ထိုပစ္စည်းတို့ကို မိမိ၏နေရာ၌ ထားပြီး, ဝါကျွတ်သည်ရှိသော် ယာဉ်ငယ်ကိုပြည့်စေ၍ ဇေတဝန်ကျောင်းတော်သို့အသွား လမ်းခရီးအကြား ကျောင်းတစ်ကျောင်း၌ ရဟန်းကြီးနှစ်ပါးတို့သည် သင်္ကန်းလျာပုဆိုးကြမ်းနှစ်ထည်နှင့် သင်္ကန်းလျာတစ်ခုကမ္ဗလာနတို့ကို ခွဲဝေရန် အချင်းများနေကြရာဝယ် ရဟန်းကြီးနှစ်ပါး တစ်ပါးအား ပုဆိုးကြမ်းတစ်ထည်စီပေး၍ မိမိက ကမ္ဗလာနထည်ကို ဝိနည်းမိုရ်ဆရာစား ယူသွားလေ၏။ ထိုအကြောင်းကို ဘုရားရှင် ကြားတော်မူသောအခါ "ရဟန်းတို့...ဥပနန္ဒသည် အကျင့်အား လျော်ကပ်သည်ကို မိမိမပြု၊ သူတစ်ပါးအား အကျင့်ကိုဟောသောရဟန်းမည်သည်ကား ရှေးဦးစွာ မိမိသည် လျော်ကပ်စွာကျင့်၍ နောက်မှ သူတစ်ပါးကို ဆုံးမရာ၏...

အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။
အထညမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။
(ခု၊ ၁၊ ၃၇ ဓမ္မပဒ။ ဇာ၊ ဋ္ဌ၊ ၃၊ ၃၁၃။)

ပတိရူပေ နိဝေသယေတိ အနုစ္ဆဝိကေ ဂုဏေ ပတိဋ္ဌာပေယျ။ ဣဒံ ဝုတ္တံ ဟောတိ ယော အပ္ပိစ္ဆတာဒိဂုဏေဟိ ဝါ အရိယဝံသပဋိပဒါဒီဟိ ဝါ ပရံ အနုသာသိတုကာမော၊ သော အတ္တာနမေဝ ပဌမံ တသ္မိံ ဂုဏေ ပတိဋ္ဌာပေယျ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၉၀။)

အတ္တာနမေဝ မိမိကိုယ်ကိုသာလျှင်၊ ပဌမံ ရှေးဦးစွာ၊ ပတိရူပေ သင့်တင့်သောဂုဏ်သဘော၌၊ နိဝေသယေ သွင်းထားရာ၏၊ အထ ထို့နောက်မှ၊ အညံ သူတစ်ပါးကို၊ အနုသာသေယျ ဆုံးမရာ၏၊

ပဏ္ဍိတော-ပညာရှိသည်၊ န ကိလိဿေယျ မညစ်နွမ်းစေရာ။"...ဟု ဟောတော်မူ၍ အတိတ်ဆောင်တော်မူ၏။

[ပစ္စုပ္ပန်ဝတ္ထုသည်ကား တိကနိပါတ် သမုဒ္ဒဇာတ်၏ပစ္စုပ္ပန်ဝတ္ထု(ဇာ၊ ဋ္ဌ၊ ၂၊ ၃၉၈ ၃၉၉)နှင့် တူ၏။]

အတိတ်ဝတ္ထု=ငြင်းခုံသော ဖျံနှစ်ကောင်းတို့အား ငါးကြင်းခေါင်းနှင့်အမြီးတို့ကို ပေး၍ အလယ်သားကို ယူသောမြေခွေး။

ဒဗ္ဗပုပ္ဖ သမန်မြက်ပွင့်၊ ဥဒ္ဒ ဖျံ၊ နင်္ဂုဋ္ဌ အမြီး

ရဟန်းကြီးနှစ်ပါးသည် ထိုအခါ ဖျံနှစ်ကောင်, ဥပနန္ဒထေရ်သည် မြေခွေး ဖြစ်ခဲ့၏။

ဘုရားရှင်ကား ထိုငါးကြင်ခွဲဝေပုံကို မြင်ရသော ရုက္ခစိုးနတ်ဖြစ်ခဲ့၏။

ဤဇာတ်တော်နှင့်ပတ်သက်၍ ဓမ္မပဒအဋ္ဌကထာ (၂၊ ၈၈-၉၀)၌လည်း ကြည့်ရှုနိုင်၏။

ဆောင်ပုဒ် အချင်းချင်းဟူ၊ ငြင်းပွါးမူ၊ ကြားလူစားတော့သည်။

၂၅။ (၄၁၂) ကောဋသိမ္ဗလိဇာတ်၊ သတ္တကနိပါတ် (ဇာတက၊ ၁၊ ၁၇၀။ ဋ္ဌ၊ ၃၊ ၃၇၅ ၃၇၈။ ငါးရာငါးဆယ်၊ တ၊ ၃၅၄ ၃၅၈။)

ပစ္စုပ္ပန်ဝတ္ထု=ကာမဝိတက်ကို ကြံကုန်သော ရဟန်းငါးရာတို့အား ဘုရားရှင်ဆုံးမတော်မူခြင်း။

ပစ္စုပ္ပန်ဝတ္ထုသည်ကား ကောဒသကနိပါတ် ပါနီယဇာတ်(ခု၊ ၅=ဇာ၊ ၁၊ ၂၃၄ ၂၃၅။ ဋ္ဌ၊ ၄၊ ၁၁၅ ၁၁၆)၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=ကြီးစွာသော ဂဠုန်ငှက်ကို မကြောက်ပဲ ငှက်ငယ်မကို ကြောက်သော ဘုရားအလောင်း လက်ပံပင်စောင့် ရုက္ခစိုးနတ်။ ပညောင်ပင်ကို လွတ်၍ မိမိ၏လက်ပံပင်အခွကြား၌ နားနေသောငှက်မသည် ကျင်ကြီးစွန့်လျှင် ထိုကျင်ကြီးမှ ပေါက်လာမည့်ညောင်ပင်က မိမိ၏လက်ပံကို လွှမ်း၍ ဖျက်ဆီးလျက် မိမိ၏ဗိမာန်သည်လည်း ပျက်စီးမည့် အနာဂတ်အရေး မျှော်တွေးကာ ရုက္ခစိုးက ထိတ်လန့်ခြင်းဖြစ်၏၊ ထိုအကြောင်းကိုသိသော ဂဠုန်မင်းသည် ငှက်မကို ထိုလက်ပံပင်မှ ပြေးစေ၏။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

ဂဠုန်မင်းသည် အရှင်သာရိပုတ္တအလောင်းဖြစ်၏။

ဆောင်ပုဒ်=ညောင်စေ့ကဖြစ်၊ ညောင်ပင်သစ်၊ မျိုးပစ်ခံရာ လက်ပံမှာ။

အနာဂတ်ဘေး၊ ရှုမျှော်တွေး၊ ကြောက်ရေးမှန်စွာ ပြုအပ်ပါ။

၂၆။ (၄၃၇) ပူတိမံသဇာတ်၊ နဝကနိပါတ် (ဇာတက၊ ၁၊ ၁၉၈။ ဋ္ဌ၊ ၃၊ ၅၀၆ ၅၁၀။ ငါးရာငါးဆယ်၊ တ၊ ၅၆၃ ၅၇၁။)

ပစ္စုပ္ပန်ဝတ္ထု=ဣန္ဒြေတို့၌မစောင့်စည်းသောရဟန်းတို့အား ရူပါရုံစသည်တို့၌ ဣန္ဒြေကို စောင့်စည်းသင့်ကြောင်း ဘုရားရှင် ဟောတော်မူခြင်း။

အတိတ်ဝတ္ထု=ဆင်ခြင်ဉာဏ်ရှိသော ဆိတ်မကို မြေခွေးလှည့်စား၍ မရ၊

ထိုအခါ တောစိုးသစ်ပင်၌ ရုက္ခစိုးနတ်သည် ဘုရားအလောင်းဖြစ်ခဲ့၏။

ဆောင်ပုဒ်=စဉ်းလဲသူအား၊ ပြန်လှည့်စား၊ ကင်းပါးကြရာသည်။

၂၇။ ၄၃၉) စတုဒွါရ(မဟာမိတ္တဝိန္ဒက)ဇာတ်၊ ဒသကနိပါတ် (ဇာတက၊ ၁၊ ၂၀၁။ ဋ္ဌ၊ ၄၊ ၁ ၆။ ငါးရာငါးဆယ်၊ တ၊ ၅၈၁ ၅၉၀။)

ပစ္စုပ္ပန်ဝတ္ထု=ဆိုဆုံးမခက်သော ရဟန်းတစ်ပါး။

ဝတ္ထုကို နဝကနိပါတ် ပဌမဇာတ် (ဂိဇ္ဈဇာတ်၊ ဇာ၊ ၁၊ ၁၈၇။ ဋ္ဌ၊ ၃၊ ၄၅၉)၌ ချဲ့အပ်ပြီးသည်သာတည်း။

အတိတ်ဝတ္ထု=အမိစကားကို မနာယူပဲ အမိကို ပုတ်ခတ်ခဲ့သော မိတ္တဝိန္ဒက ငရဲပန်း သင်ဓုန်းစက်ကို နတ်ပန်းထင်၍ ငရဲသို့ကျခြင်း။

မိခင်၏တစ်ထောင်ပေး၍ တစ်ရက်တာ စောင့်ခဲ့သော ဥပုသ်ကံ၏အကျိုးဆက်ဖြင့် ဖန်ဗိမာန်ဝယ် ဝေမာနိက ပြိတ္တာမလေးယောက်, ငွေဗိမာန်ဝယ် ရှစ်ယောက်, ပတ္တမြားဗိမာန်ဝယ် တစ်ဆယ့်ခြောက်ယောက်, ရွှေဗိမာန်ဝယ် သုံးဆယ့်နှစ်ယောက်သော ဝေမာနိကပြိတ္တာမတို့နှင့် နတ်စည်းစိမ်ကို ခံစားခဲ့ရ၏။

နာဝါယ ဖလကံ ဒတွာ သမုဒ္ဒေ ခိတ္တောပိ တွံ မာတရံ နိဿာယ ကေဒိသံ ကတဿ ဥပေါသထကမ္မဿ နိဿန္ဒေန ဖလိကဝိမာနေ စတဿော ဣတ္ထိယော လဘိတွာ တတော ရဇတဝိမာနေ အဋ္ဌ, မဏိဝိမာနေ သောဠသ, ကနကဝိမာနေ ဒွတ္တိံသ အဓိဂတောသီတိ။ (ဇာ၊ ဋ္ဌ၊ ၄၊ ၅။)

အလိုကြီးသော ယုတ်မာသောသင်သည် ထိုဥပုသ်ကံ၏အရှိန်ကုန်သည်၏အဖြစ်ကြောင့် သုံးဆယ့်နှစ်သောမိန်းမတို့ကို လွန်၍ (ထားခဲ့၍) ဤပြိတ္တာမြို့ (ဥဿဒရဲ)သို့ လာ၍ မိခင်အား တွန်းထိုပုတ်ခတ်ခြင်းကို ပေးခဲ့သောအကုသိုလ်၏အကျိုးဆက်ဖြင့် ဤသင်ဓုန်းစက်သို့ ရောက်ရခံစားရလေ၏ ဟု ဘုရားအလောင်းရုက္ခစိုးနတ်မင်းက မိတ္တဝိန္ဒကအား ပြောပြလေ၏။

အတိစ္ဆော ပါပပုဂ္ဂလော တဿ ဉပေဿထကမ္မဿ ခီဏတ္တာ ဒွတ္တိံသ ဣတ္ထိယော အတိက္ကမိတွာ ဣမံ ပေတနဂရံ အာဂန္တွာ တဿ မာတုပဟာရဒါနအကုသလဿ နိဿန္ဒေန ဣဒံ ခုရစက္ကံ သမ္ပတ္တောသိ။ (ဇာ၊ဋ္ဌ၊၄၊၅)

ဆောင်ပုဒ်=ချစ်ခင်သနား၊ မိဘများ၊ ပြောကြားနားထောင်ပါ။

နားမထောင်ငြား၊ ပုတ်ခတ်သွား၊ ထိုသား သင်ဓုန်းရွာ။

၂၈။ (၄၆၅) ဘဒ္ဒသာလဇာတ်၊ ဒွါဒသကနိပါတ် (ဇာတက၊ ၁၊ ၂၄၂ ၂၄၃။ ဋ္ဌ၊ ၄၊ ၁၄၇ ၁၆၀။ ငါးရာငါးဆယ်၊ စ၊ ၁ ၂၂။)

ပစ္စုပ္ပန်ဝတ္ထု=ကောသလမင်း, မဟာနာမမင်း, ဝိဋဋူဘမင်း, ဗန္ဓုလစစ်သူကြီး, မလ္လိကာစစ်သူကြီးကတော်, လိစ္ဆဝီမင်းတို့နှင့် ဘုရားရှင်၏ဆွေတော်မျိုးတော်များ။

လင်နှင့်သားများ အသတ်ခံရသော်လည်း စိတ်ဓာတ်တုန်လှုပ်ခြင်းမရှိ, စိတ်ခိုင်မာလှသော မလ္လိကာ။

အတိတ်ဝတ္ထု=ဘုရားအလောင်းအင်ကြင်းပင်စောင့်နတ်သည် ဆွေမျိုးနတ်တို့အား စောင့်ရှောက်ခြင်း။

မင်းသည် အရှင်အာနန္ဒာအလောင်းဖြစ်ခဲ့၏။

ဆောင်ပုဒ်=ဆွေမျိုးတို့အား၊ ထောက်ပံ့ငြား၊ တစ်ပါးမင်္ဂလာ။

၂၉။ (၄၆၂) တစ္ဆသူကရဇာတ်၊ ပကိဏ္ဏကနိပါတ် (ဇာတက၊ ၁၊ ၂၉၆ ၂၉၈။ ဋ္ဌ၊ ၄၊ ၃၄၂ ၃၅၀။ ငါးရာငါးဆယ်၊ စ၊ ၃၁၉ ၃၃၂။)

ပစ္စုပ္ပန်ဝတ္ထု=ဓနုဂ္ဂဟတိဿမထေရ်၏စစ်ဆင်နည်းသုံးမျိုး။

သကဋဗျူဟာစစ်ဆင်နည်း=တောင်ကြွေ၌ နံပါးနှစ်ဖက်တို့၌ မင်းချင်းတို့ကို ထား၍ ရှေ့မှ ဗိုလ်စုကိုပြသဖြင့် အတွင်းသို့ ဝင်သောအဖြစ်ကို သိလျှင် ဟစ်ကြွေးကြော်ငြာ၍ မြူး၌ဝင်သော ငါးကဲ့သို့ လက်သို့ရောက်သည်ကိုပြု၍ ရန်သူကို ဖမ်းယူသောနည်း။ [လှည်းဦးကဲ့သို့ အလည်ရှူး၍ တောင်ပန်နှစ်ဖက်ဖြန့်ကာ တစ်ရှူးထိုးစစ်ဆင်နည်း။]

စက္ကဗျူဟာစစ်ထိုးနည်း=[စက်ဝန်း, ပစောက်, လခြမ်းပုံစံလှည့်၍ ထိမိအောင် စစ်ဆင်နည်း]။

ပဒုမဗျူဟာစစ်ဆင်နည်း=အလယ်အရပ်၌ နို့စို့အရွယ် ဝက်ငယ်တို့ကို ထား၏၊ ထိုဝက်ငယ်တို့ကို ရံ၍ ထိုဝက်ငယ်တို့၏အမိတို့ကို ထား၏၊ ထိုသားအမိဝက်ငယ်တို့ကို ရံ၍ ဝက်ပျိုမတို့ကို ထား၏၊ ထိုဝက်ပျိုမတို့၏အကြား၌ မုလေးငုံကဲ့သို့ အစွယ်ရှိသော ဝက်ပျိုတို့ကို ထား၏၊ ထိုဝက်ပျိုတို့၏အကြား၌ ဝက်အိုတို့ကို ထား၏၊ ထိုဝက်အိုတို့ပြင်ဖက်မှ ထိုထိုအရပ်တို့၌ ဆယ်စီးစု, နှစ်ဆယ်စု, သုံးဆယ်စုကို ပြု၍ ဗိုလ်စုတို့ကို ထား၏၊ မိမိအကျိုးငှါ တစ်ခုသောတွင်းကို ပြု၍ ကျားကိုကျစိမ့်သောငှါ မန်းနှင့်တူသော မြေလိုဏ်ကို ပြု၍ တူးစေ၏၊ တွင်းနှစ်တွင်းတို့၏အကြား၌ မိမိနေရာအလို့ငှါ မြေပလ္လင်ကို ပြုစေ၏၊ ထိုတစ္ဆသူကရသည် အားအစွမ်းနှင့်ပြည့်စုံကုန်သော ဝက်သူရဲကောင်းတို့ကို ယူ၍ ထိုထိုအရပ်တို့၌ ဝက်တို့ကို နှစ်သိမ့်စေလျက် လှည့်လည်၏၊ ဤကား ကျားကို တိုက်ရန် တစ္ဆသူကရ၏စစ်ဆင်နည်းတည်း။ [ပဒုမာကြာချပ်ကဲ့သို့ အထပ်ထပ်ချ၍ ထွက်ပေါက်မရအောင် စစ်ဆင်နည်း။]

တစ္ဆသူကရဝက်မင်းသည် ထိုပဒုမဗျူဟာစစ်ဆင်နည်းဖြင့် ကျားကို အောင်မြင်၍ ရသေ့စဉ်းလဲကို သတ်ဖြတ်နိုင်ခဲ့၍ ဝက်တို့၌ ရန်သူလုံးဝမရှိတော့ပြီဖြစ်ရကား ဝက်တို့သည် ရသေ့စဉ်းလဲ၏ခရသင်းကို ရေဖြင့် ပြည်စေပြီးလျှင် တစ္ဆသူကရကို ဝက်မင်းအဖြစ်ဖြင့် ရေသဖန်းပင်ရင်း၌ပင် အဘိသိက်သွန်းကုန်၏၊ အဘိသိက်သွန်းစေသော ဝက်မကိုပင် မိဖုရားကြီးပြုကုန်၏။

ထိုအခါမှစ၍ ရေသဖန်းပင်ရင်း၌ နေစေ၍ လက်ျာရစ်ခရုသင်းဖြင့် အဘိသိက်သွန်းခြင်း အစီအရင်သည် ဖြစ်၏။

တတော ပဋ္ဌာယ ဥဒုမ္ဗရပိဋ္ဌေ နိသီဒါပေတွာ ဒက္ခိဏာဝဋ္ဋသင်္ခေန အဘိသေကကရဏံ ပဝတ္တံ။ (ဇာ၊ ဋ္ဌ၊ ၄၊ ၃၄၉။)

ထိုအံ့ဖွယ်သရဲကို မြင်ရသော ဘုရားအလောင်းရုက္ခစိုးနတ်က...

သာဓု သမ္ဘဟုလာ ဉာတီ၊ အပိ ရုက္ခာ အရညဇာ။

သူကရေဟိ သမဂ္ဂေဟိ၊ ဗျဂ္ဃော ဧကာယနေ ဟတော။

(ဇာတက၊ ၁၊ ၂၉၈။ ဋ္ဌ၊ ၄၊ ၃၄၉။)

သမ္မဟုလာ အစည်းအရုံးများကုန်သော၊ ဉာတီ အဆွေအမျိုးတို့သည်၊ သာဓု ကောင်းကုန်၏၊ အရညဇာ တောဋ္ဌဖြစ်ကုန်သော၊ ရုက္ခာ အပိ သစ်ပင်တို့သည်လည်း၊ သမ္မဟုလာ အစည်းအရုံး များကုန်မူ၊ သာဓု ကောင်းကုန်၏၊ သမဂ္ဂေဟိ ညီညွတ်ကုန်သော၊ သူကရေဟိ ဝက်တို့သည်၊ ဧကာယနေ အပေါင်းအဖော်မရှိ တစ်စည်းတည်း သွားရာ၌၊ ဗျဂ္ဃော ကျားကို၊ ဟတော သတ်အပ်၏။

[ ]စကားများသည် "သုတေသန သရုပ်ပြအဘိဓာန် (၄၃၃)"၌ ပါရှိ၏။

ယခုအခါ ဓနုဂ္ဂဟတိဿမထေရ်သည် ထိုအခါ တစ္ဆသူကရဝက်မင်း၊ ဒေဝဒတ်သည် ရသေ့စဉ်းလဲ၊ ဘုရားရှင်သည် ရုက္ခစိုးနတ်တို့ ဖြစ်ခဲ့၏။

ဆောင်ပုဒ်=ညီညာပေါင်းစု၊ တိုင်ပင်ပြု၊ ရမှုအောင်ကြောင်းသာ။

၃၀။ (၅၂၀) ဂန္ဓတိန္ဒုကဇာတ်၊ တီ'သနိပါတ် (ဇာတက၊ ၁၊ ၃၉၇ ၄၀၀။ ဋ္ဌ၊ ၅၊ ၁၀၃ ၁၁၃။ ငါးရာငါးဆယ်၊ စ၊ ၇၅၈ ၇၇၃။)

ပစ္စုပ္ပန်ဝတ္ထု=ပသေနဒီကောသလမင်းအား ဘုရားရှင်ဆုံးမတော်မူခြင်း။

အတိတ်ဝတ္ထု=အဂတိလိုက်စား၊ အခွန်အတုပ်ဖြင့်စည်းကြပ်၊ မင်းချင်းတို့ လုယက်ခြင်းဖြင့် ပြည်သူကို ဖျက်သော ပဉ္စာလမင်းအား ဘုရားအလောင်းတည်ပင်စောင့်နတ်ဆုံးမခြင်း။

ဆောင်ပုဒ်=အဂတိလိုက်စား၊ အုပ်ချုပ်ငြား၊ ပျက်ပြား တိုင်းပြည်မှာ။

လောင်းတော်စကား၊ လိုက်နာပွါး၊ ပြငြားကောင်းမှုပါ။

အဂတိလေးပါး၊ မလိုက်စား၊ လျော်ငြား မင်းကျင့်ရာ။

## လူ့ဘ၀ ၃၅၃ ကြိမ်တို့ကား..................................

၁။ (၁) အပဏ္ဏကဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁။ ဋ္ဌ၊ ၁၊ ၁၁၁ ၁၂၁။ ငါးရာငါးဆယ်၊ ပ၊ ၂ ၁၇။)

ပစ္စုပ္ပန်ဝတ္ထု=တိတ္ထိတပည့်ငါးရာတို့ ထပ်ကာထပ်ကာ အယူပြောင်းခြင်း။

ဘုရားရှင်က အနာထပိဏ်သူဌေးကြီး၏မိတ်ဆွေ တိတ္ထိတပည့်ငါးရာတို့အား ဟောကြားအပ်သော သရဏဂုံနှင့်စပ်သော တရားတော်..."ရတနာသုံးပါးတို့ကို ကိုးကွယ်ဆည်းကပ်ကြသော ဥပါသကာ, ဥပါသိကာမတို့သည် ငရဲအစရှိသည်တို့၌ ဖြစ်ကြရသောမည်သည် မရှိ၊ အပါယ်သို့လားရခြင်းမှ ကင်းလွတ်၍ နတ်ပြည်၌ ကြီးကျယ်သောနတ်စည်းစိမ်ကို ခံစားကြရကုန်၏။ ထို့ကြောင့် သင်တို့သည် ဤသို့သဘောရှိသော သရဏဂုံကို ဖျက်ကုန်၍ သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့အား ကိုးကွယ်ခြင်းသို့ ရောက်ကုန်သဖြင့် မသင့်မလျော်သည်ကို ပြုအပ်လေသည်။

ရတနတ္တယံ သရဏံ ဂတာ ဥပါသကာ ဝါ ဥပါသိကာ ဝါ နိရယာဒီသု နိဗ္ဗတ္တကာ နာမ နတ္ထိ၊ အပါယနိဗ္ဗတ္တိတော ပန မုစ္စိတ္ဝာ ဒေဝလောကေ ဥပ္ပဇ္ဇိတွာ မဟာသမ္ပတ္တိံ အနုဘောန္တိ၊ တသ္မာ တုမှေဟိ ဧဝရူပံ သရဏံ ဘိန္ဒိတွာ အညတိတ္ထိယ သရဏံ ဂစ္ဆန္တေဟိ အယုတ္တံ ကတံ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၁၁၂။)

၁။ ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။
(ဒီ၊ ၂၊ ၂၀၄။ သံ၊ ၁၊ ၂၅။)
၂။ ယေ ကေစိ ဓမ္မံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။
၃။ ယေ ကေစိ သံဃံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။
၄။ ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ။
အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။
၅။ နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏမုတ္တမံ။
နေတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။
၆။ ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။
၇။ ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။
အရိယံ စဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။
၈။ ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏမုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။
(ခု၊ ၁၊ ဓမ္မပဒ၊ ၄၁။)

ယေ ကေစိ ခပ်သိမ်းကုန်သောသူတို့သည်၊ ဗုဒ္ဓံ ဘုရားရှင်ကို၊ ဓမ္မံ တရားတော်ကို၊ သံဃံ သံဃာတော်ကို၊ သရဏံ ကိုးကွယ်ရာဟူ၍၊ ဂတာသေ ဆည်းကပ်ကုန်၏၊ တေ ထိုသူတို့သည်၊ အပါယံ အပါယ်သို့၊ န ဂမိဿန္တိ မလားရကုန်လတ္တံ့၊ မာနုသံ ဒေဟံ လူ၌ဖြစ်သော ကိုယ်ကို၊ ပဟာယ စွန့်၍၊ ဒေဝကာယံ နတ်ပြည်သို့၊ ပရိပူရေဿန္တိ ပြည့်စေကုန်လတ္တံ့။

ဘယတဇ္ဇိတာ ဘေးမှကြောက်ကုန်သော၊ ဗဟူ မနုဿာ များစွာကုန်သောလူတို့သည်၊ ဝေ စင်စစ်၊ ပဗ္ဗတာ စ တောင်တို့ကိုလည်းကောင်း၊ ဝနာနိ စ တောတို့ကိုလည်းကောင်း၊ အာရာမရုက္ခစေတျာနိ စ အရံ ပူဇော်ရာသစ်ပင်ကြီးတို့ကိုလည်းကောင်း၊ သရဏံ ကိုးကွယ်ခြင်းသို့၊ ယန္တိ ရောက်ကုန်၏။

ခေါ စင်စစ်၊ ဧတံ သရဏံ ထိုတောင်အစရှိသည်ကို ကိုးကွယ်ခြင်းသည်၊ န ခေမံ ဘေးကို မလုံစေတတ်၊ ဧတံ သရဏံ ထိုတောင်အစရှိသည်ကို ကိုးကွယ်ခြင်းသည်၊ န ဥတ္တမံ မမြတ်၊ ဧတံ သရဏံ ထိုတောင်အစရှိသည်ကို ကိုးကွယ်ခြင်းကို၊ အာဂမ္မ စွဲ၍၊ သဗ္ဗဒုက္ခာ ခပ်သိမ်းသောဆင်းရဲမှ၊ န ပမုစ္စတိ မလွတ်။

ယော-အကြင်သူသည်၊ ဗုဒ္ဓဉ္စ ဘုရားရှင်ကိုလည်းကောင်း၊ ဓမ္မဉ္စ တရားတော်ကိုလည်းကောင်း၊ သံဃဉ္စ သံဃာတော်ကိုလည်းကောင်း၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂတော-ဆည်းကပ်၏၊ သော-ထိုသူသည်၊ ဒုက္ခံ ဒုက္ခသစ္စာလည်းကောင်း၊ ဒုက္ခသမုပ္ပါဒံ ဒုက္ခကိုဖြစ်စေတတ်သော သမုဒယသစ္စာလည်းကောင်း၊ ဒုက္ခဿ ဆင်းရဲကို၊ အတိက္ကမဉ္စ လွန်သော နိရောဓသစ္စာလည်းကောင်း၊ ဒုက္ခူပသမဂါမိနံ ဒုက္ခ၏ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော၊ အရိယံ အရိယာ၏အဖြစ်ကိုပြုတတ်သော၊ အဋ္ဌင်္ဂိကံ-အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော၊ မဂ္ဂဉ္စ မဂ္ဂသစ္စာလည်းကောင်း၊ ဣတိ ဤသို့၊ စတ္တာရိ လေးပါးကုန်သော၊ အရိယသစ္စာနိ အရိယာအဖြစ်ကို ပြုတတ်ကုန်သော သစ္စာတို့ကို၊ သမ္မပ္ပညာယ မဖောက်မပြန် ကောင်းမြတ်သောပညာဖြင့်၊ ပဿတိ မြင်၏။

ခေါ စင်စစ်၊ ဧတံ သရဏံ-ထိုဘုရားတရားသံဃာကို ကိုးကွယ်ခြင်းသည်၊ ခေမံ ဘေးကင်းစေတတ်၏၊ ဧတံ သရဏံ ထိုဘုရားတရားသံဃာကို ကိုးကွယ်ခြင်းသည်၊ ဥတ္တမံ မြတ်၏၊ ဧတံ သရဏံ ထိုဘုရားတရားသံဃာကို ကိုးကွယ်ခြင်းကို၊ အာဂမ္မ စွဲ၍၊ သဗ္ဗဒုက္ခာ ခပ်သိမ်းသော ဆင်းရဲမှ၊ ပမုစ္စတိ လွတ်၏။

အတိတ်ဝတ္ထု=ဒေဝဒတ်အလောင်း မိုက်သောလည်းကုန်သည်မှူးကို အမှီပြု၍ လည်းကုန်သည်ငါးရာ ဘီလူးစားခံရခြင်း၊ ဘုရားအလောင်း ပညာရှိလည်းကုန်သည်မှူးကို အမှီပြု၍ လည်းကုန်သည်ငါးရာတို့ ဘီလူးဘေးမှကင်းဝေးသည့်အပြင် စီးပွါးချမ်းသာကြရခြင်း။

ကန္တာရ (ခရီးခဲ)ငါးမျိုး.....

၁။ စောရကန္တာရ-ခိုးသူဓားပြတို့နေအပ်သော ခရီးခဲ။

၂။ ဝါဠကန္တာရ ခြင်္သေ့အစရှိသော သားရဲတိရစ္ဆာန်တို့နေအပ်သောခရီးခဲ။

၃။ နိရုဒကကန္တာရ ချိုးစရာ, သောက်စရာ ရေမရှိသောခရီးခဲ (အရပ်)။

၄။ အမနုဿကန္တာရ-ဘီလူးတို့နေအပ်သောခရီးခဲ (အရပ်)။

၅။ အပ္ပဘက္ခကန္တာရ အမြစ်ခဲဖွယ်အစရှိသည်တို့မှ ကင်းသောခရီးခဲ (အရပ်)။
(စားဖွယ်, ခဲဖွယ်မရှိသော ခရီးခဲ)

ကန္တာရံ နာမ စောရကန္တာရံ ဝါဠကန္တာရံ နိရုဒကကန္တာရံ အမနုဿကန္တာရံ အပ္ပဘက္ခကန္တာရန္တိ ပဉ္စဝိဓံ။ တတ္ထ စောရေဟိ အဓိဋ္ဌိတမဂ္ဂေါ စောရကန္တာရံ နာမ။ သီဟာဒီဟိ အဓိဋ္ဌိတမဂ္ဂေါ ဝါဠကန္တာရံ နာမ။ ယတ္ထ နှာယိတုံ ဝါ ပါတုံ ဝါ ဥဒကံ နတ္ထိ၊ ဣဒံ နိရုဒကကန္တာရံ နာမ။ အမနုဿာဓိဋ္ဌိတံ အမနုဿကန္တာရံ နာမ။ မူလခါဒနီယာဒိ ဝိရဟိတံ အပ္ပဘက္ခကန္တာရံ နာမ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၁၁၅။)

ဆောင်ပုဒ်=အကြောင်းမှန်မှ၊ အကျိုးရ၊ လွဲက ကျိုးပျက်မည်။
ပညာမဲ့အား၊ မှီဝဲငြား၊ အများဆင်းရဲသည်။
ပညာရှိအား၊ မှီဝဲငြား၊ အများချမ်းသာသည်။
အပဏ္ဏက၊ ဇာတ်တော်က၊ ထုံးပြခဲ့လေပြီ။

၂။ (၂) ဝဏ္ဏုပထဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁။ ဋ္ဌ၊ ၁၊ ၁၂၂ ၁၂၆။ ငါးရာငါးဆယ်၊ ပ၊ ၁၈ ၂၃။)
ငါးရာငါးဆယ်ဇာတ်ဝတ္ထု၌ကား "ဝဏ္ဏုပထဇာတ်"ဟု ရှိ၏။
ပစ္စုပ္ပန်ဝတ္ထု=တရားမရ၍ ဝီရိယကိုလျှော့ချသော ရဟန်း။
အတိတ်ဝတ္ထု=ဘုရားအလောင်းလည်းကုန်သည်မှူး၏ညွှန်ကြားချက်ဖြင့် ဝီရိယကိုမလျှော့ပဲ ကျောက်ဖြာကို ခွဲ၍ ရေရရှိသောကြောင့် လည်းကုန်သည်အများ ချမ်းသာရာရစေသော (ဝီရိယကိုလျှော့ချသောရဟန်းအလောင်း)အလုပ်အကျွေးငယ်။

ဝဏ္ဏု သဲ၊ ဝဏ္ဏုပထ, ဝဏ္ဏုပထ သဲခရီး၊ မရုကန္တာရ သဲကန္တာရ
ဝဏ္ဏုပထေတိ ဝဏ္ဏု ဝုစ္စတိ ဝါလုကာ၊ ဝါလုကာမဂ္ဂေတိ အတ္ထော။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၁၂၅။)

ဆောင်ပုဒ်=ဝီရိယလျှော့၊ စိတ်ဓာတ်ပျော့၊ ဘယ်တော့မအောင်မြင်။
ဝီရိယတင်း၊ အားမာန်သွင်း၊ မယွင်းအောင်ပန်းဆင်။

မုနိ ၆-ပါး......

မုနိ-ဟူသည် "ဉာဏ်ပညာနှင့်ပြည့်စုံသောသူ"ဟု ဆိုလို၏။
(၁) အဂါရိယမုနိ-လူအရိယာ၊
(၂) အနဂါရိယမုနိ ရဟန်းသာမဏေ၊
(၃) သေက္ခမုနိ သေက္ခပုဂ္ဂိုလ် ၇ ယောက်၊
(၄) အသေက္ခမုနိ-ရဟန္တာပုဂ္ဂိုလ်၊
(၅) ပစ္စေကဗုဒ္ဓမုနိ-ပစ္စေကဗုဒ္ဓါအရှင်မြတ်၊
(၆) မုနိမုနိ-သမ္မာသမ္ဗုဒ္ဓဘုရားရှင်။

မုနီတိ မောနံ ဝုစ္စတိ ဉာဏံ, ကာယမောနေယျာဒီသု ဝါ အညတရံ၊ တေန သမန္နာဂတတ္တာ ပုဂ္ဂလော "မုနိ"တိ ဝုစ္စတိ။ သော ပနေသ အဂါရိယမုနိ အနဂါရိယမုနိ သေက္ခမုနိ အသေက္ခမုနိ ပစ္စေကဗုဒ္ဓမုနိ (ပစ္စေကမုနိ သီ၊သျာ) မုနိမုနီတိ အနေကဝိဓော။ တတ္ထ အဂါရိယမုနီတိ ဂိဟီ အာဂတဖလော ဝိညာတသာသနော။ အနဂါရိယမုနီတိ တထာရူပေါဝ ပဗ္ဗဇိတော။ သေက္ခမုနီတိ သတ္တ သေက္ခာ။ အသေက္ခမုနီတိ ခီဏာသဝေါ။ ပစ္စေကဗုဒ္ဓမုနီတိ ပစ္စေကသမ္ဗုဒ္ဓေါ။ မုနိမုနီတိ သမ္မာသမ္ဗုဒ္ဓေါ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၁၂၅။ ဣတိဝုတ္တက၊ ဋ္ဌ၊ ၁၄၄။)

(၁) အဂါရမုနိ, (၂) အနဂါရမုနိ, (၃) သေခမုနိ, (၄) အသေခမုနိ, (၅) ပစ္စေကမုနိ, (၆) မုနိမုနိ။ ဣမေဟိ တီဟိ မောနေယျေဟိ ဓမ္မေဟိ သမန္နာဂတာ ဆ မုနိနော (မုနယော သျာ) အဂါရမုနိနော အနဂါရမုနိနော သေခမုနိနော အသေခမုနိနော ပစ္စေကမုနိနော မုနိမုနိနောတိ။ ကတမေ အဂါရမုနိနော? ယေ တေ အဂါရိကာ ဒိဋ္ဌပဒါ ဝိညာတသာသနာ၊ ဣမေ အဂါရမုနိနော။ ကတမေ အနဂါရမုနိနော? ယေ တေ (အနဂါရာ) ပဗ္ဗဇိတာ ဒိဋ္ဌပဒါ ဝိညာတသာသနာ၊ ဣမေ အနဂါရမုနိနော။ သတ္တ သေခါ သေခမုနိနော။ အရဟန္တော အသေခမုနိနော။ ပစ္စေကဗုဒ္ဓါ ပစ္စေကမုနိနော။ မုနိမုနိနော ဝုစ္စန္တိ တထာဂတာ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ။ (မဟာနိဒ္ဒေသ၊ ၄၄, ၂၆၁။ စူဠနိဒ္ဒေသ၊ ၇၄။)
အဂါရမဇ္ဈေ ဝသန္တာ အဂါရမုနိနော။ ပဗ္ဗဇ္ဇူပဂတာ အနဂါရမုနိနော။ တတ္ထ သေက္ခာ သေက္ခမုနိနော။ အရဟန္တော အသေက္ခမုနိနော။ ပစ္စေကဗုဒ္ဓါ ပစ္စေကမုနိနော။ သမ္မာသမ္ဗုဒ္ဓါ မုနိမုနိနော။
အဂါရိကာတိ ကသိဂေါရက္ခာဒိအဂါရိကကမ္မေ နိယုတ္တာ။ ဒိဋ္ဌပဒါတိ ဒိဋ္ဌနိဗ္ဗာနာ။ ဝိညာတသာသနာတိ ဝိညာတံ သိက္ခတ္တယသာသနံ ဧတေသန္တိ ဝိညာတသာသနာ။ အနဂါရာတိ ကသိဂေါရက္ခာဒိအဂါရိကကမ္မံ ဧတေသံ နတ္ထီတိ ပဗ္ဗဇိတာ "အနဂါရာ"တိ ဝုစ္စန္တိ။ (မဟာနိဒ္ဒေသ၊ ဋ္ဌ၊ ၁၅၂ ၁၅၃။)

၃။ (၃) သေရိဝဝါဏိဇဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂။ ဋ္ဌ၊ ၁၊ ၁၂၆ ၁၂၉။ ငါးရာငါးဆယ်၊ ပ၊ ၂၄ ၂၈။)

ပစ္စုပ္ပန်ဝတ္ထု=ဝီရိယကိုလျှော့သော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=ကောက်ကျစ်လျက် အသပြာတစ်သိန်းတန်ရွှေခွက်ကို ပဲဝက်မျှပင်မတန် ဟု ဆို၍ အလကားရယူချင်သော်လည်း ရွှေခွက်မရသောကြောင့် သွေးအန်ကာ နလုံးကွဲ၍ သေဆုံးရသော ဒေဝဒတ်အလောင်း ရွဲကုန်သည်၊
"အသပြာတစ်သိန်းတန်သော ရွှေခွက်"ဖြစ်၍ ထိုတန်ဖိုးနှင့်ညီမျှသောပစ္စည်းမရှိကြောင်း ပြောရာ မြေးအဖွားတို့က အနူးအညွတ်ပင် ထိုရွှေခွက်ကို ပေးကြရာ ဘုရားအလောင်းရွဲကုန်သည်က ထိုမြေးအဖွားတို့အား သူရောင်းရသမျှ အသပြာငါးရာနှင့် ငါးရာတန်ဥစ္စာတို့ပေး၍ ရွှေခွက်ကို ရယူလေသည်။
ဒေဝဒတ်အလောင်းရွဲကုန်သည်သည် တစ်သိန်းတန်ရွှေခွက်ကို မိမိရသင့်လျက် မရပဲ ဘုရားအလောင်းရွဲကုန်သည်ရသွားသောကြောင့် ဘုရားအလောင်းရွဲကုန်သည်အပေါ်၌ ရန်ငြိုးဖွဲ့လျက် သွေးအန်သေဆုံးခဲ့ရ၏။
ဤကား ဘုရားအလောင်းအပေါ်၌ ဒေဝဒတ်၏ရှေးဦးစွာသော ရန်ငြိုးတည်း။
ဘုရားအလောင်းအပေါ်၌ ဒေဝဒတ်၏ရန်ငြိုးဖွဲ့ခြင်းအစ ရွဲကုန်သည်ဘဝက ဟုဆိုနိုင်၏။
သော ဗောဓိသတ္တေ အာဃာတံ ဗန္ဓိတွာ တတ္ထေဝ ဇီဝိတက္ခယံ ပါပုဏိ။ ဣဒံ ပဌမံ ဒေဝဒတ္တဿ ဗောဓိသတ္တေ

အာဃာတဗန္ဓနံ။ (ဇာတက၊ ၄၊ ၁၊ ၁၂၈။)

သေရိဝဝါဏိဇ, ကစ္ဆပုဋဝါဏိဇ-ရွဲကုန်သည်၊ မဏိက-ရွဲလုံးကြီး၊ သုဝဏ္ဏပါတိ ရွှေခွက်

ဆောင်ပုဒ်=ကောက်ကျစ်စဉ်းလဲ၊ ရွှေခွက်လွဲ၊ သေပွဲဝင်ရ သေရိဝ။

စိတ်ကောင်းရှိပေ၊ ရွှေခွက်လေ၊ မသေ့မှန်စွ လောင်းတော်ရ။

လောင်းတော်ပေါ်ဒ္ဓ၊ ရန်ငြိုးမိုက်၊ ဖွဲ့လိုက်အစ ဒေဝဒတ်က။

၄။ (၄) စူဠသေဋ္ဌိဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂။ ၄၊ ၁၊ ၁၃၀ ၁၃၉။ ငါးရာငါးဆယ်၊ ပ၊ ၂၈ ၄၂။)

ပစ္စုပ္ပန်ဝတ္ထု=မဟာပန်ထေရ်နှင့် စူဠပန်ထေရ်တို့အကြောင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းစူဠသူဌေး၏ပြောဆိုချက်အရ ကြွက်သေတစ်ခုကို အရင်းပြု၍ လေးလနှင့် အသပြာ ငွေနှစ်သိန်းရသည့်အပြင် စူဠသူဌေး၏သမက်ပင်ဖြစ်ရသော စူဠပန်အလောင်း စူဠန္တေဝါသိက။

အပ္ပကေနပိ မေဓာဝီ၊ ပါဘတေန ဝိစက္ခဏော။

သမုဋ္ဌာပေတိ အတ္တာနံ၊ အဏုံ အဂ္ဂိံဝ သန္ဓမံ။

(ဇာတက၊ ၁၊ ၂။ ၄၊ ၁၊ ၁၃၈။)

(ပဏ္ဍိတော ပညာရှိသည်)၊ အဏုံ အနည်းငယ်သော၊ အဂ္ဂိံ မီးကို၊ သန္ဓမံ သန္ဓမန္တော ပါးပြင်လေဖြင့် မှုတ် လျက်၊ မဟန္တံ ကြီးစွာသော၊ (အဂ္ဂိက္ခန္ဓံ မီးပုံကြီးကို၊ ကရောတိ ဣဝ ပြုသကဲ့သို့)၊ ဝိစက္ခဏော ကုန်သွယ်ခြင်း၌ လိမ္မာသော၊ မေဓာဝီ ပညာရှိသည်၊ အပ္ပကေနပိ အနည်းငယ်လည်းဖြစ်သော၊ ပါဘတေန ဥစ္စာအရင်းဖြင့်၊ မဟန္တံ များစွာသော၊ (ဓနဉ္စ ဥစ္စာကိုလည်းကောင်း၊ ယသဉ္စ အခြံအရံကိုလည်းကောင်း၊ ဥပ္ပါဒေတွာ ဖြစ်စေ၍၊ တတ္ထ ထို များစွာသော ဥစ္စာအခြံအရံ၌၊) အတ္တာနံ မိမိကိုယ်ကို၊ သမုဋ္ဌာပေတိ တည်စေ၏။

ဆောင်ပုဒ်=ကြွက်သေတစ်ခု၊ အရင်းပြု၍၊ သွယ်မှုကုန်မှာ၊ လေးလကြာသော်၊ နှစ်ဖြာငွေက၊ သိန်းချီရ၏။

၅။ (၅) တဏ္ဍုလနာဠိဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂။ ၄၊ ၁၊ ၁၃၉-၁၄၂။ ငါးရာငါးဆယ်၊ ပ၊ ၄၂ ၄၇။)

ပစ္စုပ္ပန်ဝတ္ထု=စာရေးတံမဲ မချတတ်သော လာလုဒါယီမထေရ်။

အတိတ်ဝတ္ထု=ဘုရားအလောင်းရာဖြတ်ကို မကြိုက်၍ လာလုဒါယီအလောင်းခရီးသွားယောကျ်ားကို ရာဖြတ်ခန့်အပ်မိရာ ဗာရာဏသီပြည်တန်ဖိုးကို ဆန်တစ်ကွမ်းစားဖြင့် ဖြတ်ခြင်း၊ ဘုရင်အရှက်ရ၍ ထိုရာဖြတ်မိုက်ကို နှင်ထုတ်ပြီး ဘုရားအလောင်းအား ရာဖြတ်ရာထူးပြန်ပေးခြင်း။

အဂ္ဃါပနိက တန်ဖိုးဖြတ်သူ, ရာဖြတ်အရာရှိ

ဆောင်ပုဒ်=ယုတ်မြတ်ဆိုးကောင်း၊ မသိတောင်း၊ ညွန်ကြောင်းပြုသောသူ။

အများအတွက်၊ ဆုတ်ယုတ်လျက်၊ လာဘ်ပျက်သူကြောင့်ဟူ။

၆။ (၆) ဒေဝဓမ္မဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂။ ၄၊ ၁၊ ၁၄၂ ၁၅၀။ ငါးရာငါးဆယ်၊ ပ၊ ၄၇ ၅၃။)

ပစ္စုပ္ပန်ဝတ္ထု=ပစ္စည်းများစွာရှိသည်ကို အကြောင်းပြု၍ ဘုရားရှင်ဆုံးမရာ အမျက်ထွက်လျက် ကိုယ်ရုံကိုချကာ ပရိသတ် အလယ်၌ သင်းပိုင်တထည်သာ ရှိသည်ဖြစ်၍ ရပ်နေခြင်း။ ဘုရားရှင်က ရှေး၌ ဟိရိဩတ္တပ္ပရှာဖူးသည် မဟုတ် လော? စသည်ဖြင့် မိန့်တော်မူသောအခါ သတိရလျက် သင်္ကန်းကိုရုံ၍ ရှိခိုးကာ တရားနာခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းမဟိသာသမင်းသားက ရေစောင့်ရက္ခိုသ်အား ဒေဝဓမ္မတရားကို ဟောကြားပေးသဖြင့် ရက္ခိုသ်က ညီတစ်ယောက်ကို ပေးမည် ဟု ဆိုရာ ဘုရားအလောင်းက "ဖတူမိကွဲ" ညီတော် သူရိယမင်းသား ကို ယူမည် ဟု ပြောလေသော် ရက္ခိုသ်က ဘုရားအလောင်းအား ဒေဝဓမ္မတရားကိုသာ သိ၍ ဒေဝဓမ္မကိုမကျင့် ဟု ပြော၏၊ ဘုရားအလောင်းက "သူရိယမင်းသားကြောင့် ငါတို့ထွက်ခွါလာရတာဖြစ်၍ ညီးတော်ရင်း စန္ဒမင်း သားကို ယူလျှင် ကဲ့ရဲ့ခံရမည်ဖြစ်သောကြောင့် ငါသည် "ဒေဝဓမ္မတရားကို သိလည်း သိ၏, လိုက်နာကျင့် လည်းကျင့်၏ ဆိုသောအခါ ရေစောင့်ရက္ခိုသ်က ညီနှစ်ယောက်လုံးကို ပေးတော့၏။

ဟိရိဩတ္တပ္ပသမ္ပန္နာ၊ သုက္ကဓမ္မသမာဟိတာ။

သန္တော သပ္ပုရိသာ လောကေ၊ ဒေဝဓမ္မာတိ ဝုစ္စရေ။

(ဇာတက၊ ၁၊ ၂။ ဋ္ဌ၊ ၁၊ ၁၄၅။)

လောကေ လောကဋ္ဌ၊ ဟိရိဩတ္တပ္ပသမ္ပန္နာ ဟိရိတရား, ဩတ္တပ္ပတရားနှင့် ပြည့်စုံကုန်သော၊ သုက္ကဓမ္မသမာဟိတာ ဟိရိဩတ္တပ္ပအစရှိသော ကုသိုလ်တရားတို့နှင့် ပြည့်စုံကုန်သော၊ သန္တော ငြိမ်သက်သော ကာယကံအစရှိသည်တို့နှင့် ပြည့်စုံကုန်သော၊ သပ္ပုရိသာ သူတော်ကောင်းတို့ကို၊ ဒေဝဓမ္မာတိ ဒေဝဓမ္မတို့ဟူ၍၊ ဝုစ္စရေ ဆိုအပ်ကုန်၏။

နတ်သုံးမျိုး...

(၁) သမ္မုတိဒေဝ မဟာသမ္မတမင်းမှစ၍ လောကက "ဒေဝ နတ်"ဟု သမုတ်အပ်သည်၏အဖြစ်ကြောင့် မင်း, မင်းသားစသည်တို့သည် "သမ္မုတိနတ်" မည်ကုန်၏၊

(၂) ဥပပတ္တိဒေဝ နတ်ပြည်၌ဖြစ်ကြသော နတ်များကား "ဥပပတ္တိနတ်"မည်ကုန်၏၊

(၃) ဝိသုဒ္ဓိဒေဝ အာသဝေါကင်းပြီးသော ဘုရား, ရဟန္တာတို့ကား "ဝိသုဒ္ဓိနတ်"မည်ကုန်၏။

ဒေဝါတိ သမ္မုတိဒေဝါ ဥပပတ္တိဒေဝါ ဝိသုဒ္ဓိဒေဝါတိ တိဝိဓာ။ တေသု မဟာသမ္မတကာလတော ပဋ္ဌာယ လောကေန "ဒေဝါ"တိ သမ္မတတ္တာ ရာဇရာဇကုမာရာဒယော သမ္မုတိဒေဝါ နာမ။ ဒေဝလောကေ ဥပ္ပန္နာ ဥပပတ္တိဒေဝါ နာမ။ ခီဏာသဝါ ပန ဝိသုဒ္ဓိဒေဝါ နာမ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၁၄၉။)

ဆောင်ပုဒ်=ဟိရိ, ဩတ္တပ္ပ၊ ပြည့်စုံက၊ ဒေဝဓမ္မ ခေါ်ဆိုကြ။

၇။ (၇) ကဋ္ဌဟာရိဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂။ ဋ္ဌ၊ ၁၊ ၁၅၁ ၁၅၂။ ငါးရာငါးဆယ်၊ ပ၊ ၅၃ ၅၇။)

ငါးရာငါးဆယ်ဇာတ်ဝတ္ထုများ၌ကား "ကဋ္ဌဝါဟနဇာတ်"ဟု စကားသုံး၏။

ပစ္စုပ္ပန်ဝတ္ထု=ကောသလမင်းက "ဝါသဘခတ္တိယာမိဖုရားသည် မဟာနာမ်မင်းနှင့် ကျွန်မတို့၏သမီးဖြစ်ကြောင်းကို သိရသောအခါ" မိဖုရားရော သားတော် ဝိဋူဋဘမင်းသားကိုပါ ရာထူးမှ ချခြင်း။

အတိတ်ဝတ္ထု=ဗြဟ္မဒတ်မင်းနှင့် ထင်းခွေသည်မတို့၏သား ဘုရားအလောင်း၏ "ရင်သွေးမှန်က မစွန့်ရ" သစ္စာစကားကြောင့် သုဒ္ဓေါဒနမင်းကြီးအလောင်းဗြဟ္မဒတ်မင်းက သားတော်ဘုရားအလောင်းကို အိမ်ရှေ့မင်းအရာကိုပေး၍ မယ်တော်မာယာအလောင်းမိခင်ထင်းခွေသည်မကိုလည်း မိဖုရားကြီးရာထူးပေးခြင်း၊ ခမည်းတော်မင်းကြီးနတ်ရွာစံလျှင်"ကဋ္ဌဝါဟန"မည်တွင်သော မင်းဖြစ်ခြင်း။

မှတ်ဖွယ်...ဗာရာဏသီမင်းသည် ထင်းခွေသောမိန်းမကို မြင်၍ နှစ်သက်သောစိတ်ရှိရကား ပေါင်းဖော်ခြင်းကို ပြု၏၊ ထိုခဏ၌ပင် ဘုရားအလောင်းသည် ထင်းခွေမိန်းမ၏ဝမ်း၌ ပဋိသန္ဓေနေ၏၊ ထိုပဋိသန္ဓေနေသောခဏ၌ပင် ထင်းခွေမိန်းမ၏ဝမ်းသည် ဝဇိရ်ဖြင့် ပြည့်သကဲ့သို့ လေးလံသည်ဖြစ်၏၊ ထင်းခွေမိန်းမသည် ကိုယ်ဝန်တည်သောအဖြစ်ကို သိ၍ "အရှင်မင်းကြီး...ကျွန်တော်မအား ကိုယ်ဝန်တည်လေပြီ"ဟု လျှောက်၏။

ဗာရာဏသိယံ ဗြဟ္မဒတ္တော ရာဇာ...ဥယျာနံ...ဝိစရန္တော ...ဒါရုနိ ဥဒ္ဓရမာနံ ဧကံ ဣတ္ထိံ ဒိသွာ ပဋိဗဒ္ဓစိတ္တော သံဝါသံ ကပ္ပေသိ၊ တခ္ခဏညေဝ ဗောဓိသတ္တော တဿာ ကုစ္ဆိယံ ပဋိသန္ဓိံ ဂဏှိ၊ တာဝဒေဝ တဿာ ဝဇိရပူရိတာ ဝိယ ဂရုကာ ကုစ္ဆိ အဟောသိ။ သာ ဂဗ္ဘဿ ပတိဋ္ဌိတဘာဝံ ဉတွာ "ဂဗ္ဘော မေ ဒေဝ ပတိဋ္ဌိတော"တိ အာဟ။ (ဇာ၊ ဋ္ဌ၊ ၁၊ ၁၅၁။)

သားလေးမျိုး....

(၁) အတြဇပုတ္တ မိမိကိုယ်ကို စွဲ၍ ဖြစ်သောသား (သားရင်း)၊

(၂) ခေတ္တဇပုတ္တ (ခေတြဇပုတ္တ) အိပ်ရာအပြင်, ပလ္လင်, ရင်ခွင်အစရှိသည်တို့၌ ဖြစ်သောသား၊

(၃) အန္တေဝါသိက အထံ၌ အတတ်သင်သော သား(တပည့်)၊

(၄) ဒိန္နကပုတ္တ မွေးစားစိမ့်သောငှါ ပေးအပ်သောသား (မွေးစားသား)။

ပုတ္တော စ နာမေသ အတြဇော ခေတ္တဇော အန္တေဝါသိကော ဒိန္နကောတိ စတုဗ္ဗိဓော။ တတ္ထ အတ္တာနံ ပဋိစ္စ ဇာတော အတြဇော နာမ။ သယနပိဋ္ဌေ ပလ္လင်္ကေ ဥရေတိဝမာဒီသု နိဗ္ဗတ္တော ခေတ္တဇော နာမ။ သန္တိကေ သိပ္ပုဂ္ဂဏှနကော အန္တေဝါသိကော နာမ။ ပေါသာဝနတ္ထာယ ဒိန္နော ဒိန္နကော နာမ။ (ဇာ၊ ဋ္ဌ၊ ၁၊ ၁၅၂။)

ဆောင်ပုဒ်=အမျိုးယုတ်မြတ်၊ အမိလုပ်၊ ဖမြတ်ပဓာန မွေးခံရ။
ကဋှဟာရိ၊ ဇာတ်တော်ကြည့်၊ သိဉာဏ်ကိုရ ဆုံးဖြတ်ကြ။

၈။ (၈) ဂါမဏိဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၃။ ဋ၊ ၁၊ ၁၅၃ ၁၅၄။ ငါးရာငါးဆယ်၊ ပ၊ ၅၇ ၅၈။)
ပစ္စုပ္ပန်ဝတ္ထု=လုံ့လဝီရိယလျှော့သော ရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=ဘုရားအလောင်းဆရာ၏ကျေးဇူးကို သိသော ဝီရိယလျှော့သောရဟန်းအလောင်း ဂါမဏိမင်းသား။
ဆောင်ပုဒ်=ပညာရိုထံ၊ နည်းနာခံ၊ နိုင်ငံမင်းဖြစ်လာ။

၉။ (၉) မဃဒေဝဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၃။ ဋ၊ ၁၊ ၁၅၄-၁၅၆။ ငါးရာငါးဆယ်၊ ပ၊ ၅၈ ၆၁။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏နိက္ခမပါရမီနှင့်စပ်၍ ချီးကျူးစကားပြောကြားနေကြခြင်း။
အတိတ်ဝတ္ထု=ဆံဖြူတစ်ပင်မြင်ရုံမျှနှင့် တောထွက်တော်မူသော ဘုရားအလောင်း မဃဒေဝမင်း။
လေးဘဝဆက်တိုက်...(၁) ဘုရားအလောင်းတော် ဝိဒေဟတိုင်း မိထိလာပြည် မဃဒေဝမင်းသည် ဆံဖြူတစ်ပင် မြင်ရုံနှင့်တောထွက်၍ ရသေ့ရဟန်းပြုပြီးလျှင် ဗြဟ္မဝိဟာရတရားလေးပါးတို့ကို ပွားများလေသော် ရှာန်ရ လျက်ကွယ်လွန်လျှင် (၂) ဗြဟ္မာ့ပြည်၌ ဖြစ်ရ၏၊ ထိုဘဝမှ စုတေလျှင် (၃) မိထိလာပြည်၌ပင် နေမိမည် သောမင်းဖြစ်ရပြန်၏၊ ထိုဘဝ၌ ရဟန်းပြု၍ ဗြဟ္မဝိဟာရတရားတို့ကို ပွားစေ၍ တစ်ဖန် (၄) ဗြဟ္မာ့ပြည် သို့ လားရပြန်လေ၏။
ဆောင်ပုဒ်=ဆံဖြူကိုမြင်၊ သေမင်းလျှင်၊ နီးပင်ရောက်သည်လား။
ပြောင်ပြောင်တောက်ထိန်၊ သစ်မိုးအိမ်၊ ဝင်ကြိမ်ရသည့်လား။
သံဝေဂဉာဏ်၊ ဖြစ်ပေါ်ဟန်၊ အမှန်သူစဉ်းစား။
မကြာမတင်၊ တောသို့ဝင်၊ လေးအင်ဗြဟ္မစိုပွါး။
မဃဒေဝ၊ လောင်းရာဇ၊ တက်ကြွဗြဟ္မပြည်သွား။
[တစ်ခေါင်းလုံးပင်၊ ဆံဖြူမြင်၊ ငါပင်တွေ့လေပြီး။
သံဝေဂဉာဏ်၊ မရင့်သန်၊ မြင်မှန်ကင်း၍လား။
လောင်းလျာဝလေ၊ ငါမမေ့၊ မရွေ့ ဉာဏ်ရေ့သွား။
မကြာမတင်၊ ငါ့ဖြစ်အင်၊ ငါလျှင် လွန်စဉ်းစား။ (စာရေးသူ)]

၁၀။ (၁၀) သုခဝိဟာရီဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၃။ ဋ၊ ၁၊ ၁၅၆ ၁၅၈။ ငါးရာငါးဆယ်၊ ပ၊ ၆၁ ၆၄။)
ပစ္စုပ္ပန်ဝတ္ထု=ချမ်းသာစွာ နေလေ့ရှိသော ဘဒ္ဒိယမထေရ်။
အတိတ်ဝတ္ထု=ဘုရားအလောင်းပုဏ္ဏားသူကြွယ်သည် ရသေ့ရဟန်းပြု၍ ရှာန်သမာပတ်တို့ကို ဖြစ်စေလျက် တပည့်ရသေ့ ငါးရာတို့ကို ဆုံးမလျက် ဟိမဝန္တာ၌ နေ၏၊ အိုမင်းသောအခါ ဗာရာဏသီမင်း၏လျှောက်ထားချက်အရ တပည့် ရသေ့တို့သာ ဟိမဝန္တာ၌နေ၍ ဘုရားအလောင်းက မင်းဥယျာဉ်ဝယ် နေတော်မူ၏၊ တစ်နေ့သောအခါ ဘဒ္ဒိယ အလောင်း(မင်း)ရသေ့က ဆရာရသေ့ထံ၌ ခေတ္တရောက်ခိုက်ဝယ် ဗာရာဏသီမင်းလာစဉ် "အော် ချမ်းသာလေစွ, အော် ချမ်းသာလေစွ"ဟု ဥဒါန်းကျူးလျက် နေသည်ကို မြင်ရလေသော် မင်းက"ဤရသေ့သည် အလိုရှိတိုင်း စားရသောကြောင့် ဥဒါန်ကျူးလျက် ချမ်းသာစွာ အိပ်နေ၏"ဟု ဆရာရသေ့အား လျှောက်ထားလေ၏။ ဆရာရသေ့က "မင်းကြီး...ဤရသေ့သည် ရှေက သင်ကဲ့သို့သော မင်းဖြစ်ဖူး၏၊ ထိုရသေ့သည် ငါသည် ရေးလူဖြစ်သောအခါက မင်း၏အသရေကို ခံစားလျက် လက်နက်စွဲကိုင်ကြလျက် များစွာသောသူတို့သည် စောင့်ရှောက်ကုန်ပြီးသော်လည်း ဤသို့သော ချမ်းသာမည်သည်ကို မရစဖူး ဟု မိမိ၏ရဟန်းချမ်းသာ ကိုလည်းကောင်း, ရှာန်ချမ်းသာကိုလည်းကောင်း စဉ်းစား၍ ဥဒါန်းကျူးရင့်ခြင်းဖြစ်၏"ဟု မိန့်လေသည်။
ဘုရားအလောင်းဆရာရသေ့သည် ထိုဘဝမှ စုတေလျှင် ဗြဟ္မာ့ပြည်၌ ဖြစ်ရ၏။
ဆောင်ပုဒ်=ဝတ္ထုကာမ၊ ကိလေသ၊ ပယ်က လွန်ချမ်းသာ။
မင်းကာမဂုံ၊ လွန်ပြည့်စုံ၊ ဝိုင်းအုံစောင့်ရှောက်ခါ။

ချမ်းသာအပြည့်၊ ကယ်အတိ၊ မရှိ အမှန်ပါ။
စောင့်ရှောက်ဖို့ကား၊ မလိုငြား၊ ထင်ရှား ဈာန်ချမ်းသာ။
ကာမဂုံပယ်၊ ရဟန်းနယ်၊ လွန်ဝယ် ချမ်းသာပါ။
ကာမေသု အနပေက္ခဝါတိ ဝတ္ထုကာမကိလေသကာမေသု အပေက္ခာရဟိတော ဝိဂတစ္ဆန္ဒရာဂေါ နိတ္တဏှော ဧဝရူပေါ ပုဂ္ဂလော သဗ္ဗိရိယာပထေသု သုခံ ဝိဟရတိ မဟာရာဇာတိ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၁၅၈။)

၁၁။ (၁၄) ဝါတမိဂဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၄။ ဋ္ဌ၊ ၁၊ ၁၇၂ ၁၇၅။ ငါးရာငါးဆယ်၊ ပ၊ ၈၅ ၈၉။)

ပစ္စုပ္ပန်ဝတ္ထု=ရသတဏှာအရှင်းခံ၍ မူရင်းပြန်လူထွက်ရသော စူဠပိဏ္ဍပါတိကတိဿမထေရ်။

အတိတ်ဝတ္ထု=သဉ္စယမည်သော ဥယျာဉ်စောင့်ကျွေးသော ပျားရည်ဆမ်းမြက်ကိုမင်၍ နန်းတွင်းဝင်ကာ အဖမ်းခံရသော သမင်။ ပြည့်တန်ဆာမသည် ထိုအခါ သဉ္စယမည်သော ဥယျာဉ်စောင့်ဖြစ်၏၊ စူဠပိဏ္ဍိကမထေရ်သည် ထိုအခါက ဝါတမိဂသမင်ဖြစ်ဘူး၏၊ ဗာရာဏသီမင်းသည် ဘုရားအလောင်းဖြစ်ခဲ့၏။

ရသာတဏှာ လွန်ယုတ်မာ...

ဗာရာဏသီမင်းက "ဝါတမိဂသမင်မည်သည် လူတို့မြင်ရာအရပ်သို့ ခုနစ်ရက်မလာ, ထိတ်လန့်ဖွယ်ရာအရပ်သို့ တသက်ပတ်လုံး မလာသည်ဖြစ်၏၊ ဤသို့သဘောရှိသည့် တောကိုမှီသော ဝါတမိဂသမင်သည် ရသတဏှာသည် နှောင်ဖွဲ့အပ်သည်ဖြစ်၍ ယခုအခါ ဤအရပ်သို့ ရောက်လာ၏၊ အချင်းတို့...လောက၌ ရသတဏှာအောက် အထူးသဖြင့် ယုတ်မာသော သဘောမည်သည် မရှိတကား"ဟု နှလုံးသွင်းကာ အောက်ပါဂါထာဖြင့် တရားဟောတော်မူခဲ့လေ၏...

န ကိရတ္ထိ ရသေဟိ ပါပိယော၊ အာဝါသေဟိ ဝ သန္ထဝေဟိ ဝါ။
ဝါတမိဂံ ဂဟနနိဿိတံ၊ ဝသမာနေသိ ရသေဟိ သဉ္စယော။
(ဇာတက၊ဋ္ဌ၊ ၄။ ဋ္ဌ၊ ၁၊ ၁၇၄။)

ဘော အချင်းတို့၊ လောကေ လောက၌၊ ရသေဟိ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော အချိုအချဉ်အစရှိသည့်ရသာတို့၌ တပ်စွန်းတတ်ကုန်သော လောဘတို့အောက်၊ ပါပိယော အထူးသဖြင့် ယုတ်မာသော သဘောသည်၊ န အတ္ထိ ကိရ မရှိသတတ်၊ ရသတဏှာ ရသတဏှာသည်၊ အာဝါသေဟိ ဝါ နေရာတို့၌ တပ်စွန်းတတ်ကုန်သော လောဘတို့အောက်လည်းကောင်း၊ သန္ထဝေဟိ ဝါ အဆွေခင်ပွန်းတို့၌ တပ်စွန်းတတ်ကုန်သော လောဘတို့အောက်လည်းကောင်း၊ ပါပတရာ ကိရ အဆအရာ အဆအထောင် အဆအသိန်းဖြင့် လွန်၍ ယုတ်မာသတတ်၊ ဘော အချင်းတို့၊ တုမှေ သင်တို့သည်၊ ရသာနံ အချိုအချဉ်အစရှိကုန်သော ရသာတို့၌တပ်စွန်းတတ်ကုန်သော လောဘတို့၏၊ ပါပိယဘာဝံ အလွန်တရာ ယုတ်မာသည်၏အဖြစ်ကို၊ ပဿထ ရှုကြကုန်လော့၊ ဂဟနနိဿိတံ တောချုံကို မှီတတ်သော၊ ဝါတမိဂံ ဝါတမိဂသမင်ကို၊ သဉ္စယော သဉ္စယအမည်ရှိသော ဥယျာဉ်စောင့်သည်၊ ရသေဟိ အရသာတို့ဖြင့်၊ ဝသံ မိမိအလိုသို့၊ အာနေသိ ဆောင်ပြီ။

ဆောင်ပုဒ်=လျှာအလိုလိုက်၊ ရသာကြိုက်၊ အမိုက်တွေ့ရမည်။
စူဠတိဿ၊ ရဟန်းက၊ ရသကြောင့်ပျက်သည်။
ဝါတမိဂ၊ သမင်လှ၊ ရသမက်သေပြီ။

၁၂။ (၁၇) မာလုတဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၅။ ဋ္ဌ၊ ၁၊ ၁၈၁ ၁၈၂။ ငါးရာငါးဆယ်၊ ပ၊ ၉၇ ၉၉။)

ပစ္စုပ္ပန်ဝတ္ထု=အချမ်းပြဿနာမေးကြသော ကာဠထေရ်အမည်နှင့် ဇုဏှထေရ်အမည်ရှိတောထွက်ရဟန်းကြီးနှစ်ပါး။

အတိတ်ဝတ္ထု=ကာဠထေရ်အလောင်းကျားနှင့် ဇုဏှထေရ်အလောင်းခြင်္သေ့တို့၏အချမ်းပြဿနာအငြင်းအခုံဖြစ်၍ မေးကြရာ ဘုရားအလောင်းရသေ့က "လဆန်း, လဆုတ်သည် ပမာနမဟုတ်ပဲ လေတိုက်သောကြောင့်သာ အချမ်းဖြစ်လာရသည်"ဟု ဖြေကြားပေးရခြင်း။

ဆောင်ပုဒ်=အချမ်းဟူက၊ လေကြောင့်ပ၊ မုချ ဖြစ်ပေါ်လာ။

၁၃။ (၂၅) တိတ္ထဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၇။ ဋ္ဌ၊ ၁၊ ၁၉၈ ၂၀၁။ ငါးရာငါးဆယ်၊ ပ၊ ၁၂၁ ၁၂၇။)

ပစ္စုပ္ပန်ဝတ္ထု=အရှင်သာရိပုတ္တထေရ် ကမ္မဋ္ဌာန်းပေးမှားခြင်း။

အရှင်မြတ်သည် မိမိ၌ အာသယာနုသယဉာဏ် (အလိုဆန္ဒနှင့် ဘဝအဆက်ဆက် ကိန်းဝပ်လာသောတရားကို သိသောဉာဏ်)မရှိသောကြောင့် မိမိ၏တပည့် "ရွှေပန်းထိမ်သည်သား ရဟန်း"အား ထိုရဟန်း၏အလိုအနုသယကို မသိပဲ အသုဘကမ္မဋ္ဌာန်းကိုသာလျှင် ဟောပြောပေးမိလေ၏၊ ထိုအသုဘကမ္မဋ္ဌာန်းသည် ထိုရဟန်းအား မလျောက်ပတ်၊ အကြောင်းကား ထိုရဟန်းသည် ရှေးက ဘဝငါးရာတို့ပတ်လုံး ရွှေပန်းထိမ်သည်အိမ်၌ ဖြစ်ရကား အခါလေးမြင့်စွာ စင်ကြယ်သော ရွှေကို မြင်ခြင်းကိုသာလျှင် လေ့လာဖူးသည်၏အဖြစ်ကြောင့် အသုဘကမ္မဋ္ဌာန်းသည် မလျောက်ပတ်ပေ၊ ထို့ကြောင့် လေးလတိုင်တိုင် အားထုတ်သော်လည်း အသုဘကမ္မဋ္ဌာန်း၌ နိမိတ်မျှကိုပင် မဖြစ်စေနိုင်ခဲ့။

မှတ်ဖွယ်။ ။ အာသယာနုသယဉာဏ်တော်သည် ဘုရားရှင်တို့အားသာ ဖြစ်၏၊ တပါးကုန်သောသူတို့အားကား မဖြစ်။

အာသယာနုသယဉာဏံ ဟိ ဗုဒ္ဓါနံယေဝ ဟောတိ၊ န အညေသံ။ တသ္မာ ဓမ္မသေနာပတိ အတ္တနော အာသယာနုသယဉာဏဿ နတ္ထိတာယ သဒ္ဓိဝိဟာရိကဿ အာသယာနုသယံ အဇာနန္တော အသုဘကမ္မဋ္ဌာနမေဝ ကထေသိ၊ တဿ တံ န သပ္ပါယမဟောသိ။ ကသ္မာ? သော ကိရ ပဋိပါဋိယာ ပဥ္စ ဇာတိသတာနိ သုဝဏ္ဏကာရဂေဟေယေဝ ပဋိသန္ဓိံ ဂဏှိ၊ အထဿ ဒီဃရတ္တံ ပရိသုဒ္ဓသုဝဏ္ဏဒဿနဝသေန ပရိစိတတ္တာ အသုဘံ န သပ္ပါယ မဟောသိ။ သော တတ္ထ နိမိတ္တမတ္တမ္ပိ ဥပ္ပါဒေတုံ အသက္ကောန္တော စတ္တာရော မာသေ ခေပေသိ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၁၉၈။)

ဘုရားရှင်က ထိုရဟန်းအား နှစ်သက်ဖွယ်သောသင်္ကန်းတို့ကို ပေးစေ၍ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို ပေး၍ ညနေချမ်းအခါ၌ သရက်ဥယျာဉ်၌ တစ်ခုသောရေကန်ကို ဖန်ဆင်း၍ ထိုကန်၌ ကြီးစွာသော ပဒုမာကြာရုံ,ထိုကြာရုံ၌လည်း ပဒုမာကြာပွင့်ကြီးတစ်ပွင့်ကို ဖန်ဆင်းလျက် ထိုရဟန်းအား ထိုကြာပွင့်ကို ကြည့်၍နေလော့ ဟု မိန့်တော်မူလေ၏၊

ထိုရဟန်းသည် ပဒုမာကြာပွင့်ကို အဖန်တလဲလဲ ကြည့်နေစဉ်ပင် ကြာပွင့်သည် ညှိုးနွမ်းရင့်ရော်လာ၍ အဆင်းပျက်၏၊ပွင့်ချပ်တို့သည် ခဏခြင်းဖြင့် ကြွေကျကုန်၏၊ ထို့နောက် ပန်းဝတ်မှုန်တို့သည်လည်း ကျကုန်၏၊ ပဒုမာကြာပန်း၏အချက်မျှသာ ကြွင်းကျန်တော့၏။ ရဟန်းသည် ပဒုမာကြာပွင့်ကို ကြည့်လျက် "ဤကြာပွင့်သည် ယခုပင်လျှင် လှသောအဆင်းရှိ၏၊ ရှုဖွယ်ရှိ၏၊ ထိုသို့ဖြစ်လျက် ပဒုမာကြာ၏အဆင်းသည် ဖောက်ပြန်၏၊ ပွင့်ချပ်, ဝတ်မှုန်တို့သည်လည်း ကြွေကျမြေခလေကုန်ပြီ၊ အချက်မျှသာ ကျန်တော့၏၊ ဤသို့သဘောရှိသော ပဒုမာကြာဖြစ်လျက် အိုခြင်းသည် ရောက်တုံသေး၏၊ ငါ၏ကိုယ်အားသော်ကား အဘယ်မှာ အိုခြင်းသည် မရောက်ပဲ ရှိတော့နည်း?၊ အလုံးစုံသောသင်္ခါရတရားတို့သည် အမြဲမရှိကုန်"ဟု ဝိပဿနာကို ဖြစ်စေတော့၏၊ ထို့နောက် ဘုရားရှင်က ထိုရဟန်း၏စိတ်သည် ဝိပဿနာသို့ တက်ပြီ ဟု သိတော်မူလျှင် အရောင်အဝါကို နှံ့စေကာ...

> ဥစ္ဆိန္ဒ သိနေဟမတ္တနော၊ ကုမုဒံ သာရဒိကံဝ ပါဏိနာ။
> သန္တိမဂ္ဂမေဝ ဗြူဟယ၊ နိဗ္ဗာနံ သုဂတေန ဒေသိတံ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၁၉၉။)

ဘိက္ခု ရဟန်း၊ သာရဒိကံ တန်ဆောင်မုန်းလ၌ပွင့်သော၊ ကုမုဒံ ကုမုဒြာကြာကို၊ ပါဏိနာ လက်ဖြင့်၊ ဆိန္ဒတိက္ကံဝ ဖြတ်သကဲ့သို့၊ အတ္တနော မိမိ၏၊ သိနေဟံ ချစ်ခြင်းကို၊ တွံ သင်သည်၊ ဥစ္ဆိန္ဒ ဖြတ်လော့၊ သုဂတေန ဘုရားရှင်သည်၊ နိဗ္ဗာနံ နိဗ္ဗာန်ကို၊ ဒေသိတံ ဟောတော်မူအပ်၏၊ တွံ သင်သည်၊ သန္တိမဂ္ဂမေဝ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ခရီးကိုသာလျှင်၊ ဗြူဟယ ပွားစေလော့။

ထိုရဟန်းသည် ဂါထာတော်၏အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

အတိတ်ဝတ္ထု=မြင်ထိန်းသည် မင်္ဂလာမြင်းကို ယုတ်သောမြည်းရေချိုးသောဆိပ်သို့ သက်ဆင်းစေရာ မင်္ဂလာမြင်းက မသက်ဆင်းသောကြောင့် ပညာရှိအမတ်က ယုတ်သောမြည်းရေချိုးသောဆိပ်ဖြစ်၍ မသက်ဆင်းကြောင်း သိရကား အခြားရေဆိပ်သို့ သက်ဆင်းစေ၏။

အရှင်သာရိပုတ္တမထေရ်၏တပည့်ရဟန်းသည် ထိုအခါ၌ မင်္ဂလာမြင်း, အရှင်အာနန္ဒာမထေရ်သည် ဗာရာဏသီမင်း, ဘုရားရှင်သည် ပညာရှိအမတ်ဖြစ်ခဲ့ခြင်း။

ဆောင်ပုဒ်=သူ့လိုဆန္ဒ၊ သိလတ်က၊ ညွှန်ပြ ကျိုးထက်သန်။

၁၄။ (၂၆) မဟိဠာမုခဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၇။ ဋ္ဌ၊ ၁၊ ၂၀၁ ၂၀၄။ ငါးရာငါးဆယ်၊ ပ၊ ၁၂၇ ၁၃၂။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏တပည့်ဖြစ်လျက် ဆန့်ကျင်ဘက်ဒေဝဒတ်၏ဆွမ်းကို စားသောရဟန်း။

အတိတ်ဝတ္ထု=ခိုးသူပတ်ဝန်းကျင်ကြောင့် ဆန့်ကျင်ဘက်ကိုမှီဝဲသောရဟန်းအလောင်း မဟိဠာမုခမင်္ဂလာဆင်ပင် အကျင့်ပျက်၏၊ ဘုရားအလောင်းပညာရှိအမတ်၏ညွှန်ကြားမှုအရ ရဟန်းပုဏ္ဏားတည်းဟူသောပတ်ဝန်းကျင်ကြောင့် မင်္ဂလာဆင် ပြန်ကောင်း။

ဆောင်ပုဒ်=တွေ့မြင်သမျှ၊ ဆည်းကပ်က၊ နှစ်ဝကောင်းဆိုး ရတတ်ကျိုး။
ကောင်းသည့်ဝန်းကျင်၊ ဆည်းကပ်လျှင်၊ ကောင်းပင်အကျိုး ရတတ်မျိုး။
မကောင်းဝန်းကျင်၊ ဆည်းကပ်လျှင်၊ ဆိုးပင်အကျိုး ရတတ်မျိုး။
မဟိဠာဆင်၊ ပုံရိပ်သွင်၊ မှန်ပင်ကောင်းဆိုး ဝန်းကျင်မျိုး။

၁၅။ (၂၇) အဘိဏှဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၇။ ဋ္ဌ၊ ၁၊ ၂၀၅ ၂၀၇။ ငါးရာငါးဆယ်၊ ပ၊ ၁၃၂ ၁၃၅။)

ပစ္စုပ္ပန်ဝတ္ထု=အကျွမ်းဝင်သော လူ(ဥပါသကာ)နှင့် မထေရ်အိုရဟန်း။

အတိတ်ဝတ္ထု=အလွန်အကျွမ်းဝင်သော ဥပါသကာအလောင်း ခွေးနှင့် မထေရ်အိုအလောင်း ဆင်။ ဘုရားအလောင်းပညာရှိ။

ဆောင်ပုဒ်=ချစ်သူမတွေ့၊ ရင်ပူဋ္ဌေ၊ မြေ့မြေ့နှမ်းလျှာ ဓမ္မတာ။
မင်္ဂလာဆင်၊ မိတ်ပျောက်လျှင်၊ စားပင်အစာ မစားပါ။

၁၆။ (၃၁) ကုလာဝကဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၈။ ဋ္ဌ၊ ၁၊ ၂၁၄ ၂၂၂။ ငါးရာငါးဆယ်၊ ၁၊ ၁၄၅ ၁၅၆။)

ဤဇာတ်ကို သိကြားဘဝနှင့် လူဘဝ ၂ မျိုး၌ ထည့်သွင်း၏။

ပစ္စုပ္ပန်ဝတ္ထု=ရေကိုမစစ်ပဲ သောက်သောရဟန်း။

အတိတ်ဝတ္ထု=ဘုရားအလောင်း၏နှစ်ဘဝ...

(၁) သီလစောင့်ထိန်းခြင်း, မေတ္တာပွားခြင်း, အလှူပေးခြင်း, လမ်းခရီးညီညွတ်စွာ ပြုခြင်း, ရေကန်တူးခြင်း, စရပ်ဆောက်ခြင်းတို့ကို ပြုလုပ်သော မဃသတို့သား၊

(၂) မဃသတို့သားဘဝမှ စုတေလျှင် သိကြားမင်းဖြစ်ခြင်း။

မဃသတို့သားဘဝ၌လည်း သူ့အသက်ကို မသတ်ခြင်း, သိကြားမင်းဘဝ၌လည်း အသုရာတို့နှင့်စစ်တိုက်ရာ စစ်ရှုံး၍ ပြန်ပြေးရာတွင် ဂဠုန်တို့နေရာ လက်ပန်ပင်တို့ပျက်စီး၍ ဂဠုန်ငယ်တို့အော်မြည်သံကြောင့် ဂဠုန်ငယ်တို့အကျိုးငှါ မိမိအသက်ကို စွန့်၍ ပြန်လှည့်သောအခါ အသုရာတို့က "အခြားစကြဝဠာမှ သိကြားတို့လာကြသည်"ဟု ထင်ကာ အသုရာဘုံသို့ ပြန်ပြေးကြခြင်း။

သိကြားဖြစ်ကြောင်းတရား ၇ ပါး.......

ဘုရားအလောင်းတော်သည် (၁) အမိအား လုပ်ကျွေးခြင်း၊
(၂) အဘအား လုပ်ကျွေးခြင်း၊
(၃) အမျိုး၌ ကြီးသောသူတို့အား ပူဇော်မှုကို ပြုခြင်း၊
(၄) မှန်သောစကားကို ဆိုခြင်း၊
(၅) ကြမ်းကြုတ်သောစကားကို မဆိုခြင်း၊
(၆) ကုန်းတိုက်သောစကားကို မဆိုခြင်း၊
(၇) ဝန်တိုခြင်းကို ဖျောက်ခြင်း
ဤကျင့်ဝတ်တရား ခုနစ်ပါးတို့ကို ဖြည့်ကျင့်၏။

ဇောဓိသတ္တော မာတု ဥပဋ္ဌာနံ ပိတု ဥပဋ္ဌာနံ ကုလေ ဇေဋ္ဌာပစာယိကကမ္မံ သစ္စဝါစံ အဖရုသ ဝါစံ အပိသုဏဝါစံ မစ္ဆေရဝိနယန္တိ ဣမာနိ သတ္တ ဝတပဒါနိ ပူရေတွာ (ဇာတက၊ ဋ္ဌ၊ ၁၊ ၂၁၇။)
မာတာပေတ္တိဘရံ ဇန္တုံ၊ ကုလေ ဇေဋ္ဌာပစာယိနံ။
သဏှံ သခိလသမ္ဘာသံ၊ ပေသုဏေယျပ္ပဟာယိနံ။

မစ္ဆေရဝိနယေ ယုတ္တံ၊ သစ္စံ ကောဓာဘိဘုံ နရံ။
တံ ဝေ ဒေဝါ တာဝတိံသာ၊ အာဟု သပ္ပုရိသော ဣတိ။
(သံ၊ ၁၊ ၂၃၀။ ဇာတက၊ ဋ္ဌ၊ ၁၊ ၂၁၇ ၂၁၈။ )

မာတာပေတ္တိဘရံ မိဘတို့ကို မွေးမြူတတ်သော၊ ကုလေ အမျိုး၌၊ ဇေဋ္ဌာပစာယိနံ ကြီးသောသူတို့အား ပူဇော်လေ့ရှိသော၊ သဏှံ သိမ်မွေ့သောစကားကို ဆိုတတ်သော၊ သခိလသမ္ဘာသံ ပြေပြစ်သောစကားကို ဆိုတတ်သော၊ ပေသုဏေယျပ္ပဟာယိနံ ဂုံးတိုက်သောစကားကို ဆိုခြင်းကို ပယ်တတ်သော၊ မစ္ဆေရဝိနယေ ဝန်တိုခြင်းကို ပယ်ဖျောက်ခြင်း၌၊ ယုတ္တံ ယှဉ်သော၊ သစ္စံ မှန်သောစကားကို ဆိုတတ်သော၊ ကောဓာဘိဘုံ ဒေါသကို ပယ်သော၊ ဇန္တုံ သတ္တဝါ ဟု ဆိုအပ်သော၊ တံ နရံ ထိုလူကို၊ ဝေ စင်စစ်၊ တာဝတိံသာ ဒေဝါ တာဝတိံသာနတ်တို့သည်၊ သပ္ပုရိသော ဣတိ သူတော်ကောင်းဟူ၍၊ အာဟု ဆိုကြကုန်၏။

မဃသတို့သား၏ဇနီးလေးယောက်....
၁။ သုဓမ္မာ, ၂။ စိတ္တာ, ၃။ နန္ဒာ, ၄။ သုဇာ (သုဇာတာ သီ၊သျာ၊ဣ၊က)

အကျိုးဆက်များကား...
သုဓမ္မာသည် စုတေလျှင် သိကြားမင်း၏မိဖုရားဖြစ်၍ သူ့မအား ထုပိကာလှူသော အကျိုးဆက်ဖြင့် ယူဇနာငါးရာရှိသော "သုဓမ္မာနတ်သဘင်"သည် ဖြစ်၏။
စိတ္တာသည်လည်း စုတေလျှင် သိကြားမင်း၏မိဖုရားပင်ဖြစ်၍ သူ့မအား ဥယျာဉ်ပြုခဲ့သော ကောင်းမှုအကျိုးဆက်ဖြင့် "စိတ္တလတာ"မည်သော ဥယျာဉ်သည် ဖြစ်၏။
နန္ဒာသည်လည်း စုတေလျှင် သိကြားမင်း၏မိဖုရားပင်ဖြစ်၍ လေးထောင့်ကန်တူးသော ကုသိုလ်အကျိုးဆက်ဖြင့် သူ့မအား "နန္ဒာ"မည်သော လေးထောင့်ကန်သည် ဖြစ်၏။
ဝမှုကီ လက်သမား၊ ပေါက္ခရဏီ လေးထောင့်ရေကန်၊ သိမ္ဗလိဝန လက်ပန်တော
ကုလာဝက, သုပဏ္ဏပေါတက ဂဠုန်ငယ်
ကုလာဝကာတိ သုပဏ္ဏပေါတကာ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၂၁၉။)
ဤဇာတ်လာ မာတလိနတ်သားသည် အရှင်အာနန္ဒာအလောင်းဖြစ်၏။

ဆောင်ပုဒ်=ကိုယ်ကျိုးအတွက်၊ သူ့အသက်၊ မပျက်ရှောင်ရမည်။
အလောင်းတော်ထုံး၊ စွဲယူသုံး၊ နှလုံးစိတ်ရွှင်ကြည်။

၁၇။ (၃၄) ပဏ္ဍဇာတ်၊ ၁ကကနိပါတ် (ဇာတက၊ ၁၊ ၉။ ဋ္ဌ၊ ၁၊ ၂၂၆ ၂၂၈။ ငါးရာငါးဆယ်၊ ပ၊ ၁၆၃ ၁၆၅။)
ပစ္စုပ္ပန်ဝတ္ထု= သက်အတွေကောင်းသော မယားဟောင်းကို မပြတ်နိုင်၍ သာသနာတော်၌ ငြီးငွေ့သောရဟန်း။
အတိတ်ဝတ္ထု=ငါးမနောက်လိုက်သည်ငါးဖို ကွန်မိခံရခြင်း၊ ငါးဖိုသည် မီးကျီး၌ အကင်ခံရမည်ဒုက္ခ, တံကျင်လျှိုခံရမည် ဒုက္ခမှင့် အခြားမည်သည့်ဒုက္ခမျိုးမှ ငါ့ကို မနှိပ်နိုင်၊ "ငါးမက ငါးဖိုသည် ကာမဂုဏ်၌မွေလျော်သဖြင့် အခြား ငါးမသို့ လိုက်လေပြီ ဟု ထင်၍ ငါးမ၏နှလုံးမသာယာခြင်းကသာ" ငါ့ကို နှိပ်စက်၏ ဟု ငိုလေရာ သတ္တဝါတို့၏အသံကို သိသော ပုရောဟိတ်ပုဏ္ဏားက တံငါသည်တို့မှ ထိုငါးကို ရယူ၍ "ကိလေသာအလိုသို့ မလိုက်သင့်ကြောင်း ဆုံးမကာ ရေ၌လွှတ်သောကြောင့် ငါးဖိုသည် အသက်ချမ်းသာရာ ရလေ၏။
ပုရောဟိတော ဒါသပရိဝုတော နာနတ္ထာယ နဒီတီရံ အာဂတော၊ သော ပန သဗ္ဗရုတညူ(ခပ်သိမ်းသောသတ္တဝါတို့၏အသံကိုသိ) ဟောတိ။ တေနဿ မစ္ဆပရိဒေဝနံ သုတွာ "အယံ မစ္ဆော ကိလေသဝသေန ပရိဒေဝတိ၊ ဇဝံ အာတုရစိတ္တော ခေါ ပနေသ မိယမာနော နိရယေယေဝ နိဗ္ဗတ္တိဿတိ၊ အဟမဿ အဝဿယော ဘဝိဿာမိ" တိ.....ဗောဓိသတ္တော တံ ဥဘောဟိ ဟတ္ထေဟိ ဂဟေတွာ နဒီတီရေ နိသီဒိတွာ "အမ္ဘော မစ္ဆ သစေ တာဟံ အဇ္ဇ န ပဿေယျံ၊ ဇီဝိတက္ခယံ ပါပုဏေယျာသိ၊ ဣဒါနိ ဣတော ပဋ္ဌာယ မာ ကိလေသဝသိကော အဟောသီ"တိ ဩဝဒိတွာ ဥဒကေ ဝိဿဇ္ဇေတွာ နဂရံ ပါဝိသိ။ (ဇာဇက၊ ဋ္ဌ၊ ၁၊ ၂၂၇။)
ယခုအခါ မယားဟော[illegible]းသည် ထိုအခါ ငါးမ, ငြီးငွေ့သောရဟန်းသည် ထိုအခါ ငါးဖို, ဘုရားရှင်သည် ထိုအခါ ပုရောဟိတ်ဖြစ်ခဲ့၏။

ဆောင်ပုဒ်=ငါးမကိုလိုက်၊ ငါးအမိုက်၊ ကွန်ပိုက်မိသောခါ။
ငါးမ ထင်မှား၊ သူ့ပေါ်အား၊ စိမ်းကားစိုးကြောက်ပါ။
သူ့အသက်ပင်၊ ငဲ့မထင်၊ ငိုလျှင် မ-ကြောင်းရာ။
လောင်းပုရောဟိတ်၊ သူငိုရိပ်၊ ကြောင်းဟိတ်သိသောခါ။
တံငါသည်မှ၊ ထိုငါးရ၊ လွတ်က ချမ်းသာရာ။
ကိလေအမိုက်၊ နောင်မလိုက်၊ ရှောင်ထိုက်သင့်တွက်တာ။
ဆုံးမစကား၊ ပြောဆိုငြား၊ မမှား နောက်နောင်ခါ။

၁၈။ (၃၉) နန္ဒဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၀။ ဋ္ဌ၊ ၁၊ ၂၄၁-၂၄၃။ ငါးရာငါးဆယ်၊ ပ၊ ၁၉၅ ၁၉၈။)
ပစ္စုပ္ပန်ဝတ္ထု=အရပ်တစ်ခုဝယ် အရှင်သာရိပုတ္တ၌ ရှိသော၍ အရပ်တစ်ခုဝယ် မာန်တက်သော အရှင်သာရိပုတ္တ၏တပည့်ရဟန်း။
အတိတ်ဝတ္ထု=ဥစ္စာမြှုပ်ရာအရပ်ရောက်လျှင် မာန်တက်သည့် နန္ဒမည်သောကျွန်။
ဘုရားအလောင်းသူကြွယ်၏ညွှန်ကြားချက်ဖြင့် နန္ဒကျွန်သာသိသော ဘခင်မြှုပ်ထားသည့်ဥစ္စာများကို တူးဖော်နိုင်သော သူဌေးသား။
အရှင်သာရိပုတ္တ၏တပည့်ရဟန်းသည် ထိုအခါ နန္ဒကျွန်ဖြစ်ခဲ့၏။
ဆောင်ပုဒ်=ဆုံးမလွယ်လျက်၊ ဥစ္စာတွက်၊ မာန်တက်လေသောခါ။
ဆိုဆုံးမခက်၊ ပြောမညက်၊ ပြစ်ချက် ဓမ္မတာ။

၁၉။ (၄၀) ခဒိရင်္ဂါရဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၀။ ဋ္ဌ၊ ၁၊ ၂၄၃ ၂၅၁။ ငါးရာငါးဆယ်၊ ပ၊ ၁၉၈ ၂၀၁။)
ပစ္စုပ္ပန်ဝတ္ထု=မိစ္ဆာဒိဋ္ဌိနတ်က တားသော်လည်း အလှူကို မနားပဲ နတ်ကိုပင် ဒဏ်ထားသော အနာထပိဏ်သူဌေး။
ဘုရားရှင်ဟောသောတရားတော်....(အကျိုးပေးချိန်တန်လျှင်)
ပါပေါပိ ပဿတိ ဘဒြံ၊ ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ အထ ပါပေါ ပါပါနိ ပဿတိ။
ဘဒြောပိ ပဿတိ ပါပံ၊ ယာဝ ဘဒြံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ဘဒြံ၊ အထ ဘဒြော ဘဒြာနိ ပဿတိ။
(ခု၊ ၁၊ ၃၁-ဓမ္မပဒ။ ဇာတက၊ ဋ္ဌ၊ ၁၊ ၂၄၈။)

ပါပေါပိ မကောင်းမှုကို ပြုသောသူသည်လည်း၊ ယာဝ အကြင်မျှလောက်သော ကာလပတ်လုံး၊ ပါပံ မကောင်းမှုသည်၊ န ပစ္စတိ အကျိုးမပေးသေး၊ တာဝ ထိုမျှလောက်သော ကာလပတ်လုံး၊ ဘဒြံ ကောင်းကျိုးကို၊ ပဿတိ မြင်ရ၏၊ ယဒါ စ အကြင်အခါ၌လည်း၊ ပါပံ မကောင်းမှုသည်၊ ပစ္စတိ အကျိုးပေး၏၊ အထ ထိုအခါ၌၊ ပါပေါ မကောင်းမှုကို ပြုသောသူသည်၊ ပါပါနိ မကောင်းကျိုးတို့ကို၊ ပဿတိ မြင်ရ၏။

ဘဒြောပိ ကောင်းမှုကို ပြုသောသူသည်လည်း၊ ယာဝ အကြင်မျှလောက်သော ကာလပတ်လုံး၊ ဘဒြံ ကောင်းမှုသည်၊ န ပစ္စတိ အကျိုးမပေးသေး၊ တာဝ ထိုမျှလောက် ကာလပတ်လုံး၊ ပါပံ မကောင်းကျိုးကို၊ ပဿတိ မြင်ရ၏၊ ယဒါ စ အကြင်အခါ၌လည်း၊ ဘဒြံ ကောင်းမှုသည်၊ ပစ္စတိ အကျိုးပေး၏၊ အထ ထိုအခါ၌၊ ဘဒြော ကောင်းမှုကို ပြုသောသူသည်၊ ဘဒြာနိ ကောင်းကျိုးတို့ကို၊ ပဿတိ မြင်ရ၏။

ဤဂါထာတို့၏အဆုံး၌ မိစ္ဆာဒိဋ္ဌိအယူရှိခဲ့သောနတ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။
အတိတ်ဝတ္ထု=မာရ်နတ်တားသော်လည်း ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းလှူခြင်းမပျက်သော ဘုရားအလောင်း ဗာရာဏသီသူဌေး။
ဆောင်ပုဒ်=သဒ္ဓါဝင်းလက်၊ မာရ်နတ်ဖျက်၊ မပျက် လှူနိုင်သည်။

၂၀။ (၄၁) လောသကဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၀။ ဋ္ဌ၊ ၁၊ ၂၅၁ ၂၅၉။ ငါးရာငါးဆယ်၊ ပ၊ ၂၀၁ ၂၁၂။)
ပစ္စုပ္ပန်ဝတ္ထု=သူတစ်ပါး၏လာဘ်ကို ဝန်တိုခဲ့ဖူး၍ ပရိနိဗ္ဗာန်ပြုခါနီးအထိ အရှင်သာရိပုတ္တကိုယ်တိုင် သပိတ်ကို ကိုင်ထားက

ကျွေး၍ တစ်ကြိမ်သာ ဝမ်းပြည့်အောင် စားရသော လောသကတိဿမထေရ်။

အတိတ်ဝတ္ထု ကဿပဘုရားရှင်လက်ထက်တော်ဝယ် မစ္ဆရိယကြောင့် ဒါယကာပင့်ဖိတ်ထားသော အာဂန္တု ရဟန္တာ အရှင်မြတ်ကို ကောင်းစွာ မနှိုးပဲ ဆွမ်းစားသွားသည့်အပြင် ဒါယကာက ထိုအရှင်မြတ်အတွက် လှူဒါန်းလိုက်သော ဆွမ်းကိုပင် မီးရှို့ဖျက်ဆီးသောရဟန်း...သေလွန်လျှင် (မစ္ဆရိယတရား လွန်ဆိုးဝါး)

(၁) ငရဲ၌ ဖြစ်ရခြင်း၊ ထို့နောက်

(၂) ဘဝငါးရာတို့ပတ်လုံး ဘီလူးဖြစ်လျက် ဝမ်းပြည့်ရုံပင် အစားအစာကို မရပဲ တစ်နေ့သာ ကိုယ်ဝန်အညစ်အကြေးကို ဝမ်းပြည့်အောင် ရ၍စားရခြင်း၊ ထို့နောက်

(၃) ဘဝငါးရာတို့ပတ်လုံး ခွေးဖြစ်လျက် တစ်ကြိမ်သာ အန်ဖတ်ကို ဝမ်းပြည့်အောင် ရ၍စားရခြင်း၊ ထို့နောက်

(၄) ကာသိတိုင်း ရွာတစ်ရွာဝယ် သူဆင်းရဲမျိုး၌ဖြစ်၍ "မိတ္တဝိန္ဒက"အမည်ရှိ၍ သူ့ကို မွေးဖွားသည့်မှစ၍ မိဘတို့သည် ပို၍ ဆင်းရဲလာကြရကား သူ့ကို စွန့်ပစ်သွားကြလေ၏၊ ဘုရားအလောင်းဒိသာပါမောက္ခဆရာကြီးထံ၌ ပညာသင်သော်လည်း ဆရာကြီး၏အဆုံးအမကို မနာယူပဲ အခြားတပည့်တို့နှင့်ခိုက်ရန်ဖြစ်ကာ မိတ္တဝိန္ဒကသည် ထွက်ပြေးသွားရ၏၊ ထို့နောက် ပစ္စန္တရစ်ရွာ၌ သူဆင်းရဲမတစ်ဦးနှင့်အိမ်ထောင်ကြကာ သားနှစ်ယောက်ရလျက် ထိုမိတ္တဝိန္ဒကကို မှီ၍ ရွာသူရွာသားတို့ မင်းပြစ်မင်းဒဏ်ခံရခြင်း, အိမ်များမီးလောင်ခြင်း, တစ်ဘက်ဆည်ကန်ပေါက်ခြင်းတို့ကြောင့် ထိုရွာမှ သူတို့မိသားစုကို နှင်ထုတ်လိုက်ကြ၏။

မိတ္တဝိန္ဒကမိသားစုသည် ဘီလူးသိမ်းဆည်းသောတောအုပ်သို့ ဝင်စဉ် မယားနှင့်သားနှစ်ယောက်တို့ကို ဘီလူးစားခံကြရ၏၊ ထို့နောက် မိတ္တဝိန္ဒကသည် ဂမ္ဘီရမည်သော သင်္ဘောဆိပ်သို့ ရောက်၍ အမှုထမ်းအဖြစ် သင်္ဘောစီးနင်းလိုက်ခဲ့ရာ သမုဒ္ဒရာအလယ်၌ သင်္ဘောမရွေ့ရှား၍ သူ့ယုတ်မဲချရာတွင် သူ့အား ကျသောကြောင့် သင်္ဘောသားတို့က ဝါးစည်းတစ်ခုကိုပေး၍ သမုဒ္ဒရာအပြင်ဝယ် ပစ်ချခဲ့လေ၏။

မိတ္တဝိန္ဒကသည် ကဿပဘုရားရှင့်လက်ထက်တော်ဝယ် ဆောက်တည်ခဲ့သောသီလ၏အကျိုးအားဖြင့် ပြိတ္တာနတ်သမီးတို့နှင့် ခံစားရ၍ ဆိတ်ယောင်ဆောင်ထားသော ဘီလူးမကို "ဆိတ်သားစားအံ့"ဟု ခြေထောက်ကို ဆွဲရာ ဘီလူးမက သူ့ကို ချီ၍ ပစ်လိုက်ရာ သမုဒ္ဒရာကိုကျော်၍ ဗာရာဏသီမြို့ ကျုံးအပြင် မြေပေါ်၌ ကျလေ၏။

မိတ္တဝိန္ဒကသည် ထိုကျုံးအနီး ပကတိဆိတ်မတို့ကို မြင်လေလျှင် "သမုဒ္ဒရာ ကျွန်းတစ်ခု၌ ဆိတ်မခြေကို ဆွဲမိ၍ ထိုဆိတ်မက ငါ့ကို ပစ်ရာ ဤနေရာသို့ရောက်ခဲ့၏၊ ယခုလည်း ဆိတ်မကို ခြေ၌ အကယ်၍ ကိုင်အံ့၊ ဆိတ်မသည် ငါ့ကို သမုဒ္ဒရာအပြင် နတ်သမီးတို့၏အထံသို့ ပစ်လတ္တံ့"ဟု ကြံ၍ ဆိတ်မကို ခြေ၌ကိုင်၏၊ ဆိတ်မသည် အော်မြည်၏၊ ဆိတ်ကျောင်းသားတို့သည် လာကုန်၍ မိတ္တဝိန္ဒကကို ဖမ်း၍ မင်းအထံသို့ ခေါ်ဆောင်သည်ကို ဘုရားအလောင်းဆရာကြီးသည် မြင်၍ ထိုဆိတ်ကျောင်းသားတို့အား "မိတ္တဝိန္ဒကကို ငါ့အား ကျွန်ပြု၍ ပေးကြလော့၊ ငါ့ကို မှီ၍ အသက်မွေးလတ္တံ့"ဟု ပြောဆိုလေသော် ဆိတ်ကျောင်းသားတို့သည် "အရှင်... ကောင်းပါပြီ"ဟု ဆို၍ မိတ္တဝိန္ဒကကို လွှတ်၍ သွားကုန်၏၊ ထိုအခါ ဘုရားအလောင်းက "မိတ္တဝိန္ဒက...ဤမျှလောက်သော ကာလပတ်လုံး အဘယ်သို့ သွားနေသနည်း?"ဟု မေးလျှင် မိတ္တဝိန္ဒကသည် အလုံးစုံသောမိမိပြုအပ်သည့်အမှုကို ပြောကြားလေ၏၊ ဘုရားအလောင်းဆရာကြီးက "အကျိုးစီးပွားကို အလိုရှိသောသူတို့၏စကားကို နားမထောင်သောသူသည် ဤသို့သော ဆင်းရဲသို့ ရောက်ရ၏"ဟု ပြောဆို၏။

လောသကတိဿမထေရ်သည် ရဟန္တာမထေရ်၌ ပြစ်မှား၍ ဤမျှလောက်သောကာလ သုံးပါးကုန်သော အတ္တဘောတို့၌ (သုံးကြိမ်တို့သာလျှင်) ဝမ်းပြည့်အောင်သော အာဟာရကို ရဖူး၏၊ (၁) ဘီလူးဖြစ်၍ တနေ့သ၌ ကိုယ်ဝန်အညစ်အကြေးကို ရဖူး၏၊ (၂) ခွေးဖြစ်၍ တနေ့သ၌ အန်ဖတ်ထမင်းကို ရဖူး၏၊ (၃) ပရိနိဗ္ဗာန်ပြုသောနေ့၌ အရှင်သာရိပုတ္တမထေရ်၏အာနုဘော်ဖြင့် စတုမဓုကို ရဖူး၏။

ဤသို့ သူတပါး၏လာဘ်အန္တရာယ်ကို ပြုခြင်းမည်သည်ကား ကြီးသောအပြစ်ရှိ၏ ဟု သိအပ်၏။

ဓဝံ ပရဿ လာဘန္တရာယကရဏံ နာမ မဟာဒေါသန္တိ ဝေဒိတဗ္ဗံ။ (ဇာတက၊ ဋ၊ ၁၊ ၂၅၉။)

ဆောင်ပုဒ်=သူတပါးလာဘ်၊ ဝန်တိုလတ်၊ ကြီးလတ်ပေစွ အပြစ်ရ။

မမွှုပဒေ၊ ထုံးရှုလေ၊ မှတ်ပေလောသက ထေရ်တိဿ။

၂၁။ (၄၃) ဝေဠုကဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၁၁။ ဋ၊ ၁၊ ၂၆၂ ၂၆၄။ ငါးရာငါးဆယ်၊ ပ၊ ၂၁၇ ၂၁၉။)

ပစ္စုပ္ပန်ဝတ္ထု=ဆိုဆုံးမခက်သော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=ဘုရားအလောင်း ဂိုဏ်းဆရာရသေ့၏စကားကို မနာယူပဲ မြွေဟောက်ကို မွေးစား၍ မြွေဟောက်ကိုက်၍ သေရသော ရသေ့။

ယော အတ္တကာမဿ ဟိတာနုကမ္ပိနော၊ ဩဝဇ္ဇမာနော န ကရောတိ သာသနံ။

ဧဝံ သော နိဟတော သေတိ၊ ဝေဠုကဿ ယထာ ပိတာ။

(ဇာတက၊ ၁၊ ၁၁။ ဋ္ဌ၊ ၁၊ ၂၆၃။)

အတ္တကာမဿ အကျိုးကို အလိုရှိသော၊ ဟိတာနုကမ္ပိနော အစီးအပွါးကို စောင့်ရှောက်လေ့ရှိသော သူသည်၊ ဩဝဇ္ဇမာနော ဆုံးမအပ်ပါလျက်၊ ယော အကြင်သူသည်၊ သာသနံ အဆုံးအမကို၊ န ကရောတိ မလိုက်နာ၊ သော ထိုသူသည်၊ ဝေဠုကဿ ဝါးကျည်တောက်ထဲ၌နေရသောကြောင့် ဝေဠုကအမည်ရသော မြွေဟောက်၏၊ ပိတာ အစာကိုကျွေးမွေးတတ်သော ဘခင်ရသေ့သည်၊ နိဟတော မြွေကိုက်၍ သေလျက်၊ သေတိ ယထာ အိပ်ရသကဲ့သို့၊ ဧဝံတထာ ထိုအတူ၊ နိဟတော သေလျက်၊ သေတိ အိပ်ရ၏။

ယခုအခါ ဆိုဆုံးမခက်သောရဟန်းသည် ထိုအခါ ဝေဠုက၏အဘဖြစ်ဘူး၏။

ဆောင်ပုဒ်=အကျိုးလိုလား၊ ဆိုစကား၊ နာကြားမယူလျှင်။

တနေ့နေ့ဝယ်၊ ဘေးတွေ့မယ်၊ ထုံးနှယ်မှတ်စေချင်။

၂၂။ (၄၄) မသကဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၁။ ဋ္ဌ၊ ၁၊ ၂၆၄ ၂၆၅။ ငါးရာငါးဆယ်၊ ပ၊ ၂၂၀ ၂၂၂။)

ပစ္စုပ္ပန်ဝတ္ထု=မှက်တို့နှင့် စစ်တိုက်သော လူမိုက်များ။

အတိတ်ဝတ္ထု=ဖခင်၏ဦးခေါင်းမှ ကိုက်သောမှက်ကို ပုဆိန်ဖြင့် ခုတ်သတ်သောသား။

လက်သမားသား၏အမှုကို မြင်ရသော ဘုရားအလောင်းပညာရှိကုန်သည်က "ရန်သူဖြစ်သော်လည်း ပညာရှိသည်သာလျှင်မြတ်၏၊ မှန်၏၊ ရန်သူပညာရှိသည် ပြစ်ဒဏ်မှကြောက်သောကြောင့် လူကို မသတ်လတ္တံ့"ဟု ကြံစည်ကာ...(ပညာရှိရန်သူထက် ပညာမဲ့မိတ်ဆွေက ကြောက်ဖွယ်ကောင်း:)

သေယျော အမိတ္တော မတိယာ ဥပေတော၊ န တွေဝ မိတ္တော မတိဝိပ္ပဟီနော။

"မကသံ ဝဓိဿ"န္တိ ဟိ ဧဠမူဂေါ၊ ပုတ္တော ပိတု အဗ္ဘိဒါ ဥတ္တမင်္ဂံ။

(ဇာတက၊ ၁၊ ၁၁။ ဋ္ဌ၊ ၁၊ ၂၆၅။)

မတိယာ ပညာနှင့်၊ ဥပေတော ပြည့်စုံသော၊ အမိတ္တော ရန်သူသည်၊ သေယျော မြတ်၏၊ မတိဝိပ္ပဟီနော ပညာမှကင်းသော၊ မိတ္တော အဆွေခင်ပွန်းသည်၊ န တွေဝ သေယျော မမြတ်သည်သာလျှင်တည်း၊ ဧဠမူဂေါ တံတွေးယိုသော ခံတွင်းရှိသော သူမိုက်သည်၊ ပုတ္တော သားဖြစ်လျက်လည်း၊ မကသံ မှက်ကို၊ ဝဓိဿံ သတ်အံ့၊ ဣတိ ဤသို့ နှလုံးသွင်း၍၊ ပိတု အဘ၏၊ ဥတ္တမင်္ဂံ ဦးခေါင်းကို၊ အဗ္ဘိဒါ နှစ်ခြမ်းခွဲ၏။(တသ္မာ ထို့ကြောင့်၊ ဗာလမိတ္တတော လူမိုက်မိတ်ဆွေထက်၊ ပဏ္ဍိတအမိတ္တောဝ ပညာရှိရန်သူသည်သာလျှင်၊ သေယျော မြတ်၏။)

ဗာလမိတ္တတော ပဏ္ဍိတအမိတ္တောဝ သေယျော။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၂၆၅။)

ဆောင်ပုဒ်=ပညာရှိထား၊ ရန်သူကားမူ၊ မဲ့ငြားပညာ၊ မိတ်ကောင်းလျာထက်၊ လွန်စွာမြတ်၏၊ ဆိုထိုက်ဘိ၊ မှတ်သိစေရာ ဇာတ်တော်ပါ။

၂၃။ (၄၅) ရောဟိဏီဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၁။ ဋ္ဌ၊ ၁၊ ၂၆၆ ၂၆၇။ ငါးရာငါးဆယ်၊ ပ၊ ၂၂၂ ၂၂၄။)

ပစ္စုပ္ပန်ဝတ္ထု=အမိ၌နားလျက် ကိုက်သောယင်တို့ကို ကျည်ပွေ့ဖြင့် ရိုက်၍ မိခင်သေရသော ရောဟိဏီမည်သောသမီး။

အတိတ်ဝတ္ထု=ဇာတ်လမ်းဖြစ်ပုံ အားလုံးတူ၏။

ပစ္စုပ္ပန်ဝတ္ထု၌ ရောဟိဏီသည် အနာထပိဏ်သူဌေး၏ကျွန်မဖြစ်၏၊ အတိတ်ဝတ္ထု၌ကား ရောဟိဏီသည် ဘုရားအလောင်းသူဌေး၏ကျွန်မဖြစ်ခဲ့၏။

ဆောင်ပုဒ်=အသိဉာဏ်ကင်း၊ ပြုမူခြင်း၊ မိရင်းခမျာ သေရရှာ။

၂၄။ (၄၆) အာရာမဒူသကဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၁။ ဠ၊ ၁၊ ၂၆၇ ၂၆၉။ ငါးရာငါးဆယ်၊ ပ၊ ၂၂၄ ၂၂၇။)

ပစ္စုပ္ပန်ဝတ္ထု=အပင်ကိုနုတ်၍ အမြစ်ကိုသာ ရေလောင်းသော ရွာသူသားငယ်။

အတိတ်ဝတ္ထု=အပင်ကိုနုတ်၍ အမြစ်ကိုသာ ရေလောင်းစေသော မျောက်ကြီး။

ဘုရားအလောင်းပညာရှိက ထိုအကြောင်းကို သိသောအခါ....ပညာမဲ့သောသူတို့သည် "အကျိုးစီးပွါးကို ပြု ကုန်အံ့"ဟု (ကြံစည်ကာ ပြုကုန်သော်လည်း) အကျိုးမဲ့ကိုသာ ပြုမိကုန်၏၊ စင်စစ် အံ့ဩဖွယ်ရှိပေစွ အဟော ဝတ ဘော ဗာလာ အပဏ္ဍိတာ 'အတ္ထံ ကရိဿာမာ'တိ အနတ္ထမေဝ ကရောန္တိ။ (ဇာ၊ ဠ၊ ၁၊ ၂၆၈)

န ဝေ အနတ္ထကုသလေန၊ အတ္ထစရိယာ သုခါဝဟာ။

ဟာပေတိ အတ္ထံ ဒုမ္မေဓော၊ ကပိ အာရာမိကော ယထာ။

(ဇာတက၊ ၁၊ ၁၁။ ဠ၊ ၁၊ ၂၆၈။)

ဒုမ္မေဓော ပညာမရှိသောသူသည်၊ အတ္ထံ အကျိုးစီးပွါးကို၊ ကရိဿာမိတိ ပြုအံ့ဟူ၍၊ အတ္ထံ အကျိုးစီးပွား ကို၊ ဟာပေတိ ယုတ်စေတတ်၏၊ တသ္မာ ထို့ကြောင့်၊ အနတ္ထကုသလေန အကျိုးရှိသည်၌ မလိမ္မာသောသူသည်၊ အတ္ထစရိယာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းဟူသော အကျိုးစီးပွါးကို ကျင့်ခြင်းသည်၊ န သုခါဝဟာ ချမ်းသာကို ဆောင်ရွက်ခြင်းငှာ မတတ်နိုင်၊ အာရာမိကော ဥယျာဉ်စောင့်ဖြစ်သော၊ ကပိ မျောက်သည်၊ အတ္ထံ အကျိုးစီးပွားကို၊ ကရိဿာမိတိ ပြုအံ့ဟူ၍၊ အနတ္ထမေဝ အကျိုးမဲ့ကိုသာလျှင်၊ ကရောတိ ယထာ ပြုသကဲ့သို့၊ ဧဝံ တထာ ထို့အတူ၊ ယော ကောစိ အမှတ်မရှိသော၊ အနတ္ထကုသလော အကျိုးမရှိသည်၌ လိမ္မာသောသူသည်၊ ဝါ အကျိုးရှိသည်၌ မလိမ္မာသောသူသည်၊ အတ္ထစရိယံ အကျိုးစီးပွါးကို ကျင့်ခြင်းကို၊ အာဝဟိတုံ ရွက်ဆောင်ခြင်းငှါ၊ န သက္ကာ မတတ်နိုင်ချေ။

ဆောင်ပုဒ်=ပညာမဲ့သူ၊ အကျိုးဟူ၊ မှတ်ယူဆောင်ရွက်ရာ။

အကျိုးမဲ့ထ၊ ဆိုးပြစ်ရ၊ လောကဓမ္မတာ။

၂၅။ (၄၇) ဝါရုဏိဒူသကဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၂။ ဠ၊ ၁၊ ၂၆၉ ၂၇၀။ ငါးရာငါးဆယ်၊ ပ၊ ၂၂၇ ၂၂၉။)

ပစ္စုပ္ပန်ဝတ္ထု=အရက်၌ ဆားခတ်ရောင်းသော (သေကုန်သည်၏)တပည့်။

အတိတ်ဝတ္ထု=ဘုရားအလောင်းသူဌေးကို အမှီပြု၍အသက်မွေးသော သေကုန်သည်၏တပည့်ကောဏ္ဍညသည် သေ၌ ဆားခတ်ရောင်းခြင်း။

ဘုရားအလောင်းသူဌေးဟောသောတရား...

န ဝေ အနတ္ထကုသလေန၊ အတ္ထစရိယာ သုခါဝဟာ။

ဟာပေတိ အတ္ထံ ဒုမ္မေဓော၊ ကောဏ္ဍညော ဝါရုဏိံ ယထာ။

(ဇာတက၊ ၁၊ ၁၂။ ဠ၊ ၁၊ ၂၇၀။)

ဒုမ္မေဓော ပညာမရှိသောသူသည်၊ အတ္ထံ အကျိုးစီးပွါးကို၊ ကရိဿာမိတိ ပြုအံ့ဟူ၍၊ အတ္ထံ အကျိုးစီးပွား ကို၊ ဟာပေတိ ယုတ်စေ၏၊ တသ္မာ ထို့ကြောင့်၊ အနတ္ထကုသလေန အကျိုးမရှိသည်၌ လိမ္မာသောသူသည်၊ ဝါ အကျိုးရှိသည်၌ မလိမ္မာသောသူသည်၊ အတ္ထစရိယာ ချမ်းသာနှစ်ပါးဟူသော အကျိုးကိုကျင့်ခြင်းသည်၊ န သုခါဝဟာ ချမ်းသာကို ဆောင်ခြင်းငှါ မတတ်နိုင်၊ ကောဏ္ဍညော ကောဏ္ဍညအမည်ရှိသော တပည့်သည်၊ အတ္ထံ အကျိုးစီးပွါးကို၊ကရိဿာမိတိ ပြုအံ့ဟူ၍၊ လောဏံ ဆားကို၊ ပက္ခိပိတွာ ထည့်ခတ်၍၊ ဝါရုဏိံ သေကို၊ ဝိနာသေတိ ဝိယ ဖျက်ဆီးသကဲ့သို့၊ ဧဝံတထာ ထို့အတူ၊ သဗ္ဗောပိ အလုံးစုံလည်းဖြစ်သော၊ အနတ္ထကုသလော အကျိုးရှိသည်၌ မလိမ္မာသောသူသည်၊ ဝေ စင်စစ်၊ အတ္ထံ အကျိုးစီးပွားကို၊ ဟာပေတိ ယုတ်စေ၏။

ဝါရုဏီ သေအရက်၊ ဝါရိဏိဝါဏိဇ သေကုန်သည်(အရက်ရောင်းသူ)၊ လောဏသက္ခရာ(ကျ) ဆားပွင့်

ဝါရုဏိပါယက အရက်သောက်သူ၊ ကထာပါဘတ စကားလက်ဆောင်

ဆောင်ပုဒ်=အကျိုးကိုပြု၊ မိုက်မဲမှု၊ ကျိုးစုဖြာဖြာ ကျိုးမဲ့သာ။

၂၆။ (၄၈) ဝေဒဗ္ဗဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၂။ ဠ၊ ၁၊ ၂၇၀ ၂၇၄။ ငါးရာငါးဆယ်၊ ပ၊ ၂၃၀ ၂၃၅။)

ပစ္စုပ္ပန်ဝတ္ထု=ဆိုဆုံးမခက်သော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=ဘုရားအလောင်းတပည့်နှင့် ဆရာပုဏ္ဏားတို့ ပြန်ပေးဆွဲခံကြရသောအခါ ပြန်ပေးတို့က တပည့်အား ငွေယူ နိုင်းစဉ် တပည့်မှာစကားကို နားမထောင်ပဲ မန္တန်ကို ရွတ်ကာ ရတနာမိုးရွာစေ၍ ဆရာဝေဒဗ္ဗပုဏ္ဏား သေရခြင်း။

ပေသနကစောရ ပြန်ပေးဆွဲသမား(သူခိုး)၊ ဓနဝဿာပနကနက္ခတ္တ ဥစ္စာမိုးကို ရွာစေတတ်သောနက္ခတ်

ဆောင်ပုဒ်=ဆိုဆုံးမခက်၊ သူ့အတွက်၊ ကျိုးပျက်သေဆုံးပါ။

၂၇။ (၄၉) နက္ခတ္တဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၂။ ဋ္ဌ၊ ၁၊ ၂၇၄ ၂၇၇။ ငါးရာငါးဆယ်၊ ပ၊ ၂၃၅ ၂၃၈။)

ပစ္စုပ္ပန်ဝတ္ထု=အာဇီဝကဏ်နက္ခတ်မကောင်းဟူသောစကားကြောင့် ဇနီးလောင်း ဆုံးရှုံးရခြင်း။

အတိတ်ဝတ္ထု=အလားတူပင်။

ဘုရားအလောင်းပညာရှိယောကျ်ားက...

နက္ခတ္တံ ပတိမာနေန္တံ၊ အတ္ထော ဗာလာ ဥပစ္စဂါ။

အတ္ထော အတ္ထဿ နက္ခတ္တံ၊ ကိံ ကရိဿန္တိ တာရကာ။

(ဇာတက၊ ၁၊ ၁၂။ ဋ္ဌ၊ ၁၊ ၂၇၆။)

နက္ခတ္တံ နက္ခတ်ကို၊ ပတိမာနေန္တံ ငံ့လင့်နေသော၊ ဗာလံ သူမိုက်ကို၊ အတ္ထော သတို့သမီးကို ရခြင်း ဟူသောအကျိုးသည်၊ ဥပစ္စဂါ လွန်ခဲ့လေ၏၊ အတ္ထော လိုအပ်သော အကျိုးသည်၊ အတ္ထဿ အလိုရှိတတ်သော သူ၏၊ နက္ခတ္တံ နက္ခတ်မည်၏၊ တာရကာ ကောင်းကင်ကြယ်တို့သည်၊ ကိံ အတ္ထံ အဘယ်အကျိုးကို၊ ကရိဿ န္တိ ပြုစေနိုင်ကုန်လတ္တံ့နည်း?။

အတ္ထော အတ္ထဿ နက္ခတ္တန္တိ ယံ အတ္တံ ပရိယေသန္တော စရတိ၊ သော ပဋိလဒ္ဓေါ အတ္ထောဝ အတ္ထဿ နက္ခတ္တံ နာမ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၂၇၆။)

ဆောင်ပုဒ်=တက္ကတွန်းမိုက်၊ ပြောကြားလိုက်၊ မှတ်ပိုက်အမှန်ယူ။

နက္ခတ်ကြိမ်ရာ၊ ငံ့လင့်ကာ၊ ကညာ လွဲပြီဟူ။

နက္ခတ်ကြယ်ကား၊ သင့်တွက်အား၊ ကျိုးများ ဘယ်မကူ။

လိုအပ်သူမှာ၊ လိုအပ်ရာ၊ ရတာ နက္ခတ်ဟူ။

၂၈။ (၅၀) ဒုမ္မေဓဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၂။ ဋ္ဌ၊ ၁၊ ၂၇၆ ၂၇၉။ ငါးရာငါးဆယ်၊ ပ၊ ၂၃၉ ၂၄၂။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင် လောကအစီးအပွားကို ကျင့်တော်မူခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းဗာရာဏသီမင်းသည် ယဇ်ပူဇော်ခြင်းကိုတားမြစ်၍ သတ္တဝါတို့အကျိုးစီးပွါးကိုကျင့်ခြင်း။

ဝဋ္ဋရုက္ခ ပညောင်ပင်

ဆောင်ပုဒ်=ဗာရာပြည်မင်း၊ မောင်းကြေးနင်း၊ ခတ်ခြင်းကြောင်းရာသည်။

ဒုစ္စရိုက်များ၊ ပြုသူအား၊ ယဇ်ကား ပူဇော်မည်။

ဗာရာပြည်မှာ၊ စည်လည်ကာ၊ ကြေညာကြစေပြီ။

မကောင်းမှုကို၊ သူငါကိုယ်၊ ပြုလိုမရှိပြီ။

တိုင်းပြည်ငြိမ်းချမ်း၊ နတ်ပြည်လမ်း၊ တက်လှမ်းနိုင်ကြပြီ။

၂၉။ (၅၁) မဟာသီဝဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၃။ ဋ္ဌ၊ ၁၊ ၂၇၉ ၂၈၅။ ငါးရာငါးဆယ်၊ ပ၊ ၂၄၂ ၂၅၁။)

ပစ္စုပ္ပန်ဝတ္ထု=ဝီရိယလျှော့သော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=ဘုရားအလောင်းမဟာသီလဝမင်း ဝီရိယကိုမလျှော့သောကြောင့် မင်းစည်းစိမ်ပြန်ရခြင်း။

ဒေဝဒတ်အလောင်း ပြစ်မှားသောအမတ်။

ဆောင်ပုဒ်=ဝီရိယရင်း၊ အားကိုသွင်း၊ အောင်ခြင်းမင်္ဂလာ ဘေးရန်ကွာ။

၃၀။ (၅၂) စူဠဇနကဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၃။ ဋ္ဌ၊ ၁၊ ၂၈၅။ ငါးရာငါးဆယ်၊ ၁၊ ၂၅၁ ၂၅၂။)

ပစ္စုပ္ပန်ဝတ္ထု=ဝီရိယလျှော့သော ရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=မဟာဇနကဇာတ်၌ ထင်ရှားမည်ဖြစ်၏။
ဘုရားအလောင်းစူဠဇနကမင်း၏ဥဒါန်းသံ...

ဝါယမေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါဟံ အတ္တာနံ၊ ဥဒကာ ထလမုဗ္ဘတံ။
(ဇာတက၊ ၁၊ ၁၃။ ဋ္ဌ၊ ၁၊ ၂၈၅။)

ပုရိသော ယောကျ်ားသည်၊ ဝါယမေထေဝ လုံ့လကို ပြုရာသည်သာလျှင်တည်း၊ ပဏ္ဍိတော ပညာရှိသည် န နိဗ္ဗိန္ဒေယျ လုံ့လကိုပြုခြင်း၌ မငြီးငွေ့ရာ၊ ဥဒကာ ရေမှ၊ ထလံ ထလေ ကြည်း၌၊ ဥဗ္ဘတံ တည်သော၊ အတ္တာနံ မိမိကိုယ်ကို၊ အဟံ ငါသည်၊ ပဿာမိ မြင်၏။

ဆောင်ပုဒ်=လုံ့လရှိက၊ ဘယ်ကိစ္စ၊ ကျိုးက ပြီးစီးရာ။

၃၁။ (၅၃) ပုဏ္ဏပါတိဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၃။ ဋ္ဌ၊ ၁၊ ၂၈၆ ၂၈၇။ ငါးရာငါးဆယ်၊ ပ၊ ၂၅၂ ၂၅၅။)
ပစ္စုပ္ပန်ဝတ္ထု=သေသောက်ကြူးတို့ အဆိပ်ခတ်သော သေအရက်ဖြင့် အနာထပိဏ်သူဌေးကို လုရန်ကြံခြင်း။
အတိတ်ဝတ္ထု=အလားတူပင် ဘုရားအလောင်းဗာရာဏသီသူဌေးကို လုရန်ကြံခြင်း။
သုရာမူလ-အရက်ဖိုး
ဆောင်ပုဒ်=တစ်ပါးသူကို၊ လှည့်ပတ်ဆို၊ ဟန်ကို ရှုကြည့်ရာ။
ပညာရှိကား၊ မှန်တရား၊ ထင်ရှားသိလေပါ။
အမှုမှန်ပေါ်၊ နေမတော်၊ ပြေးသော် ထိုလူညာ။

၃၂။ (၅၄) ကိံဖလဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၃။ ဋ္ဌ၊ ၁၊ ၂၈၈ ၂၈၉။ ငါးရာငါးဆယ်၊ ပ၊ ၂၅၅ ၂၅၈။)
ပစ္စုပ္ပန်ဝတ္ထု=သစ်သီး၌ လိမ္မာကျွမ်းကျင်သော ဥယျာဉ်စောင့်။
အတိတ်ဝတ္ထု=သစ်သီး၌ လိမ္မာကျွမ်းကျင်သော ဘုရားအလောင်းလှည်းကုန်သည်မှူးကြောင့် နောက်လိုက်များ အသက် ချမ်းသာရကြခြင်း။
ကိံဖလရုက္ခ ကိံဖလပင် (ဘာသီးပင်)၊ ထိုကိံဖလသီးသည် သရက်သီးနှင့် ပုံသဏ္ဌာန်, အဆင်း, အနံ့, အရသာအားလုံးတူ၏၊ စားလျှင်ကား လတ်တလော သေစေနိုင်သော အဆိပ်သီးဖြစ်၏။
ဆောင်ပုဒ်=ပညာရှိလျှင်၊ ဉာဏ်ဆင်ခြင်၊ သီးပင် သိပေမှာ။

၃၃။ (၅၅) ပဉ္စာဝုဓဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၃။ ဋ္ဌ၊ ၁၊ ၂၉၀ ၂၉၃။ ငါးရာငါးဆယ်၊ ပ၊ ၂၅၈ ၂၆၃။)
ပစ္စုပ္ပန်ဝတ္ထု=ဝီရိယကို လျှော့သောရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=ဘုရားအလောင်း ပဉ္စာဝုဓမင်းသား လက်နက်ငါးမျိုးနှင့် ခန္ဓာကိုယ်တစ်ကိုယ်လုံးတို့ဖြင့် အစေးကပ်သော အမွေးရှိသည့် (သိလေသလောမ)ဘီလူးကို တိုက်ခိုက်ခြင်း။
ဘီလူးသည် အင်္ဂုလိမာလအလောင်းဖြစ်၏။
ဆောင်ပုဒ်=လုံ့လထုတ်ခွင့်၊ ချိန်ခါသင့်၊ မလင့် ကြိုးစားရာ။
ပဉ္စာဝုဓ၊ ကြိုးလုံ့လ၊ အောင်ရ များချမ်းသာ။
ဘီလူးကြီးပင်၊ သီလလျှင်၊ ပန်ဆင်နောက်ဆုံးပါ။

၃၄။ (၅၆) ကဉ္စနက္ခန္ဓဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၄။ ဋ္ဌ၊ ၁၊ ၂၉၃ ၂၉၅။ ငါးရာငါးဆယ်၊ ပ၊ ၂၆၄ ၂၆၇။)
ပစ္စုပ္ပန်ဝတ္ထု=ဆရာဥပဇ္ဈာယ်တို့ပြောသော များစွာသောသီလတို့ကို မစောင့်နိုင်၍ လူထွက်တော့မည်ရဟန်းကို ဘုရားရှင်က သီလသုံးပါးတို့ကို စောင့်သုံးစေသဖြင့် လူမထွက်တော့ပဲ ဝိပဿနာတရားကြိုးစားအားထုတ်၍ ရဟန္တာဖြစ်ခြင်း။
အတိတ်ဝတ္ထု=လေးစွာသော ရွှေတုံးကြီးကို ဝေဖန်ရည်စူးခွဲလိုက်သဖြင့် ပေါ့ပါးသကဲ့သို့ ဖြစ်ကာ သယ်ဆောင်နိုင်သော ဘုရားအလောင်း ရွှေတုံးရလယ်သမား။

ဆောင်ပုဒ်=လေးသည့်ဝန်တာ၊ ပေါ့စိမ့်ငှာ၊ စိတ်ဖြာခွဲဝေ ဉာဏ်ဖြင့်လေ။
သီလများစွာ၊ မနိုင်တာ၊ သုံးဖြာခွဲဝေ စောင့်ရှောက်စေ။

၃၅။ (၅၉) ဘေရိဝါဒကဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၁၄။ ဠ၊ ၁၊ ၃၀၀ ၃၀၁။ ငါးရာငါးဆယ်၊ ပ၊ ၂၇၄ ၂၇၅။)
ပစ္စုပ္ပန်ဝတ္ထု=ဆိုဆုံးမခက်သောရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=သား (စည်တီးသမား)သည် ဘုရားအလောင်းဖခင်(စည်တီးသမား)၏စကားကို နားမထောင်ပဲ တလစပ် စည်တီးသောကြောင့် ခိုးသူတို့ဖမ်း၍ ဥစ္စာဆုံးရှုံးရခြင်း။
ဘေရိဝါဒက စည်တီးသမား
ဆောင်ပုဒ်=ဆိုဆုံးမခက်၊ သူ့ကြောင့်တွက်၊ ယွင်းပျက်ဆုံးပါးရာ။

၃၆။ (၆၀) သင်္ခဓမဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၁၄။ ဠ၊ ၁၊ ၃၀၂။ ငါးရာငါးဆယ်၊ ပ၊ ၂၇၆ ၂၇၇။)
ပစ္စုပ္ပန်ဝတ္ထု=ဆိုဆုံးမခက်သောရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=သားဘုရားအလောင်း၏စကားကို နားမထောင်ပဲ ဖခင်၏ဆက်တိုက်ခရုသင်းမှုတ်မှုကြောင့် ခိုးသားတို့ ဖမ်း၍ ဥစ္စာဆုံးရှုံးရခြင်း။
ဆောင်ပုဒ်=ဆိုဆုံးမရ၊ မလိုက်နာ၊ ရှာရာပစ္စည်း အချည်းနှီး။

၃၇။ (၆၁) အသာတမန္တဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၁၅။ ဠ၊ ၁၊ ၃၀၃ ၃၀၇။ ငါးရာငါးဆယ်၊ ပ၊ ၂၇၇ ၂၈၂။)
ပစ္စုပ္ပန်ဝတ္ထု မာတုဂါမကြောင့် သာသနာတော်၌ ငြီးငွေ့သောရဟန်း။
အတိတ်ဝတ္ထု=မိခင်၏တိုက်တွန်းချက်အရ ဒိသာပါမောက္ခဆရာ့ထံ၌ အသာတမန္တန်ကို သင်ယူသောလုလင်။
လုလင်၏မိခင်သည် ဘဒ္ဒကာပိလာနီအလောင်း, လုလင်၏အဘသည် မဟာကဿပအလောင်း, လုလင်သည် အာနန္ဒာအလောင်း, ဒိသာပါမောက္ခဆရာသည် ဘုရားအလောင်း။
ဆောင်ပုဒ်=မီးဟူသည်မှာ၊ လောင်စရာ၊ ဘယ်ခါမရွေးပြီ။
လောင်ဖွယ်ဟူသမျှ၊ လောင်မည်ပ၊ မီးက ဝါးမျိုသည်။
လောင်မီးနှင့်တူ၊ မိန်းမဟူ၊ ဝါးမှုမျိုလိမ့်မည်။
ယုတ်မြတ်မရွေး၊ ကိလေမြေး၊ ယှက်ထွေးပေါင်းတော့သည်။
ဆင်းရဲယုတ်မာ၊ ပေးတတ်စွာ၊ ပမာမီးတူညီ။

၃၈။ (၆၂) အဏ္ဍာဘူတဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၁၅။ ဠ၊ ၁၊ ၃၀၇ ၃၁၃။ ငါးရာငါးဆယ်၊ ပ၊ ၂၈၂ ၂၉၀။)
ပစ္စုပ္ပန်ဝတ္ထု=မာတုဂါမကြောင့် သာသနာတော်၌ ငြီးငွေ့သောရဟန်း။
အတိတ်ဝတ္ထု=ပုရောဟိတ်ပုဏ္ဏားသည် အခြားယောကျ်ားတစ်ပါးနှင့် မဆက်ဆံရလေအောင် ကိုယ်ဝန်တည်စဉ်ကပင် စောင့်ရှောက်လာခဲ့သော မိန်းမဖြစ်လင့်ကစား သေသောက်ကြူးနှင့် ဖောက်ပြန်ခြင်း။
ဘုရားအလောင်းဗာရာဏသီမင်း ကြွေအန်ကစားရင်း သီဆိုသောဂါထာ....
သဗ္ဗနဒီ ဝင်္ကဂတီ၊ သဗ္ဗေ ကဋ္ဌမယာ ဝနာ။
သဗ္ဗိတ္ထိယော ကရေ ပါပံ၊ လဘမာနေ နိဝါတကေ။
(ဇာတက၊ ၂၊ ၁၂၃။ ဠ၊ ၁၊ ၃၀၈။)
ဝင်္ကဂတာ (သီ၊ သျာ)၊ ဝင်္ကနဒီ (က)၊ လဘမာနာ (သီ)၊ လဒ္ဓမာနေ (သျာ)
သဗ္ဗနဒီ ခပ်သိမ်းသော မြစ်တို့သည်၊ ဝင်္ကဂတီ ကောက်သောအလား ရှိကုန်၏၊ သဗ္ဗေ ခပ်သိမ်းကုန်သော၊ ဝနာ တောတို့သည်၊ ကဋ္ဌမယာ ထင်းအတိသာ ဖြစ်ကုန်၏၊ နိဝါတကေ ဆိတ်ကွယ်ရာ အရပ်ကို၊ လဘမာနေ ရသည်ရှိသော်၊ သဗ္ဗိတ္ထိယော ခပ်သိမ်းသော မိန်းမတို့သည်၊ ပါပံ မကောင်းမှုကို၊ ကရေ ကရေယျုံ ပြုကုန်ရာ၏။
သဗ္ဗိတ္ထိယောတိ ဌပေတွာ ဝိပဿနာယ တနုကတကိလေသာ သေသာ သဗ္ဗာ ဣတ္ထိယော ပါပံ ကရေယျုံ။
လဘမာနေတိ လဒ္ဓမာနေ၊ သံဝိဇ္ဇမာနေတိ အတ္ထော။ နိဝါတကေတိ ရဟောမန္တနကေ ပရိဘောဒကေ။

(ဇာတက၊ ၄၊ ၅၊ အသီတိနိပါတ်, ကုဏာလဇာတကဝဏ္ဏနာ၊ ၄၇၂။)

ခပ်သိမ်းသောမိန်းမတို့ ဟုဆိုရာ၌ "ဝိပဿနာဉာဏ်ဖြင့် ကိလေသာပါးပြီးသော မိန်းမတို့မှ ကြွင်းသော မိန်းမတို့ကို"ဆိုလိုသည်။

ဆောင်ပုဒ်=မိန်းမဟူဘိ၊ ထိုက္ကတ္ထိကား၊ မွေးသည့်စလျက်၊ အထိန်းခက်၏၊ နစ်သက်လေငြား၊ ခြားယောကျ်ား နှင့်၊ ဖောက်ပြားတတ်စွ၊ ဇာတက၌၊ ထုံးပြသက်သေ ညွှန်းခဲ့ပေ။

၃၉။ (၆၃) တက္ကပဏ္ဍိတဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၅။ ဌ၊ ၁၊ ၃၁၃ ၃၁၇။ ငါးရာငါးဆယ်၊ ပ၊ ၂၉၀ ၂၉၅။)

ပစ္စုပ္ပန်ဝတ္ထု=မာတုဂါမကြောင့် သာသနာတော်၌ ငြီးငွေ့သောရဟန်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းတက္ကပဏ္ဍိတသည် ခိုးသူဖမ်း၍ ခိုးသူကြီး၏ဇနီးပြုထားသော မယားဟောင်း၏လှည့်ကွက်ကြောင့် အဖမ်းခံရလျက် ရိုက်ပုတ်ခံရစဉ်"မိန်းမဟူသည် အမျက်ထွက်လွယ်တတ်, ကျေးဇူးဖျက်တတ်, ကုန်းတိုက်တတ်, ပြစ်မှားတတ်၏"ဟူသော စကားလေးခွန်းကိုသာ ရွတ်ဆိုနေ၏။

ထိုကြောင့် ခိုးသူကြီးက ထိုစကားလေးခွန်းနှင့်စပ်၍ ဘုရားအလောင်းကို မေးသောအခါ အလောင်းတော်က "ထိုမိန်းမကို ရေထဲ၌ ကူးဆယ်ခြင်း, မိမိ၏သီလ ဈာန်သမာပတ်များဖျက်ဆီးခံရခြင်း, ရက်တက်ရည်ကို ရောင်းကျွေးရခြင်း, သူမကို လာခေါ်ရန်အကြောင်းစသည်ဥဿုံ အလုံးစုံကို ပြောကြားလေရာ ခိုးသူကြီးသည် အမြင်မှန်ရလျက် နောက်ဆုံး ဘုရားအလောင်းကို သတ်ဟန်ပြု၍ သူမကိုသတ်ကာ ဘုရားအလောင်းနှင့် အတူ ဟောထွက်ကြပြီးနောက် ဈာန်အဘိညာဏ်များကိုရ၍ ဗြဟ္မာပြည်သို့ လာကြလေ၏။

ခိုးသူကြီးသည် အရှင်အာနန္ဒာအလောင်းဖြစ်၏။

ဘုရားရှင်ဟောတော်မူသောတရားကား...

ကောဓနာ အကတညူ့ စ၊ ပိသုဏာ မိတ္တဘေဒိကာ။
ဗြဟ္မစရိယံ စရ ဘိက္ခု၊ သော သုခံ န ဝိဟာဟသိ။
(ဇာတက၊ ၁၊ ၁၅။)

ဝိဟာဟိသိ(ဇာ၊ ဋ္ဌ၊ ၁၊ ၃၁၆။ သီ၊ သျာ၊ ဣ)၊ ဝိဟာယသိ(က)

ဘိက္ခု ရဟန်း၊ (ဣတ္ထိယော နာမ မိန်းမတို့မည်သည်၊) ကောဓနာ စ အမျက်လည်း ထွက်လွယ်တတ်ကုန်၏၊ အကတညူ့ စ သူ့ကျေးဇူးကိုလည်း မသိတတ်ကုန်၊ ပိသုဏာ စ ချောပစ်ကုန်းတိုက်ခြင်းကိုလည်း ပြုတတ်ကုန်၏၊ မိတ္တဘေဒကာ စ အဆွေခင်ပွန်းတို့ကိုလည်း ဖျက်ဆီးတတ်ကုန်၏၊ တွံ့ သင်သည်၊ ဗြဟ္မစရိယံ မြတ်သောအကျင့်ကို၊ စရ ကျင့်လော့၊ သော တွံ့ ထိုသင်သည်၊ သုခံ ဈာန်ချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာကို၊ န ဝိဟာဟသိ မစွန့်ရလတ္တံ့။

ဆောင်ပုဒ်=ကျေးဇူးရှင်ဖြစ်၊ ခင်ပွန်းစစ်၊ စွန့်ပစ်ခဲ့ထ ထိုမိန်းမ။
အမျက်ထွက်လွယ်၊ ကုန်းတိုက်တယ်၊ ဆွေဝယ်ဖျက်ထ ထိုမိန်းမ။
မိန်းမဟူသည်၊ ကြောက်ပါပြီ၊ ငါသည်မြန်စွ တောထွက်မှ။
ဈာန်ဘိညာဉ်နယ်၊ ပြည်ဝကြွယ်၊ ငါဝယ်သေက ဗြဟ္မာပ။

၄၀။ (၆၄) ဒုရာဇာနဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၅။ ဋ္ဌ၊ ၁၊ ၃၁၇ ၃၂၀။ ငါးရာငါးဆယ်၊ ပ၊ ၂၉၆ ၂၉၈။)

ပစ္စုပ္ပန်ဝတ္ထု=မာတုဂါမတို့၏အလိုကို သိနိုင်ခဲ၍ ဘုရားရှင်ထံတော်သို့ မလာသော သီတင်းသည်။

အတိတ်ဝတ္ထု=မိန်းမ၏အလိုကို အသိခက်၍ ဆရာ့ထံသို့ မလာနိုင်ကြောင်းပြောသော တပည့်။

ဒိသာပါမောက္ခဆရာသည် ဘုရားအလောင်း, တပည့်သည် သီတင်းသည်အလောင်းဖြစ်၏။

ဘုရားအလောင်း၏အဆုံးအမ...."ဤမိန်းမသည် ငါ့ကို အလိုရှိ၏, ငါ့ကို နစ်သက်၏, ချစ်၏ ဟူ၍ ပြန်၍ မနစ်သက်လင့်၊ ဤမိန်းမသည် ငါ့ကို အလိုမရှိ, မနစ်သက်, မချစ် ဟူ၍လည်း မစိုးရိမ်လင့်၊ ချစ်နစ်သက်ခြင်း, စိုးရိမ်ခြင်းကို မပြုပဲ လျစ်လျူရှုပါလော့၊ မိန်းမ၏အလိုကို သိဖို့ရန် ခဲရင်းလှ၏၊ ရေ၌ ငါး၏သွားရာ လမ်းခရီးကို သိနိုင်ခဲသကဲ့သို့ပင်တည်း။"

ဆောင်ပုဒ်=ဣတ္ထိယဆို၊ မိန်းမပျို၊ အလိုသိခဲစွာ။

နှစ် မနှစ်သက်၊ ထိုနှစ်ချက်၊ ရှုလျက် ဥပေက္ခာ။
ရေပြင်မှာစွမ်း၊ ငါးသွားလမ်း၊ ခန့်မှန်းသိခက်ပါ။
မိန်းမသဘော၊ ငါးပုံနော၊ အပြောဇာတ်တော်လာ။

၄၁။ (၆၅) အနဘိရတိဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၆။ ဋ္ဌ၊ ၁၊ ၃၁၉ ၃၂၀။ ငါးရာငါးဆယ်၊ ပ၊ ၂၉၈ ၃၀၀။)
ပစ္စုပ္ပန်ဝတ္ထု=မယားနိပ်စက် စိတ်ဓာတ်ပျက်၍ ဘုရားရှင့်ထံလာဖို့ရန် ပျက်ကွက်သော သီတင်းသည်။
အတိတ်ဝတ္ထု=မယား၏အပြစ်ကို မြင်၍ စိတ်အနှောက်အရှက်ဖြစ်သောကြောင့် ဘုရားအလောင်းဒိသာပါမောက္ခ ဆရာ့ထံသို့ မလာနိုင်သော တပည့်။
ဆောင်ပုဒ်=ဣတ္ထိယစ၊ ပြသည်မှုကို၊ ကောင်းမှုဆိုးဟူ၊ သင်မယူပဲ၊ လျစ်လျူရှုကာ၊ နေအပ်စွာ၏။

၄၂။ (၆၆) မုဒုလက္ခဏဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၆။ ဋ္ဌ၊ ၁၊ ၃၂၀ ၃၂၄။ ငါးရာငါးဆယ်၊ ပ၊ ၃၀၂ ၃၀၆။)
ပစ္စုပ္ပန်ဝတ္ထု=တန်ဆာဆင်အပ်သော မိန်းမကိုမြင်၍ တင့်တယ်သည်၏အစွမ်းဖြင့် ဣန္ဒြေကို ဖျက်လျက် မိန်းမကို ကြည့်သဖြင့် ကိုယ်တွင်းဝယ် ကိလေသာတုန်လှုပ်ခံရသော ရဟန်း။
အတိတ်ဝတ္ထု=ဥပ္ပဝဏ်အလောင်း မုဒုလက္ခဏာမိဖုရား၏ဝိသဘာဂအာရုံကြောင့် ဈာန်လျှောရသော ဘုရားအလောင်း ရသေ့၊ အရှင်အာနန္ဒာအလောင်းမင်းက မိဖုရားနှင့် လက်ထပ်ပေးသော်လည်း ဒုက္ခအမျိုးမျိုးခံရသောအခါ သတိရကာ မိဖုရားကို မင်းအား ပြန်အပ်လျက် ဈာန်ကို ပြန်လည်ရရှိပြီးလျှင် လူတို့နေရာသို့ ပြန်မလာသော သွားခြင်းဖြင့် ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ ကြွတော်မူလေ၏။
ဆောင်ပုဒ်=ဝိသဘာဂ၊ အာရုံရ၊ ထကြွကိလေ ဆင်းရဲဖွေ။

၄၃။ (၆၇) ဥစ္ဆင်္ဂဇာတ်၊ ဧကကနိပါတ်(ဇာတက၊ ၁၊ ၁၆။ ဋ္ဌ၊ ၁၊ ၃၂၄ ၃၂၆။ ငါးရာငါးဆယ်၊ ပ၊ ၃၀၇ ၃၁၀။)
ပစ္စုပ္ပန်ဝတ္ထု=လင်သည် မိန်းမ၏အဝတ်၊ လင်မရှိက တစ်သိန်းတန်အဝတ်သည် အချည်းနီး၊ မောင်တစ်ကျိပ်ရှိသော်လည်း လင်မရှိက အချည်းနီး။

နဂ္ဂါ နဒီ အနူဒကာ၊ နဂ္ဂံ ရဋ္ဌံ အရာဇကံ။
ဣတ္ထီပိ ဝိဓဝါ နဂ္ဂါ၊ ယဿာပိ ဒသ ဘာတရော။
(ဇာတက၊ ဋ္ဌ၊ ၁၊ ၃၂၅။)

အနူဒကာ (ခ၊ ၆=ဇ၊ ၂၊ ဝေဿန္တရ၊ ၃၂၇)၊ အနောဒိကာ (သီ၊ဣ)
အနူဒကာ ရေမရှိသော၊ နဒီ မြစ်သည်၊ နဂ္ဂါ အချည်းနီးသာ ဖြစ်၏၊ အရာဇကံ မင်းမရှိသော၊ ရဋ္ဌံ တိုင်းနိုင်ငံသည်၊ နဂ္ဂံ အချည်းနီးသာလျှင် ဖြစ်၏၊ ယဿာ အကြင်မိန်းမအား၊ ဒသ ဘာတရော မောင်တစ်ကျိပ်တို့သည်၊ သန္တိ ရှိကုန်ငြားအံ့၊ တထာပိ ထိုသို့ ရှိကုန်ငြားသော်လည်း၊ ဝိဓဝါ လင်မှကင်းသော၊ ဣတ္ထီပိ မိန်းမသည်လည်း၊ နဂ္ဂါ အချည်းနီးသာ ဖြစ်၏။
အတိတ်ဝတ္ထု=အရွယ်ရှိသောမိန်းမသည် လင်ယူလျှင် သားရ၏၊ မိဘနှစ်ပါးတို့ မရှိကြ၍ မောင်ကိုကား မရနိုင်သောကြောင့် မောင်ကိုသာ ပေးရန်တောင်းသော အမျိုးသမီး။
ပစ္စုပ္ပန်ဝတ္ထု၌ လေးယောက်တို့သည် အတိတ်ဝတ္ထု၌လည်း ထိုလေးယောက်တို့ပင် ဖြစ်ခဲ့ကြ၏။
ဘုရားအလောင်းကား ဗာရာဏသီမင်းတည်း။
ဆောင်ပုဒ်=မျိုးကောင်းသမီး၊ ဉာဏ်ကိုမှီး၍၊ ချင့်ပြီးကြောင်းရာ၊ ချိန်ဆကာဖြင့်၊ ပညာဉာဏ်လျော်၊ မှန်စွာ လျှောက်သော်၊ သုံးယောက်အနှောင်၊ လွတ်ကြောင်းဆောင်၏။

၄၄။ (၆၈) သာကေတဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၆။ ဋ္ဌ၊ ၁၊ ၃၂၆ ၃၂၈။ ငါးရာငါးဆယ်၊ ပ၊ ၃၁၀ ၃၁၂။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်ကို မြင်ဖူးလျှင် မြင်ဖူးခြင်း "ငါ့သား...သားဆိုတာ မိအို, ဖအိုများကို လုပ်ကျွေးသင့်သည် မဟုတ်ပါလော? ဤမျှကြာရှည်လေးမြင့်စွာ ဘယ်ကိုများ သွားနေပါသနည်း?"ဟု ပြောဆိုကြသော ပုဏ္ဏားဇနီးမောင်နှံ။
အတိတ်ဝတ္ထု=ပုဏ္ဏားသည် ဘုရားအလောင်းတော်၏ဘခင်အဖြစ် ဘဝငါးရာ, ဘထွေး(ဘခင်၏ညီ)အဖြစ် ဘဝငါးရာ,

ဘကြီး(ဘခင်၏အကို)အဖြစ် ဘဝငါးရာ၊ ပုဏ္ဏေးမသည် ဘုရားအလောင်း၏မိခင်အဖြစ် ဘဝငါးရာ, မိထွေး (မိခင်အောက်အငယ်)အဖြစ် ဘဝငါးရာ, မိကြီး(မိခင်ထက်အကြီး)အဖြစ် ဘဝငါးရာ=ဘဝပေါင်းတစ်ထောင့် ငါးရာစီ သူတို့၏လက်၌ ကြီးပွါးခဲ့ရ၏။

ယသ္မိံ မနော နိဝိသတိ၊ စိတ္တဉ္စာပိ ပသီဒတိ။
အဒိဋ္ဌပုဗ္ဗကေ ပေါသေ၊ ကာမံ တသ္မိမ္ပိ ဝိဿသေ။
(ဇာတက၊ ၁၊ ၁၆။ ဋ္ဌ၊ ၁၊ ၃၂၇။)

အဒိဋ္ဌပုဗ္ဗကေ ဤဘဝ၌ ရှေးက မမြင်ဘူးသော၊ ယသ္မိံ ပေါသေ အကြင်ပုဂ္ဂိုလ်၌၊ မနော စိတ်သည်၊ နိဝိသတိ တည်၏၊ စိတ္တံ စိတ်သည်၊ ပသီဒတိ စာပိ ကြည်လည်း ကြည်ညို၏၊ တသ္မိမ္ပိ ပေါသေ ထိုပုဂ္ဂိုလ်၌ လည်း၊ ကာမံ စင်စစ်၊ (အနုဘူတပုဗ္ဗ သိနေဟေနေဝ ရှေး၌ဖြစ်သော ချစ်ခြင်းဖြင့်သာလျှင်)၊ ဝိဿသေ အကျွမ်း ဝင်၏။

ယသ္မိံ မနော နိဝိသတီတိ ယသ္မိံ ပုဂ္ဂလေ ဒိဋ္ဌမတ္တေယေဝ စိတ္တံ ပတိဋ္ဌာတိ။ စိတ္တဉ္စာပိ ပသီဒတီတိ ယသ္မိံ ဒိဋ္ဌမတ္တေ စိတ္တံ ပသီဒတိ၊ မုဒုကံ ဟောတိ။ အဒိဋ္ဌပုဗ္ဗကေ ပေါသေတိ ပကတိယာ တသ္မိံ အတ္တဘာဝေ အဒိဋ္ဌ ပုဗ္ဗေပိ ပုဂ္ဂလေ။ ကာမံ တသ္မိမ္ပိ ဝိဿသေတိ အနုဘူတပုဗ္ဗသိနေဟေနေဝ တသ္မိမ္ပိ ပုဂ္ဂလေ ဧကံသေန ဝိဿသေ၊ ဝိဿာသံ အာပဇ္ဇတိယေဝါတိ အတ္ထော။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၃၂၇ ၃၂၈။)

ဆောင်ပုဒ်=ဘုရားလောင်းက၊ ဖြစ်ခဲ့ရ၊ ဘဝသံသရာ။
ပုဏ္ဏားမောင်နှံ၊ သူတို့ထံ၊ ကြိမ်ဖန်ကြီးခဲ့ပါ။
ထောင့်ငါးရာဘဝ၊ သီးသီးပ၊ နရ သူတို့ထံမှာ။

၄၅။ (၆၉) ဝိသဝန္တဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၆။ ဋ္ဌ၊ ၁၊ ၃၂၈ ၃၂၉။ ငါးရာငါးဆယ်၊ ပ၊ ၃၁၂ ၃၁၄။)

ပစ္စုပ္ပန်ဝတ္ထု=အချိန်မီ ရောက်မလာသဖြင့် တပည့်အတွက် မုန့်ကို ဆရာဖြစ်တော်မူသော အရှင်သာရိပုတ္တအား လှူဒါန်း၍ မထေရ်မြတ်က ထိုမုန့်ကိုစားပြီးချိန်မှ တပည့်ရောက်လာသောအခါ "သင့်အတွက်မုန့်ကို ငါစားလိုက်ပြီ"ဟု မိန့် လေသော် တပည့်က "အရှင်ဘုရား...ကောင်းမြတ်သောခဲဖွယ်ဘောဇဉ်ကို အဘယ်သူ မနှစ်သက်ပဲ ရှိပါမလဲ? ဟု ပြောဆိုလေ၏၊ မထေရ်မြတ်အား သံဝေဂဖြစ်တော်မူရကား ထိုအခါမှစ၍ မထေရ်မြတ်သည် မုန့်ခဲဖွယ်ကို မစားတော့ချေ။

ပိဋ္ဌခါဒနီယ မုန့်ခဲဖွယ်

အတိတ်ဝတ္ထု=အရှင်သာရိပုတ္တအလောင်း စွန့်ပြီးသောအဆိပ်ကို ပြန်မယူပဲ အသေခံမည့်မြွေ၊ ဘုရားအလောင်း မြွေဆေးဆရာ။

ဝိသဝေဇ္ဇ အဆိပ်ဖြေခြင်း၊ ဝေဇ္ဇကမ္မ ဆေးကုသောအမှု

ဆောင်ပုဒ်=စွန့်ပြီးဝတ္ထု၊ ပြန်ယူမှုကား၊ မရှုဇာတိ၊ ထေရ်သာရိ၏၊ မြဲဘိစိတ်သန်၊ သူ့မိဋ္ဌာန်တည်း။

၄၆။ (၇၀) ကုဒ္ဒါလပဏ္ဍိတဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၆။ ဋ္ဌ၊ ၁၊ ၃၃၀ ၃၃၃။ ငါးရာငါးဆယ်၊ ပ၊ ၃၁၅ ၃၂၀။)

ပစ္စုပ္ပန်ဝတ္ထု=ခြောက်ကြိမ်တိုင်တိုင် ရဟန်းပြုလိုက် လူထွက်လိုက်ပြုပြီးနောက် ခုနစ်ကြိမ်မြောက်ရဟန်းပြုသောအခါ ရဟန္တာဖြစ်သော စိတ္တဟတ္ထမထေရ်။

အတိတ်ဝတ္ထု=ပေါက်တူးကြောင့် ခြောက်ကြိမ်တိုင်တိုင် လူထွက်ရပြီးနောက် ခုနစ်ကြိမ်မြောက်ဝယ် ပေါက်တူးကို အပြီးတိုင် ရေထဲသို့ လွှတ်ပြီးလျှင် "အောင်ပြီ"ဟု ကြွေးကြော်ကာ ရသေ့ပြုသော ဘုရားအလောင်းကုဒ္ဒါလပဏ္ဍိတ၊ ဗာရာဏသီမင်းကား အရှင်အာနန္ဒာအလောင်း။

ကုဒ္ဒါလ ပေါက်တူး၊ ကုဏ္ဌကုဒ္ဒါလ တုံးသောပေါက်တူး၊ ဉာက ဟင်းရွက်
အလာဗု ဗူး၊ ကုမ္ဘဏ္ဍ ဖရုံ၊ ဧဠာလုက သခွါး။

ဆောင်ပုဒ်=လောဘရမ္မက်၊ စွဲလမ်းချက်၊ ပယ်ဖျက်နိုင်ခဲ့စွာ။
ပေါက်တူးကိုစွဲ၊ ခြောက်ကြိမ်နဲ့၊ လူပဲ ထွက်သေးတာ။
လောင်းကုဒ္ဒါလ၊ ထုံးကိုဆ၊ စွဲက ခွါခက်ပါ။

၄၇။ (၇၁) ဝရဏဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၇။ ဋ္ဌ၊ ၁၊ ၃၃၄-၃၃၇။ ငါးရာငါးဆယ်၊ ပ၊ ၃၂၁-၃၂၆။)

ပစ္စုပ္ပန်ဝတ္ထု=အခါလွန်မှ ပြုလုပ်အားထုတ်၍ ပေါင်ရိုးကျိုးသော ကုဋုမ္ဗိကပုတ္တတိဿရဟန်း။

အတိတ်ဝတ္ထု=ပျင်းရိသူ၏ထင်းစိုကြောင့် ခရီးသွားခြင်းအန္တရာယ်ဖြစ်ခဲ့ရ၏။

ဆရာပုဏ္ဏားကား ဘုရားအလောင်းဖြစ်၏။

ဆရာပုဏ္ဏား ပြောစကား...

ယော ပုဗ္ဗေ ကရဏီယာနိ၊ ပစ္ဆာ သော ကာတုမိစ္ဆတိ။

ဝရဏကဋ္ဌ ဘဉ္ဇောဝ၊ သ ပစ္ဆာ မနုတပ္ပတိ။

(ဇာတက၊ ၁၊ ၁၇။ ဋ္ဌ၊ ၁၊ ၃၃၇။)

ဝရဏကဋ္ဌ(သီ၊ဋ္ဌ) ခံတက်(ခတက်)ထင်း

ဝရဏရုက္ခ ရေခံတက်ပင်၊ အလ္လဒါရု ထင်းစို၊ ဒါရုကလာပ ထင်းစည်း

ယော အကြင်သူသည်၊ ပုဗ္ဗေ ရှေးဦးစွာ၊ ကရဏီယာနိ ပြုသင့်ပြုထိုက်သော အမှုတို့ကို၊ ပစ္ဆာ နောက်မှ၊ ကာတုံ ပြုခြင်းငှာ၊ ဣစ္ဆတိ အလိုရှိ၏၊ သ သော ထိုသူသည်၊ ဝရဏကဋ္ဌဘဉ္ဇောဝ ရေခံတက်ထင်းကိုချိုးသော လုလင်ကဲ့သို့၊ ပစ္ဆာ အနုတပ္ပတိ နောင်တတစ်ဖန် ပူပန်ရ၏။

တိဿော အနုမောဒနာ(ဇာ၊ ဋ္ဌ၊ ၁၊ ၃၃၄)အရ "အနုမောဒနာသုံးမျိုး"

၁။ မင်္ဂလာအနုမောဒနာ, ၂။ အမင်္ဂလာအနုမောဒနာ, ၃။ ဆွမ်းအနုမောဒနာ (ငါးရာငါးဆယ်၊ ပ၊ ၃၂၁။)

ဆောင်ပုဒ်=ဝီရိယကင်း၊ ပျင်းရိခြင်း၊ ခပင်းသူငါ ကျိုးပျက်မှာ။

ရှေးဦးကိစ္စ၊ နောင်တွင်ကျ(ဖင့်နွဲက)၊ နောင်တမှန်စွာ ရမည်သာ။

၄၈။ (၇၂) သစ္စံကိရဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၇။ ဋ္ဌ၊ ၁၊ ၃၄၁-၃၄၅။ ငါးရာငါးဆယ်၊ ပ၊ ၃၃၁-၃၃၈။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်ကိုသတ်ရန် ဒေဝဒတ်အားထုတ်ခြင်း။

အတိတ်ဝတ္ထု=အသက်ကယ်ဖူးသော ကျေးဇူးရှင် ဘုရားအလောင်းရသေ့ကို ပြစ်မှား၍ သေရသော မင်း။

ဘုရားအလောင်းရသေ့ကား မင်းအဖြစ်အပ်နှင်းခံရခြင်း။

ဘုရားအလောင်းရသေ့၏စကား....

သစ္စံ ကိရေဝမာဟံသု၊ နရာ ဧကစ္စိယာ ဣဓ။

ကဋ္ဌံ နိပ္လဝိတံ သေယျော၊ န တွေဝေ'ကစ္စိယော နရော။

(ဇာတက၊ ၁၊ ၁၇။ ဋ္ဌ၊ ၁၊ ၃၄၄။)

နိပ္လါဝိတံ (သီ၊ဋ္ဌ)

ကဋ္ဌံ မြစ်၌ မျောသောထင်းတုံးကို၊ နိပ္လဝိတံ ဆယ်တင်ခြင်းသည်၊ သေယျော မြတ်၏၊ ဧကစ္စိယော အချို့သော၊ နရော အဆွေခင်ပွန်းကို ပြစ်မှားတတ်သော ယောကျ်ားယုတ်ကို၊ (ဥတ္တရိယာ ဆယ်တင်ခြင်းသည်ကား)၊ န တွေဝ သေယျော မမြတ်သည်သာလျှင်တည်း၊ ဧဝံ ဤသို့၊ ဣဓ ဤလောက၌၊ (ဝဒမာနာ ဆိုကုန်သော)၊ ဧကစ္စိယာ အချို့ကုန်သော၊ နရာ ပညာရှိတို့သည်၊ သစ္စံ မှန်သောစကားကို၊ အာဟံသု ကိရ ဆိုကုန်သတတ်။

သစ်မျောဆယ်တင်၊ အသုံးဝင်၊ မုန်ပင် ကောင်းသည်သာ။

လူမျောဆယ်တင်၊ ကယ်ခဲ့လျှင်၊ ဘေးပင် ဖြစ်တတ်ပါ။

ရှေးသူပြောငြား၊ ဆိုစကား၊ မှတ်သားကြလေရာ။

ဥစ္စာစွဲသေ ကြောက်ဖွယ်ပေ(အစွဲသံသရာ ကြောက်ဖွယ်ပါ)

(၁) ဗာရာဏသီပြည်သား သူဌေးတစ်ဦးသည် မြစ်နား၌ ကုဋေလေးဆယ်သောဥစ္စာကို မြှုပ်၍ သေသည်ရှိသော် ထိုဥစ္စာ၌တပ်စွန်းခြင်းကြောင့် ဥစ္စာအပြင်ဝယ် မြွေဖြစ်ရ၏။

(၂) အခြားတစ်ဦးသော သူဌေးကား ထိုအရပ်၌ပင် ကုဋေသုံးဆယ်သောဥစ္စာကို မြှုပ်၍ သေသည်ရှိသော် ဥစ္စာ၌တပ်စွန်းသောကြောင့် ထိုအရပ်မှာပင် ကြွက်ဖြစ်ရ၏။

တသ္မိံ ပန ကာလေ ဗာရာဏသိဝါသီ ဧကော သေဋ္ဌိ နဒီတီရေ စတ္တာလီသကောဋိဓနံ နိဒဟိတွာဝ

မရန္တော ခနတဏှာယ ခနပိန္ဒေ သပ္ပေါ ဟုတွာ နိဗ္ဗတ္တိ၊ အပရော တသ္မိံယေဝ ပဒေသေ တိံသ
ကောဋိယော နိဒဟိတွာ ခနတဏှာယ တတ္ထေဝ ဥန္ဒူရော ဟုတွာ နိဗ္ဗတ္တိ။ (ဇာတက၊ဋ္ဌ၊ ၁၊၃၄၂။)

ဥစ္စာစွဲသေ၊ မြွေဖြစ်ပေ၊ ကြောက်လေ သံသရာ။

ဥစ္စာစွဲသေ၊ ကြွက်ဖြစ်ပေ၊ သံဝေဖြစ်ဖို့ရာ။

အဆွေခင်ပွန်းရသေ့ကို ပြစ်မှားသောမင်းကား ဒေဝဒတ်အလောင်း, မြွေကား အရှင်သာရိပုတ္တ
အလောင်း, ကြွက်ကား အရှင်မောဂ္ဂလ္လာန်အလောင်း, ကျေးသားကား အရှင်အာနန္ဒာအလောင်းတည်း။

ဥန္ဒူရ ကြွက်

ဆောင်ပုဒ်=ကျေးမွေးပြွထား၊ လောင်းလျာအား၊ ပြစ်မှားမင်ယုတ်မာ။

လောင်းတော်မငြိ၊ ကိုယ်ပင်ထိ၊ သေ၏နောက်ဆုံးမှာ။

၄၉။ (၇၆) အသင်္ကိယဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၈။ ဋ္ဌ၊ ၁၊ ၃၅၁ ၃၅၃။ ငါးရာငါးဆယ်၊ ပ၊ ၃၄၅ ၃၄၈။)

ပစ္စုပ္ပန်ဝတ္ထု=မိမိကိုယ်ကို စောင့်ရှောက်က သူတစ်ပါးကိုလည်း စောင့်ရှောက်သည်မည်၏။

အတ္တာနံ ရက္ခန္တော ပရမ္ပိ ရက္ခတိ၊ ပရံ ရက္ခန္တော အတ္တာနမ္ပိ ရက္ခတိ။ (ဇာ၊ ဋ္ဌ၊ ၁၊ ၃၅၁။)

မိမိစောင့်ရှောက်၊ သူစောင့်ရှောက်၊ စောင့်ရှောက် သူ, ကိုယ်ပင်။

အတိတ်ဝတ္ထု=မိမိ၏ဈာန်သမာပတ်ကို စောင့်ရှောက်သော ရသေ့ကြောင့် ကုန်သည်များ (ခိုးသူတို့)ဘေးမှချမ်းသာရ။

ဆောင်ပုဒ်=ကိုယ့်ကိုစောင့်ငြား၊ သူအများ၊ တပါးစောင့်မည်ပေ။

၅၀။ (၇၇) မဟာသုပိနဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၈။ ဋ္ဌ၊ ၁၊ ၃၅၃ ၃၆၆။ ငါးရာငါးဆယ်၊ ၁၊ ၃၄၉ ၃၇၀။)

ပစ္စုပ္ပန်ဝတ္ထု=ကောသလမင်း၏အိပ်မက်တစ်ဆယ့်ခြောက်ချက်။

ဥသဘာ ရုက္ခာ ဂါဝိယော ဂဝါ စ၊ အဿော ကံသော သိင်္ဂါလီ စ ကုမ္ဘော။
ပေါက္ခရဏီ စ အပါကစန္ဒနံ၊ လာဗူနိ သီဒန္တိ သိလာ ပ္လဝန္တိ။
မဏ္ဍူကိယော ကဏှသပ္ပေ ဂိလန္တိ၊ ကာကံ သုပဏ္ဏာ ပရိဝါရယန္တိ။
တသာ ဝကာ ဧဠကာနံ ဘယာ ဟိ၊ ဝိပရိယာသော ဝတ္တတိ နယိဓ မတ္ထီတိ။
(ဇာတက၊ ၁၊ ၁၈။)

ဇာတ်အဋ္ဌကထာ(ဇာ၊ ဋ္ဌ၊ ၁၊ ၃၅၅), သာရတ္ထဒီပနီဋီကာ (သာရတ္ထ၊ ၂၊ ၃၀၄), အင်္ဂုတ္တိုရ်ဋီကာ (အံ၊ ဋီ၊ ၃၊ ၆၂)တို့၌ "ဝိပရိယာသော ဝတ္တတိ နယိဓ မတ္ထိ" မပါ။

သိဂါလီ (သီ၊ သျာ၊ ဣ)၊ သိင်္ဂါလိကာ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ၃၉၇)

ဝိပရိယာယော (သျာ၊ က)

(၁) ဥသဘာ နွားနက် ဥသဘလေးကောင်တို့သည် ဝှေ့မည်ဟန်ဆောင်၍ ဖဲသွားကုန်၏။
(၂) ရုက္ခာ ငယ်စွာသော သစ်ပင်ချုံတို့သည် ပွင့်ကုန် သီးကုန်၏။
(၃) ဂါဝိယော နွားမကြီးတို့သည် ယနေ့ မွေးသော နွားမငယ်၏နို့ကို စို့ကုန်၏။
(၄) ဂဝါ စ လှည်း၌ ကအပ်ကုန်သော နွားငယ်တို့သည် ဝန်ကို မရွက်ဆောင်နိုင်ကုန်။
(၅) အဿော မျက်နှာနှစ်ဘက်ရှိသောမြင်းသည် ခံတွင်းနှစ်ပေါက်တို့ဖြင့် မုယောနံ့တို့ကို စား၏။
(၆) ကံသော အဖိုးတစ်သိန်းတန်သောရွှေခွက်ကို ဤ၌ ကျင်ငယ်စွန့်လော့ ဟု မြေခွေးအား ဆောင်နှင်း၏။
(၇) သိင်္ဂါလီ စ အထက်၌ကျစ်အပ်သော သားရေလွန်ကြိုးကို အောက်က မြေခွေးတော်မ စား၏။
(၈) ကုမ္ဘော အချည်းနီးသောအိုးတို့ဖြင့် ခြံရံအပ်သော ရေပြည့်အိုး၌သာ ရေလောင်း၏။
(၉) ပေါက္ခရဏီ စ ရေကန်အလယ်၌ ရေတို့သည် နောက်ကုန်၍ ကမ်းနား၌ရေတို့သည် ကြည်ကုန်၏။
(၁၀) အပါကံ တစ်လုံးတည်းသောအိုး ဖြင့် ချက်အပ်သောထမင်းသည် ပျော့,မာ,နပ်လျက် သုံးမျိုးကျက်၏။
(၁၁) စန္ဒနံ အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနံ့သာကို ရက်တက်ရည်ပုပ်ဖြင့် ရောင်းစား၏။
(၁၂) လာဗူနိ ဗူးတောင်းတို့သည်၊ သီဒန္တိ ရေ၌ နစ်ကုန်၏။
(၁၃) သိလာ ကျောက်ဖျာကြီးတို့သည်၊ ပ္လဝန္တိ ရေ၌ ပေါ်ကုန်၏။

(၁၄) မဏ္ဍုကိယော ဖားမငယ်တို့သည်၊ ကဏှာသပ္ပေ မြွေဟောက်တို့ကို၊ ဂိလန္တိ မျိုကုန်၏။
(၁၅) ကာကံ -ကျီးကို၊ သုဝဏ္ဏာ -ရွှေဟင်္သာတို့သည်၊ ပရိဝါရယန္တိ ခြံရံကုန်၏။
(၁၆) တသာ ထိတ်လန့်ခြင်းကို ဖြစ်စေတတ်ကုန်သော၊ ဝကာ -သစ်တို့သည်၊ ဧဠကာနံ ဆိတ်တို့ကို၊ ဘာယာ ကြောက်ကုန်၏။

(မဟာရာဇ မင်းကြီး၊ ဣမေသံ သုပိနာနံ ဤအိပ်မက်ဆိုးတို့၏အကျိုးသက်ရောက်မှုတို့ကို၊ ပဋိဃာတတ္ထာယ ပယ်ဖျောက်ရန်အလို့ငှါ၊ ယညကမ္မံ -ယဇ်ပူဇော်ခြင်းသည်၊) ဝိပရိယာသော ဖေါက်ပြန်သောအားဖြင့်၊ ဝတ္တတိ ဖြစ်၏၊ ဣဓ ဤသင်တိုင်ါတို့၏လက်ထက်၌၊ (ဧတေသံ နိပ္ဖတ္တိ ထိုအိပ်မက်တို့၏အကျိုးသက်ရောက်မှုသည်၊) နတ္ထိ မရှိချေ။

ဤကောသလအိပ်မက်တစ်ဆယ့်ခြောက်ချက်နှင့်ပတ်သက်၍ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးရေးသားတော်မူအပ်သော ကဗျာများနှင့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရေးသားအပ်သော ကဗျာတို့ကား....

## ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ လေးဆစ်ချိုးကဗျာများ

ကောသလ စောလှတဲ့ရာဇာ။ ။ ဆယ့်ခြောက်ဖြာ အိပ်မက်ခန်း၊ ကျမ်းထွက်သချာ။ ။
မိန့်ခွန်းဖြာ -လင်္ကာပျံ့ပျူး။ ။ သောတုနောင်လာတို့၊ မှတ်စိမ့်ငှာ ရည်ရွယ်တွေး၊ ရေးပြမိန့်ဦး။ ။

### ပဌမအိပ်မက်တော်

မေး။ ။ ဥသဘ နွားလှတဲ့လေးကောင်။ ။ ဝှေ့မယောင် ရောင်ကာပြေးတယ်၊ ဝေးရပ်သီခေါင်။ ။
ဖြေ။ ။ မိုးရိပ်ကယ်မှောင်၊ တိမ်တောင်တက်ချုံး။ ။ လျှပ်စစ်ရောင်ဝါနှင့်၊ ရွာမလို ဟန်ပုံခင်းတယ်၊ ကွင်းပျောက်လို့ဆုံး။ ။

### ဒုတိယအိပ်မက်တော်

မေး။ ။ ချိန်မကျခင်က၊ ရက္ခတဲ့ သစ်ပင်ငယ်။ ။ ဖူးငုံတန် ပွင့်တန်မှီး၊ သီးကြွသွယ်သွယ်။ ။
ဖြေ။ ။ မိန်းမငယ် သူငယ်ယောကျ်ား။ ။ ချစ်မေတ္တာပိုလျှံလို့၊ ရွယ်မတန် သန္ဓေမြတ်ကို၊ စွဲကပ်လို့ဖွား။ ။

### တတိယအိပ်မက်တော်

မေး။ ။ ယနေ့ဖွား၊ နွားလှတဲ့ သားငယ်။ ။ ထည်ကို မိခင်စို့တယ်၊ ထူးလို့မှတ်ဖွယ်။ ။
ဖြေ။ ။ ကျေးဇူးကြွယ် မေမယ်ဖရင်း။ ။ ဝတ်စားမကုန်တန်လို့၊ သမီးထံ, သားထံချော့ရတယ်၊ ပျောင်းပျော့ဝပ်စင်း။ ။
ထည်=ထည -နို့ရည်

### စတုတ္ထအိပ်မက်တော်

မေး။ ။ နွားငယ်ကို ဝန်ဆောင်ထားလို့၊ နွားကြီးကိုတဲ့ ပြင်ကရုံ။ ။ မရုန်းနိုင် ပြင်ကထားတယ်၊ သွားတဲ့ဖြစ်ဟန်။ ။
ဖြေ။ ။ မှုမျိုးမှန် ချောင်သိကြား။ ။ လူကြီးကို ပယ်ခွါလို့၊ လူငယ်မှာ နိုင်ငံရေးကို၊ ပေးအပ်လို့ထား။ ။

### ပဥ္စမအိပ်မက်တော်

မေး။ ။ ကြံ့ပြန်ရ၊ အဿတဲ့ ရာဇာ။ ။ ခံတွင်းနှစ်တန်နှင့်၊ မုယောဆန် ယူလို့စားတယ်၊ ခြားလို့မှတ်ရာ။ ။
ဖြေ။ ။ ထိုးပဏ္ဏာ -နှစ်ဖြာယူစား။ ။ နှစ်ပါးစုံ မကုန်တန်မှ၊ မမှန်ကန် ဖြန်ကာဖြတ်တယ်၊ ပြီးပြတ်တရား။ ။
အဿ ရာဇာ မြင်း မင်း၊ ထိုးပဏ္ဏာ -လက်ဆောင်ပဏ္ဏာထိုးရ

### ဆဋ္ဌမအိပ်မက်တော်

မေး။ ။ သိဂီစင် ရွှေလင်ပန်းကိုလ၊ ညစ်ညမ်းယုတ် မြေခွေးတန်။ ။ စွန့်ကျင်ငယ် ရေပြန်ထားတယ်၊ ကြားကဖြစ်ဟန်။ ။
ဖြေ။ ။ မျိုးမမှန် မင်းထံမြှောက်စား။ ။ ဝတ်စားမကုန်တန်လို့၊ မျိုးမှန်သူ ကညာရင်းကို၊ သွင်းရဖြစ်လား။ ။

## ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ

### သတ္တမအိပ်မက်တော်

မေး။ ။ အင်းပျဉ်ပေါ် လူလွန်ကျစ်လို့၊ ခွေးညစ်က အောက်၌သာ။ ။ မသိရှာ လွန်အဖျားကို၊ စားကုန်သည့်တာ။ ။

ဖြေ။ ။ လင်ကြီးမှာ ရှာဖွေစုရုံး။ ။ အိမ်နေသူ လင်ငယ်ထားလို့၊ စားဆန်ရေဟူသရွေ့ကို၊ သုံး၍ပျက်ပြုန်း။ ။

### အဋ္ဌမအိပ်မက်တော်

မေး။ ။ ရေပြည့်လျှံ အိုးခံကြီးကို၊ အချည်းနီး အိုးငယ်ရုံ။ ။ ပြည့်ရာမှာ ထပ်ကာလောင်းလို့၊ မရှိရေ အိုးငယ်ပေါင်းကို၊ စောင်းမကြည့်ပြန်။ ။

ဖြေ။ ။ မင်းကြီးထံ သုံးရန်မှုများ။ ။ ဝတ်စားသုံးရန်ဖို့၊ ကိုယ့်ဥစ္စာ အိမ်ထောင်မှုကို၊ စောင့်ရှုမအား။ ။

### နဝမအိပ်မက်တော်

မေး။ ။ ခပ်သိမ်းသူ ချိုးရေခပ်ကြတယ်၊ ထူးမြတ်တဲ့ ကန်မဟာ။ ။ အနားကြည် အလယ်နောက်တယ်၊ ဖြိုးမောက်လို့သာ။ ။

ဖြေ။ ။ တိုင်းစွန်မှာ ရပ်ရွာစည်ကား။ ။ မင်းစိုးရာဇာတို့၊ နေပြည်မှာ ခွန်တော်ခွဲတယ်၊ မွဲလို့ပျက်ပြား။ ။

### ဒသမအိပ်မက်တော်

မေး။ ။ အိုးအတန် ဆန်တော်ခတ်ပါငဲ့၊ ပျော့မနပ် မတော်မှန်။ ။ မင်းသုံးထွေ ကျက်ပုံကွဲတယ်၊ လွဲရက်ရှိပြန်။ ။

ဖြေ။ ။ မိုးမမှန် ရွာဟန်ကွက်ကြား။ ။ နှစ်ပျက်ကယ် မအောင်ရေနှင့်၊ အောင်သုံးရေ အမည်ကွဲတယ်၊ လွဲတဲ့စပါး။ ။

### ဧကာဒသမအိပ်မက်တော်

မေး။ ။ တသိန်းတန် စန္ဒကူး၊ နေကြူးပုပ် ရက်တက်ရေ။ ။ အဖိုးငယ် မတန်ပဲ၊ လဲထပ်ကြပေ။ ။

ဖြေ။ ။ မြတ်ဗုဒ္ဓေ စိန္တေမိန်ကြား။ ။ ဖိုးနဋ္ဌါ မွှာမြတ်ကိုတဲ့၊ ပစ္စယာ လေးဖြာရပ်ကယ်နှင့်၊ လဲထပ်လို့စား။ ။

### ဒွါဒသမအိပ်မက်တော်

မေး။ ။ ဗူးတောင်းကွဲ၊ ပေါ်မြဲတဲ့ ဓမ္မတာ။ ။ ရေပြင်မှာ မတည်ပဲ၊ ထဲနှစ်သည်သာ။ ။

ဖြေ။ ။ သီလဝါ ပညာရှိများ။ ။ ရဟန်းရှင်လူတို့၊ ကျေးဇူးမှု ဂုဏ်သိရ်မြုပ်တယ်၊ ကျိုးယုတ်အလား။ ။

### တေရသမအိပ်မက်တော်

မေး။ ။ ကျောက်စိုင်ခဲ၊ နစ်မြဲတဲ့ ဓမ္မတာ။ ။ ရေပေါ်မှာ လှေအလားသို့၊ ငွါးငွါးထင်လာ။ ။

ဖြေ။ ။ နိသီလာ ပညာမဲ့များ။ ။ ရဟန်းရှင်လူတို့၊ ကျေးဇူးမှု ထင်ပေါ်ကောင်းတယ်၊ ကြောင်းဖြစ်အလား။ ။

နိသီလာ (နိ+သီလ) သီလမရှိသူများ

### စုဒ္ဒသမအိပ်မက်တော်

မေး။ ။ ကိုယ်တဆုပ်ကယ်နှင့်၊ ပိန်စုပ်ရွေ့ ဖားသူငယ်။ ။ မြွေကြီးကို ကိုက်ခါဝါးလို့၊ စားခဲ့လေပြန်။ ။

ဖြေ။ ။ မိန်းမငယ် ဆိုးကျယ်ညစ်ညမ်း။ ။ မူမျိုးကို သူစီရင်လို့၊ ကိုယ့်လင်ကို အနိုင်ကျင့်တယ်၊ ဘေးသင့်ခမန်း။ ။

### ပန္နရသမအိပ်မက်တော်

မေး။ ။ ရွှေအလား၊ ငှက်များတဲ့ ဟင်္သာ။ ။ ကျီးယုတ်ကို ခြံရံခတယ်၊ ရေးက ကြမ္မာ။ ။

ဖြေ။ ။ မျိုးယုတ်မာ ရာဇာဖြစ်လား။ ။ အမျိုးငယ် မြတ်သူတို့၊ ရှေ့တူရှု ခစပ်ညောင်းတယ်၊ ကြောင်းသင့်အလား။ ။

### သောဠသမအိပ်မက်တော်

မေး။ ။ ကျားသစ်သားကိုလ၊ ဆိတ်စားလို့ ကုန်နေပြီ။ ။ ဆိတ်ကိုမြင် သစ်တွေပုန်းတယ်၊ ထုံးနှင့်မညီ။ ။

ဖြေ။ ။ သုလဒ္ဓီ၊ ဒုဿီတို့ နှိမ်နင်း။ ။ သီလဝံအရှင်မြတ်ကယ်တို့၊ ဒုဿီကို အမြင်ကတ်သော်ကြောင့်၊ တောရပ်သို့ချဉ်း။ ။

## လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရေးသားအပ်သော ရှစ်လုံးဖွဲ့ မြန်မာကဗျာများ

(၁) အမေး။ ။ နွားနက်လေးခု၊ ဇွေမှုဟန်ပြင်၊
မဇွေကြပဲ၊ ရောင်လွှဲသည်မြင်။

အဖြေ။ ။ အရှေ့အနောက်၊ တောင်မြောက်မိုးဆင်၊
ခြိမ်းသံပေး၊ မိုးဝေးလွင့်ပျောက်စင်။

(၂) အမေး။ ။ မြေကမကြွ၊ ငယ်လှသစ်ပင်၊
ဖူးငုံရင့်ပြီး၊ ပွင့်သီးတွေမြင်။

အဖြေ။ ။ အရွယ်မမှျ၊ လုံမပျိုခင်။ (အရွယ်မရောက်၊ ဆံတောက်ပျိုခင်။)
သမီးသား၊ လင်ထားအိမ်ထောင်ဆင်။

(၃) အမေး။ ။ ယနေ့ဖွားစ၊ နွားမနို့သာ၊
မိခင်နွားကြီး၊ စို့ပြီးနေရာ။

အဖြေ။ ။ သမီးနှင့်သား၊ စီးပွားဆိုင်ရာ၊
မိနှင့်ဖ၊ ကျွေးမှ စားရမှာ။

(၄) အမေး။ ။ နွားကြီးမကြိုက်၊ ဝန်တိုက်နွားငယ်၊
မရုန်းနိုင်ပဲ၊ ဝပ်လဲနေတယ်။

အဖြေ။ ။ ကြီးသူပယ်ရား၊ မြောက်ထားလူငယ်၊
တိုင်းပြည်ရေး၊ ရှုပ်ထွေးပွေတော့တယ်။

(၅) အမေး။ ။ ခံတွင်းနှစ်ခွ၊ မြင်းလှရာဇာ၊
ကျွေးကျွေးသမျှ၊ မဝနိုင်ပါ။

အဖြေ။ ။ မှူးမတ်မင်းစိုး၊ လာဘ်ထိုးသူရှာ၊
နှစ်ဖက်စား၊ တရားစီရင်မှာ။

(၆) အမေး။ ။ ခွေးအိုထံဆက်၊ ရွှေခွက်သိန်းတန်၊
ကျင်ငယ်အမြဲ၊ ခွက်ထဲစွန့်ပြန်။

အဖြေ။ ။ မျိုးမြတ်သမီး၊ ပစ္စည်းမက်ဟန်၊
အမျိုးယုတ်၊ လင်လုပ်ပေါင်းဆက်ဆံ။

(၇) အမေး။ ။ ရေကကျစ်ချ၊ လွန်စကြိုးကို၊
ခွေးမခိုးစား၊ ကိုက်ဝါးကာမျို။

အဖြေ။ ။ လင်ကြီးပစ္စည်း၊ သိမ်းဆည်းမဆို၊
လင်ငယ်အား၊ မယားလောကွတ်ပို။

(၈) အမေး။ ။ အိုးငယ်ချည်းနီး၊ အိုးကြီးရေလျှံ၊
အိုးကြီးကိုပဲ၊ ရေဆွဲလောင်းပြန်။

အဖြေ။ ။ ဆင်းရဲသူများ၊ ဝတ်စားမကျန်၊
အခွန်တွက်၊ နိပ်စက် ငွေကောက်ခံ။

(၉) အမေး။ ။ ကြာမျိုးငါးဝ၊ ပွင့်ကြရေကန်၊
ရေလယ်နောက်လျက်၊ ကမ်းဘက်ကြည်ပြန်။

အဖြေ။ ။ မြို့တွင်းပွေရှုပ်၊ ခွန်တုတ်ကောက်ခံ၊
မြို့ပြင်ထွက်၊ ပြည်နက် စည်ကားရန်။

(၁၀) အမေး။ ။ တအိုးတည်းချက်၊ အကျက်မညီ၊

ထမင်းမာဆတ်၊ ပျော့နပ်သုံးလီ။
အဖြေ။ ။ မင်းနှင့်လူများ၊ တရားမညီ၊
မိုးသုံးစား၊ ကွက်ကြားရွာချမည်။
(၁၁) အမေး။ ။ မွေးနံ့ထုံကြူ၊ စန္ဒကူးသိန်းတန်၊
ပုန်းရည်နှင့်လဲ၊ သုံးစွဲစားပြန်။
အဖြေ။ ။ အလဇ္ဇီများ၊ တရားဖိုးတန်၊
ငွေနှင့်လဲ၊ အမြဲ ဟောမည်မှန်။
(၁၂) အမေး။ ။ သံကြေးမပေါင်း၊ ဗူးတောင်းဗူးအုံ၊
ရေတွင်စုပ်စုပ်၊ နစ်မြုပ်လုံးစုံ။
အဖြေ။ ။ ပညာရှိများ၊ စကားဥသုံ၊
ပြောသမျှ၊ လောက မသုံးကုန်။
(၁၃) အမေး။ ။ အိမ်လုံး တောင်လုံး၊ ကျောက်တုံး ကျောက်ဖျာ၊
ရေမှာဘွားဘွား၊ ထင်ရှားပေါ်လာ။
အဖြေ။ ။ ရဟန်းရှင်ဆိုး၊ လူဆိုးများသာ၊
ဂုဏ်ရောင်တိုး၊ တန်ခိုးပေါ်ထွက်မှာ။
(၁၄) အမေး။ ။ အဆိပ်ပြင်းတောက်၊ မြွေဟောက်ကြီးကို၊
ဖားငယ်မများ၊ ကိုက်ဝါးကာမျို။
အဖြေ။ ။ ကညာယူထား၊ သက်ကျားဖိုးအို၊
မယားဆဲ၊ အမြဲ အော်ငေါက်ဆို။
(၁၅) အမေး။ ။ အဆင်းမည်းနက်၊ ကျီးငှက်ထံမှာ၊
ရွှေဟင်္သာများ၊ ခစားနေရှာ။
အဖြေ။ ။ ပညာသီလ၊ ပြည့်ဝသူဟာ၊
သူယုတ်အား၊ ဝပ်တွားနေရမှာ။
(၁၆) အမေး။ ။ ဆိတ်ကိုမြင်ငြား၊ ကြောက်အားပြင်းထန်၊
ခြင်္သေ့ သစ် ကျား၊ ခုန်လွှားပြေးပြန်။
အဖြေ။ ။ သူယုတ်မာများ၊ ထောင်လွှားနိုင်ငံ၊
သူတော်ကောင်း၊ ပုန်းအောင်း တောမြိုင်ယံ။

အတိတ်ဝတ္ထု=ရှေးအခါ အရှင်အာနန္ဒာအလောင်း ဗာရာဏသီမင်းလည်း ကောသလမင်းကဲ့သို့ပင် မြင်မက်ရာ အရှင်သာရိပုတ္တာအလောင်းလုလင်က ဗာရာဏသီမင်းကို ဘုရားအလောင်းရသေ့အား လျှောက်စေသောအခါ အိပ်မက်များ၏အဖြေကို ရရှိခြင်း။

ကျက်မှတ်ဆောင်လွယ်ရန် ကဗျာလင်္ကာကား....

ခု ကောသလ၊ ရှေးကဗြဟ္မဒတ်၊ စောမင်းမြတ်တို့၊ မြင်လတ်အိပ်မက်၊ ဆယ့်ခြောက်ချက်ကို၊ ထင်ပြက်ဘုရား၊ လောင်းတော်များတို့၊ ဖော်ထားသည်ကို၊ ကဗျာဆိုပိမ့်၊ (၁) ဇွဲလိုဟန်ရေး၊ နွားနက်လေးတို့၊ ရှောင်ပြေးမိုးနက်၊ ဆင်တက်ပြိုးကွယ်၊ (၂) သစ်ချုံငယ်တို့၊ မဖွယ်သီးပွင့်၊ ရွယ်မရင့်ခင်၊ ပန်းပွင့်သားရ၊ (၃) နွားမငယ်နို့၊ မိခင်စို့သည်၊ သားတို့ထံနီး၊ မိဘမိုးလိမ့်၊ (၄) နွားကြီးကိုပယ်၊ နွားငယ်လှည်းက၊ ဗာလမ္ဗရေး၊ အပ်ပေးလို့ပျက်၊ (၅) မြင်နှစ်ဘက် စား၊နှစ်ဘက်သားကို၊ ယူစားရုံတက်၊(၆) ရွှေစင်ခွက်မှာ၊ ခွေးတက်ကျင်လောင်း၊ သမီးကောင်းကို၊ မျိုးသောင်းထံသ၊ (၇)ကြိုးလွန်စကို၊ ခွေးမပုန်းစား၊ ဥစ္စာများကို၊ မယားဖျောက်ဖျက်၊(၈) ရေပြည့်ခွက်ကို၊ ထပ်လျက်လောင်းကြ၊ မင်းကျိုကြသို့၊ သွင်းရလူတွေ၊ (၉) ကန်လယ်ရေထက်၊ ကမ်းခြေကြည်ဖြူ၊ မင်းနီးပူ၍၊ စွန်မှုထုထပ်၊ (၁၀) ပျော့,မာ, နပ်ဟု၊ သုံးရပ်ထမင်း၊ မိုးညံ့ဖျင်း၍၊ သုံးသင်းလယ်ထူး၊ (၁၁) စန္ဒကူးနှင့်၊ ကုန်ကူးရက်တက်၊ ဖိုးအနဂ္ဃန်၊ ဓမ္မကွန် ကို၊ လေးတန်ဖိုးနည်း၊ ပစ္စည်းနှင့်ရောင်း၊ (၁၂) ဗူးတောင်းရေနစ်၊ တရားလစ်သည့်၊ လူညစ်တည်မြဲ၊(၁၃) ကျောက် ခဲရေပေါ်၊ တရားပျော်သည့်၊ သူတော်လွင့်ပ၊ (၁၄) ဖားငယ်မက၊ မျိုထမြွေကို၊ မိန်မပျိုက၊ လင်ကိုနှိပ်စက်၊ (၁၅)

ဟသံာင့ကာ၊ ကျိုးနက်ကို၊ မြတ်သူကလျှင်၊ စိုးရယုတ်အား၊ ခဝပ်ပြားလိမ့်(၁၆)သစ်များ ဆိတ်ကို၊ ကြောက်ငြင်ငြီး၍၊ ပုန်းခိုပြေးသွား၊မျိုးကောင်းသားနှင့်၊ တရားပြည်ညီ၊ များလန္တီတို့၌မင်းမိုလူပျက်၊ ရဟန်းပျက်ကို၊ ကြောက်ရက်ပုန်းနေ၊ ဆယ့်ခြောက်ထွေကို၊ လူ့ဆွေဘုရား၊ ဟောခဲ့ထားသည်။ ။ တရားသံဝေ ရကြောင်းတည်း။ (ဝိသုဒ္ဓါရုံ အဆုံးအဖြတ်၊ ၃၉၉။)

ဆောင်ပုဒ်= အိပ်မက်အပြား၊ ဆယ့်ခြောက်ပါး၊ ထွတ်ဖျားဗုဒ္ဓေ ဟောခဲ့ပေ။

ကောသလအိပ်မက်၊ ဆယ့်ခြောက်ချက်၊ ဟောမြွက်အဖြေ မြတ်ဗုဒ္ဓေ။

၅၁။ (၇၈) ဣလ္လိသဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၈။ ဋ္ဌ၊ ၁၊ ၃၆၆ ၃၇၅။ ငါးရာငါးဆယ်၊ ပ၊ ၃၇၁ ၃၈၅။)

ပစ္စုပ္ပန်ဝတ္ထု=မစ္ဆရိယကောသိယသူဌေးကို အရှင်မဟာမောဂ္ဂလ္လာန်ဆုံးမခြင်း။

ဘုရားရှင်က မထေရ်မြတ်ကို ချီးကျူးတော်မူခြင်း...

"ရဟန်းတို့...ဒါယကာတို့ကို ဆုံးမသောရဟန်းမည်သည်ကား ဒါယကာတို့ကို မညှဉ်းဆဲမူ၍ မပင်ပန်းစေမူ၍ ပန်းပွင့်မှပန်းဝတ်ရည်(ပန်းရက်)ယူသော ပျားပိတုန်းကဲ့သို့ ဒါယကာတို့သို့ ကပ်ပြီးလျှင် ဘုရားဂုဏ်ကျေးဇူးကို သိစေအပ်၏"ဟု မထေရ်မြတ်ကို ချီးမွမ်းတော်မူလိုရကား...

ယထာပိ ဘမရော ပုပ္ဖံ၊ ဝဏ္ဏဂန္ဓမဟေဌယံ။

ပလေတိ ရသမာဒါယ၊ ဧဝံ ဂါမေ မုနီ စရေ။

(ခု၊ ၁၊ ဓမ္မပဒ၊ ၂၀။ ဇာတက၊ ဋ္ဌ၊ ၁၊ ၃၇၀။)

ဘမရော ပျားပိတုန်းသည်၊ ပုပ္ဖံ ပုပ္ဖဿ ပန်းပွင့်၏၊ ဝဏ္ဏဂန္ဓံ အဆင်းအနံ့ကို၊ အဟေဌယံ အဟေဌယန္တော မပျက်စီးစေမူ၍၊ ရသံ ပန်ရက်(ပန်းဝတ်ရည်)ကို၊ အာဒါယ ယူ၍၊ ပလေတိ ယထာပိ ပျံသကဲ့သို့လည်း၊ ဧဝံ တထာ ထိုအတူ၊ ဂါမေ ရွာ၌၊ မုနိ ရဟန်းသည်၊ စရေ ကျင့်ရာ၏။ (ငါးရာငါးဆယ်၊ ပ၊၃၇၈။)

ဘမရော ပျားပိတုန်းသည်၊ ပုပ္ဖံပိ ပန်းပွင့်ကိုလည်းကောင်း၊ ဝဏ္ဏဂန္ဓံပိ အနံ့အဆင်းကိုလည်းကောင်း၊ အဟေဌယံ အဟေဌယန္တော မပျက်စီးစေမူ၍၊ ရသံ ပန်းရည် ပန်းရက်ကို၊ အာဒါယ စုပ်ယူ၍၊ ပလေတိ ယထာ ပျံသွားသကဲ့သို့၊ ဧဝံ ဤအတူ၊ ဂါမေ ရွာ၌၊ မုနိ ရဟန်းသည်၊ စရေ ကျင့်ရာ၏။ (ဓမ္မပဒဝတ္ထုတော်ကြီး၊ ပ၊၄၃၈။)

ဤမစ္ဆရိယကောသိယသူဌေးဝတ္ထုကို ဓမ္မပဒအဋ္ဌကထာ (ပဌမတွဲ၊ ၂၃၂ ၂၃၇)၌လည်း ကြည့်ရှုနိုင်သည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ ရာဇဂြိုဟ်မြို့အနီး သက္ကာရနိဂုံးအထိ ၄၅ ယူဇနဝေး၏။

အတိတ်ဝတ္ထု=မျိုးနွယ်ဒါနလူ့ဝတ်ကိုဖျက်၍ မပေးမလှူဝန်တိုသော မစ္ဆရိယကောသိယသူဌေးအလောင်း ဣလ္လိသသူဌေးအား အရှင်မဟာမောဂ္ဂလ္လာန်အလောင်း အဖသိကြားမင်းဆုံးမခြင်း။

ဘုရားအလောင်းကား ဆေတ္တာသည်ဖြစ်၏။

ဆောင်ပုဒ်=စေးနဲဝန်တို၊ မလှူလို၊ ကြည်ညိုသဒ္ဓါနဲ။

မစ္ဆရိယ ကောသိယ၊ မည်ရ သူဌေးပဲ။

မောဂ္ဂလ္လာန၊ တန်ခိုးပြ၊ ချွတ်ရ အနဲနဲ။

နောက်ဆုံး၌မူ လွန်ကြည်ဖြူ၊ ခေါ်ယူ မြတ်ထံပဲ။

ဘုရားတရား၊ နာယူငြား၊ ဖြစ်သွား သောတာပန်ပဲ။

ဓနီးမောင်နံ၊ သောတာပန်၊ လှူရန်သဒ္ဓါစွဲ။

ကုဋေရှစ်ဆယ်၊ သာသနာဝယ်၊ စွန့်ကယ်ဖြန့်ကာကြဲ။

၅၂။ (၇၉) ခရဿရဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၁၉။ ဋ္ဌ၊ ၁၊ ၃၇၅ ၃၇၇။ ငါးရာငါးဆယ်၊ ပ၊ ၃၈၅ ၃၈၇။)

ပစ္စုပ္ပန်ဝတ္ထု=ခိုးသားဓားပြနှင့်ပေါင်း၍ ရသောဥစ္စာ ထက်ဝက်စားသော ရွာစားအမတ်။

အတိတ်ဝတ္ထု=အတိတ်၌လည်း အလားတူ ဖြစ်ရပ်ကို ပြုလုပ်ခဲ့ခြင်း။

ဘုရားအလောင်းပညာရှိယောကျာ်း။

ဆောင်ပုဒ်=တစ်ပါးသူကျိုး၊ ပယ်နှိမ်ချိုး၊ ကိုယ်ကျိုးယုတ်မည်သာ။

၅၃။ (၈၀) ဘီမသေနဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၁၉။ ဋ္ဌ၊ ၁၊ ၃၇၇ ၃၈၁။ ငါးရာငါးဆယ်၊ ပ၊ ၃၈၇ ၃၉၃။)

ပစ္စုပ္ပန်ဝတ္ထု=သူတစ်ပါးတို့အား ကဲ့ရဲ့ ရှုတ်ချတတ်သော ရဟန်း။

အတိတ်ဝတ္ထု=မင်းမြှောက်စား၍ စိတ်ကြီးဝင်ကာ မှိုနိုရသူ ဘုရားအလောင်းစူဠဓနုဂ္ဂဟလေးသမားကို ကဲ့ရဲ့ရှုတ်ချ၍ တစ်ဖက်ရန်သူနှင့် စစ်တိုက်ဖို့ ကြုံသောအခါ ကြောက်ချီးပါလျက် နေရင်းပြန်ရသော ဘီမသေန။

ဆောင်ပုဒ်=သူတစ်ပါးကို၊ ရှုတ်ချလို၊ ကိုယ့်ကိုပြန်ကြည့် ဆင်ခြင်ဘိ။

၅၄။ (၈၁) သုရာပါနဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၁၉။ ဋ္ဌ၊ ၁၊ ၃၈၁ ၃၈၄။ ငါးရာငါးဆယ်၊ ပ၊ ၃၉၃ ၃၉၈။)

ပစ္စုပ္ပန်ဝတ္ထု=အမ္ဗတိတ္ထကမည်သောနဂါးကို ဆုံးမနိုင်သော သာဂတမထေရ်သည် သေရည်သောက်မိခြင်းကြောင့် ရှာန်အဘိညာဏ်လျှောကာ သတိသညာကင်းလျက် ဘုရားရှင်ဘက်သို့ပင် ခြေဆင်းမိလေသည်၊ သုရာပါနသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

အတိတ်ဝတ္ထု=ဘုရားအလောင်းဆရာရသေ့နှင့်ကင်း၍ သေရည်သောက်မိ၍ အရက်ကင်းမဲ့စွာ ကခုန်, သီဆိုကြသော ရသေ့များ။

ဂေါပါလက နွားကျောင်းသား၊ ပသုပါလက ဆိတ်ကျောင်းသား၊ ကဿက လယ်ထွန်သမား
ပထာဝီ ခရီးသွား၊ သုရာမဒ အရက်မူးခြင်း၊ ဥဒကဒေဍ္ဍုဘက=မြေွ

ဆောင်ပုဒ်=ဆရာကင်းငြား၊ တပည့်ကား၊ အမှားပြုတတ်သည်။
အရက်သေစာ၊ သောက်သူမှာ၊ သညာကင်းတော့ပြီ။
နဂါးနိုင်ဣ၊ သာဂတ၊ ထေရ ရှာန်ပိုင်သည်။
သေသောက်မိလျှင်၊ ထေရ်အရှင်၊ ရှာန်ပင်လျှောလေပြီ။
နဂါးကိုထား၊ ရေမြွေသား၊ နိုင်ငြားမရှိပြီ။

၅၅။ (၈၂) ကာဠကဏ္ဏီဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၂၀။ ဋ္ဌ၊ ၁၊ ၃၈၅ ၃၈၇။ ငါးရာငါးဆယ်၊ ပ၊ ၄၀၀ ၄၀၃။)

ပစ္စုပ္ပန်ဝတ္ထု=အနာထပိဏ်သူဌေး၏မြေမှုန့်ကစားဘက် ကာဠကဏ္ဏီအမည်ရှိသူငယ်ချင်းကို အခြားသူတို့မလိုလားသောအခါ သူဌေးက "အမည်ဆိုတာ ခေါ်ရုံမျှသာ၊ ပညာရှိတို့က အမည်ကို ပမာဏမပြုကြကြောင်း၊ သုတမင်္ဂလာကို အလိုရှိသူမဖြစ်သင့်ကြောင်း၊ ငါသည် အမည်မျှကိုမှီ၍ မြေမှုန့်ကစားဘက် အဆွေခင်ပွန်းကို စွန့်ခြင်းငှါ မတတ်နိုင်" ဟု အခြားမိတ်ဆွေတို့စကားကို မနာယူ၊ နောင်အခါ ကာဠကဏ္ဏီကြောင့် သူခိုးတို့ရန်မှ ကင်း၍ ဉစ္စာတည်မြဲသောကြောင့် အခြားသူတို့ အမြင်မှန်ရကြခြင်း။

အတိတ်ဝတ္ထု=ပစ္စုပ္ပန်ဝတ္ထုနှင့် ဇာတ်လမ်းအလားတူ၏။

အရှင်အာနန္ဒအလောင်း ကာဠကဏ္ဏီ၊ ဘုရားအလောင်း ဗာရာဏသီသူဌေး။

ဘုရားအလောင်းပြောကြားသောစကား...
မိတ္တော ဟဝေ သတ္တပဒေန ဟောတိ၊ သဟာယော ပန ဒွါဒသကေန ဟောတိ။
မာသဍ္ဍမာသေန စ ဉာတိ ဟောတိ၊ တတုတ္တရိံ အတ္တသမောပိ ဟောတိ။
သောဟံ ကထံ အတ္တသုခဿ ဟေတု၊ စိရသန္ထုတံ ကာဠကဏ္ဏိံ ဇဟေယျ။

(ဇာတက၊ ၁၊ ၂၀။ ဋ္ဌ၊ ၁၊ ၃၈၇။)

စိရသန္ထဝံ (က)၊ စိရသတ္ထုန္နံ (ဣ)

သတ္တပဒေန အတူတကွ ခုနစ်ဖဝါးလှမ်း၍ သွားဖူးသဖြင့်၊ ဟဝေ စင်စစ်၊ မိတ္တော အဆွေခင်ပွန်းသည်၊ ဟောတိ ဖြစ်၏၊ ဒွါဒသကေန အတူတကွ တစ်ဆယ့်နှစ်ဖဝါးလှမ်း၍ သွားဘူးသဖြင့်၊ သဟာယော အပေါင်းအဖော်သည်၊ ဟောတိ ဖြစ်၏၊ မာသဍ္ဍမာသေန စ တစ်လ, လခွဲ အတူတကွ ပေါင်းဖက်နေဖူးသဖြင့်လည်း၊ ဉာတိ ဆွေမျိုးနှင့်တူသည်၊ ဟောတိ ဖြစ်၏၊ တတုတ္တရိံ ထို့ထက်အလွန် ပေါင်းဖက်နေဖူးမှုကား၊ အတ္တသမောပိ ကိုယ်နှင့်တူသည်လည်း၊ ဟောတိ ဖြစ်၏၊ သော အဟံ ထိုငါသည်၊ အတ္တသုခဿ မိမိစီးပွားချမ်းသာ၏၊ ဟေတု အကြောင်းကြောင့်၊ စိရသန္ထုတံ ရှည်မြင့်စွာ ပေါင်းဖက်ဖူးသော၊ ကာဠကဏ္ဏိံ ကာဠကဏ္ဏီကို၊ ကထံ ဇဟေယျံ အသို့ စွန့်ရအံ့နည်း?။

ဤလောကနိုက်၊ သတ္တဘဝါး၊ အတူသွားက၊ မည်ပြောမိတ်စစ်၊ ခင်ပွန်းဖြစ်၏၊ ဆဲ့နှစ်လုမ်းသော်၊ အဘော် သဟဲ၊ လစ္ဆဲ ဉာတိ၊ မည်ဘိမပျက်၊ ထိုထက်လွန်စွာ၊ ရက်ကြာကာလ၊ ပေါင်းဘက်ကြမူ၊ အတ္တသမာ၊ မှန်စွာထိုလူ၊ ကိုယ်နှင့်တူ၏၊ အယူထွေပြား၊ ထိုသူများအား၊ ပြစ်မှားစိတ်မှာ၊ မယိုရာဘူး၊ ပညာချင့်ထောက်၊ မာန်မဖောက်နှင့်၊ ကိုယ့်အောက် တန်းတူ၊ အထက်လူဟုမှတ်ယူမြဲသို၊ သုံးပုဂ္ဂိုလ်တွင်၊ အောက်ကိုသနား၊ တမ်းတူအားမူ၊ မြှောက်စားအမျှ၊ မယုတ်ချနှင့်၊ ထက်ကသူမှာ၊ ရိုသေရာ၏။ (မဃာဒေဝလင်္ကာသစ်၊ တတိယပိုင်း၊ ပတ္တောဝါဒခဏ်း၊ အပိုဒ် ၁၉၇၊ နှာ ၁၂၈ ၁၂၉။)

၅၆။ (၈၄) အတ္ထဿဒွါရဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၀။ ဋ္ဌ၊ ၁၊ ၃၈၈ ၃၈၉။ ငါးရာငါးဆယ်၊ ပ၊ ၄၀၃ ၄၀၅။)

ပစ္စုပ္ပန်ဝတ္ထု=အကျိုးစီးပွါးပြဿနာကို မေးသော ခုနစ်နှစ်အရွယ် သူဌေးသားငယ်။

အတိတ်ဝတ္ထု=ဇာတ်လမ်းအတူပင်

ဘခင်ဘုရားအလောင်း သူဌေးကို မေးသော သူဌေးသားငယ်။

အကျိုးစီးပွား၏အကြောင်း ၆ ပါး

၁။ အာရောဂျ ပရမ လာဘ (ကိုယ်နာ, စိတ်နာ)အနာကင်းခြင်းဟူသော မြတ်သောလာဘ်ကို အလိုရှိခြင်း။

၂။ သီလ အကျင့်သီလကို အလိုရှိခြင်း။

၃။ ဝုဒ္ဓါနုမတ ပညာရှိတို့၏ဩဝါဒကို အလိုရှိခြင်း။

၄။ သုတ အကြားအမြင်ကို အလိုရှိခြင်း။

၅။ ဓမ္မာနုဝတ္တိ သုစရိုက်တရားသုံးပါးကို အစဉ်ကျင့်ခြင်းကို အလိုရှိခြင်း။

၆။ အလီနတာ မပျင်းရိသည်၏အဖြစ်ကို အလိုရှိခြင်း။

အာရောဂျမိစ္ဆေ ပရမဉ္စ လာဘံ၊ သီလဉ္စ ဝုဒ္ဓါနုမတံ သုတဉ္စ။
ဓမ္မာနုဝတ္တီ စ အလီနတာ စ၊ အတ္ထဿ ဒွါရာ ပမုခါ ဆဠေတေ။
(ဇာတက၊ ၁၊ ၂၀။ ဋ္ဌ၊ ၁၊ ၃၈၈။)

အာရောဂျံ နာမ သရီရဿ စေဝ စိတ္တဿ စ အရောဂဘာဝေါ အနာတုရတာ။ သရီရေ ဟိ ရောဂါတုရေ နေဝ အလဒ္ဓံ ဘောဂလာဘံ ဥပ္ပါဒေတုံ သက္ကောတိ, န လဒ္ဓံ ပရိဘုဉ္ဇိတုံ၊ အနာတုရေ ပန ဥဘယမ္ပေတံ သက္ကောတိ။ စိတ္တေ စ ကိလေသာတုရေ နေဝ အလဒ္ဓံ ဈာနာဒိဘေဒံ လာဘံ ဥပ္ပါဒေတုံ သက္ကောတိ, န လဒ္ဓံ ပုန သမာပတ္တိဝသေန ပရိဘုဉ္ဇိတုံ၊ တေသ္မိံ အနာရောဂျေ (ရောဂေ သျာ၊က) သတိ အလဒ္ဓေါပိ လာဘော န လဗ္ဘတိ, လဒ္ဓေါပိ နိရတ္ထကော ဟောတိ၊ အသတိ ပနေတသ္မိံ အလဒ္ဓေါပိ လာဘော လဗ္ဘတိ၊ လဒ္ဓေါပိ သာတ္ထကော ဟောတီတိ အာရောဂျံ ပရမော လာဘော နာမ။ တံ သဗ္ဗပဌမံ ဣစ္ဆိတဗ္ဗံ။ ဣဒမေကံ အတ္ထဿ ဒွါရန္တိ အယမေတ္ထ အတ္ထော။ သီလဉ္စာတိ အာစာရသီလံ။ ဣမိနာ လောကစာရိတ္တံ ဒဿေတိ။ ဝုဒ္ဓါနုမတန္တိ ဂုဏဝုဒ္ဓါနံ ပဏ္ဍိတာနံ အနုမတံ။ ဣမိနာ ဉာဏသမ္ပန္နာနံ ဂရူနံ ဩဝါဒံ ဒဿေတိ။ သုတဉ္စာတိ ကာရဏနိဿိတံ သုတံ။ ဣမိနာ ဣမသ္မိံ လောကေ အတ္ထနိဿိတံ ဗာဟုသစ္စံ ဒဿေတိ။ ဓမ္မာနုဝတ္တီ စာတိ တိဝိဓဿ သုစရိတဓမ္မဿ အနုဝတ္တနံ။ ဣမိနာ ဒုစ္စရိတဓမ္မံ ဝဇ္ဇေတွာ သုစရိတဓမ္မဿ အနုဝတ္တနဘာဝံ ဒဿေတိ။ အလီနတာ စာတိ စိတ္တဿ အလီနတာ အနီစတာ။ ဣမိနာ စိတ္တဿ အသင်္ကောစတံ ပဏီတဘာဝံ ဒဿေတိ။ အတ္ထဿ ဒွါရာ ပမုခါ ဆဠေတေတိ အတ္ထော ဝုမိ၊ တဿ ဝုမိသင်္ခါတဿ လောကိယလောကုတ္တရဿ အတ္ထဿ ဧတေ ပမုခါ ဥတ္တမာ ဆ ဒွါရာ ဥပါယာ အဓိဂမမုခါနီတိ။ (ဇာ၊ဋ္ဌ၊၁၊၃၈၈ ၃၈၉။)

ဆောင်ပုဒ်=အာရောဂျ,သီလာ၊ ဝုဒ္ဓါ,သုတ၊ ဓမ္မ,အလီ၊ ဤခြောက်မည်၊ ပွားစီ ကျိုးဖြစ်ကြောင်း။

၅၇။ (၈၅) ကိံပက္ကဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၀။ ဋ္ဌ၊ ၁၊ ၃၈၉ ၃၉၁။ ငါးရာငါးဆယ်၊ ပ၊ ၄၀၅ ၄၀၇။)

ပစ္စုပ္ပန်ဝတ္ထု=ဆွမ်းခံသွားရင်း တန်ဆာဆင်ထားသောမိန်းမကိုမြင်၍ သာသနာတော်၌ ငြီးငွေ့သောရဟန်းတစ်ပါး။

ကာမဂုဏ်တို့မည်သည် ခံစားသောကာလ၌ မွေ့လျော်ခြင်းကို ဖြစ်စေတတ်ကုန်သော်လည်း ထိုကာမဂုဏ်ငါးပါးတို့ကို ခံစားခြင်းသည် ငရဲအစရှိသည်တို့၌ ပဋိသန္ဓေကို ပေးတတ်၏။ အဆိပ်သီးကို စားသည်နှင့် တူ၏၊ စား

အပ်သော အဆင်းအနံ့အရသာနှင့် ပြည့်စုံသော အဆိပ်သီးမည်သည်ကား အဒူတို့ကိုဖြတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေတတ်၏ ဟု ဘုရားရှင်ဟောတော်မူ၏။

အတိတ်ဝတ္ထု=ဘုရားအလောင်းလှည်းကုန်သည်စကားကြောင့် အဆိပ်သီး၏အဆိပ်သင့်ခြင်းမှ ကင်းလွတ်ကြခြင်း။

ကိံပက္ကဖလ အဆိပ်သီး၊ ဝိသရုက္ခ အဆိပ်ပင်

ဆောင်ပုဒ်=ကာမဂုဏ်မည်ဟီး၊ အဆိပ်သီး၊ ပုံမှီး ဥပမာ။

ခံစားတုံးကောင်း၊ အကျိုးနှောင်း၊ ပါယ်စောင်းကျတတ်ပါ။

အဆိပ်ပင်သီး၊ စား၍ပြီး၊ သက်လည်းဆုံးတတ်ရှာ။

၅၈။ (၈၆) သီလဝီမံသကဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၀။ ဠ၊ ၁၊ ၃၉၁ ၃၉၄။ ငါးရာငါးဆယ်၊ ပ၊ ၄၀၈ ၄၁၂။)

ပစ္စုပ္ပန်ဝတ္ထု=ကောသလမင်းက မိမိအား မြတ်နိုးခြင်းသည် သီလကြောင့် ဟု သိ၍ ရဟန်းပြုသောပုဏ္ဏား။

အတိတ်ဝတ္ထု=ဗာရာဏသီမင်းက မိမိအား မြတ်နိုးခြင်းသည် သီလကြောင့် ဟု သိရလျှင် ရသေ့ပြုသော ဘုရားအလောင်း ပုရောဟိတ်ပုဏ္ဏား။

ဆောင်ပုဒ်=ဘုရင်နှစ်သက်၊ ကြောင်းအချက်၊ ငါ့တွက် စုံစမ်းကြည့်။

သီလကြောင့်လော၊ မျိုးကြောင့်လော၊ တင်ကျော ဘယ်မသိ။

သီလကြောင့်ကား၊ ထင်အရှား ငါကားအတတ်သိ။

လူတွင်မနေ၊ ဘိက္ခုမြေ၊ ကြိုးလေနိဗ္ဗာန်ထိ။

၅၉။ (၈၇) မင်္ဂလဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၁။ ဠ၊ ၁၊ ၃၉၄ ၃၉၇။ ငါးရာငါးဆယ်၊ ပ၊ ၄၁၂ ၄၁၆။)

ပစ္စုပ္ပန်ဝတ္ထု=အဝတ်လက္ခဏာဖတ်တတ်သောဖခင်ပုဏ္ဏားက လောကီမင်္ဂလာကိုသာ ယုံကြည်၍ ကြွက်ခဲသောပုဆိုးအစုံကို သားကို သုသာန်၌ စွန့်စေရာ ဘုရားရှင်ကောက်ယူတော်မူခြင်း၊ သားက ထိုအကြောင်းကို ဖခင်ပုဏ္ဏားအား ပြောသောအခါ ဖခင်က အဝတ်ကောင်းများကိုယူ၍ သားနှင့်အတူတကွ ဝေဠုဝန်ကျောင်းတော်သို့လိုက်သွားပြီး, အဝတ်ကောင်းများကိုယူ၍ ထိုအဝတ်ကို စွန့်ပစ်ရန် ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က"ရဟန်းတို့ မည်သည် သုသာန်, ခရီးလမ်းအကြား, တံမြက်ချေးစွန့်ရာအရပ်, ရေချိုးဆိပ်, ခရီးမတို့၌ စွန့်ပစ်အပ်သော အဝတ်ပုဆိုးနွမ်းသည် အပ်၏ ဟု အတိတ်ဇာတ်ကို ဟောကြားသဖြင့် သားအဖနှစ်ယောက်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေ၏။

အတိတ်ဝတ္ထု=အလားတူဇာတ်လမ်းပင်တည်း။

ကြွက်ခဲသောအဝတ်ကို ကောက်ယူသောသူကား ဘုရားအလောင်းရသေ့ဖြစ်၏၊ ယခုအခါ သားအဖတို့သည် ထိုအခါ သားအဖတို့ပင်တည်း။

ဥပါတ်(ဥပ္ပါတ်) ၅ မျိုး.....

၁။ စန္ဒဂ္ဂဟ လကြတ်ခြင်း၊

၂။ သူရိယဂ္ဂါဟ နေကြတ်ခြင်း၊

၃။ နက္ခတ္တဂ္ဂါဟ နက္ခတ်ကြတ်ခြင်း၊

၄။ ဥက္ကာပါတ ဥက္ကာကျခြင်း၊

၅။ ဒိသာဍာဟ မီးလောင်ခြင်း။

သာဋကလက္ခဏာဗြာဟ္မဏ, ဒုဿလက္ခဏာဗြာဟ္မဏ အဝတ်ဖတ်သောပုဏ္ဏား

သမုဂ္ဂ ပူတာ, သေတ္တာ၊ မူသိကာဒဋ္ဌ သာဋကယုဂ ကြွက်ကိုက်ထားသော ပုဆိုးဝတ်စုံ

အဇဂရသပ္ပ စပါးကြီးမြွေ၊ အဂါရသပ္ပ, ဃရသပ္ပ ထန်းမြွေ, လင်းမြွေ, အိမ်မြွေ, ကျိုင်းကောင်

ဆောင်ပုဒ်=မြင်တိုင်းကြားတိုင်း၊ တွေ့တိုင်းရာရာ၊ မင်္ဂလာ၊ စိတ်ဖြာ ခွဲဝေချင့်။

ဘုရား, ပစ္စေကာ၊ ရဟန္တာ၊ ပယ်ကာ ဉာဏ်တော်ဖြင့်။

၆၀။ (၈၉) ကုဟကဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၁။ ဋ္ဌ၊ ၁၊ ၃၉၈ ၄၀၀။ ငါးရာငါးဆယ်၊ ပ၊ ၄၁၈ ၄၂၀။)
ပစ္စုပ္ပန်ဝတ္ထု=အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=မိမိဒါယကာသူကြွယ်၏ရွှေစင်နိက္ခတရာကို ခိုးလျက် သီလရှိယောင်ဟန်သော ရသေ့ပျက်၊
ဘုရားအလောင်းပညာရှိကြောင့် ထိုရွှေစင်အားလုံးကို ပြန်ရခြင်း။
မှတ်ချက်=တစ်နိက္ခသည် ရွှေးတစ်ထောင်ရှိ၏၊ နိက္ခတစ်ရာမှာ ရွှေးတစ်သိန်းသာ ရှိသည်၊ ယင်းနိက္ခနှင့်စပ်၍ အဘိဓာန်နိဿယသစ် ဂါထာ ၈၈၈ တွင် အကျယ်ဆိုထားသည်။ (ငါးရာငါးဆယ်၊ ပ၊ ၄၁၈။)
ဆောင်ပုဒ်=စိတ်ကမပါ၊ အပြောသာ၊ လွန်စွာ ကြောက်ဖွယ်ကောင်း။
အပြောတစ်မျိုး၊ လုပ်တစ်မျိုး၊ ရင်ဆိုးရင်ညစ်ကြောင်း။
အထင်ကြီးအောင်၊ ယုံကြည်အောင်၊ ပုံဆောင် လှည့်ပတ်ပေါင်း။
ရသေ့ဆိုးယုတ်၊ ရွှေစင်သုတ်၊ မိန့်ထုတ်ဘုရားလောင်း။

၆၁။ (၉၀) အကတညုဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၁။ ဋ္ဌ၊ ၁၊ ၄၀၀-၄၀၂။ ငါးရာငါးဆယ်၊ ပ၊ ၄၂၁ ၄၂၃။)
ပစ္စုပ္ပန်ဝတ္ထု=အနာထပိဏ်သူဌေး၏ပြုဖူးသောကျေးဇူးကို မသိသော ပစ္စန္တရစ်သူဌေး၏ပစ္စည်းများ ဖျက်ဆီးခံရခြင်း။
အတိတ်ဝတ္ထု=ဘုရားအလောင်းဗာရာဏသီသူဌေး၏ပြုဖူးသောကျေးဇူးကို မသိသော ပစ္စန္တရာသူဌေး၏ပစ္စည်းများ ဖျက်ဆီးခံရခြင်း။
ဆောင်ပုဒ်=တစ်ပါးပြုဖူး၊ သူ့ကျေးဇူး၊ အထူးမသိလျှင်။
တစ်နေ့နေ့ကျ၊ ပြန်လည်က၊ ဒုက္ခရောက်မည်ပင်။

၆၂။ (၉၁) ပိတ္တဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၂။ ဋ္ဌ၊ ၁၊ ၄၀၂ ၄၀၄။ ငါးရာငါးဆယ်၊ ပ၊ ၄၂၄ ၄၂၆။)
ပစ္စုပ္ပန်ဝတ္ထု=ပစ္စဝေက္ခနာမဆင်ခြင်ပဲ သုံးဆောင်သောရဟန်းများ။
ပစ္စည်းလေးပါးတို့ကို မဆင်ခြင်ပဲ သုံးဆောင်သောရဟန်းတို့သည် ယေဘုယျအားဖြင့် ငရဲ, တိရစ္ဆာန်ဘဝတို့မှ မလွတ်ကုန်။ ပစ္စည်းလေးပါးတို့ကို သုံးစွဲရာ၌ ဆင်ခြင်ပုံကို မူလပဏ္ဏာသ(မ၊ ၁၊ ၁၂), အင်္ဂုတ္တိုရ်(အံ၊၂၊၃၄၁)တို့၌ ကြည့်ရှုနိုင်၏။
ဘုရားရှင်က "ရဟန်းတို့...ပစ္စည်းလေးပါးတို့ကို ဆင်ခြင်၍ သုံးဆောင်သင့်၏၊ မဆင်ခြင်ပဲ သုံးဆောင်ခြင်း မည်သည် လတ်တလောသေစေတတ်သောအဆိပ်ကို သုံးဆောင်သည်နှင့်တူ၏"ဟု မိန့်တော်မူ၏။
တေ စတ္တာရော ပစ္စယေ အပစ္စဝေက္ခိတွာ ပရိဘုဉ္ဇမာနာ ယေဘုယျေန နိရယတိရစ္ဆာနယောနိတော န မုစ္စန္တိ။ "ဣဓ ပန ဘိက္ခဝေ ဘိက္ခုပဋိသင်္ခါ ယောနိသော ....ပဋိဃာတာယာ"တိ အာဒိနာ (မ၊ ၁၊ ၁၂။ အံ၊ ၂၊ ၃၄၁) နယေန တန္တိ ဌပေတွာ "ဘိက္ခဝေ စတ္တာရော ပစ္စယေ ဧဝံ ပစ္စဝေက္ခိတွာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ အပစ္စဝေက္ခိတွာ ပရိဘောဂေါ နာမ ဟလာဟလဝိသပရိဘောဂသဒိသော။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၄၀၂။)
အတိတ်ဝတ္ထု=ကောက်ကျစ်သော ကြွေအန်ကြူးသမားသည် မဆင်မခြင်ကြွေအန်ကို ငုံ၍ အဆိပ်သင့်ခြင်း။
ဘုရားအလောင်းပညာရှိကြွေအန်ကြူးသမားက အန်ဆေးတိုက်ကျွေးသဖြင့် ကောက်ကျစ်အန်ကြူးသမား အသက် ချမ်းသာရာရခြင်း။
ကေဠိမဏ္ဍလ ကစားပွဲ၊ အက္ခ, ဂုဠက ကြွေအန်, အန်စာတုံး
ဆောင်ပုဒ်=ပစ္စဝေက္ခနာ၊ မဆင်ပါလျက်၊ လေးဖြာပစ္စည်း၊ သုံးစွဲမှီးလျှင်၊ ဆိပ်သီးကိုသာ၊ သုံးစွဲရာနှင့်ပမာတူလှ၊ ပါယ်ဘဝမှ၊ လွတ်ရမထင်၊ ဉာဏ်ဆင်ခြင်၍၊ လေးအင်ပစ္စည်း၊ သုံးစွဲမှီးလော့။

၆၃။ (၉၂) မဟာသာရဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၂။ ဋ္ဌ၊ ၁၊ ၄၀၄ ၄၁၀။ ငါးရာငါးဆယ်၊ ပ၊ ၄၂၆ ၄၃၇။)
ပစ္စုပ္ပန်ဝတ္ထု=အရှင်အာနန္ဒာ ဉပါယ်တံမျဉ်ဖြင့် မင်း၏ပတ္တမြားဦးသျှောင်ကို ပြန်ဆောင်နိုင်ခြင်း။
အတိတ်ဝတ္ထု=ဘုရားအလောင်းပညာရှိအမတ်က မျောက်မထံမှ အရှင်အာနန္ဒာအလောင်းဗာရာဏသီမင်းမိဖုရား၏ မဟာသာရတန်ဆာကို ရယူပေးခြင်း။
ဗာရာဏသီမင်းက ဘုရားအလောင်းအား ချီးကျူးခြင်း....

ဥက္ကဋ္ဌေ သူရမိစ္ဆန္တိ၊ မန္တီသု အကုတူဟလံ။
ပိယဉ္စ အန္နပါနမှိ၊ အတ္ထေ ဇာတေ စ ပဏ္ဍိတံ။ (ဇာတက၊ ၁၊ ၂၂။ ဋ္ဌ၊ ၁၊ ၄၁၀။)

ဥက္ကဋ္ဌေ နှစ်ဘက်မှတက်သော စစ်ထိုးခြင်းဖြစ်လတ်သော်၊ သူရံ ရဲရင့်သောသူကို၊ ဣစ္ဆန္တိ အလိုရှိကုန်၏၊ မန္တီသု တိုင်ပင်ကုန်လတ်သော်၊ အကုတူဟလံ နှုတ်စောင့်သောသူကို၊ ဣစ္ဆန္တိ အလိုရှိကုန်၏၊ အန္နပါနမှိ စ ထမင်းအဖျော်ဖြစ်လတ်သော်လည်း၊ ပိယံ ချစ်သောသူကို၊ ဣစ္ဆန္တိ အလိုရှိကုန်၏၊ အတ္ထေ နက်နဲသော ပြဿနာသည်၊ ဇာတေ စ ဖြစ်လတ်သော်လည်း၊ ပဏ္ဍိတံ ပညာရှိကို၊ ဣစ္ဆန္တိ အလိုရှိကုန်၏။

ဆောင်ပုဒ်=ရှင်အာနန္ဒ၊ ဥပါယ်က၊ ပြန်ရ ဦးချွေးမှတ်။
ဘုရားအလောင်း၊ ဥပါယ်ကောင်း၊ ရကြောင်း ပုလဲသွယ်မှတ်။

၆၄။ (၉၃) ဝိဿာသဘောဇနဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၂။ ဋ္ဌ၊ ၁၊ ၄၁၁ ၄၁၂။ ငါးရာငါးဆယ်၊ ပ၊ ၄၃၈ ၄၄၀။)

ပစ္စုပ္ပန်ဝတ္ထု=အကျွမ်းဝင်သူပေးလှူသောပစ္စည်းများကို ပစ္စဝေက္ခနာမဆင်ခြင်ပဲ သုံးဆောင်ကြသောရဟန်းများ။

ရဟန်းမည်သည် ဆွေမျိုးကဖြစ်စေ, ဆွေမျိုးမတော်စပ်သူကဖြစ်စေ ပေးလှူအပ်သော ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခနာဆင်ခြင်၍သာ သုံးဆောင်အပ်၏၊ မဆင်ခြင်ပဲ သုံးဆောင်မိ၍ သေလျှင် ဘီလူးပြိတ္တာအဖြစ်မှ မလွတ်၊ ပစ္စဝေက္ခနာမဆင်ခြင်ပဲ သုံးဆောင်ခြင်းမည်သည်ကား အဆိပ်ကို သုံးဆောင်သည်နှင့်တူ၏...စသည်ဖြင့် ဘုရားရှင်မိန့်တော်မူ၏။

ဘိက္ခဝေ ဘိက္ခုနာ နာမ ဉာတီဟိပိ အညာတီဟိပိ ဒိန္နကေ စတ္တာရော ပစ္စယေ ပစ္စဝေက္ခိတွာဝ ပရိဘောဂေါ ကာတဗ္ဗော။ အပစ္စဝေက္ခိတွာ ပရိဘောဂံ ကတွာ ဟိ ကာလံ ကုရုမာနော ဘိက္ခု ယက္ခပေတအတ္တဘာဝတော န မုစ္စတိ၊ အပစ္စဝေက္ခိတပရိဘောဂေါ နာမေသ ဝိသပရိဘောဂသဒိသော။ ဝိသံ ဟိ ဝိဿာသိကေန ဒိန္နကမ္ပိ အဝိဿာသိကေန ဒိန္နကမ္ပိ မာရေတိယေဝ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၄၁၁။)

အတိတ်ဝတ္ထု=ဘုရားအလောင်း၏ညွှန်းကြားချက်အရ နွားကျောင်းသားက ပြောင်မကို ထောင်ဖမ်းပြီးလျှင် အစိပ်လူးလျက် ပြန်လွှတ်လိုက်ရာ အကျွမ်းဝင်၍ ထိုပြောင်မကို လျက်သော ခြင်္သေ့သေခြင်း။

ဂေါသာလ နွားခြံ၊ မိဂမာတုကာ ပြောင်မ(ငါးရာငါးဆယ်), ဆတ်မ(ဦးဟုတ်စိန်၏ပါဠိမြန်မာအဘိဓာန်)

ဆောင်ပုဒ်=ဆင်ခြင်မလေ့၊ သုံးဆောင်ပေ့၊ ခြင်္သေ့သေရှာ ဆိပ်ပမာ။

၆၅။ (၉၄) လောမဟံသဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၂။ ဋ္ဌ၊ ၁၊ ၄၁၃ ၄၁၅။ ငါးရာငါးဆယ်၊ ပ၊ ၄၄၀ ၄၄၃။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်အား ကျေးဇူးမဲ့ကဲ့ရဲ့စကားကို ဆိုသော သုနက္ခတ်ရဟန်း။

အတိတ်ဝတ္ထု=၉၁ ကမ္ဘာထက်က ဘုရားအလောင်းသည် "မိစ္ဆာအယူကို စူးစမ်းအံ့"ဟု အာဇီဝကရဟန်းပြု၍ အဝတ်မဝတ်သောရဟန်းဖြစ်ကာ အလွန်အပူခံခြင်း, အလွန်အချမ်းခံခြင်း, တစ်ယောက်တည်း ကြောက်မက်ဖွယ်သော တောအုပ်၌နေခြင်း, ချမ်းသော်လည်း အဝတ်မဝတ် မီးမလှုံပဲ နေခြင်း ဤအင်္ဂါလေးပါးနှင့်ပြည့်စုံသော အကျင့်ကို ကျင့်နေသော်လည်း သေခါနီးကာလဝယ် ငရဲနိမိတ်ကို မြင်၍ "ဤအကျင့်ကား စင်စစ် အကျိုးမရှိ"ဟု သိ၍ ထိုမိစ္ဆာအယူကို စွန့်ပြီးလျှင် သမ္မာအယူကို ယူ၍ နတ်ပြည်၌ ဖြစ်ရလေ၏။

ဆောင်ပုဒ်=အပူမရှောင်၊ အေးမရှောင်၊ ဝေးခေါင်တောအုပ်နေ။
အဝတ်မဝတ်၊ ဤလေးဝတ်၊ မချွတ်ဖြည့်ကျင့်ပေ။
ဘုရားလောင်းလျာ၊ သေးနီးခါ၊ ထင်လာ ငရဲပြေ။
အမှားအကျင့်၊ ပယ်ကာလွှင့်၊ ရောက်လင့် နတ်လောကေ။

၆၆။ (၉၅) မဟာသုဒဿနဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၂။ ဋ္ဌ၊ ၁၊ ၄၁၅ ၄၁၇။ ငါးရာငါးဆယ်၊ ပ၊ ၄၄၄ ၄၄၆။)

ပစ္စုပ္ပန်ဝတ္ထု=ကုသိနာရုံမြို့သည် ရှေးအခါက မြို့ကြီးဖြစ်ခဲ့ကြောင်း ပရိနိဗ္ဗာန်ပြုတော်မူခါနီး၌ ဘုရားရှင်ဟောတော်မူခြင်း။

အတိတ်ဝတ္ထု=မဟာသုဒဿနသုတ်(ဒီ၊ ၂၊ ၁၂၁ ၁၃၉)

ဘုရားအလောင်း မဟာသုဒဿနစကြာမင်းကြီး, ရာဟုလာမယ်တော်အလောင်း သုဘဒ္ဒါမိဖုရားကြီး, ရာဟုလာအလောင်း သားကြီးရတနာ။

ဘုရားအလောင်းဟောသောတရား "မိဖုရား...သင် မငိုပါလင့်၊ မုန်၏၊ နှမ်းစေ့အတိုင်းအရှည်ရှိသော သင်္ခါရသည်လည်း မြဲသည်မည်သည် မရှိ၊ ခပ်သိမ်းသောသင်္ခါရတရားတို့သည် ပျက်စီးတတ်သော သဘောရှိကုန်၏"ဟု ပြောဆို၍ "အနိစ္စာ ဝတ သင်္ခါရာ..."ဂါထာကို ဟောခြင်း။

ဆောင်ပုဒ်=နှမ်းတစ်စေ့မျှ၊ သင်္ခါရ၊ နိစ္စမဟုတ်ပါ။

ခပ်သိမ်းသင်္ခါရ၊ ပျက်စီးကြ၊ ဓမ္မသဘာဝါ။

ဖြစ်လျှင်ပျက်မြဲ၊ သဘောပဲ၊ မှတ်စွဲဉာဏ်ဖြင့်သာ။

ဖြစ်ပျက်လွန်လျှင်၊ ချုပ်ပျောက်မြင်၊ မုန်ပင်ငြိမ်းချမ်းပါ။

၆၇။ (၉၆) တေလပတ္တဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၂။ ဋ္ဌ၊ ၁၊ ၄၁၇ ၄၂၅။ ငါးရာငါးဆယ်၊ ပ၊ ၄၄၉ ၄၅၆။)

ပစ္စုပ္ပန်ဝတ္ထု ဇနပဒကလျာဏီသုတ်(သံ၊ ၃၊ ၁၄၇)ကို ဟောတော်မူခြင်း။

ခြောက်ပါးသောခန္ဓာကိုယ်အပြစ်မှ ကင်းသောမိန်းမ......

၁။ နာတိဒီဃာ အရပ်မမြင့်လွန်ခြင်း၊ ၂။ နာတိရဿာ အရပ်မနိမ့်လွန်ခြင်း၊

၃။ နာတိကိသာ မကြုံလွန်း, မပိန်လွန်းခြင်း၊ ၄။ နာတိထူလာ မဆူလွန်း, မဝလွန်းခြင်း၊

၅။ နာတိကာဠာ မမည်းလွန်းခြင်း၊ ၆။ နာစ္စောဒါတာ မဖြူလွန်းခြင်း။

လူ၏အဆင်းကိုလွန်၍ နတ်၏အဆင်းကိုတော့ မမှီတတ်သောမိန်းမ။

သာ ဟိ ယသ္မာ နာတိဒီဃာ, နာတိရဿာ, နာတိကိသာ, နာတိထူလာ, နာတိကာဠာ, နာစ္စောဒါတာ, အတိက္ကန္တာ မာနုသကဝဏ္ဏံ, အပတ္တာ ဒိဗ္ဗဝဏ္ဏံ၊ တသ္မာ ဆသရီရဒေါသရဟိတာ။
(ဇာတက၊ ဋ္ဌ၊ ၁၊ ၄၁၈။)

ကောင်းခြင်းငါးဖြာ.....

၁။ ဆဝိကလျာဏတာ အရေ၏ကောင်းခြင်း (အာဂန္တုကဖြစ်သောအရောင်မဟုတ်ပဲ မိမိ၏ကိုယ်ရောင်ဖြင့်ပင် တစ်ဆယ့်နှစ်တောင်ရှိသောအရပ်၌ အလင်းကိုပြုလျက် ပျဉ်းပွင့် (ပိယင်္ဂုပုပ္ဖါသကာ) ကဲ့သို့ ရွှေအဆင်းရှိခြင်း)၊

၂။ မံသကလျာဏတာ အသား၏ကောင်းခြင်း (လက်ဖဝါး, ခြေဖဝါး, နှုတ်ခမ်းတို့သည် ချိပ်ရည်ဖြင့် ဆိုးသကဲ့သို့ နီသောသန္တာ, ကမ္ဗလာနှင့် တူကြကုန်၏)၊

၃။ နှာရုကလျာဏတာ အကြော၏ကောင်းခြင်း (ခြေသည်း လက်သည်းတို့သည် အသားမှမလွတ်သောအရပ်၌ ချိပ်ရည်ဖြင့် ပြည်သကဲ့သို့လည်းကောင်း, အသားမှလွတ်သောအရပ်၌ နို့ရည်အလျဉ်နှင့် ပြည်သကဲ့သို့လည်းကောင်း တူကုန်၏)၊

၄။ အဋ္ဌိကလျာဏတာ အရိုးကောင်းခြင်း (သုံးဆယ့်နှစ်ချောင်းသောသွားတို့သည် ကောင်းစွာ စေ့ကုန်သည်ဖြစ်၍ ကောင်းစွာ သွေးအပ်သော ဝရဇိန်အစဉ်ကဲ့သို့ ထင်ရကုန်၏)၊

၅။ ဝယကလျာဏတာ အရွယ်၏ကောင်းခြင်း (အသက်တစ်ရာ့နှစ်ဆယ်ရှိသော်လည်း အရေမတွန့်ပဲ တစ်ဆယ့်ခြောက်နှစ်အရွယ်ကဲ့သို့ ဖြစ်၏)။

အတိတ်ဝတ္ထု=ဘုရားအလောင်းမင်းသား၏နောက်ပါမင်းချင်းယောကျ်ားငါးယောက်တို့သည် ဘီလူးမတို့၏အာရုံငါးပါးတို့ဖြင့် ဖြားယောင်းခံ၍ ဘီလူးစားခံကြရခြင်း။

ဘုရားအလောင်းမင်းသားကား ဘီလူးမ၏ကာမဂုဏ်ဖြင့် ဖြားယောင်းခြင်းကို လက်မခံ၍ တက္ကသိုလ်ပြည်၏မင်းအဖြစ်ကို ရခြင်း။

ဗာရာဏသီပြည်မှ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်သည် ယူဇနာ ၁၂၀ ကွာဝေး၏။

ဣတော ပန ဝီသယောဇနသတမတ္ထကေ ဂန္ဓာရရဋ္ဌေ တက္ကသိလာနဂရံ နာမ အတ္ထိ။ (ဇာ၊ဋ္ဌ၊၁၊၄၂၀)

ဘုရားအလောင်းသည် "အရှင်ဘုရားတို့...ထိုသို့ဖြစ်စေ၊ အရှင်ဘုရားတို့၏အဆုံးအမကို ယူ၍ ထိုဘီလူးမတို့ကို တပည်တော် အဘယ်မှာ ကြည့်ပါအံ့နည်း?"ဟု လျှောက်ထား၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို ပရိတ်ရွတ်စေ၍ ပရိတ်သဲကိုလည်းကောင်း, ပရိတ်ချည်ကိုလည်းကောင်း ယူ၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့နှင့် အမိအဘတို့ကို ရှိခိုးပြီးလျှင်....

ဇောဓိသတ္တော- "ဟောတု ဘန္တေ, တုမှာကံ ဩဝါဒံ ဂဟေတွာ ကိံ တာ ဩလောကေဿာီ"တိ ပစ္စေကဗုဒ္ဓေဟိ ပရိတ္တံ ကာရာပေတွာ ပရိတ္တဝါလုကဉ္စေ ပရိတ္တသုတ္တဉ္စ အာဒါယ ပစ္စေကဗုဒ္ဓေ စ မာတာ ပိတရော စ ဝန္ဒိတွာ...။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၄၂၀။)

ဆောင်ပုဒ်=ဘီလူးမများ၊ အာရုံငါး၊ လှည့်စားကြလေသည်။

ရူပါရုံစွဲ၊ ထိုသူလဲ၊ သေပွဲဝင်ရပြီ။

သဒ္ဒါရုံစွဲ၊ တစ်ယောက်လဲ၊ စားမြဲဘီလူးသည်။

ဂန္ဓာရုံစွဲရာ၊ တစ်ဦးမှာ၊ သေရွာ လားရပြီ။

ရသာရုံစွဲ၊ တစ်ဦးလဲ၊ မလွဲသေရပြီ။

ဖောဋ္ဌဗ္ဗာရုံ၊ စွဲလူပုံ၊ သေပုံဆိုးလှသည်။

နောက်ဆုံးချိန်ခါ၊ ကိုယ်တည်းသာ၊ သူမှာ ကျန်ဟော့သည်။

ငါးဖြာအာရုံ၊ သတိထုံ၊ ရှောင်တုံလောင်းလျာသည်။

တက္ကသိုလ်တွင်၊ ရှင်ဘုရင်၊ သူလျှင် ဖြစ်တော့သည်။

၆၈။ (၉၇) နာမသိဒ္ဓိဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၃။ ဋ္ဌ၊ ၁၊ ၄၂၆ ၄၂၇။ ငါးရာငါးဆယ်၊ ပ၊ ၄၅၇ ၄၆၀။)

ပစ္စုပ္ပန်ဝတ္ထု=အမည်ဟောင်းကို မကြိုက်၍ အမည်သစ်ကို ပြောင်းလိုသော ပါပကမည်သောရဟန်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းဒိသာပါမောက္ခဆရာကြီး၏ပြောဆိုချက်အရ တပည့်ပါပကသည် အမည်သစ်ကိုရှာရာ "ဇီဝက=သက်ရှည်အမည်ရှိသူလည်း သေ၏, ဓနပါလီ=ဥစ္စာရှင်မအမည်ရှိသူလည်း ကျွန်မဖြစ်၏, ပန္ထက=ခရီးအမည်ရှိသူလည်း လမ်းမှားနေ၏"ဟု အမြင်မှန်ရကာ အမည်သည် အမည်မျှသာဖြစ်၍ အမည်ဟောင်း (ပါပက=မောင်ယုတ်အမည်)နှင့်သာ နေသူ။

ဆောင်ပုဒ်=ပဉ္စဝတ်နာမည်၊ ကျိုးမတည်၊ ကံသည် ကျိုးပြီးကြောင်း။

နာမံ နာမ ပဏ္ဏတ္တိမတ္တံ၊ နာမေန သိဒ္ဓိ နတ္ထိ၊ ကမ္မေနေဝ သိဒ္ဓိ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၄၂၇။)

၆၉။ (၉၈) ကူဋဝါဏိဇဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၃။ ဋ္ဌ၊ ၁၊ ၄၂၈ ၄၂၉။ ငါးရာငါးဆယ်၊ ပ၊ ၄၆၀ ၄၆၃။)

ပစ္စုပ္ပန်ဝတ္ထု=ကုန်စပ်တူရောင်းပြီးသော်လည်း ခွဲဝေမပေးလိုသော ကုန်သည်စဉ်းလဲ။

အတိတ်ဝတ္ထု=ကုန်စပ်တူရောင်းပြီး ပစ္စည်းခွဲဝေရာ နှစ်ဖို့လိုချင်၍ အဖကို ရုက္ခစိုးအတုလုပ်စေလျက် ဆုံးဖြတ်စေသော အတိပဏ္ဍိတမည်သော ကုန်သည်စဉ်းလဲ၊ ဘုရားအလောင်းပညာရှိကုန်သည်က ရုက္ခစိုးတုနေသောသစ်ခေါင်းကို ကောက်ရိုးထည့်၍ မီးရှို့လေသော် မီးလောင်ခံရသော ရုက္ခစိုးတုအဖသည် မြေသို့ ဆင်းလျက် အမှန်အတိုင်း ပြောဆိုရကာ အညီအမျှ ခွဲဝေယူရလေ၏။

မန် (ထောကေန) အနည်းငယ်အားဖြင့်

ဆောင်ပုဒ်=ကုန်သည်စဉ်းလဲ၊ ပညာနဲ့၊ ဖောက်လွဲကြံဆောင် ဖမီးလောင်။

၇၀။ (၁၀၀) အသာတရူပဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၃။ ဋ္ဌ၊ ၁၊ ၄၃၁ ၄၃၄။ ငါးရာငါးဆယ်၊ ပ၊ ၄၆၈ ၄၇၀။)

ပစ္စုပ္ပန်ဝတ္ထု=ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ဆောင်ရပြီးလျှင် ခုနစ်ရက်ပတ်လုံး ယောနိဝ၌ မိန်းမောသောဆင်းရဲဝေဒနာကို ခံစားရသောသုပ္ပဝါသာမင်းသမီးမှ မွေးဖွားခဲ့ရသော အရှင်သီဝလိအကြောင်း။

အတိတ်ဝတ္ထု=သုပ္ပဝါသာအလောင်းမိခင်၏စကားဖြင့် မြို့ကို ခုနစ်ရက်ပိတ်ဆို့ဖြတ်တောက်သော အရှင်သီဝလိအလောင်း မင်းသား၊ ဖခင်ဗာရာဏသီမင်းကား ဘုရားအလောင်း။

ကောသလမင်းသည် ဗာရာဏသီမင်းကိုသတ်၍ မိဖုရားကြီးကို မိမိ၏မိဖုရားပြု၏၊ ဗာရာဏသီမင်း၏သားတော်ကား ရေမြောင်းပေါက်တံခါးဖြင့် ထွက်ပြေး၍ ဗိုလ်ပါစုရုံးလျက် ထိုကောသလမင်းနှင့် စစ်တိုက်ဖို့ပြုရာတွင် မယ်တော်က "စစ်ထိုးဖို့ပြုရန် ကိစ္စမရှိ၊ အရပ်အားလုံးတို့၌ အသွားအလာကို ပြတ်စေ၍ ဗာရာဏသီမြို့ကို ဝိုင်းရံလော့၊ ထင်း, ရေ, ထမင်းကုန်သဖြင့် ပင်ပန်းနွမ်းနယ်နေသောမြို့ကို စစ်မထိုးပဲ ရလတ္တံ့"ဟု မှာစာပို့လေ၏။

မင်းသားက မယ်တော်၏မှာစာအတိုင်း ပြုလုပ်ခဲ့ရာ ပြည်သူပြည်သားတို့သည် သွားလာခြင်းကို မရကုန်သည်ဖြစ်၍

ခုနစ်ရက်မြောက်သောနေ့၌ ထိုမင်း၏ဦးခေါင်းကို ဖြတ်၍ မင်းသားအား ပေးကုန်၏၊ မင်းသားကား မင်းအဖြစ်ကို ရ၏။

ထိုမင်းသားသည် ခုနစ်ရက်ပတ်လုံး အသွားအလာကိုဖြတ်၍ ဗာရာဏသီမြို့ကို ပိတ်ဆို့၍ ယူသောကံ၏အကျိုးဆက်အားဖြင့် ယခုအခါ ခုနစ်နှစ်တို့ပတ်လုံး လောဟကုမ္ဘီငရဲ၌ကဲ့သို့ နေရ၍ ခုနစ်ရက်ပတ်လုံး ယောနိဝ၌ သည်းထန်စွာသော ဝေဒနာသို့ ရောက်ရ၏၊ ပဒုမုတ္တရဘုရားရှင်၏ခြေတော်ရင်း၌ လာဘ်များကုန်သော သာဝကတို့တွင် အမြတ်ဆုံးသာဝကဆုကို တောင်း၍ ကြီးစွာသောအလှူကို လှူခဲ့ခြင်း, ဝိပဿီဘုရားရှင်လက်ထက်တော်ဝယ် အဖိုးတစ်သိန်းထိုက် နို့ဓမ်းခဲကို လှူ၍ ဆုတောင်းခဲ့ခြင်းတို့ကြောင့် ယခုအခါ လာဘ်ပေါများသော ရဟန်းတို့တွင် အမြတ်ဆုံးဧတဒဂ်ရ သာဝကဖြစ်ရ၏။

သုပ္ပဝါသာအလောင်းမယ်တော်မိဖုရားကြီးသည်လည်း "ဗာရာဏသီမြို့ကို ပိတ်ဆို့၍ ယူရန်"အမှာစာစေဖူးသည်၏အဖြစ်ကြောင့် ခုနစ်နှစ်ပတ်လုံး ဝမ်းဖြင့် သူငယ်ကို လွယ်၍ ခုနစ်ရက်ပတ်လုံး သားဖွားခြင်းအရင်းခံသည် မိန်းမောတွေဝေသော ဝေဒနာသို့ ရောက်ရလေ၏။

သော တေရဟိ သတ္တ ဒိဝသာနိ သဥာရံ ပစ္ဆိန္ဒိတွာ နဂရံ ရုန္ဓိတွာ ဂဟိတကမ္မနိဿန္ဒေန သတ္တ ဝဿာနိ လောဟိတကုမ္ဘိယံ ဝသိတွာ သတ္တာဟံ မူဠ္ဟဂဗ္ဘဘာဝံ အာပဇ္ဇိ။ ယံ ပန သော ပဒုမုတ္တ ရဿ ဘဂဝတော ပါဒမူလေ "လာဘီနံ အဂ္ဂေါ ဘဝေယျံ"န္တိ မဟာဒါနံ ဒတွာ ပတ္ထနံ အကာသိ၊ ယဉ္စ ဝိပဿိဗုဒ္ဓကာလေ နာဂရေဟိ သဒ္ဓိံ သဟဿဂ္ဃနကံ ဂုဠဒဓိံ ဒတွာ ပတ္ထနမကာသိ၊ တဿာနုဘာဝေန လာဘီနံ အဂ္ဂေါ ဇာတော။

သုပ္ပဝါသာပိ "နဂရံ ရုန္ဓိတွာ ဂဏှ တာတာ"တိ ပေသိတဘာဝေန သတ္တ ဝဿာနိ ကုစ္ဆိနာ ဂဗ္ဘံ ပရိဟရိတွာ သတ္တာဟံ မူဠ္ဟဂဗ္ဘာ ဇာတာ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၄၃၃ ၄၃၄။)

ဆောင်ပုဒ်=ဘယ်သူမပြု၊ မိမိမှုတည်၊ ကိုယ်ပြုကိုယ်ခံ၊ ကိုယ်ပင်စံရ၊ ကံသဘာဝ၊ ဖော်ညွှန်းပြသည်၊ မှတ်ကြ နောင်လာ ရိုးရိုးတည်း။

ဘုရားရှင်က "သုပ္ပဝါသာ...ဤသို့သဘောရှိကုန်သော တစ်ပါးကုန်သော သားတို့ကို အလိုရှိသေးသလော?"ဟု မေးတော်မူသောအခါ သုပ္ပဝါသာမင်းသမီးက "ရှင်တော်ဘုရား...ဤသို့သဘောရှိကုန်သော တစ်ပါးကုန်သော ခုနစ်ယောက်ကုန်သော သားတို့ကို အကယ်၍ ရငြားအံ့၊ တပည့်တော်မသည် အလိုရှိပါသေးသည်ဘုရား"ဟု ပြန်လည်လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်က ဥဒါန်းကျူးတော်မူလေ၏....

သတ္တာ "အပိ နု သုပ္ပဝါသေ အညေပိ ဧဝရူပေ ပုတ္တေ ဣစ္ဆသီ"တိ အာဟ။ "သစေ ဘန္တေ ဧဝရူပေ အညေ သတ္တ ပုတ္တေ လဘေယျံ၊ ဣစ္ဆေယျမေဝါဟန္တိ။ သတ္တာ ဥဒါနံ ဥဒါနေတွာ...

အသတံ သာတရူပေန၊ ပိယရူပေန အပ္ပိယံ။
ဒုက္ခံ သုခဿ ရူပေန၊ ပမတ္တ မတိဝတ္တတီ။
(ဇာတက၊ ၁၊ ၂၃။ ဋ္ဌ၊ ၁၊ ၄၃၄။)

ဘိက္ခဝေ ရဟန်းတို့၊ အသာတံ မသာယာအပ်သော သဘောသည်၊ သာတရူပေန သာယာအပ်သော သဘော၏အတုဖြင့်၊ ပမတ္တံ-မေ့လျော့သောသူကို၊ အတိဝတ္တတိ နှိပ်စက်၏၊ အပ္ပိယံ မချစ်အပ်သော သဘောသည်၊ ပိယရူပေန ချစ်အပ်သော သဘော၏အတုအားဖြင့်၊ ပမတ္တံ မေ့လျော့သောသူကို၊ အတိဝတ္တတိ နှိပ်စက်၏၊ ဒုက္ခံ ဆင်းရဲသည်၊ သုခဿ ချမ်းသာ၏၊ ရူပေန အတုအားဖြင့်၊ ပမတ္တံ မေ့လျော့သောသူကို၊ အတိ ဝတ္တတိ-နှိပ်စက်၏။

၇၁။ (၁၀၃) ဝေရီဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၄။ ဋ္ဌ၊ ၁၊ ၄၃၇-၄၃၈။ ငါးရာငါးဆယ်၊ ပ၊ ၄၇၄ ၄၇၅။)

ပစ္စုပ္ပန်ဝတ္ထု=အနာထပိဏ်သူဌေး ခိုးသူဓားပြဘေးမှ လွတ်ရန် လှည်းဖြင့် ပြေးခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းဗာရာဏသီသူဌေးလည်း ခိုးသူတို့ဘေးမှ လွတ်ရန် အလျင်အမြန် နွားတို့ကို မောင်း၍ ပြေးခဲ့ဖူးခြင်း။

ဆောင်ပုဒ်=ရန်သူရှိလတ်၊ ထိုအရပ်၊ မရပ် မနေရာ။

၇၂။ (၁၀၆) ဥဒ္ဒုနီဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၂၅။ ဋ္ဌ၊ ၁၊ ၄၄၀ ၄၄၂။ ငါးရာငါးဆယ်၊ ပ၊ ၄၇၉ ၄၈၁။)

ပစ္စုပ္ပန်ဝတ္ထု=အပျိုးကြီးဖြားယောင်း၍ သာသနာတော်၌ ငြီးငွေ့သောရဟန်း။

အတိတ်ဝတ္ထု=မိန်းမဖျက်၍ ပျက်သောရသေ့ ဘုရားအလောင်းဖခင်ရသေ့ထံသို့ ပြန်ပြေးခြင်း။

ဆောင်ပုဒ်=မိန်းမကိုတပ်၊ ဆင်းရဲလတ်၊ ဖမြတ်ထံပြေး ရသေ့လေး။

၇၃။ (၁၀၇) သာလိတ္တကဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၂၅။ ဋ္ဌ၊ ၁၊ ၄၄၂ ၄၄၄။ ငါးရာငါးဆယ်၊ ပ၊ ၄၈၂ ၄၈၅။)

ပစ္စုပ္ပန်ဝတ္ထု=ဟင်္သာ၏မျက်စိကို ကျောက်စရစ်ဖြင့် ပစ်သောရဟန်း။

အတိတ်ဝတ္ထု=စကားများသော ပုရောဟိတ်၏ပါးစပ်သို့ ဆိတ်ချေးပစ်သွင်သော ဆွံ့။

အရှင်အာနန္ဒာအလောင်း ဗာရာဏသီမင်း။ ဘုရားအလောင်းပညာရှိအမတ်။

သာလိတ္တကသိပ္ပ(သာလိတ္တကသိပ္ပန္တိ သက္ခရာခိပနသိပ္ပံ ဝုစ္စတိ) ကျောက်စရစ်ပစ်သော အတတ်

အတိမုခရ အလွန်စကားများသူ၊ ဗဟုဘာဏီ များစွာ ပြောဆိုသူ

ပီဠသပ္ပိ ပျဉ်ချပ်ဖြင့် သွားတတ်သူ, သူဆွံ့, ဆွံ့

ဆောင်ပုဒ်=အတတ်ဟူသမျှ၊ လူ့လောက၊ သုံးကျတတ်ပေသည်။

၇၄။ (၁၀၈) ဗာဟိယဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၂၅။ ဋ္ဌ၊ ၁၊ ၄၄၅ ၄၄၆။ ငါးရာငါးဆယ်၊ ပ၊ ၄၈၈ ၄၈၇။)

ပစ္စုပ္ပန်ဝတ္ထု=အဆင်းလှသော လိစ္ဆဝီမင်းနှင့် ဝလွန်း၍ သူသေကောင်ပုပ်နှင့် တူသော မယား။

အတိတ်ဝတ္ထု=ဝလွန်းသော်လည်း အရှက်အကြောက်ကို မစွန့်၍ မိဖုရားကြီးဖြစ်ရသော ဇနပုဒ်သူမ။

ဘုရားအလောင်း ပညာရှိအမတ်။

ဆောင်ပုဒ်=အရှက်အကြောက်၊ မစွန့်မြောက်၊ ထီးရောက်မိဖုရား ဖြစ်ရငြား။

၇၅။ (၁၁၀) သဗ္ဗသံဟာရကပဉှာဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၂၆။ ဋ္ဌ၊ ၁၊ ၄၄၉။ ငါးရာငါးဆယ်၊ ပ၊ ၄၉၁ ၄၉၂။)

ပစ္စုပ္ပန်ဝတ္ထု=ပညာပါရမီကို ဟောတော်မူသော အကြောင်း။

အတိတ်ဝတ္ထု=ခပ်သိမ်းသော အခြင်းအရာအားဖြင့် "ဥမင်္ဂဇာတ်(ဇာ၊ ဋ္ဌ၊ ၆၊ ၁၆၉ ၁၇၀)"၌ ထင်စွာ ဖြစ်လတ္တံ့။

မဟောသဓဇာတ်တော်ကြီး လည်ရွဲတရား စီရင်ခန်း (ဇာတ်တော်ကြီးဆယ်ဘွဲ့၊ ဒု၊ ၅၉၂ ၅၉၅)၌ကား ဘုရားအလောင်းက မေးသောအခါ "တစ်ဦးက သူမ၏လည်ရွဲကို နေ့စဉ် နံ့သာပေါင်းဖြင့် လိမ်းသုတ်ပါ၏, နောက်တစ်ဦးက သူ၏လည်ရွဲကို ရှစ်ရားပွင့်ဖြင့်သာ နေ့စဉ် လိမ်းသုတ်ပါ၏"ဆိုကြရာ ဘုရားအလောင်းက ထိုလည်ရွဲကို ရေခွက်၌ နှစ်ပြီးသော် အနံ့၌ ကျွမ်းကျင်လိမ္မာသော သူကို နမ်းရှုစေ၏၊ ထိုသူသည် လည်ရွဲကို နမ်းရှုလတ်သော် ရှစ်ရားပွင့်နံ့သာ ရှိသည်ကို သိရလျှင်...

သဗ္ဗသံဟာရကော နတ္ထိ၊ သုဒ္ဓံ ကင်္ဂု ပဝါယတိ။
အလိကံ ဘာယတိ'ယံ ဓုတ္တီ၊ သစ္စမာဟ မဟလ္လိကာ။
(ဇာတက၊ ၁၊ ၂၆။ ဋ္ဌ၊ ၆၊ ၁၇၀။)

ပဏ္ဍိတ ပညာရှိသုခမိန်၊ သဗ္ဗသံဟာရကော သဗ္ဗသံဟာရကမည်သော နံ့သာသည်၊ နတ္ထိ မရှိ၊ သုဒ္ဓံ သက်သက်၊ ကင်္ဂု ဆေးမျိုးအပါအဝင် ရှစ်ရားပွင့်နံ့သည်သာ (ဥပါသကာနံ့သာသည်သာ)လျှင်၊ ပဝါယတိ လှိုင်၏၊ အယံ ဓုတ္တီ ဤလိမ်လည်တတ်သော မိန်းမငယ်သည်၊ အလိကံ မမှန်သော စကားကို၊ ဘာသတိဆို၏ အယံ မဟလ္လိကာ၊ ဤမိန်းမကြီးသည်၊ သစ္စံ မှန်သောစကားကို၊ အာဟ ပြောဆို၏။

ဆောင်ပုဒ်=နံ့သာပေါင်းစုံ၊ မွှေးကြိုင်ထုံ၊ ခေါ်တုံသဗ္ဗ သံဟာရက။

၇၆။ (၁၁၁) ဂဒြဘပဉှာဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၂၆။ ဋ္ဌ၊ ၁၊ ၄၄၉။ ငါးရာငါးဆယ်၊ ပ၊ ၄၉၂ ၄၉၃။)

ပစ္စုပ္ပန်ဝတ္ထု=မြည်းပြဿနာ၏အကြောင်း။

အတိတ်ဝတ္ထု=ဤဂဒြဘပဉှာဇာတ်သည် "မဟာဥမင်္ဂဇာတ် (ဇာတက၊ ဋ္ဌ၊ ၆၊ ၁၈၁ ၁၈၃)၌ ထင်စွာဖြစ်လတ္တံ့။

မဟောသဓသုခမိန်က "သားထက် အရာရာတိုင်းမှာ အဘက မြတ်သည် မဟုတ်ကြောင်းကို အဘမြည်းထက်

သား အဿတိုရ်မြင်းက မြတ်၏"ဟု ပုံစံပြ၍ မြည်းပြဿနာဖြေရှင်းလေ၏။

ဟံစိ (ဟံသိ သီ၊သျှာ) တုဝံ ဝေမညသိ "သေယျော၊ ပုတ္တေန ပိတာ"တိ ရာဇသေဋ္ဌ။

ဟန္ဒ'ဿတရဿ တေ အယံ၊ အဿတရဿ ဟိ ဂဒြဘော ပိတာ။

(ဇာတက၊ ၁၊ ၂၆။ ဋ္ဌ၊ ၆၊ ၁၈၂။)

ရာဇသေဋ္ဌ မင်းမြတ်၊ ဟံစိ-အကယ်၍၊ တုဝံ-သင်မင်းမြတ်သည်၊ ပုတ္တေန သားထက်၊ ပိတာ အဘသည်၊ သေယျော မြတ်၏၊ ဝေ ဤသို့၊ မညသိ အောက်မေ့မှတ်ထင်တော်မူ၏၊ ဟန္ဒ ယခု၊ တေ သင်မင်းမြတ်အား၊ အဿတရဿ အဿတိုရ်မြင်းထက်၊ အယံ ဤမြည်းသည်၊ သေယျော မြတ်သည်၊ ဟောတု ဖြစ်စေတော်မူလော့၊ ဟိ ကသ္မာ အဘယ့်ကြောင့်နည်းဟူမူကား၊ ဂဒြဘော-မြည်းသည်၊ အဿတရဿ အဿတိုရ်မြင်း၏၊ ပိတာ အဘသည်၊ ဟောတိ-ဖြစ်၏၊ တသ္မာ ထို့ကြောင့်၊ သေယျော-မြတ်သည်၊ ဟောတု ဖြစ်စေတော်မူပါလော့။

ဆောင်ပုဒ်=အဘထက်မြတ်၊ သားလူတတ်၊ လာဇာတ် ဥမင်္ဂ။

ဘမြည်းထက်ပို၊ သားဿတိုရ်၊ မြတ်ဆို ပဏ္ဍိတ။

၇၇။ (၁၁၂) အမရာဒေဝီပဉ္ဟဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၆။ ဋ္ဌ၊ ၁၊ ၄၄၉။ ငါးရာငါးဆယ်၊ ပ၊ ၄၉၃ ၄၉၄။)

ပစ္စုပ္ပန်ဝတ္ထု=အမရာဒေဝီနှင့် မဟောသဓာ အချင်းချင်း ပညာစမ်းကြခြင်း။

အတိတ်ဝတ္ထု အမရာဒေဝီနှင့် မဟောသဓာ ပညာစမ်းကြသောအကြောင်းနှင့်ပတ်သက်သော ဤအမရာပဉ္ဟဇာတ်သည်လည်း "မဟာဥမင်္ဂဇာတ်(ဇာ၊ ဋ္ဌ၊ ၆။ ၂၀၄ ၂၁၀။ ဇာတ်တော်ကြီး၊ ပ၊ ၆၂ ၆၉၉)"၌ ထင်စွာ ဖြစ်လတ္တံ့။

ယေန သတ္တုဗိလင်္ဂါ စ၊ ဒိဂုဏပလာသော စ ပုပ္ဖိတော။

ယေန ဒဒါမိ တေန ဝဒါမိ၊ ယေန န ဒဒါမိ တေန န ဝဒါမိ။

သေ မဂ္ဂေါ ယဝမဇ္ဈကဿ၊ ဇတံ ဆန္နပထံ ဝိဇာနာဟိ။

(ဇာတက၊ ၁၊ ၂၆။ ငါးရာငါးဆယ်၊ ပ၊ ၄၉၃။)

သာမိ အရှင်၊ ယေန အကြင်အရပ်၌၊ သတ္တုဗိလင်္ဂါ စ မုန့်လုံးဈေး၊ ပအုန်းရည်ဈေးတို့သည်လည်း ကောင်း၊ ပုပ္ဖိတော-ပွင့်သော၊ ဒိဂုဏပလာသော စ အရွက်နှစ်ဆင့်ရှိသော ပင်လယ်ကသစ်ပင်လည်းကောင်း၊ အတ္ထိ ရှိ၏၊ တေန ထိုအရပ်သို့၊ ဂန္တွာ သွား၍၊ ယေန အကြင်လက်ဖြင့်၊ ဒဒါမိ ပေး၏၊ တေန ထိုလက်ဖြင့်၊ ဝဒါမိ ဆို၏၊ ယေန အကြင်လက်ဖြင့်၊ န ဒဒါမိ မပေး၊ တေန ထိုလက်ဖြင့်၊ န ဝဒါမိ မဆို၊ သေ သော-ဤခရီးသည်လျှင်၊ ယဝမဇ္ဈကဿ ယဝမဇ္ဈကရွာ၌ တည်သော ငါတို့၏အိမ်၏၊ မဂ္ဂေါ ခရီးတည်း၊ ဇတံ ဆန္နပထံ ဤဖုံးကွယ်သော ခရီးကို၊ ဇာနာဟိ သိပါလော့။

ဆောင်ပုဒ်=မဟော အမရာ၊ စမ်းပညာ၊ မဟာဥမင်ဇာတ်။

အချင်းချင်းသာ၊ မေးဖြေရာ၊ ဉာဏ်လွှာ ချင်းချင်းထပ်။

၇၈။ (၁၁၆) ဒုဗ္ဗစဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၇။ ဋ္ဌ၊ ၁၊ ၄၅၅ ၄၅၆။ ငါးရာငါးဆယ်၊ ပ၊ ၅၀၂ ၅၀၃။)

ပစ္စုပ္ပန်ဝတ္ထု=ဆိုဆုံးမခက်သော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=ဘုရားအလောင်းပညာရှိ၏စကားကို နားမထောင်၍ လှံစူးသေရသော လှံခုန်ဆရာ။

ဘုရားအလောင်းကား လှံဆရာ၏တပည့်တည်း။

ဆောင်ပုဒ်=ဆိုဆုံးမခက်၊ လှံထိချက်၊ အသက်သေရပြီ။

၇၉။ (၁၁၇) တိတ္တိရဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၇။ ဋ္ဌ၊ ၁၊ ၄၅၆ ၄၅၈။ ငါးရာငါးဆယ်၊ ပ၊ ၅၀၄ ၅၀၆။)

ပစ္စုပ္ပန်ဝတ္ထု=ကောကာလိက မိမိစကားက မိမိကိုယ်ပင် ပျက်စီးစေခြင်း။

အတိတ်ဝတ္ထု=ကိုယ့်စကားကြောင့် သေရသောရသေ့=ထင်းခွဲနေသောရသေ့ကို မိမိကိုယ်တိုင် အလုပ်မလုပ်ပဲ "ဤ၌ ပေါက်လော့, ဤ၌ ခွဲလော့"ဟု ညွှန်ပေးသောရသေ့အား ထင်းခွဲနေသောရသေ့က စိတ်ဆိုး၍ ပေါက်ဆိန်ဖြင့် ပေါက်သတ်ခြင်း။

ကိုယ့်အသံကြောင့် သေရသောခါ=နံနက်တိုင်း ကျယ်စွာသောအသံဖြင့် တွန်သောခါကို မုဆိုးတစ်ယောက်က

ထိုတွန်သံကြားရာသို့ သွား၍ ခါကိုသတ်ခြင်း။
ဘုရားအလောင်းဆရာရသေ့က ရသေ့အပေါင်းအား ဗြဟ္မဝိဟာရ တရားလေးပါးကို ပွားစေ၍ ဗြဟ္မာပြည်သို့ လားရခြင်း။

ဆောင်ပုဒ်=ဩဇာလွန်များ၊ ရသေ့ကား၊ စကား သူ့ကိုသတ်။
တွန်သံလွန်များ၊ ခါငှက်ကား၊ သံကား သူ့ကိုသတ်။
အလွန်ပြောငြား၊ ကိုယ့်နှုတ်ဖျား၊ စကား ကိုယ့်ကိုသတ်။

၈၀။ (၁၁၉) အကာလရာဝိဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၈။ ဋ္ဌ၊ ၁၊ ၄၆၁ ၄၆၂။ ငါးရာငါးဆယ်၊ ပ၊ ၅၁၀ ၅၁၃။)
ပစ္စုပ္ပန်ဝတ္ထု=အချိန်အခါမဟုတ်သည်၌ အသံပြုတတ်သောရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=အခါမဟုတ်သည်၌ တွန်၍ လည်လိမ်အသတ်ခံရသော ကြက်ဖ။
အခါမဲ့ ကြက်တွန်ခြင်းနှင့်ပတ်သက်၍ ဇာတကအဋ္ဌကထာ ဂါမဏိစန္ဒဇာတ် (ဇာ၊ ဋ္ဌ၊ ၂၊ ၂၇၈ ၂၇၉)၌လည်း ကြည့်နိုင်၏။
ဘုရားအလောင်း ဒိသာပါမောက္ခဆရာ။

ဆောင်ပုဒ်=အချိန်ကာလ၊ မသိက၊ ဒုက္ခများတတ်စွာ။
သူ၏အကျိုး၊ ကိုယ့်အကျိုး၊ နှစ်မျိုး ပျက်စီးပါ။

၈၁။ (၁၂၀) ဗန္ဓနမောက္ခဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၈။ ဋ္ဌ၊ ၁၊ ၄၆၂ ၄၆၆။ ငါးရာငါးဆယ်၊ ပ၊ ၅၁၃ ၅၁၉။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်ကို သူ၏လင် ဟု စွပ်စွဲသော စိဉ္စမာဏဝိကာ။
အတိတ်ဝတ္ထု=သူမ၏အလိုသို့မပါ၍ စွပ်စွဲသော စိဉ္စမာဏဝိကာအလောင်း မိဖုရားကား အစွပ်စွဲခံ ဘုရားအလောင်း ပညာရှိပုရောဟိတ်ပုဏ္ဏားကြောင့် အသက်ချမ်းသာရခြင်း။
မိန်းမတို့မည်သည် မေထုန်အကျင့်ဖြင့် မရောင့်ရဲကုန်၊ ဤမေထုန်အကျင့်ဖြင့် မရောင့်ရဲခြင်းသည် ထိုမိန်းမတို့၏ဇာတိသဘောပင်တည်း။
ဣတ္ထိယော နာမ မေထုနစမ္မေန အတိတ္တာ၊ ဇာတိသဘာဝေါ ဟိ ဧသ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၄၆၅။)

ဆောင်ပုဒ်=မဟုတ်မမှန်၊ စွပ်စွဲပြန်က၊ သူ့ထံမရောက်၊ ကိုယ့်ပြန်ရောက်လိမ့်။

၈၂။ (၁၂၃) နင်္ဂလီသဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၉။ ဋ္ဌ၊ ၁၊ ၄၇၂ ၄၇၄။ ငါးရာငါးဆယ်၊ ပ၊ ၅၂၈ ၅၃၁။)
ပစ္စုပ္ပန်ဝတ္ထု=သင့် မသင့်, ရာ မရာကို မသိသောကြောင့် မင်္ဂလာအရာ၌ "တိရောကုဋ္ဋေသု တိဋ္ဌန္တိ၊ သန္ဓိသင်္ဃာဋကေသု စ"အစရှိသော အမင်္ဂလာတရားကို မင်္ဂလာတရားပြု၍လည်းကောင်း, အမင်္ဂလာအရာတို့၌ " ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ"ဟု ဆို၍ ဤသို့သဘောရှိသော မင်္ဂလာအရာ, အထောင်ကို ပြုခြင်းငှါ စွဲမြဲနိုင်စေကုန်သတည်း ဟူ၍လည်းကောင်း ဟောသော လာဠုဒါယီမထေရ်။
အတိတ်ဝတ္ထု=နို့ဓမ်း, နို့ရည်ကိုလည်း ထွန်တုံးထွန်သန်နှင့်တူ၏ ဟု ပြောသော လာဠုဒါယီမထေရ်အလောင်း လာဠုကမည်သောလုလင်။ ဘုရားအလောင်း ဒိသာပါမောက္ခဆရာ။
အဝမင်္ဂလ အမင်္ဂလာ၊ နင်္ဂလီသ ထွန်တုံးထွန်သန်၊ ပယ, ခီရ နို့ရည်

ဆောင်ပုဒ်=ပညာမဲ့ပေ၊ တွေဝေလေ၍၊ ထွေထွေရာခွင့်၊ သင့်မသင့်ကို၊ မထောက်ချင့်နိုင်၊ မိုက်လုံးတိုင်၏။

၈၃။ (၁၂၄) အမ္ဗဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၂၉။ ဋ္ဌ၊ ၁၊ ၄၇၅ ၄၇၆။ ငါးရာငါးဆယ်၊ ပ၊ ၅၃၂ ၅၃၄။)
ပစ္စုပ္ပန်ဝတ္ထု=ဝတ်နှင့်ပြည့်စုံသောရဟန်းတစ်ပါးကြောင့် ရဟန်းအများ လာဘ်ရခြင်း။
အတိတ်ဝတ္ထု=ဝတ်နှင့်ပြည့်စုံသော ရသေ့တစ်ပါးကြောင့် ရသေ့အများ သစ်သီးစားကြရခြင်း။
ဘုရားအလောင်း ဆရာရသေ့။

ဆောင်ပုဒ်=ဝတ်နှင့်ပြည့်ငြား၊ ထိုသူအား၊ အများမှီရာ ချမ်းသာစွာ။

၆၄။ (၁၂၅) ကဋာဟကဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၂၉။ ဋ္ဌ၊ ၁၊ ၄၇၇ ၄၈၀။ ငါးရာငါးဆယ်၊ ပ၊ ၅၃၅ ၅၃၉။)

ပစ္စုပ္ပန်ဝတ္ထု=ကဲ့ရဲ့ရှုတ်ချသော စကားကိုဆိုတတ်သော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=ကဲ့ရဲ့ရှုတ်ချ, လိမ်ညာတတ်သော ကျွန်မသားသည် ဘုရားအလောင်းဗာရာဏသီသူဌေးကြောင့် အလိမ်မပေါ်ပဲ ချမ်းသာရခြင်း။ ဖလက-သင်ပုံး

ဆောင်ပုဒ်=ဆင်းရဲသည်မှ၊ ချမ်းသာရ၊ ဘဝမေ့တတ်သည်။

ကိုယ့်ကိုကိုယ်သာ၊ ထက်တန်းလွှာ၊ ထင်လာလေတော့သည်။

ကိုယ့်ကိုကိုယ်သိ၊ ကဲ့ရဲ့ဘိ၊ အကြည့်လွဲမှားသည်။

၆၅။ (၁၂၆) အသိလက္ခဏဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၂၉။ ဋ္ဌ၊ ၁၊ ၄၈၀ ၄၈၃။ ငါးရာငါးဆယ်၊ ပ၊ ၅၄၀ ၅၄၄။)

ပစ္စုပ္ပန်ဝတ္ထု=ရေတ်မှုန့်ထည့်ထားသော သန်လျက်အိမ်မှ သန်လျက်ကို နမ်းသော လာဘ်စားသည် သန်လျက်လက္ခဏာ ဖတ်သောပုဏ္ဏားသည် ချေဆပ်သဖြင့် သန်လျက်သွား ခတ်မိသောကြောင့် နှာခေါင်းပြတ်ခြင်း။

အတိတ်ဝတ္ထု=ဗြဟ္မဒတ်မင်း၏သန်လျက်လက္ခဏာဖတ်ပုဏ္ဏားသည်လည်း အလားတူပင် နှာခေါင်းပြတ်ဖူး၏၊ ဗြဟ္မဒတ်မင်းက ထိုပုဏ္ဏားအား နှာခေါင်းစွန်းကို ကုစားချမ်းသာစေ၍ ချိပ်တို့ဖြင့် နှာခေါင်းတုကိုပြု၍ တဖန်ခစားစေ၏။

[မှတ်ဖွယ်။ ။ ရှေးကပင် "နှာခေါင်းအတုပြုလုပ်ကြကြောင်း"ကို သိရှိရသည်။

ရာဇာ ပန တဿ ဝဇ္ဇေ ဒတွာ နာသိကာကောဋိ ဖာသုကံ ကာရာပေတွာ လာခါယ

ပဋိနာသိကံ ကာရေတွာ ပုန တံ ဥပဋ္ဌာကမေဝ အကာသိ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၄၈၁။)]

နတ်ဝင်သည်မ၏အစီအရင်ကြောင့် တူဖြစ်သော ဘုရားအလောင်းမင်းသားကား မင်းသမီးကိုရ၍ မင်းဖြစ်ခြင်း။ ဣက္ခဏိကာ နတ်ဝင်သည်မ

အသိလက္ခဏပါဠက သန်လျက်လက္ခဏာကို ဖတ်တတ်သူ၊ လာခါ ချိပ်၊ ပဋိလာသိကာ နှာခေါင်းအတု

ဆောင်ပုဒ်=လောကသမုတ်၊ အဖြေထုတ်၊ ကောင်း, ယုတ် နေကန်ပါ။

မှန်နှင့်အမှား၊ နှစ်မျိုးသွား၊ ကိုးစား မယုံရာ။

၆၆။ (၁၂၇) ကလဏ္ဍုကဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၂၉။ ဋ္ဌ၊ ၁၊ ၄၈၃ ၄၈၅။ ငါးရာငါးဆယ်၊ ပ၊ ၅၄၄ ၅၄၆။)

ပစ္စုပ္ပန်ဝတ္ထု=ရှုတ်ချသောစကားကို ဆိုတတ်သော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=ကဋာဟကဇာတ်နှင့် တူ၏၊ ဤဇာတ်၌ကား ဗာရာဏသီသူဌေး၏ကျွန်သည် ကလဏ္ဍုကအမည်ရှိ၏၊ ကလဏ္ဍုကသည် လိမ်ညာသဖြင့် ပစ္စန္တရစ်သူဌေးသမီးကို ရသော်လည်း ကဲ့ရဲ့ရှုတ်ချခြင်း, ပမာဏကို မသိခြင်းကြောင့် သူဌေးသမီးမှဆုံးရှုံးရခြင်း။

ဘုရားအလောင်း ဗာရာဏသီသူဌေး။

ဆောင်ပုဒ်=ကိုယ်၏အဖြစ်၊ ကိုယ့်သနစ်၊ ကိုယ်စစ် သိသင့်စွာ။

မသိတတ်ငြား၊ ပြုမူများ၊ ကိုယ်ကား နစ်မွန်မှာ။

၆၇။ (၁၃၀) ကောသိယဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၃၀။ ဋ္ဌ၊ ၁၊ ၄၈၈ ၄၉၀။ ငါးရာငါးဆယ်၊ ပ၊ ၅၅၁ ၅၅၄။)

ပစ္စုပ္ပန်ဝတ္ထု=သယောက်လင်ငယ်ထား၍ လေနာထိုးကျင်ဟန်ဆောင်သော ပုဏ္ဏေးမ။

အတိတ်ဝတ္ထု=အလားတူ ဇာတ်လမ်းပင်တည်း။

ဘုရားအလောင်းဒိသာပါမောက္ခဆရာကြီး၏ပေးသောနည်းအတိုင်း ပုဏ္ဏားဆောင်ရွက်မှ ထိုပုဏ္ဏေးမသည် မကောင်းမှုကို မပြုတော့ပဲ သီလရှိလေ၏။

ဆောင်ပုဒ်=မာယာဟန်ဆောင်၊ သယောက်ထောင်၊ အမြောင်မထားရာ။

ဘုရားလည်းသိ၊ ဆရာသိ၊ ရှောင်ဘိ မအဝ္ဂါ။

၆၈။ (၁၃၁) အသမ္ပဒါနဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၃၀။ ဋ္ဌ၊ ၁၊ ၄၉၁ ၄၉၄။ ငါးရာငါးဆယ်၊ ပ၊ ၅၅၄ ၅၅၈။)

ပစ္စုပ္ပန်ဝတ္ထု=ကျေးဇူးမသိတတ်သော ဒေဝဒတ်။

အတိတ်ဝတ္ထု=ဗာရာဏသီပြည် ဒေဝဒတ်အလောင်းပိဋ္ဌိယသူဌေး ဆင်းရဲသွားစဉ် ရာဇဂြိုဟ်ပြည် ဘုရားအလောင်း သင်္ခသူဌေး၏ကုဋေလေးဆယ်ပေးဖူးသောကျေးဇူးကို သင်္ခသူဌေးဆင်းရဲသွားသောအခါ ပိဋ္ဌိယသူဌေးက ဖွဲတစ်တုမ္ဗနှင့် ကျေးဇူးဆပ်ခြင်း။

"တစ်တုမ္ဗ"သည် တစ်ပြည်(လေးစလယ်)နှင့် ညီ၏။ (ဦးဟုတ်စိန်၏ပါဠိမြန်မာ-အဘိဓာန်ကျမ်းကြီး)

ဆောင်ပုဒ်=သူ့၏ကျေးဇူး၊ တင်ပေဖူး၊ အထူး သိအပ်စွာ။
ကျေးဇူးမသိ၊ လူဖြစ်ဘိ၊ ဒဏ်ထိတော့သည်သာ။

၁၉။ (၁၃၂) ဘီရုကဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၃၁။ ဋ္ဌ၊ ၁၊ ၄၉၄ ၄၉၆။ ငါးရာငါးဆယ်၊ ပ၊ ၅၅၉ ၅၆၁။)

ဤဇာတ်သည် အင်္ဂုတ္တိုရ်အဋ္ဌကထာ(အံ၊ ဋ္ဌ၊ ၁၊ ရူပါဒိဝဂ္ဂဝဏ္ဏနာ၊ ၂၁)၌ "ပဥ္စဂရုကဇာတ်"ဖြစ်၏။

ပစ္စုပ္ပန်ဝတ္ထု=အဇပါလညောင်ပင်ရင်း၌ ဘုရားရှင်အား မာရ်နတ်သမီးများ ဖြားယောင်းခြင်း။

အတိတ်ဝတ္ထု=တေလပတ္တဇာတ်၌ ဆိုအပ်ပြီးသောအတိုင်းပင်တည်း။

အဋ္ဌကထာ (ဇာ၊ ဋ္ဌ၊ ၁၊ ၄၉၅)၌ "တက္ကသိလာဇာတကေ ဝုတ္တနယေနေဝ ဝိတ္ထာရေတဗ္ဗံ"ဟု လာရှိသော်လည်း "တက္ကသိလာဇာတ်သည် တေလပတ္တဇာတ်(ဇာ၊ ဋ္ဌ၊ ၁၊ ၄၁၉)ပင် ဖြစ်၏။

ဘီလူးမများ၏ကိလေသာအာရုံ ကာမဂုဏ်တို့ဖြင့် ဖြားယောင်းသည်ကို လှည့်၍မျှပင် မကြည့်သောကြောင့် မင်းအဖြစ်သို့ ရောက်သော ဘုရားအလောင်းမင်းသား။

ဆောင်ပုဒ်=ဖြားယောင်းကိလေ၊ အာရုံတွေ၊ မသွေပယ်ရှောင်ရှား။
တက္ကသိုလ်တွင်လစ်၊ ပြည်တော်သစ်၊ မင်းဖြစ် လောင်းမင်းသား။

၉၀။ (၁၃၇) ဗဗ္ဗုဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၃၂။ ဋ္ဌ၊ ၁၊ ၅၀၂ ၅၀၆။ ငါးရာငါးဆယ်၊ ပ၊ ၅၇၁ ၅၇၆။)

ပစ္စုပ္ပန်ဝတ္ထု=ရဟန်းများ အတိုင်းမသိ ကာဏာမာတာထံမှ သားမက်အတွက် ကြော်သောမုန့်များကို အလှူခံ၍ ကာလကြာမြင့်စွာ မစောင့်နိုင်သောသားမက်က နောက်မိန်းမယူသဖြင့် ကာဏာအမျိုးသမီးလင်ပစ်ခံရခြင်း။
ထိုကိစ္စနှင့်ပတ်သက်၍ ဘုရားရှင်က ကာဏာမာတုသိက္ခာပုဒ်ကို ပညတ်တော်မူခြင်း။

အတိတ်ဝတ္ထု=ကာဏာမာတာအလောင်းကြွက်မ ပေးသောအစာကိုစားပြီးလျှင် ကြွက်မကိုသတ်လိုသောကြောင်များသည် ဘုရားအလောင်းကျောက်သွေးသမား၏အစီအရင်ဖြင့် ဖလ်ဂူ၌ နေစေသောကြွက်မကို ခုတ်ကြရာ ရင်ကွဲလျက်သေကြရခြင်း။

ဥစ္စာစွဲမက်၊ သေသည့်တွက်၊ ဖြစ်လျက် ကြွက်မပါ...

(ကာသိတိုင်း) သူဌေးတစ်ဦး၏မယားသည် သေ၍ (မြှုပ်ထားအပ်သော)ဥစ္စာ၌ တပ်မက်မောသဖြင့် ဥစ္စာ၏အပေါ်၌ ကြွက်မ ဖြစ်ရလေ၏။

ကာသိရဋ္ဌေ ဧကသ္မိံ နိဂမေ ဧကော မဟာဝိဘဝေါ သေဋ္ဌိ အဟောသိ၊ တဿ နိဓာနဂတာယေဝ စတ္တာလီသ ဟိရညကောဋိယော အဟေသုံ။ အထဿ ဘရိယာ ကာလံ ကတွာ ဓနသိနေဟေန **ဂန္တွာ** ဓနပိဋ္ဌိယံ မူသိကာ ဟုတွာ နိဗ္ဗတ္တိ။ (ဇာတက၊ ဋ္ဌ၊ ၁၊ ၅၀၄။)

ဗဗ္ဗု, ဗိဠာရ ကြောင်၊ မူသိကာ ကြွက်မ၊ ဓနပိဋ္ဌိ ဥစ္စာအပြင်, ဥစ္စာ့ပုံပေါ်
ပါသာဏကောဋ္ဋက ကျောက်သွေးသမား

ဆောင်ပုဒ်=သူ့ဥစ္စာစား၊ သူတပါး၊ စိတ်အား နှောင်ယှက်မှု။
တစ်နေ့နေ့ကား၊ ဘေးရန်များ၊ တွေ့ငြားလိမ့်မည်ဟူ။

၉၁။ (၁၄၄) နင်္ဂုဋ္ဌဇာတ်၊ ကေကနိပါတ် (ဇာတက၊ ၁၊ ၃၃။ ဋ္ဌ၊ ၁၊ ၅၁၉ ၅၂၁။ ငါးရာငါးဆယ်၊ ပ၊ ၅၉၄ ၅၉၆။)

ပစ္စုပ္ပန်ဝတ္ထု=တက္ကတွန်းတို့၏မိစ္ဆာအကျင့် အကျိုးရှိ မရှိ မေးလျှောက်ကြခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းပုဏ္ဏား မီးကိုလုပ်ကျွေးခြင်းအယူမှ ပယ်စွန့်၍ မီးကိုငြိမ်းသတ်ကာ ရသေ့ပြုလျက် ဈာန်, အဘိညာဉ်ရပြီးလျှင် ဗြဟ္မာပြည်သို့ လားရခြင်း။

ဥက္ကုဋိကပ္ပဓာန ဆောင့်ကြောင့်ထိုင်၍လုံ့လပြုခြင်း၊ ဝဂ္ဂုလိဝတ လင်းနို့ကဲ့သို့ တွဲလျားဆွဲ၍ ကျင့်ခြင်း

ကဏ္ဍကာပသာယ–ဆူးပေါ်၌အိပ်ခြင်း၊ နဂ္ဂိန္ဒ၊ ဝါလဓိ အမြီး
ဆောင်ပုဒ်=မိစ္ဆာအကျင့်၊ ကျိုးမဆင့်၊ ဉာဏ်ချင့် နှလုံးသွင်း။

၉၂။ (၁၄၉) ကေပဏ္ဏဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၃၄။ ဋ၊ ၁၊ ၅၃၀-၅၃၄။ ငါးရာငါးဆယ်၊ ပ၊ ၆၁၁ ၆၁၇။)
ပစ္စုပ္ပန်ဝတ္ထု=ဒေါသအမျက်ကြီးသော ဒုဋ္ဌလိစ္ဆဝီမင်းသားအား ဒေါသ၏အပြစ်များကို ပြ၍ ဘုရားရှင်ဆုံးမတော်မူသောကြောင့် ဒုဋ္ဌလိစ္ဆဝီမင်းသားသည် မာနကင်း၍ ယဉ်ကျေး, မေတ္တာနှင့်ယှဉ်လျက် နူးညံ့သိမ်မွေ့သွားခြင်း။
ဘုရားရှင်ဆုံးမသော ဒေါသ၏အပြစ်များ...

၁။ ကြမ်းကြုတ်သောစကားကို ဆိုသောသူမည်သည်ကား မိဘ, သားမယား, ညီအစ်ကို မောင်နှမ, အဆွေခင်ပွန်းတို့ပင် မချစ်မနှစ်အပ်သည် ဖြစ်ခြင်း၊
၂။ ကိုက်ခြင်းငှါလာသောမြွေ, တောအရပ်၌ထသောခိုးသူ, စားအံ့သောငှါလာသောဘီလူးတို့ကဲ့သို့ ထိတ်လန့်ခြင်းကို ဖြစ်စေခြင်း၊
၃၊ ဒုတိယစိတ်၏ဝါရ၌ ငရဲအစရှိသည်တို့၌ ဖြစ်ရခြင်း၊
၄။ မျက်မှောက်သော ကိုယ်၏အဖြစ်၌လျှင် အမျက်ကြီးသောပုဂ္ဂိုလ်သည် တန်ဆာအမျိုးမျိုးဖြင့် ဆင်အပ်ငြားသော်လည်း အဆင်းမလှသည်သာလျှင် ဖြစ်ခြင်း၊
၅။ အမျက်ကြီးသောသူ၏ လပြည့်ဝန်းကဲ့သို့ တင့်တယ်သော မျက်နှာသည်လည်း မီးလျှံသည်ခတ်အပ်သော ပဒုမာကြာကဲ့သို့လည်းကောင်း, အညစ်အကြေးကပ်သော ရွှေကြေးမုံ(မှန်)ဝန်းကဲ့သို့လည်းကောင်း အဆင်းမလှ(မကြည်မလင်)သည် ဖြစ်ခြင်း၊
၆။ အဆင်းမလှသည်ကို ပြုတတ်သော အမျက်ကိုမှီ၍ သတ္တဝါတို့သည် လက်နက်ကိုယူ၍ မိမိသည်ပင် မိမိကိုယ်ကို သတ်ကုန်ခြင်း၊
၇။ အဆိပ်ကို စားကုန်ခြင်း၊
၈။ ကြိုးဖြင့် သေဆွဲမှုကုန်ခြင်း (ကြိုးဆွဲချ၍ သေကုန်ခြင်း)၊
၉။ ကမ်းပါးပြတ်သို့ ဆင်းကုန်ခြင်း(ချောက်ကမ်းပါးသို့ ခုန်ချ၍ မိမိကိုယ်ကိုမိမိ အဆုံးစီရင်ကုန်ခြင်း)၊
၁၀။ အမျက်ဒေါသ၏အစွမ်းအားဖြင့် သေ၍ ငရဲ အစရှိသည်တို့၌ ဖြစ်ကုန်ခြင်း၊
၁၁။ ညှဉ်းဆဲတတ်သော သဘောရှိသောသူတို့သည် မျက်မှောက်ဘဝ၌ပင် ကဲ့ရဲ့ခြင်းသို့ရောက်၍ သေလွန်သည်မှ နောက်၌လည်း ငရဲအစရှိသည်တို့၌ ဖြစ်ကုန်ခြင်း၊
၁၂။ တစ်ဖန် လူ့အဖြစ်ကိုရသော်လည်း ဖွားသောကာလမှစ၍ ရောဂါများသည်သာလျှင် ဖြစ်ကုန်ခြင်း၊
၁၃။ မျက်စိအနာ, နားအနာ အစရှိကုန်သောအနာတို့အနက် တစ်ခုခုသောအနာ၌ တစ်ပြိုင်နက်ထ၍ ကျကုန်ခြင်း၊
၁၄။ ရောဂါမှ မလွတ်ကုန်သည်ဖြစ်၍လျှင် အမြဲဆင်းရဲနေရကုန်ခြင်း။
ထို့ကြောင့် အလုံးစုံသော သတ္တဝါတို့၌ မေတ္တာနှင့်ယှဉ်သောစိတ်, အစီးအပွါးကို အလိုရှိသောစိတ်, နူးညံ့သောစိတ်ရှိသည် ဖြစ်ရာ၏။
ဒိဋ္ဌေယေဝ စ ဓမ္မေ ကောဓနော ပုဂ္ဂလော မဏ္ဍိတပသာဓိတောပိ ဒုဗ္ဗဏ္ဏောဝ ဟောတိ၊
ပုဏ္ဏစန္ဒသဿိရိကမ္ပိဿ မုခံ ဇာလာဘိဟတပဒုမံ ဝိယ မလဂ္ဂဟိတကဉ္စနာဒါသမဏ္ဍလံ
ဝိယ စ ဝိရူပံ ဟောတိ ဒုဒ္ဒသိကံ။ (ဇာတက၊ ဋ၊ ၁၊ ၅၃၁။)

ဝိဇာတမာတု–အမေရင်း၊ နိမ္ဗပေါတက–တမာပင်ငယ်

အတိတ်ဝတ္ထု=ပေါက်ခါစ တမာပင်ငယ်၏အရွက်ကို စားစေလျက် ကြမ်းတမ်းသော မင်းသားအား နူးညံ့အောင် ဆုံးမသော ဘုရားအလောင်းရသေ့။
ဆောင်ပုဒ်=ပြောဆိုဆုံးမ၊ နာလွယ်က၊ ဘဝစည်ပင်ကြောင်း။

၉၃။ (၁၅၀) သဉ္ဇီဝဇာတ်၊ ဧကကနိပါတ် (ဇာတက၊ ၁၊ ၃၅။ ဋ၊ ၁၊ ၅၃၄ ၅၃၈။ ငါးရာငါးဆယ်၊ ပ၊ ၆၁၇ ၆၂၂။)
ပစ္စုပ္ပန်ဝတ္ထု=ဒေဝဒတ်ကို ကြည်ညိုပေါင်းသင်း၍ ခမည်းတော်ကို သတ်မိပြီးနောက် ပူပန်နေရသော အဇာတသတ်မင်းကို

ဘုရားရှင်က သာမညဖလသုတ်ဟောတော်မူခြင်း။

အတိတ်ဝတ္ထု=ကျားသေကို အသက်သွင်း၍ ကျားကိုက်ခံသေရသော အဇာတသတ်အလောင်း သဉ္စီဝလုလင်။

ဘုရားအလောင်း ဒိသာပါမောက္ခဆရာ။

မတကုဋ္ဌာပကမန္တ သူသောကို ထစေတတ်သော မန္တန် (အသက်သွင်းမန္တန်)၊ မတဗျူဠ ကျားသေ

ဆောင်ပုဒ်=မချီးမြှောက်ထိုက်၊ ချီးမြှောက်လိုက်၊ သူမိုက် ကိုယ့်သတ်မည်။

သဉ္စီဝဇာတ်၊ ထုံးကိုမှတ်၊ ကြပ်ကြပ် သတိမှီ။

၉၄။ (၁၅၁) ရာဇောဝါဒဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၃၆။ ဋ၊ ၂၊ ၁ ၅။ ငါးရာငါးဆယ်၊ ဒု၊ ၁ ၆။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်က ကောသလမင်းကြီးအား ဆုံးမတော်မူခြင်း။

ဤရာဇောဝါဒဇာတ်သည် တေသကုဏဇာတ်(ခု၊ ၆၊ ၁)၌ ထင်ရှား ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=အရှင်အာနန္ဒာအလောင်း ဗလ္လိက(ကောသလ)မင်းနှင့် ဘုရားအလောင်း ဗာရာဏသီမင်းတို့ ဝါဒပြိုင်ခြင်း။

ဗာရာဏသီမင်းဂုဏ်ကား...

အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။

ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာ'လိကဝါဒိနံ။

တောဒိသော အယံ ရာဇာ၊ မဂ္ဂါ ဉယျာဟိ သာရထိ။

(ဇာတက၊ ၁၊ ၃၆။ ဋ၊ ၂၊ ၄။)

လောဘကြီးသူ၊ လူတို့အားမှာ၊ ဥစ္စာပေးကမ်း၊ ကြမ်းတမ်းမျက်ဆူ၊ ထွက်တတ်သူကို၊ ကြည်ဖြူဝမ်းတွင်း၊ နူတ်ညင်းသာယာ၊ ဝါစာပီယ၊ အဒေါသနှင့်၊ ဗာလကိုကား၊ လိုလိုက်ဖြားလျက်၊ တရားမြင်သိ၊ ပညာယိုမှာ၊ မှန်ကန်စွာဖြင့်၊ လိုရာကိစ္စ၊ ဆောင်နိုင်ကြပုံ၊ ရှေးကနီတိ၊ ကျမ်းလာယိုတိုင်း၊ အသိမဝေ၊ ဉာဏ်ကြွေဖွေလော့။

(မဟာသုတကာရီ မဃဒေဝလင်္ကာသစ်၊ ပုတ္တောဝါဒခဏ်း၊ အပိုဒ် ၁၈၉၊ နှာ ၁၂၀။)

ဗလ္လိကမင်း၏ရထားထိန်းကား အရှင်မဟာမောဂ္ဂလ္လာန်အလောင်း, ဗာရာဏသီမင်း၏ရထားထိန်းကား အရှင်သာရိပုတ္တအလောင်း။

ဆောင်ပုဒ်=အရေးကြုံလာ၊ ကိုယ်ကျင့်သာ၊ မှန်စွာ အောင်နိုင်သည်။

၉၅။ (၁၅၄) ဥရဂဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၃၇။ ဋ၊ ၂၊ ၁၁ ၁၃။ ငါးရာငါးဆယ်၊ ဒု၊ ၁၆ ၂၀။)

ပစ္စုပ္ပန်ဝတ္ထု=ကောသလမင်း၏အမတ်ကြီးနှစ်ယောက်တို့ တွေ့မြင်ရာနေရာ၌ ငြင်းခုံခိုက်ရန်ဖြစ်ကြလျက် အချင်းချင်း ရန်သူဖြစ်နေကြ၍ ဘုရားရှင်က သူတို့နှစ်ယောက်တို့အား မေတ္တာအကျိုးကို ဟောတော်မူလျက် သစ္စာတရားတို့ကို ပြတော်မူသောကြောင့် ထိုနှစ်ယောက်လုံးပင် သောတာပတ္တိဖိုလ်၌ တည်ကြကာ မိတ်ဆွေဖြစ်သွားကြခြင်း။

အတိတ်ဝတ္ထု=ထိုအမတ်ကြီးနှစ်ယောက်အလောင်း နဂါးနှင့် ဂဠုန်ဖြစ်ခဲ့ကြစဉ်လည်း ဘုရားအလောင်းက မေတ္တာတရားကို ဟောကာ အချင်းချင်း မိတ်ဆွေဖြစ်ခဲ့ခြင်း။

ဉဿဝ ပွဲသဘင်၊ နာဂသုပဏ္ဏ-နဂါး၊ ဂဠုန်၊ သမဇ္ဇဒဿနတ္ထံ ပွဲကြည့်ရန်၊ ဥဒကသာဋိက ရေသနုပ်ဝတ္ထလ လျှော်တေသက်န်းကြီး၊ ဒိဗ္ဗာ ဘက္ခာ(ဒေဝတာနံ ပရိဘောဂါရဟာ ဘက္ခာ)နတ်အစားအစာ

ဆောင်ပုဒ်=အချင်းချင်းကား၊ ရန်သူများ၊ ဝင်သွား မေတ္တာရည်။

မေတ္တာသက်ဝင်၊ ပြစ်ချက်စင်၊ ချစ်ခင်ပေါင်းသင်းပြီ။

၉၆။ (၁၅၅) ဘဂ္ဂဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၃၇။ ဋ၊ ၂၊ ၁၄ ၁၆။ ငါးရာငါးဆယ်၊ ဒု၊ ၂၁ ၂၅။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင် တရားဟောတော်မူနေရင်း ချေဆတ်တော်မူ၍ ရဟန်းတို့က "ဘုန်းတော်ကြီးတော်မူသောရှင်တော်ဘုရား...သက်တော်ရှည်ပါစေသတည်း"ဟု ကျယ်စွာသောအသံကိုပြုကြသောကြောင့် တရားဟောခြင်း၏ အန္တရာယ်ဖြစ်၍ ဘုရားရှင်က "ထိုသို့ဆိုသဖြင့် အသက်ပိုရှည်မည် မဟုတ်၍ ချေဆတ်လျှင် မဆိုရ၊ ဆိုသောရဟန်းအား ဒုက္ကဋ်သင့်စေ" ဟု ပညတ်တော်မူ၏။

လူတို့သည် နူတ်မင်္ဂလာစကားကို ချီးမွမ်းတတ်ကြ၍ လူတို့အား "အသက်ရှည်စေ"ဟု တုံ့ပြန်၍ ဆိုရန် ငါ

ခွင့်ပြုတော်မူ၏၊ မိန့်တော်မူ၏။ ရဟန်းတို့က ဘုရားရှင်ကို "ရှင်တော်ဘုရား...'အသက်ရှည်ပါစေ'ဆိုလေသော် စကားတုံ့ပြန်၍ 'အသက်ရှည်စေ'ဟူ၍ ဆိုသောစကားမည်သည် အဘယ်အခါ၌ ဖြစ်ခဲ့ပါသနည်း?ဟု မေးလျှောက်ကြလေသော် ဘုရားရှင်က ရှေးကာလ၌ ဖြစ်ခဲ့၏ ဟု မိန့်တော်မူကာ ဘဂ္ဂဇာတ်အတိတ်ကို ဆောင်တော်မူလေ၏။

ဂိဟီ ဘိက္ခဝေ မင်္ဂလိကာ၊ အနုဇာနာမိ ဘိက္ခဝေ ဂိဟီနံ "ဇီဝထ ဘန္တေ"တိ ဝုစ္စမာနေန "စိရံ ဇီဝါ"တိ ဝတ္တုန္တိ။ ဘိက္ခူ ဘဂဝန္တံ ပုစ္ဆိံသု "ဘန္တေ ဇီဝပဋိဇီဝံ နာမ ကဒါ ဥပ္ပန္န"န္တိ။ သတ္ထာ "ဘိက္ခဝေ ဇီဝပဋိဇီဝံ နာမ ပေါရာဏကာလေ ဥပ္ပန္န"န္တိ ဝတွာ အတီတံ အာဟရိ။ (ဇာတက၊ ၄၊ ၂၊ ၁၄။)

[ယခုအခါ၌ တစ်စုံတစ်ယောက်ကလေးငယ်က ချေလျှင် မိဘစသည်က"ဆိပ်ဖွား...အသက်တရာ အနာမရှိ" ဟု ဆိုတတ်ကြ၏၊ ကြီးငယ်မဟူ တစ်ဦးတစ်ယောက်က ချေလျှင် အခြားဘာသာဝင်များက "God bless you!"ဟု ဆိုတတ်ကြ၏။]

အတိတ်ဝတ္ထု=ဘုရားအလောင်းသားအဖပုဏ္ဏားနှစ်ဦးတို့ အပြန်အလှန် "အသက်ရှည်ပါစေ"ဆိုကြသဖြင့် ဘီလူးစားမခံရသည့်ပြင် ဘုရားအလောင်းသားပုဏ္ဏားက ဘီလူးကို ဆုံးမခြင်း။

ဆောင်ပုဒ်=ချေဆတ်သောခါ၊ သက်ရှည်ပါ၊ ဆိုလာ စကားစု။
ဘဂ္ဂဇာတ်ဝယ်၊ စတင်တယ်၊ မိန့်သွယ် ဗုဒ္ဓရှု။
အသက်ရှည်စေ၊ ခွန်းတုံ့ချေ၊ သက်နေရှည်ကြာမှု။

၉၇။ (၁၅၆) အလီနစိတ္တဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၃၇။ ၄၊ ၂၊ ၁၆ ၂၁။ ငါးရာငါးဆယ်၊ ၃၊ ၂၅ ၃၂။)

ပစ္စုပ္ပန်ဝတ္ထု=လုံ့လလျှော့သောရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=ပြည်နှင်းချင်းဖြစ်သော ရန်သူကောသလမင်းကို ကျေးဇူးသိသောဆင်၏သား ဆင်ဖြူတော်၏အစွမ်းကြောင့် အနိုင်ရခြင်း။

မဟာမာယာအလောင်းကား အလီနစိတ္တမင်းသား၏မယ်တော်, သုဒ္ဓေါဒနမင်းကြီးအလောင်းကား ဗာရာဏသီမင်း, လုံ့လလျှော့သောရဟန်းအလောင်းကား ဆင်ဖြူတော်, အရှင်သာရိပုတ္တအလောင်းကား ဆင်ဖြူတော်၏ဖခင်ဆင်, အရှင်မဟာမောဂ္ဂလ္လာန်အလောင်းကား ပြည်နှင်းချင်း ကောသလမင်း, ဘုရားအလောင်းကား ခုနစ်နှစ်သားအရွယ်၌ မင်းဖြစ်သော အလီနစိတ္တမင်းသားတည်း။

ဆောင်ပုဒ်=မှန်ကန်လုံ့လ၊ ပြတုံ့ကလျှင်၊ လုံ့လတန်ခိုး၊ ပြည်လုံးစိုး၊ အကျိုးကြီးလှသည်။

၉၈။ (၁၅၈) သုဟနုဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၃၈။ ၄၊ ၂၊ ၂၇ ၂၉။ ငါးရာငါးဆယ်၊ ၃၊ ၄၀ ၄၄။)

ပစ္စုပ္ပန်ဝတ္ထု=ရန့်ရင်းကြမ်းတမ်းသောရဟန်းနှစ်ပါးတို့ သူတပါးတို့အပေါ်၌ ရန့်ရင်းကြမ်းတမ်းကြစေကာမူ အချင်းချင်း ညီညွတ်မှုကို ပြောဆိုကြခြင်း။

အတိတ်ဝတ္ထု=ထိုရဟန်းနှစ်ပါးအလောင်း မဟာသောဏမည်သောမြင်းစဉ်းလဲနှင့် သုဟနုမည်သောမြင်းစဉ်းလဲ နှစ်ကောင်၊ အခြားမြင်းတို့ကို ကိုက်တတ်ကုန်သော်လည်း မိမိတို့အချင်းချင်း ခင်မင်ကြခြင်း။

အရှင်အာနန္ဒာအလောင်း ဗာရာဏသီမင်း, ဘုရားအလောင်းပညာရှိအမတ်။

ယုတ်မာသောသူ၏ယုတ်မာသောအလေ့သည် အခြားယုတ်မာသောသူ၏ယုတ်မာသောအလေ့နှင့် တူ၏။

မသူတော်တစ်ယောက်၏မကောင်းမှုသည် အခြားမသူတော်တစ်ယောက်၏မကောင်းမှုနှင့် တူသည်သာတည်း။

သမေတိ ပါပံ ပါပေန၊ သမေတိ အသတာ အသံ။ (ဇာတက၊ ၁၊ ၃၈။ ၄၊ ၂၊ ၂၈။)

သမေတိ ပါပံ ပါပေနာတိ တေသု အညတရေန ပါပေန သဒ္ဓိံ အညတရဿ ပါပံ ဒုဿီလျံ သမေတိ။ အသတာ အသန္တိ တေသု အညတရေန အသတာ အနာစာရဂေါစရသမ္ပန္နေန သဟ ဣတရဿ အသံ အသာဓုကမ္မံ သမေတိ၊ ဂူထာဒီနိ ဝိယ ဂူထာဒီဟိ ဧကတော သံသန္ဒတိ သဒိသံ နိဗ္ဗိ သေသမေဝ ဟောတီတိ။ (ဇာတက၊ ၄၊ ၂၊ ၂၈ ၂၉။)

ဆောင်ပုဒ်=မသူတော်ချင်း၊ ပေါက်ဖက်လျှင်း၊ သီတင်းတူသမို။

၉၉။ (၁၆၀) ဝိနီလဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၃၉။ ဋ္ဌ၊ ၂၊ ၃၄ ၃၆။ ငါးရာငါးဆယ်၊ ၃၊ ၅၃ ၅၆။)

ပစ္စုပ္ပန်ဝတ္ထု=ဒေဝဒတ်သည် ဘုရားအတုပြု (ဘုရားယောင်ဆောင်)ခြင်း။

အတိတ်ဝတ္ထု=ဖြူသောသိန္ဓောမြင်းလေးကောင်ကသောရထားစီးလျက် မြို့ကို လက်ျာရစ်လှည့်ပတ်နေသော ဝိဒေဟမင်းကို ဟင်္သာညီနောင်တို့ကိုက်ချီထားသော ဒုတ်၌နေလျက် လိုက်ပါရသော ဝိနီလကမည်သောကျီးစပ်ဟင်္သာက မြင်လျှင် "ငါကား ဝိဒေဟမင်းနှင့် အဘယ်မှာ ထူးအံ့နည်း?၊ ဤဝိဒေဟမင်းသည် သိန္ဓောမြင်း လေးစီးကသော ရထား၌ စီး၍မြို့ကိုလှည့်၏၊ ငါသည်ကား ဟင်္သာကသောရထား၌ စီးလျက် သွားရအံ့"ဟု ကြံကာ ပြောဆိုသောကြောင့် ဟင်္သာညီနောင်တို့က ဆိတ်ဆို၍ ဖခင်ဟင်္သာအား တိုင်ကြားသောအခါ ဖခင်ကလည်း စိတ်ဆိုးပြီးလျှင် ဝိနီလကကို သူ၏မိခင်နေရာ မစင်စွန့်ရာအရပ်သို့ ပြန်ပို့စေခြင်း။

ဒေဝဒတ်သည် ထိုအခါ ဟင်္သာနှင့် ကျီးမတို့၏သား ဝိနီလက, အဂ္ဂသာဝကနှစ်ပါးတို့သည် ဟင်္သာညီနောင်, အရှင်အာနန္ဒာသည် ဖခင်ဟင်္သာ, ဘုရားရှင်သည် ဝိဒေဟမင်း အသီးအသီး ဖြစ်ခဲ့ကြလေ၏။

သုဂတာလယ ဘုရားတု, ဘုရားယောင်ဆောင်၊ အနုကိရိယ အတုပြုခြင်း၊ မုခတုဏ္ဍက နှုတ်သီး

ဟင်္သာမင်းနှင့်၊ မကင်းကျီးမ၊ ပေါင်း၍ရသည်၊ ဝိနီလမည်၊ ဂုဏ်ရည်မသိ၊ မျိုးဇာတိဖြင့်၊ အမိမသန့်၊ ဘုန်းကြန့်ယုတ်မာ၊ မိုက်မဲစွာသား၊ ပညာမကြီး၊ ဇန္နတ်ကျီးသို့၊ နှုတ်သီးမစောင့်၊ စိတ်မဖြောင့်ဘူး၊ ထို့ကြောင့်မျိုးဇာစ်၊ ဇာတ်မှုစစ်လော့၊ သူညစ်သူမွန်၊ ဤနှစ်ပန်ကို၊ ဝေဘန်သမှု၊ ဆင်ခြင်ရှုသော်၊ ကိုယ်ပြုနှုတ်ပြော၊ သဘောအလား၊ ကျင့်မှုထားနှင့်၊ စကားဆိုက၊ ဇာတိပြ၏။ (မဃဒေဝလင်္ကာသစ်၊ တတိယပိုင်း၊ ပုတ္တောဝါဒခဏ်း၊ အပိုဒ် ၁၅၄ ၅၄၊ စာမျက်နှာ၁၅၅။)

ဗာလတို့အား၊ မမြောက်စားရာ၊ မြောက်စားတုံလစ်၊ သနားချစ်က၊ အပြစ်ကိုယ်မှာ၊ ဖြစ်တတ်စွာခဲ့၊ ရှေးခါန္တိက်ဝယ်၊ ကျီးမိုက်ငယ်လျှင်၊ လူ့နယ်ဆင်းဝါ၊ မျိုးမြတ်စွာသည်၊ ဟင်္သာညီနောင်၊ ကောင်းကင်ဘောင်သို့၊ ယူဆောင်ခဲ့ငြား၊ နောင်တော်များကို၊ ကျွန်သားမှတ်ထ၊ မိုက်မာန်ကြွခဲ့၊ ဉာဏမက်မော၊ အတ္တဘောနှင့်၊ အပြောကြီးသူ၊ ဟန်သာကူ၏။ (မဃဒေဝလင်္ကာသစ်၊ ပုတ္တောဝါဒခဏ်း၊ အပိုဒ် ၂၁၉၊ နှာ ၁၅၀ ၁၅၁။)

ဆောင်ပုဒ်=မတူပဲတု၊ ပျက်စီးမှု၊ ကြည့်ရှုဆင်ခြင်ဖွယ်။

၁၀၀။ (၁၆၁) ဣန္ဒသမာနဂေါတ္တဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၀။ ဋ္ဌ၊ ၂၊ ၃၆ ၃၈။ ငါးရာငါးဆယ်၊ ၃၊ ၅၆ ၅၉။)

ဤဝတ္ထုသည် နဝကနိပါတ် ဂိဇ္ဈဇာတ်(ခု၊ ၅၊ ၁၈၇=ဇာတက၊ ၁၊ ၁၈၇)၌ ထင်စွာ ဖြစ်လတ္တံ့။

ပစ္စုပ္ပန်ဝတ္ထု=ဆိုဆုံးမခက်သော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=ဘုရားအလောင်းဆရာရသေ့၏စကားမနာယူသည့် ဆိုဆုံးမခက်သောရသေ့သည် မွေးထားသော ဆင်နင်းသတ်၍ သေရခြင်း။

သန္ထဝ ၂ မျိုး.. ၁။ တဏှာသန္ထဝ တဏှာဖြင့်ဖွဲ့ခြင်း, ၂။ မိတ္တသန္ထဝ မိတ်ဖွဲ့ခြင်း။

အရိယ ၄ မျိုး....၁။ အာစာရအရိယာ, ၂။ လိင်္ဂအရိယာ, ၃။ ဒဿနအရိယာ, ၄။ ပဋိဝေဓအရိယာ

အရိယောတိ စတ္တာရော အရိယာ အာစာရအရိယော လိင်္ဂအရိယော ဒဿနအရိယော ပဋိဝေဓအရိယောတိ။ (ဇာတက၊ ဋ္ဌ၊ ၂၊ ၃၈။)

ဆောင်ပုဒ်=ဆုံးမခက်ခဲ၊ ပျက်စီးမြဲ၊ သေပွဲနောက်ဆုံးပါ။

၁၀၁။ (၁၆၂) သန္ထဝဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၀။ ဋ္ဌ၊ ၂၊ ၃၈ ၄၀။ ငါးရာငါးဆယ်၊ ၃၊ ၅၉ ၆၂။)

ဤဝတ္ထုသည် နင်္ဂုဋ္ဌဇာတ် (ခု၊ ၅၊ ၃၃=ဇာ၊ ၁၊ ၃၃)၌ ဆိုအပ်ခဲ့ပြီးသည်နှင့် တူသည်သာတည်း။

ပစ္စုပ္ပန်ဝတ္ထု=ရသေ့တို့ မီးပူဇော်လုပ်ကျွေးခြင်း။

အတိတ်ဝတ္ထု=မီးကိုလုပ်ကျွေးသော ဘုရားအလောင်းသည် ထောပတ်နှင့်ရောသောနို့ဃနာဖြင့် မီးကို ပူဇော်ရာ သစ်ရွက် မိုးကျောင်းကို မီးလောင်၍ ထိုအယူကိုစွန့်လျက် ရသေ့ရဟန်းပြုပြီးနောက် ဈာန်, အဘိညာဏ်တို့ကိုရကာ ဗြဟ္မာ့ပြည်သို့ လားရခြင်း။

ဤဇာတ်၏ဂါထာပါ "သန္ထဝသမ္ဘာ"ပုဒ်၏အဖွင့်၌လည်း "တဏှာသန္ထဝ, မိတ္တသန္ထဝ"နှစ်မျိုးပါ၏။

အင္ဂိဇုဟာန မီးပူဇော်ခြင်း၊ ပဏ္ဍကုဍ္ဍိ, ပဏ္ဍုသာလာ သစ်ရွက်မိုးကျောင်း
ဆောင်ပုဒ်=သူတော်တရား၊ မဟုတ်ငြားပဲ၊ အမှားကျင့်တွက်၊ အကျိုးပျက်သော်၊ ပယ်ဖျက်၍သာ၊ မှန်အရာကို၊
လိုက်နာကျင့်က၊ ကျိုးမြတ်ရလိမ့်၊ မှတ်ကြသင့်ပေ နှောင်းလူတွေ။

၁၀၂။ (၁၆၃) သုသီမဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၀။ ဌ၊ ၂၊ ၄၀ ၄၄။ ငါးရာငါးဆယ်၊ ဒု၊ ၆၂ ၆၈။)
ပစ္စုပ္ပန်ဝတ္ထု=အများ၏အလိုဆန္ဒကို ညှိ၍ (ညီညွတ်၍)လှူခြင်း။
အတိတ်ဝတ္ထု=ပုရောဟိတ်ပုဏ္ဏား၏သား ဘုရားအလောင်းပုဏ္ဏားလုလင်နှင့် ဆင်မင်္ဂလာပွဲ၊
အခြားသော ပုဏ္ဏားတို့သည် "ပုရောဟိတ်ပုဏ္ဏား၏သားသည်ကား အလွန်ငယ်သေး၍ ဗေဒင်သုံးပုံကိုလည်း မတတ်,ဆင်ကျမ်းကိုလည်း မတတ်သေးသောကြောင့် ကျွန်တော်မျိုးတို့က ဆင်မင်္ဂလာအမှုကို ပြုပါကုန်အံ့"ဟု မင်းအား လျှောက်တင်၍ မင်းက "ကောင်းပြီ"ဟု ဝန်ခံထား၏။
ထိုအကြောင်းကို မိခင်ပြောပြသဖြင့် သိရသော ဘုရားအလောင်းပုဏ္ဏားလုလင်သည် ဗာရာဏသီမှ ယူဇနာ တစ်ရာ့နှစ်ဆယ်ဝေးသော ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်သို့ ဘုရားအလောင်း၏အာနုဘော်အားဖြင့် နတ်တို့၏ မြေကို ချုံ့ခြင်းကြောင့် တနေ့ခြင်းဖြင့်သာလျှင် တက္ကသိုလ်ပြည် ဆရာကြီးထံသို့ ရောက်လေ၏။
ပုဏ္ဏားလုလင်သည် ဆရာ့အထံဝယ် တစ်ညဉ့်ပတ်လုံး သင်လေရာ အရဏ်တက်လတ်သော် ဗေဒင်သုံးပုံနှင့် ဆင်လက္ခဏာကျမ်းတို့ကို မိမိပညာအာနုဘော်ဖြင့် အပြီးတိုင်စေကာ တစ်နေ့ခြင်းဖြင့်ပင် ဗာရာဏသီပြည်သို့ ပြန်လာ၍ ဆင်မင်္ဂလာပွဲသို့ သွားရောက်ကာ မင်းအား မိမိကို ပယ်ထားခြင်း၏အကြောင်းကို မေးလျှောက်လေ၏၊ မင်းက"အမောင်လုလင်သည် ဗေဒင်သုံးပုံနှင့် ဆင်လက္ခဏာကျမ်းကို မတတ်သေး"ဟု ပုဏ္ဏားတို့လျှောက်တင်ကြ သောကြောင့် ထိုပုဏ္ဏားတို့ကို ပြုစေအံ့"ဆိုလတ်သော် ပုဏ္ဏားလုလင်က "မြတ်သောမင်းကြီး...ဤမျှကုန်သော ပုဏ္ဏားတို့တွင် ဗေဒင်သုံးပုံတို့၌လည်းကောင်း, ဆင်လက္ခဏာကျမ်း၌လည်းကောင်း တစိတ်တဒေသကိုလည်း အကျွန်ုပ်နှင့် တကွ ပြောဆိုဝံ့သည် တစ်ယောက်သောပုဏ္ဏားသည် အကယ်၍ ရှိလျှင် ထစေပါလော့၊ မြတ်သော မင်းကြီး...ဆင်မင်္ဂလာပြုခြင်းနှင့်တကွ ဗေဒင်သုံးပုံတို့ကိုလည်းကောင်း, ဆင်လက္ခဏာကျမ်းကိုလည်းကောင်း အ ကျွန်ုပ်ကို ထား၍ ဇမ္ဗူဒီပါကျွန်းအလုံး၌ အခြားတတ်သောသူမည်သည် မရှိပါ"ဟု ကြောက်ရွံ့မဲ့ကင်း ရဲတင်းသော စကားကို ဆိုလေ၏။ တစ်ယောက်သောပုဏ္ဏားမှလည်း ဘုရားအလောင်းလုလင်၏ဆန့်ကျင်ဘက်ရန်သူဖြစ်၍ ထအံ့ သောငှါ မစွမ်းနိုင်၊ ဘုရားအလောင်းသည် မိမိအမျိုးအနွယ်ကို တည်စေ၍ ဆင်မင်္ဂလာကိုပြု၍ များစွာသော ဥစ္စာကို ရယူလေ၏။

ဆန္ဒကဒါန အလိုဆန္ဒညီညွတ်(ညှိ)၍ လှူခြင်း၊ ဟတ္ထိသုတ္တ ဆင်၏လက္ခဏာကို ပြသောကျမ်း
ဟတ္ထိမင်္ဂလကာရက ဆင်မင်္ဂလာကိုပြုတတ်သူ၊ ဟတ္ထိမင်္ဂလဆဏ ဆင်မင်္ဂလာပွဲ
ဆောင်ပုဒ်=ဣဿာတရား၊ စိတ်ဝယ်ထား၊ စီးပွါးမဲ့တတ်သည်။
လောင်းလုလင်အား၊ ပယ်ကာထား၊ ပုဏ္ဏားများတို့သည်။
ဣဿာတွေ့ပွါး၊ ကျိုးမဲ့ငြား၊ လာဘ်များဆုံးလေပြီ။

၁၀၃။ (၁၆၅) နကုလဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၁။ ဌ၊ ၂၊ ၄၇ ၄၈။ ငါးရာငါးဆယ်၊ ဒု၊ ၇၃ ၇၅။)
ပစ္စုပ္ပန်ဝတ္ထု=အမတ်စစ်သူကြီးနှစ်ယောက်တို့၏ခိုက်ရန်ဖြစ်ခြင်း။
ဤဝတ္ထုကား ဥရဂဇာတ်(ခု။ ၅၊ ၃၇=ဇာ၊ ၁၊ ၃၇)၌ ဆိုအပ်ခဲ့ပြီးသည်နှင့် တူသည်သာတည်း။
အတိတ်ဝတ္ထု=ဘုရားအလောင်းရသေ့၏ ခိုက်ရန်ဖြစ်ခြင်း၏အဖြစ်, မေတ္တာပွါးခြင်း၏အကျိုးတို့ကို ဟောသဖြင့် မြွေနှင့် မြွေပါတို့၏ရန်ပွဲငြိမ်း၍ မိတ်ဆွေဖြစ်သွားကြခြင်း။
သေဏိဘဏ္ဍန စစ်သူကြီးတို့၏ခိုက်ရန်ဖြစ်ခြင်း၊ ဥဥ္စာစရိယာ ဆွမ်းခံအကျင့်
အဟိနကုလ မြွေနှင့် မြွေပါ
ဆောင်ပုဒ်=ညီညွတ်သင့်တင့်၊ ဘေးမဆင့်၊ အေးခွင့် လွန်သာယာ။
မေတ္တာတရား၊ ဟောဖော်ကြား၊ ဘုရားလောင်းတော်သာ။
မြွေပါနှင့် မြွေ၊ ချစ်ကြည်ပေ၊ မိတ်ဆွေဖြစ်သွားပါ။

၁၀၄။ (၁၆၆) ဥပသာဠကဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၁။ ဋ္ဌ၊ ၂၊ ၄၈ ၅၀။ ငါးရာငါးဆယ်၊ ၃၊ ၇၅ ၇၈။)

ပစ္စုပ္ပန်ဝတ္ထု=သူသေမချဖူးရာ သန့်ရှင်းစင်ကြယ်သော သင်းချိုင်းမြေကိုရှာသည့် ဥပသာဠကမည်သောပုဏ္ဏား။

အတိတ်ဝတ္ထု=မြေပုပ်အလွတ်မြေရှာသော ပုဏ္ဏားသားအဖ။

သူသေကို မသဂြိုဟ်ဖူးသောအရပ်၌ သူ့ကို သဂြိုဟ်ရန် ဖခင်ပုဏ္ဏား၏ညွှန်သော တောင်သုံးလုံးကြားနေရာကို သားပုဏ္ဏားက ဘုရားအလောင်းရသေ့အား ပြရာ ဘုရားအလောင်းက "ဤအရပ်၌ပင် သဂြိုဟ်အပ်ကုန်သော သူတို့၏အတိုင်းအရှည်ပမာဏသည် မရှိ၊ သင့်အဖသည်ပင် ဤရာဇဂြိုဟ်ပြည်၌ပင် ပုဏ္ဏားမျိုး၌ပင် ဖြစ်၍ ဥပသာဠကအမည်ရှိသည်ပင် ဖြစ်လျက် ဤတောင်သုံးလုံးတို့၏အကြား၌ပင် ဘဝပေါင်း တစ်သောင်းလေးထောင်တို့ပတ်လုံး ဖုတ်ကြည်းသဂြိုဟ်သည်ကို ခံရဖူးလေပြီ။...မြေ၌ မဖုတ်ကြည်း မသဂြိုဟ်ဖူးသောအရပ်ကိုလည်းကောင်း, သုသာန်မဟုတ်ရာ အရပ်ကိုလည်းကောင်း, မသေဖူးရာအရပ်ကိုလည်းကောင်း ရအံ့သောငှါ မတတ်ကောင်းချေ"ဟု ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ပိုင်းခြားကာ...

မာဏဝ ဣမသ္မိံ ယေဝ ဌာနေ ဈာပိတကာနံ (ဈာပိကမတာနံ က) ပမာဏံ နတ္ထိ၊ တဝေဝ ပိတာ ဣမသ္မိံယေဝ ရာဇဂဟေ ဗြာဟ္မဏကုလေယေဝ နိဗ္ဗတ္တိတွာ ဥပသာဠကောယေဝ နာမ ဟုတွာ ဣမသ္မိံယေဝ ပဗ္ဗတန္တရေ စုဒ္ဒသ ဇာတိသဟဿာနိ ဈာပိတော။ ပထဝိယဉ္ဟိ အဈာပိတဌာနံ ဝါ အသုသာနဌာနံ ဝါ သီသာနံ အနိဝေသိတဌာနံ ဝါ လဒ္ဓုံ န သက္ကာ။ (ဇာတက၊ ဋ္ဌ၊ ၂၊ ၅၀။)

ဥပသာဠကနာမာနိ၊ သဟဿာနိ စတုဒ္ဒသ။
အသ္မိံ ပဒေသေ ဒဍ္ဎာနိ၊ နတ္ထိ လောကေ အနာမတံ။
ယမှိ သစ္စဉ္စ ဓမ္မော စ၊ အဟိံသာ သံယမော ဒမော။
ဧတံ အရိယာ သေဝန္တိ၊ ဧတံ လောကေ အနာမတံ။
(ဇာတက၊ ၁၊ ၄၁။ ဋ္ဌ၊ ၂၊ ၅၀)

ဟု ဟောလေ၏။

အနာမတန္တိ မတဌာနံ(အာမကဌာနံ က)။ တဉှိ ဥပစာရဝသေန "အမတ"န္တိ ဝုစ္စတိ၊ တံ ပဋိသေဓေန္တော "အနာမတ"န္တိ အာဟ။ "အနမတ"န္တိပိ (အနာမကန္တိပိ က) ပါဌော၊ လောကသ္မိဉှိ အနမတဌာနံ (အနာမကဌာနံ က) အသုသာနံ နာမ နတ္ထီတိ အတ္ထော။ (ဇာတက၊ ဋ္ဌ၊ ၂၊ ၅၀။)

"အနာမတ"ပုဒ်ဖွင့်နှင့် ပတ်သက်၍ ကျေးဇူးရှင်ဓမ္မာနန္ဒဆရာတော်၏မှတ်သားဖွယ်ရာ ပြင်ဆင်ချက်ကား...

အနာမတန္တိ န အာမတဌာနံ။ တဉှိ ဥပစာရဝသေန "အာမတ"န္တိ ဝုစ္စတိ၊ တံ ပဋိသေဓေန္တော "အနာမတ"န္တိ အာဟ။ "အနာမက"န္တိပိ ပါဌော၊ လောကသ္မိဉှိ အနာမကဌာနံ အသုသာနံ နာမ နတ္ထီတိ အတ္ထော။ (?)

ဆောင်ပုဒ်=သင်းချိုင်းလွတ်ရာ၊ မြေကိုရှာ၊ ဘယ်မှာ မရှိမှတ်။
နေရာတိုင်းတွင်၊ သင်းချိုင်းပင်၊ ခုလျှင် ရှေးကမှတ်။

၁၀၅။ (၁၆၇) သမိဒ္ဓိဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၂။ ဋ္ဌ၊ ၂၊ ၅၁ ၅၂။ ငါးရာငါးဆယ်၊ ၃၊ ၇၉ ၈၁။)

ပစ္စုပ္ပန်ဝတ္ထု=သမိဒ္ဓိမထေရ်နှင့် ဖြားယောင်းသော နတ်သမီး။

အတိတ်ဝတ္ထု=ဘုရားအလောင်းရသေ့နှင့် ဖြားယောင်းသောနတ်သမီး။

အတိတ် ပစ္စုပ္ပန်ဝတ္ထုနှစ်ခုလုံး၌ပါသော နတ်သမီးနှစ်ယောက်လုံးပင် "ငယ်ရွယ်စဉ် ကာမဂုဏ်ခံစား၍ အရွယ်ကြီးရင့်မှ ရဟန်းပြုသင့်ကြောင်း" ဖြားယောင်းကြသော်လည်း သမိဒ္ဓိမထေရ်ရော ဘုရားအလောင်းရသေ့ပါ "ဘယ်အရွယ်၌ သေမည် ဟု မသိ၍ အချိန်ကာလမဖြန်းပဲ ငယ်ရွယ်စဉ်ပင် ရဟန်းတရားကျင့်ကြောင်း"ပြောဆိုကာ ပယ်ခဲ့ကြလေသည်။

ဇီဝိတံ ဗျာဓိ ကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ န နာယရေ။
(ဇာတက၊ ဋ္ဌ၊ ၂၊ ၅၂။)

အသက်, အနာ၊ ချိန်အခါ၊ စွန့်ရာ, လားဂတိ။
ကြိုတင်ပိုင်းခြား၊ ဤငါးပါး၊ အများ လူမသိ။ (ကျေးဇူးရှင်ဓမ္မာနန္ဒဆရာတော်ထံမှ)

ဆောင်ပုဒ်=ရှပ်သွင်တင့်တယ်၊ ကာမနယ်၊ မြူဆွယ်မှားတတ်သည်။
အသုဘတရား၊ ရှုကာပွား၊ ပယ်ရှားတတ်ရမည်။
အနိမိတ္တ၊ ငါးဓမ္မ၊ ရှုဆတတ်သင့်ပြီ။

၁၀၆။ (၁၆၉) အရကဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၂။ ဋ္ဌ၊ ၂၊ ၅၅ ၅၇။ ငါးရာငါးဆယ်၊ ဒု၊ ၈၅ ၈၈။)
ပစ္စုပ္ပန်ဝတ္ထု=မေတ္တာသုတ်ကို ဟောတော်မူခြင်း။
မေတ္တာအကျိုး ၁၁-ပါး...........
၁။ ချမ်းသာစွာ အိပ်ရခြင်း၊
၂။ ချမ်းသာစွာ နိုးရခြင်း၊
၃။ ယုတ်မာသော (မကောင်းသော) အိပ်မက်ကို မမြင်မက်ခြင်း၊
၄။ လူတို့ချစ်မြတ်နိုးခြင်း၊
၅။ နတ်တို့ချစ်မြတ်နိုးခြင်း၊
၆။ နတ်တို့စောင့်ရှောက်ခြင်း၊
၇။ မေတ္တာကို ပွါးသောသူအား မီးမလောင်နိုင်,အဆိပ်လည်း မသင့်,လက်နက်လည်း မစူးမရှနိုင်ခြင်း၊
၈။ ပျံ့လွင့်သောစိတ်သည် လျင်မြန်စွာ တည်ကြည်ခြင်း၊
၉။ မျက်နှာအဆင်း အထူးကြည်လင်ခြင်း၊
၁၀။ မတွေမဝေ သေရခြင်း၊
၁၁။ မေတ္တာသမာပတ်ထက် လွန်မြတ်သော မဂ်ဖိုလ်ကို မရစေကာမူ ဗြဟ္မာပြည်သို့ လားရခြင်း။
ဤမေတ္တာအကျိုး ၁၁ ပါးနှင့်ပတ်သက်၍ အင်္ဂုတ္တိုရ်ပါဠိတော် ဧကာဒသကနိပါတ်(အံ၊၃၊ ၅၄၂)၌ ကြည့်ရှုနိုင်သည်။

[ဆောင်ပုဒ်။ မေတ္တာဂုဏ်ရည်၊ ဆယ့်တလီကား၊ အညီသတ္တဝါ၊ မလပ်ပါအောင်၊ ခါခါနေ့စဉ်၊ မေတ္တာယှဉ်မူ၊ ကြည်လင်အိပ်ပျော်၊ ထချိန်တော်၍၊ နိုးသော်ရွှင်ရွှင်၊ အိပ်မက်မြင်လည်း၊ အစဉ်ကောင်းစွာ၊ မြင်မက်ရာ၏၊ ပြည်ရွာလူသား၊ နတ်အများလည်း၊ မြင်ကြားသမျှ၊ ချစ်ခင်ကြသဖြင့်၊ ဒေဝတွေထွေ၊ စောင့်ရှောက်လေ၏၊ မီးရေခိုးသူ၊ များရန်သူလည်း၊ မယူမဖျက်၊ မနှောင့်ယှက်တည်း၊ စိတ်စက်လည်းတည်၊ မျက်နှာကြည်၍၊ သေမည်ခါချဉ်း၊ တွေဝေကင်း၏၊ မှန်းရင်းဓမ္မ၊ မဂ်မရလည်း၊ ဈာန်ရလေလစ်၊ ဗြဟ္မာဖြစ်သည်........ ဆယ့်တစ်မေတ္တာ အကျိုးတည်း။ (ခုဒ္ဒသိက္ခာ ဘာသာဋီကာ၊ စတုရာရက္ခနိဒ္ဒေသ၊ ၅၈၀။)]

အတိတ်ဝတ္ထု=ဘုရားအလောင်းရသေ့ မေတ္တာအကျိုးဟောခြင်း။
ဘုရားအလောင်းရသေ့သည် မယုတ်သောဈာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်၌ဖြစ်၍ သံဝဋ္ဋဝိဝဋ္ဋ ခုနစ်ကပ်တို့ပတ်လုံး ဤလူ့ပြည်သို့ တစ်ဖန် မလာ။
ဆောင်ပုဒ်=မေတ္တာတရား၊ ပြည့်တုံငြား၊ ကျိုးကား ဆယ့်တစ်ရ။
ရဟန်းရှင်လူ၊ မေတ္တာမူ၊ ပွါးယူအားထုတ်ကြ။

၁၀၇။ (၁၇၀) ကကဏ္ဋကဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၂။ ဋ္ဌ၊ ၂၊ ၅၇။ ငါးရာငါးဆယ်၊ ဒု၊ ၈၈။)
ဤကကဏ္ဋကဇာတ်သည် မဟာဥမင်ဇာတ်(ခု၊ ၆၊ ၂၀၄=ဇာ၊ ၂၊ ၂၀၄။ ဋ္ဌ၊ ၆၊ ၁၈၅ ၁၈၆။ ဇာတ်တော်ကြီးဆယ်ဘွဲ့၊ ပ၊ ၆၃၆ ၆၄၀))၌ ထင်စွာ ဖြစ်လတ္တံ့။
ပစ္စုပ္ပန်ဝတ္ထု=ပညာပါရမီကို အကြောင်းပြု၍ ပြောဆိုခြင်း။
အတိတ်ဝတ္ထု=ပဲဝက်မျှသောအသပြာကို မှီ၍ မာန်တက်သောပုတ်သင်။
ဘုရားအလောင်း မဟောသဓပညာရှိ။
မှတ်ချက်။ ။ ပုတ်သင်ခေါ်သည်ကား "ပုနပ္ပုနံ သီသံ စာလေတီတိ ပုတ်သင်"ဟူသော ဝိဂ္ဂြိုဟ်အရ အဖန်တလဲလဲ ဦးခေါင်းကို ညိတ်တတ်သောကြောင့် "ပုတ်သင်"မည်၏။ "ကကဏ္ဋက"ကို ဝိဂ္ဂြိုဟ်ပြုသော်ကား "ကံ သီသံ ကဋတိ စာလေတီတိ ကကဏ္ဋကော"ဟူ၍လည်းကောင်း, "ကေ သီသေ ကဏ္ဋကော ယဿာတိ ကက

ဏှကော"ဟူ၍လည်းကောင်း ဝိဂြိုဟ်ပြုအပ်၏။ "ယော သတ္တော အကြင်သတ္တဝါသည်၊ ကံ သီသံ ဦးခေါင်းကို၊ ကဌတိ စာလေတိ တညိတ်ညိတ်လှုပ်တတ်၏၊ ဣတိ တသ္မာ ထိုသို့ ဦးခေါင်းကို တညိတ်ညိတ်လှုပ်တတ်သော သတ္တဲကြောင့်၊ သော သတ္တော ထိုသတ္တဝါသည်၊ ကကဏှကော ကကဏှကမည်၏။ ယဿ အကြင်သတ္တဝါ၏၊ ကေ သီသေ ဦးခေါင်း၌၊ ကဏှကော ဆူးသည်၊ အတ္ထိ ရှိ၏၊ ဣတိ တသ္မာ ထိုသို့ဦးခေါင်း၌ ဆူးရှိသော သတ္တဲကြောင့်၊ သော ထိုသတ္တဝါသည်၊ ကကဏှကော ကကဏှကမည်၏။ (ဇာတ်တော်ကြီး ဆယ်ဘွဲ့၊ ပထမတွဲ၊ မဟောသဓောတ်တော်ကြီး၊ ကကဏှကပဥှာခန်း၊ ၆၄၀။)

ဝိဒေမင်းကို၊ မာန်တင်းရန်ထောင်၊ ပုတ်သင်စောင်လည်း၊ တိမ်းရှောင်ကုန်ကြ၊ မတုပသို့။

(မဃဒေဝလင်္ကာသစ်၊ တတိယပိုင်း၊ ပုတ္တောဝါဒခဏ်း၊ အပိုဒ် ၂၆၆ ၉၇၊ စာမျက်နှာ ၁၉၈။)

ဆောင်ပုဒ်=ပဲဝက်ကိုရ၊ ပုတ်သင်က၊ မာနထောင်တတ်သည်။

ကျေးဇူးကိုဖဲ့၊ ပြုသူရဲ့၊ မှတ်ကွဲနှလုံးရည်။

၁၀၈။ (၁၇၁) ကလျာဏဓမ္မဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၃။ ဋ္ဌ၊ ၂၊ ၅၇ ၆၀။ ငါးရာငါးဆယ်၊ ၃၊ ၈၈ ၉၂။)

ပစ္စုပ္ပန်ဝတ္ထု=နားပင်းသောယောက္ခမအသံကြောင့် သားမက် ရဟန်းပြုခြင်း။

အတိတ်ဝတ္ထု=နားပင်းသောယောက္ခမ၏အသံကို အစွဲပြု၍ "မိမိရဟန်းမပြုပဲလျက် ရဟန်းပြုသည်"ဟူသော ကောင်းသော အသံကြောင့် ဘုရားအလောင်းဗာရာဏသီသူဌေး ရသေ့ရဟန်းပြုခြင်း။

ဆောင်ပုဒ်=နိမိတ်ကောင်းမှ၊ ကောင်းကျိုးရ၊ မုချ ဖြစ်တတ်စွာ။

ရဟန်းမပြု၊ ပြုသည်ဟု၊ ကြားမှု ထိုရောခါ။

အမှန်တကယ်၊ ပြုတော့တယ်၊ ရှာန်ဝယ် ရသည်တာ။

၁၀၉။ (၁၇၃) မက္ကဋဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၄။ ဋ္ဌ၊ ၂၊ ၆၂ ၆၄။ ငါးရာငါးဆယ်၊ ၃၊ ၉၆ ၉၈။)

ပစ္စုပ္ပန်ဝတ္ထု=အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းတစ်ပါး။

ဤဝတ္ထုသည် ပကိဏ္ဏကနိပါတ် ဥဒ္ဒါလကဇာတ် (ခု၊ ၅၊ ၂၈၃=ဇာ၊ ၁၊ ၂၈၃ ၂၈၅)၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=မီးလှုံလို၍ ရသေ့သင်္ကန်းကိုခြုံလျက် ရသေ့ဟန်ဆောင်သောမျောက်ကို ဘုရားအလောင်းရသေ့က မီးတုတ်နှင့် ခြောက်လှန့်ပစ်ခြင်း၊ ဘုရားအလောင်းရသေ့သည် ဗြဟ္မဝိဟာရလေးပါးကို ပွါး၍ ဗြဟ္မာ့ပြည်သို့လားရခြင်း။ မျောက်သည် အံ့ဖွယ်သရဲကိုဖြစ်စေတတ်သောရဟန်း ဖြစ်လာ၏၊ ဘုရားအလောင်းရသေ့သားသည် ရာဟုလာ ဖြစ်လာ၏။

ဆောင်ပုဒ်=မတန်မရာ၊ အံ့ဖွယ်ရာ၊ ပြုပါ မျောက်လှောင်က။

သင်္ကန်းကိုခြုံ၊ ရသေ့ပုံ၊ ဟန်ကုန်ဆောင်၍ပြ။

ရသေ့လောင်းတော်၊ ကောင်းစွာနော်၊ သိသော် ထိုခဏ။

ပစ်၍မီးတုတ်၊ ခြောက်လှန့်ထုတ်၊ မြောက်ယုတ် ထွက်ပြေးရ။

၁၁၀။ (၁၇၄) ဒုဗ္ဘိယမက္ကဋဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၄။ ဋ္ဌ၊ ၂၊ ၆၄ ၆၅။ ငါးရာငါးဆယ်၊ ၃၊ ၉၈ ၁၀၁။)

ပစ္စုပ္ပန်ဝတ္ထု=ကျေးဇူးမသိ, အဆွေခင်ပွန်းကို ပြစ်မှားတတ်သော ဒေဝဒတ်။

အတိတ်ဝတ္ထု=ရေဆာနေ၍ ရေပေးခဲ့သော ဘုရားအလောင်းပုဏ္ဏားကို ခြောက်လှန့်သည့်ပြင် ပုဏ္ဏား၏ခေါင်းပေါ်သို့ မစင်စွန့်သော ဒေဝဒတ်အလောင်း မျောက်ယုတ်။

ဆောင်ပုဒ်=ကျေးဇူးရှိမှ၊ ကျေးဆပ်ရ၊ လောကဆိုရိုးပါ။

ကျေးဇူးရှိငြား၊ လောင်းပုဏ္ဏား၊ ရမ်းကား မျောက်ပမာ။

၁၁၁။ (၁၇၅) အာဒိစ္စုပဋ္ဌာနဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၄။ ဋ္ဌ၊ ၂၊ ၆၆ ၆၇။ ငါးရာငါးဆယ်၊ ၃၊ ၁၀၁ ၁၀၃။)

ပစ္စုပ္ပန်ဝတ္ထု=အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=လူတို့ထံမှ အစာကိုရလို၍ ရသေ့အကျင့်ကို ကျင့်သကဲ့သို့ နေကိုရှိခိုးနေသောမျောက်၊ လူတို့သည်

ထိုမျောက်ကို သူတော်ကောင်းထင်၍ ပြောဆိုနေကြရာ ဘုရားအလောင်းက "ထိုမျောက်ယုတ်၏မီးတင်းကုပ်၌ မစင်စွန့်ခြင်း,ရေကရားတို့ကို ခွဲခြင်း"စသည်တို့ကို ပြောဆိုသောအခါ ထိုလူတို့သည် ခဲ, တုတ်, လှံတံတို့ဖြင့်ပစ်ခတ်ရိုက်ပုတ်ကုန်၍ ပြေးစေပြီးလျှင် ရသေ့များအား ဆွမ်းလှူဒါန်းကုန်၏။

ရသေ့အပေါင်းတို့သည် ဟိမဝန္တာသို့ သွားကုန်၍ မယုတ်သောဈာန်ရှိကုန်သည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လားကုန်၏။

အံ့ဖွယ်သရဲကို ဖြစ်စေတတ်သောရဟန်းကား ထိုအခါ မျောက်, ယခု ဘုရားပရိသတ်ကား ထိုအခါ ရသေ့အပေါင်း, ဘုရားရှင်ကား ရသေ့အပေါင်းတို့၏ဆရာရသေ့ ဖြစ်ခဲ့၏။

ဂဏာသတ္တာ ဂိုဏ်းဆရာ၊ ပါနီယဃဋ သောက်ရေအိုး၊ ကုဏ္ဍိက, ကမဏ္ဍလု ကရား

ဆောင်ပုဒ်=တစ်နပ်စားဉာဏ်၊ အမိုဖန်၊ မျောက်ဟန် မယူသင့်။

ရှေ့တွင်တစ်မျိုး၊ ကွယ်တစ်မျိုး၊ မရိုးမှုအကျင့်။

ပညာရှိများ၊ မကျိုက်ငြား၊ ပယ်ရှား ခါမလင့်။

၁၁၂။ (၁၇၆) ကဠာယမုဋ္ဌိဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၅။ ဋ္ဌ၊ ၂၊ ၆၇ ၆၉။ ငါးရာငါးဆယ်၊ ဒု၊ ၁၀၄ ၁၀၇။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏စကားတော်ကြောင့် စစ်မတိုက်သော ကောသလမင်း။

အတိတ်ဝတ္ထု=သစ်ပင်အောက်သို့ ကျသွားသောကုလားပဲတစ်စေ့ကို ကောက်ဖို့ရန် ပါးစပ်နှင့်လက်များထဲမှကုလားပဲစေ့များ ဆုံးရှုံးရသောမျောက်။

ဘုရားအလောင်းပညာရှိအမတ်က "မင်းမြတ်...မျောက်သည် ကုလားပဲတစေ့ကြောင့် များစွာသောကုလားပဲတို့မှယုတ်သကဲ့သို့ လောဘကြီးသောသူ ငါတို့သည်လည်း အနည်းငယ်သောအကျိုးကြောင့် များစွာသော အကျိုးကို ဖျက်ဆီးကုန်လတ္တံ့"ဟု ပြောဆိုလေသော် မင်းသည် ခိုးသူတို့ကို နှိမ်နင်းရန် ပစ္စန္တရစ်သို့ မသွားတော့ပဲ မြို့သို့သာ ဝင်လေ၏၊ ခိုးသူတို့လည်း မင်းသည် မြို့မှထွက်သတတ် ဟု ကြားကုန်၍ ထွက်ပြေးကုန်တော့၏။

ဗာရာဏသီမင်းသည် အရှင်အာနန္ဒာအလောင်းတည်း။

ဒုမသာခဂေါစရ မျောက်၊ ကဠာယ ကုလာပဲ၊ ကဠာယမုဋ္ဌိ, စဏကမုဋ္ဌိ ကုလားပဲဆုပ်

ကဠာယမုဋ္ဌိန္တိ စဏကမုဋ္ဌိံ။ (ဇာတက၊ ဋ္ဌ၊ ၂၊ ၆၈။) ကဠာယမုဋ္ဌိန္တိ ဝရကမုဋ္ဌိံ ပြောင်းဆန်ဆုပ် (ဣက)

ဆောင်ပုဒ်=အနည်းငယ်မက်၊ အများပျက်၊ မှားချက် နာလှသည်။

လောဘကြီးငြား၊ လူမိုက်သား၊ ဉာဏ်ကား မရှိပြီ။

၁၁၃။ (၁၇၈) ကစ္ဆပဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၅။ ဋ္ဌ၊ ၂၊ ၇၂ ၇၄။ ငါးရာငါးဆယ်၊ ဒု၊ ၁၁၁ ၁၁၄။)

ပစ္စုပ္ပန်ဝတ္ထု=ယဉ်းအနာမှ လွတ်သောအမျိုးသားတစ်ယောက်။

အဟိဝါတရောဂ မြွေဆိပ်နှင့် တူသောရောဂါ, ယဉ်းအနာ

Ahivātaroga, bubonic plague=အဖုအကြိတ်ထွက်သော ပလိပ်ရောဂါ

မိမိတို့နေအိမ်၌ ထိုရောဂါဖြစ်လာလျှင် အိမ်နံရံကို ဖောက်ပြေးမှ လွတ်မြောက်နိုင်၏။

အတိတ်ဝတ္ထု=အိုင်ကြီးတစ်အိုင်သည် ရေများသောကာလ၌ မြစ်တစ်မြစ်နှင့် ရေတစပ်တည်းရှိ၏၊ ရေနည်းသောကာလ၌ အသီးအခြားစီ ဖြစ်၏၊ ငါးလိပ်တို့သည်ကား "ဤနှစ်၌ မိုးကောင်းလတ္တံ့၊ ဤနှစ်၌ မိုးခေါင်လတ္တံ့"ဟု သိကုန်၍ အိုင်ရေ၏ မြစ်ရေနှင့် တစပ်တည်းရှိသောကာလ၌သာလျှင် အိုင်မှထွက်၍ မြစ်သို့ သွားကုန်၏၊ လိပ်တစ်ကောင်ကား သူ၏မွေးဖွားရာအရပ်ကို မစွန့်နိုင်၍ မြစ်သို့ မသွားပဲ နွေကာလ၌ အိုင်၌ ရေပြတ်သောအခါ အိုးထိန်းသည်၏မြေစိုင်ယူရာ အရပ်၌ ကျစ်လျက် ဝပ်၏၊ အိုးထိန်းသည်သည် မြေစိုင်ကိုယူရန် ပေါက်တူးဖြင့် မြေကို ပေါက်သည်ရှိသော် ထိုလိပ်၏ကျောက်ကုန်းကို ပေါက်မိ၍ လိပ်သည် သေရလေ၏။

မစ္ဆကစ္ဆပါ ပန "ဣမသ္မိံ သံဝစ္ဆရေ သုဝုဋ္ဌိကာ ဘဝိဿတိ, ဣမသ္မိံ သံဝစ္ဆရေ ဒုဗ္ဗုဋ္ဌိကာ"တိ ဇာနန္တိ။ (ဇာတက၊ ဋ္ဌ၊ ၂၊ ၇၂။)

အိုးထိန်းသည်ကား ဘုရားအလောင်းဖြစ်၍ ရွာနေလူတို့ကို "ဤလိပ်သည် မိမိ၏နေရာအရပ်၌ တပ်စွန်းခြင်းကိုပြု၍ သေခြင်းသို့ရောက်ရ၏၊ သင်တို့သည်လည်း ဤလိပ်နှင့်အတူ ပြုကုန်သည် မဖြစ်ကုန်လင့်၊ 'ငါ၏ရူပါရုံ, ငါ၏သဒ္ဒါရုံ, ငါ၏ဂန္ဓာရုံ, ငါ၏ရသာရုံ, ငါ၏ဖောဋ္ဌဗ္ဗာရုံ, ငါ၏သား, ငါ၏သမီး, ငါ၏ကျွန်, ငါ၏

ရွှေငွေဥစ္စာ'ဟု တဏှာ၏အစွမ်းအားဖြင့် မယူကုန်၊ မစွဲလမ်းကုန်လင့်'၊ သတ္တဝါဟူသည် တစ်ယောက်
အထီးထီးသာလျှင် ဘဝသုံးပါးတို့၌ တပြောင်းပြန်ပြန် ဖြစ်၏"ဟု မိန့်ဆိုဆုံးမလေသည်။

ဧသ အတ္တနော ဝသနဋ္ဌာနေ အာလယံ ကတွာ မရဏံ ပတ္တော၊ တုမှေပိ မာ ဣမိနာ ကဏ္ဍပေန
သဒိသာ အဟုဝတ္ထ၊ ဣတော ပဋ္ဌာယ 'မယှံ ရူပံ, မယှံ သဒ္ဒေါ, မယှံ ဂန္ဓော, မယှံ ရသော, မယှံ
ဖောဋ္ဌဗ္ဗော, မယှံ ပုတ္တော, မယှံ ဓီတာ, မယှံ ဒါသဒါသိပရိစ္ဆေဒေါ, မယှံ ဟိရညသုဝဏ္ဏ'န္တိ တဏှာ
ဝသေန ပရိဘောဂဝသေန မာ ဂဏှိတ္ထ၊ ဧကကောဝေသ သတ္တော တီသု ဘဝေသု ပရိဝတ္တတီတိ။
(ဇာတက၊ ဋ္ဌ၊ ၂၊ ၇၄။)

ဆောင်ပုဒ်=သေဘေးကြုံလာ၊ နေရင်းရွာ၊ စွန့်ခွါ ချမ်းသာမည်။
အရပ်ကိုစွဲ၊ ခွါနိုင်ပဲ၊ သေပွဲ ဝင်လိမ့်သည်။

၁၁၄။ (၁၇၉) သတဓမ္မဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၅-၄၆။ ဋ္ဌ၊ ၂၊ ၇၄ ၇၇။ ငါးရာငါးဆယ်၊ ဒု၊ ၁၁၄ ၁၁၈။)

ပစ္စုပ္ပန်ဝတ္ထု=အနေသန(အသက်မွေးဖို့ရန် မရှာမှီးအပ်, မပြုလုပ်အပ်သောအမှု)အပြား နှစ်ဆယ့်တစ်ပါး။
ဆေးကုခြင်း, တမန်သွားခြင်း, အစေအပါးခံခြင်း, ဆွမ်းတုံ့ပေးခြင်း အစရှိသောအမှု။
ထိုအနေသနသံည် သာကေတဇာတ် (ခု၊ ၅၊ ၆၆=ဇ၊ ၁၊ ၆၆)၌ ထင်စွာ ဖြစ်လတ္တံ့။
ဘုရားရှင်က "ထိုအနေသနဖြင့် အသက်မွေးခြင်းကို ပြုသောရဟန်းတို့သည် ဘီလူးအဖြစ်, ပြိတ္တာအဖြစ်တို့မှ
မလွတ်ကုန်လတ္တံ့၊ လှည်းဦး၌ ကအပ်ကုန်သော နွားတို့ကဲ့သို့ ဖြစ်ကုန်၍သာ ဖြစ်ကုန်လတ္တံ့၊ ငရဲ၌ ပဋိသန္ဓေကို ယူ
ကုန်လတ္တံ့...''စသည်ဖြင့် ဟောတော်မူ၏။

သတ္ထာ တေသံ တထာ ဇီဝိကကပ္ပနဘာဝံ ဉတွာ "တေရဟိ ခေါ ဗဟူ ဘိက္ခူ အနေသနာယ ဇီဝိကံ
ကပ္ပေန္တိ၊ တေ ပန ဧဝံ ဇီဝိကံ ကပ္ပေတွာ ယက္ခတ္တဘာဝါ ပေတတ္တဘာဝါ န မုစ္စိဿန္တိ၊ ဓုရဂေါဏာ
ဟုတွာဝ နိဗ္ဗတ္တိဿန္တိ၊ နိရယေ ပဋိသန္ဓိံ ဂဏှိဿန္တိ...။ (ဇာတက၊ ဋ္ဌ၊ ၂၊ ၇၄။)

အတိတ်ဝတ္ထု=ဘုရားအလောင်းဒွန်းစဏ္ဍားနှင့် အရှင်အာနန္ဒာအလောင်း ဥဒိစ္စဗြာဟ္မဏမဟာသာလပုဏ္ဏားလုလင်။
ဒွန်းစဏ္ဍားနှင့် ပုဏ္ဏားလုလင်တို့ အတူခရီးသွားကြစဉ် ဒွန်းစဏ္ဍားက နံနက်စာ စားစဉ် ပုဏ္ဏားလုလင်အား
ထမင်းစားဖိတ်သော်လည်း လုလင်က လက်မခံ၊ ဒွန်းစဏ္ဍားက ညနေစာ စားသောအခါ လုလင်ကို မဖိတ်
တော့ပဲ မိမိဘာသာ စားလေသော် ပုဏ္ဏားလုလင်သည် တနေ့လုံး ခရီးပန်းသဖြင့် ဆာလောင်နေသည်ဖြစ်၍
အတင်းလုစားလေ၏၊ ထိုသို့စားစဉ်မှာပင် မိမိ၏အမျိုးဇာတ်ကို သတိရလျက် နလုံးမသာမယာဖြစ်၍ သွေးအန်ကာ
နောက်ဆုံး ကိုးကွယ်ရာမဲ့ သေရလေ၏။

ဆောင်ပုဒ်=မစားသင့်ရာ၊ စားမိပါ၊ လွန်စွာ ဆင်းရဲရ။
အမြတ်ပုဏ္ဏား၊ ဒွန်းစဏ္ဍား၊ ကြွင်းစား သူဖြစ်ရ။
စိတ်မချမ်းသာ၊ သွေးအန်ခါ၊ သေရှာ သူ့ဘဝ။

၁၁၅။ (၁၈၀) ဒုဒ္ဒဒဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၆။ ဋ္ဌ၊ ၂၊ ၇၇ ၇၈။ ငါးရာငါးဆယ်၊ ဒု၊ ၁၁၈ ၁၂၁။)

ပစ္စုပ္ပန်ဝတ္ထု=ဒါယကာအပေါင်းတို့၏အလှူကြီး။

အတိတ်ဝတ္ထု=ဘုရားအလောင်းရသေ့နှင့် အလှူရှင်အပေါင်း၏အကြီးအကဲ။
ဘုရားအလောင်းရသေ့က "ဒါနဟူသည် နည်းသောမည်သည် မရှိ...အစချီလျက်

ဒုဒ္ဒဒံ ဒဒမာနာနံ၊ ဒုက္ကရံ ကမ္မ ကုဗ္ဗတံ။
အသန္တော နာနုကုဗ္ဗန္တိ၊ သတံ ဓမ္မော ဒုရန္နယော။
တသ္မာ သတဉ္စ အသတံ၊ နာနာ ဟောတိ ဣတော ဂတိ။
အသန္တော နိရယံ ယန္တိ၊ သန္တော သဂ္ဂပရာယဏာ။
(ဇာတက၊ ၁၊ ၄၆။ ဋ္ဌ၊ ၂၊ ၇၈။)

ဒုဒ္ဒဒံ လောဘ, ဒေါသအလိုသို့ လိုက်ကုန်သော ပညာမဲ့သူတို့သည် လှူနိုင်ခဲသော ဒါနကို၊ ဒဒမာနာနံ
ပေးလှူကုန်သော၊ ဒုက္ကရံ ပညာမဲ့သူတို့သည် ပြုနိုင်ခဲသော လှူခြင်းအမှုကို၊ ကုဗ္ဗတံ ပြုကုန်သော ပညာရှိသူတော်

ကောင်းတို့၏၊ ကမ္မံ-လှူခြင်းအမှုကို၊ အသန္တော-မသူတော်တို့သည်၊ နာနုကုဗ္ဗန္တိ မပြုကုန်၊ သတံ သူတော်ကောင်းတို့၏၊ ဓမ္မော-အလှူပေးခြင်းသဘောကို၊ အပဏ္ဍိတေဟိ-ပညာမဲ့သူတို့သည်၊ ဒုရန္နယော ဤသို့သော အလှူကြောင့် ဤသို့သော အလှူ၏အကျိုးကို ရ၏ဟူ၍ အကျိုးနှင့်စပ်သောအားဖြင့် သိနိုင်ခဲ၏။

တသ္မာ-ထို့ကြောင့်၊ ဣတော-ဤဘဝမှ၊ ပရလောကံ-တမလွန်ဘဝသို့၊ ဂစ္ဆန္တာနံ လားကုန်သော၊ သတဉ္စ သူတော်ကောင်းတို့၏လည်းကောင်း၊ အသတဉ္စ-မသူတော်တို့၏လည်းကောင်း၊ ဂတိ ပဋိသန္ဓေယူခြင်းသည်၊ နာနာ မတူကွဲပြား ခြားနားခြင်းသည်၊ ဟောတိ ဖြစ်၏၊ အသန္တော-မသူတော်တို့သည်၊ နိရယံ ငရဲသို့၊ ယန္တိ လားရကုန်၏၊ သန္တော သူတော်ကောင်းတို့သည်၊ သဂ္ဂပရာယဏာ နတ်ပြည်သို့လားရကုန်သည်၊ ဟောန္တိ ဖြစ်ကုန်၏။

ဘုရားအလောင်းကား ဈာန်ရ၍ ဗြဟ္မာ့ပြည်သို့ လာရ၏။

ဆောင်ပုဒ်=အနည်းအများ၊ လှူတုံငြား၊ စိတ်ထား ပဓာန။
ဒါနဟူသည်၊ နည်းသောမည်၊ ဘယ်ဆီမရှိပ။

၁၁၆။ (၁၈၁) အသဒိသဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၆။ ဋ္ဌ၊ ၂၊ ၇၉-၈၃။ ငါးရာငါးဆယ်၊ ၃၊ ၁၂၁ ၁၂၆။)

ပစ္စုပ္ပန်ဝတ္ထု=မြတ်သော တောထွက်တော်မူခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်း အသဒိသ(လေးဝိဇ္ဇာ)မင်းသား။

အရှင်အာနန္ဒာအလောင်း ညီတော်ဗြဟ္မဒတ်မင်းသား။

အသဒိသမင်းသားသည် ညီတော်ကို မင်းလုပ်စေ၍ မိမိကိုယ်တိုင်ကား ရသေ့ရဟန်းပြုကာ ဈာန်အဘိညာဉ်တို့ကို ရ၍ ဗြဟ္မာ့ပြည်သို့ လားရ၏။

သုဝဏ္ဏပါတိမကုလ-ရွှေခွက်အဖုံး

ဆောင်ပုဒ်=စည်းစိမ်မခင်၊ ရသေ့ရှင်၊ တောဝင်ကျင့်ခဲ့ပါ။
ဈာန်အဘိညာဉ်၊ ရကာပင်၊ သေလျှင် ဗြဟ္မာ့ရွာ။

၁၁၇။ (၁၈၂) သင်္ဂါမာဝစရဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၇။ ဋ္ဌ၊ ၂၊ ၈၃-၈၇။ ငါးရာငါးဆယ်၊ ၃၊ ၁၂၂ ၁၂၅။)

ပစ္စုပ္ပန်ဝတ္ထု=နန္ဒမင်းသား (ညီတော်မင်းနန်)အား ချွတ်ခန်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းဆင်ဆရာ၏ ဆုံးမလွယ်သော နန္ဒမင်းသားအလောင်း မင်္ဂလာဆင်။

အရှင်အာနန္ဒာအလောင်းကား မင်းတည်း။

ပါကာရ-တံတိုင်း၊ အဋ္ဋာလက-ပစ္စင်၊ ဂေါပုရ တံခါးမုခ်
တောရဏ-တံခါးပေါင်၊ ပလိဃ-တံခါးကျည်၊ ဧသိက-တံခါးတိုင်

ဆောင်ပုဒ်=ဝင့်နှောင်အကန့်၊ ဆုံးမခံ့၊ ပြတ်အံ့ မြဲသေချာ။
ဘုရားဆုံးမ၊ ညီနန္ဒ၊ ကျင့်ထ လိုက်နာစွာ။
မြန်မကြာပင်၊ အာသဝေါစင်၊ ဖြစ်လျှင် ရဟန္တာ။

၁၁၈။ (၁၈၃) ဝါလောဒကဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၇။ ဋ္ဌ၊ ၂၊ ၈၇ ၈၉။ ငါးရာငါးဆယ်၊ ၃၊ ၁၂၂ ၁၂၅။)

ပစ္စုပ္ပန်ဝတ္ထု=ဥပါသကာငါးရာတို့၏ စားကြွင်းစားငါးရာ။

အတိတ်ဝတ္ထု=အမျိုးယုတ်မာ၍ အသံစွာသော မြည်းငါးရာ။

ဥပါသကာငါးရာအလောင်း သိန္ဓောမြင်းငါးရာ။

အရှင်အာနန္ဒာအလောင်း ဗြဟ္မဒတ်မင်း၊ ဘုရားအလောင်းပညာရှိအမတ်။

ဆောင်ပုဒ်=အမျိုးယုတ်လတ်၊ ဆူညံတတ်၍၊ မြင့်မြတ်အမျိုး၊ ဣန္ဒြေစိုး၊ တိုးတိုးနေတတ်သည်။

၁၁၉။ (၁၈၄) ဂိရိဒတ္တဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၇။ ဋ္ဌ၊ ၂၊ ၈၉ ၉၀။ ငါးရာငါးဆယ်၊ ၃၊ ၁၂၅ ၁၂၇။)

ပစ္စုပ္ပန်ဝတ္ထု=ဆန့်ကျင်ဖက်အပေါင်းအဖော်ကို မှီဝဲသောရဟန်း။

အတိတ်ဝတ္ထု=အတုမြင်အတတ်သင်...ရှေ့မှ မိမိကိုဆွဲသည့် ခြေခွင်၍သွားသောဆင်ထိန်း (ဒေဝဒတ်အလောင်း)ဂိရိဒတ္တကို

အတုလိုက်၍ ခြေခွင်လျက် သွားသော ပဏ္ဍဝမည်သော (ဆန့်ကျင်ဖက်ကို မှီဝဲတတ်သည့်ရဟန်းအလောင်း)
မင်္ဂလာဆင်။ အရှင်အာနန္ဒာအလောင်း သာမမင်း။ ဘုရားအလောင်း ပညာရှိအမတ်။

ဆောင်ပုဒ်=ပတ်ဝန်းကျင်ပြု၊ မြင်တွေ့မှု၊ အတုလိုက်တတ်စွာ။
ဆင်ထိန်းလူသား၊ ခြေခွင်သွား၊ တုငြားဆင်ပမာ။

၁၂၀။ (၁၈၅) အနဘိရတိဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၈။ ဋ္ဌ၊ ၂၊ ၉၀-၉၂။ ငါးရာငါးဆယ်၊ ၃၊ ၁၃၈ ၁၄၀။)

ပစ္စုပ္ပန်ဝတ္ထု=အိမ်ယာထောင်သဖြင့် ဗေဒင်ကိုမေ့သော ပုဏ္ဏားသတို့သား။

အတိတ်ဝတ္ထု=အိမ်ယာထောင်၍ အိမ်ထောင်ရေးကြံစည်တွေးတောရသဖြင့် စိတ်နောက်ကျုသောကြောင့် မန္တန် ဗေဒင်တို့ကို
ကောင်းစွာ မရွတ်ဖတ်သရဇ္ဈာယ်နိုင်၍ မေ့သောပုဏ္ဏားလုလင်။
ဘုရားအလောင်း ဒိသာပါမောက္ခဆရာ။

ဆောင်ပုဒ်=သိပ္ပခေါင်ဖျား တတ်မြောက်ငြားလည်း၊ စိတ်ထားနောက်ကျု၊ ကြောင်းအင်စုကြောင့်၊ မေ့မှုတွေဝေ၊
ဖြစ်တတ်ပေ၏။

၁၂၁။ (၁၈၆) ဒဓိဝါဟနဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၈။ ဋ္ဌ၊ ၂၊ ၉၂ ၉၆။ ငါးရာငါးဆယ်၊ ၃၊ ၁၄၀ ၁၄၇။)

ပစ္စုပ္ပန်ဝတ္ထု=ဆန့်ကျင်ဖက်အပေါင်းအဖော်ကို မှီဝဲသောရဟန်း။

ဘုရားရှင်က "ရဟန်းတို့...သူတော်မဟုတ် သူယုတ်တို့နှင့် ပေါင်းဖော်ခြင်းမည်သည် ယုတ်မာ၏၊ အကျိုးမဲ့ကို ပြုတတ်၏၊ ထိုစကား၌ လူဖြစ်ကုန်သောသူတို့၏ သူယုတ်မာတို့နှင့် ပေါင်းဖော်ခြင်း၏အကျိုးမဲ့ကို ပြုတတ်သည်၏ အဖြစ်၌ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း?၊ ရှေး၌ကား သာယာဖွယ်မရှိ, ချိုခြင်းကင်းသော တမာပင်နှင့် ပေါင်းဖော်ခြင်းကို စွဲ၍ နတ်၌ဖြစ်သော အရသာနှင့်တူသော ချိုသောအရသာရှိသော စိတ်မရှိသော သရက်ပင်စင်လျက်လည်း အချိုကင်းသည်ဖြစ်၍ ခါးသည် ဖြစ်၏"ဟု မိန့်တော်မူ၏။

သတ္ထာ ပန "ဘိက္ခဝေ အသာဓုသန္နိဝါသော နာမ ပါပေါ အနတ္ထကရော၊ တတ္ထ မနုဿဘူတာနံ တာဝ ပါပသန္နိဝါသဿ အနတ္ထကရတာယ ကိံ ဝတ္တဗ္ဗံ? ပုဗ္ဗေ ပန အသာတေန အမဓုရေန နိမ္ဗရုက္ခေန သဒ္ဓိံ သန္နိဝါသမာဂမ္မ မဓုရရသော ဒိဗ္ဗရသပဋိဘာဂေါ အစေတနော အမ္ဗရုက္ခောပိ အမဓုရော တိတ္တကော ဇာတော"တိ ဝတွာ...။ (ဇာတက၊ ၂၊ ၉၂။)

အတိတ်ဝတ္ထု=လက်နက်လေးပါးအစွမ်းနှင့် ဒဓိဝါဟနမင်း၏သရက်သီးခါးရခြင်းအကြောင်း...

ဗာရာဏသီပြည်သား ပုဏ္ဏားညီနောင် ရသေ့လေးပါးတို့အနက် အစ်ကိုကြီးရသေ့ သေ၍ သိကြားဖြစ်သောအခါ ဖျော့တော့သော ရောဂါရှိ၍ မီးကိုလိုသောညီအကြီးရသေ့အား (၁) ထင်းမီးကို ပေးနိုင်သော ပဲခွပ်ပါပုဆိန်ကိုလည်းကောင်း, ဆင်ရန်ရှိ၍ ဆင်ပြေးစေလိုသော ညီအလတ်ရသေ့အား (၂) စည်ကိုလည်းကောင်း, ဖျော့တော့နာပင် စွဲ၍ နို့ဓမ်းကိုလိုသော ညီအငယ်ရသေ့အား နို့ဓမ်းမြစ်ကြီး စီးဆင်းစေနိုင်သော(၃) နို့ဓမ်းအိုးကိုလည်းကောင်း ပေးခဲ့လေ၏။ ဝက်တစ်ကောင်သည် (၄) ပတ္တမြားတုံးကိုရ၍ ကိုက်၍ ထိုပတ္တမြားတုံး၏အာနုဘော်ဖြင့် ကောင်းကင်၌ ပျံ၍ သမုဒ္ဒရာ၏အလယ် ကျွန်းငယ်သို့ ရောက်၍ ရေသဖန်းအောက်၌ နေလေ၏။ ကာသိတိုင်းသား တစ်ယောက်သည် မိဘတို့ နှင်ထုတ်အပ်သည်ဖြစ်၍ လှေသူကြီးတို့၏အမှုလုပ်အဖြစ်ဖြင့် လှေစီးလျက် လိုက်ပါသည်ရှိသော် သမုဒ္ဒရာ၏အလယ်၌ လှေပျက်စီး၍ ကံအားလျော်စွာ ထိုကျွန်းငယ်သို့ ရောက်လျှင် အိပ်ပျော်နေသောဝက်ထံမှ ပတ္တမြားတုံးကို ယူ၍ ကောင်းကင်သို့ ပျံတက်၍ ရေသဖန်းပင်ပေါ်၌ နေ၏၊ နိုးလာသောဝက်သည် ပတ္တမြားကို မမြင်၍ ဟိုဟိုဒီဒီ ကြည့်လတ်သော် ရေသဖန်းပင်ပေါ်၌နေသောယောကျ်ားကို မြင်၍ ရေသဖန်းပင်ကို ဦးခေါင်းဖြင့် တိုက်ကာ ထိုအရပ်၌ပင် သေရလေ၏။

ထိုယောကျ်ားသည် ထိုပတ္တမြား၏အာနုဘော်ဖြင့် အထက်သို့ ပျံတက်၍ ဟိမဝန္တာရှိ ရသေ့များထံသို့ ရောက်သွားကာ ပတ္တမြားတုံး၏အာနုဘော်ကို ပြလျက် ရသေ့တို့၏လက်နက်(၃)မျိုးကို ရအောင်ယူ၍ ပုဆိန်၏ အာနုဘော်ဖြင့် ရသေ့တို့ကိုလည်း သတ်ပစ်ခဲ့ပြီးနောက် ကောင်းကင်သို့ ပျံသွားပြီးသော် နောက်ဆုံး ဗာရာဏသီ မင်းကိုသတ်၍ ဒဓိဝါဟနအမည်ရှိသောမင်းဖြစ်၍ တရားနှင့်အညီ မင်းပြုလေ၏။

တနေ့သောအခါ ဒဓိဝါဟနမင်းသည် မြစ်ကြီး၌ ကြတ်သဖွယ်ကွန်ယက်အတွင်းဝယ် ရေကစားစဉ် ကဏ္ဍမုဏ္ဍာအိုင်မှ နတ်သရက်သီးမှည့်တစ်လုံးသည် ကွန်၌ ငြိ၏၊ မင်းသည် ထိုသရက်သီးကိုစားသုံး၍ အစေ့ကို စိုက်ပျိုးစေကာ နို့ရည်ဖြင့် သွန်လောင်းစေရာ သရက်ပင်ဖြစ်၍ သုံးနှစ်မြောက်၌ အသီးသီးလေ၏၊ အသီးတို့သည် ချိုးသောအရသာရှိကုန်လျက် ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်၏၊ ဒဓိဝါဟနမင်းသည် တစ်ပါးသောမင်းတို့အားလည်း သရက်သီးကို ပို့စေ့ရာဝယ် အစေ့မှ အပင်ဖြစ်မည်စိုးသောကြောင့် အညွန့်ဖြစ်ရာ အရပ်ကို အဆိပ်ရှိသော အရိုးဖြင့် ထိုး၍ ပို့စေ၏၊ ထိုမင်းတို့ သရက်သီးကိုစား၍ အစေ့ကိုစိုက်ပျိုးသော်လည်း မအောင်မြင်၊ ထိုမင်းတို့သည် ထိုဖြစ်ရပ်ကို စုံစမ်းမေးမြန်းလတ်သော် ထိုအကြောင်းကို သိကုန်၏။

ထိုမင်းတို့အနက် မင်းတစ်ပါးသည် စိုက်ပျိုးမှု၌ လိမ္မာကျွမ်းကျင်သော ဥယျာဉ်စောင့်တစ်ယောက်ကို စေလွှတ်၍ဖျက်ဆီးစေ၏၊ ထိုဥယျာဉ်စောင့်သည် ဒဓိဝါဟနမင်းထံ၌ ခစားလျက် အခါမဲ့ဖြစ်သော အသီး, အပွင့်, ပန်းတို့ကို သီးပွင့်စေကာ ဥယျာဉ်ကို မွေ့လျော်ဖွယ်ရှိသည်ကို ပြလေ၏၊ ဒဓိဝါဟနမင်းသည် ထိုဥယျာဉ်စောင့်သစ်ကို သဘောကျ၍ ဥယျာဉ်စောင့်ဟောင်းကို ထုတ်ပစ်လျက် ဥယျာဉ်စောင့်သစ်အား ဥယျာဉ်ကို ပေး၏၊ ထိုအခါ ဥယျာဉ်စောင့်သစ်သည် သရက်ပင်ကို ခြံရံ၍ တမာပင်တို့ကိုလည်းကောင်း, ခွေးတောက်ပင်တို့ကိုလည်းကောင်း စိုက်ပျိုး၏၊ တမာပင်တို့သည် ကြီးထွားလာကုန်သည်ရှိသော် တမာမြစ်တို့နှင့် သရက်မြစ်တို့သည်လည်းကောင်း တမာခက်တို့နှင့် သရက်ခက်တို့သည်လည်းကောင်း ရောနှောထွေးရက်ကုန်၏၊ မသာယာအပ်သော မချိုသောတမာနှင့် ရောနှောခြင်းကြောင့်လျှင် ချိုသော အသီးရှိသော သရက်ပင်သည် တမာရွက်နှင့်တူသောအရသာခါးလေတော့၏၊ ထိုဥယျာဉ်စောင့်သည် သရက်သီးတို့၏ခါးသည်၏အဖြစ်ကို သိ၍ ပြေးလေ၏။

> သော ဥယျာနပါလော အတ္တနော ဟတ္ထဂတဘာဝံ ဉတွာ အမ္ဗရုက္ခံ ပရိဝါရေတွာ နိမ္ဗေ စ ဖဂ္ဂဝလ္လိယော စ ရောပေသိ၊ အနုပုဗ္ဗေန နိမ္ဗာ ဝဍ္ဍိံသု၊ မူလေဟိ မူလာနိ, သာခါဟိ စ သာခါ သံသဋ္ဌာ ဩနဒ္ဓဝိနဒ္ဓါ အဟေသုံ။ တေန အသာတအမဓုရသံသဂ္ဂေန တာဝ မဓုရဖလော အမ္ဗော တိတ္တကော ဇာတော နိမ္ဗပဏ္ဏသဒိသရသော၊ အမ္ဗဖလာနံ တိတ္တကဘာဝံ ဉတွာ ဥယျာနပါလော ပလာယိ။
>
> (ဇာတက၊ ၃၊ ၂၊ ၉၅ ၉၆။)

ဒဓိဝါဟနမင်းသည် ဥယျာဉ်သို့သွား၍ သရက်သီးကို စားရာ သရက်သီးရည်အရသာသည် တမာရည်ကဲ့သို့ ခါးရကား မျိုအံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ ထွေးပစ်လျက် ဘုရားအလောင်း ပညာရှိအမတ်အား ထိုအကြောင်းအကျိုးကို မေးမြန်းလေ၏။

ဘုရားအလောင်းက...

> ပုစိမန္ဒပရိဝါရော၊ အမ္ဗော တေ ဒဓိဝါဟန။
> မူလံ မူလေန သံသဋ္ဌံ၊ သာခါ သာခါ နိသေဝရေ။
> အသာတသန္နိဝါသေန၊ တေန'မ္ဗော ကဋုကပ္ဖလော။
>
> (ဇာတက၊ ၁၊ ၄၈။ ၃၊ ၂၊ ၉၆။)

ဒဓိဝါဟန ဒဓိဝါဟန နာမမည်လတ် အရှင်မင်းမြတ်၊ တေ၀ အရှင်မင်းမြတ်၏၊ အမ္ဗော မင်္ဂလာသရက်ပင်သည်၊ ပုစိမန္ဒပရိဝါရော တမာပင်တည်းဟူသော အခြံအရံရှိ၏၊ မူလံ သရက်ပင်၏အမြစ်သည်၊ မူလေန တမာပင်၏အမြစ်နှင့်၊ သံသဋ္ဌံ နီးနှော၏၊ သာခါ တမာပင်၏အခက်တို့သည်၊ သာခါ သရက်ပင်၏အခက်တို့ကို၊ နိသေဝရေ မှီဝဲကုန်၏၊ အသာတသန္နိဝါသေန မချိုကုန်သော တမာပင်တို့နှင့် ပေါင်းဖော်ခြင်းတည်းဟူသော၊ တေန ကာရဏေန ထိုအကြောင်းကြောင့်၊ အမ္ဗော သရက်ပင်သည်၊ ကဋုကပ္ဖလော ခါးသော အသီးရှိ၏။...ဟု လျှောက်တင်လေသော်

ဒဓိဝါဟနမင်းသည် အမြစ်နှင့်တကွ တမာပင် ခွေးတောက်နွယ်တို့ကို ဖြတ်စေ၍ ထက်ဝန်းကျင်မှ မချိုသော မြေမှုန့်တို့ကို ပယ်စေလျက် ချိုသောမြေမှုန့်တို့ကို ထည့်စေပြီးလျှင် နို့ရည်ရေ, သကာရေ, နံ့သာရေတို့ဖြင့် သရက်ပင်ကို ပြုပြင်စေ၏၊ ထိုသရက်ပင်သည် ချိုသောအရသာရှိသော ဝတ္ထုနှင့် ပေါင်းဖော်ရပြန်သောကြောင့် တစ်ဖန် ချိုသောအသီးရှိသည်သာလျှင် ဖြစ်တော့၏၊ မင်းသည် ဥယျာဉ်စောင့်ဟောင်းအားသာလျှင် ဥယျာဉ်ကို အပ်နှင်း၍ အသက်ထက်ဆုံးတည်၍ ကံအားလျော်စွာ လားရ၏။

နိမ္ဗရုက္ခ, ပုစိမန္ဒ တမာပင်၊ ဖဂ္ဂ ခွေးတောက်ပင်၊ ဖဂ္ဂဝလ္လိ ခွေးတောက်နွယ်

ပဏ္ဍုရောဂ ဖျော့တော့သောရောဂါ= Paṇḍuroga, jaundice, disease that causes a yellowness of skin, the white part of the eyes=အသားဝါရောဂါ

ဝါသိဖရသု ပဲခွပ် ပုဆိန်၊ ပုရာဏဂါမ ရွာဟောင်း

အဆိုးအကောင်း၊ ဘော်ပေါင်းလေ့လာ၊ မြင်ရာတုနိုး၊ ကောင်းဆိုးရိုင်းယဉ်၊ ဂုဏ်ထူးယှဉ်၏၊ ဝိညာဉ်မဲ့ဘိ၊ စိတ်ယိုသတ္တဝါ၊ မဟုတ်စွာသေး၊ တမာ ခွေးတောက်၊ မြစ်ရောက်ရောရှက်၊ တူ နေ့ာဘက်၍၊ သရက်ချိုမြ၊ ဘဏ္ဍရလည်း၊ ကွယ်ပအပြီး၊ အခါးသီး၏။ (မဃဒေဝလင်္ကာသစ်၊ တတိယပိုင်း၊ ပုတ္တောဝါဒခဏ်း၊ အပိုဒ် ၂၇၃ ၆၈၊ စာမျက်နှာ ၁၆၉။)

ဆောင်ပုဒ်=တမာ, ခွေးတောက်၊ ပင်ချင်းလှောက်၍၊ ချိုရောက်သရက်၊ ဩဇာပျက်၏။

၁၂၂။ (၁၈၉) သီဟစမ္မဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၄၉။ ဋ္ဌ၊ ၂၊ ၉၉ ၁၀၀။ ငါးရာငါးဆယ်၊ ၃၊ ၁၅၂ ၁၅၄။)

ပစ္စုပ္ပန်ဝတ္ထု=အသံဖြင့် တရားဟောချင်လွန်းသော ရှင်ကောကာလိက တကယ်ဟောဖို့ကြုံသောအခါ မဟောနိုင်၍ အရှက်ရခြင်း။

အတိတ်ဝတ္ထု=ခြင်္သေ့ရေခြုံသောမြည်းသည် အသံမပြည်ပဲ မုယောခင်းများကို ကောင်းစွာ စားရသော်လည်း လယ်စောင့်တို့က ခြင်္သေ့ထင်၍ ရွာသားတို့ကို ခေါ်၍ လက်နက်များကိုင်၍ လာကြသောအခါ မြည်းသည် ကြောက်၍ အော်မည်သောကြောင့် လူတို့က မြည်းမှန်းသိ၍ ရိုက်နက်ကြသဖြင့် လည်းစေပြီးသော် ခြင်္သေ့ရေကို ယူသွားကုန်၏၊ ထို့နောက် ကုန်သည်သည် လာ၍ ပျက်စီးခြင်းသို့ ရောက်သောမြည်းကိုသာ မြင်ရတော့၏။

ဒေဝဒတ်အလောင်း ကုန်သည်၊ ကောကာလိကအလောင်း မြည်း၊ ဘုရားအလောင်း ပညာရှိလယ်သမား။

သီဟစမ္မ ခြင်္သေ့ရေ၊ သရဘည အသံဖြင့် ရွတ်ဆိုခြင်း၊ ပါတရာသ နံနက်စာ

ကဿက လယ်သမား၊ ဂဒြဘ မြည်း

ဆောင်ပုဒ်=ခြင်္သေ့ရေခြုံ၊ မြည်းဖြစ်ပုံက၊ သံကုန်ဟစ်အော်၊ လူသိသော်၊ မလျော် ပျက်စီးရ။

၁၂၃။ (၁၉၁) ရုဟကဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၀။ ဋ္ဌ၊ ၂၊ ၁၀၃ ၁၀၅။ ငါးရာငါးဆယ်၊ ၃၊ ၁၅၈ ၁၆၀။)

ဤဝတ္ထုသည် အဋ္ဌကနိပါတ် ဣန္ဒြိယဇာတ်(ခ၊ ၅၊ ၁၈၂=ဇာ၊ ၁၊ ၁၈၂)၌ ထင်စွာ ဖြစ်လတ္တံ့။

ပစ္စုပ္ပန်ဝတ္ထု=မယားဟောင်းဖြားယောင်းသော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=မယားပြောတိုင်း တင့်တယ်စေလို၍ မြင်းတန်ဆာများကို ဝတ်ဆင်လျက် မင်းခစားသွားရာ အရှက်ရသော ရုဟကမည်သော ပုရောဟိတ်ပုဏ္ဏား။

မိမိ၏အတိတ်ဇာတ်ကို ကြားနာရ၍ သောတာပတ္တိဖိုလ်၌ တည်ခြင်း၊ မယားဟောင်းသည် ထိုအခါ ပုဏ္ဏေးမ၊ ဘုရားရှင်သည် ထိုအခါ ဗာရာဏသီမင်း။

ဆောင်ပုဒ်=မိမိလင်သယ်၊ လူဘုံလယ်၌၊ ရှက်ဖွယ်လိလိ၊ ပြုတုံဘိ၍၊ ဣတ္ထိအနုတ်၊ မိန်းမယုတ်ကို၊ နှင်ထုတ်ခါသာ၊ အသစ်ရှာ၏။

၁၂၄။ (၁၉၂) သိရိကာဠကဏ္ဏိဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၀။ ဋ္ဌ၊ ၂၊ ၁၀၅။ ငါးရာငါးဆယ်၊ ၃၊ ၁၆၁။)

ဤဇာတ်ကား မဟာဥမင်္ဂဇာတ် (ဇာတက၊ ၂၊ ၁၈၆ ၁၈၈။ ဋ္ဌ၊ ၆၊ ၁၈၆ ၁၈၈။ ဇာတ်တော်ကြီး၊ ပ၊ ၆၄၀ ၆၄၇)၌ ထင်စွာ ဖြစ်လတ္တံ့။

ပစ္စုပ္ပန်ဝတ္ထု=ပညာပါရမီ။

အတိတ်ဝတ္ထု=ဒီဃပါမောက္ခဆရာကြီးသည် မိမိတို့၏အမျိုးဓလေ့အရ အရွယ်ရောက်သော သမီးကို တပည့်ကြီးပိင်္ဂုတ္တ၏ လုလင်နှင့် လက်ထပ်ပေးလိုက်၏၊ လုလင်သည် ဘုန်းကံနည်း၍ ဘုန်းကံကြီးသော ထိုသတို့သမီးကို ရေသဖန်းပေါ်၌ စွန့်ပစ်ထားခဲ့လေ၏။ ဝိဒေဟရာဇ်မင်းကြီးက ထိုသတို့သမီးကို တော်ကောက်၍ "ဉဒုမ္ဗရဒေဝီ"အမည်ဖြင့် မိဖုရားကြီးအရာ၌ ထားလေ၏။ တနေ့သောအခါ ဝိဒေဟရာဇ်မင်းကြီးသည် မိဖုရားကြီးနှင့်အတူ ရထားစီး၍ ဥယျာဉ်တော်သို့ သွားရာ မိဖုရားကြီးက ခရီးလမ်းသုတ်သင်နေသော ပိင်္ဂုတ္တရလုလင်ကို မြင်ရလျှင် ပြီးခဲ့သော အဖြစ်သနစ်ကို အောက်မေ့၍ ရယ်မိလေသော် မင်းကြီးကား မိဖုရားကြီးအပေါ်၌ မယုံသင်္ကာဖြစ်၍ သန်လျက်ကို နုတ်၏၊ မိဖုရား

ကြီးကရင်းပြသော်လည်း မင်းကြီးကား မယုံ၊ သေနကအမတ်ကလည်း မယုံ ဟုလျှောက်တင်၏၊ နောက်ဆုံး မဟောသဓာက "ဘုန်းမရှိသော ယောကျ်ားယုတ်သည် ဘုန်းရှိသောမိန်းမမြတ်ကို စွန့်ပစ်သွားသည်"ဟု ပြောဆိုသောစကားကို ကျွန်ုပ် ယုံကြည်ပါ၏ လျှောက်တင်လေ၏၊ ထိုအခါမှ ဝိဒေဟရာဇမင်းကြီးသည် "မဟောသဓာသုခမိန်ကို မှီ၍သာလျှင် ဤမိဖုရား၏အသက်ကို ငါရအပ်ပေသည်"ဟု အသပြာတစ်သိန်းဖြင့် ပူဇော်၏၊ ဥဒုမ္ဗရဒေဝီသည်လည်း မင်းကြီးကို ရှိခိုးလျက် "အရှင်ပင်ကြီး...မဟောသဓာသုခမိန်ကိုမှီ၍ အကျွန်ုပ်အသက်ကို ရ၏၊ ဤမဟောသဓာသုခမိန်ကို မောင်ငယ်အရာ၌ ထားပါရစေ, အကျွန်ုပ်၌ ကောင်းမြတ်သော ခဲဖွယ်ဘောဇဉ်ရရှိသည်ရှိသော် မိမိချည်း မသုံးဆောင်လိုပါ၊ ဤမဟောသဓာအား ပေးလိုပါ၏၊ ထိုခဲဖွယ်ဘောဇဉ်ကို မည်သည့်အချိန်မဆို ပို့ ရပါစေခြင်းငှါ တံခါးကိုလည်း ခွင့်သနားတော်မူပါ"ဟု ဆုတောင်းလေ၏၊

ဝိဒေဟရာဇ်မင်းကြီးကလည်း ခွင့်ပေးသနားလေ၏။

သဒ္ဓါ ပညာ၊ သမ္မာမမျှ၊ ဤလောကနှိုက်၊ မိန်းမရတနာ၊ ယုတ်မာယောကျ်ား၊ အတူထားလည်း၊ နီးပါးမသီ၊ ရေနှင့်ဆီသို့၊ မညီစိတ်မှာ၊ ဝေးကြစွာ၏၊ သေချာမှတ်ယုံ၊ ရှေးခါတုံက၊ ဥဒုမ္ဗရ၊ ပိင်္ဂုတ္တတို့၊ ကာလရှည်လျား၊ တကွသွားလျက်၊ ယှဉ်ပါးနီးကပ်၊ ကိုယ်မစပ်တည့်၊ မတပ်စိတ်တွင်၊ သဖန်းပင်ထက်၊ ဆူးလျှင်အုံကာ၊ ကင်းဝေးကွာအောင်၊ ပစ်ခွါမနှေး၊ စွန့်၍ပြေး၏၊ ခွေးနှင့်ပတ္တမြား၊ တွေသောလားသို့၊ ဘုန်းယှားကံယှား၊ သူယုတ်များတို့၊ ခံစားမထိုက်၊ ကံလျှင်မိုက်က၊ ဉာဏ်မိုက်သောအား၊ အမှားမှားတည့်၊ စီးပွါးကိုယ်မှာ၊ ချမ်းသာဖြစ်ကြောင်း၊ ရပါရှောင်းလည်း၊ မကောင်းကံမြစ်၊ ကျိုးမဖြစ်ဘူး၊ သူညစ်စရိုက်၊ သူမိုက်သဘော၊ ကျင့်မနှောသည်။ ။ သားစောလိမ်မောင့် လိမ်မာတည်း။ (မဃာဒေဝလင်္ကာသစ်၊ တတိယပိုင်း၊ ပုတ္တောဝါဒခဏ်း၊ အပိုဒ် ၂၅၈၊ ၈၉၊ နှာ ၁၉၀။)

ဆောင်ပုဒ်=သူယုတ်, သူမြတ်၊ ဘယ်ခါမှတ်၊ တူလတ်မရှိပြီ။

ဘုန်းရှိ, ဘုန်းမဲ့၊ မတူတဲ့၊ ဘုန်းမဲ့ ရှောင်ခွါသည်။

၁၂၅။ (၁၉၃) စူဠပဒုမဇာတ်၊ ဒုကနိပါတ် (ဇာတကား ၇၊ ၅၀။ ဋ၊ ၂၊ ၁၀၅ ၁၁၀။ ငါးရာငါးဆယ်၊ ဒု၊ ၁၆၁ ၁၆၈။)

ဤဝတ္ထုသည် ဥမ္မာဒန္တီဇာတ် (ခု၊ ၆၊ ၃၉)၌ ထင်စွာ ဖြစ်လတ္တံ့။

ပစ္စုပ္ပန်ဝတ္ထု=တန်ဆာဆင်ထားသောမိန်းမကို မြင်ရသောကြောင့် သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=မင်းသားညီနောင် ခုနစ်ယောက်၊ နောင်တော်ကြီးစူဠပဒုမမင်းသား၏မိဖုရားမင်းသမီးနှင့် ငတုံး။

ဘုရားအလောင်းစူဠပဒုမမင်းသားသည် ညီတော်မင်းသားတို့၏အန္တရာယ်မှ မိမိ၏မိဖုရားကို ကယ်တင်၍ လွတ်ရာသို့ ပြေးခဲ့ပြီးလျှင် ရေငတ်သောမိဖုရားအား လကျ်ာပုဆစ် ဒူးသွေးကို ဖောက်၍ သောက်စေခဲ့သော်လည်း မိဖုရားကား ငတုံးနှင့်ဖောက်ပြားလျက် ကျေးဇူးရှင်လင်မင်းသားကို ကမ်းပါးပြတ်သို့ တွန်းချခဲ့လေ၏၊ အလောင်းမင်းသားကား မသေပဲ ဖွတ်မင်း၏အကူအညီဖြင့် လူတို့သွားရာ ခရီးလမ်းမပေါ်သို့ရောက်၍ နောက်ဆုံး ဗာရာဏသီမင်းဖြစ်လေ၏။

ငြီးငွေ့သောရဟန်းကား သောတာပန်ဖြစ်၏၊ ညီတော်မင်းသားတို့သည် အခြားမထေရ် ၆ ပါး, မိဖုရားသည် စိဉ္စမာနဝိကာ, ငတုံးသည် ဒေဝဒတ်, ဖွတ်မင်းသည် အရှင်အာနန္ဒာ, ဘုရားရှင်ကား စူဠပဒုမမင်းဖြစ်ခဲ့လေ၏။

ဆောင်ပုဒ်=မိန်းမဟူဘိ၊ ကျေးဇူးရှိလည်း၊ မသိနိုးယောင်၊ ရာဂမှောင်ကြောင့်၊ ကြံဆောင်သတ်ဖြတ်၊ ပြုတုံလတ်၏၊ ကြပ်ကြပ်သတိ...ရှိကြစေ။

၁၂၆။ (၁၉၄) မဏိစောရဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၁။ ဋ၊ ၂၊ ၁၁၀ ၁၁၄။ ငါးရာငါးဆယ်၊ ဒု၊ ၁၆၈ ၁၇၃။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်အား သတ်ရန် လုံ့လပြုသော ဒေဝဒတ်။

အတိတ်ဝတ္ထု=သူ့မယားကို လိုချင်၍ သူ့လင်ကို သတ်ရန်ကြံလျက် ပတ္တမြားဥသျှောင်ကျင်ပစ်၍ ဖမ်းသောမင်း။

ဘုရားအလောင်းသူကြွယ်၏မယား သုဇာတာကို လိုချင်၍ သူကြွယ်၏လှည်း၌ ပတ္တမြားဥသျှောင်ကျင်ကို ထားစေကာ သူကြွယ်ကို သူခိုးအဖြစ် ဖမ်းယူ၍ ခေါင်းဖြတ်သတ်ရန် ရိုက်နှက်ထုတ်ဆောင်ကြစဉ် ရာဟုလာမယ်တော်အလောင်း သုဇာတာသည် ငိုကြွေးလျက် မိမိ၏သီလကျေးဇူးကို ဆင်ခြင်ကာ..."ဤလောက၌ သီလရှိကုန်သောသူတို့ကို ညှဉ်းဆဲတတ်ကုန်သော ယုတ်မာ၍ နိုင်ထက်ကလူပြုတတ်ကုန်သောသူတို့ကို တား

မြစ်အံ့သောငှာ စွမ်းနိုင်ကုန်သော နတ်တို့မည်သည် မရှိကုန်ယောင်တကား"စသည်ဖြင့် မြည်တမ်းလေသော် သိကြားမင်းသည် လာလတ်၍ ဗာရာဏသီမင်းကို ဆင်ကျောက်ကုန်းမှချ၍ စဉ်းတီးတုံး၌ အိပ်စေကာ ဘုရားအလောင်းကို မင်း၏အသွင်ကို ယူစေ၍ ဆင်ကျောက်ကုန်းထက်၌ နေစေ၏၊ မင်းချင်းတို့သည် သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်ကုန်သည်ရှိသော် ဗာရာဏသီမင်း၏ဦးခေါင်းကို ဖြတ်မိကုန်၏၊ နောက်မှသိကုန်၏၊

သိကြားမင်းသည် ဘုရားအလောင်းအား ဂါထာဘိသေကကို သွန်း၍ သုဓာတာကို မိဖုရားကြီးရာထူးကို ပေးစေ၏၊ သိကြားမင်းသည် ကောင်းကင်၌ရပ်လျက် "ငါသိကြားမင်းပေးသော ဤမင်းသည် ဤနေ့မှစ၍ တရားသဖြင့် မင်းအဖြစ်ကို ပြုလတ္တံ့။ အကယ်၍ မင်းသည် တရားမစောင့်လျှင် မိုးသည် မရွာသင့်သောကာလ၌ ရွာမည်၊ ရွာသင့်သောကာလ၌ မရွာ၊ ငတ်မွတ်ခြင်းဘေး(ဆာတဘယ), အနာနှိပ်စက်ခြင်းဘေး(ရောဂဘယ), ဓားလက်နက်ဘေး(သတ္ထဘယ) ဤဘေးသုံးပါးတို့သည် ရောက်လာကုန်လိမ့်မည်"စသည်ဖြင့် ဟောပြောလေ၏။

ဆောင်ပုဒ်=သူတော်ကောင်းမှ၊ နတ်ကောင်းမ၊ ကျင့်ထ တရားမှန်။

၁၂၇။ (၁၉၅) ပဗ္ဗတူပတ္ထရဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၁။ ဋ္ဌ၊ ၂၊ ၁၁၄ ၁၁၆။ ငါးရာငါးဆယ်၊ ဒု၊ ၁၇၃ ၁၇၆။)

ပစ္စုပ္ပန်ဝတ္ထု=ကောသလမင်းသည် ဘုရားရှင်၏အဆုံးအမကို ကြားနာရ၍ နန်းတွင်းသူနှင့် မှားယွင်းသောအမတ် နှစ်ဦးလုံးကို ဆုံးမလျက် ခွင့်လွှတ်ခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်း ပညာရှိအမတ်စကားကို လိုက်နာသော အရှင်အာနန္ဒာအလောင်းမင်းသည် နန်းတွင်းသူနှင့် မှားယွင်းသောအမတ်တို့ကို ဆုံးမလျက် သည်းခံခွင့်လွှတ်ခြင်း။

မှတ်ချက်။ ။ ဒုကနိပါတ် ခန္တိဝဏ္ဏဇာတ်၏ပစ္စုပ္ပန်ဝတ္ထု, အတိတ်ဝတ္ထု(ဇာ၊ ဋ္ဌ၊၂၊ ၁၈၉ ၁၉၀။ ငါးရာငါးဆယ်၊ ဒု၊၂၈၂ ၂၈၄)တို့နှင့် အလားတူကုန်၏။

ဆောင်ပုဒ်=ကျေးဇူးရှိပေ၊ ချစ်ခင်လေ၊ မသွေ သည်းခံသင့်။

ကိလေစွမ်းအား၊ လွန်နိုင်ငြား၊ မှောက်မှားတတ်ပါသင့်။

၁၂၈။ (၁၉၇) မိတ္တာမိတ္တဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၅၁ ၅၂။ ဋ္ဌ၊ ၂၊ ၁၁၉ ၁၂၀။ ငါးရာငါးဆယ်၊ ဒု၊ ၁၈၁ ၁၈၃။)

ပစ္စုပ္ပန်ဝတ္ထု=မထင်ရှားသောရဟန်းတစ်ပါးသည် အကျွမ်းဝင်သည်-ဟု မှတ်ထင်၍ ဆရာ၏အဝတ်ပိုင်းကို ယူငင်သုံးစွဲမိသဖြင့် ဆရာ၏ရိုက်ပုတ်ခြင်းကို ခံရခြင်း။

အတိတ်ဝတ္ထု=မိတ်ဆွေ, ရန်သူခွဲ၍ မသိသောရသေ့သည် မွေးထားသည့်ဆင် သတ်၍ သေခြင်း။

ဘုရားအလောင်းဂိုဏ်းဆရာရသေ့က "ရန်သူ, မိတ်ဆွေခွဲခြားတတ်အောင်" မိန့်ကြားခြင်း....

န နံ ဥမှယတေ ဒိသွာ၊ န စ နံ ပဋိနန္ဒတိ။

စက္ခူနိ စဿ န ဒဒါတိ၊ ပဋိလောမဉ္စ ဝတ္တတိ။

ဧတေ ဘဝန္တိ အာကာရာ၊ အမိတ္တသ္မိံ ပတိဋ္ဌိတာ။

ယေဟိ အမိတ္တံ ဇာနေယျ၊ ဒိသွာ သုတွာ စ ပဏ္ဍိတော။

(ဇာတက၊ ၁၊ ၅၁ ၅၂။ ဋ္ဌ၊ ၂၊ ၁၂၀။)

ယေဟိ ကာရဏေဟိ တာနိ ကာရဏာနိ ဒိသွာ သုတွာ စ ပဏ္ဍိတော ပုဂ္ဂလော "အယံ မေ အမိတ္တော"ကို ဇာနေယျ၊ တတော ဝိပရီတေဟိ ပန မိတ္တဘာဝေါ ဇာနိတဗ္ဗောတိ။

(ဇာတက၊ ဋ္ဌ၊ ၂၊ ၁၂၀။)

(ဘောဓိသတ္တော အချင်းတို့၊) ယော အကြင်ပုဂ္ဂိုလ်သည်၊ အမိတ္တော ရန်သူသည်၊ ဟောတိ ဖြစ်၏၊ သော ထိုရန်သူဖြစ်သော ပုဂ္ဂိုလ်သည်၊ နံ ထိုရန်ဖက်ဖြစ်သော ပုဂ္ဂိုလ်ကို၊ ဒိသွာ မြင်၍၊ န ဥမှယတေ မပြုံးရွှင်၊ အဿ ထိုရန်ဖက်ဖြစ်သော ပုဂ္ဂိုလ်၏၊ ဝစနံ စကားကို၊ သုတွာ စ ကြား၍လည်း၊ နံ ထိုရန်ဖက်ဖြစ်သော ပုဂ္ဂိုလ်ကို၊ န ပဋိနန္ဒတိ မနှစ်သက်၊ အဿ ထိုရန်ဖက်ဖြစ်သော ပုဂ္ဂိုလ်အား၊ စက္ခူနိ စ မျက်နှာချင်းဆိုင်၍ ကြည့်ခြင်းတို့ကိုလည်း၊ န ဒဒါတိ မပေး၊အဿ ထိုရန်ဖက်ဖြစ်သော ပုဂ္ဂိုလ်၏၊ ပဋိလောမဉ္စ ဆန့်ကျင်ဖက်ကိုလည်း၊ ဝတ္တတိ ကျင့်၏။

ယေဟိ ကာရဏေဟိ -အကြင်အကြောင်းတို့ဖြင့်၊ တာနိ ကာရဏာနိ ထိုအကြောင်းတို့ကို၊ ဒိသွာ စ မြင်၍လည်းကောင်း၊ သုတွာ စ -ကြား၍လည်းကောင်း၊ ပဏ္ဍိတော ပုဂ္ဂလော ပညာရှိပုဂ္ဂိုလ်သည်၊ "အယံ ဤသူသည်၊ မေ -ငါ၏၊

အမိတ္တော"တိ ရန်သူ"ဟူ၍၊ ဇာနေယျ -သိရာ၏၊ ပန -အပြန်ကား၊ တတော -ထိုအကြောင်းတို့မှ၊ ဝိပရီတေဟိ ဖောက်ပြန်သောအကြောင်းတို့ဖြင့်၊ မိတ္တဘာဝေါ မိတ်ဆွေ၏အဖြစ်ကို၊ ဇာနိတဗ္ဗော သိအပ်၏၊ ဣတိ ဤကား ရန်သူ, မိတ်ဆွေခွဲခြားသိရန်တည်း။

ဆောင်ပုဒ်=မိတ်ဆွေ, ရန်သူ၊ နှစ်ထွေဟူ၊ ပြုမူ ကြည့်၍သိ။
မိတ္တာမိတ္တ၊ ဇာတ်တော်က၊ ညွှန်ပြ ကျမ်းအရှိ။

၁၂၉။ (၁၉၉) ဂဟပတိဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၂။ ဋ္ဌ၊ ၂၊ ၁၂၃ ၁၂၅။ ငါးရာငါးဆယ်၊ ३၊ ၁၈၇ ၁၉၀။)
ပစ္စုပ္ပန်ဝတ္ထု=မာတုဂါမကြောင့် သာသနာတော်၌ ငြီးငွေ့သောရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=ဘုရားအလောင်းသူကြွယ်သားသည် ဖောက်ပြန်သောမယားနှင့် မှားယွင်းသောရွာသူကြီးတို့ကို ဖမ်းမိခြင်း။
ရွာသူကြီးသည် ဒေဝဒတ်အလောင်းဖြစ်၏။
ဆောင်ပုဒ်=မိန်းမမည်လတ်၊ လှည့်ပတ်တတ်၊ စောင့်အပ်ခက်ခဲပေ။
ပညာရှိကား၊ ထောက်အထား၊ သိငြားလွယ်ကူပေ။

၁၃၀။ (၂၀၀) သာဓုသီလဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၂။ ဋ္ဌ၊ ၂၊ ၁၂၅ ၁၂၆။ ငါးရာငါးဆယ်၊ ३၊ ၁၉၀ ၁၉၃။)
ပစ္စုပ္ပန်ဝတ္ထု=ပုဏ္ဏားတစ်ယောက်သည် သမီးလေးယောက်တို့အတွက် သမက်လောင်းရွေးခြင်း။
အတိတ်ဝတ္ထု=ဘုရားအလောင်း ဒိသာပါမောက္ခဆရာ၏စကားကို နာကြား၍ ကိုယ်ကျင့်သီလရှိသောသူအားသာ သမီးတို့ကို ပေးသောပုဏ္ဏား။

ပုဏ္ဏားက သူ၏သမီးတို့ကို (၁) အဆင်းလှသူ, (၂) အရွယ်ကြီးသူ, (၃) အမျိုးမြတ်သူ, (၄) ကိုယ်ကျင့်သီလရှိသူ ဤလေးယောက်တို့တွင် အဘယ်သူအား ပေးရမည်နည်း? ဟု ဒိသာပါမောက္ခဆရာအားမေးရာ ဆရာသည် "အဆင်းနှင့်ပြည့်စုံခြင်းအစရှိသော ဂုဏ်တို့သည် ရှိပါကုန်သော်လည်း သီလပျက်သောသူကို ကဲ့ရဲ့အပ်၏၊ ထို့ကြောင့် ထိုအဆင်းနှင့် ပြည့်စုံခြင်းစသည်သည် ပမာဏမဟုတ်၊ ငါတို့သည် သီလရှိသည်၏အဖြစ်ကို သာလျှင် နှစ်သက်၏"ဟု မိန့်ဆို၏။ ပုဏ္ဏားသည် ထိုဘုရားအလောင်း ဆရာ၏စကားကို ကြား၍ သီလရှိသော သူအားသာလျှင် သမီးတို့ကို ပေးလေ၏။

အာစရိယော "ရူပသမ္ပဒါဒီသု ဝိဇ္ဇမာနာသု ဝိပန္နသီလော ဂါရယှော၊ တသ္မာ တံ နပ္ပမာဏံ၊ အမှာကံ သီလဝန္တဘာဝေါ ရုစ္စတီ"တိ ဣမမတ္ထံ ပကာသေန္တော...
သီလဝါ ဟိ အာစရိယမ္ဘန္တော သရီရဒဇ္ဇဝိရဟိတောပိ ပုဇ္ဇော ပါသံသောတိ။ ဗြာဟ္မဏော တဿ ဝစနံ သုတွာ သီလဝန္တဿေဝ ဓီတရော အဒါသိ။(ဇာတက၊ ဋ္ဌ၊ ၂၊ ၁၂၆။)
သရီရဒဇ္ဇ-အဆင်းလှခြင်း
ဆောင်ပုဒ်=လှ,ကြီး,ဖြင့်သူ၊ ကိုယ်ကျင့်ထူ၊ ဘယ်သူသာသနည်း?
လှ,ကြီး,မြင့်မား၊ ကျင့်မဲ့ငြား၊ ငါကား မနှစ်သက်။
သီလရှိမှု၊ ထိုသည့်သူ၊ ငါမူ လွန်နှစ်သက်။

၁၃၁။ (၂၀၁) ဗန္ဓနာဂါရဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၃။ ဋ္ဌ၊ ၂၊ ၁၂၇ ၁၂၉။ ငါးရာငါးဆယ်၊ ३၊ ၁၉၃ ၁၉၆။)
ပစ္စုပ္ပန်ဝတ္ထု=သူခိုးများနှင့် နှောင်အိမ်ထောင်။
အတိတ်ဝတ္ထု=ကိလေသာနှောင်အိမ်နှင့်တူသော သားမယားကို စွန့်၍ ရသေ့ရဟန်းပြုသော ဘုရားအလောင်းယောကျ်ား။
ယခုအခါ မယ်တော်, ခမည်းတော်တို့သည် ထိုအခါ မိဘနှစ်ပါး, ယခုအခါ ရာဟုလာမယ်တော်သည် ထိုအခါ ဇနီးမယား, ယခုအခါ ရာဟုလာသည် ထိုအခါ သားဖြစ်ခဲ့၏။
ဆောင်ပုဒ်=တထောင့်ငါးရာ၊ ကိလေသာ၊ ကြီးစွာ ထောင်အိမ်မှတ်။

သားမယားထောင်၊ ကိလေထောင်၊ လူထောင် ဤသုံးရပ်။
ကိလေသာထောင်၊ ဖွဲအနှောင်၊ လွတ်အောင် လွန်ခက်လတ်။

၁၃၂။ (၂၀၃) ခဏ္ဍဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၃ ၅၄။ ဋ္ဌ၊ ၂၊ ၁၃၂-၁၃၆။ ငါးရာငါးဆယ်၊ ၃၊ ၂၀၁ ၂၀၆။)
အဋ္ဌကထာ၌ကား "ခန္ဓဇာတက"ဟု ရှိ၏၊ ဝိနည်းစူဠဝါပါဠိတော် (ဝိ၊ ၄၊ ၂၄၅), အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်(အံ၊ ၁၊ ၃၈၃ ၃၈၄။ ဋ္ဌ၊ ၂၊ ၃၁၆)တို့၌လည်း ပါရှိ၏၊ စတုက္ကနိပါတ်၌ "အဟိရာဇသုတ်"ဟု အမည်ပေးထားသည်။
ပစ္စုပ္ပန်ဝတ္ထု=မြွေကိုက်၍ ပျံလွန်သောရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=ဘုရားအလောင်းဆရာရသေ့သည် ရသေ့တို့အား မြွေမျိုးတို့ကို မေတ္တာပွါးစေခြင်း(ခန္ဓသုတ်)ကို ဟောခြင်း။
ဆောင်ပုဒ်=မေတ္တာမွန်းထုံ၊ ဘေးမျိုးလုံ၊ လုံးစုံချမ်းသာရာ။

၁၃၃။ (၂၀၇) အသဿကဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၅။ ဋ္ဌ၊ ၂၊ ၁၄၂ ၁၄၄။ ငါးရာငါးဆယ်၊ ၃၊ ၂၁၄ ၂၁၈။)
ပစ္စုပ္ပန်ဝတ္ထု=မယားဟောင်းဖြားယောင်းခံရသော ရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=ဥပရီမည်သောမိဖုရားသည် သေ၍ နွားချေးပိုးမဖြစ်နေသော်လည်း အသဿကမင်းသည် မိဖုရားအလောင်းကို တလား၌ထည့်၍ ဆီစိမ်လျက် ညောင်စောင်းအောက်၌ ထားစေကာ အာဟာရကင်းပြီး ငိုကြွေးနေ၏၊ ပုဏ္ဏား လုလင်တစ်ယောက်သည် အသဿကမင်းကို ဘုရားအလောင်းရသေ့ထံသို့ ခေါ်ဆောင်ကာ ဥပရီမိဖုရား၏နွားချေး ပိုးမ ဖြစ်ကြောင်းကို နာယူစေ၏၊ အသဿကမင်းသည် ရှေးဦးပဌမ မယုံကြည်လှသော်လည်း ဘုရားအလောင်းက မိမိ၏အာနုဘော်ဖြင့် နွားချေးပိုး ဖို,မတို့ကို မင်း၏ရှေ့သို့ ခေါ်လိုက်၏၊ ဘုရားအလောင်းက "မင်းမြတ်...ဤ နွားချေးပိုးမသည် သင်မင်းမြတ်၏ဥပရီမိဖုရားတည်း၊ သင့်ကို စွန့်၍ နွားချေးပိုးဖို၏နောက်မှလိုက်၏၊ ထိုနွား ချေးပိုးမကို ရှုကုန်လော့"ဟု ဆို၏။ အသဿကမင်းကား မယုံကြည်။
ဘုရားအလောင်းသည် မိမိ၏အာနုဘော်ဖြင့် ထိုနွားချေးပိုးမသည် စကားဆိုစေသတည်း အဓိဋ္ဌာန်၍ ဥပရီ ဟုခေါ် လေရာ နွားချေးပိုးမသည် လူ့ဘာသာဖြင့် "အရှင်ဘုရား...အဘယ်ပြုအံ့နည်း?"ဟု ဆို၏၊ ဘုရားအလောင်းက "သင်သည် လွန်ခဲ့သောဘဝ၌ အဘယ်အမည်ရှိသနည်း?"ဟု မေးလျှင် နွားချေးပိုးမက"အသဿကမင်း၏မိဖုရား ကြီး ဥပရီဖြစ်ခဲ့ပါသည်"ဟု လျှောက်၏၊ "ယခုအခါ သင်သည် အသဿကမင်းကိုတည်း ချစ်သလော? သို့မဟုတ် နွားချေးပိုးဖိုကိုတည်း ချစ်သလော?ဟုဘုရားအလောင်းက မေးလျှင် "အရှင်ဘုရား...ထိုအသဿကမင်း သည် ရှေးဘဝ၌ အကျွန်ုပ်၏လင်ဖြစ်၏၊ ယခုအခါကား ထိုအသဿကမင်းသည် အကျွန်ုပ်နှင့် အသို့တော်စပ်တော့ မည်နည်း?၊ ထို့ကြောင့် ယခုအခါ အကျွန်ုပ်သည် အသဿကမင်းကို သတ်၍ ထိုမင်း၏လည်ချောင်းသွေးဖြင့် အကျွန်ုပ်၏လင် နွားချေးပိုးဖို၏ခြေတို့ကို လိမ်းချင်ပါ၏၊ နွားချေးပိုးဖိုကို အလွန်ချစ်ပါသည်"ဟု ဆိုလေသော် အသဿကမင်းသည် နလုံးမသာသည်ဖြစ်၍ အကောင်ပုပ်ကို ပယ်ရှားစေလျက် ဦးခေါင်းလျှော်ပြီးလျှင် ဘုရားအလောင်းရသေ့ကို ရှိခိုးကာ မြို့သို့ဝင်၍ တစ်ပါးသော မိဖုရားကို မိဖုရားကြီးအရာ၌ ထား၍ တရားသဖြင့် မင်းပြုလေ၏။

မယားဖြားယောင်းခံရသောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ မယားဟောင်းသည် ထိုအခါ ဥပရီ မိဖုရား, မယားဟောင်းဖြားယောင်းခံရသောရဟန်းသည် ထိုအခါ အသဿကမင်း, အရှင်သာရိပုတ္တသည် ထိုအခါ ပုဏ္ဏားလုလင်ဖြစ်ဖူး၏။
ဆောင်ပုဒ်=အချစ်တဏှာ၊ လွန်ကဲပါ၊ ကိုယ်သာဆင်းရဲရ။
အသဿကမင်း၊ ပုံကိုချင်း၊ မယွင်းမှတ်ကုန်ကြ။

၁၃၄။ (၂၁၁) သောမဒတ္တဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၆ ၅၇။ ဋ္ဌ၊ ၂၊ ၁၅၀ ၁၅၂။ ငါးရာငါးဆယ်၊ ၃၊ ၂၂၆ ၂၃၀။)
ပစ္စုပ္ပန်ဝတ္ထု=ရွံ့ရှားကြောက်တတ်များသော လာဠုဒါယီမထေရ်။
အတိတ်ဝတ္ထု=နွားနှစ်ကောင်တို့ဖြင့် လယ်ထွန်ရာတွင် နွားတစ်ကောင်သေ၍ မင်းထံမှ နွားတစ်ကောင်တောင်းရန် ဘုရားအလောင်း သားဖြစ်သူ သောမဒတ္တက တစ်နှစ်တိုင် နွားတောင်းနည်းဂါထာကို ဖခင်အား သင်ပေးခဲ့၏၊ ဖခင်သည် မင်း၏ရှေ့မှောက်၌ လျှောက်တင်သောအခါ နွားကို မတောင်းပဲ ကျန်နွားကို မင်းအား ပေးဆက်

သကဲ့သို့ ဖြစ်သောကြောင့် မင်းကြီးက ပြုံးလျက် "သင်တို့၏အိမ်၌ နွားတွေ ပေါများယောင်တကား"ဟု ဆိုသည်ရှိသော် ဘုရားအလောင်းက "နွားတို့ကို အရှင်မင်းမြတ်သည် ပေးတော်မူအပ်ကုန်သည်ဖြစ်၍ များပါကုန်လိမ့်မည်"ဟု လျှောက်တင်လေ၏၊ မင်းသည် ဘုရားအလောင်းအား နှစ်သက်၍ ပုဏ္ဏားအား နွားတစ်ဆယ့်ခြောက်ကောင်တို့ကိုလည်းကောင်း ထိုပုဏ္ဏား၏နေသောရွာကိုလည်းကောင်း ပေးလေ၏။

ယခုအခါ အာနန္ဒသည် ထိုအခါ ဗြဟ္မဒတ်မင်း, လာဠုဒါယီသည် ထိုအခါ သောမဒတ္တ၏ဖခင်, ငါဘုရားသည် သောမဒတ္တဖြစ်ခဲ့လေသည် ဟု မိန့်တော်မူ၏။

ဆောင်ပုဒ်=အကြောက်များသူ၊ များရေ့မှူ၊ ချွတ်ယူဆိုတတ်ပေ။
ပေးပါစကား၊ ယူဘုရား၊ ချွတ်မှားဆိုပြီလေ။
စကားချွတ်မှား၊ ဆိုသော်ငြား၊ မင်းကား မှန်သိပေ။
အမှန်တိုင်းသာ၊ ချီးမြှောက်ပါ၊ ရာဇာမင်းကလေ။

၁၃၅။ (၂၁၂) ဥစ္စိဋ္ဌဘတ္တဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၇။ ဋ္ဌ၊ ၂၊ ၁၅၃ ၁၅၄။ ငါးရာငါးဆယ်၊ ३၊ ၂၃၀ ၂၃၃။)

ပစ္စုပ္ပန်ဝတ္ထု=မယားဟောင်းဖြားယောင်းသဖြင့် သာသနာတော်၌ ငြီးငွေ့သော ရဟန်း။

အတိတ်ဝတ္ထု=သယောက်လင်နှင့်ကျူးလွန်ပြီးလျှင် သယောက်လင်အား အမဲဟင်းလျာနှင့် နွေးထွေးသောထမင်းကို ကျွေး၍ မိမိ၏လင်ရင်းပုဏ္ဏားအား သယောက်လင်၏စားကြွင်းကို ကျွေးသောကြောင့် ပုဏ္ဏားက ရိပ်မိ၍ မေးသော်လည်း ပုဏ္ဏေးမသည် မဖြေ၊ ထိုအကြောင်းကို သိသော ဘုရားအလောင်း သူတောင်းစားနင္ဌအမျိုးသားက ထိုပုဏ္ဏားအား ပြောကြားလေ၏။ ပုဏ္ဏားသည် ထိုနှစ်ယောက်တို့ကို နောင်တစ်ဖန် မပြုဝံ့အောင် ဆုံးမလေ၏။

ဆောင်ပုဒ်=သင့်ကိုဖြားယောင်း၊ မယားဟောင်း၊ နောက်နောင်းရိပ်လွှာ ကျိုးမဲ့ပါ။
သယောက်လင်လေး၊ ကောင်းစွာကျွေး၊ သင့်ကျွေးသောခါ စားကြွင်းသာ။

၁၃၆။ (၂၁၃) ဘရုဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၇။ ဋ္ဌ၊ ၂၊ ၁၅၅ ၁၅၈။ ငါးရာငါးဆယ်၊ ३၊ ၂၃၃ ၁၃၈။)

ပစ္စုပ္ပန်ဝတ္ထု=ကောသလမင်းအား အသပြာတစ်သိန်းလာဘ်ထိုး၍ တိတ္ထိတို့ ဇေတဝန်ကျောင်းတိုက်အပြင်၌ ကျောင်းဆောက်ခြင်း။

အတိတ်ဝတ္ထု=ဈာန်အဘိညာဉ်ရသော ဘုရားအလောင်းရသေ့ဂိုဏ်းဆရာအမှူးရှိသော ရသေ့ငါးရာတစ်စုနှင့် အခြားဂိုဏ်းဆရာအမှူးရှိသော ရသေ့ငါးရာတစ်စုတို့သည် ဘရုတိုင်း ဘရုမြို့၏မြောက်တံခါးအနီး နေစရာ ပင်ညောင်ပင်ကို အငြင်းအခုံဖြစ်၍ မင်းထံသို့ရောက်ကြရာ မင်းသည် ရှေးဦးစွာနေသော ရသေ့အပေါင်းကို အနိုင်ပေးလိုက်၏၊

နောက်မှလာကုန်သော ရသေ့တို့သည် ရှေဟောင်း စကြဝတေးမင်း၏ရထားချိုင့်ကို မင်းအား တံစိုးအဖြစ်ပေး၍ ထိုပင်ညောင်ပင်အောက်၌ နေခွင့်ရကုန်၏၊ ပဌမရသေ့တို့သည်လည်း ထိုရထားချိုင့်၏ရထားလှည်းဘီးတို့ကို ရာရ၍ မင်းအား ထိုဘီးတို့ကို တံစိုးအဖြစ်ပေးကုန်၏ ငါတို့ကိုသာလျှင် အရှင်ပြုပါလော့ ဟု ဆိုလျှင် မင်းသည် ထိုရသေ့တို့ဆိုတိုင်း ပြု၏။ ထိုအခါ ရသေ့အပေါင်းတို့သည် "ဝတ္ထုကာမ, ကိလေသကာမတို့ကို စွန့်၍ ရဟန်းပြုကုန်သော ငါတို့သည် သစ်ပင်ရင်း(ရုက္ခမူ)၏အကြောင်းကြောင့် ငြင်းခုံကြလျက် တံစိုးကိုပေး၍ မသင့်သည်ကို ပြုအပ်၏"ဟု နှလုံးမသာကုန်သည်ဖြစ်၍ ဟိမဝန္တာသို့ ပြန်သွားကြလေကုန်၏။ ဘရုတိုင်း၌နေကုန်သော နတ်တို့သည် "သီလရှိကုန်သော ရသေ့တို့ကို ငြင်းခုံစေခြင်းဖြင့် မင်းသည် မသင့်သည်ကို ပြုအပ်၏"ဟု အမျက်ထွက်ကုန်၍ ဘရုတိုင်းကို သမုဒ္ဒရာသို့ ရောက်စေ၍ တိုင်းမဟုတ်သည်ကို ပြုကုန်၏၊ ဤသို့လျှင် တစ်ယောက်သော ဘရုမင်းကို အမှီပြု၍ တိုင်းသူပြည်သားအားလုံးတို့သည်လည်း ပျက်စီးခြင်းသို့ ရောက်ရလေကုန်၏ ဟု ဘုရားရှင်ဟောတော်မူသောအခါ ကောသလမင်းသည် လူတို့ကိုစေလွှတ်၍ တိတ္ထိတို့၏အရံကို ဖျက်ဆီးစေ၏။

ကုရုရဋ္ဌေ ကုရုရာဇာ (က)၊ သံ ဋ္ဌ၊ ၃၊ ၃၁၄ ပိဋ္ဌေ ပဿိတဗ္ဗံ။

တံစိုးလက်ဆောင်ဟူသည် ဘုရားဒါယကာ ကောသလမင်းကိုပင် ဖျက်ဆီးနိုင်သေး၏၊ အခြားသာမန်ပုထုဇဉ်ပုဂ္ဂိုလ်ကိုကား ဆိုဖွယ်မရှိပြီ။

လဉ္စံ လဘိတွာ အဘိဇ္ဈနကော နာမ နတ္ထိ၊ တသ္မာ ရညော လဉ္စံ ဒတွာ အာရာမဋ္ဌာနံ ဂဏှိဿာမာ" တိ သမ္မန္တေတွာ ဥပဋ္ဌာကေ ယာစိတွာ ရညော သတသဟဿံ ဒတွာ....။ ရာဇာ လဉ္စလောဘေန "သာဓူ"တိ

သမ္ပဋိစ္ဆိ။ (ဇာတက၊ ၄၊ ၂၊ ၁၅၄။)

ဆောင်ပုဒ်=သီလရှိသူ၊ ဖျက်ဆီးမှု၊ ဖျက်သူ ဘေးဒဏ်ထိ။

၁၃၇။ (၂၁၄) ပုဏ္ဏနဒီဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၇။ ၄၊ ၁၅၈-၁၆၀။ ငါးရာငါးဆယ်၊ ၃၊ ၂၃၈-၂၄၁။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏ပညာပါရမီ။

အတိတ်ဝတ္ထု=ဘုရားအလောင်းပုရောဟိတ်နှင့် အရှင်အာနန္ဒာအလောင်းမင်း။

ဆောင်ပုဒ်=ဘုရားလောင်းလျာ၊ နစဉ်ခါလည်း၊ ပညာရည်ဖြင့်၊ လွန်စွာတင့်ခဲ့။

၁၃၈။ (၂၁၅) ကစ္ဆပဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၈။ ၄၊ ၂၊ ၁၆၀-၁၆၂။ ငါးရာငါးဆယ်၊ ၃၊ ၂၄၁-၂၄၄။)

ပစ္စုပ္ပန်ဝတ္ထု=မိမိစကားက မိမိကိုသတ်သော ရှင်ကောကာလိက။

အတိတ်ဝတ္ထု=လိပ်နှင့် ဟင်္သာနှစ်ကောင်

"နှုတ်စောင့်ပါမည်"ဟု ခံဝန်ချက်ဖြင့် လိပ်သည် တုတ်ကို အလယ်၌ကိုက်လျက် ဟင်္သာနှစ်ကောင်တို့ချီယူသွားရာ ရွာသူသားငယ်တို့မြင်ကြ၍ "ဟင်္သာနှစ်ကောင်တို့သည် လိပ်ကို တုတ်တံဖြင့် ဆောင်ယူသွားကုန်၏"ဟု ဆိုကုန်၏၊ လိပ်သည် "အဆွေခင်ပွန်းဟင်္သာတို့သည် ငါ့ကိုဆောင်ရာ၌ သင်တို့အား အဘယ်ပြုအံ့နည်း?"ဟု ပြောလို၍ တုတ်တံကိုလွှတ်သော် ကောင်းကင်ပြင်မှ ကျ၍ နှစ်စိတ်ကွဲလေ၏။ ထိုဇာတ်လမ်းကို စကားများသော မင်းအား ဘုရားအလောင်းပညာရှိအမတ်သည် ပြောဆို၍ မင်းကို စကားနည်းစေလေသည်။

ဆောင်ပုဒ်=များစွာစကား၊ ပြောဆိုငြား၊ စကား ကိုယ့်ကိုသတ်။

၁၃၉။ (၂၁၆) မစ္ဆဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၈။ ၄၊ ၂၊ ၁၆၂-၁၆၄။ ငါးရာငါးဆယ်၊ ၃၊ ၂၄၄-၂၄၆။)

ပစ္စုပ္ပန်ဝတ္ထု=မယားဟောင်းဖြားယောင်းသောရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=တံငါသည်တို့၏မီးကျီးခဲ၌ ကင်းစားခံရမည့်ဆင်းရဲကို မမှုပဲ ငါးမ၏အထင်မှားမည်ကို စိုးရိမ်သောက ဖြစ်ရ၍ ငိုကြွေးနေသောငါးဖို၏မြည်တမ်းသံကို နားလည်သော ဘုရားအလောင်းပုရောဟိတ်က တံငါသည်တို့ထံသို့ သွား၍ ငါးဖိုကို လွှတ်စေခြင်း။

ဆောင်ပုဒ်=ရာဂလောင်မီး၊ အပူကြီး၊ ညီးညီး ပြောင်လှသည်။

ကိုယ်ဆင်းရဲချက်၊ သူ မတွက်၊ လောင်လျက် ရာဂသည်။

၁၄၀။ (၂၁၈) ကူဋဝါဏိဇဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၉။ ၄၊ ၂၊ ၁၆၅-၁၆၈။ ငါးရာငါးဆယ်၊ ၃၊ ၂၄၈-၂၅၂။)

ပစ္စုပ္ပန်ဝတ္ထု=စဉ်းလဲသော ကုန်သည်တစ်ယောက်။

အတိတ်ဝတ္ထု=သံကိုကြွက်စား သားကိုစွန်ချီ

ရွာသားကုန်သည်သည် မြို့သားကုန်သည်ထံ၌ သံထွန်သွားငါးရာတို့ကို အပ်ထား၏၊ မြို့သားကုန်သည်သည် ထိုသံထွန်သွားတို့ကို ရောင်း၍ အဖိုးကိုယူကာ ထိုထွန်သွားတို့ကိုထားရာအရပ်၌ ကြွက်ချေးတို့ကို ကြဲဖြန့်ထား၏၊ ရွာသားကုန်သည်သည် လာ၍ ထွန်သွားများကို တောင်းသောအခါ မြို့သားကုန်သည်စဉ်းလဲသည် သင်၏ထွန်သွားတို့ကို ကြွက်တို့စားအပ်ကုန်ပြီ ဟု ကြွက်ချေးများကို ပြလေ၏၊ ရွာသားကုန်သည်သည်"ကြွက်စားအပ်သည် ဖြစ်ပါစေ၊ အသို့ တတ်နိုင်တော့အံ့နည်း?"ဟု ပြောဆို၍ ရေချိုးအံ့သောငှါ ထိုကုန်သည်စဉ်းလဲ၏သားကို ခေါ်၍ အဆွေခင်ပွန်းတစ်ယောက်၏အိမ်၌"ဤသူငယ်အား တစ်စုံတစ်ခုသော အရပ်သို့ သွားစိမ့်သောငှါ မပေးပါလင့်"ဟု ပြော၍ ထိုအိမ်၌ထားခဲ့ကာ မိမိသည် ရေချိုးပြီးလျှင် ကုန်သည်စဉ်းလဲ၏အိမ်သို့ သွားကာ "အဆွေ...သင်၏သားကို ကမ်းနား၌ထား၍ ရေငုတ်သော ကာလ၌ စွန်တစ်ကောင်သည် သင်၏သားကို ချီ၍ ပျံသွား၏၊ ငါသည် လက်ခုပ်တီး၍ လုံ့လပြုသော်လည်း လွှတ်စိမ့်သောငှါ မတတ်နိုင်ပါ"ဟု ဆို၏။

ကုန်သည်စဉ်းလဲက "အချင်း...သင်သည် မမှန်သောစကားကို ဆို၏၊ သူငယ်တို့ကို ချီ၍ပျံစွမ်းနိုင်ကုန်သော စွန်တို့မည်သည်ကား မရှိကုန်"ဟု ဆိုလေသော် ရွာသားကုန်သည်က "အဆွေ...သင့်သည်မူလည်းဖြစ်စေ၊ မသင့်သည်မူလည်းဖြစ်စေ စွန်သည်သာလျှင် သင်၏သားကို ချီလေ၏၊ ငါသည် အသို့ပြုအံ့နည်း?"ဟု ဆိုလေရာ

ကုန်သည်စဉ်းလဲက "ဟယ်ခိုးသူပျက်...ယခုအခါ၌ သင့်ကို တရားဆုံးဖြတ်ရာသို့ သွား၍ ဆုံးဖြတ်စေအံ့"ဟု ဆို၍ အိမ်မှထွက်လေ၏၊ ရွာသားကုန်သည်သည် "ငါနှစ်သက်သောအမှုကိုပင် သင်ပြုပေ၏"ဟု ပြောဆိုကာ တရားဆုံးဖြတ်ရာအရပ်သို့ သွား၏။

ကုန်သည်စဉ်းလဲက ဘုရားအလောင်းကို "အရှင်...ဤသူသည် ကျွန်ုပ်၏သားကို ခေါ်၍ ရေချိုးသွားပြီးလျှင် ပြန်လာသောအခါ ဤသူက 'သင်၏သားကို စွန်ချီသွားပြီ'ဟု ပြော၏၊ ကျွန်ုပ်၏တရားကို ဆုံးဖြတ်မှုပါလော့"ဟု လျှောက်ဆိုလေ၏။ ဘုရားအလောင်းက ရွာသားကုန်သည်ကို "အချင်း...မှန်သလော?"ဟု မေးလျှင် ထိုရွာသားကုန်သည်က "မှန်ပါသည် အရှင်...၊ ကျွန်ုပ်သည် ထိုလူငယ်ကို ခေါ်၍ သွားလတ်သည်ရှိသော် စွန်သည် ချီယူသည်၏အဖြစ်သည် မှန်သည်သာတည်း"ဟု ဖြေကြားလေ၏၊ ဘုရားအလောင်းက "အချင်း...လောက၌ စွန်တို့မည်သည်ကား သူငယ်ကို ချီနိုင်သည် မရှိ"ဟု ဆိုလေသော် "အရှင်...ကျွန်ုပ်သည်လည်း အရှင်တို့ကို မေးပါအံ့၊ စွန်တို့သည် သူငယ်တို့ကို ချီကုန်၍ ကောင်းကင်၌ ပျံအံ့သောငှါ မတတ်နိုင်ကုန်၊ ကြွက်တို့သည်မူကား သံထွန်သွားတို့ကို စားနိုင်ကုန်အံ့လော?"ဟု ရွာသားကုန်သည်က မေးသည်ရှိသော် ဘုရားအလောင်းက "အချင်း သင်၏စကားသည် အဘယ်သို့သော စကားနည်း?"ဟု ပြန်၍မေးလျှင် ကုန်သည်က "အရှင်...ကျွန်ုပ်သည် ထိုသူ၏အိမ်၌ သံထွန်သွားငါးရာတို့ကို အပ်ထားပါကုန၏၊ ထိုသူက 'သင်၏ထွန်သွားတို့ကို ကြွက်တို့သည် စားအပ်ကုန်၏' ဆိုလျက် ဤသည်ကား သင်၏ထွန်သွားတို့ကို စားကုန်သော ကြွက်တို့၏မစင်တည်း'ဟု မစင်ကို ပြ၏၊ အရှင်...ကြွက်တို့သည် သံထွန်သွားတို့ကို အကယ်၍ စားနိုင်ကုန်အံ့၊ စွန်တို့သည်လည်း သူငယ်ကို ချီနိုင်ကုန်လတ္တံ့၊ ကြွက်တို့သည် သံထွန်သွားတို့ကို အကယ်၍ မစားနိုင်ကုန်အံ့၊ စွန်တို့သည်လည်း သူငယ်ကို မချီနိုင်ကုန်လတ္တံ့၊ ဤသူသည်ကား 'သင်၏ထွန်သွားတို့ကို ကြွက်တို့သည် စားအပ်ကုန်၏'ဟု ဆို၏၊ ထိုကြွက်တို့၏စားသည်, မစားသည်၏အဖြစ်ကို သိတော်မူပါလော့, တရားဆုံးဖြတ်တော်မူပါလော့"ဟု ပြောဆိုလေ၏။ ဘုရားအလောင်းသည် "စဉ်းလဲသူ၏ အတုံ့စဉ်းလဲသည်၏အဖြစ်ကို သိစေအံ့" ဟူ၍ ဤကုန်သည် ပြုသည်ဖြစ်လတ္တံ့ ဟု သိ၍ "သင်သည် ကောင်းစွာ ကြံအပ်၏"ဟု ပြောဆိုကာ...

သဌေသ သာဌေယျမိဒံ သုစိန္တိတံ၊ ပစ္စောဍ္ဍိတံ ပဋိကူဋဿ ကူဋံ။
ဖာလံ စေ ခါဒေယျုံ မူသိကာ၊ ကသ္မာ ကုမာရံ ကုလလာ န ဟရေယျုံ။
ကူဋဿ ဟိ သန္တိ ကူဋကူဋာ၊ ဘဝန္တိ စာပိ နိကတိနော နိကတျာ။
ဒေဟိ ပုတ္တနဋ္ဌ ဖာလနဋ္ဌဿ ဖာလံ၊ မာ တေ ပုတ္တမဟာသိ ဖာလနဋ္ဌော။

(ဇာတက၊ ၁၊ ၅၉။ ဋ္ဌ၊ ၂၊ ၁၆၇။)

သန္တီဓ (က)၊ ဘဝန္တိ (က)

(ဘဏေ အချင်း၊ တယာ သင်သည်၊) သဌေဿ စဉ်းလဲသောသူ၏၊ ဣဒံ သာဌေယျံ ဤအတုံ့စဉ်းလဲသည်၏အဖြစ်ကို၊ သုစိန္တိတံ ကောင်းစွာ ကြံအပ်၏၊ ကူဋဿ ကောက်ကျစ်သောသူ၏၊ ပဋိကူဋံ အတုံ့ကောက်ကျစ်သည်၏အဖြစ်ကို၊ ပစ္စောဍ္ဍိတံ တုစွာပြု၍ ကျော့အပ်၏၊ ဖာလံ ထွန်သွားကို၊ မူသိကာ ကြွက်တို့သည်၊ စေ ခါဒေယျုံ အကယ်၍ စားနိုင်ကုန်အံ့၊ ကုမာရံ သူငယ်ကို၊ ကုလလာ စွန်တို့သည်၊ ကသ္မာ အဘယ့်ကြောင့်၊ န ဟရေယျုံ မချီနိုင်ကုန်အံ့နည်း?၊ ဟရေယျုံ ဧဝ ချီနိုင်ကုန်ရာသည်သာလျှင်တည်း။

(ဣဓ ဤလောက၌၊) ကူဋဿ ကောက်ကျစ်သောသူ၏၊ ကူဋကူဋာ ကောက်ကျစ်တုံ့ ကောက်ကျစ်ကုန်သောသူတို့သည်၊ သန္တိ ရှိကုန်၏၊ နိကတိနော လှည့်စားတတ်သောသူ၏၊ နိကတျာ အခြားလှည့်စားတတ်သောသူသည်၊ ဘဝတိ စာပိ ဖြစ်သည်သာလျှင်တည်း၊ (နိကတိနော လှည့်စားတတ်သောသူကို၊ နိကတျာ လှည့်စားတတ်သောသူတို့သည်၊ ဘဝန္တိ စာပိ ဖြစ်ကုန်သည်သာလျှင်တည်း၊) ပုတ္တနဋ္ဌ သားပျောက်သောသူ၊ ဖာလနဋ္ဌဿ ထွန်သွားပျောက်သောသူအား၊ ဖာလံ ထွန်သွားကို၊ ဒေဟိ ပေးပေလော့၊ ဖာလနဋ္ဌော ထွန်သွားပျောက်သောသူသည်၊ တေ သင်၏၊ ပုတ္တံ သားကို၊ မာ အဟာသိ မဆောင်စေလင့်။

ဤသို့ သားပျောက်သောသူသည် သားကို, ထွန်သွားပျောက်သောသူသည် ထွန်သွားကို ရကြကုန်၏။

ယခုအခါ ကုန်သည်စဉ်းလဲသည် ထိုအခါ ကုန်သည်စဉ်းလဲ, ယခုအခါ ကုန်သည်ပညာရှိသည် ထိုအခါ ကုန်သည်ပညာရှိ, ယခုအခါ ဘုရားရှင်သည် ထိုအခါ တရားဆုံးဖြတ်သော အမတ်ကြီးဖြစ်ဖူး၏။

မသူတော်လျှောက်၊ သူကကောက်မူ၊ ကောက်သော်ကောက်ချင်း၊ မြွေနှင့်တွင်းသို့၊ ကောက်လျှင်း

တုံ့မှ၊ ဤလောကနိုက်၊ ကိစ္စပြီးလို၊ ရှေးအဟိုက၊ သံကိုကြွက်စား၊ သားကိုစွန်ချီ၊ ရွှေနီကားကြေး၊ ရင်သွေးမျောက်ဖြစ်၊ လူစစ်တသီး၊ သမီးဆိတ်မ၊ ပုံကိုဆ၍၊ ဝက်ဝက်၊ ပလီဉာဏ်ဆိုး၊ ထိုလူမျိုးကို၊ အိုးယွဲစလောင်း၊ ပိတ်တုံရှောင်းသို့၊ စောင်းလျှင် စောင်းတူ၊ တည့်မှ တည့်လိုက်၊ မှုချင်းတိုက်လော့။ (မဃဒေဝလင်္ကာသစ်၊ တတိယပိုင်း၊ ပုတ္တောဝါဒခန်း၊ အပိုဒ် ၂၁၇ ၄၉၊ နှာ ၁၄၈။)

ဆောင်ပုဒ်=သံကိုကြွက်စား၊ သားကိုစွန်ချီ၊ ပုံထုံးသည်၊ ဇာတ်မိုဝေါဟာရ။
ကောက်ကျစ်သည်မှု၊ တုံ့ပြန်ပြု၊ ကောက်တုပေါ်လာရ။

၁၄၁။ (၂၂၀) ဓမ္မဓဇဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၅၉။ ဋ၊ ၂၊ ၁၇၀ ၁၈၀။ ငါးရာငါးဆယ်၊ ၃၊ ၂၅၆ ၂၆၈။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်အား သတ်ရန်လုံ့လပြုသော ဒေဝဒတ်။

အတိတ်ဝတ္ထု=တံစိုးလက်ဆောင်မစားရ၍ ဘုရားအလောင်း ဓမ္မဓဇမည်သော ပုရောဟိတ်ကို သတ်ရန် မင်းအား အမျိုးမျိုးကုန်းတိုက်သော ကာဠကစစ်သူကြီး၊ မင်းအာဏာဖြင့် ဘုရားအလောင်းအား အင်္ဂါလေးပါးရှိသော ဥယျာဉ်မှူးကို ရာနိုင်းရာ သိကြားမင်း၏အကြံပေးချက်အရ ဘုရားအလောင်းက အင်္ဂါလေးပါးရှိသော ဥယျာဉ်မှူးအဖြစ် ဆတ္တပါဏိမည်သောဆတ္တာသည်ကို တင်ပြလျက် ဆတ္တာသည်က အင်္ဂါလေးပါးနှင့်ပတ်သက်၍ အတိတ်အကြောင်းများကို ပြန်လည်လျှောက်တင်လေသော် အမှန်ကိုသိကြကုန်သော အမတ်, ပုဏ္ဏား, သူကြွယ်စသော သူတို့သည် တံစိုးလက်ဆောင်စားတတ်သော ကာဠကစစ်သူကြီးကို နန်းတော်မှဆွဲထုတ်၍ ရိုက်နှက်ပုတ်ခတ်၍ စစ်သူကြီးသည် သေရလေ၏။

ကာဠကစစ်သူကြီးသည် ဒေဝဒတ်အလောင်း, ဆတ္တာသည်သည် အရှင်သာရိပုတ္တာအလောင်း, သိကြားမင်းသည် အရှင်အနုရုဒ္ဓါအလောင်း, ဓမ္မဓဇပုရောဟိတ်အမတ်သည် ဘုရားအလောင်းဖြစ်၏။

ဆောင်ပုဒ်=သူ့မကောင်းကြံ၊ ကိုယ့်ဆီပြန်၊ ဘေးဒဏ်ထိမည်မှတ်။
ဓမ္မဓဇ၊ ဇာတ်တော်မှ၊ ထုတ်ပြပုံတစ်ရပ်။

၁၄၂။ (၂၂၃) ပုဋဘတ္တဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၀ ၆၁။ ဋ၊ ၂၊ ၁၈၆ ၁၈၈။ ငါးရာငါးဆယ်၊ ၃၊ ၂၇၆ ၂၈၁။)

ပစ္စုပ္ပန်ဝတ္ထု=မိမိကသာ ထမင်းထုပ်ကို အကုန်စား၍ မယားအား အချည်းနှီးသောထမင်းထုပ်ကို ပြသောလင်၊ လင်ချစ်မယား ထမင်းထုပ်ပင် မစားရ။

အတိတ်ဝတ္ထု=မိမိက ချစ်သော်လည်း ဘုရင်က မချစ်သော အဖြစ်ဆိုးနှင့်ကြုံနေရသောမိဖုရားအတွက် ဘုရားအလောင်းပညာရှိအမတ်က "မိမိသို့ ညွတ်သောသူအားသာ ညွတ်တုံ့ညွတ်ရာ၏, မိမိသို့ ဆည်းကပ်သောသူကိုသာ ဆည်းကပ်ရာ၏,... မိမိကိုစွန့်သောသူကို စွန့်ရာ၏, မိမိကိုစွန့်သောသူ၌ တပ်စွန်းခြင်းကို မပြုရာ, မချစ်သောသူနှင့် မပေါင်းဖော်ရာ, ငှက်သည် သစ်ပင် "အသီးကုန်လေပြီ"ဟု သိလျှင် အခြားတစ်ပင်ကို ရှာသကဲ့သို့ ထိုအတူ တစ်ပါးသောအရပ်ကို ရှာရာ၏, သင်သည် အလွန်ချစ်သောယောကျ်ားတစ်ယောက်ကို ရလတ္တံ့"ဟု ဆိုသည်ရှိသော် ထိုစကားကိုကြားသော ဗာရာဏသီမင်းသည် မိဖုရားကြီးအား အလုံးစုံသောစည်းစိမ်ကို ပေး၏၊ ထိုအခါမှစ၍ မင်းနှင့်မိဖုရားတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာနေကြကုန်၏။

တရားအဆုံး၌ လင်မယားနှစ်ယောက်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။
ဘုရားအလောင်း ပညာရှိအမတ်။

ဆောင်ပုဒ်=သူကမချစ်၊ ကိုယ်ကချစ်၊ အသစ်ရှာရာ စိတ်ချမ်းသာ။
သီးမဲ့သစ်ကား၊ စွန့်ပစ်သွား၊ သီးငြားပင်ရှာ ငှက်ပမာ။

၁၄၃။ (၂၂၅) ခန္တိဝဏ္ဏဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၁။ ဋ၊ ၂၊ ၁၈၉ ၁၉၀။ ငါးရာငါးဆယ်၊ ၃၊ ၂၈၂ ၂၈၄။)

ပစ္စုပ္ပန်ဝတ္ထု=မိမိ၏နန်းတွင်းသူ၌ မှားယွင်းမှုရှိသော်လည်း ကျေးဇူးများသောအမတ်ဖြစ်၍ သည်းခံသောကောသလမင်း။

အတိတ်ဝတ္ထု=အမတ်တစ်ယောက်သည် ဗြဟ္မဒတ်မင်း၏နန်းတွင်း၌ အိမ်ရာပြစ်မှား၏၊ အမတ်ကို ခစားသောသူသည်လည်း ထိုအမတ်၏အိမ်ရာကို ပြစ်မှား၏။ အမတ်သည် မိမိအား ခစားသော ထိုယောကျ်ားကို မင်းထံသို့ ခေါ်သွားကာ "မင်းမြတ်...အလုံးစုံသောကိစ္စတို့၌ လုံ့လပြုသော ယောကျ်ားအား အိမ်ရာပြစ်မှားသော အပြစ်

တစ်ခုရှိသည်၊ ထိုပြစ်များသောအပြစ်ကြောင့် ထိုယောက်ျားအား အသို့ပြုအပ်သည် ဟူ၍ အရှင်မင်းမြတ်သည် ထင်မြင်အောက်မေ့တော်မူပါသနည်း?"ဟု လျှောက်တင်လေသော်...မင်းက "အိုအမတ်...ငါတို့အားလည်း ဤသို့သဘောရှိသည် အိမ်ရာပြစ်များတတ်သော ယောက်ျားသည် ဤအရပ်၌ပင် ရှိ၏၊ ကျေးဇူးဂုဏ်အင်္ဂါနှင့် ပြည့်စုံသော ထိုယောက်ျားကို ရခဲသောကြောင့် သည်းခံခြင်းကိုသာ ငါတို့နှစ်သက်၏"ဟု ပြန်၍ မိန့်ကြားလေလျှင် ထိုအမတ်သည် မိမိကို ရည်၍ မင်းမိန့်ဆိုသည်၏အဖြစ်ကို သိရကား ထိုနေ့မှစ၍ နန်းတွင်း၌ ပြစ်များအံ့သောငှာ မဝံ့၊ ထိုအမတ်ကို ခစားသော ယောက်ျားသည်လည်း ထိုအခါမှစ၍ ထိုအမှုကို ပြုအံ့သောငှာ မဝံ့။

ဗြဟ္မဒတ်မင်းသည် ယခုအခါ ဘုရားရှင်ဖြစ်တော်မူ၏။

ကောသလမင်း၏အမတ်သည် "မင်းသည် ဘုရားရှင်အား လျှောက်ထားသည်၏အဖြစ်ကို သိသောအခါမှစ၍" ထိုအိမ်ရာပြစ်မှုကို မပြုဝံ့တော့ပေ။

မှတ်ချက်။ ။ ဒုကနိပါတ် ပစ္စုပ္ပန္နဝတ္ထုပစ္စုပ္ပန်ဝတ္ထုအတိတ်ဝတ္ထု(ဇာ၊ ၄၊ ၂၊ ၁၁၄ ၁၁၆။ ငါး၌၃၊ ၁၇၃ ၁၇၆)တို့နှင့် အလားတူကုန်၏။

ဆောင်ပုဒ်=ကျေးဇူးရှိလေ၊ ထိုသူတွေ၊ မသွေ သည်းခံသင့်။
ပြစ်ရှိသူမှာ၊ ထိုအခါ၊ ရှောင်ခွါ မှားအကျင့်။

၁၄၄။ (၂၂၆) ကောသိယဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၁။ ၄၊ ၂၊ ၁၉၀-၁၉၂။ ငါးရာငါးဆယ်၊ ၃၊ ၂၈၄ ၂၈၆။)
ပစ္စုပ္ပန်ဝတ္ထု=အချိန်အခါမဟုတ်ပဲ စစ်ထွက်သော ကောသလမင်း။
အတိတ်ဝတ္ထု=အချိန်အခါမဟုတ်ပဲ ထွက်သော ခင်ပုပ်ငှက် ကျီးများထိုးဆိတ်၍ သေရ။
အချိန်အခါမဟုတ်ပဲ ထွက်၍ ဥယျာဉ်ဝယ် သစ်တပ်မြို့တည်နေသော အရှင်အာနန္ဒာအလောင်းဗာရာဏသီမင်းအား ဘုရားအလောင်းပညာရှိအမတ်က "အချိန်အခါ၌ ထွက်သောခင်ပုပ်သည် ကျီးများစွာကို အောင်နိုင်သော်လည်း အချိန်အခါမဟုတ်ပဲ ထွက်သော ခင်ပုပ်သည် ကျီးများထိုးဆိတ်၍ သေရကြောင်း"ကို လျှောက်တင်လေသော် မင်းသည် နန်းတွင်းသို့ ပြန်လေ၏။
ကဏ္ဍာယမုဋ္ဌိဇာတ် (ဇာတက၊ ၁၊ ၄၅။ ၄၊ ၂၊ ၆၇-၆၉)၌ ဆိုအပ်ခဲ့လေပြီ။
ကောသိယ, ဥလူက ခင်ပုပ်၊ ကာကသေနာ, ဓင်္ကသေနာ ကျီးအပေါင်း
ဆောင်ပုဒ်=အခါမဟုတ်၊ စွမ်းအားထုတ်၊ ခင်ပုပ်သေရပြီ။

၁၄၅။ (၂၂၉) ပလာယိတဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၂ ၆၃။ ၄၊ ၂၊ ၁၉၈ ၂၀၀။ ငါးရာငါးဆယ်၊ ၃၊ ၂၉၄ ၂၉၇။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားကျောင်းတံခါးမုခ်ကို မြင်ရုံနှင့် ပြေးသောပရိဗိုဇ်။
အတိတ်ဝတ္ထု=ဂန္ဓာရတိုင်း ဘက္ကသိုလ်ပြည်၏မြို့တံခါးမုခ်ကို မြင်ရုံနှင့် ပြန်ပြေးသော ဗြဟ္မဒတ်မင်း။
ဘုရားအလောင်း တက္ကသိုလ်မင်း၊ ပြန်ပြေးသော ပရိဗိုဇ်အလောင်း ဗြဟ္မဒတ်မင်း။
ဆောင်ပုဒ်=မတုပရာ၊ တုပလာ၊ တုတာ မနိုင်မှတ်။

၁၄၆။ (၂၃၀) ဒုတိယပလာယိတဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၆၃။ ၄၊ ၂၊ ၂၀၀ ၂၀၂။ ငါးရာငါးဆယ်၊ ၃၊ ၂၉၈ ၃၀၀။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏အသရေတော်ကို မြင်ရုံနှင့် ပြေးသောပရိဗိုဇ်။
အတိတ်ဝတ္ထု=ဘုရားအလောင်းဗာရာဏသီမင်းကို မမြင်မီက အလွန်အကြူး ကြုံးဝါးနေသော်လည်း ဘုရားအလောင်း၏တန်ပြန် ကြိမ်းဝါးသံကို ကြား၍ နဖူးပြင်ကို မြင်ရုံနှင့် ပြေးသော ပရိဗိုဇ်အလောင်း စစ်ပြေး ဂန္ဓာရမင်း။
ဆောင်ပုဒ်=နဖူးတော်ပြင်၊ မြင်ခဲ့လျှင်၊ မြန်ပင်ပြေးသည်သာ။

၁၄၇။ (၂၃၁) ဥပါဟနဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၄။ ၄၊ ၂၊ ၂၀၂-၂၀၅။ ငါးရာငါးဆယ်၊ ၃၊ ၃၀၀ ၃၀၄။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်ကို ဆန့်ကျင်အန်တုရ၍ ပျက်စီးရသော ဒေဝဒတ်။
အတိတ်ဝတ္ထု=ဘုရားအလောင်းဆင်ဆရာကို အန်တု၍ ပညာပြိုင်သော ဒေဝဒတ်အလောင်းတပည့် ပရိသတ်၏ပစ်ခတ်, ရိုက်နှက်ခြင်းကြောင့် သေရခြင်း။

ဘုရားအလောင်းတို့မည်သည်ကား အတတ်ကို သင်ပေးကုန်သည်ရှိသော် ဆရာကြွင်း(ဆရာစား)ထား ခြင်းကို မပြုကုန်, မိမိတတ်သောအမှတ်ဖြင့် (မိမိတတ်သိသလောက်) အကြွင်းမရှိသာလျှင် သင်ကုန်၏။

ဗောဓိသတ္တာ နာမ သိပ္ပံ ဝါစေန္တာ အာစရိယမုဋ္ဌိ န ကရောန္တိ၊ အတ္တနော ဇာနနနိယာမေန နိရဝသေသံ သိက္ခာပေန္တိ။ (ဇာတက၊ ၄၊ ၂၊ ၂၀၃။)

ဘုရားအလောင်းက "မင်းကြီး...အတတ်မည်သည်ကို မိမိကိုယ်ကို ချမ်းသာစေခြင်းအကျိုးငှာ သင်၏၊ ထိုသို့ မိမိကိုယ်ကို ချမ်းသာစေခြင်းအကျိုးငှါ သင်သော်လည်း အချို့သောသူအား သင်အပ်သောအတတ်သည် 'မကောင်းသဖြင့် ပြုလုပ်အပ်သော ဘိနပ်သည် ဘိနပ်စီးသောသူ၏ဆင်းရဲကို ဆောင်သကဲ့သို့'ပျက်စီး ခြင်းသို့သာလျှင် ဆောင်ရွက်တတ်၏"ဟု လျှောက်တင်၏။

ဆောင်ပုဒ်=ဆရာအန်တု၊ တပည့်ပြု၊ မိုက်မှုသေဆုံးရ။

၁၄၈။ (၂၃၂) ဝီဏာဂုဏဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၄။ ၄၊ ၂၊ ၂၀၅ ၂၀၇။ ငါးရာငါးဆယ်၊ ဒု၊ ၃၀၄ ၃၀၇။)

အဋ္ဌကထာနှင့် ငါးရာငါးဆယ်ဇာတ်ဝတ္ထုတို့၌ကား "ဝီဏာထူဏဇာတ်"ဟု ရှိ၏။

ပစ္စုပ္ပန်ဝတ္ထု=ဘို့ရှိလျှင် "ဥသဘ"လော?

နွားတို့တွင်၊ နွားဥသဘသည် မြတ်သည်ဖြစ်၍ ကျောဖုရှိသူကို "လူဥသဘ"ထင်၍ ထိုသူနှင့် လိုက်ပြေးသော သူဌေးသမီး။

အတိတ်ဝတ္ထု=မိမိ၏သားနှင့်စေ့စပ်ထားသော သူဌေးသမီးသည် ကုန်းကို လူဥသဘထင်၍ လိုက်ပြေးရာ ဘုရားအလောင် ဗာရာဏသီသူဌေးသည် ထိုသူဌေးသမီးကို တွေ့၍ ပြန်ခေါ်ခဲ့ခြင်း။

ဆောင်ပုဒ်=အသိအလိမ္မာ၊ လွန်ကင်းကွာ၊ ကိုယ်သာ ဒုက္ခသီး။
ကုန်းကွေ၊ လူဥသဘ၊ တွေးဆသူဌေးသမီး။
လိုက်၍ပြေးရာ၊ မြတ်လောင်းလျှာ၊ တွေ့ခါ ဆောင်ယူပြီး။
သူ့သားနှင့်သာ၊ လက်ထပ်ခါ၊ ပြုပါ မြတ်ကောင်းချီး။

၁၄၉။ (၂၃၃) ဝိကဏ္ဏဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၄ ၆၅။ ၄၊ ၂၊ ၂၀၇-၂၀၉။ ငါးရာငါးဆယ်၊ ဒု၊ ၃၀၇ ၃၁၀။)

အဋ္ဌကထာနှင့် ငါးရာငါးဆယ်ဝတ္ထုတို့၌ "ဝိကဏ္ဏကဇာတ်"ဟု ရှိ၏။

ပစ္စုပ္ပန်ဝတ္ထု=ကာမဂုဏ်ကြောင့် သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=မင်းအစာကျွေးသောငါးတို့ကို စားသောကြောင့် အရွက်မဲ့မြားဒဏ်ထိ၍ သေရသော မိကျောင်း။

တရားအဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်ခြင်း။

ဒေဝဒတ်အလောင်း မိကျောင်း၊ ဘုရားအလောင်း ဗာရာဏသီမင်း။

ဆောင်ပုဒ်=ကာမဂုဏ်ကား၊ ရွက်မဲ့မြား၊ တူငြားပုံပမာ။
တစ်ကြိမ်စွဲဝင်၊ နုတ်ဖို့လျှင်၊ လွန်ပင်ခက်လှပါ။
ကာမဂုဏ်မြား၊ နှလုံးသား၊ စူးငြားလေသောခါ။
တရားမစွက်၊ နုတ်ဖို့ခက်၊ သေပျက်နောက်ဆုံးမှာ။

၁၅၀။ (၂၃၄) အသိတာဘူဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၅။ ၄၊ ၂၊ ၂၀၉ ၂၁၁။ ငါးရာငါးဆယ်၊ ဒု၊ ၃၁၀ ၃၁၃။)

ပစ္စုပ္ပန်ဝတ္ထု=လင်မချစ်၍ တရားရသောအမျိုးသမီး။

အဂ္ဂသာဝက ၂ ပါးတို့ထံမှ တရားနာရ၍ သောတာပန်ဖြစ်, မိဘတို့ကို ပြောကြား၍ ရဟန်းပြုပြီးနောက် ရဟန္တာဖြစ်ခြင်း။

အတိတ်ဝတ္ထု=မင်းသားမချစ်၍ ဈာန်ရသောမိဖုရား။

ခမည်းတော်ဗာရာဏသီမင်း၏နှင်ထုတ်ခံရသော ဗြဟ္မဒတ်မင်းသားသည် မိမိ၏မိဖုရား အသိတာဘူကို ခေါ်၍ ဟိမဝန္တာ၌ သစ်ရွက်မိုးကျောင်းဝယ် နေစဉ် မိဖုရားကို အရေးမစိုက်ပဲ ကိန္နရီမနောက်သို့ လိုက်နေသောကြောင့် အသိတာဘူမိဖုရားသည် ဘုရားအလောင်းရသေ့ထံမှ ကသိဏ်းပရိကံကို နာယူ၍ အားထုတ်ရာ အဘိညာဉ်

သမာဂ္ဂကိုတို့ကို ဖြစ်စေပြီးနောက် အခြားနေရာသို့ သွားလေ၏။

ယခုအခါ ဇနီးမောင်နှံသည် ထိုအခါ မင်းသား မင်းသမီးတို့ ဖြစ်ခဲ့ကုန်၏။

ဆောင်ပုဒ်=ကိုယ်၏အကျိုး၊ ကိုယ်သည်ပိုး၊ အဖိုးတန်ပေသည်။

၁၅၁။ (၂၃၅) ဝစ္ဆနခဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၅။ ဋ္ဌ၊ ၂၊ ၂၁၂ ၂၁၄။ ငါးရာငါးဆယ်၊ ၃၊ ၃၁၃ ၃၁၆။)

ပစ္စုပ္ပန်ဝတ္ထု=အရှင်အာနန္ဒာကို လူစည်းစိမ်, ကာမဂုဏ်ဖြင့် ဖိတ်သော (အရှင်အာနန္ဒာ၏လူအဆွေခင်ပွန်း)ရောဇမလ္လမင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်း ဝစ္ဆနခပရိဗိုဇ်(ရသေ့)ကို ကာမဂုဏ်ဖြင့် ဖိတ်သော ဗာရာဏသီသူဌေး။

ယခုအခါ ရောဇမလ္လမင်းကား ထိုအခါ ဗာရာဏသီသူဌေးဖြစ်ခဲ့၏။

ဆောင်ပုဒ်=လုံ့လ, မုသား၊ ဒဏ်မထား၊ အိမ်ကား မတည်နိုင်။

အိမ်ထောင်တစ်ခု ရပ်တည်နိုင်ဖို့ကား (၁) လယ်ထွန်ခြင်း, နွားကျောင်းခြင်းအစရှိသောအမှုဖြင့် အမြဲမပြတ် လုံ့လပြုရခြင်း, (၂) လယ်ယာ, ဥစ္စာ, ရွှေငွေအစရှိသည်တို့အတွက် မုသားဆိုရခြင်း, (၃) ကျွန်, အမှုလုပ် အစရှိသူတို့အား အပြစ်အားလျော်စွာ ဒဏ်ပေးရခြင်းတို့ကို ပြုရလေသည်။

၁၅၂။ (၂၃၇) သာကေတဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၆။ ဋ္ဌ၊ ၂၊ ၂၁၅ ၂၁၆။ ငါးရာငါးဆယ်၊ ၃၊ ၃၁၈ ၃၁၉။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏အမိအဖဖြစ်ခဲ့ဖူးသော သာကေတပုဏ္ဏားဇနီးမောင်နှံ။

အတိတ်ဝတ္ထု=မြင်လျှင်မြင်ခြင်း ချစ်ခြင်းပြင်းထန် အကြောင်းကံ သိရန်လိုအပ်သည်။

ဤသာကေတဇာတ်၌ အတိတ်ပစ္စုပ္ပန်ဖြစ်သော ဝတ္ထုကိုကား ဧကကနိပါတ် သာကေတဇာတ်(ဇာ၊ ဋ္ဌ၊ ၁၊ ၃၂၆ ၃၂၈)၌ ဆိုအပ်ခဲ့ပြီးသည်သာတည်း။

ရဟန်းတော်များက ဘုရားရှင်အား မေးလျှောက်ကြခြင်း....

ကော နု ခေါ ဘဂဝါ ဟေတု၊ ဧကစ္စေ ဣဓ ပုဂ္ဂလေ။

အတီဝ ဟဒယံ နိဗ္ဗာတိ၊ စိတ္တဉ္စာပိ ပသီဒတိ။

ဘဂဝါ ဘုန်းတော်ကြီးသော ရှင်တော်ဘုရား၊ ဣဓ(လောကေ) ဤလောက၌၊ ဧကစ္စေ အချို့သော၊ ပုဂ္ဂလေ ပုဂ္ဂိုလ်၌ (ပုဂ္ဂိုလ်ကို)၊ (ဒိဋ္ဌမတ္တေယေဝ မြင်အပ်ကာမျှသာလျှင်)၊ ဟဒယံ နှလုံးသည်၊ အတီဝ အလွန် လျှင်၊ နိဗ္ဗာတိ ငြိမ်းချမ်းပါ၏၊ စိတ္တဉ္စာပိ စိတ်သည်လည်း၊ ပသီဒတိ ကြည်ပါ၏(ကြည်ညို၏)၊ ဟေတု အကြောင်းကား၊ ကော နု ခေါ အသို့ပါနည်းဘုရား?

ကော နု ခေါ ဟေတု?၊ ယေန ဣဓေကစ္စေ ပုဂ္ဂလေ ဒိဋ္ဌမတ္တေယေဝ ဟဒယံ အတိဝိယ နိဗ္ဗာတိ၊ သုဝါသိတသ (ကောင်းစွာ အမွှေးအကြိုင်ဖြင့်ထုံအပ်သော) သီတဿ ဥဒကဿ ယဋ္ဌသဟဿေန ပရိသိတ္တံ ဝိယ သီတလံ ဟောတိ၊ ဧကစ္စေ န နိဗ္ဗာတိ။ ဧကစ္စေ ဒိဋ္ဌမတ္တေယေဝ စိတ္တံ ပသီဒတိ၊ မုဒု ဟောတိ၊ ပေမဝသေန အလ္လီယတိ၊ ဧကစ္စေ န အလ္လီယတိ။ (ဇာတက၊ ဋ္ဌ၊ ၂၊ ၂၁၅။)ဘုရားရှင်က ပြန်လည်ဖြေကြားတော်မူ၏....

ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။

ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။

(ဇာတက၊ ၁၊ ၆၆။ ဋ္ဌ၊ ၂၊ ၂၁၅)

(ဘိက္ခဝေ ရဟန်းတို့)၊ ဥပ္ပလံ ဝါ ကြာသည်လည်းကောင်း၊ (သေသံ ကြာမှကြွင်းသော၊ ဇလဇပုပ္ဖံ ဝါ ရေ၌ဖြစ်သော ပန်းသည်လည်းကောင်း၊) ဥဒကေ ရေ၌၊ (ဇာယမာနံ ဖြစ်လတ်သည်ရှိသော်၊ ဥဒကဉ္စ ရေကိုလည်း ကောင်း၊ ပလ္လလဉ္စ ညွန်ကိုလည်းကောင်း၊ ဣမာနိ ဒွေ ကာရဏာနိ ဤနှစ်ခုသော အကြောင်းတို့ကို၊ နိဿာယ မှီ၍၊) ဇာယတိ ယထာ ဖြစ်သကဲ့သို့၊ ဧဝံ တထာ ထို့အတူ၊ တံ ပေမံ ထိုချစ်ခြင်းသည်၊ (ဇာယမာနံ ဖြစ်လတ် သည်ရှိသော်၊) ပုဗ္ဗေ ရှေးဘဝ၌၊ သန္နိဝါသေန ဝါ အတူတကွ နေခဲ့ဖူးခြင်းကြောင့်လည်းကောင်း၊ ပစ္စုပ္ပန္နဟိတေန ဝါ ပစ္စုပ္ပန်ဘဝ၌ အစီးအပွားကို ဆောင်ရွက်ခြင်းကြောင့်လည်းကောင်း၊ (ဣမေဟိ ဒွီဟိ ကာရဏေဟိ ဤ နှစ်ပါးသော အကြောင်းတို့ကြောင့်၊)ဇာယတေ ဖြစ်၏။

ဘိက္ခဝေ ပေမံ နာမေတံ ဒွီဟိ ကာရဏေဟိ ဇာယတိ၊ ပုရိမဘဝေ မာတာ ဝါ ပိတာ ဝါ ပုတ္တော ဝါ ဓီတာ ဝါ ဘာတာ ဝါ ဘဂိနီ ဝါ ပတိ ဝါ ဘရိယာ ဝါ သဟာယော ဝါ မိတ္တော ဝါ ဟုတွာ ယော ယေန သဒ္ဓိံ

ဧကေဒွာနေ ဝုတ္တပုဗ္ဗော၊ တဿ ဣမိနာ ပုဗ္ဗေဝ သန္နိဝါသေန ဘဝန္တရေပိ အနုဗန္ဓန္တော သော သိနေဟော န ဝိဇဟတိ။ ဣမသ္မိံ အတ္တဘာဝေ ကတေန ပစ္စုပ္ပန္နဟိတေန ဝါ ဇဝံ တံ ဇာယတေ ပေမံ၊ ဣမေဟိ ဒွီဟိ ကာရဏေဟိ ပေမံ နာမ ဇာယတိ။ ယထာ ကိံ? ဥပ္ပလံဝ ယထောဒကေတိ။ ဝါ ကာရဏဿ ရဿတ္တံ ကတံ။ သမုစ္စယတ္ထော စေသ ဝုတ္တော၊ တသ္မာ ဥပ္ပလဉ္စ သေသံ ဇလဇပုပ္ဖဉ္စ ယထာ ဥဒကေ ဇာယမာနံ ဒွေ ကာရဏာနိ နိဿာယ ဇာယတိ ဥဒကဉ္စေဝ ကလလဉ္စ၊ တထာ ဧတေဟိ ဒွီဟိ ကာရဏေဟိ ပေမံ ဇာယတီတိ ဝေမေတ္တ အတ္ထော ဒဋ္ဌဗ္ဗော။ (ဇာတက၊ ၄၊ ၂၊ ၂၁၅-၂၁၆။)

ယခုအခါ ပုဏ္ဏားဇနီးမောင်နှံတို့သည် ထိုအခါ၌ ဇနီးမောင်နှံတို့ ဖြစ်ခဲ့ကုန်၏။

ဘုရားရှင်သည် သားဖြစ်ခဲ့လေ၏။

ခုဝတ္တမာန်၊ ပစ္စုပ္ပန်ဒိဋ္ဌ၊ ဟိတအထူး၊ ကျေးဇူးပြုတွေ၊ ပုဗ္ဗေဘဝ၊ သိနေဟဖြင့်၊ တကွမကင်း၊ ချစ်ခြင်းပါကြ၊ ကြောင်းနှစ်ဝကြောင့်၊ ပိယသဟာ၊ ရေနှင့်ကြာသို့၊ မေတ္တာနီးဆွတ်၊ ချစ်ကြ တတ်ဟု၊ မြတ်သမ္ဗုဒ္ဓ၊ ဟောဘော်ပြ၏။ (မဃဒေဝလင်္ကာသစ်)

ဆောင်ပုဒ်=အတူနေဖူး၊ ကျေးဇူးဆောင်လင့်၊ မေတ္တာသင့်၊ ရေနှင့်ကြာပမာ။

၁၅၃။ (၂၃၈) ကေပဒဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၆။ ၄၊ ၂၊ ၂၁၆ ၂၁၇။ ငါးရာငါးဆယ်၊ ၃၊ ၃၂၀ ၃၂၁။)

ပစ္စုပ္ပန်ဝတ္ထု=သားငယ်က ဖခင်ကို အကျိုးအကြောင်းပြဿနာမေးခြင်း၊ ဖခင်က မဖြေနိုင်၍ သားကို ဘုရားရှင်ထံသို့ ခေါ်သွားခြင်း။

အတိတ်ဝတ္ထု=ရှင်ခွင်မှ သားက စီးပွါးရေးပြဿနာကို မေးရာ ဘုရားအလောင်း ဖခင်ဗာရာဏသီသူဌေးဖြေခြင်း။ တရားအဆုံး၌ သားအဖ နှစ်ယောက်တို့ သောတာပတ္တိဖိုလ်၌ တည်ကြခြင်း။

ဆောင်ပုဒ်=ဝီရိယရည်၊ ဉာဏ်ကိုမှီ၊ ထိုဤချမ်းသာကြောင်း။

၁၅၄။ (၂၄၀) မဟာပိင်္ဂလဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၆-၆၇။ ၄၊ ၂၊ ၂၁၉ ၂၂၂။ ငါးရာငါးဆယ်၊ ၃၊ ၃၂၄ ၃၂၈။)

ပစ္စုပ္ပန်ဝတ္ထု=ဒေဝဒတ်ကို မြေမျို၍ ဘုရားရှင်၏ရန်ဆူးရန်ငြောင့်ရှင်းသွားပြီဖြစ်သောကြောင့် လူအများဝမ်းမြောက်ကြခြင်း။

အတိတ်ဝတ္ထု=တိုင်းသူပြည်သားများကို အမျိုးမျိုး နှိပ်စက်သော မဟာပိင်္ဂလမင်းသေသောအခါ လူအများ နှစ်သက်ကြကာ ရယ်ရွှင်ပျော်မြူးကြခြင်း။

မဟာပိင်္ဂလမင်းကား ဒေဝဒတ်အလောင်း, ထိုမင်း၏သားကား ဘုရားအလောင်း။

အက္ခိမှိ ပတိတရဇံ ဝိယ မျက်စိ၌ ကျသောအမှိုက်ကဲ့သို့ (မျက်စိထဲ အမှိုက်ဝင်သကဲ့သို့)

ဘတ္တပိဏ္ဍေ သက္ခရာ ဝိယ ထမင်းဆုပ်၌ ကျသော ကျောက်စရစ်ကဲ့သို့ (ထမင်းထဲပါသော ကျောက်ခဲကဲ့သို့)

ပဏှိံ ဝိဇ္ဈိတွာ ပဝိဋ္ဌကဏ္ဋကော ဝိယ ဖနောင့်၌ စူး၍ ဝင်နေသော စူးကဲ့သို့

ဆောင်ပုဒ်=နိုင်ထက်ကလူ၊ ပြုတတ်သူ၊ မိုလ်လူ မကြိုက်ပါ။

၁၅၅။ (၂၄၁) သဗ္ဗဒါဋ္ဌိဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၇။ ၄၊ ၂၊ ၂၂၂ ၂၂၅။ ငါးရာငါးဆယ်၊ ၃၊ ၃၂၉ ၃၃၃။)

ဇာတ်အဋ္ဌကထာနှင့် ငါးရာငါးဆယ်ဝတ္ထုတို့၌ကား "သဗ္ဗဒါဌဇာတ်"ဟု ရှိ၏။

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်ကို သတ်ရန် နာဠာဂိရိဆင်ကို လွှတ်သည်မှနောက်၌ လာဘသက္ကာရကွယ်ပျောက်သောဒေဝဒတ်။

အတိတ်ဝတ္ထု=ဘုရားအလောင်း ပုရောဟိတ်ပုဏ္ဏားသည် တစ်ခုသော ကျောက်ဖျာ၌ နေ၍ ပထဝီဇယမန္တန်ကို သရဇ္ဈာယ်၏၊ ကျောက်ဖျာ၏အောက် တစ်ခုသောတွင်း၌ နေသောမြေခွေးသည် ထိုမန္တန်ကို ကြား၍ လေ့ကျက်၏၊ ထိုမြေခွေးသည် လွန်လေပြီးသောဘဝ၌ ပထဝီဇယမန္တန်ကို လေ့လာသော ပုဏ္ဏားဖြစ်ဖူးသတတ်။...ထိုမြေခွေးသည် ပထဝီဇယ မန္တန်ကို မန်း၍ များစွာကုန်သော မြေခွေး, ဆင်, မြင်း, ခြင်္သေ့ စသော ခြေလေးချောင်းသတ္တဝါတို့ကို မိမိကို ခြံရံစေလျက်"သဗ္ဗဒါဌ"အမည်ရှိသောမင်းဖြစ်၍ မြေခွေးမတစ်ကောင်ကို မိဖုရားကြီးပြုကာ ဆင်နှစ်စီးတို့၏ကျောက် ကုန်း၌ ခြင်္သေ့စီး၍ ထိုခြင်္သေ့၏ကျောက်ကုန်း၌ ထိုမြေခွေးမင်း, မိဖုရားတို့စီး၍ ဗာရာဏသီမြို့ကို ဝန်းရံလျက် မင်း အား စစ်ကြေညာလိုက်၏။

ဘုရားအလောင်းသည် ပစ္စင်သို့တက်၍ "အဆွေ သဗ္ဗဒါဌ...ဤပြည်ကို အသို့ပြု၍ ယူမည်နည်း?"ဟု မေးလျှင် မြေခွေးက "ခြင်္သေ့ကို ဟောက်စေ၍ လူတို့ကို ပျက်စီးစေ, အသက်ကုန်ခြင်းသို့ ရောက်စေ၍ ယူမည်"ဟု ဆိုလေ၏။ ဘုရားအလောင်းသည် ပစ္စင်မှ ဆင်း၍ မြို့သူမြို့သားတို့အား နားပေါက်တို့ကို ပဲကြီး, မုံ့ညက်တို့ဖြင့် ပိတ်ဆို့စေပြီးလျှင် တဖန် ပစ္စင်သို့ တက်ကာ "အဆွေသဗ္ဗဒါဌ...အကယ်၍ စွမ်းနိုင်လျှင် ခြင်္သေ့ကို ဟောက်စေပေတော့" ဟု ဆိုသည်ရှိသော် မြေခွေးသည် "ခြင်္သေ့အား ဟောက်လော့"ဟု ခြေဖြင့် အမှတ်ပေး၏၊ ခြင်္သေ့သည် ဟောက်လေ၏၊ ဆင်တို့သည် ထိတ်လန့်ခြင်းသို့ ရောက်ကုန်သည်ဖြစ်၍ မြေခွေးကို ခြေရင်း၌ ကျစေကုန်၍ ထိုမြေခွေး၏ဦးခေါင်းကို နင်းကုန်၍ မှုန့်မှုန့်ညက်ညက်ကြေသည်ကို ပြုကုန်၏။ ခြင်္သေ့မှတစ်ပါး တိရစ္ဆာန်အားလုံးတို့ သေကုန်၍ ခြင်္သေ့ကား တောသို့ ပြေးဝင်လေ၏။

မြို့သူမြို့သားတို့ကား ဘေးရန်ကင်းကြသည်ပြင် အသားတို့ကို အလိုရှိသရွေ့ စားသုံးကြရကုန်၏။ သဗ္ဗဒါဌမြေခွေးသည် ဒေဝဒတ်အလောင်း, မင်းသည် အရှင်သာရိပုတ္တအလောင်း, ပုရောဟိတ်ပုဏ္ဏားသည် ဘုရားအလောင်းဖြစ်၏။

မြေအပြင်၌ ရန်ကိုလည်စေတတ်သော မန္တန် (မန္တရား)ကို "ပထဝီဇယမန္တန်"ဟု ဆိုအပ်၏။

ပထဝီဇယမန္တောတိ အာဝဋ္ဋနမန္တော ဝုစ္စတိ။ (ဇာတက၊ ၄၊ ၂၊ ၂၂၃။)

ဆောင်ပုဒ်=ပထဝီဇယ်၊ မြတ်မန္တန်၊ ရွတ်အံ ပုရောဟိတ်။

တွင်း၌နေငြား၊ မြေခွေးကား၊ ရထား နှုတ်မဆိတ်။

ဗာရာဏသီ၊ မင်းနေပြည်၊ လိုပြီ ခွေးအဟိတ်။

မန္တန်စုပ်လျှင်း၊ သားတို့မင်း၊ ပုံခင်းသူ့အရိပ်။

ခြင်္သေ့ဟောက်ခါ၊ သတ္တဝါ၊ များစွာ ပျက်စီးပိမ့်။

မန္တန်ကိုတတ်၊ မသုံးတတ်၊ ပြန်းလတ် သားတိရိစ်။

၁၅၆။ (၂၄၂) သုနခဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၇ ၆၈။ ၄၊ ၂၊ ၂၂၅ ၂၂၇။ ငါးရာငါးဆယ်၊ ၃၊ ၃၃၃ ၃၃၅။)

ပစ္စုပ္ပန်ဝတ္ထု=ခွေးလိမ္မာကလေး ပြန်ကာပြေး။

အတိတ်ဝတ္ထု=ဘုရားအလောင်းပညာရှိ၏စကားကြောင့် အိမ်ပြန်ပြေးသော ခွေး။

ဆောင်ပုဒ်=ကိုယ်ရေးကိုယ်တာ၊ လွတ်ကြောင်းရှာ၊ မျက်နှာရွှင်၍သုံး။

အကြောင်းတိုက်ခါ၊ ဖြစ်ပေါ်လာ၊ မြန်စွာ လွတ်အောင်ရုန်း။

၁၅၇။ (၂၄၃) ဂုတ္တိလဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၈။ ၄၊ ၂၊ ၂၂၇ ၂၃၄။ ငါးရာငါးဆယ်၊ ၃၊ ၃၃၆ ၃၄၈။)

ပစ္စုပ္ပန်ဝတ္ထု=ဆရာဖြစ်သော ဘုရားရှင်ကို ရန်သူလုပ်သော ဒေဝဒတ်သည် ကြီးစွာသောပျက်စီးခြင်းသို့ ရောက်ရခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်း ဆရာဖြစ်သူ ဂုတ္တိလစောင်းဝိဇ္ဇာကို အန်တုသော ဒေဝဒတ်အလောင်းမူသိလ...

မူသိလကို လူအများက ပစ်ခတ်ရိုက်ပုတ်၍ မူသိလသေရခြင်း။

အနုရုဒ္ဓါအလောင်း သိကြားမင်း, အာနန္ဒာအလောင်း ဗြဟ္မဒတ်မင်း။

ဣတ္ထီနံ ဒါရကေ တောသာပနသဒ္ဒေါ ဝိယ အမျိုးသမီးတို့၏ကလေးချော့သောအသံကဲ့သို့

ဆောင်ပုဒ်=အတတ်ပညာ၊ သင်ဆရာအား၊ ပညာအန်တု၊ ဖက်ပြိုင်ပြု၊ လူထုရှုံ့မုန်းသည်။

၁၅၈။ (၂၄၄) ဝီဂတိစ္ဆဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၈။ ၄၊ ၂၊ ၂၃၅ ၂၃၆။ ငါးရာငါးဆယ်၊ ၃၊ ၃၄၈ ၃၅၀။)

ပစ္စုပ္ပန်ဝတ္ထု="တစ်ခုမည်သည်ကား အဘယ်နည်း?"ဟူသော ဘုရားရှင်အမေးကြောင့် ပြေးသောပရိဗိုဇ်။

အတိတ်ဝတ္ထု=ဘုရားအလောင်းရသေ့၏ပြန်လည်အမေးကြောင့် ပြေးသောပရိဗိုဇ်။

ဆောင်ပုဒ်=မတူတဲ့သူ၊ တုခဲ့မူ၊ တုသူ အရှက်ကွဲ။

၁၅၉။ (၂၄၅) မူလပရိယာယဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၈။ ၄၊ ၂၊ ၂၃၆ ၂၃၉။ ငါးရာငါးဆယ်၊ ၃၊ ၃၅၁ ၃၅၄။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်သည် ဥက္ကဋ္ဌမြို့အနီး သုဘဂတော၌ သီတင်းသုံးနေတော်မူစဉ် ဝေဒပါရဂူ ပုဏ္ဏားငါးရာတို့ကား ရဟန်းပြုကြ၍ ပိဋကသုံးပုံကို သင်ယူကြပြီးလျှင် "ဘုရားရှင်သည်လည်း ပိဋကသုံးပုံကို တတ်၏၊ ငါတို့သည်လည်း

ပိဋကသုံးပုံကို တတ်ကုန်၏၊ ထိုဘုရားရှင်သည် ငါတို့နှင့် အဘယ်မှာ ထူးခြားခြင်း ရှိအံ့နည်း?"ဟု မာန်မာနဖြင့် ယစ်ကုန်လျက် ဘုရားရှင်အား ဆည်းကပ်ခြင်းကို မပြုကုန်ပဲ ဆန့်ကျင်ဖြစ်၍ သွားကုန်၏။

တနေ့သ၌ ဘုရားရှင်သည် ထိုရဟန်းတို့အား မူလပရိယာယသုတ္တန်ကို ဟောတော်မူလေသော် ထိုရဟန်းတို့သည် အစွယ်နှုတ်အပ်သော မြွေတို့ကဲ့သို့ မာန်ထောင်လွှားခြင်း ကင်းကုန်သည်ဖြစ်ကုန်၏။

ဘုရားရှင်သည် ဝေသာလီပြည်သို့ ရောက်သောအခါ ဂေါတမကစေတီ(ဂေါတမနတ်၏နေရာ)၌ ဂေါတမကသုတ္တန်နှင့် မူလပရိယာယသုတ္တန်တို့ကို ဟောတော်မူလေသော် ထိုရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကုန်၏။

အဘိတ်ဝတ္ထု=ဗေဒင်သုံးပုံတတ်ရှုံနှင့် ဘုရားအလောင်းဒိသာပါမောက္ခဆရာကို မာန်ဝင့်ကြသောတပည့်ပုဏ္ဏားများအား ပုစ္ဆာမေး၍ မာန်နှိမ်ခြင်း။

ဘုရားအလောင်းမေးသောပုစ္ဆာ....

ကာလော ဃသတိ ဘူတာနိ၊ သဗ္ဗာနေဝ သဟ'တ္တနာ။
ယော စ ကာလဃသော ဘူတော၊ သ ဘူတပစနိံ ပစိ။
(ဇာတက၊ ၁၊ ၆၈။ ဋ္ဌ၊ ၂၊ ၂၃၇။)

(အန္တေဝါသိကာ တပည့်တို့။) ကာလော ကာလသည်၊ အတ္တနာ မိမိနှင့်၊ သဟ တကွ၊ သဗ္ဗာနေဝ အလုံးစုံသာလျှင် ဖြစ်ကုန်သော၊ ဘူတာနိ သတ္တဝါတို့ကို၊ ဃသတိ စား၏၊ ယော စ ဘူတော အကြင်သတ္တဝါသည်ကား၊ ကာလဃသော ကာလကို စား၏၊ သ သော ဘူတော ထိုသတ္တဝါသည်၊ ဘူတပစနိံ သတ္တဝါတို့ကို ကျက်စေတတ်သော တဏှာတည်းဟူသော မီးကို၊ ပစိ ဉာဏ်တည်းဟူသော မီးဖြင့် လောင်မြိုက်စေ၏၊ ကော အဘယ်သတ္တဝါနည်း?

တပည့်များ မဖြေနိုင်ကြ။

ကာလ ဟူသည် နံနက်, ည စသောအခါတည်း။ ကာလသည် သတ္တဝါတို့ကို စား၏ ဟူသည် ကာလသည် သတ္တဝါတို့၏အရေ, အသားစသည်တို့ကို နုတ်၍ စားသည်မဟုတ်၊ စင်စစ်သော်ကား ထို သတ္တဝါတို့၏အသက်,အဆင်း, အားခွန်ဗလတို့ကို ကုန်စေလျက် ပျိုရွယ်ခြင်းကို ဖျက်ဆီး၍ အနာရောဂါ ကင်းရှင်း ကျန်းမာခြင်းကိုပျက်စီးစေခြင်း တို့ကို စား၏ ဟု ဆိုလိုသည်။ ဤသို့ စားသည်ရှိသော် တစ်စုံတစ်ခုကိုမျှ ချန်မထားပဲ အားလုံးကို စား၏၊ ကာလသည် သတ္တဝါတို့ကိုသာလျှင် စားသည်မဟုတ်ပဲ ကာလ-ဟူသော မိမိကိုယ်ပင် ပြန်၍ စား၏၊ ဆိုလိုသည်မှာ "နံနက်ကာလသည် (နံနက်မှာပင် ကုန်လွန်၍) မွန်းလွဲကာလသို့ မရောက်"ဟု ဆိုလို၏။ အလားတူပင် မွန်းလွဲကာလသည်လည်း ညနေကာလသို့ ရောက်မသွားပေ။ ကာလကိုစားသော သတ္တဝါ ဟူသည် "ရဟန္တာ"ပုဂ္ဂိုလ်ပင်တည်း။ အရဟတ္တမဂ်ဖြင့် အနာဂတ်၌ ပဋိသန္ဓေကာလကို ကုန်စေ၍ ထိုကာလကို စားသကဲ့သို့ဖြစ်၍ တည်သောကြောင့် "ရဟန္တာ ပုဂ္ဂိုလ်"ကို "ကာလကိုစားသော သတ္တဝါ"ဟူ၍ ဆိုအပ်၏။ ရဟန္တာပုဂ္ဂိုလ်ကား အပါယ်ဘုံတို့၌ သတ္တဝါတို့ကို ကျက်စေတတ်သော တဏှာမီးကိုလည်း အရဟတ္တမဂ်ဉာဏ်တည်းဟူသော မီးဖြင့် ပြာဖြစ်အောင် ပြုလေ၏။

န ကာလော ဘူတာနံ စမ္မမံသာဒီနိ လုဉ္စိတွာ ခါဒတိ၊ အပိစ ခေါ နေသံ အာယုဝဏ္ဏဗလာနိ ခေပေန္တော ယောဗ္ဗည် မဒ္ဒန္တော အာရောဂျံ ဝိနာသေန္တော ဃာသတိ ခါဒတီတိ ဝုစ္စတိ။ ဧဝံ ဃသန္တော စ န ကိဉ္စိ ဝဇ္ဇေတိ၊ သဗ္ဗာနေဝ ဃသတိ။ န ကေဝလဉ္စ ဘူတာနေဝ၊ အပိစ ခေါ သဟ'တ္တနာ အတ္တာနမ္ပိ ဃသတိ၊ ပုရေဘတ္တကာလော ပစ္ဆာဘတ္တကာလံ န ပါပုဏာတိ။ သေနယော ပစ္ဆာဘတ္တကာလဒီသု။ ယော စ ကာလဃသော ဘူတောတိ ခီဏာသဝဿေတံ အဓိဝစနံ။ သော ဟိ အရိယမဂ္ဂေန အာယတိံ ပဋိသန္ဓိကာလံ ခေပေတွာ ခါဒိတွာ ဋ္ဌိတတ္တာ "ကာလဃသော ဘူတော"ဝုစ္စတိ။ သ ဘူတပစနိံ ပစီတိ သော ယာယံ တဏှာ အပါယေသု ဘူတေ ပစတိ၊ တံ ဉာဏဂ္ဂိနာ ပစိ ဒဟိ ဘသ္မမကာသိ၊ တေန "ဘူတပစနိံ ပစီ"တိ ဝုစ္စတိ။ "ပဇနိ"န္တိပိ ပါဠော၊ ဇနိကံ နိဗ္ဗတ္တကန္တိ (ဇနိတံ နိဗ္ဗတ္တိတန္တိ က) အတ္ထော။ (ဇာတက၊ ဋ္ဌ၊ ၂၊ ၂၃၇ ၂၃၈။)

ဆောင်ပုဒ်=ဆရာနှင့်ပ၊ ဘယ်တော့မှ၊ နှိုင်းဆ မပြုရာ။

၁၆၀။ (၂၄၆) ဗာလောဝါဒဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၈ ၆၉။ ဋ၊ ၂၊ ၂၃၉ ၂၄၀။ ငါးရာငါးဆယ်၊ ဒု၊ ၃၅၄ ၃၅၆။)

ပစ္စုပ္ပန်ဝတ္ထု=သီဟစစ်သူကြီး၏သားပြွမ်းဆွမ်းအလှူခံ၍ ဘုရားရှင် (နိဂဏ္ဌ နာဋပုတ္တ၏)အဆဲခံရခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းရသေ့အား ဆွမ်းကျွေးပြီးလျှင် အပြစ်ဝေပေးသော နိဂဏ္ဌနာဋပုတ္တအလောင်းသူကြွယ်။

နိဂဏ္ဌနာဋပုတ္တအလောင်းသူကြွယ်၏ပြောစကား...''ဤအသားကို သင်တို့ကိုသာလျှင် ရည်၍ သတ္တဝါတို့ကို သတ်၍ ပြုအပ်၏၊ ဤအကုသိုလ်သည် ငါတို့အားသာလျှင် မဖြစ်စေလင့်၊ သင်တို့အားလည်း ဖြစ်စေသတည်း။

**ဟန္တွာ** ဆေတွာ ဝဓိတွာ စ၊ ဒေတိ ဒါနံ အသညတော။

ဧဒိသံ ဘတ္တံ ဘုဉ္ဇာနော၊ သ ပါပေန ဥပလိပ္ပတိ။

(တာပသ ရသေ့၊) အသညတော သီလမရှိသောသူသည်၊ **ဟန္တွာ** စ ပုတ်ခတ်၍လည်းကောင်း၊ ဆေတွာ စ ဖြတ်၍လည်းကောင်း၊ ဝဓိတွာ စ သတ်၍လည်းကောင်း၊ ဒါနံ အလှူကို၊ ဒေတိ ပေးလှူ၏၊ ဧဒိသံ ဤသို့ သဘောရှိသော၊ ဘတ္တံ ဆွမ်းကို၊ ဘုဉ္ဇာနော စားသော၊ သ သော (သမဏော) ထိုရဟန်းသည်၊ ပါပေန မကောင်းမှုဖြင့်၊ ဥပလိပ္ပတိ လိမ်းကျံ၏။''

...ဟု ဆို၏။

ဘုရားအလောင်းရသေ့၏စကားတော်ကား...''ဒါယကာ...အခြားသောအသားကို ထားဘိဦး၊ မိမိ၏သား, မယားကို သတ်၍ပင် သီလမရှိသောသူသည် ပေးလှူစေကာမူ ပညာရှိ၍ ခန္တီမေတ္တာအစရှိသောဂုဏ်တို့နှင့်ပြည့်စုံသော သူသည် ထိုအသားကို စားသော်လည်း မကောင်းမှုဖြင့် မလိမ်းကျံ။...

ပုတ္တဒါရမ္ပိ စေ **ဟန္တွာ** ၊ ဒေတိ ဒါနံ အသညတော။

ဘုဉ္ဇမာနောပိ သပ္ပညော၊ န ပါပေန ဥပလိပ္ပတိ။

(ဇာတက၊ ၁၊ ၆၈ ၆၉။ ဋ၊ ၂၊ ၂၄၀။)

(ဥပါသက ဒါယကာ၊) အသညတော သီလမရှိသောသူသည်၊ ပုတ္တဒါရမ္ပိ သားမယားကိုသော်လည်း၊ **ဟန္တွာ** သတ်၍၊ ဒါနံ အလှူကို၊ စေ ဒေတိ အကယ်၍ ပေးလှူစေကာမူ၊ သပ္ပညော ပညာရှိသော ပုဂ္ဂိုလ်သည်၊ တံ ထိုဆွမ်းကို၊ ဘုဉ္ဇမာနောပိ စားသော်လည်း၊ ပါပေန မကောင်းမှုဖြင့်၊ န ဥပလိပ္ပတိ မလိမ်းကျံ။''

...ဟု ပြန်လည် ပြောဆို၏။

ဆောင်ပုဒ်=သူများသက်သတ်၊ ပေးလှူအပ်လည်း၊ ဉာဏ်တတ်သူကား၊ ခံယူငြားက၊ ပြစ်များမရှိ၊ မကပ်ငြိတည်း။

၁၆၁။ (၂၄၇) ပါဒဉ္စလိဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၉။ ဋ၊ ၂၊ ၂၄၀ ၂၄၁။ ငါးရာငါးဆယ်၊ ဒု၊ ၃၅၆ ၃၅၈။)

ပစ္စုပ္ပန်ဝတ္ထု=အဂ္ဂသာဝကနှစ်ပါးတို့ ပြဿနာကို ဆုံးဖြတ်သောအခါ ရဟန်းများက ချီးကျူးကြရာ အရှင်မြတ်နှစ်ပါးကို ဂုဏ်ပြိုင်ပြု၍ နှုတ်ခမ်းကိုက်သော လာဠုဒါယီမထေရ်။

အတိတ်ဝတ္ထု=သင့်သောအကြောင်း+မသင့်သောအကြောင်း, အကျိုးရှိသည်+မရှိသည်ကို မသိပဲ နှုတ်ခမ်းကို ကိုက်လေ့ရှိသော ပါဒဉ္စလိမင်းသားကို မင်းအဖြစ်မှ ဖယ်ရှား၍ ဘုရားအလောင်းအမတ်ပညာရှိကို မင်းအဖြစ်တင်မြှောက်ခြင်း။

ဆောင်ပုဒ်=နှုတ်ခမ်းကိုက်ထာ၊ လွဲ၍သာ၊ ဘယ်ဟာမသိ ပါဒဉ္စလိ။

၁၆၂။ (၂၄၈) ကိံသုကောပမဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၆၉။ ဋ၊ ၂၊ ၂၄၂ ၂၄၃။ ငါးရာငါးဆယ်၊ ဒု၊ ၃၅၈ ၃၆၁။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင် ကိံသုကောပမသုတ္တန်ကို ဟောခြင်း။ ဘုရားရှင်သည် ကမ္မဋ္ဌာန်းတောင်းသော ရဟန်းလေးပါးတို့အား ကမ္မဋ္ဌာန်းကို ဟောကြားပေးတော်မူ၏၊ ထိုလေးပါးတို့တွင် ရဟန်းတစ်ပါးသည် ဖဿာယတန ၆ ပါးကို သိမ်းဆည်း၍ ရဟန္တာဖြစ်၏၊ ဒုတိယတစ်ပါးသည် ခန္ဓာငါးပါး, တတိယတစ်ပါးသည် မဟာဘုတ်လေးပါး, စတုတ္ထတစ်ပါးသည် ဓာတ် ၁၈ ပါးတို့ကို သိမ်းဆည်း၍ ရဟန္တာ ဖြစ်ကြလေ၏။ ထိုအခါ အခြားရဟန်းတစ်ပါးသည်''ဤရဟန်းတို့၏ကမ္မဋ္ဌာန်းတို့ကား မတူကြကုန်၊ နိဗ္ဗာန်ကား တစ်ပါးသာတည်း၊ အဘယ်သို့လျှင် ဤရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သနည်း?''ဟု ကြံစည်ကာ ဘုရားရှင်အား လျှောက်ထား၏၊

ဘုရားရှင်က မင်းသားလေးယောက်တို့ ပေါက်ပင်ရှာပုံတော်ဖွင့်ရာ ''ကိံသုကောပမ ပေါက်ပင်ဥပမာ''ဖြင့် ဖြေကြားတော်မူလေ၏။

အတိတ်ဝတ္ထု=မင်းသားလေးယောက် ပေါက်ပင်လေးမျိုး။

ရထားထိန်းသည် ပဌမအကြိမ် မင်းသားကြီးအား "ဤကား ပေါက်ပင်တည်း"ဟု အရွက်မထွက်မီ အငုတ်သာရှိသောကာလ၌ ပေါက်ပင်ကို ပြ၏၊ ထို့ကြောင့် မင်းသားကြီးက "ပေါက်ပင်"ဟူသည် မီးလောင်ငုတ်နှင့် တူ၏ဟု မှတ်၏၊ ဒုတိယမင်းသားအား ထူသောအရွက်ရှိသောကာလ၌ ပြ၏၊ ထို့ကြောင့် ထိုမင်းသားက ပဉောင်ပင်ပဉောင်ပင်နှင့်တူ၏ ဟု မှတ်၏၊ တတိယမင်းသားအား ပွင့်သောကာလ၌ ပြ၏၊ ထို့ကြောင့် ထိုမင်းသားက သားတစ်နှင့်တူ၏ ဟု မှတ်၏၊ စတုတ္ထအား သီးသောကာလ၌ ပြ၏၊ ထို့ကြောင့် ထိုမင်းသားက ပေါက်ပင်သည် ကုက္ကိုပင်နှင့်တူ၏ ဟု မှတ်၏။

ထိုမင်းသားလေးယောက်တို့သည် အချင်းချင်း ပေါက်ပင်နှင့်ပတ်သက်၍ အမြင်မတူကြ၍ ယုံမှားရှိကြသောကြောင့် ခမည်းတော်အား လျှောက်ထားရာ ခမည်းတော်မင်းကြီးက "သင်တို့သည် ရထားထိန်းအား ကာလကို ခွဲခြမ်းဝေဖန်၍ မမေးသောကြောင့် ယုံမှားကြကုန်၏"ဟု မိန့်ဆို၏။

ဘုရားရှင်သည် "ထိုမင်းသားညီနောင်လေးယောက်တို့သည် အချိန်ကာလအားလျော်စွာ ခွဲခြမ်းဝေဖန်ခြင်းကိုပြု၍ မမေးအပ်သည်၏အဖြစ်ကြောင့် ပေါက်ပင်၌ ယုံမှားခြင်းကို ဖြစ်စေကုန်သကဲ့သို့ သင်သည်လည်း ဝိပဿနာဉာဏ်တို့ဖြင့် ဖဿ အာယတန အစရှိသောတရားတို့ကို မသိအပ်သောကြောင့် ထိုတရားတို့၌ ယုံမှားခြင်းကို ဖြစ်စေ၏"ဟု မိန့်တော်မူလေ၏။

ဘုရားအလောင်းကား ဗာရာဏသီမင်းတည်း။

ဆောင်ပုဒ်=ရည်မှန်းချက်မှာ၊ တူတုံပါလည်း၊ လုပ်ရာအမှု၊ ကွဲပြားပြု၍၊ ဘယ်ဟုဘယ်ပင်၊ ပြစ်မတင်သင့်။

၁၆၃။ (၂၄၉) သာလကဇာတ်၊ ဒုကနိပါတ် (ဇာကက၊ ၁၊ ၆၉။ ဋ၊ ၂၊ ၂၄၃ ၂၄၅။ ငါးရာငါးဆယ်၊ ၃၊ ၃၆၁ ၃၆၄။)

ပစ္စုပ္ပန်ဝတ္ထု=ရှင်ကြီးနိုပ်စက်၊ ရှင်ငယ်ထွက်၊ ပြန်လျက် မလာပြီ

မထေရ်ကြီးတစ်ပါးသည် သူငယ်တစ်ယောက်ကို ရှင်ပြုပေးသော်လည်း နိုပ်စက်ဒဏ်မခံနိုင်၍ သာမဏေသည် လူထွက်၏၊ ထိုမထေရ်ကြီးသည် သက်န်းပရိက္ခရာတို့ဖြင့် ဖြားယောင်း၍ အကြိမ်ကြိမ်ခေါ်သောကြောင့် ထိုသူငယ်သည် ရှင်ပြုပြန်၏၊ သို့သော် ထိုသူငယ်ကို ရှင်ပြုသောနေ့မှစ၍ နိုပ်စက်ပြန်၏၊ ထိုသာမဏေသည် သည်းမခံနိုင်သည်ဖြစ်၍ တစ်ဖန် လူထွက်၏၊ ထို့နောက် မထေရ်ကြီးသည် အကြိမ်များစွာ တောင်းပန်သော်လည်း ထိုသူငယ်သည် ရှင်မပြုတော့ပြီ။

အတိတ်ဝတ္ထု=အလမ္ပာယ်ပျက်၊ လွန်နှိပ်စက်၊ ပြေးထွက်မျောက်ငယ်သည်။

ယခုအခါ သာမဏေသည် ထိုအခါ မျောက်, မထေရ်ကြီးသည် အလမ္ပာယ်သမား,
ဘုရားရှင်သည် စပါးကုန်သည် ဖြစ်ခဲ့လေ၏။

အဟိတုဏ္ဍိက (အဟိဂုဏ္ဍိက သီ၊သျှာ၊ဏ္ဍ) အလမ္ပာယ်သမား

ဆောင်ပုဒ်=တစ်ကြိမ်ပြစ်မြင်၊ သူမခင်သော်၊ ခုတွင်မကာ၊ ရှေးဘဝလည်း၊ ကြုံရပြီးခဲ့။

၁၆၄။ (၂၅၀) ကပိဇာတ်၊ ဒုကနိပါတ် (ဇာတက၊ ၁၊ ၇၀။ ဋ၊ ၂၊ ၂၄၅ ၂၄၇။ ငါးရာငါးဆယ်၊ ၃၊ ၃၆၄ ၃၆၇။)

ပစ္စုပ္ပန်ဝတ္ထု=အံ့ဖွယ်သရဲဖြစ်စေတတ်သော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=ရသေ့ပုံသွင် မျောက်ဝတ်ဆင်

မိုးလအခါ မိုးစွေလတ်သော် မျောက်တစ်ကောင်သည် အချမ်းနိုပ်စက်သည်ဖြစ်၍ သေလေပြီးသောရသေ့၏ လျှော်တေသက်န်းတို့ကို ဝတ်ရုံ၍ သစ်နက်ရေကို ပခုံး၌တင်လျက် ရသေ့အသွင်ဖြင့် လာလတ်၍ သစ်ရွက်မိုးကျောင်းတံခါး၌ မီးလှုံလိုသောကြောင့် အံ့ဖွယ်ကို ပြုကာ ရပ်နေ၏၊ သားရသေ့ငယ်သည် အချမ်းနိုပ်စက်အပ်သော ရသေ့တစ်ပါးထင်၍ ဖခင်ရသေ့အား ထိုရသေ့ကို မီးဖိုသို့ ခေါ်ရန်ပြောသောအခါ ဖခင်က "ချစ်သား... ဤသတ္တဝါသည် ရသေ့မဟုတ်, မျောက်ဖြစ်၏၊ ထိုမျောက်သည် ဖျက်လည်း ဖျက်ဆီးတတ်၏, ယုတ်လည်း ယုတ်မာ၏,ကျောင်းကိုမူလည်း ဖျက်ဆီးရာ၏"ဟု ပြောဆိုကာ ထိုမျောက်ကို မီးစကိုကိုင်၍ မောင်းနှင်ပစ်ရလေ၏။ ယခုအခါ အံ့ဖွယ်သရဲကို ပြုတတ်သော ရဟန်းသည် ထိုအခါ မျောက်, ရှင်ရဟုလာသည် သားရသေ့, ဘုရားရှင်သည် ဖခင်ရသေ့ဖြစ်ခဲ့လေ၏။ ရသေ့သားအဖ နှစ်ပါးလုံးတို့သည် ဈာန်ရရှိကုန်သည်ဖြစ်၍ ဗြဟ္မာပြည်သို့ လားကြကုန်၏။

ဆောင်ပုဒ်=ဝါသနာဘာဂီ၊ ထုံဝသီ၊ ပုံညီ အံ့ဖွယ်ပြ။

၁၆၅။ (၂၅၁) သင်္ကပ္ပရာဂဇာတ်၊ တီကနိပါတ် ဇာတက၊ ၁၊ ၇၁။ ဋ၊ ၂၊ ၂၄၈ ၂၅၂။ ငါးရာငါးဆယ်၊ ၃၊ ၃၆၉ ၃၇၅။)
ငါးရာငါးဆယ်ဇာတ်ဝတ္ထု၌ကား "သင်္ကပ္ပဇာတ်"ဟု ရှိ၏။
ပစ္စုပ္ပန်ဝတ္ထု=အဆင်တန်ဆာဝတ်ဆင်ထားသော မာတုဂါမကိုမြင်၍ ရဟန်းအဖြစ်၌ ငြီးငွေ့သောရဟန်း။
အတိတ်ဝတ္ထု=မိဖုရား၏ကိုယ်မှ ရုတ်တရက် အဝတ်လျှောကျ၍ ဝိသဘာဂအာရုံကို မြင်ရသောကြောင့် ဈာန်လျှောရသော ဘုရားအလောင်းရသေ့။
ဘုရားအလောင်းရသေ့သည် အရှင်အာနန္ဒာအလောင်းမင်းအား မိမိ၏နှလုံး၌ ကိလေသာမြားစူးဝင်ပုံကို ပြောကြားပြီးလျှင် ကသိုဏ်းပရိကံကိုပြု၍ ပျောက်ပြီးသောဈာန်ကို ဖြစ်စေ၍ ဟိမဝန္တာသို့ ပြန်ကြွတော်မူ၍ အသက်ထက်ဆုံးတည်၍ ဗြဟ္မာ့ပြည်သို့ လားလေ၏။
ဆောင်ပုဒ်=သူတော်သူမြတ်၊ မြစ်တုံလတ်လည်း၊ မ ဓာတ်စိတ်ဖက်၊ အကျိုးပျက်၍၊ လျှောသက် ဈာန်ယာဉ် ကြွေသတည်း။

၁၆၆။ (၂၅၂) တိလမုဋ္ဌိဇာတ်၊ တီကနိပါတ် (ဇာတက၊ ၁၊ ၇၁။ ဋ၊ ၂၊ ၂၅၃ ၂၅၇။ ငါးရာငါးဆယ်၊ ၃၊ ၃၇၆ ၃၈၀။)
ပစ္စုပ္ပန်ဝတ္ထု=အမျက်ဒေါသကြီးသော ရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=နှမ်းသုံးဆုပ် တုတ်သုံးချက်ကြောင့် ဘုရားအလောင်းဒိသာပါမောက္ခဆရာအပေါ်၌ ဒေါသအာဃာတထားသော တပည့်မင်းသား။

ရှေးလူတို့ မိမိတို့၏သားကို တစ်နယ်တစ်ကျေး၌ ပညာသင်စေရာ၌ ခံယူချက် ၃ ပါး
(၁) နိဟတမာနဒပ္ပ မာန်မာနကင်းစေလိုခြင်း၊
(၂) သီတုဏှက္ခမ အချမ်းအပူကို သည်းခံနိုင်စေလိုခြင်း၊
(၃) လောကစာရိတ္တညူ လောကစရိုက်ကို သိစေလိုခြင်း။
ပေါရာဏကရာဇာနော စ အတ္တနော ပုတ္တေ "ဧဝံ ဧတေ နိဟတမာနဒပ္ပါ သီတုဏှက္ခမာ လောကစာရိတ္တညူ စ ဘဝိဿန္တီ"တိ အတ္တနော နဂရေ ဒိသာပါမောက္ခအာစရိယေ ဝိဇ္ဇမာနေပိ သိပ္ပုဂ္ဂဟဏတ္ထာယ ဒူရေ တိရောရဋ္ဌံ ပေသေန္တိ။ (ဇာတက၊ ဋ၊ ၂၊ ၂၃၅။)

တပည့် ၂ မျိုး
၁။ အာစရိယဘာဂ ဆရာ့အဖိုးကို ပေး၍ ပညာသင်ရသောတပည့်၊
ထိုတပည့်သည် ဆရာ၏အိမ်၌ သားကြီးကဲ့သို့ ဖြစ်၍ အတတ်ကိုသာလျှင် သင်ယူရခြင်း။
၂။ ဓမ္မန္တေဝါသိက ပညာသင်တပည့်၊
ဤတပည့်ကား နေ့အခါ ဆရာ၏အမှုကို ပြုလုပ်၍ ညဉ့်အခါ အတတ်ကို သင်ယူရခြင်း။
ဓမ္မန္တေဝါသိကာ ဒိဝါ အာစရိယဿ ကမ္မံ ကတွာ ရတ္တိံ သိပ္ပံ ဥဂ္ဂဏှန္တိ၊ အာစရိယဘာဂ ဒါယကာ ဂေဟေ ဇေဋ္ဌပုတ္တာ ဝိယ ဟုတွာ သိပ္ပမေဝ ဥဂ္ဂဏှန္တိ။ (ဇာတက၊ ဋ၊၂၊၂၅၄။)

အရိယာ ၄ မျိုး
၁။ အာစာရအရိယာ လူဖြစ်စေ, တိရစ္ဆာန်ဖြစ်စေ သူတော်ကောင်းတို့၏အကျင့်၌တည်သောသူ၊
၂။ ဒဿနအရိယာ အသွင်အားဖြင့်ဖြစ်စေ, ဣရိယာပုထ်အားဖြင့်ဖြစ်စေ ကြည်ညိုဖွယ်ရှုချင်ဖွယ် နှင့် ပြည့်စုံသောသူ၊
၃။ လိင်္ဂအရိယာ သီလမရှိသော်လည်း အဝတ်အရုံအသွင်ကို ယူသဖြင့် ရဟန်းနှင့်တူသည်ဖြစ်၍ လှည့်လည်သွားလာသောသူ၊

၄။ ပဋိဝေဓအရိယာ သစ္စာတရားတို့ကို ထိုးထွင်း၍သိသော ဘုရားအစရှိသော အရိယာ ပုဂ္ဂိုလ်များ။

သော ပန အရိယော စတုဗ္ဗိဓော ဟောတိ အာစာရအရိယော ဒဿနအရိယော လိင်္ဂအရိယော ပဋိဝေဓအရိယောတိ၊ တတ္ထ မနုဿော ဝါ ဟောတု တိရစ္ဆာနော ဝါ ၊ အရိယာစာရေ ဌိတော အာစာရအရိယော နာမ။ ဝုတ္တမ္ပိ စေတံ "အရိယဝတ္တ'သိ…ယထာသုခ"န္တိ (ဇာ၊ ၂၊ မဟာ ဟံသ၊ ၉၂။ ငါးရာငါးဆယ်၊ မ၊ မဟာဟံသ၊ ၅၀၄ ၅၀၅)။

ရူပေန ပန ဣရိယာပထေန စ ပါသာဒိကေန ဒဿနီယေန သမန္နာဂတော ဒဿနအရိယော နာမ။ ဝုတ္တမ္ပိ စေတံ "အရိယာဝကာသောသိ…သပညာ"တိ (ဇာ၊ ၂၊ သမ်ပါလ၊ ၁၆။ ငါးရာငါးဆယ်၊ မ၊ သမ်ပါလ၊ ၁၀၃ ၁၀၄)။

နိဝါသနပါရုပနလိင်္ဂဂ္ဂဟဏေန ပန သမဏသဒိသော ဟုတွာ ဝိစရန္တော ဒုဿီလောပိ လိင်္ဂ အရိယော နာမ။ ယံ သန္ဓာယ ဝုတ္တံ "ဆဒနံ…မဂ္ဂဒူသီ"တိ (ခု၊ ၁၊ သုတ္တနိပါတ၊ ၂၉၄။ သုတ္တနိပါတ်ပါဠိတော် မြန်မာပြန်၊ စုန္ဒသုတ်၊ ၂၇၇ ၂၇၈)။

ဗုဒ္ဓါဒယော ပန ပဋိဝေဓအရိယာ နာမ။ တေန ဝုတ္တံ "အရိယာ ဝုစ္စန္တိ ဗုဒ္ဓါ စ ပစ္စေကဗုဒ္ဓါ စ ဗုဒ္ဓသာဝကာ စာ"တိ။ (ဇာတက၊ ၄၊ ၂၊ ၂၅၆။)[ဇာ၊ ၄၊ ၂၊ ၃၈။]

ဘုရားအလောင်းက "ဤသို့ဆုံးမရာ၌ ရန်ငြိုးဖွဲ့ခြင်းငှါ မထိုက်၊ အကယ်၍ မဆုံးမခဲ့လျှင် တစ်စ တစ်စ ခိုးသူ့ဘဝသို့ ရောက်၍ ဤကဲ့သို့သော မင်းစည်းစိမ်ကို ရနိုင်လိမ့်မည်မဟုတ်၊ ဆရာဖြစ်သော အကျွန်ုပ်ကိုမှီ၍ ဤစည်းစိမ်ကို သင်မင်းကြီး ရ၏"ဟု ပြောဆိုလေသော် ထိုခဏ၌ မင်းသည် ဆရာ့ ကျေးဇူးကို မှတ်နိုင်၍ ဆရာအား အလုံးစုံသော စည်းစိမ်းကို ပေး၏၊ ဆရာသည် လက်မခံသောကြောင့် မင်းသည် တက္ကသိုလ်ပြည်ရှိ ဆရာ၏သား, မယားကို ခေါ်ဆောင်စေ၍ များစွာသော အခြံအရံစည်းစိမ်တို့ ကို ပေး၍ ဆရာကိုလည်း ပုရောဟိတ်ပြု၍ အဘအရာ၌ထားကာ ဆရာ၏အဆုံးအမ၌တည်လျက် ဒါန စသောကောင်းမှုတို့ကို ပြု၍ နတ်ပြည်သို့ လားရ၏။

တရားအဆုံး၌ အမျက်ထွက်သောရဟန်းသည် အနာဂါမိဖိုလ်၌ တည်၏။ ထိုရဟန်းသည် ထိုအခါ မင်းဖြစ်ခဲ့လေ၏။

ဆောင်ပုဒ်=တပည့်တွက်တာ၊ နှောင်ကျိုးရှာလစ်၊ ဆရာဖြစ်လည်း၊ ကြောင်းနည်းဆင်ခြင်၊ ရိုက်ပုတ်သင်၍၊ ရန်လျှင်ဖွဲ့တတ်၊ ကြောင်းဖြစ်ရပ်၊ စွဲမှတ်ကြပါလေ။

၁၆၇။ (၂၅၃) မဏိကဏ္ဌဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၇၁ ၇၂။ ၄၊ ၂၊ ၂၅၇ ၂၆၁။ ငါးရာငါးဆယ်၊ ဒု၊ ၃၈၁ ၃၈၅။)

ပစ္စုပ္ပန်ဝတ္ထု=အတောင်းအရမ်းထူသော အာဠဝီတိုင်းသားရဟန်းများ။

ထိုရဟန်းတို့ကို အကြောင်းပြု၍ "ကုဋိကာရသိက္ခာပုဒ်"ကို ပညတ်တော်မူ၏။

အတိတ်ဝတ္ထု=မဏိကဏ္ဌနဂါး၏လည်ဆွဲပတ္တမြားကို ရသေ့တောင်းခြင်းကြောင့် နဂါးမလာတော့ခြင်း။

လည်ဆွဲပတ္တမြားကို တောင်းသော ညီတော်ရသေ့ကား အရှင်အာနန္ဒာအလောင်း, ဆုံးမသော နောင်တော် ရသေ့ကား ဘုရားအလောင်းတည်း။ ရသေ့ညီနောင်နှစ်ပါးတို့သည် ဈာန်ရကြ၍ ဗြဟ္မာ့ပြည်သို့ လားကုန်၏။

တစ်စုံတစ်ယောက်၏နှစ်သက်သောပစ္စည်းကို မတောင်းရာ၊ တောင်းလျှင် မုန်းတတ်၏။

န တံ ယာစေ ယ'သ္သ ပိယံ ဇိဂီသေ၊ ဒေဿော ဟောတိ အတိယာစနာယ။

(ဇာတက၊ ၁၊ ၇၂။)

ယော အကြင်ပုဂ္ဂိုလ်သည်၊ အဿ ထိုပုဂ္ဂိုလ်၏၊ ပိယံ ချစ်အပ်သော ဥစ္စာကို၊ ပိယန္တိ ချစ်အပ်၏ဟူ၍၊ ဇိဂီသေ-သိရာ၏၊ သော ထိုပုဂ္ဂိုလ်သည်၊ တံ ထိုဥစ္စာကို၊ န ယာစေ မတောင်းရာ၊ အတိယာစနာယ အလွန် တောင်းခြင်းကြောင့်၊ ဒေဿော မုန်းခြင်းသည်၊ ဟောတိ ဖြစ်၏။

ဆောင်ပုဒ်=ပစ္စည်းရတနာ၊ တောင်းလွန်းပါ၊ မေတ္တာမဲ့တတ်သည်။

၁၆၈။ (၂၅၄) ကုဏ္ဍကကုစ္ဆိသိန္ဓဝဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၇၂။ ၄၊ ၂၊ ၂၆၁ ၂၆၅။ ငါးရာငါးဆယ်၊ ဒု၊ ၃၈၅ ၃၉၁။)

ငါးရာငါးဆယ်ဝတ္ထု၌ကား "ကုဏ္ဍကသန္ဓဝဇာတ်"ဟု ရှိ၏။
ပစ္စုပ္ပန်ဝတ္ထု=အရှင်သာရိပုတ္တအား ဆွမ်းလှူသော အဖွားအို။
အတိတ်ဝတ္ထု=ဘုရားအလောင်းမြင်းကုန်သည်သည် သိန္ဓောမြင်းမွေးရသောအဖွားအိုထံမှ သိန္ဓောမြင်းကို ရယူခြင်း။
ဘုရားအလောင်းက သိန္ဓောမြင်း၏စွမ်းရည်ကို ပြသောအခါ မင်းသည် ဘုရားအလောင်းအား ပြည်ထက်ဝက်ကို ပေး၍ သိန္ဓောမြင်းကိုလည်း အဘိသိက်သွန်းလျက် "မင်္ဂလာမြင်း"ပြုခြင်း။
ယခုအခါ အဖွားအိုသည် ထိုအခါ အဖွားအို, အရှင်သာရိပုတ္တသည် သိန္ဓောမြင်း, အရှင်အာနန္ဒာသည် ဗာရာဏသီမင်းဖြစ်ခဲ့လေ၏။
ဆောင်ပုဒ်=အမယ်အိုကပ်၊ ပိဏ္ဍပါတ်၊ ထေရ်မြတ် ဘုဉ်းပေးသည်။

၁၆၉။ (၂၅၆) ဇရူဒပါနဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၇၃။ ဋ္ဌ၊ ၂၊ ၂၆၈ ၂၇၀။ ငါးရာငါးဆယ်၊ ૩၊ ၃၉၅ ၃၉၇။)
ပစ္စုပ္ပန်ဝတ္ထု=ရေတွင်းဟောင်းကြီးမှ ရတနာတို့ကိုရသော ကုန်သည်များ။
အတိတ်ဝတ္ထု=ရတနာတို့ကိုရ၍ ရောင့်ရဲသော ဘုရားအလောင်းလှည်းကုန်သည်မှူးနှင့် မရောင့်ရဲသောကုန်သည်များ။
ရေတွင်းဟောင်းကို တူးကြရာ ရတနာတို့ကို ရရှိသောအခါ ဘုရားအလောင်းက ဆက်၍မတူးရန် တားသော်လည်း မရပဲ မရောင့်ရဲနိုင်သောကုန်သည်တို့ ဆက်လက်တူးသဖြင့် နဂါးတို့စိတ်ဆိုး၍ နှာခေါင်းလေဖြင့် မှုတ်သောကြောင့် ဘုရားအလောင်းမှတပါး အားလုံး သေကြေပျက်စီးကြလေ၏၊ နဂါးတို့ကား လှည်းတို့ကို ရတနာအပြည့်တင်၍ ဘုရားအလောင်းကို ဗာရာဏသီပြည်, အိမ်သို့ရောက်အောင် လိုက်ပို့ကြလေ၏။
ဇရူဒပါန ရေတွင်းဟောင်း
ဆောင်ပုဒ်=လိုချင်လောဘ၊ ကြီးလွန်းက၊ ဒုက္ခတွေ့ရသည်။
ရောင့်ရဲသူကား၊ လွန်ကြီးပွား၊ နဂါးစောင့်ရှောက်ပြီ။

၁၇၀။ (၂၅၇) ဂါမဏိစန္ဒဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၇၃။ ဋ္ဌ၊ ၂၊ ၂၇၀ ၂၈၁။ ငါးရာငါးဆယ်၊ ૩၊ ၄၁၂ ၄၁၆။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏ပညာတော်ကို ချီးမွမ်းခြင်း။
အတိတ်ဝတ္ထု=အရှင်အာနန္ဒာအလောင်း ဂါမဏိစန္ဒအမတ်အမေးနှင့် ဘုရားအလောင်း အာဒါသမုခမင်းအဖြေ။
ဆောင်ပုဒ်=ဘုရားလောင်းလျာ၊ ပညာမှာ၊ လွန်စွာကြီးကျယ်သည်။

၁၇၁။ (၂၅၈) မန္ဓာတုဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၇၃ ၇၄။ ဋ္ဌ၊ ၂၊ ၂၈၁ ၂၈၄။ ငါးရာငါးဆယ်၊ ૩၊ ၄၁၂ ၄၁၆။)
ပစ္စုပ္ပန်ဝတ္ထု=မာတုဂါမကြောင့် သာသနာတော်၌ ငြီးငွေ့သောရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=သိကြားမင်းစည်းစိမ်ကိုရသော်လည်း ကာမတဏှာကို ပြည့်စေခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ သေရသော ဘုရားအလောင်း မန္ဓာတုစကြဝတေးမင်း။
ဆောင်ပုဒ်=ကာမတဏှာ၊ ပြည့်စေရာဟု၊ နှစ်ဖြာလူနတ်၊ အမြတ်ကာမဂုဏ်၊ အဖုံဖုံသော၊ အာရုံနှင့်ဖြည့်၊ သူမပြည့်သည်၊ ဆိုးသည့်တရားပါတကား။

၁၇၂။ (၂၅၉) တိရီဋဝစ္ဆဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၇၄။ ဋ္ဌ၊ ၂၊ ၂၈၄ ၂၈၈။ ငါးရာငါးဆယ်၊ ૩၊ ၄၁၇ ၄၂၁။)
ပစ္စုပ္ပန်ဝတ္ထု=အရှင်အာနန္ဒာသည် ကောသလမင်းထံမှ ပုဆိုးငါးရာ, မင်းမောင်းမများထံမှ ပုဆိုးငါးရာ=စုစုပေါင်း ပုဆိုးတစ်ထောင်ရခြင်း။
ဤဝတ္ထုကား ဒုကနိပါတ် ဂုဏဇာတ် (ဇာတက၊ ဋ္ဌ၊ ၂၊ ၂၂ ၂၃)၌ ချဲ့အပ်ပြီးသည်သာတည်း။
အတိတ်ဝတ္ထု=ရေတွင်းထဲမှ မိမိအသက်ကို ဘုရားအလောင်းတိရီဋဝစ္ဆရသေ့ကယ်ဖူးသော ကျေးဇူးကိုသိ၍ ကျေးဇူးဆပ်သော အရှင်အာနန္ဒာအလောင်း ဗြဟ္မဒတ်မင်း။
ဘုရားအလောင်းသည် အဘိညာဉ် သမာပတ်တို့ကိုရ၍ ဗြဟ္မာ့ပြည်သို့ လားရ၏။
ဆောင်ပုဒ်=သူ၏ကျေးဇူး၊ တင်ပေးဖူး၊ အထူးသိအပ်စွာ။
အသက်သခင်၊ ကျေးဇူးရှင်၊ အစဉ်ပူဇော်ရာ။

၁၇၃။ (၂၆၈) ကာကဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၇၄-၇၅။ ဋ္ဌ၊ ၂၊ ၂၈၈ ၂၉၀။ ငါးရာငါးဆယ်၊ ၃၊ ၄၂၁ ၄၂၄။)

ပစ္စုပ္ပန်ဝတ္ထု=လော်လည်သောရဟန်းတစ်ပါး။

ဝတ္ထုကား နဝကနိပါတ် စက္ကဝါကဇာတ် (ဇာတက၊ ၁၊ ၁၉၄ ၁၉၅။ ဋ္ဌ၊ ၃၊ ၄၉၃ ၄၉၈)၌ ထင်စွာ ဖြစ်လတ္တံ့။ သီဟိုဠ်, ယိုးဒယား, အင်္ဂလိပ်မူတို့၌ "ကာကဇာတ် (ကာကဇာတကေ)ဟု ရှိ၏။

အတိတ်ဝတ္ထု=ဝမ်း၏တမန်စေခိုင်းခံရ၍ မင်း၏ထမင်းကို နှိုက်ယူစားသော လော်လည်သောယောကျ်ား။

လော်လည်သောယောကျ်ားတစ်ယောက်သည် ဗာရာဏသီမင်း၏စားဖွယ်ဘောဇဉ်ကို စားလိုသည်ဖြစ်၍ စားချင်ခြင်းကို သည်းမခံနိုင်ကား "အကျွန်ုပ် တမန်ပါ"ဟု ပြောဆိုကာ အလျင်အမြန်သွား၍ မင်း၏ ရွှေခွက်မှ ထမင်းကို ယူ၍စား၏၊ ထိုအခါ သန်လျက်စွဲသည် ထိုယောကျ်ား၏ဦးခေါင်းကို ဖြတ်အံ့ ဟု သန်လျက်ကို ကိုင်လျှင် မင်းက မဖြတ်ရန်တားမြစ်၏၊ "မကြောက်လင့်...စားလော့"ဟု ဆို၍ ကျွေး၏၊ ထိုယောကျ်ား စားပြီးသောအခါ မိမိသောက်သောရေကိုလည်းကောင်း, ခွက်ကိုလည်းကောင်း ပေးစေပြီးလျှင် "အိုယောကျ်ား...သင်သည် တမန်ပါ"ဟု ဆို၏၊ အဘယ်သူ၏တမန်နည်း?ဟု မေးသည်ရှိသော် ထိုယောကျ်ားက "မင်းမြတ်...အကျွန်ုပ်သည် တဏှာ၏တမန်, ဝမ်း၏တမန်ပါတည်း၊ တဏှာသည် အကျွန်ုပ်ကို စေခိုင်း၍ သင်သွားလော့ ဟု တမန်ပြုစေ၏ ဟု စသည်ဖြင့် လျှောက်တင်ပြောဆိုလေသော် မင်းသည် "ထိုစကားသည် မှန်၏၊ သတ္တဝါတို့သည် ဝမ်း၏တမန်ဖြစ်ကုန်၍ တဏှာ၏အစွမ်းဖြင့် လှည့်လည် ရကုန်၏၊ တဏှာသည်သာလျှင် သတ္တဝါတို့ကို စီရင်၏၊ ဤယောကျ်ားသည် အလွန်နှစ်သက်ဖွယ်, မကြားဖူးသော စကားကို ဆို၏"ဟု နှစ်သက်တော်မူရကား ထိုယောကျ်ားအား များစွာသော စည်းစိမ်တို့ကို ပေးလေ၏။

သစ္စာတရားကို့ကို ပြရာအဆုံး၌ လော်လည်သောရဟန်းသည် အနာဂါမိဖိုလ်၌ တည်၏။ ထိုရဟန်းသည် လော်လည်သောယောကျ်ားဖြစ်ခဲ့ဖူး၏၊ ဘုရားရှင်သည် ထိုစဉ်က ဗာရာဏသီမင်းဖြစ်ခဲ့လေ၏။

ဆောင်ပုဒ်=သတ္တဝါမှန်၊ တဏှာကျွန်၊ အမှန်ဖြစ်ပေသည်။

တဏှာစေပြန်၊ ဝမ်းတမန်၊ စုံဆန်လှည့်ရသည်။

၁၇၄။ (၂၆၁) ပဒုမဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၇၅။ ဋ္ဌ၊ ၂၊ ၂၉၀ ၂၉၂။ ငါးရာငါးဆယ်၊ ၃၊ ၄၂၄ ၄၂၇။)

ပစ္စုပ္ပန်ဝတ္ထု=အာနန္ဒာဗောဓိ၌ ရဟန်းများ ပန်းပူဇော်ကြခြင်း။

ဤဝတ္ထုကား တေရသကနိပါတ် ကာလိင်္ဂဗောဓိဇာတ် (ဇာတက၊ ၁၊ ၂၆၄ ၂၆၆။ ဋ္ဌ၊ ၄၊ ၂၂၈ ၂၃၇)၌ ထင်စွာ ဖြစ်လတ္တံ့။

အရှင်အာနန္ဒာမထေရ်သည် စိုက်ပျိုးအပ်သော ဗောဓိပင်ဖြစ်သောကြောင့် "အာနန္ဒာဗောဓိ"မည်၏။ သော ပန အာနန္ဒတ္ထေရေန ရောပိတတ္တာ "အာနန္ဒဗောဓိ"တိ ဇာတော။ (ဇာတက၊ ဋ္ဌ၊ ၂၊ ၂၉၀။)

အတိတ်ဝတ္ထု=မှုသားမပါ စကားပြောလိမ္မာ၍ နှာခေါင်းပြတ်သောရေကန်စောင့်ထံမှ ပဒုမာကြာပန်းများရသော ဘုရားအလောင်းသူဌေးသား။

ဆောင်ပုဒ်=နှုတ်ခွန်းချိုသာ၊ လိမ္မာစွာ၊ လိုရာအကျိုးရ။

နှုတ်ချိုစကား၊ လူအများ၊ လိုလားနှစ်သက်ကြ။

၁၇၅။ (၂၆၂) မုဒုပါဏိဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၇၅ ၇၆။ ဋ္ဌ၊ ၂၊ ၂၉၂ ၂၉၆။ ငါးရာငါးဆယ်၊ ၃၊ ၄၂၇ ၄၃၁။)

ပစ္စုပ္ပန်ဝတ္ထု=မာတုဂါမကြောင့် သာသနာတော်၌ ငြီးငွေ့သောရဟန်း။

အတိတ်ဝတ္ထု=မိမိလက်တစ်ဖက်ကို ကိုင်ထားသောဖခင်လက်မှ ချစ်သူနောက်သို့ လိုက်ပြေးသောမင်းသမီး။ ဘုရားအလောင်းကား ဖခင်မင်းတည်း။

မိန်းမတို့မရောင့်ရဲနိုင်သောအရာ ၃ မျိုး

၁။ မေထုန်မှီဝဲရာ၌ မရောင့်ရဲခြင်း၊

၂။ သားဖွားရာ၌ မရောင့်ရဲခြင်း၊

၃။ တန်ဆာဆင်ရာ၌ မရောင့်ရဲခြင်း။

တိဏ္ဏံ ဘိက္ခဝေ ဓမ္မာနံ အတိက္ကော အပ္ပဋိဝါနော မာတုဂါမော ကာလံ ကရောတိ။ ကတမေသံ တိဏ္ဏံ? မောထုနသမာပတ္တိယာ စ ဝိဇာယနဿ စ အလင်္ကာရဿ စ။ ဣမေသံ ခေါ ဘိက္ခဝေ တိဏ္ဏံ ဓမ္မာနံ အတိက္ကော အပ္ပဋိဝါနော မာတုဂါမော ကာလံ ကရောတိ။ (ဇာ၊ ဋ္ဌ၊ ၂၊ ၂၉၅။)

ဤဇာတ်အဋ္ဌကထာ အောက်ခြေမှတ်ချက်၌ကား"အင်္ဂုတ္တရပါဠိယံ တိကနိပါတေ န ဒိဿတိ၊ အံ ၁ ၇၇ ပိဋ္ဌေ ပန ဒွေ ဓမ္မာ အာဂတာ"ဟု ပါရှိရကား အထက်ပါ ပါဠိတော်သည် တိကနိပါတ်၌ မတွေ့ရပဲ ဒုက နိပါတ်၌လည်း "အလင်္ကာရဿ"မပါ။

ဒွိန္နံ ဓမ္မာနံ ဘိက္ခဝေ အတိက္ကော အပ္ပဋိဝါနော မာတုဂါမော ကာလံ ကရောတိ။ ကတမေသံ ဒွိန္နံ? မေထုနသမာပတ္တိယာ စ ဝိဇာယနဿ စ။ ဣမေသံ ခေါ ဘိက္ခဝေ ဒွိန္နံ ဓမ္မာနံ အတိက္ကော အပ္ပဋိဝါနော မာတုဂါမော ကာလံ ကရောတိတိ။ (အံ၊ ၁၊ ပုဂ္ဂလဝဂ္ဂ၊ ၇၇။)

အပ္ပဋိဝါနော မငြီးငွေ့သည်ဖြစ်၍

ဇာတ်အဋ္ဌကထာ တတိယအုပ်, ပဉ္စမအုပ်တို့၌ကား မိန်းမတို့မရောင့်ရဲနိုင်ခြင်း ၃ မျိုးကို တွေ့ရ၏။... ဣတ္ထီ မေထုနဓမ္မေန အလင်္ကာရေန ဝိဇာယနေနာတိ ဣမေဟိ တီဟိ န တပ္ပတိ။ (ဇာ၊ ဋ္ဌ၊ ၃၊ ၃၂၂။) ပါတာလမိဝါတိ ယထာ မဟာသမုဒ္ဒေ ပါတာလံ ဒုပ္ပူရံ၊ ဧဝမေတာပိ မေထုနေန ဝိဇာယနေန အလင်္ကာရေနာတိ တီဟိ ဒုပ္ပူရာ။ တေနေဝါဟ "တိဏ္ဏံ ဘိက္ခဝေ ဓမ္မာနံ အတိက္ကော မာတုဂါမော"တိအာဒိ(ဇာ၊ ဋ္ဌ၊ ၂၊ ၂၉၅)။ (ဇာ၊ ဋ္ဌ၊ ၅၊ ၄၆၅။)

ဆောင်ပုဒ်=မိန်းမဆိုတာ၊ အရာရာ၊ မာယာများလှဘိ။
လက်ကိုကိုင်ထား၊ ဖမင်းအား၊ လှည့်စားလွန်ပိရိ။
အစားထိုးကာ၊ ထားခဲ့ပါ၊ ပြေးတာ နောက်မှသိ။

၁၇၆။ (၂၆၃) ဝူဠပလောဘနဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၇၆။ ဋ္ဌ၊ ၂၊ ၂၉၆ ၂၉၉။ ငါးရာငါးဆယ်၊ ၃၊ ၄၃၁ ၄၃၅။)

ပစ္စုပ္ပန်ဝတ္ထု=မာတုဂါမကြောင့် သာသနာတော်၌ ငြီးငွေ့သောရဟန်း။

အတိတ်ဝတ္ထု=မိန်းမ၏မာယာဝယ် ကာမရသကြောင့် တစ်ခြားယောကျ်ားမထားလိုသော မင်းသား။

ဘုရားအလောင်းသည် ဗြဟ္မာ့ပြည်မှလာသူဖြစ်၍ မိန်းမဆို အလိုမရှိရကား နို့ထိန်းနို့တိုက်လျှင် ငို၏၊ မိန်းမအကိုင် မခံချေ၊ ယောကျ်ားတို့ကသာ ညှစ်ပြီးသောနို့ကို တိုက်ကြရ၏၊ မိန်းမမမြင်ရအောင် တင်းထိမ်ကာ၍ နို့တိုက်ရ၏၊ ထို့ကြောင့် "အနိတ္ထိဂန္ဓကုမာရ မိန်းမ၏အနံ့ကို အလိုမရှိသောမင်းသား"ဟု အမည်ပေးကြလေ၏။ ဖခင်မင်းကြီးသည် အနာဂတ်အရေး မျှော်တွေး၍ ပျိုနုသောကခြေသည်မတစ်ဦး၏မိန်းမစွမ်းအားဖြင့် မင်းသားကို ဖြားယောင်းဖျက်စီးလေသော် မင်းသားကား ပျက်စီးလေတော့၏၊ "မိန်းမည်သည်ကို တစ်ပါးသော ယောကျ်ားတို့အား မပေး"ဟု သန်လျက်ကိုင်၍ လိုက်သည်အထိ ဖြစ်လေတော့ရာ ဖခင်မင်းက မင်းသားကို ထိုသတို့သမီးနှင့်တကွ မြို့မှ နှင်ထုတ်လေ၏။

သူတို့နှစ်ဦးသည် ဂင်္ဂါတဖက်၌ ကျောင်းဆောက်၍ နေကြရာ တစ်နေ့သ၌ မင်းသားသည် သစ်သီး ကြီးငယ် ရှာဖွေရန် သွားနေစဉ် ဈာန်ရရသေ့တစ်ပါးကား ဆွမ်းလာခံလေ၏၊ ထိုရသေ့ကို ထိုသတို့သမီးသည် မိန်းမတို့၏အမူအရာဖြင့် ဖြားယောင်း၍ ရသေ့သည် ဈာန်မှယုတ်လေ၏၊ မင်းသားသည် ပြန်လာသောအခါ ထို ရသေ့ကား လျှင်မြန်စွာ သမုဒ္ဒရာသို့ ပြေးလေ၏၊ မင်းသားသည် "ဤရသေ့ကား ငါ၏ရန်သူဖြစ်လတ္တံ့"ဟုသန် လျက်ကို ကိုင်၍ လိုက်လေ၏၊ ရသေ့သည် ကောင်းကင်သို့ ပျံသောအခြင်းအရာကို ပြု၍ သမုဒ္ဒရာ၌ ကျ၏။

ဤရသေ့ကား ကောင်းကင်ဖြင့် လာသည် ဖြစ်လတ္တံ့၊ ဈာန်မှ ယုတ်၍ သမုဒ္ဒရာ၌ ကျ၏၊ ငါသည် ရသေ့၏ကိုးကွယ်ရာ ဖြစ်သင့်၏ ဟု ကြံလျက်...ရသေ့အား မိန်းမတို့၏မာယာ...စသည်တို့ကို ပြောဆိုလေ သော် ရသေ့သည် သမုဒ္ဒရာရေထဲ၌ပင် ပျောက်ပြီးသောဈာန်ကို တစ်ဖန်ဖြစ်စေ၍ ကောင်းကင်ဖြင့် မိမိ၏နေရာ သို့ သွားလေတော့၏၊ မင်းသားသည် "ငါသည်လည်း ရသေ့ကဲ့သို့ ဈာန်ကို ဖြစ်စေ၍ ကောင်းကင်ဖြင့် သွား ခြင်းငှါ သင့်၏"ဟု ကြံစည်ပြီးလျှင် ထိုမိန်းမကို လူတို့နေရာသို့ ပို့ဆောင်၍ တောသို့ဝင်ကာ ရသေ့ရဟန်းပြု လျက် အဘိညာဉ်သမာပတ်ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လားရလေ၏။

သစ္စာတရားအဆုံးဝယ် သာသနာတော်၌ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

ဘုရားအလောင်းကား အနိတ္ထိဂန္ဓမင်းသား ဖြစ်ခဲ့လေ၏။
ဆောင်ပုဒ်=စင်ကြယ်သူပင်၊ မစိတ်ဝင်၊ စွန့်ထင်ပါက ပျက်စီးရ။

၁၇၇။ (၂၆၅) ခုရပ္ပဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၇၇။ ဋ္ဌ၊ ၂၊ ၃၀၃ ၃၀၄။ ငါးရာငါးဆယ်၊ ၃၊ ၄၄၀ ၄၄၃။)
ပစ္စုပ္ပန်ဝတ္ထု=ဝီရိယလျော့သော ရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=တောအုပ်အလယ်၌ ငါးရာကုန်သော ခိုးသူတို့ကို မြင်၍ တောအုပ်စောင့်အကြီးအကဲမှ ကြွင်းသောသူတို့သည် ရင်ဖြင့် ဝပ်ကုန်သော်လည်း တောအုပ်စောင့်အကြီးအကဲသည်ကား တစ်ယောက်တည်းသာလျှင် ဟစ်ကြွေးလျက် ပစ်လွှတ်၍ ငါးရာသောခိုးသူတို့ကို ပြေးစေကာ လှည်းကုန်သည်သားကို ချမ်းသာစွာ ကန္တာရကို ကျော်လွန်စေ၏။
အသက်၌ တပ်စွန်းခြင်းကို ပြုသောသူသည် ဘယ်တော့မှ သူရဲကောင်းမဖြစ်နိုင်, သူရဲကောင်း၏ ကိစ္စကို မပြုနိုင်။
န ဟိ ဇီဝိတေ အာလယံ ကုဗ္ဗမာနော၊ သူရော ကယိရာ သူရကိစ္စံ ကဒါစိ။
(ဇာတက၊ ၁၊ ၇၇။)
အသက်ကို စွန့်၍ ကာကွယ်စောင့်ရှောက်သော ဘုရားအလောင်း တောအုပ်စောင့်အကြီးအကဲ။
သစ္စာတရား၏အဆုံး၌ ဝီရိယလျော့သောရဟန်းသည် အရဟတ္တဖိုလ်၌ တည်လေ၏။
ဆောင်ပုဒ်=အသက်ကိုစွန့်၊ နောက်မတွန့်၊ ရဲဝံ့အာဇာနည်။
အလောင်းတော်ကား၊ သက်စွန့်ထား၊ ကြိုးစားကာကွယ်သည်။

၁၇၈။ (၂၆၈) အာရာမဒူသကဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၇၈။ ဋ္ဌ၊ ၂၊ ၃၁၁ ၃၁၃။ ငါးရာငါးဆယ်၊ ၃၊ ၄၅၂ ၄၅၃။)
ပစ္စုပ္ပန်ဝတ္ထု=ဥယျာဉ်ကို ဖျက်သော ဥယျာဉ်စောင့်သား။
ဥယျာဉ်စောင့်သားတစ်ယောက်သည် သစ်ပင်ငယ်တို့ကို ရေလောင်းရာ နုတ်၍လောင်းသောကြောင့် သစ်ပင်ငယ်များ ပျက်စီးကုန်၏။
အတိတ်ဝတ္ထု=ဥယျာဉ်စောင့်သည် မျောက်တို့ကို ရေလောင်းခိုင်းရာ မျောက်ကြီးက မျောက်ငယ်များအား ရေချွေတာရန်အတွက် သစ်ပင်ငယ်တို့၏အမြစ်များကို နုတ်ကြည့်၍ အမြစ်ရှည်သောအပင်အား ရေများများ လောင်းရန်, အမြစ်တိုသော အပင်အား ရေအနည်းငယ် လောင်းရန် ညွှန်ကြားသောကြောင့် မျောက်ငယ်များသည် သစ်ပင်ငယ်တို့ကို နုတ်၍ ရေလောင်းကြ၍ သစ်ပင်ငယ်များ ပျက်စီးကုန်တော့၏။
ဘုရားအလောင်းပညာရှိယောကျ်ားသည် ထိုမျောက်တို့ကိုမြင်၍ ဝေဖန်ပြောဆိုလေ၏။
ယခုအခါ ဥယျာဉ်ကို ဖျက်သောသူငယ်သည် ထိုအခါ မျောက်ကြီးဖြစ်ခဲ့၏။
ဆောင်ပုဒ်=တစ်မိုက်တစ်ထွာ၊ ဉာဏ်နုံခြာ၊ ပြုရာ အကျိုးပျက်။
သစ်ပင်ငယ်များ၊ ရေလောင်းငြား၊ မျောက်သား ထုံးအဖြွက်။

၁၇၉။ (၂၆၉) သုဇာတဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၇၈ ၇၉။ ဋ္ဌ၊ ၂၊ ၃၁၃ ၃၁၇။ ငါးရာငါးဆယ်၊ ၃၊ ၄၅၅ ၄၆၀။)
ပစ္စုပ္ပန်ဝတ္ထု=သုဇာတာအား မယား ၇ မျိုးပြ၍ တရားဟောတော်မူခြင်း။
သုဇာတာသည် မနုဿသူဌေးကြီး၏သမီးငယ်, ဝိသာခါ၏ညီမ, အနာထပိဏ်သူဌေးကြီး၏ချွေးမဖြစ်၏၊ မောက်မာ, နှုတ်ကြမ်း, အမျက်ထွက်တတ်၏၊ ယောက္ခမဝတ်, လင်ဝတ်တို့ကိုလည်း မပြု၊ အိမ်သူအိမ်သားများကို ခြိမ်းချောက်တတ်, ရိုက်ပုတ်တတ်၏၊ ထို့ကြောင့် ဘုရားရှင်က သူမအား မယား ၇ မျိုးပြ၍ တရားဟောသဖြင့် သောတာပတ္တိဖိုလ်၌ တည်၍ မာန်ကျသွားလေ၏။
**မယား ၇ မျိုး**
၁။ သူသတ်နှင့်တူသော မယား=တစ်ပါးသော ယောကျ်ားတို့၌ တပ်စွန်းသောစိတ်ရှိသည်ဖြစ်၍ မိမိလင်အား ပြစ်မှားသော စိတ်ရှိ၏၊ မိမိလင်၏အကျိုးစီးပွါးမဲ့ကို အလိုရှိ၏၊ ဥစ္စာဖြင့် ဝယ်အပ်သော ကျွန်ကဲ့သို့ မထေမဲ့မြင်ပြု၏၊ လင်ကို သတ်အံ့သောငှာ လုံ့လပြု၏။

၂။ ခိုးသူနှင့်တူသော မယား=လင်၏အတတ်ပညာ, လယ်လုပ်ခြင်း, ကုန်သွယ်ခြင်းကို ပြု၍ရသော ဥစ္စာကို အနည်းငယ်မျှသော်လည်း ခိုးယူခြင်းငှာ အလိုရှိ၏။
၃။ အရှင်နှင့်တူသောမယား=အိမ်မှုကိစ္စကို ပြုရန် အလိုမရှိ၊ ပျင်းရိ၏၊ အစားကြူး၏၊ ကြမ်းကြုတ်၏၊ အမျက်ထွက်တတ်၏၊ မကောင်းသဖြင့် ဆိုတတ်၏၊ ထထကြွကြွ လုပ်ဆောင်ကုန်သောသူတို့ကို နှိပ်စက်၍ ဆိုတတ်၏။
၄။ အမိနှင့်တူသောမယား=ခပ်သိမ်းသောအခြင်းအရာအားဖြင့် လင်၏အကျိုးစီးပွားကို အလိုရှိ၏၊ အမိသည် သားကို စောင့်ရှောက်သကဲ့သို့ လင်ကို စောင့်ရှောက်၏၊ လင်သည် (ရှာဖွေ)ဆည်းပူးသော ဥစ္စာကို စောင့်ရှောက်၏။
၅။ နှမနှင့်တူသောမယား=နှမကြီး, နှမငယ်သည် မောင်၌ ရှိသေခြင်းရှိသကဲ့သို့ မိမိလင်၌ ရှိသေ၏၊ လင်၏အလိုသို့ လိုက်၏။
၆။ အဆွေခင်ပွန်းနှင့်တူသောမယား=လင်ကိုမြင်ရလျှင် ကြာမြင့်စွာသော ကာလမှလာသော အဆွေခင်ပွန်းကို မြင်၍ ဝမ်းမြောက်ဝမ်းသာရှိသကဲ့သို့ ဝမ်းမြောက်၏၊ သီလနှင့် ပြည့်စုံ၏၊ လင်ကို လုပ်ကျွေးတတ်၏။
၇။ ကျွန်မနှင့်တူသောမယား=မိမိလင်သည် သတ်ပုတ်ခြင်းဒဏ်ဖြင့် ခြိမ်းချောက်အပ်သည်ရှိသော် လင်အား အမျက်မထွက်, သည်းခံ၏၊ လင်၏အလိုသို့ လိုက်၏။

ပဒုဋ္ဌစိတ္တာ အဟိတာနုကမ္ပိနီ၊ အညေသု ရတ္တာ အတိမညတေ ပတိံ။
ဓနေန ကီတဿ ဝဓာယ ဥဿုကာ၊ ယာ ဧဝရူပါ ပုရိသဿ ဘရိယာ။
ဝဓကာ စ ဘရိယာတိ စ သာ ပဝုစ္စတိ။ (၁)
ယံ ဣတ္ထိယာ ဝိန္ဒတိ သာမိကော ဓနံ၊ သိပ္ပံ ဝဏိဇ္ဇဉ္စ ကသိံ အဓိဋ္ဌဟံ။
အပ္ပမ္ပိ တဿ အပဟာတုမိစ္ဆတိ၊ ယာ ဧဝရူပါ ပုရိသဿ ဘရိယာ။
စောရီ စ ဘရိယာတိ စ သာ ပဝုစ္စတိ။ (၂)
အကမ္မကာမာ အလသာ မဟဂ္ဃသာ၊ ဖရုသာ စ စဏ္ဍီ စ ဒုရုတ္တဝါဒိနီ။
ဥဋ္ဌာယကာနံ အဘိဘုယျ ဝတ္တတိ၊ ယာ ဧဝရူပါ ပုရိသဿ ဘရိယာ။
အယျာ စ ဘရိယာတိ စ သာ ပဝုစ္စတိ။ (၃)
ယာ သဗ္ဗဒါ ဟောတိ ဟိတာနုကမ္ပိနီ၊ မာတာဝ ပုတ္တံ အနုရက္ခတေ ပတိံ။
တတော ဓနံ သမ္ဘတမဿ ရက္ခတိ၊ ယာ ဧဝရူပါ ပုရိသဿ ဘရိယာ။
မာတာ စ ဘရိယာတိ စ သာ ပဝုစ္စတိ။ (၄)
ယထာပိ ဇေဋ္ဌာ ဘဂိနီ ကနိဋ္ဌကာ၊ သဂါရဝါ ဟောတိ သကမှိ သာမိကေ။
ဟိရီမနာ ဘတ္တု ဝသာနုဝတ္တိနီ၊ ယာ ဧဝရူပါ ပုရိသဿ ဘရိယာ။
ဘဂိနီ စ ဘရိယာတိ စ သာ ပဝုစ္စတိ။ (၅)
ယာစီဓ ဒိသွာန ပတိံ ပမောဒတိ၊ သခီ သခါရံဝ စိရဿမာဂတံ။
ကောလေယျကာ သီလဝတီ ပတိဗ္ဗတာ၊ ယာ ဧဝရူပါ ပုရိသဿ ဘရိယာ။
သခီ စ ဘရိယာတိ စ သာ ပဝုစ္စတိ။ (၆)
အက္ကုဒ္ဓသန္တာ ဝဓဒဏ္ဍတဇ္ဇိတာ၊ အဒုဋ္ဌစိတ္တာ ပတိနော တိတိက္ခတိ။
အက္ကောဓနာ ဘတ္တု ဝသာနုဝတ္တိနီ၊ ယာ ဧဝရူပါ ပုရိသဿ ဘရိယာ။
ဒါသီ စ ဘရိယာတိ စ သာ ပဝုစ္စတိ။ (၇)
(အံ၊ ၂၊ ဘရိယာသုတ္တ ၄၆၇ ၄၆၈။ ဇာ၊ ဋ္ဌ၊ ၂၊ ၃၃၃ ၃၃၅။)

ထိုခုနစ်ယောက်သော မယားတို့တွင် သူသတ်နှင့်တူသောမယား, ခိုးသူနှင့်တူသောမယား, အရှင်နှင့်တူသော မယားတို့သည် သေပြီးသည်မှ နောက်၌ ငရဲသို့ လာရကုန်၏၊ အမိနှင့်တူသောမယား, နှမနှင့်တူသောမယား, အဆွေခင်ပွန်းနှင့်တူသောမယား, ကျွန်မနှင့်တူသောမယားတို့သည်ကား သေပြီးသည်မှ နောက်၌ နိမ္မာနရတိနတ်ပြည်သို့ လားရကုန်၏။

ဣမာ ခေါ သုဇာတေ ပုရိသဿ သတ္တ ဘရိယာ။ တာသု ဝဓကသမာ စောရီသမာ အယျသမာတိ

ဣမာ တိသော နိရယေ နိဗ္ဗတ္တန္တိ၊ ဣတရာ စတသော နိမ္မာနရတိလောကေ။ (ဇာ၊ ဋ္ဌ၊ ၂၊ ၃၁၅။)

ယာစိဓ ဘရိယာ ဝဓကာတိ ဝုစ္စတိ၊ စောရီတိ အယျာတိ စ ယာ ပဝုစ္စတိ။

ဒုဿီလရူပါ ဖရုသာ အနာဒရာ၊ ကာယဿ ဘေဒါ နိရယံ ဝဇန္တိ တာ။

ယာစိဓ မာတာ ဘဂိနီ သခီတိ စ၊ ဒါသီတိ ဘရိယာတိ စ သာ ပဝုစ္စတိ။

သီလေ ဌိတတ္တာ စိရရက္ခသံဝုတာ၊ ကာယဿ ဘေဒါ သုဂတိံ ဝဇန္တိ တာ။

(ဇာ၊ ဋ္ဌ၊ ၂၊ ၃၁၅။ အံ၊ ၂၊ ဘရိယာသုတ္တ၊ ၄၆၈ ၄၆၉။)

စောရီ စ (အံ၊ ၂၊ ၄၆၈။)၊ ဒါသီ စ (အံ၊ ၂၊ ၄၆၉။)

အင်္ဂုတ္တိုရ်ပါဠိတော်အရ "သုဂတိဘုံဌာန (နတ်ပြည်)သို့ လားရကုန်၏"ဟု သာမန်အားဖြင့် ဆို၏။

ဘုရားရှင်က "သုဇာတာ...သင်သည် ဤမယားခုနစ်မျိုးတို့တွင် အဘယ်မယားမျိုး ဖြစ်သနည်း?"ဟု မေးတော်မူလျှင် သုဇာတာက "တပည့်တော်မသည် ကျွန်မနှင့်တူသောမယား ဖြစ်ပါသည်ရှင်တော်ဘုရား..." လျှောက်ထားလေသည်။

မယားခုနစ်မျိုး၊ ယိုမြဲရိုးတွင်၊ ခိုးသူ, အရှင်၊ သူသတ်သွင်သို့၊ အကြင်မယား၊ လား၏ငရဲ၊ အမြဲမှတ်ဘိ၊ အမိတမျှ၊ နှမမယွန်း၊ ခင်ပွန်းသဖွယ်၊ ကျွန်နှယ်လေးဖြာ၊ မယားမှာကား၊ နိမ္မာနတ်ပြည်၊ လားမြဲမည်၏၊ ယင်းသည့်လေးသွယ်၊ မယားဝယ်လည်း၊ ကျွန်နှယ်အလား၊ ထိုမယားမူ၊ ယောကျ်ားဆုပန်၊ နိဗ္ဗာန်ဆုကောင်း၊ တောင်းကမလွတ်၊ မချွတ်တူတည်၊ ပြည့်မြဲမည်၏၊ မွန်ရည်ထူးမြတ်၊ ထိုမိနတ်တို့၊ ကျင့်ဝတ်တမူ၊ သဘောဖြူကား၊ စိတ်တူကျွမ်းဝင်၊ လူတို့ခွင်နိုက်၊ လင်နှင့်မယား၊ ဖြစ်ခဲ့ငြားက၊ အားမနာတမ်း၊ မရှက်တမ်းသို့၊ လူတမ်းတစိ၊ အစဉ်ယိုလည်း၊ ဟိရိ ဩတ္တပ်၊ အမြဲကပ်လျက်၊ ကိုယ်ကြပ်ထဲနီး၊ သဘောပြီးရှင့်၊ မောင်ကြီးနှမ၊ တမျှတူပင်၊ ကျွန်သခင်သို့၊ လင်ကိုမသွေ၊ ရက်ရှိသေ၏၊ မထေအောက်မေ့၊ မပြုလေ့ဘူး၊ ကောက်ကွေ့ကြံစည်၊ လော်လည်စရိုက်၊ စိတ်လိုလိုက်သည်၊ အမိုက်မယား၊ လူနှိုက်များ၏။

(မဃဒေဝလင်္ကာသစ်၊ တတိယပိုင်း၊ ပုတ္တောဝါဒခဏ်း၊ အပိုဒ် ၃၁၂ ၁၄၃၊ နှာ ၂၄၁။)

အတိတ်ဝတ္ထု=သုဇာတာအလောင်း နှုတ်ကြမ်းသော မယ်တော်အား ဘုရားအလောင်း သားဘုရင်က "လူတို့သည် တစ်တီတူးငှက်၏ကြမ်းတမ်း, ရှန်ရင်းသောအသံကို မနှစ်သက်ကြ, ဥဩငှက်၏သာယာသောအသံကို နှစ်သက်ကြ၏"ဟု တစ်တီတူးငှက်, ဥဩငှက်တို့ကို ပမာထား၍ ဆုံးမသဖြင့် မယ်တော်သည် မာနမရှိ နူးညံ့သိမ်မွေ့ခဲ့လေ၏။

ဆောင်ပုဒ်=နှုတ်ကြမ်းမောက်မာ၊ မဲ့မေတ္တာမို့၊ ချိုသာပြေပြစ်၊ လူတိုင်းချစ်၍၊ မှတ်လစ်အထူး၊ တစ်တီတူးကား၊ မြည်ကျူးသံကြမ်း၊ လူမုန်းပန်းတည့်၊ သံဆန်းသာယာ၊ ဥဩမှာကား၊ သူငါချစ်လျက်၊ လွန်နှစ်သက်သို့။

၁၈၀။ (၂၇၁) ဥဒပါနဒူသကဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၇၉ ၈၀။ ဋ္ဌ၊ ၂၊ ၂၃၀၂၃၁။ ငါးရာငါးဆယ်၊ ၃၊ ၄၆၃ ၄၆၅။)

ပစ္စုပ္ပန်ဝတ္ထု=သောက်ရေတွင်းကို ကျင်ကြီး, ကျင်ငယ်စွန့်လျက် ဖျက်ဆီးသော မြေခွေးကို သာမဏေတို့ ခဲ, အုတ်တို့ဖြင့် ပစ်ခတ်ခြင်း။ ထိုမြေခွေးသည် နောက်မလာဝံ့တော့ပေ။

အတိတ်ဝတ္ထု=ရေတွင်းကို ဖျက်ဆီးသောမြေခွေး၊ ထိုမြေခွေးကို ရသေ့တို့ဖမ်း၍ ဘုရားအလောင်းရသေ့ထံသို့ ဆောင်ယူခဲ့၍ ဘုရားအလောင်းက မြေခွေးကို "ရသေ့များသည် ငြိုငြင်စွာ ပြုအပ်သော ရေတွင်ကို အဘယ့်ကြောင့် အညစ်အကြေး စွန့်သဖြင့် ဖျက်ဆီးဘိသနည်း?"ဟု မေးလျှင် မြေခွေးက "ရေတွင်း၌ ရေကို သောက်ပြီးလျှင် ထိုရေတွင်း၌ အညစ်အကြေးကို စွန့်ခြင်းသည် မြေခွေးမျိုးရိုးစဉ်လာ အကျင့်ဖြစ်၍ ထိုအကျင့်ကို မစွန့်နိုင်"ဟု ပြောကြားလေ၏။

ဘုရားအလောင်းက "ထိုသို့ ပြုကျင့်မှုသည် သင်တို့၏အကျင့်သဘော ဟုတ်သည်, မဟုတ်သည်ကို ငါတို့သည် တစ်ရံတစ်ဆစ်မျှ မမြင်လိုကုန်"ဟု အဆုံးအမပေး၍ "တစ်ဖန် မလာလင့်"ဟု ပြောဆို၍ ထိုမြေခွေးသည် ထိုအခါမှစ၍ တစ်ဖန် ပြန်၍မျှပင် မကြည့်တော့ပေ။

ဆောင်ပုဒ်=မြေးခွေးဟူသည်၊ ထိုဤမှီ၍၊ မှီရာအညစ်၊ စွန့်ပစ်ဝလေ့၊ သူပျော်မွေ့၊ ဆိုးပေ့ယုတ်မာ သူညာဉ်သာ။

၁၈၁။ (၂၇၂) ဗျဂ္ဃဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၀။ ဋ္ဌ၊ ၂၊ ၃၂၄ ၃၂၆။ ငါးရာငါးဆယ်၊ ၃၊ ၄၆၉ ၄၇၁။)

ပစ္စုပ္ပန်ဝတ္ထု=ကောသလမင်း၏အမတ်နှစ်ယောက်တို့ ရန်ငြိုးငြိမ်းခြင်း။

ဤပစ္စုပ္ပန်ဝတ္ထုကား ဒုကနိပါတ် ဥရဂဇာတ် (ဇာ၊ ၄၊ ၂၊ ၁၁ ၁၂။ ငါးရာငါးဆယ်၊ ၃၁၆ ၁၈)၌ ဆိုအပ်ခဲ့ပြီးသည်သာတည်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းတော်သည် ပုဏ္ဏားမျိုး၌ဖြစ်၍ ရသေ့ရဟန်းပြု၍ အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေကာ ဂင်္ဂါမြစ်နား ကျောင်းသင်္ခမ်း၌ နေ၏၊ ဘုရားအလောင်းတော်သည် ဤဇာတ်၌ကား ဥပေက္ခာပါရမီကို ဖြည့်ကျင့်သတတ်၊ လျှပ်ပေါ်သော မျောက်တစ်ကောင်သည် သူ၏နားပေါက်၌ မတော်မလျော် ပြုသော်လည်း ဘုရားအလောင်းတော်ကား မတားမြစ်ပဲ လျစ်လျူရှုလျက်နေ၏။

လိပ်ခဲတင်းလင်း=လိပ်ခဲတန်းလန်း

လျှပ်ပေါ်သောမျောက်သည် လိပ်ပါးစပ်ကို မတော်မလျော်ပြုလေသော် လိပ်သည် မျောက်၏အင်္ဂါဇာတ်ကို ကြပ်၌ထည့်သကဲ့သို့ မြဲစွာ ကိုက်ထားလေ၏၊ မျောက်သည် ပြင်းစွာသော ဆင်းရဲဝေဒနာခံစားရ၍ သည်းခံခြင်းငှါ မတတ်နိုင်ရကား လိပ်ကိုပိုက်လျက် ဘုရားအလောင်းရသေ့ထံသို့ သွား၍ လွှတ်စေရန် တောင်းပန်လေ၏၊ လွတ်လျှင် တောင်သို့ သွားပါည်, အရှင်ရသေ့၏မြင်ရာအရပ်သို့ မလာတော့ပါ ဟု တောင်းပန်၍ ဘုရားအလောင်းက သနားသဖြင့် လိပ်အား "လိပ်၏ကဿပအနွယ်နှင့် မျောက်၏ကောဏ္ဍညအနွယ်တို့ အနွယ်ချင်းဆက်ဆပ်ရှိကြ၍ မျောက်ကို လွှတ်ရန် ပြောဆိုသောကြောင့် လိပ်သည် ဘုရားအလောင်း၏စကားကို ကြား၍ ကြည်ညိုရကား မျောက်၏အင်္ဂါဇာတ်ကို လွှတ်၏၊ မျောက်သည် လွတ်လျှင်လွတ်ခြင်းပင် ဘုရားအလောင်းကို ရှိခိုး၍ ထိုအရပ်ကို ပြန်မကြည့်ပဲ ပြေးလေ၏။

ယခုအခါ အမတ်ကြီးနှစ်ယောက်တို့သည် ထိုအခါ မျောက်, လိပ်တို့ ဖြစ်ခဲ့ကုန်၏။

ဆောင်ပုဒ်=ကာမသော့သွမ်း၊ ထင်တိုင်းရမ်း၊ သေပန်းရှာ၏သို့။

လိပ်ခဲတင်းလင်း၊ ထုံးပုံနှင်း၊ ဇာတ်ခင်း မျောက်ကဲ့သို့။

၁၈၂။ (၂၇၆) ဂရုဓမ္မဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၁။ ၄၊ ၂၊ ၃၃၀ ၃၄၂။ ငါးရာငါးဆယ်၊ ၃၊ ၄၇၇ ၄၉၂။)

ဇာတ်အဋ္ဌကထာနှင့် ငါးရာငါးဆယ်ဇာတ်ဝတ္ထုတို့၌ကား "ကုရုဓမ္မဇာတ်"ဟု ရှိ၏။

ပစ္စုပ္ပန်ဝတ္ထု=ဟင်္သာကို သတ်သော ရဟန်းငယ်တစ်ပါး။

အတိတ်ဝတ္ထု=ဂရုဓမ္မ (ကုရုဓမ္မ)ခေါ်သော ငါးပါးသီလကို ကုရုတိုင်း ကောရဗျမင်းအစရှိသော ငါးပါးသီလလုံခြုံစွာ စောင့်ထိန်းသူတို့အထံမှ ရွှေပေလွှာ၌ ရေးယူကာ လိုက်နာကျင့်သုံးကြသဖြင့် ကာလိင်္ဂတိုင်းပြည် မိုးခေါင်, ငတ်မွတ်, ရောဂါဘေးတို့မှ လွတ်ခြင်း။

ပြည်တန်ဆာမကား ဥပ္ပလဝဏ်အလောင်း, တံခါးစောင့်ကား ပုဏ္ဏထေရ်အလောင်း, ကြိုးတိုင်းအမတ်ကား ကစ္စည်းထေရ်အလောင်း, တင်းခြင်အမတ်ကား မောဂ္ဂလ္လာန်မထေရ်အလောင်း, သူဌေးကား သာရိပုတ္တမထေရ်အလောင်း, ရထားထိန်းကား အနုရုဒ္ဓါမထေရ်အလောင်း, ပုဏ္ဏားကား ကဿပမထေရ်အလောင်း, အိမ်ရှေ့မင်းကား နန္ဒပညာရှိအလောင်း, မိဖုရားကြီးကား ရာဟုလာမယ်တော်အလောင်း, ကောရဗျမင်း၏မယ်တော်ကား မယ်တော်မာယာအလောင်း, ကောရဗျမင်းကား ဘုရားအလောင်းတို့ အသီးအသီး ဖြစ်ခဲ့ကုန်၏။

ဆောင်ပုဒ်=ဂရုစံငါး၊ ကိုယ်ကျင့်ကား၊ တိုင်းကားပြည်နယ် ဝဖြိုးကြွယ်။

၁၈၃။ (၂၇၉) သတပတ္တဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၃။ ၄၊ ၂၊ ၃၄၇ ၃၅၀။ ငါးရာငါးဆယ်၊ ၃၊ ၄၉၈ ၅၀၂။)

ပစ္စုပ္ပန်ဝတ္ထု=ပဏ္ဍုကလောဟိတကရဟန်းနှစ်ပါး။

အတိတ်ဝတ္ထု=မိတ်ဆွေကို ရန်သူ, ရန်သူကို မိတ်ဆွေထင်သော လုလင်။

ဘုရားအလောင်းသည် ခရီးသွားတို့ကို လယက်ခြင်းစသည်ကို ပြု၍ အသက်မွေးသော ခိုးသူကြီးဖြစ်၏၊ ဗာရာဏသီပြည်၌ သူကြွယ်တစ်ယောက်သည် ဇနပုဒ်သားတစ်ဦးအား အသပြာတစ်ထောင် ပေး၍ တဖန် ပြန်မယူမိ သေ၏၊ ထိုသူကြွယ်၏မယားသည် သေရာညောင်စောင်း၌ သားကို ခေါ်၍ "ငါ့သား...သင့်အဖသည် ဇနပုဒ်သားအား အသပြာတစ်ထောင်ကို ပေး၍ မယူမူ၍လျှင် သေ၏၊ ငါသည်လည်း အကယ်၍ သေလျှင် ထို

သူသည် မပေးလတ္တံ့၊ သွားချေ...ငါအသက်ရှိစဉ်ပင် ထိုသူကို ပေးစေ၍ ယူချေလော့"ဟု ဆို၏၊ ထိုလုလင်သည် "ကောင်းပါပြီ"ဟု ပြောဆိုကာ ထိုဇနပုဒ်သို့ သွား၍ အသပြာတို့ကို ရ၏၊ ထိုလုလင်၏အမိသည် သေ၍ သား၌ ချစ်သဖြင့် သား၏လာရာလမ်း၌ "ဥပပါတ်မြေခွေးမ"ဖြစ်၏။

မှတ်ချက်။ ။ [ဤဇာတ်အဋ္ဌကထာလာစကားကို ထောက်လျှင် "တိရစ္ဆာန် ဩပပါတိက"ရှိကြောင်း သိရ၏။]

အထဿ မာတာ ကာလကိရိယံ ကတွာ ပုတ္တသိနေဟေန တဿ အာဂမနမဂ္ဂေ ဩပပါတိကသိင်္ဂါလီ ဟုတွာ နိဗ္ဗတ္တိ။ (ဇာတက၊ ၄၊ ၂၄၈။)

ထိုမြေခွေးမသည် သားတောအုပ်ဝသို့ ရောက်လာသည်ရှိသော် "အမောင်...မသွားလင့်၊ တောအုပ်၌ နေသော ခိုးသူတို့သည် သင့်ကို သတ်၍ အသပြာတို့ကို ယူလိမ့်မည်"ဟု အဖန်တလဲလဲ ခရီးသို့ ဖြတ်၍ တား၏။ ထိုလုလင်သည် ထိုအကြောင်းကို မသိ၍ "ယုတ်မာသောမြေခွေးမသည် ငါ၏လမ်းကို ဖြတ်သန်း၏"ဟု မြေခွေးမကို ခဲ,လုံးတံကိုင်၍ ပစ်ခတ်၍ ပြေးစေပြီးသော် တောသို့ဝင်၏။

ထိုအခါ ခေါက်ရှာငှက်တစ်ကောင်သည် "ယောကျ်ား၏လက်၌ အသပြာတစ်ထောင်ရှိ၏၊ ဤယောကျ်ားကို သတ်၍ အသပြာကို ယူကုန်လော့"ဟု မြည်လျက် ခိုးသူတို့သို့ ရှေးရှုပျံ၏၊ လုလင်သည် ထိုငှက်၏မြည်သံကို မသိ၍ "ဤငှက်ကား မင်္ဂလာငှက်တည်း"ဟု ကြံ၍ "အရှင်...မြည်လော့"ဟု ဆို၍ လက်အုပ်ချီ၏။

ဘုရားအလောင်းသည် ခပ်သိမ်းသောသတ္တဝါတို့၏မြည်သံကို သိ၏၊ "ဤမြေခွေးမသည် ဤလုလင်၏ အမိဖြစ်ရာ၏၊ ထို့ကြောင့် မြေခွေးမသည် လုလင်ကို မြစ်၏၊ ဤခေါက်ရှာငှက်သည် လုလင်၏ရန်သူ ဖြစ်ရာ၏၊

ထို့ကြောင့် ထိုငှက်သည် လုလင်ကို သတ်၍ အသပြာကို ယူရန် ငါတို့အား ကြား၏၊ ဤလုလင်ကား ထိုအကြောင်းများကို အမိကို ခြိမ်းချောက်၍ ပြေးစေ၍ ခေါက်ရှာငှက်ကို သူ၏အကျိုးကို လိုလား၏ ဟု ထင်၏၊

ဤလုလင်ကား မိုက်လေစွ ဟု ကြံ၏။ ဗောဓိသတ္တော သဗ္ဗရုတညူ...(ဇာ၊ ၄၊ ၂၄၈။)

ဘုရားအလောင်းဖြစ်ကုန်သော ယောကျ်ားမြတ်တို့အားလည်း မညီညွတ်သော ပဋိသန္ဓေယူခြင်း၏အစွမ်းအားဖြင့် ဤသို့ သူတပါးတို့၏ဥစ္စာကို ခိုးယူခြင်းသည် ဖြစ်၏၊ "နက္ခတ်အပြစ်ကြောင့် ဖြစ်သည်"ဟူ၍လည်း ဆိုကြ၏။

ဗောဓိသတ္တာနမ္ပိ ဧဝံ မဟာပုရိသာနမ္ပိ သတံ ပရသန္တကဂ္ဂဟဏံ ဝိသမပဋိသန္ဓိဂ္ဂဟဏဝသေန ဟောတိ၊ "နက္ခတ္တဒေါသေနာ"တိပိ ဝဒန္တိ။ (ဇာ၊ ၄၊ ၂၄၉။)

ဘုရားအလောင်းခိုးသူကြီးသည် ထိုလုလင်ကို ဖမ်းယူစေ၍ အကြောင်းစုံကို မေးမြန်းပြီးလျှင် ထိုမြေခွေးမသည် သင်၏အကျိုးကို လိုလားသောမိခင်ဖြစ်၏၊ ခေါက်ရှာငှက်ကား သင်၏အကျိုးမဲ့ကို အလိုရှိသောငှက်တည်း၊ သင့်အမိ၏ကျေးဇူးတို့ကား များကုန်၏၊ ထိုအမိကျေးဇူးတို့ကိုရည်၍ အသပြာတစ်ထောင်ကို ယူ၍ သင်သွားလေလော့ ဟု လွှတ်လိုက်လေ၏။

ဆောင်ပုဒ်=သားသမီးစွဲကာ၊ သေလေပါ၊ ပါယ်ရှာ ခွေးဖြစ်တတ်။
မိတ်စစ်ကိုပစ်၊ ရန်သူချစ်၊ လူညစ် ထုံးတရပ်။

၁၈၄။ (၂၈၀) ပုဋဒူသကဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၃။ ၄၊ ၂၊ ၃၅၀ ၃၅၁။ငါးရာငါးဆယ်၊ ၃၊ ၅၀၃ ၅၀၅။)

ပစ္စုပ္ပန်ဝတ္ထု=ဖခင်ဥယျာဉ်စောင့်က သစ်ပင်ထက်မှ ချသောသစ်ရွက်ထုပ်တိုင်းကို ဖျက်ဆီးပစ်သောသား။

အတိတ်ဝတ္ထု=ဥယျာဉ်စောင့်ချသော သစ်ရွက်ထုပ်တိုင်းကို ဖျက်ဆီးသောမျောက်။

ဘုရားအလောင်းပညာရှိယောကျ်ားက မျောက်ကြီးကို ခေါ်၍ "ဥယျာဉ်စောင့်သည် ချအပ်သော သစ်ရွက်ထုပ်ကို ဖျက်ဆီး၍ အလွန်နှစ်သက်ဖွယ် သစ်ရွက်ထုပ်တစ်မျိုးကို သင်ပြုလတ္တံ့လော?"ဟု မေးလျှင် မျောက်က "ငါ၏ မိဘတို့သည် သစ်ရွက်ထုပ်သောအမှု၌ မလိမ္မာကုန်၊ ငါတို့သည် ပြုတိုင်းပြုတိုင်းသော အထုပ်ကိုသာလျှင် ဖျက်ဆီးတတ်ကုန်၏၊ ဤသည်ကား ငါတို့မျောက်မျိုး၏အလေ့သဘောဖြစ်၏"ဟု ဖြေကြားလေ၏။ ဘုရားအလောင်းက "သင်တို့၏အလေ့သဘော ဟုတ်သည်ဖြစ်စေ, မဟုတ်သည်ဖြစ်စေ ထိုအလေ့သဘောကို တရံတဆစ်မျှ ငါတို့ မမြင်လိုကုန်"ဟု ပြောဆိုလေ၏။ ဥယျာဉ်စောင့်သားငယ်သည် ထိုအခါ မျောက်ကြီးဖြစ်ခဲ့လေ၏။

မိဂရာဇာ မျောက်ခင်း၊ မိဂရာဇာတိ မက္ကဋံ ဝဏ္ဏေန္တော ဝဒတိ။ (ဇာ၊ ၄၊ ၂၊ ၃၅၁။)

ဆောင်ပုဒ်=မျောက်သတ္တဝါ၊ ဓမ္မတာ၊ မြင်ရာတွေ့တိုင်းဖျက်။
အပြုမဟုတ်၊ အဖျက်လုပ်၊ မျောက်ယုတ် ဘဝဆက်။

၁၈၅။ (၂၈၁) အဗ္ဘန္တရဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၉၄။ ဠ၊ ၂၊ ၃၅၂-၃၅၉။ ငါးရာငါးဆယ်၊ ဒု၊ ၅၀၅-၅၁၄။)
ပစ္စုပ္ပန်ဝတ္ထု=အရှင်သာရိပုတ္တမထေရ်က ကောသလမင်းထံမှ ရရှိခဲ့သော သရက်သီးဖျော်ရည်ကို လေနာထနေသော ယသော်ဓရာထေရီအား လှူခြင်း၊ ထေရီမသည် ထိုဖျော်ရည်ကို လေနာငြိမ်းပျောက်ခြင်း။
အတိတ်ဝတ္ထု=ကျေးစေတမန်သည် ဟိမဝန္တာရှိ ဝေဿဝဏ္ဏနတ်မင်းကြီးပိုင်သော အဗ္ဘန္တရသရက်ပင်မှ သရက်သီးကို ရသေ့ထံမှ ရခြင်း။
ဥယျာဉ်၌နေကြသော ဘုရားအလောင်းအမှူးရှိသောရသေ့အပေါင်း၏သီလတန်ခိုးကြောင့် သိကြားနေရာသည် လှုပ်၏၊ ထိုအကြောင်းကိုသိသော သိကြားမင်းသည် ရသေ့တို့အား နေရာမရစိမ့်သောငှါ ညဉ့်သန်းခေါင်အခါ၌ မိဖုရားအား "အရှင်မိဖုရား...သင်သည် အဗ္ဘန္တရသရက်သီးမှည့်ကို စားရလျှင် စကြဝတေးမင်းဖြစ်မည်သားကို ရလတ္တံ့"ဟု ပြောလျှင် မိဖုရားက မင်းအား ပြော၍ ဥယျာဉ်သို့ စေလိမ့်မည်၊ ငါသည် သရက်သီးကို ကွယ်စေအံ့၊ မင်းသည် သရက်သီးတို့၏မရှိသောအဖြစ်ကို သိရ၍ ရသေ့တို့ စားကုန်သည် ဟု လျှောက်တင်ကြလျှင် ရသေ့တို့ကို ပုတ်ခတ်၍ နှင်ထုတ်လိမ့်မည်"ဟု ကြံစည်သည့်အတိုင်း ပြုလုပ်လေ၏၊ ထိုအတိုင်းပင် ဥယျာဉ်မှ ရသေ့တို့ကို ရိုက်ပုတ်နှင်ထုတ်ကြကုန်၏၊ သိကြားမင်း၏အလိုကား ပြည့်သော်လည်း မိဖုရား၏ချင်ခြင်းကား မပြည့်ခဲ့၊ မိဖုရားသည် ကျေးစေတမန်၏ဆောင်ယူခဲ့သော သရက်သီးမှည့်ကို စားသုံးရစေကာမူ သားကိုကား မရခဲ့ပါ။
ယခုအခါ ရာဟုလာမယ်တော်သည် ထိုအခါ အဗ္ဘန္တရသရက်သီးကို စားချင်သော ချင်ခြင်းဖြစ်သည့် မိဖုရား, အရှင်အာနန္ဒာသည် ကျေးသား, အရှင်သာရိပုတ္တသည် သရက်သီးမှည့်ပေးသော ရသေ့, ဘုရားရှင်သည် ဥယျာဉ်၌ နေသော အဘိညာဉ်, သမာပတ်နှင့်ပြည့်စုံသော ရသေ့ဖြစ်ခဲ့လေ၏။
ဆောင်ပုဒ်=ကိုယ်ရေးတွက်တာ၊ ကြောင်းခြင်းရာကြောင့်၊ နတ်လာပေးချက်၊ မြင်အိပ်မက်ကား၊ မှန်လျက်မရှိ၊
ဆိုတုံဘိ၊ မှတ်သိ ဤဇာတ်လာ။
သိကြားမင်းလျက်၊ စိတ်ယွင်းကွက်၊ မှားချက် မကောင်းပါ။

၁၈၆။ (၂၈၂) သေယျဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၉၄။ ဠ၊ ၂၊ ၃၅၉-၃၆၂။ ငါးရာငါးဆယ်၊ ဒု၊ ၅၁၄-၅၁၈။)
ပစ္စုပ္ပန်ဝတ္ထု=အဆိုးထဲမှ အကောင်းရသော ကောသလမင်းအမတ်။
အခြားသူတို့ မင်းအား ကုန်းတိုက်မှုကြောင့် နှောင်အိမ်၌ နေရသော အမတ်သည် မိမိ၏သီလနှင့်ပြည့်စုံခြင်းကို မှီ၍ စိတ်တည်ငြိမ်ခြင်းကို ရလျက် သင်္ခါရတရားတို့ကို ဆင်ခြင်သုံးသပ်၍ သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။
အမတ်က ဘုရားရှင်အား "ရှင်တော်ဘုရား...မလိုအပ်သော ဖြစ်ရပ် မှန်ပါ၏၊ သို့သော် တပည့်တော်သည် ထို အကျိုးမဲ့ဖြစ်ရပ်ဖြင့် အကျိုးစီးပွားကို ပြုနိုင်ခဲ့ပါ၏၊ နှောင်အိမ်အတွင်း၌နေလျက် သောတာပတ္တိဖိုလ်ကို ရစေ ပါ၏"ဟု လျှောက်ထား၏။

အာမ ဘန္တေ ဥပ္ပန္နော၊ အပဲ ပန တေန အနတ္ထေန အတ္ထံ အကာသိ၊ ဗန္ဓနာဂါရေ နိသီဒိတွာ သောတာပတ္တိဖလံ နိဗ္ဗတ္တေသိန္တိ။ (ဇာ၊ ဠ၊ ၂၊ ၃၅၉။)

အတိတ်ဝတ္ထု=နှောင်အိမ်(ထောင်)အတွင်းမှ ဘုရားအလောင်းဗာရာဏသီမင်း၏မေတ္တာစျာန်အစွမ်းကြောင့် ရန်သူမင်း၏ ကိုယ်၌ ပူလောင်ခြင်းကြောင့် တိုင်းပြည်ကို ပြန်လည်အပ်၍ ရန်သူမင်းက ယနေ့မှစ၍ ဗာရာဏသီမင်း၏ရန် သူသည် သူ၏တာဝန်ဖြစ်ပါစေ ဟု ဝန်ခံလျက် ပြစ်မှားသောအမတ်အား မင်းအာဏာကို ပြုစေခြင်း။
ဘုရားအလောင်းဗာရာဏသီမင်းသည် ရသေ့ရဟန်းပြု၍ မယုတ်သောစျာန်ရှိရကား ဗြဟ္မာ့ပြည်သို့ လားရ၏။
ရန်သူမင်းသည် အရှင်အာနန္ဒာအလောင်းဖြစ်ခဲ့၏။
မှတ်ချက်။ ။ ပဥ္စကနိပါတ် ဃဋဇာတ်၏ပစ္စုပ္ပန်, အတိတ်ဝတ္ထု (ဇာ၊ ဠ၊ ၃၊ ၁၅၆-၁၅၈၊ ငါးရာငါးဆယ်၊ တ၊ ၂၄-၂၇)များနှင့် အလားတူ၏၊ ပဥ္စကနိပါတ် မဏိကုဏ္ဍလဇာတ်၏အတိတ်ဝတ္ထု(ဇာ၊ ဠ၊ ၃၊ ၁၄၂-၁၄၄။ ငါးရာငါးဆယ်၊ တ၊ ၂-၄)နှင့်သာ အလားတူ၏။
ဆောင်ပုဒ်=အဆိုးထဲမှ၊ အကျိုးရ၊ ကိုးပြ ဤဇာတ်သည်။

ထောင်ထဲ၌လျှင်၊ ရှုဆင်ခြင်၊ မှန်ပင်မင်္ဂဖိုလ်တည်။
ဘေးရန်နှင့်တွေ့၊ မေတ္တာမွေ့၊ ရန်ငွေ့ပျက်ပြုန်းမည်။

၁၈၇။ (၂၈၄) သိရိဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၅။ ဋ္ဌ၊ ၂၊ ၃၆၈ ၃၇၂။ ငါးရာငါးဆယ်၊ ၃၊ ၅၂၆ ၅၃၂။)

ပစ္စုပ္ပန်ဝတ္ထု=အနာထပိဏ်သူဌေး၏ဘုန်းကျက်သရေကို ပုဏ္ဏားခိုး၍မရ။

ဤပစ္စုပ္ပန်ဝတ္ထုကို ခဒိရင်္ဂါရဇာတ်(ဇာ၊ ၁၊ ၁၀။ ဋ္ဌ၊ ၁၊ ၂၄၃ ၂၄၉)၌ ချဲ့အပ်ခဲ့ပြီးသည်သာတည်း။

အတိတ်ဝတ္ထု=ဘုန်းကံရှိသူထံသို့သာ ကျက်သရေရောက်၏။

ထင်းခွေယောက်ျားသည် အသားစားလျှင် မင်းဖြစ်ထိုက်သောကြက်ကို သတ်၍ အမွေးအတောင်နုတ်ပြီး, ဝမ်းကို သုတ်သင်လျက် မယားအား ကြက်သားကို ကောင်းစွာ စီရင်စေ၏၊ မယားသည် ကြက်သားနှင့်ထမင်းကို ကောင်းစွာ စီရင်၍ လင်အား တည်ခင်း၏၊ လင်သည် "ရှင်မ...ဤအသားကား အာနုဘော်ကြီး၏၊ ဤကြက်သားကို စား၍ ငါမင်းဖြစ်အံ့၊ သင်သည် မိဖုရားဖြစ်လတ္တံ့၊ သင်သည် ထမင်းနှင့်ကြက်သားကို ယူခဲ့၍ ဂင်္ဂါမြစ်သို့ သွား၍ ရေချိုးပြီးမှ စားကုန်အံ့"ဟု ထိုလင်မယားတို့သည် ထမင်းတောင်းကို ကမ်းနား၌ထား၍ ရေချိုးကြစဉ် လေတိုက်ခတ်ရကား ရေသည် တက်လာ၍ ထမင်းတောင်းသည် မြစ်၌ မျောပါလေ၏။ ထိုထမင်းတောင်းကို ဆင်ဆရာအမတ်ကြီးသည် ဆယ်ယူရ၍ မိမိ၏ဆရာ ဒိဗ္ဗစက္ခုရှင်ရသေ့အား ဆက်ကပ်ရာ ဆရာရသေ့က ကြီးမြတ်သောအသားကို ဆင်ဆရာအား ပေး၍ အပဖြစ်သောအသားကို ဆင်ဆရာ၏မယားအား ပေးပြီးလျှင် မိမိကား ကြက်၏အရိုးအသားကိုသာ စား၏။

သုံးရက်မြောက်နေ့၌ ပြည်နီးချင်းမင်းသည် လာ၍ ဗာရာဏသီပြည်ကို ဝန်းရံ၏၊ ဗာရာဏသီမင်းသည် ဆင်ဆရာကို မင်းအသွင်ယူစေ၍ မိမိကား မထင်ရှားသောအသွင်ဖြင့် ရန်သူမင်းကို တိုက်ခိုက်ရာ မြှားမှန်၍ သေလေ၏။ ဆင်ဆရာသည် ဗိုလ်ပါအများစုစည်း၍ တိုက်ခိုက်လေသော် ပြည်နီးချင်းမင်းကို သတ်၍ အနိုင်ရသောကြောင့် ပြည်သူပြည်သားတို့က ဆင်ဆရာကို မင်းအဖြစ်တင်မြှောက်ကြ၏၊ မယားသည် မိဖုရားကြီးဖြစ်၍ ဆရာရသေ့ကား မင်းဆရာဖြစ်လေတော့၏။

အရှင်အာနန္ဒာသည် ထိုအခါ မင်းဖြစ်ခဲ့၏၊ ဘုရားရှင်သည် မင်း၏ဆရာရသေ့ဖြစ်ခဲ့၏။

ဆောင်ပုဒ်=ဘုန်းနည်းသူပြု၊ ကျက်သရေမှုကား၊ တစ်ခုမကျန်၊ ဘုန်းရှိထံ၊ အမှန်ရောက်ရသည်။

၁၈၈။ (၂၈၅) မဏိသူကရဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၅။ ဋ္ဌ၊ ၂၊ ၃၇၃ ၃၇၆။ ငါးရာငါးဆယ်၊ ၃၊ ၅၃၂ ၅၃၇။)

ပစ္စုပ္ပန်ဝတ္ထု=လာဘ်ယုတ်ရန် သုန္ဒရီပရိဗိုဇ်မအား သတ်စေ၍ ဘုရားရှင်ကို မကောင်းကြံသော တိတ္ထိများ အမှုမှန်ပေါ်သောအခါ မိမိတို့သာ ဒုက္ခရောက်ကြရခြင်း။

အတိတ်ဝတ္ထု=ခြင်္သေ့ကို ကြောက်၍ ပတ္တမြားဂူကို ညစ်နွမ်းစေရန် ဝက်များ ညွန်ဖြင့် ပွတ်ကြသော်လည်း မညစ်နွမ်းပဲ ပို၍ပင် တောက်ပြောင်လာခြင်း။ ထိုစဉ်က ဘုရားအလောင်းကား ရသေ့ဖြစ်၏။

ဆောင်ပုဒ်=သူတပါးအား၊ ဂုဏ်များယုတ်စိမ့်၊ ဘယ်လိုနှိမ့်လည်း၊ မနိမ့်ကိုယ်သာ၊ နိမ့်ရရှာလိမ့်၊ ပမာဝက်များ၊ ပတ္တမြားကို၊ ပွတ်ငြားရောင်မှိန်၊ စိတ်ရွယ်ချိန်လည်း၊ မမှိန်ပတ္တမြား၊ ပိုတောက်ကြွားသည်၊ ထင်ရှားသက်သေ ပုံထုံးပေ။

ပြစ်မရှိ ပြစ်ရှာ

လမင်း ခွေးဟောင်သို့၊ ရွှေလရောင် ပြောင်မပျက်တယ်၊ ထွန်းလျက်ပင်သာ။ ။
မြတ်ရွှေဂူ ပတ္တမြားကိုလ၊ ဝက်များက ငြူစူစွာ ညွှန်လူးကာ တိုက်နဲ။ ။
ပွတ်လေလေ ဂူရွှေမှာ အရောင်ထွက်တယ်၊ ရေးကထက်ကဲ။ ။
(အမည်မသိ စာဆိုတော်)

၁၈၉။ (၂၈၇) လာဘဂရဟဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၆။ ဋ္ဌ၊ ၂၊ ၃၇၈ ၃၈၁။ ငါးရာငါးဆယ်၊ ၃၊ ၅၄၀ ၅၄၂။)

ပစ္စုပ္ပန်ဝတ္ထု=လာဘသက္ကာရဖြစ်ကြောင်းကို ကဲ့ရဲ့သော အရှင်သာရိပုတ္တ၏တပည့်ရဟန်းတော်။

အရှင်မြတ်၏တပည့်ရဟန်းတစ်ပါးသည် အရှင်မြတ်အား လာဘသက္ကာရဖြစ်ကြောင်းကို မေးလျှောက်သောအခါ

အရှင်မြတ်က လာဘသက္ကာရဖြစ်ကြောင်း လေးပါးကို ဟောပြတော်မူ၏။

အာဝုသော စတုဟင်္ဂေဟိ သမန္နာဂတဿ လာဘသက္ကာရော ဥပ္ပဇ္ဇတိ၊ အတ္တနော အဝ္ဏ္ဏရေ ဟိရိ သြတ္တပ္ပံ ဘိန္ဒိတွာ သာမည် ပဟာယ အနုမ္မတ္တေနေဝ ဥမ္မတ္တေန ဝိယ ဘဝိတဗ္ဗံ၊ ပိသုဏာဝါစာ ဝတ္တဗ္ဗာ၊ နဋသဒိသေန ဘဝိတဗ္ဗံ၊ ဝိကိဏ္ဏဝါစေန ကုတူဟလေန ဘဝိတဗ္ဗ"န္တိ ဣမံ လာဘုပ္ပတ္တိပဒံ ကထေသိ။

(ဇာတ၊ ဋ္ဌ၊ ၂၊ ၃၇၈။)

အတိတ်ဝတ္ထု=ဘုရားအလောင်းသည် ဗာရာဏသီပြည်ဝယ် ဒိသာပါမောက္ခဆရာကြီးဖြစ်၍ တပည့်လုလင်ငါးရာတို့ကို အတတ်ကို ပို့ချသင်ကြားပေး၏၊ တပည့်ငါးရာတို့အနက် တပည့်လုလင်တစ်ယောက်သည် ဆရာကြီးအား လာဘ်ဖြစ်ကြောင်းအကျင့်ကို မေးလေ၏၊ ဆရာကြီးက...

၁။ မရူးပဲလျက် ရူးသောသူတို့၏အမူအရာကို ကျင့်ရခြင်း၊

၂။ ချောပစ်ကုန်းတိုက်တတ်သော အမျိုးမဟုတ်ပဲလျက် ချောပစ်ကုန်းတိုက်သောအကျင့်ကို ကျင့်ခြင်း၊

၃။ ကချေသည် မဟုတ်ပဲလျက် ကချေသည်တို့၏အမူအရာကို ကျင့်ရခြင်း၊

၄။ ဖရိုဖရဲ ပြောဆိုတတ်သော အမျိုးမဟုတ်ပဲလျက် ဖရိုဖရဲ ပြောဆိုတတ်သောသူတို့၏အမူအရာကို ကျင့်ရခြင်း ဤလာဘ်ရခြင်းအကြောင်းလေးပါးတို့ကို ပြောဆိုလေ၏။

နာနုမ္မတ္တော နာပိသုဏော၊ နာနဋော နာကုတူဟလော။
မူဠှေသု လဘတေ လာဘံ၊ ဧသာ တေ အနုသာသနီ။

(ဇာတက၊ ၁၊ ၈၆၊ ဋ္ဌ၊ ၂၊ ၃၇၉။)

တာတ အမောင်၊ နာနုမ္မတ္တော မရူးပဲလျက် ရူးသောသူတို့၏အမူအရာကို ကျင့်သော၊ နာပိသုဏော ချောပစ်ကုန်းတိုက်တတ်သော အမျိုးမဟုတ်ပဲလျက် ချောပစ်ကုန်းတိုက်တတ်သောအကျင့်ကို ကျင့်သော၊ နာနဋော ကချေသည်မဟုတ်ပဲလျက် ကချေသည်တို့၏အမူအရာကို ကျင့်သော၊ နာကုတူဟလော ဖရိုဖရဲ ပြောဆိုတတ်သော အမျိုးမဟုတ်ပဲ ဖရိုဖရဲ ပြောဆိုတတ်သောသူတို့၏အမူအရာကို ကျင့်သော၊ သတ္တော သတ္တဝါသည်၊ မူဠှေသု မိုက်မဲတွေဝေကုန်သော သူတို့မှ၊ ဝါ မိုက်မဲတွေဝေကုန်သော သူတို့ဆီက၊ လာဘံ လာဘ်ကို၊ လဘတေ ရ၏၊ ဧသာ ဤသည်ကား၊ တေ သင့်အား၊ ဒိန္နာ ပေးအပ်သော၊ အနုသာသနီ အဆုံးအမတည်း။

တပည့်လုလင်သည် ဆရာ၏စကားကို ကြားရလျှင် လာဘ်ကို ကဲ့ရဲ့၍ အဓမ္မဖြင့် ဥစ္စာရခြင်းထက် ဆွမ်းခံ၍ အသက်မွေးခြင်းက မြတ်၏ ဟု ပြောဆိုကာ တောက်ထွက်၍ ရဟန်းပြုလျက် တရားသဖြင့် ဆွမ်းကို ရာ၍ အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေပြီးလျှင် ဗြဟ္မာ့ပြည်သို့ လားရ၏။

ဆောင်ပုဒ်=မရူးပဲတောင်၊ အရူးယောင်၊ ကျင့်ဆောင် ဤတစ်မျိုး။
မကတတ်ပင်၊ က တတ်သွင်၊ ကျင့်စဉ် သည်တစ်မျိုး။
ချောပစ်ကုန်းတိုက်၊ သူ့အကြိုက်၊ ကျင့်လိုက် သည်တစ်မျိုး။
ရှေ့နောက်မညီ၊ စကားလီ၊ ကျင့်သည် နောက်တစ်မျိုး။
လာဘ်ရကြောင်းများ၊ ဤလေးပါး၊ ပြငြား ထိုရှင်ဆိုး။
အရူး, အက၊ အံ့ဖွယ်ပြ၍၊ ပြောကချောပစ်၊ ဤသနစ်ကား၊ စင်စစ် လာဘ်ရ၊ ကြောင်းလေးဝ၊ ပြကြမှုရိုး လူ့ရှင်ဆိုး။

၁၉၀။ (၂၈၈) မစ္ဆုဒ္ဒါနဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၆ ၈၇။ ဋ္ဌ၊ ၂၊ ၃၈၁ ၃၈၄။ ငါးရာငါးဆယ်၊ ၃၊ ၅၄၃ ၅၄၆။)

ပစ္စုပ္ပန်ဝတ္ထု=ကောက်ကျစ်စဉ်းလဲသောကုန်သည်။

အတိတ်ဝတ္ထု=အမျှဝေခြင်း၏အကျိုး အသပြာတစ်ထောင်ပြန်ရ

ဗာရာဏသီပြည်သားဘုရားအလောင်း သူကြွယ်နှင့် သူ၏ညီတို့သည် "အဘ၏ဥစ္စာကို ကုန်သွယ်အံ့"ဟု ရွာတစ်ရွာသို့ သွား၍ အသပြာတစ်ထောင်ကို ရ၍ ပြန်လာကြရာ မြစ်ဆိပ်၌ လှေကို ဆိုက်၍ ထမင်းစားကြကုန်၏၊ ဘုရားအလောင်းသည် ထမင်းစားကြွင်းကို ဂင်္ဂါမြစ်၌ ငါးတို့အား ကျွေး၍ မြစ်စောင့်နတ်အား ဒါနအဖို့ကို ပေး၏၊ မြစ်စောင့်နတ်သည် ဒါနအဖို့ကို ဝမ်းမြောက်၍ နတ်စည်းစိမ် အခြံအရံဖြင့် ပွားများ၏၊ မိမိစည်းစိမ်ပွားခြင်းကို ဆင်ခြင်လတ်သော် အကြောင်းကို သိ၏။

ဗောဓိသတ္တော အတိရေကဘတ္တံ ဂင်္ဂါယ မစ္ဆါနံ ဒတွာ နဒီဒေဝတာယ ပတ္တိံ အဒါသိ။ ဒေဝတာ ပတ္တိံ အနုမောဒိတွာယေဝ ဒိဗ္ဗေန ယသေန ဝဍ္ဎိတွာ အတ္တနော ယသဝဍ္ဎိ အာဝဇ္ဇမာနာ တံ ကာရဏံ အညာသိ။ (ဇာ၊ ဋ္ဌ၊ ၂၊ ၃၈၁။)

ဘုရားအလောင်းသည် သဲပြင်၌ အပေါ်ရုံကို ခင်း၍ အိပ်၏၊ ဘုရားအလောင်း၏ညီသည်ကား အတန်ငယ် ခိုးတတ်သောသဘောရှိ၏၊ ထိုအသပြာကို ဘုရားအလောင်းအား မပေးမူ၍ မိမိချည်းသာ ယူလိုသောကြောင့် အသပြာထုပ်နှင့် တူသော ကျောက်စရစ်ထုပ်တစ်ထုပ်ကို ပြုလျက် အထုပ်နှစ်ထုပ်တို့ကိုလည်း တပေါင်းတည်း ထား၍ လှေစီးရာ ဂင်္ဂါမြစ်လယ်သို့ ရောက်လျှင် ညီသည် လှေကိုလှုပ်စေ၍ "ကျောက်စရစ်ထုပ်ကို ရေ၌ချအံ့"ဟု ကြံလျက် အသပြာတစ်ထောင်ထုပ်ကို ရေ၌ ချ၍ "အစ်ကို...အသပြာတစ်ထောင်ထုပ်သည် ရေ၌ ကျ၏၊ အသို့ပြုအံ့နည်း? ဟု ဆိုလေ၏။ ဘုရားအလောင်းက "ရေ၌ကျသော် အသို့ပြုကုန်အံ့နည်း?(ဘာတတ်နိုင်ကုန်မည်နည်း?), မစိုးရိမ်လင့်"ဟု ပြောဆိုလေ၏။

မြစ်စောင့်နတ်သည် "ဤသူသည် ပေးအပ်သော ဒါနအဖို့ကို ဝမ်းမြောက်၍ နတ်စည်းစိမ်ဖြင့် ငါ့အဖို့ရာ ပွားများ၏၊ ထိုသူ၏ဥစ္စာကို စောင့်အံ့"ဟု ကြံ၍ မိမိ၏အာနုဘော်ဖြင့် ထိုဥစ္စာထုပ်ကို ငါးကြီးတစ်ကောင်ကို မျိုစေလျက် မိမိကိုယ်တိုင် စောင့်ရှောက်၏၊ ထိုဥစ္စာခိုး ညီသည်လည်း အိမ်သို့ သွား၍ "ငါသည် အစ်ကိုကို လှည့်စားအပ်ပြီ"ဟု အထုပ်ကို ဖြေလတ်သော် ကျောက်စရစ်တို့ကို မြင်၍ နှလုံးချောက်တပ်သည်ဖြစ်ရကား ညောင်စောင်း ပေါင်ကို ဖက်၍ အိပ်လေ၏။

တံငါတို့သည် ငါးဖမ်းအံ့သောငှါ ကွန်ပစ်ကြရာ ထိုငါးသည် နတ်၏အာနုဘော်ဖြင့် ကွန်သို့ ဝင်၏၊ တံငါတို့သည် ငါးကိုယူ၍ မြို့၌ ရောင်းကြရာ လူတို့က "ထိုငါးကြီး၏တန်ဖိုးကို"မေးကုန်၏၊ တံငါတို့က "အသပြာတစ်ထောင်နှင့် ခုနစ်ပဲပေး၍ ယူကြကုန်လော့"ဟု ဆိုကုန်လတ်သော် လူတို့သည် "အသပြာတစ်ထောင်တန်သော ငါးကို ငါတို့ မမြင်စဖူး"ဟု ပြက်ရယ်ပြုကုန်၏၊ တံငါတို့သည် ဘုရားအလောင်း၏အိမ်တံခါးသို့ သွား၍ ငါးဝယ်ကုန်လော့ "ဟု ဆိုကုန်၏၊ ဘုရားအလောင်းက "ငါးဖိုး အဘယ်မျှနည်း?"ဟု မေးလျှင် တံငါတို့က "ခုနစ်ပဲပေး၍ ယူကုန်လော့"ဟု ဆိုကုန်၏၊ ဘုရားအလောင်းက "တစ်ပါးသောသူတို့အား ပေးကုန်သော် အသို့ ပေးကုန်သနည်း? ဟု မေးလျှင် တံငါတို့က "အသပြာတစ်ထောင်နှင့် ခုနစ်ပဲတို့ဖြင့် ပေးကုန်၏၊ သင်တို့သည်မူကား ခုနစ်ပဲမျှ ပေး၍ ယူကုန်လော့" ဟု ဆိုကုန်၏၊ ဘုရားအလောင်းသည် တံငါတို့အား ခုနစ်ပဲ ပေး၍ ငါးကို မယားထံသို့ ပို့စေ၏၊ မယားသည် ငါ၏ဝမ်းကို ခွဲလေသော် အသပြာတစ်ထောင်ထုပ်ကို မြင်၍ ဘုရားအလောင်းအား အကြောင်းကြား၏၊ ဘုရားအလောင်းသည် ထိုအသပြာထုပ်ကို မြင်၍ မိမိ၏တံဆိပ်ကို မြင်ရကား မိမိဥစ္စာအဖြစ်ကို သိ၍ "ယခု ဤတံငါတို့သည် ဤငါးကို သူတပါးတို့အား အသပြာတစ်ထောင်နှင့် ခုနစ်ပဲတို့ဖြင့် ပေးကုန်၏၊ ငါတို့အထံသို့ ရောက်၍ကား အသပြာတစ်ထောင်သည် ငါတို့၏ဥစ္စာဖြစ်သောကြောင့် ခုနစ်ပဲတို့ကိုသာလျှင် ယူ၍ ပေးကုန်၏၊ ဤအကြောင်းကို မသိသောတစ်စုံတစ်ယောက်သောသူကို ယုံစေခြင်းငှာ မတတ်ကောင်း"ဟု ကြံ၏၊ ငါသည် အဘယ်ကို အမှီပြု၍ ထိုအသပြာတို့ကို ရအပ်ကုန်သနည်း?"ဟု ကြံစည်အောက်မေ့စဉ် မြစ်စောင့်နတ်သည် ကောင်းကင်၌ ရပ်လျက် "ငါကား ဂင်္ဂါမြစ်စောင့်နတ်တည်း၊ သင်သည် ငါးတို့အား စားကြွင်းထမင်းကို ပေး၍ ငါ့အား ဒါနအဖို့ကို ပေးဝေ၏၊ ထို့ကြောင့် ငါသည် သင်၏ဥစ္စာကို စောင့်ရှောက်၏"ဟု ဤစကားကို ဆိုပြီးလျှင် ထိုနတ်သားသည် ဘုရားအလောင်းအား ညီသည် ပြုအပ်သော စဉ်းလဲသော အမှုအလုံးစုံကို ဆို၍ ဤသူသည် နှလုံးချောက်တပ်သဖြင့် အိပ်နေ၏၊ ပြစ်မှားသောစိတ် ရှိသောသူအား စီးပွားမည်သည် မရှိ၊ ငါသည်ကား "သင်၏ဥစ္စာသည် မပျက်စီးစေလင့်"ဟု ဥစ္စာကိုဆောင်ခဲ့၍ သင့်အား ပေး၏၊ ဥစ္စာကို ညီခိုးသူအား မပေးမူ၍ သင်သာလျှင် ယူလော့"ဟု ဆိုလို၍...

> ပဒုဋ္ဌစိတ္တဿ န ဖာတိ ဟောတိ၊ န စာပိ တံ ဒေဝတာ ပူဇယန္တိ။
> ယော ဘာတရံ ပေတ္တိကံ သာပတေယျံ၊ အဝဉ္စယီ ဒုက္ကဋကမ္မကာရီ။
> (ဇာ၊ ၁၊ ၈၇။ ဋ္ဌ၊ ၂၊ ၃၈၇။)
> နံ (သီ၊သျာ)

ဒုက္ကဋကာရီ မကောင်းမှုကို ပြုလေ့ရှိသော၊ ယော အကြင်သူသည်၊ ဘာတရံ အစ်ကိုကို၊ ပေတ္တိကံ အဖို့

ရှိသော၊ သာပတေယျံ ဥစ္စာကို၊ အဝဍ္ဎယီ လုည်စား၏၊ ပဒုဋ္ဌစိတ္တဿ ပြစ်မှားသောစိတ်ရှိသောသူအား၊ ဖာတိ အစီးအပွါးသည်၊ န ဟောတိ မဖြစ်၊ တံ ထိုသူကို၊ ဒေဝတာ စာပိ နတ်တို့သည်လည်း၊ န ပူဇယန္တိ မပူဇော်ကုန်။

ဤသို့ နတ်သည် ပြောဆိုသော်လည်း ဘုရားအလောင်းသည်ကား "ဤသို့ ပြုအံ့သောငါ မတတ်ကောင်း"ဟု ညီအားလည်း ငါးရာသောအသပြာတို့ကို ပို့စေသည်သာလျှင်တည်း။

သစ္စာတရားကို ဟောပြတော်မူသည်၏အဆုံး၌ စဉ်းလဲသောကုန်သည်သည် သောတာပတ္တိဖိုလ်၌ တည်၏၊ ယခုအခါ စဉ်းလဲသောကုန်သည်သည် ထိုအခါ ညီ, ဘုရားရှင်သည် အစ်ကိုကုန်သည် ဖြစ်ခဲ့ကုန်၏။

ဆောင်ပုဒ်=ကုသိုလ်ကောင်းမှု၊ ဖို့အစု၊ ဝေပြု နတ်လူအား။

အမျှရလာ၊ နတ်တို့မှာ၊ လျင်စွာ ချမ်းသာပွါး။
ချမ်းသာရကြ၊ နတ်များက၊ မုချ စောင့်ရှောက်ငြား။
မဏ္ဍူဒ္ဒါန၊ ဇာတ်တော်က၊ ပံ့ပြ သက်သေထား။
လှည့်စားကောက်ကျစ်၊ အကြံညစ်၊ မချစ် လူနတ်များ။
အစ်ကိုကိုပတ်၊ ညီလုပ်ရပ်၊ မြစ်နတ် ဖွင့်ဟသွား။

၁၉၁။ (၂၈၉) နာနာဆန္ဒဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၇။ ဋ္ဌ၊ ၂၊ ၃၀၄ ၃၀၆။ ငါးရာငါးဆယ်၊ ၃၊ ၅၄၇ ၅၅၀။)

ပစ္စုပ္ပန်ဝတ္ထု=အရှင်အာနန္ဒာ ဆုရစ်ပါးရခြင်း။

ဤဝတ္ထုကား ကောဒသကနိပါတ် ဇုဏှဇာတ်(ခု၊ ၅၊၂၂၇ ၂၂၉=ဇာ၊ ၁၊၂၂၇ ၂၂၉)၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=နက္ခတ်အတတ်ပညာကြောင့် လိုအပ်သော ဆုထူးများရသော ပုဏ္ဏားမိသားစု။

ပုရောဟိတ်ပုဏ္ဏားကား အရှင်အာနန္ဒာအလောင်း, ဗြဟ္မဒတ်မင်းကား ဘုရားအလောင်းတည်း။

ဆောင်ပုဒ်=အလိုဆန္ဒ၊ ဟူသမျှ၊ မုချ မတူပေ။

လူအစားစား၊ စိတ်တွေပြား၊ လိုငြား ထူးထွေထွေ။

၁၉၂။ (၂၉၀) သီလဝီမံသကဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၇။ ဋ္ဌ၊ ၂၊ ၃၀၆ ၃၀၈။ ငါးရာငါးဆယ်၊ ၃၊ ၅၅၀ ၅၅၂။)

ပစ္စုပ္ပန်ဝတ္ထု=သီလကို စုံစမ်းသောပုဏ္ဏား။

ပစ္စုပ္ပန်ဝတ္ထု, အတိတ်ဝတ္ထု နှစ်မျိုးလုံးကို ဧကကနိပါတ် သီလဝီမံသကဇာတ် (ခု၊ ၅၊ ၂၀=ဇာ၊ ၁၊ ၂၀)၌ ချဲ့အပ်ပြီးသည်သာတည်း။

အတိတ်ဝတ္ထု=မိမိ၏သီလကို စုံစမ်း၍ သီလ၏ကျေးဇူးကို သိပြီးလျှင် ရသေ့ရဟန်းပြုလျက် အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေကာ ဗြဟ္မာ့ပြည်သို့ လားရသော ဘုရားအလောင်း ပုရောဟိတ်ပုဏ္ဏား။

ဆောင်ပုဒ်=အမျိုးနွယ်ဇာတ်၊ မမြင့်လတ်ပဲ၊ မြင့်မြတ်သည်မှာ၊ သီလသာတည်း။

၁၉၃။ (၂၉၁) သုရာဃဋဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၈။ ဋ္ဌ၊ ၂၊ ၃၀၈ ၃၉၀။ ငါးရာငါးဆယ်၊ ၃၊ ၅၅၂ ၅၅၅။)

ပစ္စုပ္ပန်ဝတ္ထု=အနာထပိဏ်သူဌေး၏တူ အရက်ကြောင့် ဘဝပျက်၍ အသက်ဆုံးရခြင်း။

အတိတ်ဝတ္ထု=အရက်ဖျက်တော့ ဘုရားအလောင်းသိကြားမင်းပေးသော ဣစ္ဆာသယအိုးကွဲ၍ ဆင်းရဲစွာ သေရသောသား။

ကုဋေလေးဆယ်ကြွယ်ဝသော ဘုရားအလောင်းသူဌေးသည် ဒါနအစရှိသောကောင်းမှုတို့ကို ပြု၍သေလျှင် သိကြားဖြစ်လေ၏၊ ဘုရားအလောင်းသူဌေး၏သားသည် မိန်းမကြူး, သုရာကြူး, အမဲသားစားကြူးစသည်တို့ကြောင့် ဖခင်၏အမွေ ကုဋေလေးဆယ်ကုန်သည်ပြင် ဖခင်သိကြားပေးသော ဣစ္ဆာသယရွှေအိုးကိုပါ ကွဲအောင် ပြုသောကြောင့် ခိုကိုးရာမဲ့ သေရလေ၏။

ဘုရားအလောင်း၏အတိတ်ဘဝကား (၁) သူဌေးဘဝနှင့် (၂)သိကြားဘဝ ၂ ဘဝတို့ဖြစ်၏။

ဆောင်ပုဒ်=သေးသောက်ကြူးငြား၊ မိုက်သည့်သားကို၊ သိကြားဖခင်၊ ကယ်၍တင်လည်း၊ ဉာဏ်လျှင်အသိ၊ ဘယ်မရှိ၍၊ ပျက်ဘိမှန်စွာ၊ သေရရှာ၏။

၁၉၄။ (၂၉၃) ကာယနိဗ္ဗိန္ဒဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၈၉။ ဋ္ဌ၊ ၂၊၃၉၃ ၃၉၅။ ငါးရာငါးဆယ်၊ ၃၊ ၅၆၀ ၅၆၂။)

ပစ္စုပ္ပန်ဝတ္ထု=ဖျော့တော့သောရောဂါ (အသားဝါရောဂါ)ပျောက်က သံဝေဂရ၍ ရဟန်းပြုလျက် ရဟန္တာဖြစ်ခြင်း။

အတိတ်ဝတ္ထု=ဖျော့တော့သောရောဂါမှ ကျ၍ ရသေ့ပြုလျက် ဗြဟ္မဝိဟာရတရားလေးပါးတို့ကို ပွါးကာ ဗြဟ္မာ့ပြည်သို့ ရောက်ရသော ဘုရားအလောင်း။

ဆောင်ပုဒ်=အနာဗျာဓိ၊ ဆင်ခြင်ဘိ၊ မိမိကောင်းကျိုး ရအောင်ကြိုး။

၁၉၅။ (၂၉၉) ကေ[illegible]ာရုပ္ပတ္တဇာတ်၊ တိကနိပါတ် (ဇာတက၊ ၁၊ ၉၁။ ဋ္ဌ၊ ၂၊ ၄၀၄ ၄၀၆။ ငါးရာငါးဆယ်၊ ၃၊ ၅၇၅ ၅၇၉။)

ပစ္စုပ္ပန်ဝတ္ထု=ရဟန်းများ အကစားသန်၍ အရှင်မဟာမောဂ္ဂလ္လာန်မထေရ် တန်ခိုးဖြင့် ပြာသာဒ်ကို လှုပ်ရခြင်း။

အတိတ်ဝတ္ထု=အပေါင်းအသင်းမှ အလေ့အကျင့်ရသောမျောက်။

မျောက်တစ်ကောင်သည် ကစားလေ့ရှိသောရသေ့တို့ထံမှ ကစားတတ်သောအလေ့ကို ရရှိပြီးနောက် ထိုရသေ့တို့ မရှိခိုက်ဝယ် ဘုရားအလောင်းရသေ့ထံမှ အဆုံးအမကိုရ၍ သီးလအကျင့်နှင့် ပြည့်စုံ၍ တည်ငြိမ်သွားခြင်း။

ဆောင်ပုဒ်=ကစားအလေ့၊ များရသေ့နှင့်၊ ကြုံတွေ့ပေါင်းဖက်၊ မျောက်သည်ဘွက်၊ ကျင့်ပျက် သူ့မှုရာ။

ရသေ့သူကောင်း၊ ဘုရားလောင်းနှင့်၊ ကြုံပေါင်းဖက်တွေ့၊ သူ့အလေ့၊ သိမ်မွေ့လေတော့သာ။

၁၉၆။ (၃၀၁) စုဠကာလိင်္ဂဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၉၃။ ဋ္ဌ၊ ၃၊ ၁ ၇။ ငါးရာငါးဆယ်၊ ၃၊ ၅၈၃ ၅၉၂။)

ပစ္စုပ္ပန်ဝတ္ထု=အရှင်သာရိပုတ္တနှင့် ဝါဒပြိုင်သော ပရိဗိုဇ်မလေးယောက်တို့ရှုံး၍ တပည့်ခံကြကာ ဥပ္ပလဝဏ်ထေရီမထံ၌ ရဟန်းမအဖြစ်ရကြပြီးလျှင် ရဟန္တာဖြစ်ကြလေ၏။

အတိတ်ဝတ္ထု=သမီးလေးယောက်လည်းဆုံး စစ်လည်းရှုံးရသော စစ်တိုက်ချင်လွန်းသည့် ကာလိင်္ဂမင်း။

အရှင်သာရိပုတ္တအလောင်း နန္ဒိသေနပညာရှိအမတ်, ဘုရားအလောင်းရသေ့။

ဆောင်ပုဒ်=မိုလ်ပါရံရွေ၊ စည်းကမ်းသေ၍၊ စိတ်နေကြံ့ခိုင်၊ သက်စွန့်တိုင်သား၊ လွန်ကြိုးစား၍၊ အောင်သားအောင်သေ၊ သောက်နိုင်ပေသည်၊ မှတ်လေ အဿကမင်းပေကိုး။

၁၉၇။ (၃၀၂) မဟာအဿာရောဟဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၉၃ ၉၄။ ဋ္ဌ၊ ၃၊ ၈ ၁၂။ ငါးရာငါးဆယ်၊ ၃၊ ၅၉၂ ၅၉၇။)

ပစ္စုပ္ပန်ဝတ္ထု=ကျေးဇူးပြုသူကို ကျေးဇူးတုံ့ပြုခြင်း၊ အရှင်အာနန္ဒာကို အကြောင်းပြု၍ ဟောခြင်း။

အတိတ်ဝတ္ထု=အရှင်အာနန္ဒာအလောင်း တောတွင်းသား၏ကျေးဇူးကို အိမ်ရှေ့မင်းအရာပေး၍ ကျေးဇူးဆပ်သော ဘုရားအလောင်းမင်း။

ဘုရားအလောင်းမင်း၏ဩဝါဒ...

နာဒေယျေသု ဒဒံ ဒါနံ၊ ဒေယျေသု ယော ပဝေစ္ဆတိ။
အာပါသု ဗျသနံ ပတ္တော၊ သဟာယမဓိဂစ္ဆတိ။
ယော ပုဗ္ဗေ ကတကလျာဏော၊ အကာ လောကေ သုဒုက္ကရံ။
ပစ္ဆာ ကယိရာ န ဝါ ကယိရာ၊ အစ္စန္တံ ပူဇနာရဟော။
(ဇာတက၊ ၁၊ ၉၄။ ဋ္ဌ၊ ၃၊ ၁၀ ၁၁။)

ယော အကြင်သူသည်၊ အဒေယျေသု မပေးအပ်ကုန်သောသူတို့အား၊ ဒါနံ အလှူကို၊ န ဒဒံ မပေး၊ ဒေယျေသု ပေးအပ်ကုန်သောသူတို့အား၊ ပဝေစ္ဆတိ ပေး၏၊ အာပါသု ဘေးရန်ဖြစ်ကုန်လတ်သော်၊ သော ထိုသူသည်၊ ဗျသနံ ပျက်စီးခြင်းသို့၊ ပတ္တော ရောက်သည်ရှိသော်၊ သဟာယံ အဆွေခင်ပွန်းကို၊ အဓိဂစ္ဆတိ ရ၏။

ယော အကြင်သူသည်၊ ပုဗ္ဗေ ရှေး၌၊ ကတကလျာဏော ကျေးဇူးကိုပြု၍၊ လောကေ လောက၌၊ သုဒုက္ကရံ အလွန်ပြုနိုင်ခဲသောအမှုကို၊ အကာ (အကရိ) ပြု၏၊ သော ထိုသူသည်၊ ပစ္ဆာ နောက်ကာလ၌၊ ကယိရာ ဝါ ကျေးဇူးပြုသည်မူလည်းဖြစ်စေ၊ န ကယိရာ ဝါ ကျေးဇူးမပြုသည်မူလည်းဖြစ်စေ၊ အစ္စန္တံ ငံစိ၊ ပူဇနာရဟော ပူဇော်ခြင်းကို ခံထိုက်၏။

ဆောင်ပုဒ်=ကျေးဇူးတုံ့မူ၊ ပြုထိုက်သူအား၊ ပြုတုံငြားက၊ ရန်ကားကြုံပေ့၊ ကယ်သူတွေ့လိမ့်။

၁၉၈။ (၃၀၃) ကေရာဇဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၉၄။ ဋ္ဌ၊ ၃၊ ၁၂ ၁၄။ ငါးရာငါးဆယ်၊ ၃၊ ၅၉၇ ၆၀၀။)

ပစ္စုပ္ပန်ဝတ္ထု=အကျိုးမဲ့ဖြင့် အကျိုးကိုဆောင်သောအမတ်။

ဤပစ္စုပ္ပန်ဝတ္ထုကို ဒုကနိပါတ် သေယျဇာတ် (ဋ္ဌ၊ ၅၊ ၈၄=ဇာ၊ ၁၊ ၈၄)၌ ဆိုအပ်ပြီးသည်သာတည်း။

အတိတ်ဝတ္ထု=အပြစ်ရှိ၍ ပြည်နှင်ဒဏ်ခံရသောအမတ်၏တိုက်တွန်းချက်အရ အရှင်အာနန္ဒာအလောင်း ဒဗ္ဗိသေနမင်းက ဖမ်း၍ နှောင်တဲ့သော်လည်း မေတ္တာစျာန်ပွါး၍ အကျိုးများသော ဘုရားအလောင်းဗာရာဏသီမင်း။

အလုံးစုံသောစကားကို ဧကကနိပါတ် မဟာသီလဝဇာတ် (ဋ္ဌ၊၅၊၁၃=ဇာ၊၁၊၁၃)၌ ဆိုအပ်ခဲ့ပြီးသည်သာလျှင်တည်း။

ဘုရားအလောင်း၏စျာန်အာနုဘော်ကြောင့် ဒဗ္ဗိသေနမင်း၏ကိုယ်၌ ပူလောင်ရကား ဗာရာဏသီမင်းကို ကန်တော့၍ တိုင်းပြည်ပြန်အပ်ရ၏၊ ဘုရားအလောင်းမင်းသည် မင်းအဖြစ်ကို အမတ်တို့အား အပ်နှင်း၍ ရသေ့ရဟန်းပြုလျက် ဗြဟ္မာ့ပြည်သို့ လားရ၏။

ဆောင်ပုဒ်=တရားစောင့်သူ၊ ဘေးတွေ့မှုကား၊ စောင့်ယူတရား၊ ကူပံ့ငြား၏။

၁၉၉။ (၃၀၅) သီလဝီမံသနဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၉၅။ ဋ္ဌ၊ ၃၊ ၁၆ ၁၉။ ငါးရာငါးဆယ်၊ ၃၊ ၆၀၄ ၆၀၇။)

ပစ္စုပ္ပန်ဝတ္ထု=ဇေတဝန်ကျောင်းတိုက်တင်းမှ ကာမဝိတက်ကို ကြံကြံသော ရဟန်းငါးရာ။

ဤပစ္စုပ္ပန်ဝတ္ထုသည် ကောဒသကနိပါတ် ပါနီယဇာတ်(ဋ္ဌ၊ ၅၊ ၂၃၄=ဇာ၊ ၁၊ ၂၃၄ ၂၃၅)၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=သီလရှိသူ ငါ့သမီးကို ယူလော့...

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားအလောင်းသည် ပုဏ္ဏားမျိုးဝယ် ဒိသာပါမောက္ခဆရာကြီးဖြစ်လေ၏၊ တနေ့သ၌ ဆရာကြီးသည် တပည့်လုလင်ငါးရာတို့၏သီလကို စုံစမ်း၍ သီလရှိသောလုလင်အား မိမိ၏သမီးကို ပေးအံ့ ဟု ကြံပြီးလျှင်"အမောင်တို့...ငါ့အား အရွယ်ရောက်သောသမီးသည် ရှိ၏၊ သမီးအား ထိမ်းမြားခြင်းကို ပြုအံ့၊ အဝတ်တန်ဆာကို ရခြင်းငှာ သင့်၏၊ သွားကြကုန်လော့...မိမိတို့၏ဆွေမျိုးတို့ မမြင်ကုန်စဉ်ပင်လျှင် ခိုး၍ အဝတ်တန်ဆာတို့ကို ဆောင်ကြကုန်လော့၊ တစ်စုံတစ်ယောက်သောသူသည် မမြင်အပ်သော အဝတ်တန်ဆာကိုသာလျှင် ငါယူမည်၊ ပြ၍ယူခဲ့သော အဝတ်တန်ဆာကို ငါမယူ" ဟု ပြောဆို၏။

တပည့်လုလင်တို့သည် "ကောင်းပါပြီ"ဟု ဝန်ခံ၍ ဆွေမျိုးတို့၏မမြင်ကုန်စဉ် ခိုး၍ အဝတ်တန်ဆာအစရှိသည်တို့ကို ဆောင်ခဲ့ကုန်၏၊ ဆရာသည် ဆောင်ခဲ့တိုင်း ဆောင်ခဲ့တိုင်းသော အဝတ်တန်ဆာတို့ကို အသီးအသီးသာလျှင် ထားစေ၏၊ ဘုရားအလောင်းသည်ကား တစ်စုံတစ်ခုသော အဝတ်တန်ဆာကို မဆောင်ခဲ့ချေ၊ ထိုအခါ ဆရာကြီးသည် ဘုရားအလောင်းလုလင်ကို "အမောင်...သင်သည်ကား တစ်စုံတစ်ခုသော ဝတ်စားတန်ဆာကို မဆောင်ခဲ့ဖူးလော?"ဟု မေးလေရာ ဘုရားအလောင်းက "ဆရာ..သင်တို့သည် တစ်စုံတစ်ယောက်သောသူ၏မြင်စဉ် ဆောင်ယူခဲ့သော ဝတ်စားတန်ဆာကို မယူကုန်၊ ကျွန်ုပ်သည်ကား မကောင်းမှုကို ပြုခြင်း၌ ဆိတ်ကွယ်ရာ မည်သည်ကို မမြင်ပါ၊ ထို့ကြောင့် မဆောင်ခဲ့ပါ....

နတ္ထိ လောကေ ရဟော နာမ၊ ပါပကမ္မံ ပကုဗ္ဗတော။
ပဿန္တိ ဝနဘူတာနိ၊ တံ ဗာလော မညတိ ရဟော။
အဟံ ရဟော န ပဿာမိ၊ သုညံ ဝါပိ န ဝိဇ္ဇတိ။
ယတ္ထ အညံ န ပဿာမိ၊ အသုညံ ဟောတိ တံ မယာ။

လောကေ လောက၌၊ ပါပကမ္မံ မကောင်းမှုကို၊ ပကုဗ္ဗတော ပြုသောသူအား၊ ရဟော နာမ ဆိတ်ကွယ်ရာ အရပ်မည်သည်၊ နတ္ထိ မရှိ၊ ဝနဘူတာနိ တော၌ဖြစ်ကုန်သော နတ်(တောစောင့်နတ်)တို့သည်၊ ပဿန္တိ မြင်ကုန်၏၊ တံ ထိုမကောင်းမှုကို ပြုခြင်းသည်၊ ဗာလော သူမိုက်သည်၊ မယာ ငါသည်၊ ရဟော ဆိတ်ကွယ်ရာ၌၊ ကတံ ပြုအပ်၏ဟူ၍၊ မညတိ အောက်မေ့မှတ်ထင်၏။

အဟံ ငါသည်၊ ရဟော ဆိတ်ကွယ်ရာအရပ်ကို၊ န ပဿာမိ မမြင်၊ ယတ္ထ အကြင်အရပ်၌၊ အညံ သတ္တဝါတို့မှဆိတ်သော တစ်ခြားတစ်ပါးကို၊ န ပဿာမိ ငါမမြင်၊ သုညံ ဝါပိ သတ္တဝါတို့မှဆိတ်သောအရပ်သည်လည်း န ဝိဇ္ဇတိ မရှိ၊ မယာ ငါသည်၊ ကတံ ပြုအပ်သော၊ တံ မကောင်းမှုသည်၊ အသုညံ မဆိတ်သည်၊ ဟောတိ ဖြစ်၏။

ဆရာကြီးသည် ဘုရားအလောင်းအား ကြည်ညို၍ "အမောင်...ငါ့အိမ်၌ ဥစ္စာမရှိသည် မဟုတ်၊ ငါသည် သီလနှင့်ပြည့်စုံသော သူအား သမီးကို ပေးအံ့ ဟူ၍ လုလင်တို့ကို စုံစမ်းလိုရကား ဤသို့ပြု၏၊ သင့်အား ငါ့သမီး သည် လျော်၏"ဟု သမီးကို တန်ဆာဆင်စေ၍ ဘုရားအလောင်းလုလင်အား ပေး၏၊ ကြွင်းသောလုလင်တို့ကို "သင်တို့သည် ဆောင်ခဲ့တိုင်း ဆောင်ခဲ့တိုင်းသော အဝတ်တန်ဆာတို့ကို သင်တို့၏အိမ်သို့ ဆောင်ကြကုန်လော့" ဟု ပြောဆိုလေ၏။

ဘုရားရှင်သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။ အရှင်သာရိပုတ္တာသည် ဒိသာပါမောက္ခဆရာကြီး, ဘုရားရှင်ကား တပည့်ပညာရှိလုလင်ဖြစ်ခဲ့၏။

ဆောင်ပုဒ်=မကောင်းသည့်မှု၊ ပြုဖို့ရှု၊ ဆိတ်မှုကွယ်ရာ မရှိပါ။

၂၀၀။ (၃၀၆) သုဇာတာဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၉၆။ ဋ္ဌ၊ ၃၊ ၁၉ ၂၁။ ငါးရာငါးဆယ်၊ ၃၊ ၆၀၇ ၆၁၁။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏စကားတော်ကြောင့် ကောသလမင်းနှင့် မလ္လိကာမိဖုရားတို့ ပြန်လည်သင့်မြတ်ခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းအမတ်ကြောင့် သုဇာတာမိဖုရားကြီးသက်သာရာရခြင်း။

ဆောင်ပုဒ်=ရတ်တရက်မှာ၊ ခြေနေဟာ၊ မြင့်လာသူတို့တွေ၊
　　စည်းစိမ်မာန်ယစ်၊ နှုတ်ဆိုလုစ်၊ အပြစ်ရောက်တတ်ပေ။

၂၀၁။ (၃၀၉) ဆဝကဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၉၇ ၉၈။ ဋ္ဌ၊ ၃၊ ၂၆ ၂၈။ ငါးရာငါးဆယ်၊ ၃၊ ၆၁၇ ၆၂၀။)

ဇာတ်အဋ္ဌကထာနှင့် ငါးရာငါးဆယ်ဇာတ်ဝတ္ထုတို့၌ "ဆဝဇာတ်"ဟု ရှိ၏။ ပါစိတ်ပါဠိတော် (ဝိ၊ ၂၊ ၂၆၇ ၂၆၈)၌ "ဆပက"ဟု ရှိ၏။

ပစ္စုပ္ပန်ဝတ္ထု=အနိမ့်၌ နေ၍ အမြင့်၌ နေသူအား တရားဟောသော ဆဗ္ဗဂ္ဂီရဟန်းများ။

အတိတ်ဝတ္ထု=အမြင့်၌နေသော မင်းက အနိမ့်၌နေသော ပုဏ္ဏားထံမှ မန္တန်တို့ကို သင်ယူခြင်း။

မယားပုဏ္ဏေးမ၏ချင်ခြင်းကြောင့် မင်း၏ဥယျာဉ်မှ သရက်ပင်သို့ တက်၍ သရက်သီးခိုးသော စဏ္ဍာလသား။

မင်းသည် အရှင်အာနန္ဒာအလောင်း, စဏ္ဍာလသားသည် ဘုရားအလောင်းဖြစ်ခဲ့၏။

မှတ်ချက်=ထိုအခါဝယ် ဗာရာဏသီမင်း၏ဥယျာဉ်၌ သရက်ပင်သည် မပြတ်သီး၏။

တေန ခေါ ပန သမယေန ဗာရာဏသိရညော ဥယျာနေ အမ္ဗော ဓုဝဖလော ဟောတိ။ (ဇာ၊ ဋ္ဌ၊ ၃၊ ၂၆။)

ဆောင်ပုဒ်=ဇာတ်မြင့်, မမြင့်၊ လောကချင့်၊ ထုံးသင့်စဉ်အလာ။
　　ဇာတ်မြင့်သူအား၊ အမြတ်ထား၊ ပြုငြားဓမ္မတာ။
　　ဇာတ်ယုတ်သူမှ၊ ဓမ္မတရား၊ သင်တုံငြားက၊ ဇာတ်ကားယုတ်မြတ်၊ မဟုတ်တတ်ဘူး၊ အမြတ်ဓမ္မ၊ ရိုတုပ်ကွ၍၊ သင်ကြလေရာ၊ ဓမ္မတာတည်း။

၂၀၂။ (၃၁၀) သေယျဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၉၈။ ဋ္ဌ၊ ၃၊ ၂၉ ၃၁။ ငါးရာငါးဆယ်၊ ၃၊ ၆၂၀ ၆၂၄။)

ပစ္စုပ္ပန်ဝတ္ထု=အဆင်တန်ဆာဆင်အပ်သော မိန်းမလှကြောင့် သာသနာတော်၌ ငြီးငွေ့သောရဟန်း။

အတိတ်ဝတ္ထု=ရာထူးမမက်ပဲ တောထွက်သော ဘုရားအလောင်း ပုရောဟိတ်သား။

ဘုရားအလောင်းသည် တောထွက်ကာ ရသေ့ရဟန်းပြု၍ ဟိမဝန္တာသို့ ဝင်၍ ကျောင်းဆောက်လျက် အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေ၍ နေ၏၊ သူငယ်ချင်းမင်း(အရှင်အာနန္ဒာအလောင်း)က အရှင်သာရိပုတ္တာအလောင်း သေယျအမတ်ကို ပုရောဟိတ်ရာထူးအပ်နှင်းရန် ခေါ်စေသော်လည်း အလောင်းတော်ရသေ့က "မင်းစည်းစိမ်ထက် ဆွမ်းခံစား၍အသက်မွေးခြင်းက မြတ်၏"ဟု ပယ်၍ ပြန်မလိုက်တော့ပေ။

သစ္စာတရား၏အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

ဆောင်ပုဒ်=လူ့ဘောင်ကိုပယ်၊ တောထွက်တယ်၊ ဈာန်ဝယ်ရတော့သည်။

၂၀၃။ (၃၁၂) ကဿပမန္ဒိယဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၉၉။ ဋ္ဌ၊ ၃၊ ၃၄ ၃၇။ ငါးရာငါးဆယ်၊ ၃၊ ၆၂၇ ၆၃၁။)

ပစ္စုပ္ပန်ဝတ္ထု=သားသာမဏေကို စိတ်ဆိုး၍ ခရီးအစမှ ပြန်သွားသော ရဟန်းကြီး။

အတိတ်ဝတ္ထု=သားငယ်ရသေ့ကို စိတ်ဆိုး၍ ခရီးအစမှ ပြန်သွားသော ရသေ့အိုကြီး၊ ဘုရားအလောင်းသားကြီးရသေ့က ဘခင်ရသေ့အိုကြီးကို ဆုံးမခြင်း။

သားသာမဏေသည် သားငယ်ရသေ့, ရဟန်းကြီးသည် ရသေ့အိုကြီးဖြစ်ခဲ့၏။

ဆောင်ပုဒ်=မိမိပြုငြား၊ ထိုအမှား၊ အများ ဆင်းရဲသည်။

၂၀၄။ (၃၁၃) ခန္တီဝါဒီဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၉၉ ၁၀၀။ ဋ၊ ၃၊ ၃၇ ၄၀။ ငါးရာငါးဆယ်၊ ၃၊ ၆၃၁ ၆၃၆။)

ဇာတ်အဋ္ဌကထာနှင့် ငါးရာငါးဆယ်ဇာတ်ဝတ္ထုတို့၌ "ခန္တိဝါဒီဇာတ်"ဟု ရှိ၏။

ပစ္စုပ္ပန်ဝတ္ထု=အမျက်ဒေါသကြီးသော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=ဒေဝဒတ်အလောင်း ကလာဗုမင်း(ကလာပုမင်း သျှ)က လက်, ခြေ, နား, နှာခေါင်းတို့ကို ဖြတ်စေသော်လည်း စိတ်မဆိုးပဲ သည်းခံသော ဘုရားအလောင်းခန္တီဝါဒီရသေ့။

ကလာဗုမင်းကား ဘုရားအလောင်းရသေ့၏ရင်ဘတ်ကို ခြေဖြင့်ကန်၍ ထွက်သွားရာ ဉယျာဉ်တံခါးဝ၌ မြေမျို၍ အဝီစိငရဲကြီး၌ ဖြစ်ရလေ၏။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ အမျက်ဒေါသကြီးသောရဟန်းသည် အနာဂါမိဖိုလ်၌ တည်၏။

အရှင်သာရိပုတ္တသည် ထိုအခါ စစ်သူကြီးဖြစ်ဖူး၏။

ဆောင်ပုဒ်=ဒေါသကိုပယ်၊ မေတ္တာသွယ်၊ အေးနယ်ရောက်ရမည်။

အမျက်ပယ်သတ်၊ သည်းခံလတ်၊ အေးရပ်မလွဲပြီ။

၂၀၅။ (၃၁၄) လောဟကုမ္ဘိဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၀၀။ ဋ၊ ၄၁ ၄၅။ ငါးရာငါးဆယ်၊ ၃၊ ၆၃၆ ၆၄၂။)

ပစ္စုပ္ပန်ဝတ္ထု=ကောသလမင်းသည် ငရဲသားလေးယောက်တို့၏ ဒု, သ, န, သော ဟူသောအသံကို ကြားရခြင်း။

ရှေးအခါက သာဝတ္ထိပြည်၌ သူတစ်ပါးမယားကို ပြစ်မှားကုန်သော မင်းသားလေးယောက်တို့သည် ထိုမကောင်းမှုတို့ကြောင့် <u>သာဝတ္ထိပြည်၏အနီး လောဟကုမ္ဘီငရဲတို့၌</u> ဖြစ်ကြကာ ငရဲသက်အနှစ်ခြောက်သောင်းတို့ပတ်လုံး ထိုငရဲ၌ ကျက်ကြရလျက် ငရဲအိုးမျက်နှာဝအရစ်ကို မြင်ကြလျှင်"အဘယ်အခါမှလျှင် ဤဆင်းရဲမှ လွတ်ပါကုန်အံ့နည်း?"စသည်ကို ဆိုလိုကြသော ငရဲသားလေးယောက်တို့၏ ဒု,သ,နသော ဟူသော ဟစ်ကြွေးမြည်တမ်းသံတို့ကို ကောသလမင်းသည် ကြားရခြင်းဖြစ်၏။

ပုဏ္ဏားတို့က သဗ္ဗစတုက္ကယဇ်ပူဇော်ရန် စီရင်ကြသော်လည်း မလ္လိကာမိဖုရားကြီး၏လိမ္မာပါးနပ်မှုကြောင့် ကောသလမင်းကို ဘုရားရှင်ထံသို့ ခေါ်ယူလျှောက်ထားသောအခါ ဘုရားရှင်က ငရဲသားလေးယောက်တို့၏ဖြစ်ပုံကို အကျယ်ဟောကြားပြီးလျှင် အတိတ်ဝတ္ထုကိုလည်း ဆက်လက် ဟောတော်မူ၏။ ထိုကြောင့် သဗ္ဗစတုက္ကယဇ်ပူဇော်ခံရမည့်သတ္တဝါများ ဘေးမဲ့ရကြ၏။

ဓမ္မပဒအဋ္ဌကထာ(ဓမ္မပဒ၊ ဋ၊ ၁၊ ၂၈၆ ၂၈၈)၌ကား ကဿပဘုရားရှင်လက်ထက်တော်ဝယ် ဗာရာဏသီပြည်သား သူဌေးသားလေးယောက် ဟု လာ၏၊ ဇာတ်လမ်းဖြစ်ပုံ တူ၏။

အတိတ်ဝတ္ထု=ရှေးကလည်း ဒု,သ,န,သော ဟူသော အသံများကို ဗြဟ္မဒတ်မင်းကြားရာ ပုရောဟိတ်ပုဏ္ဏားက "သဗ္ဗစတုက္ကယဇ်ကို စီရင်ခဲ့၏၊ တပည့်ကြီးက ဆရာပုဏ္ဏားကို "ဝေဒတို့၌ သူတပါးကို သတ်၍ ချမ်းသာခြင်းကို ပြုခြင်းမည်သည် မရှိ"ဟု ပြောဆိုတားမြစ်သော်လည်း ဆရာပုဏ္ဏားကား လက်မခံခဲ့။ ဈာန်, အဘိညာဉ်ကို ရသောဘုရားအလောင်းရသေ့ထံသို့ မင်းကို ခေါ်၍ လျှောက်ထားမှ ရသေ့က "ရှေးဘဝ၌ သူတပါးတို့၏မယားတို့၌ သွားလာကုန်၍ <u>ဗာရာဏသီ၏အနီး လောဟကုမ္ဘီငရဲအိုးတို့၌</u> ဖြစ်ကုန်သောလေးယောက်သောသူတို့သည် လေးဂါထာတို့ကို ပြည့်စုံစွာ ဆိုလိုကုန်လျက်လည်း ဆိုအံ့သောငှါ မတတ်နိုင်ကြပဲ တစ်လုံး တစ်လုံးသော အက္ခရာကိုသာလျှင် ဆိုကုန်၍ တစ်ဖန် ငရဲအိုး၌သာလျှင် နစ်ပြန်ရကုန်.."စသည်ဖြင့် ဟောတော်မူသဖြင့် သဗ္ဗစတုက္ကယဇ်၏သားကောင်များ ဘေးမှလွတ်ရကုန်၏။

ပုရောဟိတ်ပုဏ္ဏား၏တပည့်ကြီးသည် အရှင်သာရိပုတ္တအလောင်းဖြစ်ခဲ့၏။

ဆောင်ပုဒ်=ကာမေသုမှု၊ လွန်ကြူးပြု၊ ဒု,သ,န,သော မှတ်။

ကာလရှည်ကြာ၊ ငရဲမှာ၊ ခံရှာ သူတို့ဇာတ်။

၂၀၆။ (၃၁၅) သဗ္ဗမံသလာဘဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၀၀။ ဋ္ဌ၊ ၃၊ ၄၅ ၄၇။ ငါးရာငါးဆယ်၊ ૩၊ ၆၄၃ ၆၄၆။)

ပစ္စုပ္ပန်ဝတ္ထု=ဝမ်းကျဆေးသောက်ထားသော ဂိလာနရဟန်းတို့အတွက် အရှင်သာရိပုတ္တ၏ဘုန်းစွမ်းကြောင့် အမဲအရသာ ဆွမ်းရခြင်း။

အတိတ်ဝတ္ထု=အဆွေခင်ပွန်း ဟု ခေါ်၍ အမဲသားတောင်းသော ဘုရားအလောင်းသူဌေးသည် အရှင်သာရိပုတ္တအလောင်း မှဆိုးထံမှ အမဲသားတစ်လှည်းလုံးရခြင်း။

သေ့ဟပဝိရေစန ဝမ်းကျဆေး၊ ဩဒနိကဃရ ထမင်းဆိုင်

ဆောင်ပုဒ်=ချစ်ဖွယ်သာယာ၊ ခေါ်ဆိုလာ၊ များစွာ လာဘ်ကြီးရ။

၂၀၇။ (၃၁၇) မတရောဒနဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၀၁။ ဋ္ဌ၊ ၃၊ ၅၂ ၅၄။ ငါးရာငါးဆယ်၊ ૩၊ ၆၅၂ ၆၅၅။)

ပစ္စုပ္ပန်ဝတ္ထု=အစ်ကိုသူကြွယ်သေဆုံး၍ ညီသူကြွယ်ငိုမဆုံးဖြစ်ရခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်း သူကြွယ်သားပညာရှိက အစ်ကိုသေဆုံးမှုနှင့်ပတ်သက်၍ ဆွေမျိုးမိတ်သင်္ဂဟတို့ ငိုကြွေးခြင်းကို လောကဓံကိုမသိ၍ ငိုကြွေးခြင်း”ဟု ပြောဆို။

မတံ မတံ ဧဝ ရောဒထ၊ န ဟိ တံ ရောဒထ ယော မရိဿတိ။
သဗ္ဗေပိ သရီရဓာရိနော၊ အနုပုဗ္ဗေန ဇဟန္တိ ဇီဝိတံ။
ဒေဝါ မနုဿာ စတုပ္ပဒါ၊ ပက္ခိဂဏာ ဥရဂါ စ ဘောဂိနော။
သမှိ သရီရေ အနိဿရာ၊ ရမမာနာဝ ဇဟန္တိ ဇီဝိတံ။
ဧဝံ စလိတံ အသဏ္ဌိတံ၊ သုခဒုက္ခံ မနုဇေသွ’ပေက္ခိယ။
ကန္ဒိတရုဒိတံ နိရတ္ထကံ၊ ကိံ ဝေါ သောကဂဏာ’ဘိကီရရေ။
ဓုတ္တာ စ သောဏ္ဍာ စ အကတာ၊ ဗာလာ သူရာ အယောဂိနော။
ဓီရံ မညန္တိ ဗာလောတိ၊ ယေ ဓမ္မဿ အကောဝိဒါ။
(ဇာတက၊ ၁၊ ၁၀၁။ ဋ္ဌ၊ ၃၊ ၅၃။)

(တုမှေ သင်တို့သည်၊) မတံ မတံ ဧဝ သေတိုင်း သေတိုင်းသော သူကိုသာလျှင်၊ ရောဒထ ငိုကြွေးကုန်၏၊ ယော အကြင်သူသည်၊ မရိဿတိ သေလတ္တံ့၊ တံ ထိုသေလတ္တံ့သောသူကို၊ န ဟိ ရောဒထ မငိုကြွေးကုန်ချေ၊ သဗ္ဗေပိ အလုံးစုံလည်း ဖြစ်ကုန်သော၊ သရီရဓာရိနော ကိုယ်ကိုဆောင်ကုန် သူတို့သည်၊ အနုပုဗ္ဗေန အစဉ်သဖြင့်၊ ဇီဝိတံ အသက်ကို၊ ဇဟန္တိ စွန့်ရကုန်၏။

ဘောဂိနော စည်းစိမ်နှင့် ပြည့်စုံကုန်သော၊ ဒေဝါ စ နတ်တို့သည်လည်းကောင်း၊ မနုဿာ စ လူတို့သည်လည်းကောင်း၊ စတုပ္ပဒါ စ ခြေလေးချောင်းရှိကုန်သော သားတို့သည်လည်းကောင်း၊ ပက္ခိဂဏာ စ ငှက်အပေါင်းတို့သည်လည်းကောင်း၊ ဥရဂါ စ မြွေတို့သည်လည်းကောင်း၊ သမှိ သရီရေ မိမိကိုယ်၌၊ အနိဿရာ အစိုးမရကုန်သည်ဖြစ်၍၊ ရမမာနာဝ ဖြစ်ရာအရပ်၌ မွေ့လျော်ကုန်၍သာလျှင်၊ ဇီဝိတံ အသက်ကို၊ ဇဟန္တိ စွန့်ရကုန်၏။

မနုဇေသု လူတို့၌၊ ဧဝံ ဤသို့၊ စလိတံ (မြဲသောသဘော၏မရှိခြင်းကြောင့်) လှုပ်ထသော၊ အသဏ္ဌိတံ မတည်သော သဘောရှိထာသော၊ သုခဒုက္ခံ ချမ်းသာဆင်းရဲကို၊ အပေက္ခိယ ကြည့်၍၊ ကန္ဒိတရုဒိတံ ငိုခြင်း မျက်ရည်ယိုခြင်းသည်၊ နိရတ္ထကံ အကျိုးမရှိ၊ ကိံ အဘယ့်ကြောင့်၊ ဝေါ သင်တို့အား၊ သောကဂဏာ စိုးရိမ်ခြင်းအပေါင်းတို့သည်၊ အဘိကီရရေ နှိပ်စက်ကုန်ဘိသနည်း?

ဓုတ္တာ စ မိန်းမ ကြွေအန်ကြူးသည်လည်း ဖြစ်ကုန်ထသော၊ သောဏ္ဍာ စ သောက်ကြူး၊ စားကြူးသည်လည်းဖြစ်ကုန်ထသော၊ အကတာ အကျင့်ကို မကျင့်ကုန်ထသော၊ သူရာ အသင့်အားဖြင့် နှလုံးသွင်းခြင်းတို့၌ ရဲရင့်ကုန်ထသော၊ အယောဂိနော အားထုတ်သင့်သော သုစရိုက်တို့၌ အားထုတ်ခြင်း ကင်းကုန်ထသော၊ ဓမ္မဿ ရှစ်ပါးအပြားရှိသော လောကဓံတရား၌၊ အကောဝိဒါ မလိမ္မာကုန်ထသော၊ ယေ ဗာလာ အကြင်လူမိုက်တို့သည်၊ သန္တိ ရှိကုန်၏၊ တေ ဗာလာ ထိုသူမိုက်တို့သည်၊ ဓီရံ ဆွေမျိုးတို့၏သေခြင်းအစရှိသည်တို့၌ မငိုကြွေးသော ငါကဲ့သို့သော ပညာရှိကို၊ ဗာလောတိ သူမိုက်ဟူ၍၊ မညန္တိ အောက်မေ့မှတ်ထင်ကုန်၏။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဆောင်ပုဒ်=သခ်ါရဓမ္မ၊ ဟူသမျှ၊ နိစ္စမရှိပြီ။
ပျက်စီးတတ်လှ၊ သခ်ါရ၊ မုချပျက်စီးမည်။
သေပြီးသူတွက်၊ ငိုယိုလျက်၊ စိတ်လက် ဖြေမဆည်။
သေရမည့်တွက်၊ ကြိုတင်လျက်၊ ဘယ့်တွက် မငိုသည်။
ခန္ဓာဆောင်ငြား၊ သတ္တဝါများ၊ မမှား သေရမည်။
အားလုံးသတ္တဝါ၊ ကိုယ့်ခန္ဓာ၊ ပိုင်တာ မရှိပြီ။
တစ်နေ့နေ့မှာ၊ သက်ခန္ဓာ၊ မုန်စွာ စွန့်ရမည်။
ချမ်းသာဆင်းရဲ၊ မတည်မြဲ၊ ငံ့စွဲနေကြသည်။
ငိုယိုနေက၊ ကျိုးမရ၊ မုချ သိသင့်သည်။
လောကဓမ္မ၊ သဘာဝ၊ ဉာဏချင့်ရမည်။

၂၀၈။ (၃၁၈) ကဏဝေရဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၀၂။ ဋ္ဌ၊ ၃၊ ၅၄ ၅၈။ ငါးရာငါးဆယ်၊ ၃၊ ၆၅၅ ၆၆၀။)
ပစ္စုပ္ပန်ဝတ္ထု=မယားဟောင်း ဖြားယောင်းသော ရဟန်း။
ပစ္စုပ္ပန်ဝတ္ထုသည် အဋ္ဌကနိပါတ် ဣန္ဒြိယဇာတ်(ခု၊ ၅၊ ၁၈၂ ၁၈၃=ဇာ၊ ၁၊ ၁၈၂ ၁၈၃)၌ ထင်စွာ ဖြစ်လတ္တံ့။
အတိတ်ဝတ္ထု=ပြည့်တန်ဆာမ သာမာကြောင့် သေရသူ သူဌေးသားနှင့် မယားသာမာကြောက်၍ ပြေးသူ ဘုရားအလောင်း ခိုးသူကြီး။ မယားဟောင်းသည် သာမာ, သေရသူ သူဌေးသားသည် ဖြားယောင်းခံရသောရဟန်း။
ကဏဝေရ ကုလားဖလပ်ပန်းချို
ဆောင်ပုဒ်=ကာမလိုက်စား၊ ကျင့်ဖောက်ငြား၊ မှောက်မှားဒုက္ခတွေ့။

၂၀၉။ (၃၁၉) တိတ္တိရဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၀၂။ ဋ္ဌ၊ ၃၊ ၅၉ ၆၁။ ငါးရာငါးဆယ်၊ ၃၊ ၆၆၁ ၆၆၄။)
ပစ္စုပ္ပန်ဝတ္ထု=ရာဟုလာထေရ် သိက္ခာရှိခြင်း, ကုက္ကုစ္စပြုတတ်ခြင်း, ဆုံးမလွယ်ခြင်း။
အတိတ်ဝတ္ထု=တယ်ခါသံကိုကြား၍ လာကြသော ခါတို့ကို မုဆိုးဖမ်း၍ သတ်လျှင် တယ်ခါ၌ အပြစ်ရှိသလော?
ရာဟုလာအလောင်း တယ်ခါအမေးနှင့် ဘုရားအလောင်းရသေ့အဖြေ....
သုသုခံ ဝတ ဇီဝါမိ၊ လဘာမိ စေဝ ဘုဉ္ဇိတုံ။
ပရိပန္ထေ စ တိဋ္ဌာမိ၊ ကာ နု ဘန္တေ ဂတီ မမ။
မနော စေ တေ နပ္ပဏမတိ၊ ပက္ခိ ပါပဿ ကမ္မုနော။
အဗျာဝဋဿ ဘဒြဿ၊ န ပါပ'မုပလိမ္ပတိ။
"ဉာတကော နော နိသိန္နော"တိ၊ ဗဟု အာဂစ္ဆတေ ဇနော။
ပဋိစ္စ ကမ္မံ ဖုသတိ၊ တသ္မိံ မေ သင်္ကတေ မနော။
န ပဋိစ္စ ကမ္မံ ဖုသတိ၊ မနော စေ နပ္ပဒုဿတိ။
အပ္ပေါဿုက္ကဿ ဘဒြဿ၊ န ပါပ'မုပလိမ္ပတိ။
(ဇာတက၊ ၁၊ ၁၀၂။ ဋ္ဌ၊ ၃၊ ၆၀။)

ဘန္တေ အရှင်ဘုရား၊ အဟံ တပည့်တော်သည်၊ (ဣမံ သာကုဏိကံ ဤငှက်ဆိုးကို၊ နိဿာယ မှီ၍၊) ဝတ စင်စစ်၊ သုသုခံ အလွန်ချမ်းသာစွာ၊ ဇီဝါမိ အသက်မွေးရ၏၊ ဘုဉ္ဇိတုံ စားခြင်းငှါ၊ လဘာမိ စေဝ အလိုအတိုင်းလည်းရ၏၊ အပိ စ ခေါ ထိုသို့ဖြစ်ငြားသော်လည်း၊ ပရိပန္ထေ စ (တပည့်တော်၏ဆွေမျိုးတို့သည် တပည့်တော်၏အသံကြောင့် လာကြ၍ ပျက်စီးကုန်ရခြင်း ဟူသော)ဘေးရန်၌လည်း၊ တိဋ္ဌာမိ တည်ရ၏၊ ဘန္တေ အရှင်ဘုရား၊ မမ တပည့်တော်၏၊ ဂတိ လားရာဂတိသည်၊ ကာ နု အသို့ ဖြစ်လတ္တံ့နည်း?
ပက္ခိ ငှက်၊ ပါပဿ ကမ္မုနော (ပါပကမ္မဿတ္ထာယ) မကောင်းမှုအကျိုးငှါ၊ တေ သင်၏၊ မနော စိတ်သည်၊ စေ နပ္ပဏမတိ အကယ်၍ မညွတ်အံ့၊ အဗျာဝဋဿ လုံ့လမပြုသော၊ ဘဒြဿ ကောင်းသည်ဖြစ်သော သင်အား၊ ပါပံ မကောင်းမှုသည်၊ န ဥပလိမ္ပတိ မလိမ်းကျံ။

ဘဒ္ဒေ အရှင်ဘုရား၊ နော-ငါတို့၏၊ ဉာတကော-အဆွေအမျိုးသည်၊ နိသိန္နောတိ နေ၏ဟု၊ ဗဟု ဇနော များစွာသော ခါသည်၊ အာဂစ္ဆတေ လာ၏၊ ပဋိစ္စ (မံ ပဋိစ္စ) တပည့်တော်ကို စွဲ၍၊ ကမ္မံ ပါဏာတိပါတကံကို၊ လုဒ္ဒေါ မုဆိုးသည်၊ ဖုသတိ-ရ၏၊ တသ္မိံ-ထိုမကောင်းမှု၌၊ မေ-တပည့်တော်၏၊ မနော စိတ်သည်၊ သက်တေ ယုံမှား၏။

(ပက္ခိ ငှက်၊ တေ သင်၏၊) မနော စိတ်သည်၊ စေ နပ္ပဒုဿတိ အကယ်၍ မပြစ်မှားအံ့၊ ပဋိစ္စ သင့်ကို စွဲ၍၊ ကမ္မံ မုဆိုးပြုသော ပါဏာတိပါတကံသည်၊ န ဖုသတိ (န အလ္လီယတိ)သင့်ကို မလိမ်းကျံ၊ အပ္ပေါသုက္ကဿ လုံ့လမပြုသော၊ ဘဒြဿ ကောင်းသည်ဖြစ်သော သင့်အား၊ ပါပံ-မကောင်းမှုသည်၊ န ဥပလိမ္ပတိ မလိမ်းကျံ။

ဆောင်ပုဒ် စေတနာကံ၊ အရင်းခံ၊ ရှင်းပြန်ဖြေပြ ရသေ့က။
သံသယကွာ၊ ငှက်တယ်ခါ၊ စိတ်မှာလွန်စွာ ချမ်းသာရ။

၂၁၀။ (၃၂၀) သုစ္စဇဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၀၃။ ဋ္ဌ၊ ၃၊ ၆၁-၆၅။ ငါးရာငါးဆယ်၊ ၃၊ ၆၆၄ ၆၆၉။)

ပစ္စုပ္ပန်ဝတ္ထု=သူကြွယ်စကား မယားစိတ်မချမ်းသာ။

အတိတ်ဝတ္ထု=အကယ်၍ မြေတောင်သည် ရွှေတောင်ဖြစ်စေကာမူ မပေး ဟု ဆိုသော်လည်း ဘုရားအလောင်း ပညာရှိ၏ အေးအတူ ပူအမျှစကားကြောင့် မိဖုရား၏ဂုဏ်ကျေးဇူးကို သတိရကာ မိဖုရားအား စည်းစိမ်ပေးသောမင်း။

ဆောင်ပုဒ်=ဆင်းရဲချမ်းသာ၊ တူမကွာ၊ ကြင်နာ မယားမြတ်။
အေးကအတူ၊ ပူရင်အမျှ၊ ရင့်ကျက်လှ၊ သူမ ထိုစိတ်ဓာတ်။

၂၁၁။ (၃၂၃) ဗြဟ္မဒတ္တဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၀၄ ၁၀၅။ ဋ္ဌ၊ ၃၊ ၇၂-၇၅။ ငါးရာငါးဆယ်၊ ၃၊ ၆၇၉ ၆၈၂။)

ပစ္စုပ္ပန်ဝတ္ထု=ကုဋိကာရသိက္ခာပုဒ်နှင့် ပတ်သက်၍ အတောင်းအရမ်းထူသောရဟန်းများ။

ပစ္စုပ္ပန်ဝတ္ထုသည်ကား ဒုကနိပါတ် မဏိကဏ္ဌဇာတ်(ခု၊ ၅၊၇၁ ၇၂=ဇာ၊၁၊၇၁ ၇၂)၌ လာပြီးသည်သာတည်း။

အတိတ်ဝတ္ထု=သစ်ရွက်ထီးနှင့် တစ်လွှာဖိနပ်ကို မင်းထံမှ တောင်းလိုသော်လည်း ၁၂ နှစ်ကြာမှ တောင်းဖြစ်သော ဘုရားအလောင်းရသေ့။ ဟိမဝန္တာ၌ အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဆောင်ပုဒ်=တောင်းသူ, ပယ်သူ၊ ငိုသည်ဟူ၊ တောင်းယူများက မုန်းတတ်လှ။

၂၁၂။ (၃၂၄) စမ္မသာဋကဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၀၅။ ဋ္ဌ၊ ၃၊ ၇၅ ၇၇။ ငါးရာငါးဆယ်၊ ၃၊ ၆၈၃ ၆၈၅။)

ပစ္စုပ္ပန်ဝတ္ထု=သားရေဖြင့်ပြုလုပ်အပ်သော အဝတ်အရုံကို ဝတ်ရုံသောကြောင့် "စမ္မသာဋက"မည်သောပရိဗိုဇ်။

ထိုးရန်နောက်ဆုတ်နေသောသိုးကို မိမိအား အရိုအသေပေးသည်ထင်၍ နောက်သို့မဆုတ်သောကြောင့် သိုးခတ်၍ လဲကျရသော ပရိဗိုဇ်။

အတိတ်ဝတ္ထု=မိမိထိုးမည့်သိုးကိုပင် အရိုအသေပြုသည်ထင်၍ သိုးထိုးသေရသော ပရိဗိုဇ်။ ဘုရားအလောင်းပညာရှိကုန်သည်။

ဆောင်ပုဒ်=မချီးမြှောက်အပ်၊ ချီးမြှောက်လတ်က၊ ပြုရပ်အမှား၊ ပျက်ဆုံးပါး၊ နောက်ကားနောင်တ ရတတ်စွ။

၂၁၃။ (၃၂၇) ကာကဝတီဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၀၆ ၁၀၇။ ဋ္ဌ၊ ၃၊ ၈၃ ၈၅။ ငါးရာငါးဆယ်၊ ၃၊ ၆၉၃ ၆၉၆။)

ပစ္စုပ္ပန်ဝတ္ထု=ကိလေသာနှောက်ယှက်၍ သာသနာတော်၌ ငြီးငွေ့သောရဟန်း။

အတိတ်ဝတ္ထု=ဗာရာဏသီမင်း၏မိဖုရားကို ခိုးယူပေါင်းသင်းသော ဂဠုန်ငှက်သည် နဋကုဝေရစောင်းသမားက ထိုမယားနှင့် ကြာခိုသည်ကို မသိ။

သစ္စာကိုပြတော်မူသည်၏အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ထိုရဟန်းသည် နဋကုဝေရမည်သော စောင်းသမား, ဘုရားရှင်သည်၌ဗာရာဏသီမင်း ဖြစ်ခဲ့လေ၏။

အတိတ်ဝတ္ထုသည် အသီတိနိပါတ် ကုဏာလဇာတ်(ခု၊ ၆၊ ၁၁၃ ၁၃၁=ဇာ၊ ၂၊ ၁၁၃ ၁၃၁)၌ ထင်စွာ ဖြစ်လတ္တံ့။

ဆောင်ပုဒ်=စောင့်ရှောက်ခဲလှ၊ ထိုမိန်းမ၊ စိတ်ချဖွယ်ရာ မရှိပါ။

၂၁၄။ (၃၂၈) အနနုသောစိယဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၀၇။ ဋ္ဌ၊ ၃၊ ၈၅-၈၉။ ငါးရာငါးဆယ်၊ ၃၊ ၆၉၆ ၇၀၁။)

ပစ္စုပ္ပန်ဝတ္ထု=မယားသေ၍ စိတ်ထွေနေသော သူကြွယ်တစ်ယောက်။

အတိတ်ဝတ္ထု=အတိတ်ဝတ္ထုသည် ဒသကနိပါတ် စူဠဗောဓိဇာတ်(ခု၊ ၅၊ ၂၀၇ ၂၀၈=ဇာ၊ ၁၊ ၂၀၇ ၂၀၈)၌ ထင်စွာ ဖြစ်လတ္တံ့၊ ဤအနနုသောစိယဇာတ်၌ကား အကျဉ်းတည်း။

ဤဇာတ်လာ ဘုရားအလောင်းသည် သူငယ်အရွယ်မှစ၍ မြတ်သောအကျင့်ကို ကျင့်၏။

ကုမာရဗြဟ္မစာရီ အဟောသိ။(ဇာတက၊ ဋ္ဌ၊ ၈၆။)

ဇနီးမယားဖြစ်ခဲ့သူ (ရာဟုလာမယ်တော်လောင်း)ရသေ့မ သေသော်လည်း မငိုသော ဘုရားအလောင်းရသေ့။ ရာဟုလာမယ်တော်လောင်းရသေ့မသည်ကား ဗြဟ္မာ့ပြည်မှ လာသူဖြစ်၍ ကိလေသာစိတ် မဖြစ်, အမြတ်မြတ်သောအကျင့်ကို ကျင့်၏။ "သမ္မိလ္လဟာသိနီ"အမည်ရှိ၏။

တသ္မိံ ပန ကာလေ ဧကော ပုညဝါ သတ္တော ဗြဟ္မလောကတော စဝိတွာ ကာသိရဋ္ဌေယေဝ နိဂမဂါမေ အသီတိကောဋိဝိဘဝဿ ဗြာဟ္မဏဿ ဂေဟေ ကုမာရိကာ ဟုတွာ နိဗ္ဗတ္တိ…တဿာပိ ကိလေသဝသေန စိတ္တံ နာမ န ဥပ္ပန္နပုဗ္ဗံ၊ အစ္စန္တဗြဟ္မစာရိနီ အဟောသိ။ (ဇာတက၊ ဋ္ဌ၊ ၃၊ ၈၆။)

ဘုရားအလောင်းနှင့် သမ္မိလ္လဟာသိနီတို့သည် မိဘတို့၏ဆန္ဒများကို မလွန်ကြ၍ အလိုမရှိကြပဲ လက်ထပ်မင်္ဂလာပြုကြရသော်လည်း အိပ်ခန်းတစ်ခုတည်း၌ နေကြရ, အိပ်ရာတစ်ခုတည်း၌ အိပ်ကြရစေကာမူ အချင်းချင်း ကိလေသာ၏အစွမ်းဖြင့် မကြည့်ကြချေ၊ ရဟန်းနှစ်ပါး, ဗြဟ္မာနှစ်ဦးတို့ကဲ့သို့ နေကြကုန်၏။

ဘုရားအလောင်းရသေ့၏အဆုံးအမအချို့…

၁။ သေတိုင်းသေတိုင်းသောသူသည် စိုးရိမ်သူအဖို့ရာ မရှိချေ၊ သေခြင်းဟူသည် ချုပ်ပျောက်ခဲ့လေပြီ၊ သေတိုင်းသေတိုင်းသောသူကို အကယ်၍ စိုးရိမ်ငြားအံ့၊ အခါခပ်သိမ်း သေမင်းနိုင်ငံသို့ လိုက်ရသော မိမိကိုယ်ကို စိုးရိမ်ရာ၏။

၂။ လျောင်း, ထိုင်, ရပ်, သွား ဣရိယာပုထ်လေးပါးတို့၌သာလျှင် အာယုသင်္ခါရသည် လိုက်သည်မဟုတ်သေး၊ မျက်စိအဖွင့်, အပိတ် တစ်ခဏ၌ပင် အရွယ်သည် ဆုတ်ယုတ်နေ၏။

၃။ ထိုအရွယ်၏ဆုတ်ယုတ်သည်ရှိသော် စင်စစ် အတ္တဘော ချို့တဲ့ခြင်း, ပျက်စီးခြင်းသဘော၌ ယုံမှားမရှိရာ၊ မသေပျောက်ပဲ ကြွင်းကျန်သော သတ္တဝါကို မေတ္တာပွား၍ သနားချစ်ခင်အပ်၏၊ သေလေပြီးသော သတ္တဝါကို မစိုးရိမ်အပ်။

တံ တံ စေ အနုသောစေယျ၊ ယံ ယံ တဿ န ဝိဇ္ဇတိ။
အတ္တာန'မနုသောစေယျ၊ သဒါ မစ္စုဝသံ ပတံ။
န ဟေဝ ဌိတံ နာသီနံ၊ န သယာနံ န ပဒ္ဓဂုံ။
ယာဝ ဗျာတိ နိမိသတိ၊ တတြာပိ ရသတီ ဝယော။
တတ္ထတ္တနိ ဝတ'ပ္ပဗ္ဗေ၊ ဝိနာဘာဝေ အသံသယေ။
ဘူတံ သေသံ ဒယိတဗ္ဗံ၊ ဝီတံ အနနုသောစိယံ။
(ဇာတက၊ ၁၊ ၁၀၇။ ဋ္ဌ၊ ၃၊ ၈၇။)

ပဒ္ဓဂုံ (သျာ)၊ သရတိ (သီ၊သျာ၊ကျ)၊ ဝတ ပဗ္ဗေ (သျာ)၊ ဝတ ဗန္ဓေ(က)၊
ဝတ+ပ အဗ္ဗေ=ဝတပ္ပဗ္ဗေ၊ စဝိတံ နာနုသောစိယံ(သျာ)၊ မတန္တံ နာနုသောစိယံ(က)၊
ဘုရားအလောင်းရသေ့ကား အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဘုရားရှင်၏သစ္စာတရားတို့ကို ပြတော်မူသည်၏အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌တည်၏။

ဆောင်ပုဒ်=အပျက်တရား၊ ပျက်တတ်ငြား၊ ရှုပွားနေလျှင် စိုးရိမ်စင်။

၂၁၅။ (၃၃၀) သီလဝီမံသဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၀၈။ ဋ္ဌ၊ ၃၊ ၉၂ ၉၃။ ငါးရာငါးဆယ်၊ ၃၊ ၇၀၅ ၇၀၇။)

ပစ္စုပ္ပန်+အတိတ် ဝတ္ထုနှစ်မျိုးတို့ကို သီလဝီမံသဇာတ် ဧကကနိပါတ်(ဇာ၊ ၁၊သီလဝီမံသက ၂၀)နှင့် တိကနိပါတ် (ဇာ၊ ၁၊ သီလဝီမံသက ၈၇)တို့၌ ဆိုအပ်ခဲ့ကုန်ပြီ။

ပစ္စုပ္ပန်ဝတ္ထု=မိမိသီလကို စုံစမ်းသောပုဏ္ဏား။

အတိတ်ဝတ္ထု=ဘုရားအလောင်းသည် ဗာရာဏသီမင်း၏ပုရောဟိတ်ဖြစ်၍ မိမိ၏သီလကို စုံစမ်းလို၍ ရွှေပန်းထိန်၏

ပျဉ်ချပ်မှ အသပြာတို့ကို ယူလေသော် အဖမ်းခံရ၍ မေးစိစစ်လေရာ ဘုရားအလောင်းက "မိမိ၏သီလကို စုံစမ်းလို ပြုလုပ်ပါကြောင်း, သီလသည်သာ လောက၌ အကောင်းဆုံး, အမြတ်ဆုံးဖြစ်ကြောင်းစသည်ဖြင့် သီလကျေးဇူးကို ပြောဆိုကာ မင်းထံမှ ရသေ့ရဟန်းပြုခွင့်ကို တောင်း၍ ရသေ့ရဟန်းပြုရန် အသွား....

(၁) စွန်တစ်ကောင်သည် သားတစ်ကို ချီ၍ ပျံရာ ထိုစွန်ကို အခြားသောငှက်တို့က ဝန်းရံ၍ ခြေသည်း နှုတ်သီးတို့ဖြင့် ထိုးဆိတ်ကုန်၏၊ ထိုစွန်သည် သည်းမခံနိုင်၍ သားတစ်ကို စွန့်ရ၏၊ အခြားစွန်သည် ထို သားတစ်ကို ယူ၏၊ ထိုစွန်သည်လည်း တစ်ပါးသော ငှက်တို့က ထိုးစိတ်ညှင်းဆဲအပ်သည်ရှိသော် ရှေးအ တူ စွန့်၏၊ အကြင်အကြင်ငှက်သည် ထိုသားတစ်ကို ယူ၏၊ ထိုထိုငှက်သည် ထိုးဆိတ်ခံရ၏ ၊အကြင်အ ကြင်ငှက်သည် စွန့်၏၊ ထိုထိုငှက်သည် ချမ်းသာ၏၊ ဘုရားအလောင်းသည် ထိုအခြင်းအရာကို မြင်၍ ဤကာမဂုဏ်တို့သည် သားတစ်နှင့် တူကုန်၏၊ ဤကာမဂုဏ်တို့ကို ယူဆောင်သောသူတို့အဖို့ရာ သာလျှင် ဆင်းရဲ၏၊ စွန့်သောသူတို့အဖို့ရာ ချမ်းသာ၏။

(၂) ယောကျ်ားတစ်ယောက်နှင့်တကွ ချိန်းချက်ထားသော ကျွန်မသည် ထိုယောကျ်ား လာနိုး လာနိုးနှင့် မျှော်လင့်နေရာ သန်းခေါင်ယာမ်ကို လွန်စေ၍ မိုးသောက်ထ၌ကား မလာတော့ပြီ ဟု အာသာပြတ်လျက် အိပ်ပျော်ခြင်းသို့ ရောက၏။ ထိုအခြင်းအရာကို မြင်ရသောဘုရားအလောင်းသည် ကိလေသာတို့၌ တောင့်တခြင်းအာသာမည်သည်ကား ဆင်းရဲ၏၊ အာသာမရှိသောအဖြစ်သည်သာလျှင် ချမ်းသာ၏။

(၃) ရှာန်ဝင်စားနေသောရသေ့ကို မြင်၍ ဤပစ္စုပ္ပန်, တမလွန် နှစ်တန်သောလောက၌ ရှာန်ချမ်းသာ ထက်လွန်သော ချမ်းသာမည်သည် မရှိ ဟု ကြံဆင်ခြင်၍ တောသို့ဝင်၍ ရသေ့ရဟန်းပြုလျက် ဈာန်, အဘိညာဉ်တို့ကို ဖြစ်စေကာ ဗြဟ္မာ့ပြည်သို့ လား၏။

ယာဝဒေဝ 'ဿ'ဟူ ကိဉ္စိ၊ တာဝဒေဝ အခါဒိသုံ။
သင်္ဂမ္မ ကုလလာ လောကေ၊ န ဟိံသန္တိ အကိဉ္စနံ။
သုခံ နာရာသာ သုပတိ၊ အာသာ ဖလဝတီ သုခါ။
အာသံ နိရာသံ ကတွာန၊ သုခံ သုပတိ ပိင်္ဂလာ။
န သမာဓိပရော အတ္ထိ၊ အသ္မိံ လောကေ ပရမှိ စ။
န ပရံ နာပိ အတ္တာနံ၊ ဝိဟိံသတိ သမာဟိတော။
(ဇာတက၊ ၁၊ ၁၀၈။ ဠ၊ ၃၊ ၉၂ ၉၃။)

ဆောင်ပုဒ်=သားတစ်ပုံနှယ်၊ ကာမဝယ်၊ ငြိတွယ် ဒုက္ခရောက်။
ကာမဂုဏ်ဝယ်၊ မငြိတွယ်၊ သီလွယ် ချမ်းသာပေါက်။

၂၁၆။ (၃၃၁) ကောကိလဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၀၉။ ဠ၊ ၃၊ ၉၄ ၉၅။ ငါးရာငါးဆယ်၊ ၃၊ ၇၀၈ ၇၁၀။)

ပစ္စုပ္ပန်ဝတ္ထု=စကားများသော ကောကာလိက။

ပစ္စုပ္ပန်ဝတ္ထုကို တေရသကနိပါတ် တက္ကာရိယဇာတ်(ဇာ၊ ၁၊ ၂၆၈ ၂၇၀။ ဠ၊ ၄၊ ၂၄၃ ၂၄၆)၌ အကျယ် ပါရှိ၏။

အတိတ်ဝတ္ထု=သရက်ပင်ရှိ ကျီးသိုက်၌ ဥသြမသည် မိမိ၏ဥကို ဥချ၍ သွား၏၊ ကျီးမသည် ဥသြဥကို စောင့်ရှောက်ရာ ထိုဥမှ ဥသြငယ်သည် ပေါက်၏၊ ကျီးမသည် "ငါ့သား"ဟူသောအမှတ်ဖြင့် အစာကို ဥသြငယ်အား ကျွေးမွေး၏၊ အတောင်မပေါက်သေးသော ထိုဥသြငယ်သည် အခါမဟုတ်မီပင် ဥသြသံကို မြည်၏၊ ကျီးမသည် "ဤငှက်ငယ် ကား ယခုကပင် တစ်ပါးသောအသံကို မြည်၏၊ ကြီးခဲ့သော် အသို့ပြုအံ့နည်း?"ဟု နှုတ်သီးဖြင့် ထိုးသတ်၍ အသိုက်မှ ချ၏။

ဘုရားအလောင်းပညာရှိအမတ်က ထိုအခြင်းအရာကို ကြည့်၍ စကားများသောမင်းအား "အချိန်မကျမီ, အတိုင်းအတာကို လွန်၍ စကားပြောဆိုခြင်းသည် 'အခါမဟုတ်မီ အသံမြည်၍ အသိုက်မှ အချခံရလျက် သေရ သော ဥသြငှက်ငယ်ကဲ့သို့ ပျက်စီးတတ်ကြောင်း"စသည်ဖြင့် ပြောဆို၏၊ ထိုတရားစကားကို ကြားနာရသော အခါမှစ၍ မင်းသည် အတိုင်းအရှည်ရှိသောစကားကို ပြောဆိုလေတော့၏။

ကောကာလိကသည် ထိုအခါ ဥသြငှက်ငယ်ဖြစ်ဖူး၏။

ယော ဝေ ကာလေ အသမ္ပတ္တေ၊ အတိဝေလံ ပဘာသတိ။

ဝေ သော နိဟတော သေတိ၊ ကောကိလာယိ'ဝ အတြဇော။

(ဇာတက၊ ၁၊ ၁၀၉။ ဋ၊ ၃၊ ၉၄။)

ဆောင်ပုဒ်=အချိန်မကျ၊ မပြောရ၊ ပြောက ဘေးတွေ့မည်။

ဥသြငယ်က၊ ကျီးသိုက်မှ၊ မြည်ထ အသံသည်။

ကျွေးမွေးခဲ့ရ၊ ကျီးမက၊ ထိုးချပစ်တော့ပြီ။

၂၁၇။ (၃၃၂) ရထလဋ္ဌိဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၀၉။ ဋ၊ ၃၊ ၉၆ ၉၇။ ငါးရာငါးဆယ်၊ ၃၊ ၇၁၀ ၇၁၃။)

ပစ္စုပ္ပန်ဝတ္ထု=ကိုယ်အပြစ်ကို သူတပါးအပေါ်တင်သော ပုရောဟိတ်၊ အမှုစစ်သော် မိမိပင် အပြစ်ရ။

ကောသလမင်း၏ပုရောဟိတ်သည် ခရီးလမ်းကျဉ်းတစ်ခု၌ လှည်းကုန်သည်တစ်ဦးကို လှည်းဖယ်နိုင်းရာ မဖယ်နိုင်သည်ရှိသော် အမျက်ထွက်၍ နှင်တံဖြင့် ရထားဦး၌ ရိုက်ခတ်လျှင် ထိုနှင်တံသည် ရထားဦး၌ထိပြီး ပြန်၍ ပုရောဟိတ်၏သာလျှင် နဖူးကို ခတ်မိ၏၊ ပုရောဟိတ်၏နဖူးသည် ဖူးဖူးရောင်၍ ထ၏၊ ပုရောဟိတ်သည် လှည်းသမားတို့က ရိုက်၏"ဟု မင်းအား လျှောက်တင်သော်လည်း စစ်ဆေးသောအခါ ပုရောဟိတ်၏အပြစ်ကိုသာလျှင် မြင်ကုန်၏။ ရထလဋ္ဌိ, ရထယဋ္ဌိ ရထားနှင်တံ

အတိတ်ဝတ္ထု=ဇာတ်လမ်းကား အလားတူပင်တည်း၊ ဤ၌ကား ဘုရားအလောင်းတရားဆုံးဖြတ်သောအမတ်ကြောင့် လှည်းသမားတို့၏ပစ္စည်းများကို အသိမ်းခံရမှုမှ သက်သာရာရခြင်း။

ဆောင်ပုဒ်=မိမိအမှား၊ သူတပါး၊ ပြစ်ကား မတင်သင့်။

မိမိပြုလျက်၊ သူ့ပေါ်စွက်၊ ပြစ်ချက် မတင်သင့်။

၂၁၈။ (၃၃၃) ပက္ကဂေါဓဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၁၀။ ဋ၊ ၃၊ ၉၈ ၁၀၀။ ငါးရာငါးဆယ်၊ ၃၊ ၇၁၃ ၇၁၇။)

ပစ္စုပ္ပန်ဝတ္ထု=လမ်းခရီးအကြားဝယ် မုဆိုးက သူကြွယ်ဇနီးမောင်နှံနှစ်ဦးတို့အား စားရန် ဖွတ်ကင်ကို ပေးခဲ့ရာ သူကြွယ်သည် မယားအား မကျွေးပဲ မိမိတစ်ယောက်တည်း စားပြီးလျှင် "ဖွတ်ကင်သည် ပြေးပြီ"ဟု ပြောခြင်း။

ထိုအကြောင်းကို သူကြွယ်မက ဘုရားရှင်အား လျှောက်ထားခြင်း။

အတိတ်ဝတ္ထု=မုဆိုးက မင်းသားနှင့်မင်းသမီး နှစ်ယောက်တို့စားရန် ဖွတ်ကင်ကို ပေးခဲ့ရာ မင်းသမီး ရေသွားခပ်စဉ် မင်းသားသည် မိမိတစ်ယောက်တည်း စားပြီးလျှင် အမြီးဖျားကို ကိုင်၍ မျက်ကွယ်ပြုနေ၏၊ မင်းသမီးသည် ရေယူလာလတ်သော် မင်းသားက "ဖွတ်သည် ဆင်းပြေး၍ တောင်ပို့ ဝင်ရာ အမြီးဖျားကို ဆွဲကိုင်မိ၍ အမြီးပြတ်ကျန်ခဲ့၏"ဟု ဆို၏။ ထိုမင်းသားသည် မင်းဖြစ်၍ မင်းသမီးအား မိဖုရားကြီးအရာ၌ ထားသော်လည်း ဆုလာဘ်ပေးခြင်း, မြတ်နိုးတနာပြုခြင်းကား မရှိ၊ ဘုရားအလောင်းက မင်း၏ရှေတော်တွင် မိဖုရားအား မေးမြန်းခြင်း, မိဖုရား၏ကျေးဇူးဂုဏ်ကို ပြောဆိုလတ်သော် မင်းသည် မိဖုရား၏ကျေးဇူးကို အောက်မေ့၍ မိမိ၏အပြစ်ကို ခွင့်လွှတ်စေကာ မိဖုရားအား အလုံးစုံသောမင်း၏အဖြစ်ကို ပေးလေ၏။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ သူကြွယ်ဇနီးမောင်နှံတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။

သူကြွယ်လင်မယားတို့သည် ထိုအခါ မင်းသား, မင်းသမီး လင်မယားတို့ဖြစ်ခဲ့ကုန်၏။

ဘုရားရှင်သည် ပညာရှိအမတ်ဖြစ်ခဲ့၏။

ဆောင်ပုဒ်=သူပြုသမျှ၊ သတိရ၊ နိမ်ချဂုဏ်တင်သည်။

သူတော်ကောင်းတို့၊ ဓလေ့မို့၊ မေ့ဖို့မရှိပြီ။

၂၁၉။ (၃၃၄) ရာဇောဝါဒဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၁၀ ၁၁၁။ ဋ၊ ၃၊ ၁၀၀ ၁၀၂။ ငါးရာငါးဆယ်၊ ၃၊ ၇၁၇ ၇၂၁။)

ပစ္စုပ္ပန်ဝတ္ထု=ကောသလမင်းအား ဆုံးမတော်မူခြင်း။

ဤဝတ္ထုကား စတ္တာလီသနိပါတ် တေသကုဏဇာတ် (ခု၊ ၆၊ ၁ ၅=ဇ၊ ၂၊ ၁ ၅)၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=မင်းတရားစောင့်လျှင် ပညောင်သီးချို၍ မင်းတရားမစောင့်လျှင် ပညောင်သီးခါးခြင်း။

ရာဇာ ....ဗောဓိသတ္တံ ပုစ္ဆိ "ကိံ န ခေါ ဘန္တေ ဣမံ နိဂြောဓပက္ကံ အတိ ဝိယ မဓုရ"န္တိ။ "မဟာပုည နူန ရာဇာ ဓမ္မေန သမေန ရဇ္ဇံ ကာရေတိ၊ တေနေတံ မဓုရ"န္တိ။ "ရညော အဓမ္မိကကာလေ အမဓုရံ န ခေါ ဘန္တေ

ဟောတီ"တိ။ "အာမ မဟာပုည, ရာရူသု အဓမ္မိကေသု တေလမဓုဖာဏိတာဒီနိပိ ဝနမူလဖလာနိပိ အမဓုရာနိ ဟောန္တိ နိရောဇာနိ၊ န ကေဝလံ ဧတာနိ၊ သကလမ္ပိ ရဋ္ဌံ နိရောဇံ ကသဋံ ဟောတိ။ တေသု ပန ဓမ္မိကေသု သဗ္ဗာနိ တာနိ မဓုရာနိ ဟောန္တိ သြဇဝန္တာနိ၊ သကလမ္ပိ ရဋ္ဌံ သြဇဝန္တမေဝ ဟောတိ"တိ။ (ဇာ၊ ဋ္ဌ၊ ၃၊ ၁၀၁။)

ဘုရားအလောင်းရသေ့ဟောသောတရား...

ဂဝံ စေ တရမာနာနံ၊ ဇိမ္မံ ဂစ္ဆတိ ပုင်္ဂဝေါ။
သဗ္ဗာ တာ ဇိမ္မံ ဂစ္ဆန္တိ၊ နေတ္တေ ဇိမ္မံ ဂတေ သတိ။
ဧဝမေဝ မနုဿေသု၊ ယော ဟောတိ သေဋ္ဌသမ္မတော။
သော စေ အဓမ္မံ စရတိ၊ ပဂေဝ ဣတရာ ပဇာ။
သဗ္ဗံ ရဋ္ဌံ ဒုခံ သေတိ၊ ရာဇာ စေ ဟောတိ အဓမ္မိကော။
ဂဝံ စေ တရမာနာနံ၊ ဥဇုံ ဂစ္ဆတိ ပုင်္ဂဝေါ။
သဗ္ဗာ ဂါဝီ ဥဇုံ ယန္တိ၊ နေတ္တေ ဥဇုံ ဂတေ သတိ။
ဧဝမေဝ မနုဿေသု၊ ယော ဟောတိ သေဋ္ဌသမ္မတော။
သော သစေ ဓမ္မံ စရတိ၊ ပဂေဝ ဣတရာ ပဇာ။
သဗ္ဗံ ရဋ္ဌံ သုခံ သေတိ၊ ရာဇာ စေ ဟောတိ ဓမ္မိကော။
(ဇာတက၊ ၁၊ ၁၁၀-၁၁၁။ ဋ္ဌ၊ ၃၊ ၁၀၂။)

(မဟာပုည ဘုန်းကြီးသော ဒါယကာ၊) တရမာနာနံ မြစ်ကို ကူးကုန်သော၊ ဂဝံ နွားတို့တွင်၊ ပုင်္ဂဝေါ ရှေ့ဆောင်နွားလားသည်၊ ဇိမ္မံ ကောက်စွာ၊ စေ ဂစ္ဆတိ အကယ်၍ သွားအံ့၊ နေတ္တေ ရှေ့ဆောင်နွားလားသည်၊ ဇိမ္မံ ကောက်စွာ၊ ဂတေ သွားသည် သတိ ရှိသော်၊ သဗ္ဗာ ခပ်သိမ်းကုန်သော၊ တာ ထိုနွားမတို့သည်၊ ဇိမ္မံ ကောက်စွာ၊ ဂစ္ဆန္တိ သွားကုန်၏။

ဧဝမေဝ ဤအတူသာလျှင်၊ မနုဿေသု လူတို့တွင်၊ ယော အကြင်မင်းသည်၊ သေဋ္ဌသမ္မတော အမြတ်ဟူ၍ သမုတ်အပ်သည်၊ ဟောတိ ဖြစ်၏၊ သော ထိုမင်းသည်၊ အဓမ္မံ မတရားသည်ကို၊ စေ စရတိ အကယ်၍ကျင့်အံ့၊ ဣတရာ ဤမှတပါးကုန်သော၊ ပဇာ သတ္တဝါတို့သည်၊ ပဂေဝ အဘယ်ဆိုဖွယ်ရာ ရှိကုန်အံ့နည်း? ရာဇာ မင်းသည်၊ အဓမ္မိကော တရားမစောင့်သည်၊ စေ ဟောတိ အကယ်၍ ဖြစ်အံ့၊ သဗ္ဗံ အလုံးစုံသော၊ ရဋ္ဌံ တိုင်းနိုင်ငံသည်၊ ဒုခံ ဆင်းရဲစွာ၊ သေတိ အိပ်ရ၏၊ ဝါ ဒုခံ သေတိ ဆင်းရဲကိုသာလျှင် ခံစားရ၏။

တရမာနာနံ မြစ်ကို ကူးကုန်သော၊ ဂဝံ နွားတို့တွင်၊ ပုင်္ဂဝေါ ရှေ့ဆောင်နွားလားသည်၊ ဥဇုံ ဖြောင့်စွာ၊စေ ဂစ္ဆတိ အကယ်၍ သွားအံ့၊ နေတ္တေ ရှေ့ဆောင်နွားလားသည်၊ ဥဇုံ ဖြောင့်စွာ၊ ဂတေ သွားသည်၊ သတိ ရှိသော်၊ သဗ္ဗာ ခပ်သိမ်းကုန်သော၊ ဂါဝီ နွားမတို့သည်၊ ဥဇုံ ဖြောင့်စွာ၊ ယန္တိ သွားကုန်၏။

ဧဝမေဝ ဤအတူသာလျှင်၊ မနုဿေသု လူတို့တွင်၊ ယော အကြင်မင်းသည်၊ သေဋ္ဌသမ္မတော အမြတ်ဟူ၍ သမုတ်အပ်သည်၊ ဟောတိ ဖြစ်၏၊ သော ထိုမင်းသည်၊ ဓမ္မံ တရားကို၊ သစေ စရတိ အကယ်၍ ကျင့်အံ့၊ ဣတရာ မင်းမှ တပါးကုန်သော၊ ပဇာ သတ္တဝါတို့သည်၊ ပဂေဝ အဘယ်ဆိုဖွယ်ရာ ရှိကုန်အံ့နည်း? ရာဇာ မင်းသည်၊ ဓမ္မိကော တရားစောင့်သည်၊ စေ ဟောတိ အကယ်၍ ဖြစ်အံ့၊ သဗ္ဗံ အလုံးစုံသော၊ ရဋ္ဌံ တိုင်းနိုင်ငံသည်၊ သုခံ ချမ်းသာစွာ၊ သေတိ အိပ်ရ၏။

အရှင်အာနန္ဒာသည် ထိုအခါ မင်းဖြစ်၍ ဘုရားအလောင်းသည် အဘိညာဉ် သမာပတ်တို့ကိုရသော ရသေ့ ဖြစ်ခဲ့၏။

ဆောင်ပုဒ်=တရားသဖြင့်၊ မင်းပြုကျင့်က၊ တိုင်းနှင့်ပြည်သူ၊ ဝပြောဆူ၍၊ မင်းမူမတရား၊ ကျင့်သော်ငြားက၊ အများပြည်သူ၊ ဆင်းရဲထူ၏။

၂၂၀။ (၃၃၆) ဖြဟာဆတ္တဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၁၁ ၁၁၂။ ဋ္ဌ၊ ၃၊ ၁၀၅ ၁၀၈။ ငါးရာငါးဆယ်၊ ၃၊ ၇၂၄ ၇၂၈။)

ပစ္စုပ္ပန်ဝတ္ထု=အံ့ဖွယ်သရဲကို ဖြစ်စေသောရဟန်းတစ်ပါး။ ပစ္စုပ္ပန်ဝတ္ထုကို ဆိုအပ်ခဲ့ပြီးသည်သာတည်း။

အတိတ်ဝတ္ထု=ဗြဟာဆတ္တမင်းသားသည် ပညာနှင့်ပြည့်စုံ၍ စည်းစိမ်းနှင့်တကွ တိုင်းပြည်ကို ရန်သူမင်းထံမှ ပြန်ရ၏။

ဗာရာဏသီမင်းသည် သာဝတ္ထိပြည်မှ သိမ်းယူလာသောပစ္စည်းတို့ကို ဗြဟာဆတ္တမင်းသားက ပြန်လည်ယူသွားသော

ကြောင့် စိတ်ဆင်းရဲနေရာ ဘုရားအလောင်းပညာရှိ၏ဆိုအပ်သောစကားဖြင့် သောကကင်း၍ တရားသဖြင့် မင်းပြု၏။

အံ့ဖွယ်သရဲကို ဖြစ်စေသောရဟန်းသည် ထိုအခါ ဗြဟ္မာဆတ္တမင်းသားဖြစ်ခဲ့၏။

ဆောင်ပုဒ်=ဗြဟ္မာဆတ္တ၊ မင်းသားလု၊ စစ သင်ယူပြီ။

ပညာကျွမ်းကျင်၊ ကိုယ့်ပြည်ခွင်၊ ပြန်လျှင် သိမ်းတော့သည်။

၂၂၀။ (၃၃၇) ပီဌဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၁၂။ ဋ္ဌ၊ ၃၊ ၁၀၉ ၁၁၁။ ငါးရာငါးဆယ်၊ ၃၊ ၇၂၈ ၇၃၂။)

ပစ္စုပ္ပန်ဝတ္ထု=ကိုယ့်အလွဲ သူ့စွဲ...မိမိက အလွန်စောစွာ သွားခြင်း, အလွန်နောက်ကျမှ ပြန်လာခဲ့ယူခြင်းတို့ကြောင့် ယာဂု, ဆွမ်းစသည်ကို မရ၍ အနာထပိဏ်, ဝိသာခါတို့ သဒ္ဓါတရားမရှိကြ ဟု ကဲ့ရဲ့ရှုတ်ချသော ရဟန်း။

အတိတ်ဝတ္ထု=ဗာရာဏသီသူဌေး မင်းခစားသွားနေစဉ် မည်သူမျှ မမြင်ကြ၍ ဆွမ်းမရသည်ကို အပြစ်မတင်သော ဘုရားအလောင်းရသေ့၊ သူဌေးပြန်လာရာ ရသေ့ကို တွေ့မြင်၍ ပင့်၍ ဆွမ်းစသည်ကို ဆက်ကပ်၍ ခွင့်လွှတ်လျှောက်ခြင်း၊ ဘုရားအလောင်းရသေ့သည် နှစ်ရက်, သုံးရက် သူဌေးအား တရားဟော၍ ဟိမဝန္တာသို့ ပြန်ကြွလျက် အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေကာ ဗြဟ္မာ့ပြည်သို့ လား၏။

ဆောင်ပုဒ်=ကိုယ်၏အလွဲ၊ သူ့ကိုစွဲ၊ တလွဲ မဆိုသင့်။

ရဟန်းဖြစ်ငြား၊ သူတပါး၊ မျက်ပွား လွန်မသင့်။

၂၂၂။ (၃၃၈) ထုသဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၁၂။ ဋ္ဌ၊ ၃၊ ၁၁၁ ၁၁၅။ ငါးရာငါးဆယ်၊ ၃၊ ၇၃၂ ၇၃၇။)

ပစ္စုပ္ပန်ဝတ္ထု=ရန်သူဖြစ်မည့် သားကိုချစ်၍ အသတ်ခံရသော ဗိမ္ဗိသာရမင်း

အတိတ်ဝတ္ထု=ဘုရားအလောင်းဒိသာပါမောက္ခဆရာပေးသော အသက်ပေးဂါထာ ၄ မျိုး၏အစွမ်းကြောင့် မိမိကို သတ်မည့်သားကို ဖမ်းနိုင်သော ဗြဟ္မဒတ်မင်း။

မှတ်ချက်။ ။ [ဘုရားရှင်သည် ဤဇာတ်တော်ကို ဗိမ္ဗိသာရမင်းအား သတိရှိစေရန် ဟောပုံရသည်၊ မင်းကား မကောင်းမှုကံ၏အကျိုးပေးချိန်ကျသောကြောင့် သတိမရ, သတိမထားခဲ့ ဟု ယူဆနိုင်သည်။]

ဆောင်ပုဒ်=သားမှဖြစ်လတ်၊ ဘေးဥပဒ်ကြောင့်၊ ထိပ်ခတ်နှောင်ထား၊ ငါလွန်ငြားမှ၊ ထင်းရှားမင်းဖြစ်၊ အပ်နှင်းရစ်လော့။

၂၂၃။ (၃၃၉) ဝိသယှဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၁၃။ ဋ္ဌ၊ ၃၊ ၁၁၈ ၁၂၀။ ငါးရာငါးဆယ်၊ ၃၊ ၇၄၁ ၇၄၅။)

ပစ္စုပ္ပန်ဝတ္ထု=အနာထပိဏ်သူဌေး။ ဝတ္ထုကို ဧကကနိပါတ် ခဒိရင်္ဂါရဇာတ်(ခု၊ ၅၊ ၁၀=ဇာ၊ ၁၊ ၁၀)၌ ချဲ့အပ်ပြီ။

အတိတ်ဝတ္ထု=ဗာရာဏသီပြည် ကုဋေရှစ်ဆယ်ကြွယ်ဝသော ဘုရားအလောင်း ဝိသယှသူဌေးသည် နေ့စဉ် အလှူစရပ်ခြောက်ခုတို့၌ ခြောက်သိန်းပေးလှူ၏၊ ထိုအလှူဒါန၏အာနုဘော်ကြောင့် သိကြားမင်း၏ဘုံဗိမာန်သည် တုန်လှုပ်၏၊ ပဏ္ဍုကမ္ဗလာသည် ပူ၏၊ သိကြားမင်းသည် ဤသို့ဖြစ်ရပ်ကို ဆင်ခြင်လတ်သော် သူဌေးကိုမြင်၍ "ဤဝိသယှသူဌေးသည် ဇမ္ဗူဒိပ်ကျွန်းအလုံးကို လယ်ယာထွန်ခြင်းပြတ်သည်ကို ပြုလျက် အလှူကို ပေး၏၊ ဤအလှူဖြင့် ငါ့ကို တည်ရာမှ ရွေ့စေ၍ မိမိသည် သိကြားဖြစ်လိုယောင်တကား၊ ထိုသူဌေး၏ဥစ္စာကို ဖျက်ဆီး၍ ထိုသူဌေးကို ဆင်းရဲအောင် ပြု၍ အလှူမပေးနိုင်အောင် ပြုအံ့"ဟု ကြံ၍ ဥစ္စာ, စပါး, ဆီ, ပျား,တင်လဲ, သကာ, သကြား အစရှိတို့ကို အယုတ်သဖြင့် ကျွန်အမှုလုပ် ယောကျ်ားအပေါင်းကိုပါ ကွယ်စေ၏။

ဝိသယှသူဌေးသည် မြက်ရိတ်၍ လှူ၏၊ ခုနစ်ရက်မြောက်နေ့၌ ခုနစ်ရက်အာဟာရပြတ်သော သူဌေးသည် သတိကို ဖြစ်စေခြင်းငှာ မတတ်နိုင်ရကား မြက်ကိုဖိ၍ လဲလေ၏၊ ထိုအခါ သိကြားသည် ကောင်းကင်၌ ရပ်လျက် "ဝိသယှသူဌေး...သင်သည် ရှေးက အလှူတို့ကို ပေးလှူခဲ့၏၊ အလှူပေး၍ သင်၏စည်းစိမ်တို့သည်လည်း ကုန်ခဲ့လေပြီ၊ ဤကာလမှနောက်၌ အကယ်၍ အလှူကို မပေးပဲ စောင့်ရှောက်လျှင် သင်၏စည်းစိမ်တို့သည် ပြန်လည်တည်ကုန်ရာ၏"ဟု ပြောဆိုလေသော် ဘုရားအလောင်းသူဌေးက "သင်သည် အဘယ်သူနည်း?"ဟု မေးလျှင် သိကြားက "ငါသည် သိကြားတည်း"ဟု ဖြေဆို၏၊ ဘုရားအလောင်းက "သိကြားမင်း..သိကြားမည်သည်ကား ကိုယ်တိုင် အလှူပေး, သီလဆောက်တည်, ဥပုသ်သုံးခြင်းကို ပြု၍ ခုနစ်ပါးသောကျင့်ဝတ်တို့ကို ဖြည့်၍ သိကြား

အဖြစ်သို့ ရောက်၏၊ သင်သည်ကား မိမိ၏အစိုးရခြင်းကို ပြတတ်သော အလှူပေးခြင်းကို တားမြစ်၏၊ ယုတ်မာသောအမှုကို ပြုဘိ၏၊ ငါသည် အကယ်၍ ဥစ္စာရှိလျှင် ပေးလှူအံ့၊ မရှိလျှင် မြက်ရိတ်ရကုန်ငြားသော်လည်း လှူအံ့၊ အလှူပေးခြင်းကို ငါမမေ့။...''ဟု ပြောဆို၏။

သိကြားမင်းသည် ဘုရားအလောင်းကို တားမြစ်ခြင်းငှါ မတတ်နိုင်ရကား ''အဘယ်အကျိုးငှါ အလှူပေးသနည်း?''ဟု မေးလျှင် ဘုရားအလောင်းက ''ငါကား သိကြားမင်းအဖြစ်ကို တောင့်တ၍လည်း အလှူမပေး, ဗြဟ္မာမင်းအဖြစ်ကို တောင့်တ၍လည်း အလှူမပေး၊ သဗ္ဗညုတဉာဏ်ကိုကား တောင့်တ၍ အလှူပေး၏''ဟု ဆိုလေသော် သိကြားမင်းသည် ဘုရားအလောင်း၏စကားကို နှစ်သက်၍ လက်ဖြင့် ကျောက်ကုန်းကို ဆုပ်နယ်၍ ထိုခဏ၌ပင် စားရသကဲ့သို့ ဘုရားအလောင်း၏ကိုယ်အလုံးသည် ပြည့်၏၊ သိကြား၏အာနုဘော်ဖြင့် ဘုရားအလောင်း၏အလုံးစုံသော စည်းစိမ် အခြံအရံသည်လည်း ပကတိအတိုင်းသာလျှင် ဖြစ်၏။

ရာဟုလာမယ်တော်သည် ထိုအခါ သူဌေးကတော်, ဘုရားရှင်သည် ဝိသယှသူဌေးဖြစ်ခဲ့၏။

ဆောင်ပုဒ်=ဗောဓိသတ္တ၊ လှူဒါန၊ ရွယ်ဆကြောင်းရင်းမှာ။
သဗ္ဗညုတ၊ ဉာဏ်ကိုဆ၊ လှူထကြောင်းရင်းပါ။

၂၂၄။ (၃၄၁) ကဏ္ဍရီဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၁၄။ ဌ၊ ၃၊ ၁၂၁။ ငါးရာငါးဆယ်၊ ၃၊ ၇၄၅။)
အသီတိနိပါတ် ကုဏာလဇာတ် (ခု၊ ၆=ဇာတက၊ ၂၊ ၁၂၃ ၁၂၄။ ငါးရာငါးဆယ်၊ တ၊ ၆၅၇ ၆၇၁)၌ ထင်စွာ ဖြစ်လတ္တံ့။
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်သည် ဆွေတော်မျိုးတော်ရဟန်းသစ် ငါးရာတို့ အမျိုးသမီးများကြောင့် မပျော်မွေ့ကြခြင်းကို ပျော်မွေ့စေရန် ဟိမဝန္တာ ကုဏာလရေအိုင်သို့ ခေါ်ဆောင်တော်မူလျက် မိန်းမတို့၏အပြစ်ကို ဟောတော်မူခြင်း။
အတိတ်ဝတ္ထု=ဇာတိဿရဉာဏ်ရ ဘုရားအလောင်း ကုဏာလဥဩငှက်မင်း၏ပြောဟောချက်များ...
(၁) ကဏ္ဍရီမင်း၏မိဖုရား ကိန္နရာဒေဝီ၏ ခြေ့နှင့် ဖောက်ပြန်လွန်ကြူးခြင်းကို ဘုရားအလောင်းပဉ္စာလစန္ဒပုရောဟိတ်က ဖော်ထုတ်၍ မိန်းမတို့၏အပြစ်ကို ပြ၍ မင်းအား လျှောက်ခြင်း။
(၂) ဘုရားအလောင်း ဗာရာဏသီပြည်ရှင်ဗကမင်းနှင့် ဗာဝရိကမင်း ၂ ပါးတို့၏မိဖုရား ပဉ္စပါပီသည် ကေ့ုန်းနှင့် ယုတ်မာသောအကျင့်ကို ကျင့်ခြင်း။
(၃) ဘုရားအလောင်းဗြဟ္မဒတ်မင်း၏မိဖုရား ပိင်္ဂိယာနီသည် မြင်းထိန်းနှင့် လွန်ကျူးသောအမှုကို ပြုခြင်း။

၂၂၅။ (၃၄၃) ကုန္တိနီဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၁၅။ ဌ၊ ၃၊ ၁၂၃ ၁၂၅။ ငါးရာငါးဆယ်၊ ၃၊ ၇၄၈ ၇၅၁။)
ပစ္စုပ္ပန်ဝတ္ထု=ကောသလမင်း၏ကြိုးကြာမသည် မိမိ၏တမန်ကိစ္စဖြင့် သွားခိုက် မိမိ၏သားငယ်နှစ်ကောင်တို့ကို နန်းတော်မှ သူငယ်တို့က သတ်သဖြင့် ထိုသူငယ်တို့ကို ကျားစာကျွေးခြင်း။
အတိတ်ဝတ္ထု=အလားတူပင်တည်း၊ ကြိုးကြာမသည် ဘုရားအလောင်းဗာရာဏသီမင်းအား ပြောပြပြီးလျှင် ဟိမဝန္တာသို့ ပျံသွား၏။

ကုန္တိနီ -ကြိုးကြာမ

ဆောင်ပုဒ်=နိုပ်စက်အပ်သူ၊ နိုပ်စက်သူ၊ နှစ်လူ ကွဲသောခါ။
ပညာရှိများ၊ ပြန်၍ကား၊ စပ်ငြား ချစ်မေတ္တာ။
မိုက်သူတွေကား၊ ကွဲ၍သွား၊ စပ်ငြား မရှိပါ။

၂၂၆။ (၃၄၅) ဂဇကုမ္ဘဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၁၆။ ဌ၊ ၃၊ ၁၂၈ ၁၃၀။ ငါးရာငါးဆယ်၊ ၃၊ ၇၅၅ ၇၅၈။)
ဇာတ်အဋ္ဌကထာနှင့် ငါးရာငါးဆယ်ဇာတ်ဝတ္ထုတို့၌ကား ''ရာဇကုမ္ဘ''ဟု ရှိ၏။
ပစ္စုပ္ပန်ဝတ္ထု=ပျင်းရိသောရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=ဗာရာဏသီဘုရင်ပျင်းသည် ဂဇကုမ္ဘ (ရာဇကုမ္ဘ)မည်သော လိပ်ပျင်းကိုမမြီ။
ဘုရားအလောင်းပညာရှိသည် မင်းအား ထိုလိပ်ပျင်းကို ပမာပြု၍ ပြောဆိုသောအခါမှစ၍ မပျင်းမရိသည် ဖြစ်၏။
ဆောင်ပုဒ်=အပျင်းမွေးငြား၊ ထိုသူကား၊ ပျက်ပြားတတ်စွ ကျိုးမရ။

၂၂၇။ (၃၄၆) ကေသဝဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၁၆။ ဋ္ဌ၊ ၃၊ ၁၃၀ ၁၃၃။ ငါးရာငါးဆယ်၊ ၃၊ ၇၅၈ ၇၆၃။)

ပစ္စုပ္ပန်ဝတ္ထု=ကောသလမင်းကြီး၏ဆွမ်းအလှူနှင့် ပတ်သက်၍ ဘုရားရှင်က "အကျွမ်မဝင်သူ၏စတုမဓုထက် အကျွမ်းဝင်သူ၏မြက်သီးဆန်ဆွမ်းက ကောင်း၏"ဟု မိန့်တော်မူခြင်း။

အတိတ်ဝတ္ထု=ကေသဝရသေ့သည် တပည့်ကြီးဘုရားအလောင်းကပ္ပရသေ့နှင့် ကင်း၍နေရသောကြောင့် ငြီးငွေ့၍ အိပ်ပျော်ခြင်းကို မရသည်ရှိသော် အစာအာဟာရသည် ကောင်းစွာ မကျေ, ဝမ်းသွေးသွန်သောရောဂါသည် ဖြစ်၏၊ မင်းသည် သမားတော်တို့ကို ကုစေသော်လည်း မသက်သာ၍ ရသေ့၏အလိုဆန္ဒအတိုင်း ဟိမဝန္တာသို့ ပို့၍ ကပ္ပရသေ့၏ သစ်ရွက်ပြုတ်နှင့် မြက်သီးဆန်ယာဂုကို သောက်ရမှ ကေသဝရသေ့၏ဝမ်းသွေးသွန်ရောဂါသည် ငြိမ်းပျောက်၏။

မင်းသည် အရှင်အာနန္ဒာအလောင်း, နာရဒအမတ်သည် အရှင်သာရိပုတ္တာအလောင်းတို့ဖြစ်၏။

မှတ်ချက်။ ။ ပစ္စုပ္ပန်ဝတ္ထုနှင့် အတိတ်ဝတ္ထုတို့၌ ဗကဗြဟ္မာအကြောင်းမပါ, ဇာတ်ပေါင်းခဏ်း၌ကား "ယခုအခါ ဗကဗြဟ္မာသည် ထိုအခါ ကေသဝရသေ့ ဖြစ်ဘူးပြီ"ဟု ပါ၏။

သတ္ထာ ဣမံ ဓမ္မဒေသနံ အာဟရိတွာ ဇာတကံ သမောဓာနေသိ "တဒါ ရာဇာ အာနန္ဒော အဟောသိ၊ နာရဒေါ သာရိပုတ္တော၊ ကေသဝေါ ဗကဗြဟ္မာ၊ ကပ္ပေါ ပန အဟမေဝ အဟောသိ"န္တိ။ (ဇာ၊ ဋ္ဌ၊၃၊၁၃၃။)

ဆောင်ပုဒ်=ကျွမ်းဝင်သူကျွေး၊ ရောဂါဆေး၊ ပျောက်ရေးလွယ်ကူသည်။

ချစ်သူခင်သူ၊ ပြုစုမှု၊ ထိုသူ ကျန်းမာမည်။

၂၂၈။ (၃၄၇) အယကူဋဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၁၇။ ဋ္ဌ၊ ၃၊ ၁၃၄ ၁၃၅။ ငါးရာငါးဆယ်၊ ၃၊ ၇၆၃ ၇၆၆။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင် လောကအကျိုးအတွက် ကျင့်တော်မူခြင်း။

ဝတ္ထုကား ဒွါဒသကနိပါတ် မဟာကဏှဇာတ် (ခု၊ ၅၊ ၂၄၈ ၂၄၉=ဇာ၊ ၁၊ ၂၄၈ ၂၄၉)၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=ယဇ်ပူဇော်ခြင်းကို ဖြတ်သောကြောင့် ဘီလူးတို့ စိတ်ဆိုး၍ သံတူဖြင့်ထုသတ်ရန် ဘီလူးတစ်ယောက်အား စေလွှတ်ရာ သိကြားမင်းက ဝရဇိန်လက်နက်ကို ကိုင်၍ ဘီလူး၏အထက်၌ ရပ်နေရကား ဘီလူးကြောက်ပြေး၍ ဘီလူးဘေးမှ လွတ်ရသော ဘုရားအလောင်းဗာရာဏသီမင်း။ အရှင်အနုရုဒ္ဓါအလောင်းသိကြားမင်းသည် မကြောက်ရန်, ယနေ့မှစ၍ စောင့်ရှောက်ရန် တာဝန်ယူသွားလေ၏။

ဆောင်ပုဒ်=လောကအကျိုး၊ ဆောင်သည်ပိုး၊ နတ်မျိုးဣန္ဒ စောင့်ရှောက်ရ။

၂၂၉။ (၃၄၈) အရညဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၁၇ ၁၁၈။ ဋ္ဌ၊ ၃၊ ၁၃၆ ၁၃၇။ ငါးရာငါးဆယ်၊ ၃၊ ၇၆၇ ၇၆၉။)

ပစ္စုပ္ပန်ဝတ္ထု=အပျိုကြီးဖြားယောင်းခံသောရဟန်း။

ဝတ္ထုသည် တေရသကနိပါတ် စူဠနာရဒဇာတ်(ခု၊ ၅၊ ၂၆၁ ၂၆၃=ဇာ၊ ၁၊ ၂၆၁ ၂၆၃)၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=ဗာရာဏသီပြည်သား ဘုရားအလောင်းပုဏ္ဏားသည် မယားသေလျှင် သားကို ယူ၍ ရသေ့ရဟန်းပြုကာ ဟိမဝန္တာ၌ နေလျက် သားကို ကျောင်း၌ ထားခဲ့၍ သစ်သီးကြီးငယ်ရှာရန် သွားလေ၏၊ ထိုအခါ ခိုးသူတို့ လုယက်၍ ပစ္စန္တရစ်ရွာမှ ပြေးလာသော သတို့သမီးသည် ကျောင်းသို့ ရောက်လာကာ ရသေ့ငယ်ကို ဖြားယောင်း၍ သီလပျက်စီးခြင်းသို့ ရောက်စေလျက် "လာ...သွားကြကုန်စို့"ဟု ခေါ်၏၊ ရသေ့ငယ်သည် "အဖကို ဖူးမြင်၍လျှင် သွားအံ့"ဟု ဆို၏၊ အဖရသေ့ပြန်လာသောအခါ ရသေ့ငယ်က "ဖခင်...ငါသည် တောမှ ရွာသို့သွား၍ အဘယ်အကျင့်သီလရှိသော ယောကျာ်းကို မှီဝဲဆည်းကပ်ရအံ့နည်း?"ဟု မေးလျှင် ဖခင်ရသေ့က..."ချစ်သား...

၁။ မိမိ၏အကျွမ်းဝင်ခြင်းကို နှစ်သက်ခြင်း၊

၂။ အကျွမ်းဝင်သောစကားကို နာထောင်လိုခြင်း၊

၃။ အပြစ်ကို သည်းခံခြင်း၊

၄။ မိမိအပေါ်ဝယ် ကိုယ်, နှုတ်, စိတ်တို့ဖြင့် မကောင်းမှုကို မပြုခြင်း ဤသို့သော ဂုဏ်အရည်အသွေးရှိသော ယောကျာ်းကို ဆည်းကပ်လော့။

ချစ်သား...နှင်းဆိုးရည်ကဲ့သို့ မတည်တံ့သောစိတ်, မျောက်ကဲ့သို့ (အပြောင်းအလွဲ)လျင်မြန်သော စိတ်ရှိ၍ ခဏခြင်းဖြင့်ပင် ချစ်ခြင်း မုန်းခြင်းဖြစ်တတ်သော ယောကျာ်းကို (ဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် လူမရှိသည်

ဖြစ်စေကာမူ ထိုယောကျ်ားမျိုးကိုတော့) မမှိဝဲမဆည်းကပ်လေလင့်"ဟု ဆုံးမလေရာရသေ့ငယ်က "ဖခင်...ဤကျေးရူးတို့နှင့် ပြည့်စုံသော ယောကျ်ားကို အဘယ်မှာ ရနိုင်အံ့နည်း?"ဟု ဆိုကာ သတို့သမီးနောက်သို့ မလိုက်တော့ချေ၊ ရသေ့ငယ်အား ဖခင်က ကသိုဏ်းပရိကံကို သင်ကြား၍ သားအဖ ရသေ့နှစ်ပါးတို့သည် ဈာန်ရကြ၍ ဗြဟ္မာပြည်သို့ လားကုန်၏။

ယခုအခါ အပျိုကြီးနှင့် ရဟန်းတို့သည် ထိုအခါ သတို့သမီးနှင့် ရသေ့ငယ်တို့ဖြစ်ခဲ့ကြကာ ဘုရားရှင်သည် အဖရသေ့ဖြစ်ခဲ့၏။

ဆောင်ပုဒ်=အကျွမ်းဝင်ရာ၊ သည်းခံပါ၊ ကောင်းရာ မှုအကျင့်။
ထိုဂုဏ်တွေကား၊ ပြည့်စုံငြား၊ သူအား ပေါင်းဖော်သင့်။
စိတ်မတည်ငြား၊ မျောက်အလား၊ သူအား ရှောင်ရှားသင့်။

၂၃၀။ (၃၄၉) သန္ဓိဘေဒဇာတ်၊ စတုက္ကနိပါတ် (ဇာတက၊ ၁၊ ၁၁၈။ ဌ၊ ၃၊ ၁၃၇ ၁၄၀။ ငါးရာငါးဆယ်၊ ၃၊ ၇၆၉ ၇၇၃။)
ပစ္စုပ္ပန်ဝတ္ထု=ဆဗ္ဗဂ္ဂီရဟန်းတို့၏ကုန်းတိုက်စကားကြောင့် ရန်ပွား။
ပေသုညသိက္ခာပုဒ်ပညတ်ခြင်း။
"ရဟန်းတို့!..ကုန်းတိုက်သောစကားမည်သည်ကား ထက်စွာသောသန်လျက်ဖြင့် ထိုးခုတ်သည်နှင့်တူ၏၊ ရှည်မြင့်စွာသော ကာလ၌ဖြစ်သော အကျွမ်းဝင်ခြင်းသည်လည်း ထိုကုန်းတိုက်စကားဖြင့် လျင်မြန်စွာ ပျက်စီးတတ်၏..."
အတိတ်ဝတ္ထု=မြေခွေး၏ကုန်းတိုက်စကားကြောင့် မိတ်ဆွေဖြစ်ကြသော ခြင်္သေ့နှင့် နွားလားတို့ ခိုက်ရန်ပွါး၍ သေကြရခြင်း။
ဆောင်ပုဒ်=ချစ်ခင်သူများ၊ ကုန်းစကား၊ မုန်ပွားလေတော့သည်။
ကုန်းတိုက်စကား၊ ယုံလေငြား၊ မမှား ပျက်စီးမည်။
ကုန်းတိုက်စကား၊ မယုံငြား၊ သင်ကား ချမ်းသာမည်။

၂၃၁။ (၃၅၁) မဏိကုဏ္ဍလဇာတ်၊ ပဉ္စကနိပါတ် (ဇာတက၊ ၁၊ ၁၂၀။ ဌ၊ ၃၊ ၁၄၂ ၁၄၄။ ငါးရာငါးဆယ်၊ တ၊ ၁ ၄။)
ပစ္စုပ္ပန်ဝတ္ထု=ကောသလမင်း၏နန်းတွင်း၌ ကိစ္စအားလုံးကို ဆောင်ရွက်တတ်သောအမတ်၏ပြစ်မှားမှု။
ဝတ္ထုကို ဒုကနိပါတ် ပဗ္ဗတူပတ္ထရဇာတ်(ဇာ၊ ၁၊ ၅၁။ ဌ၊ ၂၊ ၁၁၄)၌ ကြည့်ပါ။
အတိတ်ဝတ္ထု=ဘုရားအလောင်းဗာရာဏသီမင်းသည် နှောင်အိမ်(ထောင်)တွင်း၌ ဈာန်ရလျက် အရှင်အာနန္ဒာအလောင်း ရန်သူကောသလမင်းကို တရားဟောခြင်း၊ ရန်သူမင်းသည် ဘုရားအလောင်းကို ကန်တော့၍ တိုင်းပြည်ကို ပြန်လည်အပ်နှင်း၍ မိမိနိုင်ငံသို့ ပြန်လေ၏။
<u>မကောင်းသောအရာများ</u>
၁။ ကာမချမ်းသာကို ခံစားသောလူသည် ပျင်းရိမှု မကောင်း၊
၂။ ရဟန်းသည် (ကိုယ်နှုတ်နှလုံးကို) သီလမစောင့်ရှောက်မှု မကောင်း၊
၃။ မင်းသည် မစူးစမ်း, မဆင်ခြင် ပြုလေ့ရှိမှု မကောင်း၊
၄။ ပညာရှိသည် အမျက်ထွက်မှု မကောင်း။
အလသော ဂိဟီ ကာမဘောဂီ န သာဓု၊ အသညတော ပဗ္ဗဇိတော န သာဓု။
ရာဇာ န သာဓု အနိသမ္မကာရီ၊ ယော ပဏ္ဍိတော ကောဓနော တံ န သာဓု။
(ဇာ၊ ၁၊ ၁၂၀။ ဌ၊ ၃၊ ၁၄၃။)
မှတ်ချက်။ ။ ဒုကနိပါတ် သေယျဇာတ်၏အတိတ်ဝတ္ထု(ဇာ၊ ဌ၊ ၂၊ ၃၅၉ ၃၆၂။ ငါး၊ ၃၊ ၅၁၅ ၅၁၈)နှင့်လည်း ကောင်း, ပဉ္စကနိပါတ် ဃဋဇာတ်၏အတိတ်ဝတ္ထု(ဇာ၊ ဌ၊ ၃၊ ၁၅၆ ၁၅၈။ ငါး၊ တ၊ ၂၅ ၂၇)နှင့်လည်း ကောင်း အလားတူ၏။
ဆောင်ပုဒ်=စူးစမ်းဆင်ခြင်၊ ဉာဏ်နှင့်ယှဉ်၊ မြဲပင် မင်းကျင့်ရာ။

၂၃၂။ (၃၅၂) သုဇာတဇာတ်၊ ပဉ္စကနိပါတ် (ဇာတက၊ ၁၊ ၁၂၁။ ဌ၊ ၃၊ ၁၄၄ ၁၄၆။ ငါးရာငါးဆယ်၊ တ၊ ၅ ၉။)
ပစ္စုပ္ပန်ဝတ္ထု=အဖသေ၍ ငိုကြွေးသော သူကြွယ်အား ဘုရားရှင်တရားဟောခြင်း။

အတိတ်ဝတ္ထု=ဗာရာဏသီပြည်ဝယ် သုဇာတမည်သော ဘုရားအလောင်း၏အဖိုးသည် သေလွန်၏၊ သုဇာတ၏ဖခင်သည် အဖသေလွန်သောကာလမှစ၍ စိုးရိမ်ပူဆွေးအပ်သည်ဖြစ်၍ သုသာန်မှအရိုးတို့ကို ဆောင်ယူ၍ မိမိ၏ဥယျာဉ်၌ မြေစေတီတည်၍ ထိုစေတီ၌ ထိုအရိုးတို့ကို မြှုပ်၍ ရောက်တိုင်းရောက်တိုင်းသောအခါ၌ စေတီကို ပန်းတို့ဖြင့် ပူဇော်၍ စေတီကို လှည့်ပတ်လျက် ငို၏၊ ရေမချိုး, မလိမ်းမကျံ, မစားမသောက်, အမှုတို့ကို မစီရင်။ ဘုရားအလောင်းသည် "ငါ့အဖသည် အဖိုးသေသည်မှစ၍ စိုးရိမ်ပူဆွေးလျက် သွား၏၊ ငါမှတစ်ပါး ငါ့အဖ သိစိမ့်သောငှါ စွမ်းနိုင်သူသည် မရှိ၊ ငါ့အဖကို ဥပါယ်တမျဉ်ဖြင့် သောကကင်းအောင် ပြုအံ့"ဟု ရွာပ၌ နွားသေတစ်ကောင်၏ရှေ့ဝယ် မြက်, ရေတို့ကို ထားကာ "စားလော့, သောက်လော့"ဟု ဆို၏၊ လူတို့သည် ထိုဘုရားအလောင်းကိုမြင်၍ "အချင်းသုဇာတ...သင်သည် နွားသေအား မြက်, ရေကို ပေး၏၊ သင်ရူးနေသလော?"ဟု ဆိုကုန်၏၊ သုဇာတကား တစ်စုံတစ်ခုသောစကားကို ပြန်၍မဆို၊ ထိုအခါ သုဇာတ၏အဖထံသို့ သွား၍ "သင့်သားသည် ရူး၏၊ နွားသေအား မြက်,ရေကို ပေး၏"ဟု ဆိုကြလေသော် သူကြွယ်အား အဖ၌ စိုးရိမ်ခြင်းသည် ပြေ၍ သား၌ စိုးရိမ်ခြင်းသည် တည်၏၊ သူကြွယ်သည် လျင်မြန်စွာ သွား၍

ကိံ နု သန္တရမာနောဝ၊ လာယိတွာ ဟရိတံ တိဏံ။
"ခါဒ ခါဒါ"တိ လပသိ၊ ဂတသတ္တံ ဇရဂ္ဂဝံ။
န ဟိ အန္နေန ပါနေန၊ မတော ဂေါဏော သမုဋ္ဌဟေ။
တွဉ္စ တုစ္ဆံ ဝိလပသိ၊ ယထာ တံ ဒုမ္မတီ တထာ။

သုဇာတ သုဇာတ၊ တွံ သင်သည်၊ ဂတသတ္တံ သေလေပြီးသော၊ ဇရဂ္ဂဝံ နွားအိုကို၊ သန္တရမာနောဝ အဆောတလျင်ကဲ့သို့ ဖြစ်၍၊ ဟရိတံ စိမ်းလန်းသော၊ တိဏံ မြက်ကို၊ လာယိတွာ ရိတ်၍၊ ခါဒ ခါဒါတိ စားလော့, စားလော့ဟူ၍၊ ကိံ နု လပသိ အဘယ့်ကြောင့် ပြောဆိုသနည်း?

အန္နေန အစာပေးသဖြင့်လည်းကောင်း၊ ပါနေန ရေပေးသဖြင့်လည်းကောင်း၊ မတော ဂေါဏော နွားသေသည်၊ န ဟိ သမုဋ္ဌဟေ မထသည်သာလျှင်တည်း၊ ဒုမ္မတီ ပညာနည်းပါးသောသူသည်၊ တံ ထို စကားကို၊ ဝိလေပေယျ ယထာ ပြောဆိုရာသကဲ့သို့၊ တထာ ထို့အတူ၊ တွဉ္စ သင်သည်လည်း၊ တုစ္ဆံ အချည်းနှီးသောစကားကို၊ ဝိလပသိ ပြောဆို၏။

ဟု ပြောဆိုလေ၏။

ဘုရားအလောင်းက...

တထေဝ တိဋ္ဌတိ သီသံ၊ ဟတ္ထပါဒါ စ ဝါလဓိ။
သောတာ တထေဝ တိဋ္ဌန္တိ၊ မညေ ဂေါဏော သမုဋ္ဌဟေ။
နေဝ'ယျကဿ သီသဉ္စ၊ ဟတ္ထပါဒါ စ ဒိဿရေ။
ရုဒံ မတ္တိကထူပသ္မိံ၊ နနု တွညေဝ ဒုမ္မတီ။

(ဇာ၊ ၁၊ ၁၂၁=ဋ္ဌ၊ ၃၊ ၁၄၅။)

သော တာတ တထေဝ တိဋ္ဌတိ (က)

တာတ ဖခင်၊ သီသံ ဦးခေါင်းသည်၊ တထေဝ ထိုရှေးအတူသာလျှင်၊ တိဋ္ဌတိ တည်၏၊ ဟတ္ထပါဒါ စ လက်ခြေတို့သည်လည်း၊ တထေဝ ထိုရှေးအတူသာလျှင်၊ တိဋ္ဌန္တိ တည်ကုန်၏၊ ဝါဠဓိ အမြီးသည်၊ တထေဝ ထိုရှေးအတူသာလျှင်၊ တိဋ္ဌတိ တည်၏။(ယော ဂေါဏော အကြင်နွားသည်၊) တထေဝ ထိုရှေးအတူသာလျှင်၊ တိဋ္ဌတိ တည်၏၊ (တသ္မာ ထို့ကြောင့်၊) သော ဂေါဏော ထိုနွားသည်၊ သမုဋ္ဌဟေ ထရာ၏ဟူ၍၊ မညေ ငါအောက်မေ့၏။ အယျကဿ အဖိုး၏၊ သီသဉ္စ ဦးခေါင်းသည်လည်းကောင်း၊ ဟတ္ထပါဒါ စ လက်, ခြေတို့သည်လည်းကောင်း၊ နေဝ ဒိဿရေ မထင်ကုန်သည်သာလျှင်တည်း၊(တသ္မာ ထို့ကြောင့်၊) မတ္တိကထူပသ္မိံ မြေစေတီ၌၊ ရုဒံ ငိုသော၊ တွညေဝ သင်သည်သာလျှင်၊ ဒုမ္မတီ နနု ပညာမရှိသည်, ပညာနည်းပါးသည် မဟုတ်ပါလော?

ထိုစကားကို ကြား၍ ဘုရားအလောင်း၏ဖခင်သည်"ငါ့သားကား ပညာရှိ၏၊ ပစ္စုပ္ပန်လောက, တမလွန်လောက၌ ကိစ္စကိုသိ၏၊ ငါ့ကို မှတ်စိမ့်သောငှာ ထိုအမှုကို ပြု၏"ဟု ကြံ၍ "ချစ်သားသုဇာတပညာရှိ...အလုံးစုံသော သင်္ခါရတို့သည် အမြဲမရှိကုန် ဟု ငါသည် သိအပ်ပြီ၊ ယနေ့မှစ၍ ငါသည် မစိုးရိမ်အံ့၊ အဖ၏သောကကို ပယ်သော သားမည်သည် သင်ကဲ့သို့ဖြစ်ရာ၏"ဟု ပြောဆို ချီးကျူးလေ၏။

[ပေတဝတ္ထုပါဠိတော် ဂေါဏပေတဝတ္ထုဌ်လည်း အလားတူ ဂါထာများ လာရှိ၏....

ကိံ နု ဥတ္တမရူပေါ၀၊ လာယိတွာ ဟရိတံ တိဏံ။
ခါဒ ခါဒါတိ လပသိ၊ ဂတသတ္တံ ဇရဂ္ဂဝံ။
န ဟိ အန္နေန ပါနေန၊ မတော ဂေါဏော သမုဋ္ဌဟေ။
တွံသိ ဗာလော စ ဒုမ္မေဓော၊ ယထာ တ'ညောဝ ဒုမ္မတီတိ။
ဣမေ ပါဒါ ဣဒံ သီသံ၊ အယံ ကာယော သဝါလဓိ။
နေတ္တာ တထေဝ တိဋ္ဌန္တိ၊ အယံ ဂေါဏော သမုဋ္ဌဟေ။
နာယျကဿ ဟတ္ထပါဒါ၊ ကာယော သီသဉ္စ ဒိဿတိ။
ရုဒံ မတ္တိကထူပသ္မိံ၊ နနု တွညေဝ ဒုမ္မတီတိ။
(ခု၊ ၂၊ ၁၃၂။)]

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်၏။

ဆောင်ပုဒ်=စိုးရိမ်ပူပန်၊ မရှိရန်၊ မြင်မှန်လိုအပ်သည်။
သင်္ခါရတရား၊ မမြဲငြား၊ ဉာဏ်ကား သိရမည်။

၂၃၃။ (၃၅၃) ဝေနသာခဇာတ်၊ ပဥ္စကနိပါတ် (ဇာတက၊ ၁၊ ၁၂၁ ၁၂၂။ ဋ္ဌ၊ ၃၊ ၁၄၆ ၁၅၀။ ငါးရာငါးဆယ်၊ တ၊ ၉ ၁၅။)

ပစ္စုပ္ပန်ဝတ္ထု=ထူးဆန်းသော ပြာသာဒ်ကို ဆောက်စေပြီးလျှင် တစ်ပါးသောမင်းအတွက် အလားတူသော ပြာသာဒ် တစ်ဆောင်ကို ဆောက်လုပ်ပေးမည်ကို ဝန်တို၍ လက်သမားမျက်စိကို ဖောက်သော ဗောဓိမင်းသား။ ဗောဓိမင်းသားသည် ဥဒေနမင်း၏သားတည်း။

အတိတ်ဝတ္ထု ဒေဝဒတ်အလောင်း ပိင်္ဂိယပုရောဟိတ်၏ညွှန်ကြားသည့်အတိုင်း မင်းတစ်ထောင်တို့၏မျက်စိများကို ဖောက်၍ ပဉ္စောင်ပင်စောင့်နတ်အား ပူဇော်သော်လည်း တက္ကသိုလ်ပြည်ကို မတိုက်နိုင်သည့်ပြင် ဘီလူးတစ်ယောက်က လက်ယာမျက်စိကို ထုတ်၍ လက်ဝဲမျက်စိကို လင်းတချီလာသောအရိုးစူးလျက် မျက်စိကန်းကာ သေပြီးလျှင် ငရဲ၌ ဖြစ်ရသော ဗောဓိမင်းသားအလောင်း ဗာရာဏသီမင်း။

ဘုရားအလောင်းကား တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးဖြစ်ခဲ့၏။

ဝေနသာခ (ပတ္တင္ဒသာခ) ပြန့်သောသစ်ခက်ရှိသောအပင်၊ သောဘဉ္ဇနက ဒန့်သလွန်ပင်

ဆောင်ပုဒ်=ကြမ်းကြုတ်မှုများ၊ ပြုသူကား၊ ပျက်ပြားဒုက္ခ ကြုံတွေ့ရ။

၂၃၄။ (၃၅၄) ဥရဂဇာတ်၊ ပဥ္စကနိပါတ် (ဇာတက၊ ၁၊ ၁၂၂ ၁၂၃။ ဋ္ဌ၊ ၃၊ ၁၅၀ ၁၅၅။ ငါးရာငါးဆယ်၊ တ၊ ၁၅ ၂၄။)

ပစ္စုပ္ပန်ဝတ္ထု=သားသေ၍ စိုးရိမ်ပူဆွေးသော သူကြွယ်အား ဘုရားရှင်တရားဟောခြင်း...

"ဒါယကာ...ကွဲပြိုတတ်သည့် သဘောရှိသော ဝတ္ထုမည်သည်ကား ကွဲပြိုသည်သာတည်း၊ ပျက်စီးတတ်သည့် သဘောရှိသော ဝတ္ထုမည်သည်ကား ပျက်စီးတတ်သည်သာတည်း၊ ထိုသို့ ပျက်စီးခြင်းသဘောသည်လည်း တစ်အိမ်တည်း, တစ်ရွာတည်း၌သာလျှင် ဖြစ်သည်မဟုတ်ပဲ အတိုင်းအရှည်မရှိကုန်သော စကြဝဠာတို့ဝယ် ဘုံသုံးပါးတို့၌ မသေတတ်သည့် သဘောရှိသောသူမည်သည် မရှိချေ၊ ထိုသဘောဖြင့်ပင် တည်ခြင်းငှါစွမ်းနိုင်သော တစ်ခုသော သင်္ခါရမည်သည် မရှိ၊ ခပ်သိမ်းသော သတ္တဝါတို့သည် သေခြင်းသဘောရှိကုန်၏၊ ရှေးပညာရှိတို့သည်လည်း သားသေသည်ရှိသော် 'သေတတ်သော သဘောရှိသောဝတ္ထုသည် သေမြဲသာလျှင် ဖြစ်၏၊ ပျက်စီးတတ်သော သဘောရှိသောဝတ္ထုသည် ပျက်စီးမြဲသာလျှင် ဖြစ်၏' ဟု မစိုးရိမ်ကုန်"ဟု မိန့်တော်မူ၍ အတိတ်ဝတ္ထုကို ဟောတော်မူလေ၏။

အတိတ်ဝတ္ထု=သားသေသော်လည်း မရဏဿတိပွား၍ မငိုသောမိသားစုအား သိကြားမစခြင်း။

ဗာရာဏသီမြို့၏ တံခါးရွာဝယ် ဘုရားအလောင်းပုဏ္ဏား၏အိမ်၌ ဘုရားအလောင်း, မယား, သား, သမီး, ချွေးမ, ကျွန်မ အားဖြင့် ခြောက်ယောက်တို့ နေထိုင်ကြ၏၊ ဘုရားအလောင်းသည် ကျန်ငါးယောက်တို့အား "အလှူပေးခြင်း, သီလစောင့်ရှောက်ခြင်း, ဥပုသ်စောင့်သုံးခြင်းတို့ကို ပြုရန်လည်းကောင်း, သေခြင်းတရား သတိထားလျက်

ပွားများခြင်း, မိမိတို့၏သေရအံ့သောသဘောကို မှတ်ခြင်း, သတ္တဝါအပေါင်းတို့အား သေရခြင်းသည် မြဲ၍ အသက်ရှင်ရခြင်းသည် မမြဲ, ခပ်သိမ်းသောသင်္ခါရတို့သည် အနိစ္စဖြစ်ကုန်၍ ကုန်ခြင်း ပျက်ခြင်းသဘောရှိကုန်ရကား ညဉ့်၌လည်းကောင်း, နေ့၌လည်းကောင်း မမေ့မလျော့ ဖြစ်ကြရန်လည်းကောင်း" အဆုံးအမကို ပေး၏။

ထိုငါးယောက်တို့ကလည်း ဘုရားအလောင်း၏အဆုံးအမအတိုင်း လိုက်နာကြ၍ "မရဏဿတိ"ကို ပွားကြ၏။

တစ်နေ့သ၌ ဘုရားအလောင်း၏သားသည် အမှိုက်ကိုစု၍ တောင်ပို့၏အနီး၌ မီးတိုက်ရာ တောင်ပို့၌နေသောမြွေက မိမိ၏မျက်စိကို မီးခိုးခတ်၍ အမျက်ထွက်ကာ ထိုသားကို ကိုက်လေ၏၊ ထိုသားသည် လဲလေ၏၊ ဘုရားအလောင်းသည် လဲသောသားကို မြင်၍ လာသည်ရှိသော် သား၏သေသောအဖြစ်ကို သိ၍ ချီလျက် တစ်ခုသောသစ်ပင်ရင်း၌ ထားခဲ့ကာ မျက်ရည်လည်း မယို, ငိုလည်းမငိုပဲ"ပျက်စီးတတ်သော သဘောရှိသော ဝတ္ထုသည်ကား ပျက်စီး၏၊ သေတတ်သောသဘောရှိသော ဝတ္ထုသည်ကား သေ၏၊ အလုံးစုံသော သင်္ခါရတို့သည် အနိစ္စဖြစ်ကုန်၏၊ သေခြင်းလျှင် အပြီးရှိကုန်၏"ဟု အနိစ္စသဘောကိုသာလျှင် မှတ်၍ ဆက်လက်ကာ လယ်ထွန်၏။ ထို့နောက် ဘုရားအလောင်းသည် လယ်၏အနီးဖြင့် သွားသော ယောကျ်ားတစ်ယောက်ကို.......

"...ငါတို့အိမ်သို့ သွား၍ ပုဏ္ဏေးမကို ...တစ်ယောက်စာထမင်းကိုသာလျှင် ဆောင်ခဲ့ကုန်လော့၊ ကျွန်မတစ်ယောက်တည်းသာ မလာမူ၍ ...လေးယောက်သောသူတို့သည် ...လာကုန်လော့"ဟု မှာကြားလိုက်၏၊ ထိုယောကျ်ားသည် သွား၍ ဘုရားအလောင်းမှာသည့်အတိုင်း ပုဏ္ဏေးမအား ပြောလေ၏၊...ပုဏ္ဏေးမသည် "ငါ့သား သေပြီ"ဟု သိသော်လည်း စိတ်တုန်လှုပ်ခြင်းမျှပင် မဖြစ်ပဲ တစ်ယောက်စာထမင်းကို ကျွန်မကို ယူစေ၍ လေးယောက်လုံးတို့ လယ်သို့ သွားကြ၏၊ တစ်ယောက်သောသူအားလည်း မျက်ရည်ယိုခြင်းမည်သည် မဖြစ်၊ ဘုရားအလောင်းသည် သားသေကို ထားသောနေရာ အရိပ်၌ပင် ထမင်းစား၏၊ စားပြီးလေသော် သူတို့အားလုံးသည် သေသောသူကို ထင်းပုံသို့တင်၍ ...မီးသင်္ဂြိုဟ်ကုန်၏၊ တစ်ယောက်သော သူအားလည်း တစ်စက်သော မျက်ရည်ပေါက်မျှလည်း မကျ၊ သူတို့သည် ကောင်းစွာပွားအပ်သော 'မရဏဿတိ'ရှိကုန်၏။

ထိုသူတို့၏သီလတန်ခိုးကြောင့်...သိကြားလာ၍...သူတို့၏မငိုခြင်းအကြောင်းကို အသီးအသီး မေး၍ အသီးအသီးဖြေကြလေရာ...

ဘခင်မငိုခြင်းအကြောင်း

ဥရဂေါ၀ တစံ ဇိဏ္ဏံ၊ ဟိတွာ ဂစ္ဆတိ သံ တနုံ။
ဧဝံ သရီရေ နိဗ္ဘောဂေ၊ ပေတေ ကာလင်္ကတေ သတိ။
ဍယှမာနော န ဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န သောစာမိ၊ ဂတော သော တဿ ယာ ဂတိ။

(သာမိ အရှင်၊) ဥရဂေါ မြွေသည်၊ တစံ ဇိဏ္ဏံ အရေဟောင်းကို၊ ဟိတွာ စွန့်၍၊ ဂစ္ဆတိ ဣဝ သွားသကဲ့သို့၊ တထာ ထို့အတူ၊ မမ ပုတ္တော ငါ့သားသည်၊ သံ တနုံ(အတ္တနော သရီရံ) မိမိကိုယ်ကို၊ ဟိတွာ စွန့်၍၊ ဂစ္ဆတိ သွား၏၊ ဧဝံ ဤသို့၊ သရီရေ ကိုယ်သည်၊ နိဗ္ဘောဂေ ခံစားခြင်းမရှိသည်၊ ပေတေ တမလွန်ဘဝသို့လားသည်၊ ကာလင်္ကတေ သေလွန်သည်၊ သတိ ရှိသော်၊ ဍယှမာနော မီးသင်္ဂြိုဟ်အပ်သောသားသည်၊ ဉာတီနံ အဆွေအမျိုးတို့၏၊ ပရိဒေဝိတံ ငိုကြွေးခြင်းကို၊ န ဇာနာတိ မသိ၊ တဿ ထိုသား၏၊ ယာ ဂတိ အကြင်ဂတိသည်၊ အတ္ထိ ရှိ၏၊ တံ ထိုဂတိသို့၊ သော ထိုသားသည်၊ ဂတော သွား၏၊ တသ္မာ ထို့ကြောင့်၊ အဟံ ငါသည်၊ ဧတံ ထိုသားကို၊ န သောစာမိ မစိုးရိမ်။

မိခင်မငိုခြင်းအကြောင်း

အနဝှိတော တတော အာဂါ၊ နာနုညာတော ဣတော ဂတော။
ယထာ'ဂတော တထာ ဂတော၊ တတ္ထ ကာ ပရိဒေဝနာ။
ဍယှမာနော န ဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န သောစာမိ၊ ဂတော သော တဿ ယာ ဂတိ။

(သာမိ အရှင်၊) မမ ပုတ္တော-ငါ၏သားသည်၊ အနဝှိတော မခေါ်ပဲ၊ တတော ထိုဘဝတစ်ပါးမှ၊ အမှာကံ-ငါတို့၏၊ ဂေဟံ အိမ်သို့၊ အာဂါ-လာ၏၊ နာနုညာတော ခွင့်မလွှတ်ပဲ၊ ဣတော ဤလူ့ပြည်မှ၊ ဂတော ဘဝတစ်ပါးသို့ သွား၏၊ အာဂတော ယထာ အလိုအလျောက် လာသကဲ့သို့၊ တထာ ထို့အတူ၊ ဂတော-အလိုအလျောက် သွား၏၊ တတ္ထ ထိုအလိုအလျောက် ဘဝတစ်ပါးလားရာ၌၊ ပရိဒေဝနာ ငိုကြွေးခြင်းသည်ကား၊ ကာ အဘယ်အကျိုးရှိအံ့နည်း?

ဥယှမာနော မီးဖုတ်အပ်သောသားသည်၊ ဉာတီနံ ဆွေမျိုးတို့၏၊ ပရိဒေဝိတံ ငိုကြွေးခြင်းကို၊ န ဇာနာတိ မသိ၊ တသ္မာ-ထို့ကြောင့်၊ ဧတံ ထိုသားကို၊ န သောစာမိ မစိုးရိမ်၊ တဿ ထိုသား၏၊ ယာ ဂတိ-အကြင်ဂတိသည်၊ အတ္ထိ-ရှိ၏၊ သော ထိုသားသည်၊ တံ ထိုဂတိသို့၊ ဂတော လားရ၏။

## နှမ မငိုခြင်းအကြောင်း

သစေ ရောဒေ ကိသာ အဿံ၊ တဿာ မေ ကိံ ဖလံ သိယာ။
ဉာတိမိတ္တသုဟဇ္ဇာနံ၊ ဘိယျော နော အရတီ သိယာ။
ဥယှမာနော န ဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န သောစာမိ၊ ဂတော သော တဿ ယာ ဂတိ။

(သာမိ အရှင်၊) သစေ ရောဒေ အကယ်၍ ငါငိုကြွေးအံ့၊ ကိသာ ကြုံလှီသည်၊ အဿံ ဖြစ်ရာ၏၊ တဿာ မေ ထိုငါအား၊ ကိံ ဖလံ အဘယ်အကျိုးသည်၊ သိယာ ဖြစ်ရာသနည်း?၊ နော ငါတို့၏၊ ဉာတိမိတ္တသုဟဇ္ဇာနံ အဆွေအမျိုး, အဆွေခင်ပွန်း, ချစ်ကျွမ်းဝင်ကုန်သော သူတို့အား၊ ဘိယျော လွန်စွာ၊ အရတိ မမွေ့မလျော်ခြင်းသည်၊ သိယာ ဖြစ်ရာ၏။

ဥယှမာနော မီးဖုတ်အပ်သော မောင်သည်၊ ဉာတီနံ အဆွေအမျိုးတို့၏၊ ပရိဒေဝိတံ ငိုကြွေးခြင်းကို၊ န ဇာနာတိ မသိ၊ တသ္မာ ထို့ကြောင့်၊ ဧတံ ထိုသေသောမောင်ကို၊ အဟံ ငါသည်၊ န သောစာမိ မစိုးရိမ်၊ တဿ ထိုမောင်၏၊ ယာ ဂတိ အကြင်ဂတိသည်၊ အတ္ထိ ရှိ၏၊ သော ထိုမောင်သည်၊ တံ ထိုဂတိသို့၊ ဂတော လားရ၏။

## မယား မငိုခြင်းအကြောင်း

ယထာပိ ဒါရကော စန္ဒံ၊ ဂစ္ဆန္တ'မနုရောဒတိ။
ဧဝံ သမ္ပဒ'မေဝေတံ၊ ယော ပေတ'မနုသောစတိ။
ဥယှမာနော န ဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န သောစာမိ၊ ဂတော သော တဿ ယာ ဂတိ။

(သာမိ အရှင်၊) ယော-အကြင်သူသည်၊ ပေတံ သေသောသူကို၊ အနုသောစတိ အဖန်ဖန် စိုးရိမ်၏၊ တဿ ထိုသူ၏၊ ဧတံ ထိုအဖန်ဖန် စိုးရိမ်ခြင်းသည်၊ ဒါရကော သူငယ်သည်၊ ဂစ္ဆန္တံ သွားသော၊ စန္ဒံ လပြည့်ဝန်းကို၊ ဒိသွာ မြင်၍၊ အနုရောဒတိ ယထာပိ 'လကို ပေးလော့, လကို ပေးလော့' ဟု အဖန်ဖန် ငိုသကဲ့သို့ပင်၊ ဧဝံ သမ္ပဒမေဝ (ဧဝံ နိပ္ဖတ္တိကမေဝ) ဤသို့ ဖြစ်ခြင်းသည်သာလျှင်၊ ဟောတိ ဖြစ်၏။

ဥယှမာနော မီးဖုတ်အပ်သော လင်သည်၊ ဉာတီနံ ဆွေမျိုးတို့၏၊ ပရိဒေဝိတံ ငိုကြွေးခြင်းကို၊ န ဇာနာတိ မသိ၊ တသ္မာ ထို့ကြောင့်၊ ဧတံ ထိုလင်ကို၊ အဟံ ငါသည်၊ န သောစာမိ မစိုးရိမ်၊ တဿ ထိုလင်၏၊ ယာ ဂတိ အကြင်ဂတိသည်၊ အတ္ထိ ရှိ၏၊ တံ ထိုဂတိသို့၊ သော ထိုလင်သည်၊ ဂတော လားရ၏။

## ကျွန်မ မငိုခြင်းအကြောင်း

ယထာပိ ဥဒကကုမ္ဘော၊ ဘိန္နော အပ္ပဋိသန္ဓိကော။
ဧဝံသမ္ပဒ'မေဝေတံ၊ ယော ပေတမနုသောစတိ။

ဥယှမာနော န ဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န သောစာမိ၊ ဂတော သော တဿ ယာ ဂတိ။
(ဇာ၊ ၁၊ ၁၂၂-၁၂၃။ ဋ္ဌ၊ ၃၊ ၁၅၂-၁၅၅။)

(သာမိ-အရှင်၊) ယော-အကြင်သူသည်၊ ပေတံ-သေသောသူကို၊ အနုသောစတိ အဖန်ဖန် စိုးရိမ်၏၊ တဿ-ထိုသူ၏၊ ဧတံ-ထိုအဖန်ဖန် စိုးရိမ်ခြင်းသည်၊ ဘိန္နော ဥဒကကုမ္ဘော ကွဲသော ရေအိုးသည်၊ အပ္ပဋိသန္ဓိယော ယထာပိ တစ်ဖန်မစပ်ပြန်သကဲ့သို့ပင်၊ ဝေသမ္ဗဒမေဝ ဤသို့ ဖြစ်ခြင်းသည် သာလျှင်၊ ဟောတိ ဖြစ်၏။

ဥယှမာနော-မီးဖုတ်အပ်သော အရှင့်သားသည်၊ ဉာတီနံ ဆွေမျိုးတို့၏၊ ပရိဒေဝိတံ ငိုကြွေးခြင်းကို၊ န ဇာနာတိ မသိ၊ တသ္မာ-ထို့ကြောင့်၊ ဧတံ ထိုသေသော အရှင့်သားကို၊ အဟံ ငါသည်၊ န သောစာမိ-မစိုးရိမ်၊ တဿ-ထိုအရှင့်သား၏၊ ယာ ဂတိ အကြင်ဂတိသည်၊ အတ္ထိ ရှိ၏၊ တံ ထိုဂတိသို့၊ သော ထိုအရှင့်သားသည် ဂတော-လားရ၏။

သိကြားမင်းသည် ထိုသူတို့၏တရားစကားကို ကြား၍ ကြည်ညိုခြင်းရှိသောကြောင့် "သင်တို့သည် မမေ့မလျော့ 'မရဏဿတိ'ကို ပွါးစေကုန်လော့၊ ယနေ့မှစ၍ မိမိလက်ဖြင့် အမှုကို မပြုကုန်လင့်၊ သိကြားမင်းဖြစ်သောငါသည် သင်တို့၏အိမ်၌ ရတနာခုနစ်ပါးတို့ကို အတိုင်းအရှည် မရှိသည်တို့ကို ပြုအံ့၊ သင်တို့သည် အလှူကို ပေးကုန်လော့၊ သီလကို စောင့်ရှောက်ကုန်လော့၊ ဥပုသ်ကို စောင့်သုံးကုန်လော့၊ မမေ့မလျော့ ဖြစ်ကုန်လော့"ဟု ဟု အဆုံးအမပေး၍ အိမ်၌ အတိုင်းအရှည်မရှိသော ဥစ္စာဖြင့် ပြည့်သည်ကို ပြု၍သွား၏။

ဘုရားရှင်၏သစ္စာတို့ကို ပြတော်မူသည်အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌တည်၏။

ခုဇ္ဇုတ္တရာသည် ထိုအခါ ကျွန်မ, ဥပ္ပလဝဏ်သည် သမီး, ရာဟုလာသည် သား, ခေမာသည် ပုဏ္ဏေးမ, ဘုရားရှင်သည် ပုဏ္ဏားတို့ ဖြစ်ခဲ့ကြလေ၏။

ဆောင်ပုဒ်=သေခြင်းတရား၊ မပြတ်ပွား၊ စိတ်ထားနိုင်တည်ကြည်။
သောကတရား၊ မဖြစ်ပွား၊ စိတ်ထားကြံနိုင်သည်။
ဖြစ်ဖြစ်သမျှ၊ ပျက်မည်ပ၊ ဓမ္မသဘောမှီ။

၂၃၅။ (၃၅၅) ဃဋဇာတ်၊ ပဉ္စကနိပါတ် (ဇာတက၊ ၁၊ ၁၂၃။ ဋ္ဌ၊ ၃၊ ၁၅၆-၁၅၈။ ငါးရာငါးဆယ်၊ တ၊ ၂၄ ၂၇။)

ပစ္စုပ္ပန်ဝတ္ထု=အရှုံးထဲမှ အမြတ်ထွက်၊ နှောင်အိမ်ထဲ၌ပင် မဂ်ဖိုလ်ရသော အမတ်။

အတိတ်ဝတ္ထု=အပြစ်ရှိ၍ တိုင်းပြည်မှနှင်ထုတ်လိုက် အမတ်၏တိုက်တွန်းချက်အရ သာဝတ္ထိပြည် ဓာ်မင်းသည် ဗာရာဏသီပြည် ဘုရားအလောင်းဃဋမင်းကို ဖမ်း၍ နှောင်အိမ်သွင်းထား၏၊ ဘုရားအလောင်းသည် ဈာန်ကို ဖြစ်စေ၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေ၏၊ ဓာ်မင်း၏ကိုယ်၌ ပူလောင်လာ၏။ ဓာ်မင်းသည် ဘုရားအလောင်းအား မစိုးရိမ်ခြင်းအကြောင်းကို မေး၍ ဘုရားအလောင်းက စိုးရိမ်နေက အကျိုးမရ-စသည်ဖြင့် ဖြေဆို ဟောကြား၏။

ဓာ်မင်းသည် ဘုရားအလောင်းကို ကန်တော့၍ မင်းအဖြစ်ကို ပြန်လည် အပ်နှင်း၍ သွား၏၊ ဘုရားအလောင်းသည် အမတ်တို့အား မင်းအဖြစ်ကို အပ်နှင်းပြီးလျှင် ဟိမဝန္တာသို့ သွား၍ ရသေ့ရဟန်းပြုကာ မယုတ်သော ဈာန်ရှိရကား ဗြဟ္မာ့ပြည်သို့ လားရ၏။ ဓာ်မင်းသည် အရှင်အာနန္ဒာအလောင်းဖြစ်၏။

မှတ်ချက်။ ။ ဒုကနိပါတ် သေယျဇာတ်၏ပစ္စုပ္ပန်ဝတ္ထု, အတိတ်ဝတ္ထု (ဇာ၊ ဋ္ဌ၊ ၂၊ ၃၅၉ ၃၆၂၊ ငါးရာငါးဆယ်၊ ဒ၊ ၅၁၄ ၅၁၈)တို့နှင့် အလားတူကုန်၏၊ ပဉ္စကနိပါတ် မဏိကုဏ္ဍလဇာတ်၏ကား အတိတ်ဝတ္ထု(ဇာ၊ ဋ္ဌ၊ ၃၊ ၁၄၂ ၁၄၄။ ငါးရာငါးဆယ်၊ တ၊ ၁-၄)နှင့်သာ အလားတူ၏။

ဆောင်ပုဒ်=စိုးရိမ်ပူဆွေး၊ ဒုက္ခပေး၊ ငိုကြွေးမနေရာ။
ကျဉ်းကျပ်တွေ့လျှင်၊ တရားဆင်၊ မဂ်ပင်ရနိုင်ပါ။

၂၃၆။ (၃၅၆) ကောရဏ္ဍိယဇာတ်၊ ပဉ္စကနိပါတ် (ဇာတက၊ ၁၊ ၁၂၄။ ဋ္ဌ၊ ၃၊ ၁၅၈ ၁၆၀။ ငါးရာငါးဆယ်၊ တ၊ ၂၇ ၃၂။)

ပစ္စုပ္ပန်ဝတ္ထု=မှဆိုးတံငါအစရှိသော လူမြင်တိုင်းကို သီလခံယူဆောက်တည်နိုင်သော အရှင်သာရိပုတ္တထေရ်။

တပည့်တို့က "အရှင်ဘုရားသည် မှဆိုးတံငါစသောသူတို့အား အလိုမရှိပါပဲ သီလကို ပေး၏၊ ထိုသူတို့သည် အရှင်ဘုရား၏စကားကို ဖျက်ဆီးအံ့သောငှာ မဝံ့၍ သီလကို ယူကုန်၏၊ ယူပြီး၍ သီလကို မစောင့်ရှောက်ကုန်၊ အရှင်ဘုရားသည် ယနေ့မှစ၍ ဤသို့သဘောရှိသော သူတို့အား သီလကို မပေးပါလင့်ဘုရား"ဟု လျှောက်ထားကုန်၏၊ မထေရ်သည် မနှစ်သက်သည် ဖြစ်၏=ထေရော အနတ္တမနော အဟောသိ(ဇာ၊ ႏ၊ ၃၊ ၁၅၈)။

မှတ်ချက်။ ။ ရဟန္တာမှာ "အနတ္တမန" ဖြစ်သလော?

အတိတ်ဝတ္ထု=လူမြင်တိုင်း သီလခံယူဆောက်တည်နိုင်သော အရှင်သာရိပုတ္တာအလောင်း ဒိသာပါမောက္ခဆရာကို တပည့်ဘုရားအလောင်း ကောရဏ္ဍိယလုလင်ဆုံးမခြင်း။

ဒိသာပါမောက္ခဆရာသည် တံငါသည်အစရှိသော လူမြင်တိုင်းအား မတောင်းခံကုန်ပဲ သီလကို ပေး၏၊ ထိုသူတို့သည် ယူပြီး၍လည်း မစောင့်ရှောက်ကုန်၊ ထိုကိစ္စနှင့် ပတ်သက်၍ တပည့်တို့က "..တောင်းကုန်သောသူတို့အား သာလျှင်သီလကို ပေး၍, မတောင်းကုန်သောသူတို့အား မပေးပါရန်"ပြောဆိုကြလေသော် ဆရာသည် နှလုံးမသာယာသည်ဖြစ်၏=သော ဝိပ္ပဋိသာရီ အဟောသိ(ဇာ၊ ႏ၊ ၃၊ ၁၅၉)။

တပည့်ကြီးကောရဏ္ဍိယသည် "ဆရာ...လူတစ်ယောက်ဖြစ်သော အကျွန်ုပ်သည် ဤမြေကြီးကို မြေတောင်, ကျောက်တောင်တို့ကို ဖြို၍ လက်ဝါးပြင်ကဲ့သို့ ညီညွတ်စွာ ပြုခြင်းငှါ မတတ်ကောင်းသကဲ့သို့ ဤအတူ သင်ဆရာသည်' အမျိုးမျိုးသောအယူရှိကုန်သော လူတို့ကို မိမိ၏အလိုသို့ ဆောင်ခြင်းငှါ မတတ်နိုင်လတ္တံ့"ဟု ဆို၏။ ဆရာသည် "ကောရဏ္ဍိယ...သင်သည် သင့်သောစကားကို ဆို၏၊ ငါသည် ဤသို့ သဘောရှိသောအမှုကို မပြုတော့ပါ"ဟု ပြောဆို၍ တပည့်အား ချီးကျူးလေ၏။

ဆောင်ပုဒ်=မြေတိုင်းမညီ၊ လူတိုင်းသည်၊ မညီနိုင်ကြပေ။
လိုအပ်သူအား၊ လိုသည်များ၊ ပေးငြားနိုင်ပါစေ။
မလိုအပ်သူ၊ ပေးဘိမူ၊ ထိုသူ မသုံးပေ။

၂၃၇။ (၃၅၈) စူဠဓမ္မပါလဇာတ်၊ ပဥ္စကနိပါတ် (ဇာတက၊ ၁၊ ၁၂၅-၁၂၆။ ႏ၊ ၃၊ ၁၆၅ ၁၆၈။ ငါးရာငါးဆယ်၊ တ၊ ၃၈ ၄၄။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်အား သတ်ရန် နည်းမျိုးစုံဖြင့် ကြံစည်အားထုတ်သော ဒေဝဒတ်။

အတိတ်ဝတ္ထု=ခုနစ်လသားအရွယ် ဘုရားအလောင်းဓမ္မပါလ၏လက်ခြေ ဦးခေါင်းတို့ကို ဖြတ်စေ၍ သန်လျက်ပန်းမည်သည်ကို ပြုစေသော ဒေဝဒတ်အလောင်း မဟာပတာပမင်း။ မဟာပဇာပတိအလောင်း မယ်တော်စန္ဒာဒေဝီမိဖုရားကြီးလည်း နှလုံးကွဲ၍ (ရင်ကွဲနာကျ၍) ကွယ်လွန်ရ၏။ မဟာပတာပမင်းကား မြေမျိုး၍ အဝီစိငရဲ၌ ကျ၏။

ဘုရားအလောင်းအပေါ်၌ ဒေဝဒတ်အလောင်း၏ရက်စက်ခဲ့သော အခြားအတိတ်ဇာတ်များကား...ဒုကနိပါတ် ဒဒ္ဒရဇာတ်(ခု၊ ၅=ဇာ၊ ၁၊ ၁၉၈ ၂၀၀။ ႏ၊ ၃၊၅၁၁-၅၁၂)၌လည်း ဘုရားအလောင်းခါပညာရှိကို လည်၌ကိုင်၍သတ်ပြီးလျှင် အသားကို ချက်၍စား၏၊ စတုက္ကနိပါတ် ခန္တိဝါဒီဇာတ်(ခု၊ ၅၊ ၉၉ ၁၀၀=ဇာ၊ ၁၊ ၉၉ ၁၀၀။ ႏ၊ ၃၊ ၃၇ ၄၀)၌လည်း နှစ်ခုသောကြိမ်တို့ဖြင့် အချက်တစ်ထောင်ရိုက်ခတ်ခြင်းတို့ဖြင့် ရိုက်ခတ်စေ၍ လက်, ခြေ, နား, နှာခေါင်းတို့ကို ဖြတ်စေ၍ မောင်းတို့၌ ကိုင်စေ၍ပက်လက်အိပ်စေ၍ ရင်၌ ခြေဖြင့် ကျောက်ကန်၍ သွား၏၊ ဘုရားအလောင်းသည် ထိုနေ့၌ အသက်ကုန်ခြင်းသို့ ရောက်၏။ ဒုကနိပါတ် စူဠနန္ဒိယဇာတ်(ခု၊ ၅၊ ၆၀=ဇာ၊ ၁၊ ၆၀။ ႏ၊ ၂၊ ၁၈၃ ၁၈၅)၌လည်းကောင်း, သတ္တကနိပါတ် မဟာကပိဇာတ်(ခု၊ ၅၊ ၁၆၅ ၁၆၆=ဇာ၊ ၁၊ ၁၆၅ ၁၆၆။ ႏ၊ ၃၊ ၃၄၉ ၃၅၄)၌လည်းကောင်း ဘုရားအလောင်းကိုသေစေ၏။

ဆောင်ပုဒ်=ကာမကိုစွဲ၊ သားကိုမဲ၊ အလွဲပြုလာ မင်းရာဇာ။
သားငယ်ကိုသတ်၊ မြေမျိုလတ်၊ ဖြစ်ရပ်ဆိုးစွာ ဝိစိမှာ။

၂၃၈။ (၃၆၂) သီလဝီမံသဇာတ်၊ ပဥ္စကနိပါတ် (ဇာတက၊ ၁၊ ၁၂၈။ ႏ၊ ၃၊ ၁၇၉ ၁၈၁။ ငါးရာငါးဆယ်၊ တ၊ ၆၂ ၆၅။)

ပစ္စုပ္ပန်ဝတ္ထု=သီလနှင့် ဗဟုသုတ အဘယ်က မြတ်သည်ကို စုံစမ်းသောပုဏ္ဏား၊ ပုဏ္ဏားသည် သုံးကြိမ်တိုင် ရွှေပန်းထိမ်သည်၏အသပြာကို ယူသောကြောင့် အဖမ်းခံရ၍ မင်း၏မျက်မှောက်ဝယ် "သီလနှင့် သုတ မည်သည်က မြတ်သည်ကို သိလို၍ စုံစမ်းတာဖြစ်ကြောင်း, သီလက မြတ်သည်ကို သိရ၍ ရှင်ရဟန်းပြုခွင့်တောင်းလျက် ဘုရားရှင်ထံတော်ဝယ် ရှင်ရဟန်းပြုကာ မကြာမီပင် ဝိပဿနာပွါး၍ အရဟတ္တဖိုလ်၌ တည်လေ၏။

အတိတ်ဝတ္ထု=ပစ္စုပ္ပန်ဝတ္ထုနှင့် အလားတူ၏၊ ဘုရားအလောင်းပုဏ္ဏားသည် "သုတထက် သီလက ကြီးမြတ်ကြောင်း"ကို ပြောဆိုကာ မင်းကို ခွင့်ပြုစေပြီးလျှင် ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြုလျက် အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လားရ၏။

**ဆောင်ပုဒ်=သီလ, သုတ၊ ထိုနှစ်ဝ၊ ဘယ်က သာသနည်း?**

**သုတထက်ပါ၊ သီလဟာ၊ မှန်စွာ သာသတည်း။**

၂၃၉။ (၃၆၃) ဟိရိဇာတ်၊ ပဉ္စကနိပါတ် (ဇာတက၊ ၁၊ ၁၂၈ ၁၂၉။ ဋ္ဌ၊ ၃၊ ၁၈၂ ၁၈၃။ ငါးရာငါးဆယ်၊ တ၊ ၆၆ ၆၈။)

ပစ္စုပ္ပန်ဝတ္ထု=အနာထပိဏ်သူဌေး၏ပြုဖူးသောကျေးဇူးကို မသိသော မိတ်ဆွေပစ္စန္တရစ်သူဌေး၏ပစ္စည်းများ ဖျက်ဆီးခံရခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းဗာရာဏသီသူဌေး၏ပြုဖူးသောကျေးဇူးကို မသိသော ပစ္စန္တရစ်သူဌေး၏ဥစ္စာများကို လုယက်ဖျက်ဆီးခြင်း။

ပစ္စုပ္ပန်ဝတ္ထု, အတိတ်ဝတ္ထု နှစ်ပါးလုံးကို ဧကကနိပါတ် နဝမဝဂ် နောက်ဆုံး **အကတညုဇာတ်**(ဇာ၊ ၁၊ ၂၁။ ဋ္ဌ၊ ၁၊ ၄၀၀ ၄၀၂)၌ ချဲ့အပ်ကုန်ပြီးသည်သာတည်း။

**ဆောင်ပုဒ်=မိတ်ဆွေယုတ်,မြတ်၊ ခွဲခြားမှတ်၊ ပေါင်းအပ်သင့်လှသည်။**

၂၄၀။ (၃၆၄) ခဇ္ဇောပနကဇာတ်၊ ပဉ္စကနိပါတ် (ဇာတက၊ ၁၊ ၁၂၉။ ဋ္ဌ၊ ၃၊ ၁၈၃။ ငါးရာငါးဆယ်၊ တ၊ ၆၈။)

**ခဇ္ဇောပနကဇာတ်ကား** မဟာနိပါတ် မဟာဥမင်ဇာတ် ခဇ္ဇောပနကပဉှ (ဇာ၊ ဋ္ဌ၊ ၆၊ ၂၁၃ ၂၁၅။ ဇာတ်တော်ကြီးဆယ်ဘွဲ့၊ ပ၊ ၇၁၃ ၇၁၅)၌ အကျယ်အားဖြင့် ထင်စွာ ဖြစ်လတ္တံ့။

**ဆောင်ပုဒ်=မိမိအနား၊ မီးကိုကား၊ အားထားမယူပါ။**

**ပိုးစုန်းကြူးလျှင်၊ မီးဟုထင်၊ အားအင်ကုန်မှတ်ကာ။**

**မီးကားမထွက်၊ ကျိုးမဲ့လျက်၊ ဖြစ်ချက်ပုံပမာ။**

**ပညာရှိကား၊ နီးရှိငြား၊ ပယ်ထား မသုံးပါ။**

**ပညာမဲ့သူ၊ ဉာဏ်ရှိဟူ၊ သုံးမူ ကျိုးမဲ့ရာ။**

၂၄၁။ (၃၆၅) အဟိတုဏ္ဍိကဇာတ်၊ ပဉ္စကနိပါတ် (ဇာတက၊ ၁၊ ၁၂၉ ၁၃၀။ ဋ္ဌ၊ ၃၊ ၁၈၄ ၁၈၆။ ငါးရာငါးဆယ်၊ တ၊ ၆၉ ၇၂။)

ပစ္စုပ္ပန်ဝတ္ထု=ရွာသူသားငယ်ကို သာမဏေပြုပေးပြီးလျှင် ထိုသာမဏေကို ဆံရေးရိက်ပုတ်သော ရဟန်းကြီး။

သာမဏေသည် ဆံရေးရိက်ပုတ်ခံရတိုင်း လူထွက်ခဲ့၏၊ ရဟန်းကြီးက ပြန်လည်တောင်းပန်လျှင် ရွာသူသားငယ်သည် သာမဏေပြန်ဝတ်လေ့ရှိ၏၊ ဒုတိယအကြိမ် လူထွက်ပြီးနောက်ကား ရဟန်းကြီးတောင်းပန်သော်လည်း သာမဏေအဖြစ် ပြန်လည်မဝတ်တော့ပေ။ **ရှင်ကြီးနိုပ်စက်၊ ရှင်ငယ်ထွက်၊ ပြုရက် ရှင်ကြီးရယ်။**

ပစ္စုပ္ပန်ဝတ္ထုကိုကား ဒုကနိပါတ် **သာလကဇာတ်**(ဇာ၊ ၁၊ ၆၉။ ဋ္ဌ၊ ၂၊ ၂၄၃ ၂၄၄။ ငါးရာငါးဆယ်၊ ဒ၊ ၃၆၁ ၃၆၂။ ဤကျမ်းလာ ဘုရားအလောင်းလူ့ဘဝဇာတ်စဉ် ၁၆၂)၌ ချဲ့အပ်ပြီးသည်သာတည်း။

**မှတ်ချက်၊** ။ ဇာတ်အဋ္ဌကထာ၌ "ဝတ္ထု ဟေဋ္ဌာ **သာလူကဇာတကေ** ဝိတ္ထာရိတံ (ဇာ၊ ဋ္ဌ၊ ၃၊ ၁၈၄)"ဟု **သာလူကဇာတ်**ညွှန်းသော်လည်း သာလူကဇာတ် မဟုတ်, "**သာလကဇာတ်**"သာ ဖြစ်၏။

အတိတ်ဝတ္ထု=ရဟန်းကြီးအလောင်းအလမ္မာယ်သမား၏ရိက်နှက်သောကြောင့် သာမဏေအလောင်းမျောက်ထွက်ပြေးခြင်း။

အလမ္မာယ်သမားသည် မျောက်ကို ဘုရားအလောင်းစပါးကုန်သည်ထံ၌ ထား၍ ခုနစ်ရက်တိုင်တိုင် အလမ္မာယ်ပြုသွားနေခဲ့၏။ ဘုရားအလောင်းသည် မျောက်အား အစားအစာကို ကျွေးမွေးလေ၏၊ အလမ္မာယ်သည် ပြန်လာသောအခါ ထိုမျောက်ကို ဝါးခြမ်းစိတ်ဖြင့် သုံးကြိမ်ရိက်၍ မျောက်ကို ယူ၍ ဥယျာဉ်သို့သွားလျက် နှောင်ဖွဲ့ကာ အိပ်ပျော်သွားလေ၏၊ မျောက်သည် အနှောင်အဖွဲ့ကို ဖြေ၍ သရက်ပင်သို့တက်လျက် သရက်သီးတို့ကို စားနေလေ၏။

အလမ္မာယ်သည် နိုး၍ သရက်ပင်ထက်၌ မျောက်ကို မြင်၍ "ကောင်းသောမျက်နှာရှိသော အချင်းမျောက်, ငါသည် ကြွေအန်ကစားခြင်း၌ ကြွေအန်တို့မှ ရှုံးခဲ့၏၊ သရက်သီးမှည့်တို့ကို ချပါလော့၊ သင်၏လုံ့လကြောင့် ဖြစ်သော သရက်သီးကို စားကုန်အံ့"ဟု မြှောက်ပင့်ပြော၍ တောင်းလေ၏။ မျောက်က "အချင်းအလမ္မာယ်... သင်သည် ငါ့ကို မဟုတ်မမှန်သောစကားဖြင့် ချီးမွမ်း၏၊ သင်၏စကားသည် ချွတ်ယွင်းလှ၏၊ အဘယ်မည်

သော ကောင်းသောမျက်နှာရှိသည့်မျောက်ကို သင်သည် ကြားဖူး, မြင်ဖူးသလော?..."စသည်ဖြင့် ပြောဆို၍ တောသို့ လျင်မြန်စွာ ဝင်လေ၏။

ဆောင်ပုဒ်=လွန်စွာနိပ်စက်၊ အလမ္ပာယ်ပျက်၊ ပြေးထွက်မျောက်သူငယ်။
မြောက်စား ခြောက်စား၊ ထိုသူအား၊ ရှောင်ရှား ဝေးဝေးကွယ်။

၂၄၂။ (၃၆၆) ဂုမ္ဗိယဇာတ်၊ ပဥ္စကနိပါတ် (ဇာတက၊ ၁၊ ၁၃၀။ ဋ္ဌ၊ ၃၊ ၁၈၆ ၁၈၈။ ငါးရာငါးဆယ်၊ တ၊ ၇၂ ၇၅။)

ပစ္စုပ္ပန်ဝတ္ထု=တန်ဆာဆင်အပ်သော အမျိုးသမီးကို မြင်၍ သာသနာတော်၌ ငြီးငွေ့သောရဟန်း။

အတိတ်ဝတ္ထု=ဂုမ္ဗိယဘီလူး၏အဆိပ်ခတ်သော ပျားလပို့တို့ကို စား၍ သေကြေသူများကို ဘီလူးစားခြင်း, ဘုရားအလောင်းလှည်းကုန်သည်မှူး၏စကားကို လိုက်နာသူတို့ ဘီလူးဘေးမှ ကင်းဝေးခြင်း။

ဆောင်ပုဒ်=ကာမဂုဏ်ငါး၊ အဆိပ်လား၊ လျင်လျား သေတတ်စွာ။
ဤသည့်လူ့ဘောင်၊ ကာမရှောင်၊ မြားမြောင်ချမ်းသာရာ။

၂၄၃။ (၃၆၇) သာဠိယဇာတ်၊ ပဥ္စကနိပါတ် (ဇာတက၊ ၁၊ ၁၃၀ ၁၃၁။ ဋ္ဌ၊ ၃၊ ၁၈၈ ၁၉၀။ ငါးရာငါးဆယ်၊ တ၊ ၇၅ ၇၈။)

ပစ္စုပ္ပန်ဝတ္ထု=ဒေဝဒတ်သည် ဘုရားရှင်အား ထိတ်လန့်ခြင်းကို မဖြစ်စေနိုင်။

အတိတ်ဝတ္ထု=သူတစ်ပါးကို မကောင်းကြံ၍ ကိုယ်သာခံရသော ဒေဝဒတ်အလောင်းဆေးဆရာ။

ဗာရာဏသီပြည် ရွာငယ်တစ်ရွာဝယ် ဘုရားအလောင်းသည် သူကြွယ်မျိုး၌ဖြစ်၍ ငယ်ရွယ်စဉ်ကာလ မြေမှုန့်ကစားဖက်ဖြစ်သော သူငယ်တို့နှင့် တကွ ရွာတံခါး၏အနီး ပညောင်ပင်ရင်း၌ ကစားနေ၏။ အားနည်းသော ဆေးဆရာတစ်ယောက်သည် ရွာ၌ တစ်စုံတစ်ခုကို မရပဲ ထွက်၍ ထိုအရပ်သို့ရောက်လျှင် သစ်ခွကြား၌ ဦးခေါင်းကိုထုတ်၍ အိပ်သောမြွေကိုမြင်၍"ငါသည်...ဤသူငယ်တို့ကို လှည့်စား၍ မြွေကိုကိုက်စေ၍ ဆေးကု၍ တစ်စုံတစ်ခုကိုလျှင် ယူအံ့" ဟု ကြံကာ ဘုရားအလောင်းကို "အမောင်...ဆက်ရက်ငယ်ကို မြင်သော် ယူအံ့လော?"ဟု မေးလျှင် "ယူအံ့"ဟု ဘုရားအလောင်းဆိုလေသော် "ကြည့်လော့၊ ထိုဆက်ရက်ငယ်သည် သစ်ခွကြား၌ အိပ်၏"ဟု အလမ္ပာယ်က ပြော၏၊ ဘုရားအလောင်းသည် မြွေ၏အဖြစ်ကို မသိရကား သစ်ပင်သို့တက်၍ ထိုမြွေကို လည်၌ဆုပ်ကိုင်၍ "မြွေ"ဟု သိရကား ဆုတ်နစ်စိမ့်သောငှါ မပေးမူ၍ ကောင်းစွာ ကိုင်လျက် လျင်မြန်သောအဟုန်ဖြင့် ပစ်လိုက်၏၊ ထိုမြွေသည် ဆေးသမား၏လည်၌ ကျ၍ လည်ကိုရစ်ကာ ကိုက်၍ ထိုအရပ်၌ပင်လျှင် လဲစေ၍ ပြေး၏။

ဘုရားအလောင်းသူငယ်က "....

ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊ သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။
တမေဝ ဗာလံ ပစ္စေတိ ပါပံ၊ သုခုမော ပဋိဝါတံဝ ခိတ္တော။
(ဇာ၊ ၁၊ ၁၃၁။ ဋ္ဌ၊ ၃၊ ၁၈၉။)

ယော နရော အကြင်သူသည်၊ အပ္ပဒုဋ္ဌဿ မပြစ်မှားအပ်သော၊ သုဒ္ဓဿ စင်ကြယ်သော၊ ပေါသဿ သတ္တဝါဖြစ်သော၊ အနင်္ဂဏဿ အပြစ်မရှိသော၊ နရဿ လူအား၊ ဒုဿတိ ပြစ်မှား၏၊ ပဋိဝါတံ လေညာသို့၊ ခိတ္တော ပစ်အပ်သော၊ သုခုမော ရဇော ဣဝ သိမ်မွေ့သောမြူကဲ့သို့၊ တမေဝဗာလံ ထိုလူမိုက်သို့သာလျှင်၊ ပါပံ မကောင်းမှုသည်၊ ပစ္စေတိ တစ်ဖန်ပြန်လာ၏။"...စသည်ဖြင့် တရားဟောလေ၏။

သာဠိယဆာပ ဆက်ရက်ငယ်

ဆောင်ပုဒ်=ကိုယ့်ရှူးအတတ်၊ ကိုယ့်ကိုခတ်၊ ကိုယ့်ပတ်စူးတတ်သည်။
လေညာရေးရှူ၊ လွင့်သောမြူလျှင်၊ တူရူမျက်နှာ၊ လွင့်ပြန်လာသို့၊ ပြစ်ဆာကင်းသူ၊ ပြစ်မှားလူကား၊ ပြန်မူအပြစ်၊ ခံရလစ်၏၊ စင်စစ်တန်ပြန် အကျိုးတည်း။

၂၄၄။ (၃၆၈) တစသာရဇာတ်၊ ပဥ္စကနိပါတ် (ဇာတက၊ ၁၊ ၁၃၁ ၁၃၂။ ဋ္ဌ၊ ၃၊ ၁၉၀ ၁၉၂။ ငါးရာငါးဆယ်၊ တ၊ ၇၈ ၈၁။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏ပညာပါရမီတော်။

အတိတ်ဝတ္ထု=ဤဝတ္ထု၌ အလုံးစုံသောစကားကို ရှေး သာဠိယဇာတ်၌ ဆိုအပ်ပြီးသောနည်းဖြင့်ပင် ဆိုအပ်၏။

ဤတစသာရဇာတ်၌ကား ဆေးသမားသေ၍ အဖမ်းခံရကြသော်လည်း မကြောက်သောသူငယ်များကို မင်းက "သူငယ်တို့...သင်တို့သည် ရန်သူတို့၏လက်သို့ ရောက်ကုန်လျက် ဝါးလုံးတို့ဖြင့် နှောင်ဖွဲ့အပ်ကုန်လျက် ကြည်လင်သော မျက်နှာအဆင်းရှိကုန်၍ အဘယ့်ကြောင့် မစိုးရိမ်ကြကုန်သနည်း?"ဟု မေးရာ၌ ဘုရားအလောင်းက "မင်းကြီး...စိုးရိမ်ပူဆွေး ငိုကြွေးသဖြင့် အနည်းငယ်သော အကျိုးကိုပင် မရအပ်ပါ၊ ထိုသူ စိုးရိမ်ဒုက္ခရောက်နေသည်ကို သိလျှင် ရန်သူတို့သည် ဝမ်းသာကုန်၏၊ ဘေးရန်တို့သည် ဖြစ်ကုန်လတ်သော် အကျိုး၏အဆုံးအဖြတ်ကို သိသောပညာရှိသည် မတုန်လှုပ်ပါ၊ ဖောက်ပြန်ခြင်းမရှိပဲ ရှေးအတိုင်းသော မျက်နှာကို မြင်၍ ရန်သူတို့သည် ဆင်းရဲကုန်သည် ဖြစ်ကြရ၏။

ပြဿနာပြေကြောင်း=ရန်အောင်ကြောင်း ၅ ပါး

ပညာရှိမည်သည် ဘေးရန်တို့ဖြစ်ကုန်လတ်သော် မစိုးရိမ်အပ်, မနွမ်းနယ်အပ်၊ ဤငါးပါးသောအကြောင်းတို့တွင် တစ်ခုခုသော အကြောင်းဖြင့် ရန်သူတို့ကို အောင်နိုင်၏။

၁။ ဇပ္ပ (မန္တပရိဇပ္ပန) မန္တန်ရွတ်၍ နှုတ်ပိတ်အောင်ပြု၍လည်း ရန်သူကို အောင်နိုင်ခြင်း၊

၂။ မန္တဂ္ဂဟဏပညာရှိတို့နှင့် တိုင်ပင်လျက် ဥပါယ်တစ်ခုကို ကောင်းစွာမှတ်သားပြု၍လည်း အောင်နိုင်ခြင်း၊

၃။ သုဘာသိတ(ပိယဝစန) ချစ်ဖွယ်စကားကို ပြောဆို၍လည်း အောင်နိုင်ခြင်း၊

၄။ အနုပ္ပဒါန (လဉ္စဒါန) တရားစီရင်ဆုံးဖြတ်သော အမတ်တို့အား တံစိုးပေး၍လည်း အောင်နိုင်ခြင်း၊

၅။ ပဝေဏီ (ပဝေဏီအာဂတဉာတိကောဋိယဋ္ဌန) ဆွေမျိုးစဉ်ဆက်ကို ပြ၍, ဆွေမျိုးစပ်၍လည်း အောင်နိုင်ခြင်း။

ဤအကျိုးကို ငါသည်လည်းကောင်း, တစ်ပါးသောသူသည်လည်းကောင်း မရအပ်, မရနိုင် ဟု သိသော အခါ မစိုးရိမ်ပဲ "ငါသည် ရှေး၌ပြုအပ်သောကံသည် မြဲမြံနိုင်ခဲ့လျှင်, မတားမြစ်နိုင်၊ ယခု အသို့ပြုနိုင်အံ့နည်း? ဟု သည်းခံရာ၏"ဟု ဟောကြားလေ၏။

ဇပ္ပေန မန္တေန သုဘာသိတေန၊ အနုပ္ပဒါနေန ပဝေဏိယာ ဝါ။
ယထာ ယထာ ယတ္ထ လဘေထ အတ္ထံ၊ တထာ တထာ တတ္ထ ပရက္ကမေယျ။
ယတော စ ဇာနေယျ အလဗ္ဘနေယျော၊ မယာ ဝ အညေန ဝါ ဧသ အတ္ထော။
အသောစမာနော အဓိဝါသယေယျ၊ ကမ္မံ ဒဠှံ ကိန္တိ ကရောမိ ဒါနိ။
(ဇာ၊ ၁၊ ၁၃၁ ၁၃၂။ ဋ္ဌ၊ ၃၊ ၁၉၁။)

မင်းသည် ဘုရားအလောင်း၏တရားစကားကို ကြား၍ အမှန်၌ အပြစ်မရှိသောအဖြစ်ကိုသိ၍ အနှောင်အဖွဲ့တို့ကို ပယ်စေ၍ ဘုရားအလောင်းအား ကြီးစွာသော စည်းစိမ်ကိုပေးလျက် အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်အရာကို ပေး၏၊ ကြွင်းသောသူငယ်တို့အားလည်း စည်းစိမ်ကိုပေး၍ အရာအထူးကိုလည်းပေး၏။ အရှင်အာနန္ဒာသည် ဗာရာဏသီမင်း, ထေရ်ကြီး ထေရ်ငယ်တို့သည် သူငယ်များဖြစ်ခဲ့ကြ၏။

ဆောင်ပုဒ်=ဘေးရန်နှင့်ကြိမ်၊ မစိုးရိမ်၊ တည်ငြိမ်ဖြေရှင်းရာ။
ဘုရားအလောင်း၊ ဤထုံးဟောင်း၊ ကျိုးကြောင်းမှတ်ဖွယ်ပါ။

၂၄၅။ (၁၇၁) ဒီဃီတိကောသလဇာတ်၊ ပဉ္စကနိပါတ် (ဇာတက၊ ၁၊ ၁၃၃။ ဋ္ဌ၊ ၃၊ ၁၉၇ ၁၉၉။ ငါးရာငါးဆယ်၊ တ၊ ၈၈ ၉၂။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏စကားကို နားမထောင်ပဲ ခိုက်ရန်ပြုကြသော ကောသမ္ဗီပြည်သား ရဟန်းများ။
ဤဒီဃီတိကောသလဇာတ်၌ကား ပစ္စုပ္ပန်ဝတ္ထု, အတိတ်ဝတ္ထု နှစ်ပါးတို့သည်လည်း စူဠဝါပါဠိတော် သံဃဘေဒကက္ခန္ဓက(ဝိ၊ ၃၊ ၄၈၇......)၌ အကျယ်အားဖြင့် ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=မိဘကိုသတ်သော်လည်း မိဘ၏စကားကို နားထောင်၍ လက်၌ရောက်သော ရန်သူမင်းကိုပင် မသတ်သော ဘုရားအလောင်းဒီဃာဝုမင်းသား။ ရန်သူမင်းသည် မိမိ၏သမီးတော်ကို မင်းသားအား ပေး၍ အဖနိုင်ငံကို ပြန်လည်အပ်နှင်းကာ မင်းပြုစေ၏။

ဆောင်ပုဒ်=ရန်ကိုရန်ချင်း၊ မတုံ့နှင်း၊ ငြိမ်းခြင်းရမြဲသာ။
မုန်းစတိုစေ၊ ရန်ကိုဖြေ၊ ရှည်စေ ချစ်မေတ္တာ။
လောင်းဒီဃာဝု၊ ထုံးကိုရှု၊ မှတ်ပြုလိုက်နာပါ။

၂၄၆။ (၂၇၃) မူသိကဇာတ်၊ ပဉ္စကနိပါတ် (ဇာတက၊ ၁၊ ၁၃၄။ ဋ္ဌ၊ ၃၊ ၂၀၁ ၂၀၅။ ငါးရာငါးဆယ်၊ တ၊ ၉၆ ၁၀၁။)

ပစ္စုပ္ပန်ဝတ္ထု=မိမိကို သတ်မည့်သားနှင့် ကစားခြင်း, တရားနာခြင်းကိုပြုသော ဗိမ္ဗိသာရမင်း။

ဝတ္ထုကို စတုက္ကနိပါတ် ထုသဇာတ်(ဇာ၊ ၁၊ ၁၁၂။ ဋ္ဌ၊ ၃၊ ၁၁၁-၁၁၂)၌ ချဲ့အပ်ပြီးသည်သာတည်း။

အတိတ်ဝတ္ထု=ဘုရားအလောင်း ဒိသာပါမောက္ခဆရာပေးသော သုံးဂါထာတို့ဖြင့် သားက သတ်မည့်ဘေးမှ လွတ်သော ယဝမင်း။

ဆောင်ပုဒ်=ပညာရှိလျှင်၊ ဉာဏ်မြော်မြင်၊ ကြိုတင်သိကြသည်။

အလောင်းတော်များ၊ ညွှန်စကား၊ အမှားမရှိပြီ။

၂၄၇။ (၃၇၆) အဝါရိယဇာတ်၊ ဆက္ကနိပါတ် (ဇာတက၊ ၁၊ ၁၃၇။ ဋ္ဌ၊ ၃၊ ၂၁၄ ၂၁၈။ ငါးရာငါးဆယ်၊ တ၊ ၁၁၅ ၁၂၂။)

ပစ္စုပ္ပန်ဝတ္ထု=ရဟန်းတော်ကို ညှဉ်းဆဲသည့် ကြမ်းတမ်းသော ကူးတို့သမား။

အတိတ်ဝတ္ထု=ဘုရားအလောင်း မင်းဆရာရသေ့အား ညှဉ်းဆဲပုတ်ခတ်သော ကူးတို့သမား မင်းပြစ်ဒဏ်ခံရခြင်း။

လူတိုင်းကို မဆုံးမအပ်

ရဟန်းတို့…ဤသို့ အကြင်အဆုံးအမကို ထိုရသေ့သည် ပေး၍ မင်း၏အထံမှ ရွာမြတ်ကို ရ၏၊

ထိုအဆုံးအမကိုပင်လျှင် အလွန်မိုက်သော ကူးတို့သမားအား ပြောဆို၍ မျက်နှာ၌ ပုတ်ခတ်ခြင်းကို ရ၏။

ထို့ကြောင့် အဆုံးအမပေးသောသူသည် ဆုံးမသင့်သောသူအားသာလျှင် အဆုံးအမကို ပေးအပ်၏၊ မဆုံးမသင့်သောသူအား အဆုံးအမကို မပေးအပ်။

ယာယေဝါ'နုသာသနိယာ၊ ရာဇာ ဂါမဝရံ အဒါ။

တာယေဝါ'နုသာသနိယာ၊ နာဝိကော ပဟာရိ မုခံ။

(ဇာ၊ ၁၊ ၁၃၇။ ဋ္ဌ၊ ၃၊ ၂၁၇။)

ဗြဟ္မဒတ်မင်းသည် အရှင်အာနန္ဒာအလောင်း, ယခင် ကူးတို့သမားသည် ယခု ကူးတို့သမားပင် ဖြစ်၏။

ဆောင်ပုဒ်=ဆိုးသွမ်းသူအား၊ ဆုံးမငြား၊ ကိုယ်ကား အကျိုးယုတ်။

၂၄၈။ (၃၇၇) သေတကေတုဇာတ်၊ ဆက္ကနိပါတ် (ဇာတက၊ ၁၊ ၁၃၇ ၁၃၈။ ဋ္ဌ၊ ၃၊ ၂၁၈ ၂၂၃။ ငါးရာငါးဆယ်၊ တ၊ ၁၂၂ ၁၂၈။)

ပစ္စုပ္ပန်ဝတ္ထု=အံ့ဖွယ်သရဲကို ဖြစ်စေတတ်သောရဟန်း။

ဝတ္ထုသည်ကား ပကိဏ္ဏကနိပါတ် ဥဒ္ဒါလကဇာတ်(ဇာ၊ ၁၊ ၂၈၃ ၂၈၅)၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=ဘုရားအလောင်းပုရောဟိတ်သည် သေတကေတုရသေ့အား သီလနှင့်ဗေဒင် အဘယ်က နိဗ္ဗာန်ဝင်ကြောင်း ခွဲခြားပြောဆိုခြင်း။

အံ့ဖွယ်သရဲကို ဖြစ်စေတတ်သောရဟန်းသည် ထိုအခါ သေတကေတုရသေ့, အရှင်သာရိပုတ္တသည် စဏ္ဍာလ, အရှင်အာနန္ဒာသည် မင်း, ဘုရားရှင်သည် ပုရောဟိတ်ဖြစ်ခဲ့၏။

ဆောင်ပုဒ်=သိက္ခာသီလ၊ စရဏ၊ ရောက်ရ နိဗ္ဗာန်တိုင်။

၂၄၉။ (၃၇၈) ဒရီမုခဇာတ်၊ ဆက္ကနိပါတ် (ဇာတက၊ ၁၊ ၁၃၈ ၁၃၉။ ဋ္ဌ၊ ၃၊ ၂၂၃ ၂၃၀။ ငါးရာငါးဆယ်၊ တ၊ ၁၂၈ ၁၃၆။)

ပစ္စုပ္ပန်ဝတ္ထု=မဟာဘိနိက္ခမန မြတ်သောတောထွက်တော်မူခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းသည် ရာဇဂြိုဟ်ပြည် မဂဓမင်း၏သားဖြစ်၍ "ဗြဟ္မဒတ္တ"အမည်ရှိ၏၊ ပုရောဟိတ်၏ သားကား "ဒရီမုခ"အမည်ရှိ၏၊ သူတို့နှစ်ဦးသည် တနေ့တည်း မွေးဖွားကြသူများဖြစ်၍ အလွန်ချစ်ခင်ကြလေသည်၊ သူတို့သည် တစ်ဆယ့်ခြောက်နှစ်အရွယ်၌ တက္ကသိုလ်ပြည်သို့ သွားကြ၍ ပညာသင်ယူကြပြီးလျှင် ဒေသအကျင့်ကို သိရန်အလို့ငှာ ရွာ, နိဂုံးအစရှိသည်တို့၌ လှည့်လည်ကုန်သည်ရှိသော် ဗာရာဏသီပြည်သို့ ရောက်ကြကာ ဘုရားအလောင်းဗြဟ္မဒတ်မင်းသားသည် မင်းဖြစ်၍ ဒရီမုခကား တောထွက်၍ ပစ္စေကဗုဒ္ဓါ ဖြစ်လေ၏၊ ဘုရားအလောင်းမင်းသည် နှစ်ပေါင်းငါးဆယ်တိုင် မင်းစည်းစိမ်ခံစားပြီးနောက် ဒရီမုခပစ္စေကဗုဒ္ဓါ၏တရားကို နာယူရ၍ သားကြီးအား တိုင်ပြည်ကို အပ်နှင်းကာ ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြုကာ အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လားရ၏။

မှတ်ချက်။ ။ ဒရီမုခသည် မိမိ၏ရှေ့၌ကျလာသော ဖက်ရွက်လျော်၌ပင် ကုန်ခြင်းပျက်ခြင်းသဘောကို ဖြစ်စေ၍ လက္ခဏာယာဉ် သုံးပါးတင်၍ ဆင်ခြင်သုံးသပ်လျက် ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေ၏။
အထဿ ပုရတော ပဏ္ဍုပလာသံ ပတိ၊ သော တသ္မိံယေဝ ပဏ္ဍုပလာသေ ခယဝယံ ပဋ္ဌပေတွာ တိလက္ခဏံ သမ္မသိတွာ ပထဝီ ဥန္နာဒေန္တော ပစ္စေကဗောဓိံ နိဗ္ဗတ္တေသိ။ (ဇာတက၊ ၄၊ ၃၊ ၂၂၅။)

## ပစ္စေကဗုဒ္ဓါဟောသောတရားများ

ပင်္ကော စ ကာမာ ပလိပေါ စ ကာမာ၊ ဘယဉ္စ မေတံ တိမူလံ ပဝုတ္တံ။
ရဇော စ ဓူမော စ မယာ ပကာသိတာ၊ ဟိတွာ တုဝံ ပဗ္ဗဇ ဗြဟ္မဒတ္တ။
ယော အတ္တကာမဿ ဟိတာနုကမ္ပိနော၊ ဩဝဇ္ဇမာနော န ကရောတိ သာသနံ။
ဣဒမေဝ သေယျော ဣတိ မညမာနော၊ ပုနပ္ပုနံ ဂဗ္ဘမုပေတိ မန္ဒော။
သော ဃောရရူပံ နိရယံ ဥပေတိ၊ သုဘာသုဘံ မုတ္တကရီသပူရံ။
သတ္တာ သကာယေ န ဇဟန္တိ ဂိဒ္ဓါ၊ ယေ ဟောန္တိ ကာမေသု အဝီတရာဂါ။
မီဠှေန လိတ္တာ ရုဟိရေန မက္ခိတာ၊ သေမှေန လိတ္တာ ဥပနိက္ခမန္တိ။
ယံ ယံ ဟိ ကာယေန ဖုသန္တိ တာဝဒေ၊ သဗ္ဗံ အသာတံ ဒုခမေဝ ကေဝလံ။
ဒိသွာ ဝဒါမိ န ဟိ အညတော သဝံ၊ ပုဗ္ဗေနိဝါသံ ဗဟုကံ သရာမိ။
စိတြာဟိ ဂါထာဟိ သုဘာသိတာဟိ၊ ဒရီမုခေါ နိဇ္ဈာပယိ သုမေဓန္တိ။
(ဇာ၊ ၁၊ ၁၃၈-၁၃၉။ ၄၊ ၃၊ ၂၂၆ ၂၃၁။)

ဗြဟ္မဒတ္တ-ဗြဟ္မဒတ်မင်း၊ ကာမာ ကာမဂုဏ်တို့သည်၊ ပင်္ကော စ မြက်, မှော်, ကြာ...အစရှိသည်နှင့်လည်း တူ၏၊ ကာမာ-ကာမဂုဏ်တို့သည်၊ ပလိပေါ စ-ကြီးစွာသော ညွန်နှင့်လည်း တူ၏၊ ဧတံ ဤကာမကို၊ တိမူလံ အမြစ်သုံးခုရှိသကဲ့သို့သော၊ ဘယဉ္စ ဘေးဟူ၍လည်း၊ ပဝုတ္တံ ဟောတော်မူအပ်၏၊ ရဇော စ မြူဟူ၍လည်းကောင်း၊ ဓူမော စ အခိုးဟူ၍လည်းကောင်း၊ မယာ ငါသည်၊ ပကာသိတော ပြအပ်၏၊ တုဝံ သင်သည်၊ ဟိတွာ ကာမဂုဏ်တို့ကို စွန့်၍၊ ပဗ္ဗဇ-ရဟန်းပြုလော့။

ယော အကြင်သူသည်၊ အတ္တကာမဿ အကျိုးစီးပွါးကို အလိုရှိသော၊ ဟိတာနုကမ္ပိနော အစီးအပွါးကို စောင့်ရှောက်သောသူသည်၊ ဩဝဇ္ဇမာနော-ဆုံးမအပ်သည်ရှိသော်၊ သာသနံ အဆုံးအမကို၊ န ကရောတိ မလိုက်နာ၊ ဣဒမေဝ ဤငါ၏အယူသည်သာလျှင်၊ သေယျော မြတ်၏၊ ဣတိ ဤသို့၊ မညမာနော အောက်မေ့၏၊သော မန္ဒော ထိုပညာနည်းသောသူသည်၊ ပုနပ္ပုနံ အဖန်တလဲလဲ၊ ဂဗ္ဘံ ပဋိသန္ဓေနေခြင်းသို့၊ ဥပေတိ ရောက်ရ၏။

သော ထိုပဋိသန္ဓေနေခြင်းသို့ ရောက်သောသူသည်၊ ဃောရရူပံ ကြမ်းကြုတ်သော သဘောရှိသော၊ သုဘာသုဘံ သံသရာဘေးကိုကြောက်ကုန်သော သူတော်ကောင်းယောဂါဝစရပုဂ္ဂိုလ်တို့သည် "အသုဘ"ဟူ၍ ရှုအပ်သော၊ မုတ္တကရီသပူရံ ကျင်ငယ်, ကျင်ကြီးဖြင့်ပြည့်သော၊ နိရယံ အမိဝမ်းဟူသော ငရဲသို့၊ ဥပေတိ ကပ်ရ၏၊ ယေ သတ္တာ အကြင်သတ္တဝါတို့သည်၊ သကာယေ မိမိကိုယ်၌၊ ဂိဒ္ဓါ မက်မောကုန်သည်ဖြစ်၍၊ န ဇဟန္တိ မစွန့်နိုင်ကုန်၊ တေ သတ္တာ ထိုသတ္တဝါတို့သည်၊ ကာမေသု-ကာမဂုဏ်တို့၌၊ အဝီတရာဂါ ရာဂမကင်းကုန်သည်၊ ဟောန္တိ ဖြစ်ကုန်၏။

မဟာရာဇ မြတ်သောမင်းကြီး၊ ဣမေ သတ္တာ ဤသတ္တဝါတို့သည်၊ မီဠှေန ကျင်ကြီးဖြင့်၊ လိတ္တာ လိမ်းကျံအပ်ကုန်သည်ဖြစ်၍၊ ရုဟိရေန သွေးဖြင့်၊ မက္ခိတာ လိမ်းကျံအပ်ကုသည်ဖြစ်၍၊ သေမှေန သလိပ်ဖြင့်၊ လိတ္တာ လိမ်းကျံအပ်ကုန်သည်ဖြစ်၍၊ ဥပနိက္ခမန္တိ-ဖွားရကုန်၏၊ ဟိ သစ္စံ မှန်၏၊ တာဝဒေဝ ထိုအခါ၌၊ ယံ အကြင်ကျင်ကြီးအစရှိသော ဝတ္ထုကို၊ ကာယေန ကိုယ်ဖြင့်၊ ဖုသန္တိ ထိကုန်၏၊ သဗ္ဗံ အလုံးစုံသော ကျင်ကြီးအစရှိသော ဝတ္ထုသည်၊ အသာတံ မသာယာအပ်သည်ဖြစ်၍၊ ကေဝလံ သက်သက်၊ ဒုခမေဝ ဆင်းရဲသော သဘောရှိသည်သာလျှင်တည်း။

မဟာရာဇ-မြတ်သောမင်းကြီး၊ အဟံ ငါသည်၊ ဧတ္တကံ ဤမျှအတိုင်းအရှည်ရှိသော စကားကို၊ ဒိသွာ ပစ္စေကဗောဓိဉာဏ်ဖြင့် ကိုယ်တိုင်မြင်၍၊ ဝဒါမိ-ဟော၏၊ အညတော တစ်ပါးသောသူ၏အထံမှ၊ သဝံ (သုတွာ)

ကြားရ၍၊ န ဝဒါမိ ငါမဟော၊ အဟံ ငါသည်၊ ဗဟုကံ များစွာသော၊ ပုဗ္ဗေနိဝါသံ ရှေး၌နေဖူးသော ခန္ဓာအစဉ်ကို၊ သရာမိ-(ကမ္ဘာတစ်သိန်းလွန်ကုန်သော နှစ်အသင်္ချေတို့ကို)အောက်မေ့နိုင်၏။

ဒရီမုခေါ ဒရီမုခ ပစ္စေကဗုဒ္ဓါသည်၊ သုဘာသိတာဟိ ကောင်းစွာ ဆိုအပ်ကုန်သော၊ စိတြာဟိ ဆန်းကြယ်ကုန်သော၊ ဂါထာဟိ ဂါထာတို့ဖြင့်၊ သုမေဓံ ကောင်းသော ပညာရှိသော မင်းကို၊ နိဗ္ဗာပယိ သိစေ၏။

သုဘာသုဘန္တိ သုဘာနံ အသုဘံ။ သုဘာနဉ္ဟိ သံသာရဘီရုကာနံ ယောဂါဝစရကုလပုတ္တာနံ မာတုကုစ္ဆိ ဧကန္တံ အသုဘသမ္မတော။ (ဇာ၊ ၄၊ ၃၊ ၂၂၉။)

ဆောင်ပုဒ်=တရားကိုနာ၊ ကျင့်ကောင်းစွာ၊ ချမ်းသာရကြပြီ။

၂၅၀။ (၃၈၀) အာသင်္ကဇာတ်၊ ဆက္ကနိပါတ် (ဇာတက၊ ၁၊ ၁၄၀ ၁၄၁။ ဋ္ဌ၊ ၃၊ ၂၃၄ ၂၃၉။ ငါးရာငါးဆယ်၊ တ၊ ၁၄၀ ၁၄၈။)

ပစ္စုပ္ပန်ဝတ္ထု=မယားဟောင်းဖြားယောင်း၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်း။

ဝတ္ထုသည်ကား အဋ္ဌကနိပါတ် ဣန္ဒြိယဇာတ်(ဇာ၊ ၁၊ ၁၈၂ ၁၈၃။ ဋ္ဌ၊ ၃၊ ၄၃၈ ၄၃၉)၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=ကြာပွင့်သန္ဓေမယ် သတို့သမီးကို ရရန် သုံးနှစ်စောင့်လျက် အမည်ဖော်နိုင်၍ ရသောမင်း။

ဘုရားအလောင်းရသေ့သည် ကြာပွင့်သန္ဓေမယ်ကို စောင့်ရှောက်ခဲ့ရ၏၊ ဘုရားအလောင်းသည် ဈာန်မယုတ်သည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လား၏။

သာသနာတော်၌ ငြီးငွေ့သောရဟန်းသည် မင်း, မယားဟောင်းသည် ကြာပွင့်သန္ဓေမယ်ဖြစ်ခဲ့၏။

ဆောင်ပုဒ်=မိန်းမတို့မှာ၊ ချစ်သောခါ၊ လိုရာပေးတတ်သည်။

၂၅၁။ (၃၈၂) သိရိကာဠကဏ္ဏိဇာတ်၊ ဆက္ကနိပါတ် (ဇာတက၊ ၁၊ ၁၄၁ ၁၄၃။ ဋ္ဌ၊ ၃၊ ၂၄၁ ၂၄၉။ ငါးရာငါးဆယ်၊ တ၊ ၁၅၂ ၁၆၃။)

ပစ္စုပ္ပန်ဝတ္ထု=ကိုယ်တိုင်စင်ကြယ်၍ စင်ကြယ်သော အခြံအရံရှိသော အနာထပိဏ်သူဌေး။

အတိတ်ဝတ္ထု=ဘုရားအလောင်း သုစိပရိဝါရသူဌေး၏ မည်သူမျှမသုံးစွဲရသေးသော အိပ်ရာ၌ အိပ်ခွင့်ရသော ဥပ္ပလဝဏ်ထေရီအလောင်း သိရီနတ်သမီး။

ထိုအိပ်ရာသည် သိရီနတ်သမီးသုံးဆောင်အပ်သည်၏အဖြစ်ကြောင့် "သိရိသယန ကြက်သရေရှိသော အိပ်ရာ"ဟု မည်တွင်၏၊ ထိုအကြောင်းကြောင့် ယနေ့တိုင်အောင် "သိရိသယန ကြက်သရေတိုက်ခန်း=ကြက်သရေခန်း" ဟု ခေါ်ဆိုအပ်လေသည်။

ဆောင်ပုဒ်=အကျင့်သိက္ခာ၊ ရှိသူသာ၊ နေရာ အမြတ်ထား။

၂၅၂။ (၃၈၇) သူစိဇာတ်၊ ဆက္ကနိပါတ် (ဇာတက၊ ၁၊ ၁၄၇။ ဋ္ဌ၊ ၃၊ ၂၆၅ ၂၆၉။ ငါးရာငါးဆယ်၊ တ၊ ၁၈၆ ၁၉၃။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏ပညာပါရမီတော်။

ဝတ္ထုသည်ကား မဟာနိပါတ် မဟာဥမင်ဇာတ်(ခု၊ ၆=ဇာ၊ ၂၊ ၂၀၄ ၂၂၁)၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=ပန်းပဲရွာသို့ အပ်ရောင်းသွားသော ဘုရားအလောင်းပန်းပဲသမားသည် ရာဟုလာမယ်တော်အလောင်း ပန်းပဲဆရာကြီး၏သမီးကို ရခြင်း။

ဆောင်ပုဒ်=ပဏ္ဍိတ်ကိုမှ၊ ပညာပြ၊ မုချထင်ပေါ်မည်။

၂၅၃။ (၃၈၉) သုဝဏ္ဏကက္ကဋဇာတ်၊ ဆက္ကနိပါတ် (ဇာတက၊ ၁၊ ၁၄၈ ၁၅၀။ ဋ္ဌ၊ ၃၊ ၂၇၅ ၂၈၀။ ငါးရာငါးဆယ်၊ တ၊ ၂၀၁ ၂၀၈။)

ပစ္စုပ္ပန်ဝတ္ထု=အရှင်အာနန္ဒာ ဘုရားရှင်အတွက် အသက်စွန့်ခြင်း။

ဝတ္ထုကို လေးသမားတို့ကို လွှတ်သည်တိုင်အောင် မဟာနိပါတ် ခဏ္ဍဟာလဇာတ် (ဇာ၊ ၂၊စန္ဒကုမာရဇာတ် ၂၄၂ ၂၅၆), နေပါလဆင်ကို လွှတ်ခြင်းကို ဝီသတိနိပါတ် စူဠဟံသ, မဟာဟံသဇာတ်(ဇာ၊ ၁၊ ၃၂၆ ၃၂၈) တို့၌ ဆိုအပ်၏။

အတိတ်ဝတ္ထု=ဘုရားအလောင်းပုဏ္ဏားကို အသက်ကယ်၍ ကျီးနှင့်မြွေဟောက်ကို သတ်လျက် ကျေးဇူးဆပ်သော အရှင်အာနန္ဒာအလောင်း ရွှေပုဇွန်။

ကျီးဖိုကား ဒေဝဒတ်အလောင်း, ကျီးမကား စိဉ္စမာဏဝိကာအလောင်း, မြွေဟောက်ကား မာရ်နတ်အလောင်း

တို့ဖြစ်ခဲ့ကုန်၏။

ဆောင်ပုဒ်=ကောင်းသောမိတ်ဆွေ၊ ကူညီပေ၍၊ မိတ်ဆွေကပ်ပါး၊ အလကားတည်း။

၂၅၄။ (၃၉၀) မယှကဇာတ်၊ ဆက္ကနိပါတ် (ဇာတက၊ ၁၊ ၁၅၀။ ဋ၊ ၃၊ ၂၈၀ ၂၈၄။ ငါးရာငါးဆယ်၊ တ၊ ၂၀၈ ၂၁၄။)

ပစ္စုပ္ပန်ဝတ္ထု=သာဝတ္ထိပြည်ဝယ် မစားရက်,မသုံးရက်သော အာဂန္တုကသူဌေး၏ပစ္စည်းများ မင်းဘဏ္ဍာဖြစ်ရ။

အာဂန္တုကသူဌေးသည် စည်းစိမ်ဥစ္စာတို့ကို မိမိလည်း မသုံးဆောင်, သူတစ်ပါးတို့အားလည်း မပေး၊ မွန်မြတ်သောအရသာရှိသော ဘောဇဉ်တို့ကို ဆောင်အပ်သည်ရှိသော် ထိုဘောဇဉ်တို့ကို မသုံးဆောင်ပဲ ပအုန်းရည်နှင့် ဆန်ကွဲထမင်းကိုသာလျှင် စား၏၊ အမွေးအကြိုင်ဖြင့် ထုံအပ်သော ကာသိတိုင်းဖြစ်အဝတ်ကို ဆောင်အပ်သည်ရှိသော် ထိုအဝတ်ကိုပယ်၍ ထူထဲရှန့်ရင်းသောအဝတ်ကိုသာလျှင် ဝတ်၏၊ အာဇာနည်မြင်းကသော ပတ္တမြားရွှေတို့ဖြင့် ဆန်းကြယ်သော ရထားကို ဆောင်အပ်သည်ရှိသော် ထိုရထားကိုပယ်၍ သစ်သားရထားဖြင့် သွား၏၊ ရွှေထီးကို ဆောင်းအပ်သည်ရှိသော် ထိုရွှေထီးကိုပယ်၍ သစ်ရွက်ထီးကို ဆောင်းသဖြင့် သွား၏၊ ထိုသူဌေးသည် အသက်ထက်ဆုံး ဒါနအစရှိသော တစ်စုံတစ်ခုကောင်းမှုကို မပြုပဲ သေ၍ ရောရုဝရဲ၌ ဖြစ်၏။

"ထိုသူဌေး၏ဥစ္စာသည် သားမရှိသော ဥစ္စာတည်း"ဟု မင်းဘဏ္ဍာအဖြစ် မင်းအိမ်သို့ ခုနစ်တိုင်တိုင် သွင်းရ၏။ ကောသလမင်းက ဘုရားရှင်အား "ရှင်တော်ဘုရား...ဤအာဂန္တုကသူဌေးသည် အဘယ်ကိုပြု၍လျှင် ဤမျှလောက်သောဥစ္စာကို ရ၍, အဘယ့်ကြောင့်ကား ထိုသူဌေး၏စိတ်သည် စည်းစိမ်တို့၌ မမွေ့လျော်ပါသနည်း?"ဟု လျှောက်ထားလျှင် ဘုရားရှင်က "မြတ်သောမင်းကြီး...ဥစ္စာရခြင်းကိုလည်းကောင်း, ဥစ္စာကိုရ၍ မသုံးဆောင်ရသောအဖြစ်ကိုလည်းကောင်း ထိုသူဌေးသည်ပင် ပြုအပ်၏"ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဟောတော်မူ၏။

အတိတ်ဝတ္ထု=အပရစေတနာပျက်ခြင်း, အစ်ကို၏သားကိုသတ်ခြင်းကို ပြုသော ဗာရာဏသီသူဌေး။

ဗာရာဏသီသူဌေးသည် သဒ္ဓါတရားမရှိ, ဝန်တို၏, တစ်စုံတစ်ယောက်အား တစ်စုံတစ်ခုကို မပေး။ ထိုသူဌေးသည် မင်းခစားရန် သွားစဉ် တဂ္ဂရသိခီမည်သော ပစ္စေကဗုဒ္ဓါကို မြင်၍ "အရှင်ဘုရား...ဆွမ်းရပါ၏လော?"ဟု မေးလျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်က "သူဌေးကြီး...လှည့်လည်နေ၏"ဟု ဆိုလေသော် သူ၏အချင်းယောကျ်ားကို "ဤပစ္စေကဗုဒ္ဓါကို ငါတို့အိမ်သို့ပင့်၍ ငါ၏ပလ္လင်၌နေစေ၍ ငါတို့ဖို့ စီရင်အပ်သော ထမင်းဖြင့် သပိတ်ကို ပြည့်စေ၍ လှူချေလော့"ဟု စေလေ၏။ ထိုယောကျ်ားသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ထိုအိမ်သို့ပင့်၍ သူဌေးကတော်အား ပြောကြား၏၊ သူဌေးကတော်သည် အထူးထူးမွန်မြတ်သော အရသာရှိသောဆွမ်းဖြင့် သပိတ်ကိုပြည့်စေ၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူလေ၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် သူဌေးအိမ်မှ ထွက်၍ ခရီးအလယ်၌ သွားနေစဉ် မင်းအိမ်မှ ပြန်လာသော သူဌေးသည် အရှင်မြတ်ကို မြင်၍ "အရှင်ဘုရား...ဆွမ်းရပါ၏လော?"ဟု လျှောက်၏။ အရှင်မြတ်က "ရပါ၏, သူဌေးကြီး..."ဟု ဆိုလေသော် သူဌေးသည် သပိတ်တွင်းဆွမ်းကို ကြည့်၍ စိတ်ကို ကြည်ညိုစေခြင်းငှါ မတတ်နိုင်၊ "ငါသည် ဤထမင်းကို ကျွန်, အမှုလုပ်တို့ကို ကျွေးရလျှင် ခက်ခဲသောအမှုကိုပင် ပြုလုပ်ကုန်ရာ၏၊ ငါ့အား ဆုံးရှုံးစွတကား"ဟု အပရစေတနာကို ပြည့်စုံစွာ ပြုအံ့သောငှါ မတတ်နိုင်။

## စေတနာသုံးတန် ပြည့်ဝမှန် ထက်သန်အကျိုးပေး

အလှူမည်သည် စေတနာသုံးတန်ကို ပြည့်စုံစွာ ပြုခြင်းငှါ စွမ်းနိုင်သူအားသာလျှင် အကျိုးကြီး၏။ (၁) အလှူကို မလှူမီ ရှေး၌လျှင် ကောင်းသောစိတ်ရှိသည်ဖြစ်၍ လှူရာ၏၊ (၂) လှူစဉ် စိတ်ကို ကြည်ညိုခြင်းကို ဖြစ်စေရာ၏၊ (၃) လှူပြီးနောက် နောက်တတဖန် ပူပန်ခြင်းကို မဖြစ်စေပဲ ဝမ်းမြောက်ခြင်းကို ဖြစ်စေရာ၏= ဤကား ကောင်းမှု၏ပြည့်စုံခြင်းတည်း။

ဒါနဉှိ နာမ တိဿော စေတနာ ပရိပုဏ္ဏံ ကာတုံ သက္ကောန္တဿေဝ မဟပ္ဖလံ ဟောတိ။ (ဇာ၊ ဋ၊ ၃၊၂၈၂။)

ပုဗ္ဗေဝ ဒါနာ သုမနာ ဘဝါမ၊ ဒဒမ္ပိ ဝေ အတ္တမနာ ဘဝါမ။

ဒတွာပိ ဝေ နာနုတပ္ပါမ ပစ္ဆာ၊ တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

(ခု၊ ၅၊ ၂၁၄=ဇာ၊ ၁၊ မဟာဓမ္မပါလ။)

ပုဗ္ဗေဝ ဒါနာ သုမနော၊ ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ အတ္တမနော ဟောတိ၊ သော ယညဿ သမ္ပဒါ။
(အံ၊ ၂၊ ၂၉၆ ဆင္ဒဒါနသုတ္တ။ ခု၊ ၂၊ ၁၅၉ အင်္ဂုရပေတဝတ္ထု။)

(အာစရိယ ဆရာ၊ မယံ ငါတို့သည်၊) ဒါနာ ပုဗ္ဗေဝ လှူသည်မှ ရှေးအဖို့၌လျှင် (မလှူမီ ရှေးအဖို့၌လျှင်)၊ သုမနာ ဝမ်းမြောက်ကုန်သည်၊ ဘဝါမ ဖြစ်ကုန်၏၊ ဒဒမ္ဘိ လှူစဉ်ဆဲဆဲ၌လည်း၊ ဝေ စင်စစ်၊ အတ္တမနာ ဝမ်းမြောက်ကုန်သည်၊ ဘဝါမ ဖြစ်ကုန်၏၊ ဒတွာပိ-လှူပြီး၍လည်း၊ ပစ္ဆာ နောက်ကာလ၌၊ ဝေ စင်စစ်၊ နာနုတပ္ပါမ နောင်တ မရှိကုန်၊ တသ္မာ ဟိ ထိုသို့ စေတနာသုံးတန်ပြတ်၍ လှူလေ့ရှိသောကြောင့်လျှင်၊ အမှံ ငါတို့၏၊ ကုလေ အမျိုး၌၊ ဒဟရာ ပျိုရွယ်သော သူတို့သည်၊ န မိယျရေ မသေကုန်။

မိယျရေ (ဇာ၊ ၄၊ ၃၊ ၂၈၂)၊ မိယရေ (ဇာ၊ ၄၊ ၄၊ ၅၂)

ဒါနာ ပုဗ္ဗေဝ သုမနော ဟောတိ မပေးလှူမီကပင် ဝမ်းမြောက်၏၊ ဒဒံ စိတ္တံ ပသာဒယေ ပေးလှူစဉ် စိတ်ကို ကြည်လင်စေ၏၊ ဒတွာ အတ္တမနော ဟောတိ ပေးလှူပြီးနောက်၌ နှစ်သက်၏၊ သော ယညဿ သမ္ပဒါ ဤသည်ကား အလှူ၏ပြည့်စုံခြင်းတည်း။

## စေတနာသုံးပုံ မပြည့်စုံ ကျိုးကုန်သူမရ

"မြတ်သောမင်းကြီး...အာဂန္တုကသူဌေးသည် တဂ္ဂရသိခိပစ္စေကဗုဒ္ဓါအား လှူသောအကြောင်းကြောင့် များစွာသော ဥစ္စာကိုရ၏၊ အပရစေတနာကို ပြုအံ့သောငှါ မစွမ်းနိုင်သည်၏အဖြစ်ကြောင့် စည်းစိမ်တို့ကို သုံးဆောင်အံ့သောငှါ မတတ်နိုင်"ဟု ဟောတော်မူ၏။

ကောသလမင်းက "ရှင်တော်ဘုရား...ထိုသူဌေးသည် အဘယ့်ကြောင့် သားကိုကား မရပါသနည်း?" ဟု လျှောက်လေလျှင် ဘုရားရှင်က "သားမရခြင်း၏အကြောင်းကိုလည်း ထိုသူပင်လျှင် ပြုအပ်ခဲ့ပေ၏..မင်းကြီး..."ဟု မိန့်တော်မူ၍...အတိတ်ကို ဆောင်တော်မူ၏။

ဘုရားအလောင်းသည် ဗာရာဏသီပြည်ဝယ် သူကြွယ်မျိုး၌ဖြစ်၍ မိဘတို့ကွယ်လွန်ကြသဖြင့် ညီကို ချီးမြှင့်ထောက်ပံ့လျက် ဥစ္စာကို စီရင်၍ အိမ်တံခါး၌ အလှူတင်းကုပ်ဆောက်၍ အလှူကိုဖြစ်စေကာ နေ၏။ ထိုအခါ ဘုရားအလောင်းအား တစ်ယောက်သောသားကို ဖွား၏၊ ထိုသား ခြေဖြင့်သွားတတ်သောကာလ၌ ဘုရားအလောင်းသည် ကာမဂုဏ်တို့၏အပြစ်, တောထွက်ခြင်း၌အကျိုးကို မြင်၍ သားမယားနှင့်တကွ စည်းစိမ်အားလုံးကို ညီအား အပ်နှင်း၍ "မမေ့မလျော့ အလှူကို ဖြစ်စေလော့"ဟု ဆုံးမ၍ ရသေ့ရဟန်းပြု၍ အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေ၍ ဟိမဝန္တာအရပ်၌ နေ၏။

ဘုရားအလောင်း၏ညီသည်လည်း သားတစ်ယောက်ကို ရ၏၊ ထိုသူဌေးသည် သားကြီးသည်ကို မြင်၍ "အစ်ကို့သားသည် အသက်ရှည်သည်ရှိသော် ဥစ္စာကို နှစ်စု ခွဲရသည် ဖြစ်ရတ္တံ့၊ အစ်ကို၏သားကို သတ်အံ့"ဟု ကြံပြီးလျှင် အစ်ကို၏သားကို မြစ်၌ နှစ်၍သတ်၏၊ ထိုသူဌေးကို အစ်ကို့မယားသည်"ငါ့သား အဘယ်မှာနည်း?" ဟု မေးလျှင် ထိုသူဌေးက "မြစ်၌ ရေကစား၏၊ သူငယ်ကို ရှာသည်ရှိသော် မမြင်"ဟု မုသားဆို၏၊ အစ်ကို၏ မယားသည် ငိုကြွေးမြည်တမ်း၍ ဆိတ်ဆိတ်နေ၏။

ဘုရားအလောင်းရသေ့သည် ထိုအကြောင်းကိုသိ၍ ... ထိုသူဌေး၏အိမ်တံခါး၌ရပ်လျက် "အလှူတင်းကုပ်ကို ဤသူယုဘ်သည် ဖျက်ဆီးအပ်၏"ဟု ကြံ၏၊ ညီသည် ဘုရားအလောင်းကို ရှိခိုး၍ ပြာသာဒ်ထက်သို့ ပင့်ပြီးလျှင် ကောင်းသောဘောဇဉ်ကို ကျွေး၏။ ဘုရားအလောင်းသည် ဆွမ်းကိစ္စပြီးလျှင် "သူငယ်သည် မထင်၊ အဘယ်သို့ သွားသနည်း?" ဟု မေးလျှင် ညီက "အရှင်ဘုရား...သေ၏"ဟု ဆိုလေသော် ဘုရားအလောင်းက "အဘယ်အကြောင်းကြောင့် သေသနည်း?"ဟု မေး၏၊ ညီက "ရေကစားရာ၌ ဤမည်သောအကြောင်းကြောင့် သေသည် ဟူ၍ မသိ"ဟု ဆိုလျှင် ဘုရားအလောင်းက "ယုတ်မာသောယောကျ်ား...သင်သည် အဘယ်မှာ သိလတ္တံ့နည်း?၊ သင်ပြုအပ်သောအမှုသည် ငါ့အား ထင်သည် မဟုတ်လော? သင်သည် ဤမည်သောအကြောင်းကြောင့် ထိုသူငယ်ကို သတ်သည် မဟုတ်လော? သင်သည် မင်းအစရှိသည်တို့၏အစွမ်းအားဖြင့် ဖျက်ဆီးအပ်သော ဥစ္စာကို စောင့်ရှောက်ခြင်းငှါ တတ်နိုင်လတ္တံ့လော? မယုကငုက်ကဲ့သို့ မိမိကိုယ်တိုင်လည်း

မသုံးဆောင်, ဆွေမျိုးတို့ကိုလည်း မထောက်ပံ့ပဲ မချစ်မနှစ်သက်အပ်သောအမွေခံ, မင်း, ခိုးသူတို့ ဥစ္စာကို ယူကုန်စဉ် သင်သည် ငါ့ဥစ္စာ ငါ့ဥစ္စာ ဟူ၍ မြည်တမ်းရုံသာလျှင်တည်း။

ပညာရှိသောသူသည်ကား ဥစ္စာတို့ကိုရ၍ ဆွေမျိုးတို့ကိုလည်း ထောက်ပံ့ခြင်းဟူသောအကြောင်းကြောင့် ကျော်စောခြင်းသို့ ရောက်၍ တမလွန်ဘဝ၌ နတ်ပြည်၌ မွေ့လျော်ရ၏"ဤသို့ ဘုရားအလောင်းသည် သူဌေးအား တရားဟော၍ အလှူကို ပကတိရှိသည်ကို ပြုစေလျက် ဟိမဝန္တာအရပ်သို့သာလျှင် သွားကာ မယုတ်သောဈာန်ရှိ သည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လားလေ၏။

ဘုရားရှင်သည် "မြတ်သောမင်းကြီး...ဤသို့လျှင် အာဂန္တုကသူဌေးသည် အစ်ကို၏သားအား သတ် အပ်သည်၏အဖြစ်ကြောင့် ဤမျှလောက်သောကာလပတ်လုံး သားသမီးကိုမရ" ဟု မိန့်တော်မူ၍ "ယခုအခါ အာဂန္တုကသူဌေးသည် ထိုအခါ ညီဖြစ်၍ ယခုအခါ ငါဘုရားသည် ထိုအခါ အစ်ကိုဖြစ်ခဲ့လေ၏"ဟု ဇာတ် ပေါင်းတော်မူ၏။

မယှငှက်=မယှကငှက် -[Buddhist Scriptures] bird said to cry 'it's mine, it's mine'.

(မြန်မာ အင်္ဂလိပ် အဘိဓာန်၊ ၃၃၆)

ဆောင်ပုဒ်=ဒါနပြုငြား၊ သတိထား၊ မမှားကြဖို့ရာ။

စေတနာသုံးတန်၊ ပြည့်စုံရန်၊ အမှန်လိုအပ်ပါ။
စေတနာအပရ၊ မပြည့်ဝ၊ ကျိုးက မပြီးရာ။
ဥစ္စာကိုဖက်၊ မသုံးရက်၊ ဆုံးချက်လွန်နစ်နာ။
အာဂန္တုကသူဌေး၊ ဖြစ်ပုံတွေး၊ ကျိုးပေးစဉ်းစားရာ။
မယှကငှက်၊ မပေးရက်၊ ကိုယ့်တွက် ကျိုးမဲ့ပါ။
ငါ့ဟာ ငါ့ဟာ၊ အော်မြည်ကာ၊ ဆုံးမှာ သေရရှာ။

၂၅၅။ (၃၉၂) သိင်္ဃပုပ္ဖဇာတ်၊ ဆက္ကနိပါတ် (ဇာတက၊ ၁၊ ၁၅၂။ ဋ၊ ၃၊ ၂၈၉ ၂၉၁။ ငါးရာငါးဆယ်၊ တ၊ ၂၂၂ ၂၂၆။)

ပစ္စုပ္ပန်ဝတ္ထု=ပဒုမာပွင့်အနံ့ကို ခံသောရဟန်းအား အနံ့သူခိုး (နံ့သာသူခိုး) ဟု ပြောသော နတ်သမီး။

အတိတ်ဝတ္ထု=ပဒုမာပွင့်ကို နမ်းသော ဘုရားအလောင်းရသေ့အား ပြောဆိုဆုံးမသော ဥပ္ပလဝဏ်အလောင်း နတ်သမီး။

နတ်သမီးပြော။ ။ ရှင်ရဟန်း...သင်သည် ရေ၌ဖြစ်သော ဤကြာပန်းကို အရှင်မပေးပဲ နမ်းခြင်းကို ပြု၏၊ ဤသို့ အရှင်မပေးသော ကြာပန်းကို နမ်းခြင်းသည် ခိုးခြင်းများစွာတို့တွင် တစ်ခုသောအဖို့အစုတည်း၊ သင် သည် နံ့သာခိုးသူဖြစ်၏။

ယမေတံ ဝါရိဇံ ပုပ္ဖံ၊ အဒိန္နံ ဥပသိင်္ဃသိ။
ဧကင်္ဂမေတံ ထေယျာနံ၊ ဂန္ဓထေနောသိ မာရိသ။

ဘုရားအလောင်း။ ။ နတ်သမီး...သင်၏ကြာပန်းကို မဆောင်(ယူမသွား), မချိုး, အဝေးမှ နမ်း၏၊ ထိုသို့ ဖြစ်လျက် အဘယ်အကြောင်းကြောင့် နံ့သာခိုးသူ ဟူ၍ ဆိုအပ်သနည်း?

န ဟရာမိ န ဘဉ္ဇာမိ၊ အာရာ သိင်္ဃာမိ ဝါရိဇံ။
အထ ကေန နု ဝဏ္ဏေန၊ ဂန္ဓထေနောတိ ဝုစ္စတိ။

ဘုရားအလောင်းသည် "ယောကျ်ားတစ်ယောက်သည် ထိုအိုင်၌ ကြာစွယ်တို့ကိုလည်း တူး၍ ပုဏ္ဍရိက်ကြာတို့ ကို ချိုးနေသည်ကို"မြင်ရသောအခါ...နတ်သမီး...အကြင်ယောကျ်ားသည် ကြာစွယ်တို့ကို တူး၏, ပုဏ္ဍရိက်ကြာ တို့ကို ချိုး၏၊ ဤသို့ ကြမ်းကြုတ်သောအမှုကို ပြုသော ထိုယောကျ်ားကို (နံ့သာခိုးသူ ဟူ၍) အဘယ့်ကြောင့် သင် သည် မဆိုသနည်း?

ယောယံ ဘိသာနိ ခဏတိ၊ ပုဏ္ဍရီကာနိ ဘဉ္ဇတိ။
ဧဝံ အာကိဏ္ဏကမ္မန္တော၊ ကသ္မာ ဧသော န ဝုစ္စတိ။
[အာကိဏ္ဏကမ္မန္တောတိ ကက္ခဠကမ္မန္တော ဒါရုဏကမ္မန္တော။ (ဇာ၊ ဋ၊ ၃၊ ၂၉၀။)]

နတ်သမီး။ ။ ရှင်ရသေ့...ကြမ်းကြုတ်သော အမှုဖြင့် ပြွမ်းသော ယောကျ်ားသည် တံတွေးနှင့် ကျင်ငယ် ကျင်ကြီးဖြင့် လိမ်းကျံသော နို့ထိန်းကျွန်မဝတ်သောအဝတ်ကဲ့သို့ မကောင်းမှုဖြင့် လိမ်းကျံ၏၊ ထိုသူ၌ ငါ၏ဆို

ဖွယ်သည် မရှိ၊ သင့်ကိုကား ဆိုခြင်းငှါ ထိုက်၏။ အပြစ်မရှိသော အမြဲ စင်ကြယ်ခြင်းကို ရှာလေ့ရှိသော ယောကျ်ားအား မကောင်းမှု၏ သားမြီးဖျားမျှသည်လည်း တိမ်တိုက်ပမာဏရှိသကဲ့သို့ ထင်၏။

အာကိဏ္ဏလုဒ္ဒေါ ပုရိသော၊ ဓာတိစေလံဝ မက္ခိတော။
တသ္မိံ မေ ဝစနံ နတ္ထိ၊ တဉ္စာရဟာမိ ဝတ္တဝေ။
အနင်္ဂဏဿ ပေါသဿ၊ နိစ္စံ သုစိဂဝေသိနော။
ဝါလဂ္ဂမတ္တံ ပါပဿ၊ အဗ္ဘာမတ္တံဝ ခါယတိ။

နတ်သမီးသည် ထိတ်လန့်စေအပ်သည်ရှိသော် ဘုရားအလောင်းသည် ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍... ဘုရားအလောင်း။ ။ နတ်သမီး...သင်သည် ငါ့ကို မချွတ်မယွင်း သိသည်သာမက ငါ့ကို သနားသဖြင့် စောင့်ရှောက်ပေ၏။ နတ်သမီး...သင်သည် မည်သည့်အခါဖြစ်စေ ဤသို့ သဘောရှိသောအပြစ်ကို မြင်ပါမူ ငါ့ကို ပြောဆိုပါလော့။

အဒ္ဓါ မံ ယက္ခ ဇာနာသိ၊ အထော မံ အနုကမ္ပသိ။
ပုနပိ ယက္ခ ဝဇ္ဇာသိ၊ ယဒါ ပဿသိ ဧဒိသံ။
(ဇာ၊ ၁၊ ၁၅၂။ ဋ္ဌ၊ ၃၊ ၂၈၉ ၂၉၁။)
[ဝဇ္ဇာသီတိ ဝဒေယျာသိ။ (ဇာ၊ ဋ္ဌ၊ ၃၊ ၂၉၀။)]

နတ်သမီး။ ။ ရှင်ရသေ့...ငါသည် သင့်ကို မှီ၍အသက်မမွေး, သင်၏သူရင်းငှါးအမှုလုပ်လည်း မဟုတ်၊ အကြင်ကောင်းမှုဖြင့် သုဂတိသို့ လားရာ၏၊ ရှင်ရဟန်း...ထိုကောင်းမှုကို သင်သည်သာလျှင် သိပါလော့။ (ကိုယ့်အလုပ်ကို ကိုယ်ကြည့်လုပ်ပါ ဟု ဆိုလိုသည်။)

သစ္စာတရားတို့၏အဆုံး၌ ပဒုမာပွင့်အနံ့ကို ခံမိသောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်၏။

ဆောင်ပုဒ်=ကိုယ့်ကိုယ်ကိုသာ၊ အားကိုးပါ၊ ကိုယ်သာ အသိဆုံး။

၂၅၆။ (၃၉၆) ကုက္ကုဇာတ်၊ သတ္တကနိပါတ် (ဇာတက၊ ၁၊ ၁၅၅ ၁၅၆။ ဋ္ဌ၊ ၃၊ ၂၉၈ ၃၀၂။ ငါးရာငါးဆယ်၊ တ၊ ၂၃၇ ၂၄၂။

ပစ္စုပ္ပန်ဝတ္ထု=ရာဇောဝါဒ ကောသလမင်းအားဆုံးမခြင်း။

ပစ္စုပ္ပန်ဝတ္ထုသည် စတုက္ကနိပါတ် တေသကုဏဇာတ်(ခု၊ ၆၊ =ဇာ၊ ၂၊ ၁ ၅၊ ဋ္ဌ၊ ၅၊ ၁၁၄)၌ ထင်စွာဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=အိမ်အထွတ်, ရှောက်သီး, ပဒုမာကြာပွင့်တို့ကိုပြ၍ အရှင်အာနန္ဒာအလောင်း ဗြဟ္မဒတ်မင်းအား ဆုံးမသော ဘုရားအလောင်းပညာရှိအမတ်။

ဒါနံ သီလံ ပရိစ္စာဂံ၊ အဇ္ဇဝံ မဒ္ဒဝံ တပံ။
အက္ကောဓံ အဝိဟိံသဉ္စ၊ ခန္တိံ စ အဝိရောဓနံ။
(ဇာ၊ ဋ္ဌ၊ ၃၊ ၃၀၀။)

ဤမင်းကျင့်တရား ဆယ်ပါးနှင့်အညီ ကျင့်သုံးသောမင်းသည် မိမိ, သူတစ်ပါး နှစ်ဦးသားတို့၏ကြီးပွါးတိုးတက်ခြင်းကိုသာ ပြု၍ သူတစ်ကို မညှဉ်းဆဲသည်သာတည်း။

ကဏ္ဏိကာ အထွတ်၊ ဂေါပါနသီ အခြင်၊ ဗေလ္လ, ဗေလ, မာတုလုင်္ဂ ရှောက်သီး

ဆောင်ပုဒ်=အဂတိရှောင်ရှား၊ မင်းတရား၊ ကျင့်ကားကျင့်ရမှာ။

၂၅၇။ (၃၉၈) သုတနုဇာတ်၊ သတ္တကနိပါတ် (ဇာတက၊ ၁၊ ၁၅၇။ ဋ္ဌ၊ ၃၊ ၃၀၅ ၃၁၀။ ငါးရာငါးဆယ်၊ တ၊ ၂၄၈ ၂၅၆။)

ပစ္စုပ္ပန်ဝတ္ထု=အမိကို လုပ်ကျွေးသောရဟန်း။

ပစ္စုပ္ပန်ဝတ္ထုသည် မဟာနိပါတ် သုဝဏ္ဏသာမဇာတ်(ခု၊ ၂=ဇာ၊ ၂၊ ၁၇၄ ၁၈၄။ ဋ္ဌ၊ ၆၊ ၈၅ ၈၉)၌ ထင်စွာဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=အမိကိုလုပ်ကျွေးလျက် ဘီလူးထံသို့ ထမင်းပို့သွား၍ ဘီလူးကို ဆုံးမသော ဘုရားအလောင်းသုတနုလုလင်။

သစ္စာတို့ကို ပြသည်၏အဆုံး၌ အမိကိုလုပ်ကျွေးသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

မဃဒေဝဘီလူးသည် အင်္ဂုလိမာလအလောင်း, ဗြဟ္မဒတ်မင်းသည် အရှင်အာနန္ဒာအလောင်းတို့ ဖြစ်ခဲ့၏။

မဃဒေဝ, ဝဋရုက္ခ ပညောင်ပင်

ဆောင်ပုဒ်=မိဘအရေး၊ အသက်ပေး၊ ကျွေးမွေးပြုစုပါ။

မျက်မှောက်၌လျှင်၊ အကျိုးထင်၊ မှန်ပင် ကြီးပွါးရာ။

၂၅၈။ (၅၀၁) ပဏ္ဍကဇာတ်၊ သတ္တကနိပါတ် (ဇာတက၊ ၁၊ ၁၅၉ ၁၆၀။ ဋ္ဌ၊ ၃၊ ၁၁၇ ၃၂၁။ ငါးရာငါးဆယ်၊ တ၊ ၂၆၇ ၂၇၅။)

ပစ္စုပ္ပန်ဝတ္ထု=မယားဟောင်းဖြားယောင်း၍ သာသနာတော်၌ ငြီးငွေ့သောရဟန်း။

အတိတ်ဝတ္ထု=မိမိ၏မိဖုရားကို ပုရောဟိတ်သားအား ခုနစ်ရက်ပေး၍ ခုနစ်စေ့လျှင် ပြန်ပို့ရမည် ဟု ဆိုသော်လည်း ပုရောဟိတ်သားရော မိဖုရားပါ တိုင်းတစ်ပါးသို့ ထွက်ပြေးကြသောကြောင့် ဝမ်းသွေးသွန်သောမင်း၏ရောဂါကို ဆေးမပါပဲ ကုသော ပညာရှိအမတ်သုံးဦး။

မင်းက "သန်လျက်ကို မျိုးခြင်းထက် အလွန်ခက်ခဲသော အကြောင်းသည် ရှိပါသလော? အရှင်မဟာမောဂ္ဂလ္လာန်အလောင်း အာယုရအမတ်က "ဤဥစ္စာကို ပေးအံ့ ပြောဆိုသောစကားသည် သန်လျက်ကို မျိုခြင်းထက် အလွန်ခက်ပါသည်"ဆိုလေသော် မင်းက "ငါသည်လည်း ပုရောဟိတ်သားအား မိဖုရားကို ပေးအံ့ ဟုဆိုမိသည်ကား အလွန်ခက်ခဲသည်ကို ပြုအပ်၏"ဟု ဆင်ခြင်လျှင် မင်း၏စိုးရိမ်မှုသည် အတန်ငယ်လျော့ပါးသွား၏။

ပက္ကုသအမတ်က "ပေးပြီးသောဥစ္စာအပေါ်၌ မတပ်စွန်းသော ပေးခြင်းသည် ထိုဥစ္စာကို ပေးအံ့ ဟု ပြောဆိုသော စကားထက် အလွန်ခက်ခဲပါ၏"ဟု ဆိုလေသော် မင်းက "ငါသည် ပုရောဟိတ်သားအား မိဖုရားကို ပေးအံ့ ရှေးဦးစွာ ဆိုသည်နှင့်လျော်ညီစွာ မိဖုရားကို ပေး၏၊ စင်စစ် ငါသည် အလွန်ခက်ခဲသည်ကို ပြု၏"ဟု ကြံသော မင်းအား စိုးရိမ်ခြင်းသည် အလွန်ခေါင်းပါး၏။

သေနကပညာရှိအမတ်ကား "နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ လှူပြီးသောအလှူနှင့်ပတ်သက်၍ နောင်တတဖန် မပူပန်ခြင်းသည် ထိုပေးခြင်းထက် အလွန်ခက်ခဲလှပါ၏"ဟု လျှောက်တင်သော် မင်းကား "ငါသည် မိမိစိတ်ဖြင့်ပင် ပုရောဟိတ်သားအား မိဖုရားကို ပေးပြီး၍ မိမိစိတ်ကို နိုင်စိမ့်သောငှါ မတတ်နိုင်၊ စိုးရိမ်းပင်ပန်း၏၊ ငါ့အား ဤသို့ဖြစ်ခြင်းသည် မလျောက်ပတ်၊ ထိုမိဖုရားသည် ငါ၌ ချစ်ခြင်းသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤစည်းစိမ်ကို စွန့်၍ မပြေးရာ၊ ငါ၌ ချစ်ခြင်းကိုမပြုမူ၍ ပြေးသောမိဖုရားဖြင့် ငါ့အား အဘယ်ပြုအံ့နည်း?"ဟု ကြံအောက်မေ့သော မင်းအား စိုးရိမ်ခြင်းကင်း၍ ဝမ်းသွေးသွန်ခြင်းသည် ရပ်၏၊ မင်းသည် ရောဂါမရှိ ချမ်းသာခြင်းရှိသည်ဖြစ်၍ ဘုရားအလောင်းအား ချီးမွမ်းလေ၏။

တရားဒေသနာသစ္စာကို ပြသည်၏အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

ထိုရဟန်းသည် မင်း, မယားဟောင်းသည် မိဖုရားတို့ ဖြစ်ခဲ့၏။

ဆောင်ပုဒ်=စိတ်ကြောင့်ဖြစ်လာ၊ ထိုရောဂါ၊ ဆေးမှာ ဘယ်မထင်။
စိတ်ကြောင့်ဖြစ်လာ၊ ထိုရောဂါ၊ ကုပါ စိတ်နှင့်ပင်။

၂၅၉။ (၅၀၂) သတ္တုဘတ္တဇာတ်၊ သတ္တကနိပါတ် (ဇာတက၊ ၁၊ ၁၆၀ ၁၆၁။ ဋ္ဌ၊ ၃၊ ၃၂၁ ၃၃။ ငါးရာငါးဆယ်၊ တ၊ ၂၇၅ ၂၈၈။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏ပညာပါရမီတော်။

ပစ္စုပ္ပန်ဝတ္ထုသည် မဟာနိပါတ် ဥမင်္ဂဇာတ်(ခု၊ ၆=၈၁၊ ၂၊ ၂၀၄)၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=ပုဏ္ဏားအို၏ပြဿနာကို အဖြေရှာပေးသော ဘုရားအလောင်းသေနကပညာရှိ။

ပုဏ္ဏားအိုတစ်ယောက်သည် အလှူခံ၍ရသော အသပြာတစ်ထောင်ကို ပုဏ္ဏားတစ်ဦးထံ၌ အပ်ထား၏၊ ထိုပုဏ္ဏားသည် ထိုငွေများကို သုံးစွဲ၍ ပုဏ္ဏားအိုက တောင်းသောအခါ ငွေမပေးနိုင်၍ ပုဏ္ဏားအိုအား သမီးကို ပေးရ၏၊ ပုဏ္ဏားအိုသည် ဗာရာဏသီပြည်၏အနီး ပုဏ္ဏားရွာတစ်ရွာ၌ နေစဉ် မယားသည် ငယ်သည်ဖြစ်၍ ကာမဂုဏ်တို့၌ မရောင့်ရဲနိုင်ရကား တစ်ယောက်သောပုဏ္ဏားနှင့်တကွ လွန်ကျူးသောအကျင့်ကို ကျင့်၏။

## မရောင့်ရဲသော အရာဝတ္ထု ၁၆ မျိုး

၁။ သမုဒ္ဒရာသည် ခပ်သိမ်းသော မြစ်ရေတို့ဖြင့် မရောင့်ရဲခြင်း၊
၂။ မီးသည် လောင်စာဖြင့် မရောင့်ရဲခြင်း၊

၃။ မင်းသည် တိုင်းပြည်ဖြင့် မရောင့်ရဲခြင်း၊
၄။ မိုက်သောသူသည် ယုတ်မာသောအကျင့်ဖြင့် မရောင့်ရဲခြင်း၊
၅။ မိန်းမသည် မေထုန်အကျင့်, တန်ဆာဆင်ခြင်း, သားဖွားခြင်းတို့ဖြင့် မရောင့်ရဲခြင်း၊
၆။ ပုဏ္ဏားသည် ဗေဒင်ဖြင့် မရောင့်ရဲခြင်း၊
၇။ ဈာန်ရသောပုဂ္ဂိုလ်သည် သမာပတ်ဖြင့် မရောင့်ရဲခြင်း၊
၈။ သေက္ခပုဂ္ဂိုလ်သည် နိဗ္ဗာန်ဖြင့် မရောင့်ရဲခြင်း၊
၉။ အလိုနည်းသောပုဂ္ဂိုလ်သည် ဓုတင်ကျေးဇူးဖြင့် မရောင့်ရဲခြင်း၊
၁၀။ အားထုတ်ခြင်းလုံ့လရှိသောပုဂ္ဂိုလ်သည် လုံ့လဖြင့် မရောင့်ရဲခြင်း၊
၁၁။ တရားဟောပုဂ္ဂိုလ်သည် ဆွေးနွေးခြင်းဖြင့် မရောင့်ရဲခြင်း၊
၁၂။ ရဲရင့်သောပုဂ္ဂိုလ်သည် ပရိသတ်ဖြင့် မရောင့်ရဲခြင်း၊
၁၃။ သဒ္ဓါတရားရှိသောပုဂ္ဂိုလ်သည် သံဃာကို လုပ်ကျွေးခြင်းဖြင့် မရောင့်ရဲခြင်း၊
၁၄။ အလှူပေးတတ်သောပုဂ္ဂိုလ်သည် စွန့်ကြဲခြင်းဖြင့် မရောင့်ရဲခြင်း၊
၁၅။ ပညာရှိသောပုဂ္ဂိုလ်သည် တရားနာခြင်းဖြင့် မရောင့်ရဲခြင်း၊
၁၆။ လေးပါးကုန်သောပရိသတ်တို့သည် ဘုရားရှင်ကို ဖူးမြင်ခြင်းဖြင့် မရောင့်ရဲခြင်း=
ဤတစ်ဆယ့်ခြောက်ပါးတို့တည်း။

သောဠသ ဟိ အတပ္ပနီယဝတ္ထူနိ နာမ။ ကတမာနိ သောဠသ? သာဂရော သဗ္ဗသဝန္တီဟိ န တပ္ပတိ၊ အဂ္ဂိ ဥပါဒါနေန န တပ္ပတိ၊ ရာဇာ ရဇ္ဇေန န တပ္ပတိ၊ ဗာလော ပါပေဟိ န တပ္ပတိ၊ ဣတ္ထီ မေထုနဓမ္မေန အလင်္ကာရေန ဝိဇာယနေနာတိ ဣမေဟိ တီဟိ န တပ္ပတိ၊ ဗြာဟ္မဏော မန္တေဟိ န တပ္ပတိ၊ ဈာယီ ဝိဟာရ သမာပတ္တိယာ န တပ္ပတိ၊ သေက္ခော အပစယေန န တပ္ပတိ၊ အပ္ပိစ္ဆော ဓုတင်္ဂဂုဏေန န တပ္ပတိ၊ အာရဒ္ဓ ဝီရိယော ဝီရိယာရမ္ဘေန န တပ္ပတိ၊ ဓမ္မကထိကော သာကစ္ဆာယ န တပ္ပတိ၊ ဝိသာရဒေါ ပရိသာယ န တပ္ပတိ၊ သဒ္ဓေါ သံဃုပဋ္ဌာနေန နဥတပ္ပတိ၊ ဒါယကော ပရိစ္စာဂေန န တပ္ပတိ၊ ပဏ္ဍိတော ဓမ္မဿဝနေန န တပ္ပတိ၊ စတဿော ပရိသာ တထာဂတဒဿနေန န တပ္ပန္တီတိ။ (ဇာ၊ ဋ္ဌ၊ ၃၊ ၃၂၂။)
ထိုပုဏ္ဏေးမယေ်သည်လည်း မေထုန်အကျင့်ဖြင့် မရောင့်ရဲသည်ဖြစ်၍ လွတ်လပ်စွာ ယုတ်မာသောအကျင့်ကို ကျင့်လိုရကား မျက်နှာမသာသဖြင့် အိပ်သည်ရှိသော် ပုဏ္ဏားက "ရှင်မ...အဘယ်နည်း?"ဟု မေးလျှင် ပုဏ္ဏေးမ ယေ်က "ပုဏ္ဏား...ငါသည် သင့်အိမ်၌ အမှုကို ပြုအံ့သောငှါ မတတ်နိုင်၊ ကျွန်မိန်းမ ကျွန်ယောကျ်ားကို ဆောင်ချေလော့...(ထိုသူတို့အတွက် ပေးရန်) အလှူခံလှည့်လည်၍ ဥစ္စာကို ရှာ၍ ဆောင်ခဲ့လော့"ဟု ဆို၏။ ပုဏ္ဏားသည် "ရှင်မ...ထိုသို့ဆိုလျှင် ငါ့ဖို့ ရိက္ခာကို စီရင်လော့"ဟု ဆို၏၊ ပုဏ္ဏေးမသည် သားရေအိတ်၌ အ ဆုပ်ဖွဲ့အပ်, မဖွဲ့အပ်သော မုန့်တို့ဖြင့်ပြည့်စေ၍ ပေး၏၊ ပုဏ္ဏားသည် လှည့်လည်၍အလှူခံလေသော် အသပြာ ခုနစ်ရာတို့ကိုရ၍ "ငါ့အား ဤမျှသောဥစ္စာသည် ကျွန်မိန်းမ ကျွန်ယောကျ်ားအဖို့ငှါ လောက်ပြီ"ဟု မိမိရွာသို့ ပြန်လာလတ်သော် ရေချမ်းသားရာအရပ်၌ အိတ်ကိုဖြေ၍ မုန့်ကိုစားပြီးလျှင် အိတ်ကို မပိတ်မူ၍ ရေသောက်ရန် သွား၏။

ထိုအခါ မြွေဟောက်တစ်ကောင်သည် မုန့်နံ့ရ၍ အိတ်၌ဝင်၍ခွေလျက် မုန့်ကိုစားကာ အိပ်၏၊ ပုဏ္ဏား သည် ပြန်လာ၍ အိတ်တွင်းကို မကြည့်ပဲ အိတ်ကို ပိတ်၍ ပခုံး၌ထားလျက် သွား၏၊ ရုက္ခစိုးနတ်သည် သစ်ခွ ၌တည်လျက် "ပုဏ္ဏား...ခရီးအကြား၌ အကယ်၍နေလျှင် သင်သည် သေလတ္တံ့၊ ယနေ့ အိမ်သို့ရောက်အောင် သွားလျှင် မယားသေလတ္တံ့"ဟု ဆို၍ ကွယ်၏။ ထိုပုဏ္ဏားသည် သေဘေးဖြင့် ထိတ်လန့်သည်ဖြစ်၍ ငိုးကြွေး လျက် ဗာရာဏသီပြည် တံခါးသို့ရောက်ပြီးလျှင် ဘုရားအလောင်းသေနကသုခမိန်၏တရားဟောရာ ပရိသတ်အ စွန်ဝယ် တရားဟောပလ္လင်၏အနီး၌ ရပ်နေ၏၊ ဘုရားအလောင်းသည် တရားဟောသောအခါ လူများသည် ဝမ်းမြောက်ဝမ်းသာ ကောင်းချီးပေး၍ တရားနာကြ၏။

ဘုရားအလောင်းသည် "ပရိသတ်တို့သည် ဝမ်းမြောက်ဝမ်းသာရှိကြလျက် ဤပုဏ္ဏားကား နလုံးမသာ သာဖြစ်၍ ငို၏၊ ထိုပုဏ္ဏား၏သောကကိုနှစ်စေ၍ နှစ်သက်သောစိတ်ရှိသည်ကို ပြု၍ တရားဟောအံ့"ဟု ထိုပုဏ္ဏား ကိုခေါ်၍ "ပုဏ္ဏား...သေနကပညာရှိမည်သည် ငါပင်တည်း၊ ယခု သင့်အား စိုးရိမ်ခြင်းမရှိသည်ကို ပြုအံ့၊ ရှုံးရှား

ခြင်းကင်းသည်ဖြစ်၍ ဆိုလော့"ဟု ပြောဆို၏။

ပုဏ္ဏားက "ပုဏ္ဏား...သင်အိမ်သို့သွားလျှင် သင်၏မယားသည် သေလိမ့်မည်, အိမ်သို့ မသွားလျှင် သင်သည် သေလိမ့်မည် ဟု ရက္ခစိုးနတ်သည် ငါ့ကို ပြော၏၊ ငါသည် ထိုဆင်းရဲဖြင့် တုန်လှုပ်နေပါ၏၊ သေနကပညာရှိ...ငါ့အား ထိုအကြောင်းကို ဖြေရှင်းပြောကြားပါလော့"ဟု ဆို၏။

ဘုရားအလောင်းသည် စဉ်းစားဆင်ခြင်ပြီးလျှင် ဥပါယ်၌လိမ္မာသော ဉာဏ်ဖြင့်ပင် ဒိဗ္ဗစက္ခုဖြင့် မြင်သကဲ့သို့ "ပုဏ္ဏား...သင်ရေသောက်သွားသောကာလ၌ မုန့်နှံကြောင့် အိတ်တွင်းသို့ မြွေဝင်နေသည် ဟု ငါထင်၏" ဟု ပြောဆို၏။ အိတ်ဝကို ဖြေ၍ ဖဲစေလျက် လှံတံဖြင့် အိတ်ကို ပုတ်ခတ်စေ၏။

ပုဏ္ဏားသည် ဘုရားအလောင်းဆိုတိုင်း ပြု၏၊ မြွေသည်လည်း ပါးပျဉ်းထောင်လျက် အိတ်ဝမှထွက်၏၊ ထိုအခါ ဘုရားအလောင်းအား လူများသည် ပုဆိုးဦးရစ်ပစ်ခြင်း, အံ့သြခြင်း, ကောင်းချီးပေးခြင်းတို့ကို ပြုကုန်၏။ ထို့နောက် အလမ္ဗာယ်တစ်ယောက်သည် မြွေကိုယူ၍ တော၌လွှတ်၏၊

ပုဏ္ဏားသည် ဘုရားအလောင်းအား ချီးမွမ်း၍ "ကျွန်ုပ်၏ခုနစ်ရာသောဥစ္စာတို့ကို ယူပါလော့"ဟု အဖန်ဖန် ဘုရားအလောင်းကို တောင်းပန်၏၊ ဘုရားအလောင်းသည် ပုဏ္ဏား၏ငွေကို မယူသည့်ပြင် ပုဏ္ဏားအား သုံးရာသောဥစ္စာကို ဖြည့်စွက်၍ တစ်ထောင်ကို ပြည့်စေကာ အသပြာတို့ကို ပေးပြီးလျှင် "ပုဏ္ဏား...အဘယ်သူသည် ဥစ္စာရှာစေအပ်သနည်း?"ဟု မေးလျှင် "မယားသည် ရှာစေအပ်၏"ဟု ဆိုလေသော် "မယားသည် အသက်ကြီးသလော? ငယ်သလော?"ဟု မေးလျှင် "ပညာရှိ...ငယ်၏"ဟု ဆို၏။ ဤအသပြာကို အကယ်၍ ယူဆောင်အံ့၊ ထိုပုဏ္ဏေးမငယ်သည် မိမိသယောက်လင်အား ပေးလိမ့်မည်၊ ထို့ကြောင့် ထိုဥစ္စာကို သစ်ပင်ရင်း၌ ဖြစ်စေ, အရပ်တစ်နေရာရာ၌ဖြစ်စေ ထား၍ အိမ်သို့ ဝင်လေလော့"ဟု ဆို၍ ပုဏ္ဏားကို လွှတ်လိုက်၏။

ပုဏ္ဏားသည် သစ်ပင်ရင်း၌ အသပြာတို့ကို ထား၍ ညအခါ အိမ်သို့ သွားသောအခါ မယားသည် သယောက်လင်နှင့်တကွ နေ၏၊ ပုဏ္ဏားသည် "ရှင်မ"ဟု ခေါ်လေသော် မယားသည် တံခါးကို ဖွင့်၍ ပုဏ္ဏား အိမ်တွင်းသို့ ဝင်သည်ရှိသော် သယောက်လင်ကို ထုတ်လျက် တံခါးရင်း၌ထား၍ "ပုဏ္ဏား...သင်သည် အလှူခံ၍ အဘယ်မျှ ရခဲ့သနည်း?"ဟု မေးလျှင် "ရှင်မ...တစ်ထောင်သောဥစ္စာကို ရခဲ့၏"ဟု ဆိုလေသော် "ထိုဥစ္စာသည် အဘယ်မှာနည်း?"ဟု မေးလျှင် "ဤမည်သောအရပ်၌ ထားခဲ့၏၊ ထိုဥစ္စာကို နက်ဖြန် ဆောင်ချေအံ့၊ မကြောင့်ကြပါလင့်"ဟု ဆို၏၊ ပုဏ္ဏေးမငယ်သည် သွား၍ သယောက်လင်အား ကြား၍ ထိုသူသည် ထွက်၍ ထိုဥစ္စာကို ယူလေ၏။

ပုဏ္ဏားသည် နောက်နေ့၌ သွား၍ အသပြာတို့ကို မမြင်သည်ရှိသော် ဘုရားအလောင်းထံသို့သွားလျှင် "ပုဏ္ဏား...အဘယ်နည်း?"ဟု မေးလျှင် "ပညာရှိ...အသပြာတို့ကို မမြင်"ဟု ဆို၏၊ "သင်သည် မယားအား ပြောကြားသလော?"ဟု မေးလျှင်"ပညာရှိ...ပြောကြားမိ၏"ဆိုလေသော် ဘုရားအလောင်းသည် " မယားသည် သယောက်လင်အား ကြားသောအဖြစ်ကို သိ၍ "ပုဏ္ဏား...သင့်မယားအား ဆရာပုဏ္ဏားသည် ရှိသလော?"ဟု မေး၏၊ "ပညာရှိ...ရှိ၏"ဟု ဆို၏။

ဘုရားအလောင်းစစ်ဆေးပုံကား...ဘုရားအလောင်းသည် ပုဏ္ဏားအား ခုနစ်ရက်စာရိက္ခာကိုပေး၍ "ရှေးဦးစွာသောနေ့၌ သင်၏ဆရာ ပုဏ္ဏားခုနစ်ယောက်, သင့်မယား၏ဆရာပုဏ္ဏားခုနစ်ယောက် ဤပုဏ္ဏားတစ်ဆယ့်လေးယောက်တို့ကို ဖိတ်၍ ကျွေးလေလော့၊ နက်ဖြန်မှစ၍ တစ်ယောက်တစ်ယောက်ကို ယုတ်စေ၍ ခုနစ်ရက်မြောက်သောနေ့၌ သင်၏ဆရာပုဏ္ဏားတစ်ယောက်, သင့်မယား၏ဆရာပုဏ္ဏားတစ်ယောက် ဤနှစ်ယောက်တို့ကို ဖိတ်၍ သင်၏မယားသည် ခုနစ်ရက်ပတ်လုံး ဖိတ်အပ်သောပုဏ္ဏား၏မပြတ်လာသည်၏ အဖြစ်ကို သိ၍ ငါ့အား ကြားလော့"ဟု ဆို၏၊ ထိုပုဏ္ဏားသည် "ပညာရှိ...အကျွန်ုပ်သည် မပြတ်လာ၍ စားသောပုဏ္ဏားကို မှတ်အပ်၏"ဟု ဘုရားအလောင်းအား ကြား၏။

ဘုရားအလောင်းသည် ထိုသယောက်လင်ပုဏ္ဏားကို ခေါ်ဆောင်စေ၍ "ဤမည်သောသစ်ပင်ရင်းမှ သင်သည် ဤမည်သောပုဏ္ဏား၏အသပြာတစ်ထောင်ကို ယူသလော?"ဟု မေးလျှင် "ပညာရှိ...မယူ"ဟု ဆို၏၊ ဘုရားအလောင်းက "ပုဏ္ဏား...ငါ့အား သေနကသုခမိန်အဖြစ်ကို မသိသလော?၊ ထိုအသပြာကို ဆောင်စေအံ့"ဟု ဆိုလေသော် ထိုပုဏ္ဏားသည် ကြောက်သည်ဖြစ်၍ "အကျွန်ုပ်သည် ယူအပ်၏"ဟု ဝန်ခံ၍ ထားရာအရပ်ကို မေးလျှင် "ပညာရှိ...ထိုအရပ်၌ပင် ထား၏"ဟု ဆို၏၊ ဘုရားအလောင်းသည်

ပုဏ္ဏားကြီးကို "ပုဏ္ဏား…သင်သည် ထိုပုဏ္ဏေးမကိုပင် မယားဖြစ်စေလိုသလော? တစ်ပါးသောမိန်းမကို ယူလိုသလော?"ဟု မေးလျှင် "ပညာရှိ…ထိုပုဏ္ဏေးမငယ်သည်သာလျှင် အကျွန်ုပ်၏မယားဖြစ်စေလိုပါသည်"ဟု ဆို၏။

ဘုရားအလောင်းသည် လူတို့ကိုစေ၍ ပုဏ္ဏား၏အသပြာတို့ကိုလည်းကောင်း, ပုဏ္ဏေးမငယ်ကိုလည်းကောင်း ဆောင်စေ၍ ခိုးသူပုဏ္ဏား၏လက်မှအသပြာတို့ကို ပုဏ္ဏားကြီးအား ပေးစေ၍ ခိုးသူပုဏ္ဏားအား မင်းဒဏ်ပြုစေ၍ မြို့၌ စည်လည်စေ၍ ပုဏ္ဏေးမအားလည်း မင်းအာဏာကို ပြစေလျက် ပုဏ္ဏားကြီးအား အခြံအရံများစွာကိုပေး၍ မိမိထံ၌ နေစေ၏။

အရှင်အာနန္ဒာသည် ထိုအခါ ပုဏ္ဏား, အရှင်သာရိပုတ္တသည် ရုက္ခစိုးနတ်, ဘုရားရှင်သည် သေနကပညာရှိ ဖြစ်ခဲ့ကြ၏။

ဆောင်ပုဒ်=ပညာရှိအား၊ ဆည်းကပ်ငြား၊ အများချမ်းသာမည်။

၂၆၀။ (၄၀၃) အင္ဒိသေနကဇာတ်၊ သတ္တကနိပါတ် (ဇာတက၊ ၁၊ ၁၆၁-၁၆၂။ ဠ၊ ၃၊ ၃၃၀-၃၃၄။ ငါးရာငါးဆယ်၊ တ၊ ၂၈၈ ၂၉၃။)

ဇာတ်အဋ္ဌကထာ၌ "အင္ဒိသေနဇာတက"ဟု ရှိ၏။

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်သည် အာဠဝီပြည်ကို အမှီပြု၍ အဂ္ဂါဠဝစေတီ၌ သီတင်းသုံးနေတော်မူစဉ် ကုဋိကာရသိက္ခာပုဒ်ကို အကြောင်းပြု၍ ဟောတော်မူခြင်း။ အတောင်းအရမ်းထူသော ရဟန်းများ။

ပစ္စုပ္ပန်ဝတ္ထုကို တိကနိပါတ် မဏိကဏ္ဍဇာတ်(ခု၊ ၅=ဇာ၊ ၁၊ ၇၁ ၇၂။ ဠ၊ ၂၊ ၂၅၇ ၂၅၈)၌ ဆိုအပ်ခဲ့ပြီးသည်သာလျှင်တည်း။

အတိတ်ဝတ္ထု=အရှင်အာနန္ဒာအလောင်းမင်းက ဖိတ်ကြားသော်လည်း ဘာကိုမျှ မတောင်းသော ဘုရားအလောင်းရသေ့။

ဘုရားအလောင်း၏"တောင်းလျှင် မုန်းတတ်သည်"ဟူသောစကား…

ယာစကော အပ္ပိယော ဟောတိ၊ ယာစံ အဒဒမပ္ပိယော။
တသ္မာဟံ တံ န ယာစာမိ၊ မာ မေ ဝိဒေဿနာ အဟု။
(ဇာ၊ ၁၊ ၁၆၁။ ဠ၊ ၃၊ ၃၃၁။)

မဟာရာဇ မြတ်သောမင်းကြီး၊ ယာစကော တောင်းတတ်သောသူကို၊ ဒါယကဿ ပေးတတ်သောသူသည်၊ အပ္ပိယော မချစ်အပ်သည်၊ ဟောတိ ဖြစ်၏၊ ယာစံ တောင်းသောဝတ္ထုကို၊ အဒဒံ(အဒဒမာနော) မပေးသောသူကို၊ ယာစကဿ တောင်းသောသူသည်၊ အပ္ပိယော မချစ်အပ်သည်၊ ဟောတိ ဖြစ်၏၊ တသ္မာ ထို့ကြောင့်၊ မေ ငါ့အား၊ ဝိဒေဿနာ မုန်းခြင်းသည်၊ မာ အဟု မဖြစ်စေသတည်းဟု၊ အဟံ ငါသည်၊ တံ သင်မင်းကြီးကို၊ န ယာစာမိ မတောင်း။

အရှင်အာနန္ဒာအလောင်းဘုရင်မင်း၏လျှောက်ထားသောစကား…

အရှင်အင္ဒိသေန…တောင်း၍အသက်မွေးသောရဟန်းပုဏ္ဏားသည် တောင်းသင့်သောအခါ၌ တောင်းသင့်သောဝတ္ထုကို မတောင်းလျှင် ပေးတတ်သောသူကိုလည်း ကောင်းမှုမှ ယုတ်စေ၏၊ မိမိသည်လည်း ချမ်းသာစွာ အသက်မမွေးရ။ တောင်း၍အသက်မွေးသော ရဟန်းပုဏ္ဏားသည် တောင်းသင့်သောအခါ၌ တောင်းသင့်သောဝတ္ထုကို တောင်းလျှင် ပေးတတ်သောသူကိုလည်း ကောင်းမှုကို ရစေ၏၊ မိမိသည်လည်း ချမ်းသာစွာ အသက်မွေးရ၏။ အရှင်အင္ဒိသေန…ဒါန, ဒါနဖလကို သိကုန်သောပညာရှိတို့သည် လာကုန်သော ယာစကာတို့ကို မြင်၍ အမျက်မထွက်ကုန်၊ အကျွန်ုပ်သည် မြတ်သောအကျင့်ရှိသော အရှင်ဘုရားကို ချစ်အပ်ပါ၏၊ ထို့ကြောင့် အရှင်ဘုရားသည် တစ်စုံတစ်ခု ဆိုဖွယ်စကားရှိပါ, ဆိုသာဆိုပါလော့၊ ပြည်အလုံးကိုလည်း အရှင်ဘုရားအား ပေးအံ့သည်သာတည်း။

ယော ဝေ ယာစနဇီဝါနော၊ ကာလေ ယာစံ န ယာစတိ။
ပရဉ္စ ပုညာ ဓံသေတိ၊ အတ္တနာပိ န ဇီဝတိ။
ယော စ ယာစနဇီဝါနော၊ ကာလေ ယာစံ ဟိ ယာစတိ။
ပရဉ္စ ပုညံ လဗ္ဘေတိ၊ အတ္တနာပိ စ ဇီဝတိ။

န ဝိဒေသဿန္တိ သပ္ပညာ၊ ဒိသွာ ယာစကမာဂတေ။
ဗြဟ္မစာရိ ပိယော မေသိ၊ ဝဒ တွံ ဘညမိစ္ဆသိ။
(ဇာ၊ ၁၊ ၁၆၂။ ဋ္ဌ၊ ၃၊ ၃၃၂။)
ပုည် (သျှ၊က)၊ ဝေ ဒိဿန္တိ (သီ၊ဣ)၊ ဝေ ဒုဿန္တိ (သျှ) ပရူ ဒါယက်(ဇာ၊ ဋ္ဌ၊ ၃၊ ၃၃၂။)

ဘုရားအလောင်း၏ပြန်လည်ပြောကြားသောစကား...
မြတ်သောမင်းကြီး...ဤတောင်းခြင်းမည်သည်ကား ကာမစည်းစိမ်ကို ခံစားကုန်သောလူတို့၏အလေ့အကျင့်တည်း၊ ရဟန်းပြုကုန်သောသူတို့၏အလေ့အကျင့်မဟုတ်၊ ရဟန်းသည် ရဟန်းပြုသောကာလမှစ၍ လူတို့နှင့် မတူသော စင်ကြယ်သော အသက်မွေးခြင်းရှိသည် ဖြစ်ရာ၏။
မြတ်သောမင်းကြီး...အမှန်စင်စစ် ဘုရားအစရှိကုန်သော ပညာရှိတို့သည် မတောင်းကုန်၊ ထိုသို့ပင် မတောင်းငြား သော်လည်း ပညာရှိသော ဒါယကာသည် အလိုလိုသာလျှင် သိခြင်းငှါ ထိုက်၏၊ ဘုရားအစရှိကုန်သော အရိယာသူ တော်ကောင်းတို့သည် (မိမိအလိုရှိသောဝတ္ထုကို) ရည်၍ (ဆွမ်းခံကျင့်ဝတ်ဖြင့်)ရပ်ကုန်၏၊ ဤသို့ရည်၍ ရပ်ခြင်း သည် ဘုရားအစရှိကုန်သော အရိယာတို့၏တောင်းခြင်းမည်၏။
မဟာရာဇ ယာစနာ ဟိ နာမေသာ ကာမဘောဂီနံ ဂိဟီနံ အာစိဏ္ဏာ, န ပဗ္ဗဇိတာနံ၊ ပဗ္ဗဇိတေန ပန ပဗ္ဗဇိတကာလတော ပဋ္ဌာယ ဂိဟီဟိ အသမာနပရိသုဒ္ဓါဇီဝေန ဘဝိတဗ္ဗံ။ (ဇာ၊ ဋ္ဌ၊ ၃၊ ၃၃၃။)
န ဝေ ယာစန္တိ သပ္ပညာ၊ ဓီရော စ ဝေဒိတုမရဟတိ။
ဥဒ္ဒိဿ အရိယာ တိဋ္ဌန္တိ၊ ဧသာ အရိယာန ယာစနာ။
(ဇာ၊ ၁၊ ၁၆၂။ ဋ္ဌ၊ ၃၊ ၃၃၃။)
ထို့နောက် မင်းက နွားမတစ်ထောင်ကို လှူသော်လည်း ဘုရားအလောင်းသည် လက်မခံ။ မင်းသည် ဘုရားအလောင်း၏အဆုံးအမခံ၍ ကောင်းမှုတို့ကို ပြု၍ နတ်ပြည်သို့ လား၏၊ ဘုရားအလောင်းသည်ကား မယုတ်သော ဈာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လား၏။
ဆောင်ပုဒ်=တောင်းလျှင်လည်းမုန်း၊ မပေးမုန်း၊ နှစ်မုန်းမဖြစ်သင့်။

၂၆၁။ (၄၀၅) ဗကဇာတ်၊ သတ္တကနိပါတ် (ဇာတက၊ ၁၊ ၁၆၃ ၁၆၄။ ဋ္ဌ၊ ၃၊ ၃၃၇ ၃၄၃။ ငါးရာငါးဆယ်၊ တ၊ ၂၉၉ ၃၀၇။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်သည် ဗြဟ္မာ့ပြည်သို့ ကြွ၍ ဗကဗြဟ္မာကို ဟောချွတ်တော်မူခြင်း။
ဇာတ်တော်လာ သင်္ချာရေတွက်ပုံ...
၁။ သိန်းတစ်ရာသည် တစ်ကောဋိ(တစ်ကုဋေ)၊ ၂။ ကောဋိသိန်းတစ်ရာသည် တစ်ပကောဋိ၊
၃။ ပကောဋိသိန်းတစ်ရာသည် တစ်ကောဋိပကောဋိ၊ ၄။ ကောဋိပကောဋိသိန်းတစ်ရာသည် တစ်နဟုတ၊
၅။ နဟုတသိန်းတစ်ရာသည် တစ်နိန္နဟုတ၊ ၆။ နိန္နဟုတသိန်းတစ်ရာသည် တစ်အဗ္ဗုဒ၊
၇။ အဗ္ဗုဒသိန်းတစ်ရာသည် တစ်နိရဗ္ဗုဒ၊ နိရဗ္ဗုဒသိန်းတစ်ရာသည် တစ်အဟဟ။
အတိတ်ဝတ္ထု=ဗကဗြဟ္မာ၏ရှေးကောင်းမှုတို့ကို ဘုရားရှင်ဖော်ပြ၍ ဗကဗြဟ္မာသည် ပြန်လည်သတိရခြင်း။
ဘုရားအလောင်းသည် ဗကဗြဟ္မာအလောင်း ကေသဝရသေ့ဖြစ်သောကာလ၌ ကပ္ပမည်သော အမှုကြီးငယ်ကို ရွက်ဆောင်သော တပည့်ရသေ့ဖြစ်ခဲ့၏။
ဗဒ္ဓစရောတိ အဟ္ဂေဝါသိကော။ (ဇာ၊ ဋ္ဌ၊ ၃၊ ၃၄၂။)
ဆောင်ပုဒ်=ဗကဗြဟ္မာ၊ ယူမိစ္ဆာ၊ မြတ်စွာ ပယ်ဖျက်ရှင်း။

၂၆၂။ (၄၀၆)ဂန္ဓာရဇာတ်၊ သတ္တကနိပါတ် (ဇာတက၊ ၁၊ ၁၆၅။ ဋ္ဌ၊ ၃၊ ၃၄၃-၃၄၉။ ငါးရာငါးဆယ်၊ တ၊ ၃၀၈ ၃၁၆။)
ပစ္စုပ္ပန်ဝတ္ထု=အရှင်ပိလိန္ဒဝစ္ဆမထေရ် ဆေးပစ္စည်းများ သိုမှီးသိမ်းဆည်းခြင်း။ သန္နိဓိကာရကသိက္ခာပုဒ်(ဝိ၊၁၊၃၆၃)ပညတ်ခြင်း။
အတိတ်ဝတ္ထု=တိုင်းပြည်နှင့်တကွ မင်းအဖြစ်ကို စွန့်နိုင်ပါလျက် ဆားမျှကို သိုမှီးသော အရှင်အာနန္ဒာအလောင်းရသေ့အား ဘုရားအလောင်းဆရာရသေ့ဆုံးမခြင်း။
ရသေ့နှစ်ပါးလုံးသည် မယုတ်သောဈာန်ရှိကြ၍ ဗြဟ္မာ့ပြည်သို့ လားကြ၏။

ဆောင်ပုဒ်=ပစ္စည်းပစ္စယ၊ သိမ်းဆည်းက၊ ကြောင့်ကြများလှ စိုးရိမ်ရ။

၂၆၃။ (၄၀၈) ကမ္မကာရဇာတ်၊ သတ္တကနိပါတ် (ဇာတက၊ ၁၊ ၁၆၆-၁၆၇။ ဋ္ဌ၊ ၃၊ ၃၅၄ ၃၆၂။ ငါးရာငါးဆယ်၊ တ၊ ၃၂၃ ၃၃၅။)
ပစ္စုပ္ပန်ဝတ္ထု=ညဉ့်အခါ ကာမဝိတက်ကိုကြံကုန်သော ရဟန်းတို့အား ဘုရားရှင်တရားဟောတော်မူခြင်း။
ဝတ္ထုသည် ကောဒသကနိပါတ် ပါနီယဇာတ်(ခု၊ ၅=ဇာ၊ ၁၊ ၂၃၄ ၂၃၅)၌ ထင်စွာ ဖြစ်လတ္တံ့။
အတိတ်ဝတ္ထု=သရက်, လက်ကောက်, သားတစ်, ဥသဘတို့မှ သံဝေဂယူ၍ ပစ္စေကဗုဒ္ဓါဖြစ်ကြသော မင်းများနှင့်
ရသေ့ပြုသော ဘုရားအလောင်းဇနီးမောင်နှံ။

၁။ ကလိင်္ဂတိုင်း ဒန္တရပုရမြို့ ကရဏ္ဍကမင်း...“ဤသရက်ပင်သည် နံနက်တုံးက ကြည့်ရှုသူတို့အား မရောင့်ရဲခြင်းကို ပြု၏၊ အသီးများဖြင့်ဝေဆာလှ၏၊ တင့်တယ်လှ၏၊ ယခုအခါမှာ အသီးများမရှိတော့၍ အခက်စနောင့်စနင်းရှိ၏၊ မတင့်တယ်လှပဲ တည်၏။ ...ထိုသရက်ပင်ကား အသီးမရှိသောကြောင့် ပတ္တမြားတောင်ကဲ့သို့ တင့်တယ်စွာ တည်၏။ ဤသရက်ပင်သည် အသီးရှိသည်၏အဖြစ်ကြောင့် ပျက်စီးခြင်းသို့ ရောက်ရ၏၊ ဤအိမ်၏ အလယ်၌နေခြင်းသည်လည်း အသီးရှိသော သရက်ပင်နှင့် တူ၏၊ ရဟန်းအဖြစ်သည် အသီးမရှိသော သရက်ပင်နှင့် တူ၏၊ ဥစ္စာရှိသောသူအားသာလျှင် ဘေးရှိ၏၊ ဥစ္စာမရှိသောသူအား ဘေးမရှိ၊ ငါသည်လည်း အသီးမရှိသော သရက်ပင်ကဲ့သို့ ဖြစ်ရာ၏”ဟု အသီးရှိသော သရက်ပင်ကို အာရုံပြု၍ သရက်ပင်ရင်း၌ ရပ်လျက်ပင် လက္ခဏာရေးသုံးပါးတို့ကို မှတ်၍ ဝိပဿနာကို ပွားစေလျက် ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေကာ ...ပစ္စေကဗုဒ္ဓါ ဖြစ်လေ၏။

၂။ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည် နဂ္ဂဇိမင်း...လက်တစ်ဖက်တစ်ဖက်၌ တစ်ကွင်းတစ်ကွင်းသော ပတ္တမြားလက်ကောက်ကို ဝတ်၍ နံ့သာသွေးနေသော မိန်းမတစ်ယောက်ကို မြင်၍ ...“ဤလက်ကောက်သည် တစ်ကွင်းစီရှိသော ကာလ၌ မထိ၊ အဖော်ကို စွဲ၍ ထိ၏၊ အသံကိုပြု၏၊ ဤအတူလျှင် သတ္တဝါတို့သည် တစ်ယောက်အထီးတည်း နေကုန်သော် မထိကုန်၊ ခိုက်ရန် မဖြစ်ကုန်၊ နှစ်ယောက်သုံးယောက်ဖြစ်ကုန်၍ အချင်းချင်းထိကုန်၏၊ ခိုက်ရန်ဖြစ်ကုန်၏၊ ငါသည် ဤကသ္မီရဂန္ဓာရ နှစ်ပြည်ထောင်တို့၌ သူတို့ကို စီရင်ရ၏၊ ငါသည်လည်း တစ်ကွင်းသော လက်ကောက်နှင့်တူသည် ဖြစ်၍ သူတစ်ပါးကို မစီရင်မူ၍ မိမိကိုယ်ကိုသာလျှင် စီရင်သဖြင့် နေခြင်းငှာ သင့်၏”ဟု ထိသောလက်ကောက်ကို အာရုံပြု၍ ထိုင်မြဲတိုင်းပင် လက္ခဏာရေးသုံးပါးတို့ကို မှတ်၍ ဝိပဿနာကို ပွားစေ၍ ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေကာ ပစ္စေကဗုဒ္ဓါ ဖြစ်လေ၏။

၃။ ဝိဒေဟတိုင်း မိထိလာပြည် နိမိမင်း...သားတစ်ကို ချီယူသောငှက်ကို အခြားငှက်များက ထိုးဆိတ်၍ ယူခြင်း, သားတစ်ရသွားသောငှက်ကို အခြားသောငှက်များက ထိုးဆိတ်နေကြသော်လည်း သားတစ်မရှိသောငှက်ကိုကား အခြားမည်သည့်ငှက်မှ မထိုးမဆိတ်ခြင်းကို မြင်ရ၍“အကြင်ငှက်သည် သားတစ်ကို ချီယူ၏၊ ထိုငှက်အားသာလျှင် ဆင်းရဲ၏၊ အကြင်ငှက်သည် သားတစ်ကို လွှတ်၏၊ ထိုငှက်အားသာလျှင် ချမ်းသာ၏၊ ဤကာမဂုဏ်ငါးပါးတို့ကို အကြင်သူသည် ယူ၏၊ ထိုသူသည် ဆင်းရဲ၏၊ မယူသောသူအားသာလျှင် ချမ်းသာ၏၊ ...ငါ့အားကား တစ်သောင်းခြောက်ထောင်ကုန်သော မောင်းမတို့သည် ရှိကုန်၏၊ စွန်သည် နှုတ်သီးမှ သားတစ်ကို လွှတ်သကဲ့သို့ ငါသည် ကာမဂုဏ်ငါးပါးတို့ကို စွန့်၍ ချမ်းသာစွာ နေခြင်းငှာ သင့်၏”ဟု ကြံပြီးလျှင် အသင့်အားဖြင့် နှလုံးသွင်း၍ တည်မြဲတိုင်းပင် လက္ခဏာရေးသုံးပါးတို့ကို မှတ်၍ ဝိပဿနာကို ပွားစေလျက် ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေကာ ပစ္စေကဗုဒ္ဓါ ဖြစ်လေ၏။

၄။ ဥတ္တရပဉ္စာလတိုင်း ကပိလမြို့ ဒုမ္မုခမင်း...ဥသဘတို့သည် ခြံမှ ထွက်၍ ကိလေသာ၏အစွမ်းဖြင့် နွားမတစ်ကောင်သို့ လိုက်ကုန်၏၊ ထိုဥသဘတို့တွင် ဦးချိုထက်သော ဥသဘကြီးတစ်ကောင်သည် တစ်ပါးသော ဥသဘကို မြင်၍ ကိလေသာ၌ဝန်တိုခြင်းဖြင့် နိပ်စက်အပ်ရကား ထက်သောဦးချိုဖြင့် ပေါင်ကြား၌ ဝှေ့၏၊ ထိုဥသဘသည် အအူတို့ထွက်ကုန်၍ ထိုအရပ်၌ပင် အသက်ကုန်ရ၏၊ ထိုကို မြင်၍ “ဤသတ္တဝါတို့သည် တိရစ္ဆာန်တို့ကို အစပြု၍ ကိလေသာ၏အစွမ်းဖြင့် ဆင်းရဲခြင်းသို့ ရောက်ရကုန်၏၊ ဤဥသဘသည် ကိလေသာကိုမှီ၍ အသက်ကုန်ခြင်းသို့ ရောက်၏၊ တစ်ပါးသောသတ္တဝါတို့သည်လည်း ကိလေသာ၏အစွမ်းဖြင့် တုန်လှုပ်ကုန်၏၊ ငါသည် ဤသတ္တဝါတို့ကို တုန်လှုပ်စေတတ်သော ကိလေသာတို့ကို ပယ်အံ့သောငှာ သင့်၏”ဟု ကြံပြီးလျှင် ရပ်လျက်ပင် လက္ခဏာရေးသုံးပါးတို့ကို မှတ်၍ ဝိပဿနာကို ပွားစေလျက် ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေကာ ပစ္စေကဗုဒ္ဓါ ဖြစ်လေ၏။

ဘုရားအလောင်းဇနီးမောင်နှံတို့သည် ပစ္စေကဗုဒ္ဓါလေးဆူတို့၏အထံ၌ တရားနာယူကြရပြီးနောက် ရသေ့ပရိဗိုဇ်များပြုကြ၏၊ ဘုရားအလောင်းသည် ရသေ့ပရိဗိုဇ်မကို ဆုံးမ၍ လွှတ်လိုက်၏၊ မိမိသည်ကား ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ရသေ့ပရိဗိုဇ်မသည် ရာဟုလာမယ်တော်အလောင်း,သမီးသည် ဥပ္ပလဝဏ်အလောင်း, သားသည် ရာဟုလာအလောင်းတို့ ဖြစ်ခဲ့ကြ၏။

ဆောင်ပုဒ်=သံဝေဂယူ၊ တောထွက်မူ၊ ထိုသူ ချမ်းသာရ။
လက္ခဏာတင်၊ ရှုဆင်ခြင်၊ မှန်ပင် မဂ်ဖိုလ်ရ။

၂၆၄။ (၅၀၉) ဒဠှဓမ္မဇာတ်၊ သတ္တကနိပါတ် (ဇာတက၊ ၁၊ ၁၆၇ ၁၆၈။ ဋ္ဌ၊ ၃၊ ၃၆၂ ၃၆၆။ ငါးရာငါးဆယ်၊ တ၊ ၃၃၅ ၃၄၁။)
ပစ္စုပ္ပန်ဝတ္ထု=ပျို့ရွယ်စဉ်က ပြုခဲ့ဖူးသော ဘဒ္ဒဝတီကာဆင်မ၏ကျေးဇူးကို မမေ့သင့်ကြောင်းကို ဥဒေနမင်းအား ဆုံးမခြင်း။
အတိတ်ဝတ္ထု=ပျို့ရွယ်စဉ်က ပြုခဲ့ဖူးသော ဩဋ္ဌိဗျာဓိဆင်မ၏ကျေးဇူးကို မမေ့သင့်ကြောင်းကို ဒဠှဓမ္မမင်းအား ဘုရားအလောင်းပညာရှိအမတ်ဆုံးမခြင်း။
ဆောင်ပုဒ်=ကျေးဇူးတရား၊ ရှိသူအား၊ တုန့်ပြားဆပ်ရမှာ။
ကျေးဇူးတရား၊ သိသူကား၊ ကျိုးများ ဖြစ်ထွန်းပါ။

၂၆၅။ (၅၁၁) သုသီမဇာတ်၊ သတ္တကနိပါတ် (ဇာတက၊ ၁၊ ၁၆၉ ၁၇၀။ ဋ္ဌ၊ ၃၊ ၃၆၉ ၃၇၅။ ငါးရာငါးဆယ်၊ တ၊ ၃၄၆ ၃၅၃။)
ပစ္စုပ္ပန်ဝတ္ထု=မဟာဘိနိက္ခမန မြတ်သောတောထွက်တော်မူခြင်း။
အတိတ်ဝတ္ထု=ပြည်စည်းစိမ်းကို စွန့်၍ တောထွက်သော ဘုရားအလောင်းသုသီမမင်း။
(ဗြဟ္မဒတ်မင်းသည် မိမိ၏သူငယ်ချင်းပုရောဟိတ် သုသီမအား မိမိ၏မယ်တော်ကို မိဖုရားကြီးအဖြစ်ထား၍ မင်းအဖြစ် အပ်နှင်းလျက် မိမိက အိမ်ရှေ့မင်းအဖြစ်တည်သော ဇာတ်ဖြစ်၏။)
မိဖုရားသည် ရာဟုလာမယ်တော်အလောင်း, အဆွေခင်ပွန်းမင်းသည် အရှင်အာနန္ဒာအလောင်း, သုသီမမင်းသည် ဘုရားအလောင်းတို့ ဖြစ်ခဲ့ကြ၏။
ဆောင်ပုဒ်=ဆံဖြူကိုမြင်၊ သံဝေစင်၊ တောတွင် ပျော်တော့မည်။

၂၆၆။ (၅၁၂) ခုမ္ဘကာရီဇာတ်၊ သတ္တကနိပါတ် (ဇာတက၊ ၁၊ ၁၇၀ ၁၇၁။ ဋ္ဌ၊ ၃၊ ၃၇၈ ၃၈၁။ ငါးရာငါးဆယ်၊ တ၊ ၃၅၈ ၃၆၂။)
ပစ္စုပ္ပန်ဝတ္ထု=မင်းမှုထမ်းသူရဲဟောင်းတို့အား မချီးမြှောက်ပဲ အသစ်မင်းမှုထမ်းတို့အားသာလျှင် ချီးမြှောက်၍ စစ်ရှုံးရသော ကောသလမင်း။
အတိတ်ဝတ္ထု=အသစ်ဖြစ်သော သူရဲတို့အားသာ ချီးမြှောက်၍ စစ်ရှုံးရသော (အရှင်အာနန္ဒာအလောင်း)ကောရဗျမင်းအား ဆိတ်တို့ကိုမှီ၍ နို့ရည်အစရှိသည်တို့ကို သုံးဆောင်နေရပါလျက် ထိုဆိတ်တို့ကို မရေတွက်မူ၍ အသစ်ဖြစ်သော သရဘသားကောင်းတို့အား ချီးမြှောက်ခြင်းကို ပြုသော်လည်း တန်ဆောင်မုန်းလအခါ၌ ထိုသားကောင်တို့ ပြေးကုန်၍ တောသို့ဝင်ကုန်လတ်သော် ဆိတ်တို့သည်လည်း ပျက်စီးကုန်ရကား သရဘသားကောင်တို့ကို မမြင်ရ၍ စိုးရိမ်ခြင်းဖြင့် သေဆုံးရသော (ပသေနဒီကောသလမင်းအလောင်း)ခုမ္ဘကာရီပုဏ္ဏား၏အကြောင်းကို ပြောဆိုကာ ဆုံးမသော ဘုရားအလောင်းဝိဓုရပညာရှိ။
ဆောင်ပုဒ်=အတွင်းလူအား၊ ချီးမြှောက်စား၊ ကျိုးများဖြစ်ထွန်းသည်။
အပြင်လူအား၊ ချီးမြှောက်စား၊ ကျိုးကား ဆုတ်ယုတ်မည်။

၂၆၇။ (၅၁၄) ဇာဂရဇာတ်၊ သတ္တကနိပါတ် (ဇာတက၊ ၁၊ ၁၇၁ ၁၇၂။ ဋ္ဌ၊ ၃၊ ၃၈၁ ၃၈၄။ ငါးရာငါးဆယ်၊ တ၊ ၃၆၃ ၃၆၇။)
ပစ္စုပ္ပန်ဝတ္ထု=နိုးကြားထကြွသောသီတင်းသည်ကြောင့် လှည်းကုန်သည်တို့သည် ခိုးသားငါးရာတို့ဘေးမှ ကင်းလွတ်ရခြင်း။
အတိတ်ဝတ္ထု=ဥပ္ပလဝဏ်ထေရီအလောင်း ရက္ခစိုးနတ်သမီးမေးသော အိပ်သောသူ, နိုးသောသူအကြောင်းကို ဘုရားအလောင်းရသေ့ဖြေခြင်း။
ဘုရားအလောင်းကား ဈာန်အဘိညာဉ်တို့ကို ရသောရသေ့ဖြစ်ခဲ့၏။

ဆောင်ပုဒ်=ထကြွနိုးကြား၊ ရှိသူကား၊ ကောင်းစားရမည်သာ။
ဇာဂရဇာတ်၊ ထုံးလာရပ်၊ ကောင်းလတ် များတွက်ပါ။

၂၆၈။ (၄၁၅) ကုမ္မာသပိဏ္ဍိဇာတ်၊ သတ္တကနိပါတ် (ဇာတက၊၁၊ ၁၇၂ ၁၇၃။ ဋ၊၃၊ ၃၈၄ ၃၉၃။ ငါးရာငါးဆယ်၊ တ၊ ၃၆၇ ၃၇၇။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်အား မုယောမုန့်ဆုပ် သုံးဆုပ်ကို လှူ၍ နေ့ချင်းပင် မိဖုရားကြီးဖြစ်သော ပန်းသည်ကြီး၏သမီး။
ကောသလမင်းသည် သတို့သမီး၏အိမ်ထောင်မရှိသည်၏အဖြစ်ကို သိရလျှင် မြင်းပေါ်မှဆင်း၍ လေနေပူဖြင့် ပင်ပန်းရကား သူမ၏ရင်ခွင်၌ အိပ်လျက် ခဏအပန်းဖြေ၍...ဟု ဇာတ်အဋ္ဌကထာ၌ပါ၏။
ရာဇာ အဿပိဋ္ဌိယံ နိသိန္နောဝ "သသာမိကာသိ, အသာမိကာသီ"တိ ပုစ္ဆိတွာ အသာမိကဘာဝံ ဉတွာ အဿာ ဩရုယှ ဝါတာတပကိလန္တော တဿာ အင်္ကေ နိပန္နော မုဟုတ္တံ ဝိဿမိတွာ...(ဇာ၊ ဋ။ ၃၊၃၈၄)။
အတိတ်ဝတ္ထု=ဆင်းရဲသားသူခစားဖြစ်စဉ် မိမိ၏နံနက်စာအတွက် မုယောမုန့်ဆုပ်လေးခုတို့ကို ပစ္စေကဗုဒ္ဓါလေးဆူတို့အား လှူဒါန်းခဲ့ရသောကြောင့် မင်းဖြစ်ရသောဘုရားအလောင်း, ကျွန်မဘဝဝယ် မိမိအတွက် ဝေစုရသော ထမင်းကို ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူဒါန်းခဲ့ရသောကောင်းမှုကြောင့် မိဖုရားကြီးဖြစ်ရသော ရာဟုလာမယ်တော်အလောင်း။
ဘုရားအလောင်းဆင်းရဲသား၏ဆုတောင်းကား..."ဘန္တေ ဧတေသံ နိဿန္ဒေန ဒလိဒ္ဒဂေဟေ နိဗ္ဗတ္တိ နာမ မာ ဟောတု၊ သဗ္ဗညုတညာဏပ္ပဋိဝေဓဿ ပစ္စယော ဟောတု (ဇာ၊ ဋ၊ ၃၊ ၃၈၅ ၃၈၆)
အရှင်ဘုရားတို့...ဤမုန့်တို့ကိုလှူရခြင်း၏အကျိုးဆက်ဖြင့် တပည့်တော်အား သူဆင်းရဲအိမ်၌ ဖြစ်ခြင်းမည်သည် မဖြစ်ပါစေသတည်း၊ သဗ္ဗညုတဉာဏ်ကို သိခြင်း၏အကြောင်းပြစ်ပါစေသတည်း"ဟု ဆုတောင်း၏။
နှစ်ဦးလုံးပင် ဘဝဟောင်းကို အောက်မေ့နိုင်သော ဇာတိဿရဉာဏ်ရခဲ့ကြ၏။
အတိတ်ဝတ္ထုသည် နှစ်ခုဖြစ်၏၊ ဘုရားအလောင်းသည် ဗာရာဏသီပြည်ဝယ် ဆင်းရဲသားဘဝနှင့် ဗြဟ္မဒတ်မင်းဘဝတို့ဖြစ်၍ ရာဟုလာမယ်တော်အလောင်းကား သာဝတ္ထိပြည်ဝယ် ကျွန်မဘဝနှင့် ဗြဟ္မဒတ်မင်း၏မိဖုရားကြီးဘဝတို့ဖြစ်ခဲ့၏။

## သုံးတန်စေတနာ ပြဋ္ဌာန်းကာ လှူရာ အကျိုးကြီး

သီလအစရှိသည့် ဂုဏ်ရှိကုန်သော ရဟန်းပုဏ္ဏားတို့၏ဂုဏ်ကို မှတ်၍ စိတ်ကိုကြည်စေလျက် အရဟတ္တဖိုလ်ဖြစ်ခြင်းကို အလိုရှိကုန်သောသူတို့အား စေတနာသုံးတန်တို့ကို သုတ်သင်၍ ပေးလှူအပ်သောအလှူသည် နည်းသည်မည်သည် မရှိချေ၊ ဖြစ်ရာဖြစ်ရာအရပ်(ဘဝ)၌ ကြီးကျယ်သောစည်းစိမ်ကို ပေး၏။
ဂုဏဝန္တာနံ သမဏဗြာဟ္မဏာနံ ဂုဏံ သလ္လက္ခေတွာ စိတ္တံ ပသာဒေတွာ ဖလုပ္ပတ္တိံ ပါဋိကင်္ခမာနာနံ တိသော စေတနာ ဝိသောဓေတွာ ဒိန္နပဒက္ခိဏာ အပ္ပိကာ နာမ နတ္ထိ၊ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ မဟာသမ္ပတ္တိမေဝ ဒေတီတိ ဝတ္တံ ဟောတိ။ (ဇာ၊ ဋ၊ ၃၊ ၃၈၇။)

နတ္ထိ စိတ္တေ ပသန္နမှိ၊ အပ္ပိကာ နာမ ဒက္ခိဏာ။
တထာဂတေ ဝါ သမ္ဗုဒ္ဓေ၊ အထ ဝါ တဿ သာဝကေ။
တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတောပဏိဓိဟေတု ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

ဒါန၏အကျိုးကို ဘုရားအလောင်းများ, ဘုရားရှင်များသည်သာလျှင် သိတော်မူကြကုန်သတတ်။
ဒါနဖလံ ကိရ ဗောဓိသတ္တာ စ သဗ္ဗညုဗုဒ္ဓါယေဝ စ ဇာနန္တိ။ (ဇာ၊ ဋ၊ ၃၊ ၃၈၈။)
ရဟန်းတို့...သတ္တဝါတို့သည် လှူဒါန်းဝေဖန်ခြင်း၏အကျိုးကို ငါဘုရားသိသကဲ့သို့ သိကြကုန်မူ မပေးလှူပဲ မစားကုန်ရာ၊ ဝန်တိုမှုတည်းဟူသော အကုသိုလ်အညစ်အကြေးသည် ထိုသူတို့၏စိတ်ကို သိမ်းကျုံးလွှမ်းမိုး၍ မတည်နိုင်ရာ၊ အလှူခံပုဂ္ဂိုလ်ရှိကုန်မူ ထိုသူတို့သည် နောက်ဆုံးဖြစ်သော ထမင်းလုပ် ထမင်းဆုပ်မှသော်လည်း မခွဲခြမ်း မဝေဖန်မူ၍ မစားကုန်ရာ။ ရဟန်းတို့...သတ္တဝါတို့သည် လှူဒါန်းဝေဖန်ခြင်း၏အကျိုးကို ငါဘုရားသိသကဲ့သို့ မသိကုန်သောကြောင့် မပေးလှူပဲ စားကုန်၏၊ ဝန်တိုမှုတည်းဟူသော အကုသိုလ်အညစ်အကြေးသည် ထိုသူတို့၏စိတ်ကို သိမ်းကျုံးလွှမ်းမိုး၍ တည်လေ၏။ (ဣတိဝုတ်ပါဠိတော် မြန်မာပြန်၊ ဒါနသုတ်၊ ၁၉၁။)

ဝေဒ္ဓေ ဘိက္ခဝေ သတ္တာ ဇာနေယျုံ ဒါနသံဝိဘာဂဿ ဝိပါကံ၊ ယထာဟံ ဇာနာမိ၊ န အဒတွာ ဘုဉ္ဇေယျုံ၊ န စ နေသံ မစ္ဆေရမလံ စိတ္တံ ပရိယာဒါယ တိဋ္ဌေယျ။ ယောပိ နေသံ အဿ စရိမော အာလောပေါ စရိမံ ကဗဠံ၊ တတောပိ န အသံဝိဘဇိတွာ ဘုဉ္ဇေယျုံ၊ သစေ နေသံ ပဋိဂ္ဂါဟကာ အဿု။ ယသ္မာ စ ခေါ ဘိက္ခဝေ သတ္တာ န ဧဝံ ဇာနန္တိ ဒါနသံဝိဘာဂဿ ဝိပါကံ၊ ယထာဟံ ဇာနာမိ၊ တသ္မာ အဒတွာ ဘုဉ္ဇန္တိ၊ မစ္ဆေရမလဉ္စ နေသံ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ။ (ခု၊ ၁၊ ဣတိဝုတ္တက၊ ၂၀၇။ ဇာ၊ ဋ္ဌ၊ ၃၊ ၃၈၈။)

ဆောင်ပုဒ်=စေတနာသုံးတန်၊ ပြတ်သားရန်၊ အမှန်လိုအပ်လှ။

နည်းများမဟူ၊ ပေးလှူမှု၊ ထိုသူကျိုးများရ။

၂၆၉။ (၄၁၆) ပရန္တပဇာတ်၊ဒွိသတ္တကနိပါတ် (ဇာတက၊ ၁၊ ၁၇၃ ၁၇၄။ ဋ္ဌ၊ ၃၊ ၃၉၃ ၃၉၉။ ငါးရာငါးဆယ်၊ တ၊ ၃၇၇ ၃၈၇။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်အား သတ်ရန် ဒေဝဒတ်လုံ့လပြုခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းမင်းသားသည် ရန်သူမင်းကို နိုင်၍ မင်းဖြစ်သော်လည်း ပရန္တပမည်သောကျွန်နှင့် ဖောက်ပြားသော မယ်တော်မိဖုရားကြောင့် ဒေဝဒတ်အလောင်း ဖခင်ဘုရင်လုပ်ကြံခံရခြင်း။

ဘုရားအလောင်းသည် ခပ်သိမ်းသောသတ္တဝါတို့၏အသံကိုသိသောမန္တန်ကို တတ်၏။

မိဖုရား၏သားငယ်မင်းသားသည် ပုရောဟိတ်၏ပြောကြားချက်အရ ပရန္တပသည် သူ၏ဖခင်မဟုတ်ပဲ သူ့ခမည်းတော်ကို သတ်သူဖြစ်ကြောင်းကို သိရသောအခါ ပရန္တပကို သတ်ပြီးနောက် နောင်တော်ဘုရားအလောင်းမင်းထံသို့ ရောက်၍ အိမ်ရှေ့မင်း ဖြစ်ရ၏။

သဗ္ဗရတဇာနနမန္တံ ဥဂ္ဂဏှိ။ (ဇာတက၊ ဋ္ဌ၊ ၃၊ ၃၉၄။)

ပုရောဟိတ်သည် အရှင်အာနန္ဒာအလောင်းဖြစ်၏။

ဆောင်ပုဒ်=လင်ရှိမယား၊ ကျင့်ဖောက်ပြား၊ လင်ကား သေရသည်။

၂၇၀။ (၄၁၈) အဋ္ဌသဒ္ဒဇာတ်၊ အဋ္ဌကနိပါတ် (ဇာတက၊ ၁၊ ၁၇၆ ၁၇၇။ ဋ္ဌ၊ ၃၊ ၄၀၇ ၄၁၃။ ငါးရာငါးဆယ်၊ တ၊ ၃၉၈ ၄၀၈။)

ပစ္စုပ္ပန်ဝတ္ထု=သန်းခေါင်ယာမ်၌ ကောသလမင်း၏ကြားအပ်သော ကြောက်မက်ဖွယ်အသံများကို အကြောင်းပြု၍ ကောသလမင်းအား ဘုရားရှင်ဟောကြားတော်မူခြင်း။

ပစ္စုပ္ပန်ဝတ္ထုသည်ကား စတုက္ကနိပါတ် လောဟကုမ္ဘိဇာတ်(ခု၊ ၅=ဇာ၊ ၁၊ ၁၀၀။ ဋ္ဌ၊ ၃၊ ၄၁ ၄၂)၌ ဆိုအပ်ပြီးသော ဝတ္ထုနှင့် တူသည်သာတည်း။

အတိတ်ဝတ္ထု=အရှင်အာနန္ဒာအလောင်းဗြဟ္မဒတ်မင်းမေးသော ဗျိုင်းသံနိမိတ်စသော အသံနိမိတ်ရှစ်မျိုးအကြောင်းကို ဘုရားအလောင်းရသေ့ဖြေကြားခြင်း။

၁။ ဗျိုင်းသံ, ၂။ ကျီးသံ, ၃။ ဃုဏမည်သောပိုးသံ, ၄။ ဥဩသံ, ၅။ သမင်သံ, ၆။ မျောက်သံ, ၇။ ကိန္နရာသံ, ၈။ ပစ္စေကဗုဒ္ဓါ၏ဥဒါန်းသံ။

မင်းနှင့် ရသေ့ ဆက်သွယ်ပေးသောလုလင်သည် အရှင်သာရိပုတ္တာအလောင်းဖြစ်၏။

ဆောင်ပုဒ်=ယဇ်နတ်ကိုကိုး၊ ပူဇော်မျိုး၊ အကျိုးမရှိပါ။

သတ္တဝါများ၊ ငဲ့သနား၊ လွတ်ငြား ချမ်းမြန်စွာ။

ဇီဝိတဒါန၊ ပေးလှူရ၊ ရှမ်းထ စည်ကိုသာ။

၂၇၁။ (၄၂၀) သုမင်္ဂလဇာတ်၊ အဋ္ဌကနိပါတ် (ဇာတက၊ ၁၊ ၁၇၈ ၁၇၉။ ဋ္ဌ၊ ၃၊ ၄၁၇ ၄၂၂။ ငါးရာငါးဆယ်၊ တ၊ ၄၁၆ ၄၂၃။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်က ကောသလမင်းအား ရာဇောဝါဒသုတ်ကို ဟောတော်မူခြင်း။

အတိတ်ဝတ္ထု=ပစ္စေကဗုဒ္ဓါကို သမင်ထင်မှတ်၍ မြားဖြင့်ပစ်မိသော အရှင်အာနန္ဒာအလောင်း ဥယျာဉ်စောင့်အား ဘုရားအလောင်းဗာရာဏသီမင်းက ခွင့်လွှတ်ခြင်း။

ဆောင်ပုဒ်=မင်းကျင့်တရား၊ ကျင့်သုံးငြား၊ မင်းအား ကြည်ညိုသည်။

၂၇၂။ (၄၂၁) ဂင်္ဂမာလဇာတ်၊ အဋ္ဌကနိပါတ် (ဇာတက၊ ၁၊ ၁၇၉ ၁၈၀။ ဋ္ဌ၊ ၃၊ ၄၂၂ ၄၃၁။ ငါးရာငါးဆယ်၊ တ၊ ၄၂၃ ၄၃၈။)

ပစ္စုပ္ပန်ဝတ္ထု=ဥပုသ်သည်တို့အား ဘုရားရှင် တရားဟောတော်မူခြင်း။

အတိတ်ဝတ္ထု=နေ့ဝက်ဥပုသ်ကြောင့် ဒုတိယဘဝ၌ မင်းဖြစ်သော်လည်း ဆင်းရဲသောဘဝအကြောင်းကို မပြောလိုသော ဘုရားအလောင်း ဥဒယမင်း။

၁။ ဘုရားအလောင်းသည် သူဆင်းရဲမျိုး၌ဖြစ်၍ သုစိပရိဝါရသူဌေးထံ၌ သူရင်းငှါးလုပ်ရသည်၊ ဥပုသ်နေ့ တစ်နေ့ဝယ် မည်သူမျှမပြော၍ ဘုရားအလောင်းသည် အလုပ်ပြီး၍ နေဝင်သောအခါမှ အိမ်ပြန်လာလေသော် အခြားသူတို့ ဥပုသ်စောင့်သုံးနေကြသည်ကို သိသောကြောင့် သူဌေးထံမှ ဥပုသ်သီလကို စောင့်သုံးလေ၏၊ ဘုရား အလောင်းသည် အစားမရှိ၍ သန်းခေါင်ယာမ်ဝယ် လေထ၍ သူဌေးက ဆေးအမျိုးမျိုးကိုကျွေးသော်လည်း ဥပုသ် ကို မဖျက်, အသက်ကုန်ဆုံးသည့်တိုင်အောင် ဆောက်တည်အံ့ ဟု ဆို၏၊ ဝေဒနာပြင်းထန်လာ၍ သေခါနီးချိန် ဝယ် ဗာရာဏသီမင်း၏များစွာသောပရိသတ်နှင့် တကွ မြို့ကိုလှည့်လည်သည်ကို မြင်ရကား ထိုမင်း၏အသရေ ကို ကြည့်၍ လောဘဖြစ်ကာ မင်းအဖြစ်ကို တောင့်တ၍ ကွယ်လွန်လေသော် <u>နေ့ထက်ဝက် ဥပုသ်ဆောက် တည်ခဲ့သောကောင်းမှု၏အကျိုးဆက်ဖြင့် ဗာရာဏသီမင်း၏မိဖုရားကြီး၏ဝမ်း၌ ပဋိသန္ဓေရယူလေ၏။</u>

၂။ ဘုရားအလောင်းသည် "ဥဒယမင်းသား"အဖြစ် မွေးဖွားခဲ့လေ၏၊ ဇာတိဿရဉာဏ်ဖြင့် မိမိ၏ရှေး ကောင်းမှုကို အောက်မေ့လျက် "အပ္ပကဿ ကမ္မဿ ဖလံ မမ ဣဒံ ဤမင်းသားဖြစ်ရခြင်းသည် ငါ၏အနည်း ငယ်သော ကောင်းမှုကံ၏အကျိုးတည်း"ဟု မကြာခဏ ဥဒါန်းကျူးလေ၏၊ ခမည်းတော်နတ်ရွာစံလေသော် မင်း ဖြစ်လေ၏။

ပဝက်မျှသာရှိသော အဓုမာသက(အရှင်အာနန္ဒာအလောင်း)ရေသည်အား တိုင်းပြည်ထက်ဝက်ပေး၍ မင်း စည်းစိမ်ခံစားသောသော်လည်း အဓုမာသကမင်းသည် ကာမဂုဏ်တို့၏အပြစ်ကို မြင်၍ မင်းအဖြစ်ကိုစွန့်လျက် ဟိမ ဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြုကာ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၏။

**ဆောင်ပုဒ်=ဥပုသ်နေ့ဝက်၊ စောင့်သည့်တွက်၊ ကျိုးဆက် မင်းဖြစ်ရ။**

၂၇၃။ (၄၂၂) စေတိယဇာတ်၊ အဋ္ဌကနိပါတ် (ဇာတက၊ ၁၊ ၁၈၀ ၁၈၂။ ဋ္ဌ၊ ၃၊ ၄၃၁ ၄၃၇။ ငါးရာငါးဆယ်၊ တ၊ ၄၃၉ ၄၅၁။)

ပစ္စုပ္ပန်ဝတ္ထု=မုသားစကားပြောသော ဒေဝဒတ်မြေမျိုခံရခြင်း။

အတိတ်ဝတ္ထု=ခုနစ်ကြိမ်တိုင်တိုင် မုသားစကားကို ဆိုသော ဒေဝဒတ်အလောင်းစေတိယမင်း မြေမျို၍ အဝီစိငရဲ၌ ဖြစ်ရခြင်း။

[စေတိယမင်းသည် တန်ခိုးလေးပါးတို့နှင့် ပြည့်စုံ၏၊ (၁) ကောင်းကင်သို့ သွားနိုင်၏၊ (၂) နတ်သားလေးယောက် တို့သည် အရပ်လေးမျက်နှာတို့၌ သန်လျက်ကို ကိုင်ကုန်လျက် စောင့်ကုန်၏၊ (၃) ကိုယ်မှ စန္ဒကူးနံ့လှိုင်၏၊ (၄) ခံတွင်းမှ ကြာညိုနံ့လှိုင်။ ထိုလေးပါးကုန်သောတန်ခိုးတို့သည် စေတိယမင်းမုသားစကားကို ဆိုသည်နှင့် တပြိုင်နက် ကွယ်ကုန်၏၊ စေတိယမင်း၏ခံတွင်းသည် ကြက်ဥပုပ်ကဲ့သို့လည်းကောင်း, ကိုယ်သည် ဖွင့်အပ်သော ဝစ္စကုဋီကဲ့သို့လည်းကောင်း မကောင်းသော အနံ့သည် လှိုင်၏။]

**ဆောင်ပုဒ်=ကိုယ်နှင့်ခံတွင်း၊ ပုပ်နံ့ခြင်း၊ လိမ်ခြင်းမုသားကျိုး။**
**စေတိယမင်း၊ ဖြစ်ပုံသွင်း၊ လိမ်ခြင်းရှောင်မှကိုး။**

၂၇၄။ (၄၂၃) ဣန္ဒြိယဇာတ်၊ အဋ္ဌကနိပါတ် (ဇာတက၊ ၁၊ ၁၈၂ ၁၈၃။ ဋ္ဌ၊ ၃၊ ၄၃၈ ၄၄၅။ ငါးရာငါးဆယ်၊ တ၊ ၄၅၁ ၄၆၃။)

ပစ္စုပ္ပန်ဝတ္ထု=မယားဟောင်းအိမ်ထောင်သစ်ပြုမည်ဆို၍ လူထွက်လိုသောရဟန်း။

အတိတ်ဝတ္ထု=ပြည့်တန်ဆာမကို စွဲလန်းသော နာရဒရသေ့အား ရသေ့လေးပါးနှင့် ဘုရားအလောင်းသရဘင်္ဂရသေ့ဆရာတို့ ဆုံးမကြသဖြင့် ထိုရသေ့သည် ကသိဏ်းပရိကံကို ပြု၍ ပျောက်သောဈာန်ကို ပြန်ရခြင်း။

သစ္စာတို့ကိုပြသည်၏အဆုံး၌ လူထွက်လိုသောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်၏။

နာရဒရသေ့သည် လူထွက်လိုသောရဟန်းအလောင်း, ပြည့်တန်ဆာမသည် မယားဟောင်း, သာလိဿရရသေ့ သည် အရှင်သာရိပုတ္တာအလောင်း, မေဓိဿရရသေ့သည် အရှင်မဟာကဿပအလောင်း, ပဗ္ဗတရသေ့သည် အရှင်အနုရုဒ္ဓါအလောင်း, ကာဠဒေဝိလရသေ့သည် အရှင်ကစ္စာယနအလောင်း, အနုပိယရသေ့သည် အရှင် အာနန္ဒာအလောင်း, ကိသဝစ္ဆရသေ့သည် အရှင်မဟာမောဂ္ဂလ္လာန်အလောင်း, သရဘင်္ဂဆရာရသေ့သည် ဘုရား အလောင်းတို့ဖြစ်ခဲ့ကုန်၏။

**ဆောင်ပုဒ်=ဣန္ဒြေနောက်လိုက်၊ ထိုစိတ်မိုက်၊ ပျက်ပိုက် ဈာန်ချမ်းသာ။**

ဣန္ဒြေလိုလိုက်၊ ငရဲဆိုက်၊ လူနိုက် ဆင်းရဲရာ။

၂၇၅။ (၄၂၄) အာဒိတ္တဇာတ်၊ အဋ္ဌကနိပါတ် (ဇာတက၊ ၁၊ ၁၈၃ ၁၈၄။ ဋ္ဌ၊ ၃၊ ၄၄၅ ၄၅၀။ ငါးရာငါးဆယ်၊ တ၊ ၄၆၃ ၄၇၀။)

ပစ္စုပ္ပန်ဝတ္ထု=စိစစ်ရွေးချယ်၍ ကောသလမင်း အသဒိသဒါန အတုမရှိအလှူပေးခြင်း။

အသဒိသဒါနကို ဒီဃနိကာယ် မဟာဝဂ္ဂအဋ္ဌကထာ မဟာဂေါဝိန္ဒသုတ်အဖွင့်(ဒီ၊ ဋ္ဌ၊ ၂၊ ၂၄၇ ၂၄၈)၌ အကျယ်ချဲ၍ ဆိုအပ်၏။

အတိတ်ဝတ္ထု=သမုဒ္ဒဝိဇယာမည်သော မိဖုရားကြီး၏အစီအရင်ဖြင့် သိဝိတိုင်း ရောရုဝပြည် ရောရုဝမင်းကြီးသည် စိစစ်ရွေးချယ်လှူလို၍ ပန်းခုနစ်ဆုပ်ကို သစ္စာတမန်ပြုလျက် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား ပင့်ခြင်း။

ပစ္စေကဗုဒ္ဓါ ခုနစ်ဆူတို့ ကြွလာ၍ မင်း, မိဖုရားတို့၏အလှူကို ခံယူကြခြင်း၊ မင်း, မိဖုရားတို့က ခုနစ်ရက်ပတ်လုံး ဆွမ်းဆက်ကပ်၍ နောက်ဆုံးနေ့၌ သင်္ကန်းစသော ပရိက္ခရာတို့ကို လှူဒါန်းကြခြင်း။

သံဃာ့ထေရ်က အနုမောဒနာတရားဟော...

[အကြီးဆုံးပစ္စေကဗုဒ္ဓါအရှင်မြတ်ကို (သံဃတ္ထေရော) သံဃာ့ထေရ် ဟု သုံးထား၏။]

အာဒိတ္တသ္မိံ အဂါရသ္မိံ၊ ယံ နီဟရတိ ဘာဇနံ။

တံ တဿ ဟောတိ အတ္ထာယ၊ နော စ ယံ တတ္ထ ဍယှတိ။

ဧဝမာဒီပိတော လောကော၊ ဇရာယ မရဏေန စ။

နီဟရေထေဝ ဒါနေန၊ ဒိန္နံ ဟောတိ သုနီဟိတံ။

(ဇာ၊ ၁၊ ၁၈၃။ ဋ္ဌ၊ ၃၊ ၄၄၇။)

မဟာရာဇ မြတ်သောမင်းကြီး၊ အာဒိတ္တသ္မိံ မီးလောင်၍ ပြောင်ပြောင်တောက်သော၊ အဂါရသ္မိံ အိမ်၌၊ ယံ ဘာဇနံ အကြင်အသုံးအဆောင်ကို၊ နီဟရတိ ထုတ်ဆောင်၏၊ တတ္ထ ထိုအိမ်၌၊ ယံ ဘာဇနံ အကြင်အသုံးအဆောင်ကို၊ နော ဍယှတိ မီးမလောင်၊ တံ ဘာဇနံ ထိုအသုံးအဆောင်သည်၊ တဿ ထိုအိမ်ရှင်၏၊ အတ္ထာယ အကျိုးငှာ၊ ဟောတိ ယထာ ဖြစ်သကဲ့သို့၊ ဧဝံ တထာ ထို့အတူ၊ လောကော လောကသည်၊ ဇရာယ စ အိုခြင်းမီးသည်လည်းကောင်း၊ မရဏေန စ သေခြင်းမီးသည်လည်းကောင်း၊ အာဒီပိတော ပြောင်ပြောင်တောက်လောင်၏၊ ဒါနေန ဒါနစေတနာဖြင့်၊ နီဟရေထေဝ အသုံးအဆောင်ကို ထုတ်ဆောင်ရာသည်သာလျှင်တည်း၊ ယံ ဒါနံ အကြင်အလှူဝတ္ထုကို၊ ဒိန္နံ လှူအပ်သည်၊ ဟောတိ ဖြစ်၏၊ တံ ဧဝ ထိုအလှူဝတ္ထုသည်သာလျှင်၊ သုနီဟိတံ ကောင်းစွာထုတ်ဆောင်အပ်သော ဉစ္စာမည်သည်၊ ဟောတိ ဖြစ်၏။

ကြွင်းသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်လည်း အသီးအသီး အနုမောဒနာပြုကုန်၏။

သမုဒ္ဒဝိဇယာမိဖုရားကြီးသည် အရှင်ရာဟုလာမယ်တော်အလောင်း, ရောရုဝမင်းကြီးသည် ဘုရားအလောင်းတို့ ဖြစ်ခဲ့ကြ၏။

ဆောင်ပုဒ်=အလှူခံမြတ်၊ ပေးလှူလတ်၊ ရောက်အပ်ထက်နတ်ပြည်။

၂၇၆။ (၄၂၅) အဋ္ဌာနဇာတ်၊ အဋ္ဌကနိပါတ် (ဇာတက၊ ၁၊ ၁၈၄ ၁၈၅။ ဋ္ဌ၊ ၃၊ ၄၅၀ ၄၅၄။ ငါးရာငါးဆယ်၊ တ၊ ၄၇၀ ၄၇၈။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်သည် ကိလေသာကြောင့် ငြီးငွေ့သောရဟန်းအား မိန်းမတို့၏အပြစ်ကိုပြခြင်း။

အတိတ်ဝတ္ထု=တစ်နေ့ အသပြာတစ်ထောင်ပေး၍ ပြည့်တန်ဆာမနှင့် ပျော်မွေ့သောသူဌေးသားသည် မင်းထံမှအပြန် အချိန်မရှိ၍ ငွေပြန်မယူနိုင်၍ ငွေမပါပဲ လာသောသူဌေးသားကို ပြည့်တန်ဆာမက ဆွဲထုတ်စေသဖြင့် မိန်းမကို မုန်း၍ ရသေ့ပြုကာ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေသောအခါ မင်းဒဏ်ဖြင့် ပြည့်တန်ဆာမလာခေါ်သော်လည်း "ယုန်ချို, လိပ်မွေး စသည့် မဖြစ်နိုင်ရာကို တွေ့ရမှ ပြန်မည် ဟု ပြောသော ဘုရားအလောင်းရသေ့။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်၏၊

မင်းသည် အရှင်အာနန္ဒာအလောင်း, ရသေ့သည် ဘုရားအလောင်းတို့ ဖြစ်ခဲ့ကြ၏။

ဆောင်ပုဒ်=မိန်းမယုတ်လတ်၊ ပြစ်မှားတတ်၊ ပြုအပ်ကျေးဇူး မသိဘူး။

၂၇၇။ (၄၂၆) ဒီပိဇာတ်၊ အဋ္ဌကနိပါတ် (ဇာတက၊ ၁၊ ၁၈၅ ၁၈၆။ ဋ္ဌ၊ ၃၊ ၄၅၅ ၄၅၈။ ငါးရာငါးဆယ်၊ တ၊ ၄၇၈ ၄၈၃။)

ပစ္စုပ္ပန်ဝတ္ထု=ဆိတ်ကုလားမ၏မာယာဟန်ကြောင့် ကျားသစ် မဖမ်းနိုင်၍ ဘေးမှလွတ်ခြင်း။
အတိတ်ဝတ္ထု=မာယာဟန်အသုံးမှား၍ ကျားသစ်စားခံရသော ဆိတ်ကုလားမ။
ယခုအခါ ကျားသစ်ဘေးမှလွတ်သော ဆိတ်ကုလားမသည် ထိုအခါ ကျားသစ်စားခံရသော ဆိတ်ကုလားမဖြစ်ခဲ့၏။
ဘုရားရှင်သည် ထိုအခါ ထိုအကြောင်းအရာအားလုံးကို မြင်ရသော ရျာန်အဘိညာဉ်ရရသေ့ဖြစ်တော်မူခဲ့၏။
ဆောင်ပုဒ်=အပြစ်ရှာနေ၊ သူထံဖြေ၊ ဆင်ခြေ ကျိုးမဲ့ပါ။
လို့လက်ပြ၊ အားထုတ်မှု၊ ကျိုးပြု ဘေးကင်းကွာ။

၂၇၈။ (၄၂၈) ကောသမ္ဗိယဇာတ်၊ နဝကနိပါတ် (ဇာတက၊ ၁၊ ၁၈၈ ၁၈၉။ ဋ္ဌ၊ ၃၊ ၄၆၂ ၄၆၆။ ငါးရာငါးဆယ်၊ တ၊ ၄၉၀ ၄၉၈။)
ပစ္စုပ္ပန်ဝတ္ထု=သုတ္တန်ဆောင်နှင့် ဝိနည်းဆောင်ရဟန်းတို့ အသင်းကွဲမှု ဘုရားရှင်ဟောကြားဆုံးမ တားမရခြင်း။
ဝတ္ထုသည် ကောသမ္ဗကက္ခန္ဓက(ဝိ၊ ၃၊ ၄၈၀)၌ လာသည်သာတည်း။
အတိတ်ဝတ္ထု=ခမည်းတော်ကို သတ်သောရန်သူဗြဟ္မဒတ်မင်းကိုပင် မိဘစကားကို နားထောင်၍ သည်းခံသော ဘုရားအလောင်း ဒီဃာဝုမင်းသား၏သာဓကကို ပြ၍ဟောသော်လည်း မရ၍ ပါလိလေယျကတောအုပ်သို့ ဘုရားရှင်ကြွတော်မူခြင်း။
ဒီဃာဝုမင်းသား၏ခမည်းတော်သည် သုဒ္ဓေါဒနမင်းကြီးအလောင်း, မယ်တော်သည် မဟာမာယာအလောင်းတို့ ဖြစ်ခဲ့ကြ၏။
ဆောင်ပုဒ်=ရဟန်းများစွာ၊ ကွဲပြားရာ၊ ဒကာစောင့်ထိန်းရ။
ဝမ်းပိုက်ကိုထိ၊ မခံချိ၊ ပြန်ညှိ ညီညွတ်ကြ။

၂၇၉။ (၄၃၁) ဟရိတစဇာတ်၊ နဝကနိပါတ် (ဇာတက၊ ၁၊ ၁၉၁ ၁၉၂။ ဋ္ဌ၊ ၃၊ ၄၇၃ ၄၇၇။ ငါးရာငါးဆယ်၊ တ၊ ၅၀၉ ၅၁၇။)
ပစ္စုပ္ပန်ဝတ္ထု=တန်ဆာဆင်အပ်သော မာတုဂါမကိုမြင်၍ သာသနာတော်၌ ငြီးငွေ့သောရဟန်း။
အတိတ်ဝတ္ထု=မိဖုရား၏ခါးဝတ်လျှောကျသည်ကို ကောင်းကင်ဖြင့် ကြွလာသော ဘုရားအလောင်းဟရိတစရသေ့သည် မြင်သောအခါ နှစ်ကုဋေအသိန်းကာလဝယ် ကိုယ်တွင်း၌ ငြိမ်ဝပ်စွာနေသော ကိလေသာသည် ပခြုပ်၌အိပ်သော မြွေဟောက်ကဲ့သို့ ထ၍ ရျာန်ကို ကွယ်စေ၏၊ ဘုရားအလောင်းသည် သတိကို ဖြစ်စေခြင်းငှါ မတတ်နိုင်ရကား မိဖုရားလက်ကို ဆွဲကိုင်၏၊ တင်းတိမ်ကိုကာရံလျက် မိဖုရားနှင့်တကွ လူတို့၏အကျင့်ကို မှီဝဲ၏၊ ထိုအခါမှစ၍ နေ့တိုင်း ထိုအတူလျှင် ပြုကျင့်၏။
ပစ္စန္တရစ်ကို ငြိမ်းစေ၍ ပြန်လာသောမင်းအား အမတ်တို့၏လျှောက်တင်သော ထိုအကြောင်းကို ကြားသောအခါ မင်းသည် မိဖုရားကို မေးလျှင် မိဖုရားက "ဟုတ်မှန်ကြောင်း"ပြောကြားသော်လည်း မယုံကြည်သေး၍ ဥယျာဉ်တော်သို့ သွား၍ ရသေ့အား..."ဗြဟ္မာကြီးသဖွယ်ဖြစ်သော အရှင်ဘုရား...ဟရိတစရှင်ရသေ့သည် စင်ကြယ်သည်ဖြစ်၍နေ၏လော?၊ ကာမဂုဏ်တို့ကို၊ ခံစား၏၊ ဤစကားကို တပည့်တော် ကြားရ၏၊ ထိုစကားသည် မမှန်သောစကားလော?၊ အရှင်ဘုရားသည် စင်ကြယ်စွာ နေပါ၏လော?"ဟု မေး၏။ ဟရိတစရသေ့သည် "ငါကား ကာမဂုဏ်ကို မခံစား ဟု ဆိုအပ်သော်လည်း ဤမင်းသည် ငါ၏စကားကို ယုံအံ့သည်သာတည်း၊ ဤလောက၌ သစ္စာနှင့်တူသော ကိုးကွယ်ရာမည်သည် မရှိ၊ သစ္စာကို စွန့်ကုန်သော သူတို့သည် ဗောဓိပင်ရင်း၌နေ၍လည်း သဗ္ဗညုတဉာဏ်တော်သို့ ရောက်သောငှါ မတတ်နိုင်ကုန်၊ ငါသည် မှန်သောစကားကို ဆိုခြင်းငှာသာ သင့်၏"ဟု ကြံ၍ "မြတ်သောမင်းကြီး...သင်မင်းကြီးကြားသည့်အတိုင်း မှန်၏၊ ငါသည် မိုက်စေတတ်ကုန်သော ကာမဂုဏ်တို့၌မက်မောသည်ဖြစ်၍ မှားသောခရီးသို့ ရောက်မိပါ၏"ဟု ပြောဆိုလေ၏။
ဘုရားအလောင်းအဖို့အရာ အချို့ကုန်သောအရာတို့၌ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, သုရာမေရယမဇ္ဇပါနတို့သည် ဖြစ်ကုန်သေးသော်လည်း အကျိုးစီးပွါးကို ပျက်စီးစေတတ်သော ချွတ်ယွင်းခြင်းကို ဖြစ်စေတတ်သော စေတနာကို ရှေ့သွားပြု၍ မုသားဆိုခြင်းမည်သည်ကား မဖြစ်။
ဣမသ္မိံ လောကေ သစ္စသဒိသီ ပတိဋ္ဌာ နာမ နတ္ထိ။ ဥဇ္ဈိတသစ္စာ ဟိ ဗောဓိမူလေ နိသီဒိတွာ ဗောဓိံ ပါပုဏိတုံ န သက္ကောန္တိ၊ မယာ သစ္စမေဝ ကထေတုံ ဝဋ္ဋတိ။...ဗောဓိသတ္တဿ ဟိ ဧကစ္စေသု ဌာနေသု ပါဏာတိပါတောပိ အဒိန္နာဒါနမ္ပိ ကာမေသုမိစ္ဆာစာရောပိ သုရာမေရယမဇ္ဇပါနမ္ပိ ဟောတိယေဝ၊ အတ္ထဘေဒကဝိသံဝါဒနံ ပုရက္ခတွာ

မှသာဝါဒေါ နာမ န ဟောတိ။ (ဇာ၊ ဋ္ဌ၊ ၃၊ ၄၇၅။)

မင်းက "ပညာဖြင့် ရာဂကို မပယ်ဖျောက်နိုင်ပါလျှင် ထိုပညာသည် အဘယ်အကျိုးရှိတော့အံ့နည်း?"ဟု ဆိုလျှင် ဟရိတစရသေ့က "မြတ်သောမင်းကြီး...လောက၌ အကြင်ရာဂအစရှိသော တရားတို့မှာ ပညာသည် တည်ရာကိုမရ၊ ရာဂ, ဒေါသ, မဒ(မာန်ယစ်ခြင်း), မောဟ ဤလေးပါးသောတရားတို့သည် အလွန်အားကြီးကုန်, ပြင်းထန်ပါကုန်၏"ဟု ပြောဆို၏။

စတ္တာရောမေ မဟာရာဇ၊ လောကေ အတိဗလာ ဘုသာ။
ရာဂေါ ဒေါသော မဒေါ မောဟော၊ ယတ္ထ ပညာ န ဂါဓတိ။

မင်းက "ဟရိတစရသေ့သည် ပူဇော်ခြင်းကို ခံထိုက်၏၊ စင်ကြယ်စွာ ကျင့်၏၊ ကိလေသာကို ဖျက်ဆီးတတ်သော ပညာလည်းရှိ၏၊ အကျိုးအကြောင်းကို သိသောပညာလည်းရှိ၏"ဟု တပည့်တော်တို့သည် အရှင့်ကို သမုတ်အပ်ပါ၏"ဟု ဆို၏။ ရသေ့က "မင်းကြီး...ယုတ်မာကုန်သော တင့်တယ်၏ဟု အာရုံကို ယူခြင်း၌ ဖြစ်ကုန်၍ ရာဂနှင့်စပ်ကုန်သော ဝိတက်တို့သည် ရသေ့တို့ တရားကျေးဇူး၌ မွေ့လျော်ကုန်သော ပညာရှိတို့အားလည်း ညှဉ်းဆဲကုန်၏"ဟု ပြောဆို၏။

မေဓာဝီနမ္ပိ ဟိံသန္တိ၊ ဣသိံ ဓမ္မဂုဏေ ရတံ။
ဝိတက္ကာ ပါပကာ ရာဇ၊ သုဘာ ရာဂူပသံဟိတာ။

မင်းက "အရှင်ဘုရား...အရှင်ဘုရား၏ကိုယ်မှ ဖြစ်၍ အဆင်းကျေးဇူးကို ဖျက်ဆီးတတ်သော ရာဂကို အရှင်ဘုရားသည် ပယ်ပါလော့၊ အရှင်ဘုရားအား ကောင်းခြင်းသည် ဖြစ်ပါစေသတည်း၊ အရှင်ဘုရားကို လူအများသည် ပညာရှိ၏ဟူ၍ သမုတ်အပ်ပါ၏"ဟု လျှောက်လေသော် ဘုရားအလောင်းရသေ့က "မြတ်သောမင်းကြီး...ကန်းသည်၏အဖြစ်ကိုပြုတတ်ကုန်သော များစွာသော ဆင်းရဲရှိကုန်သော ကိလေသာဟူသော များစွာသော အဆိပ်ဖြစ်ကုန်သော ထိုကာမဂုဏ်တို့ကို ငါသည် ပယ်ပါအံ့၊ ထိုကာမဂုဏ်တို့၏မသင့်သောအားဖြင့် နှလုံးသွင်းခြင်းဟူသော အမြစ်ကို ရှာ၍ အနှောင်အဖွဲ့နှင့် တကွသော၌ရာဂကို ဖြတ်အံ့"ဟု ပြောဆိုပြီးလျှင်

တေ အန္ဓကာရကေ ကာမေ၊ ဗဟုဒုက္ခေ မဟာဝိသေ။
တေသံ မူလံ ဂဝေသိဿံ၊ ဆေစ္ဆံ ရာဂံ သဗန္ဓနံ။

(ဇာတက၊ ၁၊ ၁၉၁ ၁၉၂။ ဋ္ဌ၊ ၃၊ ၄၇၅ ၄၇၆။)

ကျောင်းသို့ဝင်၍ ကသိုဏ်းဝန်းကို ကြည့်၍ တစ်ဖန် ပျောက်သောဈာန်ကို ဖြစ်စေ၍ ကျောင်းမှထွက်၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေ၍ မင်းအား တရားဟောကာ "မြတ်သောမင်းကြီး...ငါသည် မနေအပ်သော အရပ်၌နေခြင်းကြောင့် လူများအလယ်၌ ကဲ့ရဲ့အပ်သောအဖြစ်သို့ ရောက်၏၊ သင်မင်းကြီးသည် မမေ့မလျော့ဖြစ်ရစ်လော့၊ ငါသည်ကား ယခုတစ်ဖန် မိန်းမနံ့ မနံသော တောအုပ်သို့သာလျှင် သွားတော့အံ့"ဟု ပြောဆို၍ မင်းသည် ငိုကြွေးစဉ်ပင် ဟိမဝန္တာသို့ သွား၍ မယုတ်သော ဈာန်ရှိရကား ဗြဟ္မာ့ပြည်သို့ လားရ၏။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ငြီးငွေ့သောရဟန်းသည် အရဟတ္တဖိုလ်၌ တည်၏။

မင်းကား အရှင်အာနန္ဒာအလောင်းဖြစ်ခဲ့၏။

ဆောင်ပုဒ်=ကာမဂုဏ်များ၊ မက်မောငြား၊ လမ်းမှားရောက်တတ်ပါ။
လျှင်မြန်စွာလျှင်၊ သတိယှဉ်၊ ဉာဏ်ဝင် ပယ်စွန့်ရာ။

၂၀၀။ (၄၃၂) ပဒကုသလမာဏဝဇာတ်၊ နဝကနိပါတ်(ဇာတက၊ ၁၊၁၉၂ ၁၉၃။ ဋ္ဌ၊ ၃၊၄၇၇ ၄၈၈။ ငါးရာငါးဆယ်၊ တ၊၅၁၇ ၅၃၆။)

ပစ္စုပ္ပန်ဝတ္ထု=ခြေရာကောက်အတတ်ကျွမ်းကျင်သော ခုနစ်နှစ်သားအရွယ်သူကြွယ်သား။

အတိတ်ဝတ္ထု=မိခင်အဿမုခီဘီလူး၏သင်ပေးလိုက်သော ခြေရာကောက်အတတ်ဖြင့် ခိုးသူမင်းနှင့် ပုရောဟိတ်တို့ကို ဖမ်းစေသော ဘုရားအလောင်းပဒကုသလလုလင်။ အမှုကို ကြားနာရာ၌ စည်းဝေးသောသူတို့သည် အမျက်ထွက်ကုန်လျက် မင်းနှင့် ပုရောဟိတ်ကို ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်၍ ဘုရားအလောင်းကို အဘိသိက်သွန်း၍ မင်းမြှောက်ကုန်၏။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ သူကြွယ်သားအဖတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။

ပဒကုသလလုလင်၏အဖပုဏ္ဏားသည် အရှင်မဟာကဿပအလောင်းတည်း။

ဆောင်ပုဒ်=ကိုးကွယ်ရာမှ၊ ဘေးဖြစ်က၊ မုချ ကြောက်ဖွယ်ရာ။

ပဒကုသလ၊ ဇာတ်တော်က၊ ထုတ်ပြ ပုံထုံးပါ။

၂၈၁။ (၄၃၃) လောမသကဿပဇာတ်၊ နဝကနိပါတ်(ဇာတက၊ ၁၊၁၉၃-၁၉၄။ ဋ၊ ၃၊၄၈၈ ၄၉၃။ ငါးရာငါးဆယ်၊တ၊ ၅၃၆ ၅၄၄။)
ပစ္စုပ္ပန်ဝတ္ထု=ကိလေသာကြောင့် သာသနာတော်၌ ငြီးငွေ့သောရဟန်း။
အတိတ်ဝတ္ထု=ရသေ့မြတ်၏အကျင့်ပြင်းထန်မှုကြောင့် ရာထူးမလျှော့ကျမည်ကို စိုးရိမ်သော သိကြားမင်း၏ဖြားယောင်းသွေးဆောင်မှုအရ မင်းက မိမိ၏သမီးတော်ဖြင့် မျှား၍ ကိလေသာတုန်လှုပ်ခြင်းကြောင့် မင်းသမီးနှင့် တွဲလျက် ယဇ်ပွဲဝင်ရမည့်ဆဲဆဲသော ဘုရားအလောင်းလောမသကဿပရသေ့၊ ရသေ့သည် မဂ်လာဆင်ကို သတ်ရန် သန်လျက်ချိမလတ်သော် ဆင်သည် သေဘေးဖြင့် ကြောက်၍ ကြီးစွာ မြည်၏၊ ကြွင်းသော ဆင်, မြင်း, ဥသဘအစရှိသည်တို့လည်း ကြောက်၍ မြည်ကုန်လတ်သော် ဘုရားအလောင်းရသေ့ ပြန်လည် သတိသံဝေဂရလျက် "မင်းကြီး...ငါသည် ထက်သောအကျိုးရသော ကာမလျှင် အကြောင်းရှိသော ထိုအမှုကို လောဘလျှင် ပြုအပ်၏၊ ထိုလောဘ၏မသင့်မတင့်သော နှလုံးသွင်းခြင်း၏အမြစ်ကို ငါသည် ရှာ၍ အနှောင်အဖွဲ့နှင့်တကွသော ရာဂကို ဖြတ်အံ့"ဟု ဆို၍ ကသိုဏ်းကို နှလုံးသွင်း၍ ပျောက်သောဈာန်ကို တစ်ဖန် ဖြစ်စေလျက် မင်းအား ဆုံးမလျက် ယဇ်တွင်းကို ဖျက်စေကာ လူအများအား ဘေးမဲ့ကို ပေးစေ၍ မင်းတောင်းပန်စဉ်ပင်လျှင် မိမိနေရာသို့သွား၍ အသက်၏အဆုံး၌ ဗြဟ္မာ့ပြည်သို့ လား၏။
ငြီးငွေ့သောရဟန်းသည်၌သောတာပတ္တိဖိုလ်၌တည်၏။ သေယျအမတ်သည် အရှင်သာရိပုတ္တာအလောင်းတည်း။
ဆောင်ပုဒ်=အားတကာတွင်၊ မိန်မလျှင်၊ အားအင်ကြီးလှပါ။ သဗ္ဗဗလေဟိ ဣတ္ထိဗလမေဝ မဟန္တံ။(ဇာ၊ဋ၊၃၊၄၉၂)

၂၈၂။ (၄၃၅) ဟလိဒ္ဒိရာဂဇာတ်၊ နဝကနိပါတ် (ဇာတက၊ ၁၊ ၁၉၅ ၁၉၆။ ဋ၊ ၃၊ ၄၉၈ ၅၀၁။ ငါးရာငါးဆယ်၊ တ၊ ၅၅၁ ၅၅၅။)
ပစ္စုပ္ပန်ဝတ္ထု=အပျိုကြီးဖြားယောင်းခံရသော ရဟန်းတစ်ပါး။
ဝတ္ထုသည်ကား တေရသကနိပါတ် စူဠနာရဒဇာတ်(ခု၊ ၅=ဇာ၊ ၁၊ ၂၆၁)၌ ထင်စွာ ဖြစ်လတ္တံ့။
အတိတ်ဝတ္ထု=မိန်းမဖျက်ဆီးခံရသော သားရသေ့က ဖခင်ရသေ့အား "ဖခင်...ကျွန်ုပ်သည် ရွာသို့ သွား၍ အဘယ်သို့သော သီလအကျင့်ရှိသော ယောက်ျားကို မှီဝဲရအံ့နည်း?"ဟု မေးလျှင်...
ဖခင်ရသေ့က "၁။ မကောင်းမှုမရှိသူကို ဆည်းကပ်ပါ, ၂။ မာနမရှိသူကို ဆည်းကပ်ပါ, ၃။ ချစ်လွယ်မုန်းလွယ်သူ (နနွင်းဆိုးရေ, မျောက်စိတ်ကဲ့သို့ စိတ်မတည်တံ့သူ), ဒေါသကြီးသူကို ရှောင်ပါ, ၄။ လူမိုက်နှင့် မပေါင်းနှင့်"ဟု ဆုံးမ၏။
ရသေ့ငယ်က ရွာသို့ သွား၍ ဖခင်ကဲ့သို့သော ပညာရှိကို မရနိုင် ဟု မသွားတော့ပဲ ဖခင်ရသေ့၏အဆုံးအမဖြင့် ကသိုဏ်းပရိကံကို ပြု၍ အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေကာ ဗြဟ္မာ့ပြည်သို့ လား၏။
သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်၏။
ငြီးငွေ့သောရဟန်းသည် ထိုအခါ ရသေ့ငယ်, အပျိုကြီးသည် သတို့သမီး, ဘုရားရှင်သည် ဖခင်ရသေ့တို့ ဖြစ်ခဲ့ကုန်၏။
ဆောင်ပုဒ်=ကိုယ်နှုတ်စိတ်ထား၊ မကောင်းငြား၊ သူ့အား ရှောင်လေပါ။
မာနမဲ့မှု၊ ထိုသသူ၊ မှီယူဆည်းကပ်ရာ။
ချစ်လွယ်မုန်းလွယ်၊ ထိုသူဝယ်၊ လွယ်လွယ်ရှောင်ထိုက်ပါ။
ဒေါသကြီးသူ၊ ဝေးဝေးမှ၊ လွယ်ကူရှောင်သင့်ပါ။

၂၈၃။ (၄၃၆) သမုဂ္ဂဇာတ်၊ နဝကနိပါတ် (ဇာတက၊ ၁၊ ၁၉၆ ၁၉၇။ ဋ၊ ၃၊ ၅၀၁ ၅၀၆။ ငါးရာငါးဆယ်၊ တ၊ ၅၅၆ ၅၆၃။)
ပစ္စုပ္ပန်ဝတ္ထု=မာတုဂါမကို တောင့်တ၍ သာသနာတော်၌ ငြီးငွေ့သောရဟန်း။
အတိတ်ဝတ္ထု=ဒါနဝရက္ခိုသ်သည် မိန်းမကို ကြွတ်၌ထည့်၍ ဝမ်း၌မျိုးထားသော်လည်း မလုံခြုံ၊ ဝိဇ္ဇာဓိုရ်နှင့် ဖောက်ပြန်သည်ကို ဘုရားအလောင်း ဒိဗ္ဗစက္ခုရသေ့က မြင်ခြင်း။
ဆောင်ပုဒ်=စောင့်ရှောက်လျက်ပင်၊ ယုတ်မာချင်၊ များဖြင် မိန်းမတွေ။

၂၈၄။ (၄၄၀)ကဏှဇာတ်၊ ဒသကနိပါတ် (ဇာတက၊ ၁၊ ၂၀၂-၂၀၃။ ဋ္ဌ၊ ၄၊ ၇ ၁၅။ ငါးရာငါးဆယ်၊ တ၊ ၅၉၀ ၆၀၂။)

ပစ္စုပ္ပန်ဝတ္ထု=အတိတ်ဖြစ်ရပ်တစ်ခုကို အကြောင်းပြု၍ ဘုရားရှင်ပြုးတော်မူခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်း ကဏှရသေ့ဖြစ်စဉ် သိကြားမင်းဆုပေး၍ သိကြားမင်းအား တရားဟောခြင်း။

ဘုရားအလောင်းသည် ဗာရာဏသီပြည်ဝယ် ကုဋေရှစ်ဆယ်ကြွယ်ဝသော ပုဏ္ဏားဇနီးမောင်နှံတို့၏သားဖြစ်၍ မည်းသောအဆင်းရှိသည်၏အဖြစ်ကြောင့် "ကဏှသတို့သား"ဟု အမည်ရှိ၏၊ တက္ကသိုလ်ပြည်၌ ပညာသင်ပြီးလျှင် ပြန်လာကာ မိဘတို့၏ကွယ်လွန်သောအခါ ခပ်သိမ်းသော စည်းစိမ်ဥစ္စာကို စီရင်၏၊ တစ်နေ့သ၌ ရွှေပေကို ဖတ်လေသော် "ဖြစ်စေအပ်သောဥစ္စာတို့သာ ထင်၍ ဥစ္စာကို ဖြစ်စေတတ်သောသူတို့ကား မထင်ကုန်၊ တစ်ယောက်သော မည်သည့်သူမျှလည်း ဤဥစ္စာထုပ်ကို တမလွန်သို့ ယူအံ့သောငှါ မစွမ်းနိုင်။

၁။ ရန်သူမျိုးငါးပါးတို့၏ဆက်ဆံသည်၏အဖြစ်ကြောင့် အနှစ်မရှိသော ဥစ္စာ၏အနှစ်ကား အလှူပေးခြင်းတည်း။

၂။ များစွာသောရောဂါတို့နှင့် ဆက်ဆံသည်၏အဖြစ်ကြောင့် အနှစ်မရှိသောကိုယ်၏အနှစ်ကား သီလရှိကုန်သော သူတို့၌ ရှိခိုးခြင်းအစရှိသော အဖြစ်တည်း။

၃။ အနိစ္စတာ(မမြဲသည်၏အဖြစ်)သည် နှိပ်စက်အပ်သည်၏အဖြစ်ကြောင့် အနှစ်မရှိသော အသက်၏အနှစ်ကား အနိစ္စ အစရှိသည်တို့၏အစွမ်းအားဖြင့် ဝိပဿနာစီးဖြန်းခြင်းတည်း။

ပဥ္စန္နံ ဝေရာနံ သာဓာရဏဘာဝေန ဟိ အသာရဿ ဓနဿ ဒါနံ သာရော၊ ဗဟုရောဂသာဓာရဏဘာဝေန အသာရဿ သရီရဿ သီလဝန္တေသု အဘိဝါဒနာဒိကမ္မံ သာရော၊ အနိစ္စာဘိဘူတဘာဝေန အသာရဿ ဇီဝိတဿ အနိစ္စာဒိဝသေန ဝိပဿနာယောဂေါ သာရော၊ တသ္မာ အသာရေဟိ ဘောဂေဟိ သာရဂ္ဂဟဏတ္ထံ ဒါနံ ဒဿာမိတိ။ (ဇာတက၊ ဋ္ဌ၊ ၄၊ ၇-၈။)

ထို့ကြောင့် "ငါသည် အနှစ်မရှိကုန်သော ဥစ္စာတို့မှ အနှစ်ကို ယူအံ့သောငှါ အလှူပေးအံ့"ဟု ကြံပြီးလျှင် ခုနစ်ရက်တိုင်အောင် အလှူပေးသော်လည်း ဥစ္စာတို့သည် မကုန်နိုင်ရကား အိမ်၌တံခါးအားလုံးကို ဖွင့်စေ၍ "ငါလှူအပ်၏၊ ဆောင်ယူကြကုန်လော့"ဟု မစင်ကို စက်ဆုပ်သကဲ့သို့ ဝတ္ထုကာမတို့ကို ပယ်၍ ဟိမဝန္တာသို့ဝင်လျက် ရသေ့ရဟန်းပြုပြီးလျှင် ဣန္ဒဝါရုဏီမည်သောသစ်ပင်ကို ဆွမ်းခံရွာပြု၍ ထိုသစ်ပင်ရင်း၌ပင် နေ၏၊ အရည ကင်, ရုက္ခမူ, အဗ္ဘောကာသိက, နိသဇ္ဇိကင်တို့ကို ဆောက်တည်၍ မြေ၌သာ အိပ်၏၊ မီးလွတ်အစာကိုသာလျှင် စား၏၊ သလေး, မယောအစရှိသော အစာကိုမစား၊ တစ်နေ့၌ တစ်ကြိမ်သာလျှင်စားသော ဧကာသနိက်ခုတင် ဆောက်တည်၏။ (အနဂ္ဂိပက္ကမေဝ ခါဒတိ=မီးဖြင့်မချက်သောအစာကိုသာလျှင် စား၏။)

ဘုရားအလောင်းရသေ့သည် အလွန်အလိုနည်း၏၊ မကြာမြင့်မီပင် အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေ၍ ဈာန်ကစားလျက် ထိုအရပ်၌ပင် နေ၏၊ သစ်သီးကြီးငယ်အလို့ငှါလည်း အရပ်တစ်ပါးသို့ မသွားပဲ မိမိနေသော သစ်ပင်၏ အသီးသီးသောကာလ၌ သစ်သီးကိုစား၏၊ ပွင့်သောကာလ၌ အပွင့်ကိုစား၏၊ အရွက်ရှိသောကာလ၌ အရွက်ကိုစား၏၊ အရွက်မရှိသောကာလ၌ အပွေးကိုစား၏၊ ဘုရားအလောင်းသည် နံနက်အခါ သစ်သီးမှည့်တို့ ကို ယူသော်လည်း လောဘ၏အစွမ်းအားဖြင့် ကျက်စားခြင်းမရှိသဖြင့်(လောလုပ္ပစာရဖြင့်)ထ၍ တစ်ပါးသော အရပ်၌ မယူ၊ ထိုင်းမြဲတိုင်းလျှင် လက်ကို ဖြန့်၍ လက်ဖြန့်ရာ၌ တည်သောသစ်သီးတို့ကို ယူ၏၊ ထိုသစ်သီးတို့ တွင်လည်း နှစ်သက်ဖွယ်အသီးတို့ကို မရွေးမူ၍ ရတိုင်းသောအသီးကိုသာလျှင် ယူ၏။

## ပဏ္ဍုကမ္ဗလာ၊ မြကျောက်ဖြာ၊ ပူရာ ကြောင်းလေးမျိုး

၁။ သိကြားမင်း၏အသက်ကုန်(အာယုက္ခယ)သဖြင့်လည်း ပဏ္ဍုကမ္ဗလာသည် ပူ၏၊

၂။ သိကြားမင်း၏ကောင်းမှုကုန်(ပုညက္ခယ)သဖြင့်လည်း ပဏ္ဍုကမ္ဗလာသည် ပူ၏၊

၃။ တစ်ပါးသော အာနုဘော်ရှိသောသူသည် ထိုသိကြားအရာကို တောင့်တသဖြင့်လည်း ပဏ္ဍုကမ္ဗလာ သည်ပူ၏၊

၄။ တရားစောင့်ကုန်သော ကြီးသောတန်ခိုးရှိကုန်သော ရဟန်းပုဏ္ဏားတို့၏သီလတန်ခိုးအားဖြင့်လည်း ပဏ္ဍုကမ္ဗလာသည် ပူ၏။ [ငါးရာငါးဆယ်ဇာတ်ဝတ္ထု၌ကား ဒါနတန်ခိုးအားဖြင့်လည်း ပူ၏ ဟု လာ၏။]

တံ ကိရ သက္ကဿ အာယုက္ခယေန ဝါ ဥဏှံ ဟောတိ ပုညက္ခယေန ဝါ၊ အညသ္မိံ ဝါ မဟာနုဘာဝ သတ္တေ တံ ဌာနံ ပတ္ထေန္တေ, ဓမ္မိကာနံ ဝါ မဟိဒ္ဓိကသမဏဗြာဟ္မဏာနံ သီလတေဇေန ဥဏှံ ဟောတိ။ (ဇာ၊ ဋ္ဌ၊ ၄၊ ၈ ၉။)

မှတ်ချက်။ ။ [ဝိသယှသူဌေး၏ဒါန၏အာနုဘော်ကြောင့် သိကြားမင်း၏ဘုံဗိမာန်တုန်လှုပ်၍ ပဏ္ဍုကမ္ဗလာ ပူသောအခြင်းအရာကို ပြ၏ ဟု စတုက္ကနိပါတ် ဝိသယှဇာတ်၌ လာ၏။

တဿ ဇမ္ဗုဒီပံ ဉန္နဂ်လံ ကတွာ ဒါနံ ဒဒတော ဒါနာနုဘာဝေန သက္ကဿ ဘဝနံ ကမ္ပိ၊ သက္ကဿ ဒေဝရညော ပဏ္ဍုကမ္ဗလသိလာသနံ ဥဏှာကာရံ ဒဿေသိ။ (ဇာ၊ ဋ္ဌ၊ ၃၊ ၁၁၈။)]

ထိုလေးမျိုးအနက် ဘုရားအလောင်း၏သီလတန်ခိုးအားဖြင့် သိကြားမင်း၏ပဏ္ဍုကမ္ဗလာသည် ပူသော အခြင်းအရာကို ပြလေသော် သိကြားမင်းသည် ဆင်ခြင်၍ သိရကား ဆင်းသက်လာ၍ လိုအပ်သောဆုကို တောင်း ပါ ဆိုလျှင် ဘုရားအလောင်းက...

၁။ အမျက်မထွက်ခြင်း၊ ၂။ မပြစ်မှားခြင်း၊ ၃။ လောဘမရှိခြင်း၊

၄။ ချစ်ခြင်းမရှိခြင်း။ ၅။ အကျင့်မြတ်၏အန္တရာယ်အနာရောဂါ မဖြစ်လိုခြင်း၊

၆။ ဒုစရိုက်ကို မပြုရလိုခြင်း=ဤခြောက်ပါးသောဆုများးကို တောင်း၏။

သိကြားမင်းသည်လည်း ထိုသစ်ပင်ကို ချိုးသောအသီးရှိသည်ကို ပြုပြီးလျှင် ဘုရားအလောင်းကို လက်အုပ် ချီမိုး ရှိခိုးလျက် "ဤအရပ်၌ပင် အနာရောဂါမရှိ ဖြစ်ပါစေသတည်း"ဟု ဆို၍ တာဝတိံသာနတ်ပြည်သို့ ပြန်သွား ၏၊

ဘုရားအလောင်းသည်လည်း မယုတ်သောဈာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လား၏။

အရှင်အနုရုဒ္ဓါသည် သိကြားမင်းဖြစ်၍, ဘုရားရှင်သည် ကဏှပညာရှိရသေ့ဖြစ်ခဲ့၏။

**ဆောင်ပုဒ်=ရောင့်ရဲခြိုးခြံ၊ အကျင့်မှန်၊ နိဗ္ဗာန်ရောက်ကြောင်းမှတ်။**

၂၈၅။ (၄၄၁)စတုပေါသထိကဇာတ်၊ ဒသကနိပါတ် (ဇာတက၊ ၁၊ ၂၀၃ ၂၀၄။ ဋ္ဌ၊ ၄၊ ၁၅။ ငါးရာငါးဆယ်၊ တ၊ ၆၀၂။)
မဟာနိပါတ် **ပုဏ္ဏကဇာတ်**(ဇာတက၊ ၂၊ ဝိဓုရဇာတ်၊ ၂၇၅ ၃၁၁?)၌ ထင်စွာ ဖြစ်လတ္တံ့။

၂၈၆။ (၄၄၂) သင်္ခဇာတ်၌ဒသကနိပါတ် (ဇာတက၊ ၁၊ ၂၀၅ ၂၀၇။ ဋ္ဌ၊ ၄၊ ၁၅ ၂၂။ ငါးရာငါးဆယ်၊ တ၊ ၆၀၂ ၆၁၃။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်နှင့်တကွ ရဟန်းငါးရာတို့အား ခုနစ်ရက်ပတ်လုံး အလှူကြီးပေး၍ ခုနစ်ရက်မြောက်နေ့၌ ဖိနပ်အဦး ထား၍ ပရိက္ခရာရှစ်ပါးလုံး လှူသော ဒါယကာ။ ဘုရားရှင်အား တစ်ထောင်တန်ဖိနပ်, အဂ္ဂသာဝကနှစ်တို့အား ငါးရာ တန်ဖိနပ်များနှင့် ကြွင်းသောရဟန်းတို့အား တစ်ရာတန်ဖိနပ်တို့ကို လှူခြင်း။

ဘုရားရှင်က "ရှေး၌ ဘုရားမပွင့်မီ ပစ္စေကဗုဒ္ဓါအား ဖိနပ်တစ်ရန်ကို လှူသောကြောင့် သင်္ဘောပျက်သည်ရှိသော် တည်ရာမရှိသော သမုဒ္ဒရာ၌လည်း ဖိနပ်လှူသောအကျိုးဆက်ဖြင့် တည်ရာရကုန်ပြီ၊ သင်သည်ကား ဘုရားအမှူးရှိ သော သံဃာအား အလုံးစုံသော ပရိက္ခရာကို လှူ၏၊ သင်၏ဖိနပ်အလှူ၏အကျိုးသည် အဘယ်ကြောင့် တည်ရာမှီခို ရာ မဖြစ်လတ္တံ့နည်း?"ဟု မိန့်တော်မူ၍ အတိတ်ဆောင်တော်မူ၏၊ ထိုဒါယကာသည် သောတာပတ္တိဖိုလ်၌တည်၏။

အတိတ်ဝတ္ထု=ဘုရားအလောင်းသင်္ခပုဏ္ဏားသည် ကုန်ရောင်းအသွား သင်္ဘောပေါ်မတက်မီ အရှင်ပစ္စေကဗုဒ္ဓါအား ဖိနပ်လှူရ သော အကျိုးကြောင့် သင်္ဘောပျက်သော်လည်း မဏိမေခလာနတ်သမီးကယ်မ ခံရခြင်း။

ထိုစဉ်က ဗာရာဏသီပြည်သည် "မောဠိနီ"အမည်ရှိ၏၊ ဘုရားအလောင်းသင်္ခပုဏ္ဏားကား ချမ်းသာကြွယ်၍ နေ့စဉ် ခြောက်သိန်းတို့ကို စွန့်လှူ၏၊ သုဝဏ္ဏဘူမိသို့ ကုန်ရောင်းရန်အသွား သင်္ဘောပေါ်သို့ မတက်မီ အရှင်ပစ္စေက ဗုဒ္ဓါအား မိမိစီးသော ဖိနပ်နှင့် ဆောင်းသောထီးကို လှူပြီးလျှင် သင်္ဘောစီး၍ ခရီးထွက်လေသော် သမုဒ္ဒရာထဲ၌ သင်္ဘောပျက်လေ၏၊ဘုရားအလောင်းသည် အလုပ်အကျွေးနှင့်တကွ ထောပတ် သကာတို့ကို စား၍ လင်းယဉ်ကိုင် ဖျားသို့ တက်၍ မိမိတို့မြို့ဘက်ကို မှန်း၍ ခုန်ချကာ ခုနစ်ရက်ပတ်လုံး ကူးလေ၏၊ ဘုရားအလောင်းသည် ဆားငန် ရေဖြင့် ခံတွင်းကိုဆေး၍ ဥပုသ်ဆောက်တည်သည်သာတည်း။

**မဏိမေခလာနတ်သမီးတာဝန်ကား...** လောကပါလနတ်သားလေးယောက်တို့က နတ်သမီးကို သမုဒ္ဒရာ ၌ သင်္ဘောပျက်သည်ရှိသော် (၁) ရတနာသုံးပါးကို ကိုးကွယ်သောသူ, (၂) သီလနှင့်ပြည့်စုံသောသူ, (၃) မိဘတို့

ကို လုပ်ကျွေးသော သူတို့သည် အကယ်၍ ဆင်းရဲခြင်းသို့ ရောက်ကုန်သည်ဖြစ်အံ့၊ ထိုသူတို့ကို စောင့်ရှောက်ကယ်တင်လေလော့-ဟု သမုဒ္ဒရာ၌ စောင့်ရှောက်စိမ့်သောငှါ ထား၏။

တဒါ ပန စတူဟိ လောကပါလေဟိ မဏိမေခလာ နာမ ဒေဝဓီတာ "သစေ သမုဒ္ဒေ နာဝါယ ဘိန္နာယ တိသရဏဂတာ ဝါ သီလသမ္ပန္နာ ဝါ မာတာပိတုပဋ္ဌာကာ ဝါ မနုဿာ ဒုက္ခပ္ပတ္တာ ဟောန္တိ၊ တေ ရက္ခေယျာသိ" တိ သမုဒ္ဒေ အာရက္ခဏတ္ထာယ ဌပိတာ ဟောတိ။ (ဇာ၊ ဋ္ဌ၊ ၄၊ ၁၇။)

နတ်သမီးသည် နတ်အစာကို ဘုရားအလောင်းအား ကျွေးသော်လည်း ဘုရားအလောင်းက "သင့်ထမင်းကို ဖယ်ဦးလော့၊ ငါသည် ဥပုသ်ဆောက်တည်၏"ဆို၏။ ...နတ်သမီးက သင်တောင့်တအပ်သော စည်းစိမ်အားလုံးကို ငါပေးအံ့"ဟု ဆိုလေသော် ဘုရားအလောင်းက "ငါပြုအပ်သောကောင်းမှုကြောင့် ပေးလိုသလော? သင်၏အစွမ်းဖြင့် ပေးလိုသလော?"ဟု နတ်သမီးကို မေး၏။ နတ်သမီးက...

ယမှေ ပထေ ဗြာဟ္မဏ ကောဘိကွဲ၊ ဥဂ္ဂဋ္ဌပါဒံ တသိတံ ကိလန္တံ။

ပဋိပါဒယိ သန် ဥပါဟနာနိ၊ သာ ဒက္ခိဏာ ကာမဒုဟာ တဝ'ဇ္ဇ။

(ဇာ၊ ၁၊ ၂၀၆။ ဋ္ဌ၊ ၄၊ ၂၀။)

သန် သန်အမည်ရှိသော၊ ဗြာဟ္မဏ ပုဏ္ဏားး၊ တွံ သင်သည်၊ ယမှေ ပထေ ပူလှစွာသော သဲပြင်ခရီး၌၊ ဥဂ္ဂဋ္ဌပါဒံ သဲပူ,ကျောက်တို့ဖြင့် ထိပါးသော ခြေတော်ရှိထသော၊ တသိတံ ရေမွတ်သည်ဖြစ်၍၊ ကိလန္တံ ပင်ပန်းသော၊ ကောဘိကွဲ ကိလေသာတို့ကို မဂ်ဉာဏ်ဖြင့် ဖျက်ဆီးပြီးသော အရှင်ပစ္စေကဗုဒ္ဓါတစ်ပါးကို၊ ဥပါဟနာနိ ဖိနပ်တို့ကို၊ ပဋိပါဒယိ လှူ၏၊ အဇ္ဇ ယခု၊ တဝ သင်၏၊ သာ ဒက္ခိဏာ ထိုအလှူတည်းဟူသော မျိုးစေ့သည်၊ ကာမဒုဟာ တောင့်တအပ်သော မြတ်သောအကျိုးကို ပေးတတ်၏။

ကာမဒုဟာတိ သဗ္ဗကာမဒါယိကာ။ (ဇာ၊ ဋ္ဌ၊ ၄၊ ၂၀။)

နတ်သမီး၏စကားကို ကြားရသော ဘုရားအလောင်းသည် "ဤသို့ တည်ရာကို မရကောင်းသော မဟာသမုဒ္ဒရာ၌လည်း ငါလှူအပ်သော ဖိနပ်အလှူသည် ငါ့အား တောင့်တအပ်သော အလုံးစုံသောစည်းစိမ်ကို ပေးသည် ဖြစ်၏တကား၊ အရှင်ပစ္စေကဗုဒ္ဓါအား လှူအပ်သောဝတ္ထုကို ကောင်းစွာ လှူအပ်စွ၊ အံ့ဩဖွယ်ရှိစွ"ဟု နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ "နတ်သမီး...စေ့စပ်သော ပျဉ်ချပ်တို့ဖြင့် ဖြစ်၍ ရေတစ်ပေါက်မျှ မဝင်နိုင်သော လှေကို ဖန်ဆင်း၍ ကောင်းစွာ ယူ၍ သွားတတ်သော လေနှင့်ယှဉ်သည် ဖြစ်စေပါလော့...ယနေ့ပင် ငါ့ကို မောဠိနီပြည်သို့ ရောက်စေပါလော့"ဟု ပြောဆို၏၊ နတ်သမီးသည် ဘုရားအလောင်း၏စကားကို ကြားလျှင် နှစ်သက်သောစိတ်ရှိရကား ရတနာလှေကို ဖန်ဆင်း၍ ရတနာခုနစ်ပါးဖြင့် ပြည့်စေပြီးလျှင် ဘုရားအလောင်းပုဏ္ဏားကို လည်၌ဖက်၍ တန်ဆာဆင်အပ်သော သင်္ဘောလှေပေါ်သို့ တက်စေ၏၊ ထိုဘုရားအလောင်း၏အလုပ်အကျွေးကိုကား မကြည့်ချေ၊ ဘုရားအလောင်းသည် မိမိပြုအပ်သော ကောင်းမှုမှ ထိုအလုပ်အကျွေးအား အဖို့ကို ပေးဝေ၏၊ ထိုအလုပ်အကျွေးသည် သာဓု, သာဓု ဟု ဝမ်းမြောက်၏၊ ထိုအနုမောဒနာကုသိုလ်ကို ဖြစ်စေသောအခါ၌ ထိုအနုမောဒနာကုသိုလ်ဆက်ကြောင့် နတ်သမီးသည် ထိုအလုပ်အကျွေးကိုလည်း လည်၌ဖက်၍ သင်္ဘောလှေ၌ တည်စေ၏၊ ထိုနှစ်ယောက်သောသူတို့ကို တင်ပြီးသောအဆုံး၌ မောဠိနီမြို့သို့ ပို့ဆောင်၍ ဘုရားအလောင်းသန်ပုဏ္ဏားအိမ်၌ ရွှေငွေစသောဥစ္စာကို တည်စေပြီးလျှင် မိမိနေရာဗိမာန်သို့သာ ပြန်သွားလေ၏။ [ငါးရာငါးဆယ်ဇာတ်ဝတ္ထု၌ကား...ကြည့်ကာသာ နေ၏-ဟု ပါရှိ၏။]

ဒေဝတာ တံ နာဝံ သတ္တန္နံ ရတနာနံ ပူရေတွာ ဗြာဟ္မဏံ အာလိင်္ဂိတွာ အလင်္ကတနာဝါယ အာရောပေသိ၊ ဥပဋ္ဌာကံ ပနဿ န ဩလောကေသိ။ ဗြာဟ္မဏော အတ္တနာ ကတကလျာဏတော တဿ ပတ္တိံ အဒါသိ၊ သော အနုမောဒိ၊ တဒါ ဒေဝတာ တမ္ပိ အာလိင်္ဂိတွာ နာဝါယ ပတိဋ္ဌာပေသိ။ အထ နံ နာဝံ မောဠိနီနဂရံ နေတွာ ဗြာဟ္မဏဿ ဃရေ ဓနံ ပတိဋ္ဌာပေတွာ အတ္တနော ဝသနဋ္ဌာနမေဝ အဂမာသိ။ (ဇာ၊ ဋ္ဌ၊ ၄၊ ၂၁။)

မဏိမေခလာနတ်သမီးသည် ဥပ္ပလဝဏ်ထေရီအလောင်း, အလုပ်အကျွေးယောကျ်ားသည် အရှင်အာနန္ဒာအလောင်းတို့ဖြစ်ခဲ့၏။

ဆောင်ပုဒ်=သန်ပုဏ္ဏား၊ ကုန်ရောင်းသွား၊ ပျက်ငြား သင်္ဘောပါ။

သမုဒ်အလယ်၊ ကူးခတ်တယ်၊ ရက်ဝယ် ခုနစ်ကြာ။

မေခလာနတ်သမီး၊ ကယ်မပြီး၊ မြို့ကြီးပြန်ပို့ပါ။

ဖိနပ်တစ်ရန်၊ ကောင်းမှုကံ၊ သူ့ထံပြန်၍လာ။

ကောင်းမှုအတွက်၊ ကောင်းကျိုးဆက်၊ မပျက်ရကြောင်းသာ။

၂၈၇။ (၄၄၃) စူဠဗောဓိဇာတ်၊ ဒသကနိပါတ် (ဇာတက၊ ၁၊ ၂၀၇ ၂၀၈။ ဠ၊ ၄၊ ၂၂-၂၇။ ငါးရာငါးဆယ်၊ တ၊ ၆၁၄ ၆၂၄။)

ပစ္စုပ္ပန်ဝတ္ထု=ဒေါသကြီးသောရဟန်းအား ဘုရားရှင်တရားဟောခြင်း။

အတိတ်ဝတ္ထု=ပရိဗိုဇ်ရသေ့ပြုသော ဇနီးမောင်နှံ၊ ရသေ့မကို မင်းကဆောင်သော်လည်း ဒေါသကိုနှိမ်သော ရသေ့၊ မင်းသည် နောက်ဆုံး အမြင်မှန်ရကာ ရသေ့မကို ပြန်ပို့၍ ကန်တော့ခြင်း။

ဗာရာဏသီပြည် မထင်ရှားသောနိဂုံးရွာ၌ ကြွယ်ဝချမ်းသာသော ပုဏ္ဏားမျိုးဝယ် ဗြဟ္မာ့ပြည်မှစုတေလာသော ဘုရားအလောင်းကို မွေးဖွားခဲ့၏၊ "ဗောဓိကုမာရသတို့သား"အမည်ရှိ၏၊ အရွယ်ရောက်လတ်သော် တက္ကသိုလ် ပညာရပ်များကို သင်ကြားပြီးလျှင် မိဘတို့၏စိမ့်ချက်အရ အလိုမရှိပဲ အမျိုးတူသတို့သမီးနှင့် လက်ထပ်ရ၏၊ ထို သတို့သမီးသည်လည်း ဗြဟ္မာ့ပြည်မှ စုတေလာသူပင် ဖြစ်၏၊ သူတို့၏အလိုမရှိကုန်ပဲလျက် ထိမ်းမြားကြရကုန်သော် လည်း သူတို့အား ကိလေသာစိတ်သည် တစ်ကြိမ်တစ်ခါမျှ မဖြစ်စဖူး၊ ရာဂ၏အစွမ်းဖြင့် တစ်ယောက်သည် တစ် ယောက်ကို မကြည့်စဖူး၊ အိပ်မက်ထဲ၌ပင် မေထုန်အကျင့်မည်သည်ကို မမြင်မက်စဖူး၊စင်ကြယ်သော သီလရှိကုန် ၏ ။

မိဘတို့ ကွယ်လွန်ကြလေသော် သူတို့သည် ရှိသမျှပစ္စည်းအားလုံးကို အလှူကြီးပေးပြီးလျှင် ရသေ့ရဟန်းပြု ကြလျက် ဟိမဝန္တာတောဝယ် ဆယ်နှစ်ပတ်လုံး နေကုန်၏။ ရသေ့နှစ်ပါးတို့သည် ချဉ်ဆားမှီဝဲရန် ဒေသစာရီလှည့် လည်ကုန်လျက် ဗာရာဏသီပြည်သို့ရောက်၍ မင်းဥယျာဉ်၌ နေကုန်၏၊ တစ်နေ့သ၌ မင်းသည် ဥယျာဉ်သို့လာသည် ရှိသော် ရသေ့မကို မြင်၍ တပ်စွန်းသော စိတ်ဖြစ်ရကား ဘုရားအလောင်းအား "ရှင်ရသေ့...ဤရသေ့မသည် အ ရှင်ဘုရားနှင့် အသို့တော်စပ်သနည်း?"ဟု မေးလျှင် "မင်းကြီး...တစ်စုံတစ်ခု အမျိုးတော်၏,မတော်၏ ဟု ဆို ဖွယ်သည် မဖြစ်၊ သက်သက်တူသောရသေ့အကျင့်ဖြင့် ရသေ့အဖြစ်သို့ ရောက်သသူတည်း၊ စင်စစ်သော်ကား ငါ၏ လူဖြစ်သောအခါ ခြေရင်းအလုပ်အကျွေးတည်း"ဟု ဆို၏။

မင်းက"ရှင်ရသေ့...သင်၏လူလက်ထက်၌ မယားဖြစ်ဖူးသော ရသေ့မကို နိုင်ထက်ကလူပြု၍ ယူသွားလျှင် ထိုသူကို မည်သို့ ပြုမည်နည်း?"မေး၏၊ "ပညာရှိအမျက် ပြင်မထွက်"..ဘုရားအလောင်းက"မင်းကြီး...ငါ့အား အမျက်ဒေါသဖြစ်ငြားအံ့၊ ဖြစ်သောအမျက်သည် ကိုယ်မှ မထွက်ရာ၊ အသက်ရှည်သမျှကာလပတ်လုံး ကိုယ်မှမထွက် ရာ၊ မိုးကြီးသည် မြူကို မြစ်သကဲ့သို့ ထိုအမျက်ကို လျင်စွာပင် တားမြစ်အံ့"ဟု ဆို၏။

မင်းသည် ရသေ့မ၌ တပ်စွန်းသောစိတ်ကို တားမြစ်ခြင်းငှါ မတတ်နိုင်ရကား အမတ်တစ်ယောက်ကို ရ သေ့မကို နန်းတော်သို့ ဆောင်ယူစေ၏၊ ရသေ့မလည်း "အချင်းတို့...လောက၌ သူယုတ်တို့၏အကျင့်သည် ဖြစ်၏၊ မလျောက်ပတ်စွာ့တကား"စသောစကားတို့ကို ဆို၍ ငိုကြွေးမြည်တမ်းစဉ်ပင် ထိုရသေ့မကို ယူသွားလေ၏။ ဘုရားအလောင်းကား ရသေ့မ၏ငိုကြွေးသံကို ကြား၍ တစ်ကြိမ်ကြည့်ပြီးလျှင် တစ်ဖန် မကြည့်ပြီ၊ မင်းသည် ရသေ့မကို ခေါ်စေ၍ မင်း၏စည်းစိမ်ဖြင့် ဖိတ်၏၊ ရသေ့မသည် မင်းစည်းစိမ်ဖြင့် ကျေးဇူးမရှိ, ရဟန်းအဖြစ်၌သာ လျှင် ကျေးဇူးရှိသည်ကို ဆို၏။ ...မင်းသည် တစ်ဖန် ရသေ့ထံသို့ ပြန်သွားသောအခါ ဘုရားအလောင်းရသေ့ သင်္ကန်းချုပ်နေခိုက်ဖြစ်၍ မင်းအား တစ်စုံတစ်ရာစကားမဆိုပဲ နေရာ မင်းအထင်မှား၍ မေးမြန်းလျှင်...

ဘုရားအလောင်းက "ပြည့်ရှင်မင်း...အမျက်ဖြစ်လတ်သော် မိမိအကျိုး, သူတစ်ပါးအကျိုးကို မမြင်၊ အမျက်မဖြစ်သည်ရှိသော် မိမိအကျိုး, သူတစ်ပါးအကျိုးကို ကောင်းစွာ မြင်၏၊ ပညာမဲ့တို့၏ကျက်စားရာဖြစ်သော ထိုအမျက်သည် ငါ့အား ဖြစ်သော်လည်း ကိုယ်မှ ပြင်ပသို့ မထွက်။...

အမျက်မီးပြောင် ကိုယ့်ကိုလောင်...မီးပွတ်ခုံကို မီးပွတ်သည်ရှိသော် မီးမည်သည် ဖြစ်၏၊ ပွတ်ခုံမှ ဖြစ်သော မီးသည် ထို မီးဖြစ်ရာ ပွတ်ခုံကိုပင်လျှင် လောင်၏။ အမျက်ဖြစ်မူ ကိုယ့်ကိုပူ...ဤအတူ ပညာမရှိသော မိုက်စွာသော အကျိုးစီးပွါးကို မသိသော သတ္တဝါအား နင်လား, ငါလား စသည်ဖြင့် လွန်စွာပြုတတ်သော လက္ခဏာရှိသော အမျက်ဖြစ်လတ်သော် ထိုအမျက်ထွက်သောသူသည်လည်း ထိုမိမိအမျက်ဖြင့်ပင် ပူလောင်ရ၏။ ပညာနည်းပါး ဒေါသပွား...မြက်ခြောက်,သစ်ခက် ခြောက်ရှိရာအရပ်၌ လောင်သောမီးသည် ပွားသကဲ့သို့ ပညာနည်းသောသူအား အမျက်သည် ပွား၏၊ ထိုအမျက်ဒေါသပွား သောသူအား လကွယ်ပက္ခ၌ လကဲ့သို့ စည်းစိမ်ချမ်းသာ တရွေ့ရွေ့ ဆုတ်ယုတ်၏။ အမျက်ဇာတ်သိမ်း ကိုယ်လုံးငြိမ်း...မီး စာမရှိသော မီးလျှံသည် ငြိမ်းသကဲ့သို့ ပညာရှိ၏အမျက်သည် ငြိမ်း၏၊ ထိုအမျက်ငြိမ်းသောသူအား လဆန်းပက္ခ၌ လကဲ့သို့

စည်းစိမ်ချမ်းသာသည် တရွေ့ရွေ့ ပြည့်၏ ဟု"ဟောတော်မူ၏။

မင်းသည် ဘုရားအလောင်း၏တရားကို နာရလျှင် နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ရသေ့မကို ဥယျာဉ်သို့ ပြန်လည်ခေါ်ဆောင်စေ၍ "အမျက်ထွက်ခြင်းမရှိသော အရှင်ရသေ့...နှစ်ပါးကုန်သော ရှင်ရသေ့တို့သည် ရဟန်းချမ်းသာဖြင့် ကုန်လွန်စေလျက် ဤဉယျာဉ်တော်၌သာလျှင် နေတော်မူကြပါကုန်လော့၊ တပည့်တော်သည် တရားနှင့်လျော်စွာ စောင့်ရှောက်ခြင်း, ရန်မှ တားမြစ်ခြင်း, လှုံခြုံခြင်းတို့ကို ပြုပါအံ့"ဟု ဆို၍ ကန်တော့ရှိခိုး၍ ဖဲသွားလေ၏။

ထိုရသေ့နှစ်ပါးတို့သည်လည်း ဥယျာဉ်တော်၌သာလျှင် နေကြလေရာ နောက်အဖို့၌ ရသေ့မသည် ကွယ်လွန်လေ၏၊ ဘုရားအလောင်းသည် ရသေ့မသေသည်ရှိသော် ဟိမဝန္တာသို့ဝင်၍ အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေလျက် ဗြဟ္မာ့ပြည်သို့ လား၏။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ အမျက်ထွက်တတ်သောရဟန်းသည် အနာဂါမိဖိုလ်၌ တည်၏။

ရသေ့မသည် ရာဟုလာမယ်တော်အလောင်းဖြစ်ခဲ့၏။ မင်းသည် အရှင်အာနန္ဒာအလောင်းဖြစ်ခဲ့၏။

စရိယာပိဋက စူဠဗောဓိစရိယ (ခု၊ ၄၊ ၄၀၁-၄၀၂။ ဋ္ဌ၊ ၁၃၁-၁၃၈)နှင့် တူ၏။

ဆောင်ပုဒ်=မျက်ဒေါသမှာ၊ မီးပမာ၊ မှီရာလောင်မြိုက်သည်။

၂၈၈။ (၄၄၄) ကဏှဒီပါယနဇာတ်၊ ဒသကနိပါတ် (ဇာတက၊ ၁၊ ၂၀၈ ၂၁၁။ ဋ္ဌ၊ ၄၊ ၂၈ ၃၇။ ငါး၊ တ၊ ၆၂၄ ၆၃၉။)

ပစ္စုပ္ပန်ဝတ္ထု=အရှက်အကြောက်မဲ့စွာ သာသနာတော်၌ ငြီးငွေ့ခြင်းကို ပြောသောရဟန်း။

အတိတ်ဝတ္ထု=ကောသမ္ဗီပြည် နိဂုံးရွာကြီးတစ်ရွာ၌ ကုဋေရှစ်ဆယ်ကြွယ်သော ပုဏ္ဏားသူငယ်ချင်းနှစ်ယောက်တို့သည် ကာမဂုဏ်တို့၌ အပြစ်ကိုမြင်၍ အလှူကြီးကို ပေးလှူကြပြီးလျှင် ကာမဂုဏ်တို့ကိုပယ်၍ ဟိမဝန္တာသို့ ဝင်၍ ရသေ့ရဟန်းပြုကုန်၍ တောသစ်သီးကြီးငယ်ဖြင့် မျှကုန်လျက် အနှစ်ငါးဆယ်တို့ပတ်လုံး နေကုန်၏၊ ဈာန်ကို ဖြစ်စေခြင်းငှာ မတတ်နိုင်ကုန်၊ ထိုရသေ့တို့သည် ချဉ်ဆားမှီဝဲအံ့သောငှါ ကာသိတိုင်းသို့ ရောက်လာကုန်၏၊ သူတို့သည် နိဂုံးရွာရှိ ဒီပါယနရသေ့၏မိတ်ဆွေ မဏ္ဍဗျသူကြွယ်၏အထံသို့ သွားကုန်၏၊ ထိုသူကြွယ်သည် ကျောင်းဆောက်၍ ထိုရသေ့တို့ကို ပစ္စည်းလေးပါးတို့ဖြင့်လုပ်ကျွေး၏၊ ရသေ့တို့သည် သုံးလေးနှစ်တို့ပတ်လုံး နေကုန်ပြီးလျှင် သူကြွယ်ကို ပန်ကြား၍ ဒေသစာရီသွားကုန်လတ်သော် ဗာရာဏသီပြည်သို့ရောက်၍ အဓိမုတ္တိကသုသာန်၌ နေကုန်၏၊ ထိုအရပ်ဝယ် ဒီပါယနရသေ့သည် မွေ့လျော်သရွေ့ နေပြီး၍ မိမိအဆွေခင်ပွန်းသူကြွယ်၏အထံသို့သာလျှင် ပြန်သွားလေ၏။

မဏ္ဍဗျရသေ့သည် ထိုသုသာန်၌ နေစဉ် သူခိုး၏မလွတ်သာ၍ လွတ်ပစ်ခဲ့သော ဥစ္စာထုပ်ကြောင့် ခိုးမှုဖြင့် အဖမ်းခံရ၍ မင်းမိန့်ဖြင့် တံကျင်၌ လျှိုသောအခါ ရှားတံကျင်, တမာသားတံကျင်, သံတံကျင်တို့သည် ရသေ့၏ ကိုယ်၌ မဝင်ကုန်ချေ၊ ရသေ့သည် "ဇာတိဿရဉာဏ်"ရသူဖြစ်ရကား ရှေးက ယင်ကောင်ငယ်ကို ပင်လယ်ကသစ် မြစ်ဖြင့် ထိုးဖူး၏၊ ယင်ကား မသေခဲ့၊ ထိုမကောင်းမှုကံမှ လွတ်မြောက်ခြင်းငှါ မတတ်ကောင်းဟု သိသောအခါ ထိုမင်းချင်းတို့ကို ပင်လယ်ကသစ်တံကျင် လျှိုရန် ပြောလေသော် မင်းချင်းတို့လည်း ရသေ့ပြောတိုင်း ပြုလေ၏။

ဒီပါယနရသေ့သည် တံကျင်လျှိုထားသော မဏ္ဍဗျရသေ့ထံသို့ သွား၍ အဆွေမဏ္ဍဗျရသေ့၏အပြစ်မရှိသည်၏အဖြစ်ကို သိသောအခါ လျှိုပြီးစိုက်ထားသော တံကျင်ကို မှီ၍နေ၏၊ ရသေ့တို့၏ဟောပြောသောအကြောင်းကို မင်းအား လျှောက်တင်ကြလျှင် မင်းသည် "ငါသည်၌မစူးမစမ်း ပြုမိချေ၏"ဟု ထိုရသေ့အထံသို့ သွား၍ "အိုရသေ့...အဘယ့်ကြောင့် တံကျင်ကို မှီ၍နေသနည်း?"ဟု ဒီပါယနရသေ့ကို မေး၏၊

"မင်းကြီး...ဤရသေ့ကို စောင့်ရှောက်နေ၏"ဟု ဆို၏။

"ရှင်ရသေ့သည် ဤရသေ့၏အပြစ်ရှိသည်, မရှိသည်၏အဖြစ်ကို သိ၍ ဤသို့ စောင့်ရှောက်ခြင်းကို ပြုပါသလော?" ဟု မေး၏၊ ဒီပါယနရသေ့က အပြစ်မရှိသောအဖြစ်ကို ကြား၍ "မင်းကြီး...မင်းမည်သည်ကား စူးစမ်းဆင်ခြင်၍သာ ပြုလေ့ရှိသည် ဖြစ်ရာ၏...အစရှိသောစကားတို့ကို ဆို၍ မင်းကျင့်တရားဆယ်ပါးကို ဟော၏။

မင်းသည် မဏ္ဍဗျရသေ့၏အပြစ်မရှိသောအဖြစ်ကိုသိ၍ တံကျင်ကို နုတ်စေသည်ရှိသော် နုတ်ခြင်းငှာ မတတ်နိုင်ကုန်၊ မဏ္ဍဗျရသေ့က "မင်းကြီး...ငါသည် ရှေး၌ ပြုအပ်သော မကောင်းမှုကံကြောင့် ဤသို့သော ဘေးသို့ ရောက်ရ၏၊ ငါ၏ ကိုယ်၌ တံကျင်ကိုနုတ်ခြင်းငှါ မတတ်နိုင်၊...လွှဖြင့် တံကျင်ကို အရေနှင့်အမျှ ဖြတ်စေလော့"ဟု ဆို၏၊ မင်းသည် ရသေ့ဆိုတိုင်း ပြုစေ၏၊ ကိုယ်တွင်း၌ တံကျင်သည် ကိုယ်တွင်း၌သာ ဖြစ်၏။ မင်းသည် ရသေ့နှစ်ပါးတို့ကို ရှိခိုး၍ ကန်တော့ပြီးလျှင် ဥယျာဉ်တော်၌ နေစေလျက် လုပ်ကျွေး၏။

ဒီပါယနရသေ့သည်ကား မဏ္ဍဗျရသေ့၏တံကျင်လျှိုခြင်းကြောင့် ဖြစ်သောအနာကို ချမ်းသာအောင် ပြု၍ မိမိ၏မိတ်ဆွေ မဏ္ဍဗျသူကြွယ်၏အထံသို့သာလျှင် ပြန်သွားလေ၏။

မဏ္ဍဗျသူကြွယ်သား ယညဒတ်သည် မြွေဟောက်ကိုက်ခံရ၍ မေ့မြောနေသောအခါ ဒီပါယနရသေ့၏သစ္စာပြုပုံ... "ဒါယကာတို့...ငါသည် ရသေ့ရဟန်းပြုသည်မှ ခုနစ်ရက်သာလျှင် ကြည်ညိုစိတ်, ကောင်းမှုကို အလိုရှိသောစိတ်ရှိသည်ဖြစ်၍ မြတ်သောအကျင့်ကို ကျင့်ခဲ့၏၊ ထိုခုနစ်ရက်မှ နောက်၌ အနှစ်ငါးဆယ်တို့ပတ်လုံး အလိုမရှိပဲ ငါသည် ကျင့်၏၊ ဤသစ္စာစကားကြောင့် ယညဒတ်သည် ချမ်းသာပါစေ, အဆိပ်သည် ပျောက်ပါစေ, ယညဒတ်သည် အသက်ရှင်စေသတည်း" ဟု သစ္စာပြုသောအခါ ယညဒတ်၏သားမြတ်တည်ရာ အရပ်မှ အဆိပ်သည် လျှောကျ၍ မြေသို့ဝင်၏၊ သူငယ်သည် မျက်စိဖွင့်၍ မိဘတို့ကို ကြည့်၍ "မိခင် ဖခင်တို့"ဟု ဆို၍သာ ပြန်၍အိပ်၏။

ဖခင်မဏ္ဍဗျသူကြွယ်၏သစ္စာပြုပုံ..."အရှင်တို့ ငါသည် အလှူကို တစ်ရံတစ်ဆစ်မျှ မနှစ်သက်၊ ခရီးသွားဧည့်သည်ကို ငါ၏အိမ်သို့ လာသောကာလ၌ မြင်၍ မနှစ်သက်၊ ငါ၏အလှူဒါန, အလှူခံတို့ကို မနှစ်သက်သော အဖြစ်ကို ရဟန်းပုဏ္ဏားတို့သည်လည်း မသိကုန်၊ အလိုမရှိပဲလျက် ငါသည် ပေးလှူ၏၊ ဤသစ္စာစကားကြောင့် ယညဒတ်သည် ချမ်းသာပါစေ, အဆိပ်ကင်းပါစေ, အသက်ရှင်ပါစေ"ဟု သစ္စာပြုသောအခါ သူငယ်၏ခါးမှအထက်၌ အဆိပ်သည် လျှောကျ၍ မြေသို့ဝင်၏။ သူငယ်သည် ထ၍ထိုင်၏၊ ရပ်ခြင်းငှါ မတတ်နိုင်သေး။

မိခင်၏သစ္စာပြုပုံ..."ချစ်သား...သင်ချစ်သားကို ကိုက်သော ထိုမြွေဟောက်၌လည်းကောင်း, သင်၏ဖခင်၌လည်းကောင်း မချစ်သော အဖြစ်သည် တစ်စုံတစ်ခု ထူးခြားမှု မရှိ၊ ဤသစ္စာစကားကြောင့် ယညဒတ်သည် ချမ်းသာပါစေ, အဆိပ်ကင်းပျောက်ပါစေ, အသက်ရှင်ပါစေ"ဟု သစ္စာပြုသောအခါ အလုံးစုံသောအဆိပ်သည် လျှောကျ၍ မြေသို့ဝင်လေ၏၊ ယညဒတ်သည် အဆိပ်မရှိသောကိုယ်ဖြင့် ကစားရန် အားထုတ်၏။

မဏ္ဍဗျသူကြွယ်က ဒီပါယနရသေ့ကို "အလိုမရှိပါပဲ အဘယ့်ကြောင့် မြတ်သောရသေ့ရဟန်းအကျင့်ကို ကျင့်ဘိသနည်း?"ဟု မေးလေသော် ရသေ့က "ဒီပါယနရသေ့သည် သဒ္ဓါရှိသည်ဖြစ်၍ ရသေ့ရဟန်းပြုပြီးမှ တစ်ဖန် လူ၏ဘောင်သို့ ပြန်ပြန်၏...ဤသို့ ကဲ့ရဲ့မည်ကို စက်ဆုတ်သည်ဖြစ်၍ အလိုမရှိပါပဲ မြတ်သောအကျင့်ကို ငါကျင့်၏"ဟုဖြေ၏။

ဒီပါယတနရသေ့က သူကြွယ်ကို "သင်သည် ရဟန်းပုဏ္ဏားတို့ကိုလည်းကောင်း ခရီးသွားတို့ကိုလည်းကောင်း ထမင်းအဖျော်ဖြင့် ရောင့်ရဲစေ၏၊ ဆွမ်းကို လှူ၏၊...ထိုသို့ နေ့တိုင်းမပြတ် လာတိုင်းသောသူတို့အား လှူအပ်လျက် အဘယ်မည်သော ကဲ့ရဲ့ခြင်းကို စက်ဆုတ်သည်ဖြစ်၍ အလိုမရှိပါပဲ ဤအလှူကို လှူဘိသနည်း?"ဟု မေးလျှင် သူကြွယ်က "တပည့်တော်၏မိဘ, ဘိုးဘေးတို့သည် သဒ္ဓါတရားရှိကုန်၏၊ အလှူရှင်တို့သည် ဖြစ်ကုန်၏ အလှူခံတို့၏အလိုကို သိကုန်၏ ထိုမိဘ, ဘိုးဘေးစသော ဆွေခုနစ်ဆက်တို့၏အလှူပေးခြင်းကျင့်ဝတ်သို့ လိုက်သော တပည့်တော်သည် အမျိုးစဉ်ဆက်၌ အယုတ်ဆုံး, အဖျင်းဆုံးသည် မဖြစ်စေလင့်၊ ဤသို့ ထိုအမျိုးတို့အောက် အယုတ်ဆုံး, အဖျင်းဆုံး ဟူသော ကဲ့ရဲ့ခြင်းကို စက်ဆုတ်သည်ဖြစ်၍ အလိုမရှိပဲ ဤအလှူကို လှူ၏"ဟု ဖြေ၏။

သူကြွယ်မယားကား "အရှင်...ဤအမျိုး၌ ဆွေခုနစ်ဆက်အထက်မှစ၍ တစ်ရံတစ်ဆစ်မျှ မိမိယောက်ျားကို စွန့်၍ တစ်ပါးသောယောက်ျားကို ယူဖူးသော မိန်းမမည်သည် မရှိစဖူးပါ၊ ထိုဆွေခုဆက်တို့၏အကျင့်ကို လိုက်၍ကျင့်သော ကျွန်မသည် အမျိုးခုနစ်ဆက်၌ အယုတ်ဆုံးမိန်းမအဖျင်းသည် မဖြစ်စေလင့် ဟု ထိုအမျိုးယုတ်မ, အဖျင်းမ ဟူသော ကဲ့ရဲ့ခြင်းကို စက်ဆုတ်သည်ဖြစ်၍ အလိုမရှိပဲ သင်၏ခြေရင်းအလုပ်အကျွေးဖြစ်ပါသည်"ဟု ဆို၍"ငါသည် လင်၏မျက်မှောက်၌ မလိုအပ်သောစကားကို လင်အား ဆိုအပ်ပြီ၊ ငါ့အား စက်ဆုတ်ရွံရှာရာ၏၊ ဆရာရသေ့၏မျက်မှောက်၌လျှင် လင်ကို ကန်တော့လေ၏။

> မဏ္ဍဗျသူကြွယ်က မယားကို "ရှင်မ...ထလော့၊ သင်အား ငါသည်းခံ၏၊ ဤနေ့မှစ၍ ကြမ်းတမ်းသော စိတ်သည် မဖြစ်လင့်၊ ငါသည်လည်း ရှင်မအား မချစ်မနှစ်လိုသော အမှုအရာကို မပြုအံ့"ဟု ဆို၏။
>
> ဘုရားအလောင်းရသေ့က သူကြွယ်ကို "ဒါယကာ...သင်သည် မကောင်းသဖြင့် ဥစ္စာကို ဆည်းပူး၍ ကံ, ကံ၏အကျိုးကို မယုံကြည်ပဲ အလှူပေးခြင်းသည် မသင့်သောအရာကို ပြုဘိ၏၊ ယနေ့မှစ၍ ကံ, ကံ၏အကျိုးကို ယုံကြည်သဖြင့် အလှူကို လှူလော့"ဟု ဆိုလေသော် သူကြွယ်က "ကောင်းပါပြီ"ဟု ဝန်ခံ၏။
>
> မဏ္ဍဗျသူကြွယ်က ဘုရားအလောင်းရသေ့ကို "အရှင်ဘုရား...အရှင်ဘုရားသည် တပည့်တော်တို့၏မြတ်သော အလှူခံပုဂ္ဂိုလ်၏အဖြစ်၌တည်၍ ရသေ့ရဟန်းအဖြစ်၌ မွေ့လျော်ခြင်းမရှိပဲ မြတ်သော အကျင့်ကို ကျင့်ခြင်းသည် မသင့်သော အရာကို ပြုဘိ၏၊ ယနေ့မှစ၍ မွေ့လျော်သော အခြင်းအရာဖြင့် မြတ်သော အကျင့်ကို ကျင့်သည်ရှိ

သော် အရှင်ဘုရား၌ ပြုအပ်သော တပည့်တော်တို့၏အလှူသည် အကျိုးကြီးပါ၏၊ ထိုအခြင်းအရာအားဖြင့် တပည့်တော်တို့၏စိတ်ကို ကြည်ညိုစေ၍စင်ကြယ်သော စိတ်ရှိလျက် ဈာန်ဟူသော ရသေ့ရဟန်းသာသနာတော်၌ မွေ့လျော်သည်ဖြစ်၍ မြတ်သော အကျင့်ကို ကျင့်ပါလော့"ဟု ဆိုပြီးလျှင် သူကြွယ်ဇနီးမောင်နှံတို့သည် ဘုရားအလောင်းကို ရှိခိုး၍ သွားကြကုန်၏။

သူတို့ကိုယ်စီ ကောင်းကြပြီ...မယားသည် လင်၌ ချစ်ခင်လေးမြတ်ခြင်းရှိသည် ဖြစ်၏။ သူကြွယ်သည်လည်း ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ကံ,ကံ၏အကျိုးကို ယုံကြည်သည်ဖြစ်၍ အလှူကို လှူ၏။ ဘုရားအလောင်းသည်လည်း မမွေ့လျော်သောစိတ်ကို ဖျောက်ပြီးလျှင် ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ မဏ္ဍဗျသူကြွယ်သည် အရှင်အာနန္ဒာအလောင်း, မယားသည် ဝိသာခါအလောင်း, သူကြွယ့်သားသည် အရှင်ရာဟုလာအလောင်း, မဏ္ဍဗျရသေ့သည် အရှင်သာရိပုတ္တာအလောင်းတို့ ဖြစ်ခဲ့ကြ၏။

စရိယပိဋက ကဏှဒီပါယနစရိယ(ခု၊ ၄၊ ၄၁၆ ၄၁၇။ ဋ၊ ၂၃၃ ၂၄၀)နှင့် တူ၏။

ဆောင်ပုဒ်=အမှန်သစ္စာ၊ ဆိုသောခါ၊ လိုရာပြီးမြောက်သည်။
ကောင်းတာဆိုးတာ၊ မလိုပါ၊ မှန်ရာ သစ္စာမည်။

၂၈၉။ (၄၄၅) နိဂြောဓဇာတ်၊ ဒသကနိပါတ် (ဇာတက၊ ၁၊ ၂၁၁ ၂၁၂။ ဋ၊ ၄၊ ၃၇ ၄၃။ ငါးရာငါးဆယ်၊ တ၊ ၆၄၀ ၆၅၁။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏ကျေးဇူးကို မသိတတ်သော ဒေဝဒတ်။

အတိတ်ဝတ္ထု=ကျေးဇူးရှင်ကို ကျေးဇူးကန်းသူ စစ်သူကြီး ရာထူးချခံရခြင်း။

ကိုယ်ဝန်ဆောင်တို့၏အသွင်အပြင်

၁။ ချဉ်သောအရသာစသည်ကို နှစ်သက်ခြင်း၊

၂။ လက်ဖမိုး, ခြေဖမိုးတို့ မို့မောက်ဖောရောင်ခြင်း၊

၃။ ဝမ်းပိုက် တစ်နေ့ထက်တစ်နေ့ ကြီးထွားလာခြင်း၊

၄။ သားမြတ်ဖျားတို့ မည်းနက်လာခြင်း။

နိဂြောဓ, သာခ, ပေါတ္တိက သုံးယောက်တို့သည် တက္ကသိုလ်ပြည်မှ ပညာသင်ပြီး၍ အပြန်တွင် ဗာရာဏသီပြည်သို့ရောက် နတ်ကွန်းတစ်ခု၌ အိပ်ကြလေသော် ပေါတ္တိကသည် မိုးသောက်ထအခါဝယ် နိဂြောဓ၏ခြေတို့ကို ဆုပ်နယ်ပေးနေစဉ် နတ်ကွန်းသစ်ပင်၌ နေကြသော ကြက်တို့တွင် အထက်၌ နေသောကြက်သည် အောက်၌ နေသောကြက်၏ကိုယ်ထက်၌ ကျင်ကြီးစွန့်ချ၏၊ အောက်၌နေသော ကြက်သည် အထက်၌နေသော ကြက်ကို အမျက်ထွက်၍ "ငါ၏ပမာဏကို သင်မသိသလော?ငါ့ကိုသတ်၍အသားကိုစားလျှင် ဥစ္စာတစ်ထောင်ကို ရလိမ့်မည်"ဟု ဆိုလေသော် အထက်ကြက်က "ဥစ္စာတစ်ထောင်ကို ရစေတတ်သော အစွမ်းသတ္တိမျှဖြင့် သင်သည် မာန်ထောင်လွှားခြင်းကို ပြုသလော? ငါကို သတ်၍ ဆူဖြိုးသော အသားကို စားလျှင် မင်းဖြစ်အံ့၊ မဆုမခြောက် အလယ်သားကိုစားလျှင် စစ်သူကြီး ဖြစ်အံ့၊ အရိုး၌ကပ်သောအသားကို စားလျှင် ဘဏ္ဍာစိုးဖြစ်အံ့"ဟုဆို၏။

ပေါတ္တိကသည် ထိုကြက်နှစ်ကောင်တို့၏စကားကိုကြား၍"ငါတို့အား တစ်ထောင်ဥစ္စာဖြင့် အဘယ်အကျိုးရှိအံ့နည်း? မင်းအဖြစ်သည်သာလျှင် မြတ်၏"ဟု သစ်ပင်ထက်သို့ တက်၍ အထက်၌အိပ်သောကြက်ကို ဖမ်းပြီးလျှင် သတ်၍ မီးကျိုး၌ကင်ပြီးသော် ဆူသောအသားကို နိဂြောဓအား ပေး၏၊ အလယ်အသားကို သာခအား ပေး၏၊ အရိုး၌ကပ်သော အသားကို မိမိစား၏။ စားပြီးကြလျှင် "အဆွေနိဂြောဓ...သင်သည် ယနေ့ မင်းဖြစ်လတ္တံ့၊ အဆွေသာခ...သင်သည် စစ်သူကြီးဖြစ်လတ္တံ့၊ ငါသည်ကား ဘဏ္ဍာစိုးဖြစ်လတ္တံ့"ဟု ဆိုလျှင် "အသို့သော အကြောင်းဖြင့် သင်သိသနည်း?"ဟု မေးသည်ရှိသော် ပေါတ္တိကသည် ထိုအကြောင်းတို့ကို ပြောကြား၏။ ထိုသုံးယောက်တို့သည် နံနက်စာစားချိန်၌ ဗာရာဏသီမြို့သို့ ဝင်၍ ပုဏ္ဏားတစ်ယောက်၏အိမ်ဝယ် ထော်ပတ်,သကာနှင့်ရောသော ဃနာထမင်းကို စားပြီးလျှင် မင်းဥယျာဉ်သို့ သွားကြကာ နိဂြောဓသည် မင်္ဂလာကျောက်ဖျာအပြင်၌ အိပ်၏၊ သာခ, ပေါတ္တိက နှစ်ယောက်တို့သည် အပ၌ အိပ်ကုန်၏။

ဖုဿရထားဆိုက်လေပြီ...ထိုအခါ ဗာရာဏသီမင်းနတ်ရွာစံ၍ ခုနစ်ရက်ရှိပြီဖြစ်ရကား မင်းမြောက်တန်ဆာငါးပါးတို့ကို ရထားနှင့်၍ ဖုဿရထားကိုလွှတ်ကုန်၏။ (ဖုဿရထားလွှတ်သော အခြင်းအရာ၏အကျယ်စကားသည် မဟာနိပါတ် မဟာဇနကဇာတ်(ခု၊ ၆=ဇာ၊ ၂၊ ၁၅၉။ ဇာ၊ ဋ္ဌ၊ ၆၊ ၄၈-၄၉)၌ ထင်စွာဖြစ်လတ္တံ့။)
ဖုဿရထားသည် ဥယျာဉ်တော်သို့ သွားပြီးလျှင် လည်၍ ရပ်၏။ ပုရောဟိတ်ပုဏ္ဏားသည် "မင်္ဂလာဥယျာဉ်တော်ဝယ် ဘုန်းရှိသောသူသည် ဖြစ်ရာ၏"ဟု ဥယျာဉ်တော်သို့ ဝင်၍ နိဂြောဓကို ခြေဖျား၌ ပုဆိုးတို့ကို ဖွင့်၍ ခြေတို့၌ လက္ခဏာတို့ကို ဆင်ခြင်လျှင် "ဗာရာဏသီပြည်၌ မင်းအဖြစ်ကို ထားဘိဦး၊ ဇမ္ဗူဒိပ်ကျွန်းအလုံးကို အစိုးရသော ဧကရာဇ်မင်းဖြစ်ခြင်းငှါ ထိုက်၏"ဟု အလုံးစုံသော တီးမှုတ်မျိုးတို့ကို တီးမှုတ်စေ၏။...ဘုရားအလောင်းနိဂြောဓသည် ဗာရာဏသီမင်းအဖြစ်သို့ ရောက်လေ၏၊ သာခအား စစ်သူကြီးအရာကို ပေး၏။

ဘုရားအလောင်းသည် မယ်တော် ခမည်းတော်တို့ကို သာခစစ်သူကြီးအား ခေါ်ဆောင်ပေးရန် ပြောဆိုသော်လည်း သာခစစ်သူကြီးက"ငါ့အား ပြုဖွယ်ကိစ္စသည် မရှိ"ဟု ပယ်၏၊ ပေါတ္တိကကို စေလတ်သော် ပေါတ္တိကသည် သွား၍ မင်းကြီး၏မယ်တော်ခမည်းတော်, သာခစစ်သူကြီး၏မယ်တော် ခမည်းတော်, မိမိ၏မယ်တော် ခမည်းတော်တို့ကို ခေါ်သော်လည်း မည်သူမျှ လိုက်မလာကြပေ။

ပေါတ္တိကသည် ဗာရာဏသီပြည်သို့ ပြန်လာ၍ သာခစစ်သူကြီး၏အိမ်၌ ခရီးပင်ပန်းခြင်းကို ဖျောက်၍"နောက်မှ နိဂြောဓမင်းကြီးကို ဖူးမြင်အံ့"ဟု ကြံ၍ သာခစစ်သူကြီး၏အိမ်တံခါးသို့ သွား၍ "သင်၏အဆွေဖြစ်သော ပေါတ္တိကသည် လာသတတ် ဟု စစ်သူကြီးအား လျှောက်ခေပါလော့"ဟု တံခါးစောင့်ကို ဆို၏၊ ထိုတံခါးစောင့်သည် ပေါတ္တိကဆိုတိုင်း ပြုလေသော် စစ်သူကြီးသာခသည်ကား "ငါ့အား မင်းအဖြစ်ကို မပေးမူ၍ အဆွေနိဂြောဓအား ပေး၏"ဟု ပေါတ္တိကအပေါ်၌ ရန်ငြိုးဖွဲ့၏၊ စစ်သူကြီးသာခသည် "ပေါတ္တိက လာ၏"ဟူသောစကားကို ကြားရလျှင် အမျက်ထွက်သည်ဖြစ်၍ လာလတ်ကာ "ဘယ်သူသည် ဤပေါတ္တိက၏အဆွေနည်း? အရူးတည်း၊ ကျွန်မသားတည်း၊ ထိုကျွန်မသားကို ဖမ်းကြကုန်"ဟု ဆို၍ ထောင်းထုပုတ်ခတ်စေပြီးလျှင် လည်၌ကိုင်၍ နှင်ထုတ်စေ၏။ ပေါတ္တိကသည် "သာခသည် ငါ့ထံမှ စစ်သူကြီးအရာကိုရပါလျက် သူ့ကျေးဇူးကို မသိ၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်၏၊ ငါကဲ့သို့သော ကျေးဇူးရှင်ကို ထောင်းထုပုတ်ခတ်စေ၍ နှင်ထုတ်၏၊ ငါ့အဆွေ နိဂြောဓမင်းသည်ကား ပညာရှိ၏၊ သူ့ကျေးဇူးကို သိတတ်၏၊ သူတော်ကောင်းတည်း၊ ထိုနိဂြောဓမင်းကြီး၏အထံသို့သာ သွားအံ့"ဟု ကြံပြီးလျှင် မင်းအိမ်တံခါးသို့ သွား၍ "အရှင်မင်းကြီး၏အဆွေ ပေါတ္တိကသည် တံခါး၌ ရပ်၏"ဟု မင်းကြီးအား ကြားလျှောက်စေ၏။ မင်းကြီးသည် ခေါ်စေ၍ ပေါတ္တိကလာသည်ကိုမြင်လျှင် နေရာမှထ၍ခရီးဦးကြိုဆိုလျက် စကားပြော, ပဋိသန္ထာရကို ပြု၍ မွန်မြတ်သောစားဖွယ်တို့ဖြင့် ဧည့်ခံ၍ မယ်တော် ခမည်းတော်တို့၏အကြောင်းကို မေးလျှင် ပေါတ္တိကသည် "နေပြည်တော်သို့ မလိုက်သောအဖြစ်ကို" ကြားလျှောက်၏။

စစ်သူကြီးသာခသည် မိမိ၏အကြောင်းကို ပေါတ္တိက မပြောဆိုနိုင်ရန် မင်းအိမ်သို့သာလျှင် သွားလေ၏၊ ပေါတ္တိကသည် စစ်သူကြီး၏မျက်မှောက်၌ပင် "အရှင်မင်းကြီး...အကျွန်ုပ်သည် ခရီးပင်ပန်း၍ သာခ၏အိမ်သို့ သွား၍ အပန်းဖြေပြီးလျှင် အရှင်မင်းကြီးအထံတော်သို့ လာပါအံ့"ဟု ကြံ၍ သာခ၏အိမ်သို့ သွားပါ၏၊ အကျွန်ုပ်ကို သာခသည် 'ထိုသူကို ငါမသိ'ဟု ဆိုပြီးလျှင် ထောင်းထုပုတ်ခတ်စေ၍ လည်၌ကိုင်၍ နှင်ထုတ်စေ၏၊ မြတ်သောမင်းကြီး..ထိုစကားကို ယုံတော်မူလော့"ဟု လျှောက်၏။

နိဂြောဓမင်းကြီးသည် "အဆွေပေါတ္တိက...'ထိုသူကို ငါမသိ ဟု ဆို၍ သာခသည် ထောင်းထုပုတ်ခတ် ညှဉ်းဆဲခြင်းကို ပြုအပ်၏'ဟု သင်ကြားလျှောက်သောစကားကို မည်သူမျှ ငါ့အား မပြော။ သင်သည် ငါနှင့် သာခ အဆွေခင်ပွန်းနှစ်ယောက်တို့အား ချမ်းသာသဖြင့် အသက်မွေးဝမ်းကြောင်းကို ပြုတတ်သူဖြစ်၏၊ သင်သည် ငါတို့အား မင်းစည်းစိမ်ကို ပေးတတ်သောသူဖြစ်၏၊ ဤမင်းစည်းစိမ်တို့ကို သင့်အထံမှသာလျှင် ရအပ်ကုန်၏၊ ဤစည်းစိမ်ကိုရခြင်း၌ ငါ့အား ယုံမှားမရှိပါ။ မီး၌ ထည့်အပ်သော မျိုးစေ့သည် လောင်၍ပြာဖြစ်လေသကဲ့သို့လည်းကောင်း, အပင်မပေါက်နိုင်သကဲ့သို့လည်းကောင်း ထို့အတူ သူ့ကျေးဇူးကို မသိတတ်သော သူယုတ်မာ၌ ပြုအပ်သောကျေးဇူးသည် ပျောက်၏, အကျိုးမရောက်။ သူ့ကျေးဇူးကို သိတတ်သော မြတ်သောအကျင့်ရှိသော သီလလည်းရှိသော ယောကျ်ား၌ကား ပြုအပ်သောကျေးဇူးသည် များစွာသော အကျိုးရောက်၏၊ ချိုင့်ဝှမ်းသော လယ်ကောင်း၌ စိုက်အပ်သော မျိုးစေ့တို့သည် အပင်ပေါက်ကုန်, မပျောက်ကုန်သကဲ့သို့ ထို့အတူ ထိုကျေးဇူးကို သိတတ်သောပုဂ္ဂိုလ်၌ ပြုအပ်သော ကျေးဇူးသည် မပျောက် မိန့်ဆိုပြီးလျှင် နိဂြောဓမင်းက သာခစစ်သူကြီးအား သေဒဏ်ပေးသော်လည်း ပေါတ္တိကသည် "ဤသူကား ငါ့ကိုမှီ၍ မပျက်စီးပါစေလင့်"ဟု ကြံ၍ "မြတ်သောမင်းကြီး...ထိုသူယုတ်အား သည်းခံပါလော့၊ အရှင်မင်းကြီး...အသက်ကို တစ်ဖန် ဆောင်ခြင်းငှါ မတတ်ကောင်းပါ၊ သည်းခံပါလော့၊

ထိုသူယုတ်မာအား သတ်ခြင်းကို အကျွန်ုပ် အလိုမရှိပါ"ဟု လျှောက်ကြားလျှင် နိဂြောဓမင်းကြီးသည် ပေါတ္တိက၏စကားကို ကြား၍ "သာခအား ငါသည် သည်းခံ၏၊ စစ်သူကြီးအရာကိုကား ပေါတ္တိကအားလျှင် ပေးလို၏၊ ပေါတ္တိကသည် အလိုမရှိ၊ ပေါတ္တိကအား အလုံးစုံသော စစ်သည်တို့ကို စီရင်ခြင်းငှါ ထိုက်သော ဘဏ္ဍာစိုးအရာကို ပေးတော်မူ၏၊ ရှေးမင်းတို့လက်ထက်၌ ထိုသို့သော အရာထူးမည်သည် မဖြစ်ဖူးသတတ်။

အထဿ သဗ္ဗသေနာနီနံ ဝိစာရဏာရဟံ ဘဏ္ဍာဂါရိကဋ္ဌာနံ နာမ အဒါသိ။ ပုဗ္ဗေ ကိရေတံ ဌာနန္တရံ နာဟောသိ၊ တတော ပဋ္ဌာယ ဇာတံ။ (ဇာ၊ဋ္ဌ၊ ၄၊ ၄၂။)

ဇာတ်ပေါင်းသောအခါ ယခုအခါ ဒေဝဒတ်သည် ထိုအခါ သာခ, အာနန္ဒာသည် ပေါတ္တိက, ငါဘုရားသည် ဗာရာဏသီပြည်ရှင် နိဂြောဓမင်းကြီးဖြစ်ဖူးပြီ။

ဆောင်ပုဒ်=ကျေးဇူးရှင်အား၊ ကျေးစွပ်ငြား၊ ထင်ရှားပျက်စီးမည်။
နိဂြောဓဇာတ်၊ ထုံးကိုမှတ်၊ သိအပ်ကျေးဇူးသည်။

၂၉၀။ (၄၄၆) တက္ကလဇာတ်၊ ဒသကနိပါတ် (ဇာတက၊ ၁၊ ၂၁၂ ၂၁၃။ ဋ္ဌ၊ ၄၊ ၄၃ ၄၉။ ငါးရာငါးဆယ်၊ တ၊ ၆၅၂ ၆၆၃။)

ပစ္စုပ္ပန်ဝတ္ထု=ဘခင်ကို လုပ်ကျွေးသောလင်ယောက်ျားက ဘခင်နှင့်ကုန်းတိုက်သောမယားကို အိမ်မှ နှင်ထုတ်၍ ထိုမယားသည် တောင်းပန်ခြင်း။

အတိတ်ဝတ္ထု=မယား၏စကားကို နားထောင်၍ ဖခင်ကို သတ်မည်ပြုလုပ်သောအခါ မိမိသားငယ်၏ဉပါယ်တမျဉ်ဖြင့် ဆုံးမမှုကြောင့် ဖခင်လည်း အသက်မှချမ်းသာရ, မိမိလည်း ပိတုဃာတကကံမထိုက်ပဲ မယားကို အိမ်မှနှင်ခြင်း၊ သားငယ်ကြောင့်ပင် မယားလည်း အိမ်၌ ပြန်လည် နေခွင့်ရပြီး ယောက္ခမ, လင်, သားပညာရှိတို့ကို ကောင်းစွာ လုပ်ကျွေး၏၊ ထိုသမီးခင်ပွန်းတို့သည် သားပညာရှိ၏အဆုံးအမ၌တည်၍ ဒါနစသောကောင်းမှုတို့ကို ပြု၍ နတ်ပြည်သို့ လားကုန်၏။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ အဖကိုလုပ်ကျွေးသောဒါယကာသည် သောတာပတ္တိဖိုလ်၌ တည်၏။

ထိုအခါ သားပညာရှိသည် ယခုအခါ ဘုရားရှင်ဖြစ်၏။

တက္ကလ သထွေး၊ အာလုဝ အာလူး, ကညင်ဥ၊ ဗိဠာလိ ပိန်းဥ၊ ကဠမ္ဗ မျောက်ဥ, တည်ဥ

ဆောင်ပုဒ်=မိန်းမစကား၊ လိုက်နာငြား၊ အမှားဖြစ်တတ်သည်။

၂၉၁။ (၄၄၇) မဟာဓမ္မပါလဇာတ်၊ ဒသကနိပါတ် (ဇာတက၊ ၁၊ ၂၁၄ ၂၁၅။ ဋ္ဌ၊ ၄၊ ၄၉ ၅၅။ ငါးရာငါးဆယ်၊ တ၊ ၆၆၄ ၆၇၅။)

ပစ္စုပ္ပန်ဝတ္ထု=အလောင်းမင်းသားသေပြီ ဟု နတ်ပြောသောစကားကို မယုံကြည်သော ခမည်းတော်သုဒ္ဓေါဒနမင်းကြီး။

အတိတ်ဝတ္ထု=ဒိသာပါမောက္ခဆရာက သင့်သားသေပြီးဟု ပြော၍ အရိုးတွေကို ပြသော်လည်း မယုံသောပုဏ္ဏား။

ဘုရားအလောင်းဓမ္မပါလသတို့သား။

ငယ်ရွယ်စဉ် မသေခြင်း၏အကြောင်း ကောင်းမှုများ

၁။ ကုသလကမ္မပထတရားဆယ်ပါးကို ကျင့်ခြင်း။
၂။ သူတော်ကောင်းတရားကိုသာ လိုက်နာခြင်း။
၃။ စေတနာသုံးတန်ပြတ်၍ လှူခြင်း။
၄။ ရဟန်းပုဏ္ဏားပုန်းတောင်းယာစကာတို့အား ကောင်းစွာ ကျွေးမွေးခြင်း။
၅။ ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်း။
၆။ ငါးပါးသီလမြဲခြင်း။
၇။ ပညာဗဟုသုတများကို ဆည်းပူးခြင်း။
၈။ တရားကို စောင့်က တရားက စောင့်ခြင်း။

ဆရာကြီးသည် ထိုတရားတို့ကို ပေဒ္ဒရေးပြီးနောက်...တက္ကသိုလ်ပြည်သို့ ပြန်သွား၍ ဓမ္မပါလအား အလုံးစုံသော အတတ်ကို သင်စေ၍ အခြံအရံနှင့်တကွ ပို့လိုက်၏။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် အနာဂါမိဖိုလ်၌တည်၏။

ဒိသာပါမောက္ခဆရာကြီးသည် အရှင်သာရိပုတ္တအလောင်း, ဓမ္မပါလသတို့သားကား ဘုရားအလောင်းဖြစ်ခဲ့၏။
ဆောင်ပုဒ်=သီလကိုဖြည့်၊ တရားပြည့်၊ ငယ်သည့်ချိန်ခါ မသေရာ။
ဓမ္မပါလ၊ ဇာတ်တော်က၊ ဟောပြသေအချာ။

၂၉၂။ (၄၅၂) ဘူရိပညဇာတ်၊ ဒသကနိပါတ် (ဇာတက၊ ၁၊ ၂၂၀ ၂၂၁။ ဋ္ဌ၊ ၄၊ ၇၂။ ငါးရာငါးဆယ်၊ တ၊ ၇၀၈။)
မဟာနိပါတ် မဟာဥမင်ဇာတ် (ခု၊ ၆=ဇာတက၊ ၂၊ ၂၀၄။ ဋ္ဌ၊ ၆၊ ၂၁၆ ၂၁၉။ ဇာတ်ကြီး၊ ပ၊ ၇၀၈ ၇၂၄။)

၂၉၃။ (၄၅၃) မဟာမင်္ဂလဇာတ်၊ ဒသကနိပါတ် (ဇာတက၊ ၁၊ ၂၂၂ ၂၂၃။ ဋ္ဌ၊ ၄၊ ၇၃ ၇၉။ ငါးရာငါးဆယ်၊ တ၊ ၇၀၈ ၇၁၉။)
ပစ္စုပ္ပန်ဝတ္ထု=မင်္ဂလာအမှန်ကို မသိကြ၍ ၁၂ နှစ်လွန်မှ သိကြားမင်းတောင်းပန်သဖြင့် မင်္ဂလသုတ်တော်ကို ဘုရားရှင်ဟောခြင်း။
အတိတ်ဝတ္ထု=ရှေးအခါ ဗာရာဏသီပြည်၌ မင်္ဂလာပြဿနာကြောင့် တပည့်ရသေ့တို့သည် ဘုရားအလောင်းဆရာရက္ခိတရသေ့ထံမှ မင်္ဂလာရှစ်ပါး တရားကိုနာယူကြပြီးနောက် မင်းအမှူးပြုသောပြည်သူတို့အား ဟောကြားကြခြင်း။
မင်္ဂလာပြဿနာကို မေးသောတပည့်ကြီးသည် အရှင်သာရိပုတ္တအလောင်းတည်း။
မေတ္တာဖြင့်နေလေ့ရှိသူကို သတ္တဝါအားလုံးတို့သည် ချစ်အပ်သည်ဖြစ်၍ သူတစ်ပါးတို့လုံ့လပယောဂဖြင့် မပျက်စီးနိုင်။ မေတ္တာဝိဟာရီ ဟိ ပုဂ္ဂလော သဗ္ဗေသံ ပိယော ဟောတိ ပရူပက္ကမေန အဝိကောပိယော။ (ဇာ၊ ဋ္ဌ၊ ၄၊ ၇၆။)
ဆောင်ပုဒ်=မင်္ဂလာတရား၊ လိုက်နာငြား၊ ကြီးပွါးကြမည်မှန်။

၂၉၄။ (၄၅၄) ဃဋပဏ္ဍိတဇာတ်၊ ဒသကနိပါတ် (ဇာတက၊ ၁၊ ၂၂၃ ၂၂၄။ ဋ္ဌ၊ ၄၊ ၈၀ ၉၀။ ငါးရာငါးဆယ်၊ တ၊ ၇၂၀ ၇၄၁။)
ပစ္စုပ္ပန်ဝတ္ထု=သားသေ၍ ငိုသောသူကြွယ်။ မဋ္ဌကုဏ္ဍလီဝတ္ထုနှင့်တူ၏။
အတိတ်ဝတ္ထု=ကံသမင်းဆက်မှ သားသေ၍ ငိုသော ဝါသုဒေဝမင်းအား လမှ ယုန်ရုပ်ကိုပြ၍ ငိုတောင်းလျက် တရားပြသောဘုရားအလောင်း ညီတော်ဃဋပဏ္ဍိတမင်းသား။
ကဏှာဒီပါယနရသေ့ကို သတ်သောကြောင့် ကံသမင်းဆက်ပျက်သုဉ်းရ၏။
သားသေသောသူကြွယ်သည် သောတာပတ္တိဖိုလ်၌တည်၏။
ရောဟိဏေယျအမတ်သည် အရှင်အာနန္ဒာအလောင်း, ဝါသုဒေဝမင်းသည် အရှင်သာရိပုတ္တအလောင်းတို့ဖြစ်၏။
ဆောင်ပုဒ်=ရသေ့ရဟန်း၊ သတ်ညှဉ်းပန်း၊ ကြငှန်းမင်းနွယ်ပျက်တတ်သည်။

၂၉၅။ (၄၅၆) ဇုဏှဇာတ်၊ ကောဒသကနိပါတ် (ဇာတက၊ ၁၊ ၂၂၇ ၂၂၉။ ဋ္ဌ၊ ၄၊ ၉၆ ၁၀၁။ ငါးရာငါးဆယ်၊ တ၊ ၇၅၁ ၇၆၂။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်အား အမြဲအလုပ်အကျွေးရွေးချယ်ခြင်း။
ဘုရားရှင်၏ပဌမဗောဓိခေါ်သော ဝါတော်နှစ်ဆယ်အတွင်းဝယ် အလုပ်အကျွေးမမြဲ၊ အရှင်အာနန္ဒာသည် ဆုရှစ်ပါးကိုတောင်း၍ နှစ်ဆယ့်ငါးဝါတို့ပတ်လုံး ဘုရားရှင်အား အမြဲလုပ်ကျွေးတော်မူခဲ့၏။ ထိုအကြောင်းအကျယ်ကို "အရှင်အာနန္ဒာမထေရ်အကြောင်း သိကောင်းစရာ"၌ ကြည့်ပါ။
အတိတ်ဝတ္ထု=ကျောင်းသားဘဝက တိုက်မိ၍ ထမင်းခွက်ကျကွဲသော အရှင်အာနန္ဒာအလောင်းပုဏ္ဏားအား ဆုပေးသောဘုရားအလောင်းဇုဏှမင်း။
ဆောင်ပုဒ်=သူပေးကတိ၊ ပြန်လည်သိ၊ ပြုဘိချီးမြှောက်ပါ။
နည်းငယ်ပေးဖူး၊ သူ့ကျေးဇူး၊ အထူးသိအပ်စွာ။

၂၉၆။ (၄၅၉) ပါနီယဇာတ်၊ ကောဒသကနိပါတ် (ဇာတက၊ ၁၊ ၂၃၄ ၂၃၅။ ဋ္ဌ၊ ၄၊ ၁၁၅ ၁၂၁။ ငါးရာငါးဆယ်၊ တ၊ ၇၈၆ ၇၉၆။)
ပစ္စုပ္ပန်ဝတ္ထု=ညဉ့်အခါ ကာမဝိတက်ကို ကြံကုန်သော ရဟန်းငါးရာတို့အား ဘုရားရှင်တရားပြခြင်း။
အတိတ်ဝတ္ထု=ပစ္စေကဗုဒ္ဓါငါးဆူတို့၏သံဝေဂတရားကြောင့် ဘုရားအလောင်းဗြဟ္မဒတ်မင်းသည် ကျက်သရေတိုက်ခန်းဝယ်

ဖြူသောနံရံ၌ သြဒါတကသိုဏ်းကို ပြု၍ ဈာန်ကို ဖြစ်စေပြီးနောက်...ဟိမဝန္တာသို့ ကြွ၍ ရသေ့ရဟန်းပြု၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဆောင်ပုဒ်=ကာမဟူသမျှ၊ မရှောင်က၊ ဒုက္ခရောက်မည်မှတ်။

၂၉၇။ (၄၆၀) ယုဓဉ္စယဇာတ်၊ ကောဒသကနိပါတ် (ဇာတက၊ ၁၂၃၅ ၂၃၆။ ဋ္ဌ၊ ၄၁၂၁ ၁၂၆။ ငါးရာငါးဆယ်၊ တ၊ ၇၉၆ ၈၀၄။)

ပစ္စုပ္ပန်ဝတ္ထု=လူ့ဘောင်လောက၌ နေတော်မူသည်ဖြစ်အံ့၊ စကြာမင်းဖြစ်အံ့သည်ကို ပယ်၍ တောထွက်သဖြင့် ဘုရားဖြစ်တော်မူခြင်း။

အတိတ်ဝတ္ထု=ပင့်ကူအိမ်, မြက်ပင်ဖျားမှ ဆီးနှင်းပေါက်တို့၏မတည်တံ့, မခိုင်မြဲသည်ကို သံဝေဂယူ၍ တောထွက်လျက်ရသေ့ပြုကာ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေသော ဘုရားအလောင်း ယုဓဉ္စယမင်းသား။ အရှင်အာနန္ဒာအလောင်း ညီတော်ယုဓိဋ္ဌိလမင်းသားလည်း နောင်တော်နှင့် အတူတကွ ရသေ့ပြု၍ ဈာန်အဘိညာဉ်တို့ကိုလည်း ရသည်ပင်တည်း။ မြို့ဗာရာဏသီ ခုနစ်မည်...၁။ ဥဒယဇာတ်(ခု၊ ၅၊ ၂၃၁)၌ သုရုန္ဓနမြို့၊ ၂။ စူဠသုတသောမဇာတ် (ခု၊ ၆၊ ၂၅)၌ သုဒဿနမြို့၊ ၃။ သောဏနန္ဒဇာတ် (ခု၊ ၆၊ ၇၄)၌ ဗြဟ္မဝဍ္ဎနမြို့၊ ၄။ ခဏ္ဍဟာလဇာတ်(ခု၊ ၆၊၂၄၂)၌ ပုပ္ဖဝတီမြို့၊ ၅။ သံခြာဟ္မဏဇာတ် (ခု၊ ၅၊ ၂၀၅)၌ မောဠိနီမြို့၊ ၆။ ဤယုဓဉ္စယဇာတ်၌ ရမ္မမြို့၊ ၇။ ဗာရာဏသီမြို့။

ဆောင်ပုဒ်=နံနက်တွင်ကျ၊ နှင်းပေါက်က၊ နေခပျက်စီးရာ။
ငါ့ခန္ဓာလဲ၊ ထိုသည့်နှဲ၊ မလွဲပျက်မည်သာ။
အို,နာ,သေဘေး၊ လာမည့်ရေး၊ ကြွေး ကြောက်စရာ။

၂၉၈။ (၄၆၁) ဒသရထဇာတ်၊ ကောဒသကနိပါတ် (ဇာတက၊ ၁၂၃၆ ၂၃၇။ ဋ္ဌ၊ ၄၁၂၆ ၁၃၃။ ငါးရာငါးဆယ်၊ တ၊၈၀၄ ၈၁၅။)

ပစ္စုပ္ပန်ဝတ္ထု=ဖခင်သေ၍ စိတ်ညစ်ပြီး အမှုကိစ္စတို့ကို စွန့်သော သူကြွယ်အား ဘုရားရှင် တရားဟောတော်မူခြင်း။

အတိတ်ဝတ္ထု=ခမည်းတော်နတ်ရွာစံကြောင်းကြားသော်လည်း မငိုကြွေးပဲ ခမည်းတော်၏စကားကို နာယူ၍ မင်းပြုသော ဘုရားအလောင်းရာမသုခမိန်။

ဒသရထမင်းကြီး၏ပဌမမိဖုရားကြီးနှင့်ရသော သားတော်နှစ်ပါး...ရာမသုခမိန်နှင့် လက္ခဏမင်းသား, သမီးတော် သီတာမင်းသမီး၊ နောက်မိဖုရားကြီးနှင့်ရသော သားတော်ကား...ဘရတမင်းသား။

မင်းကြီးသည် နောက်မိဖုရားအား ဆုပေးမည် ဟု ကတိစကားအရ မိဖုရားက သားတော်ဘရတအား မင်းအဖြစ်ကို တောင်းသည်ရှိသော် ကတိစကားအရ မိဖုရားတောင်းသည့်ဆုကို ပေးရမည်ကြိမ်သောအခါ သားတော်ကြီးတို့ကို နောက်တစ်ဆယ့်နှစ်နှစ်ကြာ မိမိနတ်ရွာစံမှ တိုင်းပြည်သို့ပြန်လာကာ မင်းပြုရန် မှာကြား၍ သင့်လျော်ရာသို့ သွားနေကြရန် မိန့်လေ၏။

(နိမိတ်ဖတ်ပုဏ္ဏားတို့က "မင်းကြီးသည် နောက်ထပ် တစ်ဆယ့်နှစ်နှစ် အသက်ရှည်လိမ့်မည်"ဟု ဟောကြသည်။)

ရာမ, လက္ခဏ, သီတာ မောင်နမသုံးဦးတို့သည် ခမည်းတော်၏အမိန့်တော်အတိုင်း ထွက်ခွါ၍ ဟိမဝန္တာသို့ဝင်ကျောင်းသင်္ခမ်းဆောက်လုပ်၍ နေကြ၏၊ ရာမသုခမိန်ကို ဖခင်အရာ၌ထား၍ လက္ခဏမင်းသားနှင့် သီတာမင်းသမီးတို့က လုပ်ကျွေးကြ၏။ ဒသရထမင်းကြီးသည် သားတော် သမီးတော်တို့၌ စိုးရိမ်သောကဖြင့် ကိုးနှစ်မြောက်ဝယ် နတ်ရွာစံလေ၏။

မိဖုရားကြီးသည် မိမိ၏သားတော် ဘရတမင်းသားကို နန်းတင်စေလိုသော်လည်း ဘရတမင်းသားကိုယ်တိုင်ပင် နောင်တော်ကြီးရာမသုခမိန်ကိုသာ ထီးနန်းတင်လိုသောကြောင့် ကိုယ်တိုင် ပင့်ဆောင်ရန် တောသို့လိုက်သွားကာ ခမည်းတော်နတ်ရွာစံကြောင်းပြောလေသော် ရာမသုခမိန်သည် မည်သို့မျှ တုန်လှုပ်ခြင်းမရှိပဲ လက္ခဏမင်းသားနှင့် သီတာမင်းသမီးတို့ကား ငိုကြွေးကြ၏။ ဘရတမင်းသားက နောင်တော်ကြီးရာမသုခမိန်အား မငိုကြွေးခြင်းအကြောင်းကို မေးလျှောက်လေ၏။

ရာမသုခမိန်က..."ညီထွေးဘရတ...ယောကျ်ားသည် များစွာ ငိုမြည်တမ်းသောသူတို့တွင် တစ်ယောက်မျှသည်လည်း ဇီဝိတိန္ဒြေ (အသက်)ကို စောင့်ရှောက်ခြင်းငှါ မတတ်နိုင်၊ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် သိကြားလိမ္မာသော ပညာရှိသူသည် မိမိကိုယ်ကို ပူပန်စေအံ့နည်း?

သေရမည်မှာ မလွဲပါ...ငယ်ရွယ်သူ, ကြီးသူ, မိုက်သူ, ပညာရှိသူ, ကြွယ်ဝသူ, ဆင်းရဲသူ=ဤသူအားလုံးတို့သည် သေမင်းခံတွင်း၌လျှင် လဲလျောင်းရာရှိကုန်၏။ ဖြစ်လျှင်ပျက်မှာ ဓမ္မတာ...မှည့်ကုန်သော သစ်သီးတို့အား အမြဲ ကြွေကျခြင်းမှ ဘေးဖြစ်သကဲ့သို့ ဤအတူ ဖြစ်ကုန်သော သတ္တဝါတို့အား ကေန်စင်စစ်သာလျှင် သေခြင်းမှ ဘေးဖြစ်၏။

**နေ့မြင်ညပျောက် ချိန်မစောင့်...**နံနက်၌ များစွာသောသူတို့ကို မြင်အပ်ကုန်သော်လည်း ညနေချမ်း၌ ထိုနံနက်၌ မြင်ခဲ့ရသောသူတို့အနက် အချို့သူတို့ကို မမြင်ရတော့ချေ၊ များစွာသောသူတို့ကို ညနေချမ်း၌ မြင်အပ်ကုန်သော်လည်း ထိုသူတို့အနက် အချို့သူတို့ကို (နောက်နေ့)နံနက်၌ မမြင်ရတော့ပါကုန်။ အကယ်၍ ငိုကြွေးသောသူသည် မိမိကိုယ်ကို ညှဉ်းဆဲသည်ဖြစ်၍ တွေဝေသည်ဖြစ်၍ တစ်စုံတစ်ခုသော အကျိုးစီးပွါးကို စင်စစ် ဆောင်ငြားအံ့၊ ထိုငိုကြွေးခြင်းကို ပညာရှိ၌ည် ပြုရာ၏၊ (ငိုကြွေးသောသူသည် သေသောသူကို ဆောင်ခြင်းငှါလည်းကောင်း, သေသူ၏ တစ်စုံတစ်ခု ကြီးပွါးမှုကို ပြုခြင်းငှါလည်းကောင်း မတတ်နိုင်၍ ငိုကြွေးခံရသူအတွက် အကျိုးမရှိသောကြောင့် ပညာရှိတို့သည် မငိုကြွေးကြကုန်။

**ကိုယ့်ကိုညှဉ်းဆဲ မပြုပဲ...**ငိုသဖြင့် မိမိ၏အတ္တဘောကို ညှဉ်းဆဲသည်ဖြစ်၍ (ခန္ဓာကိုယ်)ကြုံလှီလျက် အဆင်းမလှသည် ဖြစ်၏၊ ထိုသို့ငိုသဖြင့် တမလွန်ဘဝသို့ သွားသောသူတို့သည် မစောင့်ရှောက်ကုန်၊ ထို့ကြောင့် ငိုကြွေးခြင်းသည် အကျိုးမရှိချေ။

**တရားနှင့်သာ ဖြေဆည်းရာ...**နေရာအိမ်ကို မီးလောင်သည်ရှိသော် ရေအိုးအရာအထောင်ဖြင့် ငြိမ်းစေသကဲ့သို့ ဤအတူပင် မြဲမြံတည်ကြည်၍ အကြားအမြင်ရှိသော ပညာရှိသူသည် ဖြစ်သော စိုးရိမ်ခြင်းကို လျင်စွာ ငြိမ်းစေရာ၏၊ လေသည် လဲကို လွင့်သကဲ့သို့ စိုးရိမ်သောကကို လွင့်ဖျောက်ရာ၏။

**တစ်ယောက်တည်း လာ သွား သံသရာ့ခရီးသွား...**သတ္တဝါသည် တစ်ယောက်တည်းသာလျှင်(တမလွန်လောကသို့) သွားရ၏၊ တစ်ယောက်တည်းသာလျှင် အမျိုးတစ်ခုခု၌ မွေးဖွားလာရ၏၊ အလုံးစုံသော သတ္တဝါတို့အား အဆွေအမျိုးအဖြစ်ဖြင့် စပ်ယှဉ် (တော်စပ်)သည်သာလျှင် အလွန်ဖြစ်ကုန်၏။ (စင်စစ်သော်ကား ပရမတ္ထအားဖြင့် ဘဝသုံးပါးတို့၌ သတ္တဝါတို့သည် ကံသာလျှင် မိမိဥစ္စာရှိကုန၏။) ထို့ကြောင့်ပင် များသောအကြားအမြင်ရှိ၍ ဤပစ္စုပ္ပန်လောက, တမလွန်ကို ကောင်းစွာရှုမြင်သော ပညာရှိအား လောကဓံတရား ရှစ်ပါးကိုသိ၍ နှလုံးသား(ဟဒယဝတ္ထု)ကိုလည်းကောင်း, စိတ်ကိုလည်းကောင်း များစွာသော စိုးရိမ်ခြင်းတို့သည် မပူပန်စေနိုင်ကုန်။

**အဖနည်းတူ ငါပြုမူအံ့...**ငါသည် အလှူဒါန, ရာထူးဌာနန္တရ, အခြံအရံကိုလည်း ပေးအံ့၊ စည်းစိမ်ဥစ္စာကိုလည်း အဖသုံးဆောင်သောနည်းဖြင့် သုံးဆောင်အံ့၊ အဆွေအမျိုးတို့ကိုလည်း လုပ်ကျွေးမွေးမြူအံ့၊ ကြွင်းသော သူခပ်သိမ်းကိုလည်း ကောင်းစွာ စောင့်ရှောက်အံ့၊ သိသောသူအား ဤစောင့်ရှောက်ခြင်းကိစ္စသည် လျော်၏။

ယံ န သက္ကာ နိပါလေတုံ၊ ပေါသေန လပတံ ဗဟုံ။
သ ကိဿ ဝိညူ မေဓာဝီ၊ အတ္တာန'မုပတာပယေ။
ဒဟရာ စ ဟိ ဝုဒ္ဓါ စ၊ ယေ ဗာလာ ယေ စ ပဏ္ဍိတာ။
အဍ္ဎာ စေဝ ဒလိဒ္ဒါ စ၊ သဗ္ဗေ မစ္စုပရာယဏာ။
ဖလာနမိဝ ပက္ကာနံ၊ နိစ္စံ ပတနတော ဘယံ။
ဧဝံ ဇာတာန မစ္စာနံ၊ နိစ္စံ မရဏတော ဘယံ။
သာယမေကေ န ဒိဿန္တိ၊ ပါတော ဒိဋ္ဌာ ဗဟုဇ္ဇနာ။
ပါတော ဧကေ န ဒိဿန္တိ၊ သာယံ ဒိဋ္ဌာ ဗဟုဇ္ဇနာ။
ပရိဒေဝယမာနော စေ၊ ကိဉ္စိဒတ္ထံ ဥဒဗ္ဗဟေ။
သမ္မူဠှော ဟိံသ'မတ္တာနံ၊ ကယိရာ တံ ဝိစက္ခဏော။
ကိသော ဝိဝဏ္ဏော ဘဝတိ၊ ဟိံသ'မတ္တာန'မတ္တနော။
န တေန ပေတာ ပါလေန္တိ၊ နိရတ္ထာ ပရိဒေဝနာ။
ယထာ သရဏ'မာဒိတ္တံ၊ ဝါရိနာ ပရိနိဗ္ဗယေ။
ဧဝမ္ပိ ဓီရော သုတဝါ၊ မေဓာဝီ ပဏ္ဍိတော နရော။
ခိပ္ပ'မုပ္ပတိတံ သောကံ၊ ဝါတော တူလံဝ ဓံသယေ။
မစ္စော ဧကောဝ အစ္စေတိ၊ ဧကောဝ ဇာယတေ ကုလေ။
သံယောဂပရမာတွေဝ၊ သမ္ဘောဂါ သဗ္ဗပါဏိနံ။
တသ္မာ ဟိ ဓီရဿ ဗဟုဿုတဿ၊ သမ္ပဿတော လောကမိမံ ပရဉ္စ။
အညာယ ဓမ္မံ ဟဒယံ မနဉ္စ၊ သောကာ မဟန္တာပိ န တာပယန္တိ။

သောဟံ ဒဿဥ္စ ဘောက္ခဥ္စ၊ ဘရိယာမိ စ ဉာတက။
သေသဥ္စ ပါလယိဿာမိ၊ ကိစ္စမေတံ ဝိဇာနတော။
(ဇာ၊ ၁၊ ၂၃၆ ၂၃၇=၅၊ ၄၊ ၁၂၉-၁၃၀။)

(တာတ ဘရတ ညီထွေး ဘရတ၊) ပေါသေန ယောကျ်ားသည်၊ ဗဟုံ များစွာ၊ လပတံ=လပန္တာနံ ငိုမြည်တမ်းသောသူတို့တွင်၊ ဧကောပိ တစ်ယောက်မျှသည်လည်း၊ ယံ အကြင်ဇီဝိတ်ခြွေသည်၊ အတ္ထံ ရှိ၏၊ တံ ထိုဇီဝိတ်ခြွေကို၊ နိုပါလေတုံ စောင့်ခြင်းငှာ၊ န သက္ကာ မတတ်နိုင်၊ အထ ထိုသို့ဖြစ်လျက်၊ ကိဿ အဘယ့်ကြောင့်၊ ဝိညူ သိကြားလိမ္မာသော၊ မေဓာဝီ ပညာရှိသော၊ သ=သော ထိုသူသည်၊ အတ္တာနံ မိမိကိုယ်ကို၊ ဥပတာပယေ ပူပန်စေအံ့နည်း။

(တာတ ဘရတ ငါ့ညီဘရတ၊) ယေ ဒဟရာ စ အကြင်သူငယ်တို့သည်လည်းကောင်း၊ ယေ ဝုဍ္ဎါ စ အကြင်ကြီးသူတို့သည်လည်းကောင်း၊ ယေ ဗာလာ စ အကြင်သူမိုက်တို့သည်လည်းကောင်း၊ ယေ ပဏ္ဍိတာ စ အကြင်ပညာရှိတို့သည်လည်းကောင်း၊ ယေ အဍ္ဍာ စ အကြင်ကြွယ်ဝသော သူတို့သည်လည်းကောင်း၊ ယေ ဒလိဒ္ဒါ စ အကြင်သူဆင်းရဲတို့သည်လည်းကောင်း၊ အတ္ထိ=သန္တိ ရှိကုန်၏၊ သဗ္ဗေ အလုံးစုံသောသူတို့သည်၊ မစ္စုပရာယနာ သေမင်းခံတွင်း၌လျှင် လဲလျောင်းရာ ရှိကုန်၏။

ပက္ကာနံ မှည့်ကုန်သော၊ ဖလာနံ သစ်သီးတို့အား၊ နိစ္စံ အမြဲ၊ ပတနတော ကြွေကျခြင်းမှ၊ ဘယံ ဘေးသည်၊ ဟောတိ ဣဝ ဖြစ်သကဲ့သို့၊ ဧဝံ ဤအတူ၊ ဇာတာနံ ဖြစ်ကုန်သော၊ မစ္စာနံ သတ္တဝါတို့အား၊ မရဏတော သေခြင်းမှ၊ နိစ္စံ အမြဲ၊ ဘယံ ဘေးသည်၊ ဟောတိ ဖြစ်၏။

(ကနိဋ္ဌ ညီထွေးအငယ်၊) ပါတော နံနက်မှ၊ ဗဟုဇ္ဇနာ များစွာကုန်သောသူတို့ကို၊ ဒိဋ္ဌာ မြင်အပ်ကုန်၏၊ တေသု ထိုနံနက်၌ မြင်အပ်သောသူတို့တွင်၊ ဧကေ အချို့သော သူတို့ကို၊ သာယံ ညဉ့်အခါ၌၊ န ဒိဿန္တိ မမြင်ကုန်၊ ဗဟုဇ္ဇနာ များစွာသော လူတို့ကို၊ သာယံ ညချမ်းအခါ၌၊ ဒိဋ္ဌာ မြင်အပ်ကုန်၏၊ တေသု ထိုညချမ်းအခါ၌ မြင်အပ်သောလူတို့တွင်၊ ဧကေ အချို့သောသူတို့ကို၊ ပါတော (နောက်နေ့) နံနက်အခါ၌၊ န ဒိဿန္တိ မမြင်ရတော့ပါကုန်။

စေ အကယ်၍၊ ပရိဒေဝယမာနော ငိုကြွေးသောသူသည်၊ အတ္တာနံ မိမိကိုယ်ကို၊ ဟိံသံ=ဟိံသန္တော ညှဉ်းဆဲသည်ဖြစ်၍၊ သံမူဠှော တွေဝေသည်ဖြစ်၍၊ ကိဉ္စိ တစ်စုံတစ်ခုသော၊ အတ္ထံ အကျိုးစီးပွားကို၊ ဥဒ္ဒ စင်စစ်၊ အဗ္ဗဟေ အာဝဟေ အာဟရေယျ ဆောင်ငြားအံ့၊ တံ ထိုငိုကြွေးခြင်းကို၊ ဝိစက္ခဏော ပညာရှိသည်၊ ကယိရာ ပြုရာ၏။

ပရိဒေဝေန ငိုကြွေးသဖြင့်၊ အတ္တနော အတ္တာနံ မိမိကိုယ်ကို၊ ဟိံသံ=ဟိံသန္တော ညှဉ်းဆဲသည်ဖြစ်၍၊ ကိသော ကြုံလှီသည်၊ ဝိဝဏ္ဏော အဆင်းမလှသည်၊ ဘဝတိ ဖြစ်၏၊ တေန ထိုသို့ ငိုကြွေးသဖြင့်၊ ပေတာ တမလွန်ဘဝသို့ ရောက်သွားသော သူတို့သည်၊ န ပါလေန္တိ စောင့်ရှောက်ကုန်၊ တေန ထို့ကြောင့်၊ ပရိဒေဝနာ ငိုကြွေးခြင်းသည်၊ နိရတ္ထာ အကျိုးမရှိ။

(ကနိဋ္ဌ ညီထွေး၊) ယထာ ဥပမာကား၊ သရဏံ (နိဝါသဂေဟံ) နေရာအိမ်ကို၊ အာဒိတ္တံ မီးလောင်သည်ရှိသော်၊ ဝါရိနာ ရေအိုးအရာအထောင်ဖြင့်၊ နိဗ္ဗာပယေ ဣဝ ငြိမ်းစေသကဲ့သို့၊ ဧဝမ္ပိ ဤအတူလည်း၊ ဓီရော မြဲမြံတည်ကြည်သော၊ သုတဝါ အကြားအမြင်ရှိသော၊ ပဏ္ဍိတော ပညာရှိသော၊ နရော လူသည်၊ ဥပ္ပတိတံ ဖြစ်သော၊ သောကံ စိုးရိမ်ကို၊ ခိပ္ပံ လျင်စွာ၊ နိဗ္ဗာပယေ ငြိမ်းစေရာ၏၊ ဝါတော လေသည်၊ တူလံ လဲကို၊ ဓံသယေ ဣဝ လွင့်သကဲ့သို့၊ သောကံ စိုးရိမ်ခြင်းကို၊ ဓံသယေ လွင့်ဖျောက်ရာ၏။

(တာတ ဘရတ အမောင်ဘရတ၊) မစ္စော သတ္တဝါသည်၊ ဧကောဝ တစ်ယောက်တည်းသာလျှင်၊ အစ္စေတိ လွန်ရ၏၊ ဧကောဝ တစ်ယောက်တည်းသာလျှင်၊ ကုလေ အမျိုးလေးပါး၌၊ ဇာယတေ ဖြစ်၏၊ သဗ္ဗပါဏီနံ အလုံးစုံသော သတ္တဝါတို့အား၊ သံယောဂပရမာတွေဝ (ဤကား ငါ၏ဘခင်, ဤကား ငါ၏မိခင်, ဤကား ငါ၏မိတ်ဆွေ ဟု)အဆွေအမျိုးနှင့် စပ်ယှဉ်ခြင်းသည်သာလျှင် အလွန်ဖြစ်ကုန်၏၊ သမ္ဘောဂါဧဝ အဆွေအမျိုးဟု သုံးဆောင်ခြင်းသည်သာလျှင် ရှိကုန်၏။

တသ္မာ ဟိ ထို့ကြောင့်လျှင်၊ ဗဟုဿုတဿ များသော အကြားအမြင်ရှိသော၊ ဣမဉ္စ လောကံ ဤပစ္စုပ္ပန်လောကကိုလည်းကောင်း၊ ပရလောကဉ္စ တမလွန်လောကကိုလည်းကောင်း၊ သမ္ပဿတော များစွာ ရှုမြင်သော၊ ဓီရဿ ပညာရှိအား၊ ဓမ္မံ လောကဓံတရား ရှစ်ပါးကို၊ အညာယ သိ၍၊ ဟဒယဉ္စ ဟဒယဝတ္ထုကိုလည်းကောင်း၊ မနဉ္စ စိတ်ကိုလည်းကောင်း၊ မဟန္တာပိ များစွာလည်း ဖြစ်ကုန်သော၊ သောကာ စိုးရိမ်ခြင်းတို့သည်၊ န တာပယန္တိ မပူပန်စေနိုင်ကုန်။

သော အဟံ ထိုငါသည်၊ ဒဿဉ္စ အလှူဒါန, ရာထူးဌာနန္တရ, အခြံအရံကိုလည်း၊ ဒဿာမိ ပေးအံ့၊ ဘောက္ခဥ္စ စည်း

စိမ်ဥစ္စာကိုလည်း၊ ပရိဘုဉ္ဇိဿာမိ ဘခင်သုံးဆောင်သောနည်းဖြင့် သုံးဆောင်အံ့၊ ဉာတကေ စ အဆွေအမျိုးတို့လည်း၊ ဘရိဿာမိ(ပေါသေဿာမိ)-လုပ်ကျွေးမွေးမြူအံ့၊ သေဿစ္စ-ကြွင်းသောသူခပ်သိမ်းကိုလည်း၊ ပါလယိဿာမိ ကောင်းစွာ စောင့်ရှောက်အံ့၊ ဝိဇာနတော သိသောသူအား၊ ဧတံ ကိစ္စံ-ဤစောင့်ရှောက်ခြင်းကိစ္စသည်၊ အနုရူပံ-လျော်၏။

(ငါးရာငါးဆယ်၊ တတိယတွဲ၊ ၈၁၀-၈၁၃။)

ရာမသုခမိန်သည် ခမည်းတော်၏စကားကို လိုက်နာသောအားဖြင့် တစ်ဆယ့်နှစ်နှစ်မပြည့်သေး၍ မိမိ၏မြက်ခြေနင်းကိုသာ ညီတော်, နှမတော်တို့နှင့် ထည့်လိုက်ပြီးလျှင် သုံးနှစ်အတွင်းဝယ် ရာဇပလ္လင်၌ ခြေနင်းကို ထား၍ တရားဆုံးဖြတ်စေ၏၊ နောက်သုံးနှစ်စေ့သောအခါမှ တိုင်းပြည်သို့ ပြန်၍ နှမတော် သီတာကို မိဖုရားကြီးအရာထား၍ အဘိသိက်ခံယူကာ တရားနှင့်အညီ မင်းပြုလေ၏။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်၏။

ဒသရထမင်းကြီးသည် သုဒ္ဓေါဒနမင်းကြီး, မယ်တော်သည် မယ်တော်မာယာမိဖုရားကြီး, နှမတော် သီတာဒေဝီသည် ရာဟုလာမယ်တော်, ဘရတသည် အရှင်အာနန္ဒာ, လက္ခဏမင်းသားသည် အရှင်သာရိပုတ္တ, ရာမသုခမိန်(မင်း)သည် ဘုရားရှင်တို့ ဖြစ်လာကုန်၏။

ဆောင်ပုဒ်=မိဘစကား၊ နားထောင်ငြားက၊ သံပြား ကျောက်စောင်း၊ ကျိုးသော်ပျောင်း၏။

၁၉၉။ (၄၆၂) သံဝရဇာတ်၊ ကောဒသကနိပါတ် (ဇာတက၊ ၁၊ ၂၃၈။ ဋ္ဌ၊ ၄၊ ၁၃၃-၁၃၉။ ငါးရာငါးဆယ်၊ တ၊ ၈၁၅-၈၂၅။)

ပစ္စုပ္ပန်ဝတ္ထု=တော၌ တရားကျင့်ရာ တရားမရ၍ ဝီရိယလျှော့ကာ ဘုရားရှင်ကိုသာ ဖူး၍ နေလိုသောရဟန်း။

အတိတ်ဝတ္ထု=ဗြဟ္မဒတ်မင်း၏သားတော်တစ်ရာတို့အနက် ဘုရားအလောင်းအမတ်၏အဆုံးအမကို နာယူ၍ မင်းဖြစ်ရသော အငယ်ဆုံးမင်းသား။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ လုံ့လလျှော့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ သံဝရမင်းသည် ယခုအခါ ထိုလုံ့လလျှော့သောရဟန်း, ဥပေါသထမင်းသားကြီးသည် အရှင်သာရိပုတ္တ, ကြွင်းသောမင်းသားတို့သည် မဟာသာဝကထေရ်များ, အဆုံးအမကို ပေးတတ်သော အမတ်သည် ဘုရားရှင် ဖြစ်လာကုန်၏။

ဆောင်ပုဒ်=ဆရာ့စကား၊ နားထောင်ငြား၊ သူကား မင်းသားငယ်။

တိုင်းပြည်စိုးထ၊ မင်းဖြစ်ရ၊ များက ကြည်ဖြူတယ်။

၂၀၀။ (၄၆၃) သုပ္ပါရကဇာတ်၊ ကောဒသကနိပါတ် (ဇာတက၊ ၁၊ ၂၃၉-၂၄၀။ ဋ္ဌ၊ ၄၊ ၁၃၉-၁၄၆။ ငါးရာငါးဆယ်၊ ၈၂၅-၈၃၇။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏ပညာပါရမီတော်၏အံ့ဖွယ်ကောင်းကြောင်း ချီးကျူးပြောဆိုကြခြင်း။

အတိတ်ဝတ္ထု=မျက်စိအလင်းမရသော်လည်း မိမိ၏မြတ်သောပညာကြောင့် သမုဒ္ဒရာများမှ ပစ္စည်းများရ၍ ဗလဝါမုခသမုဒ္ဒရာမှ သစ္စာတန်ခိုးဖြင့် သင်္ဘောသားများနှင့်တကွ ပြန်ရောက်သော ဘုရားအလောင်းသင်္ဘောသူကြီး သုပ္ပါရကသုခမိန်။

ဆောင်ပုဒ်=ပညာရှိအား၊ ဆည်းကပ်ငြား၊ ကြီးပွါးတိုးတက်သည်။

သုပ္ပါရက၊ ဇာတ်တော်က၊ ထုတ်ပြသက်သေတည်။

၂၀၁။ (၄၆၆) သမုဒ္ဒဝါဏိဇဇာတ်၊ ဒွါဒသကနိပါတ် (ဇာတက၊ ၁၊ ၂၄၄-၂၄၅။ ဋ္ဌ၊ ၄၊ ၁၆၀-၁၆၈။ ငါးရာငါးဆယ်၊ စ၊ ၂၂-၃၄။)

ပစ္စုပ္ပန်ဝတ္ထု=ဒေဝဒတ်မြေမျိုးခံရ၍ နောက်လိုက်ငါးရာတို့ကိုပါ ဘုရားရှင်ကို ဆဲရေးကြသောကြောင့် အဝီစိငရဲသို့ ကျရောက်ကြရခြင်း။

အတိတ်ဝတ္ထု=ပစ္စုပ္ပန်ချမ်းသာကိုကပ်ငြိသော ဒေဝဒတ်အလောင်းလက်သမားမိုက်သည် မိမိ၏ပရိသတ်နှင့်တကွ သမုဒ္ဒရာအလယ် ကျွန်းငယ်၌ ရေနစ်၍ သေကြေပျက်စီးရခြင်း၊ ပစ္စုပ္ပန်ချမ်းသာ၌ မကပ်ငြိသော ဘုရားအလောင်းပညာရှိလက်သမားသည် မိမိ၏ပရိသတ်နှင့် တကွ လှေဖြင့် ထွက်ခွါသွားသောကြောင့် ချမ်းသာရာရကြခြင်း။

ကောကာလိကသည် ထိုအခါ တောင်အရပ်၌တည်သော တရားမစောင့်သောနတ်ဖြစ်ဖူးပြီ။ အရှင်သာရိပုတ္တသည် မြောက်အရပ်၌တည်သော တရားစောင့်သော နတ်ဖြစ်ဖူး၏။

ဆောင်ပုဒ်=လူမိုက်ရှောင်ကြဉ်၊ ပညာရှင်၊ ပေါင်းလျှင် မင်္ဂလာ။

၃၀၂။ (၄၆၇) ကာမဇာတ်၊ ဒွါဒသကနိပါတ် (ဇာတက၊ ၁၊ ၂၄၆ ၂၄၇။ ဋ္ဌ၊ ၄၊ ၁၆၈ ၁၇၇။ ငါးရာငါးဆယ်၊ စ၊ ၃၅ ၄၆။)

ပစ္စုပ္ပန်ဝတ္ထု=လယ်ပျက်၍ စိုးရိမ်စိတ်ပျက်သော ပုဏ္ဏားကို ဘုရားရှင်တရားဟောသဖြင့် ထိုပုဏ္ဏား သောတာပတ္တိဖိုလ်၌တည်ခြင်း။

အတိတ်ဝတ္ထု=လောဘအလိုသို့ လိုက်သောမင်းကို ဘုရားအလောင်းပညာရှိလုလင်ဆုံးမခြင်း။

ဤပုဏ္ဏားသည် လောဘအလိုသို့လိုက်သော မင်းဖြစ်ဖူး၏။

ဆောင်ပုဒ်=ရောင့်ရဲနိုင်မှ၊ ချမ်းသာရ၊ မုချ မင်္ဂလာ။

၃၀၃။ (၄၆၈) ဇနသန္ဓဇာတ်၊ ဒွါဒသကနိပါတ် (ဇာတက၊ ၁၊ ၂၄၇ ၂၄၈။ ဋ္ဌ၊ ၄၊ ၁၇၇ ၁၈၁။ ငါးရာငါးဆယ်၊ စ၊ ၄၇ ၅၂။)

ပစ္စုပ္ပန်ဝတ္ထု=အစိုးရခြင်း၊ မာန်ယစ်ပြီး မင်းစည်းစိမ်ကြောင့် ဘုရားကို မေ့လျော့သော ကောသလမင်းကို ဆုံးမခြင်း။

အတိတ်ဝတ္ထု=တိုင်းသူပြည်သားတို့အား တရားဟောသော ဘုရားအလောင်း ဇနသန္ဓမင်းကြီး။

နောင်တဆယ်မျိုး

၁။ ငယ်ရွယ်စဉ် ဥစ္စာကို မရှာမိခဲ့ ဟု အိုသောအခါ နောင်တရခြင်း။

၂။ ငယ်ရွယ်စဉ် အတတ်ပညာကို မသင်မိခဲ့ ဟု အိုသောအခါ နောင်တရခြင်း။

၃။ ငယ်ရွယ်စဉ် ကောက်ကျစ်ခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းခြင်းတို့ကို ပြုမိခဲ့၏ ဟု သေရာညောင်စောင်း လျောင်းသောကာလ၌ နောင်တရခြင်း။

၄။ ရှေးက သနားခြင်းကင်းမဲ့စွာ သူ့အသက်သတ်ကို သတ်ခဲ့၏ ဟု နောက်ကာလ၌ နောင်တရခြင်း။

၅။ သူ့မယားကို မှီဝဲမိ၏ ဟု နောက်ကာလ၌ နောင်တရခြင်း။

၆။ များစွာသော ထမင်းအဖျော်ရှိပါလျက် မလှူမိခဲ့ ဟု နောက်ကာလ၌ နောင်တရခြင်း။

၇။ အိုမင်းရင့်ရော်သော မိဘများကို ဥစ္စာအား၊ ကိုယ်အားဖြင့် စွမ်းနိုင်ပါလျက် မကျွေးရမွေးမိခဲ့ ဟု နောကာလ၌ နောင်တရခြင်း။

၈။ လက်ဦးဆရာလည်းဖြစ်၍ အဖန်တလဲလဲ ဆုံးမတတ်သည့် မွေးကျွေးခဲ့သော ဖခင်ကို မထေမဲ့မြင် ပြုမိခဲ့၏ ဟု နောက်ကာလ၌ နောင်တရခြင်း။

၉။ သီလရှိကုန်သော အကြားအမြင်များသည့် ရဟန်းပုဏ္ဏားတို့သို့ ပစ္စည်းလှူလျက် မဆည်းကပ်မိခဲ့ ဟု နောက်ကာလ၌ နောင်တရခြင်း။

၁၀။ ငြိမ်သက်လျက် ငြိုးခြံသော အလေ့အကျင့်သည် ကောင်းသော်လည်း ရှေးက မကျင့်မိခဲ့ ဟု နောက်ကာလ၌ နောင်တ ရခြင်း။

ဆောင်ပုဒ်=ကောင်းမှုမှန်သမျှ၊ မမေ့က၊ မုချ မင်္ဂလာ။

ကြိုတင်ပြုက၊ နောက်နောင်တ၊ မုချမရှိပါ။

၃၀၄။ (၄၇၁) မေဏ္ဍကပဥှဇာတ်၊ ဒွါဒသနိပါတ် (ဇာတက၊ ၁၊ ၂၅၁ ၂၅၃။ ဋ္ဌ၊ ၄၊ ၁၈၈။ ငါးရာငါးဆယ်၊ စ၊ ၆၂။)

မဟာနိပါတ် ဥမင်ဇာတ်(ခ၊ ၆=ဇာတက၊ ၂၊ ၂၀၄။ ဋ္ဌ၊ ၆၊ ၁၈၈ -၁၉၄။ ငါးရာငါးဆယ်၊ ဆ၊ ၆၄၇ ၆၆၄)၌ ထင်စွာ ဖြစ်လတ္တံ့။

၃၀၅။ (၄၇၂) မဟာပဒုမဇာတ်၊ ဒွါဒသကနိပါတ် (ဇာတက၊ ၁၊ ၂၅၃ ၂၅၄။ ဋ္ဌ၊ ၄၊ ၁၈၈ ၁၉၇။ ငါးရာငါးဆယ်၊ စ၊ ၆၂ ၇၆။)

ပစ္စုပ္ပန်ဝတ္ထု=စိဉ္စမာဏဝိကာသည် ဘုရားရှင်ကို စွပ်စွဲ၍ မြေမျိုခံရခြင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းမဟာပဒုမမင်းသားကို ဖြားယောင်းသော်လည်း မိမိအလိုသို့ မလိုက်ပါသဖြင့် သူတစ်ပါး မကောင်းကြံ ကိုယ်သာခံရသော စိဉ္စမာဏဝိကာအလောင်းမိဖုရား။ ဒေဝဒတ်အလောင်းခမည်းတော်မင်းက မိဖုရား၏ စကားအရ မစူးစမ်းပဲ မဟာပဒုမမင်းသားကို ချောက်ထဲသို့ ပစ်ချစေသော်လည်း တောင်စောင့်နတ်က ခံယူ၍ တောင် ခြေရင်းရှိနဂါးမင်း၏ပါးပျဉ်း၌ထား၏၊ နဂါးမင်းသည် နဂါးပြည်သို့ ဆောင်၍ မိမိစည်းစိမ်ကို ခံစားစေ၏၊ မဟာပဒုမ

မင်းသား၏အလိုအလိုအတိုင်း လူ့ပြည်သို့ ပြန်ပို့၍ ဘုရားအလောင်းသည် တောထွက်၍ ရသေ့ရဟန်းပြုကာ ဈာန် အဘိညာဉ်တို့ကို ဖြစ်စေ၏။ မုဆိုးတစ်ယောက်သည် ထိုအကြောင်းကို သိ၍ မင်းအား ကြားလျှောက်လေသော် မင်းသည် လာ၍ တောင်းပန်ကာ သားတော်ရသေ့ကို ခေါ်သော်လည်း ဘုရားအလောင်းကား ပြန်မလိုက်ပဲ မင်းအား အဆုံးအမပေးလေ၏၊ မင်းသည် ငိုကြွေးမြည်တမ်း၍ ပြန်သွားပြီးလျှင် သားတော်နှင့်ကွေကွင်းရခြင်း၏တရားခံမိဖုရားကို နိုးသူချုရာ ကမ်းပါးပြတ်၌ ချစေကာ မြို့တော်သို့ဝင် တရားသဖြင့် မင်းပြု၏။

အရှင်အာနန္ဒာသည် နဂါးမင်း, အရှင်သာရိပုတ္တာသည် တောင်စောင့်နတ် ဖြစ်ဖူးကုန်၏။

ဆောင်ပုဒ်=မကောင်းမှုမှ၊ အထူးပ၊ ရှောင်က မင်္ဂလာ။
မင်းဟူသမျှ၊ စူးစမ်းထ၊ ပြုရမှုကိစ္စာ။

၃၀၆။ (၄၇၃) မိတ္တာမိတ္တဇာတ်၊ ဒွါဒသကနိပါတ် (ဇာတက၊ ၁၊ ၂၅၅ ၂၅၆။ ဋ္ဌ၊ ၄၊ ၁၉၇ ၂၀၀။ ငါးရာငါးဆယ်၊ စ၊ ၇၆ ၈၁။)

ပစ္စုပ္ပန်ဝတ္ထု=မိတ်ဆွေနှင့် ရန်သူခွဲခြားနိုင်ရန် ဘုရားရှင်အား ကောသလမင်းလျှောက်ထားခြင်း။

အတိတ်ဝတ္ထု=ဗြဟ္မဒတ်မင်း၏အကျိုးကျင့်သောအမတ်ကို မလိုမုန်းထားသောအခြားအမတ်တို့က ကုန်းချောမှုနှင့်ပတ်သက်၍ မင်းက ဘုရားအလောင်းပညာရှိအမတ်အား ရန်သူနှင့် မိတ်ဆွေကို ခွဲခြားသိနိုင်ရန် မေးမြန်းခြင်း။ ရန်သူလက္ခဏာ ၁၆ ပါးနှင့် မိတ်ဆွေလက္ခဏာ ၁၆ ပါးတို့ကို ဟောခြင်း။

ဆောင်ပုဒ်=ကျိုးမဲ့ပြုမှု၊ ကိုယ့်ရန်သူ၊ ကျိုးမှုလိုလား မိတ်ဆွေထား ဤကား အကျဉ်းစကား။

၃၀၇။ (၄၇၄) အမ္ဗဇာတ်၊ တေရသကနိပါတ် (ဇာတက၊ ၁၊ ၂၅၇ ၂၅၉။ ဋ္ဌ၊ ၄၊ ၂၀၁ ၂၀၈။ ငါးရာငါးဆယ်၊ စ၊ ၈၃ ၉၄။

ပစ္စုပ္ပန်ဝတ္ထု=ဆရာဖြစ်တော်မူသောဘုရားရှင်ကို ပစ်ပယ်၍ သံဃာကို သင်းခွဲသော ဒေဝဒတ် မြေမျိုခြင်း။

အတိတ်ဝတ္ထု=အခါမဲ့သရက်သီးကို သီစေနိုင်သော မန္တာန်ကို ပေးသည့် ဘုရားအလောင်းဒွန်းစဏ္ဍားသားဆရာကို ပစ်ပယ်၍ ပျက်စီးရသော ဒေဝဒတ်အလောင်း ကျေးဇူးမသိတတ်သည့်လုလင်။

ဆောင်ပုဒ်=မသိကျေးဇူး၊ ဆိုတုံကျူးက၊ သင်ထူးပညာ၊ ကျိုးမလာတည်း။

၃၀၈။ (၄၇၇) စူဠနာရဒဇာတ်၊ တေရသကနိပါတ် (ဇာတက၊ ၁၊ ၂၆၁ ၂၆၃။ ဋ္ဌ၊ ၄၊ ၂၁၉ ၂၂၄။ ငါးရာငါးဆယ်၊ စ၊ ၁၁၃ ၁၂၂။)

ပစ္စုပ္ပန်ဝတ္ထု=အပျိုကြီးဖြားယောင်းခံရ၍ လူထွက်လိုသော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=မာတုဂါမကြောင့် သီလပျက်သောရသေ့ငယ်အား ဖခင်ဘုရားအလောင်းရသေ့ဆုံးမသဖြင့် သတိတရားရကာ ဖခင်ရသေ့၏အဆုံးအမ၌တည်၍ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေလျက် သားအဖ ရသေ့နှစ်ပါးတို့ ဗြဟ္မာ့ပြည်သို့ လားကုန်၏။

လူထွက်လိုသောရဟန်းသည် ရသေ့ငယ်ဖြစ်ခဲ့၏။

ဆောင်ပုဒ်=မိန်းမဆန္ဒ၊ လိုက်မိက၊ သီလပျက်တတ်သည်။
ရှေ့နောက်မြော်မြင်၊ ဉာဏ်ဆင်ခြင်၊ မှန်လျှင်ပြင်ရမည်။

၃၀၉။ (၄၇၈) ဒူတဇာတ်၊ တေရသကနိပါတ် (ဇာတက၊ ၁၊ ၂၆၃ ၂၆၄။ ဋ္ဌ၊ ၄၊ ၂၂၄ ၂၂၈။ ငါးရာငါးဆယ်၊ စ၊ ၁၂၂ ၁၂၉။)

ပစ္စုပ္ပန်ဝတ္ထု=ဥပါယ်တံမျဉ်၌ လိမ္မာတော်မူခြင်းစသော ဘုရားရှင်၏ပညာတော်။

အတိတ်ဝတ္ထု=ကူညီနိုင်သူကိုသာ မိမိအလိုဆန္ဒကို ပြောသောဘုရားအလောင်း ပုဏ္ဏားလုလင်၊ မင်းကား အရှင်အာနန္ဒာ အလောင်း ဖြစ်ခဲ့၏၊ ဆရာသည် အရှင်သာရိပုတ္တာအလောင်း ဖြစ်ခဲ့၏။

ဆောင်ပုဒ်=ကယ်နိုင်သူမှ၊ ကိုယ့်ဒုက္ခ၊ ဖွင့်ဟပြောဆိုရာ။

၃၁၀။ (၄၇၉) ကာလိင်္ဂဗောဓိဇာတ်၊ တေရသကနိပါတ် (ဇာတက၊ ၁၊၂၆၄ ၂၆၆။ ဋ္ဌ၊ ၄၊၂၂၈ ၂၃၇။ ငါးရာငါးဆယ်၊ စ၊၁၂၂ ၁၂၉။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင် စေတီသုံးမျိုးဟောတော်မူခြင်းနှင့် အရှင်အာနန္ဒာ ဗောဓိပင်စိုက်ခြင်း။

စေတီသုံးမျိုး

၁။ သာရီရိကစေတီ၊ ၂။ ပါရိဘောဂိကစေတီ၊ ၃။ ဥဒ္ဒိဿကစေတီ။

သာရီရိကစေတီကို ဘုရားရှင်သက်တော်ထင်ရှားရှိစဉ် မပြုကောင်း၊ ပါရိဘောဂိကစေတီ, ဥဒ္ဒိဿကစေတီတို့ကို ဘုရားရှင်သက်တော်ထင်ရှား ရှိစဉ်ပင်လျှင် ပြုလုပ်ကောင်း၏။

သော "သာရုဲ"တိ သမ္ပဋိစ္ဆိတွာ တထာဂတံ ပုစ္ဆိ "ကတိ နု ခေါ ဘန္တေ စေတိယာနီ"တိ။ "တီဏိ အာနန္ဒာ"တိ။ "ကတမာနိ ဘန္တေ တီဏီ"တိ။ "သာရီရိကံ ပါရိဘောဂိကံ ဥဒ္ဒိဿက"န္တိ။ "သက္ကာ ပန ဘန္တေ တုမှေသု ဓရန္တေသုယေဝ စေတိယံ ကာတု"န္တိ။ "အာနန္ဒ သာရီရိကံ န သက္ကာ ကာတုံ။ တဉ္ဟိ ဗုဒ္ဓါနံ ပရိနိဗ္ဗာနကာလေ ဟောတိ၊ ဥဒ္ဒိဿကံ အဝတ္ထုကံ မမာယနမတ္တမေဝ ဟောတိ၊ ဗုဒ္ဓေဟိ ပရိဘုတ္တော မဟာဗောဓိရုက္ခော ဗုဒ္ဓေသု ဓရန္တေသုပိ စေတိယမေဝါ"တိ။ (ဇာ၊ ဋ္ဌ၊ ၄၊ ၂၂၉။)

ပရိဘောဂိယံ (က) ဥဒ္ဒိဿကံ ပရိဘောဂိယစ္စ သက္ကာ (က)

အတိတ်ဝတ္ထု=ဘုရားရှင်တို့ မာရ်ငါးပါးကိုအောင်ရာမြေ၏အထက်ဝယ် စကြဝတေးမင်း၏ဆင် မသွားနိုင်။

အရှင်အာနန္ဒာသည် ထိုအခါ စကြဝတေးကာလိင်္ဂမင်းဖြစ်ခဲ့၏၊ ဘုရားရှင်ကား ကာလိင်္ဂဘာရဒွါဇပုရောဟိတ်ဖြစ်ခဲ့၏။

လှည်းတစ်စီးတိုက်သည် တစ်ဝါဟမည်၏။

ဆောင်ပုဒ်=ပူဇော်ထိုက်က၊ ပူဇော်ရ၊ မုချမင်္ဂလာ။

၃၁၁။ (၄၈၀) အကိတ္တိဇာတ်၊ တေရသကနိပါတ် (ဇာတက၊ ၁၊ ၂၆၆ ၂၆၈။ ဋ္ဌ၊ ၄၊ ၂၃၇ ၂၄၃။ ငါးရာငါးဆယ်၊ စ၊ ၁၄၃ ၁၅၄။)

ပစ္စုပ္ပန်ဝတ္ထု=ဒါနဟူသည် ရဟန်း, ရှင်, လူ မည်သူမဆို ပြုသင့်ကြောင်း။

ဒါနံ နာမ ဂိဟီနာပိ ပဗ္ဗဇိတေနာပိ ဒါတဗ္ဗမေဝ။ (ဇာ၊ ဋ္ဌ၊ ၄၊ ၂၃၇။)

အတိတ်ဝတ္ထု=မိမိစားမည့်ကံပြင်းရွက်ပြုတ်ကိုပင် ၃ ရက်ဆက်လှူ၍ အစာမစားပဲ ပီတိချမ်းသာဖြင့်နေသော ဘုရားအလောင်း အကိတ္တိပညာရှိရသေ့။

ပုဏ္ဏားအသွင်ဖြင့် အလှူခံသော သိကြားမင်းကား အရှင်အနုရုဒ္ဓါအလောင်းတည်း။

ဆောင်ပုဒ်=လူရှင်ရဟန်း၊ ဒါနခဏ်း၊ မြဲတန်း ပြုသင့်သည်။

အကိတ္တိရသေ့၊ ရှာန်ဖြင့်မွေ့၊ လှူလေ့ သူဝသီ။

စရိယာပိဋက အကိတ္တိစရိယ (ခု၊ ၄၊ ၃၈၅ )၌လည်း လာရှိ၏။

၃၁၂။ (၄၈၁) တက္ကာရိယဇာတ်၊ တေရသကနိပါတ် (ဇာတက၊ ၁၊ ၂၆၈ ၂၇၀။ ဋ္ဌ၊ ၄၊ ၂၄၃ ၂၅၅။ ငါးရာငါးဆယ်၊ စ၊ ၁၅၄ ၁၇၃။)

ပစ္စုပ္ပန်ဝတ္ထု=အဂ္ဂသာဝကနှစ်ပါးကို ဆဲသော ကောကာလိကသည် အမာပေါက်ကာ သေ၍ ပဒုမငရဲ၌ ဖြစ်ရ၏။

အတိတ်ဝတ္ထု=နှုတ်မစောင့်စည်းသူများ ဆင်းရဲပုံ ဇာတ်ပေါင်းစုံနှင့် နှုတ်စောင့်စည်း၍ အသက်မှ ချမ်းသာရကြသော ကိန္နရာကိန္နရီမောင်နှံဇာတ်လမ်းတို့ကို ပြောလျက် ဆိတ်သေဖြင့် အစားထိုး၍ ဆရာပုဏ္ဏားကို လွတ်ရာသို့ ပြေးစေပြီးလျှင် ဆိတ်သားဖြင့် ဗလိနတ်စာကို ပြု၍ မြို့တံခါးကို တည်စေသော ဘုရားအလောင်းတက္ကာရိယလုလင် ပုဏ္ဏားပညာရှိဖြစ်၏။

ကောကာလိကသည် ထိုအခါ မျက်စိကြောင်တက် အစွယ်ခေါထွက်သော ပိင်္ဂလမည်သော ပုရောဟိတ်ပုဏ္ဏားဖြစ်ခဲ့၏။

ဆောင်ပုဒ်=နှုတ်မစောင့်ငြား၊ ထိုသူအား၊ နှုတ်ကား ကိုယ့်ကိုသတ်။

၃၁၃။ (၄၈၂) ဥဒ္ဒါလကဇာတ်၊ ပကိဏ္ဏကနိပါတ် (ဇာတက၊ ၁၊ ၂၈၃ ၂၈၅။ ဋ္ဌ၊ ၄၊ ၂၉၆ ၃၀၄။ ငါးရာငါးဆယ်၊ စ၊ ၂၄၃ ၂၅၅။)

ပစ္စုပ္ပန်ဝတ္ထု=ပစ္စည်းလေးပါးအတွက် အံ့ဖွယ်သရဲကို ဖြစ်စေသောရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော သား ဥဒ္ဒါလကရသေ့ကို အမြင်မှန်ပြ ဆုံးမလျက် ရသေ့တို့ကို လူထွက်စေ၍ ဥဒ္ဒါလကအား ပုရောဟိတ်ယေ်ရာထူးကိုလည်းကောင်း, ကျန်သူတို့အား လက်နက်ကိုင်အမှုတော်ထမ်းရာထူးတို့ကို လည်းကောင်း ပေးစေရန် လျှောက်တင် ဘုရားအလောင်းပုရောဟိတ်ပုဏ္ဏား။

ဆရာပုရောဟိတ်ဆိုတိုင်း ပြုသော အရှင်အာနန္ဒာအလောင်းမင်း။

ဥဒ္ဒါလကကား အံ့ဖွယ်သရဲကို ဖြစ်စေတတ်သောရဟန်းအလောင်းတည်း။

ဥဒ္ဒါလက -- ၄ရွှေပင်

**ဆောင်ပုဒ်=အယောင်ဆောင်ငြား၊ အံ့ဖွယ်များ၊ ပျက်ပြား လျှင်မြန်သည်။**

၃၁၄။ (၄၈၈) ဘိသဇာတ်၊ ပကိဏ္ဏကနိပါတ် (ဇာတက၊ ၁၊ ၂၈၅ ၂၈၈။ ဋ္ဌ၊ ၄၊ ၃၀၄ ၃၁၄။ ငါးရာငါးဆယ်၊ စ၊ ၂၅၅ ၂၇၂။)

ပစ္စုပ္ပန်ဝတ္ထု=ကိလေသာကြောင့် သာသနာတော်၌ ငြီးငွေ့သောရဟန်း။

ဝတ္ထုသည်ကား သတ္တတိနိပါတ် ကုသဇာတ်(ခု၊ ၆=ဇာ၊ ၂၊ ၆၆ ၇၄။ ဋ္ဌ၊ ၅၊ ၂၈၇)၌ ထင်စွာ ဖြစ်လတ္တံ့။

အတိတ်ဝတ္ထု=ကာမဂုဏ်တို့၌အပြစ်ကို မြင်၍ ကာမဂုဏ်တို့ကို စွန့်၍ ရသေ့ရဟန်းပြုကုန်သော်လည်း ဘုရားအလောင်း နောင်တော်ဆရာရသေ့၏သုံးရက်စာ ဝေစုကြာစွယ်များ ပျောက်ဆုံးမှုနှင့် ပတ်သက်၍ အသီးအသီး ကာမဂုဏ်ကို ကျိန်စာပြုလျက် ဆိုကြသော ရသေ့များ။

ရသေ့တို့၏သီလတန်ခိုးကြောင့် သိကြားမင်း၏နေရာဘုံဌာနသည် တုန်လှုပ်၏၊ သိကြားမင်းသည် ထိုအကြောင်းကို သိ၍ "ရဟန်းတို့သည် ကာမဂုဏ်ကို နှလုံးသွင်းကုန်သလော?, မသွင်းကုန်သလော?"ဟု စုံစမ်းလို၍ ကြာစွယ်များကို ဝှက်ထားခြင်းဖြစ်၏။ သိကြားမင်းသည် သူ၏ဝှက်ခြင်း၏အကြောင်းကို ပြောဆို၍ သူ့အား ခွင့်လွှတ်ပါရန် တောင်းပန်၍ ကြာစွယ်တို့ကို ထုတ်ပေးကာ...နောက်ဆုံး ရသေ့အပေါင်းကို ရှိခိုး၍ နတ်ပြည်သို့ ပြန်သွားလေ၏။

သစ္စာတို့ကို ပြသည်၏အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

အဟံ စ သာရိပုတ္တော စ၊ မောဂ္ဂလ္လာနော စ ကဿပေါ။
အနုရုဒ္ဓေါ ပုဏ္ဏော အာနန္ဒော၊ တဒါသုံ သတ္တ ဘာတရော။
ဘဂိနီ ဥပ္ပလဝဏ္ဏာ စ၊ ဒါသီ ခုဇ္ဇုတ္တရာ တဒါ။
စိတ္တော ဂဟပတိ ဒါသော၊ ယက္ခော သာတာဂိရော တဒါ။
ပါလိလေယျော တဒါ နာဂေါ၊ မဓုဒေါ သေဋ္ဌဝါနရော။
ကာဠုဒါယီ တဒါ သက္ကော၊ ဧဝံ ဓာရေထ ဇာတကံ။
(ဇာတက၊ ၁၊ ၂၈၈။ ဋ္ဌ၊ ၄၊ ၃၁၄။)

ဘိက္ခဝေ ရဟန်းတို့၊ ဣဒါနိ ယခုအခါ၌၊ အဟဉ္စ ငါဘုရားသည်လည်းကောင်း၊ သာရိပုတ္တော စ သာရိပုတ္တသည်လည်းကောင်း၊ မောဂ္ဂလ္လာနော စ မောဂ္ဂလ္လာန်သည်လည်းကောင်း၊ ကဿပေါ စ ကဿပသည်လည်းကောင်း၊ အနုရုဒ္ဓေါ စ အနုရုဒ္ဓါသည်လည်းကောင်း၊ ပုဏ္ဏော စ ပုဏ္ဏသည်လည်းကောင်း၊ အာနန္ဒော စ အာနန္ဒာသည်လည်းကောင်း၊ တဒါ ထိုအခါ၌၊သတ္တဘာတရော ညီနောင်ခုနစ်ယောက်တို့သည်၊ အာသုံ ဖြစ်ကုန်ပြီ။

ဣဒါနိ ယခုအခါ၌၊ ဥပ္ပလဝဏ္ဏာ ဥပ္ပလဝဏ္ဏာသည်၊ တဒါ ထိုအခါ၌၊ ဘဂိနီ နှမတော် ကဥ္စနဒေဝီသည်၊ အာသိ ဖြစ်ပြီ၊ ဣဒါနိ ယခုအခါ၌၊ ခုဇ္ဇုတ္တရာ ခုဇ္ဇုတ္တရာသည်၊ တဒါ ထိုအခါ၌၊ ဒါသီ ကျွန်မသည်၊ အာသိ ဖြစ်ပြီ၊ ဣဒါနိ ယခုအခါ၌၊ စိတ္တောဂဟပတိ စိတ္တသူကြွယ်၌သည်၊ တဒါ ထိုအခါ၌၊ ဒါသော ကျွန်ယောကျ်ားသည်၊ အဟောသိ ဖြစ်ပြီ၊ ဣဒါနိ ယခုအခါ၌၊ သာတာဂိရိ သာတာဂိရိဘီလူးသည်၊ တဒါ ထိုအခါ၌၊ ယက္ခော ရက္ခစိုးနတ်သည်၊ အဟောသိ ဖြစ်ပြီ။

ဣဒါနိ ယခုအခါ၌၊ ပါလိလေယျော ပလလည်းဆင်မင်းသည်၊ တဒါ ထိုအခါ၌၊ နာဂေါ ဆင်သည်၊ အဟောသိ ဖြစ်ပြီ၊ ဣဒါနိ ယခုအခါ၌၊ မဓုဒေါ ပျားလှူသော၊ ပေါဋ္ဌပါဒေါ ပေါဋ္ဌပါဒမျောက်သည်၊ တဒါ ထိုအခါ၌၊ ဝါနရော မျောက်သည်၊ အဟောသိ ဖြစ်ပြီ၊ ဣဒါနိ ယခုအခါ၌၊ ကာဠုဒါယီ ကာဠုဒါယီသည်၊ တဒါ ထိုအခါ၌၊ သက္ကော သိကြားမင်းသည်၊ အဟောသိ ဖြစ်ပြီ၊ ဧဝံ ဤသို့၊ ဇာတကံ ဇာတ်ပေါင်းခြင်းကို၊ ဓာရေထ မှတ်ကြကုန်လော့။

**ဆောင်ပုဒ်=ကာမဂုဏ်ပြစ်၊ လွန်ဆိုးညစ်၊ ရှောင်လစ်မင်္ဂလာ။**

၃၁၅။ (၄၉၀) ပဥ္စုပေါသထဇာတ်၊ ပကိဏ္ဏကနိပါတ် (ဇာတက၊ ၁၊၂၉၁ ၂၉၃။ ဋ္ဌ၊ ၄၊၃၂၅ ၃၃၂။ ငါးရာငါးဆယ်၊ စ၊၂၉၀ ၃၀၂။)

ပစ္စုပ္ပန်ဝတ္ထု=ဥပုသ်စောင့်ခြင်းသည် ရာဂစသည်ကို နှိပ်ခြင်းငှါ ဖြစ်၏။

ဥပေါသထော နာမေသ ပေါရာဏကပဏ္ဍိတာနံ ဝံသော၊ ပေါရာဏကပဏ္ဍိတာ ဟိ ရာဂါဒိကိလေသနိဂ္ဂဟတ္ထံ ဥပေါသထဝါသံ ဝသိံသု။ (ဇာတက၊ ဋ္ဌ၊ ၄၊ ၃၂၆။)

အတိတ်ဝတ္ထု=ရာဂကိုနှိပ်ရန် ဥပုသ်စောင့်သော အရှင်အနုရုဒ္ဓါအလောင်းခို, အမျက်ဒေါသကိုနှိပ်ရန် ဥပုသ်စောင့်သော အရှင်သာရိပုတ္တအလောင်းမြွေ, လောဘကိုနှိပ်ရန် ဥပုသ်စောင့်သော အရှင်မောဂ္ဂလ္လာန်အလောင်းမြေခွေး, အလိုကြီးခြင်း

ကို နှိပ်ရန် ဥပုသ်စောင့်သော အရှင်မဟာကဿပအလောင်းဝံ, မာနကိုနှိပ်၍ ကသိဏ်းကို ပွားလျက် ဈာန်အဘိညာဉ်တို့ကို ဖြစ်စေသော ဘုရားအလောင်းရသေ့။

မှတ်ချက်။ ။ ဘုရားအလောင်းရသေ့၏ ဇာတ်ကိုမှီ၍ မာနအလိုသို့လိုက်သည်ဖြစ်၍ ဈာန်မဖြစ်နိုင်သည်ကို သိသော ပစ္စေကဗုဒ္ဓါတစ်ဆူက "ဤရသေ့သည် ယုတ်ညံ့သောသူမဟုတ်၊ ဘုရားအလောင်းတည်း၊ ဤဘဒ္ဒကမ္ဘာ၌ပင် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်လတ္တံ့၊ ဤရသေ့၏မာနကိုနှိပ်၍ သမာပတ်ဖြစ်စေခြင်း၏အကြောင်းကို ငါပြုအံ့"ဟု ကြံတော်မူ၍ ထိုဘုရားအလောင်းရသေ့၏ကျောက်ဖျာ၌ နေတော်မူသောအခါ ထိုရသေ့သည် နှလုံးမသာသည်ဖြစ်၍ အရှင်ပစ္စေကဗုဒ္ဓါသို့ ချဉ်းကပ်၍ လက်ဖျစ်တီးကာ"သူယုတ်...ပျက်လေလော့၊ ယုတ်မာသောရဟန်းဦးပြည်း... အဘယ့်ကြောင့် ငါ့နေရာပျဉ်၌ နေသနည်း?"ဟု ဆို၏။

အရှင်ပစ္စေကဗုဒ္ဓါက "သူတော်ကောင်း...အဘယ့်ကြောင့် မာနကို မှီသည်ဖြစ်ဘိသနည်း?၊ ငါသည်ကား ထိုးထွင်း၍သိပြီးသော ပစ္စေကဗောဓိဉာဏ်ရှိသူတည်း၊ သင်သည် ဤဘဒ္ဒကမ္ဘာ၌ သဗ္ဗညုဘုရားဖြစ်လတ္တံ့...ဤမာနကို မှီခြင်းသည် သင့်အားမလျောက်ပတ်"ဟု အဆုံးအမပေးတော်မူ၏။ ထိုရသေ့သည် အရှင်ပစ္စေကဗုဒ္ဓါကို ရှိမှုပင် မနိုးချေ၊...အရှင်ပစ္စေကဗုဒ္ဓါက "သင်သည် ဇာတိမာန်ကြောင့် ငါ၏ဂုဏ်ကျေးဇူးကြီးသောအဖြစ်ကို မသိ၊ အကယ်၍ တတ်နိုင်အံ့၊ ငါကဲ့သို့ ကောင်းကင်၌သွားလော့"ဟု ဆို၍ ကောင်းကင်သို့ ပျံတက်တော်မူပြီးလျှင် ကိုယ်တော်၏ခြေမှုန့်တို့ကို ရသေ့၏ဆံကျစ်ဝန်း၌ ကြဲလျက် ကြွတော်မူ၏၊ ထို့နောက် ပြန်လည်စဉ်းစား၍ မာနကိုနှိပ်၍ ကသိဏ်းပရိကံကို ပွားစေ၍ အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေ၏၊ ဘုရားအလောင်းရသေ့သည် အရှင်ပစ္စေကဗုဒ္ဓါအား ဆဲရေးမှုသည် အရိယူပဝါဒကံမထိုက်ပြီလော? ဟု စဉ်းစားဖွယ်ရှိ၏။

ဆောင်ပုဒ်=ဥပေါသထ၊ မြတ်သီလ၊ ကျင့်က မင်္ဂလာ။

၃၁၆။ (၄၉၃) မဟာဝါဏိဇဇာတ်၊ ပကိဏ္ဏကနိပါတ်(ဇာတက၊ ၁၊၂၉၈ ၃၀၀။ ဋ္ဌ၊ ၄၊၃၅၀-၃၅၄။ ငါးရာငါးဆယ်၊ စ၊၃၃၂ ၃၄၁။)

ပစ္စုပ္ပန်ဝတ္ထု=လောဘတဏှာအလိုသို့ မလိုက်၍ ကုန်သည်တို့ ဥစ္စာရကြခြင်း။

အတိတ်ဝတ္ထု=အလိုကြီးသော ကုန်သည်များ နဂါးတို့သတ်၍ သေကြရခြင်း၊ နဂါးတို့သည် အခင်းအရံအစရှိသော ဥစ္စာရတနာတို့ကို လှည်းငါးရာတို့၌အပြည့်တင်၍ ဘုရားအလောင်းကုန်သည်မှူးကို အိမ်တိုင်ရာရောက် လိုက်ပို့ပေးကြခြင်း။

နဂါးမင်းကား အရှင်သာရိပုတ္တအလောင်းဖြစ်၏။

အရိပ်နေလျက် အခက်ချိုးသော်

> ယဿ ရုက္ခဿ ဆာယာယ၊ နိသီဒေယျ သယေယျ ဝါ။
> န တဿ သာခံ ဘဉ္ဇေယျ၊ မိတ္တဒုဗ္ဘော ဟိ ပါပကော။
> (ဇာ၊ ၁၊ ၂၉၉။ ခု၊ ၆=ဇာ၊ ၂၊ ၅၀, ၁၄၉။)

ယဿ ရုက္ခဿ အကြင်သစ်ပင်၏၊ ဆာယာယ-အရိပ်၌၊ နိသီဒေယျ ဝါ နေမှုလည်း နေခဲ့ဖူးအံ့၊ သယေယျ ဝါ အိပ်မှုလည်း အိပ်ခဲ့ဖူးအံ့၊ တဿ ရုက္ခဿ-ထိုသစ်ပင်၏၊ သာခံ အခက်ကို၊ န ဘဉ္ဇေယျ-မချိုးရာ၊ ဟိ သစ္စံ ထိုစကားသည် မှန်၏။(ဘိန္ဒန္တော-အရိပ်နေလျက် အခက်ချိုးသောသူသည်၊ ပါပကော ယုတ်မာသော၊ မိတ္တဒုဗ္ဘော အဆွေခင်ပွန်း ပြစ်မှားတတ်သောသူမည်၏။

ထိုကုန်သည်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။

ဆောင်ပုဒ်=လိုသည်ထက်ကို၊ ရမှက်ပို၊ ပျက်ပြိုဆုံးရှုံးမည်။

၃၁၇။ (၄၉၄) သာဓိနဇာတ်၊ ပကိဏ္ဏကနိပါတ် (ဇာတက၊ ၁၊ ၃၀၀ ၃၀၂။ ဋ္ဌ၊ ၄၊ ၃၅၅ ၃၆၀။ ငါးရာငါးဆယ်၊ စ၊ ၃၄၁ ၃၅၃။)

ပစ္စုပ္ပန်ဝတ္ထု=ဥပုသ်သည်တို့အား ဘုရားရှင် တရားဟောခြင်း။

အတိတ်ဝတ္ထု=လူအဖြစ်ဖြင့် နတ်ပြည်မှာ နှစ်ပေါင်းခုနစ်ရာ နေခဲ့ရသော ဘုရားအလောင်းသာဓိနမင်းကြီးသည် လူပြည်သို့ ပြန်ရောက်လာသောအခါ သတ္တမမြောက် မြစ်သည်ပင် နာရဒအမည်ရှိမင်းဖြစ်နေခဲ့လေပြီ၊ မင်းကြီးသည် ခုနစ်ရက်ပတ်လုံး အလှူပေး၍ ခုနစ်ရက်မြောက်နေ့၌ နတ်ရွာစံ၍ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။

မှတ်ချက်။ [လူ့အဖြစ်ဖြင့် နတ်စည်းစိမ်းခံစားရသော မင်းကြီးတည်း။]

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ဥပုသ်သည်တို့အနက် အချို့ သောတာပတ္တိဖိုလ်, အချို့ သကဒါဂါမိဖိုလ်,

အချို့ အနာဂါမိဖိုလ်တို့၌ တည်ကုန်၏။

နာရဒမင်းသည် အရှင်သာရိပုတ္တာအလောင်း, မာတလိသည် အရှင်အာနန္ဒာအလောင်း, သိကြားမင်းသည် အရှင်အနုရုဒ္ဓါအလောင်းတို့ဖြစ်ခဲ့ကုန်၏။

ဆောင်ပုဒ်=သီလမြဲတည်၊ ကုသိုလ်စည်၊ သက်ရှည်ရောဂါကင်း။
မင်းသာဓိန၊ ထုံးကိုဆ၊ အားကျနလုံးသွင်း။

၃၁၈။ (၄၉၅) ဒသဗြာဟ္မဏဇာတ်၊ ပကိဏ္ဏကနိပါတ် (ဇာတက၊ ၁၊၃၀၂ ၃၀၆။ ဋ၊ ၄၊၃၆၁ ၃၆၉။ ငါးရာငါးဆယ်၊ စ၊၃၅၃ ၃၆၇။)

ပစ္စုပ္ပန်ဝတ္ထု=ပသေနဒီကောသလမင်းသည် ဘုရားအမှူးရှိသော ရဟန္တာငါးရာတို့အား အသဒိသဒါနပေးလှူခြင်း။

ထိုအသဒိသဒါကို အဋ္ဌကနိပါတ် အာဒိတ္တဇာတ်(ခု၊ ၅=ဇာ၊ ၁၊ ၁၈၃)၌ ချဲ့အပ်ပြီးသည်သာတည်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းဝိဓုရသုခမိန်ပြောသော ပုဏ္ဏားတု ၁၀ မျိုးကို ပယ်၍ ပစ္စေကဗုဒ္ဓါ(ပုဏ္ဏားစစ်)အား အဓိဋ္ဌာန်၍ ပန်းရစ်ဆုပ်တို့ကို ပို့လွှတ်၍ ပင့်ကာ အလှူပေးသော အရှင်အာနန္ဒာအလောင်း ကောရဗျမင်း။

ဆောင်ပုဒ်=သီလရှိငြား၊ လှူခံအား၊ လှူငြား မင်္ဂလာ။

၃၁၉။ (၄၉၆) ဘိက္ခာပရမ္ပရဇာတ်၊ ပကိဏ္ဏကဇာတ် (ဇာတက၊ ၁၊၃၀၆ ၃၀၈။ ဋ၊ ၄၊၃၆၉ ၃၇၅။ ငါးရာငါးဆယ်၊ စ၊၃၆၇ ၃၇၇။)

ပစ္စုပ္ပန်ဝတ္ထု=တရားရတနာအား လှူလိုသောသူကြွယ်ကို ဘုရားရှင်က ဓမ္မဘဏ္ဍာဂါရိက(တရားဘဏ္ဍာစိုး)အရှင်အာနန္ဒာအား လှူရန်ညွှန်ပြသော်လည်း အဆင့်ဆင့်အားဖြင့် ဘုရားရှင်ထံတော်သို့သာ ရောက်ခြင်း။

အထ နံ သတ္ထာ အာဟ "သစေ ဓမ္မရတနဿ သက္ကာရံ ကတ္တုကာမော၊ ဓမ္မဘဏ္ဍာဂါရိကဿ အာနန္ဒဿ သက္ကာရံ ကရောဟီ"တိ။ ထေရောပိ "အယံ သက္ကာရော ဓမ္မရတနဿ ကတော၊ န မယှံ အနုစ္ဆဝိကော"တိ စိန္တေတွာ ပိဏ္ဍပါတဥ ဝတ္တာနိ စ ဝိဟာရံ ဟရိတွာ သာရိပုတ္တတ္ထေရဿ အဒါသိ။ သောပိ "အယံ သက္ကာရော ဓမ္မရတနဿ ကတော၊ ကေဝ္လေန ဓမ္မဿာမိနော သမ္မာသမ္ဗုဒ္ဓဿေဝ အနုစ္ဆဝိကော"တိ စိန္တေတွာ ဒသဗလဿ အဒါသိ။ (ဇာ၊ ဋ၊ ၄၊ ၃၇၀။)

အတိတ်ဝတ္ထု=သူကြွယ်ပေးလှူသော ဘောဇဉ်သည် မင်းထံမှ ပုရောဟိတ်, ပုရောဟိတ်မှ ရသေ့, ရသေ့မှ ပစ္စေကဗုဒ္ဓါထံသို့ ရောက်၏။

ယခုအခါ တရားရတနာအား ပူဇော်သော သူကြွယ်သည် ထိုအခါ ထိုအခါ သူကြွယ်, အရှင်အာနန္ဒာသည် မင်း, အရှင်သာရိပုတ္တာသည် ပုရောဟိတ်ပုဏ္ဏား, ဘုရားရှင်သည် ဟိမဝန္တာ၌ ရသေ့တို့ ဖြစ်ခဲ့ကုန်၏။

အာလု -အာလူး, တံတွေးဥ၊ ကလမ္ဗ, ကလမ္ဗကန္ဒ တောထန်းဥ၊ ဗိလာလိ, ဗိလာလိကန္ဒ ပိန်းဥ
တက္ကလ, တက္ကလကန္ဒ မျောက်ဥ၊ ဗဒရ ဇီးသီး၊ အာမလက ရှစ်ရှားသီး

ဆောင်ပုဒ်=တရားရတနာ၊ လှူလိုပါ၊ လှူပါတရား ရှိသူအား။
ကိုယ်ထက်မြတ်သူ၊ ပေးလှူမှု၊ မှတ်ယူအများ မင်္ဂလာတရား။

၃၂၀။ (၄၉၇) မာတင်္ဂဇာတ်၊ ဝီသတိနိပါတ် (ဇာတက၊ ၁၊ ၃၀၉ ၃၁၂။ ဋ၊ ၄၊ ၃၇၆ ၃၉၀။ ငါးရာငါးဆယ်၊ စ၊ ၃၇၉ ၄၀၂။)

စရိယာပိဋက မာတင်္ဂစရိယ(ခု၊ ၄၊ ၄၀၄။ ဋ၊ ၁၄၉ ၁၅၇)၌လည်း လာ၏။

ပစ္စုပ္ပန်ဝတ္ထု=အရက်မူး၍ အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်ကို ဆဲသော ဥဒေနမင်း။

အတိတ်ဝတ္ထု=ဘုရားအလောင်းမာတင်္ဂသည် ဒွန်းစဏ္ဍားမျိုး၌ ဖြစ်၍ သူဌေးသမီးဒိဋ္ဌမင်္ဂလိကာ၏မာနကို ချိုး၍ ရယူသော်လည်းအမျိုးကိုဖျက်တတ်သော လွန်ကျူးခြင်းကို မပြုမူပဲ အဘိညာဉ်, သမာပတ်တို့ကို ဖြစ်စေလျက် ဒိဋ္ဌမင်္ဂလိကာ၏ မိခိုကိုးကွယ်ရာဖြစ်ခြင်း၊ သူမ၏ချက်ကို လက်မဖြင့် သုံးသပ်၍ ကိုယ်ဝန်တည်စေကာ မဏ္ဍဗျလုလင်ကို ဖွားမြင်စေခြင်း၊ သား၏မာနကိုနှိမ်ခြင်း၊ ပုဏ္ဏားတို့ကို ဆုံးမရန် သွားသော ဘုရားအလောင်းသည် မဇ္ဈတိုင်း မြို့၏အနီးဝယ် အရေရေသော ဆွမ်းကို ဘုဉ်းပေးနေ၏၊ ထိုအခါ တစ်ပါးကို ကြံ၍ စားသောဘုရားအလောင်းကို မင်းစေခိုင်းအပ်သော မင်းချင်းတို့သည် သန်လျက်ဖြင့် ခုတ်ဖြတ်၍ အသက်ကုန်ခြင်းသို့ ရောက်၍ ဘုရားအလောင်းသည် ဗြဟ္မာ့ပြည်၌ ဖြစ်၏။

[ဤမာတင်္ဂဇာတ်၌ ဘုရားအလောင်းသည် ဆုံးမသြဝါဒပျက်သည်, ကျိုးပေါက်သည် ဖြစ်သတတ်၊ ထိုဘုရားအလောင်းသည် ထိုသို့ ဆုံးမသြဝါဒပျက်သဖြင့်သာလျှင် သေရ၏။ (ငါးရာငါးဆယ်၊ စ၊ ၄၀၁)
တ္တမသ္မိံ ကိရ ဇာတကေ ဗောဓိသတ္တော ကောဏ္ဍဒမကော အဟောသိ။ သော တေနေဝ ပရတ္တနိယုတ္တဘာဝေန (ပရနိယုတ္တဘာဝေနေဝ၊ သျာ) ဇီဝိတက္ခယံ ပါပုဏိ။ (ဇာ၊ ဋ္ဌ၊ ၄၊ ၃၉၀)]
မဏ္ဍဗျလုလင်သည် ဥဒေနမင်းဖြစ်၏။
**ဆောင်ပုဒ်=ကျင့်မြတ်ရှိသူ၊ သတ်ဖြတ်မှု၊ ပြည်သူတိုင်းကားပျက်။**

၃၂၁။ (၄၉၈) စိတ္တသမ္ဘူတဇာတ်၊ ဝီသတိနိပါတ် (ဇာတက၊ ၁၊ ၃၁၂ ၃၁၆။ ဋ္ဌ၊ ၄၊ ၃၉၀ ၄၀၁။ ငါးရာငါးဆယ်၊ စ၊ ၄၀၂ ၄၁၉။)
ပစ္စုပ္ပန်ဝတ္ထု=အရှင်မဟာကဿပမထေရ်၏တပည့် တစ်ပါးနှင့်တစ်ပါး အလွန်ချစ်ကျွမ်းဝင်ကြသော ရဟန်းနှစ်ပါး။
အတိတ်ဝတ္ထု=သုံးဘဝ, လေးဘဝခြားသော်လည်း မြဲမြဲစွာ ချစ်ကျွမ်းဝင်သူနှစ်ဦး။
၁။ ပဌမဘဝ=အဝန္တီတိုင်း ဥဇ္ဇေနီမြို့၏ပြင်ပ စဏ္ဍာလရွာငယ်၌ ဘုရားအလောင်း စိတ္တ, မိထွေး၏သား အရှင်အာနန္ဒာအလောင်း သမ္ဘူတ။ သူတို့နှစ်ဦး ရသေ့ရဟန်းပြု၍ ထိုဘဝမှ စုတေကြသော်...
၂။ ဒုတိယဘဝ=နေရဉ္စရာမြစ်ကမ်းနားဝယ် မိခင်တစ်ဦးတည်းမှ သမင်ညီနောင်တို့ဖြစ်ခဲ့၏။ မုဆိုးတစ်ယောက်၏ မြားချက်ဖြင့် သေကြရလေသော်...
၃။ တတိယဘဝ=နမ္မဒါမြစ်အနီးဝယ် ဝန်လိုင်ငှက်မျိုး၌ ဖြစ်ခဲ့ကြ၏။ ကုတ်ညွှတ်ကွင်းထောင်သောမုဆိုး၏ညွှတ်ကွင်း၌ မိ၍ သေကြရလေသော်...
၄။ ဘုရားအလောင်းစိတ္တသည် ကောသမ္ဗီပြည်၌ ပုရောဟိတ်၏သားဖြစ်၍ သမ္ဘူတသည် ဥတ္တရပဉ္စာလရာဇ်မင်း၏သားဖြစ်ရ၏၊ သမ္ဘူတသည် အခြားမဲ့ဘဝများကို အောက်မေ့ခြင်းငှါ မတတ်နိုင်ပဲ လေးခုမြောက်သော ဒွန်းစဏ္ဍားဘဝကိုသာလျှင် အောက်မေ့နိုင်၏၊ စိတ္တသုခမိန်ကား အစဉ်အတိုင်း လေးဘဝလုံးကို အောက်မေ့နိုင်၏။ သမ္ဘူတသည် မင်းဖြစ်၍ စိတ္တသုခမိန်ကား ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဉ်တို့ကို ရ၏။ သမ္ဘူတမင်း အသက်ငါးဆယ်အရွယ်သို့ ရောက်သောအခါ စိတ္တသုခမိန်ရသေ့သည် မင်း၏ဥယျာဉ်ဝယ် မင်းအား တရားဟော၏။

**စိတ္တသုခမိန်ဟောသောတရားအချို့...''အရွယ် ၁၀ ပါး**
(၁) **မန္ဒဒသက** ၁၀ နှစ်အတွင်း (အားအင်နုံ့နဲ့)ပညာနုံ့နဲ့သော အရွယ်၊
(၂) **ခိဍ္ဍာဒသက** အသက် ၂၀ အတွင်း စိတ်ပျံ့လွင့်သော အရွယ်၊
(၃) **ဝဏ္ဏဒသက** အသက် ၃၀ အတွင်း အဆင်းလှသော အရွယ်၊
(၄) **ဗလဒသက** အသက် ၄၀ အတွင်း အားကောင်းသော အရွယ်၊
(၅) **ပညာဒသက** အသက် ၅၀ အတွင်း ပညာဉာဏ်ကောင်းသော အရွယ်၊
(၆) **ဟာယန(ဟာနိ)ဒသက** အသက် ၆၀ အတွင်း အားအင်ဆုတ်ယုတ်သော အရွယ်၊
(၇) **ပဗ္ဘာရဒသက** အသက် ၇၀ အတွင်း လေးလံထိုင်းမှိုင်းသော အရွယ်၊
(၈) **ဝင်္ကဒသက** အသက် ၈၀ အတွင်း ကိုယ်ခန္ဓာကိုင်းညွှတ်သော အရွယ်၊
(၉) **မောမူဟဒသက** အသက် ၉၀ အတွင်း တွေဝေမိန်းမောသော အရွယ်၊
(၁၀) **သယနဒသက** အသက် ၁၀၀ အတွင်း မိမိဘာသာ မထနိုင်၍ အိပ်ရာထဲမှာသာ နေရသော အရွယ်။
**မင်းကြီး...**ဆယ်နှစ် ဆယ်နှစ်ပိုင်းခြားအပ်သော ဒသကတို့သည် ဤမန္ဒဒသကစသော ဆယ်ပါးတို့သည်သာတည်း၊ ဤလူ့ပြည်၌ သတ္တဝါတို့၏အသက်သည် ထိုမန္ဒဒသကစသော အပိုင်းအခြားသို့ မရောက်မီပင် နုတ်ဖြတ်အပ်သော ကျူပင်ခြောက်သကဲ့သို့ ခြောက်တပ်၏။ အသက်တရာတိုင်တိုင် အသက်ရှည်သူ ဖြစ်စေကာမူ မန္ဒဒသကအရွယ်၌ ဖြစ်သော ရုပ်နာမ်တရားတို့သည် ပိုင်းဖြတ်၍ နေပူ၌ပစ်ထားအပ်သော ကျူကဲ့သို့ ထိုမန္ဒဒသကအရွယ်၌ပင် ခြောက်တပ်ပျက်စီးကွယ်ပျောက်ကြကုန်၏၊ ထိုမန္ဒဒသကအပိုင်းအခြားကို လွန်၍ ခိဍ္ဍာဒသကအရွယ်သို့ မရောက်နိုင်ကုန်၊ ထို့အတူ ခိဍ္ဍာဒသကအရွယ်အစရှိသည်တို့၌ ဖြစ်သော ရုပ်နာမ်တရားတို့သည်လည်း ဝဏ္ဏဒသကအရွယ်အစရှိသည်တို့သို့ မရောက်ကုန်ပဲ ချုပ်ပျောက်ကြကုန်၏။ ထိုအသက်သည် ကျူကဲ့သို့ ခြောက်တပ်လွယ်သည် ဖြစ်ပါလျက် ကာမဂုဏ်ငါးပါး၌ နှစ်သက်ခြင်းသည် အဘယ်အကျိုး

ရှိအံ့နည်း? မြူးတူးခြင်း, ကာမဂုဏ်၌ မွေ့လျော်ခြင်း, ဥစ္စာကို ရှာမှီးခြင်းတို့သည် အဘယ်အကျိုးရှိကုန်အံ့နည်း? သားသမီး, မယားတို့ဖြင့် ငါ့အား အဘယ်ပြုအံ့နည်း? ငါသည် သားမယားအနှောင်အဖွဲ့မှ လွတ်၏။

သေမင်းသည် နိပ်စက်အပ်သော ငါ့အား သေမင်းသည် မမေ့မလျော့၊ ငါသည် ထိုသေမင်းမမေ့မလျော့သော အကြောင်းကို သိ၏၊ ထိုသို့ သိသောကြောင့် ကာမဂုဏ်၌မွေ့လျော်ခြင်း, ဥစ္စာကို ရှာမှီးခြင်းတို့သည် အဘယ်အကျိုးရှိကုန်အံ့နည်း(အကျိုးမရှိကုန်သည်သာတည်း)။

ဒသေဝိ'မာ ဝဿဒသာတိ မဟာရာဇ မန္ဒဒသကံ ခိဍ္ဍာဒသကံ ဝဏ္ဏဒသကံ ဗလဒသကံ ပညာဒသကံ ဟာနိဒသကံ ပဗ္ဘာရဒသကံ ဝင်္ကဒသကံ မောမူဟဒသကံ သယနဒသကန္တိ ဣမေသုဉ္စ ဒသန္နံ ဒသကာနံ ဝသေန ဒသေဝ ဝဿဒသာ ဣမေသံ မစ္စာနံ ဣဓ မနုဿလောကေ ဇီဝိတံ၊ တယိဒံ န နိယမေန သဗ္ဗာ ဧဝ ဓောာ ဒသာ ပါပုဏာတိ၊ အထခေါ အပ္ပတ္တညေဝ တံ ဩဓိံ နဠော ဆိန္နောဝ သုဿတိ။ ယေပိ သကလံ ဝဿသတံ ဇီဝန္တိ၊ တေသမ္ပိ မန္ဒဒသကေ ပဝတ္တာ ရူပါရူပဓမ္မာ ဝိစ္ဆိန္နိတွာ အာတပေ ခိတ္တနဠော ဝိယ တတ္ထေဝ သုဿန္တိ အန္တရဓာယန္တိ၊ တံ ဩဓိံ အတိက္ကမိတွာ ခိဍ္ဍာဒသကံ န ပါပုဏန္တိ, တထာ ခိဍ္ဍာဒသကာဒီသု ပဝတ္တာ ဝဏ္ဏဒသကာဒီနိ။ (ဇာတက၊ ၌၊ ၄၊ ၃၉၇။)

ဒသေဝိ'မာ ဝဿဒသာ၊ မစ္စာနံ ဣဓ ဇီဝိတံ။
အပတ္တညေဝ တံ ဩဓိံ၊ နဠော ဆိန္နောဝ သုဿတိ။
တတ္ထ ကာ နန္ဒီ ကာ ခိဍ္ဍာ၊ ကာ ရတိ ကာ ဓနေသနာ။
ကိံ မေ ပုတ္တေဟိ ဒါရေဟိ၊ ရာဇ မုတ္တော'သ္မိ ဗန္ဓနာ။
သော'ဟံ ဧဝံ ပဇာနာမိ၊ မစ္စု မေ နပ္ပမဇ္ဇတိ။
အန္တကေနာဓိပန္နဿ၊ ကာ ရတိ ကာ ဓနေသနာ။
(ဇာတက၊ ၁၊ ၃၁၃ ၃၁၄။ ၌၊ ၄၊ ၃၉၆။)

မင်းကြီး..ဇီဝိတိန္ဒြေသည် သေခြင်းသို့ကပ်တတ်၏၊ အသက်သည် တိုလှစွာ၏၊ အိုခြင်းသည် သေခြင်း၏အနီးသို့ ဆောင်အပ်သောသူအား သားသမီးအစရှိသည်တို့သည် မစောင့်ရှောက်နိုင်ကုန်၊ ပဥ္စာလမင်း...ငါ၏သာလျှင် ဆုံးမစကားကို လိုက်နာလော့၊ ဆင်းရဲ၏ပွားကြောင်းဖြစ်ကုန်သော မကောင်းမှုတို့ကို မပြုလင့်။...ဆင်းရဲသောအကျိုးကို ပေးတတ်ကုန်သော မကောင်းမှုတို့ကို မပြုလင့်။....ကိလေသာမြူဖြင့် ပြည့်သော ဦးခေါင်းရှိကုန်သော မကောင်းမှုတို့ကို မပြုလင့်။ မင်းကြီး...ဇီဝိတိန္ဒြေသည် သေခြင်းသို့ ကပ်တတ်၏၊ သတ္တဝါတို့၏အသက်သည် နည်းလှစွာ၏၊ အိုသော လူ၏ ကိုယ်အဆင်းကို အိုခြင်းသည် သတ်တတ်၏၊

ပဥ္စာလမင်း...ငါ၏သာလျှင် ဆုံးမစကာကို နားထောင်လော့၊ ငရဲ၌ဖြစ်စေခြင်းငှါ မကောင်းမှုတို့ကို မပြုပါလင့်။

ဥပနီယတိ ဇီဝိတမပ္ပမာယု၊ ဇရူပနီတဿ န သန္တိ တာဏာ။
ကရောဟိ ပဥ္စာလ မမေတ ဝါကျံ၊ မာ'ကာသိ ကမ္မာနိ ဒုက္ခုဒြယာနိ။
.............................၊ မာ'ကာသိ ကမ္မာနိ ဒုက္ခပ္ပလာနိ။
.............................၊ မာ'ကာသိ ကမ္မာနိ ရဇဿိရာနိ။
ဥပနီယတိ ဇီဝိတမပ္ပမာယု၊ ဝဏ္ဏံ ဇရာ ဟန္တိ နရဿ ဇိယျတော။
ကရောဟိ ပဥ္စာလ မမေတ ဝါကျံ၊ မာ'ကာသိ ကမ္မံ နိရယူပပတ္တိယာ။
မမေဝ (သျာ၊ က)
(ဇာတက၊ ၁၊ ၃၁၄။ ၌၊ ၄၊ ၃၉၈။)

ဥပနီယတီတိ မဟာရာဇ ဣဒံ ဇီဝိတံ မရဏံ ဥပဂစ္ဆတိ။ ဣဒဉ္စ ဣမေသံ သတ္တာနံ အပ္ပမာယု သရသပရိတ္တတာပိ ဋ္ဌိတိပရိတ္တတာယပိ ပရိတ္တကံ၊ သူရိယုဂ္ဂမနေ တိဏဂ္ဂေ ဥဿာဝဗိန္ဒုသဒိသံ။ န သန္တိ တာဏာတိ န ဟိ ဇရာယ မရဏံ (ဇရာမရဏံ သီ၊ဣ) ဥပနီတဿ ပုတ္တာဒယော တာဏာ နာမ ဟောန္တိ။ မမေတ ဝါကျန္တိ မမ ဧတံ ဝါကျံ။ မာ'ကာသီတိ မာ ရူပါဒိကာမဂုဏဟေတု ပမာဒံ အာပဇ္ဇိတွာ နိရယာဒီသု ဒုက္ခဝဍ္ဎနာနိ ကမ္မာနိ ကရိ။ (ဇာ၊ ၌၊ ၄၊ ၃၉၉။)....

ဘုရားအလောင်းသည် သမ္ဘူတမင်းအား အဆုံးအမကို ပေးပြီးနောက် ဟိမဝန္တာသို့ ကြွတော်မူလေ၏။ မင်းသည်လည်း သားကြီးအား တိုင်းပြည်ကို ပေးခဲ့၍ ဟိမဝန္တာသို့ လိုက်သွား၍ ရသေ့ရဟန်းပြုကာ ကသိုဏ်းပရိကံကို နာကြားလျက် ဈာန် အဘိညာဉ်တို့ကို ဖြစ်စေ၏၊ ထိုရသေ့နှစ်ပါးတို့သည် ဗြဟ္မာ့ပြည်သို့ လားကုန်၏။

သမ္ဘူတသုခမိန်သည် အရှင်အာနန္ဒာအလောင်း, စိတ္တသုခမိန်ကား ဘုရားအလောင်းတည်း။

ဆောင်ပုဒ်=ကောင်းကျိုးလိုလား၊ ဆွေ့စကား၊ ကိုးစားလိုက်နာပါ။

၃၂၂။ (၄၉၉) သိဝိဇာတ်၊ ဝီသတိနိပါတ် (ဇာတက၊ ၁၊ ၃၁၆-၃၁၉။ ဋ္ဌ၊ ၄၊ ၄၀၂-၄၁၃။ ငါးရာငါးဆယ်၊ စ၊ ၄၂၀ ၄၃၉။)

ပစ္စုပ္ပန်ဝတ္ထု=ကောသလမင်း၏အသဒိသဒါနန္တြ ပရိသတ်မစင်ကြယ်၍ ဘုရားရှင်တရားမဟော။

အဋ္ဌကထာ၌ ထိုအသဒိသဒါနကို အဋ္ဌကနိပါတ် သိဝိဇာတ်၌ ချဲ့အပ်ခဲ့ပြီးသည်သာတည်း လာရှိသော်လည်း သီဟိုဠ်မူ၊အင်္ဂလိပ်မူတို့၌ သောဝီရဇာတ်(သောဝီရဇာတကေ), ယိုးဒယားမူ၌ သိဝိရာဇဇာတ်(သိဝိရာဇဇာတကေ) ဟု အသီးအသီးရှိကြ၏။ မည်သို့ပင်ရှိစေကာမူ အဋ္ဌကနိပါတ်၌ကား ထိုအမည်များပါသော ဇာတ်တို့မရှိပါ၊ အသဒိသဒါနနှင့်ပတ်သက်၍

အာဒိတ္တဇာတ်(ဇာ၊ ၁၊ ၁၈၄။ ဋ္ဌ၊ ၃၊ ၄၄၅-၄၅၆)သာ ရှိ၏။

အတိတ်ဝတ္ထု=အပဝတ္ထုကို လှူခြင်း၌ အားမရ၍ မျက်စိနှစ်လုံးကို လှူသော ဘုရားအလောင်း သိဝိမင်းကြီး။

အလှူခံသူကား သူကန်းပုဏ္ဏားအိုယောင်ဆောင်ထားသော အရှင်အနုရုဒ္ဓါအလောင်းသိကြားမင်း၊ ဆေးအတတ်ဖြင့် မျက်စိနှစ်လုံးကို ထုတ်ပေးရသူ အရှင်အာနန္ဒာအလောင်း သိဝိကမည်သော ဆေးဆရာ။

သိကြားမင်း၏ညွှန်ကြားချက်အရ ဘုရားအလောင်းသစ္စာပြုသဖြင့် မျက်စိနှစ်လုံးကို ပြန်ရခြင်း။

ဤဇာတ်၌လည်း သိဝိမင်းကြီး၏ဒါနအာနုဘော်ကြောင့် သိကြားမင်း၏နေရာသည် ပူကြောင်း ပါရှိ၏။

ရာဇာ ပလ္လင်္ကေ နိသိန္နော အတ္တနော ဒါနံ အာဝဇ္ဇေသိ။ တဿ ခဏေ သက္ကဿ အာသနံ ဥဏှံ အဟောသိ။

(ဇာတက၊ ဋ္ဌ၊ ၄၊ ၄၀၉။)

သိဝိမင်းကြီးဟောကြားသော တရားအချို့...

အိုပရိသတ်တို့...အကြင်သူသည် "စင်စစ် ငါပေးအံ့" ဟု ပြောဆိုပြီးမှ မပေးခြင်း၌ စိတ်နှလုံးကို ပြုအံ့၊ ထိုသူသည် မြေ၌ထောင်သော ကျော့ကွင်းကို လည်၌ စွပ်သည်မည်၏။

အကြင်သူသည် "စင်စစ် ငါပေးအံ့"ဟု ပြောဆိုပြီးမှ မပေးခြင်း စိတ်နှလုံးကို ပြုအံ့၊ ထိုသူသည် ယုတ်မာသောသူအောက် အထူးသဖြင့် ယုတ်မာသူဖြစ်၏၊ ယမမင်းနိုင်ငံသို့ ရောက်ရ၏။ (လှူမည် ဟု ပြောပြီးမှ မလှူသောသူတို့ သတိပြုစရာ။)

ယော ဝေ ဒဿန္တိ ဝတွာန၊ အဒါနေ ကုရုတေ မနော။
ဘူမျံ သော ပတိတံ ပါသံ၊ ဂီဝါယံ ပဋိမုဉ္စတိ။
ယော ဝေ ဒဿန္တိ ဝတွာန၊ အဒါနေ ကုရုတေ မနော။
ပါပါ ပါပတရော ဟောတိ၊ သမ္ပတ္တော ယမသာဓနံ။

(ဇာတက၊ ၁၊ ၃၁၇။ )

ပါပါ ပါပတရောတိ လာမကာပိ လာမကတရော နာမ ဟောတိ။ သမ္ပတ္တော ယမသာဓနန္တိ ယမဿ အာဏာပဝတ္တိဋ္ဌာနံ ဥဿဒနိရယံ ဧသ ပတ္တောယေဝ နာမ ဟောတိ။ (ဇာ၊ ဋ္ဌ၊ ၄၊ ၄၀၆။)

ဆောင်ပုဒ်=ကိုယ်အင်္ဂါများ၊ ပေးလှူပြား၊ ဘုရားပါရမီ။

သိဝိမင်းကား၊ မျက်လုံးများ၊ လှူပြားဖြည့်ခဲ့ပြီ။

၃၂၃။ (၅၀၀) သိရီမန္တဇာတ်၊ ဝီသတိနိပါတ် (ဇာတက၊ ၁၊ ၃၁၉ ၃၂၃။ ဋ္ဌ၊ ၄၊ ၄၁၃။ ငါးရာငါးဆယ်၊ စ၊ ၄၄၀။)

မဟာနိပါတ် မဟာဥမင်္ဂဇာတ်(ခု၊ ၆=ဇာတက၊၂၊၂၀၄။ ဋ္ဌ၊၆၊၁၈၆ ၁၈၈။ ဇာတ်ကြီး၊ ပ၆၄၄ ၆၈၂)၌ထင်စွာ ဖြစ်လတ္တံ့။

၃၂၄။ (၅၀၁) ရောဟန္တမိဂဇာတ်၊ ဝီသတိနိပါတ် (ဇာတက၊ ၁၊ ၃၃၀-၃၃၄။ ဋ္ဌ၊ ၄၊ ၄၃၉ ၄၄၆။ ငါးရာငါးဆယ်၊ စ၊ ၄၈၃ ၄၉၇။)

ပစ္စုပ္ပန်ဝတ္ထု=မလ္လိကာမိဖုရားနှင့် အိပ်ရာကိုအကြောင်းပြု၍ ငြင်းခုံပြီး စကားမပြောသော ကောသလမင်း။

အတိတ်ဝတ္ထု=တစ်ညဉ့်ဝေးသည်ကို နှစ်ပေါင်းခုနစ်ရာဆွေးကြသော ကိန္နရာမောင်နှံအကြောင်းကို ဘုရားရှင်ဟောတော်မူကာ

မင်း, မိဖုရားတို့ကို သင့်မြတ်စေခြင်း။

တိုင်းပြည်ကို မှူးမတ်တို့အား အပ်နှင်းကာ သားသမင်လိုက်စားနေသော ဘုရားအလောင်းဘလ္လာတိယမင်းသည် ကိန္နရာမောင်နှံတို့ထံမှ စကားကို ကြားရသောအခါ သတိတရားရ၍ သားသတ်အမှုကို စွန့်လျက် အလျင်အမြန် တိုင်းပြည်သို့ ပြန်ပြီးလျှင် အလှူဒါနတို့ကို ပြု၍ မင်းစည်းစိမ်ချမ်းသာကို ခံစားလေတော့၏။

မှတ်ချက်။ ။ [ဘလ္လာတိယမင်းကြီးသည် ခွေးတို့ကို ကြည့် လက်ဖျစ်တီး၏၊ ကောင်းစွာ သင်အပ်သော မင်းအိမ်၌ ကြီးကုန်သော ခွေးတို့သည် ထိုလက်ဖျစ်တီးသောအမှတ်ဖြင့် ချုံထဲသို့ဝင်၍ ရင်ဖြင့် ဝပ်ကုန်၏ ဟူသော စကားကို ထောက်၍ ရေးကလည်း **"Well-trained-dogs=ကောင်းစွာ လေ့ကျင့်ပေးထားသောခွေးများ"** ရှိခဲ့ကြ၏ ဟု သိရ၏။

ရာဇာ....သုနခေ ဩလောကေတွာ အစ္ဆရံ ပဟရိ၊ သုသိက္ခိတကောလေယျကသုနခါ တာယ သညာယ ဂုမ္ဗံ ပဝိသိတွာ ဥရေန နိပဇ္ဇိံသု။ (ဇာတက၊ ဋ္ဌ၊ ၄၊ ၄၄၀။)]

သာဠူရသံဃ, သုနခဂဏ ခွေးအပေါင်း၊ အကောလက မှန်ကူပွင့်၊ အတိမုတ္တက ကင်းပွန်းပွင့်
သတ္တလိ, ကုန္ဒာလပုပ္ဖ မိုးဆွေပွင့်၊ ယောထိက(ယောဓိက), သုဝဏ္ဏယောထိက ရွှေစံပယ်ပွင့်၊
ကုရဝက ကုလားဇလပ်ပန်း၊ ပါဋလိ သခွတ်ပန်း, တောင်ကသစ်ပန်း၊
သိန္ဒုဝါရိက, သိန္ဒုဝါရိက(သိန္ဒုဝါရိတာ သျာ, ဣ, က) ကြောင်ပန်းပွင့်
အဂဠု, ကာဠာဂဠု, အဂ္ဂလု(သျာ, က), အကလု(ဣ) အကျော်နက်၊ စန္ဒန, ရတ္တစန္ဒန ဂေါသီတစန္ဒကူးနီ
သဠလ ထင်းရှူး၊ ကဏ္ဏိကာရ, ကဏိကာရ မဟာလှေကားပွင့်

ထိုအခါ ကိန္နရာမောင်နှံတို့ကား ယခုအခါ ကောသလမင်းနှင့် မလ္လိကာမိဖုရားတို့ ဖြစ်လာကုန်၏။

ဆောင်ပုဒ်=လင်နှင့်မယား၊ ချစ်ကြင်ငြား၊ ရှည်လျားစိတ်ချမ်းသာ။

၃၂၅။ (၅၀၅) သောမနဿဇာတ်၊ ဝီသတိနိပါတ်(ဇာတက၊ ၁၊ ၃၃၄ ၃၃၈။ ဋ္ဌ၊ ၄၄၆ ၄၅၆။ ငါးရာငါးဆယ်၊ စ၊၄၉၇ ၅၀၅။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်ကို သတ်ရန် ဒေဝဒတ်အားထုတ်ခြင်း။

အတိတ်ဝတ္ထု=သူတစ်ပါးမကောင်းကြံ ကိုယ်သာခံရသော ရသေ့စဉ်းလဲ။

ဒိဗ္ဗစက္ခုအဘိညာဉ်မရပါပဲ အရှင်သာရိပုတ္တအလောင်းမဟာရက္ခိတရသေ့ဆရာ၏စကားကို ယူ၍ မင်းကိုလှည့်ပတ်ကြည်ညိုစေ၍ မင်းဆရာဖြစ်၍ ဟင်းသီးဟင်းရွက်သည်လုပ်နေသော ဒေဝဒတ်အလောင်းရသေ့စဉ်းလဲကို ဘုရားအလောင်းမင်းသားလေးက "ဟင်းရွက်သည်သူကြွယ်...အဘယ်ကိုပြုသနည်း?"ဟု မေး၏၊ ထိုအကြောင်းနှင့်ပတ်သက်၍ ရသေ့စဉ်းလဲသည် မင်းသားလေးကို ရန်ငြိုးဖွဲ့ကာ မင်းအား ကုန်းတိုက်သဖြင့် မင်းကား မစူးစမ်းမဆင်ခြင်ပဲ မင်းသားကို သတ်နိုင်းလေ၏၊ မင်းသားငယ်သည် အကျိုးအကြောင်းရှင်းပြသောအခါ မင်းကား အမှန်အကန်ကို သိရ၍ သားမင်းသားကို တောင်းပန်၏၊ မင်းသားငယ်သည် မင်းကို တရားဟော၍ ရသေ့ရဟန်းပြုရန် ခွင့်ပြုစေလျက် ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြု၍ နတ်တို့၏လုပ်ကျွေးမှုကို ခံယူကာ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။ ဒေဝဒတ်အလောင်းရသေ့စဉ်းလဲကား လူအများတို့ပုတ်ခတ်၍ သေရ၏။

မယ်တော်သည် ယခုအခါ မယ်တော်မာယာ, သောမနဿမင်းသားကား ဘုရားရှင်းတို့ဖြစ်၏။

ဤဇာတ်ကား စရိယာပိဋက(ခု၊ ၄၊ ၄၀၈ ၄၀၉။ ဋ္ဌ၊ ၁၈၁ ၁၈၉)၌ သောမနဿစရိယ ဟု လာရှိ၏။

ဆောင်ပုဒ်=ကာမဂုဏ်ခံစား၊ ထိုသူကား၊ ပျင်းငြားမကောင်းပါ။
မစူးမစမ်း၊ ထိုမင်းကြမ်း၊ ပြုသွမ်းမကောင်းပါ။
မစစ်မဆေး၊ အပြစ်ပေး၊ မင်းရေးမှားတတ်ပါ။
ပညာရှိကား၊ မျက်ထွက်ငြား၊ ထင်ရှားမကောင်းပါ။

၃၂၆။ (၅၀၇)မဟာပလောဘနဇာတ်၊ ဝီသတိနိပါတ်(ဇာတက၊ ၁၊၃၄၄ ၃၄၆။ ဋ္ဌ၊ ၄၇၂ ၄၇၇။ ငါးရာငါးဆယ်၊ စ၊ ၅၄၃ ၅၅၂။)

ပစ္စုပ္ပန်ဝတ္ထု=မိန်းမတို့သည် စင်ကြယ်သော သတ္တဝါတို့ကို ညစ်ညူးစေတတ်၏။

ပစ္စုပ္ပန်ဝတ္ထုကို တိကနိပါတ် စူဠပလောဘနဇာတ်(ခု၊ ၅=ဇာ၊ ၇၆။ ဋ္ဌ၊ ၂၊ ၂၉၆)၌ ချဲ့အပ်ပြီးသည်သာတည်း။

အတိတ်ဝတ္ထု=ဗြဟ္မာ့ပြည်မှလာသော ဘုရားအလောင်းအနိတ္ထိဂန္ဓမင်းသားပင် မိန်းမနှင့် တွေ့သောအခါ ယောကျ်ားတွေကို

မုန်း၍ ညှဉ်းဆဲသတ်ဖြတ်ခြင်းကို ပြုသဖြင့် တိုင်းပြည်နှင်ထုတ်ခံရပြီး, မင်းသားသည် သမုဒ္ဒရာအနီးဝယ် မယားနှင့် နေစဉ် တစ်နေ့သ၌ သစ်သီးရှာသွားသောအခါ သမုဒ္ဒရာအလယ် ကျွန်းငယ်၌နေသော ဈာန်ရရသေ့ကို မင်းသား၏ မယားသည် ဖြားယောင်းဖျက်ဆီးလေ၏၊ သစ်သီးရှာရာမှ ပြန်လာသောမင်းသားသည် ထိုအကြောင်းသိ၍ မိန်းမတို့ ၏အပြစ်ကို ပြောဆိုသဖြင့် ရသေ့သည် ဈာန်ကို ပြန်လည်ဖြစ်စေကာ မိမိနေရာကျွန်းသို့ ပြန်သွားလေ၏။ ဘုရားအ လောင်းမင်းသားသည်လည်း ထိုမိန်းမကို လူတို့နေရာသို့ ပို့ဆောင်၍ တောဝယ် ရသေ့ရဟန်းပြုကာ ကာမရာဂကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်၍ ဗြဟ္မာ့ပြည်သို့ လား၏။

အတိတ်ဝတ္ထုကိုလည်း စူဠပလောဘနဇာတ်(ခု၊ ၅၊ ၇၆၊ ဋ၊ ၂၊ ၂၉၆ ၂၉၉)၌ ချဲ့အပ်ပြီးသည်သာတည်း။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်၏။

ဆောင်ပုဒ်=သီလရှိသူ၊ မိန်းမဖြူ၊ ကျင့်မှုပျက်တတ်သည်။

ဈာန်ရရှိသူ၊ မိန်းမဖြူ၊ ဈာန်မှုပျက်တော့သည်။

၃၂၇။ (၅၀၈) ပဉ္စပဏ္ဍိတဇာတ်၊ ဝီသတိနိပါတ် (ဇာတက၊ ၁၊ ၃၄၇-၃၅၀။ ဋ၊ ၄၊ ၄၇၈။ ငါးရာငါးဆယ်၊ စ၊ ၅၅၂။)

မဟာနိပါတ် မဟာဥမင်္ဂဇာတ် (ဇာတက၊ ၂၊ ၂၀၄။ ဋ၊ ၆၊ ၂၂၂ ၂၃၄။ ဇာတ်ကြီး၊ ပ၊၇၂၉ ၇၃၄။)

၁။ သေနကအမတ်သည် ပြည်တန်ဆာမကို မုဒိန်းအမှု ပြုကျင့်ကို ထိုပြည်တန်ဆာမကို လုပ်ကြံဖျောက်ဖျက်ပြီးမှ အဝတ်တန်ဆာတို့ကို ချွတ်ယူခဲ့သဖြင့် မိမိသားမယားကို အသိမပေးပဲ အဆွေခင်ပွန်းတစ်ယောက်ကိုသာ ဆိတ်ကွယ်ရာ၌ ပြော၍ ထိုအမှုကို လျှို့ဝှက်နေ၏။ ထိုအမှုကို အစွဲပြု၍ သေနကအမတ်သည် လျှို့ဝှက်အပ်သောစကားကို အဆွေခင်ပွန်းအားသာ ပြောအပ်၏ ဟု မင်းအား လျှောက်ထားခြင်းဖြစ်၏။

၂။ ပက္ကုသအမတ်သည် ပေါင်တွင်း၌ ကုဋ္ဌနူနာရှိလျက် ထိုကုဋ္ဌနူနာကို သူတစ်ပါးမသိရအောင် လျှို့ဝှက်၍ နံနက်တိုင်း မိမိ ညီကို ဆိတ်ကွယ်ရာခေါ်ပြီးလျှင် ဖန်ရေဆေးပြီးသော် နံ့သာအမွှေးအထုံ လိမ်းသုတ်လျက် ကုဋ္ဌနူနာပေါ်၌ နူးညံ့စေခြင်းငှါ ပုဆိုးကြမ်းတိုဖြင့် ရစ်ပတ်ပြီးမှ နန်းတော်သို့ ဝင်၍ မင်းခစားလျှင် မင်းကြီးသည် ပက္ကုသအမတ်၏ပေါင်ပေါ်၌ ဦးခေါင်း အုံး၍ စက်တော်ခေါ်မိချေသည်၊ ထိုအမှုကို အစွဲပြု၍ ပက္ကုသအမတ်သည် လျှို့ဝှက်အပ်သောစကားကို ညီအားသာ ပြော အပ်၏ ဟု လျှောက်ထားခြင်းဖြစ်၏။

၃။ ကာမိန္ဒအမတ်သည် နရဒေဝနတ်ဖမ်း၍ ရူးသောသူဖြစ်၏၊ မိမိနတ်ရူးနာပေါ်သောအခါ၌ ခွေးရူးကဲ့သို့ မရပ်မနေ လှည့် လည်လျက် ရေရွတ်မြည်တွန်ခြင်းကို ပြု၏၊ ထိုနတ်ရူးနာရှိကြောင်းကို မိမိသားတစ်ယောက်သာ သိသဖြင့် နတ်ရူးနာပေါ် တိုင်း သားသည် ကာမိန္ဒအမတ်ကို အိမ်တိုက်ခန်းတွင်းသွင်းပြီးလျှင် မြည်တမ်းသောအသံကို သူတစ်ပါးတို့မကြားစေခြင်း ငှာ တံခါးဝ၌ ပွဲသဘင်ခံ၏၊ ထိုအမှုကို အစွဲပြု၍ လျှို့ဝှက်အပ်သောစကားကို သားအား ပြောအပ်၏ ဟု လျှောက်ခြင်း ဖြစ်၏။

၄။ ဒေဝိန္ဒအမတ်သည် ကုသမင်းကြီးအား သိကြားမင်းပေးအပ်သော အကောက်ရစ်တန် အလျှံရောင်တို့ဖြင့် တင့်တယ်သော ပတ္တမြားရတနာကို ခိုးယူ၍ မိမိအမိအား ပေးအပ်ထားသဖြင့် မိမိနန်းတော်သို့ ဝင်တိုင်း ထိုပတ္တမြားရတနာကို ဆောင် လျက်ဝင်၏၊ ထိုအကြောင်းကို အမိတစ်ယောက်ကိုသာ သိစေသဖြင့် ထိုကိုအစွဲပြု၍ လျှို့ဝှက်အပ်သောစကားကို အမိအား ပြောအပ်၏ ဟု လျှောက်ခြင်းဖြစ်၏။

၅။ မဟောသဓသုခမိန်ကား "အရှင်မင်းကြီး...ဤသို့သော အကြောင်းကို မြင်၍ အကျွန်ုပ်သည် လျှို့ဝှက်အပ်သောစကားကို သူတစ်ပါးအား မပြောအပ်-ဟု လျှောက်ထားခြင်းဖြစ်ပါ၏။

၃၂၈။ (၅၀၉)ဟတ္ထိပါလဇာတ်၊ ဝီသတိနိပါတ်(ဇာတက၊ ၁၊ ၃၅၀ ၃၅၃။ ဋ၊ ၄၊ ၄၇၈ ၄၉၅။ ငါးရာငါးဆယ်၊ စ၊ ၅၈၀ ၅၉၃။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏မြတ်သောတောထွက်တော်မူခြင်းကို အကြောင်းပြု၍ ပြောဆိုသောစကား။

အတိတ်ဝတ္ထု=ဘုရားအလောင်းဟတ္ထိပါလတောထွက်၍ ရသေ့ရဟန်းပြုသဖြင့် ညီတော်သုံးယောက် ခမည်းတော်မယ်တော် ပုဏ္ဏားဇနီးမောင်နှံ, မင်းနှင့်မိဖုရားတို့ စည်းစိမ်းတို့ကို ပယ်စွန့်ကြ၍ တောထွက်ကြခြင်း။

ယခုအခါ သုဒ္ဓေါဒနမင်းကြီးသည် ထိုအခါ ဧသုကာရီမင်းကြီး, မဟာမာယာမိဖုရားကြီးသည် ဧသုကာရီမင်းကြီး၏မိဖုရား ကြီး, အရှင်မဟာကဿပသည် ခမည်းတော်ပုရောဟိတ်ပုဏ္ဏား, ဘဒ္ဒကာပိလာနီထေရီသည် ပုဏ္ဏေးမ, အရှင်အနုရုဒ္ဓါသည် အဇပါလ, အရှင်မဟာမောဂ္ဂလ္လာန်သည် ဂေါပါလ, အရှင်သာရိပုတ္တသည် အဿပါလ, ဘုရားရှင်သည် ဟတ္ထိပါလတို့

ဖြစ်ဖူးကုန်၏။
ဆောင်ပုဒ်=ကာမညီဟောက်၊ တံတွေးပေါက်၊ စွန့်မြောက် ပါရမီ။

၃၂၉။ (၅၁၀) အယောဃရဇာတ်၊ ဝီသတိနိပါတ် (ဇာတက၊ ၁၊ ၃၅၃ ၃၅၇။ ဋ၊ ၄၊ ၄၉၅ ၅၀၄။ ငါးရာငါးဆယ်၊ စ၊ ၅၈၀ ၅၉၃။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏မြတ်သောတောထွက်တော်မူခြင်းကို အကြောင်းပြု၍ ပြောဆိုသောစကား။
အတိတ်ဝတ္ထု=ဘီလူးမဘေးရန်ကြောင့် ၁၆ နှစ်လုံးလုံး သံအိမ်မှ မထွက်ရသော ဘုရားအလောင်း အယောဃရမင်းသားအား မင်းစည်းစိမ်ကို ပေးသော်လည်း လက်မခံပဲ တောထွက်ခြင်း၊ ခမည်းတော်, မယ်တော်, ပုရောဟိတ်, အမတ်အစရှိသည်တို့ပါ လိုက်၍ ရသေ့ရဟန်းပြုကြခြင်း။

ဘီလူးထန်းရွက်ကြောက်သလော? ဗြဟ္မဒတ်မင်း၏မိဖုရားမှ မွေးဖွားလာသော သားငယ်များကို ဘီလူးမ စားခြင်းနှင့် ပတ်သက်၍ အမတ်တစ်ယောက်က "ဘီလူးမတို့သည်ကား ထန်းရွက်ကို ကြောက်ကုန်၏၊ အရှင်မိဖုရား၏လက်ခြေတို့၌ ထန်းရွက်ကို ဆွဲခြင်းငှါ သင့်၏"ဟု အကြံပေးတင်လျှောက်၏။
အခြားအမတ်တစ်ယောက်ကား "ဘီလူးမတို့မည်သည် သံအိမ်ကို ကြောက်ကုန်၏၊ သံအိမ်ကို ပြုခြင်းငှာ သင့်၏"ဟု အကြံပေး၏။ ထိုအမတ်၏အကြံပေးသည်အတိုင်း တတိယမြောက်မွေးဖွားလာသော သားငယ်ကို "သံအိမ်"တွင်း၌ သွင်းထားကာ မွေးမြူခြင်းဖြစ်၏၊ ထို့ကြောင့် "အယောဃရ သံအိမ်မင်းသား"ဟု အမည်တွင်လေ၏။
ရာဇာ မဟာဇနံ သန္နိပါတေတွာ "ဒေဝိယာ ဇာတံ ဇာတံ ပဇံ ကော ယက္ခိနီ ခါဒတိ၊ ကိံ နု ခေါ ကာတဗ္ဗ"န္တိ ပုစ္ဆိ။ အထေကော "ယက္ခာ နာမ တာလပဏ္ဏဿ ဘာယန္တိ၊ ဒေဝိယာ ဟတ္ထပါဒေသု တာလပဏ္ဏံ ဗန္ဓိတုံ ဝဋ္ဋတီ"တိ အာဟ။ အထေကော "အယောဃရဿ ဘာယန္တိ၊ အယောဃရံ ကာတုံ ဝဋ္ဋတီ"တိ အာဟ။ (ဇာတက၊ ဋ၊ ၄၊ ၄၉၆။)
ဆောင်ပုဒ်=အို, နာ, သေရေး၊ ဘေးသုံးဘေး၊ ပြေး၍ မလွတ်ပြီ။
ထိုသဘာဝ၊ ဉာဏ်ဖြင့်ဆ၊ ထွက်ကြတောကိုမှီ။

၃၃၀။ (၅၁၁) ကိံဆန္ဒဇာတ်၊ တိံသနိပါတ် (ဇာတက၊ ၁၊ ၃၅၃ ၃၅၇။ ဋ၊ ၅၊ ၁ ၁၂။ ငါးရာငါးဆယ်၊ စ၊ ၅၉၅ ၆၁၀။)
ပစ္စုပ္ပန်ဝတ္ထု=ဥပုသ်စောင့်သုံးသော ဒါယကာ, ဒါယိကာမတို့အား ဥပုသ်စောင့်သုံးခြင်းသည် ကောင်းမွန်ကြောင်းကို ဘုရားရှင် ဟောတော်မူခြင်း။
အတိတ်ဝတ္ထု=နေခဲ့၍ ညစံရသော ပြိတ္တာ၏မကောင်းမှုကံ, ကောင်းမှုကံ။
ဗြဟ္မဒတ်မင်းသည် တရားသဖြင့် မင်းပြုလျက် မိမိကိုယ်တိုင်လည်း ဒါန, သီလ, ဥပုသ်ကံတို့၌ မမေ့မလျော့မူ၍ သူတစ်တို့ကိုလည်း ဒါနအစရှိသည်တို့၌ ဆောက်တည်စေ၏။ ပုရောဟိတ်ကား တံစိုးစားသောတရားသူကြီးဖြစ်၏၊ ထိုပုရောဟိတ်သည် တစ်နေ့သ၌ နေ့ထက်ဝက် ဥပုသ်စောင့်ခဲ့၏၊ ဥပုသ်ဆောက်တည်ထားသော မိန်းမတစ်ယောက်အား သရက်သီးကို ပေးလှူဖူး၏၊ ပုရောဟိတ်သေလတ်သော် ဥပုသ်ဆောက်တည်သော မိန်းမအား သရက်သီးပေးခဲ့ဖူးသောကောင်းမှု၏အကျိုးဆက်ကြောင့် သုံးယူဇနာရှိသော သရက်ဥယျာဉ်ကို ရ၏၊ တံစိုးစား၍ စည်းလဲသော တရားကို စီရင်ခဲ့သောအကျိုးဆက်ကြောင့်ကား နေ့အခါ၌ မိမိကျောက်ကုန်းသားကို နတ်၍ စားရ၏၊ နေ့ထက်ဝက်စောင့်ခဲ့သောဥပုသ်၏အကျိုးဆက်ကြောင့် ညဉ့်အခါ၌ (နတ်)စည်းစိမ်ကို ခံစားရ၏, တစ်သောင်းခြောက်ထောင်သော နတ်သမီးကချေသည်အပေါင်း ခြံရံလျက် ခံစားရ၏။
သော ဥပေါသထိကာယ ဣတ္ထိယာ အမ္ဗဖလဒါနဿ နိဿန္ဒေန တိယောဇနိကံ အမ္ဗဝနံ ပဋိလဘတိ၊ လဉ္ဇံ ဂဟေတွာ ကူဋဍ္ဍကရဏနိဿန္ဒေန ပန ပိဋ္ဌိမံသံ ဥပ္ပါဋေတွာ ခါဒတိ၊ ဥပဍ္ဎုပေါသထဿ နိဿန္ဒေန ရတ္တိံ သမ္ပတ္တိံ အနုဘောတိ၊ သောဠသသဟဿနာဋကိတ္ထိယော ပရိဝုတော ပရိစာရေသိ။ (ဇာတက၊ ဋ၊ ၅၊ ၂။)
ဗြဟ္မဒတ်မင်းသည်လည်း ကာမဂုဏ်တို့၌ အပြစ်ကိုမြင်၍ ရသေ့ရဟန်းပြုကာ အောက်ဂင်္ဂါ၏မွေလျော်ဖွယ်ရာအရပ်၌နေစဉ် ရေ၌မျောသော သရက်သီးကို စားရ၍ ရသာတဏှာဖြင့် ဖွဲလမ်းလျက် မြစ်ကို ကြည့်၍ "သရက်သီးကို မရလျှင် ငါမထ"ဟု ဆုံးဖြတ်၍နေ၏။ ထိုရသေ့သည် အာဟာရကင်းလျက် ခုနစ်ရက်မြောက်ရောက်သော အခါ မြစ်စောင့်နတ်သမီးလာ၍ သရက်ဥယျာဉ်သို့ ပို့ပေးလေ၏။

သရက်ဥယျာဉ်ပိုင် ပြိတ္တာသည် "သူသည် မင်းရသေ့၏ပရောဟိတ်ဖြစ်ခဲ့ကြောင်း, သူ၏ဖြစ်ရပ်အဖုံဖုံ ဇာတ်ကြောင်းစုံကို" ပြောပြပြီးလျှင် နေ့စဉ် ထိုရသေ့အား သရက်သီးမှည့်ဖြင့် လုပ်ကျွေးလေ၏။ ရသေ့သည် ထို သရက်သီးကိုသုံးဆောင်လျက် ကသိုဏ်းပရိကံကို ပြု၍ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေကာ ဗြဟ္မာ့ပြည်သို့ လားရ၏။ ထိုအခါ မြစ်စောင့်နတ်သမီးသည် ယခုအခါ ဥပ္ပလဝဏ်ထေရီဖြစ်၏၊ ထိုအခါ ရသေ့သည် ယခုအခါ ဘုရားရှင် ဖြစ်တော်မူ၏။

ဆောင်ပုဒ်=တစ်လုံးသရက်၊ လှူသည့်တွက်၊ ပိုင်လျက် ဥယျာဉ်သည်။
လက်ဆောင်တံစိုး၊ စားသည့်ကျိုး၊ ဖြစ်ရိုး ပြိတ္တာပြည်။
တံစိုးစားထ၊ ဆိုးကျိုးက၊ ခံရနေ့ခါမှီ။
ဥပုသ်နေ့ဝက်၊ စောင့်သည့်တွက်၊ ညဘက်စံရသည်။

၃၃၀။ (၅၁၃) ဇယဒ္ဒိသဇာတ်၊ တိံသနိပါတ် (ဇာတက၊ ၁၊ ၃၆၅ ၃၇၀။ ဋ္ဌ၊ ၅၊ ၂၂ ၃၇။ ငါးရာငါးဆယ်၊ စ၊ ၆၂၆ ၆၅၁။)
ပစ္စုပ္ပန်ဝတ္ထု=အမိကိုလုပ်ကျွေးသော ရဟန်းတစ်ပါး။
အတိတ်ဝတ္ထု=ခမည်းတော်ဇယဒ္ဒိသမင်းကြီး၏ကိုယ်စား ဘီလူးစားခံရန် သွားသော ဘုရားအလောင်းအလီနသတ္တုမင်းသား။ မင်းသား၏ရဲစွမ်းသတ္တိကို မြင်တွေ့ရသော ဘီလူးသည် မစားရဲတော့ပဲ မင်းသားကို ပြန်လွှတ်သောအခါ မင်းသားသည် ထိုဘီလူးကို ယဉ်ကျေးသည်ကို ပြု၍ ငါးပါးသီလကို ပေး၍..."ဤပေါရိသာဒသည် ဘီလူးစစ်ပင်လော? ဟု စုံစမ်းလေသော် 'ဘီလူးတို့၏မျက်စိတို့သည် နီကုန်၏၊ မမှိတ်ကုန်၊ အရိပ်သည် မထင်(မထွက်)၊ မကြောက်မလန့်ကုန်' ဤပေါရိသာဒသည် ဘီလူးစစ်မဟုတ်၊ လူသားစင်စစ်တည်း၊ ငါ့ခမည်းတော်၏နောင်တော်သုံးယောက်တို့အနက် ဘီလူးမ အစားမခံရသော နောင်တော်တစ်ယောက်ဖြစ်လိမ့်မည်"ဟု သင်ကား ဘီလူးမဟုတ်၊ ငါ၏ခမည်းတော်၏အစ်ကိုတည်း ဟု ပြောဆို၍ ခေါ်သော်လည်း ပေါရိသာဒသည် မယုံကြည်၍ ဒိဗ္ဗစက္ခုရသေ့၏ပြောဆိုမှ ယုံကြည်၏၊ သို့သော် နန်းတော်သို့ မလိုက်တော့ပဲ ရသေ့ပြု၏။ မင်းသားသည် ခမည်းတော်အား အကြောင်းစုံကို လျှောက်တင်လတ်သော် မင်းကြီးက နောင်တော်ရသေ့အား ကောင်းစွာ စောင့်ရှောက်လေ၏။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ အမိကိုလုပ်ကျွေးသောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဒိဗ္ဗစက္ခုရသေ့သည် အရှင်သာရိပုတ္တအလောင်း, ပေါရိသာဒသည် အရှင်အင်္ဂုလိမာလအလောင်း, နမတော်သည် ဥပ္ပလဝဏ်ထေရီအလောင်း, မိဖုရားသည် ရာဟုလာမယ်တော်အလောင်း, အလီနသတ္တုမင်းသားသည် ဘုရားအလောင်းတို့ဖြစ်ခဲ့ကုန်၏။

ဆောင်ပုဒ်=မိဘတို့အား၊ လုပ်ကျွေးငြား၊ မှတ်သား မင်္ဂလာ။

၃၃၂။ (၅၁၅) သမ္ဘဝဇာတ်၊ တိံသနိပါတ် (ဇာတက၊ ၁၊ ၃၇၆ ၃၈၀။ ဋ္ဌ၊ ၅၊ ၅၈ ၆၉။ ငါးရာငါးဆယ်၊ စ၊ ၆၈၅ ၇၀၃။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏ပညာပါရမီတော်နှင့်ပတ်သက်၍ ပြောဆိုကြခြင်း။
ပစ္စုပ္ပန်ဝတ္ထုသည် မဟာနိပါတ် မဟာဥမင်္ဂဇာတ်(ခု၊ ၆=ဇာ၊ ၂၊ ၂၀၄)၌ ထင်စွာ ဖြစ်လတ္တံ့။
အတိတ်ဝတ္ထု=ဓနဉ္စယကောရဗျမင်း၏ဓမ္မယာဂပြဿနာကို ဖြေဆိုသော ခုနစ်နှစ်သားအရွယ် ဘုရားအလောင်းသမ္ဘဝသူငယ်။
ထိုအခါ ဓနဉ္စယကောရဗျမင်းသည် အရှင်အာနန္ဒာအလောင်း, သုစိရတပုဏ္ဏားသည် အရှင်အနုရုဒ္ဓါအလောင်း, ဝိဓုရ ပညာရှိသည် အရှင်မဟာကဿပအလောင်း, ဘဒြကာရလုလင်သည် အရှင်မဟာမောဂ္ဂလ္လာန်အလောင်း, သဉ္စယလုလင်သည် အရှင်သာရိပုတ္တအလောင်း, သမ္ဘဝပညာရှိသည် ဘုရားအလောင်းတို့ ဖြစ်ခဲ့ကုန်၏။

ဆောင်ပုဒ်=ပညာရဲရင့်၊ ပွဲလယ်တင့်၊ ကြီးမြင့်အသရေ။
ခုနစ်နှစ်အရွယ်၊ နည်းစုံချယ်၊ မေးဝယ် ဖြေနိုင်ပေ။
ပညာပါရမီ၊ ကြီးမားသည်၊ ညဏ်မှီသုံးနိုင်လေ။

၃၃၃။ (၅၁၇) ဒကရက္ခသဇာတ်၊ တိံသနိပါတ် (ဇာတက၊ ၁၊ ၃၈၄ ၃၈၇။ ဋ္ဌ၊ ၅၊ ၇၈။ ငါးရာငါးဆယ်၊ စ၊ ၇၁၅။)
မဟာနိပါတ် မဟာဥမင်္ဂဇာတ် (ဇာတက၊ ဋ္ဌ၊ ၇၊ ၃၂၂ ၃၃၀။ ဇာတ်ကြီး၊ ၃၊ ၁၆၃ ၁၈၃)၌ ထင်စွာ ဖြစ်လတ္တံ့။

၃၃၄။ (၅၁၉) သမ္ဗုလာဇာတ်၊ တိံသနိပါတ် (ဇာတက၊ ၁၊ ၃၉၃ ၃၉၆။ ဋ္ဌ၊ ၅၊ ၉၂ ၁၀၂။ ငါးရာငါးဆယ်၊ စ၊ ၇၃၈ ၇၇၅။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်အား မုယောမုန့်သုံးဆုပ်ကို လှူရသောဒါန၏အာနုဘော်ကြောင့် ထိုနေ့၌ပင် မိဖုရားကြီးဖြစ်သော မလ္လိကာသည် လင်ကို နတ်ကဲ့သို့ ရှိသေခြင်း။

ပစ္စုပ္ပန်ဝတ္ထုကို သတ္တကနိပါတ် ကုမ္မာသပိဏ္ဍိဇာတ် (ခု၊ ၅+၈၁၊ ၁၊ ၁၇၂-၁၇၃။ ဋ္ဌ၊ ၃၊ ၃၈၄ ၃၈၅)၌ ချဲ့အပ်ပြီးသည် သာတည်း။

အတိတ်ဝတ္ထု=သမ္ဗုလာမင်းသမီးသည် သစ်သီးသွားစဉ် ဒါနဝဘီလူးက ဖြားယောင်းပြောဆို၍ သမ္ဗုလာမင်းသမီးသည် ထိတ်လန့်စိုးရိမ်လျက် နတ်တို့အား တိုင်တန်းပြောဆိုသောအခါ မင်းသမီး၏သီလတန်ခိုးကြောင့် သိကြားမင်း၏ ဘုံဗိမာန်သည် တုန်လှုပ်၍ ပဏ္ဍုကမ္ဗလာကျောက်နေရာသည် ပူသောအခြင်းအရာကို ပြသောကြောင့် သိကြားမင်းကား ဝရဇိန်လက်နက်ကို ကိုင်၍ ဘီလူး၏ဦးခေါင်းထက်၌ ရပ်ပြီးလျှင် ထိုဒါနဝဘီလူးကို "ရက္ခိုသ်ဘီလူး...ဤ မိန်းမသည် မိန်းမတကာတို့ထက် မြတ်၏၊ ...ငြိမ်သက်သော ဣန္ဒြေရှိ၏၊ ညီမျှသော အကျင့်ရှိ၏၊ မီးကဲ့သို့ ထက်သောတန်ခိုးရှိ၏၊ သင်သည် ထိုမင်းသမီးကို အကယ်၍ စားအံ့၊ သင်၏ဦးခေါင်းသည် ခုနစ်စိတ် ကွဲရာပေအံ့၊ လင့်ဝတ်နှင့် ပြည့်စုံသော မိန်းမကို မစားလင့်၊ လွှတ်လော့"ဟု ခြိမ်းချောက်ပြောဆိုလေ၏။

ဒါနဝဘီလူးသည် သမ္ဗုလာမင်းသမီးကို လွှတ်၏၊ သိကြားမင်းသည် ဒါနဝဘီလူးကို နောင်တစ်ဖန် ထိုသို့ မပြုနိုင်အောင် သံခြေကျင်းဖြင့် နှောင်ဖွဲ့၍ သုံးခုမြောက်သောတောင်ကြား၌ လွှတ်၏၊ မင်းသမီးကို အပ္ပမာဒတရားဖြင့် ဆုံးမ၍ ကာဝတိံသာနတ်ပြည်သို့ ပြန်၏။

မင်းသမီးသည် အချိန်နှောင်းမှ ပြန်ရောက်၍ သောတ္ထိသေနမင်းသားအထင်မှားလေသော် သမ္ဗုလာမင်းသည် သစ္စာပြု၍ ထိုရေစင်ဖြင့် မင်းသားအား ပက်ဖြန်းသောကြောင့် မင်းသား၏နူနာရောဂါပျောက်ကင်း၍ တိုင်းပြည်သို့ ပြန်ကြလေ၏။

ခမည်းတော်မင်းကြီးသည် သားတော်သောတ္ထိသေနမင်းသားအား ထီးနန်းအပ်၍ မိမိကား ရသေ့ရဟန်းပြု၍ ဥယျာဉ်တော်၌ နေ၏၊ ထိုစဉ်ဝယ် သောတ္ထိသေနမင်းသည် သမ္ဗုလာမိဖုရားကြီးကို ပစ်ထား၍ မိဖုရားကြီးကား စိတ်ဆင်းရဲရှာ၏၊ ထိုအကြောင်းကို ယောက္ခမရှင်ရသေ့သိရှိသောအခါ သားဘုရင်အား သမ္ဗုလာမိဖုရား၏ဂုဏ်ကျေးဇူးကို ပြ၍ ဆုံးမလေလျှင် သောတ္ထိသေနမင်းသည် အမြင်မှန်ရ၍ မိဖုရားအား သည်းခံခွင့်လွှတ်စေကာ အလုံးစုံသော စည်းစိမ်ကို အပ်နှင်းလေ၏၊

ထိုအခါမှစ၍ မင်းမိဖုရားနှစ်ပါးတို့သည် ညီညွတ်သင့်တင့်စွာ နေကုန်လျက် ဒါနစသောကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လားကုန်၏၊ ခမည်းတော်ရှင်ရသေ့သည်လည်း ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ယခုအခါ မလ္လိကာသည် ထိုအခါ သမ္ဗုလာမိဖုရား, ကောသလမင်းကြီးသည် သောတ္ထိသေနမင်း, ဘုရားရှင်သည် ခမည်းတော် ရှင်ရသေ့တို့ ဖြစ်ဖူးကုန်၏။

ဆောင်ပုဒ်=သစ္စာစောင့်တတ်၊ မိန်းမမြတ်၊ လူနတ်ချစ်သည်သာ။

၃၃၅။ (၅၂၂) သရဘင်္ဂဇာတ်၊ စတ္တာလီသနိပါတ် (ဇာတက၊ ၂၊ ၅ ၁၂။ ဋ္ဌ၊ ၅၊ ၁၃၃ ၁၆၁။ ငါးရာငါးဆယ်၊ မ၊ ၂၈ ၇၆။)

ပစ္စုပ္ပန်ဝတ္ထု=နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမနိုင်, သိကြားမင်း၏ဝေဇယန္တာပြာသာဒ်ကို ခြေဖြင့် ညှပ်၍ တုန်လှုပ်စေနိုင်သော်လည်း မယားစကားကို နားထောင်၍ ခိုးသားယောင်ဆောင်ကာ မိဘနှစ်ပါးကို ရိုက်နှက်ပုတ်ခတ်ခဲ့သော မကောင်းမှုကံ၏အကျိုးဆက်ဖြင့် ခိုးသားသတ်ခံရသော အရှင်မဟာမောဂ္ဂလ္လာန်မထေရ်။

အတိတ်ဝတ္ထု=ဘုရားအလောင်းဇောတိပါလသည် ဗြဟ္မဒတ်မင်း၏ရှေ့တော်ဝယ် လေအတတ်မျိုးစုံကို ပြရာတွင် မြားတို့ကို ပစ်၍ ကောင်းကင်၌ မြားပြာသာဒ်စသည်တို့ကို ပြု၍ တစ်ဖန် တစ်ခုသောမြားဖြင့် ထိုမြားတို့ကို ကျစေလျက် ဖျက်ဆီးအပ်သည်တို့ကို ပြုသောကြောင့် "သရဘင်္ဂ"ဟူ၍ သူ၏အမည်ကို သိကုန်၏။

မင်းက နောက်နေ့တွင် ဇောတိပါလအား စစ်သူကြီးရာထူးပေးမည် ဟု မိန့်ဆိုထားသော်လည်း မည်သူ့မျှ အသိမပေးပဲ ဇောတိပါလကား ညဉ့်မိုးသောက်ယာမ်၌ တောထွက်၍ ရသေ့ရဟန်းပြု၏။ ခုနစ်ရက်မြောက်၌ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၏။ မုဆိုးတစ်ဦး၏လမ်းညွှန်မှုဖြင့် မိဘနှစ်ပါး, မင်းစသည်တို့ လိုက်လာကြလျက် ရသေ့ပြုကုန်၏။

ဇောတိပါလရသေ့၏တပည့် ခုနစ်ပါး.......

၁။ သာလိဿရရသေ့ (အရှင်သာရိပုတ္တာအလောင်း)၊

၂။ မေဏ္ဍသိဿရရသေ့ (အရှင်မဟာကဿပအလောင်း)၊
၃။ ပဗ္ဗတရသေ့ (အရှင်အနုရုဒ္ဓါအလောင်း)၊
၄။ ကာဠဒေဝိလရသေ့ (အရှင်ကစ္စာယန, အရှင်မဟာကစ္စည်းအလောင်း)၊
၅။ ကိသဝစ္ဆရသေ့ (အရှင်မဟာမောဂ္ဂလ္လာန်အလောင်း)၊
၆။ အနုသိဿရသေ့ (အရှင်အာနန္ဒာအလောင်း)၊
၇။ နာရဒရသေ့ (အရှင်ဥဒါယီအလောင်း)။

ဇောတိပါလရသေ့ဆရာသည် သီးတောကျောင်း၌ ရသေ့များဖြင့် ပြည့်လာသောအခါ မိမိ၏တပည့်ကြီးများကို တပည့်ငယ်များနှင့်အတူ နေရာအသီးအသီးသို့ ပို့လွှတ်ခဲ့၏၊ ကိသဝစ္ဆရသေ့ကား ကိုယ်တိုင်ပန်ကြား၍ ဒဏ္ဍကီမင်း၏နိုင်ငံ ကုမ္ဘဝတီမြို့၌ စစ်သူကြီးကို အမှီပြု၍ ဥယျာဉ်၌နေ၏။ နောင်သောအခါ ပြည့်တန်ဆာမ, ပုရောဟိတ်နှင့် ဒဏ္ဍကီမင်းတို့သည် ကိသဝစ္ဆရသေ့အား စော်ကားပြစ်မှားကြသောကြောင့် နတ်တို့စိတ်ဆိုး၍ မိုးအမျိုးမျိုးရွာစေလျက် တိုင်းပြည်ကို ဖျက်ဆီးလေ၏၊သရဘင်္ဂေါ် ဇောတိပါလရသေ့သည် တပည့်ရသေ့နှစ်ပါးစေလွှတ်၍ ကိသဝစ္ဆရသေ့ကို ဆောင်ယူစေ၏၊ မကြာမီ ကိသဝစ္ဆရသေ့ပျံလွန်သောအခါ ကြီးကျယ်ခန်းနားစွာ မီးသင်္ဂြိုဟ်ကြကုန်၏။

ကတညူနှင့် ကတဝေဒီ..
ကတညူ ဟူသည် သူ့ကျေးဇူးကို သိသူတည်း။
ကတဝေဒီ ဟူသည် သိသည်အားလျော်စွာ သူ့ကျေးဇူးကို ပြန်ဆပ်သူတည်း။

ပရေန အတ္တနော ကတဂုဏံ ဇာနာတီတိ ကတညူ။ ဇာနိ ဉတွာ ပန ယေနဿ ဂုဏော ကတော၊ တဿ ဂုဏံ ပဋိကရောန္တော ကတဝေဒီ နာမ။ (ဇာတက၊ ၄၊ ၅၊ ၁၅၆။)

ဆောင်ပုဒ်=ပညာသိသာ၊ အရာရာ၊ လိုရာ အောင်ကြောင်းမှတ်။

၃၃၆။ (၅၂၃) အလမ္ဗုသာဇာတ်၊ စတ္တာလီသနိပါတ် (ဇာတက၊ ၂၊ ၁၂ ၁၆။ ၄၊ ၅၊ ၁၆၁ ၁၇၂။ ငါးရာငါးဆယ်၊ မ၊ ၇၆ ၉၈။)
ပစ္စုပ္ပန်ဝတ္ထု=မယားဟောင်းဖြားယောင်းခံရသောရဟန်း။
ဝတ္ထုကို အဋ္ဌကနိပါတ် ဣန္ဒြိယဇာတ် (ခု၊ ၅=ဇာ၊ ၁၊ ၁၈၂ ၁၈၃။ ၄၊ ၃၊ ၄၃၈ ၄၃၉)၌ ချဲ့အပ်ပြီးသည် သာတည်း။
အတိတ်ဝတ္ထု=ဘုရားအလောင်းရသေ့၏သုက်ပါသောကျင်ငယ်ရေကို သောက်မိသော သမင်မသည် သန္ဓေတည်၍ လူသားလေးဖွား၏၊ ဦးစွန်းနှစ်ခု ပါရှိသောကြောင့် "ဣသိသိင်္ဂ"အမည်ရှိ၏၊ လိမ္မာသော အဖြစ်သို့ ရောက်သော ဣသိသိင်္ဂကို ဘုရားအလောင်းသည် ရသေ့ရဟန်းပြု၍ မိမိ အိုမင်းသော ကာလ၌ ထိုဣသိသိင်္ဂကို ခေါ်၍ မိန်းမသဏ္ဌာန်ပွင့်သော ပန်းရှိသောကြောင့် နာရီအမည်ရှိသောနွယ်ပန်းတောသို့ သွား၍ "ချစ်သား...ဤဟိမဝန္တာတော၌ ဤပန်းတို့နှင့် တူကုန်သော မိန်းမတို့မည်သည် ရှိကုန်၏၊ ထိုမိန်းမတို့သည် မိမိတို့အလိုသို့ လိုက်ကုန်သော သူတို့ကို ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်စေတတ်ကုန်၏၊ ထိုမိန်းမတို့ အလိုကို လိုက်ခြင်းငှါ မအပ်"ဟု ပြောဆိုပြီးလျှင် နောက်အဖို့၌ ဗြဟ္မာ့ပြည်သို့ လား၏။
ဣသိသိင်္ဂရသေ့သည် ဈာန်ကစားလျက် ဟိမဝန္တာ၌နေ၏၊ ပြင်းထန်သော အကျင့်ရှိ၏၊ ချုပ်တည်းစောင့်စည်းသော ဣန္ဒြေရှိ၏။
သိကြားမင်းက၊ ရာထူးမှ၊ လျှော့ကျမည်ကိုကြောက်...ဣသိသိင်္ဂရသေ့၏သီလတန်ခိုးကြောင့် သိကြားမင်း၏နေရာသည် တုန်လှုပ်၏၊ သိကြားမင်းသည် ထိုအကြောင်းကိုသိ၍ "ဤရသေ့ကား ငါ့ကို သိကြားအဖြစ်မှ ရွေ့စေရာ၏"ဟု နှလုံးသွင်းပြီးလျှင်...အလမ္ဗုသာနတ်သမီးကို လွှတ်၍ ဣသိသိင်္ဂရသေ့၏သီလကို ဖျက်ဆီးစေ၏။ ရသေ့သည် သီလပျက်စီး၍ နတ်သမီး၏ရင်ခွင်ဝယ် သုံးနှစ်တို့ပတ်လုံး မိန်းမောနေလေ၏၊ ရသေ့သည် မိန်းမောခြင်းပြေလေသော် ငိုကြွေးလျက် ..."ငါ၏ဈာန်ကျေးဇူးကို ပျက်စီးခြင်းသို့ ရောက်စေသူကား အဘယ်သူနည်း?"ဟု ငိုမြည်တမ်း၏။
မိန်းမဟူသည်၊ သွေးမြူဆောင်ပတ်၊ လှည့်ဖြားတတ်၏၊ နတ်သမီးစစ်၊ ဘုံကသစ်က၊ ဒေဝစ္ဆရာ၊ လမ္ဗုသာလျှင်၊ လှူရှာဌာန၊ လှူဒေသန္တိုက်၊ မိန်းမယိုဟု၊ မသိမထင်၊ မမြင်ဘူးရာ၊ ကျင့်ထူးစွာကြောင့်၊ ဣန္ဒာနတ်ကြီး၊ ကြက်သီး

ဝှန်းဖြိုး၊ ဖိန့်ဖိန့်နိုးအောင်၊ တန်ခိုးဣဒ္ဓိ၊ ကြီးဘိတေဇာ၊ ငါးဘိညာနှင့်၊ တောမှာမြဲပင်၊ နေကျင်နိစ္စ၊ သမင်မကာ၊ ဘွားထတုံလတ်၊ ရသေ့မြတ်အား၊ နတ်၏ရူပ၊ မူရာပြပြီး၊ မိန်းမမာယာ၊ ပြ၍သာလျှင်၊ ပိုက်ကာချီပွေ၊ နတ်ကိုယ်တွေဖြင့်၊ ရင်ငွေ့သွင်းထား၊ ရှာန်ပျက်ပြားလျက်၊ တရားလွတ်ကွာ၊ သုံးနှစ်ကြာအောင်၊ သညာကင်းကွေ၊ နစ်မူးစေ၏။ (မဟာသုတကာရီ မဃဒေဝလင်္ကာသစ်၊ အပိုဒ် ၃၀၀၊ နှာ ၂၂၈။)

နတ်သမီးတောင်းပန်၊ ရသေ့ရှာန်၊ ပြန်၍ ရလေသည်...အလမ္ဗုသာနတ်သမီးသည် ..."ငါသည် အကယ်၍ မပြောဆိုချေအံ့၊ ဤရှင်ရသေ့သည် ငါ့ကို ကျိန်ဆဲလတ္တံ့၊ ယခုအခါ ထိုရသေ့အား ငါပြောဆိုအံ့"ဟု ကြံ၍ နတ်သမီးသည် ထင်ရှားသောကိုယ်ဖြင့် ရပ်လျက်..."အိုရှင်ရသေ့...သင့်အား ကာမဂုဏ်ဖြင့် လုပ်ကျွေးစိမ့်သောငှါ သိကြားမင်းသည် စေအပ်သော အကျွန်ုပ်ကား မိမိစိတ်ဖြင့် ရှင်ရသေ့၏စိတ်ကို ညှဉ်းဆဲမိပေ၏၊ ရှင်ရသေ့သည် မေ့လျော့သည်ဖြစ်၍ သိတော်မမူပေ။ ဣသိသိင်္ဂရသေ့သည် ထိုအလမ္ဗုသာနတ်သမီး၏စကားကို ကြားရလျှင် ခမည်းတော် ရသေ့ကြီးသည် ပေးအပ်သောအဆုံးအမကို အောက်မေ့၍ ခမည်းတော်၏စကားကို မလိုက်နာမိ၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရ၏ ဟု ဆို၍ ငိုကြွေးမြည်တမ်းလေ၏။ ထို့နောက် ဣသိသိင်္ဂရသေ့သည် ကာမရာဂကို ပယ်၍ တစ်ဖန် ရှာန်ကို ဖြစ်စေ၏၊ ထိုအခါ ရသေ့၏တန်ခိုးအစွမ်းကို မြင်၍ ရှာန်ကို ဖြစ်စေသည်၏အဖြစ်ကို လည်း သိ၍ အလမ္ဗုသာနတ်သမီးသည် ကြောက်လေရကား ကန်တော့၏။

နတ်သမီးသွားလေ ခွင့်ပြုပေ...ဣသိသိင်္ဂရသေ့သည် အလမ္ဗုသာနတ်သမီး ကန်တော့သည်ရှိသော် "နတ်သမီး... ငါသည်းခံ၏၊ သင်အလိုရှိသည်အတိုင်း သွားလော့"ဟု လွှတ်လေ၏။ နတ်သမီးသည် ရသေ့ကို ရှိခိုး၍ တာဝတိံသာနတ်ပြည်သို့ ပြန်သွားလေ၏။

သိကြားမင်းဆုပေး...သိကြားမင်းသည် နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ အလမ္ဗုသာနတ်သမီးအား ဆုပေးသည်ရှိသော် နတ်သမီးက "အရှင်သိကြားမင်း...အကျွန်ုပ်အား အကယ်၍ ဆုပေးတော်မူလိုငြားအံ့ ရသေ့ရဟန်းတို့ကို ဖြားယောင်းအံ့သောငှါ အကျွန်ုပ် မသွားရပါလို၊ အကျွန်ုပ်သည် ဤဆုကို တောင့်တပါ၏" ဟု ဆုယူ၏။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ မယားဟောင်းဖြားယောင်းခံရသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ထိုရဟန်းသည် ထိုအခါ ဣသိသိင်္ဂရသေ့ဖြစ်ခဲ့၏၊ မယားဟောင်းသည် အလမ္ဗုသာနတ်သမီးဖြစ်ခဲ့၏။

ဆောင်ပုဒ်=မ,ဖက်လိုက်ပါ၊ မိုက်တတ်စွာ၊ ရှာန်ပါ ကင်းပျောက်သည်။

၃၃၇။ (၅၂၅) စူဠသုတသောမဇာတ်၊ စတ္တာလီသနိပါတ်(ဇာတက၊ ၂၊၂၅ ၃၀။ ဋ္ဌ၊ ၅၊၁၈၉ ၂၀၂။ ငါးရာငါးဆယ်၊ မ၊၁၃၁ ၁၆၁။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏နေက္ခမ္မပါရမီကို အကြောင်းပြု၍ ဟောတော်မူခြင်း။

ပစ္စုပ္ပန်ဝတ္ထုသည် မဟာနိပါတ် မဟာနာရဒကဿပဇာတ်(ခု၊ ၆=ဇာ၊ ၂၊ ၂၅၇ ၂၇၅။ ဋ္ဌ၊ ၇၊ ၁၀၆ ၁၀၆)နှင့် တူသည်သာတည်း။

အတိတ်ဝတ္ထု=ဆံတစ်ပင်ဖြူသည်ကို မြင်၍ ခမည်းတော်မယ်တော်စသည်တို့ ငိုကြွေးစဉ် ရသေ့ရဟန်းပြုသော ဘုရားအလောင်း သုတသောမမင်း။ မယ်တော်ခမည်းတော်၊ သားတော်သမီးတော်များ၊ မောင်းမများ၊ ကချေသည်များ၊ မြို့သူမြို့သား၊ နယ်သူနယ်သားများသည် ဘုရားအလောင်း၏နောက်သို့ လိုက်ပါသွားကုန်၏၊ သိကြားမင်းသည် ဝိသကြုံနတ်သားကို ကျောင်းသင်္ခမ်းများပြုလုပ်စေ၏။ ဘုရားအလောင်းသည် ရှေးဦးစွာ သူကိုယ်တိုင် ရသေ့ပြုပြီးလျှင် နောက်မှ ပရိသတ်ကို ရသေ့ပြုပေး၏၊ ရသေ့အပေါင်းသည် သူ၏အဆုံးအမကို လိုက်နာကျင့်သုံးကြသဖြင့် ဗြဟ္မာပြည်သို့ လာကြ၏။ ထိုအခါ စန္ဒာဒေဝီမိဖုရားသည် ယခုအခါ ရာဟုလာမယ်တော်၊ သားတော်ကြီးသည် အရှင်သာရိပုတ္တ၊ သားတော်ငယ်သည် အရှင်ရာဟုလာ၊ အထိန်းတော်မသည် ခုဇ္ဇုတ္တရာ၊ ကုလဝမှနသူဌေးသည် အရှင်မဟာကဿပ၊ မဟာသေနဂုတ္တစစ်သူကြီးသည် အရှင်မဟာမောဂ္ဂလ္လာန်၊ ညီတော်သောမဒတ္တသည် အရှင်အာနန္ဒာ၊ သုတသောမမင်းမြတ်သည် ဘုရားရှင်တို့ ဖြစ်လာကုန်၏။

ဆောင်ပုဒ်=ဆံတစ်ပင်ဖြူ၊ သံဝေယူ၊ တောမူထွက်သွား သူတော်များ။

၃၃၈။ (၅၂၆) နိဠိနိကာဇာတ်၊ ပဏ္ဏာသနိပါတ် (ဇာတက၊ ၂၊ ၃၁ ၃၉။ ဋ္ဌ၊ ၅၊ ၂၀၃ ၂၂၀။ ငါးရာငါးဆယ်၊ မ၊ ၁၆၃ ၁၈၂။)

ပစ္စုပ္ပန်ဝတ္ထု=မယားဟောင်းဖြားယောင်းသဖြင့် သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါး။

အတိတ်ဝတ္ထု=မိန်းမကို မမြင်ဖူးသော ဣသိသိင်္ဂရသေ့အား မိမိ၏အင်္ဂါဇာတ်ကို ဝဏ်ကိုက်နာ ဟု ပြောဆို၍ ဆေးကုစေလျက်

ဖျက်ဆီးသော မင်းသမီး။

ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းပြုစဉ် ဘုရားအလောင်းရသေ့သည် ဈာန်အဘိညာဉ်တို့ကို ဖြစ်စေကာ ဟိမဝန္တာ၌ နေ၏၊ အလမ္ဗုသာဇာတ်၌ ဆိုခဲ့သောနည်းဖြင့်ပင် ဘုရားအလောင်း၏သုက်ပါသောကျင်ငယ်ရေကို သောက်မိသော သမင်မသည် ကိုယ်ဝန်ရ၍ "ဣသိသိင်္ဂ"သူငယ်ကို ဖွား၏၊ အရွယ်ရောက်လျှင် ဖခင်ရသေ့ကြီးသည် ဤဣသိသိင်္ဂကို ရသေ့ရဟန်းပြု၍ ကသိုဏ်းပရိကံကို သင်ပေး၏၊ ရသေ့ငယ်သည် မကြာမီပင် ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ ဈာန်ချမ်းသာဖြင့် ရွှင်မြူး၏၊ ပြင်းထန်သောအကျင့်ရှိ၏၊ ချုပ်တည်းစောင့်စည်း၏။

သိကြားမင်းအကြံ သီလဖျက်ရန် ...ဣသိသိင်္ဂရသေ့ငယ်၏သီလတန်ခိုးကြောင့် သိကြားမင်း၏နေရာသည် တုန်လှုပ်၏၊ သိကြားမင်းသည် ထိုအကြောင်းကို သိ၍ "ထိုရသေ့ငယ်၏သီလကို ဥပါယ်တံမျဉ်ဖြင့် ဖျက်အံ့" ဟု ကြံ၍ သုံးနှစ်တိုပတ်လုံး ကာသိတိုင်း၌ မိုးခေါင်စေ၏၊ ထို့နောက် သိကြားမင်းက ဗြဟ္မဒတ်မင်းအား မိုးရွာစေလိုလျှင် နိဠိနိကာမင်းသမီးအား ရသေ့၏သီလကို ဖျက်ဆီးစေရမည် ဟု ပြောဆို၏၊ မင်းသည် သိကြားမင်းပြောသည့်အတိုင်း သမီးတော်ကို စေလွှတ်ကာ ရသေ့၏သီလကို ပျက်စီးစေ၏၊ ထိုအခါ သိကြားမင်းသည် မိုးကို ရွာစေ၏။

မိန်းမကို မမြင်ဖူးသောရသေ့ငယ်အဖို့ မင်းသမီးက မိမိ၏အင်္ဂါဇာတ်ကို ဝံကိုက်နာ ဟု ပြော၍ ဆေးကုစေရာ မိန်းမ၏ဖြားယောင်းမှုဖြင့် သီလပျက်စီး, ဈာန်လျှောကျရသောရသေ့ငယ်သည် ခမည်းတော်ရသေ့ကြီး၏အဆုံးအမကြောင့် ဗြဟ္မဝိဟာရပွား၍ တစ်ဖန် ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၏။

ဆန်းအမှုနှင့်၊ နန်းသူ့အပလီ၊ နိလိနီလည်း၊ ပိပိမသိ၊ ရင်ဣသိအား၊ ဣတ္ထိလိင်္ဂ၊ ရပ်ဘာဝဖြင့်၊ မိန်းမတို့ဇာတ်၊ အဋ္ဌုပ္ပတ်ကို၊ ပြလတ်ထင်စွာ၊ ဝံကိုက်နာဟု၊ ဝါစာဆန်းပြား၊ မုသားကြံစည်၊ လိမ်လည်သမှု၊ ပြောဆိုပြုလျက်၊ ဆေးကုခိုင်းကာ၊ မာယာလှည့်ပတ်၊ ဈာန်ကြိုးဖြတ်၍၊ လူ့ဇာတ်သွင်းထွေ၊ ညစ်ညူးစေ၏။ (မဟာသုတကာရီ မဃဒေဝလင်္ကာသစ်၊ အပိုဒ် ၃၀၀၊ နှာ ၂၂၈။)

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်၏။

ထိုအခါ နိဠိနိကာမင်းသမီးသည် ယခုအခါ မယားဟောင်း, ဣသိသိင်္ဂရသေ့ငယ်သည် ငြီးငွေ့သောရဟန်း, ခမည်းတော်ရသေ့ကြီးသည် ဘုရားရှင်တို့ ဖြစ်လာကုန်၏။

ဆောင်ပုဒ်=မိန်းမလှည့်တာ၊ မသိရှာ၊ လှည့်ရာ ခံရသည်။

မင်းသမီးဟာ၊ သူ့အဂ္ဂါ၊ ဝံနာဆိုလေပြီ။

ရသေ့ကလေး၊ ဆေးကုပေး၊ ဈာန်ရေးလျှောကျပြီ။

၃၃၉။ (၅၂၇) ဥမ္မာဒန္တီဇာတ်၊ ပဏ္ဏာသနိပါတ် (ဇာတက၊ ၂၊ ၃၉ ၄၇။ ဋ္ဌ၊ ၂၂၀ ၂၄၀။ ငါးရာငါးဆယ်၊ မ၊ ၁၉၂ ၂၃၄။)

ပစ္စုပ္ပန်ဝတ္ထု=တန်ဆာဝတ်ဆင်ထားသော မိန်မလှတစ်ယောက်ကို မြင်၍ တပ်စွန်းစွဲလမ်းမှုကြောင့်ကာမဂုဏ်တို့၏အပြစ်ကိုပြ၍ အချင်းချင်းဆုံးမခြင်းကို မနာယူပဲ သာသနာတော်၌ ငြီးငွေ့သောရဟန်း။

၁။ အင်္ဂါကက်လူပမာ ကာမာ ကာမဂုဏ်တို့သည် အရိုးသက်သက်နှင့် တူကုန်၏၊

၂။ မံသပေသူပမာ ကာမာ ကာမဂုဏ်တို့သည် သားတစ်နှင့် တူကုန်၏၊

၃။ တိဏုက္ကူပမာ ကာမာ ကာမဂုဏ်တို့သည် မြက်မီးရှူးနှင့် တူကုန်၏၊

၄။ အင်္ဂါရကာသူပမာ ကာမာ ကာမဂုဏ်တို့သည် မီးကျီးတွင်းနှင့် တူကုန်၏၊

၅။ သုပိနကူပမာ ကာမာ ကာမဂုဏ်တို့သည် အိပ်မက်နှင့် တူကုန်၏၊

၆။ ယာစိတကူပမာ ကာမာ ကာမဂုဏ်တို့သည် ခြေငါးသုံးဆောင်အပ်သောဥစ္စာနှင့် တူကုန်၏၊

၇။ ရုက္ခဖလူပမာ ကာမာ ကာမဂုဏ်တို့သည် အဆီပသီးနှင့် တူကုန်၏၊

၈။ အသိသူနူပမာ ကာမာ ကာမဂုဏ်တို့သည် သန်လျက်နှင့် တူကုန်၏၊

၉။ သတ္တိသူလူပမာ ကာမာ ကာမဂုဏ်တို့သည် လှံတံကျင်နှင့် တူကုန်၏၊

၁၀။ သပ္ပသိရူပမာ ကာမာ ကာမဂုဏ်တို့သည် မြွေဟောက်ဦးခေါင်းနှင့် တူကုန်၏၊

၁၁။ အဂ္ဂိခန္ဓူပမာ ကာမာ ကာမဂုဏ်တို့သည် မီးပုံကြီးနှင့် တူကုန်၏။

အတိတ်ဝတ္ထု=ဥမ္မာဒန္တီ၏အလုကြောင့် သိဝိမင်းကြီး ယောင်းရမ်းမြည်တမ်းရ, ရူးသကဲ့သို့ ဖြစ်ရခြင်း။
အဘိပါရကစစ်သူကြီးသည် သိဝိမင်းကြီးအား တရားစကားတို့ကို တင်လျှောက်သည်ရှိသော် မင်းကြီးသည် ဥမ္မာဒန္တီ၌ တပ်စွန်းသောစိတ်ကို ပယ်ဖျောက်တော်မူ၏။

တော်လည်းမရက်၊ ဒိုက်မရက်နှင့်၊ ကြိုက်မရက်ဟူ၊ သုံးယောက်လူတွင်၊ မှန်ဆူလိုက်ပွက်၊ ကြိုက်မရက်ကား၊ ရမ္မက်ရူးထ၊ ဥမ္မတ္တတည်၊ ကဌမုခ၊ စသည်လေးထွေ၊ မြွေတို့အဆိပ်၊ တက်ရိပ်ပြင်းစွာ၊ သင့်သောခါနှင့်၊ မိစ္ဆာနတ်စုန်း၊ မုန်း၍ဖမ်းစား၊ ပြုတုံငြားလည်း၊ သမားဆရာ၊ ပညဝါတို့၊ ဂါထာမန္တန်၊ နတ်ဆေးမွှန်ဖြင့်၊ ကြာဘန်မန်းမှုတ်၊ လိမ်းသုတ်လုံ့လ၊ ကုစားရ၏၊ ကာမရောဂါ၊ ကိုယ်တွင်းနာကား၊ ကုရာနတ္ထိ၊ ဆေးမယိဘူး၊ မိမိပညာ၊ သတိသာလျှင်၊ မဟာသြသဓ၊ ဆေးမည်စွရှင့်၊ ကာမဆန္ဒ၊ ပါပစိတ်မျိုး၊ ဝင်ဆော်နှိုး၍၊ စိုးစိရုံခါ၊ ဖြစ်တုံလာသော်၊ ပညာတရား၊ သတိထား၍၊ ငါ့သားဇာနည်၊ ထိရန်နည်ကို၊ နိပ်နည်ပယ်ဖျောက်၊ ဉဏ်ဆေးသောက်လျက်၊ လျှင်ရောက်မကြာ၊ ကြည်စေရာ၏၊ ဥမ္မာဒန္တီ၊ နတ်တပြီကြောင့်၊ ပီပိမသိ၊ မူးဝေဘိလည်း၊ သိဝိမင်းကောင်း၊ ဘုရားလောင်းသို့၊ တိမ်းစောင်းတရား၊ လိုက်မမှားသည်။ ။ လေးပါးဂတိ ယုတ်မာတည်း။ (မဃဒေဝလင်္ကာသစ်၊ ပုတ္တောဝါဒခန်း၊ အပိုဒ် ၂၃၃၊ နှာ ၁၆၄ ၁၆၅။)

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။
ထိုအခါ သုနန္ဒရထားတိန်းသည် ယခုအခါ အရှင်အာနန္ဒာ, အဘိပါရကစစ်သူကြီးသည် အရှင်သာရိပုတ္တာ, ဥမ္မာဒန္တီသည် ဥပ္ပလဝဏ္ဏာထေရီ, သိဝိမင်းကြီးသည် ဘုရားရှင်တို့ ဖြစ်လာကုန်၏။
ဆောင်ပုဒ်=ကိုယ်တိုင်တရား၊ ကျင့်မှုကား၊ အများတရားကျင့်။

၃၄၀။ (၅၂၈) မဟာဗောဓိဇာတ်၊ ပဏ္ဏာသနိပါတ် (ဇာတက၊ ၂၊ ၄၇-၅၂။ ဋ္ဌ၊ ၅၊ ၂၄၀-၂၆၀။ ငါးရာငါးဆယ်၊ မ၊ ၂၃၄ ၂၇၁။)
ပစ္စုပ္ပန်ဝတ္ထု=သူတစ်ပါးတို့၏အယူဝါဒကို ချိုးဖဲ့ဖျက်ဆီးနိုင်သော ဘုရားရှင်၏ပညာပါရမီတော်။
အတိတ်ဝတ္ထု=မိစ္ဆာဝါဒ၅ မျိုးကို မိမိ၏အယူ၌တည်စေသော ဘုရားအလောင်း မဟာဗောဓိပုရိုဇ်။

မိစ္ဆာဝါဒ ၅ မျိုး

၁။ အဟေတုကဝါဒ ဤသတ္တဝါတို့သည် အကြောင်းမရှိပဲ သံသရာမှ စင်ကြယ်ကုန်၏ ဟူသော အကြောင်းကို ပယ်သောအယူ၊
၂။ ဣဿရကတဝါဒ-ဤလောကကို ဗြဟ္မာဗိသနိုးဟူသော အစိုးရသောသူသည် ဖန်ဆင်းအပ်၏ ဟူသော ဖန်ဆင်းရှင်ကို ယုံကြည်သောအယူ၊
၃။ ပုဗ္ဗေကတဝါဒ ဤသတ္တဝါတို့အား ချမ်းသာဆင်းရဲ ဖြစ်သည်ရှိသော် ရှေး၌ပြုအပ်သောကံကြောင့်သာလျှင် ဖြစ်၏ ဟူသော ရှေးကံကိုသာ ယုံကြည်သောအယူ၊
၄။ ဥစ္ဆေဒဝါဒ ဤပစ္စုပ္ပန်ဘဝမှ တမလွန်ဘဝသို့ သွားသောသူမည်သည်ကား မရှိ၊ ဤလောကသည် ပြတ်၏ ဟူသော တမလွန်လောကမရှိသောအယူ၊
၅။ ခတ္တဝိဇ္ဇဝါဒ-မိဘတို့ကိုလည်း သတ်၍ မိမိ၏သာလျှင် အလိုဆန္ဒကို ပြုအပ်၏ ဟူသော မိဘတည်းဟူသောမျိုးစေ့ကို ဖျက်ဆီးသောအယူ။

အဟေတုကဝါဒီ "ဣမေ သတ္တာ သံသာရသုဒ္ဓိကာ"တိ မဟာဇနံ ဥဂ္ဂဏှာပေတိ။ ဣဿရကတဝါဒီ "အယံ လောကော ဣဿရနိမ္မိတော"တိ မဟာဇနံ ဥဂ္ဂဏှာပေတိ။ ပုဗ္ဗေကတဝါဒီ "ဣမေသံ သတ္တာနံ သုခံ ဝါ ဒုက္ခံ ဝါ ဥပ္ပဇ္ဇမာနံ ပုဗ္ဗေ ကတေနေဝ ဥပ္ပဇ္ဇတီ"တိ မဟာဇနံ ဥဂ္ဂဏှာပေတိ။ ဥစ္ဆေဒဝါဒီ "ဣတော ပရလောကံ ဂတော နာမ နတ္ထိ၊ အယံ လောကော ဥစ္ဆိဇ္ဇတီ"တိ မဟာဇနံ ဥဂ္ဂဏှာပေတိ။ ခတ္တဝိဇ္ဇဝါဒီ "မာတာပိတရောပိ မာရေတွာ အတ္တနော အတ္ထော ကာတဗ္ဗော"တိ မဟာဇနံ ဥဂ္ဂဏှာပေတိ။ (ဇာတက၊ ဋ္ဌ၊ ၅၊ ၂၄၁။)

## မိတ်ဆွေးကြောင်း ၃-ပါး

အစ္စာဘိက္ခဏသံသဂ္ဂါ၊ အသမောသရဏေန စ။

ဧတေန မိတ္တာ ဇီရန္တိ၊ အကာလေ ယာစနာယ စ။
တသ္မာ နာဘိက္ခဏံ ဂစ္ဆေ၊ န စ ဂစ္ဆေ စိရာစိရံ။
ကာလေန ယာစံ ယာစေယျ၊ ဧဝံ မိတ္တာ န ဇီရယေ။
(ဇာ၊ ၂၊ ၄၈။ ဋ္ဌ၊ ၅၊ ၂၄၆။)

(မဟာရာဇ-မြတ်သောမင်းကြီး၊)အစ္စာဘိက္ခဏသံသဂ္ဂါ -မပြတ်ပေါင်းဖော်လွန်းခြင်းကြောင့်လည်းကောင်း၊ အသမော သရဏေန စ မပေါင်းဖော်ခြင်းကြောင့်လည်းကောင်း၊ အကာလေ မလျောက်ပတ်သောကာလ၌၊ ယာစနာယ စ ချစ်မြတ်နိုးသောဥစ္စာကို တောင်းခြင်းကြောင့်လည်းကောင်း၊ ဧတေန ကာရဏေန ထိုဆိုအပ်ပြီးသော အကြောင်းသုံးပါးကြောင့်၊ မိတ္တာ အဆွေခင်ပွန်းတို့သည်၊ ဇီရန္တိ ဆွေးမြည့်ပျက်စီးကုန်၏။

တသ္မာ-ထို့ကြောင့်၊ အဘိက္ခဏံ အစဉ်မပြတ်၊ န ဂစ္ဆေ မဆည်းကပ်ရာ၊ စိရာစိရံ စ ဂစ္ဆေ အလွန်မြင့်စွာလည်း မဆည်းကပ်ပဲ မနေရာ၊ ကာလေန -လျောက်ပတ်သောအခါကာလ၌၊ ယာစံ တောင်းအပ်သော ဥစ္စာကို၊ ယာစေယျ တောင်းရာ၏၊ ဧဝံ(ဣမိနာ ပကာရေန)-ဤသို့သောအပြားအားဖြင့်၊ (စရမာနေ ကျင့်သည်ရှိသော်)၊ မိတ္တာ အဆွေခင်ပွန်းတို့သည်၊ န ဇီရယေ မဆွေးမြည့် မပျက်စီးကုန်။

ဘုရားအလောင်းမဟာဗောဓိပရိဗိုဇ်သည် ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။
ယခုအခါ ပူရာဏကဿပ, မက္ခလိဂေါသာလ, ပကုဓကစ္စာယန, အဇိတကေသကမ္ဗလ, နိဂဏ္ဌနာဋပုတ္တတို့သည် ထိုအခါ မိစ္ဆာအယူရှိသော အမတ်ငါးယောက်တို့ ဖြစ်ခဲ့ကုန်၏။ အရှင်အာနန္ဒာသည် ဗြဟ္မဒတ်မင်း၏ခွေး ပိင်္ဂလဖြစ်ခဲ့၏။
ဆောင်ပုဒ်=မိစ္ဆာဝါဒ၊ ဤငါးဝ၊ ရေးကပယ်ခဲ့ပြီ။

၃၄၁။ (၅၂၉) သောဏကဇာတ်၊ သဋ္ဌိနိပါတ် (ဇာတက၊ ၂၊ ၅၃ ၅၉။ ဋ္ဌ၊ ၅၊ ၂၆၁ ၂၇၈။ ငါးရာငါးဆယ်၊ မ၊ ၂၇၃ ၃၀၄။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏နေက္ခမပါရမီကို ချီးမွမ်းကြခြင်း။
အတိတ်ဝတ္ထု=မဂဓမင်း၏သားတော် ဘုရားအလောင်းအရိန္ဒမမင်းသားနှင့် ပုရောဟိတ်၏သားတော် သောဏကတို့သည် တက္ကသိုလ်မှ ပညာသင်ပြီး၍ အပြန်တွင် ဗာရာဏသီပြည် ဥယျာဉ်တော်ဝယ် ခေတ္တနေစဉ် ဖုဿရထားဆိုက်၍ အရိန္ဒမမင်းသားသည် ဗာရာဏသီမင်းဖြစ်ရ၏၊ သောဏကသည် မိမိရွေ၌ အညာမှလွတ်သော ဖက်ရွက်ရော်သည် အင်ကြင်းပင်မှ ကြွေကျသည်ကို မြင်ရလျှင် "ဤဖက်ရွက်ရော်သည် ကြွေကျသကဲ့သို့ ထို့အတူ ငါ၏ကိုယ်သည်လည်း အိုခြင်းသို့ ရောက်၍ ကြွေကျလတ္တံ့"ဟု အနိစ္စစသောအစွမ်းအားဖြင့် ဝိပဿနာကို ဖြစ်စေ၍ ပစ္စေကဗောဓိဉာဏ်သို့ ရောက်၏။ နှစ်ပေါင်းငါးဆယ်မျှ လွန်သောအခါ သောဏကပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ရှစ်ပါးသောရဟန်းတို့၏ကောင်းခြင်းတရားကို ဟောသော်လည်း အရိန္ဒမမင်းကား ကာမဂုဏ်၌ အလွန်မွေ့လျော်နေသောကြောင့် ရဟန်းမပြုလိုချေ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် "အစာကိုမင်သောကျီးသည် ဆင်သေကို စီးလျက် သမုဒ္ဒရာအလယ်၌ တည်ရာမရပဲ သမုဒ္ဒရာ၌ကျ၍ ပျက်စီးရာသကဲ့သို့ ထို့အတူ သင်မင်းကြီးသည်လည်းကောင်း, သင်မှတစ်ပါး ကာမချမ်းသာကို ခံစားကြ, ကာမဂုဏ်၌တပ်မက်မောကြသော သူတို့သည်လည်းကောင်း အကယ်၍ မစွန့်ကုန်ပါမူ ကျီးနှင့်တူသူတို့ ဟူ၍ သူတော်ကောင်းတို့သည် သိကုန်၏။ သင်မင်းကြီးသည် လိုက်နာလိုမူလည်း လိုက်နာလော့၊ မလိုက်နာလိုလျှင်လည်း နေလေလော့"ဟု မင်းအား ဆုံးမပြီးလျှင် ကောင်းကင်သို့ ပျံတက်၍ နန္ဒမူလိုဏ်သို့သာ ကြွတော်မူ၏။
အရိန္ဒမမင်းကြီးသည်လည်း သားတော်ကို နန်းအပ်၍ တောထွက်၍ ရသေ့ရဟန်းပြုကာ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေပြီးလျှင် ဗြဟ္မာ့ပြည်သို့ လား၏။

ထိုအခါ သားတော်ဒီဃာဝုမင်းသားသည် ယခုအခါ အရှင်ရာဟုလာဖြစ်၏။
ဆောင်ပုဒ်=ဆင်သေကောင်ပုပ်၊ ကျီးကန်းယုတ်၊ အဟုတ်မက်ကာ သေရရှာ။
ဆင်သေအလား၊ ကာမများ၊ ပယ်ရှားစေဌာ ဟောပြပါ။

၃၄၂။ (၅၃၀) သံကိစ္စဇာတ်၊ သဋ္ဌိနိပါတ် (ဇာတက၊ ၂၊ ၅၉ ၆၅။ ဋ္ဌ၊ ၅၊ ၂၇၈ ၂၉၆။ ငါးရာငါးဆယ်၊ မ၊ ၃၀၅ ၃၂၇။)
ပစ္စုပ္ပန်ဝတ္ထု=ခမည်းတော်ကို သတ်သော အဇာတသတ်မင်း ဘုရားတည်းဟူသော သပ္ပုရိသူပနိဿယကြောင့် ကြောက်ရွံ့ထိတ်လန့်ခြင်းမှ သက်သာရာရ၍ မင်းချမ်းသာကို ခံစားနိုင်ခြင်း။

အတိတ်ဝတ္ထု=ငရဲကြီးရှစ်ထပ်နှင့် အဖသတ်သူ, အမိသတ်သူ, ကိုယ်ဝန်ဖျက်သူ, လင်ငယ်မယားငယ်နေသူ, တံငါ, လာဘ်စားသူ,မုဆိုးတို့၏လားရာငရဲများနှင့် သူကောင်းတို့စံစားရာ နတ်ပြည်ချမ်းသာကို ဘုရားအလောင်း သံကိစ္စရသေ့ဟောခြင်း။

## ငရဲကြီးရှစ်ထပ် မည်ပုံ

သဉ္စိဝေါ ကာဠသုတ္တော စ၊ သင်္ဃာတော ဒွေ စ ရောရုဝါ။
အထာပရော မဟာဝီစိ၊ တာပနော စ ပတာပနော။
ဣစ္စေတေ အဋ္ဌ နိရယာ၊ အက္ခာတာ ဒုရတိက္ကမာ။
အာကိဏ္ဏာ လုဒ္ဒကမ္မေဟိ၊ ပစ္စေကာ သောဠသုဿဒါ။
(ဇာတက၊ ၂၊ ၆၀။ ဋ္ဌ၊ ၅၊ ၂၈၃။)

(မဟာရာဇ မင်းမြတ်)၊ သဉ္စိဝေါ သဥ္ဇီးငရဲလည်းကောင်း၊ ကာဠသုတ္တောစ ကာဠသုတ်ငရဲလည်းကောင်း၊ သင်္ဃာတော စ သင်္ဃာတငရဲလည်းကောင်း၊ ဒွေ စ ရောရုဝါ ဇာလရောရုဝ, ဓူမရောရုဝ ငရဲနှစ်ပါးတို့လည်းကောင်း၊ အထာပရော ထိုမှတစ်ပါး၊ မဟာဝီစိ စ မဟာအဝီစိငရဲ (အဝီစိငရဲကြီး)လည်းကောင်း၊ တာပနော စ တာပနငရဲလည်းကောင်း၊ ပတာပနော ၆ ပတာပန (မဟာ တာပန)ငရဲလည်းကောင်း၊ ဣတိ ဤသို့၊ အဋ္ဌ ရှစ်ပါးကုန်သော၊ ဧတေ နိရယာ ထိုငရဲကြီးတို့ကို၊ အက္ခာတာ ဟောတော်မူအပ်ကုန်၏၊ ဒုရတိက္ကမာ လွန်နိုင်ခဲကုန်၏၊ လုဒ္ဒကမ္မေဟိ ကြမ်းကြုတ်သောအမှုကို ပြုတတ်ကုန်သော ငရဲထိန်းတို့ဖြင့်၊ အာကိဏ္ဏာ ပြွမ်းကုန်၏၊ ပစ္စေကာ တစ်ခုတစ်ခုသော ငရဲကြီးကို စွဲ၍ဖြစ်ကုန်သော၊ သောဠသုဿဒါ တစ်ဆယ့်ခြောက်ပါးကုန်သော ဥဿဒငရဲတို့သည်၊ သန္တိ ရှိကုန်၏။

## ဝန်တိုစဉ်းလဲ ကျငရဲ

ကဒရိယတာပနာ ဃောရာ၊ အစ္စိမန္တော မဟဗ္ဘယာ။
လောမဟံသနရူပါ စ၊ ဘေသ္မာ ပဋိဘယာ ဒုခါ။
စတုက္ကဏ္ဏာ စတုဒွါရာ၊ ဝိဘတ္တာ ဘာဂသော မိတာ။
အယောပါကာရပရိယန္တာ၊ အယသာ ပဋိကုဇ္ဇိတာ။
တေသံ အယောမယာ ဘူမိ၊ ဇလိတာ တေဇသာ ယုတာ။
သမန္တာ ယောဇနသတံ၊ ဖုဋာ တိဋ္ဌန္တိ သဗ္ဗဒါ။
(ဇာတက၊ ၂၊ ၆၀။ ဋ္ဌ၊ ၅၊ ၂၈၃။ ခု၊ ၂၊ ၁၃၄, ၁၅၂။)

ကဒရိယတာပနာ ဝန်တိုစဉ်းလဲသူတို့၏ကျခံရာတို့သည်၊ ဃောရာ ကြမ်းကြုတ်ကုန်၏၊ အစ္စိမန္တော အရောင်ရှိကုန်၏၊ မဟဗ္ဘယာ ကြီးသောဘေးရှိကုန်၏၊ လောမဟံသရူပါ ကြက်သီးမွေးညင်းထဖွယ် ရှိကုန်၏၊ ဘေသ္မာ အလွန်ကြောက်မက်ဖွယ် ရှိကုန်၏၊ ပဋိဘယာ ဘေးကိုဖြစ်စေတတ်ကုန်၏၊ ဒုခါ ဆင်းရဲကုန်၏၊ စတုက္ကဏ္ဏာ လေးထောင့်ရှိကုန်၏၊ စတုဒွါရာ တံခါးလေးမျက်နှာ ရှိကုန်၏၊ ဝိဘတ္တာ လေးတံခါးစီ ဝေဖန်အပ်ကုန်၏၊ ဘာဂသော တံခါးခရီးမအားဖြင့်၊ မိတာ နှိုင်းယှဉ်အပ်ကုန်၏၊ အယော ပါကာရပရိယန္တာ သံတံတိုင်းလျှင် အဆုံးရှိကုန်၏၊ အယသာ ကိုးယူဇနာရှိသော သံအိုးကင်းဖြင့်၊ ပဋိကုဇ္ဇိတာ ဖုံးအုပ်အပ်ကုန်၏။

(မဟာရာဇ မင်းမြတ်)၊ တေသံ နိရယာနံ ထိုငရဲတို့၏၊ ဘူမိ မြေတို့သည်၊ အယောမယာ သံဖြင့် ပြီးကုန်၏၊ ဇလိတာ အလျှံပြောင်ပြောင်တောက်သော၊ တေဇသာ မီးနှင့်၊ ယုတာ ယှဉ်ကုန်၏၊ သမန္တာ ထက်ဝန်းကျင်မှ၊ ယောဇနသတံ ယူဇနာတရာတိုင်အောင်၊ ဖုဋာ ထိကုန်လျက်၊ သဗ္ဗဒါ အခါခပ်သိမ်း၊ တိဋ္ဌန္တိ တည်ကုန်၏။

## ရသေ့ရဟန်း၊ ဆဲလူသွမ်း၊ ကျလမ်းငရဲကား

ဧတေ ပတန္တိ နိရယေ၊ ဥဒ္ဓံပါဒါ အဝံသိရာ။
ဣသီနံ အတိဝတ္တာရော၊ သညတာနံ တပဿိနံ။
တေ ဘူနဟုနော ပစ္စန္တိ၊ မစ္ဆာ ဗိလကတာ ယထာ။

သံဝဏ္ဏရေ အသင်္ချေယျေ၊ နရာ ကိဗ္ဗိသကာရိနော။
ဥယှမာနေန ဂတ္တေန၊ နိစ္စံ သန္တရဗာဟိရံ။
နိရယာ နာဓိဂစ္ဆန္တိ၊ ဒွါရံ နိက္ခမနေသိနော။
ပုရတ္ထိမေန ဓာဝန္တိ၊ တတော ဓာဝန္တိ ပစ္ဆတော။
ဥတ္တရေနပိ ဓာဝန္တိ၊ တတော ဓာဝန္တိ ဒက္ခိဏံ။
ယံ ယံ ဟိ ဒွါရံ ဂစ္ဆန္တိ၊ တံ တဒေဝ ပိဓီယရေ။
ဗဟူနိ ဝဿသဟဿာနိ၊ ဇနာ နိရယဂါမိနော။
ဗာဟာ ပဂ္ဂယှ ကန္ဒန္တိ၊ ပတွာ ဒုက္ခံ အနပ္ပကံ။
အာသီဝိသံဝ ကုပိတံ၊ တေဇဿိံ ဒုရတိက္ကမံ။
န သာဓုရူပေ အာသီဒေ၊ သညတာနံ တပဿိနံ။

(ဇာတက၊ ၂၊ ၆၀ ၆၁။ ၄၊ ၅၊ ၂၈၃ ၂၈၄။)

(မဟာရာဇ မင်းမြတ်၊) ယေ အကြင်သူတို့သည်၊ တပဿိနံ ခြိုးခြံစွာသော အကျင့်ရှိကုန်သော၊ သညတာနံ ကိုယ်နှုတ်နှလုံးကို စောင့်ရှောက်တတ်ကုန်သော၊ ဣသီနံ ရသေ့တို့အား၊ အတိဝတ္တာရော ကြမ်းကြုတ်သောစကားတို့ဖြင့် လွန်ကျူး၍ ဆိုတတ်ကုန်၏၊ တေ ထိုသူတို့သည်၊ ဥဒ္ဓံပါဒါ ခြေကားမိုးမျှော်၊ အဝံသိရာ ဦးခေါင်းစောက်ထိုး၊ နိရယေ ငရဲ၌၊ ပတန္တိ ကျကုန်၏။

(မဟာရာဇ မင်းမြတ်)၊ ဘူနဟုနော မိမိအစီးအပွါးကို ဖျက်ဆီးတတ်ကုန်သော၊ တေ ထိုရသေ့တို့အား ကြမ်းကြုတ်သောစကားဖြင့် လွန်ကျူး၍ ဆိုတတ်ကုန်သောသူတို့သည်၊ ဗိလကတာ အပိုင်းအပိုင်းပြု၍ ချက်အပ်ကုန်သော၊ မစ္ဆာ ယထာ ငါးတို့ကဲ့သို့၊ ပစ္စန္တိ ကျက်ကုန်၏၊ ကိဗ္ဗိသကာရိနော ကြမ်းကြုတ်သောအမှုကို ပြုလေ့ရှိကုန်သော၊ နရာ လူတို့သည်၊သံဝဏ္ဏရေ နှစ်တို့ကို၊ အသင်္ချေယျေ ရေတွက်ခြင်းငှါ မတတ်နိုင်ကုန်၊ နိစ္စံ အမြဲ၊ အန္တရဗာဟိရံ ကိုယ်တွင်းကိုယ်ပကို၊ ဥယှမာနေန လောင်သော၊ ဂတ္တေန ကိုယ်ဖြင့်၊ နိရယာ ငရဲမှ၊ နိက္ခမနံ ထွက်ခြင်းကို၊ ဧသိနော ရှာကုန်သောငရဲသူတို့သည်၊ ဒွါရံ တံခါးကို၊ နာဓိဂစ္ဆန္တိ မရကုန်။

တေ ထိုငရဲသတ္တဝါတို့သည်၊ ပုရတ္ထိမေန အရှေ့မျက်နှာဖြင့်၊ ဓာဝန္တိ ပြေးလေကုန်၏၊ တတော ထိုအရှေ့မျက်နှာမှ၊ ပစ္ဆတော အနောက်မျက်နှာဖြင့်၊ ဓာဝန္တိ ပြေးလေကုန်၏၊ တတော ထိုအနောက်မျက်နှာအရပ်မှ၊ ဥတ္တရေန မြောက်မျက်နှာဖြင့်၊ ဓာဝန္တိ ပြေးလေကုန်၏၊ တတော ထိုမြောက်မျက်နှာမှ၊ ဒက္ခိဏံ တောင်မျက်နှာသို့၊ ဓာဝန္တိ ပြေးလေကုန်၏၊ ယံ ယဦ ဒွါရံ အကြင်အကြင် အမှတ်မရှိသော တံခါးသို့၊ ဓာဝန္တိ ပြေးလေကုန်၏၊ တံ တဒေဝ ထိုထို အမှတ်မရှိသော တံခါးသည် လျှင်၊ ပိဓီယရေ ပိတ်နှင့်လေ၏။

(မဟာရာဇ မင်းမြတ်၊) နိရယဂါမိနော ငရဲသို့ လားရကုန်သော၊ ဇနာ ငရဲသူ သတ္တဝါတို့သည်၊ ဗဟူနိ များစွာကုန်သော၊ ဝဿသဟဿာနိ နှစ်အထောင်တို့ပတ်လုံး (ဇာတ်ဝတ္ထုဋ္ဌကား...သတသဟဿာနိ အနှစ်တစ်သိန်းတို့ပတ်လုံး၊ ဟုရှိ၏)၊ အနပ္ပကံ အတိုင်းအရှည်မရှိသော၊ ဒုက္ခံ ဆင်းရဲသို့၊ ပတ္တာ ရောက်ရကုန်သည်ဖြစ်၍၊ ဗာဟာ လက်နှစ်ဖက်တို့ကို၊ ပဂ္ဂယှ ချီမြှောက်၍၊ ကန္ဒန္တိ ငိုကြွေးကုန်၏။

(မဟာရာဇ မင်းမြတ်၊) တေဇဿာ တန်ခိုးဖြင့်၊ ဒုရတိက္ကမေ လွန်နိုင်ခဲကုန်သော၊ သာဓုရူပေ ကောင်းသောသဘော ရှိကုန်သော ရသေ့တို့ကို၊ ကုပိတံ အမျက်ထွက်သော၊ အာသီဝိသံ မြွေဟောက်ကို၊ ယထေ့တိ ဣဝ ပုတ်ခတ်သကဲ့သို့၊ အာဒေသိ ပုတ်ခတ်၏၊ သညတာနံ ကိုယ်နှုတ်နှလုံး သုံးပါးကို စောင့်တတ်ကုန်သော၊ တပဿိနံ ကိလေသာကို ပူပန်စေတတ်သော အကျင့်ရှိကုန်သော ရသေ့တို့ကို၊ အာဒိဒေါ=ယဋ္ဌေန္တော သတ်ပုတ်သော၊ နရော လူသည်၊ အဋ္ဌသု နိရယေသု ငရဲကြီးရှစ်ထပ်တို့၌၊ ဥပဂစ္ဆေယျ ကပ်လေရာ၏။

## ရသေ့ပြစ်မှား ငရဲကျသူများ

အတိကာယော မဟိဿာသော၊ အဇ္ဇုနော ကေကကာဓိပေါ။
သဟဿဗာဟု ဥစ္ဆိန္နော၊ ဣသိမာသဇ္ဇ ဂေါတမံ။
အရဇံ ရဇသာ ဝစ္ဆံ၊ ကိသံ အဝကိရိယ ဒဏ္ဍကီ။

တာလောဝ မူလတော ဆိန္နော၊ သ ရာဇာ ဝိဘဝင်္ဂတော။
ဥပဟစ္စ မနံ မဇ္ဈော၊ မာတင်္ဂသ္မိံ ယသဿိနေ။
သပါရိသဇ္ဇော ဥစ္ဆိန္နော၊ မဇ္ဈာရည် တဒါ အဟု။
ကဏှာဒီပါယနာသဇ္ဇ၊ ဣသိံ အန္တကဝေဏှုယော။
အညောည် မုသလာ **ဟန္တွာ** ၊ သမ္ပတ္တာ ယမသာဓနံ။
အထာယံ ဣသိနာ သတ္တော၊ အန္တလိက္ခစရော ပုရေ။
ပါဝေက္ခိ ပထဝိံ စေစ္စော၊ ဟီနတ္တော ပတ္တပရိယာယံ။
တသ္မာ ဟိ ဆန္ဒာဂမနံ၊ နပ္ပသံသန္တိ ပဏ္ဍိတာ။
အဒုဋ္ဌစိတ္တော ဘာသေယျ၊ ဂိရံ သစ္စူပသံဟိတံ။
မနသာ စေ ပဒုဋ္ဌေန၊ ယော နရော ပေက္ခတေ မုနိံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ **ဟန္တွာ** သော နိရယံ အဓော။
ယေ ဝုမေ ပရိဘာသန္တိ၊ ဖရုသူပက္ကမာ ဇနာ။
အနပစ္စာ အဒါယာဒါ၊ တာလဝတ္ထု ဘဝန္တိ တေ။
(ဇာတက၊ ၂၊ ၆၁။ ဋ္ဌ၊ ၅၊ ၂၈၄။

(မဟာရာဇ မင်းမြတ်၊) အတိကာယော ခွန်အားနှင့်ပြည့်စုံပြီး, ကြီးသောကိုယ်လည်းရှိသော၊ မဟိဿာသော လေးသမားကြီးလည်း ဖြစ်ထသော၊ ကေကကာဓိပေါ ကေကကတိုင်းသူ၏အကြီးလည်း ဖြစ်ထသော၊ အဇ္ဇုနော အဇ္ဇုနမင်း သည်လည်းကောင်း၊ သဟဿဗာဟု လေးသမားငါးရာတို့သည် လက်ရုံးတစ်ထောင်တို့ဖြင့် တင်အပ်သောလေးကို တင်ခြင်းငှာ စွမ်းနိုင်သော လက်ရုံးရှိသောကြောင့် သဟဿဗာဟုအမည်ရှိသော မင်းသည်လည်းကောင်း၊ ဂေါတမံ ဂေါတမအနွယ်ဖြစ် သော၊ ဣသိံ ရသေ့ကို၊ အာသဇ္ဇ သတ်၍၊ ဥစ္ဆိန္နော ပျက်စီးခြင်းသို့ ရောက်၏။

ဒဏ္ဍကိ ဒဏ္ဍကီမင်းသည်၊ ရဇသာ ကိလေသာဟူသော မြူအားဖြင့်၊ အရဇံ မြူမရှိသော၊ ကိသံဝစ္ဆံ ကိသဝစ္ဆမည်သောရသေ့ကို၊ တာလော ထန်းပင်ကို၊ သမူလော အမြစ်နှင့်တကွ၊ ဆိန္နော၀ ဖြတ်သကဲ့သို့၊ အဝကိရိယ လွှန်ကျူး၍၊ ဆိန္နော ဖြတ်အပ်၏၊ သ သော ရာဇာ ထိုဒဏ္ဍကီမင်းသည်၊ ဝိဘဝင်္ဂတော ပျက်စီးခြင်းသို့ ရောက်၏။

မဇ္ဈော မဇ္ဈအမည်ရှိသော မင်းသည်၊ ယသဿိနေ များသော အခြံအရံရှိသော၊ မာတင်္ဂသ္မိံ မာတင်္ဂသုခမိန်၌၊ ဥပဟစ္စ မနံ ပြစ်မှားသော စိတ်ရှိသည်ဖြစ်၍၊ သပါရိသဇ္ဇော ပရိသတ်နှင့်တကွ၊ ဥစ္ဆိန္နော ပျက်စီး၏၊ တဒါ ထိုအခါ၌၊ မဇ္ဈရည် မဇ္ဈမင်း၏တိုင်းပြည်သည်၊ နဋ္ဌ အဟု ပျက်စီး၏။

အန္တကဝေဏှုယော အန္ဓကဝိဏ္ဍုတိုင်း၌နေသော သူတို့သည်၊ ကဏှာဒီပါယနံ ကဏှာဒီပါယနအမည်ရှိသော၊ ဣသိံ ရသေ့ကို၊ အာသဇ္ဇ သတ်ကုန်၍၊ အမမည် အချင်းချင်း၊ မုသလာ (မုသလေန) ကျည်ပွေ့ဖြင့်၊ **ဂန္တွာ** သတ်ကုန်၍၊ ယမသာဓနံ ငရဲသို့၊ သမ္ပတ္တာ ရောက်ရကုန်၏။

ဣသိနာ ကပိလရသေ့သည်၊ သတ္တော ဆုံးမအပ်သော၊ ပုရေ ရှေးကာလ၌၊ အန္တလိက္ခစရော ကောင်းကင်၌ သွား သော၊ စေစ္စော စေတိယမင်းသည်၊ ပတ္တပရိယာယံ သေခါနီးသို့ ရောက်၍၊ ဟီနတ္တော ယုတ်မာသော ကိုယ်ရှိသည်ဖြစ်၍၊ ပထဝိံ မြေထဲသို့၊ ပါဝေက္ခိ ဝင်လေ၏။

တသ္မာ ဟိ ထို့ကြောင့်လျှင်၊ ဆန္ဒာဂမနံ ဆန္ဒစသော လေးပါးသော မလာအပ်သည်ကို လားခြင်းကို၊ ပဏ္ဍိတာ ဘုရားအစရှိသော ပညာရှိ သူတော်ကောင်းတို့သည်၊ နပ္ပသံသန္တိ မချီးမွမ်းကုန်၊ အဒုဋ္ဌစိတ္တော မပြစ်မှားသော စိတ်ရှိသည် ဖြစ်၍၊ သစ္စူပသံဟိတံ မှန်သည်နှင့်စပ်သော၊ ဂိရံ စကားကို၊ ဘာသေယျ ပြောဆိုရာ၏။

ယော နရော အကြင်သူသည်၊ ပဒုဋ္ဌေန ပြစ်မှားလိုသော၊ မနသာ စိတ်ဖြင့်၊ ဝိဇ္ဇာစရဏသမ္ပန္နံ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော၊ မုနိံ ဘုရားရှင်ကို၊ စေ ပေက္ခတေ အကယ်၍ ကြည့်ငြား အံ့၊ သော နရော ထိုသူသည်၊ အဓော နိရယံ အောက်ငရဲသို့၊ ဂတော သွားရလေ၏။

(မဟာရာဇ မင်းမြတ်)၊ ယေ ဇနာ အကြင်သူတို့သည်၊ ဖရုသံ ရုန့်ရင်းကြမ်းကြုတ်စွာ၊ ဥပက္ကမာ လုံ့လပြုကုန် ၍၊ ဝုမေ ဝယဝုမိ, ဂုဏဝုမိဖြစ်သော သူတို့ကို၊ ပရိဘာသန္တိ ဆဲရေးစွပ်စွဲကုန်၏၊ တေ ဇနာ ထိုသူတို့သည်၊ အနပစ္စာ သားသမီး မရှိကုန်သည်ဖြစ်၍၊ အဒါယာဒါ အမွေခံလည်း မရှိကုန်သည်ဖြစ်၍၊ တာလဝတ္ထု ဣဝ ထန်းပင်ငုတ်ကဲ့သို့၊ ဘဝန္တိ ဖြစ်ရကုန်၏။

## ကာဠသုတ်ငရဲကျ ကြောင်းကံက

ယော စ ပဗ္ဗဇိတံ ဟန္တိ၊ ကတကိစ္စံ မဟေသိနံ။
သ ကာဠသုတ္တေ နိရယေ၊ စိရရတ္တာယ ပစ္စတိ။
(ဇာတက၊ ၂၊ ၆၂။ ဋ္ဌ၊ ၅၊ ၂၈၄။)

(မဟာရာဇ မင်းမြတ်)၊ ယော နရော အကြင်သူသည်၊ မဟေသိနံ သီလက္ခန္ဓအစရှိသော ကျေးဇူးအပေါင်းကို ရှာမှီးလေ့ရှိသော၊ ကတကိစ္စံ ပြုအပ်ပြီးသော ကိစ္စလည်း ရှိထသော၊ ပဗ္ဗဇိတံ ရသေ့ရဟန်းကို၊ ဟန္တိ သတ်၏၊ သော နရော ထိုသူသည်၊ ကာဠသုတ္တေ ကာဠသုတ်အမည်ရှိသော၊ နိရယေ ငရဲ၌၊ စိရရတ္တာယ ကြာမြင့်စွာသော နေ့ညဉ့်ပတ်လုံး၊ ပစ္စတိ ခံရ၏။

## တာပနငရဲကျရ ကြောင်းကံက

ယော စ ရာဇာ အဓမ္မဋ္ဌော၊ ရဋ္ဌဝိဒ္ဓံသနော မဂေါ။
တာပယိတ္ဂာ ဇနပဒံ၊ တာပနေ ပေစ္စ ပစ္စတိ။
သော စ ဝဿသဟဿာနိ၊ သတံ ဒိဗ္ဗာနိ ပစ္စတိ။
အစ္စိသံဃပရေတော သော၊ ဒုက္ခံ ဝေဒေတိ ဝေဒနံ။
တဿ အဂ္ဂိသိခါ ကာယာ၊ နိစ္ဆရန္တိ ပဘဿရာ။
တေဇောဘက္ခဿ ဂတ္တာနိ၊ လောမေဟိ စ နခေဟိ စ။
ဥယှမာနေန ဂတ္တေန၊ နိစ္စံ သန္တရဗာဟိရံ။
ဒုက္ခာဘိတုန္နော နဒတိ၊ နာဂေါ တုတ္တဋ္ဋိတော ယထာ။
(ဇာတက၊ ၂၊ ၆၂။ ဋ္ဌ၊ ၅၊ ၂၈၄ ၂၈၅။)

(မဟာရာဇ မင်းမြတ်)၊ ယော စ ရာဇာ အကြင်မင်းသည်ကား၊ အဓမ္မဋ္ဌော မင်းကျင့်တရား၌မတည်၊ မိဂေါ ယထာ သားကောင်မိုက်ကဲ့သို့၊ ရဋ္ဌဝိဒ္ဓံသနော ဆန္ဒအစရှိသည်တို့၏အစွမ်းဖြင့် အဂတိသို့ရောက်၍ တိုင်းပြည်ကို ဖျက်ဆီးတတ်၏၊ သော စ ရာဇာ ထိုမင်းသည်ကား၊ ဇနပဒံ ဇနပုဒ်သူ ရှင်လူအပေါင်းကို၊ တာပယိတ္ဂာ ပူပန်းစေတတ်သောကြောင့်၊ ပေစ္စ တမလွန်ဘဝ၌၊ တာပနေ တာပနမည်သော ငရဲ၌၊ ပစ္စတိ ခံရ၏။

ယော စ ရာဇာ အကြင်ဇနပုဒ်သူ ရှင်လူအပေါင်းကို ဖျက်ဆီးတတ်သော မင်းသည်ကား၊ ဒိဗ္ဗာနိ နတ်တို့၏အရေအတွက်ဖြစ်ကုန်သော၊ သတံ ဝဿသဟဿာနိ အနှစ်တစ်သိန်းတို့ ကာလပတ်လုံး၊ နိရယေ ငရဲ၌၊ ပစ္စတိ ခံရ၏၊ သော ရာဇာ ထိုမင်းသည်၊ အစ္စိသံဃပရေတော မီးလျှံတို့ဖြင့် ခြံရံအပ်လျက်၊ ဒုက္ခံ ဝေဒနံ ဆင်းရဲဝေဒနာကို၊ ဝေဒေတိ ခံစားရ၏။

တဿ နေရယိကဿ ထိုငရဲသူ သတ္တဝါ၏၊ ကာယာ ကိုယ်မှ၊ အဂ္ဂိသိခါ မီးလျှံတို့သည်၊ ပဘဿရာ ပြိုးပြိုးပြက်ကုန်လျက်၊ နိစ္ဆရန္တိ ထွက်ကုန်၏၊ တေဇောဘက္ခဿ မီးကို စားရသော ငရဲသူ၏၊ ဂတ္တာနိ ကိုယ်တို့သည်၊ လောမေဟိ စ မွေးတွင်းတို့နှင့်လည်းကောင်း၊ နခေဟိ စ ခြေသည်း လက်သည်းတို့နှင့်လည်းကောင်း၊ (သဒ္ဒိ' တက္ခ၊) ပဘဿရာ ပြိုးပြိုးပြက်ကုန်လျက်၊ နိစ္ဆရန္တိ ထွက်ကုန်၏။

သော နေရယိကော ထိုငရဲသူသည်၊ နိစ္စံ အမြဲ၊ အန္တရဗာဟိရံ ကိုယ်တွင်းကိုယ်ပကို၊ ဥယှမာနေန လောင်သော၊ ဂတ္တေန ကိုယ်ဖြင့်၊ ဒုက္ခာဘိတုန္နော ဆင်းရဲဖြင့် အလွန်နှိပ်စက်အပ်သည် ဖြစ်၍၊ တုတ္တဋ္ဋိတော လှံချွန်းတောင်းဖြင့် နှိပ်စက်အပ်သော၊ နာဂေါ ယထာ ဆင်ပြောင်ကဲ့သို့၊ နဒတိ ဟစ်ကြွေးငိုမြည်ရ၏။

## အဘကိုသတ် ကျလတ်ငရဲ

ယော လောဘာ ပိတရံ ဟန္တိ၊ ဒေါသာ ဝါ ပုရိသာဓမော။
သ ကာဠသုတ္တေ နိရယေ၊ စိရရတ္တာယ ပစ္စတိ။
သ တာဒိသော ပစ္စတိ လောဟကုမ္ဘိယံ၊ ပက္ကဉ္စ သတ္တီဟိ ဟနန္တိ နိတ္တစံ။
အန္ဓံ ကရိတွာ မုတ္တကရီသဘက္ခံ၊ ခါရေ နိမုဇ္ဇန္တိ တထာဝိဓံ နရံ။
တတ္တံ ပက္ကုထိတမယောဂုဠဉ္စ၊ ဒီဃေ စ ဖာလေ စိရရတ္တတာပိတေ။
ဝိက္ခမ္ဘ'မာဒါယ ဝိဗန္ဓ ရဇ္ဇုဘိ၊ ဝိဝဋေ မုခေ သမ္ပဝိသန္တိ ရက္ခသာ။

သာမာ စ သောဏာ သဗလာ စ ဂိဇ္ဈာ၊ ကာကောဠသံဃာ စ ဒိဇာ အယောမုခါ။
သင်္ဂမ္မ ခါဒန္တိ ဝိပ္ဖန္ဒမာနံ၊ ဇိဝှံ ဝိဘဇ္ဇ ဝိဃာသံ သလောဟိတံ။
တံ ဒမုတာလံ ပရိဘိန္နဂတ္တံ၊ နိပ္ပေါထယန္တာ အနုဝိစရန္တိ ရက္ခသာ။
ရတီ ဟိ နေသံ ဒုခိနော ပနီတရေ၊ တောဒိသသ္မိံ နိရယေ ဝသန္တိ။
ယေ ကေစိ လောကေ ဣဓ ပေတ္တိဃာတိနော။
(ဇာတက၊ ၂၊ ၆၂ ၆၃။ ဠ၊ ၅၊ ၂၈၅။)
ဝိဗဒ္ဓ (သီ), ဝိဘဇ္ဇ (သျာ၊ ဣ)

(မဟာရာဇ မင်းမြတ်)၊ ယော ပုရိသာဓမော အကြင်ယောကျ်ားယုတ်သည်၊ လောဘာ ဝါ အခြံအရံ, စည်းစိမ်ဥစ္စာကို လိုချင်သဖြင့်လည်းကောင်း(ပြည်တိုင်းကားကို လိုချင်သဖြင့်လည်းကောင်း)၊ ဒေါသာ ဝါ ပြစ်မှားလိုသောစိတ်ဖြင့်လည်းကောင်း၊ ပိတရံ အဘကို၊ ဟန္တိ သတ်၏၊ သော ထိုယောကျ်ားယုတ်သည်၊ ကာဠသုတ္တေ ကာဠသုတ်အမည်ရှိသော၊ နိရယေ ငရဲ၌၊ စိရရတ္တာယ ရှည်မြင့်စွာသော နေ့ညဥ့်ပတ်လုံး၊ ပစ္စတိ ခံရ၏။

တာဒိသော ထိုသို့သဘောရှိသော၊ သော ထိုအဘကိုသတ်သောသူသည်၊ လောဟကုမ္ဘိယံ ကြေးနီအိုးငရဲ၌၊ ပစ္စတိ ခံရ၏၊ ပက္ကဥ ကျက်သော ငရဲသူကိုလည်း၊ သတ္တီဟိ လှံတို့ဖြင့်၊ ဟန္တွာ ထိုးကုန်၏၊ နိစ္ဆဝိ အရေမရှိသည်ကို၊ ကရောန္တိ ပြုကုန်၏၊ တထာဝိဓံ ထိုသို့အပြားရှိသော၊ နရံ-အဘသတ် ငရဲသူကို၊ အန္ဓံ မျက်စိကန်းသည်ကို၊ ကရိတွာ ပြု၍၊ မုတ္တကရီသံ ကျင်ငယ်ကျင်ကြီးကို၊ ဘက္ခံ ခါဒါပေန္တိ စားစေကုန်၏၊ ခါရေ ကြေးနီရေ၌၊ နိမုဇ္ဇန္တိ (နိမုဇ္ဇာပေန္တိ) ငုပ်စေကုန်၏။

ရက္ခသာ ငရဲထိန်းတို့သည်၊ တတ္တံ ရဲရဲပြောင်ပြောင် တောက်လောင်သော၊ ပက္ကုထိတံ ကျိုက်ကျိုက်ဆူသော၊ အယောဂုဠဉ္စ ကြေးနီစိုင်(သံတွေခဲ)ကိုလည်းကောင်း၊ စိရရတ္တာတာပိတေ ကြာမြင့်စွာသော နေ့ညဥ့်ပတ်လုံးပူစေအပ်ကုန်ပြီးသော၊ ဒီဃေ ရှည်ကုန်သော၊ ဖာလေ စ-ထွန်သွားတို့ကိုလည်းကောင်း (ဗလိသေ စ သံမျှားချိတ်တို့ကိုလည်းကောင်း)၊ အာဒါယ ယူ၍၊ ရဇ္ဇုဗဒ္ဓ ကြိုးတို့ဖြင့်၊ ဝိဗန္ဓ ဖွဲ့၍၊ ဝိက္ခမ္ဘံ(မုခံ ဝိက္ခမ္ဘေတွာ ဝိဝရိတွာ) ခံတွင်းကို ဖွင့်၍၊ ဝိဝရေ ဟင်းလင်းသော၊ မုခေ ခံတွင်း၌၊ သမ္ပဝိသန္တိ ထည့်ကုန်၏။

(မဟာရာဇ မင်းမြတ်၊ တဿ ပိတုဃာတကဿ ထိုအဘသတ်သော ငရဲသူ၏)၊ ဇိဝှံ လျှာကို၊ ဝိဘဇ္ဇ ဖြတ်၍၊ သာမာ ရွှေသောအဆင်းရှိကုန်သော၊ သဗလာ ပြောက်ကျားသောအဆင်းရှိကုန်သော၊ သောဏာ စ ခွေးတို့သည်လည်းကောင်း၊ အယောမုခါ သံနှုတ်သီးရှိကုန်သော၊ ဂိဇ္ဈာ စ လင်းတတို့သည်လည်းကောင်း၊ ကာကောဠသံဃာ စ တောကျီးကန်းအပေါင်းတို့သည်လည်းကောင်း၊ ဒိဇာ စ ငှက်အမျိုးမျိုးတို့သည်လည်းကောင်း၊ သင်္ဂမ္မ စုဝေးကုန်၍၊ ဝိဃာသံ ပင်ပန်းလှသော နှား,ကျွဲစသည်ကို၊ သလောဟိတံ သွေးနှင့်တကွ၊ (ခါဒန္တာ ဝိယ စားကုန်သကဲ့သို့)၊ ဝိပ္ဖန္ဒမာနံ တုန်လှုပ်သော ငရဲသူကို၊ (မုရုံ ကျွတ်ကျွတ်ကျွတ်ကျွတ် မြည်အောင်ဝါး၍)၊ ခါဒန္တိ စားကုန်၏။

ဒမုတာလံ (ဈာယမာနတာလံ ဝိယ)-မီးလောင်သော ထန်းပင်ကိုကဲ့သို့၊ ပရိဘိန္နဂတ္တံ တစ်ကိုယ်လုံး အပေါက်အပေါက် ခုတ်ထွင်အပ်သော ကိုယ်ရှိသော၊ တံ ထိုအဘသတ်သောသူကို၊ ရက္ခသာ ငရဲထိန်းတို့သည်၊ နိပေါထယန္တာ ပုတ်ခတ်ကုန်လျက်၊ အနုဝိစရန္တိ သွားကြကုန်၏။

နေသံ (တေသံ) ထိုငရဲထိန်းတို့အား၊ ရတီ မွေ့လျော်ခြင်းတို့သည်၊ ဟောန္တိ ဖြစ်ကုန်၏၊ ဣတရေ ပန ငရဲသူသတ္တဝါတို့သည်ကား၊ ဒုခိနော ဆင်းရဲကုန်သည်၊ ဟောန္တိ ဖြစ်ကုန်၏၊ (မဟာရာဇ မင်းမြတ်)၊ ဣဓ လောကေ ဤလူ့ရွာ၌၊ ယေ ကေစိ ခပ်သိမ်းကုန်သော၊ ပေတ္တိဃာတိနော အဘကို သတ်သောသူတို့သည်၊ တောဒိသသ္မိံ ဤသို့သဘောရှိသော၊ နိရယေ ကြေးနီအိုးငရဲ၌၊ ဝသန္တိ နေရကုန်၏။

## အမိသတ်သူ ကျမှုငရဲ

ပုတ္တော စ မာတရံ **ဟန္တွာ** ၊ ဣတော **ဂန္တွာ** ယမက္ခယံ။
ဘုသမာပဇ္ဇတေ ဒုက္ခံ၊ အတ္တကမ္မဖလူပဂေါ။
အမနုဿာ အတိဗလာ၊ ဟန္တာရံ ဇနယန္တိယာ။

အယောမယေဟိ ဝါလေဟိ၊ ပီဠယန္တိ ပုနပ္ပုနံ။
တမဿဝံ သကာ ဂတ္တာ၊ ရုဓိရံ အတ္တသမ္ဘဝံ။
တမ္ဗလောဟဝိလီနံဝ၊ တတ္တံ ပါယေန္တိ မတ္တိယံ။
ဓိဂ္ဂုစ္ဆံ ကုဏပံ ပူတိံ၊ ဒုဂ္ဂန္ဓံ ဂူထကဒ္ဒမံ။
ပုဗ္ဗလောဟိတသင်္ကာသံ၊ ရဟာဒမောဂယှ တိဋ္ဌတိ။
တမေနံ ကိမယော တတ္ထ၊ အတိကာယာ အယောမုခါ။
ဆဝိံ ဘေတွာန ခါဒန္တိ၊ သံဂိဒ္ဓါ မံသလောဟိတေ။
သော စ တံ နိရယံ ပတ္တော၊ နိမုဂ္ဂေါ သတပေါရိသံ။
ပူတိကံ ကုဏပံ ဝါတိ၊ သမန္တာ သတယောဇနံ။
စက္ခုမာပိ ဟိ စက္ခူဟိ၊ တေန ဂန္ဓေန ဇီယတိ။
ဧတာဒိသံ ဗြဟ္မဒတ္တ၊ မာတုဃော လဘတေ ဒုခံ။
(ဇာတက၊ ၂၊ ၆၃။ ဌ၊ ၅၊ ၂၀၅ ၂၀၆။)

(မဟာရာဇ မင်းမြတ်)၊ ပုတ္တော စ သားသည်လည်း၊ မာတရံ အမိကို၊ **ဟန္တွာ** သတ်မိသောကြောင့်၊ ဣတော ဤလူ့ပြည်မှ၊ ယမက္ခယံ (ယမနိဝေသနံ နိရယံ) ယမမင်း၏နေရာသို့၊ **ဂန္တွာ** သွားလေ၍၊ ဘုသံ ပြင်းစွာသော၊ ဒုက္ခံ ဆင်းရဲသို့၊ အာပဇ္ဇတေ ရောက်၏၊ အတ္တကမ္မဖလူပဂေါ မိမိပြုသော မကောင်းမှုကံ၏ အကျိုးဖြင့် ကပ်ရလေ၏။

(မဟာရာဇ မင်းမြတ်)၊ ဇနယန္တိယာ အမိကို၊ **ဟန္တွာန** သတ်မိသောကြောင့်၊ အတိဗလာ အလွန်အား အင်ရှိကုန်သော၊ အမနုဿာ ငရဲထိန်းတို့သည်၊ အယောမယေဟိ သံဖြင့်ပြီးကုန်သော၊ ဝါလေဟိ လျှော်တို့ဖြင့်၊ ပုနပ္ပုနံ အထပ်ထပ်၊ (ဝေဌေတွာ ရစ်ပတ်၍၊ အယယန္တေန သံယန္တရားဖြင့်)၊ ပီဠယန္တိ ကြိတ်ကုန်၏။

တံ မတ္တိယံ ထိုအမိသတ်သော ငရဲသူကို၊ သကာ ဂတ္တာ မိမိကိုယ်မှ၊ အဿဝံ ယိုသောသွေးကို၊ (ပဿန္တံ မြင်စဉ်ပင်၊ အဿ ထိုငရဲသူ၏)၊ သမ္ဘဝံ ကိုယ်ကောင်ပကတိမှ ဖြစ်သော၊ တမ္ဗလောဟဝိလီနံဝ မြည်မြည်ကြေသော ကြေးနီရေနှင့် တူသော၊ တတ္တံ ရဲရဲပြောင်ပြောင်တောက်သော၊ ရုဟိရံ သွေးကို၊ ပါယေန္တိ သောက်စေကုန်၏။

ဓိဂ္ဂုစ္ဆံ စက်ဆုပ်ဖွယ်သော၊ ကုဏပံ အကောင်ပုပ်လည်းဖြစ်ထသော၊ ပူတိံ ပုပ်သောအဖြစ်သို့လည်း ရောက်ထသော၊ ဒုဂ္ဂန္ဓံ အလွန်မကောင်းသော အနံ့လည်းရှိထသော၊ ဂူထကဒ္ဒမံ မစင်ဟုဆိုအပ်သော ညွန်လည်းဖြစ်ထသော၊ ပုဗ္ဗလောဟိတသင်္ကာသံ ပြည်, သွေးနှင့်လည်းတူသော၊ ရဟာဒံ အိုင်သို့၊ (ခိပန္တိ ပစ်ချကုန်၏)၊ သော ထို အမိကို သတ်သော ငရဲသူသည်၊(တံ ရဟာဒံ ထိုအိုင်သို့)၊ဩဂယှ သက်၍၊ တိဋ္ဌတိ တည်နေရ၏။

တတ္ထ ထိုမစင်တွင်း၌၊ တမေနံ ထိုအမိကို သတ်သော ငရဲသူကို၊ အတိကာယာ ပိန်းကောလေ့အတိုင်း အရှည်ရှိကုန်၍ ကြီးသောကိုယ်ရှိကုန်သော၊ အယောမုခါ သံအပ်နှင့်တူသော ထက်စွာသော နှုတ်သီးရှိကုန်သော၊ ကိမယော ပိုးလောက်တို့သည်၊ ဆဝိံ အရေကို၊ ဘေတွာန ဖြတ်၍၊ မံသလောဟိတေ အသားအသွေးတို့ကို၊ သံဂိဒ္ဓါ ပြင်းစွာ ထိုးဆွကုန်လျက်၊ ခါဒန္တိ စားကုန်၏။

သော စ ထိုအမိကို သတ်သော ငရဲသူသည်လည်း၊ သတပေါရိသံ အသူတစ်ရာနက်သော၊ တံ နိရယံ ထိုငရဲသို့၊ ပတ္တော ရောက်၍၊ နိမုဂ္ဂေါ နစ်သည်၊ ဟောတိ ဖြစ်၏၊ ကုဏပံ အကောင်ပုပ်သည်၊ သမန္တာ ထက်ဝန်းကျင်မှ၊ သတယောဇနံ ယူဇနာတစ်ရာတိုင်တိုင်၊ ပူတိကံ အပုပ်အတိ၊ ဝါတိ လှိုင်၏။

ဟိ မှန်၏၊ စက္ခုမာပိ မျက်စိရှိသောသူသည်လည်း၊ စက္ခူဟိ မျက်စိတို့ဖြင့်၊ တေန ဂန္ဓေန ထိုအပုပ်နံ့ဖြင့်၊ ဇီယတိ ကြေမွပျက်စီး၏၊ ဗြဟ္မဒတ္တ ဗြဟ္မဒတ်မင်းမြတ်၊ မာတုဃော အမိကို သတ်သော ငရဲသူသည်၊ ဧတာဒိသံ ထိုသို့ သဘောရှိသော၊ ဒုက္ခံ ဆင်းရဲကို၊ လဘတေ ရ၏။

## ကိုယ်ဝန်ဖျက်သူ ခံယူငရဲ

ခုရဓာရမနုက္ကမ္မ၊ တိက္ခံ ဒုရဘိသမ္ဘဝံ။
ပတန္တိ ဂဗ္ဘပါတိယော၊ ဒုဂ္ဂံ ဝေတရဏိံ နဒိံ။

အယောမယာ သိမ္ဗလိယော၊ သောဠသင်္ဂုလကဏ္ဋကာ။
ဥဘတော အဘိလမ္ဗန္တိ၊ ဒုဂ္ဂံ ဝေတရဏိံ နဒိံ။
တေ အစ္စိမန္တော တိဋ္ဌန္တိ၊ အဂ္ဂိက္ခန္ဓာဝ အာရကာ။
အာဒိတ္တာ ဇာတဝေဒေန၊ ဥဒ္ဒံ ယောဇနမုဂ္ဂတာ။
(ဇာတက၊ ၂၊ ၆၃။ ဋ္ဌ၊ ၅၊ ၂၈၆။)

(မဟာရာဇ မင်းမြတ်)၊ ဂဗ္ဘပါတိယော ကိုယ်ဝန်ကို ဖျက်ချသော မိန်းမတို့သည်၊ ဒုရဘိသမ္ဘဝံ အလွန်ကြောက်မက်ဖွယ်ကို ဖြစ်စေတတ်သော၊ တိကွံ့ ထက်လှစွာသော၊ ခုရဓာရံ သင်တုန်းသွားကို၊ အနက္ကမ လွန်၍၊ ဒုဂ္ဂံ ကူးနိုင်ခဲသော၊ ဝေတရဏိံ(ဝေတ္တရဏိံ) ဝေတရဏီအမည်ရှိသော၊ နဒိံ ကြိမ်ပိုက်ချောင်းငရဲသို့၊ ပတန္တိ ကျကုန်၏။

အယောမယာ သံဖြင့်ပြီးကုန်သော၊ သောဠသင်္ဂုလကဏ္ဋကာ တစ်ဆယ့်ခြောက်လက်သစ်ပမာဏအဆူးရှိကုန်သော၊ သိမ္ဗလိယော လက်ပန်ပင်၏အခက်တို့သည်၊ ဥဘတော=ဒွိသု တီရေသု ကမ်းနားနှစ်ဖက်တို့၌၊ ဒုဂ္ဂံ ကူးနိုင်ခဲသော၊ ဝေတရဏိံ ဝေတရဏီအမည်ရှိသော၊ နဒိံ ကြိမ်ပိုက်ချောင်းရဲသို့၊ အဘိလမ္ဗန္တိ တွဲရရွဲ ကျကုန်၏။

တေ ရုက္ခာ ထိုလက်ပန်ပင်တို့သည်၊ အစ္စိမန္တော အလျှံပြောင်ပြောင် တောက်ကုန်လျက်၊ အာရကာ အဝေးမှ၊ (ဒါရုဏာ ကြောက်မက်ဖွယ်ရှိကုန်သော)၊ အဂ္ဂိက္ခန္ဓာဝ မီးပုံကြီးတို့ကဲ့သို့၊ တိဋ္ဌန္တိ တည်ကုန်၏၊ အာဒိတ္တာ ပြောင်ပြောင်တောက်သော အလျှံတို့သည်၊ ဇာတဝေဒေန မီးအဟုန်ဖြင့်၊ ဥဒ္ဒံ အထက်သို့၊ ယောဇနမုဂ္ဂတာ တစ်ယူဇနာတိုင်တိုင် တက်ကုန်၏။

## လင်ငယ် မယားငယ်နေသူ ကျရမည့်ငရဲမှု

တေ ဝဇ္ဈန္တိ နိရယေ၊ တတ္တေ တိခိဏကဏ္ဋကေ။
နာရိယော စ အတိစာရာ၊ နရာ စ ပရဒါရဂူ။
တေ ပတန္တိ အဓောက္ခန္ဓာ၊ ဝိဝတ္တာ ဝိဟတာ ပုထူ။
သယန္တိ ဝိနိဝိဒ္ဓင်္ဂါ၊ ဒီဃံ ဇဂ္ဂန္တိ သဗ္ဗဒါ။
တတော ရတျာ ဝိဝသာနေ၊ မဟတိံ ပဗ္ဗတူပမံ။
လောဟကုမ္ဘိံ ပဝဇ္ဇန္တိ၊ တတ္တံ အဂ္ဂိသမူဒကံ။
ဧဝံ ဒိဝါ စ ရတ္တော စ၊ ဒုဿီလာ မောဟပါရုတာ။
အနုဘောန္တိ သကံ ကမ္မံ၊ ပုဗ္ဗေ ဒုက္ကဋမတ္တနော။
(ဇာတက၊ ၂၊ ၆၄။ ဋ္ဌ၊ ၅၊ ၂၈၆။)

(မဟာရာဇ မင်းမြတ်)၊ အတိစာရာ မိမိလင်ကို လွန်ကျူး၍ ကျင့်ကုန်သော၊ နာရိယော စ မိန်းမတို့သည်လည်းကောင်း၊ ပရဒါရဂူ သူတစ်ပါးမယားကို လွန်ကျူး၍ ကျင့်ကုန်သော၊ နရာ စ ယောကျ်ားတို့သည်လည်းကောင်း၊ တေ ထိုသူတို့သည်၊ တိခိဏကဏ္ဋကေ ထက်စွာသော အဆူးရှိသော၊ တတ္တေ ရဲရဲပြောင်ပြောင် တောက်သော၊ နိရယေ လက်ပန်ပင်ငရဲ၌၊ ဝဇ္ဈန္တိ တက်ရကုန်၏။

တေ ထိုမိမိလင်ကို လွန်ကျူး၍ ကျင့်သောမိန်းမ, သူတစ်ပါးမယားကို လွန်ကျူး၍ ကျင့်သောယောကျ်ားတို့သည်၊ အဓောက္ခန္ဓာ ဦးခေါင်းစောက်ထိုး၊ ပတန္တိ လက်ပန်ပင်မှ ကျကုန်၏၊ ပုထူ အသီးအသီး၊ ဝိဝတ္တာ စုတ်ပြတ်သော ကိုယ်ရှိကုန်သည်၊ ဝိဟတာ ပျက်စီးသော ကိုယ်ရှိကုန်သည်၊ ဝိနိဝိဒ္ဓင်္ဂါ ထိုးကျင်သော ကိုယ်ရှိကုန်သည်၊ ဟုတ္တွာ ဖြစ်ကုန်၍၊ သယန္တိ အိပ်ရကုန်၏၊ ဒီဃံ မြင့်ရှည်စွာသော နေညဉ့်ပတ်လုံး၊ သဗ္ဗဒါ အခါခပ်သိမ်း၊ ဇဂ္ဂန္တိ= နိဒ္ဒံ န ဩက္ကမန္တိ မအိပ်ရကုန်။

တတော ထိုနောက်မှ၊ ရတျာဝိဝသာနေ များစွာသော ညဉ့်တို့၏အဆုံး၌၊ မဟတိံ ကြီးစွာသော၊ ပဗ္ဗတူပမံ တောင်အတိုင်းအရှည်ရှိသော၊ တတ္တံ ပြောင်ပြောင်တောက်သော၊ အဂ္ဂိသမူဒကံ မီးနှင့်တူသော ရေရှိသော၊ လောဟကုမ္ဘိံ ကြေးနီအိုးသို့၊ ပဝဇ္ဇန္တိ ဝင်ရကုန်၏။

ဇဝံ-ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ ဒိဝါ စ နေ့၌လည်းကောင်း၊ ရတ္တော စ ညဉ့်၌လည်းကောင်း၊ မောဟပါရုတာ-မောဟပြင့် ဖုံးလွှမ်းအပ်ကုန်သော၊ ဒုဿီလာ သူတစ်ပါးမယားကို ပြစ်မှားတတ်ကုန်သော သူတို့သည်၊ ပုဗ္ဗေ-ရှေး၌၊ အတ္တနော-မိမိ၏၊ ဒုက္ကဋံ-မကောင်းသဖြင့် ပြုအပ်သောကံကို၊ ပဋိစ္စ စွဲ၍၊ သကံကမ္မံ မိမိပြုသော မကောင်းမှုကံကို၊ အနုဘောန္တိ-ခံစားရကုန်၏။

## ယောက္ခမစော်ကားသူများ ငရဲလား

ယာ စ ဘရိယာ ဓနက္ကီတာ၊ သာမိကံ အတိမညတိ။
သဿုံ ဝါ သသုရံ ဝါပိ၊ ဇေဋ္ဌံ ဝါပိ နနန္ဒနံ။
တဿာ ဝင်္ကေန ဇိဝှဂ္ဂံ၊ နိဗ္ဗဟန္တိ သဗန္ဓနံ။
သ ဗျာမမတ္တံ ကိမိနံ၊ ဇိဝှံ ပဿတိ အတ္တနိ။
ဝိညာပေတုံ န သက္ကောတိ၊ တာပနေ ပေစ္စ ပစ္စတိ။
(ဇာတက၊ ၂၊ ၆၄။ ဠ၊ ၅၊ ၂၈၆ ၂၈၇။)

(မဟာရာဇ မင်းမြတ်)၊ ဓနက္ကီတာ ဥစ္စာဖြင့် ဝယ်အပ်သော၊ ယာ စ ဘရိယာ အကြင်မယားသည်၊ သာမိကံ မိမိလင်ကို၊ အတိမညတိ မထီမဲ့မြင်ပြု၏၊ သဿုံ ဝါ ယောက္ခမယောကျ်ားသူကိုလည်းကောင်း၊ သသုရံ ဝါ-ယောက္ခမမိန်းမသူကိုလည်းကောင်း၊ ဇေဋ္ဌံ ဝါပိ-ခဲအိုကိုလည်းကောင်း၊ နနန္ဒနံ ဝါ ယောက်မကိုလည်းကောင်း၊ အတိမညတိ မထီမဲ့မြင်ပြု၏၊ တဿာ ထိုငရဲသူမ၏၊ မုခံ ခံတွင်းကို၊ (အယသင်္ကုနာ သံချွန်းတောင်းဖြင့်၊ ဝိဝရိတွာ-ဖွင့်၍၊ ဝင်္ကေန-သံမျှားချိတ်ဖြင့်၊ ဇိဝှဂ္ဂံ လျှာဖျားကို၊ နိဗ္ဗဟန္တိ ငင်ထုတ်ကုန်၏၊ သဗန္ဓနံ ကြိုးဖြင့်ဖွဲ့လျက်၊ (ကဍ္ဍန္တိ-ငင်ကုန်၏)။

ကိမိနံ(ကိမိဘရိတံ)-ပိန်းကောကြီးမျှလောက်သော ပိုးလောက်တို့ဖြင့် ပြည့်သော၊ သဗျာမမတ္တံ မိမိတစ်လံအတိုင်းအရှည်ရှိသော၊ အတ္တနိ (အတ္တနော) မိမိ၏၊ ဇိဝှံ လျှာကို၊ ပဿတိ မြင်ရ၏၊ ဝိညာပေတုံ ငရဲထိန်းတို့ကို တောင်းပန်ခြင်းငှာလည်း၊ န သက္ကောတိ မတတ်နိုင်၊ ပေစ္စ(ပုန) တစ်ဖန်၊ တာပနေ တာပနငရဲ၌၊ ပစ္စတိ ကျက်ရ၏။

## တံငါ, မုဆိုး ကျရိုးငရဲမှာ

ဩရဗ္ဘိကာ သူကရိကာ၊ မစ္ဆိကာ မိဂဗန္ဓကာ။
စောရာ ဂေါဃာတကာ လုဒ္ဒါ၊ အဝဏ္ဏေ ဝဏ္ဏကာရကာ။
သတ္တီဟိ လောဟကူဋေဟိ၊ နေတ္တိံသေဟိ ဥသူဟိ စ။
ဟညမာနာ ခါရနဒိံ၊ ပပတန္တိ အဝံသိရာ။
(ဇာတက၊ ၂၊ ၆၄။ ဠ၊ ၅၊ ၂၈၇။)

(မဟာရာဇ မင်းမြတ်)၊ ဩရဗ္ဘိကာ စ ဆိတ်ကိုသတ်၍ အသက်မွေးသော သူတို့သည်လည်းကောင်း၊ သူကရိကာ စ-ဝက်ကိုသတ်၍ အသက်မွေးသောသူတို့သည်လည်းကောင်း၊ မစ္ဆိကာ စ တံငါသည်တို့သည်လည်းကောင်း၊ မိဂဗန္ဓကာ စ-သားမုဆိုးတို့သည်လည်းကောင်း၊ စောရာ စ ခိုးသူတို့သည်လည်းကောင်း၊ ဂေါဃာတကာ စ-နွားသတ်ယောကျ်ားတို့သည်လည်းကောင်း၊ လုဒ္ဒါစ ရှန့်ရင်းကြမ်းကြုတ်သော သူတို့သည်လည်းကောင်း၊ အဝဏ္ဏေ ဝဏ္ဏကာရကာ(ပေသုည ကာရကာ)စ ချောပစ်ကုန်းတိုက်သော သူတို့သည်လည်းကောင်း၊ သတ္တီဟိ စ လှံတို့ဖြင့်လည်းကောင်း၊ လောဟကူဋေဟိ စ သံဆောက်ပုတ်တို့ဖြင့်လည်းကောင်း၊ ဥသူဟိ စ မြားတို့ဖြင့်လည်းကောင်း၊ ဟညမာနာ ညှဉ်းဆဲသတ်ပုတ်ခံရကုန်လျက်၊ အဝံသိရာ ဦးခေါင်းစောက်ထိုး၊ ခါရနဒိံ ကြိမ်ပိုက်ချောင်းသို့၊ ပပတန္တိ ကျရကုန်၏။

## လာဘ်စားသည့်သူ ကျမှုငရဲ

သာယံ ပါတော ကူဋကာရီ၊ အယောကူဋေဟိ ဟညတိ။

တတော ဝတ္တံ ဒုရတ္တာနံ၊ ပရေသံ ဘုဥ္ဇရေ သဒါ။
ဓင်္ကာ ဘေရဏ္ဍကာ ဂိဇ္ဈာ၊ ကာကောဠာ စ အယောမုခါ။
ဝိပ္ပန္နမာနံ ခါဒန္တိ၊ နရံ ကိဗ္ဗိသကာရကံ။
(ဇာတက၊ ၂၊ ၆၄။ ဋ္ဌ၊ ၅၊ ၂၈၇။)

(မဟာရာဇ မင်းမြတ်)၊ ကူဋကာရီ စဉ်းလဲစဉ်းစားတတ်ကုန်သော တရားသူကြီးစသောသူတို့ကို၊ သာယံ ပါတော ညနေ၊ နံနက်၊ အယောကူဋေဟိ-သံတူတို့ဖြင့်၊ ဟညတိ ညှဉ်းဆဲသတ်ပုတ်၏၊ တတော ထို့နောင်မှ၊ ဒုရတ္တာနံ မကောင်းသော ကိုယ်ရှိသော တရားသူကြီးစသော ငရဲသူသတ္တဝါတို့သည်၊ ပရေသံ သူတစ်ပါးတို့၏၊ ဝတ္တံ အန်ဖတ်ကို၊ သဒါ အခါခပ်သိမ်း၊ ဘုဥ္ဇရေ စားရကုန်၏။

ကိဗ္ဗိသကာရကံ ကြမ်းကြုတ်သောအမှုကို ပြုတတ်ထသော၊ ဝိပ္ပန္နံ တပြောင်းပြန်ပြန် တုန်လှုပ်ထသော၊ နရံ ငရဲသူသတ္တဝါကို၊ အယောမုခါ -သံဖြင့်ပြီးသော နှုတ်သီးရှိကုန်သော၊ ဓင်္ကာ စ -စွန်ရဲတို့သည်လည်းကောင်း၊ ဘေရဏ္ဍကာ စ မြေခွေးတို့သည်လည်းကောင်း၊ ဂိဇ္ဈာ စ လင်းတတို့သည်လည်းကောင်း၊ ကာကောဠာ စ တောကျီးကန်းတို့သည်လည်းကောင်း၊ ခါဒန္တိ ခဲစားကုန်၏။

## သား, ငှက်မုဆိုးကား ငရဲလား

ယေ မိဂေန မိဂံ ဟန္တိ၊ ပက္ခိံ ဝါ ပန ပက္ခိနာ။
အသန္တော ရဇသာ ဆန္နာ၊ ဂန္တာ တေ နိရယုဿဒံ။
(ဇာတက၊ ၂၊ ၆၄။ ဋ္ဌ၊ ၅၊ ၂၈၇။)

(မဟာရာဇ မင်းမြတ်)၊ ရဇသာ ဆန္နာ ကိလေသာတည်းဟူသောမြူဖြင့် မြေးယှက်ဖုံးလွှမ်းအပ်ကုန်သော၊ အသန္တော သူတော်ကောင်း မဟုတ်ကုန်သော၊ ယေ အကြင်ပုဂ္ဂိုလ်တို့သည်၊ မိဂေန သမင်တိန်ညင်ဖြင့်၊ မိဂံ သားအပေါင်းကို၊ ဟန္တိ သတ်ကုန်၏၊ ပက္ခိနာ ဝါ ပန ငှက်တိန်ညင်ဖြင့်လည်း၊ ပက္ခိံ ငှက်အပေါင်းကို၊ ဟန္တိ သတ်ကုန်၏၊ တေ ထိုပုဂ္ဂိုလ်တို့သည်၊ နိရယုဿဒံ ဥဿဒငရဲသို့၊ ဂန္တာ လားရကုန်၏။

## နတ်ပြည်ချမ်းသာ ရဖို့မှာ

သန္တော စ ဥဒ္ဓံ ဂစ္ဆန္တိ၊ သုစိဏ္ဏေနိဓ ကမ္မုနာ။
သုစိဏ္ဏဿ ဖလံ ပဿ၊ သဣန္ဒာ ဒေဝါ သဗြဟ္မကာ။
တံ တံ ဗြူမိ မဟာရာဇ၊ ဓမ္မံ ရဋ္ဌပတီ စရ။
တထာ ရာဇ စရာဟိ ဓမ္မံ၊ ယထာ တံ သုစိဏ္ဏံ နာနုတပ္ပေယျ ပစ္ဆာတိ။
(ဇာတက၊ ၂၊ ၆၅။ ဋ္ဌ၊ ၅၊ ၂၉၅။)

မဟာရာဇ မင်းမြတ်၊ သန္တော ကိုယ်အစရှိသည်တို့ဖြင့် ငြိမ်သက်ကုန်သော၊ သဣန္ဒာ သိကြားမင်းနှင့် တကွကုန်သော၊ သဗြဟ္မကာ ဗြဟ္မာနှင့် တကွကုန်သော၊ ဒေဝါ နတ်ဗြဟ္မာတို့သည်၊ ဣဓ ဤလူ့ပြည်၌၊ သုစိဏ္ဏေန ကောင်းစွာကျင့်အပ်သော၊ ကမ္မုနာ ကံကြောင့်၊ ဥဒ္ဓံ နတ်ပြည်, ဗြဟ္မာ့ပြည်သို့၊ ဂစ္ဆန္တိ သွားရကုန်၏၊ သုစိဏ္ဏဿ ကောင်းစွာကျင့်ခြင်း၏၊ ဖလံ အကျိုးကို၊ ပဿ ရှုပါလော့။

မဟာရာဇ မင်းမြတ်၊ တံ=တသ္မာ ထို့ကြောင့်၊ တံ -ထိုသင်မင်းမြတ်ကို၊ ဗြူမိ ငါဆိုအံ့၊ ရဋ္ဌပတီ တိုင်းပြည်သူ့အရှင်ဖြစ်သော၊ ရာဇ မင်းမြတ်၊ ဓမ္မံ တရားကို၊ စရ ကျင့်လော့၊ ယထာ အကြင်အခြင်းဖြင့်၊ ယံ ဓမ္မံ အကြင်တရားကို၊ သုစိဏ္ဏံ ကောင်းစွာ ကျင့်သည်ရှိသော်၊ ပစ္ဆာ -နောက်ကာလ၌၊ နာနုတပ္ပေယျ မပူပန်ရာ၊ တထာ ထိုအခြင်းဖြင့်၊ သုစိဏ္ဏံ ကောင်းစွာ ကျင့်အပ်သော၊ တံ ဓမ္မံ ထိုတရားကို၊ စရာဟိ ကျင့်တော်မူလော့။
ဗြဟ္မဒတ်မင်းသည် သံကိစ္စရှင်ရသေ့၏တရားကို နာကြားရသဖြင့် စိတ်သက်သာရာကို ရ၏၊ ဘုရားအလောင်းရသေ့ကားဟိမဝန္တာသို့ ကြွတော်မူလေ၏။
ထိုအခါ ဗြဟ္မဒတ်မင်းသည် ယခုအကါ အဇာတသတ်မင်း, သံကိစ္စရသေ့သည် ဘုရားရှင်တို့ ဖြစ်လာကုန်၏။
ဆောင်ပုဒ်=ငရဲဖုံဖုံ၊ နတ်ဖြစ်ပုံ၊ လုံးစုံ ဟောပြသည်။

၃၄၃။ (၅၃၁) ကုသဇာတ်၊ သတ္တတိနိပါတ် (ဇာတက၊ ၂၊ ၆၆-၇၄။ ဋ၊ ၅၊ ၂၉၇ ၃၃၁။ ငါးရာငါးဆယ်၊ မ၊ ၃၂၉ ၃၉၈။)
ပစ္စုပ္ပန်ဝတ္ထု=တန်ဆာဆင်အပ်သောမိန်းမကြောင့် သာသနာတော်၌ ငြီးငွေ့သောရဟန်း။

## နတ်များသေခါနီး နိမိတ်ငါးပါးထင်ပုံ

၁။ နတ်ပန်းတို့ ညှိုးခြင်း၊ ၂။ နတ်အဝတ်တို့ ညစ်နွမ်းခြင်း၊ ၃။ ကိုယ်၌ အဆင်းမလှခြင်း၊
၄။ လက်ကတီးကြားနှစ်ဖက်တို့မှ ချွေးထွက်ခြင်း၊ ၅။ နတ်သည် နတ်တို့၏နေရာ၌ မမွေ့လျော်ခြင်း။

ဒေဝလောကာ စဝနဓမ္မာနံ ဒေဝပုတ္တာနံ ပဉ္စ ပုဗ္ဗနိမိတ္တာနိ ပညာယန္တိ၊ မာလာ မိလာယန္တိ၊ ဝတ္ထာနိ ကိလိဿန္တိ၊ သရီရေ ဒုဗ္ဗဏ္ဏိယံ ဩက္ကမတိ၊ ဥဘောဟိ ကစ္ဆေဟိ သေဒါ မုစ္စန္တိ၊ ဒေဝေါ ဒေဝါသနေ နာဘိရမတိ။ (ဇာတက၊ ဋ၊ ၅၊ ၂၉၇။)

## ရဟန်းတို့လူထွက်ခါနီး နိမိတ်ငါးပါးထင်ပုံ

၁။ သဒ္ဓါတရားတည်းဟူသော ပန်းတို့ ညှိုးနွမ်းခြင်း၊ ၂။ သီလတည်းဟူသော အဝတ်တို့ ညစ်နွမ်းခြင်း၊
၃။ မျက်မှောင်ကြုတ်သောအဖြစ်ဖြင့်လည်းကောင်း, အရှိန်အစော်မရှိသော အားဖြင့်လည်းကောင်း အဆင်းမလှခြင်း၊
၄။ ကိလေသာတည်းဟူသော ချွေးတို့ ထွက်ခြင်း၊ ၅။ တောကျောင်း၌လည်းကောင်း, သစ်ပင်ရင်း၌လည်းကောင်း, ဆိတ်ငြိမ်ရာအရပ်၌လည်းကောင်း မမွေ့လျော်ခြင်း။

သာသနာ စဝနဓမ္မာနံ ဥက္ကဏ္ဌိတဘိက္ခူနံ ပဉ္စ ပုဗ္ဗနိမိတ္တာနိ ပညာယန္တိ၊ သဒ္ဓါပုပ္ဖာနိ မိလာယန္တိ၊ သီလဝတ္ထာနိ ကိလိဿန္တိ၊ သရီရေ မင်္ကုတာယ စေဝ အယသဝသေန စ ဒုဗ္ဗဏ္ဏိယံ ဩက္ကမတိ၊ ကိလေသသေဒါ မုစ္စန္တိ၊ အရညရုက္ခမူလ သုညာဂါရေသု နာဘိရမန္တိ။ (ဇာတက၊ ဋ၊ ၅၊ ၂၉၇။)

အတိတ်ဝတ္ထု=လူအဖြစ်ဖြင့် နတ်ပြည်၌ ခုနစ်ရက်နေဖူးသော သီလဝတီမိဖုရားကြီး, သိကြားမင်းပေးသော ကုသမင်းသားက ပဘာဝတီမင်းသမီးကိုရခြင်း။

ပဘာဝတီမင်းသမီး၏ရှေးဆုတောင်း...ပဘာဝတီသည် ဘုရားအလောင်း၏အစ်ကိုမယားဖြစ်စဉ် မတ်တော်ဘုရားအလောင်း တောသို့ သွားခိုက်ဝယ် ထိုမတ်၏ဝေစုမုန့်ကို ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူ၏၊ ဘုရားအလောင်းသည် တောမှ ပြန်လာသောအခါ မရီးက "အမောင်...စိတ်ကိုကြည်ညိုပါစေလော့၊ အမောင်၏အစုမုန့်ကို ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူအပ်ပြီ"ဟု ပြောဆို၏၊ ထိုမတ်သည် "သင့်အစုကို စား၍ ငါ့အစုကို လှူဘိ၏၊ တစ်ပါးသော မုန့်ကို အဘယ်ပြုအံ့နည်း?"ဟု အမျက်ထွက်ရကား သွား၍ အရှင်ပစ္စေကဗုဒ္ဓါ၏သပိတ်မှ မုန့်ကို ယူ၏။...မရီးသည် အမိအိမ်သို့ သွား၍ ဆွတ်သစ်စ စကားပွင့်အဆင်းနှင့်တူသော ထောပတ်ကို ဆောင်ယူကာ အရှင်ပစ္စေကဗုဒ္ဓါ၏သပိတ်ကို ပြည့်စေ၏၊ ထိုထောပတ်သည် အရောင်ကို လွှတ်၏၊ ထိုမရီးသည် ထိုအရောင်ကို မြင်၍"အရှင်ဘုရား...ဤထောပတ်အလှူ၏အစွမ်းကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌ တပည့်တော်မ၏ကိုယ်မှ အရောင်ထွက်ပါစေသတည်း၊ မြတ်သော အဆင်းကိုဆောင်သည် ဖြစ်ပါစေသတည်း၊ တပည့်တော်မအဖို့ရာ ဤသူယုတ်နှင့် အတူတကွ တစ်ခုသောအရပ်၌ နေခြင်းသည် မဖြစ်ပါစေသတည်း"ဟု ဆုတောင်းခဲ့၏၊ ဤဆုတောင်းများကြောင့် ပဘာဝတီသည် အဆင်းလှ၍ ကိုယ်ရောင်တောက်ပခြင်းဖြစ်၏, ကုသမင်းကို အလိုမရှိခြင်းလည်း ဖြစ်၏။

ကုသမင်းသား၏ဆုတောင်းကား..ဘုရားအလောင်းသည်လည်း ထိုမုန့်ကို ထိုထောပတ်ထက်၌ ဖုံးလိုက်၍ "အရှင်ဘုရား...ဤတပည့်တော်၏မရီးကို ယူဇနာတစ်ရာ ခြားသောအရပ်၌ နေသော်လည်း ဆောင်ယူ၍ တပည့်တော်၏ခြေရင်း၌ အလုပ်အကျွေးပြုခြင်းငှါ စွမ်းနိုင်သည် ဖြစ်ရပါလို၏"ဟု ဆုတောင်း၏။ ဘုရားအလောင်းသည် အမျက်ထွက်သဖြင့် အရှင်ပစ္စေကဗုဒ္ဓါ၏သပိတ်ထဲမှ မုန့်ကို ယူခဲ့သော မကောင်းမှုကြောင့် ကုသမင်းသားဘဝဝယ် အဆင်းမလှဖြစ်ရ၏၊ ထိုမုန့်ကို ပင် လှူ၍ဆုတောင်းခဲ့သောကြောင့် မည်သို့ပင် အရပ်ဆိုးစေကာမူ ပဘာဝတီမင်းသမီးကို ရ၍ နောက်ဆုံး မင်းသမီး၏ကျေနပ်နှစ်သက်သော ခင်ပွန်းသည် မင်းကြီးဖြစ်ရ၏။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

ထိုအခါ ညီတော်ဇယမ္ပတိမင်းသား၌သည် ယခုအခါ အရှင်အာနန္ဒာ, သိကြားမင်းသည် အရှင်အနုရုဒ္ဓါ, ခုဇ္ဇာသည် ခုဇ္ဇုတ္တရာ, ပဘာဝတီသည် အရှင်ရာဟုလာ၏မယ်တော်, ကုသမင်းသည် ဘုရားရှင်တို့ ဖြစ်လာကုန်၏။

ဆောင်ပုဒ်=ခက်ခက်ခဲခဲ၊ ဉာဏ်ဖြင့်ခွဲ၊ ဇွဲဖြင့် အောင်စေရာ။

မင်းကုသထုံး၊ ဓွဲကိုသုံး၊ နောက်ဆုံး အောင်မြင်မှာ။

၃၄၄။ (၅၃၂) သောဏနန္ဒဇာတ်၊ သတ္တတိနိပါတ် (ဇာတက၊ ၂၊ ၇၄-၈၂။ ဋ္ဌ၊ ၅၊ ၃၃၁ ၃၅၄။ ငါးရာငါးဆယ်၊ မ၊ ၃၉၈ ၄၄၁။)

ပစ္စုပ္ပန်ဝတ္ထု=အမိကို လုပ်ကျွေးသောရဟန်း။

ဝတ္ထုသည်ကား မဟာနိပါတ် သာမဇာတ်(ခု၊ ၆=ဇာ၊ ၂၊ ၁၇၄ ၁၈၄။ ဋ္ဌ၊ ၆၊ ၈၅ ၈၉)နှင့် တူသည်သာတည်း။

အတိတ်ဝတ္ထု=အမိအဖတို့ကို ရသေ့ညီနောင်တို့ လုပ်ကျွေးကြခြင်း။

ဘုရားအလောင်းသောဏပညာရှိရသေ့, အရှင်အာနန္ဒာအလောင်းနန္ဒပညာရှိရသေ့ ညီနောင်နှစ်ပါးတို့သည် အသက်ထက်ဆုံး မိဘနှစ်ပါးတို့ကို လုပ်ကျွေးကြပြီးလျှင် ဗြဟ္မာ့ပြည်သို့ လားကုန်၏။

သစ္စာကရားတို့၏အဆုံး၌ အမိကိုလုပ်ကျွေးသောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

ထိုအခါ မနောဇမင်းသည် ယခုအခါ အရှင်သာရိပုတ္တာ, တစ်ရာ့တစ်ပါးသောမင်းတို့သည် အသီတိသာဝကများနှင့် အခြားမထေရ်များတို့ ဖြစ်ကုန်၏။

ဆောင်ပုဒ်=သောဏ, နန္ဒ၊ နည်းအရဖြင့်၊ မိဘနှစ်ဖြာ၊ လုပ်ကျွေးပါလော့။

၃၄၅။ (၅၃၇) မဟာသုတသောမဇာတ်၊ အသီတိနိပါတ်(ဇာတက၊ ၂၊၁၃၁ ၁၄၈။ ဋ္ဌ၊ ၅၊၄၉၅ ၅၅၃။ ငါးရာငါးဆယ်၊ မ၊၆၉၀ ၇၉၅။)

ပစ္စုပ္ပန်ဝတ္ထု=အင်္ဂုလိမာလအား ဘုရားရှင်ဆုံးမတော်မူခြင်းနှင့်ပတ်သက်၍ ရဟန်းများပြောကြားခြင်း။

ထိုမထေရ်၏အတ္တုပ္ပတ္တိကိုလည်းကောင်း, ရှင်ရဟန်းပြုခြင်းကိုလည်းကောင်း အင်္ဂုလိမာလသုတ်အဋ္ဌကထာ (မ၊ ဋ္ဌ၊ ၃၊ ၂၂၆ ၂၃၇)၌ ဆိုအပ်ခဲ့ပြီးသောနည်းအားဖြင့် အကျယ်သိအပ်၏။

အတိတ်ဝတ္ထု=အင်္ဂုလိမာလအလောင်းလူသားစား ပေါရိသာဒမင်းနှင့် အဆွေတော်လည်းဖြစ်,ဆရာလည်းဖြစ်ဖူးသော ဘုရားအလောင်းမဟာသုတသောမမင်းတို့အကြောင်း။ ဘုရားအလောင်းမင်းက ဆုံးမ၍ တစ်ရာ့တစ်ပါးသောမင်းတို့ကို လွှတ်၍ ငါးပါးသီလခံယူသော ပေါရိသာဒမင်း။

ပေါရိသာဒ၏ခွန်အားကြီးခြင်းနှင် တန်ခိုးကြီးခြင်းအကြောင်းများ...ပေါရိသာဒသည် ကဿပဘုရားရှင်လက်ထက်တော်ဝယ် နို့ဃနာဖြင့်ပြီးသော စာရေးတံဆွမ်းကို လှူခဲ့သောကောင်းမှုကြောင့် ခွန်အားကြီးသည်ဖြစ်၏။ မီးတင်းကုပ်ဆောက်လုပ်၍ ရဟန်းအား အချမ်းပျောက်စိမ့်သောငှါ မီးကိုလည်းကောင်း, ထင်းကိုလည်းကောင်း, ထင်းဖြတ်ရန် ပဲခွပ်ကိုလည်းကောင်း, ပုဆိန်ကိုလည်းကောင်း လှူခဲ့သောကောင်းမှုကြောင့် တန်ခိုးကြီးသည်ဖြစ်၏။

သော ဟိ ကဿပဒသဗလဿ ကာလေ ခီရသလာကဘတ္တံ ပဋ္ဌပေသိ၊ တေန မဟာထာမော အဟောသိ။
အဂ္ဂိသာလဉ္စ ကာရေတွာ ဘိက္ခုသံဃဿ သီတဝိနောဒနတ္ထံ အဂ္ဂိဉ္စ ဒါရူနိ စ ဒါရုစ္ဆေဒနဝါသိဉ္စ ဖရသုဉ္စ အဒါသိ၊ တေန တေဇဝါ အဟောသိ။(ဇာတက၊ ဋ္ဌ၊ ၅၊ ၅၁၅။)
နို့ဃနာဆွမ်း၊ ဆက်လှူဒါန်း၊ အားစွမ်းကြီးမားသည်။
မီး, ထင်း, ပုဆိန်၊ ကောင်းမှုရှိန်၊ ဝင်းထိန်တန်ခိုးသည်။

## နန္ဒပုဏ္ဏားထံမှနာယူခဲ့သော သတာရဟ လေးဂါထာကို မဟာသုတသောမမင်းကြီးက ပေါရိသာဒအား ပြန်လည်ဟောခြင်း

သကိဒေဝ မဟာရာဇ၊ သဗ္ဘိ ဟောတိ သမာဂမော။
သာ နံ သင်္ဂတိ ပါလေတိ၊ နာ'သဗ္ဘိ ဗဟု သင်္ဂမော။
သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ'မညာယ၊ သေယျော ဟောတိ န ပါပိယော။
ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊ အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊ သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

နဘံ စ ဒူရေ ပထဝီ စ ဒူရေ၊ ပါရံ သမုဒ္ဒဿ တဒါဟု ဒူရေ။
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊ သတဉ္စ ဓမ္မော အသတဉ္စ ရာဇ။
(ဇာတက၊ ၂၊ ၁၄၁-၁၄၂။ ဠ၊ ၅၊ ၅၃၅။)

မဟာရာဇ မင်းမြတ်၊ သန္တိ သူတော်ကောင်းတို့နှင့်၊ သကိဒေဝ တစ်ကြိမ်သာလျှင်၊ ယော သမာဂမော အကြင် ပေါင်းဖော်ခြင်းသည်၊ အတ္ထိ ရှိ၏၊ သာ သင်္ဂတိ ထိုသို့ ပေါင်းဖော်ခြင်းသည်၊ နံ ထိုသူကို၊ ပါလေတိ စောင့်ရှောက်ပေ၏၊ အသန္တိ သူတော်မဟုတ် သူယုတ်မာတို့နှင့်၊ ဗဟု အကြိမ်များစွာ၊ သင်္ဂမော ပေါင်းဖော်ခြင်းသည်၊ နံ ထိုသူကို၊ န ပါလေတိ မစောင့်ရှောက်။

ရာဇ မင်းမြတ်၊ သန္တိရေဝ သူတော်ကောင်းတို့နှင့်သာလျှင်၊ သမာသေထ ပေါင်းဖော်ကုန်ရာ၏၊ သန္တိ သူတော် ကောင်းတို့နှင့်၊ သန္ထဝံ ပေါင်းဖော်ခြင်းကို၊ ကုဗ္ဗေထ ပြုကုန်ရာ၏၊ သတံ ဘုရားအစရှိသော ပညာရှိတို့၏၊ သဒ္ဓမ္မံ သူတော် ကောင်းတရားကို၊ အညာယ သိ၍၊ သေယျော အထူးသဖြင့် မြတ်သည်၊ ဟောတိ ဖြစ်၏၊ ပါပိယော ယုတ်မာသည်၊ န ဟောတိ မဖြစ်ရာ။

ရာဇ မင်းမြတ်၊ သုစိတ္တာ ကောင်းစွာ ဆန်းကြယ်ကုန်သော၊ ရာဇရထာ မင်းစီးရထားတို့သည်၊ ဝေ စင်စစ်၊ ဇီရန္တိ ဆွေးမြေ့ပျက်စီးတတ်ကုန်၏၊ အထော ထိုမြို၊ သရီရမ္ပိ ခန္ဓာကိုယ်သည်လည်း၊ ဇရံ အိုခြင်းသို့၊ ဥပေတိ ရောက်ရ၏၊ သတံ သူတော်ကောင်းတို့၏၊ ဓမ္မော စ နိဗ္ဗာန်တရားသည်ကား၊ ဇရံ အိုခြင်းသို့၊ န ဥပေတိ မရောက်၊ သန္တော ဘုရားအစရှိသော သူတော်ကောင်းတို့သည်၊ သန္တိ ("သန္တိ"တိ သဗ္ဗ ဂတံ သောဘနံ ဥတ္တမံ နိဗ္ဗာနံ)နိဗ္ဗာန်တရားကို၊ ဟဝေ စင်စစ်၊ ပဝေဒယန္တိ ချီးမွမ်းကုန်၏။

ရာဇ မင်းမြတ်၊ နဘဉ္စ ကောင်းကင်သည်လည်းကောင်း၊ ဒူရေ မြေနှင့် ဝေး၏(မြေမှဝေး၏)၊ ပထဝီ စ မြေသည် လည်း၊ ဒူရေ ကောင်းကင်နှင့်ဝေး၏၊ သမုဒ္ဒဿ သမုဒ္ဒရာ၏၊ ယံ ပါရံ အကြင်ကမ်းတစ်ဖက်သည်၊ အတ္ထိ ရှိ၏၊ တံပါရံ ထိုကမ်းတစ်ဖက်ကို၊ ဒူရေ ဝေး၏ဟူ၍၊ အာဟု ဆိုကုန်၏၊ တတော ထိုကောင်းကင်နှင့်မြေ သမုဒ္ဒရာကမ်းတစ်ဖက်ဝေးသော ထက်၊ ဟဝေ စင်စစ်၊ သတံ သူတော်ကောင်းတို့၏၊ ဓမ္မော စ တရားသဘောသည်လည်းကောင်း၊ အသတံ သူတော်မဟုတ် သူယုတ်မာတို့၏၊ ဓမ္မော စ တရားသဘောသည်လည်းကောင်း၊ ဒူရတရံ အလွန်ဝေး၏ဟူ၍၊ ဝဒန္တိ ဆိုကုန်၏။
ဆောင်ပုဒ်=ဇာတ်တူအသား၊ စားသူကား၊ ပျက်ပြားရပေမည်။

၃၄၆။ (၅၃၈) မူဂပက္ခ(တေမိယ)ဇာတ်၊ မဟာနိပါတ် (ဇာတက၊ ၂၊ ၁၄၉ ၁၅၉။ ဠ၊ ၆၊ ၁ ၃၇။ ဇာတ်ကြီး၊ ပ၊ ၁၅ ၁၉၆။)
ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏နေက္ခမ္မပါရမီတော်နှင့်ပတ်သက်၍ ချီးကျူးကြခြင်း။
အတိတ်ဝတ္ထု=ဗာရာဏသီ ကာသိမင်း၏သားတော်ဘုရားအလောင်းတေမိယမင်းသားသည် လွန်ခဲ့သည့် သုံးဘဝဝယ် ဤတိုင်းပြည်၌ အနှစ်နှစ်ဆယ် မင်းပြုခဲ့ရစေမူ အနှစ်ရှစ်သောင်းတို့ပတ်လုံး ဥဿဒငရဲ၌ ခံစားခဲ့သောဆင်းရဲကို ဇာတိဿရဉာဏ်ဖြင့် ပြန် လည်အောက်မေ့နိုင်၍ ခမည်းတော်၏ခိုးသားလေးဦးအပေါ် တရားစီရင်မှုသည်ကား ငရဲလားကြောင်း မကောင်းမှုတည်း ဟု ကြောက်ထိတ်လန့်ပြီးလျှင် မိခင်ဟောင်း ထီးချက်စောင့်နတ်သမီး၏ညွှန်ကြားမှုဖြင့် ဆွံ့အချင်ယောင်ဆောင်ခြင်း။ တစ်ဆယ့်ခြောက်မျိုးသောနည်းတို့ဖြင့် အလိုစမ်းသော်လည်း ထိုဒုက္ခအလုံးစုံကို သည်းခံခြင်း။

ရှေးလောင်းရှေးလျာ၊ သူမြတ်စွာတို့၊ ရာဇာမင်းဖြစ်၊ စည်းစိမ်ညစ်ကို၊ မနှစ်သက်အပ်၊ မတပ်ကောင်းစွာ၊ ကျိန်သစ္စာ နှင့်၊ ကျိန်စာယွက်မှု၊ ပန္နက်ပြုရှင့်၊ ငယ်နုစွာညား၊ တလသားက၊ တရားသိမြောက်၊ မင်းဖြစ်ကြောက်၍၊ ဆဲ့ခြောက် နှစ်လုံး၊ သစ်တုံးတမျှ၊ မဆွံ့အလည်း၊ ဆွံ့အပင်းယောင်၊ အ ဟန်ဆောင်မှ၊ မြားမြောင်ရက်ရှည်၊ နှစ်ပတ်လည် အောင်၊ ကြံစည်တတ်တိုင်း၊ မတ်ကြံသိုင်းတို့၊ ကြံလှိုင်းစဉ်းစား၊ ကြိုးတကြားဖြင့်၊ ယောကျာ်းဘာဝ၊ နိမိတ္တနှင့်၊ ကုတ္တ အာကပ်၊ အရပ်ရပ်ကို၊ ကြံအပ်သမျှ၊ ကြံကြထူးလည်၊ ကြံဘွေနည်၍၊ နို့ရည်စပြီး၊ မုန့်သစ်သီးနှင့်၊ ရုပ်ကြီး ရုပ်ငယ်၊ စားဘွယ်မီးဆင်၊ မြွေသဘင်က၊ ခဂ္ဂမကြွင်း၊ ခရုသင်း စည်းကြီး၊ ဆီမီးညိုရဲ၊ တင်လဲ မစင်၊ နတ်သွင် ကညာ၊ မာယာပျောင်းပျ၊ သောင္ဂသဟု၊ ပေါင်းပြတွက်ဘွဲ့၊ တဆဲ့ခြောက်စု၊ ထိုတခုစီ၊ အနအကြမ်း၊ အလိုစမ်း လည်း၊ မလှမ်းမကြွ၊ မထ မရှု၊ မပြုမပြင်၊ မသိသွင်သို့၊ သို့စင်ရှောင်လျက်၊ နန်းကထွက်သည်။ ။ အထက် သူတော် ကျင့်ထုံးတည်း။ (မဟာသုတကာရီ မဃဒေဝလင်္ကာသစ်၊ အပိုဒ် ၁၅၅၊ နာ ၉၆။)

ခမည်းတော်မင်းကြီး၏စေခိုင်းချက်အရ သုနန္ဒာထိန်းသည် ဘုရားအလောင်းကို မြှုပ်သတ်ရန် တွင်းတူးနေစဉ် ဘုရား အလောင်းစကားပြောခြင်း။

ဘုရားအလောင်း၏စကားအချို့...“ရထားထိန်း...အကြင်သစ်ပင်၏အရိပ်၌ နေဖူး, အိပ်ဖူးအံ့၊ ထိုသစ်ပင်၏ အခက်ကိုမချိုးမဖျက်ရာ၊ အကယ်၍ ချိုးဖျက်လျှင် ထိုသူသည် မိတ်ဆွေကို ပြစ်မှား၍ ယုတ်မာသောသူမည်၏။ ခမည်းတော်သည် သစ်ပင်နှင့် တူ၏၊ ငါသည် သစ်ခက်နှင့် တူ၏၊ သင်သည် သစ်ပင်ရိပ်ကို ခိုသောသူနှင့် တူ၏၊ ခမည်းတော်၏အခက်အလက်သဖွယ်ဖြစ်သောငါ့ကို အကယ်၍ မြှုပ်သတ်ငြားအံ့၊ သင်သည် မတရားသည်ကို ပြုသည်မည်၏။...

၁။ သူတစ်ပါးတို့အား ပစ္စည်းအာမိသတို့ဖြင့် ပူဇော်သောသူသည် သူတစ်ပါးတို့၏ပူဇော်တံ့ကို ခံယူရ၏။

၂။ ကြီးမြတ်သူတို့အား ရှိခိုး ကျိုးနွံခြင်းကို ပြုလေ့ရှိသူသည် သူတစ်ပါးတို့၏ရှိခိုးကျိုးနွံခြင်းကို ခံယူရ၏။ အခြံအရံ ပြည့်စုံခြင်း, ကျော်စောခြင်းသို့လည်း ရောက်ရ၏။

ယဿ ရုက္ခဿ ဆာယာယ၊ နိသီဒေယျ သယေယျ ဝါ။
န တဿ သာခံ ဘိန္ဒေယျ၊ မိတ္တဒုဗ္ဘော ဟိ ပါပကော။
ယထာ ရုက္ခော တထာ ရာဇာ၊ ယထာ သာခါ တထာ အဟံ။
ယထာ ဆာယူပဂေါ ပေါသော၊ ဧဝံ တွ'မသိ သာရထိ။
အဓမ္မံ သာရထိ ကယိရာ၊ မံ စေ တွံ နိခဏံ ဝနေ။
သက္ကတွာ သက္ကတော ဟောတိ၊ ဂရု ဟောတိ သဂါရဝေါ။
ဝဏ္ဏကိတ္တိဘတော ဟောတိ၊ ယော မိတ္တာနံ န ဒုဗ္ဘတိ။
ပူဇကော လဘတေ ပူဇံ၊ ဝန္ဒကော ပဋိဝန္ဒနံ။
ယသောကိတ္တိဉ္စ ပပ္ပေါတိ၊ ယော မိတ္တာနံ န ဒုဗ္ဘတိ။
(ဇာတက၊ ၂၊ ၁၅၀။ ဋ္ဌ၊ ၆၊ ၁၆ ၁၇။)

## သက္ကာရ, ဂါရဝ, ပူဇာတို့၏ အထူးကား

သက္ကာရ ပုဂ္ဂိုလ်အား အလေးမပြုပဲ ပစ္စည်းကိုသာ ကောင်းစွာ စီရင်၍ ပေးကမ်းခြင်း။

ဂါရဝ ပေးကမ်းဖွယ်ပစ္စည်းတို့ကို ကောင်းစွာ စီရင်ခြင်းစသည်တို့ကိုမပြုပဲ ပုဂ္ဂိုလ်ကိုသာ အလေးအမြတ်ပြု၍ ပေးကမ်းခြင်း။

ပူဇာ ထိုသက္ကာရဂါရဝ နှစ်ပါးနှင့် ပြည့်စုံစွာ ချစ်မြတ်နိုးခြင်းနှင့် တကွ ကောင်းမွန်စွာ စီရင်အပ်သောပစ္စည်းဖြင့် ပုဂ္ဂိုလ်ကိုလည်းအလေးအမြတ်ပြု၍ ပူဇော်ချီးမြှောက်ခြင်း။ (ဇာတ်တော်ကြီးဆယ်ဘွဲ့၊ ပ၊ တေမိယဇာတ်တော်ကြီး၊ ၁၂၇။)

ယဿ စတ္တာရော ပစ္စယေ သက္ကရိတွာ သုန္ဒရ အဘိသင်္ခတေ ပဏီတပဏီတေ ကတွာ ဒေန္တိ၊ သော သက္ကတော။ ယသ္မိံ ဂရုဘာဝံ ပစ္စုပေတွာ ဒေန္တိ၊ သော ဂရုကတော။ ယံ မနသာ ပိယာယန္တိ၊ သော မာနိတော၊ ယဿ သဗ္ဗမေ့တံ ကရောန္တိ၊ သော ပူဇိတော။ (ဝိ၊ ဋ္ဌ၊ ၂၊)

ဘုရားအလောင်းသည် ဝိသကြုံနတ်သားဖန်းဆင်းအပ်သော ကျောင်းသင်္ခမ်းဝယ် ရသေ့ရဟန်းပြု၍ အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေ၏။

ဘုရားအလောင်း၏တရားစကား...“ခမည်းတော်မင်းကြီး...ငါသည် လွန်လေပြီးသည်ကို ကြံ၍ မစိုးရိမ်ပါ၊ လာလတ္တံ့သည်ကို မျှော်ခေါ်ကြံ၍လည်း မစိုးရိမ်ပါ၊ (စိတ်တည်ငြိမ်စွာ) ဖြစ်ဆဲပစ္စုပ္ပန်ဖြင့် မျှတပါ၏၊ ထို့ကြောင့် ငါ၏ကိုယ်ရေအဆင်းသည် ကြည်လင်၏။ [အတိတ်ကိုလည်း မလွမ်းနဲ့၊ အနာဂတ်ကိုလည်း မကြံနဲ့၊ ပစ္စုပ္ပန် တည်တည်နေ၊ အဲဒါ ကိုယ်စိတ်ကြည်လင်ပေ။]

လာလတ္တံ့သော အနာဂတ်ကို မျှော်ခေါ်၍ လွန်လေပြီးသည်ကို ကြံ၍ စိုးရိမ်ကြသော မလိမ္မာသူတို့သည် နှလုံးအသင့်အတင့်မထားတတ်ခြင်းကြောင့် ကျူရိုး ကျူပင်ကို လေသည် ကောင်းကင်သို့ နုတ်ပစ်လိုက်သကဲ့သို့ မိမိတို့အဆင်းကိုပင် မိမိတို့ ဖျက်ဆီးကုန်လျက် အရောင်အဆင်း မတောက်ပကုန်ပဲ အသားအရေ ခြောက်သွေ့ကုန်၏။

အတီတံ နာနုသောစာမိ၊ နပ္ပဇပ္ပါမိ'နာဂတံ။
ပစ္စုပ္ပန္နေန ယာပေမိ၊ တေန ဝဏ္ဏော ပသီဒတိ။
အနာဂတပ္ပဇပ္ပါယ၊ အတီတဿာ'နုသောစနာ။
ဧတေန ဗာလာ သုဿန္တိ၊ နဠောဝ ဟရိတော လုတော။
(ဇာတက၊ ၂၊ ၁၅၆။ ဋ္ဌ၊ ၆၊ ၃၁။)

နပ္ပဇပ္ပါမိတိ န ပတ္ထေမိ။ ဟရိတောတိ ဟရိတဝဏ္ဏော။ လုတောတိ လုဉ္စိတွာ အာတပေ ခိတ္တနဠော ဝိယ။ (ဇာ၊ ဋ္ဌ၊၆၊၃၁။)

ခမည်းတော် မယ်တော်, မေင်းမမိတ်သံ, ပူးမတ်အစရှိသောသူတို့သည်လည်းကောင်း ခုနစ်ပြည်ထောင်သောမင်းတို့သည်လည်းကောင်း ဘုရားအလောင်း၏အဆုံးအမကို နာယူကြလျက် ရသေ့ရဟန်းပြုကုန် ဈာန်အဘိညာဉ်တို့ကို ဖြစ်စေကာ အားလုံး ဗြဟ္မာ့ပြည်သို့ လားကုန်၏။

ထိုအခါ ထီးချက်စောင့်နတ်သမီးသည် ယခုအခါ ဥပ္ပလဝဏ်ထေရီ, သုနန္ဒာရထားထိန်းသည် အရှင်သာရိပုတ္တာ, တေမိမင်းသားရသေ့သည် ဘုရားရှင်တို့ ဖြစ်လာကုန်၏။

ဆောင်ပုဒ်=ဇာတိဿရ၊ ဉာဏ်ဖြင့်ဆ၊ တိတ်က ဖြစ်ရပ်တွေ။
ငရဲဒုက္ခ၊ စိုးကြောက်လှ၊ ဆွံ့အ ဆောင်ခဲ့ပေ။
တေမိယဇာတ်၊ ထုံးကိုမှတ်၊ ပြုအပ်ကြောင်းကျိုးလေ။

၃၄၇။ (၅၃၉) မဟာဇနကဇာတ်၊ မဟာနိပါတ် (ဇာတက၊ ၂၊ ၁၅၉ ၁၇၄။ ဋ၊ ၆၊ ၃၉ ၈၄။ ဇာတ်ကြီး၊ ပ၊ ၂၀၇ ၃၂၂။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏မြတ်သောတောထွက်တော်မူခြင်းကို ချီးကျူးကြခြင်း။

အတိတ်ဝတ္ထု=သမုဒ္ဒရာအလယ်၌ သင်္ဘောပျက်ရာဟွင် မလျော့သော ဖွဲလုံ့လတို့ဖြင့် ခုနစ်ရက်တိုင်တိုင် ကူးခတ်နေခဲ့ရာ အသက်မသေမူ၍ မဏိမေခလာနတ်ကယ်တင်ခံရပြီး မိမိခမည်းတော်၏နိုင်ငံဝယ် မင်းဖြစ်ရသော မဟာဇနကမင်းသား။

ဝိဒေဟတိုင်း မိထိလာပြည် မဟာဇနကမင်းကြီးနတ်ရွာစံလေသော် သားတော်နှစ်ပါးအနက်သားတော်ကြီးအရိဋ္ဌဇနကသည်မင်းဖြစ်၍ သားတော်ငယ်ပေါလဇနကသည် အိမ်ရှေ့မင်းဖြစ်၏၊ အိမ်ရှေ့မင်း၏အမတ် ချောပစ်ကုန်းတိုက်မှုကြောင့် မင်းကြီးသည် အထင်းမှားကာ ညီတော်ကို အကျဉ်းချစေ၏၊ ညီတော်အိမ်ရှေ့မင်းသည် သစ္စာမိဋ္ဌာန်ကြောင့် အနှောင်အဖွဲ့မှ လွတ်မြောက်၍ ရွာစွန်ရွာငယ်၌ နေ၏၊ ပေါလဇနကမင်းသားသည် "ငါသည် ရှေး၌ နောင်တော်၏ရန်သူမဟုတ်သော်လည်း ယခုမူကား ရန်သူလုပ်ရတော့မည်"ဟု ကြံလျက် များစွာသော အလုံးအရင်းနှင့် မိထိလာပြည်သို့ ချီလာလတ်သော် မင်းသားထံ၌ ခစားထမ်းရွက်ဖူးသူ အမှုထမ်း အမတ်, သူရဲစသည်တို့လည်း ပါဝင်လာကုန်၏။

ပေါလဇနကမင်းသားသည် "နောင်တော်မင်းမြတ်...အကျွန်ုပ်သည် အိမ်ရှေ့စည်းစိမ်နှင့် နေသည့်ကာလဝယ် နောင်တော်အား ပြစ်မှားမိသောအရာသည် မရှိခဲ့ပါ၊ ယခုမူကား ရန်သူမလုပ်လိုပဲလျက် နောင်တော်က လုပ်စေလိုသောကြောင့် ရန်သူပင် လုပ်ရပါတော့မည်၊ ရွေနန်းကိုသော်လည်း ပေးအပ်မည်လော? စစ်ကိုသော်လည်း ထိုးမည်လော?ဟု သတင်းပို့စေ၏၊ အရိဋ္ဌမင်းသည် မိဖုရားကြီးကို ခေါ်၍ "မိဖုရား...စစ်ထိုးခြင်းမည်သည် နိုင်မည်, ရှုံးမည်ကို မသိနိုင်ချေ၊ အကယ်၍ ငါ့အား အန္တရာယ်ဖြစ်ခဲ့သော် သင်သည် ကိုယ်ကို ကောင်းစွာ စောင့်ရှောက်ပါလေ"ဟု မှာကြားကာ ညီတော်မင်းသားနှင့်စစ်ထိုးလေရာ မင်းကြီးကျဆုံးလေ၏။ ပေါလဇနကမင်းသားသည် မိထိလာပြည်ကို သိမ်းယူ၍ မင်းပြုလေ၏။

မိဖုရားကြီးသည် ရတနာအချို့ကို ယူ၍ ဆင်းရဲသူမအသွင်ဖြင့် နန်းတော်မှ ထွက်ခွါသွားလေ၏၊ မိဖုရားကြီး၏ဝမ်း၌ရှိသော ဘုရားအလောင်း၏အာနုဘော်ကြောင့် သိကြားမင်းသည် သူအိုယောင်ဆောင်ကာ မိဖုရားကြီးကို ကာလစမ္ပာမြို့၏တောင်တံခါးအနီးသို့ ပို့ဆောင်ပေးလေ၏၊ ဒိသာပါမောက္ခဆရာကြီးသည် မိဖုရားကြီးကို မိမိ၏နှမအဖြစ်ဖြင့် အများသူတို့ကို သိစေလျက် စောင့်ရှောက်ထားလေ၏၊ မိဖုရားကြီးသည် မကြာမီပင် သားကို ဖွားမြင်၍ အဖိုး၏အမည်ကိုယူကာ "မဟာဇနက"ဟု အမည်ပေး၏၊ မင်းသားသည် တစ်ဆယ့်ခြောက်နှစ်အတွင်းဝယ် ဗေဒင်သုံးပုံးစသောအတတ်တို့ကို သင်ယူခဲ့၏။

မင်းသားသည် "ခမည်းတော်၏အရိပ်အရာဖြစ်သော မိထိလာပြည်ကို သိမ်းယူပါအံ့"ဟု ပြောဆို၍ မိခင်ထံမှ ရတနာအချို့ကို တောင်းယူ၍ ကုန်သွယ်ရန် သင်္ဘောဖြင့် သုဝဏ္ဏဘူမိတိုင်းသို့ သွားလေသော် သမုဒ္ဒရာအလယ်၌ သင်္ဘောပျက်လေ၏၊ ဘုရားအလောင်းမင်းသားသည် ထောပတ်ကို ဝစွာစား၍ သင်္ဘော၏လင်းယဉ်တိုင်ထွတ်ဖျားမှ ခုန်ချလျက် ကူးလေရာ ခုနစ်ရက်ကြာသောအခါ မဏိမေခလာနတ်သမီး ကယ်တင်၍ မိထိလာပြည်၏ဥယျာဉ်တော်၏ကျောက်ဖျာပေါ်၌ ထားခဲ့လေ၏။

ဖထွေးတော် ပေါလဇနကမင်းကြီးနတ်ရွာစံ၍ ခုနစ်ပြည်မြောက်သောနေ့ဝယ် ဖုဿရထားစေလွှတ်ရာ

ဘုရားအလောင်းမင်းသားကိန်းစက်နေရာ ကျောက်ဖျာသို့ ဆိုက်ရောက်၍...ဘုရားအလောင်းမဟာဇနကမင်းသားသည် မိထိလာပြည်၏မင်းကြီးဖြစ်လာရ၍ ဖထွေးတော်၏သမီးတော် သီလဝတီမင်းသမီးသည် မိဖုရားကြီးဖြစ်လာခဲ့၏၊ မဟာဇနကမင်းကြီးသည် မယ်တော်နှင့် တကွ ဒိသာပါမောက္ခဆရာကြီးဇနီးမောင်နှံတို့ကို ခေါ်ယူစောင့်ရှောက်တော်မူ၏။

## ဘုရားအလောင်းမဟာဇနကမင်းကြီးဥဒါန်းကျူးတော်မူပုံ

အာသီသေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါဟံ အတ္တာနံ၊ ယထာ ဣစ္ဆိံ တထာ အဟု။
......................ဥဒကာ ထလ'မုဗ္ဘတံ။
ဝါယာမေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါဟံ အတ္တာနံ၊ ယထာ ဣစ္ဆိံ တထာ အဟု။
......................ဥဒကာ ထလ'မုဗ္ဘတံ။
ဒုက္ခူပနီတောပိ နရော သပညော၊ အာသံ န ဆိန္ဒေယျ သုခါဂမာယ။
ဗဟူ ဟိ ဖဿာ အဟိတာ ဟိတာ စ၊ အဝိတက္ကိတာ မစ္စု'မုပဗ္ဗဇန္တိ(မုပွဇန္တိ သျာ)။
အစိန္တိတမ္ပိ ဘဝတိ၊ စိန္တိတမ္ပိ ဝိနဿတိ။
န ဟိ စိန္တာမယာ ဘောဂါ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
(ဇာတက၊ ၂၊ မဟာနိပါတ၊ ၁၆၀။ ဋ္ဌ၊ ၆၊ ၅၃။)

(ဘောန္တော အမတ်တို့)၊ ပဏ္ဍိတော ပစ္စုပ္ပန် သံသရာအကျိုးနှစ်ပါးကို မြင်တတ်သော၊ ပုရိသော ယောကျ်ားသည်၊ အာသီသေထေဝ မြတ်သောတောင့်တခြင်းကို ပြုရာသည်သာလျှင်တည်း၊ န နိဗ္ဗိန္ဒေယျ မပျင်းရိရာ၊ အဟံ ငါသည်၊ အတ္တာနံ ကိုယ်ကို၊ ပဿာမိ-ရှု၏၊ ယထာ ဣစ္ဆိံ အကြင်မင်းအဖြစ်ကို အလိုရှိ၏၊ တထာ-ထိုအလိုရှိတိုင်း၊ အဟု ဖြစ်ပြီ။...ဥဒကာ ရေမှ၊ ထလံ ကြည်းသို့၊ ဥဗ္ဘတံ-ကူးမြောက်ပြီးသော၊ အတ္တာနံ ကိုယ်ကို၊ အဟံ-ငါသည်၊ ပဿာမိ မြင်ရ၏။

(ဘောန္တော အမတ်တို့)၊ ပဏ္ဍိတော ပညာရှိသော၊ ပုရိသော-ယောကျ်ားသည်၊ ဝါယာမေထေဝ လုံ့လပြုရာသည်သာတည်း၊ န နိဗ္ဗိန္ဒေယျ မပျင်းရိရာ၊ အဟံ ငါသည်၊ အတ္တာနံ-ကိုယ်ကို၊ ပဿာမိ-ရှုမိ၏၊ ယထာ ဣစ္ဆိံ အကြင်ဝတ္ထုကို အလိုရှိ၏၊ တထာ ထိုအလိုရှိတိုင်း၊ အဟု ဖြစ်ပြီ။...ဥဒကာ မှ၊ ထလံ သို့၊ ဥဗ္ဘတံ-ကူးမြောက်ပြီးသော၊ အတ္တာနံ ကိုယ်ကို၊ အဟံ သည်၊ ပဿာမိ၏။

(ဘောန္တော-တို့)၊ သပညော ပညာရှိသော၊ နရော လူသည်၊ ဒုက္ခူပနီတောပိ ဆင်းရဲသို့ ရောက်သော်လည်း၊ သုခါဂမာယ ချမ်းသာသို့ ရောက်စိမ့်သောငှါ၊ အာသံ-မြတ်သော တောင့်တခြင်းကို၊ န ဆိန္ဒေယျ မဖြတ်ရာ၊ အဟိတာ ဟိတာ စ ဖဿာ ဆင်းရဲတွေ့ခြင်း, ချမ်းသာတွေ့ခြင်းတို့သည်၊ ဗဟူ ဟိ=ဗဟူ ဧဝ များကုန်သည်သာလျှင်တည်း၊ ဣတိ ဤသို့၊ အဝိတက္ကိတာ ကြံစည်လေ့မရှိကုန်သော သူတို့သည်၊ မစ္စုံ ဆုံးရှုံးပျက်စီးခြင်းသို့၊ ဥပဗ္ဗဇန္တိ ရောက်ကုန်၏။

(ဘောန္တော တို့)၊ အစိန္တိတမ္ပိ မကြံစည်ပဲလည်း၊ ဘဝတိ ဖြစ်တတ်၏၊ စိန္တိတမ္ပိ ကြံစည်လျက်လည်း၊ ဝိနဿတိ ပျက်စီးတတ်၏၊ ဟိ မှန်၏၊ ဣတ္ထိယာ ဝါ-မိန်းမအားလည်းကောင်း၊ ပုရိသဿ ဝါ ယောကျ်ားအားလည်းကောင်း၊ ဘောဂါ စည်းစိမ်တို့သည်၊ စိန္တာမယာ-ကြံတိုင်းပြီးကုန်သည်၊ န ဘဝန္တိ-မဖြစ်ကုန်။

မဟာဇနကမင်းကြီးသည် လူတို့ဖျက်ဆီးခံသော အသီးသီးသော သရက်ပင်နှင့် အဖျက်အဆီးမခံရသော အသီးမသီးသော သရက်ပင်တို့ကို ကြည့်လျက်"ဤအပင်ကား အသီးသီးခြင်းကြောင့် ဖျက်ဆီးတတ်သောသူနှင့် ဆက်ဆံသည်ဖြစ်၍ ပြကတေ့အတိုင်း မတည်ရ၊ ဤပြည်စည်းစိမ်သည်လည်း ရန်သူနှင့် ဆက်ဆံခြင်းကြောင့် အသီးသီးသော သရက်ပင်နှင့်တူ၏၊ ရန်သူနှင့် မဆက်ဆံသော စည်းစိမ်ကို ရာရလျှင် ရသေ့ရဟန်း၏အဖြစ်သည်သာ ရန်သူနှင့် မဆက်ဆံသောကြောင့် အသီးမသီးသော သရက်ပင်နှင့်တူ၏၊ စည်းစိမ်ဥစ္စာ သားမယား ဆွေမျိုးစသည်တို့ကို မှီ၍ ကြောင့်ကြခြင်းရှိသူသည်သာလျှင် ဘေးများ၏၊ ကြောင့်ကြမဲ့နေသောသူအား ဘေးမရှိ၊ ဤသရက်ပင်နှစ်ပင်တွင် အသီးမဲ့သီးသော သရက်ပင်ကို ပမာထား၍ အလုံးစုံသော ကြောင့်ကြကို ဖြတ်ပြီးလျှင် ငါရဟန်းပြုအံ့"ဟု ဆင်ခြင်စဥ်းစားတော်မူပြီးလျှင်.......ရသေ့ရဟန်းပြု၍ တောထွက်တော်မူ၏။.....

နာရဒရသေ့ဟောကြားသော "အနီး၌ရှိသော ဘေးရန်များ"

နိဒ္ဒါ တန္ဒီ ဝိဇမ္ဘိတာ၊ အရတီ ဘတ္တသမ္မဒေါ။
အာဝသန္တံ သရီရဋ္ဌာ၊ ဗဟူ ဟိ ပရိပန္ထယော။
(ဇာတက၊ ၂၊ ၁၇၀။ ဋ္ဌ၊ ၆၊ ၇၁။)

အိပ်ကြူးခြင်း, ပျင်းရိခြင်း, ကိုယ်လက်တဆန့်ကျင်ကျင်ရှိခြင်း, ရဟန်းတရား၌ မမွေ့လျော်ခြင်း, အစာ၌ အတိုင်းအရှည်ကို မသိပဲ(စားသဖြင့်) မိမိစားသောအစာယစ်ခြင်းစသောအားဖြင့် များစွာသော ကိုယ်၌တည်သော ဘေးရန်တို့ရှိကုန်၏။

ဘုရားအလောင်းရသေ့သည် သီလဝတီမိဖုရားအမူးပြုသော မင်းပရိသတ်တို့လိုက်လာကြ၍ မိဖုရားကြီးက အမျိုးမျိုးတောင်းပန်သော်လည်း..."ငါတစ်ယောက်အထီးတည်း ဟိမဝန္တာ၌ ရဟန်းတရားကို ပွါး၍နေပါအံ့၊ သင်သည်လည်း စည်းစိမ်း၌ ငြီးငွေ့လောက်သောအရွယ်ရှိပြီ၊...ငါကဲ့သို့ပင် တစ်ယောက်အထီးတည်း ရဟန်းပြု၍ နေရစ်လေလော့"ဟု ဆုံးမတော်မူ၏၊

ထိုစကားကို ကြားရသောမိဖုရားကြီးသည် ...မိန်းမောခြင်းသို့ ရောက်၍ ယိုင်လဲလေ၏။ ထိုအခါ ဘုရားအလောင်းသည် ခြေရာကို ဖျောက်၍ တောအုပ်သို့ ဝင်တော်မူ၏။ မိဖုရားကြီးသတိပြန်ရသောအခါ ဘုရားအလောင်းကို ရှာစေသော်လည်း မတွေ့ရတော့သည်၏အဆုံး၌ တိုင်းပြည်သို့ ပြန်ကာ သားတော်ဒီဃာဝုမင်းသားကို နန်းတင်စေလျက် မိမိကား ဥယျာဉ်တော်၌ ရသေ့ပြု၍ ဈာန်ကိုဖြစ်စေကာ ဗြဟ္မာ့ဘုံသို့ လား၏။

ဘုရားအလောင်းကား အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေကာ ဗြဟ္မာ့ပြည်သို့ လား၏။

ထိုအခါ မဏိမေခလာနတ်သမီးသည် ယခုအခါ ဥပ္ပလဝဏ်ထေရီ, နာရဒရသေ့သည အရှင်သာရိပုတ္တ, မိဂါဇိန်ရသေ့သည် အရှင်မဟာမောဂ္ဂလ္လာန်, ရွှေလက်ကောက်ရှင်သတို့သမီးသည် ခေမာထေရီ, လေးသမားသည် အရှင်အာနန္ဒာ, သီဝလိဒေဝီသည် အရှင်ရာဟုလာ၏မယ်တော်, မဟာဇနကမင်းကြီးသည် ဘုရားရှင်တို့ဖြစ်လာကုန်၏။

ဆောင်ပုဒ်=ယောကျာ်းတို့အား၊ စွမ်းပကား၊ ထင်ရှားပြရမည်။

ပျင်းရိ၍သာ၊ မနေရာ၊ ကြိုးကာထုတ်သင့်သည်။
ဇနကမင်း၊ ပင်လယ်တွင်း၊ အားတင်းကူးခပ်သည်။
မဏိမေခလာ၊ နတ်ကညာ၊ ကယ်ကာ ဆောင်ပို့ပြီ။

၃၄၈။ (၅၄၀) သုဝဏ္ဏသာမဇာတ်၊ မဟာနိပါတ် (ဇာတက၊ ၂၊ ၁၇၄ ၁၈၄။ ဋ္ဌ၊ ၆၊ ၈၅ ၁၁၇။ ဇာတ်ကြီး၊ ပ၊ ၃၃၀ ၃၉၈။)

ပစ္စုပ္ပန်ဝတ္ထု=အမိကို လုပ်ကျွေးသောရဟန်းတစ်ပါး။ ထစ်ဆယ်ရှစ်ကုဋေကြွယ်ဝချမ်းသာခဲ့ကြသော်လည်း ရဟန်းပြုသွားသောသားသောကကြောင့် ဆင်းရဲကာ တောင်းစားရသည့်ဘဝသို့ ရောက်သွားရှာသော မိဘနှစ်ပါးအား လုပ်ကျွေးသောသားရဟန်း။

အတိတ်ဝတ္ထု=ဗြဟ္မာ့ပြည်မှလာကြသူများဖြစ်၍ အိမ်ထောင်မပြုလိုကြသော ဒုကူလနှင့် ပါရိကာ။

မိဘတို့၏ဆန္ဒကို မလွန်ဆန်နိုင်ကြ၍ အိမ်ထောင်ပြုကြရသော်လည်း ကာမဂုဏ်စိတ်မရှိ, တံငါမိဘတို့မှ မွေးဖွားလာကြသူများ ဖြစ်ကြစေကာမူ သူ့အသက်သတ်ခြင်း, ငါးအမဲကို ရောင်းခြင်းတို့ကို မပြုလုပ်ကြသောကြောင့် မိဘတို့ သဘောမကျကုန်ရကား မိဘတို့၏ခွင့်ပြုချက်ဖြင့် တောထွက်ခဲ့ကြလေ၏။ သိကြားမင်းသည် ဝိသကြုံနတ်သားကို လွှတ်၍ သင်္ခမ်းကျောင်းကို ပြုလုပ်စေ၏။ ဒုကူလ, ပါရိကာတို့သည် ရသေ့ရဟန်းပြုကုန်လျက် ထိုသင်္ခမ်းကျောင်း၌ ရဟန်းတရားကို အားထုတ်၍ နေကြ၏။

သိကြားမင်းသည် ရသေ့နှစ်ပါးတို့၏မျက်စိကွယ်မည် အနာဂတ်အရေးကို မျှော်တွေး၍ "သားရဖို့အတွက် ဒုကူလရှင်ရသေ့က လက်ဖြင့် ပါရိကာရှင်ရသေ့မ ဥတုလာသောအခါ သူမ၏ချက်ကို သုံးသပ်ရန်"ပြောဆိုလေ၏၊ ဒုကူလရသေ့သည် သိကြားမင်းပြောဆိုသည့်အတိုင်း ပြုလုပ်သောကြောင့် ပါရိကာ၌ သန္ဓေတည်လေ၏၊ မွေးဖွားလာသောသားကား ဘုရားအလောင်းဖြစ်၍ "သုဝဏ္ဏသာမ"မည်တွင်၏။ မိခင်ပါရိကာသည် သစ်သီးရှာသွားခိုက်ဝယ် ကိန္နရာ ကိန္နရီမောင်နှံတို့က ဘုရားအလောင်းကို စောင့်ရှောက်ကြ၏၊ ဘုရားအလောင်း တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိပြီးသော်လည်း မိဘတို့သည် အစဉ်စောင့်ရှောက်လျက် ကျောင်းသင်္ခမ်း၌သာ နေစေ၍ မိမိတို့ကိုယ်တိုင်သာ တောသစ်မြစ် သစ်သီးတို့ကို ရှာရန် တောသို့ သွားကြ၏၊ ဘုရားအလောင်းသည် "ငါ၏မိဘတို့အား တစ်ရံရောအခါ တစ်စုံတစ်ခုသော အန္တရာယ်သည် ဖြစ်ရာ၏"ဟု ကြံအောက်မေ့၍ မိဘတို့ သွားသောခရီးကို မှတ်၏။

တစ်နေ့သ၌ မိဘရသေ့နှစ်ပါးတို့ သစ်သီးကြီးငယ်ရှာယူရာမှ မိုးသည်းထန်စွာ ရွာသွန်းသဖြင့် သူတို့ကိုယ်မှ ထွက်သော ချွေးနံ့ပါသောရေက တောင်ပို့တွင်းရှိမြွေဟောက်၏နှာခေါင်းကို ထိသောကြောင့် မြွေဟောက်စိတ်ဆိုး၍ နှာခေါင်းလေဖြင့် မှုတ်ရကား မိဘနှစ်ပါးလုံး မျက်စိကွယ်ကုန်၏။

ထိုအခါမှစ၍ ဘုရားအလောင်းသုဝဏ္ဏသာမသည် မိဘနှစ်ပါးကို လုပ်ကျွေးခွင့်ရလေ၏၊ တစ်နေ့သောအခါ ဘုရားအလောင်းသည် ရေခပ်သွားစဉ် ပီဠိယက္ခမင်း၏ပစ်အပ်သောမြားဒဏ်ကြောင့် မိန်းမောနေရာဝယ် မိဘနှစ်ပါးနှင့် ဘဝဟောင်းက မိခင်တော်ခဲ့သော ဗဟုသုန္ဒရီနတ်သမီးတို့၏သစ္စာစကားများကြောင့် မြားဆိပ်ကျ၍ အနာမရှိ ဖြစ်၏။ မိဘနှစ်ပါးတို့သည်လည်း မျက်စိနှစ်ကွင်း အလင်းပြန်ရကုန်၏။ ထိုမိဘတို့၏မျက်စိကို ရခြင်း၏အကြောင်းကိုကား အဋ္ဌကထာ၌ ဖော်ပြမထားပေ။

မဟာသတ္တဿ နိရောဂဘာဝေါ, မာတာပိတူနဥ္စ စက္ခုပဋိလာဘော, အရုဏုဂ္ဂမနဥ္စ, ဒေဝတာနုဘာဝေန တေသံ စတုန္နံ အဿမေယေဝ ပါကဋဘာဝေါ စာတိ ဧကက္ခဏေယေဝ အဟောသိ။ (ဇာတက၊ ၄၊ ၆၊ ၁၁၄။)

ဘုရားအလောင်းသည် ပီဠိယက္ခမင်းအား "အမိအဘ, သားမယားစသည်တို့ကို တရားသဖြင့် လုပ်ကျွေးခြင်း"စသော မင်းကျင့်ဆယ်ပါးတရားကို ဟောလေ၏။ မင်းသည် တိုင်းပြည်သို့ပြန်၍ ဒါနစသောကောင်းမှုတို့ကို ပြု၍ နတ်ပြည်သို့ လားရ၏။ ဘုရားအလောင်းသည် အသက်ထက်ဆုံး မိဘတို့ကို လုပ်ကျွေးကာ မိဘတို့နှင့်အတူတကွ အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေကာ ဗြဟ္မာ့ပြည်သို့ လားကုန်၏။

သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ အမိအဖကို လုပ်ကျွေးသောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

ထိုအခါ၌ ပီဠိယက္ခမင်းသည် ယခုအခါ အရှင်အာနန္ဒာ, ဗဟုသုန္ဒရီနတ်သမီးသည် ဥပ္ပလဝဏ်ထေရီ, သိကြားမင်းသည် အရှင်အနုရုဒ္ဓါ, ဒုကူလသုခမိန်သည် အရှင်မဟာကဿပ, ပါရိကာသည် ဘဒ္ဒါ ကာပိလာနီထေရီ, သုဝဏ္ဏသာမသုခမိန်သည် ဘုရားရှင်တို့ ဖြစ်လာကုန်၏။

ဆောင်ပုဒ်=နှစ်ပါးမိဘ၊ လုပ်ကျွေးက၊ ရောက်ရနတ်ပြည်ပါ။
မိဘမွေးမြူ၊ နတ်တို့ကူ၊ စဉ်မူ စိတ်ချမ်းသာ။

၃၄၉။ (၅၄၁) နိမိဇာတ်၊ မဟာနိပါတ် (ဇာတက၊ ၂၊ ၁၈၄ ၂၀၃။ ၄၊ ၆၊ ၁၁၉ ၁၆၂။ ဇာတ်ကြီး၊ ပ၊ ၄၁၈ ၅၆၆။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင် မိထိလာပြည်ကို အမှီပြု၍ မဃဒေဝသရက်ဥယျာဉ်တော်၌ သီတင်းသုံးနေတော်မူစဉ် ပြုံးတော်မူခြင်း။

အတိတ်ဝတ္ထု=လူသားစင်စစ်ဖြစ်လျက် သိကြားမင်း၏စေလွှတ်ချက်ဖြင့် မာတလိနတ်သားက ပင့်ဆောင်၍ မကောင်းမှုအမျိုးမျိုးတို့ကို ပြုခဲ့ကြသောကြောင့် ငရဲခံရသူတို့၏နေရာ ငရဲပြည်နှင့် ကောင်းမှုအဖုံဖုံကို ပြုခဲ့ကြသောကြောင့် နတ်စည်းစိမ်ခံရသူတို့၏နေရာ နတ်ပြည်သို့ ရောက်ရသော နိမိမင်းကြီး။

နိမိမင်းကြီး၏ဒါနနှင့် ဗြဟ္မစရိယ...မည်သည်က အကျိုးကြီးသလော? မဆုံးဖြတ်နိုင်၍ သိကြားမင်းလာ၍ ဖြေကြားပေးခြင်း..."မင်းကြီး...သာသနာပ၌ မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်းမျှသော သီလသည် "ဟီန"မည်၏၊ ထိုသီလသည် မင်းစည်းစိမ်းကို ပေး၏၊ ဈာန်၏အနီးသို့ရောက်၍ နီဝရဏတို့ကို တဒင်္ဂပဟာန်ဖြင့် ခွါနိုင်သော မဟာကုသိုလ်စေတနာသည်"မဇ္ဈိမ"မည်၏၊ ထိုကုသိုလ်စေတနာသည် နတ်စည်းစိမ်ကို ပေး၏။ ဈာန်ကိုရ၍ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံခြင်းသည်"ဥတ္တမ"မည်၏၊ ထိုသမာပတ်သည် ဗြဟ္မာအဖြစ်သို့ ရောက်စေ၏။ သာသနာတော်တွင်း၌ကား စင်ကြယ်သော သီလရှိလျက် နတ်စည်းစိမ်ကို တောင့်တသောရဟန်း၏ ဗြဟ္မစရိယစေတနာသည် "ဟီန"မည်၏၊ ထိုစေတနာကြောင့် မိမိတောင့်တသော နတ်ပြည်၌ ဖြစ်ရ၏။ သီလစင်ကြယ်သော ရဟန်း၏ သမာပတ်ရှစ်ပါးဖြစ်ခြင်းသည် "မဇ္ဈိမ"မည်၏၊ ထိုသမာပတ်ကြောင့် ဗြဟ္မာ့ပြည်၌ ဖြစ်ရ၏။ သီလစင်ကြယ်သော ရဟန်း၏ဝိပဿနာကို ပွါးစေသဖြင့် အရဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာဖြစ်ခြင်းသည် "ဥတ္တမ"မည်၏၊ ထိုရဟန္တာဖြစ်ခြင်းကြောင့် ကိလေသာမှ စင်ကြယ်တော့၏"။

ဟီနေန ဗြဟ္မစရိယေန၊ ခတ္တိယေ ဥပပဇ္ဇတိ။
မဇ္ဈိမေန စ ဒေဝတ္တံ၊ ဥတ္တမေန ဝိသုဇ္ဈတိ။

ပုထုတိတ္ထာယတနေ၌မေထုနဝိရတိမတ္တံ သီလံ ဟီနံ နာမ၊ တေန ခတ္တိယကုလေ ဥပပဇ္ဇတိ။ ဈာနဿ ဥပစာရမတ္တံ မဇ္ဈိမံ နာမ၊ တေန ဒေဝတ္တံ ဥပပဇ္ဇတိ။ အဋ္ဌသမာပတ္တိနိဗ္ဗတ္တနံ ပန ဥတ္တမံ နာမ၊ တေန ဗြဟ္မလောကေ နိဗ္ဗတ္တတိ၊ တံ ဗာဟိရကာ နိဗ္ဗာနန္တိ ကထေန္တိ။ နေသာဟ "ဝိသုဇ္ဈတီ"တိ။ ဣမသ္မိံ ပန ဗုဒ္ဓသာသနေ

ပရိသုဒ္ဓသီလဿ ဘိက္ခုနော အညတရံ ဒေဝနိကာယံ ပတ္ထေန္တဿ ဗြဟ္မစရိယဝေတနာ ဟီနံ နာမ၊ တေန ယထာပတ္တိတေ ဒေဝလောကေ နိဗ္ဗတ္တတိ။ ပရိသုဒ္ဓသီလဿ ဘိက္ခုနော အဋ္ဌသမာပတ္တိနိဗ္ဗတ္တနံ မဇ္ဈိမံ နာမ၊ တေန ဗြဟ္မလောကေ နိဗ္ဗတ္တတိ။ ပရိသုဒ္ဓသီလဿ ဘိက္ခုနော ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တုပ္ပတ္တိ ဥတ္တမံ နာမ၊ တေန ဝိသုဇ္ဈတိတိ။ (ဇာတက၊ ၄၊ ၆၊ ၁၂၂ ၁၂၃။)

ဘုရားအလောင်းနိမိမင်းသည် နတ်တို့အား ကရားဟောလျက် လူတို့အရေးအတွက်အားဖြင့် ခုနစ်ရက်နေပြီးလျှင် သိကြားမင်းအား လူ့ပြည်သို့ ပြန်လိုကြောင်း ပြောဆို၏၊ သိကြားမင်းသည် နိမိမင်းကြီးကို မာတလိအား ပြန်ပို့စေ၏။

ဘုရားအလောင်းနိမိမင်းကြီးသည် ရေးမဃဒေဝမင်းစဉ်ဆက်တို့နည်းတူ ဆံဖြူတစ်ပင်ကို တွေ့မြင်ရသောအခါ သားတော်အား မင်းအဖြစ်ကို အပ်နှင်း၍ ရသေ့ရဟန်းပြုလျက် သရက်ဥယျာဉ်တော်၌ပင် နေ၍ ဗြဟ္မဝိဟာရလေးပါးတို့ကို ပွားကာ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လားရ၏။

ထိုအခါ သိကြားမင်းသည် ယခုအခါ အရှင်အနုရုဒ္ဓါ၊ မာတလိသည် အရှင်အာနန္ဒာ၊ နိမိမင်းကြီးသည် ဘုရားရှင်တို့ဖြစ်လာကုန်၏။

ဆောင်ပုဒ်=ဒါနသီလ၊ ပေါ်သထ၊ ပြုကြမင်းကောင်းပါ။

ဆံဖြူတစ်ပင်၊ တွေကာမြင်၊ တောလျှင် ထွက်ကြရာ။
ဗြဟ္မစိုတရား၊ ခါခါပွါး၊ ရောက်ငြားပြည်ဗြဟ္မာ။
မဃဒေဝ၊ မျိုးဆက်က၊ ပြုထ စဉ်အလာ။
လောင်းတော်နိမိ၊ နောက်ဆုံးထိ၊ ပြုဘိ ကောင်းမွန်စွာ။
လူစင်စစ်ပင်၊ နတ်ပြည်ခွင်၊ ကြွလျှင် ဟောဓမ္မာ။

၃၅၀။ (၅၄၂)ဥမင်္ဂဇာတ်(မဟောသဓဇာတ်)၊ မဟာနိပါတ်(ဇာတက၊ ၂၊ ၂၀၄ ၂၂၁။ ၄၊ ၆၊ ၁၆၃ ၃၃၂။ ဇာတ်ကြီး၊ ၁၊ ၅၇၈ ၇၆၉။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏ပညာပါရမီနှင့်ပတ်သက်၍ ချီးကျူးပြောဆိုကြခြင်း။

မဟာပညာ၊ ပုထုပညာ၊ ဂမ္ဘီရပညာ၊ ဟာသပညာ၊ ဇဝနပညာ၊ တိက္ခပညာ၊ နိဗ္ဗေဓိကပညာ(ယုံမှားသက် အထုံးအဖွဲ့ကို ဖြေနိုင်သောပညာ)၊ ပရပ္ပဝါဒမဒ္ဒနပညာ(သူတစ်ပါးတို့၏မိစ္ဆာအယူကို နှိပ်နင်းနိုင်သောပညာ)။

အတိတ်ဝတ္ထု=ဝိဒေဟတိုင်း မိထိလာပြည် ပါစီနယဝမ္ဇာကြီး၌ သိရိဝဍ္ဍနသူဌေးကြီး၏သုမနဒေဝီသူဌေးကတော်မှ ဆေးတုံးကိုကိုင်သော ဘုရားအလောင်းကို မွေးဖွားခြင်း။ ဖွားပြီးလျှင် မိခင်နှင့် စကားပြောခြင်း၊ ဆေးတုံးကိုကိုင်၍ မွေးဖွားလာသောကြောင့် "မဟောသဓသတို့သား"ဟု အမည်ပေး၏။

ဘုရားအလောင်းသည် ခုနစ်နှစ်သားအရွယ်၌ပင် "၁။ စွန်မှ အမဲသားတစ်ချစေခန်း၊ ၂။ နွားတရားစီရင်ခန်း၊ ၃။ လည်ရွဲတရားစီရင်ခန်း၊ ၄။ ချည်ထွေးတရားစီရင်ခန်း၊ ၅။ သားတရားစီရင်ခန်း၊၆။ မယားနိုးတရားစီရင်ခန်း၊ ၇။ ရထားတရားစီရင်ခန်း၊ ၈။ ရာလုံတံပြဿနာဖြေခန်း၊ ၉။ ဦးခေါင်းခွံပြဿနာဖြေခန်း၊ ၁၀။ မြွေပြဿနာဖြေခန်း၊၁၁။ ကြက်ပြဿနာဖြေခန်း၊ ၁၂။ ပတ္တမြားပြဿနာဖြေခန်း၊ စသည်...

မံသံ ဂေါဏော ဂန္ထိ သုတ္တံ၊ ပုတ္တော ဂေါတော ရထေန စ။
ဒဏ္ဍော သီသံ အဟိ စေဝ၊ ကုက္ကုဋော မဏိ ဝိဇာယနံ။
သြဒနံ ဝါလုကဥ္စာပိ၊ တဠာကိယျာနံ ဂဒြဘော မဏိ။
(ဇာတက၊ ၄၊ ၆၊ ၁၆၇။)

သားတရားစီရင်ခန်းဝယ် ဘီလူးမ၏လက္ခဏာကို ပြရာတွင် "၁။ မျက်တောင်မခတ်ခြင်း၊ ၂။ မျက်တောက်နီခြင်း၊ ရဲရင့်ခြင်း၊ ၃။ အရိပ်မထွက်ခြင်း တို့တည်း။

မဟာသတ္တော အက္ခီနံ အနိမိသတာယ စေဝ ရတ္တတာယ စ နိရာသင်္ကတာယ စ ဆာယာယ အဘာဝတာယ စ" အယံ ယက္ခိနီ"တိ ဉတွာပိ...(ဇာတက၊ ၄၊ ၆၊ ၁၇၁။)

ရထားတရားစီရင်ခန်းဝယ် သိကြားမင်း၏အဖြစ်ကို သိခြင်းအကြောင်းများ…၁။ ကြောက်ရွံ့မှုမရှိခြင်း, ၂။ မျက်စိလည်း မမိုတ်ခြင်း, အပြင်းမောင်းနှင်သောရထားနောက်မြီးကို ဆွဲလိုက်သော်လည်း ချွေးလုံးဝမထွက်ခြင်း, ထွက်သက်ဝင်သက်လည်း မလှုပ်မဖို, ကြောက်လန့်ခြင်းလည်း မရှိ, မျက်တောင်လည်း မခတ်ခြင်းတို့တည်း။

ရှားလုံ့တံပြဿနာဖြေခန်းဝယ် ရှားလုံ့တံ၏အရင်းအဖျားကို သိနိုင်ရန် အလယ်တည့်တည့်၌ ကြိုးချည်၍ ကြိုးစွန်းကိုကိုင်စေလျက် ရေခွက်၏ရေအပြင်၌ ထားသောအခါ အရင်းသည် လေးသောကြောင့် ရှေးဦးစွာ နစ်ပုံကို ပြကာ ရှားလုံ့တံ၏အရင်းကို သိစေ၏။

ဦးခေါင်းခွံပြဿနာဖြေခန်းဝယ် ယောကျာ်း၏ဦးခေါင်းခွံနှင့် မိန်းမ၏ဦးခေါင်းခွံခွဲခြားပုံမှာ..ယောကျာ်း၌ ဦးခြားရေသည်ဖြောင့်၏၊ မိန်းမ၌ ဦးခြားရေကား ယှက်တင်ကွေးကောက် နောက်သို့ ပြန်လိမ်၍ သွား၏။
ပုရိသသီသေ ကိရ သိဗ္ဗိနီ ဥဇုကာဝ ဟောတိ၊ ဣတ္ထိသီသေ သိဗ္ဗိနီ ဝင်္ကာ ဟောတိ၊ ပရိဝတ္တိတွာ ဂစ္ဆတိ။ (ဇာ၊ ၄၊ ၆၊ ၁၇၆။)

မြွေပြဿနာဖြေခန်းဝယ် မြွေဖို, မြွေမခွဲခြားပုံမှာ…မြွေဖို၏အမြီးသည် ဖွံ့၏,ထူ၏၊ ဦးခေါင်းသည် ကြီး၏,ပြန့်ကျယ်၏၊ မျက်စိသည် ကျယ်၏၊ လည်ရေးသည် စပ်၏။ မြွေမ၏အမြီးကား သွယ်၏၊ ဦးခေါင်းကား ငယ်၏၊ မျက်စိကား ကျဉ်း၏၊ လည်ရေးကား မစပ်။
သပ္ပဿ ဟိ နင်္ဂုဋ္ဌံ ထူလံ ဟောတိ၊ သပ္ပိနိယာ တနုကံ ဟောတိ၊ သပ္ပဿ အက္ခီနိ မဟန္တာနိ၊ သပ္ပိနိယာ ခုဒ္ဒကာနိ၊ သပ္ပဿ သောဝတ္ထိကော(သောဝတ္ထိကော သျာကွ) ပရာဗဒ္ဓေါ ဟောတိ၊ သပ္ပိနိယာ ဝိစ္ဆိန္နကော။ (ဇာတက၊ ၄၊ ၆၊ ၁၇၆။)

စည်းစိမ်ရှင်နှင့် ပညာရှင်…မည်သူက မြတ်သနည်း? ဟု မေးရာတွင် သေနကအမတ်က "စည်းစိမ်ရှင်က မြတ်၏"ဟု ဖြေ၏၊ မဟောသဓသေုခမိန်ကား "ပညာရှင်က မြတ်၏"ဟု ဥပမာအမျိုးမျိုးကို ပြ၍ ဖြေဆို၏။
အမရာဒေဝီကို မိမိကိုယ်တိုင် ရှာဖွေ၍ ရယူခြင်း၊ အမတ်လေးယောက်တို့သည် မင်း၏ရတနာများကို မိမိတို့ကိုယ်တိုင် ခိုးယူကြပါလျက် မဟောသဓသေုခမိန်ခိုးသည်အသွင် ကလိန်ဉာဏ်ဆင်ရာဝယ် အမရာဒေဝီ၏ပညာစွမ်းရည်ဖြင့် ခိုးသူအစစ်အမှန်ဖော်ထုတ်ပေးနိုင်ခြင်း။

လျှို့ဝှက်စကားကို မည်သူ့အား ပြောကြားအပ်သနည်း?…
(၁) အရှင်မင်းကြီး…လျှို့ဝှက်အပ်သောအမှုကို လျှို့ဝှက်မှသာလျှင် ကောင်း၏၊ လျှို့ဝှက်အပ်သောအမှုကို မိမိမှ တစ်ပါးထင်စွာ မပြကောင်းပါ၊ ဤလောက၌ ပညာရှိကုန်သောသူတို့သည် မိမိ၌ လျှို့ဝှက်အပ်သောအမှုကို အလို မပြည့်သမျှကာလပတ်လုံး သူတစ်ပါးအား မသိစေရာ၊ မိမိအလိုရှိအပ်သော အကျိုးပြည့်စုံသော်ကား ထိုအမှုကို သူ တစ်ပါးအားပြောလိုမူ ပြောရာ၏။
(၂) အရှင်မင်းကြီး…ရွှေအိုးကို သူတစ်ပါးအား မခိုးယူစိမ့်သောငှါ လုံခြုံစွာ စောင့်ရှောက်သကဲ့သို့ မိမိ၌လျှို့ဝှက်အပ်သောအမှုကို လိုရာကိစ္စ မပြီးသေးသမျှ ကာလပတ်လုံး သူတစ်ပါးတို့အား မသိစေအပ်၊ လျှို့ဝှက်အပ်သောအမှုကို မိမိမှ တစ်ပါးသူ သိလေက ထိုသိသောသူသည် မိမိကို မကောင်းသဖြင့် ပြုတတ်၏။
(၃) အရှင်မင်းကြီး…လျှို့ဝှက်အပ်သောအမှုကို ပြောမှားချေက လျင်စွာ အပြစ်ကို ပေးတတ်သောသူကား မိန်းမ လည်း တစ်ယောက်, မချစ်မနှစ်လိုသော ရန်သူလည်းတစ်ယောက်, ဥစ္စာစည်းစိမ် အဝတ်တန်ဆာ တစ်စုံတစ်ခုဖြင့် ပေးကမ်းဖြားယောင်း၍ အဆွေခင်ပွန်းဖွဲ့တတ်သောသူလည်းတစ်ယောက်, စိတ်ထဲမဖြောင့်မမှန် အကောက်ကြံလျက် နှုတ်ဖြင့်သာ အကျိုးလိုယောင်ပြု၍ သူ့အပြစ်ကို ရှာလိုသဖြင့် ချိုသာနာဖွယ်စကားနှင့် ကုန်းချောစားတတ်သောသူ လည်းတစ်ယောက် ဤလေးယောက်တို့အား လျှို့ဝှက်သောစကားကို ပြောမှားချေက လျင်စွာ အမှုရောက်တတ်၏။
(၄) အရှင်မင်းကြီး…လျှို့ဝှက်အပ်သောအမှုကို အကြင်သူသည် အကယ်၍ ကြားသိငြားအံ့၊ ထိုကြားသိသောသူအား ထိုအမှုကို မဖော်မပြစေခြင်းငှါ မိမိကိုယ်ကို ကျွန်ကဲ့သို့ပြု၍ ထိုသူဆဲရေးသော်လည်း သည်းခံသဖြင့်သာ နေရာ၏။

(၅) အရှင်မင်းကြီး...အကြင်သူ၁ည် မိမိလျှို့ဝှက်အပ်သောအမှုကို သူတစ်ပါးသိလေသည်ရှိသော် ထိုသူသိလေသည်မှစ၍ မိမိအား ကြီးစွာသော ထိတ်လန့်ခြင်းသည် ဖြစ်ရာ၏၊ ထိုသို့ တစ်စိုးရိမ်ရိမ် ရှိရာသောကြောင့် လျှို့ဝှက်အပ်သောစကားကို သူတစ်ပါးအား မပြောအပ်။

(၆) အရှင်မင်းကြီး..တိုင်ပင်အပ်သောအမှုကို ယုံမှတ်သောသူတို့နှင့် တိုင်ပင်လိုသော်လည်း နေ့အခါ၌ဖြစ်မူ ဆိတ်ကွယ်ရာအရပ်၌သာ တိုင်ပင်ရာ၏၊ ညဉ့်အခါ၌ဖြစ်မူကား ထိုသူကြားလောက်လုံ အနီး၌နေ၍သာ အသံကို ပြင်းစွာ မထွက်စေရပဲ အရှည်မဆို လိုရာ စကားတွင်၍သာ တိုးတိုးသက်သက် တိုင်ပင်ရာ၏။ အဘယ့်ကြောင့်နည်းဟူမူကား တိုက်နံရံတွင်က နေ၍သော်လည်းကောင်း, အိပ်ပျော်ယောင်ဆောင်၍သော်လည်းကောင်း, တစ်ပါးစကားပြောဆိုယောင် ပြု၍သော်လည်းကောင်း, မှောင်ကွယ်က နေ၍သော်လည်းကောင်း သူတစ်ပါးအကြံအစည်ကို ခိုးတတ်သောသူသည် ချောင်းမြောင်းလျက် နားထောင်တတ်၏၊ ထိုသို့ ချောင်းမြောင်း၍ နားထောင်တတ်သောသူ ကြားသဖြင့် မိမိအကြံအစည် အတိုင်အပင် ပျက်ခြင်းသို့ ရောက်တတ်၏။ ထို့ကြောင့် လျှို့ဝှက်အပ်သောစကားဟူသည်ကို သူတစ်ပါးမသိစေရအောင် လုံ့လသတိရှိစေရာသည်။

ဂုယှဿ ဟိ ဂုယှမေဝ သာဓု၊ န ဟိ ဂုယှဿ ပသတ္ထ'မာဝိကမ္မံ။
အနိပ္ဖန္နတာ သဟေယျ ဓီရော၊ နိပ္ဖန္နော၀ ယထာသုခံ ဘဏေယျ။
န ဂုယှမတ္ထံ ဝိဝရေယျ၊ ရက္ခေယျ နံ ယထာ နိဓိံ။
န ဟိ ပါတုကတော သာဓု၊ ဂုယှော အတ္ထော ပဇာနတာ။
ထိယာ ဂုယှံ န သံသေယျ၊ အမိတ္တဿ စ ပဏ္ဍိတော။
ယော စာမိသေန သံဟီရော၊ ဟဒယတ္ထေနော စ ယော နရော။
ဂုယှမတ္ထံ အသမ္ဗုဒ္ဓံ၊ သမ္ဗောဓယတိ ယော နရော။
မန္တဘေဒဘယာ တဿ၊ ဒါသဘူတော တိတိက္ခတိ။
ယာ၀န္တော ပုရိသဿ'တ္ထံ၊ ဂုယှံ ဇာနန္တိ မန္တိနံ။
တာ၀န္တော တဿ ဥဗ္ဗေဂါ၊ တသ္မာ ဂုယှံ န ဝိဿဇေ။
ဝိဝိစ္စ ဘာသေယျ ဒိဝါ ရဟဿံ၊ ရတ္တိံ ဂိရံ နာတိဝေလံ ပမုဉ္စေ။
ဥပဿုတိကာ ဟိ သုဏန္တိ မန္တံ၊ တသ္မာ မန္တော ခိပ္ပမုပေတိ ဘေဒန္တိ။
(ဇာတက၊ ၁၊ ပဉ္စပဏ္ဍိတ၊ ၃၄၉-၃၅၀။ ဋ္ဌ၊ ၆၊ ၂၃၂-၂၃၃။)

...ထိုအခါ ဘေရီပရိဗိုဇ်မသည် ယခုအခါ ဥပ္ပ၀ဏ်ထေရီ, ခမည်းတော် သိရိဝမုနသူဌေးကြီးသည် ခမည်းတော်သုဒ္ဓေါဒနမင်းကြီး, မယ်တော် သုမနဒေဝီသူဌေးကတော်ကြီးသည် မယ်တော်မဟာမာယာမိဖုရားကြီး, အမရာဒေဝီသည် ဗိမ္ဗာထေရီ, ကျေးသားသည် အရှင်အာနန္ဒာ, စူဠနီဗြဟ္မဒတ်သည် အရှင်သာရိပုတ္တ, ကေဝဋ်ပုဏ္ဏားသည် ဒေဝဒတ်, စူဠနီဗြဟ္မဒတ်မင်း၏မယ်တော်စလာကာဒေဝီမိဖုရားကြီးသည် ထုလ္လနန္ဒာဘိက္ခုနီ, ပဉ္စာလစန္ဒီမိဖုရားကြီးသည် သုန္ဒရီ, သာဠိကာမသည် ဗန္ဓုလစစ်သူကြီးကတော်မလ္လိကာ, ကာမိန္ဒအမတ်သည် အမ္ဗဋ္ဌ, သေနကအမတ်သည် အရှင်မဟာကဿပ, ဥဒမ္ဗရဒေဝီမိဖုရားကြီးသည် ဒိဋ္ဌမင်္ဂလိကာ, ဝိဒေဟရာဇ်မင်းကြီးသည် ကာဠုဒါယီထေရ်, မဟောသဓသုခမိန်သည် ဘုရားရှင်တို့ ဖြစ်လာကုန်၏။

၃၅၁။ (၅၄၄) စန္ဒကုမာရဇာတ်၊ မဟာနိပါတ် (ဇာတက၊ ၂၊ ၂၄၂-၂၅၆။ ဋ္ဌ၊ ၇၊ ၇၁-၁၀၄။ ဇာတ်ကြီး၊ ၃၊ ၂၆၇-၃၃၈။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်သည် ဂိဇ္ဈကုဋ်တောင်ယံ၌ နေတော်မူသောအခါ ဒေဝဒတ်က ဘုရားရှင်အား သတ်ရန် လေးသမားတို့ကိုစေလွှတ်၍ ထိုလေးသမားတို့ကိုလည်း အဆင့်ဆင့် သတ်ဖို့ စီမံကြံဖန်အားထုတ်သော်လည်း ဘုရားရှင်ကို မသတ်နိုင်သည်ပြင် ထိုသူတို့ကိုလည်း အသက်ချမ်းသာရာရ၍ သောတာပတ္တိဖိုလ်၌ တည်စေတော်မူခြင်း။

အတိတ်ဝတ္ထု=သားသမီးအပါအဝင် သဗ္ဗစတုက္ကယဇ်ကို ပူဇော်လျှင် နတ်ပြည်သို့ ရောက်မည် ဟု ခဏ္ဍဟာလပရောဟိတ်ပုဏ္ဏား၏စန္ဒကုမာရအိမ်ရှေ့မင်းသားအပေါ် ရန်ငြိုးဖြင့် ပြောဆိုစီမံခြင်းကို ယုံကြည်သော ခမည်းတော်မင်းက အိမ်ရှေ့မင်းသားအပူးပြုသော သားတော်များ, သမီးတော်များ, မိဖုရားများ စသည်တို့ကို ယဇ်တိုင်သို့ ရှေးဦးစွာ အိမ်ရှေ့မင်းသားကို သတ်ရန် ခဏ္ဍဟာလ၏သန်လျက်ဖြင့် ချိန်ရွယ်စဉ် အိမ်ရှေ့မင်း၏မိဖုရား စန္ဒာဒေဝီ၏သစ္စာစကားကြောင့် သိကြားမင်းကယ်၍ ခပ်သိမ်းသောသူတို့သည် အနှောင်အဖွဲ့မှ လွတ်ကုန်၏၊ မကောင်းကြံသော ခဏ္ဍဟာလပုဏ္ဏားကား

လူအပေါင်းတို့၏လက်ချက်ဖြင့် သေလေ၏၊ ပညာနည်းပါးသောမင်းကို လူအပေါင်းတို့သည် သတ်ရန်အားထုတ်ကြသော်လည်း ဘုရားအလောင်းအိမ်ရှေ့မင်း၏တောင်းပန်မှုကြောင့် အသက်မှ ချမ်းသာရစေကာမူ မင်းအဖြစ်မှလျော့၍ ဥယျာဉ်၌ ဒွန်းစဏ္ဍားအဖြစ်ဖြင့် နေရတော့၏၊ ပြည်သူပြည်သားအပေါင်းတို့သည် စန္ဒကုမာရအိမ်ရှေ့မင်းသားကို မင်းအဖြစ်တင်မြှောက်ကြကုန်၏၊

စန္ဒကုမာရမင်းကြီးသည် တရားသဖြင့် စိုးစံတော်မူ၍ အသက်အဆုံး၌ နတ်ပြည်သို့ လားတော်မူ၏။

ထိုအခါ ခဏ္ဍဟာလပုဏ္ဏားသည် ယခုအခါ ဒေဝဒတ်, စန္ဒကုမာရမင်း၏မယ်တော် ဂေါတမိမိဖုရားကြီးသည် မယ်တော် မဟာမာယာ, စန္ဒာဒေဝီမိဖုရားသည် အရှင်ရာဟုလာမယ်တော်, သားတော် ဝသုလမင်းသားသည် အရှင်ရာဟုလာ, နှမတော် သေလာမင်းသမီးသည် ဥပ္ပလဝဏ်ထေရီ, ညီတော် ဝါမဂေါတ္တမင်းသားသည် အရှင်မဟာကဿပ, ညီတော်ဘဒ္ဒသေနမင်းသားသည် အရှင်မဟာမောဂ္ဂလ္လာန်, ညီတော်သူရိယကုမာရမင်းသားသည် အရှင်သာရိပုတ္တ, စန္ဒကုမာရမင်းသည် ဘုရားရှင်တို့ ဖြစ်လာကုန်၏။

ဆောင်ပုဒ်များ=တစ်ပါးသူအား၊ ပျက်ကြောင်းများ၊ ပြုငြား ထိုသသူ။

ကိုယ်လည်းဆင်းရဲ၊ စိတ်ဆင်းရဲ၊ ငရဲရောက်မည်ဟူ။
ကိုယ့်ကာယကံ၊ မကောင်းမှန်၊ ကိုယ်ပြန်ရမည်ဟူ။
ကိုယ့်ဝစီကံ၊ မကောင်းမှန်၊ ကိုယ်ပြန်ရမည်ဟူ။
ကိုယ့်မနောကံ၊ မကောင်းမှန်၊ ကိုယ်ပြန်ရမည်ဟူ။

၃၅၂။ (၅၄၆) ဝိဓုရဇာတ်၊ မဟာနိပါတ် (ဇာတက၊ ၂၊ ၂၇၅ ၃၁၁။ ဋ၊ ၇၊ ၁၅၁ ၂၄၀။ ဇာတ်ကြီး၊ ၃၊ ၃၉၁ ၄၈၉။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်၏ပညာပါရမီတော်ကို အကြောင်းပြု၍ ချီးကျူးပြောဆိုကြခြင်း။

မဟာပညာ, ပုထုပညာ, ဂမ္ဘီရပညာ, ဇဝနပညာ, ဟာသပညာ, တိက္ခပညာ, နိဗ္ဗေဓိကပညာ, ပရပ္ပဝါဒမဒ္ဒနပညာ။

အတိတ်ဝတ္ထု=ကုရုတိုင်း ဣန္ဒပတ္ထမင်းနေပြည် ဓနဉ္စယကောရဗျမင်း၏ဝိဓုရသုခမိန်။

ဝရုဏနဂါးမင်း၏မိဖုရား ဝိမလာဒေဝီသည် ဘုရားအလောင်းဝိဓုရသုခမိန်၏တရားကို နာလိုသော်လည်း တိုက်ရိုက်စကားမပြောကြားပဲ ဝိဓုရသုခမိန်၏နှလုံးသားကို ရလိုပါ၏ ဟု ချင်ခြင်းစကားပြောကြားသောကြောင့် နဂါးမင်းက သမီးတော်ဣရန္ဒတီကို လင်ရှာခိုင်း၏၊ ဣရန္ဒတီသမီးတော်သည် ပုဏ္ဏကဘီလူးကို တွေ့၍ ခမည်းတော်နဂါးမင်းထံသို့ ခေါ်ဆောင်လာ၏၊ နဂါးမင်းက သူ၏သမီးကို အလိုရှိလျှင် ဝိဓုရသုခမိန်၏နှလုံးသားကို ဆောင်ယူပေးရမည် ဟု ပြောလေသော် ပုဏ္ဏကဘီလူးက ဆောင်ယူပေးပါမည် ဟု ဝန်ခံလေ၏။

ပုဏ္ဏကဘီလူးသည် မနောမယသိန္ဓောမြင်းကို စီး၍ ဝေပုလ္လတောင်အတွင်း၌ရှိသော စကြာမင်းတို့၏အသုံးအဆောင်ဖြစ်သော ပတ္တမြားရတနာကို ယူ၍ ဣန္ဒပတ္ထမင်းနေပြည်သို့ သွားလျက် လုလင်အသွင်ဖြင့် ကောရဗျမင်းကြီးတို့ အန်ကစားရာ သဘင်သို့ ချဉ်းကပ်ကာ မိမိ၏သိန္ဓောမြင်းနှင့် ပတ္တမြားတို့ကို လောင်းကြေးထား၍ ကစား၏။ ကောရဗျမင်းကြီးကလည်း မိမိကိုယ်, မိဖုရား, ထီးနန်းကို ချန်ထား၍ လောင်းတမ်းပြု၍ ကစား၏။ ထိုသို့ကစားရာတွင် ကောရဗျမင်းကြီးရှုံး၍ ပုဏ္ဏကသည် ဝိဓုရသုခမိန်ကို တောင်းလေ၏၊ မင်းကြီးသည် "ဝိဓုရသုခမိန်သည် ငါ၏ကိုယ်ပင် ဖြစ်၍ သင်မတောင်းထိုက်"ဟု ဆိုလေသော် ပုဏ္ဏကသည် ထိုပြဿနာကို ဝိဓုရသုခမိန်၏အဆုံးအဖြတ်ခံယူရန် မင်းကြီးနှင့်အတူ သုခမိန်ထံသို့ သွားကြ၍ သုခမိန်အား မေးလေ၏။

ဝိဓုရသုခမိန်က "လုလင်......လောက၌ (၁) အန္တောဇာတ အိမ်ပေါက်ကျွန်, (၂) ဓနက္ကီတ ငွေဝယ်ကျွန်, (၃) သယံဒါသုပဂတ သူခစားကျွန်, (၄) ကရမရ သုံ့ရကျွန်=ကျွန်လေးမျိုးတို့တွင် ငါသည် မင်းခစားအမတ်ဖြစ်သောကြောင့် သယံဒါသုပဂတကျွန်မျိုးအဝင်တည်း၊ ငါသည် အရပ်တစ်ပါးသို့ ရောက်သော်လည်း မင်းကြီးကျွန်ပေတည်း၊ မင်းကြီးသည် တစ်စုံတစ်ခုပြုရာကိစ္စကြောင့် ငါ့ကို သင်လုလင်အား ပေးတော်မူသော်လည်း တရားသဖြင့် ပေးခြင်းပင် ဖြစ်သည် ဟု ဆိုလေ၏။....နောက်ဆုံး မင်းကြီးသည် ဝိဓုရသုခမိန်ကို ပုဏ္ဏကအား ပေးရလေ၏။

ဝိဓုရသုခမိန်သည် "လုလင်...သင်သည် ငါ၏အိမ်၌ နှစ်ရက် သုံးရက်မျှ ငံ့လင့်၍ နေစေချင်၏၊ ထိုမကာလပတ်လုံး သားမယားတို့ကို ဆုံးမသွန်သင်ပါရစေ၊ သည်းခံ၍ ငံ့လင့်ပါဦး"ဟု ဆို၏။ ပုဏ္ဏကသည်လည်း သုခမိန်တောင်းပန်တိုင်း ခွင့်ပေး၍ သုခမိန်၏စောင့်ရှောက်ပြုစုစေမှုကို ခံယူကာနေ၏၊ ဝိဓုရသုခမိန်သည် သားမယား

တို့ကိုသွန်သင်ဆုံးမ၍ သုံးရက်စေ့လျှင် ပုဏ္ဏကခေါ်ရာသို့ လိုက်ပါလေ၏၊ ပုဏ္ဏကဘီလူးကား သုခမိန်သေစေရန် မြင်းမြီးကို ဆွဲစေလျက် သိန္ဓောမြင်းကို ဒုန်းစိုင်းနှင်ခြင်း, တောင်ကြား, သစ်ပင်ကြားသို့ ပစ်ချခြင်း, ကြောက်မက်ဖွယ် ခြင်္သေ့ ဘီလူးရုပ်များဖန်ဆင်းခြင်းကို ပြုလုပ်သော်လည်း ဘုရားအလောင်းဝိဓုရသုခမိန်သည် မသေခဲ့။

ဝိဓုရသုခမိန်သည် မိမိကို သေစေလိုခြင်းအကြောင်းကို ပုဏ္ဏကဘီလူးအား မေးလေသော် ဘီလူးက ဖြစ်ကြောင်းကုန်စဉ်ကို ပြောကြားလေ၏၊..."လုလင်...ငါ၏နှလုံးသားဖြင့် လုလင်၏ဆောင်ရာကိစ္စသည် အကယ်၍ ရှိအံ့၊ ခပ်သိမ်းသော သူတော်ကောင်းတို့သည် ကျင့်အပ်သော "သာဓုနရတရား"ကို သင့်အား ယခု ငါ ဟောခဲ့ဦးအံ့၊ ငါ့ကို သက်သာပေးဦးလော့"ဟု ဆို၏။ ပုဏ္ဏကသည် သုခမိန်ကို သက်သာရာပေး၏။

## သာဓုနရတရား လေးပါး

သူတော်ကောင်း-ဟု သမုတ်အပ်သောသူတို့၌သာ တည်သောကြောင့် "သာဓုနရ"ဟု ဆိုအပ်သောတရားသည် လေးပါးရှိ၏၊

၁။ ယာတာနုယာယီ ရှေးသူတော်ကောင်းတို့ သွားသောတရားလမ်းကို မယွင်းမထောင့် ဖြောင့်မှန်စွာ လိုက်ခြင်း၊

အကြင်သူသည် အတူတကွ မနေကြဖူး, မတွေ့ကြဖူး, မမြင်ကြဖူးသည် ဖြစ်၍ မသိမကျွမ်းဖူးလျက် မိမိအား နေရာပေးခြင်း, ခဲဖွယ်ဘောဇဉ် တည်ခင်းကျွေးမွေးခြင်းစသော ဧည့်သည်ဝတ်ကို ပြုပေအံ့၊ ထိုသို့ ပြုပေသောသူကို မိမိသည်လည်း ထိုသူကျင့်သကဲ့သို့ အစဉ်လိုက်၍ ကျေးဇူးတုံ့ကျင့်ရာ၏၊ ထိုသို့ ကျင့်ခြင်းသည်လျှင် "ယာတာနုယာယီ"တရားမည်၏။

၂။ အလ္လဥ္စ ပါဏိံ ပရိဝဇ္ဇယ-စိုစွတ်သောလက်ကို ခြောက်သွေ့ပူလောင်အောင် မပြုခြင်း၊

စိုသောလက်ကို မလောင်စေနှင့် -ဟူသည်ကား အကြင်သူ၏အိမ်၌ တစ်ညဉ့်မျှလည်း နေဖူး, တည်းဖူးအံ့၊ အကြင်သူ၏အိမ်၌ ထမင်းအဖျော်စသော နည်းနည်းများများ တစ်စုံတစ်ခုသောပစ္စည်းကို ရအံ့၊ ထိုသူအား စိတ်ဖြင့်မျှလည်း ပြစ်မှားခြင်းကို မပြုအပ်၊ အကယ်၍ ပြစ်မှားချေအံ့၊ စိုသောလက်ကို ပူလောင်စေသည် မည်၏၊ ဤသည်လျှင် "အလ္လပါဏိပရိဝဇ္ဇယ"တရားမည်၏။

၃။ မိတ္တအဒုဗ္ဘိ-ခင်ပွန်းကို မပြစ်မှားခြင်း၊

ခင်ပွန်းပြစ်မှားသောသူ -ဟူသည်ကား အကြင်သူသည် အကြင်သစ်ပင်၏အရိပ်၌ နေမူလည်း နေဖူးအံ့၊ အိပ်မူလည်း အိပ်ဖူးအံ့၊ ထိုသစ်ပင်၏အကိုင်းအခက်ကို မဖျက်မဆီးရာ, မချိုးဖဲ့ရာ၊ ထိုသစ်ပင်သည် မိမိကိုယ်စိတ်ချမ်းသာခြင်းကို ဆောင်ပေသောကြောင့် ခင်ပွန်းပင်မည်သတည်း၊ ဤသို့ အနိဋ္ဌိယဗ္ဗ ဉတ္တရရုပ်မျှသာဖြစ်သော သစ်ပင်ကိုမျှလည်း တစ်နေ့တစ်ခဏမျှ တည်းနေ ခိုမှီဖူးပေလျှင် မဖျက်ဆီး, မချိုးဖဲ့ရာ ဖြစ်တုံသေး၏၊ အသက်ရှိသော လူ၌ကား အဘယ် ဆိုဖွယ်ရှိအံ့နည်း?၊ မပြစ်မှားအပ်သည်သာတည်း၊ ပြစ်မှားချေအံ့၊ မိတ္တဒုဗ္ဘိ မည်၏၊ ဤသို့ မပြစ်မှားလျှင် "မိတ္တအဒုဗ္ဘိ"မည်၏။

၄။ အသတီနံ ဝသံ မာ နိဂစ္ဆ -ယုတ်မာသော မိန်းမတို့၏အလိုသို့ မလိုက်ခြင်း၊

မသူတော်သဘောသက်လိုသော မိန်းမတို့မည်သည် နှစ်သိန်းလေးသောင်း အထုရှိသော မြေကြီးအတိုင်းအရှည် များစွာသော စည်းစိမ်ဥစ္စာ အိမ်ထောင်ခမ်းနားတို့ကို ပေးအပ်နှင်း၍ မွေးမြူပြုစုသော်လည်း သယောက်လင်မြောင် ရအံ့သည်အခွင့်ထင်လျှင် လင်၏ကျေးဇူးကို မထောက် အကောက်ကြံ၍ အန္တရာယ်ပြုတတ်၏၊ ထိုသို့ မယုံမှတ်အပ်သည် စင်စစ်ဖြစ်လျက် နှစ်သက်ဖွယ်သော မာယာဖြင့် များစွာဖြားယောင်းသည်များကို အကောင်းထင်၍ ငါ့ကိုသာ ကြင်နာသည်, ငါ့ကိုသာ ချစ်သည်-ဟု ရမ္မက်စိတ်ဖုံးလွှမ်းသဖြင့် အခွင့်ကို မဆင်ခြင်, မတွေးဆ မိန်းမအလိုရှိတိုင်း ငင်ရာပါချေပြားအံ့၊ စီးပွါးမထင် ပင်ပန်းကာမျှ ဖြစ်တတ်ချေ၏၊ ဤသည်လျှင် "အသတီနံ ဝသံ မာ နိဂစ္ဆ" တရားမည်၏။

ယာတာနုယာယီ စ ဘဝါဟိ မာဏဝ၊ အလ္လဉ္စ ပါဏိံ ပရိဝဇ္ဇယဿု။
မာ စဿု မိတ္တေသု ကဒါစိ ဒုဗ္ဘီ၊ မာ စ ဝသံ အသတီနံ နိဂစ္ဆေ။
အသန္တုတံ နောပိ စ ဒိဋ္ဌပုဗ္ဗံ၊ ယော အာသနေနာပိ နိမန္တယေယျ။
တဿေဝ အတ္ထံ ပုရိသော ကရေယျ၊ ယာတာနုယာယီတိ တမာဟု ပဏ္ဍိတာ။
ယဿေ'ကရတ္တမ္ပိ ဃရေ ဝသေယျ၊ ယတ္ထ'န္နပါနံ ပုရိသော လဘေယျ။

န တဿ ပါပံ မနသာပိ စိန္တယေ၊ အဒုဋ္ဌပါဏိံ ဒဟတေ မိတ္တဒုဗ္ဘော။
ဒယဿ ရုက္ခဿ ဆာယာယ၊ နိသီဒေယျ သယေယျ ဝါ။
န တဿ သာခံ ဘဉ္ဇေယျ၊ မိတ္တဒုဗ္ဘော ဟိ ပါပကော။
ပုဏ္ဏမ္ပိ စေ'မံ ပထဝိံ ဓနေန၊ ဒဇ္ဇိ'တ္ထိယာ ပုရိသော သမ္မတာယ။
လဒ္ဓါ ခဏံ အတိမညေယျ တမ္ပိ၊ တာသံ ဝသံ အသတီနံ န ဂစ္ဆေ။
(ဇာတက၊ ၂၊ ၃၀၀။ ဋ္ဌ၊ ၇၊ ၂၁၇-၂၁၈။)

ဝိဓုရသုခမိန်၏သာဓုနရတရားလေးပါးကို ကြားနာရလျှင် ပုဏ္ဏကဘီလူးသည် "သုခမိန်...ငါကား သင်၏အိမ်၌ နှစ်ရက် သုံးရက် နေဖူး၏၊ သင်သည်လည်း ထမင်းအဖျော်အစရှိသဖြင့် ကျွေးမွေးပေ၏၊ သင်သည်ကား မပြစ်မှားအပ်သော ငါ၏အဆွေ ခင်ပွန်း မှန်ပေ၏၊ ငါ သင့်ကိုလွှတ်၏၊ သင်သည် အိမ်သို့ သွားလေလော့၊ ငါသည် နဂါးမင်းတို့နှင့် အမျိုးစပ်ခြင်းငှါ အလိုမရှိပြီ၊ နဂါးမင်းသမီးကို ရလိုသည်-ဟူ၍လည်း ဤသို့သော မကောင်းမှုကို မပြုထိုက်ပေ၊ သင်သည် ငါ့အား တရားကို ကောင်းစွာ ဟော ပေသောကြောင့် သင့်ကို သတ်ခြင်းမှ ယခု ငါလွှတ်၏"ဟု ဆို၏။

ဘုရားအလောင်းက "လုလင်...သင်သည် ငါ့ကို အိမ်သို့ မပို့နှင့်ဦး၊ ငါ့ကို နဂါးပြည်သို့ ပို့ဆောင်ဦးလော့"ဟု ဆို၏။ ပုဏ္ဏကဘီလူးသည် ဘုရားအလောင်းကို နဂါးပြည်သို့ မပို့ဆောင်လိုသော်လည်း ဘုရားအလောင်း၏ဆန္ဒအရ ပို့ဆောင်လေ၏။ ဘုရားအလောင်းသည် နဂါးမင်း, နဂါးမိဖုရားတို့အား သားသမီး အခြွေအရံအစရှိသူတို့ကို တစ်စုံတစ်ခုအမှုကြောင့် အမျက်မထွက် စေမူ၍ ကိုယ်၏သိမ်မွေ့ခြင်း, နှုတ်၏သိမ်မွေ့ခြင်းဖြင့် အသာတကြည် ပြေလည်အောင် စောင်မအုပ်ချုပ်လျက် သူတစ်ပါးတို့အား ကိုယ် နှင့်အတူ ချစ်မြတ်နိုးခြင်း မေတ္တာကို ပွါးစေရာ၏၊ ဤမေတ္တာတရားသည် ခပ်သိမ်းသောအလှူတို့ထက် လွန်ကဲ၏၊ ထိုမေတ္တာတရား ကို ကျင့်သဖြင့် ဤနဂါးပြည်၌ ကြီးမြတ်သော စည်းစိမ်ချမ်းသာကို အသက်ထက်ဆုံး ခံစား၍ ဘဝပြောင်းရသည်ရှိသော် နတ်ပြည်၌ အတုမရှိသော နတ်မင်း, နတ်မိဖုရားစည်းစိမ်ကို ခံစားရလတ္တံ့၊ ဤသို့ နတ်စည်းစိမ်ကို ခံစားရခြင်းသည် မေတ္တာတရားအကျင့်၏ အကျိုးဖြစ်လတ္တံ့"ဟု ဟောလေ၏။

ဝိမလာဒေဝီနဂါးမိဖုရားကြီးသည် သုခမိန်၏တရားကို နာလိုခြင်းအာသာသည် ပြေငြိမ်းလေ၏၊ နဂါးမင်းက "သုခမိန်... ...ပုဏ္ဏကစစ်သူကြီးသည် သုခမိန်ကို ဤနဂါးပြည်သို့ ဆောင်ယူခဲ့ပေသည်ဖြစ်၍ ငါ၏အလို, မိဖုရားကြီး၏အလို အလုံးစုံသည် ပြည့်စုံသောကြောင့် ပုဏ္ဏကစစ်သူကြီးအား ငါ၏သမီးတော် ဣရန္ဒတီကို ဆောင်နှင်းလက်ထပ်ပေးအပ်လေ၏၊ သင်ပုဏ္ဏကစစ်သူကြီး သည် ယနေ့ပင်လျှင် ဤသုခမိန်ကို ဣန္ဒပတ္ထနေပြည်တော်သို့ ပို့ချေလော့"ဟု ဆို၏။

ပုဏ္ဏကသည် "သင်သုခမိန်သည် ဣရန္ဒတီမင်းသမီးကို ငါ့အား ထိမ်းမြားလက်ထပ် ပေးအပ်သော အခြင်းအရာဖြင့် အတူ တကွ စံပျော်ရမည့်အကြောင်းကို ပြုပေ၏-ဟု ကျေးဇူးတုံ့ဆပ်သောအားဖြင့် သင်သုခမိန်အား စကြဝတေးမင်းတို့သာ သုံးဆောင်ထိုက် သော ဤမနောဟရပတ္တမြားကို ပေးပါ၏၊ ယနေ့ပင်လျှင် ဣန္ဒပတ္ထမင်းနေပြည်သို့ ငါပို့အံ့"ဟု ဆို၏။

ဘုရားအလောင်းက "လုလင်...သင်သည် ဤနဂါးမင်းသမီးနှင့် အတူတကွ အသက်ထက်ဆုံး နှလုံးကြည်ဖြူကြသဖြင့် သူတစ်ပါးတို့ လှည့်ဖြားနှောက်ယှက်၍ မဖျက်ဆီးနိုင် ခိုင်ခံ့သော မေတ္တာအစုံဖြင့် နတ်ဘုံဗိမာန်၌ ပျော်စံမွေ့လျော်ကြသည် ဖြစ်စေ သော်၊ သင်သည် အဆွေခင်ပွန်းစစ်ဖြစ်ပေသည်နှင့် အညီ ခပ်သိမ်းသောအလိုကို ပေးတတ်သော မနောဟရပတ္တမြားကို ငါ့အား ပေး၍ ငါတို့မြို့သို့ ယခုပို့မည် ဆိုသည့်အတိုင်း ကောင်းပြီ ပို့လော့"ဟု ဆို၏။

ပုဏ္ဏကဘီလူးသည် ဣရန္ဒတီမင်းသမီးကိုပါ ခေါ်၍ ဝိဓုရသုခမိန်ကို မနောဟရမြင်းပျံပေါ်သို့ တင်လျက် နဂါးပြည်မှ လျင်စွာသော မြင်းပျံ၏အဟုန်ဖြင့် တစ်ခဏချင်း ကုရုတိုင်းသို့ ရောက်၍ သင့်လျော်ရာ၌ ချထားခဲ့ပြီးလျှင် စတုမဟာရာဇ်နတ် ပြည်သို့ သွားလေတော့၏။

မှတ်ချက်။ ။ [ပုဏ္ဏကမြင်း၏လျင်မြန်ခြင်းကား...စိတ်သည် အာရုံပြုသည်၏အစွမ်းအားဖြင့် သွားခြင်းသည် အလွန်မြန်၏၊ ထို စိတ်၏သွားခြင်း လျင်မြန်သောထက်ပင်လျှင် မနောမယသိန္ဓောမြင်း၏သွားခြင်းသည် ပို၍ လျင်မြန်လှ၏။ (ဇာတ်ကြီး၊၃၊၄၈၇။)

ယထာပိ ဂစ္ဆေတိ မနော နာမ ကိဉ္စာပိ န ဂစ္ဆတိ၊ ဒူရေ အာရမ္မဏံ ဂဏှန္တော ပန ဂတောတိ ဝုစ္စတိ၊ တသ္မာ မနဿ အာရမ္မဏဂ္ဂဟဏတောပိ ခိပ္ပတရံ တဿ မနောမယသိန္ဓဝဿ ဂမနံ အဟောသီတိ ဧဝမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။ (ဇာတက၊ ဋ္ဌ၊ ၇၊ ၂၃၄။) ? အမှန်စင်စစ်မူ "မနောမယသိန္ဓောမြင်း၏သွားခြင်းသည် ထိုမြင်း၏သွားလိုသော စိတ်ကြောင့် ဖြစ်ရကား စိတ်သည်ပင် ပို၍ လျင်မြန်၏-ဟု ဆိုရပေမည်။]

ထိုအခါ ဝိဓုရသုခမိန်၏မယ်တော် ခမည်းတော်တို့သည် ယခုအခါ ဘုရားရှင်၏မယ်တော် ခမည်းတော်တို့ဖြစ်လာကုန်၏၊ ထိုအခါ ဝိဓုရသုခမိန်၏မယားကြီး (အနောဇာဒေဝီ)သည် ယခုအခါ အရှင်ရာဟုလာ၏မယ်တော်, သားတော်ကြီး (ဓမ္မပါလသတို့သား) သည် အရှင်ရာဟုလာ, ဝိမလာနဂါးမိဖုရားကြီးသည် ဥပ္ပလဝဏ်ထေရီ, ဝရုဏနဂါးမင်းကြီးသည် အရှင်သာရိပုတ္တ, ဂဠုန်မင်းသည် အရှင်မဟာမောဂ္ဂလ္လာန်, သိကြားမင်းသည် အရှင်အနုရုဒ္ဓါ, ဓနဉ္စယကောရဗျမင်းသည် အရှင်အာနန္ဒာ, ပုဏ္ဏကဘီလူးသည် အရှင်ဆန္န, ဝိဓုရသုခမိန်သည် ဘုရားရှင်တို့ ဖြစ်လာကုန်၏။

ဆောင်ပုဒ်=သူ့ကျေးဇူးမြတ်၊ ပြန်တုံ့ဆပ်၊ မှတ်အပ် သာဓုနရ။
စိုသည့်လက်ကို၊ မပူလို၊ မှတ်ဆို သာဓုနရ။
ခင်ပွန်းကိုကား၊ မပြစ်မှား၊ မှတ်သား သာဓုနရ။
မိန်းမဆိုး၌၊ လိုမလိုက်၊ မှတ်ပိုက် သာဓုနရ။
သူတော်ကောင်းတရား၊ ဤလေးပါး၊ ခေါ်ငြား သာဓုနရ။
သူတော်တရား၊ ဤလေးပါး၊ ကျင့်ငြား ကောင်းလေစွ။

၃၅၃။ (၅၄၇) ဝေဿန္တရာဇာတ်၊ မဟာနိပါတ် (ဇာတက၊ ၂၊ ၃၁၂ ၃၇၈။ ဋ္ဌ၊ ၇၊ ၂၄၁ ၃၈၇။ ဇာတ်ကြီး၊ ဒု၊ ၄၉၅ ၆၄၉။)

ပစ္စုပ္ပန်ဝတ္ထု=ဘုရားရှင်သည် ကပိလဝတ္ထုပြည် နိဂြောဓာရုံကျောင်းတော်၌ နေတော်မူစဉ် ပေါက္ခရဝဿမိုးရွာခြင်းကို အကြောင်းပြု၍ ဟောခြင်း။

ဘုရားရှင်သည် ပဌမဦးဆုံး ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူရာဝယ် "အမျိုးမာန်ခက်ထန်လှသော သာကီဝင်တို့က ဘုရားရှင်အား အရိုအသေမပြုလိုကြသောကြောင့်" တန်ခိုးပြာဋိဟာကို ပြတော်မူလေ၏၊ ခမည်းတော်သုဒ္ဓေါဒန မင်းကြီးအမှူးရှိသော ဆွေတော်မျိုးတော်အားလုံးတို့သည် အရိုအသေပြုကြ, ရှိခိုးကြလေ၏၊ ထိုအခါမှာ စွတ်စိုလိုသော သူတို့ကိုသာစွတ်စိုသော "ပေါက္ခရဝဿ"မိုး ရွာ၏။

အတိတ်ဝတ္ထု=သိဝိတိုင်း ဇေတုတ္တရနေပြည်တော် သဉ္စယ(သိဉ္စည်း)မင်းကြီးနှင့် ဖုသတီမိဖုရားကြီးတို့မှ ဖွားမြင်သော ဘုရားအလောင်းသည် ဖွားလျှင်ဖွားချင်း "မိခင်...အလှူပေးအံ့၊ မိခင်မှာ တစ်စုံတစ်ခု ဥစ္စာ ရှိပါသလော?"ဟု ဆို၏။ မယ်တော်ကလည်း "ချစ်သား...အလိုရှိတိုင်း ပေးလော့"ဟု အသပြာတစ်ထောင်ထုပ်ကိုပေး၏။

မွေးဖွားလျှင် မွေးဖွားချင်း စကားပြောသော သုံးဘဝ...ဘုရားအလောင်းသည် (၁)ဥမင်္ဂဇာတ် မဟောသဓသုခမိန်, (၂) ဤဇာတ်၌ ဝေဿန္တရာမင်းသား, (၃) နောက်ဆုံး ဘုရားဖြစ်တော်မူသော သိဒ္ဓတ္ထမင်းသား=ဤသုံးပါးသော ဘဝတို့၌ မွေးဖွားဦးစ စကားပြောတော်မူ၏။

မဟာသတ္တော ဟိ ဥမင်္ဂဇာတကေ ဣမသ္မိံ ဇာတကေ ပစ္ဆိမတ္တဘာဝေတိ တီသု ဌာနေသု ဇာတမတ္တော ယေဝ မာတရာ သဒ္ဓိံ ကထေသိ။ (ဇာတက၊ ဋ္ဌ၊ ၇၊ ၂၄၈။)

ဖုသတီမိဖုရားကြီးသည် မြို့ကို လှည့်လည်ကြည့်ရှုစဉ် ကုန်သည်လမ်း၌ ဘုရားအလောင်းကို မွေးဖွားတော်မူသောကြောင့်"ဝေဿန္တရ"ဟု မှည့်ခေါ်တော်မူ၏။

ခမည်းတော်မင်းကြီးသည် ဝေဿန္တရာမင်းသားကို မဒ္ဒီမင်းသမီးနှင့် ထိမ်းမြားလက်ထပ်ပြီးလျှင် မင်းအဖြစ်ဖြင့် အဘိသိက်သွန်းလေ၏၊ ဝေဿန္တရာမင်းသည် ဆင်ဖြူတော်ကို ကာလိင်္ဂတိုင်း ပုဏ္ဏားတို့အား လှူခြင်းကြောင့် တိုင်းသူပြည်သားတို့ မကျေမနပ်အမျက်ထွက်ကြသဖြင့် ခမည်းတော်မင်းကြီးက သားတော်ဝေဿန္တရာမင်းကို တိုင်းပြည်မှ နှင်ထုတ်လေ၏။

ဝေဿန္တရာမင်းသည် ဝင်္ကတောင်(ဝင်္ကဘာတောင်) သင်္ခမ်းကျောင်း၌ နေစဉ် ဇူဇကာပုဏ္ဏားက သားတော်ဇာလီနှင့် သမီးတော် ကဏှာဇိန်တို့ကို ကျွန်ပြုရန် အလှူခံရာ တန်ဖိုးဖြတ်၍ လှူတော်မူ၏။

ပုဏ္ဏားယောင်ဆောင်သော သိကြားမင်းကလည်း မဒ္ဒီမိဖုရားကို အလှူခံပြီးလျှင် နောက်ထပ် မည်သူ့အားမျှ မလှူနိုင်ရန် မဒ္ဒီမိဖုရားကို ဝေဿန္တရာမင်းအား ပြန်လည် ပေးခဲ့၏။

စွန့်ခြင်းကြီး ၅ ပါး...၁။ ဓနပရိစ္စာဂ စည်းစိမ်ဥစ္စာကို စွန့်ခြင်း၊
၂။ အင်္ဂပရိစ္စာဂ ခြေ, လက်, မျက်စိ စသော အင်္ဂါကြီးငယ်ကို စွန့်ခြင်း၊
၃။ ပုတ္တပရိစ္စာဂ သားသမီးကို စွန့်ခြင်း၊
၄။ ဘရိယပရိစ္စာဂ မယားကို စွန့်ခြင်း၊
၅။ ဇီဝိတပရိစ္စာဂ အသက်ကို စွန့်ခြင်း။

သဗ္ဗဇောဓိသတ္တာနံ (သဗ္ဗေ ဗောဓိသတ္တာ သျှ၊က) ခနပရိစ္စာဂံ အင်္ဂပရိစ္စာဂံ ပုတ္တပရိစ္စာဂံ ဘရိယပရိစ္စာဂံ
ဇီဝိတပရိစ္စာဂန္တိ ဣမေ ပဉ္စ မဟာပရိစ္စာဂေ အပရိစ္စဇိတွာ ဗုဒ္ဓဘူတပုဗ္ဗော နာမ နတ္ထိ။ (ဇာတက၊ ၅၊ ၇၊ ၃၃၃။)

ဇူဇကာပုဏ္ဏားသည် သဥယမင်းကြီးထံသို့ ရောက်သောအခါ မင်းကြီးက မြေးတော် ၂ ပါးကို ရွေးယူတော်မူ၏။

ထို့နောက် သဥယမင်းကြီးသည် ဖုသတီမိဖုရားကြီး, မြေးတော်၂ ပါးတို့နှင့် အတူ စစ်သည်ဗိုလ်ပါများဖြင့် ဝင်္ကတောင်သို့ လိုက်သွားကြရာ ခမည်းတော်မင်းကြီး, မယ်တော်ဖုသတီမိဖုရားကြီး, မြေးတော်၂ ပါး, ဝေဿန္တရာမင်း, မဒ္ဒီမိဖုရား=မင်း၆ ပါးတို့တွေ့ဆုံကြလျက် ပြင်းစွာငိုကြွေး၍ မိန်းမောနေကြလေသော် သိကြားမင်းသည် ကြာတော၌ ရွာသောမိုးနှင့်တူစွာ ပေါက္ခရဝဿမိုးကို ရွာစေ၏၊ ထိုမိုးကား စွတ်လိုသောသူတို့ကိုသာ စွတ်စေ၏၊ မစွတ်လိုသောသူ၏ ကိုယ်၌ မိုးရေ တစ်ပေါက်မျှ မကျ၊ မင်း၆ ပါးတို့သည် သက်သာရာရကုန်၏။

ခမည်းတော်မင်းကြီးသည် မင်းမြောက်တန်ဆာငါးပါးတို့ဖြင့် သားတော်ဝေဿန္တရာမင်းကို အဘိသိက်သွန်းစေပြီးလျှင် နေပြည်တော်သို့ ပြန်လည်၍ ခေါ်သွားတော်မူလေ၏။

ဝေဿန္တရာမင်းသည် တိုင်းပြည်သို့ ရောက်ပြီးသောနေ့ဝယ် "ဖုန်းတောင်းယာစကာတို့အား အဘယ်ကို ငါလှူရအံ့နည်း?"ဟု ကြံစည်ကာမျှ၌ သိကြားမင်း၏နေရာသည် ပူသောအခြင်းအရာကို ပြလေ၏၊ သိကြားမင်းသည် ထိုအကြောင်းကို သိလေသော်ရတနာမိုးကို ရွာစေ၏၊ ဘုရားအလောင်းသည် ပြည်သူပြည်သားတို့အား မိမိအိမ် ခြံအတွင်း၌ ရွာသောရတနာတို့ကို အိမ်ရှင်တို့ ယူကြစေရန် ခွင့်ပြု၍ ကျန်နေရာတို့၌ ရွာသော ရတနာတို့ကို မင်း၏ကျီကျတို့၌ သွင်းစေတော်မူ၏၊ ဝေဿန္တရာမင်းကြီးသည် အသက်ထက်ဆုံး ကောင်းမှုကို ပြု၍ နတ်ရွာစံလေသော် တုသိတာနတ်ပြည်၌ ဖြစ်လေ၏။

ထိုအခါ ဇူဇကာပုဏ္ဏားသည် ယခုအခါ ဒေဝဒတ်, အမိတ္တတာပနာ(အမိတ္တပုံ)သည် စိဉ္စမာဏဝိကာ, စေတမုဆိုးသားသည် ဆန္န, အစ္စုတရသေ့သည် အရှင်သာရိပုတ္တာ, သိကြားမင်းသည် အရှင်အနုရုဒ္ဓါ, ခမည်းတော်သဥယမင်းကြီးသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး, မယ်တော် ဖုသတီမိဖုရားကြီးသည် မယ်တော် မဟာမာယာမိဖုရားကြီး, မဒ္ဒီမိဖုရားသည် အရှင်ရာဟုလာမယ်တော်, ဇာလီမင်းသားသည် အရှင်ရာဟုလာ, ကဏှာဇိန်မင်းသမီးသည် ဥပ္ပလဝဏ်ထေရီ, ဝေဿန္တရာမင်းသည် ဘုရားရှင်တို့ ဖြစ်လာကုန်၏။

ဆောင်ပုဒ်=လင်ဆင်းရဲခါ၊ ကိုယ်လည်းပါ၊ တူစွာ ဆင်းရဲစေ။
လင်ချမ်းသာခါ၊ မိမိပါ၊ တူစွာ ချမ်းသာစေ။
အေးလျှင်အတူ၊ ပူလျှင်အမျှ၊ စိတ်တူစွ၊ မြတ်လှ ဇနီးပေ။
မဒ္ဒီမိဖုရား၊ စိတ်တော်ကား၊ မြင့်မားလှပါပေ။

## ဇာတ်တော်ပေါင်းလင်္ကာ

ငါးရာ့ငါးဆယ်၊ နိဒါန်းသွယ်ပိမ့်၊ ဇာတ်ဝယ်ဧကေ၊ တရာ့ငါးဆယ်၊ ဒုဝယ်တရာ၊ တိကာအရ၊ ပညာသနှင့်၊ စတုကနည်းတူ၊ ပဉ္စမူကား၊ နှစ်ဆယ့်ငါးသာ၊ ဆက္ကာဝီသ၊ သတ္တကေဝီ၊ အဋ္ဌမိဒသ၊ နဝနှစ်ဆယ်၊ ဒသဝယ်မူ၊ ဆယ့်ခြောက်ယူပါ၊ ဧကာဒသ၊ ကိုးခုချ၍၊ ဒွါဒသနှင့်၊ တေရသမိ၊ တဆယ်စီရ၊ ပကိဏ္ဏကကား၊ ဆယ့်သုံးပါးညီ၊ ဝီသတိက၊ စုဒ္ဒသနှင့်၊ တိံသဆယ်လီ၊ စတ္တာလီပဉ္စ၊ ပဏ္ဏာသသုံး၊ ပေါင်းရုံးသဋ္ဌိ၊ ဒွေဟုသိလော့၊ သတ္တတိလည်း၊ ယင်းနှင့်အညီ၊ အသီတိမှာ၊ ငါးခုသာတည်း၊ မဟာနိပါတ်၊ ဆယ်စောင်ဇာတ်နှင့်၊ ပေါင်းလတ်သောခါ၊ ငါးရာလေးဆယ်၊ စွန်းကယ်သတ္တ၊ သချေ်ယျကို၊ အစိကမျိုး၊ သချာတိုး၍၊ ဟောရိုးသင့်လျော်၊ ငါးဆယ်ခေါ်သည်.....သုံးဘော်လှူဘ ဇာတ်ပေါင်းတည်း။

ငါးရာ့ငါးဆယ်၊ ဇာတ်တော်ဝယ်တွင်၊ သေရိဝါဏိဇ၊ ဇာတကမှာ၊ ငါးကမ္ဘာထက်၊ ဖြစ်ချက်အမှန်၊ လောမဟံသ၊ ဇာတကလည်း၊ကေနဝုတိကမ္ဘာ၊ ဤနှစ်ဖြာကား၊ ကောနိပါတ်၊ လာသည်မှတ်ကြ၊ အရကဇာတ်၊ ကေပ်ကမ္ဘာ၊ ဖြစ်သည်သာဟု၊ ဒုကာနိပါတ်၊ ဟောတုံလတ်၏၊ သတ္တနိပါတ်၊ ဗကဇာတ်မှာ၊ ကောကပ္ပ၊ မိန့်တော်ပြ၏၊ သေသဇာတ်မှာ၊ ဤကမ္ဘာတွင်၊ ဖြစ်သည်ပင်ဟု၊ သခင်ဘုရား၊ ဟောမိန့်ကြားသည်.....အများလူတို့ မှတ်ဘွယ်တည်း။

## ဖြစ်တော်ပေါင်းလင်္ကာ

ငါးရာ့ငါးဆယ်၊ ဇာတ်ဝတ်ဝယ်တွင်၊ လူလျှင်သုံးရာ၊ ငါးဆယ်သာ၍၊ ကောဖြစ်ငြား၊ နတ်သားအစစ်၊ သုံးဆယ့်နှစ်တိုး၊ ရက္ခစိုးဝယ်၊ သုံးဆယ်နှင့်သုံး၊ ပေါင်းရုံးမျောက်ဝယ်၊ တဆယ်နှင့်စေ့၊ ခြသေ့,ဟင်္သာ၊ ဆယ်ခါစီဖြစ်၊ ကျေးစစ်ကိုးပင်၊ သမင်အဋ္ဌ၊

ဆင်သတ္တနှင့်၊ ခိုမှ ခြောက်ခါ၊ ဗြဟ္မာနှင့် နွား၊ ငါးစီထားလော့၊ နဂါးနှင့် မြင်း၊ လင်းတပေါင်းရုံး၊ ငုံး,ငှက်သာမ်၊ ဤငါးတန်မူ၊ လေးဆူဖြစ်ရောင်း၊ ဥဒေါင်း,ဆတ်,ခွေး၊ ခေါ်ရေးနာမ၊ ဖွတ်ဂေါဓနှင့်၊ မစ္ဆငါးစွက်၊ ဇာတ်ငါးချက်ဝယ်၊ သုံးဖက်စီပေး၊ ဖြစ်လေးတသုန်၊ ဂဠုန်ထည့်စွက်၊ ဥသြငှက်နှင့်၊ စက္ကဝါက်,ကျီး၊ စာချီး,ကြက်,ကြွက်၊ ခါငှက်,ခေါက်ရှာ၊ ဇာတ်ရှစ်ဖြာကား၊ နှစ်ခါစီပေး၊ ဖြစ်လေးပေါင်းရုံး၊ ဘီလုံး,တင်ကျီး၊ တနည်းဖား,ကျွဲ၊ စွဲမှတ်တပုံ၊ ယုန်,စာခေါင်းကွက်၊ ဝက်,ကိန္နရာ၊ ရှစ်ဖြာဇာတ်စစ်၊ တစ်စီဖြစ်၏၊ ပေါင်းလစ်ငါးရာ၊ လေးဆယ်သာသည်.....စွန်းမှာခွန်နှစ်မျှသာတည်း။ (တိပိဋကနီတိ၊ ၃၇၀။)

## မင်းကွန်းတောင်ရိုး မိုးမိတ် စက်တော်ရာပတ်လည်ရှိ
## အဖြစ်တော်ပေါင်းချုပ်
## ဘုရားရှိခိုးလင်္ကာ

အတိုင်းမသိ၊ ကျေးဇူးရှိသည့်၊ မုနိသကျ၊ ဂေါတမကား၊ မဆွရေးခါ၊ သုမေဓာ ဗြာဟ္မဏ၊ တာပသဇာစ်၊ ရသေ့ဖြစ်၍၊ သုံးခေတ္တရှင်၊ ဒီပင်္ကရာ၊ စောမြတ်စွာ၏၊ နိယတာခွန်း၊ ဗျာဒိတ်ပန်းကို၊ ဦးစွန်းထိပ်ပြင်၊ ပန်ဆင်သည်မှ၊ လေးဝသချေ်၊ သိန်းနေကမ္ဘာ၊ ရှည်မြင့်ကြာအောင်၊ ပါရမီတီသ၊ ပဥ္စစာဂါ၊ စရိယာသုံး၊ လောင်းတို့ထုံးကို၊ ရုံးစည်းဖွေရှာ၊ ကျင့်ခြင်းရာဖြင့်၊ မိန့်မှာပိုင်းခြား၊ ဇာတ်တော်များတွင်၊ မပြားမျိုးတူ၊ ပေါင်းယူတွက်လစ်၊ သင်္ချာစစ်မူ....၊

လူဖြစ်ဇာတ်မှာ၊ သုံးရာစွန်းကယ်၊ ငါးဆယ်သုံးဖြစ်။

လျှပ်စစ်ရောင်ဝါ၊ ဗြဟ္မာငါးကြိမ်။

ဝတီသာဖျား၊ သိကြားနှစ်ဆယ်။

မိုးဝယ်ထက်နတ်၊ ဇာတ်စုဒ္ဒသ။

ရက္ခနတ်ဖြစ်၊ သုံးဆယ့်တစ်ကောက်။

မျောက် ဒွါဒသ။

ဂူဝဟောက်လေ့၊ ခြင်္သေ့ဆယ်ခါ။

ဟင်္သာ, ကျေးသား၊ နှစ်ပါးတူညီ၊ ကိုးဖြစ်စီပင်။

သမင်ရှစ်ဟူ။

ဆင်မူခုနစ်။

ခိုဖြစ် ခြောက်ခါ။

နွားမှာ ပဉ္စ။

လင်းတ, ငုံး, မြင်း၊ ရေမင်းနဂါး၊ ဤလေးပါးဇာစ်၊ လေးဖြစ်စီပေါင်း။

ဒေါင်း, ခွေး, ငှက်, ဆတ်၊ ဖွတ်နှင့် ရေငါး၊ ဤခြောက်ပါးမှာ၊ သုံးစီသာတည်။

ကျီး, ခါ, ကြက်, ကြွက်၊ ဂဠုန်ငှက်နှင့်၊ စက္ကဝါက်, ဥသြ၊ ပေါင်းရေတွက်မှတ်၊ ခုနစ်ဇာတ်မှာ၊ နှစ်စီသာထား။

ဖား, ဗီလုံးငှက်၊ ကျွဲ, ဝက်, ခေါက်ရှာ၊ ကိန္နရာ, တင်ကျီး၊ စာဝတီငှက်၊ ဆက်ရက်, ယုန်လှောက်၊ သစ်တောက်ငှက်ဟု၊ ဆယ့်တစ်ခုမှာ၊ တွက်ကာအညီ၊ တစ်ကြိမ်စီတည်။

ပေါင်းလီသင်္ချာ၊ ငါးရာလေးဆယ်၊ စွန်းကယ် ကြိမ်ရှစ်၊ တို့ရှင်ချစ်လျှင်၊ ပတ်ရစ်ဝင္ဃ၊ သြဃနစ်သူ၊ သုံးပါးလူကို၊ ရှစ်ဆူမဂ္ဂင်၊ သင်္ဘောယာဉ်ဖြင့်၊ ဆယ်တင်ယူဆောင်၊ နိဗ္ဗာန်သောင်သို့၊ ရောက်အောင်ပို့အံ့၊ ခိုင်ကြံ့စွဲယူ၊ ကြံတော်မူသား၊ လောင်းတော်ဖျားကို၊ သုံးပါးဝန္ဒနာ၊ စေတနာဖြင့်၊ သဒ္ဓါမြတ်နိုး၊ ရှိလျှင်ခိုးသည်၊ ၊ ကောင်းကျိုးထက်ဝှန်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ထုတ်ချောက် ရောက်စေသောဝ်။ သဗ္ဗညု မြတ်ရှင်စော။ သြကာသ....သြကာသ။ (တိပိဋကရေ ကာဗျမာလာ၊ ၁၃၁ ၁၃၃။)

မှတ်ချက်=ဤကဗျာ၌ "ဆက်ရက်"ပါ၏၊ ဝံလိုငှက် မပါ၊ ဇာတ်တော်များ၌ "ဆက်ရက်"မပါ၊ စိတ္တသမ္ဘူတဇာတ်၌ ဝံလိုငှက် ပါ၏။

## ပရိက္ခာရာနှင့်စပ်သွယ် သိမှတ်ဖွယ်

(၁,၂,၃) သင်္ကန်း၃ ထည်=နှစ်ထပ်သင်္ကန်း(ဒုကုဋ်, သင်္ကန်းကြီးလည်း ခေါ်၏), ကိုယ်ရုံသင်္ကန်း(ကေသီလည်း ခေါ်၏), ခါးဝတ်သင်္ကန်း(သင်းပိုင်ဟုလည်း ခေါ်၏), (၄) သပိတ်, (၅) ပဲခွပ်(သင်တုန်း,ဓားငယ်), (၆)အပ်, (၇)ခါးပန်းကြိုး, (၈)ရေစစ်။

တိစီဝရာနိ ပတ္တော ဒန္တကဋ္ဌစ္ဆေဒနဝါသိ(ဒန်ပူကို ဖြတ်ကြောင်းပဲခွပ်, ဓားငယ်) ကော သူစိ ကာယဗန္ဓနံ ပရိဿဝန (လက်ကိုင်ပုဝါကဲ့သို့သော ရေစစ်၊ ဓမ္မကရိုဏ်ရေစစ်မဟုတ်)န္တိ။

တိစီဝရဉ္စ ပတ္တော စ၊ ဝါသိ သူစိ စ ဗန္ဓနံ။
ပရိဿာဝနေန အဋ္ဌေတေ၊ ယုတ္တယောဂဿ ဘိက္ခုနော။
(ဒီ၊ ဋ္ဌ၊ ၁၊ ၁၈၄။)

ပတ္တော တိစီဝရံ ကာယ ဗန္ဓနံ ဝါသိ သူစိ စ။
ပရိဿာဝနမိစ္စေတေ၊ ပရိက္ခာရာဋ္ဌ ဘာသိတာ။
(အဘိဓာန်၊ ဂါထာနံပါတ်၄၃၉။)

တိစီဝရဉ္စ ၃ထည်သောသင်္ကန်းသည်၄င်း၊ ပတ္တော စ သပိတ်သည်၄င်း၊ ဝါသိ စ ပဲခွပ်သည်၄င်း၊ ဝါ ဓားငယ်သည်၄င်း၊ သူစိ စ အပ်သည်၄င်း၊ ဗန္ဓနံ စ ခါးပန်းကြိုးသည်၄င်း၊ ပရိဿာဝနေန ရေစစ်နှင့်တကွ၊ အဋ္ဌ ရှစ်ပါးကုန်သော၊ ဧတေ ဤပရိက္ခာရာတို့သည်၊ ယုတ္တယောဂဿ အားထုတ်အပ်ပြီးသော ဘာဝနာအားထုတ်မှုရှိသော၊ ဝါ ဘာဝနာအားထုတ်မှုဌ်ယှဉ်သော၊ ဘိက္ခုနော ရဟန်း၏၊ (ပရိက္ခာရာ ပရိက္ခာရာတို့တည်း)။

ဗန္ဓနန္တိ ကာယဗန္ဓနံ။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၁၅။)

ပရိက္ခာရာ သုံးစရာ။ ။ အလုံးစုံသော ပရိက္ခာရာတို့သည် ကိုယ်ကိုဆောင်နိုင် မွေးမြူနိုင်, ဝမ်းကိုဆောင်နိုင် မွေးမြူနိုင်ကုန်၏။

တေ သဗ္ဗေ ကာယပရိဟာရိကာပိ ဟောန္တိ ကုစ္ဆိပရိဟာရိကာပိ။ (ဒီ၊ ဋ္ဌ၊ ၁၊ ၁၈၄။)

ကာယပရိဟာရိယနှင့် ကုစ္ဆိပရိဟာရိယတို့၏အထူး။ ။ ပြင်ပခန္ဓာကိုယ်ကို ကျေးဇူးပြုတတ်သည့်သဘောသည် "ကာယပရိဟာရိယ" မည်၏၊ စားမျိုသည်၏အစွမ်းအားဖြင့် ကိုယ်ခန္ဓာတည်တံ့ခြင်းအား ကျေးဇူးပြုတတ်သည့်သဘောသည် "ကုစ္ဆိပရိဟာရိယ"မည်၏။

ဗဟိဒ္ဓါဝ ကာယဿ ဥပကာရကဘာဝေန ကာယပရိဟာရိယတာ၊ အဇ္ဈောဟရဏဝသေန သရီရဋ္ဌိတိယာ ဥပကာရကဘာဝေန ကုစ္ဆိပရိဟာရိယတာတိ အယမေတေသံ ဝိသေသော။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၁၅။)

သင်္ကန်းသုံးထည်၏အသုံး။ ။ သင်းပိုင်ကိုဝတ်၍ ကေသီနှင့်သင်္ကန်းကြီးကို ရန်း၍ဖြစ်စေ ရုံ၍ဖြစ်စေ လှည့်လည်သောအခါ၌ ကိုယ်ကိုဆောင်နိုင်, မွေးမြူနိုင်သည်မည်၏၊ သင်္ကန်းစွန်းဖြင့် ရေကိုစစ်၍ သောက်သောအခါ၌ဖြစ်စေ, ခဲစားထိုက်သော သစ်သီးကြီးငယ်ကို ခံယူရာ၌ဖြစ်စေ ဝမ်းကိုဆောင်နိုင် မွေးမြူနိုင်သည်မည်၏။

တိစီဝရံ တာဝ နိဝါသေတွာ စ ပါရုပိတွာ စ ဝိစရဏကာလေ ကာယံ ပရိဟရတိ ပေါသေတီတိ ကာယပရိဟာရိကံ ဟောတိ။ စီဝရကဏ္ဏေန ဥဒကံ ပရိဿာဝေတွာ ပိဝနကာလေ ခါဒိတဗ္ဗဖလာဖလဂဟဏကာလေ(ခဲစားထိုက်သော သစ်သီးငယ်, သစ်သီးကြီးကို ခံယူရာ၌) စ ကုစ္ဆိံ ပရိဟရတိ ပေါသေတီတိ ကုစ္ဆိပရိဟာရိကံ ဟောတိ။ (ဒီ၊ ဋ္ဌ၊ ၁၊ ၁၈၅။)

သပိတ်၏အသုံး။ ။ သပိတ်သည် ယင်းသပိတ်ဖြင့် ရေကို ထုတ်ဆောင်၍ ရေချိုးရာအခါ၌၄င်း, ကျောင်းငယ်ကို သန့်ရှင်းအောင် ပြုရာအခါ၌၄င်း ကိုယ်ကိုဆောင်နိုင် မွေးမြူနိုင်သည်မည်၏၊ အစာအာဟာရကို ယူ၍ ဘုဉ်းပေးရာအခါ၌ကား ဝမ်းကို ဆောင်နိုင် မွေးမြူနိုင်သည်မည်၏။

ပတ္တောပိ တေန ဥဒကံ ဥဒ္ဓရိတွာ နှာနကာလေ ကုဋိပရိဘဏ္ဍကရဏကာလေ စ ကာယပရိဟာရိကော ဟောတိ။ အာဟာရံ ဂဟေတွာ ဘုဉ္ဇနကာလေ ကုစ္ဆိပရိဟာရိကာ။ (ဒီ၊ ဋ္ဌ၊ ၁၊ ၁၈၅။)

ကုဋိပရိဘဏ္ဍကရဏကာလေတိ ကုဋိယာ သမ္မဇ္ဇနေ ဝိလိမ္ပနေန သမ္မဋ္ဌကရဏကာလေ။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊၁၁၅။)

ပဲခွပ်ဓားငယ်၏အသုံး။ ။ ပဲခွပ် ဓားငယ်သည် ယင်းပဲခွပ် ဓားငယ်ဖြင့် ဒန်ပူဖြတ်ရာအခါ၌၄င်း ညောင်စောင်းအင်းပျဉ်တို့၏ အပေါင်အခြေတို့ကို ပြုစီရင်ရာအခါ သင်္ကန်းကျောင်းငယ်၏ဒုတ်တန်းငယ်ကို ပြုစီရင်ရာအခါ၌၄င်း ကိုယ်ကို ဆောင်နိုင် မွေးမြူနိုင်သည်

မည်၏၊ ကြံကိုဖြတ်ရာအခါ အုန်းသီးအစရှိသည်တို့၏အခွံကို ခွါရာအခါ၌ ဝမ်းကိုဆောင်နိုင် မွေးမြူနိုင်သည်မည်၏။

ဝါသိပိ တာယ ဒန္တကဋ္ဌစ္ဆေဒနကာလေ မဉ္ဇိဋ္ဌာနံ အင်္ဂပါဒစီဝရကုဋိဒဏ္ဍကသဇ္ဇနကာလေ ကုစ္ဆိပရိဟာရိကာ။ (ဒီ၊၄၊၁၊၁၈၅။)

အပ်၏အသုံး။ ။ အပ်သည် ယင်းအပ်ဖြင့် သင်္ကန်းချုပ်ရာအခါ၌ ကိုယ်ကိုဆောင်နိုင် မွေးမြူနိုင်သည်မည်၏၊ မုန့်ကိုင်ငှင်း အသီးကိုင်ငှင်း ထိုးဖေါက်၍ ခဲစားရာအခါ၌ကား ဝမ်းကိုဆောင်နိုင် မွေးမြူနိုင်သည်မည်၏။

သူစိပိ စီဝရသိဗ္ဗနကာလေ ကာယပရိဟာရိကာ ဟောတိ။ ပူဝံ ဝါ ဖလံ ဝါ ဝိဇ္ဈိတွာ ခါဒနကာလေ ကုစ္ဆိပရိဟာရိကာ။ (ဒီ၊ ၄၊ ၁၊ ၁၈၅။)

ခါးပန်းကြိုး၏အသုံး။ ။ ခါးပန်းကြိုးသည် ယင်းကြိုးဖြင့် (ခါးကို)ဖွဲ့၍(ပန်း၍) လှည့်လည်ရာအခါ၌ ကိုယ်ကိုဆောင်နိုင် မွေးမြူနိုင်သည်မည်၏၊ ကြံအစရှိသည်တို့ကို ဖွဲ့စည်း၍ ယူရာအခါ၌ ဝမ်းကိုဆောင်နိုင် မွေးမြူးနိုင်သည်မည်၏။

ကာယဗန္ဓနံ ဗန္ဓိတွာ ဝိစရဏကာလေ ကာယပရိဟာရိကံ။ ဥစ္ဆုဘာရာဒီနိ ဗန္ဓိတွာ ဂဟဏကာလေ ကုစ္ဆိပရိဟာရိကံ။ (ဒီ၊ ၄၊ ၁၊ ၁၈၅။)

ပုဝါရေစစ်၏အသုံး။ ။ ပုဝါရေစစ်သည် ယင်းရေစစ်ဖြင့် ရေကိုစစ်၍ ရေချိုးရာအခါ၌ငှင်း ကျောင်းအိပ်ရာနေရာကို သန့်ရှင်းအောင် ပြုရာအခါ၌ငှင်း ကိုယ်ကိုဆောင်နိုင် မွေးမြူနိုင်သည်မည်၏၊ သောက်ရေကိုစစ်ရာအခါ၌ငှင်း ယင်းပုဝါရေစစ်ဖြင့် နှမ်း, ဆန်, မုန့်ဆန်းအစရှိသည်တို့ကို ယူ၍ ခဲစားရာအခါ၌ငှင်း ဝမ်းကိုဆောင်နိုင် မွေးမြူနိုင်သည်မည်၏။

ပရိဿာဝနံ တေန ဥဒကံ ပရိဿာဝေတွာ နှာနကာလေ သေနာသနပရိဘဏ္ဍကရဏကာလေ စ ကာယပရိဟာရိကံ။ ပါနီယံ ပရိဿာဝနကာလေ တေနေဝ တိလတဏ္ဍုလပုထုကာဒီနိ ဂဟေတွာ ခါဒနကာလေ စ ကုစ္ဆိပရိဟာရိယံ။ အယံ တာဝ အဋ္ဌပရိက္ခာရိကဿ ပရိက္ခာရမတ္တာ။ (ဒီ၊ ၄၊ ၁၊ ၁၈၅။)

မူကွဲ၌ "မဓုကာဒီနိ"ဟု ရှိသည်၊ မဓုဒ္ဒုမပုပ္ဖံ( သစ်မည်စည်ခေါ် မယ်ဇယ်ပင်၏ပန်းသည်) မဓုကံ နာမ(မဓုကမည်၏)၊ မက္ခိကာမဓုပူဟိ ကတပူဝံ ဝါ(ယင်ပျားငယ်တို့ပြုအပ်သော ပျားမုန့်)။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၁၅။)

ပရိက္ခရာ၉-ပါး။ ။ အထက်ပါ ပရိက္ခရာ၈ ပါး၌ အိပ်ရာခင်း သို့မဟုတ် သံကောက်(သော့)ကို ထည့်လျှင် ပရိက္ခရာ၉ ပါးဖြစ်၏။

နဝပရိက္ခာရိကဿ ပန သေယျံ ပဝိသန္တဿ တတြဋ္ဌကပစ္စတ္ထရဏံ ဝါ ကုဉ္စိကာ ဝါ ဝဋ္ဋတိ။ (ဒီ၊ ၄၊ ၁၊ ၁၈၅။)

နဝပရိက္ခာရိကဿ ၉ ပါးသော ပရိက္ခရာရှိသော ရဟန်းအား၊ဝါ သည်၊ သေယျံ အိပ်ရာနေရာသို့၊ ပဝိသန္တဿ ဝင်လသော်၊ တတြဋ္ဌကပစ္စတ္ထရဏံဝါ ထိုအိပ်ရာ၌တည်သော အခင်းသည်သော်ငှင်း၊ ကုဉ္စိကာ ဝါ သံကောက်သည်သော်ငှင်း၊ ဝဋ္ဋတိ အပ်၏။

တတြဋ္ဌကပစ္စတ္ထရဏန္တိ အတ္တနာ အနဓိဋ္ဌဟိတွာ တတ္ထေဝ တိဋ္ဌနကပစ္စတ္ထရဏံ။ (သီလက္ခန္ဓဝဂ္ဂဋီကာ၊ ၂၅၅။)

တတြဋ္ဌကပစ္စတ္ထရဏဟူသည် ကိုယ်ပိုင်အဖြစ်ဖြင့် အဓိဋ္ဌာန်တင်၍မထားပဲ ထိုအိပ်ရာ၌ အမြဲရှိနေသော အိပ်ရာအခင်းတည်း။

ကျောင်း အိပ်ရာနေရာသို့ ဝင်သောအခါ ရှေးခေတ်က သံကောက်ဖြင့် တံခါးကိုဖွင့်ရသောကြောင့်, ယခုခေတ်၌ သော့ဖြင့် ဖွင့်ရသောကြောင့် ထိုသံကောက်(သော့)လည်း နဝမပရိက္ခရာအဖြစ်ဖြင့် အပ်၏။ ဝါသဒ္ဒါ၏ဝိကပ်အနက်ကြောင့် အိပ်ရာ နေရာအခင်းဖြစ်စေ, သံကောက်(သော့)ဖြစ်စေ တစ်မျိုးမျိုး နဝမပရိက္ခရာဖြစ်နိုင်သည်။

မှတ်ချက်။ ။ အိပ်ရာနေရာအခင်း(ပစ္စတ္ထရဏ), သို့မဟုတ် သံကောက် သော့(ကုဉ္စိကာ)ကို နဝမမြောက်ပရိက္ခရာ"ဟုဆိုရာ၌ ဆိုအပ် ပြီးသော ရှစ်ပါးကို ထောက်၍သာ ၉ ပါးမြောက်ဟု ဆိုရသည်၊ ထိုအခင်း သံကောက်တို့က ၉ နံပါတ်၌ မြဲသောကြောင့် ဆိုသည် မဟုတ်ပါ၊ ထိုပရိက္ခရာ၂ မျိုးသည် အမြဲဆောင်ရမည့် ပရိက္ခရာလည်း မဟုတ်ပါ၊ ဒသမစသည်ဆိုရာ၌လည်း နိသီဒိုန်(နိသီဒန),သားရေပိုင်း(စမ္မခဏ္ဍ)တို့က အမြဲ၁၀ နံပါတ် မဟုတ်၍ ၉ နံပါတ်လည်း ဖြစ်နိုင်, ၁၁ နံပါတ်လည်း ဖြစ်နိုင် စသည်ဖြင့် သိပါ။ (သီလက္ခန်ဘာသာဋီကာ၊ တတိယ၊ ၁၀၅ ၁၀၆။)

သေယျံ ပဝိသန္တဿာတိ ပစ္စတ္ထရဏကုဉ္စိကာနံ တာဒိသေ ကာလေ ပရိဘုတ္တဘာဝံ သန္ဓာယ ဝုတ္တံ။ တေနာဟ "တတြဋ္ဌကံ ပစ္စတ္ထရဏ"န္တိ။ အတ္တနော သန္တကဘာဝေန ပစ္စတ္ထရဏာဓိဋ္ဌာနေန အဓိဋ္ဌဟိတွာ တတ္ထေဝ သေနာသနေ တိဋ္ဌနကဉ္စ "တတြဋ္ဌက"န္တိ ဝုစ္စတိ။ ဝိကပ္ပနဝစနတော ပန တေသမညတရဿ နဝမတာ၊ ယထာဝုတ္တပဋိပါဋိယာ စေတ္ထ နဝမဘာဝေါ၊ န တု တေသံ တထာ ပတိနိယတဘာဝေန။ ကသ္မာတိ စေ? တထာယေဝ တေသမဝစနတော။ ဧသ နယော ဒသမာဒီသုပိ။

(သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၁၅။)

ပရိက္ခရာ၁၀ ပါး။ ။ အထက်ပါ ပရိက္ခရာ၉ ပါး၌ နိသီဒိန်ကိုဖြစ်စေ, သားရေပိုင်းကိုဖြစ်စေ ထည့်လျှင် ပရိက္ခရာ၁၀ ပါးဖြစ်၏။

ဒသပရိက္ခာရိကဿ(ဆယ်ပါးသောပရိက္ခရာရှိသော ရဟန်းအား) နိသီဒနံ ဝါ(နိသီဒိန်သည်သော်၎င်း) စမ္မခဏ္ဍံ ဝါ(သားရေပိုင်းသည်သော်၎င်း) ဝဋ္ဋတိ(အပ်၏)။ (ဒီ၊ ၃၊ ၁၊ ၁၈၅။)

ပရိက္ခရာ၁၁ ပါး။ ။ အထက်ပါ ပရိက္ခရာ ၁၀ ပါး၌ တောင်ဝှေးကိုဖြစ်စေ, ဆီကျည်တောက်ကိုဖြစ်စေ, ဆီဗူးကိုဖြစ်စေ ထည့်လျှင် ပရိက္ခရာ ၁၁ ပါးဖြစ်၏။

ဧကာဒသပရိက္ခာရိကဿ(တစ်ဆယ့်တပါးသော ပရိက္ခရာရှိသောရဟန်းအား) ပန ကတ္တရယဋ္ဌိ ဝါ(တောင်ဝှေးသည်သော်၎င်း) တေလနာဠိကာ ဝါ(ဆီကျည်တောက်သည်သော်၎င်း၊ဝါ ဆီဗူးသည်သော်၎င်း) ဝဋ္ဋတိ။ (ဒီ၊ ၃၊ ၁၊ ၁၈၅။)

တေလံ ပဋိသာမေတွာ ဟရိတာ(ဆီကို သိုမှီး၍ ဆောင်အပ်သော) ဝေဠုနာဠိအာဒိကာ(ဝါးကျည်တောက်အစရှိသည်သည်) တေလနာဠိ(တေလနာဠိမည်၏)။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၁၁၅။)

ပရိက္ခရာ ၁၂ ပါး။ ။ အထက်ပါ ပရိက္ခရာ ၁၁ ပါး၌ ထီးကိုဖြစ်စေ, ဘိနပ်ကိုဖြစ်စေ ထည့်လျှင် ပရိက္ခရာ ၁၂ ပါးဖြစ်၏။

ဒွါဒသပရိက္ခာရိကဿ(တစ်ဆယ့်နှစ်ပါးသော ပရိက္ခရာရှိသောရဟန်းအား) ဆတ္တံ ဝါ(ထီးသည်သော်၎င်း) ဥပါဟနံ ဝါ(ဘိနပ်သည်သော်၎င်း) ဝဋ္ဋတိ(အပ်၏)။ (ဒီ၊ ၃၊ ၁၊ ၁၈၅။)

## အာသဝက္ခယံ ဝဟံ လော? အာသဝက္ခယာဝဟံ လော?

ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတု (အံ၊ ၃၊ ၁၊ ၄၃။ သံ၊ ၃၊ ၂၊ ၁၈)တို့၌ "အာသဝက္ခယာဝဟံ"ဟု ရှိ၍ အာသဝက္ခယာဝဟံ သာမှန်၏၊ အောက်ပါ ကျမ်းဂန်တို့၌လည်း နည်းမှီး၍ ကြည့်နိုင်သည်။

န ဝေ အနတ္ထကုသလေန၊ အတ္ထစရိယာ သုခါဝဟာ။
ဉာတော အတ္ထော သုခါဝဟော။ (ထေရ၊ ၁၄၁ ဂါထာ။)
ပုညာနိ ကယိရာထ သုခါဝဟာနိ။ (သံ၊ ၁၊ ၂၃။)
ကပိလဝတ္ထုဝါသီနံ သက္យာနံ ဟိတသုခါဝဟံ ပကိတ္တကကထံ ကထေသိ။ (သံ၊ ၃၊ ၃၊ ၉၃။)
ဝမိအာဝဟောသု ကိစ္စေသုံ။ (ဇာ၊ ၃၊ ၄၊ ၄၃၁။)

## ဘုရားအလောင်းမှန် အနုလောမဉာဏ်

ဘုရားအလောင်းတော်များသည် သက်တော်ထင်ရှား ဘုရားရှင်တို့၏အထံ၌ ရဟန်းပြုကြသော်လည်း တပါးသောသတ္တဝါတို့ကဲ့သို့ ပတိတသိဂ်မဟုတ်ကုန်ပဲ စတုပါရိသုဒ္ဓိသီလ၌ ကောင်းစွာတည်၍ ပိဋကသုံးပုံကို သင်ယူပြီးနောက် ဓုတင် ၁၃ ပါးကို ဆောက်တည်၍ တောသို့ ဝင်ကာ ဂတပစ္စာဂတဝတ်ကိုဖြည့်ဆည်းကုန်, ရဟန်းတရားကို ပြုကျင့်ကုန်လျက် အနုလောမဉာဏ်ရသည်တိုင်အောင် ဝိပဿနာပွားကြကုန်၏၊ မဂ်ဖိုလ်တိုင်အောင်တော့ အားမထုတ်ကြကုန်။

ဗောဓိသတ္တာ ဟိ ဗုဒ္ဓါနံ သမ္မုခေ ပဗ္ဗဇန္တိ။ ပဗ္ဗဇိတွာ စ ပန ဣတ္တရသတ္တာ ဝိယ ပတိတသိင်္ဂါ န ဟောန္တိ၊ စတုပါရိသုဒ္ဓိ သီလေ ပန သုပတိဋ္ဌာယ တေပိဋကံ ဗုဒ္ဓဝစနံ ဥဂ္ဂဟိတွာ တေရသဓုတင်္ဂါနိ သမာဒါယ အရညံ ပဝိသိတွာ ဂတပစ္စာဂတဝတ္တံ ပူရယမာနာ သမဏဓမ္မံ ကရောန္တာ ဝိပဿနံ ဝဍ္ဎေတွာ ယာဝ အနုလောမဉာဏံ အာဟစ္စ တိဋ္ဌန္တိ၊ မဂ္ဂဖလတ္ထံ ဝါယာမံ န ကရောန္တိ။ ဇောတိပါလောပိ တထေဝ အကာသိ။ (မ၊ ၃၊ ၃၊ ၁၉၅=မဇ္ဈိမပဏ္ဏာသဋ္ဌကထာ၊ ဃဋိကာရသုတ္တဝဏ္ဏနာ၊ အပိုဒ် ၂၈၆။)

ပတိတသိင်္ဂ ဦးချိုကျိုးသောသတ္တဝါ(ဦးချိုးချထားသောသတ္တဝါ)သည် စိတ်ဓာတ်ကျနေသည်ဖြစ်၍ ဘာကိုမျှ မလုပ်ချင်, မကြိုးစားချင်ဟူ၏။ (ဘုရားအလောင်းများကား ထိုဦးချိုကျိုးသောသတ္တဝါတို့ကဲ့သို့ မဟုတ်ကုန် ဆိုလိုသည်။)

အပဋ္ဌိမဘဝိကာ (ဗောဓိသတ္တာ) ပန ဝိပဿနံ သင်္ခါရုပေက္ခံ ပါပေတွာ ဌပေန္တိ။ (ပဋိသမ္ဘိဒါမဂ္ဂ၊ ၃၊ ၁၊ ၂၅၁။)

ဝါဆိုစဉ်နှင့်စပ်သွယ် သိမှတ်ဖွယ်

သဗ္ဗညုဗောဓိသတ္တာ ဗုဒ္ဓသာသနေ ပဗ္ဗဇိတွာ တီဏိ ပိဋကာနိ ဥဂ္ဂဟေတွာ ဂတပစ္စာဂတဝတ္တံ အာရုယှ ကမ္မဋ္ဌာနံ အနုလောမံ ဂေါတြဘုံ အာဟစ္စ ဌပေန္တိ။ (အဘိ၊ ဋ္ဌ၊ ၃၊ ပုဂ္ဂလပညတ္တိအဋ္ဌကထာ၊ ၄၀။)

## သာစုခေါ်စဉ်ပင် ဖလသမာပတ်ဝင်စား

တရားဟောတော်မူသော ဘုရားရှင်သည် ပရိသတ် သာစုခေါ်စဉ်အတွင်းမှာပင် ဖလသမာပတ်ဝင်စားတော်မူ၏၊ သာစုခေါ်သံ မစဲသေးခင်မှာပင်လျှင် သမာပတ်မှထ၍ ဆက်လက် တရားဟောတော်မူသည်၊ ဘုရားရှင်တို့၏ဘဝင်အလျင်သည် လျှင်မြန်လှသည်၊ ထွက်လေအကြိမ်တိုင်း, ဝင်လေအကြိမ်တိုင်းမှာ ဖလသမာပတ်ဝင်စားတော်မူနိုင်သည်။

တထာဂတော ဟိ ယသ္မိံ ခဏေ ပရိသာ သာဓုကာရံ ဒေတိ၊ တသ္မိံ ခဏေ ပုဗ္ဗာဘောဂေန ပရိစ္ဆိန္ဒိတွာ ဖလသမာပတ္တိံ သမာပဇ္ဇတိ၊ သာဓုကာရသဒ္ဒဿ နိဋ္ဌေါသေ အဝိစ္ဆိန္နေယေဝ (အနုပစ္ဆိန္နေယေဝ သီ၊ အပရိစ္ဆိန္နေယေဝ သျာ) သမာပတ္တိတော ဝုဋ္ဌာယ ဌိတဋ္ဌာနတော ပဋ္ဌာယ ဓမ္မံ ဒေသေတိ၊ ဗုဒ္ဓါနံ ဟိ ဘဝင်္ဂပရိဝါသော လဟုကော ဟောတီတိ အဿာသဝါရေ ပဿာသဝါရေ သမာ ပတ္တိံ သမာပဇ္ဇန္တိ။ (မ၊ ဋ္ဌ၊ ၂၊ ၁၉၃၊ မဟာသစ္စကသုတ္တဝဏ္ဏနာ။)

ဓမ္မံ ဒေသေန္တော ပန ဘဂဝါ ယသ္မိံ ခဏေ ပရိသာ သာဓုကာရံ ဒေတိ၊ တသ္မိံ ခဏေ ပုဗ္ဗာဘောဂေန ပရိစ္ဆိန္ဒိတွာ ဖလ သမာပတ္တိံ သမာပဇ္ဇတိ၊ သာဓုကာရနိဋ္ဌေါသေ အနုပစ္ဆိန္နေယေဝ သမာပတ္တိတော ဝုဋ္ဌာယ ဌိတဋ္ဌာနတော ပဋ္ဌာယ ဓမ္မံ ဒေသေတိ၊ ဗုဒ္ဓါနံ ဘဝင်္ဂပရိဝါသော လဟုကော ဟောတိ၊ အဿာသဝါရေ ပဿာသဝါရေ ဖလသမာပတ္တိံ သမာပဇ္ဇတီတိ မဇ္ဈိမနိကာယေ သစ္စကသုတ္တဝဏ္ဏနာယံ(မ၊ ဋ္ဌ၊ ၂၊၁၉၃) ဝုတ္တံ။ (သာရသင်္ဂဟအဋ္ဌကထာ၊ တထာဂတအစ္ဆရိယကထာ၊ ၁၇။)

ဝိမုတ္တိယာ ...ဖြဟွာလူနတ် ပရိသတ်အား တရားဟောစဉ် အခိုက်တွင်မျှ မလပ်ရအောင် နေညမစဲ ဝင်စားမြဲအစဉ်ဖြစ်သော ကုဋေနှစ်သန်းလေးသိန်းမျှလောက်သော အရဟတ္တဖလ စတုတ္ထဈာန် အမွန်ရတနာ ချမ်းသာသုခ ထူးမြတ်လှသော ဝိမုတ္တိတရား ဤ ငါးပါး၏၊ ဟာနိ ယုတ်လျော့ခြင်းမည်သည်၊ နတ္ထိ အနုမြူမျှ ရှိတော်မမူ၊ (မဟာဗုဒ္ဓဝင်၊ ပဉ္စမတွဲ၊ ၇၅၆။)

## ဝါဆိုစဉ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ဘုရားရှင်သည် ပဌမဗောဓိခေါ်သော ဝါတော်၂၀ အတွင်း အတည်တကျ သီတင်းသုံးနေတော်မမူပဲ သင့်လျော်သလို သီတင်းသုံးနေတော်မူခဲ့သည်။

(၁) ပဌမဝါဝယ် ဗာရာဏသီမြို့ကိုအမှီပြု၍ ဣသိပတနမည်သော မိဂဒါဝုန်တောဌ် သီတင်းသုံးတော်မူသည်။

(၂,၃,၄) ဒုတိယ, တတိယနှင့် စတုတ္ထဝါတို့ဝယ် ရာဇဂြိုဟ်မြို့ကိုအမှီပြု၍ ဝေဠုဝန်ကျောင်းတော်ကြီးဌ် သီတင်းသုံးတော်မူသည်။

(၅) ပဉ္စမဝါဝယ် ဝေသာလီမြို့ကို အမှီပြု၍ မဟာဝုန်တော စုလစ်မွမ်းချွန်အထွတ်တပ်သော ဇရပ်ကျောင်းတော်ဌ် သီတင်းသုံးတော် မူသည်။

(၆) ဆဋ္ဌဝါဝယ် မကုလတောင်ဌ် သီတင်းသုံးတော်မူသည်။

(၇) သတ္တမဝါဝယ် တာဝတိံသာနတ်ပြည်ဌ် သီတင်းသုံးတော်မူသည်။

(၈) အဋ္ဌမဝါဝယ် ဘဂ္ဂတိုင်း သံသုမာဂိရိ (သံသုမာဂိရ)မြို့ကို အမှီပြု၍ ပဲစင်းခုံတော (တနည်း)ဘေသကဠာမည်သော နတ်ဘီလူးမ စိုးအုပ်သော တောအုပ်ဌ် သီတင်းသုံးတော်မူသည်။

(၉) နဝမဝါဝယ် ကောသမ္ဗီမြို့ (ဃောသိတာရုံကျောင်းတိုက်)ဌ် သီတင်းသုံးတော်မူသည်။

(၁၀)ဒသမဝါဝယ် ပါလိလေယျကတောအုပ်ဌ် သီတင်းသုံးတော်မူသည်။

(၁၁) ဧကာဒသမဝါဝယ် နာဠမည်သော ပုဏ္ဏားရွာ (နာဠိကာရုံကျောင်းတိုက်)ဌ် သီတင်းသုံးတော်မူသည်။

(၁၂) ဒွါဒသမဝါဝယ် ဝေရဉ္ဇာမြို့ (ကိုအမှီပြု၍ နဠေရုဘီလူးစိုးအုပ်သော တမာပင်အနီး)ဌ် သီတင်းသုံးတော်မူသည်။

(၁၃) တေရသမဝါဝယ် (စာလိယမြို့နယ် ဇန္တုရွာကိုအမှီပြု၍) စာလိယတောင်ကျောင်းဌ် သီတင်းသုံးတော်မူသည်။

(၁၄) စုဒ္ဒသမဝါဝယ် ဇေတဝန်ကျောင်းတိုက်ဌ် သီတင်းသုံးတော်မူသည်။

(၁၅) ပဉ္စဒသမဝါဝယ် ကပိလဝတ္ထုမြို့တော်(ကိုအမှီပြု၍ နိဂြောဓာရုံကျောင်းတိုက်)ဌ် သီတင်းသုံးတော်မူသည်။

(၁၆) သောဠသမဝါဝယ် အာဠဝီမြို့တော်(ကိုအမှီပြု၍ အဂ္ဂါဠဝနတ်ကွန်း)၌ သီတင်းသုံးတော်မူသည်။
(၁၇) သတ္တရသမဝါဝယ် ရာဇဂြိုဟ်မြို့တော်(ကိုအမှီပြု၍ ဝေဠုဝန်ကျောင်းတော်ကြီး)၌ သီတင်းသုံးတော်မူသည်။
(၁၈ ၁၉) အဋ္ဌာရသမနှင့် ဧကူနဝီသတိမဝါတို့ဝယ် စာလိယတောင်ကျောင်း၌ သီတင်းသုံးတော်မူသည်။
(၂၀) ဝီသတိမဝါဝယ် ရာဇဂြိုဟ်မြို့တော် (ဝေဠုဝန်ကျောင်းတော်ကြီး)၌ သီတင်းသုံးတော်မူသည်။

မှတ်ချက်။ ။ ဤကား ပဌမဗောဓိအတွင်း မတည်မြဲသေးသော အနိဗဒ္ဓဝါဆိုတော်မူရာ ဌာနများဖြစ်လေသည်။

(၂၁ ၄၄) ထို့နောင် ဧကဝီသတိမဝါ(၂၁ ဝါ)မှစ၍ စတုစတ္တာလီသမဝါ(၄၄ ဝါ)တိုင်အောင် သာဝတ္ထိမြို့တော်ကိုအမှီပြု၍ ဇေတဝန်ကျောင်းတိုက်နှင့် ပုဗ္ဗာရုံကျောင်းတိုက်တို့၌ အမြဲသီတင်းသုံးတော်မူသည်။
(၄၅) ပဉ္စစတ္တာလီသမဝါ(၄၅ ဝါမြောက်)ဝယ် ဝေသာလီမြို့တော်အနီး ဝေဠုဝရွာငယ်၌ သီတင်းသုံးတော်မူသည်။

မှတ်ချက်။ ။ ဗုဒ္ဓဝံသဋ္ဌကထာ, အင်္ဂုတ္တရဋ္ဌကထာတို့အလိုကား "ဧကဝီသတိမဝါမှစ၍ ပဉ္စစတ္တာလီသမဝါအထိ ၂၅ ဝါတို့ ပတ်လုံးသာဝတ္ထိမြို့တော်ကိုအမှီပြု၍ ဇေတဝန်ကျောင်းတိုက်နှင့်ပုဗ္ဗာရုံကျောင်းတိုက်တို့၌ အမြဲ သီတင်းသုံးတော်မူသည်"ဟု ဆိုလိုသည်။

ဓမ္မပဒဋ္ဌကထာ၌ကား ဇေတဝန်ကျောင်းတိုက်၌ တစ်ဆယ့်ကိုးဝါ(၁၉ နှစ်), ပုဗ္ဗာရုံကျောင်းတိုက်၌ ခြောက်ဝါ(၆ နှစ်) စုစုပေါင်း နှစ်ဆယ့်ငါးဝါ(၂၅ နှစ်)တို့ပတ်လုံး သာဝတ္ထိမြို့တော်ကို အမှီပြု၍ ဝါဆိုတော်မူသည် ဟု လာရှိသည်။

ဇေတဝန်ကျောင်းတိုက်၌ တစ်ဆယ့်ကိုးဝါ ဆိုသည်မှာ စုဒ္ဒသမဝါ(၁၄ ခုမြောက်ဝါ)နှင့် ဧကဝီသတိမဝါ(၂၁ ခုမြောက်ဝါ)မှစ၍ အဋ္ဌတိံသမဝါ(၃၈ ခုမြောက်ဝါ)အထိ စုစုပေါင်း တဆယ့်ကိုးဝါကို ယူမှ သင့်မည်၊ ပုဗ္ဗာရုံကျောင်းတိုက်၌ ဧကူနစတ္တာလီသမဝါ(၃၉ ခုမြောက်ဝါမှစ၍ စတုစတ္တာလီသမဝါ(၄၄ ခုမြောက်ဝါ)အထိ စုစုပေါင်း ခြောက်ဝါ, ဝေဠုဝရွာ၌ နောက်ဆုံး ပဉ္စစတ္တာလီသမဝါ(၄၅ ခုမြောက်ဝါ)တို့ကိုယူလေသော် ကျမ်းဂန်အားလုံးတို့ ညီညွတ်လေတော့သည်။

ဒီဃနိကာယ် မဟာဝဂ္ဂပါဠိတော်, အဋ္ဌကထာစသည်တို့၌ကား "ပဉ္စစတ္တာလီသမဝါဝယ် ဝေဠုဝရွာငယ်၌ သီတင်းသုံးကြောင်း"လာရှိသည်။

ဘဂဝါ ဟိ ပဌမဗောဓိယံ ဝီသတိဝဿာနိ အနိဗဒ္ဓဝါသော ဟုတွာ ယတ္ထ ယတ္ထ ဖာသုကံ ဟောတိ၊ တတ္ထ တတ္ထေဝ ဂန္တွာ ဝသိ။ ကထံ? ပဌမံ ဝဿံ ဣသိပတနေ ဓမ္မစက္ကံ (သံ၊ ၃၊ ၃၆၈။ ဝိ၊ ၃၊ ၁၄။ ခု၊ ၉၊ ၃၂၉) ပဝတ္တေတွာ အဋ္ဌာရသ ဗြဟ္မကောဋိယော အမတပါနံ ပါယေတွာ ဗာရာဏသိံ ဥပနိဿာယ ဣသိပတနေ မိဂဒါယေ ဝသိ။ ဒုတိယံ ဝဿံ ရာဇဂဟံ ဥပနိဿာယ ဝေဠုဝနေ မဟာဝိဟာရေ။ တတိယစတုတ္ထာနိပိ တတ္ထေဝ။ ပဉ္စမံ ဝေသာလိံ ဥပနိဿာယ မဟာဝနေ ကူဋာဂါရသာလာယံ။ ဆဋ္ဌံ မကုလပဗ္ဗတေ။ သတ္တမံ တာဝတိံသဘဝနေ။ အဋ္ဌမံ ဘဂ္ဂေသု သံသုမာဂိရိံ ဥပနိဿာယ ဘေသကဠာဝနေ။ နဝမံ ကောသမ္ဗိယံ။ ဒသမံ ပါလိလေယျကဝနသဏ္ဍေ။ ဧကာဒသမံ နာဠာယံ ဗြာဟ္မဏဂါမေ။ ဒွါဒသမံ ဝေရဉ္ဇာယံ။ တေရသမံ စာလိယပဗ္ဗတေ။ စုဒ္ဒသမံ ဇေတဝနမဟာဝိဟာရေ။ ပဉ္စဒသမံ ကပိလဝတ္ထုမဟာနဂရေ။ သောဠသမံ အာဠဝကံ ဒမေတွာ စတုရာသီတိပါဏသဟဿာနိ အမတပါနံ ပါယေတွာ အာဠဝိယံ။ သတ္တရသမံ ရာဇဂဟေယေဝ။ အဋ္ဌာရသမံ စာလိယပဗ္ဗတေယေဝ။ တထာ ဧကူနဝီသတိမံ။ ဝီသတိမံ ပန ဝဿံ ရာဇဂဟေယေဝ ဝသိ။ တတော ပဋ္ဌာယ ပန သာဝတ္ထိံယေဝ ဥပနိဿာယ ဇေတဝနမဟာဝိဟာရေ စ ပုဗ္ဗာရာမေ စ ဓုဝပရိဘောဂဝသေန ဝသိ။ (ဗုဒ္ဓဝံသ၊ဋ္ဌ၊၄။)

ပဌမံ အန္တောဝဿဉ္စ (ပဌမကအန္တောဝဿံ ဟိ သိ) ဣသိပတနေ ဓမ္မစက္ကံ ပဝတ္တေတွာ အဋ္ဌာရသ မဟာဗြဟ္မကောဋိယော အမတပါနံ ပါယေတွာ ဗာရာဏသိံ ဥပနိဿာယ ဣသိပတနေ ဝသိ၊ ဒုတိယအန္တောဝဿံ ရာဇဂဟံ ဥပနိဿာယ ဝေဠုဝနေ၊ တတိယစတုတ္ထာနိပိ တတ္ထေဝ၊ ပဉ္စမံ အန္တောဝဿံ ဝေသာလိံ ဥပနိဿာယ မဟာဝနေ ကူဋာဂါရသာလာယံ၊ ဆဋ္ဌံ အန္တောဝဿံ မကုလပဗ္ဗတေ(မင်္ကုလပဗ္ဗတေ သိ)၊ သတ္တမံ တာဝတိံသဘဝနေ၊ အဋ္ဌမံ ဘဂ္ဂေ သုသုမာရဂိရံ နိဿာယ ဘေသကဠာဝနေ၊ နဝမံ ကောသမ္ဗိယံ၊ ဒသမံ ပါလိလေယျကေ(ပါရိလေယျကေ သိ) ဝနသဏ္ဍေ၊ ဧကာဒသမံ နာလာယံ ဗြာဟ္မဏဂါမေ၊ ဒွါဒသမံ ဝေရဉ္ဇာယံ၊ တေရသမံ စာလိယပဗ္ဗတေ၊ စုဒ္ဒသမံ ဇေတဝနေ၊ ပဉ္စဒသမံ ကပိလဝတ္ထုသ္မိံ၊ သောဠသမံ အာဠဝကံ ဒမေတွာ စာတုရာသီတိပါဏသဟဿာနိ အမတပါဏံ ပါယေတွာ အာဠဝိယံ၊ သတ္တရသမံ ရာဇဂဟေယေဝ၊ အဋ္ဌာရသမံ စာလိယပဗ္ဗတေယေဝ၊ တထာ ဧကူနဝီသတိမံ၊ ဝီသတိမံ ပန အန္တောဝဿံ ရာဇဂဟံ ယေဝ ဥပနိဿာယ ဝသိ။ ဧဝံ ဝီသတိ ဝဿာနိ အနိဗဒ္ဓဝါသော ဟုတွာ ယတ္ထ ယတ္ထ ဖာသုကံ ဟောတိ၊ တတ္ထ တတ္ထေဝ ဝသိ(ဝိဟာသိ၊က)။ တတော ပဋ္ဌာယ ပန ဒွေ သေနာသနာနိ ဓုဝပရိဘောဂါနိ အကာသိ။ ကတရာနိ ဒွေ? ဇေတဝနဉ္စ ပုဗ္ဗာရာမဉ္စ။ (အံ၊ ဋ္ဌ၊ ၂၊ ၃၀။)

အနာထပိဏ္ဍိကေန ကာရိတေ ဇေတဝနေ မဟာဝိဟာရေ ဧကူနဝီသတိဝဿာနိ, ဝိသာခါယ သတ္တဝီသတိကောဋိဓနပရိစ္စာဂေန ကာရိတေ ပုဗ္ဗာရာမေ ဆဗ္ဗဿာနီတိ ဒွိန္နံ ကုလာနံ ဂုဏမဟတ္တတံ ပဋိစ္စ သာဝတ္ထိံ နိဿာယ ပဉ္စဝီသတိဝဿာနိ ဝဿာဝါသံ ဝသိ။ (ဓမ္မပဒ၊ ဋ္ဌ၊၁၊ ၃။)

## ဝါဆိုစဉ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ဝေဠုဝဂါမကေ ဝိဟရတိ။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ၊ ဧထ တုမှေ သမန္တာ ဝေသာလိယာ ယထာမိတ္တံ ယထာ သန္ဒိဋ္ဌံ ဝဿံ ဥပဂစ္ဆထ၊ အဟံ ပန ဣဓေဝ ဝေဠုဝဂါမကေ ဝဿံ ဥပဂစ္ဆာမိ။ (ဒီ၊ ၂၊ ၈၄။)

ဘဂဝါ ပန တတ္ထေဝ ဝေဠုဝဂါမကေ ဝဿံ ဥပဂစ္ဆိ။ (ဒီ၊၂၊ ၈၄။)

ဝေဠုဝဂါမကောတိ ဝေသာလိယာ သမီပေ ဝေဠုဝဂါမော။ (ဒီ၊ ဋ္ဌ၊ ၂၊ ၁၃၆။)

ဝေဠုဝဂါမကေတိ ဝေသာလိယာ သမီပေ ပါဒ္ဒလိဂါမေ။ (ဒီ၊ ဋ္ဌ၊ ၂၊ ။)

ဇဝံ ဓမ္မံ ဒေသေန္တော ပဌမဝဿံ ဗာရာဏသိံ ဥပနိဿာယ ဣသိပတနေ မိဂဒါယေ ဝသိ။ ဒုတိယဝဿံ ရာဇဂဟံ ဥပနိဿာယ ဝေဠုဝနမဟာဝိဟာရေ ဝသိ၊ တတိယစတုတ္ထာနိပိ တတ္ထေဝ။ ပဉ္စမံ ဝေသာလိံ ဥပနိဿာယ မဟာဝနေ ကူဋာဂါရသာလာယံ။ ဆဋ္ဌံ မင်္ကုလပဗ္ဗတေ။ သတ္တမံ တာဝတိံသဘဝနေ။ အဋ္ဌမံ ဘဂ္ဂေ သံသုမာရဂိရိံ နိဿာယ ဘေသကဠာဝနေ။ နဝမံ ကောသမ္ဗိယံ။ ဒသမံ ပါလိလေယျကဝနသဏ္ဍေ။ ဧကာဒသမံ နာဠာယံ ဗြာဟ္မဏဂါမေ။ ဒွါဒသမံ [illegible]။ တေရသမံ စာလိယပဗ္ဗတေ။ စုဒ္ဒသမံ ဇေတဝနမဟာဝိဟာရေ။ ပဉ္စဒသမံ ကပိလဝတ္ထုမဟာဝိဟာရေ။ သောဠသမံ အာဠဝကံ [illegible] စတုရာသီတိပါဏသဟဿာနိ အမတပါနံ ပါယေတွာ အာဠဝိယံ။ သတ္တရသမံ ရာဇဂဟေယေဝ။ အဋ္ဌာရသမံ စာလိယပဗ္ဗတေယေဝ၊ တထာ ဧကူနဝီသတိမံ။ ဝီသတိမံ ပန ဝဿံ ရာဇဂဟေယေဝ ဝသီတိ။ ဇဝံ ဘဂဝါ ပဌမဗောဓိယံ ဝီသတိဝဿာနိ အနိဗဒ္ဓဝါသော ဟုတွာ ယတ္ထ ယတ္ထ ဖာသုကံ ဟောတိ၊ တတ္ထ တတ္ထေဝ စရန္တော ဝသိ။ တတော ပဋ္ဌာယ ပန ပဉ္စဝီသတိ ဝဿာနိ သာဝတ္ထိံ ဥပနိဿာယ ဇေတဝန မဟာဝိဟာရေ စ ပုဗ္ဗာရာမေ စ ဓုဝပရိဘောဂေန ဝသိ။ ဇဝံ သတ္ထာ သမ္ဗောဓိံ ပတွာ ပဉ္စတ္တာလီသဝဿာနိ ဇီဝမာနော ဓမ္မစက္က ပ္ပဝတ္တနသုတ္တန္တဒေသနတော ပဋ္ဌာယ ယာဝ ပရိနိဗ္ဗာနမဉ္စေ နိပန္နိတွာ သုဘဒ္ဒပရိဗ္ဗာဇကဝိနယနာ တယော ပိဋကေ ဒေသေန္တော စတု ဝီသတိအသင်္ချေယျပ္ပမာဏေ သတ္တေ အမတမဟာနိဗ္ဗာနရသံ ပါယေန္တော အဇရာမရေ အကာသိ။

(ဇိနာလင်္ကာရဋီကာ၊ ဒေသနာဉာဏဝဏ္ဏနာ၊ ၂၇၇ ၂၇၈။)

## မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီး၏
## ဝါဆိုစဉ် လင်္ကာ

**တက်ထွန်းကြက်သရေ**။ ။ သုံးလူ့ဆွေကား၊ အောင်မြေသီရိ၊ ဗောဓိသမီပ၊ ရပ်ဌာနဌ်၊ နှစ်, လ မှန်ကယ်၊ ရက်ခြောက် ဆယ်ဖြင့်၊ သပွါယ်မျှတ၊ နေပြီးမှလျှင်....။ (၁) ပဌမဝါ၊ ဗာရာဏသီ၊ မြိုင်တောမိုး၏။ ။ (၂,၃,၄) နောက်ချီဒုတိယ၊ တတိယနှင့်၊ စတုတ္ထဝါ၊ ပြည်ရာဇဂြိုဟ်၊ ဝါးညိုကျောင်းလှ၊ ဝါကပ်မျှ၏။ ။ (၅) ပဉ္စမဝါ၊ ပြည်ဝေသာလီ၊ လိစ္ဆဝီမင်းပေါင်း၊ ဆောက်တုံ့ရှောင်း သည်၊ ကျောင်းမဟာဝန်။ ။ (၆) တတန်ဆဋ္ဌ၊ ဗကုလတောင်မှာ။ ။ (၇) ခုနစ်ဝါသော်၊ တာဝတိံသာရောက်။ ။ (၈) မြောက်တုံ့ ရှစ်ဝါ၊ ဘဂ္ဂါယန။ ။ (၉)ကိုးဝကျသော်၊ ဌာနပူရီ၊ ကောသမ္ဗီဌ်၊ ဃောသိတာရုံ၊ ရွှေဘုံမိုကပ်။ ။ (၁၀) ဆယ်ဝါရပ်ကား၊ မလျှပ်သိပ် သည်း၊ ပလလည်းသာမော၊ ဆင်မင်းတောဝယ်၊ ရှင်စောမိုကာ။ ။ (၁၁) ဆယ့်တဝါကား၊ နာဠထင်ရှား၊ ပုဏ္ဏားနေထ၊ ရပ်ဂါမတည့်။ ။ (၁၂) ဒွါဒသယှဉ်၊ ဝေရဥ္စခေါ်။ ။ (၁၃)ဆယ့်သုံးသော်ကား၊ တောင်ကျော်သာလှ၊ စာလီယဌ်၊ ကပ်ထပြီးခါ။ ။ (၁၄) ဆဲ့လေးဝါ တွင်၊ သာဝတ္ထိတောင်စွန်၊ ဇေတဝန်ထင်ရှား၊ ရှင်ပျော်ပါး၏။ ။ (၁၅) ဆယ့်ငါးဝါမှ၊ ကပိလတွင်၊ စိမ်းမြရိပ်သာ၊ နိဂြောဓာဟု၊ ကျောင်းသာစံမြောက်။ ။ (၁၆) ဆယ့်ခြောက်ဝါဆီ၊ အာဠဝီဟု၊ ပူရီဖက်မဲ့၊ ပျော်စံခဲ့၍။ ။ (၁၇) ဆယ့်ခုနစ်ဝါ၊ ထိုသောခါလျှင်၊ ရာ ဇဂြိုဟ်ဌာန၊ သာလုဗိမာန်၊ နတ်ဌာန်တူလျော၊ ဝါးတောညိုလဲ့၊ အောင်ပွဲဖွဲ့၏။ ။ (၁၈,၁၉)တဆယ့်ရှစ်ဝါ၊ ဆယ့်ကိုးဝါဌ်၊ စာလီယ ရောက်၊ ဝါဆိုမြောက်၏။ ။ (၂၀) ပယ်ဖျောက်ရန်ကွာ၊ နှစ်ဆယ်ဝါကား၊ ရာဇဂြိုဟ်ငင်း၊ ရောက်ပြန်ရှောင်း၏။ ။ နှစ်ပေါင်းဝီသ၊ ပဌမဗောဓိ၊ မုနိမြတ်စွာ၊ ဝါဆိုပါလည်း၊ မြဲစွာမရှိ။ ။ နောက်ဗောဓိကား၊ (၂၁ ၄၄) သာဝတ္ထိမှာ၊ ပုဗ္ဗာရုံမွန်၊ ဇေတဝန်ဟု၊ နှစ်တန် ကျောင်းမှာ၊ လူးလာမဝေး၊ နှစ်ဆယ့်လေးဝါ၊ နေပြီးခါမှ။ ။ (၄၅) နိဗ္ဗာနသို့၊ ကြွအံ့လှုလှု၊ ဝါတခုကား၊ ဝေဠုဝရွာ၊ ကပ်မိုလာ၏၊ သချ်ာမှတ်သား၊ ဆယ့်ငါးဌာန၊ ပဉ္စတ္တာ၊ ဝါလေးဆဲ့ငါး၊ သက်ကားရှစ်ဆယ်၊ တိုင်ခါဝယ်ဌ်၊ ဘုန်းကြွယ်ထွတ်ခေါင်၊ ခေမာသောင်သို့၊ ရွှေဖောင်တော်ယွန်း၊ စံသိမ်းမြန်းသည်။ ။ သုံးခန်းလူတို့ မှန်ကူတည်း။

ဤပျို့၌ ဝါဆိုတော်မူရာ တစ်ဆယ့်ငါးဌာနကား...

၁။ ဗာရာဏသီ မိဂဒါဝုန်။

၂။ ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းတော်။

၃။ ဝေသာလီ မဟာဝန်ကျောင်း။
၄။ ဗကုလတောင်။
၅။ တာဝတိံသာနတ်ပြည်။
၆။ ဘဂ္ဂါယန။
၇။ ကောသမ္ဗီ ဃောသိတာရုံကျောင်းတော်။
၈။ ပလလည်းတော။
၉။ နာဠကရွာ။
၁၀။ ဝေရဥ္စာပြည်။
၁၁။ စာလိယကောင်။
၁၂။ သာဝတ္ထိ။
၁၃။ ကပိလဝတ်။
၁၄။ အာဠဝီ။
၁၅။ ဝေဠုဝရွာ။
(သမန္တစက္ခုဒီပနီကျမ်း၊ နဝမတွဲ စာမျာက်နာ ၆၃၂ ၆၃၃။)
မကုဋတောင်မှာ၊ (မဟာဗုဒ္ဓဝင် တတိယတွဲ စာမျက်နှာ၁၆၃။)

## ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏
## ဝါဆိုစဉ် ဘုရားရှိခိုးလင်္ကာ

သုံးလူ့သခင်၊ ငါးမာရ်သင်၍၊ ပလ္လင်ပတ်ရံ၊ သတ္တဋ္ဌာန်ဝယ်၊ သတ္တာဟံဖွဲ၊ စံပယ်ခဲ့ပြီး၊ တစ်ဆယ့်ရှစ်ယူဇနာ၊ ထိုမှကွာသည့်၊ ဗာရာနဂရ၊ မိဂဒဥ္၊ နန္ဒိယဝိဟာ၊ ပထမဝါတည့်၊ ဒွါ,တိ,ဇယ၊ ရာဇဂဟံ၊ ဝေဠုဝန်ပျော်၊ ငါးသော်ဝေသာလီ၊ လိစ္ဆဝီဝိဟာ၊ ဆဝါ မကုဋ၊ သတ္တမ ဝတိံသာ၊ အဋ္ဌာ ဘဂ္ဂ၊ နဝမ ကောသမ္ဗီ၊ ဃောသီ ရွှေဘုံ၊ ရဂုံ ပါလိလေယျ၊ ဒသမတည့်၊ နာဠပုဏ္ဏားရွာ၊ ကောဒသဉ်၊ ဂေရဉ် ဗာရည်၊ တောင်မြတ်စာလိယ၊ တေရသတည့်၊ စုဒ္ဒသဝါ၊ သာဝတ်တောင်စွန်၊ ဇေတဝန်စံမို၊ ကပိ ပန္နရည်၊ ကျောင်းမြတ်နိဂြော၊ သောဠသမိ၊ အာဠဝီတည့်၊ ဂီရိဗ္ဗဇ၊ သတ္တရသာ၊ ဆယ့်ရှစ်ဝါနှစ်၊ နဝါဒသ၊ စာလိယကပ်ဆို၊ ရာဇဂြိုဟ် ဝီသ၊ ဤထိုမျှကား၊ ပထမဗောဓိ၊ အနိယ ဝါ၊ နောင်လာတွက်ဖွဲ၊ နှစ်ဆယ့်လေးတန်၊ ဇေတဝန်, ပုဗ္ဗာ၊ လှည့်လည်ကာဖြင့်၊ ခေမာနီးသော်၊ ရွာကြီးဝေဠုဝ၊ ဝါတော်မျှ၍၊ ပဉ္စစတ္တာလီ၊ အသီတျာယု၊ တိုင်သမှုဖြင့်၊ ဤလူ့သက္ကရာဇ်၊ အင်္ဂ, ဇော, ကော်ဉ်၊ နှစ်သစ်ကဆုန်၊ ပုဏ္ဏမိစေ့၊ အင်္ဂါနေ့တွင်၊ နိဗ္ဗာန်ဝင်သား၊ ရှင်ဘုရားကို၊ ညွှတ်တွားဝန္ဒနာ၊ ပူဇော်ပါ၏။ (ပုံတော်စုံ ဇိနတ္ထပကာသနီကျမ်း၊ ၁၆၆။)

## ဝါဆိုစဉ် ဘုရားရှိခိုးလင်္ကာ

ဩကာသ,ဩကာသ,ဩကာသ..သုံးလူ့ထွတ်တင်၊ မြတ်ရှင်ပင်သည်၊ ချစ်ခင်ဓမ္မရာဇ်၊ ဘုရားဖြစ်၍၊ နှစ်လေဆယ့်ငါး၊ လူနတ်များကို၊ တရားမြွက်ဖော်၊ ကျွတ်တမ်းခေါ်သည်၊ ဝါတော်အစ၊ ပထမကား၊ ဓမ္မစကြာ၊ ဟောမြွက်ရာသည်၊ မိဂဒါဝုန်၊ ရဂုံထုပြော၊ သာသည့်တောဝယ်၊ ရှင်စောမြတ်စွာ၊ ဆိုတစ်ခါနှင့်၊ ရာဇဂြိုဟ်ပြည်၊ ကြွလေသည်မူ၊ ထူးလည်ပုဂ္ဂိုလ်၊ သုံးဝါဆိုမှ၊ ကြည်ညိုလှစွာ၊ ဗိမ္ဗိသာလည်း၊ သဒ္ဓါဆွဆွ၊ တရားရ၍၊ စေ့ထလေးဝါ၊ တစ်ခါဆက်ချီ၊ အာဠဝီသို့၊ မမီပြိုင်ထောက်၊ ကိုယ်တော်ရောက်က၊ အံ့လောက်ကြည်ညို၊ တစ်ဝါဆိုမှ၊ ငါးဝါရ၏။

လောကမျက်ရှု၊ သဗ္ဗညုသည်၊ မကုဋတောင်၊ ဘုန်းခေါင်ကြွလေ၊ တစ်ဝါနေ၍၊ ခြောက်ဝါစေ့သော်၊ ဘုန်းဟော့မြတ်စွာ၊ ဝတိံသာသို့၊ တစ်ခါကြွသွား၊ မယ်တော်အားကို၊ တရားဟောကာ၊ ခုနစ်ဝါတည့်၊ သက်သာလူ့ထံ၊ သမ္မုဒ္ဒလျှင်၊ သံသုမာဂိရိ၊ ခေါ်တွင်ရှိသည့်၊ ကြီးဘိတောင်မှာ၊ ဆိုတစ်ဝါနှင့်၊ ရှစ်ဝါမြောက်က၊ ကြွခဲ့သက်ချီ၊ ကောသမ္ဗီသို့၊ ကပ်မှီပျော်လို၊ တစ်ဝါဆို၍၊ ကိုးဝါစေ့သော်၊ ဘုန်းဟော့အားဆည်း၊ ပလလည်းတော၊ သာလှမောဝယ်၊ ရှင်စောမြတ်စွာ၊ ဆိုတစ်ဝါနှင့်၊ ဆယ်ဝါပြည့်မြောက်၊ မြတ်ဘုန်းတောက်လျှင်၊ ကြွရောက်တုံက၊ နာဠမည်သာ၊ ပုဏ္ဏားရွာဉ်၊ တစ်ခါရှင်ချစ်၊ ဝါဆိုလစ်သော်၊ ဆယ့်တစ်ဝါရ၊ ဝေရဥ္စသို့၊ ကြွပြန်တုံလေ၊ တစ်ဝါနေသော်၊ တွက်ရေသိသာ၊ ဆယ့်နှစ်ဝါနှင့်၊ ဇာလီယတောင်၊ ဘုန်းခေါင်ကြွလေ၊ တစ်ဝါနေသော်၊ တွက်ရေဆယ့်သုံး၊ ပြည့်ပြီးဆုံးမှ၊ ဘုန်းကြီးလှစွာ၊ ဘဂဝါလျှင်၊ သာဝတ္ထိပြည်၊ ကြွလေသည်မူ၊ ထူးသည်သာလွန်၊ ဇေတဝန်ဉ်၊ မြတ်မွန်ပုဂ္ဂိုလ်၊ ဝါဆိုတုံပါ၊ ဆယ့်လေး

ဝါနှင့်၊ မဟာသကျ၊ ကပ္ပိလသို့၊ ကြွခဲ့ရောက်လာ၊ နိဂြောဓာဝယ်၊ တစ်ဝါဆိုလေ၊ တွက်ရေသိသာ၊ **ဆယ့်ငါးဝါ**နှင့်၊ တစ်ခါစက်ချီ၊ အာဠဝီသို့၊ ကပ်မိုတုံမြောက်၊ **တစ်ဆယ့်ခြောက်ဝါ**၊ စေ့သောခါလျှင်၊ စကြာအလို၊ ရာဇဂြိုဟ်သို့၊ ပုဂ္ဂိုလ်များမင်း၊ ရောက်ပြန်လျှင်းက၊ ရပ်တင်းမိုနိ၊ ဝါတော်ဆိုသော်၊ ကြည်ညိုဖွယ်ရာ၊ **ဝါဆယ့်ခုနစ်**၊ ပြည့်သည်ဖြစ်၍၊ ရှင်ချစ်မြတ်စွာ၊ ဇာလီယာသို့၊ ကြွပြန်(ကာ)တုံလေ၊ တစ်ဝါနေသော်၊ တွက်ရေစိစစ်၊ **ဝါဆယ့်ရှစ်**နှင့်၊ ဖြစ်ခဲ့တန်တန်၊ မြတ်မွန်ပုဂ္ဂိုလ်၊ ရာဇဂြိုဟ်သို့၊ မှီနိုတုံလာ၊ နှစ်ဝါထပ်မျှ၊ ရေတွက်ကြမူ၊ မြင်ကသိလွယ်၊ **ဝါနှစ်ဆယ်တည်း**။

ဘုန်းကြွယ်မြတ်စွာ၊ သာဝတ္ထိတောင်၊ ကျောင်းဆောင်ဗိမာန်၊ ဇေတဝန်နှင့်၊ မြတ်မွန်လူ့ဆွေ၊ အမြဲနေ၍၊ ဆိုလေသည်မှာ၊ **ဆယ့်ရှစ်ဝါ**တည်း၊ ပုဗ္ဗာရုံကျောင်း၊ သာစည်တောင်းဝယ်၊ ရှင်ကောင်းပုဂ္ဂိုလ်၊ **ခြောက်ဝါ**ဆို၍၊ မဂ်ဖိုလ်ဆွတ်ချွေ၊ သုံးလူ့ဆွေလျှင်၊ ဝေဠုဝန(ဝေဠုဂါမ?)၊ ဥယျာဉ်မရှိ၊ နောက်မှတစ်ဝါ၊ ပြည်သာဝတ္ထိ၊ ရပ်ထိုသိတွင်၊ နေဘိပျော်ရာ၊ **ဝါနှစ်ဆယ့်ငါး**၊ ပေါင်းတုံငြားမှ၊ မြတ်ဖျားဘုန်းကြွယ်၊ ချမ်းသာကယ်၍၊ **လေးဆယ့်ငါးဝါ**၊ ရောက်သည်ကြာမှ၊ စိတ်မှာအောက်မေ့၊ ရေတွက်၍လျှင်၊ တစ်နေ့မပြတ်၊ သုံးလူ့နတ်ကို၊ လေးမြတ်ရှိသေ၊ ဂါရဝေဖြင့်၊ နေ့လယ်(လေ)ဦးတင်၊ အိပ်လျှင်ရှိခိုး၊ နိုးလျှင်ဆောက်တည်၊ စိတ်ကြည်သန့်ရှင်း၊ ကိုယ်တွင်မြဲအောင်၊ သွားတိုင်းဆောင်၍၊ နောင်နိဗ္ဗူတာ၊ ရောက်ချင်ပါသည်၊ လိုရာဆန္ဒ ပြည့်စေသော်၊ မြတ်ရှင်စော ဩကာသ...ဩကာသ...။ (ဓမ္မအလင်္ကာ ပဒေသာ၊ ၁၆ ၁၈။)

## ဗုဒ္ဓဝါဆိုစဉ် ဘုရားရှိခိုးလင်္ကာ

ဩကာသ...ဩကာသ...ဩကာသ၊ သုံးလောကထွတ်တင် မြတ်ဘုရားသခင်သည် လူနတ်ဗြဟ္မာ သတ္တဝါအဂွေထွေ များဝေနေတို့ သံသရာကြမ်း ဝဋ်ဒုက္ခနယ်စခန်းမှ ကျွတ်တန်းဝင်စေခြင်းအကျိုးငှာ လေးဆယ့်ငါးဝါ ကာလကြာအောင် တိုင်းအလီလီ ပြည်အထပ်ထပ် မြို့အသွယ်သွယ် ထိုထိုနယ်ဂါမ ရပ်ဒေသ၌ ယာပထမွေလျော် ဝါဆိုတော်မူ၏။

ဗုဒ္ဓမြတ်စွာ စောသတ္ထာ၏ ထိုထို၌ာန ရပ်ဒေသ၌ လေးဆယ့်ငါးဝါ ကာလကြာအောင် ဝါဆိုတော်မူခဲ့ရာတွင်...............(၁) ဝါတော်အစ၊ ပထမကား၊ ဓမ္မစကြာ၊ ဒေသနာခေါ်၊ တရားတော်ကို၊ ဟောဖော်ညွှန်ပြ၊ ဣသိပတန မိဂဒါဝုန်၊ တောရိပ်မြုံတည်း။

(၂ ၄) ထိုမှတစ၊ ဒုတိယနှင့်၊ တတိယ စတုတ္ထာ၊ စဉ်လာအဆို၊ ရာဇဂြိုဟ်ဟု၊ ခေါ်ဆိုမြွက်ဖော်၊ မြတ်ကျောင်းတော်၌၊ မဟော်မြတ်ဘုန်း၊ ဝါတော်သုံး၏။

(၅) ပဉ္စမဝါမြတ်၊ ဆိုသည့်ရပ်မှာ၊ ပြည်မြတ်ဝေသာလီ၊ လိစ္ဆဝီတို့၊ စုံညီဖျဖျ၊ ဆောက်လုပ်ကြသည့်၊ မဟာဝန်ခေါ်၊ ရွှေကျောင်းတော်တည်း။

(၆) တဖော်မြတ်လှ၊ ဝါဆဋ္ဌကား၊ ချယားတောဌာန၊ မကုလတောင်မှာ၊ ကပ်ဆိုပါ၏။

(၇) တစ်ဖြာသတ္တမ၊ ရောက်ပြန်ကမူ၊ ဒေဝပျော်ရာ၊ ဝတီံသာစခန်း၊ နတ်တို့နန်းဝယ်၊ ရှင်လန်းကြည်သာ၊ ကပ်ဆိုပါ၏။

(၈) ရှစ်ဝါအဋ္ဌ၊ ဆိုဒေသမှာ၊ ဘဂ္ဂရဋ္ဌာ၊ တိုင်းမဟာဟု၊ ခေါ်တွင်ပြု၏။

(၉) ထို့ပြင်တဝ၊ နဝကိုးဖြာ၊ ဆိုသည့်ဝါမူ၊ မည်သာဝန်းလည်၊ ကောသမ္ဗီ၌၊ ဃောသိတာရုံ၊ ခေါ်တုံသူငါ၊ ကျောင်းမဟာတည်း။

(၁၀) ဆယ်ကြိမ်မြောက်ထ၊ ဒသမဝါ၊ ဆိုပြန်ပါသော်၊ ရှင်တော်တပါးတည်း၊ မွေလျော်မှီးသည့်၊ ပလလည်းသာမော၊ ဆင်မင်းတော၌၊ ရှင်စောမြတ်စွာ၊ ဝါဆိုပါ၏။

(၁၁) ဝါတော်ဆယ့်တစ်၊ စိစစ်မြွက်သော်၊ တဖော်ထင်ရှား၊ ပုဏ္ဏားဂါမ၊ နာလအမည်၊ ငါကပ်မှီ၏။

(၁၂) ဆယ့်နှစ်ဝါတတန်၊ ရောက်ပြန်ပါက၊ ဝေရဉ္စာမည်၊ မြတ်ရွှေပြည်ကို၊ ကဂ်မှီရှင်ပြုံး၊ သီတင်းသုံးကာ။

(၁၃) ဝါတော်ဆယ့်သုံး၊ ထွတ်ဘုန်းဆိုရာ၊ မြတ်ဌာနာကား၊ တောင်တော်သာလှ၊ စာလီယဉ်၊ ကပ်ထအပြီး...

(၁၄) ဆယ့်လေးဝါတွင်၊ မြတ်ရှင်ပင်သည်၊ စီစဉ်အလှည်၊ သာဝတ္ထာတောင်စွန်၊ ဇေတဝန်ထင်ပေါ်၊ မြတ်ကျောင်းပေါ်၌၊ ဝါတော်ကပ်၏။

(၁၅) ဝါတော်ဆယ့်ငါး၊ ဆိုငြားအမည်၊ ရပ်ရွှေပြည်ကား၊ စုံညီဆင်းလှ၊ ကပ္ပိလမြို့မှာ၊ နိဂြောဓာဟု၊ မဟာဝိဟာရ၊ ကျောင်းသာစွတည်း။

(၁၆) ဆယ့်ခြောက်ဝါမှီ၊ စဉ်အမည်ကား၊ အာဠဝီပြည်မ၊ ဝါကပ်မျှ၏။

(၁၇) အထထိုပြင်၊ ဝါစဉ်ဆယ့်ခုနစ်၊ စိစစ်ထုတ်ဆို၊ ရာဇဂြိုဟ်ဌာန၊ သာလုဗိမာန်၊ နတ်ထံတူလျော၊ ဝါးတောခေါ်ကြ၊ ထိုဒေသ၌၊ ယာပထမွေလျော်၊ စံတော်မူ၏။

(၁၈ ၁၉) ဆယ့်ရှစ်ဆယ့်ကိုး၊ ဝါနှစ်မျိုးမှာ၊ စာလီယတောင်၊ ထိပ်ခေါင်အလှ၊ ဝါကပ်မျှ၏။

(၂၀) ပယ်ထရန်ကွာ၊ နှစ်ဆယ်ဝါကား၊ မင်းများစိုးစံ၊ ရာဇဂဟံဟု၊ နာမံကျော်ကြား၊ ထင်ရှားပညတ်၊ ပြည်မြတ်နဂရာ၊ ဝါဆိုပါ၏။

တဖြာပြည့်ကြွယ်၊ နှစ်နှစ်ဆယ်မျှ၊ ဆိုပြန်ကြမူ၊ ပထမဗောဓိ၊ မုနိမြတ်စွာ၊ ဝါဆိုပါလည်း၊ မြဲစွာမရှိ

(၂၁ ၄၄) နောက်ဗောဓိကား၊ သာဝတ္ထိမှာ၊ ပုဗ္ဗာရုံကျောင်း၊ ဇေတဝန်ကျောင်းဟု၊ နှစ်ကျောင်းထို၌၊ နေခဲ့သည်တွင်၊ မျှညီစစ်ဆေး၊ နှစ်ဆယ့်လေးဝါရ။

(၄၅) နိဗ္ဗာနသို့၊ ကြွအံ့လုလု၊ ဝါတစ်ခုကား၊ ဝေဠုဝရွာ၊ ကပ်မှီပါ၏။ သချာမှတ်သား၊ ဆယ့်ငါး၌ါန၊ ပဥ္စတ္တာ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ ထိုခါဝယ်၌၊ ဘုန်းကြွယ်ထွတ်ခေါင်၊ ခေမာသောင်သို့၊ ဖောင်တော်မဂ္ဂင်၊ ကြွရှင်ပင်ကို၊ ဝါစဉ်မျှော်ကိုး၊ ရှိခိုးကန်တော့ပါ၏အရှင်ဘုရား။ (ဓမ္မအလင်္ကာ ပဒေသာ၊ ၁၈ ၂၁။)

## ဘုရားရှင်၏၏သီတင်းသုံးတော်မူရာ
## ဝါဆိုစဉ် တေးထပ်

၁။ သယမ္ဘူစောနတ်၏၊ မနောဓာတ်ချိုရွှင်။ ပြောစမှတ် စာဆိုတင်မယ်၊ ဝါဆိုစဉ် မှတ်သား။ ။ မြတ်ဓမ္မ ရွှေစကြာ၊ မိဂဒါဟောကပ်ရှေ့ဖျား။ ။ ဒု, တ,စ ရာဇဂြိုဟ်၊ ဝါဆိုတော်မူငြား။ ။ ဝေသာလီ ပြည်အပါး၊ ငါးဝါမြောက် ဘုန်းကြွယ်။ ။ မကုဋ္ဌာ တောင်ဂီရိ၊ ခြောက်ဝါရှိကိန်းဝပ်စံပယ်။ ။ နောက်ခါသိ ထိမ်းမှတ်လွယ်အောင်၊ ကိန်းသပ္ပါယ် ညွှန်ရစ်တော့၊ ခုနစ်တာဝတိံသာ၊ မြန်းကြွကပ်ရာ။ ။ ရှစ်ဝါမြောက်စံတုကွာ သံသုမာ ဂီရိ၌လေး။ ။

၂။ နဝမံ ကောသမ္ဗ၊ စောလျှံကြွ စွဲထိုင်၊ တောဂန္ဓ ပုလဲမြိုင်၊ မလွှဲနိုင် ဆယ်ထား။ ။ ဗြာဟ္မဏ နာဠရွာ၊ ဝါကြွတာ ကိန်းဆယ့်တစ်ငြား။ ။ ဝေရဥ္စ တိုင်းဌာနီ၊ ဒွါဒသီ မှတ်ထား။ ။ တောင်စာလီ မြတ်အပါး၊ ဆယ့်သုံးထား ကျမ်းညီ။ ။ စုဒ္ဒသာ ဇေတဝ၊ ကပိလ ပန္နရသီ။ ။ သောဠသ အာဠဝီ၊ စာအညီ မှတ်စမ်းတော့၊ စံမြန်းတဲ့ ရာဇဂြိုဟ် ဆယ့်ခုနစ်ကို။ ။ ဆယ့်ရှစ်နှင့် ဆယ့်ကိုးအလို၊ စာလီဆို တောင်ထိပ်၌လေး။ ။

၃။ ရာဇဂြိုဟ် ဝါဝီသ၊ စာရှိမျှ သုံးချွေ၊ ဌာနီကြွ ဘုန်းဝေမှာ၊ ထုံးအနေ မမြဲ။ ။ နှစ်ဆယ့်လေး ဝါကျွတ်မှီ၊ သာဝတ္ထိ ပြည်မြို့၌ဘဲ။ ။ အန္တိမနောက်တဝါ၊ ဝေဠုရွာ မလွှဲ။ ။ အာယုတော် ဇီဝိန်နဲ့ပြီးမို့၊ ရည်ချိန်မြဲ ထုံးစံ။ ။ ဗျဉ်းတာလီ ဝါအဆိုက်၊ အမတာမြိုက် မြန်းကြွရပြန်။ ။ သတ္တဝါတတိုက် ပင်္ကဲ့ကို၊ ယဉ်ပျံတော် မဂ်လမ်းနှင့်၊ အထက်နန်း ပြည်ခေမာ မြန်းကြွကပ်ရာ။ ။ ဘုရားမြတ် ဆိုစဉ်ဝါကို၊ လိုချင်စရာမှတ်စမ်းတော့လေး။ ။

ဤတေးထပ်(၃)ပုဒ်ကို ဂျပန်နိုင်ငံ ကိတကျူးရှူးမြို့ မိုဂျိ ကမ္ဘာအေးစေတီ မြန်မာကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးခေမိန္ဒထံမှ ရရှိသည်။ ဆရာတော်၏မှတ်ချက်၌ "တောင်ငူမြို့ မြစ်ကူဆရာတော် ဦးကုဏ္ဍလရေးသားတော်မူအပ်သော မြတ်စွာဘုရား၏ဝါဆိုစဉ် တေးထပ်(၃)ပုဒ် ဟု ပါရှိ၏။

သုဓမ္မဝတီ ဗုဒ္ဓဝင် စာမျက်နှာ(၄၀၁)၌ ဂေါတမဗုဒ္ဓဝင်ဝယ်.......

## ဘုရားရှင်၏သီတင်းသုံးတော်မူရာ ဝါဆိုစဉ် တေးထပ်

(က) သယမ္ဘူစောနတ်၏၊ မနောဓာတ်ချိုးရွှင်၊ ပြောစမှတ် စာကိုတည်မည်၊ ဝါဆိုစဉ် မှတ်သား။ မြတ်ဓမ္မရွှေစကြာကို၊ မိဂဒါဟောကပ်ရှေ့ဖျား။ ဒု, တ, စ ရာဇဂြိုဟ်၊ ဝါဆိုတော်မူငြား။ ဝေသာလီပြည်အပါး၊ ၅ဝါတော့၊ ငါးဝါမြောက်ဘုန်းကြွယ်။ မကုဋ္ဌာ တောင်ဂီရိ၊ ခြောက်ဝါရှိ ဖြိုးလျှပ်စံပယ်။ ထောက်ညာသည့် မျိုးမြတ်နွယ်ကို၊ တိုးမှတ်ဘွယ် ညွှန်ရစ်တော့၊ ခုနစ်နှစ် ဝတိံသာ၊ မြန်းကြွကပ်ရာ။ ရှစ်ဝါမြောက် စံတုကွာသည်၊ သံသုမာ ဂီရိပလေး။

(ခ) နဝမံ ကောသမ္ဗ၊ စောလျှံကြွစွဲထိုင်၊ တောဂန္ဓ ပုလဲမြိုင်မှာ၊ မလွှဲနိုင် ဆယ်ထား။ ဗြာဟ္မဏ နာဠရွာမှာ၊ ဝါကြွကာ ကိန်းဆယ့်တစ်ငြား။ ဝေရဥ္စ တိုင်းဌာနီ၊ ဒွါဒသီမှတ်သား။ တောင်စာလီ မြတ်အပါးမှာတော့၊ ဆယ့်သုံးထားကျမ်းညီ။ စုဒ္ဒသာ

ဇေတဝန၊ ကပိလ ပန္နရသီ။ သောဠသ အာဋဝီမှာ၊ စာအညီ မှတ်စမ်းတော့၊ စံမြန်းတဲ့ ရာဇဂြိုဟ်၊ ဆယ့်ခုနစ်ကို။ ဆယ့်ရှစ်နှင့် ဆယ့်ကိုးအလိုမှာ၊ စာလီဆို တောင်ထိပ်ပလေး။

(၈) ရာဇဂြိုဟ် ဝါဝီသ၊ စာရီမှု သုံးချွေ၊ ဌာနီကြွ ဘုန်းဝေမှာ၊ ထုံးအနေ မမြဲ။ နှစ်ဆယ့်လေ ဝါကျွတ်မိုတယ်၊ သာဝတ္ထိ ပြည်မြို့ဌဘဲ။ အန္တိမ နောက်ဆုံးဝါမှာ၊ ဗေလုဗွာ မလွှဲ။ အာယုတော် ဇိဝိန်နဲ့ပြီမို့၊ ရည်ချိန်မြဲထုံးစံ။ ဗျည်းတာလီ ဝါအဆိုက်၊ အမတာအမြိုက် မြန်းကြွအမှန်။ သတ္တဝါတသိုက် ပက်ဖံကို၊ ယာဉ်ပျံတော်မဂ်နန်းနှင့်၊ တဘက်ကမ်း ပြည်ခေမာ၊ လှမ်းပို့တင်ရာ။ ဘုရားမြတ် ဆိုစဉ်ဝါကို၊ လိုချင်စရာ မှတ်စမ်းတော့လေး။

⁂ ⁂ ⁂ ⁂ ⁂

## မြတ်စွာဘုရား၏အရိုးတော် ကွင်းဆက်

ယထာ ဟိ မဟာဇနဿ အဋ္ဌီနိ ကောဋိယာ ကောဋိ အာဟစ္စ ဋ္ဌိတာနိ, ပစ္စေကဗုဒ္ဓါနံ အင်္ကုသကလဂ္ဂါနိ ဝိယ၊ န ဧဝံ ဗုဒ္ဓါနံ။ ဗုဒ္ဓါနံ ပန သင်္ခလိကာနိ ဝိယ ဧကာဗဒ္ဓါနိ ဟုတွာ ဋ္ဌိတာနိ။ (ဒီ၊ ဋ္ဌ၊ ၂၊ ၁၅၄ ၁၅၅။)

ဟိ ဝိတ္ထာရေမိ အကျယ်ချဲဦးအံ့၊ မဟာဇနဿ လူအများ၏၊ အဋ္ဌီနိ အရိုးတို့သည်၊ ကောဋိယာ အစွန်းဖြင့်၊ ကောဋိ အစွန်းကို၊ အာဟစ္စ ထိ၍, တေ့၍၊ ဋ္ဌိတာနိ ဝိယ တည်ကုန်သကဲ့သို့၊ ပစ္စေကဗုဒ္ဓါနံ ပစ္စေကဗုဒ္ဓါတို့၏၊ အဋ္ဌီနိ အရိုးတို့သည်၊ အင်္ကုသကလဂ္ဂါနိ ဝိယ ချွန်းကဲ့သို့ ချိတ်ငြိကုန်သည်၊ ဟုတွာ ဖြစ်၍၊ ဋ္ဌိတာနိ ဝိယ တည်ကုန်သကဲ့သို့။ ဧဝံ တထာ ထို့အတူ၊ ဗုဒ္ဓါနံ ဘုရားရှင်တို့၏၊ အဋ္ဌီနိ အရိုးတို့သည်၊ န ဋ္ဌိတာနိ မတည်ကုန်၊ ပန စင်စစ်သော်ကား၊ ဗုဒ္ဓါနံ ဘုရားရှင်တို့၏၊ အဋ္ဌီနိ အရိုးတို့သည်၊ သင်္ခလိကာနိ ဝိယ သံခြေချင်းတို့ကဲ့သို့၊ ဧကာဗဒ္ဓါနိ တပေါင်းတည်း ဖွဲ့စပ်ကုန်သည်၊ ဟုတွာ ဖြစ်၍၊ ဋ္ဌိတာနိ တည်ကုန်၏။

(၁) ပကတိလူသားနှင့် ရဟန္တာတို့၏အရိုးများသည် အရိုးတစ်ခုနှင့်တစ်ခုတေ့၍ တည်ရှိကြသည်။ (တေ့ဆက်)။

(၂) ပစ္စေကဗုဒ္ဓါတို့၏အရိုးများသည် ချွန်းများကဲ့သို့ ချိတ်ဖြစ်၍ ချိတ်ချင်း ချိတ်ငြိလျက် တည်ကြသည်။ (ချိတ်ဆက်)။

(၃) ဘုရားရှင်၏အရိုးတော်များကား သံခြေချင်းကွင်းဆက်ကဲ့သို့ တပေါင်းတည်း ဖွဲ့၍ တည်ကြသည်။ (ကွင်းဆက်)

မြတ်စွာဘုရား၏အရိုးတော်များ ကွင်းဆက်ဖြစ်ကြောင်းကို မူလပဏ္ဏာသအဋ္ဌကထာ, မာရတဇ္ဇနီယသုတ်၌လည်း ဖွင့်ဆိုလျက် ရှိသည်။

ယထာ ဟိ မဟာဇနဿ (ပကတိမဟာဇနဿ၊က) အဋ္ဌီနိ ကောဋိယာ ကောဋိ အာဟစ္စ ဋ္ဌိတာနိ၊ ပစ္စေကဗုဒ္ဓါနံ အင်္ကုသကလဂ္ဂါနိ၊ န ဧဝံ ဗုဒ္ဓါနံ။ ဗုဒ္ဓါနံ ပန သင်္ခလိကာနိ ဝိယ ဧကာဗဒ္ဓါနိ ဟုတွာ ဋ္ဌိတာနိ။ (မ၊ ဋ္ဌ၊ ၂၊ ၃၁၈။)

## မြတ်စွာဘုရား၏ဓာတ်တော်နှင့်စပ်သွယ် သိမှတ်ဖွယ်

သက်တော်ရှည်ဘုရားရှင်တို့၏သရီရဓာတ်တော်သည် ရွှေတုံးနှင့်တူသော တစ်ဆုတည်းသာ ဖြစ်၏၊ ငါတို့ဘုရားရှင်၏သရီရဓာတ်များကား ဘုရားရှင်၏အဓိဋ္ဌာန်တော်မူသည့်အတိုင်း အရောင်အဆင်း, အရွယ်အစား အမျိုးမျိုး ကွဲပြားလျက် ကြွင်းကျန်တော်မူသည်။

**သရီရဓာတ်တော်များ၏အရောင်အဆင်း(၃)မျိုး**

(၁) မြတ်လေးပန်းအငုံနှင့်တူသော ဓာတ်တော်များ၊

(၂) ပုလဲနှင့်တူသော ဓာတ်တော်များ၊

(၃) ရွှေအဆင်းနှင့်တူသော ဓာတ်တော်များ။

**ဓာတ်တော်အရွယ်အစား(၃)မျိုး**

(၁) အသေးဆုံးမှာ မုန်ညင်းစေ့အတိုင်းအရှည်ရှိသော ဓာတ်တော်များ၊

(၂) အလတ်စားမှာ ဆန်ကွဲအတိုင်းအရှည်ရှိသော ဓာတ်တော်များ၊

(၃) အကြီးဆုံးမှာ ပဲနောက်ခြမ်းအတိုင်းအရှည်ရှိသော ဓာတ်တော်များ။

**မပြိုကွဲသော(အသမ္ဘိန္န)ဓာတ်တော်(၇)ဆူ**

(၁ ၄) စွယ်တော်၄ ဆူ၊

(၅,၆) ညှပ်ရိုးတော်၂ ဆူ၊

(၇) နဖူးသင်းကျစ်တော်၁ ဆူ။

သရီရာနေဝ အဝသိဿိံသူတိ ပုဗ္ဗေ ဧကဃနေန ဋ္ဌိတတ္တာ သရီရံ နာမ အဟောသိ။ ဣဒါနိ ဝိပ္ပကိဏ္ဏတ္တာ သရီရာနီတိ ဝုတ္တံ။ သုမနမကုဠသဒိသာ စ ဓောတမုတ္တာသဒိသာ စ သုဝဏ္ဏသဒိသာ စ ဓာတုယော အဝသိဿိံသူတိ အတ္ထော။ ဒီဃာယုကဗုဒ္ဓါနဉ္ဟိ သရီရံ သုဝဏ္ဏက္ခန္ဓသဒိသံ ဧကမေဝ ဟောတိ။ ဘဂဝါ ပန "အဟံ န စိရံ ဌတွာ ပရိနိဗ္ဗာယာမိ၊ မယှံ သာသနံ တာဝ သဗ္ဗတ္ထ န ဝိတ္ထာရိတံ၊ တသ္မာ ပရိနိဗ္ဗုတဿာပိ မေ သာသပမတ္တမ္ပိ ဓာတုံ ဂဟေတွာ အတ္တနော အတ္တနော ဝသနဋ္ဌာနေ စေတိယံ ကတွာ ပရိစရန္တော မဟာဇနော သဂ္ဂပရာယဏော ဟောတူ"တိ ဓာတူနံ ဝိကိရဏံ အဓိဋ္ဌာသိ။ ကတိ ပနဿ ဓာတုယော ဝိပ္ပကိဏ္ဏာ၊ ကတိ န ဝိပ္ပကိဏ္ဏာတိ။ စတဿော ဒါဌာ, ဒွေ အက္ခကာ, ဥဏှီသန္တိ ဣမာ သတ္တ ဓာတုယော န ဝိပ္ပကိရိံသု၊ သေသာ ဝိပ္ပကိရိံသူတိ။ တတ္ထ သဗ္ဗခုဒ္ဒကာ ဓာတု သာသပဗီဇမတ္တာ အဟောသိ၊ မဟာဓာတု မဇ္ဈေ ဘိန္နတဏ္ဍုလမတ္တာ၊ အတိမဟတီ မဇ္ဈေ ဘိန္နမုဂ္ဂမတ္တာတိ။ (ဒီ၊ ဋ္ဌ၊ ၂၊ မဟာပရိနိဗ္ဗာနသုတ္တ၊ ၃၈၄)။ ဘိန္နမုဂ္ဂဒလမတ္တာ (က, ခ၊ ၄၊ ၃၈၄)

သုမနမကုဠသဒိသာ စ မြတ်လေးပန်းအငုံနှင့် တူသည်လည်းဖြစ်ကုန်သော၊ ဓောတမုတ္တာသဒိသာ စ ဆေးကြောအပ်ပြီးသော ပုလဲနှင့်တူသည်လည်းဖြစ်ကုန်သော၊ သုဝဏ္ဏသဒိသာ စ ရွှေအဆင်းနှင့်တူသည်လည်းဖြစ်ကုန်သော၊ ဓာတုယော ဓာတ်တော်တို့သည်၊ အဝသိဿံသု ကြွင်းကျန်ကုန်ပြီ၊ ဣတိ အတ္ထော ဤကား အနက်တည်း။

ဟိ မှန်၏၊ ဒီဃာယုကဗုဒ္ဓါနံ သက်တော်ရှည် ဘုရားရှင်တို့၏၊ သရီရံ သရီရဓာတ်တော်သည်၊ သုဝဏ္ဏက္ခန္ဓသဒိသံ ရွှေတုံးနှင့်တူသော၊ ဧကမေဝ တစ်ဆူတည်းသည်သာ၊ ဟောတိ ဖြစ်၏၊ ဘဂဝါ ပန (ငါတို့) ဘုရားရှင်သည်ကား၊ "အဟံ ငါသည်၊ စိရံ ကြာမြင့်စွာ၊ န ဌတွာ မတည်မူ၍၊ ပရိနိဗ္ဗာယာမိ ပရိနိဗ္ဗာန်စံတော်မူရအံ့၊ မယှံ ငါ၏၊ သာသနံ သာသနာတော်သည်၊ သဗ္ဗတ္ထ အလုံးစုံသော အရပ်၌၊ န တာဝ ဝိတ္ထာရိတံ မကျယ်ပြန့်သေး၊ တသ္မာ ထို့ကြောင့်၊ ပရိနိဗ္ဗုတဿာပိ ပရိနိဗ္ဗာန်စံပြီးလည်းဖြစ်သော၊ မေ ငါ၏၊ သာသပမတ္တမ္ပိ မုန်ညင်းစေ့အတိုင်းအရှည်ရှိသည်လည်းဖြစ်သော၊ ဓာတုံ ဓာတ်တော်ကို၊ ဂဟေတွာ ယူ၍၊ အတ္တနော အတ္တနော မိမိ မိမိ၏၊ ဝသနဋ္ဌာနေ နေရာအရပ်၌၊ စေတိယံ စေတီကို၊ ကတွာ ပြု၍၊ ပရိစရန္တော ပြုစုလုပ်ကျွေးသော၊ မဟာဇနော လူအများသည်၊ သဂ္ဂပရာယဏော နတ်ပြည် ဟူသော လဲလျောင်းရာရှိသည်၊ ဟောတု ဖြစ်ရစ်စေသတည်း၊"ဣတိ ဤသို့ နှလုံးသွင်း၍၊ ဓာတူနံ ဓာတ်တော်တို့၏၊ ဝိကိရဏံ ပြန့်ကြဲခြင်းကို၊ အဓိဋ္ဌာသိ အဓိဋ္ဌာန်တော်မူပြီ။

အဿ ထိုဘုရားရှင်၏၊ ကတိ အဘယ်မျှလောက်ကုန်သော၊ ဓာတုယော ပန ဓာတ်တော်တို့သည်ကား၊ ဝိပ္ပကိဏ္ဏာ ပြန့်ကြဲကုန်သနည်း? ကတိ အဘယ်မျှလောက်ကုန်သော၊ ဓာတုယော ဓာတ်တော်တို့သည်၊ န ဝိပ္ပကိဏ္ဏာ မပြန့်ကြဲကုန်သနည်း? ဣတိ ဤကား အမေးတည်း၊ စတဿော လေးဆူကုန်သော၊ ဒါဌာ စွယ်တော်တို့လည်းကောင်း၊ ဒွေ နှစ်ဆူကုန်သော၊ အက္ခကာ ညှပ်ရိုးတော်တို့လည်းကောင်း၊ ဥဏှီသံ နဖူးသင်းကျစ်တော်လည်းကောင်း၊ ဣတိ ဤသို့၊ သတ္တ ခုနစ်ဆူကုန်သော၊ ဣမာ ဓာတုယော ဤဓာတ်တော်တို့သည်၊ နဝိပ္ပကိရိံသု မပြန့်ကြဲကုန်၊ သေသာ ခုနစ်ဆူတို့မှကြွင်းသော ဓာတ်တော်တို့သည်၊ ဝိပ္ပကိရိံသု ပြန့်ကြဲကုန်ပြီ၊ ဣတိ ဤကား အဖြေတည်း။

တတ္ထ ထိုဓာတ်တော်တို့တွင်၊ သဗ္ဗခုဒ္ဒကာ အလုံးစုံတို့အောက် ငယ်သော၊ ဓာတု ဓာတ်တော်သည်၊ သာသပဗီဇမတ္တာ မုန်ညင်းစေ့အတိုင်းအရှည်ရှိသည်၊ အဟောသိ ဖြစ်ပြီ၊ မဟာ ကြီးသော၊ ဓာတု ဓာတ်တော်သည်၊ မဇ္ဈေ အလယ်၌၊ ဘိန္နတဏ္ဍုလမတ္တာ ဆန်ကွဲအတိုင်းအရှည်ရှိသည်၊ အဟောသိ ဖြစ်ပြီ၊ အတိမဟတီ အလွန်ကြီးသော၊ ဓာတု ဓာတ်တော်သည်၊ မဇ္ဈေ အလယ်၌၊ ဘိန္နမုဂ္ဂမတ္တာ ပဲနောက်ခြမ်းအတိုင်းအရှည်ရှိသည်၊ အဟောသိ ဖြစ်ပြီ၊ ဣတိ ဤသို့ မှတ်အပ်၏။

တာသုပိ ဓာတုယော ကာစိ၊ ဓောတမုတ္တာပိ ဝဏ္ဏတော။
သုဝဏ္ဏဝဏ္ဏာဘာ ကာစိ၊ ကာစိ သုမနမကုဠာ။
မဟန္တာ ဘိန္နမုဂ္ဂါဝ၊ မဇ္ဈိမာ ဘိန္နတဏ္ဍုလာ။
ခုဒ္ဒကာ သာသပမတ္တာ၊ တေပိ ဝန္ဒာမိ ဓာတုယော။
(သုတ်မဟာဝါအဋ္ဌကထာဘာသာဋီကာ၊ ဒု၊ ၂၉၂ ၂၉၃။)

အပ္ပါယုကဗုဒ္ဓါနံ ဟိ သရီရဓာတု န ဧကဃနာ ဟောတိ။ အဓိဋ္ဌာနာနုဘာဝေန ဝိပ္ပကိရိတိ။ တေနေဝ အမှာကမ္ပိ ဘဂဝါ "အဟံ န စိရဋ္ဌိတိကော၊ အပ္ပကေဟိ သတ္တေဟိ အဟံ ဒိဋ္ဌော၊ ယေဟိ န ဒိဋ္ဌော၊ တေဝ ဗဟုတရာ၊ တေ မေ ဓာတုယော အာဒါယ တတ္ထ တတ္ထ ပူဇေန္တော သဂ္ဂပရာယဏာ ဘဝိဿန္တီ"တိ ပရိနိဗ္ဗာနကာလေ "အတ္တနော သရီရံ ဝိပ္ပကိရိယတူ"တိ အဓိဋ္ဌာသိ။ ဒီဃာယုကဗုဒ္ဓါနံ ပန သုဝဏ္ဏက္ခန္ဓော ဝိယ ဧကဃနံ ဓာတုသရီရံ တိဋ္ဌတိ။ (မ၊ ဋ္ဌ၊ ၂၊ ၂၈။)

ဣမသ္မိံယေဝ ဘဒ္ဒကပ္ပေ ဝီသတိဝဿသဟဿာယုကေသု ပုရိသေသု ဥပ္ပဇ္ဇိတွာ သောဠသဝဿသဟဿာယုကာနိ ဌတွာ ပရိနိဗ္ဗုတဿ ဘဂဝတော ကဿပသမ္မာသမ္ဗုဒ္ဓဿ မဟတိယာ ပူဇာယ သရီရကိစ္စံ အကံသု။ တဿ ဓာတုယော အဝိကိရိတွာ သုဝဏ္ဏက္ခန္ဓော ဝိယ ဧကဃနာ ဟုတွာ အဋ္ဌံသု(သဏ္ဌဟိံသု၊သိ)။ ဒီဃာယုကဗုဒ္ဓါနဉ္ဟိ သော ဓမ္မတာ။ အပ္ပါယုကဗုဒ္ဓါ ပန ယသ္မာ

## မြတ်စွာဘုရား၏အရိုးတော် ကွင်းဆက်

ဗဟုတရေန ဇနေန အဒိဋ္ဌာ ဧဝ ပရိနိဗ္ဗာယန္တိ၊ တသ္မာ ဓာတုပူဇမ္ပိ ကတွာ "တတ္ထ တတ္ထ ဇနာ ပုညံ ပသဝိဿန္တီ"တိ အနုကမ္ပာယ "ဓာတုယော ဝိကိရန္တူ"တိ အဓိဋ္ဌဟန္တိ၊ တေန တေသံ သုဝဏ္ဏစုဏ္ဏာနိ ဝိယ ဓာတုယော ဝိကိရန္တိ. သေယျထာပိ အမှာကံ ဘဂဝတော။
(သုတ္တနိ၊ ဋ္ဌ၊ ၁၊ ၁၉၂ ၁၉၃။)

### ဓာတုဘာဇနီယကထာ

၁။ မဟာဂေါတမော ဇိနဝရော၊ ကုသိနာရမှိ နိဗ္ဗုတော။
ဓာတုဝိတ္ထာရိကံ အာသိ၊ တေသု တေသု ပဒေသတော။
၂။ ဧကော အဇာတသတ္တုဿ၊ ဧကော ဝေသာလိယာ ပုရေ။
ဧကော ကပိလဝတ္ထုသ္မိံ၊ ဧကော စ အလ္လကပ္ပကေ။
၃။ ဧကော စ ရာမဂါမမှိ၊ ဧကော စ ဝေဌဒီပကေ။
ဧကော ပါဝေယျကေ မလ္လေ၊ ဧကော စ ကောသိနာရကေ။
၄။ ကုမ္ဘဿ ထူပံ ကာရေသိ၊ ဗြာဟ္မဏော ဒေါဏသဝှယော။
အင်္ဂါရထူပံ ကာရေသုံ၊ မောရိယာ တုဋ္ဌမာနသာ။
၅။ အဋ္ဌ သာရီရိကာ ထူပါ၊ နဝမော ကုမ္ဘစေတိယော။
အင်္ဂါရထူပေါ ဒသမော၊ တဒါယေဝ ပတိဋ္ဌိတော။
၆။ ဥဏှီသံ စတဿော ဒါဌာ၊ အက္ခကာ ဒွေ စ ဓာတုယော။
အသမ္ဘိန္နာ ဣမာ သတ္တ၊ သေသာ ဘိန္နာဝ ဓာတုယော။
၇။ မဟန္တာ မုဂ္ဂမတ္တာ စ(မုဂ္ဂမာသာ ဝ က)၊ မဇ္ဈိမာ ဘိန္နတဏ္ဍုလာ။
ခုဒ္ဒကာ သာသပမတ္တာ စ၊ နာနာဝဏ္ဏာ စ ဓာတုယော။
၈။ မဟန္တာ သုဝဏ္ဏဝဏ္ဏာ စ၊ မုတ္တဝဏ္ဏာ စ မဇ္ဈိမာ။
ခုဒ္ဒကာ မကုလဝဏ္ဏာ စ၊ သောဠသဒေါဏမတ္တိကာ။
၉။ မဟန္တာ ပဉ္စ နာဠိယော၊ နာဠိယော ပဉ္စ မဇ္ဈိမာ။
ခုဒ္ဒကာ ဆ နာဠိ စေဝ၊ ဧတာ သဗ္ဗာပိ ဓာတုယော။
၁၀။ ဥဏှီသံ သီဟဠေ ဒီပေ၊ ဗြဟ္မလောကေ စ ဝါမကံ။
သီဟဠေ ဒက္ခိဏက္ခဉ္စ၊ သဗ္ဗာပေတာ ပတိဋ္ဌိတာ။
၁၁။ ဧကာ ဒါဌာ တိဒသပုရေ၊ ဧကာ နာဂပုရေ အဟု။
ဧကာ ဂန္ဓာရဝိသယေ၊ ဧကာ ကလိင်္ဂရာဇိနော။
၁၂။ စတ္တာလီသသမာ ဒန္တာ၊ ကေသာ လောမာ စ သဗ္ဗသော။
ဒေဝါ ဟရိံသု ဧကေကံ၊ စက္ကဝါဠပရမ္ပရာ။
၁၃။ ဝဇိရာယံ ဘဂဝတော၊ ပတ္တော ဒဏ္ဍဉ္စ စီဝရံ။
နိဝါသနံ ကုလဃရေ၊ ပစ္စတ္ထရဏံ ကပိလဝှယေ(သီလဝှယေ သျာ)။
၁၄။ ပါဋလိပုတ္တပုရမှိ၊ ကရကံ ကာယဗန္ဓနံ။
စမ္ပာယုဒကသာဋိယံ၊ ဥဏ္ဏလောမဉ္စ ကောသလေ။
၁၅။ ကာသာဝံ ဗြဟ္မလောကေ စ၊ ဝေဌနံ တိဒသေ ပုရေ။
နိသီဒနံ အဝန္တီသု၊ ရဋ္ဌေ(ဒေဝရဋ္ဌေ သျာ) အတ္ထရဏံ တဒါ။
၁၆။ အရဏီ စ မိထိလာယံ၊ ဝိဒေဟေ ပရိဿာဝနံ။
ဝါသိ သူစိဃရဉ္စာပိ၊ ဣန္ဒပတ္တပုရေ တဒါ။
၁၇။ ပရိက္ခာရာ အဝသေသာ၊ ဇနပဒေ အပရန္တကေ။
ပရိဘုတ္တာနိ မုနိနာ၊ အကံသု မနုဇာ တဒါ။
၁၈။ ဓာတုဝိတ္ထာရိကံ အာသိ၊ ဂေါတမဿ မဟေသိနော။

ပါဏိနံ့ အနုကမ္ပာယ၊ အဟု ပေါရာဏိကံ တဒါတိ။

(ခုဒ္ဒကနိကာယ၊ ၄=ဗုဒ္ဓဝံသ၊ ၃၈၃ ၃၈၄။)

ဇိနဝရော ဒေဝပုတ္တမာရ်,ကိလေသမာရ်,အဘိသင်္ခါရမာရ်,မစ္စုမာရ်, ခန္ဓမာရ် တည်းဟူသော ငါးပါးသောမာရ်တို့ကို အောင်တော်မူတတ် မြတ်စွာထသော၊ မဟာဂေါတမော မဟာဂေါတမ အမည်တော်ရှိသော ရှင်တော်မြတ်ဘုရားသည်၊ ကုသိနာရမှိ ကုသိနာရုံပြည်၌၊ နိဗ္ဗုတော ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ဓာတု ဓာတ်တော်သည်၊ တေသု တေသု ထိုထိုသို့သော အရပ်တို့၌၊ ပဒေသတော အစုအားဖြင့်၊ ဝိတ္ထာရိတံ ပြန့်သည်၊ အာသိ ဖြစ်၏။

ဧကော တစ်စိတ်သော ဓာတ်တော်သည်၊ အဇာတသတ္တုဿ အဇာတသတ်မင်း၏၊ ပုရေ (ရာဇဂြိုဟ်)ပြည်၌၊ ပတိဋ္ဌိတော တည်တော်မူ၏၊ ဧကော တစ်စိတ်သော ဓာတ်တော်သည်၊ ဝေသာလိယာ ပုရေ ဝေသာလီပြည်၌၊ ပတိဋ္ဌိတော တည်တော်မူ၏၊ ဧကော တစ်စိတ်သော ဓာတ်တော်သည်၊ ကပိလဝတ္ထုမှိ ကပိလဝတ်ပြည်၌၊ ပတိဋ္ဌိတော တည်တော်မူ၏၊ ဧကော တစ်စိတ်သော ဓာတ်တော်သည်၊ အလ္လကပ္ပေ အလ္လကပ္ပပြည်၌၊ ပတိဋ္ဌိတော တည်တော်မူ၏။

ဧကော တစ်စိတ်သော ဓာတ်တော်သည်၊ ရာမဂါမမှိ ရာမရွာ၌၊ ပတိဋ္ဌိတော တည်တော်မူ၏၊ ဧကော တစ်စိတ်သော ဓာတ်တော်သည်၊ ဝေဋ္ဌဒီပကေ ဝေဋ္ဌဒီပကပြည်၌၊ ပတိဋ္ဌိတော တည်တော်မူ၏၊ ဧကော တစ်စိတ်သောဓာတ်တော်သည်၊ ပါဝေယျကေ ပါဝေယျကအမည်ရှိသော၊ မလ္လေ မလ္လာမင်းတို့ပြည်၌၊ ပတိဋ္ဌိတော တည်တော်မူ၏၊ ဧကော တစ်စိတ်သောဓာတ်တော်သည်၊ ကုသိနာရကေ ကုသိနာရုံပြည်၌၊ ပတိဋ္ဌိတော တည်တော်မူ၏။

ဒေါဏသဝှယော ဒေါဏအမည်ရှိသော၊ ဗြာဟ္မဏော ပုဏ္ဏားသည်၊ ကုမ္ဘဿ ဓာတ်တော်ခြင်သောအိုးကို၊ ဂဟေတွာ ယူ၍၊ ထူပံ စေတီကို၊ ကာရေသိ တည်လေ၏၊ မောရိယာ မောရိယမင်းတို့သည်ကား၊ တုဋ္ဌမာနသာ ဝမ်းမြောက်ဝမ်းသာ၊ အင်္ဂါရံ မီးသွေးကို၊ ဂဟေတွာ ယူ၍၊ ထူပံ စေတီကို၊ ကာရေသုံ တည်လေကုန်၏။

အဋ္ဌ ရှစ်ဆူသောစေတီတို့သည်၊ သာသီရိကာ ကိုယ်တော်မှ ဖြစ်ကုန်သော၊ ထူပါ စေတီတို့တည်း၊ နဝမော ကိုးခုမြောက်သော စေတီကား၊ ကုမ္ဘစေတိယော ဓာတ်တော်ခြင်အိုးစေတီတည်း၊ ဒသမော ဆယ်ခုမြောက်သော စေတီကား၊ အင်္ဂါရထူပေါ မီးသွေးစေတီတည်း၊ တ္တတိ ဤမေ ဤစေတီတို့သည်၊ တဒါယေဝ ထိုအခါ၌ပင်လျှင်၊ ပတိဋ္ဌိတာ တည်လေကုန်၏။

ဉဏှီသံ နဖူးသင်းကျစ်တော်လည်းကောင်း၊ စတဿော လေးချောင်းကုန်သော၊ ဒါဌာ စ စွယ်တော်တို့သည်လည်းကောင်း၊ ဒွေ နှစ်ချောင်းကုန်သော၊ အက္ခကာ ဓာတုယော စ ညှပ်ရိုးဓာတ်တော်တို့သည်လည်းကောင်း၊ သတ္တ ခုနစ်ပါးကုန်သော၊ ဣမာ ဤဓာတ်တော်တို့သည်၊ အသမ္ဘိန္နာ မကွဲမပြိုကုန်၊ သေသာ ကြွင်းကုန်သော၊ ဓာတုယော ဓာတ်တော်တို့သည်ကား၊ ဘိန္နာဝ ကွဲပြိုကုန်သည် သာလျှင်တည်း။

မဟန္တာ အကြီးဖြစ်ကုန်သော ဓာတ်တော်တို့သည်၊ မုဂ္ဂမာသာ ပဲနောက်စေ့ပမာဏရှိကုန်၏၊ မဇ္ဈိမာ အလတ်ဖြစ်ကုန်သော ဓာတ်တော်တို့သည်၊ ဘိန္နတဏ္ဍုလာ ဆန်ကျိုးပမာဏရှိကုန်၏၊ ခုဒ္ဒကာ အငယ်ဖြစ်ကုန်သော ဓာတ်တော်တို့သည်၊ သာသပမတ္တာ မုန်ညင်းစေ့ပမာဏရှိကုန်၏၊ ဓာတုယော အရွယ်သုံးပါးပြားသော ထိုဓာတ်တော်တို့သည်၊ နာနာဝဏ္ဏာ စ အသီးအသီးမတူသော အဆင်းလည်းရှိကြကုန်၏။

မဟန္တာ အရွယ်ပမာဏ အကြီးဖြစ်ကြသော ဓာတ်တော်တို့သည်၊ သုဝဏ္ဏဝဏ္ဏာ ရွှေအဆင်းရှိကုန်၏၊ မဇ္ဈိမာ အရွယ်ပမာဏ အလတ်ဖြစ်ကြသော ဓာတ်တော်တို့သည်၊ မုတ္တဝဏ္ဏာ ပုလဲအဆင်းရှိကုန်၏၊ ခုဒ္ဒကာ အရွယ်ပမာဏ အငယ်ဖြစ်ကြသော ဓာတ်တော်တို့သည်၊ ဗကုလဝဏ္ဏာ ချယားငုံအဆင်းရှိကုန်၏၊ ဣတိ ဤသို့၊ ဓာတုယော အရွယ်သုံးပါး ပြားကုန်သော ထိုဓာတ်တော်တို့သည်၊ နာနာဝဏ္ဏာ စ အသီးအသီးမတူသော အဆင်းရှိသည်လည်း ဖြစ်ကုန်၏။

မဟန္တာ ကြီးကုန်သော ဓာတ်တော်တို့သည်၊ ပဉ္စ နာဠိယော ငါးကွမ်းစားရှိကုန်၏၊ မဇ္ဈိမာ အလတ်ဖြစ်ကုန်သော ဓာတ်တော်တို့သည်၊ ပဉ္စ နာဠိယော ငါးကွမ်းစားရှိကုန်၏၊ ခုဒ္ဒကာ အငယ်ဖြစ်ကုန်သော ဓာတ်တော်တို့သည်၊ ဆ နာဠီ စေဝ ခြောက်ကွမ်းစားရှိကုန်၏၊ ဣတိ ဤသို့၊ သဗ္ဗာပိ အလုံးစုံလည်းဖြစ်ကုန်သော၊ တော ဓာတုယော ထိုမြတ်စွာဘုရား ဓာတ်တော်တို့သည်၊ သောဠသ ဒေါဏမတ္တိကာ တဆယ့်ခြောက်ဒေါဏ အတိုင်းအရှည်ရှိကုန်၏။

ဉဏှီသံ နဖူးသင်းကျစ်တော်သည်၊ သီဟဠေ ဒီပေ သီဟိုဠ်ကျွန်း၌၊ ပတိဋ္ဌိတော တည်တော်မူ၏၊ ဝါမက္ခဠ လက်ဝဲညှပ်ရိုးတော် ဓာတ်သည်ကား၊ ဗြဟ္မလောကေ ဗြဟ္မာ့ပြည်၌၊ ပတိဋ္ဌိတော တည်တော်မူ၏၊ ဒက္ခိဏက္ခဠ လက်ယာညှပ်ရိုးတော် ဓာတ်သည်ကား၊ သီဟဠေ သီဟိုဠ်ကျွန်း၌၊ ပတိဋ္ဌိတော တည်တော်မူ၏၊ သဗ္ဗာ အလုံးစုံကုန်သော၊ တောပိ ဤဓာတ်တော်တို့သည်ကား၊ ပတိဋ္ဌိတာ (နေရာအသီးအသီး၌)တည်တော်မူကုန်၏။

ကော တစ်ချောင်းသော၊ ဒါဌာ စွယ်တော်သည်၊ တိဒသေ ပုရေ တာဝတိံသာနတ်ပြည်၌၊ ပတိဋ္ဌိတာ တည်တော်မူ၏၊ ကော တစ်ချောင်းသော၊ ဒါဌာ စွယ်တော်သည်၊ နာဂပုရေ နဂါးပြည်၌၊ ပတိဋ္ဌိတာ တည်တော်မူသည်၊ အဟု ဖြစ်၏၊ ကော တစ်ချောင်းသော၊ ဒါဌာ စွယ်တော်သည်၊ ဂန္ဓာရဝိသယေ ဂန္ဓာရအရပ်၌၊ ပတိဋ္ဌိတာ တည်တော်မူ၏၊ ကော တစ်ချောင်းသော၊ ဒါဌာ စွယ်တော်သည်၊ ကလိင်္ဂရာဇိနော ကလိင်္ဂမင်း၏၊ ပုရေ ပြည်၌၊ ပတိဋ္ဌိတာ တည်တော်မူ၏။

စတ္တာလီသသမာ ဒန္တာ အမျှလေးဆယ်သော သွားတော်တို့ကိုလည်းကောင်း၊ သဗ္ဗသော အချင်းခပ်သိမ်း၊ ကေသာ လောမာ စ ဆံတော် အမွေးတော်တို့ကိုလည်းကောင်း၊ ဧကေကံ တစ်ချောင်းစီ တစ်ချောင်းစီ၊ စက္ကဝါဠပရမ္ပရာ စကြာဝဠာတပါးတို့သို့(စကြာဝဠာအဆင့်ဆင့်)ဒေဝါ နတ်တို့သည်၊ ဟရိံသု ဆောင်လေကုန်၏။

ဘဂဝတော ဂေါတမရှင်တော်ဘုရား၏၊ ပတ္တော စ သပိတ်တော်သည်လည်းကောင်း၊ ဒဏ္ဍော စ တောင်ဝှေးတော်သည်လည်းကောင်း၊ စီဝရဉ္စ သင်္ကန်းတော်သည်လည်းကောင်း၊ ဝဇိရာယံ ဝဇိရပြည်၌၊ ပတိဋ္ဌိတံ တည်တော်မူ၏၊ နိဝါသနံ သင်းပိုင်တော်သည်၊ ကုလဃရေ ကုလဃရပြည်၌၊ ပတိဋ္ဌိတံ တည်တော်မူ၏၊ ပစ္စတ္ထရဏံ အခင်းတော်သည်၊ သီလဝှယေ သီလအမည်ရှိသော ပြည်၌၊ ပတိဋ္ဌိတံ တည်တော်မူ၏။

ကရကဉ္စ ဓမ္မကရိဏ်တော်သည်လည်းကောင်း၊ ကာယဗန္ဓနဉ္စ ခါးပန်းတော်သည်လည်းကောင်း၊ ပါဋလိပုတ္တပုရမှိ ပါဋလိပုတ်ပြည်၌၊ ပတိဋ္ဌိတံ တည်တော်မူ၏၊ ဥဒကသာဋိကာ ရေသနုပ်တော်သည်၊ စမ္ပာယံ စမ္ပာပြည်၌၊ ပတိဋ္ဌိတာ တည်တော်မူ၏၊ ဥဏ္ဏာ လောမံ ဥဏ္ဏာလုံမွေးရှင်တော်သည်၊ ကောသလေ ကောသလတိုင်း၌၊ ပတိဋ္ဌိတံ တည်တော်မူ၏။

ကာသာဝဉ္စ သင်္ကန်းတော်သည်ကား ဗြဟ္မလောကေ ဗြဟ္မာ့ပြည်၌၊ ပတိဋ္ဌိတံ တည်တော်မူ၏၊ ဝေဌနံ ဦးရစ်တော်သည်၊ တိဒသေ ပုရေ တာဝတိံသာနတ်ပြည်၌၊ ပတိဋ္ဌိတံ တည်တော်မူ၏၊ နိသီဒနံ နိသီဒိုင်တော်သည်၊ အဝန္တိသု အဝန္တိတိုင်းတို့၌၊ ပတိဋ္ဌိတံ တည်တော်မူ၏၊ အတ္ထရဏံ မြေခင်းနီးတော်သည်၊ ဒေဝရဋ္ဌေ ဒေဝတိုင်း၌၊ ပတိဋ္ဌိတံ တည်တော်မူ၏။

အရဏီ စ မီးပွတ်တော်သည်ကား၊ မိဓိလာယံ မိဓိလာပြည်၌၊ ပတိဋ္ဌိတံ တည်တော်မူ၏၊ ပရိဿာဝနံ ရေစစ်တော်သည်၊ ဝေဒေဟေ ဝေဒေဟတိုင်း၌၊ ပတိဋ္ဌိတံ တည်တော်မူ၏၊ ဝါသိ စ ပဲခွပ်တော်သည်လည်းကောင်း၊ သူစိဃရဉ္စာပိ အပ်ကျည်တော်သည်လည်းကောင်း၊ တဒါ ထိုအခါ၌၊ ဣန္ဒပတ္တေ ဣန္ဒပတ္တအမည်ရှိသော၊ ပုရေ ပြည်၌၊ ပတိဋ္ဌိတံ တည်တော်မူ၏။

အဝသေသံ ကြွင်းကျန်သော၊ ပရိက္ခာရံ ပရိက္ခရာတော်သည်၊ အပရန္တကေ အပရန္တအမည်ရှိသော၊ ဇနပဒေ ဇနပုဒ်၌၊ ပတိဋ္ဌိတံ တည်တော်မူ၏၊ ဣတိ ဤသို့၊ မုနိနာ ရှင်တော်ဘုရားသည်၊ ပရိဘုတ္တာနိ သုံးဆောင်တော်မူအပ်ကုန်သော ပရိက္ခရာတို့ကို၊ တဒါ ထိုအခါ၌၊ မနုဇာ လူတို့သည်၊ မဟိံသု ပူဇော်ကုန်၏။

ဂေါတမဿ ဂေါတမအမည်တော်ရှိသော၊ မဟေသိနော ဘုရားရှင်၏၊ ဓာတု ဓာတ်တော်သည်၊ ပါဏီနံ သတ္တဝါတို့ကို၊ အနုကမ္ပာယ အစဉ်သနားတော်မူသဖြင့်၊ ဣတိ ဤသို့၊ ဝိတ္ထာရိကံ ပျံ့နှံ့သည်၊ အာသိ ဖြစ်၏၊ တဒါ ထိုအခါ၌၊ ပေါရာဏိကံ အဟောင်းဖြစ်သော စေတီတော်သည်၊ အဟု ဖြစ်ပြီ။

ဤကဲ့သို့ မုံရွေး ဇေတဝန်ဆရာတော်ဘုရားကြီးက အနက်ပြန်ဆိုထားလေသည်။ (သမ္ဗန္ဓစက္ခုဒီပနီကျမ်း ပဥ္စမတွဲ၊ ၂၉၇ ၃၀၀)။

## ဓာတ်တော်ခွဲဝေခန်း

၁။ မဟာဂေါတမ ဘုရားမြတ်သည် ကုသိနာရုံမြို့၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ (ဘုရားရှင်၏)ဓာတ်တော်များသည် ထိုထိုအရပ်တို့၌ ပျံ့နှံ့လျက် ရှိလေ၏။

၂။ အဇာတသတ်မင်း၏နိုင်ငံ၌ ဓာတုစေတီတစ်ဆူငှင်း, ဝေသာလီမြို့၌ ဓာတုစေတီတစ်ဆူငှင်း, ကပိလဝတ်မြို့၌ ဓာတုစေတီတစ်ဆူငှင်း, အလ္လကပ္ပတိုင်း၌ ဓာတုစေတီတစ်ဆူငှင်း

၃။ ရာမရွာ၌ ဓာတုစေတီတစ်ဆူငှင်း, ဝေဋ္ဌဒီပကတိုင်း၌ ဓာတုစေတီတစ်ဆူငှင်း, မလ္လတိုင်း ပါဝေယျကမြို့၌ ဓာတုစေတီတစ်ဆူငှင်း, ကုသိနာရုံမြို့၌ ဓာတုစေတီတစ်ဆူငှင်း ဤသို့ ထိုဘုရားရှင်၏ဓာတ်တော်(များ)သည် ထိုထိုအရပ်တို့၌ ပြန့်နှံ့လျက်ရှိလေ၏

၄။ ဒေါဏအမည်ရှိသော ပုဏ္ဏားသည် (ဓာတ်တော်ခြင်)အိုးကို စေတီ(ပုထိုး)တည်ထားလေ၏၊ မောရိယမြို့သူမြို့သားတို့သည် နှစ်သက်သော စိတ်ရှိကုန်သည်ဖြစ်၍ စန္ဒကူးမီးသွေးစေတီ(ပုထိုး)တည်ထားကုန်၏။

၅။ ထိုအခါ၌ပင် သာရီရိကစေတီ(ပုထိုး)ရှစ်ဆူတို့သည်ငှင်း, ကိုးဆူမြောက် ကုမ္ဘ(ဓာတ်တော်ခြင်အိုး)စေတီသည်ငှင်း, ဆယ်ဆူမြောက် အင်္ဂါရ(စန္ဒကူးမီးသွေး)စေတီသည်ငှင်း (လောက၌) တည်ရှိကုန်၏။

၆။ နဖူးသင်းကျစ်တော်၄င်း, စွယ်တော်လေးဆူတို့၄င်း, ညှပ်ရိုးတော် နှစ်ဆူတို့၄င်း ဤဓာတ်တော် ခုနစ်ဆူတို့သည် အသမ္ဘိန္န (ကွဲပျက်ခြင်း မရှိသော)ဓာတ်တော်တို့တည်း၊ ကြွင်းသော ဓာတ်တော်တို့သည် သမ္ဘိန္န(ကွဲပျက်သော)ဓာတ်တော်တို့သာတည်း။

၇။ အကြီးဆုံး ဓာတ်တော်တို့သည် ပဲနောက်စေ့မျှ ရှိကုန်၏၊ အလတ်စား ဓာတ်တော်တို့သည် ဆန်ကျိုးစေ့မျှ ရှိကုန်၏၊ အငယ်ဆုံးဓာတ်တော်တို့သည် မုန်ညင်းစေ့မျှ ရှိကုန်၏၊ ဓာတ်တော်တို့သည် အဆင်းအရောင်အမျိုးမျိုး ရှိကုန်၏။

၈။ အကြီးဆုံး ဓာတ်တော်တို့သည် ရွှေအဆင်း ရှိကုန်၏၊ အလတ်စား ဓာတ်တော်တို့သည် ပုလဲအဆင်း ရှိကုန်၏၊ အငယ်ဆုံးဓာတ်တော်တို့သည်ကား မြတ်လေးပန်းငုံ(ချရားစေ့)အဆင်း ရှိကုန်၏။

၉။ အကြီးဆုံး ဓာတ်တော်တို့သည် ငါးပြည် ရှိကုန်၏၊ အလတ်စား ဓာတ်တော်တို့သည်လည်း ငါးပြည်ရှိကုန်၏၊ အငယ်ဆုံး ဓာတ်တော်တို့သည်ကား ခြောက်ပြည်ရှိကုန်၏၊ ဤဓာတ်တော်အားလုံးတို့သည် တစ်ဆယ့်ခြောက်ပြည်မျှ ရှိကုန်၏။

၁၀။ သီဟိုဠ်ကျွန်း(သီရိလင်္ကာနိုင်ငံ)၌ နဖူးသင်းကျစ်တော်သည်၄င်း, ဗြဟ္မာ့ပြည်၌ လက်ဝဲညှပ်ရိုးတော်သည်၄င်း, သီဟိုဠ်ကျွန်း၌ လက်ျာညှပ်ရိုးတော်သည်၄င်း ဤအားလုံးသော ဓာတ်တော်တို့သည် တည်ရှိကုန်၏။

၁၁။ (လက်ျာအထက်) စွယ်တော်တစ်ဆူသည် တာဝတိံသာနတ်ပြည်၌၄င်း, (လက်ျာအောက်) စွယ်တော်တစ်ဆူသည် နဂါးပြည်၌၄င်း, (လက်ဝဲအထက်)စွယ်တော်တစ်ဆူသည် ဂန္ဓာရတိုင်း၌၄င်း, (လက်ဝဲအောက်)စွယ်တော်တစ်ဆူသည် ကလိင်္ဂမင်း၏(နိုင်ငံ၌) ၄င်း တည်ရှိလေ၏။

၁၂။ နတ်ဗြဟ္မာတို့သည် လေးဆယ်အညီအမျှရှိကုန်သော သွားတော်တို့ကို၄င်း, ဆံတော်မွေးညှင်းတော်တို့ကို၄င်း တစ်ဆူစီ တစ်ဆူစီ စကြဝဠာအဆင့်ဆင့်သို့ အကြွင်းမဲ့ ဆောင်ယူကြလေကုန်၏။

၁၃။ ဘုရားရှင်၏ကျောက်သပိတ်တော်သည်၄င်း, တောင်ဝှေးတော်သည်၄င်း, ခါးဝတ်သင်္ကန်းမကြွင်းသော သင်္ကန်းတော်သည်၄င်း ဝဇိရာပြည်၌ တည်ရှိ၏၊ ခါးဝတ်သင်းပိုင်တော်သည် ကုလဃရမြို့၌ တည်ရှိ၏၊ အိပ်ရာခင်းတော်သည် ကပိလဝတ်ပြည်၌ (တည်ရှိလေ၏)။

၁၄။ ရေစစ်(ဓမကရိဏ်)သည်၄င်း, ခါးပန်းကြိုးသည်၄င်း ပါဋလိပုတ်ပြည်၌ တည်ရှိ၏၊ ရေသနုပ်တော်သည် စမ္ပာပြည်၌ တည်ရှိ၏၊ ဥဏ္ဏလုံ(မွေးရှင်တော်)သည် ကောသလတိုင်း၌ (တည်ရှိလေ၏)။

၁၅။ ထိုအခါ ဝတ်လဲတော်ပုဆိုးသည် ဗြဟ္မာ့ပြည်၌ တည်ရှိ၏၊ ဦးရစ်(ဖောင်းတော်)သည် တာဝတိံသာနတ်ပြည်၌ တည်ရှိ၏၊ နိသီဒိုင်အခင်းသည် အဝန္တိတိုင်း၌ တည်ရှိ၏၊ အိပ်ရာလွှမ်းသည် ဒေဝရဋ္ဌနိုင်ငံ၌ တည်ရှိလေ၏။

၁၆။ ထိုအခါ မီးပွတ်ခုံသည် မိထိလာမြို့၌ တည်ရှိ၏၊ ရေစစ်တော်သည် ဝိဒေဟတိုင်းနိုင်ငံ၌ တည်ရှိ၏၊ ပဲခွပ်တော်သည်၄င်း, အပ်ကျည်တော်သည်၄င်း ဣန္ဒပတ္ထမြို့၌ တည်ရှိလေ၏။

၁၇။ ထိုအခါ လူတို့သည် ဘုရားရှင်သုံးစွဲတော်မူသည့် ကြွင်းသောပရိက္ခရာတို့ကို အပရန္တဇနပုဒ်၌ (စေတီပုထိုး)တည်ထားပြုလုပ်ကုန်၏။

၁၈။ ဂေါတမဘုရားရှင်၏ဓာတ်တော်များသည် ပြန့်နှံ့လျက် ရှိ၏၊ ထိုအခါ ဤသို့ ပြန့်နှံ့ခြင်းသည် သတ္တဝါတို့အား အစဉ်သနားစောင့်ရှောက်တော်မူခြင်းငှာ ရှေးဘုရားရှင်တို့ ထုံးတမ်းစဉ်လာ ဓမ္မတာဖြစ်လေသတည်း။

(ဗုဒ္ဓဝံသပါဠိတော် မြန်မာပြန်၊ ၃၈၃ ၃၈၄)

သုတ်မဟာဝါပါဠိတော်မဟာပရိနိဗ္ဗာနသုတ် သရီရဓာတ်တော်ဝေဖန်ခန်း၌ကား ဒေါဏပုဏ္ဏားသည် သရီရဓာတ်တော်တို့ကို ရှစ်ပုံပုံ၍........

(၁) မဂဓတိုင်းပြည်ရှင် အဇာတသတ်မင်းအား သရီရဓာတ်တော်တစ်ပုံ၊
(၂) ဝေသာလီပြည်သား လိစ္ဆဝီမင်းများအား သရီရဓာတ်တော်တစ်ပုံ၊
(၃) ကပိလဝတ္ထုပြည်သား သာကီဝင်မင်းများအား သရီရဓာတ်တော်တစ်ပုံ၊
(၄) အလ္လကပ္ပတိုင်းသား ဗုလိမင်းများအား သရီရဓာတ်တော်တစ်ပုံ၊
(၅) ရာမရွာသား ကောဠိယမင်းများအား သရီရဓာတ်တော်တစ်ပုံ၊
(၆) ဝေဋ္ဌဒီပတိုင်းသား ပုဏ္ဏားအား သရီရဓာတ်တော်တစ်ပုံ၊
(၇) ပါဝါပြည်သား မလ္လမင်းများအား သရီရဓာတ်တော်တစ်ပုံ၊
(၈) ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံပြည်သား မလ္လမင်းများအား သရီရဓာတ်တော်တစ်ပုံ တို့ကို ပေးဝေလေသည်။

ဒေါဏပုဏ္ဏား ကိုယ်တိုင်ကမူ ဓာတ်တော်ခြင်အိုးကို တောင်းခံယူလေသည်။ [သုတ်မဟာဝါအဋ္ဌကထာ သရီရဓာတုဘာဇန **ဝဏ္ဏနာ**(သရီရဓာတ်တော်ဝေဖန်ခန်းအဖွင့်)၌ကား "ဒေါဏပုဏ္ဏား၏ဦးရစ်ခေါင်းပေါင်း၏အကြား၌ဝှက်ထားသော လက်ျာစွယ်တော်ကို **သိကြားမင်းယူ၍တာဝတိံသာနတ်ပြည် စူဠာမဏိစေတီတော်အတွင်း** ထည့်သွင်းဌာပနာလေ၏"ဟု လာရှိ၏၊ ဒီ၊ ၄၊ ၂၊ ၂၀၁]။

နောက်မှရောက်လာသော ပိပ္ပလိဝနတိုင်းသားမောရိယမင်းများကား မီးသဂြိုဟ်ရာအရပ်မှ မီးသွေးကိုသာ ရယူနိုင်ကြလေတော့သည်။

ထိုမင်းပုဏ္ဏားတို့သည် မိမိတို့၏တိုင်းနိုင်ငံတို့၌ အသီးအသီး စေတီပုထိုးတည်ထားကုန်သည်ဖြစ်၍ သရီရဓာတ်တော်စေတီ ၈ ဆူ, တုမ္ဗစေတီ(ဓာတ်တော်ခြင်အိုးဌာပနာစေတီ) ၁ ဆူ, အင်္ဂါရစေတီ(မီးသွေးဌာပနာစေတီ)အားဖြင့် ဇမ္ဗူဒိပ်၌ စေတီပုထိုး ၁၀ ဆူ ရှိသည် ဟု လာ၏။

အဋ္ဌဒေါဏံ စက္ခုမတော သရီရံ၊ သတ္တဒေါဏံ ဇမ္ဗုဒီပေ မဟေန္တိ။
ဧကဉ္စ ဒေါဏံ ပုရိသဝရုတ္တမဿ၊ ရာမဂါမေ နာဂရာဇာ မဟေတိ။
ဧကာ ဟိ ဒါဌာ တိဒိဝေဟိ ပူဇိတာ၊ ဧကာ ပန ဂန္ဓာရပုရေ မဟီယတိ။
ကာလိင်္ဂရညော ဝိဇိတေ ပုနေကံ၊ ဧကံ ပန နာဂရာဇာ မဟေတိ။
စတ္တာလီသ သမာ ဒန္တာ၊ ကေသာ လောမာ စ သဗ္ဗသော။
ဒေဝါ ဟရိံသု ဧကေကံ၊ စက္ကဝါဠပရမ္ပရာ။
(ဒီ၊ ၂၊ ၁၃၅ ၁၃၈။)

စက္ခုမတော ဗုဒ္ဓ ဓမ္မ, သမန္တနှင့်, ဒိဗ္ဗ ပညာ, ငါးဖြာသော စက္ခုရှိတော်မူသော မြတ်စွာဘုရား၊ သရီရံ သရီရဓာတ်တော်သည်၊ အဋ္ဌဒေါဏံ ရှစ်စိတ်ရှိ၏၊ သတ္တ ဒေါဏံ ခုနစ်စိတ်အတိုင်းအရည်ရှိသော ဓာတ်တော်ကို၊ ဇမ္ဗုဒီပေ ဇမ္ဗူဒိပ်(အိန္ဒိယနိုင်ငံ)၌၊ မဟေန္တိ ပူဇော်ကြကုန်၏၊ ပုရိသဝရုတ္တမဿ အမြတ်ဆုံး ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား၏၊ ဧကံ စ ဒေါဏံ တစ်ဒေါဏရှိသော ဓာတ်တော်ကိုကား၊ ရာမဂါမေ ရာမရွာ၌၊ နာဂရာဇာ နဂါးမင်းသည်၊ မဟေတိ ပူဇော်၏။

ဧကာ တစ်ဆူသော၊ ဒါဌာ စွယ်တော်ကို၊ တိဒိဝေဟိ တာဝတိံသာနတ်တို့သည်၊ ပူဇိတာ ပူဇော်အပ်ပြီ၊ ဧကာ ပန တစ်ဆူသော စွယ်တော်ကိုကား၊ ဂန္ဓာရပုရေ ဂန္ဓာရပြည်၌၊ [ယခုအခါ "တရုတ်ပြည်"ဟု အသိအမှတ်ပြုကြ၏၊] မဟီယတိ ပူဇော်အပ်၏၊ ပုန တဖန်၊ ဧကံ တစ်ဆူသော စွယ်တော်ကို၊ ကာလိင်္ဂရညော ကာလိင်္ဂမင်း၏၊ ဝိဇိတေ နိုင်ငံ၌၊ (မဟေတိ ပူဇော်၏၊) ဧကံ ပန တစ်ဆူသော စွယ်တော်ကိုကား၊ နာဂရာဇာ နဂါးမင်းသည်၊ မဟေတိ ပူဇော်၏။

စတ္တာလီသ သမာ အတိအကျ လေးဆယ်ကုန်သော၊ ဒန္တာ သွားတော်တို့ကိုလည်းကောင်း၊ သဗ္ဗသော ကြွင်းမဲ့ဥဿုံ, အလုံးစုံအားဖြင့်၊ ကေသာ ဆံတော်တို့ကိုလည်းကောင်း၊ လောမာ စ မွေးညင်းတော်တို့ကိုလည်းကောင်း၊ ဧကေကံ တစ်ချောင်းစီ တစ်ပင်စီ၊ စက္ကဝါဠပရမ္ပရာ စကြဝဠာအဆက်ဆက်တိုင်အောင်၊ ဒေဝါ နတ်တို့သည်၊ ဟရိံသု ကောင်းစွာဆောင်ဟူ, ပူဇော်ကြကုန်ပြီ။

**အမှာ**။ ။ အဋ္ဌဒေါဏံ စသော ဤဂါထာတို့ကို သီဟိုဠ်ကျွန်းသား ထေရ်တို့ ထည့်ထားအပ်သည် ဟု ဘာသာဋီကာဆရာတော်မိန့်သည်။

( သုတ်မဟာဝါအဋ္ဌကထာ ဘာသာဋီကာ၊ ၂၊ သုတ်မဟာဝါပါဠိတော်နိဿယ၊ ၃၈၃ ၃၈၄။)

သုတ်မဟာဝါအဋ္ဌကထာ မဟာပရိနိဗ္ဗာနသုတ် သရီရဓာတ်တော်ဝေဖန်ခန်း၌ကား ဒေါဏပုဏ္ဏားသည် ရှစ်ပြည်ထောင်သော မင်းပုဏ္ဏားတို့ ငြင်းခုံနေတုန်း ထိုမင်းပုဏ္ဏားတို့၏မေ့လျော့ကုန်သည်အဖြစ်ကိုသိ၍ လက်ျာစွယ်တော်ကို ယူကာ ဦးရစ်ခေါင်းပေါင်း၏ အကြားတွင် ဝှက်ထားပြီးနောက် ရှစ်ပုံ အညီအမျှ ဓာတ်တော်တို့ကို ဝေဖန်လေ၏၊ အလုံးစုံသော ဓာတ်တော်တို့သည် ပကတိကွမ်းစားဖြင့် တဆယ့်ခြောက်ကွမ်းစားရှိကုန်၏၊ တပြည်ထောင်အတွက် မင်းပုဏ္ဏားတို့သည် နှစ်ကွမ်းစားစီ ရကြကုန်၏။

ဒေါဏပုဏ္ဏား ဓာတ်တော်ဝေနေစဉ်ပင် သိကြားမင်းသည် "မြတ်စွာဘုရား၏လက်ျာစွယ်တော်ကို ဘယ်သူယူထားသနည်း"ဟု ဆင်ခြင်ကြည့်လတ်သော် "ဒေါဏပုဏ္ဏား ယူထားတာကို မြင်၍ ပုဏ္ဏားသည် စွယ်တော်အား လျော်ကန်သော ပူဇော်မှုကို ပြုစွမ်းနိုင်လိမ့်မည်မဟုတ်၊ ထိုလက်ျာစွယ်တော်ကို ငါယူအံ့"ဟု နှလုံးသွင်း၍ ပုဏ္ဏား၏ဦးရစ်ခေါင်းပေါင်းအကြားမှ ယူလျက် ရွှေကလာပ်၌ထားကာ နတ်ပြည်သို့ ဆောင်၍ စူဠာမဏိစေတီတော်၌ ထည့်သွင်းဌာပနာလေသည်။

ဗြာဟ္မဏောပိ တဿိံ သမယေ တေသံ ပမတ္တဘာဝံ ဉတွာ ဒက္ခိဏဒါဌံ ဂဟေတွာ ဝေဌနန္တရေ ဌပေသိ၊ အထ ပစ္ဆာ အဋ္ဌဓာ သမံ သုဝိဘတ္တံ ဝိဘဇိ၊ သဗ္ဗာပိ ဓာတုယော ပါကတိကနာဠိယာ သောဠသ နာဠိယော အဟေသုံ၊ ဧကေကနဂရဝါသိနော ဒွေ ဒွေ နာဠိယော လဘိံသု။

ဗြာဟ္မဏာသ ပန ဓာတုယော ဝိဘဇ္ဇသော၀ သဏ္ဌော ဒေဝါနမိန္ဒော "ကေန နု ခေါ သဒေဝကဿ လောကဿ ကင် ခွေဒနတ္တာယ စတုသစ္စကထာယ ပစ္စယဘူတာ ဘဂဝတော ဒက္ခိဏဒါဌာ ဂဟိတာ"တိ ဩလောကေန္တော "ဗြာဟ္မဏေန ဂဟိတာ"တိ ဒိသွာ"ဗြာဟ္မဏောပိ ဒါဌာယ အနုစ္ဆဝိကံ သက္ကာရံ ကာတုံ န သက္ခိဿတိ၊ ဂဏှာမိ န"န္တိ ဝေဋ္ဌနန္တရတော ဂဟေတွာ သု၀ဏ္ဏစင်္ကော ဋကေ ဌပေတွာ ဒေဝလောကံ နေတွာ စူဠာမဏိစေတိယေ ပတိဋ္ဌပေသိ။ (ဒီ၊ ဋ္ဌ၊ ၂၊ ၂၀၁။)

**မှတ်ချက်။** ။ သောဏ္ဍသ နာဠိယောဒ္ဓ "နာဠိ=ကွမ်းစာ"ဟု အဘိဓာန်မှာ ဆိုသော်လည်း "ပြည်ကွမ်းစား, ခွက်ကွမ်းစား, စလယ် ကွမ်းစား ဟု သုံးမျိုးခွဲ၏။ မဟာဗုဒ္ဓဝင်ဆရာတော်၏အလိုကား "အလုံးစုံသော ဓာတ်တော်များသည် ပကတိပြည်တောင်းဖြင့် ဆယ့် ခြောက်ပြည်(=တတင်းသား)ရှိကြလေသည်"(မဟာဗုဒ္ဓဝင်၊ ပဉ္စမတွဲ၊ ၅၃၃)ဟု ဆိုသောကြောင့် "ပြည်ကွမ်းစား"ကို ယူတော်မူသည်။

ဘာသာဋီကာဆရာတော်၏အလိုကား "သောဏ္ဍသနာဠိယော။ ။ "နာဠိ=ကွမ်းစား"ဟု အဘိဓာန်မှာဆို၏။ ထိုကွမ်းစားကို ပင် စလယ်ကွမ်းစား ခွက်ကွမ်းစား ဟု ခွဲကြသေး၏၊ ဤနေရာ၌ စလယ်ကွမ်းစားသာ သင့်၏၊ "တစ်ဆယ့်ခြောက်စလယ်"ဆိုလျှင် ၄ ပြည်ရှိ၏၊ အရိုးတော်၏"၄ ပြည်"ဟူသော အရေအတွက်လည်း မနည်းပါ၊ သို့သော် နောက်လာမည့် ဂါထာ၌ "အဋ္ဌဒေါဏံ"ဟု လာသောကြောင့် အဋ္ဌဒေါဏ=ရှစ်စိတ် ဟု ယူဆကြသည်၊ စဉ်းစားပါ"(သုတ်မဟာဝါအဋ္ဌကထာဘာသာဋီကာ၊ ၂၊၃၀၈) ဆိုသော ကြောင့် "စလယ်ကွမ်းစား"ကိုယူတော်မူသည်။

မင်းပုဏ္ဏားတို့သည် မိမိတို့ဓာတ်တော်ဝေစုဖြင့် မိမိတို့တိုင်းပြည်များ၌ စေတီပုထိုးများတည်ထားပြီးကြလေသော် အရှင်မဟာ ကဿပထေရ်သည် အနာဂတံသဉာဏ်ဖြင့် ဆင်ခြင်တော်မူသောအခါ..

(၁) စေတီပုထိုးများ၏အတွင်းရှိ ဓာတ်တော်များကို မိစ္ဆာဒိဋ္ဌိအယူရှိသူတို့ဖျက်ဆီးမည့် အန္တရာယ်,

(၂) လျှို့ဝှက်သော ဓာတ်တော် ဌာပနာတိုက်ကြီးတည်ထားလျှင် နောက်အခါ၌ အသောကမင်းသည် ထိုဌာပနာတိုက်ကြီးမှ ဓာတ်တော်တို့ကို ထုတ်ယူပင့်ဆောင်၍ ဇမ္ဗူဒိပ်ကျွန်းအလုံး ပြန့်နှံ့အောင်ပြုလုပ်လျက် နတ်လူတို့အတွက် ကြီးစွာသော အကျိုးစီးပွါးကို ရွက်ဆောင်နိုင်လိမ့်မည် ဟူသော ဤအကြောင်းနှစ်ရပ်ကို မြင်တော်မူ၍ အဇာတသတ်မင်းနှင့် တိုင်ပင်တော်မူ၏။

ရာမရွာ၌ နဂါးတို့သိမ်းဆည်းစောင့်ရှောက်သော ဓာတ်တော်များသည် အန္တရာယ်မရှိ၊ အနာဂတ်၌ သီဟိုဠ်ကျွန်း မဟာဝိဟာရ ကျောင်းတိုက်၌ မဟာစေတီတည်သောအခါ ထိုဓာတ်တော်များကို ယူဆောင်၍ ဌာပနာကြလိမ့်မည် ဟု သိမြင်တော်မူသောကြောင့် ထိုဓာတ်တော်များမှတပါး ကျန်ခုနစ်ပြည်ထောင်တို့မှ ဓာတ်တော်များကို ရာဇဂြိုဟ်သို့ ပင့်ဆောင်လျက် လျှို့ဝှက် ဓာတ်တော်ဌာပနာ တိုက်ကြီးကို တည်ဆောက်ခဲ့လေသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် သာသနာသက္ကရာဇ်နှစ်ပေါင်း နှစ်ရာကျော်ရောက်သောအခါ အသောကမင်းသည် သက်တော် ၁၂၀ ရှိသော မထေရ်ကြီး၏ပြောပြချက်အရ လျှို့ဝှက်ဓာတော်ဌာပနာတိုက်ကြီး၏နေရာကို သိရ၍ ဦးစွန်းငါးခုရှိသော သူငယ်ယောင်ဆောင်သော ဝိသကြုံနတ်သား၏အကူအညီဖြင့် ဌာပနာတိုက်ကြီး၏အတွင်းသို့ဝင်ရောက်လျက် ပူဇော်လောက်လုံ ဓာတ် တော်အနည်းငယ်ကိုသာ ချန်ထား၍ ပကတိအတိုင်းပြုလုပ်ပြီး အထက်၌ ကျောက်စေတီတည်ထားစေသည်၊ ကျန်ဓာတ်တော်များကို ပင့် ဆောင်ကာ မိမိဆောက်လုပ်လှူဒါန်းထားသော ရှစ်သောင်းလေးထောင်သောကျောင်းတိုက်တို့၏အတွင်းဝယ် စေတီပေါင်း ရှစ်သောင်း လေးထောင်တို့ကို တည်ထားခဲ့လေသည်။

[ဒီဃနိကာယ် မဟာဝဂ္ဂဋ္ဌကထာ မဟာပရိနိဗ္ဗာနသုတ် ဓာတုထူပပူဇာဝဏ္ဏနာ၊ စာမျက်နှာ (၂၀၂ ၂၀၇)တို့၌လည်းကောင်း, မဟာဗုဒ္ဓဝင် ပဉ္စမတွဲ ဗုဒ္ဓရတနာ၊ စာမျက်နှာ (၅၁၉ ၅၄၉)တို့၌လည်းကောင်း ကြည့်ရှုနိုင်သည်။]

## ဂန္ဓာရတိုင်း၊ သမိုင်းတွင်သည်၊ တရုတ်ပြည်၊ ကျမ်းညီ မည်သို့ယူသနည်း

"ဂန္ဓာရတိုင်း"သည် 'တရုတ်ပြည် ဟုတ်သည် မဟုတ်သည်'ကို စိစစ်ပြကြသော သမန္တစက္ခုဒီပနီကျမ်းနှင့် ဗုဒ္ဓသာသနိကပဋ္ဌဝိဝင်ကျမ်းကြီးတို့၏အဆိုအမိန့်များမှာ...

၈၉ ပုစ္ဆာ။ ။ အသင်္ခိန္ဓာတ်တော် ခုနစ်ပါးတို့တွင် စွယ်တော်လေးချောင်းတည်ရာကို ပြရာ၌ ဂန္ဓာရတိုင်းဆိုသည်ကား တရုတ်ပြည်ပင် ဖြစ်သည် ဆိုကြပါသည်၊ တရုတ်ပြည်သည် ဂန္ဓာရတိုင်း မှန်မည် မမှန်မည်ကိုလည်း သိလိုပါသည်။

သက္ကရာဇ် ၁၁၇၂ ခု၊ တော်သလင်းလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ မုံရွာ သိရိမာလာက လျှောက်လာရာတွင် ဖြေဆို လိုက်သည်ကား။

၈၉ ဝိသဇ္ဇနာ။ ။ စွယ်တော်၏တည်ရာ ဂန္ဓာရတိုင်းကို မေးရာ၌ တိုင်းကြီးပြည်ကြီးတို့၏အကြောင်းအရာကို အင်္ဂုတ္တိုရ် အဋ္ဌကနိပါတ်၊ ဥပေါသထဝဂ်၊ သံခိတ္တသုတ်၊ သုဝဏ္ဏတ်စသော ဇာတ်နိပါတ်ကျမ်းတို့၌ လာသည်ကား...

(၁)အင်္ဂတိုင်း၊ (၂)မဂဓတိုင်း၊ (၃)ကာသိတိုင်း၊ (၄)ကောသလတိုင်း၊ (၅)ဝဇ္ဇီတိုင်း၊ (၆)မလ္လတိုင်း၊ (၇)စေတီယတိုင်း၊ (၈)ဝံသတိုင်း၊(၉)ကုရုတိုင်း၊ (၁၀)ပဉ္စာလတိုင်း၊ (၁၁)မစ္ဆတိုင်း၊ (၁၂)သူရသေနတိုင်း၊ (၁၃)အဿကတိုင်း၊ (၁၄)အဝန္တီတိုင်း၊ (၁၅)ဂန္ဓာရတိုင်း၊ (၁၆)ကမ္ဘောဇတိုင်း ဟူ၍ တိုင်းကြီးတစ်ဆယ့်ခြောက်တိုင်းရှိကြောင်းကို ဆိုသည်။

အင်္ဂါနံ မဂဓာနံ ကာသီနံ ကောသလာနံ ဝဇ္ဇီနံ မလ္လာနံ စေတီနံ ဝင်္ဂါနံ ကုရူနံ ပဉ္စာလာနံ မစ္ဆာနံ (မစ္ဆာနံ က) သူရသေနာနံ အဿကာနံ အဝန္တီနံ ဂန္ဓာရာနံ ကမ္ဘောဇာနံ။ (အံ၊ ၁၊ ၂၁၃ ဥပေါသထသုတ်။ အံ၊ ၃၊ ၈၁ ဝိတ္ထတူပေါသထသုတ်, ၈၅ ဝိသာခါသုတ်, ၈၉ ဗောဇ္ဈသုတ်။)

ထိုတိုင်းကြီးတစ်ဆယ့်ခြောက်တိုင်းတို့တွင် ဂန္ဓာရတိုင်း၌ တက္ကသိုလ်ပြည် ရှိကြောင်းကို "ဂန္ဓာရရဋ္ဌေ တက္ကသီလနဂရေ ဒိသာပါမောက္ခဿ အာစရိယဿ သန္တိကေ" စသည်ဖြင့် ပဥ္စဝဇ္ဇာတ်စသော ဇာတ်နိပါတ်ကျမ်းတို့၌ များစွာဆိုသည်။

ဂစ္ဆ တာတ ဂန္ဓာရရဋ္ဌေ တက္ကသိလနဂရေ ဒိသာပါမောက္ခဿ အာစရိယဿ သန္တိကေ ဥဂ္ဂဏှ၊ (ဇာတက၊ ဋ္ဌ၊ ၁၊ ၂၉၀။)

တက္ကသိလနဂရေ နဂ္ဂဇိ နာမ ဂန္ဓာရာနံ ဇနပဒဿ ရာဇာ။ (ဇာတက၊ ဋ္ဌ၊ ၃၊ ၃၆၀ ကုမ္ဘကာရဇာတကဝဏ္ဏနာ။)

ထိုဂန္ဓာရတိုင်း တက္ကသိုလ်ပြည် ပက္ကုသာတိမင်း မင်းပြုသောကာလ။ မဇ္ဈိမဒေသ မဂဓတိုင်း ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းနှင့် ရာဇမဟာမိတ်ဖွဲ့ကြသည်။ ပက္ကုသာတိမင်းကြီး ရဟန်းပြု၍လာခဲ့သော် ရစ်ယူဇနာဖြင့် ယုတ်သော ယူဇနာနှစ်ရာရှိသော ခရီးဖြင့်သွား၍ သာဝတ္ထိပြည်သို့ ရောက်သည်။ သာဝတ္ထိပြည်မှသည် လေးဆယ့်ငါးယူဇနာ ကွာသောခရီးဖြင့် သွား၍ ရာဇဂြိုဟ်ပြည်သို့ ရောက်သည် ဟူ၍ "အဋ္ဌဟိ ဦနကာနိ ဒွေ ယောဇနသတာနိ ဂတော"ဟူ၍လည်းကောင်း၊ "ပဥ္စစတ္တာလီသယောဇနမတ္တံ မဂ္ဂံ အတိက္ကန္တော"ဟူ၍လည်းကောင်း ဥပရိပဏ္ဏာသအဋ္ဌကထာ (မ၊ ဋ္ဌ၊ ၄၊ ၂၀၃ ဓာတုဝိဘင်္ဂသုတ္တဝဏ္ဏနာ)၌ ဆိုသည်။

"မဂဓရဋ္ဌေ ဥရုဝေလာယံ မဟာဗောဓိယင်္ဂဏံ သမ္ဗုဒ္ဓီတွာ(သာသနဝံသ၊ ၄၄)"ဟူ၍ ကလျာဏီကျောက်စာ(၅)တို့တွင် ဆိုသည်နှင့်အညီ ဇမ္ဗူဒီပါကျွန်း၏အလယ် မဂဓတိုင်း၏အတွင်း ရာဇဂြိုဟ်ပြည်၏အနီး ဥရုဝေလတောအုပ်တွင် မဟာဗောဓိပင်ရောက်သည်။ ဇမ္ဗူဒီပါကျွန်း၌ အချင်းယူဇနာတစ်သောင်း၏အလယ်ပိုင်းတွင် ဗောဓိပင်တည်သည်။ ဗောဓိပင်၏ ထိုမှဤမှ ထက်ဝန်းကျင် ယူဇနာငါးထောင်ခန့်တွင် မဟာသမုဒ္ဒရာဝန်းလျက် တည်သည်။ မဟာသမုဒ္ဒရာ၏အနီးအပါးတွင် တရုတ်ဥတည်မင်းနေသော ပီကျည်မြို့ရှိသည်။ နန်းကျိန်မြို့၊ မိုးကျိန်မြို့၊ တွေ့စိုမြို့တို့တွင်လည်း နေ၏။ ပီကျည်မြို့မှ ကျေးလက်အနီး ဗိုလ်မှူးစုံးတူတို့နေသော ကွမ်းျုံမြို့၊ ပါပီလွန်မြို့၊ ရဝေမြို့၊ ပေယျမာဝေလင်မြို့၊ သေဉ်လံမြို့၊ ကျိန်ကျဉ်မြို့၊ ကူစည်စဉ်မြို့၊ ကန္တဇာမြို့၊ ပါရိနာမြို့တို့လည်း ကုန်သည်သင်္ဘောဆိပ်ပင် ဖြစ်သည် ဟူ၍ ဇမ္ဗူဒီပါကျွန်းပုံများတို့တွင် ဆိုသည်။

မဟာဗောဓိမှ တာကြီးတိုင်းတာသည်ရှိသော် တရုတ်ပြည်ရောက် မဟာသမုဒ္ဒရာနှင့် ထောက်၍ အနည်းအများ အယုတ်အလွန်အားဖြင့် ယူဇနာငါးထောင်ခန့် ရှိသင့်သည်။

တက္ကသိုလ်ပြည် ဂန္ဓာရတိုင်းကား ပက္ကုသာတိမင်းသွားသော ခရီးအတိုင်းအတာကို ဆိုသော မဇ္ဈိမနိကာယ် အဋ္ဌကထာကျမ်းထွက် စကားနှင့် ထောက်၍ တွက်ဆေးသော် မဟာဗောဓိမှသည် လေးဆယ့်ငါးယူဇနာတစ်ရပ်၊ တရာ့ကိုးဆယ့်နှစ်ယူဇနာတစ်ရပ်၊ နှစ်စုပေါင်းသော် နှစ်ရာ့သုံးဆယ့်ခုနစ်ယူဇနာသာ အတွက်သင့်ကျသည်။ ဤသို့ဆိုသော စကားနှစ်ရပ်သည် ယူဇနာခရီး အနီးအဝေးမတူ။ အတွက်အစားမခံဖြစ်၍ တရုတ်ပြည်ကို ဂန္ဓာရတိုင်းစစ် မဟုတ်ရာ ဟု မှတ်သင့်သည်။

စွယ်တော်ကား ကျမ်းဂန်တွင် ဂန္ဓာရတိုင်း၌ တည်သည်ဆိုသည်။ ဤသို့ဆိုသော စကားနှစ်ရပ်ရှိသည်အတိုင်း ကျမ်းဂန်အတွက် အစားရသော တက္ကသိုလ်ပြည် ဂန္ဓာရတိုင်းကိုသာ ကျမ်းဂန်တတ်သော ဆရာမြတ်တို့ ယုံကြည်ကုန်သည်။ (ဤကား သမ္ဗန္ဓစက္ခုဒီပနီကျမ်းပဥ္စမတွဲ၂၉၃ ၂၉၄ တို့၌ လာရှိသော အဆိုအမိန့်များတည်း။)

## (၁၁) ဂန္ဓာရတိုင်း

အကျဉ်းမှတ်စု။ ။ တိုင်းအမည် ဂန္ဓာရတိုင်း ရှေးမြို့တော်ဟောင်းအမည် တက္ကသိလာ, ပုရိသပုရ, ယခုမြို့အမည် အတ်တောက်, ပေဆဝါရ (Peshawar?) တည်ရာဌာနကား အာဖဂါနိဋ္ဌာန (အာဖဂါနီစထာန်)နယ် ဣန္ဒိယအနောက်မြောက်ပိုင်းတည်း။

မှတ်ချက်။ ။ ယခုအခါ "Peshawar" ကား ပါကစ္စတန်၏မြို့တစ်မြို့ဖြစ်သည်။

Peshawar, a city in N Pakistan, near the Khyber Pass: the capital of former North-West Frontier Province. 218,691 (1961).

## အကျယ်ဝေဘန်ပြဆိုချက်

### ဂန္ဓာရ

အဝန်းယူဇနာသုံးရာကျယ်သော ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်ကြီးကိုစွန့်လျက် ၎င်းတက္ကသိုလ်ပြည်ကြီးမှ နန်းတော်ထက်မှာ စတုတ္ထဈာန်တိုင်အောင် ရပြီးဖြစ်လျက် ကောင်းကင်ခရီးဖြင့် ဈာန်ယာဉ်စီး၍မကြွပဲ နောက်လိုက် ဆင်ယာဉ် မြင်းယာဉ် ရထားယာဉ် အခြွေအရံတို့ကိုထားဘိဦး ထီး ဘိနပ်သော်မှလည်းမပါ တယောက်တည်းသာ ထွက်ခွါ၍ တရာ့ကိုးဆယ့်နှစ်ယူဇနာ ဝေးကွာသော မဂဓတိုင်း ရာဇဂြိုဟ်ပြည် ဗုရားသခင်အထံတော်သို့ ခြေကျင်ခရီးဖြင့်သာ ကြွရောက်တော်မူသော ပုက္ကုသာတိမင်းကြီး၏ထီးနန်းစိုးစံရာဌာနတိုင်းကြီးဖြစ်သည်။

၎င်းဂန္ဓာရတိုင်းသည် ဂန္ဓာရတိုင်းသား ရဟန်းတပါး ဒေါဏပုဏ္ဏား အဝတ်ကြား၌ ဝှက်ထားရာမှ တန်ခိုးတော်ဖြင့် ဆောင်ယူ၍ ကိုးကွယ်ပူဇော်ရန် ဆက်နှင်းပေးအပ်တော်မူသော အထက်လက်ဝဲခာတ် စွဲတော်မြတ်၏ကိန်းဝပ်တည်နေရာ ဌာနတိုင်းလည်း ဖြစ်သည်။

ထိုမှတပါး ဤဂန္ဓာရတိုင်းသည် သာသနာပြု ကိုးတိုင်းကိုးဌာနတွင် အပါအဝင်ဖြစ်၍ သာသနာနှစ် (၂၃၆) ခုနှစ်မှာ မဇ္ဈန္တိကမထေရ်သည် ပါဋလိပုတ်ပြည်မှ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ ဤဂန္ဓာရတိုင်းသူ တိုင်းသားတို့အား အာသိဝိသောပမသုတ္တန်ကို ရေးဦးစွာ ဟောတော်မူစဉ် ရှစ်သောင်းသောလူတို့သည် တရားထူးရကြစေတော်မူ၍ တသိန်းသော အမျိုးသားတို့ကို ရဟန်းအဖြစ်သို့ ရောက်စေတော်မူရာသာသနာပြုဌာန တိုင်းကြီးဖြစ်သည်။

ကသ္မီရဂန္ဓာရရဋ္ဌဝါသိနော **အာဂန္တွာ** ထေရံ ဒိသွာ အမှာကံ နာဂရာဇတောပိ ထေရော မဟိဒ္ဓိကတရောတိ ထေရမေဝ ဝန္ဒိတွာ နိသိန္နာ။ ထေရော တေသံ အာသီဝိသောပမသုတ္တံ ကထေသိ၊ သုတ္တပရိယောသာနေ အသီတိယာ ပါဏသဟဿာနံ ဓမ္မာဘိသမယော အဟောသိ၊ ကုလသတသဟဿံ ပဗ္ဗဇိ၊ တတော ပဘုတိ စ ကသ္မီရဂန္ဓာရာ ယာဝဇ္ဇတနာ ကာသာဝပဇ္ဇောတာ ဣသိဝါတပဋိဝါတာ ဧဝ။ (ဝိ၊ဋ္ဌ၊ ၁၊ ၄၉ ၅၀။)

တည်ရာအားဖြင့် ၎င်းဂန္ဓာရတိုင်းသည် သိန္ဓုမြစ် အနောက်ဘက်မှာ တည်ယှိသည် ဟု သံ်တကျမ်းများမှာ အဆိုယှိသောကြောင့် မြေပုံအနေကို ထောက်သော် ဣန္ဒိယပြည် အနောက်မြောက်ဘက်စွန်း ဣန္ဒသ် (ဝါ) သိန္ဓုမြစ်အနောက်ဘက် အာဖဂါနိဋ္ဌာန (အာဖဂါနိတ္တာန်) ပြည်နယ်အတွင်းမှာ ပါဝင်လျက်ယှိပြီး ၎င်းအမည်ကို ယခု ဣန္ဒိယတိုင်းသားများက ကန္ဒာဟာရ သို့မဟုတ် ကန္ဒာရ ဟူ၍ ခေါ်ဆိုကြသည်၊ ဗမာအက္ခရာ မြေပုံများ၌ ကန္ဒဟာ ဟု ရေးသားပါယှိသည်။ (ထင်ရှားစေဦးအံ့) သာသနာပြု မဇ္ဈန္တိကမထေရ် နောက်ပါရဟန္တာ ငါးပါးနှင့်အတူဂန္ဓာရတိုင်းသို့ ကြွသွားရာအခန်း၌ " ဂန္တွာ ကသ္မီရဂန္ဓာရံ၊ ဣသိ မဇ္ဈန္တိကော တဒါ။ တဒါ ကသ္မီရဂန္ဓာရေ"စသည်ဖြင့် ပါရာဇိကဏ် အဋ္ဌကထာ (ဝိ၊ ဋ္ဌ၊ ၁၊၅၀), မဟာဝင်အဋ္ဌကထာများမှာ အဆိုယှိသည်၊ ၎င်းပြဆိုချက်၌ ဂန္ဓာရနှင့် အနီးအစပ်ကပ်လျက်ယှိသော ကသ္မီရနှင့်တွဲဘက်ပြဆိုထားသောကြောင့် ဂန္ဓာရတိုင်းသည် ဟိမဝန္တာအနောက်မြောက်စွန်း၌ ထင်ရှားစွာ တည်ယှိနေသော ကသ္မီရနှင့် အနီးအစပ် ကပ်လျက်ယှိသည်ကို ကောင်းစွာသိယှိနိုင်သည်၊ မြေပုံအနေအားဖြင့် လောင်ဂျီတွဒ် (၇၂) နှင့် (၆၈) လတ္တီတွဒ် (၃၆)နှင့် (၃၂) ဒီဂရီတို့၏အတွင်းအရှေ့မှ အနောက်မြောက် ၎င်းမှ အနောက်တောင်ဘက်သို့ ကွေ့ကောက်စီးဆင်းသွားသော (ဣန္ဒသ်)ခေါ် သိန္ဓုမြစ်၏အနောက်ဘက်၌ ဤဂန္ဓာရတိုင်း တည်ယှိ၍ ၎င်း၏အရှေ့ဘက်၌ ကသ္မီရတိုင်း တည်ယှိနေပုံကို ကောင်းစွာ တွေ့ယှိနိုင်သည်။ မြေပုံမှာ သေချာစွာ ကြည့်လေ။

ဤပြဆိုအပ်ပြီးသော ဂန္ဓာရတိုင်းသည်ပင် ဗုရားရှင်၏လက်ဝဲအထက်စွယ်တော်မြတ် မူလရောက်ရာ ဂန္ဓာရတိုင်း အမှန်ဖြစ်သည်။ (စိန့်တိုင်းနှင့်တရုပ်ပြည်) အများအားဖြင့် တရုပ်ပြည်ကို ဂန္ဓာရတိုင်း ဟု ရေးသားပြောဆိုလျက် ယှိကြရာ ထိုစကား များစွာ ဆင်ခြင်ဘွယ်ယှိသည်၊ အနည်းငယ် ထပ်မံရှင်းပြဦးအံ့...ပါရာဇိကဏ်အဋ္ဌကထာ၌ မဇ္ဈိမထေရ်အမှူးယှိသော ရဟန္တာအရှင်မြတ်ငါးပါးတို့ ဟိမဝန္တာအရပ်သို့ သာသနာပြု ကြွရောက်တော်မူကြကြောင်းပြဆိုခဏ်း၌ "ပဉ္စရဋ္ဌာနိ"ဟူသော အဋ္ဌကထာစကားကို သာရတ္ထဒီပနီဋီကာ၌ "ပဉ္စရဋ္ဌာနီတိ ပဉ္စစိရဋ္ဌာနိ(သာရတ္ထ၊ ၁၊ ၁၅၃)"ဟု အဖွင့်အဆိုယှိရာ ၎င်းအရ စိန့်တိုင်းငါးရပ် (ဝါ) တရုပ်ပြည် ဟု နိဿယပြန်ဆိုထားကြသောကြောင့်လည်းကောင်း, သံ်တဘာသာ ကျမ်းများမှာလည်း စိန အရ စိန့်တိုင်း (တရုပ်ပြည်) ဟု အဆိုယှိသည့်အပြင် ဟိန္ဒူ, ဗင်္ဂါလီ, သီဟိုဠ်, ကလယ်, မြေပုံများမှာလည်း တရုပ်ပြည်နယ်ကို စိန ဟူသောစာလုံးများဖြင့် ပြဆိုထားသောကြောင့်လည်းကောင်း, ထိုမှတပါး အင်္ဂလိသ်အက္ခရာ မြေပုံ များ၌လည်း China ချိနာ=ချိုင်းနား (၎င်းစာလုံးပေါင်း အမှန်အားဖြင့် Cina ဟု အမှန်ရေး၍ စီနား=ကျီနား ဟု အသံမှန်ပြန်ဆိုရမည်)ဟု ပြဆိုထားသောကြောင့်လည်းကောင်း စိန့်တိုင်းငါးရပ်အရ တရုပ်ပြည် ပါဝင်ကြောင်း ထင်ရှားလှပေသည်။

မဇ္ဈိမတ္ထေရော ပန ကဿပဂေါတ္တတ္ထေရေန အဠကဒေဝတ္ထေရေန ဒုန္ဒုဘိဿရတ္ထေရေန မဟာဒေဝတ္ထေရေန စ သဒ္ဓိံ

ဟိမဝန္တဒေသဘာဂံ ဂန္ဓာ ဓမ္မစက္ကပ္ပဝတ္တနသုတ္တန္တကထာယ တံ ဒေသံ ပသာဒေတွာ အသီတိပါဏကောဋိယော မဂ္ဂဖလရတနာနိ ပဋိလာဘေသိ၊ ပဥ္စပိ စ ထေရာ ပဥ္စ ရဋ္ဌာနိ ပသာဒေသုံ။ (ဝိ၊ ဋ္ဌ၊ ၁၊ ၅၁။)

(တရုပ်ပြည်နှင့် ဂန္ဓာရတိုင်း) ၄င်းတရုပ်ပြည်အပါအဝင် စိန့်တိုင်းငါးရပ်သည် ဣန္ဒိယပြည်မှလည်းကောင်း, မာနသ် ခေါ်အနဝတတ်အိုင်မှလည်းကောင်း, အရှေ့မြောက်အရပ်မှာ တည်ယိုကြောင်း သခ်တဘာသာကျမ်းများ၌ တည်ရာအထင်အရှား ပြဆိုထားသည်သာမက အတူးသဖြင့် ဂန္ဓာရတိုင်းကား သာသနာပြုကြွသွားရာတဋ္ဌာန, တရုပ်ပြည်အပါအဝင် စိန့်တိုင်းလည်း သာသနာပြုကြွသွားရာတဋ္ဌာန=ဤသို့သာသနာပြုကြွသွားရာ အသီးအခြား တဋ္ဌာနစီဖြစ်သောကြောင့် ၄င်းစိန့်တိုင်း၌ပါဝင်သော တရုပ်ပြည်နှင့် ဂန္ဓာရတိုင်း ဤနှစ်ဋ္ဌာန အတူတကွ ဖြစ်နိုင် မဖြစ်နိုင် အထူးစဉ်းစားဘွယ် မလိုတော့ပေ၊ တတိုင်းနှင့်တတိုင်း ဟိမဝန္တာတောင်တန်းကြီး တခုလုံးကွာခြားလျက် အလွန်ဝေးကွာစွာ တည်ယိုနေကြောင်း အလွန်ထင်ရှားလှပေသည်၊ မြေပုံတွင် ကြည့်ပါ။

(သံပေါက်) တရုတ်စိန၊ ခေါ်ဆိုကြ၊ ဗင်္ဂဟိန္ဒူ သီဟိုဠ်ယူ။
ကလယ်ယိုးဒယား၊ ထူးမခြား၊ ရေးသားမြေပုံမူ။
ကျမ်းသခ်တ၊ မာဂဓ၊ စိန ကျိန ဟူ။
တို့ဗမာက၊ စိန့်ခေါ်ကြ၊ စိနပျက်သောဟူ။
ချိုးနား (ချိုင်းနား) ခေါ်ငြား၊ သိုးဆောင်များ၊ ရေးသားမြေပုံမူ။
ယင်းအကြောင်းများ၊ သတိထား၊ စဉ်းစားဝေဘန်ယူ။
ပုဒ်ဂန္ဓာရ၊ နိဿယ၊ ပြန်ကြတရုပ်ဟူ။
သင့်မသင့်တန်၊ အကြောင်းမှန်၊ ဖန်ဖန်ချင့်၍ယူ။

(ဤကား ဗုဒ္ဓသာသနိက ပဋ္ဌဝိဝင်ကျမ်းကြီး(၁၃၆ ၁၃၉)တို့၌ လာရှိသော အဆိုအမိန့်များတည်း)။

* * * * *

## ရဟန္တာတိုင်း ဓာတ်တော်ကျသလော?

အညာသိကောဏ္ဍညထေရ်ကား မိမိ၏တူတော် ပုဏ္ဏလုလင်ကို ရှင်ရဟန်းပြုစေ၍ ဘုရားရှင်၏တပည့်ဖြစ်စေလျက် မိမိကိုယ်တိုင်က "ရှင်တော်မြတ်ဘုရား တပည့်တော်အား ရွာနီးကျောင်းသည် မလျော်ကပ်ပါ၊ လူတို့နှင့်ရောပြွမ်း၍လည်း နေခြင်းငှာ မစွမ်းနိုင်ပါ၊ ဆဒ္ဒန်အိုင်သို့ သွားနေပါမည်ဘုရား"ဟု ဘုရားရှင်ထံမှ ခွင့်ပြုချက်ယူ၍ ဆဒ္ဒန်အိုင်သို့ကြွကာ ဆဒ္ဒန်ဆင်မျိုးကို အမှီပြုလျက် ၁၂ နှစ်ပတ်လုံးသီတင်းသုံးနေတော်မူပြီးနောက် ထိုနေရာမှာပင် ပရိနိဗ္ဗာန်စံတော်မူလေသည်။ (ဓာတ်တော်များ ကြွင်းကျန်ကြောင်းမပါရှိ)။

ထေရာပိ ။ ။ အတ္တနော ဘာဂိနေယျံ ပုဏ္ဏမာဏာဝံ ပဗ္ဗာဇေတွာ...တဿ ဗုဒ္ဓါနံ အန္တေဝါသိကဘာဝံ ကတွာ သယံ ဒသဗလံ ဥပသင်္ကမိတွာ "ဘဂဝါ မယှံ ဂါမန္တသေနာသနံ အသပ္ပါယံ၊ အာကိဏ္ဏော ဝိဟရိတုံ န သက္ကောမိ၊ ဆဒ္ဒန္တဒဟံ ဂန္တွာ ဝသိဿာမိ"တိ ဘဂဝန္တံ အနုဇာနာပေတွာ ဥဋ္ဌာယာသနာ သတ္ထာရံ ဝန္ဒိတွာ ဆဒ္ဒန္တဒဟံ ဂန္တွာ ဆဒ္ဒန္တဟတ္ထိကုလံ နိဿာယ ဒွါဒသ ဝဿာနိ ဝီတိနာမေတွာ တတ္ထေဝ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယိ။ (အံ၊ ဋ္ဌ၊ ၁၊ ၁၁၅။)

အညာသိကောဏ္ဍညော ဆဒ္ဒန္တဒဟေ (ပရိနိဗ္ဗုတော)။ (ဒီ၊ ဋ္ဌ၊ ၂၊ ၁၃၉။ သံ၊ ဋ္ဌ၊ ၃၊ ၂၄၆။)

အရှင်သာရိပုတ္တာထေရ်၏ဓာတ်တော်များသည် ပွတ်သစ်စခရုသင်းကဲ့သို့ ကြွင်းကျန်၏။

သတ္ထာ ဟတ္ထံ ပသာရေတွာ ဓာတုပရိဿာဝနံ ဂဟေတွာ ဟတ္ထတလေ ဌပေတွာ ဘိက္ခူ အာမန္တေသိ "ယော သော ဘိက္ခဝေ ပုရိမဒိဝသေ အနေကာနိ ပါဋိဟာရိယသတာနိ ကတွာ ပရိနိဗ္ဗာနံ အနုဇာနာပေသိ၊ တဿ ဣဒါနိ ဣမာ သင်္ခဝဏ္ဏသန္နိဘာ (သင်္ခဝဏ္ဏပဋိဘာဂါ၊သီ၊သျာ) ဓာတုယော ပညာယန္တိ၊ ပ၊ ပဿထ ဘိက္ခဝေ ပါပဂရဟိဿ ဓာတုယောတိ။ ပ။ ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တ"န္တိ။ (သံ၊မဟာဝဂ္ဂဋ္ဌကထာ၊ ၂၅၄ ၂၅၅။)

အရှင်အာနန္ဒာထေရ်သည်ကား ရောဟိဏီမြစ်၏ဤမှာဖက်ကမ်း၌ ပရိနိဗ္ဗာန်ပြုလျှင် ဟိုမှာဖက်ကမ်းရှိလူတို့က ဓာတော်ရယူလိုမှုနှင့် ဤမှာဖက်ကမ်းရှိလူတို့နှင့် ခိုက်ရန်ပြုကြလိမ့်မည်၊ ဟိုမှာဖက်ကမ်း၌ပရိနိဗ္ဗာန်ပြုလျှင်လည်း ဤမှာဖက်ကမ်းရှိလူတို့က ဓာတ်

တော်ရယူလိုမှုနှင့် ဟိုမှာဖက်ကမ်းရှိလူတို့နှင့် ခိုက်ရန်ပြုကြလိမ့်မည်၊ ခိုက်ရန်ဖြစ်ပွားလျှင်လည်း မိမိကို အကြောင်းပြု၍သာ ဖြစ်ပွားကြလိမ့်မည်၊ ခိုက်ရန်မဖြစ်ပွားပဲ ငြိမ်းချမ်းလျှင်လည်း မိမိကို အကြောင်းပြု၍သာ ငြိမ်းချမ်းကြလိမ့်မည် ဟု ကြံတော်မူပြီးလျှင် "ဤမှာဖက်ကမ်းက လူတို့လည်း ငါ့အား ကျေးဇူးများသူတို့ပင် ဖြစ်ကြသည်၊ ဟိုမှာဖက်ကမ်းက လူတို့လည်း ငါ့အား ကျေးဇူးများသူတို့ပင် ဖြစ်ကြသည်၊ ငါ့အား ကျေးဇူးမများသူဟူ၍ မရှိပေ၊ ထို့ကြောင့် ဤမှာဖက်ကမ်းရှိ လူတို့ကလည်း ဤမှာဖက်ကမ်းမှာပင် စုဝေးနေကြကုန်၊ ဟိုမှာဖက်ကမ်းရှိ လူတို့ကလည်းဟိုမှာဖက်ကမ်းမှာပင် စုဝေးနေကြကုန်"ဟု မိန့်တော်မူလေသည်။

ထို့နောက် ခုနစ်ရက်မြောက်သောနေ့တွင် အရှင်အာနန္ဒာထေရ်သည် ရောဟိဏီမြစ်အလယ် ထန်းခုနစ်ဆင့်ခန့်မြင့်သော ကောင်းကင်ဝယ် တင်ပလ္လင်ခွေထိုင်နေလျက် တရားဟောတော်မူပြီးနောက် "ငါ၏ကိုယ်သည် အလယ်၌ ထက်ခြမ်းကွဲ၍ တစ်ဖို့ကား ဤမှာဖက်ကမ်း၌ကျစေသတည်း၊ တစ်ဖို့ကား ဟိုမှာဖက်ကမ်း၌ ကျစေသတည်း"ဟု အဓိဋ္ဌာန်တော်မူ၍ တေဇောဓာတ်သမာပတ်ကို ဝင်စားတော်မူသည်၊ ထိုအခါ မီးလျှံများ ထလာ၍ ကိုယ်တော်သည် အလယ်၌ ထက်ခြမ်းကွဲကာ တစ်ဖို့ကား ဤမှာဖက်ကမ်း၌ ကျသည်၊ တစ်ဖို့ကား ဟိုမှာဖက်ကမ်း၌ ကျသည်။

ထေရော တေသံ ဝစနံ သုတွာ "ဥဘယတီရဝါသိနော မယှံ ဥပကာရာ၊ ဣမေ နာမ အနုပကာရာတိ န သက္ကာ ဝတ္တုံ၊ သစာဟံ သြရိမတီရေ ပရိနိဗ္ဗာယိဿာမိ၊ ပရတီရဝါသိနော ဓာတုဂဟဏတ္ထံ ဘေဟိ သဒ္ဓိံ ကလဟံ ကရိဿန္တိ။ သစေ ပရတီရေ ပရိနိဗ္ဗာယိဿာမိ၊ သြရိမတီရဝါသိနောပိ တထာ ကရိဿန္တိ၊ ကလဟော ဥပ္ပဇ္ဇမာနောပိ မံ နိဿာယေဝ ဥပ္ပဇ္ဇိဿတိ၊ ဝူပသမမာနောပိ မံ နိဿာယေဝ ဝူပသမိဿတီ"တိ စိန္တေတွာ "သြရိမတီရဝါသိနောပိ မယှံ ဥပကာရာ၊ ပရတီရဝါသိနောပိ မယှံ ဥပကာရာ၊ အနုပကာရာပိ နာမ နတ္ထိ၊ သြရိမတီရဝါသိနော သြရိမတီရေယေဝ သန္နိပတန္တု၊ ပရတီရဝါသိနောပိ ပရတီရေယေဝါ"တိ အာဟ။ တတော သတ္တမေ ဒိဝသေ မဇ္ဈေ နဒိယာ သတ္တတာလပ္ပမာဏေ အာကာသေ ပလ္လင်္ကေန နိသီဒိတွာ မဟာဇနဿ ဓမ္မံ ကထေတွာ "မမ သရီရံ မဇ္ဈေ ဘိဇ္ဇိတွာ ဧကော ဘာဂေါ သြရိမတီရေ ပတတု၊ ဧကော ဘာဂေါ ပရတီရေ"တိ အဓိဋ္ဌာယ ယထာနိသိန္နောဝ တေဇောဓာတုံ သမာပဇ္ဇိ၊ ဇာလာ ဥဋ္ဌဟိံသု။ သရီရံ မဇ္ဈေ ဘိဇ္ဇိတွာ ဧကော ဘာဂေါ သြရိမတီရေ ပတိ၊ ဧကော ဘာဂေါ ပရတီရေ။

(ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၄၂ ၄၃၃။)

သန္တတိအမတ်ကြီးကား မိမိ၏ရေးအကြောင်းကောင်းမှုကံကို လျှောက်ထား၍ ကောင်းကင်၌ထိုင်လျက်ပင် တေဇောကသိုဏ်းစျာန်ကို ဝင်စားလျက် ပရိနိဗ္ဗာန်ပြုလေသည်၊ ကိုယ်မှ မီးလျှံတို့သည် ထလတ်၍ အသားအသွေးကို လောင်ကျွမ်းစေ၏၊ မြတ်လေးပန်းကဲ့သို့ (ဖြူဆွတ်သော)ဓာတ်တော်တို့သည် ကြွင်းကျန်လေကုန်၏[အချို့မူ၌ "သုဝဏ္ဏပုပ္ဖါနိ ဝိယ"ဟုရှိသောကြောင့် "ရွှေအဆင်းရှိသော ပန်းတို့ကဲ့သော ဓာတ်တော်တို့သည် ကြွင်းကျန်လေကုန်၏"]၊ ဘုရားရှင်သည် စင်ကြယ်သောအဝတ်ကို ဖြန့်လေ၏၊ ဓာတော်တို့သည် ထိုအဝတ်၌ ကျလာကုန်၏၊ ထိုဓာတ်တော်တို့ကို သပိတ်၌ထည့်၍ "လူအများသည် ရှိခိုးရလျှင် ကောင်းမှုအဖို့ ဖြစ်လိမ့်မည်"ဟု ခရီးလမ်းမလေးဆုံ၌ စေတီပုထိုးတည်စေတော်မူ၏။

ဇဝံ သော အတ္တနော ပုဗ္ဗကမ္မံ ကထေတွာ အာကာသေ နိသိန္နောဝ တေဇောဓာတုံ သမာပဇ္ဇိတွာ ပရိနိဗ္ဗာယိ။ သရီရေ အဂ္ဂိဇာလာ ဥဋ္ဌဟိတွာ မံသလောဟိတံ ဈာပေသိ၊ သုမနပုပ္ဖါနိ ဝိယ(သုဝဏ္ဏပုပ္ဖါနိ ဝိယ၊က) ဓာတုယော အဝသိဿိံသု။ သတ္ထာ သုဒ္ဓဝတ္ထံ ပသာရေသိ၊ ဓာတုယော တတ္ထ ပတိံသု။ တာ ပတ္တေ ပက္ခိပိတွာ စတုမဟာပထေ ထူပံ ကာရေသိ "မဟာဇနော ဝန္ဒိတွာ ပုညဘာဂီ ဘဝိဿတီ"တိ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၅၂။)

အရှင်ဒဗ္ဗထေရ်သည် ကောင်းကင်၌ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလျက် တေဇောကသိဏသမာပတ်ဝင်စား၍ ကိုယ်တော်ကိုလောင်မြိုက်စေနိုင်သော တေဇောဓာတ်ကိုအဓိဋ္ဌာန်တော်မူသည့်အတိုင်း မီးသွေးမှုပင် မကျန်ရအောင် တေဇောဓာတ်လောင်ကျွမ်းကာ ပရိနိဗ္ဗာန ပြုတော်မူလေသည်။

အထာယသ္မာ ဒဗ္ဗော "ဧကောပိ ဟုတွာ ဗဟုဓာ ဟောတီ"တိအာဒိနာ(ခု၊၉၊၁၀၇။ ဒီ၊၁၊၂၀၆)နယေန အာဂတာနိ သာဝက သာဓာရဏာနိ သဗ္ဗာနိ ပါဋိဟာရိယာနိ ဒဿေတွာ ပုန စ ဘဂဝန္တံ ဝန္ဒိတွာ အာကာသံ **အဗ္ဘုဂ္ဂန္တွာ** အာကာသေ ပထဝီ နိမ္မိနိတွာ တတ္ထ ပလ္လင်္ကေန နိသိန္နော တေဇောကသိဏသမာပတ္တိယာ ပရိကမ္မံ ကတွာ သမာပတ္တိံ သမာပဇ္ဇိတွာ ဝုဋ္ဌာယ သရီရံ အာဝဇ္ဇိတွာ ပုန သမာပတ္တိံ သမာပဇ္ဇိတွာ သရီရဈာပနတေဇောဓာတုံ အဓိဋ္ဌဟိတွာ ပရိနိဗ္ဗာယိ။ သဟ အဓိဋ္ဌာနေန သဗ္ဗော ကာယော အဂ္ဂိနာ အာဒိတ္တော အဟောသိ။ ခဏေနေဝ စ သော အဂ္ဂိ ကပ္ပဝုဋ္ဌာနဂ္ဂိ ဝိယ အဏုမတ္တမ္ပိ သင်္ခါရဂတံ မသိမတ္တမ္ပိ တတ္ထ ကိဉ္စိ အနဝသေသေန္တော အဓိဋ္ဌာနဗလေန ဈာပေတွာ နိဗ္ဗာယိ။ (ဥဒါနဋ္ဌကထာ၊ ၃၉၉။)

အရှင်ရာဟုလာမထေရ်သည်ကား တာဝတိံသာနတ်ပြည်၌ ပရိနိဗ္ဗာန်စံတော်မူ၏။ (ဓာတ်တော်များ ကြွင်းကျန်ကြောင်း

စာမရှိ)။ (မဟာဝဂ္ဂ၊ သံ၊ ဋ၊ ၂၄၆။ ဒီ၊ ဋ၊ ၂၊ ၁၃၉။)

ရာဟုလော တာဝတိံသေသု (တာဝတိံသေ သျှာ) ပရိနိဗ္ဗုတော။ (ဒီ၊ ဋ၊ ၂၊ ၁၃၉။ သံ၊ ဋ၊ ၃၊ ၂၄၆။)

## ကိလေသာမရှိသူ၏ရုပ်အလောင်း

ကိလေသာပြောထူသောသူတို့၏ရုပ်အလောင်းသည် ပုပ်သော်လည်း ကိလေသာကင်းသော ဘုရား, ရဟန္တာတို့၏ရုပ်အလောင်းသည်ကား မပုပ်ပါ။

ကိလေသာပြောထူသောသူတို့သည် အလွန့်အလွန် ပုပ်လှောင်း ရန့်မကောင်းကုန်၊ ထို့ကြောင့်ပင် ကိလေသာမရှိသော ပုဂ္ဂိုလ်တို့၏သေပြီးသူကောင်အလောင်းသည် ရန့်မကောင်း မဖြစ်ချေ။

ယေ ဟိ (ယေဟိ ယေ၊သီ၊သျှာ) ဥဿန္နကိလေသာ သတ္တာ၊ တေ တေဟိ အတိဒုဂ္ဂန္ဓာ ဟောန္တိ၊ နိက္ကိလေသာနံ မတာသရီရမ္ပိ ဒုဂ္ဂန္ဓံ န ဟောတိ။ (သုတ္တနိ၊ ဋ၊ ၁၊ ၃၀၃။)

ယေ ယေ ဥဿန္နကိလေသာ သတ္တာ၊ တေ တေ အတိဒုဂ္ဂန္ဓာ ဟောန္တိ။ တေနေဝ နိက္ကိလေသာနံ မတာသရီရမ္ပိ ဒုဂ္ဂန္ဓံ န ဟောတိ။ (အံ၊ ဋီ၊ ၁၊ ၁၆၉။)

## ကပ်(ကမ္ဘာ)နှင့်စပ်သွယ် သိမှတ်ဖွယ်

ကမ္ဘာသည် (၁) သုညကမ္ဘာ, (၂) အသုညကမ္ဘာ ဟူ၍ နှစ်မျိုးရှိ၏။

ထိုနှစ်မျိုးတွင်

(၁) သုညကမ္ဘာ၌ ဘုရား, ပစ္စေကဗုဒ္ဓါ, စကြာဝတေးမင်းတို့ မပွင့်ပေါ် မဖြစ်ထွန်းကြပါ၊ ဂုဏ်ရှိသောပုဂ္ဂိုလ်တို့မှ ဆိတ်သော ကပ်ကမ္ဘာဖြစ်သောကြောင့် "သုညကမ္ဘာ"ဟု ခေါ်သည်။

(၂) အသုညကမ္ဘာ၌ကား ဘုရား, ပစ္စေကဗုဒ္ဓါ, စကြာဝတေးမင်းတို့ ပွင့်ထွန်းပေါ်ပေါက်ကြပါသည်။ ဂုဏ်ရှိသော ပုဂ္ဂိုလ်တို့မှ မဆိတ်သောကြောင့် "အသုညကမ္ဘာ"ဟု ခေါ်သည်။

အသုညကမ္ဘာသည်.....

(၁)သာရကပ္ပ=ဘုရားတဆူပွင့်သော ကမ္ဘာ၊
(၂)မဏ္ဍကပ္ပ=ဘုရားနှစ်ဆူပွင့်သော ကမ္ဘာ၊
(၃)ဝရကပ္ပ=ဘုရားသုံးဆူပွင့်သော ကမ္ဘာ၊
(၄)သာရမဏ္ဍကပ္ပ=ဘုရားလေးဆူပွင့်သော ကမ္ဘာ၊
(၅)ဘဒ္ဒကပ္ပ=ဘုရားငါးဆူပွင့်သော ကမ္ဘာ။

ဤဘဒ္ဒကမ္ဘာ၏ထူးခြားဟန်ကား...ဘဒ္ဒကမ္ဘာ၌ ယေဘုယျအားဖြင့် သတ္တဝါတို့သည် ကောင်းမွန် ချမ်းသာသုခ များကြကုန်၏၊ တိဟိတ်ပုဂ္ဂိုလ်တို့သည် ကိလေသာကုန်ခန်းခြင်းကို ပြုကြကုန်၏၊ ဒွိဟိတ်ပုဂ္ဂိုလ်တို့သည် သုဂတိဘဝသို့ လားရောက်ကြကုန်၏၊ အဟိတ်ပုဂ္ဂိုလ်တို့သည် ဒွိဟိတ် တိဟိတ်ဘဝကို ရကြကုန်၏။ ထို့ကြောင့် ဘဒ္ဒကပ္ပ(ကောင်းသောကမ္ဘာ)ဟု ဆိုအပ်သည်။

ဆောင်ပုဒ် ၅စ်လုံးဖွဲ့ကဗျာများ
တဆူပွင့်က -သာရကမ္ဘာ၊
နှစ်ဆူပွင့်က မဏ္ဍခေါ်ပါ။
သုံးဆူပွင့်က -ဝရမည်သာ၊
လေးဆူက သာရမဏ္ဍပါ(လေးဆူပွင့်-မှတ်လင့် သာမဏ္ဍာ)။ ။
ငါးဆူပွင့်က ဘဒ္ဒကမ္ဘာ၊

သတ္တဝါများ-အားထားဖွယ်ရာ။
ရှင်တော်ဗုဒ္ဓ-လုံးဝကွယ်ရာ၊
သိမှတ်ကြ-သုညကမ္ဘာပါ။

ဒုဝိဓော ဟိ ကပ္ပေါ သုညကပ္ပေါ အသုညကပ္ပေါ စာတိ။ တတ္ထ သုညကပ္ပေ ဗုဒ္ဓပစ္စေကဗုဒ္ဓစက္ကဝတ္တိနော န ဥပ္ပဇ္ဇန္တိ။ တသ္မာ ဂုဏဝန္တပုဂ္ဂလသုညတ္တာ "သုညကပ္ပေါ"တိ ဝုစ္စတိ။ အသုညကပ္ပေါ ပဉ္စဝိဓော သာရကပ္ပေါ မဏ္ဍကပ္ပေါ ဝရကပ္ပေါ သာရမဏ္ဍကပ္ပေါ ဘဒ္ဒကပ္ပေါတိ။

တတ္ထ ဂုဏသာရရဟိတေ ကပ္ပေ ဂုဏသာရပ္ပါဒကဿ ဂုဏသာရဇနနကဿ ကေဿ သမ္မာသမ္ဗုဒ္ဓဿ ပါတုဘာဝေန "သာရကပ္ပေါ"တိ ဝုစ္စတိ။ ယသ္မိံ ပန ကပ္ပေ ဒွေ လောကနာယကာ ဥပ္ပဇ္ဇန္တိ၊ သော "မဏ္ဍကပ္ပေါ"တိ ဝုစ္စတိ။ ယသ္မိံ ကပ္ပေ တယော ဗုဒ္ဓါ ဥပ္ပဇ္ဇန္တိ၊ တေသု ပဌမော ဒုတိယံ ဗျာကရောတိ, ဒုတိယော တတိယန္တိ၊ တတ္ထ မနုဿာ ပမုဒိတဟဒယာ အတ္တနာ ပတ္ထိတပဏိဓာနဝသေန ဝရယန္တိ၊ တသ္မာ "ဝရကပ္ပေါ"တိ ဝုစ္စတိ။ ယတ္ထ ပန ကပ္ပေ စတ္တာရော ဗုဒ္ဓါ ဥပ္ပဇ္ဇန္တိ၊ သော ပုရိမကပ္ပတော ဝိသိဋ္ဌတရတ္တာ သာရတရတ္တာ "သာရမဏ္ဍကပ္ပေါ"တိ ဝုစ္စတိ။ ယသ္မိံ ကပ္ပေ ပဉ္စ ဗုဒ္ဓါ ဥပ္ပဇ္ဇန္တိ၊ သော "ဘဒ္ဒကပ္ပေါ"တိ ဝုစ္စတိ။ သော ပန အတိဒုလ္လဘော။ တသ္မိံ ပန ကပ္ပေ ယေဘုယျေန သတ္တာ ကလျာဏသုခဗဟုလာ ဟောန္တိ။ ယေဘုယျေန တိဟေတုကာ ကိလေသက္ခယံ ကရောန္တိ၊ ဒုဟေတုကာ သုဂတိဂါမိနော ဟောန္တိ၊ အဟေတုကာ ဟေတုံ ပဋိလဘန္တိ။ တသ္မာ သော ကပ္ပေါ "ဘဒ္ဒကပ္ပေါ"တိ ဝုစ္စတိ။ ဝုတ္တဉ္စေတံ ပေါရာဏေဟိ(ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၂၂၇-၂၂၈)

"ဧကော ဗုဒ္ဓေါ သာရကပ္ပေ၊ မဏ္ဍကပ္ပေ ဇိနာ ဒုဝေ။
ဝရကပ္ပေ တယော ဗုဒ္ဓါ၊ သာရမဏ္ဍေ စတုရော ဗုဒ္ဓါ။
ပဉ္စ ဗုဒ္ဓါ ဘဒ္ဒကပ္ပေ၊ တတော နတ္ထာဓိကာ ဇိနာ"တိ။

ဂုဏသုညဂုဏသာရရဟိတေ(သီ၊ ဋ္ဌ)

မှတ်ချက်။ ။ ဤဂါထာခွဲသည် သီဟိုဠ်မူနှင့် အင်္ဂလိပ်မူတို့၌ မရှိပါ။

သောတတ္ထကီ ၈ ၌ ဝုတ္တဉ္စေတံ ပေါရာဏေဟိ-အရာဝယ် တေန ဝုတ္တံ ဘဂဝတာ ဟု ပါရှိသည်။

* * * * *

## စေတီတိုင်းပင်၊ တန်ခိုးသွင်၊ မှန်ပင်ပြသလော?

မိလိန္ဒမင်းကြီးမေး။ ။ အရှင်ဘုရားနာဂသေန...ပရိနိဗ္ဗာန်စံတော်မူကုန်ပြီးသော ဘုရားရှင်အားလုံးတို့၏စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်ပါသလော?(...ဘုရားရှင်အားလုံးတို့၏စေတီတော်တို့သည် တန်ခိုးပြကြပါသလော?)၊ သို့မဟုတ် အချို့သော ဘုရားရှင်တို့၏စေတီတော်၌သာ တန်ခိုးပြာဋိဟာသည် ဖြစ်ပါသလော? (အချို့စေတီတော်တို့သည်သာ တန်ခိုးပြကြပါသလော?)။

အရှင်နာဂသေနဖြေ။ ။ မင်းကြီး...အချို့သော ဘုရားရှင်တို့၏စေတီတော်၌သာ (တန်ခိုးပြာဋိဟာသည်) ဖြစ်၏၊ အချို့သော ဘုရားရှင်တို့၏စေတီတော်၌ (တန်ခိုးပြာဋိဟာသည်) မဖြစ်ပါ။ (အချို့စေတီတော်တို့သည်သာ တန်ခိုးပြကြ၍ အချို့စေတီတော်တို့ကား တန်ခိုးမပြကြပါ)။

ဘန္တေ နာဂသေန သဗ္ဗေသံ ပရိနိဗ္ဗုတာနံ စေတိယေ ပါဋိဟီရံ ဟောတိ၊ ဥဒါဟု ကေသဉ္စိ ယေဝ ဟောတီတိ?။
ကေသဉ္စိ မဟာရာဇ ဟောတိ၊ ကေသဉ္စိ န ဟောတီတိ။ (မိလိန္ဒပဉှ၊ စေတိယပါဋိဟာရိယပဉှ၊ ၂၉၇။)

မိလိန္ဒမင်းကြီးမေး။ ။ အရှင်ဘုရား...အဘယ်ဘုရားရှင်တို့၏စေတီတော်၌ ဖြစ်ပါသနည်း?၊ အဘယ်ဘုရားရှင်တို့၏စေတီတော်၌ မဖြစ်ပါသနည်း?။ (...အဘယ်စေတီတော်တို့သည် တန်ခိုးပြ၍ အဘယ်စေတီတော်တို့သည် တန်ခိုးမပြကြပါသနည်း?)။

အရှင်နာဂသေနဖြေ။။ မင်းကြီး...သုံးယောက်သောပုဂ္ဂိုလ်တို့တွင် တစ်ယောက်ယောက်ပုဂ္ဂိုလ်၏အဓိဋ္ဌာန်ကြောင့် ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။ (သုံးဦးသော ပုဂ္ဂိုလ်တို့အဓိဋ္ဌာန်ပြုသော စေတီတော်သည် တန်ခိုးပြ၍ အဓိဋ္ဌာန်မပြုသော စေတီတော်သည် တန်ခိုးမပြပါ)။ အဘယ်သုံးယောက်သော ပုဂ္ဂိုလ်တို့နည်း? ဟူမူ

မင်းကြီး...(၁) ဤသာသနာတော်၌ ရဟန္တာပုဂ္ဂိုလ်သည် နတ်လူတို့အား အစဉ်သနားသဖြင့် ရပ်တည်တော်မူလျက်ပင် "ဤမည် ဤမည်သော တန်ခိုးပြာဋိဟာသည် စေတီတော်၌ ဖြစ်စေသတည်း"ဟု အဓိဋ္ဌာန်၏၊ ထိုရဟန္တာပုဂ္ဂိုလ်၏အဓိဋ္ဌာန်အစွမ်း

ဖြင့် စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏၊ ဤသို့လျှင် ထိုရဟန္တာပုဂ္ဂိုလ်အဓိဋ္ဌာန်ပြုသည်၏အစွမ်းဖြင့် ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။ (...ရဟန္တာပုဂ္ဂိုလ်သည် နတ်လူတို့အား သနားသောအားဖြင့် စေတီတော်အနီးအပါး၌ ရပ်လျက် "ဤစေတီတော်သည် ဤသို့ဤသို့သော တန်ခိုးပြစေသတည်း"ဟု အဓိဋ္ဌာန်ပြု၏၊ ထိုရဟန္တာ၏အဓိဋ္ဌာန်အတိုင်း စေတီတော်သည် တန်ခိုးပြ၏)။

မင်းကြီး (၂) နောက်တစ်မျိုးကား နတ်တို့သည် လူတို့အား အစဉ်သနားသဖြင့် ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏စေတီတော်၌ "ဤတန်ခိုးပြာဋိဟာဖြင့် သူတော်ကောင်းတရားတည်းဟူသော သာသနာတော်သည် အမြဲချီးမြှောက်အပ်သည် ဖြစ်လတ္တံ့၊ လူတို့သည်လည်း ကြည်ညိုကုန်သည်ဖြစ်၍ ကုသိုလ်ကောင်းမှု တိုးပွားကုန်လတ္တံ့"ဟု တန်းခိုပြာဋိဟာကို ပြကုန်၏၊ ဤသို့လျှင် နတ်တို့အဓိဋ္ဌာန်၏အစွမ်းဖြင့် ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။ (နတ်တို့သည် လူတို့အား သနားသောအားဖြင့် သူတော်ကောင်းတရားကို လူအများတို့ ချီးမြှောက်ကြစေရန်လည်းကောင်း, စေတီတော်ကို ကြည်ညိုသောအားဖြင့် ကုသိုလ်တရား တိုးပွားစေရန်လည်းကောင်း ဘုရားရှင်၏စေတီတော်၌ တန်ခိုးပြာဋိဟာပြကြကုန်၏)။

မင်းကြီး (၃) နောက်တစ်မျိုးကား မိန်းမဖြစ်စေ, ယောကျ်ားဖြစ်စေ ယုံကြည်မှု သဒ္ဓါအားရှိသော ရတနာသုံးပါး၌ ကြည်ညိုတတ်သော ပညာရှိသော လိမ္မာသော ထိုးထွင်းသိနိုင်သည့်ပညာရှိသော အသိဉာဏ်နှင့်ပြည့်စုံသောသူသည် သင့်လျော်သောအားဖြင့် ကြံစည်၍ နံ့သာကိုလည်းကောင်း, ပန်းကိုလည်းကောင်း, အဝတ်ပုဆိုးကိုလည်းကောင်း, အခြား လှူဖွယ်ဝတ္ထုတစ်စုံတစ်ရာကိုလည်းကောင်း "ဤသို့သော တန်ခိုးပြာဋိဟာမည်သည် ဖြစ်ပါစေသတည်း"ဟု အဓိဋ္ဌာန်၍ စေတီတော်၌ တင်မြှောက်၏၊ ထိုသူ၏အဓိဋ္ဌာန်အစွမ်းဖြင့်လည်း ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏၊ ဤသို့လျှင် လူတို့၏အဓိဋ္ဌာန်အစွမ်းဖြင့် ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။ (သာသနာတော်ကို ကြည်ညို၍ အသိအလိမ္မာ ဉာဏ်ပညာရှိသော ယောကျ်ား မိန်းမ တစ်ယောက်ယောက်သည် "ဤသို့ ဤသို့သော တန်ခိုးပြာဋိဟာကို ပြပါစေသတည်း"ဟု အဓိဋ္ဌာန်ပြု၍ ပန်း, နံ့သာ, အဝတ်ပုဆိုးစသော လှူဖွယ်ဝတ္ထုတစ်ခုခုကို စေတီတော်ပေါ်သို့ တင်မြှောက်လိုက်၏၊ ထိုသူ၏အဓိဋ္ဌာန်အတိုင်း စေတီတော်သည် တန်ခိုးပြာဋိဟာပြလျက် လှူဖွယ်ဝတ္ထုတို့ကို ခံယူပေ၏။)

မင်းကြီး...ဤသို့လျှင် သုံးယောက်သောပုဂ္ဂိုလ်တို့တွင် တစ်ယောက်ယောက်သော ပုဂ္ဂိုလ်၏အဓိဋ္ဌာန်အစွမ်းဖြင့် ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။ (ဤသို့အားဖြင့် သုံးဦးသောပုဂ္ဂိုလ်တို့၏ အဓိဋ္ဌာန်ဖြင့် ဘုရားရှင်၏စေတီတော်သည် တန်ခိုးပြာဋိဟာပြပေ၏)။

မင်းကြီး...ထိုပုဂ္ဂိုလ်တို့၏အဓိဋ္ဌာန်ပြုခြင်းသည် အကယ်၍ မဖြစ်ငြားအံ့၊ အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသော စိတ်၏ဝသီဘော်သို့ ရောက်ပြီးသည့် အာသဝေါကုန်ခန်းရဟန္တာပုဂ္ဂိုလ်၏လည်း စေတီတော်၌ တန်ခိုးပြာဋိဟာသည် မဖြစ်။ (ထိုပုဂ္ဂိုလ်သုံးဦးတို့က အဓိဋ္ဌာန်မပြုကြပါလျှင် အဘိညာဉ်ခြောက်ပါးရရှိ၍ အာသဝေါကင်းကွာ ရဟန္တာပုဂ္ဂိုလ်၏စေတီတော်ပင် ဖြစ်သော်ငြားလည်း တန်ခိုးပြာဋိဟာ မပြပေ)။

(မိလိန္ဒပါဠိတော် မြန်မာပြန်၊ ဝေဿန္တရဝဂ်၊ စေတိယပါဋိဟာရိယပဉှ=စေတီတန်ခိုးပြခြင်းပြဿနာ၊ ၃၁၈ ၃၁၉။)

ကတမေသံ ဘန္တေ ဟောတိ၊ ကတမေသံ န ဟောတီတိ?

တိဏ္ဏံ မဟာရာဇ အညတရဿ အဓိဋ္ဌာနာ ပရိနိဗ္ဗုတဿ စေတိယေ ပါဋိဟီရံ ဟောတိ။ ကတမေသံ တိဏ္ဏန္နံ?၊

ဣဓ မဟာရာဇ အရဟာ ဒေဝမနုဿာနံ အနုကမ္ပာယ တိဋ္ဌန္တောဝ အဓိဋ္ဌာတိ "ဧဝံ နာမ စေတိယေ ပါဋိဟီရံ ဟောတူ"တိ၊ တဿ အဓိဋ္ဌာနဝသေန စေတိယေ ပါဋိဟီရံ ဟောတိ၊ ဧဝံ အရဟတော အဓိဋ္ဌာနဝသေန ပရိနိဗ္ဗုတဿ စေတိယေ ပါဋိဟီရံ ဟောတိ။

ပုန စပရံ မဟာရာဇ ဒေဝတာ မနုဿာနံ အနုကမ္ပာယ ပရိနိဗ္ဗုတဿ စေတိယေ ပါဋိဟီရံ ဒဿေန္တိ"ဣမိနာ ပါဋိဟီရေန သဒ္ဓမ္မော နိစ္စသမ္ပဂ္ဂဟိတော ဘဝိဿတိ၊ မနုဿာ စ ပသန္နာ ကုသလေန အဘိဝဍ္ဎိဿန္တီ"တိ၊ ဧဝံ ဒေဝတာနံ အဓိဋ္ဌာနဝသေန ပရိနိဗ္ဗုတဿ စေတိယေ ပါဋိဟီရံ ဟောတိ။

ပုန စပရံ မဟာရာဇ ဣတ္ထီ ဝါ ပုရိသော ဝါ သဒ္ဓေါ ပသန္နော ပဏ္ဍိတော ဗျတ္တော မေဓာဝီ ဗုဒ္ဓိသမ္ပန္နော ယောနိသော စိန္တယိတွာ ဂန္ဓံ ဝါ မာလံ ဝါ ဒုဿံ ဝါ အညတရံ ဝါ ကိဉ္စိ အဓိဋ္ဌဟိတွာ စေတိယေ ဥက္ခိပတိ"ဧဝံနာမ ဟောတု"

တိ၊ တဿပိ အဓိဋ္ဌာနဝသေန ပရိနိဗ္ဗုတဿ စေတိယေ ပါဋိဟီရံ ဟောတိ၊ ဇဝံ မနုဿာနံ အဓိဋ္ဌာနဝသေန ပရိနိဗ္ဗုတဿ စေတိယေ ပါဋိဟီရံ ဟောတိ။

ဣမေသံ ခေါ မဟာရာဇ တိဏ္ဏန္နံ အညတရဿ အဓိဋ္ဌာနဝသေန ပရိနိဗ္ဗုတဿ စေတိယေ ပါဋိဟီရံ ဟောတိ။ ယဒိ မဟာရာဇ တေသံ အဓိဋ္ဌာနံ န ဟောတိ၊ ခီဏာသဝဿပိ ဆဠဘိညဿ စေတောဝသိပ္ပတ္တဿ စေတိယေ ပါဋိဟီရံ န ဟောတိ။ (မိလိန္ဒပဉှ၊ စေတိယပါဋိဟာရိယပဉှ၊၂၉၇။)

## ဓာတ်တော်စစ်

ဘုရားတို့ဓာတ်၊ အတ္တုပ္ပတ်မှု၊ အထွတ်ဘုန်းခေါင်၊ ရှင်တော်ရောင်တို့၊ ရုပ်ဆောင်ကြွားကြွား၊ နှစ်ဆူပွား၏၊
ဖြူထွားစိမ်းပြာ၊ နီဝါရောင်မောင်း၊ အဆင်းပေါင်းလျက်၊ လုံးလျောင်းဘန်များ၊ သဏ္ဌာန်ပြား၏၊ ဝန်းလျား
ဗိုလ်ထု၊ ရှုကြစဉ်တည့်၊ ဝိညာဉ်အတိ၊ ရှိဘိသောလား၊ ရွှရွှတွား၏၊ မေ့မှားကိုင်ချွတ်၊ လက်မှလွှတ်လည်း၊
ဝတ်သည့်ပုဆိုး၊ လက်မိုးလက်ရုံး၊ ပခုံးမေးဖျား၊ ထိပ်ထက်နား၏၊ လေးပါးဤမျှ၊ အကျဉ်းပြသည်၊ တေဇ
ထန်ထန်ပြင်းပြင်းတည်း။

ဟူ၍ ဆိုသည့်အတိုင်း မြတ်စွာဘုရားအဓိဋ္ဌာန်တော်အားဖြင့် ပူဇော်သက္ကာရရှိရာ ပြန်ရောက်လာသော ဓာဝ၂တော်စစ်မှန်၏၊ စည်းခုံတော်ကြီးတွင် ဌာပနာသော ဓာတ်တော်များကို စာဆိုနှင့်အညီ မျက်မှောက်ထင်ထင် မြင်လိုက်ရပေသတည်း။

စတုတ္ထရတနာပုရမြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် မင်းတရားကြီးလက်ထက် အမရပူရမြို့ မဟာဝိဇယရံသီစည်းခုံစေတီတော်ကြီး။ (သာသနာလင်္ကာရစာတမ်း၊ စာမျက်နှာ ၂၄၁)

* * * * *

# ပရိတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

ပရိတ်ဟူသည် ပရိတ္တဟူသော ပါဠိစကားမှဆင်းသက်လာသော မြန်မာ့ဝေါဟာရဖြစ်သည်...ထက်ဝန်းကျင်မှ ဘေးအန္တရာယ် အသွယ်သွယ်ကို ကာကွယ်စောင့်ရှောက်တတ်သော ဘုရားစကားတော်များဖြစ်သည်။ ဖြစ်ဆဲဘေးအန္တရာယ်, ဖြစ်ပေါ်လတ္တံ့သော ဘေးအန္တရာယ်တို့ကို ငြိမ်းစဲပပျောက် မဖြစ်မရောက်အောင် စောင့်ရှောက်ကာကွယ်တတ်သော ဘုရားစကားတော် သုတ္တန်များပင် ဖြစ်၏။

ပရိ=သမန္တတော ဘယံ တာယတိ=ရက္ခတီတိ ပရိတ္တံ။

ပရိ=သမန္တတော ထက်ဝန်းကျင်မှ၊ ဘယံ ဘေးအန္တရာယ် အသွယ်သွယ်ကို၊ တာယတိ=ရက္ခတိ ငြိမ်းစဲပပျောက် မဖြစ်မရောက်အောင် စောင့်ရှောက်ကာကွယ်တတ်၏၊ ဣတိ ထို့ကြောင့်၊ ပရိတ္တံ ပရိတ္တ(ပရိတ်)မည်၏။

ပရိတ္တန္တိ ယက္ခပရိတ္တနာဂမဏ္ဍလာဒိဘေဒံ သဗ္ဗမ္ပိ ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၂၁၅။)

ပါစိတျာဒိအဋ္ဌကထာအရ ပရိတ္တ (ပရိတ်)ဟူသည် ဘီလူးတစ္ဆေသူရဲနိုင် မန္တန်, မြွေနိုင်မန္တန်စသည်တို့ဖြစ်၏။

မင်္ဂလသုတ်, ရတနသုတ် အစရှိသော သုတ်တော်များသည် ရွတ်ဖတ်သူ, ကြားနာသူ နှစ်ဦးလုံးအားပင် မဖြစ်သေးသော ဘေးအန္တရာယ်တို့ကို မဖြစ်ပေါ်ရအောင် ကာကွယ်စောင့်ရှောက်ခြင်း, ဖြစ်ပေါ်ဆဲဖြစ်သော အန္တရာယ်တို့ကို ငြိမ်းစဲပပျောက်အောင် စောင့်ရှောက်ကာကွယ်ခြင်း, ကောင်းကျိုးချမ်းသာ မင်္ဂလာကြက်သရေတို့ကို ဖြစ်ပွါးစေခြင်းစသော ဂုဏ်ကျေးဇူး အထူးရှိကြသောကြောင့် "ပရိတ္တ(ပရိတ်)"ဟူ၍ အမည်ထူးကို ရရှိလေသည်။

ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်၏အင်္ဂါ ၃ ပါး/၄ ပါး

(၁) ပရိတ်ပါဠိတော်၏ပုဒ်ပါဋ်အက္ခရာကို ကျန်မှန်ကန်စွာ ရွတ်ဆိုနိုင်ခြင်း၊
(၂) ပရိတ်ပါဠိတော်၏အနက်အဓိပ္ပါယ်ကို တိကျမှန်ကန်စွာ သိခြင်း၊
(၃) လာဘ်ပူဇော်သက္ကာရကို မငဲ့ကွက်ပဲ မေတ္တာကရုဏာတရားကို ရှေ့သွားပြု၍ စင်ကြယ်သောစိတ်ဖြင့် ပရိတ်တော်ကို ရွတ်ဆိုခြင်း။ ဤ ၃ ပါးကား ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်၏အင်္ဂါများတည်း။

တနည်းအားဖြင့်....

(၁) ပရိတ်ပါဠိတော်၏ပုဒ်ပါဋ်အက္ခရာကို ကျနမှန်ကန်စွာ ရွတ်ဆိုနိုင်ခြင်း၊

(၂) ပရိတ်ပါဠိတော်၏အနက်အဓိပ္ပါယ်ကို တိကျမှန်ကန်စွာ သိခြင်း၊

(၃) လာဘ်ပူဇော်သက္ကာရကို ငဲ့ကွက်သော စိတ်မရှိခြင်း၊

(၄) သံသရာမှ လွတ်မြောက်ကြောင်းအဖို့၌တည်၍ မေတ္တာ ကရုဏာတရားကို ရှေ့သွားပြု၍ စင်ကြယ်သောစိတ်ဖြင့် ပရိတ်တော်ကို ရွတ်ဆိုခြင်း။

ဤ ၄ ပါးတည်း။

အကျဉ်းမှတ်ရန် ဆောင်ပုဒ်များ....

က။ (၁) သဒ္ဒါလည်းစင်၊ (၂)အနက်ထင်၊ (၃)သက်ဝင်မေတ္တာထား။

ခ။ ရွတ်ဖတ်သူမှာ၊ အင်သုံးဖြာ၊ မှတ်ပါ ကျမ်းစကား။

ဂ။ (၄) လာဘ်မငဲ့ကွက်၊ ထည့်ကာစွက်၊ မှတ်ချက် အင်လေးပါး။

(မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ ၃၀၇ ၃၀၈။)

သဒ္ဒါအနက်၊ မှန်လျက်ရှိစေ၊ ကျေအောင်လေ့လာ၊ မေတ္တာရှေ့ထား၊ ရွတ်သူအား၊ ကျိုးများပရိတ်မြတ်။

(ပရိတ်ကြီးနိဿယသစ်၊ ရတနသုတ်နိဒါန်း၊ ၂၀၈။)

သုဂ္ဂဟိတာတိ အတ္ထဥ္စ ဗျဉ္ဇနဥ္စ ပရိသောဓေတွာ သုဋ္ဌု ဥဂ္ဂဟိတာ။ သမတ္တာ ပရိယာပုတာတိ ပဒဗျဉ္ဇနာနိ အဟာပေတွာ ပရိပုဏ္ဏံ ဥဂ္ဂဟိတာ။ အတ္ထမ္ပိ ပါဠိမ္ပိ ဝိသံဝါဒေတွာ သဇ္ဈာယော ဝါ ပန အပ္ပဂုဏံ ကတွာ ဘဏန္တဿ ဟိ ပရိတ္တံ တေဇဝန္တံ န ဟောတိ၊ သဇ္ဈာယော ပဂုဏံ ကတွာ ဘဏန္တဿေဝ တေဇဝန္တံ ဟောတိ။ လာဘဟေတု ဥဂ္ဂဟေတွာ ဘဏန္တဿာပိ အတ္ထံ န သာဓေတိ၊ နိဿရဏပက္ခေ ဌတွာ မေတ္တံ ပုရေစာရိကံ ကတွာ ဘဏန္တဿေဝ အတ္ထာယ ဟောတီတိ ဒဿေတိ။ (ဒီ၊ ဋ္ဌ၊ ၃၊ ၁၄၉ ၁၅၀။)

ပရိတ်ရွတ်သောပုဂ္ဂိုလ်၏ဝိပတ္တိ(ပျက်စီးခြင်း) ၂ ပါး

(၁) ပယောဂဝိပတ္တိ=လုံ့လအားထုတ်မှု၏ပျက်စီးခြင်း၊ ပရိတ်ပါဠိတော်၏အနက်အဓိပ္ပါယ်ကို မသိခြင်း, ပုဒ်ပါဌ်အက္ခရာ ကျနမှန်ကန်စွာ မရွတ်ဆိုနိုင်ခြင်းများသည် လုံ့လအားထုတ်မှု၏ပျက်စီးခြင်းမည်၏။

(၂) အဇ္ဈာသယဝိပတ္တိ=အလိုအဇ္ဈာသယ၏ပျက်စီးခြင်း၊ လာဘ်ပူဇော်သက္ကာရကို လိုလားတပ်မက် ငဲ့ကွက်လျက် ရွတ်ဆိုခြင်းသည် အလိုအဇ္ဈာသယ၏ပျက်စီးခြင်းမည်၏။

ပရိတ်ရွတ်သောပုဂ္ဂိုလ်၏သမ္ပတ္တိ(ပြည့်စုံခြင်း) ၂ ပါး

(၁) ပယောဂသမ္ပတ္တိ=လုံ့လအားထုတ်မှု၏ပြည့်စုံခြင်း၊ ပရိတ်ပါဠိတော်၏အနက်အဓိပ္ပါယ်ကို သိခြင်း, ပုဒ်ပါဌ်အက္ခရာ ကျနမှန်ကန်စွာ ရွတ်ဆိုနိုင်ခြင်းများသည် လုံ့လအားထုတ်မှု၏ပြည့်စုံခြင်းမည်၏။

(၂) အဇ္ဈာသယသမ္ပတ္တိ=အလိုအဇ္ဈာသယ၏ပြည့်စုံခြင်း၊ လာဘ်ပူဇော်သက္ကာရကို လိုလားတပ်မက် ငဲ့ကွက်ခြင်းမရှိပဲ သံသရာမှ ထွက်မြောက်ကြောင်းအဖို့၌ တည်၍ မေတ္တာကရုဏာပြဋ္ဌာန်းသော မဟာကုသိုလ်စိတ်ဖြင့် ရွတ်ဆိုခြင်းသည် အလိုအဇ္ဈာသယ၏ပြည့်စုံခြင်းမည်၏။

အကျဉ်းမှတ်ရန် ဆောင်ပုဒ်များ.....

(၁) သဒ္ဒါအနက်၊ ယိုယွင်းကွက်၊ ပျက်ဘိ ပယောဂ။

(၂) စိတ်နေယွင်းကွက်၊ လာဘ်ကိုမက်၊ ပျက်ဘိ အာသယ။

(၃) သဒ္ဒါနက်ပုံ၊ နှုတ်အာဂုံ၊ ပြည့်စုံ ပယောဂ။

(၄) လာဘ်မငဲ့တုံ၊ မေတ္တာထုံ၊ ပြည့်စုံ အာသယ။

(၅) ပရိတ်ရွတ်သူ၊ အင်္ဂါဟူ၊ မှတ်ယူ ပဏ္ဍိတ။

(မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ ၃၁၂။)

ပရိသောဓေတွာတိ ကေက္ခရဿာပိ အဝိရာဓနေဝသေန အာစရိယသန္တိကေ သဇ္ဈံ သောဓေတွာ။ သုဋ္ဌု ဥဂ္ဂဟိတာတိ ပရိမဏ္ဍလပဒဗျဉ္ဇနာယ ပေါရိယာ ဝါစာယ ဝိဿဋ္ဌာယ အနေလဂဠာယ အတ္ထဿ ဝိညာပနိယာ သမ္မဒေဝ ဥဂ္ဂဟိတာ။ တထာ ဟိ"အတ္ထဥ္စ ဗျဥ္စနဥ္စ ပရိသောဓေတွာ"တိ ဝုတ္တံ။ အတ္ထံ ဇာနတော ဧဝ ဟိ ဗျဥ္စနံ ပရိသုဇ္ဈတိ၊ နော အဇာနတော။ ပဒဗျဉ္ဇနာနီတိ ပဒဍ္ဎာဝ ဗျဥ္စနဥ္စ အဟာပေတွာ။ ဧဝံ ပရိပုဏ္ဏာ နာမ ဟောတီတိ။ ...။ တေဇဝန္တံ န ဟောတိ ဝိရုဇ္ဈနတော ဧဝ ဝိမုယတ္တဘာဝတော စ။ သဇ္ဈာယောတိ အနဝသေသတော အာဒိမဇ္ဈပရိယောသာနတော။ တေဇဝန္တံ ဟောတီတိ သဘာဝနိရုတ္တိံ အဝိရာဓေတွာ သုပ္ပဝတ္တိဘာဝေန

သာဓနတော။ ဇဝံ ပယောဂဝိပတ္တိ ပဟာယ ပယောဂသမ္ပတ္တိယာ သတိ ပရိတ္တဿ အတ္ထသာဓကတ္တံ ဒဿေတွာ ဣဒါနိ အဇ္ဈာသယ ဝိပတ္တိံ ပဟာယ အဇ္ဈာသယသမ္ပတ္တိယာ အတ္ထသာဓကတ္တံ ဒဿေတုံ "လာဘာဟေတု"တိအာဒိ ဝုတ္တံ။ ဣဒံ ပရိတ္တာဘဏနံ သတ္တာနံ အနတ္ထပဋိဗာဟနဟေတူတိ တဿ ဉာဏကရုဏာပုဗ္ဗကတာ နိဿရဏာပက္ခော။ မေတ္တံ ပုရေစာရိကံ ကတွာတိ မေတ္တာမနသိ ကာရေန သတ္တေသု ဟိတဖရဏံ ပုရက္ခတွာ။ (ဒီ၊ဋီ၊ ၃၊ ၁၅၉ ၁၆၀။)

## ပရိတ်နာယူသော ပုဂ္ဂိုလ်၏အင်္ဂါ ၃ ပါး/၄ ပါး

(၁) ပဉ္စာနန္တရိယကံငါးပါးဟူသော ကမ္မန္တရာယ် မရှိခြင်း၊

(၂) နိယတမိစ္ဆာဒိဋ္ဌိဟူသော ကိလေသန္တရာယ် မရှိခြင်း၊

(၃) ပရိတ်ပါဠိတော်၏ဂုဏ်ကျေးဇူးကို မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့်ပြည့်စုံခြင်း

ဤသုံးပါးတို့ကား ပရိတ်နာယူသူ၏အင်္ဂါတို့တည်း။

တနည်းအားဖြင့်....

(၁) ပဉ္စာနန္တရိယကံငါးပါးဟူသော ကမ္မန္တရာယ် မရှိခြင်း၊

(၂) နိယတမိစ္ဆာဒိဋ္ဌိဟူသော ကိလေသန္တရာယ် မရှိခြင်း၊

(၃) ပရိတ်ပါဠိတော်၏ဂုဏ်ကျေးဇူးကို မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့်ပြည့်စုံခြင်း၊

(၄) ပရိတ်ပါဠိတော်ကို ရိုသေလေးစားစွာ နာယူခြင်း

ဤလေးပါးတို့သည် ပရိတ်နာယူသူ၏အင်္ဂါတို့တည်း။

အကျဉ်းမှတ်ရန် ဆောင်ပုဒ်များ.....

(၁) အာနန္တရိ၊ ကံပဉ္စ၊ မရှိ တအင်္ဂါ။

(၂) နိယတဒိဋ္ဌိ၊ ကိလေသိ၊ မရှိ တအင်္ဂါ။

(၃) သဒ္ဓါတရား၊ ပြည့်စုံငြား၊ မှတ်သား တအင်္ဂါ။

(၄) ရိုသေလေးစား၊ နာယူငြား၊ မှတ်သား တအင်္ဂါ။

(၅) ဤသည်လေးပါး၊ ပြည့်စုံငြား၊ နာကြား ဘေးကင်းကွာ။

(မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ ၃၁၂ ၃၁၃။)

ပဉ္စာနန္တရိ၊ နိယတဒိဋ်၊ ပရိတ်မယုံ၊ နာသူကြုံ၊ ကျိုးဂုဏ်မရတတ်။

(ပရိတ်ကြီးနိဿယသစ်၊ ရတနသုတ်နိဒါန်း၊ ၂၀၈။)

တီဟိ မဟာရာဇ ကာရဏေဟိ ပရိတ္တံ န ရက္ခတိ ကမ္မာဝရဏေန, ကိလေသာဝရဏေန, အသဒ္ဒဟနတာယ။

(မိလိန္ဒပဉှ၊ မေဏ္ဍကပဉှ၊ မစ္စုပါသမုတ္တိပဉှ၁၅၅။ )

မြတ်သောမင်းကြီး...(၁)ကမ္မန္တရာယ်၏တားမြစ်ခြင်းကြောင့်လည်းကောင်း,(၂)ကိလေသန္တရာယ်၏တားမြစ်ခြင်းကြောင့်လည်းကောင်း, (၃) ပရိတ်တရားတော်၌မယုံကြည်ခြင်းကြောင့်လည်းကောင်း ဤအကြောင်းသုံးပါးတို့ကြောင့် ရွတ်ဆိုအပ်သော ပရိတ်တော်သည် နာယူသူတို့အား ဘေးအန္တရာယ်ကင်းရှင်းရန် မစောင့်ရှောက်နိုင်ချေ ဟူ၍ အရှင်နာဂသေနထေရ်ဖြေကြားတော်မူလေသည်။ ဤပါဠိတော်ကိုထောက်၍ ထိုပါဠိတော်လာ အကြောင်းသုံးပါးမှလွတ်ကင်းသောသူတို့အား ပရိတ်တော်သည် ဘေးအန္တရာယ်မှ ကင်းရှင်းအောင် စောင့်ရှောက်နိုင်၏ ဟူ၍မှတ်ယူရာ၏။

## ပရိတ်နာယူသော ပုဂ္ဂိုလ်၏ဝိပတ္တိ(ပျက်စီးခြင်း) ၂ ပါး

(၁) ပယောဂဝိပတ္တိ=လုံ့လအားထုတ်မှု၏ပျက်စီးခြင်း၊ ပရိတ်ပါဠိတော်ကို ရိုသေလေးမြတ်စွာ လက်အုပ်ချီမိုး ရှိခိုးလျက် မနာယူခြင်း, ပရိတ်အာရုံမှတပါး အခြားအာရုံသို့ မိမိစိတ်ကို မသွားစေပဲ တည်ကြည်ငြိမ်သက်စွာ မနာယူခြင်းများသည် လုံ့လအားထုတ်မှု၏ပျက်စီးခြင်းမည်၏။

(၂) အဇ္ဈာသယဝိပတ္တိ=အလိုအဇ္ဈာသယ၏ပျက်စီးခြင်း၊ ပရိတ်တော်၏ဂုဏ်ကျေးဇူး တန်ခိုးအာနုဘော်တို့ကို မယုံကြည်ခြင်း, ပရိတ်တရားတော်နာ ဖိတ်ကြားလာသူ၏မျက်နှာကိုသာ ငဲ့ကွက်ထောက်ထားလျက် နာယူခြင်းများသည် အလိုအဇ္ဈာသယ၏ပျက်စီးခြင်း

မည်၏။

## ပရိတ်နာယူသော ပုဂ္ဂိုလ်၏သမ္ပတ္တိ(ပြည့်စုံခြင်း) ၂ ပါး

(၁) ပယောဂသမ္ပတ္တိ=လုံ့လအားထုတ်မှု၏ပြည့်စုံခြင်း၊ ပရိတ်ပါဠိတော်ကို ရိုသေလေးမြတ်စွာ လက်အုပ်ချီမိုး ရှိခိုးကျက် နာယူခြင်း, ပရိတ်အာရုံမှတပါး အခြားအာရုံသို့ မိမိစိတ်ကို မသွားစေပဲ တည်ကြည်ငြိမ်သက်စွာ နာယူခြင်းများသည် လုံ့လအားထုတ်မှု၏ ပြည့်စုံခြင်းမည်၏။

(၂) အဇ္ဈာသယသမ္ပတ္တိ=အလိုအဇ္ဈာသယ၏ပြည့်စုံခြင်း၊ ပရိတ်တော်၏ဂုဏ်ကျေးဇူး တန်ခိုးအာနုဘော်တို့ကို ယုံကြည်ခြင်း, ပရိတ်တရားတော်နာ ဖိတ်ကြားလာသောသူ၏မျက်နှာကို ငဲ့ကွက်ထောက်ထား၍မဟုတ်ပဲ ကောင်းမွန်သော အလိုဆန္ဒဖြင့် နာယူခြင်းသည် အလိုအဇ္ဈာသယ၏ပြည့်စုံခြင်းမည်၏။

## ပရိတ်ရွတ်မှုနှင့်အကျိုးများ

ဘုရားရှင်သည် အရှင်အာနန္ဒာအား ရတနသုတ်ကို သင်ပေး၍ ရွတ်ဆိုစေခဲ့သဖြင့် ဝေသာလီပြည်၌ဖြစ်ပွါးလျက်ရှိသော ပလိပ်ရောဂါကဲ့သို့ ကူးစက်ပြန့်ပွားတတ်သော ရောဂါဘေး, မိုးခေါင်၍ ကောက်ပဲသီးနှံများပျက်စီးမှုကြောင့် အစာရေးပါး ဝေမ်းမှတ်ခြင်းဘေး, လူသေကောင်တွေ မြို့ပြင်တွင် ပစ်ထားကြရာ ထိုလူသေနံ့များကြောင့် မြို့တွင်းသို့ ဝင်ရောက်လာကြသော ဘီလူးဘေး ဤဘေးသုံးမျိုးတို့သည် ကင်းစင်လွင့်ပျောက်ခဲ့သည်။

မှတ်ချက်။ ။ "ပဏီတာနတော ပဋ္ဌာယ"စသည်မှာ ဓမ္မပဒအဋ္ဌကထာ ဒုတိယအုပ် ပကိဏ္ဏကဝဂ် အတ္တနောပုဗ္ဗကမ္မဝတ္ထု၊ စာမျက်နှာ ၂၇၅ မှ အရှင်အာနန္ဒာထေရ် ဆင်ခြင်ပုံဖြစ်၏။ ရတနသုတ်တော်မှာ ခုဒ္ဒကပါဌပါဠိတော် စာမျက်နှာ ၄ ဧတို့၌ လာရှိ၏။

သာသနာနှစ် ၉၁၂ ခုတွင် သီဟိုဠ်ကျွန်း၌ နန်းတက်သော ဒုတိယဥပတိဿမင်းလက်ထက်၌ ဘုရားရှင်လက်ထက်က ဝေသာလီပြည်၌ ဖြစ်သကဲ့သို့ ဒုဗ္ဘိက္ခဘေး, ရောဂါဘေးတို့ ဖြစ်ပေါ်လေရာ ရဟန်းတော်တို့ ညဥ့်သုံးယာမ်ပတ်လုံး ရတနသုတ်ပရိတ်တော်ကို ရွတ်သဖြင့် ထိုဘေးတို့ ပပျောက်ခဲ့ဖူးလေသည်။ (စူဠဝံသ၊ ၃၇ ပရိစ္ဆေဒ၊ ၁၁၉ ၁၉၈ ဂါထာများ။) မှတ်ချက်။ ပရိတ်ကြီးနိဿယသစ် နိဒါန်း[ထ]မှ ရယူသည်။

ခန္ဓသုတ်၏ဝတ္ထုကြောင်းပါသော စူဠဝါပါဠိတော်(၂၄၅)နှင့် အင်္ဂုတ္တိုရ်ပါဠိတော် ပဥ္စမအုပ်(၃၈၄)တို့၌ ဘုရားရှင်သည် ရဟန်းတို့အား မြွေမျိုး၄ ပါးတို့ကို မေတ္တာပို့သရန် ဟောတော်မူလေသည်။

"ရဟန်းတို့ မိမိကိုယ်ကို လုံခြုံစေခြင်းငှါလည်းကောင်း, မိမိ၏အရံအတား(ပရိတ်)ကို ပြုခြင်းငှါလည်းကောင်း ဤမြွေမင်း ၄ မျိုးကို မေတ္တာစိတ်ဖြင့် ဖြန့်ခြင်းငှါ ခွင့်ပြုတော်မူ၏"။ (စူဠဝါပါဠိတော် မြန်မာပြန်၊ ၂၄၃။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်၊ ၁၊ ၃၉၈။)

အနုဇာနာမိ ဘိက္ခဝေ ဣမာနိ စတ္တာရိ အဟိရာဇကုလာနိ မေတ္တေန စိတ္တေန ဖရိတုံ အတ္တဂုတ္တိယာ အတ္တရက္ခာယ အတ္တပရိတ္တာယာတိ။ (ဝိ၊ ၄၊ ၂၄၅။ အံ၊ ၁၊ ၃၈၄။)

ဤခန္ဓသုတ်ကို အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ်၌ကား "အဟိရာဇသုတ်"ဟု အမည်ပေးထားသည်။

အတ္တဂုတ္တိယာတိ အတ္တနော ဂုတ္တတ္ထာယ။ အတ္တရက္ခာယာတိ အတ္တနော ရက္ခဏတ္ထာယ။ အတ္တပရိတ္တာယာတိ အတ္တနော ပရိတ္တာဏတ္ထာယ။ ပရိတ္တံ နာမ အနုဇာနာမီတိ အတ္ထော။ (အံ၊ ဋ္ဌ၊ ၂၊ ၃၁၆။)

သုတ်ပါထေယျ အာဋာနာဋိယသုတ်ပါဠိတော်၌လည်း ဘုရားရှင်သည် ရဟန်းတို့အား အာဋာနာဋိယမည်သော အရံအတားကို သင်ယူလေ့လာ ဆောင်ထားကြရန် တိုက်တွန်းတော်မူသည်။ (ဒီ၊ ၃၊ ၁၅၈ ၁၆၆။)

"ရဟန်းတို့ အာဋာနာဋိယမည်သော အရံအတားကို သင်ယူကြကုန်လော့၊ ရဟန်းတို့ အာဋာနာဋိယမည်သော အရံအတာကို အဖန်ဖန် လေ့လာကြကုန်လော့၊ ရဟန်းတို့ အာဋာနာဋိယမည်သော အရံအတားကို ဆောင်ကြကုန်လော့။ ရဟန်းတို့ အာဋာနာဋိယမည်သော အရံအတားသည် အကျိုးစီးပွါးနှင့် စပ်၏၊ အာဋာနာဋိယမည်သော အရံအတားသည် ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမတို့၏အကာအကွယ် အစောင့်အရှောက်ဖြစ်ခြင်းငှာ ချမ်းသာစွာ နေရခြင်းငှာ ဖြစ်၏"။ (သုတ်ပါထေယျ(ပါထိကဝဂ်)ပါဠိတော် မြန်မာပြန်၊ ၁၉၄။)

ပရာဇိကဏ်အဋ္ဌကထာ တတိယပါရာဇိက ဝိနီတဝတ္ထုဝဏ္ဏနာ အဖွင့်တနေရာ၌လည်း လူတို့အတွက် ပရိတ်ရွတ်ပေးမှုနှင့် ပတ်သက်၍ ရဟန်းတော်တို့လိုက်နာစရာများကို ပြဆိုထားသည်၊ "လူနာအတွက် ပရိတ်အရံအတားကို ပြုလုပ်ပေးတော်မူကြပါဘုရား"ဟု ပြောဆိုလျှင် မလုပ်ရ၊ "ပရိတ်အရံအတားကို ရွတ်ဆိုပေးတော်မူကြပါဘုရား"ဟု ပြောဆိုလျှင်ကား ရွတ်ဆိုပေးအပ်သည်။ အကယ်၍ "လူတို့က မသိနားမလည်ကြ, ရွတ်ဆိုမပေးလျှင် စိတ်မချမ်းမသာ ဖြစ်ကြလိမ့်မည်"ဟု ထင်မူကား ပရိတ်အရံအတားကို ရွတ်ဆိုပေးအပ်သည်။ "ပရိတ်ရေ, ပရိတ်ချည်ကို ပြု၍ ပေးတော်မူကြပါ"ဟု ပြောလျှင် သူတို့၏သာလျှင် (ပရိတ်)ရေကို လက်ဖြင့် လှုပ်စေ၍ (ပရိတ်)ချည်ကို ဆုပ်နယ်ပြီး ပေးအပ်သည်၊ အကယ်၍ ကျောင်းမှ ဆောင်ယူလာသောရေ, မိမိ၏ချည်ကို ပေးလျှင် ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏၊ လူတို့က ရေနှင့်ချည်ကို ယူလာပြီးလျှင် "ပရိတ်တော်ကို ရွတ်ဆိုပေးတော်မူကြပါဘုရား"ဟု ပြောဆိုလျှောက်ထားပါက ရွတ်ဆိုပေးအပ်သည်၊ နားမလည်ကြလျှင် ပြောကြားပေးရမည်...စသည်ဖြင့် လာရှိသည်။

ပရိတ္တေ ပန "ဂိလာနဿ ပရိတ္တံ ကရောထ ဘန္တေ"တိ ဝုတ္တေ န ကာတဗ္ဗံ၊ "ဘဏထာ"တိ ဝုတ္တေ ပန ကာတဗ္ဗံ။ သစေပိဿ ဧဝံ ဟောတိ "မနုဿာ နာမ န ဇာနန္တိ, အကယိရမာနေ ဝိပ္ပဋိသာရိနော ဘဝိဿန္တီ"တိ ကာတဗ္ဗံ၊ "ပရိတ္တောဒကံ ပရိတ္တသုတ္တံ ကတွာ ဒေထာ"တိ ဝုတ္တေ ပန တေသံယေဝ ဥဒကံ ဟတ္ထေန စာလေတွာ သုတ္တံ ပရိမဇ္ဇိတွာ ဒါတဗ္ဗံ။ သစေ ဝိဟာရတော ဥဒကံ အတ္တနော သန္တကံ ဝါ သုတ္တံ ဒေတိ၊ ဒုက္ကဋံ။ မနုဿာ ဥဒကဉ္စ သုတ္တဉ္စ ဂဟေတွာ နိသီဒိတွာ "ပရိတ္တံ ဘဏထာ"တိ ဝဒန္တိ၊ ကာတဗ္ဗံ။ နော စေ ဇာနန္တိ၊ အာစိက္ခိတဗ္ဗံ။ (ဝိ၊ ဋ္ဌ၊ ၂၊ ၆၇။)

မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ သုဘသုတ္တဝဏ္ဏနာ အဖွင့်တနေရာ၌လည်း "လူဒါယကာသည် ရတနသုတ်, မင်္ဂလသုတ်မျှကိုသော်လည်း(အလွတ်ရ မကျက်ပဲ) ပေ၌သာ ရေး၍ထားသည်၊ ရဟန်းတို့သည်ကား (ယင်းသုတ်တို့ကို) အမြဲ ရွတ်အံ့သရဇ္ဈာယ်ကြသည်" ဟု လာရှိသည်။

ဂဟဋ္ဌော ရတနသုတ္တမင်္ဂလသုတ္တမတ္တမ္ပိ ပေါတ္ထကေ လိခိတွာ ဌပေတိ၊ ပဗ္ဗဇိတာ နိစ္စံ သဇ္ဈာယန္တိ။ (မ၊ ဋ္ဌ၊ ၃၊ ၃၀၅။)

ဓမ္မပဒဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၄၂၃ ၄၂၄တို့၌ "၇ ရက်မျှသာ အသက်ရှင်ရမည့် ကလေးငယ်သည် ဘုရားရှင်၏ ညွှန်ကြားတော်မူချက်အရ ၇ နေ့ ၇ ညဥ့်တိုင်ပတ်လုံး ရဟန်းတို့ အဆက်မပြတ် ပရိတ်ရွတ်ပေးသဖြင့်လည်းကောင်း, ဘုရားရှင်ကိုယ်တော်တိုင် တစ်ညဥ့်ပတ်လုံး ပရိတ်အရံအတားကို ပြုပေးသဖြင့်လည်းကောင်း သေဘေးမှ လွတ်မြောက်ပြီး "အာယုဝဍ္ဍန"အမည်ဖြင့် ထင်ရှားလျက် အသက် ၁၂၀ တိုင် နေသွားရသည်။

ဓဇဂ်သုတ်အကျိုး။ ။ ဓဇဂ္ဂပရိတ်တော်ကို အောက်မေ့ရုံမျှဖြင့်ပင် ကောင်းကင်၌ဖြစ်စေကာမူ မြေပြင်မှာကဲ့သို့ ထောက်တည်ရာ ရနိုင်သည် ဟူသော အချီးစကားမှာ သဂါထာဝဂ္ဂ သက္ကသံယုတ် အဋ္ဌကထာ(၃၁၂) ဓဇဂ္ဂသုတ်အဖွင့် ဝတ္ထုအရပင်ဖြစ်၏။ သီဟိုဠ်ကျွန်းဒီဃဝါပိစေတီ၌ အင်္ဂတေအချောကိုင်နေစဉ် ရဟန်းငယ်တစ်ပါးသည် စေတီအထက်ဆင့် လက်ရမ်းမှ ကျ၍ စေတီဝမ်းပြင်ဖြင့် လျှောကျလာ၏၊ အောက်၌ရှိသောရဟန်းများက ဓဇဂ္ဂသုတ်ကို ဆင်ခြင်ပါ ငါ့ရှင် ဟု လှမ်းပြောကြသော် ထိုလိမ့်ကျသော ရဟန်းသည် သေရမည်ဘေးမှ ကြောက်လန့်သဖြင့်"ဓဇဂ္ဂပရိတ္တံ မံ ရက္ခတု=ဓဇဂ္ဂပရိတ်သည် ငါ့ကို စောင့်ရှောက်ပါစေ"ဟု ဆို၏၊ ထိုခဏ၌ပင် ရုတ်တရက် အုတ်နှစ်ချပ် ပေါ်လာကာ လှေခါးထစ် ဖြစ်လျက် ခံနေ၏၊ အပေါ်ရှိ ရဟန်းများက နွယ်လှေခါး ချပေးရာ ထိုလှေခါးပေါ်သို့ ရဟန်းရောက်လျှင်ပင် အုတ်နှစ်ချပ်မှာ တည်မြဲတိုင်း မူလနေရာ၌ ပြန်ရောက်နေလေသည်။

ဒီဃဝါပိစေတိယမ္ပိ ကိရ သုဓာကမ္မေ ကယိရမာနေ ဧကော ဒဟရော မုဒ္ဓဝေဒိကာပါဒတော(မုဒ္ဓဝေဒိကာပါဒတော က) ပတိတွာ စေတိယကုစ္ဆိယာ ဘဿတိ။ ဟေဋ္ဌာ ဌိတာ ဘိက္ခုသံဃော "ဓဇဂ္ဂပရိတ္တံ အာဝုသော အာဝဇ္ဇာဟီ"တိ အာဟ။ သော မရဏဘယေန တဇ္ဇိတော "ဓဇဂ္ဂပရိတ္တံ မံ ရက္ခတူ"တိ အာဟ။ တာဝဒေဝဿ စေတိယကုစ္ဆိတော ဒွေ ဣဋ္ဌကာ နိက္ခမိတွာ သောပါနံ ဟုတွာ အဋ္ဌံသု၊ ဥပရိဋ္ဌိတာ ဝလ္လိနိဿေဏိံ ဩတာရေသုံ။ တသ္မိံ နိဿေဏိယံ ဌိတေ ဣဋ္ဌကာ ယထာဋ္ဌာနေယေဝ အဋ္ဌံသု။

(သံ၊ ဋ္ဌ၊ ၁၊ ၃၁၂။)

ဓဇဂ္ဂပရိတ်ကြောင့် ဘီလူးဘေး, ခိုးသူဘေးစသော ဘေးဒုက္ခတို့မှ လွတ်မြောက်ကြရသူတို့မှာ မရေတွက်နိုင် ဟူသော အကျိုးပြမှာလည်း"ဣဒံ အာဝဇ္ဇေတွာ ဟိ ယက္ခဘယစောရဘယာဒီဟိ ဒုက္ခေဟိ မုတ္တာနံ အန္တော နတ္ထိ"ဟူသော ဆိုခဲ့သည့်သဂါထာဝဂ္ဂ သံယုတ်အဋ္ဌကထာ(၃၁၂)အရ ဆိုခြင်းပင်တည်း။(ပရိတ်ကြီးနိဿယသစ်၊ ဓဇဂ္ဂသုတ်နိဒါန်း၊ ၄၁၈ ၄၁၉။)

## ပရိတ်နှင့်စပ်သွယ် သိမှတ်ဖွယ်

### ပရိတ်ကြီး ဆယ့်တစ်သုတ် အကျိုးပြလင်္ကာ

သုံးလူ့ထွတ်ထား၊ ဘုရားမြတ်စွာ၊ မိန့်မှာဗျာဒိတ်၊ ရွှေတံဆိပ်ဟု၊ ပရိတ်တော်ကြီး၊ ဘေးဆီးရန်တား၊ ခြားနားသိသာ၊ ဖော်ပြပါ

၁။ မဟာမင်္ဂလ၊ ပရိတ္တကား၊ သုခများစွာ၊ မင်္ဂလာပွားတက်၊ ဘုန်းကျက်သရေ၊ ပြည့်ဖြိုးဝေ၏။

၂။ သုံးထွေသောကပ်၊ သတ်ဖြတ်ဒုဗ္ဘိက်၊ နံနှိပ်ပျက်စီး၊ မှုကြီးရောက်က၊ ရတနပရိတ်၊ ရန်ညွန့်နှိပ်၍၊ စိတ်သစ္စာပြု၊ ရွတ်မှုမှန်စွာ၊ လွန်ချမ်းသာ၏။

၃။ ဗျာပါသောက၊ စိတ်ဒုက္ခနှင့်၊ နေညမရှင်၊ အိပ်လျှင်မပျော်၊ သူတို့သော်လည်း၊ အော်အော်ညှဉ်းဆဲ၊ မေတ္တာနည်းက၊ ရွတ်မြဲရိတုပ်၊ မေတ္တသုတ်တည်း။

၄။ ကြမ်းကြုတ်သစ်ကျား၊ မြွေပါးကင်းသန်း၊ စုံးဖမ်းနတ်တိုက်၊ အလိုက်သူပြု၊ အမှုရှိခါ၊ ရွတ်ပါခန္ဓ၊ ပရိတ္တတည်း။

၅။ ဘယနှောင်သွင်း၊ ခြေချင်းကြိုးတပ်၊ ထိပ်ခတ်ဗန္ဓ၊ ရှိလေကမူ၊ မောရပရိတ်၊ မအိပ်မနေ၊ ရှိသေနေည၊ ကြိုးလုံ့လလော့။

၆။ တေဇအဂ္ဂိ၊ မီးဘေးရှိက၊ ဝဋ္ဋသုတ်ပင်၊ ရွတ်လေချင်လော့။

၇။ မှုခင်းဘေးကြီး၊ ရောက်တုံပြီးသော်၊ ကြက်သီးမွေးညင်း၊ ပူပြင်းထန်စွာ၊ ရှိသောခါလျှင်၊ မဟာဓဇဂ္ဂ၊ သုတ်မြတ်လှကို၊ မှန်လှစေ့စေ့၊ ရွတ်အောက်မေ့က၊ ပျောက်ပြယ်ရ၏။

၈။ ကိုယ်မှုရောဂါ၊ ဖျားနာတစ်ထူး၊ ဘီလူးသဘက်၊ နှိပ်စက်ဖမ်းခါ၊ အာဋာနာဋိယ၊ ပရိတ္တကို၊ နေညရွတ်ပါ၊ ကျန်းမာပကတိ၊ ကေန်ရှိ၏။

၉။ မချိပြင်းပြ၊ ဣတ္ထိယတို့၊ ဂဗ္ဘကိုယ်ဝန်၊ သားမွန်မဖွား၊ ခက်ခဲပြားမူ၊ စကားသစ္စာ၊ မှန်စွာကြီးဘိ၊ အင်္ဂုလိဟု၊ မည်ရှိပရိတ္တာ၊ ရေသာမန်းတိုက်၊ ကိုယ်၌တစိ၊ မငြိမတွယ်၊ သားဖွားလွယ်၏။

၁၀။ လူငယ်လူကြီး၊ ပျက်စီးမှုများ၊ နာဖျားတာရှည်၊ မတည်စိတ်စက်၊ မသက်မသာ၊ ရှိသောခါလျှင်၊ မဟာဗောဇ္ဈင်၊ ပရိတ်ပင်တည်း။

၁၁။ အိပ်လျှင်နိမိတ်၊ အတိတ်အနာဂတ်၊ ဖြစ်လတ်သောခါ၊ သချာဗေဒ၊ ပုဗ္ဗဏှကို၊ နေညရွတ်လေ၊ ပျောက်ပေအန္တရာယ်၊ ရှင်းရှင်းပယ်သည်၊ မှတ်ဖွယ်ကျမ်းလာ အပြီးတည်း။ (ဓမ္မအလင်္ကာ ပဒေသာ၊ ၄၄၅ ၄၄၆။)

* * * * *

### ဗုဒ္ဓပ္ပမုခသံဃာအား မည်သို့လှူမည်နည်း?

ယခုအခါ ဘုရားရှင်ပရိနိဗ္ဗာန်စံလွန်တော်မူပြီးဖြစ်၍ ဘုရားအမှူးရှိသော သံဃာအား လှူလိုလျှင် မည်သို့ လှူရပါမည်နည်း?

သံဃာ၏မျက်မှောက်၌ ဓာတ်တော်ပါရှိသောဆင်းတု(ဓာတ်တော်ဌာပနာထားသော ဆင်းတု)ကို (သင့်လျော်ရာ) နေရာ၌တင်ထားပြီးလျှင် အလှူရေစက်ကို အစပြု၍ (လှူဖွယ်)အလုံးစုံကို ဘုရားရှင်အား(ရည်ရွယ်လျက်) ရှေးဦးစွာ လှူပြီးနောက် သံဃာအား လှူရ၏၊ ဤသို့လှူခြင်းသည် ဘုရားအမှူးရှိသော သံဃာအား လှူသည် မည်တော့သည်။ [ဓာတ်တော်မပါရှိသော ဆင်းတုတော်ကို ပင့်၍ သင့်လျော်နေရာ၌ထားကာ "ဘုရားအမှူးရှိသော သံဃာအား လှူပါ၏"ဟု ဆို၍လှူလျှင်လည်း "ဗုဒ္ဓပ္ပမုခသံဃိကဒါန"ဖြစ်ပါသည်။]

ကိံ ပန တထာဂတေ ပရိနိဗ္ဗုတေ ဗုဒ္ဓပ္ပမုခဿ ဥဘတောသံဃဿ ဒါနံ ဒါတုံ သက္ကာတိ? သက္ကာ။ ကထံ? ဥဘတောသံဃဿ ဟိ ပမုခေ သဓာတုကံ ပဋိမံ အာသနေ ဌပေတွာ အာဓာရကံ ဌပေတွာ ဒက္ခိဏောဒကံ အာဒိံ ကတွာ သဗ္ဗံ သတ္ထု ပဌမံ ဒတွာ ဥဘတောသံဃဿ ဒါတဗ္ဗံ၊ ဧဝံ ဗုဒ္ဓပ္ပမုခဿ ဥဘတောသံဃဿ ဒါနံ ဒိန္နံ နာမ ဟောတိ။

(မ၊ ဋ္ဌ၊ ၄၊ ၂၂၅၊ ဒက္ခိဏာဝိဘင်္ဂသုတ္တဝဏ္ဏနာ။)

### ဆွမ်းတော်တင်ကို မည်သူ့အား ပေးထိုက်(ကျွေးထိုက်)ပါသနည်း?

ဥပရိပဏ္ဏာသဋ္ဌကထာ ဒက္ခိဏာဝိဘင်္ဂသုတ်အဖွင့်၌ ဘုရားအမှူးရှိသော သံဃာအား လှူဒါန်းသော ဝတ္ထုပစ္စည်းများတွင် ဘုရားရှင်အား လှူဒါန်းသော ဝတ္ထုပစ္စည်းကို မည်သို့ ပြုအပ်ပါသနည်း?

ဘုရားရှင်ကိုအလုပ်အကျွေးပြု၍ ဝတ်နှင့်ပြည့်စုံသော ရဟန်းအား ပေးအပ်၏၊ ဖခင်ပိုင်ပစ္စည်းကို သားသည် ရထိုက်သကဲ့သို့

ဘိက္ခုသံဃာအား ပေးရန်လည်း သင့်လျော်၏ ဟု ဆိုသောကြောင့်"ဆွမ်းတော်တင်ကို ဘုရားဝေယျာဝစ္စပြုသော ရဟန်း(သာမဏေ, လူ)အား ပေးထိုက်ပါသည်၊ ဘိက္ခုသံဃာအားလည်း ပေးထိုက်ပါသည်"။

တတ္ထ ယံ သတ္ထု ဒိန္နံ၊ တံ ကိံ ကာတဗ္ဗန္တိ? ယော သတ္ထာရံ ပဋိဇဂ္ဂတိ ဝတ္တသမ္ပန္နော ဘိက္ခု၊ တဿ ဒါတဗ္ဗံ။ ပိတုသန္တကဉှိ ပုတ္တဿ ပါပုဏာတိ၊ ဘိက္ခုသံဃဿ ဒါတုမ္ပိ ဝဋ္ဋတိ၊ သပ္ပိတေလာနိ ပန ဂဟေတွာ ဒီပါ ဇလိတဗ္ဗာ၊ သာဋကံ ဂဟေတွာ ပဋာကာ အာရောပေတဗ္ဗာတိ။ (မ၊ ဋ္ဌ၊ ၄၊ ၂၂၅။)

## အစွဲအလမ်းနှင့် သေရလျှင်

တစ်စုံတစ်ယောက်ပုဂ္ဂိုလ်အပေါ်မှာဖြစ်စေ, တစ်စုံတစ်ခုပစ္စည်းဥစ္စာအပေါ်မှာဖြစ်စေ ငဲ့ကွက်စွဲလမ်း၍ သေလွန်ရလျှင် မိမိ၏ အိမ်၌ပင် ဘီလူး(တစ္ဆေ ပြိတ္တာ), ခွေး, ဆိတ်, နွား, ကျွဲ, ကြွက်, ကြက်, သန်း, ကြမ်းပိုးစသည် တမျိုးမျိုး ဖြစ်ရတတ်သည်။

သာပေက္ခကာလကိရိယာ ဟိ အတ္တနော ယေဝ ဂေဟေ ယက္ခကုက္ကုရအဇဂေါဏမဟိံသမူသိကကုက္ကုဋဉ္စိကာမင်္ဂုလာဒိ ဘာဝေန နိဗ္ဗတ္တနကာရဏံ ဟောတိ။ (ဒီ၊ ဋ္ဌ၊ ၂၊ ၂၂၆။)

ဟိ ကဲ့ရဲ့ရခြင်းအကြောင်းကား၊ သာပေက္ခကာလကိရိယာ ငဲ့ကွက်ကြောင်း တဏှာနှင့်တကွ သေခြင်းသည်၊ အတ္တနော ယေဝ မိမိ၏သာ၊ ဂေဟေ အိမ်၌၊ ,ယက္ခကုက္ကုရအဇဂေါဏမဟိံသမူသိကကုက္ကုဋဉ္စိကာမင်္ဂုလာဒိဘာဝေန သရဲ ဘီလူး ခွေး ဆိတ် နွား ကျွဲ ကြွက် ကြက်သန်း ကြမ်းပိုး အစရှိသည်တို့၏အဖြစ်ဖြင့်၊ နိဗ္ဗတ္တနကာရဏံ ဖြစ်ခြင်း၏အကြောင်းသည်၊ ဟောတိ ဖြစ်၏။

လင်နှင့်မယား၊ သားနှင့်သမီး၊ အသီးသီးကို၊ တပ်ပြီးငဲ့ထွေ၊ စွဲလမ်းသေသော်၊ မသွေမုန်စွာ၊ တပ်ရာရာ၌၊ ပြိတ္တာပြိတ္တီ၊

ဖြစ်ဘိမလွဲ၊ ထိုထက်ကဲ၍၊ ငရဲတိရစ္ဆာန်၊ အတန်တန်ဖြင့်၊ ဖောက်ပြန်မရှိ၊ ဂတိယုတ်မာ၊ မှားကြောင်းသာတည်။

(မဃဒေဝလင်္ကာသစ်၊)

## ဘုရားကိုးဆူပူဇော်မှု ရှေးကပင် ရှိခဲ့သလော?

အပဒါန်ပါဠိတော် ဥပသေနဝင်္ဂန္တပုတ္တတ္ထေရအပဒါန်၌ "အရှင်ဥပသေနအလောင်း အမျိုးကောင်းသားသည် မွန်မြတ်သော ဆွမ်းဘောဇဉ်ကိုပဒုမုတ္တရဘုရားရှင်နှင့် ရဟန္တာရှစ်ပါး=ပေါင်းကိုးပါးတို့အား ပေးလှူကျွေးမွေးခဲ့ဖူးကြောင်း" လာရှိ၏။

ပိဏ္ဍပါတဉ္စ ပါဒါသိံ၊ ပရမန္နံ သုဘောဇနံ။
ဗုဒ္ဓေန နဝမေ တတ္ထ၊ သမဏေ အဋ္ဌ ဘောဇယိံ။
(ခု၊ ၃၊ ဥပသေနဝင်္ဂန္တပုတ္တတ္ထေရအပဒါန်၊ ၆၈။)

ဗုဒ္ဓေန နဝမေ တတ္ထာတိ တသ္မိံ ဝိဝေကဋ္ဌာနေ ဗုဒ္ဓေန သဟ နဝမေ အဋ္ဌ သမဏေ သမိတပါပေ ခီဏာသဝဘိက္ခူ ဘောဇေသိန္တိ အတ္ထော။ (အပဒါန်၊ ဋ္ဌ၊ ၂၊ ၁၉။)

မြန်မာဓလေ့ ဘုရားကိုးဆူပူဇော်မှု၌ "၁။ ဘုရားရှင်(အလယ်), ၂။ အရှင်သာရိပုတ္တ(တောင်ဖက်=လက်ျာ), ၃။ အရှင်မဟာမောဂ္ဂလ္လာန်(မြောက်ဖက်=လက်ဝဲ), ၄။ အရှင်ကောဏ္ဍည(အရှေ့ဖက်=ဘုရားရှင်၏မျက်နှာတော်မူရာ), ၅။ အရှင်အာနန္ဒာ(အနောက်ဖက်=ဘုရားရှင်၏နောက်ကျောတော်ဖက်), ၆။ အရှင်ရာဟုလာ(အရှေ့မြောက်ဖက်), ၇။ အရှင်ရေဝတ(အရှေ့တောင်ဖက်), ၈။ အရှင်ဂဝမ္ပတိ(အနောက်မြောက်ဖက်),၉။ အရှင်ဥပါလိ(အနောက်တောင်ဖက်)တို့၏ရုပ်တုတော်များကို ကျောင်းဆောင်ငယ်ဝယ် ထားတော်မူ၍ သစ်သီး, ဆွမ်း, ပန်းစသည်တို့ဖြင့် ပူဇော်လှူဒါန်းလေ့ရှိ၏၊ ထိုသို့ ဘုရားရှင်နှင့် ရဟန္တာရှစ်ပါးတို့အား ပူဇော်သည်ကိုပင် "ဘုရားကိုးဆူ ပူဇော်သည်"ဟု ပြောဆိုရိုးပြုကြပါသည်။

၁။ မြတ်စွာဘုရားကို ဗဟိုမဏ္ဍိုင် အလယ်၌ ထား၍

၂။ အရှင်သာရိပုတ္တရာကို တောင်အရပ်၌ထားသည်မှာ လက်ျာတော်ရံ ဖြစ်၍ ထားသည်။

၃။ အရှင်မောဂ္ဂလ္လာန်မှာလည်း လက်ဝဲတော်ရံဖြစ်၍ မြောက်အရပ်မှာ ထားသည်။

၄။ အရှင်ကောဏ္ဍညမှာ ရတ္တညူတေဒဂ်ရ သိက္ခာရင်ကြီးဖြစ်၍ အရှေ့အရပ်မှာ ထားသည်။

၅။ အရှင်အာနန္ဒာမှာ အလုပ်အကျွေး နောက်တော်ပါဖြစ်၍ အနောက်အရပ်မှာ ထားသည်။

၆။ အရှင်ရာဟုလာမှာ ထိုရဟန္တာရှစ်ပါးတွင် အသက်သိက္ခာ ငယ်သည်ဖြစ်၍ ဂြိုဟ်သက်နည်းသော တနင်္ဂနွေဂြိုဟ်(အရှေ့

အရပ်မှာ ထားသည်။

၇။ အရှင်ရေဝတမှာ အရှင်သာရိပုတ္တရာ၏ညီတော်ဖြစ်၍ အရှင်သာရိပုတ္တရာ၏အနီးအပါးတွင် ထားသည်။

၈။ အရှင်ဂဝမ္ပတိမှာ "ပသုသဒ္ဒါသည် နွားကိုလည်း ဟောသည်, ရာဟုဂြိုဟ်ကိုလည်း ဟောသည်၊ ပသုသဒ္ဒါနှင့် ဂေါသဒ္ဒါသည် ပရိယာယ်တူဖြစ်၍ ပသုသဒ္ဒါ ရာဟုကိုဟောလျှင် ဂေါသဒ္ဒါသည်လည်း ရာဟုကို ဟောသည်ပင်ဖြစ်၍ ရာဟုဂြိုဟ်ကို ဟောသော ပသုသဒ္ဒါ, ဂေါသဒ္ဒါကို စွဲ၍ "ဂုန္နံ ပတိ ဂဝမ္ပတိ" 'ဂုန္နံ ရာဟုဂြိုဟ်တို့၏၊ ပတိ အရှင်တည်း၊ ဂဝမ္ပတိ ရာဟုဂြိုဟ်တို့၏အရှင်' ဤသို့ အလုတ္တသမာသ်ဝစနတ္ထကြံ၍ အနောက်မြောက်အရပ်၌ ထားသည်။ (ရာဟုဂြိုဟ်သည် တစ်ခုသာဖြစ်လျက် "ဂုန္နံ ပတိ ဂဝမ္ပတိ"ဟု ဝစနတ္ထပြုသည်မှာ လောကီသမယအားဖြင့် ဂရုကာတဗ္ဗ ဟု ဝစနတ္ထပြု။)

၉။ အရှင်ဥပါလိထေရ်မှာ "စနေဂြိုဟ်သည် ရှေးကာလ တရားကောက်ယူ ဆုံးဖြတ်တတ်သော အမတ်ကြီးဖြစ်ဖူးသည်"ဟူ၍ ဆိုသော လောကီသမယကို စွဲ၍ ဝိနည်းအရာ လိမ္မာကျွမ်းကျင် သိမြင်ကောက်ယူတတ်သဖြင့် ဓမ္မဝိနိစ္ဆယတရားသူကြီးနှင့်တူကြောင်းကို ဥပါလိအပဒါန်တို့၌ ဥပါလိမထေရ်သည်ပင် ဥဒါန်းကျူးရင့်သည်နှင့်အညီ ဝိနိစ္ဆယဆေကဖြစ်ဖူးသော စနေဂြိုဟ်(အနောက်တောင်)အရပ်၌ ဓမ္မဝိနိစ္ဆယဖြစ်သော အရှင်ဥပါလိမထေရ်ကို ထားသည်။

ဤသို့ ရဟန္တာရှစ်ပါးအသီးသီး နေရာချထားရာ စိန္တာမယဉာဏ်ဖြင့် ကြံဆ၍ ပြုလုပ်သည်၊ စာဟောင်းပေဟောင်းများ၌ အထူးမဆို။ (ကျီးသဲလေးထပ်ဆရာတော်၏ "ဘုရားကိုးဆူ ပူဇော်နည်း"၊ ၄၈ ၅၀။)

ဗုဒ္ဓေါ စ မဇ္ဈိမေ သေဋ္ဌော၊ သာရိပုတ္တော စ ဒက္ခိဏေ။
ပစ္ဆိမေန စ အာနန္ဒော၊ မောဂ္ဂလ္လာနော စ ဥတ္တရေ။
ကောဏ္ဍညော ပြုဗ္ဗဘာဂသ္မိံ၊ ပါယဗ္ဗေ စ ဂဝမ္ပတိ။
ဥပါလိ နရတိ စေဝ၊ အဂ္ဂေယိယဥ ရေဝတော။
ရာဟုလော စေဝ သေန္နေ၊ သဗ္ဗံ မေ ဇေယျ (ဇယ)မင်္ဂလံ။
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

မဇ္ဈိမေ မဟာဗောဓိ သီရိရွှမ်းစို ညောင်ညိုပလ္လင် ပုံပြင်တူစွာ အလည်ချာဟု ဆိုအပ်သောအရပ်၌၊ သေဋ္ဌော ဖြဟ္မာလူနတ် ပေါင်းသုံးရပ်တို့ ရင်ခတ်လက်တီး ချီးမွမ်းအံ့ဩထိုက်လှသော၊ ဗုဒ္ဓေါ မြတ်စွာဘုရားသည်၊ (ပတိဋ္ဌိတော အရဏ်တက်ရာ ဝိဒေဟာသို့ မျက်နှာရှေး၍ တည်တော်မူ၏ ။)

ဒက္ခိဏေ စ ဘုရားလက်ျာ တောင်မျက်နှာ၏ ကောင်းစွာခင်းထ နေရာလှ၌ကား၊ သာရိပုတ္တော ဓမ္မသေနာပတိ အမည်ရှိသော သာရိပုတ္တရာ မဟာထေရ်မြတ် ကဝိထွတ်သည်လည်း၊ (ပတိဋ္ဌိတော ဘုရားရှိရာ ရှိသေစွာဖြင့် မျက်နှာရှေး၍ တည်တော်မူ၏ ။)

ပစ္ဆိမေန စ အနောက်မျက်နှာ ရပ်နေရာ၌ကား၊ အာနန္ဒော သတိ, ဂတိ, ဓိတိမန္တ, ဝီရိယ, ဥပဋ္ဌာ ငါးခါတေဒဂ် မိန့်မြွက်ရင့်ကျူး အရာထူးဖြင့် သုံးဦးဘုံခွင် ကျော်စောထင်သော အရှင်အာနန် ညီတော်မွန်သည်၊ (ပတိဋ္ဌိတော ဘုရားရှိရာ ရှိသေစွာဖြင့် မျက်နှာရှေး၍ တည်တော်မူ၏ ။)

ဥတ္တရေ စ လက်ဝဲခေါ်ရာ မြောက်မျက်နှာ၏ ကောင်းစွာခင်းထ နေရာလှ၌ကား၊ မောဂ္ဂလ္လာနော ဣဒ္ဓိမန္တ ဂုဏ်ဗလဝဖြင့် ပုညလွန်ကဲ လက်ဝဲတော်ရံ မောဂ္ဂလ္လာန် အရှင်မြတ်သည်၊ (ပတိဋ္ဌိတော ဘုရားရှိရာ ရှိသေစွာဖြင့် မျက်နှာရှေး၍ တည်တော်မူ၏ ။)

ပြုဗ္ဗဘာဂသ္မိံ အရှေ့မျက်နှာ ဖွယ်ရာခင်းအပ် နေရာမြတ်၌၊ ကောဏ္ဍညော ဓမ္မစကြာ တရားနာ၌ သစ္စာလေးအင် ရှေးဦးမြင်၍ အညာသိကောဏ္ဍည အမည်ရသော သာဝကထေရ်မြတ်သည်၊ (ပတိဋ္ဌိတော ဘုရားရှိရာ ရှိသေစွာဖြင့် မျက်နှာရှေး၍ တည်တော်မူ၏ ။)

ပါယဗ္ဗေ စ နောက်မြောက်ရပ်ခွင် နေရာပြင်၌လည်း၊ ဂဝမ္ပတိ သမာဓိကွန့်နှ ကျော်စောလှသော ဂဝမ္ပတိ အရှင်မြတ်သည်၊ (ပတိဋ္ဌိတော ဘုရားရှိရာ ရှိသေစွာဖြင့် မျက်နှာရှေး၍ တည်တော်မူ၏ ။)

နရတိ စေဝ နောက်တောင်မျက်နှာ မြတ်နေရာ၌ကား၊ ဥပါလိ ဝိနည်းဓိုရ်တွင် အရှင်ဥပါလိ မည်ရှိတွင်လတ် မထေရ်မြတ်သည်၊(ပတိဋ္ဌိတော ဘုရားရှိရာ ရှိသေစွာဖြင့် မျက်နှာရှေး၍ တည်တော်မူ၏ ။)

အဂ္ဂေယိယဥ အရှေ့တောင်ခွင် နေရာပြင်၌လည်း၊ ရေဝတော အရညကင် ဓုတင်မွေ့လျော် ရှားဟောပျော်သား ရှင်ကျော်ရေဝတ မြတ်ထေရသည်၊ (ပတိဋ္ဌိတော ဘုရားရှိရာ ရှိသေစွာဖြင့် မျက်နှာရှေး၍ တည်တော်မူ၏ ။)

သေန္နေ စေဝ အရှေ့မြောက်ညာ ရပ်ခန်းဝါ၌ကား၊ ရာဟုလော သိက္ခာကာမ ရှိသေလှသား ဘုရားသားတော် ရှင်ကျော် ရာဟုလာ ထေရ်မြတ်စွာသည်၊ (ပတိဋ္ဌိတော ဘုရားရှိရာ ရှိသေစွာဖြင့် မျက်နှာရှေး၍ တည်တော်မူ၏ ။)

## ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ

### ဘုရားကိုးဆူ ပူဇော် ဆုတောင်း

၁။ ဗုဒ္ဓေါ စ မဇ္ဈိမေ ဋ္ဌိတော၊ လောကနာထော နရာသဘော။
ဣဗ္ဗာဒေါ ပုရိသာဇညော၊ ဇိနော မေ ဒေတု ဣဗ္ဗိတံ။
၂။ သာရိပုတ္တော မဟာပညော၊ အဂ္ဂေါ ဗုဒ္ဓဿ သာဝကော။
ထေရော တု ဒက္ခိဏေ ဋ္ဌိတော၊ သောပိ မေ ဒေတု ပတ္ထနံ။
၃။ စတုရော ဧဿသမ္ဗန္ဓော၊ အာနန္ဒော လောကဘိညာတော။
ဋ္ဌိတော ဗုဒ္ဓဿ ပစ္ဆိမေ၊ သောပိ မေ ဒေတု တုဋ္ဌကံ။
၄။ မဟိဒ္ဓိကော မဟာတေဇော၊ မောဂ္ဂလ္လာနောတိ ဝိဿုတော။
ဋ္ဌိတော ဗုဒ္ဓဿ ဥတ္တရေ၊ သောပိ မေ ဒေတု ဣဒ္ဓိမံ။
၅။ ဝိနယေသု ဝိသာရဒေါ၊ ဧတဒဂ္ဂေါတိ ဝဏ္ဏိတော။
ဥပါလိ နရတိမှိ စ၊ ဋ္ဌိတော ပူရေတု မေ သုခံ။
၆။ သဗ္ဗာဒိကံ မဂ္ဂံ ပတ္တော၊ သာဝကေသု စ ဇေဋ္ဌကော။
ကောဏ္ဍညော ပုဗ္ဗဒိသာယံ၊ သော မေ ဒေတု သုခပ္ပဒံ။
၇။ အကမ္ပိတော ဝသီ ပတ္တော၊ ဒိဋ္ဌသစ္စော ဂဝမ္ပတိ။
ဋ္ဌိတော ဗုဒ္ဓဿ ဗာယပ္ပေ(ပါယပ္ပေ?)၊ သောပိ မေ ဒေတု သမ္ပတ္တိံ။
၈။ ဟိတေသနေ စ ကောဝိဒေါ၊ အမလော ဈာနဘိညာသု။
ရေဝတော အဂ္ဂိနေ ဋ္ဌိတော၊ သောပိ မေ ဒေတု သိဒ္ဓိကံ။
၉။ သိရိပုညေန သမ္ပန္နော၊ ရာဟုလော ဗုဒ္ဓဩရသော။
ဋ္ဌိတော ဗုဒ္ဓဿ ဧသနေ့၊ သောပိ မေ ဒေတု ပိယကံ။
(ဤဂါထာများနှင့်အနက်ကို ကျိုးသဲဆေးထပ်ဆရာတော်၏ “ဘုရားကိုးဆူ ပူဇော်နည်း” (ဟံသာဝတီမှု၊ ၇ ၁၀,၁၃ ၁၅။)

⁘ ⁘ ⁘ ⁘ ⁘

## ခြားနားသော အဆိုအမိန့်များ

**ဖွားဖက်တော် ၇ ပါး**

ဗုဒ္ဓဝံသဋ္ဌကထာ, ဇာတကဋ္ဌ, မဟာဝဂ္ဂဋ္ဌကထာ(သုတ်)တို့၌ကား.......

(၁) ဘဒ္ဒကစ္စာနာမည်သော ရာဟုလမယ်တော် ယသော်ဓရာမင်းသမီး (ဒေဝဒဟပြည် သုပ္ပဗုဒ္ဓမင်းနှင့် အမိတ္တာဒေဝီ မိဖုရားကြီးတို့မှ ဖွားမြင်သည်)၊

(၂) အာနန္ဒာမင်းသား (သုဒ္ဓေါဒနမင်းကြီး၏ညီတော် အမိတ္တောဒနမင်း၏သားဖြစ်သည်)၊

(၃) ဆန္နအမတ်

(၄) ကာဠုဒါယီအမတ်၊

(၅) ကဏ္ဍက(ကဏ္ဍက)မြင်းတော်၊

(၆) မဟာဗောဓိပင်=ညောင်ဗုဒ္ဓဟေပင်

(၇) ရွှေအိုးကြီးလေးလုံး။

ဆောင်ပုဒ်။ ။ အာ ဗော ကာ ယ၊ င ရွှေ ကဏ်။ (ရှေးဆောင်ပုဒ်)

ကာဠု, ယသော်၊ ညီတော်, ဆန္န၊ ကဏ္ဍက၊ သောဏ္ဍ, ဗုဒ္ဓဟေ။
ဖွားဖက်တော်မြတ်၊ ခုနစ်ရပ်၊ မှတ်ကြ မျိုးလေးထွေ။ (ဇိနတ္ထပကာသနီကျမ်း၊ ၁၄။)
ရှင်စောငါလျှင်၊ ဗောဓိပင်နှင့်၊ နတ်သွင်ယသော်၊ ညီတော်အာနန်၊ မြင်းတော်ကဏ်က၊ ငဆန်, ကာဠု၊
လေးခုရွှေအိုး၊ ပြိုးပြိုးရောင်လက်၊ တပြိုင်နက်ဖြင့်၊ ဖွားဖက်တော်စစ်၊ ဤခုနစ်နှင့်။ (မဃဒေဝလင်္ကာသစ်။)

ယသ္မိံ ပန သမယေ အမှာကံ ဗောဓိသတ္တော လုမ္ဗိနီဝနေ ဇာတော၊ တသ္မိံယေဝ သမယေ ရာဟုလမာတာ ဒေဝီ အာနန္ဒော ဆန္နော ကာဠုဒါယီ အမစ္စော ကဏ္ဍကော(အာဇာနီယော ကန္ထကောသီ) အဿရာဇာ မဟာဗောဓိရုက္ခော စတဿော နိဓိကုမ္ဘိယော စ ဇာတာ၊ တတ္ထ ဧကော ဂါဝုတပ္ပမာဏော ဧကော အဍ္ဎယောဇနပ္ပမာဏော ဧကော တိဂါဝုတပ္ပမာဏော ဧကော ယောဇနပ္ပမာဏော အဟောသိ။ ဣမေ သတ္တ သဟဇာတာ နာမ ဟောန္တိ။ (ဗုဒ္ဓဝံသဋ္ဌကထာ၊ ၃၂၂။)

ယသ္မိံ ပန သမယေ အမှာကံ ဗောဓိသတ္တော လုမ္ဗိနီဝနေ ဇာတော၊ တသ္မိံယေဝ သမယေ ရာဟုလမာတာ ဒေဝီ, အာနန္ဒတ္ထေရော, ဆန္နော အမစ္စော, ကာဠုဒါယီ အမစ္စော, ကဏ္ဍကော အဿရာဇာ, မဟာဗောဓိရုက္ခော, စတဿော နိဓိကုမ္ဘိယော စ ဇာတာ။ တတ္ထ ဧကာ ဂါဝုတပ္ပမာဏာ၊ ဧကာ အဍ္ဎယောဇနပ္ပမာဏာ၊ ဧကာ တိဂါဝုတပ္ပမာဏာ၊ ဧကာ ယောဇနပ္ပမာဏာ အဟောသီတိ။ ဣမေ သတ္တ သဟဇာတာ နာမ။ (ဇာတက၊ ဋ၊ ၁၊ ၆၃ ၆၄။ အပဒါန၊ ဋ၊ ၁၊ ၆၅။)

သီဟိုဠ်မူ၌ကား "ရာဟုလမာတာ ဒေဝီ, ဆန္နော အမစ္စော, ကာဠုဒါယီ အမစ္စော, အာဇာနီယော ဟတ္ထိရာဇာ, ကန္ထကော" ဟုရှိ၏။

သဗ္ဗညုဗောဓိသတ္တေန ကိရ သဒ္ဓိံ ရာဟုလမာတာ အာနန္ဒတ္ထေရော ဆန္နော ကဏ္ဍကော နိဓိကုမ္ဘော မဟာဗောဓိ ကာဠုဒါယီတိ ဣမာနိ သတ္တ သဟဇာတာနိ။ (ဒီ၊ ဋ၊ ၂၊ ၁၈။)

အင်္ဂုတ္တရအဋ္ဌကထာ တေဒဂ္ဂဝဂ် ကာဠုဒါယီဝတ္ထုအဖွင့်နှင့် သာရတ္ထဒီပနီဋီကာ မဟာခန္ဓက ရာဟုလဝတ္ထုအဖွင့်တို့၌ကား.......

၁။ ဗောဓိပင်၊
၂။ ရာဟုလမယ်တော် ယသော်ဓရာ၊
၃။ ရွှေအိုးကြီးလေးလုံး၊
၄။ အာရောဟနိယ(အာရောဟနိယ)ဆင်တော်၊
၅။ ကဏ္ဍက(ကဏ္ဍက သျာ၊ ကန္ထက-သီ, သျာ)မြင်းတော်၊
၆။ ဆန္နအမတ်၊
၇။ ကာဠုဒါယီအမတ်။

ဤ၌ အာနန္ဒမင်းသား မပါ။

ဗောဓိသတ္တေန ဟိ သဒ္ဓိံ ဗောဓိရုက္ခော ရာဟုလမာတာ စတဿော နိဓိကုမ္ဘိယော အာရောဟနိယဟတ္ထိ ကဏ္ဍကော (ကန္ထကော သီ,သျာ) ဆန္နော ကာဠုဒါယီတိ ဣမေ သတ္တ ဧကဒိဝသေ ဇာတတ္တာ သဟဇာတာ နာမ အဟေသုံ။

(အံ၊ ဋ၊ ၁၊ ၂၃၄။)

ဗောဓိသတ္တေန ဟိ သဒ္ဓိံ ဗောဓိရုက္ခော ရာဟုလမာတာ စတဿော နိဓိကုမ္ဘိယော အာရောဟနိယဟတ္ထိ ကဏ္ဍကော(ကဏ္ဍကော၊သျာ) ဆန္နော ကာဠုဒါယီတိ ဣမေ သတ ဧကဒိဝသေ ဇာတတ္တာ သဟဇာတာ နာမ အဟေသုံ။ (သာရတ္ထ၊ ၃၊ ၂၄၄။)

# ဒုလ္လဘငါးပါး ဆိုမိန့်များ

သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ၌လာသော ဒုလ္လဘ၅ ပါး.....

(၁) ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ=ဘုရားပွင့်တော်မူရာ အချိန်အခါကို ရခဲခြင်း၊
(၂) မနုဿတ္တပဋိလာဘ ဒုလ္လဘ=လူ၏အဖြစ်ကို ရခဲခြင်း၊
(၃) သဒ္ဓါသမ္ပတ္တိ ဒုလ္လဘ=ယုံကြည်မှုအမျိုးမျိုး(သဒ္ဓါသမ္ပတ္တိအမျိုးမျိုး)ကို ရခဲခြင်း၊
(၄) ပဗ္ဗဇ္ဇ ဒုလ္လဘ=ရဟန်းအဖြစ်ကို ရခဲခြင်း၊
(၅) သဒ္ဓမ္မဿဝန ဒုလ္လဘ=သူတော်ကောင်းတရားကို နာကြားရခြင်းကို ရခဲခြင်း။

"သဒ္ဓါသမ္ပတ္တိ"ဟူသည် ဘုရားရဟန္တာတို့ရောက်နိုင်ရာ သို့မဟုတ် တရားတော်၏ပျံ့နှံ့ရာ အရပ်ဒေသ၌ နေရခြင်းဟူသော ပဋိရူပဒေသဝါသ, ဘုရားဖူးနိုင် တရားနာနိုင်သော မျက်စိ(စက္ခုန္ဒြေ) နား(သောတိန္ဒြေ)စသည်တို့၏မချို့တဲ့ခြင်း, ဘုရားဖူး တရားနာရသဖြင့် သဒ္ဓါတရားကို ရခြင်း ဤအားလုံးတည်း။

အင်္ဂုတ္တရနိကာယ် ဧကကနိပါတ် အဋ္ဌကထာ, ဇိနာလင်္ကာရဋီကာတို့၌လာသော ဒုလ္လဘ ၅ပါးတွင်ကား (၃) ခဏသမ္ပတ္တိ ဒုလ္လဘ=ခဏ၏ပြည့်စုံမှုကို ရခဲခြင်း ဟု ဆိုသည်သာ ထူး၏၊ သမ္ပတ္တိဒုလ္လဘနှင့် ခဏသမ္ပတ္တိဒုလ္လဘသည် အတူတူပင်တည်း။ အထ ဘဂဝါ ဇဝံ ကတပုရေဘတ္တကိစ္စော ဂန္ဓကုဋိယာ ဥပဋ္ဌာနေ နိသိဒိတွာ ပါဒေ ပက္ခာလေတွာ ပါဒပီဌေ ဌတွာ ဘိက္ခုသံဃံ ဩဝဒတိ "ဘိက္ခဝေ အပ္ပမာဒေန သမ္ပာဒေထ၊ ဒုလ္လဘော ဗုဒ္ဓုပ္ပါဒေါ လောကသ္မိံ၊ ဒုလ္လဘော မနုဿတ္တပဋိလာဘော၊ ဒုလ္လဘာ သမ္ပတ္တိ၊ ဒုလ္လဘာ ပဗ္ဗဇ္ဇာ၊ ဒုလ္လဘံ သဒ္ဓမ္မဿဝန"န္တိ။ (သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ၊ ဗြဟ္မဇာလသုတ်၊ ၄၇။)

ခဏသမ္ပတ္တိ (သီ၊ သျှ)

ဒုလ္လဘာ သမ္ပတ္တီတိ သတိပိ မနုဿတ္တပဋိလာဘေ ပတိရူပဒေသဝါသဣန္ဒြိယာဝေကလ္လသဒ္ဓါပဋိလာဘာဒယော သမ္ပတ္တိ သခ်ါတာ ဂုဏာ ဒုလ္လဘာတိ အတ္ထော။ (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၁၊ ၂၀၈။)

ဘိက္ခဝေ အပ္ပမာဒေန သမ္ပာဒေထ၊ ဒုလ္လဘော ဗုဒ္ဓုပ္ပါဒေါ လောကသ္မိံ၊ ဒုလ္လဘော မနုဿတ္တပဋိလာဘော၊ ဒုလ္လဘာ ခဏ သမ္ပတ္တိ၊ ဒုလ္လဘာ ပဗ္ဗဇ္ဇာ၊ ဒုလ္လဘံ သဒ္ဓမ္မဿဝနံ။ (အံ၊ ဧကကနိပါတဋ္ဌကထာ၊ အစ္ဆရာသင်္ဃာတဝဂ်၊ ၁၊ ၄၅။)

သဒ္ဓါသမ္ပတ္တိ (သျှ၊ က)

ဒုလ္လဘာ ခဏသမ္ပတ္တီတိ သတိပိ မနုဿတ္တပ္ပဋိလာဘေ ပတိရူပဒေသဝါသဣန္ဒြိယာဝေကလ္လသဒ္ဓါပဋိလာဘာဒယော ဂုဏာ ဒုလ္လဘာတိ အတ္ထော။ (အံ၊ ဋီ၊ ၁=ဧကကနိပါတ အင်္ဂုတ္တရဋီကာ၊ ၁၀၅။)

အထ ဘဂဝါ ဇဝံ ကတပုရေဘတ္တကိစ္စော ဂန္ဓကုဋိယာ ဥပဋ္ဌာနကေ ပညတ္တာသနေ နိသိဒိတွာ ပါဒေ ပက္ခာလေတွာ ပါဒ ပီဌေ ဌတွာ ဘိက္ခုသံဃံ ဩဝဒတိ၊ ဘိက္ခဝေ အပ္ပမာဒေန သမ္ပာဒေထ၊ ဒုလ္လဘော ဗုဒ္ဓုပ္ပါဒေါ လောကသ္မိံ၊ ဒုလ္လဘော မနုဿတ္တပဋိ လာဘော၊ ဒုလ္လဘာ ခဏသမ္ပတ္တိ၊ ဒုလ္လဘာ ပဗ္ဗဇ္ဇာ၊ ဒုလ္လဘံ သဒ္ဓမ္မဿဝဏန္တိ။ ကေ ဘဂဝတာ သုဂတောဝါဒဝသေန ဝုတ္တော ဓမ္မော ဒီဃနိကာယ မဇ္ဈိမနိကာယပ္ပမာဏော ဟောတိ။ (ဇိနာလင်္ကာရဋီကာ၊ ၄၉။)

သဂါထာဝဂ္ဂဋ္ဌကထာ, သုတ္တနိပါတဋ္ဌကထာတို့၌လာသော ဒုလ္လဘ ၅ ပါးကား.....

(၁) ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ၊
(၂) မနုဿတ္တပဋိလာဘ ဒုလ္လဘ၊
(၃) သဒ္ဓါသမ္ပတ္တိ ဒုလ္လဘ=သဒ္ဓါတရားနှင့်ပြည့်စုံမှုကို ရခဲခြင်း၊
(၄) ပဗ္ဗဇ္ဇ ဒုလ္လဘ၊
(၅) သဒ္ဓမ္မဿဝန ဒုလ္လဘ။

ဘိက္ခဝေ အပ္ပမာဒေန သမ္ပာဒေထ၊ ဒုလ္လဘော ဗုဒ္ဓုပ္ပါဒေါ လောကသ္မိံ၊ ဒုလ္လဘော မနုဿတ္တပဋိလာဘော၊ ဒုလ္လဘာ သဒ္ဓါ သမ္ပတ္တိ၊ ဒုလ္လဘာ ပဗ္ဗဇ္ဇာ၊ ဒုလ္လဘံ သဒ္ဓမ္မဿဝနံ။ (သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂဋ္ဌကထာ၊ ၂၂၅။)

ဘိက္ခဝေ အပ္ပမာဒေန သမ္ပာဒေထ၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ၊ မနုဿပဋိလာဘော ဒုလ္လဘော၊ သဒ္ဓါသမ္ပတ္တိ ဒုလ္လဘာ၊ ပဗ္ဗဇ္ဇာ ဒုလ္လဘာ၊ သဒ္ဓမ္မဿဝနံ ဒုလ္လဘံ လောကသ္မိံ။ (သုတ္တနိပါတဋ္ဌကထာ၊ ၁၊ ၁၂၀ ၁၂၁။)

ခဏသမ္ပတ္တိ (သီ)

## ဝါဆိုစဉ်ဌာနနှင့်ပတ်သက်၍ မတူညီသောအဆိုအမိန့်များ

တထာဂတုပ္ပတ္တိတွင် ဒုတိယဇောဓိ, တတိယဇောဓိတို့၌ ဝါကိုပြုရမှာ........သတ္တဝီသတိမ(၂၇ခုမြောက်)ဝါ စာလိယတောင်၌လည်းကောင်း, အဋ္ဌတိံသမ(၃၈ ခုမြောက်)ဝါ ပဲစဉ်းခုံတော (ဘေသကလာဝန)၌လည်းကောင်း, ဧကူနစတ္တာလီသမ(၃၉ ခုမြောက်)ဝါ, စတ္တာလီသမ(၄၀ ခုမြောက်)ဝါ, ဧကစတ္တာလီသမ(၄၁ ခုမြောက်)ဝါ သာဝတ္ထိမြို့တော်၌လည်းကောင်း, ဒွေစတ္တာလီသမ(၄၂ ခုမြောက်)ဝါ စာလိယတောင်၌လည်းကောင်း, တေစတ္တာလီသမ(၄၃ ခုမြောက်)ဝါ, စတုစတ္တာလီသမ(၄၄ ခုမြောက်)ဝါ ကပိလဝတ္ထုမြို့တော် နိဂြောဓာရုံကျောင်းတိုက်၌လည်းကောင်း ဝါဆိုတော်မူသည် ဟုလာ၏။

သတ္တဝီသတိမေ ဝဿေ စာလိယပဗ္ဗတေ ဘဂဝါ ဝဿံ ဝသိ၊ အဋ္ဌတိံသမေ ဝဿေ ဘဂဝါ ဘေသကလာဝနေ ဝဿံ ဝသိ၊ ဧကူနစတ္တာလီသမေ ဝဿေ စတ္တာလီသမေ ဝဿေ ဧကစတ္တာလီသမေ ဝဿေ ပုန သာဝတ္ထိယံ ဝဿံ ဝသိ၊ ဒွေစတ္တာလီသမေ ဝဿေ ပုန စာလိယပဗ္ဗတေ ဝဿံ ဝသိ၊ တေစတ္တာလီသမေ ဝဿေ စတုစတ္တာလီသမေ ဝဿေ ကပိလဝတ္ထုနဂရေ နိဂြောဓာရာမေ

ဝဿံ ဝသိ။ (တထာဂတုပ္ပတ္တိ၊ )

ဗုဒ္ဓဝံသဋ္ဌကထာ, အင်္ဂုတ္တရဋ္ဌကထာ, ဓမ္မပဒဋ္ဌကထာတို့၌ကား ဝါတော်(၂၁)ဝါမှစ၍ ဝါတော်(၄၅)ဝါအထိ သာဝတ္ထိမြို့တော်ကို အမှီပြု၍ ဇေတဝန်ကျောင်းတိုက်နှင့် ပုဗ္ဗာရုံကျောင်းတိုက်တို့၌ သီတင်းသုံးနေတော်မူသည် ဟုလာ၏။

တတော ပဋ္ဌာယ ပန သာဝတ္ထိံ ဥပနိဿာယ ဇေတဝနမဟာဝိဟာရေ စ ပုဗ္ဗာရာမေ စ ဓုဝပရိဘောဂဝသေန ဝသိ။ (ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၄။)

တတော ပဋ္ဌာယ ပန ဒွေ သေနာသနာနိ ဓုဝပရိဘောဂါနိ အကာသိ။ ကတရာနိ ဒွေ? ဇေတဝနဉ္စ ပုဗ္ဗာရာမဉ္စ။ (အံ၊ ဋ္ဌ၊ ၂၊ ၃၀။)

အနာထပိဏ္ဍိကေန ကာရိတေ ဇေတဝနမဟာဝိဟာရေ ဧကူနဝီသတိဝဿာနိ, ဝိသာခါယ သတ္တဝီသတိကောဋိဓနပရိစ္စာဂေန ကာရိတေ ပုဗ္ဗာရာမေ ဆဗ္ဗဿာနီတိ ဒွိန္နံ ကုလာနံ ဂုဏမဟတ္တတံ ပဋိစ္စ သာဝတ္ထိံ နိဿာယ ပဉ္စဝီသတိဝဿာနိ ဝဿာဝါသံ ဝသိ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၁၃။)

ဝဇီရဗုဒ္ဓိဋီကာ၌ကား...တစ်ဆယ့်ခုနစ်ဝါ, တစ်ဆယ့်ရှစ်ဝါ, တစ်ဆယ့်ကိုးဝါ, နှစ်ဆယ်မြောက်ဝါတို့ဝယ် ရာဇဂြိုဟ်၌ ဝါဆိုတော်မူ၏ ဟု လာသည်။

သောဠသမံ အာဠဝိယံ၊ တတော ဝုတ္တဝသော စာရိကံ စရန္တော ရာဇဂဟံ ပတွာ သတ္တရသမံ ဝသိ၊ ဣမိနာ အနုက္ကမေန အပရာနိပိ တီဏိ ဝဿာနိ တတ္ထေဝ ဝသိ။ တွော်ဝတာ ဘဂဝါ ပရိပုဏ္ဏဝီသတိဝဿော ရာဇဂဟတော အနုပုဗ္ဗေန ဝေသာလိံ ပါပုဏိ။ (ဝဇီရဗုဒ္ဓိ၊ ၆၆။)

ဗုဒ္ဓဝံသဋ္ဌကထာ, အင်္ဂုတ္တရဋ္ဌကထာ, ဇိနာလင်္ကာရဋီကာတို့၌ကား "အဋ္ဌာရသမံ စာလိယပဗ္ဗတေယေဝ"တစ်ဆယ့်ရှစ်ဝါမြောက်ဝယ် စာလိယတောင်၌ ဝါဆိုတော်မူ၏ ဟု လာသည်။

ဗုဒ္ဓဝံသဋ္ဌကထာ, အင်္ဂုတ္တရဋ္ဌကထာ, ဓမ္မပဒဋ္ဌကထာ, ဇိနာလင်္ကာရဋီကာတို့၌ကား...ပဌမဗောဓိ(ဝါနှစ်ဆယ်)နောက် နှစ်ဆယ့်ငါးဝါမှာ သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတိုက်၌လည်းကောင်း, ပုဗ္ဗာရုံကျောင်းတိုက်၌လည်းကောင်း ဝါဆိုတော်မူ၏ လာရှိသောကြောင့် "လေးဆယ့်ငါးဝါမြောက်နောက်ဆုံးဝါမှာ သာဝတ္ထိမြို့တော်၌ပင် ဝါဆိုကြောင်း"ထင်ရှား၏။

မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်, ယင်းအဋ္ဌကထာ, တထာဂတုပ္ပတ္တိတို့၌ကား...လေးဆယ့်ငါးဝါမြောက် နောက်ဆုံးဝါမှာ ဝေသာလီမြို့တော်၏အနီး ဝေဠုဝရွာငယ်၌ ဝါဆိုတော်မူကြောင်း လာရှိ၏။

တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ "ထေ တုမှေ ဘိက္ခဝေ သမန္တာ ဝေသာလိံ ယထာမိတ္တံ ယထာသန္ဒိဋ္ဌံ ယထာသမ္ဘတ္တံ ဝဿံ ဥပေထ(ဥပဂစ္ဆထ၊သျာ)၊ အဟံ ပန ဣဓေဝ ဝေဠုဝဂါမကေ ဝဿံ ဥပဂစ္ဆာမီ"တိ။...ဘဂဝါ ပန တတ္ထေဝ ဝေဠုဝဂါမကေ ဝဿံ ဥပဂစ္ဆိ။ (ဒီ၊ ၂၊ ၈၄။)

ဝေဠုဝဂါမကောတိ ဝေသာလိယာ သမီပေ ဝေဠုဝဂါမော။ (ဒီ၊ ဋ္ဌ၊ ၂၊ ၁၃၆။)

မှတ်ချက်။ ။ သမန္တစက္ခုဒီပနီ နဝမတွဲ စာမျက်နှာ ၆၃၀ ၌ကား သုတ်မဟာဝါ အဋ္ဌကထာ၌လည်း

ဝေဠုဝဂါမကေတိ ဝေသာလိယာ သမီပေ ပါဒုလိဂါမေ။ ပါရှိသောကြောင့် မုံရွေးဇေတဝန်ဆရာတော်၏ပေစာမှု၌ ယင်းကဲ့သို့ ရှိဟန်တူ၏။

ပဉ္စစတ္တာလီသမေ ဝသေ ပန ဝေဠုဝဂါမကေ ပစ္ဆိမဝဿံ ဝသိ။ (တထာဂတုပ္ပတ္တိ၊)

သမန္တစက္ခုဒီပနီကျမ်းအလိုကား...

အနာထပိဏ္ဍိကေန ကာရိတေ ဇေတဝနမဟာဝိဟာရေ ဧကူနဝီသတိဝဿာနိ, ဝိသာခါယ သတ္တဝဏ္ဏသတိကောဋိဓနပရိစ္စာဂေန ကာရိတေ ပုဗ္ဗာရာမေ ဆဗ္ဗဿာနီတိ ဒွိန္နံ ကုလာနံ ဂုဏမဟတ္တတံ ပဋိစ္စ သာဝတ္ထိံ နိဿာယ ပဉ္စဝီသတိဝဿာနိ ဝဿာဝါသံ ဝသိ။ အနာထပိဏ္ဍိကောပိ ဝိသာခါပိ မဟာဥပါသိကာ နိဗဒ္ဓံ ဒိဝသဿ ဒွေ ဝါရေ တထာဂတဿ ဥပဋ္ဌာနံ ဂစ္ဆန္တိ။ (ဓမ္မပဒ၊ဋ္ဌ၊၁၁၃။) ဟူ၍ ဓမ္မပဒအဋ္ဌကထာ လာသည်၊ ဤစကားကိုလည်း တိုက်ရိုက်ယူသော် နောက် နှစ်ဆယ့်ငါးဝါပင် သာဝတ္ထိပြည်၌ ဝါဆိုတော်မူသည်ဟု ယူရန်ရှိသည်၊ ရှိသည်အတိုင်းယူသော် ယခင် သုတ်မဟာဝါအဋ္ဌကထာတို့နှင့် ဆန့်ရာသည်။ ဤအရာတွင် ဆရာတို့ပြင်၍ ယူသည်မှာ "ဝဿံဝုတ္ထော"ဟူရာ၌ ဝဿသဒ္ဒါကို ဝါတွင်းသုံးလကို ယူရာသည်။ "ဝဿ သံဝစ္ဆရာ နိတ္ထီ"ဟု အဘိဓာန်၌ လာသော ကြောင့် ဝဿသဒ္ဒါသည်ပင် နှစ်ကိုလည်း ဟော၏။ ထို့ကြောင့် နှစ်ဆယ့်ငါးနှစ်ယူသော် သင့်၏ဟု ယူတော်မူကြ၏။

သီမဝိသောဓနဆရာကား ပဌမဗောဓိ၌ ဇေတဝန်ကျောင်းတော်၌ တဆယ့်ကိုးဝါ, ပုဗ္ဗာရုံကျောင်းတော်၌ ခြောက်ဝါနေတော်မူပြီး၍ အဆုံးစွန် ပရိနိဗ္ဗာန်ပြုတော်မူအံ့သောနှစ်၌ ဝေဠုဝ၊ရွာ၌ ဝါကပ်တော်မူကြောင်းကို လာ၏။ ဤသို့လာတိုင်း ယူပြန်သော် သာဝတ္ထိပြည်၌ပင် နှစ်ဆယ့်ငါးဝါ, ဝေဠုဝရွာ၌တဝါ ပေါင်း နှစ်ဆယ့်ခြောက်ဝါ ဖြစ်ခဲ့ရကား ပဌမဗောဓိက ဝါနှစ်ဆယ်နှင့်ပေါင်းသော် ဝါတော်၌ လေးဆယ့်ခြောက်ဝါ ရှိပြန်သဖြင့် ထိုစကားကိုလည်း ဆရာတို့ဝန်မခံကုန်။

ငါတို့အယူသော်ကား ယခင် ဓမ္မပဒအဋ္ဌကထာပါဠိကို ဆရာတို့ပရိယာယ်ကြံ၍ ယူတိုင်း နှစ်ဆယ့်ငါးနှစ်မှန်၏၊ ဝါသော်ကား နှစ်ဆယ့်လေးဝါမျှသာ ဝေဠုဝရွာ၌ တဝါနှင့်ပေါင်းသော် နှစ်ဆယ့်ငါးဝါစေ့၏။ သဘောလည်း လျော်၏ဟု ယူသည်။ ယသဝဓမ္မန၌ ဝေဠုဝရွာ၌ ဝါဆိုသည်ကို မပါ၊ ရာဇမဏိစူလာဇာတ် ကမ္ဘည်း၌ကား ဝေဠုဝရွာ၌ ဝါဆိုတော်မူသည်ကို လာသည်။ အလုံးစုံကျမ်းတို့၌ လာသည်ကို အညီအညွတ် ယူရမည်အရာသော်ကား ခဲ၏။ ယခုဆိုလတ္တံ့သည်ကား ခလိတာခလိတလေခဝိနိစ္ဆယဆရာ, ဝိနယသာရဆရာတို့ညှိ၍ သင့်၏ဟု ဆိုသည့်ဂါထာဖြင့် ပြပေအံ့။

၁။ မဟာကာရုဏိကော နာထော၊ လောကဟိတံ ဂဝေသန္တော။
ပဌမံ ဣသိပတနေ၊ ဒုတိယံ တတိယမ္ဟိ။
၂။ စတုတ္ထသတ္တရသမ၊ ဝီသတိမေ ဂိရိဗ္ဗဇေ။
ပဥ္စမဥ္စ ဝေသာလိယံ၊ ဆဋ္ဌံ ဗကုလပဗ္ဗတေ။
၃။ သတ္တမံ တာဝတိံသေသု၊ ဘဂ္ဂေသု ပန အဋ္ဌမံ။
ကောသမ္ဗိယဥ္စ နဝမံ၊ ဒသမံ ပါလိလေယျကေ။
၄။ ဧကာဒသမံ နာဠာယံ၊ ဒွါဒသမေ ဓိရော ဝသိ။
ဝေရဥ္ဇာယံ ဒွါဒသမံ၊ ဝသိ လောကဟိတော ဇိနော။
၅။ တေရသဋ္ဌာရသမကာ၊ ဧကူနဝီသတိမေဝ စ။
စာလိယပဗ္ဗတေ ယေဝ၊ ဇေတေ စုဒ္ဒသမံ နာထော။
၆။ ကပိလေ ပဥ္စဒသမံ၊ အာဠဝိယံ ဇိနော သောဠ။
သမံ သာဝတ္ထိယံ တတော၊ စတုဝီသတိဝဿာနိ။
၇။ ပုဗ္ဗာရာမေ စ ဇေတေ စ၊ ဝသိတွာ ပရိယာယေန။
အန္တိမေ ပန ဝဿမှိ၊ ဝေဠုဝေ ဝသိတံ ဝန္ဒေ။

[မှတ်ချက်။ ။ ၆ နံပါတ် ဂါထာ၌ ဒုတိယပါဒအဆုံးသည် တတိယပါဒအစနှင့်စပ်ထားသည်၊ ဆန်းကျမ်းလာ ဂါထာစည်းမျဉ်းအရ မစပ်ကောင်းသောအရာ ဖြစ်သည်။]

အနက်ကား။ ။ မဟာကာရုဏိကော ကြီးမြတ်သောကရုဏာနှင့်ယှဉ်ထသော၊ နာထော မြတ်စွာဘုရားသည်၊ လောကဟိတံ သတ္တလောက၏အစီးအပွါးကို၊ ဂဝေသန္တော ရှာတော်မူလျက်၊ ပဌမံ ပဌမဝါကို၊ ဣသိပတနေ ဣသိပတနအမည်ရှိသော မိဂဒါဝုန်တော၌၊ ဝသိ ဝါဆိုတော်မူ၏၊ ဒုတိယမ္ဟိ ဒုတိယဝါကိုလည်းကောင်း၊ တတိယမ္ဟိ တတိယဝါကိုလည်းကောင်း၊ စတုတ္ထသတ္တရသမဝီသတိမေ စတုတ္ထဝါ, သတ္တရသမဝါ, ဝီသတိမဝါတို့ကိုလည်းကောင်း၊ ဂိရိဗ္ဗဇေ ရာဇဂြိုဟ်ပြည်၌၊ ဝသိ ဝါဆိုတော်မူ၏၊ ပဥ္စမဥ္စ ပဥ္စမဝါကိုကား၊ ဝေသာလိယံ ဝေသာလီပြည်၌၊ ဝသိ ဝါဆိုတော်မူ၏၊ ဆဋ္ဌံ ဆဋ္ဌဝါကို၊ ဗကုလပဗ္ဗတေ ဗကုလတောင်၌၊ ဝသိ နေတော်မူ၏၊ သတ္တမံ သတ္တမဝါကို၊ တာဝတိံသေသု တာဝတိံသာနတ်ပြည်တို့၌၊ ဝသိ ဝါဆိုတော်မူ၏၊ အဋ္ဌမံ ပန အဋ္ဌမဝါကိုကား၊ ဘဂ္ဂေသု ဘဂ္ဂတိုင်းတို့၌၊ ဝသိ နေတော်မူ၏၊ နဝ မဥ္စ နဝမဝါကိုကား၊ ကောသမ္ဗိယံ ကောသမ္ဗီပြည်၌၊ ဝသိ နေတော်မူ၏၊ ဒသမံ ဒသမဝါကို၊ ပါလိလေယျကေ ပါလိလေယျကတော၌၊ ဝသိ နေတော်မူ၏၊ ဓိရော တည်ကြည်သော သမာဓိရှိတော်မူသော မြတ်စွာဘုရားသည်၊ ဧကာဒသမံ ဧကာဒသမဝါကို၊ နာဠာယံ နာဠမည်သော၊ ဒွိဇဂါမေ ပုဏ္ဏားရွာ၌၊ ဝသိ နေတော်မူ၏၊ လောကဟိတော လူသုံးပါးတို့၏အစီးအပွါးကို ဆောင်တော်မူသော၊ ဇိနော မြတ်စွာဘုရားသည်၊ ဒွါဒသမံ ဒွါဒသမဝါကို၊ ဝေရဥ္ဇာယံ ဝေရဥ္ဇာပြည်၌၊ ဝသိ နေတော်မူ၏၊ တေရသဋ္ဌာရသမကာဧကူနဝီသတိမေဝ တေရသမဝါ, အဋ္ဌာရသမဝါ,ဧကူနဝီသတိမဝါတို့ကို၊ စာလိယပဗ္ဗတေယေဝ စာလိယတောင်၌လျှင်၊ ဝသိ နေတော်မူ၏၊ နာထော လူနတ်တို့၏ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ စုဒ္ဒသမံ စုဒ္ဒသမဝါကို၊ ဇေတေ ဇေတဝန်ကျောင်းတော်၌၊ ဝသိ နေတော်မူ၏၊ ပဥ္စဒသမံ ပဥ္စဒသမဝါကို၊ကပိလေ ကပိလဝတ်ပြည်၌၊ ဝသိ နေတော်မူ၏၊ ဇိနော မြတ်စွာဘုရားသည်၊ သောဠသမံ သောဠသမဝါကို၊ အာဠဝိယံ အာဠဝီပြည်၌၊ ဝသိ နေတော်မူ၏၊ တတော ထို့နောင်မှ၊ သာဝတ္ထိယံ သာဝတ္ထိပြည်၌၊ စတုဝီသတိဝဿာနိ နှစ်ဆယ့်လေးဝါတို့ပတ်လုံး၊ ပုဗ္ဗာရာမေ စ ပုဗ္ဗာရုံကျောင်း၌လည်းကောင်း၊ ဇေတေစ ဇေတဝန်ကျောင်းတော်၌လည်းကောင်း၊ ပရိယာယေန အလှည့်အလည်အားဖြင့်၊ ဝသိတွာ နေတော်မူပြီး၍၊ အန္တိမေ ပန ဝဿမှိ ပရိ

နိဗ္ဗာန်စံယူတော်မူသောနှစ်၌ကား၊ ဝေဠုဝေ ဝေဠုဝရွာ၌၊ ဝသိ ဝါဆိုတော်မူ၏၊ တံ နာဝထံ ထိုမြတ်စွာဘုရားကို၊ ဝန္ဒေ ဝန္ဒာမိ ရှိခိုးပါ၏။

ဤဂါထာနှင့် အညီမှတ်သော် သင့်သည်များလိမ့်မည်ဟု ထင်သည်။ ဗုဒ္ဓဝင်အဋ္ဌကထာ၌

အဋ္ဌာရသမံ စာလိယပဗ္ဗတေ ယေဝ၊ တထာ ဧကူနဝီသတိမံ။ ဝီသတိမံ ပန ဝဿံ ရာဇဂဟေယေဝ ဝသိ။ (ဗုဒ္ဓဝံသ၊ ၄၊ ၄။)ဟူသောပါဠိကို ယသဝဓနန္ဒ တဆယ့်ရှစ်ဝါ စာလိယတောင်၌ ဝါဆိုတော်မူ၏။ တဆယ့်ကိုးဝါ ဝါနှစ်ဆယ်ကား ရာဇဂြိုဟ်ပြည်၌ ဝါဆိုတော်မူ၏ဟု ဆိုသည်။ သည်တွင် ဆရာတို့ယူကြသည်လည်း မတူလို။ ဝါဒကွဲပြားကြသည် များ၏။ (သမ္တစက္ခုဒီပနီ၊ နဂမတွဲ၊ ၉၃၁ ၆၃၂။)

## ပဌမဝိပါက်တော်နှင့်ပတ်သက်၍ ခြားနားသောအဆိုအမိန့်

အပဒါနဋ္ဌကထာအလိုကား ရန်ငြိုးဖွဲ့၍ ရှာန်မှရွေ့လျှောသောဒေဝဒတ်သည် ဘုရားရှင်ကို သတ်လိုသည်ဖြစ်၍ တနေ့သ၌ ဝေဘာရတောင်ခြေတွင် တည်နေတော်မူသော ဘုရားရှင်၏အပေါ်သို့ တောင်ထွတ်တစ်ခုကို လိမ့်ချလိုက်၏၊ ဘုရားရှင်၏အာနုဘော်တော်ကြောင့် အခြားတောင်ထွတ်တစ်ခုက ဆည်း၍ခံလေ၏၊ ထိုတောင်ထွတ်နှစ်ခုတို့ ထိခိုက်မှုကြောင့် ပဲ့ထွက်လာသော ကျောက်လွှာငယ်တစ်ခုက ဘုရားရှင်၏ခြေဖမိုးတော်ကို လာ၍ထိမှန်လေသည်။ [တောင်ထွတ် ဆိုသော်လည်း ကျောက်တောင်ထွတ်ဖြစ်၏၊ ခြေဖမိုးတော် ဟုဆိုသော်လည်း ခြေမတော်ဖြစ်၏။]

ဒေဝဒတ္တော ဝေရံ ဗန္ဓိတွာ ပရိဟီနဇ္ဈာနော ဘဂဝန္တံ မာရေတုကာမော ဧကဒိဝသံ ဝေဘာရပဗ္ဗတပါဒေ ဌိတဿ ဘဂဝတော ဥပရိ ဌိတော ပဗ္ဗတကူဋံ ပဝိဒ္ဓေသိ၊ ဘဂဝတော အာနုဘာဝေန အပရော ပဗ္ဗတကူဋော တံ ပတမာနံ သမ္ပဋိစ္ဆိ။ တေသံ ဃဋ္ဋနေန ဥဋ္ဌိတာ ပပဋိကာ **အာဂန္တွာ** ဘဂဝတော ပါဒပိဋ္ဌိယံ ပဟာရိ။ (အပဒါန၊ ၄၊ ၁၊ ၁၃၆။)

ဝေဘာတောင်စောင်း ကျောင်းမောင်းဆင်ကာ၊
ဒေဝဒတ်ယုတ် ခလုတ်အသာ။
သူဖြုတ်ချလို့ ဗုဒ္ဓခြေမှာ၊
ကျောက်လွှာငြိ ဒဏ်ထိဘယ်ဝင့်ပါ။ ။
(သာစုသုန္ဒရီ ယပ်လုံတရားစာ၊ ၁၈၈။)

စူဠဝဂ္ဂပါဠိတော်၌ကား ဘုရားရှင်သည် ဂိဇ္ဈကုဋ်တောင်ခြေရိပ်၌ စင်္ကြံကြွနေတော်မူ၏၊ ထိုအခါ ဒေဝဒတ်သည် "ဤကျောက်တုံးဖြင့် (လိမ့်ချ၍) ရဟန်းဂေါတမကို သတ်အံ့"ဟု ကြံရွယ်လျက် ဂိဇ္ဈကုဋ်တောင်ပေါ်သို့တက်ကာ ကြီးစွာသောကျောက်တုံးကို လိမ့်ချလိုက်လေသည်။ တောင်ထွတ်နှစ်ခုတို့သည် ထိုကျောက်တုံးကြီးကို ဆီးကြို၍ ခံကြသောကြောင့် ထိုကျောက်တုံးမှ ပဲ့ထွက်လာသောကျောက်လွှာငယ်သည် ဘုရားရှင်၏ခြေတော်၌ ထိခိုက်၍ သွေးစိမ်းတည်ရလေသည်။

တေန ခေါ ပန သမယေန ဘဂဝါ ဂိဇ္ဈကူဋဿ ပဗ္ဗတဿ ဆာယာယံ စင်္ကမတိ။ အထ ခေါ ဒေဝဒတ္တော ဂိဇ္ဈကူဋံ ပဗ္ဗတံ အာရုဟိတွာ မဟတိံ သိလံ ပဝိဇ္ဈိ "ဣမာယ သမဏံ ဂေါတမံ ဇီဝိတာ ဝေါရောပေဿာမီ"တိ။ ဒွေ ပဗ္ဗတကူဋာ **သမာဂန္တွာ** တံ သိလံ သမ္ပဋိစ္ဆိံသု။ တတော ပပတိကာ ဥပ္ပတိတွာ ဘဂဝတော ပါဒေ ရုဟိရံ ဥပ္ပါဒေသိ။ (ဝိ၊ ၄၊ ၃၅၄။)

ဓမ္မပဒဋ္ဌကထာ၌ကား (ဒေဝဒတ်သည်) "ငါသည် ဘုရားကိုသတ်၍ ဘုရားဖြစ်ပေအံ့"ဟု ဆိုပြီးလျှင် အဇာတသတ်မင်းသားမင်းအဖြစ်၌ တည်ပြီးသောအခါ ဘုရားရှင်ကို သတ်ဖို့ရန် စေလွှတ်သော လေးသမားတို့သည် သောတာပတ္တိဖိုလ်၌တည်၍ ပြန်လည်ဆုတ်နစ်လာကုန်သည်ရှိသော် မိမိကိုယ်တိုင် ဂိဇ္ဈကုဋ်တောင်ပေါ်သို့တက်၍ (ကျောက်တုံးလိမ့်ချခြင်းဖြင့်) သွေးစိမ်းတည်အောင် ပြုခြင်းတည်းဟူသော ရုဟိရုပ္ပါဒကံ(လောဟိတုပ္ပါဒကံ)ကို ပြု၍ ဤအကြောင်းဖြင့်လည်း ဘုရားရှင်ကို သတ်ခြင်းငှါ မတတ်နိုင်သည်ရှိသော တဖန် နာဠာဂိရိဆင်ကို လွှတ်ခိုင်းပြန်၏။

"အဟံ ဘဂဝန္တံ ဟန္တွာ ဗုဒ္ဓေါ ဘဝိဿာမီ"တိ ဝတွာ တသ္မိံ ရဇ္ဇေ ပတိဋ္ဌိတေ တထာဂတဿ ဝဓာယ ပုရိသေ ပယောဇေတွာ တေသု သောတာပတ္တိဖလံ ပတွာ နိဝတ္တေသု သယံ ဂိဇ္ဈကူဋပဗ္ဗတံ အဘိရုဟိတွာ ရုဟိရုပ္ပါဒကမ္မံ ကတွာ ဣမိနာပိ ဥပါယေန မာရေတုံ အသက္ကောန္တော ပုန နာဠာဂိရိံ ဝိဿဇ္ဇာပေသိ။ (ဓမ္မပဒ၊ ၄၊ ၁၊ ၉၀။)

ဂိဇ္ဈတောင်စောင်း ကျောက်မောင်းဆင်ကာ၊
ဒေဝဒတ်ယုတ် ခလုတ်အသာ။

သူဖြတ်ချလို့ ဗုဒ္ဓခြေမှာ၊
ကျောက်လွှာငြိ -ဒဏ်ထိ ဘယ်ဝိပါ။

## ရဟန္တာဖြစ်နိုင်သည့်အရွယ်နှင့်စပ်၍ မတူညီသည့်အဆိုအမိန့်

**လေးနှစ်သား ရဟန္တာ**

ကောဒိပိယထေရ်သည် လေးနှစ်သားအရွယ်၌ ရဟန္တာဖြစ်သည်။

၁၃၄။ ဇာတိယာ စတုဝဿောဟံ၊ ပဗ္ဗဇိံ အနာဂါရိယံ။
အဗုမာသေ အသမ္ပတ္တော၊ အရဟတ္တမပါပုဏိံ။
(အပဒါန်၊ ၁၊ ၄၄၀၊ ကောဒိပိယတ္ထေရအပဒါန။)

**ငါးနှစ်သား ရဟန္တာများ**

ပဥ္စသီလသမာဒါနိယထေရ်သည် ငါးနှစ်သားအရွယ်၌ ရဟန္တာဖြစ်သည်။

၁၄၆။ ဇာတိယာ ပဉ္စဝဿေန၊ အရဟတ္တမပါပုဏိံ။
(အပ၊ ၁၊ ၈၅၊ ပဥ္စသီလသမာဒါနိယတ္ထေရအပဒါန။)

စန္ဒနမာလိယထေရ်သည် ငါးနှစ်သားအရွယ် ဆံချအပြီးမှာပင် ရဟန္တာဖြစ်သည်။

၉၉။ ဇာတိယာ ပဥ္စဝဿေန၊ ပဗ္ဗဇိံ အနဂါရိယံ။
ဩရောပိတမှိ ကေသမှိ၊ အရဟတ္တမပါပုဏိံ။
(အပ၊ ၂၊ ၆၃၊ စန္ဒနမာလိယတ္ထေရအပဒါန။ ထေရဂါထာ၊ ဋ၊ ၁၊ ၃၇၅=ဝလ္လိယတ္ထေရဂါထာဝဏ္ဏနာ။)

ပဒုမထေရ်သည်လည်း ငါးနှစ်သားအရွယ်၌ပင် ရဟန္တာဖြစ်သည်။

၇၆။ နိက္ခမိတွာန ကုစ္ဆိမှာ၊ သမ္ပဇာနော ပတိဿတော။
ဇာတိယာ ပဉ္စဝဿောဟံ၊ အရဟတ္တံ အပါပုဏိံ။
(အပ၊ ၁၊ ၁၂၂၊ ပဒုမတ္ထေရအပဒါန။)

## ခုနစ်နှစ်အောက် ငယ်ရွယ်သူ တရားထူးမရနိုင်(ဓမ္မာဘိသမယ မဖြစ်နိုင်)

ယောပိ မနုဿဒဟရကော ဦနကသတ္တဝဿိကော၊ တဿ သုပ္ပဋိပန္နဿာပိ ဓမ္မာဘိသမယော န ဟောတိ။
(မိလိန္ဒပဥှ၊ ဓမ္မာဘိသမယပဥှ၊ ၂၉၈။)

ခုနစ်နှစ်အောက်ငယ်ရွယ်သော လူသူငယ်သည် ကောင်းသောအကျင့်ရှိစေကာမူ တရားထူးရသူ မဖြစ်နိုင်။

## ပဥ္စဂ္ဂဒါယကာပုဏ္ဏားအကြောင်းနှင့်စပ်၍ မတူညီသည့်အဆိုအမိန့်

သတ္ထာ တဿ စ ဗြာဟ္မဏိယာ စဿ တိဏ္ဏံ ဖလာနံ ဥပနိဿယံ ဒိသွာ ဗြာဟ္မဏဿ ဘောဇနဝေလာယံ ဂန္တွာ ဒွါရေ အဋ္ဌာသိ။

သာဝတ္ထိမြို့သား အဦး၅ မျိုးကို လှူတတ်သောကြောင့် ပဥ္စဂ္ဂဒါယကမည်သော ပုဏ္ဏားဝတ္ထုဝယ် ဓမ္မပဒအဋ္ဌကထာအလို အားဖြင့် မြတ်စွာဘုရားသည် ပုဏ္ဏားဇနီးမောင်နှံတို့၏သုံးပါးသောဖိုလ်(အနာဂါမိဖိုလ်အထိ)ကိုရနိုင်သော အကြောင်းဥပနိဿယကို မြင်တော်မူ၍ ပုဏ္ဏား၏အိမ်တံခါး၌ ရပ်တော်မူ၏၊ ပုဏ္ဏားကား တံခါးအဦး၌ အိမ်တွင်းသို့မျက်နှာမူလျက် ထမင်းစားနေ၏၊ တံခါး၌ရပ်နေတော်မူသော ဘုရားရှင်ကို မမြင်၊ ပုဏ္ဏေးမက ဘုရားရှင်ကို မြင်သော်လည်း "ခင်ပွန်းသည်ပုဏ္ဏားသည် ရဟန်းဂေါတမကိုမြင်လျှင် မိမိ၏ထမင်းကို အကယ်၍ လှူသည်ဖြစ်အံ့၊ တဖန်လည်း ငါသည် ချက်ခြင်းငှါ မတတ်နိုင်တော့အံ့"ဟု ကြံစည်လျက် ပုဏ္ဏားသည် ဘုရားရှင်ကို မမြင်အောင်ကြံဆောင်၍ ဘုရားရှင်အား ကျောပေးကာ ပုဏ္ဏား၏နောက်၌ ဘုရားရှင်ကို ဖုံးကွယ်ကိုင်ညွတ်ပြီးလျှင် လပြည့်ဝန်း

ကို လက်ဝါးဖြင့် ဖုံးအုပ်သကဲ့သို့ ရပ်တည်လေ၏၊ ထိုနောက် တစေ့တစောင်းငဲ့စောင်းကြည့်သောအခါ ရပ်နေသော ဘုရားရှင်ကို တွေ့ရလေလျှင် ပုဏ္ဏားကြားသွားမှာစိုးသောကြောင့်"ကန်တော့ပါသေး၏"ဟု မဆိုဝံ့၊ နောက်သို့ ဆုတ်ပြီးမှ တိုးတိုးသာသာလျှင် "ကန်တော့ပါသေး၏"ဟု လျှောက်ရရှာ၏။

ဘုရားရှင်သည် "ငါမကြွသွားလတ့်"ဟု ဦးခေါင်းတော်ကို လှုပ်တော်မူလျှင် ပုဏ္ဏေးမသည် တည်တံ့ခြင်းငှါ မတတ်နိုင်သည် ဖြစ်၍ ပြင်းစွာ ရယ်လေ၏၊ ထိုခဏ၌ ဘုရားရှင်သည် အိမ်တွင်းသို့ ရောင်ခြည်တော်ကို လွှတ်လေ၏၊ ပုဏ္ဏားသည် ပုဏ္ဏေးမ၏ရယ်သံကို ကြားရ၍လည်းကောင်း, ရောင်ခြည်တော်တို့၏ထွန်းလင်းတောက်ပသောအလင်းကို ကြည့်ရှု၍လည်းကောင်း ဘုရားရှင်ကို ဖူးမြင်ရလေ၏။

ထိုနောက် ပုဏ္ဏားသည် "ဘုရားရှင် ကြွလာ၍ အိမ်တံခါး၌ရပ်တည်နေသည်ကို မပြောကြားသဖြင့် ဝန်လေးလှစွာသောအမှုကို သင်ပြုဘိ၏"ဟု ပုဏ္ဏေးမအား ပြောဆိုပြီးလျှင် ထက်ဝက်စားပြီးသော ထမင်းခွက်ကိုကိုင်လျက် "အိုရှင်ဂေါတမ...တပည့်တော်သည် ငါးပါးသောအရာဌာနတို့၌ အဦးကို ပေးလှူပြီးမှသာ စားပါသည်၊ ဤထမင်းမှလည်း တပည့်တော် အလယ်၌ခွဲ၍ တစ်ခုသော ထမင်း အဖို့ကိုသာ စားရပါသေးသည်၊ တစ်ဖို့ ကျန်ပါသေးသည်၊ တပည့်တော်၏ဤဆွမ်းကို အလှူခံတော်မူပါအံ့လော့"ဟု လျှောက်လေ၏။

ဘုရားရှင်က "ငါဘုရားအား သင်၏စားကြွင်းထမင်းဖြင့် အလိုမရှိပြီ"ဟု မိန့်တော်မမူပဲ "ပုဏ္ဏား...အဦးသည်မှုလည်း ငါဘုရားအားသာလျှင် လျောက်ပတ်၏၊ အလယ်၌ခွဲ၍ ထက်ဝက်စားပြီးသော ထမင်းစားကြွင်းသည်လည်းကောင်း, အဆုံးစွန်သော ထမင်းဆုပ်သည်လည်းကောင်း ငါဘုရားအားသာလျှင် လျောက်ပတ်၏၊ ပုဏ္ဏား...ငါဘုရားတို့သည် သူတပါးပေးကမ်းသည်ကိုမှီ၍ အသက်မွေးခြင်းရှိသော ပြိတ္တာတို့နှင့်တူကုန်၏"မိန့်တော်မူ၍ သုတ္တနိပါတ်, ဥရဂဝဂ်လာ ဂါထာကို ဟောကြားတော်မူ၏။

ယဒဂ္ဂတော မဇ္ဈတော သေသတော ဝါ၊ ပိဏ္ဍံ လဘေထ ပရဒတ္တူပဇီဝီ။

နာလံ ထုတုံနောပိ နိပစ္စဝါဒီ၊ တံ ဝါပိ ဓီရာ မုနိ ဝေဒယန္တိ။

(ခု၊ ၁၊ ၃၁၀။)

ပုဏ္ဏား၏ထက်ဝက်စားပြီးသောထမင်းခွက်မှ လှူဒါန်းသောကျန်ထက်ဝက်ကို ခံယူခဲ့လေသည်။

ပုဏ္ဏားသည် "အိုရှင်ဂေါတမ အရှင်တို့သည် မိမိ၏တပည့်တို့ကို ဘိက္ခုဟူ၍ မိန့်ဆိုတော်မူပါကုန်၏၊ အဘယ်မျှဖြင့် "ဘိက္ခု"မည်သောသူ ဖြစ်ပါသနည်းဘုရား"လျှောက်ထားလေ၏။

ဘုရားရှင်က ဤပုဏ္ဏားဇနီးမောင်နှံတို့သည် ကဿပဘုရားရှင်လက်ထက်တော်၌ နာမ်ရုပ်ဟု ဆိုသောရဟန်းတို့၏စကားကို ကြားနာရဖူးသည်ကို သိမြင်တော်မူ၍ နာမ်ရုပ်နှင့်စပ်လျက် ဟောကြားခြင်းငှါ သင့်လျော်၏ဟု ဆင်ခြင်တော်မူကာ "ပုဏ္ဏား အကြင်ပုဂ္ဂိုလ်အား နာမ်တရား ရုပ်တရားအားလုံး၌ ငါ ငါ၏ဥစ္စာဟု မြတ်နိုးစွဲလမ်းမှုမရှိ၊ ယင်းနာမ်ရုပ်ပျက်စီးသော်လည်း မစိုးရိမ်၊ ထိုပုဂ္ဂိုလ်ကို "ဘိက္ခု"အစစ်ဟူ၍ ဆိုအပ်၏"ဟု အဓိပ္ပါယ်ရှိသောဂါထာကို ဟောတော်မူသည်၏အဆုံး၌ ပုဏ္ဏားဇနီးမောင်နှံတို့သည် အနာဂါမိဖိုလ်၌ တည်ကြကုန်၏။

သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။

အသတာ စ န သောစတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။

ဒေသနာဝသာနေ ဥဘောပိ ဇာယမ္ပတိကာ အနာဂါမိဖလေ ပတိဋ္ဌဟိံသု။ (ဓမ္မပဒ၊ ၄၊ ၂၊ ၃၆၅ ၃၆၇။)

အဦးအလှူ(၅)မျိုး။ ။ (၁) ခေတ္တဂ္ဂဒါန=ကောက်ခင်းလယ်၌ ရိတ်သိမ်းသောအခါ လယ်ဦးအလှူ။

(၂) ခလဂ္ဂဒါန=တလင်း၌ နယ်သောအခါ တလင်းဦးအလှူ။

(၃) ခလဘဏ္ဍဂ္ဂဒါန=တလင်းတွင် အရင်းအနီး ဘဏ္ဍာပြုသောအခါ တလင်းဘဏ္ဍာဦးအလှူ။

(၄) ကုမ္ဘဂ္ဂဒါန=ထမင်းအိုးတွင် ချက်သောအခါ ထမင်းအိုးဦးအလှူ။

(၅) ပါတဂ္ဂဒါန=ခွက်ပန်းကန်၌ ထမင်းခူးထည့်သောအခါ ခွက်ပန်းကန်ဦးအလှူ။

သော ကိရ သဿေ ခေတ္တေ ဠိတကာလေယေဝ(သဿခေတ္တဿ သောဓိတကာလေယေဝ၊သျာ၊ သဿခေတ္တေ သောဓိတကာလေယေဝ၊က) ခေတ္တဂ္ဂံ နာမ ဒေတိ၊ ခလကာလေ ခလဂ္ဂံ နာမ ဒေတိ၊ ခလဘဏ္ဍကာလေ ခလဘဏ္ဍဂ္ဂံ နာမ ဒေတိ၊ ဥက္ခလိကကာလေ ကုမ္ဘဂ္ဂံ နာမ ဒေတိ၊ ပါတိယံ ဝရိတကာလေ ပါတဂ္ဂံ နာမ ဒေတီတိ ဣမာနိ ပဉ္စ အဂ္ဂဒါနာနိ ဒေတိ၊ သမ္ပတ္တဿ အဒတွာ နာမ န ဘုဉ္ဇတိ။ တေနဿ ပဉ္စဂ္ဂဒါယကောတွေဝ နာမံ အဟောသိ။ (ဓမ္မပဒ၊ ၄၊ ၂၊ ၃၆၇။)

သုတ္တနိပါတဋ္ဌကထာ၌လာသော ပဉ္စဂ္ဂဒါန(အဦးအလှူ၅ မျိုး)များမှာ.....

(၁) ခေတ္တဂ္ဂဒါန=ရှေးဦးစွာ မှည့်လာသောကောက်ဦးအလှူ။

(၂) ရာသဂ္ဂဒါန=ရိတ်နယ်ပြီးသောစပါးတို့ကို သိမ်းစုစည်းဦးအလှူ။
(၃) ကောဋ္ဌဂ္ဂဒါန=ပဋ္ဌမဆုံး ကျည်သွင်းဦးအလှူ။
(၄) ကုမ္ဘိအဂ္ဂဒါန=ထမင်းအိုးဦးအလှူ။
(၅) ဘောဇနဂ္ဂဒါန=မိမိစားသောအခါ စားဦးအလှူ။

ဤငါးပါးသောအဦး၅ မျိုးကို ပေးလှူသောကြောင့် "ပဉ္စဂ္ဂဒါယကာ"ဟု ခေါ်လေသည်။

ပဌမပက္ကာနိယေဝ သာလိယဝဂေါစ္စမသီသာနိ အာဟရာပေတွာ ယာဂုပါယာသပုထုကာဒီနိ ပဋိယာဒေတွာ "အဂ္ဂဿ ဒါတာ မေဓာဝီ၊ အဂ္ဂံ သော အဓိဂစ္ဆတီ"တိ ဇဝံ ဒိဋ္ဌိကော ဟုတွာ ဗုဒ္ဓပမုခဿ ဘိက္ခုသံဃဿ ဒါနံ ဒေတိ၊ ဣဒမဿ ခေတ္တဂ္ဂဒါနံ။ နိပ္ဖန္နေသု ပန သဿေသု လာယိတေသု မဒ္ဒိတေသု စ ဝရဓညာနိ ဂဟေတွာ တထေဝ ဒါနံ ဒေတိ၊ ဣဒမဿ ရာသဂ္ဂဒါနံ။ ပုန တေဟိ ဓညေဟိ ကောဋ္ဌာဂါရာနိ ပူရာပေတွာ ပဌမကောဋ္ဌာဂါရဝိဝရဏေ ပဌမနီဟတာနိ ဓညာနိ ဂဟေတွာ တထေဝ ဒါနံ ဒေတိ၊ ဣဒမဿ ကောဋ္ဌဂ္ဂဒါနံ။ ယံ ယဒေဝပနဿ ဃရေ ရန္ဓေတိ၊ တတော အဂ္ဂံ အနုပ္ပတ္တပဗ္ဗဇိတာနံ အဒတွာ အန္တမသော ဒါရကာနမ္ပိ န ကိဉ္စိ ဒေတိ၊ ဣဒမဿ ကုမ္ဘအဂ္ဂဒါနံ။ ပုန အတ္တနော ဘောဇနကာလေ ပဌမုပနီတံ ဘောဇနံ ပုရေဘတ္တကာလေ သံဃဿ, ပစ္ဆာဘတ္တကာလေ သမ္ပတ္တယာစကာနံ, တဒဘာဝေ အန္တမသော သုနခါနမ္ပိ အဒတွာ န ဘုဉ္ဇတိ၊ ဣဒမဿ ဘောဇနဂ္ဂဒါနံ။ ဇဝံ သော ပဉ္စဂ္ဂဒါယကောတွေဝ အဘိလက္ခိတော အဟောသိ။

အထေကဒိဝသံ ဘဂဝါ ပစ္စူသသမယေ ဗုဒ္ဓစက္ခုနာ လောကံ ဝေါလောကေန္တော တဿ ဗြာဟ္မဏဿ ဗြာဟ္မဏိယာ စ သောတာပတ္တိမဂ္ဂဥပနိဿယံ ဒိသွာ...။ (သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၅၆ ၂၅၇။)

ဘုရားရှင်သည် ပဉ္စဂ္ဂဒါယကာပုဏ္ဏားဇနီးမောင်နံတို့၏သောတာပတ္တိမဂ်ကိုရကြောင်း ဥပနိဿယကိုမြင်တော်မူ၍ ပုဏ္ဏား၏အိမ်တံခါးသို့ ကြွရောက်လျက် ရပ်နေတော်မူ၏၊ ပုဏ္ဏားသည် စားဖွယ်ဘောဇဉ်ကိုယူလျက် ထိုင်နေလေ၏၊ ပုဏ္ဏေးမသည် ပုဏ္ဏားအား ယပ်ခတ်လျက် ရပ်နေ၍ ဘုရားရှင်ကိုမြင်ရကား "အကယ်၍ ခင်ပွန်းသည်သည် ဘုရားရှင်ကို မြင်ပါက သပိတ်ကိုယူပြီး ဘောဇဉ်ကို လှူလျှင် နောက်ထပ်တဖန် ချက်ပေးရဖွယ်ရှိ၏"ဟု တွေးတောကာ မကြည်ညိုခြင်း, မလှူလိုခြင်းကို ဖြစ်စေလျက် ပုဏ္ဏားက ဘုရားရှင်ကို မမြင်ရအောင် ထန်းရွက်ယပ်ဝန်းဖြင့် ဖုံးကွယ်စေ၏၊ ဘုရားရှင်က သိတော်မူ၍ ကိုယ်တော်ရောင်ကို လွှတ်တော်မူသောအခါ ပုဏ္ဏားသည် ရွှေအဆင်းကဲ့သို့သော အရောင်တော်ကို မြင်ရကာ "ဘာပါလိမ့်မလဲ"ဟု ကြည့်လျှင် တံခါး၌ရပ်နေတော်မူသော ဘုရားရှင်ကို တွေ့ရလေ၏၊ ပုဏ္ဏေးမလည်း "သူတော့ ဘုရားရှင်ကို မြင်သွားလေပြီ"ဟု အဆောတလျှင်ပင် ယပ်ဝန်းကိုချ၍ ဘုရားရှင်ကို ဆည်းကပ်လျက် တည်ခြင်းငါးပါးဖြင့် ရှိခိုးလေ၏၊ ထို့နောက် သူမအား တရားဟောရန် သင့်လျော်လျောက်ပတ်မှုကို သိတော်မူသောဘုရားရှင်က ...

သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။
အသတာ စ န သောစတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။
(ခု၊ ၁၊ ၆၆။)

ဤဂါထာကို ဟောတော်မူသည်၏အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်လေ၏။

ပုဏ္ဏားသည်ကား ဘုရားရှင်ကို အိမ်တွင်းသို့ ပင့်ဖိတ်၍ မြတ်သောနေရာ၌ သီတင်းသုံးစေလျက် ရေစက်ချကာ "အရှင်ဘုရား, ..အရှင်တို့သည် နတ်နှင့်တကွသောလောက၌ အမြတ်ဆုံး အလှူခံများဖြစ်ပါကုန်၏၊ လျှောက်ထားတောင်းပန်ပါ၏ တပည့်တော်၏ ဤစားဖွယ်ကို အရှင်မြတ်၏သပိတ်၌ လောင်းထည့်လှူခွင့်ပြုတော်မူပါဘုရား"ဟု လျှောက်ထား၍ မိမိအတွက်စားဖွယ်ကို ဆက်ကပ်လေ၏။ ဘုရားရှင်သည် ပုဏ္ဏားအား ချီးမြှောက်ခြင်းအလို့ငှါ ခံယူ၍ ဘုဉ်ပေးတော်မူလေ၏၊ ထို့နောက် ဘုရားရှင်သည် ပုဏ္ဏား၏လျှောက်ပတ်မှုကို သိတော်မူ၍....

ယဒဂ္ဂတော မဇ္ဈတော သေသတော ဝါ၊
ပိဏ္ဍံ လဘေထ ပရဒတ္တူပဇီဝီ။
နာလံ ထုတုံ နောပိ နိပစ္စဝါဒီ၊
တံ ဝါပိ ဓီရာ မုနိ ဝေဒယန္တိ။

ယံ ပိဏ္ဍံ အကြင်ဆွမ်းကို၊ အဂ္ဂတော အဦးအဖျားမှလည်းကောင်း၊ မဇ္ဈတော ထက်ဝက်အကျန်မှလည်းကောင်း၊ သေသတော ဝါ နောက်ဆုံးအကြွင်းမှလည်းကောင်း၊ လဘေထ ရရာ၏၊ ပရဒတ္တူပဇီဝီ သူတပါးပေးကမ်းသည်ကိုမှီ၍ အသက်မွေးရသော ပုဂ္ဂိုလ်သည်၊ တံ ပိဏ္ဍံ ထိုဆွမ်းကို၊ ဘုဉ္ဇေယျ စားရာ၏၊ ထုတုံနောပိ (ဆွမ်းအဦးအဖျားကိုရ၍ မိမိ ဒါယကာ နှစ်ဦးလုံးကို) ချီးမွမ်းခြင်းငှါ

လည်း၊ နာလံ မထိုက်၊ နိပစ္စဝါဒီပိ -(ဆွမ်းအကြွင်းအကျန်ကိုရသောကြောင့်) ဒါယကာကို နှိမ့်ချ၍ဆိုခြင်းသည်လည်း၊ န (ဟောတိ) မဖြစ်သင့်၊ တံ ဝါဒိ ထိုပုဂ္ဂိုလ်ကိုလည်း၊ ဓီရာ ဘုရားစသောပညာရှိတို့သည်၊ မုနိ မုနိမည်၏ဟူ၍၊ ဝေဒယန္တိ သိစေကုန်၏၊ ဝါ မိန့်ဆိုကုန်၏။

ဟူသောဂါထာကို ဟောတော်မူသည်၏အဆုံး၌ ပုဏ္ဏားသည်လည်း သောတာပတ္တိဖိုလ်၌တည်လေသည်။

ဂါထာပရိယောသာနေ ဗြာဟ္မဏော သောတာပတ္တိဖလေ ပတိဋ္ဌဟိ။ (သုတ္တနိပါတ၊ ဋ္ဌ၊ ၁၊ ၂၅၇ ၂၅၈။)

## သာတာဂိရနှင့် ဟေမဝတတို့နှင့်စပ်၍ မတူညီသည့်အဆိုအမိန့်

ကေကနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာလာ ဖွင့်ပြပုံမှာ သာတာဂိရနတ်ဘီလူးမင်းသည် ဓမ္မစကြာတရားတော်ကို နာယူရ၍ သောတာပန်ဖြစ်ပြီးမှ မိမိ၏သူငယ်ချင်း ဟေမဝတနတ်ဘီလူးမင်းကို သွားရောက်ခေါ်ယူရာ ရာဇဂြိုဟ်မြို့သို့ ရောက်နေသော (ကုရရ ယရမြို့သူ)ကာဠီဥပါသိကာမ၏မိဖအိမ်အပေါ်ကောင်းကင်၌ တွေ့ဆုံကြ၍ ဟေမဝတနတ်ဘီလူးမင်းက သာတာဂိရနတ်ဘီလူးမင်းကို ဘုရားရှင်၏ကာယသမာစာရ, အာဇီဝ, မနောသမာစာရတို့ကို မေးလေသည်၊ သာတာဂိရနတ်ဘီလူးမင်းကလည်း မေးတိုင်းမေးတိုင်း ဖြေကြားလေသည်၊ ဤသို့လျှင် ဘုရားရှင်၏ကိုယ်တော်ကျေးဇူး, ဂုဏ်တော်ကျေးဇူးကို မေးဖြေသည်၏အစွမ်းအားဖြင့် ဟေမဝတသုတ္တန် ပြီးဆုံးလတ်သော် ဟေမဝတနတ်ဘီလူးမင်းသည် သူငယ်ချင်းသာတာဂိရနတ်ဘီလူးမင်း၏တရားဒေသနာကို အစဉ်လျှောက်သဖြင့် ဉာဏ်ကိုစေလွှတ်၍ သောတာပတ္တိဖိုလ်၌တည်လေသည် ဟု ဖွင့်ပြလေသည်။ (အံ၊ ဋ္ဌ၊ ၁၊ ၁၈၆ ၁၈၈။)

သုတ္တနိပါတ်အဋ္ဌကထာ ဟေမဝတသုတ်ဖွင့်ပြပုံမှာကား သာတာဂိရနတ်ဘီလူးမင်းသည် ဓမ္မစကြာတရားနာယူစဉ် မိမိ၏သူငယ်ချင်းဟေမဝတနတ်ဘီလူးမင်းကို အမှတ်ရ စိတ်ပျံ့လွင့်နေသောကြောင့် မဂ်ဖိုလ်မရသေးပဲ သူငယ်ချင်းကို အခေါ်သွားပြီး တဖန်ပြန်လာသောအခါ ဘုရားရှင့်တရားကိုနာယူရမှ နတ်ဘီလူးမင်း နှစ်ဦးလုံးပင် သောတာပန်ဖြစ်ကြသည် ဟု ဖွင့်ပြလေသည်။

(သုတ္တနိပါတ၊ ဋ္ဌ၊၁၊၁၉၂ ၂၁၂။)

ဥပရိဝိသေသာဓိဂမာယပိ တေဒေဝ အဟမက္ခာမိတိ အဝေါစ။ ကသ္မာ? ယသ္မာ ဇဝံ ဒုက္ခာ ပမုစ္စတိ အသေသနိဿေသာတိ အရဟတ္တနိကူဋေန ဒေသနံ နိဋ္ဌာပေသိ။ ဒေသနာပရိယောသာနေ ဒွေပိ ယက္ခသေနာပတယော သောတာပတ္တိဖလေ ပတိဋ္ဌဟိံသု သဒ္ဓိံ ယက္ခသဟဿေန။ (သုတ္တနိပါတဋ္ဌကထာ၊ ၁၊ ၂၀၉။)

ထိုသို့ အဆိုအမိန့် မတူညီခြင်းမှာ ဘာဏကမထေရ်တို့၏အလိုအတိုင်းသာ ဟု မှတ်ယူရန်မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ပဋ္ဌမပိုင်း စာမျက်နှာ ၂၈၇ ၌ ပါရှိ၏။

## သာသနာ ၅၀၀၀နှင့်စပ်သွယ် ဆိုမိန့်အသွယ်သွယ်

သင်္ဂီတိပရိယောသာနေ စဿ "ဣဒံ မဟာကဿပတ္ထေရေန ဒသဗလဿ သာသနံ ပဉ္စဝဿသဟဿပရိမာဏကာလံ ပဝတ္တနသမတ္ထံ ကတ"န္တိ သဉ္ဇာတပ္ပမောဒါ သာဓုကာရံ ဝိယ ဒဒမာနာ အယံ မဟာပထဝီ ဥဒကပရိယန္တံ ကတွာ အနေကပ္ပကာရံ ကမ္ပိ သင်္ကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ၊ (ဒီ၊ ဋ္ဌ၊ ၁၊ ၂၆။ အဘိ၊ ဋ္ဌ၊ ၁၊ ၂၈။)

ပါရာဇိကကဏ္ဍအဋ္ဌကထာ(ဝိ၊ ဋ္ဌ၊ ၁၊ ၂၃)၌ကား "ပဉ္စဝဿသဟဿပရိမာဏံ ကာလံ"ဟု ပုဒ်ခွဲတာသာ ထူး၏။

သာ မေ ဒေသနာ ပရိနိဗ္ဗုတဿာပိ ပဉ္စဝဿသဟဿာနိ သတ္တာနံ အမတမဟာနိဗ္ဗာနံ သမ္ပာပိကာ (အမတမဟာပရိနိဗ္ဗာန သမ္ပာပိကာ သီ) ဘဝိဿတိ။ (ဒီ၊ ဋ္ဌ၊ ၁၊ ၄၈။)

ဒီဃနိကာယ်အလို သာသနာ ၅၀၀၀

| | | |
|---|---|---|
| ၁။ ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် | နှစ်ပေါင်း | ၁၀၀၀။ |
| ၂။ ဆဠာဘိညရဟန္တာခေတ် | နှစ်ပေါင်း | ၁၀၀၀။ |
| ၃။ တေဝိဇ္ဇကရဟန္တာခေတ် | နှစ်ပေါင်း | ၁၀၀၀။ |
| ၄။ သုက္ခဝိပဿကရဟန္တာခေတ် | နှစ်ပေါင်း | ၁၀၀၀။ |
| ၅။ ပါတိမောက္ခသံဝရသီလခေတ် | နှစ်ပေါင်း | ၁၀၀၀။ |

ပဋိသမ္ဘိဒါပတ္တေဟိ ဝဿသဟဿံ အဋ္ဌာသိ။ ဆဠဘိညေဟိ ဝဿသဟဿံ။ တေဝိဇ္ဇေဟိ ဝဿသဟဿံ။ သုက္ခဝိပဿကေဟိ ဝဿသဟဿံ။ ပါတိမောက္ခေဟိ ဝဿသဟဿံ အဋ္ဌာသိ(ဌဿတိ ?)။(ဒီ၊ ဋ္ဌ၊ ၃၊ ၈၃။)

အင်္ဂုတ္တရနိကာယ်နှင့်ဝိနယပိဋကအလို သာသနာ ၅၀၀၀

| | | |
|---|---|---|
| ၁။ ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် | နှစ်ပေါင်း | ၁၀၀၀။ |
| ၂။ သုက္ခဝိပဿကရဟန္တာခေတ် | နှစ်ပေါင်း | ၁၀၀၀။ |
| ၃။ အနာဂါမ်ခေတ် | နှစ်ပေါင်း | ၁၀၀၀။ |
| ၄။ သကဒါဂါမ်ခေတ် | နှစ်ပေါင်း | ၁၀၀၀။ |
| ၅။ သောတာပန်ခေတ် | နှစ်ပေါင်း | ၁၀၀၀။ |

ဝဿသဟဿန္တိ စေတံ ပဋိသမ္ဘိဒါပဘေဒပ္ပတ္တခီဏာသဝါနံ ဝသေနေဝ ဝုတ္တံ၊ တတော ပန ဥတ္တရိပိ သုက္ခဝိပဿကခီဏာသဝဝသေန ဝဿသဟဿံ, အနာဂါမိဝသေန ဝဿသဟဿံ, သကဒါဂါမိဝသေန ဝဿသဟဿံ, သောတာပန္နဝသေန ဝဿသဟဿန္တိ ဧဝံ ပဉ္စဝဿသဟဿာနိ ပဋိဝေဓသဒ္ဓမ္မော ဌဿတိ။ (အံ၊ ဋ္ဌ၊ ၃၊၂၃၈။)

စူဠဝဂ္ဂအဋ္ဌကထာ(ဝိ၊ ဋ္ဌ၊ ၄၊ ၁၂၇)၌ကား ပဋိသမ္ဘိဒါပဘေဒပ္ပတ္တခီဏာသဝဝသေနေဝ ဟု သမာသ်ပုဒ်တွဲစပ်ခြင်းသာထူးသည်။ မဟာစည်ဆရာတော်ဘုရားကြီး၏ဩဝါဒ ...ဒီနေရာမှာ သာသနာငါးထောင်နှင့် ပတ်သက်ပြီးတော့ အဋ္ဌကထာတွေဟာ တစ်ကျမ်းနဲ့ တစ်ကျမ်း မတူပဲ ဘာဖြစ်လို့ ကွဲနေကြပါသလဲလို့ ဒီလိုလဲ မေးစရာရှိပါတယ်၊ ဒါကတော့ ရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာဟာ သူရေးတဲ့အခါကာလမှာ ရေးကရှိနေတဲ့ အဋ္ဌကထာတွေအတိုင်းပဲ ရေးသွားပါတယ်၊ သူ့သဘောနှင့်သူ ပြင်ပြီး ရေးမသွားပါဘူး၊ ဒီ အချက်တွေက ပြင်ဖို့ရာလဲ ခက်ပါတယ်၊ ဒါကသာ မှန်တယ်လို့ ကိန်းသေဆုံးဖြတ်ဖို့ရန် မလွယ်ပါဘူး၊ ဒါကြောင့် ရေးက ရှိရင်း အတိုင်း ရေးသွားတာဟာ ဒီအဋ္ဌကထာဆရာ၏ရေးသားပုံအပေါ်မှာ ကြည်ညိုဖွယ်ရာ ဂုဏ်တစ်ခု ဖြစ်ပါတယ်။

ရေးက ဝိနည်းဆောင်ပုဂ္ဂိုလ်တွေရဲ့ မှတ်သားချက်အတိုင်း ဝိနည်းအဋ္ဌကထာမှာ ရေးခဲ့ပါတယ်၊ ဒီဃနိကာယ်ဆောင်ပုဂ္ဂိုလ်တွေ ရဲ့မှတ်သားချက်အတိုင်း ဒီဃနိကာယ်အဋ္ဌကထာမှာ ရေးခဲ့ပါတယ်၊ အင်္ဂုတ္တရ, သံယုတ္တ နိကာယ်ဆောင်တွေရဲ့ မှတ်သားချက်အတိုင်း အင်္ဂုတ္တရ, သံယုတ္တ အဋ္ဌကထာများမှာလဲ ရေးသွားပါတယ်။ (မဟာစည် ဝိနယဝိနိစ္ဆယသင်္ဂဟ၊ ဝိနည်းစစ်တမ်း၊ ၂၁၃ ၂၁၄။)

## မဟာမောဂ္ဂလာန်၊ ရှေးဟောင်းကံ၊ မိန့်ဟန် လွန်ခြားနား

အပဒါနဋ္ဌကထာနှင့် ဓမ္မပဒဋ္ဌကထာ၌ကား အရှင်မဟာမောဂ္ဂလ္လာန်ထေရ်အလောင်းတော်သည် မျက်မမြင်မိဘတို့ကို ခိုးသား ယောင်ဆောင်၍ ရိုက်နှက်ပုတ်ခတ်သတ်ဖြတ်၍ စွန့်ပစ်ခဲ့သော မကောင်းမှုကံကြောင့် ငရဲ၌ကျက်ခဲ့ရပြီးလျှင် အကျိုးကြွင်း၏အစွမ်းဖြင့် နောက်ဆုံးဘဝ၌ ခိုးသားတို့ရိုက်နှက်ခြင်းကြောင့် ပရိနိဗ္ဗာန်စံယူတော်မူရသည်။

"တာတာ ရသ္မိဃော ဂဏှထ၊ ဂါဏာ ဒဏ္ဍာသညာယ ဂမိဿန္တိ၊ ဣမသ္မိံ ဌာနေ စောရာ ဝသန္တိ၊ အဟံ ဩတရိတွာ စရာမိ "တိ ပိတု ဟတ္ထေ ရသ္မိဃော ဒတွာ ဩတရိတွာ ဂစ္ဆန္တော သဒ္ဒံ ပရိဝတ္တေတွာ စောရာနံ ဥဋ္ဌိတသဒ္ဒံ မကာသိ။ မာတာပိတရော သဒ္ဒံ သုတွာ "စောရာ ဥဋ္ဌိတာ"တိ သညာယ "တာတ စောရာ ဥဋ္ဌိတာ၊ မဟလ္လကာ မယံ၊ တွံ အတ္တာနမေဝ ရက္ခာဟိ"တိ အာဟံသု။ သော မာတာပိတရော ဝိရဝန္တေပိ စောရသဒ္ဒံ ကရောန္တော ကောဋ္ဋေတွာ မာရေတွာ အဋဝိယံ ခိပိတွာ ပစ္စာဂမိ။ (အပဒါနဋ္ဌ၊ ၁၊မဟာ မောဂ္ဂလ္လာနတ္ထေရ၊၂၇၁။)

"အမ္မတာတာ အသုကဋ္ဌာနေ နာမ တုမှာကံ ဉာတကာ အာဂမနံ ပစ္စာသိသန္တိ၊ တတ္ထ ဂမိဿာမာ"တိ တေ ယာနကံ အာရောပေတွာ အာဒါယ ဂစ္ဆန္တော အဋဝိမဇ္ဈံ ပတ္တကာလေ "တာတ ရသ္မိဃော ဂဏှာထ၊ ဂါဝေါ ပတောဒသညာယ ဂမိဿန္တိ၊ ဣမသ္မိံ ဌာနေ စောရာ ဝသန္တိ၊ အဟံ ဩတရာမီ"တိ ပိတု ဟတ္ထေ ရသ္မိဃော ဒတွာ ဩတရိတွာ ဂစ္ဆန္တော သဒ္ဒံ ပရိဝတ္တေတွာ စောရာနံ ဥဋ္ဌိတသဒ္ဒမကာသိ။ မာတာပိတရော သဒ္ဒံ သုတွာ "စောရာ ဥဋ္ဌိတာ"တိ သညာယ "တာတ မယံ မဟလ္လကာ၊ တွံ အတ္တာနမေဝ ရက္ခာဟိ"တိ အာဟံသု။ သော မာတာပိတရော တထာဝိရဝန္တေပိ စောရသဒ္ဒံ ကရောန္တော ကောဋ္ဋေတွာ မာရေတွာ အဋဝိယံ ခိပိတွာ ပစ္စာဂမိ။

သတ္ထာ ဣဒံ တဿ ပုဗ္ဗကမ္မံ ကထေတွာ "ဘိက္ခဝေ မောဂ္ဂလ္လာနော တ္တကံ ကမ္မံ ကတွာ အနေကဝဿသတသဟဿာနိ နိရယေ ပစ္စိတွာ ဝိပါကာဝသေသေန အတ္တဘာဝသတေ ဧဝမေဝ ကောဋ္ဋေတွာ သံစုဏ္ဏိတော မရဏံ ပတ္တော။ ဧဝံ မောဂ္ဂလ္လာနေန

အတ္တနော ကမ္မာနုရူပမေဝ မရဏံ လဒ္ဓံ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၄၄။)

ဇာတကဋ္ဌကထာ၌ကား အရှင်မဟာမောဂ္ဂလ္လာန်ထေရ်အလောင်းတော်သည် မယား၏စကားကိုနာယူ၍ မျက်မမြင်မိဘတို့ကို ခုသားယောင်ဆောင်၍ ပုတ်ခတ်ထောင်းထုနေစဉ် မိဘတို့က "ချစ်သား ခိုးသားတွေက ငါတို့ကို သတ်နေကြတယ်၊ ငါ့သား လွတ်ရာသို့ ပြေးလေလော့"ဟု ပြောဆိုစကားကို ကြားရသောကြောင့် "မိမိကိုယ်တိုင် သူတို့ကို ထုထောင်းနေပါလျက် မိမိအတွက် သူတို့ ငိုနေကြတယ်"ဟု သနားကျင်နာစိတ်ဖြစ်လျက် ခိုးသားတွေ ထွက်ပြေးဟန်ဆောင်ပြီး အိမ်သို့ ပြန်ခေါ်လာခဲ့သည်။

သို့သော် ထိုမိဘတို့ကို ရိုက်ပုတ်ထုထောင်းခဲ့သော မကောင်းမှုကံကြောင့်ပင် ခိုးသားတို့ပုတ်ခတ်ထောင်းထုမှုကြောင့် ပရိနိဗ္ဗာန်စံတော်မူရလေသည်။

သော ကိရ ပုဗ္ဗေ ဘရိယာယ ဝစနံ ဂဟေတွာ မာတာပိတရော မာရေတုကာမော ယာနကေန အရညံ နေတွာ စောရာနံ ဥဋ္ဌိတာကာရံ ကတွာ မာတာပိတရော ပေါထေသိ ပဟရိ။ တေ စက္ခုဒုဗ္ဗလတာယ ရူပဒဿနရဟိတာ တံ အတ္တနော ပုတ္တံ အသဉ္ဇာနန္တာ "စောရာ ဧဝ ဧတေ"တိ သညာယ "တာတ အသုကာ နာမ စောရာ နော ဃာတေန္တိ၊ တွံ ပဋိက္ကမာဟိ"တိ တဿေဝတ္ထာယ ပရိဒေဝိံသု။ သော စိန္တေသိ"ဣမေ မယာ ပေါထိယမာနာပိ မယှံ ယေဝတ္ထာယ ပရိဒေဝန္တိ၊ အယုတ္တံ ကမ္မံ ကရောမိ"တိ။ အထ နေ အဿာသေတွာ စောရာနံ ပလာယနာကာရံ ဒဿေတွာ တေသံ ဟတ္ထပါဒေ သမ္ဗာဟိတွာ "အမ္မတာတာ မာ ဘာယိတ္ထ၊ စောရာ ပလာတာ"တိ ဝတွာ ပုန အတ္တနော ဂေဟမေဝ အာနေသိ။ တံ ကမ္မံ ဓွေက်ကံ ကာလံ ဩကာသံ အလဘိတွာ ဘသ္မပဋိစ္ဆန္နော အင်္ဂါရရာသိ ဝိယ ဌတွာ ဣမံ အန္တိမသရီရံ ဥပဓာဝိတွာ ဂဏှိ။ ယထာ ဟိ ပန သုနခလုဒ္ဒကေန မိဂံ ဒိသွာ သုနခေါ ဝိဿဇ္ဇိတော မိဂံ အနုဗန္ဓိတွာ ယသ္မိံ ဌာနေ ပါပုဏာတိ၊ တသ္မိံယေဝ ဂဏှာတိ၊ ဧဝံ ဣဒံ ကမ္မံ ယသ္မိံ ဌာနေ ဩကာသံ လဘတိ၊ တသ္မိံ ဝိပါကံ ဒေတိ၊ တေန မုတ္တော နာမ နတ္ထိ။

ထေရော အတ္တနာ ကတကမ္မဿ အာကမိုတဘာဝံ ဉတွာ န အပဂစ္ဆိ။ ထေရော တဿ နိဿန္ဒေန အာကာသေ ဥပ္ပတိတုံ နာသက္ခိ။ နန္ဒောပနန္ဒဒမနသမတ္ထဝေဇယန္တကမ္ပနသမတ္ထာပိဿ ဣဒ္ဓိ ကမ္မဗလေန ဒုဗ္ဗလတံ ပတ္တာ။ စောရာ ထေရံ ဂဟေတွာ ထေရဿ အဋ္ဌီနိ တဏ္ဍုလကဏမတ္တာနိ ကရောန္တော ဘိန္ဒိတွာ သဉ္စုဏ္ဏေတွာ ပလာလပိဋ္ဌိကကရဏံ နာမ ကတွာ "မတော"တိ သညာယ ဧကသ္မိံ ဂုမ္ဗပိဋ္ဌေ ခိပိတွာ သပရိဝါရော ပက္ကာမိ။ ထေရော သတိံ ပဋိလဘိတွာ ....သတ္ထာရံ ဝန္ဒိတွာ တာလပ္ပမာဏံ အာကာသေ ဥပ္ပတိတွာ ပရိနိဗ္ဗာနဒိဝသေ သာရိပုတ္တတ္ထေရော ဝိယ နာနပ္ပကာရာ ဣဒ္ဓိယော ကတွာ ဓမ္မံ ကထေတွာ သတ္ထာရံ ဝန္ဒိတွာ ကာဠသိလာယံ အဋဝိယံ ပရိနိဗ္ဗာယိ။ (ဇာတက၊ ဋ္ဌ၊၅၊ ၁၃၃ ၁၃၄။)

## ဗြဟ္မစရိယ ၂ မျိုး

(၁) သာသနဗြဟ္မစရိယ–လောကီ လောကုတ္တရာ မခွဲခြားပဲ သာမညအားဖြင့် သီလ သမာဓိ ပညာ သိက္ခာသုံးပါးသည်လည်းကောင်း, အလုံးစုံသော ပါဠိတော်ဒေသနာတရားသည်လည်းကောင်း "သာသနဗြဟ္မစရိယ"မည်၏။

(၂) မဂ္ဂဗြဟ္မစရိယ အလုံးစုံသော အကျင့်သိက္ခာတို့၏ အကြည်အနှစ်သဖွယ်ဖြစ်သော သိက္ခာသုံးပါးအပေါင်းဖြင့် ရေတွက်အပ်သော အရိယမဂ်သည် "မဂ္ဂဗြဟ္မစရိယ"မည်၏။

အဝိသေသေန တိဿော သိက္ခာ, သကလော စ တန္တိဓမ္မော သာသနဗြဟ္မစရိယံ။ ယံ သန္ဓာယ ဝုတ္တံ "ကတမေသာနံ ခေါ ဘန္တေ ဗုဒ္ဓါနံ ဘဂဝန္တာနံ ဗြဟ္မစရိယံ န စိရဋ္ဌိတိကံ အဟောသိ"တိအာဒိ(ဝိ၊ ၁၊၈)။ သဗ္ဗသိက္ခာနံ မဏ္ဍဘူတသိက္ခတ္တယသင်္ဂဟိတော အရိယမဂ္ဂေါ မဂ္ဂဗြဟ္မစရိယံ။ ယံ သန္ဓာယ ဝုတ္တံ "ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယ"န္တိ(ဝိ၊ ၃၊၂၀။ သံ၊ ၃၊ ၆၅)။ (ဝိသုဒ္ဓိ၊ ဋီ၊ ၁၊ ၂၇၁။)

## ဂန္ဓာရီခေါ်လတ် အတတ်နှစ်မျိုး

"ဂန္ဓာရီ"ဟူသည် ဂန္ဓာရမည်သော ရသေ့သည် ပြုအပ်သောအတတ်, သို့မဟုတ် ဂန္ဓာရတိုင်း၌ ဖြစ်ပေါ်သော အတတ်ပင်တည်း၊ ဂန္ဓာရတိုင်း၌ နေကြသော ရသေ့များစွာတို့အနက် ရသေ့တစ်ပါးပါးသည် ပြုအပ်သောအတတ် ဟု ဆိုလိုသည်။

ဂန္ဓာရီတိ ဂန္ဓာရေန နာမ ဣသိနာ ကတာ၊ ဂန္ဓာရရဋ္ဌေ ဝါ ဥပ္ပန္နာ ဝိဇ္ဇာ။ တတ္ထ ကိရ ဗဟူ ဣသယော ဝသိံသု၊ တေသု ဧကေန ကတာ ဝိဇ္ဇာတိ အဓိပ္ပါယော။(ဒီ၊ ဋ္ဌ၊ ၁၊ ၃၂၂။)

ဂန္ဓာရီအတတ်သည် (၁) စူဠဂန္ဓာရီ=သုံးနှစ်အတွင်းက သေခဲ့သော သတ္တဝါတို့၏ဖြစ်ရာဌာနကို သိသောအတတ်, (၂) မဟာဂန္ဓာရီ=စူဠဂန္ဓာရီကဲ့သို့ သိသည့်အပြင် မန္တန်စုပ်၍ ဣဒ္ဓိဝိဓအဘိညာဉ်၏ဆိုင်ရာတန်ခိုးကို မျက်လှည့်ပြသကဲ့သို့ ပြနိုင်သော အတတ် ဟူ၍ နှစ်မျိုးရှိ၏။

ဂန္ဓာရီတိ စူဠဂန္ဓာရီ, မဟာဂန္ဓာရီတိ ဒွေ ဂန္ဓာရီဝိဇ္ဇာ။ တတ္ထ စူဠဂန္ဓာရီ နာမ တိဝဿတော ဩရံ မတာနံ သတ္တာနံ ဥပပန္နဋ္ဌာနဇာနနဝိဇ္ဇာ။ မဟာဂန္ဓာရီ တမ္ပိ ဇာနာတိ တတော ဥတ္တရိပိ ဣဒ္ဓိဝိဓဉာဏကပ္ပံ ယေဘုယျေန ဣဒ္ဓိဝိကုဗ္ဗံ သာဓေတိ။ တဿာ ကိရ ဝိဇ္ဇာယ သာဓကော ပုဂ္ဂလော တာဒိသေ ဒေသကာလေ မန္တံ ပရိဇပ္ပိတွာ ဗဟုဓာပိ အတ္တာနံ ဒဿေတိ၊ ဟတ္ထိအာဒီနိပိ ဒဿေတိ၊ ဒဿနိယောပိ ဟောတိ၊ အဂ္ဂိထမ္ဘမ္ပိ ကရောတိ၊ ဇလထမ္ဘမ္ပိ ကရောတိ၊ အာကာသေပိ အတ္တာနံ ဒဿေတိ၊ သဗ္ဗံ ဣန္ဒဇာလသဒိသံ ဒဋ္ဌဗ္ဗံ။ (ဒီ၊ ဋီ၊ ၁ သီလက္ခန္ဓဝဂ္ဂဋီကာ၊ ၃၈၉။)

ကိရ တဆင့်စကား ကြားဖူးသည်ကား၊ တဿာ ဝိဇ္ဇာယ ထိုမဟာဂန္ဓာရီဝိဇ္ဇာကို၊ သာဓကော ပုဂ္ဂလော တတ်သောပုဂ္ဂိုလ်သည်၊ တာဒိသေ ဒေသကာလေ ထိုသို့သဘောရှိသော အရပ်ဒေသ အချိန်ကာလ၌၊ မန္တံ ပရိဇပ္ပိတွာ မန္တန်စုပ်၍၊ ဗဟုဓာပိ အတ္တာနံ ဒဿေတိ မိမိကိုယ်ပွားများစွာကိုလည်း ပြနိုင်၏၊ ဟတ္ထိအာဒီနိပိ ဒဿေတိ ဆင်အသွင်အစရှိသည်တို့ကိုလည်း ပြနိုင်၏၊ ဒဿနိယောပိ ဟောတိ အလှအပရှုချင်ဖွယ်ရှိအောင်လည်း လုပ်ပြနိုင်၏၊ အဂ္ဂိထမ္ဘမ္ပိ ကရောတိ မီးတိုင်ကိုလည်း ပြုလုပ်နိုင်၏၊ ဇလထမ္ဘမ္ပိ ကရောတိ ရေတိုင်ကိုလည်း ပြုလုပ်နိုင်၏၊ အာကာသေပိ အတ္တာနံ ဒဿေတိ ကောင်းကင်၌လည်း မိမိကိုယ်ကို ပြနိုင်၏ (ကောင်းကင်သို့ ပျံနိုင်၏)၊ သဗ္ဗံ ဤအလုံးစုံကို၊ ဣန္ဒဇာလသဒိသံ မျက်လှည့်အတတ်နှင့်တူ၏ဟူ၍၊ ဒဋ္ဌဗ္ဗံ မှတ်သင့်မှတ်ထိုက်၏။

ဧကေနာတိ ဂန္ဓာရေန နာမ ဣသိနာ၀။ ... ဂန္ဓာရီ နာမေသာ ဝိဇ္ဇာ စူဠဂန္ဓာရီ, မဟာဂန္ဓာရီတိ ဒုဝိဓာ ဟောတိ။ တတ္ထ စူဠဂန္ဓာရီ နာမ တိဝဿတော ဩရံ မတသတ္တာနံ ဥပပန္နဋ္ဌာနဇာနနာ ဝိဇ္ဇာ။ ဝင်္ဂီသဝတ္ထု(သံ၊ ဋ္ဌ၊၁၊ ၂၆၀။ အံ၊ ဋ္ဌ၊၁၊၂၀၈) စေတ္ထ သာဓကံ။ တဿာ ကိရ ဝိဇ္ဇာယ သာဓကော ပုဂ္ဂလော တာဒိသေ ဒေသေ, ကာလေ စ မန္တံ ပရိဇပ္ပေတွာ ဗဟုဓာပိ အတ္တာနံ ဒဿေတိ ဟတ္ထိအာဒီနိပိ ဒဿေတိ၊ အဒဿနိယောပိ (ကြည့်ရှု၍မကောင်းအောင်လည်း=အရုပ်ဆိုးအောင်လည်း) ဟောတိ၊ အဂ္ဂိထမ္ဘမ္ပိ ကရောတိ၊ ဇလထမ္ဘမ္ပိ ကရောတိ၊ အာကာသေပိ အတ္တာနံ ဒဿေတိ၊ သဗ္ဗံ ဣန္ဒဇာလသဒိသံ ဒဋ္ဌဗ္ဗံ။
(သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ၊ ၂၊ ၄၁၀။)

* * * * *

## ဒါနအမျိုးမျိုး အကျိုးအထွေထွေ

ပရိဝါပါဠိတော်, ဣတိဝုတ်ပါဠိတော် ဒါနသုတ်, အင်္ဂုတ္တိုရ်ပါဠိတော် သုမနသုတ်, အပဒါန်ပါဠိတော် ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်, အဋ္ဌသာလိနီအဋ္ဌကထာအစရှိသော ကျမ်းဂန်အဖုံဖုံတို့မှ ဒါနနှင့်စပ်သွယ် သိမှတ်ဖွယ်များကို သမ္မန္တစက္ကဒီပနီကျမ်း, ဝိသုဒ္ဓါရုံအဆုံးအဖြတ်, သဗ္ဗမင်္ဂလ ဓမ္မဒေသနာစသောကျမ်းတို့မှ မှတ်ဖွယ်ရာ ကဗျာလင်္ကာစသည်တို့နှင့် တွဲစပ်၍"ဒါနအမျိုးမျိုး အကျိုးအထွေထွေ" ကို စုစည်းစီရင်ပေအံ့။

### ဒါနအကျိုး ငါလိုသိလျှင်

ဘုရားရှင်က"ရဟန်းတို့...ပေးကမ်းလှူဒါန်းခြင်းဒါန၏အကျိုးနှင့် မိမိပစ္စည်းမှ ခွဲဝေခြမ်း၍ ပေးကမ်းသုံးဆောင်ခြင်း၏အကျိုး တရားကို ငါဘုရား သိတော်မူသလို သင်တို့သိကြလျှင် မလှူမဒါန်း မပေးကမ်းပဲ အမှန်ပင် မစားသောက် မသုံးဆောင်ကုန်ရာ၊ အယုတ်အားဖြင့် တစ်ဦးတစ်ယောက် စားဆဲ, ခံတွင်းဝသို့ ယူဆဲ ထမင်းလုတ်ကိုလည်းကောင်း, ခံတွင်းဝသို့ရောက်သော ထမင်းလုတ် ကိုလည်းကောင်း ပေးကမ်းမှု, ခွဲခြမ်းမှုကို ပြု၍သာ သုံးဆောင်ရာ၏။

ယခုမူကား ငါဘုရား အလားတူ ဒါန၏အကျိုး, ခွဲခြမ်းဝေဖန်ခြင်း၏အကျိုးကို မသိကြသည်အတွက် မပေးမကမ်း မလှူဒါန်း ပဲ မြွေသည် ဖားကို ဖမ်းသကဲ့သို့ စွဲလမ်းကြီးစွာ မိမိတို့သာ သုံးဆောင်ကြကုန်၏" ဟု ဟောကြားတော်မူ၏။

ဧဝဉ္စေ ဘိက္ခဝေ သတ္တာ ဇာနေယျုံ ဒါနသံဝိဘာဂဿ ဝိပါကံ၊ ယထာဟံ ဇာနာမိ န အဒတွာ ဘုဉ္ဇေယျုံ၊ န စ

နေသံ မစ္ဆေရမလံ စိတ္တံ ပရိယာဒါယ တိဋ္ဌေယျ။ ယောပိ နေသံ အဿ စရိမော အာလောပေါ စရိမံ ကဗဠံ၊ တတောပိ န

## ဒါနအမျိုးမျိုး အကျိုးအထွေထွေ

အသံဝိဘဇိတွာ ဘုဉ္ဇေယျုံ၊ သစေ နေသံ ပဋိဂ္ဂါဟကာ အသုး။ ယသ္မာ စ ခေါ ဘိက္ခဝေ သတ္တာ န ဝဝံ ဇာနန္တိ ဒါနသံ ဝိဘာဂဿ ဝိပါကံ၊ ယထာဟံ ဇာနာမိ၊ တသ္မာ အဒတွာ ဘုဉ္ဇန္တိ၊ မစ္ဆေရမလဉ္စ နေသံ စိတ္တံ ပရိယာဒါယ တိဋ္ဌတီတိ။

(ခု၊ ၁=ဣတိဝုတ္တက၊ ဒါနသုတ္တ၊ ၂၀၇။)

## အသမ္ပဇာန် သမ္ပဇာန် နှစ်တန်ကုသိုလ်မျိုး

အဋ္ဌသာလိနီအဋ္ဌကထာ၌ သယံကာရ, ပရံကာရ, သာဟတ္ထိက, အာဏတ္တိက, သမ္ပဇာန, အသမ္ပဇာန ကုသိုလ် ၆ မျိုးကို ပြဆိုရာ၌ အထူးသတိပြုထိုက်သော သမ္ပဇာနကုသိုလ်, အသမ္ပဇာနကုသိုလ် ၂ မျိုးကား...

ကမ္မဉ္စ ဖလဉ္စ သဒ္ဒဟိတွာ ကတံ သမ္ပဇာနကတံ၊

ကမ္မမ္ပိ ဖလမ္ပိ အဇာနိတွာ ကတံ အသမ္ပဇာနကတံ နာမ။

(အဘိ၊ ၄၊ ၁၊ ၂၀၆ ၂၀၇။)

သမ္ပဇာနကုသိုလ်ကား...ကုသိုလ်ကံနှင့် ကုသိုလ်ကံ၏အကျိုးကို လေးလေးနက်နက် သက်ဝင်ယုံကြည်စွာဖြင့် ပြုအပ်သော ကုသိုလ်မျိုးတည်း၊ ကောင်းစွာ အပြားအားဖြင့် သိသည်ဖြစ်၍ ပြုအပ်သော ကုသိုလ်မျိုးမည်၏၊ ထိုသမ္ပဇာနကုသိုလ်မျိုးသည် ကံ, ကံ၏အကျိုးကို သက်ဝင်ယုံကြည်ပြီး အသိဉာဏ်ယှဉ် အသိဉာဏ်ပါဝင်၍ ပြုလုပ်အပ်သော ဉာဏသမ္ပယုတ် တိဟိတ်ကုသိုလ်မျိုးဖြစ်၍ လောကုတ္တရာ မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတိုင်အောင် အကျိုးပေးနိုင်၏၊ လောကီကျိုးကိုကား ဆိုဖွယ်မရှိပြီ။

အသမ္ပဇာနကုသိုလ်သည်ကာ...ကံ, ကံ၏အကျိုးကို မသိပဲ (သတိမပြုမိပဲ) ပြုလုပ်အပ်သော ကုသိုလ်မျိုးတည်း၊ ထိုကုသိုလ်မှာ ကံကိုလည်းကောင်း, ကံ၏အကျိုးကိုလည်းကောင်း ကောင်းစွာ အပြားအားပြင့် မသိပဲ အသိဉာဏ်မယှဉ် အသိဉာဏ်မပါဝင်ပဲ ပြုလုပ်အပ်သော ဉာဏဝိပ္ပယုတ် ဒွိဟိတ်ကုသိုလ်မျိုးဖြစ်၏၊ လောကီအကျိုးကိုသာ ပေးနိုင်၍ မဂ်, ဖိုလ်, နိဗ္ဗာန် လောကုတ္တရာကျိုးကို မပေးနိုင်။

## အလှူပေးသူ မပေးသူ ဘယ်မှုခြားသနည်း?

သုမနာမင်းသမီး။ ။ ရှင်တော်ဘုရား...လောက၌ တူသောသဒ္ဓါ, တူသောသီလ, တူသောပညာ ရှိကုန်၏၊ တစ်ယောက်ကား အလှူပေးတတ်၏၊ တစ်ယောက်ကား အလှူမပေးတတ်၊ ထိုသူနှစ်ယောက်တို့သည် သေလွန်သောကာလ နတ်ပြည်၌ ဖြစ်ကြကုန်အံ့၊ ထိုသူနှစ်ယောက်တို့သည် ထူးကြကုန်မည်လော? တူမျှကြကုန်မည်လော? ဘုရား။

ဣဓဿု ဘန္တေ သာဝကာ သမသဒ္ဓါ သမသီလာ သမပညာ၊ ဧကော ဒါယကော၊ ဧကော အဒါယကော၊ တေ ကာယဿ ဘေဒါ ပရမ္မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇေယျုံ၊ ဒေဝဘူတာနံ ပန နေသံ ဘန္တေ သိယာ ဝိသေသော၊ သိယာ နာနာကရဏန္တိ။ (အံ၊ ၂၊ ပဥ္စကနိပါတ်၊ သုမနသုတ်၊ ၂၇။)

ဘုရားရှင်။ ။ သုမနာမင်းသမီး...အကြင်သူသည် အလှူပေးတတ်၏၊ ထိုသူသည် အလှူမပေးတတ်သောထက် နတ်ဖြစ်သော်လည်း အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, အခြံအရံများခြင်း, အစိုးရခြင်း ဤငါးပါးသော အရာတို့ဖြင့် သာလွန်လေသည်။

ယော သော သုမနေ ဒါယကော၊ သော အမုံ အဒါယကံ ဒေဝဘူတော သမာနော ပဉ္စဟိ ဌာနေဟိ အဓိဂဏှာတိ ဒိဗ္ဗေန အာယုနာ, ဒိဗ္ဗေန ဝဏ္ဏေန, ဒိဗ္ဗေန သုခေန, ဒိဗ္ဗေန ယသေန, ဒိဗ္ဗေန အာဓိပတေယျေန။ ယော သော သုမနေ ဒါယကော၊ သော အမုံ အဒါယကံ ဒေဝဘူတော သမာနော ဣမေဟိ ပဉ္စဟိ ဌာနေဟိ အဓိဂဏှာတိ။ (အံ၊ ၂၊ ၂၇။)

သုမနာမင်းသမီး။ ။ ရှင်တော်ဘုရား...နတ်ပြည်မှ စုတေခဲ့၍ လူဖြစ်ပြန်သည်ရှိသော် ထူးကြကုန်မည်လော? တူမျှကြကုန်မည်လော?ဘုရား။

ဘုရားရှင်။ ။ သုမနာမင်းသမီး...အကြင်သူသည် အလှူပေး၏၊ ထိုသူသည် မပေးမလှူသောသူထက် လူဖြစ်သော်လည်း အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, အခြံအရံများခြင်း, အစိုးရခြင်း ဤငါးပါးသော အရာတို့ဖြင့် သာလွန်လေ၏။

ယော သော သုမနေ ဒါယကော၊ သော အမုံ အဒါယကံ မနုဿဘူတော သမာနော ပဉ္စဟိ ဌာနေဟိ အဓိဂဏှာတိ မာနုဿကေန အာယုနာ, မာနုဿကေန ဝဏ္ဏေန, မာနုဿကေန သုခေန, မာနုဿကေန ယသေန, မာနုဿကေန အာဓိပတေယျေန။ ယော သော သုမနေ ဒါယကော၊ သော အမုံ ဒါယကံ မနုဿဘူတော သမာနော ဣမေဟိ ပဉ္စဟိ

ဌာနေဟိ အဓိဂစ္ဆာတိ။ (အံ၊ ၂၊ ၂၇။)

သုမနာမင်းသမီး။ ။ ရှင်တော်ဘုရား...ထိုသူနှစ်ယောက်တို့သည် ရဟန်းပြုကြကုန်အံ့၊ ထူးပြားကြအံ့လော? တူမျှကြအံ့လော? ဘုရား။

ဘုရားရှင်။ ။ သုမနာမင်းသမီး...အကြင်ရဟန်းသည် အလှူပေးတတ်၏၊ ထိုရဟန်းသည် မပေးလှူတတ်သောရဟန်းထက် ငါးပါးသော အရာတို့ဖြင့် သာလွန်၏၊ များစွာသောသင်္ကန်း, များစွာသောဆွမ်း, များစွာသောကျောင်း, များစွာသောဆေးတို့ကို သုံးဆောင်ရ၏၊ အကြင်သီတင်းသုံးဖော်ဖြစ်သောသူတို့နှင့် အတူနေရ၏၊ ထိုသီတင်းသုံးဖော်တို့သည် ထိုရဟန်းအား နှစ်လိုသဖြင့်သာလျှင် များစွာသော ကာယကံဖြင့်လည်းကောင်း, ဝစီကံဖြင့်လည်းကောင်း, မနောကံဖြင့်လည်းကောင်း လုပ်ဆောင်ခေါ်ဝေါ်ကုန်၏၊ နှစ်လိုသဖြင့်သာလျှင် ကျေးဇူးကို ဆောင်ကုန်၏။

> ယော သော သုမနေ ဒါယကော၊ သော အမုံ အဒါယကံ ပဗ္ဗဇိတော သမာနော ပဉ္စဟိ ဌာနေဟိ အဓိဂဏှာတိ ယာစိတောဝ ဗဟုလံ စီဝရံ ပရိဘုဉ္ဇတိ အပ္ပံ အယာစိတော၊ ယာစိတောဝ ဗဟုလံ ပိဏ္ဍပါတံ ပရိဘုဉ္ဇတိ အပ္ပံ အယာစိတော၊ ယာစိတောဝ ဗဟုလံ သေနာသနံ ပရိဘုဉ္ဇတိ အပ္ပံ အယာစိတော၊ ယာစိတောဝ ဗဟုလံ ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ ပရိဘုဉ္ဇတိ အပ္ပံ အယာစိတော။ ယေဟိ ခေါ ပန သဗြဟ္မစာရီဟိ သဒ္ဓိံ ဝိဟရတိ၊ တျာဿ မနာပေနေဝ ဗဟုလံ ကာယကမ္မေန သမုဒါစရန္တိ အပ္ပံ အမနာပေန၊ မနာပေနေဝ ဗဟုလံ ဝစီကမ္မေန သမုဒါစရန္တိ အပ္ပံ အမနာပေန၊ မနာပေနေဝ ဗဟုလံ မနောကမ္မေန သမုဒါစရန္တိ အပ္ပံ အမနာပေန၊ မနာပမေဝ ဗဟုလံ ဥပဟာရံ ဥပဟရန္တိ အပ္ပံ အမနာပံ။ ယော သော သုမနေ ဒါယကော၊ သော အမုံ အဒါယကံ ပဗ္ဗဇိတော သမာနော ဣမေဟိ ပဉ္စဟိ ဌာနေဟိ အဓိဂဏှာတီတိ။
> (အံ၊ ၂၊ ၂၇ ၂၈။)

သုမနာမင်းသမီး။ ။ ရှင်ကော်ဘုရား...ထိုသူနှစ်ယောက်တို့သည် ရဟန္တာအဖြစ်သို့ ရောက်ကြကုန်အံ့၊ ထိုသူတို့သည် (တူမျှကြအံ့လော?) ထူးပြားကြအံ့လော?ဘုရား။

ဘုရားရှင်။ ။ သုမနာမင်းသမီး...ရဟန္တာဖြစ်သော အခါ၌ကား ဝိမုတ္တိရသ ဟုဆိုအပ်သော မဂ်ဖိုလ်တရားသည် ထူးပြားခြင်း မရှိပြီ၊ တူမျှကြလေတော့၏။

> သစေ ပန တေ ဘန္တေ ဥဘော အရဟတ္တံ ပါပုဏန္တိ၊ အရဟတ္တပ္ပတ္တာနံ ပန နေသံ ဘန္တေ သိယာ ဝိသေသော, သိယာ နာနာကရဏန္တိ။ ဧတ္ထ ကော ပနေသာဟံ သုမနေ န ကိဉ္စိ နာနာကရဏံ ဝဒါမိ ယဒိဒံ ဝိမုတ္တိယာ ဝိမုတ္တိန္တိ။ (အံ၊ ၂၊ ၂၈။)

သုမနာမင်းသမီး။ ။ ရှင်တော်ဘုရား...အံ့ဩဖွယ်ရှိပေစွတကား၊ ရှင်တော်ဘုရား...မဖြစ်ဖူးလေစွတကား၊ အလှူပေးခြင်းငှါ အပ်သည်သာလျှင်တည်း၊ ကောင်းမှုကို ပြုခြင်းငှါ သင့်သည်သာလျှင်တည်း၊ နတ်ဖြစ်သော်လည်းကောင်း, လူဖြစ်သော်လည်းကောင်း, ရဟန်းဖြစ်သော်လည်းကောင်း ကောင်းမှုကုသိုလ်တို့မည်သည်ကား ကျေးဇူးကို ပြုတတ်ကုန်၏ လျှောက်လေ၏။

ဘုရားရှင်။ ။ သုမနာမင်းသမီး...အလှူပေးခြင်းငှာ အပ်သည်သာလျှင်တည်း၊ ကောင်းမှုတို့ကို ပြုခြင်းငှါ အပ်သည်သာလျှင်တည်း၊ လူဖြစ်သောသူအားလည်း ကျေးဇူးထောက်ပံ့ခြင်းကို ပြုပေကုန်၏၊ နတ်ဖြစ်သောသူအားလည်း ကျေးဇူးထောက်ပံ့ခြင်းကို ပြုပေကုန်၏၊ ရဟန်းဖြစ်သောသူအားလည်း ကျေးဇူးထောက်ပံ့ခြင်းကို ပြုပေကုန်၏ ဟု မိန့်တော်မူ၏။

ဥဒေါင်းမြီးယပ်, သားမြီးယပ်လှူကျိုး ၁ ပါး

> မောရဟတ္ထေ စာမရိယော၊ ဒတွာ သံဃေ ဂဏုတ္တမေ။
> ဥပသန္တကိလေသောဟံ၊ ဝိဟရာမိ အနင်္ဂဏော။
> (ခု၊ ၃၊ ဝိလိနွဝဇ္ဇတ္ထေရအပဒါန၊ ၃၆၁။)

မောရပတ္တေ စ ဥဒေါင်းမြီးယပ်တို့ကိုလည်းကောင်း၊ စာမရိယော စ စာမရီသားမြီးယပ်တို့ကိုလည်းကောင်း၊ ဂဏုတ္တမေ

ဂဏုတ္တမသ မြတ်သောဂိုဏ်းဖြစ်သော၊ သံဃေ သံဃသ သံဃာတော်အား၊ ဒတွာ ပေးလှူရသောကြောင့်၊ အဟံ ငါသည်၊ ဥပသန္တ ကိလေသော ငြိမ်းသောကိလေသာရှိသည်၊ အနင်္ဂဏော-ကိလေသာတည်းဟူသော အညစ်အကြေးမရှိသည်၊ (ဟုတွာ ဖြစ်၍) ဝိဟရာမိ နေရ၏။ (သမ္ဗန္ဓစက္ခုဒီပနီကျမ်း၊ ၂၄၉။)

ခြေနင်းလှူဒါန်းရကျိုး ၁ ပါး

ပါဒုကေ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ဣဒ္ဓိပါဒုကမာရုယှ၊ ဝိဟရာမိ ယဒိစ္ဆကံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ၃၆၃။)

သုဂတေ-သုဂတသ ဘုရားရှင်အားလည်းကောင်း၊ ဂဏဝရုတ္တမေ ဂဏဝရုတ္တမသ ဂိုဏ်းမြတ်ဖြစ်သော၊ သံဃေ သံဃသ သံဃာအားလည်းကောင်း၊ ပါဒုကေ ခြေနင်းတို့ကို၊ ဒတွာ-ပေးလှူရသောကြောင့်၊ ဣဒ္ဓိပါဒုကံ တန်ခိုးတည်းဟူသော ခြေနင်းကို၊ အာရုယှ စီး၍၊ ယဒိစ္ဆကံ အလိုရှိတိုင်း၊ ဝိဟရာမိ နေရ၏။

ဆောင်=တန်ခိုးဖြင့်သာ၊ ပါဒုကာကို၊ လိုရာစီးသွား၊ ဤတစ်ပါး၊ မှတ်သားခြေနင်း လှူကျိုးတည်း။

နို့ဓမ်းလှူရကျိုး ၁ ပါး

ဒဓိံ ဒတွာန သမ္ပန္နံ၊ ဗုဒ္ဓေ သံဃေ ဂဏုတ္တမေ။
ဘုဉ္ဇာမိ အမတံ ဘတ္တံ၊ ဝရံ ကာယဂတာသတိံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ၃၆၉။)

ဗုဒ္ဓေ အားလည်းကောင်း၊ ဂဏုတ္တမေ သံဃေ အားလည်းကောင်း၊ သမ္ပန္နံ ပြည့်စုံသော၊ ဒဓိံ နို့ဓမ်းကို၊ ဒတွာန ကြောင့်၊ ဝရံ မြတ်စွာထသော၊ ကာယဂတာသတိံ-ကာယဂတာသတိဟု ဆိုအပ်သော၊ အမတံ အမြိုက်ဖြစ်သော၊ ဘတ္တံ အစာကို၊ ဘုဉ္ဇာမိ သုံးဆောင်ရ၏။

ဝိတ္တံ (သီ၊က) စည်းစိမ်ကို၊ (သမ္ဗန္ဓစက္ခုဒီပနီကျမ်း၊ ၂၇၃။)

မသေကြောင်းဖြစ်သော အမတ ဟု ဆိုအပ်သော ကာယဂတာသတိကို ခံစားရခြင်းအကျိုးတည်း။

ဆောင်=ကာယဂတာ၊ မြိုက်သုဓာ၊ သုံးရာနို့ဓမ်း လှူကျိုးတည်း။

ပျားရည်လှူရကျိုး ၁ ပါး

ဝဏ္ဏဂန္ဓရသောပေတံ၊ မဓုံ ဒတွာ ဇိနေ ဂဏေ။
အနူပမံ အတုလိယံ၊ ပိဝေ မုတ္တိရသံ အဟံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ၃၆၉။)

ဇိနေ(ဇိနသ) ဘုရားရှင်အားလည်းကောင်း၊ ဂဏေ(ဂဏသ) ဂိုဏ်းသံဃာအားလည်းကောင်း၊ ဝဏ္ဏဂန္ဓရသောပေတံ အဆင်း အနံ့အရသာနှင့်ပြည့်စုံသော၊ မဓုံ ပျားရည်ကို၊ ဒတွာ ပေးလှူခဲ့ရသောကြောင့်၊ အနူပမံ အနှိုင်းမဲ့သော၊ အတုလိယံ အတုမဲ့သော၊ မုတ္တိရသံ ဝိမုတ္တိအရသာကို၊ အဟံ ငါသည်၊ ပိဝေ သောက်ရ၏။

မွေးညှပ်လှူဒါန်းရကျိုး ၁ ပါး

သဏ္ဍာသေ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ကိလေသဘဉ္ဇနံ ဉာဏံ၊ လဘာမိ အတုလံ သုစိံ။
ကိလေသလုဉ္စနံ (သီ၊ သျာ၊ ဣ)

သုဂတေ သုဂတသ ဘုရားရှင်အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ သဏ္ဍာသေ မွေးညှပ်တို့ကို၊ ဒတွာ ကြောင့်၊ ကိလေသဘဉ္ဇနံ ကိလေသာကို ချိုးဖျက်တတ်သော၊ (ကိလေသလုဉ္စနံ ကိလေသာကို နုတ်တတ်သော၊) အတုလံ အတုမရှိသော၊ သုစိံ စင်ကြယ်စွာသော၊ ဉာဏံ ဉာဏ်ကို၊ လဘာမိ ရ၏။ (ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ၃၆၆။)

ကိလေသာကို နုတ်တတ်သော အတုမရှိ သန့်ရှင်းစင်ကြယ်သော ဉာဏ်ကို ရခြင်း။

ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ

ဓားငယ်လှူဒါန်းရကျိုး ၁ ပါး

တနုဓာရေ သုနိသိတေ၊ သံဃေ ဒတွာ ပိပ္ပလေ။
ကိလေသကန္တနံ ဉာဏံ၊ လဘာမိ အတုလံ သုစိံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၆။)

တနုဓာရေ ပါးသော အသွားရှိကုန်သော၊ သုနိသိတေ ကောင်းစွာ သွေးအပ်ကုန်သော၊ ပိပ္ပလေ ဓားငယ်တို့ကို၊ သံဃေ အား၊ ဒတွာ ကြောင့်၊ ကိလေသကန္တနံ ကိလေသာကိုဖြတ်ကြောင်းဖြစ်သော၊ အတုလံ အတုမရှိသော၊ သုစိံ စင်ကြယ်စွာသော၊ ဉာဏံ ဉာဏ်ကို၊ လဘာမိ ရ၏။

ကိလေသာကို ဖြတ်တတ်သော အတုမရှိ သန့်ရှင်းစင်ကြယ်သော ဉာဏ်ကို ရခြင်း။

ထေရာပဒါန်ပါဠိတော် မြန်မာပြန် ပိလိန္ဒဝစ္ဆတ္ထေရအပဒါန် (၃၇၅)၌ကား "ပိပ္ပလ" သင်တုန်း ဟု ပြန်၏။

သော့တံလှူဒါန်းရကျိုး ၁ ပါး

ကုဉ္စိကေ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ဓမ္မဒွါရဝိဝရဏံ၊ လဘာမိ ဉာဏကုဉ္စိကံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၄။)

သုဂတေ အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ ကုဉ္စိကေ သော့တံတို့ကို၊ ဒတွာ ကြောင့်၊ ဓမ္မဒွါရ ဝိဝရဏံ တရားတည်းဟူသောတံခါးကို ဖွင့်နိုင်သော၊ ဉာဏကုဉ္စိကံ ဉာဏ်တည်းဟူသော သော့တံကို၊ လဘာမိ ရ၏။

ဆောင်=သော့တံလှူရ၊ မြတ်ဒါနကြောင့်၊ အေးလှအမှန်၊ နိဗ္ဗာန်တံခါး၊ ပွင့်စေပြောသည့်၊ ဉာဏ်များသော့တံ၊ မှန်စွာရကြ၊ ကျိုးဖလ၊ တစ်ဝသော့တံ လှူကျိုးတည်း။

သော့ခလောက်လှူဒါန်းရကျိုး ၂ ပါး

ကုဉ္စိကာနံ ဃရေ ဒတွာ၊ ဗုဒ္ဓေ သံဃေ ဂဏုတ္တမေ။
ဒွါနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
အပ္ပကောဓော အနာယာသော၊ သံသရန္တော ဘဝေ အဟံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၄။)

ဗုဒ္ဓေ အားလည်းကောင်း၊ ဂဏုတ္တမေ သံဃေ အားလည်းကောင်း၊ ကုဉ္စိကာနံ ဃရေ သော့အိမ်(သော့ခလောက်)တို့ကို၊ ဒတွာ ကြောင့်၊ မမ ငါ၏၊ ကမ္မာနုစ္ဆဝိကေ ကောင်းမှုကံအား လျော်ကျပတ်ကုန်သော၊ ဒွါနိသံသေ နှစ်ပါးသော အကျိုးတို့ကို၊ အနုဘောမိ ခံစားရ၏။ ဘဝေ ဘဝ၌၊ သံသရန္တော ကျင်လည်သော၊ အဟံ ငါသည်၊ အပ္ပကောဓော နည်းသောအမျက်ရှိသည်လည်းကောင်း၊ အနာယာသော ကြောက်ပင်ပန်းခြင်းမရှိသည်လည်းကောင်း၊ (ဟောမိ ဖြစ်ရ၏)။

၁။ အမျက်နည်းပါးခြင်း၊ ၂။ ကြောက်ပင်ပန်းမှုမရှိခြင်း။

ဆောင်=အမျက်နည်းခြင်း၊ ပင်ပန်းကင်း၊ မှတ်လျှင်း သော့ခလောက်လှူကျိုးတည်း။

အင်းပျဉ် (မြင်းခုံခွေးခြေ)လှူဒါန်းရကျိုး ၂ ပါး

ဖလပီဌေ ဇိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ဒွါနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သောဝဏ္ဏမယေ မဏိမယေ၊ ဒန္တသာရမယေ ဗဟူ။
ပလ္လင်္ကသေဋ္ဌေ ဝိန္ဒာမိ၊ ဖလပီဌဿိဒံ ဖလံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၈။)
ပလာလပီဌေ ကောက်ရိုးအင်းပျဉ် (သီ)

ဇိနေ ဇိနသြ ဘုရားရှင်အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ ဖလပီဌေ နေရာဖြစ်သော အင်းပျဉ်းတို့ကို၊ ဒတွာ ကြောင့်၊ မမ ငါ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ ဒွါနိသံသေ နှစ်ပါးသော အကျိုးတို့ကို၊ အနုဘောမိ ခံစားရ၏။

သောဏ္ဏမယေ ရွှေဖြင့်ပြီးသော ပလ္လင်တို့ကိုလည်းကောင်း၊ မဏိမယေ မြကျောက်ဖြင့် ပြီးသော ပလ္လင်တို့ကိုလည်းကောင်း (ပတ္တမြားဖြင့်ပြီးသော ပလ္လင်တို့ကိုလည်းကောင်း)၊ ဒန္တသာရမယေ ဆင်စွယ်နှစ်ဖြင့်ပြီးသော ပလ္လင်တို့ကိုလည်းကောင်း၊ ဗဟူ များစွာကုန်သော၊ ပလ္လင်္ကသေဋ္ဌေ မြတ်သော ပလ္လင်တို့ကို၊ ဝိန္ဒာမိ ရ၏။ ဣဒံ ဤအကျိုးသည်ကား၊ ဖလပီဌဿ အင်းပျဉ်အလှူ၏၊ ဖလံ အကျိုးတည်း။

ဖလပီဌ အင်းပျဉ် (သမ္ဗန္ဓစက္ခုဒီပနီကျမ်း), ပျဉ်ချပ်အင်းပျဉ် (ထေရာပဒါန်ပါဠိတော် မြန်မာပြန်), မြင်းခုံခွေးခြေ (သဒ္ဓမ္မဂ်လ ဓမ္မဒေသနာ)

၁။ ရွှေ မြ(ပတ္တမြား)ဖြင့် ပြီးသော ပလ္လင်များကို ရခြင်း၊ ၂။ ဆင်စွယ်ဖြင့်ပြီးသော ပလ္လင်တို့ကို ရခြင်း။

ဆောင်=ရွှေစင်ပတ္တမြား၊ ဆင်စွယ်သားဖြင့်၊ ပြီးငြားပလ္လင်၊ များမြတ်ပင်ရ၊ ဤနှစ်ဝ၊ ပီဌမြင်းခုံ လှူကျိုးတည်း။

ခြေဆေးအင်းပျဉ်လှူဒါန်းကျိုး ၂ ပါး

ပါဒပီဌေ ဇိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ဒွါနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
လဘာမိ ဗဟုကေ ယာနေ၊ ပါပီဌဿိဒံ ဖလံ။
ဒါသီ ဒါသာ စ ဘရိယာ၊ ယေ စညေ အနုဇီဝိနော။
သမ္မာ ပရိစရန္တေ မံ၊ ပါဒပီဌဿိဒံ ဖလံ။
(ခု ၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၈။)

ဒါသိဒါသဘရိယာ, ပရိစရန္တိ (သမ္ဗန္ဓစက္ခုဒီပနီ၊ ၂၇၀။)

ဇိနေ အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ ပါဒပီဌေ ခြေဆေးအင်းပျဉ်တို့ကို၊ ဒတွာ ကြောင့်၊ မမ ငါ၏၊ကမ္မာနုစ္ဆဝိကေ ကုန်သော၊ ဒွါနိသံသေ နှစ်ပါးသော အကျိုးတို့ကို၊ အနုဘောမိ ခံစားရ၏။

ဗဟုကေ များစွာကုန်သော၊ ယာနေ ယာဉ်တို့ကို၊ လဘာမိ ရ၏၊ ဣဒံ ဤအကျိုးသည်ကား၊ ပါဒပီဌဿ ခြေဆေးအင်းပျဉ်အလှူ၏၊ ဖလံ အကျိုးတည်း။ ဒါသီ စ ကျွန်မိန်းမတို့သည်လည်းကောင်း၊ ဒါသာ စ ကျွန်ယောကျ်ားတို့သည်လည်းကောင်း၊ ဘရိယာ စ မယားတို့သည်လည်းကောင်း၊ (ဒါသိဒါသဘရိယာ စ ကျွန်မိန်းမ, ကျွန်ယောကျ်ား, မယားကောင်းတို့သည်လည်းကောင်း)၊ အညေ တစ်ပါးကုန်သော၊ ယေ အနုဇီဝိနော အကြင်မှီ၍ အသက်မွေးကုန်သောသူတို့သည်လည်းကောင်း၊ မံ ငါ့ကို၊ သမ္မာ ကောင်းစွာ၊ ပရိစရန္တေ လုပ်ကျွေးကုန်၏၊ ဣဒံ ဤသည်ကား၊ ပါဒပီဌဿ ခြေဆေးအင်းပျဉ်အလှူ၏၊ ဖလံ အကျိုးတည်း။

၁။ ဆင်မြင်းစသော များစွာသော ယာဉ်တို့ကို ရရှိခြင်း၊ ၂။ မယား, ကျေးကျွန်တို့ကို ရရှိခြင်း။

ဆောင်=မယားကျေးကျွန်၊ ယာဉ်မွန်ရရေး၊ အကျိုးဒွေး၊ ခြေဆေးအင်းပျဉ် လှူကျိုးတည်း။

မီးခွက်မီးအိမ်, ဆီမီးတိုင်လှူဒါန်းရကျိုး ၃ ပါး

ဒီပဓာရေ ဇိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
တိဏ္ဏာ'နိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
ဇာတိမာ အင်္ဂသမ္ပန္နော၊ ပညဝါ ဗုဒ္ဓသမ္မတော။
ဣမေ ဂုဏေ ပဋိလဘေ၊ တဿ နိဿန္ဒတော အဟံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၅။)

ဒီပဋ္ဌာနေ (သီ)၊ ဒီပဓါနေ (သျာ)၊ ဒီပဋ္ဌာပေ (က)၊ ဗုဒ္ဓိသမ္မတော (သီ၊ က)

ဇိနေ အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ ဒီပဋ္ဌာနေ မီးခွက်, မီးအိမ်, ဆီမီးတိုင်တို့ကို၊ ဒတွာ ကြောင့်၊ မမ ငါ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ တိဏ္ဏာ'နိသံသေ သုံးပါးသော အကျိုးတို့ကို၊ အနုဘောမိ၏။

ဇာတိမာ မြတ်သော ဇာတ်ရှိသည်လည်းကောင်း၊ အင်္ဂသမ္ပန္နော အင်္ဂါကြီးငယ်နှင့် ပြည့်စုံသည်လည်းကောင်း၊ ပညဝါ ပညာရှိသည်ဖြစ်၍၊ ဗုဒ္ဓသမ္မတော (ဗုဒ္ဓိသမ္မတော) ပညာရှိဟု သမုတ်အပ်သည်လည်းကောင်း၊ (ဟောမိ ဖြစ်၏)၊ တဿ ထိုကောင်းမှု၏၊ နိဿန္ဒတော အကျိုးအားဖြင့်၊ ဣမေ ဂုဏေ ဤကျေးဇူးတို့ကို၊ အဟံ သည်၊ ပဋိလဘေ-ပဋိလဘာမိ ရ၏။

၁။ အမျိုးမြတ်ခြင်း၊ ၂။ အင်္ဂါကြီးငယ်နှင့် ပြည့်စုံခြင်း၊ ၃။ ပညာရှိခြင်း (ဉာဏ်ပညာကြီးမားခြင်း)။

ဆောင်=မြင့်မြတ်မျိုးနွယ်၊ ကြီးငယ်အင်္ဂါ၊ ပြည့်စုံပါ၍၊ ပညာကြီးမား၊ ဤသုံးပါးသည်၊ မှတ်သားဆိမ်းတိုင် လှူကျိုးတည်း။

အနိုးတံလှူဒါန်းရကျိုး ၃ ပါး

ရူမနေတ္တေ ဇိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
တိဏ္ဏာ ံနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သတိ မေ ဥဇုကာ ဟောတိ၊ သုသမ္ဗန္ဓာ စ နှာရဝေါ။
လဘာမိ ဒိဗ္ဗနယနံ၊ တဿ နိဿန္ဒတော အဟံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ၃၆၅။)
သုဂတေ (သမ္ဗုစကျ္ဌဒီပနီကျမ်း)၊ ဒိဗ္ဗသယနံ နတ်အိပ်ရာ (သျှာ)

ဇိနေ အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ ရူမနေတ္တေ အနိုးတံတို့ကို၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာ နုစ္ဆဝိကေ ကုန်သော၊ တိဏ္ဏာ ံနိသံသေ တို့ကို၊ အနုဘောမိ ၏။

မေ ငါ့အား (ငါ၏)၊ သတိ သတိသည်၊ ဥဇုကာ ဖြောင့်မတ်သည်၊ ဟောတိ ၏၊ နှာရဝေါ အကြောတို့သည်၊ သုသမ္ဗန္ဓာစ ကောင်းစွာ စပ်ကုန်သည်လည်း၊ ဟောန္တိ ဖြစ်ကုန်၏၊ တဿ ၏၊ နိဿန္ဒတော ဖြင့်၊ ဒိဗ္ဗနယနံ နတ်မျက်စိကို (ဒိဗ္ဗသယနံ နတ်အိပ်ရာနေရာကို)၊ အဟံ သည်၊ လဘာမိ၏။

၁။ ဖြောင့်မတ်သော သတိရှိခြင်း၊ ၂။ ကောင်းစွာဆက်စပ်သော အကြောများရှိခြင်း၊ ၃။ နတ်မျက်စိ(နတ်အိပ်ရာ)ကို ရခြင်း။

ဆောင်=သတိဖြောင့်မတ်၊ ကောင်းမြတ်ကြောဆက်၊ နတ်မျက်စိရ၊ ဤသုံးဝ၊ လှူရ နိုးတံအကျိုးတည်း။

အပ်အိမ်လှူဒါန်းရကျိုး ၃ ပါး

သူစိဃရေ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
တိဏ္ဏာ ံနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
စေတောသုခံ ကာယသုခံ၊ ဣရိယာပထဇံ သုခံ။
ဣမေ ဂုဏေ ပဋိလဘေ၊ တဿ နိဿန္ဒတော အဟံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ၃၆၁။)

သုဂတေ အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ သူစိဃရေ အပ်အိမ် (အပ်ကျည်)တို့ကို၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ တိဏ္ဏာ ံနိသံသေ တို့ကို၊ အနုဘောမိ ၏။

စေတောသုခံ စိတ်ချမ်းသာခြင်းလည်းကောင်း၊ ကာယသုခံ ကိုယ်ချမ်းသာခြင်းလည်းကောင်း၊ ဣရိယာပထဇံ ဣရိယာပုထ်ကြောင့်ဖြစ်သော၊ သုခံ ချမ်းသာလည်းကောင်း၊ ဣမေ ဂုဏေ ဤကျေးဇူးတို့ကို၊ တဿ ၏၊ နိဿန္ဒတော ဖြင့်၊ အဟံ သည်၊ ပဋိလဘေ ၏။

၁။ စိတ်ချမ်းသာခြင်း၊ ၂။ ကိုယ်ချမ်းသာခြင်း (အညောင်းအညာမရှိခြင်း)၊ ၃။ ဣရိယာပုထ်မျှတ ချမ်းသာခြင်း။

ဆောင်=ကင်းပညောင်းညာ၊ ချမ်းသာစိတ်အေး၊ လေးဣရိယာ၊ လွန်စွာမျှတ၊ ဤသုံးဝ၊ မှတ်ကြ အပ်အိမ်လှူကျိုးတည်း။

အံသကိုင်လှူဒါန်းရကျိုး ၃ ပါး

အံသဗဒ္ဓေ ဇိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
တိဏ္ဏာ ံနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သဒ္ဓမ္မေ ဂါဓံ ဝိန္ဒာမိ၊ သရာမိ ဒုတိယံ ဘဝံ။
သဗ္ဗတ္ထ သုစ္ဆဝိ ဟောမိ၊ တဿ နိဿန္ဒတော အဟံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ၃၆၁ ၃၆၂။)

ဇိနေ အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ အံသဗဒ္ဓေ အံသကိုင်တို့ကို၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ တိဏ္ဏာ ံနိသံသေ တို့ကို၊ အနုဘောမိ ၏။

အဟံ သည်၊ တဿ ထိုအံသကိုင်ကို လှူဒါန်းခဲ့သော ကောင်းမှု၏၊ နိဿန္ဒတော အကျိုးဆက်အားဖြင့်၊ သဒ္ဓမ္မေ သူတော်

ကောင်းတရား၌၊ ဂါမံ ဝိန္ဒာမိ ထောက်တည်ရာကို ရ၏၊ ဒုတိယံ ဘဝံ ဒုတိယဘဝကို၊ သရာမိ အောက်မေ့နိုင်၏၊ သဗ္ဗတ္ထ ဘဝအားလုံး၌၊ သုစ္စရိ ကောင်းသော အသားအရေ ရှိသည်၊ ဟောမိ ဖြစ်၏။

၁။ သူတော်ကောင်းတရား၌ တည်နေနိုင်ခြင်း၊ ၂။ ဒုတိယဘဝကို မြင်နိုင်ခြင်း၊ ၃။ အသားအရေ လှပခြင်း။

ဆောင်=သူတော်တရား၊ ရှုစားသက်ဝင်၊ သိမြင်နှစ်ဘဝ၊ လှပရေသား၊ ဤသုံးပါး၊ မှတ်သား အံ့သကိုင်ဝှ လှူကျိုးတည်း။

ဖိနပ်လှူဒါန်းရကျိုး ၃ ပါး

ဥပါဟနေ ဒိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
တိဏာ ဳသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
ဟတ္ထိယာနံ အဿယာနံ၊ သိဝိကာ သန္ဒမာနိကာ။
သဋ္ဌိသတသဟဿာနိ၊ ပရိဝါရေန္တိ မံ သဒါ။
မဏိမယာ တမ္ဗမယာ၊ သောဏ္ဏရဇတပါဒုကာ။
နိဗ္ဗတ္တန္တိ ပဒုဒ္ဓါရေ၊ ဘဝေ သံသာရတော မမ။
နိယာမံ သတိ ဓာဝန္တိ၊ အာဂုအာစာရသောဓနံ။
ဣမေ ဂုဏေ ပဋိလာဘော၊ တဿ နိဿန္ဒတော အဟံ။
(ခု၊၃၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၃။)

သိဝိကံ သန္ဒမာနိကံ (သမ္ဗန္ဓစက္ကဒီပနီကျမ်း)၊ ကမ္ဗလိကာ (သီ၊က) နိယာမံ ပဋိဓာဝန္တိ (သီ)၊ ပဋိဓာဝန္တိ (သျာ)

အာစာရဂုဏသောဓနံ (သီ၊သျာ)

ဒိနေ အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ ဥပါဟနေ ဖိနပ်တို့ကို၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ တိဏာ ဳသံသေ တို့ကို၊ အနုဘောမိ ၏။

ဟတ္ထိယာနံ ဆင်ယာဉ်သည်လည်းကောင်း၊ အဿယာနံ မြင်းယာဉ်သည်လည်းကောင်း၊ သဋ္ဌိသတသဟဿာနိ ခြောက်သန်းကုန်သော၊ သိဝိကာ ထမ်းစင်တို့သည်လည်းကောင်း၊ သန္ဒမာနိကာ သံလျင်းတို့သည်လည်းကောင်း၊ မံ ငါ့ကို၊ သဒါ အခါခပ်သိမ်း၊ ပရိဝါရေန္တိ ခြံရံကုန်၏။

ဘဝေ ဘဝ၌၊ သံသာရတော ကျင်လည်သော၊ မမ ငါ၏၊ ပဒုဒ္ဓါရေ ခြေကြွချီရာ၌၊ မဏိမယာ မြ(ပတ္တမြား)ဖြင့်ပြီးသော ခြေနင်းတို့သည်လည်းကောင်း၊ တမ္ဗမယာ (ကမ္ဗလိကာ) ကြေးနီဖြင့်ပြီးသော (ကမ္ဗလာဖြင့်ပြီးသော)ခြေနင်းတို့သည်လည်းကောင်း၊ သောဏ္ဏရဇတပါဒုကာ ရွှေခြေနင်း, ငွေခြေနင်းတို့သည်လည်းကောင်း၊ နိဗ္ဗတ္တန္တိ ဖြစ်ကုန်၏။

အာဂုအာစာရသောဓနံ မကောင်းသော အကျင့်ကို သုတ်သင်တတ်သော၊ နိယာမံ နိယာမ(အရိယာမဂ်)သို့၊ ဓာဝန္တိ ပြေးသော၊ သတိ သတိသည်၊ (ဟောတိ ၏)၊ တဿ ၏၊ နိဿန္ဒတော ဖြင့်၊ အဟံ ငါသည်၊ ဣမေ ဂုဏေ တို့ကို၊ ပဋိလဘေ ရ၏။

၁။ ဆင်ယာဉ်, မြင်းယာဉ်, ထမ်းစင်, သန်လျင်းတို့ကို ရခြင်း၊

၂။ ဖဝါးချတိုင်း ရတနာခြေနင်းများ ပေါ်ပေါက်လာရခြင်း၊

၃။ မကောင်းမှုကို သုတ်သင်ခြင်း၌ မြဲသောသတိရှိခြင်း။

ဆောင်=ထမ်းစင်, သန်လျင်း၊ ဆင်,မြင်းယာဉ်ရ၊ ခြေလှမ်းကလည်း၊ ပေါ်ရခြေနင်း၊ သန့်ရှင်းစိတ်ဓာတ်၊ ဤသုံးရပ်၊ ဖိနပ်လှူကျိုးတည်း။

အိုးခွက်လှူဒါန်းရကျိုး ၃ ပါး

ဘာဇနေ ပရိဘောဂေ စ၊ ဒတွာ ဗုဒ္ဓေ ဂဏုတ္တမေ။
တိဏာ ဳသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သောဏ္ဏမယေ မဏိမယေ၊ အထောပိ ဖလိကာမယေ။
လောဟိတင်္ကမယေ စေဝ၊ လဘာမိ ဘာဇနေ အဟံ။
ဘရိယာ ဒါသဒါသီ စ၊ ဟတ္ထိဿရထပတ္တိကေ။
ဣတ္ထီ ပတိဗ္ဗတာ စေဝ၊ ပရိဘောဂါနိ သဗ္ဗဒါ။
ဝိဇ္ဇာ မန္တပဒေ စေဝ၊ ဝိဝိဓေ အာဂမေ ဗဟူ။

သဗ္ဗံ သိပ္ပံ နိသာမေမိ၊ ပရိဘောဂါနိ သဗ္ဗဒါ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၂။)

ပရိဘောဂေ သုံးဆောင်ရာဖြစ်ကုန်သော၊ ဘာဇနေ အိုးခွက်တို့ကို၊ ဗုဒ္ဓေ ဗုဒ္ဓဿ စ ဘုရားရှင်အားလည်းကောင်း၊ ဂဏုတ္တမေ ဂဏုတ္တမဿ စ မြတ်သော အပေါင်းသံဃာအားလည်းကောင်း၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ တီဏာ ိနိသံသေ တို့ကို၊ အနုဘောမိ ၏။

သောဏ္ဏမယေ စ ရွှေဖြင့်ပြီးသည်လည်း ဖြစ်ကုန်သော၊ မဏိမယေ စ မြ(ပတ္တမြား)ဖြင့်ပြီးသည်လည်း ဖြစ်ကုန်သော၊ အထောပိ ထိုမှတစ်ပါးလည်း၊ ဖလိကာမယေ ဖန်ဖြင့်ပြီးသည်လည်း ဖြစ်ကုန်သော၊ လောဟိတင်္ကမယေ စေဝ ပတ္တမြားနီဖြင့် ပြီးသည်လည်း ဖြစ်ကုန်သော၊ ဘာဇနေ အိုးခွက်တို့ကို၊ အဟံ သည်၊ လဘာမိ ရ၏။

ဘရိယာဒါသဒါသီ စ မယား, ကျွန်ယောက်ျား, ကျွန်မိန်းမတို့ကိုလည်းကောင်း၊ ဟတ္ထိဿရထပတ္တိကေ ဆင်,မြင်း,ရထား, ခြေသည်တို့ကိုလည်းကောင်း၊ ပတိဗ္ဗတာ လင်ကို ကောင်းစွာ လုပ်ကျွေးတတ်ကုန်သော၊ ဣတ္ထီ စေဝ မိန်းတို့ကိုလည်းကောင်း၊ လဘာမိ ရ၏၊ သဗ္ဗဒါ အခါခပ်သိမ်း၊ ပရိဘောဂါနိ အသုံးအဆောင်တို့သည်၊ (ဘဝန္တိ ဖြစ်ကုန်၏)။

ဝိဝိဓေ အထူးထူးကုန်သော၊ ဝိဇ္ဇာမန္တပဒေ စေဝ အတတ်ပညာ ဗေဒင်မန္တရားပုဒ်တို့ကိုလည်းကောင်း၊ ဗဟူ များစွာကုန်သော၊ အာဂမေ စ ကျမ်းဂန်တို့ကိုလည်းကောင်း၊ သဗ္ဗံ သိပ္ပံ အလုံးစုံသော အတတ်ကို၊ နိသာမေမိ ကြားသိ၏(သင်ယူနိုင်၏)၊ သဗ္ဗဒါ သိမ်း၊ ပရိဘောဂါနိ တို့သည်၊ (ဘဝန္တိ 'ကုန်၏)။

၁။ ရတနာအတိပြီးသော အိုးခွက်အသုံးအဆောင်တို့ကို ရခြင်း၊

၂။ စစ်အင်္ဂါလေးပါး, ကျွန်ယောက်ျား, ကျွန်မိန်းမ, မယားကောင်းတို့ကို ရခြင်း၊

၃။ အတတ်ပညာ ဗေဒင်ကျမ်းဂန်များကို တတ်မြောက်ရခြင်း။

ဆောင်=ရွှေဖန်ပတ္တမြား၊ ခွက်များမယုတ်၊ အလုပ်အကျွေး၊ မနေးစုံလင်၊ ဗေဒင်ကျမ်းဂန်၊ မကျန်တတ်လျက်၊ ဤသုံးချက်၊ အိုးခွက် လှူကျိုးတည်း။

ဟင်းခွက် ဆွမ်းစားခွက်လှူဒါန်းရကျိုး ၃ ပါး

ထာလကေ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
တီဏာ ိနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သောဏ္ဏမယေ မဏိမယေ၊ အထောပိ ဖလိကာမယေ။
လောဟိတင်္ကမယေ စေဝ၊ လဘာမိ ထာလကေ အဟံ။
အသတ္ထကေ ဖလမယေ၊ အထော ပေါက္ခရပတ္တကေ။
မဓုပါနကသင်္ခေ စ၊ လဘာမိ ထာလကေ အဟံ။
ဝတ္တေ ဂုဏေ ပဋိပတ္တိ၊ အာစာရကိရိယာသု စ။
ဣမေ ဂုဏေ ပဋိလဘေ၊ တဿ နိဿန္ဒတော အဟံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၂ ၃၆၃။)

အဿတ္ထကေ (သီ)၊ အဿဋ္ဌကေ (သျှ) ပဋိပတ္တိ (သမန္တစက္ခုဒီပနီကျမ်း)

သုဂတေ အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ ထာလကေ ခွက်တို့ကို၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ တီဏာ ိနိသံသေ တို့ကို၊ အနုဘောမိ ၏။

သောဏ္ဏမယေ စ ကုန်သော၊ မဏိမယေ ကုန်သော၊ အထောပိ လည်း၊ ဖလိကာမယေ ကုန်သော၊ လောဟိတင်္ကမယေ စေဝ ကုန်သော၊ ထာလကေ တို့ကို၊ အဟံ သည်၊ လဘာမိ ၏။

အသတ္ထကေ(အဿတ္ထကေ) ညောင်ဗုဒ္ဓဟေရွက်နှင့်တူသော ခွက်တို့ကိုလည်းကောင်း၊ ဖလမယေ သစ်သီးဖြင့်ပြီးသော ခွက်တို့ကိုလည်းကောင်း၊ အထော ထိုမှတစ်ပါး၊ ပေါက္ခရပတ္တကေ ကြာရွက်နှင့်တူသော ခွက်တို့ကိုလည်းကောင်း၊ မဓုပါလကသင်္ခေ စ ပျားရည်သောက်စရာ ခရုသင်းခွက်တို့ကိုလည်းကောင်း၊ ထာလကေ ခွက်တို့ကို၊ အဟံ သည်၊ လဘာမိ ၏။

ဝတ္တေ နိစ္စဝတ် (ဝတ်ကြီးဝတ်ငယ်)၌လည်းကောင်း၊ ဂုဏေ သီလစသော ဂုဏ်ကျေးဇူး၌လည်းကောင်း၊ အာစာရကိရိယာသုစ

အလေ့အကျင့် အမှုအရာတို့၌လည်းကောင်း၊ ပဋိပတ္တိ (ပဋိပတ္တိ)-အကျင့်ကို၊ လဘာမိ-၏၊ တဿ ၏၊ နိဿန္ဒတော ဖြင့်၊ အဟံ သည်၊ ဣမေ ဂုဏေ တို့ကို၊ ပဋိလဘေ ၏။

၁။ ရတနာအတိပြီးသော စားခွက်တို့ကို သုံးဆောင်ရခြင်း၊ ၂။ ဗောဓိညောင်ရွက်အစရှိသည်နှင့်တူသော ခွက်တို့ကို သုံးဆောင်ရခြင်း၊ ၃။ ဝတ်ပဋိပတ်ဂုဏ်ကျေးဇူးအကျင့် အမှုအရာနှင့် ပြည့်စုံခြင်း။

ဆောင်=ရွှေ, ဖန်, ပတ္တမြား၊ သုံးပါးခွက်ရ၊ လိုတမကြွင်း၊ ခရသင်းကြေးခွက်၊ မပျက်ဖြူဆွတ်၊ ကျင့်ဝတ်တရား၊ ဤသုံးပါးသည်၊ ဆွမ်းစားခွက်လှူ အကျိုးတည်း။

## အရသာ(အသားရည်)လှူဒါန်းရကျိုး ၄ ပါး

ယထာဘူတံ ရသံ ဒတွာ၊ ဗုဒ္ဓေ သံဃေ ဂဏုတ္တမေ။
စတုရော ဖလေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ၃၆၉။)

ဗုဒ္ဓေ အားလည်းကောင်း၊ ဂဏုတ္တမေ သံဃေ-အားလည်းကောင်း၊ ယထာဘူတံ အကြင်အကြင်သို့ သဘောရှိသော၊ ရသံ အရသာ(ရသာရည်)ကို၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ စတုရော ဖလေ ဖိုလ်လေးပါးတို့ကို၊ အနုဘောမိ ၏။

၁။ သောတာပတ္တိဖိုလ်၊ ၂။ သကဒါဂါမိဖိုလ်၊ ၃။ အနာဂါမိဖိုလ်၊ ၄။ အရဟတ္တဖိုလ်တို့ကို ရရှိခြင်း။

ဆောင်=ဖိုလ်လေးပါးရ၊ ကျိုးလေးဝ၊ ရသသားရည် လှူကျိုးတည်း။

## ဆီကျည်လှူဒါန်းရကျိုး ၅ ပါး

တေလဓာရေ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ပဉ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သုစာရုရူပေါ သုဘဒ္ဒေါ၊ သုသမုဂ္ဂတမာနသော။
အဝိက္ခိတ္တမနော ဟောမိ၊ သဗ္ဗာရက္ခေဟိ ရက္ခိတော။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ၃၆၁။)
သုဂဒေါ (သီ) သုဝါစော (?)

သုဂတေ-အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ တေလဓာရေ ဆီကျည်တို့ကို၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ-ကုန်သော၊ ပဉ္စာနိသံသေ-ငါးပါးသော အကျိုးတို့ကို၊ အနုဘောမိ ၏။

သုစာရုရူပေါ အလွန်တင့်တယ်(နှစ်လိုဖွယ်)သော ကိုယ်ရှိသည်လည်းကောင်း (သုတနုရူပေါ ကောင်းသော ကိုယ်အဖြစ်ရှိသည်လည်းကောင်း)၊ သုဘဒ္ဒေါ-အလွန်ကောင်းခြင်းရှိသည်လည်းကောင်း (သုဂဒေါ-ကောင်းသော စကားကို ဆိုတတ်သည်လည်းကောင်း)၊ သုသမုဂ္ဂတမာနသော အလွန်တက်ကြွသော စိတ်ရှိသည်လည်းကောင်း၊ ဝါ ကောင်းသော နှလုံးရှိသည်လည်းကောင်း၊ အဝိက္ခိတ္တမနော မပျံ့လွင့်သောစိတ်ရှိသည်လည်းကောင်း (မပျံ့လွင့်သော နှလုံးရှိသည်လည်းကောင်း၊ သဗ္ဗာရက္ခေဟိ ခပ်သိမ်းသော အစောင့်အရှောက်တို့သည်၊ ရက္ခိတော စောင့်ရှောက်အပ်သည်လည်းကောင်း၊ ဟောမိ-ဖြစ်၏။

၁။ အလွန်တင့်တယ် နှစ်လိုဖွယ်သော ကိုယ်ရှိခြင်း၊ ၂။ အလွန်ကောင်းသူဖြစ်ခြင်း (ကောင်းသော စကားရှိခြင်း)၊

၃။ အလွန်တက်ကြွသော စိတ်နှလုံးရှိခြင်း (စိတ်နှလုံးကောင်းခြင်း)၊ ၄။ မပျံ့လွင့်သော စိတ်နှလုံးရှိခြင်း၊

၅။ ခပ်သိမ်းသော အစောင့်အရှောက်တို့ဖြင့် စောင့်ရှောက်ခြင်း။

ဆောင်=လုံးရပ်ညီညာ၊ ဆင်းဝါလျောက်ပတ်၊ တည်မတ်က္ကန္ဓေ၊ သေခွေစိတ်စက်၊ မပျက်စောင့်ကြပ်၊ ဤငါးရပ်သည်၊ မှတ်အပ်ဆီကြည် လှူကျိုးတည်း။(ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ၃၈၉။)

## ခြေနယ်ဆီလှူဒါန်းရကျိုး ၅ ပါး

တေလအဗ္ဘဥ္စနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ပဉ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
အဗျာဓိတာ ရူပဝတာ၊ ခိပ္ပံ ဓမ္မနိသန္တိတာ။

လာဘိတာ အန္နပါနဿ၊ အာယုပဥ္စမကံ မမ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၈။)

ဂဏဝရုတ္တမေ သံဃေ အား၊ တေလအဍ္ဍူနေ ခြေနယ်ဆီတို့ကို၊ ဒတွာ-ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ ပဉ္စာနိသံသေ ငါးပါးသော အကျိုးတို့ကို၊ အနုဘောမိ ၏။

အဗျာဓိတာ အနာမရှိသော အဖြစ်သည်လည်းကောင်း၊ ရူပဝတာ မြတ်သော အဆင်းရှိသော အဖြစ်သည်လည်းကောင်း၊ ခိပ္ပံ လျင်စွာ၊ ဓမ္မနိသန္တိတာ တရားကို သိသောအဖြစ်သည်လည်းကောင်း၊ အန္နဿ ထမင်းကိုလည်းကောင်း၊ ပါနဿ အဖျော်ကိုလည်းကောင်း၊ လာဘီ ရလွယ်သည်၊ ဟောမိ ဖြစ်၏၊ မမ ငါ၏၊ အာယု အသက်ရှည်ခြင်းသည်၊ ပဉ္စမကံ ငါးခုမြောက်အကျိုးတည်း။

၁။ အနာရောဂါမရှိခြင်း၊ ၂။ အဆင်းလှခြင်း၊ ၃။ တရားကို လျင်စွာ သိနိုင်ခြင်း၊ ၄။ ထမင်းအဖျော်ကို ရလွယ်ခြင်း၊ ၅။ အသက်ရှည်ခြင်း။

ဆောင်=အာယု, ဝဏ္ဏ၊ အာရောဂျနှင့်၊ ဉာဏလက်ငင်း၊ ထမင်းအဖျော်၊ ပူဇော်လည်းများ၊ ဤငါးပါးသည်၊ ဟောကြားနယ် ဆီ လှူကျိုးတည်း။

ထောပတ်ဆီလှူရကျိုး ၅ ပါး

သပ္ပိတေလဉ္စ ဒတွာန၊ သံဃေ ဂဏဝရုတ္တမေ။
ပဉ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
ထာမဝါ ရူပသမ္ပန္နော၊ ပဟဋ္ဌတနုဇော သဒါ။
အဗျာဓိ ဝိသဒေါ ဟောမိ၊ သပ္ပိတေလဿိဒံ ဖလံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၈။)
သပ္ပိ´ တေလဉ္စ (သမန္တစက္ခုဒီပနီကျမ်း)

ဂဏဝရုတ္တမေ သံဃေ အား၊ သပ္ပိတေလဉ္စ ထောပတ်ဆီကိုလည်း၊ ဒတွာန ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ ပဉ္စာနိသံသေ ငါးပါးသော အကျိုးတို့ကို၊ အနုဘောမိ ၏။

တဒါ ထိုအခါ၌၊ ထာမဝါ ခွန်အားရှိသည်လည်းကောင်း၊ ရူပသမ္ပန္နော အဆင်းနှင့် ပြည့်စုံသည်လည်းကောင်း၊ ပဟဋ္ဌ တနုဇော အဖျားတက်သော ကိုယ်မွေးရှိသည်လည်းကောင်း (ရွှင်သော ကိုယ်မွေးရှိသည်လည်းကောင်း)၊ အဗျာဓိ အနာမရှိသည်လည်း ကောင်း၊ ဝိသဒေါ သန့်ရှင်းသည်လည်းကောင်း၊ ဟောမိ ဖြစ်၏၊ ဣဒံ ကား၊ သပ္ပိတေလဿ ထောပတ်ဆီလှူရသည်၏၊ ဖလံ အကျိုး တည်း။

၁။ ခွန်အားရှိခြင်း၊ ၂။ အဆင်းလှခြင်း၊ ၃။ အထက်သို့ ကော့ရော့တက်သော ကိုယ်မွေးရှိခြင်း(ကိုယ်မွေး၏ရွှင်ခြင်း)၊ ၄။ အနာရောဂါမရှိခြင်း၊ ၅။ သန့်ရှင်းစင်ကြယ်ခြင်း။

ဆောင်=ခွန်အားကြီးခြင်း၊ အနာကင်းလျက်၊ အဆင်းယဉ်ကျေး၊ အမွေးကြည်ရွှင်၊ သန့်ရှင်းစင်သည်၊ ငါးအင်ထောပတ်လှူကျိုး တည်း။

သွားတိုက်ဆေး(တံပူ)/သွားတိုက်တံလှူဒါန်းရကျိုး ၅ ပါး

မုခသောဓနကံ ဒတွာ၊ ဗုဒ္ဓေ သံဃေ ဂဏုတ္တမေ။
ပဉ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
ဝိသုဒ္ဓကဏ္ဍော မဓုရဿရော၊ ကာသသာသဝိဝဇ္ဇိတော။
ဥပ္ပလဂန္ဓော မုခတော၊ ဥပဝါယတိ မေ သဒါ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၉။)

ဗုဒ္ဓေ အားလည်းကောင်း၊ ဂဏုတ္တမေ သံဃေ-အားလည်းကောင်း၊ မုခသောဓနကံ ခံတွင်းဆေးစရာ သွားတိုက်ဆေးကို၊ ဒတွာ ပေးလှူခဲ့သောကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ ပဉ္စာနိသံသေ တို့ကို၊ အနုဘောမိ ၏။

ဝိသုဒ္ဓကဏ္ဍော စင်ကြယ်သန့်ရှင်းသော လည်ချောင်းရှိသည်လည်းကောင်း၊ မဓုရဿရော သာယာသောအသံရှိသည်လည်း

ကောင်း၊ ကာသသာသဝိဝဋ္ဋိတော ချောင်းဆိုးနာ ပန်းနာမှ ကင်းသည်လည်းကောင်း၊ (ဟောမိ ဖြစ်၏၊) သဒါ အခါခပ်သိမ်း၊ မေ ငါ၏၊ မုခတော ခံတွင်းမှ၊ ဥပ္ပလဂန္ဓော ကြာညိုပန်းရနံ့သည်၊ ဥပဝါယတိ ကြိုင်လှိုင်၏။

၁။ လည်ချောင်းသန့်ရှင်းစင်ကြယ်ခြင်း၊ ၂။ သာယာသောအသံရှိခြင်း(အသံသာယာခြင်း)၊ ၃။ ချောင်းဆိုးနာ ရောဂါမှ ကင်းခြင်း၊ ၄။ ပန်းနာ(ကုတ်ဟီးနာ)ရောဂါမှ ကင်းခြင်း၊ ၅။ ခံတွင်းမှ ကြာညိုပန်းရနံ့ သင်းပျံ့ခြင်း။

ဆောင်=လည်ချောင်းစင်သန့်၊ ချောင်းဆိုးဟန့်၏၊ မွေးပျံ့ခံတွင်း၊ ကုတ်ဟီးကင်း၍၊ သံညှင်းရင့်ယူ၊ ဤငါးဆူ၊ တံပူလှူခြင်း အကျိုးတည်း။

ဆောင်=လည်ချောင်းသန့်ရှင်း၊ ချောင်းဆိုးကင်း၍၊ ခံတွင်းမွှေးစွာ၊ ကုတ်ဟီးနာကင်း၊ သာခြင်းအသံ၊ ဤငါးတန်သည်၊ မှတ်ရန် သွားတိုက်လှူကျိုးတည်း။

## အပ်လှူရကျိုး ၅ ပါး

သူစိယော သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ပဥ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
န သံသယော ကင်္ခစ္ဆေဒေါ၊ အဘိရူပေါ စ ဘောဂဝါ။
တိက္ခပညော သဒါ ဟောမိ၊ သံသရန္တော ဘဝါဘဝေ။
ဂမ္ဘီရံ နိပုဏံ ဌာနံ၊ အတ္ထံ ဉာဏေန ပဿယိံ။
ဝဇိရဂ္ဂသမံ ဉာဏံ၊ ဟောတိ မေ တမဃာတနံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၀။)

သုဂတေ အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ သူစိယော အပ်တို့ကို၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ ပဉ္စာနိသံသေ တို့ကို၊ အနုဘောမိ ၏။

ဘဝါဘဝေ ငယ်သောဘဝ, ကြီးသောဘဝ၌၊ သံသရန္တော ကျင်လည်သော၊ အဟံ ငါသည်၊ န သံသယော သံသယမရှိမူ၍၊ ကင်္ခစ္ဆေဒေါ ယုံမှားခြင်းကို ဖြတ်တတ်သည်လည်းကောင်း၊ အဘိရူပေါ အဆင်းလှသည်လည်းကောင်း၊ ဘောဂဝါ စည်းစိမ်ရှိသည်လည်း ကောင်း၊ တိက္ခပညော ထက်သောပညာရှိသည်လည်းကောင်း၊ သဒါ အခါခပ်သိမ်း၊ ဟောမိ ၏။

မှတ်ချက်။ သမ္ဗန္ဓစက္ကဒီပနီကျမ်း(၂၄၇)၌ကား "နမသံသယော ဟု ရှိ၍ သူခပ်သိမ်းတို့ ရှိခိုးကို ခံထိုက်သည်လည်းကောင်း" ဟု အနက်ပေးထား၏။

ဂမ္ဘီရံ နက်နဲသော၊ နိပုဏံ ဌာနံ သိမ်မွေ့သော အရာဖြစ်သော၊ အတ္ထံ အနက်ကို၊ ဉာဏေန ဉာဏ်ဖြင့်၊ ပဿယိံ မြင်နိုင်၏၊ ဝဇိရဂ္ဂသမံ ဝရဇိန်ဖျားနှင့် တူသော၊ တမဃာတနံ အမိုက်ကို ပယ်ဖျောက်တတ်သော၊ မေ ငါ၏၊ ဉာဏံ ဉာဏ်သည်၊ ဟောတိ ဖြစ် ၏။

၁။ သံသယကင်းစွာ ယုံမှားခြင်းကို ဖြတ်နိုင်ခြင်း၊ ၂။ အဆင်းလှခြင်း၊ ၃။ စည်းစိမ်ဥစ္စာ ချမ်းသာကြွယ်ဝခြင်း၊

၄။ ထက်မြက်သော ဉာဏ်ပညာရှိခြင်း၊ ၅။ နက်နဲသိမ်မွေ့သော အကြောင်းအရာကို သိမြင်နိုင်သော ဉာဏ်ရှိခြင်း။

ဆောင်=ထက်မြက်ပညာ၊ ဆင်းဝါတင့်တယ်၊ ပေါကြွယ်ဥစ္စာ၊ သင်္ကာမရှိ၊ မြတ်ဘိတမူ၊ ဤငါးဆူ၊ အပ်လှူအကျိုး အကျိုး တည်း။

## လက်သည်းလှည်းဓား (လက်သည်းညှပ်)လှူရကျိုး ၅ ပါး

နခစ္ဆေဒနေ သုဂတေ၊ ဒတွာ သံဃေ ဂဏုတ္တမေ။
ပဥ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
ဒါသိဒါသေ ဂဝဿေ စ၊ ဘတကေ နာဋကေ ဗဟူ။
နှာပိတေ ဘတ္တကေ သူဒေ၊ သဗ္ဗတ္ထေဝ လဘာမဟံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၀။)

ဒါသိဒါသဂဝဿေ (က)၊ အာရက္ခကေ (သီ) အာရကေ (သမ္ဗန္ဓစက္ကဒီပနီကျမ်း)၊

သုဂတေ အားလည်းကောင်း၊ ဂဏုတ္တမေ သံဃေ အားလည်းကောင်း၊ နခစ္ဆေဒနေ လက်သည်းလှည်းဓား(လက်သည်းညှပ်)တို့ ကို၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ ပဉ္စာနိသံသေ တို့ကို၊ အနုဘောမိ ၏။

ဒါသိဒါသေ ကျွန်မိန်းမ, ကျွန်ယောကျ်ားတို့ကိုလည်းကောင်း၊ ဂဝဿေ စ နွား, မြင်းတို့ကိုလည်းကောင်း၊ ဗဟူ များစွာကုန်သော၊ ဘတကေ အလုပ်သမားတို့ကိုလည်းကောင်း၊ နာဋကေ ကချေသည်တို့ကိုလည်းကောင်း၊ နာတကေ ဆေတ္တာသည်တို့ကိုလည်းကောင်း၊ ဘတ္တကေ သူဒေ ထမင်းချက် စဖိုသည်တို့ကိုလည်းကောင်း၊ သဗ္ဗတ္ထေဝ ခပ်သိမ်းသောအရပ်၌ပင်လျှင်၊ အဟံ သည်၊ လဘာမိ ရ၏။

ဒါသိဒါသဂဝဿေ စ ကျွန်မိန်းမ, ကျွန်ယောကျ်ား, နွား, မြင်းတို့ကိုလည်းကောင်း၊...အာရက္ခကေ အစောင့်အရှောက်တို့ကိုလည်းကောင်း၊...အာရဏေ ရွှင်မှုသည်(ကချေသည်)တို့ကိုလည်းကောင်း၊

၁။ ကျွန်မိန်းမ, ကျွန်ယောကျ်ား, နွား, မြင်းတို့ကို ရရှိခြင်း၊ ၂။ အနိုင်းအစေ အလုပ်သမားကို ရရှိခြင်း၊

၃။ ဆေတ္တာသည်တို့ကို ရရှိခြင်း၊ ၄။ ကချေသည်တို့ကို ရရှိခြင်း၊ ၅။ ထမင်းချက် စဖိုသည်တို့ကို ရရှိခြင်း။

### ရေစစ်လှူဒါန်းရကျိုး ၅ ပါး

ပရိဿာဝနေ သုဂတော၊ ဒတွာ ဓမ္မကရုတ္တမေ။
ပဉ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သဗ္ဗေသံ သမတိက္ကမ္မ၊ ဒိဗ္ဗံ အာယုံ လဘာမဟံ။
အပ္ပသယှော သဒါ ဟောမိ၊ စောရပစ္စတ္ထကေဟိ ဝါ။
သတ္ထေန ဝါ ဝိသေန ဝါ၊ ဝိဟေသမ္ပိ န ကုဗ္ဗတေ။
အန္တရာမရဏံ နတ္ထိ၊ တေသံ နိဿန္ဒတော မမ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၁။)

ဒတွာ သုကတေ ဓမ္မကုတ္တရေ (သျာ၊က)

ပရိဿာဝနေ သုဂတေ ဒတွာ၊ သုကတေ ဓမကရဏုတ္တမေ (သမန္တစက္ခုဒီပနီကျမ်း)

ပရိဿာဝနေ စ ရေစစ်တို့ကိုလည်းကောင်း၊ သုကတေ ကောင်းစွာ လုပ်အပ်ကုန်သော၊ ဓမကရဏုတ္တမေ စ မြတ်သော ဓမကရိဏ်တို့ကိုလည်းကောင်း၊ သုဂတေ ဘုရားရှင်အား၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ ပဉ္စာနိသံသေ တို့ကို၊ အနုဘောမိ ၏။

သဗ္ဗေသံ ခပ်သိမ်းကုန်သော သူတို့၏၊ အာယုံ အသက်ကို၊ သမတိက္ကမ္မ လွန်၍၊ ဒိဗ္ဗံ နတ်၌ဖြစ်သော၊ အာယုံ ကို၊ အဟံ သည်၊ လဘာမိ၏ ၏၊ သဒါ အခါခပ်သိမ်း၊ စောရပစ္စတ္ထိကေဟိ ဝါ ခိုးသူ,ရန်သူတို့သည်လည်း၊ အပ္ပသယှော အနိုင်အထက် မပြုနိုင်သည်၊ ဟောမိ ၏။

သတ္ထေန ဝါ လက်နက်ဖြင့်လည်းကောင်း၊ ဝိသေန ဝါ အဆိပ်ဖြင့်လည်းကောင်း၊ ဝိဟေသမ္ပိ ညှဉ်းဆဲခြင်းကိုလည်း၊ န ကုဗ္ဗေထ မပြုနိုင်၊ တေသံ ထိုအလှူဝတ္ထုတို့၏၊ နိဿန္ဒတော အကျိုးဆက်အားဖြင့်၊ မမ ငါ့အား၊ အန္တရေ အကြား၌၊ မရဏံ သေခြင်းသည်၊ နတ္ထိ မရှိ။

၁။ သူများထက် အသက်ရှည်ခြင်း၊ ၂။ ခိုးသူ ရန်သူတို့သည် အနိုင်အထက် မညှဉ်းဆဲနိုင်ခြင်း (ရန်သူများ မဖျက်ဆီးနိုင်ခြင်း)၊ ၃။ လက်နက်မျိုးတို့ဖြင့် မညှဉ်းဆဲနိုင်ခြင်း (လက်နက်များ မထိမရှနိုင်ခြင်း)၊ ၄။ အဆိပ်မျိုးတို့ဖြင့် မညှဉ်းဆဲနိုင်ခြင်း(အဆိပ်ဘေးမှ ကင်းလွတ်ရခြင်း)၊ ၅။ အသက်၏အပိုင်းအခြားသို့ မရောက်မီ အကြား၌ မသေခြင်း (အများလက်ချက်ခြင့် မသေနိုင်ခြင်း)။

ဆောင်=သက်ရှည်သူ့ထက်၊ ရန်မဖျက်တည်း၊ လက်နက်မရှ၊ ဆိပ်ပျောက်ပလျက်၊ သူ့လက်မသေနိုင်၊ ဤငါးဆိုင်သည်၊ ကရိဏ်ရေစစ် လှူကျိုးတည်း။ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ၃၈၉။)

### သပိတ်ခြေလှူကျိုး ၅ ပါး

အာဓာရကေ ဇိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ပဉ္စဝဏ္ဏေဟိ ဒါယာဒေါ၊ အစလော ဟောမိ ကေနစိ။
ယေ ကေစိ မေ သုတာ ဓမ္မာ၊ သတိဉာဏပ္ပဗောဓနာ။
ဓတာ မေ န ဝိနဿန္တိ၊ ဘဝန္တိ သုဝိနိစ္ဆိတာ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ၃၆၂။)

ပဉ္စဝဏ္ဏေ ဘယာဘာဝေါ (သျာ)၊ ဌိတာ (က) ဇိတာ (သမန္တစက္ခုဒီပနီကျမ်း)

ဒါနအမျိုးမျိုး အကျိုးအထွေထွေ

ဇိနေ အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ အာစာရကေ သပိတ်ခြေတို့ကို၊ ဒတွာ ကြောင့်၊ ပဥ္စင်္ဂတ္တေဟိ ငါးပါးသော အကြောင်းတို့ဖြင့်၊ ဒါယာဒေါ အမွေခံသည်၊ ကေနစိ တစ်စုံတစ်ခုသော အကြောင်းကြောင့်၊ အစလော မတုန်လှုပ်သည်၊ ဟောမိ ၏။

ယေ ကေစိ ခပ်သိမ်းကုန်သော၊ မေ ငါသည်၊ သုတာ ကြားအပ်ကုန်သော၊ ဓမ္မာ တရားတို့သည်၊ (သန္တိ ရှိကုန်၏၊ သဗ္ဗေ ခပ်သိမ်းကုန်သော၊ တေ ထိုတရားတို့သည်)၊ သတိဉာဏပ္ပဗောဓနာ သတိပညာဖြင့် နိုးစေကုန်(ပွင့်လင်းစေကုန်)သည်၊ (ဟောန္တိ ဖြစ်ကုန်၏)၊ မေ သည်၊ ဓတာ ဆောင်ထားအပ်ကုန်သော တရားတို့သည်၊ န ဝိနဿန္တိ မပျောက်ပျက်ကုန်၊ သုဝိနိစ္ဆိတာ ကောင်းစွာ ဆုံးဖြတ်အပ်ကုန်သည်၊ ဘဝန္တိ ဖြစ်ကုန်၏။

၁။ အကြောင်းငါးပါးတို့ဖြင့် အမွေခံရသူဖြစ်ခြင်း (ပါဠိတော်မြန်မာပြန်), တစ်စုံတစ်ခုသော အကြောင်းဖြင့် မတုန်လှုပ်ခြင်း (သမန္တစက္ခုဒီပနီ), အဓိပ္ပါယ်ကို ကျနစွာ သိရသော ဉာဏ်ရရှိခြင်း (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ)၊

၂။ တစ်စုံတစ်ခုကြောင့် တုန်လှုပ်ခြင်းမရှိသူဖြစ်ခြင်း (ပါဠိတော်မြန်မာပြန်), ကြားအပ်သော တရားတို့၌ သတိရှိသည် သတိနှင့် ပြည့်စုံခြင်း (သမန္တစက္ခုဒီပနီကျမ်း), ထင်ရှားသော ဉာဏ်ပညာရှိခြင်း (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ)၊

၃။ နာကြားအပ်သော ခပ်သိမ်းသော တရားတို့သည် သတိနှင့် ဉာဏ်ကို ပွင့်လင်းစေခြင်း (ပါဠိတော်မြန်မာပြန်), ပညာနှင့် ပြည့်စုံခြင်း (သမန္တစက္ခုဒီပနီကျမ်း), ကျမ်းဂန်၌ တတ်သိသော ဉာဏ်ရှိခြင်း (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ)၊

၄။ နှုတ်၌ ဆောင်ထားပြီးဖြစ်သည့်အတိုင်း မပျောက်ပျက်ကုန်ခြင်း (ပါဠိတော်မြန်မာပြန်), အောင်အပ်သော(ဆောင်ထားအပ်သော)တရားတို့သည် မပျောက်မပျက်ပဲ မြဲမြဲခြင်း(သမန္တစက္ခုဒီပနီကျမ်း), မပျက်သော သတိရှိခြင်း(သဗ္ဗမင်္ဂလ ဓမ္မဒေသနာ)၊

၅။ ကောင်းစွာ ဆုံးဖြတ်ပြီး ဖြစ်ကုန်ခြင်း (ပါဠိတော်မြန်မာပြန်), ကောင်းစွာ ဆုံးဖြတ်ခြင်း ရှိခြင်း (သမန္တစက္ခုဒီပနီကျမ်း), နှောင့်ယှက်ဆီးတားမှု မရှိခြင်း (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ)။

ဆောင်=ဓိပ္ပါယ်ကျန၊ ထင်လှသည့်ဉာဏ်၊ ကျမ်းဂန်မြင်သိ၊ သတိမပျက်၊ နှောင့်ယှက်သူကွေ၊ သပိတ်ခြေ၊ ငါးထွေလှူကျိုးတည်း။ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ၃၈၉။)

ရေသုတ်(ရေသနုပ်)ပုဆိုးလှူဒါန်းရကျိုး ၅ ပါး

ဥဒကပုဉ္ဆနစောဠေ၊ ဒတွာ ဗုဒ္ဓေ ဂဏုတ္တမေ။
ပဉ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သုဝဏ္ဏဝဏ္ဏော ဝိရဇော၊ သပ္ပဘာသော ပတာပဝါ။
သိနိဒ္ဓံ ဟောတိ မေ ဂတ္တံ၊ ရဇောဇလ္လံ န လိမ္ပတိ။
တ္တမေ ဂဏေ ပဋိလာဘော၊ တဿ နိဿန္ဒတော အဟံ။
(ခု၊ ၃၊ ဗိလိန္ဓဝစ္ဆတ္ထေရအပဒါန၊ ၃၆၄။)

ဗုဒ္ဓေ ဘုရားရှင်အားလည်းကောင်း၊ ဂဏုတ္တမေ မြတ်သော အပေါင်းသံဃာအားလည်းကောင်း၊ ဥဒကပုဉ္ဆနစောဠေ ရေသုတ်ပုဆိုးတို့ကို၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ ပဉ္စာနိသံသေ တို့ကို၊ အနုဘောမိ ၏။

သုဝဏ္ဏဝဏ္ဏော ရွှေအဆင်းနှင့် တူသော အဆင်းရှိသည်လည်းကောင်း၊ ဝိရဇော မြူကင်းသည်လည်းကောင်း၊ သပ္ပဘာသော အရောင်အဝါရှိသည်လည်းကောင်း၊ ပတာပဝါ တန်ခိုးအာနုဘော်ရှိသည်လည်းကောင်း၊ (ဟောမိ ၏)၊ မေ ၏၊ ဂတ္တံ ကိုယ်သည်၊ သိနိဒ္ဓံ သိမ်မွေ့ပြေပြစ်သည်၊ ဟောတိ ၏၊ ရဇောဇလ္လံ မြူအညစ်အကြေးသည်၊ န လိမ္ပတိ မလိမ်းကျံ၊ တဿ ထိုကောင်းမှု၏၊ နိဿန္ဒတော အကျိုးအားဖြင့်၊ တ္တမေ ဂဏေ တို့ကို၊ အဟံ သည်၊ ပဋိလဘော ၏။

၁။ ရွှေအဆင်းနှင့်တူသော အဆင်းရှိခြင်း၊ ၂။ မြူအညစ်အကြေးကင်းခြင်း၊ ၃။ ကိုယ်ရောင်ကိုယ်ဝါရှိခြင်း၊
၄။ တန်ခိုးအာနုဘော်ရှိခြင်း၊ ၅။ ကိုယ်သားကိုရေ သိမ်မွေ့နူးညံ့ခြင်း။

ဆောင်=မြူကြေးမတွေ၊ ချောမွေ့သားရေ၊ အဆင်းရွှေတည်း၊ ထွန်းလေဝန်းကျင်၊ ကိုယ်ရောင်ရှင်သည်၊ ငါးအင်ရေသုတ် လှူကျိုးတည်း။ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်ကို မှီ၏။)

မှတ်ချက်=ဝိသုဒ္ဓါရုံအဆုံးအဖြတ်၌ကား "ငါးအင်ခြေသုတ် လှူကျိုးတည်း"ဟု ရှိ၏။

အပေါ်ရုံ အာယောဂပတ်လှူဒါန်းရကျိုး ၅ ပါး

အာယောဂေ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။

ပညာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သမာဓိသု န ကမ္ပာမိ၊ ဝသီ ဟောမိ သမာဓိသု။
အဘေဇ္ဇပရိသော ဟောမိ၊ အာဒေယျဝစနော သဒါ။
ဇာယတိ ဘောဂသမ္ပတ္တိ၊ ဘဝေ သံသရတော မမ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၅။)

သုဂတေ အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ အာယောဂေ အပေါ်ရုံ အာယောဂပတ်တို့ကို၊ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ ပညာနိသံသေ တို့ကို၊ အနုဘောမိ ၏။

သမာဓိသု သမာဓိတရားတို့၌၊ န ကမ္ပာမိ မတုန်လှုပ်၊ သမာဓိသု တို့၌၊ ဝသီ လေ့ကျက်ခြင်းသည်၊ ဟောမိ ၏၊ အဘေဇ္ဇ ပရိသော မကွဲသော ပရိသတ်ရှိသည်၊ ဟောမိ ၏၊ သဒါ သိမ်း၊ အာဒေယျဝစနော သူတစ်ပါးတို့ ယုံကြည်အပ်သော စကားရှိသည်၊ ဟောမိ ၏၊ ဘဝေ ဘဝ၌၊ သံသရတော ကျင်လည်သော၊ မမ အား၊ ဘောဂသမ္ပတ္တိ စည်းစိမ်ချမ်းသာနှင့်ပြည့်စုံသည်၊ ဇာယတိ ဖြစ်၏။

၁။ သမာဓိ ဈာန်တရားတို့၌ မတုန်မလှုပ်ခြင်း၊ ၂။ ထိုသမာဓိ ဈာန်တို့၌ ဝသီဘော်ငါးပါးဖြင့် လေ့ကျက်ခြင်း၊
၃။ အခြွေအရံ ပရိသတ်တို့နှင့် မပြိုမကွဲခြင်း၊ ၄။ သူတစ်ပါးတို့ ယုံကြည်အပ်သော စကားရှိခြင်း။
၅။ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်း။

ဆောင်=သမာဓိဈာန်၊ နှစ်တန်လေ့လာ၊ မကွာခြွေများ၊ စကားယုံကြည်၊ စည်းစိမ်တည်မော၊ ငါးမည်ဟောသည်၊ အာယောဂပတ်လှူကျိုးတည်း။ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ၃၉၀။)

## အင်းပျဉ်(ပလ္လင်)လှူရကျိုး ၅ ပါး

ပီဌကေ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ပညာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
ဥစ္စေ ကုလေ ပဇာယာမိ၊ မဟာဘောဂေါ ဘဝါမဟံ။
သဗ္ဗေ မံ အပစာယန္တိ၊ ကိတ္တိ အဗ္ဘုဂ္ဂတာ မမ။
ကပ္ပသတသဟဿာနိ၊ ပလ္လင်္ကာ စတုရဿကာ။
ပရိဝါရေန္တိ မံ နိစ္စံ၊ သံဝိဘာဂရတော အဟံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၆။)

သုဂတေ အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ ပီဌကေ အင်းပျဉ်တို့ကို၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ ပညာနိသံသေ တို့ကို၊ အနုဘောမိ ၏။

ဥစ္စေ မြင့်မြတ်သော၊ ကုလေ အမျိုး၌၊ ပဇာယာမိ ဖြစ်ရ၏၊ အဟံ သည်၊ မဟာဘောဂေါ များသော စည်းစိမ်ချမ်းသာရှိသည်၊ ဘဝါမိ ၏၊ သဗ္ဗေ ခပ်သိမ်းကုန်သော သူတို့သည်၊ မံ ကို၊ အပစာယန္တိ ရိုသေကုန်၏၊ မမ ၏၊ ကိတ္တိ ကျော်စောခြင်းသည်၊ အဗ္ဘုဂ္ဂတာ တက်သည်၊ ဟောမိ ၏။

ကပ္ပသတသဟဿာနိ ကမ္ဘာတစ်သိန်းတို့ပတ်လုံး၊ စတုရဿကာ လေးမျက်နှာရှိကုန်သော၊ ပလ္လင်္ကာ ပလ္လင်တို့သည်၊ မံ ကို၊ နိစ္စံ အမြဲ၊ ပရိဝါရေန္တိ ခြံရံကုန်၏၊ အဟံ သည်၊ သံဝိဘာဂရတော ခွဲခြမ်းဝေဖန်ခြင်း၌ မွေ့လျော်သည်၊ ဟောမိ ၏။

၁။ မြင့်မြတ်သော အမျိုး၌ ဖြစ်ရခြင်း (အမျိုးမြတ်ခြင်း)၊ ၂။ စည်းစိမ်ချမ်းသာ ကြွယ်ဝခြင်း၊ ၃။ ခပ်သိမ်းသောသူတို့ ရိုသေခြင်း၊ ၄။ ကျော်စောကိတ္တိရှိခြင်း၊ ၅။ လေးမျက်နှာရှိသော ပလ္လင်တို့ကို ရရှိခြင်း။

ဆောင်=မြတ်သည့်မျိုးရိုး၊ ကြွယ်ပြိုးဥစ္စာ၊ ကြေငြာပေါ်ထင်၊ မြင်က ရိုသေ၊ ဖြစ်လေသမျှ၊ ပလ္လင်ရသည်၊ ပီဌပလ္လင်(ပီဌအင်းပျဉ်)လှူကျိုးတည်း။ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ၃၉၀။)

## လက်သုတ်ပုဝါလှူဒါန်းကျိုး ၅ ပါး

မလဟရဏိယော ဒတွာ၊ ဗုဒ္ဓေ သံဃေ ဂဏုတ္တမေ။
ပညာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သဗ္ဗလက္ခဏသမ္ပန္နော၊ အာယုပညာသမာဟိတော။

## ဒါနအမျိုးမျိုး အကျိုးအထွေထွေ

သဗ္ဗာယာသဝိနိမုတ္တော၊ ကာယော မေ ဟောတိ သဗ္ဗဒါ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၆။)

အခူနနာဋ္ဌိယော မျက်စဉ်းကျည်(တောက်)တို့ကို (သီ)၊ ဟတ္ထလိလင်္ဂကေ (သျှာဂ္ဂ)၊ ဟတ္ထလိလင်္ဂတေ (က)

ဗုဒ္ဓေ အားလည်းကောင်း၊ ဂဏုတ္တမေ သံဃေ အားလည်းကောင်း၊ မလဟရဏိယော လက်သုတ်ပုဝါတို့ကို၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္စဝိကေ ကုန်သော၊ ပဉ္စာနိသံသေ တို့ကို၊ အနုဘောမိ ၏။

သမ္မန္တစက္ခုဒီပနီကျမ်း(၂၆၂)၌ "ဟတ္ထလိလင်္ဂတေ လက်ဆေးအင်တို့ကို" ဟု အနက်ပေးသည်။

(အဟံ သည်)၊ သဗ္ဗလက္ခဏသမ္ပန္နော လက္ခဏာအားလုံးနှင့် ပြည့်စုံသည်၊ (ဟောမိ ၏)၊ အာယုပညာသမာဟိတော အသက်ရှည်ခြင်း, ပညာရှိခြင်း, သမာဓိရှိခြင်းသည်၊ (ဟောမိ ၏)၊ သဗ္ဗဒါ အခါခပ်သိမ်း၊ မေ ၏၊ ကာယော ကိုယ်သည်၊ သဗ္ဗာယာသဝိနိမုတ္တော အလုံးစုံသော ပင်ပန်းခြင်းမှ လွတ်သည်(ပင်ပန်းမှုအားလုံးမှ လွတ်သည်)၊ ဟောတိ ၏။

၁။ လက္ခဏာအားလုံးနှင့် ပြည့်စုံခြင်း၊ ၂။ အသက်ရှည်ခြင်း၊ ၃။ ပညာရှိခြင်း(ဉာဏ်အမြင်ကြီးခြင်း)၊

၄။ သမာဓိရှိခြင်း (သမာဓိကြီးခြင်း)၊ ၅။ အခါခပ်သိမ်း ကိုယ်ပင်ပန်းမှု မရှိခြင်း (ကိုယ်ခန္ဓာ ပူဆာခြင်းမှ ကင်းခြင်း)။

ဆောင်=ကိုယ်မပူဆာ၊ လက္ခဏာစုံလင်၊ ဉာဏ်မြင်သမာဓိ၊ ဇီဝိမယုတ်၊ ငါးချက်ထုတ်သည်၊ လက်သုတ်ပုဝါ လှူကျိုးတည်း။
(ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ၃၉၀။)

## ဆွမ်းလှူဒါန်းရကျိုး ၅ ပါး

ဘောဇနံ ဘိက္ခဝေ ဒဒမာနော ဒါယကော ပဋိဂ္ဂါဟကာနံ ပဉ္စ ဌာနာနိ ဒေတိ။ ကတမာနိ ပဉ္စ? အာယုံ ဒေတိ၊ ဝဏ္ဏံ ဒေတိ၊ သုခံ ဒေတိ၊ ဗလံ ဒေတိ၊ ပဋိဘာနံ (ပဋိဘာဏံ၊သီ) ဒေတိ။ အာယုံ ခေါ ပန ဒတွာ အာယုဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ၊ ဝဏ္ဏံ ဒတွာ ဝဏ္ဏဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ၊ သုခံ ဒတွာ သုခဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ၊ ဗလံ ဒတွာ ဗလဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ၊ ပဋိဘာနံ ဒတွာ ပဋိဘာနဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ။ ဘောဇနံ ဘိက္ခဝေ ဒဒမာနော ဒါယကော ပဋိဂ္ဂါဟကာနံ ဣမာနိ ပဉ္စ ဌာနာနိ ဒေတီတိ။ (အံ၊ ၂၊ ဘောဇနသုတ္တ၊ ၃၅ ၃၆။)

ဘိက္ခဝေ ရဟန်းတို့၊ ဘောဇနံ ဘောဇဉ်ကို၊ ပဋိဂ္ဂါဟကာနံ အလှူခံပုဂ္ဂိုလ်တို့အား၊ ဒဒမာနော ပေးလှူသော၊ ဒါယကော ဒါယကာသည်၊ ပဉ္စ ဌာနာနိ ငါးပါးသော အရာတို့ကို၊ ဒေတိ ပေးလှူ၏၊ ကတမာနိ ပဉ္စ? အဘယ်ငါးပါးတို့နည်း?၊ အာယုံ အသက်ရှည်ခြင်းကို၊ ဒေတိ၊ ပေးလှူ၏၊ ဝဏ္ဏံ အဆင်းကို၊ ဒေတိ ၏၊ သုခံ ချမ်းသာကို၊ ဒေတိ ၏၊ ဗလံ အားကို၊ ဒေတိ ၏၊ ပဋိဘာနံ ပညာကို၊ ဒေတိ ၏၊ ခေါ ပန စင်စစ်အားဖြင့်ကား၊ အာယုံ အသက်ရှည်ခြင်းကို၊ ဒတွာ ပေးလှူရသောကြောင့်၊ ဒိဗ္ဗဿ ဝါ နတ်၌လည်းဖြစ်သော၊ မာနုသဿဝါ လူ၌လည်းဖြစ်သော၊ အာယုဿ အသက်ရှည်ခြင်း၏၊ ဘာဂီ အဖို့သည်၊ ဟောတိ ဖြစ်၏၊ ဝဏ္ဏံ ကို၊ ဒတွာ ကြောင့်၊ ဒိဗ္ဗဿ ဝါ သော၊ မာနုသဿ ဝါ သော၊ ဝဏ္ဏဿ အဆင်း၏(အဆင်းလှခြင်း၏)၊ ဘာဂီ သည်၊ ဟောတိ ၏၊ သုခံ ကို၊ ဒတွာ ကြောင့်၊ ဒိဗ္ဗဿ ဝါ သော၊ မာနုသဿ ဝါ သော၊ သုခဿ ၏၊ ဘာဂီ သည်၊ ဟောတိ ၏၊ ဗလံ ကို၊ ဒတွာ ကြောင့်၊ ဒိဗ္ဗဿ ဝါ သော၊ မာနုသဿ ဝါ သော၊ ဗလဿ ၏၊ ဘာဂီ သည်၊ ဟောတိ ၏၊ ပဋိဘာနံ ကို၊ ဒတွာ ကြောင့်၊ ဒိဗ္ဗဿ ဝါ သော၊ မာနုသဿ ဝါ သော၊ ပဋိဘာနဿ ၏၊ ဘာဂီ သည်၊ ဟောတိ ၏။ ဘိက္ခဝေ တို့၊ ဘောဇနံ ဘောဇဉ်ကို၊ ပဋိဂ္ဂါဟကာနံ အလှူခံပုဂ္ဂိုလ်တို့အား၊ ဒဒမာနော ပေးလှူသော၊ ဒါယကော ဒါယကာသည်၊ ဣမာနိ ပဉ္စ ဌာနာနိ ဤငါးပါးသောအရာတို့ကို၊ ဒေတိ နာမ ပေးလှူသည်မည်၏။

၁။ အသက်ရှည်ခြင်း၊ ၂။ အဆင်းလှခြင်း၊ ၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း၊ ၄။ အားခွန်ဗလကြီးခြင်း၊
၅။ ဉာဏ်ပညာကြီးခြင်း။

အာယုံ ဒေတီတိ အာယုဒါနံ ဒေတိ။ ဝဏ္ဏန္တိ သရီရဝဏ္ဏံ။ သုခန္တိ ကာယိကစေတသိကသုခံ။ ဗလန္တိ သရီရထာမံ။ ပဋိဘာနန္တိ ယုတ္တမုတ္တပ္ပဋိဘာနံ။ (အံ၊ ဋ္ဌ၊ ၃၊ ၂၁။)

ယုတ္တမုတ္တပ္ပဋိဘာန် အကြောင်းအကျိုးနှင့်လျော်သောဉာဏ်, သံသရာမှလွတ်မြောက်ကြောင်း ဉာဏ်အမြင်ရှိခြင်း။

ဆောင်=သက်ရှည်, ဆင်းလှ၊ ချမ်းသာရ၊ ဗလ, ဉာဏ်ပညာ။

ဆွမ်းကိုအလှူ၊ ပေးသောသူ၊ ရယူကျိုးငါးဖြာ။

အသက်ရှည်ခြင်း၊ အဆင်း, ပညာ၊ ချမ်းသာ, ခွန်အား၊ ငါးပါးအလှူ၊ ပေးသည်ဟူလိမ့်၊ နောက်မှုဘဝ၊ သံသာရ၌၊ ဗလငါးတန်၊ ရလိမ့်မှန်သည်၊ ကျမ်းဂန်ဟောရိုး ဆွမ်းအကျိုး။ (သုံးပုံတံချူကျမ်း၊ ၂၂။)

ယာဂုလှူဒါန်းရကျိုး ၅ ပါး

ယာဂုံ သံဃဿ ဒတွာန၊ ပုညကွေတ္တေ အနုတ္တရေ။
ပဥ္စာနိသံသေ အနုဘောမိ၊ အဟော ယာဂုသုယိဋ္ဌတာ။
အဗျာဓိတာ ရူပဝတာ၊ ခိပ္ပံ ဓမ္မနိသန္တိတာ။
လာဘိတာ အန္နပါနဿ၊ အာယု ပဉ္စမကံ မမ။
ယော ကောစိ ဝေဒံ ဇနယံ၊ သံဃေ ယာဂုံ ဒဒေယျ သော။
ဣမာနိ ပဉ္စ ဌာနာနိ၊ ပဋိဂ္ဂဏှေယျ ပဏ္ဍိတော။
တိံသကပ္ပသဟဿမှိ၊ ယံ ဒါနမဒဒိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ယာဂုဒါနဿိဒံ ဖလံ။
(ခု၊ ၃၊ ယာဂုဒါယကတ္ထေရအပဒါန၊ ၄၄၂။)

ပုညကွေတ္တေ ကောင်းမှု၏စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော၊ အနုတ္တရေ အမြတ်ဆုံးရတနာ၌၊ သံဃဿ သံဃာအား၊ ယာဂုံ ယာဂုကို၊ ဒတွာန ပေးလှူရခြင်းကြောင့်၊ ပဥ္စာနိသံသေ အကျိုးငါးပါးတို့ကို၊ အနုဘောမိ ခံစားရ၏၊ ယာဂုသုယိဋ္ဌတာ ယာဂုကို လှူဒါန်းပူဇော်ရခြင်းသည်၊ အဟော အံ့သြဖွယ်ရှိပါပေစွ။

မမ အား၊ အဗျာဓိတာ အနာရောဂါကင်းခြင်းသည်လည်းကောင်း၊ ရူပဝတာ အဆင်းလှခြင်းသည်လည်းကောင်း၊ ခိပ္ပံ လျင်မြန်စွာ၊ ဓမ္မနိသန္တိတာ တရားကို ဆင်ခြင်နိုင်ခြင်းသည်လည်းကောင်း၊ အန္နပါနဿ ထမင်းအဖျော်ကို၊ လာဘိတာ ရလွယ်ခြင်းသည်လည်းကောင်း၊ ပဉ္စမကံ ငါးခုမြောက်သော၊ အာယု အသက်ရှည်ခြင်းသည်လည်းကောင်း၊ (ဟောတိ ဖြစ်၏)။

ယော ကောစိ တစ်စုံတစ်ယောက်သောသူသည်၊ ဝေဒံ နှစ်သက်ခြင်းကို၊ ဇနယံ ဖြစ်စေလျက်၊ သံဃေ အား၊ ယာဂုံ ကို၊ ဒဒေယျ ပေးလှူငြားအံ့၊ သော ပဏ္ဍိတော ထိုပညာရှိသည်၊ ဣမာနိ ပဉ္စ ဌာနာနိ ဤငါးပါးသော အရာတို့ကို၊ ပဋိဂ္ဂဏှေယျ ခံယူရာ၏။

တိံသကပ္ပသဟဿမှိ ကမ္ဘာသုံးသောင်းအထက်၌၊ ယံ ဒါနံ အကြင်ယာဂုအလှူကို၊ အဒဒိံ ပေးလှူခဲ့ဖူး၏၊ တဒါ ထိုအခါမှ၊ (ပဋ္ဌာယ စ၍)၊ ဒုဂ္ဂတိံ အပါယ်လေးပါး လားရသည်ကို၊ နာဘိဇာနာမိ မသိစဖူး၊ ဣဒံ ဤသို့ ဖြစ်ရခြင်းသည်၊ ယာဂုဒါနဿ ယာဂုလှူရခြင်း၏၊ ဖလံ အကျိုးတည်း။

၁။ အနာရောဂါကင်းခြင်း၊ ၂။ အဆင်းလှခြင်း၊ ၃။ တရားကို လျင်စွာ ဆင်ခြင်နိုင်ခြင်း (တရားအဓိပ္ပါယ်ကို သိလွယ်ခြင်း)၊ ၄။ ထမင်းအဖျော် ရလွယ်ခြင်း၊ ၅။ အသက်ရှည်ခြင်း။ ကမ္ဘာသုံးသောင်းအထက်၌ အပါယ်လေးပါး လားရသည်ကို မသိရခြင်း။

ဆောင်=ရောဂါကင်းရှင်း၊ သက်ရှည်ခြင်းနှင့်၊ ထမင်းအဖျော်၊ ပူဇော်လည်းများ၊ ဆင်းရောင်ပွား၏၊ တရားဓိပ္ပါယ်၊ သိစွမ်းလွယ်ဟု၊ မှတ်ဖွယ်အစု၊ ဤငါးခု၊ ယာဂုလှူရ အကျိုးတည်း။

သဗ္ဗမင်္ဂလ ဓမ္မဒေသနာ (၅၂၆)၌ "အပဒါန်လာ ယာဂု လှူဒါန်းရကျိုး (၅)မျိုး"ဝယ် ပစ္စည်းဥစ္စာ ချမ်းသာခြင်း အကျိုး ပါ၏၊ အသက်ရှည်ခြင်း အကျိုးမပါ။

သုံးပုံတံချူကျမ်း(၂၂ ၂၃) "ယာဂုကျိုးပြကဗျာ"၌ကား မထအကြော ဟု ပါရှိ၏၊ ထိုကျမ်းက ကိုးသောပါဠိတော်စာမူဝယ် "နတ္ထိ ဓမ္မနိသန္တတာ" ဟု ရှိဟန်တူ၏။

ဆောင်=ရောဂါကင်းရှင်း ချမ်းသာခြင်းနှင့်၊ ထမင်းအဖျော်၊ ပူဇော်လည်းများ၊ ဆင်းရောင်ပွား၏၊ တရားဓိပ္ပါယ်၊ သိစွမ်းလွယ်ဟု၊ ဤငါးခု၊ ယာဂုလှူရ အကျိုးတည်း။ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၂၆။)

တနည်းငါးဖြာ၊ အကျိုးမှာကား၊ အနာလည်းကင်း၊ အဆင်းလည်းလှ၊ မထအကြော၊ ပေါများအစာ၊ ရှည်စွာအသက်၊ ဤငါးချက်နှင့်၊ စုံလျက်မကွာ၊ ကမ္ဘာသုံးသောင်း၊ ရှည်ညောင်းလှစွာ၊ လွန်ချမ်းသာ၍၊ ဆုံးခါဘဝ၊ ပစ္ဆိမ၌၊ ယာဂုဒါယကာ၊ ရဟန္တာဖြစ်ကြောင်းလာသည်၊ ကျမ်းလာတမျိုး ယာဂုကျိုး။ (သုံးပုံတံချူကျမ်း၊ ၂၂ ၂၃။)

အင်္ဂုတ္တိုရ်လာ ယာဂုလှူဒါန်းကျိုး ၅ ပါး

ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ ယာဂုယာ။ ကတမေ ပဉ္စ? ခုဒ္ဒံ ပဋိဟနတိ၊ ပိပါသံ ပဋိဟနတိ၊ ဝါတံ အနု လောမေတိ၊ ဝတ္ထိံ သောဓေတိ၊ အာမာဝသေသံ ပါစေတိ။ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ အာနိသံသာ ယာဂုယာတိ။

## ဒါနအမျိုးမျိုး အကျိုးအထွေထွေ

(အံ၊ ၂၊ ယာဂုသုတ္တ၊ ၂၁၈ ၂၁၉။)

ခုဒ် (သိ၊ဣ) ခုဓာတိ သက္ကတာနုလောမံ။ ဝိ ၃ ၃၁၅ ပိဋ္ဌေပိ

ဝါတံ အနုလောမေတီတိ ဝါတံ အနုလောမေတွာ ဟရတိ။ ဝတ္ထိံ သောဓေတီတိ ဓမနိယော သုဒ္ဓါ ကရောတိ။
အာမာဝသေသံ ပါစေတီတိ သစေ အာမာဝသေသကံ ဟောတိ၊ တံ ပါစေတိ။ (အံ၊ ဋ္ဌ၊ ၃၊ ၇၈။)

ဘိက္ခဝေ တို့၊ ယာဂုယာ ယာဂု၏၊ အာနိသံသာ အကျိုးတို့သည်၊ ကတမေ ပဉ္စ ဤငါးပါးတို့တည်း၊ ကတမေ ပဉ္စ အဘယ် ငါးပါးတို့နည်း? ခုဒ္ဒံ ထမင်းဆာခြင်းကို၊ ပဋိဟနတိ ပယ်ဖျောက်နိုင်၏၊ ပိပါသံ ရေဆာခြင်းကို၊ ပဋိဟနတိ ၏၊ ဝါတံ လေကို၊ အနုလောမေတိ လျော်အောင်ပြု၏(စုန်စေ၏)၊ ဝတ္ထိံ အစာအိမ်ကို၊ သောဓေတိ စင်ကြယ်စေ၏၊ အာမာဝသေသံ အစာသစ်ကို၊ ပါစေတိ ကျက်စေ၏၊ ခေါ စင်စစ်၊ ဘိက္ခဝေ တို့၊ ယာဂုယာ ၏၊ အာနိသံသာ တို့သည်၊ ဣမေ ပဉ္စ ဤငါးပါးတို့တည်း။

## တံမြက်လှည်းခြင်း အကျိုး ၅ ပါး

ပဉ္စာနိသံသာ သမ္မဇ္ဇနိယာ၊ သကစိတ္တံ ပသီဒတိ၊ ပရစိတ္တံ ပသီဒတိ၊ ဒေဝတာ အတ္တမနာ ဟောန္တိ၊ ပါသာဒိက
သံဝတ္တနိကကမ္မံ ဉပစိနတိ၊ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဉပပဇ္ဇတိ။ (ဝိ၊ ၅၊ ၂၃၁။)
ပါသာဒိကသံဝတ္တနိကံ ပုညံ, ဉပစိနာတိ (သမန္တစက္ခုဒီပနီကျမ်း၊ ၂၄၀။)

(ဘိက္ခဝေ ရဟန်းတို့)၊ သမ္မဇ္ဇနိယာ တံမြက်လှည်းခြင်း၌၊ အာနိသံသာ အကျိုးဆက်တို့သည်၊ ပဉ္စ ငါးပါးတို့တည်း၊သကစိတ္တံ မိမိစိတ်ကို၊ ပသီဒတိ ကြည်လင်စေ၏၊ ပရစိတ္တံ သူတစ်ပါး၏စိတ်ကို၊ ပသီဒတိ ကြည်လင်စေ၏၊ ဒေဝတာ နတ်တို့သည်၊ အတ္တမနာ နှစ်လိုကုန်သည်၊ ဟောန္တိ ဖြစ်ကုန်၏၊ ပါသာဒိကသံဝတ္တနိကကမ္မံ အဆင်းလှခြင်း ကြည်ညိုဖွယ်ကို ဖြစ်စေတတ်သောကံကို၊ ဉပ စိနတိ ဆည်းပူး၏၊ ကာယဿ ကိုယ်၏၊ ဘေဒါ ပျက်စီးသည်မှ၊ မရဏာ သေသည်မှ၊ ပရံ နောက်ကာလ၌ (ဝါ ပရမ္မရဏာ သေသည်၏အခြားမဲ့၌)၊ သုဂတိံ ကောင်းသောသူတို့၏လားရာဖြစ်သော၊ သဂ္ဂံ လောကံ နတ်ပြည်သို့၊ ဉပပဇ္ဇတိ ရောက်ရ၏။

၁။ မိမိစိတ်ကို ကြည်လင်စေခြင်း၊ ၂။ သူတစ်ပါးစိတ်ကို ကြည်လင်စေခြင်း၊ ၃။ နတ်တို့ ချစ်ခင်နှစ်သက်ခြင်း၊
၄။ ကြည်ညိုဖွယ်ကို ဖြစ်စေတတ်သော ကောင်းမှုကံကို ဆည်းပူးရခြင်း (အရောင်အဆင်းလှပခြင်း)၊
၅။ သေသည်၏အခြားမဲ့ နတ်ရွာ သုဂတိသို့ လားရခြင်း။

ဆောင်=တံမြက်လှည်းရ၊ ကျိုးဖလကား၊ အတ္တ, ပရ၊ နှစ်ဝသူငါ၊ စိတ်မှာကြည်လင်၊ နတ်ချစ်ခင်၍၊ ကြည်ရွှင်ကောင်းမှု၊
ဆည်းပူးပြုဘိ၊ သုဂတိ၊ ရောက်ရှိ ထက်နတ်ပြည်။ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၂၈။)
တံမြက်လှည်းရာ၊ အကျိုးမှာကား၊ သေခါနတ်ပြည်၊ ကြည်ညိုစိတ်ဖော၊ တပါးသောသူ၊ ကိုယ်လည်းဟူ၏၊ နတ်လူ ဝမ်းမြောက်၊ လျောက်ပတ်အဆင်း၊ မယွင်းလွတ်ခါ၊ ဤငါးဖြာကို၊ မြန်စွာမလွဲ ရလေမြဲ။ (သုံးပုံတံချူကျမ်း၊ ၂၉။)
သူများစိတ်ကြည်၊ ကိုယ့်စိတ်ကြည်နှင့်၊ တလီနတ်ချစ်၊ ရောင်လှစ်ဆင်းလှ၊ သေကာလမှာ၊ ရောက်ရနတ်ပြေ၊ ဤ ငါးထွေ၊ မှတ်လေ တံမြက်လှည်းအကျိုးတည်း။ (ငယ်စဉ်က ရထားသောကဗျာ)

## ဓားငယ်လှူဒါန်းရကျိုး ၅ ပါး

အကက္ကသေ အဖရုသေ၊ သုဓောတေ သတ္ထကေ ဗဟူ။
ပသန္နစိတ္တော ဒတွာန၊ ဗုဒ္ဓေ သံဃေ တထေဝ စ။
ပဉ္စာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
ကလျာဏမိတ္တံ ဝီရိယံ၊ ခန္တိံ စ မေတ္တသတ္ထကံ။
တဏှာသလ္လဿ ဆိန္နတ္တာ၊ ပညာသတ္ထံ အနုတ္တရံ။
ဝဇိရေန သမံ ဉာဏံ၊ တေသံ နိဿန္ဒတော လဘေ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၀။)

အကက္ကသေ မချော်ကုန်ထသော၊ အဖရုသေ မကြမ်းကုန်သော၊ သုဓောတေ ကောင်းစွာ သွေးအပ်ကုန်သော၊ ဗဟူ များစွာ ကုန်သော၊ သတ္ထကေ ဓားငယ်တို့ကို၊ ပသန္နစိတ္တော ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍၊ ဗုဒ္ဓေ ဘုရားရှင်အားလည်းကောင်း၊ သံဃေ သံဃာတော်အားလည်းကောင်း၊ တထေဝ စ ထို့အတူသာလျှင်၊ ဒတွာန ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ ပဉ္စာနိသံသေ တို့ကို၊ ပဋိဘောမိ ၏။

ကလျာဏမိတ္တံ ကောင်းသော အဆွေခင်ပွန်းကိုလည်းကောင်း၊ ဝီရိယံ လုံ့လကိုလည်းကောင်း၊ ခန္တိံ စ သည်းခံခြင်းကိုလည်းကောင်း၊ မေတ္တသတ္တကံ မေတ္တာတည်းဟူသော လက်နက်ကိုလည်းကောင်း၊ တဏှာသလ္လဿ တဏှာလောဘတည်းဟူသော ငြောင့်ကို၊ ဆိန္ဒတ္တာ ဖြတ်အပ်သည်၏အဖြစ်ကြောင့်၊ ပညာသတ္တံ ပညာလက်နက်ဟူသော၊ အနတ္တရံ အလွန်မရှိသော၊ ဝဇိရေန ဝရဖိန်နှင့်၊ သမံ တူသော၊ ဉာဏံ ဉာဏ်ကိုလည်းကောင်း၊ တေသံ ထိုစားယဉ်အလှူတို့၏၊ နိဿန္ဒတော အကျိုးအားဖြင့်၊ လဘေ ရ၏။

၁။ အဆွေခင်ပွန်းကောင်းကိုရခြင်း၊ ၂။ လုံ့လကိုရခြင်း၊ ၃။ သည်းခံခြင်းကိုရခြင်း၊ ၄။ မေတ္တာလက်နက်ကိုရခြင်း၊ ၅။ တဏှာလောဘငြောင့်ကို ဖြတ်တတ်သော ပညာဉာဏ်လက်နက်ကိုရခြင်း။

ဆောင်=ခင်ပွန်းကောင်းရ၊ လုံ့လလည်းရှိ၊ ခံချိသဲညဲ၊ လက်စွဲမေတ္တာ၊ တဏှာဖြတ်ရန်၊ မင်္ဂဉာဏ်ရငြား၊ ဤငါးပါးသည်၊ စား လှူဒါန အကျိုးတည်း။

မှတ်ချက်=ဝိသုဒ္ဓါရုံအဆုံးအဖြတ်(၃၈၈)၌ကား ...မင်္ဂဉာဏ်လေးပါးကို တစ်ပါးစီရေတွက်၍ "မင်္ဂဉာဏ်လေးပါး၊ ဤရှစ်ပါးသည်"...ဟု လာရှိ၏၊ ထိုကိုမှီး၍ ပါဠိတော်နှင့်လျော်စွာ "မင်္ဂဉာဏ်ရငြား၊ ဤငါးပါးသည်"ဟု ပြုစီပါ၏။

တိုင်လှူဒါန်းရကျိုး ၅ ပါး

ပဉ္စ ထမ္ဘာနိ ဒတွာန၊ ပူဂဓမ္မေ ဝသိံ အဟံ။
တေန ကမ္မေန သုကတေန၊ ပဉ္စ ဟေတူ လဘာမဟံ။
အစလော ဟောမိ မေတ္တာယ၊ အနူနင်္ဂေါ ဘဝါမဟံ။
အာဒေယျဝစနော ဟောမိ၊ န ဓံသေမိ ယထာ အဟံ။
အဘန္တံ ဟောတိ မေ စိတ္တံ၊ အခိလော ဟောမိ ကဿစိ။
တေန ကမ္မေန သုကတေန၊ ဝိမလော ဟောမိ သာသနေ။
(ခု၊ ၃၊ ထေရာပဒါန်၊ ၃၇၆။)

အဟံ သည်၊ ပဉ္စ ထမ္ဘာနိ တိုင်ငါးလုံးတို့ကို၊ ဒတွာန ၍၊ ပူဂဓမ္မေ ၌၊ ဝသိံ ၏၊ သုကတေန သော၊ တေန ကမ္မေန ကြောင့်၊ အဟံ သည်၊ ပဉ္စ ဟေတူ အကြောင်းငါးပါးတို့ကို၊ လဘာမိ ၏။

အဟံ သည်၊ မေတ္တာယ မေတ္တာကြောင့်၊ အစလော ဟောမိ မတုန်လှုပ်သူသည် ဖြစ်၏၊ အနူနင်္ဂေါ မယုတ်လျော့သော ကိုယ်အင်္ဂါရှိသူသည်၊ ဘဝါမိ ဖြစ်၏၊ အဟံ သည်၊ ယထာ အကြင်အခြင်းအရာအားဖြင့်၊ န ဓံသေမိ (သူတစ်ပါးတို့ကို)မဖျက်ဆီး၊ (တထာ ထိုသို့မဖျက်ဆီးသော အခြင်းအားဖြင့်)၊ အာဒေယျဝစနော ယုံကြည်ထိုက်သော စကားရှိသူသည်၊ ဟောမိ ၏။

မေ ၏၊ စိတ္တံ သည်၊ အဘန္တံ တုန်လှုပ်ခြင်း မရှိသည်၊ ဟောတိ ဖြစ်၏၊ (အဟံ သည်)၊ ကဿစိ တစ်စုံတစ်ယောက်၏၊ အခိလော ငြောင့်တသင်းမဟုတ်သည်၊ ဟောမိ ၏၊ သုကတေန သော၊ တေန ကမ္မေန ကြောင့်၊ သာသနေ သာသနာတော်၌၊ ဝိမလော ကိလေသာအညစ်အကြေးကင်းသူသည်၊ ဟောမိ ၏။

၁။ မေတ္တာကြောင့် ကိုယ်စိတ်တုန်လှုပ်မှု မရှိခြင်း၊ ၂။ မယုတ်လျော့သော ကိုယ်အင်္ဂါရှိခြင်း၊ ၃။ ယုံကြည်ထိုက်သော စကားရှိသူ ဖြစ်ရခြင်း၊ ၄။ တစ်စုံတစ်ယောက်၏ငြောင့်တံသင်းမှ ကင်းခြင်း၊ ၅။ ကိလေသာအညစ်အကြေးမှ ကင်းခြင်း။

ဆောင်=အင်္ဂါမယုတ်၊ တုန်လှုပ်ကင်းပ၊ ပြောထစကား၊ ယုံကြည်ငြား၍၊ ငြောင့်များတံသင်း၊ ကင်းခြင်းမသွေ၊ ကိလေထိုတူ၊ ဤငါးဆုသည်၊ မှတ်ယူတိုင်များ လှူကျိုးတည်း။ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၂၈။)

မွေ့ရာ(ဘုံလျှို)လှူဒါန်းရကျိုး ၆ ပါး

ဘိသိယော သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ဆာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သမသုဂတ္တော'ပစိတော၊ မုဒုကော စာရုဒဿနော။
လဘာမိ ဉာဏပရိဝါရံ၊ ဘိသိဒါနဿိဒံ ဖလံ။
တူလိကာ ဝိကတိကာယော၊ ကဋ္ဋိဿာ စိတ္တကာ ဗဟူ။
ဝရပေါတ္ထကေ ကမ္ဗလေ စ၊ လဘာမိ ဝိဝိဓေ အဟံ။
ပါဝါရိကေ စ မုဒုကေ၊ မုဒုကာဇိနဝေဏိယော။

ဒါနအမျိုးမျိုး အကျိုးအထွေထွေ

လဘာမိ ဝိဝိဓတ္ထာရေ၊ ဘိသိဒါနဿိဒံ ဖလံ။
ယတော သရာမိ အတ္တာနံ၊ ယတော ပတ္တောသ္မိ ဝိညုတံ။
အတုဋ္ဌော ဈာနမဋ္ဌောမှိ၊ ဘိသိဒါနဿိဒံ ဖလံ။
(ခု၊ ၃၊ ဝိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၇။)

သမသဂတ္တော, မုဒုကာ ဇိနပ္ပဝေဏိယော(သမန္တစက္ခုဒီပနီကျမ်း)၊ ကဋ္ဌိဿာ(သီ), ကုဋ္ဋကာ(က)၊ ဝိဝိဓဋ္ဌာနေ(သျာ၊က)

သုဂတေ အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ ဘိသိယော မွေ့ရာ(ဘုံလျို)တို့ကို၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ ဆာနိသံသေ ခြောက်ပါးသော အကျိုးတို့ကို၊ အနုဘောမိ ၏။

သမသုဂတ္တော ညီညွတ်သော ကိုယ်ရှိသည်လည်းကောင်း၊ အပစိတော သူတစ်ပါးတို့ရိုသေအပ်သည်လည်းကောင်း၊ မုဒုကော နူးညံ့သည်လည်းကောင်း၊ စာရုဒဿနော ရှုချင်ဖွယ်သော ကိုယ်ရှိသည်လည်းကောင်း၊ (ဟောမိ ၏)၊ ဉာဏပရိဝါရံ ဉာဏ်အခြံအရံ ကို၊ အဟံ သည်၊ လဘာမိ ၏၊ ဣဒံ ဤသည်ကား၊ ဘိသိဒါနဿ မွေ့ရာအလှူ၏၊ ဖလံ အကျိုးတည်း။

တူလိကာ လဲဝါသွတ်သော မွေ့ရာတို့သည်လည်းကောင်း၊ ဝိကတိကာယော အရုပ်တို့ဖြင့် အထူးထူးပြုလုပ်အပ်သော အခင်း တို့သည်လည်းကောင်း၊ ကဋ္ဌိဿာ ကချေသည် တစ်ကျိပ်ခြောက်ယောက်တို့ ကနိုင်လောက်သော အခင်းတို့သည်လည်းကောင်း (ကဋ္ဌိကာ ပိုးချည်ဖြင့် ပြုလုပ်အပ်သော အခင်းတို့သည်လည်းကောင်း၊ ဝါ ကဋ္ဌိဿာ ရတနာရွှေချည်တို့ဖြင့် ချုပ်အပ်သော အခင်းတို့ သည်လည်းကောင်း)၊ စိတ္တကာ ဆန်းကြယ်သော ကော်ဇောခင်းနီးပြောက်တို့သည်လည်းကောင်း၊ ဗဟူ များစွာကုန်၏၊ ဝိဝိဓေ အထူး ထူး အပြားပြားရှိကုန်သော၊ ဝရပေါတ္ထကေ မြတ်သော သင်ပန်းဖြင့် ပြုအပ်သော အခင်းတို့ကိုလည်းကောင်း၊ ကမ္ဗလေ စ ကမ္ဗလာ တို့ကိုလည်းကောင်း၊ အဟံ သည်၊ လဘာမိ ၏။

မုဒုကေ နူးညံ့ကုန်သော၊ ပါဝါရိကေ စ အပေါ်ရုံတို့ကိုလည်းကောင်း၊ မုဒုကာဇိနဝေဏိယော နူးညံ့ကုန်သော သစ်နက်ရေ တို့ကိုလည်းကောင်း၊ ဝိဝိဓတ္ထာရေ အမျိုးမျိုးသော နေရာအခင်းတို့ကိုလည်းကောင်း၊ (ဝိဝိဓဋ္ဌာနေ အထူးထူးသော အရပ်၌)၊ လဘာမိ ၏၊ ဣဒံ ဤသည်ကား၊ ဘိသိဒါနဿ မွေ့ရာအလှူ၏၊ ဖလံ အကျိုးတည်း။

ယတော အကြင်အခါမှ၊ အတ္တာနံ မိမိကိုယ်ကို၊ သရာမိ အောက်မေ့၏၊ ယတော အကြင်အခါမှ၊ ဝိညုတံ သိကြားလိမ္မာ သော အဖြစ်သို့၊ ပတ္တော ရောက်သည်၊ အသ္မိ ဖြစ်၏၊ (တတော ထိုအခါမှ၊ ပဋ္ဌာယ စ၍)၊ အတုဋ္ဌော အချည်းနီး မဟုတ်သော၊ ဈာနမဋ္ဌော ဈာန်တည်းဟူသော ညောင်စောင်းရှိသည်၊ (ဝါ အတုဋ္ဌောစ္စနမဋ္ဌော အချည်းနီး မဟုတ်သော အခင်းနှင့်တကွသော ညောင် စောင်းရှိသည်)၊ အမှိ ဖြစ်၏၊ ဣဒံ ကား၊ ဘိသိဒါနဿ ၏၊ ဖလံ တည်း။

၁။ ပြေပြစ်ညီညွတ်သော ကိုယ်ရှိခြင်း၊ ၂။ သူတစ်ပါးတို့ ရိုသေအပ်ခြင်း၊ ၃။ နူးညံ့သော ကိုယ်ရှိလျက် ရှုချင်ဖွယ်ရှိခြင်း၊ ၄။ အခြံအရံနှင့် တကွသော ဉာဏ်ကိုရခြင်း၊ ၅။ အထူးထူးအပြားပြား မွေ့ရာ အခင်းအနီးတို့ကို ရခြင်း၊ ၆။ ဈာန် တည်းဟူသော ညောင်စောင်းကို ရခြင်း။

သဗ္ဗမင်္ဂလ ဓမ္မဒေသနာ (၅၂၀)၌ကား (၁) စေ့စပ်သော ခန္ဓာကိုယ်ကို ရရှိခြင်း၊ (၂) နုပျိုသော ကိုယ်ရှိခြင်း၊ (၃) လုပ တင့်တယ်ခြင်း၊ (၄) အထူးထူးသော အခင်းတို့ကို ရခြင်း၊ (၅) လိမ္မာယဉ်ကျေးမှုရှိခြင်း၊ (၆) ဈာန်တည်းဟူသော ညောင် စောင်းကို ရခြင်း။

ဆောင်=စေ့စပ်သောကိုယ်၊ နုပျိုလုပ၀ါ၊ ခင်းထူးလာ၏၊ လိမ္မာညံ့ပျောင်း၊ ဈာန်ညောင်စောင်းစက်၊ ဤခြောက်ချက်သည်၊ ဟောမြွက်ဘုံလျို လှူကျိုးတည်း။ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ၃၉၀။)

ခေါင်းအုံးလှူဒါန်းရကျိုး ၆ ပါး
ဝိဗ္ဗောဟနေ ဇိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ဆာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
ဥဏ္ဏိကေ ပဒုမကေ စ၊ အထော လောဟိတစန္ဒနေ။
ဝိဗ္ဗောဟနေ ဥပါဓေမိ၊ ဥတ္တမင်္ဂံ သဒါ မမ။
အဋ္ဌင်္ဂိကေ မဂ္ဂဝရေ၊ သာမညေ စတုရော ဖလေ။
တေသု ဉာဏံ ဥပ္ပါဒေတွာ၊ ဝိဟရေ နိစ္စကာလိကံ။
ဒါနေ ဒမေ သံယမေ စ၊ အပ္ပမညာသု ရူပိသု။

တေသု ဉာဏံ ဥပ္ပါဒေတွာ၊ ဝိဟရေ သဗ္ဗကာလိကံ။
ဝတ္တေ ဂုဏေ ပဋိပတ္တိ,အာစာရကိရိယာသု စ။
တေသု ဉာဏံ ဥပ္ပါဒေတွာ၊ ဝိဟရေ သဗ္ဗဒါ အဟံ။
စင်္ကမေ ဝါ ပဓာနေ ဝါ၊ ဝီရိယေ ဗောဓိပက္ခိယေ။
တေသု ဉာဏံ ဥပ္ပါဒေတွာ၊ ဝိဟရာမိ ယဒိစ္ဆကံ။
သီလံ သမာဓိ ပညာ စ၊ ဝိမုတ္တိ စ အနုတ္တရာ။
တေသု ဉာဏံ ဥပ္ပါဒေတွာ၊ ဝိဟရာမိ သုခံ အဟံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ၃၆၇။)

ဗိမ္ဗောဟနေ, ပဒီပေ (သမ္မတ္တစက္ခုဒီပနီကျမ်း)

ဗိနေ အားလည်းကောင်း၊ ဂဏ္ဍဝရတ္တမေ သံဃေ အားလည်းကောင်း၊ ဗိမ္ဗောဟနေ ခေါင်းအုံးတို့ကို၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ ဆာနိသံသေ တို့ကို၊ အနုဘောမိ ၏။

ဥဏ္ဏိကေ သားမွေးအဆာသွတ်သော ခေါင်းအုံးတို့ကိုလည်းကောင်း၊ ပဒုမကေ(ပဒုမိကေ) စ ပဒုမာကြာပွင့်သွတ်သော ခေါင်းအုံးတို့ကိုလည်းကောင်း၊ အထော ထိုမှို၊ လောဟိတစန္ဒနေ စန္ဒကူနီအဆာသွတ်သော ခေါင်းအုံးတို့ကိုလည်းကောင်း၊ ဗိမ္ဗောဟနေ ခေါင်းအုံးတို့ကို၊ မမ ငါ၏၊ ဥတ္တမင်္ဂ ဦးခေါင်းသည်၊ သဒါ အခါခပ်သိမ်း၊ ဥပါဓေမိ အုံးရ၏။

အဋ္ဌင်္ဂိကေ အင်္ဂါရှစ်ပါးရှိကုန်သော၊ မဂ္ဂဝရေ မင်္ဂမြတ်တို့ကိုလည်းကောင်း၊ သာမညေ ကိလေသာကုန်ခြင်း၏အကျိုးဖြစ်ကုန်သော၊ စတုရော ဖလေ လေးပါးသော ဖိုလ်တို့ကိုလည်းကောင်း၊ အဟံ သည်၊ ဥပ္ပါဒေမိ ဖြစ်စေ၏၊ တေသု ထိုမင်္ဂဖိုလ်တို့၌၊ ဉာဏံ ဉာဏ်ကို၊ ဥပ္ပါဒေတွာ ဖြစ်စေ၍၊ နိစ္စကာလံ မြဲသောကာလပတ်လုံး၊ ဝိဟရေ ဝိဟရာမိ နေရ၏။

ဒါနေ အလှူပေးခြင်း၌လည်းကောင်း၊ ဒမေ စ ဥပုသ်ဆောက်တည်ခြင်း၌လည်းကောင်း၊ သံယမေ စ သီလသီတင်း စောင့်သုံးခြင်း၌လည်းကောင်း၊ အပ္ပမညာသု စ အပ္ပမညာတရားတို့၌လည်းကောင်း၊ ရူပီသု စ ရူပါဝစရဈာန်တို့၌လည်းကောင်း၊ တေသု ထိုသို့သော ကုသိုလ်တရားတို့၌၊ ဉာဏံ ဉာဏ်ကို၊ ဥပ္ပါဒေတွာ ၍၊ သဗ္ဗကာလိကံ ခပ်သိမ်းသော ကာလပတ်လုံး၊ ဝိဟရေ ၏။

ဝတ္တေ ဝတ်၌လည်းကောင်း၊ ဂုဏေ ဂုဏ်ကျေးဇူး၌လည်းကောင်း၊ ပဋိပတ္တိအာစာရကိရိယာသု စ ပဋိပတ်, အကျင့်, အမူအရာတို့၌လည်းကောင်း၊ (ပဒီပေ ပညာ၌လည်းကောင်း၊ အာစာရကိရိယာသု စ အကျင့်အမူအရာတို့၌လည်းကောင်း)၊ တေသု ထိုတရားတို့၌၊ ဉာဏံ ကို၊ ဥပ္ပါဒေတွာ ၍၊ သဗ္ဗဒါ သိမ်း၊ အဟံ သည်၊ ဝိဟရေ ၏။

စင်္ကမေ ဝါ စင်္ကြံ၌လည်းကောင်း၊ ပဓာနေ ဝါ အကျင့်၌လည်းကောင်း (ကမ္မဋ္ဌာန်းအားထုတ်ခြင်း၌လည်းကောင်း)၊ ဝီရိယေ ဝါ လုံ့လ၌လည်းကောင်း၊ ဗောဓိပက္ခိယေ ဝါ ဗောဓိပက္ခိယတရား၌လည်းကောင်း၊ တေသု ထိုတရားတို့၌၊ ဉာဏံ ကို၊ ဥပ္ပါဒေတွာ ၍၊ ယဒိစ္ဆကံ အလိုအလျောက်၊ ဝိဟရာမိ နေရ၏။

သီလံ သီလတရားသည်လည်းကောင်း၊ သမာဓိ စ သမာဓိတရားသည်လည်းကောင်း၊ ပညာ စ ပညာတရားသည်လည်းကောင်း၊ အနုတ္တရာ လောကုတ္တရာဖြစ်သော၊ ဝိမုတ္တိ စ ဝိမုတ္တိတရားသည်လည်းကောင်း၊ ဝါ အနုတ္တရာ ဝိမုတ္တိ စ အမြတ်ဆုံး အရဟတ္တဖိုလ်တရားသည်လည်းကောင်း၊ (အတ္ထိ ရှိ၏)၊ တေသု ထိုတရားတို့၌၊ ဉာဏံ ကို၊ ဥပ္ပါဒေတွာ ၍၊ အဟံ သည်၊ သုခံ ချမ်းသာစွာ၊ ဝိဟရာမိ ၏။

၁။ အထူးထူးသော မြတ်သော ခေါင်းအုံးတို့ကို အုံးရခြင်း၊ ၂။ မင်္ဂလေးတန် ဖိုလ်လေးတန်တို့ကို ရခြင်း၊
၃။ အလှူအစရှိသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်း၊ ၄။ ဝတ်အစရှိသော ကျေးဇူးနှင့် ပြည့်စုံခြင်း၊
၅။ စင်္ကြံသွားခြင်းအစရှိသော မြတ်သောအကျင့်နှင့် ပြည့်စုံခြင်း၊ ၆။ သီလအစရှိသော ကျေးဇူးနှင့် ပြည့်စုံခြင်း။

သဗ္ဗမင်္ဂလ ဓမ္မဒေသနာ (၅၂၅)၌ကား (၁) သားမွေးဖြင့်ပြုသည့် နီသော ခေါင်းအုံးတို့ကို ရရှိခြင်း၊ (၂) မင်္ဂ, ဖိုလ် ရခြင်း၊ (၃) ပေးကမ်းစောင့်စည်းမှု ဖြဟ္မစိုရ်စသော ထိုထိုကျင့်ဝတ်တို့၌ ဂုဏ်ထူးကဲခြင်း၊ (၄) အားမထုတ်ရပဲနှင့် ဗောဓိပက္ခိယတရားများနှင့် ပြည့်စုံခြင်း၊ (၅) သီလစင်ကြယ်ခြင်း, သမာဓိ, မင်္ဂ, ဖိုလ် ဉာဏ်ပညာလေးပါးပြည့်စုံခြင်း ဟူ၍ ၅ ပါးလာ၏။

ဆောင်=သိုးမွေးအုံးနီ၊ သုံးရပြီတည်၊ ရရှိ မိဂမ၊ ပေးနိစ္စဟု၊ စောင့်ထကိုယ်ကို၊ ဖြဟ္မစိုရ်နှင့်၊ ထိုထိုကျင့်ဝတ်၊ ဂုဏ်ထူးမြတ်သည်၊ အပတ်တကုတ်၊ အားထုတ်မရှိ၊ ဗောဓိပက္ခိယ၊ ပြည့်စုံရ၏၊ သီလစင်ဘိ၊ သမာဓိနှင့်၊ ဝိမုတ္တိခန်၊ ပညာဉာဏ်သည်၊ ငါးတန်ခေါင်းအုံး လှူကျိုးတည်း။ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ၃၉၀။)

ခါးပန်းကြိုးလှူဒါန်းရကျိုး ၆ ပါး

ကာယဗန္ဓေ ဗိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ဆာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္စဝိကေ မမ။
သမာဓိသု န ကမ္ပာမိ၊ ဝသီ ဟောမိ သမာဓိသု။
အဘေဇ္ဇပရိသော ဟောမိ၊ အာဒေယျဝစနော သဒါ။
ဥပဋ္ဌိတသတိ ဟောမိ၊ တာသော မယှံ န ဝိဇ္ဇတိ။
ဒေဝလောကေ မနုဿေ ဝါ၊ အနုဗန္ဓာ ဣမေ ဂုဏာ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၂။)
ဥပဋ္ဌိတဿတိ (သမ္ဗန္ဓစက္ခုဒီပနီ)

ဗိနေ အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ ကာယဗန္ဓေ ခါးပန်းကြိုးတို့ကို၊ ဒတွာ ကြောင့်၊ မမ ၏ ကမ္မာနုစ္စဝိကေ ကုန်သော၊ ဆာနိသံသေ ခြောက်ပါးသော အကျိုးတို့ကို၊ အနုဘောမိ ၏။

သမာဓိသု သမာဓိတရားတို့၌၊ န ကမ္ပာမိ မတုန်လှုပ်၊ သမာဓိသု တို့၌၊ ဝသီ ဝသီဘော်ရှိသည်၊ ဟောမိ ဖြစ်၏၊ အဘေဇ္ဇပရိသော မပြိုမကွဲသော ပရိသတ်ရှိသည်၊ ဟောမိ ၏၊ သဒါ သိမ်း၊ အာဒေယျဝစနော သူခပ်သိမ်းတို့ ယုံကြည်အပ်သောစကားရှိသည်၊ ဟောမိ ၏။

ဥပဋ္ဌိတသတိ တည်ကြည်သော သတိရှိသည်၊ ဟောမိ ၏၊ မယှံ ငါ့အား၊ တာသော ထိတ်လန့်ခြင်းသည်၊ န ဝိဇ္ဇတိ မရှိ၊ ဒေဝလေကေ ဝါ နတ်ပြည်၌လည်းကောင်း၊ မနုဿေ ဝါ လူပြည်၌လည်းကောင်း၊ ဣမေ ဂုဏာ ဤကျေးဇူးတို့သည်၊ အနုဗန္ဓာ အစဉ်လိုက်ကုန်သည်၊ (ဟောန္တိ ဖြစ်ကုန်၏)။

၁။ ဈာန်သမာပတ်တရားတို့၌ မတုန်မလှုပ်ခြင်း၊ ၂။ ဈာန်သမာပတ်တို့၌ လေ့လာအပ်သော ဝသီဘော်ရှိခြင်း၊
၃။ မပြိုမကွဲသော ပရိသတ်ရှိခြင်း (သားမြေး ကျေးကျွန် ပရိသတ်တို့နှင့် မကွာမကွေ နေရခြင်း)၊
၄။ သူတကာတို့ ယုံကြည်အပ်သော စကားရှိခြင်း၊ ၅။ ခပ်သိမ်းသောအမှု၌ မမေ့မလျော့သော သတိရှိခြင်း၊
၆။ ထိတ်လန့်မှု မရှိခြင်း။

ဆောင်=တုန်လှုပ်ကင်းကွာ၊ ဈာန်သမာလေ့၊ စုံစေ့ရံခြွေ၊ ဆိုလေနိုင်တည်၊ မေ့သည်မရှိ၊ ထင်ပေါ်ဘိသည်၊ သတိနစ်မှန်း၊ ဤခြောက်ခန်း၊ ခါးပန်း လှူကျိုးတည်း။ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ၃၈၉။)
......သတိဖြစ်ငြား၊ ဤခြောက်ပါး၊ ရငြားခါးပန်း လှူကျိုးတည်း။ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၁၉။)

တောင်ဝှေးလှူဒါန်းရကျိုး ၆ ပါး

ကတ္တရဒဏ္ဍေ သုဂတေ၊ ဒတွာ သံဃေ ဂဏုတ္တမေ။
ဆာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္စဝိကေ မမ။
ပုတ္တာ မယှံ ဗဟူ ဟောန္တိ၊ တာသော မယှံ န ဝိဇ္ဇတိ။
အပ္ပသယှော သဒါ ဟောမိ၊ သဗ္ဗာရက္ခေဟိ ရက္ခိတော။
ခလိတမ္ပိ န ဇာနာမိ၊ အဘန္တံ မာနသံ မမ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၄။)
ခလိတံ မံ (သီ၊က), ခလိတံ မေ, အဖန္ဒံ (သမ္ဗန္ဓစက္ခုဒီပနီကျမ်း)

သုဂတေ အားလည်းကောင်း၊ ဂဏုတ္တမေ သံဃေ အားလည်းကောင်း၊ ကတ္တရဒဏ္ဍေ တောင်ဝှေးတို့ကို၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္စဝိကေ ကုန်သော၊ ဆာနိသံသေ တို့ကို၊ အနုဘောမိ ၏။

မယှံ ငါ့အား၊ ဗဟူ များစွာကုန်သော၊ ပုတ္တာ သားသမီးတို့သည်၊ ဟောန္တိ ဖြစ်ကုန်၏၊ မယှံ အား၊ တာသော ထိတ်လန့်ခြင်းသည်၊ န ဝိဇ္ဇတိ မရှိ၊ သဒါ သိမ်း၊ အပ္ပသယှော (သူတစ်ပါးတို့)အနိုင်အထက် မပြုအပ်သည်၊ ဟောမိ ၏၊ သဗ္ဗာရက္ခေဟိ ခပ်သိမ်းသော အစောင့်အရှောက်တို့သည်၊ ရက္ခိတော စောင့်ရှောက်အပ်သည်၊ ဟောမိ ၏၊ ခလိတမ္ပိ ချွတ်ချော်ဖူးသည်ကိုလည်း၊ (ဝါ မေ ၏၊ ခလိတံ ချွတ်ချော်ဖူးသည်ကို)၊ န ဇာနာမိ မသိ၊ မမ ငါ၏၊ မာနသံ စိတ်သည်၊ အဘန္တံ (အဖန္ဒံ) တုန်လှုပ်ခြင်းမရှိ။

၁။ သားသမီးများခြင်း၊ ၂။ ကြောက်ထိတ်လန့်မှု မရှိခြင်း၊ ၃။ သူတစ်ပါးတို့ အနိုင်အထက် မပြုနိုင်ခြင်း၊
၄။ ခပ်သိမ်းသော အစောင့်အရှောက်ရှိခြင်း (လုံခြုံသော အစောင့်အရှောက်ရှိခြင်း)၊ ၅။ မချွတ်ချော်ခြင်း၊

၆။ စိတ်နှလုံးတုန်လှုပ်မှု မရှိခြင်း။

ဆောင်=ချွတ်ချော်ပယ်ရှင်း၊ ကြောက်ခြင်းမရှိ၊ လုံဘိအစောင့်၊ မနှောင့်စိတ်စက်၊ ရန်ဖက်ပယ်ရှား၊ သားကောင်းများသည်၊
ခြောက်ပါးတောင်ဇေး လူ့ကျိုးတည်း။ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ၃၈၉။)

ဗဟုပုတ္တ၊ တာသမရှိ၊ မသိချော်ချွတ်၊ ကင်းလွတ်နှိပ်စက်၊ မပျက်နိစ္စ၊ စောင့်ထခပ်သိမ်း၊ ကင်းငြိမ်းတုန်လှုပ်၊ စိတ်ဥဒ္ဒစ္စ၊ လွတ်ထနောင်ရေး၊ တောင်းဇေးလှူရာ၊ ကျမ်း၌လာသည်၊ ခြောက်ဖြာမလွဲ ရလေမြဲ။ (သုံးပုံတံချူကျမ်း၊၂၈။)

ထီးလှူဒါန်းရကျိုး ၈ ပါး

ဆတ္တေ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
အဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သီတံ ဥဏှံ န ဇာနာမိ၊ ရဇောဇလ္လံ န လိမ္ပတိ။
အနုပဒ္ဒဝေါ အနီတိ စ၊ ဟောမိ အပစိတော သဒါ။
သုခုမစ္ဆဝိကော ဟောမိ၊ ဝိသဒံ ဟောတိ မာနသံ။
ဆတ္တသတသဟဿာနိ၊ ဘဝေ သံသရတော မမ။
သဗ္ဗာလင်္ကာရယုတ္တာနိ၊ တဿ ကမ္မဿ ဝါဟသာ။
ဣမံ ဇာတိံ ဌပေတွာန၊ မတ္ထကေ ဓာရယန္တိ မေ။
ကသ္မာ ဣမာယ ဇာတိယာ၊ နတ္ထိ မေ ဆတ္တဓာရဏာ။
မမ သဗ္ဗံ ကတံ ကမ္မံ၊ ဝိမုတ္တိဆတ္တပတ္တိယာ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၅၈။)
တသ္မာ (သျှ၊က)

ဆတ္တေ ထီးတို့ကို၊ သုဂတေ စ အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ စ အားလည်းကောင်း၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ အဋ္ဌာနိသံသေ ရှစ်ပါးသော အကျိုးတို့ကို၊ အနုဘောမိ ၏။

သီတံ အချမ်းကိုလည်းကောင်း၊ ဥဏှံ အပူကိုလည်းကောင်း၊ န ဇာနာမိ မသိ၊ ရဇောဇလ္လံ မြူအညစ်အကြေးသည်၊ န လိမ္ပတိ မလိမ်းကျံ၊ အနုပဒ္ဒဝေါ ဘေးဥပဒ်မရှိသည်လည်းကောင်း၊ အနီတိ စ စိုးရိမ်ကြောင့်ကြမရှိသည်လည်းကောင်း၊ အပစိတော သူတစ်ပါးတို့ ရိုသေအပ်သည်လည်းကောင်း၊ သဒါ သိမ်း၊ ဟောမိ ၏။

သုခုမစ္ဆဝိကော သိမ်မွေ့နူးညံ့သော ကိုယ်ရှိသည်၊ ဟောမိ ၏၊ မေ ၏၊ မာနသံ စိတ်နှလုံးသည်၊ ဝိသဒံ သန့်ရှင်းသည်၊ ဟောတိ ၏၊ ဘဝေ ဘဝ၌၊ သံသရတော ကျင်လည်သော၊ မမ ၏၊ ဣမံ ဇာတိံ ဤအဖြစ်ကို၊ ဌပေတွာန ထားလတ်၍၊ သဗ္ဗာလင်္ကာရယုတ္တာနိ အလုံးစုံသော တန်ဆာနှင့် ယှဉ်ကုန်သော၊ ဆတ္တသတသဟဿာနိ တစ်သိန်းသောထီးတို့သည်၊ တဿ ကမ္မဿ ထိုထီးလှူခဲ့သော ကောင်းမှု၏၊ ဝါဟသာ အဟုန်အားဖြင့်၊ မေ ၏၊ မတ္ထကေ ထိပ်ထက်၌၊ ဓာရယန္တိ ဆောင်းကုန်၏။

ကသ္မာ အဘယ့်ကြောင့်၊ ဣမာယ ဇာတိယာ ဤအဖြစ်၌၊ မေ ၏၊ ဆတ္တဓာရဏာ ထီးဆောင်းခြင်းသည်၊ နတ္ထိ မရှိသနည်း? သဗ္ဗံ အလုံးစုံသော၊ ကတံ ပြုအပ်သော၊ ကမ္မံ ကံသည်၊ ဝိမုတ္တိဆတ္တပတ္တိယာ အရဟတ္တဖိုလ်တည်းဟူသော ထီးကိုဆောင်းခြင်းငှာ၊ ဟောတိ ဖြစ်၏၊ (တသ္မာ ထို့ကြောင့်၊ နတ္ထိ မရှိ၊ ဣဒံ ဤအကျိုးသည်၊ ဆတ္တဒါနဿ ထီးလှူရသည်၏၊ ဖလံ အကျိုးသည်၊ ဟောတိ ၏)။

၁။ အချမ်းအပူကို မသိရခြင်း၊ ၂။ ကိုယ်၌ မြူကြေးညှင်းမတင် သန့်ရှင်းခြင်း၊ ၃။ ဘေးဥပဒ်မရှိခြင်း၊
၄။ စိုးရိမ်ကြောင့်ကြ မရှိခြင်း၊ ၅။ သူခပ်သိမ်းတို့ ရိုသေခြင်း၊ ၆။ သိမ်မွေ့နူးညံ့သော ကိုယ်ရေအဆင်းရှိခြင်း၊
၇။ စိတ်နှလုံး သန့်ရှင်ခြင်း၊ ၈။ အရဟတ္တဖိုလ်ထီးကို ဆောင်းရခြင်း။

ဆောင်=ပူချမ်းမသိ၊ ကြေးညှိမတင်၊ ကင်းစင်ရန်ဘေး၊ ကင်းဝေးနှောင့်ယှက်၊ မပျက်ရိုသေ၊ အရေနုနယ်၊ စင်ကြယ်နှလုံး၊
ဆောင်သုံးရိပ်ဖြူ၊ ဤရှစ်ဆူ၊ ထီးလှူအကျိုးမှတ်။ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ၃၈၈။)

ယပ်, ထန်းရွက်ယပ်လှူဒါန်းကျိုး ၈ ပါး

ဝိဇူပနေ သုဂတေ ဒတွာ၊ တာလဝဏ္ဋေ စ သောဘနေ။
အဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

သီတံ့ ဥဏှံ န ဇာနာမိ၊ ပရိဠာဟော န ဝိဇ္ဇတိ။
ဒရထံ နာဘိဇာနာမိ၊ စိတ္တသန္တာပနံ မမ။
ရာဂဂ္ဂိ ဒေါသမောဟဂ္ဂိ၊ မာနဂ္ဂိ ဒိဋ္ဌိအဂ္ဂိ စ။
သဗ္ဗဂ္ဂိ နိဗ္ဗုတာ မယှံ၊ တဿ နိဿန္ဒတော မမ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၀ ၃၆၁။)

ဝိရူပနေ ယပ်တို့ကိုလည်းကောင်း၊ သောဘနေ တင့်တယ်ကောင်းမွန်ကုန်သော၊ တာလဝဏ္ဋေ စ ထန်းရွက်ယပ်တို့ကိုလည်းကောင်း၊ သုဂတေ အား၊ ဒတွာ-ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ အဋ္ဌာနိသံသေ ရှစ်ပါးသော အကျိုးတို့ကို၊အနုဘောမိ ၏ ။

သီတံ အချမ်းကိုလည်းကောင်း၊ ဥဏှံ အပူကိုလည်းကောင်း၊ န ဇာနာမိ မသိ၊ ပရိဠာဟော ပူလောင်အိုက်စပ်ခြင်းသည်၊ န ဝိဇ္ဇတိ မရှိ၊ မမ ၏၊ စိတ္တသန္တာပနံ စိတ်ကို ပူပန်စေတတ်သော၊ ဒရထံ ပူပန်ခြင်းကို၊ နာဘိဇာနာမိ မသိစဖူး။

မမ ၏၊ တဿ ထိုကောင်းမှုကံ၏၊ နိဿန္ဒတော အကျိုးအားဖြင့်၊ မယှံ ငါ့အား၊ ရာဂဂ္ဂိ စ ရာဂမီးသည်လည်းကောင်း၊ ဒေါသမောဟဂ္ဂိ စ ဒေါသမီး, မောဟမီးသည်လည်းကောင်း၊ မာနဂ္ဂိ စ မာနမီးသည်လည်းကောင်း၊ ဒိဋ္ဌိအဂ္ဂိ စ ဒိဋ္ဌိမီးသည်လည်းကောင်း၊ သဗ္ဗဂ္ဂိ အလုံးစုံသောမီးတို့သည်၊ နိဗ္ဗုတာ ငြိမ်းကုန်သည်၊ (ဟောန္တိ ဖြစ်ကုန်၏)။

တာလဝဏ္ဋေ တာလပတ်တို့ကို... ပရိဠာဟော လောင်လင်ခြင်းသည် (သမ္ဗန္ဓစက္ခုဒီပနီကျမ်း)

၁။ အချမ်းအပူ မရှိခြင်း၊ ၂။ ပူလောင်အိုက်စပ် မရှိခြင်း၊ ၃။ စိတ်ပူပန်မှု မရှိခြင်း (စိတ်အေးမြချမ်းသာခြင်း)၊
၄။ ရာဂမီး ငြိမ်းခြင်း၊ ၅။ ဒေါသမီး ငြိမ်းခြင်း၊ ၆။ မောဟမီး ငြိမ်းခြင်း၊ ၇။ မာနမီး ငြိမ်းခြင်း၊
၈။ ဒိဋ္ဌိမီး ငြိမ်းခြင်း။

ဆောင်=ချမ်းခြင်းပူခြင်း၊ အိုက်ခြင်းကင်းပ၊ စိတ်အေးမြ၏၊ ရာဂ, ဒေါသ၊ မောဟ, ဒိဋ္ဌိ၊ မာနဂ္ဂိကင်း၊ ဤရှစ်ခင်းသည်၊
လေညင်းယပ်ခပ် လှူကျိုးတည်း။ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၁၆။)
ချမ်းပူခွါရှဲ၊ အိုက်အဲကင်းပ...(ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ၃၈၈။)
ရာဂ, ဒေါသ၊ မောဟငြိမ်းဘိ၊ ဒိဋ္ဌိစင်က၊ မာနကင်းကွာ၊ မီးတကာလည်း၊ ကင်းရာမလွဲ၊ အိုက်အဲတခန်း၊ အချမ်းအပူ၊ မသိမှု၍၊ စိတ်ပူပန်စွာ၊ ကင်းလေရာသည်၊ ရှစ်ဖြာအကျိုး စိုက်ချပျိုး။ (သုံးပုံတံချူကျမ်း၊ ၂၅။)

မျက်စဉ်းလှူဒါန်းရကျိုး ၈ ပါး

ဩသဓံ အဉ္ဇနံ ဒတွာ၊ ဗုဒ္ဓေ သံဃေ ဂဏုတ္တမေ။
အဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
ဝိသာလနယနော ဟောမိ၊ သေတပီတော စ လောဟိတော။
အနာဝိလပသန္နက္ခော၊ သဗ္ဗရောဂဝိဝဇ္ဇိတော။
လဘာမိ ဒိဗ္ဗနယနံ၊ ပညာစက္ခုံ အနုတ္တရံ။
ဣမေ ဂုဏေ ပဋိလဘေ၊ တဿ နိဿန္ဒတော အဟံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၄။)
သေတာ ပီတာ စ လောဟိတာ (သမ္ဗန္ဓစက္ခုဒီပနီကျမ်း)

ဗုဒ္ဓေ အားလည်းကောင်း၊ ဂဏုတ္တမေ သံဃေ-အားလည်းကောင်း၊ ဩသဓံ အဉ္ဇနံ ဆေးမျက်စဉ်းကို၊ ဒတွာ ကြောင့်၊ မမ ငါ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ အဋ္ဌာနိသံသေ-တို့ကို၊ အနုဘောမိ ၏ ။

ဝိသာလနယနော ကျယ်သော မျက်စိရှိသည်၊ ဟောမိ ၏၊ သေတပီတော စ ဖြူသောအဆင်း, ဝါရွှေသောအဆင်းသည်လည်းကောင်း၊ လောဟိတော စ နီသောအဆင်းသည်လည်းကောင်း၊ ဟောတိ ဖြစ်၏၊ (သေတာ စ ဖြူသောအဆင်းတို့သည်လည်းကောင်း၊ ပီတာ စ ရွှေသောအဆင်းတို့သည်လည်းကောင်း၊ လောဟိတာ စ နီသောအဆင်းတို့သည်လည်းကောင်း၊ ဟောန္တိ ကုန်၏)၊ အနာဝိလပသန္နက္ခော မနောက်ကျူ ကြည်လင်သော မျက်စိရှိသည်လည်းကောင်း၊ သဗ္ဗရောဂဝိဝဇ္ဇိတော ခပ်သိမ်းသောအနာမှ ကြဉ်အပ်သည်လည်းကောင်း၊ ဟောမိ ၏ ။

ဒိဗ္ဗနယနံ နတ်မျက်စိကိုလည်းကောင်း၊ အနုတ္တရံ အတုမရှိသော၊ ပညာစက္ခုံ ပညာမျက်စိကိုလည်းကောင်း၊ လဘာမိ ရ၏၊ တဿ ၏၊ နိဿန္ဒတော အားဖြင့်၊ ဣမေ ဂုဏေ ဤကျေးဇူးတို့ကို၊ အဟံ သည်၊ ပဋိလဘေ ပဋိလဘာမိ ရ၏ ။

## ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ

၁။ ကျယ်သောမျက်စိရှိခြင်း၊ ၂။ မျက်စိ၏ဖြူသင့်ရာ၌ အချိုးတကျ ဖြူသောအဆင်းရှိခြင်း၊ ၃။ မျက်စိ၏ဝါရွှေသင့်ရာ၌ အချိုးတကျ ဝါရွှေသောအဆင်းရှိခြင်း၊ ၄။ မျက်စိ၏နီသင့်ရာ၌ အချိုးတကျ နီသောအဆင်းရှိခြင်း၊ ၅။ မနောက်မကျု ကြည်လင်သော မျက်စိရှိခြင်း၊ ၆။ ရောဂါခပ်သိမ်းမှ ကင်းစင်ခြင်း၊ ၇။ နတ်မျက်စိကို ရခြင်း၊ ၈။ အတုမရှိသော ပညာမျက်စိကို ရခြင်း။

ဆောင်=မျက်စိကျယ်စွာ၊ ဖြူ, နီ, ဝါလျက်၊ ကြည်သာအတိ၊ နာမရှိပဲ၊ မျက်စိနတ်သွင်၊ တုယှဉ်မဲ့စွာ၊ ပညာစက္ခု၊ ဤရှစ်စုသည်၊ မှတ်ရှုမျက်စဉ်း လှူကျိုးတည်း။

သင့်ရာသင့်ရာ၊ ဖြူ, နီ, ဝါလျက်၊ ကျယ်စွာမျက်စိ၊ ကြည်လင်ဘိ၏၊ မရှိနောက်နက်၊ နတ်မျက်စိသွင်၊ နာမျိုးစင်သည်၊ ရှစ်အင်မျက်စဉ်း လှူကျိုးတည်း။ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ၃၈၉။)

### အခြင်ရနယ်ဒိုင်းမြားလှူဒါန်းရကျိုး ၈ ပါး

ဂေါပါနသိယော ဒတွာန၊ ပူဂဓမ္မေ ဝသိ အဟံ။
တေန ကမ္မေန သုကတေန၊ အဋ္ဌ ဟေတူ လဘာမဟံ။
ဒိသာသု ပူဇိတော ဟောမိ၊ ဘောဂါ စ အမိတာ မမ။
ပတိဋ္ဌာ ဟောမိ သဗ္ဗေသံ၊ တာသော မမ န ဝိဇ္ဇတိ။
ဗျာဓယော မေ န ဝိဇ္ဇန္တိ၊ ဒီဃာယုံ ပါလယာမိ စ။
သုခုမစ္ဆဝိကော ဟောမိ၊ အာဝါသေ ပတ္တိတေ ၁သေ။
အဋ္ဌ ဂေါပါနသီ ဒတွာ၊ ပူဂဓမ္မေ ဝသိ အဟံ။
ပဋိသမ္ဘိဒါရဟတ္တဉ္စ၊ ဧတံ မေ အပရဋ္ဌမံ။
(ခု၊ ၃၊ သေလတ္ထေရအပဒါန၊ ၃၇၆။)

အဟံ ငါသည်၊ ဂေါပါနသိယော အခြင်ရနယ်တို့ကို၊ ဒတွာန ပေးလှူ၍၊ ပူဂဓမ္မေ အသင်းဖွဲ့၍ ပြုအပ်သော ကောင်းမှု၌၊ ဝသိ လေ့လာဆည်းပူးခဲ့၏၊ သုကတေန ကောင်းစွာ ပြုအပ်သော၊ တေန ကမ္မေန ထိုကောင်းမှုကံကြောင့်၊ အဟံ သည်၊ အဋ္ဌ ဟေတူ ရှစ်ပါးသော အကြောင်းတို့ကို၊ လဘာမိ ရ၏။ [အဋ္ဌ ဟေတူ အကြောင်းရှစ်ပါး ဟုဆိုသော်လည်း "အကျိုးရှစ်ပါး"ကို ဆိုလိုသည်။]

အဟံ သည်၊ ဒိသာသု အရပ်မျက်နှာတို့၌၊ ပူဇိတော ဟောမိ ပူဇော်ခံရပေ၏၊ မမ ငါ၏၊ ဘောဂါ စ စည်းစိမ်တို့ကိုလည်း၊ အမိတာ မနှိုင်းယှဉ်အပ်ကုန်၊ သဗ္ဗေသံ ခပ်သိမ်းသောသူတို့၏၊ ပတိဋ္ဌာ တည်ရာသည်၊ ဟောမိ ၏၊ မမ ငါ့အား၊ တာသော ထိတ်လန့်ခြင်းသည်၊ န ဝိဇ္ဇတိ မရှိ။

မေ အား၊ ဗျာဓယော အနာရောဂါတို့သည်၊ န ဝိဇ္ဇန္တိ မရှိကုန်၊ ဒီဃာယုံ စ ရှည်သောအသက်ကိုလည်း၊ ပါလယာမိ စောင့်ရှောက်၏၊ သုခုမစ္ဆဝိကော သိမ်မွေ့သော အရေအဆင်းရှိသည်၊ ဟောမိ ၏၊ ပတ္တိတေ တောင့်တအပ်သော၊ အာဝါသေ နေရာ၌(သာလျှင်)၊ ဝသေ နေရ၏။

အဟံ သည်၊ အဋ္ဌ ရှစ်ခုကုန်သော၊ ဂေါပါနသီ အခြင်ရနယ်တို့ကို၊ ဒတွာ ၍၊ ပူဂဓမ္မေ အသင်းဖွဲ့လျက် ပြုအပ်သော ကောင်းမှု၌၊ ဝသိ လေ့လာဆည်းပူးခဲ့၏၊ ဧတံ ပဋိသမ္ဘိဒါရဟတ္တဉ္စ ဤပဋိသမ္ဘိဒါပတ္တရဟန္တာအဖြစ်သည်လည်း၊ မေ ၏၊ အပရဋ္ဌမံ အခြား တစ်ပါးသော ရှစ်ခုမြောက် အကျိုးပေတည်း။

၁။ အရပ်မျက်နှာတို့၌ အပူဇော်ခံရခြင်း၊ ၂။ မနှိုင်းယှဉ်နိုင်သော စည်းစိမ်ဥစ္စာရှိ၍ ခပ်သိမ်းသောသူတို့၏တည်ရာဖြစ်ခြင်း၊ ၃။ ထိတ်လန့်ခြင်း မရှိခြင်း၊ ၄။ အနာရောဂါ မရှိခြင်း၊ ၅။ ရှည်သောအသက်ကို စောင့်ရှောက်နိုင်ခြင်း၊ ၆။ သိမ်မွေ့သော အရေအဆင်းရှိခြင်း၊ ၇။ တောင့်တအပ်သော နေရာ၌ နေနိုင်ခြင်း၊ ၈။ ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်ရခြင်း။

ဆောင်=ပူဇော်ခံရ၊ နှိုင်းမရငြား၊ ပေါများဥစ္စာ၊ တည်ရာခပ်သိမ်း၊ ကင်းငြိမ်းထိတ်လန့်၊ သန်ပြန့်အနာ၊ ရောဂါမရှိ၊ ရှည်ဘိအသက်၊ စောင့်ဆောင်ရွက်၏၊ မွေ့ညက်ဆင်းဝါ၊ နေရာလိုရှိ၊ နေရာဘိလျှင်း၊ ဖြစ်ခြင်းရဟန္တာ၊ ဤရှစ်ဖြာသည်၊ မှတ်ပါအခြင်ရနယ် လှူကျိုးတည်း။ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၁၈။)

### ပဲခွပ် သင်တုန်း လှူဒါန်းရကျိုး ၈ ပါး

စိတ္တဗန္ဓနသမ္ဗဒ္ဓါ၊ သုကတာ ဝါသိယော ဗဟူ။
ဒတွာန ဗုဒ္ဓသေဋ္ဌဿ၊ သံဃဿ စ တထေဝဟံ။

ဒါနအမျိုးမျိုး အကျိုးအထွေထွေ

အဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သူရော ဟောမ ဝိသာရီ စ၊ ဝေသာရဇ္ဇေသု ပါရမိ။
ဓိတိဝီရိယဝါ ဟောမိ၊ ပဂ္ဂဟီတမနော သဒါ။
ကိလေသဈွေဒနံ ဉာဏံ၊ သုခုမံ အတုလံ သုစိံ။
သဗ္ဗတ္ထ ပဋိလဘာမိ၊ တဿ နိဿန္ဒတော အဟံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၅၉။)
စိတ္တဗဏ္ဍနသမ္ဗန္ဓ (သမန္တစက္ခုဒီပနီကျမ်း)၊ စိတ္တဗဏ္ဍနသမ္ဗန္ဓာ (က)

အဟံ သည်၊ သုကတာ ကောင်းစွာ ပြုလုပ်အပ်ကုန်သော၊ စိတ္တဗဏ္ဍနသမ္ဗဒ္ဓါ ဆန်းကြယ်သော ဖွဲ့ကြိုးတို့ဖြင့် ဖွဲ့အပ်ကုန်သော၊ ဗဟူ များစွာကုန်သော၊ ဝါသိယော ပဲခွပ် သင်တုန်းတို့ကို၊ ဗုဒ္ဓသေဋ္ဌဿ မြတ်ဘုရားအားလည်းကောင်း၊ တထေဝ ထိုမှတစ်ပါးလျှင်၊ သံဃဿ စ သံဃာတော်အားလည်းကောင်း၊ ဒတွာန ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ အဋ္ဌာနိသံသေ ရှစ်ပါးသော အကျိုးတို့ကို၊ အနုဘောမိ ၏။

သူရော စ ရဲရင့်သည်လည်းကောင်း၊ ဝိသာရီ စ ရွံ့ရှားခြင်း ကင်းသည်လည်းကောင်း၊ ဝေသာရဇ္ဇေသု ဝေသာရဇ္ဇဉာဏ်တို့၌၊ ပါရမိစ ကမ်းတစ်ဖက်သို့ ရောက်သည်လည်းကောင်း၊ ဟောမိ ၏၊ ဓိတိဝီရိယဝါ စ တည်ကြည်သည်, လုံ့လရှိသည်လည်းကောင်း၊ သဒါ သိမ်း၊ ပဂ္ဂဟီတမနော စ ချီးမြှောက်အပ်သော နှလုံးရှိသည်လည်းကောင်း၊ ဟောမိ ၏။

ကိလေသဈွေဒနံ ကိလေသာကို ဖြတ်တတ်သော၊ သုခုမံ သိမ်မွေ့သော၊ ဉာဏံ ဉာဏ်ကိုလည်းကောင်း၊ အတုလံ အတုမရှိသော၊ သုစိံ စင်ကြယ်ခြင်းကိုလည်းကောင်း၊ သဗ္ဗတ္ထ ခပ်သိမ်းသော အရပ်တို့၌ (ဝါ ဘဝအားလုံး၌)၊ တဿ ထိုကောင်းမှု၏၊ နိဿန္ဒတော အကျိုးအားဖြင့်၊ အဟံ သည်၊ ပဋိလဘာမိ ရ၏။

၁။ ရဲရင့်သော သတ္တိရှိခြင်း၊ ၂။ ရွံ့ရှားမှု မရှိခြင်း (ကြောက်လန့်မှု မရှိခြင်း)၊ ၃။ ဝေသာရဇ္ဇဉာဏ်တို့၌ အပြီးအဆုံးသို့ ရောက်ခြင်း၊ ၄။ တည်ကြည်ခြင်း၊ ၅။ လုံ့လဝီရိယရှိခြင်း၊ ၆။ ချီးမြှောက်တက်ကြွသော စိတ်ရှိခြင်း၊ ၇။ ကိလေသာကို ဖြတ်တတ်သောဉာဏ်ကို ရခြင်း၊ ၈။ အတုမရှိသော စင်ကြယ်ခြင်းကို ရခြင်း။

ဆောင်=သတ္တိရဲခြင်း၊ ရွံ့ရှားကင်း၏၊ ဉာဏ်ရင်းဝေသာရဇ္ဇ၊ ပြီးဆုံးရ၏၊ တည်လှသမာဓိ၊ ဝီရိ,စိတ္တ၊ လွန်တက်ကြွ၍၊ ဖြတ်ရကိလေ၊ ဉာဏေ တုမရ၊ စင်ကြယ်လှသည်၊ ရှစ်ဝပဲခွပ် လှူကျိုးတည်း။

နှာနုပ်တံ, နှာနုပ်ဆေးလှူဒါန်းရကျိုး ၈ ပါး

နတ္ထုကေ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
အဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သဒ္ဓံ သီလံ ဟိရိဉ္စာပိ၊ အထ ဩတ္တပ္ပိယံ ဂုဏံ။
သုတံ စာဂဉ္စ ခန္တိဉ္စ၊ ပညံ မေ အဋ္ဌမံ ဂုဏံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၆။)
သဒ္ဓါသီလဟိရီစာပိ (သမန္တစက္ခုဒီပနီကျမ်း)

သုဂတေ အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ နတ္ထုကေ နှာနုပ်တံ, နှာနုပ်ဆေးတို့ကို၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ အဋ္ဌာနိသံသေ တို့ကို၊ အနုဘောမိ ၏။ သဒ္ဓံ သဒ္ဓါဂုဏ်ကိုလည်းကောင်း၊ သီလံ သီလဂုဏ်ကိုလည်းကောင်း၊ ဟိရိဉ္စာပိ ဟိရီဂုဏ်ကိုလည်းကောင်း၊ အထ ထိုမှတပါး၊ ဩတ္တပ္ပိယံ ဩတ္တပ္ပတည်းဟူသော၊ ဂုဏံ ဂုဏ်ကိုလည်းကောင်း၊ သုတံ သုတဂုဏ်ကိုလည်းကောင်း၊ စာဂဉ္စ စာဂဂုဏ်ကိုလည်းကောင်း၊ ခန္တိဉ္စ ခန္တိဂုဏ်ကိုလည်းကောင်း၊ မေ ၏၊ အဋ္ဌမံ ရှစ်ခုမြောက်သော၊ ပညံ ဂုဏံ ပညာဂုဏ်ကိုလည်းကောင်း၊ အနုဘောမိ ခံစားရ၏။

၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၂။ အကျင့်သီလနှင့်ပြည့်စုံခြင်း၊ ၃။ ဒုစရိုက်မှ ရှက်ခြင်းဟိရီနှင့်ပြည့်စုံခြင်း၊ ၄။ ဒုစရိုက်မှ ကြောက်ခြင်း ဩတ္တပ္ပနှင့်ပြည့်စုံခြင်း၊ ၅။ အကြားအမြင်များခြင်း၊ ၆။ စွန့်ကြဲပေးကမ်းမှု စာဂရှိခြင်း၊ ၇။ သည်းခံခြင်းနှင့်ပြည့်စုံခြင်း၊ ၈။ ပညာအမြော်အမြင်နှင့်ပြည့်စုံခြင်း (ဉာဏ်ပညာကြီးခြင်း)။

ဆောင်=ပညာကြီးလျက်၊ သဒ္ဓါထက်၏၊ ကြောက်, ရှက်ပါပ၊ ကျနကျမ်းဂန်၊ စွန့်ဟန်တမူ၊ စင်ဖြူသီလ၊ သည်းခံက၊ ရှစ်ဝနှာနုပ် လှူကျိုးတည်း။ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၁၇။)

သက်န်းလှူဒါန်းရကျိုး ၈ ပါး

ဒုဿာနိ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
အဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သုဝဏ္ဏဝဏ္ဏော ဝိရဇော၊ သပ္ပဘာသော ပတာပဝါ။
သိနိဒ္ဓံ ဟောတိ မေ ဂတ္တံ၊ ဘဝေ သံသရတော မမ။
ဒုဿသတသဟဿာနိ၊ သေတာ ပီတာ စ လောဟိတာ။
ဓာရေန္တိ မတ္ထကေ မယှံ၊ ဒုဿဒါနဿိဒံ ဖလံ။
ကောသေယျကမ္ဗလိယာနိ၊ ခေါမကပ္ပါသိကာနိ စ။
သဗ္ဗတ္ထ ပဋိလဘာမိ၊ တေသံ နိဿန္ဒတော အဟံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၅၈ ၃၅၉။)

သုဂတေ သုဂတဿ ဘုရားရှင်အားလည်းကောင်း၊ ဂဏဝရုတ္တမေ ဂဏဝရုတ္တမဿ အလွန်မြတ်သော ဂိုဏ်းအပေါင်းဖြစ်သော၊ သံဃေ သံဃဿ သံဃာတော်အားလည်းကောင်း၊ ဒုဿာနိ အဝတ်သင်္ကန်းတို့ကို၊ ဒတွာ လှူရသောကြောင့်၊ မမ ငါ၏၊ ကမ္မာနုစ္ဆဝိကေ ကောင်းမှုကံအား, လျော်ပတ်ကုန်သော၊ အဋ္ဌာနိသံသေ ရှစ်ပါးသော အကျိုးတို့ကို၊ အနုဘောမိ ခံစားရ၏။

အဟံ ငါသည်၊ သုဝဏ္ဏဝဏ္ဏော ရွှေအဆင်းနှင့် တူသော အဆင်းရှိသည်လည်းကောင်း၊ ဝိရဇော မြူအညစ်အကြေးမတင်သည်လည်းကောင်း၊ သပ္ပဘာသော အရောင်အဝါရှိသည်လည်းကောင်း၊ ပတာပဝါ တန်ခိုးအာနုဘော်ရှိသည်လည်းကောင်း၊ ဟောမိ ဖြစ်၏၊ မေ ငါ၏၊ ဂတ္တံ ကိုယ်သည်၊ သိနိဒ္ဓံ သိမ်မွေ့ပြေပြစ်သည်၊ ဟောတိ ဖြစ်၏။ ဘဝေ ဘဝ၌၊ သံသရတော ကျင်လည်သော၊ မမ ငါ့အား၊

သေတာ ဖြူသောအဝတ်ပုဆိုးတို့သည်လည်းကောင်း၊ ပီတာ စ ဝါရွှေသော အဝတ်ပုဆိုးတို့သည်လည်းကောင်း၊ လောဟိတာ နီသော အဝတ်ပုဆိုးတို့သည်လည်းကောင်း၊ ဒုဿသတသဟဿာနိ တစ်သိန်းသော အဝတ်ပုဆိုးတို့သည်၊ မယှံ ငါ၏၊ မတ္ထကေ ထိပ်ထက်၌၊ ဓာရေန္တိ ဆောင်းမိုးကုန်၏၊ ဣဒံ ဤအကျိုးသည်၊ ဒုဿဒါနဿ အဝတ်သင်္ကန်းကို လှူရခြင်း၏၊ ဖလံ အကျိုးတည်း။

ကောသေယျကမ္ဗလိယာနိ ပိုးချည်ပုဆိုး, ကမ္ဗလာ(သကလတ်)ပုဆိုးတို့ကိုလည်းကောင်း၊ ခေါမကပ္ပါသိကာနိ စ ခေါမပုဆိုး,ဝါချည်ပုဆိုးတို့ကိုလည်းကောင်း၊ တေသံ ထိုအဝတ်သင်္ကန်းအလှူတို့၏၊ နိဿန္ဒတော အကျိုးအားဖြင့်၊ သဗ္ဗတ္ထ ခပ်သိမ်းသောအရပ်၌၊ဝါ ဘဝအားလုံး၌၊ အဟံ ငါသည်၊ ပဋိလဘာမိ ရ၏။

၁။ ရွှေအဆင်းနှင့် တူသော အဆင်းရှိခြင်း၊ ၂။ ကိုယ်၌ မြူအညစ်အကြေးမတင် သန့်ရှင်းစင်ကြယ်ခြင်း၊
၃။ အရောင်အဝါနှင့် ပြည့်စုံခြင်း၊ ၄။ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း၊ ၅။ သိမ်မွေ့နူးညံ့သော ကိုယ်ရှိခြင်း၊
၆။ အဖြူ အဝါ အနီ အဝတ်ပုဆိုးတစ်သိန်းတို့ ဦးထိပ်အထက်၌ ဆောင်းမိုးလျက် ရှိကုန်ခြင်း၊ ၇။ ပိုးပုဆိုး, ကမ္ဗလာပုဆိုးတို့ကို ရခြင်း၊ ၈။ ခေါမပုဆိုး, ဝါချည်ပုဆိုးတို့ကို ရခြင်း။

ဆောင်=သင်္ကန်းအလှူ၊ အကျိုးမူကား၊ ရွှေတူအဆင်း၊ မြူကြေးကင်းလျက်၊ တောက်ခြင်းရောင်ဝါ၊ နူးညံ့စွာလျက်၊ သုံးဖြာပုဆိုး၊ လေးမျိုးသောချည်၊ များသည်တသိန်း၊ ခပ်သိမ်းဌာန၊ ဤရှစ်ဝကို၊ မုချမလွဲ ရလေမြဲ။ (သုံးပုံတံချူကျမ်း၊ ၂၄။)

ဓမ္မပဒအဋ္ဌကထာ ဝိသာခါဝတ္ထု (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၄၉)၌ကား "သင်္ကန်းအလှူ၏အကျိုးသည် အမျိုးသမီးအား **'မဟာလတာတန်ဆာ'** ကိုရခြင်း, အမျိုးသားတို့အား 'တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းကိုရ၍ ဧဟိဘိက္ခုရဟန်း'ဖြစ်ရခြင်းတို့ပေတည်း။
ဣတ္ထိနံ ဟိ စီဝရဒါနံ မဟာလတာပသာဓနဘဏ္ဍေန မတ္ထကံ ပပ္ပေါတိ၊ ပုရိသာနံ ဣဒ္ဓိမယပတ္တစီဝရေနာတိ။ (ဓမ္မပဒ၊ဋ္ဌ၊၁၊၂၄၉။)

ဆောင်=သကျပုတ္တ၊ သမဏဟု၊ သာကီယဇာတ်၊ ရဟန်းမြတ်အား၊ လျောက်ပတ်တင့်ဆန်း၊ ဖန်သင်္ကန်းကို၊ လှူဒါန်းသည့်သူ့ (ယောကျ်ားမူကား၊) ဘုန်းလူဇိနော်၊ ဧဟိခေါ်၍၊ ဝါတော်သဋ္ဌိ၊ ခြောက်ဆယ်ရှိသည့်၊ ထေရ်ကြီးအလား၊ လွန်တည်ငြားလျက်၊ ရှစ်ပါးပရိက္ခရာ၊ လွယ်ပြီးကာလျှင်၊ မြတ်စွာရှေ့မှောက်၊ ရဟန်းမြောက်၍၊ ခန်းခြောက် အာသဝေါ၊ သန့်စင်ချော၏။ သဘောမှတ်ယူ၊ (မိန်းမမူကား၊) ရွှေဇမ္ဗူရာဇ်၊ ဦးသစ်သစ်၏၊ ချိန်လစ်တစ်ထောင်၊ နိက္ခဆောင်၍၊ ထိန်ပြောင်စိန်သား၊ လေးကွမ်းစားတည်၊ မြကားတေတ္တိ၊ ရဲထိန်သန္တာ၊ ဗာဝီသာနှင့်၊ မုတ္တာဆယ့်တစ်၊ ရေတွက်စစ်လော့၊ ကြွင်းလစ်ရတနာ၊ သင့်သင့်ရာခြယ်၊ ကောင်းရာငွေကြိုး၊ ချုပ်သီထိုးလျက်၊ အဖိုးကိုးကုဋေ၊ ထိုက်တန်ပေ၏၊ ရွှေပန်းထိမ်ငါးရာ၊ ချိန်ကြာလေးလ၊ လက္ခတစ်သိန်း၊ တွက်ကိန်းချုပ်ပြီး၊ တန်ဆာကြီးကို၊ ငါးစီးဆင်ပြောင်၊ အားကိုဆောင်သည့်၊ အခေါင်တုလွတ်၊ မိန်းမမြတ်တို့၊ ဆင်ဝတ်အပ်စွာ၊ မဟာလတာ၊ ပသာဓနေ၊ နာမခပ်နိပ်၊ အောင်ဘိသိက်ဖြင့်၊ သောင်နိဗ္ဗာန်နန်း၊ ဆင်တက်

မြန်းသည်၊ သင်္ကန်းဒါန အကျိုးတည်း။

ဝိလိန္ဒဝတ္ထုတွေ့ရအပဒါန်လာ "သင်္ကန်းအကျိုး ၈ ပါး"နှင့် ဓမ္မပဒအဋ္ဌကထာလာ "သင်္ကန်းအကျိုး ၂ ပါး"တို့ကို ပေါင်း၍ "သင်္ကန်းလှူဒါန်းရကျိုး ၁၀ ပါး"ပြ ဆောင်ပုဒ်=

ရွှေသို့အဆင်း၊ ညစ်ကြေးကင်း၍၊ ရောင်ဝင်းထိန်ပ၊ နူးညံ့လှ၏၊ မကာသိန်းဖိုး၊ ပုဆိုးရလေ၊ ညို မွေ ဖြူ အနီ၊ ဤ ရစ်လီနှင့်၊ ကြီးလင့်ကံအား၊ ယောကျ်ားဖြစ်ဘိ၊ ဖေါ်ဘိကျ၊ သဗ္ဗညုကြ၊ ခေါ်ပြုမြွက်ဟ၊ မိန်းမဘဝ၊ လက်ခတသိန်း၊ တွက်ကိန်းတန်ဖိုး၊ ကိုးကုဋေမျှ၊ လေးလအချိန်၊ ပန်းထိမ်ငါးရာ၊ မှန်စွာလုပ်ရ၊ မဟာလတာ၊ ခေါ်တန်ဆာကို၊ ဝတ် ကာဆင်မြန်း၊ မြတ်ရွှေကျမ်းဝယ်၊ ဤတစ်ဆယ်သည်၊ မှတ်ဖွယ်သင်္ကန်း လှူကျိုးတည်း။

(သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၀၉။)

အဋ္ဌသာလိနီအဋ္ဌကထာလာ "သင်္ကန်းလှူဒါန်းရကျိုး ၆ ပါး"ပြ ဆောင်ပုဒ်=

အဘိဓမ္မာ၊ ကျမ်းအလာကား၊ ကောင်းစွာအဆင်း၊ ကောင်းခြင်းအသံ၊ တတန်အနံ့၊ မွှေးပျံ့လှိုင်စွာ၊ ရသာဘောဂ၊ သုံး ဆောင်ရလျက်၊ ဖဿကိုယ်မှာ၊ နူးညံ့စွာနှင့်၊ ပမာဂွမ်းလား၊ ကင်းငြားအနာ၊ ချမ်းသာသုခ၊ ဤခြောက်ဝကို၊ နိစ္စမလွဲ စံရမြဲ။ (သုံးပုံတံချူကျမ်း၊ ၂၄။)

စတူသု ဟိ ပစ္စယေသု စီဝရေ ဆ အာရမ္မဏာနိ လဗ္ဘန္တိ။ နဝရတ္တသ ဟိ စီဝရဿ ဝဏ္ဏော မနာပေါ ဟောတိ ဒဿနီယော၊ ဣဒံ ဝဏ္ဏာရမ္မဏံ။ ပရိဘောဂကာလေ ပဋပဋသဒ္ဒံ ကရောတိ၊ ဣဒံ သဒ္ဒါရမ္မဏံ။ ယော တတ္ထ ကာဠကစ္ဆကာဒိဂန္ဓော (ကာဠဂစ္ဆကာဒိဂန္ဓော၊က)၊ ဣဒံ ဂန္ဓာရမ္မဏံ၊ ရသာရမ္မဏံ ပန ပရိဘောဂရသဝသေန ကထိတံ။ ယာ တတ္ထ သုခသမ္ဖဿတာ၊ ဣဒံ ဖောဋ္ဌဗ္ဗာရမ္မဏံ။ စီဝရံ ပဋိစ္စ ဥပ္ပန္နာ သုခါ ဝေဒနာ ဓမ္မာရမ္မဏံ။ . ....... ဓဝံ စတူသု ပစ္စယေသု နာနာရမ္မဏဝသေန ယောဇနံ ကတွာ ဒါနမယာဒိဘေဒေါ ဝေဒိတဗ္ဗော။

(အဘိ၊ ဋ္ဌ၊ ၁၊ အဋ္ဌသာလိနီအဋ္ဌကထာ၊ ကာမာဝစရကုသလဝဏ္ဏနာ၊ ၁၂၃။)

"ပံသကူသင်္ကန်းလှူဒါန်းရကျိုး"ပြ ဆောင်ပုဒ်=

ပံသကူသင်္ကန်း၊ လှူဒါန်းရကြောင့်၊ ဆင်းလှ, ခွန်အား၊ ကြီးမားပညာ၊ အင်္ဂါပြည့်ဝ၊ ကြီးလှတန်ခိုး၊ လုံးရပ်မျိုးနှင့်၊ ပြည့်ဖြိုးဘဏ္ဍာ၊ များစွာကျွန်တွေ၊ ရွှေ, ငွေ, ကျွဲ, နွား၊ ဆင်, မြင်းများနှင့်၊ သိကြားတစ်ထောင်၊ မြားမြောင်ပဒေသရာဇ်၊ စကြာရစ်ဆယ်၊ အပါယ်စသား မလားမရောက်၊ မြားမြောက်စည်းစိမ်၊ ဂုဏ်သိရ်ဖြိုးမောက်၊ နိဗ္ဗာန်ရောက်သည်၊ ကျမ်း ထောက်ပံသကူ လှူကျိုးတည်း။ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၀၉ ၅၁၀။)

တိဏကုဋိဒါယကတ္ထေရအပဒါန်လာ ကျောင်းလှူဒါန်းရကျိုးများ

တိဏကဋ္ဌဝ ဝလ္လိဠ၊ အာဟရိတွာနဟံ တဒါ။
တိဒဏ္ဍကေ ဋ္ဌပေတွာန၊ အကံ တိဏကုဋိံ အဟံ။
သံဃဿတ္ထာယ ကုဋိကံ၊ နိယျာဒေတွာန တံ အဟံ။
တဒေဟော အာဂန္တွာ ၊ ကမ္မသာမိံ ဥပါဂမိံ။
တေန ကမ္မေန သုကတေန၊ တာဝတိံသမဂစ္ဆဟံ။
တတ္ထ မေ သုကတံ ဗျမှံ၊ ကုဋိကာယ သုနိမ္မိတံ။
သဟဿကဏ္ဍံ သတဘေဏ္ဍု၊ ဓဇာလု ဟရိတာမယံ။
သတသဟဿနိယျူဟာ၊ ဗျမှေ ပါတုဘဝိံသု မေ။
ယံ ယံ ယောနုပပဇ္ဇာမိ၊ ဒေဝတ္တံ အထ မာနုသံ။
မမ သင်္ကပ္ပမညာယ၊ ပါသာဒေါ ဥပတိဋ္ဌတိ။
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊ လောမဟံသော န ဝိဇ္ဇတိ။
တာသံ မမ န ဇာနာမိ၊ တိဏကုဋိကာယိဒံ ဖလံ။
သီဟဗျဂ္ဃါ စ ဒီပီ စ၊ အစ္ဆကောကတရစ္ဆကာ။

သဗ္ဗေ မံ ပရိဝဇ္ဇေန္တိ၊ တိဏကုဋိကာယိဒံ ဖလံ။
သရီသပါ စ ဘူတာ စ၊ အဟီ ကုမ္ဘဏ္ဍရက္ခသာ။
တေပိ မံ ပရိဝဇ္ဇေန္တိ၊ တိဏကုဋိကာယိဒံ ဖလံ။
န ပါပသုပိနဿာပိ၊ သရာမိ ဒဿနံ မမ။
ဥပဋ္ဌိတာ သတိ မယှံ၊ တိဏကုဋိကာယိဒံ ဖလံ။
တာယေဝ တိဏကုဋိကာယ၊ အနုဘောတွာန သမ္ပဒါ။
ဂေါတမဿ ဘဂဝတော၊ ဓမ္မံ သစ္ဆိကရိံ အဟံ။
ကေနဝုတိတော ကပ္ပေ၊ ယံ ကမ္မမကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ တိဏကုဋိကာယိဒံ ဖလံ။
(ခု၊ ၃၊ ၃၁၂။)

တဒါ ထိုအခါ၌၊ အဟံ သည်၊ တိဏကဋ္ဌဉ္စ မြက်ထင်းကိုလည်းကောင်း၊ ဝလ္လိဉ္စ နွယ်ကိုလည်းကောင်း၊ အာဟရိတွာန ဆောင်၍၊တိဒဏ္ဍကေ တိုင်သုံးလုံးတို့ကို၊ ဌပေတွာန စိုက်ထောင်၍၊ တိဏကုဋိံ မြက်မိုးကျောင်းကို၊ အကံ ဆောက်လုပ်ခဲ့လေပြီ။

အဟံ သည်၊ သံဃဿတ္ထာယ သံဃာတော်၏အလို့ငှါ၊ တံ ကုဋိကံ ထိုကျောင်းငယ်ကို၊ နိယျာဒေတွာန အပ်နှင်းလှူဒါန်းပြီး၍၊ ပာဒေဟေဝ ထိုနေ့၌ပင်လျှင်၊ အာဂန္တွာ ပြန်လာ၍၊ ကမ္မသာမိံ အလုပ်ရှင်ထံသို့၊ ဥပါဂမိံ ချဉ်းကပ်ခဲ့၏။

အဟံ သည်၊ သုကတေန သော၊ တေန ကမ္မေန ထိုကုသိုလ်ကံကြောင့်၊ တာဝတိံသံ တာဝတိံသာနတ်ပြည်သို့၊ အဂစ္ဆ ရောက်ခဲ့၏၊ တတ္ထ ထိုတာဝတိံသာနတ်ပြည်၌၊ သုကတံ သော၊ မေ ဗျမှံ ငါ့ဗိမာန်ကို၊ ကုဋိကာယ (လှူဘဝက လှူခဲ့သော) ကျောင်းငယ်ဖြင့်၊ သုနိမ္မိတံ ကောင်းစွာ ဖန်ဆင်းအပ်၏။

သဟဿကဏ္ဍံ မြားကျတစ်ထောင်ရှိ၏၊ သတဘေဏ္ဍု ဘုံဆင့်တစ်ရာရှိ၏၊ ဓဇာလု များသော တံခွန်အလံရှိ၏၊ ဟရိတာ မယံ ရွှေဖြင့်ပြီး၏၊ သတသဟဿနိယျူဟာ တစ်သိန်းသော နန်းဦးပြာသာဒ်ဆောင်တို့သည်၊ မေ ဗျမှေ ငါ၏ဗိမာန်၌၊ ပါတုဘဝိံသု ထင်ရှားဖြစ်ပေါ်ကုန်၏။

ဒေဝတ္တံ-နတ်အဖြစ်လည်းဟူသော၊ မာနုသံ-လူ့အဖြစ်လည်းဟူသော၊ ယံ ယံ ယောနိံ-အကြင်အကြင် ဘဝသို့၊ ဥပပဇ္ဇာမိ ကပ်ရောက်ရ၏၊ (တတ္ထ တတ္ထ ထိုထိုဖြစ်ရာဘဝတို့၌၊) မမ သင်္ကပ္ပံ-ငါ၏စိတ်အကြံကို၊ အညာယ-သိ၍၊ ပါသာဒေါ ပြာသာဒ်သည်၊ ဥပတိဋ္ဌတိ-တည်လာ၏။

ဘယံ ဝါ ကြောက်ခြင်းသည်လည်းကောင်း၊ ဆမ္ဘိတတ္တံ ဝါ-ကိုယ်ခက်တရော်ရှိခြင်းသည်လည်းကောင်း၊ လောမဟံသော ဝါ ကြက်သီးမွေးညှင်းထခြင်းသည်လည်းကောင်း၊ (မေ ငါ့အား၊) န ဝိဇ္ဇတိ-မရှိချေ၊ (အဟံ-သည်၊) မမ တာသံ-မိမိ၏ထိတ်လန့်ခြင်းကို၊ န ဇာနာမိ မသိစဖူးပေ၊ ဣဒံ ဤသို့ ဖြစ်ရခြင်းသည်၊ တိဏကုဋိကာယ မြက်မိုးကျောင်းကို လှူရခြင်း၏၊ ဖလံ-အကျိုးပေတည်း။

သီဟဗျဂ္ဃါ စ ခြင်္သေ့, ကျားတို့သည်လည်းကောင်း၊ ဒီပိ စ သစ်တို့သည်လည်းကောင်း၊ အစ္ဆကောကတရစ္ဆကာ-ဝံ, ဝံပုလွေ, အောင်းတို့သည်လည်းကောင်း၊ သဗ္ဗေ အလုံးစုသော သားရဲတို့သည် မံ-ငါ့ကို၊ ပရိဝဇ္ဇေန္တိ-ရှောင်ကွင်းကုန်၏၊ ဣဒံ-သည်၊ တိဏ-ကုဋိကာယ-၏၊ ဖလံ-တည်း။

သရီသပါ စ-မြွေ, ကင်း, သန်းတို့သည်လည်းကောင်း၊ ဘူတာ စ-ဘုတ်ပြိတ္တာတို့သည်လည်းကောင်း၊ အဟီ-နဂါးတို့သည်လည်းကောင်း၊ ကုမ္ဘဏ္ဍရက္ခသာ-ကုမ္ဘ, ရက္ခိုသ်တို့သည်လည်းကောင်း၊ တေပိ-ထိုသတ္တဝါတို့သည်လည်း၊ မံ-ကို၊ ပရိဝဇ္ဇေန္တိ-ရှောင်ကွင်းကုန်၏၊ ဣဒံ-သည်၊ တိဏကုဋိကာယ-၏၊ ဖလံ-တည်း။

အဟံ-သည်၊ မမ-ငါ၏၊ ပါပသုပိနဿာပိ မကောင်းသော အိပ်မက်၏လည်း၊ ဒဿနံ မြင်မက်ခြင်းကို၊ န သရာမိ အမှတ်မရချေ၊ မယှံ-ငါ့အား၊ သတိ-သတိသည်၊ ဥပဋ္ဌိတာ ထင်လာ၏၊ ဣဒံ သည်၊ တိဏကုဋိကာယ ၏၊ ဖလံ တည်း။

အဟံ သည်၊ တာယေဝ တိဏကုဋိကာယ ထိုမြက်မိုးကျောင်းကို လှူရခြင်းကြောင့်သာလျှင်၊ သမ္ပဒါ စည်းစိမ်ချမ်းသာတို့ကို၊ အနုဘောတွာန ခံစားရပြီး၍၊ ဂေါတမဿ ဘဂဝတော ဂေါတမဘုရားရှင်၏၊ ဓမ္မံ တရားတော်ကို၊ သစ္ဆိကရိံ မျက်မှောက်ပြုရ၏။

ကေနဝုတိတော ကပ္ပေ ကိုးဆယ့်တစ်ကမ္ဘာထက်၌၊ ယံ ကမ္မံ အကြင်ကောင်းမှုကို၊ အကရိံ ပြုခဲ့ရပေပြီ၊ တဒါ ထိုအခါမှ၊ (ပဋ္ဌာယ စ၍၊) ဒုဂ္ဂတိံ အပါယ်လေးပါး လားရသည်ကို၊ နာဘိဇာနာမိ မသိစဖူးပေ၊ ဣဒံ သည်၊ တိဏကုဋိကာယ ၏၊ ဖလံ တည်း။

## ဒါနအမျိုးမျိုး အကျိုးအထွေထွေ

### မင်းကွန်း အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော ကျောင်းလှူအကျိုး ၇ ပါး တရားလင်္ကာ

သုံးတန်စေတနာ၊ ညီညွတ်စွာဖြင့်၊ မဟာသာသနိက၊ ဝိဟာရကျောင်း၊ တန်ဆောင်းအလှူ၊ ဆောက်လှူသူတို့၊ ကြီးထူကဲဝှန်၊ ကျိုးရဟန်ကို၊ ကျမ်းဂန်ထောက်ချင့်၊ နိဒါန်းဖွင့်သော်=

၁။ နတ်နှင့်လူနယ်၊ သန္တေတွယ်၍၊

၂။ စိတ်ဝယ်တောင့်တ၊ ဆောက်အုံရ၏၊

၃။ မထကြက်သီး၊ ကိုယ်လည်းမလှုပ်၊ ကြောက်ရုပ်မထင်၊ ထိတ်လန့်စင်၏၊

၄။ ခြင်္သေ့, သစ်, ကျား၊ သားရဲများနှင့်၊ ဖမ်းစားကလူ၊ နှိပ်စက်မူသား၊ တောသူ, ဘုတ်, ပြိတ်၊ အဆိပ်ထန်ပြင်း၊ မြွေနှင့်ကင်းက၊ အဆင်းဖောက်ပြန်၊ ကမ္ဘက်, ရက္ခိုသ်၊ နတ်မိုက်ရန်ပေါင်း၊ ဘေးလွတ်ရောင်း၏၊

၅။ မကောင်းအိပ်မက်၊ မမြင်မက်ဘူး၊

၆။ ထင်လျက်သတိ၊ နိုင်မြဲဘိ၍၊ ဝိပရိဏ်၊ ဖောက်ပြန်စိတ်ရင်း၊ ရူးသွပ်ခြင်းမှ၊ ရှင်းရှင်းလွတ်ရောင်း၊ ကျိုးဆက်ကောင်း၏၊

၇။ နောက်နှောင်းဘဝ၊ ပဋိမဝယ်၊ ဂုဏကဲပို၊ အရဟတ္တဖိုလ်ဟု၊ ထိုထိုကျေးဇူး၊ လွန်ပြန်ပြူးသည်၊ ဆောက်ဦးလှူကျိုး ခုနစ်တည်း။ (တိပိဋကဓရ ကာဗျမာလာ၊ ၁၈၀)

### ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးရေးသားတော်မူအပ်သော ကျောင်းလှူအကျိုး ၈ ပါး လင်္ကာ

ရွှေဘုံပေါ်ပေါက်၊ ထိတ်ကြောက်လန့်ကင်း၊ ဘေးရန်ရှင်း၏၊ ကြောက်ခြင်းယက္ခ၊ ပါပမမက်၊ ဘဝဆက်သိ၊ မြဲသတိသည်၊ ကုဋိကျောင်းလှူ ရှစ်ကျိုးတည်း။ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ၃၈၈။)

ရွှေဘုံပေါ်ပေါက်၊ ထိတ်ကြောက်လန့်ကင်း၊ ဘေးရှင်းရန်ပျောက်၊ မခြောက်ယက္ခ၊ ပါပမမက်၊ ဘဝဆက်သိ၊ မြဲသတိသည်၊ မှတ်ဘိကျောင်းလှူ ရှစ်မျိုးတည်း။ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၀၆။)

### အခြားကျမ်းဂန်အမျိုးမျိုးမှ ကျောင်းလှူကျိုးအထွေထွေ

ယံ ဝေါ မယာ သေနာသနံ အနုညာတံ၊ အလံ ဝေါ တံ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသမကသဝါတာတပသရီသပသမ္ဖဿာနံ ပဋိဃာတာယ၊ ယာဒဒေ ဥတုပရိဿယဝိနောဒနပဋိသလ္လာနာရာမတ္ထံ။ (ဒီ၊ ၃၊ ၁၀၇။)

ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝတိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသမကသဝါတာတပသရီသပသမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဥတုပရိဿယဝိနောဒနပဋိသလ္လာနာရာမတ္ထံ။ (မ၊ ၁၊ သဗ္ဗာသဝသုတ္တ၊ ၁၃။ မဟာနိဒ္ဒေသ၊ သာရိပုတ္တသုတ္တနိဒ္ဒေသ၊ ၃၉၇။ )

ချမ်း, ပူကိုဖျက်၊ ခြင်, မှက်, လေ, နေ၊ ကင်း, မြွေ လွဲမှု၊ ဥတုဘေးဘျမ်း၊ မသန်းကင်းစင်၊ စိတ်ကြည်လင်ကြောင်း၊ နေရာကျောင်းကို၊ ကိန်းအောင်းဖို့ရန်၊ သုတ္တန်ကိုးဝ၊ ဟောညွှန်ပြသည်၊ မှတ်ကြကျောင်းလှူ အကျိုးတည်း။ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၀၆။)

သီတံ ဥဏှံ ပဋိဟန္တိ...ပရိနိဗ္ဗာတိ အနာသဝေါ။ (ဝိ၊ ၄၊ စူဠဝဂ္ဂ၊ ၂၉၁။

ဤဇေတဝန်ကျောင်းအနုမောဒနာတရားတော်ကို "အနာထပိဏ်သူဌေးအကြောင်း"၌ ပါရှိပြီးဖြစ်၏၊....

စူဠဝါခန္ဓက၊ တနည်းပြမူ၊ ချမ်း, ပူကိုဖျက်၊ နှင်း, မှက်, လေ, နေ၊ ကင်း, မြွေ, သားရဲ၊ မိုးလဲပယ်ဖျောက်၊ ချမ်းသာရောက်ကြောင်း၊ ကိန်းအောင်းစံဝင်၊ ပွါးမြင်ရှုငြား၊ တရားနာခြင်း၊ ထိုးထွင်းသိပြန်၊ နိဗ္ဗာန်စံပျော်၊ ကျောင်း, ဖျော်, အဝတ်၊ မလွတ် ဆွမ်းရ၊ ဆယ့်ခုနစ်ဝသည်၊ မှတ်ကြကျောင်းလှူ အကျိုးတည်း။ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၀၆။)

အာဝါသဒါနံ နာမေတံ မဟာရာဇ မဟန္တံ၊ တုမှာကံ အာဝါသော မယာ ပရိဘုတ္တော၊ ဘိက္ခုသံဃေန စ ပရိဘုတ္တော၊ မယာ စ ဘိက္ခုသံဃေန စ ပရိဘုတ္တော ပန ဓမ္မရတနေန ပရိဘုတ္တောယေဝါတိ တီဟိ ရတနေဟိ ပရိဘုတ္တော နာမ ဟောတိ။ အာဝါသဒါနသ္မိံ ဟိ ဒိန္နေ သဗ္ဗဒါနံ ဒိန္နမေဝ ဟောတိ။ ဘူမဋ္ဌကပဏ္ဏသာလာယ ဝါ သာခါမဏ္ဍပဿ ဝါ အာနိသံသော နာမ ပရိစ္ဆိန္ဒိတုံ န သက္ကာ။ အာဝါသဒါနာနုဘာဝေန ဟိ ဘဝေ ဘဝေ နိဗ္ဗတ္တဿာပိ သမ္ပာဝိတဂဗ္ဘဝါသော

(သံပိဋိတဂ္ဂဝါသော သီ၊သျာ) န ဟောတိ၊ ဒွါဒသဟတ္ထော ဩဝရကော ဝိယ မာတုကုစ္ဆိ အသမ္ဗာဓော ဟောတိ။
(သံ၊ ဋ္ဌ၊ ၃၊ အဝဿုတပရိယာယသုတ္တဝဏ္ဏနာ၊ ၉၃။)

မဟာရာဇ မြတ်သောမင်းကြီး၊ ဇေတံ အာဝါသဒါနံ နာမ ဤကျောင်းအလှူမည်သည်၊ မဟန္တံ ကြီးမြတ်လှ၏၊ တုမှာကံ သင်မင်းကြီးတို့၏၊ အာဝါသော ကျောင်းကို၊ မယာ ငါသည်၊ ပရိဘုတ္တော သုံးဆောင်အပ်ပြီ၊ ဘိက္ခုသံဃေန စ ရဟန်းသံဃာသည်လည်း၊ ပရိဘုတ္တော ပြီ၊ မယာ စ ငါသည်လည်းကောင်း၊ ဘိက္ခုသံဃေန စ ရဟန်းသံဃာသည်လည်းကောင်း၊ ပရိဘုတ္တော ပန သုံးဆောင်အပ်မှုကား၊ ဓမ္မရတနေန တရားရတနာသည်၊ ပရိဘုတ္တောယေဝ သုံးဆောင်အပ်သည်သာလျှင် ဖြစ်တော့၏၊ ဣတိ ထို့ကြောင့်၊ တီဟိ ရတနေဟိ ရတနာသုံးပါးတို့သည်၊ ပရိဘုတ္တော နာမ သုံးဆောင်အပ်သည်မည်သည်၊ ဟောတိ ဖြစ်၏။ ဟိ မှန်၏၊ အာဝါသဒါနသ္မိံ ကျောင်းအလှူကို၊ ဒိန္နေ ပေးအပ်သည်ရှိသော်၊ သဗ္ဗဒါနံ အလုံးသောအလှူကို၊ ဒိန္နမေဝ ပေးလှူအပ်သည်သာ(ပေးလှူရာရောက်တော့သည်သာ)၊ ဟောတိ ဖြစ်၏။ ဘူမဋ္ဌက-ပဏ္ဏသာလာယ ဝါ မြေ၌တည်သော သစ်ရွက်မိုးကျောင်းအလှူ၏လည်းကောင်း၊ သာခါမဏ္ဍပဿ ဝါ သစ်ခက်တို့ဖြင့် မိုးအပ်သော မဏ္ဍပ်အလှူ၏လည်းကောင်း၊ အာနိသံသော အကျိုးအာနိသင်ကို၊ ပရိစ္ဆိန္ဒိတုံ ဤရွေ့ဤမျှဟူ၍ ပိုင်းခြားရေတွက်ခြင်းငှာ၊ န သက္ကာ မတတ်နိုင်ချေ။ ဟိ မှန်၏၊ အာဝါသဒါနာနုဘာဝေန ကျောင်းအလှူဒါန၏အာနုဘော်ကြောင့်၊ ဘဝေ ဘဝေ ဘဝတိုင်း ဘဝတိုင်း၌၊ နိဗ္ဗတ္တဿာပိ ဖြစ်သောသတ္တဝါ၏(ဖြစ်သောသူ၏)လည်း၊ သမ္ပာဓိတဂ္ဂဝါသော ကျဉ်းမြောင်းသော အမိဝမ်း၌နေရခြင်းသည်၊ န ဟောတိ မဖြစ်၊ ဒွါဒသဟတ္ထော တစ်ဆယ့်နှစ်တောင်ကျယ်သော၊ ဩဝရကော ဝိယ တိုက်ခန်းကဲ့သို့၊ မာတုကုစ္ဆိ မိခင်ဝမ်းသည်၊ အသမ္ဗာဓော မကျဉ်းမြောင်းသည်သာလျှင်၊ ဟောတိ ဖြစ်၏။

တနည်းမဟုတ်၊ ပုပ်နံ့ကျဉ်းမြောင်း၊ မိဝမ်းခေါင်း၌၊ ကိန်းအောင်းသန္ဓေ၊ တည်နေဆယ်လ၊ ကျောင်းအမနှင့်၊ ကျောင်းဒကာများ၊ ကျောင်းလှူထားကြောင့်၊ ရှည်လျားဆယ့်နှစ်တောင်၊ တိုက်ခန်းဆောင်၌၊ ချောင်ချိလှစွာ၊ ကမ္ဗလာအခင်း၊ မွေ့ရာခင်းပေါ်၊ အိပ်ခြင်းနှင့်တူ၊ ချမ်းသာဟူ၏၊ မှတ်ယူအဋ္ဌကထာ၊ ကျမ်းဂန်လာသည်၊ မှတ်ပါကျောင်းလှူရကျိုးတည်း။
(သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၀၆။)

သပိတ်လှူဒါန်းရကျိုး ၁၀ ပါး

ပတ္တေ သုဂတေ ဒတွာန၊ သံဃေ ဂဏဝရုတ္တမေ။
ဒသာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သုဝဏ္ဏထာလေ မဏိထာလေ၊ ရဇတေပိ စ ထာလကေ။
လောဟိတင်္ကမယေ ထာလေ၊ ပရိဘုဉ္ဇာမိ သဗ္ဗဒါ။
အနုပဒ္ဒဝေါ အနီတိ စ၊ ဟောမိ အပစိတော သဒါ။
လာဘီ အန္နဿ ပါနဿ၊ ဝတ္ထဿ သယနဿ စ။
န ဝိနဿန္တိ မေ ဘောဂါ၊ ဋ္ဌိတစိတ္တော ဘဝါမဟံ။
ဓမ္မကာမော သဒါ ဟောမိ၊ အပ္ပက္လေသော အနာသဝေါ။
ဒေဝလောကေ မနုဿေ ဝါ၊ အနုဗန္ဓာ ဣမေ ဂုဏာ။
ဆာယာ ယထာပိ ရုက္ခဿ၊ သဗ္ဗတ္ထ န ဇဟန္တိ မံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၅၉။)

သုဂတေ အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ ပတ္တေ သပိတ်တို့ကို၊ ဒတွာန ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ ဒသာနိသံသေ ဆယ်ပါးသော အကျိုးတို့ကို၊ အနုဘောမိ ၏။

သုဝဏ္ဏထာလေ စ ရွှေခွက်တို့ကိုလည်းကောင်း၊ မဏိတာလေ စ မြ(ပတ္တမြား)ခွက်တို့ကိုလည်းကောင်း၊ ရဇတေ ထာလကေပိ စ ငွေခွက်တို့ကိုလည်းကောင်း၊ လောဟိတင်္ကမယေ ထာလေ စ ပတ္တမြားနီခွက်တို့ကိုလည်းကောင်း၊ သဗ္ဗဒါ အခါခပ်သိမ်း၊ ပရိဘုဉ္ဇာမိ သုံးဆောင်ရ၏။

အနုပဒ္ဒဝေါ ဘေးဥပဒ်မရှိသည်လည်းကောင်း၊ အနီတိ စ စိုးရိမ်ကြောင့်ကြ မရှိသည်လည်းကောင်း၊ အပစိတော စ သူခပ်သိမ်းတို့ရိုသေအပ်သည်လည်းကောင်း၊ သဒါ အခါခပ်သိမ်း၊ ဟောမိ ဖြစ်၏၊ အန္နဿ စ ထမင်းကိုလည်းကောင်း၊ ပါနဿ စ အဖျော်ကိုလည်းကောင်း၊ ဝတ္ထဿ စ အဝတ်ကိုလည်းကောင်း၊ သယနဿ စ အိပ်ရာကိုလည်းကောင်း၊ လာဘီ ရလွယ်သည်၊ ဟောမိ ၏။

မေ ၏၊ ဘောဂါ စည်းစိမ်တို့သည်၊ န ဝိနဿန္တိ မပျောက်မပျက်ကုန်၊ အဟံ ငါကား၊ ဋ္ဌိတစိတ္တော တည်ကြည်သောစိတ်ရှိသည်၊ ဘဝါမိ ဖြစ်၏၊ သဒါ သိမ်း၊ ဓမ္မကာမော တရားကို အလိုရှိသည်၊ ဟောမိ ၏၊ အပ္ပက္လေသော ခေါင်းပါးသော ကိလေသာရှိ

သည်၊ အနာသဝေါ အာသဝေါမရှိသည်၊ ဟောမိ ၏။

ဒေဝလောကေ ဝါ နတ်ပြည်၌လည်းကောင်း၊ မနုဿေ ဝါ လူပြည်၌လည်းကောင်း၊ ဣမေ ဂုဏာ ဤကျေးဇူးတို့သည်၊ ရက္ခဿ သစ်ပင်၏၊ ဆာယာ ယထာပိ အရိပ်ကဲ့သို့ပင်၊ အနုဗန္ဓာ အစဉ်လိုက်ကုန်သည်၊ (ဟောန္တိ ဖြစ်ကုန်၏၊) သဗ္ဗတ္ထ ခပ်သိမ်းသောအရပ်တို့၌၊ ဝါ အလုံးစုံသော ဘဝ၌၊ မံ ငါ့ကို၊ န ဝိဇဟန္တိ မစွန့်ကုန်။

၁။ ရတနာတို့ဖြင့်ပြီးသော ခွက်တို့ကို ရခြင်း၊ ၂။ ဘေးဥပဒ်မရှိခြင်း၊ ၃။ စိုးရိမ်ကြောင့်ကြမရှိခြင်း၊

၄။ အခါခပ်သိမ်း သူတစ်ပါးတို့ ရှိသေမှု ခံရခြင်း၊ ၅။ ထမင်း, အဖျော်, အဝတ်, အိပ်ရာနေရာတို့ကို ရလွယ်ခြင်း၊

၆။ စည်းစိမ်ချမ်းသာ မပျောက်မပျက် တည်ရှိခြင်း၊ ၇။ တည်ကြည်သော စိတ်ရှိခြင်း၊ ၈။ တရားကို အလိုရှိခြင်း၊

၉။ ကိလေသာခေါင်းပါးခြင်း၊ ၁၀။ အာသဝေါမရှိခြင်း။

ဆောင်=ရွှေငွေပတ္တမြား၊ သုံးပါးခွက်ရ၊ ဘယကင်းလေ၊ သူရိုသေ၏၊ များထွေလာဘ၊ ဘောဂမပျက်၊ စိတ်လက်တည်ကြည်၊ လိုသည်တရား၊ ခေါင်းပါးကိလေ၊ ဤဆယ်ထွေသည်၊ ပတ္တေသပိတ် လှူကျိုးတည်း။ (သဗ္ဗမင်္ဂလဓမ္မဒေသနာ၊၅၁၂)

ဆေးလှူဒါန်းရကျိုး ၁၀ ပါး

ဘေသဇ္ဇံ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ဒသာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
အာယုဝါ ဗလဝါ ဓီရော၊ ဝဏ္ဏဝါ ယသဝါ သုခီ။
အနုပဒ္ဒဝေါ အနီတိ စ၊ ဟောမိ အပစိတော သဒါ။
န မေ ပိယဝိယောဂ'တ္ထိ၊ တဿ နိဿန္ဒတော မမ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၃။)

သုဂတေ အားလည်းကောင်း၊ ဂဏဝရုတ္တမေ သံဃေ အားလည်းကောင်း၊ ဘေသဇ္ဇံ ဆေးကို၊ ဒတွာ ကြောင့်၊ မမ ၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ ဒသာနိသံသေ ဆယ်ပါးသောအကျိုးတို့ကို၊ အနုဘောမိ ၏။

အာယုဝါ ရှည်သောအသက်ရှိသည်လည်းကောင်း၊ ဗလဝါ ကြီးသော ခွန်အားရှိသည်လည်းကောင်း၊ ဓီရော ပညာရှိသည်လည်းကောင်း၊ ဝဏ္ဏဝါ လှသောအဆင်း ရှိသည်လည်းကောင်း၊ ယသဝါ အခြံအရံ အကျော်အစော ရှိသည်လည်းကောင်း၊ သုခီ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိသည်လည်းကောင်း၊ အနုပဒ္ဒဝေါ ဘေးဥပဒ်မရှိသည်လည်းကောင်း၊ အနီတိ စ စိုးရိမ်ကြောင့်ကြ မရှိသည်လည်းကောင်း၊ သဒါ သိမ်း၊ အပစိတော သူခပ်သိမ်းတို့ ရိုသေအပ်သည်လည်းကောင်း၊ ဟောမိ ၏၊ မမ ၏၊ တဿ ထိုကောင်းမှုကံ၏၊ နိဿန္ဒတော အကျိုးအားဖြင့်၊ မေ ငါ့အား၊ ပိယဝိယောဂေါ ချစ်သောသူနှင့် ကွေကွင်းခြင်းသည်၊ န အတ္ထိ မရှိ။

၁။ အသက်ရှည်ခြင်း၊ ၂။ ခွန်အားကြီးခြင်း၊ ၃။ ပညာကြီးခြင်း၊ ၄။ အဆင်းလှခြင်း၊ ၅။ အခြွေအရံများခြင်း၊

၆။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း၊ ၇။ ဘေးဥပဒ်အန္တရာယ်မရှိခြင်း၊ ၈။ စိုးရိမ်ကြောင့်ကြမရှိခြင်း၊

၉။ သူတစ်ပါးတို့ ရိုသေလေးစားမှုကို ခံရခြင်း၊ ၁၀။ ချစ်သောသူနှင့် မကွဲကွာရခြင်း။

ဆောင်=ဆေးလှူပါရ၊ မြတ်ဒါနကြောင့်၊ ဆင်းလှ, သက်ရှည်၊ ချမ်းသာတည်၍၊ ပွါးစည်ဗလ၊ ဉာဏ်ကြွယ်ဝ၏၊ လုံ့လကြီးတွေ၊ သူရိုသေလျက်၊ မကွေချစ်သူ၊ ဘေးမပြုပ၊ ပြောထုခြွေရံ၊ ဤဆယ်တန်သည်၊ မှတ်ရန်ဆေးလှူ အကျိုးတည်း။

(သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၁၃။)

ဆွမ်း, အဖျော်လှူဒါန်းရကျိုး ၁၀ ပါး

အန္နံ ပါနဉ္စ ဒတွာန၊ ဗုဒ္ဓေ သံဃေ ဂဏုတ္တမေ။
ဒသာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
အာယုဝါ ဗလဝါ ဓီရော၊ ဝဏ္ဏဝါ ယသဝါ သုခီ။
လာဘီ အန္နဿ ပါနဿ၊ သူရော ပညာဏဝါ သဒါ။
ဣမေ ဂုဏေ ပဋိလဘေ၊ သံသရန္တော ဘဝေ အဟံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၉။)

ဗုဒ္ဓေ အားလည်းကောင်း၊ ဂဏုတ္တမေ သံဃေ အားလည်းကောင်း၊ အန္နဉ္စ ဆွမ်း(ထမင်း)ကိုလည်းကောင်း၊ ပါနဉ္စ အဖျော်

ကိုလည်းကောင်း၊ ဒတွာန ကြောင့်၊ မမ ၏၊ ကမ္မာနုစ္စဝိကေ ကုန်သော၊ ဒသာနိသံသေ ဆယ်ပါးသော အကျိုးတို့ကို၊ အနုဘောမိ ၏။

အာယုဝါ အသက်ရှည်သည်လည်းကောင်း၊ ဗလဝါ ခွန်အားရှိသည်လည်းကောင်း၊ ဓီရော လုံ့လဝိရိယရှိသည်လည်းကောင်း၊ ဝါ မြဲမြံတည်ကြည်သည်လည်းကောင်း၊ ဝဏ္ဏဝါ -လှသောအဆင်းရှိသည်လည်းကောင်း၊ ယသဝါ အခြွေအရံရှိသည်လည်းကောင်း၊ သုခီ ချမ်းသာခြင်းရှိသည်လည်းကောင်း၊ အန္နဿ ထမင်းကိုလည်းကောင်း၊ ပါနဿ အဖျော်ကိုလည်းကောင်း၊ လာဘီ ရလွယ်သည်၊ ဟောမိ ၏၊ သူရော ရဲရင့်သည်လည်းကောင်း၊ သဒါ သိမ်း၊ ပညာဏဝါ -ပညာရှိသည်လည်းကောင်း၊ ဟောမိ ၏၊ ဘဝေ ဘဝကြီးငယ်၌၊ သံသရန္တော လျှင်လည်သော၊ အဟံ ငါသည်၊ ဣမေ ဂုဏေ ဤကျေးဇူးတို့ကို၊ ပဋိလဘေ ရ၏။

၁။ အသက်ရှည်ခြင်း၊ ၂။ ခွန်အားကြီးခြင်း၊ ၃။ လုံ့လရှိခြင်း (မြဲမြံတည်ကြည်ခြင်း)၊ ၄။ အဆင်းလှခြင်း၊
၅။ အခြွေအရံများခြင်း၊ ၆။ ကိုယ်စိတ်ချမ်းသာခြင်း[သမ္ပန္နစက္ခုဒီပနီ] (ပစ္စည်းဥစ္စာ ချမ်းသာခြင်း သဗ္ဗမင်္ဂလ ဓမ္မဒေသနာ)၊
၇။ ထမင်းကို ရလွယ်ခြင်း၊ ၈။ အဖျော်ကို ရလွယ်ခြင်း၊ ၉။ မကြောက်မရွံ့ ရဲရင့်ခြင်း၊ ၁၀။ ဉာဏ်ပညာကြီးခြင်း။

ဆောင်=အသက်ရှည်ခြင်း၊ တည်ကြည်ခြင်းနှင့်၊ အဆင်း, ပညာ၊ ချမ်းသာ, ခွန်အား၊ ရငြားအဖျော်၊ ရသော်ထမင်း၊ ရဲခြင်း တဖြာ၊ များစွာခြွေရံ၊ ကျိုးဆယ်တန်ကို၊ အန္နပါန၊ လှူဒါနကြောင့်၊ ရကြောင်းဂါထာ၊ ကျမ်း၌လာသည်၊ နှစ်ဖြာစိုက်ခင်း စိုက်လေမင်း။ [နှစ်ဖြာစိုက်ခင်း ယူရာ၌ ပုဂ္ဂလိကအလှူ, သံဃိကအလှူ နှစ်ပါးကိုလှူလေ ဆိုလိုသည်။](သုံးပုံတံချူကျမ်း ၂၂။)

ဒီဃာယုက၊ သုဝဏ္ဏနှင့်၊ ဗလကြီးမား၊ ချမ်းသာများလျက်၊ လျှင်လျားပညာ၊ ဖြူစွာသန့်ရှင်း၊ ထမင်းအဖျော်၊ ပူဇော်များလှ၊ လုံ့လ, ရံခြွေ၊ ဣန္ဒြေပြည့်ငြား၊ ဤဆယ်ပါးသည်၊ မှတ်သားဆွမ်းဖျော် လှူကျိုးတည်း။ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၁၂။)

ဤလင်္ကာ၌ပါရှိသော "ဖြူစွာသန့်ရှင်း, ဣန္ဒြေပြည့်ငြား"ဤအကျိုးနှစ်ပါးကို ပိလိန္ဒဝစ္ဆထွေရာပဒါန်ပါဠိတော်ဝယ် မတွေ့ရ။

## ယာဂုလှူဒါန်းရကျိုး ၁၀ ပါး

ဒသယိမေ ဗြာဟ္မဏ အာနိသံသာ ယာဂုယာ။ ကတမေ ဒသ? ယာဂုံ ဒေန္တော အာယုံ ဒေတိ၊ ဝဏ္ဏံ ဒေတိ၊ သုခံ ဒေတိ၊ ဗလံ ဒေတိ၊ ပဋိဘာနံ ဒေတိ၊ ယာဂု ပီတာ ခုဒ္ဒံ ပဋိဟနတိ၊ ပိပါသံ ဝိနေတိ၊ ဝါတံ အနုလောမေတိ၊ ဝတ္ထိံ သောဓေတိ၊ အာမာဝသေသံ ပါစေတိ၊ ဣမေ ခေါ ဗြာဟ္မဏ ဒသာနိသံသာ ယာဂုယာ။ (ဝိ၊ ၃၊ ၃၁၅။)

ဗြာဟ္မဏ ပုဏ္ဏား၊ ယာဂုယာ ယာဂု၏၊ အာနိသံသာ အကျိုးတို့သည်၊ ဣမေ ဒသ ဤဆယ်ပါးတို့တည်း၊ ကတမေ ဒသ အဘယ်ဆယ်ပါးတို့နည်း? ယာဂုံ ယာဂုကို၊ ဒေန္တော ပေးလှူသူသည်၊ အာယုံ အသက်ကို အသက်အလှူကို)၊ ဒေတိ ပေးလှူရာရောက် ၏၊ ဝဏ္ဏံ အဆင်းကို၊ ဒေတိ ၏၊ သုခံ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကို၊ ဒေတိ ၏၊ ဗလံ ကိုယ်အားကို၊ ဒေတိ ၏၊ ပဋိဘာနံ ရှေ့ရှု ထင်လာသော ဉာဏ်ကို၊ ဒေတိ ၏၊ ပီတာ သောက်အပ်သော၊ ယာဂု ယာဂုသည်၊ ခုဒ္ဒံ ထမင်းဆာခြင်းကို၊ ပဋိဟနတိ ပယ်ဖျောက်နိုင် ၏၊ ပိပါသံ ရေဆာခြင်းကို၊ ဝိနေတိ ပယ်ဖျောက်နိုင်၏၊ ဝါတံ လေကို၊ အနုလောမေတိ လျော်အောင်ပြု၏၊ (စုန်စေ၏၊) ဝတ္ထိံ အူမ ကို၊ သောဓေတိ စင်ကြယ်စေ၏၊(ရှေးနိဿယ၌ "ဝတ္ထိံ အစာဟောင်းကို"ဟု ပေး၏၊) အာမာဝသေသံ ကြွင်းကျန်သော အစာသစ်ကို၊ ပါစေတိ ကြေကျက်စေ၏၊ ဗြာဟ္မဏ ပုဏ္ဏား၊ ခေါ စင်စစ်၊ ယာဂုယာ ယာဂု၏၊ အာနိသံသာ အကျိုးတို့သည်၊ ဣမေ ဒသ ဤ ဆယ်ပါးတို့တည်း။

၁။ အသက်ရှည်ခြင်း၊ ၂။ အဆင်းလှခြင်း၊ ၃။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း၊ ၄။ ခွန်အားကြီးခြင်း၊
၅။ ဉာဏ်ပညာကြီးခြင်း၊ ၆။ ထမင်းဆာခြင်းကို ပယ်ဖျောက်နိုင်ခြင်း(ဆာလောင်ခြင်းမှ ကင်းခြင်း)၊ ၇။ ရေဆာခြင်းကို ပယ်ဖျောက်နိုင်ခြင်း (ရေဆာခြင်းမှ ကင်းခြင်း)၊ ၈။ လေကို စုန်စေခြင်း၊ ၉။ အစာဟောင်း (အူမ)ကို စင်ကြယ်စေခြင်း၊ ၁၀။ အစာသစ်ကို ကြေကျက်စေခြင်း။

ဆောင်=အာယု, ဝဏ္ဏ၊ သုခတခြား၊ ခွန်အား, ပညာ၊ အစာကြေခြင်း၊ သုတ်သင်ခြင်းနှင့်၊ နိပ်နင်းလေနာ၊ မွတ်သိပ်စွာနှင့်၊ ဆာလောင်ပျောက်ထ၊ ဤဆယ်ဝကြောင့်၊ နိစ္စမပြတ်၊ ပေးလှူအပ်ဟု၊ လူနတ်ဆရာ၊ မိန့်ခဲ့မှာသည်၊ ဆယ်ဖြာကောင်း ကျိုး စိုက်ချပျိုး။ (သုံးပုံတံချူကျမ်း၊ ၂၂။)

ဒီဃာယုက၊ သုဝဏ္ဏနှင့်၊ ဗလကြီးမား၊ ချမ်းသာများလျက်၊ လျှင်လျားပညာ၊ မွတ်သိပ်ဆာကင်း၊ ပ, တွင်း သန့်စင်၊ လေလျှင်နိမ်လေ၊ အစာကြေသည်၊ ဆယ်ထွေယာဂု လှူကျိုးတည်း။ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၁၃။)

အာယုံ ဒေတီတိ အာယုဒါနံ ဒေတိ။ ဝဏ္ဏန္တိ သရီရဝဏ္ဏံ။ သုခန္တိ ကာယိကစေတသိကသုခံ။ ဗလန္တိ သရီရထာမံ။

ပဋိဘာနန္တိ ယုတ္တမုတ္တပဋိဘာနံ (ယုတ္တမတ္တပဋိဘာနံ၊သျာ)။ ဝါတံ အနုလောမေတီတိ ဝါတံ အနုလောမေတွာ ဟရတိ။ ဝတ္ထိံ သောဓေတီတိ ဓမနိယော သုဒ္ဓံ ကရောတိ။ အာမာဝသေသံ ပါစေတီတိ သစေ အာမာဝသေသကံ ဟောတိ၊ တံ ပါစေတိ။ (သာရတ္ထ၊ ၃၊ ၃၀၅။)

ယာဂုသည် အာဟာရတစ်မျိုးဖြစ်သောကြောင့် အာဟာရကို မှီ၍ အသက်ရှည်ရသော ပုဂ္ဂိုလ်တို့အား ယာဂုကိုလှူလျှင် အသက်ကိုလည်း လှူရာရောက်၏၊ အဆင်းစသည်တို့ကိုလည်း လှူရာရောက်၏၊ အစာမစားရသေးလျှင် အားနည်း၍ ဉာဏ်လည်း မရွှင်ပြနိုင်၊ သင့်လျော်သော အစာကို စားရလျှင်ကား စိတ်ကြည်လင်၍ ဉာဏ်လည်း ရွှင်လာတတ်၏၊ ထို့ကြောင့် ယာဂုကို ပေးလှူသူသည် ဉာဏ်ပညာကိုလည်း ပေးလှူရာရောက်ပေသည်။

ထမင်းဆာခြင်းကို ပယ်ဖျောက်နိုင်ခြင်းစသော ဤအကျိုးငါးမျိုးကား အလှူခံသော (ယာဂုသောက်သော) ပုဂ္ဂိုလ်တို့၏ ရမည့် အကျိုးများဖြစ်၏၊ သို့သော် အလှူခံပုဂ္ဂိုလ်အား ထမင်းမဆာအောင်, ရေမဆာအောင် ယာဂုကိုလှူရာ ရောက်သောကြောင့် အလှူရှင်များလည်း ထိုအကျိုးများနှင့် အလားတူစွာ ဘဝသံသရာဝယ် (၁) အစားအသောက် ပြည့်စုံခြင်း, (၂) ရေပေါ်များခြင်း, (၃) လေရောဂါ ကင်းခြင်း, (၄) အကြောသန့်ရှင်းသဖြင့် အသွေးအသား သန့်ရှင်းကြည်လင်ခြင်း, (၅) အစာကြေကျက်စေနိုင်သော ဝမ်းမီးနှင့် ပြည့်စုံခြင်း ဟူသော အကျိုးငါးပါးကို ရနိုင်ပါသည်၊ ထို့ကြောင့်

တသ္မာ ဟိ ယာဂုံ အလမေဝ ဒါတုံ၊ နိစ္စံ မနုဿေသု သုခတ္ထိကေန။
ဒိဗ္ဗာနိ ဝါ ပတ္ထယတာ သုခါနိ၊ မနုဿသောဘဂျတမိစ္ဆတာ ဝါတိ။
(ဝိ၊ ၃၊ မဟာဝဂ္ဂ၊ ဘေသဇ္ဇက္ခန္ဓက၊ ၃၁၆)

ဂါထာ၌ "ဒိဗ္ဗသုခ နတ်ပြည်ချမ်းသာ၊ မနုဿသောဘဂျတာ လူ့ဌ်ကောင်းသောဘုန်းကံရှိသူ၏အဖြစ်"ဟု အလှူရှင်တို့ ရရှိမည့် အကျိုးနှစ်ပါးကို အချုပ်အားဖြင့် ဟောတော်မူထားပါသည်။

တသ္မာ ဟိ ထို့ကြောင့်သာလျှင်၊ သုခတ္ထိကေန ချမ်းသာကိုအလိုရှိသော၊ မနုဿေန လူဖြစ်သော၊ ဒိဗ္ဗာနိ နတ်၌ဖြစ်ကုန်သော၊ သုခါနိ ချမ်းသာတို့ကို၊ ပတ္ထယတာ ဝါ တောင့်တသူသည်သော်လည်းကောင်း၊ မနုဿသောဘဂျတံ လူ့ဌ်ကောင်းသော ဘုန်းကံရှိသူ၏အဖြစ်ကို၊ ဣစ္ဆတာ ဝါ အလိုရှိသူသည်သော်လည်းကောင်း၊ နိစ္စံ အမြဲ၊ ယာဂုံ ယာဂုကို၊ ဒါတုံ ပေးလှူခြင်းငှါ၊ အလမေဝ သင့်လျော်သည်သာ၊ ဣတိ ဤသို့ မိန့်တော်မူပြီ။ (ဝိနည်း မဟာဝါဘာသာဋီကာ၊ မဟာဝဂ္ဂပါဠိတော်နိဿယ၊ ၄၇၂ ၄၇၄။)

ကရား ရေဗူး ကြွတ်လှူဒါန်းရကျိုး ၁၀ ပါး

တုမ္ဗကေ စ ကရကေ စ၊ ဒတွာ ဗုဒ္ဓေ ဂဏုတ္တမေ။
ဒသာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။
သုဂုတ္တော သုခသမဂ္ဂီ၊ မဟာယသော တထာ ဂတိ။
ဝိပတ္တိဝိဂတော သုခုမာလော၊ သဗ္ဗီတိပရိဝဇ္ဇိတော။
ဝိပုလေ စ ဂုဏေ လာဘီ၊ သမာဝ စလနာ မမ။
သုဝိဝဇ္ဇိတဥဗ္ဗေဂေါ၊ တုမ္ဗကေ စ ကရက္ကကေ။
လဘာမိ စတုရော ဝဏ္ဏေ၊ ဟတ္ထိဿရတနာနိ စ။
တာနိ မေ န ဝိနဿန္တိ၊ တုမ္ဗဒါနေ ဣဒံ ဖလံ။
(ခု၊ ၃၊ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန၊ ၃၆၅။)

သဒါ ဂုတ္တော (သီ၊သျာ၊သမ္မုတ္ထ)၊ မဟာယသဝါ (သမ္မုတ္ထ)

ဗုဒ္ဓေ အားလည်းကောင်း၊ ဂဏုတ္တမေ အားလည်းကောင်း၊ တုမ္ဗကေ စ ကရား ရေဗူးတို့ကိုလည်းကောင်း၊ ကရက္ကကေ စဝ ကြွတ် ပချုပ်တို့ကိုလည်းကောင်း၊ ဒတွာ ကြောင့်၊ မမ -၏၊ ကမ္မာနုစ္ဆဝိကေ ကုန်သော၊ ဒသာနိသံသေ ဆယ်ပါးသော အကျိုးတို့ကို၊ အနုဘောမိ ၏။ ["တုမ္ဗကေ တုံတောင်းတို့ကို၊ ကရက္ကကေ ကြွတ်ခွက်ပူတာတို့ကို" ဟု သမ္မုတ္တစက္ခုဒီပနီကျမ်း(၂၆၁)၌ အနက်ပေး၏။]

သုဂုတ္တော ကောင်းစွာ လုံခြုံသည်၊ (သဒါ ဂုတ္တော အခါခပ်သိမ်း လုံခြုံသည်၊) သုခသမဂ္ဂီ ချမ်းသာနှင့်ပြည့်စုံသည်၊ မဟာယသော များသောအခြံအရံရှိသည်၊ (ဟောမိ ၏)၊ တထာ ထို့ပြင်၊ ဂတိဝိပတ္တိဝိဂတော ဂတိဝိပတ္တိမှ ကင်းသည်၊ (ဟောမိ ၏)၊ သုခုမာလော နူးညံ့သိမ်မွေ့သည်၊ သဗ္ဗီတိပရိဝဇ္ဇိတော အလုံးစုံသော ဘေးအန္တရာယ်မှ ကင်းသည်၊ ဝါ အလုံးစုံသော ကြောင့်ကြခြင်းမှကင်းသည်၊ ဟောမိ ၏။

ဝိပုလေ ပြန့်ပြောကုန်သော၊ ဂုဏေ စ ကျေးဇူးဂုဏ်တို့ကိုလည်း၊ လာဘီ ရသည်၊ (ဟောမိ ၏)၊ မမ ၏၊ စရဏာ ခြေတို့သည်၊ သမာဝ ညီညွတ်ကုန်သည်သာလျှင်၊ (ဟောန္တိ ဖြစ်ကုန်၏၊) သုဝိဝဋ္ဋိတဥဗ္ဗေဂါ ကောင်းစွာ ကြဉ်အပ်သော ထိတ်လန့်ခြင်းရှိသည်၊ (ဟောမိ ၏)၊ စတုရော ဝဏ္ဏေ လေးပါးသော အဆင်းရှိကုန်သော၊ တုမ္ဗကေ စ ကရားရေဖူးတို့ကိုလည်းကောင်း၊ ဝါ တုံတောင်းပန်းတို့ကိုလည်းကောင်း၊ ကရဏ္ဍကေ စ ကြွတ်ခွက်ပူတာတို့ကိုလည်းကောင်း၊ ဟတ္ထိဿရတနာနိ စ ဆင်ရတနာ, မြင်းရတနာတို့ကိုလည်းကောင်း၊ လဘာမိ ၏၊ မေ ၏၊ တာနိ၊ ထိုရတနာတို့သည်၊ န ဝိနဿန္တိ မပျောက်ပျက်ကုန်၊ ဣဒံ ဤအကျိုးသည်၊ တုမ္ဗဒါနေ ကရားရေဖူး (တုံတောင်းပန်း)ကို လှူခြင်း၌၊ ဝါ တုမ္ဗဒါနေ တုမ္ဗဒါနဿ ကရားရေဖူးအလှူ၏၊ ဖလံ အကျိုးတည်း။

၁။ ကောင်းစွာ လုံခြုံခြင်း (အမြဲတန်း လုံခြုံခြင်း)၊ ၂။ ချမ်းသာခြင်းနှင့် ပြည့်စုံခြင်း၊ ၃။ များသောအခြံအရံရှိခြင်း (အခြွေအရံပေါများခြင်း)၊ ၄။ ဂတိဝိပတ္တိမှ ကင်းခြင်း(အပါယ်မကျခြင်း)၊ ၅။ နူးညံ့သိမ်မွေ့ခြင်း၊ ၆။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းခြင်း(ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းခြင်း)၊ ၇။ ကြီးကျယ်ပြန့်ပြောသော ဂုဏ်ကျေးဇူးတို့ကို ရခြင်း၊ ၈။ ခြေတို့သည် ညီညွတ်ခြင်း၊ ၉။ အဆင်းလေးမျိုးရှိသော ကရားရေဖူးတို့ကို ရခြင်း၊ ၁၀။ ဆင်ရတနာ, မြင်းရတနာတို့ကို တည်မြဲစွာ ရရှိခြင်း။

ဆောင်=လုံခြုံပေရ၊ သုခတိုးပွါး၊ ခြွေရံများလျက်၊ ညံ့ထွားကိုယ်လက်၊ ဂုဏ်နက်ပြန့်ပြော၊ ညီမောလက္ခဏာ၊ ကင်းကွာထိတ်လန့်၊ ပယ်ဟုန့်ဥပဒ်၊ လေးမှတ်ဆင်းပြား၊ ဖူးကရားနှင့်၊ ယာဉ်များမြင်းဆင်၊ စုံလင်ရလာ၊ ထိုရတနာလည်း၊ မကွာတည်ငြား၊ ဤဆယ်ပါးသည်၊ ကရားရေဖူး လှူကျိုးတည်း။ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၁၄။)

မှတ်ချက်။ [သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၌ ပါရှိသော "ကရား ရေဖူး လှူဒါန်းရကျိုး (၁၀)မျိုး"၏ ကဗျာအစဝယ် "ကြီးကဲဖြစ်ရ"ဟု ရှိ၏။

## ရေလှူရကျိုး အမျိုးမျိုး

ရေလှူရခြင်း၏အကျိုးနှင့်ပတ်သက်၍ ဂုရုဆရာတော်များက "ခုနစ်ပါး, ဆယ်ပါး"စသည်ဖြင့် စုစည်းရေးသားတော်မူကြသော်လည်း ပါဠိတော်, အဋ္ဌကထာကျမ်းဂန်များ၌ တစ်နေရာတည်းဝယ် ထိုသရုပ်များကို မတွေ့ရပါ၊ သို့ဖြစ်၍ "ရေလှူကျိုး"နှင့်ဆိုင်သော သာဓကများကို စုစည်း၍ ပြဆိုပါအံ့...

### ပဒုမုတ္တရဘုရားရှင်၏(ထင်းရှူး)ဗောဓိပင်ကို နံ့သာရေ ပက်ဖျန်းသွန်းလောင်းခဲ့သော အကျိုးများ

ပဒုမုတ္တရဗုဒ္ဓဿ၊ မဟာဗောဓိမဟော အဟော။
ဝိစိတ္တံ ဃဋမာဒါယ၊ ဂန္ဓောဒကမဒါသဟံ။
.................၊ ဒေဝလောကေ ရမာမဟံ။
ဥဗ္ဗိဒ္ဓံ ဘဝနံ မယှံ၊ သတဘူမံ သမုဂ္ဂတံ။
ကညာသတသဟဿာနိ၊ ပရိဝါရေန္တိ မံ သဒါ။
အာဗာဓာ မေ န ဝိဇ္ဇန္တိ၊ သောကော မယှံ န ဝိဇ္ဇတိ။
ပရိဠာဟံ န ပဿာမိ၊ ပုညကမ္မဿိဒံ ဖလံ။
အဋ္ဌဝီသေ သတကပ္ပေ၊ ရာဇာ သံဝသိတော အဟုံ။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တီ မဟဗ္ဗလော။
ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိ စ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

(ခု၊ ၃၊၁၁၇ ၁၁၈။ ထေရာပဒါန်ပါဠိတော် မြန်မာပြန်၊ ပဌမ၊ ဂန္ဓောဒကိယတ္ထေရအပဒါန်၊ ၁၂၀ ၁၂၁။)

၁။ ဒေဝလောကေ ရမာမဟံ=နတ်ပြည် မွေ့လျော်ရခြင်း၊ ၂။ မယှံ ဘဝနံ သတဘူမံ သမုဂ္ဂတံ=နေရာဘုံဗိမာန် အဆင့်တစ်ရာရှိခြင်း၊ ၃။ ကညာသတသဟဿာနိ ပရိဝါရေန္တိ မံ သဒါ=အမြဲတန်း နတ်သမီးတစ်သိန်း ခြံရံခြင်း၊

၄။ အာဗာဓာ မေ န ဝိဇ္ဇန္တိ=အန ာရာဂါများ မရှိခြင်း၊ ၅။ သောကော မယှံ န ဝိဇ္ဇတိ=စိုးရိမ်မှု မရှိခြင်း၊ ၆။ ပရိဠာဟံ န ပဿာမိ=ကိုယ်စိတ်ပူပန်မှုကို မတွေ့ကြုံရခြင်း၊ ၇။ သံဝသိတော စက္ကဝတ္တိ ရာဇာ အဟုံ=သံဝသိတ အမည်ရှိ စကြဝတေးမင်းဖြစ်ရခြင်း၊ ၈။ ပဋိသမ္ဘိဒါလေးပါး, ဝိမောက္ခရှစ်ပါး, အဘိညာဉ် ခြောက်ပါးတို့နှင့် ပြည့်စုံသော ရဟန္တာဖြစ်ရခြင်း။

### သိဒ္ဓတ္ထဘုရားရှင်အား
### ရေလှူခဲ့ရသော အကျိုးများ

ဘုဥ္ဇန္တံ သမဏံ ဒိသွာ၊ ဝိပ္ပသန္နမနာဝိလံ။
ဃဋေနောဒကမာဒါယ၊ သိဒ္ဓတ္ထဿ အဒါသဟံ။

၁။ နိမ္မလော ဝိမလော=အညစ်အကြေးမရှိခြင်း၊ ၂။ ခီဏသံသယော=ယုံမှားမှု ကုန်ခြင်း(ကင်းခြင်း)၊ ၃။ စတုန္နဝုတိတော ကပ္ပေ ဒုဂ္ဂတိံ နာဘိဇာနာမိ=လွန်ခဲ့သည် ၉၄ ကမ္ဘာမှစ၍ ယခုဘဒ္ဒကမ္ဘာတိုင်အောင် အပါယ် လေးပါးမလားရခြင်း၊ ၄။ ဝိမလော စက္ကဝတ္တိ=ဝိမလမည်သော စကြဝတေးမင်းဖြစ်ခဲ့ရခြင်း၊ ၅။ ပဋိသမ္ဘိဒါလေးပါး, ဝိမောက္ခရှစ်ပါး,အဘိညာဉ် ခြောက်ပါးတို့နှင့် ပြည့်စုံသော ရဟန္တာဖြစ်ရခြင်း။
(ခု၊ ၃၊ ၂၂၉ ၂၃၀။ ထေရာပဒါန်ပါဠိတော် မြန်မာပြန်၊ ပဌမ၊ ဥဒကဒါယကတ္ထေရအပဒါန်၊၂၃၃ ၂၃၄။)

### အရုဏ်ခါးမှ အထွက် ပျဉ်ချပ်ခင်းခြင်းနှင့်
### သောက်ရေတည်ထားခြင်း၏အကျိုးများ

အာရာမဒွါရာ နိက္ခမ္မ၊ ဖလကံ သန္ထရိံ အဟံ။
ဥဒကဥ္စ ဥပဋ္ဌာသိံ၊ ဥတ္တမတ္ထဿ ပတ္တိယာ။

၁။ ဒုဂ္ဂတိံ နာဘိဇာနာမိ=(သုံးဆယ့်တစ်ကမ္ဘာထက်မှစ၍ ဤဘဒ္ဒကမ္ဘာတိုင်အောင်) အပါယ်လေးပါး မလားရခြင်း၊ ၂။ အဘိသာမ သမဝှယော စက္ကဝတ္တိ=(တစ်ဆယ့်ငါးကမ္ဘာထက်၌) အဘိသာမမည်သော စကြဝတေးမင်းဖြစ်ခဲ့ခြင်း၊ ၃။ ပဋိသမ္ဘိဒါလေးပါး, ဝိမောက္ခရှစ်ပါး, အဘိညာဉ်ခြောက်ပါးတို့နှင့် ပြည့်စုံသော ရဟန္တာဖြစ်ခြင်း။
(ခု၊ ၃၊ ၊ ၂၄၅။ ထေရာပဒါန်ပါဠိတော် မြန်မာပြန်၊ ပဌမ၊ ဥဒကာသနဒါယကတ္ထေရအပဒါန်၊ ၂၄၉။)

### ကောင်းကင်၌ ကြွသွားတော်မူသော ပဒုမုတ္တရဘုရားရှင်အား
### လက်ဖြင့် ရေကို ကြဲဖြောက်ပူဇော်ခဲ့သော
### ကောင်းမှု၏အကျိုးများ

သုဝဏ္ဏဝဏ္ဏံ သမ္ဗုဒ္ဓံ၊ ဂစ္ဆန္တံ အနိလဥ္ဇသေ။
ပါဏိနာ ဥဒကံ ဂယှ၊ အာကာသေ ဥက္ခိပိံ အဟံ။

အနိလ ကောင်းကင်၊ အဥ္ဇသ ခရီးလမ်း=အနိလဥ္ဇသ ကောင်းကင်ခရီးလမ်း

၁။ ကပ္ပသတသဟဿမှိ ဒုဂ္ဂတိံ နုပပဇ္ဇတိ ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်လေးပါး မလားရခြင်း၊
၂။ ခြောက်ဆယ့်ငါးကမ္ဘာထက်၌ သဟဿရာဇအမည်ဖြင့် စကြဝတေးမင်း သုံးကြိမ်တိုင်တိုင် ဖြစ်ခဲ့ဖူးခြင်း၊

သဟဿရာဇနာမေန၊ တယော စ စက္ကဝတ္တိနော။
ပဉ္စသဋ္ဌိကပ္ပတော၊ စာတုရန္တာ ဇနာဓိပါ။

၃။ ပဋိသမ္ဘိဒါလေးပါး, ဝိမောက္ခရှစ်ပါး, အဘိညာဉ် ခြောက်ပါးတို့နှင့် ပြည့်စုံသော ရဟန္တာဖြစ်ရခြင်း။
(ခု၊ ၃၊ ၃၀၅ ၃၀၆။ ထေရာပဒါန်ပါဠိတော် မြန်မာပြန်၊ ပဌမ၊ ဥဒကပူဇကတ္ထေရအပဒါန်၊ ၃၁၁ ၃၁၂။)

## ပဒုမုတ္တရဘုရားရှင်၏တပည့် ရဟန်းသံဃာအတွက် သောက်ရေအိုး၌ ရေအပြည့်လှူခဲ့သော ကောင်းမှု၏အကျိုးများ

ပဒုမုတ္တရဗုဒ္ဓဿ၊ ဘိက္ခုသံဃေ အနုတ္တရေ။
ပသန္နစိတ္တော သုမနော၊ ပါနီယဃဋမပူရယိံ။

၁။ တောင်ထိပ်, သစ်ပင်ဖျား, ကောင်းကင်, မြေပြင်တို့၌ (မည်သည့်နေရာ၌မဆို) သောက်ရေကို အလိုရှိလျှင် လျင်စွာ ရနိုင်ခြင်း၊

ပဗ္ဗတဂ္ဂေ ဒုမဂ္ဂေ ဝါ၊ အာကာသေ ဝါထ ဘူမိယံ။
ယဒါ ပါနီယမိစ္ဆာမိ၊ ခိပ္ပံ နိဗ္ဗတ္တတေ မမ။

၂။ ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်လေးပါး မလား(မသိ)ရခြင်း။

၃။ ပဋိသမ္ဘိဒါလေးပါး, ဝိမောက္ခရှစ်ပါး, အဘိညာဉ်ခြောက်ပါးတို့နှင့်ပြည့်စုံသော ရဟန္တာဖြစ်ရခြင်း။

(ခု၊ ၄၊ ၇၈။ ထေရာပဒါန်ပါဠိတော် မြန်မာပြန်၊ ဒုတိယ၊ ဥဒကပူဇကတ္ထေရအပဒါန်၊ ၇၃။)

## ဥဒကဒါယိကာထေရီ၏ ရေလှူခဲ့ရသော အကျိုးများ

(ဥဒကဒါယိကာထေရီအလောင်း အမျိုးကောင်းသမီးသည်)ဗန္ဓုမတီမြို့၌ ရေသည်မ ဖြစ်ခဲ့၍ ရေခပ်ခြင်းဖြင့် အသက်မွေးရ၏၊ ထိုရေခပ်ခြင်းဖြင့်ပင် သားငယ် သမီးငယ်များကို မွေးမြူရ၏။

ကုသိုလ်မျိုးစေ့တို့၏စိုက်ပျိုးရာ အမြတ်ဆုံး လယ်မြေသဖွယ်ဖြစ်သော သံဃာတော်၌ လှူစရာဝတ္ထုသည်လည်း သူမအား မရှိပေ၊ သူမသည် (သံဃာတော်၏)ရေချိုးအိမ်သို့ သွား၍ ရေကို တည်ထားခဲ့၏။

ကောင်းစွာပြုအပ်သော ထိုကံကြောင့် သူမသည် တာဝတိံသာဘုံသို့ ရောက်ရ၏၊ ထိုဘုံ၌ ကောင်းစွာပြုထားပြီးဖြစ်သော သူမ၏ဗိမာန်ကို ရေခပ်မှုကံက ဖန်ဆင်းခဲ့၏။

သူမသည် နတ်သမီးတစ်ထောင်တို့တွင် အမြတ်ဆုံး ဖြစ်ပေ၏၊ သူမသည် (အသက်ရှည်ခြင်း, အဆင်းလှခြင်းအစရှိသော) အကြောင်းအရာ ဆယ်ပါးတို့ဖြင့် ထိုနတ်သမီးများကို အမြဲတမ်း လွှမ်းမိုးရပေ၏။

(သူမသည်) နတ်မိဖုရား အကြိမ်ငါးဆယ်, စကြဝတေးမင်း၏မိဖုရား နှစ်ဆယ့်ငါးကြိမ် ဖြစ်ခဲ့ရ၏။

နတ်ဘဝ, လူ့ဘဝ နှစ်မျိုး၌သာ ကျင်လည်ခဲ့ရပြီး ဒုဂ္ဂတိဘဝကို မသိစဖူးပေ။

တောင်ထိပ်, သစ်ပင်ဖျား, ကောင်းကင်, မြေပြင်တို့၌ (မည်သည့်နေရာ၌မဆို) သူမသည် ရေကို အလိုရှိသောအခါ လျင်မြန်စွာ ရပေ၏။

မိုးမရွာသောအရပ်, ပူပြင်း ကျိုက်ကျိုက်ဆူသောအရပ်ဟူ၍ သူမမှာ မရှိချေ၊ မိုးကြီးသည် သူမ၏စိတ်အကြံအစည်ကို သိ၍ (သိသကဲ့သို့) ရွာသွန်း၏။

တစ်ခါတစ်ရံ ဆွေမျိုးများသည် သူမကို ခေါ်ဆောင်အပ်သည်ရှိသော် သူမ မိုးကို အလိုရှိသောအခါ မိုးရွာခြင်းသည် ဖြစ်ပေါ်လာ၏။

သူမ၏ကိုယ်၌ ပူခြင်း, အိုက်စပ်ခြင်းသည် မရှိပေ၊ သူမ၏ကိုယ်၌ မြူမှုန်သည်လည်း မရှိချေ။ ဤကား ရေလှူရခြင်း၏ အကျိုးများပေတည်း။

(ကျွန်ုပ်တို့၏ ဂေါတမဘုရားရှင်လက်ထက်တော်ဝယ်) သူမသည် ပဋိသမ္ဘိဒါလေးပါး, ဝိမောက္ခရှစ်ပါး, အဘိညာဉ်ခြောက်ပါးတို့နှင့် ပြည့်စုံသော ရဟန္တာထေရီမဖြစ်တော်မူရ၏။

(ခု၊ ၄၊ ၁၉၇ ၁၉၈။ ထေရီအပဒါန်ပါဠိတော် မြန်မာပြန်၊ ဒုတိယ၊ ဥဒကဒါယိကာထေရီအပဒါန်၊ ၁၈၈ ၁၈၉။)

ဆောင်=တောင်ဖျားသစ်ပင်၊ ကောင်းကင်ရေရှား၊ နေမိုးပြားလည်း၊ မရှားလွယ်ကာ၊ ပူဆာအိုက်ခြင်း၊ ကင်းသည့်အနာ၊
ကိလေသာကြေး၊ ကင်းဝေးစင်ကြယ်၊ စိတ်ဝယ်သန့်ရှင်း၊ ညစ်ကြေးကင်း၍၊ အဆင်းတင့်တယ်၊ ရွှေသဖွယ်သို့၊
ကိုယ်ဝယ်ကောင်းစွာ၊ နံ့သာအလား၊ မိုးကားတောင့်တ၊ ရွာရစင်စစ်၊ ခုနစ်ကျေးဇူး၊ ခံရဘူးသည်။ ။ ကြည်
နူးရှိသေ လှူမိစေ။ [ဤကား သောက်ရေ, သုံးဆောင်ရေ, ချိုးရေလှူကျိုး ခုနစ်ပါး စကားရပ်မှတ်ဘွယ်တည်း။]
(သုံးပုံတံချူကျမ်း၊ ၂၃။)
သစ်ပင်တောင်ဖျား၊ နေလေပြားလည်း၊ မရှားရေရ၊ တောင့်တမိုးရွာ၊ ပူဆာအိုက်ကင်း၊ ရှင်းသည့်အနာ၊

## ရေလှူရကျိုး အမျိုးမျိုး

ကိလေသာဝေး၊ ညစ်ကြေးမရစ်၊ နံ့သာစစ်သို့။ ။ ခုနစ်ရေလှူအကျိုးတည်း။ (ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ ၃၈၈။)

၁။ သစ်ပင်ဖျား တောင်ထိပ်ဖျားမှာ နေသော်လည်း ရေမရှားပဲ လိုတိုင်းရနိုင်ခြင်း၊ ၂။ တောင့်တလျှင် မိုးရွာရခြင်း၊ ၃။ ပူဆာခြင်း, အိုက်ခြင်းမှ ကင်းခြင်း၊ ၄။ အနာရောဂါကင်းရှင်းခြင်း၊ ၅။ ကိလေသာမှ လွတ်နိုင်ခြင်း၊ ၆။ အညစ်အကြေးမတင် သန့်ရှင်းစင်ကြယ်ခြင်း၊ ၇။ နံ့သာကဲ့သို့ မွေးကြိုင်သော ကိုယ်ရှိခြင်း။

## ရေလှူဒါန်းရကျိုး ၁၀ ပါး

၁။ သန့်ရှင်းစင်ကြယ်ခြင်း၊ ၂။ ကျော်စောထင်ရှားခြင်း၊ ၃။ အခြွေအရံပေါများခြင်း၊ ၄။ လျင်မြန်ဖျတ်လတ်ခြင်း၊ ၅။ ရေငတ်ခြင်းမှကင်းခြင်း၊ ၆။ အသက်ရှည်ခြင်း၊ ၇။ ရုပ်ရည်အဆင်းလှပခြင်း၊ ၈။ ဥစ္စာစနကြွယ်ဝခြင်း၊ ၉။ ဉာဏ်ပညာကြီးမားခြင်း၊ ၁၀။ ခွန်အားဗလကြီးမားခြင်း။

ဆောင်=သန့်ရှင်း, ကျော်စော၊ လွန်ပေါခြွေရံ၊ လျင်မြန်ဖျတ်လတ်၊ ရေငတ်ကင်းသည်၊ သက်ရှည်, ဆင်းလှ၊ ဓနချမ်းသာ၊ ပညာ, ခွန်အား၊ လွန်ကြီးမားသည်၊ ဆယ်ပါးရေလှူ အကျိုးတည်း။ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၁၃။)

သန့်ရှင်း, ကျော်စော၊ ခြွေရံပေါ၊ လျင်ဆော, မွတ်သိပ်ကင်း။

သက်ရှည်, ဆင်းလှ၊ ချမ်းသာရ၊ ဗလ, ဉာဏ်ကြီးခြင်း။

ရေကိုအလှူ၊ ပေးသောသူ၊ ရယူ ကျိုးဆယ်စင်း။

## ဝိသုဒ္ဓိမဂ်လာ ဘုရားဂုဏ်တော် ပွါးရကျိုးများ

၁။ တပ်မက်မှုရာဂနှိပ်စက်သောစိတ် မဖြစ်ခြင်း၊ ၂။ အမျက်ထွက်မှုဒေါသနှိပ်စက်သောစိတ် မဖြစ်ခြင်း၊ ၃။ တွေဝေမှုမောဟနှိပ်စက်သောစိတ် မဖြစ်ခြင်း၊ ၄။ ကောက်ခြင်း, လှည့်ပတ်ခြင်းစသည်ကင်းပြတ်ဖြောင့်မတ်စိတ်ရှိခြင်း၊ ၅။ နှစ်သက်ဝမ်းမြောက်မှု(ပီတိပါမောဇ္ဇ)များစွာဖြစ်ခြင်း၊ ၆။ ကိုယ်စိတ်နှစ်ဖြာ ပူပန်မှုငြိမ်းခြင်း၊ ၇။ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်း၊ ၈။ ဘုရားရှင်၌ ရိုသေလေးစား ကြည်ညိုစိတ်များခြင်း၊ ၉။ သဒ္ဓါတရားစသည့် သူတော်ကောင်းတရား များ ပြန့်ပြောခြင်း၊ ၁၀။ ကြောက်မက်ဖွယ်ဘေးအမျိုးမျိုးကို သည်းခံနိုင်သည်ဖြစ်၍ ကိုယ်စိတ်ဆင်းရဲမှုကို သည်းခံနိုင်ခြင်း၊ ၁၁။ ဘုရားရှင်နှင့် အတူနေရသည့်အသွင် မှတ်ထင်ခြင်း၊ ၁၂။ စေတီအိမ်နှင့် တူသည်ဖြစ်၍(သူတစ်ပါးတို့)အပူဇော်ခံထိုက် ခြင်း၊ ၁၃။ သုဂတိဘဝသို့ လားရခြင်း။ (ဝိသုဒ္ဓိမဂ္ဂ၊ ဋ္ဌ၊ ၁၊ ၂၀၅ ၂၀၆။ ဝိသုဒ္ဓိမဂ် မြန်မာပြန်၊ ပ၊ ၁၅၈ ၁၆၂။)

ဆောင်=ဗုဒ္ဓါနုဿတိ၊ ဝိသုဒ္ဓိမဂ်၊ ကျမ်းထွက်အလို၊ ပွါးကျိုးဆိုအံ့၊ ထိုထိုမျက်ဒေါသ၊ မိုက်မောဟနှင့်၊ ရာဂဆိုးညစ်၊ စိတ် မဖြစ်ဘူး၊ နှစ်သက်ဝမ်းသာ၊ များပြားစွာဖြင့်၊ မာယာ သာဌေယျ၊ ကာယအကောက်၊ ကင်းစင်ပျောက်လတ်၊ ဖြောင့် မတ်စိတ်ထား၊ မြတ်ဘုရား၌၊ လေးစားရိုသေ၊ စိတ်ညွတ်လေ၍၊ စေတီအိမ်တူ၊ ပူဇော်ခံထိုက်၊ ကိုယ်၌ဆင်းရဲ၊ ထူးကဲ ဘေးရန်၊ သည်းခံနိုင်ရာ၊ သဒ္ဓါ,သတိ၊ စရိုပြန့်ပြော၊ ရှင်စောဘုရား၊ တူနေလားသို့၊ မမှားထင်နေ၊ လေးထွေသစ္စာ၊ မှန်စွာတိတိ၊ မသိရှိလဲ၊ သုဂတိဘဝ၊ လားရောက်ရသည်၊ မှတ်ကြသိဖွယ် အကျိုးတည်း။ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၅၀၈။)

## အင်္ဂုတ္တိုရ်လာ ဂုဏ်တော်ပွါးရ အကျိုးများ

၁။ သံသရာဝဋ်ဆင်းရဲ၌ အမှန်စင်စစ် ငြီးငွေ့ခြင်း၊ ၂။ သံသရာဝဋ်ဆင်းရဲ၌ တပ်မက်မှုကင်းခြင်း၊ ၃။ ရာဂစသော ကိလေသာတို့ ကင်းခြင်း၊ ၄။ ရာဂစသည်တို့၏ချုပ်ခြင်း, မဖြစ်ခြင်း၊ ၅။ ဝဋ်ဆင်းရဲ၏ချုပ်ခြင်း၊ ၆။ ကိလေသာတို့ ၏ငြိမ်းခြင်း၊ ၇။ သင်္ခါရတရားတို့ကို အနိစ္စစသည်ဖြင့် လက္ခဏာယာဉ်တင်၍ အထူးသိခြင်း၊ ၈။ သစ္စာလေးပါးတို့ကို ကောင်းစွာ သိခြင်း၊ ၉။ မဂ်ဉာဏ်လေးပါးကို ထိုးထွင်း၍ သိခြင်း၊ ၁၀။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း။

အယံ ခေါ ဘိက္ခဝေ ဧကဓမ္မော ဘာဝိတော ဗဟုလီကတော ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ (အံ၊ ၁၊ ဧကမ္မပါဠိ၊ ၃၂။)

ဧကန္တနိဗ္ဗိဒါယာတိ ဧကန္တေန ဝဋ္ဋေ နိဗ္ဗိန္ဒနတ္ထာယ ဥက္ကဏ္ဌနတ္ထာယ။ ဝိရာဂါယာတိ ဝဋ္ဋေ ဝိရဇ္ဇနတ္ထာယ၊ ရာဂါဒီနံ ဝါ ကိလေသာနံ ဝိရဇ္ဇနာယ ဝိဂမာယ။ နိရောဓာယာတိ ရာဂါဒီနံ နိရောဓာယ အပ္ပဝတ္တိကရဏတ္ထာယ၊ ဝဋ္ဋဿေဝ ဝါ နိရုဇ္ဈနတ္ထာယ။ ဥပသမာယာတိ ကိလေသဝူပသမနတ္ထာယ။ အဘိညာယာတိ အနိစ္စာဒိဝသေန လက္ခဏတ္တယံ အာရောပ

ပေတွာ အဘိဇာနနတ္ထာယ။ သမ္မောဓာယာတိ စတုန္နံ သစ္စာနံ ဗုဇ္ဈနတ္ထာယ၊ "ဗောဓိ ဝုစ္စတိ စတူသု မဂ္ဂေသု ဉာဏ"န္တိ (ခု၊ ၇၊ ၃၆၂။ ခု၊ ၈၊ ၂၃၁) ဧဝံ ဝုတ္တဿ ဝါ စတုမဂ္ဂဉာဏဿ ပဋိဝိဇ္ဈနတ္ထာယ။ နိဗ္ဗာနာယာတိ အပ္ပစ္စယနိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ။(အံ၊ ဋ္ဌ၊ ၁၊ ၃၆၅ ၃၆၆။)

ဤသို့ ပါဠိတော်အလိုအားဖြင့် အကျိုး(၇)ပါး, အဋ္ဌကထာအလိုအားဖြင့် အကျိုး(၁၀)ဖြစ်၏။

ဆောင်=အင်္ဂုတ္တိုရ်လာ၊ ဗုဒ္ဓါနုဿတိ၊ ပွါးကျိုးရှိကို၊ သိဖို့ဆိုအံ့၊ ထိုထိုဆင်းရဲ၊ သံသာဝဲကို၊ အမြဲငြီးငွေ့၊ ဓလေ့ဆိုးလှ၊ ရာဂစဖြာ၊ ကိလေသာတို့၊ ကင်းကွာပြတ်စဲ၊ ဝဋ်ဆင်းရဲကို၊ ပယ်ရှဲမတပ်၊ ကိလေဓာတ်ကို၊ ပယ်သတ်ညှဉ်းဆဲ၊ ဝဋ်ဆင်းရဲကို၊ မလွဲချုပ်စေ၊ ကိလေညစ်ကြေး၊ အပြစ်ဘေးကို၊ ငြိမ်းအေးစွာလှ၊ သန်တကို၊ အနိစ္စရှု၊ စပြုလက္ခဏာ၊ ပညာထူးသိ၊ မှတ်ဘိဒုက္ခ၊ သမုဒယ၊ နိရောဓနှင့်၊ မဂ္ဂတဖြာ၊ လေးသစ္စာကို၊ ကောင်းစွာသိမှန်၊ မဂ်လေးတန်ကို၊ တဖန်ထိုးထွင်း၊ သိမြင်ခြင်းလတ်၊ အရဟတ္တဖိုလ်ပေါက်၊ နိဗ္ဗာန်ရောက်သည်၊ ကျမ်းထောက်ဂုဏ်တော်ပွါးကျိုးတည်း။ (သဗ္ဗမင်္ဂလာ ဓမ္မဒေသနာ၊၅၀၈ ၅၀၉။)

၁။ ရာဂထကြွသောင်းကျန်းသော စိတ်မဖြစ်ခြင်း၊ ၂။ ဒေါသထကြွသောင်းကျန်းသော စိတ်မဖြစ်ခြင်း၊ ၃။ မောဟထကြွသောင်းကျန်းသော စိတ်မဖြစ်ခြင်း၊ ၄။ ဂုဏ်တော်များကို အာရုံပြု၍ ဖြောင့်မတ်သော စိတ်သာလျှင် ဖြစ်ခြင်း၊ ၅။ ဂုဏ်တော်များ၏အနက်ကို မှီ၍ဖြစ်သော ဝမ်းမြောက်ခြင်း၊ ၆။ ဂုဏ်တော်များ၏ပါဠိကို မှီ၍ဖြစ်သော ဝမ်းမြောက်ခြင်း၊ ၇။ တရားနှင့်စပ်သော ဝမ်းမြောက်ခြင်း၊ ၈။ နှစ်သက်မှုဖြစ်ခြင်း၊ ၉။ ကိုယ်ငြိမ်းချမ်းခြင်း၊ ၁၀။ ချမ်းသာကို ခံစားရခြင်း၊ ၁၁။ စိတ်တည်ကြည်ခြင်း။

(အံ၊ ၂၊၅၂ ၂၅၃။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်၊ဒုတိယ၊မဟာနာမသုတ်၊၃၂၇ ၃၂၈။)

## လူတစ်, အာရစ်၊ ဆယ့်ခြောက်ဖြစ်၊ ရှင်ချစ်မြတ်နှုတ်တော်

"လူတစ်ခွန်းလျှင် အရှင်အာနန္ဒာမထေရ် ရှစ်ခွန်း, အရှင်အာနန္ဒာမထေရ် တစ်ခွန်းလျှင် ဘုရားရှင် တစ်ဆယ့်ခြောက်ခွန်း, လူတစ်ခွန်းလျှင် ဘုရားရှင် တရာ့နှစ်ဆယ့်ရှစ်ခွန်း" ပြောဆိုတော်မူနိုင်၏။ ထိုသို့ ပြောဆိုတော်မူနိုင်ခြင်းအကြောင်းကား..."ဘုရားရှင်၏ လျှာတော်သည် နူးညံ့တော်မူ၏၊ နှုတ်ခမ်းတော်သည် ကောင်းစွာထိလတ် စေ့စပ်တော်မူ၏၊ စကားတော်သည် ချွတ်ယွင်းမှုမရှိ၊ ဘဝင်အလျင်သည် လျင်မြန်တော်မူ၏"ထို့ကြောင့် နှုတ်တော်လျင်မြန်တော်မူသည်။

ယာဝတာ ဟိ လောကိယမဟာဇနော ဧကံ ပဒံ ကထေန္တိ။ တာဝ အာနန္ဒတ္ထေရော အဋ္ဌ ပဒါနိ ကထေတိ။ အာနန္ဒတ္ထေရေ ပန ဧကံ ပဒံ ကထေန္တေယေဝ ဘဂဝါ သောဠသ ပဒါနိ ကထေတိ။ ကသ္မာ? ဘဂဝတော ဟိ ဇိဝှါ မုဒုကာ ဒန္တာဝရဏံ သုဖုသိတံ ဝစနံ အဂလိတံ ဘဝင်္ဂပရိဝါသော လဟုကော။ (မ၊ ဋ္ဌ၊ ၁၊ မဟာသီဟနာဒ၊ ၃၅၈။)

ယာဝတာ ဟိ လောကိယမဟာဇနေ ဧကံ ပဒံ ကထေန္တေ တာဝ အာနန္ဒတ္ထေရော အဋ္ဌ ပဒါနိ မထေတိ။ အာနန္ဒတ္ထေရေ ပန ဧကံ ပဒံ ကထေန္တေယေဝ ဘဂဝါ သောဠသ ပဒါနိ ကထေတိ။ ကသ္မာ? ဘဂဝတော ဟိ ဇိဝှါ မုဒု၊ ဒန္တာဝရဏံ သုဖုသိတံ၊ ဝစနံ အဂဠိတံ၊ ဘဝင်္ဂပရိဝါသော လဟုကော။ (အံ၊ ဋ္ဌ၊ ၂၊ ၃၆၀။)

ယာဝတာ ဟိ လောကိယမဟာဇနော ဧကံ ပဒံ ကထေန္တိ၊ တာဝ အာနန္ဒတ္ထေရော အဋ္ဌ ပဒါနိ ကထေတိ၊ အာနန္ဒတ္ထေရေ ပန ဧကံ ပဒံ ကထေန္တေယေဝ ဘဂဝါ သောဠသ ပဒါနိ ကထေတိ။ ဣမိနာ နယေန လောကိယဇနဿ ဧကပဒုစ္စာရဏက္ခဏေ ဘဂဝါ အဋ္ဌဝီသသတံ ပဒါနိ ကထေတိ။ ကသ္မာ? ဘဂဝတော ဟိ ဇိဝှါ မုဒု၊ ဒန္တာဝရဏံ သုဖုသိတံ၊ ဝစနံ အဂဠိတံ၊ ဘဝင်္ဂပရိဝါသော လဟုကော။ (သာရတ္ထ၊ ၂၊ သုဒိန္နဘာဏဝါရဝဏ္ဏနာ၊ ၃၁။)

ဘုရားရှင့်နှုတ်တော်၏လျင်မြန်ခြင်းသည် စိတ္တက္ခဏလျင်မြန်တော်မူသောကြောင့်သာ လျင်မြန်၏၊ ဝစီဝိညတ် သဒ္ဒရုပ်တို့သည် စိတ္တဇရုပ်တို့သာတည်း။ ဘုရားရှင်၏စိတ္တက္ခဏလျင်မြန်တော်မူသည် ဟု ဆိုရာ၌ ဘုရားရှင်၏ဝီထိစိတ်ဖြစ်စဉ်ဝယ် တစ်ဝီထိနှင့် တစ်ဝီထိအကြားတွင် ဘဝင်နှစ်ကြိမ်သာ ခြား၏၊ အရှင်သာရိပုတ္တမထေရ်၏ဝီထိစိတ်စဉ်ကား ဘဝင်တစ်ဆယ့်ခြောက်ကြိမ်ခြား၏၊ အခြားတပါးသူတို့၏ဝီထိစိတ်အစဉ်များမှာမူ ဘဝင်များစွာခြားကြ၏ ။

ဒွေ ဘဝင်္ဂါနိ ဗုဒ္ဓဿ၊ သာရိပုတ္တဿ သောဠသ။
အညေသံ ပန သတ္တာနံ၊ ဘဝင်္ဂါနိ ဗဟူနိပိ။
(မဏိဒီပကျမ်း)

ဤအကြောင်းအရာကို "ပကိဏ္ဏကဝိသဇ္ဇနာ၊ ပဌမတွဲ၊ စာမျက်နှာ ၂၉-၃၀"တို့၌လည်း ကြည့်ရှုနိုင်သည်။

## သာသနာကွယ်ကြောင်းတရား ၁၅ ပါး

၁။ ရဟန်းများ တရားမနာခြင်း (ရဟန်းရှင်လူတို့ တရားမနာခြင်း)၊
၂။ စာပေကျမ်းဂန်များကို မသင်ကြားခြင်း၊
၃။ နှုတ်တက်အာဂုံ, အရမဆောင်ခြင်း၊
၄။ အနက်အဓိပ္ပါယ်ကို သိအောင် မပြုခြင်း၊
၅။ ပဋိပတ်ကို မကျင့်ခြင်း။
(အံ၊ ၂၊ ၁၅၅။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်၊ ဒုတိယ၊ ပဉ္စမသဒ္ဓမ္မသမ္မောသသုတ်၊ ၁၉၇ ၁၉၈။)
ဆောင်ပုဒ်=အင်္ဂုတ္တိုရ်လာ၊ သာသနာကွယ်ကြောင်း၊ တရားပေါင်းကား၊ ရဟန်းများတို့၊ တရားမနာ၊ စာပေမသင်၊ နှုတ်တွင်
မဆောင်၊ သိအောင်မပြု၊ ဓမ္မာနုဓမ္မတ်၊ ပဋိပတ်ကွာ၊ ဤငါးဖြာတည်း။

၁။ သုတ္တ, ဂေယျစသော စာပေတရားများကို မသင်ကြားခြင်း(စာသင်အလုပ်ကို ပယ်ဖြုတ်ထားခြင်း)၊
၂။ တရားကို အကျယ်မဟောခြင်း၊
၃။ စာပေကျမ်းဂန်များကို အကျယ်အားဖြင့် မပို့ချခြင်း၊
၄။ စာပေကျမ်းဂန်ကို အကျယ်အားဖြင့် မသရဇ္ဈာယ်ခြင်း၊
၅။ အနက်အဓိပ္ပါယ်ကို မကြံမစည်ခြင်း။
(အံ၊ ၂၊ ၁၅၆။ အင်္ဂုတ္တိုရ်ပါဠိတော မြန်မာပြန်၊ ဒုတိယ၊ ဒုတိယသဒ္ဓမ္မသမ္မောသသုတ်၊ ၁၉၈ ၁၉၉။)
ဆောင်ပုဒ်=ထဝါထို့ပြင်၊ စာသင်ပယ်လျှော၊ ကျယ်မဟောကြ၊ ကျယ်မချနှင့်၊ ကျယ်စွာ့မအံ၊ မကြံမစည်၊ ဤငါးလီတည်း။
နောက်လာထို့ပြင်....ဤငါးမည်တည်း (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၄၉၂။)

၁။ မမှန်မကန် ပုဒ်, ပါဠ်, အက္ခရာ ပါဠိပျက်များကို လေ့ကျက်သင်ကြားခြင်း၊
၂။ ဆရာသမားတို့၏အဆုံးအမကို မနာယူခြင်း၊
၃။ စာချမည့်ပုဂ္ဂိုလ် ရှားပါးခြင်း၊
၄။ အချင်းချင်း ခိုက်ရန်ကွဲပြားခြင်း (ကျောင်းလုခြင်းစသည်)၊
၅။ လာဘ်လာဘပေါများအောင် ပြုလုပ်အားထုတ်ခြင်း။
(အံ၊ ၂၊ ၁၅၇ ၁၅၈။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်၊ ဒုတိယ၊ တတိယသဒ္ဓမ္မဝမ္မောသသုတ်၊ ၂၀၀ ၂၀၁။)
ဆောင်=ဝါတနည်းမှာ၊ အက္ခရာပုဒ်ပျက်၊ လေ့ကျက်သင်ကြ၊ ဒုဗ္ဗစမှု၊ စာချသူရှား၊ လာဘ်များအောင်ဖန်၊ ခိုက်ရန်ကွဲပြား၊
ဤငါးပါးသည်၊ ဘုရားသာသနာ ကွယ်ကြောင်းတည်း။
ဤကဗျာ ၃ ပုဒ်သည် ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးရေးသားတော်မူသော ကဗျာများဖြစ်၏။
ဆုံးမခက်သူ၊ လာဘ်များအောင်ကြံ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၄၉၂။)

ဤ ၁၅ ပါးတို့ကို ပယ်ရှား၍ ကျင့်ကြံလိုက်နာလျှင် သာသနာတည်ကြောင်း ၁၅ ပါးသည်လည်း အင်္ဂုတ္တိုရ်ပါဠိတော်(အံ၊ ၂၊ ၁၅၅ ၁၅၉။ မြန်မာပြန်၊ ဒုတိယ၊ ပ,ဒု,တ သဒ္ဓမ္မသမ္မောသသုတ်များ၊ ၁၉၈ ၂၀၂။)၌ပင် လာရှိ၏။

## သာသနာတည်ကြောင်းတရား ၁၅ ပါး

၁။ ရဟန်းများ တရားကို ရိုသေစွာ နာခြင်း၊
၂။ တရား(စာပေကျမ်းဂန်များ)ကို ရိုသေစွာ (ကောင်းစွာ) သင်ယူခြင်း၊
၃။ တရား(စာပေကျမ်းဂန်များ)ကို နှုတ်တက်အာဂုံဆောင်ခြင်း၊
၄။ နှုတ်တက်အာဂုံဆောင်ထားသော တရား(စာပေကျမ်းဂန်များ)၏အနက်အဓိပ္ပါယ်ကို ကောင်းစွာ ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်ခြင်း၊ (အနက်အဓိပ္ပါယ်ကို သိအောင်ပြုခြင်း)၊
၅။ အနက်သဘောကို သိ၍ တရားသဘောကို သိ၍(လောကုတ္တရာ)တရားအား လျော်သောအကျင့်ကို ကောင်းစွာ ကျင့်ခြင်း၊ (ပဋိပတ်ကို ကောင်းစွာ ကျင့်ခြင်း)။

ပိဋကတော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာ

ဆောင်=အင်္ဂုတ္တိုရ်လာ၊ သာသနာတည်ကြောင်း၊ တရားပေါင်းကား၊ ရဟန်းများတို့၊ တရားတော်နာ၊ စာပေကိုသင်၊ နှုတ်တွင်ရဆောင်၊ သိအောင်လည်းပြု၊ ဓမ္မာနုဓမ္မတ်၊ ပဋိပတ်ကို၊ ကျင့်အပ်မကွာ၊ ဤငါးဖြာတည်း။

၁။ သုတ္တ, ဂေယျစသော စာပေကျမ်းဂန်တရားများကို သင်ယူခြင်း၊
၂။ သင်ယူပြီးသော တရား(စာပေကျမ်းဂန်များ)ကို အကျယ်အားဖြင့် ဟောကြားခြင်း၊
၃။ သင်ယူပြီးသော တရား(စာပေကျမ်းဂန်များ)ကို အကျယ်အားဖြင့် ပို့ချခြင်း၊
၄။ သင်ယူပြီးသော တရား(စာပေကျမ်းဂန်များ)ကို အကျယ်အားဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊
၅။ သင်ယူပြီးသော တရားကို စိတ်ဖြင့် အဖန်ဖန် ကြံစည် ဆင်ခြင် သုံးသပ်ခြင်း။
ထဝါထိုပြင်၊ စာသင်ပြန့်ပြော၊ အကျယ်ဟောကြ၊ အကျယ်ချနှင့်၊ ကျယ်စွာ့လည်းအံ၊ ကြံကြံစည်စည်၊ ဤငါးမည်တည်း။

၁။ မှန်ကန်သော ပုဒ်, ပါဠိ, အက္ခရာ ပါဠိများကို လေ့ကျက်သင်ကြားခြင်း၊
၂။ ဆရာသမားတို့၏အဆုံးအမကို ကောင်းစွာ နာယူခြင်း၊
၃။ သုတ်, ဝိနည်း, အဘိဓမ္မာ တရားတော်များကို ကောင်းစွာ ပို့ချခြင်း၊
၄။ ပစ္စည်းလေးပါးပေါများရန် မကြံဖန်ကြပဲ ဈာန်, မဂ်, ဖိုလ်ကို ရရန်, နိဗ္ဗာန်ကို မျက်မှောက်ပြုကြရန်သာ အားထုတ်ခြင်း။
၅။ အချင်းချင်း ဆဲရေးငြင်းခုံ မရှိကြပဲ သံဃာ အချင်းချင်း ညီညွတ်ခြင်း။
ဝါတနည်းမှာ၊ အက္ခရာပုဒ်မှန်၊ သင်အံကျက်ကြ၊ ဆုံးမလွယ်ကူ၊ စာချသူများ၊ လာဘ်များမဖန်၊ ခိုက်ရန်ပယ်ရှား၊ ဤငါးပါးသည်၊ ဘုရားသာသနာ တည်ကြောင်းတည်း။ (သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ ၄၉၀ ၄၉၂။)

## ယုဂငါးပါး သိပွားစရာ

ထေရဂါထာအဋ္ဌကထာ ဖုဿတ္ထေရဂါထာအဖွင့်၌ (၁) ဝိမုတ္တိယုဂ, (၂) သမာဓိယုဂ, (၃) သီလယုဂ, (၄) သုတယုဂ, (၅)ဒါနယုဂ ဟူ၍ ငါးမျိုးလာရှိရာ ထိုငါးမျိုးတွင် ပဌမ ဝိမုတ္တိယုဂဖြစ်၍ ထိုဝိမုတ္တိယုဂကွယ်လျှင် သမာဓိယုဂဖြစ်၏၊ ထိုသမာဓိယုဂကွယ်လျှင် သီလယုဂဖြစ်၏၊ ထိုသီလယုဂကွယ်လျှင် သုတယုဂဖြစ်၏၊ သီလမစင်ကြယ်သော်လည်း တစ်စိတ်တစ်ဒေသအားဖြင့် ပရိယတ္တိဗဟုသုတကိုမှီတွယ်၍ တည်ရှိသေး၏၊ မာတိကာမျှပင် လုံးဝကွယ်သည်ရှိသော် သုတယုဂကွယ်လေတော့၏၊ ထိုသုတယုဂကွယ်သောအခါမှစ၍ ရဟန်းအသွင်အပြင်မျှသာ ကျန်တော့၏၊ ဒါနယုဂသာ ရှိ၏၊ ဒါနသည်သာ နောက်ဆုံးအကျင့်ဖြစ်၏။

သာသနဿ ဟိ ပဉ္စယုဂါနိ ဝိမုတ္တိယုဂံ, သမာဓိယုဂံ, သီလယုဂံ, သုတယုဂံ, ဒါနယုဂန္တိ။ တေသု ပဌမံ ဝိမုတ္တိယုဂံ၊ တသ္မိံ အန္တရဟိတေ သမာဓိယုဂံ ဝတ္တတိ၊ တသ္မိမ္ပိ အန္တရဟိတေ သီလယုဂံ ဝတ္တတိ၊ တသ္မိမ္ပိ အန္တရဟိတေ သုတယုဂံ ဝတ္တတေ၀။ အပရိသုဒ္ဓသီလော ဟိ ကေဒေသေန ပရိယတ္တိဗဟုသစ္စံ ပဂ္ဂယှ တိဋ္ဌတိ လာဘာဒိကာမတာယ။ ယဒါ ပန မာတိကာပရိယောသာနာ ပရိယတ္တိ သဗ္ဗသော အန္တရဓာယတိ၊ တတော ပဋ္ဌာယ လိင်္ဂမတ္တမေဝ အဝသိဿတိ၊ တဒါ ယထာ တထာ ဓနံ သံဟရိတွာ ဒါနမုခေန ဝိဿဇ္ဇေန္တိ၊ သာ ကိရ နေသံ စရိမာ သမ္မာပဋိပတ္တိ။ တတ္ထ သုတယုဂတော ပဋ္ဌာယ ပစ္ဆိမကာလော၊ "သီလယုဂတော ပဋ္ဌာယာ"တိ အပရေ။ (ထေရဂါထာ၊ ဋ္ဌ၊ ၂၊ ဖုဿတ္ထေရဂါထာဝဏ္ဏနာ၊ ၃၆၈။)

အချို့ဆရာတို့ကား "ဝိမုတ္တိယုဂခေတ် အနှစ်ငါးရာ, သမာဓိယုဂခေတ် အနှစ်ငါးရာ, သီလယုဂခေတ် အနှစ်ငါးရာ, သုတယုဂခေတ် အနှစ်ငါးရာ, ဒါနယုဂခေတ် အနှစ်ငါးရာ အသီးအသီး ရှိ၍ နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်လျှင် ဝိမုတ္တိယုဂခေတ် ပြန်လည် တစ်ခေတ်ဆန်းသည် ဟု ယူဆလျက် ယခုအခါ ဝိမုတ္တိယုဂခေတ် "ဟူ၍ ပြောဆိုကြ၏။ ထေရဂါထာအဋ္ဌကထာ ဖုဿတ္ထေရဂါထာ အဖွင့်ဝယ် နှစ်အရေအတွက် မပါရှိချေ၊ အကယ်၍ ထိုဆရာတို့အလိုအရ နှစ်ပေါင်းနှစ်ထောင်ပြည့်တွင် "သုတယုဂခေတ်"ကုန်ခဲ့ပြီဖြစ်၍ ပဋိပတ္တိကျင့်စဉ်လမ်းညွှန် ပရိယတ္တိတရားများ ရှိတော့မည်မဟုတ်ချေ၊ အမှန်စင်စစ် ပရိယတ္တိဓမ္မများကား ယနေ့တိုင်ပင် ထင်ရှားထွန်းကားလျက် ရှိပေ၏။ ထိုအကြောင်းအရာနှင့် ပတ်သက်၍....

## ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏
## ယုဂငါးမျိုးနှင့်စပ်သွယ် သိမှတ်ဖွယ်

ယခု မြန်မာပြည်မှာ သာသနာနှစ် ငါးထောင်ကို ယုဂ်ငါးပါးနှင့် အလုည်ကျ ဝေဖန်ပိုင်းခြားပြီး ပြောနေကြတာလည်း ရှိပါတယ်၊ ဝိမုတ္တိယုဂ အနှစ်ငါးရာ, ပြီးတော့ သမာဓိယုဂ အနှစ်ငါးရာ, အဲဒီကနောက် သီလယုဂ အနှစ်ငါးရာ, အဲဒီကနောက် သုတယုဂ အနှစ်ငါးရာ, အဲဒီကနောက် ဒါနယုဂ အနှစ်ငါးရာ၊ အဲဒီကနောက် သာသနာနှစ် ၂၅၀၀ ကျော်တဲ့အခါမှာ ဝိမုတ္တိယုဂကို တစ်ဖန်ပြန်ရောက်တယ် စသည်ဖြင့် ဒီလို ပြောနေကြပါတယ်။

အဲဒါကတော့ ပြောတဲ့အတိုင်း ဝိမုတ္တိယုဂပြန်ရောက်တယ်ဆိုလျှင် ဝမ်းမြောက်ဝမ်းသာစရာ မင်္ဂလာရှိတဲ့ စကားပါပဲ၊ ဒါပေမဲ့ လို့ အဲဒီ ယုဂငါးပါးကို ပြဆိုတဲ့ကျမ်းရင်းက စကားကို သတိပြုဖို့လိုပါတယ်၊ အဲဒါဟာ ထေရဂါထာအဋ္ဌကထာ တိံသနိပါတ် ဖုဿထေရဂါထာအဖွင့်မှာ ရှိပါတယ်။

အဲဒီမှာ ဆိုထားတာကတော့ ရှေးအဋ္ဌကထာဝါဒအနေနဲ့ မဟုတ်ပဲ နောက်မထေရ်တို့၏အဆုံးအဖြတ် ထေရဝါဒအနေမျိုးနှင့် ပြဆိုထားတာ ဖြစ်နေပါတယ်၊ ပဏ္ဍရမည်တဲ့ရသေ့က မေးလို့ ဖုဿမထေရ်က သာသနာတော်ဆုတ်ယုတ်တဲ့အခါမှာ ဖြစ်ဖေါ်မည့် အခြင်းအရာတွေကို ပြောပြီးတော့ "ပစ္ဆေ ကာလမှိ ပစ္ဆိမေ=နောက်ဆုံးကာလကျတော့ ဒီလိုဖြစ်လိမ့်မယ်" လို့ မိန့်ဆိုထားပါတယ်၊ ဒီနေရာမှာ နောက်ဆုံးကာလဆိုတာကို ဘယ်ကစပြီး ယူရမှာလဲလို့ မေးစရာရှိနေပါတယ်၊ ဒီအချက်ကို ဆုံးဖြတ်ပြဆိုရာမှာ ကေစိ, ဧကေ, အပရေဝါဒသုံးမျိုး ကွဲနေပါတယ်၊ ကေစိဆရာတို့က တတိယသင်္ဂါယနာကစပြီး ပစ္ဆိမ=နောက်ဆုံးကာလ ရောက်တယ်လို့ ဆိုကြပါတယ်၊ အဲဒီကေစိဝါဒကို ဧကေဆရာတို့က လက်မခံကြပါဘူး၊ ဒါကြောင့် ထေရဂါထာအဋ္ဌကထာမှာ "တံ ဧကေ နာနုဇာနန္တိ"လို့ ဆိုပြီးတော့ အဲဒီလက်မခံခြင်းရဲ့ အကြောင်းကို ပြလိုတဲ့အတွက် ဒီယုဂ်ငါးပါးကို ထုတ်ပြပါတယ်၊ ဒီတော့ ဒီယုဂ်ငါးပါးဟာ ဧကေဆရာတို့၏ဝါဒပဲလို့ ဆိုစရာဖြစ်နေပါတယ်၊ ဒီယုဂ်ငါးပါးထဲမှာ ဧကေဆရာတို့က သုတယုဂ က စပြီး နောက်ဆုံးကာလလို့ ဆိုပါတယ်၊ အပရေဆရာတို့က သီလယုဂ က စပြီး နောက်ဆုံးကာလလို့ ဆိုပါတယ်။

ပြီးတော့ အဲဒီ ယုဂ်ငါးပါးမှာလဲ အစဉ်အတိုင်း ဆုတ်ယုတ်ပုံကိုသာ ပြပါတယ်၊ တစ်ယုဂ် တစ်ယုဂ်မှာ ငါးရာလို့လဲ မပါဘူး၊ တစ်ထောင်လို့လဲ မပါဘူး၊ နှစ်အပိုင်းအခြားကတော့ ဘာမျှမပါပါဘူး၊ ဆုတ်ယုတ်ပုံကို ပြတော့လဲ ဝိမုတ္တိယုဂ်ကွယ်လျှင် သမာဓိယုဂ်ဖြစ်တယ်, သမာဓိယုဂ်ကွယ်တော့ သီလယုဂ်ဖြစ်တယ်, သီလယုဂ်ကွယ်တော့ သုတယုဂ်ဖြစ်တယ်လို့ ဒီလိုပြသွားပါတယ်၊ သူ့အဋ္ဌကထာမှ "တသ္မိံ အန္တရဟိတေ" ဆိုတဲ့အတွက် ဒီမှာလဲ ကွယ်တယ်လို့ ပြောရပါတယ်။

ဒီနေရာမှာ သုတယုဂ်ကွယ်ပုံ ပြထားတာကတော့ အထူးပဲ မှတ်သားစရာ ကောင်းပါတယ်၊ "ယဒါ ပန မာတိကာပရိယောသာနာ ပရိယတ္တိ သဗ္ဗသော အန္တရဓာယတိ"လို့ ပြထားပါတယ်၊ ယဒါ အကြင်အခါ၌၊ မာတိကာပရိယောသာနာ မာတိကာအဆုံးရှိသော၊ ပရိယတ္တိ ပိဋကတ်သုံးပုံ ပရိယတ်တရားတော်သည်၊ သဗ္ဗသော အခြင်းခပ်သိမ်း၊ အန္တရဓာယတိ ကွယ်လေ၏ တဲ့။

ပရိယတ္တိသာသနာ ကွယ်တဲ့အခါမှာ အဘိဓမ္မာနှင့် သုတ္တန်က အလျှင်ကွယ်ပါတယ်၊ ဝိနည်းက နောက်မှ ကွယ်ပါတယ်၊ ဝိနည်းပိဋကတ်မှာလဲ မာတိကာဆိုတဲ့ ပါတိမောက်က နောက်ဆုံးမှ ကွယ်ပါတယ်၊ အဲဒီ ပါတိမောက် မာတိကာကွယ်သွားလျှင်တော့ ပရိယတ္တိသာသနာ လုံးလုံး ကွယ်တော့တာပါပဲ၊ သုတယုဂ်ဆိုတာလဲ အဲဒီ အခါမှာမှ ကွယ်တယ်လို့ ဆိုလိုပါတယ်၊ ဒါကြောင့် "မာတိကာပရိယောသာနာ မာတိကာလျှင် နောက်ဆုံးရှိသော ပရိယတ်တရားတော်အားလုံးကွယ်တဲ့အခါမှာ" လို့ ပြဆိုထားပါတယ်၊ အဲဒီလို ပရိယတ်တရားတော် လုံးလုံးကွယ်သွားတဲ့ နောက်မှာ ဝိမုတ္တိယုဂ တစ်ဖန်ဖြစ်နိုင်မည်, မဖြစ်နိုင်မည်ကို ဒီနေရာမှာ ဆင်ခြင်ကြည့်ဖို့ပါပဲ။

အဲဒီလို သုတယုဂ် ကွယ်သွားတဲ့အခါမှာ ဘာတွေသာရှိနေမလဲဆိုလျှင် "တတော ပဋ္ဌာယ ထိုသုတယုဂ်ကွယ်သောကာလမှစ၍၊ လိင်္ဂမတ္တမေဝ အဝသိဿတိ ရဟန်း၏အသွင်အပြင်မျှ ရဟန်းတု ရဟန်းယောင်မျှသာလျှင် ကျန်နေပါတော့မယ်"တဲ့၊ ရဟန်းတု ရဟန်းယောင်တွေက ဘာတွေလုပ်ကြမလဲဆိုလျှင် ယထာတထံ သံဟရိတွာ ဟုတ်ဟုတ်ညားညား ရရာနည်းဖြင့် ပစ္စည်းစု၍၊ ဒါနမုခေန ဝိဘဇေန္တိ ဒါနကုသိုလ်လောက်သာ အမွန်အမြတ်ပြုလျက် စွန့်ကြဲ ပေးလှူကြပါလိမ့်မယ်"တဲ့၊ ဒါဟာ ဒါနယုဂအထိ ဆုတ်ယုတ်ပုံကိုပြတဲ့ အဋ္ဌကထာစကားပါပဲ။

ဘုရားတပည့်တော်တို့၏ထေရဝါဒဂိုဏ်း သာသနာအစဉ်နှင့် ပြောရမယ် ဆိုလျှင် "သုတယုဂ ကုန်ခဲ့ပြီ, ဒါနယုဂရောက်ခဲ့ပြီ၊ ရောက်နေပြီ"လို့ ဘယ်နည်းနှင့်မျှ မယူဆ မပြောဆိုနိုင်ပါဘူး၊ ဘာကြောင့်တုံးဆိုလျှင် ပိဋကသုံးပုံ ပရိယတ်တရားတွေဟာ ထေရဝါဒသာသနာ အစဉ်အဆက် ဘယ်တော့ကမှ မကွယ်ခဲ့ပါဘူး၊ ယခုလဲ နိကာယ်ငါးရပ် ပိဋကသုံးပုံ အပြည့်အစုံ အကုန်တည်ရှိနေပါတယ်၊ ကောင်းကောင်း တတ်သိတဲ့ ပုဂ္ဂိုလ်တွေလဲ အများကြီးပဲ ရှိနေကြပါတယ်၊ ဒါကြောင့် သုတယုဂ ကွယ်ခဲ့ပြီလို့ပင် မဆိုနိုင်ပါ၊ ဒါန

ယုဂ ရောက်ခဲ့ပြီ, ရောက်နေပြီလို့တော့ ဘယ်မှာ ဆိုနိုင်ပါတော့မည်နည်း?

ဒါကြောင့် သာသနာငါးထောင်ဆိုတဲ့ အပိုင်းအခြားကို တိုက်ရိုက်ပြထားတဲ့ ဝိနည်းအဋ္ဌကထာ, ဒီဃ, သံယုတ္တ, အင်္ဂုတ္တရ နိကာယ် အဋ္ဌကထာများအတိုင်းသာ ယုဂဆ ပြောဆိုသင့်ပါတယ်၊ တိုက်ရိုက်လဲ မပြ, သေလဲ မသေချာတဲ့ ထေရဂါထာအဋ္ဌကထာမှာ ယုဂငါးပါးနှင့်တော့ ပြောဆိုရန် သင့်မည်မထင်ပါ။ (မဟာစည် ဝိနယဝိနိစ္ဆယသင်္ဂဟ၊ ဝိနည်းစစ်တမ်း၊ ၂၁၄ ၂၁၈။)

* * * * *

## ဗုဒ္ဓ ၄ မျိုး

၁။ သဗ္ဗညုဗုဒ္ဓ ပါရမီသုံးဆယ်တို့ကို ဖြည့်ကျင့်ပြီးလျှင် သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်လျက် သိစရာဟူသမျှကို သိတော်မူသော သဗ္ဗညုဘုရားရှင်၊

၂။ ပစ္စေကဗုဒ္ဓ နှစ်အသင်္ချေနှင့်ကမ္ဘာတစ်သိန်းတို့ပတ်လုံး ပါရမီတို့ကို ဖြည့်ကျင့်လျက် ကိုယ်တော်တိုင် သစ္စာလေးပါးတရားတို့ကို သိတော်မူသောပစ္စေကဗုဒ္ဓါ၊

၃။ စတုသစ္စဗုဒ္ဓ သစ္စာလေးပါးတရားကို သိတော်မူသော ရဟန္တာ၊

၄။ သုတဗုဒ္ဓ ကျမ်းဂန်အကြားအမြင် ဗဟုသုတရှိသော ပုဂ္ဂိုလ်။

စတ္တာရော ဟိ ဗုဒ္ဓါ သဗ္ဗညုဗုဒ္ဓေါ ပစ္စေကဗုဒ္ဓေါ စတုသစ္စဗုဒ္ဓေါ သုတဗုဒ္ဓေါတိ။ တတ္ထ သမတိံသ ပါရမိယော ပူရေတွာ သမ္မာသမ္ဗောဓိံ ပတ္တော သဗ္ဗညုဗုဒ္ဓေါ နာမ။ ကပ္ပသတသဟဿာဓိကာနိ ဒွေ အသင်္ချေယျာနိ ပါရမိယော ပူရေတွာ သယမ္ဘုတံ ပတ္တော ပစ္စေကဗုဒ္ဓေါ နာမ။ အဝသေသာ ခီဏာသဝါ စတုသစ္စဗုဒ္ဓါ နာမ။ ဗဟုဿုတော သုတဗုဒ္ဓေါ နာမ။ (သံ၊ ဋ္ဌ၊ ၁၊ ၂၄။)

စတ္တာရော ဟိ ဗုဒ္ဓါ သုတဗုဒ္ဓေါ စတုသစ္စဗုဒ္ဓေါ ပစ္စေကဗုဒ္ဓေါ သဗ္ဗညုဗုဒ္ဓေါတိ။ တတ္ထ ဗဟုဿုတော ဘိက္ခု သုတဗုဒ္ဓေါ နာမ။ ခီဏာသဝေါ စတုသစ္စဗုဒ္ဓေါ နာမ။ ကပ္ပသတသဟဿာဓိကာနိ ဒွေ အသင်္ချေယျာနိ ပါရမိယော ပူရေတွာ သာမံ ပဋိဝိဒ္ဓ ပစ္စေကဗောဓိဉာဏော ပစ္စေကဗုဒ္ဓေါ နာမ။ ကပ္ပသတသဟဿာဓိကာနိ စတ္တာရိ ဝါ အဋ္ဌ ဝါ သောဠသ ဝါ အသင်္ချေယျာနိ ပါရမိယော ပူရေတွာ တိဏ္ဏံ မာရာနံ မတ္ထကံ မဒ္ဒိတွာ ပဋိဝိဒ္ဓသဗ္ဗညုတဉာဏော သဗ္ဗညုဗုဒ္ဓေါ နာမ။ (အံ၊ ဋ္ဌ၊ ၁၊ ၈၉ ၉၀။)

ဥဒါန်းအဋ္ဌကထာ၌ကား

(၁) သာဝကဗုဒ္ဓ သစ္စာလေးပါးသိပြီးသော တပည့်သာဝက။

(၂) ပစ္စေကဗုဒ္ဓ ပစ္စေကဗုဒ္ဓါ။

(၃) သမ္မာသမ္ဗုဒ္ဓ မဖောက်မပြန် ကိုယ်တော်တိုင် သစ္စာလေးပါးသိတော်မူသော ဘုရားရှင်။

ဗုဒ္ဓါတိ စတုသစ္စသမ္ဗောဓေန ဗုဒ္ဓါ။ တေ စ ပန သာဝကဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ သမ္မာသမ္ဗုဒ္ဓါတိ တိဝိဓာ။ (ဥဒါန၊ ဋ္ဌ၊ ၅၃။)

၁၃၆၃ ခု နတ်တော်လပြည့်ကျော် ၉ ရက် (၂၀၀၂ ခု ဇန္နဝါရီလ ၈ ရက်)အင်္ဂါနေ့ နံနက် ၁၀ နာရီတိတိအချိန်တွင် ဤ"ပိဋကတ်တော်နှင့်စပ် မှတ်စုထွေလာ သိကောင်းစရာကျမ်း"ကို အပြီးသတ်သတည်း။

* * * * * * *

## ဤကျမ်းနိဂုံး ပြီးအဆုံး ဆုသုံးအမျှဝေ

(၁) အမေရိက၊ ခေါ်တွင်ထ၊ ရှုပြည်ကြီးမှာ။
(၂) ကယ်လီဖိုးနီးယား၊ ပြည်နယ်ကား၊ ထင်ရှား လှလေပါ။
(၃) ပင်လယ်ကွေ့ဘေး၊ တည်ကာမှေး၊ ချမ်းအေးလှသည့်တာ။
(၄) လခြမ်းသဏ္ဌာန်၊ တည်နေဟန်၊ နက်မှန် ယူ၍သာ။
(၅) ဟာ့မွန်းဗေးမြို့၊ သရေပျို့၊ ငါတို့တည်နေရာ။
(၆) ထိုမြို့အနီး၊ ကျောင်းတော်ကြီး၊ နယ်သီးထင်ရှားစွာ။
(၇) ဓမ္မာနန္ဒ၊ ဝိဟာရ၊ မည်ရ ကျောင်းတော်သာ။
(၈) သီလနောက်က၊ အာနန္ဒ၊ ထေရမြတ်ဆရာ။
(၉) သူတော်ဓလေ့၊ လွန်ပျော်မွေ့၊ နေလေ့ ကြာမြင့်စွာ။
(၁၀) ဆရာသခင်၊ ကျေးဇူးရှင်၊ ငါလျှင် မှီခိုခါ။
(၁၁) ဇောတာလင်္ကာရမည်၊ ငါမထေရ်၊ ပြုသည် ဤကျမ်းစာ။
(၁၂) ဝါလေးဆယ့်လေး၊ ရောက်တုံသေး၊ ကျမ်းရေး ပြီးသည်သာ။
(၁၃) ပိဋကသုံးသွယ်၊ မှတ်သားဖွယ်၊ ရွေးချယ် ထုတ်နုတ်ကာ။
(၁၄) ဆရာအများ၊ မိန့်စကား၊ စုငြား တင်ပြပါ။
(၁၅) ဝိနည်းသုတ္တန်၊ ဘိဓမ္မ၊ သိရန် မှတ်ဖွယ်ပါ။
(၁၆) ပိဋကတ်တော်နှင့်စပ်၊ မှတ်စုထွေလာ၊ သိကောင်းစရာ ဟု၊ မည်သာပညတ်၊ သမုတ်လတ်၊ ခေါ်အပ် ကြစေရာ။
(၁၇) ရဟန်းရှင်လူ၊ ခပ်သိမ်းသူ၊ မှတ်ယူနိုင်ဖို့ရာ။
(၁၈) ကျမ်းကိုးကျမ်းကား၊ ချန်မထား၊ ထင်ရှား ဖော်ပြပါ။
(၁၉) တစ်ထောင့်ရာသုံး၊ ခြောက်ဆယ့်သုံး၊ ခေါ်သုံး မြန်ကောဇာ။
(၂၀) နတ္တော်လတွက်၊ ဆုတ်ကိုးရက်၊ နံနက် နေ့အင်္ဂါ။
(၂၁) တိကျချိန်မှီ၊ ဆယ်နာရီ၊ အတည် ပြီးစီးပါ။
(၂၂) ဤကျမ်းပြုစု၊ မြတ်ကောင်းမှု၊ တောင်းဆု ပတ္ထနာ။
(၂၃) ထက်မြက်, လျင်မြန်၊ ပဋိဘာန်၊ နက်ဉာဏ် မျှော်ခေါ်ပါ။
(၂၄) သူမေးသမျှ၊ ဖြေနိုင်ရ၊ တောင့်တ ဉာဏ်မဟာ။
(၂၅) ထိုဉာဏ်စွမ်းတွက်၊ မာန်မတက်၊ ဖြည့်စွက်နိုင်ဖို့ပါ။
(၂၆) သင်ကြားသမျှ၊ မှတ်သမျှ၊ ဘယ်မျှ မမေ့ရာ။
(၂၇) လိုအပ်ချိန်မူ၊ လွယ်တကူ၊ ဉာဏ်ယူ သုံးဖို့ပါ။
(၂၈) အဆုံးဘဝ၊ မြတ်ဗုဒ္ဓ၊ ဆုံကြသောအခါ။
(၂၉) သမာပတ်ရှစ်အင်၊ ခြောက်ဘိညာဉ်၊ လေးလျှင် သမ္ဘိဒါ။
(၃၀) ပြည့်စုံမှုကို၊ တောင်းဆုဆို၊ ဖြစ်လို ရဟန္တာ။
(၃၁) ဤစာရေးသား၊ ကောင်းမှုများ၊ ဝေငြား ဖို့ဘာဂါ။
(၃၂) သတ္တဝါအထု၊ ရှင်ကြည်မှု၊ သာဓု ခေါ်စေရာ။
အမျှ...အမျှ...အမျှ.....သာဓု...သာဓု...သာဓု...။

## ကိုးကားသော ကျမ်းဂန်များ


**ပါဠိတော်များ...**

၁။ ပါရာဇိကဏ်ပါဠိတော် (ဝိ၊ ၁၊)
၂။ ပါစိတ်(ပါစိတ္တိယ)ပါဠိတော် (ဝိ၊ ၂၊)
၃။ ဝိနည်းမဟာဝါ(မဟာဝဂ္ဂ)ပါဠိတော် (ဝိ၊ ၃၊)
၄။ စူဠဝါ(စူဠဝဂ္ဂ)ပါဠိတော် (ဝိ၊ ၄၊)
၅။ ပရိဝါ(ပရိဝါရ)ပါဠိတော် (ဝိ၊ ၅၊)
၆။ သီလက္ခန်(သီလက္ခန္ဓဝဂ္ဂ)ပါဠိတော် (ဒီ၊ ၁၊)
၇။ သုတ်မဟာဝါ(မဟာဝဂ္ဂ)ပါဠိတော် (ဒီ၊ ၂၊)
၈။ ပါထေယျ(ပါထိကဝဂ္ဂ)ပါဠိတော် (ဒီ၊ ၃၊)
၉။ မူလပဏ္ဏာသပါဠိတော် (မ၊ ၁၊)
၁၀။ မဇ္ဈိမပဏ္ဏာသပါဠိတော် (မ၊ ၂၊)
၁၁။ ဥပရိပဏ္ဏာသပါဠိတော် (မ၊ ၃၊)
၁၂။ သဂါထာဝဂ္ဂ, နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် (သံ၊ ၁၊)
၁၃။ ခန္ဓဝဂ္ဂ, သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် (သံ၊ ၂၊)
၁၄။ မဟာဝဂ္ဂသံယုတ်ပါဠိတော် (သံ၊ ၃၊)
၁၅။ ဧကက, ဒုက, တိက, စတုက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် (အံ၊ ၁၊)
၁၆။ ပဉ္စက, ဆက္က, သတ္တကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် (အံ၊ ၂၊)
၁၇။ အဋ္ဌက, နဝက, ဒသက, ဧကာဒသကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် (အံ၊ ၃၊)
၁၈။ ခုဒ္ဒကပါဌ, ဓမ္မပဒ, ဥဒါန်း(ဥဒါန), ဣတိဝုတ်(ဣတိဝုတ္တက), သုတ္တနိပါတ်(သုတ္တနိပါတ)ပါဠိတော် (ခု၊ ၁၊)
၁၉။ ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရဂါထာ, ထေရီဂါထာ ပါဠိတော် (ခု၊ ၂၊)
၂၀။ အပဒါန်(အပဒါန)ပါဠိတော် ပဌမအုပ် (ခု၊ ၃၊)
၂၁။ အပဒါန်ပါဠိတော် ဒုတိယအုပ် [ဗုဒ္ဓဝင်(ဗုဒ္ဓဝံသ), စရိယာပိဋကပါဠိတော်] (ခု၊ ၄၊)
၂၂။ ဇာတက(ဇာတ်)ပါဠိတော် ပဌမအုပ် (ခု၊ ၅၊)
၂၃။ ဇာတကပါဠိတော် ဒုတိယအုပ် (ခု၊ ၆၊)
၂၄။ မဟာနိဒ္ဒေသပါဠိတော်
၂၅။ မိလိန္ဒပဉှ
၂၆။ ဓမ္မသင်္ဂဏီပါဠိတော် (အဘိ၊ ၁၊)
၂၇။ ဝိဘင်း(ဝိဘင်္ဂ)ပါဠိတော် (အဘိ၊ ၂၊)
၂၈။ ပုဂ္ဂလပညတ်(ပုဂ္ဂလပညတ္တိ)ပါဠိတော် (အဘိ၊ ၄၊)

**အဋ္ဌကထာကျမ်းများ....**

၁။ ပါရာဇိကဏ်အဋ္ဌကထာ ပဌမအုပ် (ဝိ၊ ဋ္ဌ၊ ၁၊)
၂။ ပါရာဇိကဏ်အဋ္ဌကထာ ဒုတိယအုပ် (ဝိ၊ ဋ္ဌ၊ ၂၊)
၃။ ပါစိတျာဒိအဋ္ဌကထာ (ဝိ၊ ဋ္ဌ၊ ၃၊)
၄။ စူဠဝဂ္ဂါဒိအဋ္ဌကထာ (ဝိ၊ ဋ္ဌ၊ ၄၊)
၅။ ဝိနယသင်္ဂဟအဋ္ဌကထာ
၆။ ကင်္ခါဝိတရဏီအဋ္ဌကထာ
၇။ သီလက္ခန်အဋ္ဌကထာ (ဒီ၊ ဋ္ဌ၊ ၁၊)

၈။ သုတ်မဟာဝါအဋ္ဌကထာ (ဒီ၊ ဋ္ဌ၊ ၂၊)
၉။ ပါထေယျအဋ္ဌကထာ (ဒီ၊ ဋ္ဌ၊ ၃၊)
၁၀။ မူလပဏ္ဏာသအဋ္ဌကထာ ပဌမအုပ် (မ၊ ဋ္ဌ၊ ၁၊)
၁၁။ မူလပဏ္ဏာသအဋ္ဌကထာ ဒုတိယအုပ် (မ၊ ဋ္ဌ၊ ၂၊)
၁၂။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ (မ၊ ဋ္ဌ၊ ၃၊)
၁၃။ ဥပရိပဏ္ဏာသအဋ္ဌကထာ (မ၊ ဋ္ဌ၊ ၄၊)
၁၄။ သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ (သံ၊ ဋ္ဌ၊ ၁၊)
၁၅။ နိဒါနဝဂ္ဂ, ခန္ဓဝဂ္ဂ သံယုတ်အဋ္ဌကထာ (သံ၊ ဋ္ဌ၊ ၂၊)
၁၆။ သဠာယတနဝဂ္ဂ, မဟာဝဂ္ဂ သံယုတ်အဋ္ဌကထာ (သံ၊ ဋ္ဌ၊ ၃၊)
၁၇။ အင်္ဂုတ္တိုရ်အဋ္ဌကထာ ပဌမအုပ် (အံ၊ ဋ္ဌ၊ ၁၊)
၁၈။ အင်္ဂုတ္တိုရ်အဋ္ဌကထာ ဒုတိယအုပ် (အံ၊ ဋ္ဌ၊ ၂၊)
၁၉။ အင်္ဂုတ္တိုရ်အဋ္ဌကထာ တတိယအုပ် (အံ၊ ဋ္ဌ၊ ၃၊)
၂၀။ ခုဒ္ဒကပါဌအဋ္ဌကထာ
၂၁။ ဓမ္မပဒအဋ္ဌကထာ ပဌမအုပ် (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊)
၂၂။ ဓမ္မပဒအဋ္ဌကထာ ဒုတိယအုပ် (ဓမ္မပဒ၊ ဋ္ဌ၊ ၂၊)
၂၃။ ဥဒါန်း(ဥဒါန)အဋ္ဌကထာ
၂၄။ ဣတိဝုတ်အဋ္ဌကထာ
၂၅။ သုတ္တနိပါတ်အဋ္ဌကထာ ပဌမအုပ် (သုတ္တနိ၊ ဋ္ဌ၊ ၁၊)
၂၆။ သုတ္တနိပါတ်အဋ္ဌကထာ ဒုတိယအုပ် (သုတ္တနိ၊ ဋ္ဌ၊ ၂၊)
၂၇။ ဝိမာနဝတ္ထုအဋ္ဌကထာ
၂၈။ ပေတဝတ္ထုအဋ္ဌကထာ
၂၉။ ထေရဂါထာအဋ္ဌကထာ ပဌမအုပ် (ထေရဂါထာ၊ ဋ္ဌ၊ ၁၊)
၃၀။ ထေရဂါထာအဋ္ဌကထာ ဒုတိယအုပ် (ထေရဂါထာ၊ ဋ္ဌ၊ ၂၊)
၃၁။ ထေရီဂါထာအဋ္ဌကထာ
၃၂။ ထေရာပဒါန်အဋ္ဌကထာ ပဌမအုပ် (အပ၊ ဋ္ဌ၊ ၁၊)
၃၃။ ထေရာပဒါန်အဋ္ဌကထာ ဒုတိယအုပ် (အပ၊ ဋ္ဌ၊ ၂၊)
၃၄။ ထေရီအပဒါန်အဋ္ဌကထာ
၃၅။ ဗုဒ္ဓဝံသအဋ္ဌကထာ
၃၆။ စရိယာပိဋကအဋ္ဌကထာ
၃၇။ ဇာတ်အဋ္ဌကထာ ပဌမအုပ် (ဇာ၊ ဋ္ဌ၊ ၁၊)
၃၈။ ဇာတ်အဋ္ဌကထာ ဒုတိယအုပ် (ဇာ၊ ဋ္ဌ၊ ၂၊)
၃၉။ ဇာတ်အဋ္ဌကထာ တတိယအုပ် (ဇာ၊ ဋ္ဌ၊ ၃၊)
၄၀။ ဇာတ်အဋ္ဌကထာ စတုတ္ထအုပ် (ဇာ၊ ဋ္ဌ၊ ၄၊)
၄၁။ ဇာတ်အဋ္ဌကထာ ပဉ္စမအုပ် (ဇာ၊ ဋ္ဌ၊ ၅၊)
၄၂။ ဇာတ်အဋ္ဌကထာ ဆဋ္ဌအုပ် (ဇာ၊ ဋ္ဌ၊ ၆၊)
၄၃။ ဇာတ်အဋ္ဌကထာ သတ္တမအုပ် (ဇာ၊ ဋ္ဌ၊ ၇၊)
၄၄။ မဟာနိဒ္ဒေသအဋ္ဌကထာ
၄၅။ အဋ္ဌသာလိနီအဋ္ဌကထာ=ဓမ္မသင်္ဂဏီအဋ္ဌကထာ (အဘိ၊ ဋ္ဌ၊ ၁၊)
၄၆။ သမ္မောဟဝိနောဒနီအဋ္ဌကထာ=သမ္မောအဋ္ဌကထာ=ဝိဘင်းအဋ္ဌကထာ (အဘိ၊ ဋ္ဌ၊ ၂၊)
၄၇။ ပဉ္စပကရဏအဋ္ဌကထာ=ပဉ္စမကြိုဏ်အဋ္ဌကထာ (အဘိ၊ ဋ္ဌ၊ ၃၊)
၄၈။ ဝိသုဒ္ဓိမဂ်(ဝိသုဒ္ဓိမဂ္ဂ)အဋ္ဌကထာ

၄၉။ ခုဒ္ဒသိက္ခာ, မူလသိက္ခာ
၅၀။ ဝိနယဝိနိစ္ဆယ, ဥတ္တရဝိနိစ္ဆယ
၅၁။ သာရသင်္ဂဟအဋ္ဌကထာ

ဋီကာကျမ်းများ....
၁။ ဝဇိရဗုဒ္ဓိဋီကာ
၂။ သာရတ္ထဒီပနီဋီကာ ပဌမအုပ် (သာရတ္ထ၊ ၁၊)
၃။ သာရတ္ထဒီပနီဋီကာ ဒုတိယအုပ် (သာရတ္ထ၊ ၂၊)
၄။ သာရတ္ထဒီပနီဋီကာ တတိယအုပ် (သာရတ္ထ၊ ၃၊)
၅။ ဝိမတိဝိနောဒနီဋီကာ ပဌမအုပ် (ဝိမတိ ၊ ၁၊)
၆။ ဝိမတိဝိနောဒနီဋီကာ ဒုတိယအုပ် (ဝိမတိ၊ ၂၊)
၇။ ကင်္ခါဋ္ဌကာဟောင်း, ဋီကာသစ် (ကင်္ခါဝိတရဏီ, ပုရာဏ အဘိနဝဋီကာ)
၈။ ခုဒ္ဒသိက္ခာဋီကာဟောင်း, ဋီကာသစ်
၉။ ဝိနယဝိနိစ္ဆယဋီကာ ပဌမအုပ် (ဝိနိစ္ဆယ၊ ဋီ၊ ၁၊)
၁၀။ ဝိနယဝိနိစ္ဆယဋီကာ ဒုတိယအုပ် [ဥတ္တရဝိနိစ္ဆယ ပါ] (ဝိနိစ္ဆယ၊ ဋီ၊ ၂၊)
၁၁။ သီလက္ခန္ဓဝဂ္ဂဋီကာ (သီလက္ခန်ဋီကာဟောင်း) (ဒီ၊ ဋီ၊ ၁၊)
၁၂။ သီလက္ခန်ဋီကာသစ် (သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ ပဌမအုပ် (သီလက္ခန်၊ ဋီသစ်၊ ၁၊)
၁၃။ သီလက္ခန်ဋီကာသစ် ဒုတိယအုပ် (သီလက္ခန်၊ ဋီသစ်၊ ၂၊)
၁၄။ မဟာဝါ(မဟာဝဂ္ဂ)ဋီကာ (ဒီ၊ ဋီ၊ ၂၊)
၁၅။ ပါထေယျ(ပါထိကဝဂ္ဂ)ဋီကာ (ဒီ၊ ဋီ၊ ၃၊)
၁၆။ မူလပဏ္ဏာသဋီကာ (မ၊ ဋီ၊ ၁၊)
၁၇။ မဇ္ဈိမပဏ္ဏာသဋီကာ (မ၊ ဋီ၊ ၂၊)
၁၈။ ဥပရိပဏ္ဏာသဋီကာ (မ၊ ဋီ၊ ၃၊)
၁၉။ သံယုတ်ဋီကာ ပဌမအုပ် (သံ၊ ဋီ၊ ၁၊)
၂၀။ သံယုတ်ဋီကာ ဒုတိယအုပ် (သံ၊ ဋီ၊ ၂၊)
၂၁။ သဠာယတနဝဂ္ဂ, မဟာဝဂ္ဂသံယုတ်ဋီကာ တတိယအုပ် (သံ၊ ဋီ၊ ၃၊)
၂၂။ အင်္ဂုတ္တိုရ် (အင်္ဂုတ္တိုရ်)ဋီကာ ပဌမအုပ် (အံ၊ ဋီ၊ ၁၊)
၂၃။ အင်္ဂုတ္တိုရ်ဋီကာ ဒုတိယအုပ် (အံ၊ ဋီ၊ ၂၊)
၂၄။ အင်္ဂုတ္တိုရ်ဋီကာ တတိယအုပ် (အံ၊ ဋီ၊ ၃၊)
၂၅။ ဓိနာလင်္ကာရဋီကာ
၂၆။ သုဗောဓာလင်္ကာရဋီကာ
၂၇။ နမက္ကာရဋီကာ

ပါဠိတော်နိဿယ, အဋ္ဌကထာနိဿယ, မြန်မာဘာသာပြန်များ....
၁။ ပါရာဇိကဏ်ဘာသာဋီကာများ
၂။ ပါစိတ်ဘာသာဋီကာ
၃။ ဝိနည်းမဟာဝါပါဠိတော်နိဿယ
၄။ ဝိနည်းမဟာဝါပါဠိတော်မြန်မာပြန်
၄။ ဝိနည်းမဟာဝါဘာသာဋီကာ ပဌမအုပ်, ဒုတိယအုပ်
၅။ စူဠဝါဘာသာဋီကာ
၆။ ပရိဝါဘာသာဋီကာ

၇။ ခုဒ္ဒသိက္ခာနိသျ (ဆရာတော် ဦးဖုမ်)
၈။ ခုဒ္ဒသိက္ခာဘာသာဋီကာ
၉။ ကင်္ခါဘာသာဋီကာ
၁၀။ ပါတိမောက်ဘာသာဋီကာ
၁၁။ သီလက္ခန်ဘာသာဋီကာများ
၁၂။ သုတ်မဟာဝါဘာသာဋီကာများ
၁၃။ သုတ်မဟာဝါပါဠိတော်နိဿယ
၁၄။ အင်္ဂုတ္တိုရ်ပါဠိတော်နိဿယများ
၁၅။ ဥဒါန်းပါဠိတော်မြန်မာပြန်
၁၆။ ထေရာပဒါန်ပါဠိတော်မြန်မာပြန် ပဌမအုပ်
၁၇။ ထေရီအပဒါန်ပဠိတော်မြန်မာပြန် ဒုတိယအုပ်
၁၈။ ဗုဒ္ဓဝံသပါဠိတော်မြန်မာပြန်
၁၉။ အဋ္ဌသာလိနီဘာသာဋီကာများ
၂၀။ သမ္မောဟဝိနောဒနီဘာသာဋီကာများ
၂၁။ သင်္ဂြိုဟ်ဘာသာဋီကာ
၂၂။ ကလျာဏီကျောက်စာပါဠိ, နိဿယ
၂၃။ စလင်း ပရိတ်ကြီးနိဿယ
၂၄။ သပြေကန် ပရိတ်ကြီးနိဿယသစ်

ဝိနိစ္ဆယကျမ်းများနှင့် အခြားကျမ်းဂန်အထွေထွေ...
၁။ မဟာဗုဒ္ဓဝင်အတွဲစုံ (၈ တွဲ)
၂။ ပုံတော်စုံ ငါးရာငါးဆယ် ဇာတ်ဝတ္ထု ၅ တွဲ
၃။ ဇာတ်တော်ကြီးဆယ်ဘွဲ့ ၂ တွဲ
၄။ ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး ၂ တွဲ
၅။ ဇိနတ္ထပကာသနီကျမ်း
၆။ သမန္တစက္ခုဒီပနီကျမ်း
၇။ ပိဋကလမ်းညွှန် ပ+ဒု ၂ တွဲ
၈။ တိပိဋကနိတိ
၉။ သာသနဝိသောဓနီ
၁၀။ ဝိနယသံခိပ်ကျမ်း
၁၁။ စလင်းဂဏ္ဌိ နှစ်တွဲ
၁၂။ တိပေဋကဝိနိစ္ဆယ ဒုတိယတွဲ
၁၃။ ဝိနယသမုဟဝိနိစ္ဆယ ပဌမတွဲ
၁၄။ ဝိနယဂဏ္ဌိဠာနဝိနိစ္ဆယကျမ်း
၁၅။ မဟာဝိသုတာရာမ ဝိနိစ္ဆယပေါင်းချုပ်
၁၆။ ဝိနည်းဖြတ်ထုံး (သီးလုံးဆရာတော်)
၁၇။ ဝိနယဂုဠ္ဌတ္ထဒီပနီ
၁၈။ ပရိဝါသ မာနတ္တာဒိဝိနိစ္ဆယ
၁၉။ မဟာစည် ဝိနယဝိနိစ္ဆယသင်္ဂဟ
၂၀။ မဟာစည် ဓမ္မဒေသနာဆောင်ပုဒ်များ
၂၁။ ဗုဒ္ဓသာသနိကပဌဝီဝင်ကျမ်းကြီး

၂၂။ ဝိသုဒ္ဓါရုံ အဆုံးအဖြတ်
၂၃။ သဗ္ဗမင်္ဂလ ဓမ္မဒေသနာ
၂၄။ ဝိနည်းငယ်လေးစောင်ပါဠ်နှင့် ဝိနယကောသလ္လကျမ်း
၂၅။ သုတေသနသရုပ်ပြအဘိဓာန်
၂၆။ ရတနာ့ဂုဏ်ရည်
၂၇။ ဓမ္မာနန္ဒဝတ်ရွတ်စဉ်
၂၈။ သုံးပုံတံချူကျမ်း
၂၉။ ကမ္မာကမ္မနိဒါန်း
၃၀။ ကျီးသဲလေးထပ်ဆရာတော်၏ "ဘုရားကိုးဆူ ပူဇော်နည်း"
၃၁။ တထာဂတုပ္ပတ္တိ
၃၂။ ပဌမအဘယာရာမဆရာတော်ဘုရားကြီး၏နှစ်တရာပြည့်စာတမ်း
၃၃။ ဓမ္မအလင်္ကာ ပဒေသာ
၃၄။ သိမ်သင်တန်း
၃၅။ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်
၃၆။ သတပဒီကပ္ပစ္စာဝိသဇ္ဇနာကျမ်း
၃၇။ ဝဇိရပ္ပမဗျာကရဏကျမ်း
၃၈။ အဂ္ဂမဟာပဏ္ဍိတ အဘယာရာမဆရာတော်ဘုရားကြီးပြင်ဆင်အပ်သော (၃၅)ခဏ်း ကမ္မဝါစာ
၃၉။ မင်းကွန်း တိပိဋကရေမူ (၃၇)ခန်း ကမ္မဝါစာ
၄၀။ ကိုးဆောင် ကံဆောင်ကမ္မဝါစာ
၄၁။ အဘယာရာမလေးခဏ်း ကမ္မဝါစာ
၄၂။ မဟာစည် ဥပသမ္ပဒကမ္မဝါစာ
၄၃။ ကထိနတ္တာရစာတန်း (ပြည်မြို့ လယ်တီတောရဆရာတော် ဦးဉာဏ)
၄၄။ မြတ်မင်္ဂလာ ဘာသာရေးဩဝါဒများ
၄၅။ အဘိဓာန်(အဘိဓါနပ္ပဒီပိကာ)
၄၆။ အဘိဓာနပ္ပဒီပိကာဋီကာ
၄၇။ တိပိဋက ပါဠိ မြန်မာ အဘိဓာန် က ဝဂ်၊ အတွဲ ၅
၄၈။ ဦးဟုတ်စိန် ပါဠိမြန်မာ အဘိဓါန်ကျမ်းကြီး
၄၉။ ဦးဟုတ်စိန် မြန်မာ အင်္ဂလိပ် ပါဠိ အဘိဓာန်
၅၀။ ENGLISH-ENGLISH/MYANMAR DICTIONARY
၅၁။ မြန်မာ အင်္ဂလိပ် အဘိဓာန် MYANMAR-ENGLISH DICTIONARY
၅၂။ CONCISE PALI-ENGLISH DICTIONARY BY BUDDHADATTA MAHATHERA
၅၃။ A DICTIONARY OF THE PALI LANGUAGE BY ROBERT CAESAR CHILDERS
၅၄။ PALI-ENGLISH DICTIONARY BY RHYS DAVUDS AND STADE
၅၅။ THE PRACTICAL SANSKRIT ENGLISH DICTIONARY BY V.S. APTE
၅၆။ SANSKRIT ENGLISH DICTIONARY BY M. MONIER-WILLIAMS

# ဤကျမ်းစာပုံနှိပ်ထုတ်ဝေရန် အလှူရှင်များစာရင်း

| | အလှူရှင်အမည် | နေရပ် | အလှူငွေ |
|---|---|---|---|
| ၁ | Kung Spinuch Pongsavas | La Verne, California, U.S.A. | ကျပ် ၁၆၈၀,၀၀၀ |
| ၂ | Kwang-ne Chun | Kawasaki-Shi, JAPAN | ကျပ် ၈၄၀,၀၀၀ |
| ၃ | Otakihiroko & Group | Tokyo, JAPAN | ကျပ် ၆၄၀,၉၂၀ |
| ၄ | ဒေါ်သန်းကြည် | ဖလော်ရီဒါ၊ ဟာ့မွန်ဘေးမြို့၊ အမေရိကန်နိုင်ငံ | ကျပ် ၄၂၀,၀၀၀ |
| ၅ | Steven Shwe's birthday Parents, Richard Shwe & Alma Shwe | Sunnyvale, U.S.A. | ကျပ် ၄၂၀,၀၀၀ |
| ၆ | အတွေးအခေါ်ပညာရှင်များ အုပ်စုနှင့် ဦးရေချမ်း | South San Francisco, California, U.S.A. | ကျပ် ၂၄၇,၉၄၀ |
| ၇ | Don Johnson | Montara, California, U.S.A. | ကျပ် ၁၆၈,၀၀၀ |
| ၈ | Ko Khin Min @ Chen, Philip Min, San San & Family | Daly City, California, U.S.A. | ကျပ် ၁၆၁,၀၀၀ |
| ၉ | U Tin Aye, U Saw Wah Kho & U Kyi Hsann | Fort Wayne, Indiana, U.S.A. | ကျပ် ၁၂၉,၆၀၀ |
| ၁၀ | ဦးကျော်ငြိမ်း+ဒေါ်ညွှန့်ညွှန့်မိသားစု | ပုသိမ်မြို့၊ ရေဝတီတိုင်း၊ မြန်မာပြည် | ကျပ် ၁၀၀,၀၀၀ |
| ၁၁ | U Aung Khaing & Daw Jinny Family | Newark, California, U.S.A. | ကျပ် ၁၀၀,၀၀၀ |
| ၁၂ | မိဘများအားအမှူးထား၍ ဦးကောင်းရင်-ဒေါ်အေးမြင့်မိသားစု | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ | ကျပ် ၁၀၀,၀၀၀ |
| ၁၃ | Htay Htay & Vincent Family | Daly City, California, U.S.A. | ကျပ် ၈၄,၀၀၀ |
| ၁၄ | U Sann Tin Aung & Daw Yi Yi Aye Family | Jacksonville, Florida, U.S.A. | ကျပ် ၈၀,၅၀၀ |
| ၁၅ | Shu P. Tan & Shu-Har Tan | Glendale, California, U.S.A. | ကျပ် ၈၀,၅၀၀ |
| ၁၆ | Hai K. Chin,Alan+Lilly Kyauk Family | South San Francisco, California, U.S.A. | ကျပ် ၈၀,၅၀၀ |
| ၁၇ | ကွယ်လွန်သူ(ဦးဘိုကေ)+ဇနီး ဒေါ်သန်းရီကို အမှူးထား၍ သား မောင်သိန်းထွန်း(ခေတ္တ ဂျပန်) | တိုကျို၊ ဂျပန် | ကျပ် ၅၀,၀၀၀ |
| ၁၈ | ညောင်ကန်အေးဆရာတော်နှင့် တပည့်များ | အမှတ်(၆)၊ အင်းစိန်လမ်းမ၊ ကြို့ကုန်း၊ ရန်ကုန်မြို့ | ကျပ် ၅၀,၀၀၀ |
| ၁၉ | Nicholas, San San Win & Nicholine Lee | Daly City, California, U.S.A. | ကျပ် ၄၈,၃၀၀ |

| | | | | |
|---|---|---|---|---|
| ၂၀ | ထွေးထွေးစိုင် | Tokyo, JAPAN | ကျပ် | ၄၀,၂၅၀ |
| ၂၁ | ဒေါ်ကျင်ငွေ | Daly City, California, U.S.A. | ကျပ် | ၄၀,၂၅၀ |
| ၂၂ | ဒေါ်ကျင်ခင်နှင့်မိသားစု | South San Francisco, California, U.S.A. | ကျပ် | ၄၀,၂၅၀ |
| ၂၃ | ရဲမှူးကြီးဦးအောင်နိုင်+ဒေါ်စန်းမြိုင် မိသားစု | အမှတ်(၄၁)၊ ကျိုတော်လမ်း၊ ရေကျော် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာပြည် | ကျပ် | ၄၀,၂၅၀ |
| ၂၄ | Andy Win & Toke Bee Yan | 85 Perita Dr., Daly City, California, U.S.A. | ကျပ် | ၄၀,၂၅၀ |
| ၂၅ | ဒေါ်ကြင်ကြင်နှင့်မိသားစု | San Francisco, California, U.S.A. | ကျပ် | ၄၀,၂၅၀ |
| ၂၆ | U Htein Win & Daw Khin Pyone Lwin Family | Fremont, California, U.S.A. | ကျပ် | ၄၀,၂၅၀ |
| ၂၇ | ဦးကျင်ကြိုင်မိသားစု | Antioch, California, U.S.A. | ကျပ် | ၃၂,၂၀၀ |
| ၂၈ | ဦးတင်မောင်နှင့်မိသားစု | South San Francisco, California, U.S.A. | ကျပ် | ၃၂,၂၀၀ |
| ၂၉ | ဦးမြင့်စိုး+ဒေါ်လှကြည်မိသားစု | ဇီးဖြူဆိပ်ရွာ၊ ငပုတောမြို့နယ် | ကျပ် | ၃၀,၀၀၀ |
| ၃၀ | ဦးလှမြိုင်+ဒေါ်မြင့်မြင့်မိသားစု | လပွတ္တာမြို့ | ကျပ် | ၃၀,၀၀၀ |
| ၃၁ | ဦးကျော်မြင့်+ဒေါ်လှလှမြင့်မိသားစု | ၉-လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့ | ကျပ် | ၃၀,၀၀၀ |
| ၃၂ | ဦးကောက်ဟုန်+ဒေါ်ယဉ်ယဉ်မြင့် မိသားစု | တောင်ဥက္ကလာ၊ ရန်ကုန်မြို့ | ကျပ် | ၃၀,၀၀၀ |
| ၃၃ | ဦးစိုးမြင့်+ဒေါ်တင်သိန်း | တာမွေ၊ ရန်ကုန်မြို့ | ကျပ် | ၃၀,၀၀၀ |
| ၃၄ | အများကောင်းမှု | ဇီးဖြူဆိပ်ရွာ၊ ငပုတောမြို့နယ် | ကျပ် | ၂၆,၀၀၀ |
| ၃၅ | Ma Sukhakami | Dhammānanda Vihāra, Half Moon Bay California, U.S.A. | ကျပ် | ၂၁,၀၀၀ |
| ၃၆ | ဦးကျော်ဝင်း+ဒေါ်ငွေးငွေးမိသားစု | လပွတ္တာလုတ်မြောက်ဖက်ရွာ, လပွတ္တာမြို့နယ် | ကျပ် | ၂၀,၀၀၀ |
| ၃၇ | မောင်တင်ကြိုင်၊ မောင်ထွန်းထွန်း၊ မောင်ဝင်းဝင်း | ခေတ္တမလေးရှား | ကျပ် | ၂၀,၀၀၀ |
| ၃၈ | ဦးသန်းအေး+ဒေါ်ခင်ဆောင်းမိသားစု | အနောက်လမ်းမတော်၊ ကြို့ပင်ကောက်မြို့ | ကျပ် | ၂၀,၀၀၀ |
| ၃၉ | ဦးသိန်းအောင်+ဒေါ်ခင်သန်းချစ် မိသားစု | ဘူတာရုံလမ်း၊ ကြို့ပင်ကောက်မြို့ | ကျပ် | ၂၀,၀၀၀ |
| ၄၀ | ဒေါ်ခင်စန်းမြစ်, ဒေါ်ခင်ပြုံး, ဒေါ်ခင်ပု | အရှေ့လမ်းမတော်၊ ကြို့ပင်ကောက်မြို့ | ကျပ် | ၂၀,၀၀၀ |
| ၄၁ | ဒေါ်ယုံ (မောင်) ဦးပေါ်အေး+ ဒေါ်မြလေး(သမီး)မအေးသောင်း မိသားစု | ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာပြည်။ | ကျပ် | ၁၅,၀၀၀ |
| ၄၂ | သက်ကြီးပူဇော်ပွဲမိသားစု | အောင်မင်္ဂလာ(၂)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ | ကျပ် | ၁၅,၀၀၀ |
| ၄၃ | ဆရာတော်ဦးစန္ဒိမာ | ရွှေဟသာကျောင်း၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်း | ကျပ် | ၁၂,၀၀၀ |
| ၄၄ | ဒေါ်အေးမြိုင်မိသားစု | လပွတ္တာမြို့၊ ဧရာဝတီတိုင်း၊ မြန်မာပြည် | ကျပ် | ၁၀,၀၀၀ |
| ၄၅ | ဆရာတော်ဦးဝိနယ | ဇီးဖြူဆိပ်ကျောင်း၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်း | ကျပ် | ၁၀,၀၀၀ |
| ၄၆ | ဆရာတော်ဦးဝဏ္ဏသာမိ | ဓမ္မိကာရာမစာသင်တိုက်၊ လပွတ္တာလုတ်မြောက်ဖက်ရွာ | ကျပ် | ၁၀,၀၀၀ |
| ၄၇ | ဦးစံမွေး+ဒေါ်ဖွားကြည်မိသားစု | ပုသိမ်မြို့ | ကျပ် | ၁၀,၀၀၀ |

| | | | | |
|---|---|---|---|---|
| ၄၈ | ဦးဘဟန်+ဒေါ်စိန်းခင်မိသားစု | ဇီးဖြူဆိပ်ရွာ၊ ငပုတောမြို့နယ် | ကျပ် | ၁၀,၀၀၀ |
| ၄၉ | ဦးလှရင်+ဒေါ်ယဉ်မေမိသားစု | ဇီးဖြူဆိပ်ရွာ၊ ငပုတောမြို့နယ် | ကျပ် | ၁၀,၀၀၀ |
| ၅၀ | (ဦးကျော်တင်)+ဒေါ်လှရွှေမိသားစု | ခနောင်ကျေးရွာ၊ လပွတ္တာမြို့နယ် | ကျပ် | ၁၀,၀၀၀ |
| ၅၁ | ဒေါ်ခင်စောတင့်မိသားစု | ၉၁ ။(ပ) သံလျင်လမ်း၊ ရန်ကုန်မြို့ | ကျပ် | ၁၀,၀၀၀ |
| ၅၂ | ဒေါက်တာ ဦးအောင်ဇော်မြင့်+ ဒေါ်ခိုင်မာဆွေ မိသားစု | ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ | ကျပ် | ၁၀,၀၀၀ |
| ၅၃ | (ဗိုလ်ချုပ်အေးကျော်)+ဒေါ်လှမူ မိသားစု | သုဝဏ္ဏမြို့သစ်၊ ရန်ကုန်မြို့ | ကျပ် | ၁၀,၀၀၀ |
| ၅၄ | ကိုကျော်လင်း+မသဉ္ဇာဝင်းမိသားစု | ငွေစန္ဒာကုမ္ပဏီ၊ ကျိုက်ဝိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန် | ကျပ် | ၁၀,၀၀၀ |
| ၅၅ | ဦးအုန်းသန်း+ဒေါ်ကြည်ကြည်ဝင်း မိသားစု | အောင်သုခလမ်း၊ လပွတ္တာမြို့နယ် | ကျပ် | ၁၀,၀၀၀ |
| ၅၆ | ဦးမေဓာနန္ဒ | ဒက္ခိဏာရုံကျောင်းတိုက်၊ ကျိုက်ဝိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန် | ကျပ် | ၁၀,၀၀၀ |
| ၅၇ | ဆရာတော်ဦးကောသလ္လ | နိဗ္ဗိန္ဒတောရ၊ ပြည်မြို့ | ကျပ် | ၁၀,၀၀၀ |
| ၅၈ | ဆရာကြီးဒေါ်သေ၀ီဂီ | နိဗ္ဗိန္ဒတောရ၊ ပြည်မြို့ | ကျပ် | ၁၀,၀၀၀ |
| ၅၉ | ဦးလှတင်+ဒေါ်စိန်ဝိုင်းတို့အား ရည်စူး၍ (သမီး)မမြင့်ကြည် (မြေး) ပြည့်စုံမောင်,ထက်ထက်သီရိကျော် | ကျွန်းတောလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့ | ကျပ် | ၁၀,၀၀၀ |
| ၆၀ | ဦးသန်းလွင်+ဒေါ်ကျင်လှိုင်မိသားစု နှင့် (ညီမ) ဒေါ်ခင်မွေး | မြောက်ဒဂုံ၊ ရန်ကုန်မြို့ | ကျပ် | ၇,၀၀၀ |
| ၆၁ | ဦးဥတ္တရ | ဒက္ခိဏာရုံကျောင်းတိုက်၊ ကျိုက်ဝိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန် | ကျပ် | ၅,၀၀၀ |
| ၆၂ | ဦးစန္ဒိမာ | ဒက္ခိဏာရုံကျောင်းတိုက်၊ ကျိုက်ဝိုင်း၊ မရမ်းကုန်းမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၆၃ | ဒေါ်လှစိန်မိသားစု | ရန်ကုန်မြို့၊ မြန်မာပြည် | ကျပ် | ၅,၀၀၀ |
| ၆၄ | တိုက်အုပ်ဆရာတော်ဦးစန္ဒိမာ | ဓမ္မိကာရာမစာသင်တိုက်၊ လပွတ္တာလုတ်မြောက်ဖက်ရွာ | ကျပ် | ၅,၀၀၀ |
| ၆၅ | (ဦးလှသောင်း)+ဒေါ်ညွန့်ရင်မိသားစု | လပွတ္တာလုတ်မြောက်ဖက်ရွာ၊ လပွတ္တာမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၆၆ | ဦးမောင်မောင်ကြည်+ဒေါ်သောင်းလှ မိသားစု | လပွတ္တာလုတ်မြောက်ဖက်ရွာ၊ လပွတ္တာမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၆၇ | ဦးလှရှိန်+ဒေါ်စန်းခင်မိသားစု | လပွတ္တာလုတ်မြောက်ဖက်ရွာ၊ လပွတ္တာမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၆၈ | ဦးမြသောင်း+ဒေါ်ကျင်သိန်းမိသားစု | လပွတ္တာလုတ်မြောက်ဖက်ရွာ၊ လပွတ္တာမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၆၉ | ဦးကျော်+ဒေါ်မဲ့လေးမိသားစု | ရေဆိုင်ကုန်းရွာ၊ လပွတ္တာမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၇၀ | ဦးမြရင်+ဒေါ်မုန်းမိသားစု | ရေဆိုင်ကုန်းရွာ၊ လပွတ္တာမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၇၁ | ဒေါ်လှစိန်မိသားစု | ရေပေါ့ကြီးရွာ၊ ငပုတောမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၇၂ | ဒေါ်သိန်းကွန့်မိသားစု | ၄–လမ်း၊ မာလာမြိုင်၊ ရန်ကုန် | ကျပ် | ၅,၀၀၀ |
| ၇၃ | ကိုမျိုးမြင့်အောင်၊ ကိုမြင့်ဦး | ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန် | ကျပ် | ၅,၀၀၀ |

| | | | | |
|---|---|---|---|---|
| ၇၄ | ကိုစောနိုင်+မမြင့်မြင့်ဌေးမိသားစု | သက်န်းကုန်းရွာ၊ ငပုတောမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၇၅ | ဦးထွန်းဟန်+ဒေါ်ခင်အေး | ဇီးဖြူဆိပ်ရွာ၊ ငပုတောမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၇၆ | ဦးပြေငြိမ်း+ဒေါ်ခင်နုရွှေမိသားစု | ဇီးဖြူဆိပ်ရွာ၊ ငပုတောမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၇၇ | ဦးပြေသန်း+ဒေါ်သောင်းညွန့်မိသားစု | ဇီးဖြူဆိပ်ရွာ၊ ငပုတောမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၇၈ | ဦးကျော်မိုး+ဒေါ်ရီရီသန်းမိသားစု | ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန် | ကျပ် | ၅,၀၀၀ |
| ၇၉ | ဦးလှဝင်း+ဒေါ်မူမူအောင်မိသားစု | ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ ရန်ကုန် | ကျပ် | ၅,၀၀၀ |
| ၈၀ | ဦးချစ်လှိုင်+ဒေါ်စန်းစန်းထွန်းမိသားစု | လှိုင်မြို့နယ်၊ ရန်ကုန် | ကျပ် | ၅,၀၀၀ |
| ၈၁ | ဦးမျိုးအောင်+ဒေါ်မိုးမိုး (ယမိး) ထက်ထက်လင်း | သီရိမွန်ပလာဇာ၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ် ရန်ကုန် | ကျပ် | ၅,၀၀၀ |
| ၈၂ | ဦးသောင်းကျော်-ဒေါ်မြကြည်မိသားစု | ဇီးဖြူဆိပ်ရွာ၊ ငပုတောမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၈၃ | ဦးခင်မောင်ရွှေ+ဒေါ်စန်းကြည်မိသားစု | ဇီးဖြူဆိပ်ရွာ၊ ငပုတောမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၈၄ | ကိုအောင်သန်း+မတင်အုန်းမိသားစု | ဇီးဖြူဆိပ်ရွာ၊ ငပုတောမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၈၅ | ဦးဝင်းသိန်း+ဒေါ်တင်ဝင်းမိသားစု | ဇီးဖြူဆိပ်ရွာ၊ ငပုတောမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၈၆ | ဦးဟန်သိန်းနှင့်မောင်နှမများ | ဇီးဖြူဆိပ်ရွာ၊ ငပုတောမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၈၇ | ဦးခင်မောင်ရင်+ဒေါ်သန်းနုမိသားစု | ဇီးဖြူဆိပ်ရွာ၊ ငပုတောမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၈၈ | ဦးဘလယ်+ဒေါ်ငွေမိသားစု | ဇီးဖြူဆိပ်ရွာ၊ ငပုတောမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၈၉ | ဦးဟန်စိန်+ဒေါ်အရှိန်မိသားစု | ဇီးဖြူဆိပ်ရွာ၊ ငပုတောမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၉၀ | ကိုမောင်မောင်+မမြင့်မြင့်အေးမိသားစု | သဘော်ဆိပ်၊ လပွတ္တာမြို့ | ကျပ် | ၅,၀၀၀ |
| ၉၁ | ဒေါ်မြင့်မြင့်ဝင်းနှင့်မောင်နှမများ | လပွတ္တာမြို့ | ကျပ် | ၅,၀၀၀ |
| ၉၂ | ကိုလှအေး+မညိုညိုဝင်းမိသားစု | လပွတ္တာမြို့ | ကျပ် | ၅,၀၀၀ |
| ၉၃ | ကိုမြင့်ဇော်+မစန်းစန်းလွင်မိသားစု | လပွတ္တာမြို့ | ကျပ် | ၅,၀၀၀ |
| ၉၄ | ကိုဝင်းရှိန်+မစန်းစန်းအေးမိသားစု | ရေပေါ်ကြီးရွာ၊ ငပုတောမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၉၅ | ဦးသန်းမြင့်+ဒေါ်တင်လှမိသားစု | အမြတ်ကျေးရွာ၊ ဖျာပုံမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၉၆ | ဦးသိန်း+ဒေါ်အေးသိန်းမိသားစု | အမြတ်ကျေးရွာ၊ ဖျာပုံမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၉၇ | ကိုမောင်နီ+မမြင့်မြင့်ဌေးမိသားစု | အမြတ်ကျေးရွာ၊ ဖျာပုံမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၉၈ | ဒေါ်ဖွားစိန်၊ ဒေါ်လှဝင်းမိသားစု | အမြတ်ကျေးရွာ၊ ဖျာပုံမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၉၉ | ဦးသိန်းထွန်း+ဒေါ်မြင့်မြင့်မိသားစု | ဇီးဖြူဆိပ်ရွာ၊ ငပုတောမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၁၀၀ | ကိုထွန်းမင်း၊ ဦးရွှေလှ+ဒေါ်တင်စိန် မိသားစု၊ မမြမြစန်း | မရမ်းကုန်းမြို့နယ်၊ ရန်ကုန် | ကျပ် | ၅,၀၀၀ |
| ၁၀၁ | သကြိန်ကာလယောဂီများ (၁၃၆၃-၁၃၆၄) | ဒက္ခိဏာရုံကျောင်းတိုက်၊ ကျိုက်ဝိုင်း၊ မရမ်းကုန်းမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၁၀၂ | ဦးသောင်းရှိန်+(ဒေါ်အေးကြည်) | ဒက္ခိဏာရုံကျောင်းတိုက်၊ကျိုက်ဝိုင်း၊မရမ်းကုန်းမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၁၀၃ | ဦးမြကြွယ်မိသားစု | သက်န်းကုန်းရွာ၊ ငပုတောမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၁၀၄ | ကိုကြည်လွင်+မသန်းနွဲ့မိသားစု | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ | ကျပ် | ၅,၀၀၀ |
| ၁၀၅ | ဦးလှမြင့် မိသားစုနှင့် ဦးကျော်ရီ မိသားစု | အောင်မင်္ဂလာ(၂)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ | ကျပ် | ၅,၀၀၀ |

| | | | | |
|---|---|---|---|---|
| ၁၀၆ | ဦးကျော်သိန်း+ဒေါ်ခင်စန်းရီမိသားစု | သယ်န်းကျွန်း၊ ရန်ကုန်မြို့ | ကျပ် | ၅,၀၀၀ |
| ၁၀၇ | ဆရာမ ဒေါ်အေးအေးညို | ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ | ကျပ် | ၅,၀၀၀ |
| ၁၀၈ | ကိုသန်းထွတ်+မသီတာဝင်းမိသားစု | မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့ | ကျပ် | ၅,၀၀၀ |
| ၁၀၉ | ဦးကျော်မိုး+ဒေါ်ညွန့်ကြည်မိသားစု | ခရမ်းမြို့ | ကျပ် | ၅,၀၀၀ |
| ၁၁၀ | အရှင်ဥတ္တမသာရ | ကျောင်းသစ်၊ ပရိယတ္တိစာသင်တိုက်၊ တွံတေးမြို့ | ကျပ် | ၅,၀၀၀ |
| ၁၁၁ | ဒေါ်ခင် မိသားစု | ဗဟိုလမ်း၊ သမိုင်း၊ ရန်ကုန်မြို့ | ကျပ် | ၅,၀၀၀ |
| ၁၁၂ | ဦးမောင်မောင်-ဒေါ်ညွန့်သိန်းမိသားစု | ၄-လမ်း၊ မာလာမြိုင်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကျပ် | ၅,၀၀၀ |
| ၁၁၃ | ကိုမြင့်ဆွေ-မသိန်းသိန်း မိသားစု | ရှမ်းခြံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ | ကျပ် | ၅,၀၀၀ |
| ၁၁၄ | ဦးခင်+ဒေါ်ခင်လှကြည်(သား)<br>မောင်မောင်ညွန့်+မောင်ကျော်တင့် | ကျိုက်ဝိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ | ကျပ် | ၅,၀၀၀ |
| ၁၁၅ | ဦးသာဆွေ+ဒေါ်တင်ရီမိသားစု | တောင်ဥက္ကလာပ၊ ရန်ကုန်မြို့ | ကျပ် | ၅,၀၀၀ |
| ၁၁၆ | ဦးကျင်စိန်+ဒေါ်သန်းသန်းညွန့်<br>မိသားစု | အမှတ်(၄၃)၊ ၆-လမ်းမတော်၊ ၇န်ကုန်မြို့ | ကျပ် | ၅,၀၀၀ |
| ၁၁၇ | ဦးခင်စိုး+ဒေါ်လှလှစီ မိသားစု | မြောက်ဒဂုံ၊ ရန်ကုန်မြို့ | ကျပ် | ၅,၀၀၀ |
| ၁၁၈ | ကိုမြင့်ဦး+မအေးအေးခိုင်မိသားစု | ဘားအံမြို့ | ကျပ် | ၅,၀၀၀ |
| ၁၁၉ | ဗိုလ်ကြီးအောင်မိုးကျော်-မစန္ဒာစိုး<br>မိသားစု | ဗိုလ်တထောင်၊ ရန်ကုန်မြို့ | ကျပ် | ၅,၀၀၀ |
| ၁၂၀ | ဦးစံမြ+ဒေါ်တင်အုန်း မိသားစု | ကြည့်မြင်တိုင်၊ ရန်ကုန်မြို့ | ကျပ် | ၅,၀၀၀ |
| ၁၂၁ | ကိုသောင်းဌေး+မခင်အေးဝင်းမိသားစု | ကြည့်မြင်တိုင်၊ ရန်ကုန်မြို့ | ကျပ် | ၅,၀၀၀ |
| ၁၂၂ | ကိုမျိုးကျော်+မခင်မိမိမော် မိသားစု | အလုံ၊ ရန်ကုန်မြို့ | ကျပ် | ၅,၀၀၀ |
| ၁၂၃ | ကိုမင်းသက်နိုင်+မဆွေဆွေထိုက်<br>မိသားစု | တောင်ဥက္ကလာပ၊ ရန်ကုန်မြို့ | ဂျပ် | ၅,၀၀၀ |
| ၁၂၄ | ဦးသောင်းရီ+ဒေါ်လှကြည်မိသားစု | လပွတ္တာမြို့ | ကျပ် | ၅,၀၀၀ |
| ၁၂၅ | ကိုမြင့်ဦး+မခင်မြင့်လွင်မိသားစု | လပွတ္တာမြို့ | ကျပ် | ၅,၀၀၀ |
| ၁၂၆ | မောင်တင်ထွန်း+မအေးကြူမိသားစု | ဖျာပုံမြို့ | ကျပ် | ၅,၀၀၀ |
| ၁၂၇ | ဦးအောင်ကြည်+ဒေါ်ညိုမိသားစု | လပွတ္တာလုတ်မြောက်ဖက်ရွာ၊ လပွတ္တာမြို့နယ် | ကျပ် | ၅,၀၀၀ |
| ၁၂၈ | ကိုမန်းစံငြိမ်း+မပြုံးပြုံးကြည်မိသားစု | ရွှေလက်ကောက်ကျောင်းအနီး၊ ကျိုက်ဝိုင်းဘုရားလမ်း | ကျပ် | ၅,၀၀၀ |
| ၁၂၉ | ဦးဝင်းမြိုင်အား ရည်စူး၍<br>ဒေါ်စန်းလှိုင် မိသားစု | မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့ | ကျပ် | ၅,၀၀၀ |
| ၁၃၀ | အများကောင်းမှု | ရေဆိုင်ကုန်းရွာ၊ လပွတ္တာမြို့နယ် | ကျပ် | ၃,၀၀၀ |
| ၁၃၁ | အများကောင်းမှု | လပွတ္တာမြို့နယ် | ကျပ် | ၃,၀၀၀ |
| ၁၃၂ | အများကောင်းမှု | သက်န်းကုန်းရွာ၊ ငပုတောမြို့နယ် | ကျပ် | ၂,၀၀၀ |

## အလှူရှင်စာရင်း (နောက်ဆက်တွဲ)

| | အလှူရှင်အမည် | နေရပ် | အလှူငွေ |
|---|---|---|---|
| ၁ | ဦးမျိုးမင်း+ဒေါ်ခင်ခင်မင်းမိသားစု | San Jose, C.A., U.S.A | ကျပ် ၅၀,၀၀၀ |
| ၂ | ဒေါက်တာဒေါ်ခင်မြင့်မြင့်မိသားစု | Fremont, C.A., U.S.A | ကျပ် ၁၀,၀၀၀ |
| ၃ | ဦးလှတင်+ဒေါ်စိန်ဝိုင်းတို့အား ရည်စူး၍ သမီး--ဒေါ်ခင်နု၊ ဒေါ်အုန်းမြ၊ ဒေါ်ခင်မြစိုး စမ်းချောင်း၊ ရန်ကုန်မြို့ | | ကျပ် ၅,၀၀၀ |
| ၄ | မောင်မြင့်သူ+မစန်းဦးမိသားစု | အမြတ်ကျေးရွာ၊ ဖျာပုံမြို့ | ကျပ် ၅,၀၀၀ |
| ၅ | ဦးဇော်မြင့်+ဒေါ်သန်းအေးမိသားစု | ဆီဆုံလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့ | ကျပ် ၅,၀၀၀ |

ဤစာအုပ်တွင် ဝိနည်းပိဋကဆိုင်ရာ မှတ်စုထွေလာ သိကောင်းစရာများနှင့် သုတ္တန်ပိဋကဆိုင်ရာ မှတ်စုထွေလာ သိကောင်းစရာတို့ကို ဖော်ပြထားရာ-

- ဝိနည်းဆိုင်ရာ မှတ်စုအဖြာဖြာဝယ် ရဟန်းလောင်းဆုံးမရာတွင် 'ဟတ္ထပါသ်' ယူနည်း ကွဲပြားကြပုံကိုလည်းကောင်း (နှာ-၄)၊ ဖေဟိဘိက္ခုုပသမ္ပဒါ၌ ဖေဟိဘိက္ခုရဟန်းအရေအတွက်နှင့်ပတ်သက်၍ ဝိနည်းနှင့်သုတ္တန် အနည်းငယ်ကွာဟပုံကိုလည်းကောင်း (နှာ-၄၄-၄၆)၊ ဝါကျိုးဝါပြတ်နှင့်ပတ်သက်၍ ကျိုးပြတ်သောဝါကိုထည့်၍ ရေတွက်သင့်မသင့် ဆရာတို့အဆိုအမိန့်ကွာဟပုံကိုလည်းကောင်း(နှာ-၆၃)၊ ဝတ်ဆောက်တည်မှုနှင့်ပတ်သက်၍လည်းကောင်း(နှာ-၁၁၅)၊ ကထိန်သင်္ကန်းအလှူခံရာဝယ် စာတုဒ္ဒိသသံဃိကအလှူခံရမည်. အာရာမိကသံဃိကအလှူခံရမည်. ပုရိမဝဿံဝုတ္ထ သိမဋ္ဌသံဃိကအလှူခံရမည် ထိုထိုအဆိုအမိန့်တို့၏ကွဲပြားကြပုံကိုလည်းကောင်း(နှာ-၁၃၂)၊ ကျောင်းရေစက်ချနှင့် ပတ်သက်၍ ဆရာတော်ဘုရားကြီးများ၏အဆိုအမိန့်တို့ကိုလည်းကောင်း (နှာ-၁၆၇)၊ သိက္ခာထပ်ခြင်းနှင့်စပ်သွယ် သိမှတ်ဖွယ်ကိုလည်းကောင်း(နှာ-၁၇၆)စသည်တို့ကို ကြည့်ရှုလေ့လာနိုင်၍......
- သုတ္တန်ဆိုင်ရာ မှတ်စုအဖြာဖြာ၌ မိမိရိုးရာ နတ်ဖမ်းစားမည်ကိုကြောက်၍ ရှိခိုးပူဇော်ပသလျှင် သရဏဂုံပျက်မည်လော? (နှာ-၂၀၀)၊ ကိုယ့်ဥစ္စာကိုယ်ပေး၍ အပါယ်ကျသူများ(နှာ-၂၂၂)၊ ကျေးဇူးရှင်ပဌမအဘယာရာမဆရာတော်ဘုရားကြီး၏ နဝင်္ဂပေါ်သထပ်ဝိသဇ္ဇနာ=ကိုးပါးသီလဥပုသ်အဖြေ(နှာ-၂၃၂)၊ သီလရှိသောရဟန်း၏စေတီကို ခွင့်ပြုတော်မမူဘဲ အဘယ့်ကြောင့် ကာမဂုဏ်ခံစား စကြဝတေးမင်းတရား၏စေတီကို ခွင့်ပြုတော်မူပါသနည်း? (နှာ-၂၄၁)၊ မိမိပိုင်ပစ္စည်းကို သူတစ်ပါးအားခွဲဝေပေးလျှင် မိမိပစ္စည်းလျော့ပါးရိုးဖြစ်သကဲ့သို့ မိမိပြုလုပ်သောကောင်းမှုကို အမျှဝေလျှင် မိမိကောင်းမှုလျော့နည်းသွားမည်လော?(နှာ-၂၇၃)၊ အာသယာနုသယဉာဏ်(အလိုဆန္ဒနှင့် ဘဝအဆက်ဆက် ကိန်းဝပ်လာသောတရားကိုသိသောဉာဏ်)သည် ဘုရားရှင်တို့မှာသာရှိ၏ဟူသောအယူအဆ(နှာ-၅၉၈)၊ တံစိုးလက်ဆောင်-ဟူသည်(နှာ-၆၄၉)၊ ပစ္စေကဗုဒ္ဓါဟောသောတရားများ(နှာ-၇၀၁)၊ ဘုရားရှင်၏အရိုးတော်သည် ကွင်းဆက်လော?(နှာ-၇၈၉)၊ ရဟန္တာတိုင်း ဓာတ်တော်ကျသလော? (နှာ-၇၉၉)၊ ရဟန္တာ၏ရုပ်အလောင်းတော် ပုပ်.မပုပ် (နှာ-၈၀၁)၊ ဘုရားကိုးဆူပူဇော်မှု ရှေးကပင်ရှိခဲ့သလော? (နှာ-၈၁၀)၊ ရဟန္တာဖြစ်နိုင်သည့်အရွယ်နှင့်ပတ်သက်၍ မတူညီသောကျမ်းဂန်အဆိုအမိန့်များ...စသည်တို့ကိုလည်း ကြည့်ရှုမှတ်သားနိုင်ပါသည်။

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**

အလှူဒါန၊ အဝဝတွင်
ဓမ္မအလှူ၊ မြတ်ဆုံးဟူ၍၊ သုံးလူထွတ်တင်
ဘုရားရှင်၏၊ သွန်သင်မြွက်ကြား၊ မြတ်စကားကို၊ ငါကားစိတ်တွင်
စွဲမှတ်ထင်လျက်၊ သုံးအင်ပိဋကေ၊ ကျမ်းထွေထွေမှ၊ ရှာဖွေကြည့်ရှု၊ ရေးကာပြုသည်
သောတုထွေလာ မှတ်ဖွယ်တည်း